قرآن كريم

ကျမ်းမြတ်ကုရ်အာန်

မြန်မာဘာသာပြန်

'ဆူရာဟ်'များ၏မိတ်ဆက်နှင့် အကျဉ်းချုပ်ရှင်းလင်းချက်

THE HOLY QUR'AN

MYANMAR TRANSLATION

with

Introduction of Chapters & Brief Explanatory Notes

THE HOLY QUR'AN
MYANMAR (BURMESE) TRANSLATION
with
Introduction of Chapters & Brief Explanatory Notes

Vol 1 first published in Myanmar, 2001
Vol 2 first published in Myanmar, 2012
Complete Translation first published in Myanmar, 2014
Reprinted in the UK, 2026

© Islam International Publications Limited

Published by:
Islam International Publications Limited
Unit 3, Bourne Mill Business Park, Guildford Road,
Farnham, Surrey GU9 9PS
United Kingdom

You may contact the following for further information:

1. Nazarat Nashr-o-Ishaat
   Sadr Anjuman Ahmadiyya
   Darul-Masih
   Qadian - 143516
   India

2. Ahmadiyya Muslim Community
   No. 191, 28th Street,
   Pabedan Township,
   Yangon, Myanmar.
   Tel: (951) 252894
   Fax: (951) 373005

For further information please visit: alislam.org

ISBN: 978-1-84880-015-1

قرآن کریم

MYANMAR TRANSLATION

ကျမ်းမြတ်ကုရ်အာန်

ပြန်မာဘာသာပြန်

'ဆူရာတ်'များ၏မိတ်ဆက်နှင့် အကျဉ်းချုပ်ရှင်းလင်းချက်

ဟာဇရတ်မီရ်ဇာမတ်စ်ရှုရ်အဟ်မဒ်

ပဉ္စမခလီဖတွလ်မဆီဟ်

ကမ္ဘာလုံးဆိုင်ရာ အဟ်မဒီယာမွတ်စလင်ဂျမာအတ် ဦးစီးခေါင်းဆောင်၏

လမ်းညွှန်မှုဖြင့် ထုတ်ဝေသည်။

Islam International Publications Limited

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်လ - ၂၀၂၆ ခုနှစ်၊ မတ်လ

ထုတ်ဝေခြင်း - ဒုတိယအကြိမ်

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ - ဦးလှမြင့်
'သတင်းကောင်း' စာပေ (၀၀၀၃၄)
အမှတ်-၁၉၁၊ ၂၈ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချိရေး - 'သတင်းကောင်း' စာပေ
အမှတ်-၁၉၁၊ ၂၈ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

❁ ❁ ❁

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အည္ဆန်း" (CIP)

ဦးလှမြင့် ၂၉၄၀ ၃

ကျမ်းမြတ်ကုရ်အာန် မြန်မာဘာသာပြန်
ရန်ကုန်၊ သတင်းကောင်းစာပေ၊ ၂၀၂၆။
(၁၃၇၃)စာ၊ စာအုပ် ၁၆.၅ × ၂၄ cm
ကျမ်းမြတ်ကုရ်အာန် မြန်မာဘာသာပြန်

بسم الله الرحمن الرحيم

ကျမ်းဦးစကား

(ကျမ်းမြတ်ကုရ်အာန် မြန်မာဘာသာပြန်)

ကျမ်းမြတ်ကုရ်အာန်သည် 'အလ္လာဟ်'ထာဝရဘုရားသခင်၏ မုက္ခပါဠ်တော်(စကား)ဖြစ်သည်။ အစ္စလာမ့်တမန်တော်မြတ် မိုဟမ္မဒ်သခင်ﷺထံသို့ (၂၃)နှစ်တိုင် ပို့ချပေးခဲ့သော ကျမ်းတော်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ကျမ်းစာများအားလုံးတို့အနက် မြတ်ကုရ်အာန်တစ်ကျမ်းတည်းသာလျှင် ထာဝရဘုရားသခင်က စကားလုံးတစ်လုံးချင်းပို့ချတော်မူသော ကျမ်းတော်ဖြစ်ကြောင်း အခိုင်အမာဆိုနိုင်သည်။ ကျမ်းမြတ်ကုရ်အာန်သည် မွတ်စလင်တို့၏ မွန်မြတ်သောကျမ်းစာဖြစ်သည်။ မွတ်စလင်တို့အတွက်သာမက လူသားအားလုံးအတွက် ပြီးပြည့်စုံသော ထာဝရလမ်းညွှန်မှုပါရှိသည်။ အရှင်မြတ်က ကျမ်းတော်၏ စာသားများကို အစဉ်အမြဲကာကွယ်စောင့်ရှောက်တော်မူမည်ဟု ကတိတော်ပေးထားသည်နှင့်အညီ လွန်ခဲ့သော နှစ်ပေါင်း(၁၄၀၀)ကျော်က တမန်တော်မြတ် မိုဟမ္မဒ်သခင်ﷺထံသို့ ဗျာဒိတ်ပို့ချခဲ့သည့် အတိုင်း မူရင်းအာရဗီစာသားများမှာ ယနေ့တိုင် အပြောင်းအလဲ အလျှင်းမရှိ၊ ပကတိအတိုင်း တည်ရှိနေပေသည်။

အလ္လာဟ်အရှင်မြတ်ပို့ချတော်မူသော ကျမ်းစာများအနက် မြတ်ကုရ်အာန်သည် နောက်ဆုံးကျမ်းဖြစ်သည်။ ယခင်ပို့ချခဲ့သောကျမ်းများမှာ ထိုခေတ်ထိုအချိန်က လိုအပ်ချက်များရှိသည်နှင့်အညီ သက်ဆိုင်ရာ လူမျိုးအသီးသီးသို့ ပို့ချခဲ့သောကျမ်းများဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်မှာမူ အချိန်ကာလ နေရာဒေသ ကန့်သတ်မှုမရှိဘဲ လူသားအားလုံးအတွက် ကမ္ဘာ့နောက်ဆုံး(ကေယာမတ်)နေ့တိုင်တည်မည့် လမ်းညွှန်တော်ဖြစ်သည်။ ကမ္ဘာ့နောက်ဆုံးနေ့ထိ လမ်းညွှန်တော်အဖြစ်ရပ်တည်နေမည့် ကျမ်းစာဖြစ်သောကြောင့် ကျမ်းတော်မြတ်သည် ဖြတ်သန်းရသော ခေတ်အဆက်ဆက်တိုင်းတွင် လိုအပ်သည့် လမ်းညွှန်မှုများကို ထိုခေတ်ထိုကာလ၏ လိုအပ်ချက်နှင့် ဟန်ချက်ညီစွာ ဖြည့်ဆည်းပေးလျက်ရှိပေသည်။

လမ်းညွှန်တော်နှင့် ကရုဏာတော်၏ ရတနာသိုက်ဖြစ်သည့် ကျမ်းမြတ်ကုရ်အာန်သည် လူ့ဘောင်အဖွဲ့အစည်း၏ လူမှုဆက်ဆံရေးလိုအပ်ချက်များ၊ လူသား၏အသိပညာဗဟုသုတနှင့် စကြဝဠာအပေါင်းကို ဖန်ဆင်းဖြစ်ထွန်းစေခြင်းနှင့်စပ်ဆိုင်သော နက်ရှိုင်းလှသည့် အသိပညာစသည်တို့ကို သတ်မှတ်ထားသောအတိုင်းအတာ အချိန်အဆနှင့်အညီ ပို့ချတော်မူသည်(၁၅း၂၂)ဟု လာရှိထားသည့်အတိုင်း ကျမ်းမြတ်ကုရ်အာန်၏ပညာရပ်များကို ခေတ်ကာလတိုင်းတွင် ပို့ချပေးလျက်ရှိနေပြီး 'ကေယာမတ်' ကမ္ဘာ့နောက်ဆုံးနေ့များတိုင်အောင် ပို့ချမပြတ်ရှိနေမည်သာဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာ့နောက်ဆုံးနေ့များ၏ 'အေမာမ်'ခေါင်းဆောင်၊ ကတိတော်ရ မဆီဟ်နှင့်အေမာမ်မဟ်ဒီ﵇အား ကျမ်းမြတ်ကုရ်အာန်၏ နက်နဲသောအသိပညာများကို မြောက်မြားစွာ ပို့ချတော်မူခဲ့ပေရာ သခင်၏ရေးသားချက်များ၊ မိန့်ကြားရှင်းပြချက်များမှာ ဖော်ပြပါ အသိပညာ၊ ဝိညာဏ ဉာဏ်စဉ်များဖြင့် လင်းဝင်းမှုရှိခဲ့ပြီး ယင်းကို အဟ်မဒီယာမွတ်စလင်ဂျမာအတ်မှ ခလီဖာဟ်သခင်များ၏ ဘာသာပြန်ကျမ်းများနှင့် ကျမ်းမြတ်ကုရ်အာန်ဋီကာဖွင့်ဆိုချက်များတွင် အထင်အရှား တွေ့မြင်နေကြရပေသည်။

အလ္လာဟ်အရှင်မြတ်၏(စကား)မုက္ခပါဠိတော်ကို ဘာသာပြန်ဆိုခြင်းမှာ လွယ်ကူသောအလုပ်မဟုတ်ပေ။ ကမ္ဘာလုံးဆိုင်ရာ အဟ်မဒီယာမွတ်စလင်အဖွဲ့အစည်း(ဌာနချုပ်)မှ ကျမ်းမြတ်ကုရ်အာန်ကို ကမ္ဘာ့ဘာသာစကား(စာပေ)အသီးသီးသို့ မှန်ကန်စွာပြန်ဆိုရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့ဖြင့် ကျမ်းမြတ်၏တရားတော်ကို လူမျိုးအသီးသီးသို့ သူတို့၏ဘာသာစကားဖြင့် ပို့ဆောင်ရန်ဖြစ်ပေသည်။ ယခုအချိန်တွင် အဟ်မဒီယာမွတ်စလင်အဖွဲ့အစည်းကြီးမှ ကျမ်းမြတ်ကုရ်အာန်ကို ကမ္ဘာ့ဘာသာစကားပေါင်း (၇၈)မျိုးအထိ ဘာသာပြန်ဆိုထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်သည်။ အဟ်မဒီယာမွတ်စလင်အဖွဲ့ကြီး၏ စတုတ္ထခလီဖတွလ်မဆီဟ် ဟာဇရတ်မီရ်ဇာတာဟီရ်အဟ်မဒ်رحمہ اللہ تعالیٰကာ ကျမ်းမြတ်ကုရ်အာန်ကို မူရင်းအာရဗီမှ အူရဒူဘာသာသို့ တိုက်ရိုက်ပြန်ဆိုခဲ့ပေရာ၊ ယခု မြန်မာဘာသာပြန်မှာ ယင်းအူရဒူဘာသာပြန်မှ ပြန်ဆိုထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ အဟ်မဒီယာမွတ်စလင်ဂျမာအတ်အဖွဲ့ချုပ်မှ Ameer Husein Sahib (ဆရာကျော်ရင်)၊ Muhammad Salik Sahib (သာသနာပြုမှူး)၊ S.H Akbar Ahmad Sahib နှင့် S.K Abdur Rahman Sahib တို့ပါဝင်သည့် ဘာသာပြန်အဖွဲ့က ကနဦးဘာသာပြန်ဆိုခဲ့ကြပြီး တစ်တွဲလျှင် (၁၀)စောင်စီဖြင့် ကျမ်းမြတ်ကုရ်အာန် မြန်မာဘာသာပြန် ပထမတွဲနှင့် ဒုတိယတွဲများကို ဦးစွာထုတ်ဝေခဲ့သည်။ ထို့နောက် ဗဟိုဌာနချုပ်၏ကိုယ်စားလှယ်တော် Khalid Mahmoodul Hassan Bhatti Sahib မှ ပဉ္စမခလီဖတွလ်မဆီဟ် ایده الله تعالیٰ ၏လမ်းညွှန်မိန့်ကြားချက်ဖြင့် တာဝန်ပေးအပ်ခဲ့သော Muhammad Salik Sahib (သာသနာပြုမှူး)၊ Khalil Ahmad Sahib (သာသနာပြု) နှင့် S.K Abdur Rahman Sahib တို့ပါဝင်သည့် ဘာသာပြန်အဖွဲ့က ဘာသာပြန်ဆိုချက်များကို အသေးစိတ် စိစစ်ဖတ်ရှုပြီး ကျမ်းမြတ်ကုရ်အာန် မြန်မာဘာသာပြန် အစအဆုံးကို တစ်အုပ်တည်းပုံစံဖြင့် ၂၀၁၄ ခုနှစ်တွင် စီစဉ်ထုတ်ဝေခဲ့ပါသည်။ ဤကာလတစ်လျှောက်လုံးတွင် ဘာသာပြန်အဖွဲ့သည် ဗဟိုဌာနချုပ်မှ Muniruddin Shams Sahib (ဝကီလွလ်တာဆ်နီဖ်)နှင့် မပြတ်ဆက်သွယ်ခဲ့ပြီး၊ ထိုပုဂ္ဂိုလ်သည် စတုတ္ထခလီဖတွလ်မဆီဟ် رحمہ اللہ تعالیٰ ထံမှလည်းကောင်း၊ ပဉ္စမခလီဖတွလ်မဆီဟ် ایده الله تعالیٰ ထံမှလည်းကောင်း လမ်းညွှန်ချက်များကိုရယူလျက် ဘာသာပြန်အဖွဲ့သို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။

ကျွန်ုပ်တို့၏ ကျမ်းမြတ်ကုရ်အာန် မြန်မာဘာသာပြန်မှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စတုတ္ထခလီဖတွလ်မဆီဟ် ဟာဇရတ်မီရ်ဇာတွာဟီရ်အဟ်မဒ်رحمہ اللہ تعالیٰ၏ ကျမ်းမြတ်ကုရ်အာန် အူရဒူဘာသာပြန်မှ (မြန်မာ)ပြန်ဆိုထားခြင်းဖြစ်ပါသည်။ အာရဗီနှင့် အူရဒူဘာသာစကား(စာပေ)တို့မှာ ဝါကျဖွဲ့စည်းပုံချင်း နီးစပ်မှုရှိသော်လည်း မြန်မာဘာသာနှင့်မူ အတော်ကွာဟပေသည်။ ထို့ကြောင့် အူရဒူမှ မြန်မာပြန်ရာတွင် မူရင်းရသနှင့် ဝါကျများပါ အဓိပ္ပာယ်မပျက်ရလေအောင် အချို့နေရာများ၌ 'ကြိယာ'ကို နှစ်ကြိမ်ထည့်ပေးရပါသည်။ 'ထပ်ဖြည့်ကြိယာ'ပုဒ်ကို လက်သည်းကွင်းအတွင်း ဖော်ပြထားသည်။ အချို့ဝေါဟာရများ၏ မူရင်း အာရဗီအသံထွက်ကို မြန်မာစာလုံးပေါင်းဖြင့် ဖော်ပြထားပေရာ ယင်းတို့ကို 'မျက်တောင်အဖွင့်အပိတ်'အတွင်းထည့်ပြီး မြန်မာပြန်အဓိပ္ပာယ်ကိုပါ ပူးတွဲဖော်ပြထားပါသည်။ ဥပမာ- 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်း၊ 'ရှရီက်' တစ်စုံတစ်ရာကို အလ္လာဟ်နှင့်တန်းတူထားတွဲဖက် ကိုးကွယ်ခြင်းစသည်ဖြင့်ဖြစ်သည်။

အလ္လာဟ်အတွက်သုံးသော နာမ်စားများကို ငါ၊ ငါအရှင်၊ ငါတို့၏ စသည်ဖြင့် အာရဗီမူရင်း၊ ခလီဖာဟ်သခင်၏ဘာသာပြန်မူရင်းအတိုင်း ပြန်ဆိုထားပါသည်။ 'အရှင်မြတ်'၊ 'ဖန်ဆင်းတော်မူသော

အရှင်' စသော နာမ်စားများကိုလည်း အလ္လာဟ်အတွက် သုံးစွဲထားသည်ကို တွေ့ရပေမည်။ ထို့ပြင် အလ္လာဟ်အတွက် နာမ်စားများသုံးရာတွင် ပထမပုဂ္ဂိုလ် (First Person)မှ တတိယပုဂ္ဂိုလ် (Third Person) သို့လည်းကောင်း၊ တတိယပုဂ္ဂိုလ်မှ ပထမပုဂ္ဂိုလ်သို့လည်းကောင်း ပြောင်းလဲသွားသည်ကိုလည်း တွေ့ရှိရပေမည်။ ယင်းမှာ ကုရ်အာန်၏ထူးခြားသော 'မူ' ဖြစ်သည်။ ဖတ်ရှုသူအနေဖြင့် အစပိုင်းတွင် အနည်းငယ် အခက်အခဲရှိကောင်းရှိမည်ဖြစ်သော်လည်း ဖတ်ကျင့်ရုံဖြင့် ကုရ်အာန်၏နာမ်စားများ ပြောင်းလဲမှု 'ဟန်'နှင့် အကျွမ်းတဝင်ဖြစ်လာသောအခါ အခက်အခဲရှိတော့မည်မဟုတ်ပါ။ ထို့ပြင် ကျွန်ုပ်တို့၏ မြန်မာဘာသာပြန်ကျမ်းတွင် **ငါ၊ ငါတို့** စသည့် အလ္လာဟ်အတွက် သုံးစွဲသော နာမ်စားများကို စာလုံးမည်း (Bold Letter) ဖြင့် ဖော်ပြထားသောကြောင့် ဖတ်ရှုသူအဖို့ ပို၍လွယ်ကူလိမ့်မည်ဟု ယုံကြည်ပါသည်။

ဤကျမ်းမြတ်ကုရ်အာန် မြန်မာဘာသာပြန်စာအုပ် ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းအဆင့်သို့ ရောက်သည်အထိ ကဏ္ဍအစုံတွင် လူပုဂ္ဂိုလ်အသီးသီးက ပါဝင်ကူညီခဲ့ကြပါသည်။ ၎င်းတို့အားလုံးအပေါ် အလ္လာဟ်အရှင်မြတ်ထံတော်မှ ကရုဏာတော်နှင့် ကောင်းချီးဆုလာဘ်များ ပေးသနားချီးမြှင့်တော်မူပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလ္လာဟ်အရှင်မြတ်သည် ဤကျမ်းမြတ်ကုရ်အာန် မြန်မာဘာသာပြန်ကို ဖတ်ရှုသူတို့အဖို့ လမ်းညွှန်မှု၏အရင်းခံပြုပေးသနားတော်မူပါစေ၊ ကျမ်းမြတ်ကုရ်အာန်၏ အံ့ဖွယ်တရားတော်များဆီသို့ စာရှုသူတို့၏နှလုံးသားများကို ဖွင့်ပေးတော်မူပါစေသတည်း။ - အာမီးန် -

ထုတ်ဝေသူ

ကျမ်းမြတ်ကုရ်အာန် ဆူရာဟ်များ မာတိကာ

စဉ်	ဆူရာဟ်အမည်		စာမျက်နှာ
၁။	အလ်-ဖာတေဟာ	الفاتحة	၁
၂။	အလ်-ဘကရာ	البقرة	၃
၃။	အာလေအင်မ်ရာန်	آل عمران	၇၆
၄။	အလ်-နီဆာ	النساء	၁၁၉
၅။	အလ်-မာအေဒါ	المائدة	၁၆၅
၆။	အလ်-အန်အာမ်	الانعام	၂၀၀
၇။	အလ်-အာအ်ရာဖ်	الاعراف	၂၄၀
၈။	အလ်-အန်ဖာလ်	الانفال	၂၈၄
၉။	အလ်-တောင်ဘာ	التوبة	၃၀၃
၁၀။	ယူနုတ်စ်	يونس	၃၃၄
၁၁။	ဟူး၀်	هود	၃၅၇
၁၂။	ယူဆုပ်	يوسف	၃၈၀
၁၃။	အလ်-ရာအ်ဒ်	الرعد	၄၀၂
၁၄။	အစ်ဗရာဟင်မ်	ابراهيم	၄၁၄
၁၅။	အလ်-ဟိဂျိရ်	الحجر	၄၂၆
၁၆။	အလ်-နဟလ်	النحل	၄၃၈
၁၇။	ဘနီအစ္စရာအီလ်	بنى اسرائيل	၄၆၄
၁၈။	အလ်-ကဟ်ဖ်	الكهف	၄၈၆
၁၉။	မရ်ယမ်	مريم	၅၀၉
၂၀။	တွာဟာ	طه	၅၂၄
၂၁။	အလ်-အန်ဗိယာ	الانبياء	၅၄၄
၂၂။	အလ်-ဟာဂ်ျ	الحج	၅၆၃
၂၃။	အလ်-မို့အ်မိန္နုန်း	المؤمنون	၅၈၁
၂၄။	အလ်-နူး၀်	النور	၅၉၇
၂၅။	အလ်-ဖူရ်ကာန်	الفرقان	၆၁၄
၂၆။	အလ်-ရှိုအ်ရာ	الشعراء	၆၂၈
၂၇။	အလ်-နမာလ်	النمل	၆၅၀
၂၈။	အလ်-ကဆွက်(စ်)	القصص	၆၇၀

ကျမ်းမြတ်ကုရ်အာန် ဆူရာဟ်များ မာတိကာ

စဉ်	ဆူရာဟ်အမည်		စာမျက်နှာ
၂၉။	အလ်-အန်ကဘူတ်	العنكبوت	၆၈၈
၃၀။	အလ်-ရွန်း(မ်)	الروم	၇၀၂
၃၁။	လွတ်(ကဲ)မန်း	لقمٰن	၇၁၄
၃၂။	အလ်-စဂ်ဒါဟ်	السجدة	၇၂၅
၃၃။	အလ်-အဟ်ဇာဘ်	الاحزاب	၇၃၂
၃၄။	ဆဘား	سبا	၇၅၁
၃၅။	ဖာတွီရ်	فاطر	၇၆၅
၃၆။	ယာဆင်နှ်	يٰسٓ	၇၇၆
၃၇။	အလ်-ဆွာဖားတ်	الصّٰفّٰت	၇၈၈
၃၈။	ဆွား(ဒ်)	صٓ	၈၀၅
၃၉။	အလ်-ဇုမရ်	الزمر	၈၁၈
၄၀။	အလ်-မို့အ်မင်နှ်	المؤمن	၈၃၅
၄၁။	ဟာမိမ် အလ်-စဂ်ဒါဟ်	حٰمٓ السجدة	၈၅၂
၄၂။	အလ်-ရှူရာ	الشورى	၈၆၅
၄၃။	အလ်-ဇုခ်ရုတ်ဖ်	الزخرف	၈၈၀
၄၄။	အလ်-ဒုခါန်း	الدّخان	၈၉၃
၄၅။	အလ်-ဂျာဆီယာဟ်	الجاثية	၈၉၉
၄၆။	အလ်-အာဟ်ကား(ဖ်)	الاحقاف	၉၀၇
၄၇။	မို့ဟမ္မဒ်	محمد	၉၁၇
၄၈။	အလ်-ဖတာဟ်	الفتح	၉၂၆
၄၉။	အလ်-ဟုဂ္ဂုရာတ်	الحجرات	၉၃၆
၅၀။	ကား(ဖ်)	قٓ	၉၄၃
၅၁။	အလ်-ဇာရီယာတ်	الذّٰريٰت	၉၅၀
၅၂။	အလ်-တူး(ရ်)	الطور	၉၅၈
၅၃။	အလ်-နဂ်ျမ်	النجم	၉၆၄
၅၄။	အလ်-ကမရ်	القمر	၉၇၀
၅၅။	အလ်-ရာဟ်မာန်	الرحمٰن	၉၇၉
၅၆။	အလ်-ဝါကိအဟ်	الواقعة	၉၈၉

ကျမ်းမြတ်ကုရ်အာန် ဆူရာဟ်များ မာတိကာ

စဉ်	ဆူရာဟ်အမည်		စာမျက်နှာ
၅၇။	အလ်-ဟဒီဒ်	الحديد	၄၄၉
၅၈။	အလ်-မုဂျာဒလာဟ်	المجادلة	၁၀၀၉
၅၉။	အလ်-ဟရှ်ရ်	الحشر	၁၀၁၆
၆၀။	အလ်-မွမ်တာဟီနာဟ်	الممتحنة	၁၀၂၃
၆၁။	အလ်-ဆွာဖ်	الصف	၁၀၃၀
၆၂။	အလ်-ဂျုမုအဟ်	الجمعة	၁၀၃၄
၆၃။	အလ်-မိုနာဖိကွန်း	المنافقون	၁၀၃၈
၆၄။	အလ်-တဂါဘွန်း	التغابن	၁၀၄၂
၆၅။	အလ်-တွလားက်	الطلاق	၁၀၄၇
၆၆။	အလ်-တာဟ်ရင်း(မ်)	التحريم	၁၀၅၂
၆၇။	အလ်-မွလ်ခ်	الملك	၁၀၅၈
၆၈။	အလ်-ကလမ်	القلم	၁၀၆၅
၆၉။	အလ်-ဟာကာဟ်	الحاقة	၁၀၇၁
၇၀။	အလ်-မအာရဲ့(ဂျ်)	المعارج	၁၀၇၈
၇၁။	နူးဟ်	نوح	၁၀၈၄
၇၂။	အလ်-ဂျင်နဲ့	الجنّ	၁၀၉၀
၇၃။	အလ်-မုဇမ်မိလ်	المزمل	၁၀၉၆
၇၄။	အလ်-မုဒတ်ဆိရ်	المدثر	၁၁၀၀
၇၅။	အလ်-ကီယာမဟ်	القيٰمة	၁၁၀၅
၇၆။	အလ်-ဒဟရ်	الدهر	၁၁၁၀
၇၇။	အလ်-မွရ်ဈလာတ်	المرسلات	၁၁၁၅
၇၈။	အလ်-နဗဒ်	النبا	၁၁၂၁
၇၉။	အလ်-နာဇိအာတ်	النّٰزعٰت	၁၁၂၅
၈၀။	အာဘာဆ	عبس	၁၁၃၁
၈၁။	အလ်-တက္ကဝီရ်	التكوير	၁၁၃၅
၈၂။	အလ်-အင်နဲ့ဖိတ္တာရ်	الانفطار	၁၁၃၈
၈၃။	အလ်-မုတ္တဖ်ဖိဖင်းန်	المطفّفين	၁၁၄၂
၈၄။	အလ်-အင်(နဲ့)ရှဲကားက်	الانشقاق	၁၁၄၆
၈၅။	အလ်-ဗုရူးဂျ်	البروج	၁၁၄၉

ကျမ်းမြတ်ကုရ်အာန် ဆူရာဟ်များ မာတိကာ

စဉ်	ဆူရာဟ်အမည်		စာမျက်နှာ
၈၆။	အလ်-တ္ဂာရိုက်	الطارق	၁၀၅၂
၈၇။	အလ်-အာအ်လာ	الاعلى	၁၀၅၅
၈၈။	အလ်-ဃာရှိယာဟ်	الغاشية	၁၀၅၈
၈၉။	အလ်-ဖဂ်ရ်	الفجر	၁၀၆၁
၉၀။	အလ်-ဘလဒ်	البلد	၁၀၆၅
၉၁။	အလ်-ရှမ်စ်	الشمس	၁၀၆၈
၉၂။	အလ်-လိုင်းလ်	الليل	၁၀၇၁
၉၃။	အလ်-ဒ္ဒိုဟာ	الضحى	၁၀၇၄
၉၄။	အလမ်နရှ်ရာဟ်	الم نشرح	၁၀၇၇
၉၅။	အလ်-သီးန်	التين	၁၀၇၉
၉၆။	အလ်-အလာက်	العلق	၁၀၈၁
၉၇။	အလ်-ကဒရ်	القدر	၁၀၈၄
၉၈။	အလ်-ဘိုင်ယေနာဟ်	البيّنة	၁၀၈၆
၉၉။	အလ်-ဇိလ်ဇာလ်	الزلزال	၁၀၈၉
၁၀၀။	အလ်-အာဒီယာတ်	العٰديٰت	၁၀၉၁
၁၀၁။	အလ်-ကာရိအာဟ်	القارعة	၁၀၉၄
၁၀၂။	အလ်-သကာဆွရ်	التكاثر	၁၀၉၆
၁၀၃။	အလ်-အဆ်ရ်	العصر	၁၀၉၈
၁၀၄။	အလ်-ဟုမဇာဟ်	الهمزة	၁၂၀၀
၁၀၅။	အလ်-ဖီးလ်	الفيل	၁၂၀၂
၁၀၆။	ကုရိုက်ရှ်	قريش	၁၂၀၄
၁၀၇။	အလ်-မာအူးန်	الماعون	၁၂၀၆
၁၀၈။	အလ်-ကောင်ဆရ်	الكوثر	၁၂၀၈
၁၀၉။	အလ်-ကာဖိရွန်း(နဲ)	الكافرون	၁၂၁၀
၁၁၀။	အလ်-နဆ်ရ်	النصر	၁၂၁၂
၁၁၁။	အလ်-လဟဗ်	اللهب	၁၂၁၄
၁၁၂။	အလ်-အိခ်လာခ်	الاخلاص	၁၂၁၆
၁၁၃။	အလ်-ဖလာက်	الفلق	၁၂၁၈
၁၁၄။	အလ်-နားခ်	الناس	၁၂၂၀

إِنَّا نَحْنُ نَزَّلْنَا الذِّكْرَ وَإِنَّا لَهُ لَحَافِظُونَ

قرآن کریم

ကျမ်းမြတ်ကုရ်အာန်

မြန်မာဘာသာပြန်

'ဆူရာတ်'များ၏မိတ်ဆက်နှင့် အကျဉ်းချုပ်ရှင်းလင်းချက်

ဟာဇရတ်မီရ်ဇာမတ်စ်ရူရ်အဟ်မဒ်

ပဋ္ဌမခလီဖတွလ်မဆီဟ်
ကမ္ဘာလုံးဆိုင်ရာ အဟ်မဒီယာမွတ်စလင်ဂျမာအတ် ဦးစီးခေါင်းဆောင်၏
လမ်းညွှန်မှုဖြင့်ထုတ်ဝေသည်။

Islam International Publications Limited

၁။ အလ်-ဖာတေဟာ

ဤ'ဆူရာဟ်'ကဏ္ဍသည် မက္ကာခေတ်အချိန်၏အစပိုင်းတွင် ကျရောက်ခဲ့သည်။

အချို့သော ခိုင်လုံသည့်ဆင့်ပြန်ချက်အဆိုများအရ ဤဆူရာဟ်သည် မဒီနာမြို့တွင်လည်း ဒုတိယအကြိမ် ထပ်မံကျရောက်ခဲ့ကြောင်းသိရှိရသည်။ ဤဆူရာဟ်တွင် 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မှာပါဠိတော်ပေါင်း ၇ ပိုဒ် ပါရှိသည်။

ဤဆူရာဟ်သည် ကျမ်းမြတ်ကုရ်အာန်၏အဖွင့်ကဏ္ဍဖြစ်ပြီး ကျမ်းမြတ်ကုရ်အာန်ပါ အကြောင်းအရာအားလုံး၏ အနှစ်ချုပ်လည်းဖြစ်သည်။ ထို့ကြောင့် 'ဟဒီးစ်' ဩဝါဒတော်များတွင် ဤဆူရာဟ်၏ အမည်နာမတစ်ခုကို **اُمُّ الكِتاب** (ကျမ်းမြတ်၏မိခင်)ဟု ဖော်ပြထားသည်။ ထို့ပြင် အခြားသော အမည်နာမများစွာကိုလည်း ဖော်ပြထားပေရာ ဥပမာ- **فَـاتِـحَةُ الـكِتاب** (ကျမ်းတော်၏အဖွင့်ကဏ္ဍ)၊ **اَلصَّلٰوة** (ဝတ်ပြုဆုတောင်းခြင်း)၊ **اَلْحَمْد** (ချီးမွမ်းခြင်း)၊ **اُمُّ الْقُرآن** (ကုရ်အာန်၏မိခင်)၊ **اَلسَّبْعُ الْمَثَانِى** (ထပ်တလဲလဲ ဖတ်ရသော အာယတ်တော် ၇ ပိုဒ်)၊ **اَلشِّفَاء** (ပျောက်ကင်းချမ်းသာခြင်း)၊ **اَلْكَنْز** (ရတနာသိုက်) စသည်တို့ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် ဤဆူရာဟ်တော်အား အကျယ်ဝင်ကာဖွင့်ဆိုနိုင်သော အသိဉာဏ်ပညာကို ကတိတော်ရမဆီဟ်ﷺသခင်အား အထူးသဖြင့် ပေးသနားတော်မူပေရာ၊ သခင်သည် ဤဆူရာဟ်၏ 'တာဖ်စီရ်'အကျယ်ဖွင့်ဆိုချက်ကို အာရဗီဘာသာဖြင့် အထူးစီရင်ရေးသားခဲ့ပေသည်။

♦ ♦ ♦

ဆူရာဟ် အလ်-ဖာတေဟာ

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၇)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اَلْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ②

၂။ ချီးမွမ်းခြင်းဟူသမျှသည် အလ္လာဟ့်အတွက်သာဖြစ်၏။ ထိုအရှင်သည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်တော်မူ၏။

الرَّحْمٰنِ الرَّحِيْمِ ③

၃။ အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

مٰلِكِ يَوْمِ الدِّيْنِ ④

၄။ ဆုလာဘ်နှင့်ပြစ်ဒဏ် စီရင်မည့်နေ့တော်ကြီးကို စိုးပိုင်တော်မူသောအရှင်ဖြစ်တော်မူ၏။

اِيَّاكَ نَعْبُدُ وَ اِيَّاكَ نَسْتَعِيْنُ ⑤

၅။ အရှင့်ကိုသာလျှင် ကျွန်တော်မျိုးတို့ ခဝပ်ကိုးကွယ်ကြပါ၏၊ အရှင့်ထံတော်မှသာလျှင် ကျွန်တော်မျိုးတို့သည် ကူညီစောင်မမှုကို လိုလားတောင့်တကြပါ၏။

اِهْدِنَا الصِّرَاطَ الْمُسْتَقِيْمَ ⑥

၆။ ကျွန်တော်မျိုးတို့အား ဖြောင့်မှန်သောလမ်းပေါ်တွင် လျှောက်လှမ်းစေတော်မူပါ၊

صِرَاطَ الَّذِيْنَ اَنْعَمْتَ عَلَيْهِمْ ۙ
غَيْرِ الْمَغْضُوْبِ عَلَيْهِمْ وَلَا الضَّآلِّيْنَ ⑦

၇။ အရှင်မြတ် ကောင်းချီးဆုလာဘ်ပေးသနားတော်မူခဲ့သောသူတို့၏လမ်းဖြစ်ပါသည်။ ထိုသူတို့သည် အမျက်တော် စူးရှခြင်းခံရသူများလည်းမဟုတ်၊ ထို့ပြင် လမ်းလွဲသူများလည်းမဟုတ်ကြချေတည်း။

❖ ❖ ❖

၂။ အလ်-ဘကရာ

ဤ'ဆူရာဟ်'ကဏ္ဍသည် မဒီနာခေတ်၏ ပထမနှင့်ဒုတိယနှစ်များတွင် ကျရောက်ခဲ့သည်။ 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော်ပေါင်း ၂၈၇ ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၏ အစပိုင်းမှာပင် အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခြင်း၊ *'ဝဟီ၊ အီလ်ဟာမ်'* (ဗျာဒိတ်တော်ပို့ချခြင်း)နှင့် တမလွန်ဘဝအပေါ် ယုံကြည်ခြင်းကဲ့သို့သော အခြေခံယုံကြည်ချက်အကြောင်းများကို ဖော်ပြထားသည်။ ဆူရာဟ်'ဖာတေဟာ'တွင် ကောင်းချီးဆုလာဘ်တော်ရရှိကြသူများ၊ **مغضوب عليهم** (အမျက်တော်စူးရှခြင်းခံရသူများ)နှင့် **ضالّين** (လမ်းလွဲသူများ)အုပ်စုသုံးခုကို ဖော်ပြထားသည်။ ဤဆူရာဟ် အလ်-ဘကရာတွင် ကောင်းချီးဆုလာဘ်တော်ရရှိကြသူများအုပ်စုကို ဖော်ပြပြီးနောက် **مغضوب عليهم** (အမျက်တော်စူးရှခြင်းခံရသူများ)အုပ်စုဝင်တို့၏ မှားယွင်းသော ယုံကြည်မှု၊ မကောင်းသော ကျင့်ကြံမှုများနှင့် ဆိုးသွမ်းကျူးလွန်မှုများကို အကျယ်တဝင့်ဖော်ပြထားသည်။

ဤဆူရာဟ်သည် အံ့ဖွယ်'မိုဂျေဇာ'ပြာဋိဟာတစ်ရပ်ဖြစ်၏။ ရှေးဦးအစ ဖန်ဆင်းခြင်းအကြောင်းမှစ၍ တမန်တော်မြတ်ﷺခေတ်အခါနိဂုံး တမန်တော်အသီးသီးတို့၏ကြောင်းရာထူးပွတ်များကို ဖော်ပြထားသည်။ ထို့ပြင် 'ကယာမတ်'အထိ အစွယ်လာမ်ကကြုံတွေ့ရမည့် အန္တရာယ်များကိုလည်း ရည်ညွှန်းဖော်ပြထားသည်။ ဟာဇရတ်'အာဒမ်'علیه السلامအကြောင်းကိုဖော်ပြပြီးနောက် သာသနာတော်ကြီးများ၏ တမန်တော်အသီးသီးအကြောင်းကို ဆက်လက်ဖော်ပြထားသည်။ ယင်းတို့တွင် ဟာဇရတ်'အစ်ဗရာဟင်မ်'علیه السلام၊ ဟာဇရတ်'မူစာ'علیه السلام၊ ဟာဇရတ်'အီစာ'علیه السلamနှင့် တမန်တော်မြတ်ﷺတို့ပါဝင်သည်။

ဤဆူရာဟ်'ဘကရာ'ကိုဖတ်ရှုရခြင်းဖြင့် ရှရီအတ်တရားတော်သည် ဤဆူရာဟ်၌ပင် အပြည့်အဝ ပို့ချခြင်းခံခဲ့ရပြီး အစွယ်လာမ့်တရားတော်မှာလည်း မည်သည့်ရှုထောင့်မျှ မကြွင်းမကျန်သကဲ့သို့ ထင်မှတ်ရပေသည်။ စင်စစ် နောက်ပိုင်းဆူရာဟ်များတွင် အခြားသော ရှုထောင့်များကိုပါတွေ့ရှိရသော်လည်း ဤဆူရာဟ်သည် ပင်ကိုသဘောတွင် အကြောင်းရပ်အားလုံးအပေါ် လွှမ်းခြုံထားသည်ကို တွေ့ရှိရပေသည်။ ဟဒီးစ်တော်တွင် တမန်တော်မြတ်ﷺက အရာရာတိုင်း၌ အထွတ်အထိပ်အစိတ်အပိုင်းတစ်ရပ်ရှိပေရာ ကျမ်းမြတ်ကုရ်အာန်၏အထွတ်အထိပ်အပိုင်းမှာ 'ဆူရာဟ်ဘကရာ'ဖြစ်သည်ဟု မိန့်ကြားကြောင်းလာရှိထားသည်။ ဤဆူရာဟ်တွင် ကျမ်းမြတ်ကုရ်အာန်ပါ 'အာယတ်'(မုဂ္ဂပါဠိ)တော်အားလုံး၏ ဦးဆောင်အာယတ်တော်တစ်ပိုဒ်ပါရှိသည်။ ယင်းမှာ **آيـت الكـرسـى** 'အာယတွလ်ကုရ်စီ' (၂း၂၅၆) ပင်ဖြစ်သည်။

ဤဆူရာဟ်ကို ကိုယ်တော်မြတ်အား ပေးသနားခံရခြင်းသည်ပင်လျှင် ကိုယ်တော်မြတ်၏ အံ့ဖွယ်ဂုဏ်ရှိန်မြင့်မားမှုကို ပြဆိုလျက်ရှိပေသည်။ ဤဆူရာဟ်၌ပင် 'ဆွလာတ်'၊ 'ဆွီယာမ်'၊ 'ဇကားတ်'နှင့် 'ဟာဂ်'တို့၏ ဥပဒေကျင့်ဝတ်များကိုလည်း ဖော်ပြထားပေသည်။ တမန်တော်ကြီး 'အစ်ဗရာဟင်မ်'علیه السلامနှင့် တမန်တော် 'အစ္စမာအီလ်'علیه السلامတို့ 'ဘိုင်တွလ္လာဟ်'(အလ္လာဟ်၏အိမ်တော်)ကို ပြန်လည်မွမ်းမံတည်ဆောက်စဉ်က ဆုပန်ခဲ့ကြသော 'ဒိုအာ'ဆုတောင်းများကိုလည်း အထူးတလည်ဖော်ပြထားသည်။

အလ္လာဟ်အရှင်မြတ်နှင့် 'အစ္စရာအီလ်'မျိုးနွယ်တို့ပြုခဲ့သော 'မီဆားက်' ပဋိညာဉ်ပြုချက်ကိုလည်း ဤဆူရာဟ်၌ပင် ဖော်ပြထားသည်။ ထိုသူတို့သည် မိမိတို့၏ကံခေမှုကြောင့် ယင်းပဋိညာဉ်ကို ချိုးဖောက်ခဲ့ကြပေရာ ဤသည်ပင် တမန်တော်'အီစာ'علیه السلامပွင့်ပေါ်ခြင်း၏ ရှေ့ပြေးနိမိတ်ဖြစ်ကြောင်း အထောက်

အထားဖြစ်ခဲ့ပေသည်။

ဤဆူရာဟ်၏နိဂုံးတွင် ဆုတောင်း'ဒိုအာ'အာယတ်တော်တစ်ပိုဒ်ပါရှိ၏။ ယင်း၌ 'ဒိုအာ' ဆုတောင်းအမျိုးမျိုး၏ အနှစ်ချုပ်သည်လည်းပါရှိသည်ဟု ထင်မှတ်ရပေသည်။ တစ်နည်းဆိုသော် 'ဒိုအာ' ဆုတောင်းများ၏ မကုန်ခန်းနိုင်သော ရတနာသိုက်ကြီးကို ပေးသနားခြင်းခံရသကဲ့သို့ပင်တည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဗကရာ

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၂၈၇)ပိုဒ် ရှူကူ (၄၀)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

الٓمّٓ ①

၂။ أَنَا اللَّهُ أَعْلَمُ - ငါအလ္လာဟ်သည် အားလုံးထက်ပို၍သိတော်မူသောအရှင်ဖြစ်တော်မူ၏။

ذٰلِكَ الْكِتٰبُ لَا رَيْبَ ۛ فِيْهِ ۛ هُدًى لِّلْمُتَّقِيْنَ ②

၃။ ဤသည် 'ထို'ကျမ်းတော်တည်း၊ ယင်း၌ မည်သို့သောသံသယပွားဖွယ်ရာမျှမရှိ၊ 'မွတ္တကီ'ဖြူစင်ဖြောင့်မတ်သူတို့အားလမ်းညွှန်မှုပေးသော ကျမ်းတော်ဖြစ်၏။

الَّذِيْنَ يُؤْمِنُوْنَ بِالْغَيْبِ وَ يُقِيْمُوْنَ الصَّلٰوةَ وَ مِمَّا رَزَقْنٰهُمْ يُنْفِقُوْنَ ③

၄။ ယင်း(မွတ္တကီ)တို့သည် 'ဂိုက်ဘ်'အကွယ်၌ရှိသည်များကိုယုံကြည်ကြ၏၊ 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြ၏၊ ထို့ပြင် သူတို့အား ငါတို့ ပေးသနားတော်မူသော 'ရိဇ်ကီ' ရိကွာများမှ စွန့်ကြဲသုံးစွဲကြ၏။

وَالَّذِيْنَ يُؤْمِنُوْنَ بِمَآ اُنْزِلَ اِلَيْكَ وَ مَآ اُنْزِلَ مِنْ قَبْلِكَ ۚ وَ بِالْاٰخِرَةِ هُمْ يُوْقِنُوْنَ ④

၅။ ထို့ပြင် ထိုသူတို့သည် အသင့်ထံ ပို့ချသည်များနှင့် အသင့်အလျင်ပို့ချခဲ့သည်များကိုလည်း သက်ဝင်ယုံကြည်ကြ၏။ ထို့ပြင် သူတို့သည် 'အာခေရတ်' အနာဂတ်ကိုလည်း ယုံကြည်ကြ၏။

اُولٰٓئِكَ عَلٰى هُدًى مِّنْ رَّبِّهِمْ ۗ وَ اُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ⑤

၆။ ဤသူတို့သည်သာလျှင် မိမိတို့၏ ဖန်ဆင်းမွေးမြူရှင်ထံတော်မှ လမ်းညွှန်မှုတွင်တည်ရှိကြပြီး၊ ဤသူတို့သည်ပင်လျှင် အောင်မြင်မည့်သူများဖြစ်ကြ၏။

اِنَّ الَّذِيْنَ كَفَرُوْا سَوَآءٌ عَلَيْهِمْ ءَاَنْذَرْتَهُمْ اَمْ لَمْ تُنْذِرْهُمْ لَا يُؤْمِنُوْنَ ⑥

၇။ ဧကန်မုချ အကြင်သူတို့သည် မယုံကြည်ခြင်းပယ်ကြ၏၊ (ထိုအခြေအနေ၌) အသင်သည် သူတို့အား သတိပေးနှိုးဆော်မှုပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ (အကြောင်းမထူး) အတူတူပင်ဖြစ်၏။ သူတို့သည် သက်ဝင်ယုံကြည်လာကြမည်မဟုတ်ချေ။

خَتَمَ اللّٰهُ عَلٰى قُلُوْبِهِمْ وَعَلٰى سَمْعِهِمْ ۭ وَ عَلٰٓى اَبْصَارِهِمْ غِشَاوَةٌ ۖ وَّ لَهُمْ عَذَابٌ عَظِيْمٌ ⑦

၈။ အလ္လာဟ်သည် သူတို့၏ စိတ်နှလုံးများနှင့် သူတို့၏အကြားအာရုံအပေါ်တွင် တံဆိပ်ခတ်နှိပ်တော်မူလိုက်ပြီ။ ထို့ပြင် သူတို့၏ မျက်စိများအပေါ်တွင် အဖုံးအကာရှိ၏။ ထိုသူတို့အတွက် ကြီးလေးသော အပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိသတည်း။

ရှူကူ-၂

وَ مِنَ النَّاسِ مَنْ يَّقُوْلُ اٰمَنَّا بِاللّٰهِ وَ بِالْيَوْمِ

၉။ လူသားတို့အနက် အချို့ ဤသို့လည်းရှိကြ၏၊ သူတို့ကကျွန်ုပ်တို့သည် အလ္လာဟ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့

الْاٰخِرِ وَمَا هُمْ بِمُؤْمِنِيْنَ ۘ ۸

တော်ကြီးကိုလည်းကောင်း ယုံကြည်ပါသည်ဟုဆိုကြ၏။ အမှန်သော်ကား သူတို့သည် ယုံကြည်သူများ မဟုတ်ကြချေ။

يُخٰدِعُوْنَ اللّٰهَ وَالَّذِيْنَ اٰمَنُوْا ۚ وَمَا يَخْدَعُوْنَ اِلَّآ اَنْفُسَهُمْ وَمَا يَشْعُرُوْنَ ۝ ۹

၁၀။ ယင်းသူတို့သည် အလ္လာဟ်နှင့် ယုံကြည်သူတို့ကို လှည့်ဖြားရန်ကြိုးစားကြ၏။ စင်စစ် သူတို့သည် မိမိတို့ကိုယ်ကိုမှ တစ်ပါး အခြားမည်သူ့ကိုမျှ လှည့်ဖြားကြသည်မဟုတ်။ သို့သော် သူတို့သည် အသိတရားမရှိကြချေ။

فِيْ قُلُوْبِهِمْ مَّرَضٌ ۙ فَزَادَهُمُ اللّٰهُ مَرَضًا ۚ وَلَهُمْ عَذَابٌ اَلِيْمٌ ۢ بِمَا كَانُوْا يَكْذِبُوْنَ ۝ ۱۰

၁၀။ သူတို့၏စိတ်နှလုံးများ၌ရောဂါရှိ၏။ သို့ဖြစ်ရာ အလ္လာဟ်သည် သူတို့အား ရောဂါ၌တိုးပွားစေတော်မူ၏။ ထို့ပြင် သူတို့အတွက် အလွန်ပြင်းပြနာကျင်ဖွယ်သောပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။ အကြောင်းမူ သူတို့သည် လိမ်ညာပြောဆိုခဲ့ခြင်းကြောင့်ဖြစ်၏။

وَاِذَا قِيْلَ لَهُمْ لَا تُفْسِدُوْا فِي الْاَرْضِ ۙ قَالُوْٓا اِنَّمَا نَحْنُ مُصْلِحُوْنَ ۝ ۱۱

၁၂။ ထို့ပြင် သူတို့အား ကမ္ဘာမြေ၌ ပျက်စီးရာပျက်စီးကြောင်းကိုမပြုရန်ပြောသောအခါ သူတို့က ကျွန်ုပ်တို့သည် ကောင်းမြတ်အေးချမ်းအောင်ပြုသူများသာဖြစ်သည်ဟုဆိုကြ၏။

اَلَآ اِنَّهُمْ هُمُ الْمُفْسِدُوْنَ وَلٰكِنْ لَّا يَشْعُرُوْنَ ۝ ۱۲

၁၃။ သတိပြုကြကုန်၊ ဧကန်စင်စစ် ထိုသူတို့သည်ပင် ပျက်စီးရာပျက်စီးကြောင်းကို ပြုသူများဖြစ်ကြ၏။ သို့သော် သူတို့သည် အသိတရားမရှိကြချေ။

وَاِذَا قِيْلَ لَهُمْ اٰمِنُوْا كَمَآ اٰمَنَ النَّاسُ قَالُوْٓا اَنُؤْمِنُ كَمَآ اٰمَنَ السُّفَهَآءُ ۭ اَلَآ اِنَّهُمْ هُمُ السُّفَهَآءُ وَلٰكِنْ لَّا يَعْلَمُوْنَ ۝ ۱۳

၁၄။ ထို့ပြင် သူတို့အား လူအများ 'အီမာန်' သက်ဝင်ယုံကြည်ခြင်းရှိလာကြသကဲ့သို့ ယုံကြည်ကြကုန်ဟုပြောသောအခါ သူတို့က အသိဉာဏ်ကင်းမဲ့သူများယုံကြည်သကဲ့သို့ ကျွန်ုပ်တို့လည်း ယုံကြည်ရမည်လောဟုဆိုကြ၏။ သတိပြုကြကုန်၊ ယင်းသူတို့ကိုယ်တိုင်သည်ပင် အသိဉာဏ်ကင်းမဲ့သူများဖြစ်ကြ၏၊ သို့သော် သူတို့မသိရှိကြချေ။

وَاِذَا لَقُوا الَّذِيْنَ اٰمَنُوْا قَالُوْٓا اٰمَنَّا ۚ وَاِذَا خَلَوْا اِلٰى شَيٰطِيْنِهِمْ ۙ قَالُوْٓا اِنَّا مَعَكُمْ ۙ اِنَّمَا نَحْنُ مُسْتَهْزِءُوْنَ ۝ ۱۴

၁၅။ ထို့ပြင် သူတို့သည် ယုံကြည်သူများနှင့်တွေ့ဆုံသောအခါ ကျွန်ုပ်တို့သည်လည်း ယုံကြည်ကြပါသည်ဟု ဆိုကြ၏။ ထို့နောက် သူတို့၏'ရိုင်တန်'များနှင့် သီးခြားဆုံတွေ့ကြသောအခါ အမှန်မှာ ကျွန်ုပ်တို့သည် အသင်တို့နှင့်အတူရှိ၏၊ ကျွန်ုပ်တို့သည် (သူတို့အား) ပြောင်လှောင်နေခြင်းသာဖြစ်သည်ဟုပြောကြ၏။

اَللّٰهُ يَسْتَهْزِئُ بِهِمْ وَيَمُدُّهُمْ فِيْ طُغْيَانِهِمْ يَعْمَهُوْنَ ۝ ۱۵

၁၆။ အလ္လာဟ်သည် (အမှန်ပင်) သူတို့၏ ပြောင်လှောင်မှုကို တုံ့ပြန်တော်မူမည်။ သူတို့အား သူတို့၏ထောင်ထားမှုများ၌ တဝဲလည်လည်ရှိနေစေရန် အချိန်အနည်းငယ် ဆိုင်းငံ့ထားတော်မူမည်။

اُولٰۗىِٕكَ الَّذِيْنَ اشْتَرَوُا الضَّلٰلَةَ بِالْهُدٰى ۠ فَمَا رَبِحَتْ تِّجَارَتُهُمْ وَمَا كَانُوْا

၁၇။ ဤသူတို့သည်ပင် လမ်းမှန်ကို လမ်းမှားဖြင့် အစားထိုးဝယ်ယူလိုက်သူများဖြစ်ကြ၏။ သို့ဖြစ်၍ သူတို့၏ရောင်းဝယ်မှုသည် အကျိုးအမြတ်မရှိခဲ့ချေ။ စင်စစ် သူတို့သည် လမ်းမှန်ကို

مُهْتَدِيْنَ ⑰

ရရှိမည့်သူများမဖြစ်နိုင်ချေ။

مَثَلُهُمْ كَمَثَلِ الَّذِى اسْتَوْقَدَ نَارًا ۚ فَلَمَّآ
اَضَآءَتْ مَا حَوْلَهٗ ذَهَبَ اللّٰهُ بِنُوْرِهِمْ
وَتَرَكَهُمْ فِىْ ظُلُمٰتٍ لَّا يُبْصِرُوْنَ ⑱

၁၈။ သူတို့၏ဥပမာကား မီးမွေးသော ထိုသူ၏ပမာဖြစ်၏။ ယင်း(မီး)သည် သူ၏ပတ်ဝန်းကျင်ကိုလင်းထိန်စေသောအခါ အလွှာတ်က ယင်း(မီးမွေးသူများ၏)အလင်းရောင်ကို သိမ်းယူတော်မူပြီး သူတို့အား အမှောင်ထုများတွင် စွန့်ပစ်ထားတော်မူရာ သူတို့သည် မည်သည်ကိုမျှမမြင်နိုင်တော့ချေ။

صُمٌّۢ بُكْمٌ عُمْىٌ فَهُمْ لَا يَرْجِعُوْنَ ⑲

၁၉။ ထိုသူတို့သည်ကား နားပင်းသူများ၊ ဆွံ့အသူများနှင့် မျက်ကန်းများဖြစ်ကြ၏။ သို့ဖြစ်ရာ သူတို့သည်(လမ်းမှန်ဘက်သို့) ပြန်လှည့်လာကြလိမ့်မည်မဟုတ်ချေ။

اَوْ كَصَيِّبٍ مِّنَ السَّمَآءِ فِيْهِ ظُلُمٰتٌ
وَّرَعْدٌ وَّبَرْقٌ ۚ يَجْعَلُوْنَ اَصَابِعَهُمْ فِىْٓ
اٰذَانِهِمْ مِّنَ الصَّوَاعِقِ حَذَرَ الْمَوْتِ ؕ
وَاللّٰهُ مُحِيْطٌۢ بِالْكٰفِرِيْنَ ⑳

၂၀။ သို့မဟုတ် (သူတို့၏ဥပမာမှာ) ကောင်းကင်မှ ရွာသွန်းချသော ထိုမိုးနှင့်တူ၏။ ယင်း၌ အမှောင်ထုနှင့် မိုးချုန်းသံတို့အပြင် လျှပ်ပြက်ခြင်းသည်လည်းပါရှိလေ၏။ သူတို့သည် မိုးချုန်းသံများကြောင့် သေရမည်ကိုကြောက်လန့်သဖြင့် မိမိတို့၏နားများအတွင်း လက်ချောင်းများထည့်သွင်းကြ၏။ စင်စစ် အလွှာတ်သည် 'ကာဖိရ်' မယုံကြည်ငြင်းပယ်သူတို့ကို ဝန်းရံထားတော်မူ၏။

يَكَادُ الْبَرْقُ يَخْطَفُ اَبْصَارَهُمْ ؕ كُلَّمَآ
اَضَآءَ لَهُمْ مَّشَوْا فِيْهِ ۙ وَاِذَآ اَظْلَمَ
عَلَيْهِمْ قَامُوْا ؕ وَلَوْ شَآءَ اللّٰهُ لَذَهَبَ
بِسَمْعِهِمْ وَاَبْصَارِهِمْ ؕ اِنَّ اللّٰهَ عَلٰى
كُلِّ شَىْءٍ قَدِيْرٌ ۝ ⑳

၂၁။ လျှပ်ပြက်ရောင်သည် သူတို့၏အမြင်အာရုံကို နုတ်သိမ်းသွားလုမတတ်ဖြစ်၏။ မည်သည့်အခါမဆို ယင်း(လျှပ်ပြက်ရောင်)သည် သူတို့အား (လမ်းပြရန်အတွက်) လင်းဝင်းသောအခါ သူတို့သည် ယင်း(အလင်းရောင်)၌ (အနည်းငယ်) လျှောက်လှမ်းကြ၏။ ယင်းသည် သူတို့အပေါ် အမှောင်ချလိုက်သောအခါ ရပ်တန့်လိုက်ကြ၏။ အကယ်၍ အလွှာတ်အလိုတော်ရှိလျှင် သူတို့၏အကြားအာရုံနှင့် အမြင်အာရုံတို့ကို သိမ်းယူသွားနိုင်တော်မူ၏။ မုချဧကန် အလွှာတ်သည် မိမိအလိုရှိတော်မူသော အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူသတည်း။

ရုကူး-၃

يٰٓاَيُّهَا النَّاسُ اعْبُدُوْا رَبَّكُمُ الَّذِىْ خَلَقَكُمْ
وَالَّذِيْنَ مِنْ قَبْلِكُمْ لَعَلَّكُمْ تَتَّقُوْنَ ㉑

၂၂။ အို-လူသားအပေါင်းတို့၊ အသင်တို့ကိုလည်းကောင်း၊ အသင်တို့အလျင်ရှိခဲ့ကြသူများကိုလည်းကောင်း ဖန်ဆင်းတော်မူသော မိမိတို့၏ 'ရဗ်'ဖန်ဆင်းမွေးမြူရှင်အား ခဝပ်ကိုးကွယ်ကြကုန်။ သို့မှသာ အသင်တို့သည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်ကြံနိုင်ကြမည်ဖြစ်၏။

الَّذِىْ جَعَلَ لَكُمُ الْاَرْضَ فِرَاشًا وَّالسَّمَآءَ
بِنَآءً ۖ وَّاَنْزَلَ مِنَ السَّمَآءِ مَآءً فَاَخْرَجَ بِهٖ

၂၃။ ထိုအရှင်သည်သာလျှင် ကမ္ဘာမြေပြင်ကို အသင်တို့အတွက် အခင်းအဖြစ်လည်းကောင်း၊ မိုးကောင်းကင်ကို အသင်တို့(ရှင်သန်ရပ်တည်မှု၏) အခြေခံအဖြစ်လည်းကောင်း ပြုလုပ်ထားတော်မူ၏။ ထို့ပြင် မိုးကောင်းကင်မှ ရေကိုချပေး

مِنَ الثَّمَرٰتِ رِزْقًا لَّكُمْ ۚ فَلَا تَجْعَلُوْا لِلّٰهِ
اَنْدَادًا وَّاَنْتُمْ تَعْلَمُوْنَ ۝

တော်မူ၏။ ယင်း(ရေ)အားဖြင့် အမျိုးမျိုးသော သစ်သီးဝလံများကို အသင်တို့အတွက်စားနပ်ရိက္ခာအဖြစ် ထုတ်ဆောင်ပေးတော်မူ၏။ သို့ဖြစ်ရာ သိနားလည်ကြပါလျက် အလ္လာဟ်နှင့် တန်းတူထားကိုးကွယ်ရာကို မပြုလုပ်ကြကုန်လင့်။

وَاِنْ كُنْتُمْ فِيْ رَيْبٍ مِّمَّا نَزَّلْنَا عَلٰى عَبْدِنَا
فَاْتُوْا بِسُوْرَةٍ مِّنْ مِّثْلِهٖ ۪ وَادْعُوْا
شُهَدَآءَكُمْ مِّنْ دُوْنِ اللّٰهِ اِنْ كُنْتُمْ
صٰدِقِيْنَ ۝

၂၃။ ထို့ပြင် ငါတို့က မိမိ၏အစေတော်ထံပို့ချသည်နှင့်စပ်လျဉ်း၍ အသင်တို့သံသယရှိကြလျှင် ယင်းနှင့်အလားတူ ‘ဆူရာဟ်’ကဏ္ဍာတစ်ခုခုကို ယူဆောင်လာကြကုန်။ အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် အလ္လာဟ်မှလွဲ၍ (အသင်တို့ပြုလုပ်ထားကြသည့်) အသင်တို့၏ ဦးဆောင်ကူညီသူများကိုလည်း ခေါ်ဆောင်လာကြကုန်။ ①

فَاِنْ لَّمْ تَفْعَلُوْا وَلَنْ تَفْعَلُوْا فَاتَّقُوا
النَّارَ الَّتِيْ وَقُوْدُهَا النَّاسُ وَالْحِجَارَةُ ۖ
اُعِدَّتْ لِلْكٰفِرِيْنَ ۝

၂၄။ အကယ်၍ အသင်တို့ ဤသို့မပြုလုပ်နိုင်လျှင်၊ အမှန်အားဖြင့်လည်း အသင်တို့ အလျှင်းပြုလုပ်နိုင်ကြမည် မဟုတ်ချေ။ သို့ဖြစ်ရာ ထိုမီးကိုကြောက်ရွံ့ကြကုန်။ ယင်း၏ လောင်စာမှာ လူသားနှင့်ကျောက်ခဲများဖြစ်၏။ ယင်းကို မယုံကြည်ငြင်းပယ်သူများအတွက် အသင့်ပြင်ဆင်ထားတော်မူ၏။

وَبَشِّرِ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ اَنَّ
لَهُمْ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ ؕ
كُلَّمَا رُزِقُوْا مِنْهَا مِنْ ثَمَرَةٍ رِّزْقًا ۙ قَالُوْا
هٰذَا الَّذِيْ رُزِقْنَا مِنْ قَبْلُ ۙ وَاُتُوْا بِهٖ
مُتَشَابِهًا ؕ وَلَهُمْ فِيْهَآ اَزْوَاجٌ مُّطَهَّرَةٌ ۙ
وَّهُمْ فِيْهَا خٰلِدُوْنَ ۝

၂၅။ သက်ဝင်ယုံကြည်၍ ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်သူတို့အား ဝမ်းမြောက်ဖွယ်သတင်းကောင်းကိုပေးပါလေ။ သူတို့အတွက် အခြေတွင် စမ်းချောင်းအသွယ်သွယ်စီးဆင်းလျက်ရှိသော ‘ဂျန္နတ်’ ဥယျာဉ်များရှိ၏။ မည်သည့်အခါတွင်မဆို ထိုဥယျာဉ်များ)မှ သစ်သီးဝလံတစ်စုံတစ်ရာကို သူတို့အား ရိက္ခာအဖြစ်ပေးသောအခါ သူတို့က ဤသည်ကို ယခင်ကလည်း ကျွန်ုပ်တို့အား ပေးခဲ့ပြီးဖြစ်၏ဟုဆိုကြပေလိမ့်မည်။ စင်စစ်သော်ကား ယခင်က သူတို့ထံ ယင်းနှင့်အလားသဏ္ဌာန်တူ(ရိက္ခာ)ကိုသာ ယူဆောင်လာခဲ့ခြင်းဖြစ်၏။ ထို့ပြင် ယင်း(ဥယျာဉ်များ)တွင် သူတို့အတွက် စင်ကြယ်အောင်ပြုထားသောအဖော်မွန်များရှိလိမ့်မည်။ သူတို့သည် ယင်း၌ ထာဝရနေထိုင်ရမည့်သူများဖြစ်ကြ၏။

اِنَّ اللّٰهَ لَا يَسْتَحْيٖٓ اَنْ يَّضْرِبَ مَثَلًا مَّا
بَعُوْضَةً فَمَا فَوْقَهَا ؕ فَاَمَّا الَّذِيْنَ اٰمَنُوْا

၂၆။ ခြင်ကောင်မျှဖြစ်စေ၊ ထိုမျှမက ယင်း၏အပေါ်တွင် ရှိသည်ကိုပင်ဖြစ်စေ အလ္လာဟ်သည် တစ်စုံတစ်ရာသော ပုံဆောင်ချက်ကိုပြုရလျှင်လည်း အလျှင်းရှက်တော်မမူချေ။

① ကျမ်းမြတ်ကုရ်အာန်တွင် အချို့သောနေရာများ၌ အလားတူဖြစ်သော ‘ဆူရာဟ်’ကဏ္ဍာတစ်ခုကိုမျှယူလာရန် စိန်ခေါ်ထားပေသည်။ ထို့ပြင် အချို့နေရာတွင် ဆူရာဟ်(၁၀)ခုနှင့် အချို့နေရာတွင် ကျမ်းမြတ်ကုရ်အာန်တစ်ကျမ်းလုံးကို ဖော်ပြထားပေသည်။ ဆူရာဟ်တစ်ခုကို နမူနာပြရန်စိန်ခေါ်မှုပြုရာတွင် ဆူရာဟ်‘အလ်-ဘကရာ’ကို ဆိုလိုခြင်းဖြစ်တန်ရာသည်။ သို့ဖြင့် ကျမ်းမြတ်ကုရ်အာန်၏အားလုံးသော သာသနာ့ဥပဒေများကို ဤဆူရာဟ်တွင်ဖော်ပြထားသည်ဟု မှတ်ယူရန်ရှိပေသည်။ ထို့ပြင် ဆူရာဟ်(၁၀)ခုကို ယူဆောင်လာရန်စိန်ခေါ်မှု၌ ကျမ်းမြတ်ကုရ်အာန်၏ကြိုက်ရာ ဆူရာဟ်(၁၀)ခုကို မည်သည့်အခန်းမှမဆို၊ နောက်ဆုံးခန်းရှိတိုတောင်းသောဆူရာဟ်များမှဖြစ်စေ၊ ရှည်လျားသောဆူရာဟ်များမှဖြစ်စေ ယင်းတို့နှင့်အလားတူ နှိုင်းယှဉ်ပြရန်မှာ လူသားအဖို့ မစွမ်းဆောင်နိုင်ဟု ဆိုလိုခြင်းဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန် တစ်ကျမ်းလုံးအတိုင်းအတာနှင့်ဆိုလျှင်ကား ပြောစရာပင်မရှိတော့ချေ။

فَيَعْلَمُوْنَ اَنَّهُ الْحَقُّ مِنْ رَّبِّهِمْ ۚ وَاَمَّا الَّذِيْنَ كَفَرُوْا فَيَقُوْلُوْنَ مَاذَآ اَرَادَ اللّٰهُ بِهٰذَا مَثَلًا ۘ يُضِلُّ بِهٖ كَثِيْرًا ۭ وَّيَهْدِيْ بِهٖ كَثِيْرًا ۭ وَمَا يُضِلُّ بِهٖٓ اِلَّا الْفٰسِقِيْنَ ۝

သို့ဖြစ်ရာ သင်္ဂဝင်ယုံကြည်သူတို့အဖို့မူကား ဤသည်မှာ မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အမှန်တရားဖြစ်ကြောင်းကို သူတို့သိရှိကြလေသည်။ သို့သော် မယုံကြည်သူတို့အဖို့မူကား ယင်းသူတို့က (နောက်ဆုံးတွင်) အလ္လာဟ်သည် ဤဥပမာကိုဖော်ပြခြင်း၌ မည်သည့်ရည်ရွယ်ချက်ရှိလေသနည်းဟု ပြောကြ၏။ အရှင်မြတ်သည် ထို(ဥပမာ)အားဖြင့် များစွာသောသူတို့ကို လမ်းမှားသူများအဖြစ် သတ်မှတ်တော်မူပြီး ယင်းအားဖြင့်ပင် များစွာသောသူတို့ကို လမ်းမှန်သို့ညွှန်ပြတော်မူ၏။ စင်စစ် အရှင်မြတ်သည် ယင်းအားဖြင့် 'ဖာဆိက်' မနာခံပုန်ကန်သူများမှအပ မည်သူ့ကိုမျှ လမ်းမှားသူအဖြစ် သတ်မှတ်တော်မမူချေ။ ①

الَّذِيْنَ يَنْقُضُوْنَ عَهْدَ اللّٰهِ مِنْۢ بَعْدِ مِيْثَاقِهٖ ۠ وَيَقْطَعُوْنَ مَآ اَمَرَ اللّٰهُ بِهٖٓ اَنْ يُّوْصَلَ وَيُفْسِدُوْنَ فِي الْاَرْضِ ۭ اُولٰۗىِٕكَ هُمُ الْخٰسِرُوْنَ ۝

၂၈။ ထိုသူတို့သည် အလ္လာဟ်နှင့် ခိုင်မြဲသောပဋိညာဉ်ကိုပြုပြီးနောက် ယင်းကို ဖောက်ဖျက်ခဲ့ကြ၏။ ထို့ပြင် အလ္လာဟ်က ပေါင်းစည်းဆက်သွယ်ရန် မိန့်တော်မူသည့် (အဆက်အသွယ်များ)ကိုလည်း ဖြတ်တောက်ကြ၏။ ထို့ပြင် ကမ္ဘာမြေပေါ်ဝယ် ပျက်စီးရာပျက်စီးကြောင်းကို ပြုလုပ်ကြ၏။ ဤသူတို့သည်ပင် ဆုံးရှုံးမည့်သူများဖြစ်ကြ၏။

كَيْفَ تَكْفُرُوْنَ بِاللّٰهِ وَكُنْتُمْ اَمْوَاتًا فَاَحْيَاكُمْ ۚ ثُمَّ يُمِيْتُكُمْ ثُمَّ يُحْيِيْكُمْ ثُمَّ اِلَيْهِ تُرْجَعُوْنَ ۝

၂၉။ အသင်တို့သည် အဘို့လျှင် အလ္လာဟ်အား မယုံကြည်ငြင်းပယ်ကြသနည်း။ စင်စစ် အသင်တို့သည် အသေများဖြစ်ခဲ့ကြရာ ထိုအရှင်မြတ်သည်ပင် အသင်တို့အား ရှင်စေတော်မူခဲ့၏။ တစ်ဖန် အရှင်မြတ်သည် အသင်တို့အား သေစေတော်မူမည်။ ထိုမှတစ်ဖန် အသင်တို့အား ရှင်စေတော်မူမည်။ ထို့နောက် အသင်တို့သည် အရှင်မြတ်ထံတော်သို့သာလျှင် ပြန်လှည့်ခြင်းခံကြရပေမည်။

هُوَ الَّذِيْ خَلَقَ لَكُمْ مَّا فِي الْاَرْضِ جَمِيْعًا ۤ ثُمَّ اسْتَوٰٓى اِلَى السَّمَاۗءِ فَسَوّٰىهُنَّ سَبْعَ سَمٰوٰتٍ ۭ وَهُوَ بِكُلِّ شَيْءٍ عَلِيْمٌ ۝

၃၀။ ထိုအရှင်သည်သာလျှင် ကမ္ဘာမြေပေါ် ရှိရှိသမျှအရာအားလုံးကို အသင်တို့အတွက် ဖန်ဆင်းထားတော်မူ၏။ ထို့နောက် အရှင်မြတ်သည် မိုးကောင်းကင်ဘက်သို့ လှည့်တော်မူ၍ ယင်းကို မိုးခုနစ်ထပ်အဖြစ် တင့်တယ်စွာ နေသားတကျ ပြုလုပ်တော်မူ၏။ အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူး-၄

وَاِذْ قَالَ رَبُّكَ لِلْمَلٰۗىِٕكَةِ اِنِّىْ جَاعِلٌ فِي الْاَرْضِ خَلِيْفَةً ۭ قَالُوْٓا اَتَجْعَلُ فِيْهَا

၃၁။ ထို့ပြင် (သတိရကြကုန်)၊ အကြင်အခါဝယ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်က ကောင်းကင်တမန်များအား ဧကန်အမှန် ငါသည် ကမ္ဘာမြေတွင် 'ခလီဖာဟ်' ဆက်ခံ

① فَمَا فَوْقَهَا ဟူသည် ခြင်ကောင်က သယ်ဆောင်ထားသောအရာကိုညွှန်းပြီး ယင်းမှာ ငှက်ဖျားရောဂါပိုးဖြစ်သည်။ ကမ္ဘာပေါ်တွင် ငှက်ဖျားရောဂါ သို့မဟုတ် ငှက်ဖျားပိုးကြောင့်ဖြစ်သောရောဂါများဖြင့် သေဆုံးသူအရေအတွက်မှာ အများဆုံးဖြစ်သည်။ ယင်းကို 'အလ္လာဟ်ရှက်တော်မမူ'ဟုဆိုခြင်း၌ ယင်းဖော်ပြချက်သည် အလွန်ထူးကဲနက်နဲသောဥပမာဖြစ်သောကြောင့်တည်း။

مَنْ يُّفْسِدُ فِيْهَا وَ يَسْفِكُ الدِّمَآءَ ۚ وَنَحْنُ نُسَبِّحُ بِحَمْدِكَ وَنُقَدِّسُ لَكَ ؕ قَالَ اِنِّيْۤ اَعْلَمُ مَا لَا تَعْلَمُوْنَ ۝۳۰

သူတစ်ဦးကို ပြုလုပ်တော်မူမည့်အရှင် ဖြစ်တော်မူသည်ဟု မိန့်ကြားတော်မူ၏။ ထိုအခါ ၎င်းတို့က အသို့ပါနည်း၊ အရှင်သည် ယင်း၌ ပျက်စီးရာပျက်စီးကြောင်းကိုပြုပြီး သွေးထွက်သံယိုမှု ပြုမည့်သူများကို ပြုလုပ်တော်မူပါမည်လော။ စင်စစ် ကျွန်တော်မျိုးတို့သည် အရှင့်အား ချီးမွမ်းထောမနာပြုခြင်းနှင့်အတူ အရှင် သန့်စင်မွန်မြတ်တော်မူကြောင်းကို ရင့်ကျူးကြပါ၏၊ ထို့ပြင် ကျွန်တော်မျိုးတို့သည် အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ဖော်ကျူးကြပါ၏ဟု လျှောက်ထားကြ၏။ ထိုအခါ အရှင်မြတ်က အမှန်ပင် ငါသည် အသင်တို့ မသိနားမလည်သော အရာအားလုံးကို သိရှိနားလည်တော်မူသည်ဟု မိန့်တော်မူ၏။

وَعَلَّمَ اٰدَمَ الْاَسْمَآءَ كُلَّهَا ثُمَّ عَرَضَهُمْ عَلَى الْمَلٰٓئِكَةِ ۙ فَقَالَ اَنْۢبِـُٔوْنِيْ بِاَسْمَآءِ هٰٓؤُلَآءِ اِنْ كُنْتُمْ صٰدِقِيْنَ ۝۳۱

၃၁။ အရှင်မြတ်သည် 'အာဒမ်'အား အမည်နာမအားလုံးတို့ကို သင်ပေးတော်မူ၏။ ပြီးနောက် ယင်း(ဖန်ဆင်းခံများ)ကို ကောင်းကင်တမန်များ၏ ရှေ့တွင်ပြတော်မူကာ အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြပါလျှင် ငါ့အား ယင်းတို့၏ အမည်နာမများကို ပြောပြကြလော့ဟု မိန့်တော်မူ၏။ ①

قَالُوْا سُبْحٰنَكَ لَا عِلْمَ لَنَاۤ اِلَّا مَا عَلَّمْتَنَا ؕ اِنَّكَ اَنْتَ الْعَلِيْمُ الْحَكِيْمُ ۝۳۲

၃၂။ သူတို့က အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ကျွန်တော်မျိုးတို့အား အရှင်မြတ်သင်ပေးထားတော်မူသည်တို့မှအပ အခြားမည်သည်ကိုမျှ ကျွန်တော်မျိုးတို့ မသိကြပါ။ ဧကန်ပင် အရှင်မြတ်သည်သာ ထာဝရသိရှိတော်မူသောအရှင်၊ အလွန်တရာ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူပါ၏ဟု လျှောက်ထားကြလေ၏။

قَالَ يٰۤاٰدَمُ اَنْۢبِئْهُمْ بِاَسْمَآئِهِمْ ۚ فَلَمَّاۤ اَنْۢبَاَهُمْ بِاَسْمَآئِهِمْ ۙ قَالَ اَلَمْ اَقُلْ لَّكُمْ اِنِّيْۤ اَعْلَمُ غَيْبَ السَّمٰوٰتِ وَ الْاَرْضِ ۙ وَ اَعْلَمُ مَا تُبْدُوْنَ

၃၃။ အရှင်မြတ်က အို-'အာဒမ်'၊ အသင်သည် ၎င်းတို့အား ထိုအရာတို့၏အမည်နာမများကို ပြောပြလော့ဟု မိန့်တော်မူ၏။ သို့ဖြင့် သူသည် ၎င်းတို့အား ထိုအရာတို့၏အမည်နာမများကို ပြောပြသောအခါ၊ အရှင်မြတ်က ဧကန်မုချ ငါသည်သာလျှင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေရှိ ဖုံးကွယ်နေသည်များကို သိရှိတော်မူသည်ဟု အသင်တို့အား ငါ ပြောကြားတော်မူ

① ဤအာယတ်တော်တွင် **اسماء** (အမည်နာမများ)ဟူသောစကားရပ်ကို အကြောင်းရပ်များစွာအတွက် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပေသည်။ ဥပမာ-

၁။ အရာဝတ္ထုများ၏အစစ်အမှန်သဘော။ (ဆီရ်ရွှလ်ခေလာဖာဟ်ကျမ်း)

၂။ အာရဗီဘာသာစကား၏အမည်နာမများ။ (မီနန်နွရ်ရာဟ်မန်းကျမ်း)

၃။ ကောင်းကင်တမန်များတွင်မရှိသောဂုဏ်ဒြပ်များ။

၄။ အာဒမ်ﷺ၏မျိုးဆက်မှပေါ်ထွန်းလာမည့် တမန်တော်များ၏အမည်နာမများ။

အာဒမ်ﷺ၏မျိုးဆက်မှပွင့်ပေါ်လာမည့်တမန်တော်များ၏အမည်ကို ကောင်းကင်တမန်များသည် မည်သို့မျှမသိရှိခဲ့ကြချေ။ အာဒမ်ﷺက ထိုတမန်တော်များ၏အမည်များကိုဖော်ပြသောအခါ ကောင်းကင်တမန်များ အံ့သြသွားကြလေသည်။ တမန်တော်များပွင့်ပေါ်ခြင်းကြောင့် **يَسْفِكُ الدِّمَآءَ** (သွေးထွက်သံယိုမှုကိုပြုကြမည်) ဟူသောအကြောင်းသည် မှန်ကန်ပြည့်စုံလာခဲ့ပေသည်။ သို့သော် အခြားသောနည်းလမ်းအားဖြင့်ဖြစ်သည်။ ကောင်းကင်တမန်များက အကယ်၍ အလ္လာဟ်၏ကိုယ်စားလှယ်တော် ↱

وَمَا كُنْتُمْ تَكْتُمُوْنَ ﴿٣٣﴾

ခဲ့သည် မဟုတ်လော။ စင်စစ် ငါသည် အသင်တို့ ထုတ်ဖော်သည်တို့ကိုလည်းကောင်း၊ ဖုံးကွယ်ထားသည်တို့ကိုလည်းကောင်း သိရှိတော်မူသည်ဟု မိန့်ကြားတော်မူ၏။

وَاِذْ قُلْنَا لِلْمَلٰٓئِكَةِ اسْجُدُوْا لِاٰدَمَ فَسَجَدُوْٓا اِلَّآ اِبْلِيْسَ ؕ اَبٰى وَاسْتَكْبَرَ ۫ وَكَانَ مِنَ الْكٰفِرِيْنَ ﴿٣٤﴾

၃၅။ ထို့ပြင် ငါတို့သည် ကောင်းကင်တမန်များအား 'အာဒမ်' အတွက် 'စဂျဒါဟ်'ဦးချမှုပြုကြလော့ဟု မိန့်တော်မူသောအခါ 'အီဘလိစ်'မှတစ်ပါး သူတို့အားလုံးသည် ဦးချခဲ့ကြ၏။ သူ (အီဘလိစ်)သည်ငြင်းပယ်ခဲ့၏။ ထို့ပြင် မာန်မာနထောင်လွှားခဲ့လေသည်။ သူသည် 'ကာဖိရ်' မယုံကြည်ငြင်းပယ်သူတို့အနက်မှ ဖြစ်ခဲ့လေသည်။

وَقُلْنَا يٰٓاٰدَمُ اسْكُنْ اَنْتَ وَزَوْجُكَ الْجَنَّةَ وَكُلَا مِنْهَا رَغَدًا حَيْثُ شِئْتُمَا ۪ وَلَا تَقْرَبَا هٰذِهِ الشَّجَرَةَ فَتَكُوْنَا مِنَ الظّٰلِمِيْنَ ﴿٣٥﴾

၃၆။ ငါတို့သည် 'အာဒမ်'အား အို-'အာဒမ်'၊ အသင်နှင့် အသင်၏ကြင်ရာတို့သည် 'ဂျန္နတ်'ဥယျာဉ်တွင် နေထိုင်ကြကုန်။ အသင်တို့နှစ်ဦးသည် ယင်း၌ အလိုရှိရာနေရာမှ ဖောသီစွာ စားသုံးကြကုန်။ သို့သော် သီးခြားဖြစ်သော ထိုအပင်အနီး သို့မချဉ်းကပ်ကြလင့်။ သို့မဟုတ်ပါက အသင်တို့နှစ်ဦးစလုံးသည် အပြစ်ကျူးလွန်သူများအနက်မှ ဖြစ်သွားကြလိမ့်မည်ဟု မိန့်တော်မူ၏။ ﴿၁﴾

فَاَزَلَّهُمَا الشَّيْطٰنُ عَنْهَا فَاَخْرَجَهُمَا مِمَّا كَانَا فِيْهِ ۪ وَقُلْنَا اهْبِطُوْا بَعْضُكُمْ لِبَعْضٍ عَدُوٌّ ۚ وَلَكُمْ فِى الْاَرْضِ مُسْتَقَرٌّ وَّمَتَاعٌ اِلٰى حِيْنٍ ﴿٣٦﴾

၃၇။ သို့ရာတွင် 'ရှိုင်တန်'သည် ယင်းနှင့်ပတ်သက်၍ သူတို့နှစ်ဦးကို လှည့်ဖြားချွတ်ချော်စေပြီး၊ သူတို့အား မူလရှိခဲ့သည့် နေရာမှ ဆွဲထုတ်ခဲ့၏။ ထို့အခါ ငါတို့က အသင်တို့ထွက်သွားကြကုန်။ (ထိုသည့်အခြေအနေတွင်) အသင်တို့အနက် အချို့သည် အခြားသူများ၏ရန်သူများဖြစ်ကြပေအံ့။ အသင်တို့အတွက် အချိန်ကာလအတိုင်းအတာတစ်ခုထိ (ဤ)ကမ္ဘာမြေပြင်တွင် နေရာထိုင်ခင်းနှင့် အကျိုးခံစားခွင့်ကို (သတ်မှတ်)ထားရှိသည်ဟု မိန့်တော်မူ၏။

فَتَلَقّٰٓى اٰدَمُ مِنْ رَّبِّهٖ كَلِمٰتٍ فَتَابَ عَلَيْهِ ؕ اِنَّهٗ هُوَ التَّوَّابُ الرَّحِيْمُ ﴿٣٧﴾

၃၈။ ထို့နောက် 'အာဒမ်'သည် မိမိ၏ ဖန်ဆင်းရှင်ထံတော်မှ (ဆုတောင်းသော)စကားရပ်ကိုသင်ယူ၏။ သို့ဖြစ်ရာ အရှင်မြတ်သည် သူ၏ 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူလျက် သူ့ဘက်သို့ ယိမ်းညွတ်တော်မူလေသည်။ မုချ ဧကန် ထိုအရှင်မြတ်သည်သာလျှင် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို အလွန်တရာ လက်ခံတော်မူသောအရှင်၊ အဖန်

➤ တစ်ပါးပါးရောက်ရှိလာခဲ့လျှင် ကမ္ဘာမြေပြင်၌ သွေးထွက်သံယိုမှုဖြစ်လိမ့်မည်ဆိုသည်ကို မှန်းဆနိုင်ခဲ့ကြသော်လည်း၊ ယင်းက 'နဗီ'တမန်တော်များကြောင့်မဟုတ်ဘဲ တမန်တော်များကို ဆန့်ကျင်သူတို့၏အပြစ်ကြောင့်ဖြစ်မည်ဆိုသည်ကိုမူကား မသိရှိခဲ့ကြပေ။

﴿၁﴾ ဤအာယတ်တော်တွင် **شـجـرة** ဟူသည် တားမြစ်ခြင်းနှင့်စပ်ဆိုင်သော 'ရှရီအတ်'တရားဥပဒေအမိန့်တော်များဖြစ်ပေသည်။ အကယ်၍ ယင်းဥပဒေများကိုချိုးဖောက်ကြလျှင် လောကတွင် လူသားအတွက် ငြိမ်းချမ်းရေးပပျောက်သွားပေမည်။ ဤတွင်နှစ်ဦးကို ရည်ညွှန်းပြောဆိုထားသော်လည်း 'အာဒမ်'နှင့် 'ဟဝါ'တို့နှစ်ဦးတည်းသာ 'ဂျန္နတ်'ဥယျာဉ်တွင်နေခဲ့ကြသည်ဟု မဆိုလိုပေ။ အကြောင်းမူ ရှေ့တွင်လာရှိမည့်အာယတ်တော်များအရ **اهْبِطُوْا مِنْهَا جَمِيْعًا** က နောက်ထပ်လည်း 'အာဒမ်'၏မျိုးဆက်များ ထိုနေရာ၌ရှိခဲ့ကြောင်း ဖော်ပြထားသောကြောင့်ဖြစ်သည်။

တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

قُلْنَا اهْبِطُوْا مِنْهَا جَمِيْعًا ۚ فَاِمَّا يَاْتِيَنَّكُمْ مِّنِّيْ هُدًى فَمَنْ تَبِعَ هُدَايَ فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ۝

၃၉။ ငါတို့အမိန့်ရှိခဲ့သည်မှာ၊ အသင်တို့အားလုံး ဤနေရာမှ ထွက်ခွာသွားကြကုန်။ ထို့နောက် မည်သည့်အခါတွင်မဆို ငါ၏အထံတော်မှလမ်းညွှန်တော်သည် အသင်တို့ထံ ရောက်ရှိလာလျှင် အကြင်မည်သူမဆို ငါ၏လမ်းညွှန်မှုကိုလိုက်နာပါက သူတို့အဖို့ မည်သို့သော စိုးရိမ်ကြောက်ရွံ့မှုမျှရှိမည်မဟုတ်။ ထို့ပြင် သူတို့သည် မည်သို့သောပူဆွေးသောကမျှလည်း ဖြစ်ရမည်မဟုတ်ချေ။

وَالَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِاٰيٰتِنَآ اُولٰٓئِكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ۝

၄၀။ သို့သော် အကြင်သူတို့သည် ငြင်းပယ်ကြကာ ငါတို့၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟုစွပ်စွဲကြ၏။ ထိုသူများသည်ပင် မီးတွင်ကျရောက်မည့်သူများဖြစ်ကြ၏။ သူတို့သည် ယင်း၌ ကာလကြာရှည်စွာနေကြရမည့်သူများဖြစ်သတည်း။

ရုကူး-၅

يٰبَنِيْٓ اِسْرَآءِيْلَ اذْكُرُوْا نِعْمَتِيَ الَّتِيْٓ اَنْعَمْتُ عَلَيْكُمْ وَاَوْفُوْا بِعَهْدِيْٓ اُوْفِ بِعَهْدِكُمْ ۚ وَاِيَّايَ فَارْهَبُوْنِ ۝

၄၁။ အို-'အစ္စရာအီလ်'မျိုးနွယ်အပေါင်းတို့၊ အသင်တို့အား ငါအရှင်ပြုတော်မူခဲ့သော 'နေ့အ်မတ်' ကောင်းချီးဆုလာဘ်တော်ကိုသတိရကြကုန်။ ထို့ပြင် ငါအရှင်မြတ်၏ ပဋိညာဉ်ကို ဖြည့်ဆည်းကြကုန်။ ငါအရှင်သည်လည်း အသင်တို့၏ ပဋိညာဉ်ကို ဖြည့်ဆည်းတော်မူပေအံ့။ သို့ဖြစ်ရာ ငါအရှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြကုန်။

وَاٰمِنُوْا بِمَآ اَنْزَلْتُ مُصَدِّقًا لِّمَا مَعَكُمْ وَلَا تَكُوْنُوْٓا اَوَّلَ كَافِرٍ بِهٖ ۠ وَلَا تَشْتَرُوْا بِاٰيٰتِيْ ثَمَنًا قَلِيْلًا ۠ وَّاِيَّايَ فَاتَّقُوْنِ ۝

၄၂။ ထို့ပြင် အသင်တို့ထံတွင်ရှိသည်ကို မှန်ကန်ကြောင်းထောက်ခံမှုပြုသော ငါအရှင် ပို့ချတော်မူသည်ကို သက်ဝင်ယုံကြည်ကြကုန်။ ယင်းကို ဦးစွာငြင်းပယ်မှု မပြုကြကုန်လင့်။ ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို သာမန်မျှသောတန်ဖိုးဖြင့် မလဲလှယ်ကြလင့်။ ထို့ပြင် ငါအရှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြကုန်။

وَلَا تَلْبِسُوا الْحَقَّ بِالْبَاطِلِ وَتَكْتُمُوا الْحَقَّ وَاَنْتُمْ تَعْلَمُوْنَ ۝

၄၃။ ထို့ပြင် အမှန်ကိုအမှားနှင့်ရောထွေးအောင် မပြုကြလင့်။ အသင်တို့သည် သိလျက်နှင့် အမှန်ကိုဖုံးကွယ်ခြင်း မပြုကြလင့်။

وَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ وَارْكَعُوْا مَعَ الرّٰكِعِيْنَ ۝

၄၄။ 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြကုန်။ 'ဇကားတ်'ပေးဆောင်ကြကုန်။ ထို့ပြင် ဦးညွှတ်သူများနှင့်အတူ ဦးညွှတ်ကြကုန်။

اَتَاْمُرُوْنَ النَّاسَ بِالْبِرِّ وَتَنْسَوْنَ اَنْفُسَكُمْ وَاَنْتُمْ تَتْلُوْنَ الْكِتٰبَ ۭ

၄၅။ အသင်တို့သည် လူတို့အားကောင်းမှုပြုရန် အမိန့်ပေးပြီး မိမိတို့ကိုယ်ကိုမေ့လျော့၍နေကြပေသလော။ အမှန်သော်ကား အသင်တို့သည် ကျမ်းဂန်ကိုလည်း ဖတ်ရှုကြ၏။ သို့ပါလျက်

اَفَلَا تَعْقِلُوْنَ ﴿۴۴﴾

အသင်တို့သည် အဘယ့်ကြောင့် အသိဉာဏ်ကို အသုံးမချကြသနည်း။

وَاسْتَعِيْنُوْا بِالصَّبْرِ وَالصَّلٰوةِ ؕ وَ اِنَّهَا لَكَبِيْرَةٌ اِلَّا عَلَى الْخٰشِعِيْنَ ﴿۴۵﴾

၄၆။ ထို့ပြင် 'ဆဘာရ်'သည်းခံမြဲမြံခြင်းနှင့် 'ဆွလာတ်'ဝတ်ပြုခြင်းဖြင့် ကူညီစောင်မမှ့ကိုတောင်းခံကြကုန်။ စင်စစ် ဤသည်ကျိုးနွံနှိမ့်ချမှုပြုသောသူတို့မှအပ အခြားသူတို့အတွက် အမှန်ပင် လေးလံခက်ခဲလှ၏။

الَّذِيْنَ يَظُنُّوْنَ اَنَّهُمْ مُّلٰقُوْا رَبِّهِمْ وَاَنَّهُمْ اِلَيْهِ رٰجِعُوْنَ ﴿۴۶﴾ ع ۵

၄၇။ (ဆိုလိုသည်မှာ) ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်နှင့် တွေ့ဆုံရမည်ကိုလည်းကောင်း၊ သူတို့သည် အရှင်မြတ်ထံတော်သို့သာ ပြန်လည်၍သွားကြရမည်ကိုလည်းကောင်း ယုံကြည်ချက်ထားရှိကြကုန်သတည်း။

ရုကူ--၆

يٰبَنِيْۤ اِسْرَآءِيْلَ اذْكُرُوْا نِعْمَتِيَ الَّتِيْۤ اَنْعَمْتُ عَلَيْكُمْ وَاَنِّيْ فَضَّلْتُكُمْ عَلَى الْعٰلَمِيْنَ ﴿۴۷﴾

၄၈။ အို-'အစ္စရာအီလ်'မျိုးနွယ်အပေါင်းတို့၊ အသင်တို့အား ငါအရှင်ပြုတော်မူခဲ့သော 'နေ့အ်မတ်' ကောင်းချီးဆုလာဘ်တော်ကိုလည်းကောင်း၊ ငါအရှင်မြတ်သည် အသင်တို့အား တစ်လောကလုံးထက် ထူးခြားသာလွန်စေတော်မူခဲ့သည်ကိုလည်းကောင်း သတိရကြကုန်။

وَاتَّقُوْا يَوْمًا لَّا تَجْزِيْ نَفْسٌ عَنْ نَّفْسٍ شَيْـًٔا وَّلَا يُقْبَلُ مِنْهَا شَفَاعَةٌ وَّلَا يُؤْخَذُ مِنْهَا عَدْلٌ وَّلَا هُمْ يُنْصَرُوْنَ ﴿۴۸﴾

၄၉။ ထို့ပြင် ထိုနေ့တော်ကြီးကို ကြောက်ရွံ့ကြကုန်။ ယင်းနေ့တွင် မည်သည့်ဝိညာဉ်မှ အခြားဝိညာဉ်အတွက် မည်သို့မျှ အသုံးဝင်လိမ့်မည်မဟုတ်။ ထို့ပြင် (သူ၏ရပိုင်ခွင့်အတွက်) တစ်စုံတစ်ရာ ကြားဝင်လျှောက်ထားအသနားခံခြင်းကို လက်ခံလိမ့်မည်မဟုတ်။ သူ့ထံမှ တစ်စုံတစ်ရာအစားပေးခြင်းကိုလည်း ယူလိမ့်မည်မဟုတ်။ ထို့ပြင် ယင်း(သူတို့)သည် မည်သို့သောကူညီရိုင်းပင်းမှုကိုမျှ ပေးခြင်းခံကြရလိမ့်မည်မဟုတ်ချေ။

وَاِذْ نَجَّيْنٰكُمْ مِّنْ اٰلِ فِرْعَوْنَ يَسُوْمُوْنَكُمْ سُوْٓءَ الْعَذَابِ يُذَبِّحُوْنَ اَبْنَآءَكُمْ وَيَسْتَحْيُوْنَ نِسَآءَكُمْ ؕ وَ فِيْ ذٰلِكُمْ بَلَآءٌ مِّنْ رَّبِّكُمْ عَظِيْمٌ ﴿۴۹﴾

၅၀။ ထို့ပြင် (သတိရကြကုန်)၊ အကြင်အခါဝယ် ငါတို့သည် အသင်တို့အား 'ဖိရ်အောင်'၏လူတို့ထံမှ ကယ်တင်တော်မူခဲ့၏။ သူတို့သည် အသင်တို့အား အလွန်ပြင်းထန်သော ဘေးဒုက္ခကိုပေးခဲ့ကြ၏။ သူတို့သည် အသင်တို့၏ သားယောကျ်ားကလေးများကို သတ်ဖြတ်ကြပြီး၊ အသင်တို့၏ အမျိုးသမီးများကို အသက်ရှင်လျက်ထားခဲ့ကြ၏။ ယင်း၌ အသင်တို့အတွက် အသင်တို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အလွန်ကြီးမားသော စမ်းသပ်မှုရှိခဲ့၏။

وَاِذْ فَرَقْنَا بِكُمُ الْبَحْرَ فَاَنْجَيْنٰكُمْ وَاَغْرَقْنَآ اٰلَ فِرْعَوْنَ وَاَنْتُمْ تَنْظُرُوْنَ ﴿۵۰﴾

၅၁။ ထို့ပြင် အကြင်အခါဝယ် ငါတို့သည် အသင်တို့အတွက် ပင်လယ်ကိုခွဲတော်မူပြီး အသင်တို့အား ကယ်တင်တော်မူခဲ့၏။ ထို့နောက် အသင်တို့ကြည့်နေစဉ်မှာပင် 'ဖိရ်အောင်'၏လူများကို နှစ်မြှုပ်ပစ်တော်မူခဲ့ပေသည်။

وَاِذْ وٰعَدْنَا مُوْسٰۤى اَرْبَعِيْنَ لَيْلَةً ثُمَّ اتَّخَذْتُمُ الْعِجْلَ مِنْۢ بَعْدِهٖ وَاَنْتُمْ ظٰلِمُوْنَ ﴿۵۱﴾

၅၁။ ထို့ပြင် အကြင်အခါဝယ် ငါတို့သည် 'မူစာ'အား ညဉ့်ပေါင်းလေးဆယ်ကို ကတိပြုတော်မူခဲ့၏။ ထို့နောက် (သူထွက်ခွာသွားပြီး) သူ၏နောက်ကွယ်တွင် အသင်တို့သည် နွားငယ်ကို ကိုးကွယ်ရာပြုလုပ်ခဲ့ကြပေသည်။ သို့ဖြင့် အသင်တို့သည် အပြစ်ကျူးလွန်သူများဖြစ်ခဲ့ကြ၏။

ثُمَّ عَفَوْنَا عَنْكُمْ مِّنْۢ بَعْدِ ذٰلِكَ لَعَلَّكُمْ تَشْكُرُوْنَ ﴿۵۲﴾

၅၂။ သို့ဖြစ်လင့်ကစား အသင်တို့ ကျေးဇူးသိတတ်ကြစိမ့်သောငှာ ငါတို့သည်အသင်တို့အားခွင့်လွှတ်တော်မူခဲ့ပေသည်။

وَاِذْ اٰتَيْنَا مُوْسَى الْكِتٰبَ وَالْفُرْقَانَ لَعَلَّكُمْ تَهْتَدُوْنَ ﴿۵۳﴾

၅၃။ ထို့ပြင် အကြင်အခါဝယ် ငါတို့သည် အသင်တို့လမ်းမှန်ရရှိစိမ့်သောငှာ 'မူစာ'အား ကျမ်းဂန်နှင့် အမှားအမှန်ကို ခွဲခြားပြသော 'ဖူရ်ကန်'ကို ပေးသနားတော်မူခဲ့ပေသည်။

وَاِذْ قَالَ مُوْسٰى لِقَوْمِهٖ يٰقَوْمِ اِنَّكُمْ ظَلَمْتُمْ اَنْفُسَكُمْ بِاتِّخَاذِكُمُ الْعِجْلَ فَتُوْبُوْۤا اِلٰى بَارِئِكُمْ فَاقْتُلُوْۤا اَنْفُسَكُمْ ؕ ذٰلِكُمْ خَيْرٌ لَّكُمْ عِنْدَ بَارِئِكُمْ ؕ فَتَابَ عَلَيْكُمْ ؕ اِنَّهٗ هُوَ التَّوَّابُ الرَّحِيْمُ ﴿۵۴﴾

၅၄။ ထို့ပြင် အကြင်အခါဝယ် 'မူစာ'က သူ၏အမျိုးသားတို့အားပြောကြားခဲ့သည်မှာ၊ အို-ကျွန်ုပ်၏အမျိုးသားအပေါင်းတို့၊ အသင်တို့သည် နွားငယ်ကို(ကိုးကွယ်ရာ)ပြုလုပ်ခြင်းဖြင့် အမှန်ပင် အသင်တို့သည် မိမိတို့၏အသက်ဝိညာဉ်ကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြပေသည်။ သို့ဖြစ်ရာ 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းပြုလျက် မိမိတို့၏ဖန်ဆင်းရှင်၊ အရှင်မြတ်ဘက်တော်သို့ အာရုံပြုကြကုန်။ ထို့ပြင် မိမိတို့၏ စိတ်ဝိညာဉ်များကိုသတ်ပစ်ကြကုန်။ ဤသည်အသင်တို့အဖို့ အသင်တို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်တွင် အလွန်ကောင်းမြတ်လှပေသည်။ သို့ဖြင့် အရှင်မြတ်သည် (အသင်တို့၏) ဝန်ချတောင်းပန်မှုကို လက်ခံတော်မူကာ အသင်တို့အပေါ် ကရုဏာသက်ကျေးဇူးပြုတော်မူခဲ့ပေသည်။ မုချဧကန် အရှင်မြတ်သည် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို အလွန်တရာ လက်ခံတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။ ①

وَاِذْ قُلْتُمْ يٰمُوْسٰى لَنْ نُّؤْمِنَ لَكَ حَتّٰى نَرَى اللّٰهَ جَهْرَةً فَاَخَذَتْكُمُ الصّٰعِقَةُ وَاَنْتُمْ تَنْظُرُوْنَ ﴿۵۵﴾

၅၅။ ထို့ပြင် အကြင်အခါဝယ် အသင်တို့က အို-မူစာ၊ ကျွန်ုပ်တို့သည် အလွှာဟ်အား မျက်ဝါးထင်ထင် မတွေ့မမြင်ရသမျှ အသင့်အား ယုံကြည်လက်ခံကြမည်မဟုတ်ဟု ပြောခဲ့ကြ၏။ သို့ဖြစ်ရာ ကောင်းကင်မှ လျှပ်စစ်မိုးကြိုးလာရောက်၍ အသင်တို့အား ဖမ်းဆီးခဲ့၏။ ယင်းကို အသင်တို့ ငေးကြည့်လျက်သာနေခဲ့ကြရပေသည်။

ثُمَّ بَعَثْنٰكُمْ مِّنْۢ بَعْدِ مَوْتِكُمْ لَعَلَّكُمْ تَشْكُرُوْنَ ﴿۵۶﴾

၅၆။ တစ်ဖန် အသင်တို့ သေခြင်း(ကဲ့သို့ အခြေအနေ)၏နောက်တွင် ငါတို့သည် အသင်တို့အား နိုးထစေတော်မူခဲ့၏။

① فَاقْتُلُوْۤا اَنْفُسَكُمْ ဟူသည် အများအားဖြင့် 'အိုလမာ'ပညာရှင်များနားလည်ကြသကဲ့သို့ အချင်းချင်းတစ်ဦးကတစ်ဦးကို သတ်ဖြတ်ကြကုန်ဟု ဆိုလိုခြင်းမဟုတ်။ မိမိတို့၏အပြစ်များကို 'တောင်ဘာ'ဝန်ချတောင်းပန်ကြကုန်၊ ထို့ပြင် မိမိတို့၏အတ္တစိတ်ကို ချိုးနှိမ်ကြကုန်ဟု ဆိုလိုခြင်းဖြစ်သည်။

وَظَلَّلْنَا عَلَيْكُمُ الْغَمَامَ وَاَنْزَلْنَا عَلَيْكُمُ الْمَنَّ وَالسَّلْوٰى ؕ كُلُوْا مِنْ طَيِّبٰتِ مَا رَزَقْنٰكُمْ ؕ وَمَا ظَلَمُوْنَا وَلٰكِنْ كَانُوْۤا اَنْفُسَهُمْ يَظْلِمُوْنَ ﴿۵۷﴾

သို့ဖြင့် အသင်တို့ ကျေးဇူးသိတတ်ကြစေရန်ဖြစ်၏။

၅၇။ ထို့ပြင် ငါတို့သည် မိုးတိမ်များကို အသင်တို့အပေါ်ဝယ် အရိပ်အာဝါသ ပြုပေးတော်မူခဲ့၏။ ထိုမျှမက ငါတို့သည် အသင်တို့အား 'မန္နနှင့်'ဆလဝါ'ကို ချပေးတော်မူ၏။ အသင်တို့အား ငါတို့ပေးသနားတော်မူသော ရိက္ခာများမှ သန့်ရှင်းသောအရာများကို စားသုံးကြကုန်။ စင်စစ် ထိုသူတို့သည် ငါတို့အား ညှဉ်းပန်းနှိပ်စက်ကြသည်မဟုတ်မူဘဲ မိမိတို့ကိုယ်ကိုသာမိမိတို့ ညှဉ်းပန်းနှိပ်စက်ကြသူများဖြစ်ခဲ့ကြ၏။

وَاِذْ قُلْنَا ادْخُلُوْا هٰذِهِ الْقَرْيَةَ فَكُلُوْا مِنْهَا حَيْثُ شِئْتُمْ رَغَدًا وَّ ادْخُلُوا الْبَابَ سُجَّدًا وَّ قُوْلُوْا حِطَّةٌ نَّغْفِرْ لَكُمْ خَطٰيٰكُمْ ؕ وَسَنَزِيْدُ الْمُحْسِنِيْنَ ﴿۵۸﴾

၅၈။ ထို့ပြင် အကြင်အခါဝယ် ငါတို့က မိန့်တော်မူသည်မှာ-အသင်တို့သည် ဤမြို့ရွာအတွင်း ဝင်ရောက်ကြကုန်။ ယင်း၌ အသင်တို့ အလိုရှိရာနေရာမှ ဖောသီစွာစားသုံးကြကုန်။ ထို့ပြင် (မုခ်ဦး)တံခါးမှ နာခံပျပ်ဝပ်လျက်ဝင်ရောက်ကြကုန်။ ဝန်ထုပ်ဝန်ပိုးကို ပေါ့ပါးပေးစေတော်မူရန် ပန်ကြားလျှောက်ထားကြကုန်။ ငါတို့သည် အသင်တို့၏အပြစ်များမှ အသင်တို့အား ခွင့်လွှတ်တော်မူမည်။ ထို့ပြင် ငါတို့သည် မုချဧကန် ကောင်းမှုပွားများသူတို့ကို ပိုမိုများပြားစွာ ပေးသနားတော်မူပေမည်။

فَبَدَّلَ الَّذِيْنَ ظَلَمُوْا قَوْلًا غَيْرَ الَّذِيْ قِيْلَ لَهُمْ فَاَنْزَلْنَا عَلَى الَّذِيْنَ ظَلَمُوْا رِجْزًا مِّنَ السَّمَآءِ بِمَا كَانُوْا يَفْسُقُوْنَ ﴿۵۹﴾ ع

၅၉။ သို့ရာတွင် အပြစ်ကျူးလွန်ကြသောသူတို့သည် ယင်းတို့အားမိန့်မှာခဲ့သောစကားကို အခြားသောစကားနှင့် လဲလှယ်ပြောင်းလဲပစ်ခဲ့ကြလေသည်။ သို့ဖြစ်ရာ ငါတို့သည် ယင်းအပြစ်ကျူးလွန်သူတို့အား ယင်းတို့၏ မနာခံပုန်ကန်မှုကြောင့် ကောင်းကင်မှပြစ်ဒဏ်တစ်ရပ်ကို ချပေးတော်မူခဲ့ပေသတည်း။

ရုကူ--၇

وَاِذِ اسْتَسْقٰى مُوْسٰى لِقَوْمِهٖ فَقُلْنَا اضْرِبْ بِّعَصَاكَ الْحَجَرَ ؕ فَانْفَجَرَتْ مِنْهُ اثْنَتَا عَشْرَةَ عَيْنًا ؕ قَدْ عَلِمَ كُلُّ اُنَاسٍ مَّشْرَبَهُمْ ؕ كُلُوْا وَاشْرَبُوْا مِنْ رِّزْقِ اللّٰهِ وَلَا تَعْثَوْا فِى الْاَرْضِ مُفْسِدِيْنَ ﴿۶۰﴾

၆၀။ ထို့ပြင် အကြင်အခါဝယ် 'မူစာ'သည် မိမိ၏အမျိုးသားများအတွက် ရေကိုတောင်းခံခဲ့ရာ ငါတို့က 'မူစာ'အား (အသင်သည်) မိမိ၏တောင်ဝှေးဖြင့် ကျောက်ဆောင်ကို ရိုက်လော့ဟု မိန့်တော်မူ၏။ ထိုအခါ ယင်းမှ စမ်းချောင်းတစ်ဆယ့်နှစ်သွယ်ပေါက်ထွက်စီးဆင်းခဲ့လေသည်။ ထိုအခါ လူအားလုံးတို့သည် မိမိတို့ကိုယ်စီ သောက်သုံးရန်နေရာအသီးသီးကို သိရှိခဲ့ကြလေသည်။ အလ္လာဟ်၏ 'ရိဇ်ကီ'ရိက္ခာမှ စားကြကုန်၊ သောက်ကြကုန်၊ ကမ္ဘာမြေပြင်တွင် ပျက်စီးရာပျက်စီးကြောင်းကို ပြုသူများဖြစ်လျက် ဆူပူသောင်းကျန်းမှု ပြန့်ပွားအောင် မပြုလုပ်ကြကုန်လင့်။

وَاِذْ قُلْتُمْ يٰمُوْسٰى لَنْ نَّصْبِرَ عَلٰى طَعَامٍ وَّاحِدٍ فَادْعُ لَنَا رَبَّكَ يُخْرِجْ لَنَا مِمَّا تُنْۢبِتُ الْاَرْضُ مِنْۢ بَقْلِهَا

၆၁။ ထို့ပြင် အကြင်အခါဝယ် အသင်တို့က အို-'မူစာ'၊ ကျွန်ုပ်တို့သည် အစားအစာတစ်မျိုးတည်းဖြင့် အလျှင်းသည်းခံရောင့်ရဲနိုင်ကြမည်မဟုတ်၊ သို့ဖြစ်၍ မိမိ၏ဖန်ဆင်းမွေးမြူရှင်ထံတော်တွင် ကျွန်ုပ်တို့အတွက် မြေပေါ်တွင်ပေါက်ရောက်သော

وَ قِثَّآئِهَا وَ فُوْمِهَا وَ عَدَسِهَا وَ بَصَلِهَا ؕ
قَالَ اَتَسْتَبْدِلُوْنَ الَّذِیْ هُوَ اَدْنٰی
بِالَّذِیْ هُوَ خَیْرٌ ؕ اِهْبِطُوْا مِصْرًا فَاِنَّ
لَكُمْ مَّا سَاَلْتُمْ ؕ وَ ضُرِبَتْ عَلَیْهِمُ
الذِّلَّةُ وَ الْمَسْكَنَةُ ۗ وَ بَآءُوْ بِغَضَبٍ
مِّنَ اللّٰهِ ؕ ذٰلِكَ بِاَنَّهُمْ كَانُوْا یَكْفُرُوْنَ
بِاٰیٰتِ اللّٰهِ وَ یَقْتُلُوْنَ النَّبِیّٖنَ بِغَیْرِ الْحَقِّ ؕ
ذٰلِكَ بِمَا عَصَوْا وَّ كَانُوْا یَعْتَدُوْنَ ۝۶۱

အရာများ ဟင်းသီးဟင်းရွက်များ၊ သခွားသီးများ၊ ဂျုံများ၊ ပဲများနှင့် ကြက်သွန်နီများ ပေါက်ရောက်စေရန် ဆုတောင်းပေးပါဟုဆိုကြ၏။ အရှင်မြတ်မိန့်တော်မူသည်မှာ အသို့နည်း၊ အသင်တို့သည် သာလွန်ကောင်းမွန်သောအရာကို ညံ့ဖျင်းသောအရာနှင့် လဲလှယ်လိုကြသလော၊ အသင်တို့သည် မြို့တစ်ခုခုသို့ ဝင်ရောက်ကြကုန်၊ အသင်တို့ တောင်းခံသောအရာများကို အမှန်ပင်ရရှိကြပေလိမ့်မည်။ ထို့နောက် ထိုသူတို့သည် ဂုဏ်သရေညှိုးနွမ်းခြင်းနှင့် ဆင်းရဲခြင်း၏ဒဏ်ကို ခံခဲ့ရလေသည်။ ထို့ပြင် သူတို့သည် အလ္လာဟ်၏ အမျက်တော်ကိုယူ၍ ပြန်ခဲ့ကြ၏။ ဤသို့ဖြစ်ရခြင်းမှာ ထိုသူတို့သည် အလ္လာဟ်၏ သက်သေလက္ခဏာတော်များကို ငြင်းပယ်လေ့ရှိခဲ့ကြ၏၊ ထို့ပြင် တမန်တော်များကိုလည်း မတရားသဖြင့် သတ်ဖြတ်ခဲ့ကြသောကြောင့်ဖြစ်၏။ ဤသို့ဖြစ်ရခြင်းကား သူတို့သည် မနာခံသည့်ပြင် စည်းဘောင်ကိုချိုးဖောက်လေ့ရှိခဲ့ကြသောကြောင့်တည်း။

ရုကူး--၈

اِنَّ الَّذِیْنَ اٰمَنُوْا وَ الَّذِیْنَ هَادُوْا وَ النَّصٰرٰی
وَ الصّٰبِـِٕیْنَ مَنْ اٰمَنَ بِاللّٰهِ وَ الْیَوْمِ الْاٰخِرِ
وَ عَمِلَ صَالِحًا فَلَهُمْ اَجْرُهُمْ عِنْدَ رَبِّهِمْ ۚ
وَ لَا خَوْفٌ عَلَیْهِمْ وَ لَا هُمْ یَحْزَنُوْنَ ۝۶۲

၆၃။ ဧကန်စင်စစ် 'အီမာန်' သက်ဝင်ယုံကြည်မှုရှိသူများ၊ ရဟူဒီများ၊ ခရစ်ယာန်များနှင့် အလ္လာဟ်၏ အခြားကျမ်းတော်များကို ယုံကြည်လက်ခံကြသူများ၊ မည်သူမဆို အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကြီးကိုယုံကြည်ကြပြီး ကောင်းမြတ်သော အကျင့်သီလများကိုကျင့်ကြံဆောက်တည်ကြအံ့၊ သူတို့အား လုံးအတွက် အကျိုးဆုလာဘ်သည် သူတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်၌ရှိ၏။ ထို့ပြင် သူတို့အဖို့ မည်သို့သော စိုးရိမ်ကြောက်ရွံ့မှုမျှရှိမည်မဟုတ်၊ ထို့ပြင် သူတို့သည် ပူဆွေးသောက ဖြစ်ကြရမည်လည်းမဟုတ်ချေ။ ①

وَ اِذْ اَخَذْنَا مِیْثَاقَكُمْ وَ رَفَعْنَا فَوْقَكُمُ
الطُّوْرَ ؕ خُذُوْا مَاۤ اٰتَیْنٰكُمْ بِقُوَّةٍ
وَّ اذْكُرُوْا مَا فِیْهِ لَعَلَّكُمْ تَتَّقُوْنَ ۝۶۳

၆၄။ အကြင်အခါဝယ် ငါတို့သည် အသင်တို့၏ခိုင်မာသောကတိခံဝန်ချက်ကို (အသင်တို့ထံမှ)ရယူတော်မူခဲ့ပြီး 'တူရ်' တောင်ကို အသင်တို့အပေါ် မိုးထားစေတော်မူခဲ့၏။ ငါတို့က အသင်တို့အား ပေးသနားတော်မူထားသည်များကို ခိုင်မြဲစွာစွဲကိုင်ထားကြကုန်၊ ထို့ပြင် ယင်း၌ရှိသည်များကို သတိရကြ

① ဤအာယတ်တော်အပြင် ဤသည်နှင့်အလားတူအာယတ်မုက္ခပါဠိတော်များမှာ ကျမ်းမြတ်ကုရ်အာန်၏ တရားမျှတမှုကို ဖော်ပြသည့် ကြီးကျယ်ခမ်းနားလှသော စံနမူနာပင်ဖြစ်ပေသည်။ ဦးစွာပထမကယ်တင်ခြင်းခံရမှုမှာ တမန်တော်မြတ် ﷺ အား စစ်မှန်သောယုံကြည်မှုထားရှိသူတို့အတွက်ပင်ဖြစ်ကြောင်း သံသယပွားဖွယ်ရာအလျှင်းမရှိချေ။ သို့သော် အစွယ်လာမ်သာသနာ၏ တရားအစစ်အမှန်ကို မသိရှိသေးသောသူ အများအပြားပင်ရှိနိုင်ရုံမျှမက ကမ္ဘာပေါ်တွင် အစွယ်လာမ်သာသနာအကြောင်း သတင်းကောင်းကိုပင် မရရှိသေးသောသူ ကုဋေနှင့်ချီ၍ ရှိကြပေသေးသည်။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်အားယုံကြည်ကြပြီး သေလွန်ပြီးသည့်နောက် ရှင်ပြန်ထမြောက်ကြရဦးမည့်ပြင် စစ်ကြောစီရင်ခြင်းခံရမည်ဟု ယုံကြည်ကြသောသူတို့သည် မိမိတို့၏ဗျာဒိတ်ရကျမ်းတော်များကို လိုက်နာကျင့်ကြံကြလျှင်၊ ထိုကောင်းမှုတို့ကို အလ္လာဟ့်အတွက် ပြုမူကျင့်ကြံကြခြင်းဖြစ်လျှင် အကောင်းဆုံးအကျိုးဆုလာဘ်ကိုပေးခြင်းခံရမည့်အပြင် သူတို့အဖို့ မည်သို့သော ကြောက်ရွံ့ဖွယ်ရာများနှင့် ပူဆွေးစရာမျှရှိမည်မဟုတ်ကြောင်းကို ဤအာယတ်တော်က ကြေညာထားခြင်းဖြစ်ပေသည်။

ကုန်။ သို့မှသာ အသင်တို့သည် (ပျက်စီးဆုံးရှုံးခြင်းမှ) လွတ်မြောက်နိုင်ကြရာ၏။ ⑩

ثُمَّ تَوَلَّيْتُمْ مِّنْ بَعْدِ ذٰلِكَ ۚ فَلَوْلَا فَضْلُ اللّٰهِ عَلَيْكُمْ وَ رَحْمَتُهٗ لَكُنْتُمْ مِّنَ الْخٰسِرِيْنَ ⑮

၆၅။ တစ်ဖန် ထိုသည့်နောက်တွင်လည်း အသင်တို့သည် လှည့်ထွက်သွားခဲ့ကြ၏။ သို့ကြောင့် အကယ်၍သာ အလ္လာဟ်၏ (အထူး)ကျေးဇူးတော်နှင့် အရှင့် ကရုဏာတော်သည် အသင်တို့အပေါ်မရှိခဲ့ပါမူ အမှန်ပင် အသင်တို့သည် ဆုံးရှုံးနစ်နာသူတို့တွင် ပါဝင်ခဲ့ကြပေမည်။

وَلَقَدْ عَلِمْتُمُ الَّذِيْنَ اعْتَدَوْا مِنْكُمْ فِي السَّبْتِ فَقُلْنَا لَهُمْ كُوْنُوْا قِرَدَةً خٰسِئِيْنَ ⑯

၆၆။ ထို့ပြင် အသင်တို့အနက်မှ 'ဆဗာတ်'ဥပုသ်နေ့နှင့် စပ်လျဉ်း၍ ကျူးလွန်ခဲ့ကြသောသူတို့ကို အသင်တို့ အမှန်ပင် သိရှိကြ၏။ သို့ဖြင့် ငါတို့သည် သူတို့အား ယုတ်နိမ့်သိမ်ဖျင်းသော မျောက်တိရစ္ဆာန်များဖြစ်ကြကုန်ဟု မိန့်တော်မူ၏။ ⑪

فَجَعَلْنٰهَا نَكَالًا لِّمَا بَيْنَ يَدَيْهَا وَ مَا خَلْفَهَا وَ مَوْعِظَةً لِّلْمُتَّقِيْنَ ⑰

၆၇။ သို့ဖြစ်ရာ ငါတို့သည် ယင်း('ဆဗာတ်'အား မလေးမခန့် ပြုခြင်း)ကို ယင်း၏မျက်မှောက်ဖြစ်ရပ်နှင့် ယင်း၏နောက်ခံဖြစ်ရပ်များကြောင့် ပြစ်တင်ဆုံးမဖွယ်ရာအကြောင်း ပြုလုပ်တော်မူခဲ့၏။ ထို့ပြင် 'မွတ္တကီ' အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးသူတို့အတွက် ကြီးကျယ်သော အဆုံးအမတစ်ရပ် (ပြုလုပ်တော်မူ၏)။

وَ اِذْ قَالَ مُوْسٰى لِقَوْمِهٖۤ اِنَّ اللّٰهَ يَاْمُرُكُمْ اَنْ تَذْبَحُوْا بَقَرَةً ؕ قَالُوْۤا اَتَتَّخِذُنَا هُزُوًا ؕ قَالَ اَعُوْذُ بِاللّٰهِ اَنْ اَكُوْنَ مِنَ الْجٰهِلِيْنَ ⑰

၆၈။ ထို့ပြင် အကြင်အခါဝယ်၊ 'မူစာ'က မိမိအမျိုးသားတို့အား၊ ဧကန်ပင် အလ္လာဟ်သည် အသင်တို့အား (တစ်မူထူးခြားသော) နွားမတစ်ကောင်ကို လည်လှီးရန် အမိန့်ပေးတော်မူသည်ဟု ပြောကြားလေ၏။ သူတို့က အသင်သည် ကျွန်ုပ်တို့အား လှောင်ပြောင်ကျီစယ်စရာ ပြုနေပါသလောဟုဆိုကြ၏။ သူက ကျွန်ုပ်သည် အသိပညာကင်းမဲ့သူတို့တွင် အပါအဝင်

---

⑫ وَرَفَعْنَا فَوْقَكُمُ الطُّوْرَ ဟူသောစာပိုဒ်ကို ဦးကာပညာရှင်အချို့က 'တူရ်'တောင်ကိုကမ္ဘာမြေမှပင့်မပြီး မြေ့တင်ထားခဲ့သည်ဟု ထင်မှတ်ကြလေသည်။ အမှန်မှာ ထိုအချိန်က ယင်းတို့သည် 'တူရ်'တောင်၏အရိပ်အာဝါသအောက်တွင် ရှိနေခဲ့ကြသည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။ အချို့သောတောင်များသည် ရှေ့သို့စွန်းထွက်လျက်ရှိပြီး အနီးမှဖြတ်သွားသူတို့အနေဖြင့် ယင်းတောင်သည် သူတို့အပေါ်သို့မိုးလျက်ရှိသည်ဟု ထင်မှတ်ရလေသည်။ တစ်ခါတစ်ရံ ထိုသို့သော တောင်၏အရိပ်အောက်တွင် တပ်မကြီးတစ်ခုလုံးပင် ဝင်ရောက်နားခိုနိုင်ပေသည်။

⑬ قِرَدَةً خَاسِئِيْنَ ဟူသည် တကယ့် 'မျောက်'သတ္တဝါကိုဆိုလိုသည်မဟုတ်ဘဲ၊ ပျက်ယွင်းဖောက်ပြန်လျက်ရှိသော 'အိုလမာ' သာသနာ့ပညာရှင်များကို ရည်ညွှန်းခြင်းဖြစ်ပြီး၊ ၎င်းတို့အား မိမိတို့၏ မူလအဆင့်သို့ ပြန်လှည့်သွားကြရန် အမိန့်ပေးခံရခြင်းဖြစ်သည်။ ဆင့်ကဲတိုးတက်မှုဖြစ်စဉ်(Evolution Theory)တွင် လူသားမတိုင်မီအဆင့်ကို မျောက်ဖြင့်ဖော်ပြခြင်းခံရသည်။ သို့ဖြစ်ရာ ဤနေရာတွင် လူသားအဆင့်မတိုင်မီအခြေအနေကို 'မျောက်'သတ္တဝါဖြင့်ခိုင်းနှိုင်းထားခြင်းမှာ ကျမ်းမြတ်ကုရ်အာန်၏မှန်ကန်မှုအတွက် အထောက်အထားတစ်ရပ်ဖြစ်ပေသည်။ အမှန်တကယ်ပင် ဤသည်မှာ ပျက်ယွင်းဖောက်ပြန်လျက်ရှိသော 'အိုလမာ'များကိုညွှန်းခြင်းဖြစ်၏။ သို့ကြောင့် တမန်တော်မြတ်ﷺကလည်း ဤသည်ကိုပင် ကြိုတင်နိမိတ်ပေးလျက် မိန့်ကြားခဲ့သည်မှာ-

"تَكُوْنُ فِيْ أُمَّتِيْ فَزْعَةٌ فَيَصِيْرُ النَّاسُ إِلَى عُلَمَائِهِمْ فَإِذَا هُمْ قِرَدَةٌ وَخَنَازِيْرُ" "ကျွန်ုပ်၏'အွမ္မတ်'အုပ်စုတွင် ထိတ်လန့်ဖွယ်ရာနှင့် မငြိမ်းချမ်းမှုတစ်ရပ် ပေါ်ပေါက်လာပေမည်။ ယင်းကြောင့် လူတို့သည် မိမိတို့၏'အိုလမာ'များထံသွားရောက်ကြသောအခါ ထိုနေရာ၌ မျောက်နှင့် ဝက်တိရစ္ဆာန်များထိုင်လျက်ရှိသည်ကို မြင်တွေ့ကြရအံ့။" (ကန်ဇုလ်အမာလ် တွဲ-၁၆ စာ-၈၀၊ ဟဒီးစ်အမှတ်စဉ် ၃၈၇၂၇၊ 'မုအ်စေစာတုရ်ရီဆာလာ' ၁၉၈၅ ဘေရွတ်မြို့ထုတ်)

မဖြစ်စေရန် အလ္လာဟ်၏ထံတော်၌ ခိုလှုံခွင့်ကို တောင်းခံပါ၏ဟု ပြောကြားလေသည်။

قَالُوا ادْعُ لَنَا رَبَّكَ يُبَيِّنْ لَّنَا مَا هِيَ ۚ قَالَ إِنَّهُ يَقُولُ إِنَّهَا بَقَرَةٌ لَّا فَارِضٌ وَلَا بِكْرٌ ۖ عَوَانٌ بَيْنَ ذَٰلِكَ ۖ فَافْعَلُوا مَا تُؤْمَرُونَ ﴿٦٨﴾

၆၉။ သူတို့က ထို(နွားမ)သည် မည်သည်ဖြစ်သည်ကို ကျွန်ုပ်တို့အဖို့ ထင်ရှားစေရန် အသင်သည် မိမိ၏ဖန်ဆင်းမွေးမြူရှင်ထံတော်တွင် ကျွန်ုပ်တို့အတွက် ဆုပန်ပေးပါဟု ဆိုကြ၏။ သူ(မူစာ)က ဧကန်အမှန် အရှင်မြတ်မိန့်ကြားတော်မူသည်မှာ ယင်းသည် အလွန်အိုမင်းသည်လည်းမဟုတ်၊ ငယ်ရွယ်လွန်းသည်လည်း မဟုတ်ချေ။ ယင်း(အရွယ်)နှစ်မျိုး၏အကြားရှိသော နွားမတစ်ကောင်ဖြစ်၏။ သို့ဖြစ်ရာ အသင်တို့အား အမိန့်ချမှတ်တော်မူသည့်အတိုင်း လိုက်နာဆောင်ရွက်ကြကုန်ဟု ပြောလေ၏။

قَالُوا ادْعُ لَنَا رَبَّكَ يُبَيِّنْ لَّنَا مَا لَوْنُهَا ۚ قَالَ إِنَّهُ يَقُولُ إِنَّهَا بَقَرَةٌ صَفْرَاءُ فَاقِعٌ لَّوْنُهَا تَسُرُّ النَّاظِرِينَ ﴿٦٩﴾

၇၀။ သူတို့က ယင်း၏အရောင်အသွေး မည်သို့ရှိသည်ကို ကျွန်ုပ်တို့အဖို့ ထင်ရှားစေရန် အသင်သည် မိမိ၏ဖန်ဆင်းမွေးမြူရှင်ထံတော်တွင် ကျွန်ုပ်တို့အတွက် ဆုပန်ပေးပါဟု ဆိုကြ၏။ သူက ဧကန်အမှန် ယင်းသည် အဝါရောင်နွားမဖြစ်၏၊ အသွေးအရောင် အလွန်တောက်ပြောင်ပြီး ကြည့်မြင်ရသူတို့အား ကြည်နူးမှုကိုဖြစ်စေကြောင်း အရှင်မြတ် မိန့်တော်မူသည်ဟု ပြောကြားလေ၏။

قَالُوا ادْعُ لَنَا رَبَّكَ يُبَيِّنْ لَّنَا مَا هِيَ إِنَّ الْبَقَرَ تَشَابَهَ عَلَيْنَا ۖ وَإِنَّا إِنْ شَاءَ اللَّهُ لَمُهْتَدُونَ ﴿٧٠﴾

၇၁။ သူတို့က ဆိုကြပြန်၏၊ ယင်းသည် မည်သည်ဖြစ်သည်ကို အရှင်မြတ်သည် ကျွန်ုပ်တို့အဖို့ (ထပ်လောင်း၍) ထင်ရှားစေတော်မူပါရန် မိမိ၏ဖန်ဆင်းမွေးမြူရှင်ထံတော်တွင် ကျွန်ုပ်တို့အတွက် ဆုပန်လျှောက်ထားပေးပါဦးလော့။ စင်စစ် နွားမအားလုံးတို့သည် ကျွန်ုပ်တို့အဖို့ အတူတူကဲ့သို့ဖြစ်နေပါသည်။ မလွဲဧကန် ကျွန်ုပ်တို့သည် အကယ်၍ အလ္လာဟ်အလိုတော်ရှိလျှင် အမှန်ပင် လမ်းမှန်ရရှိသူများဖြစ်ကြပေမည်။

قَالَ إِنَّهُ يَقُولُ إِنَّهَا بَقَرَةٌ لَّا ذَلُولٌ تُثِيرُ الْأَرْضَ وَلَا تَسْقِي الْحَرْثَ ۖ مُسَلَّمَةٌ لَّا شِيَةَ فِيهَا ۚ قَالُوا الْآنَ جِئْتَ بِالْحَقِّ ۚ فَذَبَحُوهَا وَمَا كَادُوا يَفْعَلُونَ ﴿٧١﴾

၇၂။ သူက စင်စစ် အရှင်မြတ်မိန့်တော်မူသည်မှာ ယင်းသည် လယ်မြေတွင် ထွန်ယက်ရန် သို့မဟုတ် လယ်ယာသို့ ရေသွင်းရန် ထမ်းပိုးမတင်ရသေးသော၊ ကျန်းမာသန်စွမ်း၍ အကွက်အပြောက် အပြစ်အနာအဆာကင်းသော နွားမတစ်ကောင်ဖြစ်သည်ဟု ပြော၏။ သူတို့က ယခုမှပင် အသင်သည် အကြောင်းရင်းမှန်ကို ယူဆောင်၍လာခဲ့လေပြီဟု ပြောကြ၏။ သို့ဖြင့် သူတို့သည် ယင်း(နွားမ)ကို လည်လိမ်းလိုက်ကြလေသည်။ စင်စစ် သူတို့သည် (မူလက ဤသို့) ပြုလုပ်မည့်သူများ မဟုတ်ခဲ့ချေ။

ရုကူ-၉

وَاِذْ قَتَلْتُمْ نَفْسًا فَادّٰرَءْتُمْ فِيْهَا ؕ وَاللّٰهُ مُخْرِجٌ مَّا كُنْتُمْ تَكْتُمُوْنَ ﴿۷۲﴾

၇၃။ ထို့ပြင် အကြင်အခါဝယ် အသင်တို့သည် အသက်တစ်ချောင်းကိုသတ်ဖြတ်ကြပြီး ယင်းနှင့်စပ်လျဉ်း၍ ကွဲလွဲခဲ့ကြလေသည်။ အလ္လာဟ်သည် အသင်တို့ဖုံးကွယ်ထားခဲ့ကြသည့် ထိုလျှို့ဝှက်ချက်ကို ဖော်ထုတ်ထင်ရှားစေတော်မူမည်သာဖြစ်၏။

فَقُلْنَا اضْرِبُوْهُ بِبَعْضِهَا ؕ كَذٰلِكَ يُحْىِ اللّٰهُ الْمَوْتٰى ۙ وَ يُرِيْكُمْ اٰيٰتِهٖ لَعَلَّكُمْ تَعْقِلُوْنَ ﴿۷۳﴾

၇၄။ သို့ဖြစ်၍ ငါတို့က (စုံစမ်းထောက်လှမ်းရန်အတွက်) ဤကဲ့သို့သော အလားတူ အခြားဖြစ်ရပ်ကို ဤ(ဖြစ်ရပ်)နှင့် ဆက်စပ်ကြည့်လော့ဟုမိန့်တော်မူ၏။ ဤသို့ဖြင့် အလ္လာဟ်သည် သေသောသူတို့ကို (သူတို့အား သတ်ဖြတ်သူတို့ကို ဖမ်းဆီးလျက်) ရှင်စေတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အသိဉာဏ်ကို အသုံးချကြစေခြင်းငှာ မိမိ၏ သက်သေလက္ခဏာတော်များကို ပြသတော်မူ၏။ ①

ثُمَّ قَسَتْ قُلُوْبُكُمْ مِّنْۢ بَعْدِ ذٰلِكَ فَهِىَ كَالْحِجَارَةِ اَوْ اَشَدُّ قَسْوَةً ؕ وَاِنَّ مِنَ الْحِجَارَةِ لَمَا يَتَفَجَّرُ مِنْهُ الْاَنْهٰرُ ؕ وَاِنَّ مِنْهَا لَمَا يَشَّقَّقُ فَيَخْرُجُ مِنْهُ الْمَآءُ ؕ وَاِنَّ مِنْهَا لَمَا يَهْبِطُ مِنْ خَشْيَةِ اللّٰهِ ؕ وَمَا اللّٰهُ بِغَافِلٍ عَمَّا تَعْمَلُوْنَ ﴿۷۴﴾

၇၅။ ထို့မှတစ်ဖန် ယင်းသည့်နောက်တွင် အသင်တို့၏ စိတ်နှလုံးသည် ခက်ထန်မာကျောသွားခဲ့လေသည်။ ပမာဆိုသော် ကျောက်တုံးများကဲ့သို့ဖြစ်သွားခဲ့၏။ သို့မဟုတ် ခက်ထန်မာကျောမှုဌ္ဌ ထို့ထက်ပင်ပို၍ခဲ့၏။ စင်စစ် ကျောက်တုံးများအနက် အချို့မှာဤသို့ရှိ၏။ ယင်းတို့မှ စမ်းချောင်းများပန်းထွက်၏။ ထို့ပြင် စင်စစ် ယင်းတို့အနက် ကွဲအက်သွားသောအခါ ရေထွက်သည့်(ကျောက်တုံး)များလည်းရှိ၏။ ထို့ပြင် ယင်းတို့အနက် ဧကန်စင်စစ် အလ္လာဟ်အားကြောက်ရွံ့၍ လဲပြိုသွားသည်များလည်းရှိ၏။ စင်စစ် အလ္လာဟ်သည် အသင်တို့ ပြုကျင့်သည်တို့ကို ဂရုမမူလျစ်လျူရှုထားတော်မူသည်မဟုတ်ချေ။

اَفَتَطْمَعُوْنَ اَنْ يُّؤْمِنُوْا لَكُمْ وَقَدْ كَانَ فَرِيْقٌ مِّنْهُمْ يَسْمَعُوْنَ كَلٰمَ اللّٰهِ ثُمَّ يُحَرِّفُوْنَهٗ مِنْۢ بَعْدِ مَا عَقَلُوْهُ وَهُمْ يَعْلَمُوْنَ ﴿۷۵﴾

၇၆။ အသို့နည်း၊ ယင်းသူတို့သည် အသင်တို့၏စကားကို ယုံကြည်လက်ခံကြလိမ့်မည်ဟု အသင်တို့ မျှော်လင့်နေကြသလော။ အမှန်သော်ကား သူတို့အနက် အုပ်စုတစ်စုမှာ အလ္လာဟ်၏မကွဲပါဠိတော်ကို ကြားနာကြကာ နားလည်ကြပြီးနောက် ကောင်းစွာသိလျက်နှင့်ပင် ယင်း(မကွဲပါဠိတော်)ကို ပြောင်းလဲမှုပြုကြပေသည်။

وَاِذَا لَقُوا الَّذِيْنَ اٰمَنُوْا قَالُوْٓا اٰمَنَّا ۚ

၇၇။ ထို့ပြင် သူတို့သည် ယုံကြည်သူများနှင့် တွေ့ဆုံကြ

① ဤအာယတ်တော်ကို ဦးကာပညာရှင်အချို့က မှားယွင်းစွာ အဓိပ္ပာယ်ကောက်ယူကြပေသည်။ လူတစ်ဦးအသတ်ခံရလျှင်လည်လိုသတ်ဖြတ်ထားသောထိုနွားမ၏အသားတုံးများဖြင့် အသတ်ခံရသူ၏ခန္ဓာကိုယ်ကို ရိုက်ရမည်။ ဤသို့ဖြင့် လူသတ်သမားမည်သူဖြစ်ကြောင်းကိုသိရှိရပေမည်ဟု မှတ်ယူကြသည် (တာဖ်ဆီရ် ဖတဟွလ်ဘယာန်)။ အမှန်သော်ကား ကျမ်းမြတ်ကုရ်အာန်က အလွန်ရှင်းလင်းစွာဖော်ပြသည်မှာ အသတ်ခံရသူ၏အခြေအနေကို စူးစမ်းလေ့လာပြီး ဤကဲ့သို့သောအလားတူဖြစ်ရပ်ကိုလေ့လာ၍ ဤကိစ္စကို မည်သူကျူးလွန်ကြောင်းဖြစ်နိုင်ဖွယ်ရှိသည်ကို စုံစမ်းထောက်လှမ်းရန်ဖြစ်ပေသည်။ အကြောင်းသော်ကား လူသတ်သမား၏သတ်ဖြတ်နည်းမှာ အများအားဖြင့် တစ်မျိုးတစ်စားတည်းဖြစ်လေ့ရှိပေသည်။ မျက်မှောက်ခေတ် ထောက်လှမ်းရေးလောကတွင် ဤနည်းကို များစွာအားထားကြရပေသည်။

وَاِذَا خَلَا بَعْضُهُمْ اِلٰى بَعْضٍ قَالُوْٓا اَتُحَدِّثُوْنَهُمْ بِمَا فَتَحَ اللّٰهُ عَلَيْكُمْ لِيُحَآجُّوْكُمْ بِهٖ عِنْدَ رَبِّكُمْ ؕ اَفَلَا تَعْقِلُوْنَ ۝

သောအခါ၊ ကျွန်ုပ်တို့သည်လည်း သက်ဝင်ယုံကြည်ကြပါသည်ဟုဆိုကြ၏။ သို့သော် သူတို့အနက်အချို့သည် အခြားသူများနှင့် သီးခြားတွေ့ဆုံကြသောအခါ သူတို့က (ထိုသူတို့အား) အသို့နည်း၊ အသင်တို့သည် အလ္လာဟ်က အသင်တို့အား ရှင်းလင်းစွာဖော်ပြထားသောအကြောင်းအရာများဖြင့် အသင်တို့၏ဖန်ဆင်းမွေးမြူရှင်ရှေ့တော်မှောက်တွင် အသင်တို့အား ငြင်းခုံစောဒကတက်နိုင်ကြစေခြင်းအလို့ငှာ ယင်းအကြောင်းများကို သူတို့အား ပြောပြလေသလော။ အသင်တို့သည် အသိဉာဏ်ကိုအသုံးမချကြပါသလောဟုပြောဆိုကြ၏။

اَوَلَا يَعْلَمُوْنَ اَنَّ اللّٰهَ يَعْلَمُ مَا يُسِرُّوْنَ وَمَا يُعْلِنُوْنَ ۝

၇၈။ မုချကောန် အလ္လာဟ်သည် သူတို့ဖုံးကွယ်ထားသည်ကိုလည်းကောင်း၊ ထုတ်ဖော်သည်ကိုလည်းကောင်း သိရှိတော်မူသည်ကို ယင်းသူတို့ မသိကြပေသလော။

وَمِنْهُمْ اُمِّيُّوْنَ لَا يَعْلَمُوْنَ الْكِتٰبَ اِلَّآ اَمَانِيَّ وَاِنْ هُمْ اِلَّا يَظُنُّوْنَ ۝

၇၉။ ထို့ပြင် ထိုသူတို့အနက် ဤသို့သော ပညာမဲ့များလည်း ရှိကြ၏။ သူတို့၌ (မိမိတို့၏)အလိုဆန္ဒများမှလွဲ၍ ကျမ်းဂန်၏ ပညာတစ်စုံတစ်ရာမျှမရှိချေ။ သူတို့သည် ရော်ရမ်းမှန်းဆခြင်းကိုသာပြုကြ၏။

فَوَيْلٌ لِّلَّذِيْنَ يَكْتُبُوْنَ الْكِتٰبَ بِاَيْدِيْهِمْ ۗ ثُمَّ يَقُوْلُوْنَ هٰذَا مِنْ عِنْدِ اللّٰهِ لِيَشْتَرُوْا بِهٖ ثَمَنًا قَلِيْلًا ؕ فَوَيْلٌ لَّهُمْ مِّمَّا كَتَبَتْ اَيْدِيْهِمْ وَوَيْلٌ لَّهُمْ مِّمَّا يَكْسِبُوْنَ ۝

၈၀။ သို့ဖြစ်ရာ ဤသူတို့အတွက် ပျက်စီးခြင်းဖြစ်စေသား။ ထိုသူတို့ကား ကျမ်းဂန်ကို မိမိတို့လက်ဖြင့်ရေးသားကြ၏။ ပြီးနောက် သူတို့သည် ယင်းအစား သာမန်မျှသောတန်ဖိုးကိုရယူရန် ဤသည်အလ္လာဟ်၏ထံတော်မှဖြစ်သည်ဟု ပြောကြ၏။ သို့ဖြစ်ရာ သူတို့၏လက်များက ရေးသားခြင်း၏ ရလဒ်အဖြစ် သူတို့အတွက် ပျက်စီးခြင်းသည်ရှိ၏။ ထို့ပြင် သူတို့၏ ရှာဖွေဆည်းပူးမှုကြောင့် သူတို့အတွက် ပျက်စီးခြင်းသည်ရှိ၏။

وَقَالُوْا لَنْ تَمَسَّنَا النَّارُ اِلَّآ اَيَّامًا مَّعْدُوْدَةً ؕ قُلْ اَتَّخَذْتُمْ عِنْدَ اللّٰهِ عَهْدًا فَلَنْ يُّخْلِفَ اللّٰهُ عَهْدَهٗٓ اَمْ تَقُوْلُوْنَ عَلَى اللّٰهِ مَا لَا تَعْلَمُوْنَ ۝

၈၁။ ထိုသူတို့က ရေတွက်ထားသော ရက်အနည်းငယ်မှအပ မီးသည်ကျွန်ုပ်တို့အား အလျှင်းထိတွေ့လိမ့်မည်မဟုတ်ဟုဆိုကြ၏။ အသင်ပြောကြားပါလေ၊ အသင်တို့သည် အလ္လာဟ်၏ထံတော်မှ ကတိတစ်စုံတစ်ရာကို ရယူထားကြသလော။ သို့ဖြစ်လျှင် အလ္လာဟ်သည် မိမိ၏ကတိတော်ကို အလျှင်းဆန့်ကျင်မှုပြုတော်မူမည်မဟုတ်ချေ။ သို့တည်းမဟုတ် အသင်တို့သည် မိမိတို့မသိသော အကြောင်းတစ်စုံတစ်ရာကို အလ္လာဟ်ဘက်သို့ရည်ညွှန်းပြောဆိုကြပါသလော။

بَلٰى مَنْ كَسَبَ سَيِّئَةً وَّاَحَاطَتْ بِهٖ خَطِيْٓـَٔتُهٗ فَاُولٰٓئِكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ۝

၈၂။ အမှန်သော်ကား အကြင်မည်သူမဆို မကောင်းမှုကို ရှာဖွေဆည်းပူးပြီး နောက်ဆုံးတွင် သူ၏အပြစ်များက သူ့အား ဝန်းရံလိုက်သောအခါ၊ ဤသူများသည်ပင် မီးတွင်ကျရောက်မည့်သူများဖြစ်ကြ၏။ သူတို့သည် ယင်း၌ ရှည်ကြာသော အချိန်ကာလတစ်ရပ်တိုင်အောင် နေကြရမည့်သူများဖြစ်၏။

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ اُولٰٓئِكَ اَصْحٰبُ الْجَنَّةِ ۚ هُمْ فِيْهَا خٰلِدُوْنَ ﴿٨٢﴾

၈၃။ သို့သော် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြလျက် ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြအံ့၊ ဤသူတို့သည်ပင် 'ဂျန္နတ်'ဥယျာဉ်တော်သားများဖြစ်ကြ၏။ သူတို့သည် ယင်း၌ ထာဝရနေထိုင်ကြရမည့်သူများ ဖြစ်သတည်း။

ရုကူ--၁၀

وَاِذْ اَخَذْنَا مِيْثَاقَ بَنِيْٓ اِسْرَآءِيْلَ لَا تَعْبُدُوْنَ اِلَّا اللّٰهَ ۙ وَبِالْوَالِدَيْنِ اِحْسَانًا وَّذِى الْقُرْبٰى وَالْيَتٰمٰى وَالْمَسٰكِيْنِ وَقُوْلُوْا لِلنَّاسِ حُسْنًا وَّاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ ۭ ثُمَّ تَوَلَّيْتُمْ اِلَّا قَلِيْلًا مِّنْكُمْ وَاَنْتُمْ مُّعْرِضُوْنَ ﴿٨٣﴾

၈၄။ အကြင်အခါ ငါတို့သည် 'အစ္စရာအီလ်'အမျိုးသားတို့၏ ခိုင်မာသည့်ကတိခံဝန်ချက်ကို (သူတို့ထံမှ ဤသို့)ရယူတော်မူခဲ့၏၊ အလ္လာဟ်မှတစ်ပါး အခြားမည်သည်ကိုမျှ ကိုးကွယ်ခြင်းမပြုကြရန်၊ မိဘနှစ်ပါး၊ ဆွေမျိုးရင်းချာများ၊ မိဘမဲ့များနှင့် သူဆင်းရဲများကို ကောင်းမွန်စွာဆက်ဆံကြရန်၊ ထို့ပြင် လူတို့နှင့် ကောင်းမြတ်သောစကားကိုဆိုကြရန်၊ 'ဆွလာတ်' ဝတ်ပြုမှုကို တည်ဆောက်ကြရန်၊ 'ဇကာတ်'ပေးဆောင်ကြရန် (ဖြစ်၏)။ ယင်းသို့(ကတိ)ပြုထားပြီးပါလျက် အသင်တို့အနက် အနည်းငယ်မှအပ ကျန်သူအားလုံးတို့သည် (ယင်းကတိခံဝန်ချက်မှ) ကျောခိုင်းသွားခဲ့ကြလေသည်။ ဤသို့လျှင် အသင်တို့သည် လွဲဖယ်သူများဖြစ်ခဲ့ကြ၏။

وَاِذْ اَخَذْنَا مِيْثَاقَكُمْ لَا تَسْفِكُوْنَ دِمَآءَكُمْ وَلَا تُخْرِجُوْنَ اَنْفُسَكُمْ مِّنْ دِيَارِكُمْ ثُمَّ اَقْرَرْتُمْ وَاَنْتُمْ تَشْهَدُوْنَ ﴿٨٤﴾

၈၅။ ထို့ပြင် အကြင်အခါဝယ် ငါတို့သည် အသင်တို့၏ခိုင်မာသည့် ကတိခံဝန်ချက်ကို ရယူတော်မူခဲ့သည်မှာ အသင်တို့(အချင်းချင်း)သွေးထွက်သံယိုမှုမပြုကြရန်၊ မိမိတို့၏ အမျိုးသားများကို မိမိတို့နေထိုင်ရာများမှ နှင်ထုတ်ခြင်းမပြုကြရန် (ဖြစ်၏)။ ယင်းကို အသင်တို့သည် အတည်ပြုလက်ခံခဲ့ကြ၏။ ထို့ပြင် အသင်တို့သည် ယင်း၏သက်သေများဖြစ်ခဲ့ကြ၏။

ثُمَّ اَنْتُمْ هٰٓؤُلَآءِ تَقْتُلُوْنَ اَنْفُسَكُمْ وَتُخْرِجُوْنَ فَرِيْقًا مِّنْكُمْ مِّنْ دِيَارِهِمْ تَظٰهَرُوْنَ عَلَيْهِمْ بِالْاِثْمِ وَالْعُدْوَانِ ۭ وَاِنْ يَّاْتُوْكُمْ اُسٰرٰى تُفٰدُوْهُمْ وَهُوَ مُحَرَّمٌ عَلَيْكُمْ اِخْرَاجُهُمْ ۭ اَفَتُؤْمِنُوْنَ بِبَعْضِ الْكِتٰبِ وَتَكْفُرُوْنَ بِبَعْضٍ ۚ فَمَا جَزَآءُ مَنْ يَّفْعَلُ ذٰلِكَ مِنْكُمْ اِلَّا خِزْيٌ فِي الْحَيٰوةِ

၈၆။ ထိုသို့ရှိလင့်ကစား၊ အသင်တို့ဖြစ်ခဲ့ကြသည်ကား မိမိတို့အချင်းချင်းပင်သတ်ဖြတ်ကြ၏။ မိမိတို့အနက်မှ လူတစ်စုကို သူတို့၏နေရပ်များမှ နှင်ထုတ်ခဲ့ကြ၏။ သူတို့နှင့်ဆန့်ကျင်၍ အသင်တို့သည် အပြစ်ကျူးလွန်ခြင်း၊ မတရားပြုမူခြင်းဖြင့် တစ်ဦးကိုတစ်ဦး အားပေးအားမြှောက်မှုပြုခဲ့ကြ၏။ ထို့ပြင် သူတို့သည် သုံပန်းအဖြစ်ဖြင့် အသင်တို့ထံရောက်ရှိလာလျှင် လျော်ကြေးရယူ၍ သူတို့ကို လွှတ်လိုက်ကြပေသည်။ စင်စစ်သော်ကား သူတို့ကိုနှင်ထုတ်ခဲ့ခြင်းသည်ပင် အသင်တို့အတွက် 'ဟရာမ်'တားမြစ်ချက်ဖြစ်ပေသည်။ သို့ဖြစ်ရာ အသင်တို့သည် ကျမ်းတော်၏ အချို့အပိုင်းများကို ယုံကြည်လက်ခံ၍ အချို့ကိုမူ ငြင်းပယ်ကြလေသလော။ သို့ဖြစ်ရာ အသင်တို့အနက် အကြင်သူတို့သည် ဤသို့ပြုမူလျှင် ယင်း၏အကျိုးဆက်သည်ကား လောကီဘဝတွင် လွန်စွာဂုဏ်သရေနိမ့်ကျခြင်းမှအပ အခြားအဘယ်အရာ ဖြစ်နိုင်ဦးမည်နည်း။ ထို့ပြင် 'ကေယာ

الدُّنْيَا ۚ وَيَوْمَ الْقِيٰمَةِ يُرَدُّوْنَ اِلٰٓى اَشَدِّ الْعَذَابِ ؕ وَمَا اللّٰهُ بِغَافِلٍ عَمَّا تَعْمَلُوْنَ ﴿۸۵﴾

မတ်'တရားစီရင်မည့်နေ့တွင်လည်း ထိုသူတို့သည်ပြင်းပြသော အပြစ်ဒဏ်ဘက်သို့ ပြန်လည်သွားကြရပေမည်။ အလ္လာဟ်သည် အသင်တို့ပြုကျင့်သည်တို့ကို ဂရုမမူလျစ်လျူရှုထားတော်မူသည် မဟုတ်ချေ။

اُولٰٓئِكَ الَّذِيْنَ اشْتَرَوُا الْحَيٰوةَ الدُّنْيَا بِالْاٰخِرَةِ ۖ فَلَا يُخَفَّفُ عَنْهُمُ الْعَذَابُ وَلَا هُمْ يُنْصَرُوْنَ ﴿۸۶﴾ ع

၈၇။ ဤသူတို့သည်ပင် နောင်တမလွန်အစား လောကီဘဝကို ဝယ်ယူလိုက်ကြ၏။ သို့ဖြစ်ရာ သူတို့ထံမှ အပြစ်ဒဏ်ကို လျှော့ပေါ့ခြင်းခံရမည်မဟုတ်၊ ထို့ပြင် သူတို့သည် ကူညီစောင်မခြင်းကိုလည်း ခံကြရလိမ့်မည်မဟုတ်ချေတည်း။

ရုကူ--၁၁

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ وَقَفَّيْنَا مِنْۢ بَعْدِهٖ بِالرُّسُلِ ۖ وَاٰتَيْنَا عِيْسَى ابْنَ مَرْيَمَ الْبَيِّنٰتِ وَاَيَّدْنٰهُ بِرُوْحِ الْقُدُسِ ؕ اَفَكُلَّمَا جَآءَكُمْ رَسُوْلٌۢ بِمَا لَا تَهْوٰٓى اَنْفُسُكُمُ اسْتَكْبَرْتُمْ ۚ فَفَرِيْقًا كَذَّبْتُمْ ۖ وَفَرِيْقًا تَقْتُلُوْنَ ﴿۸۷﴾

၈၈။ ကောန်စင်စစ် ငါတို့သည် 'မူစာ'အား ကျမ်းဂန်ကိုပေးတော်မူခဲ့၏။ တစ်ဖန် သူ၏နောက်တွင်လည်း တမန်တော်များကို စဉ်ဆက်မပြတ် စေလွှတ်တော်မူခဲ့၏။ ထို့ပြင် ငါတို့သည် မရိယမ်၏သားတော် 'အီစာ'အား ပွင့်လင်းထင်ရှားသော သက်သေသာဓကတော်ကို ပေးသနားတော်မူခဲ့၏။ ထို့ပြင် ငါတို့သည် 'ရူဟူလ်ကွတ်ဒုစ်' သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူ့အား အကူအညီပေးတော်မူခဲ့၏။ သို့ဖြစ်ရာ မည်သည့်အခါတွင်မဆို တမန်တော်တစ်ပါးပါးသည် အသင်တို့ထံသို့ အသင်တို့မနှစ်မြို့သော အကြောင်းရပ်များကို ယူဆောင်၍လာခဲ့လျှင် အသင်တို့သည် မောက်မာထောင်လွှားကြမည်လော။ ထို့ပြင် အသင်တို့သည် ၎င်း(တမန်တော်)တို့အနက် အချို့ကို မဟုတ်မမှန်ဟူ၍စွပ်စွဲကြပြီး အချို့ကို အသင်တို့ သတ်ဖြတ်ကြမည်လော။

وَقَالُوْا قُلُوْبُنَا غُلْفٌ ۭ بَلْ لَّعَنَهُمُ اللّٰهُ بِكُفْرِهِمْ فَقَلِيْلًا مَّا يُؤْمِنُوْنَ ﴿۸۸﴾

၈၉။ ထိုသူတို့က ကျွန်ုပ်တို့၏စိတ်နှလုံးသည် လုံးလုံးလျားလျား ပိတ်ဖုံးနေသည်ဟုဆိုကြ၏။ အမှန်သော်ကား အလ္လာဟ်သည် သူတို့၏ငြင်းပယ်မှုကြောင့် သူတို့အပေါ် ကရုဏာတော်မှ ကင်းဝေးစေခြင်း 'လာ့အ်နတ်'ထားရှိတော်မူ၏။ သို့ဖြစ်ရာ သူတို့သည် အနည်းငယ်မျှသာယုံကြည်ကြလေသည်။

وَلَمَّا جَآءَهُمْ كِتٰبٌ مِّنْ عِنْدِ اللّٰهِ مُصَدِّقٌ لِّمَا مَعَهُمْ ۙ وَكَانُوْا مِنْ قَبْلُ يَسْتَفْتِحُوْنَ عَلَى الَّذِيْنَ كَفَرُوْا ۚ فَلَمَّا جَآءَهُمْ مَّا عَرَفُوْا كَفَرُوْا بِهٖ ۚ فَلَعْنَةُ اللّٰهِ عَلَى الْكٰفِرِيْنَ ﴿۸۹﴾

၉၀။ ထို့ပြင် အကြင်အခါဝယ် အလ္လာဟ်၏ထံတော်မှ သူတို့ထံ၌ရှိနှင့်ပြီးဖြစ်သော ယင်း(သွန်သင်ချက်)ကို မှန်ကန်ကြောင်းထောက်ခံသည့် ကျမ်းတော်တစ်စောင်သည် သူတို့ထံရောက်ရှိလာခဲ့၏။ စင်စစ် ယင်းမတိုင်မီက သူတို့သည် မယုံကြည်ငြင်းပယ်သူတို့နှင့်ဆန့်ကျင်၍ (အလ္လာဟ်၏ထံတော်မှ) အကူအညီကို တောင်းခံလျက်ရှိနေခဲ့ကြ၏။ သို့ဖြင့် ယင်းသည် သူတို့ထံရောက်ရှိလာပေရာ သူတို့သည် ယင်း(ကျမ်းတော်)ကို မှတ်မိသိရှိပါလျက် ငြင်းပယ်ခဲ့ကြ၏။ သို့ဖြစ်ရာ ငြင်းပယ်သူတို့အပေါ် အလ္လာဟ်၏ကရုဏာတော်မှကင်းဝေးခြင်း 'လာ့အ်နတ်' ကျရောက်ပါစေသား။

بِئْسَمَا اشْتَرَوْا بِهٖٓ اَنْفُسَهُمْ اَنْ يَّكْفُرُوْا بِمَآ اَنْزَلَ اللّٰهُ بَغْيًا اَنْ يُّنَزِّلَ اللّٰهُ مِنْ فَضْلِهٖ عَلٰى مَنْ يَّشَآءُ مِنْ عِبَادِهٖ ۚ فَبَآءُوْ بِغَضَبٍ عَلٰى غَضَبٍ ۭ وَلِلْكٰفِرِيْنَ عَذَابٌ مُّهِيْنٌ ۝۹۰

၉၀။ ထို့သူတို့သည် မိမိတို့၏စိတ်ဝိညာဉ်များကို ရောင်းချ၍ ယင်းအစား ရယူသောအရာမှာကား အလွန်ဆိုးရွားလှ၏။ ယင်းမှာ အလ္လာဟ်ပို့ချတော်မူသော ထို(အမှန်တရား)ကို ငြင်းပယ်နေကြ(ခြင်းပင်ဖြစ်)၏။ အလ္လာဟ်က မိမိအစေတော်များအနက် မိမိနှစ်လို့တော်မူသောသူအား မိမိ၏ကျေးဇူးတော်ကို ပို့ချတော်မူသည်ကို ဆန့်ကျင်ပုန်ကန်လျက်(ငြင်းပယ်နေကြ၏)။ သို့ဖြစ်ရာ သူတို့သည် အမျက်တော်ရှခြင်းအပေါ် အမျက်တော်ရှခြင်းကိုယူလျက် ပြန်လှည့်ကြရ၏။ စင်စစ် 'ကာဖိရ်' မယုံကြည်ငြင်းပယ်သူတို့အဖို့ ဂုဏ်သရေမဲ့သော ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

وَاِذَا قِيْلَ لَهُمْ اٰمِنُوْا بِمَآ اَنْزَلَ اللّٰهُ قَالُوْا نُؤْمِنُ بِمَآ اُنْزِلَ عَلَيْنَا وَيَكْفُرُوْنَ بِمَا وَرَآءَهٗ ۚ وَهُوَ الْحَقُّ مُصَدِّقًا لِّمَا مَعَهُمْ ۭ قُلْ فَلِمَ تَقْتُلُوْنَ اَنْۢبِيَآءَ اللّٰهِ مِنْ قَبْلُ اِنْ كُنْتُمْ مُّؤْمِنِيْنَ ۝۹۱

၉၁။ ထို့ပြင် သူတို့အား အလ္လာဟ်ပို့ချပေးတော်မူသည်ကို ယုံကြည်ကြကုန်ဟုပြောသောအခါ သူတို့က ကျွန်ုပ်တို့ထံ ပို့ချပေးထားသည်ကိုသာ ကျွန်ုပ်တို့ ယုံကြည်ကြပါသည်ဟု ပြောကြ၏။ စင်စစ် သူတို့သည် ယင်းမှလွဲ၍ (အခြားပို့ချသည်များကို) ငြင်းပယ်ကြ၏။ အမှန်သော်ကား (သူတို့ငြင်းပယ်သော) ထို(ကျမ်း)သည် သူတို့ထံတွင်ရှိသည်ကို ထောက်ခံလျက်ရှိသည့် အမှန်တရားဖြစ်၏။ အသင်ပြောကြားပါလေ၊ အကယ်၍ အသင်တို့သည် ယုံကြည်သူများ အမှန်ပင်ဖြစ်ခဲ့ကြပါလျှင် ဤသည့်အလျင်က အလ္လာဟ်၏တမန်တော်များကို အဘယ့်ကြောင့် သတ်ဖြတ်လေ့ရှိခဲ့ကြပါသနည်း။

وَلَقَدْ جَآءَكُمْ مُّوْسٰى بِالْبَيِّنٰتِ ثُمَّ اتَّخَذْتُمُ الْعِجْلَ مِنْۢ بَعْدِهٖ وَاَنْتُمْ ظٰلِمُوْنَ ۝۹۲

၉၂။ စင်စစ် အသင်တို့ထံသို့ 'မူစာ'သည် ပွင့်လင်းထင်ရှားသော သက်သေလက္ခဏာတော်ကို ယူဆောင်၍လာခဲ့၏။ သို့သော် သူမရှိခိုက်တွင် အသင်တို့သည် နွားငယ်ကို ကိုးကွယ်ရာအဖြစ်စွဲကိုင်ခဲ့ကြ၏။ သို့ဖြင့် အသင်တို့သည် အပြစ်ကျူးလွန်သူများဖြစ်ခဲ့ကြ၏။

وَاِذْ اَخَذْنَا مِيْثَاقَكُمْ وَرَفَعْنَا فَوْقَكُمُ الطُّوْرَ ۭ خُذُوْا مَآ اٰتَيْنٰكُمْ بِقُوَّةٍ وَّاسْمَعُوْا ۭ قَالُوْا سَمِعْنَا وَعَصَيْنَا ۪ وَاُشْرِبُوْا فِيْ قُلُوْبِهِمُ الْعِجْلَ بِكُفْرِهِمْ ۭ قُلْ بِئْسَمَا يَاْمُرُكُمْ بِهٖٓ اِيْمَانُكُمْ اِنْ كُنْتُمْ مُّؤْمِنِيْنَ ۝۹۳

၉၃။ ထို့ပြင် အကြင်အခါဝယ် ငါတို့သည် အသင်တို့၏ခိုင်မာသောကတိခံဝန်ချက်ကို (အသင်တို့ထံမှ) ရယူတော်မူခဲ့ပြီး၊ 'တူရ်'တောင်ကို အသင်တို့အပေါ် မိုးထားစေတော်မူခဲ့၏။ အသင်တို့အား ငါတို့ပေးတော်မူသမျှကို ခိုင်မြဲစွာ စွဲကိုင်ထားကြကုန်၊ ထို့ပြင် နားထောင်ကြကုန်(ဟုမိန့်တော်မူခဲ့ပေရာ)၊ သူတို့က ကျွန်ုပ်တို့သည်ကြားကြပါ၏၊ သို့သော် ကျွန်ုပ်တို့သည် မနာခံဖီဆန်ကြပါ၏ဟု (ဖြေကြား)ပြောဆိုကြလေသည်။ သူတို့၏ငြင်းပယ်မှုကြောင့် သူတို့၏စိတ်နှလုံး၌ နွားငယ်အား ချစ်စိတ်ကို တိုက်ကျွေးခြင်းခံခဲ့ရလေသည်။ အသင်သည် (သူတို့အား) ပြောကြားပါလေ၊ အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ခဲ့ကြလျှင်၊ အသင်တို့၏ယုံကြည်မှုက အသင်တို့အား အမိန့်ပေးသောအရာသည် အလွန်ဆိုးရွားလှပေတကား။

قُلْ اِنْ كَانَتْ لَكُمُ الدَّارُ الْاٰخِرَةُ عِنْدَ اللّٰهِ خَالِصَةً مِّنْ دُوْنِ النَّاسِ فَتَمَنَّوُا الْمَوْتَ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۹۴﴾

၉၄။ အသင်ပြောကြားပါလေ၊ အကယ်၍ အလ္လာဟ်၏ထံတော်မှ တမလွန်၏အိမ်တော်သည် အခြားလူခပ်သိမ်းတို့အတွက်မဟုတ်ဘဲ အသင်တို့အတွက်သာဖြစ်ပါမူ အကယ်ပင် အသင်တို့သည်မှန်ကန်ကြလျှင် သေခြင်းကိုတောင့်တကြကုန်။

وَلَنْ يَّتَمَنَّوْهُ اَبَدًا بِمَا قَدَّمَتْ اَيْدِيْهِمْ ؕ وَاللّٰهُ عَلِيْمٌۢ بِالظّٰلِمِيْنَ ﴿۹۵﴾

၉၅။ သို့သော် သူတို့၏လက်များက တင်ကြို၍ ပို့ထားခဲ့သော အကြောင်းခံတို့ကြောင့် သူတို့သည် မည်သည့်အခါမျှ ယင်း(သေခြင်း)ကို တောင့်တကြလိမ့်မည်မဟုတ်ချေ။ အမှန်သော်ကား အလ္လာဟ်သည်အပြစ်ကျူးလွန်သူတို့ကို ကောင်းစွာ သိရှိတော်မူ၏။

وَلَتَجِدَنَّهُمْ اَحْرَصَ النَّاسِ عَلٰى حَيٰوةٍ ۛ وَمِنَ الَّذِيْنَ اَشْرَكُوْا ۛ يَوَدُّ اَحَدُهُمْ لَوْ يُعَمَّرُ اَلْفَ سَنَةٍ ۚ وَمَا هُوَ بِمُزَحْزِحِهٖ مِنَ الْعَذَابِ اَنْ يُّعَمَّرَ ؕ وَاللّٰهُ بَصِيْرٌۢ بِمَا يَعْمَلُوْنَ ﴿۹۶﴾

၉၆။ ထိုသူတို့သည် ဤဘဝကိုတပ်မက်မှုဌ် လူခပ်သိမ်းတို့ထက်သာလွန်သည်ကို အသင်တွေ့ရှိရပေမည်။ အဘယ်မျှထိဆိုသော် 'ရှိရိက်'အလ္လာဟ်နှင့်တွဲဖက်ကိုးကွယ်မှုပြုသူများထက်ပင် (သာလွန်၏)။ သူတို့အနက် လူတိုင်းလူတိုင်းသည် သူတို့အား နှစ်ပေါင်းတစ်ထောင် အသက်ရှည်ခြင်းကိုပေးလျှင် ကောင်းပေစွဟု ဆန္ဒရှိကြ၏။ အမှန်သော်ကား ထိုသို့ အသက်ရှည်မှုကိုပေးခြင်းသည်လည်း သူတို့အား ပြစ်ဒဏ်မှ ကယ်တင်နိုင်မည်မဟုတ်ချေ။ အမှန်ပင် အလ္လာဟ်သည် သူတို့ပြုကျင့်သည်တို့ကို နက်ရှိုင်းစွာရှုမြင်လျက်ရှိတော်မူသတည်း။

ရုကူး--၁၂

قُلْ مَنْ كَانَ عَدُوًّا لِّجِبْرِيْلَ فَاِنَّهٗ نَزَّلَهٗ عَلٰى قَلْبِكَ بِاِذْنِ اللّٰهِ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ وَهُدًى وَّبُشْرٰى لِلْمُؤْمِنِيْنَ ﴿۹۷﴾

၉၇။ အသင်ပြောကြားပါလေ၊ အကြင်မည်သူမဆို 'ဂျိဘရာအီလ်'၏ရန်သူဖြစ်အံ့၊ (ထိုသူသိမှတ်ရန်ကား) အမှန်ပင် ယင်း('ဂျိဘရာအီလ်')သည်ပင် အလ္လာဟ်၏အမိန့်တော်ဖြင့် ဤ(မုက္ခပါဠ်တော်)ကို အသင်၏နှလုံးသားအပေါ်သို့ ပို့ချ၏။ ဤ(မုက္ခပါဠ်တော်)သည် ယင်း၏မျက်မှောက်တွင်ရှိသည်ကို မှန်ကန်ကြောင်း ထောက်ခံလျက်ရှိ၏။ ထို့ပြင် 'မို့အ်မင်န်' ယုံကြည်သူတို့အတွက် လမ်းညွှန်တော်နှင့် ဝမ်းမြောက်ဖွယ်သတင်းကောင်းဖြစ်၏။

مَنْ كَانَ عَدُوًّا لِّلّٰهِ وَمَلٰٓئِكَتِهٖ وَرُسُلِهٖ وَجِبْرِيْلَ وَمِيْكٰلَ فَاِنَّ اللّٰهَ عَدُوٌّ لِّلْكٰفِرِيْنَ ﴿۹۸﴾

၉၈။ သို့ဖြစ်ရာ မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ကောင်းကင်တမန်များ၊ အရှင်မြတ်၏ 'ရစူလ်' တမန်တော်များအပြင် 'ဂျိဘရာအီလ်'နှင့် 'မိကာအီလ်'တို့၏ ရန်သူဖြစ်အံ့၊ ဧကန်မုချ အလ္လာဟ်သည် ထိုမယုံကြည်ခြင်းပယ်သူတို့၏ ရန်သူဖြစ်တော်မူ၏။

وَلَقَدْ اَنْزَلْنَآ اِلَيْكَ اٰيٰتٍۢ بَيِّنٰتٍ ۚ وَمَا يَكْفُرُ بِهَآ اِلَّا الْفٰسِقُوْنَ ﴿۹۹﴾

၉၉။ ငါတို့သည် အမှန်ပင် အသင့်ထံသို့ ပွင့်လင်းထင်ရှားသော သက်သေလက္ခဏာတော်များကိုပို့ချပေးတော်မူ၏။ မနာခံပုန်ကန်သူတို့မှအပ ယင်းကို မည်သူမျှငြင်းပယ်ခြင်း မပြုကြချေ။

اَوَكُلَّمَا عٰهَدُوْا عَهْدًا نَّبَذَهٗ فَرِيْقٌ مِّنْهُمْ ۭ بَلْ اَكْثَرُهُمْ لَا يُؤْمِنُوْنَ ۝

၁၀၁။ အသို့နည်း၊ မည်သည့်အခါ၌မဆို ထိုသူတို့သည် တစ်စုံတစ်ရာ ကတိခံဝန်ချက်ပြုကြလျှင်၊ သူတို့အနက်မှ အုပ်စုတစ်စုသည် ယင်း(ကတိ)ကို ဘေးသို့လွှင့်ပစ်ကြမည်လော။ အမှန်သော်ကား သူတို့အနက်အများစုမှာ 'အီမာန်' ယုံကြည်မှုပင် မထားရှိကြချေ။

وَلَمَّا جَاۗءَهُمْ رَسُوْلٌ مِّنْ عِنْدِ اللّٰهِ مُصَدِّقٌ لِّمَا مَعَهُمْ نَبَذَ فَرِيْقٌ مِّنَ الَّذِيْنَ اُوْتُوا الْكِتٰبَ ۣ كِتٰبَ اللّٰهِ وَرَاۗءَ ظُهُوْرِهِمْ كَاَنَّهُمْ لَا يَعْلَمُوْنَ ۝

၁၀၂။ ဤတွင်မက မည်သည့်အခါ၌မဆို သူတို့ထံတွင်ရှိသည်ကို မှန်ကန်ကြောင်းထောက်ခံသည့် တမန်တော်တစ်ပါးပါးသည် အလ္လာဟ်၏ထံတော်မှလာရောက်ခဲ့လျှင်၊ သူတို့အနက်မှ ကျမ်းဂန်ကိုပေးခြင်းခံရသောအုပ်စုတစ်စုသည် လုံးဝမသိရှိသည့်အလား အလ္လာဟ်၏ကျမ်းတော်ကို မိမိတို့၏ကျောနောက်သို့ချထားလိုက်ကြလေသည်။

وَاتَّبَعُوْا مَا تَتْلُوا الشَّيٰطِيْنُ عَلٰي مُلْكِ سُلَيْمٰنَ ۚ وَمَا كَفَرَ سُلَيْمٰنُ وَلٰكِنَّ الشَّيٰطِيْنَ كَفَرُوْا يُعَلِّمُوْنَ النَّاسَ السِّحْرَ ۣ وَمَآ اُنْزِلَ عَلَي الْمَلَكَيْنِ بِبَابِلَ هَارُوْتَ وَمَارُوْتَ ۭ وَمَا يُعَلِّمٰنِ مِنْ اَحَدٍ حَتّٰى يَقُوْلَآ اِنَّمَا نَحْنُ فِتْنَةٌ فَلَا تَكْفُرْ ۭ فَيَتَعَلَّمُوْنَ مِنْهُمَا مَا يُفَرِّقُوْنَ بِهٖ بَيْنَ الْمَرْءِ وَزَوْجِهٖ ۭ وَمَا هُمْ بِضَاۗرِّيْنَ بِهٖ مِنْ اَحَدٍ اِلَّا بِاِذْنِ اللّٰهِ ۭ وَيَتَعَلَّمُوْنَ مَا يَضُرُّهُمْ وَلَا يَنْفَعُهُمْ ۭ وَلَقَدْ عَلِمُوْا لَمَنِ اشْتَرٰىهُ مَا لَهٗ فِي الْاٰخِرَةِ مِنْ خَلَاقٍ ۣ وَلَبِئْسَ مَا شَرَوْا بِهٖٓ اَنْفُسَهُمْ ۭ لَوْ كَانُوْا يَعْلَمُوْنَ ۝

၁၀၃။ ထို့မျှမက ထိုသူတို့သည် 'ဆူလိုင်မန်'၏တိုင်းပြည်နှင့်ဆန့်ကျင်၍ 'ရှိုင်တန်'များ ရွတ်ဖတ်လေ့ရှိသည်တို့ကို လိုက်နာခဲ့ကြ၏။ အမှန်သော်ကား 'ဆူလိုင်မန်'သည် မယုံကြည်ခြင်းပယ်မှုမပြုခဲ့ချေ။ စင်စစ် မယုံကြည်ခြင်းပယ်မှုကိုပြုသူတို့သည်ကား ထို'ရှိုင်တန်'များသာဖြစ်၏။ သူတို့သည် လူတို့အား မှော်အတတ်ကိုသင်ပေးခဲ့ကြ၏။ ထို့ပြင် (ယင်းနှင့်ဆန့်ကျင်လျက်) ဘေဘီလုံတွင် 'ဟာရွတ်'နှင့် 'မာရွတ်' ကောင်းကင်တမန်နှစ်ပါးအား ပို့ချပေးခြင်းခံရသည့် (ယင်းဖြစ်ရပ်)မှာ ယင်းတို့ နှစ်ပါးစလုံးက ကျွန်ုပ်တို့သည် စစ်ဆေးစမ်းသပ်မှုအဖြစ်သာ ဖြစ်ကြ၏။ သို့ကြောင့် မငြင်းပယ်ကြကုန်လင့်ဟု မပြောလေသမျှကာလပတ်လုံး မည်သူ့ကိုမျှ မည်သည့်အရာကိုမျှ သင်ကြားပေးခြင်းမရှိခဲ့ချေ။ ထို့နောက် သူတို့သည် ယင်းတို့နှစ်ပါးထံမှ ခင်ပွန်းနှင့် ဇနီးတို့အကြား ခွဲခြားမှုကိုဖြစ်ပေါ်စေသည့် အကြောင်းအရာများကို သင်ယူခဲ့ကြလေသည်။ သို့သော် အလ္လာဟ်၏အမိန့်တော်ဖြင့်မှတစ်ပါး သူတို့သည် ယင်းအားဖြင့် မည်သူ့ကိုမျှ ဆုံးရှုံးမှုသက်ရောက်စေခဲ့ကြသည်မဟုတ်ချေ။ ထို့ပြင် (ယင်းနှင့်ဆန့်ကျင်၍'ရှိုင်တန်'များထံမှ သင်ယူခဲ့ကြသူတို့သည်) သူတို့အားဆုံးရှုံးမှုကိုဖြစ်စေပြီး အကျိုးမဲ့စေသည့်အရာများကိုသာ သူတို့သင်ယူခဲ့ကြ၏။ အမှန်သော်ကား အကြင်မည်သူမဆို ဤအရောင်းအဝယ်ကိုပြုပါလျှင် ထိုသူ့အတွက် နောင်တမလွန်တွင် မည်သို့သော ဝေစုမျှရှိမည်မဟုတ်ကြောင်းကို သူတို့ကောင်းစွာသိရှိထားနှင့်ခဲ့ကြပြီးဖြစ်၏။ သို့ဖြစ်ရာ သူတို့သည်(ယာယီအကျိုးကျေးဇူး၏) အလဲအလှယ်အဖြစ် မိမိတို့၏အသက်ဝိညာဉ်များကို ရောင်းချခဲ့ခြင်းမှာ အလွန်ဆိုးရွားခဲ့ပေသည်။ သူတို့သိနားလည်ကြလျှင် ကောင်းလေစွ။ ①

① 'ဟာရွတ်'နှင့်'မာရွတ်'တို့သည် အမှန်အားဖြင့်ကောင်းကင်တမန်များ၏အရည်အသွေးရှိသောလူပုဂ္ဂိုလ်နှစ်ဦးပင်ဖြစ်သည်။

وَلَوْ اَنَّهُمْ اٰمَنُوْا وَاتَّقَوْا لَمَثُوْبَةٌ مِّنْ عِنْدِ اللّٰهِ خَيْرٌ ۘ لَوْ كَانُوْا يَعْلَمُوْنَ ۝ ۱۰۳

၁၀၄။ အကယ်၍ သူတို့သည် သက်ဝင်ယုံကြည်ပြီး 'တက္ကဝါ' ဖြောင့်မှန်စွာကျင့်ကြံခြင်းရှိခဲ့ကြလျှင်၊ အလ္လာဟ်၏ထံတော်မှ (ယင်း၏)ဆုလာဘ်တော်သည် ဧကန်ပင် လွန်စွာမှ ကောင်းမြတ်မည်ဖြစ်၏။ သူတို့သိနားလည်ကြလျှင် ကောင်းလေစွ။

ရုကူး--၁၃

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَقُوْلُوْا رَاعِنَا وَقُوْلُوا انْظُرْنَا وَاسْمَعُوْا ۗ وَلِلْكٰفِرِيْنَ عَذَابٌ اَلِيْمٌ ۝ ۱۰۴

၁၀၅။ အို-ယုံကြည်သူအပေါင်းတို့၊ (ငါတို့၏တမန်တော်ကို) 'ရာအေနာ'ဟုမဆိုကြမူဘဲ 'ကျွန်ုပ်တို့အား ဂရုပြုတော်မူပါ' ဟုဆိုကြကုန်။ ထို့ပြင် ဂရုပြု၍နားထောင်ကြကုန်။ စင်စစ် မယုံကြည်ခြင်းပယ်သူတို့အတွက် ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။ ①

مَا يَوَدُّ الَّذِيْنَ كَفَرُوْا مِنْ اَهْلِ الْكِتٰبِ وَلَا الْمُشْرِكِيْنَ اَنْ يُّنَزَّلَ عَلَيْكُمْ مِّنْ خَيْرٍ مِّنْ رَّبِّكُمْ ۗ وَاللّٰهُ يَخْتَصُّ بِرَحْمَتِهٖ مَنْ يَّشَآءُ ۗ وَاللّٰهُ ذُو الْفَضْلِ الْعَظِيْمِ ۝ ۱۰۵

၁၀၆။ ကျမ်းရသူများနှင့် တစ်စုံတစ်ရာကို အလ္လာဟ်နှင့် တွဲဖက်ကိုးကွယ်သူ 'မူရှရိုက်'တို့အနက်မှ မယုံကြည်ခြင်းပယ်သူတို့သည် အသင်တို့အပေါ် သို့ အသင်တို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ကောင်းကျိုးတစ်စုံတစ်ရာ ပို့ချပေးသနားတော်မူသည်ကို လုံးဝမနှစ်မြို့ကြပေ။ အမှန်သော်ကား အလ္လာဟ်သည် နှစ်လို့တော်မူသောသူအား မိမိ၏ကရုဏာတော်အတွက် အထူးပြုတော်မူ၏။ စင်စစ် အလ္လာဟ်သည် အလွန်ကြီးကျယ်သော ကျေးဇူးတော်အရှင်ဖြစ်တော်မူ၏။

مَا نَنْسَخْ مِنْ اٰيَةٍ اَوْ نُنْسِهَا نَاْتِ بِخَيْرٍ مِّنْهَآ اَوْ مِثْلِهَا ۗ اَلَمْ تَعْلَمْ اَنَّ اللّٰهَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ۝ ۱۰۶

၁၀၇။ မည်သည့် 'အာယတ်'မုက္ခပါဠိတော်ကိုမဆို ငါတို့က ပယ်ဖျက်တော်မူလျှင်ဖြစ်စေ၊ မေ့ပျောက်စေတော်မူလျှင်ဖြစ်စေ ယင်းထက်သာလွန်ကောင်းမြတ်သည်ကို သို့မဟုတ် ယင်းနှင့်အလားတူသည်ကို အမှန်ပင် ယူဆောင်လာတော်မူ၏။ အသို့နည်း၊ အလ္လာဟ်သည် မိမိနှစ်လို့တော်မူသော အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူသည်ကို အသင် မသိလေသလော။ ②

➤ ထိုသူတို့သည် တော်လှန်ပြောင်းလဲမှုဖြစ်ပေါ်စေခြင်းငှာ ယင်းနှင့်စပ်လျဉ်း၍ ဇနီးသည်ကိုပင် မပြောပြဘဲလျှို့ဝှက်ထားရမည်ဟုလမ်းညွှန်ချက်ရှိသောအကြောင်းအရာများကို တင်ပြခဲ့ကြလေသည်။ ထိုသူတို့သည် ယင်းကိစ္စကို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ သို့ရာတွင် သူတို့၏စံနမူနာကို အတုယူလျက် နှောင်းပိုင်းတွင် ခိုင်မာသော အုပ်ချုပ်ရေးများကို ဆန့်ကျင်ပုန်ကန်မှုပြုရန်အတွက် ဤနည်းကိုအသုံးချကြလေသည်။ ကျမ်းမြတ်ကုရ်အာန်က 'ဟာရွတ်'နှင့်'မာရွတ်'တို့ကို ယင်းမှအပြစ်ကင်းလွတ်ကြောင်းဖော်ပြ၏။ အကြောင်းမူ သူတို့သည် အလ္လာဟ်၏အမိန့်တော်အရ ထိုသို့ပြုမူခဲ့ကြခြင်းကြောင့်ဖြစ်ပေသည်။ သို့သော် ကျန်လူများမှာ မိမိတို့၏အတ္တအပေါ်အခြေခံ၍ ဤသို့ပြုကြခြင်းဖြစ်ပေသည်။

① ဤအာယတ်တော်တွင် رَاعِنَا ဟုပြောခြင်းမှ တားမြစ်ရခြင်းမှာ ထိုသူတို့သည် رَاعِنَا အစား رَاعِيْنَا ဟု ဆိုကြသောကြောင့်ဖြစ်သည်။ အဓိပ္ပာယ်မှာ "အို-ကျွန်ုပ်တို့၏သိုးကျောင်းသား"ဟုရရှိပေသည်။ အပေါ်ယံကြည့်လျှင် 'ကျွန်ုပ်တို့အပေါ် ကရုဏာတော်ဖြင့်ရှုပါ'ဟု ပြောဆိုသယောင်ထင်မှတ်ရပေသည်။ သို့ဖြစ်၍ ကျမ်းမြတ်ကုရ်အာန်က သူတို့အား မှန်ကန်ဖြောင့်မတ်သော စကားကို ဆိုကြရန်နှင့် وَانْظُرْنَا (ကျွန်ုပ်တို့အားဂရုပြုတော်မူပါ)ဟုဆိုကြရန် မိန့်ထားခြင်းဖြစ်ပေသည်။

② ဤအာယတ်တော်တွင်လည်း များသောအားဖြင့် ဋီကာဆရာတို့ မှားယွင်းလျက်- ကျမ်းမြတ်ကုရ်အာန်တွင် အလ္လာဟ်အရှင်မြတ်ပို့ချတော်မူသော အာယတ်တော်များအနက် 'မန်ဆူးခ်'ပယ်ဖျက်ခံရခြင်းလည်းဖြစ်နိုင်ပြီး ငါတို့သည် ထို့ထက်ပိုမိုကောင်းမြတ်သော အာယတ်တော်ကို ယူဆောင်လာနိုင်တော်မူသည်ဟု အဓိပ္ပာယ်ပြန်ဆိုကြပေသည်။ ယင်း၏အကျိုးဆက်ဖြင့် **'နာဆီခ်၊ မန်ဆူးခ်'** ဆိုင်ရာ အလွန်ရှည်လျားသော အငြင်းပွားမှုများရှိခဲ့ပေသည်။ ဋီကာရှင်များက ကျမ်းမြတ်ကုရ်အာန်၏အာယတ်တော်ငါးရာကို ↱

اَلَمْ تَعْلَمْ اَنَّ اللّٰهَ لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ؕ وَمَا لَكُمْ مِّنْ دُوْنِ اللّٰهِ مِنْ وَّلِيٍّ وَّلَا نَصِيْرٍ ۝۱۰۷

၁၀၈။ အသို့နည်း၊ မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ်ခြင်းသည် အလ္လာဟ်၏အဖို့သာဖြစ်သည်ကို အသင်မသိသလော။ စင်စစ် အလ္လာဟ်အားစွန့်၍ အသင်တို့အတွက် မည်သည့်အုပ်ထိန်းစောင့်ရှောက်သူနှင့် ကူညီရိုင်းပင်းမည့်သူမျှ မရှိချေ။

اَمْ تُرِيْدُوْنَ اَنْ تَسْـَٔلُوْا رَسُوْلَكُمْ كَمَا سُىِٕلَ مُوْسٰى مِنْ قَبْلُ ؕ وَمَنْ يَّتَبَدَّلِ الْكُفْرَ بِالْاِيْمَانِ فَقَدْ ضَلَّ سَوَآءَ السَّبِيْلِ ۝۱۰۸

၁၀၉။ အသို့နည်း၊ ယခင်က 'မူစာ'အား မေးခွန်းထုတ်ခဲ့ကြသည့်နည်းတူ အသင်တို့သည်လည်း မိမိတို့၏တမန်တော်ကို မေးခွန်းထုတ်လိုကြသလော။ သို့ဖြစ်ရာ မည်သူမဆို ယုံကြည်ခြင်းကို မယုံကြည်ခြင်းပယ်ခြင်းနှင့် ပြောင်းလဲလိုက်ပါလျှင်၊ စင်စစ် ထိုသူသည်ဖြောင့်မှန်သောလမ်းမှ လွဲချော်သွားပြီဖြစ်၏။

وَدَّ كَثِيْرٌ مِّنْ اَهْلِ الْكِتٰبِ لَوْ يَرُدُّوْنَكُمْ مِّنْۢ بَعْدِ اِيْمَانِكُمْ كُفَّارًا ۚ حَسَدًا مِّنْ عِنْدِ اَنْفُسِهِمْ مِّنْۢ بَعْدِ مَا تَبَيَّنَ لَهُمُ الْحَقُّ ۚ فَاعْفُوْا وَاصْفَحُوْا حَتّٰى يَاْتِيَ اللّٰهُ بِاَمْرِهٖ ؕ اِنَّ اللّٰهَ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ۝۱۰۹

၁၁၀။ ကျမ်းရသူတို့အနက် များစွာသောသူတို့သည် အသင်တို့ သက်ဝင်ယုံကြည်ကြပြီးနောက်မှ (တစ်ဖန်ပြန်လည်၍) အသင်တို့အား မယုံကြည်ခြင်းပယ်သူများ ပြုလုပ်လိုကြ၏။ အမှန်တရားသည် သူတို့အပေါ် လင်းဝင်းခဲ့ပြီးသည့်နောက် သော်မှ သူတို့၏စိတ်နှလုံးများတွင် ပေါက်ပွားလာသည့် မနာလိုဝန်တိုမှုကြောင့် (သူတို့သည် ထိုသို့ပြုကြ၏)။ သို့ဖြစ်ရာ အလ္လာဟ်ကိုယ်တော်တိုင် မိမိ၏အဆုံးအဖြတ်ကို ထင်ရှားစေတော်မူသည်အထိ (သူတို့အား)ခွင့်လွှတ်ပါလေ၊ ဥပေက္ခာပြုပါလေ။ မုချဧကန် အလ္လာဟ်သည် မိမိအလိုရှိတော်မူသော အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

وَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ ؕ وَمَا تُقَدِّمُوْا لِاَنْفُسِكُمْ مِّنْ خَيْرٍ تَجِدُوْهُ عِنْدَ اللّٰهِ ؕ اِنَّ اللّٰهَ بِمَا تَعْمَلُوْنَ بَصِيْرٌ ۝۱۱۰

၁၁၁။ 'ဆွလာတ်' ဝတ်ပြုမှုကို တည်ဆောက်ကြကုန်။ 'ဇကားတ်'ပေးဆောင်ကြကုန်။ အသင်တို့သည် မည်သည့်ကောင်းမှုကိုမဆို မိမိတို့အတွက် ရှေ့သို့ပို့ထားနှင့်ကြသော် ယင်းကိုအလ္လာဟ်၏ထံတော်တွင် အသင်တို့တွေ့မြင်ကြရလိမ့်မည်။ ဧကန်မုချ အလ္လာဟ်သည် အသင်တို့ပြုကျင့်သည်တို့ကို မြင်တွေ့လျက်ရှိတော်မူ၏။

وَقَالُوْا لَنْ يَّدْخُلَ الْجَنَّةَ اِلَّا مَنْ كَانَ هُوْدًا

၁၁၂။ သူတို့က 'ရဟူဒီ' သို့မဟုတ် 'ခရစ်ယာန်'တို့မှတစ်ပါး အခြားသူတို့သည် 'ဂျန္နတ်' ဥယျာဉ်တော်သို့ အလျှင်းဝင်ကြရ

➤ 'နာဆီခ်' ပယ်ဖျက်သောအာယတ်တော်နှင့် ငါးရာကို 'မန်ဆူးခ်'ပယ်ဖျက်ခြင်းခံရသော အာယတ်တော်ဟူ၍ သတ်မှတ်ခဲ့ကြလေသည်။ စင်စစ် ကျမ်းမြတ်ကုရ်အာန်၏ အစက်အပြောက်တစ်ခုသော်မျှ ပယ်ဖျက်ခြင်းမခံရချေ။ ကတိတော်ရမဆီဟ်ﷺသခင်၏အလျင် ဟာဇရတ် ရှာဝလီယွလ္လာဟ်မိုဟာဒိစ်ဒေလဝီသခင်၏အချိန်ကာလထိ ဤ'နာဆီခ်၊မန်ဆူးခ်'အာယတ်တော်များအနက် အာယတ်တော် ငါးခုမှလွဲ၍ အခြားအာယတ်တော်များကိုရှင်းလင်းခဲ့ပြီးဖြစ်ပေသည်။ ကတိတော်ရမဆီဟ်ﷺသခင်၏ လက်ထက်တွင် သခင်၏ 'အိလ်မေကလာမ်'(တက္ကဗေဒ)ပညာ၏အကျိုးကျေးဇူးဖြင့် ဤငါးခုသော အာယတ်တို့မှာလည်း ရှင်းလင်းခဲ့ပြီးဖြစ်ပေသည်။ အဟ်မဒီယာအဖွဲ့၏ယုံကြည်ချက်မှာ ကျမ်းမြတ်ကုရ်အာန်၏စကားလုံးတစ်လုံး၊ အစက်အပြောက်တစ်ခုသော်မျှ 'မန်ဆူးခ်'ပယ်ဖျက်ခံရခြင်းမရှိချေ။ ဤမုဘပါဠ်တော်တွင်ဖော်ပြထားသည့် 'အာယတ်'ဟူသည်မှာ ရှေးယခင် 'ရှရီအတ်'တရားတော်များဖြစ်ပြီး ယင်းတို့ 'မန်ဆူးခ်'ပယ်ဖျက်ခြင်းခံရလေတိုင်း သို့မဟုတ် မေ့ပျောက်ခြင်းခံရလေတိုင်း ယင်းကဲ့သို့ပင် သို့မဟုတ် ယင်းထက်သာလွန်ကောင်းမြတ်သည်ကို ပို့ချပေးတော်မူခဲ့ကြောင်း ဆိုလိုခြင်းဖြစ်သည်။

اَوْ نَصٰرٰى ؕ تِلْكَ اَمَانِيُّهُمْ ؕ قُلْ هَاتُوْا بُرْهَانَكُمْ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۱۱۱﴾

မည်မဟုတ်ဟု ဆိုကြ၏။ ဤကား ထိုသူတို့၏အလိုဆန္ဒများသာဖြစ်၏။ အသင်သည် သူတို့အား အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် အသင်တို့၏(အဆိုအတွက်) ခိုင်မာသော သက်သေအထောက်အထားတစ်စုံတစ်ရာကို ယူဆောင်လာကြကုန်ဟု ပြောကြားပါလေ။

بَلٰى ۟ مَنْ اَسْلَمَ وَجْهَهٗ لِلّٰهِ وَهُوَ مُحْسِنٌ فَلَهٗۤ اَجْرُهٗ عِنْدَ رَبِّهٖ ۪ وَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ﴿۱۱۲﴾

၁၁၃။ ထိုသို့အလျှင်းမဟုတ်ချေ၊ အမှန်မှာ မည်သူမဆို မိမိကိုယ်ကို အလွှာဟ်ထံပုံအပ်၍ ကောင်းမှုပွားများသူဖြစ်အံ့၊ ထိုသူအတွက် သူ၏ဖန်ဆင်းမွေးမြူရှင်ထံတော်တွင် အကျိုးဆုလာဘ်သည်ရှိ၏။ ထို့ပြင် ထို(သူတို့)အဖို့ မည်သို့သော စိုးရိမ်ကြောက်ရွံ့မှုမျှရှိမည်မဟုတ်သည့်ပြင် သူတို့သည် ပူဆွေးသောကဖြစ်ကြရမည်လည်း မဟုတ်ချေတည်း။

ရုကူး--၁၄

وَقَالَتِ الْيَهُوْدُ لَيْسَتِ النَّصٰرٰى عَلٰى شَىْءٍ ۖ وَّ قَالَتِ النَّصٰرٰى لَيْسَتِ الْيَهُوْدُ عَلٰى شَىْءٍ ۘ وَّهُمْ يَتْلُوْنَ الْكِتٰبَ ؕ كَذٰلِكَ قَالَ الَّذِيْنَ لَا يَعْلَمُوْنَ مِثْلَ قَوْلِهِمْ ۚ فَاللّٰهُ يَحْكُمُ بَيْنَهُمْ يَوْمَ الْقِيٰمَةِ فِيْمَا كَانُوْا فِيْهِ يَخْتَلِفُوْنَ ﴿۱۱۳﴾

၁၁၄။ 'ရဟူဒီ'တို့က 'ခရစ်ယာန်'တို့(၏အခြေခံ)သည် မည်သည့်အရာပေါ်တွင်မျှမရှိဟုဆိုကြ၏။ 'ခရစ်ယာန်'တို့ကလည်း 'ရဟူဒီ'တို့(၏အခြေခံ)သည် မည်သည့်အရာပေါ်တွင်မျှမရှိဟု ဆိုကြ၏။ အမှန်သော်ကား သူတို့သည် ကျမ်းဂန်ကိုဖတ်ရွတ်သူများဖြစ်ကြ၏။ ထိုနည်းတူစွာ အသိပညာတစ်စုံတစ်ရာမျှမရှိသောသူတို့ကလည်း သူတို့၏စကားနှင့် အလားတူစကားကို ပြောဆိုကြ၏။ သို့ဖြစ်ရာ အလွှာဟ်သည် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် သူတို့ကွဲပြားခြားနားခဲ့သည့် စကားရပ်များနှင့်စပ်လျဉ်း၍ သူတို့၏အကြား စီရင်ဆုံးဖြတ်တော်မူမည်။

وَمَنْ اَظْلَمُ مِمَّنْ مَّنَعَ مَسٰجِدَ اللّٰهِ اَنْ يُّذْكَرَ فِيْهَا اسْمُهٗ وَسَعٰى فِىْ خَرَابِهَا ؕ اُولٰٓئِكَ مَا كَانَ لَهُمْ اَنْ يَّدْخُلُوْهَاۤ اِلَّا خَآئِفِيْنَ ؕ لَهُمْ فِى الدُّنْيَا خِزْىٌ وَّلَهُمْ فِى الْاٰخِرَةِ عَذَابٌ عَظِيْمٌ ﴿۱۱۴﴾

၁၁၅။ ထိုသူထက်သာလွန်၍ မတရားပြုသူ အဘယ်သူရှိအံ့နည်း၊ ယင်းသူသည် အလွှာဟ်၏မတ်စ်ဂျိဒ်ဝတ်ကျောင်းတော်များတွင် အရှင်မြတ်၏နာမတော်အား ချီးမွမ်းတသခြင်းကို တားမြစ်၏။ ထို့ပြင် ယင်းကို လူသူကင်းမဲ့ပျက်သုဉ်းအောင်ကြိုးပမ်းကြ၏။ (စင်စစ်သော်ကား) ထိုသူတို့သည် ယင်း(မတ်စ်ဂျိဒ်ဝတ်ကျောင်းများ)အတွင်းသို့ ကြောက်ရွံ့စွာဖြင့် ဝင်ရောက်ခြင်းမှတစ်ပါး အခြားတစ်စုံတစ်ရာမျှ ပြုပိုင်ခွင့်မရှိချေ။ သူတို့အတွက် လောကတွင် ဂုဏ်သရေညှိုးနွမ်းခြင်းနှင့် နောင်တမလွန်တွင် အလွန်ကြီးလေးသောပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

وَلِلّٰهِ الْمَشْرِقُ وَالْمَغْرِبُ ۚ فَاَيْنَمَا تُوَلُّوْا فَثَمَّ وَجْهُ اللّٰهِ ؕ اِنَّ اللّٰهَ وَاسِعٌ عَلِيْمٌ ﴿۱۱۵﴾

၁၁၆။ အရှေ့အရပ်ကိုလည်းကောင်း၊ အနောက်အရပ်ကိုလည်းကောင်း အလွှာဟ်သည်သာ စိုးပိုင်တော်မူ၏။ သို့ဖြစ်ရာ အသင်တို့သည် မည်သည့်ဘက်သို့ပင် မျက်နှာမူကြသည်ဖြစ်စေ ယင်းဘက်၌ အလွှာဟ်၏ဂုဏ်တော်ထွန်းပခြင်းကို တွေ့

ကြရပေလိမ့်မည်။ စင်စစ် အလ္လာဟ်သည် လွန်စွာကျယ်ပြောမှုများကို ပေးသနားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။

وَقَالُوا اتَّخَذَ اللّٰهُ وَلَدًا سُبْحٰنَهٗ ؕ بَلْ لَّهٗ مَا فِی السَّمٰوٰتِ وَالْاَرْضِ ؕ كُلٌّ لَّهٗ قٰنِتُوْنَ ﴿۱۱۶﴾

၁၁၇။ ထိုသူတို့က အလ္လာဟ်သည် သားတော်ကိုပြုလုပ်ထားသည်ဟုဆိုကြ၏။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။ ထိုမျှမက (အရှင်မြတ်၏ဘုန်းတန်ခိုးတော်သည်ကား ဤသို့တည်း) မိုးကောင်းကင်များနှင့် ကမ္ဘာမြေပေါ်တွင်ရှိသည်တို့ကို အရှင်မြတ်သည်သာလျှင် စိုးပိုင်တော်မူ၏။ အရာခပ်သိမ်းကုန်တို့သည် ထိုအရှင်မြတ်အားသာလျှင် ကျိုးနွံနာခံကြ၏။

بَدِیْعُ السَّمٰوٰتِ وَالْاَرْضِ ؕ وَاِذَا قَضٰۤی اَمْرًا فَاِنَّمَا یَقُوْلُ لَهٗ كُنْ فَیَكُوْنُ ﴿۱۱۷﴾

၁၁၈။ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို စတင်ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူ၏။ အရှင်မြတ်သည် အရေးကိစ္စတစ်စုံတစ်ရာကို ဆုံးဖြတ်တော်မူသောအခါ ထိုအရာကို 'ဖြစ်စေ'ဟုမိန့်တော်မူရုံမျှဖြင့် ထိုအရာသည် စတင်ဖြစ်ပေါ်လာပြီး ဆင့်ကဲဖြစ်ထွန်း၍လာရပေသည်။

وَقَالَ الَّذِیْنَ لَا یَعْلَمُوْنَ لَوْلَا یُكَلِّمُنَا اللّٰهُ اَوْ تَاْتِیْنَاۤ اٰیَةٌ ؕ كَذٰلِكَ قَالَ الَّذِیْنَ مِنْ قَبْلِهِمْ مِّثْلَ قَوْلِهِمْ ؕ تَشَابَهَتْ قُلُوْبُهُمْ ؕ قَدْ بَیَّنَّا الْاٰیٰتِ لِقَوْمٍ یُّوْقِنُوْنَ ﴿۱۱۸﴾

၁၁၉။ အသိပညာတစ်စုံတစ်ရာမျှမရှိသောသူတို့က သို့ဆိုလျှင် အလ္လာဟ်သည် ကျွန်ုပ်တို့အား အဘယ့်ကြောင့် စကားပြောတော်မမူသနည်း၊ သို့မဟုတ် ကျွန်ုပ်တို့ထံသို့လည်း အဘယ့်ကြောင့် သက်သေလက္ခဏာတစ်စုံတစ်ရာ မရောက်လာရသနည်းဟု ဆိုကြ၏။ သူတို့ထက်အလျင်ကရှိခဲ့သူတို့သည်လည်း သူတို့၏စကားနှင့်အလားတူသော စကားကိုပြောဆိုခဲ့ကြ၏။ သူတို့၏စိတ်နှလုံးသည် အချင်းချင်း အလားသဏ္ဌာန်တူကြ၏။ ငါတို့သည် ယုံကြည်မှုရှိသော အမျိုးသားတို့အတွက် 'အာယတ်' သက်သေလက္ခဏာတော်များကို အလွန်ပွင့်လင်းထင်ရှားစွာ ဖော်ပြတော်မူခဲ့ပြီးဖြစ်၏။

اِنَّاۤ اَرْسَلْنٰكَ بِالْحَقِّ بَشِیْرًا وَّ نَذِیْرًا ۙ وَّ لَا تُسْـَٔلُ عَنْ اَصْحٰبِ الْجَحِیْمِ ﴿۱۱۹﴾

၁၂၀။ ဧကန်မုချ ငါတို့သည် အသင့်အား အမှန်တရားနှင့် အတူ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းပေးသူနှင့် သတိပေးနှိုးဆော်သူအဖြစ် စေလွှတ်တော်မူ၏။ စင်စစ် 'ဂျဟန္နမ်' ငရဲလားမည့်သူတို့နှင့်စပ်လျဉ်း၍ အသင်သည် မေးမြန်းခြင်းခံရမည်မဟုတ်ချေ။

وَلَنْ تَرْضٰی عَنْكَ الْیَهُوْدُ وَلَا النَّصٰرٰی حَتّٰی تَتَّبِعَ مِلَّتَهُمْ ؕ قُلْ اِنَّ هُدَی اللّٰهِ هُوَ الْهُدٰی ؕ وَلَئِنِ اتَّبَعْتَ اَهْوَآءَهُمْ بَعْدَ الَّذِیْ جَآءَكَ مِنَ الْعِلْمِ ۙ مَا لَكَ مِنَ اللّٰهِ مِنْ وَّلِیٍّ وَّ لَا نَصِیْرٍ ﴿۱۲۰﴾

၁၂၁။ အသင်သည် ၎င်းတို့၏ ဘာသာအယူဝါဒကို မလိုက်နာသမျှကာလပတ်လုံး 'ရဟူဒီ'နှင့် 'ခရစ်ယာန်'တို့သည် အသင့်အား အလျှင်းကျေနပ်ကြမည်မဟုတ်။ အသင်သည် သူတို့အား၊ စင်စစ် အလ္လာဟ်(ပေးသနားတော်မူသော) လမ်းညွှန်မှုသည်သာ လမ်းညွှန်တော်အစစ်အမှန်ဖြစ်၏ဟု ပြောကြားပါလေ။ အကယ်၍ အသင့်ထံသို့ အသိပညာရောက်ရှိခဲ့ပြီးသည့်နောက်သော်မှ အသင်သည် သူတို့၏အလိုဆန္ဒများနောက်သို့လိုက်သွားခဲ့လျှင် အလ္လာဟ်၏ထံတော်မှ အသင့်အတွက် အုပ်

ထိန်းစောင့်ရှောက်မည့်သူနှင့် ကူညီရိုင်းပင်းမည့်သူ မည်သူမျှ ရှိမည်မဟုတ်ခဲ့။

اَلَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ يَتْلُوْنَهٗ حَقَّ تِلَاوَتِهٖ ؕ اُولٰٓئِكَ يُؤْمِنُوْنَ بِهٖ ؕ وَمَنْ يَّكْفُرْ بِهٖ فَاُولٰٓئِكَ هُمُ الْخٰسِرُوْنَ ﴿۱۲۱﴾

၁၂၁။ ငါတို့က ကျမ်းဂန်ကို ပေးသနားတော်မူသောသူတို့သည် ယင်းကိုဖတ်ရွတ်ထိုက်သည်နှင့်အညီ ဖတ်ရွတ်၍ လိုက်နာကျင့်ကြံကြပါလျှင် ဤသူတို့သည်ပင် (အမှန်စင်စစ်) ယင်း(ကျမ်းတော်)ကို ယုံကြည်သူများဖြစ်ကြ၏။ အကြင်မည်သူမဆို ယင်းကိုငြင်းပယ်လျှင် ထိုသူတို့သည်သာလျှင် နစ်နာဆုံးရှုံးမည့်သူများ ဖြစ်ကြပေသတည်း။

ရုကူး-၁၅

يٰبَنِيْٓ اِسْرَآءِيْلَ اذْكُرُوْا نِعْمَتِيَ الَّتِيْٓ اَنْعَمْتُ عَلَيْكُمْ وَاَنِّيْ فَضَّلْتُكُمْ عَلَى الْعٰلَمِيْنَ ﴿۱۲۲﴾

၁၂၃။ အို-'အစ္စရာအီလ်'မျိုးနွယ်အပေါင်းတို့၊ အသင်တို့အား ငါအရှင်ပြုတော်မူခဲ့သော ကောင်းချီးမင်္ဂလာတော်ကိုလည်း ကောင်း၊ ငါအရှင်မြတ်သည် အသင်တို့အား တစ်လောကလုံး ထက် ထူးကဲသာလွန်မှု ပြုတော်မူခဲ့သည်ကိုလည်းကောင်း သတိရကြကုန်။

وَاتَّقُوْا يَوْمًا لَّا تَجْزِيْ نَفْسٌ عَنْ نَّفْسٍ شَيْـًٔا وَّلَا يُقْبَلُ مِنْهَا عَدْلٌ وَّلَا تَنْفَعُهَا شَفَاعَةٌ وَّلَا هُمْ يُنْصَرُوْنَ ﴿۱۲۳﴾

၁၂၄။ ထို့ပြင် ထိုနေ့တော်ကြီးကိုကြောက်ရွံ့ကြကုန်၊ ယင်းနေ့တွင် မည်သည့်ဝိညာဉ်မှ အခြားဝိညာဉ်အတွက် မည်သို့မျှ အသုံးဝင်လိမ့်မည်မဟုတ်၊ သူ့ထံမှ တစ်စုံတစ်ရာ အစားပေးခြင်းကိုလည်း လက်ခံလိမ့်မည်မဟုတ်၊ ထို့ပြင် တစ်စုံတစ်ရာ ကြားဝင်လျှောက်ထားအသနားခံခြင်းသည် သူ့အား အကျိုးပြုလိမ့်မည်မဟုတ်၊ သူတို့သည် မည်သို့သော ကူညီရိုင်းပင်းမှုကိုမျှလည်း ပေးခြင်းခံကြရမည်မဟုတ်ခဲ့။

وَاِذِ ابْتَلٰٓى اِبْرٰهٖمَ رَبُّهٗ بِكَلِمٰتٍ فَاَتَمَّهُنَّ ؕ قَالَ اِنِّيْ جَاعِلُكَ لِلنَّاسِ اِمَامًا ؕ قَالَ وَمِنْ ذُرِّيَّتِيْ ؕ قَالَ لَا يَنَالُ عَهْدِي الظّٰلِمِيْنَ ﴿۱۲۴﴾

၁၂၅။ အကြင်အခါဝယ် 'အစ်ဗရာဟင်မ်'ကို သူ၏ဖန်ဆင်းမွေးမြူရှင်က အချို့သော စကားရပ်များဖြင့် စမ်းသပ်စစ်ဆေးတော်မူရာ သူသည် ယင်းတို့အားလုံးကို အပြည့်အဝ လိုက်နာဖြည့်ဆည်းခဲ့၏။ ထိုအခါ အရှင်မြတ်က ငါသည် အသင့်အား အမှန်ပင် လူသားတို့အတွက် ကြီးမြတ်သော 'အေမာမ်' ခေါင်းဆောင်တစ်ပါးအဖြစ်ပြုလုပ်တော်မူမည်ဟုမိန့်တော်မူ၏။ သူက ကျွန်တော်မျိုး၏သားမြေးများအနက်မှလည်း (ထိုသို့ပြုပေးတော်မူပါ)ဟုလျှောက်ထားရာ၊ အရှင်မြတ်က (မှန်၏၊ သို့ရာတွင်) ငါအရှင်မြတ်၏ကတိတော်သည် အပြစ်ကျူးလွန်သူတို့အပေါ် သက်ရောက်တော်မူမည်မဟုတ်ဟုမိန့်တော်မူ၏။ ①

① ဤအာယတ်တော်၌ တမန်တော်အစ်ဗရာဟင်မ်ﷺ၏ တမန်တော်ဖြစ်ပြီးနောက်တွင်မှ စမ်းသပ်စစ်ဆေးခံရမှုအကြောင်းကို ဖော်ပြထားခြင်းဖြစ်သည်။ ထိုတမန်တော်သည် ယင်းစမ်းသပ်စစ်ဆေးမှုမှ အပြည့်အဝဖြတ်သန်းခဲ့ရာ သူ့အား လူအများတို့၏ 'အေမာမ်'(ရှေ့ဆောင်)အဖြစ် ခန့်ထားတော်မူမည့်အကြောင်း မိန့်တော်မူလေသည်။ 'ရှိအာ'တို့က ဤသည်ကို မှားယွင်းစွာ ကောက်ချက်ဆွဲလျက် 'အေမာမာတ်'(ရှေ့ဆောင်မှု)အဆင့်အတန်းသည် 'နဗူဝါတ်'(တမန်တော်ဖြစ်ခြင်း)ထက်ပင်မြင့်မားသည်၊ အကြောင်းကား နဗီတမန်တော်တစ်ပါးကို အသင့်အား ငါအရှင်မြတ်သည်'အေမာမ်'အဖြစ်ခန့်ထားတော်မူမည်ဟု မိန့်ကြားတော်မူခြင်းကြောင့် ဖြစ်သည်ဟု ဆိုကြလေသည်။ ဤသည် 'ရှိအာ'အေမာမ်များ၏အဆင့်အတန်းကို မြင့်မားကြောင်းပြရန်အတွက် လှည့်ဖြားမှုသာ

وَاِذْ جَعَلْنَا الْبَيْتَ مَثَابَةً لِّلنَّاسِ وَاَمْنًا ؕ وَاتَّخِذُوْا مِنْ مَّقَامِ اِبْرٰهٖمَ مُصَلًّى ؕ وَعَهِدْنَآ اِلٰٓى اِبْرٰهٖمَ وَاِسْمٰعِيْلَ اَنْ طَهِّرَا بَيْتِىَ لِلطَّآئِفِيْنَ وَالْعٰكِفِيْنَ وَالرُّكَّعِ السُّجُوْدِ ﴿۱۲۵﴾

၁၂၆။ အကြင်အခါဝယ် ငါတို့သည် (မိမိ)အိမ်တော်ကို လူခပင်းတို့၏ ထပ်တလဲလဲစုရုံးရာနှင့် လုံခြုံငြိမ်းချမ်းရာနေရာအဖြစ် ပြုတော်မူခဲ့၏။ 'အစ်ဗရာဟင်မ်'၏အဆင့်ဖြင့် 'ဆွလာတ်'၏နေရာကိုလက်ကိုင်ပြုပါလေ။ ငါတို့က 'အစ်ဗရာဟင်မ်'နှင့် 'အစ္စမာအီလ်'တို့အား အသင်တို့နှစ်ဦးသည် ငါ၏အိမ်တော်ကို 'တဝါဖ်'လှည့်ပတ်သူများ၊ 'အိတီကဖ်'တရားထိုင်သူများ၊ 'ရကူ' ဦးညွှတ်သူများနှင့် 'စဂ်ဒါဟ်'ဦးချသူများအတွက် ကောင်းစွာသန့်ရှင်းစင်ကြယ်အောင်ပြု၍ထားကြလော့ဟု အထူးတလည် မိန့်မှာတော်မူခဲ့၏။

وَاِذْ قَالَ اِبْرٰهٖمُ رَبِّ اجْعَلْ هٰذَا بَلَدًا اٰمِنًا وَّارْزُقْ اَهْلَهٗ مِنَ الثَّمَرٰتِ مَنْ اٰمَنَ مِنْهُمْ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ؕ قَالَ وَمَنْ كَفَرَ فَاُمَتِّعُهٗ قَلِيْلًا ثُمَّ اَضْطَرُّهٗٓ اِلٰى عَذَابِ النَّارِ ؕ وَبِئْسَ الْمَصِيْرُ ﴿۱۲۶﴾

၁၂၇။ 'အစ်ဗရာဟင်မ်'က အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဤသည်ကို လုံခြုံမှုအတိရှိပြီး ငြိမ်းချမ်းမှုကိုပေးသော မြို့တစ်မြို့ပြုလုပ်တော်မူပါ။ ဤတွင် မှီတင်းနေထိုင်ကြသူတို့အနက် အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကြီးကို ယုံကြည်ကြသောသူတို့အား အမျိုးမျိုးသောသစ်သီးဝလံများမှ ရိက္ခာကိုပေးသနားတော်မူပါဟု လျှောက်ထားခဲ့ရာ အရှင်မြတ်က အကြင်သူသည် မယုံကြည်ငြင်းပယ်အံ့၊ ထိုသူကိုလည်း ငါသည် အချို့သော ယာယီအကျိုးကျေးဇူးကို သက်ရောက်စေတော်မူမည်။ ထို့နောက် ငါသည် သူ့အား ငရဲမီး၏ပြစ်ဒဏ်ဆီသို့ သွားရောက်ရန် မလွဲမရှောင်သာအောင် ပြုတော်မူမည်။ စင်စစ် (ယင်းသည်) အလွန်ဆိုးရွားသော နေရာထိုင်ခင်းဖြစ်၏ဟု မိန့်တော်မူလေ၏။

وَاِذْ يَرْفَعُ اِبْرٰهٖمُ الْقَوَاعِدَ مِنَ الْبَيْتِ وَاِسْمٰعِيْلُ ؕ رَبَّنَا تَقَبَّلْ مِنَّا ؕ اِنَّكَ اَنْتَ السَّمِيْعُ الْعَلِيْمُ ﴿۱۲۷﴾

၁၂၈။ 'အစ်ဗရာဟင်မ်'နှင့် 'အစ္စမာအီလ်'တို့သည် ထူးမြတ်သောအိမ်တော်၏ အုတ်မြစ်များကို ခိုင်ခဲ့အောင်ပြုလုပ်ကြစဉ်က (ဤသို့ဆုပန်ခဲ့ကြ၏)။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့ထံမှ (ဤကောင်းမှုကို) လက်ခံတော်မူပါ။ စင်စစ် အရှင်မြတ်သည်ပင်လျှင် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူပါ၏။

رَبَّنَا وَاجْعَلْنَا مُسْلِمَيْنِ لَكَ وَمِنْ ذُرِّيَّتِنَآ اُمَّةً مُّسْلِمَةً لَّكَ ۠ وَاَرِنَا مَنَاسِكَنَا وَتُبْ عَلَيْنَا ۚ اِنَّكَ اَنْتَ التَّوَّابُ الرَّحِيْمُ ﴿۱۲۸﴾

၁၂၉။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အား အရှင်မြတ်ကို ကျိုးနွံနာခံသောအစေတော်နှစ်ဦးအဖြစ်ပြုတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့၏သားစဉ်မြေးဆက်အနက်မှ အရှင်မြတ်အား ကျိုးနွံနာခံသော 'အွမ္မတ်'အုပ်စုတစ်စုကို (ပေါ်ထွန်းစေတော်မူပါ)။ ထို့

➤ ဖြစ်ပေသည်။ အမှန်သော်ကား 'အေမာမာတ်'သက်သက်သည် 'နဗူဝါတ်'ထက် မကြီးမြင့်ချေ။ သို့ရာတွင် 'နဗူဝါတ်' တမန်တော်ဖြစ်ခြင်းအားဖြင့်ရရှိသော 'အေမာမာတ်'ရှေ့ဆောင်မှုကသာ ကြီးမြတ်ပေသည်။ ဤတွင် တမန်တော်'အစ်ဗရာဟင်မ်'ﷺအား إِمَامًا لِّلنَّاسِ ဟု မိန့်ကြားထားပေသည်။ ယင်း၏သဘောမှာ ထိုစမ်းသပ်မှုများကို အပြည့်အဝ ဖြတ်သန်းနိုင်ခဲ့သောကြောင့် 'ကေယာမတ်' ကမ္ဘာ့နောက်ဆုံးနေ့တိုင်အောင် ရောက်ရှိလာကြမည့်လူတို့အတွက် ဤတမန်တော်ကြီးသည် စံနမူနာအဖြစ် ပြသခြင်းခံရမည်ဟူ၍ ဖြစ်ပေသည်။

ပြင် ကျွန်တော်မျိုးတို့အား မိမိတို့၏ဝတ်ပြုခြင်းများနှင့် စွန့်လွှတ်အနစ်နာခံခြင်းတို့၏နည်းလမ်းများကို သင်ပြပေးတော်မူပါ။ ဤတွင်မက ကျွန်တော်မျိုးတို့၏ 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို သဘောတူလက်ခံတော်မူလျက် ယိမ်းညွတ်တော်မူပါ။ စင်စစ် အရှင်မြတ်သည်ပင် 'တောင်ဘာ'ဝန်ချတောင်းပန်ခြင်းကို အလွန်တရာ လက်ခံတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပါ၏။

رَبَّنَا وَابْعَثْ فِيْهِمْ رَسُوْلًا مِّنْهُمْ يَتْلُوْا عَلَيْهِمْ اٰيٰتِكَ وَيُعَلِّمُهُمُ الْكِتٰبَ وَالْحِكْمَةَ وَيُزَكِّيْهِمْ ؕ اِنَّكَ اَنْتَ الْعَزِيْزُ الْحَكِيْمُ ۝۱۲۹

၁၃၀။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် (ကျွန်တော်မျိုးတို့၏သားမြေးတို့အား) အရှင်မြတ်၏မုဂ္ဂပါဠိတော်များကို ရွတ်ဖတ်ပြရန်၊ သူတို့အား ကျမ်းတော်၏အသိပညာကို ပို့ချပေးရန်နှင့် (ယင်း၏) ဉာဏ်ပညာအမြော်အမြင်ကိုသင်ပြရန်၊ ထို့ပြင် သူတို့ကို စင်ကြယ်အောင်ပြုလုပ်ပေးရန် သူတို့အတွင်းမှပင် ကြီးမြတ်သော တမန်တော်တစ်ပါးကို သူတို့ထံတွင် ပွင့်ပေါ်စေတော်မူပါ။ ဧကန်အမှန် အရှင်မြတ်သည်သာလျှင် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ လွန်စွာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါ၏။

ရှကူ-၁၆

وَمَنْ يَّرْغَبُ عَنْ مِّلَّةِ اِبْرٰهٖمَ اِلَّا مَنْ سَفِهَ نَفْسَهٗ ؕ وَلَقَدِ اصْطَفَيْنٰهُ فِي الدُّنْيَا ۚ وَاِنَّهٗ فِي الْاٰخِرَةِ لَمِنَ الصّٰلِحِيْنَ ۝۱۳۰

၁၃၀။ မိမိကိုယ်ကိုမိမိ အသိဉာဏ်မဲ့အောင်ပြုသောသူမှတစ်ပါး အဘယ်သူသည် 'အစ်ဗရာဟင်မ်'၏သာသနာတော်မှ လွဲဖယ်သွားမည်နည်း။ ဧကန်စင်စစ် ငါတို့သည် သူ (အစ်ဗရာဟင်မ်)အား ဤကမ္ဘာလောကၻလည်း ရွေးချယ်တော်မူခဲ့ပေသည်။ ဧကန်မုချ နောင်တမလွန်တွင်လည်း သူသည် သူတော်စင်တို့အနက်မှ ဖြစ်လိမ့်မည်။

اِذْ قَالَ لَهٗ رَبُّهٗۤ اَسْلِمْ ۙ قَالَ اَسْلَمْتُ لِرَبِّ الْعٰلَمِيْنَ ۝۱۳۱

၁၃၁။ (သတိရကြကုန်၊) အကြင်အခါဝယ် အလ္လာဟ်က သူ (အစ်ဗရာဟင်မ်)အား 'အမိန့်နာခံသူဖြစ်လော့'ဟု မိန့်ကြားတော်မူရာ သူက ကျွန်တော်မျိုးသည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ပျဉ်ဝပ်နာခံပြီးဖြစ်ပါသည်ဟု (မဆိုင်းမတွ) ဖြေကြားလျှောက်တင်ခဲ့လေသည်။

وَوَصّٰى بِهَاۤ اِبْرٰهٖمُ بَنِيْهِ وَيَعْقُوْبُ ؕ يٰبَنِيَّ اِنَّ اللّٰهَ اصْطَفٰى لَكُمُ الدِّيْنَ فَلَا تَمُوْتُنَّ اِلَّا وَاَنْتُمْ مُّسْلِمُوْنَ ۝۱۳۲

၁၃၂။ ဤအကြောင်းကိုပင် 'အစ်ဗရာဟင်မ်'သည် မိမိ၏သားတို့ကိုလည်းကောင်း၊ 'ယာကွပ်'သည် (မိမိ၏သားတို့ကို) လည်းကောင်း အထူးတလည် သွန်သင်ဆုံးမသည်မှာ အို-ငါ၏ချစ်သားတို့၊ အလ္လာဟ်သည် အမှန်ပင် ဤသာသနာတော်ကို အသင်တို့အဖို့ ရွေးချယ်တော်မူခဲ့ပေပြီ။ သို့ဖြစ်ရာ အသင်တို့သည် အမိန့်နာခံသူဖြစ်သည့် အခြေအနေဖြင့်မှတစ်

ပါး အခြားအဖြစ်နှင့်မသေဆုံးကြလင့်။

اَمْ كُنْتُمْ شُهَدَآءَ اِذْ حَضَرَ يَعْقُوْبَ الْمَوْتُ ۙ اِذْ قَالَ لِبَنِيْهِ مَا تَعْبُدُوْنَ مِنْۢ بَعْدِيْ ؕ قَالُوْا نَعْبُدُ اِلٰهَكَ وَاِلٰهَ اٰبَآئِكَ اِبْرٰهٖمَ وَاِسْمٰعِيْلَ وَاِسْحٰقَ اِلٰهًا وَّاحِدًا ۚ وَّنَحْنُ لَهٗ مُسْلِمُوْنَ ﴿۱۳۳﴾

၁၃၄။ 'ယာကွပ်'ထံ သေခြင်းတရားဆိုက်ရောက်သည့်အချိန်၌ အသင်တို့ရှိနေခဲ့ကြသလော။ ထိုစဉ်က သူသည် မိမိ၏သားများကို အသင်တို့သည် ငါ၏နောက်တွင် မည်သည်ကို ကိုးကွယ်ကြမည်နည်းဟု မေးမြန်းလေ၏။ သူတို့က (အို-ဖခင်) ကျွန်ုပ်တို့သည် ဖခင်၏ကိုးကွယ်ရာအရှင်၊ ဖခင်၏ဘိုးဘေးများဖြစ်ကြသော 'အစ်ဗရာဟင်မ်'၊ 'အစ္စမာအီလ်'နှင့် 'အစ္စဟာက်'တို့၏ကိုးကွယ်ရာအရှင်ဖြစ်သည့် တစ်ပါးတည်းသော ကိုးကွယ်ရာအရှင်ကိုသာလျှင် ကိုးကွယ်လျက်ရှိနေကြပါမည်၊ ကျွန်ုပ်တို့သည် ထိုအရှင်မြတ်ကိုသာလျှင် ပျပ်ဝပ်နာခံလျက်ရှိကြပါမည်ဟု ဖြေကြားကြလေသည်။

تِلْكَ اُمَّةٌ قَدْ خَلَتْ ۚ لَهَا مَا كَسَبَتْ وَلَكُمْ مَّا كَسَبْتُمْ ۚ وَلَا تُسْـَٔلُوْنَ عَمَّا كَانُوْا يَعْمَلُوْنَ ﴿۱۳۴﴾

၁၃၅။ ဤကား လွန်လေပြီးသော 'အွမ္မတ်'အုပ်စုတစ်စုဖြစ်၏။ သူတို့ရှာဖွေဆည်းပူးခဲ့သည်မှာ သူတို့အဖို့ဖြစ်ပြီး အသင်တို့ရှာဖွေဆည်းပူးသည်မှာ အသင်တို့အဖို့ဖြစ်၏။ သူတို့ပြုကျင့်ခဲ့သည်များနှင့်စပ်လျဉ်း၍ အသင်တို့ကို စစ်ကြောမေးမြန်းလိမ့်မည်မဟုတ်ချေ။

وَقَالُوْا كُوْنُوْا هُوْدًا اَوْ نَصٰرٰى تَهْتَدُوْا ؕ قُلْ بَلْ مِلَّةَ اِبْرٰهٖمَ حَنِيْفًا ؕ وَمَا كَانَ مِنَ الْمُشْرِكِيْنَ ﴿۱۳۵﴾

၁၃၆။ ထို့ပြင် ယင်းသူတို့က အသင်တို့သည် 'ရဟူဒီ' သို့မဟုတ် 'ခရစ်ယာန်'များဖြစ်ကြကုန်၊ သို့မှသာ လမ်းမှန်ကို ရရှိကြပေအံ့ဟု ဆိုကြ၏။ အသင်ပြောကြားပါလေ၊ (ထိုသို့မဟုတ်ချေ)၊ စင်စစ် အလ္လာဟ်ဘက်တော်သို့ အမြဲယိမ်းညွတ်သော 'အစ်ဗရာဟင်မ်'၏ 'အွမ္မတ်'အုပ်စုဝင်ဖြစ်ကြကုန်။ (ဤသည်သာလျှင် လမ်းမှန်၏ အကြောင်းရင်းခံဖြစ်၏)။ သူသည် 'ရှရီက်' တစ်စုံတစ်ရာကို အလ္လာဟ်နှင့်တွဲဖက်ကိုးကွယ်မှုပြုသူများအနက်မှ အလျှင်းမဟုတ်ချေ။

قُوْلُوْٓا اٰمَنَّا بِاللّٰهِ وَمَآ اُنْزِلَ اِلَيْنَا وَمَآ اُنْزِلَ اِلٰٓى اِبْرٰهٖمَ وَاِسْمٰعِيْلَ وَاِسْحٰقَ وَيَعْقُوْبَ وَالْاَسْبَاطِ وَمَآ اُوْتِيَ مُوْسٰى وَعِيْسٰى وَمَآ اُوْتِيَ النَّبِيُّوْنَ مِنْ رَّبِّهِمْ ۚ لَا نُفَرِّقُ بَيْنَ اَحَدٍ مِّنْهُمْ ۚ وَنَحْنُ لَهٗ مُسْلِمُوْنَ ﴿۱۳۶﴾

၁၃၇။ အသင်တို့ပြောကြကုန်၊ ကျွန်ုပ်တို့သည် အလ္လာဟ်အားသက်ဝင်ယုံကြည်ကြပါ၏၊ ထို့ပြင် ကျွန်ုပ်တို့ထံပို့ချပေးတော်မူသည်ကိုလည်းကောင်း၊ 'အစ်ဗရာဟင်မ်'၊ 'အစ္စမာအီလ်'၊ 'အစ္စဟာက်'၊ 'ယာကွပ်'နှင့် (သူ၏)သားမြေးတို့ထံ ပို့ချပေးတော်မူသည်တို့ကိုလည်းကောင်း၊ ထို့ပြင် 'မူစာ'နှင့် 'အီစာ'တို့ကို ပေးသနားတော်မူသည်ကိုလည်းကောင်း၊ တမန်တော်အပေါင်းအား သူတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ပေးသနားတော်မူခဲ့သည်တို့ကိုလည်းကောင်း (သက်ဝင်ယုံကြည်ကြပါ၏)၊ ကျွန်ုပ်တို့သည် သူတို့အနက် မည်သူ၏အကြားတွင်မျှခွဲခြားခြင်းမပြုကြပါ။ ကျွန်ုပ်တို့သည် အရှင်မြတ်ကိုသာလျှင် ကျိုးနွံနာခံသူများဖြစ်ကြပါ၏။

فَاِنْ اٰمَنُوْا بِمِثْلِ مَآ اٰمَنْتُمْ بِهٖ فَقَدِ اهْتَدَوْا ۚ وَاِنْ تَوَلَّوْا فَاِنَّمَا هُمْ فِيْ شِقَاقٍ ۚ فَسَيَكْفِيْكَهُمُ اللّٰهُ ۚ وَهُوَ السَّمِيْعُ الْعَلِيْمُ ﴿۱۳۷﴾

၁၃၈။ သို့ဖြစ်ရာ အကယ်၍ အသင်တို့ယုံကြည်သကဲ့သို့ သူတို့ယုံကြည်လာကြလျှင်၊ အမှန်ပင် သူတို့သည်လည်း လမ်းမှန်ကိုရရှိခဲ့ကြပေမည်။ ထို့ပြင် အကယ်၍ ထိုသူတို့သည် (ယင်းမှ)မျက်နှာလွှဲဖယ်သွားခဲ့ကြပါလျှင်လည်း သူတို့သည် (အကျင့်စရိုက်အရ) ကွဲပြားခြားနားမှုဌ အမြဲရှိနေကြသည်သာဖြစ်၏။ သို့ဖြစ်ရာ အလ္လာဟ်သည် အသင့်အား သူတို့နှင့် (စီရင်ဆုံးဖြတ်တော်မူရန်အတွက်) အမှန်ပင် လုံလောက်တော်မူပေမည်။ ထိုအရှင်မြတ်သည်ပင်လျှင် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

صِبْغَةَ اللّٰهِ ۚ وَمَنْ اَحْسَنُ مِنَ اللّٰهِ صِبْغَةً ۠ وَّنَحْنُ لَهٗ عٰبِدُوْنَ ﴿۱۳۸﴾

၁၃၉။ အလ္လာဟ်၏ဂုဏ်ရောင်ကို ဆိုးခြယ်ကြကုန်။ ဂုဏ်ရောင်တွင် အဘယ်သူသည် အလ္လာဟ်ထက် သာလွန်ကောင်းမြတ်နိုင်အံ့နည်း။ ကျွန်ုပ်တို့သည် ထိုအရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်သူများဖြစ်ကြပါ၏။

قُلْ اَتُحَآجُّوْنَنَا فِي اللّٰهِ وَهُوَ رَبُّنَا وَرَبُّكُمْ ۚ وَلَنَآ اَعْمَالُنَا وَلَكُمْ اَعْمَالُكُمْ ۚ وَنَحْنُ لَهٗ مُخْلِصُوْنَ ﴿۱۳۹﴾

၁၄၀။ အသင်ပြောကြားပါလေ။ အသင်တို့သည် အလ္လာဟ်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့နှင့် အငြင်းအခုံပြုကြသလော။ စင်စစ်ထိုအရှင်မြတ်သည် ကျွန်ုပ်တို့၏ဖန်ဆင်းမွေးမြူရှင်ဖြစ်သကဲ့သို့ အသင်တို့၏ ဖန်ဆင်းမွေးမြူရှင်လည်း ဖြစ်တော်မူ၏။ ထို့ပြင် ကျွန်ုပ်တို့၏ကျင့်ကြံမှုများသည် ကျွန်ုပ်တို့အဖို့ဖြစ်၍ အသင်တို့၏ကျင့်ကြံမှုများသည် အသင်တို့အဖို့ဖြစ်၏။ ကျွန်ုပ်တို့မှာမူ လုံးလုံးလျားလျား ထိုအရှင်မြတ်အတွက်သာ ဖြစ်ခဲ့ကြပေပြီ။

اَمْ تَقُوْلُوْنَ اِنَّ اِبْرٰهٖمَ وَاِسْمٰعِيْلَ وَاِسْحٰقَ وَيَعْقُوْبَ وَالْاَسْبَاطَ كَانُوْا هُوْدًا اَوْ نَصٰرٰى ۭ قُلْ ءَاَنْتُمْ اَعْلَمُ اَمِ اللّٰهُ ۭ وَمَنْ اَظْلَمُ مِمَّنْ كَتَمَ شَهَادَةً عِنْدَهٗ مِنَ اللّٰهِ ۭ وَمَا اللّٰهُ بِغَافِلٍ عَمَّا تَعْمَلُوْنَ ﴿۱۴۰﴾

၁၄၁။ အသို့နည်း၊ 'အစ်ဗရာဟင်မ်'၊ 'အစ္စမာအီလ်'၊ 'အစ္စဟာက်'၊ 'ယာကွပ်'နှင့် (သူ၏)သားမြေးတို့သည် 'ရဟူဒီ' သို့မဟုတ် 'ခရစ်ယာန်'များဖြစ်ခဲ့ကြသည်ဟု အသင်တို့ဆိုကြသလော။ အသင်ပြောကြားပါလေ၊ အသင်တို့က ပို၍သိသလော၊ သို့မဟုတ် အလ္လာဟ်(က ပို၍သိရှိတော်မူသလော)။ မိမိထံ၌(ယုံကြည်အပ်နှံရာအဖြစ်)ရှိသော အလ္လာဟ်၏ထံတော်မှ သက်သေခံချက်ကို ဖုံးကွယ်ထားသူထက် ပိုမို၍မတရားသောသူ အဘယ်သူရှိအံ့နည်း။ အမှန်စင်စစ် အလ္လာဟ်သည် အသင်တို့ပြုကျင့်သည်တို့ကို ဂရုမမူ လျစ်လျူရှုထားတော်မူသည်မဟုတ်ချေ။

تِلْكَ اُمَّةٌ قَدْ خَلَتْ ۚ لَهَا مَا كَسَبَتْ وَلَكُمْ مَّا كَسَبْتُمْ ۚ وَلَا تُسْـَٔلُوْنَ عَمَّا كَانُوْا يَعْمَلُوْنَ ﴿۱۴۱﴾ ع

၁၄၂။ ဤသည်(လည်း) လွန်လေပြီးသော 'အွမ္မတ်' အုပ်စုတစ်စုဖြစ်၏။ သူတို့ရှာဖွေဆည်းပူးခဲ့သည်မှာ သူတို့အဖို့ဖြစ်၏၊ အသင်တို့ရှာဖွေဆည်းပူးသည်မှာ အသင်တို့အဖို့ဖြစ်၏။ သူတို့ပြုကျင့်သည်များနှင့်စပ်လျဉ်း၍ အသင်တို့သည် စစ်ကြောမေးမြန်းခြင်းကိုခံကြရမည်မဟုတ်ချေတည်း။

ရှကူ--၁၇

سَيَقُوْلُ السُّفَهَآءُ مِنَ النَّاسِ مَا وَلّٰىهُمْ عَنْ قِبْلَتِهِمُ الَّتِيْ كَانُوْا عَلَيْهَا ۭ قُلْ لِّلّٰهِ الْمَشْرِقُ وَالْمَغْرِبُ ۭ يَهْدِيْ مَنْ يَّشَاۗءُ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ۝

၁၄၃။ လူများအနက် အသိပညာမဲ့သူတို့က ယင်းသူတို့အား မိမိတို့(မူလ)ရပ်တည်ခဲ့ကြသော 'ကစ်ဘလာ' မျက်နှာမူရာအရပ်မှ အဘယ်အရာသည် လွှဲဖယ်သွားစေသနည်းဟု အမှန်ပင် ပြောကြပေလိမ့်မည်။ အသင်ပြောကြားပါလေ၊ အရှေ့အရပ်ကိုလည်းကောင်း၊ အနောက်အရပ်ကိုလည်းကောင်း အလွှာတ်သည်သာလျှင် ပိုင်ဆိုင်တော်မူ၏။ အရှင်မြတ်သည် မိမိနှစ်လို့တော်မူသောသူကို ဖြောင့်မှန်သော လမ်းဘက်သို့ လမ်းညွှန်တော်မူ၏။

وَكَذٰلِكَ جَعَلْنٰكُمْ اُمَّةً وَّسَطًا لِّتَكُوْنُوْا شُهَدَاۗءَ عَلَى النَّاسِ وَيَكُوْنَ الرَّسُوْلُ عَلَيْكُمْ شَهِيْدًا ۭ وَمَا جَعَلْنَا الْقِبْلَةَ الَّتِيْ كُنْتَ عَلَيْهَآ اِلَّا لِنَعْلَمَ مَنْ يَّتَّبِعُ الرَّسُوْلَ مِمَّنْ يَّنْقَلِبُ عَلٰي عَقِبَيْهِ ۭ وَاِنْ كَانَتْ لَكَبِيْرَةً اِلَّا عَلَي الَّذِيْنَ هَدَى اللّٰهُ ۭ وَمَا كَانَ اللّٰهُ لِيُضِيْعَ اِيْمَانَكُمْ ۭ اِنَّ اللّٰهَ بِالنَّاسِ لَرَءُوْفٌ رَّحِيْمٌ ۝

၁၄၄။ ဤကဲ့သို့ပင် ငါတို့သည် အသင်တို့အား အလယ်အလတ်(လမ်းကိုကျင့်သုံးသော) 'အွမ္မတ်'အစုအဖွဲ့အဖြစ် ပြုလုပ်တော်မူခဲ့၏၊ သို့ဖြင့် အသင်တို့သည် လူခပ်းတို့အပေါ် စောင့်ကြည့်သူဖြစ်စေရန်နှင့် တမန်တော်သည် အသင်တို့အပေါ် စောင့်ကြည့်သူဖြစ်စေရန်အလို့ငှာဖြစ်၏။ ထို့ပြင် (ကနဦးက) အသင်မျက်နှာမူရာအဖြစ်ရှိခဲ့သော 'ကစ်ဘလာ'ကို ငါတို့ သတ်မှတ်ပေးတော်မူခဲ့ရခြင်းမှာ မည်သူသည် တမန်တော်ကို နာခံသည်၊ မည်သူသည်ဆန့်ကျင်၍ မိမိ၏ခြေဖနောင့်များဘက်သို့လှည့်ထွက်သွားသည်ကို ငါတို့သိရှိတော်မူရန်ဖြစ်၏။ စင်စစ် ဤအကြောင်းရပ်သည် အလ္လာဟ်က လမ်းညွှန်မှုပြုတော်မူသောသူတို့မှတစ်ပါး ကျန်သူများအပေါ် လွန်စွာ လေးလံခက်ခဲလှ၏။ အလ္လာဟ်သည် အသင်တို့၏ 'အီမာန်' သက်ဝင်ယုံကြည်မှုကို အချည်းနှီးဖြစ်စေတော်မူမည့်အရှင် မဟုတ်ချေ။ ဧကန်စင်စစ် အလ္လာဟ်သည် လူသားတို့အား အလွန်ချစ်ခင်သနားတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။ ②

قَدْ نَرٰى تَقَلُّبَ وَجْهِكَ فِي السَّمَاۗءِ ۚ فَلَنُوَلِّيَنَّكَ قِبْلَةً تَرْضٰىهَا ۠ فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ ۭ وَحَيْثُ مَا كُنْتُمْ فَوَلُّوْا وُجُوْهَكُمْ شَطْرَهٗ ۭ وَاِنَّ الَّذِيْنَ اُوْتُوا الْكِتٰبَ لَيَعْلَمُوْنَ اَنَّهُ الْحَقُّ مِنْ رَّبِّهِمْ ۭ وَمَا اللّٰهُ بِغَافِلٍ عَمَّا يَعْمَلُوْنَ ۝

၁၄၅။ အသင်သည် မိမိ၏မျက်နှာကို ကောင်းကင်ဘက်သို့ အာရုံပြုနေသည်ကို ငါတို့ မုချတွေ့မြင်တော်မူ၏။ သို့ဖြစ်၍ အမှန်ပင် ငါတို့သည် အသင့်အား အသင်နှစ်သက်သော ထို 'ကစ်ဘလာ' မျက်နှာမူရာဘက်သို့ လှည့်ပြောင်းစေတော်မူမည်။ သို့ကြောင့် မိမိ၏မျက်နှာကို 'မတ်စ်ဂျိဒေဟရာမ်' မြင့်မြတ်သောဝတ်ကျောင်းတော်ဘက်သို့ လှည့်ပါလေ။ ထို့ပြင် အသင်တို့သည် မည်သည့်အရပ်၌ပင်ရှိစေ၊ မိမိတို့၏ မျက်နှာကို ယင်းဘက်သို့သာလှည့်ကြကုန်။ စင်စစ်ဧကန် ကျမ်းတော်ကိုပေးသနားတော်မူခြင်းခံရသောသူတို့သည် ဤသည်မှာ မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အမှန်တရားဖြစ်သည်ကို

② خَيْرُ الْاُمُوْرِ اَوْسَطُهَا အကောင်းဆုံးသောလုပ်ဆောင်မှုသည်ကား အလယ်အလတ်လုပ်ဆောင်မှုပင်ဖြစ်၏။ (အလ်-ဟဒီးစ်)

အမှန်ပင်သိရှိကြ၏။ စင်စစ် အလ္လာဟ်သည် သူတို့ပြုကျင့်သည်တို့ကို ဂရုမမူလျစ်လျူရှုထားတော်မူသည်မဟုတ်ချေ။

وَلَئِنْ اَتَيْتَ الَّذِيْنَ اُوْتُوا الْكِتٰبَ بِكُلِّ اٰيَةٍ مَّا تَبِعُوْا قِبْلَتَكَ ۚ وَمَآ اَنْتَ بِتَابِعٍ قِبْلَتَهُمْ ۚ وَمَا بَعْضُهُمْ بِتَابِعٍ قِبْلَةَ بَعْضٍ ۭ وَلَئِنِ اتَّبَعْتَ اَهْوَآءَهُمْ مِّنْۢ بَعْدِ مَا جَآءَكَ مِنَ الْعِلْمِ ۙ اِنَّكَ اِذًا لَّمِنَ الظّٰلِمِيْنَ ۝ ۱۴۵

၁၄၆။ အကယ်၍ အသင်သည် ကျမ်းရသူတို့ထံသို့ အလုံးစုံသော သက်သေလက္ခဏာတော်များကိုပင် ယူဆောင်လာခဲ့လင့်ကစား သူတို့သည် အသင်၏'ကစ်ဘလာ'ကို လိုက်နာကြမည်မဟုတ်။ အသင်သည်လည်း သူတို့၏'ကစ်ဘလာ'ကို လိုက်နာမည့်သူမဟုတ်။ စင်စစ် သူတို့အချင်းချင်းသော်မှ တစ်ဦး၏'ကစ်ဘလာ'ကိုတစ်ဦးက လိုက်နာကြသည်မဟုတ်ချေ။ အသင့်ထံသို့ အသိပညာရောက်ရှိပြီးနောက်သော်မှ အသင်သည် ယင်းတို့၏ အလိုဆန္ဒများနောက်သို့လိုက်ခဲ့ပါလျှင် အမှန်ပင် အသင်သည် အပြစ်ကျူးလွန်သူတို့တွင် ပါဝင်သွားပေလိမ့်မည်။

اَلَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ يَعْرِفُوْنَهٗ كَمَا يَعْرِفُوْنَ اَبْنَآءَهُمْ ۭ وَاِنَّ فَرِيْقًا مِّنْهُمْ لَيَكْتُمُوْنَ الْحَقَّ وَهُمْ يَعْلَمُوْنَ ۝ ۱۴۶

၁၄၇။ ငါတို့က ကျမ်းဂန်ကိုပေးသနားတော်မူခဲ့သောသူတို့သည် (တမန်တော်ထံ၌ အလ္လာဟ်၏နိမိတ်လက္ခဏာတော်များကို မြင်တွေ့ကြရပြီး) မိမိတို့၏သားများကို သိရှိမှတ်မိကြသကဲ့သို့ပင် ယင်း(တမန်တော်)အား သိရှိမှတ်မိကြ၏။ ဧကန်ပင် သူတို့အနက် အုပ်စုတစ်စုလည်းရှိ၏၊ သူတို့သည် အမှန်တရားကို သိရှိနားလည်ကြပါလျက် ဖုံးကွယ်ထားကြ၏။

اَلْحَقُّ مِنْ رَّبِّكَ فَلَا تَكُوْنَنَّ مِنَ الْمُمْتَرِيْنَ ۝ ۱۴۷

၁၄၈။ (ဤသည်စင်စစ်) အသင်၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အမှန်တရားဖြစ်၏။ သို့ဖြစ်၍ အသင်သည် ဒွိဟသံသယပွားသူတို့တွင် အလျှင်းမပါဝင်လင့်။

ရုကူ-၁၈

وَلِكُلٍّ وِّجْهَةٌ هُوَ مُوَلِّيْهَا فَاسْتَبِقُوا الْخَيْرٰتِ ۭ اَيْنَ مَا تَكُوْنُوْا يَاْتِ بِكُمُ اللّٰهُ جَمِيْعًا ۭ اِنَّ اللّٰهَ عَلٰي كُلِّ شَيْءٍ قَدِيْرٌ ۝ ۱۴۸

၁၄၉။ လူတိုင်းလူတိုင်းတွင် ဦးတည်ရာရည်မှန်းချက်ကိုယ်စီရှိကြ၏။ ယင်းဘက်သို့ သူတို့သည် မျက်နှာမူကြကုန်၏။ သို့ဖြစ်ရာ ကောင်းမှုများ၌ တစ်ဦးထက်တစ်ဦး သာလွန်အောင်ကြိုးပမ်းကြလော့။ အသင်တို့သည် မည်သည့်အရပ်တွင်ရှိနေသည်ဖြစ်စေ၊ အလ္လာဟ်သည် အသင်တို့အား စုစည်း၍ခေါ်ဆောင်လာတော်မူမည်။ မုချဧကန် အလ္လာဟ်သည် မိမိအလိုရှိတော်မူသောအရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

وَمِنْ حَيْثُ خَرَجْتَ فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ ۭ وَاِنَّهٗ لَلْحَقُّ مِنْ رَّبِّكَ ۭ وَمَا اللّٰهُ بِغَافِلٍ عَمَّا تَعْمَلُوْنَ ۝ ۱۴۹

၁၅၀။ ထို့ကြောင့် အသင်သည် မည်သည့်အရပ်မှမဆို ထွက်သည်ဖြစ်စေ၊ မိမိ၏မျက်နှာမူအာရုံပြုရာကို 'မတ်စ်ဂျိဒေဟရာမ်' ဝတ်ကျောင်းတော်ဘက်သို့သာလှည့်ပါလေ။ အမှန်စင်စစ် ယင်းသည် အသင်၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အမှန်တရားတည်း။ အလ္လာဟ်သည် အသင်တို့ပြုကျင့်သည်တို့ကို ဂရုမမူလျစ်လျူရှုထားတော်မူသည်မဟုတ်ချေ။

وَمِنْ حَيْثُ خَرَجْتَ فَوَلِّ وَجْهَكَ شَطْرَ
الْمَسْجِدِ الْحَرَامِ ۖ وَحَيْثُ مَا كُنْتُمْ فَوَلُّوا
وُجُوهَكُمْ شَطْرَهُ ۙ لِئَلَّا يَكُونَ لِلنَّاسِ
عَلَيْكُمْ حُجَّةٌ ۟ إِلَّا الَّذِينَ ظَلَمُوا
مِنْهُمْ ۟ فَلَا تَخْشَوْهُمْ وَاخْشَوْنِي ۟
وَلِأُتِمَّ نِعْمَتِي عَلَيْكُمْ وَلَعَلَّكُمْ
تَهْتَدُونَ ﴿١٥٠﴾

၁၅၀။ ထို့ပြင် အသင်သည် မည်သည့်အရပ်မှမဆို ထွက်သည်ဖြစ်စေ မိမိ၏မျက်နှာမူ အာရုံပြုရာကို 'မတ်စ်ဂျိဒေဟရာမ်'ဝတ်ကျောင်းတော်ဘက်သို့သာ လှည့်ပါလေ။ အသင်တို့သည်လည်း မည်သည့်အရပ်၌မဆိုရှိစေ မိမိတို့၏ မျက်နှာမူအာရုံပြုရာကို ယင်းဘက်သို့သာ လှည့်ကြကုန်။ သို့ဖြင့် ယင်းတို့အနက် အပြစ်ကျူးလွန်သူတို့မှတစ်ပါး လူသားတို့သည် အသင်တို့နှင့်ဆန့်ကျင်၍ တစ်စုံတစ်ရာ စောဒကမတက်နိုင်ရန်ဖြစ်၏။ သို့ဖြစ်ရာ သူတို့ကို မကြောက်ရွံ့ကြလင့်၊ ငါအရှင်မြတ်ကိုသာ ကြောက်ရွံ့ကြကုန်။ ဤသို့ဖြင့် အသင်တို့အပေါ် ငါအရှင်မြတ်၏ 'နေ့အ်မတ်' ကောင်းချီးဆုလာဘ် ပြည့်ဝစုံလင်ဖို့ရာနှင့် အသင်တို့ တရားလမ်းမှန်ကိုရရှိကြစိမ့်သောငှာ ဖြစ်၏။

كَمَا أَرْسَلْنَا فِيكُمْ رَسُولًا مِنْكُمْ يَتْلُوا
عَلَيْكُمْ آيَاتِنَا وَيُزَكِّيكُمْ وَيُعَلِّمُكُمُ
الْكِتَابَ وَالْحِكْمَةَ وَيُعَلِّمُكُمْ مَا لَمْ
تَكُونُوا تَعْلَمُونَ ﴿١٥١﴾

၁၅၁။ ဤကဲ့သို့ပင် ငါတို့သည် အသင်တို့အတွင်း အသင်တို့အနက်မှပင် တမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့၏။ ယင်း(တမန်တော်)သည် အသင်တို့အား ငါတို့၏မုဟွပါဋ္ဌတော်များကို ရွတ်ဖတ်ပြ၏၊ အသင်တို့အား စင်ကြယ်အောင်ပြုပေး၏၊ ထို့ပြင် အသင်တို့အား ကျမ်းဂန်နှင့် (ယင်း၏) ဉာဏ်ပညာအမြော်အမြင်ကိုပါ သင်ကြားပြသပေး၏၊ ယခင်က အသင်တို့ လုံးဝမသိနားမလည်ခဲ့ကြသော အကြောင်းအရာများကိုလည်း သင်ကြားပြသ၏။

فَاذْكُرُونِي أَذْكُرْكُمْ وَاشْكُرُوا لِي
وَلَا تَكْفُرُونِ ﴿١٥٢﴾

၁၅၂။ သို့ဖြစ်ရာ ငါ့အား သတိရတသကြကုန်၊ ငါအရှင်မြတ်သည်လည်း အသင်တို့အား သတိရတော်မူမည်။ ထို့ပြင် ငါ့အား ကျေးဇူးသိကြကုန်၊ ငါ့အား ကျေးဇူးမကန်းကြကုန်လင့်။

ရုကူ--၁၉

يَا أَيُّهَا الَّذِينَ آمَنُوا اسْتَعِينُوا بِالصَّبْرِ
وَالصَّلَاةِ ۚ إِنَّ اللَّهَ مَعَ الصَّابِرِينَ ﴿١٥٣﴾

၁၅၃။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ သည်းခံမြဲမြံခြင်း၊ 'ဆွလာတ်'ဝတ်ပြုခြင်းတို့ဖြင့် (အလ္လာဟ်၏ထံတော်မှ) အကူအညီအစောင်အမကို တောင်းခံကြကုန်။ ဧကန်မုချ အလ္လာဟ်သည် သည်းခံမြဲမြံသူတို့နှင့်အတူရှိတော်မူ၏။

وَلَا تَقُولُوا لِمَنْ يُقْتَلُ فِي سَبِيلِ اللَّهِ
أَمْوَاتٌ ۚ بَلْ أَحْيَاءٌ وَلَٰكِنْ لَا
تَشْعُرُونَ ﴿١٥٤﴾

၁၅၄။ အလ္လာဟ်၏လမ်းတော်တွင် သတ်ဖြတ်ခြင်းခံရသော သူတို့ကို သူသေများဟု မဆိုကြကုန်လင့်။ ထိုသို့မဟုတ်မူ၍ (သူတို့သည်ကား) အသက်ရှင်လျက်ရှိကြ၏။ သို့သော် အသင်တို့ သိမြင်နားလည်ခြင်း မရှိကြချေ။

وَلَنَبْلُوَنَّكُمْ بِشَيْءٍ مِنَ الْخَوْفِ
وَالْجُوعِ وَنَقْصٍ مِنَ الْأَمْوَالِ وَالْأَنْفُسِ
وَالثَّمَرَاتِ ۗ وَبَشِّرِ الصَّابِرِينَ ﴿١٥٥﴾

၁၅၅။ ငါတို့သည် အသင်တို့အား တစ်စုံတစ်ရာသော ကြောက်ရွံ့ခြင်း၊ ငတ်မွတ်ခြင်းတို့ဖြင့်လည်းကောင်း၊ တစ်စုံတစ်ရာသော ပစ္စည်းဥစ္စာ၊ အသက်နှင့် သစ်သီးဝလံများ ဆုံးရှုံးစေခြင်းဖြင့်လည်းကောင်း မုချ စမ်းသပ်စစ်ဆေးတော်မူမည်။

သို့ဖြစ်ရာ သည်းခံမြဲမြံသူတို့အား ဝမ်းမြောက်ဖွယ် သတင်း ကောင်းကိုပေးပါလေ။

الَّذِيْنَ اِذَآ اَصَابَتْهُمْ مُّصِيْبَةٌ ۙ قَالُوْٓا اِنَّا لِلّٰهِ وَاِنَّآ اِلَيْهِ رٰجِعُوْنَ ۝

၁၅၇။ ထိုသူတို့သည်ကား မိမိတို့အပေါ် ဘေးဒုက္ခတစ်စုံတစ်ရာ ဆိုက်ရောက်လာသော် ကျွန်ုပ်တို့အား အမှန်ပင် အလ္လာဟ်သည်သာ စိုးပိုင်တော်မူပါ၏၊ ကျွန်ုပ်တို့သည် အမှန်ပင် ထို အရှင်မြတ်ထံတော်သို့သာ ပြန်လည်၍ သွားကြရမည့်သူများ ဖြစ်သည်ဟု ဆိုကြ၏။

اُولٰٓئِكَ عَلَيْهِمْ صَلَوٰتٌ مِّنْ رَّبِّهِمْ وَرَحْمَةٌ ۟ وَاُولٰٓئِكَ هُمُ الْمُهْتَدُوْنَ ۝

၁၅၈။ ဤသူများသည်ပင်၊ သူတို့အပေါ်တွင် သူတို့၏ ဖန် ဆင်းမွေးမြူရှင်ထံတော်မှ ကောင်းချီးမင်္ဂလာတော်များနှင့် 'ရာဟ်မတ်' ကရုဏာတော်များသည်ရှိ၏။ ဤသူတို့သည်ပင် တရားလမ်းမှန်ကိုရရှိသူများ ဖြစ်ကြ၏။

اِنَّ الصَّفَا وَالْمَرْوَةَ مِنْ شَعَآئِرِ اللّٰهِ ۚ فَمَنْ حَجَّ الْبَيْتَ اَوِ اعْتَمَرَ فَلَا جُنَاحَ عَلَيْهِ اَنْ يَّطَّوَّفَ بِهِمَا ۭ وَمَنْ تَطَوَّعَ خَيْرًا ۙ فَاِنَّ اللّٰهَ شَاكِرٌ عَلِيْمٌ ۝

၁၅၉။ 'ဆွဖာ'နှင့်'မရ်ဝါ'(တောင်)တို့သည် အမှန်ပင်အလ္လာဟ်၏အမှတ်လက္ခဏာတော်များအနက်မှ ဖြစ်ပေသည်။ သို့ဖြစ်၍ မည်သူမဆိုဤအိမ်တော်၏'ဟာဂ်'ကိုပြုသည်ဖြစ်စေ၊ 'အွမွရာ' ပြုသည်ဖြစ်စေ ယင်း(တောင်)နှစ်ခုကိုလည်း 'တဝါဖ်'ပြုပါလျှင် ထိုသူအပေါ် မည်သို့မျှအပြစ်မထိုက်ချေ။ သို့ဖြစ်ရာ အကြင်သူ သည် မိမိစိတ်စေတနာအလျောက် ကောင်းမှုကိုပြုလုပ်အံ့၊ အမှန်ပင် အလ္လာဟ်သည် ကျေးဇူးတရား၏ရပိုင်ခွင့်ကို ပေးသ နားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ် တော်မူ၏။

اِنَّ الَّذِيْنَ يَكْتُمُوْنَ مَآ اَنْزَلْنَا مِنَ الْبَيِّنٰتِ وَالْهُدٰى مِنْۢ بَعْدِ مَا بَيَّنّٰهُ لِلنَّاسِ فِي الْكِتٰبِ ۙ اُولٰٓئِكَ يَلْعَنُهُمُ اللّٰهُ وَيَلْعَنُهُمُ اللّٰعِنُوْنَ ۝

၁၆၀။ ငါတို့သည် ပေါ်လွင်ထင်ရှားသော နိမိတ်လက္ခဏာ တော်များနှင့် ပြည့်ဝစုံလင်သောလမ်းညွှန်မှုအနက်မှ ပို့ချတော် မူသည်ကို ငါတို့က ကျမ်းတော်တွင် လူသားတို့အတွက် ပွင့် လင်းထင်ရှားစွာ ဖော်ပြတော်မူခဲ့ပြီးနောက်သော်မှ ထိုသူတို့ သည် ယင်းကို အမှန်ပင် ဖုံးကွယ်ထိမ်ချန်ထားကြ၏။ ထိုသူ တို့သည်ပင်၊ အလ္လာဟ်သည် သူတို့အပေါ် ကရုဏာတော်မှ ကင်းဝေးစေခြင်း 'လာ့အ်နတ်' ပြုတော်မူ၏။ ထို့ပြင် ကျိန်ဆဲသူ အားလုံးကလည်း သူတို့အား 'လာ့အ်နတ်'ပို့ ကျိန်ဆဲကြ၏။

اِلَّا الَّذِيْنَ تَابُوْا وَاَصْلَحُوْا وَبَيَّنُوْا فَاُولٰٓئِكَ اَتُوْبُ عَلَيْهِمْ ۚ وَاَنَا التَّوَّابُ الرَّحِيْمُ ۝

၁၆၁။ ထိုသို့သောသူတို့မှတစ်ပါးဖြစ်၏၊ အကြင်သူတို့သည် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းပြု၍ ကောင်းမြတ်အောင် ပြုပြင်ကြပြီး (အလ္လာဟ်၏သက်သေလက္ခဏာတော်များကို) ပွင့်လင်းထင်ရှားစွာ ထုတ်ဖော်ပြောဆိုကြ၏။ သို့ဖြစ်ရာ ထိုသူ တို့သည်ကား ငါအရှင်မြတ်သည် သူတို့၏ 'တောင်ဘာ' ဝန်ချ တောင်းပန်ခြင်းကို လက်ခံတော်မူလျက် ယိမ်းညွတ်တော်မူ မည်ဖြစ်၏။ ငါအရှင်မြတ်သည် 'တောင်ဘာ' ဝန်ချတောင်း ပန်ခြင်းကို အလွန်တရာ လက်ခံတော်မူသောအရှင်၊ အဖန် တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّ الَّذِيْنَ كَفَرُوْا وَمَاتُوْا وَهُمْ كُفَّارٌ اُولٰٓئِكَ عَلَيْهِمْ لَعْنَةُ اللّٰهِ وَالْمَلٰٓئِكَةِ وَالنَّاسِ اَجْمَعِيْنَ ﴿۱۶۱﴾

၁၆၂။ အမှန်ပင် အကြင်သူတို့သည် မယုံကြည်ခြင်းပယ်၍ မယုံကြည်ခြင်းပယ်ခြင်း အခြေအနေ၌ပင် သေဆုံးကြ၏၊ ဤသို့သောသူတို့အပေါ် အလ္လာဟ်အရှင်မြတ်အပြင် ကောင်းကင်တမန်များနှင့် လူသားအားလုံးတို့၏ 'လာ့အ်နတ်'သည်ရှိ၏။

خٰلِدِيْنَ فِيْهَا ۚ لَا يُخَفَّفُ عَنْهُمُ الْعَذَابُ وَلَا هُمْ يُنْظَرُوْنَ ﴿۱۶۲﴾

၁၆၃။ ယင်း(လာ့အ်နတ်)တွင် သူတို့သည် ရှည်ကြာသော အချိန်ကာလတစ်ရပ်တိုင်အောင် နေရမည့်သူများဖြစ်ကြ၏။ သူတို့အပေါ်မှပြစ်ဒဏ်ကို လျော့ပေါ့စေလိမ့်မည်မဟုတ်။ ထို့ပြင် သူတို့သည် ဆိုင်းငံ့ခွင့်ပေးခြင်းကိုလည်း ခံကြရမည်မဟုတ်ခဲ့။

وَاِلٰهُكُمْ اِلٰهٌ وَّاحِدٌ ۚ لَآ اِلٰهَ اِلَّا هُوَ الرَّحْمٰنُ الرَّحِيْمُ ﴿۱۶۳﴾

၁၆၄။ အသင်တို့၏ ကိုးကွယ်ရာအရှင်သည် တစ်ပါးတည်းသောအရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ခြင်းခံထိုက်ရာမရှိခဲ့။ ထိုအရှင်မြတ်သည်ပင် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်နှင့် အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူး--၂၀

اِنَّ فِيْ خَلْقِ السَّمٰوٰتِ وَالْاَرْضِ وَاخْتِلَافِ الَّيْلِ وَالنَّهَارِ وَالْفُلْكِ الَّتِيْ تَجْرِيْ فِي الْبَحْرِ بِمَا يَنْفَعُ النَّاسَ وَمَآ اَنْزَلَ اللّٰهُ مِنَ السَّمَآءِ مِنْ مَّآءٍ فَاَحْيَا بِهِ الْاَرْضَ بَعْدَ مَوْتِهَا وَبَثَّ فِيْهَا مِنْ كُلِّ دَآبَّةٍ ۖ وَّ تَصْرِيْفِ الرِّيٰحِ وَالسَّحَابِ الْمُسَخَّرِ بَيْنَ السَّمَآءِ وَالْاَرْضِ لَاٰيٰتٍ لِّقَوْمٍ يَّعْقِلُوْنَ ﴿۱۶۴﴾

၁၆၅။ ဧကန်မုချ မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းခြင်း၌လည်းကောင်း၊ 'ည'နှင့်'နေ့'ကို အလှည့်ကျ ပြောင်းလဲခြင်း၌လည်းကောင်း၊ လူသားတို့အားအကျိုးပြုသော ပစ္စည်းများနှင့်အတူ ပင်လယ်သမုဒ္ဒရာတွင် သွားလာလျက်ရှိသော လှေ၊ သင်္ဘောများ၌လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်က မိုးကောင်းကင်မှ ရွာသွန်းချစေတော်မူသော မိုးရေ၊ ထိုမိုးရေဖြင့် သေနေသောမြေကြီးကို ပြန်လည်ရှင်သန်စေလျက် ယင်းတွင် သွားလာလှုပ်ရှားသည့် အလုံးစုံသော သက်ရှိများအား ပျံ့နှံ့စေခြင်း၌လည်းကောင်း၊ ထိုနည်းတူစွာ လေများကို ဦးတည်ရာ ပြောင်း၍ပြောင်း၍ တိုက်ခတ်စေခြင်း၌လည်းကောင်း၊ 'မိုး'နှင့် 'မြေ'ကြားဝယ် နာခံအကျိုးဆောင်လျက်ရှိသော မိုးတိမ်များ၌လည်းကောင်း အသိဉာဏ်ကို အသုံးချသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများရှိ၏။

وَمِنَ النَّاسِ مَنْ يَّتَّخِذُ مِنْ دُوْنِ اللّٰهِ اَنْدَادًا يُّحِبُّوْنَهُمْ كَحُبِّ اللّٰهِ ۭ وَالَّذِيْنَ اٰمَنُوْٓا اَشَدُّ حُبًّا لِّلّٰهِ ۭ وَلَوْ يَرَى الَّذِيْنَ ظَلَمُوْٓا اِذْ يَرَوْنَ الْعَذَابَ ۙ اَنَّ الْقُوَّةَ لِلّٰهِ جَمِيْعًا ۙ وَّاَنَّ اللّٰهَ شَدِيْدُ الْعَذَابِ ﴿۱۶۵﴾

၁၆၆။ လူတို့အနက် ဤသို့လည်းရှိကြ၏၊ သူတို့သည် အလ္လာဟ်နှင့်ယှဉ်လျက် ကိုးကွယ်ရာကိုပြုလုပ်ကြ၏။ ထိုအရာများကို သူတို့သည် အလ္လာဟ်အား ချစ်မြတ်နိုးကြသည့်နည်းတူ ချစ်မြတ်နိုးကြ၏။ သို့သော် သက်ဝင်ယုံကြည်သူများကား အလ္လာဟ်အား ချစ်မြတ်နိုးခြင်း၌ (အခြားသော ချစ်ခြင်းအားလုံးထက်) ပိုမိုပြင်းပြကြပေသည်။ အကယ်၍ အပြစ်ကျူးလွန်ကြသောသူတို့သည် 'အဇာဘ်'ပြစ်ဒဏ်ကို မြင်တွေ့ရ

မည့်အခါ အလုံးစုံသောတန်ခိုးစွမ်းအားတို့ကို အလ္လာဟ်သည်သာ (အမြဲထာဝရ)ပိုင်ဆိုင်တော်မူကြောင်းနှင့် အလ္လာဟ်သည် ပြစ်ဒဏ်ခတ်တော်မူရာ၌ အလွန်ပင် ပြင်းထန်တော်မူကြောင်းကို သိရှိနားလည်နိုင်ကြလျှင် ကောင်းလေစွ။

اِذْ تَبَرَّاَ الَّذِيْنَ اتُّبِعُوْا مِنَ الَّذِيْنَ اتَّبَعُوْا وَرَاَوُا الْعَذَابَ وَتَقَطَّعَتْ بِهِمُ الْاَسْبَابُ ﴿۱۶۷﴾

၁၆၇။ နောက်လိုက်နာခံမှုပြုခြင်းကိုခံခဲ့ရသောသူတို့သည် (ဂျင်းတို့အား) နောက်လိုက်နာခံခြင်းပြုခဲ့ကြသော ထိုသူတို့အား မနှစ်မြို့ကြောင်း ထုတ်ဖော်ပြသကြမည်ဖြစ်ပြီး၊ ယင်းတို့သည် 'အဇာဘ်'ပြစ်ဒဏ်ကို မြင်တွေ့ကြရမည့်အခါ သူတို့ထံမှ (ကယ်တင်ခြင်း၏) နည်းလမ်းအားလုံးသည် ပြတ်တောက်သွားပြီးဖြစ်ချေမည်။

وَقَالَ الَّذِيْنَ اتَّبَعُوْا لَوْ اَنَّ لَنَا كَرَّةً فَنَتَبَرَّاَ مِنْهُمْ كَمَا تَبَرَّءُوْا مِنَّا ؕ كَذٰلِكَ يُرِيْهِمُ اللّٰهُ اَعْمَالَهُمْ حَسَرٰتٍ عَلَيْهِمْ ؕ وَمَا هُمْ بِخٰرِجِيْنَ مِنَ النَّارِ ﴿۱۶۸﴾

၁၆၈။ ထို့ပြင် နောက်လိုက်နာခံခဲ့ကြသောသူတို့က ကျွန်ုပ်တို့သည် အခါအခွင့်တစ်ကြိမ်မျှရရှိလျှင် ကောင်းပေစွ။ သူတို့က ကျွန်ုပ်တို့အား မနှစ်မြို့ကြောင်း ပြသသကဲ့သို့ ကျွန်ုပ်တို့ကလည်း သူတို့အား မနှစ်မြို့ကြောင်း ပြသကြမည်သာဟု ပြောကြလိမ့်မည်။ ဤကဲ့သို့ပင် အလ္လာဟ်သည်သူတို့အား သူတို့၏ အကျင့်အမူများကို ပူဆွေးသောက ယူကျုံးမရဖွယ်ဖြစ်စေလျက် ပြသတော်မူမည်။ သူတို့သည် (ထို)မီးမှ ထွက်နိုင်ကြလိမ့်မည်မဟုတ်ချေတည်း။

ရုကူး-၂၁

يٰۤاَيُّهَا النَّاسُ كُلُوْا مِمَّا فِى الْاَرْضِ حَلٰلًا طَيِّبًا ۖ وَّلَا تَتَّبِعُوْا خُطُوٰتِ الشَّيْطٰنِ ؕ اِنَّهٗ لَكُمْ عَدُوٌّ مُّبِيْنٌ ﴿۱۶۹﴾

၁၆၉။ အို-လူသားအပေါင်းတို့၊ ကမ္ဘာမြေရှိ 'ဟလာလ်' ခွင့်ပြုထားသော၊ 'တွိုင်ယာဘ်' သန့်ရှင်းကောင်းမြတ်သော အရာများမှ စားသုံးကြကုန်။ 'ရှိုင်တန်'၏နောက်သို့ ဖဝါးခြေထပ်လိုက်၍ မလျှောက်ကြကုန်လင့်။ ဧကန်မုချ ယင်းသည် အသင်တို့၏ ပွင့်လင်းထင်ရှားသောရန်သူဖြစ်၏။

اِنَّمَا يَاْمُرُكُمْ بِالسُّوْٓءِ وَالْفَحْشَآءِ وَاَنْ تَقُوْلُوْا عَلَى اللّٰهِ مَا لَا تَعْلَمُوْنَ ﴿۱۶۹﴾

၁၇၀။ အမှန်စင်စစ် ယင်း(ရှိုင်တန်)သည် အသင်တို့အား မကောင်းမှုနှင့် အရှက်ကင်းမဲ့သည့် အကြောင်းများကိုလည်းကောင်း၊ အလ္လာဟ်နှင့်ဆန့်ကျင်၍ အသင်တို့ တစ်စုံတစ်ရာ မသိနားမလည်သည်များကို ပြောဆိုရန်လည်းကောင်း အမိန့်ပေးတိုက်တွန်း၏။

وَاِذَا قِيْلَ لَهُمُ اتَّبِعُوْا مَاۤ اَنْزَلَ اللّٰهُ قَالُوْا بَلْ نَتَّبِعُ مَاۤ اَلْفَيْنَا عَلَيْهِ اٰبَآءَنَا ؕ اَوَلَوْ كَانَ اٰبَآؤُهُمْ لَا يَعْقِلُوْنَ شَيْـًٔا وَّلَا يَهْتَدُوْنَ ﴿۱۷۰﴾

၁၇၁။ ထို့ပြင် သူတို့အား အလ္လာဟ်ပို့ချပေးတော်မူသည်ကို လိုက်နာကြကုန်ဟုပြောသောအခါ သူတို့က ထိုသို့မဟုတ်၊ ကျွန်ုပ်တို့၏ဘိုးဘေးများအား ကျွန်ုပ်တို့တွေ့ရှိရသည့် (မိရိုးဖလာ)အတိုင်းပင် ကျွန်ုပ်တို့လိုက်နာကျင့်ကြံကြမည်ဟု ပြောကြ၏။ အသို့နည်း၊ သူတို့၏ဘိုးဘေးတို့သည် မည်သည့်အသိဉာဏ်မျှမရှိခဲ့ကြသည့်ပြင် တရားလမ်းမှန်ကို ရရှိသူများမဟုတ်ခဲ့လျှင်လည်း (သူတို့သည် ယင်းတို့ကို လိုက်နာကျင့်ကြံ

ကြမည်လော)။

وَمَثَلُ الَّذِيْنَ كَفَرُوْا كَمَثَلِ الَّذِيْ يَنْعِقُ بِمَا لَا يَسْمَعُ اِلَّا دُعَآءً وَّنِدَآءً ؕ صُمٌّۢ بُكْمٌ عُمْيٌ فَهُمْ لَا يَعْقِلُوْنَ ﴿۱۷۱﴾

၁၇၂။ ယင်းမယုံကြည်သူတို့၏ပမာကား မကြားနိုင်သည့် အရာကို ဟစ်အော်၍ ခေါ်သူနှင့်တူ၏။ (အချည်းနှီးသော) ဟစ်အော်ခြင်း၊ ဟစ်ခေါ်ခြင်းမှတစ်ပါး (အခြားမည်သည်မျှ မဟုတ်ချေ။ ဤသို့သောသူတို့သည်) နားပင်းသူများ၊ ဆွံအသူများနှင့် မျက်ကန်းများဖြစ်ကြ၏။ သို့ဖြစ်ရာ သူတို့သည် အသိဉာဏ် တစ်စုံတစ်ရာမျှမရှိကြချေ။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا كُلُوْا مِنْ طَيِّبٰتِ مَا رَزَقْنٰكُمْ وَاشْكُرُوْا لِلّٰهِ اِنْ كُنْتُمْ اِيَّاهُ تَعْبُدُوْنَ ﴿۱۷۲﴾

၁၇၃။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ငါတို့က အသင်တို့အား ပေးသနားတော်မူထားသော ရိက္ခာများမှ သန့်ရှင်းစင်ကြယ်သောအရာများကို စားသုံးကြကုန်။ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြလျှင် ထိုအရှင်မြတ်၏ကျေးဇူးတော်ကို သိတတ်ကြကုန်။

اِنَّمَا حَرَّمَ عَلَيْكُمُ الْمَيْتَةَ وَالدَّمَ وَلَحْمَ الْخِنْزِيْرِ وَمَاۤ اُهِلَّ بِهٖ لِغَيْرِ اللّٰهِ ۚ فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَّلَا عَادٍ فَلَاۤ اِثْمَ عَلَيْهِ ؕ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿۱۷۳﴾

၁၇၄။ ထိုအရှင်မြတ်သည် အသင်တို့အား အသေသား၊ သွေး၊ ဝက်၏အသားနှင့် အလ္လာဟ်မှလွဲ၍ အခြားတစ်စုံတစ်ရာ၏အမည်ကို တသထားသောအရာများကို သာလျှင် 'ဟရာမ်' တားမြစ်မှုပြုထားတော်မူပေသည်။ သို့သော် အကြင်သူသည် (ဆာလောင်မွတ်သိပ်ခြင်းကြောင့်) မတတ်သာလွန်းသော အခြေအနေဆိုက်ရောက်ပြီး မက်မောသူလည်းမဟုတ်၊ စည်းဘောင်ကိုကျော်သူလည်းမဟုတ်လျှင် ထိုသူအပေါ် မည်သို့မျှအပြစ်မရှိချေ။ စင်စစ် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّ الَّذِيْنَ يَكْتُمُوْنَ مَاۤ اَنْزَلَ اللّٰهُ مِنَ الْكِتٰبِ وَيَشْتَرُوْنَ بِهٖ ثَمَنًا قَلِيْلًا ۙ اُولٰٓئِكَ مَا يَاْكُلُوْنَ فِيْ بُطُوْنِهِمْ اِلَّا النَّارَ وَلَا يُكَلِّمُهُمُ اللّٰهُ يَوْمَ الْقِيٰمَةِ وَلَا يُزَكِّيْهِمْ ۪ وَلَهُمْ عَذَابٌ اَلِيْمٌ ﴿۱۷۴﴾

၁၇၅။ ဧကန်စင်စစ် အကြင်သူတို့သည် အလ္လာဟ်က ကျမ်းတော်တွင် ပို့ချပေးတော်မူသည်ကို ဖုံးကွယ်ထိမ်ချန်ထားကြ၏၊ ထို့ပြင် ယင်း၏အစား သာမန်မျှသောတန်ဖိုးကို လက်ခံရယူကြ၏။ ဤသူတို့သည်ပင် မိမိတို့၏ဝမ်းဗိုက်များအတွင်းသို့ မီးမှတစ်ပါး အခြားမည်သည်ကိုမျှ ထည့်သွင်းကြသည်မဟုတ်ပေ။ ထို့ပြင် အလ္လာဟ်သည် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် သူတို့နှင့် စကားမိန့်ပြောတော်မူမည်မဟုတ်ချေ။ သူတို့အား သန့်ရှင်းစင်ကြယ်အောင် ပြုပေးတော်မူမည်လည်း မဟုတ်ချေ။ ထို့ပြင် သူတို့အတွက် ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

اُولٰٓئِكَ الَّذِيْنَ اشْتَرَوُا الضَّلٰلَةَ بِالْهُدٰى وَالْعَذَابَ بِالْمَغْفِرَةِ ۚ فَمَاۤ اَصْبَرَهُمْ عَلَى النَّارِ ﴿۱۷۵﴾

၁၇၆။ ဤသူတို့သည်ကား လမ်းမှန်အစား လမ်းမှားကိုလည်းကောင်း၊ ခွင့်လွှတ်ခြင်းအစား အပြစ်ဒဏ်ကိုလည်းကောင်း ဝယ်ယူသူများဖြစ်ကြ၏။ သို့ဖြစ်ရာ သူတို့သည် မီးတွင်အဘယ်မျှလောက် ခံနိုင်ရည်ရှိသူများဖြစ်ကြပေမည်နည်း။

ذٰلِكَ بِاَنَّ اللّٰهَ نَزَّلَ الْكِتٰبَ بِالْحَقِّ ؕ وَ اِنَّ الَّذِيْنَ اخْتَلَفُوْا فِي الْكِتٰبِ لَفِيْ شِقَاقٍۭ بَعِيْدٍ ۝

၁၇၇။ ဤသို့ဖြစ်ရခြင်းကား အလ္လာဟ်သည် ကျမ်းတော်ကို အမှန်တရားနှင့်အတူ ပို့ချပေးတော်မူသောကြောင့်တည်း။ သို့သော် ကျမ်းတော်နှင့်စပ်လျဉ်း၍ ကွဲလွဲကြသောသူတို့သည်ကား စင်စစ် လွန်စွာဝေးကွာလှသော ဆန့်ကျင်မှုတွင် (နစ်မြုပ်လျက်) ရှိနေကြပေသတည်း။

ရုကူး-၂၂

لَيْسَ الْبِرَّ اَنْ تُوَلُّوْا وُجُوْهَكُمْ قِبَلَ الْمَشْرِقِ وَالْمَغْرِبِ وَلٰكِنَّ الْبِرَّ مَنْ اٰمَنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَالْمَلٰٓئِكَةِ وَالْكِتٰبِ وَالنَّبِيّٖنَ ۚ وَاٰتَى الْمَالَ عَلٰى حُبِّهٖ ذَوِي الْقُرْبٰى وَالْيَتٰمٰى وَالْمَسٰكِيْنَ وَابْنَ السَّبِيْلِ ۙ وَالسَّآئِلِيْنَ وَفِي الرِّقَابِ ۚ وَاَقَامَ الصَّلٰوةَ وَاٰتَى الزَّكٰوةَ ۚ وَالْمُوْفُوْنَ بِعَهْدِهِمْ اِذَا عٰهَدُوْا ۚ وَالصّٰبِرِيْنَ فِي الْبَاْسَآءِ وَالضَّرَّآءِ وَحِيْنَ الْبَاْسِ ؕ اُولٰٓئِكَ الَّذِيْنَ صَدَقُوْا ؕ وَاُولٰٓئِكَ هُمُ الْمُتَّقُوْنَ ۝

၁၇၈။ ကောင်းမှုဟူသည် အသင်တို့၏ မျက်နှာများကို အရှေ့အရပ်ဘက်သို့လည်းကောင်း၊ အနောက်အရပ်ဘက်သို့လည်းကောင်း လှည့်ခြင်းမဟုတ်ချေ။ ထိုသို့မဟုတ်မူဘဲ ဤသို့သောသူ၏(ကျင့်ကြံမှုသည်)သာလျှင် ကောင်းမှုဖြစ်၏။★ထိုသူသည် အလ္လာဟ်အားလည်းကောင်း၊ နောက်ဆုံးနေ့တော်ကြီးကိုလည်းကောင်း၊ ကောင်းကင်တမန်များအားလည်းကောင်း၊ ကျမ်းတော်ကိုလည်းကောင်း၊ တမန်တော်အပေါင်းအားလည်းကောင်း သက်ဝင်ယုံကြည်၏။ ထို့ပြင် အရှင်မြတ်အား ချစ်မြတ်နိုးလျက် ဥစ္စာပစ္စည်းများကို နီးစပ်သူသားချင်းများ၊ မိဘမဲ့များ၊ သူဆင်းရဲများ၊ ခရီးသည်များ၊ တောင်းရမ်းသူများအားလည်းကောင်း၊ လည်ကုပ်များလွတ်မြောက်မှုရရန်အတွက်လည်းကောင်း ပေးကမ်း၏။ ထို့ပြင် 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်၏၊ 'ဇကား'တ်ကိုပေးဆောင်၏။ ထို့ပြင် ထိုသူတို့သည် ကတိပြုပြီးလျှင် မိမိတို့၏ကတိကိုဖြည့်ဆည်းကြ၏။ ထို့ပြင် အကျပ်အတည်း၊ အခက်အခဲများနှင့် ဒုက္ခရောက်ချိန်များတွင်လည်းကောင်း၊ စစ်ဖြစ်နေစဉ်တွင်လည်းကောင်း သည်းခံမြဲမြံသူများဖြစ်ကြ၏။ ဤသူများသည်ပင် ဖြောင့်မတ်မှန်ကန်ခြင်းတရားကို ကျင့်ကြံဆောက်တည်သူများဖြစ်ကြပြီး ဤသူများသည်ပင် အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးသူ 'မွတ္တကီ'များဖြစ်ကြ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا كُتِبَ عَلَيْكُمُ الْقِصَاصُ فِي الْقَتْلٰى ؕ اَلْحُرُّ بِالْحُرِّ وَالْعَبْدُ بِالْعَبْدِ وَالْاُنْثٰى بِالْاُنْثٰى ؕ فَمَنْ عُفِيَ لَهٗ مِنْ اَخِيْهِ شَيْءٌ فَاتِّبَاعٌۢ بِالْمَعْرُوْفِ وَاَدَآءٌ اِلَيْهِ بِاِحْسَانٍ ؕ ذٰلِكَ تَخْفِيْفٌ مِّنْ رَّبِّكُمْ وَرَحْمَةٌ ؕ فَمَنِ اعْتَدٰى بَعْدَ ذٰلِكَ فَلَهٗ

၁၇၉။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသတ်ခံရသူတို့နှင့်စပ်လျဉ်း၍ 'ကိဆားစ်' လက်စားချေခြင်းကို အသင်တို့အပေါ် သတ်မှတ်ပြဋ္ဌာန်းတော်မူ၏။ လွတ်လပ်သူအတွက် လွတ်လပ်သူနှင့်တူညီစွာ၊ ကျေးကျွန်အတွက် ကျေးကျွန်နှင့်တူညီစွာ၊ မိန်းမအတွက် မိန်းမနှင့်တူညီစွာ (ပြုကြရပေမည်)။ ယင်းသည် (အသတ်ခံရ)သူ၏ ညီအစ်ကိုသားချင်းထံမှ ခွင့်လွှတ်ခြင်းတစ်စုံတစ်ရာရရှိပါလျှင် သင့်လျော်ကောင်းမြတ်သော နည်းလမ်းကို လိုက်နာကျင့်သုံးလျက် ယင်းကို ကောင်းမွန်ချေငံစွာဖြင့် ပေးဆောင်ခြင်းပြုရမည်။ ဤကား အသင်၏

★ اَلْبِرَّ ၏ အနက်ဖွင့်ဆိုချက်ကို اِمْلَاءُ مَا مَنَّ بِهِ الرَّحْمٰن တွင်ရှု။

عَذَابٌ اَلِيْمٌ ۝١٧٨

ဖန်ဆင်းမွေးမြူရှင်ထံတော်မှ လျှော့ပေါ့သက်သာစေခြင်းနှင့် ကရုဏာတော်ဖြစ်၏။ သို့ဖြစ်ရာ ထိုသည့်နောက်တွင် မည်သူမဆို လွန်ကျူးမှုပြုလျှင် ယင်းသူအတွက် ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

وَلَكُمْ فِى الْقِصَاصِ حَيٰوةٌ يّٰٓاُولِى الْاَلْبَابِ لَعَلَّكُمْ تَتَّقُوْنَ ۝١٧٩

၁၈၀။ 'ကိဆား်စ်'လက်စားချေခြင်းနည်းစနစ်တွင် အသင်တို့အဖို့ ဘဝရှင်သန်ရေးသည်ရှိ၏။ အို-အသိဉာဏ်ရှိသူတို့၊ ဤသို့ဖြင့် အသင်တို့သည် ဒုစရိုက်မှုများမှရှောင်ကြဉ်ခြင်း 'တက္ကဝါ'တရားကို ဆောက်တည်ကြရန်ဖြစ်၏။

كُتِبَ عَلَيْكُمْ اِذَا حَضَرَ اَحَدَكُمُ الْمَوْتُ اِنْ تَرَكَ خَيْرَا ۨ الْوَصِيَّةُ لِلْوَالِدَيْنِ وَالْاَقْرَبِيْنَ بِالْمَعْرُوْفِ ۚ حَقًّا عَلَى الْمُتَّقِيْنَ ۝١٨٠

၁၈၁။ အသင်တို့အနက် တစ်ဦးတစ်ယောက်ထံသို့ သေခြင်းဆိုက်ရောက်မည့်အခါတွင်၊ အကယ်၍ ထိုသူသည် ပစ္စည်းဥစ္စာတစ်စုံတစ်ရာကို(အမွေအဖြစ်)ထားရစ်ရမည်ဖြစ်သော်၊ သူသည် မိမိ၏မိဘများရပိုင်ခွင့်ကိုလည်းကောင်း၊ ဆွေမျိုးသားချင်းများ၏ရပိုင်ခွင့်ကိုလည်းကောင်း ကျင့်ထုံးနှင့်လျော်ညီစွာ 'ဝဆီယတ်'သေတမ်းစာပြုလုပ်ခဲ့ရန် အသင်တို့အား ပြဋ္ဌာန်းတော်မူ၏။ ဤသည် အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးသူ 'မွတ္တကီ'တို့၏ တာဝန်ပင်ဖြစ်၏။

فَمَنْۢ بَدَّلَهٗ بَعْدَمَا سَمِعَهٗ فَاِنَّمَآ اِثْمُهٗ عَلَى الَّذِيْنَ يُبَدِّلُوْنَهٗ ۭ اِنَّ اللّٰهَ سَمِيْعٌ عَلِيْمٌ ۝١٨١

၁၈၂။ သို့ဖြစ်ရာ အကြင်မည်သူမဆို ထို(သေတမ်းစကားမှာကြားချက်)ကို ကြားခဲ့ရပြီးနောက် ယင်းကို အပြောင်းအလဲပြုလုပ်လျှင် ယင်း၏အပြစ်သည် ယင်းကိုပြောင်းလဲသူအပေါ်၌သာလျှင် ကျရောက်ပေလိမ့်မည်။ စင်စစ် အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသော အရှင်ဖြစ်တော်မူ၏။

فَمَنْ خَافَ مِنْ مُّوْصٍ جَنَفًا اَوْ اِثْمًا فَاَصْلَحَ بَيْنَهُمْ فَلَآ اِثْمَ عَلَيْهِ ۭ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ۝١٨٢ ع

၁၈၃။ သို့သော် သေတမ်းစာမှာထားခဲ့သူသည် မတရား တိမ်းညွတ်(ဘက်လိုက်)ခြင်း သို့မဟုတ် အပြစ်ကျူးလွန်ခြင်းရှိမည်ကိုစိုးရိမ်၍ အကြင်သူတစ်ဦးသည် ယင်း(အမွေခံ)တို့အကြားသင့်တင့်ပြေလည်အောင်ဆောင်ရွက်ပေးပါလျှင်၊ ထိုသူအပေါ် မည်သို့မျှ အပြစ်မထိုက်ချေ။ ဧကန်ပင် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူး--၂၃

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا كُتِبَ عَلَيْكُمُ الصِّيَامُ كَمَا كُتِبَ عَلَى الَّذِيْنَ مِنْ قَبْلِكُمْ لَعَلَّكُمْ تَتَّقُوْنَ ۝١٨٣ ۙ

၁၈၄။ အို- သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ထက် အလျင်ကရှိခဲ့ကြသူတို့အား ပြဋ္ဌာန်းတော်မူခဲ့သကဲ့သို့ပင် အသင်တို့အားလည်း 'ဆွီယာမ်'ဥပုသ်ဆောက်တည်ရန်ပြဋ္ဌာန်းတော်မူ၏။ သို့ဖြင့် အသင်တို့သည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို တည်ဆောက်နိုင်ကြရန်ဖြစ်၏၊

اَيَّامًا مَّعْدُوْدٰتٍ ۭ فَمَنْ كَانَ مِنْكُمْ

၁၈၅။ (ယင်းမှာ) ရေတွက်ထားသော ရက်အနည်းငယ်မျှသာ

مَرِيْضًا اَوْ عَلٰى سَفَرٍ فَعِدَّةٌ مِّنْ اَيَّامٍ اُخَرَ ؕ وَعَلَى الَّذِيْنَ يُطِيْقُوْنَهٗ فِدْيَةٌ طَعَامُ مِسْكِيْنٍ ؕ فَمَنْ تَطَوَّعَ خَيْرًا فَهُوَ خَيْرٌ لَّهٗ ؕ وَاَنْ تَصُوْمُوْا خَيْرٌ لَّكُمْ اِنْ كُنْتُمْ تَعْلَمُوْنَ ﴿۱۸۴﴾

ဖြစ်၏။ သို့ကြောင့် အသင်တို့အနက် မည်သူမဆို မကျန်းမမာဖြစ်နေလျှင် သို့မဟုတ် ခရီးထွက်လျက်ရှိနေလျှင်၊ သူသည် ထိုကာလ၏ ဥပုသ်ကို အခြားနေ့ရက်များတွင် ဖြည့်စွက်ဆောက်တည်ရပေမည်။ ထို့ပြင် အကြင်သူတို့သည် တတ်နိုင်လျှင် သူတို့၏ 'ဖစ်ဒယာ' အစားပေးချေမှုပြုရန်မှာ သူဆင်းရဲတစ်ဦးအား အစားအစာကျွေးမွေးခြင်းဖြစ်၏။ သို့သော် အကြင်မည်သူမဆို မိမိ၏စိတ်စေတနာအလျောက် ကောင်းမှုပြုကျင့်သော် ဤသည် သူ့အတွက် လွန်စွာကောင်းမြတ်ပေသည်။ စင်စစ် အသင်တို့၏ 'ဥပုသ်'စောင့်ခြင်းသည် အသင်တို့အတွက် ပိုမိုကောင်းမြတ်ကြောင်းကို အကယ်၍ အသင်တို့သိနားလည်ကြလျှင် ကောင်းလေစ။ ②

شَهْرُ رَمَضَانَ الَّذِيْٓ اُنْزِلَ فِيْهِ الْقُرْاٰنُ هُدًى لِّلنَّاسِ وَبَيِّنٰتٍ مِّنَ الْهُدٰى وَالْفُرْقَانِ ۚ فَمَنْ شَهِدَ مِنْكُمُ الشَّهْرَ فَلْيَصُمْهُ ؕ وَمَنْ كَانَ مَرِيْضًا اَوْ عَلٰى سَفَرٍ فَعِدَّةٌ مِّنْ اَيَّامٍ اُخَرَ ؕ يُرِيْدُ اللّٰهُ بِكُمُ الْيُسْرَ وَلَا يُرِيْدُ بِكُمُ الْعُسْرَ ۖ وَلِتُكْمِلُوا الْعِدَّةَ وَلِتُكَبِّرُوا اللّٰهَ عَلٰى مَا هَدٰىكُمْ وَلَعَلَّكُمْ تَشْكُرُوْنَ ﴿۱۸۵﴾

၁၈၆။ 'ရမ်ဇန်'လသည်ကား၊ ထိုလတွင် ကုရ်အာန်ကို လူသားတို့အတွက် ကြီးကျယ်သောလမ်းညွှန်မူတစ်ရပ်အဖြစ် ပို့ချတော်မူခဲ့ပေသည်။ ထို့ပြင် အလွန်ပွင့်လင်းထင်ရှားသည့် သက်သေသာဓကများအဖြစ်ဖြင့်၊ ယင်း၌ လမ်းညွှန်မူ၏ ရှင်းလင်းချက်နှင့် အမှန်နှင့်အမှားကိုခွဲခြားပြသည့် အကြောင်းရပ်များပါရှိလေသည်။ သို့ဖြစ်ရာ အသင်တို့အနက် မည်သူမဆို ဤလနှင့်ဆုံတွေ့လျှင် ယင်း(လ)၏'ဥပုသ်'များကို ဆောက်တည်ကြကုန်။ အကြင်သူသည် မကျန်းမမာဖြစ်နေလျှင် သို့မဟုတ် ခရီး၌ရှိနေလျှင် (ပျက်ကွက်သောနေ့၏) အရေအတွက်ကို အခြားနေ့ရက်များတွင်ဖြည့်ရမည်။ အလ္လာဟ်သည် အသင်တို့အတွက် လွယ်ကူမှုကိုလိုလားတော်မူ၏၊ အသင်တို့အတွက် ခက်ခဲမှုကိုလိုလားတော်မမူပေ။ ထို့ပြင် အသင်တို့(လွယ်ကူစွာဖြင့်) အရေအတွက်ကိုဖြည့်ဆည်းရန် လိုလားတော်မူပေသည်။ အရှင်မြတ်က အသင်တို့အား ပေးသနားတော်မူသည့် ထိုလမ်းညွှန်မှုအပေါ် အခြေတည်၍ အလ္လာဟ်၏ဂုဏ်တော်ကြီးမြတ်တော်မူခြင်းကို ဖော်ကျူးကြရန်လည်းကောင်း၊ သို့ဖြင့် အသင်တို့ ကျေးဇူးသိတတ်ကြရန်လည်းကောင်းဖြစ်၏။

وَاِذَا سَاَلَكَ عِبَادِيْ عَنِّيْ فَاِنِّيْ قَرِيْبٌ ؕ اُجِيْبُ دَعْوَةَ الدَّاعِ اِذَا دَعَانِ ۙ

၁၈၇။ ငါ၏အစေတော်များက အသင့်ထံတွင် ငါအရှင်မြတ်နှင့်စပ်လျဉ်း၍ မေးမြန်းကြသောအခါ၊ စင်စစ် ငါသည် အနီး၌ပင်ရှိတော်မူ၏။ အကြင်အခါ 'ဒိုအာ'ဆုတောင်းမှုပြုသူက ငါ

② ဤမုကွပါဠ်တော်ရှိ **يُطِيْقُوْنَهٗ** သည် အဓိပ္ပာယ်နှစ်မျိုးရရှိ၏။ တစ်ခုမှာ တတ်နိုင်စွမ်းရှိသောသူနှင့် အခြားတစ်ခုမှာ တတ်နိုင်စွမ်းမရှိသောသူ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤစကား၌ ပယ်ခြင်းနှင့် လက်ခံခြင်း နှစ်မျိုးသောအဓိပ္ပာယ် ပါဝင်နေသည်။ သဘောမှာ အချိန်အခါ၊ အခြေအနေအရ သို့မဟုတ် ကျန်းမာရေးအရ ဥပုသ်မစောင့်ထိန်းနိုင်သော်လည်း အမှန်အားဖြင့် ထိုသူသည် ဥပုသ်စောင့်ထိန်းနိုင်စွမ်းရှိသူဖြစ်ပါလျှင် ထိုသူအဖို့ 'ဖစ်ဒယာ' အစားပေးချေရန်လိုအပ်ပေသည်။ သို့သော် ထိုသူသည် လွတ်သွားခဲ့သောဥပုသ်များကို နောက်ပိုင်းတွင် ပြန်လည်၍ဖြည့်စွက်စောင့်ထိန်းရပေမည်။ ဒုတိယမှာ ဥပုသ်စောင့်ထိန်းရန် စွမ်းအားလုံးဝမရှိသောသူအဖို့ 'ဖစ်ဒယာ'သည်ပင် လုံလောက်ပြီး နောက်ပိုင်းတွင် ဥပုသ်ဖြည့်စွက်စောင့်ထိန်းရန်မလိုအပ်ချေ။

فَلْيَسْتَجِيْبُوْا لِيْ وَلْيُؤْمِنُوْا بِيْ لَعَلَّهُمْ يَرْشُدُوْنَ ﴿١٨٦﴾

အရှင်မြတ်အား တမ်းတဟစ်ခေါ်သောအခါ ငါအရှင်မြတ်သည် သူ၏'ဒိုအာ'ဆုတောင်းကို အဖြေပေးတော်မူ၏။ သို့ဖြစ်ရာ သူတို့သည်လည်း ငါအရှင်မြတ်၏စကားကို လက်ခံနာယူ၍ ငါအရှင်မြတ်အား သက်ဝင်ယုံကြည်ကြရပေမည်၊ သို့ဖြင့် သူတို့ လမ်းညွှန်မှုကိုရရှိကြစိမ့်သောငှာဖြစ်၏။

أُحِلَّ لَكُمْ لَيْلَةَ الصِّيَامِ الرَّفَثُ إِلَىٰ نِسَآئِكُمْ ۚ هُنَّ لِبَاسٌ لَّكُمْ وَأَنتُمْ لِبَاسٌ لَّهُنَّ ۗ عَلِمَ اللَّهُ أَنَّكُمْ كُنتُمْ تَخْتَانُونَ أَنفُسَكُمْ فَتَابَ عَلَيْكُمْ وَعَفَا عَنكُمْ ۖ فَالْآنَ بَاشِرُوهُنَّ وَابْتَغُوا مَا كَتَبَ اللَّهُ لَكُمْ ۚ وَكُلُوا وَاشْرَبُوا حَتَّىٰ يَتَبَيَّنَ لَكُمُ الْخَيْطُ الْأَبْيَضُ مِنَ الْخَيْطِ الْأَسْوَدِ مِنَ الْفَجْرِ ۖ ثُمَّ أَتِمُّوا الصِّيَامَ إِلَى اللَّيْلِ ۚ وَلَا تُبَاشِرُوهُنَّ وَأَنتُمْ عَاكِفُونَ فِي الْمَسَاجِدِ ۗ تِلْكَ حُدُودُ اللَّهِ فَلَا تَقْرَبُوهَا ۗ كَذَٰلِكَ يُبَيِّنُ اللَّهُ آيَاتِهِ لِلنَّاسِ لَعَلَّهُمْ يَتَّقُونَ ﴿١٨٧﴾

၁၈၇။ ရမ်ဇန်လ၏ညဉ့်များတွင် မိမိတို့၏ ဇနီးမိန်းမများနှင့် ပေါင်းသင်းခြင်းကို အသင်တို့အား ခွင့်ပြုတော်မူ၏။ သူမတို့သည် အသင်တို့၏ဝတ်စားတန်ဆာဖြစ်ပြီး အသင်တို့သည်လည်း သူမတို့၏ ဝတ်စားတန်ဆာဖြစ်၏။ အသင်တို့သည် မိမိတို့စိတ်ဆန္ဒ၏အခွင့်အရေးကို ချိုးနှိမ်လျက်ရှိနေကြသည်ကို အလ္လာဟ်သိတော်မူ၏။ သို့ဖြစ်ရာ အရှင်မြတ်သည် အသင်တို့ဘက်သို့ ကရုဏာတော်ဖြင့် ယိမ်းညွှတ်တော်မူပြီး အသင်တို့အား ခွင့်လွှတ်တော်မူပေသည်။ သို့ကြောင့် ယခုအခါ (သံသယကင်းစွာ) သူမတို့နှင့် ပေါင်းသင်းဆက်ဆံသမှုပြုကြကုန်။ ထို့ပြင် အလ္လာဟ်က အသင်တို့၏ရပိုင်ခွင့်၌ ရေးမှတ်ထားတော်မူသည်ကို တောင့်တကြကုန်။ အသင်တို့သည် အရုဏ်ဦး (ပေါ်ထွက်လာခြင်း)ကြောင့် (နံနက်အချိန်၏) အဖြူရောင်ချည်မျှင်သည် (ညဉ့်၏) အနက်ရောင်ချည်မျှင်နှင့် ခွဲခြားသိနိုင်သည့်အချိန်ထိအောင် စားသောက်ကြလော့၊ ထို့နောက် ညဉ့်အချိန်(ကျရောက်သည်)ထိ ဥပုသ်ကို ဖြည့်ဆည်းကြကုန်။ အသင်တို့သည် 'မတ်စ်ဂျိဒ်'ဝတ်ကျောင်းများတွင် 'အိတီကဖ်' တရားထိုင်နေစဉ်ကာလအတွင်း သူမတို့နှင့် ပေါင်းသင်းဆက်ဆံမှု မပြုကြကုန်လင့်။ ဤကား အလ္လာဟ်၏ စည်းကမ်းသတ်မှတ်ချက်များဖြစ်၏။ သို့ဖြစ်၍ ယင်းတို့၏အပါးသို့ပင် မချဉ်းကပ်ကြလင့်။ ဤနည်းအားဖြင့် အလ္လာဟ်သည် မိမိ၏ မှတ်ချက်တော်များကို လူသားတို့အတွက် ပွင့်လင်းထင်ရှားစွာ ဖော်ပြတော်မူ၏။ သို့ဖြင့် သူတို့သည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်သုံးဆောက်တည်နိုင်ကြစေရန်ဖြစ်၏။ ①

① كُنتُمْ تَخْتَانُونَ أَنفُسَكُمْ ၏ဆိုလိုရင်းမှာ သာဝကကြီးများသည် အများအားဖြင့် 'ရမ်ဇန်'လ၏ညဉ့်များတွင် ဇနီးမိန်းမများနှင့် ဆက်ဆံခြင်းမှ ရှောင်ရှားလေ့ရှိခဲ့ကြပေသည်။ ဤမုဟွပါဒ်တော်တွင် ထိုသို့ဆက်ဆံမှုကိုခွင့်ပြုထားသည်။ မတ်စ်ဂျိဒ်ဝတ်ကျောင်းတွင် 'အိတီကဖ်'တရားထိုင်သောရက်များ၌သာ ယင်းသို့ဆက်ဆံခြင်းကိုတားမြစ်ထားပေသည်။ (ဤတွင် မွတ်စလင်များဥပုသ်စောင့်ထိန်းစဉ် ဇနီးမိန်းမများနှင့်ဆက်ဆံခွင့်ရှိသည်ဟု အမှတ်မမှားသင့်ချေ။ ဥပုသ်စောင့်ထိန်းချိန်မှာ နံနက်အရုဏ်တက်ချိန်မှ ညနေနေဝင်စအချိန်ထိဖြစ်ရာ ညဉ့်အချိန်သည် ဥပုသ်ချိန်ပြင်ပဖြစ်ပေသည်။ ထိုအချိန်၌ ဇနီးမိန်းမများနှင့် ဆက်ဆံခွင့်ပြုထားခြင်းဖြစ်သည်။ ဥပုသ်ချိန်အတွင်း စားခြင်း၊ သောက်ခြင်း၊ မေထုန်မှီဝဲခြင်းအမှုတို့ကို လုံးဝမပြုရပေ။) ထို့ပြင် ဤအာယတ်တော်တွင် အဖြူရောင်နှင့် အနက်ရောင်ချည်မျှင်တို့အကြောင်းပါရှိသည်။ အဓိပ္ပာယ်မှာ အဖြူနှင့်အနက် ချည်မျှင်များကို ကွဲကွဲပြားပြား သိမြင်ရအောင် အမှောင်ထဲသို့သွားရန် ဆိုလိုခြင်းမဟုတ်၊ အရုဏ်တက်စအချိန် အလင်းရောင်ဖြာထွက်သောအခါ ယင်း၏ဦးဆုံးရောင်ခြည်ကို စတင်မြင်တွေ့ရသောအချိန်တွင် 'ဆဟ်ရီ'အချိန်ကုန်ဆုံးသည်ဟုဆိုလိုခြင်းဖြစ်ပေသည်။

وَلَا تَأْكُلُوْٓا اَمْوَالَكُمْ بَيْنَكُمْ بِالْبَاطِلِ وَتُدْلُوْا بِهَآ اِلَى الْحُكَّامِ لِتَاْكُلُوْا فَرِيْقًا مِّنْ اَمْوَالِ النَّاسِ بِالْاِثْمِ وَاَنْتُمْ تَعْلَمُوْنَ ﴿۱۸۸﴾ ۲۳

၁၈၈။ အသင်တို့သည် မိမိတို့အချင်းချင်းအကြားတွင် မိမိတို့၏ပစ္စည်းဥစ္စာများကိုပင် လိမ်ညာလှည့်ဖြားသောနည်းဖြင့် မစားသုံးကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် (ကောင်းစွာ) သိရှိကြပါလျက် လူသားတို့၏ (အမျိုးသားရေးနှင့်ဆိုင်သော) ပစ္စည်းဥစ္စာများမှ အချို့ကို အပြစ်ရှိသောနည်းဖြင့် စားသုံးနိုင်ရန် (ရည်ရွယ်ချက်ဖြင့်) ယင်းတို့ကို အာဏာပိုင်များရှေ့တွင် တင်ဆက်ခြင်းမပြုကြကုန်လင့်။

ရုကူး--၂၄

يَسْـَٔلُوْنَكَ عَنِ الْاَهِلَّةِ ۭ قُلْ هِىَ مَوَاقِيْتُ لِلنَّاسِ وَالْحَجِّ ۭ وَلَيْسَ الْبِرُّ بِاَنْ تَاْتُوا الْبُيُوْتَ مِنْ ظُهُوْرِهَا وَلٰكِنَّ الْبِرَّ مَنِ اتَّقٰى ۚ وَاْتُوا الْبُيُوْتَ مِنْ اَبْوَابِهَا ۠ وَاتَّقُوا اللّٰهَ لَعَلَّكُمْ تُفْلِحُوْنَ ﴿۱۸۹﴾

၁၈၉။ သူတို့သည် အသင့်ထံတွင် လဆန်းပထမသုံးညတို့၏ လများနှင့်စပ်လျဉ်း၍ မေးမြန်းကြ၏။ အသင်ပြောကြားပါလေ၊ ယင်းသည် လူသားတို့အဖို့ အချိန်ကာလသတ်မှတ်ရန်လည်းကောင်း၊ 'ဟာဂ်'(ပြုချိန်ကို သတ်မှတ်ရန်)အတွက်လည်းကောင်း နည်းလမ်းများဖြစ်ချေသည်။ ထို့ပြင် ကောင်းမှုဟူသည် အသင်တို့အဖို့ အိမ်များကို နောက်ဘက်မှဝင်ရောက်ခြင်းမဟုတ်။ 'တက္ကဝါ'ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်ကြံဆောက်တည်သူ(၏ ကျင့်ကြံမှု)သာလျှင် ကောင်းမှုဖြစ်၏။ သို့ဖြစ်ရာ အိမ်များသို့ တံခါးပေါက်များမှ ဝင်ရောက်ကြကုန်။ ထို့ပြင် အလ္လာဟ်အားကြောက်ရွံ့ကြကုန်။ သို့မှသာ အသင်တို့ အောင်မြင်ကြရာ၏။

وَقَاتِلُوْا فِيْ سَبِيْلِ اللّٰهِ الَّذِيْنَ يُقَاتِلُوْنَكُمْ وَلَا تَعْتَدُوْا ۭ اِنَّ اللّٰهَ لَا يُحِبُّ الْمُعْتَدِيْنَ ﴿۱۹۰﴾

၁၉၀။ အလ္လာဟ်၏လမ်းတော်တွင် အသင်တို့အား တိုက်ခိုက်သူတို့ကို တိုက်ခိုက်ကြကုန်။ သို့ရာတွင် လွန်ကျူးခြင်း မပြုကြလင့်။ စင်စစ် အလ္လာဟ်သည် လွန်ကျူးသူတို့ကို ချစ်ခင်နှစ်သက်တော်မမူပေ။

وَاقْتُلُوْهُمْ حَيْثُ ثَقِفْتُمُوْهُمْ وَاَخْرِجُوْهُمْ مِّنْ حَيْثُ اَخْرَجُوْكُمْ وَالْفِتْنَةُ اَشَدُّ مِنَ الْقَتْلِ ۚ وَلَا تُقٰتِلُوْهُمْ عِنْدَ الْمَسْجِدِ الْحَرَامِ حَتّٰى يُقٰتِلُوْكُمْ فِيْهِ ۚ فَاِنْ قٰتَلُوْكُمْ فَاقْتُلُوْهُمْ ۭ كَذٰلِكَ جَزَاۗءُ الْكٰفِرِيْنَ ﴿۱۹۱﴾

၁၉၁။ (စစ်ဖြစ်နေချိန်) အသင်တို့သည် သူတို့အား မည်သည့်နေရာ၌ပင် တွေ့သည်ဖြစ်စေ သူတို့အား သတ်ကြလေကုန်။ ထို့ပြင် အသင်တို့အား သူတို့ နှင်ထုတ်ခဲ့သောနေရာမှ သူတို့ကို နှင်ထုတ်ကြကုန်။ ပြဿနာဖန်တီးခြင်းသည် သတ်ဖြတ်ခြင်းထက် ပိုမိုပြင်းထန်၏။ 'မတ်စ်ဂျိဒေဟရာမ်' ဝတ်ကျောင်းတော်အနီးတွင် သူတို့က အသင်တို့အား မတိုက်ခိုက်သရွေ့ သူတို့နှင့် မတိုက်ခိုက်ကြလင့်။ အကယ်၍ သူတို့က အသင်တို့အား တိုက်ခိုက်လာလျှင် အသင်တို့သည် သူတို့အား တိုက်ခိုက်ကြကုန်။ 'ကာဖိရ်' မယုံကြည်ခြင်းပယ်သူတို့အတွက် ဤသို့သော အကျိုးဆက်ရလဒ်သည်သာရှိ၏။

فَاِنِ انْتَهَوْا فَاِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿۱۹۲﴾

၁၉၂။ သို့သော် အကယ်၍ သူတို့ရပ်တန့်ကြလျှင်၊ အမှန်ပင် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَقٰتِلُوْهُمْ حَتّٰى لَا تَكُوْنَ فِتْنَةٌ وَّيَكُوْنَ
الدِّيْنُ لِلّٰهِ ؕ فَاِنِ انْتَهَوْا فَلَا عُدْوَانَ
اِلَّا عَلَى الظّٰلِمِيْنَ ﴿۱۹۳﴾

၁၉၃။ ပြဿနာချုပ်ငြိမ်းပပျောက်သွားပြီး သာသနာ (ခံယူကျင့်သုံးမှု)သည် အလွှာဟ်အတွက် ဖြစ်သွားသည်အထိ သူတို့အား တိုက်ခိုက်ကြကုန်။ သို့သော် သူတို့ ရပ်တန့်ကြပါမူ၊ (လွန်ကျူးကြကုန်သော) ညှဉ်းပန်းနှိပ်စက်သူတို့မှလွဲ၍ အခြားမည်သူ့အပေါ်မှ လွန်ကျူးခြင်းမပြုကြလင့်။ ۞

اَلشَّهْرُ الْحَرَامُ بِالشَّهْرِ الْحَرَامِ
وَالْحُرُمٰتُ قِصَاصٌ ؕ فَمَنِ اعْتَدٰى
عَلَيْكُمْ فَاعْتَدُوْا عَلَيْهِ بِمِثْلِ مَا اعْتَدٰى
عَلَيْكُمْ ۪ وَاتَّقُوا اللّٰهَ وَاعْلَمُوْٓا اَنَّ اللّٰهَ
مَعَ الْمُتَّقِيْنَ ﴿۱۹۴﴾

၁၉၄။ ထူးမြတ်သောလသည် ထူးမြတ်သောလ၏ အလဲအလှယ်ဖြစ်သည်။ ထို့အတူ အထွတ်အမြတ်ထားအပ်သော အရာများ(အား ကျူးလွန်စော်ကားမှု)အတွက် တုံ့ပြန်လက်စားချေခြင်းကိုခံရပေမည်။ သို့ဖြစ်ရကား မည်သူမဆို အသင်တို့အပေါ် လွန်ကျူးမှုပြုလျှင်၊ အသင်တို့အပေါ်ပြုခဲ့သော လွန်ကျူးမှုနှင့်အလားတူ အသင်တို့လည်း လက်တုံ့ပြန်မှုကို ပြုကြကုန်။ ထို့ပြင် အလ္လာဟ်အား ကြောက်ရွံ့ကြကုန်။ အလ္လာဟ်သည် အမှန်ပင် မိမိအားကြောက်ရွံ့ရိုကျိုးသူ 'မွတ္တကီ'တို့နှင့်အတူ ရှိတော်မူသည်ကို သိရှိကြကုန်။ ۞

وَاَنْفِقُوْا فِىْ سَبِيْلِ اللّٰهِ وَلَا تُلْقُوْا
بِاَيْدِيْكُمْ اِلَى التَّهْلُكَةِ ۛ وَاَحْسِنُوْا ۛ
اِنَّ اللّٰهَ يُحِبُّ الْمُحْسِنِيْنَ ﴿۱۹۵﴾

၁၉၅။ ထို့ပြင် အလ္လာဟ်၏လမ်းတော်တွင် စွန့်ကြဲသုံးစွဲကြကုန်။ မိမိတို့၏ လက်များဖြင့် (မိမိတို့ကိုယ်ကို)ပျက်စီးခြင်းသို့မထည့်သွင်းကြကုန်လင့်။ ကောင်းမှုပွားများကြကုန်။ မုချဧကန် အလ္လာဟ်သည် ကောင်းမှုပွားများသူတို့အား ချစ်ခင်နှစ်သက်တော်မူ၏။

وَاَتِمُّوا الْحَجَّ وَالْعُمْرَةَ لِلّٰهِ ؕ فَاِنْ
اُحْصِرْتُمْ فَمَا اسْتَيْسَرَ مِنَ الْهَدْىِ ۚ
وَلَا تَحْلِقُوْا رُءُوْسَكُمْ حَتّٰى يَبْلُغَ
الْهَدْىُ مَحِلَّهٗ ؕ فَمَنْ كَانَ مِنْكُمْ مَّرِيْضًا
اَوْ بِهٖٓ اَذًى مِّنْ رَّاْسِهٖ فَفِدْيَةٌ مِّنْ صِيَامٍ
اَوْ صَدَقَةٍ اَوْ نُسُكٍ ۚ فَاِذَآ اَمِنْتُمْ ۪
فَمَنْ تَمَتَّعَ بِالْعُمْرَةِ اِلَى الْحَجِّ فَمَا
اسْتَيْسَرَ مِنَ الْهَدْىِ ۚ فَمَنْ لَّمْ يَجِدْ

၁၉၆။ ထို့ပြင် အလ္လာဟ်အတွက် 'ဟာဂ်'နှင့် 'အွမွရာ'ကို ဖြည့်ဆည်းကြကုန်။ သို့သော် အကယ်၍ အသင်တို့အား တားဆီးပိတ်ပင်ခြင်းခံရလျှင် မည်သည့်ကုရ်ဘာနီသားကောင်ကို ပင်ရရှိသည်ဖြစ်စေ (ကုရ်ဘာနီပြုလုပ်ကြကုန်)။ ထို့ပြင် ကုရ်ဘာနီသားကောင်သည် (လှီးဖြတ်ရန်)သတ်မှတ်ထားသော နေရာသို့မရောက်မချင်း မိမိတို့၏ဦးခေါင်းများကို မရိတ်ကြကုန်လင့်။ အကယ်၍ အသင်တို့အနက် တစ်ဦးတစ်ယောက်သည် နာမကျန်းဖြစ်ခဲ့လျှင် သို့မဟုတ် ဦးခေါင်း၌ ဝေဒနာတစ်ရပ်ရပ်ဖြစ်ခဲ့လျှင် ထိုသူသည် အချို့သော ဥပုသ်စောင့်ထိန်းခြင်းဖြင့်သော်လည်းကောင်း၊ 'ဆဒကာ' အလှူဒါနပြုခြင်းဖြင့်သော်လည်းကောင်း၊ သို့မဟုတ် ကုရ်ဘာနီပြုခြင်းဖြင့်သော်လည်းကောင်း 'ဖစ်ဒယာ' အစားထိုးပေးချေရမည်။ သို့ဖြစ်ရာ

۞ **وَقَاتِلُوْهُمْ** တွင် လူတို့အား သာသနာမှ စွန့်ခွာသွားစေရန် အတင်းအကျပ်ပြုသောသူတို့အား တိုက်ခိုက်ရန်အမိန့်ဖြစ်သည်။ သို့ဖြစ်၍ သာသနာရေးယုံကြည်မှုမှစွန့်ခွာရန် လက်နက်အင်အားဖြင့် အဓမ္မပြုသောသူတို့အား ယင်းတို့၏အပြုအမူမှ ရပ်တန့်သွားသည့်တိုင်အောင် ခုခံစစ်တိုက်ခိုက်ခွင့်ရှိပေသည်။

۞ ပဋိပက္ခဖြစ်ခြင်း သို့မဟုတ် စစ်မက်တိုက်ခိုက်ခြင်းတို့ကို တားမြစ်ပိတ်ပင်ထားသည့်လများတွင်လည်း အချို့သောရန်သူများသို့မဟုတ် မွတ်စလင်မဟုတ်သူများက ထိုလကို လေးစားမှုမပြုသောအခါ၌ စစ်မက်တိုက်ခိုက်ရန်အခွင့်ရှိပေသည်။ မိမိကိုယ်ကို ခုခံကာကွယ်မှုမပြုဘဲထိုင်နေကြရန် မွတ်စလင်တို့အတွက် လုံးဝမလိုအပ်ပေ။

فَصِيَامُ ثَلٰثَةِ اَيَّامٍ فِي الْحَجِّ وَسَبْعَةٍ اِذَا رَجَعْتُمْ ؕ تِلْكَ عَشَرَةٌ كَامِلَةٌ ؕ ذٰلِكَ لِمَنْ لَّمْ يَكُنْ اَهْلُهٗ حَاضِرِي الْمَسْجِدِ الْحَرَامِ ؕ وَاتَّقُوا اللّٰهَ وَاعْلَمُوْٓا اَنَّ اللّٰهَ شَدِيْدُ الْعِقَابِ ﴿۱۹۶﴾

အသင်တို့သည် လုံခြုံအေးချမ်းမှုရရှိသောအခါ အကြင်မည်သူမဆို 'အွမ္မရာ'ကို 'ဟာဂ်'နှင့်တွဲ၍ အကျိုးရယူရန် ရည်ရွယ်ထားလျှင် မည်သည့်ကုရ်ဘာနီသားကောင်ကိုပင်ရရှိသည်ဖြစ်စေ(ကုရ်ဘာနီပြုပါလေ)၊ သို့သော် အကြင်သူသည် (စွမ်းအား)မရှိပါလျှင် 'ဟာဂ်'အတွင်း ဥပုသ်သုံးရက်နှင့် အိမ်ပြန်ရောက်သောအခါ ခုနစ်ရက်(ဥပုသ်)ဆောက်တည်ရမည်၊ ဤသည် တစ်ဆယ်(ရက်)အပြည့်အဝဖြစ်၏။ ဤ(အမိန့်တော်များ)သည် 'မတ်စ်ဂ်ိဒေဟရာမ်'ကျောင်းတော်၏အနီး ထိုသူ၏မိသားစုနေထိုင်ခြင်းမရှိသောသူတို့အတွက်ဖြစ်၏။ အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးကြကုန်၊ အလ္လာဟ်သည် ပြစ်ဒဏ်ပေးတော်မူရာတွင်အလွန်ပြင်းထန်တော်မူသည်ကိုသိထားကြကုန်။

ရုကူး--၂၅

اَلْحَجُّ اَشْهُرٌ مَّعْلُوْمٰتٌ ۚ فَمَنْ فَرَضَ فِيْهِنَّ الْحَجَّ فَلَا رَفَثَ وَلَا فُسُوْقَ ۙ وَلَا جِدَالَ فِي الْحَجِّ ؕ وَمَا تَفْعَلُوْا مِنْ خَيْرٍ يَّعْلَمْهُ اللّٰهُ ؕ وَتَزَوَّدُوْا فَاِنَّ خَيْرَ الزَّادِ التَّقْوٰى ۫ وَاتَّقُوْنِ يٰٓاُولِي الْاَلْبَابِ ﴿۱۹۷﴾

၁၉၈။ 'ဟာဂ်'သည် သိရှိပြီးဖြစ်သည့် အချို့သောလများတွင်ဖြစ်၏။ သို့ဖြစ်ရာ အကြင်သူသည် ယင်း(လများ)တွင် 'ဟာဂ်'ပြုရန် စိတ်ဆုံးဖြတ်ပြီးဖြစ်လျှင် (ထိုသူအဖို့) 'ဟာဂ်'ပြုနေစဉ်အတွင်း ကာမဂုဏ်နှင့်ဆိုင်သောစကားများ ပြောဆိုခြင်း၊ ဆိုးသွမ်းသောအမှုကိုပြုခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းတို့ကို (ခွင့်)မပြုချေ။ အသင်တို့ပြုကျင့်သော မည်သည့်ကောင်းမှုကိုမဆို အလ္လာဟ်သိတော်မူ၏။ ထို့ပြင် ခရီးလမ်းအတွက် လိုအပ်သည်များကို စုဆောင်းကြကုန်။ အမှန်စင်စစ် ခရီးအတွက် အကောင်းဆုံးသောလိုအပ်ချက်မှာ 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားသာဖြစ်၏။ သို့ဖြစ်၍ အို-အသိဉာဏ်ရှိသူတို့၊ ငါအရှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြကုန်။

لَيْسَ عَلَيْكُمْ جُنَاحٌ اَنْ تَبْتَغُوْا فَضْلًا مِّنْ رَّبِّكُمْ ؕ فَاِذَآ اَفَضْتُمْ مِّنْ عَرَفٰتٍ فَاذْكُرُوا اللّٰهَ عِنْدَ الْمَشْعَرِ الْحَرَامِ ۪ وَاذْكُرُوْهُ كَمَا هَدٰىكُمْ ۚ وَاِنْ كُنْتُمْ مِّنْ قَبْلِهٖ لَمِنَ الضَّآلِّيْنَ ﴿۱۹۸﴾

၁၉၉။ အသင်တို့သည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ကျေးဇူးတော်ကိုလိုလားခြင်း၌ အသင်တို့အပေါ် တစ်စုံတစ်ရာအပြစ်မထိုက်ချေ။ သို့ကြောင့် အသင်တို့သည် 'အာရာဖတ်'မှပြန်လည်ထွက်ခွာကြသောအခါ 'မာရှ်အရေဟရာမ်'အနီးတွင် အလ္လာဟ်အား 'ဇိကီရ်'သတိရတသမှုပြုကြကုန်။ အရှင်မြတ်က အသင်တို့အား လမ်းညွှန်ပြသတော်မူထားသည့်အတိုင်း အရှင်မြတ်အား သတိရတသကြကုန်။ အမှန်သော်ကား အသင်တို့သည် ဤသည့်အလျင်က လမ်းလွဲသူများဖြစ်ခဲ့ကြပေသည်။

ثُمَّ اَفِيْضُوْا مِنْ حَيْثُ اَفَاضَ النَّاسُ وَاسْتَغْفِرُوا اللّٰهَ ؕ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿۱۹۹﴾

၂၀၀။ ထို့နောက် လူအများပြန်လှည့်လာကြသည့်နေရာမှ အသင်တို့သည်(လည်း)ပြန်လှည့်လာကြကုန်၊ ထို့ပြင် အလ္လာဟ်၏ထံတော်မှ ခွင့်လွှတ်ခြင်းကို တောင်းခံကြကုန်။ ဧကန်မုချ အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

فَاِذَا قَضَيْتُمْ مَّنَاسِكَكُمْ فَاذْكُرُوا اللّٰهَ كَذِكْرِكُمْ اٰبَآءَكُمْ اَوْ اَشَدَّ ذِكْرًا ؕ فَمِنَ النَّاسِ مَنْ يَّقُوْلُ رَبَّنَاۤ اٰتِنَا فِي الدُّنْيَا وَمَا لَهٗ فِي الْاٰخِرَةِ مِنْ خَلَاقٍ ۝

၂၀၁။ သို့ဖြစ်ရာ အသင်တို့သည် (ဟာဂ်၏)ကျင့်ဝတ်များကို ကျင့်ဆောင်ပြီးကြသောအခါ မိမိတို့၏ အဘဘိုးဘေးတို့အား သတိရကြသကဲ့သို့ အလွန်ဟ်အား 'ဇိကီရ်'ပြု သတိရတသကြကုန်၊ ထိုမျှမက ထို့ထက်ပင်ပို၍ ပြင်းပြစွာ အရှင်မြတ်အား သတိရတသကြကုန်။ သို့သော် လူသားတို့အနက် အချို့ဤသို့ ရှိကြ၏၊ ယင်းတို့က အို-ကျွန်တော်မျိုးတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အား (ပေးတော်မူမည်ကို) ဤလောကဌ်ပင် ပေးသနားတော်မူပါဟုဆုပန်ကြ၏။ ဤသို့သောသူအဖို့ တမလွန်တွင် မည်သည့်ဝေစုမျှရှိမည်မဟုတ်ချေ။

وَمِنْهُمْ مَّنْ يَّقُوْلُ رَبَّنَاۤ اٰتِنَا فِي الدُّنْيَا حَسَنَةً وَّ فِي الْاٰخِرَةِ حَسَنَةً وَّ قِنَا عَذَابَ النَّارِ ۝

၂၀၂။ ထို့ပြင် သူတို့အနက် ဤသို့လည်းရှိကြ၏၊ ၎င်းတို့က အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အား ဤကမ္ဘာလောကဌ်လည်း ကောင်းကျိုးချမ်းသာကို ပေးသနားတော်မူပါ။ ထို့အတူ တမလွန်တွင်လည်း ကောင်းကျိုးချမ်းသာကို ပေးသနားတော်မူပါ၊ ထို့ပြင် ကျွန်တော်မျိုးတို့အား ငရဲမီး၏ပြစ်ဒဏ်မှ ကယ်တင်တော်မူပါဟု ပန်ကြားကြ၏။

اُولٰٓئِكَ لَهُمْ نَصِيْبٌ مِّمَّا كَسَبُوْا ؕ وَاللّٰهُ سَرِيْعُ الْحِسَابِ ۝

၂၀၃။ ဤသူများသည်ပင် သူတို့အဖို့ သူတို့ရှာဖွေဆည်းပူးခဲ့သည်တို့အတွက် ကြီးမားသောရလဒ်သည်ရှိ၏။ အလွန်ဟ်သည် စစ်ကြောမှု(ပြုရာ)တွင် အလွန်လျင်မြန်တော်မူ၏။

وَاذْكُرُوا اللّٰهَ فِيْۤ اَيَّامٍ مَّعْدُوْدٰتٍ ؕ فَمَنْ تَعَجَّلَ فِيْ يَوْمَيْنِ فَلَاۤ اِثْمَ عَلَيْهِ ۚ وَمَنْ تَاَخَّرَ فَلَاۤ اِثْمَ عَلَيْهِ ۙ لِمَنِ اتَّقٰى ؕ وَاتَّقُوا اللّٰهَ وَاعْلَمُوْۤا اَنَّكُمْ اِلَيْهِ تُحْشَرُوْنَ ۝

၂၀၄။ ဤအနည်းငယ်မျှသော နေ့ရက်များတွင် အလွန်ဟ်အား(များစွာ) 'ဇိကီရ်' သတိရတသမှုပြုကြကုန်။ သို့ဖြစ်ရာ မည်သူမဆို နှစ်ရက်အတွင်း အမြန်ပြီးမြောက်သွားပါလျှင် ထိုသူ့အပေါ် မည်သို့မျှ အပြစ်မထိုက်ချေ။ ထို့ပြင် အကြင်သူသည် နောက်ချန်နေခဲ့လျှင် ထိုသူ့အပေါ်တွင်လည်း မည်သို့မျှ အပြစ်မထိုက်ချေ။ (ဤသည်) 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်တည်သူအဖို့ဖြစ်၏။ သို့ဖြစ်ရာ အလွန်ဟ်အား ကြောက်ရွံ့ကြကုန်။ အသင်တို့သည် အရှင်မြတ်ထံတော်သို့သာ စုရုံးခြင်းခံရမည်ကို သိကြလေကုန်။

وَمِنَ النَّاسِ مَنْ يُّعْجِبُكَ قَوْلُهٗ فِي الْحَيٰوةِ الدُّنْيَا وَيُشْهِدُ اللّٰهَ عَلٰى مَا فِيْ قَلْبِهٖ ۙ وَهُوَ اَلَدُّ الْخِصَامِ ۝

၂၀၅။ ထို့ပြင် လူသားတို့အနက် ဤသို့လည်းရှိ၏၊ လောကီရေးနှင့်စပ်လျဉ်း၍ သူပြောဆိုသောစကားများသည် အသင့်အား နှစ်သက်သဘောကျစေ၏။ ထိုသူသည် မိမိစိတ်တွင်းရှိသည်များ (မှန်ကန်ကြောင်း) အလွာဟ်ကိုသက်သေပြု၏။ အမှန်သော်ကား ထိုသူသည် အပြင်းအထန် အငြင်းသန်သူဖြစ်၏။

وَاِذَا تَوَلّٰى سَعٰى فِي الْاَرْضِ لِيُفْسِدَ فِيْهَا وَ يُهْلِكَ الْحَرْثَ وَ النَّسْلَ ؕ

၂၀၆။ ထိုသူသည် လုပ်ပိုင်ခွင့်အာဏာရှိသူ ဖြစ်လာသောအခါ ကမ္ဘာမြေပေါ်တွင် ပြေးလွှားလှုပ်ရှား၏၊ သို့ဖြင့် ယင်း၌ ပျက်စီး

وَ اللّٰهُ لَا يُحِبُّ الْفَسَادَ ۝

ရာပျက်စီးကြောင်းပြုရန်နှင့် လယ်ယာကောက်ပဲသီးနှံများနှင့် မျိုးဆက်များကို ဖျက်ဆီးရန်ဖြစ်၏။ စင်စစ်သော်ကား အလ္လာဟ်သည် အဖျက်လုပ်ရပ်ကို နှစ်သက်တော်မမူချေ။

وَ اِذَا قِيْلَ لَهُ اتَّقِ اللّٰهَ اَخَذَتْهُ الْعِزَّةُ بِالْاِثْمِ فَحَسْبُهٗ جَهَنَّمُ ؕ وَ لَبِئْسَ الْمِهَادُ ۝

၂၀၇။ ထို့ပြင် သူ့အား အသင်သည် အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ကျင့်ကြံလော့ဟု ပြောသောအခါ၊ ('ငါ'ဆိုသည့်အတ္တ)ဂုဏ်သိက္ခာသည် သူ့အား ပြစ်မှုဒုစရိုက်တွင် ရပ်တည်နေစေ၏။ သို့ဖြစ်၍ ထိုသူအတွက် 'ဂျဟန္နမ်' ငရဲသည် လုံလောက်ပေ၏။ အမှန်ပင် ယင်းသည် အလွန်ဆိုးရွားသော နေရာထိုင်ခင်းဖြစ်၏။

وَ مِنَ النَّاسِ مَنْ يَّشْرِيْ نَفْسَهُ ابْتِغَآءَ مَرْضَاتِ اللّٰهِ ؕ وَ اللّٰهُ رَءُوْفٌۢ بِالْعِبَادِ ۝

၂၀၈။ ထို့ပြင် လူသားတို့အနက် ဤသို့(သောသူ)လည်းရှိ၏၊ သူသည် အလ္လာဟ်၏ကျေနပ်နှစ်မြို့မှုကိုရယူရန်အတွက် မိမိ၏အသက်ကိုပင် ရောင်းပစ်လိုက်၏။ အမှန်သော်ကား အလ္လာဟ်သည် မိမိ၏အစေတော်များအဖို့ အလွန်တရာ ချစ်ခင်သနားတော်မူသောအရှင် ဖြစ်တော်မူ၏။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوا ادْخُلُوْا فِي السِّلْمِ كَآفَّةً ۪ وَ لَا تَتَّبِعُوْا خُطُوٰتِ الشَّيْطٰنِ ؕ اِنَّهٗ لَكُمْ عَدُوٌّ مُّبِيْنٌ ۝

၂၀၉။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အား လုံးသည် နာခံပျပ်ဝပ်မှု(၏ဘောင်)အတွင်းသို့ ဝင်ရောက်ကြကုန်။ 'ရှိုင်တန်'၏နောက်သို့ ဖဝါးခြေထပ်မလိုက်ကြကုန်လင့်။ မုချဧကန် ယင်း(ရှိုင်တန်)သည် အသင်တို့၏ ပွင့်လင်းထင်ရှားသော ရန်သူဖြစ်၏။

فَاِنْ زَلَلْتُمْ مِّنْۢ بَعْدِ مَا جَآءَتْكُمُ الْبَيِّنٰتُ فَاعْلَمُوْۤا اَنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ۝

၂၁၀။ သို့ဖြစ်ရာ အသင်တို့ထံ ရှင်းလင်းထင်ရှားသော သက်သေလက္ခဏာတော်များ ရောက်ရှိပြီးနောက်တွင်လည်း၊ အကယ်၍ အသင်တို့သည် ချွတ်ချော်တိမ်းပါးသွားပါက မှတ်သားကြကုန်၊ အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

هَلْ يَنْظُرُوْنَ اِلَّاۤ اَنْ يَّاْتِيَهُمُ اللّٰهُ فِيْ ظُلَلٍ مِّنَ الْغَمَامِ وَ الْمَلٰٓئِكَةُ وَ قُضِيَ الْاَمْرُ ؕ وَ اِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ۝

၂၁၁။ အလ္လာဟ်နှင့် ကောင်းကင်တမန်များသည် မိုးတိမ်များအရိပ်တွင် သူတို့ထံလာရောက်ပြီး အရေးကိစ္စအား စီရင်ဆုံးဖြတ်ရန်ကိုသာလျှင် ၎င်းတို့သည် စောင့်မျှော်နေကြပေသလော။ အမှန်သော်ကား အရေးကိစ္စအားလုံးသည် အလ္လာဟ်၏ထံတော်သို့သာလျှင် ပြန်လှည့်ကြရပေသတည်း။

ရုကူး-၂၆

سَلْ بَنِيْۤ اِسْرَآءِيْلَ كَمْ اٰتَيْنٰهُمْ مِّنْ اٰيَةٍۭ بَيِّنَةٍ ؕ وَ مَنْ يُّبَدِّلْ نِعْمَةَ اللّٰهِ مِنْۢ بَعْدِ مَا جَآءَتْهُ فَاِنَّ اللّٰهَ شَدِيْدُ الْعِقَابِ ۝

၂၁၂။ 'အစ္စရာအီလ်'မျိုးနွယ်ဝင်တို့ထံ မေးမြန်းပါလေ၊ ငါတို့သည် သူတို့အား ပွင့်လင်းထင်ရှားသော သက်သေလက္ခဏာတော်များကို အဘယ်မျှလောက် ပေးသနားတော်မူခဲ့ပေသနည်း။ အကြင်မည်သူမဆို အလ္လာဟ်၏ 'နေ့အိမတ်' ကောင်းချီးဆုလာဘ်တော်သည် သူထံသို့ရောက်ရှိလာခဲ့ပြီးနောက်

ယင်းကိုပြောင်းလဲခဲ့သော်၊ စင်စစ် အလ္လာဟ်သည် ပြစ်ဒဏ်ပေးတော်မူရာတွင် အလွန်ပြင်းထန်တော်မူ၏။

زُيِّنَ لِلَّذِيْنَ كَفَرُوا الْحَيٰوةُ الدُّنْيَا وَيَسْخَرُوْنَ مِنَ الَّذِيْنَ اٰمَنُوْا ۘ وَالَّذِيْنَ اتَّقَوْا فَوْقَهُمْ يَوْمَ الْقِيٰمَةِ ۗ وَاللّٰهُ يَرْزُقُ مَنْ يَّشَآءُ بِغَيْرِ حِسَابٍ ۝

၂၁၃။ မယုံကြည်ခြင်းပယ်သူတို့အဖို့ လောကီဘဝကို လှပတင့်တယ်ရှုချင်စဖွယ်ဖြစ်စေ၏။ သူတို့သည် ယုံကြည်သူတို့အား ပြက်ရယ်ပြုပြောင်လှောင်ကြလေသည်။ သို့သော် အလ္လာဟ်အားကြောက်ရွံ့ပြီး ဖြူစင်ဖြောင့်မတ်ခြင်း 'တက္ကဝါ' တရားကိုကျင့်ကြံကြသောသူတို့သည် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် ထိုသူတို့အထက်၌ ရှိပေလိမ့်မည်။ အလ္လာဟ်သည် မိမိနှစ်လို့တော်မူသောသူအား 'ရီဇိုက်'ရိက္ခာကို အတိုင်းအဆမရှိ ပေးသနားတော်မူ၏။

كَانَ النَّاسُ اُمَّةً وَّاحِدَةً ۟ فَبَعَثَ اللّٰهُ النَّبِيّٖنَ مُبَشِّرِيْنَ وَمُنْذِرِيْنَ ۪ وَاَنْزَلَ مَعَهُمُ الْكِتٰبَ بِالْحَقِّ لِيَحْكُمَ بَيْنَ النَّاسِ فِيْمَا اخْتَلَفُوْا فِيْهِ ۭ وَمَا اخْتَلَفَ فِيْهِ اِلَّا الَّذِيْنَ اُوْتُوْهُ مِنْۢ بَعْدِ مَا جَاۗءَتْهُمُ الْبَيِّنٰتُ بَغْيًۢا بَيْنَهُمْ ۚ فَهَدَى اللّٰهُ الَّذِيْنَ اٰمَنُوْا لِمَا اخْتَلَفُوْا فِيْهِ مِنَ الْحَقِّ بِاِذْنِهٖ ۭ وَاللّٰهُ يَهْدِيْ مَنْ يَّشَاۗءُ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ۝

၂၁၄။ လူသားအားလုံးတို့သည် တစ်ခုတည်းသော 'အွမ္မတ်' အစုအဖွဲ့ဖြစ်ခဲ့ကြ၏။ သို့ဖြစ်၍ အလ္လာဟ်သည် တမန်တော်များကို ဝမ်းမြောက်ဖွယ်သတင်းကောင်းပေးသူနှင့် သတိပေးနှိုးဆော်သူများအဖြစ် စေလွှတ်တော်မူခဲ့လေသည်။ ထို့ပြင် သူတို့နှင့်အတူ လူသားတို့အတွင်း ကွဲလွဲမှုများကို စီရင်ဆုံးဖြတ်ဖို့ရာ အမှန်တရားကိုအခြေခံသော ကျမ်းတော်ကိုလည်း ချပေးတော်မူခဲ့၏။ ဤ(ကျမ်းတော်)တွင် ကွဲပြားခြားနားမှုမရှိချေ။ သို့ရာတွင် ယင်း(ကျမ်းတော်)ကို ပေးခြင်းခံရသူတို့သည်ပင် သူတို့ထံရှင်းလင်းထင်ရှားသော သက်သေလက္ခဏာတော်များ ရောက်လာခဲ့ပြီးနောက်တွင်မှ အချင်းချင်းထောင်လွှားခြားနားမှုအပေါ် အခြေပြုလျက် (ဝိဝါဒကွဲပြားကြ၏)။ သို့ဖြစ်ရာ အလ္လာဟ်သည် သက်ဝင်ယုံကြည်ကြသူတို့အား မိမိ၏အမိန့်တော်ဖြင့် ယင်း(ကျမ်းတော်)၌ အမှန်တရားနှင့်စပ်လျဉ်း၍ ယင်းသူတို့ ဝိဝါဒကွဲလွဲမှုတွင် အမှန်ဘက်သို့ ညွှန်ပြတော်မူ၏။ အလ္လာဟ်သည် မိမိနှစ်လို့တော်မူသူအား ဖြောင့်မှန်သောလမ်းဘက်သို့ ညွှန်ပြတော်မူ၏။ ②

اَمْ حَسِبْتُمْ اَنْ تَدْخُلُوا الْجَنَّةَ وَلَمَّا يَاْتِكُمْ مَّثَلُ الَّذِيْنَ خَلَوْا مِنْ قَبْلِكُمْ ۭ مَسَّتْهُمُ الْبَاْسَاۗءُ وَالضَّرَّاۗءُ وَزُلْزِلُوْا

၂၁၅။ အသို့နည်း၊ အသင်တို့ထက်အလျင်ရှိခဲ့ကြသောသူတို့၏အခြေအနေမျိုး အသင်တို့ထံဆိုက်ရောက်ခြင်းမရှိဘဲ အသင်တို့သည် 'ဂျန္နတ်'ဥယျာဉ်တော်သို့ ဝင်ရောက်ကြရလိမ့်မည်ဟု ထင်မှတ်ကြသလော။ သူတို့ထံ အခက်အခဲ၊ ကျပ်တည်းမှုများနှင့် ဒုက္ခဆင်းရဲခြင်းတို့ ဆိုက်ရောက်ခဲ့၏၊ သူတို့သည် ကိုင်

② နဗီတမန်တော်တစ်ပါးပါးမပွင့်ပေါ်မီအလျင် လူတို့သည် တစ်မျိုးတစ်စားတည်းပမာဖြစ်နေကြပေသည်။ အပေါ်ယံအားဖြင့် ရှေးတမန်တော်များအား သက်ဝင်ယုံကြည်မှုရှိကြသော်လည်း မကောင်းမှုဒုစရိုက်များနှင့် ကိုယ်ကျင့်တရား ပျက်ပြားမှုများတွင်မည်သို့မျှခြားနားမှုမရှိကြချေ။ သို့ဖြစ်ရာ အခြေခံသဘောတရားတစ်ရပ်မှာ 'နဗီ'တမန်တော်မပွင့်ပေါ်မီအလျင် လူမျိုးနွယ်တို့သည် သက်ဝင်ယုံကြည်သူဖြစ်စေ၊ မယုံကြည်သူဖြစ်စေအပေါ်ယံအားဖြင့် အခြေအနေတစ်ခုတည်း၌ရှိနေကြပေသည်။ တမန်တော်ထံမှ ကျမ်းတော်နှင့် အမိန့်ပေးခြင်း၊ တားမြစ်ခြင်းတို့သည် ပွင့်လင်းထင်ရှားလာသောအခါ တမန်တော်အားဆန့်ကျင်မှုက လူသားတို့ကို တသီးတခြားစီ နှစ်ပိုင်းခွဲဝစ်လိုက်လေသည်။ တစ်ပိုင်းမှာ တမန်တော်ကိုယုံကြည်သူများဖြစ်ပြီး ကျန်တစ်ပိုင်းမှာ တမန်တော်ကို ငြင်းပယ်သူများဖြစ်ကြလေသည်။

حَتّٰى يَقُوْلَ الرَّسُوْلُ وَالَّذِيْنَ اٰمَنُوْا مَعَهٗ مَتٰى نَصْرُ اللّٰهِ ؕ اَلَاۤ اِنَّ نَصْرَ اللّٰهِ قَرِيْبٌ ﴿۲۱۵﴾

လှုပ်ခြင်းကိုခံခဲ့ကြရ၏။ နောက်ဆုံးတွင် တမန်တော်နှင့်တကွ သူနှင့်အတူရှိခဲ့ကြသော သက်ဝင်ယုံကြည်သူတို့က အလ္လာဟ်၏အကူအညီ မည်သည့်အခါမှ ရောက်ရှိလာမည်နည်းဟု တမ်းတဟစ်ကြွေးခဲ့ကြပေသည်။ ကြားနာကြကုန်၊ ဧကန်မလွဲ အလ္လာဟ်၏အကူအညီသည် နီးကပ်လျက်ရှိ၏။

يَسْـَٔلُوْنَكَ مَاذَا يُنْفِقُوْنَ ۬ قُلْ مَاۤ اَنْفَقْتُمْ مِّنْ خَيْرٍ فَلِلْوَالِدَيْنِ وَالْاَقْرَبِيْنَ وَالْيَتٰمٰى وَالْمَسٰكِيْنِ وَابْنِ السَّبِيْلِ ؕ وَمَا تَفْعَلُوْا مِنْ خَيْرٍ فَاِنَّ اللّٰهَ بِهٖ عَلِيْمٌ ﴿۲۱۵﴾

၂၁၆။ သူတို့သည် အသင့်အား မည်သည်ကို သုံးစွဲရမည်နည်းဟု မေးမြန်းကြ၏။ အသင်ပြောကြားပါလေ၊ အသင်တို့သည် (မိမိတို့၏) ဥစ္စာပစ္စည်းမှ မည်သည်ကိုပင်ဖြစ်စေ သုံးစွဲလိုပါလျှင် မိဘများ၊ ဆွေမျိုးရင်းချာများ၊ မိဘမဲ့များ၊ ဆင်းရဲနွမ်းပါးသူများနှင့် ခရီးသည်များအတွက် (သုံးစွဲကြကုန်)။ အသင်တို့သည် မည်သည့်ကောင်းမှုကိုမဆို ပြုလုပ်သည်ဖြစ်စေ စင်စစ် အလ္လာဟ်သည် ယင်းကို ကောင်းစွာသိရှိတော်မူ၏။

كُتِبَ عَلَيْكُمُ الْقِتَالُ وَهُوَ كُرْهٌ لَّكُمْ ۚ وَعَسٰۤى اَنْ تَكْرَهُوْا شَيْـًٔا وَّهُوَ خَيْرٌ لَّكُمْ ۚ وَعَسٰۤى اَنْ تُحِبُّوْا شَيْـًٔا وَّهُوَ شَرٌّ لَّكُمْ ؕ وَاللّٰهُ يَعْلَمُ وَاَنْتُمْ لَا تَعْلَمُوْنَ ﴿۲۱۶﴾ ع

၂၁၇။ အသင်တို့အပေါ် စစ်တိုက်ခြင်းကို ပြဋ္ဌာန်းတော်မူပြီ။ စင်စစ် ယင်းကို အသင်တို့မနှစ်မြို့ခဲ့ကြချေ။ သို့သော် အသင်တို့သည် တစ်စုံတစ်ရာကို မနှစ်မြို့ကြသော်လည်း ယင်းသည် အသင်တို့အဖို့ ကောင်းသောအရာဖြစ်နိုင်၏။ ထိုနည်းတူ အသင်တို့သည် တစ်စုံတစ်ရာကိုနှစ်မြို့၏၊ သို့ရာတွင် ထိုအရာသည် အသင်တို့အဖို့ဆိုးကျိုးသက်ရောက်စေနိုင်၏။ အလ္လာဟ်သည် သိရှိတော်မူ၏၊ အသင်တို့မူကားမသိရှိကြချေ။

ရုကူး--၂၇

يَسْـَٔلُوْنَكَ عَنِ الشَّهْرِ الْحَرَامِ قِتَالٍ فِيْهِ ؕ قُلْ قِتَالٌ فِيْهِ كَبِيْرٌ ؕ وَصَدٌّ عَنْ سَبِيْلِ اللّٰهِ وَكُفْرٌۢ بِهٖ وَالْمَسْجِدِ الْحَرَامِ ۗ وَاِخْرَاجُ اَهْلِهٖ مِنْهُ اَكْبَرُ عِنْدَ اللّٰهِ ۚ وَالْفِتْنَةُ اَكْبَرُ مِنَ الْقَتْلِ ؕ وَلَا يَزَالُوْنَ يُقَاتِلُوْنَكُمْ حَتّٰى يَرُدُّوْكُمْ عَنْ دِيْنِكُمْ اِنِ اسْتَطَاعُوْا ؕ وَمَنْ يَّرْتَدِدْ مِنْكُمْ عَنْ دِيْنِهٖ فَيَمُتْ وَهُوَ كَافِرٌ فَاُولٰٓئِكَ حَبِطَتْ اَعْمَالُهُمْ فِي الدُّنْيَا وَالْاٰخِرَةِ ۚ وَاُولٰٓئِكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ﴿۲۱۷﴾

၂၁၈။ သူတို့သည် အသင့်အား ထူးမြတ်သောလများတွင် စစ်တိုက်ခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းကြ၏။ (သူတို့အား) ပြောကြားပါလေ။ ယင်း(လများ)တွင် စစ်တိုက်ခြင်းသည် အလွန်ကြီးလေး(သောအပြစ်ဖြစ်)၏။ သို့သော် အလ္လာဟ်၏ လမ်းတော်မှ တားဆီးပိတ်ပင်ခြင်း၊ အရှင်မြတ်အားငြင်းပယ်ခြင်း၊ 'မတ်စ်ဂျိဒေဟရာမ်'ဝတ်ကျောင်းတော်မှ တားဆီးပိတ်ပင်ခြင်း၊ ယင်းနှင့် (အမှန်တကယ်)ထိုက်တန်သူများအား ယင်းမှ နှင်ထုတ်ခြင်းတို့သည် အလ္လာဟ်၏အထံတော်၌ ထိုသည်ထက်ပင် ကြီးလေး(သောအပြစ်ဖြစ်)၏။ ထို့ပြင် ပြဿနာဖန်တီးခြင်းသည် သတ်ဖြတ်ခြင်းထက်ပင် ပိုမိုကြီးလေး၏။ အသင်တို့နှင့် စစ်မက်တိုက်ခိုက်ကြသူတို့သည် အကယ်၍ သူတို့တွင် အင်အားရှိခဲ့ကြပါမူ၊ အသင်တို့အား အသင်တို့၏သာသနာမှ လှည့်ထွက်သွားသည်ထိ ဆက်လက်တိုက်ခိုက်နေကြပေလိမ့်မည်။ အသင်တို့အနက် အကြင်မည်သူမဆို မိမိတို့၏သာသနာမှ လွဲဖယ်ကျောခိုင်းသွားပြီး 'ကာဖိရ်'မယုံကြည်ငြင်းပယ်သူအဖြစ်နှင့်ပင် သေဆုံးခဲ့သော် ဤသို့သောသူတို့၏ ကျင့်ကြံအားထုတ်

မှုများသည် လောကဌ်လည်းကောင်း၊ တမလွန်တွင်လည်းကောင်း အလဟဿအချည်းနှီးဖြစ်သွားချေပြီ။ ဤသူများသည်ပင် (ငရဲ)မီးတွင် ခံစားကြရမည့်သူများဖြစ်ပြီး၊ ယင်းဌ်ဌ သူတို့သည် အလွန်ကာလရှည်ကြာစွာ နေရမည့်သူများ ဖြစ်ကြ၏။

اِنَّ الَّذِيْنَ اٰمَنُوْا وَالَّذِيْنَ هَاجَرُوْا وَجٰهَدُوْا فِيْ سَبِيْلِ اللّٰهِ ۙ اُولٰٓئِكَ يَرْجُوْنَ رَحْمَتَ اللّٰهِ ؕ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ۝

၂၁၉။ ဧကန်မုချ အကြင်သူတို့သည် သက်ဝင်ယုံကြည်မှု 'အီမာန်'ရှိကြ၏၊ (မိမိတို့နေရပ်မှ) 'ဟစ်ဂျရတ်' ရွှေ့ပြောင်းမှုပြုကြ၏။ ထို့ပြင် အလ္လာဟ်၏လမ်းတော်တွင် 'ဂျီဟာဒ်' ကြိုးပမ်းအားထုတ်မှုပြုကြ၏။ ဤသူတို့သည်ပင် အလ္လာဟ်၏ 'ရာဟ်မတ်' ကရုဏာတော်ကို မျှော်လင့်တောင့်တသူများဖြစ်ကြ၏။ အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

يَسْـَٔلُوْنَكَ عَنِ الْخَمْرِ وَالْمَيْسِرِ ؕ قُلْ فِيْهِمَآ اِثْمٌ كَبِيْرٌ وَّمَنَافِعُ لِلنَّاسِ ۫ وَاِثْمُهُمَآ اَكْبَرُ مِنْ نَّفْعِهِمَا ؕ وَيَسْـَٔلُوْنَكَ مَاذَا يُنْفِقُوْنَ ۬ قُلِ الْعَفْوَ ؕ كَذٰلِكَ يُبَيِّنُ اللّٰهُ لَكُمُ الْاٰيٰتِ لَعَلَّكُمْ تَتَفَكَّرُوْنَ ۙ۝

၂၂၀။ သူတို့သည် အသင့်ထံတွင် အရက်သေစာ၊ လောင်းကစားခြင်းတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြ၏။ အသင်ပြောကြားပါလေ၊ ဤနှစ်ခုလုံးတွင် ကြီးလေးသောအပြစ်(လည်း)ရှိ၏၊ ထို့ပြင် လူသားတို့အတွက် အကျိုးကျေးဇူးများလည်းရှိ၏။ သို့သော် ယင်းနှစ်ရပ်၏အပြစ်သည် ယင်းတို့၏အကျိုးကျေးဇူးထက် သာလွန်၍များပြားလှပေသည်။ ထို့ပြင် သူတို့က မည်သည်ကို စွန့်ကြဲသုံးစွဲရမည်နည်း(ဟူ၍လည်း) အသင့်ထံ မေးမြန်းကြ၏။ (လိုအပ်သည်ထက်)ပိုလျှံလေသမျှဟု သူတို့အားပြောကြားပါလေ။ အလ္လာဟ်သည်(မိမိ၏)မှက္ခပါဠ်တော်များကို ရှင်းလင်းစွာဖော်ပြတော်မူ၏။ သို့ဖြင့် အသင်တို့ ဆင်ခြင်စဉ်းစားနိုင်ရန်ဖြစ်၏။ ①

فِي الدُّنْيَا وَالْاٰخِرَةِ ؕ وَيَسْـَٔلُوْنَكَ عَنِ الْيَتٰمٰى ؕ قُلْ اِصْلَاحٌ لَّهُمْ خَيْرٌ ؕ وَاِنْ تُخَالِطُوْهُمْ فَاِخْوَانُكُمْ ؕ وَاللّٰهُ يَعْلَمُ الْمُفْسِدَ مِنَ الْمُصْلِحِ ؕ وَلَوْ شَآءَ اللّٰهُ لَاَعْنَتَكُمْ ؕ اِنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ۝

၂၂၁။ လောကီနှင့် နောင်တမလွန်တို့နှင့်စပ်လျဉ်း၍ (ဆင်ခြင်စဉ်းစားဖို့ရာဖြစ်၏)။ ထို့ပြင် မိဘမဲ့တို့နှင့်စပ်လျဉ်း၍လည်း သူတို့သည် အသင့်ထံတွင်မေးမြန်းကြ၏။ အသင်ပြောကြားပါလေ။ (မိဘမဲ့)သူတို့အား ပဲ့ပြင်တည့်မတ်ပေးခြင်းသည် ကောင်းမြတ်ပေ၏။ အကယ်၍ အသင်တို့သည် သူတို့နှင့်အတူ ပူးပေါင်း၍နေထိုင်ကြလျှင်၊ သူတို့သည် အသင်တို့၏ညီအစ်ကိုများသာ ဖြစ်ကြပေသည်။ စင်စစ် အလ္လာဟ်သည် ပျက်စီးရာပျက်စီးကြောင်းပြုသူကို ပဲ့ပြင်တည့်မတ်ပေးသူနှင့် ခွဲခြား၍သိရှိတော်မူ၏။ ထို့ပြင် အကယ်၍ အလ္လာဟ်အလို

① ဤအာယတ်တော်တွင် 'ဟရာမ်'နှင့် 'ဟလာလ်'(တားမြစ်ချက်၊ ခွင့်ပြုချက်)တို့၏ထာဝရအခြေခံမူကို ဖော်ပြမိန့်ကြားတော်မူထားသည်မှာ အကြင်အရာကိုသုံးစွဲခြင်းဖြင့် အကျိုးအမြတ်များပြီး ဆုံးရှုံးမှုနည်းလျှင် ထိုအရာများမှာ 'ဟလာလ်' ခွင့်ပြုချက်ရှိ၍ အကြင်ပစ္စည်းများမှာ အကျိုးအမြတ်ရှိသော်လည်း ဆုံးရှုံးမှုများလျှင် ထိုအရာများသည် 'ဟရာမ်'သုံးစွဲပိုင်ခွင့်မရှိပေ။ Alcohol (အရက်)ကိုသောက်သုံးသော် အကျိုးယုတ်ဆုံးရှုံးမှုကိုဖြစ်ပေါ်စေ၏။ သို့ကြောင့် ယင်းကို အနည်းငယ်မျှသောက်သုံးခြင်းသည်ပင် 'ဟရာမ်'ဖြစ်ပေသည်။ သို့ရာတွင် ဆေးပညာဘက်တွင် Alcohol သည် ထူးခြားစွာအရေးပါမှုရှိလေသည်။ ထို့ပြင် Alcohol ကို အမွေးနံ့သာနှင့်ရောစပ်လိုက်လျှင် ရေမွှေးအဖြစ်လည်း အဝတ်အထည်များပေါ်တွင် မည်မျှပင်ပက်ဖျန်းစေကာမူ မူးယစ်ခြင်းမဖြစ်နိုင်ပေ။

တော်ရှိခဲ့ပါမူ အသင်တို့အား အမှန်ပင် ဒုက္ခအခက်အခဲတွင် ထည့်သွင်းတော်မူပေအံ့။ ဧကန်စင်စစ် အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အ မြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَا تَنْكِحُوا الْمُشْرِكٰتِ حَتّٰى يُؤْمِنَّ ؕ وَلَاَمَةٌ مُّؤْمِنَةٌ خَيْرٌ مِّنْ مُّشْرِكَةٍ وَّلَوْ اَعْجَبَتْكُمْ ۚ وَلَا تُنْكِحُوا الْمُشْرِكِيْنَ حَتّٰى يُؤْمِنُوْا ؕ وَلَعَبْدٌ مُّؤْمِنٌ خَيْرٌ مِّنْ مُّشْرِكٍ وَّلَوْ اَعْجَبَكُمْ ؕ اُولٰٓئِكَ يَدْعُوْنَ اِلَى النَّارِ ۖۚ وَاللّٰهُ يَدْعُوْٓا اِلَى الْجَنَّةِ وَالْمَغْفِرَةِ بِاِذْنِهٖ ۚ وَيُبَيِّنُ اٰيٰتِهٖ لِلنَّاسِ لَعَلَّهُمْ يَتَذَكَّرُوْنَ ﴿۲۲۱﴾

၂၂၂။ ထို့ပြင် အလ္လာဟ်နှင့် တွဲဖက်ထားကိုးကွယ်သူ 'မူရှရိက်' အမျိုးသမီးတို့အား ယင်းတို့သက်ဝင်ယုံကြည်မှု 'အီမာန်'ရှိလာသည်အထိ သူမတို့အား ထိမ်းမြားခြင်းမပြုကြလင့်။ သူမသည် အသင်တို့အဖို့ မည်မျှပင် နှစ်သက်ဖွယ်ဖြစ်နေစေကာမူ၊ 'မို့အ မင်နိ' ယုံကြည်သူ ကျွန်မတစ်ဦးသည် (လွတ်လပ်သော) 'မူရှ ရိက်' အမျိုးသမီးတစ်ဦးထက် သာလွန်၍ကောင်းမြတ်ပေ၏။ ထို့ပြင် 'မူရှရိက်' အမျိုးသားများနှင့်လည်း သူတို့သည် သက်ဝင်ယုံကြည်မှုရှိလာသည်အထိ (မိမိတို့၏သမီးများကို) သူတို့နှင့် ထိမ်းမြားပေးခြင်းမပြုကြလင့်။ သူသည် အသင်တို့ အဖို့ မည်မျှပင် နှစ်သက်ဖွယ်ဖြစ်နေစေကာမူ၊ အမှန်ပင် ယုံ ကြည်သူ ကျေးကျွန်တစ်ဦးသည် (လွတ်လပ်သော) 'မူရှရိက်' တစ်ဦးထက် သာလွန်၍ကောင်းမြတ်၏။ ယင်း (မူရှရိက်) တို့သည် မီးဘက်သို့ ခေါ်ဆောင်သူများဖြစ်ကြ၏။ အလ္လာဟ် သည်ကား မိမိအမိန့်တော်ဖြင့် အသင်တို့အား 'ဂျန္နတ်' သုခ ဥယျာဉ်ဘက်သို့လည်းကောင်း၊ အပြစ်လွှတ်တော်မူခြင်းဘက် သို့လည်းကောင်း ခေါ်ဆောင်လျက်ရှိတော်မူ၏။ အရှင်မြတ် သည် လူသားတို့ အဆုံးအမသင်ခန်းစာရရှိစေရန်အလို့ငှာ မိမိ၏နိမိတ်လက္ခဏာတော်များကို ထင်ထင်ရှားရှား ဖော်ပြတော် မူပေသတည်း။

ရုကူး-၂၈

وَيَسْـَٔلُوْنَكَ عَنِ الْمَحِيْضِ ؕ قُلْ هُوَ اَذًى ۙ فَاعْتَزِلُوا النِّسَآءَ فِى الْمَحِيْضِ ۙ وَلَا تَقْرَبُوْهُنَّ حَتّٰى يَطْهُرْنَ ۚ فَاِذَا تَطَهَّرْنَ فَاْتُوْهُنَّ مِنْ حَيْثُ اَمَرَكُمُ اللّٰهُ ؕ اِنَّ اللّٰهَ يُحِبُّ التَّوَّابِيْنَ وَيُحِبُّ الْمُتَطَهِّرِيْنَ ﴿۲۲۲﴾

၂၂၃။ သူတို့သည် အသင့်ထံတွင် ဓမ္မတာရာသီသွေးပေါ်ခြင်း အခြေအနေနှင့်စပ်လျဉ်း၍ မေးမြန်းကြ၏။ အသင်ပြောကြား ပါလေ၊ ယင်းသည် ဒုက္ခခံစားရခြင်း(အခြေအနေ)တစ်ရပ်ဖြစ် ၏။ သို့ကြောင့် ဓမ္မတာပေါ်ခြင်းကာလတွင် ဇနီးမိန်းမတို့နှင့် ခွဲခွာ၍နေကြကုန်။ သူမတို့ သန့်စင်လာသည်အထိ သူမတို့နှင့် ကိုယ်လက်နှီးနှောခြင်းမပြုကြလင့်။ သူမတို့ သန့်ရှင်းစင်ကြယ် မှုရှိလာသောအခါတွင် အသင်တို့အား အလ္လာဟ်က အမိန့် ပေးတော်မူထားသည့်နည်းလမ်းနှင့်အညီ သူမတို့ထံ ပြန်လည် ဝင်ရောက်ကြကုန်။ ဧကန်မုချ အလ္လာဟ်သည် များစွာ ဝန်ချ တောင်းပန်ခြင်း 'တောင်ဘာ'ပြုသူတို့ကို ချစ်ခင်နှစ်သက်တော် မူ၏။ ထို့အတူ စင်ကြယ်သန့်ရှင်းစွာ နေထိုင်သူတို့ကို(လည်း) ချစ်ခင်နှစ်သက်တော်မူ၏။

نِسَآؤُكُمْ حَرْثٌ لَّكُمْ ۠ فَاْتُوْا حَرْثَكُمْ اَنّٰى شِئْتُمْ ۫ وَقَدِّمُوْا لِاَنْفُسِكُمْ ؕ وَاتَّقُوا اللّٰهَ وَاعْلَمُوْۤا اَنَّكُمْ مُّلٰقُوْهُ ؕ وَ بَشِّرِ الْمُؤْمِنِيْنَ ۝

၂၂၃။ အသင်တို့၏ ဇနီးမိန်းမများသည် အသင်တို့၏ လယ်ယာများဖြစ်၏။ သို့ဖြစ်ရာ မိမိတို့၏လယ်ယာသို့ အလိုရှိသလို လာကြကုန်။ ထို့ပြင် မိမိတို့အတွက် (အချို့ကို) ရှေ့သို့ပို့ထားနှင့်ကြကုန်။ ထို့ပြင် အလ္လာဟ်အား ကြောက်ရွံ့ကြကုန်။ အသင်တို့သည် ထိုအရှင်မြတ်နှင့် မုချတွေ့ဆုံကြရမည်ကိုလည်း ကောင်းစွာသိရှိနားလည်ထားကြကုန်။ သို့ကြောင့် သက်ဝင်ယုံကြည်သူတို့အား (ဤအကြောင်းကို) ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းပေးပါလေ။ ①

وَلَا تَجْعَلُوا اللّٰهَ عُرْضَةً لِّاَيْمَانِكُمْ اَنْ تَبَرُّوْا وَتَتَّقُوْا وَتُصْلِحُوْا بَيْنَ النَّاسِ ؕ وَاللّٰهُ سَمِيْعٌ عَلِيْمٌ ۝

၂၂၅။ အသင်တို့သည် ကောင်းမှုပြုခြင်းမှလည်းကောင်း ဖြူစင်ဖြောင့်မတ်ခြင်း 'တက္ကဝါ'တရားကိုကျင့်သုံးခြင်းမှလည်းကောင်း၊ လူတို့၏အကြားတွင် ပြေငြိမ်းအောင်ပြုလုပ်ပေးခြင်းမှလည်းကောင်း၊ ရှောင်ကွင်းနိုင်ရန်အလို့ငှာ အလ္လာဟ်အား မိမိတို့ကျိန်ဆိုမှုများ၏ဦးတည်ရာ မပြုလုပ်ကြကုန်လင့်။ အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

لَا يُؤَاخِذُكُمُ اللّٰهُ بِاللَّغْوِ فِيْۤ اَيْمَانِكُمْ وَلٰكِنْ يُّؤَاخِذُكُمْ بِمَا كَسَبَتْ قُلُوْبُكُمْ ؕ وَاللّٰهُ غَفُوْرٌ حَلِيْمٌ ۝

၂၂၆။ အလ္လာဟ်သည် အသင်တို့၏အချည်းနှီးသော ကျိန်ဆိုမှုများအပေါ် အရေးယူတော်မူမည်မဟုတ်။ သို့ရာတွင် အသင်တို့၏စိတ်နှလုံးမှ ရွာဖွေဆည်းပူးသည့် (အပြစ်)အတွက်မူ အသင်တို့အား အရေးယူတော်မူပေမည်။ အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ ထောက်ထားညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။

لِلَّذِيْنَ يُؤْلُوْنَ مِنْ نِّسَآئِهِمْ تَرَبُّصُ اَرْبَعَةِ اَشْهُرٍ ۚ فَاِنْ فَآءُوْ فَاِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ۝

၂၂၇။ မိမိတို့၏ဇနီးမိန်းမများကို ပေါင်းသင်းဆက်ဆံခြင်းမပြုဟု ကျိန်ဆိုခြင်းပြုသူတို့သည် လေးလတိုင်အောင် စောင့်ဆိုင်း(ခွင့်)ရှိ၏။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် ပြန်လည်၍ ရုပ်သိမ်းကြလျှင်၊ ဧကန်စင်စစ် အလ္လာဟ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَ اِنْ عَزَمُوا الطَّلَاقَ فَاِنَّ اللّٰهَ سَمِيْعٌ عَلِيْمٌ ۝

၂၂၈။ ထို့ပြင် အကယ်၍ သူတို့သည် 'တွလာက်' ကွာရှင်းပြတ်စဲခြင်းအတွက် ယတိပြတ်ဆုံးဖြတ်လျှင်၊ အမှန်ပင် အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

وَالْمُطَلَّقٰتُ يَتَرَبَّصْنَ بِاَنْفُسِهِنَّ ثَلٰثَةَ

၂၂၉။ ကွာရှင်းပြတ်စဲခြင်းခံရသော အမျိုးသမီးတို့သည် ဓမ္မတာပေါ် ခို်န် သုံးကြိမ်သောကာလတိုင်အောင် မိမိကိုယ်ကို

① မိုက်မဲဆိုးသွမ်းသူအချို့က ဤ'အာယတ်'မှကွပါဒ်တော်ကို ဖျက်လိုဖျက်ဆီးပြုလျက် نَعُوْذُ بِاللّٰهِ مِنْ ذٰلِكَ ဇနီးမယားများနှင့် သဘာဝမဟုတ်သောပေါင်းသင်းဆက်ဆံမှုကို ခွင့်ပြုချက်ရှိသည်ဟူ၍ ကောက်ယူကြလေသည်။ ဤကား ကြီးစွာသော မှားယွင်းမှုဖြစ်ပေသည်။ လယ်ယာဟုဆိုရခြင်းကား အမျိုးသမီးများသည် မျိုးဆက်ပြန့်ပွားတည်တံ့ရေး၏အရင်းခံနည်းလမ်းဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။ သဘာဝမဟုတ်သော ပေါင်းသင်းဆက်ဆံမှုဖြင့် မည်သည့်မျိုးဆက်မျှ အလျှင်းပေါက်ဖွားလာနိုင်မည်မဟုတ်ချေ။

قُرُوْٓءٍ ؕ وَلَا يَحِلُّ لَهُنَّ اَنْ يَّكْتُمْنَ مَا
خَلَقَ اللّٰهُ فِيْٓ اَرْحَامِهِنَّ اِنْ كُنَّ يُؤْمِنَّ
بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ؕ وَبُعُوْلَتُهُنَّ اَحَقُّ
بِرَدِّهِنَّ فِيْ ذٰلِكَ اِنْ اَرَادُوْٓا اِصْلَاحًا ؕ
وَلَهُنَّ مِثْلُ الَّذِيْ عَلَيْهِنَّ بِالْمَعْرُوْفِ ۠
وَ لِلرِّجَالِ عَلَيْهِنَّ دَرَجَةٌ ؕ وَاللّٰهُ عَزِيْزٌ
حَكِيْمٌ ﴿۲۲۸﴾

စောင့်ထိန်း၍နေကြရမည်။အကယ်၍ သူမတို့သည် အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကြီးကို ယုံကြည်ကြလျှင်၊ သူမတို့၏ သားအိမ်များအတွင်း၌ အလ္လာဟ်က ဖန်ဆင်းထားသည့်အရာကို လျှို့ဝှက်ထိမ်ချန်ထားရန် သူမတို့အဖို့ အခွင့်မရှိချေ။ ထို့ပြင် ဤသို့သောအခြေအနေတွင် အကယ်၍ သူတို့အနေဖြင့် သင့်မြတ်ကျေအေးရန် ဆန္ဒရှိပါလျှင် သူမတို့၏ ခင်ပွန်းသည်တို့သည် သူမတို့အား ပြန်လည်ရယူရန် အခွင့်အရေး ပို၍ရှိပေသည်။ ထိုမှတစ်ပါး ထုံးတမ်းနှင့်အညီ (ယောကျ်ားများက) သူမတို့အပေါ် (အခွင့်အရေး) ရှိသည်နှင့်အညီ သူမတို့ကလည်း (ယောကျ်ားများအပေါ်) အခွင့်အရေးရှိကြပေသည်။ အမှန်သော်ကား ယောကျ်ားများသည် သူမတို့အပေါ်၌ တစ်ခုသော သာလွန်မှုလည်းရှိ၏။ အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူး-၂၉

اَلطَّلَاقُ مَرَّتٰنِ ۪ فَاِمْسَاكٌۢ بِمَعْرُوْفٍ اَوْ
تَسْرِيْحٌۢ بِاِحْسَانٍ ؕ وَلَا يَحِلُّ لَكُمْ اَنْ
تَاْخُذُوْا مِمَّآ اٰتَيْتُمُوْهُنَّ شَيْـًٔا اِلَّآ اَنْ
يَّخَافَآ اَلَّا يُقِيْمَا حُدُوْدَ اللّٰهِ ؕ فَاِنْ
خِفْتُمْ اَلَّا يُقِيْمَا حُدُوْدَ اللّٰهِ ۙ فَلَا جُنَاحَ
عَلَيْهِمَا فِيْمَا افْتَدَتْ بِهٖ ؕ تِلْكَ حُدُوْدُ اللّٰهِ
فَلَا تَعْتَدُوْهَا ۚ وَمَنْ يَّتَعَدَّ حُدُوْدَ اللّٰهِ
فَاُولٰٓئِكَ هُمُ الظّٰلِمُوْنَ ﴿۲۲۹﴾

၂၃၀။ 'တွလာက်' ကွာရှင်းပြတ်စဲခြင်းသည် နှစ်ကြိမ်ဖြစ်၏။ သို့ဖြစ်ရာ (ထိုသည့်နောက်တွင်) သင့်မြတ်သော နည်းလမ်းဖြင့် တားထားပါလေ။ သို့တည်းမဟုတ် ကောင်းမွန်စွာဖြင့် စွန့်လွှတ်ပါလေ။ သူတို့နှစ်ဦးစလုံးသည် (မိမိတို့မှာ) အလ္လာဟ်၏ စည်းမျဉ်းသတ်မှတ်ချက်အပေါ် ရပ်တည်နိုင်မည်မဟုတ်ဟု စိုးရိမ်ရခြင်းမှအပ အသင်တို့သည် သူမတို့အား ပေးထားခဲ့သည်တို့မှ တစ်စုံတစ်ရာကိုမျှ ပြန်လည်ရယူရန်အခွင့်မရှိချေ။ သို့ရာတွင် အသင်တို့က သူတို့နှစ်ဦးစလုံးသည် အလ္လာဟ်သတ်မှတ်ထားတော်မူသော စည်းမျဉ်းသတ်မှတ်ချက်အပေါ် ရပ်တည်နိုင်မည်မဟုတ်ဟု စိုးရိမ်မကင်းဖြစ်လျှင်၊ ထို(ပစ္စည်းဥစ္စာ)နှင့်စပ်လျဉ်း၍ ယင်းအမျိုးသမီးသည် (စီရင်ဆုံးဖြတ်နိုင်ရန်အတွက် မိမိအား ပေးထားသည်များကို အမျိုးသားအတွက်) စွန့်လွှတ်ပါလျှင် သူတို့နှစ်ဦးစလုံးအပေါ် မည်သို့မျှ အပြစ်မထိုက်ချေ။ ဤကား အလ္လာဟ်ချမှတ်ပြဋ္ဌာန်းထားတော်မူသည့် စည်းမျဉ်းများတည်း။ သို့ဖြစ်ရာ ယင်းစည်းမျဉ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုကြကုန်လင့်။ အကြင်မည်သူမဆို အလ္လာဟ်၏စည်းမျဉ်းများကို ဖောက်ဖျက်ကျူးလွန်လျှင် ဤသူတို့သည်ပင် အပြစ်ကျူးလွန်သူများဖြစ်ကြ၏။

فَاِنْ طَلَّقَهَا فَلَا تَحِلُّ لَهٗ مِنْۢ بَعْدُ حَتّٰى
تَنْكِحَ زَوْجًا غَيْرَهٗ ؕ فَاِنْ طَلَّقَهَا فَلَا

၂၃၀။ ထပ်၍တစ်ဖန် အကယ်၍ ယင်း(ယောကျ်ား)သည် သူမအား 'တွလာက်' ကွာရှင်းပေးလိုက်သည်ရှိသော် ဤသည့်နောက်တွင် သူမအဖို့ အခြားယောကျ်ားတစ်ဦးဦးနှင့် အိမ်ထောင်မပြုသမျှကာလပတ်လုံး ထို(ပထမ)ယောကျ်ားနှင့်

جُنَاحَ عَلَيْهِمَآ اَنْ يَّتَرَاجَعَآ اِنْ ظَنَّآ اَنْ يُّقِيْمَا حُدُوْدَ اللّٰهِ ؕ وَتِلْكَ حُدُوْدُ اللّٰهِ يُبَيِّنُهَا لِقَوْمٍ يَّعْلَمُوْنَ ۝

'နေကာဟ်'ပြုခွင့်မရှိချေ။ အကယ်၍ ထို(ဒုတိယ)ယောကျ်ားက လည်း သူမအား 'တွလာက်'ပေးကွာရှင်းခဲ့ပါလျှင်၊ ထိုသော အခါ ယင်း(မိန်းမနှင့် ပထမယောကျ်ား)တို့က အကယ်၍ သူတို့သည် (ဤအကြိမ်၌) အလ္လာဟ်(သတ်မှတ်ထားသော) စည်းမျဉ်းများကို လိုက်နာစောင့်ထိန်းနိုင်ကြလိမ့်မည်ဟု ယူဆကြလျှင်၊ သူတို့သည် တစ်ဦးဘက်သို့တစ်ဦး ပြန်လှည့်ကြသော် သူတို့နှစ်ဦးစလုံးအဖို့ မည်သို့မျှ အပြစ်မထိုက်ချေ။ ဤသည် အလ္လာဟ်(သတ်မှတ်ထားတော်မူသော)စည်းမျဉ်းများတည်း။ ဤသည်ကို အရှင်မြတ်သည် အသိပညာရှိသူတို့အဖို့ ရှင်းလင်းထင်ရှားစွာဖော်ပြတော်မူ၏။

وَاِذَا طَلَّقْتُمُ النِّسَآءَ فَبَلَغْنَ اَجَلَهُنَّ فَاَمْسِكُوْهُنَّ بِمَعْرُوْفٍ اَوْ سَرِّحُوْهُنَّ بِمَعْرُوْفٍ ۪ وَّلَا تُمْسِكُوْهُنَّ ضِرَارًا لِّتَعْتَدُوْا ۚ وَمَنْ يَّفْعَلْ ذٰلِكَ فَقَدْ ظَلَمَ نَفْسَهٗ ؕ وَلَا تَتَّخِذُوْٓا اٰيٰتِ اللّٰهِ هُزُوًا ۠ وَاذْكُرُوْا نِعْمَتَ اللّٰهِ عَلَيْكُمْ وَمَآ اَنْزَلَ عَلَيْكُمْ مِّنَ الْكِتٰبِ وَالْحِكْمَةِ يَعِظُكُمْ بِهٖ ۚ وَاتَّقُوا اللّٰهَ وَاعْلَمُوْٓا اَنَّ اللّٰهَ بِكُلِّ شَیْءٍ عَلِيْمٌ ۝ ع ۲۳۱

၂၃၂။ ထို့ပြင် အသင်တို့သည် မိန်းမများကို 'တွလာက်'ပေးကွာရှင်းပြီး သူမတို့သည် သတ်မှတ်ထားသောကာလ ကုန်ဆုံးသောအခါ၊ အသင်တို့သည် သူမတို့အား တား(လို့)ပါက ကျင့်ထုံးနှင့်အညီ တားထားပါလေ။ သို့မဟုတ် စွန့်ခွာလိုပါက သင့်မြတ်သောနည်းလမ်းဖြင့် စွန့်လွှတ်ပါလေ။ သို့သော် သူမတို့အပေါ် မတရားပြုကျင့်ပေးရန်အတွက် သူမတို့အား တား၍ မထားကြကုန်လင့်။ မည်သူမဆို ဤသို့ပြုကျင့်သော်၊ အမှန်ပင် ယင်းသူသည် မိမိ၏ အသက်ဝိညာဉ်အပေါ် ၌သာ မတရား ကျူးလွန်ခြင်းဖြစ်၏။ ထို့ပြင် အလ္လာဟ်၏သက်သေလက္ခဏာတော်များကို ပြောင်လျောင်ရာအဖြစ် မပြုကြကုန်လင့်။ ထို့ပြင် အသင်တို့အပေါ်တွင်ရှိသော အလ္လာဟ်၏'နေ့အိမတ်'ကောင်းချီးဆုလာဘ်တော်ကို သတိရကြကုန်။ အရှင်မြတ်သည် အသင်တို့ထံ ကျမ်းတော်နှင့် ဉာဏ်အမြော်အမြင်ကို ပို့ချတော်မူပြီး ယင်းအားဖြင့် အရှင်မြတ်သည် အသင်တို့အား ဆုံးမသွန်သင်တော်မူ၏။ ထို့ပြင် အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ကျင့်သုံးဆောက်တည်ကြကုန်။ အလ္လာဟ်သည် အရာရာတိုင်းကို ကောင်းစွာသိရှိတော်မူကြောင်းကို သိရှိနားလည်ထားကြကုန်။

ရုကူး--၃၀

وَاِذَا طَلَّقْتُمُ النِّسَآءَ فَبَلَغْنَ اَجَلَهُنَّ فَلَا تَعْضُلُوْهُنَّ اَنْ يَّنْكِحْنَ اَزْوَاجَهُنَّ اِذَا تَرَاضَوْا بَيْنَهُمْ بِالْمَعْرُوْفِ ؕ ذٰلِكَ يُوْعَظُ بِهٖ مَنْ كَانَ مِنْكُمْ يُؤْمِنُ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ؕ ذٰلِكُمْ اَزْكٰى لَكُمْ

၂၃၃။ အသင်တို့သည် မိန်းမတို့အား 'တွလာက်' ကွာရှင်းပေးပြီး သူမတို့၏ သတ်မှတ်ထားသောကာလ ကုန်ဆုံးသောအခါ၊ သူမတို့သည် ခင်ပွန်းသည်(ဖြစ်လာမည့်သူ)များနှင့် တရားသောနည်းလမ်းဖြင့် အချင်းချင်း နှစ်ဦးနှစ်ဝသဘောတူကျေနပ်ပြီး လက်ထပ်ထိမ်းမြားကြမည်ဆိုလျှင် မတားမြစ်ကြကုန်လင့်။ အသင်တို့အနက် အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကြီးကို သက်ဝင်ယုံကြည်ကြသောသူတို့အား ဤသွန်သင်ဆုံးမမှုကို ပြုတော်မူ၏။ ဤသည်ကား အသင်တို့အား ပိုမိုကောင်းမြတ်

وَاَطْهَرُ ؕ وَاللّٰهُ يَعْلَمُ وَاَنْتُمْ لَا تَعْلَمُوْنَ ﴿۲۳۲﴾

စေပြီး၊ ပိုမိုစင်ကြယ်သန့်ရှင်းအောင်ပြုပေးသည့် နည်းလမ်းဖြစ်ပေသည်။ အလ္လာဟ်သည် သိရှိနားလည်တော်မူ၏၊ အသင်တို့မူကား မသိနားမလည်ကြချေ။

وَالْوَالِدٰتُ يُرْضِعْنَ اَوْلَادَهُنَّ حَوْلَيْنِ كَامِلَيْنِ لِمَنْ اَرَادَ اَنْ يُّتِمَّ الرَّضَاعَةَ ؕ وَعَلَى الْمَوْلُوْدِ لَهٗ رِزْقُهُنَّ وَكِسْوَتُهُنَّ بِالْمَعْرُوْفِ ؕ لَا تُكَلَّفُ نَفْسٌ اِلَّا وُسْعَهَا ۚ لَا تُضَآرَّ وَالِدَةٌ ۢ بِوَلَدِهَا وَلَا مَوْلُوْدٌ لَّهٗ بِوَلَدِهٖ ۚ وَعَلَى الْوَارِثِ مِثْلُ ذٰلِكَ ۚ فَاِنْ اَرَادَا فِصَالًا عَنْ تَرَاضٍ مِّنْهُمَا وَتَشَاوُرٍ فَلَا جُنَاحَ عَلَيْهِمَا ؕ وَاِنْ اَرَدْتُّمْ اَنْ تَسْتَرْضِعُوْٓا اَوْلَادَكُمْ فَلَا جُنَاحَ عَلَيْكُمْ اِذَا سَلَّمْتُمْ مَّآ اٰتَيْتُمْ بِالْمَعْرُوْفِ ؕ وَاتَّقُوا اللّٰهَ وَاعْلَمُوْٓا اَنَّ اللّٰهَ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿۲۳۳﴾

၂၃၄။ ထို့ပြင် နို့ချိုတိုက်ကျွေးခြင်း(၏ကာလ)ကို ဖြည့်ဆည်းလိုသော ယင်း(ယောကျ်ား)အတွက် မိခင်တို့သည် မိမိတို့၏ကလေးများကို ၂ နှစ်အပြည့်အဝ နို့ချိုတိုက်ကျွေးရမည်။ ထို့ပြင် ကလေးရှင်(ဖခင်)သည် ဤသို့သော အမျိုးသမီးတို့၏စားနပ်ရိက္ခာနှင့်ဝတ်စားတန်ဆာကို သင့်တင့်လျောက်ပတ်စွာ ပေးရန်တာဝန်ရှိ၏။ မည်သည့် အသက်ဝိညာဉ်မျှ ယင်း၏စွမ်းဆောင်နိုင်အားထက်ပို၍ ဝန်ထုပ်တင်ပေးခြင်းခံရမည်မဟုတ်ချေ။ မိခင်အား သူမ၏ ကလေးနှင့်ဆက်နွယ်၍လည်းကောင်း၊ ဖခင်ကိုလည်း သူ၏ကလေးနှင့်ဆက်နွယ်၍လည်းကောင်း ဒုက္ခပေးခြင်းမပြုရပေ။ ထို့ပြင် ဤဥပဒေသည် အမွေခံအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိစေရမည်။ အကယ်၍ ယင်းတို့နှစ်ဦးသည် အချင်းချင်းကျေနပ်မှုရယူခြင်းနှင့် တိုင်ပင်ခြင်းကိုပြုလျက် နို့ဖြတ်ရန်ဆုံးဖြတ်ခဲ့လျှင် သူတို့နှစ်ဦးစလုံးအတွက် မည်သို့သောအပြစ်မျှမရှိချေ။ ထို့ပြင် အကယ်၍ အသင်တို့သည် မိမိတို့၏ကလေးကို (နို့ထိန်းသည်တစ်ဦးနှင့်) နို့တိုက်လိုကြလျှင် အသင်တို့အဖို့ မည်သို့မျှ အပြစ်မရှိချေ။ သို့သော် အသင်တို့သည် (နို့ထိန်းသည်တို့အား) သင့်လျော်သော နည်းစနစ်အတိုင်း ပေးစရာရှိသည်ကို ပေးပြီးဖြစ်ရပေမည်။ အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ' တရားကို ကျင့်သုံးဆောက်တည်ကြကုန်။ ဤတွင်မက အလ္လာဟ်သည် အသင်တို့ပြုကျင့်သည်တို့ကို နက်ရှိုင်းစွာကြည့်မြင်လျက်ရှိတော်မူသောအရှင်ဖြစ်တော်မူကြောင်း သိရှိနားလည်ထားကြကုန်။

وَالَّذِيْنَ يُتَوَفَّوْنَ مِنْكُمْ وَيَذَرُوْنَ اَزْوَاجًا يَّتَرَبَّصْنَ بِاَنْفُسِهِنَّ اَرْبَعَةَ اَشْهُرٍ وَّعَشْرًا ۚ فَاِذَا بَلَغْنَ اَجَلَهُنَّ فَلَا جُنَاحَ عَلَيْكُمْ فِيْمَا فَعَلْنَ فِيْٓ اَنْفُسِهِنَّ بِالْمَعْرُوْفِ ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ﴿۲۳۴﴾

၂၃၅။ အသင်တို့အနက် အကြင်မည်သူမဆို သေဆုံးသွားပြီး ဇနီးမိန်းမများကျန်ရစ်ခဲ့လျှင်၊ ထို(ဇနီးမိန်းမများ)သည် လေးလနှင့်တစ်ဆယ်ရက်တိုင်အောင် မိမိတို့ကိုယ်ကို စောင့်ထိန်း၍နေကြရမည်။ သို့ဖြင့် သူမတို့သည် မိမိတို့၏ (သတ်မှတ်ထားသော စောင့်ထိန်း)ကာလ ပြီးဆုံးသောအခါ ယင်း (အမျိုးသမီးတို့)သည် မိမိတို့နှင့်စပ်လျဉ်း၍ သင့်တင့်လျောက်ပတ်စွာ မည်သည်ကိုပင်ပြုသည်ဖြစ်စေ၊ ဤသည်နှင့်စပ်လျဉ်း၍ အသင်တို့အပေါ်တွင် မည်သို့မျှအပြစ်မထိုက်ချေ။ အလ္လာဟ်သည် အသင်တို့ပြုကျင့်သမျှတို့ကို အမြဲထာဝရသတင်းရရှိတော်မူ၏။

وَلَا جُنَاحَ عَلَيْكُمْ فِيْمَا عَرَّضْتُمْ بِهٖ مِنْ

၂၃၆။ အသင်တို့သည် (ထို)အမျိုးသမီးတို့အား လက်ထပ်'နေကာဟ်'ပြုရန် ကမ်းလှမ်းရာတွင် အရိပ်အမြွက်ပြသည်

خِطْبَةِ النِّسَآءِ اَوْ اَكْنَنْتُمْ فِيْۤ اَنْفُسِكُمْ ؕ
عَلِمَ اللّٰهُ اَنَّكُمْ سَتَذْكُرُوْنَهُنَّ وَلٰكِنْ لَّا
تُوَاعِدُوْهُنَّ سِرًّا اِلَّاۤ اَنْ تَقُوْلُوْا قَوْلًا
مَّعْرُوْفًا ۬ وَلَا تَعْزِمُوْا عُقْدَةَ النِّكَاحِ
حَتّٰى يَبْلُغَ الْكِتٰبُ اَجَلَهٗ ؕ وَاعْلَمُوْۤا اَنَّ
اللّٰهَ يَعْلَمُ مَا فِيْۤ اَنْفُسِكُمْ فَاحْذَرُوْهُ ۚ
وَاعْلَمُوْۤا اَنَّ اللّٰهَ غَفُوْرٌ حَلِيْمٌ ﴿۲۳۵﴾

ဖြစ်စေ သို့တည်းမဟုတ် (ယင်းကို) မိမိတို့၏စိတ်နှလုံးတွင်း၌ ဖုံးကွယ်၍ထားသည်ဖြစ်စေ အသင်တို့အပေါ် မည်သို့မျှ အပြစ်မထိုက်ချေ။ အမှန်ပင် အသင်တို့သည် သူမတို့အား စိတ်ကူးမိကြမည်ကို အလ္လာဟ်သည် သိရှိတော်မူ၏။ သို့ရာတွင် အသင်တို့သည် သင့်တင့်ကောင်းမြတ်သောစကားကို ပြောဆိုခြင်းမှအပ သူမတို့နှင့်လျှို့ဝှက်၍ ကတိမပြုကြကုန်လင့်။ ထို့ပြင် သတ်မှတ်ထားသောကာလ မရောက်မချင်း ထိမ်းမြား'နေကာဟ်'ပြုရန် ခိုင်မြဲသောသန္နိဋ္ဌာန်မချကြကုန်လင့်။ အလ္လာဟ်သည် အသင်တို့၏ စိတ်နှလုံးတွင်းရှိသည်တို့ကို အမှန်ပင် သိရှိတော်မူကြောင်း သိနားလည်ထားကြကုန်။ သို့ဖြစ်၍ အရှင်မြတ်(၏ဖမ်းဆီးခြင်း)မှ ရှောင်ကြဉ်၍နေကြကုန်။ ထို့ပြင် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ ထောက်ထားညှာတာတော်မူသောအရှင် ဖြစ်တော်မူသည်ကို သိရှိနားလည်ထားကြကုန်။

ရုကူ-၃၁

لَا جُنَاحَ عَلَيْكُمْ اِنْ طَلَّقْتُمُ النِّسَآءَ مَا
لَمْ تَمَسُّوْهُنَّ اَوْ تَفْرِضُوْا لَهُنَّ فَرِيْضَةً ۖ
وَّمَتِّعُوْهُنَّ ۚ عَلَى الْمُوْسِعِ قَدَرُهٗ وَعَلَى
الْمُقْتِرِ قَدَرُهٗ ۚ مَتَاعًۢا بِالْمَعْرُوْفِ ۚ حَقًّا
عَلَى الْمُحْسِنِيْنَ ﴿۲۳۶﴾

၂၃၇။ အကယ်၍ အသင်တို့သည် အသင်တို့ မထိတွေ့ရသေးသော သို့တည်းမဟုတ် ယခုအချိန်ထိ 'မဟာရ်'ကို မသတ်မှတ်ရသေးသော အမျိုးသမီးများကို 'တွလာက်'ပေး ကွာရှင်းလျှင် အသင်တို့၌ မည်သို့မျှအပြစ်မရှိပေ။ သို့သော် သူမတို့အား တစ်စုံတစ်ရာ အကျိုးပြုကြကုန်။ တတ်နိုင်သူသည် မိမိတတ်နိုင်သည့်အလျောက်၊ ဆင်းရဲသူလည်း မိမိ၏အခြေအနေအလျောက် သင့်တင့်လျောက်ပတ်စွာ တာဝန်ရှိ၏။ (ယင်းသည်) ကောင်းမြတ်ခြင်းနှင့်လျော်ညီသော ပစ္စည်းဥစ္စာတစ်စုံတစ်ရာဖြစ်ရပေမည်။ (ဤကား) ကောင်းကျိုးပြုသူတို့အပေါ်တွင် တာဝန်တစ်ရပ်ပင်ဖြစ်၏။

وَاِنْ طَلَّقْتُمُوْهُنَّ مِنْ قَبْلِ اَنْ تَمَسُّوْهُنَّ
وَقَدْ فَرَضْتُمْ لَهُنَّ فَرِيْضَةً فَنِصْفُ مَا
فَرَضْتُمْ اِلَّاۤ اَنْ يَّعْفُوْنَ اَوْ يَعْفُوَا الَّذِيْ
بِيَدِهٖ عُقْدَةُ النِّكَاحِ ؕ وَاَنْ تَعْفُوْۤا اَقْرَبُ
لِلتَّقْوٰى ؕ وَلَا تَنْسَوُا الْفَضْلَ بَيْنَكُمْ ؕ
اِنَّ اللّٰهَ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿۲۳۷﴾

၂၃၈။ ထို့ပြင် အကယ်၍ အသင်တို့သည် သူမတို့အတွက် 'မဟာရ်'ကိုသတ်မှတ်ပြီး သူမတို့အား ထိတွေ့ခြင်းမပြုရမီ (တွလာက်ပေး)ကွာရှင်းသော် ယင်း(အမျိုးသမီးများ)က ခွင့်လွှတ်ခဲ့လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် ထိမ်းမြားခြင်း၏ အနှောင်အဖွဲ့ကို လက်ဝယ်ကိုင်ထားသူက ခွင့်လွှတ်လျှင်ဖြစ်စေ၊ ထိုသို့သောအခြေအနေမှတစ်ပါး အသင်တို့သည် ယင်း(မဟာရ်)၏ထက်ဝက်ကို(ပေးဆောင်)ရမည်။ အကယ်၍ အသင်တို့သည် ခွင့်လွှတ်ကြလျှင် ဤသည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားနှင့် ပိုမို၍နီးစပ်ပေသည်။ ထို့ပြင် အချင်းချင်း ကျေးဇူး(ပြု ဆက်ဆံခြင်း)ကို မမေ့ကြကုန်လင့်။ ဧကန်မုချ အလ္လာဟ်သည် အသင်တို့ပြုကျင့်သည်တို့ကို နက်ရှိုင်းစွာမြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။

حٰفِظُوْا عَلَى الصَّلَوٰتِ وَالصَّلٰوةِ الْوُسْطٰى ۚ وَقُوْمُوْا لِلّٰهِ قٰنِتِيْنَ ﴿٢٣٨﴾

၂၃၉။ (မိမိတို့၏) 'ဆွလာတ်'ဝတ်ပြုမှုများ၊ အထူးသဖြင့် ဗဟို အချက်အချာကျသော 'ဆွလာတ်'ကို စောင့်ကြပ်ထိန်းသိမ်းကြကုန်။ ထို့ပြင် အလ္လာဟ်၏ရှေ့တော်မှောက်တွင် ကျိုးနွံနာခံခြင်းဖြင့် ရပ်ကြကုန်။ ①

فَاِنْ خِفْتُمْ فَرِجَالًا اَوْ رُكْبَانًا ۚ فَاِذَآ اَمِنْتُمْ فَاذْكُرُوا اللّٰهَ كَمَا عَلَّمَكُمْ مَّا لَمْ تَكُوْنُوْا تَعْلَمُوْنَ ﴿٢٣٩﴾

၂၄၀။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် တစ်စုံတစ်ရာ ကြောက်ရွံ့စိုးရိမ်ရပါလျှင် လမ်းလျှောက်လျက်ဖြစ်စေ၊ အစီးအနင်းကို စီးနင်းလျက်ရှိနေစဉ်တွင်ဖြစ်စေ ('ဆွလာတ်'ဝတ်ပြုကြကုန်)။ ထို့နောက် အသင်တို့သည် ဘေးကင်းလုံခြုံမှု ရရှိလာသောအခါတွင် (ထို့ထက်အလျင်က) အသင်တို့ မသိနားမလည်ဘဲရှိခဲ့ကြသည်တို့ကို အရှင်မြတ်က အသင်တို့အား သင်ကြားပေးတော်မူသည့်(နည်းလမ်းအတိုင်း) အလ္လာဟ်အား သတိရတသကြကုန်။

وَالَّذِيْنَ يُتَوَفَّوْنَ مِنْكُمْ وَيَذَرُوْنَ اَزْوَاجًا ۖ وَّصِيَّةً لِّاَزْوَاجِهِمْ مَّتَاعًا اِلَى الْحَوْلِ غَيْرَ اِخْرَاجٍ ۚ فَاِنْ خَرَجْنَ فَلَا جُنَاحَ عَلَيْكُمْ فِيْ مَا فَعَلْنَ فِيْٓ اَنْفُسِهِنَّ مِنْ مَّعْرُوْفٍ ۗ وَاللّٰهُ عَزِيْزٌ حَكِيْمٌ ﴿٢٤٠﴾

၂၄၁။ အသင်တို့အနက် ကွယ်လွန်သေဆုံးသူများတွင် ဇနီးမယားများကျန်ရစ်ခဲ့လျှင်၊ ယင်းဇနီးမယားများ၏ ရပိုင်ခွင့်နှင့် စပ်လျဉ်း၍ ဤသို့ပညတ်ချက်ရှိ၏။ သူမတို့သည် (မိမိတို့၏ နေအိမ်များတွင်) တစ်နှစ်တာကာလအထိ အကျိုးခံစားခွင့်ရှိစေရမည်၊ သူမတို့အား နှင်ထုတ်ခြင်းမပြုရ။ သို့ရာတွင် အကယ်၍ သူမတို့ကိုယ်တိုင်က ထွက်ခွာသွားပြီး မိမိတို့၏ ကိုယ်ရေးကိုယ်တာနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ကောင်းမြတ်သောဆုံးဖြတ်မှုကိုပြုလုပ်ပါလျှင် ယင်းနှင့်စပ်လျဉ်း၍ အသင်တို့အပေါ် မည်သို့မျှအပြစ်မရှိချေ။ အလ္လာဟ်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَلِلْمُطَلَّقٰتِ مَتَاعٌۢ بِالْمَعْرُوْفِ ۗ حَقًّا عَلَى الْمُتَّقِيْنَ ﴿٢٤١﴾

၂၄၂။ ကွာရှင်းပေးခြင်းကိုခံကြရသော မိန်းမတို့သည် ထုံးတမ်းစဉ်လာနှင့်လျော်ညီစွာ အကျိုးခံစားစေရမည်။ (ဤသည်ကား) အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးသူ 'မွတ္တကီ'တို့အပေါ် တာဝန်ရှိ၏။

كَذٰلِكَ يُبَيِّنُ اللّٰهُ لَكُمْ اٰيٰتِهٖ لَعَلَّكُمْ تَعْقِلُوْنَ ﴿٢٤٢﴾

၂၄၃။ ဤသို့ဖြင့် အလ္လာဟ်သည် အသင်တို့ စဉ်းစားဆင်ခြင်သိရှိစိမ့်သောငှာ မိမိ၏အမိန့်ပညတ်တော်များကို အသင်တို့အဖို့ ရှင်းလင်းထင်ရှားစွာ ဖော်ပြတော်မူပေသတည်း။

ရုကူး-၃၂

اَلَمْ تَرَ اِلَى الَّذِيْنَ خَرَجُوْا مِنْ دِيَارِهِمْ

၂၄၄။ သေဘေးကိုကြောက်ရွံ့၍ မိမိတို့၏နေအိမ်များမှ ထွက်ခွာခဲ့ကြသူတို့၏အကြောင်းကို အသင်မသိလေသလော။

① صَلٰوةِ وُسطٰى (ဗဟိုအချက်အချာကျသော ဆွလာတ်)ကို အများအားဖြင့် 'အဆွရ်'ဆွလာတ်ဟူ၍ ပြန်ဆိုကြလေသည်။ အမှန်သော်ကား မအားမလပ်ဖြစ်နေသောကာလတွင်ဝတ်ပြုရသော 'ဆွလာတ်'တိုင်းသည် صَلٰوةِ وُسطٰى ဖြစ်သည်။ အလုပ်များ၍ မအားမလပ်မှုများလေသမျှ 'ဆွလာတ်'၏အရေးပါမှု ပိုမိုလာပေသည်။

وَهُمْ اُلُوْفٌ حَذَرَ الْمَوْتِ فَقَالَ لَهُمُ
اللّٰهُ مُوْتُوْا ثُمَّ اَحْيَاهُمْ ؕ اِنَّ اللّٰهَ لَذُوْ
فَضْلٍ عَلَى النَّاسِ وَلٰكِنَّ اَكْثَرَ النَّاسِ
لَا يَشْكُرُوْنَ ﴿۲۴۳﴾

ထိုသူတို့မှာ အရေအတွက်အားဖြင့် ထောင်ပေါင်းများစွာရှိခဲ့၏။ ထိုအခါ အလ္လာဟ်က သူတို့အား အသင်တို့သည် သေခြင်းကိုလက်ခံကြကုန်လော့ဟု မိန့်တော်မူ၏။ ထို့နောက် တစ်ဖန် သူတို့အား ရှင်စေတော်မူ၏။ ဧကန်မုချ အလ္လာဟ်သည် မိမိ၏အစေတော်များအပေါ် လွန်စွာကျေးဇူးပြုတော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ရာတွင် လူအများစုကား (အရှင်မြတ်၏)ကျေးဇူးတရားကို မသိတတ်ကြပေ။ ①

وَقَاتِلُوْا فِىْ سَبِيْلِ اللّٰهِ وَاعْلَمُوْٓا اَنَّ اللّٰهَ
سَمِيْعٌ عَلِيْمٌ ﴿۲۴۴﴾

၂၄၅။ အလ္လာဟ်၏လမ်းတော်တွင် တိုက်ခိုက်ကြလော့။ အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင်ဖြစ်တော်မူသည်ကို သိကြလေကုန်။

مَنْ ذَا الَّذِىْ يُقْرِضُ اللّٰهَ قَرْضًا حَسَنًا
فَيُضٰعِفَهٗ لَهٗٓ اَضْعَافًا كَثِيْرَةً ؕ وَاللّٰهُ
يَقْبِضُ وَيَبْصُۜطُ ۪ وَاِلَيْهِ تُرْجَعُوْنَ ﴿۲۴۵﴾

၂၄၆။ အလ္လာဟ်အား မွန်မြတ်သောကြွေးမြီကို ချေးငှားမည့်သူသည် မည်သူနည်း။ သို့ဖြင့် အရှင်မြတ်သည် ထိုသူအဖို့ ယင်းကို အဆပေါင်းများစွာ တိုးပွားစေတော်မူမည်ဖြစ်၏။ အလ္လာဟ်သည် ('ရီဇီက်'ရိက္ခာကို) ထိန်းချုပ်ထားတော်မူ၏။ ဖွင့်၍လည်းပေးတော်မူ၏။ အသင်တို့သည် အရှင်မြတ်ထံတော်သို့သာ ပြန်သွားကြရပေမည်။

اَلَمْ تَرَ اِلَى الْمَلَاِ مِنْۢ بَنِىْٓ اِسْرَآءِيْلَ مِنْۢ
بَعْدِ مُوْسٰى ۘ اِذْ قَالُوْا لِنَبِىٍّ لَّهُمُ ابْعَثْ لَنَا
مَلِكًا نُّقَاتِلْ فِىْ سَبِيْلِ اللّٰهِ ؕ قَالَ هَلْ
عَسَيْتُمْ اِنْ كُتِبَ عَلَيْكُمُ الْقِتَالُ اَلَّا
تُقَاتِلُوْا ؕ قَالُوْا وَمَا لَنَآ اَلَّا نُقَاتِلَ فِىْ
سَبِيْلِ اللّٰهِ وَقَدْ اُخْرِجْنَا مِنْ دِيَارِنَا
وَاَبْنَآئِنَا ؕ فَلَمَّا كُتِبَ عَلَيْهِمُ الْقِتَالُ
تَوَلَّوْا اِلَّا قَلِيْلًا مِّنْهُمْ ؕ وَاللّٰهُ عَلِيْمٌۢ
بِالظّٰلِمِيْنَ ﴿۲۴۶﴾

၂၄၇။ အသို့နည်း၊ အသင်သည် 'မူစာ'၏နောက်တွင် 'အစ္စရာအီလ်'မျိုးနွယ်ဦးစီးခေါင်းဆောင်တို့၏အခြေအနေကို မတွေ့မြင်ပါသလော။ သူတို့က မိမိတို့၏ 'နဗီ'တမန်တော်တစ်ဦးအား ကျွန်ုပ်တို့အတွက် ဘုရင်တစ်ပါးကိုခန့်ထားပေးပါ၊ သို့ဖြင့် ကျွန်ုပ်တို့သည် အလ္လာဟ်၏လမ်းတွင် တိုက်ခိုက်ကြပေမည်ဟု ပြောဆိုခဲ့ကြ၏။ သူ(တမန်တော်)က အကယ်၍ တိုက်ခိုက်ရန် အမိန့် အသင်တို့အားပြဋ္ဌာန်းခဲ့လျှင် အသင်တို့သည် တိုက်ခိုက်ခြင်းမပြုဘဲ နေတန်ရာသည်မဟုတ်လောဟု ပြောလေ၏။ သူတို့က ကျွန်ုပ်တို့သည် အလ္လာဟ်၏လမ်းတော်တွင် အဘယ့်ကြောင့် မတိုက်ခိုက်ဘဲနေကြရအံ့နည်း။ စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏အိုးအိမ်များမှ နှင်ထုတ်ခြင်းကိုခံခဲ့ကြရပြီး သားသမီးများနှင့်လည်း ခွဲခွာခြင်းကိုခံခဲ့ကြရပေပြီဟု ပြန်လည်ပြောကြားကြ၏။ သို့ဖြင့် (အဆုံး၌)သူတို့အား စစ်မက်တိုက်ခိုက်ရန် အမိန့်ပြဋ္ဌာန်းလိုက်သောအခါ၊ သူတို့အနက် အရေအတွက် အနည်းငယ်မှတစ်ပါး အားလုံးတို့သည် ကျောခိုင်း

① ဤအာယတ်တော်၌ 'مُـوْتُـوْا' ၏အဓိပ္ပာယ်မှာ ရုပ်ပိုင်းဆိုင်ရာသေဆုံးခြင်းမဟုတ်။ အကြောင်းမူ မိမိကိုယ်ကိုသတ်သေခြင်းကိုတားမြစ်ထားခြင်းကြောင့်ပင်ဖြစ်ပေသည်။ ထို့ပြင် ကျမ်းမြတ်ကုရ်အာန်က အကြင်သူသည် ဤလောကမှ တစ်ကြိမ်တစ်ခါ သေဆုံး၍ ထွက်ခွာသွားခဲ့လျှင် ဤလောကသို့ မည်သည့်အခါတွင်မျှပြန်မလာနိုင်တော့ချေဟု ရှင်းလင်းပြတ်သားစွာ အကြိမ်ကြိမ် မိန့်ကြားကြောင်းထားပေသည်။ 'مُـوْتُـوْا' ဟူသည် 'ဆူဖီ' အဘိဓာန်ဝါဒီများ၏အဆိုဖြစ်သော 'مُوْتُوْا قَبْلَ اَنْ تَمُوْتُوْا' အသင်တို့ထံ သေခြင်းမဆိုက်ရောက်မီ အသင်တို့ကိုယ်တိုင်က သေခြင်းကိုခံယူပါလေ'ဟူသည့်ဆိုရိုးစကားနှင့်အညီ မိမိစိတ်၏ မကောင်းသောစေ့ဆော်မှုများအပေါ် သေခြင်းဆိုက်ရောက်စေခြင်းဖြစ်ပေသည်။

သွားကြ၏။ အမှန်သော်ကား အလ္လာဟ်သည် အပြစ်ကျူးလွန်သူတို့ကို ကောင်းစွာသိရှိတော်မူ၏။

وَقَالَ لَهُمْ نَبِيُّهُمْ اِنَّ اللّٰهَ قَدْ بَعَثَ لَكُمْ طَالُوْتَ مَلِكًا ؕ قَالُوْٓا اَنّٰى يَكُوْنُ لَهُ الْمُلْكُ عَلَيْنَا وَنَحْنُ اَحَقُّ بِالْمُلْكِ مِنْهُ وَلَمْ يُؤْتَ سَعَةً مِّنَ الْمَالِ ؕ قَالَ اِنَّ اللّٰهَ اصْطَفٰىهُ عَلَيْكُمْ وَزَادَهٗ بَسْطَةً فِي الْعِلْمِ وَالْجِسْمِ ؕ وَاللّٰهُ يُؤْتِيْ مُلْكَهٗ مَنْ يَّشَآءُ ؕ وَاللّٰهُ وَاسِعٌ عَلِيْمٌ ﴿۲۴۷﴾

၂၄၈။ ထို့နောက် သူတို့၏တမန်တော်က အမှန်ပင် အလ္လာဟ်သည် အသင်တို့အတွက် 'တွာလူးတ်'ကို ဘုရင်အဖြစ် ခန့်အပ်တော်မူလိုက်ပြီဟု သူတို့အား ပြောကြားလေ၏။ သူတို့က အသို့လျှင် သူသည်ကျွန်ုပ်တို့အပေါ် အုပ်ချုပ်ပိုင်ခွင့်ရှိနိုင်မည်နည်း။ စင်စစ် ကျွန်ုပ်တို့သည် အုပ်ချုပ်ခွင့်အာဏာကို သူ့ထက်ပို၍ ထိုက်တန်သူများဖြစ်ကြပါ၏။ ထို့ပြင် သူသည် ဥစ္စာဓနကျယ်ပြောစွာပေးခြင်းကိုလည်းခံရသည်မဟုတ်ဟု ပြောကြ၏။ သူ(တမန်တော်)က စင်စစ် အလ္လာဟ်သည် သူ့အား အသင်တို့ထက် ထူးကဲမှုကိုပေးသနားတော်မူပြီး သူ့အား ဉာဏ်စွမ်းအား၊ ကာယစွမ်းအားကို များပြားကျယ်ဝန်းစွာ ပေးသနားထားတော်မူ၏ဟု ဖြေကြားလေသည်။ အလ္လာဟ်သည် နှစ်လို့တော်မူသူအား မိမိ၏ အုပ်ချုပ်ပိုင်ခွင့်အာဏာကို ပေးသနားတော်မူ၏။ အလ္လာဟ်သည် ကျယ်ပြောမှုကိုပေးသနားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

وَقَالَ لَهُمْ نَبِيُّهُمْ اِنَّ اٰيَةَ مُلْكِهٖٓ اَنْ يَّاْتِيَكُمُ التَّابُوْتُ فِيْهِ سَكِيْنَةٌ مِّنْ رَّبِّكُمْ وَبَقِيَّةٌ مِّمَّا تَرَكَ اٰلُ مُوْسٰى وَاٰلُ هٰرُوْنَ تَحْمِلُهُ الْمَلٰٓئِكَةُ ؕ اِنَّ فِيْ ذٰلِكَ لَاٰيَةً لَّكُمْ اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿۲۴۸﴾ ع ۳۱

၂၄၉။ သူတို့အား သူတို့၏တမန်တော်က သူ(တွာလွတ်)၏ဘုရင်ဖြစ်ခြင်း နိမိတ်လက္ခဏာမှာ ဤသို့တည်း၊ အကြင် သေတ္တာသည် အသင်တို့ထံ ရောက်ရှိလာပေအံ့၊ ယင်းတွင် အသင်တို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အေးငြိမ်းခြင်းရှိလိမ့်မည်၊ ထင်းပြင် 'မူစာ'၏အနွယ်များနှင့် 'ဟာရွန်'၏အနွယ်တို့(မိမိတို့၏နောက်တွင်)ချန်ရစ်ခဲ့သော (ထိုပစ္စည်း၏) ကျန်ရှိသည့်အရာဖြစ်လိမ့်မည်၊ ယင်းကို ကောင်းကင်တမန်များက ပင့်မထားလျက်ရှိလိမ့်မည်။ အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြလျှင် ဤသည်၌ ဧကန်ပင် အသင်တို့အဖို့ (ကြီးကျယ်သည့်) သက်သေလက္ခဏာ(တစ်ရပ်)ရှိပေသည်ဟု ပြောကြားလေသတည်း။

ရုကူ-၃၃

فَلَمَّا فَصَلَ طَالُوْتُ بِالْجُنُوْدِ ۙ قَالَ اِنَّ اللّٰهَ مُبْتَلِيْكُمْ بِنَهَرٍ ۚ فَمَنْ شَرِبَ مِنْهُ فَلَيْسَ مِنِّيْ ۚ وَمَنْ لَّمْ يَطْعَمْهُ فَاِنَّهٗ مِنِّيْٓ اِلَّا مَنِ اغْتَرَفَ غُرْفَةً ۢ بِيَدِهٖ ۚ فَشَرِبُوْا مِنْهُ اِلَّا قَلِيْلًا مِّنْهُمْ ؕ فَلَمَّا جَاوَزَهٗ هُوَ

၂၅၀။ သို့ဖြစ်ရာ 'တွာလွတ်'သည် စစ်တပ်ကိုခေါ်ဆောင်၍ ထွက်ခွာလာသောအခါ၊ သူက(အချင်းတို့)အမှန်ပင် အလ္လာဟ်သည် အသင်တို့အား မြစ်တစ်သွယ်ဖြင့် စမ်းသပ်တော်မူပေလိမ့်မည်။ သို့ဖြစ်ရာ အကြင်သူသည် ယင်းမှသောက်သုံးအံ့၊ ထိုသူသည် ငါနှင့်ဆက်နွယ်မှုရှိမည်မဟုတ်။ ထို့ပြင် အကြင်သူသည် တစ်ကြိမ်တစ်ခါလက်တစ်ခုပ်မျှသောက်သုံးသည်မှလွဲ၍ ယင်းမှ (ဝမ်းအပြည့်)မသောက်လျှင် အမှန်ပင် ထိုသူသည် ငါ၏(အုပ်စု)မှဖြစ်၏ဟု ပြောကြားလေသည်။ သို့သော် ယင်း

وَالَّذِيْنَ اٰمَنُوْا مَعَهٗ قَالُوْا لَا طَاقَةَ لَنَا الْيَوْمَ بِجَالُوْتَ وَ جُنُوْدِهٖ ؕ قَالَ الَّذِيْنَ يَظُنُّوْنَ اَنَّهُمْ مُّلٰقُوا اللّٰهِ ۙ كَمْ مِّنْ فِئَةٍ قَلِيْلَةٍ غَلَبَتْ فِئَةً كَثِيْرَةًۢ بِاِذْنِ اللّٰهِ ؕ وَاللّٰهُ مَعَ الصّٰبِرِيْنَ ۝

တို့အနက် အရေအတွက်အနည်းငယ်မှအပ အများစုသည် ယင်းမှသောက်ကြလေ၏။ သို့ဖြစ်ပေရာ သူနှင့်တကွ သူနှင့်အတူသက်ဝင်ယုံကြည်ကြသူများသည် ယင်း(မြစ်)၏ တစ်ဖက်ကမ်းသို့ရောက်သောအခါ ယင်း(မနာခံသူ)တို့က ယနေ့ 'ဂျာလွတ်'နှင့် သူ၏စစ်တပ်ကို ရင်ဆိုင်တိုက်ခိုက်ရန် ကျွန်ုပ်တို့၌ မည်သည့်စွမ်းအားမျှမရှိတော့ပြီဟု ပြောဆိုကြလေသည်။ (ထို အခါ) အလ္လာဟ်အား မလွဲဧကန် ဖူးတွေ့ရမည်ကို ယုံကြည်ကြသောသူတို့က အလ္လာဟ်၏အမိန့်တော်ဖြင့် သေးငယ်သော အုပ်စုများစွာတို့သည် များပြားစွာသောအုပ်စုကြီးများကို လွှမ်းမိုးအောင်နိုင်ခဲ့၏ဟု ပြောဆိုကြလေသည်။ စင်စစ် အလ္လာဟ်သည် သည်းခံမြဲမြံသူတို့နှင့်အတူတကွရှိတော်မူ၏။

وَلَمَّا بَرَزُوْا لِجَالُوْتَ وَجُنُوْدِهٖ قَالُوْا رَبَّنَاۤ اَفْرِغْ عَلَيْنَا صَبْرًا وَّ ثَبِّتْ اَقْدَامَنَا وَانْصُرْنَا عَلَى الْقَوْمِ الْكٰفِرِيْنَ ۝

၂၅၁။ သို့ဖြင့် သူတို့သည် 'ဂျာလွတ်'နှင့် သူ၏စစ်တပ်ကို ယှဉ်ပြိုင်ရန်ထွက်ခွာကြသောအခါ၊ သူတို့က အို-ကျွန်တော်မျိုး တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အပေါ် သည်းခံမြဲမြံခြင်းကို သွန်းချပေးတော်မူပါ။ ကျွန်တော်မျိုးတို့၏ခြေများကို မြဲမြံခိုင်ခံ့စေတော်မူပါ။ ထို့ပြင် မယုံကြည်ငြင်းပယ်သူတို့နှင့်ဆန့်ကျင်၍ ကျွန်တော်မျိုးတို့အား ကူညီစောင်မတော်မူပါဟု ဆုတောင်းကြလေသည်။

فَهَزَمُوْهُمْ بِاِذْنِ اللّٰهِ ۙ وَقَتَلَ دَاوٗدُ جَالُوْتَ وَاٰتٰىهُ اللّٰهُ الْمُلْكَ وَالْحِكْمَةَ وَعَلَّمَهٗ مِمَّا يَشَآءُ ؕ وَلَوْلَا دَفْعُ اللّٰهِ النَّاسَ بَعْضَهُمْ بِبَعْضٍ ۙ لَّفَسَدَتِ الْاَرْضُ وَلٰكِنَّ اللّٰهَ ذُوْ فَضْلٍ عَلَى الْعٰلَمِيْنَ ۝

၂၅၂။ ထိုသို့ဖြင့် သူတို့သည် အလ္လာဟ်၏အမိန့်တော်ဖြင့် ယင်းတို့အား ရှုံးနိမ့်စေခဲ့ကြ၏။ 'ဒါဝတ်'သည် 'ဂျာလွတ်'ကို ကွပ်မျက်ခဲ့လေသည်။ ထို့ပြင် အလ္လာဟ်သည် သူ့အား အုပ်ချုပ်မှုအာဏာနှင့် ဉာဏ်ပညာအမြော်အမြင်ကို ပေးသနားတော်မူ၏။ ထိုမှတစ်ပါး သူ့အား အရှင်နှစ်လို့တော်မူသမျှတို့ကို သင်ကြားပေးတော်မူ၏။ အကယ်၍ အလ္လာဟ်သည် အချို့ကို အခြားသူတို့အားဖြင့် ကယ်တင်ရန်အကြောင်းကို ဖန်တီးတော်မမူခဲ့လျှင် အမှန်ပင် ကမ္ဘာမြေသည် ဖောက်ပြန်ပျက်စီးမှုဖြင့် ပြည့်လွှမ်းသွားပေအံ့။ သို့ရာတွင် အလ္လာဟ်သည် တစ်လောကလုံးအပေါ် လွန်စွာကျေးဇူးပြုတော်မူသောအရှင် ဖြစ်တော်မူ၏။ ۝၁

۝၁ အာယတ်တော် ၂၄၈ မှ ၂၅၂ ထိကို သေချာစွာစူးစမ်းဖတ်ရှုပါလျှင် *'တွာလူးတ်'*ဆိုသည်မှာ တမန်တော် ဒါဝတ်ﷺပင် ဖြစ်ကြောင်းနှင့် သူ့အားဆန့်ကျင်သူမှာ 'ဂျာလွတ်'ဖြစ်ကြောင်းသိရပေမည်။ သို့ဖြစ်၍ ဤအာယတ်တော်များကို အစဉ်တစိုက်ဖတ်ရှုလျှင် ရှေ့နားတွင် **قَتَلَ دَاوٗدُ جَالُوْتَ** ဟုဖော်ပြထားပေရာ အဆိုပါ 'ဂျာလွတ်'သည် မုချမသွေ 'ဒါဝတ်ﷺ'၏ရန်သူဖြစ်ပြီး သူ့အား သခင်က အရေးနိမ့်အောင်ပြုခဲ့ပေသည်။ သခင့်အား အဦးပိုင်းတွင် 'ဒါဝတ်'ဟူသောအမည်ဖြင့် မခေါ်ဆိုခဲ့သည်ကို ထောက်ရှုခြင်းဖြင့် သခင်သည် ထိုအောင်ပွဲရမှုနောက်တွင်မှ 'နဗူဝါတ်'တမန်တော်ဖြစ်ခြင်းနှင့် 'ဟီက်မတ်'ဉာဏ်ပညာအမြော်အမြင်တို့ကို ချီးမြှင့်ခြင်းခံခဲ့ရဟန်ရှိပေသည်။ ပမာအားဖြင့် **وَاٰتٰىهُ اللّٰهُ الْمُلْكَ وَالْحِكْمَةَ** ဟူ၍ ရှေ့ဆက်မိန့်တော်မူထားပေသည်။ *'ဟီက်မတ်'* ဟူသည် 'ရှရီအတ်'တရားဥပဒေကို ယူဆောင်လာခြင်းမရှိသော 'နဗူဝါတ်'တမန်တော်ဘွဲ့ကိုလည်း ဆိုလိုပေသည်။

تِلْكَ اٰيٰتُ اللّٰهِ نَتْلُوْهَا عَلَيْكَ بِالْحَقِّ ؕ وَ اِنَّكَ لَمِنَ الْمُرْسَلِيْنَ ۝

၂၅၃။ ဤသည် အလ္လာဟ်၏ 'အာယတ်' မုက္ခပါဠ်တော်များတည်း၊ ယင်းကို ငါတို့သည် အသင့်အား အမှန်တရားနှင့် အတူ ရွတ်ဖတ်ပြတော်မူ၏။ စင်စစ် အသင်သည် အမှန်ပင် တမန်တော်များအနက်မှဖြစ်၏။

تِلْكَ الرُّسُلُ فَضَّلْنَا بَعْضَهُمْ عَلٰى بَعْضٍ ۘ مِنْهُمْ مَّنْ كَلَّمَ اللّٰهُ وَ رَفَعَ بَعْضَهُمْ دَرَجٰتٍ ؕ وَ اٰتَيْنَا عِيْسَى ابْنَ مَرْيَمَ الْبَيِّنٰتِ وَ اَيَّدْنٰهُ بِرُوْحِ الْقُدُسِ ؕ وَ لَوْ شَآءَ اللّٰهُ مَا اقْتَتَلَ الَّذِيْنَ مِنْۢ بَعْدِهِمْ مِّنْۢ بَعْدِ مَا جَآءَتْهُمُ الْبَيِّنٰتُ وَ لٰكِنِ اخْتَلَفُوْا فَمِنْهُمْ مَّنْ اٰمَنَ وَ مِنْهُمْ مَّنْ كَفَرَ ؕ وَ لَوْ شَآءَ اللّٰهُ مَا اقْتَتَلُوْا ۫ وَ لٰكِنَّ اللّٰهَ يَفْعَلُ مَا يُرِيْدُ ۝

၂၅၄။ ဤသည် ထိုတမန်တော်များပင်တည်း၊ ငါတို့သည် သူတို့အနက် အချို့ကို အခြားတို့ထက် ထူးကဲမြင့်မြတ်မှုကို ပေးသနားတော်မူ၏။ သူတို့အနက်မှ အချို့မှာ ဤသို့ရှိကြ၏၊ အလ္လာဟ်သည် သူတို့နှင့် (တိုက်ရိုက်)စကားပြောတော်မူ၏။ ထို့ပြင် သူတို့အနက် အချို့ကို အခြား(သူ)တို့ထက် အဆင့်အတန်းမြင့်မားစေတော်မူ၏။ ထို့ပြင် ငါတို့သည် 'မရ်ယမ်'၏သားတော် 'အီစာ'အား ပွင့်လင်းထင်ရှားသော သက်သေလက္ခဏာတော်များကို ပေးသနားတော်မူခဲ့ပြီး၊ 'ရူဟူလ်ကွတ်ဒုစ်'သန့်ရှင်းသောဝိညာဉ်တော်ဖြင့် သူ့အား ကူညီတော်မူခဲ့၏။ အကယ်၍ အလ္လာဟ်အလိုရှိတော်မူခဲ့လျှင် သူတို့၏နောက် ပိုင်းတွင်လာကြသောသူတို့သည် သူတို့ထံ ပေါ်လွင်ထင်ရှားသော နိမိတ်လက္ခဏာတော်များ ရောက်ရှိလာခဲ့ပြီးနောက်တွင်၊ အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ခြင်းပြုကြမည် မဟုတ်ချေ။ သို့ရာတွင် သူတို့သည် (အချင်းချင်း)ကွဲလွဲခဲ့ကြ၏။ သို့ဖြင့် သူတို့အနက်မှပင် ယုံကြည်သူများလည်းရှိခဲ့ပြီး မယုံကြည်ငြင်းပယ်သူများလည်းရှိခဲ့ကြ၏။ အကယ်၍ အလ္လာဟ် အလိုတော်ရှိလျှင် ထိုသူတို့သည် အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ခြင်းပြုကြမည်မဟုတ်ချေ။ သို့သော် အလ္လာဟ်သည် မိမိအလိုရှိတော်မူသည်ကိုသာ ပြုလုပ်တော်မူပေသတည်း။

ရုကူ--၃၄

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اَنْفِقُوْا مِمَّا رَزَقْنٰكُمْ مِّنْ قَبْلِ اَنْ يَّاْتِيَ يَوْمٌ لَّا بَيْعٌ فِيْهِ وَ لَا خُلَّةٌ وَّ لَا شَفَاعَةٌ ؕ وَ الْكٰفِرُوْنَ هُمُ الظّٰلِمُوْنَ ۝

၂၅၅။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ငါတို့က အသင်တို့အား ပေးသနားတော်မူထားသည်တို့မှ ယင်းနေ့တော်ကြီး မဆိုက်ရောက်မီသုံးစွဲကြကုန်။ ယင်း(နေ့တော်ကြီး)တွင် မည်သို့သောရောင်းဝယ်ဖောက်ကားမှုမျှရှိမည်မဟုတ်။ တစ်စုံတစ်ရာ ရင်းနှီးကျွမ်းဝင်မှုသည်လည်းကောင်း၊ တစ်စုံတစ်ရာသောကြားဝင်အသနားခံပေးခြင်းသည်လည်းကောင်း ရှိလိမ့်မည်မဟုတ်။ အမှန်ပင် မယုံကြည်ငြင်းပယ်သူ 'ကာဖိရ်'တို့သည် သာလျှင် အပြစ်ကျူးလွန်သူများဖြစ်ကြ၏။

اَللّٰهُ لَاۤ اِلٰهَ اِلَّا هُوَ ۚ اَلْحَیُّ الْقَيُّوْمُ ۚ لَا تَاْخُذُهٗ سِنَةٌ وَّ لَا نَوْمٌ ؕ لَهٗ مَا فِي السَّمٰوٰتِ وَ مَا فِي الْاَرْضِ ؕ مَنْ ذَا الَّذِيْ يَشْفَعُ عِنْدَهٗۤ

၂၅၆။ 'အလ္လာဟ်'၊ ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ခြင်းခံထိုက်သူမရှိ။ ထာဝရအသက်ရှင်တော်မူသောအရှင်၊ ဇာတိပကတိအားဖြင့် တည်တော်မူသောအရှင်ဖြစ်တော်မူ၏။ ငိုက်မျဉ်းခြင်းသည်လည်းကောင်း၊ အိပ်စက်ခြင်းသည်လည်းကောင်း၊ ထိုအရှင်မြတ်အား ဖမ်းဆီးခြင်းငှာမတတ်နိုင်။ မိုး

اِلَّا بِاِذْنِهٖ ؕ یَعْلَمُ مَا بَیْنَ اَیْدِیْهِمْ وَ مَا
خَلْفَهُمْ ۚ وَ لَا یُحِیْطُوْنَ بِشَیْءٍ مِّنْ عِلْمِهٖۤ
اِلَّا بِمَا شَآءَ ۚ وَسِعَ كُرْسِیُّهُ السَّمٰوٰتِ
وَ الْاَرْضَ ۚ وَ لَا یَـُٔوْدُهٗ حِفْظُهُمَا ۚ وَ هُوَ
الْعَلِیُّ الْعَظِیْمُ ﴿۲۵۵﴾

ကောင်းကင်များတွင်ရှိသမျှတို့ကိုလည်းကောင်း၊ ကမ္ဘာမြေတွင်ရှိသမျှတို့ကိုလည်းကောင်း ထိုအရှင်မြတ်သည်သာ စိုးပိုင်တော်မူ၏။ ထိုအရှင်၏ခွင့်ပြုချက်မရှိဘဲ ထိုအရှင်၏ ရှေ့တော်တွင် ကြားဝင်အသနားခံပန်ကြားပေးမည့်သူ အဘယ်သူရှိအံ့နည်း။ ထိုအရှင်မြတ်သည် ထိုသူတို့၏ ရှေ့မှောက်တွင်ရှိသည်နှင့် သူတို့၏နောက်ကွယ်တွင် ရှိသည်တို့ကို သိရှိတော်မူ၏။ ထို့ပြင် ထိုအရှင်မြတ် အလိုတော်ရှိသမျှမှတစ်ပါး အရှင်မြတ်၏ ပညာဉာဏ်တော်ကို သူတို့သည် စိုးစဉ်းမျှပင် ဝန်းခြုံ(သိ)နိုင်စွမ်းရှိမည်မဟုတ်။ အရှင်မြတ်၏အုပ်စိုးမှုသည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင် ပျံ့နှံ့လွှမ်းမိုးလျက် ရှိပေ၏။ ဤတွင်မက ယင်းနှစ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းက ထိုအရှင်မြတ်အား ပင်ပန်းနွမ်းနယ်စေခြင်းမရှိချေ။ စင်စစ် အရှင်မြတ်သည် လွန်စွာဂုဏ်ရှိန်မြင့်မားတော်မူသောအရှင်၊ အလွန်တရာကြီးမြတ်တော်မူသောအရှင် ဖြစ်တော်မူ၏။

لَاۤ اِكْرَاهَ فِی الدِّیْنِ ۟ قَدْ تَّبَیَّنَ الرُّشْدُ مِنَ
الْغَیِّ ۚ فَمَنْ یَّكْفُرْ بِالطَّاغُوْتِ وَ یُؤْمِنْۢ
بِاللّٰهِ فَقَدِ اسْتَمْسَكَ بِالْعُرْوَةِ الْوُثْقٰی ۗ
لَا انْفِصَامَ لَهَا ؕ وَ اللّٰهُ سَمِیْعٌ عَلِیْمٌ ﴿۲۵۶﴾

၂၅၆။ သာသနာရေးတွင် မည်သို့သော အတင်းအကျပ်အဓမ္မပြုမှုမျှမရှိ။ ဧကန်ပင် လမ်းမှန်သည် လမ်းမှားနှင့် ရှင်းလင်းစွာ ကွဲပြားထင်ရှားခဲ့ပေပြီ။ သို့ဖြစ်ရာ မည်သူမဆို 'ရှိုင်တန်'ကိုငြင်းပယ်၍ အလ္လာဟ်အား သက်ဝင်ယုံကြည်ခဲ့သော်၊ စင်စစ် ထိုသူသည် မကျိုးမပျက်နိုင်သည့် ခိုင်ခံ့မြဲမြံသောလက်ကိုင်ကို စွဲကိုင်ထားပြီဖြစ်၏။ အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။ ۝

اَللّٰهُ وَلِیُّ الَّذِیْنَ اٰمَنُوْا ۙ یُخْرِجُهُمْ مِّنَ
الظُّلُمٰتِ اِلَی النُّوْرِ ؕ وَ الَّذِیْنَ كَفَرُوْۤا
اَوْلِیٰٓـُٔهُمُ الطَّاغُوْتُ ۙ یُخْرِجُوْنَهُمْ مِّنَ
النُّوْرِ اِلَی الظُّلُمٰتِ ؕ اُولٰٓئِكَ اَصْحٰبُ
النَّارِ ۚ هُمْ فِیْهَا خٰلِدُوْنَ ﴿۲۵۷﴾ ع

၂၅၇။ အလ္လာဟ်သည် သက်ဝင်ယုံကြည်သူတို့၏ အဆွေခင်ပွန်းဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် သူတို့အား အမှောင်ထုမျှားမှ အလင်းဘက်သို့ ထုတ်ဆောင်တော်မူ၏။ သို့ရာတွင် မယုံကြည်ငြင်းပယ်သူတို့၏ အဆွေခင်ပွန်းမှာကား 'ရှိုင်တန်'ဖြစ်၏။ ၎င်းက သူတို့အား အလင်းမှအမှောင်ထုမျှားဘက်သို့ ဆွဲထုတ်၏။ ဤသူများသည်ပင် (၎ရဲ့)မီးတွင် နေရမည့်သူများဖြစ်ကြပြီး၊ သူတို့သည် ယင်း၌ ကာလကြာရှည်စွာနေရမည့်သူများ ဖြစ်ကြသတည်း။

ရုကူး-၃၅

اَلَمْ تَرَ اِلَی الَّذِیْ حَآجَّ اِبْرٰهٖمَ فِیْ رَبِّهٖۤ

၂၅၉။ အသင်သည် ထိုသူ၏အကြောင်းကို စဉ်းစားဆင်ခြင်ခြင်း မပြုဟုသလော။ ထိုသူသည် အလ္လာဟ်က သူ့အား

۝ ဤမူကွပါဌ်တော်တွင် တစ်ဦးဦး၏ယုံကြည်မှုကို အတင်းအဓမ္မပြောင်းလဲအောင်ပြုလုပ်ခြင်းအား လုံးဝတားမြစ်ပိတ်ပင်ထားပေသည်။ لَاۤ اِكْرَاهَ فِی الدِّیْنِ ဟူသည် သာသနာရေးကိစ္စတွင် စိုးစဉ်းမျှအနိုင်အထက်ပြုရန်အခွင့်မရှိဟု ဆိုလိုခြင်းဖြစ်သည်။ အကြင်သူအပေါ် အမှန်တရားသည် ထင်ရှားခဲ့ပြီဖြစ်လျှင် ထိုသူသည် ခိုင်ခံ့မြဲမြံသော လက်ကိုင်ကွင်းအတွင်းသို့ လက်ထည့်လိုက်သည့်ပမာဖြစ်၏။ လက်ကိုသာ ဖြတ်တောက်ပစ်လိုက်နိုင်မည်၊ သို့သော် လက်ကိုင်ကွင်းမှ ခွဲခွာ၍ကားရနိုင်မည်မဟုတ်ချေ။

اَنْ اٰتٰىهُ اللّٰهُ الْمُلْكَ ۘ اِذْ قَالَ اِبْرٰهٖمُ رَبِّيَ الَّذِيْ يُحْيٖ وَيُمِيْتُ ۙ قَالَ اَنَا اُحْيٖ وَاُمِيْتُ ؕ قَالَ اِبْرٰهٖمُ فَاِنَّ اللّٰهَ يَاْتِيْ بِالشَّمْسِ مِنَ الْمَشْرِقِ فَاْتِ بِهَا مِنَ الْمَغْرِبِ فَبُهِتَ الَّذِيْ كَفَرَ ؕ وَاللّٰهُ لَا يَهْدِي الْقَوْمَ الظّٰلِمِيْنَ ۝

အုပ်ချုပ်မှုအာဏာ ပေးသနားထားသည်ကို အားကိုးပြုပြီး 'အစ်ဗရာဟင်မ်'ကို သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် နှင့်စပ်လျဉ်း၍ အငြင်းအခုံပြုခဲ့လေသည်။ အကြင်အခါဝယ် 'အစ်ဗရာဟင်မ်'က ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် အသက်ရှင်စေတော်မူသောအရှင်လည်းဖြစ်၏၊ ထို့ပြင် သေစေတော်မူသောအရှင်လည်း ဖြစ်တော်မူ၏ဟု ပြောရာ၊ ၎င်းက ငါသည်(လည်း) ရှင်စေ၏၊ သေစေ၏ဟု ပြန်ပြောလေသည်။ 'အစ်ဗရာဟင်မ်'က (သို့ဆိုလျှင်) အမှန်ပင် အလွှာဟ်သည် နေကိုအရှေ့အရပ်မှ ယူဆောင်လာတော်မူ၏၊ အသင်သည် ယင်းကို အနောက်အရပ်မှ ယူဆောင်လာပါလော့ဟု ပြောကြား၏။ ထိုအခါ ယင်းမယုံကြည်သူသည် တွေဝေငေးမောသွားခဲ့လေသည်။ စင်စစ် အလွှာဟ်သည် အပြစ်ကျူးလွန်သူတို့ကို လမ်းညွှန်တော်မမူပေ။

اَوْ كَالَّذِيْ مَرَّ عَلٰى قَرْيَةٍ وَّهِيَ خَاوِيَةٌ عَلٰى عُرُوْشِهَا ۚ قَالَ اَنّٰى يُحْيٖ هٰذِهِ اللّٰهُ بَعْدَ مَوْتِهَا ۚ فَاَمَاتَهُ اللّٰهُ مِائَةَ عَامٍ ثُمَّ بَعَثَهٗ ؕ قَالَ كَمْ لَبِثْتَ ؕ قَالَ لَبِثْتُ يَوْمًا اَوْ بَعْضَ يَوْمٍ ؕ قَالَ بَلْ لَّبِثْتَ مِائَةَ عَامٍ فَانْظُرْ اِلٰى طَعَامِكَ وَشَرَابِكَ لَمْ يَتَسَنَّهْ ۚ وَانْظُرْ اِلٰى حِمَارِكَ وَلِنَجْعَلَكَ اٰيَةً لِّلنَّاسِ وَانْظُرْ اِلَى الْعِظَامِ كَيْفَ نُنْشِزُهَا ثُمَّ نَكْسُوْهَا لَحْمًا ؕ فَلَمَّا تَبَيَّنَ لَهٗ ۙ قَالَ اَعْلَمُ اَنَّ اللّٰهَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ۝

၂၆၀။ သို့မဟုတ် ထိုသူ၏ ဥပမာ(ကိုအသင်သည် စဉ်းစားဆင်ခြင်ပါသလော)။ သူသည် ခေါင်မိုးများပြိုကျလျက် ပျက်စီးနေသောမြို့ရွာတစ်ခုကို ဖြတ်သန်းသွားစဉ်၊ သူက အလွှာဟ်သည် ယင်း၏သေခြင်းနောက်တွင် ယင်းကို မည်သို့ ရှင်စေတော်မူမည်နည်းဟုပြောခဲ့၏။ ထိုအခါ အလွှာဟ်က သူ့အား နှစ်ပေါင်းတစ်ရာသေခြင်း(ကဲ့သို့သောအခြေအနေ)ကို သက်ရောက်စေတော်မူခဲ့၏။ ထို့နောက်တစ်ဖန် သူ့အား နိုးထစေခဲ့ပြီး အသင်သည် မည်မျှကြာမြင့်စွာ (ဤအခြေအနေ၌) နေခဲ့သနည်းဟု မေးတော်မူရာ၊ သူက ကျွန်တော်မျိုးသည် တစ်နေ့သို့မဟုတ် နေ့၏အစိတ်အပိုင်းတစ်ခုမျှသာနေခဲ့ပါသည်ဟု ဖြေကြားလေ၏။ အရှင်မြတ်က ဤသို့မဟုတ်မူ၍ အသင်သည် နှစ်ပေါင်းတစ်ရာနေခဲ့ပေ၏၊ သို့ဖြစ်ရာ အသင်သည် မိမိ၏စားစရာနှင့် မိမိ၏သောက်စရာကိုကြည့်လော့၊ ပုပ်သိုးပျက်စီးခြင်းမရှိချေ။ ထို့ပြင် အသင်၏မြည်း(သတ္တဝါ)ကိုလည်း ကြည့်ရှုလော့။ ဤ(မြင်ကွင်း)ကား ငါတို့သည် အသင့်အား လူသားတို့အတွက် သက်သေလက္ခဏာတော်တစ်ရပ်အဖြစ် ပြုလုပ်တော်မူရန်ဖြစ်၏။ ထို့ပြင် အရိုးများကိုကြည့်ရှုပါလေ၊ ငါတို့သည် ယင်းကို မည်သို့ထူထောင်၍ ယင်းတို့အပေါ် အသားကို မည်သို့ဆင်ပေးလိုက်ပေသနည်းဟု မိန့်ကြားတော်မူခဲ့၏။ သို့ဖြင့် အကြောင်းအရာသည် သူ့အဖို့ ပွင့်လင်းထင်ရှားခဲ့သော

① တမန်တော်'အစ်ဗရာဟင်မ်'ﷺ၏သက်သေပြချက်ဝုဏ်အဆင့်မှာ ဤသို့ဖြစ်၏။ တမန်တော်ကြီးနှင့်ယှဉ်ပြိုင်လာသည့် တစ်ဖက်လူမှာ 'နေ'ကို ဘုရားအဖြစ်လက်ခံထားသူဖြစ်သည်။ တမန်တော်ကြီးက သူ့အား- 'ကျွန်ုပ်၏ အလွှာဟ်အရှင်မြတ်သည် 'နေ'ကိုအရှေ့ဘက်မှထွက်စေတော်မူ၏၊ အသင်သည် 'နေ'ကိုစိုးမိုးနိုင်ကြောင်းပြသပါလေ'ဟု ပြောကြား၏။ ထိုအခါ ယင်းသူသည် တွေဝေငေးမောသွားခဲ့ပေသည်။ အကြောင်းမူ ထိုသူသည် မိမိဘာသာအယူဝါဒနှင့်ဆန့်ကျင်၍ ကြွေးကြော်မှုကိုပင် မပြုနိုင်သောကြောင့်ဖြစ်ပေသည်။

အခါ၊ သူက အလ္လာဟ်သည် မိမိနှစ်လို့တော်မူသော အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူသောအရှင် ဖြစ်တော်မူကြောင်း ကျွန်တော်မျိုးသိရပါပြီဟု လျှောက်ထားလေ၏။ ②

وَإِذْ قَالَ إِبْرٰهِمُ رَبِّ أَرِنِي كَيْفَ تُحْيِ الْمَوْتٰى ۖ قَالَ أَوَلَمْ تُؤْمِنْ ۖ قَالَ بَلٰى وَلٰكِنْ لِّيَطْمَئِنَّ قَلْبِي ۖ قَالَ فَخُذْ أَرْبَعَةً مِّنَ الطَّيْرِ فَصُرْهُنَّ إِلَيْكَ ثُمَّ اجْعَلْ عَلٰى كُلِّ جَبَلٍ مِّنْهُنَّ جُزْءًا ثُمَّ ادْعُهُنَّ يَأْتِينَكَ سَعْيًا ۚ وَاعْلَمْ أَنَّ اللّٰهَ عَزِيزٌ حَكِيمٌ ﴿٢٦٠﴾

၂၆၀။ ထို့ပြင် (အသင်သည် ဤအကြောင်းရပ်ကိုလည်း ဆင်ခြင်သုံးသပ်ခြင်းပြုပါသလော)၊ အကြင်အခါ၀ယ် 'အစ်ဗရာဟင်မ်'က အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ အရှင်မြတ်သည် အသေများကို မည်သို့ရှင်စေတော်မူကြောင်းကို ကျွန်တော်မျိုးအားပြသတော်မူပါဟု လျှောက်ထားခဲ့၏။ အရှင်မြတ်က အသို့နည်း၊ အသင်သည် သက်ဝင်ယုံကြည်ခဲ့ပြီးမဟုတ်ပါလော်ဟု မိန့်တော်မူ၏။ သူက အဘယ့်ကြောင့် မယုံကြည်ရပါမည်နည်း၊ သို့ရာတွင် ကျွန်တော်မျိုး၏ စိတ်နှလုံးအေးငြိမ်းကျေနပ်မှု ရရှိရန်အတွက်သာ (မေးမြန်းခြင်း)ဖြစ်ပါ၏ဟု လျှောက်ထားလေ၏။ အရှင်မြတ်က အသင်သည် ငှက်လေးကောင်ကိုဖမ်းယူပြီး ယင်းတို့အား အသင်နှင့် ခင်တွယ်ယဉ်ပါးအောင်ပြုလုပ်ပါလေ။ တစ်ဖန် ယင်းတို့အနက် တစ်ကောင်ချင်းစီကို တောင်အသီးသီးပေါ်တွင် လွှတ်လိုက်ပါလေ။ ထို့နောက် ယင်းတို့ကိုခေါ်ပါလေ။ ယင်းတို့သည် အသင့်ထံသို့ အလျင်အမြန်ရောက်ရှိလာကြပေလိမ့်မည်ဟု မိန့်ကြားတော်မူ၏။ အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ လွန်စွာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်ကို သိရှိနားလည်ပါလေ။ ①

---

② ဤအာယတ်တော်၌ အလ္လာဟ်အရှင်မြတ်က ပုဂ္ဂိုလ်တစ်ဦးကို နှစ်ပေါင်းတစ်ရာတိုင် သေစေတော်မူခဲ့သည်၊ ထို့နှစ်တစ်ရာနောက်တွင် ရှင်စေတော်မူသောအခါ သူ၏စားဖွယ်သောက်ဖွယ်များနှင့် မြည်းသတ္တဝါ စသည်တို့မှာ နဂိုမူလအတိုင်း ရှိနေခဲ့သည်ဟူ၍ အဓိပ္ပာယ်ဖြစ်နေသယောင်ထင်ရသည်။ ကုရ်အာန်ဋီကာပညာရှင်ဆိုသူများကလည်း ဤသို့သာ ကောက်ချက်စွဲခဲ့ကြပေသည်။ ဤသည်မှာ လုံးဝအဓိပ္ပာယ်ကင်းမဲ့သော ကောက်ချက်စွဲမှုဖြစ်ပြီး ကျမ်းမြတ်ကုရ်အာန်ကို မလေးမစားပြုခြင်းပင်ဖြစ်ပေသည်။ ဤမုက္ခပါဠိတော်၏ဆိုလိုရင်းမှာ တစ်ညဉ့်တာအိပ်စက်ခြင်းတွင် ထိုသူအား အနာဂတ်၏ နှစ်ပေါင်းတစ်ရာကာလအတွင်း ပေါ်ပေါက်လာမည့်ဖြစ်ရပ်များကို ပြသတော်မူခြင်းဖြစ်၏။ သို့သော် သူ၏မျက်စိများပွင့်လာသောအခါတွင် အလ္လာဟ်အရှင်မြတ်က သူ့အား အသင်ကြည့်လော့၊ အသင်၏မြည်းသတ္တဝါသည်လည်း နဂိုမူလအတိုင်းပင်ရှိနေ၏၊ ထို့ပြင် အသင်၏စားဖွယ်သောက်ဖွယ်များသည်လည်း ညဉ့်အချိန်ကထားခဲ့သည့်အတိုင်းပင် လတ်လတ်ဆတ်ဆတ်ရှိနေ၏ဟူ၍ မိန့်မြွက်တော်မူခြင်းဖြစ်ပေသည်။

① ဤအာယတ်တော်နှင့်စပ်လျဉ်း၍လည်း ဋီကာဆရာများ လွန်စွာမှားယွင်းခဲ့ကြပေသည်။ တမန်တော်'အစ်ဗရာဟင်မ်'ﷺအား ငှက်လေးကောင်ကိုမွေးမြူပြီးနောက် ထိုငှက်များကို အပိုင်းပိုင်းဖြတ်တောက်ကာ အစိတ်အပိုင်းအနည်းငယ်စီကို အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်များတွင် ထားလိုက်ပါ၊ ထို့နောက် ယင်းတို့ကိုဟစ်ခေါ်သော် ယင်းတို့သည် လာကြလိမ့်မည်ဟု အမိန့်ပေးတော်မူခြင်းခံရသည်ဟူ၍ ဋီကာဆရာများက ထင်မှတ်ကြပေသည်။ အာရဗီအဘိဓာန်က ထိုသို့အဓိပ္ပာယ်ပြန်ဆိုရန် အလျင်းခွင့်မပြုချေ။ **صُرْهُنَّ إِلَيْكَ** ဟူသောပုဒ်၏ ထူးခြားအဓိပ္ပာယ်ဆောင်သည့်သဘောမှာ **اِمِلْهُنَّ ، مِنَ الصَّوْرِ اَيِ الْمَيْلُ** တွင် ကြိယာ **صُرْ** သည် **صَوْر** ဟူသောပုဒ်မှဖြစ်၏။ ယင်း၏သဘောမှာ ယိမ်းညွတ်အောင်ပြုခြင်းဖြစ်ပေသည်။ သို့ဖြစ်ရာ **صُرْهُنَّ اِلَيْكَ** ၏အဓိပ္ပာယ်မှာ ယင်းတို့ကို မိမိဘက်သို့တိမ်းညွတ်အောင်၊ ခင်တွယ်ယဉ်ပါးအောင်ပြုပါလေဟု ရရှိပေသည်။ အချို့က **صُرْهُنَّ اِلَيْكَ** ၏အဓိပ္ပာယ်ကို ယင်းတို့အား အသံပြုပြီး မိမိဘက်သို့ခေါ်ပါလေဟု ကောက်ယူကြပေသည်။

ရုကူ-၃၆

مَثَلُ الَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمْ فِيْ سَبِيْلِ اللّٰهِ كَمَثَلِ حَبَّةٍ اَنْۢبَتَتْ سَبْعَ سَنَابِلَ فِيْ كُلِّ سُنْۢبُلَةٍ مِّائَةُ حَبَّةٍ ؕ وَاللّٰهُ يُضٰعِفُ لِمَنْ يَّشَآءُ ؕ وَاللّٰهُ وَاسِعٌ عَلِيْمٌ ﴿۲۶۱﴾

၂၆၂။ မိမိတို့၏ ဥစ္စာပစ္စည်းများကို အလ္လာဟ်၏လမ်းတော်တွင် စွန့်ကြဲသုံးစွဲကြသောသူတို့၏ ဥပမာကား ဤသို့သော မျိုးစေ့နှင့်တူ၏။ ယင်း(မျိုးစေ့)မှ အနှံခုနစ်နှံပေါက်၍ အနှံတိုင်းတွင် အစေ့တစ်ရာစီသီး၏။ အလ္လာဟ်သည် နှစ်လို့တော်မူသောသူအား (ယင်းထက်ပင်) များစွာတိုးပွား၍ ပေးသနားတော်မူ၏။ အလ္လာဟ်သည် ကျယ်ပြောမှုကို ပေးသနားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

اَلَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمْ فِيْ سَبِيْلِ اللّٰهِ ثُمَّ لَا يُتْبِعُوْنَ مَاۤ اَنْفَقُوْا مَنًّا وَّلَاۤ اَذًى ۙ لَّهُمْ اَجْرُهُمْ عِنْدَ رَبِّهِمْ ۚ وَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ﴿۲۶۲﴾

၂၆၃။ အကြင်သူတို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများကို အလ္လာဟ်၏လမ်းတော်တွင် စွန့်ကြဲသုံးစွဲကြ၏။ထို့နောက် ထိုသို့သုံးစွဲခြင်းအပေါ် ကျေးဇူးပြုကြောင်း ဂုဏ်ဖော်ခြင်းကိုသော်လည်းကောင်း၊ ဒုက္ခပေးခြင်းကိုသော်လည်းကောင်း လိုက်၍မပြုကြချေ။ ထိုသူတို့အဖို့ သူတို့၏ ဖန်ဆင်းမွေးမြူရှင်ထံတော်တွင် အကျိုးဆုလာဘ်သည်ရှိ၏။ အမှန်ပင် သူတို့အဖို့ မည်သို့သောစိုးရိမ်ကြောက်ရွံ့မှုမျှ ရှိမည်မဟုတ်၊ ထို့ပြင် သူတို့သည် ပူဆွေးသောကဖြစ်ကြရမည်လည်းမဟုတ်ချေ။

قَوْلٌ مَّعْرُوْفٌ وَّمَغْفِرَةٌ خَيْرٌ مِّنْ صَدَقَةٍ يَّتْبَعُهَاۤ اَذًى ؕ وَاللّٰهُ غَنِيٌّ حَلِيْمٌ ﴿۲۶۳﴾

၂၆၄။ ကောင်းမြတ်သောစကားကို ပြောဆိုခြင်းနှင့် ခွင့်လွှတ်ခြင်းတို့သည် ဒုက္ခတစ်စုံတစ်ရာကပ်၍ပါလာသော 'ဆဒကာ' အလျှဒါနထက် ပိုမိုကောင်းမြတ်ပေ၏။ အလ္လာဟ်သည် လိုလားတောင့်တခြင်းကင်းတော်မူသောအရှင်၊ ထောက်ထားညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تُبْطِلُوْا صَدَقٰتِكُمْ بِالْمَنِّ وَالْاَذٰى ۙ كَالَّذِيْ يُنْفِقُ مَالَهٗ رِئَآءَ النَّاسِ وَلَا يُؤْمِنُ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ؕ فَمَثَلُهٗ كَمَثَلِ صَفْوَانٍ عَلَيْهِ تُرَابٌ فَاَصَابَهٗ وَابِلٌ فَتَرَكَهٗ صَلْدًا ؕ لَا يَقْدِرُوْنَ عَلٰى شَيْءٍ مِّمَّا كَسَبُوْا ؕ وَاللّٰهُ لَا يَهْدِي الْقَوْمَ الْكٰفِرِيْنَ ﴿۲۶۴﴾

၂၆၅။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ကျေးဇူးကို သတိပေး ဂုဏ်ဖော်ပြောဆိုခြင်း သို့မဟုတ် ဒုက္ခရောက်စေခြင်းဖြင့် မိမိတို့၏ 'ဆဒကာ' အလျှဒါနများကို ထိုသူကဲ့သို့ အချည်းနှီးမဖြစ်စေကြလင့်။ သူသည် မိမိဥစ္စာပစ္စည်းကို လူအများအားပြသရန်အတွက်သုံးစွဲပြီး အလ္လာဟ်အားလည်းကောင်း၊ နောက်ဆုံးနေ့တော်ကြီးကိုလည်းကောင်း မယုံကြည်ချေ။ သို့ဖြစ်ရာသူ၏ဥပမာကား မြေကြီး(အလွှာ)ဖုံးအုပ်ထားသော ကျောက်ဆောင်ပမာဖြစ်ပြီး ယင်းအပေါ်သို့ သည်းထန်သောမိုး ရွာသွန်းသောအခါ ယင်းအား ပြောင်ချော၍ကျန်စေခဲ့လေသည်။ ထိုသူတို့သည် မိမိတို့ရှာဖွေခဲ့သည်များမှ မည်သည့်အရာအပေါ်မျှ အစိုးမရကြချေ။ စင်စစ် အလ္လာဟ်သည် မယုံကြည်ငြင်းပယ်သူတို့ကို လမ်းညွှန်တော်မမူချေ။

➤ وَقَالَ بَعْضُهُمْ: صُرْهُنَّ اَيِ صِحْ بِهِنَّ (မူဖရီဒါတ်အေမာမ်ရာယိဗ်အဘိဓာန်ကျမ်း) သို့ဖြစ်ရာ ထိုနည်းတူစွာပင် အလ္လာဟ်အရှင်မြတ်နှင့် ခင်တွယ်ယိမ်းညွတ်မှုကိုလိုလားသော ဝိညာဉ်များကလည်း အလ္လာဟ်အရှင်မြတ်က သူတို့အား အသံပြုတော်မူလိုက်သည်နှင့် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ဘက်သို့ တားဆီးထိန်းချုပ်မရဖြစ်လျက် အပြေးအလွှား ပြန်လှည့်၍လာကြလေသည်။

وَمَثَلُ الَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمُ ابْتِغَآءَ مَرْضَاتِ اللّٰهِ وَ تَثْبِيْتًا مِّنْ اَنْفُسِهِمْ كَمَثَلِ جَنَّةٍۭ بِرَبْوَةٍ اَصَابَهَا وَابِلٌ فَاٰتَتْ اُكُلَهَا ضِعْفَيْنِ ۚ فَاِنْ لَّمْ يُصِبْهَا وَابِلٌ فَطَلٌّ ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرٌ ۝

၂၆၆။ မိမိတို့၏ဥစ္စာပစ္စည်းများကို အလ္လာဟ်နှစ်သက်တော်မူခြင်းကိုလိုလား၍လည်းကောင်း၊ မိမိတို့၏ စိတ်ဝိညာဉ်များမှ အချို့ကို မြဲမြံခိုင်ခံ့စေရန်အတွက်လည်းကောင်း သုံးစွဲသူတို့၏ ဥပမာကား ကုန်းမြင့်ပေါ်တွင်ရှိသည့် ဥယျာဉ်နှင့်ပမာတူ၏၊ ယင်းအပေါ် သည်းထန်သောမိုး သက်ရောက်သောအခါ သစ်သီးဝလံများ အဆတိုး၍သီးကြ၏။ အကယ်၍ သည်းထန်သော မိုးမသက်ရောက်သည့်တိုင် နှင်းမှုန်သည်ပင် များစွာ (လုံလောက်သည်)ဖြစ်၏။ အလ္လာဟ်သည် အသင်တို့ပြုကျင့်သည်တို့ကို နက်ရှိုင်းစွာမြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။

اَيَوَدُّ اَحَدُكُمْ اَنْ تَكُوْنَ لَهٗ جَنَّةٌ مِّنْ نَّخِيْلٍ وَّ اَعْنَابٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ ۙ لَهٗ فِيْهَا مِنْ كُلِّ الثَّمَرٰتِ ۙ وَاَصَابَهُ الْكِبَرُ وَلَهٗ ذُرِّيَّةٌ ضُعَفَآءُ ۪ فَاَصَابَهَآ اِعْصَارٌ فِيْهِ نَارٌ فَاحْتَرَقَتْ ؕ كَذٰلِكَ يُبَيِّنُ اللّٰهُ لَكُمُ الْاٰيٰتِ لَعَلَّكُمْ تَتَفَكَّرُوْنَ ۝

၂၆၇။ အသင်တို့အနက် တစ်ဦးဦးသည် ဤသို့လိုလားမည်လော။ သူ၌ စွန်ပလွံပင်များနှင့် စပျစ်ပင်များရှိသည့် ဥယျာဉ်တစ်ခုရှိ၏။ ယင်း၏ အခြေတွင် စမ်းချောင်းအသွယ်သွယ် စီးဆင်းလျက်ရှိ၏။ ယင်း(ဥယျာဉ်)တွင် သူအတွက် သစ်သီးဝလံအမျိုးမျိုးရှိ၏။ ထို့နောက် သူသည် အိုမင်းမစွမ်းဖြစ်လာသောအခါ သူ၏ကလေးများမှာလည်း ယခုတိုင် အားအင်ချိနဲ့(အသက်ငယ်ရွယ်)ကြသေး၏။ ထိုစဉ် ယင်း(ဥယျာဉ်)သို့ မီး(ကဲ့သို့ပူသည့်) လေပွေကြီးတစ်ခုရောက်ရှိလာပြီး ယင်း (ဥယျာဉ်)သည် လောင်ကျွမ်းသွားလေသည်။ ဤသို့ပင် အလ္လာဟ်သည် အသင်တို့အတွက် (မိမိ၏) သက်သေလက္ခဏာတော်များကို ကောင်းစွာ ပေါ်လွင်ထင်ရှားစေတော်မူ၏၊ သို့ဖြင့် အသင်တို့ စဉ်းစားဆင်ခြင်ကြရန် ဖြစ်သတည်း။

ရုကူ-၃၇

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اَنْفِقُوْا مِنْ طَيِّبٰتِ مَا كَسَبْتُمْ وَمِمَّاۤ اَخْرَجْنَا لَكُمْ مِّنَ الْاَرْضِ ۪ وَلَا تَيَمَّمُوا الْخَبِيْثَ مِنْهُ تُنْفِقُوْنَ وَلَسْتُمْ بِاٰخِذِيْهِ اِلَّاۤ اَنْ تُغْمِضُوْا فِيْهِ ؕ وَاعْلَمُوْۤا اَنَّ اللّٰهَ غَنِيٌّ حَمِيْدٌ ۝

၂၆၈။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ ရှာဖွေထားသောအရာများနှင့် ငါတို့က အသင်တို့အဖို့ မြေကြီးမှ ထွက်စေတော်မူသောအရာများမှ သန့်ရှင်းစင်ကြယ်သော အရာများကို သုံးစွဲကြကုန်။ ထို့ပြင် (အလ္လာဟ်၏လမ်းတော်၌) စွန့်ကြသုံးစွဲရာတွင် အသင်တို့ကိုယ်တိုင်က (မနှစ်မြို့) အလျှင်းလက်မခံလိုဘဲ (ဂုဏ်သိက္ခာကို ထိခိုက်ခြင်းခံရသည်ဟု ခံစားရကာ) မျက်နှာလွဲပြီး လက်ခံလိုက်ရသောအရာကဲ့သို့ မသန့်ရှင်းသည့်အရာကို (သုံးစွဲရန်) မရည်ရွယ်ကြကုန်လင့်။ အလ္လာဟ်သည် လိုလားတောင့်တခြင်းကင်းတော်မူသောအရှင်၊ အလွန်တရာ ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူကြောင်းကို သိရှိကြလေကုန်။

اَلشَّيْطٰنُ يَعِدُكُمُ الْفَقْرَ وَيَاْمُرُكُمْ بِالْفَحْشَآءِ ۚ وَاللّٰهُ يَعِدُكُمْ مَّغْفِرَةً مِّنْهُ

၂၆၉။ 'ရိုင်တန်'သည် အသင်တို့အား ဆင်းရဲနွမ်းပါးမှုဖြင့် ခြိမ်းခြောက်လျက် ရှက်ဖွယ်အမှုများကိုပြုကျင့်ရန် အမိန့်ပေးတိုက်တွန်း၏။ သို့သော် 'အလ္လာဟ်'ကမူ အသင်တို့အား

وَفَضْلًا ۗ وَاللّٰهُ وَاسِعٌ عَلِيْمٌ ﴿٢٦٨﴾

မိမိအထံတော်မှခွင့်လွှတ်ခြင်းနှင့် ကျေးဇူးတော်ကို ကတိပေးတော်မူ၏။ အလ္လာဟ်သည် ကျယ်ပြောမှုများကို ပေးသနားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

يُّؤْتِى الْحِكْمَةَ مَنْ يَّشَآءُ ۚ وَمَنْ يُّؤْتَ الْحِكْمَةَ فَقَدْ اُوْتِىَ خَيْرًا كَثِيْرًا ۗ وَمَا يَذَّكَّرُ اِلَّآ اُولُوا الْاَلْبَابِ ﴿٢٦٩﴾

၂၆၀။ ထိုအရှင်မြတ်သည် နှစ်လို့တော်မူသောသူအား ဉာဏ်ပညာအမြော်အမြင်ကို ပေးသနားတော်မူ၏။ အကြင်မည်သူမဆို ဉာဏ်ပညာအမြော်အမြင်ကို ပေးသနားခြင်းခံရအံ့၊ ထိုသူသည် အမှန်ပင် များပြားစွာသော ကောင်းမြတ်ခြင်းကို ပေးသနားတော်မူခြင်းခံရခြင်းပင်ဖြစ်၏။ သို့သော် ဉာဏ်ပညာအမြော်အမြင်ရှိသူတို့မှတစ်ပါး မည်သူမျှ အဆုံးအမကို နာယူခြင်းမရှိကြချေ။

وَمَآ اَنْفَقْتُمْ مِّنْ نَّفَقَةٍ اَوْ نَذَرْتُمْ مِّنْ نَّذْرٍ فَاِنَّ اللّٰهَ يَعْلَمُهٗ ۗ وَمَا لِلظّٰلِمِيْنَ مِنْ اَنْصَارٍ ﴿٢٧٠﴾

၂၆၁။ အသင်တို့သည် စွန့်ကြဲသုံးစွဲထိုက်သည့်အရာများမှ မည်သည်ကိုမဆိုသုံးစွဲသည်ဖြစ်စေ၊ သို့တည်းမဟုတ် အဓိဋ္ဌာန်များအနက် မည်သည့်အဓိဋ္ဌာန်ကိုမဆို ပြုသည်ဖြစ်စေ အလ္လာဟ်သည် ယင်းကို အမှန်ပင် သိရှိတော်မူ၏။ မတရားပြုလုပ်သူတို့အတွက် ကူညီမှိုင်းမမည့်သူ မည်သူမျှမရှိချေ။

اِنْ تُبْدُوا الصَّدَقٰتِ فَنِعِمَّا هِىَ ۚ وَاِنْ تُخْفُوْهَا وَتُؤْتُوْهَا الْفُقَرَآءَ فَهُوَ خَيْرٌ لَّكُمْ ۗ وَيُكَفِّرُ عَنْكُمْ مِّنْ سَيِّاٰتِكُمْ ۗ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ﴿٢٧١﴾

၂၆၂။ အကယ်၍ အသင်တို့သည် 'ဆဒကာ'အလှူဒါနများကို လူသိရှင်ကြားပြုကြလျှင်လည်း သင့်မြတ်ပေ၏။ သို့သော် လိုအပ်နေသူများကို သိုသိုသိပ်သိပ်ပေးကမ်းပါမူ ဤသည်အသင်တို့အဖို့ သာ၍ကောင်းမြတ်ပေသည်။ ထို(အရှင်မြတ်)သည် အသင်တို့၏ များပြားစွာသော မကောင်းမှုများကို အသင်တို့ထံမှ ကင်းဝေးအောင်ပြုပေးတော်မူမည်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် အသင်တို့ပြုကျင့်သည်တို့ကို အမြဲထာဝရသတင်းရရှိတော်မူ၏။

لَيْسَ عَلَيْكَ هُدٰىهُمْ وَلٰكِنَّ اللّٰهَ يَهْدِىْ مَنْ يَّشَآءُ ۗ وَمَا تُنْفِقُوْا مِنْ خَيْرٍ فَلِاَنْفُسِكُمْ ۗ وَمَا تُنْفِقُوْنَ اِلَّا ابْتِغَآءَ وَجْهِ اللّٰهِ ۗ وَمَا تُنْفِقُوْا مِنْ خَيْرٍ يُّوَفَّ اِلَيْكُمْ وَاَنْتُمْ لَا تُظْلَمُوْنَ ﴿٢٧٢﴾

၂၆၃။ သူတို့အား လမ်းမှန်ရစေရန်မှာ အသင့်အပေါ်၌ တာဝန်မရှိချေ။ အလ္လာဟ်သည်သာလျှင် မိမိနှစ်လို့တော်မူသူအား လမ်းမှန်ကိုပေးတော်မူ၏။ ထို့ပြင် အသင်တို့သည် ဥစ္စာပစ္စည်းများမှ မည်သည်ကိုမဆို စွန့်ကြဲသုံးစွဲသည်ဖြစ်စေ ယင်းသည် အသင်တို့၏ကိုယ်တိုင်အကျိုးအတွက်သာဖြစ်၏။ စင်စစ် အသင်တို့သည် အလ္လာဟ်၏ကျေနပ်နှစ်သက်မှုကို လိုလားလျက်မှတစ်ပါး (အခြားရည်ရွယ်ချက်ဖြင့် မည်သည့်အခါမျှ) စွန့်ကြဲသုံးစွဲကြသည်မဟုတ်ချေ။ အသင်တို့သည် ဥစ္စာပစ္စည်းများအနက် မည်သည်ကိုမဆို စွန့်ကြဲသုံးစွဲကြသည်ဖြစ်စေ၊ ယင်းကို အသင်တို့အား အပြည့်အဝပြန်ပေးခြင်းခံကြရပေအံ့။ အသင်တို့သည် မည်သို့သော မတရားပြုခြင်းကိုမျှ အလျှင်းခံကြရမည်မဟုတ်ချေ။

لِلْفُقَرَآءِ الَّذِيْنَ اُحْصِرُوْا فِيْ سَبِيْلِ اللّٰهِ
لَا يَسْتَطِيْعُوْنَ ضَرْبًا فِي الْاَرْضِ ۫
يَحْسَبُهُمُ الْجَاهِلُ اَغْنِيَآءَ مِنَ التَّعَفُّفِ ۚ
تَعْرِفُهُمْ بِسِيْمٰهُمْ ۚ لَا يَسْـَٔلُوْنَ النَّاسَ
اِلْحَافًا ۗ وَمَا تُنْفِقُوْا مِنْ خَيْرٍ فَاِنَّ اللّٰهَ
بِهٖ عَلِيْمٌ ﴿۲۷۳﴾

၂၇၄။ (ဤသို့စွန့်ကြဲသုံးစွဲခြင်းသည်) အလ္လာဟ်၏လမ်းတော်တွင် ဝိုင်းရံတားဆီးခြင်းခံရပြီး ကမ္ဘာမြေပေါ်တွင် လှုပ်ရှားသွားလာနိုင်စွမ်းမရှိသည့် လိုအပ်ချက်ရှိသောသူများအတွက်ဖြစ်၏။ (သူတို့သည်) တောင်းရမ်းခြင်း(အလေ့)ကို ရှောင်ကြဉ်ခြင်းကြောင့် မသိနားမလည်သူက သူတို့ကို ကုံလုံပြည့်စုံသူများဟု ထင်မှတ်၏။ (သို့သော်) အသင်သည် သူတို့၏ အသွင်အပြင်လက္ခဏာအားဖြင့် သူတို့ကိုသိနိုင်၏။ သူတို့သည် လူတို့ထံတကောက်ကောက်လိုက်၍ တောင်းရမ်းခြင်းမပြုကြချေ။ စင်စစ်သော်ကား အသင်တို့သည် ဥစ္စာပစ္စည်းများအနက်မှ မည်သည့်အရာကိုပင် သုံးစွဲသည်ဖြစ်စေ၊ ယင်းကို အလ္လာဟ်သည် ကောင်းစွာသိရှိတော်မူပေသတည်း။

ရုကူး-၃၈

اَلَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمْ بِالَّيْلِ وَالنَّهَارِ
سِرًّا وَّ عَلَانِيَةً فَلَهُمْ اَجْرُهُمْ عِنْدَ
رَبِّهِمْ ۚ وَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ
يَحْزَنُوْنَ ﴿۲۷۴﴾

၂၇၅။ အကြင်သူတို့သည် မိမိတို့၏ဥစ္စာပစ္စည်းများကို 'ည၌' တွင်လည်းကောင်း၊ 'နေ့'တွင်လည်းကောင်း၊ လျို့ဝှက်၍သော်လည်းကောင်း၊ အထင်အရှားသော်လည်းကောင်း လှူဒါန်းသုံးစွဲကြ၏။ သူတို့အဖို့ သူတို့၏အကျိုးရလဒ်သည် သူတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်တွင်ရှိ၏။ ထို့ပြင် သူတို့အဖို့ မည်သို့သော စိုးရိမ်ကြောက်ရွံ့မှုမျှရှိမည်မဟုတ်သည့်ပြင် သူတို့သည် ပူဆွေးသောကဖြစ်ကြရမည်လည်း မဟုတ်ချေ။

اَلَّذِيْنَ يَاْكُلُوْنَ الرِّبٰوا لَا يَقُوْمُوْنَ اِلَّا
كَمَا يَقُوْمُ الَّذِيْ يَتَخَبَّطُهُ الشَّيْطٰنُ مِنَ
الْمَسِّ ۭ ذٰلِكَ بِاَنَّهُمْ قَالُوْٓا اِنَّمَا الْبَيْعُ مِثْلُ
الرِّبٰوا ۘ وَاَحَلَّ اللّٰهُ الْبَيْعَ وَحَرَّمَ الرِّبٰوا ۭ
فَمَنْ جَاۗءَهٗ مَوْعِظَةٌ مِّنْ رَّبِّهٖ فَانْتَهٰى فَلَهٗ
مَا سَلَفَ ۭ وَاَمْرُهٗٓ اِلَى اللّٰهِ ۭ وَمَنْ عَادَ
فَاُولٰۗىِٕكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ﴿۲۷۵﴾

၂၇၆။ အကြင်သူတို့သည် 'အတိုး'စားကြ၏၊ ထိုသူတို့သည် 'ရှိုင်တန်'က (မိမိ၏)ထိတွေ့မှုဖြင့် သတိလက်လွတ် အသိတရားကင်းမဲ့အောင်ပြုခြင်းခံရသူတို့ ရပ်တည်နေသကဲ့သို့မှတစ်ပါး (အခြားနည်းဖြင့်) ရပ်တည်နေကြသည် မဟုတ်ချေ။ ဤသို့ဖြစ်ရခြင်းကား သူတို့က စင်စစ် ရောင်းဝယ်ဖောက်ကားမှုသည်လည်း 'အတိုး'စားခြင်းကဲ့သို့ပင်ဖြစ်သည်ဟု ပြောဆိုကြသောကြောင့်ဖြစ်၏။ သို့သော် အလ္လာဟ်သည် ရောင်းဝယ်ဖောက်ကားမှုကိုခွင့်ပြုတော်မူလျက် 'အတိုး'စားခြင်းကို တားမြစ်ထားတော်မူ၏။ သို့ဖြစ်ရာ အကြင်သူထံသို့ မိမိ၏ ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ဆုံးမသြဝါဒ ရောက်ရှိလာပြီးနောက် ထိုသူသည် ရပ်တန့်ပါလျှင် ယခင်ပြုပြီးသမျှသည် သူ့အဖို့သာဖြစ်ပေလိမ့်မည်။ ထို့ပြင် သူ၏အရေးကိစ္စသည် အလ္လာဟ်ထံအပ်နှံပြီးဖြစ်၏။ ထိုမှနောက်တွင် အကြင်မည်သူမဆို ယင်းသို့ထပ်၍တစ်ဖန်ပြုလုပ်ချေက၊ ဤသူတို့သည်ပင် (ငရဲ)မီးတွင် ခံစားရမည့်သူများဖြစ်ကြ၏။ သူတို့သည် ယင်း၌ ကာလရှည်ကြာစွာ နေကြရမည့်သူများဖြစ်၏။

يَمْحَقُ اللّٰهُ الرِّبٰوا وَيُرْبِي الصَّدَقٰتِ ۭ وَاللّٰهُ

၂၇၇။ အလ္လာဟ်သည် 'အတိုး'ကို ပယ်ဖျက်တော်မူ၏၊ 'ဆဒကာ' အလှူဒါနများကို တိုးပွားစေတော်မူ၏။ စင်စစ်

لَا يُحِبُّ كُلَّ كَفَّارٍ اَثِيْمٍ ﴿۲۷۶﴾

အလ္လာဟ်သည် အလွန်ကျေးဇူးကန်းသူနှင့် လွန်စွာပြစ်မှုကျူးလွန်သူအားလုံးတို့ကို ချစ်ခင်နှစ်သက်တော်မမူချေ။

اِنَّ الَّذِيْنَ اٰمَنُوْا وَ عَمِلُوا الصّٰلِحٰتِ وَ اَقَامُوا الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ لَهُمْ اَجْرُهُمْ عِنْدَ رَبِّهِمْ ۚ وَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ﴿۲۷۷﴾

၂၇၈။ အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြ၏၊ 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြ၏၊ 'ဇကားတ်' အလှူကိုလည်းပေးကြ၏။ ထိုသူတို့အတွက် သူတို့၏ဆုလာဘ်သည် သူတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်၌ရှိ၏။ သူတို့အဖို့ မည်သို့သော စိုးရိမ်ကြောက်ရွံ့မှုမျှရှိမည်မဟုတ်။ သူတို့သည် ပူဆွေးသောကဖြစ်ကြရမည်လည်း မဟုတ်ချေ။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ وَذَرُوْا مَا بَقِيَ مِنَ الرِّبٰۤوا اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿۲۷۸﴾

၂၇၉။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အားကြောက်ရွံ့ကြကုန်။ အကယ်၍ အသင်တို့သည် (ဧကန်အမှန်) သက်ဝင်ယုံကြည်သူများဖြစ်ကြလျှင် ကျန်ရှိသော 'အတိုး'များကို စွန့်လွှတ်(လျှော်ပစ်)ကြကုန်။

فَاِنْ لَّمْ تَفْعَلُوْا فَاْذَنُوْا بِحَرْبٍ مِّنَ اللّٰهِ وَرَسُوْلِهٖ ۚ وَاِنْ تُبْتُمْ فَلَكُمْ رُءُوْسُ اَمْوَالِكُمْ ۚ لَا تَظْلِمُوْنَ وَلَا تُظْلَمُوْنَ ﴿۲۷۹﴾

၂၈၀။ အကယ်၍ အသင်တို့သည် ထိုသို့မပြုလုပ်ကြပါက၊ အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ဘက်မှ စစ်ကြေညာခြင်းကို နားစွင့်ကြကုန်။ အကယ်၍ အသင်တို့သည် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းပြုကြလျှင်၊ အသင်တို့၏ ငွေရင်းသည် အသင်တို့အဖို့သာ ဖြစ်ရပေမည်။ အသင်တို့သည် မတရားမှုကိုမပြုကြရ၊ အသင်တို့သည်လည်း မတရားပြုခြင်းခံကြရမည်မဟုတ်ချေ။

وَاِنْ كَانَ ذُوْ عُسْرَةٍ فَنَظِرَةٌ اِلٰى مَيْسَرَةٍ ؕ وَاَنْ تَصَدَّقُوْا خَيْرٌ لَّكُمْ اِنْ كُنْتُمْ تَعْلَمُوْنَ ﴿۲۸۰﴾

၂၈၁။ အကယ်၍ (ကြွေးမြီပေးဆပ်ရမည့်)သူသည် အကျပ်အတည်း၊ အခက်အခဲရှိနေသူဖြစ်လျှင် လွယ်ကူချောင်လည်လာသည်အထိ ဆိုင်းငံ့ခွင့်ပေးရမည်။ အကယ်၍ အသင်တို့သည်(ကြွေးမြီကိုလျှော်ပစ်၍ အလှူဒါနအဖြစ်) ကောင်းမှုပြုပေးလှူလိုက်ပါသော်၊ ဤသည် အသင်တို့အဖို့ အလွန်ကောင်းမြတ်ပေသည်။ အသင်တို့သိနားလည်ကြလျှင် ကောင်းပေစွ။

وَاتَّقُوْا يَوْمًا تُرْجَعُوْنَ فِيْهِ اِلَى اللّٰهِ ۫ ثُمَّ تُوَفّٰى كُلُّ نَفْسٍ مَّا كَسَبَتْ وَهُمْ لَا يُظْلَمُوْنَ ﴿۲۸۱﴾

၂၈၂။ ထို့ပြင် ထိုနေ့တော်ကြီးကို ကြောက်ရွံ့ကြကုန်။ ယင်း(နေ့)တွင် အသင်တို့သည် အလ္လာဟ်၏ထံတော်သို့ ပြန်လည်သွားရောက်ကြရပေမည်။ ထိုအခါ အသက်ဝိညာဉ်တိုင်းသည် ယင်းရှာဖွေခဲ့သည်ကို အပြည့်အဝပေးခြင်းခံကြရပေမည်။ ယင်းတို့သည် မတရားပြုခြင်းခံကြရမည်မဟုတ်ချေတည်း။

ရုကူး-၃၉

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اِذَا تَدَايَنْتُمْ بِدَيْنٍ اِلٰۤى اَجَلٍ مُّسَمًّى فَاكْتُبُوْهُ ؕ وَلْيَكْتُبْ بَّيْنَكُمْ كَاتِبٌۢ بِالْعَدْلِ ۪ وَلَا يَاْبَ كَاتِبٌ اَنْ

၂၈၃။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အချိန်ကာလသတ်မှတ်ပိုင်းခြား၍ ကြွေးမြီချေးငှားသည်ရှိသော်၊ ယင်းကိုရေးမှတ်ထားကြကုန်။ အသင်တို့၏အကြားတွင် ရေးသားပေးသူသည် တရားမျှတစွာဖြင့် ရေးသားချုပ်ဆိုပေးရ

يَّكْتُبَ كَمَا عَلَّمَهُ اللّٰهُ فَلْيَكْتُبْ ۚ
وَلْيُمْلِلِ الَّذِىْ عَلَيْهِ الْحَقُّ وَلْيَتَّقِ اللّٰهَ رَبَّهٗ
وَلَا يَبْخَسْ مِنْهُ شَيْـًٔا ۭ فَاِنْ كَانَ الَّذِىْ
عَلَيْهِ الْحَقُّ سَفِيْهًا اَوْ ضَعِيْفًا اَوْ لَا
يَسْتَطِيْعُ اَنْ يُّمِلَّ هُوَ فَلْيُمْلِلْ وَلِيُّهٗ
بِالْعَدْلِ ۭ وَاسْتَشْهِدُوْا شَهِيْدَيْنِ مِنْ
رِّجَالِكُمْ ۚ فَاِنْ لَّمْ يَكُوْنَا رَجُلَيْنِ
فَرَجُلٌ وَّامْرَاَتٰنِ مِمَّنْ تَرْضَوْنَ مِنَ
الشُّهَدَاۗءِ اَنْ تَضِلَّ اِحْدٰىهُمَا فَتُذَكِّرَ
اِحْدٰىهُمَا الْاُخْرٰى ۭ وَلَا يَاْبَ الشُّهَدَاۗءُ
اِذَا مَا دُعُوْا ۭ وَلَا تَسْـَٔـُوْٓا اَنْ تَكْتُبُوْهُ
صَغِيْرًا اَوْ كَبِيْرًا اِلٰٓى اَجَلِهٖ ۭ ذٰلِكُمْ اَقْسَطُ
عِنْدَ اللّٰهِ وَاَقْوَمُ لِلشَّهَادَةِ وَاَدْنٰٓى اَلَّا
تَرْتَابُوْٓا اِلَّآ اَنْ تَكُوْنَ تِجَارَةً حَاضِرَةً
تُدِيْرُوْنَهَا بَيْنَكُمْ فَلَيْسَ عَلَيْكُمْ جُنَاحٌ
اَلَّا تَكْتُبُوْهَا ۭ وَاَشْهِدُوْٓا اِذَا تَبَايَعْتُمْ ۠
وَلَا يُضَاۗرَّ كَاتِبٌ وَّلَا شَهِيْدٌ ۭ وَاِنْ تَفْعَلُوْا
فَاِنَّهٗ فُسُوْقٌۢ بِكُمْ ۭ وَاتَّقُوا اللّٰهَ ۭ
وَيُعَلِّمُكُمُ اللّٰهُ ۭ وَاللّٰهُ بِكُلِّ شَيْءٍ عَلِيْمٌ ۝

မည်။ မည်သည့်ရေးသားသူမျှ ရေးပေးရန် ငြင်းဆိုခြင်းမပြုရ။ သို့ဖြစ်ရာ သူသည် အလ္လာဟ်က သူ့အား သင်ပေးထားတော်မူသည်နှင့်အညီရေးသားချုပ်ဆိုပေးရမည်။ ထို့ပြင် ပေးဆပ်ရန် တာဝန်ရှိသူက ရေးခိုင်းရပေမည်။ သူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် 'အလ္လာဟ်'အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားထားရှိလျက် ယင်း၌ တစ်စုံတစ်ရာကိုမျှ လျှော့(၍ရေးသားချုပ်ဆို)စေခြင်းမပြုရ။အကယ်၍ ပေးဆပ်ရန် တာဝန်ရှိသူသည် အသိဉာဏ်နည်းသူဖြစ်လျှင်သော်လည်းကောင်း၊ အားနည်းသူဖြစ်လျှင်သော်လည်းကောင်း၊ ရေးသားနိုင်စွမ်းမရှိသူဖြစ်လျှင်သော်လည်းကောင်း သူ၏အုပ်ထိန်းသူက (သူ၏ကိုယ်စား) တရားမျှတစွာ ရေးသားချုပ်ဆိုစေရမည်။ ထို့နောက် မိမိတို့၏ယောကျ်ားများအနက်မှနှစ်ဦးကို သက်သေအဖြစ်ခန့်ထားကြကုန်။ အကယ်၍ ယောကျ်ားနှစ်ဦးမရရှိလျှင် အသင်တို့ကျေနပ်နှစ်သက်သူအနက်မှ ယောကျ်ားတစ်ဦးနှင့် မိန်းမနှစ်ဦးကို သက်သေများအဖြစ်ပြုစေကြကုန်။ ဤသို့ဖြင့် ယင်းအမျိုးသမီးနှစ်ဦးအနက် အကယ်၍ တစ်ဦးက မေ့လျော့ခဲ့လျှင်၊ ကျန်တစ်ဦးက သူ့အားသတိပေးရန်အလို့ငှာ ဖြစ်၏။ ၎င်းပြင် သက်သေများကိုခေါ်ဆိုခြင်းခံရသောအခါ သူတို့သည် ငြင်းပယ်ခြင်းမပြုရ။ ထို့ပြင် (အပေးအယူကိစ္စသည်) သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ယင်း၏သတ်မှတ်ကာလ(ပါသောပြည့်စုံသည့်ကတိစာချုပ်)ကို ရေးသားချုပ်ဆိုခြင်း၌ ပျင်းရိပေါ့လျော့ခြင်း မပြုကြကုန်လင့်။ အသင်တို့၏ ဤလုပ်ဆောင်မှုသည် အလ္လာဟ်၏ထံတော်တွင် အလွန်တရားမျှတခြင်းကိုဆောင်မည့်အပြင် အထောက်အထား သက်သေထူရန်အတွက်လည်း အလွန်ခိုင်မာသော ဆောင်ရွက်ချက်ဖြစ်လိမ့်မည်။ ထို့ပြင် အသင်တို့ ဒွိဟသံသယကင်းစေရန် ပိုမိုနီးစပ်ပေလိမ့်မည်။ (ဤရေးသားချုပ်ဆိုခြင်းသည် 'ဖရာဇ်'တာဝန်ဖြစ်၏။) သို့ရာတွင် အသင်တို့အကြား လက်ချင်းပြောင်းဖလှယ်မှုပြုသော လက်ငင်းအရောင်းအဝယ်ပြုသည့် ကိစ္စများတွင်မူ အသင်တို့မရေးမှတ်လျှင်၊ အသင်တို့အပေါ်တွင် မည်သို့မျှ အပြစ်မထိုက်ချေ။ ထို့ပြင် အသင်တို့သည် တစ်စုံတစ်ရာ (ကာလကြာရှည်သော) အရောင်းအဝယ်ကို ပြုကြသောအခါ အသိသက်သေထားကြကုန်။ ထို့ပြင် ချုပ်ဆိုရေးသား၍ ပေးသူနှင့် အသိသက်သေတို့အား (မည်သို့သော) အခက်အခဲဒုက္ခကိုမျှ မသက်ရောက်စေကြလင့်။ အကယ်၍ အသင်တို့သည် ဤသို့ပြုမူကြသော်၊ စင်စစ် ဤသည် အသင်တို့အဖို့ရာ ကြီးလေးသောအပြစ်ဖြစ်ပေလိမ့်မည်။ ထို့ပြင် အလ္လာဟ်အား ကြောက်ရွံ့ကြကုန်။ စင်စစ် အလ္လာဟ်သည်ပင် အသင်

တို့အား သင်ကြားပေးတော်မူ၏။ ဧကန်အမှန် အလ္လာဟ်သည် အရာရာတိုင်းကို ကောင်းစွာသိရှိတော်မူ၏။

وَاِنْ كُنْتُمْ عَلٰى سَفَرٍ وَّلَمْ تَجِدُوْا كَاتِبًا فَرِهٰنٌ مَّقْبُوْضَةٌ ؕ فَاِنْ اَمِنَ بَعْضُكُمْ بَعْضًا فَلْيُؤَدِّ الَّذِى اؤْتُمِنَ اَمَانَتَهٗ وَلْيَتَّقِ اللّٰهَ رَبَّهٗ ؕ وَلَا تَكْتُمُوا الشَّهَادَةَ ؕ وَمَنْ يَّكْتُمْهَا فَاِنَّهٗۤ اٰثِمٌ قَلْبُهٗ ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ عَلِيْمٌ ﴿۲۸۳﴾

၂၈၄။ အကယ်၍ အသင်တို့သည် ခရီးလမ်းတွင်ဖြစ်၍ အသင်တို့အား ရေးသားပေးမည့်သူမရရှိခဲ့လျှင် ပစ္စည်းတစ်စုံတစ်ရာကို အာမခံအပေါင်ပစ္စည်းအဖြစ်ပေးထားရမည်။ ထို့ပြင် အကယ်၍ အသင်တို့အနက် တစ်ဦးသည် အခြားတစ်ဦးထံတွင် 'အမာနတ်' ယုံကြည်အပ်နှံမှုပစ္စည်းကို အပ်နှံထားခဲ့လျှင် 'အမာနတ်'ကို အပ်နှံထားခြင်းခံရသူအနေဖြင့် ယင်းသူ၏ 'အမာနတ်'ကို မပျက်မကွက် ပြန်လည်၍ပေးအပ်ရပေမည်။ မိမိတို့၏ဖန်ဆင်းမွေးမြူရှင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ဆောက်တည်ကြကုန်။ ထိုမှတစ်ပါး သက်သေခံချက်ကို ဖုံးကွယ်ထိမ်ချန်ခြင်း မပြုကြကုန်လင့်။ အကြင်မည်သူမဆို ယင်းကိုဖုံးကွယ်ထိမ်ချန်ခြင်းပြုလျှင်၊ ထိုသူ၏နှလုံးသားသည် ဧကန်ပင် အပြစ်ရှိလိမ့်မည်။ အလ္လာဟ်သည် အသင်တို့ ပြုကျင့်သည်တို့ကို ကောင်းစွာသိရှိတော်မူသတည်း။

ရုကူ-၃၀

لِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ؕ وَاِنْ تُبْدُوْا مَا فِىْۤ اَنْفُسِكُمْ اَوْ تُخْفُوْهُ يُحَاسِبْكُمْ بِهِ اللّٰهُ ؕ فَيَغْفِرُ لِمَنْ يَّشَآءُ وَيُعَذِّبُ مَنْ يَّشَآءُ ؕ وَاللّٰهُ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ﴿۲۸۴﴾

၂၈၅။ မိုးကောင်းကင်များတွင်ရှိသည်တို့နှင့် ကမ္ဘာမြေတွင်ရှိသည်တို့ကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ ထို့ပြင် အသင်တို့၏ စိတ်နှလုံးများတွင်ရှိသည်တို့ကို အသင်တို့ ထုတ်ဖော်သည်ဖြစ်စေ၊ ဖုံးကွယ်ထားသည်ဖြစ်စေ ယင်းနှင့်စပ်လျဉ်း၍ အလ္လာဟ်သည် အသင်တို့အား စစ်ကြောတော်မူမည်။ သို့ဖြင့် အရှင်မြတ်နှစ်လို့တော်မူသူအား ခွင့်လွှတ်တော်မူမည် ဖြစ်ပြီး၊ အလိုရှိတော်မူသူအား အပြစ်ဒဏ်ခတ်တော်မူပေမည်။ အလ္လာဟ်သည် မိမိနှစ်လို့တော်မူသောအရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

اٰمَنَ الرَّسُوْلُ بِمَاۤ اُنْزِلَ اِلَيْهِ مِنْ رَّبِّهٖ وَالْمُؤْمِنُوْنَ ؕ كُلٌّ اٰمَنَ بِاللّٰهِ وَمَلٰٓئِكَتِهٖ وَكُتُبِهٖ وَرُسُلِهٖ ۫ لَا نُفَرِّقُ بَيْنَ اَحَدٍ مِّنْ رُّسُلِهٖ ۫ وَقَالُوْا سَمِعْنَا وَاَطَعْنَا ۫ غُفْرَانَكَ رَبَّنَا وَاِلَيْكَ الْمَصِيْرُ ﴿۲۸۵﴾

၂၈၆။ တမန်တော်သည် သူ့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်ထံတော်မှ သူ့ထံသို့ ပို့ချပေးတော်မူသည်တို့ကို သက်ဝင်ယုံကြည်၏။ ထို့ပြင် 'မို့အ်မင်နွန်' ယုံကြည်သူတို့သည်လည်း (ယုံကြည်ကြ၏။ သူတို့အနက်မှ) အားလုံးတို့သည် အလ္လာဟ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ကောင်းကင်တမန်များအားလည်းကောင်း၊ အရှင်မြတ်၏ ကျမ်းဂန်များကိုလည်းကောင်း၊ အရှင်မြတ်၏တမန်တော်များကိုလည်းကောင်း၊ ကျွန်ုပ်တို့သည် ထိုအရှင်မြတ်၏တမန်တော်တို့အနက် မည်သူ၏အကြားတွင်မျှ ခွဲခြားမှုကိုပြုကြမည်မဟုတ်ပါ(ဟု မြွက်ဆိုကြလျက်) သက်ဝင်ယုံကြည်ကြ၏။ ထို့ပြင် ၎င်း(ယုံကြည်သူ)တို့က ကျွန်ုပ်တို့သည် ကြားကြပါ၏၊ ကျွန်ုပ်တို့သည် နာခံလိုက်

لَا يُكَلِّفُ اللّٰهُ نَفْسًا اِلَّا وُسْعَهَا ؕ لَهَا مَا كَسَبَتْ وَعَلَيْهَا مَا اكْتَسَبَتْ ؕ رَبَّنَا لَا تُؤَاخِذْنَآ اِنْ نَّسِيْنَآ اَوْ اَخْطَاْنَا ۚ رَبَّنَا وَلَا تَحْمِلْ عَلَيْنَآ اِصْرًا كَمَا حَمَلْتَهٗ عَلَى الَّذِيْنَ مِنْ قَبْلِنَا ۚ رَبَّنَا وَلَا تُحَمِّلْنَا مَا لَا طَاقَةَ لَنَا بِهٖ ۚ وَاعْفُ عَنَّا ۟ وَاغْفِرْ لَنَا ۟ وَارْحَمْنَا ۟ اَنْتَ مَوْلٰنَا فَانْصُرْنَا عَلَى الْقَوْمِ الْكٰفِرِيْنَ ۧ

နာကြပါ၏၊ အရှင်မြတ်၏ ခွင့်လွှတ်တော်မူခြင်းကို လိုလား တောင့်တသူများဖြစ်ကြပါ၏။ အို- ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ စင်စစ် (ကျွန်တော်မျိုးတို့ သည်) အရှင့်ထံတော်သို့သာ ပြန်လည်သွားကြရမည်ဖြစ်ပါ၏ ဟု ပန်ကြားလျှောက်ထားကြ၏။

၂၈၇။ အလ္လာဟ်သည် မည်သည့်အသက်ဝိညာဉ်ကိုမျှ သူ၏ စွမ်းဆောင်နိုင်အားထက်ပို၍ ဝန်ထုပ်ကိုတင်ဆောင်ခြင်း ပြုတော်မမူပေ။ သူရှာဖွေသမျှသည် သူ့အဖို့သာဖြစ်၏။ သူရှာဖွေခဲ့သော(မကောင်းမှု၏) ပြစ်ဒဏ်သည်လည်း သူ့အပေါ်၌သာ ရှိ၏။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ အကယ်၍ ကျွန်တော်မျိုးတို့သည် မေ့လျော့ခဲ့ကြလျှင် သော်လည်းကောင်း၊ ကျွန်တော်မျိုးတို့မှ တစ်စုံတစ်ရာ အမှား အယွင်းပြုမိခဲ့လျှင်သော်လည်းကောင်း ကျွန်တော်မျိုးတို့အား အရေးယူတော်မမူပါလင့်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့၏အလျင်က ရှိခဲ့ကြသူတို့အပေါ် (သူတို့အပြစ်များ၏ ရလဒ်အဖြစ်) အရှင်မြတ် တင်ထားတော်မူခဲ့သောဝန်ထုပ်မျိုး ကျွန်တော်မျိုးတို့အပေါ် တင်တော်မမူပါလင့်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေး မြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အပေါ်သို့ ကျွန်တော် မျိုးတို့၏ စွမ်းအားထက်ပို၍ ရှိသောဝန်ကို တင်ဆောင်တော် မမူပါလင့်။ ထို့ပြင် ကျွန်တော်မျိုးတို့(၏အပြစ်များ)ကို လျစ်လျူ ပြုတော်မူပါ။ ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုးတို့အား သနားကြင်နာတော်မူပါ။ အရှင်မြတ် သည်သာ ကျွန်တော်မျိုးတို့အား ကာကွယ်စောင့်ရှောက်တော်မူ သောအရှင် ဖြစ်တော်မူပါ၏။ သို့ပါ၍ 'ကာဖိရ်' မယုံကြည်ငြင်း ပယ်သူတို့နှင့်ဆန့်ကျင်လျက် ကျွန်တော်မျိုးတို့အား ကူညီ စောင်မတော်မူပါ။

❖ ❖ ❖

၃။ အာလေအင်မ်ရာန်

ဤဆူရာဟ်သည် တမန်တော်မြတ်ﷺ မက္ကာမှ မဒီနာသို့ရွှေ့ပြောင်း 'ဟီဂျရတ်'ပြုပြီး သုံးနှစ်မြောက်တွင် မဒီနာမြို့၌ကျရောက်သည်။ 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠိတော်ပေါင်း (၂၀၁)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်တွင် ဆူရာဟ်'ဖာတေဟာ'၌ ဖော်ပြလာရှိသော တတိယအုပ်စုဖြစ်သည့် **ضالين** (လမ်းလွဲသူများ)ကို အထူးပြု၍ဖော်ပြထားသည်။ ဤရှုထောင့်မှ ခရစ်ယာန်သာသနာစတင်ပုံ၊ မရ်ယမ်သခင်မအားဖွားမြင်ခန်းနှင့် တမန်တော်အီစာ﵇၏အံ့ဖွယ်ဖွားသန့်စင်ခြင်းတို့ကို ဖော်ပြထားကြောင်း တွေ့ရပေသည်။ ဤဆူရာဟ်တွင် 'မရ်ယမ်'သခင်မအား အလ္လာဟ်အရှင်မြတ်က သာမန်ထက်ထူးကဲသော ကျေးဇူးပြုဆက်ဆံတော်မူခဲ့ခြင်းနှင့် အရှင်မြတ်သည် သူမအားအကွယ်မှ 'ရိဇ်ကီ'ရိကျွေးသနားတော်မူခဲ့ပုံတို့ကိုလည်း ဖော်ပြထားပေသည်။ တမန်တော်'ဇကရိယာ'﵇၏စိတ်တွင် စင်ကြယ်သောသားသမီးကို လိုချင်သည့် သာမန်ထက်ထူးကဲသော ဆန္ဒပေါက်ဖွားလာသည်မှာလည်း မရ်ယမ်သခင်မ၏ သန့်ရှင်းစင်ကြယ်မှုအပေါ် ဆင်ခြင်သုံးသပ်မှုရလဒ်အဖြစ်သာလျှင် ရရှိခဲ့ခြင်းဖြစ်သည်။

သမ္မာကျမ်းကိုဖတ်ရှုပြီး တမန်တော် အီစာ﵇၏ 'မိုဂျေဇာ'တန်ခိုးနိမိတ်များနှင့်စပ်လျဉ်း၍ လူသားတို့တွင်ပေါ်ပေါက်သော မှားယွင်းသည့်ထင်မြင်ယူဆချက်အားလုံးကို ကျမ်းမြတ်ကုရ်အာန်က 'မိုဂျေဇာ'တန်ခိုးနိမိတ်များ၏အစစ်အမှန်သဘောကိုဖော်ပြလျက် ချေဖျက်ထားပေသည်။ ယင်းတွင် အီစာ﵇၏ သဘာဝအလျောက် ကွယ်လွန်အနိစ္စရောက်ခြင်းအကြောင်းဖော်ပြချက်လည်းပါရှိသည်။

ဤဆူရာဟ်တွင် 'ရဟူဒီ'တို့၏ ပဋိညာဉ်နှင့်ယှဉ်လျက် **ميثاق النبيين** တမန်တော်များနှင့် ပဋိညာဉ်ပြုတော်မူခြင်းအကြောင်းဖော်ပြချက်ကိုလည်း တွေ့ရှိရပေသည်။ ယင်း၏အနှစ်ချုပ်မှာ "အကယ်၍ အသင်တို့၏နောက်တွင် အသင်တို့၏ကောင်းမြတ်သော သွန်သင်ပို့ချမှုများကို မှန်ကန်ကြောင်းထောက်ခံမှုပြုပြီး ယင်းအပေါ်ကျင့်ကြံအားထုတ်သော တမန်တော်ပေါ်ထွန်းလာခဲ့သော် အသင်တို့၏အမျိုးသားများသည် ယင်း(တမန်တော်)ကို မလွဲမသွေကူညီကြရမည်"ဟူ၍ဖြစ်သည်။ ဤပဋိညာဉ်ပြုချက်မှာ ဆူရာဟ်'အဟ်ဇာဘ်' (ဆူရာဟ် အမှတ်စဉ်-၃၃)တွင်လည်း ဖော်ပြလာရှိပေသည်။ ထို့ပြင် တမန်တော်မြတ်ﷺကိုယ်တော်တိုင်နှင့်လည်း ဤပဋိညာဉ်ပြုချက်ကိုပင် ချုပ်ဆိုထားတော်မူခဲ့လေသည်။

ဤဆူရာဟ်တွင် အခြားသောအကြောင်းရပ်များအပြင် ဓနဥစ္စာစွန့်လွှတ်လှူဒါန်းမှု၏ အတွေးအခေါ်ဒဿနကိုလည်း ဖော်ပြထားသည်မှာ "အသင်တို့သည် အလ္လာဟ်၏လမ်းတော်တွင် အသင်တို့ချစ်ခင်နှစ်သက်၍ မိမိတို့အဖို့ အကောင်းမြတ်ဆုံးဟု ရှုမြင်သောအရာကို စွန့်ကြဲသုံးစွဲမှုမပြုသမျှ အသင်တို့၏ 'ကုရ်ဘာနီ'စွန့်လွှတ်ခြင်းသည် လက်ခံတော်မူခြင်းခံရလိမ့်မည်မဟုတ်" ဟူ၍ဖြစ်သည်။

'ဘဒါရ်'စစ်ပွဲတွင် တမန်တော်မြတ်ﷺ၏ အံ့ဖွယ်ရာအောင်မြင်မှုကိုလည်း ဤဆူရာဟ်၌ ဖော်ပြထားသည်။ 'အစ္စလာမ်'၏ကြီးကျယ်ခမ်းနားလှသောအောင်မြင်မှုများ၏ ခေတ်ကာလသည် ယင်း၏နောက်တွင် စတင်လာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် 'အုဟုဒ်'စစ်ပွဲအကြောင်းကိုလည်းဖော်ပြထားပြီး ဟာဇရတ်'အစ္စမာအီလ်'﵇၏ 'ကုရ်ဘာနီ'စွန့်လွှတ်ခြင်းကို သစ်လွင်သောသတိရမှုဖြစ်စေလျက် သာဝကကြီးများသည် ဆိတ်များ၊ သိုးများကဲ့သို့ လှီးဖြတ်ခြင်းခံခဲ့ကြရသော်လည်း တမန်တော်မြတ်ﷺကိုမူ စွန့်ခွာခြင်းမပြုကြကြောင်း ဖော်ပြထားပေသတည်း။

♦ ♦ ♦

ဆူရာဟ် အာလေအင်မ်ရာန်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၂၀၁)ပိုဒ် ရှုကူ (၂၀)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

الٓمّٓ ۝١

၂။ أَنَا اللّٰهُ أَعْلَمُ ငါအလ္လာဟ်သည် အားလုံးထက်ပို၍ သိတော်မူသောအရှင် ဖြစ်တော်မူ၏။

اللّٰهُ لَآ اِلٰهَ اِلَّا هُوَ ۙ الْحَیُّ الْقَیُّوْمُ ۝٢

၃။ 'အလ္လာဟ်'၊ ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ခြင်းခံထိုက်ရာမရှိ၊ ထာဝရအသက်ရှင်နေတော်မူသောအရှင်၊ဇာတိပကတိအားဖြင့် တည်နေတော်မူသောအရှင်ဖြစ်တော်မူ၏။

نَزَّلَ عَلَیْكَ الْكِتٰبَ بِالْحَقِّ مُصَدِّقًا لِّمَا بَیْنَ یَدَیْهِ وَاَنْزَلَ التَّوْرٰىةَ وَالْاِنْجِیْلَ ۝٣

၄။ အရှင်မြတ်သည် အသင့်ထံကျမ်းတော်ကို အမှန်တရားနှင့်အတူ ပို့ချတော်မူ၏။ ယင်း(ကျမ်းတော်)သည် မိမိရှေ့တွင်ရှိသည်ကို မှန်ကန်ကြောင်းထောက်ခံ၏။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် 'တောင်ရတ်'နှင့် 'အင်ဂျီလ်'ကျမ်းများကို ပို့ချတော်မူခဲ့၏၊

مِنْ قَبْلُ هُدًى لِّلنَّاسِ وَاَنْزَلَ الْفُرْقَانَ ۗ اِنَّ الَّذِیْنَ كَفَرُوْا بِاٰیٰتِ اللّٰهِ لَهُمْ عَذَابٌ شَدِیْدٌ ؕ وَاللّٰهُ عَزِیْزٌ ذُو انْتِقَامٍ ۝٤

၅။ ဤသည့်အလျင်က လူသားများအတွက် လမ်းညွှန်တော်အဖြစ်(ဖြစ်၏)။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် အမှားအမှန်ကိုခွဲခြားပြသော 'ဖူရ်ကန်'ကို ပို့ချတော်မူ၏။ အမှန်ပင် အလ္လာဟ်၏ မုက္ခပါဠ်တော်များကို ငြင်းပယ်သူတို့အတွက် ပြင်းထန်သောပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။ အလ္လာဟ်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ တုံ့ပြန်အပြစ်ပေးတော်မူသောအရှင်ဖြစ်တော်မူ၏။

اِنَّ اللّٰهَ لَا یَخْفٰى عَلَیْهِ شَیْءٌ فِی الْاَرْضِ وَلَا فِی السَّمَآءِ ۝٥

၆။ စင်စစ် အလ္လာဟ်သည် ထိုအရှင်တည်း၊ ကမ္ဘာမြေတွင်ရှိသည်ဖြစ်စေ၊ မိုးကောင်းကင်များတွင်ရှိသည်ဖြစ်စေ မည်သည့်အရာမျှ အရှင့်ထံတော်မှ ဖုံးကွယ်နေသည်ဟူ၍မရှိချေ။

هُوَ الَّذِیْ یُصَوِّرُكُمْ فِی الْاَرْحَامِ كَیْفَ یَشَآءُ ؕ لَآ اِلٰهَ اِلَّا هُوَ الْعَزِیْزُ الْحَكِیْمُ ۝٦

၇။ ထိုအရှင်မြတ်သည်ပင် သားအိမ်များတွင် အသင်တို့အားအလိုတော်ရှိသည့်ပုံသဏ္ဌာန်ဖြင့် ပုံသွင်းတော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး မည်သည့်ကိုးကွယ်ခြင်းခံထိုက်ရာမျှမရှိ။ အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏။

هُوَ الَّذِیْۤ اَنْزَلَ عَلَیْكَ الْكِتٰبَ مِنْهُ اٰیٰتٌ مُّحْكَمٰتٌ هُنَّ اُمُّ الْكِتٰبِ وَاُخَرُ مُتَشٰبِهٰتٌ ؕ فَاَمَّا الَّذِیْنَ فِیْ قُلُوْبِهِمْ زَیْغٌ

၈။ ထိုအရှင်မြတ်သည်ပင် အသင့်ထံ ကျမ်းတော်ကို ပို့ချတော်မူ၏။ ယင်း၌ ခိုင်မာပြတ်သားသော 'အာယတ်' မုက္ခပါဠ်တော်များရှိ၏၊ ယင်းတို့သည်ကျမ်းတော်၏မိခင်ဖြစ်၏။ ထို့ပြင် အခြားဆင်တူယိုးမှားဖြစ်သည့် (အာယတ်တော်များ)လည်းရှိ

فَيَتَّبِعُوْنَ مَا تَشَابَهَ مِنْهُ ابْتِغَآءَ الْفِتْنَةِ وَابْتِغَآءَ تَاْوِيْلِهٖ ۚ وَمَا يَعْلَمُ تَاْوِيْلَهٗۤ اِلَّا ۟ اللّٰهُ ۘ وَالرّٰسِخُوْنَ فِى الْعِلْمِ يَقُوْلُوْنَ ۟ اٰمَنَّا بِهٖ ۙ كُلٌّ مِّنْ عِنْدِ رَبِّنَا ۚ وَمَا يَذَّكَّرُ اِلَّاۤ اُولُوا الْاَلْبَابِ ۝

၏။ သို့ဖြစ်ရာ မိမိတို့၏စိတ်နှလုံးများတွင် ကွေ့ကောက်တိမ်းစောင်းမှုရှိသူတို့သည် ပြဿနာကိုလိုလား၍ အဓိပ္ပာယ်ဖွင့်ဆိုရန်အတွက် ယင်းမှတစ်ခုနှင့်တစ်ခု ဆင်တူယိုးမှားဖြစ်သည့် (အာယတ်တော်များ)ကို လိုက်နာကြ၏။ အမှန်သော်ကား ယင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အလ္လာဟ်နှင့် ပညာအရာတွင် ရင့်ကျက်မှုရှိသူတို့မှတစ်ပါး အခြားမည်သူမျှ မသိကြချေ။ သူတို့က ကျွန်ုပ်တို့သည် ယင်းကိုယုံကြည်ကြပါ၏၊ အားလုံးသည် ကျွန်ုပ်တို့၏ ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ဖြစ်ပါ၏ဟု ဆိုကြပေသည်။ အမှန်သော်ကား ဉာဏ်ပညာအမြော်အမြင်ရှိသူတို့မှတစ်ပါး မည်သူမျှအဆုံးအမကို မရယူကြချေ။ ③

رَبَّنَا لَا تُزِغْ قُلُوْبَنَا بَعْدَ اِذْ هَدَيْتَنَا وَهَبْ لَنَا مِنْ لَّدُنْكَ رَحْمَةً ۚ اِنَّكَ اَنْتَ الْوَهَّابُ ۝

၉။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား လမ်းမှန်ကို ပေးတော်မူပြီးမှ ကျွန်တော်မျိုးတို့၏စိတ်နှလုံးများကို တိမ်းစောင်းစေတော်မမူပါနှင့်၊ ထို့ပြင် ကျွန်တော်မျိုးတို့အား အရှင်မြတ်ထံတော်မှ 'ရာဟ်မတ်'ကရုဏာတော်ကို ပေးသနားတော်မူပါ၊ ဧကန်ပင် အရှင်မြတ်သည်သာလျှင် လွန်စွာပေးသနားတော်မူသောအရှင်ဖြစ်တော်မူပါ၏။

رَبَّنَاۤ اِنَّكَ جَامِعُ النَّاسِ لِيَوْمٍ لَّا رَيْبَ فِيْهِ ۭ اِنَّ اللّٰهَ لَا يُخْلِفُ الْمِيْعَادَ ۝

၁၀။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ဧကန်မုချ အရှင်မြတ်သည် မည်သို့မျှသံသယဖြစ်ဖွယ်မရှိသော ထိုနေ့တော်ကြီးအတွက် လူသားတို့ကို စုရုံးစေတော်မူမည့်အရှင်ဖြစ်တော်မူပါ၏၊ အမှန်ပင် အလ္လာဟ်သည် ကတိတော်ကို ဖောက်ဖျက်ခြင်းပြုတော်မမူပါ။

ရုကူး-၂

اِنَّ الَّذِيْنَ كَفَرُوْا لَنْ تُغْنِىَ عَنْهُمْ اَمْوَالُهُمْ وَلَاۤ اَوْلَادُهُمْ مِّنَ اللّٰهِ شَيْـًٔا ۭ وَاُولٰٓئِكَ هُمْ وَقُوْدُ النَّارِ ۝

၁၁။ အကြင်သူတို့သည် မယုံကြည်ခြင်းပယ်ကြ၏၊ ထိုသူတို့၏ပစ္စည်းဥစ္စာများသည်လည်းကောင်း၊ သူတို့၏ သားသမီးများသည်လည်းကောင်း အလ္လာဟ်နှင့်ယှဉ်လျက် သူတို့အား မည်သို့မျှအသုံးဝင်အကျိုးပြုမည်မဟုတ်ချေ။ စင်စစ် ဤသူများသည်ပင်လျှင် (ငရဲ)မီး၏လောင်စာများဖြစ်ကြ၏။

كَدَاْبِ اٰلِ فِرْعَوْنَ ۙ وَالَّذِيْنَ مِنْ قَبْلِهِمْ ۭ كَذَّبُوْا بِاٰيٰتِنَا ۚ فَاَخَذَهُمُ اللّٰهُ

၁၂။ 'ဖိရ်အောင်'၏ အမျိုးသားများနှင့် သူတို့အလျင်က ရှိခဲ့ကြသူများ၏ အကျင့်အမူကဲ့သို့ပင်၊ ထိုသူတို့သည် ငါတို့၏ အာယတ်တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြပေရာ

③ ကျမ်းမြတ်ကုရ်အာန်၏အချို့သော 'အာယတ်'မုက္ခပါဠိတော်များ၏အဓိပ္ပာယ်မှာ ရှင်းလင်းပြတ်သား၍ မည်သို့မျှ လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူမှုမပြုနိုင်သော **محكمات** အာယတ်တော်များဖြစ်ပေသည်။ သို့ရာတွင် အချို့သော **متشابه** အာယတ်တော်များကိုဖွင့်ဆိုရာတွင် အဓိပ္ပာယ်ကောက်ယူမှုမှ လွဲမှားနိုင်ချေရှိပေသည်။ ထိုသို့လွဲမှားသော ကောက်ချက်ကို **محكمات** အာယတ်တော်များနှင့်တိုက်ဆိုင်စစ်ဆေးကြည့်လိုက်လျှင် **محكمات** အာယတ်တော်များက ယင်းကောက်ချက်ကို ပယ်ချလေသည်။ သို့ကြောင့်ပင် ယင်း **محكمات** အာယတ်တော်များကို **اُمُّ الكتاب** (ကျမ်းမြတ်၏မိခင်)ဟူ၍လည်း မိန့်ကြားထားခြင်းဖြစ်သည်။

بِذُنُوْبِهِمْ ؕ وَاللّٰهُ شَدِيْدُ الْعِقَابِ ⑪

အလ္လာဟ်သည် သူတို့၏အပြစ်များကြောင့် သူတို့အား ဖမ်းဆီးတော်မူခဲ့၏။ စင်စစ် အလ္လာဟ်သည် ပြစ်ဒဏ်ပေးရာတွင် လွန်စွာပြင်းထန်တော်မူ၏။

قُلْ لِّلَّذِيْنَ كَفَرُوْا سَتُغْلَبُوْنَ وَتُحْشَرُوْنَ اِلٰى جَهَنَّمَ ؕ وَبِئْسَ الْمِهَادُ ⑫

၁၃။ အသင်သည် ယင်း'ကာဖိရ်' မယုံကြည်ငြင်းပယ်သူတို့အားပြောကြားပါလော၊ မလွဲဧကန် အသင်တို့သည် ရှုံးနိမ့်ကြရပေမည်။ ထို့ပြင် 'ဂျဟန္နမ်' ငရဲဘက်သို့ စုရုံး၍ခေါ်ဆောင်သွားခြင်းကိုခံကြရပေမည်။ အမှန်ပင် ယင်းသည် အလွန်ဆိုးရွားလှသော နေရာထိုင်ခင်းဖြစ်၏။

قَدْ كَانَ لَكُمْ اٰيَةٌ فِيْ فِئَتَيْنِ الْتَقَتَا ؕ فِئَةٌ تُقَاتِلُ فِيْ سَبِيْلِ اللّٰهِ وَاُخْرٰى كَافِرَةٌ يَّرَوْنَهُمْ مِّثْلَيْهِمْ رَاْىَ الْعَيْنِ ؕ وَاللّٰهُ يُؤَيِّدُ بِنَصْرِهٖ مَنْ يَّشَآءُ ؕ اِنَّ فِيْ ذٰلِكَ لَعِبْرَةً لِّاُولِي الْاَبْصَارِ ⑬

၁၄။ မုချကောန် ထိုအုပ်စုနှစ်စုရင်ဆိုင်ဆုံတွေ့ရာတွင် အသင်တို့အဖို့ ကြီးစွာသောသက်သေသာဓကတစ်ရပ်သည်ရှိ၏။ တစ်စုမှာ အလ္လာဟ်အတွက် တိုက်ခိုက်လျက်ရှိခဲ့ပြီး အခြားတစ်စုမှာ 'ကာဖိရ်' မယုံကြည်ငြင်းပယ်သူများဖြစ်ကြ၏။ သူတို့သည် ယင်း(ကာဖိရ်များ)အား မိမိတို့ထက်နှစ်ဆဖြစ်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်လျက်ရှိခဲ့ကြ၏။ အမှန်သော်ကား အလ္လာဟ်သည် နှစ်လို့တော်မူသောသူတို့အား မိမိ၏အကူအညီဖြင့် အင်အားပေးသနားတော်မူ၏။ ဤတွင် ရှုမြင်တတ်သူတို့အဖို့ အမှန်ပင် ကြီးမားသော သင်ခန်းစာယူဖွယ်ရာတစ်ရပ်ရှိ၏။

زُيِّنَ لِلنَّاسِ حُبُّ الشَّهَوٰتِ مِنَ النِّسَآءِ وَالْبَنِيْنَ وَالْقَنَاطِيْرِ الْمُقَنْطَرَةِ مِنَ الذَّهَبِ وَالْفِضَّةِ وَالْخَيْلِ الْمُسَوَّمَةِ وَالْاَنْعَامِ وَالْحَرْثِ ؕ ذٰلِكَ مَتَاعُ الْحَيٰوةِ الدُّنْيَا ۚ وَاللّٰهُ عِنْدَهٗ حُسْنُ الْمَاٰبِ ⑭

၁၅။ လူသားတို့အဖို့ သဘာဝအလျောက် နှစ်သက်မှုကိုဖြစ်စေသောအရာများ(ဖြစ်သည့်) အမျိုးသမီးများ၊ သားသမီးများ၊ စုပုံလျက်ရှိသည့် ရွှေငွေရတနာများ၊ အထူးအမှတ်အသားပြုထားသောမြင်းများ၊ ကျွဲနွားတိရစ္ဆာန်များနှင့် လယ်ယာများအား ချစ်ခင်စွဲမက်မှုကို လှပတင့်တယ်အောင် ပြုလုပ်ပြသထား၏။ ဤသည် လောကီဘဝ၏ ယာယီအကျိုးမျှသာဖြစ်သည်။ 'အလ္လာဟ်'၊ ထိုအရှင်မြတ်ထံတော်တွင်ကား အလွန်မှ ကောင်းမြတ်သော ပြန်လှည့်ရမည့် နေရာဌာနသည်ရှိ၏။

قُلْ اَؤُنَبِّئُكُمْ بِخَيْرٍ مِّنْ ذٰلِكُمْ ؕ لِلَّذِيْنَ اتَّقَوْا عِنْدَ رَبِّهِمْ جَنّٰتٌ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا وَاَزْوَاجٌ مُّطَهَّرَةٌ وَّرِضْوَانٌ مِّنَ اللّٰهِ ؕ وَاللّٰهُ بَصِيْرٌۢ بِالْعِبَادِ ⑮

၁၆။ အသင်ပြောကြားပါလော၊ ကျွန်ုပ်သည် အသင်တို့အားထိုသည်များထက် ပိုမိုကောင်းမြတ်သောအရာများကို သတင်းပေးရမည်လော။အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးခြင်း'တက္ကဝါ' တရားကိုကျင့်ကြံဆောက်တည်ကြသောသူတို့အတွက် သူတို့၏ ဖန်ဆင်းမွေးမြူရှင်ထံတော်၌ အခြေတွင် စမ်းချောင်းအသွယ်သွယ်စီးဆင်းလျက်ရှိသောဥယျာဉ်များရှိ၏။ သူတို့သည်ယင်း၌ထာဝရနေကြရလိမ့်မည်။ ထို့ပြင် စင်ကြယ်အောင်ပြုထားသော အဖော်မွန်များလည်းရှိ၏။ ထို့ပြင် အလ္လာဟ်၏ထံတော်မှ ကျေနပ်နှစ်သက်တော်မူခြင်းသည်လည်းရှိ၏။ အမှန်ပင် အလ္လာဟ်သည် အစေတော်များအား နက်ရှိုင်းစွာကြည့်မြင်တော်မူသောအရှင် ဖြစ်တော်မူ၏။

اَلَّذِيْنَ يَقُوْلُوْنَ رَبَّنَآ اِنَّنَآ اٰمَنَّا فَاغْفِرْ لَنَا ذُنُوْبَنَا وَقِنَا عَذَابَ النَّارِ ﴿١٦﴾

၁၆။ (ဤကားထိုသူတို့အဖို့ဖြစ်၏) ယင်းတို့က အို-ကျွန်တော်မျိုးတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့သည် အမှန်ပင် သက်ဝင်ယုံကြည်ကြပါပြီ၊ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးတို့၏အပြစ်များကို ခွင့်လွှတ်တော်မူပါ၊ ထို့ပြင် ကျွန်တော်မျိုးတို့အား (ငရဲ)မီး၏ပြစ်ဒဏ်မှ ကယ်တင်တော်မူပါဟု ပန်ကြားကြ၏။

اَلصّٰبِرِيْنَ وَالصّٰدِقِيْنَ وَالْقٰنِتِيْنَ وَالْمُنْفِقِيْنَ وَالْمُسْتَغْفِرِيْنَ بِالْاَسْحَارِ ﴿١٧﴾

၁၇။ (ဤဥယျာဉ်များသည် ထိုသူတို့အတွက်သာတည်း) ထိုသူတို့သည် သည်းခံမြဲမြံကြသူများ၊ အမှန်ကိုပြောဆိုကြသူများ၊ ကျိုးနွံနာခံကြသူများ၊ လှူဒါန်းသုံးစွဲကြသူများနှင့် နံနက်အရုဏ်တက်ချိန်တွင် 'အိစ်တီဂ်ဖာရ်' အပြစ်လွှတ်ရန် ဆုတောင်းမူပြုသူများဖြစ်ကြ၏။

شَهِدَ اللّٰهُ اَنَّهٗ لَآ اِلٰهَ اِلَّا هُوَ ۙ وَالْمَلٰٓئِكَةُ وَاُولُوا الْعِلْمِ قَآئِمًۢا بِالْقِسْطِ ؕ لَآ اِلٰهَ اِلَّا هُوَ الْعَزِيْزُ الْحَكِيْمُ ﴿١٨﴾

၁၈။ အလ္လာဟ်သည် တရားမျှတမှုအပေါ်တည်တော်မူလျက် အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာအရှင်မရှိကြောင်းကို သက်သေခံတော်မူ၏။ ထို့အတူ ကောင်းကင်တမန်များသည်လည်းကောင်း၊ ပညာရှိများသည်လည်းကောင်း (ထိုကဲ့သို့ပင် သက်သေခံကြ၏)၊ အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ခြင်းခံထိုက်သူမရှိ။ ထိုအရှင်မြတ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّ الدِّيْنَ عِنْدَ اللّٰهِ الْاِسْلَامُ ۗ وَمَا اخْتَلَفَ الَّذِيْنَ اُوْتُوا الْكِتٰبَ اِلَّا مِنْۢ بَعْدِ مَا جَآءَهُمُ الْعِلْمُ بَغْيًۢا بَيْنَهُمْ ؕ وَمَنْ يَّكْفُرْ بِاٰيٰتِ اللّٰهِ فَاِنَّ اللّٰهَ سَرِيْعُ الْحِسَابِ ﴿١٩﴾

၁၉။ ဧကန်စင်စစ် 'ဒီန်'သာသနာဟူသည် အလ္လာဟ်၏ထံတော်တွင် 'အစ္စလာမ်'သာလျှင်ဖြစ်၏။ အမှန်သော် ကျမ်းဂန်ကို ပေးသနားတော်မူခြင်းခံကြရသူတို့သည် ယင်းတို့ထံသို့ ပညာအလင်းရောင် ရောက်ရှိခဲ့ပြီးနောက်သော်မှ အချင်းချင်း ပုန်ကန်ခြားနားကြလျက် ကွဲပြားမှုကိုပြုခဲ့ကြ၏။ အကြင်သူသည် အလ္လာဟ်၏ 'အာယတ်' မုဂ္ဂပါဠိတော်များကို ငြင်းပယ်အံ့၊ အလ္လာဟ်သည် အမှန်ပင် စာရင်း(စစ်ရာ)တွင် အလွန်မြန်ဆန်တော်မူ၏။

فَاِنْ حَآجُّوْكَ فَقُلْ اَسْلَمْتُ وَجْهِيَ لِلّٰهِ وَمَنِ اتَّبَعَنِ ؕ وَقُلْ لِّلَّذِيْنَ اُوْتُوا الْكِتٰبَ وَالْاُمِّيّٖنَ ءَاَسْلَمْتُمْ ؕ فَاِنْ اَسْلَمُوْا فَقَدِ اهْتَدَوْا ۚ وَاِنْ تَوَلَّوْا فَاِنَّمَا عَلَيْكَ الْبَلٰغُ ؕ وَاللّٰهُ بَصِيْرٌۢ بِالْعِبَادِ ﴿٢٠﴾

၂၀။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် အသင်နှင့် အငြင်းအခုံပြုကြလျှင် ကျွန်ုပ်သည် မိမိ၏အာရုံကို အလ္လာဟ်၏ နှစ်လို့တော်မူခြင်း၌ လုံးလုံးလျားလျား နာခံစေခဲ့ပြီးဖြစ်၏၊ ထို့အတူ ကျွန်ုပ်၏နောက်လိုက်များသည်လည်း (ထိုသို့ပြုပြီးဖြစ်၏)ဟု ပြောကြားပါလေ။ ထို့ပြင် ကျမ်းဂန်ရရှိကြသောသူတို့ကိုလည်းကောင်း၊ စာမတတ်သောသူတို့ကိုလည်းကောင်း အသင်တို့သည် 'အစ္စလာမ်'ကိုလက်ခံကြပြီလောဟု မေးမြန်းပါလေ။ သို့ဖြင့် အကယ်၍ သူတို့သည် 'အစ္စလာမ်'ကို လက်ခံကြပြီးဖြစ်လျှင် စင်စစ် သူတို့သည် တရားလမ်းမှန်ကို ရရှိခဲ့ကြပြီးဖြစ်၏။ သို့ရာတွင် အကယ်၍ သူတို့သည် ကျောခိုင်းသွားခဲ့ကြလျှင်

အသင်၏တာဝန်ကား(သတင်း)ပို့ဆောင်ရုံမျှသာဖြစ်၏။ အမှန်ပင် အလ္လာဟ်သည် အစေတော်များကို နက်ရှိုင်းစွာကြည့်မြင်တော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူး-၃

إِنَّ الَّذِينَ يَكْفُرُونَ بِآيَاتِ اللَّهِ وَيَقْتُلُونَ النَّبِيِّينَ بِغَيْرِ حَقٍّ وَيَقْتُلُونَ الَّذِينَ يَأْمُرُونَ بِالْقِسْطِ مِنَ النَّاسِ فَبَشِّرْهُمْ بِعَذَابٍ أَلِيمٍ ﴿٢١﴾

၂၁။ ဧကန်ပင် အကြင်သူတို့သည် အလ္လာဟ်၏ 'အာယတ်' မုက္ခပါဠိတော်များကို ငြင်းပယ်ကြ၏၊ ထို့ပြင် တမန်တော်များကို မတရားသဖြင့် ပြင်းပြင်းထန်ထန် ဆန့်ကျင်ကြ၏၊ လူသားတို့အနက် တရားမျှတမှုကိုကျင့်သုံးရန် ဆင့်ဆိုညွှန်ကြားသူတို့ကိုလည်း ပြင်းထန်စွာဆန့်ကျင်ကြ၏၊ အသင်သည် ယင်းသူတို့အား နာကျင်ဖွယ်သော အပြစ်ဒဏ်၏သတင်းကိုပေးပါလော။ ①

أُولَٰئِكَ الَّذِينَ حَبِطَتْ أَعْمَالُهُمْ فِي الدُّنْيَا وَالْآخِرَةِ وَمَا لَهُمْ مِنْ نَاصِرِينَ ﴿٢٢﴾

၂၂။ ဤသူများသည်ပင်၊ ယင်းတို့၏ကျင့်ကြံအားထုတ်မှုများသည် ဤလောကတွင်လည်းကောင်း၊ တမလွန်တွင်လည်းကောင်း အလဟဿအချည်းနှီးဖြစ်ခဲ့ချေပြီ။ ထို့ပြင် သူတို့အား ကူညီမည့်သူ မည်သူမျှရှိမည်မဟုတ်ချေ။

أَلَمْ تَرَ إِلَى الَّذِينَ أُوتُوا نَصِيبًا مِنَ الْكِتَابِ يُدْعَوْنَ إِلَىٰ كِتَابِ اللَّهِ لِيَحْكُمَ بَيْنَهُمْ ثُمَّ يَتَوَلَّىٰ فَرِيقٌ مِنْهُمْ وَهُمْ مُعْرِضُونَ ﴿٢٣﴾

၂၃။ ကျမ်းဂန်မှအစိတ်အပိုင်းတစ်ရပ်ကို ပေးအပ်ခြင်းခံခဲ့ကြရသောသူတို့ဘက်သို့ အသင်သည် မရှုမမြင်လေသလော။ သူတို့၏အကြားတွင် စီရင်ဆုံးဖြတ်ရန်အလို့ငှာ သူတို့အား အလ္လာဟ်၏ကျမ်းဂန်ဘက်သို့ ဖိတ်ခေါ်ခြင်းခံကြရ၏။ သို့ပါလျက် ယင်းတို့အနက် အုပ်စုတစ်စုသည် ကျောခိုင်း၍ ထွက်သွားကြ၏။ စင်စစ် ယင်းတို့သည် မျက်နှာလွှဲဖယ်သူများ ဖြစ်ကြ၏။

ذَٰلِكَ بِأَنَّهُمْ قَالُوا لَنْ تَمَسَّنَا النَّارُ إِلَّا أَيَّامًا مَعْدُودَاتٍ وَغَرَّهُمْ فِي دِينِهِمْ مَا كَانُوا يَفْتَرُونَ ﴿٢٤﴾

၂၄။ (သူတို့၏)အခြေအနေ ဤသို့ဖြစ်ရခြင်းမှာ သူတို့က (ငရဲ)မီးသည် ကျွန်ုပ်တို့အား ရေတွက်ထားသော ရက်အနည်းငယ်မှအပ လုံးဝထိတွေ့လိမ့်မည်မဟုတ်ဟု ပြောဆိုကြသောကြောင့်ဖြစ်၏။ စင်စစ်သော်ကား သူတို့လိမ်လည်လှေ့ရှိခဲ့ကြသောအရာကပင် သူတို့အား သူတို့၏သာသနာရေးကိစ္စတွင် လှည့်ဖြားမှုကိုပြုခဲ့လေသည်။

فَكَيْفَ إِذَا جَمَعْنَاهُمْ لِيَوْمٍ لَا رَيْبَ فِيهِ وَوُفِّيَتْ كُلُّ نَفْسٍ مَا كَسَبَتْ وَهُمْ لَا يُظْلَمُونَ ﴿٢٥﴾

၂၅။ သို့ဖြစ်၍ ငါတို့သည် မည်သို့မျှသံသယဖြစ်ဖွယ်ရာမရှိသောအကြင်နေ့တွင် ထိုသူတို့အား စုရုံးစေတော်မူမည့်အခါဝယ် သူတို့၏အခြေအနေ မည်သို့ဖြစ်ခဲ့မှီမည်နည်း။ ထိုနေ့တွင် အသက်ဝိညာဉ်တိုင်းသည် မိမိတို့ရှာဖွေဆည်းပူးခဲ့သည်နှင့်အညီ အပြည့်အဝတုံ့ပြန်ပေးသနားခြင်း ခံကြရပေအံ့။ သူတို့သည် တစ်စုံတစ်ရာသော မတရားပြုခြင်းကိုမျှလည်း ခံကြရမည်မဟုတ်ချေ။

قُلِ اللَّهُمَّ مَالِكَ الْمُلْكِ تُؤْتِي الْمُلْكَ مَنْ

၂၆။ အသင်ပန်ကြားပါလော၊ အို-ကျွန်တော်မျိုး၏အလ္လာဟ်၊

① **قتل** ၏အဓိပ္ပာယ်မှာ ပြင်းထန်စွာဆန့်ကျင်ခြင်းနှင့် ဝိုင်းပယ်ထားခြင်းဟူ၍လည်း ရရှိပေသည်။ (လီဆာန္နလ်အာရဗ် အဘိဓာန်)

تَشَآءُ وَتَنْزِعُ الْمُلْكَ مِمَّنْ تَشَآءُ ۖ وَتُعِزُّ مَنْ تَشَآءُ وَتُذِلُّ مَنْ تَشَآءُ ۭ بِيَدِكَ الْخَيْرُ ۭ اِنَّكَ عَلٰي كُلِّ شَيْءٍ قَدِيْرٌ ۝۲۶

အုပ်ချုပ်မှုအာဏာကို စိုးပိုင်တော်မူသောအရှင်၊ အရှင်မြတ်သည် နှစ်လို့တော်မူသောသူအား အုပ်ချုပ်မှုအာဏာကို ပေးသနားတော်မူလျက် အလိုရှိတော်မူသောသူထံမှ အုပ်ချုပ်မှုအာဏာကို ရုပ်သိမ်းတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် နှစ်လို့တော်မူသောသူအား ဂုဏ်သိက္ခာကိုချီးမြှင့်တော်မူ၍ အလိုရှိတော်မူသောသူအား ဂုဏ်သိက္ခာကျဆင်းယုတ်လျော့စေတော်မူ၏။ ကောင်းမြတ်ခြင်းအဖြာဖြာသည် အရှင်မြတ်၏ လက်တော်၌သာရှိ၏။ ဧကန်ပင် အရှင်မြတ်သည် မိမိနှစ်လို့တော်မူသောအရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအား ရှိတော်မူ၏။

تُوْلِجُ الَّيْلَ فِي النَّهَارِ وَتُوْلِجُ النَّهَارَ فِي الَّيْلِ ۡ وَتُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَتُخْرِجُ الْمَيِّتَ مِنَ الْحَيِّ ۡ وَتَرْزُقُ مَنْ تَشَآءُ بِغَيْرِ حِسَابٍ ۝۲۷

၂၇။ အရှင်မြတ်သည် 'ည၌်'ကို 'နေ့'တွင်ဝင်ရောက်စေတော်မူပြီး 'နေ့'ကို 'ည၌်'တွင် ဝင်ရောက်စေတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် သက်မဲ့မှသက်ရှိကို ထုတ်ဆောင်တော်မူပြီး သက်ရှိမှသက်မဲ့ကို ထုတ်ဆောင်တော်မူ၏။ အရှင်မြတ်သည် အလိုတော်ရှိသောသူအား 'ရီဇီက်' ရိက္ခာကို အတိုင်းအဆမရှိ ပေးသနားတော်မူ၏။

لَا يَتَّخِذِ الْمُؤْمِنُوْنَ الْكٰفِرِيْنَ اَوْلِيَآءَ مِنْ دُوْنِ الْمُؤْمِنِيْنَ ۚ وَمَنْ يَّفْعَلْ ذٰلِكَ فَلَيْسَ مِنَ اللّٰهِ فِيْ شَيْءٍ اِلَّآ اَنْ تَتَّقُوْا مِنْهُمْ تُقٰىةً ۭ وَيُحَذِّرُكُمُ اللّٰهُ نَفْسَهٗ ۭ وَاِلَى اللّٰهِ الْمَصِيْرُ ۝۲۸

၂၈။ 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူများသည် 'မို့အ်မင်န်' များကိုစွန့်ပယ်၍ 'ကာဖဲရ်' မယုံကြည်ငြင်းပယ်သူများကို မိတ်ဆွေအပေါင်းအသင်းမဖွဲ့ကြရ။ အသင်တို့သည် ထိုသူတို့နှင့် အပြည့်အဝသတိထားလျက်နှင့်မှတစ်ပါး အကြင်မည်သူမဆို ယင်းသို့(မိတ်ဖွဲ့ခြင်း)ပြုသော်၊ ထိုသူသည် အလ္လာဟ်နှင့်မည်သည့်အဆက်အသွယ်မျှအလျှင်းရှိမည်မဟုတ်ချေ။ စင်စစ် အလ္လာဟ်သည် ကိုယ်တော်တိုင် အသင်တို့အား သတိပေးနှိုးဆော်တော်မူ၏။ ထို့ပြင် အလ္လာဟ်၏ထံတော်သို့သာလျှင် ပြန်၍သွားကြရမည်ဖြစ်၏။

قُلْ اِنْ تُخْفُوْا مَا فِيْ صُدُوْرِكُمْ اَوْ تُبْدُوْهُ يَعْلَمْهُ اللّٰهُ ۭ وَيَعْلَمُ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ۭ وَاللّٰهُ عَلٰي كُلِّ شَيْءٍ قَدِيْرٌ ۝۲۹

၂၀။ အသင်ပြောကြားပါလေ၊ အသင်တို့၏ရင်များအတွင်းရှိသည်ကို ဖုံးကွယ်ထိမ်ချန်ထားသည်ဖြစ်စေ၊ သို့မဟုတ် ထုတ်ဖော်သည်ဖြစ်စေ ယင်းကို အလ္လာဟ်သည် သိရှိတော်မူသည်သာဖြစ်၏။ ဤတွင်မက မိုးကောင်းကင်များတွင်ရှိသည်တို့ကိုလည်းကောင်း၊ ကမ္ဘာမြေတွင်ရှိသည်တို့ကိုလည်းကောင်း ထိုအရှင်မြတ်သည် သိရှိတော်မူ၏။ အလ္လာဟ်သည် မိမိနှစ်လို့တော်မူသော အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအား ရှိတော်မူ၏။

يَوْمَ تَجِدُ كُلُّ نَفْسٍ مَّا عَمِلَتْ مِنْ خَيْرٍ مُّحْضَرًا ۚ وَّمَا عَمِلَتْ مِنْ سُوْۗءٍ ۚ تَوَدُّ

၃၀။ အကြင်နေ့တွင် အသက်ဝိညာဉ်တိုင်းသည် မိမိတို့ ပြုကျင့်ခဲ့သမျှသောကောင်းမှုများကိုလည်းကောင်း၊ မိမိတို့ ပြုကျင့်ခဲ့သမျှသော မကောင်းမှုများကိုလည်းကောင်း မိမိတို့၏ရှေ့မှောက်တွင်ရှိနေသည်ကို မြင်ကြရပေလိမ့်မည်။ သူတို့နှင့် ထို

لَوْ اَنَّ بَيْنَهَا وَبَيْنَهٗۤ اَمَدًا بَعِيْدًا ؕ وَيُحَذِّرُكُمُ اللّٰهُ نَفْسَهٗ ؕ وَاللّٰهُ رَءُوْفٌۢ بِالْعِبَادِ ۝

(မကောင်းမှု)၏အကြား အလွန်ကွာလှမ်းလှသော အကွာအဝေးရှိလျှင် ကောင်းလေစွဟု သူတို့တောင့်တကြပေအံ့။ အလ္လာဟ်သည် ကိုယ်တော်တိုင် အသင်တို့အား သတိပေးနှိုးဆော်တော်မူ၏။ စင်စစ် အလ္လာဟ်သည် အစေတော်များအပေါ် အလွန်ချစ်ခင်သနားစွာဖြင့် ဆက်ဆံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရုကူး-၄

قُلْ اِنْ كُنْتُمْ تُحِبُّوْنَ اللّٰهَ فَاتَّبِعُوْنِىْ يُحْبِبْكُمُ اللّٰهُ وَيَغْفِرْ لَكُمْ ذُنُوْبَكُمْ ؕ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ۝

၃၁။ အသင်ပြောကြားပါလေ၊ အကယ်၍ အသင်တို့သည် အလ္လာဟ်အား ချစ်မြတ်နိုးကြလျှင် ကျွန်ုပ်အားလိုက်နာကြကုန်၊ အလ္လာဟ်သည် အသင်တို့အား ချစ်မြတ်နိုးတော်မူမည်၊ ထို့ပြင် အသင်တို့၏အပြစ်များကို ခွင့်လွှတ်တော်မူမည်။ စင်စစ် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

قُلْ اَطِيْعُوا اللّٰهَ وَالرَّسُوْلَ ۚ فَاِنْ تَوَلَّوْا فَاِنَّ اللّٰهَ لَا يُحِبُّ الْكٰفِرِيْنَ ۝

၃၂။ အသင်ပြောကြားပါလေ၊ အလ္လာဟ်အားလည်းကောင်း၊ တမန်တော်အားလည်းကောင်း နာခံလိုက်နာကြကုန်။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် လှည့်ထွက်၍သွားကြလျှင် စင်စစ် အလ္လာဟ်သည် မယုံကြည်ငြင်းပယ်သူတို့ကို ချစ်ခင်နှစ်သက်တော်မမူချေ။

اِنَّ اللّٰهَ اصْطَفٰۤى اٰدَمَ وَنُوْحًا وَّ اٰلَ اِبْرٰهِيْمَ وَاٰلَ عِمْرٰنَ عَلَى الْعٰلَمِيْنَ ۝

၃၃။ အမှန်ပင် အလ္လာဟ်သည် 'အာဒမ်'ကိုလည်းကောင်း၊ 'နူးဟ်'ကိုလည်းကောင်း၊ 'အစ်ဗရာဟင်မ်'၏အဆက်အနွယ်များကိုလည်းကောင်း၊ 'အင်မ်ရာန်'၏အဆက်အနွယ်များကိုလည်းကောင်း တစ်လောကလုံးနှင့်ယှဉ်လျက် ရွေးချယ်တော်မူခဲ့လေပြီ။

ذُرِّيَّةًۢ بَعْضُهَا مِنْۢ بَعْضٍ ؕ وَ اللّٰهُ سَمِيْعٌ عَلِيْمٌ ۝

၃၄။ သူတို့အနက် အချို့သည် အချို့သောသူတို့၏ မျိုးနွယ်ဆက်များဖြစ်ကြ၏။ အမှန်ပင် အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

اِذْ قَالَتِ امْرَاَتُ عِمْرٰنَ رَبِّ اِنِّىْ نَذَرْتُ لَكَ مَا فِىْ بَطْنِىْ مُحَرَّرًا فَتَقَبَّلْ مِنِّىْ ۚ اِنَّكَ اَنْتَ السَّمِيْعُ الْعَلِيْمُ ۝

၃၅။ အကြင်အခါဝယ် 'အင်မ်ရာန်'၏အမျိုးသမီးတစ်ဦးက အို-ကျွန်တော်မျိုးမအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးမသည် ကျွန်တော်မျိုးမ၏ ဝမ်းတွင်းရှိနေသည်ကို (လောကီ၏အနှောင်အဖွဲ့များမှ) လွတ်မြောက်စေလျက် အရှင်မြတ်အတွက် အမှန်ပင် အမိဌာန်ပြုပါ၏။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးမထံမှ သဘောတူလက်ခံတော်မူပါ။ ဧကန်အမှန် အရှင်မြတ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူပါ၏ဟု ပန်ကြားလျှောက်ထားလေ၏။

فَلَمَّا وَضَعَتْهَا قَالَتْ رَبِّ اِنِّیْ وَضَعْتُهَاۤ اُنْثٰی ؕ وَاللّٰهُ اَعْلَمُ بِمَا وَضَعَتْ ؕ وَلَیْسَ الذَّكَرُ كَالْاُنْثٰی ۚ وَاِنِّیْ سَمَّیْتُهَا مَرْیَمَ وَاِنِّیْۤ اُعِیْذُهَا بِكَ وَذُرِّیَّتَهَا مِنَ الشَّیْطٰنِ الرَّجِیْمِ ﴿۳۶﴾

၃၆။ သို့ဖြစ်ရာ သူမသည် ယင်းကိုမွေးဖွားသောအခါ သူမက အို-ကျွန်တော်မျိုးမအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးမသည် သမီးမိန်းကလေးကို ဖွားမြင်လိုက်ပါပြီဟု လျှောက်ထားလေ၏။ အမှန်သော်ကား အလ္လာဟ်သည် သူမ မည်သည်ကိုဖွားမြင်ခဲ့ကြောင်း ပို၍ကောင်းစွာသိရှိတော်မူ၏။ အဖိုသည် အမကဲ့သို့မဖြစ်နိုင်ချေ။ ထို့ပြင် (ထိုအင်မ်ရာန်၏ အမျိုးသမီးက) အမှန်ပင် ကျွန်တော်မျိုးမသည် သူမ၏ အမည်ကို 'မရ်ယမ်'ဟုမှည့်ခေါ်ပါသည်။ ထို့ပြင် ကျွန်တော်မျိုး မသည် သူမကိုရော၊ သူမ၏မျိုးဆက်ကိုပါ အပါးတော်မှ နှင် ထုတ်ခြင်းခံရသော 'ရှိုင်တန်'မှ(ကင်းဝေးရန်အလို့ငှာ)အရှင့် ထံတော်တွင်ခိုလှုံစေရန်အပ်နှံပါ၏ဟု လျှောက်ထားလေ၏။ ③

فَتَقَبَّلَهَا رَبُّهَا بِقَبُوْلٍ حَسَنٍ وَّاَنْۢبَتَهَا نَبَاتًا حَسَنًا ۙ وَّكَفَّلَهَا زَكَرِیَّا ؕ كُلَّمَا دَخَلَ عَلَیْهَا زَكَرِیَّا الْمِحْرَابَ ۙ وَجَدَ عِنْدَهَا رِزْقًا ۚ قَالَ یٰمَرْیَمُ اَنّٰی لَكِ هٰذَا ؕ قَالَتْ هُوَ مِنْ عِنْدِ اللّٰهِ ؕ اِنَّ اللّٰهَ یَرْزُقُ مَنْ یَّشَآءُ بِغَیْرِ حِسَابٍ ﴿۳۷﴾

၃၇။ သို့ဖြစ်ရာ သူမအားဖန်ဆင်းမွေးမြူတော်မူသောအရှင် မြတ်က ယင်း(မရ်ယမ်)ကို တင့်တယ်သော လက်ခံခြင်းတစ်ရပ်ဖြင့် လက်ခံတော်မူလိုက်၏။ ထို့ပြင် သူမကို အကောင်းဆုံး ပုံစံဖြင့် ကြီးပြင်းလာစေတော်မူပြီး 'ဇကရိယာ'ကို သူမအား အုပ်ထိန်းသူအဖြစ် ခန့်အပ်တော်မူ၏။ မည်သည့်အခါတွင်မဆို 'ဇကရိယာ'သည် ဝတ်ပြုဆောင်ရွက် သူမထံသို့ဝင်ရောက်သော အခါတိုင်းပင် သူသည် သူမ၏ထံတွင် 'ရိဇ်ကီ' ရိက္ခာတစ်ခုခု ကို အမြဲတွေ့ရှိရ၏။ သူက အို-'မရ်ယမ်'၊ ဤအရာများသည် အသင်မထံတွင် အဘယ်မှရောက်လာသနည်းဟု မေးမြန်းရာ သူမက အလ္လာဟ်၏ထံတော်မှဖြစ်သည်ဟု (ဖြေကြား)ပြောဆို လေသည်။ စင်စစ် အလ္လာဟ်သည် နှစ်လို့တော်မူသောသူအား 'ရိဇ်ကီ' ရိက္ခာကို အတိုင်းအဆမရှိပေးသနားတော်မူ၏။

هُنَالِكَ دَعَا زَكَرِیَّا رَبَّهٗ ۚ قَالَ رَبِّ هَبْ لِیْ مِنْ لَّدُنْكَ ذُرِّیَّةً طَیِّبَةً ۚ اِنَّكَ سَمِیْعُ الدُّعَآءِ ﴿۳۸﴾

၃၈။ ထိုအချိန်၌ပင် 'ဇကရိယာ'သည် မိမိ၏ဖန်ဆင်းမွေးမြူ ရှင်ထံတော်တွင် အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်၊ ကျွန်တော်မျိုးအား အရှင်မြတ်ထံတော်မှ သန့်စင်သောမျိုးဆက်ကို ပေးသနားတော်မူပါ၊ ဧကန်မုချ အရှင်မြတ်သည် 'ဒိုအာ' ဆုတောင်းကို လွန်စွာကြားတော်မူ သောအရှင်ဖြစ်တော်မူပါ၏ဟု လျှောက်ထားပန်ကြားလေ၏။

فَنَادَتْهُ الْمَلٰٓئِكَةُ وَهُوَ قَآئِمٌ یُّصَلِّیْ فِی الْمِحْرَابِ ۙ اَنَّ اللّٰهَ یُبَشِّرُكَ بِیَحْیٰی

၃၉။ သို့ဖြင့် သူသည် ဝတ်ပြုခန်းအတွင်းရပ်၍ ဝတ်ပြုနေစဉ် ကောင်းကင်တမန်များက သူ့အား အသံပေးကြလေ၏၊ အလ္လာဟ်သည် အသင့်အား 'ယာဟ်ယာ'၏ ဝမ်းမြောက်ဖွယ်

③ 'အင်မ်ရာန်'၏အမျိုးသမီးသည် မိမိထံမှဖွားမြင်သည့် မိန်းကလေး(မရ်ယမ်သခင်မ)နှင့်စပ်လျဉ်း၍ ကျွန်တော်မျိုးမသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ယောကျ်ားလေးကိုတောင်းခံခဲ့ပါလျက် ယခုမူ မိန်းကလေးကိုဖွားမြင်ခဲ့သည်ဟု လျှောက်ထားလေသည်။ ထိုအခါ အရှင်မြတ်က- ယောကျ်ားလေးနှင့် မိန်းကလေးတို့ မတူညီ တသီးတခြားစီဖြစ်ကြောင်း ငါအရှင်မြတ် ကောင်းစွာသိတော်မူသည်။ သို့သော် အသင်မအား ပေးသနားတော်မူသော ဤကလေးမမှာ သာမန်မိန်းကလေးများကဲ့သို့မဟုတ်မူဘဲ အလ္လာဟ်အရှင်မြတ်သည် သူမ၌ ဇနီးမောင်နှံဆက်ဆံမှုမရှိဘဲ ကလေးမွေးဖွားနိုင်သည့်စွမ်းရည်မျိုးကို ထည့်သွင်းထားတော်မူပေသည်ဟု အဖြေပေး မိန့်ကြားတော်မူလေသည်။

مُصَدِّقًۢا بِكَلِمَةٍ مِّنَ اللّٰهِ وَسَيِّدًا وَّحَصُوْرًا وَّنَبِيًّا مِّنَ الصّٰلِحِيْنَ ۝

သတင်းကောင်းကိုပေးတော်မူ၏။ သူသည် အလ္လာဟ်၏ ကြီးကျယ်သော နှုတ်ကပါဌ်တော်တစ်ရပ်ကို မှန်ကန်ကြောင်း ထောက်ခံမည့်သူ၊ သူသည် အကြီးအမှူးဖြစ်၍ မိမိကိုယ်ကို အပြည့်အဝ စောင့်စည်းသူဖြစ်သည့်ပြင် သူတော်စင်များအနက်မှ 'နဗီ'တမန်တော်တစ်ပါးဖြစ်လိမ့်မည်။

قَالَ رَبِّ اَنّٰى يَكُوْنُ لِيْ غُلٰمٌ وَّقَدْ بَلَغَنِيَ الْكِبَرُ وَامْرَاَتِيْ عَاقِرٌ ۭ قَالَ كَذٰلِكَ اللّٰهُ يَفْعَلُ مَا يَشَاۗءُ ۝

၄၀။ (ထိုအခါ) သူက အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတွင် သားရတနာ မည်သို့လျှင်ရရှိနိုင်ပါအံ့နည်း။ ကျွန်တော်မျိုးသည် အိုမင်းခဲ့ပြီဖြစ်ပြီး ကျွန်တော်မျိုး၏ ဇနီးမှာလည်း အမြဲဖြစ်ပါသည်ဟု လျှောက်ထားလေ၏။ အရှင်မြတ်က ဤကဲ့သို့ပင် အလ္လာဟ်သည် မိမိအလိုရှိတော်မူရာကို ပြုလုပ်တော်မူပေသည်ဟု မိန့်ကြားတော်မူလေသည်။

قَالَ رَبِّ اجْعَلْ لِّيْٓ اٰيَةً ۭ قَالَ اٰيَتُكَ اَلَّا تُكَلِّمَ النَّاسَ ثَلٰثَةَ اَيَّامٍ اِلَّا رَمْزًا ۭ وَاذْكُرْ رَّبَّكَ كَثِيْرًا وَّسَبِّحْ بِالْعَشِيِّ وَالْاِبْكَارِ ۝

၄၁။ သူက အို-ကျွန်တော်မျိုးအားဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးအတွက် နိမိတ်လက္ခဏာ တစ်ရပ်ရပ်သတ်မှတ်ပေးတော်မူပါဟု လျှောက်ထားရာ၊ အရှင်မြတ်က အသင်၏နိမိတ်လက္ခဏာမှာ ဤသို့ဖြစ်၏၊ အသင်သည် သုံးရက်တိုင်တိုင် လူများနှင့် အရိပ်အခြည်ပြခြင်းမှတစ်ပါး စကားမပြောရ၊ ထို့ပြင် မိမိ၏ဖန်ဆင်းမွေးမြူရှင်အား မြောက်မြားစွာသတိရတသပြီး ညဉ့်ဦးယံတွင်လည်းကောင်း၊ နံနက်အခါတွင်လည်းကောင်း အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို 'တာစ်ဘီ' ရင့်ကျူးတသမူပြုပါလေဟု မိန့်ကြားတော်မူသတည်း။

ရုကူး-၅

وَاِذْ قَالَتِ الْمَلٰۗىِٕكَةُ يٰمَرْيَمُ اِنَّ اللّٰهَ اصْطَفٰىكِ وَطَهَّرَكِ وَاصْطَفٰىكِ عَلٰي نِسَاۗءِ الْعٰلَمِيْنَ ۝

၄၂။ အကြင်အခါဝယ် ကောင်းကင်တမန်များက ပြောကြားခဲ့သည်မှာ အို-'မရ်ယမ်'၊ ဧကန်မုချ အလ္လာဟ်သည် အသင်မအား ရွေးချယ်တော်မူပြီ။ အသင်မအား သန့်ရှင်းစင်ကြယ်စေတော်မူပြီ၊ ထို့ပြင် အသင်မအား တစ်လောကလုံးရှိ အမျိုးသမီးများထက်ဝယ် ထူးခြားသာလွန်မှုကို ချီးမြှင့်တော်မူပြီ။

يٰمَرْيَمُ اقْنُتِيْ لِرَبِّكِ وَاسْجُدِيْ وَارْكَعِيْ مَعَ الرّٰكِعِيْنَ ۝

၄၃။ (သို့ဖြစ်ရာ) အို-'မရ်ယမ်'၊ မိမိ၏ဖန်ဆင်းမွေးမြူရှင်အား ကျိုးနွံနာခံပါလေ၊ 'စဂ်ဒါဟ်' ဦးချမူပြုပါလေ၊ 'ရကူ' ဦးညွှတ်မူပြုသူတို့နှင့်အတူ 'ရကူ'ပြုပါလေ(ဟု ဆက်လက်ပြော၏)။

ذٰلِكَ مِنْ اَنْۢبَاۗءِ الْغَيْبِ نُوْحِيْهِ اِلَيْكَ ۭ وَمَا كُنْتَ لَدَيْهِمْ اِذْ يُلْقُوْنَ اَقْلَامَهُمْ اَيُّهُمْ يَكْفُلُ مَرْيَمَ ۠ وَمَا كُنْتَ

၄၄။ ဤ(အကြောင်းအရာများ)သည် (အတိတ်ကဖြစ်ခဲ့သောအသင်၏)မျက်ကွယ်မှ သတင်းများဖြစ်၏။ ယင်းကို ငါတို့သည် အသင့်ထံသို့ 'ဝဟီ'ဗျာဒိတ်ပို့ချတော်မူ၏။ သူတို့သည် 'မရ်ယမ်'အား မည်သူအုပ်ထိန်းရမည်ဆိုသည့်ကိစ္စအတွက်မဲနှိုက်ကြစဉ် အသင်သည် သူတို့၏အပါးတွင်ရှိခဲ့

لَدَيْهِمْ اِذْ يَخْتَصِمُوْنَ ۝

သည်မဟုတ်၊ ထို့ပြင် (ဤသည်နှင့်စပ်လျဉ်း၍) သူတို့အငြင်းပွားလျက်ရှိနေကြစဉ်အခါတွင်လည်း အသင်သည် သူတို့၏အပါးတွင် ရှိနေခဲ့သည်မဟုတ်ချေ။

اِذْ قَالَتِ الْمَلٰٓئِكَةُ يٰمَرْيَمُ اِنَّ اللّٰهَ يُبَشِّرُكِ بِكَلِمَةٍ مِّنْهُ ۖ اسْمُهُ الْمَسِيْحُ عِيْسَى ابْنُ مَرْيَمَ وَجِيْهًا فِى الدُّنْيَا وَالْاٰخِرَةِ وَمِنَ الْمُقَرَّبِيْنَ ۝

၄၆။ အကြင်အခါ၀ယ် ကောင်းကင်တမန်များကပြောကြားခဲ့ကြသည်မှာ အို-'မရိယမ်'၊ကောန်ပင် အလ္လာဟ်သည် မိမိအထံတော်မှ အသင်မအား သန့်ရှင်းစင်ကြယ်သော မုက္ခပါဌ်တော်သတင်းကောင်းတစ်ရပ်ကို ပေးတော်မူ၏။ သူ၏အမည်မှာ 'မဆီဟ်၊ မရိယမ်၏သား အီစာ'ဖြစ်လိမ့်မည်။ သူသည် ဤလောကနှင့် နောင်တမလွန်တွင် ဂုဏ်သရေရှိသူ၊ ထို့ပြင် (အလ္လာဟ်အရှင်မြတ်နှင့်) နီးစပ်သူတို့အနက်မှ ဖြစ်လိမ့်မည်။ ①

وَيُكَلِّمُ النَّاسَ فِى الْمَهْدِ وَكَهْلًا وَّمِنَ الصّٰلِحِيْنَ ۝

၄၇။ ထို့ပြင် သူသည် ပုခက်တွင်းအရွယ်တွင်လည်းကောင်း၊ လူလတ်ပိုင်းအရွယ်တွင်လည်းကောင်း လူအများတို့နှင့် စကားပြောဆိုလိမ့်မည်၊ ထို့ပြင် သူသည် သန့်ရှင်းစင်ကြယ်သူတို့အနက်မှ ဖြစ်လိမ့်မည်။ ②

قَالَتْ رَبِّ اَنّٰى يَكُوْنُ لِىْ وَلَدٌ وَّلَمْ يَمْسَسْنِىْ بَشَرٌ ۭ قَالَ كَذٰلِكِ اللّٰهُ يَخْلُقُ مَا يَشَآءُ ۭ اِذَا قَضٰٓى اَمْرًا فَاِنَّمَا يَقُوْلُ لَهٗ كُنْ فَيَكُوْنُ ۝

၄၈။ သူမက အို-ကျွန်တော်မျိုးမအားဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးမတွင် မည်သို့ သားရတနာ ရပါမည်နည်း။ အမှန်စင်စစ် ကျွန်တော်မျိုးမအား မည်သည့် ယောကျ်ားတစ်ဦးတစ်ယောက်သော်မျှထိတွေ့ခြင်းမရှိခဲ့ပါဟု လျှောက်ထား၏။ အရှင်မြတ်က ဤကဲ့သို့ပင်၊ အလ္လာဟ်သည် အလိုရှိတော်မူသည်ကို ဖန်ဆင်းတော်မူ၏ဟုမိန့်ကြားတော်မူလေသည်။ အရှင်မြတ်သည် အရေးကိစ္စတစ်စုံတစ်ရာကို ဆုံးဖြတ်တော်မူသောအခါ ထိုအရာကို 'ဖြစ်စေ'ဟု မိန့်တော်မူရုံမျှဖြင့် ထိုအရာသည် စတင်ဖြစ်ပေါ်လာပြီး ဆင့်ကဲဖြစ်ထွန်း၍လာရပေသည်။

وَيُعَلِّمُهُ الْكِتٰبَ وَالْحِكْمَةَ وَالتَّوْرٰىةَ

၄၉။ အရှင်မြတ်သည် သူ့အား ကျမ်းတော်နှင့် ဉာဏ်ပညာ

① ဤတွင် كلمة (သန့်ရှင်းစင်ကြယ်သော နှုတ်ကပါဌ်တော်)ဟု ဆိုခြင်းမှာ အလ္လာဟ်အရှင်မြတ်က كُنْ (ဖြစ်လော့)ဟူ၍ မိန့်ကြားခြင်းကို ဆိုလိုပေသည်။ သို့သော် ခရစ်ယာန်ဘာသာဝင်တို့က 'မဆီဟ်'သည်သာလျှင် အလ္လာဟ်၏'*ကလေမာ*'ဖြစ်သည်။ ကျန်သော 'နဗီ' တမန်တော်အားလုံးမှာ သူ့ထက်အဆင့်နိမ့်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြလေသည်။ ယင်းတို့က သမ္မာကျမ်းလာ 'အစအဦး၌ နှုတ်ကပါဌ်တော်ရှိ၏။ နှုတ်ကပါဌ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပါဌ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။' (ရှင်ယောဟန် ခရစ်ဝင် ၁း၁)ကို အထောက်အထားပြကြပေသည်။ ယင်းကို ကျမ်းမြတ်ကုရ်အာန် ဆူရာဟ် 'အလ်-ကဟ်ဖ်' (ဆူရာဟ်-၁၈)၏ အဆုံးပိုင်းတွင် အလ္လာဟ်အရှင်မြတ်၏ '*ကလေမာ*'များမှာကား မည်မျှများပြားသနည်းဆိုသော် အကယ်၍ ပင်လယ်သမုဒ္ဒရာကြီးသည် မင်ရည်ဖြစ်လျက် အလားတူ နောက်ထပ် ပင်လယ်ကြီးများရှိပါလျှင်လည်း အလ္လာဟ်အရှင်မြတ်၏ '*ကလေမာ*'များမှာ ဆုံးခန်းတိုင်ရောက်ရှိလိမ့်မည် မဟုတ်ချေဟုလာရှိပေရာ '*ကလေမာ*'ကို မှားယွင်းစွာအဓိပ္ပာယ်ဖွင့်ဆိုပြီး 'ယေရှ'အား လူဇာတိထက် သာလွန်ကြောင်းဖော်ပြခြင်းကို ခိုင်လုံပြတ်သားသောသက်သေသာဓကဖြင့် ငြင်းဆိုထားပေသည်။

② ဤအာယတ်တော်၏အကျယ်ဖွင့်ဆိုချက်တစ်ရပ်တွင် တမန်တော်'အီစာ'ﷺသည် ပုခက်တွင်းအရွယ်မှာပင် စကားပြောဆိုခဲ့ကြောင်းနှင့် တမန်တော်ဖြစ်ခြင်းကိုကြေညာခဲ့ကြောင်း ဖော်ပြထားပေသည်။ အကယ်၍ ဤအခြေအနေမျိုးသာရှိခဲ့လျှင် ရဟူဒီတို့သည် ဧကန်ပင် သူ့အား ကလေးအရွယ်ကပင် လုပ်ကြံသတ်ဖြတ်ခဲ့ကြမည်ဖြစ်သည်။ စင်စစ်သော်ကား ပုခက်တွင်းအရွယ်လူမမယ်အချိန်က သူသည် မိမိမြင်မက်သောအိပ်မက်များကိုဖော်ပြခဲ့ခြင်းဖြစ်ပြီး ငယ်ရွယ်စဉ် ပုခက်အတွင်း၌ ဆော့ကစားလျက်ရှိသောကလေးများသည် ကောင်းသောအိပ်မက်များကိုမြင်မက်နိုင်ကြပြီး ပြန်၍ပြောပြနိုင်ပေသည်။ သို့ရာတွင် နဗီတမန်တော်ဖြစ်ခြင်းမှာ လူလတ်ပိုင်းအရွယ်တွင် ချီးမြှင့်ခြင်းခံခဲ့ရပြီး ယင်းအချိန်တွင် ရဟူဒီများကစတင်၍ ဆန့်ကျင်ခဲ့ကြခြင်းဖြစ်သည်။

وَالْاِنْجِيْلَ ۚ

အမြော်အမြင်ကိုလည်းကောင်း၊ 'တောင်ရတ်'နှင့် 'အင်ဂျီလ်' ကိုလည်းကောင်း သင်ကြားပေးတော်မူမည်။

وَرَسُوْلًا اِلٰى بَنِيْٓ اِسْرَآءِيْلَ ۙ اَنِّيْ قَدْ جِئْتُكُمْ بِاٰيَةٍ مِّنْ رَّبِّكُمْ ۙ اَنِّيْٓ اَخْلُقُ لَكُمْ مِّنَ الطِّيْنِ كَهَيْـَٔةِ الطَّيْرِ فَاَنْفُخُ فِيْهِ فَيَكُوْنُ طَيْرًا بِاِذْنِ اللّٰهِ ۚ وَاُبْرِئُ الْاَكْمَهَ وَالْاَبْرَصَ وَاُحْيِ الْمَوْتٰى بِاِذْنِ اللّٰهِ ۚ وَاُنَبِّئُكُمْ بِمَا تَاْكُلُوْنَ وَمَا تَدَّخِرُوْنَ ۙ فِيْ بُيُوْتِكُمْ ۭ اِنَّ فِيْ ذٰلِكَ لَاٰيَةً لَّكُمْ اِنْ كُنْتُمْ مُّؤْمِنِيْنَ ۝

၅၀။ ထို့ပြင် သူသည် 'အစ္စရာအီလ်'မျိုးနွယ်တို့ထံ ဤသတင်းကို ပို့ဆောင်လျက်(စေလွှတ်ခြင်းခံရသော) တမန်တော်ဖြစ်လိမ့်မည်၊ ကျွန်ုပ်သည် အသင်တို့ထံသို့ အသင်တို့၏ ဖန်ဆင်းမွေးမြူရှင်ထံတော်မှ သက်သေလက္ခဏာတော်တစ်ရပ်ကို ယူဆောင်၍လာ၏။ ယင်းမှာ ကျွန်ုပ်သည် အသင်တို့အတွက် မြေကြီးဖြင့် ငှက်ပုံသဏ္ဌာန်ကဲ့သို့ဖန်ဆင်းပြုလုပ်မည်၊ ထို့နောက် ကျွန်ုပ်သည် ယင်းအတွင်းသို့ မှုတ်သွင်းသောအခါ (ချက်ချင်းပင်) ယင်းသည် အလ္လာဟ်၏အမိန့်တော်ဖြင့် (ဝိညာဉ်ရေးရာ) ငှက် ဖြစ်သွားပေလိမ့်မည်။ ထို့ပြင် ကျွန်ုပ်သည် မွေးရာပါမျက်မမြင်များနှင့် အနာကြီးရောဂါသည်တို့ကို ပျောက်ကင်းချမ်းသာစေမည်။ ထို့ပြင် ကျွန်ုပ်သည် အလ္လာဟ်၏အမိန့်တော်ဖြင့် (ဝိညာဉ်ရေးဆိုင်ရာ)သေဆုံးသူတို့ကို အသက်ရှင်အောင်ပြုမည်။ ၎င်းပြင် ကျွန်ုပ်သည် အသင်တို့ မည်သည်တို့ကို စားသုံးကြရမည်ကိုလည်းကောင်း၊ မိမိတို့အိမ်များတွင် မည်သည်တို့ကို စုဆောင်းကြရမည်ကိုလည်းကောင်း အသင်တို့အား ပြောပြပေအံ့။ အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်သူများဖြစ်ကြပါလျှင် ဤအကြောင်းရပ်တွင် အသင်တို့အဖို့ ကြီးစွာသော သက်သေလက္ခဏာတော်တစ်ရပ် မုချပါရှိ၏။ ۝၅

وَمُصَدِّقًا لِّمَا بَيْنَ يَدَيَّ مِنَ التَّوْرٰىةِ وَلِاُحِلَّ لَكُمْ بَعْضَ الَّذِيْ حُرِّمَ عَلَيْكُمْ وَجِئْتُكُمْ بِاٰيَةٍ مِّنْ رَّبِّكُمْ ۠ فَاتَّقُوا اللّٰهَ وَاَطِيْعُوْنِ ۝

၅၁။ ထို့ပြင် ကျွန်ုပ်သည် ကျွန်ုပ်မျက်မှောက်ရှိ 'တောင်ရတ်' ကျမ်းတွင်ပါရှိသည်ကို မှန်ကန်ကြောင်းထောက်ခံသူအဖြစ်လာရောက်ခြင်းဖြစ်၏။ သို့ဖြင့် ကျွန်ုပ်သည် အသင်တို့အပေါ် 'ဟရာမ်' တားမြစ်ထားသောအရာများမှ အချို့ကို အသင်တို့အတွက် 'ဟလာလ်' ခွင့်ပြုပေးရန်ဖြစ်၏။ ထို့ပြင် ကျွန်ုပ်သည် အသင်တို့၏ ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အသင်တို့ထံ (ကြီးမားသော) သက်သေလက္ခဏာတော်တစ်ရပ်ကို ယူဆောင်၍လာခဲ့ပေသည်။ သို့ဖြစ်၍ 'တက္ကဝါ' အလ္လာဟ်အား ကြောက်ရွံ့

۝၅ ဤအာယတ်မုက္ခပါဠိတော်မှဖော်ပြချက်အားလုံးကို အနက်ဖွင့်ရှင်းလင်းတင်ပြရန် လိုအပ်ပေသည်။ မြေကြီးကို လေမှုတ်ပြီး ပျံဝဲသောငှက်ဖြစ်အောင်ပြုခြင်းဆိုသည်မှာ ဟာဇရတ်မဆီဟ်'အီစာ'ﷺ၏မန်းမှုတ်ခြင်းဖြင့် ကမ္ဘာမြေသားတို့သည် ဝိညာဉ်ရေးဆိုင်ရာ အဆင့်များတွင် ပျံသန်းစပြုနိုင်ခဲ့ခြင်းကို ပုံဆောင်ချက်ဖြစ်ပေသည်။ ဤသို့ပင် မွေးရာပါအနာကြီးရောဂါသည်များနှင့် မျက်မမြင်များဆိုသည်မှာ စိတ်နှလုံးနူဝဲနေပြီး မည်သည့်အရာကိုမျှမြင်နိုင်စွမ်းမရှိသူများဖြစ်ပေသည်။ ဤသည်ကို ကျမ်းမြတ်ကုရ်အာန်ရှိ များစွာသော အာယတ်တော်များအားဖြင့်သိရှိရသည်မှာ မျက်မမြင်များဟူသည် ရုပ်မျက်စိကန်းသူများမဟုတ်မူ၍ စိတ်နှလုံးမျက်စိကန်းသူများဖြစ်ကြပေသည်။ သေသူများကို ရှင်ထစေခြင်းသည်လည်း ဝိညာဉ်ပိုင်းဆိုင်ရာ သေနေသူများအား ဝိညာဉ်ပိုင်းဆိုင်ရာ ဘဝရှင်သန်မှုကိုပေးခြင်းဖြစ်ပေသည်။ **اُنَبِّئُكُمْ بِمَا تَاْكُلُوْنَ** ဆိုရာ၌ စားခြင်းသောက်ခြင်းဆိုင်ရာ သွန်သင်ချက်ဖြစ်တန်ရာသည်။ ဤတွင် တမန်တော်'အီစာ'ﷺသည် မိမိအမျိုးသားတို့အား မည်သည့်အရာများကိုစားသုံးရမည်၊ မည်သို့သောအရာများကိုရှောင်ကြဉ်ရမည်ကို လမ်းညွှန်မှုပေးလေ့ရှိကြောင်း ဖော်ပြခြင်းဖြစ်ပေသည်။

ရိုကျိုးခြင်းတရားကို ဆောက်တည်ကြကုန်၊ ကျွန်ုပ်အား နာခံလိုက်နာကြကုန်။

اِنَّ اللّٰهَ رَبِّیْ وَرَبُّكُمْ فَاعْبُدُوْهُ ؕ هٰذَا صِرَاطٌ مُّسْتَقِیْمٌ ﴿۵۱﴾

၅၂။ ဧကန်မုချ အလ္လာဟ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်တော်မူ၏၊ ထို့ပြင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်လည်းဖြစ်တော်မူ၏။ သို့ဖြစ်ရာ ထိုအရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြကုန်၊ ဤသည်သာလျှင် ဖြောင့်မတ်မှန်ကန်သောလမ်းဖြစ်၏။

فَلَمَّاۤ اَحَسَّ عِیْسٰی مِنْهُمُ الْكُفْرَ قَالَ مَنْ اَنْصَارِیْۤ اِلَی اللّٰهِ ؕ قَالَ الْحَوَارِیُّوْنَ نَحْنُ اَنْصَارُ اللّٰهِ ۚ اٰمَنَّا بِاللّٰهِ ۚ وَاشْهَدْ بِاَنَّا مُسْلِمُوْنَ ﴿۵۲﴾

၅၃။ သို့ဖြင့် 'အီစာ'သည် ယင်းသူတို့တွင် မယုံကြည်ခြင်း (ဘက်သို့ယိမ်းယိုင်မှု)ကို သိရှိခံစားရသောအခါ သူက အလ္လာဟ်၏ဘက်သို့(ဖိတ်ခေါ်ရာတွင်) မည်သူသည် ကျွန်ုပ်အား ကူညီမည့်သူဖြစ်သနည်းဟု ပြောကြား၏။ 'ဟဝါရီ' နောက်လိုက်သာဝကများက ကျွန်ုပ်တို့သည် အလ္လာဟ်အား ကူညီသူများဖြစ်ကြပါ၏၊ ကျွန်ုပ်တို့သည် အလ္လာဟ်အား သက်ဝင်ယုံကြည်ကြပါ၏။ သို့ပါ၍ ကျွန်ုပ်တို့သည် နာခံသူများဖြစ်ကြောင်းကို အသင်သည် သက်သေခံသူဖြစ်ပါလေဟု ပြောဆိုကြ၏။

رَبَّنَاۤ اٰمَنَّا بِمَاۤ اَنْزَلْتَ وَاتَّبَعْنَا الرَّسُوْلَ فَاكْتُبْنَا مَعَ الشّٰهِدِیْنَ ﴿۵۳﴾

၅၄။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့သည် အရှင်မြတ်ပို့ချတော်မူသည်များကို သက်ဝင်ယုံကြည်ကြပါ၏။ ထို့ပြင် ကျွန်တော်မျိုးတို့သည် တမန်တော်အား လိုက်နာကြပါ၏။ သို့ပါ၍ ကျွန်တော်မျိုးတို့အား (အမှန်တရားကို) သက်သေခံသူများတွင် ရေးမှတ်တော်မူပါ။

وَمَكَرُوْا وَمَكَرَ اللّٰهُ ؕ وَاللّٰهُ خَیْرُ الْمٰكِرِیْنَ ﴿۵۴﴾ ۧ

၅၅။ ထို့နောက် ယင်း('မဆီဟ်'အားမယုံကြည်ခြင်းပယ်)သူတို့သည် ကြံစည်ကြိုးစားကြ၏၊ အလ္လာဟ်သည်လည်း ကြံစည်တော်မူ၏။ အမှန်သော်ကား အလ္လာဟ်သည် ကြံစည်သူအပေါင်းတို့တွင် အကောင်းဆုံးဖြစ်တော်မူပေသတည်း။

ရုကူး–၆

اِذْ قَالَ اللّٰهُ یٰعِیْسٰۤی اِنِّیْ مُتَوَفِّیْكَ وَرَافِعُكَ اِلَیَّ وَمُطَهِّرُكَ مِنَ الَّذِیْنَ كَفَرُوْا وَجَاعِلُ الَّذِیْنَ اتَّبَعُوْكَ فَوْقَ الَّذِیْنَ كَفَرُوْۤا اِلٰی یَوْمِ الْقِیٰمَةِ ۚ ثُمَّ اِلَیَّ مَرْجِعُكُمْ فَاَحْكُمُ بَیْنَكُمْ فِیْمَا كُنْتُمْ فِیْهِ تَخْتَلِفُوْنَ ﴿۵۵﴾

၅၆။ အကြင်အခါဝယ် အလ္လာဟ်က မိန့်ကြားတော်မူသည်မှာ အို-'အီစာ'၊ ဧကန်စင်စစ် ငါသည် အသင့်အား သေစေတော်မူမည်၊ ထို့ပြင် ငါ၏အထံတော်၌ အသင့်အား 'ရဖာအ်' ချီးမြှောက်မူပြုတော်မူမည့်ပြင် အသင့်အား 'ကာဖိရ်' မယုံကြည်ခြင်းပယ်သူတို့မှ စင်ကြယ်အောင်ပြု၍ သီးခြားခွဲထုတ်တော်မူမည်၊ ထို့ပြင် အသင့်အား နောက်လိုက်နာခံသူတို့ကို အသင့်အား မယုံကြည်ခြင်းပယ်သူတို့အပေါ်ဝယ် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တိုင် လွှမ်းမိုးစေတော်မူမည်။ တစ်ဖန် ငါ၏ထံတော်သို့သာ အသင်တို့သည် ပြန်လည်၍

လာကြရလိမ့်မည်၊ ထိုအခါ အသင်တို့ ကွဲလွဲမှုပြုလေ့ရှိခဲ့ကြသော အကြောင်းရပ်များကို အသင်တို့၏အကြားတွင် စီရင်ဆုံးဖြတ်တော်မူမည်။ ①

فَاَمَّا الَّذِيْنَ كَفَرُوْا فَاُعَذِّبُهُمْ عَذَابًا شَدِيْدًا فِى الدُّنْيَا وَ الْاٰخِرَةِ ۫ وَمَا لَهُمْ مِّنْ نّٰصِرِيْنَ ۝

၅၆။ သို့ဖြစ်ရာ မယုံကြည်ငြင်းပယ်သူတို့နှင့်စပ်လျဉ်း၍မူ ငါအရှင်သည် သူတို့အား ဤလောကတွင်လည်းကောင်း၊ နောင်တမလွန်တွင်လည်းကောင်း ပြင်းထန်သော အပြစ်ဒဏ်ကို ပေးတော်မူမည်။ သူတို့အား ကူညီမည့်သူ မည်သူမျှရှိလိမ့်မည်မဟုတ်ခေ့။

وَاَمَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فَيُوَفِّيْهِمْ اُجُوْرَهُمْ ۗ وَاللّٰهُ لَا يُحِبُّ الظّٰلِمِيْنَ ۝

၅၇။ သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်သူတို့ကိုမူကား အရှင်မြတ်သည် သူတို့အား သူတို့၏အကျိုးဆုလာဘ်ကို အပြည့်အဝပေးသနားတော်မူမည်။ စင်စစ် အလ္လာဟ်သည် အပြစ်ကျူးလွန်သူတို့အား ချစ်ခင်နှစ်သက်တော်မမူခေ့။

ذٰلِكَ نَتْلُوْهُ عَلَيْكَ مِنَ الْاٰيٰتِ وَالذِّكْرِ الْحَكِيْمِ ۝

၅၈။ ဤသည် ငါတို့က အာယတ်တော်များနှင့် ဉာဏ်ပညာအမြော်အမြင်ပါရှိသော 'ဇိကီရ်' အဆုံးအမများအနက်မှ အသင်၏ရှေ့တွင် ဖတ်ရွတ်ပြတော်မူခြင်းဖြစ်၏။

اِنَّ مَثَلَ عِيْسٰى عِنْدَ اللّٰهِ كَمَثَلِ اٰدَمَ ۭ خَلَقَهٗ مِنْ تُرَابٍ ثُمَّ قَالَ لَهٗ كُنْ فَيَكُوْنُ ۝

၅၉။ မုချကေန် အလ္လာဟ်၏ထံတော်တွင် 'အီစာ'၏ပမာကား 'အာဒမ်'၏ပမာကဲ့သို့ဖြစ်သည်။ ထိုအရှင်မြတ်သည် သူ့အားမြေကြီးဖြင့် ဖန်ဆင်းတော်မူ၏။ ထို့နောက် ယင်းကို 'ဖြစ်စေ'ဟုမိန့်တော်မူလိုက်ရာ ယင်းသည် စတင်ဖြစ်ပေါ်ကာ ဆင့်ကဲဖြစ်ထွန်း၍လာပေသည်။ ②

اَلْحَقُّ مِنْ رَّبِّكَ فَلَا تَكُنْ مِّنَ الْمُمْتَرِيْنَ ۝

၆၀။ (ဤသည် ဧကန်စင်စစ်) အသင်၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အမှန်တရားဖြစ်၏။ သို့ဖြစ်ရာ အသင်သည် သံသယပွားသူတို့တွင် အပါအဝင်မဖြစ်လင့်။

فَمَنْ حَآجَّكَ فِيْهِ مِنْۢ بَعْدِ مَا جَآءَكَ مِنَ

၆၁။ သို့ဖြစ်ရာ အသင့်ထံသို့ ပညာအလင်းရောက်ရှိလာခဲ့

---

① ဤအာယတ်တော်တွင် مُتَوَفِّيْكَ (အသင့်အားသေစေတော်မူမည်)အလျင်လာပြီး رَافِعُكَ (အသင့်အားချီးမြှောက်မူပြုတော်မူမည်)သည် နောက်မှလာပေသည်။ စင်စစ် رَافِعُكَ ဟူသည် အဆင့်အတန်းဂုဏ်ဒြပ်မြင့်မားစေခြင်းဖြစ်ပေသည်။ ယင်းကို ရုပ်ပိုင်းဆိုင်ရာမြှင့်တင်ခြင်းဖြစ်သည်ဟု တစ်ယူသန်ပြောဆိုနေခြင်းကိုဆန့်ကျင်သည့် ပြတ်သားသောသာဓကဖြစ်ပေသည်။ ဦးစွာပထမ ကွယ်လွန်အနိစ္စရောက်ခြင်းဖြစ်ခဲ့၏။ ထို့နောက်မှ မ,တင်ခြင်းကိုခံရ၏။ သို့ဖြစ်ရာ ဤသည် ဝိညာဉ်ပိုင်းဆိုင်ရာ ချီးမြှင့်မြှောက်စားခြင်းဖြစ်ကြောင်း အထောက်အထားရရှိပေသည်။

② တမန်တော်'အာဒမ်'ﷺအား တမန်တော်'အီစာ'ﷺနှင့်ပမာပြုဖော်ပြရခြင်းမှာ အစပိုင်းတွင် 'အာဒမ်'ﷺကိုလည်း အလ္လာဟ်အရှင်မြတ်၏ဗျာဒိတ်စကားဖြစ်သည့် كُنْ (ဖြစ်စေ)၏အကျိုးရလဒ်ဖြင့် မြေကြီးမှဖန်ဆင်းတော်မူခဲ့ပေသည်။ သို့တိုင်အောင် သူသည် လူသားမျှသာဖြစ်ပေသည်။ တမန်တော်'အီစာ'ﷺသည်လည်း အလ္လာဟ်အရှင်မြတ်၏အမိန့်တော် كُنْ ၏ရလဒ်ဖြင့် မွေးဖွားခဲ့ခြင်းဖြစ်ပေသည်။ ထို့ကြောင့် တမန်တော်'အီစာ'ﷺသည်လည်း လူသားတစ်ဦးသာဖြစ်ပေသည်။

ဤတွင် كُنْ فَيَكُوْنُ အားဖြင့် လူသားအားဖန်ဆင်းတော်မူခြင်း၏ မူလအစဘက်သို့ညွှန်းဆိုထားခြင်းဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လူသားကို ဖန်ဆင်းတော်မူရန်ရည်ရွယ်တော်မူသောအခါ *'ဖြစ်စေ'* ဟုမိန့်တော်မူခဲ့ရာ ယင်းသည် စတင်ဖြစ်ပေါ်လာခဲ့ပြီး ဖန်ဆင်းဖြစ်ထွန်းခြင်း၏ ပြီးပြည့်စုံသောအဆင့်သို့တိုင်အောင်ရောက်ရှိရန်မှာ ယင်းအတွက် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပေသည်။

الْعِلْمِ فَقُلْ تَعَالَوْا نَدْعُ اَبْنَآءَنَا وَاَبْنَآءَكُمْ وَنِسَآءَنَا وَنِسَآءَكُمْ وَاَنْفُسَنَا وَاَنْفُسَكُمْ ۟ ثُمَّ نَبْتَهِلْ فَنَجْعَلْ لَّعْنَتَ اللّٰهِ عَلَى الْكٰذِبِيْنَ ۝

ပြီးသည်၏နောက်တွင်လည်း အကြင်သူသည် ဤသည်နှင့် စပ်လျဉ်း၍ အသင်နှင့်အငြင်းအခုံပြုပါမူ အသင်ပြောကြား ပါလေ၊ လာကြကုန်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ သားများကို လည်းကောင်း၊ အသင်တို့၏သားများကိုလည်းကောင်း၊ ကျွန်ုပ် တို့၏အမျိုးသမီးများကိုလည်းကောင်း၊ အသင်တို့၏ အမျိုး သမီးများကိုလည်းကောင်း ခေါ်ယူပြီးလျှင် ကျွန်ုပ်တို့ကိုယ်တိုင် နှင့် အသင်တို့ကိုယ်တိုင်လည်း (ပါဝင်လျက်) မုသားပြောဆို သူတို့အပေါ် အလ္လာဟ်၏ ကရုဏာတော်မှ ကင်းဝေးစေခြင်း 'လာ'အ်နတ်'သင့်ပါစေဟု ကျိန်ဆို'မိုဘာဟေလာ'ပြုကြပါစို့။

اِنَّ هٰذَا لَهُوَ الْقَصَصُ الْحَقُّ ۚ وَمَا مِنْ اِلٰهٍ اِلَّا اللّٰهُ ؕ وَاِنَّ اللّٰهَ لَهُوَ الْعَزِيْزُ الْحَكِيْمُ ۝

၆၃။ ဧကန်စင်စစ် ဤသည်ပင် မှန်ကန်သော ဖော်ပြချက် ဖြစ်၏။ အလ္လာဟ်မှတစ်ပါး အခြားကိုးကွယ်ခြင်းခံထိုက်ရာ မည်သူမျှမရှိ။ စင်စစ်ဧကန် အလ္လာဟ်သည်သာလျှင် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

فَاِنْ تَوَلَّوْا فَاِنَّ اللّٰهَ عَلِيْمٌۢ بِالْمُفْسِدِيْنَ ۝

၆၄။ သို့ဖြစ်ရာ အကယ်၍ ထိုသူတို့သည် လွှဲဖယ်သွားကြပါ မူ မုခ်(မှတ်သားထားကြကုန်) အလ္လာဟ်သည် အဖျက်သမား တို့ကို ကောင်းစွာသိရှိတော်မူသတည်း။

ရုကူး-၇

قُلْ يٰٓاَهْلَ الْكِتٰبِ تَعَالَوْا اِلٰى كَلِمَةٍ سَوَآءٍ بَيْنَنَا وَبَيْنَكُمْ اَلَّا نَعْبُدَ اِلَّا اللّٰهَ وَلَا نُشْرِكَ بِهٖ شَيْـًٔا وَّلَا يَتَّخِذَ بَعْضُنَا بَعْضًا اَرْبَابًا مِّنْ دُوْنِ اللّٰهِ ؕ فَاِنْ تَوَلَّوْا فَقُوْلُوا اشْهَدُوْا بِاَنَّا مُسْلِمُوْنَ ۝

၆၅။ အသင်ပြောကြားပါလေ၊ အို-ကျမ်းဂန်ရသူအပေါင်းတို့၊ ကျွန်ုပ်တို့နှင့် အသင်တို့အကြား တူညီသောစကားရပ်ဘက်သို့ လာကြကုန်။ (ယင်းမှာ)ကျွန်ုပ်တို့သည် အလ္လာဟ်မှတစ်ပါး မည်သည်ကိုမျှ ကိုးကွယ်ကြမည်မဟုတ်။ မည်သည့်အရာကို မျှလည်း အရှင်မြတ်နှင့်တန်းတူထားတွဲဖက်မှု ပြုကြမည်မ ဟုတ်။ ထို့ပြင် ကျွန်ုပ်တို့အနက် မည်သူကမျှ အလ္လာဟ်မှလွဲ၍ အခြားတစ်စုံတစ်ရာကို 'ရဗ်'ဖန်ဆင်းမွေးမြူရှင်အဖြစ် ပြုကြ မည်မဟုတ်။ အကယ်၍ ယင်းတို့သည် လွှဲဖယ်သွားကြလျှင် ကျွန်ုပ်တို့သည် အမှန်ပင် အမိန့်နာခံသူ 'မွတ်စလင်'များဖြစ် ကြောင်းကို သက်သေခံကြကုန်ဟု ပြောကြားပါလေ။

يٰٓاَهْلَ الْكِتٰبِ لِمَ تُحَآجُّوْنَ فِىْٓ اِبْرٰهِيْمَ وَمَآ اُنْزِلَتِ التَّوْرٰىةُ وَالْاِنْجِيْلُ اِلَّا مِنْۢ بَعْدِهٖ ؕ اَفَلَا تَعْقِلُوْنَ ۝

၆၆။ အို-ကျမ်းဂန်ရသူတို့၊ အသင်တို့သည် အဘယ့်ကြောင့် 'အစ်ဗရာဟင်မ်'နှင့်စပ်လျဉ်း၍ အငြင်းအခုံပြုကြပေသနည်း။ အမှန်သော်ကား 'တောင်ရတ်'နှင့် 'အင်နဂျီလ်'သည် သူ၏ နောက်တွင်မှ ပို့ချခြင်းခံခဲ့ရ၏။ သို့ဖြစ်ရာ အသင်တို့သည် အဘယ့်ကြောင့် အသိဉာဏ်ကို အသုံးမချကြသနည်း။

هٰٓاَنْتُمْ هٰٓؤُلَآءِ حَاجَجْتُمْ فِيْمَا لَكُمْ بِهٖ عِلْمٌ فَلِمَ تُحَآجُّوْنَ فِيْمَا لَيْسَ لَكُمْ بِهٖ

၆၇။ ကြားနာကြကုန်၊ အသင်တို့သည် အသင်တို့ သိရှိနား လည်သောအကြောင်းအရာနှင့်စပ်လျဉ်း၍ပင် အငြင်းပွားနေ သူများဖြစ်ကြ၏။ သို့ဖြစ်ပါလျက် အသင်တို့စိုးစဉ်းမျှမသိသော

عِلْمٌ ۚ وَاللّٰهُ يَعْلَمُ وَاَنْتُمْ لَا تَعْلَمُوْنَ ۝٦٦

အကြောင်းအရာကို အဘယ့်ကြောင့် ငြင်းခုံနေကြရသနည်း။ အမှန်ပင် အလ္လာဟ်သည် သိရှိတော်မူ၏၊ အသင်တို့မူကား မသိရှိကြချေ။

مَا كَانَ اِبْرٰهِيْمُ يَهُوْدِيًّا وَّلَا نَصْرَانِيًّا وَّلٰكِنْ كَانَ حَنِيْفًا مُّسْلِمًا ۭ وَمَا كَانَ مِنَ الْمُشْرِكِيْنَ ۝٦٧

၆၈။ 'အစ်ဗရာဟင်မ်'သည် 'ရဟူဒီ'လည်းမဟုတ်၊ 'ခရစ်ယာန်'လည်းမဟုတ်ချေ။ ထိုသို့မဟုတ်မူ၍ သူသည် (အစဉ်အမြဲ အလ္လာဟ်ဘက်သို့) ယိမ်းညွတ်သူနှင့် ပျဉ်ဝပ်နာခံသူဖြစ်၏။ ထို့ပြင် သူသည် တစ်စုံတစ်ရာကို အလ္လာဟ်နှင့် တွဲဖက်ကိုးကွယ်သူ 'မူရှရိုက်'တို့အနက်မှ (အလျှင်း)မဟုတ်ချေ။

اِنَّ اَوْلَى النَّاسِ بِاِبْرٰهِيْمَ لَلَّذِيْنَ اتَّبَعُوْهُ وَهٰذَا النَّبِيُّ وَالَّذِيْنَ اٰمَنُوْا ۭ وَاللّٰهُ وَلِيُّ الْمُؤْمِنِيْنَ ۝٦٨

၆၉။ စင်စစ် 'အစ်ဗရာဟင်မ်'နှင့်အနီးစပ်ဆုံးသောသူတို့သည်ကား သူ့အား နောက်လိုက်နာခံကြသူများ၊ ထို့ပြင် ဤတမန်တော်သည်လည်းကောင်း၊ (ဤတမန်တော်အား) ယုံကြည်ကြသောသူတို့သည်လည်းကောင်းဖြစ်ကြ၏။ အလ္လာဟ်သည် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူတို့၏ အဆွေခင်ပွန်း ဖြစ်တော်မူ၏။

وَدَّتْ طَّاۗىِٕفَةٌ مِّنْ اَهْلِ الْكِتٰبِ لَوْ يُضِلُّوْنَكُمْ ۭ وَمَا يُضِلُّوْنَ اِلَّآ اَنْفُسَهُمْ وَمَا يَشْعُرُوْنَ ۝٦٩

၇၀။ ကျမ်းဂန်ရသူတို့အနက်မှ အုပ်စုတစ်စုသည် အသင်တို့အား လမ်းလွဲသူများဖြစ်အောင်ပြုနိုင်လျှင် ကောင်းပေစွဟု ဆန္ဒထားလိုလားကြ၏။ သို့ရာတွင် သူတို့သည် မိမိတို့ကိုယ်ကိုမှလွဲ၍ (အခြားမည်သူ့ကိုမျှ) လမ်းလွဲအောင် မပြုနိုင်ကြချေ။ သို့သော် ယင်းကို သူတို့သည် မသိရှိကြချေ။

يٰٓاَهْلَ الْكِتٰبِ لِمَ تَكْفُرُوْنَ بِاٰيٰتِ اللّٰهِ وَاَنْتُمْ تَشْهَدُوْنَ ۝٧٠

၇၁။ အို-ကျမ်းဂန်ရသူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်၏သက်သေလက္ခဏာတော်များကို မြင်တွေ့နေကြပါလျက် အဘယ့်ကြောင့် မဟုတ်မမှန်ဟူ၍ စွပ်စွဲကြပါသနည်း။

يٰٓاَهْلَ الْكِتٰبِ لِمَ تَلْبِسُوْنَ الْحَقَّ بِالْبَاطِلِ وَتَكْتُمُوْنَ الْحَقَّ وَاَنْتُمْ تَعْلَمُوْنَ ۝٧١

၇၂။ အို-ကျမ်းဂန်ရသူအပေါင်းတို့၊ အသင်တို့သည် အဘယ့်ကြောင့် အမှန်ကိုအမှားနှင့် ထင်ယောင်ထင်မှားဖြစ်အောင်ပြုကြသနည်း။ ထို့ပြင် အသင်တို့သည် သိရှိနားလည်ကြပါလျက် အဘယ့်ကြောင့် အမှန်ကို ကွယ်ဝှက်ကြပေသနည်း။

ရုကူး-၈

وَقَالَتْ طَّاۗىِٕفَةٌ مِّنْ اَهْلِ الْكِتٰبِ اٰمِنُوْا بِالَّذِيْٓ اُنْزِلَ عَلَى الَّذِيْنَ اٰمَنُوْا وَجْهَ النَّهَارِ وَاكْفُرُوْٓا اٰخِرَهٗ لَعَلَّهُمْ يَرْجِعُوْنَ ۝٧٢

၇၃။ ကျမ်းဂန်ရသူတို့အနက် အုပ်စုတစ်စုက သက်ဝင်ယုံကြည်သူတို့ထံပို့ချခြင်းခံရသည်တို့ကို နေ့၏စောစောပိုင်းတွင် ယုံကြည်ကြ၍ နေ့၏နှောင်းပိုင်းအချိန်တွင် ငြင်းပယ်ကြကုန်၊ သို့ဖြင့် သူတို့သည် ပြန်လှည့်ကောင်းပြန်လှည့်လာကြလိမ့်မည်ဟု ပြောဆိုကြ၏။

وَلَا تُؤْمِنُوْٓا اِلَّا لِمَنْ تَبِعَ دِيْنَكُمْ ۭ قُلْ اِنَّ الْهُدٰى هُدَى اللّٰهِ ۙ اَنْ يُّؤْتٰٓى اَحَدٌ مِّثْلَ مَآ

၇၄။ ထို့ပြင် အသင်တို့၏ သာသနာကိုလိုက်နာသူမှအပ အခြားမည်သူ၏စကားကိုမျှမယုံကြလင့်(ဟုဆိုကြ၏)။ အသင်ပြောကြားပါလေ၊ စင်စစ် လမ်းညွှန်မှုသည်ကား အလ္လာဟ်၏

اَوْ تِيْتُمْ اَوْ يُحَآجُّوْكُمْ عِنْدَ رَبِّكُمْ ۭ قُلْ اِنَّ الْفَضْلَ بِيَدِ اللّٰهِ ۚ يُؤْتِيْهِ مَنْ يَّشَاۗءُ ۭ وَاللّٰهُ وَاسِعٌ عَلِيْمٌ ۝۷۳

လမ်းညွှန်မှုသာဖြစ်၏။ အသင်တို့အားပေးခဲ့သည်ကို တစ်ဦးဦးအားပေးရန်(မှာမလိုအပ်ချေ)။ (အကယ်၍ မပေးခဲ့ပါလျှင်) သူတို့သည် အသင်တို့၏ဖန်ဆင်းမွေးမြူရှင် ရှေ့တော်မှောက်တွင် အသင်တို့အား ငြင်းခုံစောဒကပြုရန် (သူတို့အတွက် အခွင့်အရေးရသွားပေလိမ့်မည်)။ အသင်ပြောကြားပါလေ၊ ဧကန်စင်စစ် 'ဖဇလ်' ကျေးဇူးတော်သည်ကား အလ္လာဟ်၏လက်တော်၌သာရှိ၏။ အရှင်မြတ်သည် ယင်း(ကျေးဇူးတော်)ကို မိမိနှစ်လို့တော်မူသောသူအား ပေးသနားတော်မူ၏။ အမှန်ပင် အလ္လာဟ်သည် အလွန်ကျယ်ပြောမှုကို ပေးသနားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

يَّخْتَصُّ بِرَحْمَتِهٖ مَنْ يَّشَاۗءُ ۭ وَاللّٰهُ ذُو الْفَضْلِ الْعَظِيْمِ ۝۷۴

၇၅။ အရှင်မြတ်သည် နှစ်လို့တော်မူသောသူအား မိမိ၏ ကရုဏာတော်အတွက် အထူးပြုတော်မူ၏။ စင်စစ် အလ္လာဟ်သည် အလွန်ကြီးကဲတော်မူလှသော ကျေးဇူးတော်အရှင်ဖြစ်တော်မူ၏။

وَمِنْ اَهْلِ الْكِتٰبِ مَنْ اِنْ تَاْمَنْهُ بِقِنْطَارٍ يُّؤَدِّهٖٓ اِلَيْكَ ۚ وَمِنْهُمْ مَّنْ اِنْ تَاْمَنْهُ بِدِيْنَارٍ لَّا يُؤَدِّهٖٓ اِلَيْكَ اِلَّا مَا دُمْتَ عَلَيْهِ قَاۗىِٕمًا ۭ ذٰلِكَ بِاَنَّهُمْ قَالُوْا لَيْسَ عَلَيْنَا فِي الْاُمِّيّٖنَ سَبِيْلٌ ۚ وَيَقُوْلُوْنَ عَلَى اللّٰهِ الْكَذِبَ وَهُمْ يَعْلَمُوْنَ ۝۷۵

၇၆။ ထို့ပြင် ကျမ်းရသူတို့အနက် ဤသို့သောသူများလည်းရှိကြ၏။ အကယ်၍ အသင်သည် မြောက်မြားစွာသော ယုံကြည်အပ်နှံမှုပစ္စည်းများကို သူတို့ထံတွင်အပ်နှံထားခဲ့သည်ရှိသော် သူတို့သည် အသင့်အား အမှန်ပင် ပြန်ပေးမည်ဖြစ်၏။ ထို့ပြင် သူတို့တွင် ဤသို့သောသူများလည်းရှိ၏၊ သူတို့တစ်ဦးဦးထံ 'ဒီနာ'ဒင်္ဂါးတစ်ပြားမျှကိုပင် အပ်နှံခဲ့သည်ရှိသော် အသင်သည် သူတို့ထံတွင် မတ်တတ်ရပ်စောင့်ကြပ်၍ တောင်းဆိုခြင်းမပြုသမျှ ယင်းကို အသင့်အားပြန်ပေးမည်မဟုတ်ချေ။ ဤသို့ဖြစ်ရခြင်းမှာ ယင်းတို့က ကျွန်ုပ်တို့အပေါ် 'အွမ်မီ' စာမတတ်သူများနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ (စွပ်စွဲပြောဆိုရန်)လမ်းမရှိချေဟုပြောဆိုကြခြင်းကြောင့်ဖြစ်၏။ စင်စစ် ထိုသူတို့သည် (ယင်းအကြောင်းကို) သိရှိကြပါလျက် အလ္လာဟ်နှင့်စပ်လျဉ်း၍ မဟုတ်မမှန်လိမ်ဆယ်ပြောဆိုကြ၏။

بَلٰى مَنْ اَوْفٰى بِعَهْدِهٖ وَاتَّقٰى فَاِنَّ اللّٰهَ يُحِبُّ الْمُتَّقِيْنَ ۝۷۶

၇၇။ အမှန်သော်ကား ထိုသို့မဟုတ်မူ၍ အကြင်မည်သူမဆို မိမိ၏ကတိသစ္စာကို စောင့်ထိန်းဖြည့်ဆည်းပြီး 'တက္ကဝါ' အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်းတရားကို ကျင့်သုံးဆောက်တည်သူဖြစ်လျှင်၊ အလ္လာဟ်သည် မိမိအား ကြောက်ရွံ့ရိုကျိုးသူ 'မွတ္တကီ'တို့အား ချစ်ခင်နှစ်သက်တော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّ الَّذِيْنَ يَشْتَرُوْنَ بِعَهْدِ اللّٰهِ وَاَيْمَانِهِمْ ثَمَنًا قَلِيْلًا اُولٰۗىِٕكَ لَا خَلَاقَ لَهُمْ فِي الْاٰخِرَةِ وَلَا يُكَلِّمُهُمُ اللّٰهُ وَلَا يَنْظُرُ

၇၈။ မုချဧကန် အကြင်သူတို့သည် အလ္လာဟ်နှင့်ထားရှိသည့်ပဋိညာဉ်ကိုလည်းကောင်း၊ မိမိတို့၏ကျိန်ဆိုမှုများကိုလည်းကောင်း သာမန်မျှသောတန်ဖိုးဖြင့် လဲလှယ်ရောင်းချကြ၏၊ ဤသူများသည်ပင်လျှင် သူတို့အဖို့ နောင်တမလွန်တွင် ဝေစုတစ်စုံတစ်ရာရှိမည်မဟုတ်။ ထို့ပြင် အလ္လာဟ်သည် သူတို့အား

اِلَيۡهِمۡ يَوۡمَ الۡقِيٰمَةِ وَلَا يُزَكِّيۡهِمۡ ۪ وَ لَهُمۡ عَذَابٌ اَلِيۡمٌ ﴿۷۷﴾

စကားပြောတော်မူမည်မဟုတ်။ ရှင်ပြန်ထမြောက်ရမည့် နေ့တော်ကြီးတွင် သူတို့အားရှုစားတော်မူမည်မဟုတ်။ ထို့ပြင် သူတို့အား သန့်ရှင်းစင်ကြယ်အောင်ပြုလုပ်ပေးတော်မူမည်လည်းမဟုတ်ချေ။ ထိုသူတို့အဖို့ ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

وَ اِنَّ مِنۡهُمۡ لَفَرِيۡقًا يَّلۡوٗنَ اَلۡسِنَتَهُمۡ بِالۡكِتٰبِ لِتَحۡسَبُوۡهُ مِنَ الۡكِتٰبِ وَمَا هُوَ مِنَ الۡكِتٰبِ ۚ وَ يَقُوۡلُوۡنَ هُوَ مِنۡ عِنۡدِ اللّٰهِ وَمَا هُوَ مِنۡ عِنۡدِ اللّٰهِ ۚ وَيَقُوۡلُوۡنَ عَلَى اللّٰهِ الۡكَذِبَ وَهُمۡ يَعۡلَمُوۡنَ ﴿۷۸﴾

၇၉။ ထို့ပြင် အမှန်ပင် ယင်း(ကျမ်းဂန်ရသူ)တို့တွင် ဤသို့သော အုပ်စုတစ်စုလည်းရှိ၏။ သူတို့သည် ကျမ်းဂန်ကို ရွတ်ဖတ်ရာ၌ မိမိတို့၏လျှာများကို လိပ်ခေါက်ကြ၏။ သို့ဖြင့် သူတို့(လုပ်ကြံ)ရွတ်ဖတ်သောအရာကို ကျမ်းတော်မှ ဖြစ်သည်ဟု အသင်တို့ ထင်မှတ်ကြစေရန်ဖြစ်၏။ စင်စစ် ယင်းသည် ကျမ်းတော်မှမဟုတ်ပေ။ ထို့ပြင် သူတို့က (သူတို့ရွတ်ဖတ်သော)ထိုအရာသည် အလ္လာဟ်၏ထံတော်မှဖြစ်သည်ဟုဆိုကြ၏။ စင်စစ်သော်ကား ယင်းသည် အလ္လာဟ်၏ထံတော်မှ မဟုတ်ပေ။ သူတို့သည် သိရှိကြပါလျက်နှင့် အလ္လာဟ်နှင့်စပ်လျဉ်း၍ မဟုတ်တမ်းတရားလီဆယ်ပြောဆိုကြ၏။

مَا كَانَ لِبَشَرٍ اَنۡ يُّؤۡتِيَهُ اللّٰهُ الۡكِتٰبَ وَالۡحُكۡمَ وَالنُّبُوَّةَ ثُمَّ يَقُوۡلَ لِلنَّاسِ كُوۡنُوۡا عِبَادًا لِّىۡ مِنۡ دُوۡنِ اللّٰهِ وَلٰكِنۡ كُوۡنُوۡا رَبّٰنِيّٖنَ بِمَا كُنۡتُمۡ تُعَلِّمُوۡنَ الۡكِتٰبَ وَبِمَا كُنۡتُمۡ تَدۡرُسُوۡنَ ﴿۷۹﴾

၈၀။ အလ္လာဟ်က အကြင်သူအားကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာအမြော်အမြင်ကိုလည်းကောင်း၊ တမန်တော်ဖြစ်ခြင်းကိုလည်းကောင်း ပေးသနားတော်မူပါလျှင်၊ ထိုသူသည် လူတို့အား အလ္လာဟ်မှတစ်ပါး ငါ့အားကိုးကွယ်သူများဖြစ်ကြကုန်ဟုပြောဆိုရန်မှာ မည်သည့်လူသားအဖို့မျှမဖြစ်နိုင်ချေ။ ထိုသို့မဟုတ်မူဘဲ အသင်တို့သည် ကျမ်းတော်ကိုသင်ကြားပေးကြခြင်းကြောင့်လည်းကောင်း၊ (ယင်းကျမ်းတော်ကို) ဖတ်ရွတ်ကြခြင်းကြောင့်လည်းကောင်း၊ 'ရဗ္ဗာနီ' အရှင်၏ဂုဏ်တော်ဆောင်သူများဖြစ်ကြကုန်(ဟုသာ ပြောဆိုလိမ့်မည်)။

وَلَا يَاۡمُرَكُمۡ اَنۡ تَتَّخِذُوا الۡمَلٰٓئِكَةَ وَالنَّبِيّٖنَ اَرۡبَابًا ؕ اَيَاۡمُرُكُمۡ بِالۡكُفۡرِ بَعۡدَ اِذۡ اَنۡتُمۡ مُّسۡلِمُوۡنَ ﴿۸۰﴾ ع

၈၁။ ထို့ပြင် အသင်တို့သည် ကောင်းကင်တမန်များနှင့် တမန်တော်များကိုသာ ဖန်ဆင်းမွေးမြူရှင်အဖြစ် ပြုလုပ်ကြကုန်ဟု သူသည် အသင်တို့အား ညွှန်ကြားမည်မဟုတ်ချေ။ အသို့နည်း၊ အသင်တို့သည် အမိန့်နာခံသူများဖြစ်ကြပြီးနောက် သူသည် အသင်တို့အား သွေဖည်ငြင်းပယ်မှုကို သွန်သင်ညွှန်ကြားပါမည်လော။

ရုကူး-၉

وَ اِذۡ اَخَذَ اللّٰهُ مِيۡثَاقَ النَّبِيّٖنَ لَمَاۤ اٰتَيۡتُكُمۡ مِّنۡ كِتٰبٍ وَّحِكۡمَةٍ ثُمَّ جَآءَكُمۡ رَسُوۡلٌ مُّصَدِّقٌ لِّمَا مَعَكُمۡ لَتُؤۡمِنُنَّ بِهٖ

၈၂။ အကြင်အခါဝယ် အလ္လာဟ်သည် 'နဗီ'တမန်တော်များ၏ပဋိညာဉ်ခံဝန်ချက်ကို ယူတော်မူခဲ့သည်မှာ၊ ငါသည် အသင်တို့အား ကျမ်းဂန်နှင့် ဉာဏ်ပညာအမြော်အမြင်ကို ပေးသနားတော်မူပြီးသည့်နောက် တစ်ဖန် အကြင်အခါ အသင်တို့ထံတွင်ရှိသည့်အကြောင်းအရာများကို မှန်ကန်ကြောင်းထောက်ခံသည့် တမန်တော်တစ်ပါးပါးသည် အကယ်၍ အသင်တို့ထံ ရောက်ရှိ

وَلَتَنْصُرُنَّهٗ ؕ قَالَ ءَاَقْرَرْتُمْ وَاَخَذْتُمْ عَلٰى ذٰلِكُمْ اِصْرِىْ ؕ قَالُوْۤا اَقْرَرْنَا ؕ قَالَ فَاشْهَدُوْا وَاَنَا مَعَكُمْ مِّنَ الشّٰهِدِيْنَ ﴿۸۱﴾

လာသော် အသင်တို့သည် အမှန်ပင် သူ့အား ယုံကြည်ကြရမည်၊ ထို့ပြင် အမှန်ပင် သူ့အား ကူညီကြရမည်။ အသင်တို့သည် ခံဝန်ကတိပြုကြပြီလော၊ ထို့ပြင် ဤအကြောင်းရပ်အပေါ် ငါ အရှင်မြတ်နှင့် ပဋိညာဉ်ပြုကြပြီလောဟု မိန့်ကြားတော်မူ၏။ သူတို့က (မှန်ပါ၏) ကျွန်တော်မျိုးတို့ ကတိခံဝန်ချက်ပြုပါ၏ဟု လျှောက်ထားကြ၏။ အရှင်မြတ်က သို့ဖြစ်လျှင် အသင် တို့သည် သက်သေခံကြကုန်၊ ငါအရှင်မြတ်သည်လည်း အသင်တို့နှင့် အတူ သက်သေဖြစ်တော်မူသည်ဟု မိန့်တော်မူ၏။ ﴿၁﴾

فَمَنْ تَوَلّٰى بَعْدَ ذٰلِكَ فَاُولٰٓئِكَ هُمُ الْفٰسِقُوْنَ ﴿۸۲﴾

၈၃။ ထိုသည့်နောက်တွင် မည်သူမဆို လွှဲဖယ်သွားခဲ့ပါမူ ထိုသူတို့ပင်လျှင် 'ဖာဆီက်' မနာခံပုန်ကန်သူများဖြစ်ကြ၏။

اَفَغَيْرَ دِيْنِ اللّٰهِ يَبْغُوْنَ وَلَهٗۤ اَسْلَمَ مَنْ فِى السَّمٰوٰتِ وَالْاَرْضِ طَوْعًا وَّكَرْهًا وَّاِلَيْهِ يُرْجَعُوْنَ ﴿۸۳﴾

၈၄။ သူတို့သည် အလ္လာဟ်၏သာသနာတော်မှလွဲ၍ အခြားတစ်စုံတစ်ရာကို ကြိုက်နှစ်သက်ကြပါသလော။ အမှန်သော်ကား မိုးကောင်းကင်များနှင့် ကမ္ဘာမြေပေါ်ရှိရှိသမျှ အရာခပ်သိမ်းတို့သည် သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထို အရှင်မြတ်အား ကျိုးနွံနာခံလျက်ရှိကြကုန်၏။ စင်စစ် အားလုံးတို့သည် ထိုအရှင်မြတ်ထံတော်သို့သာ ပြန်ကြရမည်တည်း။

قُلْ اٰمَنَّا بِاللّٰهِ وَمَاۤ اُنْزِلَ عَلَيْنَا وَمَاۤ اُنْزِلَ عَلٰۤى اِبْرٰهِيْمَ وَاِسْمٰعِيْلَ وَاِسْحٰقَ وَيَعْقُوْبَ وَالْاَسْبَاطِ وَمَاۤ اُوْتِىَ مُوْسٰى وَعِيْسٰى وَالنَّبِيُّوْنَ مِنْ رَّبِّهِمْ ۖ لَا نُفَرِّقُ بَيْنَ اَحَدٍ مِّنْهُمْ ۖ وَنَحْنُ لَهٗ مُسْلِمُوْنَ ﴿۸۴﴾

၈၅။ အသင်ပြောကြားပါလော၊ ကျွန်ုပ်တို့သည် အလ္လာဟ်အား သက်ဝင်ယုံကြည်ကြပါ၏၊ ထို့ပြင် ကျွန်ုပ်တို့ထံပို့ချပေးတော်မူသည်တို့ကိုလည်းကောင်း၊ 'အစ်ဗရာဟင်မ်'၊ 'အစ္စမာအီလ်'၊ 'အစ္စဟာက်'၊ 'ယာကွပ်'နှင့် (သူ၏)သားမြေးတို့အား ပို့ချပေးတော်မူသည်တို့ကိုလည်းကောင်း၊ 'မူစာ'၊ 'အီစာ'နှင့် တမန်တော်အပေါင်းကို သူတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ပေးသနားတော်မူခဲ့သည်တို့ကိုလည်းကောင်း (ယုံကြည်ကြပါ၏)၊ ကျွန်ုပ်တို့သည် သူတို့အနက် မည်သူ၏အကြားတွင်မျှ ခွဲခြားမှုကိုမပြုကြပါ။ ကျွန်ုပ်တို့သည် ထိုအရှင်မြတ်ကိုသာလျှင် ကျိုးနွံနာခံသူများဖြစ်ကြပါ၏။

وَمَنْ يَّبْتَغِ غَيْرَ الْاِسْلَامِ دِيْنًا فَلَنْ يُّقْبَلَ

၈၆။ မည်သူမဆို 'အစ္စလာမ်'မှတစ်ပါး သာသနာတစ်ခုခုကို နှစ်သက်ပါလျှင် သူ့ထံမှ အလျှင်းလက်ခံတော်မူမည်မဟုတ်

﴿၁﴾ ကျမ်းမြတ်ကုရ်အာန်တွင် '*မီဆားက်*'ပဋိညာဉ်ချုပ်ဆိုခြင်းနှစ်ရပ်ကို ဖော်ပြထားပေသည်။ တစ်ရပ်မှာ အစ္စရာအီလ်အမျိုးသားတို့နှင့် ချုပ်ဆိုသောပဋိညာဉ်ဖြစ်ပြီး ကျန်တစ်ရပ်မှာ တမန်တော်အပေါင်းနှင့်ချုပ်ဆိုသောပဋိညာဉ်တို့ဖြစ်ကာ ယင်းတွင် တမန်တော်မြတ်ﷺထံမှလည်း ပဋိညာဉ်ရယူတော်မူခဲ့ပေသည် (၃၃း၈)။ ယင်းပဋိညာဉ်၏အဓိကအချက်မှာ "အသင်တို့ပြောဆိုလျက်ရှိခဲ့ကြသည့် စကားများကိုသာ ပြောဆိုတင်ပြသော တမန်တော်တစ်ပါးပါး အသင်တို့ထံ ပွင့်ပေါ်ရောက်ရှိလာခဲ့လျှင် သူ့အား ငြင်းပယ်ခြင်း အလျှင်းမပြုဘဲ မှန်ကန်ကြောင်းကိုထောက်ခံကြပါမည်ဟု ခံဝန်ကတိပြုကြကုန်"ဟူ၍ဖြစ်၏။ ဤနေရာတွင် တမန်တော်များထံသို့ တမန်တော်ကို စေလွှတ်ပွင့်ပေါ်စေသည်မဟုတ်၊ သူတို့၏အမျိုးသားများထံသို့သာ တမန်တော်ကိုပွင့်ပေါ်စေခြင်းဖြစ်သည်ဟူသည့် အချက်ကို ရှင်းလင်းစွာသိထားရန်လိုအပ်ပေသည်။ သို့ဖြစ်၍ သဘောမှာ- အသင်တို့ထံသို့ တမန်တော်တစ်ပါးပါး ပွင့်ပေါ်ရောက်ရှိလာလေတိုင်း ယင်းတမန်တော်သည် ကျွန်ုပ်အား မှန်ကန်ကြောင်းထောက်ခံသူဖြစ်လျှင် သူ့ကိုငြင်းပယ်မှုမပြုဘဲ သူ့အား မလွဲမသွေကူညီရိုင်းပင်းကြရမည်ဟူ၍ တမန်တော်များအနေဖြင့် မိမိတို့၏အမျိုးသားတို့အား သွန်သင်ပို့ချဆုံးမလျက်နေကြရမည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

مِنْهُ ۚ وَهُوَ فِي الْاٰخِرَةِ مِنَ الْخٰسِرِيْنَ ۝

ချေ။ ထို့ပြင် တမလွန်တွင်လည်း ထိုသူသည် နစ်နာဆုံးရှုံးသူတို့တွင် အပါအဝင်ဖြစ်ပေလိမ့်မည်။

كَيْفَ يَهْدِي اللّٰهُ قَوْمًا كَفَرُوْا بَعْدَ اِيْمَانِهِمْ وَشَهِدُوْٓا اَنَّ الرَّسُوْلَ حَقٌّ وَّجَآءَهُمُ الْبَيِّنٰتُ ۭ وَاللّٰهُ لَا يَهْدِي الْقَوْمَ الظّٰلِمِيْنَ ۝

၈၇။ အလ္လာဟ်သည် ဤကဲ့သို့သောသူတို့ကို အသို့လျှင် လမ်းညွှန်တော်မူအံ့နည်း၊ ထိုသူတို့သည် သက်ဝင်ယုံကြည်ပြီး နောက် မယုံကြည်ခြင်းပယ်မှုကိုပြုကြ၏။ စင်စစ် (သူတို့သည်) ဤတမန်တော်မှန်ကန်ကြောင်းကို သက်သေခံခဲ့ကြပြီးဖြစ်သည့်ပြင် သူတို့ထံသို့ ပေါ်လွင်ထင်ရှားသော သက်သေသာဓကများလည်း ရောက်ရှိခဲ့ပြီးဖြစ်ချေသည်။ စင်စစ် အလ္လာဟ်သည် အပြစ်ကျူးလွန်သူတို့ကို လမ်းညွှန်တော်မမူချေ။

اُولٰۗىِٕكَ جَزَاۗؤُهُمْ اَنَّ عَلَيْهِمْ لَعْنَةَ اللّٰهِ وَالْمَلٰۗىِٕكَةِ وَالنَّاسِ اَجْمَعِيْنَ ۝

၈၈။ ဤကဲ့သို့သောသူတို့၏ အကျိုးဆက်သည်ကား၊ သူတို့အပေါ် အလ္လာဟ်၏ ကရုဏာတော်မှကင်းဝေးစေခြင်း 'လာ့အ်နတ်'သည် ကျရောက်၏။ ထို့ပြင် ကောင်းကင်တမန်များနှင့် လူသားအားလုံးတို့၏ ('လာ့အ်နတ်'လည်း ကျရောက်၏)။

خٰلِدِيْنَ فِيْهَا ۚ لَا يُخَفَّفُ عَنْهُمُ الْعَذَابُ وَلَا هُمْ يُنْظَرُوْنَ ۝

၈၉။ သူတို့သည် ယင်း(လာ့အ်နတ်)တွင် ကာလကြာရှည်စွာ နေကြရမည့်သူများဖြစ်၏။ သူတို့အပေါ်မှ အပြစ်ဒဏ်ကို လျှော့ပေါ့စေလိမ့်မည်မဟုတ်။ သူတို့သည် တစ်စုံတစ်ရာ ဆိုင်းငံ့ခွင့်ကိုလည်း ပေးခြင်းခံကြရမည်မဟုတ်ချေ။

اِلَّا الَّذِيْنَ تَابُوْا مِنْۢ بَعْدِ ذٰلِكَ وَاَصْلَحُوْا ۣ فَاِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ۝

၉၀။ သို့ရာတွင် အကြင်သူတို့သည် ထိုသည့်နောက်တွင် 'တောင်ဘာ' ဝန်ချတောင်းပန်မှုပြုကြပြီး ပြုပြင်ပြောင်းလဲကြပါမူ၊ အမှန်ပင် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသော အရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّ الَّذِيْنَ كَفَرُوْا بَعْدَ اِيْمَانِهِمْ ثُمَّ ازْدَادُوْا كُفْرًا لَّنْ تُقْبَلَ تَوْبَتُهُمْ ۚ وَاُولٰۗىِٕكَ هُمُ الضَّاۗلُّوْنَ ۝

၉၁။ ဧကန်အမှန် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြပြီးနောက် မယုံကြည်ခြင်းပယ်မှုကိုပြုကြ၏။ ထို့နောက် မယုံကြည်ခြင်းပယ်မှု၌ တိုးပွားလျက်ရှိကြ၏။ ထိုသူတို့၏ 'တောင်ဘာ' ဝန်ချတောင်းပန်မှုသည် အလျှင်း လက်ခံခြင်းခံရမည်မဟုတ်။ ဤသူများသည်ပင် လမ်းလွဲသောသူများဖြစ်ကြ၏။

اِنَّ الَّذِيْنَ كَفَرُوْا وَمَاتُوْا وَهُمْ كُفَّارٌ فَلَنْ يُّقْبَلَ مِنْ اَحَدِهِمْ مِّلْءُ الْاَرْضِ ذَهَبًا وَّلَوِ افْتَدٰى بِهٖ ۭ اُولٰۗىِٕكَ لَهُمْ عَذَابٌ اَلِيْمٌ وَّمَا لَهُمْ مِّنْ نّٰصِرِيْنَ ۝

၉၂။ ဧကန်မုချ အကြင်သူတို့သည် မယုံကြည်ခြင်းပယ်မှုကိုပြု၍ မယုံကြည်သူအဖြစ်နှင့်ပင် သေဆုံးသွားကြ၏၊ သူတို့အနက် မည်သူတစ်ဦးတစ်ယောက်ပင်ဖြစ်စေ မိမိ၏အပြစ်လွတ်ရန်အတွက် ကမ္ဘာမြေနှင့်အမျှသောရွှေကို လျော်ကြေးပေးသော်လည်း အလျှင်းလက်ခံခြင်းခံရမည် မဟုတ်ချေ။ ဤသူများသည်ပင် သူတို့အတွက် ပြင်းပြနာကျင်ဖွယ်သော အပြစ်ဒဏ်(ကိုသတ်မှတ်ထား)ရှိ၏။ ထို့ပြင် သူတို့အဖို့ ကူညီမည့်သူမည်သူမျှရှိမည် မဟုတ်ချေတည်း။

ရှကူ-၁၀

لَنْ تَنَالُوا الْبِرَّ حَتّٰى تُنْفِقُوْا مِمَّا تُحِبُّوْنَ ۚ وَمَا تُنْفِقُوْا مِنْ شَيْءٍ فَاِنَّ اللّٰهَ بِهٖ عَلِيْمٌ ﴿٩٢﴾

၉၃။ အသင်တို့သည် မိမိတို့ချစ်ခင်စုံမက်သောအရာများအနက်မှ စွန့်ကြဲသုံးစွဲမှုမပြုသေးသမျှ၊ ကောင်းမှုကို အလျှင်းရရှိနိုင်ကြမည်မဟုတ်ချေ။ အသင်တို့ မည်သည့်အရာကိုပင် သုံးစွဲသည်ဖြစ်စေ၊ အမှန်ပင် အလ္လာဟ်သည် ယင်းကို ကောင်းစွာသိရှိတော်မူ၏။

كُلُّ الطَّعَامِ كَانَ حِلًّا لِّبَنِيْٓ اِسْرَآءِيْلَ اِلَّا مَا حَرَّمَ اِسْرَآءِيْلُ عَلٰى نَفْسِهٖ مِنْ قَبْلِ اَنْ تُنَزَّلَ التَّوْرٰىةُ ۗ قُلْ فَاْتُوْا بِالتَّوْرٰىةِ فَاتْلُوْهَآ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٩٣﴾

၉၄။ 'တောင်ရတ်'ကျမ်းကိုမပို့ချမီ 'အစ္စရာအီလ်'ကိုယ်တိုင်က မိမိအတွက် 'ဟရာမ်'တားမြစ်မှုပြုခဲ့သောအရာမှတစ်ပါး အလုံးစုံသောစားဖွယ်တို့သည် 'အစ္စရာအီလ်'မျိုးနွယ်တို့အဖို့ 'ဟလာလ်' ခွင့်ပြုခဲ့ပြီးဖြစ်၏။ အသင်ပြောကြားပါလေ၊ အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် 'တောင်ရတ်'ကျမ်းကိုယူဆောင်၍ ဖတ်(ရွှကြည့်)ကြကုန်။

فَمَنِ افْتَرٰى عَلَى اللّٰهِ الْكَذِبَ مِنْۢ بَعْدِ ذٰلِكَ فَاُولٰٓئِكَ هُمُ الظّٰلِمُوْنَ ﴿٩٤﴾

၉၅။ သို့ဖြစ်၍ မည်သူမဆို ထိုသည့်နောက်တွင် အလ္လာဟ်အပေါ် မုသားလုပ်ကြံပြောဆိုပါမူ ဤသူတို့သည်ပင် အပြစ်ကျူးလွန်သူများဖြစ်ကြ၏။

قُلْ صَدَقَ اللّٰهُ ۗ فَاتَّبِعُوْا مِلَّةَ اِبْرٰهِيْمَ حَنِيْفًا ۭ وَمَا كَانَ مِنَ الْمُشْرِكِيْنَ ﴿٩٥﴾

၉၆။ အသင်ပြောကြားပါလေ၊ အလ္လာဟ်သည် အမှန်ကို မိန့်တော်မူပြီ။ ထို့ကြောင့် အလ္လာဟ်ဘက်သို့ အမြဲယိမ်းညွတ်သော 'အစ်ဗရာဟင်မ်'၏သာသနာကို လိုက်နာကျင့်ကြံကြကုန်။ သူသည် တစ်စုံတစ်ရာကို အလ္လာဟ်နှင့်တွဲဖက်ကိုးကွယ်သူ 'မူရရီက်'တို့အနက်မှ မဟုတ်ခဲ့ချေ။

اِنَّ اَوَّلَ بَيْتٍ وُّضِعَ لِلنَّاسِ لَلَّذِيْ بِبَكَّةَ مُبٰرَكًا وَّهُدًى لِّلْعٰلَمِيْنَ ﴿٩٦﴾

၉၇။ ကမ္ဘာစစ်၊ လူသားတို့၏(အကျိုးကျေးဇူး)အတွက် တည်ဆောက်ခဲ့သောပထမဦးဆုံးအိမ်တော်သည်ကား 'ဘက္ကာ'၌ရှိ၏။ (ယင်းသည်) တစ်လောကလုံးအတွက် ကောင်းချီးမင်္ဂလာနှင့် လမ်းညွှန်မှုအရင်းခံဖြစ်၏။ ①

فِيْهِ اٰيٰتٌۢ بَيِّنٰتٌ مَّقَامُ اِبْرٰهِيْمَ ۚ وَمَنْ دَخَلَهٗ كَانَ اٰمِنًا ۭ وَلِلّٰهِ عَلَى النَّاسِ حِجُّ الْبَيْتِ مَنِ اسْتَطَاعَ اِلَيْهِ سَبِيْلًا ۭ وَمَنْ كَفَرَ فَاِنَّ اللّٰهَ غَنِيٌّ عَنِ الْعٰلَمِيْنَ ﴿٩٧﴾

၉၈။ ယင်း၌ပေါ်လွင်ထင်ရှားသော သက်သေလက္ခဏာတော်များရှိ၏။ (ယင်းသည်)'အစ်ဗရာဟင်မ်'၏အဆင့်ဖြစ်၏။ မည်သူမဆို ယင်းသို့ဝင်ရောက်ခဲ့သော် ထိုသူသည် လုံခြုံဘေးကင်းမှုကိုရရှိသူ ဖြစ်သွားပေပြီ။ ထိုမှတစ်ပါး အကြင်သူသည် (အရှင်မြတ်၏)အိမ်တော်သို့ သွားရောက်နိုင်သော အခြေအနေရှိခဲ့လျှင်၊ ထို(အိမ်တော်)သို့သွားရောက် 'ဟာဂ်'ပြုရန်မှာ အလ္လာဟ်အား လူသားတို့ပြုအပ်သော တာဝန်ဖြစ်၏။ အကြင်သူသည် ငြင်းပယ်ခဲ့ပါမူ (သိမှတ်ရန်ကား) အမှန်ပင် အလ္လာဟ်

① ဤတွင် **اَوَّلَ بَيْتٍ** အစအဦးဆုံးသောအိမ်တော်ကို **وُضِعَ لِلنَّاسِ** (လူသားများအဖို့ပြုလုပ်ထား၏)ဟု မိန့်တော်မူထားပေသည်။ **وُضِعَ لِلّٰهِ** (အလ္လာဟ်အတွက်ပြုလုပ်ထား၏)ဟု မိန့်ထားတော်မမူပေ။ ဤတွင် လူသားသည် ဂုဏ်များမှထွက်၍ မြေပြန့်ပေါ်တွင် စတင်နေထိုင်ကြသောအခါ '*ကဘ်အ်ဘာ*'ကျောင်းတော်ကို ပထမဦးစွာတည်ဆောက်ခြင်းသည်ပင် ယင်းတို့အား ယဉ်ကျေးမှုနှင့် လူမှုဆက်ဆံရေးတို့ကို သင်ယူဆည်းပူးရန်နည်းလမ်း ဖြစ်စေခဲ့ခြင်းကိုရည်ညွှန်းထားသည်။ ထို့ကြောင့်ပင် ဤနေရာ၌ 'မက္ကာ'ဟု မိန့်ကြားတော်မမူဘဲ 'မက္ကာ'၏ရှေးအကျဆုံးအမည် 'ဘက္ကာ'ကို မိန့်ကြားဖော်ပြထားခြင်းဖြစ်ပေသည်။

သည် လောကအပေါင်းတို့မှ မှီခိုအားထား လိုလားတောင့်တခြင်းကင်းတော်မူ၏။

قُلْ يٰٓاَهْلَ الْكِتٰبِ لِمَ تَكْفُرُوْنَ بِاٰيٰتِ اللّٰهِ ۖ وَاللّٰهُ شَهِيْدٌ عَلٰى مَا تَعْمَلُوْنَ ۝٩٩

၉၉။ (သူတို့အား) ပြောကြားပါလေ၊ အို-ကျမ်းဂန်ရသူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်၏ 'အာယတ်' သက်သေလက္ခဏာတော်များကို အဘယ့်ကြောင့် ငြင်းပယ်ကြသနည်း။ အမှန်သော်ကား အလ္လာဟ်သည် အသင်တို့ပြုမူသည်တို့အပေါ် အသိသက်သေဖြစ်တော်မူ၏။

قُلْ يٰٓاَهْلَ الْكِتٰبِ لِمَ تَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ مَنْ اٰمَنَ تَبْغُوْنَهَا عِوَجًا وَّاَنْتُمْ شُهَدَآءُ ۗ وَمَا اللّٰهُ بِغَافِلٍ عَمَّا تَعْمَلُوْنَ ۝١٠٠

၁၀၀။ (ထို့ပြင်) ပြောကြားပါလေ၊ အို-ကျမ်းဂန်ရသူအပေါင်းတို့၊ အသင်တို့သည် အရှင်မြတ်၏(လမ်းတော်)တွင် ကွေ့ကောက်မှုကို ဖန်တီးလိုသောဆန္ဒဖြင့် သက်ဝင်ယုံကြည်သူတို့အား အဘယ့်ကြောင့် အလ္လာဟ်၏လမ်းတော်မှ တားမြစ်ကြသနည်း။ စင်စစ် အသင်တို့သည် (အကြောင်းရင်းမှန်အပေါ်) သက်သေများဖြစ်ကြ၏။ အလ္လာဟ်သည် အသင်တို့ပြုကျင့်သည်တို့ကို ဂရုမမူလျစ်လျူရှုထားတော်မူသည်မဟုတ်ချေ။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنْ تُطِيْعُوْا فَرِيْقًا مِّنَ الَّذِيْنَ اُوْتُوا الْكِتٰبَ يَرُدُّوْكُمْ بَعْدَ اِيْمَانِكُمْ كٰفِرِيْنَ ۝١٠١

၁၀၁။ အို-ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ကျမ်းဂန်ကိုပေးအပ်ခြင်းခံရသူတို့အနက် မည်သည့်အုပ်စုကိုမဆို လိုက်နာခြင်းပြုသော်၊ ၎င်းတို့သည် အသင်တို့အား သက်ဝင်ယုံကြည်သူများဖြစ်ပြီးနောက်မှ (တစ်ဖန်ပြန်၍) မယုံကြည်ငြင်းပယ်သူများဖြစ်အောင် ပြုလုပ်ကြပေလိမ့်မည်။

وَكَيْفَ تَكْفُرُوْنَ وَاَنْتُمْ تُتْلٰى عَلَيْكُمْ اٰيٰتُ اللّٰهِ وَفِيْكُمْ رَسُوْلُهٗ ۗ وَمَنْ يَّعْتَصِمْ بِاللّٰهِ فَقَدْ هُدِيَ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ۝١٠٢

၁၀၂။ အသင်တို့သည် အလ္လာဟ်၏မုဟ္မဒ်တော်များကို ရွတ်ဖတ်ပြခြင်းခံရ၏၊ ထို့ပြင် အသင်တို့တွင် အရှင်မြတ်၏ တမန်တော်သည်(ရှိနေ၏၊ သို့ပါလျက်) အသင်တို့သည် အသို့လျှင် မယုံကြည်ငြင်းပယ်နိုင်ကြအံ့နည်း။ အကြင်သူသည် အလ္လာဟ်အား ခိုင်မြဲစွာစွဲကိုင်ထားပါလျှင် အမှန်ပင် ထိုသူသည် ဖြောင့်မတ်မှန်ကန်သောလမ်းဘက်သို့ ညွှန်ပြခြင်းခံရပေသတည်း။

ရုကူး-၁၁

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ حَقَّ تُقٰتِهٖ وَلَا تَمُوْتُنَّ اِلَّا وَاَنْتُمْ مُّسْلِمُوْنَ ۝١٠٢

၁၀၃။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးထိုက်သည်နှင့်အညီ 'တက္ကဝါ' ကြောက်ရွံ့ရိုကျိုးခြင်းတရားကို ဆောက်တည်ကြကုန်။ ထို့ပြင် အသင်တို့သည် အပြည့်အဝ အမိန့်နာခံသူ 'မွတ်စလင်'အဖြစ်မှတစ်ပါး (အခြားအဖြစ်နှင့်) အလျင်းမသေဆုံးကြကုန်လင့်။ ۝

۝ بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ဟူသည် 'မသေဆုံးမီအလျင် မွတ်စလင်ဖြစ်ကြပါ'ဟု ဆိုလိုခြင်းမဟုတ်ပေ။ လူသားသည် သေခြင်းတရားကို စိုးပိုင်ခြင်းမရှိ၊ မည်သည့်အချိန်တွင် မိမိသေဆုံးရမည်ကို မသိချေ။ ထို့ကြောင့် ဘဝ၏ မည်သည့်အပိုင်းအခြား မည်သည့်အချိန်ကာလတွင်မျှ အစွန်လာမ်ကိုလက်မလွှတ်ထားကြလင့်၊ သို့ဖြင့် သေခြင်းတရား မည်သည့်အချိန်၌ပင် ဆိုက်ရောက်လာသည်ဖြစ်စေ ထိုအချိန်တွင် အစွန်လာမ်အဖြစ်ရှိနေစေရန် ဆိုလိုခြင်းဖြစ်ပေသည်။

وَاعْتَصِمُوْا بِحَبْلِ اللّٰهِ جَمِيْعًا وَّ لَا تَفَرَّقُوْا ۚ وَاذْكُرُوْا نِعْمَتَ اللّٰهِ عَلَيْكُمْ اِذْ كُنْتُمْ اَعْدَآءً فَاَلَّفَ بَيْنَ قُلُوْبِكُمْ فَاَصْبَحْتُمْ بِنِعْمَتِهٖۤ اِخْوَانًا ۚ وَكُنْتُمْ عَلٰى شَفَا حُفْرَةٍ مِّنَ النَّارِ فَاَنْقَذَكُمْ مِّنْهَا ؕ كَذٰلِكَ يُبَيِّنُ اللّٰهُ لَكُمْ اٰيٰتِهٖ لَعَلَّكُمْ تَهْتَدُوْنَ ۝

၁၀၃။ ထို့ပြင် အလ္လာဟ်၏ကြိုးတော်ကို အားလုံးအတူတကွ ခိုင်ခံ့မြဲမြံစွာစွဲကိုင်ထားကြကုန်၊ ကွဲပြားခြားနားခြင်းမပြုကြကုန်လင့်။ အသင်တို့အပေါ်ပြုတော်မူခဲ့သော အလ္လာဟ်၏ကျေးဇူးတော်ကို သတိရကြကုန်။ အကြင်အခါဝယ် အသင်တို့သည် တစ်ဦးနှင့်တစ်ဦး ရန်ဘက်များဖြစ်ခဲ့ကြ၏။ ထိုအရှင်မြတ်သည် အသင်တို့၏စိတ်နှလုံးများကို အချင်းချင်း ပေါင်းစည်းညီညွတ်စေတော်မူခဲ့၏။ သို့ဖြစ်ရာ အရှင်မြတ်၏ကျေးဇူးတော်ဖြင့် အသင်တို့သည် ညီအစ်ကိုများဖြစ်သွားခဲ့ကြ၏။ အမှန်ပင် အသင်တို့သည် မီးတွင်း၏နှုတ်ခမ်းဝတွင် (ရပ်လျက်)ရှိခဲ့ကြရာ၊ ထိုအရှင်မြတ်သည် အသင်တို့အား ယင်းမှ ကယ်တင်တော်မူခဲ့ပေသည်။ ဤကဲ့သို့ပင် အလ္လာဟ်သည် အသင်တို့အဖို့ မိမိ၏မူကျပါဌ်တော်များကို အသင်တို့ တရားလမ်းမှန်ကိုရရှိကြစိမ့်သောငှာ ရှင်းလင်းစွာဖော်ပြတော်မူ၏။

وَلْتَكُنْ مِّنْكُمْ اُمَّةٌ يَّدْعُوْنَ اِلَى الْخَيْرِ وَيَاْمُرُوْنَ بِالْمَعْرُوْفِ وَيَنْهَوْنَ عَنِ الْمُنْكَرِ ؕ وَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ۝

၁၀၄။ ထို့ပြင် အသင်တို့တွင် (ဤသို့သော)အဖွဲ့အစည်းတစ်ရပ်ရှိရပေမည်။ ယင်းတို့သည်(လူများအား)ကောင်းမှုဘက်သို့ဖိတ်ခေါ်နေရပေမည်၊ ကောင်းမြတ်သောအကြောင်းအရာများကို သင်ကြားပို့ချ၍ မကောင်းမှုများမှ တားမြစ်ရပေမည်။ စင်စစ် ဤသူများသည်ပင် အောင်မြင်မည့်သူများဖြစ်ကြ၏။

وَلَا تَكُوْنُوْا كَالَّذِيْنَ تَفَرَّقُوْا وَاخْتَلَفُوْا مِنْۢ بَعْدِ مَا جَآءَهُمُ الْبَيِّنٰتُ ؕ وَاُولٰٓئِكَ لَهُمْ عَذَابٌ عَظِيْمٌ ۝

၁၀၅။ မိမိတို့ထံ ပွင့်လင်းထင်ရှားသော သက်သေသာဓကများရောက်ရှိလာခဲ့ပြီးနောက်၊ တကွဲတပြားစီဖြစ်သွားကြပြီး ကွဲလွဲမှုပြုခဲ့ကြသောသူတို့ကဲ့သို့ မဖြစ်ကြကုန်လင့်။ ဤသူများသည်ပင် သူတို့အဖို့ ကြီးမားသော ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

يَّوْمَ تَبْيَضُّ وُجُوْهٌ وَّ تَسْوَدُّ وُجُوْهٌ ۚ فَاَمَّا الَّذِيْنَ اسْوَدَّتْ وُجُوْهُهُمْ ۫ اَكَفَرْتُمْ بَعْدَ اِيْمَانِكُمْ فَذُوْقُوا الْعَذَابَ بِمَا كُنْتُمْ تَكْفُرُوْنَ ۝

၁၀၆။ ထိုနေ့တော်ကြီးတွင် အချို့သော မျက်နှာများမှာ လင်းဝင်းလျက်ရှိမည်ဖြစ်ပြီး အချို့သောမျက်နှာများမှာ မည်းနက်လျက်ရှိနေကြလိမ့်မည်။ မျက်နှာမည်းနက်သွားကြသောသူတို့အား အသင်တို့သည် သက်ဝင်ယုံကြည်ပြီးမှ မယုံကြည်ခြင်းပယ်သူများဖြစ်ခဲ့ကြသည်မဟုတ်လော၊ သို့ဖြစ်၍ အသင်တို့မယုံကြည်ခြင်းပယ်လေ့ရှိခဲ့ခြင်း၏ပြစ်ဒဏ်ကို မြည်းစမ်းကြလော့(ဟု ပြောခြင်းခံရလိမ့်မည်)။

وَاَمَّا الَّذِيْنَ ابْيَضَّتْ وُجُوْهُهُمْ فَفِيْ رَحْمَةِ اللّٰهِ ؕ هُمْ فِيْهَا خٰلِدُوْنَ ۝

၁၀၇။ သို့သော် မျက်နှာလင်းဝင်းသူတို့နှင့်စပ်လျဉ်း၍မူ၊ သူတို့သည် အလ္လာဟ်၏ 'ရာဟ်မတ်'ကရုဏာတော်၌ ရှိကြပေလိမ့်မည်။ သူတို့သည် ယင်း(ကရုဏာတော်)၌အမြဲနေရမည့်သူများဖြစ်ကြ၏။

تِلْكَ اٰيٰتُ اللّٰهِ نَتْلُوْهَا عَلَيْكَ بِالْحَقِّ ؕ وَمَا اللّٰهُ يُرِيْدُ ظُلْمًا لِّلْعٰلَمِيْنَ ۝

၁၀၈။ ဤသည် အလ္လာဟ်၏မူကျပါဌ်တော်များတည်း။ ယင်းကို ငါတို့သည် အသင့်ရှေ့တွင် အမှန်တရားနှင့်တကွ ဖတ်ပြ

တော်မူ၏။ အမှန်သော်ကား အလ္လာဟ်သည်လောကအပေါင်း အပေါ် မည်သို့သောမတရားမှုကိုမျှ လိုလားတော်မမူချေ။

وَلِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ؕ وَاِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ۝١٠٩

၁၀၉။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသည်တို့ကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ အရေးကိစ္စအားလုံးတို့သည် အလ္လာဟ်၏ထံတော်သို့သာ ပြန်လှည့်ကြရပေမည်တည်း။

ရုကူး–၁၂

كُنْتُمْ خَيْرَ اُمَّةٍ اُخْرِجَتْ لِلنَّاسِ تَاْمُرُوْنَ بِالْمَعْرُوْفِ وَتَنْهَوْنَ عَنِ الْمُنْكَرِ وَتُؤْمِنُوْنَ بِاللّٰهِ ؕ وَلَوْ اٰمَنَ اَهْلُ الْكِتٰبِ لَكَانَ خَيْرًا لَّهُمْ ؕ مِنْهُمُ الْمُؤْمِنُوْنَ وَاَكْثَرُهُمُ الْفٰسِقُوْنَ ۝١١٠

၁၁၀။ အသင်တို့သည် လူသားအားလုံး၏အကျိုးအတွက် ထွက်ပေါ်စေခဲ့သည့် အကောင်းမြတ်ဆုံးသော 'အွမ္မတ်' အုပ်စုဝင်များဖြစ်ကြ၏။ အသင်တို့သည် ကောင်းမှုကို ညွှန်ကြားကြကာ မကောင်းမှုကိုတားမြစ်ကြ၏၊ ထို့ပြင် အလ္လာဟ်အားသက်ဝင်ယုံကြည်ကြ၏။ အကယ်၍ ကျမ်းဂန်ရရှိသူတို့သည်လည်း သက်ဝင်ယုံကြည်ကြလျှင် ဤသည် သူတို့အဖို့ လွန်စွာကောင်းမြတ်ပေမည်။ သူတို့တွင် သက်ဝင်ယုံကြည်သူများလည်းရှိကြ၏၊ သို့သော် ယင်းတို့အနက်အများစုမှာ မနာခံပုန်ကန်သူများဖြစ်ကြပေသည်။

لَنْ يَّضُرُّوْكُمْ اِلَّاۤ اَذًى ؕ وَاِنْ يُّقَاتِلُوْكُمْ يُوَلُّوْكُمُ الْاَدْبَارَ ۫ ثُمَّ لَا يُنْصَرُوْنَ ۝١١١

၁၁၁။ သူတို့သည် အသင်တို့အား သာမန်မျှသောဒုက္ခမှတစ်ပါး မည်သည့်ဆုံးရှုံးနစ်နာမှုကိုမျှ အလျှင်းသက်ရောက်စေနိုင်ကြမည် မဟုတ်ချေ။ အကယ်၍ သူတို့သည် အသင်တို့နှင့် တိုက်ခိုက်ကြလျှင် အမှန်ပင် အသင်တို့ကို ကျောခိုင်း၍ သွားကြပေလိမ့်မည်။ ထို့နောက် သူတို့သည် အကူအညီပေးခြင်းကို ခံကြရမည်မဟုတ်ချေ။

ضُرِبَتْ عَلَيْهِمُ الذِّلَّةُ اَيْنَ مَا ثُقِفُوْۤا اِلَّا بِحَبْلٍ مِّنَ اللّٰهِ وَحَبْلٍ مِّنَ النَّاسِ وَبَآءُوْ بِغَضَبٍ مِّنَ اللّٰهِ وَضُرِبَتْ عَلَيْهِمُ الْمَسْكَنَةُ ؕ ذٰلِكَ بِاَنَّهُمْ كَانُوْا يَكْفُرُوْنَ بِاٰيٰتِ اللّٰهِ وَيَقْتُلُوْنَ الْاَنْۢبِيَآءَ بِغَيْرِ حَقٍّ ؕ ذٰلِكَ بِمَا عَصَوْا وَّكَانُوْا يَعْتَدُوْنَ ۝١١٢

၁၁၂။ အလ္လာဟ်နှင့်ပြုထားသောပဋိညာဉ်နှင့် လူတို့နှင့်ပြုထားသောပဋိညာဉ်(တစ်ခု၏ကာကွယ်မှု)တွင်ရှိသူမှအပ ယင်းသူတို့သည် မည်သည့်နေရာ၌ပင်ရှိနေသည်ဖြစ်စေ၊ သူတို့အပေါ် ဂုဏ်သရေမဲ့မှု(၏ဒဏ်)ကို ကျရောက်စေခဲ့ပြီးဖြစ်၏။ ထို့ပြင် သူတို့သည် အလ္လာဟ်၏အမျက်တော်ရှခြင်းနှင့်အတူ ပြန်လှည့်ခဲ့ကြ၏။ ထို့ပြင် သူတို့အပေါ် မစွမ်းဆောင်နိုင်မှု(၏ဒဏ်)ကို ကျရောက်စေခဲ့၏။ ဤသို့ဖြစ်ရခြင်းမှာ သူတို့သည် အလ္လာဟ်၏နိမိတ်လက္ခဏာတော်များကို ငြင်းပယ်လေ့ရှိခဲ့ကြ၏။ ထို့ပြင် သူတို့သည် တမန်တော်များကို မတရားသဖြင့် ပြင်းထန်စွာဆန့်ကျင်ခဲ့ကြ၏။ ② ဤသို့ဖြစ်ရခြင်းအကြောင်းကား သူတို့သည် မနာခံဖီဆန်ခဲ့ကြလျက် စည်းဘောင်ကို ဖောက်ဖျက်ကျူးလွန်လေ့ရှိခဲ့ကြသောကြောင့်ဖြစ်၏။

لَيْسُوْا سَوَآءً ؕ مِنْ اَهْلِ الْكِتٰبِ اُمَّةٌ

၁၁၄။ ယင်းတို့အားလုံးသည် တူညီကြသည်မဟုတ်။ ကျမ်းဂန်ရသူတို့အနက် အုပ်စုတစ်စုသည် (မိမိတို့၏လမ်းစဉ်ပေါ်

② **قتل** ၏အဓိပ္ပာယ်မှာ ပြင်းထန်စွာဆန့်ကျင်ခြင်းနှင့် ဝိုင်းပယ်ထားခြင်းဟူ၍လည်း ရရှိပေသည်။ (လီဆာနွလ်အာရဗ် အဘိဓာန်)

قَآىِٕمَةٌ يَّتْلُوْنَ اٰيٰتِ اللّٰهِ اٰنَآءَ الَّيْلِ وَهُمْ يَسْجُدُوْنَ ﴿۱۱۳﴾

တွင်) ရပ်တည်ကြ၏။ သူတို့သည် ညဦးအချိန်များတွင် အလ္လာဟ်၏ 'အာယတ်' မုက္ခပါဠိတော်များကို ရွတ်ဖတ် သရဇ္ဈာယ်ကြ၏။ ထို့ပြင် သူတို့သည် 'စဂ်ဒါဟ်'ပြု ညွတ်တွား ဦးချလျက်ရှိနေကြ၏။

يُؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَيَاْمُرُوْنَ بِالْمَعْرُوْفِ وَيَنْهَوْنَ عَنِ الْمُنْكَرِ وَيُسَارِعُوْنَ فِى الْخَيْرٰتِ ؕ وَاُولٰٓئِكَ مِنَ الصّٰلِحِيْنَ ﴿۱۱۴﴾

၁၁၅။ ဤသူတို့သည် အလ္လာဟ်အားလည်းကောင်း၊ နောက်ဆုံးနေ့တော်ကြီးကိုလည်းကောင်း ယုံကြည်ကြ၏၊ ထို့ပြင် ကောင်းမှုများကိုဆင့်ဆိုပြီး၊ မကောင်းမှုများမှ တားမြစ်ကြ၏။ ဤတွင်မက ကောင်းမှုများတွင် တစ်ဦးထက်တစ်ဦး သာလွန်အောင် ကြိုးပမ်းကြ၏။ ဤသူများသည်ပင် 'ဆွာလေဟီန်' သူတော်စင်များတွင် ပါဝင်ကြ၏။

وَمَا يَفْعَلُوْا مِنْ خَيْرٍ فَلَنْ يُّكْفَرُوْهُ ؕ وَاللّٰهُ عَلِيْمٌۢ بِالْمُتَّقِيْنَ ﴿۱۱۵﴾

၁၁၆။ ထို့ပြင် သူတို့သည် မည်သည့်ကောင်းမှုကိုမဆို ပြုလုပ်သည်ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ သူတို့သည် အရေးမထား အသိအမှတ်မပြုသော ဆက်ဆံပြုမူခြင်းကို အလျှင်းခံရမည် မဟုတ်ချေ။ အမှန်ပင် အလ္လာဟ်သည် 'မွတ္တကီ' ကောင်းမှုပြု သူတို့ကို ကောင်းစွာသိရှိတော်မူ၏။

اِنَّ الَّذِيْنَ كَفَرُوْا لَنْ تُغْنِىَ عَنْهُمْ اَمْوَالُهُمْ وَلَآ اَوْلَادُهُمْ مِّنَ اللّٰهِ شَيْـًٔا ؕ وَاُولٰٓئِكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ﴿۱۱۶﴾

၁၁၇။ ဧကန်အမှန် အကြင်သူတို့သည် မယုံကြည်ငြင်းပယ်ကြ၏၊ သူတို့၏ဥစ္စာပစ္စည်းများသည်လည်းကောင်း၊ သူတို့၏ သားသမီးများသည်လည်းကောင်း၊ သူတို့အား အလ္လာဟ်၏ထံတော်မှကယ်တင်ရာတွင် မည်သို့မျှ အသုံးဝင်လိမ့်မည် မဟုတ်ချေ။ ဤသူတို့သည်ပင် ငရဲသားများဖြစ်ကြ၏၊ သူတို့သည် ယင်း(ငရဲ)၌ ကာလရှည်ကြာစွာနေရမည့်သူများဖြစ်ကြ၏။

مَثَلُ مَا يُنْفِقُوْنَ فِىْ هٰذِهِ الْحَيٰوةِ الدُّنْيَا كَمَثَلِ رِيْحٍ فِيْهَا صِرٌّ اَصَابَتْ حَرْثَ قَوْمٍ ظَلَمُوْٓا اَنْفُسَهُمْ فَاَهْلَكَتْهُ ؕ وَمَا ظَلَمَهُمُ اللّٰهُ وَلٰكِنْ اَنْفُسَهُمْ يَظْلِمُوْنَ ﴿۱۱۷﴾

၁၁၈။ ဤလောကီဘဝအတွက် သူတို့မည်သည်ကိုပင် သုံးစွဲသည်ဖြစ်စေ၊ ယင်း၏ဥပမာမှာ အလွန်ပြင်းထန်သော အအေးဓာတ်ပါရှိသည့်လေနှင့်တူ၏၊ ယင်း(လေ)သည် မိမိတို့၏ အသက်ဝိညာဉ်များအပေါ် နှိပ်စက်ညှဉ်းပန်းသူတို့၏ လယ်ယာများအပေါ် (ဘေးဒုက္ခအဖြစ်) ဝင်ရောက်လာ၍ ယင်းကို ဖျက်ဆီးပစ်လိုက်၏။ စင်စစ် အလ္လာဟ်သည် သူတို့အား နှိပ်စက် ညှဉ်းပန်းတော်မူသည်မဟုတ်ချေ၊ သူတို့ကိုယ်တိုင်ပင် မိမိတို့၏ အသက်ဝိညာဉ်များအပေါ် နှိပ်စက်ညှဉ်းပန်းကြပေသည်။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوْا بِطَانَةً مِّنْ دُوْنِكُمْ لَا يَاْلُوْنَكُمْ خَبَالًا ؕ وَدُّوْا مَا عَنِتُّمْ ۚ قَدْ بَدَتِ الْبَغْضَآءُ مِنْ اَفْوَاهِهِمْ ۖ وَمَا تُخْفِىْ صُدُوْرُهُمْ اَكْبَرُ ؕ

၁၁၉။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ မိမိတို့၏လူများကိုစွန့်၍ အခြားသူတို့ကို ရင်းနှီးသောမိတ်ဆွေမပြုကြကုန်လင့်။ ထိုသူတို့သည် အသင်တို့အား မကောင်းမှုပြုရာတွင် မည်သို့မျှ လျော့နည်းစေသည်မဟုတ်ချေ။ သူတို့သည် အသင်တို့ ဒုက္ခအခက်အခဲဖြစ်ရန်ကို လိုလားနှစ်သက်ကြ၏။ စင်စစ် ဧကန် မုန်းတီးအာဃာတထားခြင်းသည် သူတို့၏နှုတ်များမှ

قَدْ بَيَّنَّا لَكُمُ الْاٰيٰتِ اِنْ كُنْتُمْ تَعْقِلُوْنَ ﴿۱۱۸﴾

ပေါ်လွင်ထင်ရှားခဲ့ပြီးဖြစ်၏။ ထို့ပြင် သူတို့၏စိတ်နှလုံးတွင် ဖုံးကွယ်ထားသည်တို့က ထို့ထက်ပင် ကြီးမားလှ၏။ အကယ်၍ အသင်တို့အသိဉာဏ်ရှိကြလျှင် အမှန်ပင် ငါတို့သည် အသင်တို့အဖို့ 'အာယတ်' မုဂ္ဂပါဠိတော်များကို ပေါ်လွင်ထင်ရှားစွာ ဖော်ပြတော်မူခဲ့ပြီးဖြစ်၏။

هٰاَنْتُمْ اُولَآءِ تُحِبُّوْنَهُمْ وَلَا يُحِبُّوْنَكُمْ وَتُؤْمِنُوْنَ بِالْكِتٰبِ كُلِّهٖ ۚ وَاِذَا لَقُوْكُمْ قَالُوْٓا اٰمَنَّا ۖۚ وَاِذَا خَلَوْا عَضُّوْا عَلَيْكُمُ الْاَنَامِلَ مِنَ الْغَيْظِ ۭ قُلْ مُوْتُوْا بِغَيْظِكُمْ ۭ اِنَّ اللّٰهَ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿۱۱۹﴾

၁၂၀။ အသင်တို့၏ဖြစ်အင်ကား အံ့ဩဖွယ်ရာပင်။ အသင်တို့က သူတို့ကိုချစ်ခင်ကြ၏။ သို့ရာတွင် သူတို့မူကား အသင်တို့ကို မချစ်ခင်ကြချေ။ အသင်တို့သည် ကျမ်းစာတစ်အုပ်လုံးကိုယုံကြည်ကြ၏။ သူတို့သည် အသင်တို့နှင့်တွေ့ဆုံကြသောအခါ ကျွန်ုပ်တို့သည် သက်ဝင်ယုံကြည်ကြပါသည်ဟု ဆိုကြ၏။ ထို့နောက် သူတို့သည် တသီးတခြားဖြစ်သွားသောအခါတွင် အသင်တို့နှင့်ဆန့်ကျင်လျက် ဒေါသဖြင့် မိမိတို့၏ လက်ချောင်းအဆစ်များကို ကိုက်ခဲကြ၏။ အသင်ပြောကြားပါလေ၊ မိမိတို့၏ဒေါသနှင့်ပင် သေကြလေကုန်။ ဧကန်မုချ အလ္လာဟ်သည် ရင်များအတွင်း၌ရှိသည်တို့ကို ကောင်းစွာသိရှိတော်မူ၏။

اِنْ تَمْسَسْكُمْ حَسَنَةٌ تَسُؤْهُمْ ۡ وَاِنْ تُصِبْكُمْ سَيِّئَةٌ يَّفْرَحُوْا بِهَا ۭ وَاِنْ تَصْبِرُوْا وَتَتَّقُوْا لَا يَضُرُّكُمْ كَيْدُهُمْ شَيْـــًٔا ۭ اِنَّ اللّٰهَ بِمَا يَعْمَلُوْنَ مُحِيْطٌ ﴿۱۲۰﴾ ۧ

၁၂၀။ အသင်တို့အပေါ် ကောင်းကျိုးတစ်စုံတစ်ရာ သက်ရောက်လေသော် သူတို့မနှစ်မြို့ကြချေ။ အသင်တို့ထံ ဘေးဒုက္ခတစ်စုံတစ်ရာ သက်ရောက်သည်ရှိသော် ယင်းကို ဝမ်းမြောက်ကြ၏။ စင်စစ် အသင်တို့သည် သည်းခံမြဲမြံကြကာ 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်ကြံကြပါမူ သူတို့၏ကြံစည်မှုသည် အသင်တို့အား မည်သို့သော ဆုံးရှုံးမှုကိုမျှ သက်ရောက်စေနိုင်မည်မဟုတ်ချေ။ မုချဧကန် အလ္လာဟ်သည် သူတို့ပြုလုပ်သည်တို့ကို ဝန်းရံထားတော်မူသတည်း။

ရုကူး-၁၃

وَاِذْ غَدَوْتَ مِنْ اَهْلِكَ تُبَوِّئُ الْمُؤْمِنِيْنَ مَقَاعِدَ لِلْقِتَالِ ۭ وَاللّٰهُ سَمِيْعٌ عَلِيْمٌ ﴿۱۲۱﴾

၁၂၁။ အကြင်အခါဝယ်အသင်သည် သက်ဝင်ယုံကြည်သူတို့အား (သူတို့)တိုက်ပွဲဝင်မည့်နေရာများတွင် နေရာချထားပေးရန် အလို့ငှာ မိမိအိမ်သူအိမ်သားများထံမှ နံနက်စောစော ထွက်ခွာခဲ့သည်(ကိုသတိရပါလေ)။ အမှန်ပင် အလ္လာဟ်သည် အလွန်ကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသော အရှင် ဖြစ်တော်မူ၏။

اِذْ هَمَّتْ طَّاۗىِٕفَتٰنِ مِنْكُمْ اَنْ تَفْشَلَا ۙ وَاللّٰهُ وَلِيُّهُمَا ۭ وَعَلَى اللّٰهِ فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ ﴿۱۲۲﴾

၁၂၂။ အကြင်အခါဝယ် အသင်တို့အနက် အုပ်စုနှစ်စုသည် သူရဲဘောကြောင်မှုကိုပြုရန် ကြံရွယ်ခဲ့ကြ၏။ အမှန်မှာ အလ္လာဟ်သည် အုပ်စုနှစ်စုလုံး၏ စောင့်ရှောက်သူ အဆွေခင်ပွန်းဖြစ်တော်မူခဲ့၏။ စင်စစ် သက်ဝင်ယုံကြည်သူတို့သည် အလ္လာဟ်အားသာလျှင် ယုံပုံအားကိုးမှုပြုကြရာ၏။

وَلَقَدْ نَصَرَكُمُ اللّٰهُ بِبَدْرٍ وَّاَنْتُمْ اَذِلَّةٌ ۚ فَاتَّقُوا اللّٰهَ لَعَلَّكُمْ تَشْكُرُوْنَ ﴿۱۲۳﴾

၁၂၃။ 'ဘဒါရ်'စစ်ပွဲတွင် အသင်တို့ အင်အားချည့်နဲ့နေစဉ် အလ္လာဟ်သည် အသင်တို့အား အမှန်ပင်ကူညီတော်မူခဲ့၏။ သို့ဖြစ်ရာ အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ' တရားကို ကျင့်ကြံအားထုတ်ကြကုန်။ သို့မှသာ အသင်တို့သည် ကျေးဇူးတော်ကိုသိတတ်ကြရာ၏။

اِذْ تَقُوْلُ لِلْمُؤْمِنِيْنَ اَلَنْ يَّكْفِيَكُمْ اَنْ يُّمِدَّكُمْ رَبُّكُمْ بِثَلٰثَةِ اٰلٰفٍ مِّنَ الْمَلٰٓئِكَةِ مُنْزَلِيْنَ ﴿۱۲۴﴾

၁၂၄။ အကြင်အခါဝယ် အသင်သည် သက်ဝင်ယုံကြည်သူတို့အား အသင်တို့၏ ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အသင်တို့အား ကူညီရန်ပို့ချခြင်းခံကြရသော ကောင်းကင်တမန် အပါးသုံးထောင်သည် အသင်တို့အတွက် မလုံလောက်ပေသလောဟု ပြောဆိုလျက်ရှိနေခဲ့၏။

بَلٰٓى ۙ اِنْ تَصْبِرُوْا وَتَتَّقُوْا وَيَاْتُوْكُمْ مِّنْ فَوْرِهِمْ هٰذَا يُمْدِدْكُمْ رَبُّكُمْ بِخَمْسَةِ اٰلٰفٍ مِّنَ الْمَلٰٓئِكَةِ مُسَوِّمِيْنَ ﴿۱۲۵﴾

၁၂၅။ အဘယ့်ကြောင့် မလုံလောက်ရမည်နည်း။ အကယ်၍ အသင်တို့သည် သည်းခံမြဲမြံကြပြီး ဖြူစင်ဖြောင့်မတ်ခြင်း 'တက္ကဝါ'တရားကို ကျင့်သုံးဆောက်တည်ကြလျှင်၊ ယင်းသူတို့သည် ပြင်းပြစိတ်၌(ပေါက်ကွဲလျက်) အသင်တို့အား လျှပ်တစ်ပြက်တစ်ဟုန်ထိုးတိုက်ခိုက်ခဲ့လျှင်လည်း အသင်တို့၏ ဖန်ဆင်းမွေးမြူရှင်သည် ပြစ်ဒဏ်ခတ်မည့် ကောင်းကင်တမန် အပါးငါးထောင်ဖြင့် အသင်တို့အား ကူညီတော်မူပေအံ့။

وَمَا جَعَلَهُ اللّٰهُ اِلَّا بُشْرٰى لَكُمْ وَلِتَطْمَئِنَّ قُلُوْبُكُمْ بِهٖ ۚ وَمَا النَّصْرُ اِلَّا مِنْ عِنْدِ اللّٰهِ الْعَزِيْزِ الْحَكِيْمِ ﴿۱۲۶﴾

၁၂၆။ အလ္လာဟ်သည် အသင်တို့အား သတင်းကောင်းပေးရန်အတွက်သာ ယင်း(ကတိတော်)ကို ပြုတော်မူခြင်းဖြစ်၏၊ သို့ဖြင့် အသင်တို့၏စိတ်နှလုံးသည် ယင်းအားဖြင့် တည်ငြိမ်အေးချမ်းမှုရရှိစေရန်ဖြစ်၏။ (စင်စစ်သော်ကား) အကူအညီဟူသည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသော အလ္လာဟ်၏ထံတော်မှသာရရှိပေသည်။

لِيَقْطَعَ طَرَفًا مِّنَ الَّذِيْنَ كَفَرُوْٓا اَوْ يَكْبِتَهُمْ فَيَنْقَلِبُوْا خَآئِبِيْنَ ﴿۱۲۷﴾

၁၂၇။ သို့ဖြင့် အရှင်မြတ်သည် မယုံကြည်ငြင်းပယ်သူတို့အနက်မှ အစိတ်အပိုင်းတစ်ရပ်ကို ဖြတ်တောက်ပစ်ရန်အတွက်ဖြစ်၏။ သို့တည်းမဟုတ် ယင်းတို့အား အလွန်တရာဂုဏ်သရေသေးသိမ်စေရန်အတွက်ဖြစ်၏။ သို့ဖြင့် သူတို့သည် အထမမြောက် မအောင်မြင်ဘဲ ပြန်လှည့်ကြရန်ဖြစ်၏။

لَيْسَ لَكَ مِنَ الْاَمْرِ شَيْءٌ اَوْ يَتُوْبَ عَلَيْهِمْ اَوْ يُعَذِّبَهُمْ فَاِنَّهُمْ ظٰلِمُوْنَ ﴿۱۲۸﴾

၁၂၈။ အရှင်မြတ်သည် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကိုလက်ခံတော်မူလျက် သူတို့ဘက်သို့ ယိမ်းညွတ်တော်မူသည်ဖြစ်စေ၊ သို့မဟုတ် ယင်းတို့အား ပြစ်ဒဏ်ပေးတော်မူသည်ဖြစ်စေ အသင်၌ (စွက်ဖက်ရန်)အခွင့် အလျှင်းမရှိချေ။ ထိုသူတို့သည်ကား မည်သို့ပင်ဆိုစေ အပြစ်ကျူးလွန်သူများဖြစ်ကြ၏။

وَلِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ۭ

၁၃၀။ မိုးကောင်းကင်များတွင်ရှိသည်တို့ကိုလည်းကောင်း၊

يَغْفِرُ لِمَنْ يَّشَآءُ وَيُعَذِّبُ مَنْ يَّشَآءُ ؕ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿۱۲۹﴾

ကမ္ဘာမြေတွင်ရှိသည်တို့ကိုလည်းကောင်း အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ အရှင်မြတ်သည် အလိုရှိတော်မူသောသူအား ခွင့်လွှတ်တော်မူ၏၊ (အပြစ်ပေးရန်) အလိုရှိသူအား ပြစ်ဒဏ် ပေးတော်မူ၏။ စင်စစ် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော် မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရုကူ--၁၄

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَاْكُلُوا الرِّبٰوٓا اَضْعَافًا مُّضٰعَفَةً ۪ وَّاتَّقُوا اللّٰهَ لَعَلَّكُمْ تُفْلِحُوْنَ ﴿۱۳۰﴾

၁၃၀။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ထပ်ဆင့်အတိုး ကိုမစားကြကုန်လင့်။ ထို့ပြင် အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုး ခြင်း 'တက္ကဝါ'တရားကို ကျင့်သုံးဆောက်တည်ကြကုန်၊ သို့ဖြင့် အသင်တို့အောင်မြင်ကြရာ၏။

وَاتَّقُوا النَّارَ الَّتِيْٓ اُعِدَّتْ لِلْكٰفِرِيْنَ ﴿۱۳۱﴾

၁၃၁။ ထို့ပြင် မယုံကြည်ငြင်းပယ်သူ 'ကာဖိရ်'တို့အတွက် စီမံထားသော ထို(ဝေ)မီးကိုကြောက်ရွံ့ကြကုန်။

وَاَطِيْعُوا اللّٰهَ وَالرَّسُوْلَ لَعَلَّكُمْ تُرْحَمُوْنَ ﴿۱۳۲﴾

၁၃၂။ ထို့ပြင် အလ္လာဟ်နှင့် တမန်တော်ကိုနာခံကြကုန်၊ သို့မှသာ အသင်တို့သည် ကရုဏာတော်သက်ခြင်းကိုခံကြရပေအံ့။

وَسَارِعُوْٓا اِلٰى مَغْفِرَةٍ مِّنْ رَّبِّكُمْ وَجَنَّةٍ عَرْضُهَا السَّمٰوٰتُ وَالْاَرْضُ ۙ اُعِدَّتْ لِلْمُتَّقِيْنَ ﴿۱۳۳﴾

၁၃၃။ ထို့မှတစ်ပါး မိမိတို့ဖန်ဆင်းမွေးမြူရှင်၏ ခွင့်လွှတ်တော် မူခြင်းနှင့် 'ဂျန္နတ်' ဥယျာဉ်တော်ဘက်သို့ ပြေးလွှားကြကုန်။ ယင်း(ဂျန္နတ်)၏ အကျယ်အဝန်းကား မိုးကောင်းကင်များနှင့် ကမ္ဘာမြေပြင်ကို လွှမ်းခြုံလျက်ရှိ၏။ ယင်းကို အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးသူ 'မွတ္တကီ'တို့အတွက် စီမံထားရှိပြီးဖြစ်၏။ ①

الَّذِيْنَ يُنْفِقُوْنَ فِي السَّرَّآءِ وَالضَّرَّآءِ وَالْكٰظِمِيْنَ الْغَيْظَ وَالْعَافِيْنَ عَنِ النَّاسِ ؕ وَاللّٰهُ يُحِبُّ الْمُحْسِنِيْنَ ﴿۱۳۴﴾

၁၃၄။ ထိုသူတို့သည် ချောင်လည်သည့်အခါတွင်လည်းကောင်း၊ ကျပ်တည်းသည့်အခါတွင်လည်းကောင်း လှူဒါန်းသုံးစွဲကြ၏။ ထို့ပြင် ဒေါသကိုဖိနှိပ်ချုပ်တည်းသူများ၊ လူတို့ကို အပြစ်မမြင်သူများဖြစ်ကြ၏။ အမှန်ပင် အလ္လာဟ်သည် ကောင်းမှုပြုသူတို့ကို ချစ်ခင်မြတ်နိုးတော်မူ၏။

وَالَّذِيْنَ اِذَا فَعَلُوْا فَاحِشَةً اَوْ ظَلَمُوْٓا

၁၃၅။ ထို့ပြင် ထိုသူတို့သည် အကယ်၍ အရှက်မဲ့မှု တစ်စုံ တစ်ရာကို ကျူးလွန်မိကြသည်ဖြစ်စေ၊ သို့မဟုတ် မိမိတို့၏

① ဤအာယတ်တော်အားဖြင့် '*ဂျန္နတ်*'ဟူသည် ကောင်းကင်ထက်၌ရှိသော သီးခြားနေရာတစ်ခုမဟုတ်ကြောင်းကို သိရှိရပေသည်။ အကြောင်းမူ ဤအာယတ်တော်တွင် ကမ္ဘာမြေကြီးနှင့်မိုးကောင်းကင်အကျယ်အဝန်းနှင့်အမျှ '*ဂျန္နတ်*' သည်လည်းရှိကြောင်း မိန့်ဆိုထားခြင်းကြောင့်ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် ဤအာယတ်တော်ကို သာဝကကြီးများရှေ့တွင်ဖတ်ကြားပြသောအခါ သာဝကကြီးတစ်ဦးက အို-အလ္လာဟ်အရှင်မြတ်၏တမန်တော်၊ အကယ်၍ ကမ္ဘာမြေနှင့်မိုးကောင်းကင်တို့တွင် '*ဂျန္နတ်*'သည် လွှမ်းခြုံလျက်ရှိနေပါလျှင် '*ဂျဟန္နမ်*'ငရဲသည် အဘယ်မှာရှိပါသနည်းဟု မေးလျှောက်လေ၏။ တမန်တော်မြတ် ﷺ က "အလ္လာဟ်သည် သန့်ရှင်းမြင့်မြတ်တော်မူပါ၏။ 'နေ့'အချိန်ရောက်ရှိလာသောအခါ 'ညဉ့်'အဘယ်မှာရှိပါသနည်း။ ဆိုလိုသည်မှာ '*ဂျဟန္နမ်*'သည်လည်း ယင်းနှင့်ပင်ရှိပေသည်။ သို့သော် ယင်းကို အသင်တို့ သိရှိနားလည်ခြင်းမရှိကြ"ဟု မိန့်ကြားရှင်းပြခဲ့ပေသည်။ (မွတ်စ်နဒ်အဟ်မဒ် ဘင် ဟမ်ဘလ်ကျမ်း၊ မာစ်နာဒူလ်မကီယီးန်၊ ဟဒီးစ်အမှတ်စဉ် ၁၅၁၀၀ နှင့် တာဖ်ဆီရ် အလ်ရာဇီကျမ်း၊ ဖော်ပြပါအာယတ်တော်၏ အောက်ခြေရှင်းလင်းချက်များ) သို့ဖြစ်ရာ '*ဂျန္နတ်*'နှင့် '*ဂျဟန္နမ်*'တို့သည် တသီးတခြားစီရှိကြသည်ဟူသောအမြင်မှာ မှားယွင်းပေသည်။ စကြဝဠာတစ်ခုတည်း၌ '*ဂျန္နတ်*'ဥယျာဉ်တော်သားများလည်းရှိနေကြသလို၊ '*ဂျဟန္နမ်*'ငရဲသားများလည်း ရှိနေကြပေသည်။

اَنْفُسَهُمْ ذَكَرُوا اللّٰهَ فَاسْتَغْفَرُوْا لِذُنُوْبِهِمْ ۫ وَمَنْ يَّغْفِرُ الذُّنُوْبَ اِلَّا اللّٰهُ ۫ وَلَمْ يُصِرُّوْا عَلٰى مَا فَعَلُوْا وَهُمْ يَعْلَمُوْنَ ﴿۱۳۵﴾

အသက်ဝိညာဉ်များအပေါ် (တစ်စုံတစ်ရာ) မတရားပြုမိကြသည်ဖြစ်စေ၊ သူတို့သည် အလ္လာဟ်အား (လွန်စွာ) 'ဇိကီရ်' သတိရတသခြင်းပြုကြပြီး မိမိတို့၏အပြစ်များအတွက် ခွင့်လွှတ်ခြင်းကို အသနားခံ၍တောင်းခံကြ၏။ စင်စစ် အလ္လာဟ်မှတစ်ပါး အဘယ်သူသည် အပြစ်ကိုခွင့်လွှတ်နိုင်ပါအံ့နည်း။ ထို့ပြင် သူတို့သည် မိမိတို့ပြုလုပ်ခဲ့သည်များအပေါ် သိလျက်နှင့် ခေါင်းမာခြင်းမပြုကြချေ။

اُولٰٓئِكَ جَزَآؤُهُمْ مَّغْفِرَةٌ مِّنْ رَّبِّهِمْ وَجَنّٰتٌ تَجْرِىْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ۭ وَنِعْمَ اَجْرُ الْعٰمِلِيْنَ ﴿۱۳۶﴾

၁၃၇။ ဤသူတို့ပင်၊ သူတို့၏အကျိုးဆုလာဘ်ကား သူတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ခွင့်လွှတ်တော်မူခြင်းနှင့် အခြေတွင် စမ်းချောင်းအသွယ်သွယ်စီးဆင်းလျက်ရှိသော 'ဂျန္နတ်' ဥယျာဉ်တော်များဖြစ်၏။ ဤသူတို့သည် ယင်း၌ အစဉ်ထာဝရ နေရမည့် သူများဖြစ်ကြ၏။ ကျင့်ကြံအားထုတ်သူတို့အဖို့ အဘယ်မျှကောင်းမြတ်သော အကျိုးဆုလာဘ်ရှိဘိသနည်း။

قَدْ خَلَتْ مِنْ قَبْلِكُمْ سُنَنٌ ۡ فَسِيْرُوْا فِى الْاَرْضِ فَانْظُرُوْا كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِيْنَ ﴿۱۳۷﴾

၁၃၈။ ဧကန်ပင် အသင်တို့အလျင် များစွာသော ကျင့်စဉ်ကျင့်ရပ်များသည် လွန်လေခဲ့ပြီဖြစ်၏။ သို့ဖြစ်ရာ မဟုတ်မမှန်ဟုစွပ်စွဲကြသောသူတို့၏ရလဒ် မည်သို့ဖြစ်ခဲ့သည်ကို ကမ္ဘာမြေတွင် လှည့်လည်၍ကြည့်ရှုကြလေကုန်။

هٰذَا بَيَانٌ لِّلنَّاسِ وَهُدًى وَّمَوْعِظَةٌ لِّلْمُتَّقِيْنَ ﴿۱۳۸﴾

၁၃၉။ ဤသည် လူသားတို့အဖို့ (အတုအယောင်နှင့် အစစ်အမှန်ကိုခွဲခြားပေးသော)ဖော်ပြချက်တစ်ရပ်ဖြစ်၏။ ထို့ပြင် 'မွတ္တကီ' အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးသူတို့အတွက် လမ်းညွှန်မှုနှင့်အဆုံးအမဖြစ်၏။

وَلَا تَهِنُوْا وَلَا تَحْزَنُوْا وَاَنْتُمُ الْاَعْلَوْنَ اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿۱۳۹﴾

၁၄၀။ အားမလျော့ကြကုန်လင့်၊ ပူပန်သောကမဖြစ်ကြကုန်လင့်။ အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်သူများဖြစ်ကြလျှင် (မုချပင်) အသင်တို့သာလျှင် အောင်မြင်မည့်သူများဖြစ်ကြ၏။

اِنْ يَّمْسَسْكُمْ قَرْحٌ فَقَدْ مَسَّ الْقَوْمَ قَرْحٌ مِّثْلُهٗ ۭ وَتِلْكَ الْاَيَّامُ نُدَاوِلُهَا بَيْنَ النَّاسِ ۚ وَلِيَعْلَمَ اللّٰهُ الَّذِيْنَ اٰمَنُوْا وَيَتَّخِذَ مِنْكُمْ شُهَدَآءَ ۭ وَاللّٰهُ لَا يُحِبُّ الظّٰلِمِيْنَ ﴿۱۴۰﴾

၁၄၁။ အကယ်၍ အသင်တို့သည် တစ်စုံတစ်ရာ ဒဏ်ရာအနာတရဖြစ်ခဲ့လျှင် (ဆန့်ကျင်ဘက်)အုပ်စုတွင်လည်း ထိုကဲ့သို့ပင် ဒဏ်ရာအနာတရဖြစ်ခဲ့ပေသည်။ ထို့ပြင် ဤနေ့ရက်များကို ငါတို့သည် လူသားများအကြားတွင် တစ်လှည့်စီပြောင်းလဲမှုဖြစ်စေတော်မူ၏။ သို့ဖြင့် အလ္လာဟ်သည် သက်ဝင်ယုံကြည်သူတို့ကို ဆန်းစစ်ရန်နှင့် အသင်တို့အနက်မှ အချို့ကို 'ရှဟီးဒ်' သာသနာ့အာဇာနည်များအဖြစ် လက်ခံတော်မူရန်ဖြစ်ပေသည်။ စင်စစ် အလ္လာဟ်သည် အပြစ်ကျူးလွန်သူတို့အား ချစ်ခင်နှစ်သက်တော်မမူချေ။

وَلِيُمَحِّصَ اللّٰهُ الَّذِيْنَ اٰمَنُوْا وَيَمْحَقَ

၁၄၂။ ထို့ပြင် ထိုသို့အားဖြင့် အလ္လာဟ်သည် သက်ဝင်ယုံကြည်သူတို့အား ကောင်းစွာစင်ကြယ်သန့်ရှင်းအောင် ပြုပေး

الْكٰفِرِيْنَ ﴿١٤٣﴾

တော်မူရန်နှင့် 'ကာဖိရ်' မယုံကြည်ခြင်းပယ်သူတို့အား ရှင်းလင်းဖယ်ရှားတော်မူရန်အလို့ငှာဖြစ်၏။

اَمْ حَسِبْتُمْ اَنْ تَدْخُلُوا الْجَنَّةَ وَلَمَّا يَعْلَمِ اللّٰهُ الَّذِيْنَ جٰهَدُوْا مِنْكُمْ وَيَعْلَمَ الصّٰبِرِيْنَ ﴿١٤٢﴾

၁၄၃။ အသို့နည်း၊ အလ္လာဟ်သည် အသင်တို့အနက် အရှင်၏လမ်းတော်၌ ကြိုးပမ်းမှု 'ဂျီဟာဒ်'ပြုသူတို့ကို ယခုတိုင် ဆန်းစစ်တော်မူခြင်းမပြုရသေးမီ အသင်တို့သည် 'ဂျန္နတ်' ဥယျာဉ်တော်သို့ ဝင်ရောက်ကြရမည်ဟု ထင်မြင်ယူဆကြသလော။ ထို့ပြင် (အလ္လာဟ်၏ ဤဥပဒေရှိရခြင်းမှာ) အရှင်မြတ်သည် သည်းခံမြဲမံသူတို့ကို ဆန်းစစ်တော်မူရန်ဖြစ်၏။

وَلَقَدْ كُنْتُمْ تَمَنَّوْنَ الْمَوْتَ مِنْ قَبْلِ اَنْ تَلْقَوْهُ فَقَدْ رَاَيْتُمُوْهُ وَاَنْتُمْ تَنْظُرُوْنَ ﴿١٤٣﴾

၁၄၄။ ဧကန်ပင် အသင်တို့သည် သေခြင်းတရားကို ယင်းနှင့်မတွေ့မကြုံမီအလျင်က တောင့်တလေ့ရှိခဲ့ကြ၏။ သို့ဖြစ်ရာ ယခု အသင်တို့သည် ယင်းအား ငေးကြည့်နေစဉ်မှာပင် မျက်မြင်တပ်အပ်တွေ့ကြရပြီတည်း။

ရှုကူး-၁၅

وَمَا مُحَمَّدٌ اِلَّا رَسُوْلٌ ۚ قَدْ خَلَتْ مِنْ قَبْلِهِ الرُّسُلُ ۭ اَفَاْىِٕنْ مَّاتَ اَوْ قُتِلَ انْقَلَبْتُمْ عَلٰٓى اَعْقَابِكُمْ ۭ وَمَنْ يَّنْقَلِبْ عَلٰي عَقِبَيْهِ فَلَنْ يَّضُرَّ اللّٰهَ شَيْـــًٔا ۭ وَسَيَجْزِي اللّٰهُ الشّٰكِرِيْنَ ﴿١٤٤﴾

၁၄၅။ 'မိုဟမ္မဒ်'သည် တမန်တော်တစ်ပါးမှလွဲ၍ အခြားမဟုတ်၊ အမှန်ပင် သူ၏အလျင်က တမန်တော်တို့သည် လွန်ခဲ့ကြလေပြီ။ သို့ဖြစ်ရာ သူသည်လည်း အကယ်၍ သေဆုံးခဲ့သော် သို့တည်းမဟုတ် သတ်ဖြတ်ခြင်းခံခဲ့ရသော် အသင်တို့သည် မိမိတို့၏ခြေဖနောင့်များဘက်သို့ လှည့်ထွက်သွားကြမည်လော၊ အမှန်သော်ကား မည်သူမဆို မိမိတို့၏ ခြေဖနောင့်များဘက်သို့လှည့်ထွက်သွားကြပါက ယင်းတို့သည် အလ္လာဟ်အား တစ်စုံတစ်ရာဆုံးရှုံးနစ်နာမှုကို အလျှင်းသင့်ရောက်စေနိုင်လိမ့်မည်မဟုတ်ချေ။ စင်စစ် အလ္လာဟ်သည် ကျေးဇူးသိတတ်သူတို့အား အမှန်ပင် ဆုလာဘ်ပေးသနားတော်မူမည်ဖြစ်၏။ ﴿၁﴾

وَمَا كَانَ لِنَفْسٍ اَنْ تَمُوْتَ اِلَّا بِاِذْنِ اللّٰهِ كِتٰبًا مُّؤَجَّلًا ۭ وَمَنْ يُّرِدْ ثَوَابَ الدُّنْيَا نُؤْتِهٖ مِنْهَا ۚ وَمَنْ يُّرِدْ ثَوَابَ الْاٰخِرَةِ نُؤْتِهٖ مِنْهَا ۭ وَسَنَجْزِي الشّٰكِرِيْنَ ﴿١٤٥﴾

၁၄၆။ အလ္လာဟ်၏အမိန့်မရှိဘဲ မည်သည့်အသက်ဝိညာဉ်မျှ မသေဆုံးနိုင်ချေ။ ဤသည် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်၏။ မည်သူမဆို လောကီအကျိုးဆုလာဘ်ကိုအလိုရှိအံ့၊ ငါတို့သည် ယင်းမှ သူ့အား ပေးသနားတော်မူ၏။ ထို့ပြင် အကြင်မည်သူမဆို နောင်တမလွန်၏ အကျိုးဆုလာဘ်ကို လိုလားသော် ငါတို့သည် ယင်းမှပင် သူ့အားပေးသနားတော်မူ၏။ ငါတို့သည် ကျေးဇူးသိတတ်သူတို့အား မလွဲဧကန် အကျိုး

﴿၁﴾ ဤအာယတ်တော်၌ ဟာဇရတ်အီစာ(အလိ) ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်းကို အတိအလင်းကြေညာထားပေသည်။ မိုဟမ္မဒ်(ﷺ)သည်လည်း အလ္လာဟ်၏တမန်တော်တစ်ပါးဖြစ်ပြီး တမန်တော်ထက်သာပို၍ အခြားဘာမျှမဟုတ်။ ကိုယ်တော်မြတ်(ﷺ)၏အလျင်က ပွင့်လေခဲ့သမျှသော တမန်တော်အားလုံးတို့သည် ကွယ်လွန်အနိစ္စရောက်ခဲ့ကြလေပြီဟု မိန့်ကြားထားတော်မူပေသည်။ خلا ဟူသော စကားလုံးကို တစ်စုံတစ်ယောက်နှင့်စပ်လျဉ်း၍ တိတိကျကျပြောဆိုသုံးစွဲသည့်အခါတွင် ခရီးသည်က ဖြတ်သန်းကျော်လွန်သွားခြင်းကဲ့သို့ အဓိပ္ပာယ်မျိုးမဟုတ်ဘဲ၊ خلا 'လွန်လေခဲ့ပြီ'ဆိုသည်မှာ ကွယ်လွန်အနိစ္စရောက်ခဲ့ပြီဟု ဆိုလိုခြင်းဖြစ်ပေသည်။ သို့ဖြစ်ရာ အကယ်၍ အီစာ(အလိ)သည် အလ္လာဟ်၏တမန်တော်တစ်ပါးဖြစ်ခဲ့သည်ဆိုလျှင်၊ သူသည် မုချမသွေ ကွယ်လွန်အနိစ္စရောက်ခဲ့ပြီးဖြစ်ပေသည်။

ဆုလာဘ်ပေးသနားတော်မူမည်ဖြစ်၏။

وَكَاَيِّنْ مِّنْ نَّبِيٍّ قٰتَلَ ۙ مَعَهٗ رِبِّيُّوْنَ كَثِيْرٌ ۚ فَمَا وَهَنُوْا لِمَآ اَصَابَهُمْ فِيْ سَبِيْلِ اللّٰهِ وَمَا ضَعُفُوْا وَمَا اسْتَكَانُوْا ؕ وَاللّٰهُ يُحِبُّ الصّٰبِرِيْنَ ﴿۱۴۶﴾

၁၄၇။ အဘယ်မျှလောက်သော တမန်တော်များနှင့် သူတို့နှင့်အတူ 'ရဗ္ဗာနီ'အရှင့်ဂုဏ်တော်ဆောင်သူများစွာတို့သည် ပါဝင်တိုက်ခိုက်ခဲ့ကြသနည်း။ သူတို့သည် အလ္လာဟ်၏လမ်းတော်တွင် ဆိုက်ရောက်ခဲ့သောဘေးဒုက္ခကြောင့် အားလျော့ခြင်း အလျှင်းမရှိခဲ့ကြပေ။ သူတို့သည် အားအင်ချည့်နဲ့ခြင်းကိုလည်းမပြခဲ့ကြ၊ ထို့ပြင် သူတို့သည်(ရန်သူများ၏ရှေ့တွင်) ဦးမညွတ်ခဲ့ကြချေ။ အမှန်ပင် အလ္လာဟ်သည် သည်းခံမြဲမံသူတို့အား ချစ်ခင်နှစ်သက်တော်မူ၏။

وَمَا كَانَ قَوْلَهُمْ اِلَّاۤ اَنْ قَالُوْا رَبَّنَا اغْفِرْ لَنَا ذُنُوْبَنَا وَاِسْرَافَنَا فِيْۤ اَمْرِنَا وَثَبِّتْ اَقْدَامَنَا وَانْصُرْنَا عَلَى الْقَوْمِ الْكٰفِرِيْنَ ﴿۱۴۷﴾

၁၄၈။ သူတို့၏ဆိုစကားမှာ ဤသည်မှလွဲ၍ အခြားမဟုတ်ခဲ့ချေ။ သူတို့က အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့၏အပြစ်များကိုလည်းကောင်း၊ ကျွန်တော်မျိုးတို့၏အရေးကိစ္စများ၌ ကျွန်တော်မျိုးတို့၏ အလွန်အကျွံပြုမူခဲ့ခြင်းကိုလည်းကောင်း ခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုးတို့၏ခြေများကို မြဲမံခိုင်ခံ့စေတော်မူပါ။ မယုံကြည်ငြင်းပယ်သူတို့နှင့်ဆန့်ကျင်၍ ကျွန်တော်မျိုးတို့အား ကူညီစောင့်မတော်မူပါဟု လျှောက်ထားပန်ကြားခဲ့ကြ၏။

فَاٰتٰىهُمُ اللّٰهُ ثَوَابَ الدُّنْيَا وَحُسْنَ ثَوَابِ الْاٰخِرَةِ ؕ وَاللّٰهُ يُحِبُّ الْمُحْسِنِيْنَ ﴿۱۴۸﴾ ۚ

၁၄၉။ သို့ဖြင့် အလ္လာဟ်သည် ထိုသူတို့အား လောကီဘဝ၏အကျိုးဆုလာဘ်ကိုလည်းကောင်း၊ နောင်တမလွန်၏ အလွန်ကောင်းမြတ်သော အကျိုးဆုလာဘ်ကိုလည်းကောင်း ပေးသနားတော်မူ၏။ စင်စစ် အလ္လာဟ်သည် ကောင်းမှုပြုသူတို့အား ချစ်ခင်နှစ်သက်တော်မူသတည်း။

ရုကူး-၁၆

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اِنْ تُطِيْعُوا الَّذِيْنَ كَفَرُوْا يَرُدُّوْكُمْ عَلٰۤى اَعْقَابِكُمْ فَتَنْقَلِبُوْا خٰسِرِيْنَ ﴿۱۴۹﴾

၁၅၀။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် မယုံကြည်ငြင်းပယ်သူတို့အား နောက်လိုက်နာခံကြပါမူ ယင်းတို့သည် အသင်တို့အား ခြေဖနောင့်များဘက်သို့ ပြန်လှည့်သွားစေပေလိမ့်မည်။ ထို့ပြင် အသင်တို့သည် နစ်နာဆုံးရှုံးမှုဖြင့် ပြန်လှည့်ကြရပေလိမ့်မည်။

بَلِ اللّٰهُ مَوْلٰىكُمْ ۚ وَهُوَ خَيْرُ النّٰصِرِيْنَ ﴿۱۵۰﴾

၁၅၁။ သို့ရာတွင် အလ္လာဟ်သည်သာ အသင်တို့၏ ကာကွယ်စောင့်ရှောက်တော်မူသောအရှင် ဖြစ်တော်မူ၏။ ဧကန်အမှန် ထိုအရှင်မြတ်သည် ကူညီစောင့်မသူအပေါင်းတို့တွင် အကောင်းမြတ်ဆုံးဖြစ်တော်မူ၏။

سَنُلْقِيْ فِيْ قُلُوْبِ الَّذِيْنَ كَفَرُوا الرُّعْبَ بِمَاۤ اَشْرَكُوْا بِاللّٰهِ مَا لَمْ يُنَزِّلْ بِهٖ

၁၅၂။ ငါတို့သည် မယုံကြည်ငြင်းပယ်သူတို့၏ နှလုံးသားများတွင် ဧကန်ပင် ကြောက်စိတ်ကို ထည့်သွင်းတော်မူမည်။ အကြောင်းမူကား ထိုသူတို့သည် အရှင်မြတ်က ယင်းနှင့်စပ်လျဉ်း၍ မည်သို့သော သက်သေသာဓက အထောက်အထား

سُلْطٰنًا ۚ وَمَاْوٰىهُمُ النَّارُ ۭ وَبِئْسَ مَثْوَى الظّٰلِمِيْنَ ۝۱۵۱

ကိုမျှ ပို့ချခဲ့ခြင်းမရှိသောအရာများကို အလ္လာဟ်နှင့် 'ရှရီက်' တွဲဖက်မှုပြုခဲ့ကြ၏။ သူတို့၏ နေရာထိုင်ခင်းမှာ (ငရဲ)မီးဖြစ်၏။ စင်စစ် အပြစ်ကျူးလွန်သူတို့၏ အဘယ်မျှဆိုးရွားလှသော နေရာထိုင်ခင်းဖြစ်ဘိသနည်း။

وَلَقَدْ صَدَقَكُمُ اللّٰهُ وَعْدَهٗٓ اِذْ تَحُسُّوْنَهُمْ بِاِذْنِهٖ ۚ حَتّٰٓى اِذَا فَشِلْتُمْ وَتَنَازَعْتُمْ فِي الْاَمْرِ وَعَصَيْتُمْ مِّنْۢ بَعْدِ مَآ اَرٰىكُمْ مَّا تُحِبُّوْنَ ۭ مِنْكُمْ مَّنْ يُّرِيْدُ الدُّنْيَا وَمِنْكُمْ مَّنْ يُّرِيْدُ الْاٰخِرَةَ ۚ ثُمَّ صَرَفَكُمْ عَنْهُمْ لِيَبْتَلِيَكُمْ ۚ وَلَقَدْ عَفَا عَنْكُمْ ۭ وَاللّٰهُ ذُوْ فَضْلٍ عَلَي الْمُؤْمِنِيْنَ ۝۱۵۲

၁၅၃။ ထို့ပြင် ဧကန်စင်စစ် အလ္လာဟ်သည် အသင်တို့အား မိမိထားရှိတော်မူသောကတိတော်ကို မှန်ကန်ပြည့်စုံစေတော်မူခဲ့၏။ အကြင်အခါဝယ် အသင်တို့သည် ထိုအရှင်မြတ်၏ အမိန့်တော်ဖြင့် ထိုသူတို့အား သုတ်သင်ရှင်းလင်းလျက်ရှိနေခဲ့ကြ၏။ နောက်ဆုံးတွင် အသင်တို့သည် သူရဲဘောကြောင်မှုကို ပြသခဲ့ကြ၏။ ထို့ပြင် အသင်တို့သည် အဓိကအမိန့်တော်နှင့်စပ်လျဉ်း၍ အချင်းချင်း အငြင်းအခုံဖြစ်ခဲ့ကြပေသည်။ ထို့ပြင် အရှင်မြတ်က အသင်တို့အား အသင်တို့ နှစ်သက်သည်ကို ပြသတော်မူခဲ့ပြီးသည့်နောက်တွင်လည်း အသင်တို့သည် မနာခံမှုကိုပြုခဲ့ကြ၏။ အသင်တို့တွင် လောကီဘဝကို အလိုရှိသူများလည်းရှိခဲ့ကြ၏။ ထို့ပြင် အသင်တို့တွင် နောင်တမလွန်ကို အလိုရှိသူများလည်းရှိခဲ့ကြ၏။ ထိုမှတစ်ဖန် အရှင်မြတ်သည် အသင်တို့အား ဆန်းစစ်တော်မူရန်အလို့ငှာ ထိုသူတို့ထံမှ ဖယ်ရှားတော်မူခဲ့၏။ ထို့နောက် (မည်သို့ပင်ဖြစ်စေ) အရှင်မြတ်သည် အသင်တို့အား အမှန်ပင် အပြစ်မမြင်ခဲ့ချေ။ ဧကန်ပင် အလ္လာဟ်သည် သက်ဝင်ယုံကြည်သူတို့အား အလွန်တရာကျေးဇူးပြုတော်မူသောအရှင်ဖြစ်တော်မူ၏။

اِذْ تُصْعِدُوْنَ وَلَا تَلْوٗنَ عَلٰٓى اَحَدٍ وَّالرَّسُوْلُ يَدْعُوْكُمْ فِيْٓ اُخْرٰىكُمْ فَاَثَابَكُمْ غَمًّۢا بِغَمٍّ لِّكَيْلَا تَحْزَنُوْا عَلٰي مَا فَاتَكُمْ وَلَا مَآ اَصَابَكُمْ ۭ وَاللّٰهُ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ۝۱۵۳

၁၅၄။ အကြင်အခါဝယ် အသင်တို့သည် ပြေးလွှားနေခဲ့ကြ၏၊ မည်သူ့ကိုမျှပင်လှည့်၍ မကြည့်ခဲ့ကြချေ။ တမန်တော်သည် အသင်တို့၏အခြားသောအုပ်စုတွင်(ရပ်၍) အသင်တို့အား ဟစ်ခေါ်နေခဲ့၏။ ထိုအခါ အလ္လာဟ်သည် အသင်တို့အပေါ် ဝမ်းနည်းပူဆွေးမှုတစ်ခုအစား ကြီးမားသော ဝမ်းနည်းပူဆွေးမှုကို သက်ရောက်စေတော်မူခဲ့၏။ သို့ဖြင့် အသင်တို့ လက်လွတ် ဆုံးရှုံးသွားခဲ့ရသည်များအတွက်လည်းကောင်း၊ အသင်တို့အပေါ် ဆိုက်ရောက်ခဲ့သော ဘေးဒုက္ခများအတွက်လည်းကောင်း အသင်တို့ သောကမရောက်ကြစေရန်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် အသင်တို့ပြုမူသည်တို့ကို ကောင်းစွာ သတင်းရရှိတော်မူ၏။

ثُمَّ اَنْزَلَ عَلَيْكُمْ مِّنْۢ بَعْدِ الْغَمِّ اَمَنَةً نُّعَاسًا يَّغْشٰى طَاۗىِٕفَةً مِّنْكُمْ ۙ وَطَاۗىِٕفَةٌ قَدْ اَهَمَّتْهُمْ اَنْفُسُهُمْ

၁၅၅။ ထိုမှတစ်ဖန် ထိုအရှင်မြတ်သည် ဝမ်းနည်းပူဆွေးမှု၏နောက်တွင် ငြိမ်းချမ်းမှုပေးသနားတော်မူရန်အတွက် အသင်တို့အပေါ်သို့ ငိုက်မျဉ်းခြင်းကိုချပေးတော်မူ၏။ ယင်း(ငိုက်မျဉ်းမှု)သည် အသင်တို့အနက်မှ အုပ်စုတစ်စုကို လွှမ်းခြုံလျက်ရှိနေခဲ့၏။ ထိုစဉ် မိမိတို့၏အသက်ကို စိုးရိမ်ပူပန်နေသော

يَظُنُّوْنَ بِاللّٰهِ غَيْرَ الْحَقِّ ظَنَّ الْجَاهِلِيَّةِ ؕ يَقُوْلُوْنَ هَلْ لَّنَا مِنَ الْاَمْرِ مِنْ شَيْءٍ ؕ قُلْ اِنَّ الْاَمْرَ كُلَّهٗ لِلّٰهِ ؕ يُخْفُوْنَ فِيْۤ اَنْفُسِهِمْ مَّا لَا يُبْدُوْنَ لَكَ ؕ يَقُوْلُوْنَ لَوْ كَانَ لَنَا مِنَ الْاَمْرِ شَيْءٌ مَّا قُتِلْنَا هٰهُنَا ؕ قُلْ لَّوْ كُنْتُمْ فِيْ بُيُوْتِكُمْ لَبَرَزَ الَّذِيْنَ كُتِبَ عَلَيْهِمُ الْقَتْلُ اِلٰى مَضَاجِعِهِمْ ۚ وَلِيَبْتَلِيَ اللّٰهُ مَا فِيْ صُدُوْرِكُمْ وَلِيُمَحِّصَ مَا فِيْ قُلُوْبِكُمْ ؕ وَاللّٰهُ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿۱۵۴﴾

အုပ်စုတစ်စုလည်းရှိခဲ့၏။ သူတို့သည် အလ္လာဟ်နှင့်စပ်လျဉ်း၍ မသိမိုက်မဲသော ထင်မြင်ယူဆချက်မျိုးဖြင့် မမှန်မကန် ထင်မြင်ယူဆနေခဲ့ကြ၏။ သူတို့က အရေးပါသော စီရင်ဆုံးဖြတ်မှုများတွင် ကျွန်ုပ်တို့သည်လည်း တစ်စုံတစ်ရာ ပါဝင်ခွင့်မရှိပါသလောဟု ပြောဆိုလျက်ရှိခဲ့ကြ၏။ အသင်ပြောကြားပါလေ၊ ဧကန်စင်စစ် စီရင်ဆုံးဖြတ်မှုအာဏာသည် အလ္လာဟ့်ထံတော်၌သာ လုံးလုံးလျားလျားရှိ၏။ ထိုသူတို့သည် မိမိတို့၏ စိတ်နှလုံးများတွင် ဖုံးကွယ်ထားသည်များကို အသင့်အား ဖော်ထုတ်မပြကြချေ။ သူတို့က အကယ်၍ ကျွန်ုပ်တို့တွင် ဆုံးဖြတ်ခွင့်အာဏာ အနည်းငယ်မျှရှိခဲ့ပါလျှင်၊ ကျွန်ုပ်တို့သည် ဤနေရာတွင် မည်သည့်အခါမျှပင် (ဤကဲ့သို့) အသတ်ခံကြရမည်မဟုတ်ဟု ပြောဆိုကြ၏။ ပြောကြားပါလေ၊ အကယ်၍ အသင်တို့သည် မိမိတို့၏ နေအိမ်များမှာပင် ရှိနေကြစေကာမူ အသင်တို့အနက် အသတ်ခံရရန် သတ်မှတ်ခြင်းခံရပြီးဖြစ်သောသူတို့သည် မိမိတို့၏(ပူဆွေးသောကဖြင့်) လဲကျရမည့် နေရာများဘက်သို့ အမှန်ပင် ထွက်လာကြရမည်ဖြစ်၏။ ထို့ပြင် (ဤသို့ဖြစ်ရခြင်းမှာ) သို့ဖြင့် အလ္လာဟ်သည် အသင်တို့၏ ရင်များအတွင်း(ကွယ်ဝှက်လျက်)ရှိသည်တို့ကို ဆေးကြောတော်မူရန်အလို့ငှာလည်းကောင်း၊ အသင်တို့၏ နှလုံးသားများတွင်ရှိသည်တို့ကို ကောင်းစွာစစ်ထုတ်သန့်စင်စေရန်အတွက်လည်းကောင်း ဖြစ်၏။ အလ္လာဟ်သည် ရင်များအတွင်းရှိအကြောင်းကိစ္စတို့ကို ကောင်းစွာသိရှိတော်မူ၏။

اِنَّ الَّذِيْنَ تَوَلَّوْا مِنْكُمْ يَوْمَ الْتَقَى الْجَمْعٰنِ ۙ اِنَّمَا اسْتَزَلَّهُمُ الشَّيْطٰنُ بِبَعْضِ مَا كَسَبُوْا ۚ وَلَقَدْ عَفَا اللّٰهُ عَنْهُمْ ؕ اِنَّ اللّٰهَ غَفُوْرٌ حَلِيْمٌ ﴿۱۵۵﴾ ع

၁၅၆။ အသင်တို့အနက် အကြင်သူတို့သည် အုပ်စုနှစ်စုထိပ်တိုက်ရင်ဆိုင်တွေ့ကြသောနေ့တွင် အမှန်ပင် လှည့်ထွက်သွားခဲ့ကြ၏။ သူတို့၏ အချို့သောကျင့်ကြံပြုမူမှုများကြောင့် အမှန်ပင် 'ရှိုင်တန်'သည် သူတို့အား တိမ်းချော်အောင်ပြုခဲ့လေသည်။ စင်စစ် အလ္လာဟ်သည် ၎င်းတို့အား အပြစ်မယူ ခွင့်လွှတ်တော်မူခဲ့ပြီးဖြစ်၏။ ဧကန်ပင် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာ ထောက်ထားညှာတာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရုကူ-၁၇

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَكُوْنُوْا كَالَّذِيْنَ كَفَرُوْا وَقَالُوْا لِاِخْوَانِهِمْ اِذَا ضَرَبُوْا فِي الْاَرْضِ اَوْ كَانُوْا غُزًّى لَّوْ كَانُوْا عِنْدَنَا مَا مَاتُوْا وَمَا قُتِلُوْا ۚ لِيَجْعَلَ اللّٰهُ

၁၅၇။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ထိုသို့သောသူတို့ကဲ့သို့ မဖြစ်ကြကုန်လင့်၊ ယင်းသူတို့သည် မယုံကြည်ငြင်းပယ်ကြ၏၊ ထို့ပြင် သူတို့သည် မိမိတို့ညီအစ်ကိုများ ကမ္ဘာမြေပြင်ဝယ် ခရီးသွားလာကြသောအခါဖြစ်စေ၊ စစ်ပွဲအတွက် ထွက်သောအခါဖြစ်စေ အကယ်၍သာ သူတို့သည်၊ ကျွန်ုပ်တို့နှင့်အတူတကွ ရှိနေခဲ့ကြပါမူ (ဤသို့) သေဆုံးကြရမည်လည်း

ذٰلِكَ حَسْرَةً فِيْ قُلُوْبِهِمْ ۗ وَاللّٰهُ يُحْيٖ وَيُمِيْتُ ۗ وَاللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرٌ ۝١٥٦

မဟုတ်၊ သတ်ဖြတ်ခြင်းခံကြရမည်လည်းမဟုတ်ဟု သူတို့နှင့် စပ်လျဉ်း၍ ပြောဆိုကြ၏။ (သူတို့အား ဆိုင်းငံ့ခွင့်ပေးထားခြင်း သာဖြစ်၏၊) သို့ဖြင့် အလ္လာဟ်သည် ယင်းအား သူတို့၏ စိတ်နှလုံးများတွင် ယူကျုံးမရမှုတစ်ရပ်ကို ပြုလုပ်တော်မူရန်ဖြစ်၏။ စင်စစ် အလ္လာဟ်သည်ပင် ရှင်စေတော်မူ၏၊ ထို့ပြင် သေစေတော်မူ၏။ အမှန်ပင် အလ္လာဟ်သည် အသင်တို့ပြုလုပ်သည်တို့ကို နက်ရှိုင်းစွာကြည့်မြင်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَئِنْ قُتِلْتُمْ فِيْ سَبِيْلِ اللّٰهِ اَوْ مُتُّمْ لَمَغْفِرَةٌ مِّنَ اللّٰهِ وَرَحْمَةٌ خَيْرٌ مِّمَّا يَجْمَعُوْنَ ۝١٥٧

၁၅၈။ အကယ်၍ အသင်တို့သည် အလ္လာဟ်၏လမ်းတော်တွင် အသတ်ခံကြရလျှင်ဖြစ်စေ၊ သို့တည်းမဟုတ် (သဘာဝအလျောက်) သေဆုံးကြလျှင်ဖြစ်စေ အမှန်ပင် အလ္လာဟ်၏ထံတော်မှခွင့်လွှတ်တော်မူခြင်းနှင့် ကရုဏာတော်သည် သူတို့စုဆောင်းကြသည်များထက် ပိုမိုကောင်းမြတ်ပေသည်။

وَلَئِنْ مُّتُّمْ اَوْ قُتِلْتُمْ لَاِلَى اللّٰهِ تُحْشَرُوْنَ ۝١٥٨

၁၅၉။ ထို့အတူ အသင်တို့သည် သေဆုံးလျှင်ဖြစ်စေ သို့တည်းမဟုတ် အသတ်ခံရလျှင်ဖြစ်စေ အမှန်ပင် အလ္လာဟ့်ထံတော်သို့သာ စုရုံးခြင်းခံကြရပေမည်။

فَبِمَا رَحْمَةٍ مِّنَ اللّٰهِ لِنْتَ لَهُمْ ۚ وَلَوْ كُنْتَ فَظًّا غَلِيْظَ الْقَلْبِ لَانْفَضُّوْا مِنْ حَوْلِكَ ۖ فَاعْفُ عَنْهُمْ وَاسْتَغْفِرْ لَهُمْ وَشَاوِرْهُمْ فِي الْاَمْرِ ۚ فَاِذَا عَزَمْتَ فَتَوَكَّلْ عَلَى اللّٰهِ ۗ اِنَّ اللّٰهَ يُحِبُّ الْمُتَوَكِّلِيْنَ ۝١٥٩

၁၆၀။ သို့ဖြစ်ရာ အလ္လာဟ်၏အထူးကရုဏာတော်ကြောင့်သာ အသင်သည် သူတို့အတွက် နူးညံ့သွားခဲ့ပေသည်။ အကယ်၍ အသင်သည် ခက်ထန်ကြမ်းတမ်းသူ(နှင့်) စိတ်နှလုံးမာကျောသူသာဖြစ်ခဲ့လျှင် သူတို့သည် အသင်၏အပါးမှ အဝေးသို့ မုချပြေးကြပေလိမ့်မည်။ သို့ဖြစ်ရာ သူတို့ကို အပြစ်မမြင်ပါလင့်၊ သူတို့အတွက် ခွင့်လွှတ်ခြင်းရရှိစေရန် ဆုတောင်းပါလေ၊ အရေးပါသောကိစ္စရပ်(တိုင်း)တွင်သူတို့နှင့် တိုင်ပင်နှီးနှောပါလေ။ ထို့နောက် အသင်သည် (တစ်စုံတစ်ရာ) ဆုံးဖြတ်ချက်ချပြီဆိုလျှင် အလ္လာဟ်အားသာ ယုံပုံလွှဲအပ်မှုပြုပါလေ။ ဧကန်မုချ အလ္လာဟ်သည် ယုံပုံလွှဲအပ်မှုပြုသူတို့အားချစ်ခင်နှစ်သက်တော်မူ၏။ ①

اِنْ يَّنْصُرْكُمُ اللّٰهُ فَلَا غَالِبَ لَكُمْ ۚ وَاِنْ يَّخْذُلْكُمْ فَمَنْ ذَا الَّذِيْ

၁၆၁။ အကယ်၍ အလ္လာဟ်သည် အသင်တို့အား ကူညီစောင်မတော်မူလျှင် မည်သူမျှ အသင်တို့အပေါ် လွှမ်းမိုးအောင်နိုင်လိမ့်မည်မဟုတ်။ သို့ရာတွင် အကယ်၍ ထိုအရှင်မြတ်က အသင်တို့အား စွန့်လွှတ်လိုက်ပြီဆိုလျှင် မည်သူသည်

① ဤအာယတ်တော်တွင် တမန်တော်မြတ်ﷺ၏စိတ်နှလုံးနူးညံ့ပျော့ပျောင်းမှုရှိခြင်းကိုဖော်ပြထား၏။ အခြားတစ်နေရာ(၉း၁၂၈)တွင် بِالْمُؤْمِنِيْنَ رَءُوْفٌ رَّحِيْمٌ ဟု မိန့်ကြားထားသကဲ့သို့ပင်ဖြစ်ပေသည်။ ဒုတိယအနေဖြင့် ဤအာယတ်တော်၌ ပြတ်သားစွာကြေညာထားသည်မှာ သာဝကကြီးများမှာ တစ်စုံတစ်ရာကိုတပ်မက်သောအားဖြင့် တမန်တော်မြတ်ﷺ၏အပါး၌ စုရုံးနေခဲ့ကြခြင်းမဟုတ်ကြောင်းနှင့် အကယ်၍ တမန်တော်မြတ်ﷺသည် လောကတစ်ဝှန်းရှိ ပစ္စည်းဥစ္စာအားလုံးကို သူတို့အကျိုးအတွက်သုံးစွဲပါလျှင်လည်း သူတို့သည် ယင်းအတွက် ပိုးဖလံများပမာ စုရုံးခဲ့ကြလိမ့်မည်မဟုတ်ကြောင်းတို့ပင်ဖြစ်ပေသည်။ သို့ရှိလင့်ကစား အရေးကြီးသော အကြောင်းကိစ္စများတွင် သူတို့နှင့်တိုင်ပင်နှီးနှောခြင်းကိုပြုပါလေ။ သို့ရာတွင် အသင်သာလျှင် ဆုံးဖြတ်ချက်ချရမည်ဖြစ်ပြီး၊ သူတို့၏အကြံပြုတင်ပြချက်ကို မဖြစ်မနေ လက်ခံရမည်ဟူ၍မဟုတ်၊ ထို့ပြင် အသင်သည် ဆုံးဖြတ်ချက်ချပြီဆိုလျှင် အလ္လာဟ်သည် အသင့်အား ကူညီစောင်မတော်မူမည်ကို ယုံကြည်ကာ အရှင်မြတ်ထံ ယုံပုံလွှဲအပ်မှုပြုရန်တို့ကို မိန့်ကြားထားတော်မူပေသည်။

يَنْصُرْكُمُ اللّٰهُ فَلَا غَالِبَ لَكُمْ ۚ وَ اِنْ يَّخْذُلْكُمْ فَمَنْ ذَا الَّذِيْ يَنْصُرُكُمْ مِّنْۢ بَعْدِهٖ ؕ وَ عَلَى اللّٰهِ فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ ﴿۱۶۰﴾

ထိုအရှင်မြတ်နှင့်ဆန့်ကျင်၍ အသင်တို့အား ကူညီစောင်မပါမည်နည်း။ သို့ဖြစ်ရကား သက်ဝင်ယုံကြည်သူတို့သည် အလ္လာဟ်အားသာလျှင် ယုံပုံလွဲအပ်မှုပြုကြရာ၏။

وَ مَا كَانَ لِنَبِيٍّ اَنْ يَّغُلَّ ؕ وَ مَنْ يَّغْلُلْ يَاْتِ بِمَا غَلَّ يَوْمَ الْقِيٰمَةِ ۚ ثُمَّ تُوَفّٰى كُلُّ نَفْسٍ مَّا كَسَبَتْ وَ هُمْ لَا يُظْلَمُوْنَ ﴿۱۶۱﴾

၁၆၂။ မမှန်မကန် အလွဲသုံးစားပြုရန်မှာ မည်သည့် တမန်တော်အဖို့မျှ မဖြစ်နိုင်ချေ။ မည်သူမဆို အလွဲသုံးစားမှုကိုပြုအံ့၊ ထိုသူသည် မိမိအလွဲသုံးစားပြုမှု(၏ ဆိုးရွားသောရလဒ်)ကို 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တွင် မိမိနှင့်အတူ ယူဆောင်၍လာပေမည်။ ဝိညာဉ်တိုင်းသည် မိမိတို့ ရှာဖွေဆည်းပူးသည်တို့ကို အပြည့်အဝပေးခြင်းခံကြရပေမည်။ သူတို့သည် မတရားပြုခြင်းခံကြရလိမ့်မည်မဟုတ်ချေ။

اَفَمَنِ اتَّبَعَ رِضْوَانَ اللّٰهِ كَمَنْۢ بَآءَ بِسَخَطٍ مِّنَ اللّٰهِ وَ مَاْوٰىهُ جَهَنَّمُ ؕ وَ بِئْسَ الْمَصِيْرُ ﴿۱۶۲﴾

၁၆၃။ အလ္လာဟ်၏ကျေနပ်နှစ်မြို့မှုကို လိုက်နာသောသူသည်၊ အလ္လာဟ်၏အမျက်တော်ကိုယူဆောင်လာလျက် သူ၏ နေရာထိုင်ခင်းမှာ 'ဂျဟန္နမ်'ငရဲဖြစ်သောသူကဲ့သို့ ဖြစ်နိုင်ပါမည်လော။ ယင်းသည် အလွန်ဆိုးရွားလှသော ပြန်လည်သွားရောက်ရမည့်နေရာဌာနဖြစ်၏။

هُمْ دَرَجٰتٌ عِنْدَ اللّٰهِ ؕ وَ اللّٰهُ بَصِيْرٌۢ بِمَا يَعْمَلُوْنَ ﴿۱۶۳﴾

၁၆၄။ (အရှင်မြတ်နှစ်မြို့မှုကိုလိုက်နာသော) ထိုသူတို့သည် အလ္လာဟ်၏ထံတော်တွင် အဆင့်အတန်းအမျိုးမျိုးရှိ(သူများဖြစ်)ကြ၏။ အမှန်ပင် အလ္လာဟ်သည် သူတို့ပြုလုပ်သည်တို့ကို နက်ရှိုင်းစွာကြည့်မြင်တော်မူသောအရှင်ဖြစ်၏။

لَقَدْ مَنَّ اللّٰهُ عَلَى الْمُؤْمِنِيْنَ اِذْ بَعَثَ فِيْهِمْ رَسُوْلًا مِّنْ اَنْفُسِهِمْ يَتْلُوْا عَلَيْهِمْ اٰيٰتِهٖ وَ يُزَكِّيْهِمْ وَ يُعَلِّمُهُمُ الْكِتٰبَ وَ الْحِكْمَةَ ۚ وَ اِنْ كَانُوْا مِنْ قَبْلُ لَفِيْ ضَلٰلٍ مُّبِيْنٍ ﴿۱۶۴﴾

၁၆၅။ ဧကန်ပင် အလ္လာဟ်သည် သက်ဝင်ယုံကြည်သူတို့အပေါ် ကျေးဇူးပြုတော်မူခဲ့၏။ အရှင်မြတ်သည် သူတို့အနက်မှပင် တမန်တော်တစ်ပါးကို သူတို့အတွင်း၌ စေလွှတ်ပွင့်ပေါ်စေတော်မူခဲ့၏။ ၎င်းသည် သူတို့အား အရှင်မြတ်၏မုဟွပါဋ်တော်များကို ရွတ်ဖတ်ပြ၏၊ သူတို့ကို သန့်ရှင်းစင်ကြယ်အောင်ပြု၏၊ သူတို့အား ကျမ်းတော်ကိုလည်းကောင်း၊ ဉာဏ်ပညာအမြော်အမြင်ကိုလည်းကောင်း သင်ပေး၏။ စင်စစ် ထိုသည့်အလျင်က သူတို့သည် ပွင့်လင်းထင်ရှားသောလမ်းလွဲမှုတွင် ဧကန်ပင် ဆိုက်ရောက်လျက်ရှိခဲ့ကြ၏။

اَوَ لَمَّاۤ اَصَابَتْكُمْ مُّصِيْبَةٌ قَدْ اَصَبْتُمْ مِّثْلَيْهَا ۙ قُلْتُمْ اَنّٰى هٰذَا ؕ قُلْ هُوَ مِنْ عِنْدِ اَنْفُسِكُمْ ؕ اِنَّ اللّٰهَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿۱۶۵﴾

၁၆၆။ အသို့နည်း၊ မည်သည့်အခါတွင်မဆို အသင်တို့ထံအတိဒုက္ခတစ်ရပ်ရပ်ဆိုက်ရောက်သောအခါ အသင်တို့သည် ယင်း၏နှစ်ဆကို (ရန်သူများအား) ဆိုက်ရောက်စေခဲ့ပြီးဖြစ်သည့်တိုင်အောင် ဤသည် အဘယ်မှဆိုက်ရောက်လာသနည်းဟု ပြောဆိုကြဦးမည်လော။ အသင်ပြောကြားပါလေ၊ ဤသည်ကား အသင်တို့ကိုယ်တိုင်ထံမှပင်ဖြစ်၏။ ဧကန်မုချ အလ္လာဟ်သည် မိမိနှစ်လို့တော်မူသော အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

وَمَآ اَصَابَكُمْ يَوْمَ الْتَقَى الْجَمْعٰنِ فَبِاِذْنِ اللّٰهِ وَلِيَعْلَمَ الْمُؤْمِنِيْنَ ﴿١٦٧﴾

၁၆၇။ အုပ်စုနှစ်စု ထိပ်တိုက်ရင်ဆိုင်တွေ့ကြသောနေ့တွင် အသင်တို့အပေါ် ဆိုက်ရောက်ခဲ့သော အတိဒုက္ခသည် အလ္လာဟ်၏ အမိန့်တော်အားဖြင့် ဖြစ်ခဲ့၏။ သို့ဖြင့် အရှင်မြတ်သည် သက်ဝင်ယုံကြည်သူတို့ကို ခွဲခြားပေါ်လွင်လာစေခြင်းငှာဖြစ်၏၊

وَلِيَعْلَمَ الَّذِيْنَ نَافَقُوْا ۚ وَقِيْلَ لَهُمْ تَعَالَوْا قَاتِلُوْا فِيْ سَبِيْلِ اللّٰهِ اَوِ ادْفَعُوْا ؕ قَالُوْا لَوْ نَعْلَمُ قِتَالًا لَّا اتَّبَعْنٰكُمْ ؕ هُمْ لِلْكُفْرِ يَوْمَئِذٍ اَقْرَبُ مِنْهُمْ لِلْاِيْمَانِ ۚ يَقُوْلُوْنَ بِاَفْوَاهِهِمْ مَّا لَيْسَ فِيْ قُلُوْبِهِمْ ؕ وَاللّٰهُ اَعْلَمُ بِمَا يَكْتُمُوْنَ ﴿١٦٨﴾

၁၆၈။ ထို့ပြင် 'မိုနာဖစ်' အယောင်ဆောင်တို့အား ဆန်းစစ်ရန်လည်းဖြစ်၏။ ထိုသူတို့အား အလ္လာဟ်၏လမ်းတော်တွင် လာရောက်တိုက်ခိုက်ကြကုန်၊ သို့မဟုတ် ခုခံကာကွယ်ကြကုန်ဟုပြောသောအခါ၊ သူတို့က အကယ်၍ ကျွန်ုပ်တို့သည် စစ်တိုက်တတ်ပါလျှင် အမှန်ပင် ကျွန်ုပ်တို့သည် အသင်တို့၏နောက်မှလိုက်ကြမည်ဟု ပြောဆိုကြ၏။ ယင်းတို့သည် ထိုနေ့က 'အီမာန်' သက်ဝင်ယုံကြည်ခြင်းထက် မယုံကြည်ငြင်းပယ်မှုနှင့်ပို၍နီးစပ်ခဲ့ကြ၏။ ယင်းတို့သည် သူတို့၏စိတ်နလုံးများတွင် မရှိသည်ကို သူတို့၏နှုတ်များမှ ပြောဆိုကြ၏။ အမှန်ပင် အလ္လာဟ်သည် သူတို့ဖုံးကွယ်လျက်ထားရှိသည်ကို အားလုံးထက်ပို၍ သိတော်မူ၏။

اَلَّذِيْنَ قَالُوْا لِاِخْوَانِهِمْ وَقَعَدُوْا لَوْ اَطَاعُوْنَا مَا قُتِلُوْا ؕ قُلْ فَادْرَءُوْا عَنْ اَنْفُسِكُمُ الْمَوْتَ اِنْ كُنْتُمْ صٰدِقِيْنَ ﴿١٦٨﴾

၁၆၉။ ထိုသူတို့သည်ကား မိမိတို့ကိုယ်တိုင်မှာမူ ထိုင်လျက်ရှိနေကြပြီး၊ မိမိတို့၏ညီအစ်ကိုများနှင့်စပ်လျဉ်း၍မူ ဤသူတို့သည် အကယ်၍ ကျွန်ုပ်တို့၏စကားကို လက်ခံခဲ့ကြလျှင် အသတ်ခံကြရမည်မဟုတ်ဟု ပြောဆိုကြ၏။ အသင်သည် သူတို့အား အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် သေခြင်းတရားကို မိမိတို့ထံမှ လွှဲဖယ်၍ပြကြကုန်ဟု ပြောကြားပါလေ။

وَلَا تَحْسَبَنَّ الَّذِيْنَ قُتِلُوْا فِيْ سَبِيْلِ اللّٰهِ اَمْوَاتًا ؕ بَلْ اَحْيَآءٌ عِنْدَ رَبِّهِمْ يُرْزَقُوْنَ ﴿١٦٩﴾

၁၇၀။ အလ္လာဟ်၏လမ်းတော်တွင် အသတ်ခံရသူတို့ကို သေဆုံးလေပြီဟူ၍ အလျှင်းမထင်မှတ်ကြကုန်လင့်။ ထိုသို့မဟုတ်မူ၍ (သူတို့သည်ကား) ရှင်လျက်ရှိနေကြသည့် (အပြင်) သူတို့သည် သူတို့အားဖန်ဆင်းတော်မူသောအရှင့်ထံတော်တွင် ရိက္ခာပေးသနားတော်မူခြင်းကိုခံယူလျက်ရှိကြကုန်၏၊

فَرِحِيْنَ بِمَآ اٰتٰهُمُ اللّٰهُ مِنْ فَضْلِهٖ ۙ وَيَسْتَبْشِرُوْنَ بِالَّذِيْنَ لَمْ يَلْحَقُوْا بِهِمْ مِّنْ خَلْفِهِمْ ۙ اَلَّا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ﴿١٧٠﴾

၁၇၁။ အလ္လာဟ်က မိမိ၏ကျေးဇူးတော်ဖြင့် သူတို့အား ပေးသနားတော်မူသည့်အပေါ်၌ လွန်စွာပျော်ရွှင်နှစ်ထောင်းအားရဖြစ်လျက်ရှိနေကြ၏။ ထို့ပြင် ယခု သူတို့နှင့် တွေ့ဆုံခြင်းမရှိကြသေးသော သူတို့၏နောက်တွင် ကျန်ရစ်ခဲ့ကြသည့်သူတို့နှင့် စပ်လျဉ်း၍လည်း မည်သို့သောစိုးရိမ်ကြောက်ရွံ့ဖွယ်ရာမျှမရှိသည့်ပြင် သူတို့သည် ပူဆွေးသောကဖြစ်ကြရမည်မဟုတ်ဟူ၍ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းများကိုရရှိကြ၏။

يَسْتَبْشِرُوْنَ بِنِعْمَةٍ مِّنَ اللّٰهِ وَفَضْلٍ ۙ وَّاَنَّ اللّٰهَ لَا يُضِيْعُ اَجْرَ الْمُؤْمِنِيْنَ ﴿١٧١﴾

၁၇၂။ သူတို့သည် အလ္လာဟ်၏ကောင်းချီးဆုလာဘ်တော်များ၊ ကျေးဇူးတော်များနှင့်စပ်လျဉ်း၍ ဝမ်းမြောက်ဖွယ်ရာ

သတင်းကောင်းများကိုရရှိကြ၏၊ ထို့ပြင် (ဤသို့ ဝမ်းမြောက်ဖွယ်သတင်းကောင်းကိုလည်း ရရှိကြ၏) စင်စစ် အလ္လာဟ်သည် သက်ဝင်ယုံကြည်သူတို့၏ အကျိုးဆုလာဘ်ကို အချည်းနှီးဖြစ်စေတော်မူမည်မဟုတ်ချေတည်း။

ရုကူ--၁၈

اَلَّذِيْنَ اسْتَجَابُوْا لِلّٰهِ وَالرَّسُوْلِ مِنْۢ بَعْدِ مَآ اَصَابَهُمُ الْقَرْحُ ۛ لِلَّذِيْنَ اَحْسَنُوْا مِنْهُمْ وَاتَّقَوْا اَجْرٌ عَظِيْمٌ ﴿۱۷۲﴾

၁၇၃။ ထိုသူတို့သည်ကား၊ မိမိတို့တွင်ဒဏ်ရာများရရှိခဲ့ပြီးနောက်တွင်လည်း အလ္လာဟ်နှင့် တမန်တော်(၏ဆင့်ခေါ်ခြင်း)ကို တုံ့ပြန်လက်ခံခဲ့ကြ၏။ သူတို့အနက် ကောင်းမှုပွားများ၍ 'တက္ကဝါ'ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်သုံးဆောက်တည်ကြသောသူတို့အဖို့မူကား အလွန်ကြီးကျယ်သော အကျိုးဆုလာဘ်သည်ရှိ၏။

اَلَّذِيْنَ قَالَ لَهُمُ النَّاسُ اِنَّ النَّاسَ قَدْ جَمَعُوْا لَكُمْ فَاخْشَوْهُمْ فَزَادَهُمْ اِيْمَانًا ۖ وَّقَالُوْا حَسْبُنَا اللّٰهُ وَنِعْمَ الْوَكِيْلُ ﴿۱۷۳﴾

၁၇၄။ ထိုသူတို့အား အခြားသူတို့က လူအမြောက်အမြားသည် အသင်တို့နှင့်ဆန့်ကျင်လျက်စုရုံးနေကြပြီ၊ သူတို့ကို ကြောက်ရွံ့ကြဟုပြောသောအခါ ဤစကားသည် သူတို့အား 'အီမာန်' ယုံကြည်ချက်၌ တိုးပွားစေခဲ့ပေသည်။ သူတို့က အလ္လာဟ်သည် ကျွန်ုပ်တို့အဖို့ လုံလောက်တော်မူပါ၏၊ အဘယ်မျှကောင်းမြတ်သော အုပ်ထိန်းစောင့်ရှောက်သူ ဖြစ်တော်မူပါသနည်းဟု ဆိုကြကုန်၏။

فَانْقَلَبُوْا بِنِعْمَةٍ مِّنَ اللّٰهِ وَفَضْلٍ لَّمْ يَمْسَسْهُمْ سُوْٓءٌ ۙ وَّاتَّبَعُوْا رِضْوَانَ اللّٰهِ ۗ وَاللّٰهُ ذُوْ فَضْلٍ عَظِيْمٍ ﴿۱۷۴﴾

၁၇၅။ သို့ဖြစ်ရာ သူတို့သည် အလ္လာဟ်၏ကောင်းချီးဆုလာဘ်တော်များနှင့် ကျေးဇူးတော်များကိုယူ၍ ပြန်ခဲ့ကြ၏။ ဘေးဒုက္ခသည် သူတို့အားထိတွေ့မှုပင်မပြုခဲ့ချေ။ အမှန်ပင် သူတို့သည် အလ္လာဟ်၏ကျေနပ်နှစ်မြို့မှုကို လိုက်နာခဲ့ကြ၏။ အလ္လာဟ်သည် အလွန်ကြီးကျယ်သော ကျေးဇူးတော်အရှင်ဖြစ်တော်မူ၏။

اِنَّمَا ذٰلِكُمُ الشَّيْطٰنُ يُخَوِّفُ اَوْلِيَآءَهٗ ۠ فَلَا تَخَافُوْهُمْ وَخَافُوْنِ اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿۱۷۵﴾

၁၇၆။ အမှန်ပင် ဤ'ရှိုင်တန်'သည်ပင် မိမိ၏အပေါင်းအဖော်တို့ကိုခြောက်လှန့်၏။ သို့ဖြစ်၍ အသင်တို့သည် သက်ဝင်ယုံကြည်သူများဖြစ်ကြလျှင် ယင်းတို့အား မကြောက်ရွံ့ကြကုန်လင့်၊ ငါအရှင်မြတ်ကိုသာ ကြောက်ရွံ့ကြကုန်။

وَلَا يَحْزُنْكَ الَّذِيْنَ يُسَارِعُوْنَ فِى الْكُفْرِ ۚ اِنَّهُمْ لَنْ يَّضُرُّوا اللّٰهَ شَيْـًٔا ۗ يُرِيْدُ اللّٰهُ اَلَّا يَجْعَلَ لَهُمْ حَظًّا فِى الْاٰخِرَةِ ۚ وَلَهُمْ عَذَابٌ عَظِيْمٌ ﴿۱۷۶﴾

၁၇၇။ မယုံကြည်ငြင်းပယ်မှုတွင် အရှိန်အဟုန်ပြင်းစွာဖြင့် ရှေ့သို့တက်လှမ်းနေကြသောသူတို့သည် အသင့်အား ပူဆွေးသောကမရောက်စေလင့်၊ စင်စစ် သူတို့သည် အလ္လာဟ်အား တစ်စုံတစ်ရာသော နစ်နာဆုံးရှုံးမှုကိုမျှ အလျှင်းသက်ရောက်စေနိုင်ကြမည်မဟုတ်။ အလ္လာဟ်သည် သူတို့အဖို့ တမလွန်တွင် မည်သို့သောဝေစုကိုမျှထားရှိရန် လိုလားတော်မမူချေ။ ထို့ပြင် သူတို့အတွက် အလွန်ကြီးလေးသော ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

اِنَّ الَّذِيْنَ اشْتَرَوُا الْكُفْرَ بِالْاِيْمَانِ لَنْ

၁၇၈။ အမှန်ပင် 'အီမာန်' သက်ဝင်ယုံကြည်မှုနှင့်ဖလှယ်၍

يَّضُرُّوا اللّٰهَ شَيْـًٔا ؕ وَلَهُمْ عَذَابٌ اَلِيْمٌ ﴿۱۷۷﴾

မယုံကြည်ခြင်းပယ်မှုကို ဝယ်ယူလိုက်ကြသောသူတို့သည် အလ္လာဟ်အား မည်သို့သောနစ်နာဆုံးရှုံးမှုကိုမျှ အလျှင်း သက်ရောက်စေနိုင်ကြမည်မဟုတ်ချေ။ ထိုသူတို့အတွက် အလွန်ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်(ကိုသတ်မှတ်ထား)ရှိ၏။

وَلَا يَحْسَبَنَّ الَّذِيْنَ كَفَرُوْۤا اَنَّمَا نُمْلِىْ لَهُمْ خَيْرٌ لِّاَنْفُسِهِمْ ؕ اِنَّمَا نُمْلِىْ لَهُمْ لِيَزْدَادُوْۤا اِثْمًا ۚ وَلَهُمْ عَذَابٌ مُّهِيْنٌ ﴿۱۷۸﴾

၁၇၉။ မယုံကြည်ခြင်းပယ်ကြသူတို့သည် ငါတို့က သူတို့အား အချိန်ပေးဆိုင်းငံ့ထားခြင်းကို သူတို့အတွက် ကောင်းမြတ်ခြင်းဟူ၍ အလျှင်းမထင်မှတ်အပ်ပေ။ ငါတို့က သူတို့အား အချိန်ပေးဆိုင်းငံ့ထားခြင်းမှာ သူတို့သည်ပြစ်မှုဒုစရိုက်များတွင် ပို၍တိုးပွားစေရန်သာဖြစ်၏။ သူတို့အတွက် ဂုဏ်သရေယုတ်လျော့စေသော ပြစ်ဒဏ်(ကိုသတ်မှတ်ထား)ရှိ၏။

مَا كَانَ اللّٰهُ لِيَذَرَ الْمُؤْمِنِيْنَ عَلٰى مَاۤ اَنْتُمْ عَلَيْهِ حَتّٰى يَمِيْزَ الْخَبِيْثَ مِنَ الطَّيِّبِ ؕ وَمَا كَانَ اللّٰهُ لِيُطْلِعَكُمْ عَلَى الْغَيْبِ وَلٰكِنَّ اللّٰهَ يَجْتَبِىْ مِنْ رُّسُلِهٖ مَنْ يَّشَآءُ ۪ فَاٰمِنُوْا بِاللّٰهِ وَرُسُلِهٖ ۚ وَاِنْ تُؤْمِنُوْا وَتَتَّقُوْا فَلَكُمْ اَجْرٌ عَظِيْمٌ ﴿۱۷۹﴾

၁၈၀။ အလ္လာဟ်သည် ညစ်ညမ်းမှုကို သန့်ရှင်းစင်ကြယ်ခြင်းမှ စစ်ထုတ်ဖယ်ရှားတော်မူသည့်တိုင်အောင် သက်ဝင်ယုံကြည်သူတို့အား အသင်တို့ရှိနေကြသော အခြေအနေမျိုးတွင် လွှတ်ထားတော်မူမည်မဟုတ်ချေ။ ထို့ပြင် အလ္လာဟ်သည် အသင်တို့(အားလုံး)ကို 'ဂိုက်ဘ်' အကွယ်မှအကြောင်းရပ်များကို အသိပေးတော်မူရန်မှာ အလ္လာဟ်၏ကျင့်ထုံးမဟုတ်ချေ။ သို့ရာတွင် အလ္လာဟ်သည် မိမိ၏တမန်တော်များမှ နှစ်လို့တော်မူသူအားရွေးချယ်တော်မူ၏။ သို့ဖြစ်ရာ အလ္လာဟ်နှင့် အလ္လာဟ်၏တမန်တော်များအား သက်ဝင်ယုံကြည်ကြကုန်။ အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်ကြလျက် 'တက္ကဝါ' အပြစ်ရှောင်ခြင်းတရားကိုကျင့်ကြံဆောက်တည်ကြပါမူ အသင်တို့အဖို့ အလွန်ကြီးမားသော အကျိုးဆုလာဘ်သည်ရှိ၏။

وَلَا يَحْسَبَنَّ الَّذِيْنَ يَبْخَلُوْنَ بِمَاۤ اٰتٰىهُمُ اللّٰهُ مِنْ فَضْلِهٖ هُوَ خَيْرًا لَّهُمْ ؕ بَلْ هُوَ شَرٌّ لَّهُمْ ؕ سَيُطَوَّقُوْنَ مَا بَخِلُوْا بِهٖ يَوْمَ الْقِيٰمَةِ ؕ وَلِلّٰهِ مِيْرَاثُ السَّمٰوٰتِ وَالْاَرْضِ ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ﴿۱۸۰﴾

၁၈၁။ အလ္လာဟ်က မိမိ၏ကျေးဇူးတော်ဖြင့် သူတို့အား ပေးသနားတော်မူထားသောအရာများနှင့်စပ်လျဉ်း၍ စေးနဲ့တွန့်တိုမှုကိုပြုကြသောသူတို့သည် ယင်းမှာ သူတို့အတွက် ကောင်းမြတ်သည်ဟု အလျှင်းမထင်မှတ်ကြလင့်။ အမှန်မှာ ဤသည် သူတို့အတွက် လွန်စွာဆိုးရွားလှပေ၏။ သူတို့စေးနဲ့တွန့်တိုသော ထို(ပစ္စည်းဥစ္စာ)တို့သည် အမှန်ပင် ရှင်ပြန်ထမြောက်ရမည့် နေ့တော်ကြီးတွင် သူတို့အား လည်ပတ်ကြိုးအဖြစ် တပ်ဆင်ပေးခြင်းခံရပေအံ့၊ အမှန်သော်ကား မိုးကောင်းကင်များနှင့် ကမ္ဘာမြေပြင်တို့၏အမွေပိုင်သည် အလ္လာဟ်အဖို့သာဖြစ်၏။ အလ္လာဟ်သည် အသင်တို့ ပြုကျင့်သည်တို့ကို အမြဲထာဝစဉ် သတင်းရရှိတော်မူသတည်း။

ရုကူး-၁၉

لَقَدْ سَمِعَ اللّٰهُ قَوْلَ الَّذِيْنَ قَالُوْۤا اِنَّ اللّٰهَ فَقِيْرٌ وَّنَحْنُ اَغْنِيَآءُ ۘ سَنَكْتُبُ مَا قَالُوْا ﴿۱۸۱﴾

၁၈၂။ အလ္လာဟ်သည် ယင်းသူတို့ပြောဆိုကြသောစကားကို ဧကန်ပင် ကြားတော်မူခဲ့လေပြီ။ သူတို့က အလ္လာဟ်သည်

وَقَتْلَهُمُ الْاَنْۢبِيَآءَ بِغَيْرِ حَقٍّ ۙ وَّنَقُوْلُ ذُوْقُوْا عَذَابَ الْحَرِيْقِ ﴿۱۸۱﴾

ဆင်းရဲ၏၊ ကျွန်ုပ်တို့မှာမူကား ချမ်းသာကြွယ်ဝ၏ဟု ပြောဆို ကြ၏။ ငါတို့သည် သူတို့၏ပြောဆိုမှုများကိုလည်းကောင်း၊ တမန်တော်များကို သူတို့ အပြင်းအထန်ဆန့်ကျင်သည်ကို လည်းကောင်း အမှန်ပင် ရေးမှတ်ထားတော်မူမည်။ (ထိုသူတို့အား)တောက်လောင်နေသောအပြစ်ဒဏ်ကို မြည်းစမ်းကြကုန်ဟု ငါတို့မိန့်ကြားတော်မူမည်။

ذٰلِكَ بِمَا قَدَّمَتْ اَيْدِيْكُمْ وَاَنَّ اللّٰهَ لَيْسَ بِظَلَّامٍ لِّلْعَبِيْدِ ﴿۱۸۲﴾

၁၈၃။ ဤကား အသင်တို့၏လက်များက ကြိုတင်ပို့ထားမှုကြောင့်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် (မိမိ၏)အစေတော်များအပေါ် စိုးစဉ်းမျှပင် မတရားပြုတော်မူသည့်အရှင် မဟုတ်ချေ။

اَلَّذِيْنَ قَالُوْٓا اِنَّ اللّٰهَ عَهِدَ اِلَيْنَآ اَلَّا نُؤْمِنَ لِرَسُوْلٍ حَتّٰى يَاْتِيَنَا بِقُرْبَانٍ تَاْكُلُهُ النَّارُ ؕ قُلْ قَدْ جَآءَكُمْ رُسُلٌ مِّنْ قَبْلِيْ بِالْبَيِّنٰتِ وَ بِالَّذِيْ قُلْتُمْ فَلِمَ قَتَلْتُمُوْهُمْ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۱۸۳﴾

၁၈၄။ အကြင်သူတို့က ကျွန်ုပ်တို့သည် မည်သည့်တမန်တော်ကိုမျှ မီးစားသော'ကုရ်ဘာနီ'စွန့်လှူခြင်းကို (ထိုတမန်တော်သည်) ယူဆောင်၍မလာသမျှ သက်ဝင်ယုံကြည်ခြင်း မပြုရန် ဧကန်ပင် အလ္လာဟ်သည် ကျွန်ုပ်တို့ထံမှ ကတိယူထားတော်မူသည်ဟု ပြောဆိုကြ၏။ (၁) အသင်သည် (ယင်းတို့အား) ပြောကြားပါလေ၊ ကျွန်ုပ်ထက်အလျင်ကလည်း အသင်တို့ထံသို့ တမန်တော်တို့သည် ပွင့်လင်းထင်ရှားသော သက်သေလက္ခဏာတော်များနှင့် အသင်တို့ပြောဆိုသည်များကိုပါ ယူဆောင်၍လာခဲ့ကြပြီးဖြစ်၏။ သို့ဖြစ်ရာ အသင်တို့သည် အကယ်၍ မှန်ကန်သူများဖြစ်ကြလျှင် အဘယ့်ကြောင့် ၎င်း(တမန်တော်)တို့အား ပြင်းထန်သောဒုက္ခကို အသင်တို့ ပေးခဲ့ကြပေသနည်း။ (၂)

فَاِنْ كَذَّبُوْكَ فَقَدْ كُذِّبَ رُسُلٌ مِّنْ قَبْلِكَ جَآءُوْ بِالْبَيِّنٰتِ وَ الزُّبُرِ وَالْكِتٰبِ الْمُنِيْرِ ﴿۱۸۴﴾

၁၈၅။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် အသင့်အား မဟုတ်မမှန်ဟု စွပ်စွဲခြင်းပယ်ခဲ့ကြလျှင် ထိုကဲ့သို့ပင် အသင့်ထက်အလျင်ကလည်း ပွင့်လင်းထင်ရှားသော သက်သေလက္ခဏာတော်များ၊ (အလ္လာဟ်၏ထံတော်မှ)ကျမ်းငယ်များနှင့် လင်းဝင်းသောကျမ်းကို ယူဆောင်၍လာခဲ့ကြသော တမန်တော်တို့သည် မဟုတ်မမှန်ဟု စွပ်စွဲခြင်းကိုခံခဲ့ကြရပေသည်။

---

(၁) 'ရဟူဒီ'တို့၏ယုံကြည်ချက်မှာဤသို့ရှိခဲ့၏၊ မည်သည့်'ကုရ်ဘာနီ'ကိုမဆို အရှင်မြတ်၏ရှေ့တော်တွင်တင်ဆက်လျှင် ယင်းကို အရှင်မြတ်လက်ခံတော်မူခြင်း၏အမှတ်လက္ခဏာမှာ မိုးကောင်းကင်မှ မီးမိုးရွာချပြီး ယင်း'ကုရ်ဘာနီ'ကို လောင်မြိုက်ဝါးမျိုသွားပေမည်ဟူ၍ဖြစ်၏။ သို့ဖြစ်ရာ ယင်းနှင့်အညီ ကောင်းကင်ယံမှမီးထစ်ခု တိုက်ရိုက်ကျရောက်လာပြီး လောင်မြိုက်ဝါးမျိုသွားသည့် 'ကုရ်ဘာနီ' မျိုးကိုပြုလုပ်ပြသရန် တမန်တော်မြတ်ﷺထံမှလည်း တောင်းဆိုကြခြင်း ဖြစ်ပေသည်။ ဤအာယတ်တော်တွင် ယင်းကိုဖြေကြားထားသည်မှာ အကယ်၍ အလ္လာဟ်အရှင်မြတ်က စစ်မှန်သော တမန်တော်၏အမှတ်လက္ခဏာကို ထိုသို့သတ်မှတ်ထားရှိတော်မူသည်ဆိုလျှင်၊ အသင်တို့၏စကားနှင့်အညီပင် ရှေးတမန်တော်များ၏ခေတ်ကာလတွင်လည်း 'ကုရ်ဘာနီ'များပြုခဲ့ကြပြီး မီးသည် ကောင်းကင်မှကျဆင်းလာ၍ ယင်းကိုလောင်မြိုက်ဝါးမျိုသွားခဲ့သည်ရှိသော်၊ ထိုသို့ဖြစ်ပါလျက်နှင့် အသင်တို့သည် ထိုတမန်တော်များကို အဘယ့်ကြောင့် ပြင်းထန်စွာဆန့်ကျင်ခဲ့ကြလေသနည်းဟု မိန့်ကြားတော်မူခြင်းဖြစ်သည်။

(၂) **ဇဟ်** ဟူသည် ပြင်းထန်စွာရိုက်နှက်ခြင်းဟူ၍လည်း အဓိပ္ပာယ်ရရှိပေသည်။ **ဇဟ်** ကြိယာပုဒ်၏အဓိပ္ပာယ်တင်စားချက်နှစ်မျိုးရှိ၏။ တစ်မျိုးမှာ သတ်ဖြတ်ခြင်းဖြစ်ပြီး၊ နောက်တစ်မျိုးမှာ ပြင်းထန်စွာရိုက်နှက်ခြင်းဟူ၍ဖြစ်သည်။ ('တာဖ်ဆီရ်ရူဟွလ် မအာနီ'ကျမ်း၊ ဆူရာဟ်အလ်ဖတာဟ် (ကဏ္ဍ-၄၈) အာယတ်တော်(၂) အောက်ခြေရှင်းလင်းချက်တွင်ရှု)

كُلُّ نَفْسٍ ذَآئِقَةُ الْمَوْتِ ۗ وَإِنَّمَا تُوَفَّوْنَ
أُجُورَكُمْ يَوْمَ الْقِيَٰمَةِ ۖ فَمَن زُحْزِحَ
عَنِ النَّارِ وَأُدْخِلَ الْجَنَّةَ فَقَدْ فَازَ ۗ وَمَا
الْحَيَوٰةُ الدُّنْيَآ إِلَّا مَتَٰعُ الْغُرُورِ ﴿١٨٥﴾

၁၈၆။ အသက်ဝိညာဉ်တိုင်းသည် သေခြင်း၏အရသာကို မြည်းစမ်းကြရပေမည်။ 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့၌သာ အသင်တို့သည် မိမိတို့၏အကျိုးရလဒ်များကို အပြည့်အဝပေးခြင်းခံကြရပေမည်။ သို့ဖြစ်ရာ အကြင်သူသည် (ငရဲ)မီးမှ ကင်းဝေးအောင်ပြုခြင်းခံရပြီး၊ 'ဂျန္နတ်' ဥယျာဉ်တော်သို့ ဝင်ရောက်စေခြင်းခံရပါက ထိုသူသည် ဧကန်မုချ အောင်မြင်ခဲ့လေပြီ။ စင်စစ် လောကီဘဝသည် လှည့်ဖြားသော ယာယီအကျိုးကျေးဇူးမှတစ်ပါး အခြားမဟုတ်ချေ။

لَتُبْلَوُنَّ فِىٓ أَمْوَٰلِكُمْ وَأَنفُسِكُمْ ۖ
وَلَتَسْمَعُنَّ مِنَ الَّذِينَ أُوتُوا الْكِتَٰبَ مِن
قَبْلِكُمْ وَمِنَ الَّذِينَ أَشْرَكُوٓا أَذًى كَثِيرًا ۚ
وَإِن تَصْبِرُوا۟ وَتَتَّقُوا۟ فَإِنَّ ذَٰلِكَ مِنْ
عَزْمِ الْأُمُورِ ﴿١٨٦﴾

၁၈၇။ အသင်တို့သည် မိမိတို့၏ဥစ္စာပစ္စည်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မိမိတို့၏ အသက်များနှင့်စပ်လျဉ်း၍လည်းကောင်း အမှန်ပင် စမ်းသပ်စစ်ဆေးခြင်းကိုခံကြရပေမည်။ ထို့ပြင် အသင်တို့သည် အသင်တို့၏အလျင် ကျမ်းဂန်ကိုပေးသနားခြင်းခံရသူတို့ထံမှလည်းကောင်း၊ 'ရှရိက်' တစ်စုံတစ်ရာကို အလွှာဟ်နှင့်တွဲဖက်ကိုးကွယ်မှုပြုသူတို့ထံမှလည်းကောင်း အလွန် စိတ်ထိခိုက်ဖွယ်ရာသောစကားများကို ကြားကြရပေမည်။ အကယ်၍ အသင်တို့သည် သည်းခံကြကာ ဖြူစင်ဖြောင့်မတ်ခြင်း 'တက္ကဝါ'တရားကိုကျင့်ကြံဆောက်တည်ကြလျှင်၊ ဧကန်မုချ ဤသည် ကြီးကျယ်သော ဇွဲသတ္တိရှိသည့်လုပ်ရပ်ပင်ဖြစ်၏။

وَإِذْ أَخَذَ اللَّهُ مِيثَٰقَ الَّذِينَ أُوتُوا الْكِتَٰبَ
لَتُبَيِّنُنَّهُۥ لِلنَّاسِ وَلَا تَكْتُمُونَهُۥ
فَنَبَذُوهُ وَرَآءَ ظُهُورِهِمْ وَاشْتَرَوْا بِهِۦ
ثَمَنًا قَلِيلًا ۖ فَبِئْسَ مَا يَشْتَرُونَ ﴿١٨٧﴾

၁၈၈။ ထို့ပြင် အကြင်အခါဝယ် အလွှာဟ်သည် ကျမ်းဂန်ကိုပေးအပ်ခြင်းခံရသူတို့ထံမှ အသင်တို့သည် လူသားတို့၏ကောင်းကျိုးအတွက် ယင်း(ကျမ်းဂန်)ကို ရှင်းလင်းထင်ရှားစွာဖော်ပြကြရမည်၊ ယင်းကို ဖုံးကွယ်ခြင်းမပြုရဟု ပဋိညာဉ်ခံဝန်ချက်ကိုရယူတော်မူခဲ့၏။ သို့ရာတွင် သူတို့သည် ယင်း(ပဋိညာဉ်)ကို မိမိတို့၏ကျောနောက်သို့ပစ်လိုက်ကြ၏။ ထို့ပြင် ယင်းအစား သာမန်အနည်းငယ်မျှသောတန်ဖိုးကို အလဲအလှယ်ပြုရယူခဲ့ကြ၏။ သို့ဖြစ်ရာ ထိုသူတို့ ဝယ်ယူလျက်ရှိသောအရာသည် အလွန်ပင်ဆိုးရွားလှပေတကား။

لَا تَحْسَبَنَّ الَّذِينَ يَفْرَحُونَ بِمَآ أَتَوا۟
وَّيُحِبُّونَ أَن يُحْمَدُوا۟ بِمَا لَمْ يَفْعَلُوا۟
فَلَا تَحْسَبَنَّهُم بِمَفَازَةٍ مِّنَ الْعَذَابِ ۖ
وَلَهُمْ عَذَابٌ أَلِيمٌ ﴿١٨٨﴾

၁၈၉။ အကြင်သူတို့သည် မိမိတို့၏လှည့်ဖြားစဉ်းလဲမှုများအပေါ် အားရဝမ်းသာဖြစ်ကြ၏၊ မိမိတို့မပြုခဲ့သောအလုပ်များနှင့်စပ်လျဉ်း၍လည်း ချီးမွမ်းခံလိုကြ၏၊ ထိုသူတို့သည် အပြစ်ဒဏ်မှကင်းလွတ်ကြလိမ့်မည်ဟု အသင်သည် အလျှင်းမထင်မှတ်လင့်။ သူတို့အတွက် ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်(ကိုသတ်မှတ်ထား)ရှိ၏။

وَلِلَّهِ مُلْكُ السَّمَٰوَٰتِ وَالْأَرْضِ ۗ وَاللَّهُ
عَلَىٰ كُلِّ شَىْءٍ قَدِيرٌ ﴿١٨٩﴾

၁၉၀။ စင်စစ် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ်မှုအာဏာသည် အလွှာဟ်၏အဖို့သာတည်း။ အလွှာဟ်သည် မိမိနှစ်လို့တော်မူသောအရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူပေသတည်း။

ရှကူ-၂၀

اِنَّ فِیْ خَلْقِ السَّمٰوٰتِ وَ الْاَرْضِ وَ اخْتِلَافِ الَّیْلِ وَ النَّهَارِ لَاٰیٰتٍ لِّاُولِی الْاَلْبَابِ ۙ﴿۱۹۰﴾

၁၉၀။ ဧကန်စင်စစ် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းခြင်းတွင်လည်းကောင်း၊ 'ည'နှင့် 'နေ့'ကို အလှည့်ကျ ပြောင်းလဲရာတွင်လည်းကောင်း ဉာဏ်ပညာရှိသူတို့အဖို့ သက်သေလက္ခဏာများရှိ၏၊

اَلَّذِیْنَ یَذْكُرُوْنَ اللّٰهَ قِیٰمًا وَّ قُعُوْدًا وَّ عَلٰی جُنُوْبِهِمْ وَ یَتَفَكَّرُوْنَ فِیْ خَلْقِ السَّمٰوٰتِ وَ الْاَرْضِ ۚ رَبَّنَا مَا خَلَقْتَ هٰذَا بَاطِلًا ۚ سُبْحٰنَكَ فَقِنَا عَذَابَ النَّارِ ﴿۱۹۱﴾

၁၉၁။ ထိုသူတို့သည် မတ်တတ်ရပ်လျက်လည်းကောင်း၊ ထိုင်လျက်လည်းကောင်း၊ တစောင်းလဲ့လျက်လည်းကောင်း အလွှာဟ်အား အောက်မေ့တသ သတိရကြကုန်၏။ ထို့ပြင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေအား ဖန်ဆင်းတော်မူခြင်းကို ဆင်ခြင်စဉ်းစားလေ့ရှိကြပြီး (အလိုအလျောက်မဆိုင်းမတွ ပန်ကြားလျှောက်ထားကြသည်မှာ) အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ဤသည်ကို ရည်ရွယ်ချက်ကင်းမဲ့စွာဖန်ဆင်းထားတော်မူသည် အလျှင်းမဟုတ်ပါ။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏၊ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးတို့အား (ငရဲ)မီး၏အပြစ်ဒဏ်မှ ကယ်တင်တော်မူပါ။

رَبَّنَاۤ اِنَّكَ مَنْ تُدْخِلِ النَّارَ فَقَدْ اَخْزَیْتَهٗ ؕ وَ مَا لِلظّٰلِمِیْنَ مِنْ اَنْصَارٍ ﴿۱۹۲﴾

၁၉၂။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် အကြင်သူအား (ငရဲ)မီးတွင်းသို့ ထည့်သွင်းတော်မူပါလျှင်၊ အရှင်မြတ်သည် (အမှန်ပင်) ထိုသူအား ဂုဏ်သရေယုတ်လျော့စေတော်မူခြင်းဖြစ်ပါ၏။ စင်စစ် မတရားကျူးလွန်သူတို့အတွက် ကူညီစောင်မမည့်သူ မည်သူမျှ ရှိမည်မဟုတ်ပါ။

رَبَّنَاۤ اِنَّنَا سَمِعْنَا مُنَادِیًا یُّنَادِیْ لِلْاِیْمَانِ اَنْ اٰمِنُوْا بِرَبِّكُمْ فَاٰمَنَّا ۫ رَبَّنَا فَاغْفِرْ لَنَا ذُنُوْبَنَا وَ كَفِّرْ عَنَّا سَیِّاٰتِنَا وَ تَوَفَّنَا مَعَ الْاَبْرَارِ ۚ﴿۱۹۳﴾

၁၉၃။ အို-ကျွန်တော်မျိုးတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ မုချဧကန် ကျွန်တော်မျိုးတို့သည် ကြွေးကြော်သူတစ်ဦးကို ကြားကြရပါပြီ။ ထိုသူက 'အီမာန်' ယုံကြည်မှုအတွက် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်အား သက်ဝင်ယုံကြည်ကြကုန်ဟု ကြွေးကြော်လျက်ရှိပါ၏။ သို့ဖြစ်ရာ ကျွန်တော်မျိုးတို့သည် သက်ဝင်ယုံကြည်ကြပါပြီ။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးတို့၏ အပြစ်များကို ခွင့်လွှတ်တော်မူပါ၊ ကျွန်တော်မျိုးတို့ထံမှ ကျွန်တော်မျိုးတို့၏ မကောင်းမှုများကို ကင်းဝေးစေတော်မူပါ၊ ထို့ပြင် ကျွန်တော်မျိုးတို့အား သူတော်ကောင်းများနှင့်အတူ သေဆုံးစေတော်မူပါ။

رَبَّنَا وَ اٰتِنَا مَا وَعَدْتَّنَا عَلٰی رُسُلِكَ وَ لَا تُخْزِنَا یَوْمَ الْقِیٰمَةِ ؕ اِنَّكَ لَا تُخْلِفُ الْمِیْعَادَ ﴿۱۹۴﴾

၁၉၄။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် မိမိ၏တမန်တော်များအပေါ် ကျွန်တော်မျိုးတို့၏ ရပိုင်ခွင့်နှင့်စပ်ဆိုင်၍ ပြဋ္ဌာန်းတော်မူခဲ့သည့် (တမန်တော်များနှင့်ပဋိညာဉ်ပြုထားသော) ထိုကတိတော်ကို

ကျွန်တော်မျိုးတို့အား ပေးသနားတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အား 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် ဂုဏ်သရေယုတ်လျော့အောင် ပြုတော်မမူပါလင့်၊ မုချဧကန် အရှင်မြတ်သည် ကတိတော်ကို ဖောက်ဖျက်တော်မူသည်မဟုတ်ပါ။ ③

فَاسْتَجَابَ لَهُمْ رَبُّهُمْ اَنِّیْ لَاۤ اُضِیْعُ عَمَلَ عَامِلٍ مِّنْكُمْ مِّنْ ذَكَرٍ اَوْ اُنْثٰی ۚ بَعْضُكُمْ مِّنْۢ بَعْضٍ ۚ فَالَّذِیْنَ هَاجَرُوْا وَ اُخْرِجُوْا مِنْ دِیَارِهِمْ وَ اُوْذُوْا فِیْ سَبِیْلِیْ وَ قٰتَلُوْا وَ قُتِلُوْا لَاُكَفِّرَنَّ عَنْهُمْ سَیِّاٰتِهِمْ وَ لَاُدْخِلَنَّهُمْ جَنّٰتٍ تَجْرِیْ مِنْ تَحْتِهَا الْاَنْهٰرُ ۚ ثَوَابًا مِّنْ عِنْدِ اللّٰهِ ؕ وَ اللّٰهُ عِنْدَهٗ حُسْنُ الثَّوَابِ ۝۱۹۵

၁၉၆။ သို့ဖြစ်ရာ သူတို့၏ဖန်ဆင်းမွေးမြူရှင်သည် သူတို့၏တောင်းဆုကို လက်ခံတော်မူခဲ့ပေသည်။ (ထို့နောက် မိန်ကြားတော်မူသည်မှာ) ငါအရှင်မြတ်သည် အသင်တို့အနက် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မည်သည့်ကျင့်ကြံသူ၏ကျင့်ကြံမှုကိုမျှ အလျှင်းအချည်းနှီးဖြစ်စေတော်မူမည် မဟုတ်ပေ။ အသင်တို့အနက်အချို့သည် အချို့နှင့် ဆက်နွယ်မှုရှိကြ၏။ သို့ဖြစ်ရာ အကြင်သူတို့သည် 'ဟစ်ဂျရတ်' ပြောင်းရွှေ့နေထိုင်ခြင်းပြုခဲ့ကြ၏၊ မိမိတို့၏နေအိမ်များမှ နှင်ထုတ်ခြင်းခံခဲ့ကြရ၏၊ ငါအရှင်မြတ်၏လမ်းတော်တွင် ဒုက္ခပေးခြင်းခံခဲ့ကြရ၏၊ ထို့ပြင် သူတို့သည် တိုက်ပွဲဝင်ခဲ့ကြပြီး သတ်ဖြတ်ခြင်းကို ခံခဲ့ကြရ၏။ ငါအရှင်မြတ်သည် ဧကန်ပင်သူတို့ထံမှ သူတို့၏မကောင်းမှုများကို ကင်းဝေးစေတော်မူမည်၊ ထို့ပြင် ငါအရှင်မြတ်သည် ဧကန်ပင် သူတို့အား အခြေတွင် စမ်းချောင်းအသွယ်သွယ် စီးဆင်းလျက်ရှိသော ဥယျာဉ်တော်များအတွင်းသို့ ဝင်ရောက်စေတော်မူမည်။ (ဤကား) အလ္လာဟ်၏ထံတော်မှ ကောင်းကျိုးဆုလာဘ်ပင်(ဖြစ်၏)။ စင်စစ် အလ္လာဟ်၏ထံတော်တွင် အကောင်းမြတ်ဆုံးသော ကောင်းကျိုးဆုလာဘ်သည်ရှိ၏။

لَا یَغُرَّنَّكَ تَقَلُّبُ الَّذِیْنَ كَفَرُوْا فِی الْبِلَادِ ۝۱۹۶

၁၉၇။ မြို့ရွာများတွင် မယုံကြည်ခြင်းပယ်သူတို့၏ သွားလာခြင်းသည် အသင့်အား လှည့်စားမှု အလျှင်းမဖြစ်စေလင့်။

مَتَاعٌ قَلِیْلٌ ۫ ثُمَّ مَاْوٰىهُمْ جَهَنَّمُ ؕ وَ بِئْسَ الْمِهَادُ ۝۱۹۷

၁၉၈။ (ယင်းသည်) အနည်းငယ်မျှသော ခဏတာ အကျိုးခံစားရမှုသာလျှင်ဖြစ်၏။ ထို့နောက် သူတို့၏နေရာထိုင်ခင်းမှာ 'ဂျဟန္နမ်' ငရဲဖြစ်လိမ့်မည်၊ အလွန်ဆိုးရွားသောနေရာထိုင်ခင်းပင် ဖြစ်၏။

---

③ **میثاق النبیّین** အတွက် ဆူရာဟ် အာလေအင်မ်ရာန် အာယတ်တော်(၈၂)နှင့် ဆူရာဟ် အလ်အဟ်ဇာဘ် အာယတ်တော်(၈) တို့ကိုရှုပါ။

ဤအာယတ်တော်တွင် **عَلٰی** ၏နောက်၌ **لِسَانِ رُسُلِکَ** ဟူ၍မဟုတ်မူဘဲ **رُسُلِکَ** ဟူ၍သာ လာရှိထားပေသည်။ ဤ **عَلٰی** မှာ 'ဖရာဇ်'တာဝန်ပေးခြင်းကိုညွှန်းပြီး အရှင်မြတ်သည် တမန်တော်များကို သူတို့(ဂါ)သူတို့၏အမျိုးသားတို့သည် ပွင့်ပေါ်လာမည့်တမန်တော်အား မဖြစ်မနေကူညီရိုင်းပင်းကြရန်နှင့် အကယ်၍ ယင်းတို့သည် ဤသို့မပြုကြလျှင် ယင်းတို့၏အမှားဖြစ်လိမ့်မည်ဟု တာဝန်ပေးပြဋ္ဌာန်းခဲ့ခြင်းကို ဆိုလိုပေသည်။ သို့မဟုတ်ခဲ့လျှင် အလ္လာဟ်သည် မိမိကတိတော်နှင့်အညီ မိမိ၏တမန်တော်များကို မည်သို့ဆိုစေ အောင်နိုင်စေတော်မူသည်သာဖြစ်၏။

لٰكِنِ الَّذِيْنَ اتَّقَوْا رَبَّهُمْ لَهُمْ جَنّٰتٌ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا نُزُلًا مِّنْ عِنْدِ اللّٰهِ ؕ وَمَا عِنْدَ اللّٰهِ خَيْرٌ لِّلْاَبْرَارِ ﴿۱۹۸﴾

၁၉၉။ သို့သော် အကြင်သူတို့သည် မိမိတို့၏ ဖန်ဆင်းမွေးမြူတော်မူသောအရှင်အား ကြောက်ရွံ့ရိုကျိုးခြင်း'တက္ကဝါ'တရား ထားရှိကြအံ့၊ သူတို့အတွက် အခြေတွင် စမ်းချောင်းအသွယ်သွယ်စီးဆင်းနေသော ဥယျာဉ်များရှိ၏။ သူတို့သည် ယင်း၌ အမြဲထာဝရနေရမည့်သူများဖြစ်ကြ၏။ (ဤသည်) အလ္လာဟ်၏ထံတော်မှ သူတို့အတွက် ဧည့်ခံတော်မူခြင်း(ဖြစ်လိမ့်မည်)။ စင်စစ် အလ္လာဟ်၏ထံတော်တွင်ရှိသည်တို့သည် သူတော်ကောင်းတို့အဖို့ အလွန်ပင် ကောင်းမြတ်လှပေသည်။

وَاِنَّ مِنْ اَهْلِ الْكِتٰبِ لَمَنْ يُّؤْمِنُ بِاللّٰهِ وَمَاۤ اُنْزِلَ اِلَيْكُمْ وَمَاۤ اُنْزِلَ اِلَيْهِمْ خٰشِعِيْنَ لِلّٰهِ ۙ لَا يَشْتَرُوْنَ بِاٰيٰتِ اللّٰهِ ثَمَنًا قَلِيْلًا ؕ اُولٰٓئِكَ لَهُمْ اَجْرُهُمْ عِنْدَ رَبِّهِمْ ؕ اِنَّ اللّٰهَ سَرِيْعُ الْحِسَابِ ﴿۱۹۹﴾

၂၀၀။ ထို့ပြင် ဧကန်စင်စစ် ကျမ်းဂန်ရရှိသူတို့အနက် ဤသို့လည်းရှိကြ၏၊ သူတို့သည် အလ္လာဟ်အားလည်းကောင်း၊ အသင်တို့ထံပို့ချပေးတော်မူသည်ကိုလည်းကောင်း၊ သူတို့ထံပို့ချပေးတော်မူခဲ့သည်ကိုလည်းကောင်း အလ္လာဟ်၏ရှေ့တော်မှောက်တွင် နှိမ့်ချကျိုးနွံစွာ ကိုင်းညွတ်ကြလျက် သက်ဝင်ယုံကြည်ကြ၏။ သူတို့သည် အလ္လာဟ်၏'အာယတ်' မုက္ခပါဠိတော်များကို သာမန်အနည်းငယ်မျှသော တန်ဖိုးဖြင့် လဲလှယ်ရောင်းချခြင်းမပြုကြချေ။ ဤသူတို့သည်ပင်၊ သူတို့အဖို့ သူတို့၏အကျိုးဆုလာဘ်သည် သူတို့၏ ဖန်ဆင်းမွေးမြူရှင်ထံတော်တွင်ရှိ၏။ ဧကန်စင်စစ် အလ္လာဟ်သည် စာရင်း(စစ်ရာ)တွင် အလွန်မြန်ဆန်တော်မူ၏။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوا اصْبِرُوْا وَصَابِرُوْا وَرَابِطُوْا ۟ وَاتَّقُوا اللّٰهَ لَعَلَّكُمْ تُفْلِحُوْنَ ﴿۲۰۰﴾

၂၀၀။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ သည်းခံမြဲမြံကြကုန်၊ ထို့ပြင် သည်းခံမြဲမြံမှုပြုကြရန် တိုက်တွန်းနှိုးဆော်ကြကုန်၊ နယ်နိမိတ်များကို ကာကွယ်စောင့်ရှောက်ရန် အသင့်ဖြစ်နေကြကုန်၊ ထိုမှတစ်ပါး အလ္လာဟ်အားကြောက်ရွံ့ကြကုန်၊ သို့မှသာလျှင် အသင်တို့အောင်မြင်ကြရာတည်း။ ③

❖ ❖ ❖

③ ဤတွင် رَابِطُوْا ဟူသည် နယ်စပ်များတွင် မြင်းများချည်နှောင်ထားခြင်းကို ဆိုလိုပေသည်။ ယင်း၏သဘောမှာ မည်သည့်အခါမျှ ရန်သူ၏တိုက်ခိုက်မှုများမှ စိုးရိမ်ကင်းစွာ မနေကြမူဘဲ နယ်စပ်အရပ်များတွင်စောင့်ကြပ်နေခြင်းဖြင့် နယ်နိမိတ်ကို ကျော်ဖြတ်လာသည့်သတင်းများကိုသိလျက်ရှိနေပေမည်။ ဤသို့ပင် မိမိတို့၏နယ်နိမိတ်များကို ကာကွယ်စောင့်ကြပ်ရန်နှင့် ရန်သူကို မိမိတို့အား ရုတ်တရက်တိုက်ခိုက်နိုင်သောအခွင့်အရေးကို မပေးကြရန်ဖြစ်သည်။

၄။ အလ်-နီဆာ

ဤဆူရာဟ်တော်ကို တမန်တော်မြတ်ﷺသည် မက္ကာမှ မဒီနာသို့ 'ဟစ်ဂျရတ်'ပြု ရွှေ့ပြောင်းပြီး (၃)နှစ်နှင့် (၅)နှစ်အကြားတွင် ပို့ချတော်မူခဲ့ပေသည်။ 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုဂ္ဂပါဠိတော်ပေါင်း (၁၇၇)ပိုဒ်ပါရှိသည်။

တစ်ခုတည်းသောအသက်ဖြင့် လူသားအား အံ့ဖွယ်ဖန်ဆင်းမှုအစပြုခြင်းကိုဖော်ပြသော အာယတ်တော်ဖြင့် ဤဆူရာဟ်ကိုစတင်ထားသည်။ တစ်နည်းဆိုသော် *'အာဒမ်'* ဟူသော ဝေါဟာရကို အသွင်တစ်မျိုးဖြင့် ရှင်းလင်းဖော်ပြထားခြင်းပင်ဖြစ်သည်။

ဤဆူရာဟ်သည် ၎င်းရှေ့ရှိဆူရာဟ်(၃)၏နိဂုံးပိုင်းနှင့် နက်ရှိုင်းစွာဆက်နွယ်မှုရှိသည်။ ပြီးခဲ့သော ဆူရာဟ်၏နိဂုံးပိုင်းတွင် သည်းခံမြဲမြံမှုကိုသွန်သင်ထားသည့်ပြင် သည်းခံမြဲမြံမှုရှိကြရန် တစ်ဦးကိုတစ်ဦး တိုက်တွန်းနှိုးဆော်နေကြရန်နှင့် မိမိတို့၏နယ်နိမိတ်များကိုလည်းစောင့်ရှောက်ကြရန် သင်ပြထားပေသည်။ ဤဆူရာဟ်'နီဆာ'တွင် ရန်သူများနှင့်ဖြစ်ပွားသောကြောက်မက်ဖွယ်စစ်ပွဲများကို ဖော်ပြထားသည်။ ယင်း၏အကျိုးဆက်ကြောင့် များစွာသောအမျိုးသမီးများမှာ မုဆိုးမများဖြစ်ကြကာ ကလေးသူငယ်များမှာလည်း ဖတဆိုးများဖြစ်ကြရပေမည်။ ထိုသို့ စစ်ပွဲများ၏ရလဒ်အဖြစ် ပေါ်ပေါက်လာမည့်အခက်အခဲများနှင့် မုဆိုးမများ မိဘမဲ့များ၏အရေးနှင့်စပ်လျဉ်း၍ ဖြေရှင်းရန်နည်းလမ်းတစ်ရပ်အနေဖြင့် ဇနီးမယားတစ်ဦးထက်ပို၍ လက်ထပ်ထိမ်းမြားခြင်းကို ဖော်ပြထားသည်။ သို့သော် ခြွင်းချက်မှာ 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူသည် ဇနီးတစ်ဦးထက်ပို၍လက်ထပ်လျှင် ၎င်းဇနီးများနှင့်စပ်လျဉ်း၍ တရားမျှတမှုအပေါ် ရပ်တည်နိုင်ရပေမည်။ အကယ်၍ တရားမျှတစွာမရပ်တည်နိုင်ခဲ့လျှင်မူ ဇနီးမယားတစ်ယောက်တည်းကိုသာ ထိမ်းမြားရမည်ဖြစ်သည်။ ထို့ပြင် ဤဆူရာဟ်တွင် အစွလာမ့် အမွေခွဲဝေရေးစနစ်၏ အခြေခံအချက်များနှင့် ယင်း၏ရှင်းလင်းချက်ကိုပါ ဖော်ပြထားသည်။

ဤဆူရာဟ်၌ 'ရဟူဒီဝါဒ'နှင့် 'ခရစ်ယာန်ဝါဒ'တို့၏ အပြန်အလှန်ဆက်နွယ်မှုကို ဖော်ပြထားပြီး တမန်တော်အီစာ(အလိုရှိသူ)ပွင့်ပေါ်ခြင်းနှင့်စပ်လျဉ်း၍ "ရဟူဒီတို့သည် မိမိတို့၏ကတိကဝတ်ပဋိညာဉ် အားလုံးကိုချိုးဖောက်ခဲ့ကြပြီး စိတ်နှလုံးခက်ထန်မာကျောကြကြောင်း၊ တမန်တော်အီစာ(အလိုရှိသူ)ကို လက်ဝါးကပ်တိုင်တင်၍ သတ်ဖြတ်ရန်ကြိုးစားခဲ့ကြလေရာ အလ္လာဟ်အရှင်မြတ်က ယင်းရဟူဒီတို့၏ထိုကြိုးပမ်းမှုကို အထမမြောက် မအောင်မြင်စေရန်ပြုတော်မူခဲ့ကြောင်းနှင့် တမန်တော်အီစာ(အလိုရှိသူ)နှင့် ထိုတမန်တော်၏ အပြစ်ကင်းသန့်စင်သောမိခင်မွန်တို့သည် 'ရဟူဒီ'တို့၏ မဟုတ်မမှန်စွပ်စွဲချက်ဟူသမျှမှ ကင်းရှင်းကြောင်း"တို့ကို အထောက်အထားပြရှင်းလင်းထားပေသည်။

ထို့ပြင် တမန်တော်အီစာ(အလိုရှိသူ)၏ 'ဟစ်ဂျရတ်' ရွှေ့ပြောင်းခြင်းနှင့်စပ်လျဉ်း၍လည်း ဖော်ပြထားသည်။ ကျမ်းရသူတို့မှ တမန်တော်အီစာ(အလိုရှိသူ)၏မှန်ကန်ကြောင်းကိုမယုံကြည်သော၊ ထိုတမန်တော်၏ သဘာဝအလျောက် ကွယ်လွန်အနိစ္စရောက်ကြောင်းကို မယုံကြည်သောအုပ်စုတစ်စုမျှပင် နောက်ဆုံးတွင်ရှိမည်မဟုတ်ကြောင်း ကြိုတင်နိမိတ်ဟောချက်ကိုလည်း ဖော်ပြထားသည်။ ဤကြိုတင်နိမိတ်ဟောချက်မှာ အာဖဂန်နစ္စတန်မှတစ်ဆင့် ကက်ရှ်မီးရ်အထိ တမန်တော်အီစာ(အလိုရှိသူ)၏ 'ဟစ်ဂျရတ်'ပြုခြင်းဖြင့် မှန်ကန်တိကျစွာ ပြည့်စုံခဲ့ပေသည်။

♦ ♦ ♦

ဆူရာဟ် အလ်-နိဆာ

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၁၇၇)ပိုဒ် ရှုကူ (၂၄)ပုဒ်ပါရှိသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

يٰۤاَيُّهَا النَّاسُ اتَّقُوۡا رَبَّكُمُ الَّذِىۡ خَلَقَكُمۡ مِّنۡ نَّفۡسٍ وَّاحِدَةٍ وَّخَلَقَ مِنۡهَا زَوۡجَهَا وَبَثَّ مِنۡهُمَا رِجَالًا كَثِيۡرًا وَّنِسَآءً ۚ وَاتَّقُوا اللّٰهَ الَّذِىۡ تَسَآءَلُوۡنَ بِهٖ وَالۡاَرۡحَامَ ؕ اِنَّ اللّٰهَ كَانَ عَلَيۡكُمۡ رَقِيۡبًا ①

၂။ အိုး-လူသားအပေါင်းတို့၊ မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကြောက်ရွံ့ရိုကျိုးခြင်းတည်းဟူသော 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်တည်ကြကုန်။ ထိုအရှင်မြတ်သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့၏။ ယင်းမှပင် သူ၏ကြင်ဖက်ကို ပြုလုပ်တော်မူ၏။ ထို့နောက်တစ်ဖန် ယင်းတို့နှစ်ဦးမှ ယောကျ်ားများနှင့် မိန်းမများကို အမြောက်အမြားပျံ့နှံ့စေတော်မူခဲ့၏။ အလ္လာဟ်အားကြောက်ရွံ့ကြကုန်။ ထိုအရှင်၏နာမတော်ကို အကြောင်းပြု၍ အသင်တို့သည် တစ်ဦးနှင့်တစ်ဦးတောင်းဆိုမှုကိုပြုကြ၏။ ထို့ပြင် ဆွေမျိုးသားချင်းတို့(၏)ဝတ္တရား)ကိုလည်း အရေးထားကြကုန်။ အမှန်ပင် အလ္လာဟ်သည် အသင်တို့အပေါ် စောင့်ကြပ်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَاٰتُوا الۡيَتٰمٰۤى اَمۡوَالَهُمۡ وَلَا تَتَبَدَّلُوا الۡخَبِيۡثَ بِالطَّيِّبِ ۪ وَلَا تَاۡكُلُوۡۤا اَمۡوَالَهُمۡ اِلٰۤى اَمۡوَالِكُمۡ ؕ اِنَّهٗ كَانَ حُوۡبًا كَبِيۡرًا ②

၃။ အသင်တို့သည် မိဘမဲ့များအား သူတို့၏ပစ္စည်းဥစ္စာများကို ပေးကြကုန်။ သန့်ရှင်းစင်ကြယ်သောအရာများအစား မသန့်ရှင်းသောအရာများကို လဲလှယ်ရယူခြင်းမပြုကြလင့်။ ထို့ပြင် သူတို့၏ပစ္စည်းဥစ္စာများကို မိမိတို့၏ပစ္စည်းများနှင့် ရောနှော၍ စားသုံးခြင်းမပြုကြကုန်လင့်။ အမှန်ပင် ယင်းသည် အလွန်ကြီးလေးသောအပြစ်ဖြစ်၏။

وَاِنۡ خِفۡتُمۡ اَلَّا تُقۡسِطُوۡا فِى الۡيَتٰمٰى فَانۡكِحُوۡا مَا طَابَ لَكُمۡ مِّنَ النِّسَآءِ مَثۡنٰى وَثُلٰثَ وَرُبٰعَ ۚ فَاِنۡ خِفۡتُمۡ اَلَّا تَعۡدِلُوۡا فَوَاحِدَةً اَوۡ مَا مَلَكَتۡ اَيۡمَانُكُمۡ ؕ ذٰلِكَ اَدۡنٰۤى اَلَّا تَعُوۡلُوۡا ③

၄။ အကယ်၍ အသင်တို့သည် မိဘမဲ့များနှင့်စပ်လျဉ်း၍ တရားမျှတစွာကျင့်ဆောင်နိုင်မည်မဟုတ်ဟု အသင်တို့စိုးရိမ်လျှင် အမျိုးသမီးများအနက် အသင်တို့ ကြိုက်နှစ်သက်သည်တို့မှနှစ်ယောက်ဖြစ်စေ၊ သုံးယောက်ဖြစ်စေ၊ လေးယောက်ဖြစ်စေ ထိမ်းမြားကြကုန်။ သို့ရာတွင် အကယ်၍ အသင်တို့သည် တရားမျှတမှုကို ကျင့်သုံးနိုင်မည်မဟုတ်ဟု စိုးရိမ်ပါက တစ်ဦးတည်းသည်ပင် (လုံလောက်ပေသည်)။ သို့မဟုတ် အသင်တို့၏လက်ယာလက်များက ပိုင်ဆိုင်သူတို့နှင့် (ထိမ်းမြားကြကုန်)။ ဤသည် အသင်တို့တရားမျှတမှုမရှိခြင်းမှ ရှောင်ကြဉ်နိုင်ရန်အတွက် အနီးစပ်ဆုံး(နည်းလမ်း)ဖြစ်၏။ ③

③ ဤအာယတ်တော်တွင် ဇနီးမယားနှစ်ယောက်၊ သုံးယောက်၊ လေးယောက်ကို မဖြစ်မနေထိမ်းမြားယူရမည်ဟု ပြဋ္ဌာန်းခြင်းမဟုတ်ပေ။ တစ်ချိန်တည်းတွင် အများဆုံးလေးယောက်အထိသာယူခွင့်ရှိသည်ဟုကန့်သတ်ခြင်းဖြစ်သည်။ စင်စစ်ဤသည့်အလျင်

وَاٰتُوا النِّسَآءَ صَدُقٰتِهِنَّ نِحْلَةً ؕ فَاِنْ
طِبْنَ لَكُمْ عَنْ شَیْءٍ مِّنْهُ نَفْسًا فَكُلُوْهُ
هَنِیْٓـًٔا مَّرِیْٓـًٔا ۝

၄။ ထို့ပြင် အမျိုးသမီးတို့အား သူမတို့၏'မဟာရ်'ကို ကြည်ဖြူစွာ ပေးကြကုန်။ တစ်ဖန် အကယ်၍ သူမတို့ကိုယ်တိုင်က ကျေနပ်ကြည်ဖြူစွာဖြင့် ယင်း(မဟာရ်)မှအချို့ကို အသင်တို့အား ပေးရန်သဘောတူလျှင် ယင်းကို တွန့်ဆုတ်မှုမပြုဘဲ ကျေနပ်စွာ စားသုံးကြကုန်။

وَلَا تُؤْتُوا السُّفَهَآءَ اَمْوَالَكُمُ الَّتِیْ جَعَلَ
اللّٰهُ لَكُمْ قِیٰمًا وَّارْزُقُوْهُمْ فِیْهَا
وَاكْسُوْهُمْ وَقُوْلُوْا لَهُمْ قَوْلًا مَّعْرُوْفًا ۝

၅။ အလ္လာဟ်က အသင်တို့အတွက် (စီးပွားရေး)ရပ်တည်ရာအဖြစ် ပြုလုပ်ထားတော်မူသော ပစ္စည်းဥစ္စာများကို အသိအလိမ္မာမရှိသူတို့အား မအပ်နှံကြကုန်လင့်။ သို့သော် သူတို့အား ယင်း(ပစ္စည်းဥစ္စာများ)မှ ကျွေးမွေးကြကုန်၊ သူတို့အား အဝတ်အစားဆင်ယင်ပေးကြကုန်၊ ထို့ပြင် သူတို့နှင့် ကောင်းမြတ်သောစကားကို ပြောဆိုကြကုန်။

وَابْتَلُوا الْیَتٰمٰی حَتّٰۤی اِذَا بَلَغُوا النِّكَاحَ ۚ
فَاِنْ اٰنَسْتُمْ مِّنْهُمْ رُشْدًا فَادْفَعُوْۤا
اِلَیْهِمْ اَمْوَالَهُمْ ۚ وَلَا تَاْكُلُوْهَاۤ اِسْرَافًا
وَّبِدَارًا اَنْ یَّكْبَرُوْا ؕ وَمَنْ كَانَ غَنِیًّا
فَلْیَسْتَعْفِفْ ۚ وَمَنْ كَانَ فَقِیْرًا فَلْیَاْكُلْ
بِالْمَعْرُوْفِ ؕ فَاِذَا دَفَعْتُمْ اِلَیْهِمْ
اَمْوَالَهُمْ فَاَشْهِدُوْا عَلَیْهِمْ ؕ وَكَفٰی بِاللّٰهِ
حَسِیْبًا ۝

၆။ အသင်တို့သည် မိဘမဲ့တို့အား သူတို့ထိမ်းမြား(သည့် အရွယ်သို့ရောက်)သည့်တိုင်အောင် စမ်းသပ်စစ်ဆေးလျက်နေကြကုန်။ သို့ဖြင့် သူတို့တွင် ဆင်ခြင်နိုင်သည့် အသိဉာဏ်(၏လက္ခဏာများ)ကို သိမြင်တွေ့ရှိရသော် သူတို့၏ဥစ္စာကို သူတို့အားပြန်လည်၍ ပေးအပ်ကြကုန်။ သူတို့ ကြီးပြင်းအရွယ်ရောက်လာကြမည်ကိုစိုးရိမ်ပြီး ယင်း(ပစ္စည်းဥစ္စာများ)ကို သုံးဖြုန်းခြင်း၊ အလျင်အမြန် စားသုံးခြင်းမပြုကြလင့်။ (မိဘမဲ့တို့အားအုပ်ထိန်းသော) အကြင်သူသည် ကြွယ်ဝသူဖြစ်ပါက ထိုသူသည် (သူတို့၏ပစ္စည်းဥစ္စာများကို စားသုံးခြင်းမှ) လုံးဝရှောင်ကြဉ်ရမည်။ သို့ရာတွင် ဆင်းရဲသူဖြစ်ပါမူ သင့်တင့်လျောက်ပတ်စွာ စားသုံးနိုင်ပေသည်။ တစ်ဖန် အသင်တို့သည် ယင်းတို့၏ပစ္စည်းဥစ္စာများကို ယင်းတို့ထံ ပြန်လည်အပ်နှံသော အခါ အသိသက်သေများထားရှိကြကုန်။ စင်စစ် အလ္လာဟ်သည် စာရင်းစစ်ကြောရာတွင် လုံလောက်တော်မူ၏။

لِلرِّجَالِ نَصِیْبٌ مِّمَّا تَرَكَ الْوَالِدٰنِ
وَالْاَقْرَبُوْنَ ۪ وَلِلنِّسَآءِ نَصِیْبٌ مِّمَّا

၇။ ယောကျ်ားများအတွက် မိဘနှစ်ပါးနှင့်နီးစပ်သော ဆွေမျိုးသားချင်းများကထားရစ်ခဲ့သည့်အမွေပစ္စည်းများမှ ဝေစုတစ်စုရှိ၏။ ထို့ပြင် မိန်းမများအတွက်လည်း မိဘနှစ်ပါးနှင့် နီးစပ်

➤ (အစ္စလာမ်မတိုင်မီ)က အာရပ်တို့သည်ထိမ်းမြားလက်ထပ်ခြင်း၌ မည်သို့သောကန့်သတ်ချက်မျှမရှိခဲ့ချေ။ သို့ဖြစ်၍ ဇနီးမယားတစ်ဦးထက်ပို၍လက်ထပ်ခြင်းကိုခွင့်ပြုသည်ထက် ဤအာယတ်တော်သည် လက်ထပ်ထိမ်းမြားခြင်းကိစ္စတွင် ကန့်သတ်ထိန်းချုပ်မှုကို ပြဋ္ဌာန်းထားသော မုဂ္ဂပါဠိတော်ဖြစ်သည်။ အထူးသဖြင့် စစ်ပွဲများကြောင့် သုံ့ပန်းအမျိုးသမီးအမြောက်အမြား လက်ရဖမ်းဆီးမိသော အခြေအနေမျိုးနှင့် မိဘမဲ့တို့ကို ထိန်းကျောင်းတာဝန်ယူရသောအခြေအနေမျိုးတွင် ဇနီးမယားတစ်ယောက်တည်းဖြင့် မလုံလောက်နိုင်ချေ။ ထို့ကြောင့် ဤသို့သော အခြေအနေတွင် တစ်ဦးထက်ပို၍လက်ထပ်ထိမ်းမြားရန် ခွင့်ပြုထားပေသည်။ သို့သော် တရားမျှတမှုအပေါ်ရပ်တည်လျက် ယင်းသို့ပြုရပေမည်။ ဤမုဂ္ဂပါဠိတော်၏ရှုထောင့်နှစ်ရပ်လုံးတွင် တရားမျှတမှုတည်းဟူသော ကန့်သတ်ချက်ကို ဦးစားပေးထားပေသည်။ ဇနီးမယားတစ်ယောက်ထက်ပို၍ ထိမ်းမြားခွင့်ရှိသည်ဟူသောအကြောင်းပြချက်ဖြင့် ပထမဇနီးကို မတင်မကျပစ်ထားကြသူတို့မှာကား အစ္စလာမ့်အမိန့်တော်များအတိုင်း လိုက်နာကျင့်သုံးကြခြင်း အလျှင်းမဟုတ်ဘဲ မိမိတို့၏ စိတ်အလိုဆန္ဒဖြင့်သာ ဇနီးမယား အများအပြားယူကြခြင်းဖြစ်သည်။

تَرَكَ الْوَالِدٰنِ وَالْاَقْرَبُوْنَ مِمَّا قَلَّ مِنْهُ اَوْ كَثُرَ ؕ نَصِيْبًا مَّفْرُوْضًا ۝

သောဆွေမျိုးသားချင်းများက ထားရစ်ခဲ့သော အမွေပစ္စည်းများမှ ဝေစုတစ်စုရှိ၏။ ယင်းသည် အနည်းငယ်ပင်ဖြစ်စေ၊ အများအပြားပင်ဖြစ်စေ (ဤသည်) ပြဋ္ဌာန်းထားသော ဝေစု (ဖြစ်၏)။

وَاِذَا حَضَرَ الْقِسْمَةَ اُولُوا الْقُرْبٰى وَالْيَتٰمٰى وَالْمَسٰكِيْنُ فَارْزُقُوْهُمْ مِّنْهُ وَقُوْلُوْا لَهُمْ قَوْلًا مَّعْرُوْفًا ۝

၉။ (အမွေပစ္စည်းများကို) ခွဲဝေသောအချိန်တွင် (အခြေခံပြဋ္ဌာန်းချက်အရ ဝေစုတွင်မပါဝင်သော) နီးစပ်သူသားချင်းများ၊ မိဘမဲ့များ၊ ဆင်းရဲနွမ်းပါးသူများ ရောက်ရှိလာကြလျှင် ယင်း (အမွေပစ္စည်းများ)မှ အချို့ကို သူတို့အားလည်း ပေးကမ်းကြကုန်။ သူတို့အား ကောင်းမြတ်သောစကားကို ပြောဆိုကြကုန်။

وَلْيَخْشَ الَّذِيْنَ لَوْ تَرَكُوْا مِنْ خَلْفِهِمْ ذُرِّيَّةً ضِعٰفًا خَافُوْا عَلَيْهِمْ ۪ فَلْيَتَّقُوا اللّٰهَ وَلْيَقُوْلُوْا قَوْلًا سَدِيْدًا ۝

၁၀။ ထို့ပြင် အကြင်သူတို့သည် ဤသည်နှင့်စပ်လျဉ်း၍ ကြောက်ရွံ့ကြရပေမည်၊ အကယ်၍ သူတို့သည် မိမိတို့၏ နောက်တွင် အင်အားချည့်နဲ့သော သားသမီးများအား ထားရစ်ခဲ့ရမည်ကို စိုးရိမ်ပူပန်လေသော်၊ သို့ဖြစ်ပါက သူတို့သည် အလ္လာဟ်အား ကြောက်ရွံ့ကြရမည်ဖြစ်ပြီး ရှင်းလင်းဖြောင့်မတ်သောစကားကို ပြောဆိုကြရပေမည်။

اِنَّ الَّذِيْنَ يَاْكُلُوْنَ اَمْوَالَ الْيَتٰمٰى ظُلْمًا اِنَّمَا يَاْكُلُوْنَ فِيْ بُطُوْنِهِمْ نَارًا ؕ وَسَيَصْلَوْنَ سَعِيْرًا ۝ ع

၁၀။ အကြင်သူတို့သည် မိဘမဲ့တို့၏ပစ္စည်းဥစ္စာကို မတရားသဖြင့် စားသုံးကြ၏၊ အမှန်စင်စစ် ထိုသူတို့သည် မိမိတို့၏ ဝမ်းဗိုက်များအတွင်းသို့ မီးကိုထည့်သွင်းခြင်းသာဖြစ်၏။ မုချဧကန် ၎င်းတို့သည် တောက်လောင်လျက်ရှိသော မီးတောက်မီးလျှံအတွင်း ကျရောက်ကြရပေမည်တည်း။

ရုကူး-၂

يُوْصِيْكُمُ اللّٰهُ فِيْٓ اَوْلَادِكُمْ ۗ لِلذَّكَرِ مِثْلُ حَظِّ الْاُنْثَيَيْنِ ۚ فَاِنْ كُنَّ نِسَآءً فَوْقَ اثْنَتَيْنِ فَلَهُنَّ ثُلُثَا مَا تَرَكَ ۚ وَاِنْ كَانَتْ وَاحِدَةً فَلَهَا النِّصْفُ ؕ وَلِاَبَوَيْهِ لِكُلِّ وَاحِدٍ مِّنْهُمَا السُّدُسُ مِمَّا تَرَكَ اِنْ كَانَ لَهٗ وَلَدٌ ۚ فَاِنْ لَّمْ يَكُنْ لَّهٗ وَلَدٌ وَّوَرِثَهٗٓ اَبَوٰهُ فَلِاُمِّهِ الثُّلُثُ ۚ فَاِنْ كَانَ لَهٗٓ اِخْوَةٌ فَلِاُمِّهِ السُّدُسُ مِنْۢ بَعْدِ وَصِيَّةٍ يُّوْصِيْ بِهَآ اَوْ دَيْنٍ ؕ اٰبَآؤُكُمْ وَاَبْنَآؤُكُمْ لَا تَدْرُوْنَ اَيُّهُمْ اَقْرَبُ

၁၂။ အလ္လာဟ်သည် အသင်တို့အား အသင်တို့၏သားသမီးများနှင့်စပ်လျဉ်း၍ မိန်းမာထားတော်မူသည်မှာ ယောကျ်ားတစ်ဦးအတွက်(ဝေစုသည်) မိန်းမနှစ်ဦး၏ဝေစုနှင့်အညီ ဖြစ်၏။ အကယ်၍ ထိုမိန်းမတို့သည် နှစ်ဦးထက်ပိုခဲ့လျှင် သူမတို့အတွက် ထို(သေဆုံး)သူထားရစ်ခဲ့သည်မှ သုံးပုံနှစ်ပုံဖြစ်၏။ အကယ်၍ သူမသည် တစ်ဦးတည်းသာဖြစ်ခဲ့လျှင် သူမအတွက် ထက်ဝက်ဖြစ်၏။ ထို(သေဆုံး)သူသည် အကယ်၍ သားသမီးရှိသူဖြစ်ခဲ့လျှင် မိဘနှစ်ပါးတို့အနက် တစ်ဦးစီအတွက် သူ၏အမွေပစ္စည်းများမှ ခြောက်ပုံတစ်ပုံစီဖြစ်၏။ သို့ရာတွင် အကယ်၍ (သေဆုံး)သူသည် သားသမီးမရှိသူဖြစ်ပြီး မိဘနှစ်ပါးက သူ၏အမွေကို ဆက်ခံကြရပါမူ၊ ထိုသူ၏ မိခင်အတွက် သုံးပုံတစ်ပုံဖြစ်၏။ အကယ်၍ ထို(သေဆုံး)သူတွင် ညီအစ်ကို(အစ်မ၊ ညီမများ)ရှိခဲ့လျှင်၊ ထိုအခါ သူ၏ မိခင်အတွက် ခြောက်ပုံတစ်ပုံဖြစ်ရမည်။ ထို(သေဆုံး)သူ မှာကြားခဲ့သောသေတမ်းစာအရ ဆောင်ရွက်ပြီးနောက် သို့မဟုတ် အကြွေးများကို ပေးဆပ်ပြီးနောက်မှ (အမွေပစ္စည်းများကို

لَكُمْ نَفْعًا ؕ فَرِيْضَةً مِّنَ اللّٰهِ ؕ اِنَّ اللّٰهَ كَانَ عَلِيْمًا حَكِيْمًا ⑪

ခွဲဝေကြရမည်)ဖြစ်၏။ အသင်တို့၏ အဘဘိုးဘေးများနှင့် အသင်တို့၏ သားများအနက် အကျိုးသက်ရောက်စေခြင်း၌ မည်သူသည် အသင်တို့နှင့်ပို၍ နီးစပ်သူဖြစ်ကြောင်းကို အသင်တို့မသိကြချေ။ ဤသည် အလ္လာဟ်၏ထံတော်မှ တာဝန်ပြဋ္ဌာန်းချက်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَكُمْ نِصْفُ مَا تَرَكَ اَزْوَاجُكُمْ اِنْ لَّمْ يَكُنْ لَّهُنَّ وَلَدٌ ۚ فَاِنْ كَانَ لَهُنَّ وَلَدٌ فَلَكُمُ الرُّبُعُ مِمَّا تَرَكْنَ مِنْۢ بَعْدِ وَصِيَّةٍ يُّوْصِيْنَ بِهَآ اَوْ دَيْنٍ ؕ وَلَهُنَّ الرُّبُعُ مِمَّا تَرَكْتُمْ اِنْ لَّمْ يَكُنْ لَّكُمْ وَلَدٌ ۚ فَاِنْ كَانَ لَكُمْ وَلَدٌ فَلَهُنَّ الثُّمُنُ مِمَّا تَرَكْتُمْ مِّنْۢ بَعْدِ وَصِيَّةٍ تُوْصُوْنَ بِهَآ اَوْ دَيْنٍ ؕ وَاِنْ كَانَ رَجُلٌ يُّوْرَثُ كَلٰلَةً اَوِ امْرَاَةٌ وَّلَهٗۤ اَخٌ اَوْ اُخْتٌ فَلِكُلِّ وَاحِدٍ مِّنْهُمَا السُّدُسُ ۚ فَاِنْ كَانُوْۤا اَكْثَرَ مِنْ ذٰلِكَ فَهُمْ شُرَكَآءُ فِي الثُّلُثِ مِنْۢ بَعْدِ وَصِيَّةٍ يُّوْصٰى بِهَآ اَوْ دَيْنٍ ۙ غَيْرَ مُضَآرٍّ ۚ وَصِيَّةً مِّنَ اللّٰهِ ؕ وَاللّٰهُ عَلِيْمٌ حَلِيْمٌ ⑫

၁၃။ အကယ်၍ အသင်တို့၏ ဇနီးမိန်းမများတွင် သားသမီးတစ်ဦးတစ်ယောက်မျှမရှိခဲ့လျှင်၊ သူမတို့ထားရစ်ခဲ့သည့် အမွေပစ္စည်းများ၏ထက်ဝက်သည် အသင်တို့အတွက်ဖြစ်၏။ သူမတို့၌ သားသမီးတစ်စုံတစ်ဦးရှိနေခဲ့ပါမူ၊ သူမတို့ထားရစ်ခဲ့သည်မှ လေးပုံတစ်ပုံသည် အသင်တို့အတွက်ဖြစ်၏။ သူမတို့မှာကြားခဲ့သော သေတမ်းစာအရ ဆောင်ရွက်ပြီးနောက် သို့မဟုတ် အကြွေးများကိုပေးဆပ်ပြီးနောက်မှ (အမွေပစ္စည်းများကို ခွဲဝေကြရမည်ဖြစ်၏)။ အသင်တို့တွင် သားသမီးများမရှိခဲ့သော် အသင်တို့ထားရစ်ခဲ့သည်မှ လေးပုံတစ်ပုံသည် သူမတို့အဖို့ဖြစ်ရမည်။ အကယ်၍ အသင်တို့တွင် သားသမီးများရှိခဲ့လျှင် အသင်တို့ထားရစ်ခဲ့သည်မှ ရှစ်ပုံတစ်ပုံသည် ယင်း(ဇနီးများ)အဖို့ဖြစ်ရမည်။ အသင်တို့ မှာကြားခဲ့သော သေတမ်းစာအရ ဆောင်ရွက်ပြီးနောက် သို့မဟုတ် အကြွေးများကိုပေးဆပ်ပြီးနောက်မှ (ခွဲဝေကြရမည်)။ အမွေထားရစ်ခဲ့သော ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ ယင်းသည် 'ကလာလာဟ်' (မိဘလည်းမရှိ၊ သားသမီးလည်းမရှိသူ)ဖြစ်ပြီး၊ ညီအစ်ကိုတစ်ဦး သို့မဟုတ် အစ်မညီမတစ်ဦးရှိခဲ့လျှင် ယင်းတို့နှစ်ဦးအနက် တစ်ဦးစီအတွက် ခြောက်ပုံတစ်ပုံဖြစ်ရမည်။ သို့သော် ယင်း(ညီအစ်ကို၊ အစ်မ၊ ညီမ)တို့သည် ထို့ထက်ပိုလျှင် သူတို့အားလုံးသည် သုံးပုံတစ်ပုံဝေစုတွင်ပါဝင်ကြရမည်။ မှာကြားခဲ့သော သေတမ်းစာအရ ဆောင်ရွက်ပြီးနောက် သို့မဟုတ် အကြွေးများကိုပေးဆပ်ပြီးနောက်မှ မည်သူ့ကိုမျှ မနစ်နာစေဘဲ (ခွဲဝေကြရမည်။ ဤသည်) အလ္လာဟ်၏ထံတော်မှ အမိန့်ပြဋ္ဌာန်းချက်ဖြစ်၏။ အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ လွန်စွာထောက်ထားညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။

تِلْكَ حُدُوْدُ اللّٰهِ ؕ وَمَنْ يُّطِعِ اللّٰهَ وَرَسُوْلَهٗ يُدْخِلْهُ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ؕ وَذٰلِكَ

၁၄။ ဤကား အလ္လာဟ်၏(သတ်မှတ်ပြဋ္ဌာန်းထားသော) စည်းမျဉ်းဥပဒေများပင်ဖြစ်၏။ စင်စစ် အကြင်သူသည် အလ္လာဟ်နှင့် အလ္လာဟ်၏တမန်တော်ကိုနာခံပါလျှင် အရှင်မြတ်သည် သူ့အား အခြေတွင် စမ်းချောင်းများအသွယ်သွယ်

الْفَوْزُ الْعَظِيْمُ ⑬

စီးဆင်းလျက်ရှိသော 'ဂျန္နတ်' ဥယျာဉ်တော်များတွင် ဝင်ရောက်စေတော်မူမည်။ ထိုသူတို့သည် ယင်း၌ ကာလကြာရှည်စွာနေရမည့်သူများဖြစ်ကြ၏။ ဤသည် အလွန်ကြီးမားသော အောင်မြင်မှုဖြစ်၏။

وَمَنْ يَّعْصِ اللّٰهَ وَرَسُوْلَهٗ وَيَتَعَدَّ حُدُوْدَهٗ يُدْخِلْهُ نَارًا خَالِدًا فِيْهَا وَلَهٗ عَذَابٌ مُّهِيْنٌ ⑭

၁၄။ သို့သော် အကြင်သူသည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်အား နာခံခြင်းမပြု၊ အရှင်မြတ်၏ စည်းမျဉ်းဥပဒေများကိုလည်း ကျူးကျော်ဖောက်ဖျက်၏၊ အရှင်မြတ်သည် ထိုသူအား(ငရဲ)မီးတွင် ထည့်သွင်းတော်မူမည်။ ထိုသူသည် ယင်း၌ အချိန်ကာလကြာရှည်စွာနေရမည့်သူဖြစ်၏။ ထို့ပြင် ထိုသူအတွက် ဂုဏ်သရေမဲ့စေမည့် ပြစ်ဒဏ်(ကိုသတ်မှတ်ထား)ရှိပေသတည်း။

ရုကူး-၃

وَالّٰتِيْ يَأْتِيْنَ الْفَاحِشَةَ مِنْ نِّسَآئِكُمْ فَاسْتَشْهِدُوْا عَلَيْهِنَّ اَرْبَعَةً مِّنْكُمْ ۚ فَاِنْ شَهِدُوْا فَاَمْسِكُوْهُنَّ فِي الْبُيُوْتِ حَتّٰى يَتَوَفّٰهُنَّ الْمَوْتُ اَوْ يَجْعَلَ اللّٰهُ لَهُنَّ سَبِيْلًا ⑮

၁၅။ အသင်တို့၏ မိန်းမများအနက်မှ အကြင်မိန်းမတို့သည် အရှက်မဲ့သောအမှုကိုပြုခဲ့သော် သူမတို့(၏ပြုကျင့်မှု)အပေါ် အသင်တို့အတွင်းမှ သက်သေလေးဦးကိုခေါ်ပါလေ။ သို့ဖြင့် ထိုသူတို့က သက်သေထွက်ဆိုကြသော် သူမတို့အား သေခြင်းတရားဆိုက်ရောက်လာသည့်တိုင်အောင် သို့တည်းမဟုတ် အလ္လာဟ်ကသူမတို့အတွက် (အခြား)တစ်စုံတစ်ရာသောလမ်းကို ပြုလုပ်ပေးတော်မူသည့်တိုင်အောင် သူမတို့အား အိမ်၌ပင်တား၍ထားပါလေ။ ①

وَالَّذٰنِ يَأْتِيٰنِهَا مِنْكُمْ فَاٰذُوْهُمَا ۚ فَاِنْ تَابَا وَاَصْلَحَا فَاَعْرِضُوْا عَنْهُمَا ۗ اِنَّ اللّٰهَ كَانَ تَوَّابًا رَّحِيْمًا ⑯

၁၆။ အသင်တို့အနက်မှ အကြင်ယောကျ်ားနှစ်ဦးသည် ဤ(အရှက်မဲ့သော)အမှုကိုပြုခဲ့သော် သူတို့အား (ခန္ဓာကိုယ်နှင့်ဆိုင်သော)အပြစ်ဒဏ်ကိုပေးကြကုန်။ တစ်ဖန် အကယ်၍ သူတို့သည် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းပြုကြပြီး ပြုပြင်ကြလျှင် သူတို့အား ဥပေက္ခာပြုပါလေ။ စင်စစ် အလ္လာဟ်သည် ဝန်ချတောင်းပန်ခြင်းကို အလွန်တရာလက်ခံတော်မူသော အရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။ ②

① 'အလ္လာဟ်က သူမတို့အတွက် တစ်စုံတစ်ရာသောလမ်းကို ပြုလုပ်ပေးတော်မူသည့်တိုင်အောင်'ဟုဖော်ပြခြင်း၌ အကြောင်းနှစ်မျိုးရှိနိုင်ပေသည်။ ပထမမှာ လင်ယောကျ်ားဖြစ်သူကွယ်လွန်ပြီး ဇနီးသည်မှာ လွတ်လပ်သူဖြစ်သွားခြင်းမျိုးဖြစ်ပြီး၊ ဒုတိယမှာ သူမသည် အခြားယောကျ်ားတစ်ဦးဦးနှင့်အိမ်ထောင်ပြုနိုင်ရန် ခင်ပွန်းဖြစ်သူက သူမအား ကွာရှင်း'တွလာက်'ပေးခြင်းမျိုးဖြစ်သည်။

② အာယတ်တော်(၁၆)နှင့် (၁၇)တို့မှာ မျက်မှောက်ခေတ် Gay Movement ဟုခေါ်ဆိုကြသော စည်းကမ်းမဲ့ ကာမလိုက်စားမှုနှင့် ဆက်စပ်ပေသည်။ ဆိုလိုသည်မှာ အမျိုးသမီးချင်း၊ အမျိုးသားချင်းပြုသည့် အရှက်မဲ့သောလုပ်ရပ်ဖြစ်သည်။ အမျိုးသမီးများအား ဖြစ်တင်စွပ်စွဲမှုအတွက် သက်သေလေးဦး လိုအပ်သည်။ သို့ရာတွင် အမျိုးသားများနှင့်စပ်လျဉ်း၍ သက်သေလေးဦးသတ်မှတ်ခြင်းမရှိ။ ဤသည် အမျိုးသမီးတို့၏ဂုဏ်သိက္ခာကို ကာကွယ်ခြင်းနှင့် သူမတို့အား ပြစ်တင်စွပ်စွဲခြင်းမှ ကာကွယ်ရန်အလို့ငှာဖြစ်သည်။

ယင်းသို့သော အမျိုးသမီးများနှင့်စပ်လျဉ်း၍ 'သူမတို့အား အိမ်၌ပင်တား၍ထားပါလေ'ဟု မိန့်ကြားခြင်းမှာ သူမတို့အား ချုပ်နှောင်ထားကြ၊ အိမ်တွင်းမှ အပြင်သို့ပင်မထွက်စေကြလင့်ဟု ဆိုလိုသည်မဟုတ်။ သူမတို့အား တစ်ဦးတည်းအပြင်သို့ မသွားစေလင့်၊ ထို့ပြင် ခွင့်ပြုချက်မရှိဘဲ ထွက်ခွင့်မပေးလင့်ဟုဆိုလိုခြင်းဖြစ်ပေသည်။ သို့ဖြင့် ဤအရှက်မဲ့မှု မပျံ့နှံ့စေရန်ဖြစ်သည်။

اِنَّمَا التَّوْبَةُ عَلَى اللّٰهِ لِلَّذِيْنَ يَعْمَلُوْنَ السُّوْٓءَ بِجَهَالَةٍ ثُمَّ يَتُوْبُوْنَ مِنْ قَرِيْبٍ فَاُولٰٓئِكَ يَتُوْبُ اللّٰهُ عَلَيْهِمْ ۗ وَكَانَ اللّٰهُ عَلِيْمًا حَكِيْمًا ⑰

၁၈။ အမှန်စင်စစ် အလ္လာဟ်၏ထံတွင် ထိုသို့သောသူတို့၏ 'တောင်ဘာ'ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူရန် တာဝန်ရှိပေသည်။ ထိုသူတို့သည် (မိမိတို့၏)မိုက်မဲမှုဖြင့် မကောင်းမှုကိုပြုလုပ်ကြ၏၊ ထို့နောက် အလျင်အမြန် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းပြုကြ၏။ သို့ဖြစ်ရာ အလ္လာဟ်သည် ဤသို့သောသူတို့၏ 'တောင်ဘာ'ကို လက်ခံတော်မူလျက် ယိမ်းညွတ်တော်မူ၏။ အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَيْسَتِ التَّوْبَةُ لِلَّذِيْنَ يَعْمَلُوْنَ السَّيِّاٰتِ ۚ حَتّٰٓى اِذَا حَضَرَ اَحَدَهُمُ الْمَوْتُ قَالَ اِنِّيْ تُبْتُ الْـٰٔنَ وَلَا الَّذِيْنَ يَمُوْتُوْنَ وَهُمْ كُفَّارٌ ۭ اُولٰٓئِكَ اَعْتَدْنَا لَهُمْ عَذَابًا اَلِيْمًا ⑱

၁၉။ အကြင်သူတို့သည် မကောင်းမှုများကိုကျူးလွန်ကြပြီးနောက်ဆုံးတွင် သူတို့အနက်တစ်ဦးဦးထံ သေခြင်းတရားဆိုက်ရောက်လာသောအခါမှ သူကကျွန်ုပ်သည် ယခု အမှန်ပင် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းပြုပါသည်ဟု ပြောဆို၏။ ထိုသူတို့၏ 'တောင်ဘာ'ဝန်ချတောင်းပန်ခြင်းသည် မည်သို့မျှ အရာမရောက်ချေ၊ ထို့ပြင် မယုံကြည်ခြင်းပယ်သော အခြေအနေ၌ သေဆုံးသူတို့၏ ဝန်ချတောင်းပန်ခြင်းသည်လည်း အထမမြောက်ချေ။ ဤသူများသည်ပင် သူတို့အတွက် ငါတို့သည် ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်ကို စီမံထားရှိတော်မူ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا يَحِلُّ لَكُمْ اَنْ تَرِثُوا النِّسَاۗءَ كَرْهًا ۭ وَلَا تَعْضُلُوْهُنَّ لِتَذْهَبُوْا بِبَعْضِ مَآ اٰتَيْتُمُوْهُنَّ اِلَّآ اَنْ يَّاْتِيْنَ بِفَاحِشَةٍ مُّبَيِّنَةٍ ۚ وَعَاشِرُوْهُنَّ بِالْمَعْرُوْفِ ۚ فَاِنْ كَرِهْتُمُوْهُنَّ فَعَسٰٓى اَنْ تَكْرَهُوْا شَيْـــًٔا وَّيَجْعَلَ اللّٰهُ فِيْهِ خَيْرًا كَثِيْرًا ⑲

၂၀။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အဖို့ မိန်းမများ၏အမွေကို အဓမ္မနည်းဖြင့်ရယူရန် အခွင့်မရှိချေ။ သူမတို့သည် ပေါ်လွင်ထင်ရှားသောအရှက်မဲ့ခြင်းကိုပြုသည့်မှတစ်ပါး အသင်တို့သည် သူမတို့အားပေးခဲ့သည်များမှ အချို့ကို (ပြန်လည်)ရယူ၍ထွက်သွားရန် သူမတို့အား ဒုက္ခမပေးကြလင့်။ ထို့ပြင် သူမတို့နှင့် ကောင်းမွန်စွာ ဆက်ဆံ၍ ဘဝကျောင်းကြပါလေ။ အကယ်၍ အသင်တို့သည် သူမတို့အား မနှစ်မြို့ဖြစ်ပါလျှင်၊ အသင်တို့သည် တစ်စုံတစ်ရာကို မနှစ်မြို့ကြသော်လည်း အလ္လာဟ်သည် ယင်း၌ များစွာသော ကောင်းမှုကို ထားရှိတော်မူနိုင်ရာ၏။

➤ ဤသို့သောတားဆီးမှုကို အဘယ့်ကြောင့် အမျိုးသားများအား ပညတ်မထားသနည်းဟုမေးရန်ရှိ၏။ အကြောင်းမှာ ပေါ်လွင်ထင်ရှားလှပေသည်။ ကျမ်းမြတ်ကုရ်အာန်က အမျိုးသားများအား အိမ်ကိုထိန်းကျောင်းရန်နှင့် မိသားစု၏လိုအပ်ချက်များကို ဖြည့်ဆည်းရန်တို့အတွက် တာဝန်ပေးထားပေသည်။ အကယ်၍ အမျိုးသားများကိုချုပ်နှောင်ထားလိုက်သော် အိမ်ထောင်စု၏ နေ့စဉ်စားဝတ်နေရေးကို မည်သို့ဖြည့်ဆည်းမည်နည်း။ ယင်းအစား အမျိုးသားများအား ခန္ဓာကိုယ်ဆိုင်ရာပြစ်ဒဏ်ကိုပေးလော့ဟု မိန့်တော်မူထားပေသည်။ သို့သော် အပြစ်ဒဏ်ပေးရာတွင် ကြိမ်ဒဏ်ရှစ်ဆယ် သို့မဟုတ် တစ်ရာဟု သတ်မှတ်ထားခြင်းမရှိ၊ အခြေအနေအားလျော်စွာ ဤပြစ်ဒဏ်ကို သတ်မှတ်နိုင်ပေသည်။ ထို့ပြင် လက်ပူးလက်ကြပ်မိပြီးသည့်နောက်တွင် သူတို့အားစောင့်ကြပ်ရပေမည်။ ထိုသည့်နောက်တွင် အကယ်၍ ထိုသူတို့သည် 'တောင်ဘာ'ဝန်ချတောင်းပန်ပြီး နောင်တွင် ပြုပြင်ပါမည်ဟု ကတိပြုလျှင် ထိုသူတို့အား ထပ်တလဲလဲ မိမိတို့၏စောင့်ကြပ်မှု၌ထားခြင်း၊ သို့မဟုတ် အခြားတစ်စုံတစ်ရာချုပ်ချယ်မှုဖြင့် ဒုက္ခပေးခြင်းတို့ကိုမပြုသင့်ကြောင်းတို့ ဖြစ်ပေသည်။

وَاِنْ اَرَدْتُّمُ اسْتِبْدَالَ زَوْجٍ مَّكَانَ زَوْجٍ ۙ وَّاٰتَيْتُمْ اِحْدٰىهُنَّ قِنْطَارًا فَلَا تَاْخُذُوْا مِنْهُ شَيْـًٔا ؕ اَتَاْخُذُوْنَهٗ بُهْتَانًا وَّاِثْمًا مُّبِيْنًا ۝۲۰

၂၀။ အကယ်၍ အသင်တို့သည် ဇနီးမိန်းမတစ်ဦး၏နေရာတွင် အခြားဇနီးမိန်းမတစ်ဦးကို ပြောင်းလဲလိုပါမူ အသင်တို့သည် ယင်းတို့အနက်တစ်ဦးကို ပစ္စည်းဥစ္စာများ အပုံလိုက်ပေးခဲ့ပြီးဖြစ်လျှင်လည်း၊ ယင်းမှ တစ်စုံတစ်ရာမျှပင် ပြန်လည်၍ မယူကြလင့်။ အသို့နည်း၊ အသင်တို့သည် မဟုတ်မမှန် ရှာကြံယိုးစွပ်၍ ပေါ်လွင်ထင်ရှားသောအပြစ်ကို ကျူးလွန်ကာ ယင်း(ပေးပြီးသောပစ္စည်း)ကို ပြန်လည်ရယူကြမည်လော။

وَكَيْفَ تَاْخُذُوْنَهٗ وَقَدْ اَفْضٰى بَعْضُكُمْ اِلٰى بَعْضٍ وَّاَخَذْنَ مِنْكُمْ مِّيْثَاقًا غَلِيْظًا ۝۲۱

၂၁။ အသင်တို့သည် ယင်းကို အသို့လျှင် ပြန်ယူနိုင်အံ့နည်း။ စင်စစ် အသင်တို့သည် တစ်ဦးနှင့်တစ်ဦး (ဆိတ်ကွယ်ရာတွင်) ဆုံတွေ့ပေါင်းသင်းပြီးဖြစ်သည့်ပြင် သူမတို့သည် (သစ္စာတည်) ခိုင်မြဲသောကတိကို အသင်တို့ထံမှ ရယူခဲ့ပြီးဖြစ်၏။

وَلَا تَنْكِحُوْا مَا نَكَحَ اٰبَآؤُكُمْ مِّنَ النِّسَآءِ اِلَّا مَا قَدْ سَلَفَ ؕ اِنَّهٗ كَانَ فَاحِشَةً وَّمَقْتًا ؕ وَسَآءَ سَبِيْلًا ۝۲۲

၂၂။ အတိတ်တွင်ဖြစ်ပြီးသည်မှတစ်ပါး အမျိုးသမီးများအနက် အသင်တို့၏ဖခင်များက ထိမ်းမြားခဲ့သော(မိန်းမများ)ကို လက်ထပ်ထိမ်းမြားခြင်းမပြုကြလင့်။ ဧကန်စင်စစ် ဤသည်ကြီးမားသောအရှက်ကင်းမဲ့ခြင်းနှင့် လွန်စွာမုန်းတီးရွံရှာဖွယ်ရာဖြစ်၏၊ ထို့ပြင် အလွန်ဆိုးယုတ်သည့်လမ်းဖြစ်ပေသတည်း။

ရုကူး-၄

حُرِّمَتْ عَلَيْكُمْ اُمَّهٰتُكُمْ وَبَنٰتُكُمْ وَاَخَوٰتُكُمْ وَعَمّٰتُكُمْ وَخٰلٰتُكُمْ وَبَنٰتُ الْاَخِ وَبَنٰتُ الْاُخْتِ وَاُمَّهٰتُكُمُ الّٰتِيْٓ اَرْضَعْنَكُمْ وَاَخَوٰتُكُمْ مِّنَ الرَّضَاعَةِ وَاُمَّهٰتُ نِسَآئِكُمْ وَرَبَآئِبُكُمُ الّٰتِيْ فِيْ حُجُوْرِكُمْ مِّنْ نِّسَآئِكُمُ الّٰتِيْ دَخَلْتُمْ بِهِنَّ ۫ فَاِنْ لَّمْ تَكُوْنُوْا دَخَلْتُمْ بِهِنَّ فَلَا جُنَاحَ عَلَيْكُمْ ۪ وَحَلَآئِلُ اَبْنَآئِكُمُ الَّذِيْنَ مِنْ اَصْلَابِكُمْ ۙ وَاَنْ تَجْمَعُوْا بَيْنَ الْاُخْتَيْنِ اِلَّا مَا قَدْ سَلَفَ ؕ اِنَّ اللّٰهَ كَانَ غَفُوْرًا رَّحِيْمًا ۝۲۳

၂၃။ အသင်တို့အားအသင်တို့၏မိခင်များကို တားမြစ်ထား၏။ ထို့ပြင် အသင်တို့၏သမီးများ၊ အသင်တို့၏ အစ်မ ညီမများ၊ အသင်တို့ဖခင်တို့၏ အစ်မ ညီမများ၊ အသင်တို့ မိခင်များ၏ အစ်မ ညီမများ၊ အသင်တို့ညီအစ်ကိုများ၏သမီးများ၊ အသင်တို့ အစ်မ ညီမများ၏သမီးများ၊ အသင်တို့အား နို့တိုက်ခဲ့ကြသောနို့ထိန်းသည်မိခင်များနှင့် နို့စို့ဘက် အစ်မ ညီမများ၊ အသင်တို့ဇနီးမယားများ၏မိခင်များ။ အသင်တို့ အကြင် လင်မယားအဖြစ် ပေါင်းသင်းပြီးသောမိန်းမတို့မှ ပါလာသည့် အသင်တို့အိမ်တွင် ကြီးပြင်းလာသော မယားပါသမီးများကိုလည်း အသင်တို့အဖို့ ပိတ်ပင်တားမြစ်၏။ သို့ရာတွင် အကယ်၍ အသင်တို့သည် ယင်း(ဇနီးမယားများ)နှင့် အကြင် လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံခြင်းမပြုရသေးလျှင်မူ အသင်တို့အပေါ် မည်သို့မျှအပြစ်မထိုက်ချေ။ ထို့ပြင် အသင်တို့၏ ကျောရိုးမှဖြစ်သော သားအရင်းတို့၏ ဇနီးမယားများကိုလည်း (တားမြစ်ထား၏)။ ထို့ပြင် အတိတ်တွင်ဖြစ်ပြီးသည်မှတစ်ပါး ညီအစ်မနှစ်ဦးကို တစ်ပေါင်းတည်း (ထိမ်းမြား)ထားခြင်းကိုလည်း (အသင်တို့အား တားမြစ်ထား၏) အမှန်ပင် အလွန်တရာသည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَّالْمُحْصَنٰتُ مِنَ النِّسَآءِ اِلَّا مَا مَلَكَتْ اَيْمَانُكُمْ ۚ كِتٰبَ اللّٰهِ عَلَيْكُمْ ۚ وَ اُحِلَّ لَكُمْ مَّا وَرَآءَ ذٰلِكُمْ اَنْ تَبْتَغُوْا بِاَمْوَالِكُمْ مُّحْصِنِيْنَ غَيْرَ مُسٰفِحِيْنَ ؕ فَمَا اسْتَمْتَعْتُمْ بِهٖ مِنْهُنَّ فَاٰتُوْهُنَّ اُجُوْرَهُنَّ فَرِيْضَةً ؕ وَلَا جُنَاحَ عَلَيْكُمْ فِيْمَا تَرٰضَيْتُمْ بِهٖ مِنْۢ بَعْدِ الْفَرِيْضَةِ ؕ اِنَّ اللّٰهَ كَانَ عَلِيْمًا حَكِيْمًا ۝

၂၅။ ထို့ပြင် အမျိုးသမီးများအနက် အသင်တို့၏လက်ယာလက်မှ ပိုင်ဆိုင်သောမိန်းမတို့မှတစ်ပါး၊ လင်ယောကျ်ားရှိသောမိန်းမများကို(အသင်တို့အားတားမြစ်၏)။ ဤကား အသင်တို့အပေါ် အလ္လာဟ်၏ထံတော်မှပြဋ္ဌာန်းချက်ဖြစ်၏။ ထို့ပြင် ယင်းတို့မှတစ်ပါး အသင်တို့က မိမိတို့အတွက် ရယူပိုင်ဆိုင်လိုသော(အမျိုးသမီးတို့)ကို အသင်တို့အတွက် ခွင့်ပြုထား၏။ သို့သော် မိမိတို့၏ ပစ္စည်းဥစ္စာများအားဖြင့်လည်းကောင်း၊ မိမိတို့၏အကျင့်သီလကိုစောင့်ထိန်းလျက်လည်းကောင်း၊ အရှက်ကင်းမဲ့သောအမှုကိုမပြုဘဲလျက် (သူမတို့အားလက်ထပ်ရမည်)။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် သူမတို့ထံမှ အကျိုးရယူခဲ့ကြပြီးဖြစ်လျှင် သူမတို့အား သူမတို့၏'မဟာရ်'ကို တာဝန်အရပေးကြကုန်။ အကယ်၍ အသင်တို့သည် 'မဟာရ်'ကို သတ်မှတ်ခဲ့ပြီးနောက် (တစ်စုံတစ်ရာပြောင်းလဲမှုအပေါ်) အချင်းချင်း ကျေနပ်ကြပါလျှင် အသင်တို့အပေါ် မည်သို့မျှ အပြစ်မထိုက်ချေ။ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသော အရှင်၊ လွန်စွာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူ၏။

وَمَنْ لَّمْ يَسْتَطِعْ مِنْكُمْ طَوْلًا اَنْ يَّنْكِحَ الْمُحْصَنٰتِ الْمُؤْمِنٰتِ فَمِنْ مَّا مَلَكَتْ اَيْمَانُكُمْ مِّنْ فَتَيٰتِكُمُ الْمُؤْمِنٰتِ ؕ وَاللّٰهُ اَعْلَمُ بِاِيْمَانِكُمْ ؕ بَعْضُكُمْ مِّنْۢ بَعْضٍ ۚ فَانْكِحُوْهُنَّ بِاِذْنِ اَهْلِهِنَّ وَاٰتُوْهُنَّ اُجُوْرَهُنَّ بِالْمَعْرُوْفِ مُحْصَنٰتٍ غَيْرَ مُسٰفِحٰتٍ وَّلَا مُتَّخِذٰتِ اَخْدَانٍ ۚ فَاِذَاۤ اُحْصِنَّ فَاِنْ اَتَيْنَ بِفَاحِشَةٍ فَعَلَيْهِنَّ نِصْفُ مَا عَلَى الْمُحْصَنٰتِ مِنَ الْعَذَابِ ؕ ذٰلِكَ لِمَنْ خَشِيَ الْعَنَتَ مِنْكُمْ ؕ وَاَنْ تَصْبِرُوْا خَيْرٌ لَّكُمْ ؕ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ۝ ع

၂၆။ အကယ်၍ အသင်တို့အနက် အကြင်သူသည် လွတ်လပ်သော သက်ဝင်ယုံကြည်သူအမျိုးသမီးများနှင့် လက်ထပ်ထိမ်းမြားနိုင်ရန် ပစ္စည်းဥစ္စာပြည့်စုံမှုမရှိလျှင် ထိုသူသည် အသင်တို့၏ 'မို့အ်မင်နဲ်' သက်ဝင်ယုံကြည်သူ ကျေးကျွန်မများအနက်မှ အသင်တို့၏လက်ယာလက်က ပိုင်ဆိုင်သူ(တစ်ဦးဦး)နှင့် ထိမ်းမြားလက်ထပ်ပါလေ။ အလ္လာဟ်သည် အသင်တို့၏ 'အီမာန်' သက်ဝင်ယုံကြည်မှုကို ကောင်းစွာသိရှိတော်မူ၏။ အသင်တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်နွယ်မှုရှိကြ၏။ သို့ဖြစ်ရာ သူမတို့ကို သူမတို့အားပိုင်ဆိုင်သည့် သခင်များ၏ ခွင့်ပြုချက်ဖြင့် လက်ထပ်ထိမ်းမြားကြကုန်။ ထို့ပြင် သူမတို့အား သူမတို့ရပိုင်ခွင့် 'မဟာရ်'ကို ထုံးတမ်းနှင့်လျော်ညီစွာပေးဆောင်ကြကုန်။ (သူမတို့သည်) မိမိတို့၏ဂုဏ်သိက္ခာကိုစောင့်ထိန်းသူများ၊ အရှက်ကင်းမဲ့ခြင်းကို မပြုလုပ်သူများဖြစ်ပြီး၊ တိတ်တိတ်ပုံး မိတ်ဖွဲ့သူများမဖြစ်စေရ။ သို့ဖြစ်ရာ သူမတို့သည် လက်ထပ်ထိမ်းမြားပြီးနောက်မှ အရှက်ကင်းမဲ့မှုကိုပြုခဲ့သော် သူမတို့၏အပြစ်ဒဏ်မှာ လွတ်လပ်သောအမျိုးသမီး(ကိုပေးသော)အပြစ်ဒဏ်၏ထက်ဝက်ဖြစ်စေရမည်။ ဤ(လျှော့ပေါ့မှု)သည် အသင်တို့အနက် အပြစ်ကိုကြောက်ရွံ့သူတို့အတွက်ဖြစ်၏။ ထို့ပြင် အသင်တို့သည်းခံကြပါမူ ယင်းသည် အသင်တို့အဖို့ ပိုမိုကောင်းမြတ်ပေသည်။ စင်စစ် အလ္လာဟ်သည် လွန်စွာ

ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရှကူ-၅

يُرِيْدُ اللّٰهُ لِيُبَيِّنَ لَكُمْ وَيَهْدِيَكُمْ سُنَنَ الَّذِيْنَ مِنْ قَبْلِكُمْ وَيَتُوْبَ عَلَيْكُمْ ؕ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ﴿۲۶﴾

၂၆။ အလ္လာဟ်သည် အသင်တို့အား အကြောင်းရပ်ကို ကောင်းစွာထင်ရှားစေတော်မူရန်လည်းကောင်း၊ အသင်တို့ထက်အလျင်ကရှိခဲ့ကြသူတို့၏ နည်းလမ်းများဘက်သို့ အသင်တို့အား လမ်းညွှန်တော်မူရန်လည်းကောင်း၊ 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကိုလက်ခံတော်မူလျက် အသင်တို့အပေါ် ယိမ်းညွတ်တော်မူရန်လည်းကောင်း လိုလားတော်မူ၏။ အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَاللّٰهُ يُرِيْدُ اَنْ يَّتُوْبَ عَلَيْكُمْ ۗ وَيُرِيْدُ الَّذِيْنَ يَتَّبِعُوْنَ الشَّهَوٰتِ اَنْ تَمِيْلُوْا مَيْلًا عَظِيْمًا ﴿۲۷﴾

၂၇။ အလ္လာဟ်သည် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကိုလက်ခံတော်မူလျက် အသင်တို့အပေါ်ယိမ်းညွတ်တော်မူရန် လိုလားတော်မူ၏။ သို့သော် စိတ်အလိုဆန္ဒများ၏နောက်သို့လိုက်ကြသောသူတို့မူကား၊ အသင်တို့ကို ကြီးမားသော အရှိန်အဟုန်ဖြင့် (သူတို့ဘက်)ယိမ်းယိုင်သွားစေရန် လိုလားကြ၏။

يُرِيْدُ اللّٰهُ اَنْ يُّخَفِّفَ عَنْكُمْ ۚ وَخُلِقَ الْاِنْسَانُ ضَعِيْفًا ﴿۲۸﴾

၂၈။ အလ္လာဟ်သည် အသင်တို့အပေါ်မှဝန်ထုပ်ကို ပေါ့ပါးစေရန် လိုလားတော်မူ၏။ စင်စစ် လူသားသည် အားနည်းခြင်းဖြင့် ဖန်ဆင်းခံရ၏။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَاْكُلُوْۤا اَمْوَالَكُمْ بَيْنَكُمْ بِالْبَاطِلِ اِلَّاۤ اَنْ تَكُوْنَ تِجَارَةً عَنْ تَرَاضٍ مِّنْكُمْ ۗ وَلَا تَقْتُلُوْۤا اَنْفُسَكُمْ ؕ اِنَّ اللّٰهَ كَانَ بِكُمْ رَحِيْمًا ﴿۲۹﴾

၂၉။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အချင်းချင်း သဘောတူကျေနပ်စွာ ရောင်းဝယ်ဖောက်ကားခြင်းမှတစ်ပါး မိမိတို့၏ပစ္စည်းဥစ္စာများကို အချင်းချင်း မတရားသောနည်းဖြင့် စားသုံးခြင်းမပြုကြလင့်၊ ထို့ပြင် အသင်တို့သည် (စီးပွားရေးကြောင့်)မိမိတို့ကိုယ်ကို သတ်ဖြတ်ခြင်းမပြုကြလင့်။ ဧကန်မုချ အလ္လာဟ်သည် အသင်တို့အပေါ် အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَمَنْ يَّفْعَلْ ذٰلِكَ عُدْوَانًا وَّظُلْمًا فَسَوْفَ نُصْلِيْهِ نَارًا ؕ وَكَانَ ذٰلِكَ عَلَى اللّٰهِ يَسِيْرًا ﴿۳۰﴾

၃၀။ အကြင်သူသည် စည်းဘောင်ကိုချိုးဖောက်လျက်လည်းကောင်း၊ မတရားပြု၍လည်းကောင်း ယင်းသို့ပြုလုပ်ပါမူ ငါတို့သည် ထိုသူအား မကြာမြင့်မီ (ငရဲ)မီးထဲသို့ ထည့်သွင်းတော်မူမည်။ ယင်းကိစ္စသည် အလ္လာဟ်အဖို့ လွယ်ကူတော်မူ၏။

اِنْ تَجْتَنِبُوْا كَبَآئِرَ مَا تُنْهَوْنَ عَنْهُ نُكَفِّرْ عَنْكُمْ سَيِّاٰتِكُمْ وَنُدْخِلْكُمْ مُّدْخَلًا كَرِيْمًا ﴿۳۱﴾

၃၁။ အကယ်၍ အသင်တို့အား တားမြစ်ပိတ်ပင်ထားခြင်းခံရသော ကြီးလေးသည့်အပြစ်များမှ ရှောင်ကြဉ်လျက်နေကြပါမူ ငါတို့သည် အသင်တို့ထံမှ အသင်တို့၏ မကောင်းမှုများကို ကင်းဝေးအောင်ပြုလုပ်ပေးတော်မူမည်။ ထို့ပြင် ငါတို့သည် အသင်တို့အား ဂုဏ်သရေကြီးမားသည့် နေရာဌာနသို့ ဝင်ရောက်စေတော်မူမည်ဖြစ်၏။

وَلَا تَتَمَنَّوْا مَا فَضَّلَ اللّٰهُ بِهٖ بَعْضَكُمْ عَلٰى
بَعْضٍ ؕ لِلرِّجَالِ نَصِيْبٌ مِّمَّا اكْتَسَبُوْا ؕ
وَلِلنِّسَآءِ نَصِيْبٌ مِّمَّا اكْتَسَبْنَ ؕ وَسْـَٔلُوا
اللّٰهَ مِنْ فَضْلِهٖ ؕ اِنَّ اللّٰهَ كَانَ بِكُلِّ شَیْءٍ
عَلِيْمًا ۝۳۲
وَلِكُلٍّ جَعَلْنَا مَوَالِیَ مِمَّا تَرَكَ الْوَالِدٰنِ
وَالْاَقْرَبُوْنَ ؕ وَالَّذِيْنَ عَقَدَتْ اَيْمَانُكُمْ
فَاٰتُوْهُمْ نَصِيْبَهُمْ ؕ اِنَّ اللّٰهَ كَانَ عَلٰى
كُلِّ شَیْءٍ شَهِيْدًا ۝۳۳

اَلرِّجَالُ قَوّٰمُوْنَ عَلَى النِّسَآءِ بِمَا فَضَّلَ
اللّٰهُ بَعْضَهُمْ عَلٰى بَعْضٍ وَّ بِمَاۤ اَنْفَقُوْا
مِنْ اَمْوَالِهِمْ ؕ فَالصّٰلِحٰتُ قٰنِتٰتٌ
حٰفِظٰتٌ لِّلْغَيْبِ بِمَا حَفِظَ اللّٰهُ ؕ
وَالّٰتِیْ تَخَافُوْنَ نُشُوْزَهُنَّ فَعِظُوْهُنَّ
وَاهْجُرُوْهُنَّ فِی الْمَضَاجِعِ وَاضْرِبُوْهُنَّ ۚ
فَاِنْ اَطَعْنَكُمْ فَلَا تَبْغُوْا عَلَيْهِنَّ سَبِيْلًا ؕ
اِنَّ اللّٰهَ كَانَ عَلِيًّا كَبِيْرًا ۝۳۴

၃၃။ ထို့ပြင် အလ္လာဟ်က အသင်တို့အနက်မှ အချို့ကို အချို့ထက် သာလွန်မှုပေးတော်မူသည်ကို လိုချင်တပ်မက်မှု မရှိကြလင့်။ ယောကျ်ားများအဖို့ သူတို့ရှာဖွေဆည်းပူးသည်များမှ ဝေစုဝေပုံရှိ၏။ မိန်းမများအဖို့လည်း သူမတို့ရှာဖွေဆည်းပူးသည်များမှ ဝေစုဝေပုံရှိ၏။ အလ္လာဟ်၏ထံတော်မှ ထိုအရှင်မြတ်၏ကျေးဇူးတော်ကိုတောင်းခံကြကုန်။ ဧကန်မုချ အလ္လာဟ်သည် အရာခပ်သိမ်းကုန်တို့ကို ကောင်းစွာသိရှိတော်မူ၏။

၃၄။ မိဘနှစ်ပါးနှင့် နီးစပ်သောဆွေမျိုးသားချင်းများက ထားခဲ့သော ယင်း(ပစ္စည်းဥစ္စာ)မှ ငါတို့သည် အားလုံးတို့အတွက် အမွေဆက်ခံသူများကိုပြုထားတော်မူ၏။ ① အသင်တို့နှင့် ခိုင်မာသော ပဋိညာဉ်ပြုထားသူတို့ကိုလည်း သူတို့၏ဝေစုဝေပုံကိုပေးကြကုန်။ ဧကန်မုချ အလ္လာဟ်သည် အရာရာတိုင်း အပေါ် စောင့်ကြပ်တော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူး-၆

၃၅။ အလ္လာဟ်သည် အချို့သောသူများကို အချို့သူများထက် သာလွန်မှုပေးတော်မူထားခြင်းကြောင့်လည်းကောင်း၊ ထို့ပြင် သူ(ယောကျ်ား)တို့သည် မိမိတို့၏ပစ္စည်းဥစ္စာများကို (သူမတို့အတွက်) သုံးစွဲကြသောကြောင့်လည်းကောင်း ယောကျ်ားများသည် မိန်းမတို့အပေါ် ကြီးကြပ်အုပ်ထိန်းသူများဖြစ်ကြ၏။ သို့ဖြစ်ရာ မိန်းမမြတ်တို့သည် ကျိုးနွံနာခံကြပြီး အလ္လာဟ်က ကာကွယ်စောင့်ထိန်းရန် ညွှန်ကြားတော်မူသည်များကို ဆိတ်ကွယ်ရာတွင်လည်း စောင့်ထိန်းသူများ ဖြစ်ကြ၏။ အကြင်မိန်းမတို့သည် မနာခံဖီဆန်ကြမည်ကို အသင်တို့ စိုးရိမ်ကြလျှင် သူမတို့အား (ဦးစွာပထမ)သွန်သင်ဆုံးမကြကုန်။ နာယူခြင်းမရှိလျှင် သူမတို့အား အိပ်ရာများတွင် သီးခြားထားကြကုန်။ ထို့ပြင်တစ်ဖန် (လိုအပ်ပါက) သူမတို့အား ရိုက်၍ဆုံးမပါလေ။ သို့ဖြင့် အကယ်၍ သူမတို့သည် အသင်တို့အား နာခံကြပါလျှင် သူမတို့နှင့်ဆန့်ကျင်၍ သက်သေသာဓက တစ်စုံတစ်ရာကို ရှာဖွေခြင်းမပြုကြကုန်လင့်။ ဧကန်စင်စစ် အလ္လာဟ်သည် လွန်စွာမြင့်မားထွတ်မြတ်တော်မူသောအရှင်၊ အလွန်ကြီးကဲတော်မူသောအရှင် ဖြစ်တော်မူ၏။ ②

---

① ဤဘာသာပြန်ပုံမှာ ဟာဇရတ် မီးရ် မိုဟမ္မဒ်အစ္စဟားက်ဆာဟိဘ်ﷺ၏ ဘာသာပြန်ဆိုချက်ကို မှီးထားပါသည်။

② **اَلرِّجَالُ قَوّٰمُوْنَ** (ယောကျ်ားများသည်ကြီးကြပ်အုပ်ထိန်းသူများဖြစ်ကြ၏)ဟူသောဖော်ပြချက်၏ ပေါ်လွင်သောအဓိပ္ပာယ်တစ်ရပ်မှာ ယေဘုယျအားဖြင့် အမျိုးသားများသည် အမျိုးသမီးတို့ထက်သာလွန်၍ကြွံခိုင်ပြီး သူမတို့အား လမ်းမှန်တွင်ရပ်တည်စေသူများဖြစ်ကြပေသည်။ အကယ်၍ အမျိုးသားသည် **قَوَّامُوْنَ** (ကြီးကြပ်အုပ်ထိန်းသူ)မဟုတ်ခဲ့သော် အမျိုးသမီးတို့ လမ်းမှားလွဲချော်နိုင်ချေ များစွာရှိပေသည်။ ဒုတိယအဓိပ္ပာယ်မှာ မိမိဇနီးမိန်းမများ၏သုံးစွဲမှုကို တာဝန်ယူနိုင်သော ထိုခင်ပွန်းသည်မှာ **قَوَّام** ဖြစ်ပေသည်။ ဇနီးမိန်းမ၏ဝင်ငွေအပေါ်မှီခိုနေရသော လူပျင်းခင်ပွန်းမှာကား **قَوَّام** မဟုတ်ချေ။

وَاِنْ خِفْتُمْ شِقَاقَ بَيْنِهِمَا فَابْعَثُوْا حَكَمًا مِّنْ اَهْلِهٖ وَحَكَمًا مِّنْ اَهْلِهَا ۚ اِنْ يُّرِيْدَآ اِصْلَاحًا يُّوَفِّقِ اللّٰهُ بَيْنَهُمَا ۗ اِنَّ اللّٰهَ كَانَ عَلِيْمًا خَبِيْرًا ۝

၃၅။ အကယ်၍ အသင်တို့သည် သူတို့(ဇနီးမောင်နှံ)နှစ်ဦး၏အကြား ပြင်းထန်သော ဆန့်ကျင်ကွဲလွဲမှုဖြစ်ပွားမည်ကို စိုးရိမ်လျှင် ယင်း(လင်ယောကျ်ား)၏ အိမ်သူအိမ်သားများအနက်မှ အမြော်အမြင်ရှိသော ဆုံးဖြတ်သူတစ်ဦးနှင့် ထို(ဇနီးမိန်းမ)၏ အိမ်သူအိမ်သားများအနက်မှ အမြော်အမြင်ရှိသော ဆုံးဖြတ်သူတစ်ဦးကို ခန့်အပ်ကြကုန်။ အကယ်၍ ယင်းတို့နှစ်ဦးစလုံးသည် ပြေငြိမ်းမှုကိုလိုလားကြပါလျှင် အလ္လာဟ်သည် သူတို့နှစ်ဦး၏အကြားတွင် သင့်မြတ်မှုကိုပေါက်ဖွားစေတော်မူမည်ဖြစ်၏။ ဧကန်မုချ အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ ကောင်းစွာသတင်းရရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

وَاعْبُدُوا اللّٰهَ وَلَا تُشْرِكُوْا بِهٖ شَيْـًٔا وَّبِالْوَالِدَيْنِ اِحْسَانًا وَّبِذِى الْقُرْبٰى وَالْيَتٰمٰى وَالْمَسٰكِيْنِ وَالْجَارِ ذِى الْقُرْبٰى وَالْجَارِ الْجُنُبِ وَالصَّاحِبِ بِالْجَنْۢبِ وَابْنِ السَّبِيْلِ ۙ وَمَا مَلَكَتْ اَيْمَانُكُمْ ۗ اِنَّ اللّٰهَ لَا يُحِبُّ مَنْ كَانَ مُخْتَالًا فَخُوْرَا ۙ ۝

၃၆။ အလ္လာဟ်အား ခဝပ်ကိုးကွယ်ကြကုန်။ မည်သည့်အရာကိုမျှ အရှင်မြတ်နှင့်တွဲဖက်နှိုင်းယှဉ်ရာ မပြုလုပ်ကြလင့်။ ထို့ပြင် မိဘနှစ်ပါးအားလည်းကောင်း၊ ဆွေမျိုးရင်းချာများ၊ မိဘမဲ့များနှင့် သူဆင်းရဲများအားလည်းကောင်း၊ ဆွေမျိုးတော်စပ်သည့် အိမ်နီးချင်းများနှင့် ဆွေမျိုးမဟုတ်သောအိမ်နီးချင်းများအားလည်းကောင်း၊ အမြဲထိတွေ့နေသော အပေါင်းအဖော်များနှင့် ခရီးသည်များအားလည်းကောင်း၊ အသင်တို့၏ လက်ယာလက်မှ ပိုင်ဆိုင်သူများအားလည်းကောင်း ကောင်းမွန်စွာဆက်ဆံပြုကြကုန်။ ဧကန်စင်စစ် အလ္လာဟ်သည် မာန်မာနထောင်လွှားသူနှင့် ကြွားဝါသူတို့ကို ချစ်ခင်နှစ်သက်တော်မမူချေ။

اَلَّذِيْنَ يَبْخَلُوْنَ وَيَاْمُرُوْنَ النَّاسَ بِالْبُخْلِ وَيَكْتُمُوْنَ مَآ اٰتٰىهُمُ اللّٰهُ مِنْ فَضْلِهٖ ۗ وَاَعْتَدْنَا لِلْكٰفِرِيْنَ عَذَابًا مُّهِيْنًا ۚ ۝

၃၇။ ထိုသူတို့သည် (မိမိတို့ကိုယ်တိုင်လည်း) စေးနဲ့တွန့်တိုကြ၏၊ လူအများကိုလည်း စေးနဲ့တွန့်တိုရန် တိုက်တွန်းကြ၏။ ထို့ပြင် အလ္လာဟ်က မိမိ၏ကျေးဇူးတော်ဖြင့် ပေးသနားတော်မူထားသည်တို့ကို ဖုံးကွယ်ကြ၏။ စင်စစ် ငါတို့သည် မယုံ

➤ အာယတ်တော်၏နောက်ဆုံးပိုင်းတွင် ဖော်ပြထားသည်မှာ အကယ်၍ အသင်တို့သည် **قَوَّام** (ကြီးကြပ်အုပ်ထိန်းသူ)ဖြစ်ကြပြီးထိုသို့ဖြစ်လင့်ကစား အသင်တို့၏ဇနီးသည် မနာခံဖီဆန်လိုသည့်သဘောရှိလျှင် ထိုသို့သော အခြေအနေတွင် သူမအား ချက်ချင်းကိုယ်ထိလက်ရောက် ပြစ်ဒဏ်ပေးရန် ခွင့်ပေးထားခြင်းမဟုတ်ဘဲ သူမအား ဦးစွာပထမ သွန်သင်ဆုံးမရမည်။ အကယ်၍ သွန်သင်ဆုံးမမှုကိုမနာခံလျှင် အကြင်လင်မယားပေါင်းသင်းမှုကို ရက်အတန်ကြာသည်အထိ ရှောင်ကြဉ်၍နေရမည်။ (အမှန်သော်ကား ဤပြစ်ဒဏ်သည် အမျိုးသမီးများထက် အမျိုးသားတို့အတွက် ပို၍ထိရောက်သည်)။ ဤသို့ပြုလင့်ကစား မနာခံဖီဆန်လိုသော အကျင့်မပျောက်ခဲ့သော် ထိုအခါတွင်မှ ကိုယ်ထိလက်ရောက်ပြုရန် အသင်တို့အား ခွင့်ပေးပေသည်။ သို့သော် ဤသည်နှင့်စပ်လျဉ်း၍ တမန်တော်မြတ်ﷺက မျက်နှာတွင် ဒဏ်ရာထင်ကျန်တတ်သောကြောင့် မျက်နှာကိုမရိုက်နှက်ကြရန် မိန့်မှာထားပေသည်။ ဤမူကွပါဌ်တော်ကို အကြောင်းပြု၍ လူအများအပြားသည် ခင်ပွန်းက ဇနီးကိုရိုက်နှက်ရန် အခွင့်ရှိသည်ဟုဆိုကာ မိမိတို့၏ဇနီးများအပေါ် မတရားသဖြင့် အကြမ်းဖက်နေကြပေသည်။ အမှန်သော်ကား အထက်ဖော်ပြပါ စည်းကမ်းကန့်သတ်ချက်များကို ဖြည့်ဆည်းကြပါလျှင် မည်သို့သော အကြမ်းဖက်ခက်ထန်မှုကိုမျှပြုရန် လိုအပ်မည်မဟုတ်ချေ။ အကယ်၍ အကြမ်းဖက်ခွင့်ရှိခဲ့ပါလျှင် တမန်တော်မြတ်ﷺ၏ဘဝဖြစ်စဉ်တွင် ကြင်ရာတော်အချို့သည် တစ်ခါတစ်ရံ ကိုယ်တော်မြတ်၏ အမျက်တော်ရှခြင်းကို ခံခဲ့ကြရလင့်ကစား ကိုယ်တော်မြတ်သည် ၎င်းတို့အား ခန္ဓာကိုယ်နာကျင်စေသော အကြမ်းဖက်ရိုက်နှက်မှုမျိုးရှိခဲ့သည်ဟူ၍ ဥပမာပြစရာ တစ်ခုတစ်လေမျှပင် မတွေ့ရချေ။

ကြည်ငြင်းပယ်သူတို့အတွက် လွန်စွာဂုဏ်သရေယုတ်လျော့စေမည့်အပြစ်ဒဏ်ကို စီမံထားတော်မူ၏။

وَالَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمْ رِئَآءَ النَّاسِ وَلَا يُؤْمِنُوْنَ بِاللّٰهِ وَلَا بِالْيَوْمِ الْاٰخِرِ ؕ وَمَنْ يَّكُنِ الشَّيْطٰنُ لَهٗ قَرِيْنًا فَسَآءَ قَرِيْنًا ﴿۳۸﴾

၃၈။ အကြင်သူတို့သည် မိမိတို့၏ပစ္စည်းဥစ္စာများကို လူအများရှေ့တွင် ပြစားမှုအတွက်သုံးစွဲကြ၏၊ သို့သော် အလ္လာဟ်အားလည်းကောင်း၊ နောက်ဆုံးနေ့တော်ကြီးကိုလည်းကောင်း သက်ဝင်ယုံကြည်ခြင်း မရှိကြချေ။ စင်စစ် အကြင်သူ၏အပေါင်းအဖော်သည် 'ရှိုင်တန်'ဖြစ်ခဲ့ပါမူ ယင်းသည် အလွန်ဆိုးရွားသော အပေါင်းအဖော်ဖြစ်၏။

وَمَاذَا عَلَيْهِمْ لَوْ اٰمَنُوْا بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَاَنْفَقُوْا مِمَّا رَزَقَهُمُ اللّٰهُ ؕ وَكَانَ اللّٰهُ بِهِمْ عَلِيْمًا ﴿۳۹﴾

၃၉။ သူတို့သည် အလ္လာဟ်အားလည်းကောင်း၊ နောက်ဆုံးနေ့တော်ကြီးကိုလည်းကောင်း သက်ဝင်ယုံကြည်ကြပြီး အလ္လာဟ်က သူတို့အား ပေးသနားတော်မူထားသည်များမှ စွန့်ကြဲသုံးစွဲကြရန် ထိုသူတို့၌ မည်သည့်အခက်အခဲရှိပါသနည်း။ အလ္လာဟ်သည် သူတို့အား ကောင်းစွာသိရှိတော်မူ၏။

اِنَّ اللّٰهَ لَا يَظْلِمُ مِثْقَالَ ذَرَّةٍ ۚ وَاِنْ تَكُ حَسَنَةً يُّضٰعِفْهَا وَيُؤْتِ مِنْ لَّدُنْهُ اَجْرًا عَظِيْمًا ﴿۴۰﴾

၄၀။ ဧကန်စင်စစ် အလ္လာဟ်သည် မြူမှုန်တမျှပင် မတရားပြုတော်မမူချေ။ ထို့ပြင် အကယ်၍ ကောင်းမှုတစ်စုံတစ်ရာရှိခဲ့လျှင် အရှင်မြတ်သည် ယင်းကိုတိုးပွားစေတော်မူ၏။ ထို့ပြင် မိမိအထံတော်မှလည်း အလွန်တရာ ကြီးကျယ်သော အကျိုးဆုလာဘ်ကို ပေးသနားတော်မူ၏။

فَكَيْفَ اِذَا جِئْنَا مِنْ كُلِّ اُمَّةٍ بِشَهِيْدٍ وَّجِئْنَا بِكَ عَلٰى هٰٓؤُلَآءِ شَهِيْدًا ﴿۴۱﴾

၄၁။ သို့ဖြစ်ရာ ငါတို့သည် 'အွမ္မတ်' အုပ်စုတိုင်းမှ သက်သေတစ်ဦးစီခေါ်ယူတော်မူပြီး၊ ငါတို့သည်အသင့်အား သူတို့အားလုံးအပေါ် သက်သေအဖြစ်ခေါ်ဆောင်လာတော်မူသည့်အခါ အခြေအနေမည်သို့ရှိမည်နည်း။

يَوْمَئِذٍ يَّوَدُّ الَّذِيْنَ كَفَرُوْا وَعَصَوُا الرَّسُوْلَ لَوْ تُسَوّٰى بِهِمُ الْاَرْضُ ؕ وَلَا يَكْتُمُوْنَ اللّٰهَ حَدِيْثًا ﴿۴۲﴾

၄၂။ ယင်းနေ့တော်ကြီးတွင် မယုံကြည်ငြင်းပယ်၍ တမန်တော်ကိုမနာခံခဲ့ကြသောသူတို့သည် (မိမိတို့မှာမြှုပ်နှံခံရပြီး) မြေကြီးသည် သူတို့အပေါ် တစ်သားတည်းဖြစ်အောင်ပြုခြင်းခံရလျှင်ကောင်းပေစွဟု တောင့်တကြပေလိမ့်မည်။ ထို့ပြင် ယင်းသူတို့သည် မည်သည့်စကားကိုမျှ အလ္လာဟ်၏ထံတော်မှဖုံးကွယ်ထားနိုင်ကြမည်မဟုတ်ချေတည်း။

ရုကူး-၇

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَقْرَبُوا الصَّلٰوةَ وَاَنْتُمْ سُكٰرٰى حَتّٰى تَعْلَمُوْا مَا تَقُوْلُوْنَ وَلَا جُنُبًا اِلَّا عَابِرِيْ سَبِيْلٍ حَتّٰى تَغْتَسِلُوْا ؕ وَاِنْ كُنْتُمْ مَّرْضٰٓى اَوْ عَلٰى

၄၃။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မူးယစ်ဝေနောက်နေသော အခြေအနေ၌ 'ဆွလာတ်'ဝတ်ပြုမှုအပါးသို့ မချဉ်းကပ်ကြလင့်။ မိမိတို့ပြောဆိုသောစကားကို မိမိတို့သိရှိနားလည်နိုင်စွမ်းမရှိသမျှကာလပတ်လုံးဖြစ်၏။ ထို့အတူ အသင်တို့သည် ခရီးသည်ဖြစ်နေစဉ်မှအပ (ဂျနာဘတ်) မသန့်ရှင်းသည့်အခြေအနေတွင် ရေချိုးသန့်စင်ခြင်း မပြုသမျှကာလပတ်လုံး ('ဆွလာတ်'အပါးသို့ မချဉ်းကပ်ကြလင့်)။ ထို့ပြင်

سَفَرٍ اَوْ جَآءَ اَحَدٌ مِّنْكُمْ مِّنَ الْغَآئِطِ اَوْ لٰمَسْتُمُ النِّسَآءَ فَلَمْ تَجِدُوْا مَآءً فَتَيَمَّمُوْا صَعِيْدًا طَيِّبًا فَامْسَحُوْا بِوُجُوْهِكُمْ وَاَيْدِيْكُمْ ؕ اِنَّ اللّٰهَ كَانَ عَفُوًّا غَفُوْرًا ۝

အကယ်၍ အသင်တို့သည် နာမကျန်းဖြစ်နေလျှင် သို့မဟုတ် ခရီးသည်ဖြစ်နေလျှင် သို့မဟုတ် အသင်တို့အနက် တစ်ဦးဦး သည် ကျင်ကြီးကျင်ငယ်စွန့်ပြီးလျှင် သို့မဟုတ် အသင်တို့သည် အမျိုးသမီးများနှင့် ကိုယ်လက်နှီးနှောပြီးလျှင်၊ အကယ်၍ ရေမရရှိပါက စင်ကြယ်ခြောက်သွေ့သောမြေကြီးဖြင့် 'တယမွမ်' ပြုကြကုန်။ သို့(ပြုလုပ်သည့်)အခါ (ယင်းမြေကြီးဖြင့်) မိမိတို့၏ မျက်နှာများနှင့် လက်များကိုပွတ်သပ်ကြကုန်။ ဧကန်မုချ အလ္လာဟ်သည် (အပြစ်များကို) လွန်စွာဥပေက္ခာပြုတော်မူသော အရှင်၊ အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင် ဖြစ်တော်မူ၏။

اَلَمْ تَرَ اِلَى الَّذِيْنَ اُوْتُوْا نَصِيْبًا مِّنَ الْكِتٰبِ يَشْتَرُوْنَ الضَّلٰلَةَ وَيُرِيْدُوْنَ اَنْ تَضِلُّوا السَّبِيْلَ ۝

၄၅။ အသင်သည် ကျမ်းတော်မှ အစိတ်အပိုင်းတစ်ရပ်ကို ပေးသနားတော်မူခြင်းခံကြရသောသူတို့အား ဆင်ခြင်သုံးသပ်ခြင်း မပြုပါသလော။ သူတို့သည် လမ်းမှားကို ဝယ်ယူလိုက်ကြပြီး အသင်တို့ကိုလည်း (ဖြောင့်မှန်သော)လမ်းမှ ဖယ်ရှားလိုကြ၏။

وَاللّٰهُ اَعْلَمُ بِاَعْدَآئِكُمْ ؕ وَكَفٰى بِاللّٰهِ وَلِيًّا ۙ وَّكَفٰى بِاللّٰهِ نَصِيْرًا ۝

၄၆။ စင်စစ် အလ္လာဟ်သည် အသင်တို့၏ရန်သူများကို အသိဆုံးဖြစ်တော်မူ၏။ အလ္လာဟ်သည် အဆွေခင်ပွန်းအဖြစ် လုံလောက်တော်မူ၏။ ထို့ပြင် အလ္လာဟ်သည်ပင် ကူညီစောင်မသူအဖြစ်လည်း လုံလောက်တော်မူ၏။

مِنَ الَّذِيْنَ هَادُوْا يُحَرِّفُوْنَ الْكَلِمَ عَنْ مَّوَاضِعِهٖ وَيَقُوْلُوْنَ سَمِعْنَا وَعَصَيْنَا وَاسْمَعْ غَيْرَ مُسْمَعٍ وَّرَاعِنَا لَيًّا بِاَلْسِنَتِهِمْ وَطَعْنًا فِى الدِّيْنِ ؕ وَلَوْ اَنَّهُمْ قَالُوْا سَمِعْنَا وَاَطَعْنَا وَاسْمَعْ وَانْظُرْنَا لَكَانَ خَيْرًا لَّهُمْ وَاَقْوَمَ ۙ وَلٰكِنْ لَّعَنَهُمُ اللّٰهُ بِكُفْرِهِمْ فَلَا يُؤْمِنُوْنَ اِلَّا قَلِيْلًا ۝

၄၇။ 'ရဟူဒီ'တို့အနက် ဤသို့လည်းရှိကြ၏၊ သူတို့သည် စကားရပ်များကို မူရင်းနေရာများမှ ပြောင်းလဲပစ်ကြ၏။ ထို့ပြင် သူတို့က ကျွန်ုပ်တို့ကြားကြပါ၏၊ သို့သော် ကျွန်ုပ်တို့ မလိုက်နာကြပါ၊ အသင်သည် မည်သည်ကိုမျှ မကြားသည့်အလား စကားကိုနားထောင်လော့ဟု ပြောကြ၏။ ထို့ပြင် သူတို့သည် မိမိတို့၏လျှာများကို လိပ်ခေါက်ကာ၊ သာသနာရေးတွင် ပုတ်ခတ်စော်ကားလျက် 'ရာအေနာ'ဟုဆိုကြ၏။ အကယ်၍ သူတို့သည် ကျွန်ုပ်တို့ကြားကြပါ၏၊ ကျွန်ုပ်တို့ နာခံကြပါ၏၊ နားစွင့်ကြားနာပြီး ကျွန်ုပ်တို့ကို ဂရုပြုပါဟုဆိုလေလျှင် သူတို့အတွက် ပိုမိုကောင်းမြတ်၍ အခိုင်မာဆုံး (စကား)ဖြစ်ပေမည်။ သို့ရာတွင် အလ္လာဟ်သည် သူတို့၏မယုံကြည်ခြင်းပယ်မှုကြောင့် သူတို့အပေါ် ကရုဏာတော်မှကင်းဝေးစေခြင်း 'လာ့အ်နတ်' သက်ရောက်စေတော်မူခဲ့၏။ သို့ဖြစ်ရာ သူတို့သည် အနည်းငယ်မှတစ်ပါး အလျှင်းယုံကြည်ခြင်းမရှိကြချေ။ ①

يٰۤاَيُّهَا الَّذِيْنَ اُوْتُوا الْكِتٰبَ اٰمِنُوْا بِمَا نَزَّلْنَا

၄၈။ အို-ကျမ်းဂန်ကိုပေးသနားခြင်းခံကြရသူတို့၊ ငါတို့သည် အချို့သောမျက်နှာများကို ပျက်ယွင်းအောင်ပြုတော်မူပြီး ယင်း

① رَاعِنَا အစား رَاعِيْنَا ဟုပြောနေသကဲ့သို့ဖြစ်သည်။ رَاعِيْنَا ဟူသည် 'အို-ငါတို့၏ သိုးကျောင်းသား' ဟု အဓိပ္ပာယ်ရသည်။

مُصَدِّقًا لِّمَا مَعَكُمْ مِّنْ قَبْلِ اَنْ نَّطْمِسَ وُجُوْهًا فَنَرُدَّهَا عَلٰٓى اَدْبَارِهَآ اَوْ نَلْعَنَهُمْ كَمَا لَعَنَّآ اَصْحٰبَ السَّبْتِ ؕ وَكَانَ اَمْرُ اللّٰهِ مَفْعُوْلًا ۝۴۷

တို့အား ယင်းတို့၏ကျောဘက်သို့ ပြန်လှည့်သွားစေတော်မမူမီ လည်းကောင်း၊ 'ဆဗာတ်' ဥပုသ်နေ့ကို ချိုးဖောက်သူတို့အား 'လာ့အ်နတ်' ကရုဏာတော်မှကင်းဝေးစေခြင်း ကျရောက်စေ သကဲ့သို့ သူတို့အပေါ် 'လာ့အ်နတ်' မကျရောက်မီလည်း ကောင်း အသင်တို့သည် အသင်တို့ထံ၌ရှိသည်ကို မှန်ကန် ကြောင်းထောက်ခံသည့် ငါတို့ပို့ချပေးတော်မူသည်ကို သက် ဝင်ယုံကြည်ကြကုန်။ စင်စစ် အလ္လာဟ်၏စီရင်ဆုံးဖြတ်ချက် သည်ကား ပြည့်စုံခြင်းသို့ရောက်ရှိမည်သာတည်း။

اِنَّ اللّٰهَ لَا يَغْفِرُ اَنْ يُّشْرَكَ بِهٖ وَيَغْفِرُ مَا دُوْنَ ذٰلِكَ لِمَنْ يَّشَآءُ ۚ وَمَنْ يُّشْرِكْ بِاللّٰهِ فَقَدِ افْتَرٰٓى اِثْمًا عَظِيْمًا ۝۴۸

၄၈။ ဧကန်စင်စစ် အလ္လာဟ်သည် 'ရှရိက်' တစ်စုံတစ်ရာကို မိမိနှင့်တွဲဖက်ကိုးကွယ်မှုပြုခြင်းကို ခွင့်လွှတ်တော်မူမည် မဟုတ်ချေ။ ယင်းမှလွဲ၍ အရှင်မြတ်သည် မိမိအလိုတော်ရှိသူ အတွက် အားလုံးကိုခွင့်လွှတ်တော်မူမည်ဖြစ်၏။ အကြင်သူ သည် တစ်စုံတစ်ရာကို အလ္လာဟ်နှင့်တွဲဖက်ကိုးကွယ်မှု 'ရှရိက်' ပြုပါလျှင် စင်စစ် ထိုသူသည် အလွန်ကြီးမားသောအပြစ်ကို လှည့်ဖြားဖန်တီးသူဖြစ်၏။

اَلَمْ تَرَ اِلَى الَّذِيْنَ يُزَكُّوْنَ اَنْفُسَهُمْ ؕ بَلِ اللّٰهُ يُزَكِّيْ مَنْ يَّشَآءُ وَلَا يُظْلَمُوْنَ فَتِيْلًا ۝۴۹

၄၉။ အသင်သည် မိမိကိုယ်မိမိ စင်ကြယ်သူဟု မှတ်ယူကြသူ တို့အား ဆင်ခြင်သုံးသပ်ခြင်းမပြုသလော။ အမှန်သော်ကား အလ္လာဟ်သည်သာလျှင် မိမိနှစ်လိုတော်မူသူအား သန့်ရှင်းစင် ကြယ်သူဟု သတ်မှတ်တော်မူ၏။ သူတို့သည် စွန်ပလွံစေ့ရှိ အရေးအကြောင်းမျှလောက်ပင် မတရားပြုခြင်းကို ခံကြရ မည် မဟုတ်ချေ။

اُنْظُرْ كَيْفَ يَفْتَرُوْنَ عَلَى اللّٰهِ الْكَذِبَ ؕ وَكَفٰى بِهٖٓ اِثْمًا مُّبِيْنًا ۝۵۰ ع

၅၀။ ကြည့်လော့၊ ထိုသူတို့သည် အလ္လာဟ်အပေါ် မည်သို့ မုသားလီဆယ်ဖန်တီးကြပေသနည်း။ ဤအကြောင်းရပ်သည် ပေါ်လွင်ထင်ရှားသောအပြစ်တစ်ခုအဖြစ် လုံလောက်ပေသ တည်း။

ရုကူး-၈

اَلَمْ تَرَ اِلَى الَّذِيْنَ اُوْتُوْا نَصِيْبًا مِّنَ الْكِتٰبِ يُؤْمِنُوْنَ بِالْجِبْتِ وَالطَّاغُوْتِ وَيَقُوْلُوْنَ لِلَّذِيْنَ كَفَرُوْا هٰٓؤُلَآءِ اَهْدٰى مِنَ الَّذِيْنَ اٰمَنُوْا سَبِيْلًا ۝۵۱

၅၁။ အသင်သည် ကျမ်းတော်မှ အစိတ်အပိုင်းတစ်ရပ်ကို ပေးသနားခြင်းခံခဲ့ရသူတို့အား ကြည့်ရှုသုံးသပ်ခြင်း မပြုလေ သလော။ ထိုသူတို့သည် ရုပ်တုများနှင့် 'ရှိုင်တန်'များကို ယုံကြည်ကြ၏။ ထို့ပြင် မယုံကြည်ခြင်းပယ်သူတို့နှင့်စပ်လျဉ်း၍ ဤသူတို့သည် သက်ဝင်ယုံကြည်သူတို့ထက် လမ်းစဉ်အရ ပိုမိုမှန်ကန်ကြသည်ဟု ပြောဆိုကြ၏။

اُولٰٓئِكَ الَّذِيْنَ لَعَنَهُمُ اللّٰهُ ؕ وَمَنْ يَّلْعَنِ اللّٰهُ فَلَنْ تَجِدَ لَهٗ نَصِيْرًا ۝۵۲

၅၂။ ဤသူတို့သည်ပင် သူတို့အပေါ်သို့ အလ္လာဟ်သည် ကရုဏာတော်မှကင်းဝေးစေခြင်း 'လာ့အ်နတ်'ကျရောက်စေ တော်မူ၏။ အကြင်သူအပေါ် အလ္လာဟ်က 'လာ့အ်နတ်' ပြုပါ လျှင်၊ ထိုသူ့အတွက် အသင်သည် မည်သည့်ကူညီစောင်မ

မည့်သူကိုမျှ တွေ့ရှိရမည်မဟုတ်ချေ။

اَمْ لَهُمْ نَصِيْبٌ مِّنَ الْمُلْكِ فَاِذًا لَّا يُؤْتُوْنَ النَّاسَ نَقِيْرًا ﴿٥٣﴾

၅၃။ အသို့နည်း၊ ထိုသူတို့ထံတွင် အုပ်ချုပ်မှုအာဏာမှ တစ်စိတ်တစ်ဒေသမျှရှိသလော၊ သို့ဖြစ်လျှင် သူတို့သည် လူတို့အား ယင်း(အာဏာ)မှ စွန့်ပလွှဲစေရှိ အရေးအကြောင်းမျှ လောက်ပင် (အလျှင်း) ပေးကြမည်မဟုတ်ချေ။

اَمْ يَحْسُدُوْنَ النَّاسَ عَلٰى مَآ اٰتٰىهُمُ اللّٰهُ مِنْ فَضْلِهٖ ۚ فَقَدْ اٰتَيْنَآ اٰلَ اِبْرٰهِيْمَ الْكِتٰبَ وَالْحِكْمَةَ وَاٰتَيْنٰهُمْ مُّلْكًا عَظِيْمًا ﴿٥٤﴾

၅၄။ အသို့နည်း၊ ထိုသူတို့သည် အလ္လာဟ်က မိမိ၏ ကျေးဇူးတော်ဖြင့် လူတို့အား ပေးသနားတော်မူခြင်းအပေါ် မနာလိုဝန်တိုကြပေသလော။ သို့ဖြစ်လျှင် အမှန်ပင် ငါတို့သည် 'အစ်ဗရာဟင်မ်'၏အဆက်အနွယ်တို့ကိုလည်း ကျမ်းဂန်နှင့် ဉာဏ်ပညာအမြော်အမြင်ကို ပေးသနားတော်မူခဲ့ပြီးဖြစ်၏။ ထို့ပြင် ငါတို့သည် သူတို့အား အလွန်ကြီးမားသော အုပ်ချုပ်မှုအာဏာကို ပေးသနားတော်မူခဲ့၏။

فَمِنْهُمْ مَّنْ اٰمَنَ بِهٖ وَمِنْهُمْ مَّنْ صَدَّ عَنْهُ ۭ وَكَفٰى بِجَهَنَّمَ سَعِيْرًا ﴿٥٥﴾

၅၅။ သို့ဖြစ်ရာ ထိုသူတို့အနက်မှ သူ့အား ယုံကြည်သူတို့လည်းရှိခဲ့ကြ၏။ ထို့ပြင် သူတို့အနက်မှပင် သူ့(အား ယုံကြည်မှု)မှ ရပ်တန့်သွားသူများလည်းရှိခဲ့ကြ၏။ (ဤသို့သောသူများကို)လောင်မြိုက်ရန်အတွက် 'ဂျဟန္နမ်'ငရဲသည် လုံလောက်ပေ၏။

اِنَّ الَّذِيْنَ كَفَرُوْا بِاٰيٰتِنَا سَوْفَ نُصْلِيْهِمْ نَارًا ۭ كُلَّمَا نَضِجَتْ جُلُوْدُهُمْ بَدَّلْنٰهُمْ جُلُوْدًا غَيْرَهَا لِيَذُوْقُوا الْعَذَابَ ۭ اِنَّ اللّٰهَ كَانَ عَزِيْزًا حَكِيْمًا ﴿٥٦﴾

၅၆။ ဧကန်စင်စစ် ထိုသူတို့သည် ငါတို့၏ 'အာယတ်' နိမိတ်လက္ခဏာတော်များကို ငြင်းပယ်ကြ၏။ ငါတို့သည် သူတို့အား (ငရဲ)မီးတွင် ထည့်သွင်းတော်မူမည်။ သူတို့၏ အရေပြားလောင်ကျွမ်းသွားသောအခါတိုင်း ငါတို့သည် သူတို့အား အခြားအရေပြားကို ပြောင်းလဲ၍ပေးတော်မူပေမည်။ သို့ဖြင့် သူတို့သည် အပြစ်ဒဏ်ကို မြည်းစမ်းကြရန်ဖြစ်၏။ အမှန်ပင် အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသော အရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ سَنُدْخِلُهُمْ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ اَبَدًا ۭ لَهُمْ فِيْهَآ اَزْوَاجٌ مُّطَهَّرَةٌ ۡ وَّنُدْخِلُهُمْ ظِلًّا ظَلِيْلًا ﴿٥٧﴾

၅၇။ သက်ဝင်ယုံကြည်၍ ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြသောသူတို့အား ငါတို့သည် အခြေတွင် စမ်းချောင်းများအသွယ်သွယ်စီးဆင်းလျက်ရှိသော 'ဂျန္နတ်' ဥယျာဉ်တော်များအတွင်းသို့ ဝင်ရောက်စေတော်မူမည်။ သူတို့သည် ယင်း၌ အစဉ်ထာဝရနေထိုင်ကြရမည့် သူများဖြစ်၏။ ယင်း၌ သူတို့အတွက် စင်ကြယ်အောင်ပြုထားသောအဖော်မွန်များရှိလိမ့်မည်။ ထို့ပြင် ငါတို့သည် သူတို့အား ထူထပ်သော အရိပ်အာဝါသများသို့ ဝင်ရောက်စေတော်မူမည်။

اِنَّ اللّٰهَ يَاْمُرُكُمْ اَنْ تُؤَدُّوا الْاَمٰنٰتِ اِلٰٓى اَهْلِهَا ۙ وَاِذَا حَكَمْتُمْ بَيْنَ النَّاسِ اَنْ تَحْكُمُوْا بِالْعَدْلِ ؕ اِنَّ اللّٰهَ نِعِمَّا يَعِظُكُمْ بِهٖ ؕ اِنَّ اللّٰهَ كَانَ سَمِيْعًا بَصِيْرًا ۝

၅၉။ ဧကန်စင်စစ် အလ္လာဟ်သည် အသင်တို့အား 'အမာနတ်' ယုံကြည်အပ်နှံရာများကို အသင်တို့သည် ယင်းနှင့် ထိုက်တန်သူများသို့ ပေးအပ်ကြရန်လည်းကောင်း၊ အသင်တို့သည် လူတို့၏အကြားတွင်စီမံအုပ်ချုပ်ရာတွင် တရားမျှတစွာ စီမံအုပ်ချုပ်ကြရန်လည်းကောင်း အမိန့်ပေးတော်မူ၏။ ဧကန်ပင် အလ္လာဟ်က အသင်တို့အား သွန်သင်ဆုံးမတော်မူသော အရာသည် အလွန်တရာ ကောင်းမြတ်လှပေသည်။ ဧကန်စင်စစ် အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။ ①

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اَطِيْعُوا اللّٰهَ وَاَطِيْعُوا الرَّسُوْلَ وَاُولِى الْاَمْرِ مِنْكُمْ ۚ فَاِنْ تَنَازَعْتُمْ فِىْ شَىْءٍ فَرُدُّوْهُ اِلَى اللّٰهِ وَالرَّسُوْلِ اِنْ كُنْتُمْ تُؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ؕ ذٰلِكَ خَيْرٌ وَّاَحْسَنُ تَاْوِيْلًا ۝

၆၀။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အား နာခံကြကုန်၊ ထို့ပြင် တမန်တော်ကိုလည်းကောင်း၊ မိမိတို့၏ စီမံအုပ်ချုပ်သူများကိုလည်းကောင်း နာခံကြကုန်။ အကယ်၍ တစ်စုံတစ်ရာသောအရေးကိစ္စတွင် အသင်တို့သည် (စီမံအုပ်ချုပ်သူများနှင့်) ကွဲလွဲမှုဖြစ်ခဲ့ကြသော်၊ အကယ်၍ (အမှန်ပင်) အသင်တို့သည် အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကြီးကို သက်ဝင်ယုံကြည်သူများဖြစ်ကြပါလျှင်၊ ထိုသို့သောအရေးကိစ္စကို အလ္လာဟ်နှင့်တမန်တော်သို့ လွှဲအပ်ကြလော့။ ဤကားအလွန်ကောင်းမြတ်(သော နည်းလမ်းဖြစ်)၏။ ထို့ပြင် ရလဒ်အားဖြင့်လည်း လွန်စွာမှကောင်းမွန်ပေသတည်း။ ②

ရုကူး-၉

اَلَمْ تَرَ اِلَى الَّذِيْنَ يَزْعُمُوْنَ اَنَّهُمْ اٰمَنُوْا

၆၁။ အသင်သည် ထိုသူတို့၏အခြေအနေကို မရှုမြင်ပါသလော။ သူတို့သည် အသင့်ထံ ပို့ချပေးခြင်းခံရသည်ကိုလည်း

① ဤနေရာတွင် *'အမာနတ်'*ဟူသည် ရွေးချယ်တင်မြှောက်မှု အခွင့်အရေးဖြစ်၏။ ယင်း၏ရလဒ်အဖြစ် အုပ်ချုပ်မှုအာဏာကို ရရှိပေသည်။ 'ဆန္ဒမဲ'သည်လည်း 'အမာနတ်'ယုံကြည်အပ်နှံမှုပစ္စည်းဖြစ်ပေသည်။ ယင်းအား ထိုက်တန်သူကိုသာ ပေးရန်လိုပေသည်။ ဤသည်သာလျှင် စစ်မှန်သောဒီမိုကရေစီစနစ်ဖြစ်သည်။ ထို့ပြင် အုပ်ချုပ်မှုအာဏာရရှိသောအခါ မဖြစ်မနေ တရားမျှတမှုပြုရမည်ဖြစ်ပြီး မိမိ၏ပါတီကိုသာ ဘက်မလိုက်ရန် သတိချပ်ရပေမည်။ မျက်မှောက်ခေတ်၏ မမှန်သော ဒီမိုကရေစီစနစ်များတွင်မူ မိမိတို့ပါတီအဖွဲ့ဝင်များနှင့် တရားမျှတစွာဆက်ဆံကြသော်လည်း အတိုက်အခံအုပ်စုများနှင့်မူကား တရားမျှတမှုကို မကျင့်သုံးကြချေ။

② ဤအာယတ်တော်၌ **اُولِى الْاَمْرِ مِنْكُمْ** တွင် **مِنْكُمْ** ကိုအဓိပ္ပာယ်ဖွင့်ဆိုလျက် အချို့ပညာရှင်များက မွတ်စလင်တို့သည် မိမိတို့အတွင်းမှသာ စီမံအုပ်ချုပ်သူကို ခန့်ထားကြရန်နှင့် မွတ်စလင်မဟုတ်သော စီမံအုပ်ချုပ်သူအား အမိန့်နာခံရန် မလိုအပ်ကြောင်း ကောက်ချက်ဆွဲကြသည်။ ဤကား အဓိပ္ပာယ်မဲ့ယူဆချက်တစ်ရပ်ဖြစ်ပြီး သာမန်သုံးသပ်ကြည့်ရုံမျှဖြင့် ထိုအယူအဆမှားယွင်းနေကြောင်း ထင်ရှားပေသည်။ မွတ်စလင်မဟုတ်သော အစိုးရအုပ်ချုပ်ရေးအောက်တွင် နေထိုင်ကြသော မွတ်စလင်ဖြစ်စေ၊ ထိုဒေသများသို့ 'ဟစ်ဂျရတ်'ပြုပြောင်းရွှေ့သွားကြသည့် မွတ်စလင်ဖြစ်စေ အားလုံးတို့သည် ထိုဒေသရှိ အစိုးရ၏ဥပဒေများကို လိုက်နာကြရပေသည်။

အခြားအကြောင်းတစ်ရပ်မှာ မွတ်စလင်အုပ်ချုပ်ရေးဒေသတွင် တစ်စုံတစ်ရာသောအရေးကိစ္စ၌ အုပ်ချုပ်ရေးအာဏာပိုင်နှင့် ဝိဝါဒကွဲပြားမှုဖြစ်လျှင် ယင်းကို အလ္လာဟ်နှင့်တမန်တော်သို့ လွှဲအပ်လော့ဟူသည်ကို ရှင်းလင်းရသော် အလ္လာဟ်နှင့် တမန်တော်ဟုဖော်ပြထားပေရာ ထင်ရှားပြတ်သားသောအဓိပ္ပာယ်မှာ 'ကျမ်းမြတ်ကုရ်အာန်၏သွန်သင်ချက်'ကိုဆိုလိုခြင်းဖြစ်သည်။ သို့ဖြစ်ရာ အုပ်ချုပ်သူအာဏာပိုင်သည် မွတ်စလင်ဖြစ်စေ၊ မွတ်စလင်မဟုတ်သူဖြစ်စေ မည်သူပင်မဆို အကယ်၍ ကျမ်းမြတ်ကုရ်အာန်၏အခြေခံကျသောသင်ပြချက်များနှင့်ဆန့်ကျင်လျက် တစ်စုံတစ်ရာလုပ်ဆောင်ရန် အမိန့်ပေးပါလျှင် ထိုသို့သောအခြေအနေမျိုး၌ အုပ်ချုပ်သူအာဏာပိုင်၏စကားကို နာခံရန်မလိုအပ်ဘဲ ကျမ်းမြတ်ကုရ်အာန်၏သင်ပြချက်ကိုသာ လိုက်နာရပေမည်။

يُرِيْدُوْنَ اَنْ يَّتَحَاكَمُوْٓا اِلَى الطَّاغُوْتِ وَقَدْ اُمِرُوْٓا اَنْ يَّكْفُرُوْا بِهٖ ۭ وَيُرِيْدُ الشَّيْطٰنُ اَنْ يُّضِلَّهُمْ ضَلٰلًۢا بَعِيْدًا ۝۶۰

ကောင်း၊ အသင့်ထက်အလျင်က ပို့ချပေးခြင်းခံခဲ့ရသည်ကို လည်းကောင်း သက်ဝင်ယုံကြည်ကြသည်ဟု ထင်မှတ်ကြ၏။ ထိုသူတို့သည် 'ရှိုင်တန်'ထံမှ အဆုံးအဖြတ်ကို ရယူလိုကြ၏။ စင်စစ် ယင်း(ရှိုင်တန်)ကို ငြင်းပယ်ကြရန် သူတို့အား အမိန့်ပေးခဲ့ပြီးဖြစ်၏။ အမှန်သော်ကား 'ရှိုင်တန်'သည် သူတို့အား ဝေးလံစွာသောလမ်းမှား၌ ချွတ်ချော်တိမ်းပါးသွားစေရန် လိုလား၏။

وَاِذَا قِيْلَ لَهُمْ تَعَالَوْا اِلٰى مَآ اَنْزَلَ اللّٰهُ وَاِلَى الرَّسُوْلِ رَاَيْتَ الْمُنٰفِقِيْنَ يَصُدُّوْنَ عَنْكَ صُدُوْدًا ۝۶۱

၆၂။ သူတို့အား အလ္လာဟ်ပို့ချပေးတော်မူသည့်ဘက်သို့ လည်းကောင်း၊ တမန်တော်ဘက်သို့လည်းကောင်း လာကြကုန်ဟု ပြောသောအခါ၊ 'မိုနာဖစ်' အယောင်ဆောင်တို့သည် အသင့်ထံမှ အလွန်ဝေးကွာစွာ ရှောင်ဖယ်သွားကြသည်ကို အသင်မြင်တွေ့ရပေအံ့။

فَكَيْفَ اِذَآ اَصَابَتْهُمْ مُّصِيْبَةٌۢ بِمَا قَدَّمَتْ اَيْدِيْهِمْ ثُمَّ جَاۗءُوْكَ يَحْلِفُوْنَ ۚ بِاللّٰهِ اِنْ اَرَدْنَآ اِلَّآ اِحْسَانًا وَّتَوْفِيْقًا ۝۶۲

၆၃။ သူတို့၏လက်များကကြိုတင်ပို့ထားနှင့်သည်တို့ကြောင့် သူတို့အပေါ် ဘေးအန္တရာယ် တစ်စုံတစ်ရာကျရောက်လာသောအခါ သူတို့မည်သို့ဖြစ်သွားကြသနည်း။ ထိုအခါ သူတို့သည် အသင့်ထံလာရောက်၍ ကျွန်ုပ်တို့မှာကား ကောင်းမှုပြုခြင်းနှင့် သင့်တင့်ပြေငြိမ်းမှုပြုခြင်းမှတစ်ပါး အခြားမည်သည်ကိုမျှ ရည်စူးခြင်းမရှိခဲ့ပါဟု အလ္လာဟ်အား တိုင်တည်ကျိန်ဆို၍ ပြောဆိုကြ၏။

اُولٰۗىِٕكَ الَّذِيْنَ يَعْلَمُ اللّٰهُ مَا فِيْ قُلُوْبِهِمْ ۣ فَاَعْرِضْ عَنْهُمْ وَعِظْهُمْ وَقُلْ لَّهُمْ فِيْٓ اَنْفُسِهِمْ قَوْلًۢا بَلِيْغًا ۝۶۳

၆၄။ ဤသည် ထိုသို့သောသူများပင်တည်း၊ အလ္လာဟ်သည် သူတို့၏ စိတ်တွင်းရှိသည်တို့ကို ကောင်းစွာသိရှိတော်မူ၏။ သို့ဖြစ်ရာ သူတို့အား လျစ်လျူရှုပါလေ။ သို့ရာတွင် သူတို့အား သွန်သင်ဆုံးမပါလေ။ ဤတွင်မက သူတို့၏ စိတ်ဝိညာဉ်များအပေါ် နက်ရှိုင်းစွာ အကျိုးသက်ရောက်စေသောစကားကိုပြောပါလေ။

وَمَآ اَرْسَلْنَا مِنْ رَّسُوْلٍ اِلَّا لِيُطَاعَ بِاِذْنِ اللّٰهِ ۭ وَلَوْ اَنَّهُمْ اِذْ ظَّلَمُوْٓا اَنْفُسَهُمْ جَاۗءُوْكَ فَاسْتَغْفَرُوا اللّٰهَ وَاسْتَغْفَرَ لَهُمُ الرَّسُوْلُ لَوَجَدُوا اللّٰهَ تَوَّابًا رَّحِيْمًا ۝۶۴

၆၅။ ငါတို့သည် မည်သည့်တမန်တော်ကိုမျှ အလ္လာဟ်၏အမိန့်တော်ဖြင့် သူ့အား နာခံလိုက်နာရန်အတွက်မှတစ်ပါး (အခြားအကြောင်းကြောင့်) စေလွှတ်တော်မူသည်မဟုတ်၊ အကယ်၍ သူတို့သည် မိမိတို့၏အသက်ဝိညာဉ်များကို ညှဉ်းပန်းနှိပ်စက်မိသည့်အချိန်တွင် အသင့်ထံသို့ လာရောက်၍ အလ္လာဟ်၏ထံတော်မှ ခွင့်လွှတ်တော်မူခြင်းကို တောင်းခံပြီး၊ တမန်တော်ကလည်း သူတို့အတွက် ခွင့်လွှတ်ခြင်းကို တောင်းခံပေးသောအခါ သူတို့သည် အလ္လာဟ်အား 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို လွန်စွာ လက်ခံတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူကြောင်း အမှန်ပင် တွေ့ရှိကြရပေလိမ့်မည်။

فَلَا وَرَبِّكَ لَا يُؤْمِنُوْنَ حَتّٰى يُحَكِّمُوْكَ فِيْمَا شَجَرَ بَيْنَهُمْ ثُمَّ لَا يَجِدُوْا فِيْٓ اَنْفُسِهِمْ حَرَجًا مِّمَّا قَضَيْتَ وَيُسَلِّمُوْا تَسْلِيْمًا ۝

၆၆။ (သို့သော် သူတို့သည် ထိုသို့) မဟုတ်ချေ။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ကျိန်ဆိုတိုင်တည်ပါ၏။ ထိုသူတို့သည် မိမိတို့အချင်းချင်း အငြင်းပွားကြသော အရေးကိစ္စများတွင် အသင့်အား စီရင်ဆုံးဖြတ်သူ ခံသမာဓိ မပြုလေသမျှ၊ တစ်ဖန် အသင်က မည်သို့ပင် စီရင်ဆုံးဖြတ်သည်ဖြစ်စေ ယင်းနှင့်စပ်လျဉ်း၍ သူတို့သည် မိမိတို့၏ စိတ်နှလုံးများတွင် တစ်စုံတစ်ရာကျဉ်းကျပ်မှုမဖြစ်ဘဲ အပြည့်အဝ နာခံလိုက်နာခြင်းမပြုလေသမျှ ထိုသူတို့သည် မည်သည့်အခါတွင်မျှ သက်ဝင်ယုံကြည်လာနိုင်ကြမည် မဟုတ်ချေ။

وَلَوْ اَنَّا كَتَبْنَا عَلَيْهِمْ اَنِ اقْتُلُوْٓا اَنْفُسَكُمْ اَوِ اخْرُجُوْا مِنْ دِيَارِكُمْ مَّا فَعَلُوْهُ اِلَّا قَلِيْلٌ مِّنْهُمْ ۭ وَلَوْ اَنَّهُمْ فَعَلُوْا مَا يُوْعَظُوْنَ بِهٖ لَكَانَ خَيْرًا لَّهُمْ وَاَشَدَّ تَثْبِيْتًا ۝

၆၇။ အကယ်၍ ငါတို့က သူတို့အား အသင်တို့သည် မိမိတို့၏စိတ်ဝိညာဉ်များကို သတ်ပစ်ကြကုန်၊ သို့တည်းမဟုတ် မိမိတို့၏နေအိမ်များမှ ထွက်ခွာသွားကြကုန်ဟု သူတို့အား ပြဋ္ဌာန်းတော်မူခဲ့လျှင်၊ သူတို့အနက် အနည်းငယ်မျှသောသူတို့မှတစ်ပါး မည်သူမျှ ထိုသို့ပြုလုပ်ကြမည် မဟုတ်ချေ။ အကယ်၍ ၎င်းတို့သည် မိမိတို့အား သွန်သင်ဆုံးမခံရသည်တို့ကိုသာလုပ်ဆောင်ကြလျှင် ဤသည် သူတို့အတွက် လွန်စွာကောင်းမြတ်၍ သူတို့၏ ခြေအစုံမြဲမြံရေးအတွက် ခိုင်မာသော အကြောင်းခံတစ်ရပ် ဖြစ်ပေလိမ့်မည်။

وَّاِذًا لَّاٰتَيْنٰهُمْ مِّنْ لَّدُنَّآ اَجْرًا عَظِيْمًا ۝

၆၈။ ထို့ပြင် ထိုသို့သောအခြေအနေတွင် ငါတို့သည် ထိုသူတို့အား မိမိအထံတော်မှ ကြီးကျယ်သော အကျိုးဆုလာဘ်ကို အမှန်ပင် ပေးသနားတော်မူပေမည်။

وَّلَهَدَيْنٰهُمْ صِرَاطًا مُّسْتَقِيْمًا ۝

၆၉။ ထို့ပြင် ငါတို့သည် သူတို့အား ဖြောင့်မတ်မှန်ကန်သောလမ်းကို မုချ ညွှန်ပြတော်မူမည်ဖြစ်၏။

وَمَنْ يُّطِعِ اللّٰهَ وَالرَّسُوْلَ فَاُولٰۗىِٕكَ مَعَ الَّذِيْنَ اَنْعَمَ اللّٰهُ عَلَيْهِمْ مِّنَ النَّبِيّٖنَ وَالصِّدِّيْقِيْنَ وَالشُّهَدَاۗءِ وَالصّٰلِحِيْنَ ۚ وَحَسُنَ اُولٰۗىِٕكَ رَفِيْقًا ۝

၇၀။ မည်သူမဆို အလ္လာဟ်နှင့် ဤ'ရစူလ်'တမန်တော်ကို နာခံလိုက်နာအံ့၊ ထိုသူတို့သည်ပင် အလ္လာဟ် ကောင်းချီးဆုလာဘ်ပေးသနားတော်မူသောသူတို့နှင့်အတူ ဖြစ်လိမ့်မည်။ (ယင်းတို့မှာ) 'နဗီ' တမန်တော်များအနက်မှလည်းကောင်း၊ 'ဆီဒီက်' ဖြောင့်မတ်မှန်ကန်သူများအနက်မှလည်းကောင်း၊ 'ရှဟီဒ်' သာသနာ့အာဇာနည်များအနက်မှလည်းကောင်း၊ 'ဆွာလေဟ်' သူတော်စင်များအနက်မှလည်းကောင်း(ဖြစ်၏)၊ သူတို့သည် အလွန်ကောင်းမြတ်သောအဖော်မွန်များဖြစ်ကြ၏။ ①

---

① ဤအာယတ်တော်တွင် အလွန်အလေးအနက်ဂရုပြုရမည့်အကြောင်းပါရှိ၏။ ပထမအချက်မှာ **الرسول** (ဤတမန်တော်) ဟူသည် တမန်တော်မြတ်မိုဟမ္မဒ်ﷺပင်ဖြစ်သည်။ 'ဤဝိသေသထူးသောတမန်တော်'ဟု ဆိုလိုပေသည်။ ဒုတိယအချက်မှာ အကယ်၍ အသင်တို့အနေဖြင့် ဤတမန်တော်ကိုနာခံလိုက်နာလျှင် ထိုသူများတွင် အပါအဝင်ဖြစ်ကြပေလိမ့်မည်၊ ယင်းတို့တွင် 'နဗီ'တမန်တော်လည်းပါဝင်၏။ ထို့ပြင် 'ဆီဒီက်'၊ 'ရှဟီဒ်'နှင့် 'ဆွာလေဟ်'တို့လည်းပါဝင်ကြ၏။ ယင်း၏ဆိုလိုရင်းသဘောမှာ တမန်တော်မြတ်ﷺအား နာခံလိုက်နာမှုဖြင့် 'နဗီ'တမန်တော်လည်းဖြစ်နိုင်၏။ ထိုတမန်တော်သည်ကား ဤတမန်တော်မြတ်ﷺအားနာခံလိုက်နာသူဖြစ်ရမည်ဟု ဆိုလိုပေသည်။

ذٰلِكَ الْفَضْلُ مِنَ اللّٰهِ ؕ وَكَفٰى بِاللّٰهِ عَلِيْمًا ۝٧٠

၇၀။ ဤသည်အလျှာဟ်၏အထူးကျေးဇူးတော်ဖြစ်၏။ စင်စစ် အလျှာဟ်သည် သိမြင်တော်မူသောအရှင်အဖြစ် အလွန်လျှင် လုံလောက်တော်မူပေသတည်း။

ရုကူ-၁၀

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا خُذُوْا حِذْرَكُمْ فَانْفِرُوْا ثُبَاتٍ اَوِ انْفِرُوْا جَمِيْعًا ۝٧١

၇၁။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ မိမိတို့ကိုယ်ကို ကာကွယ်ရန် ပြင်ဆင်ထားကြကုန်။ ထို့နောက် အစုအဖွဲ့ငယ်များအဖြစ်ဖြင့် သို့မဟုတ် ကြီးမားသောအုပ်စုအဖြစ်ဖြင့် ထွက်ခွာကြကုန်။

وَاِنَّ مِنْكُمْ لَمَنْ لَّيُبَطِّئَنَّ ۚ فَاِنْ اَصَابَتْكُمْ مُّصِيْبَةٌ قَالَ قَدْ اَنْعَمَ اللّٰهُ عَلَيَّ اِذْ لَمْ اَكُنْ مَّعَهُمْ شَهِيْدًا ۝٧٢

၇၂။ ကေန်မလွဲ အသင်တို့အနက် ဖင့်နွဲ့နောက်ချန်ကျန်ရစ်သူများလည်း အမှန်ပင်ရှိလိမ့်မည်။ အသင်တို့အပေါ် ဘေးအန္တရာယ်တစ်ခုခုကျရောက်လျှင်၊ ဤသို့သောသူက အလျှာဟ်သည် ကျွန်ုပ်အပေါ် ကောင်းချီးပြုတော်မူခဲ့ပေရာ ကျွန်ုပ်သည် သူတို့နှင့်အတူ (ယင်းဘေးအန္တရာယ်ကို) မြင်တွေ့ရသူ မဖြစ်ခဲ့ရချေဟု ပြောဆိုပေလိမ့်မည်။

وَلَئِنْ اَصَابَكُمْ فَضْلٌ مِّنَ اللّٰهِ لَيَقُوْلَنَّ كَاَنْ لَّمْ تَكُنْۢ بَيْنَكُمْ وَبَيْنَهٗ مَوَدَّةٌ يّٰلَيْتَنِيْ كُنْتُ مَعَهُمْ فَاَفُوْزَ فَوْزًا عَظِيْمًا ۝٧٣

၇၃။ အကယ်၍ အသင်တို့ထံ အလျှာဟ်၏ထံတော်မှ ကျေးဇူးတော်တစ်စုံတစ်ရာရောက်ရှိသော် ထိုသူက အသင်တို့နှင့် သူ၏အကြား တစ်စုံတစ်ရာချစ်ခင်သောဆက်နွယ်မှုမရှိသည့် အလား ကျွန်ုပ်သည်လည်း သူတို့နှင့်အတူရှိခဲ့ပါလျှင် ကောင်းပေစွ၊ သို့ဖြင့် (ကျွန်ုပ်သည်လည်း)ကြီးကျယ်သော အောင်မြင်မှုကိုရရှိခဲ့ပေမည်ဟု အမှန်ပင်ပြောဆိုကြပေအံ့။

فَلْيُقَاتِلْ فِيْ سَبِيْلِ اللّٰهِ الَّذِيْنَ يَشْرُوْنَ الْحَيٰوةَ الدُّنْيَا بِالْاٰخِرَةِ ؕ وَمَنْ يُّقَاتِلْ فِيْ

၇၄။ သို့ဖြစ်ရာ နောင်တမလွန်အတွက် မိမိတို့၏ လောကီဘဝကိုရောင်းချလိုက်သူတို့သည် အလျှာဟ်၏လမ်းတော်တွင် တိုက်ခိုက်ကြကုန်။ အကြင်သူသည် အလျှာဟ်၏လမ်းတော်

➤ ဤမုက္ခပါဠိတော်မှ **مَـعَ** ၏အဓိပ္ပာယ်ကို အချို့ပညာရှင်များက- 'ယင်းတို့သည် ထိုသူများနှင့် 'အတူတကွ'ရှိကြပေမည်၊ ထိုသူတို့အတွင်းမှဖြစ်ကြမည်မဟုတ်'ဟု တစ်ယူသန်တစ်ဖက်သက် အဓိပ္ပာယ်ပြန်ဆိုကြလေသည်။ ၎င်းတို့က ဤသို့ ပြန်ဆိုမှုအတွက် အထောက်အထားအဖြစ် **حَسُنَ اُولٰٓئِكَ رَفِيْقًا** (သူတို့သည် လွန်စွာကောင်းမြတ်သော အဖော်မွန်များဖြစ်ကြမည်) ဆိုလိုသည်မှာ ထိုသူတို့သည် 'နဗီ'တမန်တော်များနှင့်အတူတကွရှိကြပေလိမ့်မည်၊ သို့သော် သူတို့ကိုယ်တိုင်ကမူ 'နဗီ'တမန်တော်ဖြစ်ကြမည်မဟုတ်ဟု ဖော်ပြကြသည်။ ဤအာယတ်တော်ကို ထိုသို့အဓိပ္ပာယ်ပြန်ဆိုခြင်းမှာ တမန်တော်မြတ် ﷺ ၏ မြင့်မားသော ဂုဏ်အဆင့်ကို ထိပါးခြင်းပင်ဖြစ်သည်။ အကြောင်းမူ သူတို့ပြောသကဲ့သို့ဆိုလျှင် ဤအာယတ်တော်၌ တမန်တော်မြတ် မိုဟမ္မဒ် ﷺ ကိုနာခံလိုက်နာသူတို့သည် 'နဗီ'တမန်တော်တို့နှင့်အတူတကွရှိကြမည်၊ သို့သော် ကိုယ်တိုင်မှာမူ 'နဗီ'တမန်တော်ဖြစ်မည်မဟုတ်။ သူတို့သည် 'ဆီဒီက်'တို့နှင့် အတူတကွရှိကြမည်၊ သို့သော် ကိုယ်တိုင်မှာမူ 'ဆီဒီက်'(ဖြောင့်မှန်သူ)ဖြစ်မည်မဟုတ်။ သူတို့သည် 'ရှဟီဒ်'များနှင့် အတူတကွရှိကြမည်၊ သို့သော် ကိုယ်တိုင်မှာမူကား 'ရှဟီဒ်'(သာသနာ့အာဇာနည်)ဖြစ်မည်မဟုတ်။ သူတို့သည် 'ဆွာလေဟ်'များနှင့် အတူတကွရှိကြမည်၊ သို့ရာတွင် ကိုယ်တိုင်မှာမူကား 'ဆွာလေဟ်'(သူတော်စင်)ဖြစ်မည်မဟုတ်ဟူ၍ အဓိပ္ပာယ်သက်ရောက်ပေလိမ့်မည်။ ကျမ်းမြတ်ကုရ်အာန်၏မုက္ခပါဠိတော်အများအပြားတွင် **مَـعَ** (အတူတကွ)ဟူသောပုဒ်ကို **مِـنْ** (မှ/အတွင်းမှ)ဟူသော အဓိပ္ပာယ်ဖြင့် သုံးစွဲဖော်ပြထားပေသည်။ ပမာအားဖြင့် ၃း၁၉၄ - ၄း၁၄၇ - ၁၅း၃၂ တို့တွင် ရှုပါ။

ထိုမျှမက **مَعَ الَّذِيْنَ اَنْعَمَ اللّٰهُ عَلَيْهِمْ** စကားပိုဒ်၏နောက်တွင် **مِنَ النَّبِيّٖنَ** ဟု မိန့်ဆိုထားသည်။ ဤ **مِـنْ** ပုဒ်မှာ **مِنْ بَيَانِيَه** (ရှင်းလင်းဖော်ပြသောဝိဘတ်)ဖြစ်ပြီး 'သူတို့နှင့်အတူ၊ သူတို့အတွင်းမှ'ဟု ဆိုလိုပေသည်။

سَبِيْلِ اللّٰهِ فَيُقْتَلْ اَوْ يَغْلِبْ فَسَوْفَ نُؤْتِيْهِ اَجْرًا عَظِيْمًا ﴿٧٤﴾

တွင် တိုက်ခိုက်ပြီး အသတ်ခံရသည်ဖြစ်စေ သို့မဟုတ် အောင်ပွဲရသည်ဖြစ်စေ (မည်သို့ပင်ဖြစ်စေ) ငါတို့သည် ထိုသူအား အလွန်ကြီးကျယ်သောဆုလာဘ်ကို အမှန်ပင် ပေးသနားတော်မူမည်ဖြစ်၏။

وَمَا لَكُمْ لَا تُقَاتِلُوْنَ فِيْ سَبِيْلِ اللّٰهِ وَالْمُسْتَضْعَفِيْنَ مِنَ الرِّجَالِ وَالنِّسَآءِ وَالْوِلْدَانِ الَّذِيْنَ يَقُوْلُوْنَ رَبَّنَآ اَخْرِجْنَا مِنْ هٰذِهِ الْقَرْيَةِ الظَّالِمِ اَهْلُهَا ۚ وَاجْعَلْ لَّنَا مِنْ لَّدُنْكَ وَلِيًّا ۙ وَّاجْعَلْ لَّنَا مِنْ لَّدُنْكَ نَصِيْرًا ﴿٧٥﴾

၇၆။ အသင်တို့ မည်သို့ဖြစ်သွားကြသနည်း၊ အသင်တို့သည် အင်အားချည့်နဲ့အောင်ပြုခြင်းခံခဲ့ရသော ယောကျ်ားများ၊ မိန်းမသားများနှင့် ကလေးသူငယ်များအတွက် အလ္လာဟ်၏ လမ်းတော်တွင် အဘယ့်ကြောင့် မတိုက်ခိုက်ကြသနည်း။ သူတို့က၊ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား မတရားနှိပ်စက်ကျူးလွန်သူတို့နေထိုင်သော ဤမြို့ရွာမှ ထုတ်ဆောင်တော်မူပါ၊ ကျွန်တော်မျိုးတို့အတွက် အရှင်မြတ်ထံတော်မှ ကာကွယ်စောင့်ရှောက်မည့်သူတစ်ဦးဦးကို ပြုလုပ်ပေးတော်မူပါ၊ ထို့ပြင် ကျွန်တော်မျိုးတို့အတွက် အရှင်မြတ်ထံတော်မှ ကူညီစောင်မမည့်သူတစ်ဦးဦးကို ခန့်အပ်ပေးသနားတော်မူပါဟု တောင်းဆုပြုကြ၏။

اَلَّذِيْنَ اٰمَنُوْا يُقَاتِلُوْنَ فِيْ سَبِيْلِ اللّٰهِ ۚ وَالَّذِيْنَ كَفَرُوْا يُقَاتِلُوْنَ فِيْ سَبِيْلِ الطَّاغُوْتِ فَقَاتِلُوْٓا اَوْلِيَآءَ الشَّيْطٰنِ ۚ اِنَّ كَيْدَ الشَّيْطٰنِ كَانَ ضَعِيْفًا ﴿٧٦﴾ ع

၇၇။ သက်ဝင်ယုံကြည်ကြသောသူတို့သည် အလ္လာဟ်၏ လမ်းတော်တွင် တိုက်ခိုက်ကြ၏။ မယုံကြည်ငြင်းပယ်သူတို့မှာမူ 'ရှိုင်တန်'၏လမ်းတွင် တိုက်ခိုက်ကြ၏။ သို့ဖြစ်၍ အသင်တို့သည် 'ရှိုင်တန်'၏အပေါင်းအဖော်တို့အား တိုက်ခိုက်ကြကုန်။ 'ရှိုင်တန်'၏ကြံစည်မှုသည် အမှန်ပင် အင်အားချည့်နဲ့လှပေသတည်း။

ရုကူး-၁၁

اَلَمْ تَرَ اِلَى الَّذِيْنَ قِيْلَ لَهُمْ كُفُّوْٓا اَيْدِيَكُمْ وَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ ۚ فَلَمَّا كُتِبَ عَلَيْهِمُ الْقِتَالُ اِذَا فَرِيْقٌ مِّنْهُمْ يَخْشَوْنَ النَّاسَ كَخَشْيَةِ اللّٰهِ اَوْ اَشَدَّ خَشْيَةً ۚ وَقَالُوْا رَبَّنَا لِمَ كَتَبْتَ عَلَيْنَا الْقِتَالَ ۚ لَوْلَآ اَخَّرْتَنَآ اِلٰٓى اَجَلٍ قَرِيْبٍ ۭ قُلْ مَتَاعُ الدُّنْيَا قَلِيْلٌ ۚ وَالْاٰخِرَةُ خَيْرٌ لِّمَنِ اتَّقٰى ۣ وَلَا تُظْلَمُوْنَ فَتِيْلًا ﴿٧٧﴾

၇၈။ အသင်သည် ထိုသူတို့ကို ရှုမြင်သုံးသပ်ခြင်း မပြုလေသလော။ သူတို့အား မိမိတို့၏လက်များကို ချုပ်တည်း၍ ထားကြကုန်၊ 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြကုန်၊ 'ဇကားတ်' ပေးဆောင်ကြကုန်ဟု မိန့်ကြားခြင်းခံရ၏။ ထိုမှနောက်တွင် သူတို့အား စစ်တိုက်ရန် တာဝန်ပေးပြဋ္ဌာန်းသောအခါတွင်မူကား၊ ရုတ်တရက်ပင် သူတို့အနက်မှ အုပ်စုတစ်စုသည် လူများကို အလ္လာဟ်အား ကြောက်ရွံ့သကဲ့သို့ ကြောက်ရွံ့ကြလေသည်၊ သို့တည်းမဟုတ် ထို့ထက်ပင်ပို၍ (ကြောက်ရွံ့ကြလေသည်)။ ထို့ပြင် သူတို့က အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အား အရှင်မြတ်သည် အဘယ့်ကြောင့် စစ်တိုက်ရန် တာဝန်ပေးပြဋ္ဌာန်းတော်မူပါသနည်း။ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား အဘယ့်ကြောင့် အချိန်ကာလအနည်းငယ် ဆိုင်းငံ့ခွင့်ပေးတော်မမူပါသနည်းဟု လျှောက်ထားပန်ကြားကြ၏။ အသင်ပြောကြားပါလေ၊

لَوْ كُنْتُمْ فِيْ بُرُوْجٍ مُّشَيَّدَةٍ ۗ وَاِنْ تُصِبْهُمْ حَسَنَةٌ يَّقُوْلُوْا هٰذِهٖ مِنْ عِنْدِ اللّٰهِ ۚ وَاِنْ تُصِبْهُمْ سَيِّئَةٌ يَّقُوْلُوْا هٰذِهٖ مِنْ عِنْدِكَ ۗ قُلْ كُلٌّ مِّنْ عِنْدِ اللّٰهِ ۗ فَمَالِ هٰٓؤُلَاۤءِ الْقَوْمِ لَا يَكَادُوْنَ يَفْقَهُوْنَ حَدِيْثًا ﴿٧٨﴾

လောကီ၏ အကျိုးအမြတ်သည် အနည်းငယ်မျှသာဖြစ်၏။ နောင်တမလွန်သည်ကား အရှင့်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ' တရားကိုကျင့်ကြံသူတို့အဖို့ လွန်စွာမှ ကောင်းမြတ်ပေသည်။ အသင်တို့သည် စွန်ပလွံစေ့ရှိ အရေးအကြောင်းမျှလောက်ပင် မတရားပြုခြင်းကို ခံကြရမည်မဟုတ်ချေ။

၇၉။ အသင်တို့သည် မည်သည့်နေရာ၌ပင်ရှိစေ၊ အသင်တို့သည် အလွန်ခိုင်ခံ့စွာဆောက်လုပ်ထားသော ရဲတိုက်များ၌ပင် ရှိစေ၊ သေခြင်းသည် အသင်တို့ထံရောက်လာမည်သာဖြစ်၏။ သူတို့ထံ အကယ်၍ ကောင်းမြတ်မှုတစ်စုံတစ်ရာ ရောက်ရှိလာသော် သူတို့က ဤသည် အလ္လာဟ်၏ထံတော်မှဖြစ်သည်ဟု ဆိုကြ၏။ အကယ်၍ သူတို့ထံ မကောင်းမှုတစ်စုံတစ်ရာ ဆိုက်ရောက်လျှင် (အို-မိုဟမ္မဒ်) ဤသည် အသင့်ထံမှဖြစ်သည်ဟု ဆိုကြ၏။အသင်ပြောကြားပါလေ၊ အလုံးစုံတို့သည် အလ္လာဟ်၏ ထံတော်မှသာဖြစ်၏။ သို့ဖြစ်ရာ ၎င်းတို့သည် မည်သို့ဖြစ်သွားလေသနည်း၊ စကားတစ်စုံတစ်ရာကို နားလည်ရန် အနီးသို့ပင် မချဉ်းကပ်ကြချေ။

مَآ اَصَابَكَ مِنْ حَسَنَةٍ فَمِنَ اللّٰهِ ۘ وَمَآ اَصَابَكَ مِنْ سَيِّئَةٍ فَمِنْ نَّفْسِكَ ۗ وَاَرْسَلْنٰكَ لِلنَّاسِ رَسُوْلًا ۗ وَكَفٰى بِاللّٰهِ شَهِيْدًا ﴿٧٩﴾

၈၀။ မည်သည့်ကောင်းမြတ်မှုမဆို အသင့်ထံရောက်ရှိလာလျှင်၊ ယင်းသည်အလ္လာဟ်၏ထံတော်မှသာဖြစ်သည်။ သို့သော် ဒုက္ခဖြစ်စေသည့် မည်သည့်အကြောင်းရပ်မဆို အသင့်ထံရောက်ရှိလာလျှင် ယင်းသည် အသင်၏စိတ်ဝိညာဉ်ကိုယ်တိုင်မှပင်ဖြစ်၏။ စင်စစ် ငါတို့သည် အသင့်အား လူသားအားလုံးအတွက် တမန်တော်အဖြစ် စေလွှတ်တော်မူ၏။ စင်စစ် အလ္လာဟ်သည် သက်သေအဖြစ် လုံလောက်တော်မူ၏။

مَنْ يُّطِعِ الرَّسُوْلَ فَقَدْ اَطَاعَ اللّٰهَ ۚ وَمَنْ تَوَلّٰى فَمَآ اَرْسَلْنٰكَ عَلَيْهِمْ حَفِيْظًا ﴿٨٠﴾

၈၁။ အကြင်သူသည် ဤတမန်တော်အား နာခံလိုက်နာပါလျှင်၊ ထိုသူသည် အလ္လာဟ်အား နာခံလိုက်နာခြင်းပင် ဖြစ်၏။ သို့သော် အကြင်သူသည် လှည့်ထွက်သွားပါလျှင် ငါတို့သည် အသင့်အား သူတို့အပေါ် စောင့်ကြပ်သူအဖြစ် စေလွှတ်တော်မူသည် မဟုတ်ချေ။

وَيَقُوْلُوْنَ طَاعَةٌ ۖ فَاِذَا بَرَزُوْا مِنْ عِنْدِكَ بَيَّتَ طَآئِفَةٌ مِّنْهُمْ غَيْرَ الَّذِيْ تَقُوْلُ ۗ وَاللّٰهُ يَكْتُبُ مَا يُبَيِّتُوْنَ ۚ فَاَعْرِضْ عَنْهُمْ وَتَوَكَّلْ عَلَى اللّٰهِ ۗ وَكَفٰى بِاللّٰهِ وَكِيْلًا ﴿٨١﴾

၈၂။ ထိုသူတို့သည် နာခံခြင်းဟု (နှုတ်ပါးစပ်ဖြင့်သာ) ပြောဆိုကြ၏။ သို့ရာတွင် သူတို့သည် အသင့်ထံမှ ဖယ်ခွာသွားကြသောအခါ၊ သူတို့အနက် အုပ်စုတစ်စုသည် အသင်ပြောဆိုသောစကားနှင့် ဆန့်ကျင်သောစကားများကို ပြောဆိုလျက် ညဉ့်ကိုကုန်လွန်စေကြ၏။ အလ္လာဟ်သည် ထိုသူတို့ ညဉ့်အချိန်တွင် ပြောသောစကားများကို ရေးမှတ်ထားတော်မူ၏။ သို့ဖြစ်ရာ သူတို့ထံမှ မျက်နှာလွှဲဖယ်၍ အလ္လာဟ်အား ယုံပုံအားကိုးမှုပြုပါလေ။ အမှန်ပင် အလ္လာဟ်သည် စီမံပြုလုပ်သူအဖြစ် လုံလောက်တော်မူ၏။

اَفَلَا يَتَدَبَّرُوْنَ الْقُرْاٰنَ ؕ وَلَوْ كَانَ مِنْ عِنْدِ غَيْرِ اللّٰهِ لَوَجَدُوْا فِيْهِ اخْتِلَافًا كَثِيْرًا ﴿۸۲﴾

၈၂။ သို့ဖြစ်ရာ၊ သူတို့သည် 'ကုရ်အာန်'ကို သေချာစွာ ဆင်ခြင်သုံးသပ်ခြင်းမပြုကြပေသလော။ အမှန်သော်ကား အကယ်၍ ယင်း(ကျမ်းတော်)သည် အလ္လာဟ်မှတစ်ပါး အခြားတစ်ဦးဦးထံမှဖြစ်ခဲ့သော် ယင်း၌ များစွာသောကွဲလွဲခြားနားချက်များကို အမှန်ပင်တွေ့ရှိရမည်ဖြစ်၏။ ۞

وَاِذَا جَآءَهُمْ اَمْرٌ مِّنَ الْاَمْنِ اَوِ الْخَوْفِ اَذَاعُوْا بِهٖ ؕ وَلَوْ رَدُّوْهُ اِلَى الرَّسُوْلِ وَاِلٰٓى اُولِى الْاَمْرِ مِنْهُمْ لَعَلِمَهُ الَّذِيْنَ يَسْتَنْۢبِطُوْنَهٗ مِنْهُمْ ؕ وَلَوْلَا فَضْلُ اللّٰهِ عَلَيْكُمْ وَرَحْمَتُهٗ لَاتَّبَعْتُمُ الشَّيْطٰنَ اِلَّا قَلِيْلًا ﴿۸۳﴾

၈၃။ ၎င်းတို့ထံ တစ်စုံတစ်ရာ ဘေးရန်ကင်းခြင်းဖြစ်စေ သို့မဟုတ် ကြောက်ရွံ့ဖွယ်အရေးကိစ္စဖြစ်စေ ရောက်ရှိသော်၊ ထိုသူတို့သည် ယင်းကိုဖြန့်ချိလိုက်ကြ၏။ အကယ်၍ သူတို့သည် ယင်းကို (ဖြန့်ချိကြမည့်အစား) တမန်တော်၏ထံသို့ဖြစ်စေ၊ မိမိတို့အနက်မှ စီမံအုပ်ချုပ်သူတစ်ဦးဦးရှေ့တွင်ဖြစ်စေ တင်ပြခဲ့ကြပါမူ၊ သူတို့အနက်မှ ယင်းကို သုံးသပ်ကောက်ချက်ချသူသည် အမှန်ပင် ယင်း(၏ အစစ်အမှန်သဘော)ကို နားလည်သိရှိသွားမည်ဖြစ်၏။ အကယ်၍ အသင်တို့အပေါ်တွင် အလ္လာဟ်၏ကျေးဇူးတော်နှင့် ထိုအရှင်မြတ်၏ ကရုဏာတော်သာမရှိခဲ့လျှင် အသင်တို့ အနည်းငယ်မှအပ (ကျန်သူတို့သည်) 'ရှိုင်တန်'၏နောက်သို့ အမှန်ပင် လိုက်ကြပေလိမ့်မည်။

فَقَاتِلْ فِىْ سَبِيْلِ اللّٰهِ ۚ لَا تُكَلَّفُ اِلَّا نَفْسَكَ وَحَرِّضِ الْمُؤْمِنِيْنَ ۚ عَسَى اللّٰهُ اَنْ يَّكُفَّ بَاْسَ الَّذِيْنَ كَفَرُوْا ؕ وَاللّٰهُ اَشَدُّ بَاْسًا وَّاَشَدُّ تَنْكِيْلًا ﴿۸۴﴾

၈၄။ သို့ဖြစ်ရာ အလ္လာဟ်၏လမ်းတော်တွင် တိုက်ခိုက်လော့။ အသင့်အပေါ်တွင် အသင်၏စိတ်ဝိညာဉ်မှလွဲ၍ အခြားသူ၏ဝန်ကို တင်ဆောင်ခြင်းခံရမည်မဟုတ်ချေ။ သက်ဝင်ယုံကြည်သူတို့ကိုလည်း (တိုက်ခိုက်ရန်) တိုက်တွန်းနှိုးဆော်ပါလော။ အလ္လာဟ်သည် မယုံကြည်ငြင်းပယ်သူတို့၏ တိုက်ခိုက်မှုကို တားဆီးတော်မူရန် မဝေးတော့ပြီ။ စင်စစ် အလ္လာဟ်သည် တိုက်ခိုက်ရာတွင် အပြင်းထန်ဆုံးဖြစ်တော်မူ၍ သံဝေဂရဖွယ် အပြစ်ဒဏ်ပေးတော်မူရာတွင်လည်း ပိုမိုပြင်းထန်တော်မူ၏။

مَنْ يَّشْفَعْ شَفَاعَةً حَسَنَةً يَّكُنْ لَّهٗ نَصِيْبٌ مِّنْهَا ۚ وَمَنْ يَّشْفَعْ شَفَاعَةً سَيِّئَةً يَّكُنْ لَّهٗ كِفْلٌ مِّنْهَا ؕ وَكَانَ اللّٰهُ عَلٰى كُلِّ شَىْءٍ مُّقِيْتًا ﴿۸۵﴾

၈၅။ မည်သူမဆို ကောင်းမြတ်သောကြားဝင်ဆောင်ရွက်မှုကိုပြုအံ့၊ ယင်းတွင် ထိုသူအတွက်လည်း ဝေစုရှိလိမ့်မည်။ ထို့ပြင် မည်သူမဆို မကောင်းသောကြားဝင်ဆောင်ရွက်မှုကို ပြုသည်ရှိသော်၊ ထိုသူအတွက်လည်း ယင်း၏ အချို့သောဝန်ထုပ်ရှိပေမည်။ အလ္လာဟ်သည် အရာခပ်သိမ်းတို့အပေါ်လွန်စွာတန်ခိုးစွမ်းအားရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

۞ ဤအာယတ်တော်တွင် ကျမ်းမြတ်ကုရ်အာန်၏ မှန်ကန်မှုအတွက် ဤသို့သက်သေအထောက်အထားကို ပေးထားပေသည်။ ကျမ်းမြတ်ကုရ်အာန်၏အာယတ်တော်များ၌ မည်သို့သောကွဲလွဲခြားနားမှုကိုမျှ မတွေ့ရှိရချေ၊ စင်စစ် ယင်းသည် 'အွမ်မီ'တမန်တော်တစ်ပါးထံ (၂၃)နှစ်တိုင် ကျရောက်နေခဲ့ပေသည်။ (၂၃)နှစ်မျှသောကာလတွင် စာပေတတ်မြောက်သူတို့ပင်လျှင် များစွာသောစကားရပ်တို့ကို မေ့လျော့သွားတတ်ကြပေသည်။ သို့ဖြစ်ပေရာ 'အွမ်မီ'(စာမတတ်သော)တမန်တော်တစ်ပါးအဖို့ သူသည် မိမိကိုယ်တိုင်က ကျမ်းစာကိုပြုလုပ်ခဲ့ပြီး ယင်း၌လည်း တစ်စုံတစ်ရာသောကွဲလွဲခြားနားမှုမျှမရှိရန်မှာ အသို့လျှင် ဖြစ်နိုင်ပါမည်နည်း။

وَاِذَا حُيِّيْتُمْ بِتَحِيَّةٍ فَحَيُّوْا بِاَحْسَنَ مِنْهَآ اَوْ رُدُّوْهَا ؕ اِنَّ اللّٰهَ كَانَ عَلٰى كُلِّ شَیْءٍ حَسِيْبًا ﴿۸۶﴾

၈၆။ အသင်တို့သည် ကောင်းမှုကိုရည်ရွယ်သော လက်ဆောင်တစ်စုံတစ်ရာပေးခြင်းခံရလျှင် ထို့ထက်ပိုမိုကောင်းမြတ်သည်ကိုပေးကြလေကုန်။ သို့တည်းမဟုတ် ထိုသည်ကိုပင် ပြန်လည်၍ပေးကြကုန်။ ဧကန်မုချ အလ္လာဟ်သည် အရာအားလုံးကို စစ်ကြောတော်မူမည့်အရှင် ဖြစ်တော်မူ၏။ ②

اَللّٰهُ لَاۤ اِلٰهَ اِلَّا هُوَ ؕ لَيَجْمَعَنَّكُمْ اِلٰى يَوْمِ الْقِيٰمَةِ لَا رَيْبَ فِيْهِ ؕ وَمَنْ اَصْدَقُ مِنَ اللّٰهِ حَدِيْثًا ﴿۸۷﴾

၈၇။ အလ္လာဟ်၊ ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ခြင်းခံထိုက်ရာမရှိ။ အရှင်မြတ်သည် အမှန်ပင် အသင်တို့အား 'ကေယာမတ်'ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတိုင်အောင် စုရုံးလျက်ရှိနေတော်မူမည် ဖြစ်၏။ ယင်း၌ မည်သို့သော သံသယဖြစ်စရာမျှမရှိချေ။ စင်စစ် ပြောဆိုမိန့်ကြားရာတွင် အလ္လာဟ်ထက် ပိုမိုမှန်ကန်သူ အဘယ်သူရှိနိုင်မည်နည်း။

ရုကူး-၁၂

فَمَا لَكُمْ فِى الْمُنٰفِقِيْنَ فِئَتَيْنِ وَاللّٰهُ اَرْكَسَهُمْ بِمَا كَسَبُوْا ؕ اَتُرِيْدُوْنَ اَنْ تَهْدُوْا مَنْ اَضَلَّ اللّٰهُ ؕ وَمَنْ يُّضْلِلِ اللّٰهُ فَلَنْ تَجِدَ لَهٗ سَبِيْلًا ﴿۸۸﴾

၈၈။ သို့ဖြစ်ရာ အသင်တို့ မည်သို့ဖြစ်သွားကြပေသနည်း၊ 'မိုနာဖစ်' အယောင်ဆောင်များနှင့်စပ်လျဉ်း၍ အသင်တို့သည် အုပ်စုနှစ်စုကွဲခဲ့ကြပေသည်။ စင်စစ် အလ္လာဟ်သည် သူတို့၏ ရှာဖွေဆည်းပူးမှုကြောင့် သူတို့အား မှောက်၍လဲစေတော်မူခဲ့ပေသည်။ အသို့နည်း၊ အလ္လာဟ်က လမ်းလွဲသူဟု သတ်မှတ်သောသူများကို အသင်တို့သည် လမ်းညွှန်လိုကြပါသလော။ အမှန်စင်စစ် အလ္လာဟ်က လမ်းလွဲသူဟုသတ်မှတ်သောသူအတွက် အသင်သည် မည်သည့်လမ်းကိုမျှ အလျှင်းတော့ရလိမ့်မည် မဟုတ်ချေ။

وَدُّوْا لَوْ تَكْفُرُوْنَ كَمَا كَفَرُوْا فَتَكُوْنُوْنَ سَوَآءً فَلَا تَتَّخِذُوْا مِنْهُمْ اَوْلِيَآءَ حَتّٰى يُهَاجِرُوْا فِىْ سَبِيْلِ اللّٰهِ ؕ فَاِنْ تَوَلَّوْا فَخُذُوْهُمْ وَاقْتُلُوْهُمْ حَيْثُ وَجَدْتُّمُوْهُمْ ۪ وَلَا تَتَّخِذُوْا مِنْهُمْ وَلِيًّا وَّلَا نَصِيْرًا ﴿۸۹﴾

၈၉။ ထိုသူတို့သည် သူတို့ မယုံကြည်ခြင်းပယ်သကဲ့သို့ အသင်တို့သည်လည်း မယုံကြည်ခြင်းပယ်လျှင် ကောင်းပေစွဟု လိုလားကြ၏။ သို့ဖြင့် (သူတို့နှင့်တန်းတူ) အသင်တို့တစ်မျိုးတစ်စားတည်းဖြစ်သွားစေရန်ဖြစ်၏။ သို့ဖြစ်ရာ ယင်းတို့သည် အလ္လာဟ်၏လမ်းတော်၌ 'ဟစ်ဂျရတ်' ပြောင်းရွှေ့ခြင်းမပြုသမျှကာလပတ်လုံး ယင်းတို့အနက် မည်သူနှင့်မျှ အဆွေခင်ပွန်းမပြုကြကုန်လင့်။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် ကျောခိုင်း၍သွားကြပါလျှင်၊ အသင်တို့သည် သူတို့အား မည်သည့်နေရာ၌ပင်တွေ့သည်ဖြစ်စေ ဖမ်းဆီးကြကုန်၊ သူတို့

② ဤအာယတ်တော်တွင်ဖော်ပြထားသည်မှာ လက်ဆောင်ပေးခြင်းခံရသောအခါ လက်ဆောင်ပေးသူအား အနည်းဆုံး ယင်းနှင့်အလားတူ ပြန်ပေးရန် သို့မဟုတ် ထို့ထက်ပို၍ကောင်းသည်ကိုပေးရန် ဖော်ပြထားခြင်းဖြစ်သည်။ ယင်း၏အဓိပ္ပာယ်မှာ ပေးလာသည့် လက်ဆောင်ကိုပင် ပြန်၍ပေးရန် သို့မဟုတ် ပိုမိုကောင်းမွန်သောဝတ္ထုပစ္စည်းတစ်ခုခုအား ပြန်ပေးရန်ကိုသာ ဆိုလိုသည်မဟုတ်။ တမန်တော်မြတ်ﷺက ကျွန်ုပ်တို့အား جَزَاكُمُ اللّٰهُ خَيْرًا (အလ္လာဟ်သည် အသင့်အား အကောင်းဆုံး အကျိုးဆုလာဘ်ပေးတော်မူပါစေ) ဟုပြောရန် သွန်သင်ထားပေရာ ဤသည် ကောင်းမြတ်သော လက်ဆောင်မွန်ပင် ဖြစ်ပေသည်။ သို့ရာတွင် အချို့ကလည်း မိမိတို့၏အလိုလောဘကိုဖုံးကွယ်ရန်အလို့ငှာ ယင်းစကားရပ်အား အသုံးချကြပေသည်။ လက်ဆောင်ကိုယူသော်လည်း တံ့ပြန်၍ လက်ဆောင်ပေးခြင်းကိုမူ မပြုကြဘဲ جَزَاكُمُ اللّٰهُ ဟုပြောလိုက်လျှင် လုံလောက်ပြီဟု ယူဆကြလေသည်။

အား သတ်ကြလေကုန်။ ထို့ပြင် သူတို့အနက် မည်သူ့ကိုမျှ အဆွေခင်ပွန်း သို့မဟုတ် ကူညီစောင်မသူ မပြုလုပ်ကြလင့်၊

اِلَّا الَّذِيْنَ يَصِلُوْنَ اِلٰى قَوْمٍ بَيْنَكُمْ وَبَيْنَهُمْ مِّيْثَاقٌ اَوْ جَآءُوْكُمْ حَصِرَتْ صُدُوْرُهُمْ اَنْ يُّقَاتِلُوْكُمْ اَوْ يُقَاتِلُوْا قَوْمَهُمْ ؕ وَلَوْ شَآءَ اللّٰهُ لَسَلَّطَهُمْ عَلَيْكُمْ فَلَقٰتَلُوْكُمْ ۚ فَاِنِ اعْتَزَلُوْكُمْ فَلَمْ يُقَاتِلُوْكُمْ وَاَلْقَوْا اِلَيْكُمُ السَّلَمَ ۙ فَمَا جَعَلَ اللّٰهُ لَكُمْ عَلَيْهِمْ سَبِيْلًا ۝۹۰

၉၀။ သို့သော် အသင်တို့နှင့် ပဋိညာဉ်ပြုထားသော လူမျိုးနွယ်နှင့်ဆက်နွယ်နေသူများ သို့မဟုတ် အသင်တို့နှင့် စစ်တိုက်ရန်လည်းကောင်း၊ မိမိတို့၏မျိုးနွယ်နှင့်စစ်တိုက်ရန်လည်းကောင်း ယင်းတို့၏စိတ်နှလုံး၌ ကျဉ်းကျပ်မှုကိုခံစားနေရသော အခြေအနေ၌ အသင်တို့ထံလာရောက်သူများသည် ခြွင်းချက်ဖြစ်၏။ အကယ်၍ အလွှာဟ်အလိုတော်ရှိခဲ့လျှင် သူတို့ကို အသင်တို့အပေါ် လွှမ်းမိုးအောင်နိုင်စေတော်မူမည်။ သို့ဖြစ်ခဲ့လျှင် သူတို့သည် အမှန်ပင် အသင်တို့ကို တိုက်ခိုက်ခဲ့ကြပေမည်။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် အသင်တို့ကို ရှောင်ရှားကြပြီး အသင်တို့အား တိုက်ခိုက်ခြင်းမပြုဘဲ၊ အသင်တို့အား ငြိမ်းချမ်းရေးစကား ကမ်းလှမ်းလာလျှင် သူတို့ကိုဆန့်ကျင်ဘက်ပြုရန် အလွှာဟ်သည် အသင်တို့အား မည်သည့်ခွင့်ပြုချက်ကိုမျှ ပေးတော်မူသည်မဟုတ်ချေ။

سَتَجِدُوْنَ اٰخَرِيْنَ يُرِيْدُوْنَ اَنْ يَّاْمَنُوْكُمْ وَيَاْمَنُوْا قَوْمَهُمْ ؕ كُلَّمَا رُدُّوْٓا اِلَى الْفِتْنَةِ اُرْكِسُوْا فِيْهَا ۚ فَاِنْ لَّمْ يَعْتَزِلُوْكُمْ وَيُلْقُوْٓا اِلَيْكُمُ السَّلَمَ وَيَكُفُّوْٓا اَيْدِيَهُمْ فَخُذُوْهُمْ وَاقْتُلُوْهُمْ حَيْثُ ثَقِفْتُمُوْهُمْ ؕ وَاُولٰٓئِكُمْ جَعَلْنَا لَكُمْ عَلَيْهِمْ سُلْطٰنًا مُّبِيْنًا ۝۹۱

၉၁။ အသင်တို့သည် အချို့သူများကို ဤသို့လည်း တွေ့ရပေမည်။ ထိုသူတို့သည် အသင်တို့နှင့်လည်း ငြိမ်းချမ်းစွာနေလိုကြ၏၊ ထို့ပြင် မိမိတို့၏အမျိုးသားတို့နှင့်လည်း ငြိမ်းချမ်းစွာနေလိုကြ၏။ မည်သည့်အခါတွင်မဆို သူတို့အား ပြဿနာဘက်သို့ ခေါ်ဆောင်သွားခြင်းခံကြရသောအခါ၊ သူတို့သည် ယင်း၌ ဦးစိုက်ဝင်ရောက်သွားကြ၏။ သို့ဖြစ်ရာ အကယ်၍ ထိုသူတို့သည် အသင်တို့၏နောက်သို့ တကောက်ကောက် လိုက်နေပါလျှင်၊ ထို့ပြင် အသင်တို့အား ငြိမ်းချမ်းရေးစကား ကမ်းလှမ်းခြင်းမပြုပါလျှင်၊ ထို့ပြင် မိမိတို့၏လက်များကို ထိန်းချုပ်ခြင်းမပြုပါလျှင် သူတို့အား မည်သည့်နေရာ၌ပင် တွေ့သည်ဖြစ်စေ သူတို့အားဖမ်းဆီးကြကုန်၊ ထို့ပြင် သူတို့အား သတ်ဖြတ်ကြကုန်။ စင်စစ် ဤသူတို့သည်ပင် (အသင်တို့၏ရန်သူများ)ဖြစ်၏။ သူတို့နှင့် ဆန့်ကျင်၍ ငါတို့သည် အသင်တို့အား ပွင့်လင်းထင်ရှားသော သက်သေအထောက်အထားကို ပေးသနားတော်မူခဲ့ပေသတည်း။

ရုကူး-၁၃

وَمَا كَانَ لِمُؤْمِنٍ اَنْ يَّقْتُلَ مُؤْمِنًا اِلَّا خَطَـًٔا ۚ وَمَنْ قَتَلَ مُؤْمِنًا خَطَـًٔا فَتَحْرِيْرُ رَقَبَةٍ مُّؤْمِنَةٍ وَّدِيَةٌ مُّسَلَّمَةٌ اِلٰٓى اَهْلِهٖٓ

၉၂။ မည်သည့် 'မို့အ်မင်န်' ယုံကြည်သူတစ်ဦးမဆို မှားယွင်းစွာပြုမိခြင်းမှတစ်ပါး၊ မည်သည့် 'မို့အ်မင်န်' ယုံကြည်သူ တစ်ဦးကိုမျှ သတ်ဖြတ်ရန်အခွင့်မရှိချေ။ထို့ပြင် အကြင်မည်သူမဆို ယုံကြည်သူတစ်ဦးအား မှားယွင်းသတ်ဖြတ်မိလျှင် ယုံကြည်သူ ကျွန်တစ်ဦးအား လွတ်မြောက်ခွင့်ပေးရပေမည်။ ထို့ပြင် (သဘောတူဆုံးဖြတ်ပြီးသော) အသက်ဖိုးလျော်ကြေးကို

اِلَّاۤ اَنۡ یَّصَّدَّقُوۡا ؕ فَاِنۡ كَانَ مِنۡ قَوۡمٍ عَدُوٍّ لَّكُمۡ وَهُوَ مُؤۡمِنٌ فَتَحۡرِیۡرُ رَقَبَةٍ مُّؤۡمِنَةٍ ؕ وَاِنۡ كَانَ مِنۡ قَوۡمٍۭ بَیۡنَكُمۡ وَبَیۡنَهُمۡ مِّیۡثَاقٌ فَدِیَةٌ مُّسَلَّمَةٌ اِلٰۤی اَهۡلِهٖ وَتَحۡرِیۡرُ رَقَبَةٍ مُّؤۡمِنَةٍ ۚ فَمَنۡ لَّمۡ یَجِدۡ فَصِیَامُ شَهۡرَیۡنِ مُتَتَابِعَیۡنِ ۙ تَوۡبَةً مِّنَ اللّٰهِ ؕ وَكَانَ اللّٰهُ عَلِیۡمًا حَكِیۡمًا ﴿۹۲﴾

(အသတ်ခံရ)သူ၏ အိမ်သူအိမ်သားများအား သူတို့က ခွင့်လွှတ်သည်မှအပ ပေးရပေမည်။ အကယ်၍ ယင်း (အသတ်ခံရသော)သူသည် အသင်တို့၏ရန်သူမျိုးနွယ်နှင့် ဆက်နွယ်မှုရှိသူဖြစ်ပြီး ထိုသူသည် 'မို့အ်မင်န်' ယုံကြည်သူဖြစ်ပါလျှင် သို့တိုင်အောင်(လည်း) ယုံကြည်သူကျွန်တစ်ဦးကို လွတ်မြောက်ခွင့်ပေးရပေမည်။ ထို့ပြင် အကယ်၍ ယင်း (အသတ်ခံရ)သူသည် အသင်တို့နှင့်သူတို့အကြား ပဋိညာဉ်ပြုထားသော မျိုးနွယ်နှင့်ဆက်နွယ်မှုရှိသူဖြစ်လျှင် (သဘောတူ ဆုံးဖြတ်ပြီးသော) အသက်ဖိုးလျော်ကြေးကို သူ၏ အိမ်သူအိမ်သားများအား မလွဲမသွေပေးဆောင်ရမည့်အပြင် ယုံကြည်သူ ကျွန်တစ်ဦးကိုလည်း လွတ်မြောက်ခွင့်ပေးရပေမည်။ သို့ရာတွင် အကြင်သူသည် ဤသို့ဆောင်ရွက်ရန် စွမ်းအားမရှိလျှင်၊ နှစ်လဆက်တိုက် ဥပုသ်စောင့်ထိန်းရမည်။ ဤသည် အလ္လာဟ်၏ ထံတော်မှ 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းအဖြစ် (ပြဋ္ဌာန်းထားတော်မူခြင်း)ဖြစ်၏။ စင်စစ် အလ္လာဟ်သည် ထာဝရ သိရှိတော်မူသောအရှင်၊ လွန်စွာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَمَنۡ یَّقۡتُلۡ مُؤۡمِنًا مُّتَعَمِّدًا فَجَزَآؤُهٗ جَهَنَّمُ خٰلِدًا فِیۡهَا وَغَضِبَ اللّٰهُ عَلَیۡهِ وَلَعَنَهٗ وَاَعَدَّ لَهٗ عَذَابًا عَظِیۡمًا ﴿۹۳﴾

၉၃။ ထို့ပြင် အကြင်သူသည် သိပါလျက်နှင့် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူတစ်ဦးဦးကိုသတ်သော်၊ ယင်း၏ အကျိုးဆက်မှာ 'ဂျဟန္နမ်' ငရဲပင်ဖြစ်၏။ ထိုသူသည် ယင်း၌ အလွန်ကာလကြာရှည်စွာနေရမည့်သူဖြစ်၏။ အလ္လာဟ်သည် ထိုသူအပေါ် လွန်စွာအမျက်ရှတော်မူ၏။ သူ့အား ကရုဏာတော်မှ ကင်းဝေးစေခြင်း 'လာ့အ်နတ်'ပြုတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် ထိုသူ့အတွက် အလွန်ကြီးလေးသော ပြစ်ဒဏ်ကို စီမံထားတော်မူ၏။

یٰۤاَیُّهَا الَّذِیۡنَ اٰمَنُوۡۤا اِذَا ضَرَبۡتُمۡ فِیۡ سَبِیۡلِ اللّٰهِ فَتَبَیَّنُوۡا وَلَا تَقُوۡلُوۡا لِمَنۡ اَلۡقٰۤی اِلَیۡكُمُ السَّلٰمَ لَسۡتَ مُؤۡمِنًا ۚ تَبۡتَغُوۡنَ عَرَضَ الۡحَیٰوةِ الدُّنۡیَا ۫ فَعِنۡدَ اللّٰهِ مَغَانِمُ كَثِیۡرَةٌ ؕ كَذٰلِكَ كُنۡتُمۡ مِّنۡ قَبۡلُ فَمَنَّ اللّٰهُ عَلَیۡكُمۡ فَتَبَیَّنُوۡا ؕ اِنَّ اللّٰهَ كَانَ بِمَا تَعۡمَلُوۡنَ خَبِیۡرًا ﴿۹۴﴾

၉၄။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်၏လမ်းတော်၌ ခရီးထွက်ခွာကြသောအခါ ကောင်းစွာစုံစမ်းစစ်ဆေးမှုကိုပြုကြကုန်။ ထို့ပြင် အသင်တို့အား 'စလာမ်'မေတ္တာပို့သသူအား၊ အသင်သည် 'မို့အ်မင်န်' ယုံကြည်သူမဟုတ်ဟု မပြောဆိုကြလင့်။ အသင်တို့သည် လောကီဘဝ၏ ပစ္စည်းဥစ္စာများကိုလိုလားကြလျှင် အလ္လာဟ်၏ထံတော်တွင် ကောင်းမြတ်သောပစ္စည်း များစွာရှိ၏။ ဤသည့်အလျင်က အသင်တို့သည် ဤကဲ့သို့ပင်ရှိခဲ့ကြ၏။ ထို့နောက် အလ္လာဟ်သည် အသင်တို့အပေါ် ကျေးဇူးပြုတော်မူခဲ့၏။ သို့ဖြစ်ရာ ကောင်းစွာ စုံစမ်းစစ်ဆေးမှုကိုပြုကြကုန်။ အမှန်ပင် အလ္လာဟ်သည် အသင်တို့ပြုလုပ်သည်တို့ကို ကောင်းစွာသတင်းရရှိတော်မူ၏။ ⑤

⑤ ဤအာယတ်တော်အားဖြင့် ပြတ်သားစွာသိရှိရသည်မှာ လမ်း၌သွားလာသူတိုင်းကို ရန်သူဟုထင်မှတ်ပြီး အကြမ်းဖက်မှုပြုရန်

لَا يَسْتَوِي الْقٰعِدُوْنَ مِنَ الْمُؤْمِنِيْنَ غَيْرُ اُولِي الضَّرَرِ وَالْمُجٰهِدُوْنَ فِيْ سَبِيْلِ اللّٰهِ بِاَمْوَالِهِمْ وَاَنْفُسِهِمْ ؕ فَضَّلَ اللّٰهُ الْمُجٰهِدِيْنَ بِاَمْوَالِهِمْ وَاَنْفُسِهِمْ عَلَى الْقٰعِدِيْنَ دَرَجَةً ؕ وَكُلًّا وَّعَدَ اللّٰهُ الْحُسْنٰى ؕ وَفَضَّلَ اللّٰهُ الْمُجٰهِدِيْنَ عَلَى الْقٰعِدِيْنَ اَجْرًا عَظِيْمًا ۙ﴿۹۵﴾

၉၅။ သက်ဝင်ယုံကြည်သူတို့အနက် ရောဂါဝေဒနာ တစ်စုံတစ်ရာမရှိဘဲလျက် အိမ်တွင်ထိုင်နေကြသူများနှင့် အလ္လာဟ်၏လမ်းတော်တွင် မိမိတို့၏ပစ္စည်းဥစ္စာ၊ အသက်တို့ဖြင့် 'ဂျီဟာဒ်' ကြိုးပမ်းအားထုတ်မှုပြုသူတို့သည် မတူညီနိုင်ကြချေ။ အလ္လာဟ်သည် မိမိတို့၏ စည်းစိမ်ဥစ္စာနှင့် အသက်တို့ဖြင့် 'ဂျီဟာဒ်'ပြုသူတို့အား ထိုင်၍နေကြသူတို့ထက် ထင်ရှားသော အဆင့်အတန်းတစ်ရပ်ကို ခြီးမြှင့်ပေးသနားတော်မူ၏။ စင်စစ် အလ္လာဟ်သည် အားလုံးတို့အား ကောင်းမြတ်ခြင်းကိုသာလျှင် ကတိပြုတော်မူ၏။ ထို့ပြင် အလ္လာဟ်သည် 'မူဂျာဟေဒင်'ကြိုးပမ်းအားထုတ်သူများကို ထိုင်၍နေသူများထက် လွန်စွာကြီးကျယ်သောဆုလာဘ်ဖြင့် ထူးကဲသာလွန်မှုကို ခြီးမြှင့်ပေးသနားတော်မူ၏။

دَرَجٰتٍ مِّنْهُ وَمَغْفِرَةً وَّرَحْمَةً ؕ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ﴿۹۶﴾

၉၆။ (ဤကား) ထိုအရှင်မြတ်ထံတော်မှ ဂုဏ်ဒြပ် အဆင့်အတန်းများ၊ ခွင့်လွှတ်တော်မူခြင်းနှင့် ကရုဏာတော်အနေဖြင့် (ဖြစ်၏)။ အမှန်ပင် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရုကူ-၁၄

اِنَّ الَّذِيْنَ تَوَفّٰىهُمُ الْمَلٰٓئِكَةُ ظَالِمِيْٓ اَنْفُسِهِمْ قَالُوْا فِيْمَ كُنْتُمْ ؕ قَالُوْا كُنَّا مُسْتَضْعَفِيْنَ فِي الْاَرْضِ ؕ قَالُوْٓا اَلَمْ تَكُنْ اَرْضُ اللّٰهِ وَاسِعَةً فَتُهَاجِرُوْا فِيْهَا ؕ فَاُولٰٓئِكَ مَاْوٰىهُمْ جَهَنَّمُ ؕ وَسَآءَتْ مَصِيْرًا ﴿۹۷﴾

၉၇။ စင်စစ် အကြင်သူတို့သည် မိမိတို့၏ စိတ်ဝိညာဉ်များကို နှိပ်စက်နေကြသည့်အခြေအနေတွင် ကောင်းကင်တမန်များက သူတို့အား အသက်နုတ်ကြ၏။ ယင်း(ကောင်းကင်တမန်)တို့က အသင်တို့သည် မည်သည့်အခြေအနေတွင် ရှိကြပေသနည်းဟု (သူတို့အား)မေးမြန်းကြ၏။ သူတို့က ကျွန်ုပ်တို့သည် တိုင်းနိုင်ငံတွင် လွန်စွာမှအားနည်းချည့်နဲ့အောင် ပြုခြင်းခံခဲ့ရပေသည်ဟု (ဖြေကြား)ပြောဆိုကြ၏။ ယင်း(ကောင်းကင်တမန်)တို့က၊ အသင်တို့ 'ဟစ်ဂျရာတ်' ပြောင်းရွှေ့ခြင်းပြုရန် အလ္လာဟ်၏ကမ္ဘာမြေသည် ကျယ်ပြောခြင်းမရှိပါသလောဟု မေးမြန်းကြ၏။ သို့ဖြစ်ရာ ဤသို့သောသူတို့၏ နေရာထိုင်ခင်းသည်ကား 'ဂျဟန္နမ်' ငရဲဖြစ်၏။ ယင်းသည် အလွန်ဆိုးရွားလှသော နေရာထိုင်ခင်းဖြစ်၏၊

اِلَّا الْمُسْتَضْعَفِيْنَ مِنَ الرِّجَالِ وَالنِّسَآءِ وَالْوِلْدَانِ لَا يَسْتَطِيْعُوْنَ حِيْلَةً وَّلَا

၉၉။ အားအင်ချည့်နဲ့အောင်ပြုခြင်းခံခဲ့ရသော အကြင်ယောကျ်ားများ၊ မိန်းမသားများနှင့် ကလေးသူငယ်များမှတစ်ပါးဖြစ်၏။ ယင်းတို့သည် မည်သို့သောကြံစည်ကြိုးစားခွင့်ကိုမျှ မရရှိခဲ့ကြသည့်အပြင် (ထွက်ခွာရန်အတွက်)မည်သည့်လမ်း

➤ ခွင့်ပြုချက်မရှိကြောင်းပင်ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးဦးကိုမှတ်မိသိရှိရန်မှာ ထိုသူသည် အသင်တို့အား 'စလာမ်'ဆိုရုံမျှဖြင့် လုံလောက်၏။ အံ့သြဖွယ်ကောင်းလှသည်မှာ ဤခေတ်ပျက်ကြီးတွင် ဖောက်ပြန်သော 'အိုလမာ'တို့သည် 'စလာမ်'ဆိုသည့်အတွက်ကြောင့်ပင် အကြမ်းဖက်မှုပြုလျက်ရှိကြပေသည်။

يَهْتَدُوْنَ سَبِيْلًا ﴿٩٨﴾

ကိုမျှလည်း မတွေ့ခဲ့ကြချေ။

فَاُولٰٓئِكَ عَسَى اللّٰهُ اَنْ يَّعْفُوَ عَنْهُمْ ۭ وَكَانَ اللّٰهُ عَفُوًّا غَفُوْرًا ﴿٩٩﴾

၁၀၀။ သို့ဖြစ်ရာ ဤသူတို့သည်ပင် သူတို့အား အလ္လာဟ်သည် (သူတို့၏အပြစ်များကို) ဥပေက္ခာပြုတော်မူရန် မဝေးတော့ပြီ။ စင်စစ် အလ္လာဟ်သည် (အပြစ်များကို) လွန်စွာဥပေက္ခာပြုတော်မူသောအရှင်၊ လွန်စွာခွင့်လွှတ်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَمَنْ يُّهَاجِرْ فِيْ سَبِيْلِ اللّٰهِ يَجِدْ فِي الْاَرْضِ مُرٰغَمًا كَثِيْرًا وَّسَعَةً ۭ وَمَنْ يَّخْرُجْ مِنْۢ بَيْتِهٖ مُهَاجِرًا اِلَى اللّٰهِ وَرَسُوْلِهٖ ثُمَّ يُدْرِكْهُ الْمَوْتُ فَقَدْ وَقَعَ اَجْرُهٗ عَلَى اللّٰهِ ۭ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ﴿١٠٠﴾

၁၀၁။ အကြင်သူသည် အလ္လာဟ်၏လမ်းတော်တွင် 'ဟစ်ဂျရတ်' ရွှေ့ပြောင်းနေထိုင်ခြင်းပြုပါလျှင်၊ ထိုသူသည် ကမ္ဘာမြေပြင်တွင် (ရန်သူက မိမိအပေါ်) အောင်မြင်မှုမရရှိနိုင်အောင် ပြုနိုင်သည့် များစွာသောအခွင့်အလမ်းများနှင့် ကျယ်ပြောမှုကို တွေ့ရှိရပေအံ့။ အကြင်သူသည် မိမိနေအိမ်မှ အလ္လာဟ်နှင့် တမန်တော်ဘက်သို့ 'ဟစ်ဂျရတ်ပြု'ရန် ထွက်လာခဲ့၏၊ ထိုစဉ် သူ့ထံ သေခြင်းတရားဆိုက်ရောက်လာ(၍ သေဆုံး)ခဲ့သော်၊ ထိုသူ၏ဆုလာဘ်သည် အလ္လာဟ်၏တာဝန်ဖြစ်သွားပေသည်။ အမှန်ပင် အလ္လာဟ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူ-၁၅

وَاِذَا ضَرَبْتُمْ فِي الْاَرْضِ فَلَيْسَ عَلَيْكُمْ جُنَاحٌ اَنْ تَقْصُرُوْا مِنَ الصَّلٰوةِ ۡ اِنْ خِفْتُمْ اَنْ يَّفْتِنَكُمُ الَّذِيْنَ كَفَرُوْا ۭ اِنَّ الْكٰفِرِيْنَ كَانُوْا لَكُمْ عَدُوًّا مُّبِيْنًا ﴿١٠١﴾

၁၀၂။ အသင်တို့သည် ကမ္ဘာမြေတွင် ('ဂျီဟာဒ်'ပြုလျက်) ခရီးထွက်သောအခါ အကယ်၍ အသင်တို့သည် 'ကာဖိရ်' မယုံကြည်ခြင်းပယ်သူတို့က အသင်တို့အား စမ်းသပ်မှုဌာနသို့သွင်းမည်ကိုစိုးရိမ်ရ၍ 'ဆွလာတ်'ဝတ်ပြုမှုကို 'ကဆွရ်' လျှော့၍ပြုပါလျှင် အသင်တို့အပေါ် မည်သို့မျှ အပြစ်မထိုက်ချေ။ ဧကန်စင်စစ် မယုံကြည်ခြင်းပယ်သူတို့သည် အသင်တို့၏ပွင့်လင်းထင်ရှားသော ရန်သူများဖြစ်ကြ၏။

وَاِذَا كُنْتَ فِيْهِمْ فَاَقَمْتَ لَهُمُ الصَّلٰوةَ فَلْتَقُمْ طَاۗىِٕفَةٌ مِّنْهُمْ مَّعَكَ وَلْيَاْخُذُوْٓا اَسْلِحَتَهُمْ ۡ فَاِذَا سَجَدُوْا فَلْيَكُوْنُوْا مِنْ وَّرَاۗىِٕكُمْ ۡ وَلْتَاْتِ طَاۗىِٕفَةٌ اُخْرٰى لَمْ يُصَلُّوْا فَلْيُصَلُّوْا مَعَكَ وَلْيَاْخُذُوْا حِذْرَهُمْ وَاَسْلِحَتَهُمْ ۚ وَدَّ الَّذِيْنَ كَفَرُوْا لَوْ تَغْفُلُوْنَ عَنْ اَسْلِحَتِكُمْ وَاَمْتِعَتِكُمْ

၁၀၃။ အသင်သည်လည်း သူတို့တွင်ရှိနေပြီး၊ အသင်သည် သူတို့အား(ဦးဆောင်၍) 'ဆွလာတ်'ဝတ်ပြုသောအခါ၊ သူတို့အနက်တစ်စုမှာ ('ဆွလာတ်'ဝတ်ပြုရန်) အသင်နှင့်အတူရပ်ကြရမည်။ ထို့ပြင် ယင်း('ဂျီဟာဒ်'ပြုသူ)တို့သည် မိမိတို့၏လက်နက်များကို အတူထားရှိကြရမည်။ သို့ဖြင့် သူတို့သည် 'စဂ်ဒါဟ်'ဦးချမှုပြုကြပြီးလျှင် အသင်တို့၏နောက်သို့ သွားကြရပေမည်။ ထို့နောက် 'ဆွလာတ်'ဝတ်မပြုရသေးသော အခြားအုပ်စုသည်ရောက်ရှိလာပြီး သူတို့သည် အသင်နှင့်အတူဝတ်ပြုကြရမည်။ ထိုသူတို့သည် မိမိတို့ကိုယ်ကို ကာကွယ်ရန် ပစ္စည်းများနှင့် လက်နက်များကို အတူတကွထားရှိကြရမည်။ 'ကာဖိရ်' မယုံကြည်ခြင်းပယ်သူတို့က အသင်တို့သည် မိမိတို့၏

فَيَمِيْلُوْنَ عَلَيْكُمْ مَّيْلَةً وَّاحِدَةً ؕ وَلَا جُنَاحَ عَلَيْكُمْ اِنْ كَانَ بِكُمْ اَذًى مِّنْ مَّطَرٍ اَوْ كُنْتُمْ مَّرْضٰٓى اَنْ تَضَعُوْٓا اَسْلِحَتَكُمْ ۚ وَخُذُوْا حِذْرَكُمْ ؕ اِنَّ اللّٰهَ اَعَدَّ لِلْكٰفِرِيْنَ عَذَابًا مُّهِيْنًا ۝

လက်နက်နှင့် ပစ္စည်းများကို သတိမမူပေါ့လျော့စေလိုကြပြီး၊ သူတို့သည် အသင်တို့အား ရုတ်တရက် ဝင်ရောက်စီးနင်းတိုက်ခိုက်(လိုကြ၏)။ ထို့ပြင် အကယ်၍ အသင်တို့သည် မိုးရွာခြင်းကြောင့် အခက်အခဲတစ်စုံတစ်ရာရှိ၍ဖြစ်စေ၊ သို့မဟုတ် အသင်တို့သည် မကျန်းမာ၍ဖြစ်စေ၊ မိမိတို့၏ လက်နက်များကို ချ၍ထားပါလျှင် အသင်တို့အပေါ် မည်သို့မျှ အပြစ်မထိုက်ချေ။ (မည်သို့ပင်ဖြစ်စေ) အသင်တို့သည် မိမိတို့ကိုယ်ကို ကာကွယ်ရန် စီစဉ်ထားကြကုန်။ ဧကန်မလွဲ အလ္လာဟ်သည် 'ကာဖိရ်' မယုံကြည်ခြင်းပယ်သူတို့အတွက် လွန်စွာ ဂုဏ်သရေယုတ်လျော့စေမည့် ပြစ်ဒဏ်ကို အသင့်စီမံထားရှိတော်မူ၏။

فَاِذَا قَضَيْتُمُ الصَّلٰوةَ فَاذْكُرُوا اللّٰهَ قِيٰمًا وَّقُعُوْدًا وَّعَلٰى جُنُوْبِكُمْ ۚ فَاِذَا اطْمَاْنَنْتُمْ فَاَقِيْمُوا الصَّلٰوةَ ۚ اِنَّ الصَّلٰوةَ كَانَتْ عَلَى الْمُؤْمِنِيْنَ كِتٰبًا مَّوْقُوْتًا ۝

၁၀၄။ အသင်တို့သည် 'ဆွလာတ်'ဝတ်ပြုပြီးကြသောအခါ အလ္လာဟ်အား မတ်တတ်ရပ်လျက်လည်းကောင်း၊ ထိုင်လျက်လည်းကောင်း၊ တစောင်းလဲလျက်လည်းကောင်း သတိရတသကြကုန်။ ထို့မှနောက်တွင် အသင်တို့သည် ငြိမ်းချမ်းသာယာမှုရရှိသွားကြသောအခါ၊ 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြကုန်။ ဧကန်စင်စစ် 'ဆွလာတ်'ဝတ်ပြုမှုကို သတ်မှတ်ထားသော အချိန်ကာလတွင်ဝတ်ပြုရန် သက်ဝင်ယုံကြည်သူတို့အပေါ် တာဝန်ပြဋ္ဌာန်းထားပေသည်။

وَلَا تَهِنُوْا فِى ابْتِغَآءِ الْقَوْمِ ؕ اِنْ تَكُوْنُوْا تَاْلَمُوْنَ فَاِنَّهُمْ يَاْلَمُوْنَ كَمَا تَاْلَمُوْنَ ۚ وَتَرْجُوْنَ مِنَ اللّٰهِ مَا لَا يَرْجُوْنَ ؕ وَكَانَ اللّٰهُ عَلِيْمًا حَكِيْمًا ۝

၁၀၅။ ထို့ပြင် (ဆန့်ကျင်ဘက်) အုပ်စုအား လိုက်လံရှာဖွေရာတွင် ပေါ့လျော့အားနည်းမှုကို မပြကြကုန်လင့်။ အကယ်၍ အသင်တို့သည် ဒုက္ခခံနေရပါလျှင်၊ အသင်တို့ကဲ့သို့ပင် သူတို့သည်လည်း အမှန်ပင် ဒုက္ခခံနေကြရပေသည်။ သို့သော် အသင်တို့သည် အလ္လာဟ်၏ထံတော်မှ သူတို့ မမျှော်လင့်သောအရာကို မျှော်လင့်ကြပေသည်။ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူး-၁၆

اِنَّآ اَنْزَلْنَآ اِلَيْكَ الْكِتٰبَ بِالْحَقِّ لِتَحْكُمَ بَيْنَ النَّاسِ بِمَآ اَرٰىكَ اللّٰهُ ؕ وَلَا تَكُنْ لِّلْخَآئِنِيْنَ خَصِيْمًا ۝

၁၀၆။ အမှန်ပင် ငါတို့သည် ကျမ်းတော်ကို အမှန်တရားနှင့် အတူ အသင့်ထံပို့ချတော်မူ၏။ သို့ဖြင့် အသင်သည် လူတို့၏ အကြားတွင် အလ္လာဟ်က အသင့်အားသင်ပြတော်မူသည်နှင့် အညီ စီရင်ဆုံးဖြတ်ရန်ဖြစ်၏။ အသင်သည် အလွဲသုံးစားပြုသူတို့အတွက် အခြေအတင်ပြောဆိုပေးသူ မဖြစ်လင့်။

وَّاسْتَغْفِرِ اللّٰهَ ؕ اِنَّ اللّٰهَ كَانَ غَفُوْرًا رَّحِيْمًا ۝

၁၀၇။ ထို့ပြင် အလ္လာဟ်၏ထံတော်တွင် ခွင့်လွှတ်တော်မူခြင်းကို တောင်းခံပါလေ။ အမှန်ပင် အလ္လာဟ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَا تُجَادِلْ عَنِ الَّذِيْنَ يَخْتَانُوْنَ اَنْفُسَهُمْ ؕ
اِنَّ اللّٰهَ لَا يُحِبُّ مَنْ كَانَ خَوَّانًا اَثِيْمًا ۙ﴿۱۰۷﴾

၁၀၈။ ထို့ပြင် မိမိတို့၏စိတ်ဝိညာဉ်များကို အလွဲသုံးစားပြု သူများဘက်မှ အချေအတင်လျှောက်လဲပြောဆိုခြင်း မပြုလင့်။ ဧကန်စင်စစ် အလွန်ဟန်သည် လွန်စွာ အလွဲသုံးစားပြုသူ၊ အပြစ် ကျူးလွန်သူကို နှစ်သက်တော်မမူချေ။

يَّسْتَخْفُوْنَ مِنَ النَّاسِ وَلَا يَسْتَخْفُوْنَ
مِنَ اللّٰهِ وَهُوَ مَعَهُمْ اِذْ يُبَيِّتُوْنَ مَا لَا
يَرْضٰى مِنَ الْقَوْلِ ؕ وَكَانَ اللّٰهُ بِمَا
يَعْمَلُوْنَ مُحِيْطًا ۝﴿۱۰۸﴾

၁၀၉။ သူတို့သည် လူသားတို့ထံမှမူ ဖုံးကွယ်ကြ၏၊ သို့သော် အလ္လာဟ်၏ထံတော်မှမဖုံးကွယ်နိုင်ကြချေ။ ထို့ပြင် သူတို့သည် အရှင်မြတ်နှစ်သက်တော်မမူသောစကားများကို ပြောဆိုလျက် ညဉ့်အချိန်များကို ကုန်လွန်စေကြသောအခါ အရှင်မြတ်သည် သူတို့နှင့်အတူရှိတော်မူ၏။ အလ္လာဟ်သည် သူတို့ပြုလုပ်သည် တို့ကို ဝန်းရံထားတော်မူ၏။

هٰۤاَنْتُمْ هٰۤؤُلَآءِ جٰدَلْتُمْ عَنْهُمْ فِى الْحَيٰوةِ
الدُّنْيَا ۫ فَمَنْ يُّجَادِلُ اللّٰهَ عَنْهُمْ يَوْمَ
الْقِيٰمَةِ اَمْ مَّنْ يَّكُوْنُ عَلَيْهِمْ وَكِيْلًا ۝﴿۱۰۹﴾

၁၁၀။ ကြည့်ရှုကြကုန်၊ အသင်တို့သည်ကား လောကီဘဝ တွင် ယင်းသူတို့အတွက် အချေအတင်ပြောဆိုမှုများကို ပြုကြ ၏။ သို့ဖြစ်ရကား 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့် နေ့တော်ကြီးတွင် သူတို့အတွက် မည်သူသည် အလ္လာဟ်နှင့် အချေအတင်ပြောဆိုမည်နည်း။ သို့တည်းမဟုတ် သူတို့အား ကာကွယ်မည့်သူ မည်သူရှိအံ့နည်း။

وَمَنْ يَّعْمَلْ سُوْٓءًا اَوْ يَظْلِمْ نَفْسَهٗ ثُمَّ
يَسْتَغْفِرِ اللّٰهَ يَجِدِ اللّٰهَ غَفُوْرًا رَّحِيْمًا ۝﴿۱۱۰﴾

၁၁၁။ စင်စစ် မည်သူမဆို မကောင်းမှုတစ်စုံတစ်ရာကို ပြုလုပ် ၏၊ သို့မဟုတ် မိမိ၏အသက်ဝိညာဉ်ကို နှိပ်စက်၏၊ ထို့နောက် အလ္လာဟ်၏ထံတော်တွင် ခွင့်လွှတ်ခြင်းကိုတောင်းခံ၏။ ထိုသူ သည် အလ္လာဟ်အား လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်အဖြစ် တွေ့ရှိ ရပေလိမ့်မည်။

وَمَنْ يَّكْسِبْ اِثْمًا فَاِنَّمَا يَكْسِبُهٗ عَلٰى
نَفْسِهٖ ؕ وَكَانَ اللّٰهُ عَلِيْمًا حَكِيْمًا ۝﴿۱۱۱﴾

၁၁၂။ အကြင်မည်သူမဆို အပြစ်ကိုရှာဖွေဆည်းပူးအံ့၊ ထိုသူ သည် အမှန်ပင် ယင်းကို မိမိနှင့်ဆန့်ကျင်၍သာ ရှာဖွေခြင်း ဖြစ်၏။ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသော အရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَمَنْ يَّكْسِبْ خَطِيْٓـَٔةً اَوْ اِثْمًا ثُمَّ يَرْمِ بِهٖ
بَرِيْٓـًٔا فَقَدِ احْتَمَلَ بُهْتَانًا وَّاِثْمًا مُّبِيْنًا ۝﴿۱۱۲﴾ ع

၁၁၃။ အကြင်သူသည် အမှားတစ်စုံတစ်ရာကိုဖြစ်စေ၊ သို့မ ဟုတ် အပြစ်တစ်စုံတစ်ရာကိုဖြစ်စေ ကျူးလွန်ပြီးနောက် ယင်းကိုအပြစ်မရှိသူတစ်ဦးဦးအပေါ် လွှဲချယိုးစွပ်ပါလျှင်၊ ထို သူသည် အလွန်မှကြီးလေးသောယိုးစွပ်မှုနှင့် ပေါ်လွင်ထင်ရှား သော အပြစ်(၏)ဝန်ထုပ်ကို ထမ်းပိုးခြင်းပင်ဖြစ်သတည်း။

ရုကူး-၁၇

وَلَوْلَا فَضْلُ اللّٰهِ عَلَيْكَ وَرَحْمَتُهٗ لَهَمَّتْ
طَّآئِفَةٌ مِّنْهُمْ اَنْ يُّضِلُّوْكَ ؕ وَمَا

၁၁၄။ အကယ်၍ အသင့်အပေါ် အလ္လာဟ်၏ကျေးဇူးတော် နှင့် ကရုဏာတော်သာမရှိခဲ့ပါလျှင်၊ သူတို့အနက်မှ အုပ်စုတစ် စုသည် အသင့်အား အမှန်ပင် လမ်းလွဲအောင်ပြုကြမည်ဟု

يُضِلُّوْنَ اِلَّآ اَنْفُسَهُمْ وَمَا يَضُرُّوْنَكَ
مِنْ شَيْءٍ ۭ وَاَنْزَلَ اللّٰهُ عَلَيْكَ الْكِتٰبَ
وَالْحِكْمَةَ وَعَلَّمَكَ مَا لَمْ تَكُنْ تَعْلَمُ ۭ
وَكَانَ فَضْلُ اللّٰهِ عَلَيْكَ عَظِيْمًا ۝ ۱۱۳

ရည်ရွယ်ထားခဲ့ကြပြီးဖြစ်၏။ သို့သော် သူတို့သည် မိမိတို့ကိုယ်ကိုမှတစ်ပါး မည်သူ့ကိုမျှ လမ်းလွဲအောင်ပြုနိုင်ကြမည် မဟုတ်ချေ။ ထို့ပြင် သူတို့သည် အသင့်အား တစ်စုံတစ်ရာဆုံးရှုံးမှုကို အလျှင်းသင့်ရောက်စေနိုင်ကြမည် မဟုတ်ချေ။ အလ္လာဟ်သည် အသင့်ထံ ကျမ်းတော်နှင့် ဉာဏ်ပညာအမြော်အမြင်ကို ပို့ချတော်မူခဲ့၏။ ထို့ပြင် အသင် မသိခဲ့သည်များကိုလည်း အသင့်အား သင်ပေးတော်မူ၏။ စင်စစ် အသင့်အပေါ် ဝယ် အလ္လာဟ်၏ကျေးဇူးတော်သည် လွန်စွာမှ ကြီးမားလှပေသည်။

لَا خَيْرَ فِيْ كَثِيْرٍ مِّنْ نَّجْوٰىهُمْ اِلَّا مَنْ
اَمَرَ بِصَدَقَةٍ اَوْ مَعْرُوْفٍ اَوْ اِصْلَاحٍۢ
بَيْنَ النَّاسِ ۭ وَمَنْ يَّفْعَلْ ذٰلِكَ ابْتِغَاۗءَ
مَرْضَاتِ اللّٰهِ فَسَوْفَ نُؤْتِيْهِ اَجْرًا عَظِيْمًا ۝ ۱۱۴

၁၁၅။ 'ဆဒကာ' အလျှဒါနပေးကမ်းရန် သို့မဟုတ် လျော်ကန်သင့်မြတ်သော ကောင်းမှုကိုပြုရန် သို့မဟုတ် လူတို့အကြား သင့်တင့်ပြေငြိမ်းမှုကို တိုက်တွန်းနှိုးဆော်မှုပြုရန်တို့မှတစ်ပါး သူတို့၏များစွာသော လျှို့ဝှက်တိုင်ပင် နှီးနှောခြင်းများ၌ မည်သို့သောကောင်းမြတ်မှုမျှမရှိချေ။ မည်သူမဆိုအလ္လာဟ်၏ကျေနပ်နှစ်သက်မှုကိုရယူရန် ရည်သန်လျက် ထိုသို့ပြုကျင့်ပါလျှင် ငါတို့သည် ထိုသူအား အမှန်ပင် အလွန်ကြီးကျယ်သော အကျိုးဆုလာဘ်ကို ပေးသနားတော်မူပေမည်။

وَمَنْ يُّشَاقِقِ الرَّسُوْلَ مِنْۢ بَعْدِ مَا تَبَيَّنَ لَهُ
الْهُدٰى وَيَتَّبِعْ غَيْرَ سَبِيْلِ الْمُؤْمِنِيْنَ
نُوَلِّهٖ مَا تَوَلّٰى وَنُصْلِهٖ جَهَنَّمَ ۭ وَسَاۗءَتْ
مَصِيْرًا ۝ ۱۱۵

၁၁၆။ အကြင်သူသည် မိမိအပေါ် လမ်းညွှန်မှုအား မြင်သာထင်ရှားခဲ့ပြီးသည့်နောက် တမန်တော်ကို ဆန့်ကျင်လျက် ယုံကြည်သူတို့၏လမ်းမှတစ်ပါး အခြားသောလမ်းကို လိုက်နာကျင့်ကြံပါလျှင် ငါတို့သည် သူ့အား သူလှည့်ရာဘက်သို့သာလျှင် လှည့်စေတော်မူမည်ဖြစ်၏။ ထို့နောက် ငါတို့သည် သူ့အား 'ဂျဟန္နမ်'ငရဲတွင်းသို့ထည့်သွင်းတော်မူမည်။ စင်စစ် ယင်းသည် အလွန်ဆိုးရွားသော နေရာထိုင်ခင်းဖြစ်ပေသတည်း။

ရုကူး-၁၈

اِنَّ اللّٰهَ لَا يَغْفِرُ اَنْ يُّشْرَكَ بِهٖ وَيَغْفِرُ مَا
دُوْنَ ذٰلِكَ لِمَنْ يَّشَاۗءُ ۭ وَمَنْ يُّشْرِكْ بِاللّٰهِ
فَقَدْ ضَلَّ ضَلٰلًۢا بَعِيْدًا ۝ ۱۱۶

၁၁၇။ ဧကန်စင်စစ် အလ္လာဟ်သည် တစ်စုံတစ်ရာကို မိမိနှင့်တွဲဖက်ကိုးကွယ်မှု 'ရှရီက်'ပြုခြင်းကို ခွင့်လွှတ်တော်မမူချေ။ သို့ရာတွင် ယင်းမှလွဲ၍ (ကျန်ရှိသည်များကို) မိမိအလိုတော်ရှိသူအတွက် ခွင့်လွှတ်တော်မူ၏။ အကြင်သူသည် 'ရှရီက်' အမှုကိုပြုအံ့၊ စင်စစ် ထိုသူသည် ဝေးကွာလှသည့် လမ်းလွဲမှုဌ်လွဲချော်သွားပေပြီ။

اِنْ يَّدْعُوْنَ مِنْ دُوْنِهٖٓ اِلَّآ اِنٰثًا ۚ وَاِنْ
يَّدْعُوْنَ اِلَّا شَيْطٰنًا مَّرِيْدًا ۝ ۱۱۷

၁၁၈။ ယင်းတို့သည် မိန်းမများ(ရုပ်တုများ)ကိုမှတစ်ပါး အခြားမည်သည်ကိုမျှ ဟစ်ခေါ်တသကြသည် မဟုတ်ချေ။ ထို့ပြင် ယင်းတို့သည် ပုန်ကန်ခြားနားသော 'ရှိုင်တန်'ကိုမှတစ်ပါး (မည်သည်ကိုမျှ) ဟစ်ခေါ်တသကြသည်မဟုတ်ချေ။

لَّعَنَهُ اللّٰهُ ۘ وَقَالَ لَاَتَّخِذَنَّ مِنْ عِبَادِكَ

၁၁၉။ အလ္လာဟ်သည် ယင်း(ရှိုင်တန်)အား ကရုဏာတော်မှ ကင်းဝေးစေခြင်း 'လှ့အ်နတ်'ပြုတော်မူ၏။ အကြောင်းမူ

نَصِيْبًا مَّفْرُوْضًا ﴿۱۱۸﴾

ယင်းက (ဤသို့)လျှောက်ထားခဲ့လေသည်။ ကျွန်တော်မျိုးသည် အရှင်မြတ်၏အစေတော်များအနက်မှ သတ်မှတ်ထားသောဝေစုတစ်စုကို အမှန်ပင် ရယူပါမည်၊

وَّلَاُضِلَّنَّهُمْ وَلَاُمَنِّيَنَّهُمْ وَلَاٰمُرَنَّهُمْ فَلَيُبَتِّكُنَّ اٰذَانَ الْاَنْعَامِ وَلَاٰمُرَنَّهُمْ فَلَيُغَيِّرُنَّ خَلْقَ اللّٰهِ ؕ وَمَنْ يَّتَّخِذِ الشَّيْطٰنَ وَلِيًّا مِّنْ دُوْنِ اللّٰهِ فَقَدْ خَسِرَ خُسْرَانًا مُّبِيْنًا ﴿۱۱۹﴾

၁၂၀။ ထို့ပြင် ကျွန်တော်မျိုးသည် ဧကန်မုချ သူတို့ကို လမ်းလွဲအောင်ပြုပါမည်၊ အမှန်ပင် သူတို့အား မျှော်လင့်ချက်များကို ပေးပါမည်၊ ထို့ပြင် သူတို့အား ဧကန်စင်စစ် အမိန့်ပေးပါမည်၊ ထိုအခါသူတို့သည် အမှန်ပင် ကွဲ၊ နွားတိရစ္ဆာန်များ၏ နားရွက်များကို အနာတရဖြစ်စေကြလိမ့်မည်။ ဤတွင်မက ကျွန်တော်မျိုးသည် သူတို့အား ဧကန်ပင် အမိန့်ပေးပါမည်၊ ထိုအခါ သူတို့သည် အမှန်ပင် အလ္လာဟ်၏ဖန်ဆင်းခြင်း၌ ပြောင်းလဲမှုကို ပြုကြပေမည်။ အမှန်သော်ကား မည်သူမဆို အလ္လာဟ်အား စွန့်လွှတ်၍ 'ရှိုင်တန်'ကို အဆွေခင်ပွန်းဖွဲ့လျှင်၊ အမှန်ပင် ထိုသူသည် ပွင့်လင်းထင်ရှားသောဆုံးရှုံးမှုကို ခံစားရပေသည်။ ۞

يَعِدُهُمْ وَيُمَنِّيْهِمْ ؕ وَمَا يَعِدُهُمُ الشَّيْطٰنُ اِلَّا غُرُوْرًا ﴿۱۲۰﴾

၁၂၁။ ယင်း(ရှိုင်တန်)သည် သူတို့အား ကတိများပေး၏၊ မျှော်လင့်ချက်များကိုပေး၏။ သို့ရာတွင် စင်စစ် 'ရှိုင်တန်'သည် သူတို့အား လိမ်လည်လှည့်စားခြင်းမှတစ်ပါး အခြားမည်သည်ကိုမျှ ကတိမပြုချေ။

اُولٰٓئِكَ مَاْوٰىهُمْ جَهَنَّمُ ؕ وَلَا يَجِدُوْنَ عَنْهَا مَحِيْصًا ﴿۱۲۱﴾

၁၂၂။ ထိုသူများပင်တည်း၊ သူတို့၏နေရာထိုင်ခင်းသည် 'ဂျဟန္နမ်' ငရဲဖြစ်၏။ သူတို့သည် ထို(ငရဲ)မှ ထွက်ပြေးလွတ်မြောက်ရာ တစ်စုံတစ်ရာသောနေရာကိုမျှ တွေ့ကြရလိမ့်မည်မဟုတ်ချေ။

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ سَنُدْخِلُهُمْ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ اَبَدًا ؕ وَعْدَ اللّٰهِ

၁၂၃။ အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြ၏၊ ထို့ပြင် ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြ၏၊ အမှန်ပင် ငါတို့သည် သူတို့အား အခြေတွင် စမ်းချောင်းအသွယ်သွယ်စီးဆင်းလျက်ရှိသော 'ဂျန္နတ်' ဥယျာဉ်တော်များသို့ ဝင်ရောက်စေတော်မူမည်။ သူတို့သည် ယင်း၌

۞ ဤအာယတ်တော်တွင် ခေတ်တစ်ခေတ်၌ Genetic Engineering (မျိုးစိတ်ဗီဇပညာ)ကို တီထွင်ဖော်ထုတ်ကြမည့်အကြောင်းကြိုးကျယ်သောကြိုတင်နိမိတ်ဟောကြားမှုတစ်ရပ်ကို ပြုထားပေသည်။ တစ်နည်းဆိုသော် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခြင်းကို ပြုပြင်ပြောင်းလဲနိုင်ရန် သိပ္ပံပညာရှင်တို့ ကြိုးပမ်းကြပေမည်။ ယခု ဤသို့ပြုလုပ်လျက်ရှိကြပေသည်။ ဤသည် 'ရှိုင်တန်'၏ အမိန့်ပေးစေ့ဆော်မှုဖြင့် ပြုလုပ်ဖြစ်ပေါ်ခြင်းဖြစ်ရကား ယင်းကြောင့် အလွန်ထင်ရှားမြင်သာသော ဆုံးရှုံးမှုကို ကြုံတွေ့ကြရမည်ဟု ဖော်ပြထားပေသည်။ ထို့ပြင် ယင်း၏အပြစ်ဒဏ်ကိုလည်း 'ဂျဟန္နမ်'(ငရဲ)ဟု ဖော်ပြထားပေသည်။ ကျမ်းမြတ်ကုရ်အာန်၌ ဆန်းသစ်တီထွင်ဖန်တီးမှုအမျိုးမျိုးနှင့်စပ်လျဉ်း၍ဖော်ပြရာတွင် ဤအနာဂတ်ဘိနိမိတ်ဟောချက်တစ်ရပ်၌သာလျှင် သတိပေးနှိုးဆော်ချက်ပါရှိလေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် အခြားအနာဂတ်ဘိနိမိတ်ဟောချက် အမြောက်အများပြည့်နှက်နေသော်လည်း မည်သည့်နိမိတ်ဟောချက်၏ အကျိုးဆက်ကိုမျှ သတိပေးနှိုးဆော်မှုပြုထားခြင်းမရှိချေ။ သို့ဖြစ်ရာ Genetic Engineering ပညာရပ်သည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခြင်းကဏ္ဍကိုစောင့်ရှောက်ထိန်းသိမ်းရန်သာ အသုံးချလုပ်ပိုင်ခွင့်ရှိသည်။ အကယ်၍ ဖန်ဆင်းခြင်းကို ပြုပြင်ပြောင်းလဲရန်အတွက် အသုံးချလျှင်မူ ယင်းသို့ပြုမူခြင်းဖြင့် အလွန်ကြီးမားသောဆုံးရှုံးနစ်နာမှု ဆိုက်ရောက်လာနိုင်ပေသည်။ ယနေ့ခေတ်ကာလတွင် သိပ္ပံပညာရှင်များအနက်မှ အုပ်စုကြီးတစ်ခုကလည်း Genetic Engineering ပညာဖြင့် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုအား ပြုပြင်ပြောင်းလဲခြင်းကိစ္စကို ဆန့်ကျင်ကန့်ကွက်လျက်ရှိကြပေသည်။

حَقًّا ۚ وَمَنْ اَصْدَقُ مِنَ اللّٰهِ قِيْلًا ﴿۱۲۲﴾

အမြဲနေရမည့်သူများဖြစ်ကြ၏။ ဤသည် အလ္လာဟ်၏ မှန်ကန်သောကတိတော်ဖြစ်၏။ အမှန်စင်စစ် စကားအရာ၌ အလ္လာဟ်ထက်ပိုမို၍မှန်ကန်သူ မည်သူရှိနိုင်အံ့နည်း။

لَيْسَ بِاَمَانِيِّكُمْ وَلَاۤ اَمَانِيِّ اَهْلِ الْكِتٰبِ ؕ مَنْ يَّعْمَلْ سُوْٓءًا يُّجْزَ بِهٖ ۙ وَلَا يَجِدْ لَهٗ مِنْ دُوْنِ اللّٰهِ وَلِيًّا وَّلَا نَصِيْرًا ﴿۱۲۳﴾

၁၂၄။ (စီရင်ဆုံးဖြတ်ချက်သည်) အသင်တို့၏ အလိုဆန္ဒနှင့် အညီဖြစ်မည်မဟုတ်။ ကျမ်းဂန်ရရှိသူတို့၏ အလိုဆန္ဒနှင့် အညီလည်း (ဖြစ်မည်မဟုတ်ချေ)။ မည်သူမဆို မကောင်းသောအမှုကိုကျင့်ကြံအံ့၊ ထိုသူသည် ယင်း၏ အကျိုးဆက်ကို ပေးခြင်းခံရပေမည်။ ထို့ပြင် သူသည် အလ္လာဟ်အား စွန့်လွှတ်၍ မိမိအတွက် မည်သည့်အဆွေခင်ပွန်းနှင့် မည်သည့်ကူညီရိုင်းပင်းသူကိုမျှ တွေ့ရှိရလိမ့်မည်မဟုတ်ချေ။

وَمَنْ يَّعْمَلْ مِنَ الصّٰلِحٰتِ مِنْ ذَكَرٍ اَوْ اُنْثٰى وَهُوَ مُؤْمِنٌ فَاُولٰٓئِكَ يَدْخُلُوْنَ الْجَنَّةَ وَلَا يُظْلَمُوْنَ نَقِيْرًا ﴿۱۲۴﴾

၁၂၅။ ယောကျ်ားများအနက်မှဖြစ်စေ မိန်းမများအနက်မှဖြစ်စေ၊ အကြင်သူသည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်၏၊ ထို့ပြင် ထိုသူသည် 'မို့အ်မင်နဲ့' သက်ဝင်ယုံကြည်သူဖြစ်လျှင်၊ ထိုသူတို့သည်ပင် 'ဂျန္နတ်'သုခဥယျာဉ်တော်သို့ ဝင်ရောက်ကြရပေမည်။ သူတို့သည် စွန့်ပလွှဲစေ့၏ အချိုင့်ကလေးမျှလောက်ပင် မတရားပြုခြင်းကို ခံကြရလိမ့်မည်မဟုတ်ချေ။

وَمَنْ اَحْسَنُ دِيْنًا مِّمَّنْ اَسْلَمَ وَجْهَهٗ لِلّٰهِ وَهُوَ مُحْسِنٌ وَّاتَّبَعَ مِلَّةَ اِبْرٰهِيْمَ حَنِيْفًا ؕ وَاتَّخَذَ اللّٰهُ اِبْرٰهِيْمَ خَلِيْلًا ﴿۱۲۵﴾

၁၂၆။ သာသနာရေး၌ ထိုသူထက်ပိုမိုကောင်းမြတ်သူ မည်သူရှိနိုင်အံ့နည်း၊ သူသည် မိမိ၏အာရုံအလုံးစုံကို အလ္လာဟ်အတွက် စွန့်လွှတ်၏၊ ကောင်းမှုပွားများသူဖြစ်၏၊ ထို့ပြင် သူသည် အလ္လာဟ်ဘက် အမြဲယိမ်းညွတ်သော 'အစ်ဗရာဟင်မ်'၏သာသနာကို လိုက်နာကျင့်ကြံ၏။ စင်စစ် အလ္လာဟ်သည် 'အစ်ဗရာဟင်မ်'အား အဆွေခင်ပွန်းပြုလုပ်တော်မူခဲ့ပေသည်။

وَلِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ؕ وَكَانَ اللّٰهُ بِكُلِّ شَىْءٍ مُّحِيْطًا ﴿۱۲۶﴾ ع

၁၂၇။ မိုးကောင်းကင်များတွင်ရှိသည်များနှင့် ကမ္ဘာမြေတွင်ရှိသည်တို့ကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ စင်စစ် အလ္လာဟ်သည် အရာခပ်သိမ်းကုန်တို့ကို ဝန်းရံ၍ထားတော်မူပေသတည်း။

ရုကူး-၁၉

وَيَسْتَفْتُوْنَكَ فِى النِّسَآءِ ؕ قُلِ اللّٰهُ يُفْتِيْكُمْ فِيْهِنَّ ۙ وَمَا يُتْلٰى عَلَيْكُمْ فِى الْكِتٰبِ فِىْ يَتٰمَى النِّسَآءِ الّٰتِىْ لَا تُؤْتُوْنَهُنَّ مَا كُتِبَ لَهُنَّ وَتَرْغَبُوْنَ اَنْ تَنْكِحُوْهُنَّ وَالْمُسْتَضْعَفِيْنَ مِنَ الْوِلْدَانِ ۙ وَاَنْ

၁၂၈။ ထိုသူတို့သည် အသင့်ထံတွင် အမျိုးသမီးတို့နှင့်စပ်လျဉ်း၍ 'ဖတ္တဝါ' ဓမ္မသတ်ဆုံးဖြတ်ချက်ကို မေးမြန်းကြ၏။ အသင်ပြောကြားပါလေ၊ အလ္လာဟ်သည် အသင်တို့အား သူမတို့နှင့်စပ်လျဉ်း၍ ဓမ္မသတ်ဆုံးဖြတ်ချက်ကိုပေးတော်မူ၏။ ထို့ပြင် အသင်တို့အား ကျမ်းတော်၌ ယင်းမိဘမဲ့ အမျိုးသမီးတို့နှင့်ပတ်သက်၍ ရွတ်ဖတ်စေခဲ့ပြီးဖြစ်သည်(ကို သတိပြုစေတော်မူ၏)။ သူမတို့၏ရပိုင်ခွင့်အဖြစ် ပြဋ္ဌာန်းထားသည်ကို အသင်တို့မပေးကြချေ။ စင်စစ် အသင်တို့သည် သူမတို့နှင့်

تَقُوْمُوْا لِلْيَتٰمٰى بِالْقِسْطِ ۭ وَمَا تَفْعَلُوْا
مِنْ خَيْرٍ فَاِنَّ اللّٰهَ كَانَ بِهٖ عَلِيْمًا ۝۱۲۷

ထိမ်းမြားလက်ထပ်ရန် ဆန္ဒထားရှိကြ၏။ ထိုနည်းတူ (ခိုကိုးရာမဲ့ပြီး) အင်အားချည့်နဲ့သော ကလေးများနှင့်စပ်လျဉ်း၍ (အလ္လာဟ်က 'ဖတ္တဝါ'ပေးတော်မူပြီး တိုက်တွန်းနှိုးဆော်တော်မူသည်မှာ) အသင်တို့သည် မိဘမဲ့တို့၏ရပိုင်ခွင့်၌ တရားမျှတစွာဖြင့် ခိုင်မာစွာရပ်တည်ကြလော့။ သို့ဖြစ်ရာ အသင်တို့သည် မည်သည့်ကောင်းမှုကိုမဆို ပြုကျင့်သည်ဖြစ်စေ အမှန်ပင် အလ္လာဟ်သည် ယင်းကို ကောင်းစွာသိရှိတော်မူ၏။

وَاِنِ امْرَاَةٌ خَافَتْ مِنْۢ بَعْلِهَا نُشُوْزًا
اَوْ اِعْرَاضًا فَلَا جُنَاحَ عَلَيْهِمَآ اَنْ
يُّصْلِحَا بَيْنَهُمَا صُلْحًا ۭ وَالصُّلْحُ خَيْرٌ ۭ
وَاُحْضِرَتِ الْاَنْفُسُ الشُّحَّ ۭ وَاِنْ تُحْسِنُوْا
وَتَتَّقُوْا فَاِنَّ اللّٰهَ كَانَ بِمَا تَعْمَلُوْنَ خَبِيْرًا ۝۱۲۸

၁၂၉။ အကယ်၍ ဇနီးမိန်းမတစ်ဦးသည် မိမိ၏ခင်ပွန်းသည် ထံမှ ရန်စောင်သောအပြုအမူ သို့မဟုတ် လျစ်လျူရှု အလေးမထားမှုကိုစိုးရိမ်ပါလျှင်၊ သူတို့နှစ်ဦးသည် မိမိတို့အချင်းချင်း ညှိနှိုင်းဖြေရှင်းလျက် သင့်မြတ်ပြေငြိမ်းမှုပြုကြပါလျှင် မည်သို့မျှ အပြစ်မထိုက်ချေ။ သင့်မြတ်ပြေငြိမ်းခြင်းသည် (မည်သို့ဆိုစေ) ကောင်းမြတ်ပေ၏။ စင်စစ် စိတ်ဝိညာဉ်များ(၏ဗီဇ)၌ စေးနှဲတွန့်တိုခြင်းကို ထည့်သွင်းခြင်းခံခဲ့ရ၏။ အကယ်၍ အသင်တို့သည် ကောင်းမှုပွားများ၍ ဖြူစင်ဖြောင့်မတ်ခြင်း 'တက္ကဝါ'တရားဖြင့်လုပ်ဆောင်ကြလျှင် အမှန်ပင် အလ္လာဟ်သည် အသင်တို့ပြုကျင့်သည်တို့ကို ကောင်းစွာ သတင်းရရှိတော်မူ၏။

وَلَنْ تَسْتَطِيْعُوْٓا اَنْ تَعْدِلُوْا بَيْنَ النِّسَاۗءِ
وَلَوْ حَرَصْتُمْ فَلَا تَمِيْلُوْا كُلَّ الْمَيْلِ
فَتَذَرُوْهَا كَالْمُعَلَّقَةِ ۭ وَاِنْ تُصْلِحُوْا
وَتَتَّقُوْا فَاِنَّ اللّٰهَ كَانَ غَفُوْرًا رَّحِيْمًا ۝۱۲۹

၁၃၀။ အသင်တို့သည် မည်မျှပင် အလိုဆန္ဒထားရှိကြစေကာမူ ဇနီးမိန်းမများ၏အကြားတွင် ပြည့်ဝသောတရားမျှတမှုဖြင့် ဆက်ဆံခြင်းကိုပြုနိုင်စွမ်းရှိကြမည် မဟုတ်ချေ။ ထို့ကြောင့် (တစ်ဦးဘက်သို့) လုံးဝယိမ်းညွတ်သွားပြီး (အခြား) တစ်ဦးကို မတင်မကျပြုမထားလေနှင့်။ သို့ရာတွင် အကယ်၍ အသင်တို့သည် သင့်မြတ်ပြေငြိမ်းမှုကိုပြုကြပြီး 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်ကြံဆောက်တည်ကြလျှင်၊ ဧကန်စင်စစ် အလ္လာဟ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။ ۝

وَاِنْ يَّتَفَرَّقَا يُغْنِ اللّٰهُ كُلًّا مِّنْ سَعَتِهٖ ۭ
وَكَانَ اللّٰهُ وَاسِعًا حَكِيْمًا ۝۱۳۰

၁၃၁။ အကယ်၍ သူတို့နှစ်ဦးသည် ကွဲကွာသွားကြလျှင်၊ အလ္လာဟ်သည် တစ်ဦးချင်းစီကို သူတို့၏စွမ်းအားနှင့်အညီ အမှီအခိုကင်းစွာ ရပ်တည်နိုင်မှုကို ပြုပေးတော်မူပေမည်။ ဧကန်ပင် အလ္လာဟ်သည် လွန်စွာကျယ်ပြောမှုများကို ပေးသနားတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်

۝ ဇနီးမယားတစ်ဦးထက်ပို၍ ထိမ်းမြားခြင်းဖြင့် ဇနီးသည်တိုင်းအပေါ် တူညီသောချစ်ခင်တွယ်တာမှုရှိရန်မှာ မဖြစ်နိုင်ချေ။ ချစ်ခင်တွယ်တာခြင်းမှာ နှလုံးသားနှင့်သက်ဆိုင်သောအရေးကိစ္စဖြစ်ပေသည်။ သို့ရာတွင် လူသားသည် တရားမျှတမှုကိုမူ ကျင့်သုံးနိုင်ပေသည်။ ထို့ကြောင့် ဇနီးမယားတစ်ဦးထက်ပို၍ထားရှိခဲ့လျှင် တရားမျှတမှုကိုကျင့်သုံးရန်နှင့် မည်သည့်ဇနီးသည်တစ်ဦးတစ်ယောက်ကိုမျှ ကြည့်ရှုစောင့်ရှောက်ခြင်းမပြုဘဲ လျစ်လျူရှုမထားကြရန် မိန့်မှာတော်မူထားခြင်းဖြစ်ပေသည်။

မူသောအရှင် ဖြစ်တော်မူ၏။

وَلِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ۭ وَلَقَدْ وَصَّيْنَا الَّذِيْنَ اُوْتُوا الْكِتٰبَ مِنْ قَبْلِكُمْ وَاِيَّاكُمْ اَنِ اتَّقُوا اللّٰهَ ۭ وَاِنْ تَكْفُرُوْا فَاِنَّ لِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ۭ وَكَانَ اللّٰهُ غَنِيًّا حَمِيْدًا ۝۱۳۱

၁၃၁။ စင်စစ် မိုးကောင်းကင်များတွင်ရှိသည်တို့နှင့် ကမ္ဘာမြေတွင်ရှိသည်တို့ကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ အမှန်ပင် ငါတို့သည် အသင်တို့အလျင် ကျမ်းဂန်ကိုပေးသနားခြင်း ခံခဲ့ရသူများအားလည်းကောင်း၊ အသင်တို့ကိုယ်တိုင်အားလည်းကောင်း အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ' တရားကို ကျင့်ကြံဆောက်တည်ကြရန် အလေးအနက် မိန့်မှာတော်မူ၏။ သို့ပါလျက် အကယ်၍ အသင်တို့သည် မယုံကြည်ငြင်းပယ်မှုကိုပြုကြသော်၊ (မှတ်သားကြကုန်) အမှန်ပင် မိုးကောင်းကင်များတွင်ရှိသည်တို့နှင့် ကမ္ဘာမြေတွင်ရှိရှိသမျှတို့ကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ အလ္လာဟ်သည် လိုလားတောင့်တခြင်းကင်းတော်မူသောအရှင်၊ ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَلِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ۭ وَكَفٰى بِاللّٰهِ وَكِيْلًا ۝۱۳۲

၁၃၂။ စင်စစ် မိုးကောင်းကင်များတွင်ရှိသည်တို့နှင့် ကမ္ဘာမြေတွင်ရှိသည်တို့ကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ ထို့ပြင် အလ္လာဟ်သည် ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် လွန်စွာမှ လုံလောက်တော်မူ၏။

اِنْ يَّشَاْ يُذْهِبْكُمْ اَيُّهَا النَّاسُ وَيَاْتِ بِاٰخَرِيْنَ ۭ وَكَانَ اللّٰهُ عَلٰي ذٰلِكَ قَدِيْرًا ۝۱۳۳

၁၃၃။ အို-လူသားအပေါင်းတို့၊ အကယ်၍ အရှင်မြတ် အလိုရှိတော်မူလျှင် အသင်တို့အား ပပျောက်စေတော်မူပြီး၊ အခြားသူများကို ယူဆောင်လာတော်မူပေအံ့။ စင်စစ် အလ္လာဟ်သည် ဤအရေးကိစ္စတွင် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

مَنْ كَانَ يُرِيْدُ ثَوَابَ الدُّنْيَا فَعِنْدَ اللّٰهِ ثَوَابُ الدُّنْيَا وَالْاٰخِرَةِ ۭ وَكَانَ اللّٰهُ سَمِيْعًۢا بَصِيْرًا ۝۱۳۴

၁၃၄။ အကြင်သူသည် လောကီ၏အကျိုးကိုလိုလားလျှင် အလ္လာဟ်၏ထံတော်တွင်လောကီ၏အကျိုးလည်းရှိပြီး တမလွန်၏ အကျိုးလည်းရှိ၏။ အမှန်ပင် အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူး-၂၀

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا كُوْنُوْا قَوّٰمِيْنَ بِالْقِسْطِ شُهَدَاۗءَ لِلّٰهِ وَلَوْ عَلٰٓى اَنْفُسِكُمْ اَوِ الْوَالِدَيْنِ وَالْاَقْرَبِيْنَ ۚ اِنْ يَّكُنْ غَنِيًّا اَوْ فَقِيْرًا فَاللّٰهُ اَوْلٰى بِهِمَا ۣ فَلَا تَتَّبِعُوا الْهَوٰٓى اَنْ تَعْدِلُوْا ۚ وَاِنْ تَلْوٗٓا اَوْ تُعْرِضُوْا فَاِنَّ اللّٰهَ كَانَ بِمَا تَعْمَلُوْنَ خَبِيْرًا ۝۱۳۵

၁၃၅။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ သက်သေခံရာတွင် မိမိကိုယ်ကျိုးနှင့် ဆန့်ကျင်သည်ဖြစ်စေ၊ သို့တည်းမဟုတ် မိဘနှင့် (မိမိ၏) နီးစပ်သော ဆွေမျိုးသားချင်းတို့နှင့်ဆန့်ကျင်သည်ဖြစ်စေ အလ္လာဟ်အတွက် သက်သေခံသူများဖြစ်ကြလျက် တရားမျှတမှုကို ခိုင်မြဲစွာကျင့်သုံးဆောက်တည်သူများဖြစ်ကြလေကုန်။ ချမ်းသာသူဖြစ်စေ ဆင်းရဲသူဖြစ်စေ နှစ်ဦးစလုံးကို အလ္လာဟ်သည်ပင် အကောင်းဆုံး ကာကွယ်စောင့်ရှောက်တော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ဖြစ်ရာ မိမိတို့၏ အလိုဆန္ဒများနောက်သို့ မလိုက်ကြကုန်လင့်။ သို့မဟုတ်လျှင်

တရားမျှတမှုနှင့် ကင်းကွာသွားပေလိမ့်မည်။ အကယ်၍ အသင်တို့သည် စကားကိုလှည့်ပတ်၍ပြောဆိုလျှင် သို့မဟုတ် ရှောင်ဖယ်သွားခဲ့လျှင် ဧကန်စင်စစ် အလ္လာဟ်သည် အသင်တို့ ပြုလုပ်သည်တို့ကို လွန်စွာသတင်းရရှိတော်မူ၏။ ①

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ ءَامِنُوا۟ بِٱللَّهِ وَرَسُولِهِۦ وَٱلْكِتَٰبِ ٱلَّذِى نَزَّلَ عَلَىٰ رَسُولِهِۦ وَٱلْكِتَٰبِ ٱلَّذِىٓ أَنزَلَ مِن قَبْلُ ۚ وَمَن يَكْفُرْ بِٱللَّهِ وَمَلَٰٓئِكَتِهِۦ وَكُتُبِهِۦ وَرُسُلِهِ وَٱلْيَوْمِ ٱلْءَاخِرِ فَقَدْ ضَلَّ ضَلَٰلًۢا بَعِيدًا ﴿١٣٦﴾

၁၃၇။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်နှင့် ထို အရှင်မြတ်၏တမန်တော်အားလည်းကောင်း၊ အရှင်မြတ်က မိမိ၏တမန်တော်ထံပို့ချပေးတော်မူသော ကျမ်းတော်နှင့် ရှေး ယခင်က အရှင်မြတ်ပို့ချပေးတော်မူခဲ့ပြီးဖြစ်သော ကျမ်းဂန်ကို လည်းကောင်း သက်ဝင်ယုံကြည်ကြကုန်။ သို့ပါလျက် အကြင် သူသည် အလ္လာဟ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ကောင်းကင်တမန်များကိုလည်းကောင်း၊ အရှင်မြတ်၏ ကျမ်း ဂန်များကိုလည်းကောင်း၊ အရှင်မြတ်၏တမန်တော်များကို လည်းကောင်း၊ နောက်ဆုံးနေ့တော်ကြီးကိုလည်းကောင်း ငြင်း ပယ်လျှင် မုချဧကန် ထိုသူသည် အလွန်ဝေးကွာလှသော လမ်းလွဲမှု၌ လွဲချော်သွားခဲ့ချေပြီ။

إِنَّ ٱلَّذِينَ ءَامَنُوا۟ ثُمَّ كَفَرُوا۟ ثُمَّ ءَامَنُوا۟ ثُمَّ كَفَرُوا۟ ثُمَّ ٱزْدَادُوا۟ كُفْرًا لَّمْ يَكُنِ ٱللَّهُ لِيَغْفِرَ لَهُمْ وَلَا لِيَهْدِيَهُمْ سَبِيلًۢا ﴿١٣٧﴾

၁၃၈။ ဧကန်စင်စစ် အကြင်သူတို့သည် 'အီမာန်' သက်ဝင်ယုံ ကြည်ခြင်းရှိပြီးမှ တစ်ဖန်ငြင်းပယ်မှုကိုပြု၏။ ထို့နောက် တစ် ဖန် သက်ဝင်ယုံကြည်ပြီး တစ်ဖန်ပြန်၍ ငြင်းပယ်ခြင်းကိုပြုကြ ၏။ ထို့နောက် မယုံကြည်ငြင်းပယ်မှု၌ တိုးပွားလျက်သာရှိခဲ့ ကြ၏။ အလ္လာဟ်သည် ထိုသို့သောသူတို့အား ခွင့်လွှတ်တော်မူ ခြင်းကိုသော်လည်းကောင်း လမ်းညွှန်ပြတော်မူခြင်းကိုသော် လည်းကောင်း ပြုတော်မူမည့်အရှင် မဟုတ်ချေ။ ②

بَشِّرِ ٱلْمُنَٰفِقِينَ بِأَنَّ لَهُمْ عَذَابًا أَلِيمًا ﴿١٣٨﴾

၁၃၉။ 'မိုနာဖစ်' အယောင်ဆောင်တို့အား အလွန်ပြင်းပြန လှကျင်ဖွယ်သောပြစ်ဒဏ်သည် သူတို့အတွက် (သတ်မှတ်ထား) ရှိကြောင်း သတင်းပေးပါလော။

ٱلَّذِينَ يَتَّخِذُونَ ٱلْكَٰفِرِينَ أَوْلِيَآءَ مِن

၁၄၀။ ထိုသူတို့သည် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူတို့ကို စွန့်ပယ်၍ မယုံကြည်ငြင်းပယ်သူ 'ကာဖိရ်'တို့အား အဆွေ

① ဤအာယတ်တော်တွင် ကျမ်းမြတ်ကုရ်အာန်၏တရားမျှတမှုဆိုင်ရာသွန်သင်ချက်နှင့်စပ်လျဉ်း၍ သက်သေထွက်ဆိုမှုပြုသော အခါ ကျင့်သုံးရမည့်တာဝန်ကို မိန့်မှာထားခြင်းဖြစ်ပေသည်။ သက်သေတိုင်း၏တာဝန်မှာ တရားမျှတစွာဖြင့် သက်သေထွက်ဆိုရန် ဖြစ်သည်။ မိမိကိုယ်တိုင်နှင့်ဆန့်ကျင်နေလျှင်သော်လည်းကောင်း၊ မိဘများနှင့်ဆွေမျိုးသားချင်းတို့ကိုဆန့်ကျင်၍ သက်သေထွက်ဆို ရမည်ဆိုလျှင်သော်လည်းကောင်း တရားမျှတမှန်ကန်စွာသက်သေထွက်ဆိုကြရန်မှာ သက်သေထွက်ဆိုသူတိုင်းအပေါ် တာဝန်ရှိသည် ဟု ဆိုလိုပေသည်။

② ဤမုက္ခပါဠိတော်၌ သာသနာဝင်အဖြစ်မှစွန့်ခွာသူ *'မူရ်တာဒ်'*တို့အား သေဒဏ်အပြစ်ပေးရမည်ဟူသော အယူအဆကို ငြင်းပယ်ထားပေသည်။ အကယ်၍ တစ်ဦးတစ်ယောက်သည် *'မူရ်တာဒ်'*ဖြစ်သွားခဲ့ပြီး တစ်ဖန်ပြန်လည်၍ သက်ဝင်ယုံကြည်ခဲ့သည်၊ ထို့နောက်တစ်ဖန် *'မူရ်တာဒ်'* ဖြစ်သွားပြီး တစ်ဖန် သက်ဝင်ယုံကြည်ပြန်လျှင် ယင်းအားဆုံးဖြတ်ရန် အလ္လာဟ်အရှင်မြတ်ကိုသာ လွှဲအပ်ရန်ရှိပေသည်။ ထို့ပြင် သူသည် မယုံကြည်ငြင်းပယ်သူအဖြစ်နှင့်ကွယ်လွန်သော် ထိုသူသည် မလွဲမသွေ 'ဂျဟန္နမ်'ငရဲသားပင် ဖြစ်ပေမည်။ အကယ်၍ *'မူရ်တာဒ်'*၏အပြစ်ဒဏ်မှာ သေဒဏ်ပေးခြင်းဖြစ်ပါမူ ထပ်ခါတလဲလဲ သက်ဝင်ယုံကြည်ခြင်းနှင့် ငြင်းပယ်ခြင်းဟူသောပြဿနာပေါ် ပေါက်ရန်ပင် အကြောင်းမရှိနိုင်ချေ။

دُوْنِ الْمُؤْمِنِيْنَ ۭ اَيَبْتَغُوْنَ عِنْدَهُمُ الْعِزَّةَ فَاِنَّ الْعِزَّةَ لِلّٰهِ جَمِيْعًا ۝

ခင်ပွန်းဖွဲ့ကြ၏။ မည်သို့နည်း၊ သူတို့သည် ယင်းတို့ထံမှ ဂုဏ်သိက္ခာကို မျှော်ကိုးနေကြပေသလော။ သို့ဖြစ်လျှင် ဂုဏ်သိက္ခာအားလုံးတို့သည် ဧကန်စင်စစ် အလ္လာဟ်၏ ပိုင်ဆိုင်မှုဌာနရှိ၏။

وَقَدْ نَزَّلَ عَلَيْكُمْ فِي الْكِتٰبِ اَنْ اِذَا سَمِعْتُمْ اٰيٰتِ اللّٰهِ يُكْفَرُ بِهَا وَيُسْتَهْزَاُ بِهَا فَلَا تَقْعُدُوْا مَعَهُمْ حَتّٰى يَخُوْضُوْا فِيْ حَدِيْثٍ غَيْرِهٖٓ ۡ اِنَّكُمْ اِذًا مِّثْلُهُمْ ۭ اِنَّ اللّٰهَ جَامِعُ الْمُنٰفِقِيْنَ وَالْكٰفِرِيْنَ فِيْ جَهَنَّمَ جَمِيْعَۨا ۝

၁၄၀။ အမှန်ပင် ထိုအရှင်မြတ်သည်အသင်တို့ထံ ကျမ်းတော်တွင် ဤအမိန့်ကိုပို့ချတော်မူ၏။ အသင်တို့သည် အလ္လာဟ်၏ 'အာယတ်'မုကွပါဠိတော်များကို ငြင်းပယ်လျက်ရှိနေကြသည်ကိုလည်းကောင်း၊ ယင်းအား ပြောင်လှောင်ပြက်ရယ်မှု ပြုနေကြသည်ကိုလည်းကောင်း ကြားကြရလျှင်၊ ထိုသူတို့သည် ယင်းမှလွဲ၍ အခြားသောစကားဌ မနစ်မွန်းလေသမျှကာလပတ်လုံး ထိုသူတို့ထံတွင် မထိုင်ကြလင့်။ ထိုသို့(ထိုင်ကြပါ)လျှင် အသင်တို့သည်လည်း ထိုသူတို့ကဲ့သို့ပင် မုချဖြစ်သွားကြပေမည်။ အမှန်စင်စစ် အလ္လာဟ်သည် 'မိုနာဖစ်' ယုံကြည်ဟန်ဆောင်သူများနှင့် 'ကာဖိရ်' မယုံကြည်ငြင်းပယ်သူများအားလုံးကို 'ဂျဟန္နမ်'ငရဲတွင် စုရုံးတော်မူမည့်အရှင်ဖြစ်တော်မူ၏။ ①

اَلَّذِيْنَ يَتَرَبَّصُوْنَ بِكُمْ ۚ فَاِنْ كَانَ لَكُمْ فَتْحٌ مِّنَ اللّٰهِ قَالُوْٓا اَلَمْ نَكُنْ مَّعَكُمْ ۠ وَاِنْ كَانَ لِلْكٰفِرِيْنَ نَصِيْبٌ ۙ قَالُوْٓا اَلَمْ نَسْتَحْوِذْ عَلَيْكُمْ وَنَمْنَعْكُمْ مِّنَ الْمُؤْمِنِيْنَ ۭ فَاللّٰهُ يَحْكُمُ بَيْنَكُمْ يَوْمَ الْقِيٰمَةِ ۭ وَلَنْ يَّجْعَلَ اللّٰهُ لِلْكٰفِرِيْنَ عَلَى الْمُؤْمِنِيْنَ سَبِيْلًا ۝۱۴۱

၁၄၁။ ယင်း(မိုနာဖစ်)တို့သည် အသင်တို့နှင့်စပ်လျဉ်း၍ (မကောင်းသောသတင်းများကို) စောင့်မျှော်နေကြ၏။ သို့ဖြစ်ပေရာ အကယ်၍ အလ္လာဟ်၏ထံတော်မှ အသင်တို့ အောင်ပွဲရရှိခဲ့ကြပါမူ သူတို့က ကျွန်ုပ်တို့သည် အသင်တို့နှင့်အတူ ရှိခဲ့ကြသည်မဟုတ်လောဟုဆိုကြပေမည်။ အကယ်၍ မယုံကြည်ငြင်းပယ်သူတို့ (အောင်မြင်မှုမှ) တစ်စုံတစ်ရာရရှိပါမူ (သူတို့အား) ကျွန်ုပ်တို့သည် အသင်တို့အပေါ် (ယခင်က) အောင်နိုင်ခဲ့ကြသည်မဟုတ်ပါလော၊ အသင်တို့အား 'မို့အ်မင်န်' ယုံကြည်သူများမှ ကယ်တင်ခဲ့ကြသည်မဟုတ်လောဟုဆိုကြ၏။ သို့ဖြစ်ရာ အလ္လာဟ်သည်ပင် ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် အသင်တို့၏အကြား စီရင်ဆုံးဖြတ်တော်မူပေအံ့။ အလ္လာဟ်သည် 'ကာဖိရ်' မယုံကြည်ငြင်းပယ်သူတို့ကို သက်ဝင်ယုံကြည်သူ 'မို့အ်မင်န်'တို့အပေါ် တစ်စုံတစ်ရာ လွှမ်းမိုးအောင်နိုင်မှုပေးတော်မူမည် မဟုတ်ချေတည်း။

ရုကူး-၂၁

اِنَّ الْمُنٰفِقِيْنَ يُخٰدِعُوْنَ اللّٰهَ وَهُوَ خَادِعُهُمْ ۚ وَاِذَا قَامُوْٓا اِلَى الصَّلٰوةِ

၁၄၂။ ဧကန်စင်စစ် 'မိုနာဖစ်' ယုံကြည်ဟန်ဆောင်သူတို့သည် အလ္လာဟ်အားလှည့်ဖြားမှုကိုပြုကြ၏။ အမှန်သော်ကား အရှင်မြတ်သည် သူတို့ကိုသာလျှင် လှည့်ဖြားမှုဌာ ဆိုက်ရောက်စေ

① ဤအာယတ်တော်ဌာ တမန်တော်များနှင့် အလ္လာဟ်အရှင်မြတ်၏ဗျာဒိတ်တော်များကို ပြက်ရယ်ပြုသူတို့နှင့်အတူ ဝိုင်းဖွဲ့၍ မထိုင်ကြရန် သို့မဟုတ်လျှင် အသင်တို့သည် ယင်းတို့နှင့်အလားတူဖြစ်ကြလိမ့်မည်ဟု ရှင်းလင်းပြတ်သားစွာ မိန့်မှာထားပေသည်။ သို့ရာတွင် ယင်းတို့အား အမြဲဝိုင်းပယ်ထားရန် အမိန့်ပေးတော်မူခြင်းမဟုတ်။ ယင်းတို့အနက် မိမိတို့၏ထိုအပြုအမူကို စွန့်လွှတ်၍ 'တောင်ဘာ'ပြုသူတို့နှင့်မူကား ပေါင်းသင်းဆက်ဆံရန်ခွင့်ပြုထားပေသည်။

قَامُوْٓا كُسَالٰى ۙ يُرَآءُوْنَ النَّاسَ وَلَا يَذْكُرُوْنَ اللّٰهَ اِلَّا قَلِيْلًا ۝

တော်မူ၏။ သူတို့သည် 'ဆွလာတ်'ဝတ်ပြုရန် ရပ်ကြသော အခါ ပျင်းရိစွာဖြင့်ရပ်ကြ၏။ အများရှေ့တွင် အမြင်ကောင်း အောင်ပြုကြ၏။ ထို့ပြင် အလွန်နည်းပါးစွာမှတစ်ပါး အလ္လာဟ်အား သတိရတသခြင်းမပြုကြချေ။

مُّذَبْذَبِيْنَ بَيْنَ ذٰلِكَ ۖ لَآ اِلٰى هٰٓؤُلَآءِ وَلَآ اِلٰى هٰٓؤُلَآءِ ۭ وَمَنْ يُّضْلِلِ اللّٰهُ فَلَنْ تَجِدَ لَهٗ سَبِيْلًا ۝

၁၄၃။ သူတို့သည် ယင်း၏အကြားတွင် ချီတုံချတုံဖြစ်၍နေကြ၏။ ဤသူများဘက်တွင်လည်းမဟုတ်၊ ထိုသူများဘက်တွင်လည်းမဟုတ်ချေ။ စင်စစ် အလ္လာဟ်သည် အကြင်သူအား လမ်းလွဲသူဟု သတ်မှတ်တော်မူလျှင် ထိုသူ့အတွက် အသင်သည် မည်သည့်(မှန်ကန်သော)လမ်းကိုမျှ တွေ့ရမည်မဟုတ်ချေ။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوا الْكٰفِرِيْنَ اَوْلِيَاۗءَ مِنْ دُوْنِ الْمُؤْمِنِيْنَ ۭ اَتُرِيْدُوْنَ اَنْ تَجْعَلُوْا لِلّٰهِ عَلَيْكُمْ سُلْطٰنًا مُّبِيْنًا ۝

၁၄၄။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူတို့ကို စွန့်လွှတ်၍ မယုံကြည်ငြင်းပယ်သူ 'ကာဖိရ်'တို့အား အဆွေခင်ပွန်း မဖွဲ့ကြကုန်လင့်။ အသင်တို့သည် အလ္လာဟ်အား မိမိတို့နှင့်ဆန့်ကျင်သည့် ပွင့်လင်းထင်ရှားသော သက်သေသာဓကကို ပေးအပ်လိုကြပါသလော။

اِنَّ الْمُنٰفِقِيْنَ فِي الدَّرْكِ الْاَسْفَلِ مِنَ النَّارِ ۚ وَلَنْ تَجِدَ لَهُمْ نَصِيْرًا ۝

၁၄၅။ ဧကန်မုချ ယုံကြည်ဟန်ဆောင်သူ 'မိုနာဖစ်'တို့သည် မီး၏အဆုံးစွန်သောနက်ရှိုင်းမှုတွင်ရှိကြပေလိမ့်မည်။ အသင်သည် သူတို့အတွက် မည်သည့်ကူညီစောင်မသူကိုမျှ တွေ့ရလိမ့်မည် မဟုတ်ချေ။

اِلَّا الَّذِيْنَ تَابُوْا وَاَصْلَحُوْا وَاعْتَصَمُوْا بِاللّٰهِ وَاَخْلَصُوْا دِيْنَهُمْ لِلّٰهِ فَاُولٰۗىِٕكَ مَعَ الْمُؤْمِنِيْنَ ۭ وَسَوْفَ يُؤْتِ اللّٰهُ الْمُؤْمِنِيْنَ اَجْرًا عَظِيْمًا ۝

၁၄၆။ သို့သော် အကြင်သူတို့သည် နောင်တရဝန်ခံတောင်းပန်ခြင်း 'တောင်ဘာ'ပြုကြ၏။ပြုပြင်ပြောင်းလဲကြ၏။ အလ္လာဟ်အား ခိုင်မြဲစွာစွဲကိုင်ကြ၏။ ထို့ပြင် မိမိတို့၏သာသနာကို အလ္လာဟ်အတွက် သန့်စင်အောင်ပြုလုပ်ကြ၏။ ဤသူများသည်ပင်လျှင် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူများနှင့်အတူရှိကြပေ၏။ မကြာမြင့်မီ အလ္လာဟ်သည် သက်ဝင်ယုံကြည်သူတို့အား ကြီးမားသောဆုလာဘ်တစ်ခုကို ပေးသနားတော်မူမည်ဖြစ်၏။

مَا يَفْعَلُ اللّٰهُ بِعَذَابِكُمْ اِنْ شَكَرْتُمْ وَاٰمَنْتُمْ ۭ وَكَانَ اللّٰهُ شَاكِرًا عَلِيْمًا ۝

၁၄၇။ အကယ်၍ အသင်တို့သည် ကျေးဇူးသိတတ်ကြပြီး သက်ဝင်ယုံကြည်ကြပါက၊ အလ္လာဟ်သည် အသင်တို့အား အပြစ်ဒဏ် ပေးတော်မူအံ့နည်း။ အမှန်သော်ကား အလ္လာဟ်သည် ကျေးဇူးသိတတ်မှု၏ရပိုင်ခွင့်ကို လွန်စွာပေးသနားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။

لَا يُحِبُّ اللّٰهُ الْجَهْرَ بِالسُّوْٓءِ مِنَ الْقَوْلِ اِلَّا مَنْ ظُلِمَ ؕ وَكَانَ اللّٰهُ سَمِيْعًا عَلِيْمًا ﴿۱۴۸﴾

၁၄၉။ အများရှေ့တွင် မကောင်းသောစကားပြောဆိုခြင်းကို အလွှာဟ်နှစ်သက်တော်မမူချေ။ သို့ရာတွင် မတရားပြုခြင်း ခံရသူအဖို့မူ ခြွင်းချက်ဖြစ်၏။ စင်စစ် အလွှာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။ ①

اِنْ تُبْدُوْا خَيْرًا اَوْ تُخْفُوْهُ اَوْ تَعْفُوْا عَنْ سُوْٓءٍ فَاِنَّ اللّٰهَ كَانَ عَفُوًّا قَدِيْرًا ﴿۱۴۹﴾

၁၅၀။ အကယ်၍ အသင်တို့သည် ကောင်းမှုတစ်စုံတစ်ရာကို ထုတ်ဖော်သည်ဖြစ်စေ၊ သို့တည်းမဟုတ် ယင်းကို ဖုံးကွယ်ထားသည်ဖြစ်စေ၊ သို့တည်းမဟုတ် မကောင်းမှုတစ်စုံတစ်ရာကို ဥပေက္ခာပြုသည်ဖြစ်စေ ဧကန်မုချ အလွှာဟ်သည် (အပြစ်များကို) လွန်စွာဥပေက္ခာပြုတော်မူသောအရှင်၊ ထာဝရတန်ခိုးစွမ်းအားရှိတော်မူသောအရှင်ဖြစ်တော်မူ၏။

اِنَّ الَّذِيْنَ يَكْفُرُوْنَ بِاللّٰهِ وَرُسُلِهٖ وَيُرِيْدُوْنَ اَنْ يُّفَرِّقُوْا بَيْنَ اللّٰهِ وَرُسُلِهٖ وَيَقُوْلُوْنَ نُؤْمِنُ بِبَعْضٍ وَّنَكْفُرُ بِبَعْضٍ ۙ وَّيُرِيْدُوْنَ اَنْ يَّتَّخِذُوْا بَيْنَ ذٰلِكَ سَبِيْلًا ﴿۱۵۰﴾ اُولٰٓئِكَ هُمُ الْكٰفِرُوْنَ حَقًّا ۚ وَاَعْتَدْنَا لِلْكٰفِرِيْنَ عَذَابًا مُّهِيْنًا ﴿۱۵۱﴾

၁၅၁။ ဧကန်မုချ ထိုသူတို့သည် အလွှာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်များကို ငြင်းပယ်ကြ၏၊ အလွှာဟ်နှင့် အရှင်မြတ်၏ တမန်တော်များအကြားတွင် ခွဲခြားလိုကြ၏။ ကျွန်ုပ်တို့သည် အချို့ကိုသက်ဝင်ယုံကြည်ကြမည်ဖြစ်ပြီး၊အချို့ကိုမူ ငြင်းပယ်ကြပါမည်ဟုပြောဆိုကြ၏။ ထို့ပြင် ယင်း၏အကြား တစ်စုံတစ်ရာသောလမ်းကို ကျင့်သုံးဆောက်တည်လိုကြ၏၊ ②

၁၅၂။ ဤသူများသည်ပင်လျှင် မယုံကြည်ငြင်းပယ်သူ 'ကာဖိရ်' အရင့်အမာများဖြစ်ကြ၏။ ငါတို့သည် 'ကာဖိရ်'များအတွက် ဂုဏ်သရေယုတ်လျော့စေမည့် ပြစ်ဒဏ်ကို အသင့်ပြင်ဆင်ထားတော်မူ၏။

وَالَّذِيْنَ اٰمَنُوْا بِاللّٰهِ وَرُسُلِهٖ وَلَمْ يُفَرِّقُوْا بَيْنَ اَحَدٍ مِّنْهُمْ اُولٰٓئِكَ سَوْفَ يُؤْتِيْهِمْ اُجُوْرَهُمْ ؕ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ﴿۱۵۲﴾

၁၅၃။ သို့ရာတွင် အကြင်သူတို့သည် အလွှာဟ်နှင့်ထိုအရှင်မြတ်၏တမန်တော်များအပေါ် သက်ဝင်ယုံကြည်ကြ၏။ ထို့ပြင် သူတို့အနက်မည်သူ၏အကြားတွင်မျှ ခွဲခြားမှုကို မပြုကြချေ။ ဤသူများပင်လျှင်၊ ယင်းတို့အား အရှင်မြတ်သည် အမှန်ပင် သူတို့၏ဆုလာဘ်ကို ပေးသနားတော်မူမည်ဖြစ်၏။ စင်စစ် အလွှာဟ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

① မိမိကိုမတရားပြုခြင်းခံရသူမှတစ်ပါး အခြားမည်သူမျှ လူအများ၏ရှေ့တွင် တစ်စုံတစ်ဦးကိုအော်ဟစ်၍ မကောင်းပြောဆိုရန် အခွင့်မရှိပေ။

② ဤအာယတ်တော်တွင် 'ဟဒီးစ်'ကိုငြင်းပယ်သူများ(အဲ့ဗ်လေကုရ်အာန်အုပ်စု)၏အယူအဆကို ငြင်းဆိုချေပထားသည်။ ယင်းတို့က အလွှာဟ်၏အမိန့်တော်နှင့် တမန်တော်၏ဩဝါဒတို့အကြားတွင် ခွဲခြားမှုပြုကြပြီး၊ တမန်တော်မြတ် ﷺ ၏ 'ဟဒီးစ်'ဩဝါဒတော်များကို လက်မခံကြချေ။ အာယတ်တော်-၁၅၃ တွင် ဤအကြောင်းရပ်ကိုပင် ထပ်လောင်း၍ အခိုင်အမာပြုလျက် အလွှာဟ်အရှင်မြတ်နှင့် တမန်တော်တို့အပေါ် စစ်မှန်စွာ ယုံကြည်သူတို့သည် အလွှာဟ်၏အမိန့်တော်နှင့် တမန်တော်၏ ဩဝါဒတော်အကြားမည်သို့သောခွဲခြားမှုကိုမျှ မပြုကြချေဟု ဖော်ပြထားပေသည်။

ရုကူး-၂၂

يَسْـَٔلُكَ اَهْلُ الْكِتٰبِ اَنْ تُنَزِّلَ عَلَيْهِمْ كِتٰبًا مِّنَ السَّمَآءِ فَقَدْ سَاَلُوْا مُوْسٰٓى اَكْبَرَ مِنْ ذٰلِكَ فَقَالُوْٓا اَرِنَا اللّٰهَ جَهْرَةً فَاَخَذَتْهُمُ الصّٰعِقَةُ بِظُلْمِهِمْ ۚ ثُمَّ اتَّخَذُوا الْعِجْلَ مِنْۢ بَعْدِ مَا جَآءَتْهُمُ الْبَيِّنٰتُ فَعَفَوْنَا عَنْ ذٰلِكَ ۚ وَاٰتَيْنَا مُوْسٰى سُلْطٰنًا مُّبِيْنًا ۝

၁၅၃။ ကျမ်းဂန်ရသူတို့က အသင်သည် ကျမ်းတစ်စောင်စောင်ကို (စာအုပ်အသွင်ဖြင့်) မိုးကောင်းကင်မှ သူတို့ထံပို့ချပေးရန် အသင့်အားတောင်းဆိုကြ၏။ သူတို့သည် 'မူစာ'အား ထို့ထက်ပင် ကြီးမားသောအရာများကို တောင်းဆိုခဲ့ကြပေသည်။ သူတို့က ကျွန်ုပ်တို့အား အလ္လာဟ်ကို မျက်ဝါးထင်ထင်ပြသပါလော့ဟု (မူစာအား)ပြောဆိုခဲ့ကြ၏။ သို့ဖြစ်ရာ သူတို့၏အပြစ်ကျူးလွန်မှုကြောင့် မိုးကောင်းကင်မှလျှပ်စစ်မိုးကြိုးသည် သူတို့အား လာရောက်ဖမ်းဆီးခဲ့လေသည်။ တစ်ဖန် သူတို့ထံပို့လင်းထင်ရှားသော နိမိတ်လက္ခဏာတော်များရောက်ရှိပြီးနောက်သော်မှ သူတို့သည် နွားငယ်ကို (ကိုးကွယ်ရာအဖြစ်) လက်ကိုင်ပြုခဲ့ကြ၏။ မည်သို့ဆိုစေ ငါတို့သည် ဤသည်နှင့်စပ်လျဉ်း၍ (အပြစ်မယူ)ဥပေက္ခာပြုတော်မူခဲ့၏။ ထို့ပြင် ငါတို့သည် 'မူစာ'အား လင်းဝင်းသောသက်သေသာဓကကို ပေးသနားတော်မူခဲ့၏။

وَرَفَعْنَا فَوْقَهُمُ الطُّوْرَ بِمِيْثَاقِهِمْ وَقُلْنَا لَهُمُ ادْخُلُوا الْبَابَ سُجَّدًا وَّ قُلْنَا لَهُمْ لَا تَعْدُوْا فِى السَّبْتِ وَاَخَذْنَا مِنْهُمْ مِّيْثَاقًا غَلِيْظًا ۝

၁၅၄။ ငါတို့သည် သူတို့၏ပဋိညာဉ်အလို့ငှာ 'တူရ်'တောင်ကို သူတို့အပေါ် မိုးထားစေတော်မူခဲ့၏။ ထို့နောက် ငါတို့သည် သူတို့ကို (အလ္လာဟ်အား)နာခံပျပ်ဝပ်လျက် မုခ်ဦးတံခါးပေါက်မှ ဝင်ရောက်ကြကုန်ဟု မိန့်တော်မူ၏။ ထို့ပြင် ငါတို့သည် သူတို့အား 'ဆဗာတ်' ဥပုသ်နေ့နှင့်စပ်လျဉ်း၍ မည်သို့သောလွန်ကျူးမှုကိုမျှ မပြုကြလင့်ဟုမိန့်တော်မူ၏။ ထို့ပြင် ငါတို့သည် သူတို့ထံမှ အလွန်ခိုင်မာသော ပဋိညာဉ်ကို ယူတော်မူခဲ့၏။

فَبِمَا نَقْضِهِمْ مِّيْثَاقَهُمْ وَكُفْرِهِمْ بِاٰيٰتِ اللّٰهِ وَقَتْلِهِمُ الْاَنْۢبِيَآءَ بِغَيْرِ حَقٍّ وَّقَوْلِهِمْ قُلُوْبُنَا غُلْفٌ ۭ بَلْ طَبَعَ اللّٰهُ عَلَيْهَا بِكُفْرِهِمْ فَلَا يُؤْمِنُوْنَ اِلَّا قَلِيْلًا ۝

၁၅၅။ သို့ဖြစ်ရာ သူတို့သည် မိမိတို့၏ပဋိညာဉ်ကို ချိုးဖောက်ခြင်းကြောင့်လည်းကောင်း၊ အလ္လာဟ်၏ 'အာယတ်' နိမိတ်လက္ခဏာတော်များကို ငြင်းပယ်လျက် တမန်တော်များကို မတရားသဖြင့် အပြင်းအထန် ဆန့်ကျင်ခြင်းကြောင့်လည်းကောင်း၊ သူတို့က ကျွန်ုပ်တို့၏စိတ်နှလုံးသည် အဖုံးအကာ၌ရှိသည်ဟု ပြောဆိုခြင်းကြောင့်လည်းကောင်း၊ စင်စစ်မှာမူသူတို့၏ မယုံကြည်ငြင်းပယ်မှုကြောင့် ယင်း(စိတ်နှလုံးများ)အပေါ် အလ္လာဟ်သည် တံဆိပ်ခတ်နှိပ်တော်မူခဲ့၏။ သို့ဖြစ်ရာ အနည်းငယ်မျှမှအပ သူတို့သည် သက်ဝင်ယုံကြည်လာကြမည်မဟုတ်ချေ။

وَّبِكُفْرِهِمْ وَقَوْلِهِمْ عَلٰى مَرْيَمَ بُهْتَانًا عَظِيْمًا ۝

၁၅၆။ ထို့ပြင် သူတို့၏မယုံကြည်ငြင်းပယ်မှုကြောင့်လည်းကောင်း၊ ထို့ပြင် သူတို့သည် 'မရ်ယမ်'နှင့်ဆန့်ကျင်၍ အလွန်ကြီးကျယ်သည့် မတရားစွပ်စွဲသောစကားကို ပြောဆိုခြင်းကြောင့်လည်းကောင်း။

وَّقَوْلِهِمْ اِنَّا قَتَلْنَا الْمَسِيْحَ عِيْسَى ابْنَ مَرْيَمَ رَسُوْلَ اللّٰهِ ۚ وَمَا قَتَلُوْهُ وَمَا صَلَبُوْهُ وَلٰكِنْ شُبِّهَ لَهُمْ ۭ وَاِنَّ الَّذِيْنَ اخْتَلَفُوْا فِيْهِ لَفِيْ شَكٍّ مِّنْهُ ۭ مَا لَهُمْ بِهٖ مِنْ عِلْمٍ اِلَّا اتِّبَاعَ الظَّنِّ ۚ وَمَا قَتَلُوْهُ يَقِيْنًۢا ۝

၁၅၈။ ထို့ပြင် သူတို့က ကျွန်ုပ်တို့သည် 'မရ်ယမ်'၏သား၊ အလ္လာဟ်၏တမန်တော် 'မဆီဟ်အီစာ'ကို အမှန်ပင် သတ်ဖြတ်ခဲ့သည်ဟုပြောဆိုသည့် သူတို့၏စကားကြောင့်လည်းကောင်း၊ စင်စစ် သူတို့သည် သူ့အား သတ်ဖြတ်နိုင်ခဲ့ကြသည်မဟုတ်၊ ထို့ပြင် သူ့အား လက်ဝါးကပ်တိုင်တင်(၍သတ်)နိုင်ခဲ့ကြသည်လည်းမဟုတ်ခေျ။ စင်စစ်သော်ကား သူတို့အဖို့ယင်းကိစ္စရပ်ကို ထင်ယောင်ထင်မှားဖြစ်စေခဲ့ပေသည်။ ဧကန်ပင် ဤသည်နှင့်စပ်လျဉ်း၍ ကွဲလွဲကြသောသူတို့သည် အမှန်ပင် ယင်းနှင့်စပ်လျဉ်း၍ သံသယ၌နစ်မွန်းနေကြပေသည်။ သူတို့ထံတွင် ဤသည်နှင့်စပ်လျဉ်း၍ ထင်မြင်ယူဆချက်နောက်သို့ လိုက်ခြင်းမှတစ်ပါး မည်သို့သော အသိမျှမရှိခေျ။ စင်စစ် သူတို့သည် သူ့အား အမှန်တကယ် သတ်ဖြတ်နိုင်ခဲ့ကြသည်မဟုတ်ခေျ။ ①

بَلْ رَّفَعَهُ اللّٰهُ اِلَيْهِ ۭ وَكَانَ اللّٰهُ عَزِيْزًا حَكِيْمًا ۝

၁၅၉။ ထိုသို့မဟုတ်မူဘဲ အလ္လာဟ်သည် သူ့အား မိမိဘက်သို့ 'ရဖာအ်' ချီးမြှောက်မူပြုတော်မူခဲ့ပေသည်။ စင်စစ် အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ လွန်စွာဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။ ②

---

① ဤအာယတ်တော်တွင် 'ရဟူဒီ'တို့၏မှားယွင်းသောကြွေးကြော်မှုကို ငြင်းဆိုထားပေသည်။ ယင်းတို့က ငါတို့သည် မဆီဟ်အား သတ်ဖြတ်ခဲ့ကြပြီဟု ဆိုကြသည်။ စင်စစ် ယင်းတို့သည် မဆီဟ်(တမန်တော်အီစာ)အား လုပ်ကြံမှုဖြင့်လည်း သတ်ဖြတ်နိုင်ခဲ့သည်မဟုတ်၊ ကားစင်တင်၍လည်းသတ်ဖြတ်နိုင်ခဲ့သည် မဟုတ်ခေျ။ **صَـلَبُـوْهُ** ဆိုသည်မှာ လက်ဝါးကပ်တိုင်ပေါ်တွင် ကားကြက်တင်ထားရုံမျှကိုသာ ဆိုလိုသည်မဟုတ်။ ကားစင်တင်ရခြင်း၏ရည်ရွယ်ချက်ကိုပြီးမြောက်စေခြင်း တစ်နည်းဆိုသော် ကားစင်ပေါ်တင်၍ သတ်ခြင်းကြောင့် သေဆုံးရခြင်းကိုဆိုလိုပေသည်။ ကားစင်တင်ခံရပြီးနောက် ကားစင်ပေါ်မှ အသက်ရှင်လျက်ပင် ဖြုတ်ချခြင်းခံရသူများလည်း အများအပြားရှိပေသည်။ ထိုသူ၏သေဆုံးခိုန်၌ သူသည် **صَـلَبُـوْهُ** လက်ဝါးကပ်တိုင်တင်ခံရ(၍ သေဆုံး)သည်ဟု မည်သည့်အခါမျှမပြောကြခေျ။ ဤအာယတ်တော်၌ စင်စစ် ယင်းတို့သည် မဆီဟ်အားသတ်ဖြတ်ရန် ဆောင်ရွက်ခြင်း၌ အောင်မြင်ထမြောက်မှုမရှိကြောင်း နောက်ဆုံးရလဒ်ကို ထုတ်နုတ်ဖော်ပြထားသည်။ **شُبِّـهَ لَهُـمْ** ဟူသောစကားစုကို အခြားပုဂ္ဂိုလ်တစ်ဦးသည် မဆီဟ်နှင့်ဆင်တူယိုးမှားဖြစ်ပြီး ထိုသူအားကားစင်တင်ခဲ့သည်ဟု မှားယွင်းစွာအဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြလေသည်။ အမှန်သော်ကား ဤသို့ဖော်ပြခြင်းမှာ အာရဗီဘာသာစကားအသုံးအနှုန်းနှင့် လုံးဝဖီလာဆန့်ကျင်ဖြစ်နေပေသည်။ သို့မဟုတ်ပါက ယင်းသည် မဆီဟ်နှင့်ဆင်တူယိုးမှားဖြစ်အောင်အသွင်ဆောင်ပြီး မဆီဟ်နှင့်ဆင်တူဖြစ်သွားခဲ့လေသည်ဟု ထိုသူ၏အကြောင်းဖြစ်ရပ်ကို ဖော်ပြရပေမည်။ **شُبِّـهَ لَهُـمْ** ၏ထင်ရှားသော အဓိပ္ပာယ်မှာ 'သူတို့သည် သံသယဒို့ဟ၌နစ်မွန်းသွားခဲ့ကြ၏။ ထို့ပြင် ထိုအကြောင်းကိစ္စသည် ယင်းတို့အတွက် သံသယပွားစရာဖြစ်သွားခဲ့ပေသည်'ဟု ရရှိပေသည်။

ဟာဇရတ်အေမာမ်ရာဇီသည် ဤအာယတ်တော်ကို ဋီကာဖွင့်ဆိုရာတွင် **وَلَكِنْ وَقَعَ لَهُمُ الشُّبْهَ** 'သို့ရာတွင် အဖြစ်အပျက်သည် ယင်းတို့အဖို့ ယုံမှားသံသယပွားဖွယ်ဖြစ်ခဲ့လေသည်'ဟု ဖော်ပြထားပေသည်။ (တာဖ်ဆီရေကဘီရ် အေမာမ်ရာဇီ)

② ဤအာယတ်တော်တွင် တမန်တော်အီစာ ﷺ၏ *ရဖာအ်*မှာ ကောင်းကင်သို့ပင့်မသွားခြင်းခံရသည်ဟူသော အချို့ အိုလမာများ၏အဆိုကို ငြင်းပယ်ထားပေသည်။ ဤအာယတ်တော်က **بَـلْ رَّفَـعَـهُ اللّٰهُ اِلَيْـهِ** အလ္လာဟ်သည် သူ့အား မိမိအထံတော်သို့ ချီးမြှောက်တော်မူခဲ့ပေသည်ဟု ရှင်းလင်းစွာဖော်ပြလျက်ရှိသည်။ အကယ်၍ 'မဆီဟ်'(အီစာ)သည် အလ္လာဟ်အရှင်မြတ်ရှိရာအရပ်သို့ ပင့်မ၍ ယူသွားခြင်းကိုခံရသည်ဆိုလျှင် အလ္လာဟ်မရှိသောအရပ်မှာ မည်သည့်အရပ်ဖြစ်ပေသနည်းဟု မေးရန်အကြောင်းဖြစ်လာပေမည်။ စင်စစ် 'မဆီဟ်'ရှိသောအရပ်၌ပင် အရှင်မြတ်ရှိတော်မူပေသည်။ အမှန်သော်ကား *'ရဖာအ်*'၏အနက်မှာ အဆင့်အတန်း မြင့်မားစေခြင်းကို ဆိုလိုပေသည်။

وَاِنْ مِّنْ اَهْلِ الْكِتٰبِ اِلَّا لَيُؤْمِنَنَّ بِهٖ قَبْلَ مَوْتِهٖ ۚ وَيَوْمَ الْقِيٰمَةِ يَكُوْنُ عَلَيْهِمْ شَهِيْدًا ۚ﴿۱۵۹﴾

၁၆၀။ ထို့ပြင် ကျမ်းဂန်ရသူများအနက်မှ မည်သည့်(အုပ်စု)မျှ သူ၏သေဆုံးခြင်း(မဆိုက်ရောက်မီ)အလျင် (သူ့အား မယုံကြည်သူ)ရှိမည်မဟုတ်။ အမှန်ပင် သူ့အပေါ် သက်ဝင်ယုံကြည်လာကြမည်သာဖြစ်၏။ ထို့ပြင် သူသည် 'ကေယာမတ်' နေ့တော်ကြီးတွင် ယင်းတို့အပေါ် သက်သေဖြစ်ပေလိမ့်မည်။ ①

فَبِظُلْمٍ مِّنَ الَّذِيْنَ هَادُوْا حَرَّمْنَا عَلَيْهِمْ طَيِّبٰتٍ اُحِلَّتْ لَهُمْ وَبِصَدِّهِمْ عَنْ سَبِيْلِ اللّٰهِ كَثِيْرًا ۙ﴿۱۶۰﴾

၁၆၁။ သို့ဖြစ်ရာ 'ရဟူဒီ'တို့အား ယင်းတို့၏မတရားကျူးလွန်မှုကြောင့်လည်းကောင်း၊ ယင်းတို့သည် အလ္လာဟ်၏ လမ်းတော်မှ အမြောက်အမြားတားမြစ်ပိတ်ပင်မှုကြောင့်လည်းကောင်း (ထိုသည့်အလျင်က) သူတို့အဖို့ 'ဟလာလ်' ခွင့်ပြုခဲ့သော သန့်ရှင်းစင်ကြယ်သည့်အရာများကိုလည်း ငါတို့သည် ယင်းတို့အပေါ် 'ဟရာမ်' တားမြစ်ပိတ်ပင်မှုပြုတော်မူခဲ့ပေသည်။

وَّاَخْذِهِمُ الرِّبٰوا وَقَدْ نُهُوْا عَنْهُ وَاَكْلِهِمْ اَمْوَالَ النَّاسِ بِالْبَاطِلِ ۭ وَاَعْتَدْنَا لِلْكٰفِرِيْنَ مِنْهُمْ عَذَابًا اَلِيْمًا ﴿۱۶۱﴾

၁၆၂။ ထို့ပြင် သူတို့၏အတိုးစားခြင်းကြောင့်လည်းကောင်း၊ အမှန်သော်ကား ယင်း(အတိုးစားခြင်းကို) သူတို့အား တားမြစ်ပိတ်ပင်ခဲ့ပြီးဖြစ်ချေသည်။ ထို့ပြင် လူများ၏နေဥစ္စာကို မတရားသောနည်းဖြင့် စားသုံးကြခြင်းကြောင့်လည်းကောင်း၊ (ယင်းတို့အား ထိုသို့ပြစ်ဒဏ်ပေးရခြင်းဖြစ်၏)၊ ထို့ပြင် ငါတို့သည် ယင်းတို့အနက်မှ မယုံကြည်ခြင်းပယ်ခဲ့သူများအတွက် လွန်စွာနာကျင်ဖွယ်သော ပြစ်ဒဏ်ကို စီမံထားတော်မူ၏။

لٰكِنِ الرّٰسِخُوْنَ فِي الْعِلْمِ مِنْهُمْ وَالْمُؤْمِنُوْنَ يُؤْمِنُوْنَ بِمَآ اُنْزِلَ اِلَيْكَ وَمَآ اُنْزِلَ مِنْ قَبْلِكَ وَالْمُقِيْمِيْنَ الصَّلٰوةَ وَالْمُؤْتُوْنَ الزَّكٰوةَ وَالْمُؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ۭ اُولٰۗىِٕكَ سَنُؤْتِيْهِمْ

၁၆၃။ သို့ရာတွင် ယင်း(ရဟူဒီများ)အနက်မှ ပညာအရာတွင် ရင့်ကျက်သူများနှင့်(စစ်မှန်သော)သက်ဝင်ယုံကြည်သူတို့သည် အသင့်ထံပို့ချခဲ့သည်များနှင့် အသင့်အလျင် ပို့ချခဲ့သည်များကိုလည်း သက်ဝင်ယုံကြည်ကြပြီး 'ဆွလာတ်' ဝတ်ပြုမှုကို တည်ဆောက်ကြသူများ၊ 'ဇကာတ်' ပေးဆောင်ကြသူများ၊ အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကြီးကို သက်ဝင်ယုံကြည်သူများဖြစ်ကြ၏။ ဤသူများသည်ပင်၊ ငါတို့သည် သူတို့အား

① **اِنْ مِّنْ اَهْلِ الْكِتٰبِ** သည် အဓိပ္ပာယ်နှစ်မျိုးသက်ရောက်နိုင်ပေသည်။ တစ်ရပ်မှာ 'ကျမ်းရသူတို့အနက် သူကွယ်လွန်အနိစ္စမရောက်မီအလျင် သူ့အားသက်ဝင်ယုံကြည်ခြင်းမရှိသော"သူ"တစ်ဦးတစ်ယောက်မျှပင်မရှိ'ဟူ၍ဖြစ်ပြီး၊ ဒုတိယမှာ 'ကျမ်းရသူတို့အနက် သူကွယ်လွန်အနိစ္စမရောက်မီအလျင် သူ့အားသက်ဝင်ယုံကြည်ခြင်းမရှိသော "အုပ်စု"တစ်စုမျှမရှိ'ဟူ၍ဖြစ်သည်။ ဤဒုတိယအဓိပ္ပာယ်သည်သာလျှင် မှန်ကန်သောအဓိပ္ပာယ်ဖြစ်၏။ ပထမအဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် 'သူ၏သေဆုံးခြင်း'ကို အကယ်၍ တမန်တော်အီစာ ﷺ၏သေဆုံးခြင်းဟု အဓိပ္ပာယ်ကောက်ယူသော် ဤသည် ကြွေးကြော်မှုသက်သက်မျှဖြစ်လိမ့်မည်။ အကြောင်းမူ အသက်မသေဆုံးမီအလျင် 'မဆီဟ်'(အီစာ)အား သက်ဝင်ယုံကြည်မှုမရှိဘဲနှင့်လည်းကောင်း၊ မဆီဟ်မကွယ်လွန်မီအလျင် သူ့အား သက်ဝင်ယုံကြည်မှုမရှိဘဲနှင့်လည်းကောင်း ကုဋေပေါင်းများစွာသော 'ရဟူဒီ'များ သေဆုံးခဲ့ကြပြီးဖြစ်သောကြောင့်ပင်။

"အုပ်စု"ဟုအဓိပ္ပာယ်ဖွင့်ဆိုခြင်းမှာ မှန်ကန်လျောက်ပတ်ပေသည်။ အကြောင်းမူ တမန်တော်အီစာ ﷺသည် ပျောက်လွင့်နေသောမျိုးနွယ်အုပ်စုများထဲသို့ 'ဟစ်ဂျရတ်'ပြု ပြောင်းရွှေ့နေထိုင်ပြီးနောက် ထိုပျောက်လွင့်နေသော လူမျိုးနွယ်တိုင်းမှ အနည်းနှင့်အများသောသူတို့သည် တမန်တော်အီစာ ﷺအား လက်ခံခဲ့ပြီးသည့်နောက်တွင်မှ တမန်တော်အီစာ ﷺကွယ်လွန်ခဲ့ပေသည်။ ဤအဖြစ်အပျက်သည် ကရှိမီးယား(ကသ္မီရ)၌ ဖြစ်ပျက်ခဲ့ပေသည်။

اَجْرًا عَظِيْمًا ﴿١٦٢﴾ ۝٢٢ လွန်စွာကြီးမားသော အကျိုးဆုလာဘ်ကို အမှန်ပင် ပေးသနားတော်မူမည်ဖြစ်သတည်း။

ရုကူး-၂၃

اِنَّآ اَوْحَيْنَآ اِلَيْكَ كَمَآ اَوْحَيْنَآ اِلٰى نُوْحٍ وَّالنَّبِيّٖنَ مِنْۢ بَعْدِهٖ ۚ وَاَوْحَيْنَآ اِلٰٓى اِبْرٰهِيْمَ وَاِسْمٰعِيْلَ وَاِسْحٰقَ وَيَعْقُوْبَ وَالْاَسْبَاطِ وَعِيْسٰى وَاَيُّوْبَ وَيُوْنُسَ وَهٰرُوْنَ وَسُلَيْمٰنَ ۚ وَاٰتَيْنَا دَاوٗدَ زَبُوْرًا ﴿١٦٣﴾

၁၆၃။ ငါတို့သည် 'နူးဟ်'နှင့် သူ၏နောက်တွင်ပွင့်ပေါ်ခဲ့သော တမန်တော်များထံသို့ 'ဝဟီ' ဗျာဒိတ်ပို့ချတော်မူခဲ့သကဲ့သို့ အမှန်ပင် အသင့်ထံသို့လည်း 'ဝဟီ' ဗျာဒိတ်ပို့ချတော်မူ၏။ ထို့ပြင် ငါတို့သည် 'အစ်ဗရာဟင်မ်'၊ 'အစ္စမာအီလ်'၊ 'အစ္စဟာက်'၊ 'ယာကွပ်'နှင့် (သူ၏)သားမြေးတို့ထံသို့လည်းကောင်း၊ 'အီစာ'၊ 'အိုင်ယူဘ်'၊ 'ယူနုတ်စ်'၊ 'ဟာရွန်'နှင့် 'ဆူလိုင်မန်'တို့ထံသို့လည်းကောင်း 'ဝဟီ' ဗျာဒိတ်ပို့ချတော်မူခဲ့ပေသည်။ ထို့ပြင် ငါတို့သည် 'ဒါဝတ်'အား 'ဇဗူးရ်'ကို ပေးသနားတော်မူခဲ့၏။

وَرُسُلًا قَدْ قَصَصْنٰهُمْ عَلَيْكَ مِنْ قَبْلُ وَرُسُلًا لَّمْ نَقْصُصْهُمْ عَلَيْكَ ۭ وَكَلَّمَ اللّٰهُ مُوْسٰى تَكْلِيْمًا ﴿١٦٤﴾

၁၆၄။ များစွာသော တမန်တော်များရှိကြ၏၊ သူတို့၏အကြောင်းကို ငါတို့သည် အသင့်အား ယခင်ကတည်းက ဖော်ပြတော်မူပြီးဖြစ်၏။ ထို့ပြင် များစွာသောတမန်တော်များရှိကြ၏၊ သူတို့၏အကြောင်းကို ငါတို့သည် အသင့်အား ဖော်ပြတော်မမူချေ။ ထို့ပြင် အလ္လာဟ်သည် 'မူစာ'အား မြောက်မြားစွာ စကားပြောတော်မူခဲ့ပေသည်။ ①

رُسُلًا مُّبَشِّرِيْنَ وَمُنْذِرِيْنَ لِئَلَّا يَكُوْنَ لِلنَّاسِ عَلَى اللّٰهِ حُجَّةٌۢ بَعْدَ الرُّسُلِ ۭ وَكَانَ اللّٰهُ عَزِيْزًا حَكِيْمًا ﴿١٦٥﴾

၁၆၅။ သတင်းကောင်းများပေးသူနှင့် သတိပေးနှိုးဆော်မှုပြုသူ များစွာသော တမန်တော်များ(ကို စေလွှတ်တော်မူခဲ့ပေသည်)။ သို့ဖြင့် တမန်တော်များ ပွင့်ပေါ်လာပြီးသည့်နောက်တွင် လူသားများထံ၌ အလ္လာဟ်နှင့် ဆန့်ကျင်လျက် မည်သို့သော ဆင်ခြေဆင်လက်မျှမရှိစေရန်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသော အရှင်၊ လွန်စွာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူ၏။

لٰكِنِ اللّٰهُ يَشْهَدُ بِمَآ اَنْزَلَ اِلَيْكَ اَنْزَلَهٗ بِعِلْمِهٖ ۚ وَالْمَلٰۗىِٕكَةُ يَشْهَدُوْنَ ۭ وَكَفٰى بِاللّٰهِ شَهِيْدًا ﴿١٦٦﴾

၁၆၇။ သို့သော် အသင့်ထံပို့ချခဲ့သည်ကို မိမိ၏(ပြတ်သားသော) ပညာဉာဏ်တော်အပေါ် အခြေပြု၍ ပို့ချတော်မူခဲ့ကြောင်း အလ္လာဟ်ကိုယ်တော်တိုင်ပင်လျှင် သက်သေခံတော်မူ၏။ ထို့ပြင် ကောင်းကင်တမန်များသည်လည်း (ဤသည်ကို ပင်) သက်သေခံကြပေသည်။ စင်စစ် သက်သေခံသူအဖြစ် အလ္လာဟ်သည်သာ လွန်စွာလုံလောက်တော်မူ၏။

① 'ဟဒီးစ်'တော်များအရ တစ်လောကလုံးတွင် တမန်တော်များ၏အရေအတွက်မှာ (၁၂၄၀၀၀) ဖြစ်ကြောင်း အထောက်အထားရရှိပေသည်။ ယင်းတို့အားလုံးအနက် တမန်တော်မြတ် ﷺ သည် အမြင့်မြတ်ဆုံးသော တမန်တော်ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်၌ နဗီတမန်တော်အချို့ကိုသာ သူတို့နှင့် သူတို့အမျိုးသားတို့အပေါ် ဖြစ်ပျက်ခဲ့သောဖြစ်ရပ်များကို ဥပမာပြုဖော်ပြကာ တစ်လောကလုံးရှိတမန်တော်များနှင့် သူတို့၏အမျိုးသားများအပေါ်တွင်လည်း အလားတူအခြေအနေများဖြစ်ပျက်ခဲ့ကြောင်း ဖော်ပြထားခြင်းဖြစ်ပေသည်။

اِنَّ الَّذِيْنَ كَفَرُوْا وَصَدُّوْا عَنْ سَبِيْلِ اللّٰهِ قَدْ ضَلُّوْا ضَلٰلًۢا بَعِيْدًا ۝

၁၆၈။ ဧကန်စင်စစ် အကြင်သူတို့သည် မယုံကြည်ခြင်းပယ်ကြ၏၊ ထို့ပြင် ၎င်းတို့သည် (အခြားသူများကို) အလ္လာဟ်၏ လမ်းတော်မှ တားဆီးပိတ်ပင်ကြ၏၊ ဧကန်မုချ ထိုသူတို့သည် ဝေးကွာလှသောလမ်းလွဲမှုဌ် လွဲချော်သွားခဲ့ချေပြီ။

اِنَّ الَّذِيْنَ كَفَرُوْا وَظَلَمُوْا لَمْ يَكُنِ اللّٰهُ لِيَغْفِرَ لَهُمْ وَلَا لِيَهْدِيَهُمْ طَرِيْقًا ۝

၁၆၉။ ဧကန်စင်စစ် အကြင်သူတို့သည် မယုံကြည်ခြင်းပယ်ကြ၏၊ ထို့ပြင် မတရားမှုကိုပြုကျင့်ကြ၏။ အလ္လာဟ်သည် ယင်းသူတို့အား ခွင့်လွှတ်တော်မူရန် မဖြစ်နိုင်ချေ။ ထို့ပြင် အရှင်မြတ်သည်သူတို့အား တစ်စုံတစ်ရာသောလမ်းကို ညွှန်ပြတော်မူရန်လည်းမဖြစ်နိုင်ချေ။

اِلَّا طَرِيْقَ جَهَنَّمَ خٰلِدِيْنَ فِيْهَآ اَبَدًا ؕ وَكَانَ ذٰلِكَ عَلَى اللّٰهِ يَسِيْرًا ۝

၁၇၀။ သို့ရာတွင် 'ဂျဟန္နမ်' ငရဲလမ်းသို့သာ(ဖြစ်၏)။ ယင်း၌ သူတို့သည် ရှည်လျားသည့်ကာလတိုင်အောင် နေရမည့်သူများဖြစ်ကြ၏။ ထိုသို့ပြုရန်မှာ အလ္လာဟ်အဖို့ လွယ်ကူတော်မူ၏။

يٰۤاَيُّهَا النَّاسُ قَدْ جَآءَكُمُ الرَّسُوْلُ بِالْحَقِّ مِنْ رَّبِّكُمْ فَاٰمِنُوْا خَيْرًا لَّكُمْ ؕ وَاِنْ تَكْفُرُوْا فَاِنَّ لِلّٰهِ مَا فِى السَّمٰوٰتِ وَالْاَرْضِ ؕ وَكَانَ اللّٰهُ عَلِيْمًا حَكِيْمًا ۝

၁၇၁။ အို-လူသားအပေါင်းတို့၊ အသင်တို့ထံ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်မှ တမန်တော်သည် အမှန်တရားနှင့်အတူ လာရောက်ခဲ့ချေပြီ။ သို့ဖြစ်ရာ သက်ဝင်ယုံကြည်ကြကုန်။ (ဤသည်) အသင်တို့အဖို့ ပိုမိုကောင်းမြတ်ပေမည်။ သို့စင်လျက် အကယ်၍ အသင်တို့ မယုံကြည်ခြင်းပယ်ကြလျှင်(မှတ်သားကြကုန်)၊ မုချဧကန် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိရှိသမျှတို့ကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသော အရှင်၊ လွန်စွာ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူ၏။

يٰۤاَهْلَ الْكِتٰبِ لَا تَغْلُوْا فِىْ دِيْنِكُمْ وَلَا تَقُوْلُوْا عَلَى اللّٰهِ اِلَّا الْحَقَّ ؕ اِنَّمَا الْمَسِيْحُ عِيْسَى ابْنُ مَرْيَمَ رَسُوْلُ اللّٰهِ وَكَلِمَتُهٗ ۚ اَلْقٰىهَاۤ اِلٰى مَرْيَمَ وَرُوْحٌ مِّنْهُ ۫ فَاٰمِنُوْا بِاللّٰهِ وَرُسُلِهٖ ۟ وَلَا تَقُوْلُوْا ثَلٰثَةٌ ؕ اِنْتَهُوْا خَيْرًا لَّكُمْ ؕ اِنَّمَا اللّٰهُ اِلٰهٌ وَّاحِدٌ ؕ سُبْحٰنَهٗۤ اَنْ يَّكُوْنَ لَهٗ وَلَدٌ ۘ لَهٗ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ؕ وَكَفٰى بِاللّٰهِ وَكِيْلًا ۝

၁၇၂။ အို-ကျမ်းဂန်ရသူအပေါင်းတို့၊ မိမိတို့၏ သာသနာရေးတွင် အတိုင်းထက်လွန်ကျူးမှုကို မပြုကြကုန်လင့်။ အလ္လာဟ်နှင့်စပ်လျဉ်း၍ စစ်မှန်ရာကိုမှတစ်ပါး (အခြား) မည်သည်ကိုမျှ မပြောကြလင့်။ ဧကန်မုချ 'မရ်ယမ်'၏သားတော် 'မဆီဟ်အီစာ' သည် အလ္လာဟ်၏တမန်တော်တစ်ပါးမျှသာဖြစ်ပြီး၊ အရှင်မြတ်၏ 'ကလေမာ' နှုတ်ကပါဌ်တော်ဖြစ်၏။ ယင်းကို အရှင်မြတ်သည် 'မရ်ယမ်'ထံသို့ ပို့ချတော်မူခဲ့ပြီး၊ အရှင်မြတ်ထံတော်မှ ဝိညာဉ်တစ်ပါးဖြစ်၏။ သို့ဖြစ်ရာ အလ္လာဟ်နှင့်ထိုအရှင်မြတ်၏ တမန်တော်များအားသက်ဝင်ယုံကြည်ကြကုန်။ ထို့ပြင် 'သုံးပါး' ဟုမပြောဆိုကြလင့်၊ ရပ်တန့်ကြကုန်။ ဤသည်၌ပင် အသင်တို့အဖို့ ကောင်းမြတ်မှုရှိပေသည်။ ဧကန်စင်စစ် အလ္လာဟ်သည်ပင် တစ်ပါးတည်းသောကိုးကွယ်ရာအရှင် ဖြစ်တော်မူ၏။ မိမိ၌ သားတော်တစ်ပါးပါးရှိခြင်းမှ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်

ရှိသည်တို့ကို အရှင်မြတ်သည်သာ စိုးပိုင်တော်မူ၏။ ထို့ပြင် ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် အလ္လာဟ်သည် လွန်စွာ လုံလောက်တော်မူပေသတည်း။ ①

ရုကူး-၂၄

لَنْ يَّسْتَنْكِفَ الْمَسِيْحُ اَنْ يَّكُوْنَ عَبْدًا لِّلّٰهِ وَلَا الْمَلٰٓئِكَةُ الْمُقَرَّبُوْنَ ؕ وَمَنْ يَّسْتَنْكِفْ عَنْ عِبَادَتِهٖ وَيَسْتَكْبِرْ فَسَيَحْشُرُهُمْ اِلَيْهِ جَمِيْعًا ﴿۱۷۲﴾

၁၇၂။ 'မဆီဟ်'သည် အလ္လာဟ်၏ကျေးကျွန်ဖြစ်ရခြင်းကို မနှစ်မြို့မှုအလျှင်းမဖြစ်ချေ။ ထို့ပြင် (အလ္လာဟ်၏)အပါးတော်မှ ကောင်းကင်တမန်များသည်လည်း အလျှင်း(မဖြစ်ကြချေ)။ မည်သူမဆို အရှင်မြတ်အား 'အေဗာဒတ်' ဝတ်ပြုကိုးကွယ်မှုပြုခြင်းကို မနှစ်မမြို့ဖြစ်ပြီး မာန်မာနထောင်လွှားမှုကိုပြုလျှင် အရှင်မြတ်သည် ထိုသူတို့အားလုံးကို မိမိထံတော်သို့ အမှန်ပင် စုစည်းခေါ်ဆောင်လာတော်မူမည်ဖြစ်၏။ ②

فَاَمَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فَيُوَفِّيْهِمْ اُجُوْرَهُمْ وَيَزِيْدُهُمْ مِّنْ فَضْلِهٖ ۚ وَاَمَّا الَّذِيْنَ اسْتَنْكَفُوْا وَاسْتَكْبَرُوْا فَيُعَذِّبُهُمْ عَذَابًا اَلِيْمًا ۙ وَّلَا يَجِدُوْنَ لَهُمْ مِّنْ دُوْنِ اللّٰهِ وَلِيًّا وَّلَا نَصِيْرًا ﴿۱۷۳﴾

၁၇၃။ သို့ဖြစ်ရာ အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြပြီး ကောင်းမြတ်သောအကျင့်သီလကို ကျင့်ကြံဆောက်တည်ကြလျှင် အရှင်မြတ်သည် သူတို့အား သူတို့၏ဆုလာဘ်ကို အပြည့်အဝပေးသနားတော်မူပေမည်။ ထို့ပြင် အရှင်မြတ်၏ကျေးဇူးတော်ဖြင့် သူတို့အား ပို၍ပေးသနားတော်မူမည်ဖြစ်၏။ အကြင်သူတို့သည် (အေဗာဒတ်ကို) မနှစ်မမြို့ဖြစ်ကြပြီး မာန်မာနထောင်လွှားမှုပြုကြလျှင် အရှင်မြတ်သည် သူတို့အား နာကျင်ဖွယ်အပြစ်ဒဏ်ကိုပေးတော်မူမည်ဖြစ်၏။ ထိုသူတို့သည် မိမိတို့အတွက် အလ္လာဟ်မှတစ်ပါး မည်သည့်အဆွေခင်ပွန်းနှင့် မည်သည့်ကူညီစောင်မမည့်သူကိုမျှ တွေ့ရလိမ့်မည်မဟုတ်ချေ။

يٰٓاَيُّهَا النَّاسُ قَدْ جَآءَكُمْ بُرْهَانٌ مِّنْ

၁၇၄။ အို-လူသားအပေါင်းတို့၊ အသင်တို့ထံ အသင်တို့၏

① ခရစ်ယာန်များက ဤအာယတ်တော်ဖြင့် မဆီဟ်(တမန်တော်အီစာ ﷺ)သည် တမန်တော်မဟုတ်မူဘဲ အလ္လာဟ်၏ **كلمه** 'ကလေမာ'နှုတ်ကပါဌ်တော်ဖြစ်သည်ဟု အထောက်အထားပြကြပြီး 'အစအဦး၌ နှုတ်ကပါဌ်တော်ရှိ၏။ နှုတ်ကပါဌ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပါဌ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏' (ရှင်ယောဟန်ခရစ်ဝင် ၁း၁)ဟူသော သမ္မာကျမ်းစာပါ အထောက်အထားကို ဖော်ပြကြလေသည်။ ယင်းတို့က တမန်တော်အီစာ ﷺ အား **كلمة الله** (အလ္လာဟ်၏မှတ္ထပါဌ်တော်)သို့မဟုတ် **كلام الله** (အလ္လာဟ်၏စကားတော်)ဟုမှတ်ယူပြောဆိုကြပေသည်။ ယင်း၏ချေပချက်ကို ကျမ်းမြတ်ကုရ်အာန် ဆူရာဟ် 'ကဟာဖ်'(ကဏ္ဍ ၁၈)၏နောက်ဆုံးအာယတ်တော်(၁၀)ပိုဒ်တွင်တွေ့ရှိနိုင်ပေသည်။ အထူးသဖြင့် အာယတ်တော် အမှတ်စဉ်(၁၁၀)တွင်ဖော်ပြထားသည်မှာ အကယ်၍ ပင်လယ်မှန်သမျှသည် မင်ဖြစ်သွားပြီး ယင်းနှင့်အလားတူ နောက်ထပ်ပင်လယ်များသည်လည်း အကူအညီပေးရန် လာရောက်ကြသော်လည်း အလ္လာဟ်၏မှတ္ထပါဌ်တော်သည် ကုန်ဆုံးသွားလိမ့်မည်မဟုတ်ချေ။ သို့ဖြစ်ပေရာ အလ္လာဟ်၏'**كلمه**'နှုတ်ကပါဌ်တော်ဆိုသည်မှာ အလ္လာဟ်က **كُنْ** ဖြစ်လော့ဟူ၍ မိန့်ဆိုလိုက်ခြင်းပင်ဖြစ်၏။ ယင်း၏ရလဒ်အဖြစ် အလုံးစုံသောသက်ရှိများနှင့် သက်မဲ့အရာဝတ္ထုများဖြစ်တည်ပေါ်ပေါက်၍လာပေသည်။ 'မဆီဟ်'သည်လည်း ယင်းတို့အနက်မှ တစ်ဦးဖြစ်ပေသည်။

② တမန်တော် အီစာ ﷺ က မိမိသည် အလ္လာဟ်၏အစေတော်ဖြစ်ခြင်းကိုငြင်းပယ်ခဲ့သည်ဟူသော စွပ်စွဲချက်ကို ဤအာယတ်တော်တွင် ချေဖျက်ထားပေသည်။ အကြောင်းမူ ဤသည်မှာ လွန်စွာမှကြီးလေးသည့် ပြစ်တင်စွပ်စွဲချက်တစ်ရပ်ဖြစ်ပြီး တမန်တော်အီစာ ﷺ ၏ဂုဏ်အဆင့်ကို မြင့်မားစေခြင်းမဟုတ်မူဘဲ တမန်တော်အီစာ ﷺ အား မာန်မာနထောင်လွှားသူအဖြစ် ဖော်ပြခြင်းကြောင့် ဖြစ်ပေသည်။

رَّبِّكُمْ وَاَنْزَلْنَآ اِلَيْكُمْ نُوْرًا مُّبِيْنًا ۝

ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ကြီးမားသော သက်သေသာဓက တစ်ရပ် ရောက်ရှိလာခဲ့ချေပြီ။ ထို့ပြင် ငါတို့သည် အသင်တို့ထံသို့ လင်းဝင်းစေသည့် 'နူရ်' အလင်းရောင်ကို ချပေးတော်မူခဲ့ပေသည်။

فَاَمَّا الَّذِيْنَ اٰمَنُوْا بِاللّٰهِ وَاعْتَصَمُوْا بِهٖ فَسَيُدْخِلُهُمْ فِيْ رَحْمَةٍ مِّنْهُ وَفَضْلٍ ۙ وَّيَهْدِيْهِمْ اِلَيْهِ صِرَاطًا مُّسْتَقِيْمًا ۝

၁၇၆။ သို့ဖြစ်ရာ အကြင်သူတို့သည် အလ္လာဟ်အား သက်ဝင်ယုံကြည်ကြပြီး၊ အရှင့်အား ခိုင်မြဲစွာစွဲကိုင်ထားကြပါလျှင် အရှင်မြတ်သည် အမှန်ပင် သူတို့အား မိမိ၏ကရုဏာတော်နှင့် မိမိ၏ကျေးဇူးတော်သို့ ဝင်ရောက်စေတော်မူပေမည်။ ထို့ပြင် သူတို့အား မိမိထံတော်သို့ (ဦးတည်သည့်) ဖြောင့်မတ်မှန်ကန်သောလမ်းကို ညွှန်ပြတော်မူမည်ဖြစ်၏။

يَسْتَفْتُوْنَكَ ۭ قُلِ اللّٰهُ يُفْتِيْكُمْ فِي الْكَلٰلَةِ ۭ اِنِ امْرُؤٌا هَلَكَ لَيْسَ لَهٗ وَلَدٌ وَّلَهٗٓ اُخْتٌ فَلَهَا نِصْفُ مَا تَرَكَ ۚ وَهُوَ يَرِثُهَآ اِنْ لَّمْ يَكُنْ لَّهَا وَلَدٌ ۭ فَاِنْ كَانَتَا اثْنَتَيْنِ فَلَهُمَا الثُّلُثٰنِ مِمَّا تَرَكَ ۭ وَاِنْ كَانُوْٓا اِخْوَةً رِّجَالًا وَّنِسَاۗءً فَلِلذَّكَرِ مِثْلُ حَظِّ الْاُنْثَيَيْنِ ۭ يُبَيِّنُ اللّٰهُ لَكُمْ اَنْ تَضِلُّوْا ۭ وَاللّٰهُ بِكُلِّ شَيْءٍ عَلِيْمٌ ۝ ۧ

၁၇၇။ သူတို့သည် အသင့်ထံ 'ဖတ္တဝါ' ဓမ္မသတ်ဆုံးဖြတ်ချက်ကို တောင်းခံကြ၏။ ပြောကြားပါလေ၊ အလ္လာဟ်သည် အသင်တို့အား 'ကလာလာဟ်'နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးတော်မူ၏။ အကယ်၍ သားသမီးမရှိသော အမျိုးသားတစ်ဦးသေဆုံးပါက၊ ထိုသူ၌ အစ်မ ညီမရှိလျှင် ထိုအစ်မ ညီမအတွက် ထိုသူထားရစ်ခဲ့သည့်(အမွေပစ္စည်း)၏ ထက်ဝက်ဖြစ်ပေမည်။ အကယ်၍ ထို(အစ်မ၊ညီမသေဆုံးပါက)သူမ၌ သားသမီးမရှိလျှင် သူသည် သူမ(၏အမွေအားလုံး)ကို ဆက်ခံရပေမည်။ အကယ်၍ ယင်းတို့သည် (ညီအစ်မ) နှစ်ဦးဖြစ်ကြလျှင် ယင်းတို့အတွက် သူထားရစ်ခဲ့သော (အမွေပစ္စည်း)မှ သုံးပုံနှစ်ပုံဖြစ်ပေမည်။ အကယ်၍ ညီအစ်ကို၊ ညီမ၊ အစ်မ၊ အမျိုးသားနှင့်အမျိုးသမီးများ (ရောနှောလျက်)ဖြစ်ကြလျှင်၊ အမျိုးသားတိုင်းအတွက် အမျိုးသမီးနှစ်ဦး(၏ဝေစု)နှင့် ညီမျှသော ဝေစုဝေပုံဖြစ်ပေမည်။ အလ္လာဟ်သည် အသင်တို့အတွက် (အကြောင်းရပ်များကို) ပွင့်လင်းထင်ရှားစွာ ဖော်ပြတော်မူ၏။ သို့ဖြင့် အသင်တို့ လမ်းလွဲမသွားကြစေရန်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် အရာခပ်သိမ်းကုန်တို့ကို ကောင်းစွာသိရှိတော်မူပေသတည်း။

❖ ❖ ❖

၅။ အလ်-မာအေဒါ

ဤဆူရာဟ်သည် တမန်တော်မြတ်ﷺမဒီနာမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သော နောက်ဆုံးကာလများတွင်ကျရောက်ခဲ့သည်။ 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော်ပေါင်း (၁၂၁)ပိုဒ် ပါရှိသည်။

ဤဆူရာဟ်တော်တွင် တမန်တော်'အီစာ'ﷺရရှိသည့် များစွာသော အံ့ဖွယ်နိမိတ်လက္ခဏာများ၏သဘောအမှန်ကို ဖော်ပြထားသည်။ 'တာဖ်ဆီရ်'ရှင်းလင်းဖွင့်ဆိုသောကျမ်းများတွင် တမန်တော်'အီစာ'ﷺထံ ကောင်းကင်မှ စားသောက်ဖွယ်ရာများကို ပွဲလိုက်ချပေးသည်ဟု ဖော်ပြထားပေရာ ယင်း၏သဘောအမှန်ကို အောက်ပါအတိုင်း လှစ်ဟဖော်ပြရှင်းလင်းထားပေသည်။

'ခရစ်ယာန်'ဘာသာဝင်များနွယ်စုတို့သည် အကန့်အသတ်မရှိသောရိက္ခာများကို ပေးသနားခြင်းခံရပေမည်။ ဤသည် တမန်တော်အီစာﷺ၏'ဒိုအာ'(ဆုတောင်း)များနှင့် စွန့်လွှတ်အနစ်နာခံခြင်းများ၏အကျိုးရလဒ်အနေဖြင့် ပေးသနားခံရခြင်းဖြစ်ပေမည်။ သို့ရာတွင် ထိုသို့ရိက္ခာရရှိခြင်းအပေါ် ကျေးဇူးကန်းကြပါလျှင် သူတို့သည် ကမ္ဘာလောကတွင် အခြားမည်သူ့ကိုမျှမပေးခဲ့ဖူးသည့် ကြောက်မက်ဖွယ်ပြစ်ဒဏ်ကို ခတ်နှိပ်ခြင်းခံရမည်ဖြစ်သည်။ ယင်းတို့၏ကျေးဇူးကန်းမှု အမှတ်လက္ခဏာများမှာလည်း ကံဆိုးစွာထင်ပေါ်ခဲ့ပြီးဖြစ်ပေသည်။

ပဋိညာဉ်ခံဝန်ချက်ကို ချိုးဖောက်ကြသောကြောင့် 'ရဟူဒီ'များနှင့် 'ခရစ်ယာန်'များအတွင်း ပေါ်ပေါက်လျက်ရှိသော ပျက်စီးယိုယွင်းမှုများကို မျက်မှောက်ပြုလျက် ဤဆူရာဟ်၏အစပိုင်းမှာပင် တမန်တော်မြတ် 'မိုဟမ္မဒ်'ﷺသခင်၏အမှုမှတ်များကို သတိပေးနှိုးဆော်ထားပေသည်။

ရှေ့တွင်လာရှိခဲ့သော ဆူရာဟ် 'အလ်-ဘကရာ'တွင် စားသောက်ဖွယ်ရာအမျိုးမျိုးနှင့်စပ်လျဉ်း၍ စားသုံးပိုင်ခွင့်ရှိ၊ မရှိတို့ကို ဖော်ပြခဲ့ပြီးဖြစ်၏။ ဤဆူရာဟ်တွင်မူ သစ်လွင်သောအကြောင်းတစ်ရပ်ကို ဖော်ပြထားပြီး ယင်းသည် အစ္စလာမ်ကို အခြားသောဘာသာအယူဝါဒအားလုံးထက် ထူးကဲသာလွန်မှုဖြစ်စေသည်။ ယင်းမှာ 'ရီဇိုက်'(ရိက္ခာ)ဟူသည် 'ဟလာလ်'စားသုံးပိုင်ခွင့်ရှိရုံမျှမက 'တွိုင်ယဘ်' သန့်ရှင်းစင်ကြယ်မှုလည်းရှိရပေမည်ဟု ဖော်ပြထားခြင်းပင်ဖြစ်၏။ သို့ဖြစ်ရာ စားသောက်ဖွယ်ရာတစ်ခုခုသည် 'ဟလာလ်'စားသုံးပိုင်ခွင့်ရှိသည်ပင်ဖြစ်စေ၊ အလွန်သန့်ရှင်းစင်ကြယ်ပြီး ကျန်းမာရေးကို အထောက်အကူပြုကောင်းမွန်စေခြင်းမရှိလျှင် ယင်းအစားအစာကိုရှောင်ကြဉ်ခြင်းသည် အကောင်းဆုံးဖြစ်ပေသည်။

မည်သို့သောအခြေအနေမျိုးဌမဆို တရားမျှတမှုအပေါ် ရပ်တည်ကြရန် ရှေ့ပိုင်းတွင် သွန်သင်ထားပြီးဖြစ်သည်။ ယခု ဤဆူရာဟ်တွင် သက်သေခံမှုနှင့်ဆိုင်သောအကြောင်းရပ်များကို စတင်ဖော်ပြပြီး သက်သေခံရာတွင် တရားမျှတမှုအပေါ် အပြည့်အဝရပ်တည်ရန် သတိပေးနှိုးဆော်ထားပေသည်။ အကယ်၍ မျိုးနွယ်တစ်ခုနှင့် ရန်ငြိုးထားမုန်းတီးမှုရှိသော်ငြားလည်း ယင်းတို့၏ ရပိုင်ခွင့်ကို အရေးထားကြရန်၊ ယင်းတို့နှင့်ပြဿနာဖြေရှင်းရာ၌လည်း တရားမျှတမှုကို လုံးဝလက်မလွှတ်ရန် စသည့် ကိုယ်ကျင့်တရားဆိုင်ရာ အလွန်မြင့်မားကောင်းမြတ်သောနည်းလမ်းကို သွန်သင်ထားပေသည်။

ဤဆူရာဟ်တွင် 'မိဆားက်'ပဋိညာဉ်ချုပ်ဆိုခြင်းအကြောင်း နောက်ထပ်တစ်ကြိမ် ဖော်ပြထားသည်ကိုတွေ့ရှိရပေသည်။ 'ရဟူဒီ'တို့သည် ပဋိညာဉ်ခံဝန်ချက်ကိုချိုးဖောက်ခဲ့သည့်အခါ အချင်းချင်းငြူစူခြင်းနှင့် ရန်ငြိုးထားခြင်းတို့၏သားကောင်ဖြစ်သွားခဲ့ကြပြီး (၇၂)ဂိုဏ်းအဖြစ် မည်သို့မည်ပုံ ကွဲသွားကြသည်ကို ဖော်ပြထားသည်။ ဤတွင် တမန်တော် 'အီစာ'ﷺပွင့်ပေါ်လာပြီး ကယ်တင်ခြင်းခံရမည့်

(၇၃)ခုမြောက်အဖွဲ့၏ အခြေခံအုတ်မြစ်ကိုချခဲ့ပေသည်။ သို့ရာတွင် ကြိုတင်နိမိတ်ဟောချက်လာရှိသည်မှာ တမန်တော်'အီစာ'ﷺ၏ အမျိုးသားတို့သည် သွန်သင်ဆုံးမမှုမှ အကျိုးရယူကြမည်မဟုတ်ကြောင်း၊ ထို့ပြင် ထပ်မံ၍ ဂိုဏ်းများအကွဲကွဲအပြားပြားဖြစ်သွားကြမည်ဖြစ်ကြောင်း၊ ယင်းဂိုဏ်းများအကြားဌ မနာလိုမှု၊ ရန်ငြိုးထားမှုတို့နှင့် အတ္တဆန်မှုတို့၏ အကျိုးဆက်ကြောင့် ကြီးကျယ်သော ကမ္ဘာစစ်များ၏ အခြေတည်ရာဖြစ်၍လာမည်ဖြစ်ကြောင်း၊ ယင်းအားဖြင့် 'ခရစ်ယာန်'မျိုးနွယ်များကိုယ်တိုင်က အခြား'ခရစ်ယာန်'မျိုးနွယ်များနှင့်ဆန့်ကျင်၍ စစ်ခင်းကြမည်ဖြစ်ကြောင်းတို့ကို ဖော်ပြထားသည်။

ဤဆူရာဟ်တွင် လူမျိုးနွယ်များအချင်းချင်း ပဋိပက္ခများနှင့်တိုက်ခိုက်သတ်ဖြတ်မှုများကို ဖော်ပြရာ၌ မတရားကျူးကျော်ခြင်းနှင့် အနိုင်အထက်ပြုသတ်ဖြတ်ခြင်းတို့တွင် အတိုင်းထက်အလွန်ဖြစ်မည့် အုပ်စုတစ်စုကိုလည်း ဖော်ပြထားသည် (အာယတ်တော်-၃၄)။ ယခုအခါ ကလေးသူငယ်များအပေါ် လူမဆန်စွာ မတရားပြုမူမှုများကို အနောက်နိုင်ငံများတွင် တွေ့မြင်ရသည့်အပြင် အရှေ့တိုင်းတွင်လည်း ယင်းဖြစ်ရပ်များနှင့်ပြည့်နှက်လျက်ရှိပေသည်။ ထို့ပြင် အလွန်ပြင်းထန်စွာ ပြစ်ဒဏ်ချမှတ်သင့်သော ကြောက်မက်ဖွယ်ကောင်းလှသည့်ဒုစရိုက်မှုများလည်း ရှိပေသေးသည်။ ထိုသို့ဖြင့် **فَشَرِّدْ بِهِمْ مَّنْ خَلْفَهُمْ** ဟူသော အကြောင်းရပ်မှာ ပြည့်စုံခြင်းသို့ရောက်ရှိရန်၊ ထို့ပြင် ယင်း၏ အလွန်ကြောက်မက်ဖွယ်ကောင်းသောရလဒ်ကို မြင်တွေ့ရခြင်းဖြင့် ဒုစရိုက်သမားတို့ အပြစ်ဒုစရိုက်ကျူးလွန်ခြင်းမှ ရပ်တန့်သွားကြရန် ဖြစ်ပေသည်။

ဤဆူရာဟ်သည် မတရားမှုဟူသမျှနှင့်ဆန့်ကျင်၍ အရေးဆိုထားပေသည်။ ဤသည်နှင့် စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်၏ ယုံကြည်မှုဘာသာအယူဝါဒကိုမျှ အဓမ္မနည်းဖြင့် ပြောင်းလဲရန် လုံးဝခွင့်မပြုကြောင်းကို ဖော်ပြထားသည်။ အကယ်၍ အလွန်အမင်း အနိုင်အထက်ပြုခြင်းကြောင့် အချို့သူများမှာ 'မွရ်တဒ်'(သာသနာတော်မှစွန့်ခွာသွားသူ)များဖြစ်ခဲ့ကြလျှင်လည်း အလွှာဟ်အရှင်မြတ်သည် ယင်း'မွရ်တဒ်'တို့ထက် အရေအတွက်များပြားလှသော လူမျိုးနွယ်ကြီးများကို ယင်း 'မွရ်တဒ်'တို့အစား ပေးသနားတော်မူမည်ဖြစ်ပြီး ထိုသူတို့သည် 'မို့အ်မင်န်'(သက်ဝင်ယုံကြည်သူ)တို့အား အလွန်အမင်းချစ်ခင်ကြင်နာကြကာ 'ကာဖိရ်'(မယုံကြည်ငြင်းပယ်သူ)များအပေါ် ခက်ထန်တင်းမာကြမည်ဖြစ်ကြောင်းကိုလည်း ဖော်ပြထားပေသည်။

ဤဆူရာဟ်တွင် ကမ္ဘာပေါ်ရှိ အခြားမည်သည့်ကျမ်းဂန်တွင်မျှမပါရှိသော၊ ကျမ်းမြတ်ကုရ်အာန်၏သွန်သင်ချက်တစ်ရပ်ကို ဖော်ပြထားသည်။ ယင်းမှာ တရားမျှတမှုနှင့်စပ်လျဉ်း၍ဖြစ်သည်။ အစ္စလာမ်၏ တမန်တော်မြတ်ﷺကို လက်ခံယုံကြည်သူများသာမက အခြားဘာသာဝင်တို့သည်လည်း မိမိတို့သာသနာ၏သင်ပြချက်များနှင့်အညီ ကျင့်ကြံအားထုတ်မှုတွင် မှန်ကန်ကြပြီး ကောင်းမှုပွားများသူများဖြစ်ကြလျှင်၊ ထို့ပြင် နောင်တမလွန်၊ ဆိုလိုသည်မှာ မိမိတို့၏ကျင့်ကြံအားထုတ်မှုအတွက် အဖြေပေးကြရမည်ဟူသည်ကို ယုံကြည်ချက်အခိုင်အမာရှိသူများဖြစ်ကြပါလျှင် အလွှာဟ်အရှင်မြတ်သည် ထိုသူတို့၏ ကုသိုလ်ကောင်းမှုအတွက် အကောင်းဆုံးအကျိုးဆက်ကို ပေးသနားတော်မူပေမည်။ ထိုသူတို့သည် မိမိတို့၏ဘဝနိဂုံးနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာကြောက်ရွံ့ခြင်း၊ စိုးရိမ်ပူပန်ခြင်းဖြစ်ရန်မလိုကြောင်း ဖော်ပြထားပေသည်။

အချင်းချင်းငြူစူမှု၊ ရန်ငြိုးထားမှုတို့ကို ဤဆူရာဟ်တွင်ဖော်ပြရာ၌ ပြင်းထန်လွန်းသော ငြူစူမှု၊

ရန်ငြိုးထားမှုများကို ပေါက်ဖွားစေသည့် အကြောင်းခံများကိုပါ ထပ်ဆင့်ဖော်ပြထားပေသည်။ ယင်းတို့အနက်တစ်ခုမှာ အရက်သေစာဖြစ်ပြီး အခြားတစ်ခုမှာ လောင်းကစားမှုဖြစ်သည်။ စင်စစ် ယင်းတို့တွင် သာမန်အကျိုးအမြတ်အချို့လည်းရှိ၏။ သို့ရာတွင် ယင်း၏ဆုံးရှုံးစေမှုများမှာ ယင်း၏အကျိုးအမြတ်ရရှိမှုများနှင့်ယှဉ်လျှင် အလွန်ပင် များပြားလှပေသည်။

ဤဆူရာဟ်၏နိဂုံးပိုင်းတွင် တမန်တော်'အီစာ'ﷺကွယ်လွန်အနိစ္စရောက်ခြင်းကို အထင်အရှားဖော်ပြထားသည်။ ထို့ပြင် တမန်တော်'အီစာ'ﷺသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာအပြည့်အဝကိုးကွယ်ဆည်းကပ်သော တမန်တော်တစ်ပါးဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် သူသည်မိမိအမျိုးသားတို့အား 'သုံးပါးတစ်ဆူဝါဒ' သို့မဟုတ် 'ရှရီက်'(အလ္လာဟ်နှင့်အခြားတစ်စုံတစ်ရာကို တွဲဖက်ကိုးကွယ်ခြင်း)ကို မည်သည့်အခါကမျှ သင်ပြခဲ့ခြင်းမရှိသည့်အပြင် ကျွန်ုပ်အားလည်းကောင်း၊ ကျွန်ုပ်၏မိခင်အားလည်းကောင်း အလ္လာဟ်အရှင်မြတ်အပြင် ကိုးကွယ်ရာနှစ်ဆူအဖြစ် တင်မြှောက်ကြကုန်ဟူ၍လည်း မိန့်မှာခြင်းမရှိခဲ့ကြောင်း ဖော်ပြထားပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-မာအေဒါ

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၁၂၁)ပိုဒ် ရှုကူ (၁၆)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اَوْفُوْا بِالْعُقُوْدِ ۭ اُحِلَّتْ لَكُمْ بَهِيْمَةُ الْاَنْعَامِ اِلَّا مَا يُتْلٰى عَلَيْكُمْ غَيْرَ مُحِلِّي الصَّيْدِ وَاَنْتُمْ حُرُمٌ ۭ اِنَّ اللّٰهَ يَحْكُمُ مَا يُرِيْدُ ①

၂။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ကတိခံဝန်ချက်များကိုဖြည့်ဆည်းကြကုန်။ ခြေလေးချောင်းတိရစ္ဆာန်များအနက် အသင်တို့အားဖော်ပြခဲ့ပြီးသည်တို့မှတစ်ပါး အခြား ကျွဲနွားတိရစ္ဆာန်များကို အသင်တို့အဖို့ 'ဟလာလ်' ခွင့်ပြုတော်မူခဲ့ပေသည်။ သို့ရာတွင် ('ဟာဂ်ျ်'ပြုရန်) 'အဲဟ်ရာမ်' ဝတ်ဆင်ထားသောအခြေအနေတွင် အမဲလိုက်ခြင်းကို ခွင့်ပြုသည်ဟုမထင်မှတ်ကြကုန်လင့်။ ဧကန်မုချ အလ္လာဟ်သည် မိမိအလိုရှိတော်မူသည်ကိုသာလျှင် စီရင်ပြဋ္ဌာန်းတော်မူ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تُحِلُّوْا شَعَاۗىِٕرَ اللّٰهِ وَلَا الشَّهْرَ الْحَرَامَ وَلَا الْهَدْيَ وَلَا الْقَلَاۗىِٕدَ وَلَآ اٰۗمِّيْنَ الْبَيْتَ الْحَرَامَ يَبْتَغُوْنَ فَضْلًا مِّنْ رَّبِّهِمْ وَرِضْوَانًا ۭ وَاِذَا حَلَلْتُمْ فَاصْطَادُوْا ۭ وَلَا يَجْرِمَنَّكُمْ شَنَاٰنُ قَوْمٍ اَنْ صَدُّوْكُمْ عَنِ الْمَسْجِدِ الْحَرَامِ اَنْ تَعْتَدُوْا ۘ وَتَعَاوَنُوْا عَلَي الْبِرِّ وَالتَّقْوٰى ۠ وَلَا تَعَاوَنُوْا عَلَي الْاِثْمِ وَالْعُدْوَانِ ۠ وَاتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ شَدِيْدُ الْعِقَابِ ② ۝

၃။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်၏အမှတ်လက္ခဏာတော်များကိုလည်းကောင်း၊ ထူးမြတ်သော လကို လည်းကောင်း၊ 'ကုရ်ဘာနီ'သားကောင်များကိုလည်းကောင်း၊ 'ကုရ်ဘာနီ'ပြုရန် လည်ပတ်များဆွဲထားသည့် သားကောင်များကိုလည်းကောင်း၊ မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ကျေးဇူးတော်နှင့် ကျေနပ်နှစ်မြို့မှုကိုရည်မျှော်၍ ထူးမြတ်သော အိမ်တော်သို့ သွားရောက်ရန်ရည်စူးကြသူများကိုလည်းကောင်း၊ မရိုမသေမလေးမခန့်မပြုကြကုန်လင့်။ ထို့ပြင် အသင်တို့သည် 'အဲဟ်ရာမ်'ဝတ်ရုံကိုချွတ်ပြီးကြသောအခါ (သံသယမရှိ) အမဲလိုက်ခြင်းပြုကြကုန်။ ထို့ပြင် အသင်တို့အား 'မတ်စ်ဂျိဒေဟရာမ်' ထူးမြတ်သည့်ဝတ်ကျောင်းတော်မှ တားမြစ်ပိတ်ပင်ခဲ့မှုကြောင့် မည်သည့်မျိုးနွယ်အပေါ်မဆို ရန်ငြိုးထားမုန်းတီးမှုသည် အသင်တို့အား လွန်ကျူးမှုပြုရန် လှုံ့ဆော်ခြင်းမရှိစေလင့်။ ထို့ပြင် ကောင်းမှုနှင့် 'တက္ကဝါ' အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း၌ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီကြကုန်။ အပြစ်နှင့် လွန်ကျူးမှု(လုပ်ရပ်များ)၌ ရိုင်းပင်းကူညီခြင်း မပြုကြကုန်လင့်။ အလ္လာဟ်အားကြောက်ရွံ့ကြကုန်။ မလွဲဧကန် အလ္လာဟ်သည် အပြစ်ပေးတော်မူရာတွင် အလွန်ပြင်းထန်တော်မူ၏။ ②

② ဤဆူရာဟ်၏ အာယတ်တော်အမှတ်စဉ်(၃)နှင့် (၉)တို့တွင် လောကီရေးအကြောင်းကိစ္စများတွင်ဖြစ်စေ၊ ဘာသာရေးအကြောင်းကိစ္စများတွင်ဖြစ်စေ ရန်သူနှင့်လည်း တရားမျှတမှုကိုအပြည့်အဝကျင့်သုံးရန် မိန့်မှာထားပေသည်။ သို့ကြောင့် အာယတ်တော်အမှတ်စဉ်(၃)တွင် ရန်သူတစ်ဦးတစ်ယောက်က အသင့်အား'ကာ့အ်ဘာ'ကျောင်းတော်သို့ သွားရောက်ခြင်းမှ တားမြစ်ပါလျှင်လည်း

حُرِّمَتْ عَلَيْكُمُ الْمَيْتَةُ وَالدَّمُ وَلَحْمُ
الْخِنْزِيْرِ وَمَآ اُهِلَّ لِغَيْرِ اللّٰهِ بِهٖ
وَالْمُنْخَنِقَةُ وَالْمَوْقُوْذَةُ وَالْمُتَرَدِّيَةُ
وَالنَّطِيْحَةُ وَمَآ اَكَلَ السَّبُعُ اِلَّا مَا ذَكَّيْتُمْ ۗ
وَمَا ذُبِحَ عَلَى النُّصُبِ وَاَنْ تَسْتَقْسِمُوْا
بِالْاَزْلَامِ ۭ ذٰلِكُمْ فِسْقٌ ۭ اَلْيَوْمَ يَىِٕسَ
الَّذِيْنَ كَفَرُوْا مِنْ دِيْنِكُمْ فَلَا تَخْشَوْهُمْ
وَاخْشَوْنِ ۭ اَلْيَوْمَ اَكْمَلْتُ لَكُمْ دِيْنَكُمْ
وَاَتْمَمْتُ عَلَيْكُمْ نِعْمَتِيْ وَرَضِيْتُ
لَكُمُ الْاِسْلَامَ دِيْنًا ۭ فَمَنِ اضْطُرَّ فِيْ
مَخْمَصَةٍ غَيْرَ مُتَجَانِفٍ لِّاِثْمٍ ۙ فَاِنَّ اللّٰهَ
غَفُوْرٌ رَّحِيْمٌ ۝

၄။ အသင်တို့အား 'ဟရာမ်' တားမြစ်ထားသောအရာများမှာ အသေသား၊ သွေး၊ ဝက်၏အသား၊ အလ္လာဟ်မှတစ်ပါး အခြားတစ်စုံတစ်ရာ၏အမည်နာမဖြင့် လှီးဖြတ်သောတိရစ္ဆာန်၊ လည်ကိုညှစ်၍သတ်သောတိရစ္ဆာန်၊ ထိခိုက်ဒဏ်ရာဖြင့် သေဆုံးသောတိရစ္ဆာန်၊ လိမ့်ကျ၍သေသောတိရစ္ဆာန်၊ ဦးချိုဖြင့် ဝှေ့ခံရ၍သေသောတိရစ္ဆာန်၊ (မသေမီ) အသင်တို့ လှီးဖြတ်နိုင်ခဲ့သည်မှအပ သားရဲတိရစ္ဆာန်များ စားထားသည့်တိရစ္ဆာန်၊ မဟုတ်မမှန်သောကိုးကွယ်ရာများအား ပူဇော်သကာပြုရာ နေရာများတွင် လှီးဖြတ်ခြင်းခံရသည့် တိရစ္ဆာန်များပင်ဖြစ်၏။ ထို့ပြင် အသင်တို့ မြားများဖြင့်(ကံစမ်း၍) အချင်းချင်း ဝေစုခွဲခြင်းကိုလည်း(တားမြစ်တော်မူ၏)။ ဤအရာအားလုံးတို့သည် မနာခံအပြစ်ကျူးလွန်မှုများပင်ဖြစ်၏။ 'ကာဖိရ်' မယုံကြည်ခြင်းပယ်ကြသောသူတို့သည် ယနေ့ အသင်တို့၏သာသနာ(တွင် စွက်ဖက်ခြင်း)မှ စိတ်ပျက်လက်လျော့၍ သွားကြချေပြီ။ သို့ဖြစ်ရာ အသင်တို့သည် ယင်းတို့အား မကြောက်ရွံ့ကြကုန်လင့်၊ ငါအရှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြကုန်။ ဤနေ့တွင် ငါအရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏သာသနာကို ပြီးပြည့်စုံစေတော်မူပြီ၊ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့အပေါ် ငါ၏ 'နေ့အ်မတ်' ကောင်းချီးဆုလာဘ်တော်ကို စုံလင်စေတော်မူပြီ၊ ထို့ပြင် ငါအရှင်မြတ်သည် 'အစ္စလာမ်'ကို အသင်တို့အဖို့ 'ဒီန်'သာသနာတော်အဖြစ် နှစ်သက်တော်မူခဲ့ချေပြီ။ သို့ဖြစ်ရာ အကြင်သူသည် ပြင်းပြစွာ ဆာလောင်မွတ်သိပ်ခြင်းကြောင့် (တားမြစ်ထားသော အရာများကိုစားသုံးရန်) မလွှဲမရှောင်သာဖြစ်ခဲ့သော်၊ ထိုအခြေအနေတွင် သူသည် အပြစ်ဘက်သို့ တိမ်းညွတ်သူမဟုတ်လျှင် ဧကန်မုချ အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

يَسْـَٔلُوْنَكَ مَاذَآ اُحِلَّ لَهُمْ ۭ قُلْ اُحِلَّ لَكُمُ
الطَّيِّبٰتُ ۙ وَمَا عَلَّمْتُمْ مِّنَ الْجَوَارِحِ
مُكَلِّبِيْنَ تُعَلِّمُوْنَهُنَّ مِمَّا عَلَّمَكُمُ اللّٰهُ ۡ
فَكُلُوْا مِمَّآ اَمْسَكْنَ عَلَيْكُمْ وَاذْكُرُوا
اسْمَ اللّٰهِ عَلَيْهِ ۠ وَاتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ

၅။ ထိုသူတို့က သူတို့အတွက် မည်သည့်အရာများကို 'ဟလာလ်' ခွင့်ပြုထားပါသနည်းဟု အသင့်ထံ မေးမြန်းကြ၏။ အသင်ပြောကြားပါလော၊ အသင်တို့အတွက် သန့်ရှင်းစင်ကြယ်သောအရာအားလုံးကို 'ဟလာလ်' ခွင့်ပြုထားပြီးဖြစ်၏။ ထို့ပြင် အသင်တို့သည် အမဲလိုက်တိရစ္ဆာန်အချို့ကို သွန်သင်လေ့ကျင့်ပေးကြပေရာ (သတိပြုရန်ကား) အသင်တို့သည် ယင်းတို့ကို အလ္လာဟ်က အသင်တို့အား သင်ကြားပေးတော်မူသည့်အတိုင်း သင်ကြားပေးကြ၏၊ သို့ဖြစ်ရာ အသင်တို့

➤ ဤဘာသာရေးရန်ပြမှုကို အကြောင်းပြုရန်ပြီးထား၍ ထိုသူနှင့်တရားမျှတမှု ကင်းမဲ့စွာပြုကျင့်ရန် အခွင့်မရှိကြောင်း ဖော်ပြထားသည်။ မွတ်စလင်တို့အနေဖြင့် ဤအာယတ်တော်နှစ်ပိုဒ်တွင်လာရှိသည့်အတိုင်း ဖြောင့်မှန်သောစိတ်နှလုံးဖြင့် ကျင့်ကြံအားထုတ်ပါလျှင် မည်သည့်အခါမျှ လမ်းလွဲကြလိမ့်မည်မဟုတ်ချေ။

سَرِيْعُ الْحِسَابِ ۝

သည် ယင်းတို့က အသင်တို့အတွက် ဖမ်းဆီးပေးထားသည့် ထို(အမဲကောင်)မှ စားသုံးကြကုန်။ ယင်းအပေါ်၌ အလ္လာဟ်၏ နာမတော်ကိုဖတ်ရွတ်ကြကုန်။ ထို့ပြင် 'တက္ကဝါ' အလ္လာဟ် အား ကြောက်ရွံ့ရိုကျိုးခြင်းတရားကို ကျင့်ကြံဆောက်တည်ကြကုန်။ ဧကန်မုချ အလ္လာဟ်သည် စာရင်း(စစ်ကြောရာ)တွင် အလွန်မြန်ဆန်တော်မူ၏။

اَلْيَوْمَ اُحِلَّ لَكُمُ الطَّيِّبٰتُ ؕ وَطَعَامُ الَّذِيْنَ اُوْتُوا الْكِتٰبَ حِلٌّ لَّكُمْ ۖ وَطَعَامُكُمْ حِلٌّ لَّهُمْ ؗ وَالْمُحْصَنٰتُ مِنَ الْمُؤْمِنٰتِ وَالْمُحْصَنٰتُ مِنَ الَّذِيْنَ اُوْتُوا الْكِتٰبَ مِنْ قَبْلِكُمْ اِذَآ اٰتَيْتُمُوْهُنَّ اُجُوْرَهُنَّ مُحْصِنِيْنَ غَيْرَ مُسٰفِحِيْنَ وَلَا مُتَّخِذِيْٓ اَخْدَانٍ ؕ وَمَنْ يَّكْفُرْ بِالْاِيْمَانِ فَقَدْ حَبِطَ عَمَلُهٗ ۫ وَهُوَ فِى الْاٰخِرَةِ مِنَ الْخٰسِرِيْنَ ۝ ع

၆။ ယနေ့ သန့်ရှင်းသော အရာအားလုံးကို အသင်တို့အဖို့ 'ဟလာလ်' ခွင့်ပြုတော်မူပြီးဖြစ်၏။ ထို့ပြင် ကျမ်းဂန်ရသူတို့၏ (သန့်ရှင်းစင်ကြယ်သော) စားသောက်ဖွယ်ရာများကိုလည်း အသင်တို့အတွက် ခွင့်ပြုတော်မူ၏။ ထို့အတူ အသင်တို့၏ စားသောက်ဖွယ်ရာကို ယင်းတို့အတွက် ခွင့်ပြုပေသည်။ ထို့ပြင် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူများအနက်မှ ကာယန္ဒြေကို စောင့်ထိန်းသော အမျိုးသမီးများကိုလည်းကောင်း၊ အသင်တို့အလျင် ကျမ်းဂန်ရပြီးသူများအနက်မှ ကာယန္ဒြေကိုစောင့်ထိန်းသော အမျိုးသမီးများကိုလည်းကောင်း အသင်တို့အတွက် ခွင့်ပြုပေသည်။ သို့ရာတွင် အသင်တို့သည် သူမတို့အား 'နေကာဟ်' ထိမ်းမြားခြင်းပြုသောအခါ သူမတို့၏ရပိုင်ခွင့် 'မဟာရ်'ကို ပေးဆောင်ကြကုန်။ မတရားကာမမှုကို ကျူးလွန်ခြင်း၊ တိတ်တိတ်ပုန်းရည်ငံသူထားရှိခြင်းမပြုရ။ အကြင်သူသည် 'အီမာန်' ယုံကြည်ခြင်းကိုပင် ငြင်းပယ်ပါလျှင် ထိုသူ၏ ကျင့်ကြံအားထုတ်မှုသည် ဧကန်စင်စစ် အချည်းနှီးဖြစ်ချေသည်။ ထိုသူသည် နောင်တမလွန်တွင် ဆုံးရှုံးသူများအနက်မှ ဖြစ်လိမ့်မည်တည်း။

ရုကူး-၂

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا قُمْتُمْ اِلَى الصَّلٰوةِ فَاغْسِلُوْا وُجُوْهَكُمْ وَاَيْدِيَكُمْ اِلَى الْمَرَافِقِ وَامْسَحُوْا بِرُءُوْسِكُمْ وَاَرْجُلَكُمْ اِلَى الْكَعْبَيْنِ ؕ وَاِنْ كُنْتُمْ جُنُبًا فَاطَّهَّرُوْا ؕ وَاِنْ كُنْتُمْ مَّرْضٰٓى اَوْ عَلٰى سَفَرٍ اَوْ جَآءَ اَحَدٌ مِّنْكُمْ مِّنَ الْغَآئِطِ اَوْ لٰمَسْتُمُ النِّسَآءَ فَلَمْ تَجِدُوْا مَآءً فَتَيَمَّمُوْا صَعِيْدًا طَيِّبًا فَامْسَحُوْا بِوُجُوْهِكُمْ وَاَيْدِيْكُمْ مِّنْهُ ؕ مَا يُرِيْدُ

၇။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် 'ဆွလာတ်'ဝတ်ပြုရန်ရပ်ကြသောအခါ မိမိတို့၏မျက်နှာများကို ဆေးကြောကြကုန်။ လက်များကိုလည်း တံတောင်ဆစ်အထိ (ဆေးကြောကြကုန်)။ ဦးခေါင်းများကို 'မဆဟ်' ပွတ်သပ်ခြင်းပြုကြကုန်။ ခြေထောက်များကိုလည်း ခြေမျက်စိအထိ ဆေးကြောကြကုန်။ ထို့ပြင် အသင်တို့သည် ကိုယ်မသန့်ဖြစ်သော် (အပြည့်အဝရေချိုးပြီး) ကောင်းစွာသန့်ရှင်းစင်ကြယ်အောင် ပြုကြကုန်။ အကယ်၍ အသင်တို့သည် မကျန်းမမာဖြစ်နေလျှင် သို့မဟုတ် ခရီးသွားနေစဉ်ဖြစ်လျှင် သို့မဟုတ် အသင်တို့အနက် တစ်ဦးတစ်ယောက်သည် ကျင်ကြီးကျင်ငယ်စွန့်ပြီး ပြန်လာလျှင် သို့မဟုတ် အသင်တို့သည် အမျိုးသမီးတို့နှင့် ကိုယ်လက်နှီးနှောခဲ့ကြလျှင် ဤသို့သော အခြေအနေတွင် အသင်တို့သည် ရေမရရှိပါက သန့်ရှင်းခြောက်သွေ့သောမြေဖြင့်

اللّٰهُ لِيَجْعَلَ عَلَيْكُمْ مِّنْ حَرَجٍ وَّلٰكِنْ يُّرِيْدُ لِيُطَهِّرَكُمْ وَلِيُتِمَّ نِعْمَتَهٗ عَلَيْكُمْ لَعَلَّكُمْ تَشْكُرُوْنَ ۝

'တယမွမ်'ပြုလုပ်ကြကုန်။ သို့(ပြုလုပ်သည့်)အခါ မျက်နှာများနှင့် လက်များကို ယင်း(မြေ)ဖြင့် ပွတ်သပ်ကြကုန်။ အလ္လာဟ်သည် အသင်တို့အပေါ် ခက်ခဲကျဉ်းကျပ်စေလိုတော်မမူချေ။ သို့ရာတွင် အသင်တို့အား လွန်စွာသန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပေးရန်နှင့် အသင်တို့အပေါ် မိမိ၏ကျေးဇူးတော်ကို ပြည့်ဝစုံလင်အောင်ပြုလုပ်ပေးရန် လိုလားတော်မူ၏။ သို့ဖြင့် အသင်တို့ ကျေးဇူးသိတတ်ကြရန်ဖြစ်၏။

وَاذْكُرُوْا نِعْمَةَ اللّٰهِ عَلَيْكُمْ وَمِيْثَاقَهُ الَّذِيْ وَاثَقَكُمْ بِهٖٓ ۙ اِذْ قُلْتُمْ سَمِعْنَا وَاَطَعْنَا ۡ وَاتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ۝

၈။ အသင်တို့အပေါ် အလ္လာဟ်ပြုတော်မူခဲ့သည့် 'နေ့အ်မတ်' ကောင်းချီးဆုလာဘ်တော်ကိုသတိရကြကုန်။ ထို့ပြင် အကြင် အခါဝယ် အသင်တို့က ကျွန်တော်မျိုးတို့သည် ကြားခဲ့ရပါပြီ၊ ကျွန်တော်မျိုးတို့နာခံလိုက်နာကြပါပြီဟုဆိုကြလျက် အသင်တို့သည် အရှင်မြတ်နှင့်ခိုင်မြဲစွာပြုခဲ့ကြသည့် ပဋိညာဉ်ကိုလည်း သတိရကြကုန်။ ထို့ပြင် အလ္လာဟ်အား ကြောက်ရွံ့ကြကုန်၊ ဧကန်မုချ အလ္လာဟ်သည် ရင်များအတွင်း၌ရှိသည့်အကြောင်းများကို ကောင်းစွာသိရှိတော်မူ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا كُوْنُوْا قَوّٰمِيْنَ لِلّٰهِ شُهَدَاۗءَ بِالْقِسْطِ ۡ وَلَا يَجْرِمَنَّكُمْ شَنَاٰنُ قَوْمٍ عَلٰٓي اَلَّا تَعْدِلُوْا ۭ اِعْدِلُوْا ۣ هُوَ اَقْرَبُ لِلتَّقْوٰى ۡ وَاتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ۝

၉။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အတွက် အခိုင်အမာစောင့်ကြပ်လျက် တရားမျှတမှုကိုထောက်ခံသော သက်သေများဖြစ်ကြလော့။ မည်သည့်မျိုးနွယ်အပေါ် မဆို ရန်ငြိုးထားမုန်းတီးမှုသည် အသင်တို့အား တရားမျှတမှု မပြုရန် လှုံ့ဆော်ခြင်း အလျှင်းမဖြစ်စေလင့်။ တရားမျှတမှုကို ကျင့်သုံးကြကုန်။ ဤသည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားနှင့် အနီးစပ်ဆုံးဖြစ်၏။ အလ္လာဟ်အား ကြောက်ရွံ့ကြကုန်၊ ဧကန်မုချ အလ္လာဟ်သည် အသင်တို့ပြုကျင့်သည်တို့ကို အမြဲထာဝစဉ် သတင်းရရှိတော်မူ၏။

وَعَدَ اللّٰهُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ ۙ لَهُمْ مَّغْفِرَةٌ وَّاَجْرٌ عَظِيْمٌ ۝

၁၀။ အလ္လာဟ်သည် သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်သူတို့အဖို့ အပြစ်လွှတ်ခြင်းနှင့် အလွန်ကြီးကျယ်သော ဆုလာဘ်တစ်ရပ်ရှိကြောင်း ကတိပြုတော်မူထား၏။

وَالَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِاٰيٰتِنَآ اُولٰۗىِٕكَ اَصْحٰبُ الْجَحِيْمِ ۝

၁၁။ သို့သော် မယုံကြည်ငြင်းပယ်ကြပြီး ငါတို့၏သက်သေသာဓကတော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသူတို့မှာမူ 'ဂျဟန္နမ်' ငရဲသားများဖြစ်ကြ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اذْكُرُوْا نِعْمَتَ اللّٰهِ عَلَيْكُمْ اِذْ هَمَّ قَوْمٌ اَنْ يَّبْسُطُوْٓا اِلَيْكُمْ اَيْدِيَهُمْ فَكَفَّ اَيْدِيَهُمْ عَنْكُمْ ۚ وَاتَّقُوا اللّٰهَ ۭ وَعَلَي اللّٰهِ فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ ۝ ۧ

၁၂။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အပေါ် အလ္လာဟ်ပြုတော်မူခဲ့သော 'နေ့အ်မတ်' ကောင်းချီးဆုလာဘ်တော်ကို သတိရကြကုန်။ အကြင်အခါဝယ် လူမျိုးနွယ်တစ်စုသည် အသင်တို့ဘက်သို့ (ဆိုးသွမ်းခြင်း၏)လက်များကို ဆန့်ထုတ်ရန် ခိုင်မြဲသောရည်ရွယ်ချက် ပြုလုပ်ခဲ့ကြပေသည်။ သို့ရာတွင် အရှင်မြတ်သည် ယင်းတို့၏လက်များကို အသင်တို့

ထံမှ ဟန့်တားတော်မူခဲ့ပေသည်။ အလ္လာဟ်အား ကြောက်ရွံ့ကြကုန်။ သက်ဝင်ယုံကြည်သူတို့သည် အလ္လာဟ်အားသာလျှင် ယုံပုံလွဲအပ်သင့်ကြပေသတည်း။

ရုကူ-၃

وَلَقَدْ اَخَذَ اللّٰهُ مِيْثَاقَ بَنِيْٓ اِسْرَآءِيْلَ ۚ وَبَعَثْنَا مِنْهُمُ اثْنَىْ عَشَرَ نَقِيْبًا ۭ وَقَالَ اللّٰهُ اِنِّىْ مَعَكُمْ ۭ لَىِٕنْ اَقَمْتُمُ الصَّلٰوةَ وَاٰتَيْتُمُ الزَّكٰوةَ وَاٰمَنْتُمْ بِرُسُلِىْ وَعَزَّرْتُمُوْهُمْ وَاَقْرَضْتُمُ اللّٰهَ قَرْضًا حَسَنًا لَّاُكَفِّرَنَّ عَنْكُمْ سَيِّاٰتِكُمْ وَلَاُدْخِلَنَّكُمْ جَنّٰتٍ تَجْرِىْ مِنْ تَحْتِهَا الْاَنْهٰرُ ۚ فَمَنْ كَفَرَ بَعْدَ ذٰلِكَ مِنْكُمْ فَقَدْ ضَلَّ سَوَآءَ السَّبِيْلِ ⑫

၁၃။ မုချကောန် အလ္လာဟ်သည် 'အစ္စရာအီလ်' အမျိုးသားတို့ထံမှ(လည်း) ပဋိညာဉ်ခံဝန်ချက်ကို ယူတော်မူခဲ့သည်။ ငါတို့သည် ယင်းတို့အနက်မှဦးစီးခေါင်းဆောင် တစ်ဆယ့်နှစ်ဦးကို ပေါ်ထွန်းစေတော်မူခဲ့၏။ ထို့နောက် အလ္လာဟ်က မိန့်တော်မူသည်မှာ အမှန်ပင် ငါသည်အသင်တို့နှင့် အတူရှိတော်မူ၏။ အကယ်၍ အသင်တို့သည် 'ဆွလာတ်' ဝတ်ပြုမှုကို တည်ဆောက်ကြလျှင်၊ 'ဇကာတ်'ကိုပေးဆောင်ကြလျှင်၊ ငါအရှင်မြတ်၏တမန်တော်များကိုယုံကြည်ကြပြီး အသင်တို့သည် သူတို့အားကူညီကြပါလျှင်၊ ထို့ပြင် အလ္လာဟ်အား ကောင်းမြတ်သောကြွေးမြီကိုပေးကြပါလျှင် ငါအရှင်မြတ်သည် ဧကန်ပင် အသင်တို့၏မကောင်းမှုများကို အသင်တို့ထံမှ ကင်းဝေးစေတော်မူမည်။ ထို့ပြင် ဧကန်မုချ အသင်တို့အား အခြေတွင် စမ်းချောင်းများအသွယ်သွယ် စီးဆင်းလျက်ရှိသည့် ဥယျာဉ်များအတွင်း ဝင်ရောက်စေတော်မူမည်။ သို့ဖြစ်ရာ ထိုသည့်နောက်တွင် အသင်တို့အနက်မှအကြင်မည်သူမဆို မယုံကြည်ငြင်းပယ်ပါမူ၊ ထိုသူသည် ဧကန်ပင် ဖြောင့်မှန်သောလမ်းမှလွဲချော်သွားပြီဖြစ်၏။

فَبِمَا نَقْضِهِمْ مِّيْثَاقَهُمْ لَعَنّٰهُمْ وَجَعَلْنَا قُلُوْبَهُمْ قٰسِيَةً ۚ يُحَرِّفُوْنَ الْكَلِمَ عَنْ مَّوَاضِعِهٖ ۙ وَنَسُوْا حَظًّا مِّمَّا ذُكِّرُوْا بِهٖ ۚ وَلَا تَزَالُ تَطَّلِعُ عَلٰى خَاۗىِٕنَةٍ مِّنْهُمْ اِلَّا قَلِيْلًا مِّنْهُمْ فَاعْفُ عَنْهُمْ وَاصْفَحْ ۭ اِنَّ اللّٰهَ يُحِبُّ الْمُحْسِنِيْنَ ⑬

၁၄။ သို့ဖြစ်ရာ ထိုသူတို့သည် မိမိတို့၏ပဋိညာဉ်ကို ချိုးဖောက်ခြင်းကြောင့် ငါတို့သည် သူတို့အား ကရုဏာတော်မှ ကင်းဝေးစေခြင်း 'လာ့အ်နတ်'ပြုတော်မူခဲ့၏။ ထို့ပြင် သူတို့၏ နှလုံးသားများကို မာကျောစေတော်မူခဲ့၏။ သူတို့သည် နှုတ်ကပါဠိတော်များကို မူရင်းနေရာများမှ ဖယ်ရှားခဲ့ကြ၏။ ထို့ပြင် သူတို့သည် ယင်းမှ သူတို့အား ကောင်းစွာ သွန်သင်ဆုံးမခဲ့သည်များမှ အစိတ်အပိုင်းတစ်ရပ်ကို မေ့လျော့ပစ်ကြ၏။ သူတို့အနက် အနည်းငယ်သောသူတို့မှတစ်ပါး ကျန်လူများ၏ အလွဲသုံးစားပြုမှု တစ်ခုမဟုတ်တစ်ခုကို အသင်သည် အမြဲကြားသိလျက်ရှိရလိမ့်မည်။ သို့ဖြစ်ရာ သူတို့အား အပြစ်မမြင်ဘဲ ဥပေက္ခာပြုပါလေ။ ဧကန်မုချ အလ္လာဟ်သည် ကောင်းမှုပွားများသူတို့အား ချစ်ခင်နှစ်သက်တော်မူ၏။

وَمِنَ الَّذِيْنَ قَالُوْٓا اِنَّا نَصٰرٰٓى اَخَذْنَا مِيْثَاقَهُمْ فَنَسُوْا حَظًّا مِّمَّا ذُكِّرُوْا بِهٖ ۠

၁၅။ ထို့ပြင် ကျွန်ုပ်တို့သည် 'ခရစ်ယာန်'များဖြစ်ကြ၏ဟုပြောဆိုကြသောသူများထံမှ(လည်း) ငါတို့သည် ပဋိညာဉ်ကို ယူတော်မူခဲ့ပေသည်။ သို့ပါလျက် ၎င်းတို့သည်လည်း သူတို့အား အလေးအနက် သွန်သင်ဆုံးမခဲ့သည်များမှ အစိတ်အ

فَاَغۡرَيۡنَا بَيۡنَهُمُ الۡعَدَاوَةَ وَالۡبَغۡضَآءَ اِلٰى يَوۡمِ الۡقِيٰمَةِ ؕ وَسَوۡفَ يُنَبِّئُهُمُ اللّٰهُ بِمَا كَانُوۡا يَصۡنَعُوۡنَ ﴿۱۵﴾

ပိုင်းတစ်ရပ်ကို မေ့လျော့လိုက်ကြ၏။ သို့ဖြစ်ရာ ငါတို့သည် သူတို့၏အကြားတွင် 'ကေယာမတ်' နောက်ဆုံးနေ့တော်ကြီး တိုင်အောင် အချင်းချင်း ရန်လိုမှုနှင့် မုန်းတီးမှုကို သတ်မှတ် တော်မူခဲ့ပြီဖြစ်သည်။ အလ္လာဟ်သည် သူတို့ပြုလေ့ရှိခဲ့သည့် (ပြုလုပ်ဖန်တီးမှုများ၏ဆိုးကျိုးရလဒ်)ကို သူတို့အား အမှန်ပင် အသိပေးတော်မူမည်ဖြစ်၏။

يٰۤاَهۡلَ الۡكِتٰبِ قَدۡ جَآءَكُمۡ رَسُوۡلُنَا يُبَيِّنُ لَكُمۡ كَثِيۡرًا مِّمَّا كُنۡتُمۡ تُخۡفُوۡنَ مِنَ الۡكِتٰبِ وَيَعۡفُوۡا عَنۡ كَثِيۡرٍ ؕ قَدۡ جَآءَكُمۡ مِّنَ اللّٰهِ نُوۡرٌ وَّكِتٰبٌ مُّبِيۡنٌ ﴿۱۶﴾

၁၆။ အို-ကျမ်းဂန်ရသူအပေါင်းတို့၊ ငါတို့၏ ထိုတမန်တော်သည် အသင်တို့ထံ အမှန်ပင်ရောက်ရှိလာခဲ့ချေပြီ။ သူသည် အသင်တို့ (မိမိတို့၏)ကျမ်းမှဖုံးကွယ်လေ့ရှိခဲ့သည့်များစွာသော အကြောင်းရပ်များကို အသင်တို့၏ရှေ့ဝယ် ပွင့်လင်းထင်ရှားစွာဖော်ပြ၏၊ ထို့ပြင် များစွာတို့ကိုဥပေက္ခာပြု၏။ ဧကန်မုချ အသင်တို့ထံ အလ္လာဟ်၏ထံတော်မှ 'နူရ်' အလင်းရောင်နှင့် လင်းဝင်းသောကျမ်းတော်ရောက်ရှိလာခဲ့ချေပြီ။

يَّهۡدِىۡ بِهِ اللّٰهُ مَنِ اتَّبَعَ رِضۡوَانَهٗ سُبُلَ السَّلٰمِ وَيُخۡرِجُهُمۡ مِّنَ الظُّلُمٰتِ اِلَى النُّوۡرِ بِاِذۡنِهٖ وَيَهۡدِيۡهِمۡ اِلٰى صِرَاطٍ مُّسۡتَقِيۡمٍ ﴿۱۷﴾

၁၇။ ယင်း(ကျမ်းတော်)အားဖြင့် အလ္လာဟ်သည် မိမိ၏ နှစ်သက်တော်မူခြင်းကို လိုက်နာကျင့်ကြံကြသူတို့အား ငြိမ်းချမ်းခြင်း၏လမ်းများဆီသို့ လမ်းညွှန်တော်မူ၏။ မိမိ၏ အမိန့်တော်ဖြင့် ထိုသူတို့အားအမှောင်ထုများမှ အလင်းဘက်သို့ ထုတ်ဆောင်လာတော်မူ၏။ သူတို့အား ဖြောင့်မတ်မှန်ကန်သော လမ်းဘက်သို့ လမ်းညွှန်တော်မူ၏။

لَقَدۡ كَفَرَ الَّذِيۡنَ قَالُوۡۤا اِنَّ اللّٰهَ هُوَ الۡمَسِيۡحُ ابۡنُ مَرۡيَمَ ؕ قُلۡ فَمَنۡ يَّمۡلِكُ مِنَ اللّٰهِ شَيۡـًٔا اِنۡ اَرَادَ اَنۡ يُّهۡلِكَ الۡمَسِيۡحَ ابۡنَ مَرۡيَمَ وَاُمَّهٗ وَمَنۡ فِى الۡاَرۡضِ جَمِيۡعًا ؕ وَلِلّٰهِ مُلۡكُ السَّمٰوٰتِ وَالۡاَرۡضِ وَمَا بَيۡنَهُمَا ؕ يَخۡلُقُ مَا يَشَآءُ ؕ وَاللّٰهُ عَلٰى كُلِّ شَىۡءٍ قَدِيۡرٌ ﴿۱۸﴾

၁၈။ အလ္လာဟ်သည်ပင် မလွဲမကန် 'မရ်ယမ်'၏သားတော် 'မဆီဟ်'ဖြစ်သည်ဟု ဆိုကြသူတို့ကား အမှန်စင်စစ် မယုံကြည်ငြင်းပယ်သူများဖြစ်ကြ၏။ အသင်ပြောကြားပါလေ၊ အကယ်၍ အရှင်မြတ်သည် 'မရ်ယမ်'၏သားတော် 'အီစာ'နှင့် သူ၏မိခင်အားလည်းကောင်း၊ ကမ္ဘာမြေပြင်တွင်ရှိရှိသမျှ အားလုံးတို့ကိုလည်းကောင်း ဖျက်ဆီးသုတ်သင်ပစ်တော်မူရန် ဆုံးဖြတ်တော်မူလျှင် မည်သူသည် အလ္လာဟ်နှင့်ယှဉ်၍ တစ်စုံတစ်ရာ စွမ်းအားရှိပေသနည်း။ မိုးကောင်းကင်များကိုလည်းကောင်း၊ ကမ္ဘာမြေပြင်ကိုလည်းကောင်း ယင်းနှစ်ခုအကြားတွင် ရှိသည်တို့ကိုလည်းကောင်း စိုးမိုးအုပ်ချုပ်မှုအာဏာသည် အလ္လာဟ်အဖို့သာဖြစ်၏။ အရှင်မြတ်သည် မိမိအလိုရှိတော်မူသည်ကို ဖန်ဆင်းတော်မူ၏၊ စင်စစ် အလ္လာဟ်သည် မိမိနှစ်လို့တော်မူသည့် အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

وَقَالَتِ الۡيَهُوۡدُ وَالنَّصٰرٰى نَحۡنُ اَبۡنٰٓؤُا اللّٰهِ وَاَحِبَّآؤُهٗ ؕ قُلۡ فَلِمَ يُعَذِّبُكُمۡ

၁၉။ 'ရဟူဒီ'နှင့် 'ခရစ်ယာန်'တို့က ကျွန်ုပ်တို့သည် အလ္လာဟ်၏သားတော်များနှင့် ထိုအရှင်မြတ်၏အချစ်တော်များ ဖြစ်ကြသည်ဟုဆိုကြ၏။ အသင်ပြောကြားပါလေ၊ သို့ဖြစ်လျှင် အရှင်မြတ်သည် အသင်တို့၏အပြစ်များကြောင့် အသင်တို့အား

بِذُنُوْبِكُمْ ؕ بَلْ اَنْتُمْ بَشَرٌ مِّمَّنْ خَلَقَ ؕ
يَغْفِرُ لِمَنْ يَّشَآءُ وَيُعَذِّبُ مَنْ يَّشَآءُ ؕ وَلِلّٰهِ
مُلْكُ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا ۫
وَاِلَيْهِ الْمَصِيْرُ ۝

အဘယ့်ကြောင့် ပြစ်ဒဏ်ခတ်တော်မူသနည်း။ ထိုသို့မဟုတ်ချေ။ အသင်တို့သည် အရှင်မြတ်ဖန်ဆင်းတော်မူသည်များအနက်မှ လူသားများသာဖြစ်ကြပေသည်။ ထိုအရှင်မြတ်သည် မိမိ(ခွင့်လွှတ်)လိုတော်မူသောသူကို ခွင့်လွှတ်တော်မူ၍ မိမိ(ပြစ်ဒဏ်ပေး)လိုတော်မူသောသူကို ပြစ်ဒဏ်ပေးတော်မူ၏။ မိုးကောင်းကင်များကိုလည်းကောင်း၊ ကမ္ဘာမြေပြင်ကိုလည်းကောင်း၊ ယင်းနှစ်ခုအကြားတွင်ရှိသည်တို့ကိုလည်းကောင်း စိုးမိုးအုပ်ချုပ်မူအာဏာသည် အလ္လာဟ်၏အဖို့သာဖြစ်၏။ နောက်ဆုံးတွင် အရှင်မြတ်ထံတော်သို့သာ ပြန်ကြရမည်တည်း။

يٰٓاَهْلَ الْكِتٰبِ قَدْ جَآءَكُمْ رَسُوْلُنَا يُبَيِّنُ
لَكُمْ عَلٰى فَتْرَةٍ مِّنَ الرُّسُلِ اَنْ تَقُوْلُوْا مَا
جَآءَنَا مِنْۢ بَشِيْرٍ وَّلَا نَذِيْرٍ ۫ فَقَدْ
جَآءَكُمْ بَشِيْرٌ وَّنَذِيْرٌ ؕ وَاللّٰهُ عَلٰى كُلِّ
شَيْءٍ قَدِيْرٌ ۝١٩

၂၀။ အို-ကျမ်းဂန်ရသူအပေါင်းတို့၊ ကြာညောင်းသော အချိန်ကာလတစ်ရပ်တိုင်အောင် တမန်တော်များ(ပွင့်ပေါ်ခြင်း) ပြတ်တောက်သွားခဲ့ပြီးနောက် အသင်တို့ထံ ငါတို့၏ ထိုတမန်တော်သည် အမှန်ပင်ရောက်ရှိလာခဲ့ချေပြီ။ သူသည် အသင်တို့ရှေ့မှောက်တွင် (အရေးကြီးသောအကြောင်းကိစ္စများကို) ပွင့်လင်းထင်ရှားစွာဖော်ပြ၏။ သို့ဖြင့် ကျွန်ုပ်တို့ထံ သတင်းကောင်းပေးသူသည်လည်းကောင်း၊ သတိပေးနှိုးဆော်သူသည်လည်းကောင်း မရောက်လာခဲ့ချေဟု အသင်တို့ မပြောဆိုနိုင်ကြစေရန်ဖြစ်၏။ သို့ဖြစ်ရာ အသင်တို့ထံ သတင်းကောင်းပေးသူနှင့် သတိပေးနှိုးဆော်သူသည် အမှန်ပင်ရောက်ရှိလာပေပြီ။ စင်စစ် အလ္လာဟ်သည် မိမိနှစ်လို့တော်မူသည့်အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူသတည်း။

ရုကူး-၄

وَاِذْ قَالَ مُوْسٰى لِقَوْمِهٖ يٰقَوْمِ اذْكُرُوْا
نِعْمَةَ اللّٰهِ عَلَيْكُمْ اِذْ جَعَلَ فِيْكُمْ اَنْۢبِيَآءَ
وَجَعَلَكُمْ مُّلُوْكًا ۖ وَّاٰتٰىكُمْ مَّا لَمْ يُؤْتِ
اَحَدًا مِّنَ الْعٰلَمِيْنَ ۝

၂၁။ ထိုအချိန်ကာလကို (သတိရကြကုန်)။ အကြင်အခါဝယ် 'မူစာ'က မိမိ၏အမျိုးသားတို့အားပြောခဲ့သည်မှာ၊ အို-ကျွန်ုပ်၏အမျိုးသားတို့၊ အသင်တို့သည် မိမိတို့အပေါ် ပြုတော်မူခဲ့သောအလ္လာဟ်၏ 'နေ့အ်မတ်' ကောင်းချီးဆုလာဘ်တော်ကိုသတိရကြကုန်။ အကြင်အခါဝယ် ထိုအရှင်မြတ်သည် အသင်တို့အတွင်းမှ တမန်တော်များကို ပွင့်ပေါ်စေတော်မူခဲ့၏။ အသင်တို့အား ဘုရင်များပြုလုပ်တော်မူ၏။ ထို့ပြင် အရှင်မြတ်သည် တစ်လောကလုံးတွင် မည်သူ့ကိုမျှ ပေးတော်မမူခဲ့သည်များကို အသင်တို့အား ပေးသနားတော်မူခဲ့၏။

يٰقَوْمِ ادْخُلُوا الْاَرْضَ الْمُقَدَّسَةَ الَّتِيْ
كَتَبَ اللّٰهُ لَكُمْ وَلَا تَرْتَدُّوْا عَلٰٓى اَدْبَارِكُمْ
فَتَنْقَلِبُوْا خٰسِرِيْنَ ۝

၂၂။ အို-ကျွန်ုပ်၏အမျိုးသားတို့၊ အသင်တို့အဖို့ အလ္လာဟ်ရေးမှတ်ထားတော်မူသော သန့်ရှင်းထွတ်မြတ်သည့်မြေသို့ ဝင်ရောက်ကြကုန်။ ကျောခိုင်း၍ လှည့်ထွက်မသွားကြကုန်လင့်။ သို့မဟုတ်ပါက အသင်တို့သည် ဆုံးရှုံးသူများအဖြစ်နှင့် ပြန်၍ လှည့်ကြရလိမ့်မည်။

قَالُوْا يٰمُوْسٰٓى اِنَّ فِيْهَا قَوْمًا جَبَّارِيْنَ ۖ وَاِنَّا لَنْ نَّدْخُلَهَا حَتّٰى يَخْرُجُوْا مِنْهَا ۚ فَاِنْ يَّخْرُجُوْا مِنْهَا فَاِنَّا دٰخِلُوْنَ ۝

၂၃။ သူတို့က အို-မူစာ၊ ယင်း(ဒေသ)၌ အမှန်ပင် လွန်စွာ ခက်ထန်ကြမ်းကြုတ်သည့် လူမျိုးနွယ်တစ်စုရှိပေသည်။ ထို့ကြောင့် ၎င်းတို့ ထိုနေရာမှထွက်ခွာမသွားသမျှကာလပတ်လုံး ကျွန်ုပ်တို့သည် ယင်း(မြေ)သို့ အလျှင်းဝင်ရောက်ကြမည် မဟုတ်၊ အကယ်၍ ၎င်းတို့ ယင်းမှထွက်ခွာသွားကြပါမူ ကျွန်ုပ်တို့ မုချဝင်ရောက်ကြပါမည်ဟု ပြောကြ၏။

قَالَ رَجُلٰنِ مِنَ الَّذِيْنَ يَخَافُوْنَ اَنْعَمَ اللّٰهُ عَلَيْهِمَا ادْخُلُوْا عَلَيْهِمُ الْبَابَ ۚ فَاِذَا دَخَلْتُمُوْهُ فَاِنَّكُمْ غٰلِبُوْنَ ۚ وَعَلَى اللّٰهِ فَتَوَكَّلُوْٓا اِنْ كُنْتُمْ مُّؤْمِنِيْنَ ۝

၂၄။ ထိုအခါ ယင်းကြောက်ရွံ့နေသူတို့အနက် အလ္လာဟ်၏ ကျေးဇူးပြုတော်မူခြင်းကိုခံခဲ့ရသောအမျိုးသားနှစ်ဦးက အချင်းတို့၊ ထိုသူတို့အား မုခ်ဦးတံခါးပေါက်မှ ဝင်ရောက်စီးနင်းကြကုန်။ သို့ဖြင့် အသင်တို့သည် (တစ်ကြိမ်) ဤ(တံခါးပေါက်)မှ ဝင်ရောက်ကြပါလျှင် ဧကန်မုချ အသင်တို့ အောင်နိုင်ကြလိမ့်မည်။ အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်သူများဖြစ်ကြလျှင် အလ္လာဟ်အပေါ်၌သာလျှင် ယုံပုံလွဲအပ်အားထားကြကုန်ဟု ပြောကြားလေ၏။

قَالُوْا يٰمُوْسٰٓى اِنَّا لَنْ نَّدْخُلَهَآ اَبَدًا مَّا دَامُوْا فِيْهَا فَاذْهَبْ اَنْتَ وَرَبُّكَ فَقَاتِلَآ اِنَّا هٰهُنَا قٰعِدُوْنَ ۝

၂၅။ သူတို့က အို-မူစာ၊ ယင်း(မြို့ရွာ)၌ ထိုသူတို့ရှိနေသမျှ ကာလပတ်လုံး ကျွန်ုပ်တို့သည် မည်သည့်အခါမျှ ယင်းသို့ အလျှင်းဝင်ရောက်ကြမည်မဟုတ်။ သို့ဖြစ်ရာ အသင်နှင့် အသင်၏ ဖန်ဆင်းမွေးမြူရှင်တို့နှစ်ဦးသွား၍ တိုက်ခိုက်ကြပါလေ။ ကျွန်ုပ်တို့ကား ဤနေရာ၌ပင် ထိုင်နေကြပေမည်ဟု ပြောဆိုကြလေ၏။

قَالَ رَبِّ اِنِّيْ لَآ اَمْلِكُ اِلَّا نَفْسِيْ وَاَخِيْ فَافْرُقْ بَيْنَنَا وَبَيْنَ الْقَوْمِ الْفٰسِقِيْنَ ۝

၂၆။ သူက အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ကျွန်တော်မျိုးသည်ကား မိမိနှင့် မိမိ၏နောင်တော်မှတစ်ပါး အခြားမည်သူ့အပေါ်တွင်မျှ အခွင့်အာဏာမရှိပါ။ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးတို့နှင့် မနာခံပုန်ကန်သူမျိုးနွယ်အကြား ခွဲခြားပစ်တော်မူပါဟု လျှောက်ထားပန်ကြားခဲ့လေ၏။

قَالَ فَاِنَّهَا مُحَرَّمَةٌ عَلَيْهِمْ اَرْبَعِيْنَ سَنَةً ۚ يَتِيْهُوْنَ فِى الْاَرْضِ ۗ فَلَا تَاْسَ عَلَى الْقَوْمِ الْفٰسِقِيْنَ ۝ ع

၂၇။ အရှင်မြတ်က သို့ဖြစ်လျှင် ဤ(ထွတ်မြတ်သန့်ရှင်းသော မြေ)ကို အမှန်ပင် သူတို့အဖို့ နှစ်ပေါင်းလေးဆယ်တိုင်အောင် တားမြစ်ပိတ်ပင်လိုက်ပေပြီ၊သူတို့သည် မြေပြင်၌ရည်ရွယ်ချက်မဲ့စွာ လှည့်ပတ်သွားနေကြပေလိမ့်မည်။ သို့ဖြစ်ရာ ဆိုးယုတ်သောမျိုးနွယ်အတွက် မည်သို့သော ဝမ်းနည်းပူဆွေးမှုမျှ မဖြစ်လေနှင့်ဟု မိန့်တော်မူလေသတည်း။

ရုကူး-၅

وَاتْلُ عَلَيْهِمْ نَبَاَ ابْنَيْ اٰدَمَ بِالْحَقِّ ۘ اِذْ قَرَّبَا قُرْبَانًا فَتُقُبِّلَ مِنْ اَحَدِهِمَا وَلَمْ يُتَقَبَّلْ مِنَ الْاٰخَرِ ۭ قَالَ لَاَقْتُلَنَّكَ ۭ قَالَ اِنَّمَا

၂၈။ ထို့ပြင် သူတို့၏ရှေ့မှောက်တွင် 'အာဒမ်'၏သားနှစ်ဦး အကြောင်းကို မှန်ကန်စွာဖတ်ပြပါလေ။ အကြင်အခါဝယ် ယင်းတို့နှစ်ဦးသည် 'ကုရ်ဘာနီ' စွန့်လှူမူကိုတင်ဆက်ကြရာ၊ ယင်းတို့အနက်မှ တစ်ဦးအား လက်ခံတော်မူခဲ့ပြီး အခြား

يَتَقَبَّلُ اللّٰهُ مِنَ الْمُتَّقِيْنَ ﴿٢٧﴾

တစ်ဦးထံမှ လက်မခံခဲ့ချေ။ ထိုသူက ကျွန်ုပ်သည် အသင့်ကို မုချသတ်မည်ဟုပြောဆိုခဲ့၏။ သူက(ဖြေကြား)ပြောဆိုသည်မှာ အမှန်ပင် အလ္လာဟ်သည် 'မွတ္တကီ' ဖြူစင်ဖြောင့်မတ်သူများ(၏)ကုရ်ဘာနီ)ကိုသာလျှင် လက်ခံတော်မူ၏။

لَئِنْۢ بَسَطْتَّ اِلَيَّ يَدَكَ لِتَقْتُلَنِيْ مَآ اَنَا بِبَاسِطٍ يَّدِيَ اِلَيْكَ لِاَقْتُلَكَ ۚ اِنِّيْٓ اَخَافُ اللّٰهَ رَبَّ الْعٰلَمِيْنَ ﴿٢٨﴾

၂၈။ အကယ်၍ အသင်သည် ကျွန်ုပ်ကိုသတ်ရန် အသင်၏လက်ကို ကျွန်ုပ်ဘက်သို့ဆန့်တန်းသော်လည်း၊ ကျွန်ုပ်သည် (တုံ့ပြန်လျက်) အသင့်ကိုသတ်ရန် ကျွန်ုပ်၏လက်များကို အသင့်ဘက်သို့ ဆန့်တန်းမည်မဟုတ်။ အမှန်ပင် ကျွန်ုပ်သည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင် အလ္လာဟ်အားကြောက်ရွံ့ပါ၏။

اِنِّيْٓ اُرِيْدُ اَنْ تَبُوْٓاَ بِاِثْمِيْ وَاِثْمِكَ فَتَكُوْنَ مِنْ اَصْحٰبِ النَّارِ ۚ وَذٰلِكَ جَزٰٓؤُا الظّٰلِمِيْنَ ﴿٢٩﴾

၂၀။ ဧကန်မလွဲ အသင်သည် ကျွန်ုပ်၏အပြစ်ကိုလည်းကောင်း၊ အသင်၏အပြစ်ကိုလည်းကောင်း သယ်ပိုး၍ ပြန်လှည့်ရန်၊ သို့ဖြင့် အသင်သည် ငရဲသားတို့တွင် အပါအဝင်ဖြစ်သွားရန် ကျွန်ုပ်လိုလား၏။ ထို့ပြင် အပြစ်ကျူးလွန်သူတို့အတွက် ဤသည့်အကျိုးဆက်သာရှိ၏။

فَطَوَّعَتْ لَهٗ نَفْسُهٗ قَتْلَ اَخِيْهِ فَقَتَلَهٗ فَاَصْبَحَ مِنَ الْخٰسِرِيْنَ ﴿٣٠﴾

၃၀။ သို့(ပြော)သော်လည်း သူ့အား သူ၏စိတ်ဝိညာဉ်က မိမိ၏ညီအစ်ကိုအား သတ်ဖြတ်ခြင်းကိုကောင်းသည်ဟု ထင်မြင်စေခဲ့ပေရာ၊ သူသည် ထိုသူ့အားသတ်ဖြတ်ခဲ့လေသည်။ သို့ဖြင့် သူသည် ဆုံးရှုံးသူများအနက်မှ ဖြစ်သွားခဲ့ပေသည်။

فَبَعَثَ اللّٰهُ غُرَابًا يَّبْحَثُ فِي الْاَرْضِ لِيُرِيَهٗ كَيْفَ يُوَارِيْ سَوْءَةَ اَخِيْهِ ۭ قَالَ يٰوَيْلَتٰٓى اَعَجَزْتُ اَنْ اَكُوْنَ مِثْلَ هٰذَا الْغُرَابِ فَاُوَارِيَ سَوْءَةَ اَخِيْ ۚ فَاَصْبَحَ مِنَ النّٰدِمِيْنَ ﴿٣١﴾

၃၁။ ထို့နောက် အလ္လာဟ်က ကျီးကန်းတစ်ကောင်ကို စေလွှတ်တော်မူပြီး၊ ထို(ကျီးကန်း)သည် မြေကြီးကို (ခြေသည်းများဖြင့်)တူးဆွလေသည်။ သို့ဖြင့် အရှင်မြတ်သည် သူ့အား မိမိညီအစ်ကို၏ရုပ်ကလာပ်ကို မည်ကဲ့သို့(မြှုပ်နှံ)ဖုံးအုပ်ရမည်ကို ပြသတော်မူလေသည်။ သူက အို-ဝမ်းနည်းဖွယ်ကောင်းလေစွ၊ ငါသည် မိမိညီအစ်ကို၏ရုပ်ကလာပ်ကို ဖုံးအုပ်ရန်ကိစ္စတွင် ဤကျီးကန်းလောက်မှပင် မစွမ်းဆောင်နိုင်ပါသလောဟု ညည်းတွားပြောဆိုခဲ့လေသည်။ သို့ဖြင့် သူသည် နောင်တသံဝေဂရသူများအနက်မှ ဖြစ်သွားခဲ့လေသည်။

مِنْ اَجْلِ ذٰلِكَ ۚ كَتَبْنَا عَلٰي بَنِيْٓ اِسْرَآءِيْلَ اَنَّهٗ مَنْ قَتَلَ نَفْسًۢا بِغَيْرِ نَفْسٍ اَوْ فَسَادٍ فِي الْاَرْضِ فَكَاَنَّمَا قَتَلَ النَّاسَ جَمِيْعًا ۭ وَمَنْ اَحْيَاهَا فَكَاَنَّمَآ اَحْيَا النَّاسَ جَمِيْعًا ۭ وَلَقَدْ جَاۗءَتْهُمْ رُسُلُنَا بِالْبَيِّنٰتِ ۡ ثُمَّ اِنَّ كَثِيْرًا مِّنْهُمْ بَعْدَ ذٰلِكَ فِي الْاَرْضِ

၃၂။ ဤသည်ကိုအခြေခံ၍ ငါတို့သည် 'အစ္စရာအီလ်' မျိုးနွယ်တို့အား ဤသို့ပြဋ္ဌာန်းတော်မူခဲ့ခြင်းဖြစ်၏။ အကြင်သူသည် အခြားသူတစ်ဦးဦးအားသတ်ဖြတ်ခြင်းကိုလည်းကောင်း၊ ကမ္ဘာမြေပြင်တွင် ပျက်စီးရာပျက်စီးကြောင်းကိုလည်းကောင်း မပြုပါဘဲလျက် အကြင်မည်သူမဆို ထိုသူအားသတ်ဖြတ်ပါမူ ထိုသူသည် လူသားအားလုံးကိုသတ်ဖြတ်လိုက်ခြင်းပင်ဖြစ်၏။ ထို့အတူ အကြင်မည်သူမဆို လူတစ်ဦးတစ်ယောက်ကို အသက်ရှင်စေခဲ့ပါမူ ထိုသူသည် လူသားအားလုံးကို အသက်ရှင်စေခြင်းပင်ဖြစ်၏။ ဧကန်ပင် သူတို့ထံသို့ ငါတို့၏တမန်တော်

لَمُسْرِفُوْنَ ۝

များသည် ပွင့်လင်းထင်ရှားသော သက်သေသာဓကများကို ယူဆောင်လာခဲ့ပေပြီ။ သို့ပါလျက် ထိုသည့်နောက်တွင်လည်း သူတို့အနက် များစွာသောသူတို့မှာ ကမ္ဘာမြေတွင် စည်းဘောင်ကို ကျော်သူများဖြစ်ကြ၏။

اِنَّمَا جَزٰٓؤُا الَّذِيْنَ يُحَارِبُوْنَ اللّٰهَ وَرَسُوْلَهٗ وَيَسْعَوْنَ فِي الْاَرْضِ فَسَادًا اَنْ يُّقَتَّلُوْٓا اَوْ يُصَلَّبُوْٓا اَوْ تُقَطَّعَ اَيْدِيْهِمْ وَاَرْجُلُهُمْ مِّنْ خِلَافٍ اَوْ يُنْفَوْا مِنَ الْاَرْضِ ۭ ذٰلِكَ لَهُمْ خِزْيٌ فِي الدُّنْيَا وَلَهُمْ فِي الْاٰخِرَةِ عَذَابٌ عَظِيْمٌ ۝

၃၃။ ကောန်မုချ အကြင်သူတို့သည် အလ္လာဟ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏တမန်တော်အားလည်းကောင်း စစ်ခင်းကြ၏၊ ထို့ပြင် ကမ္ဘာမြေပြင်တွင် ပျက်စီးရာပျက်စီးကြောင်းကို ပုံ့နှံ့စေရန် ကြိုးပမ်းအားထုတ်ကြ၏၊ ဤသူတို့အဖို့ အပြစ်ဒဏ်သည်ကား သူတို့အားပြတ်သားစွာ သတ်ဖြတ်ခြင်း၊ သို့တည်းမဟုတ် ကားစင်တင်၍ကွပ်မျက်ခြင်း၊ သို့တည်းမဟုတ် ၎င်းတို့၏လက်များနှင့်ခြေများကို ဆန့်ကျင်ဘက်မှ ဖြတ်တောက်ပစ်ခြင်း၊ သို့တည်းမဟုတ် ၎င်းတို့အား ပြည်နှင်ဒဏ်ပေးခြင်းတို့ဖြစ်၏။ ဤသည် ၎င်းတို့အဖို့ လောကတွင် ဂုဏ်သရေညှိုးနွမ်းပျက်ပြားစေမည့်အရာဖြစ်ပြီး တမလွန်တွင်ကား ၎င်းတို့အဖို့ ကြီးမားသောအပြစ်ဒဏ်ကို (သတ်မှတ်)ထားရှိတော်မူ၏၊

اِلَّا الَّذِيْنَ تَابُوْا مِنْ قَبْلِ اَنْ تَقْدِرُوْا عَلَيْهِمْ ۚ فَاعْلَمُوْٓا اَنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ۝

၃၄။ သို့ရာတွင် သူတို့အား အသင်တို့ အောင်မြင်လွှမ်းမိုးမှု မရရှိမီ နောင်တရဝန်ခံတောင်းပန်ကြသောသူတို့မှတစ်ပါးဖြစ်၏။ သို့ဖြစ်ရာ အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသော အရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်ကို သိရှိကြလေကုန်။

ရုကူ-၆

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ وَابْتَغُوْٓا اِلَيْهِ الْوَسِيْلَةَ وَجَاهِدُوْا فِيْ سَبِيْلِهٖ لَعَلَّكُمْ تُفْلِحُوْنَ ۝

၃၅။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်တည်ကြကုန်။ အရှင်မြတ်နှင့်နီးစပ်ရာ 'ဝစီလာဟ်'အကြောင်းခံကို ရှာဖွေကြကုန်။ အရှင်မြတ်၏ လမ်းတော်တွင် အပတ်တကုတ် ကြိုးပမ်းအားထုတ်ကြကုန်။ သို့မှသာ အသင်တို့ အောင်မြင်ကြရာ၏။ ۞

اِنَّ الَّذِيْنَ كَفَرُوْا لَوْ اَنَّ لَهُمْ مَّا فِي الْاَرْضِ جَمِيْعًا وَّمِثْلَهٗ مَعَهٗ لِيَفْتَدُوْا بِهٖ مِنْ عَذَابِ يَوْمِ الْقِيٰمَةِ مَا تُقُبِّلَ مِنْهُمْ ۚ وَلَهُمْ

၃၆။ ကောန်မုချ အကြင်သူတို့သည် မယုံကြည်ခြင်းပယ်ကြ၏၊ အကယ်၍ ကမ္ဘာပေါ်တွင်ရှိရှိသမျှကို ၎င်းတို့ပိုင်ဆိုင်ကြပြီး၊ ထိုမျှမက ထိုသည်နှင့်အလားတူ နောက်ထပ်ရှိ၍ (ယင်းကို) 'ကေယာမတ်' နောက်ဆုံးနေ့တော်ကြီး၏ ပြစ်ဒဏ်မှ လွတ်မြောက်ရန် လျော်ကြေးအဖြစ်အစားပေးနိုင်လျှင်လည်း ၎င်းတို့

۞ အလ္လာဟ်၏ **وسيله** *'ဝစီလာဟ်'*အကြောင်းခံကို ရှာဖွေလက်ကိုင်ပြခြင်းဆိုရာ၌ *'ဝစီလာဟ်'*ဆိုသည်မှာ တမန်တော်မြတ် ﷺ ကို ဆိုလိုခြင်းဖြစ်သည်။ ယခုအခါ တမန်တော်မြတ် ﷺ ၏ *'ဝစီလာဟ်'*ကြားခံမှုကို အကြောင်းမပြုဘဲ မည်သူမျှ အလ္လာဟ်အရှင်မြတ်နှင့် တိုက်ရိုက်ဆက်သွယ်မှု မပြုနိုင်တော့ချေ။ 'အာဇန်'ဆိုပြီးနောက် တောင်းခံရသော *'ဝစီလာဟ်'*အကြောင်းပါရှိသည့် 'ဒိုအာ'ဆုတောင်းသည်လည်း ဤအကြောင်းရပ်ကိုပင် ထောက်ခံလျက်ရှိပေသည်။

عَذَابٌ اَلِيْمٌ ۝٣٧

ထံမှ ယင်းကို လက်ခံခြင်းခံရမည်မဟုတ်ချေ။ စင်စစ် ၎င်းတို့အတွက် အလွန်ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

يُرِيْدُوْنَ اَنْ يَّخْرُجُوْا مِنَ النَّارِ وَمَا هُمْ بِخٰرِجِيْنَ مِنْهَا ۡ وَلَهُمْ عَذَابٌ مُّقِيْمٌ ۝٣٨

၃၈။ သူတို့သည် ထိုမီးမှ ထွက်မြောက်လိုကြပေမည်။ သို့ရာတွင် သူတို့သည် ယင်းမှ အလျှင်းထွက်မြောက်နိုင်ကြမည်မဟုတ်ချေ။ ထို့ပြင် သူတို့အတွက် တည်တံ့နေမည့် အပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

وَالسَّارِقُ وَالسَّارِقَةُ فَاقْطَعُوْٓا اَيْدِيَهُمَا جَزَآءًۢ بِمَا كَسَبَا نَكَالًا مِّنَ اللّٰهِ ۗ وَاللّٰهُ عَزِيْزٌ حَكِيْمٌ ۝٣٩

၃၉။ ခိုးသူယောကျ်ားဖြစ်စေ၊ ခိုးသူမိန်းမဖြစ်စေ သူတို့၏ လက်များကို ဖြတ်ပစ်ကြကုန်။ ဤသည် ယင်းတို့ ရွာဖွေဆည်းပူးမှု၏အကျိုးဆက်ဖြစ်၏။ ထို့ပြင် အလ္လာဟ်၏ထံတော်မှ သင်ခန်းစာရယူဖွယ်(ဖြစ်၏)။ စင်စစ် အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။ ۝

فَمَنْ تَابَ مِنْۢ بَعْدِ ظُلْمِهٖ وَاَصْلَحَ فَاِنَّ اللّٰهَ يَتُوْبُ عَلَيْهِ ۗ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ۝٤٠

၄၀။ သို့ဖြစ်ရာ အကြင်မည်သူမဆို မိမိ ပြစ်မှုကျူးလွန်ပြီးနောက် နောင်တရဝန်ခံတောင်းပန်ခြင်း‘တောင်ဘာ’ပြုပြီး ပြုပြင်ပြောင်းလဲပါက၊ အမှန်ပင် အလ္လာဟ်သည် ‘တောင်ဘာ’ကိုလက်ခံတော်မူလျက် သူ့အပေါ် ယိမ်းညွှတ်တော်မူမည်ဖြစ်၏။ ဧကန်မုချ အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اَلَمْ تَعْلَمْ اَنَّ اللّٰهَ لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ۗ يُعَذِّبُ مَنْ يَّشَآءُ وَيَغْفِرُ لِمَنْ يَّشَآءُ ۗ وَاللّٰهُ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ۝٤١

၄၁။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေအား စိုးမိုးအုပ်ချုပ်မှုအာဏာသည် အလ္လာဟ်၏အဖို့သာလျှင်ဖြစ်သည်ကို အသင် မသိလေသလော။ ထိုအရှင်မြတ်သည် (အပြစ်ပေး)လိုတော်မူသောသူကို ပြစ်ဒဏ်ပေးတော်မူပြီး၊ (ခွင့်လွှတ်)လိုတော်မူသောသူကို ခွင့်လွှတ်တော်မူ၏။ စင်စစ် အလ္လာဟ်သည် မိမိနှစ်လို့တော်မူသောအရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအား ရှိတော်မူ၏။

يٰٓاَيُّهَا الرَّسُوْلُ لَا يَحْزُنْكَ الَّذِيْنَ يُسَارِعُوْنَ فِى الْكُفْرِ مِنَ الَّذِيْنَ قَالُوْٓا اٰمَنَّا بِاَفْوَاهِهِمْ وَلَمْ تُؤْمِنْ قُلُوْبُهُمْ ۛ وَمِنَ

၄၂။ အို-တမန်တော်၊ မယုံကြည်ငြင်းပယ်မှုတွင် အရှိန်အဟုန်တိုးပွားနေသူများသည် အသင့်အား ပူဆွေးသောကမဖြစ်စေလင့်။ ထိုသူတို့သည် မိမိတို့၏နှုတ်ပါးစပ်များမှ ကျွန်ုပ်တို့ သက်ဝင်ယုံကြည်ကြပါ၏ဟု ပြောကြ၏။ သို့သော် သူတို့၏စိတ်နှလုံးများက မယုံကြည်ကြပေ။ ထို့ပြင် ‘ရဟူဒီ’များ

۝٣٨ اَلسَّارِقُ وَالسَّارِقَةُ ဟူသည် ခိုးဝှက်သောအကျင့်ရှိပြီး ခိုးဝှက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ အမျိုးသားနှင့်အမျိုးသမီးများဟု အဓိပ္ပာယ်ရရှိ၏။ နေ့စဉ်နှင့်အမျှ ဆင်းရဲချို့တဲ့နေမှုကြောင့် စားသောက်ဖွယ်ပစ္စည်းအချို့ကို ခိုးယူခြင်းသည် ဤအမိန့်ပညတ်ချက်တွင် အကျုံးမဝင်ချေ။ مَجَاعَة အလွန်အကြူး ဆာလောင်မွတ်သိပ်နေသောအချိန်တွင် ဝက်သားသည်ပင် အခွင့်ရှိသွားပေသည်။ ဆာလောင်မွတ်သိပ်နေသူသည် စားသောက်ဖွယ်ရာအချို့ကို ခွင့်ပြုချက်မရှိဘဲစားသောက်မိခြင်းကြောင့် သူ့အား မဖြစ်မနေလက်ဖြတ်ရမည်ဟု အတင်းအကျပ်မပြုရချေ။

الَّذِيْنَ هَادُوْا سَمّٰعُوْنَ لِلْكَذِبِ سَمّٰعُوْنَ لِقَوْمٍ اٰخَرِيْنَ ۙ لَمْ يَاْتُوْكَ ؕ يُحَرِّفُوْنَ الْكَلِمَ مِنْۢ بَعْدِ مَوَاضِعِهٖ ۚ يَقُوْلُوْنَ اِنْ اُوْتِيْتُمْ هٰذَا فَخُذُوْهُ وَاِنْ لَّمْ تُؤْتَوْهُ فَاحْذَرُوْا ؕ وَمَنْ يُّرِدِ اللّٰهُ فِتْنَتَهٗ فَلَنْ تَمْلِكَ لَهٗ مِنَ اللّٰهِ شَيْـًٔا ؕ اُولٰٓئِكَ الَّذِيْنَ لَمْ يُرِدِ اللّٰهُ اَنْ يُّطَهِّرَ قُلُوْبَهُمْ ؕ لَهُمْ فِي الدُّنْيَا خِزْيٌ ۚ وَّلَهُمْ فِي الْاٰخِرَةِ عَذَابٌ عَظِيْمٌ ۝

အနက်မှလည်း ဤသို့သောသူများရှိကြ၏၊ ၎င်းတို့သည် မုသားကိုအလွန်အမင်း စိတ်ဝင်စားအာရုံစိုက်နားထောင်သူများဖြစ်ကြ၏။ (ထို့ပြင်) အသင့်ထံသို့ မလာရောက်ကြသည့် အခြားသောသူများ၏စကားများကိုလည်း ၎င်းတို့သည် လွန်စွာစိတ်ပါဝင်စား အာရုံစူးစိုက်လျက်နားထောင်ကြ၏။ မူကွဲပါဌ်တော်များကို ယင်းတို့နှင့်သင့်လျော်ရာနေရာများ၌ ထားရှိပြီးသည့်နောက် ပြောင်းလဲပစ်ကြ၏။ ၎င်းတို့သည် (မိမိတို့၏အပေါင်းအဖော်များအား) အကယ်၍ အသင်တို့အား ဤသည်ကိုပေးလျှင် လက်ခံကြပြီး၊ အကယ်၍ အသင်တို့အား ဤသည်ကိုမပေးလျှင် ရှောင်ရှားလျက်နေကြကုန်ဟု ပြောကြ၏။ အမှန်သော်ကား အလ္လာဟ်သည် အကြင်သူကို ပြဿနာ၌ထည့်သွင်းလိုတော်မူလျှင် ထိုသူ့အတွက် အလ္လာဟ်၏ထံတော်မှ (လွတ်မြောက်ရန်) မည်သည့်စွမ်းအားမျှမရှိချေ။ သူတို့ကား ဤသူများပင်တည်း၊ အလ္လာဟ်သည် သူတို့၏စိတ်နှလုံးများကို စင်ကြယ်သန့်ရှင်းအောင်ပြုပေးတော်မူရန် အလျှင်းလိုလားတော်မမူချေ။ သူတို့အတွက် လောကတွင် ဂုဏ်သရေညှိုးနွမ်းမှုရှိပြီး တမလွန်တွင် ၎င်းတို့အတွက် ကြီးမားသော ပြစ်ဒဏ်တစ်ရပ်ကို (သတ်မှတ်)ထားရှိ၏။

سَمّٰعُوْنَ لِلْكَذِبِ اَكّٰلُوْنَ لِلسُّحْتِ ؕ فَاِنْ جَآءُوْكَ فَاحْكُمْ بَيْنَهُمْ اَوْ اَعْرِضْ عَنْهُمْ ۚ وَاِنْ تُعْرِضْ عَنْهُمْ فَلَنْ يَّضُرُّوْكَ شَيْـًٔا ؕ وَاِنْ حَكَمْتَ فَاحْكُمْ بَيْنَهُمْ بِالْقِسْطِ ؕ اِنَّ اللّٰهَ يُحِبُّ الْمُقْسِطِيْنَ ۝

၄၃။ ထိုသူတို့သည် မုသားကို အလွန်အမင်း စိတ်ပါဝင်စားအာရုံစိုက်နားထောင်ကြသူများ၊ ထို့ပြင် 'ဟရာမ်' တားမြစ်ထားသောပစ္စည်းဥစ္စာများကို အလွန် များပြားစွာစားသုံးသူများဖြစ်ကြ၏။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် အသင့်ထံသို့ရောက်ရှိလာကြလျှင် အသင်သည် သူတို့၏အကြားတွင် စီရင်ဆုံးဖြတ်လိုက ဆုံးဖြတ်ပါလေ။ သို့တည်းမဟုတ် သူတို့ထံမှမျက်နှာလွှဲဖယ်၍နေပါလေ။ အကယ်၍ အသင်သည် သူတို့ထံမှ မျက်နှာလွှဲဖယ်၍နေခဲ့လျှင် သူတို့သည် အသင့်အားနစ်နာဆုံးရှုံးအောင် အလျှင်းပြုနိုင်ကြမည်မဟုတ်ချေ။ အကယ်၍ အသင်သည် စီရင်ဆုံးဖြတ်ခဲ့လျှင် ယင်းသူတို့၏အကြားတွင် တရားမျှတစွာ စီရင်ဆုံးဖြတ်ပါလေ။ ဧကန်မုချ အလ္လာဟ်သည် တရားမျှတမှုရှိသူတို့ကို ချစ်ခင်နှစ်သက်တော်မူ၏။

وَكَيْفَ يُحَكِّمُوْنَكَ وَعِنْدَهُمُ التَّوْرٰىةُ فِيْهَا حُكْمُ اللّٰهِ ثُمَّ يَتَوَلَّوْنَ مِنْۢ بَعْدِ ذٰلِكَ ؕ وَمَآ اُولٰٓئِكَ بِالْمُؤْمِنِيْنَ ۝ ع

၄၃။ ၎င်းတို့သည် အသို့လျှင် အသင့်အား စီရင်ဆုံးဖြတ်သူပြုလုပ်နိုင်ကြမည်နည်း။ အမှန်သော်ကား ၎င်းတို့ထံဝယ် 'တောင်ရတ်'ကျမ်းရှိ၏၊ ယင်း(ကျမ်း)၌ အလ္လာဟ်၏အမိန့်ပညတ်တော်များပါရှိ၏။ သို့ပါလျက် ထိုသည့်နောက်တွင် ၎င်းတို့သည် ကျောခိုင်းသွားကြ၏။ စင်စစ် ဤသူများသည် သက်ဝင်ယုံကြည်လာမည့်သူများ အလျှင်းမဟုတ်ကြချေတည်း။

ရုကူ-၇

اِنَّاۤ اَنْزَلْنَا التَّوْرٰىةَ فِيْهَا هُدًى وَّنُوْرٌ ۚ يَحْكُمُ بِهَا النَّبِيُّوْنَ الَّذِيْنَ اَسْلَمُوْا لِلَّذِيْنَ هَادُوْا وَالرَّبّٰنِيُّوْنَ وَالْاَحْبَارُ بِمَا اسْتُحْفِظُوْا مِنْ كِتٰبِ اللّٰهِ وَكَانُوْا عَلَيْهِ شُهَدَآءَ ۚ فَلَا تَخْشَوُا النَّاسَ وَاخْشَوْنِ وَلَا تَشْتَرُوْا بِاٰيٰتِيْ ثَمَنًا قَلِيْلًا ؕ وَمَنْ لَّمْ يَحْكُمْ بِمَاۤ اَنْزَلَ اللّٰهُ فَاُولٰٓئِكَ هُمُ الْكٰفِرُوْنَ ۝

၄၄။ ကေန်မုချ ငါတို့သည် 'တောင်ရတ်'ကျမ်းကို ပို့ချတော်မူခဲ့၏။ ယင်း၌ လမ်းညွှန်မှုနှင့်အလင်းရောင်သည်ပါရှိ၏။ မိမိတို့ကိုယ်ကို (အလ္လာဟ်အား လုံးလုံးလျားလျား) နာခံသူဖြစ်စေခဲ့ကြသော တမန်တော်တို့သည် 'ရဗ္ဗာနီ'များအပေါ် ယင်း(တောင်ရတ်ကျမ်း)ဖြင့် စီရင်ဆုံးဖြတ်ခဲ့ကြ၏။ ထို့အတူ အလ္လာဟ်၏ကျမ်းတော်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ပေးခြင်းခံရသော အလ္လာဟ်၏ဘက်တော်သားများသည်လည်းကောင်း၊ သာသနာ့ပညာရှင်များသည်လည်းကောင်း (စီရင်ဆုံးဖြတ်ခဲ့ကြ၏)၊ ထို့ပြင် သူတို့သည် ယင်းအပေါ် သက်သေများဖြစ်ခဲ့ကြ၏။ သို့ဖြစ်ရာ အသင်တို့သည် လူများအား မကြောက်ရွံ့ကြလင့်၊ ငါအရှင်မြတ်ကိုသာကြောက်ရွံ့ကြကုန်။ ထို့ပြင် ငါ၏ 'အာယတ်' မုက္ခပါဠိတော်များကို သာမန်မျှသော တန်ဖိုးဖြင့် ရောင်းစားခြင်းကို မပြုလုပ်ကြကုန်လင့်။ အကြင်သူသည် အလ္လာဟ်ပို့ချတော်မူသည်နှင့်အညီ စီရင်ဆုံးဖြတ်မှုမပြုလျှင် ဤသူများသည်ပင် မယုံကြည်ခြင်းပယ်သူများဖြစ်ကြ၏။

وَكَتَبْنَا عَلَيْهِمْ فِيْهَاۤ اَنَّ النَّفْسَ بِالنَّفْسِ ۙ وَالْعَيْنَ بِالْعَيْنِ وَالْاَنْفَ بِالْاَنْفِ وَالْاُذُنَ بِالْاُذُنِ وَالسِّنَّ بِالسِّنِّ ۙ وَالْجُرُوْحَ قِصَاصٌ ؕ فَمَنْ تَصَدَّقَ بِهٖ فَهُوَ كَفَّارَةٌ لَّهٗ ؕ وَمَنْ لَّمْ يَحْكُمْ بِمَاۤ اَنْزَلَ اللّٰهُ فَاُولٰٓئِكَ هُمُ الظّٰلِمُوْنَ ۝

၄၅။ ၎င်းပြင် ငါတို့သည် ထိုသူတို့အား ယင်း(တောင်ရတ်ကျမ်း)တွင် အသက်အစားအသက်၊ မျက်စိအစားမျက်စိ၊ နှာခေါင်းအစား နှာခေါင်း၊ နားအစားနား၊ သွားအစားသွားနှင့် ဒဏ်ရာဒဏ်ချက်များကိုလည်း ထပ်တူထပ်မျှ လက်စားချေတုံ့ပြန်ရန် သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့ပေသည်။ သို့သော် အကြင်မည်သူမဆို (လက်စားချေတုံ့ပြန်မှုမပြုဘဲ မိမိဆန္ဒအလျောက်ယင်းကို) 'ဆဒကာ' အလျှုဒါနအဖြစ်ဖြင့် ခွင့်လွှတ်ပါက ယင်းသည် ထိုသူအဖို့ (သူ၏အပြစ်များအတွက်) အစားပေးအပြစ်ဖြေရာ ဖြစ်ပေလိမ့်မည်။ အကြင်မည်သူမဆို အလ္လာဟ်ပို့ချတော်မူသည်နှင့်အညီ စီရင်ဆုံးဖြတ်ခြင်းကို မပြုလျှင်၊ ဤသူများသည်ပင် အပြစ်ကျူးလွန်သူများဖြစ်ကြ၏။

وَقَفَّيْنَا عَلٰٓى اٰثَارِهِمْ بِعِيْسَى ابْنِ مَرْيَمَ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ التَّوْرٰىةِ ۫ وَاٰتَيْنٰهُ الْاِنْجِيْلَ فِيْهِ هُدًى وَّنُوْرٌ ۙ وَّمُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ التَّوْرٰىةِ وَهُدًى وَّمَوْعِظَةً لِّلْمُتَّقِيْنَ ۝

၄၆။ ထို့ပြင် ငါတို့သည် သူတို့၏နောက်တွင် သူတို့၏လမ်းစဉ်ပေါ်တွင် 'မရ်ယမ်'၏သားတော် 'အီစာ'ကို 'တောင်ရတ်'ကျမ်းမှ သူ၏မျက်မှောက်ရှိသည်များကို မှန်ကန်ကြောင်းထောက်ခံသူအဖြစ် စေလွှတ်တော်မူခဲ့၏။ ထို့ပြင် ငါတို့သည် သူ့အား 'အင်နှ်ဂျီလ်'ကျမ်းကို ပေးသနားတော်မူခဲ့၏။ ယင်းတွင် လမ်းညွှန်မှုနှင့် အလင်းရောင်ပါရှိ၏၊ ထို့ပြင် 'တောင်ရတ်'ကျမ်းမှ သူ၏ရှေ့တွင်ရှိသည်ကို မှန်ကန်ကြောင်း ထောက်ခံသည့်(ကျမ်း)ဖြစ်၏။ ထို့ပြင် 'မွတ္တကီ' အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးသူတို့အတွက် လမ်းညွှန်တော်နှင့် အဆုံးအမတော်(အနေဖြင့်) ဖြစ်၏။

وَلْيَحْكُمْ اَهْلُ الْاِنْجِيْلِ بِمَآ اَنْزَلَ اللّٰهُ فِيْهِ ۭ وَمَنْ لَّمْ يَحْكُمْ بِمَآ اَنْزَلَ اللّٰهُ فَاُولٰۗىِٕكَ هُمُ الْفٰسِقُوْنَ ۝۴۷

၄၈။ သို့ဖြစ်ရာ 'အင်နဂျီလ်'ကျမ်းရသူတို့သည် အလ္လာဟ်က ယင်း၌ပို့ချတော်မူထားသည်နှင့်အညီ စီရင်ဆုံးဖြတ်ကြကုန်။ အကြင်သူသည် အလ္လာဟ်ပို့ချတော်မူသည့်အတိုင်း စီရင်ဆုံးဖြတ်ခြင်းမပြုလျှင် ဤသူများသည်ပင် မနာခံပုန်ကန်သူများဖြစ်ကြ၏။

وَاَنْزَلْنَآ اِلَيْكَ الْكِتٰبَ بِالْحَقِّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ الْكِتٰبِ وَمُهَيْمِنًا عَلَيْهِ فَاحْكُمْ بَيْنَهُمْ بِمَآ اَنْزَلَ اللّٰهُ وَلَا تَتَّبِعْ اَهْوَاۗءَهُمْ عَمَّا جَاۗءَكَ مِنَ الْحَقِّ ۭ لِكُلٍّ جَعَلْنَا مِنْكُمْ شِرْعَةً وَّمِنْهَاجًا ۭ وَلَوْ شَاۗءَ اللّٰهُ لَجَعَلَكُمْ اُمَّةً وَّاحِدَةً وَّلٰكِنْ لِّيَبْلُوَكُمْ فِيْ مَآ اٰتٰىكُمْ فَاسْتَبِقُوا الْخَيْرٰتِ ۭ اِلَى اللّٰهِ مَرْجِعُكُمْ جَمِيْعًا فَيُنَبِّئُكُمْ بِمَا كُنْتُمْ فِيْهِ تَخْتَلِفُوْنَ ۝۴۸

၄၉။ ငါတို့သည် အသင့်ထံ ကျမ်းတော်ကို အမှန်တရားနှင့် အတူ ပို့ချတော်မူ၏။ ယင်းသည် ကျမ်းဂန်မှ မိမိရှေ့တွင်ရှိသည်ကို မှန်ကန်ကြောင်းထောက်ခံပြီး၊ ယင်းအပေါ် စောင့်ကြပ်ရန်လည်းဖြစ်၏။ သို့ဖြစ်ရာ ထိုသူတို့၏အကြားတွင် အလ္လာဟ်ပို့ချတော်မူသည်နှင့်အညီ စီရင်ဆုံးဖြတ်ပါလေ။ ထို့ပြင် အသင့်ထံရောက်ရှိလာသော အမှန်တရားကို စွန့်လွှတ်လျက် သူတို့၏အလိုဆန္ဒများနောက်သို့ မလိုက်လင့်။ ငါတို့သည် အသင်တို့အားလုံးအတွက် လမ်းစဉ်တစ်ရပ်နှင့် ဘာသာအယူဝါဒတစ်ရပ်ကို ပြုလုပ်ထားတော်မူ၏။ အကယ်၍ အလ္လာဟ်အလိုရှိတော်မူပါက၊ အမှန်ပင် အသင်တို့အား တစ်ခုတည်းသော 'အွမ္မတ်'အုပ်စုပြုလုပ်တော်မူခဲ့ပေမည်။ သို့ရာတွင် အရှင်မြတ်သည် မိမိပေးသနားတော်မူထားသည်များဖြင့် အသင်တို့အား စမ်းသပ်စစ်ဆေးလိုတော်မူပေသည်။ သို့ဖြစ်ရာ အသင်တို့သည် ကောင်းမှုများတွင် တစ်ဦးထက်တစ်ဦး သာလွန်အောင်ပြုကြကုန်။ အသင်တို့အားလုံးသည် အလ္လာဟ်၏ထံတော်သို့သာလျှင် ပြန်လည်၍သွားကြရမည်ဖြစ်၏။ သို့ဖြင့် အရှင်မြတ်သည် အသင်တို့ ကွဲပြားခြားနားမှုဖြစ်ခဲ့ကြသည့် အကြောင်းအရာများ၏ အစစ်အမှန်သဘောကို အသင်တို့အား အသိပေးတော်မူမည်ဖြစ်၏။

وَاَنِ احْكُمْ بَيْنَهُمْ بِمَآ اَنْزَلَ اللّٰهُ وَلَا تَتَّبِعْ اَهْوَاۗءَهُمْ وَاحْذَرْهُمْ اَنْ يَّفْتِنُوْكَ عَنْۢ بَعْضِ مَآ اَنْزَلَ اللّٰهُ اِلَيْكَ ۭ فَاِنْ تَوَلَّوْا فَاعْلَمْ اَنَّمَا يُرِيْدُ اللّٰهُ اَنْ يُّصِيْبَهُمْ بِبَعْضِ ذُنُوْبِهِمْ ۭ وَاِنَّ كَثِيْرًا مِّنَ النَّاسِ لَفٰسِقُوْنَ ۝۴۹

၅၀။ ထို့ပြင် (တိုက်တွန်းနှိုးဆော်တော်မူသည်ကား၊ အသင်သည်) အလ္လာဟ်ပို့ချတော်မူသည်နှင့်အညီ ထိုသူတို့၏အကြားတွင် စီရင်ဆုံးဖြတ်ပါလေ။ သူတို့၏အလိုဆန္ဒများနောက်သို့ မလိုက်လင့်၊ အလ္လာဟ်က အသင့်ထံပို့ချတော်မူသည့် သွန်သင်ချက်၏ မည်သည့်အစိတ်အပိုင်းနှင့်မျှစပ်လျဉ်း၍ အသင့်အား ပြဿနာထဲသို့ ထည့်သွင်းမှုမပြုနိုင်ရန် ထိုသူတို့ထံမှ ရှောင်ရှားလျက်နေပါလေ၊ သို့ဖြစ်ရာ အကယ်၍ သူတို့သည် ကျောခိုင်း၍သွားကြပါမူ အလ္လာဟ်သည် သူတို့၏အချို့သော အပြစ်ဒုစရိုက်များကြောင့် သူတို့အား တစ်စုံတစ်ရာသော ဘေးဒုက္ခတွင်ထည့်သွင်းရန်ရည်ရွယ်တော်မူကြောင်းကို အမှန်ပင် သိရှိကြကုန်။ အမှန်စင်စစ် လူသားတို့အနက် များစွာတို့မှာ မနာခံပုန်ကန်သူများဖြစ်ကြ၏။

اَفَحُكْمَ الْجَاهِلِيَّةِ يَبْغُوْنَ ۭ وَمَنْ

၅၁။ ထိုသူတို့သည် အမိုက်ခေတ်၏ ဆုံးဖြတ်ချက်(နည်း

اَحْسَنُ مِنَ اللّٰهِ حُكْمًا لِّقَوْمٍ يُّوْقِنُوْنَ ۝ ۵۰

လမ်း)ကို နှစ်သက်ကြပါသလော။ ယုံကြည်မှုရှိသူတို့အဖို့ စီရင်ဆုံးဖြတ်ရာတွင် အလ္လာဟ်ထက် ပိုမိုကောင်းမြတ်သူ အဘယ်သူရှိနိုင်အံ့နည်း။

ရုကူ-၈

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوا الْيَهُوْدَ وَالنَّصٰرٰٓى اَوْلِيَآءَ ۘ بَعْضُهُمْ اَوْلِيَآءُ بَعْضٍ ۭ وَمَنْ يَّتَوَلَّهُمْ مِّنْكُمْ فَاِنَّهٗ مِنْهُمْ ۭ اِنَّ اللّٰهَ لَا يَهْدِي الْقَوْمَ الظّٰلِمِيْنَ ۝ ۵۱

၅၁။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ 'ရဟူဒီ'နှင့် 'ခရစ်ယာန်'တို့ကို အဆွေခင်ပွန်းများအဖြစ် စွဲကိုင်မထားကြကုန်လင့်။ စင်စစ် ထိုသူတို့သည် (အချင်းချင်းသာလျှင်) တစ်ဦးနှင့် တစ်ဦး အဆွေခင်ပွန်းများဖြစ်ကြ၏။ အသင်တို့အနက်မှ အကြင်သူသည် သူတို့နှင့်အဆွေခင်ပွန်းဖွဲ့လျှင် ထိုသူသည် သူတို့အတွင်းမှပင် ဖြစ်ပေလိမ့်မည်။ ဧကန်မုချ အလ္လာဟ်သည် အပြစ်ကျူးလွန်သူတို့ကို လမ်းညွှန်တော်မမူပေ။

فَتَرَى الَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ يُّسَارِعُوْنَ فِيْهِمْ يَقُوْلُوْنَ نَخْشٰٓى اَنْ تُصِيْبَنَا دَاۗىِٕرَةٌ ۭ فَعَسَى اللّٰهُ اَنْ يَّاْتِيَ بِالْفَتْحِ اَوْ اَمْرٍ مِّنْ عِنْدِهٖ فَيُصْبِحُوْا عَلٰي مَآ اَسَرُّوْا فِيْٓ اَنْفُسِهِمْ نٰدِمِيْنَ ۝ ۵۲

၅၂။ သို့ဖြစ်ရာ စိတ်နှလုံးများ၌ ရောဂါရှိသောသူတို့အား ထိုသူများတွင် အပြေးအလွှားသွားလာနေသည်ကို အသင် တွေ့မြင်ရပေမည်။ ယင်းတို့က ကျွန်ုပ်တို့အပေါ် ခေတ်ကာလ၏ ဒဏ်ခတ်ခြင်းတစ်စုံတစ်ရာ ကျရောက်လာမည်ကို စိုးရိမ်ကြပါသည်ဟုဆိုကြ၏။ သို့ဖြစ်ရာ အလ္လာဟ်သည် မကြာမြင့်မီ အောင်မြင်မှု(၏နေ့ရက်)ကိုယူဆောင်လာတော်မူရန်၊ သို့တည်း မဟုတ် မိမိ၏တစ်စုံတစ်ရာသော ဆုံးဖြတ်ချက်ကို ပြဋ္ဌာန်းတော်မူရန် နီးစပ်လှပေသည်။ ထိုအခါ ထိုသူတို့သည် မိမိတို့၏ စိတ်နှလုံးများတွင် ဖုံးကွယ်ထားကြသည်များနှင့်စပ်လျဉ်း၍ ရှက်ရွံ့ကြရပေလိမ့်မည်။

وَيَقُوْلُ الَّذِيْنَ اٰمَنُوْٓا اَهٰٓؤُلَاۗءِ الَّذِيْنَ اَقْسَمُوْا بِاللّٰهِ جَهْدَ اَيْمَانِهِمْ ۙ اِنَّهُمْ لَمَعَكُمْ ۭ حَبِطَتْ اَعْمَالُهُمْ فَاَصْبَحُوْا خٰسِرِيْنَ ۝ ۵۳

၅၃။ ထို့ပြင် သက်ဝင်ယုံကြည်သူတို့က၊ အသို့နည်း ဧကန်စင်စစ် ထိုသူတို့သည် အသင်တို့နှင့်အတူရှိကြောင်း အလ္လာဟ်အားတိုင်တည်၍ မိမိတို့(ဘက်မှ) အခိုင်အမာ ကျိန်ဆိုခြင်းပြုသူတို့မှာ ဤသူများပင်ဖြစ်ကြသလောဟု ပြောဆိုကြလိမ့်မည်။ ယင်းတို့၏ကျင့်ကြံမှုများသည် အချည်းနှီးဖြစ်ခဲ့ချေပြီ။ သို့ဖြစ်ရာ ယင်းတို့သည် ဆုံးရှုံးသူများဖြစ်ခဲ့ကြချေပြီ။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا مَنْ يَّرْتَدَّ مِنْكُمْ عَنْ دِيْنِهٖ فَسَوْفَ يَاْتِي اللّٰهُ بِقَوْمٍ يُّحِبُّهُمْ وَيُحِبُّوْنَهٗٓ ۙ اَذِلَّةٍ عَلَي الْمُؤْمِنِيْنَ اَعِزَّةٍ عَلَي الْكٰفِرِيْنَ ۡ يُجَاهِدُوْنَ فِيْ سَبِيْلِ اللّٰهِ وَلَا يَخَافُوْنَ لَوْمَةَ لَاۗىِٕمٍ ۭ ذٰلِكَ فَضْلُ اللّٰهِ يُؤْتِيْهِ مَنْ يَّشَاۗءُ ۭ وَاللّٰهُ وَاسِعٌ عَلِيْمٌ ۝ ۵۴

၅၄။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အနက် အကြင်သူသည် မိမိ၏သာသနာမှစွန့်ခွာသွားပါက၊ ဧကန်ပင် အလ္လာဟ်သည် (ထိုသူအစား) အကြင် အမျိုးသားထုတစ်ရပ်ကို ယူဆောင်လာတော်မူလိမ့်မည်။ ထိုသူတို့ကို အရှင်မြတ်သည် ချစ်မြတ်နိုးတော်မူပြီး သူတို့ကလည်း အရှင်မြတ်အား ချစ်မြတ်နိုးကြပေလိမ့်မည်။ သူတို့သည် 'မို့အ်မင်၌' သက်ဝင်ယုံကြည်သူတို့အပေါ် အလွန်ကြင်နာထောက်ထားကြလိမ့်မည်။ မယုံကြည်ငြင်းပယ်သူတို့အပေါ် လွန်စွာ ပြင်းထန်ကြလိမ့်မည်။ သူတို့သည် အလ္လာဟ်၏လမ်းတော်တွင် 'ဂျိဟာဒ်'

ကြိုးပမ်းအားထုတ်မှုပြုကြလိမ့်မည်။ ထို့ပြင် မည်သည့် ပြစ်တင်ဝေဖန်သူ၏ ပြစ်တင်ဝေဖန်မှုကိုမျှ တစ်စုံတစ်ရာ ကြောက်ရွံ့ကြလိမ့်မည်မဟုတ်ချေ။ ဤသည် အလ္လာဟ်၏ကျေးဇူးတော်ဖြစ်၏။ ယင်းကို မိမိနှစ်လို့တော်မူသောသူအား ပေးသနားတော်မူ၏။ အလ္လာဟ်သည် လွန်စွာကျယ်ပြောမှုကို ပေးသနားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။ ⑤

اِنَّمَا وَلِيُّكُمُ اللّٰهُ وَرَسُوْلُهٗ وَالَّذِيْنَ اٰمَنُوا الَّذِيْنَ يُقِيْمُوْنَ الصَّلٰوةَ وَيُؤْتُوْنَ الزَّكٰوةَ وَهُمْ رٰكِعُوْنَ ﴿۵۵﴾

၅၆။ အမှန်စင်စစ် အသင်တို့၏ အဆွေခင်ပွန်းသည်ကား အလ္လာဟ်သည်သာလျှင်ဖြစ်၏။ ၎င်းပြင် ထိုအရှင်မြတ်၏ တမန်တော်နှင့် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူများ(ဖြစ်ကြ၏)။ ထို(ယုံကြည်)သူတို့သည် 'ဆွလာတ်' ဝတ်ပြုမှုကို တည်ဆောက်ကြ၏၊ 'ဇကာတ်'အလှူကိုပေးဆောင်ကြ၏။ ထို့ပြင် (အလ္လာဟ်၏ရှေ့တော်မှောက်တွင်) ကိုင်းညွတ်လျက်ရှိသူများဖြစ်ကြ၏။

وَمَنْ يَّتَوَلَّ اللّٰهَ وَرَسُوْلَهٗ وَالَّذِيْنَ اٰمَنُوْا فَاِنَّ حِزْبَ اللّٰهِ هُمُ الْغٰلِبُوْنَ ﴿۵۶﴾

၅၇။ အကြင်သူတို့သည် အလ္လာဟ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏တမန်တော်အားလည်းကောင်း၊ ယုံကြည်သူများအားလည်းကောင်း အဆွေခင်ပွန်းဖွဲ့ကြပါလျှင် ထိုသူတို့သည် အလ္လာဟ်၏အုပ်စုမှပင်ဖြစ်ပြီး အမှန်ပင် အောင်မြင်မည့်သူများဖြစ်ကြပေသတည်း။

ရုကူး-၉

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوا الَّذِيْنَ اتَّخَذُوْا دِيْنَكُمْ هُزُوًا وَّلَعِبًا مِّنَ الَّذِيْنَ اُوْتُوا الْكِتٰبَ مِنْ قَبْلِكُمْ وَالْكُفَّارَ اَوْلِيَآءَ ۚ وَاتَّقُوا اللّٰهَ اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿۵۷﴾

၅၈။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အလျင် ကျမ်းဂန်ပေးခြင်းခံရသူတို့အနက်မှ အသင်တို့၏သာသနာကို လှောင်ပြောင်ပြက်ရယ်ပြုပြီး ကစားစရာအဖြစ်ပြုလုပ်ကြသူများနှင့် 'ကာဖဲရ်' မယုံကြည်ငြင်းပယ်သူတို့အား အဆွေခင်ပွန်းမဖွဲ့ကြကုန်လင့်။ အကယ်၍ အသင်တို့သည် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူများဖြစ်ကြပါလျှင် အလ္လာဟ်အားကြောက်ရွံ့ကြကုန်။

وَاِذَا نَادَيْتُمْ اِلَى الصَّلٰوةِ اتَّخَذُوْهَا هُزُوًا وَّلَعِبًا ۭ ذٰلِكَ بِاَنَّهُمْ قَوْمٌ لَّا يَعْقِلُوْنَ ﴿۵۸﴾

၅၉။ အသင်တို့သည် 'ဆွလာတ်' ဝတ်ပြုရန်ခေါ်သောအခါ၊ ၎င်းတို့သည် ယင်း(ဟစ်ခေါ်မှု)ကို ပြောင်လှောင်ဖွယ်ရာနှင့် ကစားစရာပြုလုပ်ကြ၏။ ဤသို့ဖြစ်ရခြင်းမှာ ၎င်းတို့သည် အသိဉာဏ်ကင်းမဲ့ခြင်းကြောင့်ပင်ဖြစ်၏။

---

⑤ ဤအာယတ်တော်တွင် *'မုန်တာဒ်'*(သာသနာမှစွန့်ခွာသူ)အား သေဒဏ်ပေးရမည်ဟူသောအယူအဆကို ပယ်ချထားသည်။ သာသနာမှစွန့်ခွာသွားသူ(*မုန်တာဒ်*)အား အပြစ်ဒဏ်ပေးရန် တစ်စုံတစ်ရာပြဋ္ဌာန်းထားခြင်းမရှိပေ။ အကယ်၍ အသင်တို့မှ မည်သူမဆို *'မုန်တာဒ်'*ဖြစ်သွားခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ယင်းအစား ကြီးမားသော အမျိုးသားထုတစ်ရပ်ကို ပေးသနားတော်မူပေမည်။ ၎င်းတို့သည် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့အား ချစ်ခင်မြတ်နိုးသူများနှင့် မယုံကြည်ငြင်းပယ်သူတို့အပေါ် ပြင်းထန်သူများဖြစ်ကြပေလိမ့်မည်ဟူ၍သာ မိန့်ကြားထားတော်မူပေသည်။

قُلْ يٰٓاَهْلَ الْكِتٰبِ هَلْ تَنْقِمُوْنَ مِنَّآ اِلَّآ اَنْ اٰمَنَّا بِاللّٰهِ وَمَآ اُنْزِلَ اِلَيْنَا وَمَآ اُنْزِلَ مِنْ قَبْلُ ۙ وَاَنَّ اَكْثَرَكُمْ فٰسِقُوْنَ ۝

၅၉။ အသင်ပြောကြားပါလေ၊ အို-ကျမ်းဂန်ရရှိသူအပေါင်းတို့၊ ကျွန်ုပ်တို့သည် အလ္လာဟ်အားလည်းကောင်း၊ ကျွန်ုပ်တို့ထံပို့ချခဲ့သည်များကိုလည်းကောင်း၊ ကျွန်ုပ်တို့ထက်အလျင်ကပို့ချခဲ့သည်များကိုလည်းကောင်း သက်ဝင်ယုံကြည်ကြ၏။ အသင်တို့သည် ဤအတွက်ကြောင့်ပင် ကျွန်ုပ်တို့အား ဖြစ်တင်ပြောဆိုကြသလော။ အမှန်သော်ကား အသင်တို့အနက် အများစုသည် အကျင့်ဆိုးယုတ်သူများဖြစ်ကြ၏။

قُلْ هَلْ اُنَبِّئُكُمْ بِشَرٍّ مِّنْ ذٰلِكَ مَثُوْبَةً عِنْدَ اللّٰهِ ۭ مَنْ لَّعَنَهُ اللّٰهُ وَغَضِبَ عَلَيْهِ وَجَعَلَ مِنْهُمُ الْقِرَدَةَ وَالْخَنَازِيْرَ وَعَبَدَ الطَّاغُوْتَ ۭ اُولٰۗىِٕكَ شَرٌّ مَّكَانًا وَّاَضَلُّ عَنْ سَوَاۗءِ السَّبِيْلِ ۝

၆၀။ အသင်ပြောကြားပါလေ၊ အို-ကျမ်းဂန်ရရှိသူအပေါင်းတို့၊ အလ္လာဟ်ထံတော်၌ (အသင်တို့အတွက်) ဤသည်ထက်ပင် ဆိုးရွားသောအရာအား အကျိုးဆက်အဖြစ်ထားရှိသည်ကို အသင်တို့အား ကျွန်ုပ်အသိပေးရပါမည်လော။ ထိုသူတို့အပေါ် အလ္လာဟ်သည် ကရုဏာတော်မှကင်းဝေးစေခြင်း၊ 'လာ့အ်နတ်'ပြုတော်မူ၏။ သူတို့အပေါ် အမျက်ရှတော်မူ၏။ ထို့ပြင် သူတို့အနက် အချို့ကို မျောက်များနှင့်ဝက်များ ပြုလုပ်တော်မူ၏။ စင်စစ် ၎င်းတို့သည် 'ရှိုင်တန်'ကို ကိုးကွယ်ကြ၏။ ဤသူများသည်ပင် အဆင့်အတန်း၌ အားလုံးတို့ထက် ပိုမိုဆိုးရွားကာ ဖြောင့်မှန်သောလမ်းမှ အားလုံးတို့ထက်ပို၍ အလွဲချော်ဆုံးဖြစ်လျက်ရှိကြ၏။

وَاِذَا جَاۗءُوْكُمْ قَالُوْٓا اٰمَنَّا وَقَدْ دَّخَلُوْا بِالْكُفْرِ وَهُمْ قَدْ خَرَجُوْا بِهٖ ۭ وَاللّٰهُ اَعْلَمُ بِمَا كَانُوْا يَكْتُمُوْنَ ۝

၆၁။ သူတို့သည် အသင်တို့ထံ လာရောက်ကြသောအခါ ကျွန်ုပ်တို့သည် သက်ဝင်ယုံကြည်ကြပါ၏ဟု ဆိုကြ၏။ အမှန်သော်ကား ထိုသူတို့သည် မယုံကြည်ခြင်းပယ်ခြင်းဖြင့်သာ (အသင်တို့၏အတွင်း) ဝင်ရောက်ခဲ့ကြပြီး ယင်းနှင့်အတူသာလျှင် အပြင်သို့ထွက်ခွာသွားကြ၏။ အမှန်ပင် အလ္လာဟ်သည် သူတို့ဖုံးကွယ်သည်များကို အသိရှိဆုံးဖြစ်တော်မူ၏။

وَتَرٰى كَثِيْرًا مِّنْهُمْ يُسَارِعُوْنَ فِي الْاِثْمِ وَالْعُدْوَانِ وَاَكْلِهِمُ السُّحْتَ ۭ لَبِئْسَ مَا كَانُوْا يَعْمَلُوْنَ ۝

၆၂။ ထို့ပြင် အသင်သည် ထိုသူတို့အနက် အများစုကို အပြစ်များတွင်လည်းကောင်း၊ အလွန်အကျွံပြုခြင်းများတွင်လည်းကောင်း၊ တားမြစ်ထားသောပစ္စည်းဥစ္စာများကို စားသုံးခြင်းတွင်လည်းကောင်း၊ တစ်ဦးထက်တစ်ဦး သာလွန်အောင် ပြိုင်ဆိုင်ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရပေလိမ့်မည်။ ဧကန်စင်စစ် သူတို့ပြုကျင့်သည်တို့သည် အလွန်ပင်ဆိုးရွားလှပေတကား။

لَوْلَا يَنْهٰىهُمُ الرَّبّٰنِيُّوْنَ وَالْاَحْبَارُ عَنْ قَوْلِهِمُ الْاِثْمَ وَاَكْلِهِمُ السُّحْتَ ۭ لَبِئْسَ مَا كَانُوْا يَصْنَعُوْنَ ۝

၆၃။ အလ္လာဟ်၏ဘက်တော်သားများနှင့် (အလ္လာဟ်၏မုက္ခပါဠိတော်ကို စောင့်ရှောက်ရန်ခန့်အပ်ခြင်းခံရသော) ပညာရှင်တို့သည် ထိုသူတို့အား အပြစ်ထိုက်သောစကားကိုပြောခြင်းမှလည်းကောင်း၊ တားမြစ်ထားသောအရာများကို စားသုံးခြင်းမှလည်းကောင်း အဘယ့်ကြောင့် မတားမြစ်ကြပေသနည်း။ ဧကန်မုချ ၎င်းတို့ပြုလုပ်ခဲ့ကြသည်တို့မှာ လွန်စွာ ဆိုးရွားလှပေ၏။

وَقَالَتِ الْيَهُوْدُ يَدُ اللّٰهِ مَغْلُوْلَةٌ ؕ غُلَّتْ اَيْدِيْهِمْ وَلُعِنُوْا بِمَا قَالُوْا ۘ بَلْ يَدٰهُ مَبْسُوْطَتٰنِ ۙ يُنْفِقُ كَيْفَ يَشَآءُ ؕ وَلَيَزِيْدَنَّ كَثِيْرًا مِّنْهُمْ مَّآ اُنْزِلَ اِلَيْكَ مِنْ رَّبِّكَ طُغْيَانًا وَّكُفْرًا ؕ وَاَلْقَيْنَا بَيْنَهُمُ الْعَدَاوَةَ وَالْبَغْضَآءَ اِلٰى يَوْمِ الْقِيٰمَةِ ؕ كُلَّمَآ اَوْقَدُوْا نَارًا لِّلْحَرْبِ اَطْفَاَهَا اللّٰهُ ۙ وَيَسْعَوْنَ فِى الْاَرْضِ فَسَادًا ؕ وَاللّٰهُ لَا يُحِبُّ الْمُفْسِدِيْنَ ۝

၆၄။ 'ရဟူဒီ'တို့က အလ္လာဟ်၏လက်သည် ဆုပ်၍ပိတ်ထားလျက်ရှိသည်ဟု ပြောဆိုကြ၏။ သူတို့ကိုယ်တိုင်၏လက်များသည်သာ ဆုပ်၍ပိတ်ထားခြင်းကိုခံရ၏၊ ထို့ပြင် သူတို့၏ပြောဆိုမှုကြောင့် သူတို့အပေါ် ကရုဏာတော်မှကင်းဝေးစေခြင်း 'လာ်အ်နတ်'သည် ကျရောက်ခဲ့၏။ ထို(သူတို့ ပြောဆိုသကဲ့)သို့မဟုတ်မူ၍ ထိုအရှင်မြတ်၏ လက်တော်နှစ်ဘက်စလုံးမှာ ဖွင့်ထားလျက်ရှိ၏။ အရှင်မြတ်သည် မိမိအလိုတော်အတိုင်းသုံးစွဲတော်မူ၏။ အသင့်ထံ အသင်၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှပို့ချပေးခဲ့သည်များသည် ၎င်းတို့အနက်မှ မြောက်မြားစွာသောသူတို့ကို ပုန်ကန်ခြားနားခြင်းနှင့် မယုံကြည်ခြင်းပယ်မှုတို့၌ ဧကန်ပင် တိုးပွားစေမည်ဖြစ်၏။ ငါတို့သည် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတိုင်အောင် ထိုသူတို့၏အကြားတွင် ရန်လိုမှုနှင့်မုန်းတီးမှုကို ထည့်သွင်းတော်မူခဲ့ပေပြီ။ မည်သည့်အခါမဆို သူတို့က စစ်မီးကိုမွှေးကြသောအခါ အလ္လာဟ်သည် ယင်း(မီး)ကို ငြိမ်းသတ်တော်မူ၏။ ထိုသူတို့သည် ကမ္ဘာမြေပြင်တွင် ပျက်စီးရာပျက်စီးကြောင်းကိုပြုရန် အပြေးအလွှားသွားလာလျက်ရှိကြ၏။ စင်စစ် အလ္လာဟ်သည် ပျက်စီးရာပျက်စီးကြောင်းပြုသူတို့ကို နှစ်သက်တော်မမူချေ။

وَلَوْ اَنَّ اَهْلَ الْكِتٰبِ اٰمَنُوْا وَاتَّقَوْا لَكَفَّرْنَا عَنْهُمْ سَيِّاٰتِهِمْ وَلَاَدْخَلْنٰهُمْ جَنّٰتِ النَّعِيْمِ ۝

၆၆။ အကယ်၍ ကျမ်းဂန်ရသူတို့သည် သက်ဝင်ယုံကြည်လာကြပြီး ဖြူစင်ဖြောင့်မတ်ခြင်း 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်တည်ကြပါမူ၊ ငါတို့သည် မုချပင် သူတို့၏မကောင်းမှုများကို သူတို့ထံမှ ကင်းဝေးအောင်ပြုပေးတော်မူပြီး ငါတို့သည် ဧကန်ပင် သူတို့အား ကောင်းချီးမင်္ဂလာတို့ဖြင့်ပြီးသော 'ဂျန္နတ်' ဥယျာဉ်များအတွင်း ဝင်ရောက်စေတော်မူမည်ဖြစ်၏။

وَلَوْ اَنَّهُمْ اَقَامُوا التَّوْرٰىةَ وَالْاِنْجِيْلَ وَمَآ اُنْزِلَ اِلَيْهِمْ مِّنْ رَّبِّهِمْ لَاَكَلُوْا مِنْ فَوْقِهِمْ وَمِنْ تَحْتِ اَرْجُلِهِمْ ؕ مِنْهُمْ اُمَّةٌ مُّقْتَصِدَةٌ ؕ وَكَثِيْرٌ مِّنْهُمْ سَآءَ مَا يَعْمَلُوْنَ ۝ ع

၆၇။ အကယ်၍ ထိုသူတို့သည် 'တောင်ရတ်'နှင့် 'အင်နဂျီလ်'ကျမ်းများ(၏ သွန်သင်ချက်)ကိုလည်းကောင်း၊ သူတို့အား သူတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ပို့ချခဲ့သည်များကိုလည်းကောင်း၊ လိုက်နာကျင့်ကြံဆောက်တည်ကြပါက၊ သူတို့သည် မိမိတို့၏အထက်မှလည်းကောင်း၊ မိမိတို့ခြေထောက်များ၏အောက်မှလည်းကောင်း စားသုံးကြရပေအံ့။ ထိုသူတို့အနက်မှ အုပ်စုတစ်စုသည် အလယ်အလတ်လမ်းစဉ်ကိုကျင့်သုံးသူများဖြစ်ကြ၏။ သို့ရာတွင် ထိုသူတို့အနက် များစွာတို့မှာ အလွန်ဆိုးရွားသောအမှုကို ပြုလုပ်သူများဖြစ်ကြကုန်သတည်း။

ရုကူ-၁၀

يٰٓاَيُّهَا الرَّسُوْلُ بَلِّغْ مَآ اُنْزِلَ اِلَيْكَ مِنْ

၆၈။ အို-တမန်တော်၊ အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင့်ထံတော်မှ အသင့်ထံပို့ချတော်မူသည်ကို ကောင်း

رَّبِّكَ ؕ وَاِنْ لَّمْ تَفْعَلْ فَمَا بَلَّغْتَ
رِسَالَتَهٗ ؕ وَاللّٰهُ يَعْصِمُكَ مِنَ النَّاسِ ؕ
اِنَّ اللّٰهَ لَا يَهْدِى الْقَوْمَ الْكٰفِرِيْنَ ۝

စွာ ပို့ဆောင်မှုပြုပါလေ။ အကယ်၍ အသင်သည် ဤသို့မပြုလုပ်ခဲ့ပါလျှင် အသင်သည် အရှင်မြတ်၏သတင်းကို ပို့ဆောင်သည်မမည်ချေ။ စင်စစ်သော်ကား အလ္လာဟ်သည် အသင့်အား လူသားများမှ ကာကွယ်စောင့်ရှောက်တော်မူမည်ဖြစ်၏။ ဧကန်မုချ အလ္လာဟ်သည် မယုံကြည်ခြင်းပယ်သူတို့အား လမ်းညွှန်တော်မမူပေ။

قُلْ يٰٓاَهْلَ الْكِتٰبِ لَسْتُمْ عَلٰى شَىْءٍ حَتّٰى
تُقِيْمُوا التَّوْرٰىةَ وَالْاِنْجِيْلَ وَمَآ اُنْزِلَ
اِلَيْكُمْ مِّنْ رَّبِّكُمْ ؕ وَلَيَزِيْدَنَّ كَثِيْرًا
مِّنْهُمْ مَّآ اُنْزِلَ اِلَيْكَ مِنْ رَّبِّكَ طُغْيَانًا
وَّكُفْرًا ۚ فَلَا تَاْسَ عَلَى الْقَوْمِ الْكٰفِرِيْنَ ۝

၆၉။ အသင်ပြောကြားပါလေ၊ အို-ကျမ်းဂန်ရသူအပေါင်းတို့၊ အသင်တို့သည် 'တောင်ရတ်'နှင့် 'အင်နှ်ဂျီလ်'ကျမ်းများကို လည်းကောင်း၊ အသင်တို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အသင်တို့ထံပို့ချခဲ့သည်များကိုလည်းကောင်း လိုက်နာကျင့်ကြံဆောက်တည်မှုမပြုသရွေ့ အသင်တို့သည် မည်သည့်အရာပေါ်တွင်မျှမရှိကြချေ။ (အို-တမန်တော်) အသင့်ထံ အသင်၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ပို့ချခဲ့သည်များသည် ၎င်းတို့အနက် များစွာသောသူတို့အား ပုန်ကန်ခြားနားခြင်းနှင့် မယုံကြည်ခြင်းပယ်မှုတို့၌ ဧကန်ပင် တိုးပွားစေမည်ဖြစ်၏။ သို့ဖြစ်ရာ အသင်သည် မယုံကြည်ခြင်းပယ်သူတို့အတွက် ဝမ်းနည်းပူဆွေးခြင်းမဖြစ်လင့်။

اِنَّ الَّذِيْنَ اٰمَنُوْا وَالَّذِيْنَ هَادُوْا وَالصّٰبِـُٔوْنَ
وَالنَّصٰرٰى مَنْ اٰمَنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ
وَعَمِلَ صَالِحًا فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ
يَحْزَنُوْنَ ۝

၇၀။ ဧကန်မုချ သက်ဝင်ယုံကြည်မှု'အီမာန်'ရှိကြသူများ၊ 'ရဟူဒီများ'၊ 'ဆွာဗီများ'နှင့် 'ခရစ်ယာန်များ'၊ မည်သူမဆို အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကြီးကို ယုံကြည်ကြကာ ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်အံ့၊ သူတို့အဖို့ မည်သို့သောစိုးရိမ်ကြောက်ရွံ့မှုမျှရှိမည်မဟုတ်၊ ထို့ပြင် သူတို့သည် ပူဆွေးသောကဖြစ်ကြရမည်လည်း မဟုတ်ချေ။

لَقَدْ اَخَذْنَا مِيْثَاقَ بَنِىْٓ اِسْرَآءِيْلَ وَاَرْسَلْنَآ
اِلَيْهِمْ رُسُلًا ؕ كُلَّمَا جَآءَهُمْ رَسُوْلٌ بِمَا
لَا تَهْوٰٓى اَنْفُسُهُمْ ۙ فَرِيْقًا كَذَّبُوْا
وَفَرِيْقًا يَّقْتُلُوْنَ ۝

၇၁။ ဧကန်ပင် ငါတို့သည် 'အစ္စရာအီလ်'အမျိုးသားတို့ထံမှ ခိုင်မာသောပဋိညာဉ်ခံဝန်ချက်ကို ယူတော်မူခဲ့၏။ ထို့ပြင် သူတို့ထံ များစွာသောတမန်တော်များကို စေလွှတ်တော်မူခဲ့၏။ မည်သည့်အခါတွင်မဆို တမန်တော်တစ်ပါးပါးသည် သူတို့ထံသို့ သူတို့၏စိတ်နှလုံးက မနှစ်မြို့သော အကြောင်းရပ်များကို ယူဆောင်၍လာခဲ့လေတိုင်း သူတို့သည် အချို့ကို လိမ်ညာသူဟုစွပ်စွဲပြီး၊ အချို့ကို မတရားသဖြင့် ဆန့်ကျင်ခဲ့ကြပေသည်။

وَحَسِبُوْٓا اَلَّا تَكُوْنَ فِتْنَةٌ فَعَمُوْا
وَصَمُّوْا ثُمَّ تَابَ اللّٰهُ عَلَيْهِمْ ثُمَّ عَمُوْا
وَصَمُّوْا كَثِيْرٌ مِّنْهُمْ ؕ وَاللّٰهُ بَصِيْرٌ بِمَا

၇၂။ ထို့ပြင် ၎င်းတို့က မည်သည့်ပြဿနာမျှ ဖြစ်ပေါ်လာလိမ့်မည်မဟုတ်ဟု ထင်မှတ်ကြ၏။ သို့ဖြစ်ရာ သူတို့သည် မျက်စိကန်းသူများ၊ နားပင်းသူများဖြစ်သွားခဲ့ကြ၏။ ထို့နောက် တစ်ဖန် အလ္လာဟ်သည် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကိုလက်ခံတော်မူလျက် သူတို့အပေါ် ယိမ်းညွတ်တော်မူခဲ့၏။

يَعْمَلُوْنَ ﴿٦٦﴾

သို့ပါလျက် သူတို့အနက်မှ အများစုသည် မျက်ကန်းများနှင့် နားပင်းသူများအဖြစ်နှင့်သာရှိခဲ့ကြ၏။ စင်စစ် အလ္လာဟ်သည် သူတို့ပြုကျင့်သည်တို့ကို နက်ရှိုင်းစွာ ကြည့်မြင်တော်မူသော အရှင် ဖြစ်တော်မူ၏။

لَقَدْ كَفَرَ الَّذِيْنَ قَالُوْٓا اِنَّ اللّٰهَ هُوَ الْمَسِيْحُ ابْنُ مَرْيَمَ ۭ وَقَالَ الْمَسِيْحُ يٰبَنِيْٓ اِسْرَاۗءِيْلَ اعْبُدُوا اللّٰهَ رَبِّيْ وَرَبَّكُمْ ۭ اِنَّهٗ مَنْ يُّشْرِكْ بِاللّٰهِ فَقَدْ حَرَّمَ اللّٰهُ عَلَيْهِ الْجَنَّةَ وَمَاْوٰىهُ النَّارُ ۭ وَمَا لِلظّٰلِمِيْنَ مِنْ اَنْصَارٍ ﴿٧٢﴾

၇၃။ အလ္လာဟ်သာလျှင် 'မရ်ယမ်'၏သားတော် 'မဆီဟ်'ဖြစ်သည်ဟုပြောဆိုကြသူတို့သည်ကား ဧကန်ပင် မယုံကြည်ခြင်းပယ်သူများဖြစ်ကြ၏။ အမှန်သော်ကား 'မဆီဟ်'ကိုယ်တိုင်က အို-'အစ္စရာအီလ်'မျိုးနွယ်အပေါင်းတို့၊ အလ္လာဟ်အား ခဝပ်ကိုးကွယ်ကြကုန်၊ ထိုအရှင်သည် ကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်လည်းဖြစ်၏၊ အသင်တို့၏ဖန်ဆင်းမွေးမြူရှင်လည်းဖြစ်၏ဟု သာပြောကြားခဲ့ပေသည်။ ဧကန်မလွဲ အကြင်သူသည် 'ရှရီက်' အလ္လာဟ်နှင့်တွဲဖက်ကိုးကွယ်ခြင်းအမူကိုပြုလျှင် အလ္လာဟ်သည် ထိုသူအတွက် 'ဂျန္နတ်' ဥယျာဉ်တော်ကို တားမြစ်ထားတော်မူ၏။ ထိုသူ၏ နေရာထိုင်ခင်းသည် (ငရဲ)မီးဖြစ်၏။ အပြစ်ကျူးလွန်သူတို့အတွက် ကူညီရိုင်းပင်းမည့်သူ မည်သူမျှ ရှိမည်မဟုတ်ချေ။

لَقَدْ كَفَرَ الَّذِيْنَ قَالُوْٓا اِنَّ اللّٰهَ ثَالِثُ ثَلٰثَةٍ ۘ وَمَا مِنْ اِلٰهٍ اِلَّآ اِلٰهٌ وَّاحِدٌ ۭ وَاِنْ لَّمْ يَنْتَهُوْا عَمَّا يَقُوْلُوْنَ لَيَمَسَّنَّ الَّذِيْنَ كَفَرُوْا مِنْهُمْ عَذَابٌ اَلِيْمٌ ﴿٧٣﴾

၇၄။ အလ္လာဟ်သည် သုံးဆူအနက် တစ်ဆူဖြစ်သည်ဟု ပြောဆိုကြသူများသည်(လည်း) အမှန်ပင် မယုံကြည်ခြင်းပယ်သူများဖြစ်ကြ၏။ စင်စစ်သော်ကား တစ်ဆူတည်းသောကိုးကွယ်ရာအရှင်မှတစ်ပါး အခြားမည်သည့်ကိုးကွယ်ရာမျှ မရှိချေ။ အကယ်၍ သူတို့သည် ထိုသို့ပြောဆိုခြင်းမှ မရပ်တန့်ကြပါလျှင် သူတို့အတွင်းမှ မယုံကြည်ခြင်းပယ်သူများထံသို့ နာကျင်ဖွယ်သောအပြစ်ဒဏ်သည် အမှန်ပင် ရောက်ရှိလာပေလိမ့်မည်။

اَفَلَا يَتُوْبُوْنَ اِلَى اللّٰهِ وَيَسْتَغْفِرُوْنَهٗ ۭ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿٧٤﴾

၇၅။ သို့ဖြစ်ရာ သူတို့သည် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းပြုလျက် အလ္လာဟ်၏ဘက်တော်သို့ယိမ်းညွတ်ကာ အရှင့်ထံတော်မှ ခွင့်လွှတ်ခြင်းကို အဘယ့်ကြောင့် မတောင်းခံကြသနည်း။ ဧကန်ပင် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

مَا الْمَسِيْحُ ابْنُ مَرْيَمَ اِلَّا رَسُوْلٌ ۚ قَدْ خَلَتْ مِنْ قَبْلِهِ الرُّسُلُ ۭ وَاُمُّهٗ صِدِّيْقَةٌ ۭ كَانَا يَاْكُلٰنِ الطَّعَامَ ۭ اُنْظُرْ كَيْفَ نُبَيِّنُ لَهُمُ الْاٰيٰتِ ثُمَّ انْظُرْ اَنّٰى يُؤْفَكُوْنَ ﴿٧٥﴾

၇၆။ 'မရ်ယမ်'၏သားတော် 'မဆီဟ်'သည် တမန်တော်တစ်ပါးမျှသာဖြစ်၏။ သူ၏အလျင်က တမန်တော်အားလုံးသည် လွန်ခဲ့ကြလေပြီ။ သူ၏မိခင်သည် 'ဆိဒီကာ' ဖြောင့်မတ်မှန်ကန်သူအမျိုးသမီးတစ်ဦး ဖြစ်၏။ သူတို့နှစ်ဦးစလုံးပင် အစားအစာကို မှီဝဲစားသုံးခဲ့ကြ၏။ ငါတို့သည် ၎င်းတို့အဖို့ မိမိ၏သက်သေသာဓကတော်များကို မည်သို့ ပွင့်လင်းထင်ရှားစွာ ဖော်ပြတော်မူသည်ကို ကြည့်ရှုကြကုန်။ ထို့နောက်တစ်ဖန်၊

၎င်းတို့သည် မည်သည့်ဘက်သို့ လွဲချော်၍ သွားနေကြသည်ကို လည်း ကြည့်ရှုကြကုန်။ ②

قُلْ اَتَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ مَا لَا يَمْلِكُ لَكُمْ ضَرًّا وَّلَا نَفْعًا ؕ وَاللّٰهُ هُوَ السَّمِيْعُ الْعَلِيْمُ ⑯

၇၇။ အသင်ပြောကြားပါလေ၊ အသင်တို့သည် အလ္လာဟ်အား စွန့်လွှတ်ပြီး အသင်တို့အတွက် အကျိုးယုတ်နစ်နာမှုကိုလည်း ကောင်း၊ အကျိုးဖြစ်ထွန်းမှုကိုလည်းကောင်း မပြုစွမ်းနိုင်သည့် အရာကို ကိုးကွယ်ကြပါသလော။ စင်စစ် အလ္လာဟ်သည်ကား လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသော အရှင် ဖြစ်တော်မူ၏။

قُلْ يٰۤاَهْلَ الْكِتٰبِ لَا تَغْلُوْا فِيْ دِيْنِكُمْ غَيْرَ الْحَقِّ وَلَا تَتَّبِعُوْۤا اَهْوَآءَ قَوْمٍ قَدْ ضَلُّوْا مِنْ قَبْلُ وَاَضَلُّوْا كَثِيْرًا وَّضَلُّوْا عَنْ سَوَآءِ السَّبِيْلِ ⑰

၇၈။ အသင်ပြောကြားပါလေ၊ အို-ကျမ်းဂန်ရသူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏သာသနာရေးဌ မမှန်မကန် အလွန် အကျွံခဲ့ကားခြင်း မပြုလုပ်ကြလင့်၊ ထို့ပြင် ဤသို့သောသူတို့ ၏ အလိုဆန္ဒများနောက်သို့မလိုက်ကြလင့်၊ ထိုသူတို့သည် ထို သည့်အလျင်ကပင် လမ်းလွဲခဲ့ကြလေပြီ။ များစွာသောသူတို့ ကိုလည်း လမ်းလွဲအောင်ပြုလုပ်ခဲ့ကြ၏။ ထို့ပြင် ထိုသူတို့သည် ညီညွတ်မှုတသောလမ်းမှလည်း ချွတ်ချော်တိမ်းပါးခဲ့ကြပေသတည်း။

ရုကူ-၁၁

لُعِنَ الَّذِيْنَ كَفَرُوْا مِنْۢ بَنِيْۤ اِسْرَآءِيْلَ عَلٰى لِسَانِ دَاوٗدَ وَعِيْسَى ابْنِ مَرْيَمَ ؕ ذٰلِكَ بِمَا عَصَوْا وَّكَانُوْا يَعْتَدُوْنَ ⑱

၇၉။ 'အစ္စရာအီလ်'အမျိုးသားတို့အနက်မှ မယုံကြည်ငြင်းပယ်ကြသောသူတို့သည်'ဒါဝိတ်'၏နှုတ်ပါးစပ်ဖြင့်လည်းကောင်း၊ 'မရိယမ်'၏သားတော် 'အီစာ'၏နှုတ်ပါးစပ်ဖြင့်လည်းကောင်း ကျိန်ဆဲခြင်းကို ခံခဲ့ကြရပေသည်။ ဤသို့ဖြစ်ရခြင်းမှာ သူတို့ သည် မနာခံခဲ့ကြသည့်ပြင် စည်းဘောင်ကိုလွန်ကျူးခဲ့ကြသော ကြောင့်ဖြစ်၏။

كَانُوْا لَا يَتَنَاهَوْنَ عَنْ مُّنْكَرٍ فَعَلُوْهُ ؕ لَبِئْسَ مَا كَانُوْا يَفْعَلُوْنَ ⑲

၈၀။ သူတို့သည် မိမိတို့ပြုလုပ်သည့် မကောင်းမှုမှ မရပ်တန့် ခဲ့ကြချေ။ စင်စစ် သူတို့ပြုလုပ်လေ့ရှိသည်တို့မှာ လွန်စွာမှ ဆိုးရွားလှပေ၏။

② ဤအာယတ်တော်တွင်လည်း တမန်တော်'အီစာ'ﷺကွယ်လွန်အနိစ္စရောက်ကြောင်း တိကျပြတ်သားစွာဖော်ပြထားသည်။ အကြောင်းမူ **قَدْ خَلَتْ** ဟူသောဝေါဟာရမှာ ရှေ့ပိုင်းတွင်ဖော်ပြခဲ့ပြီးဖြစ်သကဲ့သို့ တစ်စုံတစ်ဦး လမ်းမှဖြတ်သန်းသွားခြင်းနှင့် စပ်လျဉ်း၍ပြောဆိုသုံးစွဲသည်မဟုတ်မူဘဲ ကွယ်လွန်အနိစ္စရောက်ကြောင်းကို ပြောဆိုခြင်းဖြစ်ပေသည်။ ယင်း၏ထပ်ဆင့်သာဓကအနေဖြင့် တမန်တော်'အီစာ'ﷺနှင့် မိခင်တို့နှစ်ဦးစလုံးမှာ အစာအာဟာရကို မှီဝဲစားသုံးခဲ့ကြကြောင်း၊ တစ်နည်းဆိုသော် သူတို့နှစ်ဦးသည် ယခု အစာအာဟာရကိုမမှီဝဲတော့ကြောင်း အကြောင်းမူ သူတို့နှစ်ဦးစလုံး ယခုအခါ ကွယ်လွန်အနိစ္စရောက်သွားပြီးဖြစ်ကြောင်းကို ဖော်ပြထားပေသည်။ အကယ်၍ တမန်တော်'အီစာ'ﷺသည် **رَفَعَ اِلَى السَّمَاء** မိုးကောင်းကင်သို့ပင့်မယူဆောင်ခြင်းခံရသောကြောင့် အစာအာဟာရကိုမမှီဝဲတော့ဟုဆိုစေဦး၊ 'မရိယမ်'သခင်မမှာကား မိုးကောင်းကင်သို့မတက်ရောက်ခဲ့ပါဘဲလျက် သူမသည် အဘယ့်ကြောင့် အစားအစာမမှီဝဲဘဲရှိရပါသနည်း။ ကွယ်လွန်အနိစ္စရောက်ခဲ့ခြင်းကြောင့်ဆိုသည်မှာ ထင်ရှားပေသည်။ သို့ဖြစ်ရာ တမန်တော် 'အီစာ'ﷺသည်လည်း ယခုအခါ သူ၏မိခင်ကဲ့သို့ပင် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီးဖြစ်၍ အစာအာဟာရကို မမှီဝဲတော့ခြင်းဖြစ်ပေသည်။

تَرٰى كَثِيْرًا مِّنْهُمْ يَتَوَلَّوْنَ الَّذِيْنَ كَفَرُوْا ؕ لَبِئْسَ مَا قَدَّمَتْ لَهُمْ اَنْفُسُهُمْ اَنْ سَخِطَ اللّٰهُ عَلَيْهِمْ وَ فِى الْعَذَابِ هُمْ خٰلِدُوْنَ ﴿۸۰﴾

၈၀။ အသင်သည် ထိုသူတို့အနက် များစွာတို့ကို မယုံကြည်ငြင်းပယ်ကြသူများနှင့် အဆွေခင်ပွန်းဖွဲ့ကြသည်ကို တွေ့မြင်ရပေမည်။ စင်စစ် သူတို့၏စိတ်ဝိညာဉ်များက သူတို့အတွက် ရှေ့သို့ပို့ထားနှင့်သည်တို့မှာ လွန်စွာပင် ဆိုးရွားလှပေသည်။ သို့ဖြင့် အလ္လာဟ်သည် သူတို့အပေါ် ပြင်းထန်စွာ အမျက်ရှတော်မူ၏။ ၎င်းတို့သည် အပြစ်ဒဏ်၌ ကာလအလွန်ကြာရှည်စွာ နေရမည့်သူများဖြစ်ကြ၏။

وَلَوْ كَانُوْا يُؤْمِنُوْنَ بِاللّٰهِ وَالنَّبِىِّ وَمَاۤ اُنْزِلَ اِلَيْهِ مَا اتَّخَذُوْهُمْ اَوْلِيَآءَ وَلٰكِنَّ كَثِيْرًا مِّنْهُمْ فٰسِقُوْنَ ﴿۸۱﴾

၈၁။ အကယ်၍ထိုသူတို့သည် အလ္လာဟ်အားလည်းကောင်း၊ ဤတမန်တော်အားလည်းကောင်း၊ သူ(တမန်တော်)ထံ ပို့ချခဲ့သည်များကိုလည်းကောင်း သက်ဝင်ယုံကြည်ခဲ့ကြပါလျှင်၊ ယင်း(မယုံကြည်သူ)တို့ကို အဆွေခင်ပွန်းဖွဲ့ကြမည်မဟုတ်ချေ။ သို့ရာတွင် ၎င်းတို့အနက် အများစုမှာ မနာခံပုန်ကန်သူများဖြစ်ကြ၏။

لَتَجِدَنَّ اَشَدَّ النَّاسِ عَدَاوَةً لِّلَّذِيْنَ اٰمَنُوا الْيَهُوْدَ وَالَّذِيْنَ اَشْرَكُوْا ۚ وَلَتَجِدَنَّ اَقْرَبَهُمْ مَّوَدَّةً لِّلَّذِيْنَ اٰمَنُوا الَّذِيْنَ قَالُوْۤا اِنَّا نَصٰرٰى ؕ ذٰلِكَ بِاَنَّ مِنْهُمْ قِسِّيْسِيْنَ وَرُهْبَانًا وَّاَنَّهُمْ لَا يَسْتَكْبِرُوْنَ ﴿۸۲﴾

၈၂။ 'မို့အ်မင်နဲ်' ယုံကြည်သူတို့ကို ရန်ငြိုးထားရာ၌ 'ရဟူဒီများ'နှင့် တစ်စုံတစ်ရာကို အလ္လာဟ်နှင့်တွဲဖက်ကိုးကွယ်သူ 'မူရှရိုက်'တို့သည် အားလုံးထက်ပြင်းထန်သည်ကို အသင်သည် အမှန်ပင်တွေ့ရှိရပေအံ့။ ထို့ပြင် ယုံကြည်သူများအား ချစ်ခင်ခြင်း၌ ကျွန်ုပ်တို့သည် 'ခရစ်ယာန်'များဖြစ်ကြသည်ဟု ပြောဆိုသူများကိုအနီးစပ်ဆုံးသူများအဖြစ် ဧကန်ပင် အသင်တွေ့ရှိရပေအံ့။ ဤသို့ဖြစ်ရခြင်းကား သူတို့အနက် များစွာတို့သည် ဝတ်ပြုမှု၌စွဲမြဲသူများနှင့် ရသေ့ရဟန်းအကျင့်ကို ကျင့်ကြံသူများဖြစ်ကြခြင်းကြောင့်လည်းကောင်း၊ မာန်မာနထောင်လွှားခြင်း မရှိကြသောကြောင့်လည်းကောင်း ဖြစ်၏။

وَاِذَا سَمِعُوْا مَاۤ اُنْزِلَ اِلَى الرَّسُوْلِ تَرٰۤى اَعْيُنَهُمْ تَفِيْضُ مِنَ الدَّمْعِ مِمَّا عَرَفُوْا مِنَ الْحَقِّ ۚ يَقُوْلُوْنَ رَبَّنَاۤ اٰمَنَّا فَاكْتُبْنَا مَعَ الشّٰهِدِيْنَ ﴿۸۳﴾

၈၃။ ထို့ပြင် သူတို့သည် ဤတမန်တော်ထံ ပို့ချတော်မူသည်များကို ကြားနာကြရသောအခါ၊ သူတို့၏မျက်လုံးများမှ မျက်ရည်များ ယိုစီးလာသည်ကို အသင်မြင်တွေ့ရပေမည်။ အကြောင်းမူ သူတို့သည် အမှန်တရားကို သိမြင်နားလည်သွားကြခြင်းကြောင့်ဖြစ်၏။ သူတို့က အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့သည် သက်ဝင်ယုံကြည်ကြပါပြီ၊ သို့ပါ၍ ကျွန်တော်မျိုးတို့အား သက်သေခံသူများတွင် ရေးမှတ်တော်မူပါဟု လျှောက်ထားကြ၏။

وَمَا لَنَا لَا نُؤْمِنُ بِاللّٰهِ وَمَا جَآءَنَا مِنَ الْحَقِّ ۙ وَنَطْمَعُ اَنْ يُّدْخِلَنَا رَبُّنَا مَعَ الْقَوْمِ الصّٰلِحِيْنَ ﴿۸۴﴾

၈၄။ ထို့ပြင် (သူတို့က) ကျွန်ုပ်တို့သည် အလ္လာဟ်အားလည်းကောင်း၊ ကျွန်ုပ်တို့ထံရောက်ရှိလာသော ထိုအမှန်တရားကိုလည်းကောင်း သက်ဝင်ယုံကြည်ခြင်းမပြုကြရန် မည်သို့ဖြစ်ရမည်နည်း၊ ဧကန်စင်စစ် ကျွန်ုပ်တို့၏ဖန်ဆင်းရှင် အရှင်မြတ်သည် ကျွန်ုပ်တို့အား သူတော်စင်တို့အုပ်စုတွင် ထည့်သွင်းတော်မူရန်ကို ကျွန်ုပ်တို့သည် လိုလားတောင့်တကြပါ၏ဟု

ပြောဆိုကြ၏။

فَاَثَابَهُمُ اللّٰهُ بِمَا قَالُوْا جَنّٰتٍ تَجْرِیْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِیْنَ فِیْهَا ؕ وَذٰلِكَ جَزٰٓؤُا الْمُحْسِنِیْنَ ۝

၈၆။ သို့ဖြစ်ရာ အလ္လာဟ်သည် သူတို့၏ပြောဆိုမှုကြောင့် သူတို့အား အခြေတွင် စမ်းချောင်းများအသွယ်သွယ်စီးဆင်းလျက်ရှိသည့် 'ဂျန္နတ်' ဥယျာဉ်တော်များကို ဆုလာဘ်အဖြစ် ပေးသနားတော်မူ၏။ သူတို့သည် ယင်း၌ အမြဲထာဝရ နေထိုင်ရမည့်သူများဖြစ်ကြ၏။ ဤသည်ပင် ကောင်းမှုပွားများသူတို့၏ အကျိုးဆုလာဘ်ဖြစ်၏။

وَالَّذِیْنَ كَفَرُوْا وَكَذَّبُوْا بِاٰیٰتِنَآ اُولٰٓئِكَ اَصْحٰبُ الْجَحِیْمِ ۝

၈၇။ သို့သော် အကြင်သူတို့သည် မယုံကြည်ခြင်းပယ်ကြပြီး ငါတို့၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲကြ၏၊ ဤသူများသည်ပင် 'ဂျဟန္နမ်' ငရဲသားများ ဖြစ်ကြပေသတည်း။

ရုကူ-၁၂

یٰۤاَیُّهَا الَّذِیْنَ اٰمَنُوْا لَا تُحَرِّمُوْا طَیِّبٰتِ مَاۤ اَحَلَّ اللّٰهُ لَكُمْ وَلَا تَعْتَدُوْا ؕ اِنَّ اللّٰهَ لَا یُحِبُّ الْمُعْتَدِیْنَ ۝

၈၈။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်က အသင်တို့အဖို့ 'ဟလာလ်' ခွင့်ပြုထားသော သန့်ရှင်းစင်ကြယ်သည့်အရာများကို 'ဟရာမ်' တားမြစ်ပိတ်ပင်ခြင်း မပြုကြကုန်လင့်။ ထို့ပြင် စည်းဘောင်ကိုမကျူးလွန်ကြကုန်လင့်။ အမှန်ပင် အလ္လာဟ်သည် စည်းဘောင်ကို ဖောက်ဖျက်ကျူးလွန်သူတို့အား ချစ်ခင်နှစ်သက်တော်မမူချေ။

وَكُلُوْا مِمَّا رَزَقَكُمُ اللّٰهُ حَلٰلًا طَیِّبًا ۪ وَّاتَّقُوا اللّٰهَ الَّذِیْۤ اَنْتُمْ بِهٖ مُؤْمِنُوْنَ ۝

၈၉။ အလ္လာဟ်က အသင်တို့အားပေးသနားတော်မူထားသည့် 'ရိဇ်ဂ်' ရိက္ခာများမှ 'ဟလာလ်' ခွင့်ပြုထားတော်မူသည်နှင့် သန့်ရှင်းစင်ကြယ်သည့်အရာများကို စားသုံးကြကုန်။ ထို့ပြင် အသင်တို့သည် မိမိတို့သက်ဝင်ယုံကြည်လျက်ရှိကြသော အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်တည်ကြကုန်။

لَا یُؤَاخِذُكُمُ اللّٰهُ بِاللَّغْوِ فِیْۤ اَیْمَانِكُمْ وَلٰكِنْ یُّؤَاخِذُكُمْ بِمَا عَقَّدْتُّمُ الْاَیْمَانَ ۚ فَكَفَّارَتُهٗۤ اِطْعَامُ عَشَرَةِ مَسٰكِیْنَ مِنْ اَوْسَطِ مَا تُطْعِمُوْنَ اَهْلِیْكُمْ اَوْ كِسْوَتُهُمْ اَوْ تَحْرِیْرُ رَقَبَةٍ ؕ فَمَنْ لَّمْ یَجِدْ فَصِیَامُ ثَلٰثَةِ اَیَّامٍ ؕ ذٰلِكَ كَفَّارَةُ اَیْمَانِكُمْ اِذَا

၉၀။ အလ္လာဟ်သည် အသင်တို့၏အချည်းနှီးသော ကျိန်ဆိုချက်များအပေါ် အသင်တို့အား ဖမ်းဆီးတော်မူမည်မဟုတ်။ သို့သော် အရှင်မြတ်သည် အသင်တို့ကျိန်ဆို၍ ကတိပြုသည်များနှင့်စပ်လျဉ်း၍ကား အသင်တို့အား ဖမ်းဆီးတော်မူမည်။ သို့ဖြစ်ရာ ယင်းကိုအပြစ်ဖြေရန်မှာကား၊ အသင်တို့သည် မိမိတို့အိမ်သူအိမ်သားများကို ကျွေးမွေးလေ့ရှိသည့် သင့်တင့်သော အစားအစာကို သူဆင်းရဲဆယ်ဦးအား ကျွေးမွေးရမည်။ သို့မဟုတ် သူတို့အား အဝတ်အစားဝတ်ဆင်ပေးရမည်။ သို့မဟုတ် ကျွန်တစ်ဦးကို ကျွန်ဘဝမှလွတ်မြောက်အောင်ပြုရမည်။ သို့သော် အကြင်သူသည် ဤသို့ပြုနိုင်စွမ်းမရှိသော် ဥပုသ်သုံးရက်(ဆောက်တည်ရမည်)။ ဤသည်ကား အသင်တို့

حَلَفْتُمْ ۚ وَاحْفَظُوْٓا اَيْمَانَكُمْ ۭ كَذٰلِكَ
يُبَيِّنُ اللّٰهُ لَكُمْ اٰيٰتِهٖ لَعَلَّكُمْ
تَشْكُرُوْنَ ۝

ကျိန်ဆိုပြီးဖြစ်သော ကတိအတွက် အပြစ်ဖြေခြင်းဖြစ်၏။ မိမိတို့၏ကျိန်ဆိုချက်များကို (တတ်နိုင်သမျှ) စောင့်ထိန်းကြကုန်။ အလ္လာဟ်သည် အသင်တို့ ကျေးဇူးသိတတ်ကြစိမ့်သောငှာ ဤသို့လျှင် မိမိ၏ အမိန့်ပညတ်တော်များကို အသင်တို့အဖို့ ရှင်းလင်းထင်ရှားစွာ ဖော်ပြတော်မူ၏။ ⓲

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنَّمَا الْخَمْرُ وَالْمَيْسِرُ
وَالْاَنْصَابُ وَالْاَزْلَامُ رِجْسٌ مِّنْ
عَمَلِ الشَّيْطٰنِ فَاجْتَنِبُوْهُ لَعَلَّكُمْ
تُفْلِحُوْنَ ۝

၉၀။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ဧကန်ပင် မူးယစ်စေသောအရာ၊ လောင်းကစားခြင်း၊ ရုပ်တု(ကိုးကွယ်ခြင်း)နှင့် မြားများဖြင့် နိမိတ်ဖတ်ကံစမ်းခြင်း၊ ယင်းအားလုံးတို့သည် 'ရှိုင်တန်'၏ညစ်ညမ်းသောအလုပ်များဖြစ်၏။ သို့ဖြစ်၍ ထိုအရာများကို လုံးဝရှောင်ကြဉ်ကြကုန်။ သို့မှသာ အသင်တို့သည် အောင်မြင်ကြရာ၏။

اِنَّمَا يُرِيْدُ الشَّيْطٰنُ اَنْ يُّوْقِعَ بَيْنَكُمُ
الْعَدَاوَةَ وَالْبَغْضَاۗءَ فِي الْخَمْرِ وَالْمَيْسِرِ
وَيَصُدَّكُمْ عَنْ ذِكْرِ اللّٰهِ وَعَنِ الصَّلٰوةِ ۚ
فَهَلْ اَنْتُمْ مُّنْتَهُوْنَ ۝

၉၁။ သေရည်သေရက်နှင့် လောင်းကစားခြင်းတို့ဖြင့် 'ရှိုင်တန်'သည် အသင်တို့အကြားဝယ် ရန်ငြိုးထားခြင်းနှင့် မုန်းတီးမှု ပေါက်ဖွားလာစေရန်ကိုသာ လိုလား၏။ ထို့ပြင် အသင်တို့ကို အလ္လာဟ်အား သတိရတသခြင်းနှင့် 'ဆွလာတ်'ဝတ်ပြုခြင်းမှ ဟန့်တားရန်(လိုလား၏)။ သို့ဖြစ်ရကား အသင်တို့သည် ရပ်တန့်သူများဖြစ်ကြပါမည်လော။

وَاَطِيْعُوا اللّٰهَ وَاَطِيْعُوا الرَّسُوْلَ
وَاحْذَرُوْا ۚ فَاِنْ تَوَلَّيْتُمْ فَاعْلَمُوْٓا
اَنَّمَا عَلٰي رَسُوْلِنَا الْبَلٰغُ الْمُبِيْنُ ۝

၉၂။ အလ္လာဟ်အားနာခံကြကုန်၊ တမန်တော်အား နာခံကြကုန်၊ (မကောင်းမှုများမှ)ရှောင်ကြဉ်လျက်နေကြကုန်။ အကယ်၍ အသင်တို့သည် ကျောခိုင်းသွားကြပါမူ ငါတို့၏ တမန်တော်၌ ပွင့်လင်းထင်ရှားစွာသတင်းပို့ဆောင်ရန်သာ တာဝန်ရှိကြောင်း သိထားကြလေကုန်။

لَيْسَ عَلَي الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ
جُنَاحٌ فِيْمَا طَعِمُوْٓا اِذَا مَا اتَّقَوْا وَّاٰمَنُوْا
وَعَمِلُوا الصّٰلِحٰتِ ثُمَّ اتَّقَوْا وَّاٰمَنُوْا ثُمَّ
اتَّقَوْا وَّاَحْسَنُوْا ۭ وَاللّٰهُ يُحِبُّ الْمُحْسِنِيْنَ ۝ ۚ

၉၃။ 'အီမာန်' သက်ဝင်ယုံကြည်မှုရှိပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြသူတို့အပေါ် သူတို့စားသုံးကြသည်များ၌ တစ်စုံတစ်ရာအပြစ်မထိုက်ချေ။ ခြွင်းချက်မှာကား သူတို့သည် 'တက္ကဝါ' အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးခြင်းတရားကို ကျင့်ကြံဆောက်တည်ကြရမည်။ သက်ဝင်ယုံကြည်မှုရှိကြလျက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြရမည်။ ထို့နောက် (ထပ်မံ၍) 'တက္ကဝါ'ကို ကျင့်ကြံဆောက်တည်ကြလျက် (ထပ်မံ၍)သက်ဝင်ယုံကြည်မှုထားရှိကြရမည်။ တစ်ဖန် ထပ်လောင်း၍လည်း 'တက္ကဝါ'ကို ကျင့်ကြံဆောက်တည်ပြီး ကောင်းမှုကျင့်ကြံပွားများကြရမည်။ စင်စစ် အလ္လာဟ်သည်

⓲ အချည်းနှီးအလဟဿကျိန်ဆိုခြင်းဟူသည် နေ့စဉ်ပြောဆိုမှုများတွင် وَاللّٰهِ بِاللّٰهِ သို့မဟုတ် အလ္လာဟ့်ကို 'ကဆမ်'ကျိန်ဆိုပါ၏ စသည်ဖြင့် အချို့သူများ၏ အကျင့်အရပြောဆိုခြင်းကို ဆိုလိုသည်။ အကျင့်ပါနေပြီး သုံးစွဲနေသော ဤကိစ္စအပေါ် အလ္လာဟ်အရှင်မြတ်က မည်သို့မျှဖမ်းဆီးမည်မဟုတ်ပေ။ သို့ရာတွင် အလေးအနက်ထား၍ မဟုတ်မမှန်လိမ်လည်ကျိန်ဆိုသော် အရေးယူစစ်ကြောခြင်းခံရပေမည်။

ကောင်းမှုကျင့်ကြံပွားများသူတို့ကို ချစ်ခင်နှစ်သက်တော်မူသတည်း။

ရုကူး-၁၃

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَيَبْلُوَنَّكُمُ اللّٰهُ بِشَيْءٍ مِّنَ الصَّيْدِ تَنَالُهٗٓ اَيْدِيْكُمْ وَرِمَاحُكُمْ لِيَعْلَمَ اللّٰهُ مَنْ يَّخَافُهٗ بِالْغَيْبِ ۚ فَمَنِ اعْتَدٰى بَعْدَ ذٰلِكَ فَلَهٗ عَذَابٌ اَلِيْمٌ ۝٩٤

၉၄။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်သည် အသင်တို့၏လက်များနှင့် လှံများက လက်လှမ်းမီနိုင်သော အမဲသားကောင်များအားဖြင့် အသင်တို့အား အမှန်ပင် စမ်းသပ်တော်မူမည်ဖြစ်၏။ သို့ဖြင့် အလ္လာဟ်သည် မိမိအား အကွယ်၌ကြောက်ရွံ့သူတို့ကိုပေါ်လွင်စေရန်ဖြစ်၏။ သို့ဖြစ်ရာ ဤသည့်နောက်တွင် အကြင်သူသည် စည်းကမ်းချိုးဖောက်ကျူးလွန်ပါမူ ထိုသူ့အတွက် ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ် (ကို သတ်မှတ်ထား)ရှိ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَقْتُلُوا الصَّيْدَ وَاَنْتُمْ حُرُمٌ ۭ وَمَنْ قَتَلَهٗ مِنْكُمْ مُّتَعَمِّدًا فَجَزَاۗءٌ مِّثْلُ مَا قَتَلَ مِنَ النَّعَمِ يَحْكُمُ بِهٖ ذَوَا عَدْلٍ مِّنْكُمْ هَدْيًۢا بٰلِغَ الْكَعْبَةِ اَوْ كَفَّارَةٌ طَعَامُ مَسٰكِيْنَ اَوْ عَدْلُ ذٰلِكَ صِيَامًا لِّيَذُوْقَ وَبَالَ اَمْرِهٖ ۭ عَفَا اللّٰهُ عَمَّا سَلَفَ ۭ وَمَنْ عَادَ فَيَنْتَقِمُ اللّٰهُ مِنْهُ ۭ وَاللّٰهُ عَزِيْزٌ ذُو انْتِقَامٍ ۝٩٥

၉၅။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် 'အဲဟ်ရာမ်'ကို ဝတ်ဆင်ထားစဉ်အခါတွင် အမဲလိုက်သတ်ဖြတ်ခြင်းမပြုကြကုန်လင့်။ အသင်တို့အနက် အကြင်သူသည် သိလျက်နှင့် သတ်ဖြတ်ခြင်းပြုပါက၊ ယင်းအတွက် အပြစ်ဒဏ်အဖြစ် သတ်ဖြတ်ခံရသော တိရစ္ဆာန်နှင့်တူမျှသော သားကောင်ကို 'ကုရ်ဘာနီ'အဖြစ် 'ကာ့အ်ဘာ'ကျောင်းတော်သို့ ပို့ဆောင်ရမည်။ ယင်းကို အသင်တို့အနက် တရားမျှတမှုရှိသောပုဂ္ဂိုလ်နှစ်ဦးက အဆုံးအဖြတ်ပေးရမည်။ သို့မဟုတ် သူဆင်းရဲများအား အစားအသောက်ကျွေးမွေးခြင်း သို့မဟုတ် ယင်းနှင့်အမျှ ဥပုသ်ဆောက်တည်ခြင်းဖြင့် အပြစ်ဖြေပေးလျော်ရမည်။ သို့ဖြင့် ထိုသူသည် မိမိလုပ်ရပ်၏မကောင်းသော အကျိုးဆက်ကို မြည်းစမ်းခြင်းငှာဖြစ်၏။ အလ္လာဟ်သည် လွန်ခဲ့ပြီးသည်ကို ဥပေက္ခာပြုတော်မူ၏။ သို့ဖြစ်၍ အကြင်သူသည် ထပ်မံပြုလုပ်ပါလျှင် အလ္လာဟ်သည် ထိုသူအား တုံ့ပြန်အပြစ်ပေးတော်မူမည်ဖြစ်၏။ အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ တုံ့ပြန်အပြစ်ပေးတော်မူသောအရှင် ဖြစ်တော်မူ၏။

اُحِلَّ لَكُمْ صَيْدُ الْبَحْرِ وَطَعَامُهٗ مَتَاعًا لَّكُمْ وَلِلسَّيَّارَةِ ۚ وَحُرِّمَ عَلَيْكُمْ صَيْدُ الْبَرِّ مَا دُمْتُمْ حُرُمًا ۭ وَاتَّقُوا اللّٰهَ الَّذِيْٓ اِلَيْهِ تُحْشَرُوْنَ ۝٩٦

၉၆။ အသင်တို့အဖို့ ရေသတ္တဝါများကိုဖမ်းဆီးခြင်းနှင့် ယင်းတို့ကိုစားသုံးခြင်းသည် 'ဟလာလ်' ခွင့်ပြုထားပြီးဖြစ်၏။ ဤသည် အသင်တို့နှင့် ခရီးသည်များ၏အကျိုးအတွက်ဖြစ်၏။ သို့သော် အသင်တို့သည် 'အဲဟ်ရာမ်' ဝတ်ဆင်ထားစဉ် ကုန်းသတ္တဝါများအား အမဲလိုက်ခြင်းကို အသင်တို့အတွက် 'ဟရာမ်' တားမြစ်မှုပြုတော်မူ၏။ အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ဝါ'တရားကို ကျင့်ကြံဆောက်တည်ကြကုန်။ ထိုအရှင်မြတ်ထံတော်သို့ အသင်တို့ စုရုံးခြင်းခံကြရပေမည်။

جَعَلَ اللّٰهُ الْكَعْبَةَ الْبَيْتَ الْحَرَامَ قِيٰمًا لِّلنَّاسِ وَالشَّهْرَ الْحَرَامَ وَالْهَدْيَ وَالْقَلَآئِدَ ۚ ذٰلِكَ لِتَعْلَمُوْٓا اَنَّ اللّٰهَ يَعْلَمُ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ وَاَنَّ اللّٰهَ بِكُلِّ شَيْءٍ عَلِيْمٌ ﴿٩٧﴾

၉၈။ အလ္လာဟ်သည် မြင့်မြတ်သောအိမ်တော် 'ကဗ္အ်ဘာ' ကိုလည်းကောင်း၊ 'ထူးမြတ်သောလ'ကိုလည်းကောင်း၊ 'ကုရ်ဘာနီ'သားကောင်များကိုလည်းကောင်း၊ လည်ပတ်ကြိုး တပ်ဆင်ထားသော 'ကုရ်ဘာနီ'သားကောင်များကိုလည်းကောင်း၊ လူသားများအဖို့(သာသနာရေးနှင့်စီးပွားရေး)ရပ်တည်ရာ ပြုလုပ်ထားတော်မူ၏။ ဤသို့ (သတိပေးနှိုးဆော်မှု)ပြုရခြင်းကား အလ္လာဟ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင် ရှိသည်တို့ကို ကောင်းစွာသိရှိတော်မူကြောင်းကိုလည်းကောင်း၊ အရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို ကောင်းစွာသိရှိတော်မူသောအရှင် ဖြစ်တော်မူကြောင်းကိုလည်းကောင်း အသင်တို့ သိရှိကြစေရန်ဖြစ်၏။

اِعْلَمُوْٓا اَنَّ اللّٰهَ شَدِيْدُ الْعِقَابِ وَاَنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿٩٨﴾

၉၉။ အလ္လာဟ်သည် ဖမ်းဆီးတော်မူရာတွင် အလွန် ပြင်းထန်တော်မူကြောင်းကိုလည်းကောင်း၊ ထို့ပြင် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူကြောင်းကိုလည်းကောင်း သိထားကြလေကုန်။

مَا عَلَى الرَّسُوْلِ اِلَّا الْبَلٰغُ ۗ وَاللّٰهُ يَعْلَمُ مَا تُبْدُوْنَ وَمَا تَكْتُمُوْنَ ﴿٩٩﴾

၁၀၀။ 'ရစူလ်' တမန်တော်၌ ကောင်းစွာ သတင်းပို့ဆောင်ရန်မှတစ်ပါး အခြားတာဝန်မရှိချေ။ အလ္လာဟ်သည် အသင်တို့ထုတ်ဖော်သည်များကိုလည်းကောင်း၊ ဖုံးကွယ်ထားသည်များကိုလည်းကောင်း သိရှိတော်မူ၏။

قُلْ لَّا يَسْتَوِي الْخَبِيْثُ وَالطَّيِّبُ وَلَوْ اَعْجَبَكَ كَثْرَةُ الْخَبِيْثِ ۚ فَاتَّقُوا اللّٰهَ يٰٓاُولِي الْاَلْبَابِ لَعَلَّكُمْ تُفْلِحُوْنَ ﴿١٠٠﴾

၁၀၁။ အသင်ပြောကြားပါလေ၊ မသန့်ရှင်းသောအရာများ၏ ပေါများမှုသည် အသင့်အား မည်မျှပင်ခုံမင်နှစ်သက်စေကာမူ၊ မသန့်ရှင်းသောအရာသည် သန့်ရှင်းသောအရာနှင့် မတူညီနိုင်ချေ။ သို့ဖြစ်ရာ အို-အသိဉာဏ်ရှိသူအပေါင်းတို့၊ အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးခြင်း 'တက္ဝါ'တရားကိုကျင့်ကြံဆောက်တည်ကြကုန်။ သို့မှသာ အသင်တို့ အောင်မြင်ကြရာတည်း။

ရုကူး-၁၄

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَسْـَٔلُوْا عَنْ اَشْيَآءَ اِنْ تُبْدَ لَكُمْ تَسُؤْكُمْ ۚ وَاِنْ تَسْـَٔلُوْا عَنْهَا حِيْنَ يُنَزَّلُ الْقُرْاٰنُ تُبْدَ لَكُمْ ۚ عَفَا اللّٰهُ عَنْهَا ۗ وَاللّٰهُ غَفُوْرٌ حَلِيْمٌ ﴿١٠١﴾

၁၀၂။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကြင်သို့သော အကြောင်းကို အသင်တို့အား ထုတ်ဖော်(အသိပေး)လျှင် ယင်းသည် အသင်တို့အား ဒုက္ခသက်ရောက်စေမည်ဆိုပါက၊ ထိုအကြောင်းအရာများနှင့်စပ်လျဉ်း၍ မေးမြန်းခြင်းမပြုကြကုန်လင့်။ သို့ရာတွင် အကယ်၍ အသင်တို့သည် ယင်းနှင့်စပ်လျဉ်း၍ ကျမ်းမြတ်ကုရ်အာန်ကျရောက်နေစဉ်ကာလ၌ မေးမြန်းကြပါမူ၊ ယင်းကို အသင်တို့အတွက် ပွင့်လင်းထင်ရှားစေမည်ဖြစ်၏။ အလ္လာဟ်သည် ယင်းကို လျစ်လျူရှုထားတော်မူ၏။ အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊

قَدْ سَأَلَهَا قَوْمٌ مِّنْ قَبْلِكُمْ ثُمَّ أَصْبَحُوا بِهَا كَافِرِينَ ﴿١٠٢﴾

ထောက်ထားညှာတာတော်မူသောအရှင်ဖြစ်တော်မူ၏။ ①

၁၀၃။ အသင်တို့ထက်အလျင်ကလည်း လူမျိုးနွယ်တစ်ရပ်သည် ဤအကြောင်းအရာများကို မေးမြန်းခဲ့ကြ၏။ ထို့နောက် ယင်းကို ငြင်းပယ်သူများဖြစ်သွားခဲ့ကြပေသည်။

مَا جَعَلَ اللَّهُ مِن بَحِيرَةٍ وَلَا سَائِبَةٍ وَلَا وَصِيلَةٍ وَلَا حَامٍ ۙ وَلَٰكِنَّ الَّذِينَ كَفَرُوا يَفْتَرُونَ عَلَى اللَّهِ الْكَذِبَ ۖ وَأَكْثَرُهُمْ لَا يَعْقِلُونَ ﴿١٠٣﴾

၁၀၄။ အလ္လာဟ်သည် 'ဗဟီရာဟ်'ကိုလည်းကောင်း၊ 'ဆာအိဗာဟ်'ကိုလည်းကောင်း၊ 'ဝဆီလာဟ်'ကိုလည်းကောင်း၊ 'ဟာမ်'ကိုလည်းကောင်း ပြုလုပ်တော်မမူချေ။ သို့ရာတွင် မယုံကြည်ငြင်းပယ်သောသူတို့သည် အလ္လာဟ်အပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲကြ၏။ သူတို့အနက် အများစုသည် အသိဉာဏ်ကို အသုံးမချကြချေ။ ②

وَإِذَا قِيلَ لَهُمْ تَعَالَوْا إِلَىٰ مَا أَنزَلَ اللَّهُ وَإِلَى الرَّسُولِ قَالُوا حَسْبُنَا مَا وَجَدْنَا عَلَيْهِ آبَاءَنَا ۚ أَوَلَوْ كَانَ آبَاؤُهُمْ لَا يَعْلَمُونَ شَيْئًا وَلَا يَهْتَدُونَ ﴿١٠٤﴾

၁၀၅။ ထို့ပြင် သူတို့အား အလ္လာဟ်ပို့ချတော်မူသည်များဘက်သို့လာကြကုန်၊ တမန်တော်ဘက်သို့ လာကြကုန်ဟုပြောဆိုသောအခါ ၎င်းတို့က ကျွန်ုပ်တို့၏ အဘဘိုးဘေးများအား အကြင်အရာများအပေါ် တွေ့ရှိခဲ့ရပေရာ ယင်း(မိရိုးဖလာလမ်းစဉ်)သည်ပင် ကျွန်ုပ်တို့အဖို့ လွန်စွာမှလုံလောက်သည်ဟု ဆိုကြလေသည်။ ၎င်းတို့၏ အဘဘိုးဘေးများသည် တစ်စုံတစ်ရာကိုမျှ သိရှိနားလည်ခြင်းမရှိခဲ့ကြသည့်အပြင် လမ်းမှန်ကိုလည်း မရရှိခဲ့ကြပါလျှင်လည်း (ထိုသူတို့၏လမ်းစဉ်သည် ၎င်းတို့အဖို့ လုံလောက်ပါမည်)လော။

---

① ပွင့်လင်းထင်ရှားစွာတားမြစ်ထားခြင်းမရှိသောအကြောင်းရပ်များစွာ ရှိပေသည်။ ဤသည်မှာ လူသားတစ်ရပ်လုံးအတွက် 'ရာဟ်မတ်'ကရုဏာတော်တစ်ရပ်ဖြစ်ပေသည်။ ထို့ပြင် မိမိတို့ကိုယ်တိုင် မိမိတို့ဦးနှောက်ဖြင့် အခြေအနေအချိန်အခါ အားလျော်စွာ ဆုံးဖြတ်ကြရန်ကို ရည်ညွှန်းခြင်းဖြစ်ပေသည်။ သို့ရာတွင် လူအချို့မှာ 'ဝဟီ'ဗျာဒိတ်ထုတ်ပြန်ပို့ချနေစဉ် ရောက်တတ်ရာရာမေးခွန်းများကို မေးမြန်းလေ့ရှိကြသည်။ ထိုအချိန်တွင် သူတို့အားအဖြေပေးရန်လိုအပ်ပေသည်။ သို့မဟုတ်လျှင် သူတို့၏စိတ်နှလုံးမှပေါ်ပေါက်သောမေးခွန်းပုစ္ဆာကို 'ဝဟီ'ကအဖြေပေးခြင်းမရှိဟူ၍ ထင်မှတ်ကြမည်ဖြစ်သည်။ နောက်အာယတ်တော်(၁၀၃)တွင် အတိတ်က လူမျိုးနွယ်တစ်ရပ်အကြောင်းကို ဖော်ပြထားသည်။ ထိုသူတို့သည် ဤသို့ 'ဝဟီ'ထုတ်ပြန်ပို့ချနေချိန် မေးခွန်းပုစ္ဆာများကိုမေးမြန်းကြကာ မိမိတို့ကိုယ်ကို အခက်အခဲတွင် ထည့်သွင်းခဲ့ကြလေသည်။

② **بَحِيرَةٌ** - **بَحَرْتُ الْبَعِيرَ** ၏အဓိပ္ပာယ်မှာ **شَقَقْتُ أُذُنَهُ شَقًّا وَاسِعًا** ဟူ၍ဖြစ်၏၊ 'ကျွန်ုပ်သည် ကုလားအုတ်၏နားရွက်ကို ကောင်းစွာဆုတ်ဖြဲလိုက်ပြီ'ဟု အဓိပ္ပာယ်ရရှိပေသည်။ (မူဖရီဒါတ်အဘိဓာန်)

بَحِيرَة မှာ နားရွက်ဆုတ်ဖြဲခြင်းခံရသော ကုလားအုတ်ကိုခေါ်ဆိုပေသည်။ အမိုက်ခေတ်က ကုလားအုတ်မတစ်ကောင်သည် သားဆယ်ကောင်ကို မွေးဖွားပေးသော် ယင်းကုလားအုတ်မ၏နားရွက်ကိုဖောက်လိုက်ပြီး ဘေးမဲ့လွှတ်သည့် ဓလေ့ရှိခဲ့ပေသည်။ ယင်းကို မည်သူမျှ စီးနင်းခြင်း၊ ဝန်တင်ခြင်းမပြုကြတော့ချေ။ (မူဖရီဒါတ်)

سَائِبَة ဟူသည် ရောဂါရေကန်၌လည်းကောင်း၊ စားကျက်မြေ၌လည်းကောင်း အတားအဆီးမရှိ ဘေးမဲ့လွှတ်ထားသော ကုလားအုတ်မဖြစ်သည်။ အမိုက်ခေတ်က ကုလားအုတ်မတစ်ကောင်သည် သားငါးကောင်မွေးဖွားခဲ့လျှင် ယင်းသို့ပြုခဲ့ကြလေသည်။

وَصِيلَة သည်လည်း အမိုက်ခေတ်၏ဓလေ့တစ်ရပ်ဖြစ်ပေသည်။ ဆိတ်မတစ်ကောင်သည် တစ်ပြိုင်တည်း၌ အထီးအမနှစ်ကောင်ရောဂ၍မွေးဖွားပေးသော် ယင်းတို့ကို လှီးဖြတ်ခြင်းမပြုကြတော့ချေ။ တစ်ကောင်ကိုသတ်ခြင်းဖြင့် အခြားဖွားဘက်တစ်ကောင်ကို ဒုက္ခမရောက်ရစေရန်ဖြစ်သည်။

حَام အကြင်ကုလားအုတ်ထီးနှင့်မျိုးစပ်၍ ကုလားအုတ်သားငယ်ဆယ်ကောင်ထိမွေးဖွားခဲ့လျှင် ယင်းကုလားအုပ်ထီးကို ဘေးမဲ့လွှတ်ကြလေသည်။ ယင်းကို စီးနင်းခြင်း၊ အခြားအလုပ်များခိုင်းစေခြင်းမပြုချေ။ စားကျက်မြေ၊ ရေတွင်းရေကန်တို့မှလည်း တားဆီးခြင်းမပြုကြချေ။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا عَلَيْكُمْ اَنْفُسَكُمْ ۚ لَا يَضُرُّكُمْ مَّنْ ضَلَّ اِذَا اهْتَدَيْتُمْ ۗ اِلَى اللّٰهِ مَرْجِعُكُمْ جَمِيْعًا فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ۝

၁၀၆။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏ စိတ်ဝိညာဉ်များအတွက် သာလျှင် တာဝန်ရှိ၏။ အကယ်၍ အသင်တို့သည် လမ်းမှန်ပေါ်တွင်ရှိကြလျှင် လမ်းလွဲသူတို့သည် အသင်တို့အား မည်သို့သောနစ်နာဆုံးရှုံးမှုကိုမျှ သက်ရောက်စေနိုင်မည်မဟုတ်ချေ။ အသင်တို့အားလုံးသည် အလ္လာဟ်၏ထံတော်သို့သာလျှင် ပြန်လည်၍သွားကြရပေမည်။ သို့ဖြင့် အရှင်မြတ်သည် အသင်တို့အား အသင်တို့ပြုလုပ်ခဲ့သည်များကို အသိပေးတော်မူမည်ဖြစ်၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا شَهَادَةُ بَيْنِكُمْ اِذَا حَضَرَ اَحَدَكُمُ الْمَوْتُ حِيْنَ الْوَصِيَّةِ اثْنٰنِ ذَوَا عَدْلٍ مِّنْكُمْ اَوْ اٰخَرٰنِ مِنْ غَيْرِكُمْ اِنْ اَنْتُمْ ضَرَبْتُمْ فِى الْاَرْضِ فَاَصَابَتْكُمْ مُّصِيْبَةُ الْمَوْتِ ۗ تَحْبِسُوْنَهُمَا مِنْۢ بَعْدِ الصَّلٰوةِ فَيُقْسِمٰنِ بِاللّٰهِ اِنِ ارْتَبْتُمْ لَا نَشْتَرِىْ بِهٖ ثَمَنًا وَّلَوْ كَانَ ذَا قُرْبٰى ۙ وَلَا نَكْتُمُ شَهَادَةَ اللّٰهِ اِنَّآ اِذًا لَّمِنَ الْاٰثِمِيْنَ ۝

၁၀၇။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အနက် တစ်ဦးတစ်ယောက်အပေါ် သေခြင်းဆိုက်ရောက်လာ၍ 'ဝဆီယတ်' မှာတမ်းပြုလုပ်သောအချိန်တွင် အသင်တို့အကြား သက်သေခံရန်အတွက် အသင်တို့အနက်မှ တရားမျှတမှုရှိသော သက်သေနှစ်ဦးခန့်အပ်ရန် လိုအပ်ပေသည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် ကမ္ဘာမြေပြင်တွင် ခရီးသွားနေစဉ် အသင်တို့ထံသေခြင်းဒုက္ခဆိုက်ရောက်လာခဲ့သော် အသင်တို့အထဲမှမဟုတ်သော အခြားသူများအနက်မှ သက်သေနှစ်ဦးကို ပြုလုပ်နိုင်ပေသည်။ အသင်သည် ၎င်းတို့နှစ်ဦးကို 'ဆွလာတ်' ဝတ်ပြုမှုတစ်ရပ်ရပ်အပြီးတွင် ဆိုင်းငံ့စေပါလေ။ ထို့ပြင် အကယ်၍ အသင်သည် ၎င်းတို့အပေါ် သံသယရှိလျှင် ၎င်းတို့နှစ်ဦးစလုံးသည် အလ္လာဟ်အားတိုင်တည်၍ ကျွန်ုပ်တို့သည် ဤ(သက်သေခံချက်)၏အတုံ့အလှယ်အဖြစ် အကယ်၍ ယင်းတို့သည် (ကျွန်ုပ်တို့၏) နီးစပ်သူသားချင်းများပင် ဖြစ်လင့်ကစား၊ တစ်စုံတစ်ရာတန်ဖိုးကိုမျှ အလျှင်းလက်ခံရယူခြင်းပြုကြမည်မဟုတ်ပါ။ ထို့ပြင် ကျွန်ုပ်တို့သည် အလ္လာဟ်သတ်မှတ်ထားတော်မူသော သက်သေခံချက်ကို ဖုံးကွယ်ကြမည်မဟုတ်ပါ။ ထိုသို့ပြုပါလျှင် ဧကန်ပင် ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်သူတို့တွင် အပါအဝင်ဖြစ်သွားကြပေလိမ့်မည်ဟု ကျိန်ဆိုဝန်ခံကတိပြုကြရမည်။

فَاِنْ عُثِرَ عَلٰٓى اَنَّهُمَا اسْتَحَقَّآ اِثْمًا فَاٰخَرٰنِ يَقُوْمٰنِ مَقَامَهُمَا مِنَ الَّذِيْنَ اسْتَحَقَّ عَلَيْهِمُ الْاَوْلَيٰنِ فَيُقْسِمٰنِ بِاللّٰهِ لَشَهَادَتُنَآ اَحَقُّ مِنْ شَهَادَتِهِمَا وَمَا اعْتَدَيْنَآ ۖ اِنَّآ اِذًا لَّمِنَ الظّٰلِمِيْنَ ۝

၁၀၈။ တစ်ဖန် အကယ်၍ ၎င်းတို့နှစ်ဦးသည် အပြစ်ကျူးလွန်ကြောင်းသိရှိရပါက၊ ၎င်းတို့နှစ်ဦး၏နေရာတွင် ရပိုင်ခွင့်ကို ကျူးလွန်ခြင်းခံခဲ့ရသူများအနက်မှ နှစ်ဦးကရပ်ရမည်။ သို့ဖြင့် ဤသူနှစ်ဦးသည် အလ္လာဟ်အားတိုင်တည်၍ ကျွန်ုပ်တို့၏ သက်သေခံခြင်းသည် ထို(ပထမ)နှစ်ဦး၏သက်သေခံခြင်းထက် ပိုမိုမှန်ကန်ပါ၏၊ ထို့ပြင် ကျွန်ုပ်တို့သည် (တရားမျှတမှုမှ) မည်သို့သော ဖောက်ဖျက်ကျူးလွန်မှုကိုမျှ မပြုကြပါ၊ ဤသို့ပြုပါလျှင် ကျွန်ုပ်တို့သည် ဧကန်ပင် အပြစ်ကျူးလွန်သူတို့တွင် အပါအဝင်ဖြစ်သွားကြပေမည်ဟု ကျိန်ဆိုကြရမည်။

ذٰلِكَ اَدۡنٰۤى اَنۡ يَّاۡتُوۡا بِالشَّهَادَةِ عَلٰى وَجۡهِهَاۤ اَوۡ يَخَافُوۡۤا اَنۡ تُرَدَّ اَيۡمَانٌۢ بَعۡدَ اَيۡمَانِهِمۡ ؕ وَاتَّقُوا اللّٰهَ وَاسۡمَعُوۡا ؕ وَاللّٰهُ لَا يَهۡدِى الۡقَوۡمَ الۡفٰسِقِيۡنَ ﴿۱۰۸﴾

၁၀၉။ ယင်း(ဒုတိယသက်သေများ) ကျိန်ဆိုပြီးသည့်နောက် တွင်(ပထမသက်သေတို့၏) ကျိန်ဆိုချက်များမှာ ပယ်ဖျက်ခြင်း ခံရမည်ကို စိုးရိမ်ရသည်ဖြစ်၍ ဤ(နည်းလမ်း)သည် ယင်း (ပထမသက်သေများ)အဖို့ အမှန်ကို အမှန်အတိုင်း သက်သေ ထွက်ဆိုရန် ပိုမို၍နီးစပ်ပေ၏။ အသင်တို့သည် 'တက္ကဝါ' အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်းတရားကို ကျင့်ကြံ ဆောက်တည်ကြကုန်၊ ထို့ပြင် ဂရုတစိုက်နားထောင်ကြကုန်။ အလ္လာဟ်သည် မနာခံပုန်ကန်သူတို့ကို လမ်းညွှန်တော်မမူချေ။

ရုကူ-၁၅

يَوۡمَ يَجۡمَعُ اللّٰهُ الرُّسُلَ فَيَقُوۡلُ مَاذَاۤ اُجِبۡتُمۡ ؕ قَالُوۡا لَا عِلۡمَ لَنَا ؕ اِنَّكَ اَنۡتَ عَلَّامُ الۡغُيُوۡبِ ﴿۱۰۹﴾

၁၀၀။ အကြင်နေ့တော်ကြီးတွင် အလ္လာဟ်သည် တမန်တော် အားလုံးကို စုရုံးစေတော်မူပြီး အသင်တို့အား မည်သည့်အဖြေ ကို ပေးခဲ့ကြသနည်းဟု မေးမြန်းတော်မူမည်။ သူတို့က ကျွန် တော်မျိုးတို့သည် တစ်စုံတစ်ရာ(အစစ်အမှန်)ကို မသိရှိကြပါ။ အမှန်စင်စစ် အရှင်မြတ်သည်သာလျှင် အကွယ်၌ရှိသည့် အရာအလုံးစုံကို ကောင်းစွာသိရှိတော်မူသောအရှင် ဖြစ်တော် မူပါ၏ဟု လျှောက်ထားပြောကြားကြပေလိမ့်မည်။

اِذۡ قَالَ اللّٰهُ يٰعِيۡسَى ابۡنَ مَرۡيَمَ اذۡكُرۡ نِعۡمَتِىۡ عَلَيۡكَ وَعَلٰى وَالِدَتِكَ ۘ اِذۡ اَيَّدتُّكَ بِرُوۡحِ الۡقُدُسِ ۟ تُكَلِّمُ النَّاسَ فِى الۡمَهۡدِ وَكَهۡلًا ۚ وَاِذۡ عَلَّمۡتُكَ الۡكِتٰبَ وَالۡحِكۡمَةَ وَالتَّوۡرٰىةَ وَالۡاِنۡجِيۡلَ ۚ وَاِذۡ تَخۡلُقُ مِنَ الطِّيۡنِ كَهَيۡـَٔةِ الطَّيۡرِ بِاِذۡنِىۡ فَتَنۡفُخُ فِيۡهَا فَتَكُوۡنُ طَيۡرًا بِاِذۡنِىۡ وَتُبۡرِئُ الۡاَكۡمَهَ وَالۡاَبۡرَصَ بِاِذۡنِىۡ ۚ وَاِذۡ تُخۡرِجُ الۡمَوۡتٰى بِاِذۡنِىۡ ۚ وَاِذۡ كَفَفۡتُ بَنِىۡۤ اِسۡرَآءِيۡلَ عَنۡكَ اِذۡ جِئۡتَهُمۡ بِالۡبَيِّنٰتِ فَقَالَ الَّذِيۡنَ كَفَرُوۡا مِنۡهُمۡ اِنۡ هٰذَاۤ اِلَّا سِحۡرٌ مُّبِيۡنٌ ﴿۱۱۰﴾

၁၀၁။ အကြင်အခါဝယ် အလ္လာဟ်က မိန့်တော်မူမည်မှာ အို-မရိယမ်၏သားတော် 'အီစာ'၊ အသင့်အပေါ်တွင်လည်း ကောင်း၊ အသင်၏မိခင်အပေါ်တွင်လည်းကောင်း ပြုတော်မူ သော ငါအရှင်မြတ်၏ကောင်းချီးမင်္ဂလာတော်ကို သတိရပါ လေ။ အကြင်အခါဝယ် ငါအရှင်မြတ်သည် 'ရူဟူလ်ကွတ်ဒုစ်' သန့်ရှင်းသောဝိညာဉ်တော်ဖြင့် အသင့်အား အကူအညီပေး တော်မူခဲ့၏။ အသင်သည် ပုခက်တွင်းအရွယ်တွင်လည်း ကောင်း၊ လူလတ်ပိုင်းအရွယ်တွင်လည်းကောင်း လူတို့နှင့် စကားပြောခဲ့၏။ ထို့ပြင် ထိုအချိန်ကိုလည်း (သတိရပါလေ)၊ အကြင်အခါဝယ် ငါအရှင်မြတ်သည် အသင့်အား ကျမ်းတော် နှင့် ဉာဏ်ပညာအမြော်အမြင်ကိုလည်းကောင်း၊ 'တောင်ရတ်' နှင့် 'အင်နဂျီလ်'ကျမ်းများကိုလည်းကောင်း သင်ကြားပေး တော်မူခဲ့၏။ ထို့ပြင် အကြင်အခါဝယ် အသင်သည် ငါ၏ အမိန့်တော်ဖြင့် မြေကြီးဖြင့် ငှက်များ၏ ပုံသဏ္ဌာန်ကဲ့သို့ ဖန်ဆင်းပြုလုပ်ခဲ့ပြီး၊ အသင်သည် ယင်းတို့၌ မှုတ်သွင်းသော အခါ၊ ယင်းတို့သည် ငါ၏အမိန့်တော်ဖြင့် ငှက်များဖြစ်သွား ခဲ့ကြလေသည်။ ထို့ပြင် အသင်သည် မွေးရာပါ မျက်မမြင်များ နှင့် အနာကြီးရောဂါစွဲကပ်သူတို့ကို ငါ၏အမိန့်တော်ဖြင့် ပျောက်ကင်းအောင်ပြုလုပ်ခဲ့ပေသည်။ ထို့နောက် အကြင်အခါ ဝယ် အသင်သည် ငါ၏အမိန့်တော်ဖြင့် သေသူများကို ထုတ် ဆောင်တော်မူခဲ့၏။ ထို့ပြင် အကြင်အခါဝယ် ငါသည် 'အစ္စရာ

အီလ်'မျိုးနွယ်တို့ကို အသင့်(အား အန္တရာယ်ပြုခြင်း)မှ တားဆီးတော်မူခဲ့၏။ ထိုစဉ်က အသင်သည် သူတို့ထံ လင်းဝင်းသော နိမိတ်လက္ခဏာတော်များကို ယူဆောင်လာသောအခါ သူတို့အနက် မယုံကြည်ငြင်းပယ်သူတို့က ဤကား ပွင့်လင်းထင်ရှားသော မှော်အတတ်မှတစ်ပါး အခြားမဟုတ်ဟုပြောဆိုခဲ့ကြ၏။

وَاِذْ اَوْحَيْتُ اِلَى الْحَوَارِيّٖنَ اَنْ اٰمِنُوْا بِيْ وَبِرَسُوْلِيْ ۚ قَالُوْٓا اٰمَنَّا وَاشْهَدْ بِاَنَّنَا مُسْلِمُوْنَ ﴿۱۱۱﴾

၁၁၂။ ထို့ပြင် အကြင်အခါဝယ် ငါသည် 'ဟဝါရီ'များထံသို့ ငါအရှင်မြတ်အားလည်းကောင်း၊ ငါ၏တမန်တော်အားလည်းကောင်း သက်ဝင်ယုံကြည်ကြကုန်ဟု ဗျာဒိတ်ပေးတော်မူရာ သူတို့က ကျွန်တော်မျိုးတို့သက်ဝင်ယုံကြည်ကြပါ၏၊ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးတို့သည် အမိန့်နာခံသူများဖြစ်သွားကြပြီဖြစ်ကြောင်း သက်သေဖြစ်တော်မူပါဟု လျှောက်ထားခဲ့ကြလေသည်။

اِذْ قَالَ الْحَوَارِيُّوْنَ يٰعِيْسَى ابْنَ مَرْيَمَ هَلْ يَسْتَطِيْعُ رَبُّكَ اَنْ يُّنَزِّلَ عَلَيْنَا مَآئِدَةً مِّنَ السَّمَآءِ ۭ قَالَ اتَّقُوا اللّٰهَ اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿۱۱۲﴾

၁၁၃။ အကြင်အခါဝယ် 'ဟဝါရီ'များက အို-မရိယမ်၏သားတော် 'အီစာ'၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ကျွန်ုပ်တို့အား မိုးကောင်းကင်မှ (ကောင်းချီးမင်္ဂလာတို့ဖြင့်ပြီးသော) စားပွဲတစ်ပွဲချပေးနိုင်စွမ်းရှိပါသလောဟု ပြောကြ၏။ သူ(အီစာ)က အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်သူများဖြစ်ကြပါလျှင် အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်တည်ကြကုန်ဟု ပြန်ပြောလေ၏။

قَالُوْا نُرِيْدُ اَنْ نَّاْكُلَ مِنْهَا وَتَطْمَىِٕنَّ قُلُوْبُنَا وَنَعْلَمَ اَنْ قَدْ صَدَقْتَنَا وَنَكُوْنَ عَلَيْهَا مِنَ الشّٰهِدِيْنَ ﴿۱۱۳﴾

၁၁၄။ သူတို့က ကျွန်ုပ်တို့သည် ယင်းမှ စားသောက်ရန်လည်းကောင်း၊ ကျွန်ုပ်တို့၏ စိတ်နှလုံးကျေနပ်နှစ်သိမ့်ခြင်းငှာလည်းကောင်း၊ အသင်သည် ကျွန်ုပ်တို့အား အမှန်ကိုပြောသည်ကို ကျွန်ုပ်တို့သိရှိနိုင်ရန်လည်းကောင်း၊ ယင်းအပေါ် ကျွန်ုပ်တို့အသိသက်သေဖြစ်ခြင်းငှာလည်းကောင်း လိုလားကြပါ၏ဟု ပြောကြလေသည်။

قَالَ عِيْسَى ابْنُ مَرْيَمَ اللّٰهُمَّ رَبَّنَآ اَنْزِلْ عَلَيْنَا مَآئِدَةً مِّنَ السَّمَآءِ تَكُوْنُ لَنَا عِيْدًا لِّاَوَّلِنَا وَاٰخِرِنَا وَاٰيَةً مِّنْكَ ۚ وَارْزُقْنَا وَاَنْتَ خَيْرُ الرّٰزِقِيْنَ ﴿۱۱۴﴾

၁၁၅။ မရိယမ်၏သားတော် 'အီစာ'က အို-အလ္လာဟ်၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အပေါ် ကောင်းကင်မှ(ကောင်းချီးမင်္ဂလာများ၏)စားပွဲကို ချပေးသနားတော်မူပါ။ ယင်းကို ကျွန်တော်မျိုးတို့၏ ရှေးဦးပထမလူတို့အတွက်လည်းကောင်း၊ နှောင်းလူတို့အတွက်လည်းကောင်း 'အီဒ်'ပျော်ရွှင်မှုများဖြစ်စေတော်မူပါ၊ ထို့ပြင် အရှင်မြတ်ထံတော်မှ ကြီးကျယ်သော သက်သေလက္ခဏာတော်တစ်ရပ် ဖြစ်စေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အား 'ရိဇ်ကီ' ရိက္ခာပေးသနားတော်မူပါ။ အရှင်မြတ်သည်သာလျှင် အကောင်းမြတ်ဆုံးရိက္ခာပေးသနားတော်မူသောအရှင် ဖြစ်တော်မူပါ၏ဟု လျှောက်ထားပန်ကြားလေသည်။

قَالَ اللّٰهُ اِنِّیْ مُنَزِّلُهَا عَلَیْكُمْ ۚ فَمَنْ یَّكْفُرْ بَعْدُ مِنْكُمْ فَاِنِّیْۤ اُعَذِّبُهٗ عَذَابًا لَّاۤ اُعَذِّبُهٗۤ اَحَدًا مِّنَ الْعٰلَمِیْنَ ﴿۱۱۵﴾

၁၁၆။ အလ္လာဟ်က ငါသည် ဧကန်ပင် ယင်းကို အသင်တို့အပေါ် ချပေးတော်မူမည်။ သို့ဖြစ်ရာ ထိုသည့်နောက်တွင် အသင်တို့အနက်မှ အကြင်မည်သူမဆို ကျေးဇူးကန်းခဲ့သော်၊ ငါသည် ထိုသူအား ဧကန်ပင် တစ်လောကလုံးတွင် မည်သူ့ကိုမျှ ပေးတော်မူမည်မဟုတ်သော ပြစ်ဒဏ်မျိုးကို ပေးတော်မူမည်ဟု မိန့်တော်မူလေသတည်း။

ရုကူ-၁၆

وَاِذْ قَالَ اللّٰهُ یٰعِیْسَی ابْنَ مَرْیَمَ ءَاَنْتَ قُلْتَ لِلنَّاسِ اتَّخِذُوْنِیْ وَاُمِّیَ اِلٰهَیْنِ مِنْ دُوْنِ اللّٰهِ ؕ قَالَ سُبْحٰنَكَ مَا یَكُوْنُ لِیْۤ اَنْ اَقُوْلَ مَا لَیْسَ لِیْ ۗ بِحَقٍّ ؕ اِنْ كُنْتُ قُلْتُهٗ فَقَدْ عَلِمْتَهٗ ؕ تَعْلَمُ مَا فِیْ نَفْسِیْ وَلَاۤ اَعْلَمُ مَا فِیْ نَفْسِكَ ؕ اِنَّكَ اَنْتَ عَلَّامُ الْغُیُوْبِ ﴿۱۱۶﴾

၁၁၇။ ထို့ပြင် (သတိရကြကုန်)၊ အကြင်အခါဝယ် အလ္လာဟ်သည် မရ်ယမ်၏သားတော် 'အီစာ'အား အသင်သည် လူသားတို့ကို ကျွန်ုပ်နှင့် ကျွန်ုပ်၏မိခင်တို့အား အလ္လာဟ်အပြင် ကိုးကွယ်ရာနှစ်ပါးပြုလုပ်ကြဟူ၍ ပြောခဲ့သလောဟု မိန့်တော်မူပေအံ့။ ထိုအခါ သူက (ဤသို့) လျှောက်ထားပေမည်။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏၊ ကျွန်တော်မျိုး ပြောပိုင်ခွင့် မရှိသောစကားများကို ကျွန်တော်မျိုးပြောရန် အလျှင်းမဖြစ်နိုင်ပါ။ အကယ်၍ ကျွန်တော်မျိုးသည် ထိုစကားကိုပြောဆိုခဲ့ပါမူ အရှင်မြတ်သည် အမှန်ပင် ယင်းကို သိရှိတော်မူပြီးဖြစ်ပါမည်။ အရှင်မြတ်သည် ကျွန်တော်မျိုး၏စိတ်တွင်း၌ရှိသည်ကို သိရှိတော်မူပါ၏၊ သို့သော် ကျွန်တော်မျိုးမှာမူ အရှင်မြတ်၏စိတ်တွင်း၌ ရှိတော်မူသည်ကိုမသိရှိပါ။ ဧကန်ပင် အရှင်မြတ်သည်သာလျှင် အကွယ်၌ရှိသည့်အရာအလုံးစုံကို ကောင်းစွာသိရှိတော်မူသောအရှင် ဖြစ်တော်မူပါ၏။ ①

مَا قُلْتُ لَهُمْ اِلَّا مَاۤ اَمَرْتَنِیْ بِهٖۤ اَنِ اعْبُدُوا اللّٰهَ رَبِّیْ وَرَبَّكُمْ ۚ وَكُنْتُ عَلَیْهِمْ شَهِیْدًا مَّا دُمْتُ فِیْهِمْ ۚ فَلَمَّا تَوَفَّیْتَنِیْ كُنْتَ اَنْتَ الرَّقِیْبَ عَلَیْهِمْ ؕ وَاَنْتَ عَلٰی كُلِّ شَیْءٍ شَهِیْدٌ ﴿۱۱۷﴾

၁၁၈။ ကျွန်တော်မျိုးမှာကား၊ အရှင်မြတ်က ကျွန်တော်မျိုးအား အမိန့်ပေးခဲ့သည်မျှမလွဲ၍ မည်သည်ကိုမျှ သူတို့အားမပြောဆိုခဲ့ပါ။ ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် အလ္လာဟ်အား ခဝပ်ကိုးကွယ်ကြကုန်(ဟုသာပြောဆိုခဲ့ပါသည်) ထို့ပြင် ကျွန်တော်မျိုးသည် ထိုသူတို့အတွင်း၌ ရှိနေသမျှကာလပတ်လုံး သူတို့အား စောင့်ကြည့်သူဖြစ်ခဲ့ပါ၏။ သို့ရာတွင် အရှင်မြတ်သည် ကျွန်တော်မျိုးအား သေစေတော်မူပြီးသောအခါတွင်မူ၊ အရှင်မြတ်တစ်ပါးတည်းသာလျှင် သူတို့အပေါ်

① ဤအာယတ်တော်တွင်လာရှိသည်မှာ တမန်တော်'အီစာ'ﷺသည် 'ကယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် 'ကျွန်တော်မျိုးသည် လူသားတို့အား မည်သည့်အခါကမျှ အလ္လာဟ်အရှင်မြတ်အပြင် ကျွန်တော်မျိုးနှင့် ကျွန်တော်မျိုး၏ မိခင်အား ကိုးကွယ်ဆည်းကပ်ကြရန် မသွန်သင်ခဲ့ပါ'ဟု လျှောက်ထားပေမည်။ ဤအကြောင်းကို သမ္မာကျမ်းမှ ထင်ရှားပြတ်သားသော အထောက်အထားရရှိပေသည်။ ဓမ္မသစ်ကျမ်းတွင် ကျွန်ုပ်နှင့် ကျွန်ုပ်၏မိခင်တို့အား ထာဝရဘုရားသခင်အပြင် ကိုးကွယ်ရာပြုကြကုန်ဟူသော စကားတစ်ပိုဒ်တစ်လေမျှပင်မပါရှိရုံမျှမက 'ရှိုင်တန်'က သခင်(တမန်တော်'အီစာ')အား စမ်းသပ်ရန်အလို့ငှာ ငါ့ကိုဦးချကိုးကွယ်ပါလေဟုဆိုသည့်အခါ၌ပင် သခင်က 'အသင်သည် ကျွန်ုပ်ကိုသာလျှင် ဦးချကိုးကွယ်ပါလေ'ဟူ၍ ပြန်လည်ဖြေကြားပြောဆိုခြင်းမပြုခဲ့ချေ။

စောင့်ကြပ်သူဖြစ်တော်မူပါ၏။ စင်စစ် အရှင်မြတ်သည် အရာအားလုံးအပေါ် သက်သေဖြစ်တော်မူပါ၏။ ①

إِنْ تُعَذِّبْهُمْ فَإِنَّهُمْ عِبَادُكَ ۖ وَإِنْ تَغْفِرْ لَهُمْ فَإِنَّكَ أَنْتَ الْعَزِيزُ الْحَكِيمُ ﴿١١٨﴾

၁၁၉။ အကယ်၍ အရှင်မြတ်သည် သူတို့အား အပြစ်ဒဏ် ပေးတော်မူပါလျှင်၊ အမှန်ဆိုသော် သူတို့သည် အရှင်မြတ်၏ အစေတော်များပင်ဖြစ်ကြပါ၏။ အကယ်၍ အရှင်မြတ်သည် သူတို့အား ခွင့်လွှတ်တော်မူပါလျှင်လည်း ဧကန်စင်စစ် အရှင်မြတ်သည်သာလျှင် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသော အရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါ၏။ ②

قَالَ اللَّهُ هَٰذَا يَوْمُ يَنْفَعُ الصَّادِقِينَ صِدْقُهُمْ ۚ لَهُمْ جَنَّاتٌ تَجْرِي مِنْ تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا أَبَدًا ۖ رَضِيَ اللَّهُ عَنْهُمْ وَرَضُوا عَنْهُ ۚ ذَٰلِكَ الْفَوْزُ الْعَظِيمُ ﴿١١٩﴾

၁၂၀။ အလ္လာဟ်မိန့်တော်မူမည်မှာ ဤနေ့သည်ကား ဖြောင့်မှန်သူတို့ကို သူတို့၏ဖြောင့်မှန်မှုက အကျိုးသက်ရောက်စေမည့်နေ့ပင်ဖြစ်၏။ ထိုသူတို့အတွက် အခြေတွင် စမ်းချောင်းများ စီးဆင်းလျက်ရှိသော 'ဂျန္နတ်' ဥယျာဉ်တော်များရှိ၏။ ယင်း၌ သူတို့သည် အမြဲထာဝစဉ်နေထိုင်ရမည့်သူများ ဖြစ်ကြ၏။ အလ္လာဟ်သည် သူတို့နှင့်ကျေနပ်နှစ်သက်တော်မူလျက် သူတို့သည်လည်း အရှင်မြတ်နှင့် ကျေနပ်နှစ်သက်ကြလေပြီ။ ဤသည် အလွန်ကြီးကျယ်သောအောင်မြင်မှုပင်ဖြစ်၏။

لِلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَمَا فِيهِنَّ ۚ وَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿١٢٠﴾

၁၂၁။ မိုးကောင်းကင်များကိုလည်းကောင်း၊ ကမ္ဘာမြေပြင်ကိုလည်းကောင်း၊ ယင်းတို့အတွင်းရှိသည်တို့ကိုလည်းကောင်း စိုးမိုးအုပ်ချုပ်မှုအာဏာသည် အလ္လာဟ်၏အဖို့သာဖြစ်သည်။ စင်စစ် ထိုအရှင်မြတ်သည် မိမိနှစ်လို့တော်မူသော အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူသတည်း။

❖ ❖ ❖

① ဤအာယတ်တော်တွင် တမန်တော်'အီစာ'ﷺကွယ်လွန်အနိစ္စရောက်ကြောင်း တိကျပြတ်သားစွာဖော်ပြထားပေသည်။ ထို့ပြင် တမန်တော်'အီစာ'ﷺ၏အမျိုးသားများဖြစ်သော 'အစ္စရာအီလ်'မျိုးနွယ်များတွင် တမန်တော်'အီစာ'ﷺသက်တော်ထင်ရှားရှိစဉ် 'ရှရီဂ်'ပုံ့နှံခြင်းမရှိသေးကြောင်း အထောက်အထားရရှိပေသည်။ ပါလက်စတိုင်းမှ တမန်တော်'အီစာ'ﷺရွှေ့ပြောင်းသောအခါမှသာ ရှင်ပေါလု(St. Paul)က 'အစ္စရာအီလ်'အမျိုးသားမဟုတ်သော 'ဂရိ'အမျိုးသားတို့ကို လမ်းမှားသို့ညွှန်ပြကာ တမန်တော် 'အီစာ'ﷺအား ကိုးကွယ်ရာအဖြစ်ပြုခဲ့လေသည်။ 'ဘနီအစ္စရာအီလ်'အမျိုးသားတို့မှာ တမန်တော်'အီစာ'ﷺ၏ဖိတ်ခေါ်ခြင်းခံရသော အမျိုးသားများဖြစ်ကြပေရာ တမန်တော်'အီစာ'ﷺ၏သက်တမ်းတွင် 'ရှရီဂ်'ပုံ့နှံခြင်းမရှိခဲ့ချေ။

② ဤအာယတ်တော်အရ တမန်တော်'အီစာ'ﷺသည် ကြီးမားသော ဉာဏ်အမြော်အမြင်ဖြင့် အပြစ်ရှိသူများအဖို့ ခွင့်လွှတ်ခြင်းရရှိစေရန် ဆုတောင်း'ဒိုအာ'ပြုခဲ့သည်မှာ အကယ်၍ အရှင်မြတ်သည် သူတို့အား အပြစ်ပေးတော်မူပါလျှင် ထိုသူတို့မှာ အရှင်မြတ်၏အစေတော်များသာဖြစ်ကြပါ၏။ ထို့ပြင် အကယ်၍ ခွင့်လွှတ်တော်မူပါလျှင်လည်း အရှင်မြတ်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါ၏ဟူ၍ဖြစ်သည်။

၆။ အလ်–အန်အာမ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ခြင်းဖြစ်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠိတော်ပေါင်း (၁၆၆)ပိုဒ်ပါရှိသည်။

ပြီးခဲ့သော ဆူရာဟ် 'အလ်-မာအေဒါ'၏နိဂုံးအာယတ်တော်တွင် လောကအပေါင်းနှင့် ယင်းတို့အကြားရှိရှိသမျှတို့ကို စိုးပိုင်တော်မူသောအရှင်မှာ **'အလ္လာဟ်'**ဖြစ်တော်မူကြောင်းကို ဖော်ပြခဲ့သည်။ ဤဆူရာဟ်၏အစတွင် ဤသည်ကိုပင် ပိုမိုရှင်းလင်း၍ ဂုဏ်ရှိန်မြင့်မားစွာဖော်ပြထားပြန်သည်။ ဆိုလိုသည်မှာ ခီးမွမ်းထောမနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာဖြစ်ကြောင်း၊ ထိုအရှင်မြတ်သည် ကမ္ဘာမြေနှင့်မိုးကောင်းကင်ကိုဖန်ဆင်းတော်မူကြောင်း၊ ယင်း၏အဆုံးစွန်ကိုသိရှိနားလည်ရန်လမ်းတွင် အမှောင်ထုအမျိုးမျိုးကာဆီးနေလင့်ကစား ထိုအရှင်မြတ်သည် မြော်မြင်နိုင်သော အလင်းရောင်ကိုလည်း ပေးသနားတော်မူထားခြင်းကြောင့် ယင်းအလင်းအားဖြင့် ထိုအမှောင်ထုများမှာ ရွေ့လျားဖယ်ခွာသွားလျက်ရှိကြမည်ဖြစ်ကြောင်းတို့ပင်ဖြစ်သည်။ သို့ဖြစ်ရာ ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့၏ဖန်ဆင်းခြင်းကို သိရှိရန်မှာ သိခက်နက်နဲခြင်းတည်းဟူသော အမှောင်ထုကဖုံးအုပ်လျက်ရှိခဲ့ရာမျက်မှောက်ခေတ် သိပ္ပံပညာတိုးတက်မှုက ယင်းအမှောင်ထု ကန့်လန့်ကာကို လှပ်ပြလိုက်သဖြင့် ယင်း၌ရှိသမျှတို့အား လူသားတို့သည် တိုး၍တိုး၍ များပြားစွာသိရှိနားလည်လာကြပေသည်။ သို့ဖြင့် အမှောင်တိုင်းသည် အလင်းအဖြစ်သို့ပြောင်းလဲလျက်ရှိပေသည်။ အဦးအစတွင် မိုးကောင်းကင်၏ အမှောင်ထုများကို ပပျောက်အောင်ပြုလုပ်ခံရခြင်းအကြောင်း ဖော်ပြထားသည်ကိုတွေ့ရှိရသကဲ့သို့ပင် ကုန်းမြေနှင့်ပင်လယ်သမုဒ္ဒရာတို့၏ အမှောင်ထုကြီးများသည်လည်း အလင်းသို့ပြောင်းလဲခြင်းခံရမည့်အကြောင်းဖော်ပြထားသည်ကိုလည်းတွေ့ရှိရပေသည်။ ဤကဲ့သို့ပင် လူသားတို့အပေါ် မိုးကောင်းကင်မှ ပြစ်ဒဏ်သည်ကျရောက်၏၊ ယင်းအပြစ်ဒဏ်ကို လူသားအတွင်းရှိအမှောင်ထုက ဆွဲငင်ခြင်းပြုလေသည်။ ဤအကြောင်းကို ဤဆူရာဟ်၏အာယတ်တော်(၆၆)တွင် ဖော်ပြထားပေသည်။

တစ်ဘက်၌ သိပ္ပံပညာရှင်များရှိကြပြီး ကမ္ဘာမြေနှင့် မိုးကောင်းကင်များ၏ အမှောင်ထုများမှာ သူတို့သုတေသနပြုချက်၏အကျိုးရလဒ်အဖြစ် သူတို့အဖို့ လင်းဝင်းလာခဲ့ပေသည်။ အခြားတစ်ဘက်တွင်ကား တမန်တော်'အစ်ဗရာဟင်မ်'ﷺကဲ့သို့သော အလ္လာဟ်အရှင်မြတ်၏ ကြီးမြတ်သော အစေတော်ကြီးရှိခြင်းပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော် 'အစ်ဗရာဟင်မ်'ﷺအား ကမ္ဘာမြေနှင့်မိုးကောင်းကင်တို့၏ စိုးမိုးအုပ်ချုပ်မှုကိုပြသတော်မူခဲ့ပေသည်။ ထို့ပြင် အာယတ်တော်(၇၆)၌ ဖော်ပြထားသကဲ့သို့ သူ့အပေါ်သို့ ကောင်းကင်ယံမှအလင်းကို သွန်းဖြိုး၍ပေးတော်မူလေသည်။

ဤဆူရာဟ်၌ တမန်တော်များအစဉ်အဆက်ပွင့်ပေါ်ခြင်း၊ သူတို့အား ကျမ်းဂန်များ ချပေးခြင်းနှင့် လမ်းညွှန်တော်အလင်းကျရောက်ခြင်းတို့အကြောင်းကိုလည်း ဖော်ပြထားသည်။

ထို့ပြင် ပိတ်နေသောမျိုးစေ့များနှင့် သစ်စေ့များသည် အမှောင်ထုများမှတိုးထွက်၍ သက်ဝင်လှုပ်ရှားသော အပင်များပေါက်ရောက်လာကြောင်းသည်လည်း ဤဆူရာဟ်တွင်ပါရှိသည်။ ဤသို့ပင် ကုန်းနှင့်ရေတို့၏အမှောင်ထုကို မည်သို့မည်ပုံဖယ်ရှား၍ ခရီးသွားတို့အား လမ်းညွှန်ရာအဖြစ် ရှိကြသည့် ကြယ်နက္ခတ်များအကြောင်းကိုလည်း ဖော်ပြထားသည်။

အာယတ်တော်(၉၆)မှအစပြုသော 'ရူကူ'တွင် အလွန်ကြီးကျယ်၍ ဂုဏ်ရှိန်မြင့်မားသော အာယတ်တော်တစ်ပုဒ်ပါရှိသည်။ ယင်းအာယတ်တော်တွင် ကောက်ပဲသီးနှံများမှ မျိုးစေ့၊ သစ်စေ့ အဆင့်ဆင့် အမျိုးမျိုးပေါ်ထွက်ပေါက်ရောက်ပြီး ထိုမှတစ်ဖန် သစ်သီးဝလံမျိုးစုံသီးကြလေသည်၊ ယင်းသစ်သီးဝလံများ မှည့်ဝင်းခြင်းဆိုင်ရာစနစ်ကို သေချာစေ့ငုစွာ ကြည့်ရှုကြလော့၊ အလွှာဟ်အရှင်မြတ်၏ 'အာယတ်'တော်များအပေါ် သက်ဝင်ယုံကြည်သူတို့အဖို့ ယင်း၌အံ့ဖွယ်နိမိတ်များ မရေမတွက်နိုင်လောက်အောင်ရှိသည်ဟူ၍ ဖော်ပြထားပေသည်။

သီးနှံပင်တို့မှာ 'ကလိုရိဖီးလ်'(Chlorophyll)မှ ဖြစ်၍လာ၏။ ယင်းသည် မိမိ၏ဇာတိ၌ ကြီးကျယ်လှသောနိမိတ်လက္ခဏာတစ်ရပ်ဖြစ်၏။ သိပ္ပံပညာရှင်များသည် ယင်း၌ ဆင့်ကဲတိုးတက်မှုဖြစ်စဉ်၏ မည်သည့်အဆင့်ကိုမျှ မမြင်တွေ့ကြချေ။ ဤကား အခြားဓာတုဖြစ်ဟူသမျှထက် ပိုမိုရှုပ်ထွေးနက်နဲသော ဓာတုဖြစ်တစ်မျိုးဖြစ်သည်။ ထို့ပြင် ဘဝ၏အစမှာပင် 'ကလိုရိဖီးလ်' လိုအပ်မှုဖြစ်ပေါ်လာပေသည်။ ယင်းဓာတ်ဖြင့်ပင် လူသားပေါက်ဖွားလာပေသည်။ ထိုအချိန်က 'ကလိုရိဖီးလ်'သည် ဆင့်ကဲတိုးတက်မှုဖြစ်စဉ်၏ မည်သည့်အဆင့်များကို ဖြတ်သန်းလွန်မြောက်၍ ပေါက်ဖွားလာပါသနည်း။ ဤအမေးကို ယခုတိုင် မဖြေရှင်းနိုင်ဘဲရှိနေပေသည်။ ထို့ပြင် အထူးအလေးထားဂရုပြုရမည်မှာ 'ကလိုရိဖီးလ်'သည် ဘဝအသက်ကို အလင်းဖြင့်ဖန်တီးပေးခြင်းဖြစ်ပြီး မီးဖြင့်မဟုတ်ချေ။ ထိုအလင်းသည်ပင် ကမ္ဘာမြေနှင့်မိုးကောင်းကင်တို့တွင် မည်သို့သော ပြောင်းလဲမှုအမျိုးမျိုးကို ပေါ်ပေါက်စေခဲ့ကြောင်း ဤဆူရာဟ်၏အဆုံးပိုင်းတွင်ဖော်ပြချက်သည် ယင်း၏အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလေသည်။

ဤဆူရာဟ်၌ 'မူရှရီက်'တို့၏ရှေးရိုးအယူအစွဲများအကြောင်းလည်း ဖော်ပြပါရှိသည်။ ယင်းမှာ *'အန်အာမ်'* ကျွဲနွားတိရစ္ဆာန်သားကောင်များနှင့်ပတ်သက်ပေသည်။ ယင်းသတ္တဝါများကို အလွှာဟ်အရှင်မြတ်က လူ့ဘဝရှင်သန်ရပ်တည်ရန်အကြောင်းခံအဖြစ် ပြုထားတော်မူခဲ့သော်လည်း ထိုသူတို့သည် 'ရှရီက်'တုဖက်ကိုးကွယ်မှုဆန်သော ထုံးတမ်းစဉ်လာများဖြင့် တိရစ္ဆာန်များနှင့်ပတ်သက်သည့် ဆင်ခြင်တုံတရားနှင့်ပြည့်စုံလှသော အကြောင်းရပ်ဟူသမျှကို ဖျက်ဆီးပစ်ခဲ့လေသည်။

ဤဆူရာဟ်၏အဆုံးပိုင်းတွင် ကျွဲနွားတိရစ္ဆာန်၊ သတ္တဝါများနှင့်စပ်လျဉ်းသော 'ဟလာလ်'(ခွင့်ပြုခြင်း)နှင့်'ဟရာမ်'(တားမြစ်ခြင်း)ကို အကျယ်ဖွင့်ဖော်ပြထားသည်သာမက ကိုယ်ကျင့်တရားဆိုင်ရာ 'ဟလာလ်'နှင့် 'ဟရာမ်'နှင့်စပ်လျဉ်း၍လည်း အကြောင်းရပ်အားလုံးကို ဖော်ပြထားပေသည်။ ရုပ်ပိုင်းဆိုင်ရာအစားအစာ၏ 'ဟလာလ်'နှင့်'ဟရာမ်'တို့နှင့်အတူ နာမ်ဝိညာဉ်ပိုင်းဆိုင်ရာ 'ဟလာလ်'နှင့် 'ဟရာမ်' အကြောင်းတို့ကိုပါ ဖော်ပြထားပေသည်။ ထို့ပြင် သားသမီးများအတွက် ဆင်းရဲဒုက္ခများစွာကို ထမ်းရွက်ကြသောမိဘများ၏ ကျေးဇူးကိုသိတတ်၍ ကောင်းကျိုးပြုကြရန်သင်ပြထားပေသည်။

ဤဆူရာဟ်၏နိဂုံးတွင် တမန်တော်မြတ်ﷺသည် မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ အထံတော်တွင် ပြီးပြည့်စုံသောကျိုးနွံနာခံသူဖြစ်ကြောင်းကို ပြည့်ဝစုံလင်စွာ ဖော်ပြထားသော 'အာယတ်' တစ်ပိုဒ်ပါရှိပေသည်။ ယင်းဖော်ပြချက်ထက်သာလွန်အောင် တင်ပြရန်မှာမဖြစ်နိုင်ချေ။ ထို့ပြင် တစ်လောကလုံးရှိ ကောင်းကင်ကျကျမ်းများတွင်လည်း ဤအကြောင်းအရာမျိုး 'အာယတ်'တစ်ပိုဒ်မျှပင် မပါရှိချေ။ တမန်တော်မြတ်ﷺအား ဤသို့ထုတ်ပြန်ကြေညာရန် အမိန့်တော်လာရှိပေသည်။ "ကျွန်ုပ်၏ 'ဆွလာတ်'ဝတ်ပြုမှုများ၊ ကျွန်ုပ်၏အလုံးစုံသော'ကုရ်ဘာနီ'များ(ဆိုလိုသည်မှာ ကျွဲနွားတိရစ္ဆာန်များကို

လှိုးဖြတ်ရသော 'ကုရ်ဘာနီ'ပေးခြင်းသက်သက်မျှမဟုတ်မူဘဲ မိမိစိတ်ဆန္ဒပြင်းပြမှုများကို စွန့်လွှတ်သော 'ကုရ်ဘာနီများ')နှင့် ကျွန်ုပ်၏'ရှင်ခြင်း'၊ ကျွန်ုပ်၏'သေခြင်း'တို့သည် ကျွန်ုပ်၏အလွာဟ်အတွက် လုံးလုံးလျားလျား စွန့်လျူထားခဲ့ပြီးဖြစ်ချေသည်" ဟူ၍ဖြစ်ပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-အန်အာမ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၆၆)ပိုဒ် ရှုကူ (၂၀)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اَلْحَمْدُ لِلّٰهِ الَّذِىْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ وَجَعَلَ الظُّلُمٰتِ وَالنُّوْرَ ؕ ثُمَّ الَّذِيْنَ كَفَرُوْا بِرَبِّهِمْ يَعْدِلُوْنَ ①

၂။ ချီးမွမ်းခြင်းဟူသမျှသည် အလ္လာဟ်၏အဖို့သာတည်း။ ထိုအရှင်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူ၏။ ထို့ပြင် အမှောင်ထုများနှင့် အလင်းရောင်ကို ပြုလုပ်တော်မူ၏။ သို့ပါလျက် မယုံကြည်ငြင်းပယ်သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်နှင့် တန်းတူထားကိုးကွယ်ရာကို ပြုလုပ်ကြ၏။

هُوَ الَّذِىْ خَلَقَكُمْ مِّنْ طِيْنٍ ثُمَّ قَضٰٓى اَجَلًا ؕ وَ اَجَلٌ مُّسَمًّى عِنْدَهٗ ثُمَّ اَنْتُمْ تَمْتَرُوْنَ ①

၃။ ထိုအရှင်မြတ်သည်သာလျှင် အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းတော်မူ၏။ ထို့နောက် အချိန်ကာလတစ်ရပ်ကို သတ်မှတ်တော်မူ၏။ သတ်မှတ်ထားသောအချိန်ကာလ(အားသိခြင်း)သည် ထိုအရှင်မြတ်ထံတော်၌သာရှိ၏။ သို့ပါလျက် အသင်တို့သည် သံသယ၌နစ်မွန်းနေကြပေသည်။ ①

وَهُوَ اللّٰهُ فِى السَّمٰوٰتِ وَفِى الْاَرْضِ ؕ يَعْلَمُ سِرَّكُمْ وَجَهْرَكُمْ وَيَعْلَمُ مَا تَكْسِبُوْنَ ①

၄။ မိုးကောင်းကင်များတွင်လည်းကောင်း၊ ကမ္ဘာမြေပြင်တွင်လည်းကောင်း ထိုအလ္လာဟ်သာရှိတော်မူ၏။ အရှင်မြတ်သည် အသင်တို့ ဖုံးကွယ်သည်ကိုလည်းကောင်း၊ အသင်တို့ ထုတ်ဖော်သည်ကိုလည်းကောင်း သိရှိတော်မူ၏။ ထို့ပြင် အသင်တို့ ရှာဖွေဆည်းပူးသည်ကိုလည်း သိရှိတော်မူ၏။

وَمَا تَاْتِيْهِمْ مِّنْ اٰيَةٍ مِّنْ اٰيٰتِ رَبِّهِمْ اِلَّا كَانُوْا عَنْهَا مُعْرِضِيْنَ ①

၅။ သူတို့ထံ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ သက်သေလက္ခဏာတော်များအနက် တစ်ပါးပါး ရောက်မလာလေမှ၊ (ရောက်လာလျှင်) သူတို့သည် ယင်းမှ မျက်နှာလွှဲဖယ်ကြသည်သာဖြစ်၏။

فَقَدْ كَذَّبُوْا بِالْحَقِّ لَمَّا جَآءَهُمْ ؕ فَسَوْفَ يَاْتِيْهِمْ اَنْۢبٰٓؤُا مَا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ①

၆။ သို့ဖြစ်ရာ ထိုသူတို့သည် သူတို့ထံ အမှန်တရားရောက်ရှိလာသောအခါ မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြလေသည်။ သို့သော် သူတို့ပြောင်လှောင်ပြက်ရယ်ပြုလေ့ရှိသည့် ယင်း(အကြောင်း

① ဤအာယတ်တော်တွင် **اَجَـل** ဟူသည့်စကားလုံးကို ဦးစွာသုံးစွဲထားပေသည်။ ယင်း၏ဆိုလိုရင်းမှာ ရုတ်တရက် မတော်တဆဖြစ်၍သေဆုံးခြင်း သို့မဟုတ် ရောဂါဘယကြောင့်သေဆုံးခြင်းဖြစ်ပြီး တစ်စုံတစ်ဦးအတွက် ဖြစ်နိုင်ချေရှိသည့် သတ်မှတ်ထားသောနောက်ဆုံးအသက်အရွယ်သည် ယင်း'အဂျလ်'ကြောင့် ထိုသတ်မှတ်ကာလမတိုင်မီလည်း ရောက်ရှိလာနိုင်ပေသည်။ လောကတွင်လည်း လူတို့သည် မိမိတို့ဖန်တီးလုပ်ကိုင်မှုနှင့်စပ်လျဉ်း၍ **اجلِ مسمّى** ကာလသက်တမ်းတစ်ခုကို သတ်မှတ်ကြပေသည်။ ဥပမာတံတားတစ်စင်းသည် အများဆုံး ဤမျှနှစ်ကာလအထိခံနိုင်မည်၊ ယင်း၏နောက်တွင် ထိုတံတားကိုဖျက်ပစ်ရမည်ဟု သတ်မှတ်ခဲ့ကြပေမည်၊ သို့ရာတွင် ရှောင်တခင်မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့် ယင်းတံတားသည် **اجلِ مسمّى** သတ်မှတ်ကာလထက်စောလျှင်လည်း ပျက်စီးသွားနိုင်ပေသည်။

ရပ်မှန်ကန်ပြည့်စုံခြင်း)၏သတင်းများသည် မကြာမီသူတို့ထံ အမှန်ပင်ရောက်လာပေမည်။

اَلَمْ يَرَوْا كَمْ اَهْلَكْنَا مِنْ قَبْلِهِمْ مِّنْ قَرْنٍ مَّكَّنّٰهُمْ فِي الْاَرْضِ مَا لَمْ نُمَكِّنْ لَّكُمْ وَاَرْسَلْنَا السَّمَآءَ عَلَيْهِمْ مِّدْرَارًا ۪ وَّجَعَلْنَا الْاَنْهٰرَ تَجْرِيْ مِنْ تَحْتِهِمْ فَاَهْلَكْنٰهُمْ بِذُنُوْبِهِمْ وَاَنْشَاْنَا مِنْۢ بَعْدِهِمْ قَرْنًا اٰخَرِيْنَ ۝٦

၇။ ငါတို့သည် သူတို့အလျင် အဘယ်မျှလောက်သော လူမျိုးနွယ်များကို ဖျက်ဆီးပစ်တော်မူခဲ့သည်ကို ထိုသူတို့ မတွေ့မမြင်ကြပေသလော။ ငါတို့သည် ကမ္ဘာမြေ၌ အသင်တို့အား ပေးသနားတော်မူခြင်းမပြုခဲ့သည့် စွမ်းအား အာဏာအရှိန်အဝါကို သူတို့အား ပေးသနားတော်မူခဲ့၏။ သူတို့အပေါ် မိုးကောင်းကင်မှ အဆက်မပြတ် သည်းထန်စွာ ရွာသွန်းစေသည့် မိုးတိမ်များကို ငါတို့စေလွှတ်တော်မူခဲ့၏။ ထို့ပြင် ငါတို့သည် ယင်းတို့၏ အစီအမံအောက်၌ စီးဆင်းသောမြစ်များကို ပြုလုပ်တော်မူခဲ့၏။ တစ်ဖန် ငါတို့သည် သူတို့၏ အပြစ်များကြောင့် သူတို့အား ဖျက်ဆီးပစ်တော်မူခဲ့၏။ ထို့ပြင် ငါတို့သည် သူတို့၏နောက်တွင် အခြားသောမျိုးနွယ်များကို ပေါ်ထွန်းစေတော်မူခဲ့၏။

وَلَوْ نَزَّلْنَا عَلَيْكَ كِتٰبًا فِيْ قِرْطَاسٍ فَلَمَسُوْهُ بِاَيْدِيْهِمْ لَقَالَ الَّذِيْنَ كَفَرُوْٓا اِنْ هٰذَآ اِلَّا سِحْرٌ مُّبِيْنٌ ۝٧

၈။ အကယ်၍ ငါတို့သည် မည်သည့်စာရွက်ပေါ်တွင်မဆို တစ်စုံတစ်ရာရေးသား၍ အသင့်ထုံပို့ချခဲ့ပြီး သူတို့သည် ယင်းကို မိမိတို့၏လက်များဖြင့် ထိတွေ့ရပါလျှင်လည်း သို့တိုင် အောင် မယုံကြည်ငြင်းပယ်သူတို့က ဤကား ပွင့်လင်းထင်ရှားသော မှော်အတတ်တစ်ရပ်မှလွဲ၍ အခြားတစ်စုံတစ်ရာမျှ မဟုတ်ဟု မုချပြောဆိုကြပေလိမ့်မည်။

وَقَالُوْا لَوْلَآ اُنْزِلَ عَلَيْهِ مَلَكٌ ۭ وَلَوْ اَنْزَلْنَا مَلَكًا لَّقُضِيَ الْاَمْرُ ثُمَّ لَا يُنْظَرُوْنَ ۝٨

၉။ ထိုသူတို့က သူထံသို့ ကောင်းကင်တမန်တစ်ပါးပါးကို အဘယ့်ကြောင့် မချပေးခဲ့သနည်းဟု ပြောကြ၏။ အကယ်၍ ငါတို့သည် ကောင်းကင်တမန်တစ်ပါးပါးကို စေလွှတ်ချပေးတော်မူခဲ့ပါလျှင် အရေးကိစ္စကို အမှန်ပင် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပေမည်။ ထို့နောက် သူတို့သည် မည်သို့သောဆိုင်းငံ့ခွင့်ကိုမျှ ပေးခြင်းခံကြရမည်မဟုတ်ချေ။

وَلَوْ جَعَلْنٰهُ مَلَكًا لَّجَعَلْنٰهُ رَجُلًا وَّلَلَبَسْنَا عَلَيْهِمْ مَّا يَلْبِسُوْنَ ۝٩

၁၀။ ထို့ပြင် အကယ်၍ ငါတို့သည် သူ(တမန်တော်)အား ကောင်းကင်တမန်ပြုလုပ်ခဲ့ပါလျှင်လည်း၊ ငါတို့သည် သူ့အား လူသား(၏ပုံသဏ္ဌာန်ဖြင့်)ပြုလုပ်တော်မူမည်သာဖြစ်၏။ ထို့ပြင် ငါတို့သည် ထိုသူတို့အား (ယခု) သူတို့ ဖွဲ့ဟသံသယဖြစ်နေသည့်(အရေးကိစ္စ)ကိုပင် သံသယပွားစေမည်သာဖြစ်၏။

وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّنْ قَبْلِكَ فَحَاقَ بِالَّذِيْنَ سَخِرُوْا مِنْهُمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ۝١٠ ع

၁၁။ အသင့်အလျင်ကလည်း တမန်တော်များသည် ဧကန်ပင် ပြောင်လှောင်ပြက်ရယ်ပြုခြင်းခံခဲ့ကြရ၏။ သို့ဖြစ်ရာ ၎င်း(တမန်တော်)တို့အား ပြောင်လှောင်ပြက်ရယ်ပြုခဲ့ကြသော သူတို့ကို ယင်းတို့ ပြောင်လှောင်ပြက်ရယ်ပြုခဲ့သည့်အကြောင်းအရာများက ဝန်းရံထားခဲ့လေသတည်း။

ရှုကူ-၂

قُلْ سِيْرُوْا فِى الْاَرْضِ ثُمَّ انْظُرُوْا كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِيْنَ ⑪

၁၂။ အသင်ပြောကြားပါလေ၊ ကမ္ဘာမြေပြင်တွင် ကောင်းစွာလှည့်လည်သွားလာကြကာ မဟုတ်မမှန်ဟုစွပ်စွဲငြင်းပယ်သူတို့၏ (ဆိုးရွားသော)ရလဒ် မည်သို့ရှိသည်ကို သေချာစွာကြည့်ရှုသုံးသပ်ကြလေကုန်။

قُلْ لِّمَنْ مَّا فِى السَّمٰوٰتِ وَالْاَرْضِ ؕ قُلْ لِّلّٰهِ ؕ كَتَبَ عَلٰى نَفْسِهِ الرَّحْمَةَ ؕ لَيَجْمَعَنَّكُمْ اِلٰى يَوْمِ الْقِيٰمَةِ لَا رَيْبَ فِيْهِ ؕ اَلَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ فَهُمْ لَا يُؤْمِنُوْنَ ⑫

၁၃။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသည်တို့ကို မည်သူပိုင်သနည်းဟု မေးမြန်းပါလေ။ ပြောကြားလော့၊ အလ္လာဟ်သည်သာ ပိုင်ဆိုင်တော်မူ၏။ အရှင်မြတ်သည် ကရုဏာတော်ကို မိမိအပေါ် တာဝန်အဖြစ် ပြဋ္ဌာန်းထားတော်မူ၏။ ထိုအရှင်မြတ်သည် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တိုင်အောင် အမှန်ပင် အသင်တို့အား စုရုံးလျက် ရှိနေတော်မူမည်၊ ယင်း၌ မည်သို့သောသံသယပွားဖွယ်ရာမျှမရှိချေ။ မိမိတို့ကိုယ်ကို ဆုံးရှုံးမှု၌ ထည့်သွင်းကြသူတို့သည်ကား သက်ဝင်ယုံကြည်လာကြမည်မဟုတ်ချေ။

وَلَهٗ مَا سَكَنَ فِى الَّيْلِ وَالنَّهَارِ ؕ وَهُوَ السَّمِيْعُ الْعَلِيْمُ ⑬

၁၄။ ထို့ပြင် 'ညဉ့်'နှင့် 'နေ့'တွင် ရပ်တည်နေသည်တို့ကို အရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူ၏။ အရှင်မြတ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသော အရှင် ဖြစ်တော်မူ၏။

قُلْ اَغَيْرَ اللّٰهِ اَتَّخِذُ وَلِيًّا فَاطِرِ السَّمٰوٰتِ وَالْاَرْضِ وَهُوَ يُطْعِمُ وَلَا يُطْعَمُ ؕ قُلْ اِنِّىْٓ اُمِرْتُ اَنْ اَكُوْنَ اَوَّلَ مَنْ اَسْلَمَ وَلَا تَكُوْنَنَّ مِنَ الْمُشْرِكِيْنَ ⑭

၁၅။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်သည် အလ္လာဟ်မှလွဲ၍ အခြားတစ်စုံတစ်ဦးကို အဆွေခင်ပွန်းအဖြစ် လက်ကိုင်ပြုရမည်လော။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကြီးကို စတင်ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူ၏။ အရှင်မြတ်သည် (အားလုံးတို့ကို) ကျွေးမွေးတော်မူ၏။ သို့သော် အရှင်မြတ်သည် ကျွေးမွေးခြင်းကိုမခံရချေ။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်သည် အမိန့်နာခံလိုက်နာသူများအားလုံးတွင် ပထမဦးဆုံးဖြစ်ရန်နှင့် တစ်စုံတစ်ရာကို အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်သူ 'မုရှရိုက်'တို့အနက်မှ အလျှင်းမဖြစ်ရန် ဧကန်ပင် ကျွန်ုပ်အား အမိန့်ပေးခြင်းခံခဲ့ရ၏။

قُلْ اِنِّىْٓ اَخَافُ اِنْ عَصَيْتُ رَبِّىْ عَذَابَ يَوْمٍ عَظِيْمٍ ⑮

၁၆။ အသင်ပြောကြားပါလေ၊ အကယ်၍ ကျွန်ုပ်သည် မိမိ၏ဖန်ဆင်းမွေးမြူရှင်အား မနာခံပါလျှင် ကျွန်ုပ်သည် ကြီးကျယ်လှသောနေ့၏ပြစ်ဒဏ်ကို အမှန်ပင် ကြောက်ရွံ့စိုးရိမ်ပါ၏။

مَنْ يُّصْرَفْ عَنْهُ يَوْمَئِذٍ فَقَدْ رَحِمَهٗ ؕ وَذٰلِكَ الْفَوْزُ الْمُبِيْنُ ⑯

၁၇။ ၎င်းနေ့တော်ကြီးတွင် အကြင်သူထံမှ အပြစ်ဒဏ်ကို ဖယ်ရှားခြင်းခံရလျှင်၊ အရှင်မြတ်သည် ထိုသူ့အပေါ် ကရုဏာပြုတော်မူခြင်းပင်ဖြစ်၏။ ဤသည် အလွန်ပွင့်လင်းထင်ရှားသော အောင်မြင်မှုဖြစ်၏။

وَاِنْ يَّمْسَسْكَ اللّٰهُ بِضُرٍّ فَلَا كَاشِفَ لَهٗٓ

၁၈။ သို့ဖြစ်ရာ အကယ်၍ အသင့်အပေါ် အလ္လာဟ်က

اِلَّا هُوَ ؕ وَاِنْ يَّمْسَسْكَ بِخَيْرٍ فَهُوَ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ﴿۱۷﴾

တစ်စုံတစ်ရာ ဘေးအန္တရာယ် သက်ရောက်စေတော်မူလျှင် ယင်းကို အရှင်မြတ်မှတစ်ပါးမည်သူမျှ ကင်းဝေးအောင်ပြုနိုင်မည်မဟုတ်ချေ။ အကယ်၍ အသင့်အပေါ် အရှင်မြတ်က တစ်စုံတစ်ရာ ကောင်းကျိုးချမ်းသာသက်ရောက်စေတော်မူပါက၊ အရှင်မြတ်သည် မိမိနှစ်လို့တော်မူသောအရာရာတိုင်းအပေါ် ပြုစွမ်းနိုင်သည့် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

وَهُوَ الْقَاهِرُ فَوْقَ عِبَادِهٖ ؕ وَهُوَ الْحَكِيْمُ الْخَبِيْرُ ﴿۱۸﴾

၁၉။ အရှင်မြတ်သည် မိမိ၏အစေတော်များအပေါ် ဘုန်းတန်ခိုးအရှိန်အဝါဖြင့် လွှမ်းမိုးနိုင်နင်းတော်မူသောအရှင်၊ ထို့ပြင် အရှင်မြတ်သည် ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်၊ အမြဲထာဝစဉ် သတင်းရရှိတော်မူသော အရှင် ဖြစ်တော်မူ၏။

قُلْ اَىُّ شَىْءٍ اَكْبَرُ شَهَادَةً ؕ قُلِ اللّٰهُ ۙ شَهِيْدٌۢ بَيْنِىْ وَبَيْنَكُمْ ؕ وَاُوْحِىَ اِلَىَّ هٰذَا الْقُرْاٰنُ لِاُنْذِرَكُمْ بِهٖ وَمَنْۢ بَلَغَ ؕ اَئِنَّكُمْ لَتَشْهَدُوْنَ اَنَّ مَعَ اللّٰهِ اٰلِهَةً اُخْرٰى ؕ قُلْ لَّاۤ اَشْهَدُ ۚ قُلْ اِنَّمَا هُوَ اِلٰهٌ وَّاحِدٌ وَّاِنَّنِىْ بَرِىْٓءٌ مِّمَّا تُشْرِكُوْنَ ﴿۱۹﴾

၂၀။ အသင်မေးမြန်းပါလေ၊ သက်သေခံရာ၌ အဘယ်အရာသည် အားလုံးတို့ထက် အကြီးမားဆုံးဖြစ်နိုင်ပါသနည်း။ ပြောကြားပါလေ၊ အလ္လာဟ်သည်သာလျှင် အသင်တို့နှင့် ကျွန်ုပ်၏ကြားတွင် သက်သေဖြစ်တော်မူ၏။ ကျွန်ုပ်ထံသို့ ဤကုရ်အာန်ကို 'ဝဟီ' ဗျာဒိတ်ပို့ချတော်မူ၏။ သို့ဖြင့် ကျွန်ုပ်သည် ယင်းအားဖြင့် အသင်တို့အားလည်းကောင်း၊ ဤ(သတင်း)ရောက်ရှိခြင်းခံခဲ့ရသူတိုင်းအားလည်းကောင်း သတိပေးနှိုးဆော်ရန်ဖြစ်၏။ အသို့နည်း၊ အလ္လာဟ်မှလွဲ၍ အခြားသော ကိုးကွယ်ရာရှိကြောင်းကို အသင်တို့သည် ပြတ်သားစွာ သက်သေခံကြသလော။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်သည် (ယင်းသို့) သက်သေခံခြင်းမပြုချေ။ ပြောလော့၊ ဧကန်မုချ အရှင်မြတ်သည် သာလျှင် တစ်ပါးတည်းသောကိုးကွယ်ရာအရှင် ဖြစ်တော်မူ၏၊ ကျွန်ုပ်သည် မုချဧကန် အသင်တို့ တွဲဖက်ကိုးကွယ်သည့် 'ရှရီက်'များမှ ကင်းလွတ်ပါ၏။

اَلَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ يَعْرِفُوْنَهٗ كَمَا يَعْرِفُوْنَ اَبْنَآءَهُمْ ؕ اَلَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ فَهُمْ لَا يُؤْمِنُوْنَ ﴿۲۰﴾

၂၁။ ငါတို့က ကျမ်းဂန်ကိုပေးသနားတော်မူခြင်းခံရသူတို့သည် မိမိတို့၏သားများကို မှတ်မိသိရှိကြသကဲ့သို့ ဤ(ကျမ်းတော်နှင့် ဤတမန်တော်)ကို သိရှိမှတ်မိကြ၏။ မိမိတို့ကိုယ်ကို ဆုံးရှုံးမှုခံ၍ ထည့်သွင်းကြသူတို့သည်ကား သက်ဝင်ယုံကြည်လာကြမည်မဟုတ်ချေတည်း။

ရုကူး-၃

وَمَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَى اللّٰهِ كَذِبًا اَوْ كَذَّبَ بِاٰيٰتِهٖ ؕ اِنَّهٗ لَا يُفْلِحُ الظّٰلِمُوْنَ ﴿۲۱﴾

၂၂။ အလ္လာဟ်အားအကြောင်းခံ၍ မဟုတ်မမှန် လိမ်ဆယ်ပြောဆိုခြင်း သို့မဟုတ် အရှင်မြတ်၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲပြောဆိုခြင်းပြုသူထက် ပို၍ မတရားသောသူ အဘယ်သူရှိအံ့နည်း။ ဧကန်မုချ မတရားကျူးလွန်သူတို့သည် အောင်မြင်ကြသည်မဟုတ်ချေ။

وَيَوْمَ نَحْشُرُهُمْ جَمِيْعًا ثُمَّ نَقُوْلُ لِلَّذِيْنَ اَشْرَكُوْٓا اَيْنَ شُرَكَآؤُكُمُ الَّذِيْنَ كُنْتُمْ تَزْعُمُوْنَ ﴿٢٢﴾

၂၃။ (သတိရကြကုန်)၊ အကြင်နေ့တော်ကြီးတွင် ငါတို့သည် ၎င်းတို့အားလုံးကို စုရုံးစေတော်မူမည်။ ထို့နောက် ငါတို့သည် 'ရှရီက်' တစ်စုံတစ်ရာကိုအလွှာဟ်နှင့်တွဲဖက်ကိုးကွယ်မှုပြုသူများအား အသင်တို့က(တွဲဖက်ကိုးကွယ်ရာ'ရှရီက်'ဟု) ထင်မြင်ယူဆလေ့ရှိခဲ့ကြသော အသင်တို့၏ ထိုတွဲဖက်ကိုးကွယ်ရာများသည် အဘယ်မှာနည်းဟု မေးမြန်းတော်မူပေအံ့။

ثُمَّ لَمْ تَكُنْ فِتْنَتُهُمْ اِلَّآ اَنْ قَالُوْا وَاللّٰهِ رَبِّنَا مَا كُنَّا مُشْرِكِيْنَ ﴿٢٣﴾

၂၄။ ထိုအခါ သူတို့၏ (လုပ်ကြံဖန်တီးထားသော) ပြဿနာသည် အလျှင်း ကြွင်းကျန်တော့မည်မဟုတ်ချေ။ သို့ရာတွင် ၎င်းတို့က ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အလွှာဟ်အား တိုင်တည်ကျိန်ဆိုပါ၏၊ ကျွန်တော်မျိုးတို့သည် 'မူရှရီက်' တွဲဖက်ကိုးကွယ်သူများ အလျှင်းမဟုတ်ခဲ့ကြပါဟုသာ တင်လျှောက်ကြလိမ့်မည်။

اُنْظُرْ كَيْفَ كَذَبُوْا عَلٰٓى اَنْفُسِهِمْ وَضَلَّ عَنْهُمْ مَّا كَانُوْا يَفْتَرُوْنَ ﴿٢٤﴾

၂၅။ ကြည့်ကြကုန်လော့၊ သူတို့သည် သူတို့ကိုယ်သူတို့ဆန့်ကျင်၍ မည်သို့မုသားပြောဆိုကြပေသနည်း။ သူတို့ပြုလုပ်ဖန်တီးခဲ့သော လိမ်လည်မှုသည် သူတို့ထံမှ ပျောက်ကွယ်သွားပေလိမ့်မည်။

وَمِنْهُمْ مَّنْ يَّسْتَمِعُ اِلَيْكَ ۚ وَجَعَلْنَا عَلٰى قُلُوْبِهِمْ اَكِنَّةً اَنْ يَّفْقَهُوْهُ وَفِيْٓ اٰذَانِهِمْ وَقْرًا ۭ وَاِنْ يَّرَوْا كُلَّ اٰيَةٍ لَّا يُؤْمِنُوْا بِهَا ۭ حَتّٰٓى اِذَا جَاۗءُوْكَ يُجَادِلُوْنَكَ يَقُوْلُ الَّذِيْنَ كَفَرُوْٓا اِنْ هٰذَآ اِلَّآ اَسَاطِيْرُ الْاَوَّلِيْنَ ﴿٢٥﴾

၂၆။ ၎င်းတို့အနက် ဤသို့သောသူများလည်းရှိကြ၏၊ ထိုသူတို့သည် အသင်၏စကားများကို အပေါ်ယံအားဖြင့် နားစွင့်ကြ၏။ အမှန်သော်ကား ငါတို့သည် သူတို့၏စိတ်နှလုံးများအပေါ်တွင်အကာအဆီးများကိုထားရှိတော်မူ၏။ (သို့ကြောင့်) သူတို့သည် ယင်းကိုနားလည်ရန် (မဖြစ်နိုင်ချေ)။ ထို့ပြင် သူတို့၏နားများအပေါ်တွင် ဝန်တစ်ခုတင်ထားသည့်နှယ် လေးလံစေတော်မူ၏။ သို့ဖြစ်ရာ သူတို့သည် အလုံးစုံသော သက်သေလက္ခဏာတော်များကို တွေ့မြင်ရသော်လည်း ယင်းကို ယုံကြည်လာကြမည်မဟုတ်ချေ။ (သူတို့၏အတင့်ရဲမှု) အတိုင်းအတာကား သူတို့သည် အသင့်ထံလာရောက်ကြသောအခါ အသင်နှင့် အငြင်းအခုံပြုကြ၏။ မယုံကြည်ငြင်းပယ်ကြသူတို့က ဤသည် ရှေးလူများ၏ ပုံပြင်ဒဏ္ဍာရီများမှလွဲ၍ အခြားမည်သည်မျှမဟုတ်ချေဟု ပြောဆိုကြ၏။

وَهُمْ يَنْهَوْنَ عَنْهُ وَيَنْـَٔوْنَ عَنْهُ ۚ وَاِنْ يُّهْلِكُوْنَ اِلَّآ اَنْفُسَهُمْ وَمَا يَشْعُرُوْنَ ﴿٢٦﴾

၂၇။ ထို့ပြင် သူတို့သည် (လူအများအား) ယင်းမှ တားမြစ်မှုပြုကြပြီး၊ ကိုယ်တိုင်လည်း ယင်းမှရှောင်ရှားကြ၏။ သူတို့သည် မိမိတို့ကိုယ်ကိုမှတစ်ပါး မည်သူ့ကိုမျှ ပျက်စီးစေသည် မဟုတ်ချေ။ သို့သော် သူတို့သည် အသိတရားမရှိကြချေ။

وَلَوْ تَرٰٓى اِذْ وُقِفُوْا عَلَى النَّارِ فَقَالُوْا يٰلَيْتَنَا نُرَدُّ وَلَا نُكَذِّبَ بِاٰيٰتِ رَبِّنَا

၂၈။ ထို့ပြင် အသင်တွေ့မြင်နိုင်လျှင် ကောင်းပေစွ၊ အကြင်အခါဝယ် သူတို့အား (ငရဲ)မီး၏အနီးတွင် (ခေတ္တမျှ) ရပ်တန့်စေမည့်အခါ သူတို့က ကျွန်ုပ်တို့အား ပြန်လွှတ်ခြင်းခံရလျှင်

وَنَكُوْنَ مِنَ الْمُؤْمِنِيْنَ ۝

ကောင်းလေစွ၊ ထိုအခါ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြမည်မဟုတ်။ ကျွန်ုပ်တို့သည် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူတို့တွင် အပါအဝင် ဖြစ်ကြမည်ဟု ပြောကြပေလိမ့်မည်။

بَلْ بَدَا لَهُمْ مَّا كَانُوْا يُخْفُوْنَ مِنْ قَبْلُ ؕ وَلَوْ رُدُّوْا لَعَادُوْا لِمَا نُهُوْا عَنْهُ وَاِنَّهُمْ لَكٰذِبُوْنَ ۝

၂၉။ အမှန်သော်ကား ထိုသည့်အလျင်က သူတို့ဖုံးကွယ်ထားလေ့ရှိသည်များသည် သူတို့အဖို့ ထင်ရှားပေါ်လွင်လာချေပြီ။ အကယ်၍ သူတို့အားပြန်လည်စေလွှတ်ခဲ့လျှင်လည်း မုချဧကန် သူတို့အား တားမြစ်ခဲ့သည်များကိုသာလျှင် ပြန်လည်၍ ပြုလုပ်ကြမည်သာဖြစ်၏။ သူတို့သည် ဧကန်စင်စစ် လိမ်လည်သူများဖြစ်ကြ၏။

وَقَالُوْٓا اِنْ هِيَ اِلَّا حَيَاتُنَا الدُّنْيَا وَمَا نَحْنُ بِمَبْعُوْثِيْنَ ۝

၃၀။ ထို့ပြင် သူတို့က ဤ(ဘဝဖြစ်သော) ကျွန်ုပ်တို့၏ လောကီဘဝမှလွဲ၍ အခြားဘာမျှမရှိ၊ ကျွန်ုပ်တို့သည် မည်သည့်အခါမျှ ရှင်ပြန်ထမြောက်ကြရမည်မဟုတ်ဟု ပြောဆိုကြ၏။

وَلَوْ تَرٰٓى اِذْ وُقِفُوْا عَلٰى رَبِّهِمْ ؕ قَالَ اَلَيْسَ هٰذَا بِالْحَقِّ ؕ قَالُوْا بَلٰى وَرَبِّنَا ؕ قَالَ فَذُوْقُوا الْعَذَابَ بِمَا كُنْتُمْ تَكْفُرُوْنَ ۝

၃၀။ အသင်တွေ့မြင်နိုင်လျှင် ကောင်းပေစွ၊ အကြင်အခါဝယ် သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ရှေ့တော်မှောက်တွင် ရပ်တန့်စေခြင်းကိုခံကြရပေမည်။ အရှင်မြတ်က (သူတို့အား) ဤ(သို့ ငါနှင့်တွေ့ရမည်)မှာ အမှန်ပင် မဟုတ်လောဟု မေးတော်မူမည်။ သူတို့က အဘယ့်ကြောင့် မဟုတ်ရပါမည်နည်း၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်အား ကျိန်ဆိုပါ၏၊ (ဤသည် အဟုတ်အမှန်ဖြစ်ပါသည်)ဟု ဆိုကြပေလိမ့်မည်။ အရှင်မြတ်က သို့ဖြစ်လျှင် အသင်တို့ ပြုလုပ်လေ့ရှိခဲ့သည့် ငြင်းပယ်မှုကြောင့် ပြစ်ဒဏ်ကို အသင်တို့ မြည်းစမ်းကြကုန်ဟု မိန့်တော်မူမည်တည်း။

ရုကူး-၄

قَدْ خَسِرَ الَّذِيْنَ كَذَّبُوْا بِلِقَآءِ اللّٰهِ ؕ حَتّٰٓى اِذَا جَآءَتْهُمُ السَّاعَةُ بَغْتَةً قَالُوْا يٰحَسْرَتَنَا عَلٰى مَا فَرَّطْنَا فِيْهَا ۙ وَهُمْ يَحْمِلُوْنَ اَوْزَارَهُمْ عَلٰى ظُهُوْرِهِمْ ؕ اَلَا سَآءَ مَا يَزِرُوْنَ ۝

၃၁။ အလ္လာဟ်နှင့်တွေ့ဆုံရမည်ကို ငြင်းပယ်ကြသောသူတို့သည် ဧကန်စင်စစ် ဆုံးရှုံးသူများဖြစ်ကြ၏။ နောက်ဆုံးတွင် ရုတ်တရက် သူတို့ထံ (ထို)အချိန်သည် ဆိုက်ရောက်လာသောအခါ၊ ဤသည်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ပြုခဲ့ကြသော ပေါ့လျော့လျစ်လျူရှုမှုအတွက် ဝမ်းနည်းဖွယ်ကောင်းလေစွဟု ပြောကြပေလိမ့်မည်။ ထိုသူတို့သည် မိမိတို့၏ဝန်ထုပ်ဝန်ပိုးများကို မိမိတို့၏ ကျောများပေါ်တွင် ထမ်းပိုးလျက်ရှိနေကြပေလိမ့်မည်။ သတိပြုကြကုန်၊ ထိုသူတို့ ထမ်းပိုးထားသည်တို့မှာ အဘယ်မျှဆိုးရွားလှပေသနည်း။

وَمَا الْحَيٰوةُ الدُّنْيَآ اِلَّا لَعِبٌ وَّ لَهْوٌ ؕ وَلَلدَّارُ الْاٰخِرَةُ خَيْرٌ لِّلَّذِيْنَ يَتَّقُوْنَ ؕ اَفَلَا تَعْقِلُوْنَ ۝۳۲

၃၂။ စင်စစ် လောကီဘဝသည် ကစားခုန်စားခြင်းနှင့် မြင့်မားသောရည်ရွယ်ချက်ကို မေ့လျော့လျစ်လျူရှုစေသော စိတ်ဆန္ဒများ၏ ဖြည့်ဆည်းရာအကြောင်းခံမျှသာဖြစ်၏။ ဧကန်စင်စစ် နောင်တမလွန်၏အိမ်တော်မူကား ဖြူစင်ဖြောင့်မတ်မှု'တက္ကဝါ' တရားကို ကျင့်ကြံဆောက်တည်သူတို့အဖို့ ပိုမိုကောင်းမြတ်ပေသည်။ သို့ဖြစ်ရာ အသင်တို့သည် အသိဉာဏ်ကို အသုံးမပြုကြပါသလော။

قَدْ نَعْلَمُ اِنَّهٗ لَيَحْزُنُكَ الَّذِىْ يَقُوْلُوْنَ فَاِنَّهُمْ لَا يُكَذِّبُوْنَكَ وَلٰكِنَّ الظّٰلِمِيْنَ بِاٰيٰتِ اللّٰهِ يَجْحَدُوْنَ ۝۳۳

၃၃။ ဧကန်မုချ ထိုသူတို့ ပြောဆိုကြသည်များမှာ အသင့်အားကြေကွဲဝမ်းနည်းမှုၭ ဆိုက်ရောက်စေကြောင်းကို ငါတို့ သိရှိတော်မူ၏။ အမှန်မှာ သူတို့သည် အသင့်ကိုသာလျှင် မဟုတ် မမှန်ဟု စွပ်စွဲနေကြသည်မဟုတ်၊ စင်စစ် မတရားပြုသူတို့သည် အလ္လာဟ်၏ သက်သေလက္ခဏာတော်များကိုပင် ငြင်းပယ်နေကြခြင်းဖြစ်၏။

وَلَقَدْ كُذِّبَتْ رُسُلٌ مِّنْ قَبْلِكَ فَصَبَرُوْا عَلٰى مَا كُذِّبُوْا وَاُوْذُوْا حَتّٰٓى اَتٰىهُمْ نَصْرُنَا ۚ وَلَا مُبَدِّلَ لِكَلِمٰتِ اللّٰهِ ۚ وَلَقَدْ جَآءَكَ مِنْ نَّبَاِى الْمُرْسَلِيْنَ ۝۳۴

၃၄။ ဧကန်ပင် အသင့်အလျင်ကလည်း တမန်တော်များသည် မဟုတ်မမှန်ဟူ၍ စွပ်စွဲခြင်းကိုခံခဲ့ကြရ၏။ ၎င်း(တမန်တော်)တို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲခြင်းကိုလည်းကောင်း၊ လွန်စွာဒုက္ခပေးခြင်းများကိုလည်းကောင်း သည်းခံခဲ့ကြပေရာ နောက်ဆုံးတွင် သူတို့ထံ ငါတို့၏ အကူအညီဆိုက်ရောက်လာခဲ့သည်အထိဖြစ်၏။ အမှန်သော်ကား အလ္လာဟ်၏ မုကွပါဋိဟာ်များကို ပြောင်းလဲနိုင်သူဟူ၍ မည်သူမျှမရှိချေ။ ဧကန်ပင် အသင့်ထံ တမန်တော်များ၏အကြောင်း သတင်းများသည် ရောက်ရှိလာခဲ့ပေပြီ။

وَاِنْ كَانَ كَبُرَ عَلَيْكَ اِعْرَاضُهُمْ فَاِنِ اسْتَطَعْتَ اَنْ تَبْتَغِىَ نَفَقًا فِى الْاَرْضِ اَوْ سُلَّمًا فِى السَّمَآءِ فَتَاْتِيَهُمْ بِاٰيَةٍ ؕ وَلَوْ شَآءَ اللّٰهُ لَجَمَعَهُمْ عَلَى الْهُدٰى فَلَا تَكُوْنَنَّ مِنَ الْجٰهِلِيْنَ ۝۳۵

၃၅။ သို့ဖြစ်ရာ အကယ်၍ ထိုသူတို့၏ မျက်နှာလွှဲဖယ်ခြင်းသည် အသင့်အပေါ် လေးလံမှုဖြစ်စေလျှင်၊ အသင်တတ်စွမ်းနိုင်ပါက မြေအောက်တွင် လိုဏ်ခေါင်းတစ်ခုခုကိုဖြစ်စေ သို့မဟုတ် မိုးကောင်းကင်တွင် လှေကားတစ်ခုခုကိုဖြစ်စေ ရှာဖွေ၍ (ယင်းအားဖြင့်) သူတို့ထံနိမိတ်လက္ခဏာ တစ်စုံတစ်ရာ ယူဆောင်လာနိုင်ပါလျှင် (ယူဆောင်ပြပါလေ)၊ အကယ်၍ အလ္လာဟ်အလိုရှိတော်မူလျှင် သူတို့အား အမှန်ပင် လမ်းမှန်ပေါ်တွင် စုရုံးစေတော်မူပေအံ့။ သို့ဖြစ်ရာ အသင်သည် အသိဉာဏ်မဲ့သူများအနက်မှ အလျှင်းမဖြစ်လင့်။

اِنَّمَا يَسْتَجِيْبُ الَّذِيْنَ يَسْمَعُوْنَ ؕ وَالْمَوْتٰى يَبْعَثُهُمُ اللّٰهُ ثُمَّ اِلَيْهِ يُرْجَعُوْنَ ۝۳۶

၃၆။ နားထောင်သောသူတို့သည်သာလျှင် အဖြေပေးကြ၏။ အမှန်စင်စစ် အလ္လာဟ်သည် သေသူတို့ကို ရှင်ပြန်ထမြောက်စေတော်မူမည်။ ထို့နောက် သူတို့သည် အရှင်မြတ်ဘက်သို့သာလျှင် ပြန်လည်၍သွားကြရပေမည်။

وَقَالُوْا لَوْلَا نُزِّلَ عَلَيْهِ اٰيَةٌ مِّنْ رَّبِّهٖ ؕ قُلْ اِنَّ اللّٰهَ قَادِرٌ عَلٰٓى اَنْ يُّنَزِّلَ اٰيَةً وَّلٰكِنَّ اَكْثَرَهُمْ لَا يَعْلَمُوْنَ ﴿۳۷﴾

၃၇။ ထိုသူတို့က သူထံ အဘယ့်ကြောင့် သူ၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ကြီးကျယ်သောနိမိတ်လက္ခဏာတစ်စုံတစ်ရာမျှ မချပေးသနည်းဟုပြောကြ၏။ အသင်ပြောကြားပါလေ၊ ဧကန်မုချ အလ္လာဟ်သည် ကြီးကျယ်လှသော နိမိတ်လက္ခဏာတစ်ရပ်ရပ်ကို ချပေးတော်မူရန် တတ်စွမ်းနိုင်တော်မူ၏။ သို့ရာတွင် ထိုသူတို့အနက်မှ အများစုမှာ မသိရှိကြချေ။

وَمَا مِنْ دَآبَّةٍ فِى الْاَرْضِ وَلَا طٰٓئِرٍ يَّطِيْرُ بِجَنَاحَيْهِ اِلَّآ اُمَمٌ اَمْثَالُكُمْ ؕ مَا فَرَّطْنَا فِى الْكِتٰبِ مِنْ شَىْءٍ ثُمَّ اِلٰى رَبِّهِمْ يُحْشَرُوْنَ ﴿۳۸﴾

၃၈။ ကမ္ဘာမြေပြင်တွင် သွားလာနေသော မည်သည့်သက်ရှိဖြစ်စေ၊ ထို့ပြင် မိမိတို့၏တောင်ပံနှစ်ဘက်ဖြင့် ပျံသန်းကြသော မည်သည့်ငှက်ပင်ဖြစ်စေ ယင်းတို့သည် အသင်တို့ကဲ့သို့ပင် 'အွမ္မတ်' အုပ်စုများဖြစ်ကြ၏။ ငါတို့သည် ဤကျမ်းတော်တွင် မည်သည့်အရာကိုမျှပင် ဥပေက္ခာပြုထားတော်မူခြင်းမရှိချေ။ နောက်ဆုံးတွင် သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်သို့သာလျှင် စုရုံးရောက်ရှိကြရပေမည်။

وَالَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا صُمٌّ وَّبُكْمٌ فِى الظُّلُمٰتِ ؕ مَنْ يَّشَاِ اللّٰهُ يُضْلِلْهُ ؕ وَمَنْ يَّشَاْ يَجْعَلْهُ عَلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿۳۹﴾

၃၉။ ငါတို့၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲကြသောသူတို့သည် အမှောင်ထုများတွင်(လမ်းမှား၍ တဝဲလည်လည်ဖြစ်နေသော) နားပင်းသူများနှင့် ဆွံ့အသူများဖြစ်ကြ၏။ အလ္လာဟ်သည် အကြင်သူအား လမ်းလွဲသူဟု သတ်မှတ်တော်မူလျှင် ထိုသူ့ကို လမ်းလွဲ၌ပင်ရှိစေတော်မူ၏။ အကြင်သူအား လမ်းမှန်အတွက် ဆုံးဖြတ်တော်မူလျှင် ထိုသူအား ဖြောင့်မတ်မှန်ကန်သောလမ်းပေါ်တွင် (လျှောက်လှမ်းသူ) ဖြစ်စေတော်မူ၏။

قُلْ اَرَءَيْتَكُمْ اِنْ اَتٰىكُمْ عَذَابُ اللّٰهِ اَوْ اَتَتْكُمُ السَّاعَةُ اَغَيْرَ اللّٰهِ تَدْعُوْنَ ۚ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۴۰﴾

၄၀။ အသင်ပြောကြားပါလေ၊ အသင်တို့ မစဉ်းစားကြပေသလော။ အကယ်၍ အသင်တို့ထံ အလ္လာဟ်၏ထံတော်မှ ပြစ်ဒဏ်ဆိုက်ရောက်လာလျှင်ဖြစ်စေ၊ အသင်တို့အပေါ် ပြင်းထန်သောအချိန်ကာလ ဆိုက်ရောက်လာလျှင်ဖြစ်စေ၊ အသင်တို့သည် အကယ်၍ မှန်ကန်သူများဖြစ်ကြလျှင် အလ္လာဟ်မှလွဲ၍ အခြားတစ်စုံတစ်ဦးကို အသင်တို့ ဟစ်ခေါ်ကြမည်လော။

بَلْ اِيَّاهُ تَدْعُوْنَ فَيَكْشِفُ مَا تَدْعُوْنَ اِلَيْهِ اِنْ شَآءَ وَتَنْسَوْنَ مَا تُشْرِكُوْنَ ﴿۴۱﴾

၄၁။ ထိုသို့မဟုတ်မူဘဲ အရှင်မြတ်ကိုသာလျှင် အသင်တို့ ဟစ်ခေါ်တမ်းတကြပေလိမ့်မည်။ သို့ဖြစ်ရာ အကယ်၍ အရှင်မြတ်အလိုရှိတော်မူလျှင် အသင်တို့ ဟစ်ခေါ်(အကူအညီတောင်းခံ)သော ယင်း(ဒုက္ခ)ကို အရှင်မြတ်သည် ကင်းဝေးစေတော်မူပေမည်။ ထိုအခါ၌ အသင်တို့သည် အရှင်မြတ်နှင့်တွဲဖက်၍ မိမိတို့ 'ရှရီက်'ပြုကိုးကွယ်လေ့ရှိခဲ့ကြသောအရာများကို မေ့ပျောက်သွားကြလိမ့်သတည်း။

ရုကူး-၅

وَ لَقَدۡ اَرۡسَلۡنَاۤ اِلٰۤی اُمَمٍ مِّنۡ قَبۡلِكَ فَاَخَذۡنٰهُمۡ بِالۡبَاۡسَآءِ وَالضَّرَّآءِ لَعَلَّهُمۡ یَتَضَرَّعُوۡنَ ﴿۴۲﴾

၄၃။ အမှန်ပင် ငါတို့သည် အသင့်အလျင်က များစွာသော 'အွမ္မတ်' လူမျိုးနွယ်အုပ်စုများထံ (တမန်တော်များ)ကို စေလွှတ်တော်မူခဲ့၏။ ထို့နောက် ငါတို့သည် သူတို့အား (တစ်ခါတစ်ရံ) ခက်ခဲပြင်းထန်မှုနှင့် (တစ်ခါတစ်ရံ)ကျပ်တည်းမှု ဖြစ်စေတော်မူ၏၊ သို့ဖြင့် သူတို့သည် နှိမ့်ချကျိုးနွံမှုကို ကျင့်ကြံဆောက်တည်ကြရန်ဖြစ်၏။

فَلَوۡلَاۤ اِذۡ جَآءَهُمۡ بَاۡسُنَا تَضَرَّعُوۡا وَلٰكِنۡ قَسَتۡ قُلُوۡبُهُمۡ وَ زَیَّنَ لَهُمُ الشَّیۡطٰنُ مَا كَانُوۡا یَعۡمَلُوۡنَ ﴿۴۳﴾

၄၄။ သို့ဖြစ်ရာ အကြင်အခါဝယ် ငါတို့ထံတော်မှ ထိုသူတို့အပေါ် ခက်ခဲပြင်းထန်မှု(၏ဒုက္ခ)ရောက်လာသည့်အခါ သူတို့သည် အဘယ့်ကြောင့် ကျိုးနွံနှိမ့်ချငိုကြွေးမြည်တမ်းခြင်းမပြုကြသနည်း။ ၎င်းတို့၏နှလုံးသားသည် ခက်ထန်မာကျောလျက်ရှိခဲ့၏။ ထို့ပြင် 'ရှိုင်တန်'ကလည်း ၎င်းတို့ ပြုလုပ်လေ့ရှိခဲ့သည့် အကျင့်အကြံများကို ၎င်းတို့အဖို့ လှပတင့်တယ်စဖွယ်ရှုမြင်စေခဲ့လေသည်။

فَلَمَّا نَسُوۡا مَا ذُكِّرُوۡا بِهٖ فَتَحۡنَا عَلَیۡهِمۡ اَبۡوَابَ كُلِّ شَیۡءٍ ؕ حَتّٰۤی اِذَا فَرِحُوۡا بِمَاۤ اُوۡتُوۡۤا اَخَذۡنٰهُمۡ بَغۡتَةً فَاِذَا هُمۡ مُّبۡلِسُوۡنَ ﴿۴۴﴾

၄၅။ သို့ဖြစ်ရာ မိမိတို့အား ပြင်းထန်စွာ သတိပေးနှိုးဆော်ခဲ့သည်များကို ၎င်းတို့မေ့လျော့သွားကြသောအခါ၊ ငါတို့သည် သူတို့အား အလုံးစုံသောအရာတို့၏တံခါးများကို ဖွင့်ပေးတော်မူခဲ့၏။ နောက်ဆုံးတွင် သူတို့သည် သူတို့အားပေးခဲ့သည်များအပေါ် ဝင့်ကြွားမောက်မာမှု ပြုလုပ်လာကြသောအခါ၊ ငါတို့သည် သူတို့အား ရုတ်တရက်ဖမ်းဆီးတော်မူလိုက်ပေရာ သူတို့သည် ချက်ချင်းပင် စိတ်ဓာတ်အလွန်ကျဆင်းသွားကြလေသည်။

فَقُطِعَ دَابِرُ الۡقَوۡمِ الَّذِیۡنَ ظَلَمُوۡا ؕ وَالۡحَمۡدُ لِلّٰهِ رَبِّ الۡعٰلَمِیۡنَ ﴿۴۵﴾

၄၆။ ဤသို့ဖြင့် အပြစ်ကျူးလွန်ခဲ့ကြသော လူမျိုးနွယ်၏အမြစ်သည် ဖြတ်တောက်ခြင်းခံခဲ့ရပေသည်။ စင်စစ် ချီးမွမ်းထောမနာခြင်းဟူသမျှသည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင် အလ္လာဟ်၏အဖို့သာတည်း။

قُلۡ اَرَءَیۡتُمۡ اِنۡ اَخَذَ اللّٰهُ سَمۡعَكُمۡ وَاَبۡصَارَكُمۡ وَخَتَمَ عَلٰی قُلُوۡبِكُمۡ مَّنۡ اِلٰهٌ غَیۡرُ اللّٰهِ یَاۡتِیۡكُمۡ بِهٖ ؕ اُنۡظُرۡ كَیۡفَ نُصَرِّفُ الۡاٰیٰتِ ثُمَّ هُمۡ یَصۡدِفُوۡنَ ﴿۴۶﴾

၄၇။ အသင်မေးမြန်းပါလေ။ အသင်တို့သည် မည်သည့်အခါ၌မဆို ဆင်ခြင်သုံးသပ်ကြပါသလော၊ အကယ်၍ အလ္လာဟ်သည် အသင်တို့၏ ကြားခြင်းနှင့်မြင်ခြင်း(စွမ်းရည်)တို့ကို ရုပ်သိမ်းတော်မူပြီး အသင်တို့၏စိတ်နှလုံးများအပေါ်တွင် တံဆိပ်ခတ်နှိပ်တော်မူလျှင်၊ အလ္လာဟ်မှလွဲ၍ မည်သည့်ကိုးကွယ်ရာသည် ယင်း(ဆုံးရှုံးသွားသောစွမ်းအားများ)ကို အသင်တို့ထံ(ပြန်လည်၍) ယူဆောင်လာမည်နည်း။ ငါတို့သည် နိမိတ်လက္ခဏာသက်သေသာဓကတော်များကို အနည်းနည်းအဖုံဖုံ မည်သို့ဖော်ပြတော်မူသည်ကို ကြည့်ရှုကြလေကုန်။ သို့ပါလျက်

သူတို့သည် မျက်နှာလွဲဖယ်သွားခဲ့ကြ၏။

قُلْ اَرَءَيْتَكُمْ اِنْ اَتٰىكُمْ عَذَابُ اللّٰهِ بَغْتَةً اَوْ جَهْرَةً هَلْ يُهْلَكُ اِلَّا الْقَوْمُ الظّٰلِمُوْنَ ﴿۴۷﴾

၄၈။ အသင်ပြောကြားပါလေ။ အသင်တို့သည် မည်သည့်အခါ၌မဆို ဆင်ခြင်သုံးသပ်ကြပါသလော။ အကယ်၍ အသင်တို့ထံ အလ္လာဟ်၏ထံတော်မှ ပြစ်ဒဏ်သည် ရုတ်တရက် သို့မဟုတ် ထင်ရှားပေါ်လွင်စွာ(တွေ့မြင်ရလျက်)ဆိုက်ရောက်လာခဲ့လျှင် အပြစ်ကျူးလွန်သူတို့မှတစ်ပါး အခြားမည်သူသည် ဖျက်ဆီးခြင်းခံရမည်နည်း။

وَمَا نُرْسِلُ الْمُرْسَلِيْنَ اِلَّا مُبَشِّرِيْنَ وَمُنْذِرِيْنَ ۚ فَمَنْ اٰمَنَ وَاَصْلَحَ فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ﴿۴۸﴾

၄၉။ ငါတို့သည် တမန်တော်များကို သတင်းကောင်းပေးသူများနှင့် သတိပေးနှိုးဆော်သူများအဖြစ်မှတစ်ပါး အခြားအဖြစ်ဖြင့် စေလွှတ်တော်မူသည်မဟုတ်ချေ။ သို့ဖြစ်ရာ အကြင်သူတို့သည် သက်ဝင်ယုံကြည်ပြီး ပြုပြင်ပြောင်းလဲကြပါက သူတို့အဖို့ မည်သို့သောစိုးရိမ်ကြောက်ရွံ့မှုမျှရှိမည်မဟုတ်။ ထို့ပြင် သူတို့သည် ပူဆွေးသောကဖြစ်ကြရမည်လည်းမဟုတ်ချေ။

وَالَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا يَمَسُّهُمُ الْعَذَابُ بِمَا كَانُوْا يَفْسُقُوْنَ ﴿۴۹﴾

၅၀။ အကြင်သူတို့သည် ငါတို့၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲကြ၏။ သူတို့ ပြုကျင့်ခဲ့သည့် မကောင်းသော အကျင့်အကြံများကြောင့် အပြစ်ဒဏ်သည် သူတို့အား အမှန်ပင် လာရောက်ဖမ်းဆီးမည်ဖြစ်၏။

قُلْ لَّاۤ اَقُوْلُ لَكُمْ عِنْدِيْ خَزَآئِنُ اللّٰهِ وَلَاۤ اَعْلَمُ الْغَيْبَ وَلَاۤ اَقُوْلُ لَكُمْ اِنِّيْ مَلَكٌ ۚ اِنْ اَتَّبِعُ اِلَّا مَا يُوْحٰۤى اِلَيَّ ۚ قُلْ هَلْ يَسْتَوِى الْاَعْمٰى وَالْبَصِيْرُ ۗ اَفَلَا تَتَفَكَّرُوْنَ ﴿۵۰﴾

၅၁။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်ထံတွင် အလ္လာဟ်၏ရတနာသိုက်များရှိသည်ဟူ၍လည်းကောင်း၊ ကျွန်ုပ်သည် အကွယ်၌ရှိသည့်အရာများကို သိရှိသည်ဟူ၍လည်းကောင်း အသင်တို့အား မပြောပါချေ။ ထို့ပြင် ကျွန်ုပ်သည် ကောင်းကင်တမန်ဖြစ်သည်ဟူ၍လည်း အသင်တို့အား မပြောကြားပါ။ ကျွန်ုပ်သည် ကျွန်ုပ်ထံပို့ချခဲ့သည့် 'ဝဟီ' ဗျာဒိတ်တော်မှလွဲ၍ အခြားမည်သည်ကိုမျှ လိုက်နာကျင့်ကြံသည်မဟုတ်ချေ။ ပြောကြားပါလေ၊ မျက်စိမမြင်သူနှင့် မျက်စိမြင်သူသည် တူညီနိုင်ပါမည်လော။ သို့ဖြစ်၍ အသင်တို့သည် မစဉ်းစားကြပေသလော။

ရုကူး-၆

وَاَنْذِرْ بِهِ الَّذِيْنَ يَخَافُوْنَ اَنْ يُّحْشَرُوْۤا اِلٰى رَبِّهِمْ لَيْسَ لَهُمْ مِّنْ دُوْنِهٖ وَلِيٌّ وَّلَا شَفِيْعٌ لَّعَلَّهُمْ يَتَّقُوْنَ ﴿۵۱﴾

၅၂။ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်သို့ စုရုံးရောက်ရှိကြရမည်ကို ကြောက်ရွံ့မှုထားရှိကြသော သူတို့အား သူတို့အဖို့ ဣ(ကုရ်အာန်)မှလွဲ၍ တစ်စုံတစ်ရာ အဆွေခင်ပွန်းသည်လည်းကောင်း၊ တစ်စုံတစ်ရာ ကြားဝင်လျှောက်လဲ အသနားခံမည့်သူသည်လည်းကောင်း ရှိလိမ့်မည်မဟုတ်သည်ကို ဣ(ကုရ်အာန်)အားဖြင့် အသင်သည် သတိပေးနှိုးဆော်ပါလေ။ သို့ဖြင့် သူတို့သည် အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်

တည်နိုင်ကြရာ၏။

وَلَا تَطْرُدِ الَّذِيْنَ يَدْعُوْنَ رَبَّهُمْ بِالْغَدٰوةِ وَالْعَشِيِّ يُرِيْدُوْنَ وَجْهَهٗ ؕ مَا عَلَيْكَ مِنْ حِسَابِهِمْ مِّنْ شَيْءٍ وَّمَا مِنْ حِسَابِكَ عَلَيْهِمْ مِّنْ شَيْءٍ فَتَطْرُدَهُمْ فَتَكُوْنَ مِنَ الظّٰلِمِيْنَ ﴿۵۲﴾

၅၃။ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ နှစ်မြို့တော်မူခြင်းကိုလိုလားလျက် နံနက်ခင်းတွင်လည်းကောင်း၊ ညနေခင်းတွင်လည်းကောင်း အရှင်မြတ်အား တမ်းတသူတို့ကို အသင်သည် နှင်ထုတ်ခြင်းမပြုပါလင့်။ သူတို့အားစစ်ကြောရန် အသင်၌ စိုးစဉ်းမျှတာဝန်မရှိချေ။ အသင့်အား စစ်ကြောရန်လည်း သူတို့၌ စိုးစဉ်းမျှတာဝန်မရှိချေ။ သို့ပါလျက် အကယ်၍ အသင်သည် သူတို့အား နှင်ထုတ်လျှင် အသင်သည် အပြစ်ကျူးလွန်သူများအနက်မှ ဖြစ်သွားပေလိမ့်မည်။

وَكَذٰلِكَ فَتَنَّا بَعْضَهُمْ بِبَعْضٍ لِّيَقُوْلُوْٓا اَهٰٓؤُلَآءِ مَنَّ اللّٰهُ عَلَيْهِمْ مِّنْۢ بَيْنِنَا ؕ اَلَيْسَ اللّٰهُ بِاَعْلَمَ بِالشّٰكِرِيْنَ ﴿۵۳﴾

၅၄။ ထို့ပြင် ဤကဲ့သို့ပင် ငါတို့သည် သူတို့အနက် အချို့ကို အချို့အားဖြင့် စမ်းသပ်တော်မူခဲ့ပေသည်။ နောက်ဆုံးတွင် သူတို့က ကျွန်ုပ်တို့အနက် ဤသူများအပေါ် သို့သာလျှင် အလွှာဟ်သည် ကျေးဇူးပြုတော်မူခဲ့ပါသလောဟု ပြောဆိုကြပေအံ့။ အသို့နည်း၊ အလွှာဟ်သည် ကျေးဇူးသိတတ်သောသူတို့ကို အားလုံးထက်ပိုမို၍ သိတော်မူပါသလော။

وَاِذَا جَآءَكَ الَّذِيْنَ يُؤْمِنُوْنَ بِاٰيٰتِنَا فَقُلْ سَلٰمٌ عَلَيْكُمْ كَتَبَ رَبُّكُمْ عَلٰى نَفْسِهِ الرَّحْمَةَ ۙ اَنَّهٗ مَنْ عَمِلَ مِنْكُمْ سُوْٓءًا بِجَهَالَةٍ ثُمَّ تَابَ مِنْۢ بَعْدِهٖ وَاَصْلَحَ فَاَنَّهٗ غَفُوْرٌ رَّحِيْمٌ ﴿۵۴﴾

၅၅။ အကြင်အခါဝယ် အသင့်ထံ ငါတို့၏သက်သေသာဓကနိမိတ်လက္ခဏာတော်များကို သက်ဝင်ယုံကြည်ကြသူများ ရောက်ရှိလာလျှင် (သူတို့အား) အသင်တို့အပေါ် 'စလာမ်' ငြိမ်းချမ်းခြင်းသက်ရောက်ပါစေဟု ပြောပါလော၊ (အသင်တို့အတွက်) အသင်တို့၏ဖန်ဆင်းမွေးမြူရှင်သည် မိမိအပေါ်ဝယ် ကရုဏာတော်ကိုတာဝန်အဖြစ်ပြဋ္ဌာန်းတော်မူခဲ့လေပြီ။ ယင်းမှာ အကယ်၍ အသင်တို့အနက် မည်သူမဆို မသိနားမလည်၍ မကောင်းမှုကိုကျူးလွန်မိ၏၊ ထို့နောက်တွင် 'တောင်ဘာ' နောင်တရဝန်ခံတောင်းပန်ခြင်းပြု၍ မိမိကိုယ်ကိုပြုပြင်လျှင်၊ (သိမှတ်ရန်ကား) ဧကန်မုချ ထိုအရှင်မြတ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَكَذٰلِكَ نُفَصِّلُ الْاٰيٰتِ وَلِتَسْتَبِيْنَ سَبِيْلُ الْمُجْرِمِيْنَ ﴿۵۵﴾

၅၆။ ဤကဲ့သို့ပင် ငါတို့သည် သက်သေလက္ခဏာတော်များကို ရှင်းလင်းထင်ရှားစွာဖော်ပြတော်မူ၏။ သို့ဖြင့် အပြစ်ကျူးလွန်သူတို့၏လမ်းသည် ကောင်းစွာပေါ်လွင်ထင်ရှားသွားစေခြင်းအလို့ငှာဖြစ်သတည်း။

ရုကူ-၇

قُلْ اِنِّيْ نُهِيْتُ اَنْ اَعْبُدَ الَّذِيْنَ تَدْعُوْنَ مِنْ دُوْنِ اللّٰهِ ؕ قُلْ لَّآ اَتَّبِعُ اَهْوَآءَكُمْ ۙ قَدْ ضَلَلْتُ اِذًا وَّمَآ اَنَا مِنَ الْمُهْتَدِيْنَ ﴿۵۶﴾

၅၇။ အသင်ပြောကြားပါလော၊ အလွှာဟ်မှတစ်ပါး အသင်တို့ဟစ်ခေါ်တမ်းတကြသောအရာများကို ကိုးကွယ်ခြင်းမှ ကျွန်ုပ်သည် အမှန်ပင် တားမြစ်ခြင်းကိုခံရပြီးဖြစ်၏။ အသင် ပြောကြားပါလော၊ ကျွန်ုပ်သည် အသင်တို့၏အလိုဆန္ဒများနောက်သို့

လိုက်မည်မဟုတ်၊ (သို့မဟုတ်လျှင်) ကျွန်ုပ်သည် ရူတ်ခြည်းပင် လမ်းလွဲသွားပေလိမ့်မည်။ ထို့ပြင် ကျွန်ုပ်သည် လမ်းမှန်ရသူများတွင် အပါအဝင်ဖြစ်လိမ့်မည်မဟုတ်ချေ။

قُلْ اِنِّیْ عَلٰی بَیِّنَةٍ مِّنْ رَّبِّیْ وَكَذَّبْتُمْ بِهٖ ؕ مَا عِنْدِیْ مَا تَسْتَعْجِلُوْنَ بِهٖ ؕ اِنِ الْحُكْمُ اِلَّا لِلّٰهِ ؕ یَقُصُّ الْحَقَّ وَهُوَ خَیْرُ الْفٰصِلِیْنَ ﴿۵۷﴾

၅၇။ အသင်ပြောကြားပါလေ၊ စင်စစ် ကျွန်ုပ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်မှ လင်းဝင်းထင်ရှားသော သက်သေအထောက်အထားတစ်ရပ်အပေါ် တွင်ရှိပေသည်။ အသင်တို့မှာကား ယင်းကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြပေသည်။ အသင်တို့ အလျင်စလိုဖြစ်စေလိုသည့်အရာကို ကျွန်ုပ်သည် စီးပိုင်ခြင်းမရှိပေ။ စီရင်ဆုံးဖြတ်ခွင့်အာဏာသည် အလ္လာဟ်မှလွဲ၍အခြားမည်သူထံတွင်မျှမရှိချေ။ အရှင်မြတ်သည် အမှန်ကိုသာဖော်ပြတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် အကောင်းဆုံးသော စီရင်ဆုံးဖြတ်သူဖြစ်တော်မူ၏။

قُلْ لَّوْ اَنَّ عِنْدِیْ مَا تَسْتَعْجِلُوْنَ بِهٖ لَقُضِیَ الْاَمْرُ بَیْنِیْ وَبَیْنَكُمْ ؕ وَاللّٰهُ اَعْلَمُ بِالظّٰلِمِیْنَ ﴿۵۸﴾

၅၈။ အသင်ပြောကြားပါလေ၊ အကယ်၍ အသင်တို့ အလျင်စလိုဖြစ်စေလိုသည့်အရာသည် ကျွန်ုပ်၏လက်တွင်ရှိခဲ့ပါမူ ကျွန်ုပ်နှင့် အသင်တို့အကြား (ယခုအချိန်တွင်) အမှန်ပင် စီရင်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပေမည်။ စင်စစ် အလ္လာဟ်သည် အပြစ်ကျူးလွန်သူတို့ကို အသိဆုံးသောအရှင်ဖြစ်တော်မူ၏။

وَعِنْدَهٗ مَفَاتِحُ الْغَیْبِ لَا یَعْلَمُهَاۤ اِلَّا هُوَ ؕ وَیَعْلَمُ مَا فِی الْبَرِّ وَالْبَحْرِ ؕ وَمَا تَسْقُطُ مِنْ وَّرَقَةٍ اِلَّا یَعْلَمُهَا وَلَا حَبَّةٍ فِیْ ظُلُمٰتِ الْاَرْضِ وَلَا رَطْبٍ وَّلَا یَابِسٍ اِلَّا فِیْ كِتٰبٍ مُّبِیْنٍ ﴿۵۹﴾

၅၉။ အလ္လာဟ်၏ထံတော်တွင် အကွယ်၌ရှိသောအရာများ၏ သော့များသည်ရှိ၏။ ယင်းတို့ကို အရှင်မြတ်မှလွဲ၍ မည်သူမျှမသိချေ။ ထို့ပြင် အရှင်မြတ်သည် ကုန်းနှင့်ရေတွင်ရှိသည်တို့ကိုသိရှိတော်မူ၏။ သစ်ရွက်တစ်ရွက် ကြွေသည်ကိုပင် အရှင်မြတ်သည် သိရှိတော်မူ၏။ ထို့ပြင် ကမ္ဘာမြေကြီး၏ အမှောင်ထုများတွင် (ဖုံးကွယ်လျက်)ရှိသော မည်သည့်သစ်စေ့မဆို၊ ထို့ပြင် စိမ်းစိုသော သို့မဟုတ် ခြောက်သွေ့သော မည်သည့်အရာမဆို (ယင်းအား ဖော်ပြချက်သည်) လင်းဝင်းသော ကျမ်းတစ်အုပ်တွင်ရှိ၏။

وَهُوَ الَّذِیْ یَتَوَفّٰىكُمْ بِالَّیْلِ وَیَعْلَمُ مَا جَرَحْتُمْ بِالنَّهَارِ ثُمَّ یَبْعَثُكُمْ فِیْهِ لِیُقْضٰۤی اَجَلٌ مُّسَمًّی ۚ ثُمَّ اِلَیْهِ مَرْجِعُكُمْ ثُمَّ یُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ﴿۶۰﴾

၆၀။ အရှင်မြတ်သည်သာလျှင် 'ညဉ့်'အချိန်တွင် အသင်တို့ကို(အိပ်စက်သည့်အသွင်ဖြင့်) သေခြင်းကိုပေးတော်မူ၏။ ထို့ပြင် 'နေ့'အချိန်၌ အသင်တို့ပြုလုပ်ခဲ့သမျှကိုလည်း အရှင်မြတ်သိရှိတော်မူ၏။ ထို့နောက်တစ်ဖန် အရှင်မြတ်သည် အသင်တို့အား ယင်း(နေ့အချိန်)တွင် နိုးထစေတော်မူ၏။ သို့ဖြင့်(အသင်တို့၏) သတ်မှတ်ထားသောကာလကို ဖြည့်ဆည်းရန်ဖြစ်၏။ တစ်ဖန်အရှင်မြတ်ထံတော်သို့သာလျှင် အသင်တို့ပြန်လည်၍ သွားကြရပေမည်။ ထိုအခါ အရှင်မြတ်သည် အသင်တို့ပြုလုပ်ခဲ့သမျှကို အသင်တို့အား အသိပေးတော်မူမည် ဖြစ်သတည်း။

ရှုကူ-၈

وَهُوَ الْقَاهِرُ فَوْقَ عِبَادِهٖ وَيُرْسِلُ عَلَيْكُمْ حَفَظَةً ؕ حَتّٰٓى اِذَا جَآءَ اَحَدَكُمُ الْمَوْتُ تَوَفَّتْهُ رُسُلُنَا وَهُمْ لَا يُفَرِّطُوْنَ ﴿۶۱﴾

၆၂။ အရှင်မြတ်သည် မိမိ၏အစေတော်များအပေါ် ဘုန်းတန်ခိုးအရှိန်အဝါဖြင့် လွှမ်းမိုးနိုင်နင်းတော်မူသောအရှင် ဖြစ်တော်မူ၏။ ထို့ပြင် အရှင်မြတ်သည် အသင်တို့ထံ ကာကွယ်စောင့်ရှောက်သည့်(စောင့်ကြည့်)သူများကို စေလွှတ်တော်မူ၏။ နောက်ဆုံးတွင် အသင်တို့အနက် တစ်ဦးဦးထံ သေခြင်းဆိုက်ရောက်လာသောအချိန်တွင် ငါတို့၏စေတမန် (ကောင်းကင်တမန်)များသည် သူ့အားသေစေလိုက်၏။ သူတို့သည် မည်သည့်အကြောင်းကိုမျှ လျစ်လျူရှုကြသည်မဟုတ်ချေ။

ثُمَّ رُدُّوْٓا اِلَى اللّٰهِ مَوْلٰىهُمُ الْحَقِّ ؕ اَلَا لَهُ الْحُكْمُ ۫ وَهُوَ اَسْرَعُ الْحٰسِبِيْنَ ﴿۶۲﴾

၆၃။ ထို့နောက်တစ်ဖန် (ထိုသေဆုံး)သူတို့သည် သူတို့၏ အရှင်သခင် အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်၏ထံတော်သို့သာ ပြန်လည်ပို့ဆောင်ခြင်းခံကြရပေသည်။ သတိပြုကြကုန်၊ စီရင်ဆုံးဖြတ်မှုအာဏာသည် အရှင်မြတ်အဖို့သာဖြစ်၏။ အရှင်မြတ်သည် စစ်ကြောစီရင်သူတို့တွင် အလျင်မြန်ဆုံးဖြစ်တော်မူ၏။

قُلْ مَنْ يُّنَجِّيْكُمْ مِّنْ ظُلُمٰتِ الْبَرِّ وَالْبَحْرِ تَدْعُوْنَهٗ تَضَرُّعًا وَّ خُفْيَةً ۚ لَئِنْ اَنْجٰىنَا مِنْ هٰذِهٖ لَنَكُوْنَنَّ مِنَ الشّٰكِرِيْنَ ﴿۶۳﴾

၆၄။ မေးမြန်းပါလေ၊ ကုန်းနှင့်ရေ၏အမှောင်ထုများမှ မည်သူသည် အသင်တို့အား ကယ်တင်ပါသနည်း။ အကြင်အခါ အသင်တို့သည် အရှင်မြတ်ထံတော်တွင် အကယ်၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤ(ဘေးဒုက္ခ)မှ ကယ်တင်တော်မူပါလျှင် ကျွန်တော်မျိုးတို့သည် ဧကန်မုချ ကျေးဇူးသိတတ်သူများအနက်မှ ဖြစ်ကြပါလိမ့်မည်ဟု ဝိုင်းကြွေးမြည်တမ်း၍လည်းကောင်း၊ တိတ်တဆိတ်ဖြင့်လည်းကောင်း အရှင်မြတ်အား ဟစ်ခေါ်တမ်းတခဲ့ကြ၏။

قُلِ اللّٰهُ يُنَجِّيْكُمْ مِّنْهَا وَمِنْ كُلِّ كَرْبٍ ثُمَّ اَنْتُمْ تُشْرِكُوْنَ ﴿۶۴﴾

၆၅။ ပြောကြားပါလေ၊ အလ္လာဟ်သည်သာလျှင် အသင်တို့အား ယင်း(ဒုက္ခ)မှလည်းကောင်း၊ အလုံးစုံသော ပူပင်သောကများမှလည်းကောင်း ကယ်တင်တော်မူ၏။ သို့ပါလျက် အသင်တို့သည် (အရှင်မြတ်နှင့်) တွဲဖက်ကိုးကွယ်ရာ'ရှရီက်'ကို ပြုလုပ်ကြပေသည်။

قُلْ هُوَ الْقَادِرُ عَلٰٓى اَنْ يَّبْعَثَ عَلَيْكُمْ عَذَابًا مِّنْ فَوْقِكُمْ اَوْ مِنْ تَحْتِ اَرْجُلِكُمْ اَوْ يَلْبِسَكُمْ شِيَعًا وَّ يُذِيْقَ بَعْضَكُمْ بَاْسَ بَعْضٍ ؕ اُنْظُرْ كَيْفَ نُصَرِّفُ الْاٰيٰتِ لَعَلَّهُمْ يَفْقَهُوْنَ ﴿۶۵﴾

၆၆။ ပြောကြားပါလေ၊ အရှင်မြတ်သည် အသင်တို့၏အထက်မှဖြစ်စေ၊ သို့မဟုတ် အသင်တို့၏ ခြေထောက်များအောက်မှဖြစ်စေ အသင်တို့ထံ အပြစ်ဒဏ်ပေးပို့တော်မူရန်လည်းကောင်း သို့မဟုတ် အသင်တို့အား သံသယများတွင် နစ်မွန်းစေလျက် အုပ်စုများကွဲပြားစေပြီး အသင်တို့အနက် အချို့အပေါ် အခြားသူများဘက်မှ အပြစ်ဒဏ်၏အရသာကို မြည်းစမ်းစေရန်လည်းကောင်း တတ်စွမ်းနိုင်တော်မူသည့် အရှင်ဖြစ်တော်မူ၏။ မည်သို့ဆိုစေ သူတို့နားလည်ကြစိမ့်သော

ငှာ ငါတို့သည် သက်သေသာဓကများကို အနည်းနည်းအဖုံဖုံ မည်သို့ဖော်ပြတော်မူသည်ကို ကြည့်ရှုကြကုန်။

وَكَذَّبَ بِهٖ قَوْمُكَ وَهُوَ الْحَقُّ ؕ قُلْ لَّسْتُ عَلَيْكُمْ بِوَكِيْلٍ ﴿۶۷﴾

၆၇။ (အို-တမန်တော်) အသင်၏အမျိုးသားတို့သည် ထိုအရာကို မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြ၏။ အမှန်သော်ကား ယင်းသည်သာလျှင် အမှန်တရားဖြစ်၏။ ကျွန်ုပ်သည် အသင်တို့အပေါ် ကြီးကြပ်အုပ်ထိန်းသူအလျှင်းမဟုတ်ချေဟု အသင် ပြောကြားပါလေ။

لِكُلِّ نَبَاٍ مُّسْتَقَرٌّ ۫ وَّسَوْفَ تَعْلَمُوْنَ ﴿۶۸﴾

၆၈။ နောင်တွင်ဖြစ်မည့် အနာဂတ်စကားတိုင်းအတွက် အချိန်တစ်ချိန်နှင့် နေရာဌာနကို သတ်မှတ်ထားရှိ၏။ အသင်တို့ မကြာမြင့်မီ သိရှိကြပေလိမ့်မည်။

وَاِذَا رَاَيْتَ الَّذِيْنَ يَخُوْضُوْنَ فِيْۤ اٰيٰتِنَا فَاَعْرِضْ عَنْهُمْ حَتّٰى يَخُوْضُوْا فِيْ حَدِيْثٍ غَيْرِهٖ ؕ وَاِمَّا يُنْسِيَنَّكَ الشَّيْطٰنُ فَلَا تَقْعُدْ بَعْدَ الذِّكْرٰى مَعَ الْقَوْمِ الظّٰلِمِيْنَ ﴿۶۸﴾

၆၉။ ထို့ပြင် အသင်သည် ငါတို့၏ အာယတ်တော်များကို ပြောင်လှောင်ပြက်ရယ်ပြုသူတို့အား မြင်တွေ့ရသောအခါ ၎င်းတို့သည် အခြားသောစကားရပ်သို့ မရောက်လေသမျှကာလ ပတ်လုံး ၎င်းတို့ထံမှ ရှောင်ဖယ်၍နေပါလေ။ အကယ်၍ ရှိုင်တန်သည် မည်သည့်အခါမဆို အသင့်အား ဤကိစ္စနှင့်စပ်လျဉ်း၍ မေ့လျော့မှုဖြစ်စေခဲ့ပါက၊ သတိရလျှင်ရခြင်း ယင်း အပြစ်ကျူးလွန်သူတို့နှင့်အတူ မထိုင်ပါလင့်။ ①

وَمَا عَلَى الَّذِيْنَ يَتَّقُوْنَ مِنْ حِسَابِهِمْ مِّنْ شَيْءٍ وَّلٰكِنْ ذِكْرٰى لَعَلَّهُمْ يَتَّقُوْنَ ﴿۶۹﴾

၇၀။ 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်ကြံဆောက်တည်ကြသောသူတို့သည် ထိုသူတို့အား စစ်ကြောစစ်ဆေးရန် တာဝန်မရှိချေ။ သို့ရာတွင် ဤသည် ကြီးမားသောသွန်သင်ဆုံးမမှုတစ်ရပ်ဖြစ်၏။ သို့ဖြင့် ၎င်းတို့သည် အလွှာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်တည်ကြရန်ဖြစ်၏။

وَذَرِ الَّذِيْنَ اتَّخَذُوْا دِيْنَهُمْ لَعِبًا وَّلَهْوًا وَّغَرَّتْهُمُ الْحَيٰوةُ الدُّنْيَا وَذَكِّرْ بِهٖۤ اَنْ تُبْسَلَ نَفْسٌۢ بِمَا كَسَبَتْ ۚ لَيْسَ لَهَا مِنْ دُوْنِ اللّٰهِ وَلِيٌّ وَّلَا شَفِيْعٌ ۚ وَاِنْ تَعْدِلْ كُلَّ عَدْلٍ لَّا يُؤْخَذْ مِنْهَا ؕ اُولٰٓئِكَ الَّذِيْنَ اُبْسِلُوْا بِمَا كَسَبُوْا ۚ لَهُمْ شَرَابٌ مِّنْ

၇၁။ အသင်သည် အကြင်သူတို့ကို စွန့်လွှတ်ထားပါလေ၊ ထိုသူတို့သည် မိမိတို့၏သာသနာကို ကစားခုန်စားစရာနှင့် စိတ်အလိုဆန္ဒများကို ဖြည့်ဆည်းရာအဖြစ်ပြုလုပ်ထားကြ၏။ ဤလောကီဘဝသည်သူတို့အား လှည့်ဖြားမှု၌ နှစ်မြှုပ်၍ထား၏။ အသင်သည် ဤ(ကုရ်အာန်)အားဖြင့် သွန်သင်ဆုံးမပါလေ။ သို့ဖြင့် အသက်ဝိညာဉ်တစ်ခုခုသည် ယင်းရွာဖွေဆည်းပူးခဲ့သည်များကြောင့် ပျက်စီးဆုံးရှုံးခြင်းမဖြစ်စေရန်ဖြစ်၏။ စင်စစ် ယင်းအတွက် အလွှာဟ်မှလွဲ၍ အဆွေခင်ပွန်းတစ်စုံတစ်ရာ ရှိမည်မဟုတ်။ ထို့ပြင် ကြားဝင်လျှောက်ထားမှု တစ်စုံတစ်ရာကို လက်ခံမည့်သူလည်းရှိမည်မဟုတ်ချေ။ ထို့ပြင် အကယ်၍ သူသည် တူညီသောအတုံ့အပြန်ကို အစားပေးသော်ငြားလည်း

① ဤအာယတ်တော်သည် ထိုသူတို့နှင့် လုံးဝဥဿုံအမြဲတမ်းအဆက်အသွယ်ဖြတ်တောက်ပစ်ရန် ဆိုလိုခြင်းမဟုတ်ချေ။ မိမိ၏သာသနာတော်အတွက် မခံချင်စိတ်ထားရှိလျက် ၎င်းတို့သည် မိမိတို့၏မကောင်းသောအပြုအမူမှ မရပ်တန့်သမျှ ပေါင်းသင်းဆက်ဆံမှု မပြုရန်သာ ဆိုလိုခြင်းဖြစ်သည်။

حَمِيْمٍ وَّ عَذَابٌ اَلِيْمٌ بِمَا كَانُوْا يَكْفُرُوْنَ ۝

သူထံမှ မည်သည်ကိုမျှရယူမည် မဟုတ်ချေ။ ဤသူများသည်ပင်၊ အကြင်သူတို့သည် မိမိတို့၏ ရှာဖွေဆည်းပူးခဲ့သည်များကြောင့် ပျက်စီးခြင်းဖြစ်ကြရလေသည်။ သူတို့၏ သွေဖည်ငြင်းပယ်ခဲ့မှုကြောင့် သူတို့အတွက် သောက်သုံးစရာအဖြစ် ဆူပွက်နေသောရေနှင့် နာကျင်ဖွယ်သော အပြစ်ဒဏ်ရှိမည်ဖြစ်သတည်း။

ရုကူး-၉

قُلْ اَنَدْعُوْا مِنْ دُوْنِ اللّٰهِ مَا لَا يَنْفَعُنَا وَلَا يَضُرُّنَا وَنُرَدُّ عَلٰٓى اَعْقَابِنَا بَعْدَ اِذْ هَدٰىنَا اللّٰهُ كَالَّذِى اسْتَهْوَتْهُ الشَّيٰطِيْنُ فِى الْاَرْضِ حَيْرَانَ لَهٗٓ اَصْحٰبٌ يَّدْعُوْنَهٗٓ اِلَى الْهُدَى ائْتِنَا ۭ قُلْ اِنَّ هُدَى اللّٰهِ هُوَ الْهُدٰى ۭ وَاُمِرْنَا لِنُسْلِمَ لِرَبِّ الْعٰلَمِيْنَ ۝

၇၂။ အသင်မေးမြန်းပါလေ၊ ကျွန်ုပ်တို့သည် အလ္လာဟ်မှလွဲ၍ ကျွန်ုပ်တို့အား အကျိုးကိုလည်းကောင်း၊ ဆုံးရှုံးမှုကိုလည်းကောင်း မသက်ရောက်စေနိုင်သည့်အရာများကို တမ်းတကြရပါမည်လော။ ကျွန်ုပ်တို့သည် အလ္လာဟ်က ကျွန်ုပ်တို့အား လမ်းမှန်ကိုပြသတော်မူပြီးသည့်နောက်တွင် 'ရှိုင်တန်'များက အသိဉာဏ်ကိုကင်းမဲ့စေပြီး၊ ကမ္ဘာမြေပြင်တွင် အံ့သြတွေဝေစေလျက် စွန့်လွှတ်ထားသောသူကဲ့သို့ မိမိတို့၏ခြေဖနောင့်များဘက်သို့ ပြန်လှည့်သွားကြရပါမည်လော။ ထိုသူတွင် ဤသို့သောမိတ်ဆွေများရှိပြီး၊ ယင်းတို့က သူ့အား လမ်းညွှန်တော်ဘက်သို့ဖိတ်ခေါ်လျက် ကျွန်ုပ်တို့ဘက်သို့လာပါလော့ဟု ပြောဆို၏။ အသင်ပြောကြားပါလေ၊ အလ္လာဟ်(ပေးသနားတော်မူသည့်) လမ်းညွှန်မှုသည်သာလျှင် စစ်မှန်သော လမ်းညွှန်တော်ဖြစ်၏၊ ထို့ပြင် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင့်အားကျိုးနွံနာခံကြရန် ကျွန်ုပ်တို့အား အမိန့်ပေးခြင်းခံခဲ့ကြရပေသည်။

وَاَنْ اَقِيْمُوا الصَّلٰوةَ وَاتَّقُوْهُ ۭ وَهُوَ الَّذِيْٓ اِلَيْهِ تُحْشَرُوْنَ ۝

၇၃။ ထို့ပြင် ဤသို့(ပြောကြားပါလေ) 'ဆလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြကုန်။ 'တက္ကဝါ' အရှင်မြတ်အား ကြောက်ရွံ့ရိုကျိုးခြင်းတရားကို ကျင့်ကြံဆောက်တည်ကြကုန်။ ထို အရှင်မြတ်ထံတော်သို့သာလျှင် အသင်တို့ စုရုံးရောက်ရှိကြရပေမည်။

وَهُوَ الَّذِىْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ ۭ وَيَوْمَ يَقُوْلُ كُنْ فَيَكُوْنُ ۭ قَوْلُهُ الْحَقُّ ۭ وَلَهُ الْمُلْكُ يَوْمَ يُنْفَخُ فِى الصُّوْرِ ۭ عٰلِمُ الْغَيْبِ وَالشَّهَادَةِ ۭ وَهُوَ الْحَكِيْمُ الْخَبِيْرُ ۝

၇၄။ ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ထိုက်သင့်မှန်ကန်စွာဖြင့် ဖန်ဆင်းတော်မူခဲ့ပေသည်။ အကြင်နေ့တွင် အရှင်မြတ်က 'ဖြစ်လော့'ဟု မိန့်တော်မူသောအခါ ထိုအရာသည်စတင်ဖြစ်ပေါ်လာပြီး ဆင့်ကဲဖြစ်ထွန်းလာပေသည်။ အရှင်မြတ်၏မုဇွာပါဒ်တော်စကားသည် မှန်ကန်၏။ အကြင်နေ့တော်ကြီးတွင် တံပိုးခရာမှုတ်မည့်အခါ အရှင်မြတ်၏ စိုးမိုးအုပ်ချုပ်မှုအာဏာသည်သာလျှင် ရှိပေလိမ့်မည်။ အကွယ်ကိုလည်းကောင်း၊ မျက်မှောက်ရှိသည်တို့ကိုလည်းကောင်း သိတော်မူသောအရှင်ဖြစ်တော်မူ၏။ ထို့ပြင် အရှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်၊

وَاِذْ قَالَ اِبْرٰهِيْمُ لِاَبِيْهِ اٰزَرَ اَتَتَّخِذُ اَصْنَامًا اٰلِهَةً ۚ اِنِّيْٓ اَرٰىكَ وَقَوْمَكَ فِيْ ضَلٰلٍ مُّبِيْنٍ ۝٧٤

အမြဲထာဝစဉ် သတင်းရရှိတော်မူသောအရှင်ဖြစ်တော်မူ၏။

၇၅။ (သတိရပါလေ)၊ အကြင်အခါဝယ် 'အစ်ဗရာဟင်မ်'က မိမိ၏ဖခင်'အာဇရ်'အား (အို-ဖခင်) ဖခင်သည် ရုပ်တုများကို ကိုးကွယ်ရာအဖြစ်ပြုလုပ်ပါသလော။ ဧကန်ပင် ကျွန်ုပ်သည် ဖခင်နှင့် ဖခင်၏မျိုးနွယ်တို့ကို ပွင့်လင်းထင်ရှားသော လမ်းလွဲမှုဌာနတွေမြင်နေရပေသည်ဟု ပြောကြားခဲ့လေသည်။

وَكَذٰلِكَ نُرِيْٓ اِبْرٰهِيْمَ مَلَكُوْتَ السَّمٰوٰتِ وَالْاَرْضِ وَلِيَكُوْنَ مِنَ الْمُوْقِنِيْنَ ۝٧٥

၇၆။ ဤသို့ဖြင့် ငါတို့သည် 'အစ်ဗရာဟင်မ်'အား မိုးကောင်းကင်များနှင့် ကမ္ဘာမြေပြင်ကိုစိုးမိုးအုပ်ချုပ်ခြင်း(၏ အစစ်အမှန်သဘော)ကိုပြသတော်မူခဲ့၏။ သို့ဖြင့် သူသည် ယုံကြည်(မှုတိုးပွား)သူများအနက်မှဖြစ်စေရန်အလို့ငှာဖြစ်၏။

فَلَمَّا جَنَّ عَلَيْهِ الَّيْلُ رَاٰ كَوْكَبًا ۚ قَالَ هٰذَا رَبِّيْ ۚ فَلَمَّآ اَفَلَ قَالَ لَآ اُحِبُّ الْاٰفِلِيْنَ ۝٧٦

၇၇။ သို့ဖြစ်ရာ အကြင်အခါဝယ် 'ညဉ့်'သည် သူ့အပေါ် ဖုံးလွှမ်းသွားသောအခါ၊ သူသည် ကြယ်တစ်လုံးကို မြင်တွေ့ခဲ့ရပေသည်။ ထိုအခါ သူက ဤသည် ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်(တန်ရာ)၏ဟုဆို၏။ တစ်ဖန် အကြင်အခါ ယင်း(ကြယ်)သည် ကွယ်ပျောက်သွားသောအခါ သူက ကျွန်ုပ်သည် ကွယ်ပျောက်သွားသောအရာများကို မနှစ်မြို့ချေဟု ပြောပြန်လေ၏။ ①

فَلَمَّا رَاَ الْقَمَرَ بَازِغًا قَالَ هٰذَا رَبِّيْ ۚ فَلَمَّآ اَفَلَ قَالَ لَئِنْ لَّمْ يَهْدِنِيْ رَبِّيْ لَاَكُوْنَنَّ مِنَ الْقَوْمِ الضَّآلِّيْنَ ۝٧٧

၇၈။ တစ်ဖန် သူသည် 'လ'ကို လင်းဝင်းတောက်ပစွာဖြင့် မြင်တွေ့ရသောအခါ၊ ဤသည် ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်(တန်ရာ)၏ဟုဆို၏။ သို့ဖြင့် ယင်း(လ)သည် (လည်း) ကွယ်ပျောက်သွားသောအခါ၊ သူက အကယ်၍ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ကျွန်ုပ်အား လမ်းညွှန်မှု ပြုတော်မမူခဲ့ပါလျှင် ကျွန်ုပ်သည် ဧကန်မုချ လမ်းလွဲသူများအနက်မှဖြစ်သွားပေမည်ဟုပြောဆိုခဲ့လေသည်။

① အာယတ်တော်(၇၇)မှ(၇၉)အထိတွင် အချိန်အပိုင်းအခြားအလိုက် သုံးရက်ဆက်တိုက်ပြုလုပ်ခဲ့သော တမန်တော်အစ်ဗရာဟင်မ်ﷺနှင့် သူ၏အမျိုးသားတို့၏ အခြေအတင်ဆွေးနွေးမှုတစ်ရပ်အကြောင်းကို ဖော်ပြထားပေသည်။ တမန်တော်အစ်ဗရာဟင်မ်ﷺသည် မိမိအမျိုးသားတို့၏မှားယွင်းမှုကိုထောက်ပြရန်အလို့ငှာ 'ကြယ်နက္ခတ်တာရာများ'အကြောင်းကိုဖော်ပြရာ၌ အသင်တို့သည် ကြယ်ကို ကိုးကွယ်ရာအဖြစ်ပြုကြသည်၊ စင်စစ် ယင်းသည် ပျောက်ကွယ်၍သွားပေသည်ဟူ၍ပြောဆိုခဲ့ပေသည်။ ထို့ထက်ပိုမိုလျက် 'လ'အကြောင်းနှင့်စပ်လျဉ်းပြီး အသင်တို့တွင် အချို့မှာ 'လ'ကို ကိုးကွယ်ရာအဖြစ်ပြုကြပေရာ နောက်ဆုံးတွင် ယင်းသည်လည်း တိမ်မြုပ်ပျောက်ကွယ်သွားရသောအရာပင်ဖြစ်ကြောင်း ပြောဆိုခဲ့ပေသည်။ နောက်ဆုံးတွင် 'နေ'အကြောင်းကိုဖော်ပြလေသည်။ အကြောင်းမူ သူ၏အမျိုးသားတို့မှ အများစုမှာ 'နေ'ကိုကိုးကွယ်သူများ ဖြစ်ကြ၏။ 'နေ'သည် အကယ်ပင် အလွန်ကြီးမားသည်ဖြစ်၍ အသင်တို့သည် ဖန်ဆင်းရှင်အဖြစ်သတ်မှတ်ကြကာ အလေးအမြတ်ထားကြပေသည်၊ သို့ရာတွင် ယင်း(နေ)သည်လည်း တိမ်မြုပ်ပျောက်ကွယ်သွားသည်ကိုကြည့်ပါလော့။ သို့ဖြစ်ရာ အသင်တို့သည် အလွှာဟ်အပြင် အခြားတစ်စုံတစ်ရာကို ကိုးကွယ်ရာအဖြစ်ပြုကြခြင်းမှာ မဟုတ်မမှန် လိမ်ညာမှုသက်သက်သာဖြစ်သည်ဟူ၍ထောက်ပြခြင်းဖြစ်ပေသည်။

ဤအာယတ်တော်နှင့်စပ်လျဉ်း၍ ယခုခေတ် ဋီကာဖွင့်ဆိုသူများက အံ့သြဖွယ်ပုံပြင်များကို ဖန်တီးထားကြလေသည်။ တမန်တော် အစ်ဗရာဟင်မ်ﷺ၏ဖခင်က သူ့အား ဂူတစ်ခုတွင် ချုပ်နှောင်ထားခဲ့ကြောင်း၊ အပြင်သို့ထွက်လာသောအခါ ဦးစွာပထမကြယ်နက္ခတ်တာရာများကိုမြင်တွေ့ရကြောင်း၊ ထို့နောက် 'လ'၊ ထိုမှတစ်ဖန် 'နေ'တို့ကိုမြင်တွေ့ခဲ့ကြောင်းနှင့် ယင်းသုံးမျိုးစလုံးမှာ နစ်မြုပ်ပျောက်ကွယ်သွားသည့်အရာများသာဖြစ်ကြောင်းကို ပထမဦးဆုံးအကြိမ်အဖြစ်သိရှိခဲ့ရကြောင်း ဖော်ပြကြလေသည်။ ထိုသို့ဖော်ပြခြင်းမှာ မမှန်ကန်ချေ။

فَلَمَّا رَاَ الشَّمْسَ بَازِغَةً قَالَ هٰذَا رَبِّیْ هٰذَاۤ اَكْبَرُ ۚ فَلَمَّاۤ اَفَلَتْ قَالَ یٰقَوْمِ اِنِّیْ بَرِیْٓءٌ مِّمَّا تُشْرِكُوْنَ ۝

၇၉။ တစ်ဖန် သူသည် 'နေ'ကိုထွန်းလင်းတောက်ပစွာဖြင့် မြင်တွေ့ရသောအခါ၊ ဤသည် ကျွန်ုပ်အားဖန်ဆင်းမွေးမြူ တော်မူသောအရှင်ဖြစ်(တန်ရာ)၏၊ ဤသည် ထိုအရာအားလုံး ထက်ပို၍ကြီး၏ဟုဆိုခဲ့၏။ သို့သော် ယင်းသည်လည်း ကွယ် ပျောက်သွားသောအခါ သူက ပြောကြား၏၊ အို-ကျွန်ုပ်၏ အမျိုးသားအပေါင်းတို့၊ ဧကန်မုချ ကျွန်ုပ်သည် အသင်တို့ ပြု လုပ်ကြသည့် ယင်း'ရှရိုက်' တစ်စုံတစ်ရာကို အလွှာဟ်နှင့် တွဲ ဖက်ကိုးကွယ်မှုကို အလွန်ပင် မနှစ်မြို့ရွံရှာ၏။

اِنِّیْ وَجَّهْتُ وَجْهِیَ لِلَّذِیْ فَطَرَ السَّمٰوٰتِ وَ الْاَرْضَ حَنِیْفًا وَّ مَاۤ اَنَا مِنَ الْمُشْرِكِیْنَ ۝

၈၀။ ကျွန်ုပ်သည် မုချဧကန် မိမိ၏ အာရုံစူးစိုက်မှုကို မိုး ကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူသော ထို အရှင်မြတ်၏ဘက်တော်သို့ အမြဲထာဝစဉ်ယိမ်းညွတ်၍ လှည့် ခဲ့ပါပြီ။ ကျွန်ုပ်သည် တစ်စုံတစ်ရာကို အလွှာဟ်နှင့် တွဲဖက် ကိုးကွယ်သူ 'မူရှရိုက်'တို့အနက်မှ မဟုတ်ပါ။

وَحَآجَّهٗ قَوْمُهٗ ؕ قَالَ اَتُحَآجُّوْٓنِّیْ فِی اللّٰهِ وَقَدْ هَدٰىنِ ؕ وَلَاۤ اَخَافُ مَا تُشْرِكُوْنَ بِهٖۤ اِلَّاۤ اَنْ یَّشَآءَ رَبِّیْ شَیْـًٔا ؕ وَسِعَ رَبِّیْ كُلَّ شَیْءٍ عِلْمًا ؕ اَفَلَا تَتَذَكَّرُوْنَ ۝

၈၁။ ထို့နောက် သူ၏အမျိုးသားတို့သည် သူနှင့်အငြင်းပွား လျက်ရှိနေခဲ့ကြပေသည်။ သူက ပြောကြားသည်မှာ အသင်တို့ သည် အလွှာဟ်နှင့်စပ်လျဉ်း၍ ကျွန်ုပ်နှင့်အငြင်းအခုံပြုကြပါ သလော။ စင်စစ် အရှင်မြတ်သည် ကျွန်ုပ်အား လမ်းညွှန်တော် မူခဲ့ပြီးဖြစ်ပေသည်။ ကျွန်ုပ်သည် အရှင်မြတ်မှလွဲ၍ အသင်တို့ တွဲဖက်ကိုးကွယ်ရာပြုလုပ်ထားသော အရာများ(က အကျိုး ပျက်စီးအောင်ပြုမည်)ကို လုံးဝမကြောက်ရွံ့ပေ။ (ကျွန်ုပ်သည်) ကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်က တစ်စုံတစ်ရာ အလိုတော်ရှိ သည်မှတစ်ပါး (မည်သည်ကိုမျှ မလိုလားချေ)။ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အရာခပ်သိမ်းတို့ အပေါ်ဝယ် အသိပညာအားဖြင့် လွှမ်းခြုံလျက်ရှိနေတော်မူပေ သည်။ သို့ဖြစ်ရာ အသင်တို့သည် အဆုံးအမသင်ခန်းစာ မရယူကြပါသလော။

وَكَیْفَ اَخَافُ مَاۤ اَشْرَكْتُمْ وَلَا تَخَافُوْنَ اَنَّكُمْ اَشْرَكْتُمْ بِاللّٰهِ مَا لَمْ یُنَزِّلْ بِهٖ عَلَیْكُمْ سُلْطٰنًا ؕ فَاَیُّ الْفَرِیْقَیْنِ اَحَقُّ بِالْاَمْنِ ۚ اِنْ كُنْتُمْ تَعْلَمُوْنَ ۝ ۚ

၈၂။ အရှင်မြတ်နှင့်တွဲဖက်၍ အသင်တို့ကိုးကွယ်သောအရာ ကို ကျွန်ုပ်သည် အဘယ့်ကြောင့် ကြောက်ရွံ့ရပါမည်နည်း။ အမှန်သော်ကား အသင်တို့သည် အရှင်မြတ်က ယင်း(အား ကိုးကွယ်ရန်)အတွက် မည်သို့သောသက်သေသာဓကကိုမျှ ပို့ချခဲ့ခြင်းမပြုသည့်အရာကို အလွှာဟ်နှင့် တွဲဖက်ကိုးကွယ်ရာ ပြုလုပ်ခဲ့ကြရာတွင် အသင်တို့သည် မကြောက်ရွံ့ကြချေ။ သို့ ဖြစ်ရာ အကယ်၍ အသင်တို့၌ အသိပညာရှိကြလျှင် အုပ်စု နှစ်ရပ်တွင် မည်သည့်အုပ်စုသည် ငြိမ်းချမ်းသာယာမှုနှင့် ပိုမို ထိုက်တန်သည်ကို (ပြောပြကြကုန်)။

اَلَّذِیْنَ اٰمَنُوْا وَلَمْ یَلْبِسُوْۤا اِیْمَانَهُمْ

၈၃။ အကြင်သူတို့သည် 'အီမာန်' သက်ဝင်ယုံကြည်မှုရှိကြ ၏၊ ထို့ပြင် သူတို့သည် မိမိတို့၏သက်ဝင်ယုံကြည်မှုကို တစ်စုံ

بِظُلْمٍ اُولٰٓئِكَ لَهُمُ الْاَمْنُ وَهُمْ مُّهْتَدُوْنَ ﴿۸۲﴾

တစ်ရာသော အပြစ်ကျူးလွန်မှုဖြင့် သံသယဖြစ်အောင် မပြုလုပ်ခဲ့ကြချေ။ ထိုသူတို့သာလျှင် ငြိမ်းချမ်းသာယာမှုကို ရရှိမည့် သူများဖြစ်ကြ၏။ ထိုသူတို့သည်ပင် တရားလမ်းမှန်ကို ရရှိပြီး သူများဖြစ်ကြပေသတည်း။

ရုကူ-၁၀

وَتِلْكَ حُجَّتُنَآ اٰتَيْنٰهَآ اِبْرٰهِيْمَ عَلٰى قَوْمِهٖ ؕ نَرْفَعُ دَرَجٰتٍ مَّنْ نَّشَآءُ ؕ اِنَّ رَبَّكَ حَكِيْمٌ عَلِيْمٌ ﴿۸۳﴾

၈၃။ ဤသည် ငါတို့၏သက်သေသာဓကဖြစ်၏၊ ယင်းကို ငါတို့သည် 'အစ်ဗရာဟင်မ်'အား သူ၏အမျိုးသားတို့နှင့် ဆန့်ကျင်၍ ပေးသနားတော်မူခဲ့ပေသည်။ ငါတို့သည် မိမိနှစ်လို့တော်မူသောသူအား အဆင့်အတန်းများ၌ မြှင့်တင်ပေးတော်မူ၏။ ဧကန်မုချ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် လွန်စွာဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

وَوَهَبْنَا لَهٗٓ اِسْحٰقَ وَيَعْقُوْبَ ؕ كُلًّا هَدَيْنَا ۚ وَنُوْحًا هَدَيْنَا مِنْ قَبْلُ وَمِنْ ذُرِّيَّتِهٖ دَاوٗدَ وَسُلَيْمٰنَ وَاَيُّوْبَ وَيُوْسُفَ وَمُوْسٰى وَهٰرُوْنَ ؕ وَكَذٰلِكَ نَجْزِى الْمُحْسِنِيْنَ ﴿۸۴﴾

၈၄။ ငါတို့သည် သူ(အစ်ဗရာဟင်မ်)အား 'အစ္စဟာက်'နှင့် 'ယာကွပ်'တို့ကို ပေးသနားတော်မူခဲ့၏။ သူတို့အသီးသီးကို ငါတို့လမ်းညွှန်တော်မူခဲ့၏။ ထို့သည့်အလျင်ကလည်း ငါတို့သည် 'နူးဟ်'အားလမ်းညွှန်တော်မူခဲ့၏။ ထို့ပြင် သူ၏သားမြေးများအနက်မှ 'ဒါဝတ်'၊ 'ဆူလိုင်မန်'၊ 'အိုင်ယူဘ်'၊ 'ယူဆုဖ်'၊ 'မူစာ'နှင့် 'ဟာရွန်'တို့ကိုလည်း (လမ်းညွှန်တော်မူခဲ့၏)။ ဤသို့ဖြင့် ငါတို့သည် ကောင်းမှုပွားများသူတို့အား ဆုလာဘ် ပေးသနားတော်မူ၏။

وَزَكَرِيَّا وَيَحْيٰى وَعِيْسٰى وَاِلْيَاسَ ؕ كُلٌّ مِّنَ الصّٰلِحِيْنَ ﴿۸۵﴾

၈၆။ ထို့ပြင် 'ဇကရိယာ'၊ 'ယာဟ်ယာ'၊ 'အီစာ'နှင့် 'အီလ်ယာစ်'(တို့ကိုလည်း လမ်းညွှန်တော်မူခဲ့၏)။ သူတို့အားလုံးသည်လည်း သူတော်စင်များအနက်မှဖြစ်ကြ၏။

وَاِسْمٰعِيْلَ وَالْيَسَعَ وَيُوْنُسَ وَلُوْطًا ؕ وَكُلًّا فَضَّلْنَا عَلَى الْعٰلَمِيْنَ ﴿۸۶﴾

၈၇။ ထို့ပြင် 'အစ္စမာအီလ်'၊ 'အလ်ယဆအ်'၊ 'ယူနုတ်စ်'နှင့် 'လူးတ်'တို့ကိုလည်း (လမ်းညွှန်တော်မူခဲ့၏)။ ထို့ပြင် ငါတို့သည် ၎င်းတို့အားလုံးကို တစ်လောကလုံးထက် ထူးခြားသာလွန်မှုကို ပေးသနားတော်မူခဲ့၏။

وَمِنْ اٰبَآئِهِمْ وَذُرِّيّٰتِهِمْ وَاِخْوَانِهِمْ ۚ وَاجْتَبَيْنٰهُمْ وَهَدَيْنٰهُمْ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿۸۷﴾

၈၈။ ထို့ပြင် ၎င်းတို့၏ဘိုးဘေးများမှလည်းကောင်း ၎င်းတို့၏အဆက်အနွယ်များမှလည်းကောင်း၊ ထို့ပြင် ၎င်းတို့၏ ညီအစ်ကိုများအနက်မှ(လည်းကောင်း အချို့ကို ထူးကဲသာလွန်မှုပေးသနားတော်မူခဲ့၏)။ ငါတို့သည် ၎င်းတို့အား ရွေးချယ်တော်မူခဲ့ပေသည်။ ထို့ပြင် ၎င်းတို့အား ဖြောင့်မတ်မှန်ကန်သောလမ်းဘက်သို့ လမ်းညွှန်တော်မူခဲ့၏။

ذٰلِكَ هُدَى اللّٰهِ يَهْدِىْ بِهٖ مَنْ يَّشَآءُ مِنْ عِبَادِهٖ ؕ وَلَوْ اَشْرَكُوْا لَحَبِطَ عَنْهُمْ مَّا

၈၉။ ဤသည်ကား အလ္လာဟ်၏လမ်းညွှန်တော်ဖြစ်ပြီး ယင်းအားဖြင့် အရှင်မြတ်သည် မိမိ၏အစေတော်များအနက်မှ မိမိနှစ်လို့တော်မူသောသူကို လမ်းညွှန်မှုပြုတော်မူ၏။ အကယ်၍

كَانُوْا يَعْمَلُوْنَ ۝

ၔင်းတို့သည် အရှင်မြတ်နှင့် 'ရှရီက်'တွဲဖက်ကိုးကွယ်မှုကို ပြုကြပါလျှင် ၔင်းတို့ပြုလုပ်ခဲ့သော အကျင့်သီလတို့သည် ဆုံးရှုံးပျက်စီးသွားမည်ဖြစ်၏။

اُولٰٓئِكَ الَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ وَالْحُكْمَ وَالنُّبُوَّةَ ۚ فَاِنْ يَّكْفُرْ بِهَا هٰٓؤُلَآءِ فَقَدْ وَكَّلْنَا بِهَا قَوْمًا لَّيْسُوْا بِهَا بِكٰفِرِيْنَ ۝

၉၀။ ဤသူတို့သည်ကား ၔင်းတို့ကို ငါတို့သည် ကျမ်းဂန်၊ ဉာဏ်ပညာအမြော်အမြင်နှင့် 'နဗူဝါတ်' တမန်တော်ဖြစ်ခြင်းကို ပေးသနားတော်မူခဲ့၏။ သို့ဖြစ်ရာ အကယ်၍ ဤသူတို့သည် ယင်းကိုငြင်းပယ်ကြပါက၊ ငါတို့သည် ဤ(အရေးကိစ္စ)ကို အကြင်သို့သော လူမျိုးနွယ်တစ်ရပ်အား ပေးအပ်တော်မူမည်ဖြစ်ပြီး ထိုသူတို့သည် ယင်းကို လုံးဝငြင်းပယ်ကြလိမ့်မည်မဟုတ်ချေ။

اُولٰٓئِكَ الَّذِيْنَ هَدَى اللّٰهُ فَبِهُدٰىهُمُ اقْتَدِهْ ۗ قُلْ لَّآ اَسْـَٔلُكُمْ عَلَيْهِ اَجْرًا ۗ اِنْ هُوَ اِلَّا ذِكْرٰى لِلْعٰلَمِيْنَ ۝

၉၁။ ဤသူတို့သည်ကား ၔင်းတို့အား အလ္လာဟ်က လမ်းညွှန်တော်မူသောသူများဖြစ်ကြ၏။ သို့ဖြစ်ရာ ၔင်းတို့အား (အလ္လာဟ်က ပေးသနားတော်မူခဲ့သော ယင်း)လမ်းညွှန်မှုကို လိုက်နာကြကုန်။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်သည် အသင်တို့ထံမှ ယင်းအတွက် မည်သည့်အဖိုးအခကိုမျှ မတောင်းခံချေ။ ဤသည် တစ်လောကလုံးအတွက် သွန်သင်ဆုံးမချက် ဖြစ်သတည်း။

ရုကူ-၁၁

وَمَا قَدَرُوا اللّٰهَ حَقَّ قَدْرِهٖٓ اِذْ قَالُوْا مَآ اَنْزَلَ اللّٰهُ عَلٰى بَشَرٍ مِّنْ شَيْءٍ ۗ قُلْ مَنْ اَنْزَلَ الْكِتٰبَ الَّذِيْ جَآءَ بِهٖ مُوْسٰى نُوْرًا وَّهُدًى لِّلنَّاسِ تَجْعَلُوْنَهٗ قَرَاطِيْسَ تُبْدُوْنَهَا وَتُخْفُوْنَ كَثِيْرًا ۚ وَعُلِّمْتُمْ مَّا لَمْ تَعْلَمُوْٓا اَنْتُمْ وَلَآ اٰبَآؤُكُمْ ۗ قُلِ اللّٰهُ ۙ ثُمَّ ذَرْهُمْ فِيْ خَوْضِهِمْ يَلْعَبُوْنَ ۝

၉၂။ အလ္လာဟ်သည် မည်သည့်လူသားကိုမျှ မည်သည့်အရာကိုမျှပို့ချတော်မမူဟု အကြင်သူတို့ပြောဆိုသောအခါ၊ ထိုသူတို့သည် အလ္လာဟ်အား အလေးထားထိုက်သည်နှင့်အညီ အလေးမထားခဲ့ကြချေ။ အသင်မေးမြန်းပါလေ၊ လူတို့အတွက် လင်းရောင်ခြည်နှင့် လမ်းညွှန်မှုဖြစ်သော 'မူစာ' ယူဆောင်လာခဲ့သည့် ထိုကျမ်းကိုမည်သူပို့ချခဲ့သနည်း။ အသင်တို့သည် ယင်းကို တန်ဖိုးမဲ့သောစက္ကူများပမာ ပြုလုပ်ခဲ့ကြပေသည်။ ယင်းမှ အချို့ကိုဖော်ပြခဲ့ကြပြီး မြောက်မြားစွာတို့ကို ဖုံးကွယ်ထားခဲ့ကြပေသည်။ အမှန်သော်ကား (ယင်းကျမ်းအားဖြင့်) အသင်တို့ကိုယ်တိုင်သော်လည်းကောင်း၊ အသင်တို့၏ အဘဘိုးဘေးတို့သော်လည်းကောင်း မသိသောအကြောင်းအရာများမှ အချို့ကို အသင်တို့အား သင်ကြားပေးခြင်းခံရ၏။ အလ္လာဟ်(သည်သာလျှင် ကျွန်ုပ်အဖို့ အလုံးစုံဖြစ်တော်မူ၏)ဟု ပြောကြားပါလေ၊ ထို့နောက် သူတို့အား သူတို့၏အကျိုးမဲ့သောစကားများ၌ကစားခုန်စားစေလျက် လွှတ်ထားပါလေ။

وَهٰذَا كِتٰبٌ اَنْزَلْنٰهُ مُبٰرَكٌ مُّصَدِّقُ الَّذِيْ بَيْنَ يَدَيْهِ وَلِتُنْذِرَ اُمَّ الْقُرٰى

၉၃။ ဤသည် ငါတို့ပို့ချတော်မူသည့် ကောင်းချီးမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံသော ကျမ်းတော်ဖြစ်၏။ ယင်းသည် မိမိရှေ့၌ရှိသည်ကို မှန်ကန်ကြောင်းထောက်ခံ၏။ သို့ဖြင့် အသင်

وَمَنْ حَوْلَهَا ۗ وَالَّذِيْنَ يُؤْمِنُوْنَ بِالْاٰخِرَةِ يُؤْمِنُوْنَ بِهٖ وَهُمْ عَلٰى صَلَاتِهِمْ يُحَافِظُوْنَ ﴿٩٢﴾

သည် မြို့ရွာများ၏မိခင်နှင့် ယင်း၏အနီးဝန်းကျင်တွင် နေထိုင်သူများကို သတိပေးနှိုးဆော်ရန်ဖြစ်၏။ နောင်တမလွန်ကို ယုံကြည်သူတို့သည် ဤ(ကျမ်းတော်)ကိုယုံကြည်ကြ၏။ ထို့ပြင် သူတို့သည် မိမိတို့၏ 'ဆွလာတ်'ဝတ်ပြုမှုကိုလည်း အမြဲထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ကြ၏။

وَمَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَى اللّٰهِ كَذِبًا اَوْ قَالَ اُوْحِيَ اِلَيَّ وَلَمْ يُوْحَ اِلَيْهِ شَيْءٌ وَّمَنْ قَالَ سَاُنْزِلُ مِثْلَ مَآ اَنْزَلَ اللّٰهُ ۗ وَلَوْ تَرٰٓى اِذِ الظّٰلِمُوْنَ فِيْ غَمَرٰتِ الْمَوْتِ وَالْمَلٰٓئِكَةُ بَاسِطُوْٓا اَيْدِيْهِمْ ۚ اَخْرِجُوْٓا اَنْفُسَكُمْ ۗ اَلْيَوْمَ تُجْزَوْنَ عَذَابَ الْهُوْنِ بِمَا كُنْتُمْ تَقُوْلُوْنَ عَلَى اللّٰهِ غَيْرَ الْحَقِّ وَكُنْتُمْ عَنْ اٰيٰتِهٖ تَسْتَكْبِرُوْنَ ﴿٩٣﴾

၉၃။ ဤသူထက် ပိုမို၍အပြစ်ကျူးလွန်သောသူ အဘယ်သူရှိနိုင်အံ့နည်း၊ ထိုသူသည် အလ္လာဟ်နှင့်စပ်လျဉ်း၍ မဟုတ်မမှန် လိဆယ်ပြောဆို၏။ သို့တည်းမဟုတ် ကျွန်ုပ်ထံ 'ဝဟီ' ဗျာဒိတ်ပို့ချခြင်းခံရသည်ဟုဆို၏။ အမှန်သော်ကား သူ့ထံ မည်သို့သော 'ဝဟီ'ဗျာဒိတ်မျှ ပို့ချခြင်းမပြုခဲ့ချေ။ ထို့ပြင် ထိုသူက ကျွန်ုပ်သည် အလ္လာဟ်ပို့ချတော်မူဘိသကဲ့သို့ မုဟ္မဒ်ပါဠိတော်ကို ပို့ချမည်ဟုဆို၏။ အသင်တွေ့မြင်နိုင်လျှင် ကောင်းပေစွ၊ အကြင်အခါဝယ် အပြစ်ကျူးလွန်သူတို့သည် သေခြင်း၏တိုက်ခိုက်မှုဖြင့် ဝန်းရံခံရ၍ ကောင်းကင်တမန်တို့သည် မိမိတို့၏လက်များကို ထိုသူများဘက်သို့ ဆန့်တန်းလျက် မိမိတို့၏အသက်များကို အပြင်သို့ထုတ်ကြကုန်၊ အသင်တို့သည် အလ္လာဟ်နှင့်စပ်လျဉ်း၍ မမှန်မကန်ပြောဆိုခဲ့ခြင်းများကြောင့်လည်းကောင်း၊ အရှင်မြတ်၏နိမိတ်လက္ခဏာတော်များကို မထီမဲ့မြင်ပြုမူခဲ့ကြ၍လည်းကောင်း ယနေ့ အသင်တို့သည် လွန်စွာမှ ဂုဏ်သရေယုတ်လျော့သော အပြစ်ဒဏ်ကို ပေးခြင်းခံကြရမည်(ဟု ပြောဆိုကြကုန်အံ့)။

وَلَقَدْ جِئْتُمُوْنَا فُرَادٰى كَمَا خَلَقْنٰكُمْ اَوَّلَ مَرَّةٍ وَّتَرَكْتُمْ مَّا خَوَّلْنٰكُمْ وَرَآءَ ظُهُوْرِكُمْ ۚ وَمَا نَرٰى مَعَكُمْ شُفَعَآءَكُمُ الَّذِيْنَ زَعَمْتُمْ اَنَّهُمْ فِيْكُمْ شُرَكٰٓؤُا ۗ لَقَدْ تَّقَطَّعَ بَيْنَكُمْ وَضَلَّ عَنْكُمْ مَّا كُنْتُمْ تَزْعُمُوْنَ ﴿٩٤﴾ ع

၉၄။ ငါတို့သည် အသင်တို့အား ကနဦးပထမအကြိမ်(တစ်ဦးစီတစ်ဦးစီ) ဖန်ဆင်းတော်မူဘိသကဲ့သို့၊ ဧကန်မုချ အသင်တို့သည် ငါတို့ထံသို့ တစ်ဦးချင်းစီ ရောက်ရှိလာခဲ့ကြချေပြီ။ ထို့ပြင် ငါတို့က အသင်တို့အား ပေးသနားတော်မူခဲ့သည့် ကောင်းချီးမင်္ဂလာတော်များကို အသင်တို့သည် မိမိတို့၏နောက်ကျောများတွင် စွန့်ထားခဲ့ကြချေပြီ။ အသင်တို့၏ ကြားဝင်လျှောက်လဲအသနားခံပေးမည့်သူများကို (အဘယ့်ကြောင့်) အသင်တို့နှင့်အတူ ငါတို့မတွေ့မြင်ရသနည်း။ ယင်းတို့သည် အသင်တို့၏အကျိုးကို ကာကွယ်စောင့်ရှောက်ရာတွင် (အလ္လာဟ်နှင့်)တန်းတူတွဲဖက်သူများဟု ယင်းတို့နှင့်စပ်လျဉ်း၍ အသင်တို့ ထင်မြင်ယူဆလေ့ရှိခဲ့ကြ၏။ (ယခုမူကား) အသင်တို့(နှင့် ထိုသူတို့)သည် အချင်းချင်း တစ်ဦးနှင့်တစ်ဦး တခြားစီကွဲကွာသွားခဲ့ကြချေပြီ။ အသင်တို့က (အရှင်မြတ်နှင့် တွဲဖက်ရာဟု) ထင်မြင်ယူဆခဲ့သောအရာများသည် အသင်တို့ထံမှ ပျောက်ကွယ်သွားခဲ့ချေပြီတည်း။

ရှုကူး-၁၂

اِنَّ اللّٰهَ فَالِقُ الْحَبِّ وَالنَّوٰى ؕ يُخْرِجُ الْحَیَّ مِنَ الْمَيِّتِ وَمُخْرِجُ الْمَيِّتِ مِنَ الْحَیِّ ؕ ذٰلِكُمُ اللّٰهُ فَاَنّٰى تُؤْفَكُوْنَ ۝۹۵

၉၆။ ဧကန်မုချ အလ္လာဟ်သည်သာလျှင် မျိုးစေ့များနှင့် သစ်စေ့များကို အက်ကွဲစေတော်မူသောအရှင် ဖြစ်တော်မူ၏။ အရှင်မြတ်သည် သက်ရှိကို သက်မဲ့မှထုတ်ဆောင်တော်မူ၏၊ ထို့ပြင် သက်မဲ့ကို သက်ရှိမှထုတ်ဆောင်တော်မူသောအရှင် ဖြစ်တော်မူ၏။ ဤသည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် 'အလ္လာဟ်'ဖြစ်တော်မူ၏။ သို့ဖြစ်ရာ အသင်တို့သည် အဘယ်သို့ လွဲချော်၍သွားနေကြပေသနည်း။

فَالِقُ الْاِصْبَاحِ ۚ وَجَعَلَ الَّيْلَ سَكَنًا وَّالشَّمْسَ وَالْقَمَرَ حُسْبَانًا ؕ ذٰلِكَ تَقْدِيْرُ الْعَزِيْزِ الْعَلِيْمِ ۝۹۶

၉၇။ အရှင်မြတ်သည် 'နံနက်'အချိန်များကို ခွဲ၍ထုတ်တော်မူသောအရှင်ဖြစ်တော်မူ၏။ ထို့ပြင် အရှင်မြတ်သည် 'ည'ကို တည်ငြိမ်အေးချမ်းရာပြုလုပ်တော်မူခဲ့၏။ စင်စစ် 'နေ'နှင့်'လ' တို့သည် တိုင်းတာတွက်ချက်မှုတစ်ရပ်ဖြင့် လည်ပတ်လျက်ရှိနေကြ၏။ ဤသည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်(နှင့်)သိရှိတော်မူသောအရှင်၏ (သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော) အစီအမံဖြစ်၏။ ①

وَهُوَ الَّذِیْ جَعَلَ لَكُمُ النُّجُوْمَ لِتَهْتَدُوْا بِهَا فِیْ ظُلُمٰتِ الْبَرِّ وَالْبَحْرِ ؕ قَدْ فَصَّلْنَا الْاٰيٰتِ لِقَوْمٍ يَّعْلَمُوْنَ ۝۹۷

၉၈။ ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အတွက် ကြယ်နက္ခတ်တာရာများကို ပြုလုပ်ထားတော်မူ၏။ ကုန်းမြေနှင့် ရေပြင်၏အမှောင်ထုများတွင် ယင်းတို့အားဖြင့် အသင်တို့လမ်းညွှန်မှုကိုရရှိကြစေရန်ဖြစ်၏။ ဧကန်မုချ ငါတို့သည် သိရှိနားလည်သူတို့အဖို့ သက်သေသာဓကတော်များကို ပွင့်လင်းထင်ရှားစွာဖော်ပြတော်မူ၏။

وَهُوَ الَّذِیْۤ اَنْشَاَكُمْ مِّنْ نَّفْسٍ وَّاحِدَةٍ فَمُسْتَقَرٌّ وَّ مُسْتَوْدَعٌ ؕ قَدْ فَصَّلْنَا الْاٰيٰتِ لِقَوْمٍ يَّفْقَهُوْنَ ۝۹۸

၉၉။ အရှင်မြတ်သည်ပင်လျှင် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့၏။ သို့ဖြစ်ရာ ခေတ္တရပ်တည်ရာနေရာနှင့် ထာဝရလုံခြုံမှုရှိသောနေရာကို (ပြုလုပ်ထားတော်မူ၏)။ အမှန်စင်စစ် ငါတို့သည် အရေးကိစ္စကို သိရှိနားလည်အောင်သုံးသပ်သူတို့အဖို့ သက်သေသာဓကတော်များကို ပွင့်လင်းထင်ရှားစွာ အသေးစိတ်ရှင်းလင်းဖော်ပြတော်မူ၏။

وَهُوَ الَّذِیْۤ اَنْزَلَ مِنَ السَّمَآءِ مَآءً ۚ فَاَخْرَجْنَا بِهٖ نَبَاتَ كُلِّ شَیْءٍ فَاَخْرَجْنَا مِنْهُ خَضِرًا نُّخْرِجُ مِنْهُ حَبًّا مُّتَرَاكِبًا ۚ

၁၀၀။ ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်မှရေကို ရွာသွန်းချပေးတော်မူ၏။ တစ်ဖန် ငါတို့သည် ယင်းမှ အမျိုးစုံသောအပင်တို့ကို ပေါက်ရောက်စေတော်မူ၏။ ထို့ပြင် ငါတို့သည် ယင်းမှစိမ်းစိုသောအပင်ကို ထွက်စေတော်မူ၍ ယင်းမှ ငါတို့သည် အထပ်ထပ်ရှိသော အစေ့အဆန်တို့ကို ထွက်စေ

① ဤတွင် 'နေ'နှင့်'လ'တို့၏လှည့်ပတ်သွားလာမှုနှင့်ယှဉ်လျက် 'ကမ္ဘာမြေ'အစား 'ည'ကို **ساكن** ဟူသောစကားလုံးဖြင့် သုံးနှုန်းထားပေသည်။ အကြောင်းမူ ထိုခေတ်ကလူတို့သည် ကမ္ဘာမြေကို **ساكن** (ငြိမ်သက်နေသည်)ဟုသာ ထင်မှတ်ခဲ့ကြသောကြောင့် ဖြစ်၏။ سَكَنًا ဆိုသည့်စကားလုံး၌ တည်ငြိမ်အေးချမ်းမှုကိုဖြစ်စေသောအရာဟူသော အဓိပ္ပာယ်လည်းပါဝင်ပေသည်။

وَمِنَ النَّخْلِ مِنْ طَلْعِهَا قِنْوَانٌ دَانِيَةٌ وَّجَنّٰتٍ مِّنْ اَعْنَابٍ وَّالزَّيْتُوْنَ وَالرُّمَّانَ مُشْتَبِهًا وَّغَيْرَ مُتَشَابِهٍ ؕ اُنْظُرُوْۤا اِلٰى ثَمَرِهٖۤ اِذَاۤ اَثْمَرَ وَيَنْعِهٖ ؕ اِنَّ فِيْ ذٰلِكُمْ لَاٰيٰتٍ لِّقَوْمٍ يُّؤْمِنُوْنَ ۝

တော်မူ၏။ ထို့ပြင် စွန်ပလွံပင်များမှ ယင်း၏အခိုင်များကို ညွတ်စေလျက် အပြည့်အဝအထပ်ထပ်ပြွတ်သိပ်နေသော အသီးများကို သီးစေတော်မူ၏။ ထို့ပြင် ဤနည်းအတိုင်း စပျစ်ခြံများနှင့် သံလွင်၊ သလဲသီးများ၊ တစ်ခုနှင့် တစ်ခု ဆင်တူရိုးမှားများသည်လည်းကောင်း၊ မတူညီသည်များသည်လည်းကောင်း (ရှိကြ၏)။ ယင်းအသီးများ သီးသောအခါတွင်လည်းကောင်း၊ ရင့်မှည့်လာသောအခါတွင်လည်းကောင်း သေချာစွာကြည့်ရှုသုံးသပ်ကြကုန်။ ဧကန်မုချ ဤအရာအားလုံးတို့တွင် သက်ဝင်ယုံကြည်သူအမျိုးသားတို့အဖို့ ကြီးကျယ်သော သက်သေသာဓကတော်များရှိ၏။

وَجَعَلُوْا لِلّٰهِ شُرَكَآءَ الْجِنَّ وَخَلَقَهُمْ وَخَرَقُوْا لَهٗ بَنِيْنَ وَبَنٰتٍۢ بِغَيْرِ عِلْمٍ ؕ سُبْحٰنَهٗ وَتَعٰلٰى عَمَّا يَصِفُوْنَ ۝

၁၀၀။ ၎င်းတို့သည် 'ဂျင်န်'များကို အလ္လာဟ်နှင့် တွဲဖက်ရာ 'ရှရီက်'အဖြစ် ပြုလုပ်ထားကြ၏။ အမှန်သော်ကား အရှင်မြတ်သည်ပင် ယင်းတို့အား ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် ထိုသူတို့သည် အသိပညာမရှိပါဘဲလျက် အရှင်မြတ်အတွက် သားများနှင့် သမီးများကို လုပ်ကြံဖန်တီးခဲ့ကြ၏။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။ ထို့ပြင် အရှင်မြတ်သည် သူတို့ ဖော်ပြပြောဆိုသည်များမှ (ကင်းစင်၍) အလွန်လျင်မြင့်မားထွတ်မြတ်တော်မူပေသတည်း။

ရုကူး-၁၃

بَدِيْعُ السَّمٰوٰتِ وَالْاَرْضِ ؕ اَنّٰى يَكُوْنُ لَهٗ وَلَدٌ وَّلَمْ تَكُنْ لَّهٗ صَاحِبَةٌ ؕ وَخَلَقَ كُلَّ شَيْءٍ ۚ وَهُوَ بِكُلِّ شَيْءٍ عَلِيْمٌ ۝

၁၀၁။ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို မရှိရာမှ ဖန်ဆင်းဖြစ်ထွန်းစေတော်မူသောအရှင် ဖြစ်တော်မူ၏။ အရှင်မြတ်၌ သားတော်မည်ကဲ့သို့ရှိနိုင်အံ့နည်း။ အမှန်သော်ကား အရှင်မြတ်၌ မည်သည့်ကြောင်ရာမျှမရှိချေ။ အရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို ဖန်ဆင်းတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် အလုံးစုံသောအရာတို့ကို ကောင်းစွာသိရှိတော်မူ၏။

ذٰلِكُمُ اللّٰهُ رَبُّكُمْ ۚ لَاۤ اِلٰهَ اِلَّا هُوَ ۚ خَالِقُ كُلِّ شَيْءٍ فَاعْبُدُوْهُ ۚ وَهُوَ عَلٰى كُلِّ شَيْءٍ وَّكِيْلٌ ۝

၁၀၂။ ဤသည် အသင်တို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင် 'အလ္လာဟ်'ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှလွဲ၍ မည်သည့် ကိုးကွယ်ခြင်းခံထိုက်ရာမျှမရှိ၊ အရာခပ်သိမ်းကုန်တို့ကို ဖန်ဆင်းဖြစ်ထွန်းစေတော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ဖြစ်ရာ ထိုအရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြကုန်။ စင်စစ် အရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့အပေါ် အုပ်ထိန်းသူဖြစ်တော်မူ၏။

لَا تُدْرِكُهُ الْاَبْصَارُ ۫ وَهُوَ يُدْرِكُ الْاَبْصَارَ ۚ وَهُوَ اللَّطِيْفُ الْخَبِيْرُ ۝

၁၀၃။ မျက်စိများသည် အရှင်မြတ်အား မမြင်နိုင်ကြချေ။ သို့ရာတွင် အရှင်မြတ်သည် မျက်စိများသို့တိုင် ရောက်ရှိတော်မူ၏။ အရှင်မြတ်သည် လွန်စွာအနုစိတ် မြင်တော်မူသော

အရှင်(နှင့်) အမြဲထာဝစဉ်သတင်းရရှိတော်မူသောအရှင် ဖြစ်တော်မူ၏။ ⑬

قَدْ جَآءَكُمْ بَصَآئِرُ مِنْ رَّبِّكُمْ ۚ فَمَنْ اَبْصَرَ فَلِنَفْسِهٖ ۚ وَ مَنْ عَمِیَ فَعَلَیْهَا ؕ وَ مَاۤ اَنَا عَلَیْكُمْ بِحَفِیْظٍ ﴿۱۰۴﴾

၁၀၅။ ဧကန်မုချ အသင်တို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ သိမြင်နိုင်စွမ်းကိုပေးသည့် မြောက်မြားစွာသော အကြောင်းရပ်များသည် အသင်တို့ထံ ရောက်ရှိခဲ့လေပြီ။ သို့ဖြစ်ရာ အကြင်သူသည် သိမြင်နိုင်စွမ်းကိုရယူပါလျှင် မိမိအဖို့သာ ဖြစ်ပေမည်။ အကြင်သူသည် မမြင်အကန်းဖြစ်ပါလျှင် သူ(၏) စိတ်ဝိညာဉ် အကျိုး)နှင့်ဆန့်ကျင်လျက်သာ အကန်းဖြစ်ပေမည်။ အမှန်သော်ကား ကျွန်ုပ်သည် အသင်တို့အပေါ် စောင့်ကြပ်သူမဟုတ်ချေ။

وَ كَذٰلِكَ نُصَرِّفُ الْاٰیٰتِ وَ لِیَقُوْلُوْا دَرَسْتَ وَ لِنُبَیِّنَهٗ لِقَوْمٍ یَّعْلَمُوْنَ ﴿۱۰۵﴾

၁၀၆။ ဤသို့ပင် ငါတို့သည် သက်သေလက္ခဏာတော်များကို အနည်းနည်းအဖုံဖုံ ဖော်ပြတော်မူ၏။ သို့ဖြင့် ယင်းတို့က အသင်သည် ကောင်းစွာသင်ယူပြီး၊ ကောင်းစွာသင်ကြားပို့ချခဲ့သည်ဟု ပြောကြရန်အတွက်လည်းကောင်း၊ ငါတို့သည် ဤ(အကြောင်းရပ်)ကို အသိပညာရှိသောသူတို့အဖို့ ကောင်းစွာလင်းဝင်းထင်ရှားသွားစေရန် ရှင်းလင်းပြရန်အတွက်လည်း ကောင်းဖြစ်၏။

اِتَّبِعْ مَاۤ اُوْحِیَ اِلَیْكَ مِنْ رَّبِّكَ ۚ لَاۤ اِلٰهَ اِلَّا هُوَ ۚ وَ اَعْرِضْ عَنِ الْمُشْرِكِیْنَ ﴿۱۰۶﴾

၁၀၇။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်မှ အသင့်ထံပို့ချသော 'ဝဟီ' ဗျာဒိတ်ကို လိုက်နာကျင့်သုံးပါလေ။ အရှင်မြတ်မှတစ်ပါး အခြားမည်သည့်ကိုးကွယ်ခြင်းခံထိုက်ရာမျှမရှိပြီ။ ထို့ပြင် 'ရှရီက်' အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်မှုပြုသူများမှ မျက်နှာလွှဲဖယ်၍နေပါလေ။

وَ لَوْ شَآءَ اللّٰهُ مَاۤ اَشْرَكُوْا ؕ وَ مَا جَعَلْنٰكَ عَلَیْهِمْ حَفِیْظًا ۚ وَ مَاۤ اَنْتَ عَلَیْهِمْ بِوَكِیْلٍ ﴿۱۰۷﴾

၁၀၈။ အကယ်၍ အလ္လာဟ်အလိုရှိတော်မူခဲ့လျှင် ၎င်းတို့သည် 'ရှရီက်'ပြုလုပ်ကြမည်မဟုတ်ချေ။ ငါတို့သည် အသင့်အား သူတို့အပေါ် ကာကွယ်စောင့်ရှောက်သူအဖြစ် ပြုလုပ်တော်မမူချေ။ အသင်သည် သူတို့အပေါ် အုပ်ထိန်းသူလည်း မဟုတ်ချေ။

وَ لَا تَسُبُّوا الَّذِیْنَ یَدْعُوْنَ مِنْ دُوْنِ اللّٰهِ فَیَسُبُّوا اللّٰهَ عَدْوًۢا بِغَیْرِ عِلْمٍ ؕ كَذٰلِكَ زَیَّنَّا لِكُلِّ اُمَّةٍ عَمَلَهُمْ ۪ ثُمَّ اِلٰی رَبِّهِمْ

၁၀၉။ အလ္လာဟ်အားစွန့်ပယ်၍ သူတို့ဟစ်ခေါ်တမ်းတကြသည့်အရာများကို အသင်သည် ဆဲရေးခြင်းမပြုလင့်။ ထိုသို့ပြုလျှင် ၎င်းတို့သည် ရန်လိုလျက် အသိပညာမရှိသဖြင့် အလ္လာဟ်ကို ဆဲရေးခြင်းပြုကြပေလိမ့်မည်။ ဤသို့ပင် ငါတို့သည် လူမျိုးနွယ်တိုင်းအား သူတို့၏လုပ်ဆောင်ချက်ကို လှုပ

⑬ သာမန်လူတို့က အမြင်စွမ်းအင်သည် မျက်စိသူငယ်အိမ်မှထွက်လျက် အဝေးရှိအရာဝတ္ထုများကို မြင်ခြင်းဖြစ်သည်ဟု ထင်မှတ်ကြပေသည်။ အမှန်သော်ကား ဤအာယတ်တော်တွင် ယင်းကို အထင်အရှားပယ်ချထားပေသည်။ အလင်းရောင်ကိုယ်တိုင်က မျက်စိသို့တိုင် ရောက်လာခြင်းဖြစ်သည်။ ဤသည့်အကြောင်းရပ်ကပင် အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ခွင့်ရသူတို့နှင့်လည်း သင့်မြတ်လျော်ကန်မှုရှိပေသည်။ မိမိတို့ကိုယ်တိုင်၏စိတ်နှလုံးမျက်စိဖြင့် အလ္လာဟ်အရှင်မြတ်အား ဖူးမြင်နိုင်ရန် မည်သူမျှမစွမ်းနိုင်ချေ။ အလ္လာဟ်ကိုယ်တော်တိုင်က အလိုရှိတော်မူသောအခါ မွန်မြတ်သော အစေတော်များအပေါ် ထင်ရှားခြင်းပြုတော်မူပေသည်။

مَّرْجِعُهُمْ فَيُنَبِّئُهُمْ بِمَا كَانُوْا يَعْمَلُوْنَ ﴿١٥٩﴾

တင့်တယ်စဖွယ် ပြုလုပ်ပြသတော်မူ၏။ တစ်ဖန် သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်သို့ ပြန်သွားကြရပေမည်။ ထိုအခါ အရှင်မြတ်သည် သူတို့အားသူတို့ ပြုလုပ်လေ့ရှိခဲ့သည်များကို အသိပေးတော်မူမည်ဖြစ်၏။ ﴿၁﴾

وَ اَقْسَمُوْا بِاللّٰهِ جَهْدَ اَيْمَانِهِمْ لَئِنْ جَآءَتْهُمْ اٰيَةٌ لَّيُؤْمِنُنَّ بِهَا ؕ قُلْ اِنَّمَا الْاٰيٰتُ عِنْدَ اللّٰهِ وَمَا يُشْعِرُكُمْ ۙ اَنَّهَاۤ اِذَا جَآءَتْ لَا يُؤْمِنُوْنَ ﴿١٥٩﴾

၁၀၀။ ၎င်းတို့က အကယ်၍ သူတို့ထံ သက်သေလက္ခဏာတစ်ရပ်မျှရောက်ရှိလာခဲ့ပါမူ သူတို့သည် ယင်းကို မုချကန်သက်ဝင်ယုံကြည်ကြမည်ဟု အလ္လာဟ်အားတိုင်တည်ကာ အခိုင်အမာကျိန်ဆို၍ပြောခဲ့ကြပေသည်။ အသင်ပြောကြားပါလေ၊ အလုံးစုံသော သက်သေလက္ခဏာတော်များသည် အလ္လာဟ်၏ထံတော်တွင်ရှိ၏။ သို့သော် ယင်း(သက်သေလက္ခဏာတော်များ) ရောက်ရှိလာသောအခါ သူတို့သည် သက်ဝင်ယုံကြည်လာကြမည်မဟုတ်ကြောင်း အသင်တို့အား မည်သို့ရှင်းပြရမည်နည်း။

وَنُقَلِّبُ اَفْـِٕدَتَهُمْ وَاَبْصَارَهُمْ كَمَا لَمْ يُؤْمِنُوْا بِهٖۤ اَوَّلَ مَرَّةٍ وَّنَذَرُهُمْ فِيْ طُغْيَانِهِمْ يَعْمَهُوْنَ ﴿١١٠﴾ ع

၁၁၀။ ငါတို့သည် ထိုသူတို့၏စိတ်နှလုံးများ၊ အမြင်များကို အစကနဦးက ဤ(တမန်တော်)ကို သူတို့မယုံခဲ့ကြစဉ်က ရှိခဲ့သည့် အခြေအနေသို့ ပြန်လှည့်စေတော်မူမည်။ ထို့ပြင် ငါတို့သည် သူတို့အား သူတို့၏ထောင်ထားမှုများတွင် တဝဲလည်လည်ရှိနေစေရန် စွန့်ထားတော်မူပေသတည်း။

ရုကူး-၁၄

وَلَوْ اَنَّنَا نَزَّلْنَاۤ اِلَيْهِمُ الْمَلٰٓئِكَةَ وَكَلَّمَهُمُ الْمَوْتٰى وَحَشَرْنَا عَلَيْهِمْ كُلَّ شَيْءٍ قُبُلًا مَّا كَانُوْا لِيُؤْمِنُوْۤا اِلَّاۤ اَنْ يَّشَآءَ اللّٰهُ وَلٰكِنَّ اَكْثَرَهُمْ يَجْهَلُوْنَ ﴿١١١﴾

၁၁၂။ အကယ်၍ ငါတို့သည် ထိုသူတို့ထံ ကောင်းကင်တမန်များကို စေလွှတ်တော်မူခဲ့သည်ဖြစ်စေ၊ ထို့ပြင် သေသူများက သူတို့နှင့်စကားပြောကြသည်ဖြစ်စေ၊ ထို့ပြင် ငါတို့သည် အရာခပ်သိမ်းကုန်တို့ကို သူတို့၏ ရှေ့မှောက်တွင် စုရုံးစေတော်မူသည်ဖြစ်စေ၊ သို့တိုင်အောင် အလ္လာဟ် အလိုတော်ရှိသည်မှတစ်ပါး သူတို့သည် သက်ဝင်ယုံကြည်လာကြမည် မဟုတ်ချေ။ သို့ရာတွင် သူတို့အနက် များစွာတို့သည် အသိတရားကင်းမဲ့စွာဖြင့် လုပ်ဆောင်ကြပေသည်။

وَكَذٰلِكَ جَعَلْنَا لِكُلِّ نَبِيٍّ عَدُوًّا شَيٰطِيْنَ الْاِنْسِ وَالْجِنِّ يُوْحِيْ بَعْضُهُمْ اِلٰى بَعْضٍ

၁၁၃။ ဤကဲ့သို့ပင် ငါတို့သည် 'နဗီ'တမန်တော်တိုင်းအတွက် လူသားနှင့် 'ဂျင်န်'တို့မှ 'ရှိုင်တန်'များကို ရန်သူအဖြစ် ပြုလုပ်ထားတော်မူ၏။ ၎င်းတို့အနက် အချို့က အခြားသူများအား

﴿၁﴾ ဤအာယတ်တော်တွင် မိမိတို့အားဆန့်ကျင်သူများ၏ မဟုတ်မမှန်သော ကိုးကွယ်ရာများကိုပင် ပုတ်ခတ်ဆဲရေးခြင်းမပြုကြလင့်ဟူ၍ အလွန်ကြီးကျယ်ခန့်ညားလှသည့် တရားမျှတမှုကို သင်ပြထားပေသည်။ အကြောင်းမူ အသင်တို့က ထိုအရာများကို မဟုတ်မမှန်ဟု နားလည်သိရှိထားကြသော်လည်း သူတို့ကမူ နားမလည်ကြချေ။ ထို့ကြောင့် ၎င်းတို့က တုံ့ပြန်ရာတွင် မသိနားမလည်ဘဲ 'အလ္လာဟ်'အရှင်မြတ်အား ဆဲရေးခြင်းပြုခဲ့ပါလျှင် အသင်တို့၌ တာဝန်ရှိသွားပေမည်။ ထို့နောက် လူတိုင်းသည် မိမိတို့၏ ယုံကြည်ချက်ကိုသာလျှင် ကောင်းမြတ်သည်ဟုထင်မြင်ကြပြီး အလ္လာဟ်အရှင်မြတ်က 'ကေယာမတ်'နေ့တော်ကြီးတွင် မည်သူမှန်သည်၊ မည်သူမှားသည်ကို စီရင်ဆုံးဖြတ်တော်မူပေလိမ့်မည်ဟူသော အခြေခံမူကို ဖော်ပြထားလေသည်။ သို့ရာတွင် 'ကေယာမတ်'အလျင် ဤလောကဌာန်လည်း ယင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်သည်ရှိစမြဲဖြစ်သည်။ သို့သော် အမှားပြုသူတို့သာလျှင် မသိကြခြင်းဖြစ်ပေသည်။

زُخْرُفَ الْقَوْلِ غُرُوْرًا ؕ وَلَوْ شَآءَ رَبُّكَ
مَا فَعَلُوْهُ فَذَرْهُمْ وَمَا يَفْتَرُوْنَ ﴿۱۱۲﴾

ရွေရည်စိမ်စကားများကို လှည့်စားလျက် ထည့်သွင်းကြ၏။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် အလိုတော်ရှိလျှင် သူတို့သည် ဤကဲ့သို့ ပြုလုပ်ကြမည်မဟုတ်ချေ။ သို့ဖြစ်ရာ အသင်သည် သူတို့အားလည်းကောင်း၊ သူတို့လိဆယ်သည့်အရာများအားလည်းကောင်း စွန့်ထားပါလေ၊

وَلِتَصْغٰۤى اِلَيْهِ اَفْـِٕدَةُ الَّذِيْنَ لَا يُؤْمِنُوْنَ
بِالْاٰخِرَةِ وَلِيَرْضَوْهُ وَلِيَقْتَرِفُوْا مَا هُمْ
مُّقْتَرِفُوْنَ ﴿۱۱۳﴾

၁၁၃။ သို့ဖြင့် နောင်တမလွန်ကို ယုံကြည်မှုမရှိကြသူတို့၏ စိတ်နှလုံးများသည် ယင်း(လှည့်စားမှု)ဘက်သို့ ယိမ်းညွတ်စေရန်လည်းကောင်း၊ ယင်းတို့သည် ထိုသည်ကို ကျေနပ်နှစ်ခြိုက်စေရန်လည်းကောင်း၊ ထို့ပြင် ယင်းတို့ပြုလုပ်နေကျ (မကောင်းသောအကျင့်အကြံများ)ကို ပြုမြဲပြုနေကြစေရန်လည်းကောင်း ဖြစ်၏။

اَفَغَيْرَ اللّٰهِ اَبْتَغِيْ حَكَمًا وَّهُوَ الَّذِيْۤ اَنْزَلَ
اِلَيْكُمُ الْكِتٰبَ مُفَصَّلًا ؕ وَالَّذِيْنَ اٰتَيْنٰهُمُ
الْكِتٰبَ يَعْلَمُوْنَ اَنَّهٗ مُنَزَّلٌ مِّنْ رَّبِّكَ
بِالْحَقِّ فَلَا تَكُوْنَنَّ مِنَ الْمُمْتَرِيْنَ ﴿۱۱۴﴾

၁၁၄။ ကျွန်ုပ်သည် အလ္လာဟ်မှတစ်ပါး အခြားသောအရာကို စီရင်ဆုံးဖြတ်သူပြုလုပ်ရန် နှစ်သက်ရပါမည်လော။ အမှန်သော်ကား ထို(အရှင်မြတ်)သည်ပင်လျှင် အလုံးစုံသော ရှင်းလင်းချက်များကို ဖော်ပြထားသောကျမ်းတော်ကို အသင်တို့ထံ ပို့ချတော်မူခဲ့ပေသည်။ ငါတို့က ကျမ်းဂန်ကိုပေးသနားတော်မူခြင်းခံရသောသူတို့မှာ ဤသည် အသင်၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အမှန်တရားနှင့်တကွ ပို့ချခြင်းခံရကြောင်းကို သိရှိကြပေသည်။ သို့ဖြစ်ရာ အသင်သည် သံသယဖြစ်သူများအနက်မှ အလျှင်းမဖြစ်လင့်။

وَتَمَّتْ كَلِمَتُ رَبِّكَ صِدْقًا وَّعَدْلًا ؕ
لَا مُبَدِّلَ لِكَلِمٰتِهٖ ۚ وَهُوَ السَّمِيْعُ الْعَلِيْمُ ﴿۱۱۵﴾

၁၁၅။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မုကွပါဋ္ဌတော်သည် ဖြောင့်မှန်ခြင်းနှင့် တရားမျှတခြင်းအရာ၌ ပြီးပြည့်စုံခြင်းသို့ ရောက်ခဲ့ချေပြီ။ အရှင်မြတ်၏ မုကွပါဋ္ဌတော်များကို ပြောင်းလဲနိုင်သူဟူ၍ မည်သူမျှမရှိချေ။ စင်စစ်မူကား အရှင်မြတ်သည် လွန်စွာကြားတော်မူသော အရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

وَاِنْ تُطِعْ اَكْثَرَ مَنْ فِى الْاَرْضِ
يُضِلُّوْكَ عَنْ سَبِيْلِ اللّٰهِ ؕ اِنْ يَّتَّبِعُوْنَ
اِلَّا الظَّنَّ وَاِنْ هُمْ اِلَّا يَخْرُصُوْنَ ﴿۱۱۶﴾

၁၁၆။ အကယ်၍ အသင်သည် ကမ္ဘာပေါ်တွင် နေထိုင်သူများအနက်မှ အများစုကိုလိုက်နာခဲ့ပါမူ၊ ၎င်းတို့သည် အသင့်အား အလ္လာဟ်၏လမ်းတော်မှ လွဲချော်တိမ်းပါးစေကြပေလိမ့်မည်။ ထိုသူတို့သည် ထင်မြင်ယူဆချက်မှအပ အခြားမည်သည်ကိုမျှ လိုက်နာကြသည်မဟုတ်ချေ။ စင်စစ် သူတို့သည် ရော်ရမ်းမှန်းဆချက်သက်သက်ကိုသာ ပြုလုပ်ကြပေသည်။

اِنَّ رَبَّكَ هُوَ اَعْلَمُ مَنْ يَّضِلُّ عَنْ
سَبِيْلِهٖ ۚ وَهُوَ اَعْلَمُ بِالْمُهْتَدِيْنَ ﴿۱۱۷﴾

၁၁၈။ ဧကန်မုချ အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မိမိ၏လမ်းတော်မှ မည်သူသည် တိမ်းပါးလွဲချော်သွားသည်ကို အသိရှိဆုံးဖြစ်တော်မူ၏။ ထို့ပြင် လမ်းမှန်ရရှိသူတို့ကိုလည်း အရှင်မြတ်သည် အသိရှိဆုံးဖြစ်တော်မူ၏။

فَكُلُوْا مِمَّا ذُكِرَ اسْمُ اللّٰهِ عَلَيْهِ اِنْ كُنْتُمْ بِاٰيٰتِهٖ مُؤْمِنِيْنَ ۝

၁၁၉။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် အရှင်မြတ်၏ 'အာယတ်' မုက္ခပါဠိတော်များကို သက်ဝင်ယုံကြည်သူများဖြစ်ကြလျှင်၊ အလ္လာဟ်၏နာမတော်ကို တသထားသည့်အရာများမှသာ အသင်တို့စားသုံးကြကုန်။

وَمَا لَكُمْ اَلَّا تَاْكُلُوْا مِمَّا ذُكِرَ اسْمُ اللّٰهِ عَلَيْهِ وَقَدْ فَصَّلَ لَكُمْ مَّا حَرَّمَ عَلَيْكُمْ اِلَّا مَا اضْطُرِرْتُمْ اِلَيْهِ ؕ وَاِنَّ كَثِيْرًا لَّيُضِلُّوْنَ بِاَهْوَآئِهِمْ بِغَيْرِ عِلْمٍ ؕ اِنَّ رَبَّكَ هُوَ اَعْلَمُ بِالْمُعْتَدِيْنَ ۝

၁၂၀။ အလ္လာဟ်၏နာမတော်ကို တသထားသည့်အရာများမှ စားသုံးခြင်းမပြုကြရန် အသင်တို့၌ မည်သည့်အကြောင်းရှိသနည်း။ စင်စစ် ထိုအရှင်မြတ်သည် အသင်တို့(မခံမရပ်နိုင်အောင်ဆာလောင်မှုကြောင့်) ယင်းဘက်သို့(ယိမ်းညွတ်ရန်) မလွဲမရှောင်သာဖြစ်ရသည်မှအပ အသင်တို့အတွက် တားမြစ်ထားသည့်အရာများကို အသေးစိတ်ရှင်းလင်းဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ ဧကန်စင်စစ် များစွာသောသူတို့သည် အသိပညာမရှိကြဘဲလျက် မိမိတို့၏ မကောင်းသော ဆန္ဒသက်သက်ဖြင့် (လူများကို) လမ်းလွဲအောင်ပြုလုပ်ကြပေသည်။ ဧကန်ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် စည်းဘောင်ကျော်သူများကို အသိဆုံးဖြစ်တော်မူ၏။

وَذَرُوْا ظَاهِرَ الْاِثْمِ وَبَاطِنَهٗ ؕ اِنَّ الَّذِيْنَ يَكْسِبُوْنَ الْاِثْمَ سَيُجْزَوْنَ بِمَا كَانُوْا يَقْتَرِفُوْنَ ۝

၁၂၀။ အသင်တို့သည် အပြစ်ဒုစရိုက်၏ထင်ရှားသော အပြင်ပိုင်းနှင့် ဖုံးကွယ်နေသော အတွင်းပိုင်း (နှစ်ခုစလုံး)ကို စွန့်လွှတ်ကြကုန်။ ဧကန်စင်စစ် အပြစ်ဒုစရိုက်များကို ရှာဖွေဆည်းပူးသူတို့သည် ၎င်းတို့ပြုကျင့်ခဲ့သည့် (မကောင်းသော)လုပ်ရပ်၏အကျိုးဆက်ကို မုချပေးခြင်းခံကြရပေမည်။

وَلَا تَاْكُلُوْا مِمَّا لَمْ يُذْكَرِ اسْمُ اللّٰهِ عَلَيْهِ وَاِنَّهٗ لَفِسْقٌ ؕ وَاِنَّ الشَّيٰطِيْنَ لَيُوْحُوْنَ اِلٰٓى اَوْلِيٰٓـئِهِمْ لِيُجَادِلُوْكُمْ ۚ وَاِنْ اَطَعْتُمُوْهُمْ اِنَّكُمْ لَمُشْرِكُوْنَ ۝ ۧ

၁၂၁။ အသင်တို့သည် အလ္လာဟ်၏နာမတော်ကို တသခြင်းမပြုခဲ့သည့်အရာများကို မစားသုံးကြလင့်။ ဧကန်မုချ ထိုအရာများသည် မသန့်ရှင်းချေ။ အမှန်ပင် 'ရှိုင်တန်'များသည် မိမိတို့၏ အဆွေခင်ပွန်းများအား အသင်တို့နှင့် အငြင်းအခုံဖြစ်စေရန် စေ့ဆော်၏။ အကယ်၍ အသင်တို့သည် ၎င်းတို့အား နာခံလိုက်နာကြပါမူ၊ ဧကန်မုချ အသင်တို့သည် တစ်စုံတရာကို အရှင်မြတ်နှင့်တွဲဖက်ကိုးကွယ်သူတို့တွင် အပါအဝင် ဖြစ်သွားကြပေမည်တည်း။

ရုကူး-၁၅

اَوَمَنْ كَانَ مَيْتًا فَاَحْيَيْنٰهُ وَجَعَلْنَا لَهٗ نُوْرًا يَّمْشِيْ بِهٖ فِى النَّاسِ كَمَنْ مَّثَلُهٗ فِى الظُّلُمٰتِ لَيْسَ بِخَارِجٍ مِّنْهَا ؕ كَذٰلِكَ زُيِّنَ لِلْكٰفِرِيْنَ مَا كَانُوْا يَعْمَلُوْنَ ۝

၁၂၂။ အကြင်သူသည် သူသေဖြစ်ခဲ့၏၊ တစ်ဖန် ငါတို့သည် သူ့ကိုရှင်စေတော်မူခဲ့၏၊ ထို့ပြင် ငါတို့သည် သူ့အတွက် လင်းရောင်ခြည်ကို ပြုလုပ်တော်မူခဲ့၏။ ယင်းအားဖြင့် သူသည် လူအများကြားတွင် သွားလာ၏၊ ထိုသူသည် အမှောင်ထုများထဲတွင်ရှိနေပြီး ယင်းမှ မည်သည့်အခါမျှ ထွက်ခွာခြင်းမပြုသူနှင့် တူနိုင်ပါမည်လော။ ဤနည်းအတိုင်းပင် မယုံကြည်ခြင်းပယ်သူတို့အဖို့ သူတို့၏ပြုမူကျင့်ကြံခဲ့သည်များကို လှပတင့်တယ်စွဖယ် ပြုလုပ်ပြသခြင်းခံရပေမည်။

وَكَذٰلِكَ جَعَلْنَا فِيْ كُلِّ قَرْيَةٍ اَكٰبِرَ مُجْرِمِيْهَا لِيَمْكُرُوْا فِيْهَا ۭ وَمَا يَمْكُرُوْنَ اِلَّا بِاَنْفُسِهِمْ وَمَا يَشْعُرُوْنَ ۝۱۲۳

၁၂၃။ ထို့ပြင် ဤကဲ့သို့ပင် ငါတို့သည် မြို့ရွာတိုင်းတွင် ယင်း၌ရှိသော အပြစ်သားများ၏ အကြီးအကဲများကို ယင်း၌ လှည့်ဖြားကြံစည်မှုများကိုပြုကြရန် ထားရှိတော်မူ၏။ စင်စစ် သူတို့သည် မိမိတို့ကိုယ်ကိုမှတစ်ပါး မည်သူ့ကိုမျှ လှည့်ဖြားကြံစည်ကြသည် မဟုတ်ချေ။ သို့ရာတွင် သူတို့သည် အသိတရား မရှိကြချေ။

وَاِذَا جَاۗءَتْهُمْ اٰيَةٌ قَالُوْا لَنْ نُّؤْمِنَ حَتّٰى نُؤْتٰى مِثْلَ مَآ اُوْتِيَ رُسُلُ اللّٰهِ ۘ اَللّٰهُ اَعْلَمُ حَيْثُ يَجْعَلُ رِسَالَتَهٗ ۭ سَيُصِيْبُ الَّذِيْنَ اَجْرَمُوْا صَغَارٌ عِنْدَ اللّٰهِ وَعَذَابٌ شَدِيْدٌۢ بِمَا كَانُوْا يَمْكُرُوْنَ ۝۱۲۴

၁၂၄။ အကြင်အခါဝယ် ၎င်းတို့ထံ သက်သေလက္ခဏာတစ်စုံတစ်ရာရောက်ရှိလာသောအခါ၊ ၎င်းတို့က ယခင်က အလ္လာဟ်၏တမန်တော်များအား ပေးခဲ့သည့်(သက်သေလက္ခဏာ)မျိုးကို ကျွန်ုပ်တို့အား ပေးသနားခြင်းမပြုသမျှကာလပတ်လုံး ကျွန်ုပ်တို့သည် အလျှင်းသက်ဝင်ယုံကြည်လာကြမည် မဟုတ်ဟုပြောဆိုကြ၏။ အလ္လာဟ်သည် မိမိ(ချီးမြှင့်မည့်) တမန်တော်ရာထူးကို မည်သည့်နေရာမှ ရွေးချယ်ရမည်ကို အသိဆုံးဖြစ်တော်မူ၏။ အကြင်သူတို့သည် အပြစ်ဒုစရိုက်ကို ကျူးလွန်ကြ၏၊ ၎င်းတို့ပြုလုပ်လေ့ရှိသည့် ကြံစည်မှုများကြောင့် အမှန်ပင် အလ္လာဟ်၏အထံတော်၌ ဂုဏ်ရည်သေးသိမ်ခြင်းနှင့် ပြင်းထန်သော ပြစ်ဒဏ်တစ်ရပ်သည် ၎င်းတို့အပေါ် သက်ရောက်ပေလိမ့်မည်။

فَمَنْ يُّرِدِ اللّٰهُ اَنْ يَّهْدِيَهٗ يَشْرَحْ صَدْرَهٗ لِلْاِسْلَامِ ۚ وَمَنْ يُّرِدْ اَنْ يُّضِلَّهٗ يَجْعَلْ صَدْرَهٗ ضَيِّقًا حَرَجًا كَاَنَّمَا يَصَّعَّدُ فِي السَّمَاۗءِ ۭ كَذٰلِكَ يَجْعَلُ اللّٰهُ الرِّجْسَ عَلَي الَّذِيْنَ لَا يُؤْمِنُوْنَ ۝۱۲۵

၁၂၆။ သို့ဖြစ်ရာ အကြင်သူအား အလ္လာဟ်က လမ်းညွှန်ရန် အလိုရှိတော်မူလျှင် ထိုသူ၏ရင်ကို 'အစ္စလာမ်'အတွက် ဖွင့်လှစ်ပေးတော်မူ၏။ ထို့ပြင် အကြင်သူအား လမ်းလွဲ၌ပင်ထားရှိလိုတော်မူပါက ထိုသူ၏ရင်ကို ကျဉ်းမြောင်းကျပ်တည်းစေတော်မူ၏။ သူသည် ခွန်အားစိုက်ထုတ်လျက် မိုးကောင်းကင်(၏အမြင့်)သို့ တက်နေရဘိသကဲ့သို့ဖြစ်၏။ ဤသို့ဖြင့် အလ္လာဟ်သည်သက်ဝင်ယုံကြည်မှုကင်းမဲ့သူတို့အပေါ် အညစ်အကြေးတင်စေတော်မူ၏။

وَهٰذَا صِرَاطُ رَبِّكَ مُسْتَقِيْمًا ۭ قَدْ فَصَّلْنَا الْاٰيٰتِ لِقَوْمٍ يَّذَّكَّرُوْنَ ۝۱۲۶

၁၂၇။ ဤသည်ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်မှ ဖြောင့်မတ်မှန်ကန်သောလမ်းတော်ဖြစ်၏။ ဧကန်မုချ ငါတို့သည် သွန်သင်ဆုံးမမှုကို နာယူလိုကြသော သူတို့အဖို့ 'အာယတ်'သက်သေလက္ခဏာတော်များကို ပွင့်လင်းထင်ရှားစွာဖော်ပြတော်မူ၏။

لَهُمْ دَارُ السَّلٰمِ عِنْدَ رَبِّهِمْ وَهُوَ وَلِيُّهُمْ بِمَا كَانُوْا يَعْمَلُوْنَ ۝۱۲۷

၁၂၈။ ထိုသူတို့အဖို့ သူတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်တွင် ငြိမ်းချမ်းသာယာမှု၏ အိမ်တော်သည်ရှိ၏။ ထို့ပြင် သူတို့ပြုလုပ်ခဲ့သည့် သူတို့၏ (ကောင်းမြတ်သော)လုပ်ဆောင်မှုများကြောင့် ထိုအရှင်မြတ်သည်ပင်လျှင် သူတို့၏ အဆွေခင်ပွန်းဖြစ်သွားခဲ့ပေပြီ။

وَيَوْمَ يَحْشُرُهُمْ جَمِيْعًا ۚ يٰمَعْشَرَ الْجِنِّ
قَدِ اسْتَكْثَرْتُمْ مِّنَ الْاِنْسِ ۚ وَقَالَ
اَوْلِيٰٓؤُهُمْ مِّنَ الْاِنْسِ رَبَّنَا اسْتَمْتَعَ
بَعْضُنَا بِبَعْضٍ وَّبَلَغْنَآ اَجَلَنَا الَّذِيْٓ اَجَّلْتَ
لَنَا ۭ قَالَ النَّارُ مَثْوٰىكُمْ خٰلِدِيْنَ فِيْهَآ اِلَّا
مَا شَاۗءَ اللّٰهُ ۭ اِنَّ رَبَّكَ حَكِيْمٌ عَلِيْمٌ ۝

၁၂၉။ ထို့ပြင် (သတိရကြကုန်)၊ ယင်းနေ့တော်ကြီးတွင် ထို အရှင်မြတ်သည် သူတို့အားလုံးကိုစုရုံးစေတော်မူပြီး အို-'ဂျင်နီ' များ၏အုပ်စု၊ အသင်တို့သည် လူအပေါင်းတို့အား သိမ်းသွင်း ခဲ့ကြပေသည်(ဟု မိန့်ကြားတော်မူမည်)။ လူများအနက် ယင်း တို့၏မိတ်ဆွေများက အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အနက် အချို့သည် အချို့ သောသူများထံမှ အကျိုးရယူခံစားခဲ့ကြပါသည်။ ကျွန်တော် မျိုးတို့သည် မိမိတို့အတွက် အရှင်မြတ် သတ်မှတ်ထားတော်မူ သော ဤအချိန်ကာလသို့ ဆိုက်ရောက်ခဲ့ကြပါပြီဟု လျှောက် ထားကြပေမည်။ ထိုအရှင်မြတ်က အသင်တို့၏ နေရာဌာန သည် (ငရဲ)မီးဖြစ်၏။ ယင်း၌ (အသင်တို့သည်) အလွှာဟ် အလိုတူတော်မူခြင်းမှတစ်ပါး အချိန်ကာလကြာရှည်စွာ နေ ထိုင်ကြရမည့်သူများဖြစ်၏ဟု မိန့်တော်မူမည်။ ဧကန်မုချ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင်၊ ထာဝရသိရှိ တော်မူသောအရှင်ဖြစ်တော်မူ၏။

وَكَذٰلِكَ نُوَلِّيْ بَعْضَ الظّٰلِمِيْنَ بَعْضًۢا
بِمَا كَانُوْا يَكْسِبُوْنَ ۝

၁၃၀။ ဤကဲ့သို့ပင် ငါတို့သည် မတရားကျူးလွန်သူတို့အနက် အချို့ကို အချို့အပေါ် ၎င်းတို့ရှာဖွေဆည်းပူးခဲ့သည်များကြောင့် စိုးမိုးစေတော်မူသတည်း။

ရှုကူ-၁၆

يٰمَعْشَرَ الْجِنِّ وَالْاِنْسِ اَلَمْ يَاْتِكُمْ
رُسُلٌ مِّنْكُمْ يَقُصُّوْنَ عَلَيْكُمْ اٰيٰتِيْ
وَيُنْذِرُوْنَكُمْ لِقَاۗءَ يَوْمِكُمْ هٰذَا ۭ قَالُوْا
شَهِدْنَا عَلٰٓى اَنْفُسِنَا وَغَرَّتْهُمُ الْحَيٰوةُ الدُّنْيَا
وَشَهِدُوْا عَلٰٓى اَنْفُسِهِمْ اَنَّهُمْ كَانُوْا كٰفِرِيْنَ ۝

၁၃၁။ အို-'ဂျင်နီ'နှင့် လူသားအုပ်စုဝင်တို့၊ အသင်တို့ထံ အသင်တို့အနက်မှပင် တမန်တော်များ မလာရောက်ခဲ့ပါသ လော။ ယင်း(တမန်တော်)တို့သည် အသင်တို့ရှေ့ဝယ် ငါ အရှင်မြတ်၏ 'အာယတ်' သက်သေလက္ခဏာတော်များကို ဖော်ပြခြင်းကိုလည်းကောင်း၊ အသင်တို့အား ဤနေ့နှင့် တွေ့ဆုံ ရမည်ကို သတိပေးနှိုးဆော်ခြင်းကိုလည်းကောင်း မပြုခဲ့ကြပေ သလော။ ထိုအခါ သူတို့က (ဟုတ်မှန်ပါ၏)၊ ကျွန်တော်မျိုးတို့ သည် မိမိတို့ကိုယ်တိုင်နှင့်ဆန့်ကျင်၍ သက်သေခံကြပါ၏ဟု လျှောက်ထားကြလိမ့်မည်။ စင်စစ် လောကီဘဝသည် သူတို့ အား လှည့်စားမှု၌နစ်မွန်းစေခဲ့ပေသည်။ သူတို့သည် 'ကာဖိရ်' မယုံကြည်ငြင်းပယ်သူများဖြစ်ခဲ့ကြောင်းကို သူတို့နှင့်ဆန့်ကျင် ၍ သူတို့ကိုယ်တိုင်က သက်သေခံကြပေမည်။ ①

① مَعْشَرَ الْجِنِّ ဟူသည် လူသားမဟုတ်သော အခြားဖန်ဆင်းခံတစ်မျိုး မဟုတ်ချေ။ *'ဂျင်နီ'* နှင့် *'အင်နိစ်'* ဟူသော စကားလုံးများမှာ အကြီးအကဲများ သို့မဟုတ် ကြီးကျယ်သော လူမျိုးနွယ်များနှင့် သာမန်လူများ၊ သာမန်လူမျိုးနွယ်များကို ရည်ညွှန်းခြင်းဖြစ်ပေသည်။ ဤဖွင့်ဆိုချက်ကမမှန်ဘူးဆိုလျှင် *ဂျင်နီ*များထံသို့ ယင်းတို့အတွင်းမှပင် ရောက်လာခဲ့သော တမန်တော်၏စကားကို နာခံလိုက်နာခြင်း ကြောင့် ယင်းတို့သည် 'ဂျန္နတ်'၏သတင်းကောင်းကို အဘယ့်ကြောင့် ပေးခြင်းမခံရပါသနည်း။ ကျမ်းမြတ်ကုရ်အာန်တွင်လည်းကောင်း ဟဒီးစ်တော်များတွင်လည်းကောင်း၊ 'ဂျန္နတ်'တွင် 'ဂျင်နီ'များရှိကြမည့်အကြောင်း မည်သည့်နေရာတွင်မျှ ဖော်ပြထားသည်ကို မတွေ့ရချေ။

ذٰلِكَ اَنْ لَّمْ يَكُنْ رَّبُّكَ مُهْلِكَ الْقُرٰى بِظُلْمٍ وَّ اَهْلُهَا غٰفِلُوْنَ ﴿۱۳۱﴾

၁၃၂။ ဤသို့ဖြစ်ရခြင်းမှာ အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မည်သည့်မြို့ရွာကိုမျှ ယင်း၌ နေထိုင်သူများ သတိမမူအမှတ်မဲ့ရှိနေသည့်အခြေအနေတွင် မတရားသဖြင့် ဖျက်ဆီးတော်မမူချေ။

وَ لِكُلٍّ دَرَجٰتٌ مِّمَّا عَمِلُوْا ؕ وَ مَا رَبُّكَ بِغَافِلٍ عَمَّا يَعْمَلُوْنَ ﴿۱۳۲﴾

၁၃၃။ အားလုံးတို့အတွက် ၎င်းတို့ပြုကျင့်ခဲ့သည့် အကျင့်သီလနှင့်လျော်ညီစွာ အဆင့်အတန်းများရှိပေသည်။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ၎င်းတို့ ပြုကျင့်သည်များကို ဂရုမမူလျစ်လျူရှုထားတော်မူသည် မဟုတ်ချေ။

وَ رَبُّكَ الْغَنِيُّ ذُو الرَّحْمَةِ ؕ اِنْ يَّشَاْ يُذْهِبْكُمْ وَ يَسْتَخْلِفْ مِنْۢ بَعْدِكُمْ مَّا يَشَآءُ كَمَاۤ اَنْشَاَكُمْ مِّنْ ذُرِّيَّةِ قَوْمٍ اٰخَرِيْنَ ﴿۱۳۳﴾

၁၃၄။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းတော်မူသောအရှင်၊ မဟာကရုဏာတော်အရှင် ဖြစ်တော်မူ၏။ အကယ်၍သာ အရှင်မြတ်အလိုရှိတော်မူပါလျှင် အသင်တို့ကို ရုပ်သိမ်းတော်မူပြီး အသင်တို့အား အခြားသောလူမျိုးနွယ်၏ အဆက်အနွယ်များမှ ပေါ်ပေါက်ဖြစ်ထွန်းစေသကဲ့သို့ အသင်တို့၏နောက်တွင် အရှင်မြတ်အလိုတော်ရှိသောသူတို့ကို အသင်တို့အား ဆက်ခံသူအဖြစ် ပြုလုပ်နိုင်တော်မူပေသည်။

اِنَّ مَا تُوْعَدُوْنَ لَاٰتٍ ۙ وَّ مَاۤ اَنْتُمْ بِمُعْجِزِيْنَ ﴿۱۳۴﴾

၁၃၅။ ဧကန်မုချ အသင်တို့အား သတိပေးနှိုးဆော်သည့် အရာသည် ဆိုက်ရောက်လာမည်သာဖြစ်၏။ အသင်တို့သည် (ငါအရှင်မြတ်အား) မစွမ်းသာအောင် အလျှင်းပြုလုပ်နိုင်ကြမည့်သူများလည်း မဟုတ်ချေ။

قُلْ يٰقَوْمِ اعْمَلُوْا عَلٰى مَكَانَتِكُمْ اِنِّيْ عَامِلٌ ۚ فَسَوْفَ تَعْلَمُوْنَ ۙ مَنْ تَكُوْنُ لَهٗ عَاقِبَةُ الدَّارِ ؕ اِنَّهٗ لَا يُفْلِحُ الظّٰلِمُوْنَ ﴿۱۳۵﴾

၁၃၆။ အသင်ပြောကြားပါလေ၊ အို-ကျွန်ုပ်၏အမျိုးသားအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏နေရာ၌ လုပ်လိုရာကို လုပ်ဆောင်ကြကုန်၊ ကျွန်ုပ်သည်လည်း လုပ်ဆောင်လျက်နေပေမည်။ သို့ဖြစ်ရာ အိမ်တော်၏(အကောင်းဆုံးသော) ရလဒ်သည် မည်သူ့အတွက်ဖြစ်သည်ကို အသင်တို့အမှန်ပင် သိရှိသွားကြပေမည်။ ဧကန်မုချ မတရားကျူးလွန်သူတို့သည် မည်သည့်အခါမျှ အောင်မြင်ကြလိမ့်မည်မဟုတ်ချေ။

وَ جَعَلُوْا لِلّٰهِ مِمَّا ذَرَاَ مِنَ الْحَرْثِ وَ الْاَنْعَامِ نَصِيْبًا فَقَالُوْا هٰذَا لِلّٰهِ بِزَعْمِهِمْ وَ هٰذَا لِشُرَكَآئِنَا ۚ فَمَا كَانَ لِشُرَكَآئِهِمْ فَلَا يَصِلُ اِلَى اللّٰهِ ۚ وَ مَا كَانَ لِلّٰهِ فَهُوَ يَصِلُ اِلٰى شُرَكَآئِهِمْ ؕ سَآءَ مَا يَحْكُمُوْنَ ﴿۱۳۶﴾

၁၃၇။ ထိုသူတို့သည် အလ္လာဟ်အဖို့ ထိုအရှင်မြတ်က လယ်ယာများနှင့်ကျွဲနွားတိရစ္ဆာန်များအားဖြင့် ဖြစ်ထွန်းစေသည်များအနက်မှ ဝေစုဝေပုံတစ်ရပ်ကိုသာ သတ်မှတ်ထားရှိကြ၏။ ထို့ပြင် သူတို့သည် မိမိတို့၏တွေးဆချက်တွင် ဤသည် အလ္လာဟ်အဖို့ဖြစ်ပြီး ဤသည် ကျွန်ုပ်တို့၏ တွဲဖက်ကိုးကွယ်ရာများအဖို့ဖြစ်၏ဟု ပြောဆိုကြလေသည်။ သို့ဖြစ်ရာ ၎င်းတို့၏ တွဲဖက်ကိုးကွယ်ရာများအဖို့ဖြစ်သောအရာသည် အလ္လာဟ်၏ထံတော်သို့ မရောက်ရှိချေ။ သို့ရာတွင် အလ္လာဟ်အဖို့ဖြစ်သောအရာ

ကိုကား ၎င်းတို့၏ တွဲဖက်ကိုးကွယ်ရာများက ရရှိပေသည်။ ၎င်းတို့၏အဆုံးအဖြတ်သည် အဘယ်မျှဆိုးရွားလှပေသနည်း။

وَكَذٰلِكَ زَيَّنَ لِكَثِيْرٍ مِّنَ الْمُشْرِكِيْنَ قَتْلَ اَوْلَادِهِمْ شُرَكَآؤُهُمْ لِيُرْدُوْهُمْ وَلِيَلْبِسُوْا عَلَيْهِمْ دِيْنَهُمْ ؕ وَلَوْ شَآءَ اللّٰهُ مَا فَعَلُوْهُ فَذَرْهُمْ وَمَا يَفْتَرُوْنَ ﴿۱۳۷﴾

၁၃၈။ ဤကဲ့သို့ပင် 'မူရရီက်' တွဲဖက်ကိုးကွယ်သူများအနက်မှ များစွာတို့ကို ၎င်းတို့၏(ကြံစည်စိတ်ကူးထားသော) တွဲဖက်ကိုးကွယ်ရာများက သူတို့၏သားသမီးများအား သတ်ဖြတ်ခြင်းကို တင့်တယ်အောင်ရှုမြင်စေလေသည်။ သို့ဖြင့် ၎င်းတို့သည် သူတို့အား ဖျက်ဆီးပစ်ပြီး သူတို့၏သာသနာကို သူတို့အဖို့ သံသယပွားစေရန်ဖြစ်၏။ အကယ်၍ အလ္လာဟ် အလိုရှိတော်မူလျှင် သူတို့သည် ဤကဲ့သို့ပြုလုပ်ကြမည်မဟုတ်ချေ။ သို့ဖြစ်ရာ ထိုသူတို့အား သူတို့၏အခြေအနေတွင်လည်းကောင်း၊ သူတို့၏လုပ်ကြံလီဆယ်မှုတွင်လည်းကောင်း စွန့်လွှတ်ထားပါလေ။

وَقَالُوْا هٰذِهٖۤ اَنْعَامٌ وَّحَرْثٌ حِجْرٌ ۖ لَّا يَطْعَمُهَاۤ اِلَّا مَنْ نَّشَآءُ بِزَعْمِهِمْ وَاَنْعَامٌ حُرِّمَتْ ظُهُوْرُهَا وَاَنْعَامٌ لَّا يَذْكُرُوْنَ اسْمَ اللّٰهِ عَلَيْهَا افْتِرَآءً عَلَيْهِ ؕ سَيَجْزِيْهِمْ بِمَا كَانُوْا يَفْتَرُوْنَ ﴿۱۳۸﴾

၁၃၉။ ထို့ပြင် သူတို့က မိမိတို့၏ တွေးထင်ယူဆချက်အရ ပြောဆိုကြသည်မှာ ဤကျွန်းတိရစ္ဆာန်များ၊ လယ်ယာများကို တားမြစ်ပိတ်ပင်ထား၏။ ကျွန်ုပ်တို့အလိုမတူဘဲ မည်သူမျှ ယင်းမှမစားသုံးရ။ ထို့ပြင် ဤကဲ့သို့ပင် အကြင်သို့သော ကျွန်းတိရစ္ဆာန်များရှိကြပြီး၊ ယင်းတို့၏ ကျောကုန်းများပေါ်တွင် (စီးနင်းမှုကို) တားမြစ်ပိတ်ပင်ထား၏။ ထို့ပြင် ဤကဲ့သို့သော ကျွန်းတိရစ္ဆာန်များလည်းရှိကြပြီး ယင်းတို့အပေါ် သူတို့သည် အလ္လာဟ်၏နာမတော်ကို မရွတ်ဖတ်ကြချေ။ ထို(အရှင်မြတ်)အပေါ်၌ လှည့်ဖြားလီဆယ်မှုပြုကြ၏။ အရှင်မြတ်သည် သူတို့၏ လှည့်ဖြားလီဆယ်မှုကြောင့် သူတို့အား အမှန်ပင် အပြစ်ပေးတော်မူပေမည်။

وَقَالُوْا مَا فِيْ بُطُوْنِ هٰذِهِ الْاَنْعَامِ خَالِصَةٌ لِّذُكُوْرِنَا وَمُحَرَّمٌ عَلٰۤى اَزْوَاجِنَا ۚ وَاِنْ يَّكُنْ مَّيْتَةً فَهُمْ فِيْهِ شُرَكَآءُ ؕ سَيَجْزِيْهِمْ وَصْفَهُمْ ؕ اِنَّهٗ حَكِيْمٌ عَلِيْمٌ ﴿۱۳۹﴾

၁၄၀။ ထို့ပြင် ထိုသူတို့က အကြင်သို့သော ကျွန်းတိရစ္ဆာန်တို့၏ဝမ်းများအတွင်း၌ရှိသည်များသည် ကျွန်ုပ်တို့ ယောကျ်ားများအတွက်သာလျှင် သီးသန့်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ဇနီးမယားများအတွက် တားမြစ်ထားပေသည်၊ သို့ရာတွင် အကယ်၍ ယင်းသည် အသေဖြစ်ခဲ့သော် ယင်း(မှအကျိုးရယူခံစားခြင်း)တွင် သူတို့အားလုံး တွဲဖက်ပါဝင်ကြပေသည်ဟု ပြောဆိုကြ၏။ သို့ဖြစ်ရာ အရှင်မြတ်သည် ထိုသူတို့အား သူတို့၏ (ဤ)ပြောဆိုမှုအတွက် မုချအပြစ်ဒဏ်ခတ်တော်မူမည်ဖြစ်၏။ ဧကန်မုချ အရှင်မြတ်သည် လွန်စွာ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။

قَدْ خَسِرَ الَّذِيْنَ قَتَلُوْۤا اَوْلَادَهُمْ سَفَهًا بِغَيْرِ عِلْمٍ وَّحَرَّمُوْا مَا رَزَقَهُمُ اللّٰهُ

၁၄၁။ အမှန်ပင် ဤသူတို့သည် လွန်စွာမှ ဆုံးရှုံးသူများဖြစ်ကြ၏၊ ထိုသူတို့သည် မသိမိုက်မဲစွာဖြင့် အသိပညာမရှိဘဲလျက် မိမိတို့၏သားသမီးများကိုသတ်ဖြတ်ကြ၏။ ထို့ပြင် သူတို့သည် အလ္လာဟ်အပေါ် မုသားလီဆယ်ပြောဆိုလျက် အလ္လာဟ်က

افْتِرَآءً عَلَى اللّٰهِ ؕ قَدْ ضَلُّوْا وَمَا كَانُوْا مُهْتَدِيْنَ ﴿۱۴۰﴾

သူတို့အားပေးသနားတော်မူထားသည့် 'ရီဇီက်' ရိက္ခာကို 'ဟရာမ်' ခွင့်မပြုသောအရာဟု သတ်မှတ်ကြ၏။ ဧကန်မုချ ဤသူများသည် လမ်းလွဲသွားခဲ့ကြချေပြီ၊ လမ်းမှန်ရသူများ မဟုတ်ကြချေတည်း။

ရုကူး-၁၇

وَهُوَ الَّذِىْۤ اَنْشَاَ جَنّٰتٍ مَّعْرُوْشٰتٍ وَّ غَيْرَ مَعْرُوْشٰتٍ وَّ النَّخْلَ وَالزَّرْعَ مُخْتَلِفًا اُكُلُهٗ وَالزَّيْتُوْنَ وَالرُّمَّانَ مُتَشَابِهًا وَّغَيْرَ مُتَشَابِهٍ ؕ كُلُوْا مِنْ ثَمَرِهٖۤ اِذَاۤ اَثْمَرَ وَاٰتُوْا حَقَّهٗ يَوْمَ حَصَادِهٖ ۖ وَلَا تُسْرِفُوْا ؕ اِنَّهٗ لَا يُحِبُّ الْمُسْرِفِيْنَ ﴿۱۴۱﴾

၁၄၂။ ထို့အရှင်မြတ်သည်ပင် အမှီအတွယ်အားဖြင့် တက်ရသော နွယ်တက်ပင်ဥယျာဉ်များကိုလည်းကောင်း၊ အမှီအတွယ်မရှိဘဲ မြင့်တက်သော(ဥယျာဉ်များကိုလည်းကောင်း) ပေါက်ရောက်စေတော်မူ၏။ ထို့ပြင် စွန်ပလွံပင်များနှင့် ကောက်ပဲသီးနှံများ၊ ယင်းတို့၏အသီးသည် ကွဲပြားခြားနားကြ၏။ ထို့ပြင် သံလွင်နှင့်သလဲပင်များ၊ တစ်ခုနှင့်တစ်ခု တူညီသည်လည်းရှိ၏၊ ခြားနားသည်လည်းရှိ၏။ ယင်း(အပင်)များ အသီးသီးလာသောအခါ ယင်းအသီးများမှ စားသုံးကြကုန်။ ထို့ပြင် ယင်း(အပင်)တို့၏သီးနှံကို ဆွတ်ခူးရိတ်သိမ်းသောနေ့တွင် ယင်း၏ဝတ္တရားကိုပေးဆပ်ကြကုန်၊ သို့ရာတွင် ဖြုန်းတီးခြင်းမပြုကြကုန်လင့်။ ဧကန်မုချ အရှင်မြတ်သည် ဖြုန်းတီးသောသူများကို နှစ်သက်တော်မမူချေ။

وَمِنَ الْاَنْعَامِ حَمُوْلَةً وَّفَرْشًا ؕ كُلُوْا مِمَّا رَزَقَكُمُ اللّٰهُ وَلَا تَتَّبِعُوْا خُطُوٰتِ الشَّيْطٰنِ ؕ اِنَّهٗ لَكُمْ عَدُوٌّ مُّبِيْنٌ ﴿۱۴۲﴾

၁၄၃။ ထို့ပြင် ခြေလေးချောင်းတိရစ္ဆာန်များအနက် ဝန်စည်စလယ်တင်နိုင်သောတိရစ္ဆာန်ကိုလည်းကောင်း၊ စီးနင်းနိုင်သော တိရစ္ဆာန်ကိုလည်းကောင်း (ဖန်ဆင်းတော်မူခဲ့၏)။ အလ္လာဟ်က အသင်တို့အားပေးသနားတော်မူသော 'ရီဇီက်' ရိက္ခာများမှ စားသုံးကြကုန်။ 'ရှိုင်တန်'၏နောက်သို့ ဖဝါးခြေထပ်မလိုက်ကြကုန်လင့်။ ဧကန်မုချ ယင်း(ရှိုင်တန်)သည် အသင်တို့၏ ပွင့်လင်းထင်ရှားသောရန်သူဖြစ်၏။

ثَمٰنِيَةَ اَزْوَاجٍ ۚ مِنَ الضَّاْنِ اثْنَيْنِ وَمِنَ الْمَعْزِ اثْنَيْنِ ؕ قُلْ ءٰٓالذَّكَرَيْنِ حَرَّمَ اَمِ الْاُنْثَيَيْنِ اَمَّا اشْتَمَلَتْ عَلَيْهِ اَرْحَامُ الْاُنْثَيَيْنِ ؕ نَبِّـُٔوْنِىْ بِعِلْمٍ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۱۴۳﴾

၁၄၄။ (အလ္လာဟ်သည်)စုံတွဲရှစ်ခုကို ပြုလုပ်တော်မူ၏၊ သိုးများအနက်မှနှစ်စုံနှင့် ဆိတ်များအနက်မှနှစ်စုံဖြစ်၏။ အသင် မေးမြန်းပါလေ။ (ယင်းတို့အနက်မှ) အထီးနှစ်ကောင်ကို ထို အရှင်မြတ်သည် တားမြစ်ပိတ်ပင်တော်မူခဲ့ပါသလော၊ သို့တည်း မဟုတ် အမနှစ်ကောင်၊ သို့တည်းမဟုတ် ၎င်းအမနှစ်ကောင်၏သားအိမ်များ(သည်လည်း တားမြစ်ချက်တွင်) ပါဝင်ပါသလော။ အသင်တို့သည် မှန်ကန်သူများဖြစ်ကြပါလျှင် ပညာရပ်တစ်ခုခုအပေါ် အခြေပြု၍ ကျွန်ုပ်အားပြောပြကြကုန်။

وَمِنَ الْاِبِلِ اثْنَيْنِ وَمِنَ الْبَقَرِ اثْنَيْنِ ؕ قُلْ ءٰٓالذَّكَرَيْنِ حَرَّمَ اَمِ الْاُنْثَيَيْنِ اَمَّا اشْتَمَلَتْ عَلَيْهِ اَرْحَامُ الْاُنْثَيَيْنِ ؕ اَمْ

၁၄၅။ ထို့ပြင် ကုလားအုတ်များအနက်မှနှစ်ကောင်နှင့် နွားများအနက်မှလည်း နှစ်ကောင်ဖြစ်၏။ မေးမြန်းပါလေ၊ အရှင်မြတ်သည် အထီးနှစ်ကောင်ကို တားမြစ်ပိတ်ပင်တော်မူခဲ့ပါသလော၊ သို့တည်းမဟုတ် အမနှစ်ကောင်၊ သို့တည်းမဟုတ်

كُنْتُمْ شُهَدَآءَ اِذْ وَصّٰىكُمُ اللّٰهُ بِهٰذَا ۚ
فَمَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَى اللّٰهِ كَذِبًا
لِّيُضِلَّ النَّاسَ بِغَيْرِ عِلْمٍ ؕ اِنَّ اللّٰهَ
لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ ﴿۱۴۴﴾ ۚ

ယင်းအမန္နစ်ကောင်၏သားအိမ်များ(သည်လည်း တားမြစ်ချက်တွင်) ပါဝင်ပါသလော။ အလ္လာဟ်သည် အသင်တို့အား ယင်းကိုညွှန်ကြားတော်မူစဉ်က အသင်တို့ရှိခဲ့ကြပါသလော။ သို့ဖြစ်ရာ အသိပညာမရှိဘဲလျက် လူများကို လမ်းမှားစေခြင်းငှာ အလ္လာဟ်အပေါ် မဟုတ်မမှန် လိဆယ်ပြောဆိုသူထက် ပိုမိုး၍ အပြစ်ကျူးလွန်သောသူ အဘယ်သူရှိနိုင်အုံးနည်း။ ဧကန်မုချ အလ္လာဟ်သည် အပြစ်ကျူးလွန်သူတို့ကို လမ်းညွှန်တော်မူမည်မဟုတ်ချေတည်း။

ရုကူး-၁၈

قُلْ لَّاۤ اَجِدُ فِىْ مَاۤ اُوْحِىَ اِلَىَّ مُحَرَّمًا عَلٰى
طَاعِمٍ يَّطْعَمُهٗۤ اِلَّاۤ اَنْ يَّكُوْنَ مَيْتَةً
اَوْ دَمًا مَّسْفُوْحًا اَوْ لَحْمَ خِنْزِيْرٍ فَاِنَّهٗ
رِجْسٌ اَوْ فِسْقًا اُهِلَّ لِغَيْرِ اللّٰهِ بِهٖ ۚ فَمَنِ
اضْطُرَّ غَيْرَ بَاغٍ وَّلَا عَادٍ فَاِنَّ رَبَّكَ
غَفُوْرٌ رَّحِيْمٌ ﴿۱۴۵﴾

၁၄၆။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်ထံပို့ချခဲ့သည့် 'ဝဟီ' ဗျာဒိတ်တွင် စားသုံးသူတစ်ဦးဦးအား သူစားသောက်သော အစားအစာကို (ဟရာမ်အဖြစ်) တားမြစ်ပိတ်ပင်ထားသည်ကို ကျွန်ုပ်မတွေ့ရချေ။ သို့ရာတွင် အသေသား၊ စီးထွက်သော သွေးနှင့် ဝက်သားတို့(သည် တားမြစ်ထားသောအရာများ) ဖြစ်၏။ မည်သို့ဆိုစေ ယင်းတို့သည် မသန့်ရှင်းသည့်အရာများဖြစ်၏။ ထို့ပြင် အလ္လာဟ်မှတစ်ပါး အခြားတစ်စုံတစ်ရာ၏ အမည်နာမဖြင့် လှီးဖြတ်သော ညစ်ညမ်းသည့်အရာကိုလည်း (တားမြစ်ထား၏)။ သို့ရာတွင် အကြင်သူသည် ဆာလောင်မှုကြောင့် မစွမ်းသာလောက်အောင် ခက်ခဲကျပ်တည်းသွားခဲ့ပြီး သူသည် ဆန္ဒထားရှိသူမဟုတ်၊ စည်းဘောင်ကိုလည်း ကျူးလွန်သူမဟုတ်ပါက၊ ဧကန်စင်စစ် အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَعَلَى الَّذِيْنَ هَادُوْا حَرَّمْنَا كُلَّ ذِىْ ظُفُرٍ ۚ
وَمِنَ الْبَقَرِ وَالْغَنَمِ حَرَّمْنَا عَلَيْهِمْ
شُحُوْمَهُمَاۤ اِلَّا مَا حَمَلَتْ ظُهُوْرُهُمَاۤ
اَوِ الْحَوَايَاۤ اَوْ مَا اخْتَلَطَ بِعَظْمٍ ؕ ذٰلِكَ
جَزَيْنٰهُمْ بِبَغْيِهِمْ ۫ وَاِنَّا لَصٰدِقُوْنَ ﴿۱۴۶﴾

၁၄၇။ 'ရဟူဒီ'ဖြစ်ကြကုန်သောသူတို့အပေါ် ငါတို့သည် ခြေသည်းလက်သည်းရှိသည့် တိရစ္ဆာန်အားလုံးကို 'ဟရာမ်' တားမြစ်မှုပြုတော်မူခဲ့ပေသည်။ ထို့ပြင် နွားများနှင့် သိုးဆိတ်များအနက်မှ ယင်းတို့၏ကျောရိုးနှင့်ကပ်နေသော သို့မဟုတ် အူများနှင့်ကပ်နေသော သို့မဟုတ် အရိုးများနှင့် ကပ်နေသော အဆီတို့မှတစ်ပါး ယင်းတို့၏အဆီများကို ၎င်းတို့အဖို့ 'ဟရာမ်' တားမြစ်ပိတ်ပင်မှုပြုတော်မူခဲ့ပေသည်။ ဤကဲ့သို့ပင် ငါတို့သည် သူတို့အား သူတို့၏ပုန်ကန်မှုကြောင့် ဤသို့ အကျိုးဆက်ကို အစားပေးတော်မူခဲ့ပေသည်။ စင်စစ်ဧကန် ငါတို့သည် ဖြောင့်မတ်မှန်ကန်တော်မူ၏။

فَاِنْ كَذَّبُوْكَ فَقُلْ رَّبُّكُمْ ذُوْ رَحْمَةٍ
وَّاسِعَةٍ ۚ وَلَا يُرَدُّ بَاْسُهٗ عَنِ الْقَوْمِ

၁၄၈။ သို့ဖြစ်ရာ အကယ်၍ ၎င်းတို့သည် အသင့်အား လိမ်လည်သူဟုစွပ်စွဲကြလျှင် အသင်ပြောကြားပါလေ၊ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အလွန် ကြီးကျယ်သော မဟာကရုဏာတော်အရှင် ဖြစ်တော်မူ၏။ စင်စစ်

!الْمُجْرِمِيْنَ ﴿١٤٨﴾

အရှင်မြတ်၏ပြစ်ဒဏ်သည် အပြစ်ကျူးလွန်သူတို့ထံမှ လွဲဖယ်သွားနိုင်သည်မဟုတ်ချေ။

سَيَقُوْلُ الَّذِيْنَ اَشْرَكُوْا لَوْ شَآءَ اللّٰهُ مَآ اَشْرَكْنَا وَلَآ اٰبَآؤُنَا وَلَا حَرَّمْنَا مِنْ شَيْءٍ ؕ كَذٰلِكَ كَذَّبَ الَّذِيْنَ مِنْ قَبْلِهِمْ حَتّٰى ذَاقُوْا بَاْسَنَا ؕ قُلْ هَلْ عِنْدَكُمْ مِّنْ عِلْمٍ فَتُخْرِجُوْهُ لَنَا ؕ اِنْ تَتَّبِعُوْنَ اِلَّا الظَّنَّ وَاِنْ اَنْتُمْ اِلَّا تَخْرُصُوْنَ ﴿١٤٩﴾

၁၄၉။ အရှင်မြတ်နှင့်အခြားအရာကို တွဲဖက်ကိုးကွယ်ကြသူတို့က အကယ်၍ အလွှာဟ်အလိုရှိတော်မူပါလျှင် ကျွန်ုပ်တို့သည်လည်းကောင်း၊ ကျွန်ုပ်တို့၏ အဘဘိုးဘေးများသည်လည်းကောင်း အလွှာဟ်နှင့်တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်မှုကို ပြုလုပ်ကြမည်မဟုတ်၊ ထို့ပြင် ကျွန်ုပ်တို့သည် မည်သည့်အရာကိုမျှလည်း တားမြစ်ပိတ်ပင်ကြမည်မဟုတ်ဟု မုချပြောဆိုကြလိမ့်မည်။ ဤကဲ့သို့ပင် သူတို့အလျင်ကရှိခဲ့ကြသောသူတို့သည်လည်း မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြလေသည်။ နောက်ဆုံးတွင် သူတို့သည် ငါတို့၏အပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြရပေသည်။ အသင်သည် မေးမြန်းပါလော၊ (အသင်တို့ပြောဆိုသည်နှင့်စပ်လျဉ်း၍) အသင်တို့ထံတွင် တစ်စုံတစ်ရာ အသိပညာ(သက်သေသာဓက)ရှိပါသလော၊ သို့ဖြစ်လျှင် ယင်းကို ကျွန်ုပ်တို့၏ရှေ့တွင်ထုတ်၍ပြပါလော့။ စင်စစ် အသင်တို့သည် အတွေးအထင်များမှလွဲ၍ မည်သည့်အရာကိုမျှ လိုက်နာကျင့်သုံးကြသည်မဟုတ်ချေ။ အသင်တို့သည်ကား ရမ်းဆတွေးတောခြင်းကိုသာ ပြုလုပ်ကြပေသည်။ ﴿၁﴾

قُلْ فَلِلّٰهِ الْحُجَّةُ الْبَالِغَةُ ۚ فَلَوْ شَآءَ لَهَدٰىكُمْ اَجْمَعِيْنَ ﴿١٤٩﴾

၁၅၀။ အသင်ပြောကြားပါလော၊ ပြည့်စုံသည်အထိရောက်ရှိသော သက်သေသာဓကသည်ကား အလွှာဟ်၏(သက်သေသာဓက)သာဖြစ်၏။ သို့ဖြစ်ရာ အကယ်၍ အရှင်မြတ်အလိုရှိတော်မူပါက အသင်တို့အားလုံးကို အမှန်ပင် လမ်းညွှန်တော်မူပေအံ့။

قُلْ هَلُمَّ شُهَدَآءَكُمُ الَّذِيْنَ يَشْهَدُوْنَ اَنَّ اللّٰهَ حَرَّمَ هٰذَا ۚ فَاِنْ شَهِدُوْا فَلَا تَشْهَدْ مَعَهُمْ ۚ وَلَا تَتَّبِعْ اَهْوَآءَ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا وَالَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ وَهُمْ بِرَبِّهِمْ يَعْدِلُوْنَ ﴿١٥٠﴾ ۧ

၁၅၁။ အသင်ပြောကြားပါလော၊ (အချင်းတို့)၊ အသင်တို့သည် အလွှာဟ်က ဤအရာများကို 'ဟရာမ်' တားမြစ်မှုပြုထားတော်မူသည်ဟုသက်သေခံကြသည့် အသင်တို့၏ ထိုသက်သေများကို ခေါ်ကြလေကုန်။ သို့ဖြစ်ရာ အကယ်၍ ၎င်းတို့သည် သက်သေခံခဲ့ကြပါက အသင်သည် ၎င်းတို့နှင့်အတူ သက်သေခံခြင်းကို အလျှင်းမပြုလင့်။ ထို့ပြင် ငါတို့၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲကြသောသူများ၊ နောင်တမလွန်ကိုယုံကြည်ခြင်း မရှိကြသည့်သူများနှင့် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်နှင့် ယှဉ်ဘက်ထားကိုးကွယ်သူများ

﴿၁﴾ ဤအာယတ်တော်တွင် အကယ်၍ အလွှာဟ်အရှင်မြတ်က 'ရှဟီဒ်' (အလွှာဟ်နှင့်တွဲဖက်ကိုးကွယ်ခြင်း)ကို ခွင့်မပြုခဲ့လျှင် ကျွန်ုပ်တို့သည် 'ရှဟီဒ်'ပြုကြမည်မဟုတ်၊ ထို့ပြင် ကျွန်ုပ်တို့၏အဘဘိုးဘေးတို့သည်လည်း ဤသို့ပြုခဲ့ကြမည်မဟုတ်ချေဟုပြောသည့် အခြေခံကျသော အမေးပုစ္ဆာကို ထုတ်ပြထားပေသည်။ အဘဘိုးဘေးတို့အား ဖော်ပြခြင်းနှင့်အတူ ဤပြဿနာသည် ဖြေရှင်းပြီးဖြစ်သွားပေသည်။ သူတို့သည် အဘဘိုးဘေးများကိုလိုက်နာနေကြခြင်းဖြစ်ပေသည်။ စင်စစ် အလွှာဟ်အရှင်မြတ်သည် 'ရှဟီဒ်'၏တစ်စုံတစ်ရာသွန်သင်ချက်ကိုမျှ ပြုတော်မမူခဲ့ချေ။ ယင်း၏နောက် တစ်ဆက်တည်းမှာပင် အကယ်၍ အသင်တို့ထံတွင် 'ရှဟီဒ်'နှင့် စပ်လျဉ်း၍ ဖော်ပြထားသော ကောင်းကင်ကျကျမ်းတစ်စုံတစ်ရာရှိခဲ့လျှင် ယူဆောင်၍ပြကြကုန်ဟု မိန့်တော်မူထားလေသည်။

၏ အလိုဆန္ဒများနောက်သို့ မလိုက်လင့်။

ရှကူ-၁၉

قُلْ تَعَالَوْا اَتْلُ مَا حَرَّمَ رَبُّكُمْ عَلَيْكُمْ ۖ اَلَّا تُشْرِكُوْا بِهٖ شَيْـًٔا ۖ وَّبِالْوَالِدَيْنِ اِحْسَانًا ۚ وَلَا تَقْتُلُوْٓا اَوْلَادَكُمْ مِّنْ اِمْلَاقٍ ۗ نَحْنُ نَرْزُقُكُمْ وَاِيَّاهُمْ ۚ وَلَا تَقْرَبُوا الْفَوَاحِشَ مَا ظَهَرَ مِنْهَا وَمَا بَطَنَ ۚ وَلَا تَقْتُلُوا النَّفْسَ الَّتِيْ حَرَّمَ اللّٰهُ اِلَّا بِالْحَقِّ ۗ ذٰلِكُمْ وَصّٰىكُمْ بِهٖ لَعَلَّكُمْ تَعْقِلُوْنَ ﴿۱۵۱﴾

၁၅၁။ အသင်ပြောကြားပါလေ၊ လာကြကုန်၊ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်က အသင်တို့အပေါ် 'ဟရာမ်' တားမြစ်ပိတ်ပင်မှုပြုထားသည့်အရာများကို ကျွန်ုပ် ဖတ်ရွတ်ပြပေမည်။ မည်သည့်အရာကိုမျှ အရှင်မြတ်နှင့် တွဲဖက်ခြင်းမပြုကြကုန်လင့်။ ထို့ပြင် (တာဝန်ပြဌာန်းသည်မှာ) မိဘနှစ်ပါးတို့အား ကောင်းစွာဆက်ဆံကြကုန်။ ထို့ပြင် ဆင်းရဲကျပ်တည်းမည်ကို စိုးရိမ်ပြီး မိမိတို့၏သားသမီးများကို မသတ်ဖြတ်ကြလင့်။ ငါတို့သည်သာလျှင် အသင်တို့အားလည်းကောင်း၊ သူတို့အားလည်းကောင်း 'ရိဇ်ကီ' ရိက္ခာ ပေးသနားတော်မူ၏။ ထို့ပြင် အသင်တို့သည် ထင်ရှားပေါ်လွင်သော သို့မဟုတ် ဖုံးကွယ်လျက်ရှိသော အရှက်ကင်းမဲ့မှုများ (ထိုနှစ်ခုစလုံး)၏အနီးသို့ပင် မချဉ်းကပ်ကြကုန်လင့်။ ထို့ပြင် အလ္လာဟ်တားမြစ်ထားတော်မူသော မည်သည့်အသက်ကိုမျှ တရားသောအားဖြင့်မှတစ်ပါး သတ်ဖြတ်ခြင်းကို မပြုကြကုန်လင့်။ ဤသည်တို့ကိုပင် အရှင်မြတ်သည် အသင်တို့အား အထူးအလေးအနက်ထား မိန့်မှာညွှန်ကြားတော်မူ၏။ သို့ဖြင့် အသင်တို့ အသိဉာဏ်ကိုအသုံးချကြရန်ဖြစ်၏။ ①

وَلَا تَقْرَبُوْا مَالَ الْيَتِيْمِ اِلَّا بِالَّتِيْ هِيَ اَحْسَنُ حَتّٰى يَبْلُغَ اَشُدَّهٗ ۚ وَاَوْفُوا الْكَيْلَ وَالْمِيْزَانَ بِالْقِسْطِ ۚ لَا نُكَلِّفُ نَفْسًا اِلَّا وُسْعَهَا ۚ وَاِذَا قُلْتُمْ فَاعْدِلُوْا وَلَوْ كَانَ ذَا قُرْبٰى ۚ وَبِعَهْدِ اللّٰهِ اَوْفُوْا ۗ ذٰلِكُمْ وَصّٰىكُمْ بِهٖ لَعَلَّكُمْ تَذَكَّرُوْنَ ﴿۱۵۲﴾

၁၅၂။ ထို့ပြင် အလွန်ကောင်းမြတ်သော နည်းလမ်းဖြင့်မှတစ်ပါး မိဘမဲ့ကလေးသူငယ်များ၏ ပစ္စည်းဥစ္စာအပါးသို့ ၎င်းတို့အရွယ်ရောက်သည်ထိ မချဉ်းကပ်ကြကုန်လင့်။ ထို့ပြင် အတိုင်းအထွာနှင့် အချိန်အတွယ်များကို တရားမျှတစွာ ဖြည့်ဆည်းကြကုန်။ ငါတို့သည် မည်သည့်ဝိညာဉ်ကိုမျှ ယင်း၏ထမ်းဆောင်နိုင်မှုစွမ်းအားထက်ပို၍ တာဝန်တင်ရှိစေတော်မမူချေ။ ထို့ပြင် အသင်တို့သည် တစ်စုံတစ်ရာ စကားပြောဆိုသောအခါ မည်မျှပင်နီးစပ်သူဖြစ်စေ တရားမျှတစွာပြောဆိုကြကုန်။ ထို့ပြင် အလ္လာဟ်နှင့်(ထားရှိခဲ့သော) ကတိကိုဖြည့်ဆည်းကြကုန်။ ဤသည်တို့သည် အရှင်မြတ်က အသင်တို့အား အထူးအလေးအနက်ထား မိန့်မှာညွှန်ကြားတော်မူသော အရေးကိစ္စဖြစ်၏။ သို့ဖြင့် အသင်တို့အဆုံးအမ ရယူကြစေရန်ဖြစ်၏။

وَاَنَّ هٰذَا صِرَاطِيْ مُسْتَقِيْمًا فَاتَّبِعُوْهُ ۚ وَلَا

၁၅၃။ ထို့ပြင်(အမိန့်ပေးထားတော်မူသည်မှာ) ဤသည် ငါ၏ဖြောင့်မတ်မှန်ကန်သော လမ်းတော်ဖြစ်၏။ သို့ဖြစ်ရာ ယင်းကို

① قتل اولاد သားသမီးများကိုသတ်ဖြတ်ခြင်းသည် စင်စစ် စားနပ်ရိက္ခာမလုံလောက်ဖြစ်မည်ကိုစိုးရိမ်၍ ကလေးမမွေးခြင်းကို ဆိုလိုပေသည်။ သို့သော် ဆေးဘက်ဆိုင်ရာ မလွှဲမရှောင်သာသော ကိစ္စများအပေါ် အခြေပြုလျက် ပဋိသန္ဓေတားခြင်းကိုမူ ခွင့်ပြုပေသည်။

تَتَّبِعُوا السُّبُلَ فَتَفَرَّقَ بِكُمْ عَنْ سَبِيْلِهٖ ۭ ذٰلِكُمْ وَصّٰىكُمْ بِهٖ لَعَلَّكُمْ تَتَّقُوْنَ ۝۱۵۳

လိုက်နာကြကုန်။ အခြားအမျိုးမျိုးသော လမ်းများကို လိုက်နာကျင့်သုံးခြင်းမပြုကြကုန်လင့်။ သို့မဟုတ်ပါက ၎င်းတို့သည် အသင်တို့အား အရှင်မြတ်၏လမ်းတော်မှ ဖယ်ရှားပစ်ကြပေလိမ့်မည်။ ဤသည်ကား အရှင်မြတ်က အသင်တို့အား တိုက်တွန်းနှိုးဆော်သွန်သင်ဆုံးမတော်မူသည့် အရာများတည်း။ သို့ဖြင့် အသင်တို့ ဖြူစင်ဖြောင့်မတ်ခြင်း 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်တည်ကြစေရန်ဖြစ်၏။

ثُمَّ اٰتَيْنَا مُوْسَى الْكِتٰبَ تَمَامًا عَلَى الَّذِيْٓ اَحْسَنَ وَتَفْصِيْلًا لِّكُلِّ شَيْءٍ وَّهُدًى وَّرَحْمَةً لَّعَلَّهُمْ بِلِقَاۗءِ رَبِّهِمْ يُؤْمِنُوْنَ ۝۱۵۴

၁၅၅။ တစ်ဖန် ငါတို့သည် 'မူစာ'ကိုလည်း ကျမ်းဂန်ကို ပေးသနားတော်မူခဲ့၏။ ယင်း(ကျမ်း)သည် ကောင်းမှုပြုသူတိုင်း၏ လိုအပ်ချက်ကို ပြည့်စုံစွာဖြည့်ဆည်းပေးခဲ့၏။ ထို့ပြင် အလုံးစုံသောအရာများ၏ ရှင်းလင်းချက်များသည်လည်းကောင်း၊ လမ်းညွှန်တော်သည်လည်းကောင်း၊ ကရုဏာတော်သည်လည်းကောင်း ပါဝင်၏။ သို့ဖြင့် ယင်းသူတို့သည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်အား ဖူးတွေ့ရမည်ကို သက်ဝင်ယုံကြည်လာကြစေရန်ဖြစ်သတည်း။

ရုကူး-၂၀

وَهٰذَا كِتٰبٌ اَنْزَلْنٰهُ مُبٰرَكٌ فَاتَّبِعُوْهُ وَاتَّقُوْا لَعَلَّكُمْ تُرْحَمُوْنَ ۝۱۵۵

၁၅၆။ ဤသည် ငါတို့ ပို့ချတော်မူသည့် လွန်စွာမှ ကောင်းချီးမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံသော ကျမ်းတော်ဖြစ်၏၊ သို့ဖြစ်ရာ ယင်း(ကျမ်းတော်)ကို လိုက်နာကျင့်ကြံကြကုန်။ ထို့ပြင် ဖြူစင်ဖြောင့်မတ်ခြင်း 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်တည်ကြကုန်။ သို့ဖြင့် အသင်တို့သည် ကရုဏာတော်ပြုခြင်းကို ခံကြရစေရန်ဖြစ်၏၊

اَنْ تَقُوْلُوْٓا اِنَّمَآ اُنْزِلَ الْكِتٰبُ عَلٰي طَاۗىِٕفَتَيْنِ مِنْ قَبْلِنَا ۠ وَاِنْ كُنَّا عَنْ دِرَاسَتِهِمْ لَغٰفِلِيْنَ ۝۱۵۶

၁၅၇။ သို့ဖြင့် အသင်တို့က ကျွန်ုပ်တို့အလျင် အုပ်စုကြီး နှစ်စုထံသို့သာ ကျမ်းဂန်ကိုပို့ချတော်မူခဲ့၏၊ ယင်းကို သူတို့ရွတ်ဖတ်သည်ကို ကျွန်ုပ်တို့မှာမူ သတိမမူခဲ့ကြပေဟု မပြောနိုင်ကြစေရန်ဖြစ်၏၊

اَوْ تَقُوْلُوْا لَوْ اَنَّآ اُنْزِلَ عَلَيْنَا الْكِتٰبُ لَكُنَّآ اَهْدٰى مِنْهُمْ ۚ فَقَدْ جَاۗءَكُمْ بَيِّنَةٌ مِّنْ رَّبِّكُمْ وَهُدًى وَّرَحْمَةٌ ۚ فَمَنْ اَظْلَمُ مِمَّنْ كَذَّبَ بِاٰيٰتِ اللّٰهِ وَصَدَفَ عَنْهَا ۭ سَنَجْزِي الَّذِيْنَ يَصْدِفُوْنَ عَنْ اٰيٰتِنَا سُوْۗءَ الْعَذَابِ بِمَا كَانُوْا يَصْدِفُوْنَ ۝۱۵۷

၁၅၈။ သို့တည်းမဟုတ် အကယ်၍သာ ကျွန်ုပ်တို့ထံ ကျမ်းစာကို ပို့ချခဲ့ပါက ကျွန်ုပ်တို့သည် အမှန်ပင် ၎င်းတို့ထက်ပိုမို၍ လမ်းမှန်ပေါ်တွင်ရှိကြပေမည်ဟု အသင်တို့ မပြောနိုင်ကြစေရန်ဖြစ်၏။ သို့ဖြစ်ရာ(ယခု)အသင်တို့ထံ အသင်တို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ပွင့်လင်းထင်ရှားသော သက်သေလက္ခဏာတော်တစ်ရပ်သည်လည်းကောင်း၊ လမ်းညွှန်တော်သည်လည်းကောင်း၊ ကရုဏာတော်သည်လည်းကောင်း ရောက်ရှိလာခဲ့ချေပြီ။ သို့ဖြစ်ရကား အလ္လာဟ်၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟုစွပ်စွဲ၍ ယင်းမှ မျက်နှာလွှဲဖယ်သူထက် မည်သူသည် မတရားကျူးလွန်သူဖြစ်နိုင်အံ့နည်း။ မုချ

ငါတို့သည် ငါတို့၏သက်သေလက္ခဏာတော်များမှ မျက်နှာလွှဲဖယ်ကြသောသူတို့ကို ယင်းတို့၏ မျက်နှာလွှဲဖယ်ခဲ့မှုကြောင့် အလွန်ပြင်းထန်သော ပြစ်ဒဏ်တစ်ရပ်ဖြင့် တုံ့ပြန်အစားပေးတော်မူမည်ဖြစ်၏။

هَلْ يَنْظُرُوْنَ اِلَّآ اَنْ تَاْتِيَهُمُ الْمَلٰٓئِكَةُ اَوْ يَاْتِيَ رَبُّكَ اَوْ يَاْتِيَ بَعْضُ اٰيٰتِ رَبِّكَ ۭ يَوْمَ يَاْتِيْ بَعْضُ اٰيٰتِ رَبِّكَ لَا يَنْفَعُ نَفْسًا اِيْمَانُهَا لَمْ تَكُنْ اٰمَنَتْ مِنْ قَبْلُ اَوْ كَسَبَتْ فِيْٓ اِيْمَانِهَا خَيْرًا ۭ قُلِ انْتَظِرُوْٓا اِنَّا مُنْتَظِرُوْنَ ۝

၁၅၈။ ၎င်းတို့သည် ဤသည်မှလွဲ၍ ၎င်းတို့ထံ ကောင်းကင်တမန်များရောက်ရှိလာခြင်းကိုလည်းကောင်း၊ သို့တည်းမဟုတ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ရောက်ရှိလာခြင်းကိုလည်းကောင်း သို့တည်းမဟုတ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ အချို့သော သက်သေလက္ခဏာတော်များရောက်ရှိလာခြင်းကိုလည်းကောင်း စောင့်ဆိုင်းနေကြသလော။ (သို့ရာတွင်) ထိုနေ့တော်ကြီး၌ အသင်၏ ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အချို့သော သက်သေလက္ခဏာတော်များထင်ပေါ်လာမည့်အခါ၊ ထိုသည့်အလျင်က သက်ဝင်ယုံကြည်မှုမရှိခဲ့သော သို့တည်းမဟုတ် မိမိ၏သက်ဝင်ယုံကြည်မှုအခြေအနေတွင် ကောင်းမှုတစ်စုံတစ်ရာကို ဆည်းပူးမှုမပြုခဲ့သော မည်သည့်အသက်ဝိညာဉ်ကိုမျှ ယင်း၏ သက်ဝင်ယုံကြည်မှုသည် အကျိုးပေးလိမ့်မည်မဟုတ်ချေ။ အသင်သည် (၎င်းတို့အား) စောင့်ဆိုင်းလျက်နေကြကုန်၊ ဧကန်ပင် ကျွန်ုပ်တို့သည်လည်း စောင့်ဆိုင်းလျက်ရှိသည်ဟု ပြောကြားပါလေ။

اِنَّ الَّذِيْنَ فَرَّقُوْا دِيْنَهُمْ وَكَانُوْا شِيَعًا لَّسْتَ مِنْهُمْ فِيْ شَيْءٍ ۭ اِنَّمَآ اَمْرُهُمْ اِلَى اللّٰهِ ثُمَّ يُنَبِّئُهُمْ بِمَا كَانُوْا يَفْعَلُوْنَ ۝

၁၆၀။ စင်စစ်ဧကန် အကြင်သူတို့သည် မိမိတို့၏သာသနာကို အစိတ်စိတ်အပိုင်းပိုင်းပြုကြ၏၊ ထို့ပြင် အုပ်စုလိုက် အုပ်စုလိုက်ဖြစ်သွားခဲ့ကြ၏။ အသင်သည် ထိုသူတို့နှင့် မည်သို့မျှ မသက်ဆိုင်ချေ၊ သူတို့၏အရေးကိစ္စသည်ကား အလ္လာဟ်၏ ထံတော်၌သာရှိ၏။ ထို့နောက် အရှင်မြတ်သည် သူတို့အား သူတို့ပြုလုပ်လေ့ရှိခဲ့သည်တို့ကို အသိပေးတော်မူမည်ဖြစ်၏။

مَنْ جَاۗءَ بِالْحَسَنَةِ فَلَهٗ عَشْرُ اَمْثَالِهَا ۚ وَمَنْ جَاۗءَ بِالسَّيِّئَةِ فَلَا يُجْزٰٓى اِلَّا مِثْلَهَا وَهُمْ لَا يُظْلَمُوْنَ ۝

၁၆၁။ အကြင်သူသည် ကောင်းမှုပြုလုပ်ပါက သူ့အတွက် ဆုလာဘ်သည် ယင်း၏ဆယ်ဆရှိ၏။ အကြင်သူသည် မကောင်းမှုကိုပြုကျင့်ပါက ယင်း(မကောင်းမှု)နှင့် ထပ်တူထပ်မျှသာလျှင် အစားပေးခြင်းကိုခံရပေမည်။ သူတို့သည် မတရားပြုခြင်းကို ခံကြရမည်မဟုတ်ချေ။

قُلْ اِنَّنِيْ هَدٰىنِيْ رَبِّيْٓ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ۚ دِيْنًا قِيَمًا مِّلَّةَ اِبْرٰهِيْمَ حَنِيْفًا ۚ وَمَا كَانَ مِنَ الْمُشْرِكِيْنَ ۝

၁၆၂။ အသင်ပြောကြားပါလေ၊ ဧကန်မုချ ကျွန်ုပ်၏ ဖန်ဆင်းမွေးမြူရှင်သည် ကျွန်ုပ်အား ဖြောင့်မတ်မှန်ကန်သော လမ်းသို့ ညွှန်ပြတော်မူခဲ့ပေသည်။ (ယင်းကို) တည်တံ့ခိုင်မြဲမည့် သာသနာတော်တစ်ရပ်၊ ဖြောင့်မှန်သောလမ်းတွင်လျှောက်သူ 'အစ်ဗရာဟင်မ်'၏ လမ်းစဉ်တော်(ပြုတော်မူခဲ့၏)။ သူသည် တစ်စုံတစ်ရာကို အလ္လာဟ်နှင့်တွဲဖက်ကိုးကွယ်သူ'မူရှရိုက်'တို့အနက်

မှ အလျှင်းမဟုတ်ခဲ့ချေ။

قُلْ اِنَّ صَلَاتِیْ وَنُسُكِیْ وَمَحْیَایَ وَمَمَاتِیْ لِلّٰهِ رَبِّ الْعٰلَمِیْنَ ۟

၁၆၃။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်၏ဝတ်ပြုခြင်း၊ ကျွန်ုပ်၏စွန့်လွှတ်အနစ်နာခံခြင်းများ၊ ကျွန်ုပ်၏ရှင်ခြင်း၊ ကျွန်ုပ်၏သေခြင်းတို့သည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်၏အဖို့သာဖြစ်၏၊

لَا شَرِیْكَ لَهٗ ۚ وَبِذٰلِكَ اُمِرْتُ وَاَنَا اَوَّلُ الْمُسْلِمِیْنَ ۟

၁၆၄။ ထိုအရှင်မြတ်၌ တွဲဖက်သူဟူ၍ မည်သူမျှမရှိချေ။ ဤသည်ကိုပင် ကျွန်ုပ်သည် အမိန့်ပေးခြင်းခံရ၏၊ ကျွန်ုပ်သည် မွတ်စလင်တို့တွင် အားလုံးတို့ထက် ပထမဦးဆုံးဖြစ်၏။

قُلْ اَغَیْرَ اللّٰهِ اَبْغِیْ رَبًّا وَّهُوَ رَبُّ كُلِّ شَیْءٍ ؕ وَلَا تَكْسِبُ كُلُّ نَفْسٍ اِلَّا عَلَیْهَا ۚ وَلَا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰی ۚ ثُمَّ اِلٰی رَبِّكُمْ مَّرْجِعُكُمْ فَیُنَبِّئُكُمْ بِمَا كُنْتُمْ فِیْهِ تَخْتَلِفُوْنَ ۟

၁၆၅။ အသင်သည် (ငင်းတို့အား)ပြောကြားပါလေ။ ကျွန်ုပ်သည် အလ္လာဟ်မှလွဲ၍ အခြားတစ်စုံတစ်ရာကို မိမိ၏ဖန်ဆင်းမွေးမြူရှင်အဖြစ် နှစ်သက်ရပါမည်လော။ စင်စစ်သော်ကား ထိုအရှင်မြတ်သည်သာလျှင် ခပ်သိမ်းကုန်သောအရာတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်တော်မူ၏။ မည်သည့်အသက်ဝိညာဉ်မဆို တစ်စုံတစ်ရာ(မကောင်းမှု)ကို ရွာဖွေဆည်းပူးခဲ့သော် မိမိနှင့်ဆန့်ကျင်၍ပြုခြင်းသာဖြစ်၏။ ဝန်သယ်ပိုးသူ မည်သူတစ်ဦးမျှ အခြားသူတစ်ဦးဦး၏ဝန်ကို သယ်ပိုးလိမ့်မည်မဟုတ်ချေ။ ထို့နောက် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်ထံတော်သို့သာ အသင်တို့သည် ပြန်လည်သွားကြရပေမည်။ ထိုအခါ ထိုအရှင်မြတ်သည် အသင်တို့အချင်းချင်း ကွဲပြားလေ့ရှိခဲ့သည်ကို အသင်တို့အား အသိပေးတော်မူမည်ဖြစ်၏။

وَهُوَ الَّذِیْ جَعَلَكُمْ خَلٰٓئِفَ الْاَرْضِ وَرَفَعَ بَعْضَكُمْ فَوْقَ بَعْضٍ دَرَجٰتٍ لِّیَبْلُوَكُمْ فِیْ مَاۤ اٰتٰىكُمْ ؕ اِنَّ رَبَّكَ سَرِیْعُ الْعِقَابِ ۚ وَاِنَّهٗ لَغَفُوْرٌ رَّحِیْمٌ ۟

၁၆၆။ ထိုအရှင်မြတ်သည်ပင် အသင်တို့အား ကမ္ဘာမြေ၏အမွေခံများပြုလုပ်တော်မူခဲ့၏၊ ထို့ပြင် အသင်တို့အနက် အချို့ကို အချို့သောသူများထက် အဆင့်အတန်းများ၌ မြင့်မားစေတော်မူ၏။ သို့ဖြင့် အရှင်မြတ်က အသင်တို့အား ပေးသနားတော်မူထားသော အရာများဖြင့် အသင်တို့အား စမ်းသပ်စစ်ဆေးတော်မူရန်ဖြစ်၏။ ဧကန်မုချ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အပြစ်ဒဏ်ပေးတော်မူရာတွင် လွန်စွာ လျင်မြန်တော်မူ၏။ ထို့ပြင် ဧကန်ပင် အရှင်မြတ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

❖ ❖ ❖

၇။ အလ်-အာအ်ရာဖ်

ဤဆူရာဟ်သည် အာယတ်တော်အချို့မှအပ မက္ကာမြို့တွင် ကျရောက်ခဲ့သည်။ 'ဗစ္စမီလ္လာဟ်' အပါအဝင် 'အာယတ်'မုက္ခပါဠိတော်ပေါင်း (၂၀၇)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်အလျင် ဆူရာဟ်နှစ်ခုဖြစ်သော ဆူရာဟ်'အလ်ဘကရာ'နှင့် ဆူရာဟ် 'အာလေ အင်မ်ရာန်'တို့ကို ကျမ်းမြတ်ကုရ်အာန်၌ 'မိုကာတ္တိအတ်' အဖြစ်ပို့ချထားသော 'အလီဖ်၊လာမ်၊မီမ်'နှင့် အစပြုထားသည်။ ဤဆူရာဟ်တွင် 'အလီဖ်၊လာမ်၊မီမ်'အပြင် 'ဆွာဒ်' အက္ခရာတိုး၍ ပါရှိလေသည်။ ဤသို့ဖြင့် ရှေ့ပိုင်းဆူရာဟ်များတွင်ဖော်ပြခဲ့ပြီးဖြစ်သော အကြောင်းအရာများထက်ပိုမို၍ အခြားသော အကြောင်းရပ်အချို့ တိုး၍လာဦးမည်ဖြစ်ကြောင်းနှင့် ယင်းအကြောင်းမှာ အလ္လာဟ်သည် ဖြောင့်မတ်မှန်ကန်တော်မူခြင်းနှင့်ဆက်နွယ်ကြောင်းကို သိရှိရသည်။

ဤတွင် 'ဆွာဒ်'ကို صَادِقُ الْقَوْل ဖြောင့်မတ်မှန်ကန်စွာပြောဆိုသူဟူ၍လည်း အဓိပ္ပာယ်ကောက်ယူကြလေသည်။ သို့ရာတွင် ဤဆူရာဟ်၏အာယတ်တော် အမှတ်(၃)တွင် တမန်တော်မြတ်ﷺ၏ ရင်တော်ကို 'ဆွဒရ်'ဟူသောဝေါဟာရဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ ဤသို့အားဖြင့် 'အလီဖ်၊လာမ်၊မီမ်' ဖြင့် အစပြုထားသောဆူရာဟ်တော်များ၏ အကြောင်းအရာများနှင့် ယင်းတို့မှာ အလ္လာဟ်အရှင်မြတ် ထံတော်မှဖြစ်ကြောင်းကို တမန်တော်မြတ်ﷺ၏ရင်တွင်း၌ လုံးလုံးလျားလျား သံသယကင်းရှင်းလျက် ရှိခဲ့ကြောင်း သိရှိရပေသည်။

ဤဆူရာဟ်တွင် ကနဦးဆူရာဟ်များထက်သာလွန်သော အကြောင်းတစ်ရပ်ကို ဤသို့ ဖော်ပြထားသည်။ တမန်တော်အားငြင်းပယ်ကြသူတို့သည်သာ စစ်ကြောခြင်းခံရမည်မဟုတ်မူဘဲ တမန်တော်များကလည်း မိမိတို့သည် မည်သည့်အတိုင်းအတာအထိ မိမိတို့၏ဝတ္တရားကို ဖြည့်ဆည်းခဲ့ကြကြောင်းကို စစ်ဆေးမေးမြန်းခြင်းခံကြရမည်ဖြစ်သည်။

ဤဆူရာဟ်တွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့်ဖန်ဆင်းခြင်းခံရသော 'အာဒမ်'ﷺအား ထပ်မံဖော်ပြထားသည်။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏'ရူဟ်'ဝိညာဉ်တော်ကို သူ့အတွင်း မှုတ်သွင်းတော်မူပြီးသောအခါ လူသားနွယ်ဝင်တို့အား သူ့ကိုလိုက်နာကြရန် အမိန့်ပေးတော်မူသည်။ ဤတွင် တမန်တော်မြတ်ﷺ၏အကြောင်းကို ဤသည့်အနက်သဘောဖြင့် ဖော်ပြထားခြင်းဖြစ်သည်၊ အလ္လာဟ် အရှင်မြတ်၏ရှေ့တော်၌ အကြီးကျယ်ဆုံးသော 'စဂ်ဒါဟ်' ပျံဝဲဝဲဦးချမှုကို တမန်တော်မြတ်ﷺသည်သာ ပြုခဲ့လေသည်။ ထို့ကြောင့် ယင်းဆက်နွယ်မှုကို အကြောင်းပြု၍ လူခပ်သိမ်းတို့အား တမန်တော်မြတ်ﷺကိုနာခံလိုက်နာကြရန် အမိန့်ပေးခြင်းခံရပေသည်။ ထိုမှတစ်ပါး တမန်တော်မြတ်ﷺ၏ ယင်း'စဂ်ဒါဟ်' ပျံဝဲဝဲဦးချမှုအကြောင်းကို ပြီးခဲ့သောဆူရာဟ်၏အဆုံးပိုင်းတွင် ဤသို့သော မုက္ခပါဠိတော်အားဖြင့် မြင်တွေ့ရပေသည်။

قُلْ اِنَّ صَلَاتِیْ وَنُسُكِیْ وَمَحْیَایَ وَمَمَاتِیْ لِلّٰهِ رَبِّ الْعَالَمِیْنَ (ကျွန်ုပ်၏ဝတ်ပြုခြင်း၊ ကျွန်ုပ်၏စွန့်လွှတ်အနစ်နာခံခြင်းများ၊ ကျွန်ုပ်၏ရှင်ခြင်းနှင့် ကျွန်ုပ်၏သေခြင်းတို့သည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အဖို့သာဖြစ်၏)ဟူ၍ ဖြစ်သည်။ သို့ဖြစ်ရာ အကြင်ပုဂ္ဂိုလ်ပိုင် အလုံးစုံသောအရာတို့ကို အလ္လာဟ်အရှင်မြတ်အတွက် စွန့်လွှတ်ပေးထားခဲ့ပြီးဖြစ်လျှင် ထိုသူ၏ရှေ့တွင်

ဦးညွတ်၍ နာခံခြင်းမှာ အလ္လာဟ်နှင့် တန်းတူထားကိုးကွယ်ခြင်း 'ရှရီက်'မဟုတ်မူ၍ ထိုပုဂ္ဂိုလ်အား နာခံလိုက်နာခြင်းသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို လိုက်နာခြင်းသာဖြစ်ပေမည်။

ထို့နောက် အာဒမ်ﷺ ဝတ်ဆင်ခဲ့သော ဝတ်စားတန်ဆာအကြောင်းကို ဖော်ပြထားသည်၊ ယင်းသည်အပေါ်ယံအားဖြင့် သစ်ရွက်များသဏ္ဌာန်ဖြစ်၏၊ သို့သော် ယင်း၏အနက်သဘောမှာ لِبَاسُ التَّقْوىٰ တက္ကဝါတည်းဟူသောဝတ်စားတန်ဆာမှတစ်ပါး အခြားမည်သည့် ဝတ်စားတန်ဆာမျှ မဟုတ်ချေ။ ဤကဲ့သို့ပင် 'ရှိုင်တန်'သည် တစ်ချိန်က 'အာဒမ်'ﷺ၏မျိုးနွယ်အား လှည့်စားဖြားယောင်းခဲ့သည့်နည်းတူ ယင်း'ရှိုင်တန်'သည် ယနေ့တိုင်လည်း နဗီတမန်တော်များ၏အမျိုးသားတို့အား လှည့်စားဖြားယောင်းလျက်ပင်ရှိနေကြောင်း လူမျိုးနွယ်အပေါင်းတို့ကို သတိပေးနှိုးဆော်ထားတော်မူသည်။ ထို့ပြင် 'ဂျန္နတ်'မှထွက်ခွာရခြင်း၏ အခြေခံသဘောမှာ (ရှရီအတ်)တရားတော်၏အဝန်းအဝိုင်းမှ အပြင်ဘက်သို့ ထွက်ခြင်းကို ရည်ညွှန်းပေသည်။ အကြောင်းမူ 'ရှရီအတ်'တရားဥပဒေ၏အဝန်းအဝိုင်းတွင်သာ 'ဂျန္နတ်' ဥယျာဉ်ရှိသောကြောင့်ဖြစ်ပြီး ယင်း၏ပြင်ပ၌ 'ဂျဟန္နမ်'ငရဲမှတစ်ပါး အခြားမည်သည်မျှမရှိချေ။ ယနေ့ကာလတွင်လည်း ကျမ်းမြတ်ကုရ်အာန်၏ 'ရှရီအတ်'ဓမ္မဥပဒေစည်းဘောင်အတွင်းမှ အပြင်သို့ ထွက်ခွာခြင်း၏အကျိုးဆက်အားဖြင့် ခပ်သိမ်းကုန်သောလူသားတို့သည် ရုပ်တရား၊ နာမ်တရားဆိုင်ရာ 'ဂျဟန္နမ်' ငရဲမျိုးစုံသို့ ဆိုက်ရောက်စေခြင်းခံနေကြရပေသည်။

လှပတင့်တယ်ခြင်းဟူသည် အမှန်ပင် 'တက္ကဝါ' အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးခြင်း၏ လှပတင့်တယ်မှုဖြစ်ကြောင်း၊ အသင်တို့သည် 'မတ်စ်ဂျီဒ်'ဝတ်ပြုရာကျောင်းတော်သို့ မိမိတို့၏ အလှအပ (ဝါ) 'တက္ကဝါ'တရားနှင့်အတူ မသွားလေသမျှ အသင်တို့သည် မည်သို့သော လှပတင့်တယ်ခြင်းကိုမျှ ရရှိလိမ့်မည်မဟုတ်ကြောင်း ဤဆူရာဟ်တော်တွင် ဖော်ပြထားပေသည်။

ဤဆူရာဟ်တွင် တမန်တော်မြတ် မိုဟမ္မဒ်ﷺ၏အမြင့်မားဆုံးဖြစ်သည့် ဂုဏ်အဆင့်ကို ဖော်ပြထားပြီး အခြားမည်သည့်တမန်တော်ကမျှ ထိုသည်နှင့်အလားတူမရရှိခဲ့ချေ။ ဆိုလိုသည်မှာ ကိုယ်တော်မြတ်ﷺနှင့် ကိုယ်တော်မြတ်၏သာဝကများသည် မိမိတို့၏နာမ်တရားဆိုင်ရာ မြင့်မားမှုတို့ကြောင့် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့် နေ့တော်ကြီးတွင် ဝိညာဉ်တိုင်းကို ဤသည် 'ဂျန္နတ်'သုခဥယျာဉ်သား၏ဝိညာဉ်လော သို့မဟုတ် 'ဂျဟန္နမ်'ငရဲသား၏ ဝိညာဉ်လောဆိုသည်ကို သိရှိမှတ်မိနိုင်သည့် အသိထူးကို ရရှိထားခဲ့ကြပေသည်။

ထို့နောက် ဤဆူရာဟ်တော်၌ ရှေးလွန်လေခဲ့ပြီးသော နဗီတမန်တော်များ၏အကြောင်းတွင် သူတို့သည်လည်း မိမိတို့၏အမျိုးသားတို့အား လမ်းပြရန်အလို့ငှာ စေလွှတ်ခြင်းခံခဲ့ရကြောင်းနှင့် သူတို့သည် မိမိတို့တစ်ဦးချင်းနှင့်ဆိုင်သော အမျိုးသားအသီးသီးတို့အတွက် အဆုံးစွန်သော 'ကုရ်ဘာနီ' စွန့်လွှတ်မှုကြီးများကို စွန့်လွှတ်အနစ်နာခံကြကာ ယင်းတို့လမ်းမှန်ရရှိကြရန် အစီအစဉ်များ ပြုခဲ့ကြကြောင်း၊ သို့ရာတွင် နဗီတမန်တော်အားလုံးထက်သာလွန်၍ လမ်းမှန်ရရှိစေသောအစီအမံကို ပြုလုပ်သော တမန်တော်မှာ မိုဟမ္မဒ်ﷺသခင်သည်သာဖြစ်ကြောင်းကို ဖော်ပြထားပေသည်။

ထို့နောက် ရှေးတမန်တော်တို့သည်လည်း ကြီးကျယ်လှသောဝိညာဉ်ရေးဆိုင်ရာ အဆင့်အတန်းများကို ခိုးမြှင့်ခြင်းခံခဲ့ကြရသော်လည်း သူတို့၏ကောင်းခိုးများမှာ အကန့်အသတ်ဖြင့်သာရှိခဲ့ကြောင်းနှင့် တမန်တော်မြတ်ﷺထက်အလျင် မည်သူမျှ တစ်လောကလုံးဆိုင်ရာ ကောင်းခိုးသက်ရောက်စေနိုင်သူဟူ၍

မပေါ်ထွန်းခဲ့ကြောင်း၊ သို့ဖြစ်၍ တမန်တော်မြတ်ﷺအား နဗီတမန်တော်အားလုံး၏ ဦးစီးခေါင်းဆောင်အဖြစ် ရွေးချယ်ရခြင်းမှာ ကိုယ်တော်မြတ်သည် ကမ္ဘာလောကတစ်ဝန်းလုံးအတွက် 'ရာဟ်မတ်' မေတ္တာကရုဏာတော်ရှင်ဖြစ်ခြင်းကြောင့်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ ကမ္ဘာ့အရှေ့ခြမ်းနှင့် အနောက်ခြမ်းတို့အတွက်လည်း 'ရာဟ်မတ်'ကရုဏာတော်ရှင်ဖြစ်ခဲ့ပြီး အာရဗ်နှင့် အာရဗ်မဟုတ်သော လူမျိုးများအတွက်လည်း 'ရာဟ်မတ်'ဖြစ်ခဲ့ကြောင်း၊ လူသားတို့အတွက်လည်း 'ရာဟ်မတ်'ဖြစ်ခဲ့ပြီး တိရစ္ဆာန်များအတွက်လည်း 'ရာဟ်မတ်'ကရုဏာတော်ရှင်ဖြစ်ခဲ့ကြောင်းတို့ကို ဖော်ပြထားတော်မူသည်။ ဤကား 'ဟဒီးစ်'ကျမ်းများတွင်ဖော်ပြထားသည်ကို အများအပြား မြင်တွေ့ရသည့်အကြောင်းပင်ဖြစ်ပေသည်။

တမန်တော်မြတ်ﷺအားအကြောင်းခံ၍ ဖြစ်ပေါ်လာမည့် 'ကေယာမတ်'တော်လှန်ပြောင်းလဲမှုများအနက် အဦးဆုံးတော်လှန်ပြောင်းလဲမှုမှာ တမန်တော်မြတ်ﷺ၏လက်ထက်မှာပင်ဖြစ်ခဲ့ပေသည်။ ယင်းအကြောင်းရပ်ကို **اِقْتَرَبَتِ السَّاعَةُ وَانْشَقَّ الْقَمَرُ** '*အချိန်သည် နီးကပ်လာခဲ့ပေပြီ၊ ထို့ပြင် လသည် ကွဲအက်သွားပေပြီ*' (၅၄း၂)တွင်တွေ့ရှိရသည်။ ထို့ပြင် ဒုတိယအကြိမ်ဖြစ်ပွားမည့် 'ကေယာမတ်'မှာ 'အာခရီးန်' နောက်ပိုင်းခေတ်ကာလတွင် ဖြစ်ပွားပေလိမ့်မည်။ ထိုသူသေမျှားသည် အသက်ရှင်အောင်ပြုပေးခြင်းခံကြရပြီးသည့်နောက် တစ်ဖန် သူသေမျှားဖြစ်သွားခဲ့ကြလေသည်။ ထိုသူများကို တစ်ဖန်ပြန်လည်၍ ရှင်သန်အောင်ပြုလုပ်ရပေမည်၊ ထို့နောက် **اَشْـرَارُالنَّـاس** ဆိုးသွမ်းသောသူတို့အပေါ် ဆိုက်ရောက်မည့် 'ကေယာမတ်'သည်လည်း ဖြစ်၍လာပေဦးမည်။ ဤအလုံးစုံသော 'ကေယာမတ်'တို့သည် တမန်တော်မြတ်ﷺပွင့်ပေါ်ခြင်းနှင့် နက်ရှိုင်းစွာဆက်နွယ်လျက်ရှိပေသတည်း။

♦ ♦ ♦

ဆူရောဟ် အလ်-အာအ်ရဖ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၂၀၇)ပိုဒ် ရှုကူ (၂၄)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

الٓمّٓصٓ ②

၂။ أَنَا اللّٰهُ أَعْلَمُ، صَادِقُ الْقَوْلِ ငါအလ္လာဟ်သည် အားလုံးထက်ပို၍သိတော်မူသောအရှင် ဖြစ်တော်မူ၏၊ ပြောဆိုရာ၌ မှန်ကန်တော်မူ၏။

كِتٰبٌ اُنْزِلَ اِلَيْكَ فَلَا يَكُنْ فِيْ صَدْرِكَ حَرَجٌ مِّنْهُ لِتُنْذِرَ بِهٖ وَ ذِكْرٰى لِلْمُؤْمِنِيْنَ ③

၃။ (ဤသည်) အသင့်ထံ ပို့ချတော်မူသော ကြီးကျယ်မြင့်မြတ်သည့်ကျမ်းတော်ဖြစ်၏။ သို့ဖြစ်ရာ အသင်သည် ယင်း(ကျမ်းတော်)အားဖြင့် သတိပေးနှိုးဆော်ရခြင်းကြောင့် အသင်၏ရင်၌ မည်သို့သောကျဉ်းကျပ်မှုမျှ မဖြစ်လင့်။ ဤ(ကျမ်းတော်)သည် သက်ဝင်ယုံကြည်သူတို့အဖို့ ကြီးကျယ်သော သွန်သင်ဆုံးမချက်တစ်ရပ်ဖြစ်၏။

اِتَّبِعُوْا مَآ اُنْزِلَ اِلَيْكُمْ مِّنْ رَّبِّكُمْ وَلَا تَتَّبِعُوْا مِنْ دُوْنِهٖٓ اَوْلِيَآءَ ؕ قَلِيْلًا مَّا تَذَكَّرُوْنَ ④

၄။ အသင်တို့ထံ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ ပို့ချခဲ့သည်များကို လိုက်နာကျင့်ကြံကြကုန်။ အရှင်မြတ်အားစွန့်၍ အခြားသောအဆွေခင်ပွန်းများကို လိုက်နာကျင့်ကြံခြင်းမပြုကြလင့်။ အသင်တို့သည် အဆုံးအမကို အနည်းငယ်မျှသာလျှင် ရယူကြပေသည်။

وَكَمْ مِّنْ قَرْيَةٍ اَهْلَكْنٰهَا فَجَآءَهَا بَاْسُنَا بَيَاتًا اَوْ هُمْ قَآئِلُوْنَ ⑤

၅။ ငါတို့သည် အဘယ်မျှလောက်သောမြို့ရွာများကို ဖျက်ဆီးတော်မူခဲ့ပေသနည်း။ ငါတို့၏ အပြစ်ဒဏ်သည် သူတို့အပေါ် ညဉ့်အချိန် (အိပ်စက်နေစဉ်) သို့မဟုတ် နေ့လယ်နေ့ခင်း သူတို့ တရေးတမောအိပ်နေစဉ်တွင် ရောက်ရှိလာခဲ့ပေသည်။

فَمَا كَانَ دَعْوٰىهُمْ اِذْ جَآءَهُمْ بَاْسُنَآ اِلَّآ اَنْ قَالُوْٓا اِنَّا كُنَّا ظٰلِمِيْنَ ⑥

၆။ သို့ဖြင့် သူတို့ထံ ငါတို့၏ပြစ်ဒဏ် ဆိုက်ရောက်လာသောအခါ သူတို့က ဧကန်စင်စစ် ကျွန်ုပ်တို့သည်သာလျှင် အမှားကျူးလွန်သူများဖြစ်ခဲ့ကြပေသည်ဟု ဟစ်ကြွေးခြင်းမှလွဲ၍ အခြားမည်သည်ကိုမျှ (ပြောဆိုနိုင်ခြင်း)မရှိခဲ့ကြချေ။

فَلَنَسْـَٔلَنَّ الَّذِيْنَ اُرْسِلَ اِلَيْهِمْ وَلَنَسْـَٔلَنَّ الْمُرْسَلِيْنَ ⑦

၇။ သို့ဖြစ်ရကား ငါတို့သည် တမန်တော်စေလွှတ်ခြင်းခံခဲ့ရသူတို့ကို မုချ စစ်ဆေးမေးမြန်းတော်မူမည်၊ ထို့ပြင် ငါတို့သည် တမန်တော်များကိုလည်း အမှန်ပင် စစ်ဆေးမေးမြန်းတော်မူမည်ဖြစ်၏။

فَلَنَقُصَّنَّ عَلَيْهِمْ بِعِلْمٍ وَّ مَا كُنَّا غَآئِبِيْنَ ⑧

၈။ ထို့ပြင် ငါတို့သည် ပညာဉာဏ်တော်အပေါ် အခြေပြု၍ သူတို့၏ရှေ့တွင် သမိုင်းဖြစ်စဉ်များကို ဖတ်ပြတော်မူမည်။ စင်စစ် ငါတို့သည် မည်သည့်အခါတွင်မျှ ပျောက်ကွယ်နေသည်မဟုတ်ချေ။

وَالْوَزْنُ يَوْمَئِذِ ِالْحَقُّ ۚ فَمَنْ ثَقُلَتْ مَوَازِيْنُهٗ فَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ۝

၉။ ထို့နေ့တော်ကြီးတွင် မှန်ကန်မှုသာလျှင် အချိန်စီးကြောင်း သက်သေခိုင်မာလိမ့်မည်။ သို့ဖြစ်ရာ အကြင်သူ၏ချိန်ခွက်သည် အချိန်စီးအံ့၊ ထိုသူတို့သည်ပင် အောင်မြင်မည့်သူများဖြစ်ကြ၏။

وَمَنْ خَفَّتْ مَوَازِيْنُهٗ فَاُولٰٓئِكَ الَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ بِمَا كَانُوْا بِاٰيٰتِنَا يَظْلِمُوْنَ ۝

၁၀။ အကြင်သူ၏ချိန်ခွက်သည်ပေါ့အံ့၊ သို့ဖြစ်လျှင် ထိုသူတို့သည်ပင် မိမိတို့ကိုယ်ကို ဆုံးရှုံးအောင်ပြုသူများဖြစ်ကြ၏။ အကြောင်းမူ ထိုသူတို့သည် ငါတို့၏ သက်သေလက္ခဏာ 'အာယတ်'တော်များကို မဟုတ်မတရားပြုမူလေ့ရှိခဲ့ကြသောကြောင့်ဖြစ်၏။

وَلَقَدْ مَكَّنّٰكُمْ فِى الْاَرْضِ وَجَعَلْنَا لَكُمْ فِيْهَا مَعَايِشَ ۭ قَلِيْلًا مَّا تَشْكُرُوْنَ ۝

၁၀။ အမှန်စင်စစ် ငါတို့သည် အသင်တို့အား ကမ္ဘာမြေပေါ်တွင် အခိုင်အခံ့ပြုပေးသနားတော်မူ၏။ ထို့ပြင် ယင်း၌ အသင်တို့အတွက် အသက်မွေးဝမ်းကျောင်းပြုမှု၏ နည်းလမ်းများကိုပြုပေးတော်မူ၏။ အသင်တို့သည် အနည်းငယ်မျှသာလျှင် ကျေးဇူးသိတတ်ကြပေသတည်း။

ရုကူး-၂

وَلَقَدْ خَلَقْنٰكُمْ ثُمَّ صَوَّرْنٰكُمْ ثُمَّ قُلْنَا لِلْمَلٰٓئِكَةِ اسْجُدُوْا لِاٰدَمَ ۡ فَسَجَدُوْٓا اِلَّآ اِبْلِيْسَ ۭ لَمْ يَكُنْ مِّنَ السّٰجِدِيْنَ ۝

၁၂။ ထို့ပြင် မုချဧကန် ငါတို့သည်ပင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့၏၊ ထို့နောက် အသင်တို့အား ရုပ်ဆင်းသဏ္ဌာန်များကိုပြုပေးတော်မူခဲ့၏။ ထို့နောက် ငါတို့သည် ကောင်းကင်တမန်များအား အာဒမ်အတွက် 'စဂ်ဒါဟ်' ပျပ်ဝပ်ဦးချခြင်းပြုကြကုန်ဟု မိန့်တော်မူခဲ့ပေရာ၊ 'အီဘလီစ်'မှတစ်ပါး သူတို့အားလုံးသည် 'စဂ်ဒါဟ်'ဦးချမှုပြုခဲ့ကြလေသည်။ ယင်းသည် 'စဂ်ဒါဟ်'ဦးချမှုပြုသူများတွင် မပါဝင်ခဲ့ချေ။

قَالَ مَا مَنَعَكَ اَلَّا تَسْجُدَ اِذْ اَمَرْتُكَ ۭ قَالَ اَنَا خَيْرٌ مِّنْهُ ۚ خَلَقْتَنِىْ مِنْ نَّارٍ وَّخَلَقْتَهٗ مِنْ طِيْنٍ ۝

၁၃။ အရှင်မြတ်က မိန့်တော်မူသည်မှာ- ငါအရှင်မြတ်သည် အသင့်အား အမိန့်ပေးတော်မူခဲ့စဉ်က 'စဂ်ဒါဟ်'ဦးချခြင်းမှ မည်သည့်အရာက အသင့်အား တားမြစ်ခဲ့သနည်း။ ယင်း(အီဘလီစ်)က ကျွန်တော်မျိုးသည် သူထက် သာလွန်ကောင်းမြတ်ပါ၏၊ အရှင်မြတ်သည် ကျွန်တော်မျိုးကို မီးဖြင့်ဖန်ဆင်းတော်မူပြီး သူ့ကိုမူ စိုစွတ်သောမြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့ပါသည်ဟု လျှောက်ထားခဲ့လေ၏။

قَالَ فَاهْبِطْ مِنْهَا فَمَا يَكُوْنُ لَكَ اَنْ تَتَكَبَّرَ فِيْهَا فَاخْرُجْ اِنَّكَ مِنَ الصّٰغِرِيْنَ ۝

၁၄။ အရှင်မြတ်က သို့ဖြစ်လျှင် အသင်သည် ဤမှထွက်ခွာသွားလော့၊ အသင့်အဖို့ ဤ(နေရာ)၌ မာန်မာနထောင်လွှားရန် အခွင့်မရှိချေ။ သို့ဖြစ်ရာ ထွက်ခွာသွားလော့၊ ဧကန်စင်စစ် အသင်သည် ဂုဏ်ရည်နိမ့်ကျသူများတွင် အပါအဝင်ဖြစ်ချေပြီဟု မိန့်တော်မူ၏။

قَالَ اَنْظِرْنِىْٓ اِلٰى يَوْمِ يُبْعَثُوْنَ ۝

၁၅။ သူက(အို-အရှင်မြတ်)ကျွန်တော်မျိုးအား သူတို့ရှင်ပြန်ထမြောက်ရမည့်နေ့တိုင်အောင် ဆိုင်းငံ့ခွင့်ပေးတော်မူပါဟု

လျှောက်ထားလေ၏။

قَالَ اِنَّكَ مِنَ الْمُنْظَرِيْنَ ۝١٥

၁၆။ အရှင်မြတ်က ဧကန်မုချ အသင်သည် ဆိုင်းငံ့ခွင့်ပေးခြင်းခံရသူတို့အနက်မှ ဖြစ်ပေသည်ဟုမိန့်ကြားတော်မူ၏။

قَالَ فَبِمَآ اَغْوَيْتَنِيْ لَاَقْعُدَنَّ لَهُمْ صِرَاطَكَ الْمُسْتَقِيْمَ ۝١٦

၁၇။ သူက လျှောက်ထားသည်မှာ အရှင်မြတ်သည် ကျွန်တော်မျိုးအား လမ်းလွဲသူအဖြစ် သတ်မှတ်တော်မူသောကြောင့် ဧကန်မုချ ကျွန်တော်မျိုးသည် အရှင်မြတ်၏ဖြောင့်မှန်သောလမ်းတွင် သူတို့အား ချောင်းမြောင်း၍ထိုင်နေပါမည်၊ ۝٢

ثُمَّ لَاٰتِيَنَّهُمْ مِّنْۢ بَيْنِ اَيْدِيْهِمْ وَمِنْ خَلْفِهِمْ وَعَنْ اَيْمَانِهِمْ وَعَنْ شَمَآئِلِهِمْ ؕ وَلَا تَجِدُ اَكْثَرَهُمْ شٰكِرِيْنَ ۝١٧

၁၈။ ထို့နောက် ကျွန်တော်မျိုးသည် ထိုသူတို့ထံ သူတို့၏အရှေ့မှလည်းကောင်း၊ သူတို့၏အနောက်မှလည်းကောင်း၊ သူတို့၏လက်ယာဘက်မှလည်းကောင်း၊ သူတို့၏လက်ဝဲဘက်မှလည်းကောင်း လာရောက်ပါမည်။ အရှင်မြတ်သည် သူတို့အနက်အများစုကို ကျေးဇူးသိတတ်သူများအဖြစ် တွေ့ရှိတော်မူရမည် မဟုတ်ပါ။

قَالَ اخْرُجْ مِنْهَا مَذْءُوْمًا مَّدْحُوْرًا ؕ لَمَنْ تَبِعَكَ مِنْهُمْ لَاَمْلَـَٔنَّ جَهَنَّمَ مِنْكُمْ اَجْمَعِيْنَ ۝١٨

၁၉။ အရှင်မြတ်က မိန့်တော်မူသည်မှာ အသင်သည် ပြစ်တင်ရှုတ်ချခြင်းခံရလျက်လည်းကောင်း၊ မောင်းနှင်ထုတ်ခြင်းခံရလျက်လည်းကောင်း ဤနေရာမှထွက်သွားလော့။ ထိုသူတို့အနက် အကြင်မည်သူမဆို အသင်၏နောက်သို့လိုက်အံ့၊ ငါအရှင်မြတ်သည် ဧကန်မုချ 'ဂျဟန္နမ်' ငရဲကို အသင်တို့အားလုံးဖြင့် ဖြည့်တင်းတော်မူမည်။

وَيٰۤاٰدَمُ اسْكُنْ اَنْتَ وَزَوْجُكَ الْجَنَّةَ فَكُلَا مِنْ حَيْثُ شِئْتُمَا وَلَا تَقْرَبَا هٰذِهِ الشَّجَرَةَ فَتَكُوْنَا مِنَ الظّٰلِمِيْنَ ۝١٩

၂၀။ အို-အာဒမ်၊ အသင်နှင့် အသင်၏ကြင်ရာသည် 'ဂျန္နတ်' ဥယျာဉ်တော်၌နေထိုင်ကြလော့၊ ထို့ပြင် အသင်တို့နှစ်ဦးစလုံးသည် အလိုရှိရာမှ စားသုံးကြကုန်။ သို့ရာတွင် ဤအပင်၏အနီးသို့ မချဉ်းကပ်ကြလင့်။ သို့မဟုတ်လျှင် အသင်တို့သည် အပြစ်ကျူးလွန်သူတို့တွင် အပါအဝင်ဖြစ်သွားကြပေလိမ့်မည်။

فَوَسْوَسَ لَهُمَا الشَّيْطٰنُ لِيُبْدِيَ لَهُمَا مَا وٗرِيَ عَنْهُمَا مِنْ سَوْاٰتِهِمَا وَقَالَ مَا نَهٰىكُمَا رَبُّكُمَا عَنْ هٰذِهِ الشَّجَرَةِ اِلَّاۤ اَنْ تَكُوْنَا مَلَكَيْنِ اَوْ تَكُوْنَا مِنَ الْخٰلِدِيْنَ ۝٢٠

၂၁။ ထို့နောက် ရှိုင်တန်သည် သူတို့နှစ်ဦး၏စိတ်နှလုံးတွင် သံသယကိုထည့်သွင်း၏။ သို့ဖြင့် သူတို့ထံမှဖုံးကွယ်လျက်ရှိနေခဲ့သည့် အားနည်းချက်များမှအချို့ကို သူတို့အဖို့ ထင်ပေါ်လာစေရန်ဖြစ်၏။ ထို့နောက် ယင်း(ရှိုင်တန်)က အသင်တို့၏ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အသင်တို့အား ဤသစ်ပင်မှတားမြစ်ရခြင်းမှာ အသင်တို့နှစ်ဦး ကောင်းကင်တမန်များမဖြစ်သွားကြစေရန် သို့မဟုတ် ထာဝရအသက်ရှင်နေသူများအနက်မှမဖြစ်ကြစေရန်အတွက်ဖြစ်သည်ဟုပြောလေသည်။

۝٢ အလ္လာဟ်အရှင်မြတ်၏ အထူးကာကွယ်စောင့်ရှောက်မှုမရှိလေသမျှ صِرَاطَ الْمُسْتَقِيْمَ ဖြောင့်မတ်မှန်ကန်သောလမ်းတွင် လျှောက်လှမ်းနေကြသူတို့သည်ပင် ရှိုင်တန်၏ဖြားယောင်းသွေးဆောင်မှုမှ လုံခြုံမှုမရှိချေ။ ကျမ်းမြတ်ကုရ်အာန်က مَغْضُوْبِ عَلَيْهِمْ အရှင်မြတ်၏ အမျက်တော်ရှခြင်းခံရသူများနှင့် ضَالِّيْنَ လမ်းလွဲလမ်းပျောက်သူများဟု ဖော်ပြမိန့်ကြားထားခြင်းခံရသောသူတို့မှာ မူလက ဖြောင့်မတ်မှန်ကန်သောလမ်း၌သာ လျှောက်လှမ်းခဲ့သူများဖြစ်ကြ၏။ သို့သော် လှည့်ဖြားခြင်းခံခဲ့ကြရပေသည်။

وَقَاسَمَهُمَآ اِنِّىْ لَكُمَا لَمِنَ النّٰصِحِيْنَ ﴿٢١﴾

၂၁။ ထို့ပြင် ယင်းက ဧကန်မုချ ကျွန်ုပ်သည် အသင်တို့နှစ်ဦးအဖို့ (ကောင်းမြတ်သော) သွန်သင်ဆုံးမသူများအနက်မှသာ လျှင်ဖြစ်ပေသည်ဟုကျိန်ဆို၍ သူတို့နှစ်ဦးအားပြောလေသည်။

فَدَلّٰىهُمَا بِغُرُوْرٍ ۚ فَلَمَّا ذَاقَا الشَّجَرَةَ بَدَتْ لَهُمَا سَوْاٰتُهُمَا وَطَفِقَا يَخْصِفٰنِ عَلَيْهِمَا مِنْ وَّرَقِ الْجَنَّةِ ؕ وَنَادٰىهُمَا رَبُّهُمَآ اَلَمْ اَنْهَكُمَا عَنْ تِلْكُمَا الشَّجَرَةِ وَاَقُلْ لَّكُمَآ اِنَّ الشَّيْطٰنَ لَكُمَا عَدُوٌّ مُّبِيْنٌ ﴿٢٢﴾

၂၂။ သို့ဖြစ်ရာ ယင်း(ရှိုင်တန်)သည် သူတို့အား ကြီးမားသောလှည့်စားမှုတစ်ရပ်ဖြင့် လမ်းလွဲအောင်ပြုလုပ်ခဲ့ပေသည်။ သို့ဖြင့် သူတို့နှစ်ဦးစလုံးသည် ထိုအပင်ကို မြည်းစမ်းကြသောအခါ သူတို့၏အားနည်းချက်များသည် သူတို့အပေါ် ထင်ပေါ်သွားခဲ့ပေသည်။ ထို့နောက် သူတို့နှစ်ဦးသည် 'ဂျန္နတ်'မှ သစ်ရွက်အချို့ဖြင့် မိမိတို့ကိုယ်ကို စတင်ဖုံးအုပ်ခဲ့ကြလေသည်။ ထိုအခါ သူတို့၏ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က သူတို့အား- ငါအရှင်မြတ်သည် အသင်တို့အား ထိုအပင်မှ တားမြစ်တော်မမူခဲ့သလော၊ ထို့ပြင် ဧကန်စင်စစ် ရှိုင်တန်သည် အသင်တို့၏ ပွင့်လင်းထင်ရှားသော ရန်သူဖြစ်ကြောင်းကိုလည်း အသင်တို့အား မိန့်တော်မမူခဲ့ပေသလောဟု အသံပြုတော်မူခဲ့လေသည်။

قَالَا رَبَّنَا ظَلَمْنَآ اَنْفُسَنَا ۖ وَاِنْ لَّمْ تَغْفِرْ لَنَا وَتَرْحَمْنَا لَنَكُوْنَنَّ مِنَ الْخٰسِرِيْنَ ﴿٢٣﴾

၂၃။ ယင်းတို့နှစ်ဦးစလုံးက အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့သည် မိမိတို့၏ အသက်ဝိညာဉ်များအပေါ် ညှဉ်းပန်းနှိပ်စက်မှုပြုခဲ့ကြပါပြီ။ အကယ်၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော်မမူပါလျှင်၊ ကျွန်တော်မျိုးတို့အပေါ် သနားကရုဏာပြုတော်မမူပါလျှင် ဧကန်မုချ ကျွန်တော်မျိုးတို့သည် ဆုံးရှုံးနစ်နာသူများတွင် အပါအဝင် ဖြစ်သွားကြပေမည်ဟု လျှောက်ထားကြ၏။

قَالَ اهْبِطُوْا بَعْضُكُمْ لِبَعْضٍ عَدُوٌّ ۚ وَلَكُمْ فِى الْاَرْضِ مُسْتَقَرٌّ وَّمَتَاعٌ اِلٰى حِيْنٍ ﴿٢٤﴾

၂၄။ အရှင်မြတ်မိန့်တော်မူသည်မှာ အသင်တို့အားလုံးသည် (ဤနေရာမှ)ထွက်သွားကြကုန်။ ဤအခြေအနေ၌ အသင်တို့အနက် အချို့သည် အခြားသူများ၏ရန်သူများ ဖြစ်ကြပေမည်။ အသင်တို့အဖို့ ကမ္ဘာမြေပြင်တွင် ကာလအတန်ကြာနေထိုင်ရန်နှင့် အချိန်အနည်းငယ်အတွက် အကျိုးရယူခံစားရန် ဖြစ်ပေသည်။

قَالَ فِيْهَا تَحْيَوْنَ وَفِيْهَا تَمُوْتُوْنَ وَمِنْهَا تُخْرَجُوْنَ ﴿٢٥﴾

၂၅။ အရှင်မြတ်က အသင်တို့သည် ယင်း၌ပင် အသက်ရှင်နေထိုင်ကြရမည်ဖြစ်ပြီး၊ ယင်း၌ပင်လျှင် သေဆုံးကြရပေမည်။ ထို့ပြင် ယင်းမှပင် အသင်တို့သည် ထုတ်ဆောင်ခြင်းကိုခံကြရပေမည်ဟု မိန့်ကြားတော်မူပေသတည်း။

ရုကူး-၃

يٰبَنِىْٓ اٰدَمَ قَدْ اَنْزَلْنَا عَلَيْكُمْ لِبَاسًا

၂၆။ အို-အာဒမ်၏မျိုးနွယ်အပေါင်းတို့၊ ဧကန်မုချ ငါတို့သည် အသင်တို့အား အဝတ်တန်ဆာကို ချပေးသနားတော်မူ၏၊

يُّوَارِيْ سَوْاٰتِكُمْ وَرِيْشًا ؕ وَلِبَاسُ التَّقْوٰى ۙ ذٰلِكَ خَيْرٌ ؕ ذٰلِكَ مِنْ اٰيٰتِ اللّٰهِ لَعَلَّهُمْ يَذَّكَّرُوْنَ ﴿۲۶﴾

ယင်းသည် အသင်တို့၏အားနည်းချက်များကို ဖုံးအုပ်ပေး၏၊ လှပတင့်တယ်မှုကိုဖြစ်စေ၏။ စင်စစ် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတည်းဟူသော ဝတ်စုံသည်ကား အားလုံးထက် အကောင်းမြတ်ဆုံးဖြစ်ပေသည်။ ဤသည်ကား သူတို့ သင်ခန်းစာရယူနိုင်ကြစေရန်အလို့ငှာ အလ္လာဟ်၏သက်သေလက္ခဏာ 'အာယတ်'တော်များအနက်မှ အချို့ဖြစ်၏။

يٰبَنِيْۤ اٰدَمَ لَا يَفْتِنَنَّكُمُ الشَّيْطٰنُ كَمَاۤ اَخْرَجَ اَبَوَيْكُمْ مِّنَ الْجَنَّةِ يَنْزِعُ عَنْهُمَا لِبَاسَهُمَا لِيُرِيَهُمَا سَوْاٰتِهِمَا ؕ اِنَّهٗ يَرٰىكُمْ هُوَ وَقَبِيْلُهٗ مِنْ حَيْثُ لَا تَرَوْنَهُمْ ؕ اِنَّا جَعَلْنَا الشَّيٰطِيْنَ اَوْلِيَآءَ لِلَّذِيْنَ لَا يُؤْمِنُوْنَ ﴿۲۷﴾

၂၈။ အိုး-အာဒမ်၏မျိုးနွယ်အပေါင်းတို့၊ 'ရှိုင်တန်'သည် အသင်တို့၏မိဘနှစ်ပါးကို 'ဂျန္နတ်' ဥယျာဉ်တော်မှ ထွက်ခွာစေဘိသကဲ့သို့ အသင်တို့ကိုလည်း ပြဿနာထဲ၌ထည့်သွင်းခြင်း အလျှင်းမပြုစေလင့်။ ယင်း(ရှိုင်တန်)သည် သူတို့ထံမှ သူတို့၏ အဝတ်အစားကိုလုယူခဲ့၏။ သို့ဖြင့် သူတို့၏ မကောင်းမှုများကို သူတို့မြင်တွေ့ကြစေရန်ဖြစ်၏။ ဧကန်မုချ ယင်း(ရှိုင်တန်)နှင့် ယင်း၏အုပ်စုသည် အသင်တို့က သူတို့အား မမြင်နိုင်သောနေရာမှ အသင်တို့အား ကြည့်ရှုလျက်ရှိနေကြပေသည်။ ဧကန်မုချ ငါတို့သည် 'ရှိုင်တန်'များကို 'အီမာန်' သက်ဝင်ယုံကြည်ခြင်းမရှိကြသောသူတို့၏ အဆွေခင်ပွန်းပြုလုပ်ထားတော်မူ၏။

وَاِذَا فَعَلُوْا فَاحِشَةً قَالُوْا وَجَدْنَا عَلَيْهَاۤ اٰبَآءَنَا وَاللّٰهُ اَمَرَنَا بِهَا ؕ قُلْ اِنَّ اللّٰهَ لَا يَاْمُرُ بِالْفَحْشَآءِ ؕ اَتَقُوْلُوْنَ عَلَى اللّٰهِ مَا لَا تَعْلَمُوْنَ ﴿۲۸﴾

၂၉။ ထိုသူတို့သည် အရှက်မဲ့ဖွယ်ရာ ကိစ္စတစ်စုံတစ်ရာကို ပြုလုပ်ကြသည့်အခါ ကျွန်ုပ်တို့သည် မိမိတို့၏ အဘဘိုးဘေးများကို ဤကဲ့သို့ပင်တွေ့ခဲ့ရပါသည်၊ ထို့ပြင် အလ္လာဟ်သည်ပင် ဤသည်ကို ကျွန်ုပ်တို့အားအမိန့်ပေးတော်မူခဲ့ပေသည်ဟု ပြောဆိုကြ၏။ အသင်ပြောကြားပါလေ၊ ဧကန်မုချ အလ္လာဟ်သည် အရှက်မဲ့ဖွယ်ရာကို အမိန့်ပေးတော်မမူချေ။ အသို့နည်း၊ အသင်တို့သည် အလ္လာဟ်အား အသင်တို့မသိသည်များကို ပြောဆိုကြပေသလော။

قُلْ اَمَرَ رَبِّيْ بِالْقِسْطِ ۖ وَاَقِيْمُوْا وُجُوْهَكُمْ عِنْدَ كُلِّ مَسْجِدٍ وَّادْعُوْهُ مُخْلِصِيْنَ لَهُ الدِّيْنَ ؕ كَمَا بَدَاَكُمْ تَعُوْدُوْنَ ﴿۲۹﴾

၃၀။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် တရားမျှတမှုကိုကျင့်သုံးရန် အမိန့်ပေးတော်မူ၏။ အသင်တို့သည် 'မတ်စ်ဂျိဒ်'ဝတ်ကျောင်းတိုင်းတွင် မိမိတို့၏ဦးတည်အာရုံပြုမှုကို (အလ္လာဟ်၏ထံတော်သို့) ဖြောင့်မတ်စွာထားပါလေ။ ထို့ပြင် သာသနာတော်ကို အရှင်မြတ်အတွက်သာလျှင် ဖြူစင်စစ်မှန်အောင်ပြုလျက် အရှင်မြတ်အားသာလျှင် ဟစ်ခေါ်တမ်းတကြကုန်။ အရှင်မြတ်သည် အသင်တို့အား ဦးစွာပထမ ဖန်ဆင်းတော်မူဘိသကဲ့သို့ပင် အသင်တို့သည် (သေလွန်ပြီးသည့်နောက်တွင်) ပြန်လှည့်သွားကြရပေမည်။

فَرِيْقًا هَدٰى وَفَرِيْقًا حَقَّ عَلَيْهِمُ الضَّلٰلَةُ ؕ اِنَّهُمُ اتَّخَذُوا الشَّيٰطِيْنَ اَوْلِيَآءَ مِنْ دُوْنِ

၃၁။ အရှင်မြတ်သည် အုပ်စုတစ်စုကို လမ်းညွှန်တော်မူခဲ့ပေသည်။ ထို့ပြင် အုပ်စုတစ်စုအပေါ် လမ်းလွဲမှုသည် ထိုက်သင့်ခဲ့ချေပြီ။ စင်စစ် ယင်းသူတို့သည်ပင် အလ္လာဟ်အား

اللّٰهِ وَيَحْسَبُوْنَ اَنَّهُمْ مُّهْتَدُوْنَ ﴿۳۰﴾

စွန့်လွှတ်လျက် 'ရှိုင်တန်'များကို အဆွေခင်ပွန်းဖွဲ့ခဲ့ကြ၏။ ထို့ပြင် သူတို့သည် မိမိကိုယ်ကို မိမိတို့ လမ်းမှန်ကိုရရှိပြီးသူများ ဖြစ်ကြသည်ဟု ထင်မှတ်ကြကုန်၏။

يٰبَنِيْٓ اٰدَمَ خُذُوْا زِيْنَتَكُمْ عِنْدَ كُلِّ مَسْجِدٍ وَّكُلُوْا وَاشْرَبُوْا وَلَا تُسْرِفُوْا ۚ اِنَّهٗ لَا يُحِبُّ الْمُسْرِفِيْنَ ﴿۳۱﴾

၃၂။ အိုဒ်-အာဒမ်၏သားသမီးအပေါင်းတို့၊ 'မတ်စ်ဂျိဒ်' ဝတ်ကျောင်းတိုင်းသို့ မိမိတို့၏လှပတင့်တယ်မှု ('တက္ကဝါ'တည်းဟူသောဝတ်ရုံ)ကို အတူဆောင်ယူသွားကြကုန်။ ထို့ပြင် စားကြကုန်၊ သောက်ကြကုန်၊ သို့ရာတွင် အတိုင်းထက် လွန်ကျူးခြင်းကို မပြုကြကုန်လင့်။ ဧကန်မုချ အရှင်မြတ်သည် အတိုင်းထက်လွန်ကျူးသူတို့ကို ချစ်ခင်နှစ်သက်တော်မမူချေတည်း။

ရှကူ-၄

قُلْ مَنْ حَرَّمَ زِيْنَةَ اللّٰهِ الَّتِيْٓ اَخْرَجَ لِعِبَادِهٖ وَالطَّيِّبٰتِ مِنَ الرِّزْقِ ۭ قُلْ هِيَ لِلَّذِيْنَ اٰمَنُوْا فِي الْحَيٰوةِ الدُّنْيَا خَالِصَةً يَّوْمَ الْقِيٰمَةِ ۭ كَذٰلِكَ نُفَصِّلُ الْاٰيٰتِ لِقَوْمٍ يَّعْلَمُوْنَ ﴿۳۲﴾

၃၃။ အသင်မေးမြန်းပါလေ၊ အလ္လာဟ်ကမိမိ၏အစေတော်များအတွက် ထုတ်ဆောင်(ဖန်ဆင်းထား)တော်မူသော လှပတင့်တယ်ခြင်းကိုလည်းကောင်း၊ 'ရိဇ်ကီ' ရိက္ခာများမှ ကောင်းမြတ်စင်ကြယ်သည့်အရာများကိုလည်းကောင်း မည်သူသည် 'ဟရာမ်' တားမြစ်ပိတ်ပင်မှုပြုပါသနည်း။ အသင်ပြောကြားပါလေ၊ ဤသည်တို့သည် ဤလောကီဘဝ၌ သက်ဝင်ယုံကြည်သူများအဖို့လည်းဖြစ်၏။ ရှင်ပြန်ထမြောက်ရမည့် 'ကေယာမတ်'နေ့တွင်မူကား (အခြားသူများမပါဝင်ဘဲ သူတို့အဖို့သာလျှင်) သီးသန့်(ဖြစ်ပေလိမ့်မည်)။ ဤကဲ့သို့ပင် ငါတို့သည် သိနားလည်သူတို့အဖို့ 'အာယတ်' မှတ္ထပါဠိများကို ရှင်းလင်းထင်ရှားစွာ ဖော်ပြတော်မူ၏။

قُلْ اِنَّمَا حَرَّمَ رَبِّيَ الْفَوَاحِشَ مَا ظَهَرَ مِنْهَا وَمَا بَطَنَ وَالْاِثْمَ وَالْبَغْيَ بِغَيْرِ الْحَقِّ وَاَنْ تُشْرِكُوْا بِاللّٰهِ مَا لَمْ يُنَزِّلْ بِهٖ سُلْطٰنًا وَّاَنْ تَقُوْلُوْا عَلَى اللّٰهِ مَا لَا تَعْلَمُوْنَ ﴿۳۳﴾

၃၄။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အရှက်မဲ့သည့်အကြောင်းကိစ္စများ အနက်မှ ထင်ရှားသည်များနှင့် ဖုံးကွယ်လျက်ရှိသည်များကိုလည်းကောင်း၊ ထို့အတူ အပြစ်ဒုစရိုက်များနှင့် မတရားသဖြင့် ပုန်ကန်ခြားနားခြင်းကိုလည်းကောင်း၊ အသင်တို့သည် အလ္လာဟ်က မည်သည့် သက်သေအထောက်အထား တစ်စုံတစ်ရာကိုမျှ ပို့ချခဲ့ခြင်းမရှိသောအရာကို အရှင်မြတ်နှင့် တွဲဖက်ယှဉ်တွဲကိုးကွယ်ခြင်းကိုလည်းကောင်း၊ အသင်တို့သည် မိမိတို့မသိနားမလည်သည့်အကြောင်းများကို အလ္လာဟ်အပေါ် ရည်ညွှန်းပြောဆိုခြင်းကိုလည်းကောင်း တားမြစ်ပိတ်ပင်တော်မူ၏။

وَلِكُلِّ اُمَّةٍ اَجَلٌ ۚ فَاِذَا جَاۗءَ اَجَلُهُمْ لَا يَسْتَاْخِرُوْنَ سَاعَةً وَّلَا يَسْتَقْدِمُوْنَ ﴿۳۴﴾

၃၅။ 'အွမ္မတ်' အုပ်စုတိုင်းအတွက် သတ်မှတ်ထားသော အချိန်ကာလတစ်ရပ်သည်ရှိ၏။ သို့ဖြစ်ရာ ထိုသူတို့၏ သတ်မှတ်ထားသော အချိန်ကာလရောက်ရှိလာသောအခါ သူတို့သည် ယင်းမှ တစ်စက္ကန့်မျှပင် နောက်ဆုတ်နိုင်ကြမည်မဟုတ်၊ ထို့ပြင် ရှေ့တိုးနိုင်ကြမည်လည်းမဟုတ်ချေ။

يٰبَنِيْٓ اٰدَمَ اِمَّا يَاْتِيَنَّكُمْ رُسُلٌ مِّنْكُمْ يَقُصُّوْنَ عَلَيْكُمْ اٰيٰتِيْ ۙ فَمَنِ اتَّقٰى وَاَصْلَحَ فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ۝

၃၆။ အို-အာဒမ်၏သားသမီးအပေါင်းတို့၊ အကယ်၍ အသင်တို့ထံ အသင်တို့အနက်မှပင် တမန်တော်များရောက်ရှိလာပြီး အသင်တို့အား ငါအရှင်မြတ်၏ 'အာယတ်' မှတ်ပါဉ်တော်များကိုဖတ်ရွတ်ပြသော်၊ အကြင်မည်သူမဆို အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကိုကျင့်ကြံဆောက်တည်ပြီး ပြုပြင်ပြောင်းလဲလျှင် ထိုသူတို့အပေါ် မည်သို့သော စိုးရိမ်ကြောက်ရွံ့မှုမျှ ဖြစ်မည်မဟုတ်။ ထို့ပြင် သူတို့သည် ပူဆွေးသောကဖြစ်ကြရမည်လည်းမဟုတ်ချေ။ ①

وَالَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا وَاسْتَكْبَرُوْا عَنْهَآ اُولٰۤىِٕكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ۝

၃၇။ အကြင်သူတို့သည် ငါတို့၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟုစွပ်စွဲကြ၏။ ထို့ပြင် မောက်မာစွာဖြင့် ယင်းတို့ကို မထီမဲ့မြင်ပြုမူကြ၏။ ဤသူများသည်ပင် (ငရဲ)မီးၭိ နေရမည့်သူများဖြစ်ကြ၏။ သူတို့သည် ယင်းၭိ အချိန်ကာလ ကြာရှည်စွာနေကြရလိမ့်မည်။

فَمَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَى اللّٰهِ كَذِبًا اَوْ كَذَّبَ بِاٰيٰتِهٖ ؕ اُولٰٓئِكَ يَنَالُهُمْ نَصِيْبُهُمْ مِّنَ الْكِتٰبِ ؕ حَتّٰۤى اِذَا جَآءَتْهُمْ رُسُلُنَا يَتَوَفَّوْنَهُمْ ۙ قَالُوْۤا اَيْنَ مَا كُنْتُمْ تَدْعُوْنَ مِنْ دُوْنِ اللّٰهِ ؕ قَالُوْا ضَلُّوْا عَنَّا وَشَهِدُوْا عَلٰۤى اَنْفُسِهِمْ اَنَّهُمْ كَانُوْا كٰفِرِيْنَ ۝

၃၈။ ထိုသူထက်ပိုမို၍ မတရားကျူးလွန်သူ အဘယ်သူရှိအံ့နည်း၊ သူသည် အလ္လာဟ်အား အကြောင်းခံ၍ မုသားကိုလီဆယ်စွပ်စွဲ၏၊ သို့မဟုတ် အရှင်မြတ်၏သက်သေသာဓကတော်များကို မဟုတ်မမှန်ဟုစွပ်စွဲ၏၊ ဤသူများသည်ပင် ကံကြမ္မာသင်ပုန်းမှ သူတို့အတွက် (သတ်မှတ်ထားသော) ဝေစုကို ရကြလိမ့်မည်။ နောက်ဆုံးတွင် ငါတို့၏စေတမန်တို့သည် ထိုသူတို့၏အသက်ဝိညာဉ်ကို နုတ်သိမ်းရန် သူတို့ထံရောက်ရှိလာသောအခါ ထို(စေတမန်)တို့က အလ္လာဟ်မှတစ်ပါး အသင်တို့ဟစ်ခေါ်တမ်းတလေ့ရှိသောအရာများ အဘယ်မှာနည်းဟု သူတို့အား မေးမြန်းကြပေအံ့။ ထိုအခါ သူတို့က ထိုအရာအားလုံးတို့သည် ကျွန်ုပ်တို့ထံမှ ပျောက်ကွယ်သွားခဲ့ကြချေပြီဟု (ဖြေကြား)ပြောဆိုကြလိမ့်မည်။ ထို့ပြင် သူတို့(ကိုယ်တိုင်)က မိမိတို့နှင့်ဆန့်ကျင်၍ မိမိတို့မှာ မယုံကြည်ခြင်းပယ်သူများဖြစ်ခဲ့ကြောင်းကို သက်သေခံကြပေလိမ့်မည်။

قَالَ ادْخُلُوْا فِيْۤ اُمَمٍ قَدْ خَلَتْ مِنْ قَبْلِكُمْ مِّنَ الْجِنِّ وَالْاِنْسِ فِي النَّارِ ؕ كُلَّمَا دَخَلَتْ اُمَّةٌ لَّعَنَتْ اُخْتَهَا ؕ حَتّٰۤى اِذَا ادَّارَكُوْا فِيْهَا جَمِيْعًا ۙ قَالَتْ اُخْرٰىهُمْ لِاُوْلٰىهُمْ

၃၉။ (ထိုအခါ) အရှင်မြတ်က (ယင်းတို့အား) အသင်တို့အလျင် လွန်လေခဲ့ပြီးသော 'ဂျင်န်'နှင့် လူသားတို့မှ မျိုးနွယ်များနှင့်အတူ အသင်တို့သည်လည်း (ငရဲ)မီးသို့ဝင်ရောက်ကြကုန်လော့ဟု မိန့်တော်မူပေအံ့။ မည်သည့်အခါမဆို 'အွမ္မတ်' အုပ်စုတစ်ခုခုသည် (ငရဲသို့)ဝင်ရောက်သည့်အခါ ယင်းတို့သည် မိမိတို့နှင့်စရိုက်တူသော 'အွမ္မတ်'အုပ်စုအပေါ် 'လာ့အ်နတ်' ကျိန်ဆဲခြင်းပြုကြပေလိမ့်မည်။ နောက်ဆုံးတွင် ထိုသူတို့အား

① ဤကား 'အာဒမ်'ﷺ၏အဆက်အနွယ်(လူသား)တို့အားရည်ညွှန်း၍ ယင်းတို့ထံ မည်သည့်အခါၭိမဆို တမန်တော် တစ်ပါးပါး ပွင့်ပေါ်ရောက်ရှိလာပြီး အလ္လာဟ်အရှင်မြတ်၏ 'အာယတ်'မှတ်ပါဉ်တော်များကို ဖတ်ရွတ်ပြပါလျှင်၊ သူတို့သည် ထိုတမန်တော်အား ကျောခိုင်း၍မက်နှာမလွဲကြရန် ယေဘုယျမိန့်မှာချက်ဖြစ်ပေသည်။

رَبَّنَا هٰٓؤُلَآءِ اَضَلُّوْنَا فَاٰتِهِمْ عَذَابًا ضِعْفًا مِّنَ النَّارِ ؕ قَالَ لِكُلٍّ ضِعْفٌ وَّلٰكِنْ لَّا تَعْلَمُوْنَ ۝

လုံးသည် ယင်း၌ စုရုံးရောက်ရှိသွားကြသောအခါ၊ ထိုသူတို့အနက်နောက်မှရောက်လာသူတို့သည် မိမိတို့ရှေ့တွင်ရှိသူတို့နှင့်စပ်လျဉ်း၍ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဤသူများသည်ပင် ကျွန်တော်မျိုးတို့အား လမ်းလွဲအောင်ပြုခဲ့ကြပါ၏၊ သို့ဖြစ်ပါ၍ သူတို့အား ငရဲ(မီး)၏ပြစ်ဒဏ်နှစ်ဆကိုပေးတော်မူပါဟု လျှောက်ထားကြပေမည်။ အရှင်မြတ်က အားလုံးတို့သည် (ပြစ်ဒဏ်)နှစ်ဆကိုရရှိနေ၏၊ သို့ရာတွင် အသင်တို့မသိကြချေဟု မိန့်တော်မူပေအံ့။

وَقَالَتْ اُوْلٰىهُمْ لِاُخْرٰىهُمْ فَمَا كَانَ لَكُمْ عَلَيْنَا مِنْ فَضْلٍ فَذُوْقُوا الْعَذَابَ بِمَا كُنْتُمْ تَكْسِبُوْنَ ۝

၄၀။ ထို့ပြင် ယင်းတို့အနက် ပထမ(အုပ်စု)က ဒုတိယ (အုပ်စု)အား အသင်တို့သည် ငါတို့ထက် မည်သို့သော ထူးကဲသောလွန်မူမျှမရှိခဲ့ချေ။ သို့ဖြစ်ပေရာ အသင်တို့ရှာဖွေဆည်းပူးခဲ့သည်များကြောင့် အပြစ်ဒဏ်ကို မြည်းစမ်းကြကုန်ဟု ပြောဆိုကြအံ့သတည်း။

ရုကူး-၅

اِنَّ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا وَاسْتَكْبَرُوْا عَنْهَا لَا تُفَتَّحُ لَهُمْ اَبْوَابُ السَّمَآءِ وَلَا يَدْخُلُوْنَ الْجَنَّةَ حَتّٰى يَلِجَ الْجَمَلُ فِىْ سَمِّ الْخِيَاطِ ؕ وَكَذٰلِكَ نَجْزِى الْمُجْرِمِيْنَ ۝

၄၀။ ကောန်စင်စစ် အကြင်သူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟုစွပ်စွဲကြ၏၊ ထို့ပြင် မောက်မာစွာဖြင့် ယင်းတို့ကို မထီမဲ့မြင်ပြုမူကြ၏၊ ထိုသူတို့အဖို့ မိုးကောင်းကင်၏တံခါးများကို ဖွင့်လှစ်ပေးခြင်းခံရမည် မဟုတ်ချေ။ ကုလားအုတ်သည် အပ်နဖားပေါက်အတွင်းသို့ ဝင်နိုင်သည့်တိုင် ၎င်းတို့သည် 'ဂျန္နတ်'ဥယျာဉ်တော်သို့ ဝင်ရောက်နိုင်ကြမည်မဟုတ်ချေ။ ဤကဲ့သို့ပင် ငါတို့သည် အပြစ်သားများကို အစားပေးတော်မူ၏။

لَهُمْ مِّنْ جَهَنَّمَ مِهَادٌ وَّمِنْ فَوْقِهِمْ غَوَاشٍ ؕ وَكَذٰلِكَ نَجْزِى الظّٰلِمِيْنَ ۝

၄၂။ သူတို့အတွက် 'ဂျဟန္နမ်'ငရဲတွင် အသင့်စီမံထားသော နေရာဌာနတစ်ခုရှိ၏။ ထို့ပြင် သူတို့အပေါ်တွင် အထပ်ထပ်ဖြစ်သော (အမှောင်ထုများ၏) အဖုံးအကာရှိပေမည်။ ဤကဲ့သို့ပင် ငါတို့သည် အပြစ်ကျူးလွန်သူတို့အား အစားပေးတော်မူ၏။

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَا نُكَلِّفُ نَفْسًا اِلَّا وُسْعَهَآ ۚ اُولٰٓئِكَ اَصْحٰبُ الْجَنَّةِ ۚ هُمْ فِيْهَا خٰلِدُوْنَ ۝

၄၃။ သို့ရာတွင် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြပြီး ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြ၏၊ ငါတို့သည် (ယင်းတို့အနက်မှ) မည်သည့် အသက်ဝိညာဉ်ကိုမျှ ယင်း၏စွမ်းဆောင်နိုင်အားထက်ပို၍ ဝန်ထုပ်ကို တင်တော်မမူချေ။ ဤသူများသည်ကား 'ဂျန္နတ်'ဥယျာဉ်တော်သားများဖြစ်ကြပြီး သူတို့သည် ယင်း၌ ထာဝစဉ်နေထိုင်ရမည့် သူများဖြစ်ကြ၏။

وَنَزَعْنَا مَا فِىْ صُدُوْرِهِمْ مِّنْ غِلٍّ تَجْرِىْ

၄၄။ ထို့ပြင် ငါတို့သည် သူတို့၏ရင်များအတွင်းမှ ရန်ငြိုးကို ထုတ်ပစ်တော်မူမည်။ သူတို့၏စီမံထိန်းချုပ်မှုအောက်တွင်

مِنْ تَحْتِهِمُ الْاَنْهٰرُ ۚ وَقَالُوا الْحَمْدُ لِلّٰهِ
الَّذِیْ هَدٰىنَا لِهٰذَا ۫ وَمَا كُنَّا لِنَهْتَدِیَ
لَوْلَاۤ اَنْ هَدٰىنَا اللّٰهُ ۚ لَقَدْ جَآءَتْ رُسُلُ رَبِّنَا
بِالْحَقِّ ؕ وَنُوْدُوْۤا اَنْ تِلْكُمُ الْجَنَّةُ
اُوْرِثْتُمُوْهَا بِمَا كُنْتُمْ تَعْمَلُوْنَ ﴿۴۳﴾

စမ်းချောင်းများစီးဆင်းနေပေမည်။ သူတို့က ချီးမွမ်းထောမနာခြင်းဟူသမျှသည် ကျွန်ုပ်တို့အား ဤနေရာသို့ ရောက်ရှိစေသည့် လမ်းကိုပြသတော်မူသော အလ္လာဟ်အဖို့သာဖြစ်၏။ အကယ်၍ အလ္လာဟ်သည်သာ ကျွန်ုပ်တို့အား လမ်းပြတော်မမူခဲ့ပါလျှင် အမှန်ပင် ကျွန်ုပ်တို့သည် မည်သည့်အခါမျှ လမ်းမှန်ကိုရရှိနိုင်ခဲ့ကြမည် မဟုတ်ချေ။ ဧကန်မုချ ကျွန်ုပ်တို့ထံ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ တမန်တော်များသည် အမှန်တရားနှင့်အတူ ရောက်ရှိလာခဲ့ကြပေသည်ဟု ပြောကြားကြပေမည်။ ထို့ပြင် သူတို့အား ဤသည်အသင်တို့၏ ပြုမူကျင့်ကြံမှုများကြောင့် အသင်တို့အဖို့ အမွေအဖြစ် သတ်မှတ်ထားတော်မူသော 'ဂျန္နတ်' ဥယျာဉ်တည်းဟု အသံပေးခြင်းခံရမည်။

وَنَادٰۤی اَصْحٰبُ الْجَنَّةِ اَصْحٰبَ النَّارِ اَنْ
قَدْ وَجَدْنَا مَا وَعَدَنَا رَبُّنَا حَقًّا فَهَلْ
وَجَدْتُّمْ مَّا وَعَدَ رَبُّكُمْ حَقًّا ؕ قَالُوْا نَعَمْ ۚ
فَاَذَّنَ مُؤَذِّنٌۢ بَیْنَهُمْ اَنْ لَّعْنَةُ اللّٰهِ عَلَی
الظّٰلِمِیْنَ ﴿۴۴﴾

၄၄။ ထို့ပြင် 'ဂျန္နတ်'သားတို့က ငရဲသားတို့အား ကျွန်ုပ်တို့၏ ဖန်ဆင်းမွေးမြူတော်မူသောအရှင်က ကျွန်ုပ်တို့အား ပြုတော်မူခဲ့သည့် ထိုကတိတော်မှန်ကန်ကြောင်းကို ကျွန်ုပ်တို့ အမှန်ပင် တွေ့ကြရပြီဖြစ်ရာ၊ အသင်တို့၏ 'ရဗ်'အရှင်က (အသင်တို့နှင့်)ပြုတော်မူခဲ့သည့် ကတိတော်မှန်ကန်ကြောင်းကို အသင်တို့ တွေ့ရပါသလောဟု အသံပြုကြပေလိမ့်မည်။ ယင်းတို့က ဟုတ်ပါ၏ဟုပြောကြလိမ့်မည်။ ထိုစဉ် ကြေညာသူတစ်ဦးက ယင်းတို့အကြားတွင် မတရားပြုသူတို့အပေါ် 'လာ့အ်နတ်' အလ္လာဟ်၏ကရုဏာတော်နှင့်ကင်းဝေးစေခြင်း သက်ရောက်ပါစေသားဟု ကြေညာပေလိမ့်မည်။

الَّذِیْنَ یَصُدُّوْنَ عَنْ سَبِیْلِ اللّٰهِ وَیَبْغُوْنَهَا
عِوَجًا ۚ وَهُمْ بِالْاٰخِرَةِ كٰفِرُوْنَ ﴿۴۵﴾

၄၅။ အကြင်သူတို့သည် (လူအများတို့အား) အလ္လာဟ်၏ လမ်းတော်မှ တားမြစ်ပိတ်ပင်ကြ၏။ ထို့ပြင် ယင်း(လမ်းတော်)၌ ကွေ့ကောက်မှုကို (မြင်တွေ့)လိုကြ၏။ စင်စစ် ထိုသူတို့သည် နောင်တမလွန်ကို ငြင်းပယ်သူများဖြစ်ကြ၏။

وَبَیْنَهُمَا حِجَابٌ ۚ وَعَلَی الْاَعْرَافِ
رِجَالٌ یَّعْرِفُوْنَ كُلًّۢا بِسِیْمٰىهُمْ ۚ وَنَادَوْا
اَصْحٰبَ الْجَنَّةِ اَنْ سَلٰمٌ عَلَیْكُمْ ۫
لَمْ یَدْخُلُوْهَا وَهُمْ یَطْمَعُوْنَ ﴿۴۶﴾

၄၆။ ယင်းတို့၏အကြားတွင် အကာအရံ ကာဆီးနေပေလိမ့်မည်။ ထို့ပြင် မြင့်သည့်နေရာများပေါ်တွင် ဤကဲ့သို့သော အမျိုးသားများရှိကြပြီး ၎င်းတို့သည် အားလုံးတို့ကို သူတို့၏ အမှတ်အသားများဖြင့် မှတ်မိသိရှိသွားကြပေလိမ့်မည်။ ၎င်းတို့က 'ဂျန္နတ်'ဥယျာဉ်တော်သားများကို အသင်တို့အပေါ် ငြိမ်းချမ်းသာယာမှုသက်ရောက်ပါစေသားဟု အသံပြုကြလိမ့်မည်။ စင်စစ် သူတို့သည် ယခုတိုင် ထို(ဂျန္နတ်)သို့ မဝင်ရောက်ကြရသေးချေ။ သို့သော် (ဝင်ရောက်ကြရလိမ့်မည်ဟု) မျှော်လင့်တောင့်တလျက်ရှိကြပေလိမ့်မည်။

وَاِذَا صُرِفَتْ اَبْصَارُهُمْ تِلْقَآءَ

၄၇။ တစ်ဖန် ၎င်းတို့၏မျက်စိများကို ငရဲသားများဘက်သို့ လှည့်လိုက်သောအခါ၊ ၎င်းတို့က အို-ကျွန်တော်မျိုးတို့အား

ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အား အပြစ်ကျူးလွန်သူတို့တွင် အပါအဝင်ပြုလုပ်တော်မမူပါနှင့်ဟု ပန်ကြားလျှောက်ထားကြပေလိမ့်မည်တည်း။

اَصْحٰبِ النَّارِ ۘ قَالُوْا رَبَّنَا لَا تَجْعَلْنَا مَعَ الْقَوْمِ الظّٰلِمِيْنَ ۝٤٧

ရုကူ-၆

၄၆။ ထို့ပြင် မြင့်သောနေရာများတွင်ရှိကြသူများသည် ယင်းတို့အား သူတို့၏အမှတ်အသားများဖြင့် မှတ်မိသိရှိသွားကြမည်ဖြစ်ပြီး၊ သူတို့အား ဦးတည်လျက်ပြောဆိုကြမည်မှာ အသင်တို့၏ အစုအဝေးသည်လည်းကောင်း၊ အသင်တို့၏ မာန်မာနထောင်လွှားခဲ့ခြင်းသည်လည်းကောင်း အသင်တို့အဖို့ အသုံးမဝင်ဖြစ်ခဲ့ချေပြီတကား။

وَنَادٰٓى اَصْحٰبُ الْاَعْرَافِ رِجَالًا يَّعْرِفُوْنَهُمْ بِسِيْمٰهُمْ قَالُوْا مَآ اَغْنٰى عَنْكُمْ جَمْعُكُمْ وَمَا كُنْتُمْ تَسْتَكْبِرُوْنَ ۝٤٨

၄၇။ ဤသူများသည်ပင် ယင်းတို့နှင့်စပ်လျဉ်း၍ အသင်တို့က အလွန်တန်သည် သူတို့အပေါ် ကရုဏာပြုတော်မူမည်မဟုတ်ဟု ကျိန်ဆိုခြင်းများကိုပြုလေ့ရှိခဲ့ကြသည် မဟုတ်လော၊ (အို-သက်ဝင်ယုံကြည်သူတို့) 'ဂျန္နတ်' ဥယျာဉ်တော်သို့ ဝင်ရောက်ကြကုန်၊ အသင်တို့အပေါ် မည်သို့သော ကြောက်ရွံ့မှုမျှရှိမည်မဟုတ်သည့်ပြင် အသင်တို့သည် မည်သည့်အခါမျှ ပူဆွေးသောကဖြစ်ကြရမည်လည်းမဟုတ်ချေ။

اَهٰٓؤُلَآءِ الَّذِيْنَ اَقْسَمْتُمْ لَا يَنَالُهُمُ اللّٰهُ بِرَحْمَةٍ ۭ اُدْخُلُوا الْجَنَّةَ لَا خَوْفٌ عَلَيْكُمْ وَلَآ اَنْتُمْ تَحْزَنُوْنَ ۝٤٩

၄၈။ ထို့ပြင် ငရဲသားတို့သည် 'ဂျန္နတ်' ဥယျာဉ်တော်သားများအား အလွန်တန်က အသင်တို့အား ပေးသနားတော်မူသော ထိုရေမှလည်းကောင်း၊ ထိုရိက္ခာမှလည်းကောင်း ကျွန်ုပ်တို့အား အနည်းငယ်ပေးသနားကြပါဟု အသံပြု(ဟစ်အော်တောင်းခံ)ကြပေအံ့။ ထိုအခါ သူတို့က ဧကန်မုချ အလ္လာဟ်သည် ဤနှစ်မျိုးစလုံးကို 'ကာဖိရ်' မယုံကြည်ခြင်းပယ်သူတို့အပေါ် တားမြစ်ပိတ်ပင်မှုပြုထားတော်မူသည်ဟု ဖြေကြားကြပေအံ့။

وَنَادٰٓى اَصْحٰبُ النَّارِ اَصْحٰبَ الْجَنَّةِ اَنْ اَفِيْضُوْا عَلَيْنَا مِنَ الْمَآءِ اَوْ مِمَّا رَزَقَكُمُ اللّٰهُ ۭ قَالُوْٓا اِنَّ اللّٰهَ حَرَّمَهُمَا عَلَى الْكٰفِرِيْنَ ۝٥٠

၄၉။ ထိုသူတို့သည် မိမိတို့၏သာသနာကို အချည်းနှီးကိစ္စနှင့် ကစားခုန်စားစရာ ပြုလုပ်ခဲ့ကြပေသည်။ လောကီဘဝသည် သူတို့အား လှည့်စားမှုတွင် နစ်မြုပ်စေခဲ့ပေသည်။ သို့ဖြစ်ရာ သူတို့သည် ဤနေ့တော်ကြီးနှင့် တွေ့ဆုံကြရမည်ကို မေ့လျော့ထားခဲ့ကြဘိသကဲ့သို့ ယနေ့ ငါတို့သည်လည်း သူတို့အား မေ့လျော့ထားတော်မူမည်။ ဤသို့ဖြစ်ရခြင်းမှာ သူတို့သည် ငါတို့၏သက်သေလက္ခဏာ 'အာယတ်'တော်များကို ငြင်းပယ်လေ့ရှိခဲ့ကြသောကြောင့်ဖြစ်၏။

اَلَّذِيْنَ اتَّخَذُوْا دِيْنَهُمْ لَهْوًا وَّ لَعِبًا وَّغَرَّتْهُمُ الْحَيٰوةُ الدُّنْيَا ۚ فَالْيَوْمَ نَنْسٰىهُمْ كَمَا نَسُوْا لِقَآءَ يَوْمِهِمْ هٰذَا ۙ وَمَا كَانُوْا بِاٰيٰتِنَا يَجْحَدُوْنَ ۝٥١

၅၀။ ကောန်အမှန် ငါတို့သည် ထိုသူတို့ထံ ဤသို့သော ကျမ်းစာတစ်စောင်ကို ယူဆောင်လာတော်မူခဲ့၏၊ ယင်း၌ ငါတို့သည် ပညာဉာဏ်တော်အပေါ် အခြေပြု၍ အသေးစိတ် ရှင်းလင်းပြထားတော်မူ၏။ ယင်း(ကျမ်းတော်)သည် 'အီမာန်' သက်ဝင်ယုံ

وَلَقَدْ جِئْنٰهُمْ بِكِتٰبٍ فَصَّلْنٰهُ عَلٰى عِلْمٍ هُدًى وَّرَحْمَةً لِّقَوْمٍ يُّؤْمِنُوْنَ ۝٥٢

ကြည်မူရှိကြသူတို့အဖို့ တရားလမ်းညွှန်တော်နှင့် 'ရာဟ်မတ်' ကရုဏာတော်ဖြစ်၏။

هَلْ يَنْظُرُوْنَ اِلَّا تَاْوِيْلَهٗ ؕ يَوْمَ يَاْتِىْ تَاْوِيْلُهٗ يَقُوْلُ الَّذِيْنَ نَسُوْهُ مِنْ قَبْلُ قَدْ جَآءَتْ رُسُلُ رَبِّنَا بِالْحَقِّ ۚ فَهَلْ لَّنَا مِنْ شُفَعَآءَ فَيَشْفَعُوْا لَنَآ اَوْ نُرَدُّ فَنَعْمَلَ غَيْرَ الَّذِىْ كُنَّا نَعْمَلُ ؕ قَدْ خَسِرُوْٓا اَنْفُسَهُمْ وَضَلَّ عَنْهُمْ مَّا كَانُوْا يَفْتَرُوْنَ ﴿۵۳﴾

၅၃။ သူတို့သည် ယင်း၏ရှင်းလင်းဖွင့်ဆိုချက်ကို သာလျှင် စောင့်ဆိုင်းနေကြပေသလော။ အကြင်နေ့တော်ကြီးတွင် ယင်း၏ရှင်းလင်းဖွင့်ဆိုချက် ရောက်ရှိလာသောအခါ ယင်း(ကျမ်းတော်)ကို မေ့လျော့လျက်ရှိခဲ့ကြသောသူတို့က ပြောကြမည်မှာ- ဧကန်ပင် ကျွန်ုပ်တို့ထံ ကျွန်ုပ်တို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်၏တမန်တော်များသည် အမှန်တရားနှင့် အတူ ရောက်လာခဲ့ကြပေသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့အတွက် ကြားဝင်လျှောက်လဲပေးမည့်သူ တစ်စုံတစ်ဦးရှိပါသလော၊ သို့ဆိုလျှင် ကျွန်ုပ်တို့အတွက် ကြားဝင်လျှောက်လဲပေးပါလေ၊ သို့တည်းမဟုတ် ကျွန်ုပ်တို့အား တစ်ဖန်ပြန်လည်၍ ပို့ဆောင်ခြင်းခံရပါလျှင် ကျွန်ုပ်တို့သည် မိမိတို့ပြုလုပ်လေ့ရှိခဲ့သည်များမှ တစ်ပါး(အခြားကောင်း)သော လုပ်ဆောင်မှုများကို ပြုလုပ်ကြပါမည်။ ဧကန်စင်စစ် ထိုသူတို့သည် မိမိတို့ကိုယ်ကို ဆုံးရှုံးမှုအတွင်းသို့ထည့်သွင်းခဲ့ကြ၏။ သူတို့ ကြံဖန်လီဆယ်၍ ပြောဆိုခဲ့သည်များမှာလည်း သူတို့ထံမှ ပျောက်ကွယ်၍သွားခဲ့ချေပြီတည်း။

ရုကူး-၇

اِنَّ رَبَّكُمُ اللّٰهُ الَّذِىْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ فِىْ سِتَّةِ اَيَّامٍ ثُمَّ اسْتَوٰى عَلَى الْعَرْشِ ۖ يُغْشِى الَّيْلَ النَّهَارَ يَطْلُبُهٗ حَثِيْثًا ۙ وَّالشَّمْسَ وَالْقَمَرَ وَالنُّجُوْمَ مُسَخَّرٰتٍ بِاَمْرِهٖ ؕ اَلَا لَهُ الْخَلْقُ وَالْاَمْرُ ؕ تَبٰرَكَ اللّٰهُ رَبُّ الْعٰلَمِيْنَ ﴿۵۴﴾

၅၄။ စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည်ကား ထိုအလ္လာဟ်အရှင်မြတ်ပင်တည်း။ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေပြင်ကို အချိန်ကာလခြောက်ရက်တွင် ဖန်ဆင်းတော်မူ၏။ ထို့နောက် အရှင်မြတ်သည် 'အရ်ရှ်'ပလ္လင်တော်ထက်ဝယ် တည်တံ့စိုးမိုးတော်မူ၏။ အရှင်မြတ်သည် 'ညဉ့်'ဖြင့် 'နေ့'ကို ဖုံးလွှမ်းစေတော်မူ၏။ စင်စစ် ယင်း(ညဉ့်)သည် ၎င်း(နေ့)ကို အလျင်အမြန် တောင့်တလျက်ရှိ၏။ ထို့ပြင် 'နေ'ကိုလည်းကောင်း၊ 'လ'ကိုလည်းကောင်း၊ ကြယ်နက္ခတ်များကိုလည်းကောင်း (ဖန်ဆင်းတော်မူ၏)။ ယင်းတို့ကို အရှင်မြတ်၏အမိန့်တော်ဖြင့် နာခံအလုပ်အကျွေးပြုစေတော်မူ၏။ သတိပြုကြကုန်၊ ဖန်ဆင်းတော်မူခြင်းသည်လည်းကောင်း၊ စိုးမိုးအုပ်ချုပ်တော်မူခြင်းသည်လည်းကောင်း ထိုအရှင်မြတ်အဖို့သာဖြစ်၏။ စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော ထိုအလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် ကောင်းချီးမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်ကြောင်းသာဓကရရှိပေသတည်း။ ①

① 'ခြောက်ရက်'ဟူသည် ခေတ်ကာလကြီးခြောက်ရပ်ကိုဆိုလိုခြင်းဖြစ်သည်။ ခေတ်ကာလတစ်ခုသည် နှစ်ပေါင်းကုဋေနှင့်ချီ၍ လည်းဖြစ်နိုင်ပေသည်။ 'အရ်ရှ်'ပလ္လင်တော်ထက်ဝယ် တည်တံ့စိုးမိုးတော်မူ၏ဟူသည် လုံးဝဥဿုံ အလုံးစုံတို့ကိုဖန်ဆင်းတော်မူပြီး

اُدْعُوْا رَبَّكُمْ تَضَرُّعًا وَّ خُفْيَةً ۚ اِنَّهٗ لَا يُحِبُّ الْمُعْتَدِيْنَ ۝

၅၆။ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို နှိမ့်ချကျိုးနွံစွာဖြင့်လည်းကောင်း၊ လျှို့ဝှက်စွာဖြင့်လည်းကောင်း ဟစ်ခေါ်တသလျက်နေကြကုန်။ ဧကန်မုချ အရှင်မြတ်သည် စည်းဘောင်ကို ကျူးလွန်ချိုးဖောက်သူတို့အား နှစ်သက်တော်မမူချေ။

وَلَا تُفْسِدُوْا فِي الْاَرْضِ بَعْدَ اِصْلَاحِهَا وَادْعُوْهُ خَوْفًا وَّطَمَعًا ۭ اِنَّ رَحْمَتَ اللّٰهِ قَرِيْبٌ مِّنَ الْمُحْسِنِيْنَ ۝

၅၇။ ကမ္ဘာမြေပြင်တွင် တည်ငြိမ်ကောင်းမွန်ပြီးသည့်နောက် ဆူပူသောင်းကျန်းမှုကို မဖြစ်ခိုကြနှင့်။ ထို့ပြင် ထိုအရှင်မြတ်အား ကြောက်ရွံ့စွာဖြင့်လည်းကောင်း၊ မျှော်လင့်ချက်ထားရှိခြင်းဖြင့်လည်းကောင်း ဟစ်ခေါ်တသလျက်နေကြကုန်။ ဧကန်မုချ အလ္လာဟ်၏ကရုဏာတော်သည် ကောင်းမှုပွားများသူတို့၏အနီးဌာနရှိ၏။

وَهُوَ الَّذِيْ يُرْسِلُ الرِّيٰحَ بُشْرًۢا بَيْنَ يَدَيْ رَحْمَتِهٖ ۭ حَتّٰٓى اِذَآ اَقَلَّتْ سَحَابًا ثِقَالًا سُقْنٰهُ لِبَلَدٍ مَّيِّتٍ فَاَنْزَلْنَا بِهِ الْمَاۗءَ فَاَخْرَجْنَا بِهٖ مِنْ كُلِّ الثَّمَرٰتِ ۭ كَذٰلِكَ نُخْرِجُ الْمَوْتٰى لَعَلَّكُمْ تَذَكَّرُوْنَ ۝

၅၈။ ထို့ပြင် ထိုအရှင်မြတ်သည်သာလျှင် မိမိကရုဏာတော်၏ရှေ့ပြေးအဖြစ် သတင်းကောင်းကိုပေးလျက် လေများကို စေလွှတ်တော်မူ၏။ နောက်ဆုံး၌ ယင်း(လေ)တို့သည် လေးလံသောမိုးတိမ်တိုက်ကို သယ်ဆောင်သောအခါ ငါတို့သည် ယင်းအား(သွေ့ခြောက်၍) သေနေသော ဒေသတစ်ခုဘက်သို့ မောင်းနှင်ဆောင်ယူလာတော်မူခဲ့ပေသည်။ ထို့နောက် ငါတို့သည် ယင်းမှရေကို ရွာသွန်းချတော်မူ၏။ ထို့နောက် ယင်း(ရေ)ဖြင့် အမျိုးမျိုးသော သစ်သီးဝလံတို့ကို ထွက်ပေါ်ပေါက်ရောက်စေတော်မူ၏။ ဤကဲ့သို့ပင် ငါတို့သည် သေသူတို့အား (အသက်ရှင်စေလျက်) ထုတ်ဆောင်တော်မူ၏။ သို့ဖြင့် အသင်တို့ အဆုံးအမကို ရယူကြစိမ့်သောဌာဖြစ်၏။

وَالْبَلَدُ الطَّيِّبُ يَخْرُجُ نَبَاتُهٗ بِاِذْنِ رَبِّهٖ ۚ وَالَّذِيْ خَبُثَ لَا يَخْرُجُ اِلَّا نَكِدًا ۭ كَذٰلِكَ نُصَرِّفُ الْاٰيٰتِ لِقَوْمٍ يَّشْكُرُوْنَ ۝ ۧ

၅၉။ သန့်ရှင်းသောမြေဟူသည်ကား ယင်း၏ အပင်တို့သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ အမိန့်တော်ဖြင့် (သန့်ရှင်းစွာ)ထွက်ပေါ်ပေသည်။ သို့သော် မသန့်ရှင်းသော (မြေ)တွင်မူ စွန့်ပယ်ရမည့်(အရာ)မှတစ်ပါး မည်သည့် အရာမျှ မထွက်ပေါ်ချေ။ ဤကဲ့သို့ပင် ငါတို့သည် ကျေးဇူးသိတတ်သောသူတို့အဖို့ သက်သေသာဓကများကို အနည်းနည်းအဖုံဖုံ ဖော်ပြတော်မူသတည်း။

ရုကူ-၈

لَقَدْ اَرْسَلْنَا نُوْحًا اِلٰى قَوْمِهٖ فَقَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ۭ اِنِّىْٓ

၆၀။ ဧကန်စင်စစ် ငါတို့သည် 'နူးဟ်'ကိုလည်း သူ၏ အမျိုးသားများထံသို့ စေလွှတ်တော်မူခဲ့၏။ သို့ဖြင့် သူက အို-ကျွန်ုပ်၏အမျိုးသားအပေါင်းတို့၊ အလ္လာဟ်အား ခဝပ်ကိုးကွယ်ကြကုန်၊ ထိုအရှင်မြတ်မှလွဲ၍ အသင်တို့အတွက် အခြားကိုးကွယ်

➤ နောက်တွင်လည်း အလ္လာဟ်အရှင်မြတ်သည် မိမိ၏အဖန်ဆင်းခံများနှင့် အဆက်အသွယ်ဖြတ်ထားတော်မူခြင်းမရှိဘဲ ရှင်ဘုရင်သည် တိုင်းသူပြည်သားတစ်ရပ်လုံးကို ကြီးကြပ်အုပ်ချုပ်လျက်ရှိနေဘိသကဲ့သို့ အရှင်မြတ်သည် မိမိ၏ အဖန်ဆင်းခံအားလုံးတို့ကို ကြီးကြပ်အုပ်စိုးတော်မူသည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

اَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ عَظِيْمٍ ۝

ခြင်းခံထိုက်သူမရှိချေ။ စင်စစ် ကျွန်ုပ်သည် အသင်တို့အပေါ် ကြီးကျယ်သောနေ့တော်ကြီး၏ ပြစ်ဒဏ်မှ ကြောက်ရွံ့စိုးရိမ်ပါသည်ဟု ပြောကြားလေ၏။

قَالَ الْمَلَاُ مِنْ قَوْمِهٖٓ اِنَّا لَنَرٰىكَ فِيْ ضَلٰلٍ مُّبِيْنٍ ۝

၆၀။ သူ၏အမျိုးသားများမှ အကြီးအကဲတို့က ကျွန်ုပ်တို့သည် အသင့်အား ဧကန်ပင် ပေါ်လွင်ထင်ရှားသောလမ်းလွဲမှုဌ ဆိုက်ရောက်နေသည်ကို တွေ့မြင်နေရပေသည်ဟု ပြောကြလေ၏။

قَالَ يٰقَوْمِ لَيْسَ بِيْ ضَلٰلَةٌ وَّلٰكِنِّيْ رَسُوْلٌ مِّنْ رَّبِّ الْعٰلَمِيْنَ ۝

၆၂။ သူကပြောကြားသည်မှာ၊ အို-ကျွန်ုပ်၏အမျိုးသားအပေါင်းတို့၊ ကျွန်ုပ်သည် မည်သည့်လမ်းလွဲမှုတွင်မျှ ဆိုက်ရောက်နေသည်မဟုတ်မူဘဲ ကျွန်ုပ်သည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ တမန်တော်တစ်ပါးဖြစ်၏။

اُبَلِّغُكُمْ رِسٰلٰتِ رَبِّيْ وَاَنْصَحُ لَكُمْ وَاَعْلَمُ مِنَ اللّٰهِ مَا لَا تَعْلَمُوْنَ ۝

၆၃။ ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏သတင်းစကားများကို အသင်တို့ထံပို့ဆောင်ပါ၏။ ထို့ပြင် အသင်တို့အား သွန်သင်ဆုံးမမှုကိုပြုပါ၏။ ကျွန်ုပ်သည် အသင်တို့မသိသောအသိပညာများကို အလ္လာဟ်၏ထံတော်မှ ရရှိပါ၏။

اَوَعَجِبْتُمْ اَنْ جَآءَكُمْ ذِكْرٌ مِّنْ رَّبِّكُمْ عَلٰى رَجُلٍ مِّنْكُمْ لِيُنْذِرَكُمْ وَلِتَتَّقُوْا وَلَعَلَّكُمْ تُرْحَمُوْنَ ۝

၆၄။ အသင်တို့သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ သွန်သင်ဆုံးမချက်တစ်ရပ် အသင်တို့ထံရောက်ရှိလာသည်ကို အံ့သြကြပါသလော။ ယင်းကို အသင်တို့အနက်မှ အမျိုးသားတစ်ဦးထံ ပို့ချတော်မူခဲ့၏။ သို့ဖြင့် သူသည် အသင်တို့အား သတိပေးနှိုးဆော်ရန်လည်းကောင်း၊ အသင်တို့သည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်ကြံဆောက်တည်နိုင်ကြစေရန်အတွက်လည်းကောင်း၊ အသင်တို့အပေါ် ကရုဏာတော်သက်ရောက်နိုင်စေရန်အတွက်လည်းကောင်း ဖြစ်၏။

فَكَذَّبُوْهُ فَاَنْجَيْنٰهُ وَالَّذِيْنَ مَعَهٗ فِي الْفُلْكِ وَاَغْرَقْنَا الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا ۭ اِنَّهُمْ كَانُوْا قَوْمًا عَمِيْنَ ۝

၆၅။ သို့ပါလျက် သူ(၏အမျိုးသား)တို့သည် သူ့အား မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြပေသည်။ ထို့နောက် ငါတို့သည် သူ့အားလည်းကောင်း၊ သူနှင့်အတူ လှေသင်္ဘောပေါ်တွင် ရှိကြသူများအားလည်းကောင်း ကယ်တင်တော်မူခဲ့ပေသည်။ ငါတို့၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲကြသောသူတို့ကိုမူကား နစ်မြုပ်စေတော်မူခဲ့ပေသည်။ စင်စစ် ထိုသူတို့သည် အကန်းများဖြစ်ကြပေသတည်း။

ရုကူး-၉

وَاِلٰى عَادٍ اَخَاهُمْ هُوْدًا ۭ قَالَ يٰقَوْمِ

၆၆။ ထို့ပြင် (ငါတို့သည်) 'အားဒ်'အမျိုးသားတို့ထံ သူတို့၏ညီအစ်ကို 'ဟူးဒ်'ကို(စေလွှတ်တော်မူခဲ့၏)။ သူက အို-ကျွန်ုပ်၏

اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ اَفَلَا تَتَّقُوْنَ ﴿۶۵﴾

အမျိုးသားအပေါင်းတို့၊ အလ္လာဟ်အား ခဝပ်ကိုးကွယ်ကြကုန်၊ ထိုအရှင်မြတ်မှလွဲ၍ အသင်တို့အဖို့ အခြားကိုးကွယ်ရာအရှင် မရှိချေ။ အသင်တို့သည် အရှင်မြတ်အားကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကိုကျင့်ကြံဆောက်တည်ခြင်း မပြုကြသလောဟု ပြောကြား၏။

قَالَ الْمَلَاُ الَّذِيْنَ كَفَرُوْا مِنْ قَوْمِهٖۤ اِنَّا لَنَرٰىكَ فِيْ سَفَاهَةٍ وَّ اِنَّا لَنَظُنُّكَ مِنَ الْكٰذِبِيْنَ ﴿۶۶﴾

၆၇။ သူ၏အမျိုးသားများမှ မယုံကြည်ငြင်းပယ်ကြသော အကြီးအကဲတို့က အသင်သည် ဧကန်ပင် ကြီးမားသော မသိမိုက်မဲမှုတစ်ခုတွင်ဆိုက်ရောက်နေသည်ကို ကျွန်ုပ်တို့ မြင်တွေ့ရပေသည်၊ ဧကန်စင်စစ် အသင်သည် အမှန်ပင် လိမ်လည်သူများမှဖြစ်ကြောင်း ကျွန်ုပ်တို့ယူဆပေသည်ဟု ပြောကြ၏။

قَالَ يٰقَوْمِ لَيْسَ بِيْ سَفَاهَةٌ وَّ لٰكِنِّيْ رَسُوْلٌ مِّنْ رَّبِّ الْعٰلَمِيْنَ ﴿۶۷﴾

၆၈။ သူက ပြောကြားသည်မှာ အို-ကျွန်ုပ်၏အမျိုးသားအပေါင်းတို့၊ ကျွန်ုပ်တွင် မည်သို့သော မသိမိုက်မဲမှုမျှမရှိ၊ ထိုမျှမက ကျွန်ုပ်သည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ တမန်တော်တစ်ပါးဖြစ်၏။

اُبَلِّغُكُمْ رِسٰلٰتِ رَبِّيْ وَ اَنَا لَكُمْ نَاصِحٌ اَمِيْنٌ ﴿۶۸﴾

၆၉။ ကျွန်ုပ်သည် အသင်တို့အား မိမိ၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ သတင်းစကားများကို ပို့ဆောင်ပါ၏။ ကျွန်ုပ်သည် အသင်တို့အဖို့ ယုံကြည်ကိုးစားထိုက်သော သွန်သင်ဆုံးမသူတစ်ဦးဖြစ်၏။

اَوَ عَجِبْتُمْ اَنْ جَآءَكُمْ ذِكْرٌ مِّنْ رَّبِّكُمْ عَلٰى رَجُلٍ مِّنْكُمْ لِيُنْذِرَكُمْ ؕ وَ اذْكُرُوْۤا اِذْ جَعَلَكُمْ خُلَفَآءَ مِنْۢ بَعْدِ قَوْمِ نُوْحٍ وَّ زَادَكُمْ فِي الْخَلْقِ بَصْۜطَةً ۚ فَاذْكُرُوْۤا اٰلَآءَ اللّٰهِ لَعَلَّكُمْ تُفْلِحُوْنَ ﴿۶۹﴾

၇၀။ အသင်တို့သည် အသင်တို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ အသင်တို့ထံ သွန်သင်ဆုံးမချက်တစ်ရပ်ရောက်ရှိလာသည်ကို အံ့ဩကြပါသလော။ ယင်းကို အသင်တို့အနက်မှပင် အမျိုးသားတစ်ဦးထံ ပို့ချတော်မူခဲ့၏။ သို့ဖြင့် သူသည် အသင်တို့အား သတိပေးနှိုးဆော်ရန်ဖြစ်၏။ ထို့ပြင် သတိရကြကုန်၊ အကြင်အခါဝယ် အရှင်မြတ်သည် 'နူးဟ်'၏အမျိုးသားများနောက်တွင် အသင်တို့အား ဆက်ခံသူများ ပြုလုပ်တော်မူခဲ့၏။ ထို့ပြင် အသင်တို့အား မျိုးဆက်ပြန့်ပွားစေခြင်းအားဖြင့် များစွာတိုးပွားစေတော်မူခဲ့၏။ သို့ဖြစ်ရာ အလ္လာဟ်၏ကျေးဇူးတော်များကို သတိရကြကုန်။ သို့မှသာ အသင်တို့ အောင်မြင်ကြရာ၏။

قَالُوْۤا اَجِئْتَنَا لِنَعْبُدَ اللّٰهَ وَحْدَهٗ وَ نَذَرَ مَا كَانَ يَعْبُدُ اٰبَآؤُنَا ۚ فَاْتِنَا بِمَا تَعِدُنَاۤ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ﴿۷۰﴾

၇၁။ ထိုသူတို့က ကျွန်ုပ်တို့သည် အလ္လာဟ် တစ်ပါးတည်းကိုသာ ကိုးကွယ်ရန်နှင့် ကျွန်ုပ်တို့၏ဘိုးဘေးများ ကိုးကွယ်ခဲ့သည့်အရာများအား စွန့်လွှတ်ရန်အတွက်သာ အသင်သည် ကျွန်ုပ်တို့ထံ လာရောက်ပါသလော။ သို့ဖြစ်လျှင် အကယ်၍ အသင်သည် မှန်ကန်သူများအနက်မှဖြစ်ပါမူ ကျွန်ုပ်တို့အား အသင်သတိပေးခြိမ်းခြောက်သည့်အရာကို ကျွန်ုပ်တို့ထံ ယူဆောင်လာပါလေဟု ပြောဆိုကြ၏။

قَالَ قَدْ وَقَعَ عَلَيْكُمْ مِّنْ رَّبِّكُمْ رِجْسٌ وَّ غَضَبٌ ؕ اَتُجَادِلُوْنَنِيْ فِيْۤ اَسْمَآءٍ سَمَّيْتُمُوْهَاۤ اَنْتُمْ وَاٰبَآؤُكُمْ مَّا نَزَّلَ اللّٰهُ بِهَا مِنْ سُلْطٰنٍ ؕ فَانْتَظِرُوْۤا اِنِّيْ مَعَكُمْ مِّنَ الْمُنْتَظِرِيْنَ ﴿۷۱﴾

၇၂။ သို့ဖြစ်ရာ ငါတို့သည် သူ('ဟူးဒ်')နှင့်တကွ သူနှင့်အတူ ရှိခဲ့ကြသောသူတို့ကို မိမိ၏ကရုဏာတော်ဖြင့် ကယ်တင်တော်မူခဲ့ပေသည်။ ထို့ပြင် ငါတို့သည် ငါတို့၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲကြသောသူတို့၏အမြစ်ကို ဖြတ်တောက်ပစ်တော်မူခဲ့၏။ စင်စစ် ၎င်းတို့သည် (မည်သည့်နည်းနှင့်မျှ) သက်ဝင်ယုံကြည်လာကြမည့်သူများ မဟုတ်ခဲ့ချေတည်း။

فَاَنْجَيْنٰهُ وَالَّذِيْنَ مَعَهٗ بِرَحْمَةٍ مِّنَّا وَ قَطَعْنَا دَابِرَ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا وَ مَا كَانُوْا مُؤْمِنِيْنَ ﴿۷۲﴾

ရှူကူ-၁၀

၇၃။ ထို့ပြင် 'ဆမူးဒ်'အမျိုးသားများထံသို့ သူတို့၏ညီအစ်ကို 'ဆွာလေဟ်'ကို (စေလွှတ်တော်မူခဲ့၏)။ သူက ပြောကြားသည်မှာ အို-ကျွန်ုပ်၏အမျိုးသားအပေါင်းတို့၊ အလ္လာဟ်အား ခဝပ်ကိုးကွယ်ကြကုန်။ အသင်တို့အတွက် ထိုအရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ခြင်းခံထိုက်သူမရှိချေ။ အမှန်ပင် အသင်တို့ထံ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ လင်းဝင်းထင်ရှားသော သက်သေသာဓကတစ်ရပ် ရောက်ရှိလာခဲ့ချေပြီ။ ဤသည် အသင်တို့အတွက် လက္ခဏာတစ်ရပ်ဖြစ်သော အလ္လာဟ်၏ကုလားအုတ်မဖြစ်၏။ သို့ဖြစ်ရာ ယင်းအား အလ္လာဟ်၏ကမ္ဘာမြေပြင်တွင် စားသောက်သွားလာရန် လွှတ်ထားကြကုန်။ ယင်း(ကုလားအုတ်မ)ကို မည်သို့သောဒုက္ခမျှမသက်ရောက်စေလင့်။ သို့မဟုတ်ပါက ယင်း၏ရလဒ်အဖြစ် အသင်တို့အား နာကျင်ဖွယ်သော ပြစ်ဒဏ်သည် ဖမ်းဆီးပေလိမ့်မည်။ ۞

وَ اِلٰى ثَمُوْدَ اَخَاهُمْ صٰلِحًا ؔ قَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ قَدْ جَآءَتْكُمْ بَيِّنَةٌ مِّنْ رَّبِّكُمْ ؕ هٰذِهٖ نَاقَةُ اللّٰهِ لَكُمْ اٰيَةً فَذَرُوْهَا تَاْكُلْ فِيْۤ اَرْضِ اللّٰهِ وَلَا تَمَسُّوْهَا بِسُوْٓءٍ فَيَاْخُذَكُمْ عَذَابٌ اَلِيْمٌ ﴿۷۳﴾

۞ نَاقَةُ اللّٰهِ ဟူသည် တမန်တော်ဆွာလေဟ် ﷺ၏ ကုလားအုတ်မကိုညွှန်းခြင်းဖြစ်ပေသည်။ သူသည် ထိုကုလားအုတ်မကို စီးနင်း၍ မိမိအမျိုးသားတို့အား အလ္လာဟ်အရှင်မြတ်၏ သတင်းစကားများကိုပို့ဆောင်လေ့ရှိခဲ့သည်။ ကံဆိုးသူအကြီးအကဲအချို့က ယင်းကုလားအုတ်မ၏တံကောက်ကြောကို ဖြတ်တောက်လိုက်ကြပြီး သတင်းစကားပို့ဆောင်မှုအကြောင်းခံကို အဆုံးသတ်စေလိုက်သောအခါ သူတို့သည် ယင်း၏အကျိုးဆက်အဖြစ် အပြစ်ဒဏ်နှင့်ထိုက်တန်သွားကြလေသည်။ ယင်းကိစ္စတွင် ခေါင်းဆောင်အကြီးအကဲ ကိုးဦးက စုပေါင်းလုပ်ကြံခဲ့ကြသည်ဟု အဆိုရှိလေသည်။

وَاذْكُرُوْٓا اِذْ جَعَلَكُمْ خُلَفَآءَ مِنْۢ بَعْدِ عَادٍ وَّبَوَّاَكُمْ فِى الْاَرْضِ تَتَّخِذُوْنَ مِنْ سُهُوْلِهَا قُصُوْرًا وَّتَنْحِتُوْنَ الْجِبَالَ بُيُوْتًا ۚ فَاذْكُرُوْٓا اٰلَآءَ اللّٰهِ وَلَا تَعْثَوْا فِى الْاَرْضِ مُفْسِدِيْنَ ﴿٧٤﴾

၇၄။ ထို့ပြင် (ထိုအချိန်ကာလကို) သတိရကြကုန်။ ထိုစဉ်က အရှင်မြတ်သည် အသင်တို့ကို 'အာဒ်'လူမျိုးများ၏နောက်တွင် ဆက်ခံသူများပြုလုပ်တော်မူခဲ့၏။ ထို့ပြင် ကမ္ဘာမြေတွင် အသင်တို့အား နေရာချထားပေးတော်မူခဲ့၏။ ယင်း၏လွင်ပြင်များတွင် အသင်တို့သည် ရဲတိုက်များတည်ဆောက်ခဲ့ကြပြီး နေအိမ်များပြုလုပ်ရန်အတွက် တောင်များကိုဖောက်ထွင်းခဲ့ကြ၏။ သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်၏ကောင်းချီးမင်္ဂလာတော်များကို သတိရကြကုန်၊ ဆူပူသောင်းကျန်းသူများဖြစ်လျက် ကမ္ဘာမြေပြင်တွင် ပျက်စီးရာပျက်စီးကြောင်းကို မပြုလုပ်ကြကုန်လင့်။

قَالَ الْمَلَاُ الَّذِيْنَ اسْتَكْبَرُوْا مِنْ قَوْمِهٖ لِلَّذِيْنَ اسْتُضْعِفُوْا لِمَنْ اٰمَنَ مِنْهُمْ اَتَعْلَمُوْنَ اَنَّ صٰلِحًا مُّرْسَلٌ مِّنْ رَّبِّهٖ ۗ قَالُوْٓا اِنَّا بِمَآ اُرْسِلَ بِهٖ مُؤْمِنُوْنَ ﴿٧٥﴾

၇၅။ သူ၏အမျိုးသားများအနက် မာန်မာနထောင်လွှားခဲ့ကြသောအကြီးအကဲတို့က အားနည်းသူများဟုယူဆခြင်းခံကြရသောသူများအနက်မှ သက်ဝင်ယုံကြည်သူတို့အား 'ဆွာလေဟ်'သည် သူ၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ စေတမန် ပြုလုပ်ခံခဲ့ရကြောင်းကို အသင်တို့သိရှိကြပါသလောဟု မေးမြန်းကြ၏။ သူတို့က ကျွန်ုပ်တို့သည် သူနှင့်အတူ ပေးပို့ခြင်းခံရသောထို(သတင်း)ကို အမှန်ပင် သက်ဝင်ယုံကြည်ကြပါသည်ဟု ဖြေကြားကြလေသည်။

قَالَ الَّذِيْنَ اسْتَكْبَرُوْٓا اِنَّا بِالَّذِيْٓ اٰمَنْتُمْ بِهٖ كٰفِرُوْنَ ﴿٧٦﴾

၇၆။ (ထိုအခါ) မာန်မာနထောင်လွှားခဲ့ကြသောသူတို့က ဧကန်မုချ ငါတို့သည် အသင်တို့ သက်ဝင်ယုံကြည်သည့်အရာများကို ငြင်းပယ်သူများဖြစ်ကြပေသည်ဟု ပြောဆိုကြ၏။

فَعَقَرُوا النَّاقَةَ وَعَتَوْا عَنْ اَمْرِ رَبِّهِمْ وَقَالُوْا يٰصٰلِحُ ائْتِنَا بِمَا تَعِدُنَآ اِنْ كُنْتَ مِنَ الْمُرْسَلِيْنَ ﴿٧٧﴾

၇၇။ သို့ဖြင့် ၎င်းတို့သည် ကုလားအုတ်မ၏ တံကောက်ကြောကို ဖြတ်တောက်ပစ်ခဲ့ကြလေသည်။ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်တော်ကို မနာခံဖီဆန်ခဲ့ကြ၏။ ထို့ပြင် အို-ဆွာလေဟ်၊ အကယ်၍ အသင်သည် အမှန်ပင် (အလ္လာဟ်၏) စေလွှတ်ခြင်းခံရသောသူများအနက်မှ ဖြစ်ခဲ့ပါလျှင် အသင်သည် ကျွန်ုပ်တို့အား သတိပေးခြိမ်းခြောက်လေ့ရှိသည်ကို ကျွန်ုပ်တို့ထံ ယူဆောင်လာပါလေဟု ပြောဆိုကြ၏။

فَاَخَذَتْهُمُ الرَّجْفَةُ فَاَصْبَحُوْا فِىْ دَارِهِمْ جٰثِمِيْنَ ﴿٧٨﴾

၇၈။ သို့ဖြစ်ရာ ပြင်းထန်သော မြေလျင်တစ်ခုသည် သူတို့အား လာရောက်ဖမ်းဆီးခဲ့လေသည်။ သို့ဖြင့် သူတို့သည် မိမိတို့၏အိမ်များတွင် မှောက်လျက်လဲကျသွားခဲ့ကြကုန်၏။

فَتَوَلّٰى عَنْهُمْ وَقَالَ يٰقَوْمِ لَقَدْ اَبْلَغْتُكُمْ رِسَالَةَ رَبِّىْ وَنَصَحْتُ لَكُمْ وَلٰكِنْ لَّا تُحِبُّوْنَ النّٰصِحِيْنَ ﴿٧٩﴾

၇၉။ သို့ဖြင့် (တမန်တော်'ဆွာလေဟ်'သည်) ၎င်းတို့ထံမှ မျက်နှာလွှဲဖယ်ခဲ့ပြီး အို-ကျွန်ုပ်၏အမျိုးသားအပေါင်းတို့၊ ကျွန်ုပ်သည် အသင်တို့အား ကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ သတင်းကိုပို့ဆောင်ခဲ့ပြီးဖြစ်၏။ ထို့ပြင် အသင်တို့အား သွန်သင်ဆုံးမခဲ့ပြီးဖြစ်၏။ သို့ရာတွင် အသင်တို့သည် သွန်သင်

ဆုံးမသူများအား မနှစ်သက်ကြချေဟု ပြောကြားခဲ့လေသည်။

وَلُوْطًا اِذْ قَالَ لِقَوْمِهٖٓ اَتَاْتُوْنَ الْفَاحِشَةَ مَا سَبَقَكُمْ بِهَا مِنْ اَحَدٍ مِّنَ الْعٰلَمِيْنَ ﴿٨٠﴾

၈၀။ ထို့ပြင် 'လူးတ်'ကို(လည်း စေလွှတ်တော်မူခဲ့၏။) အကြင်အခါဝယ် သူက မိမိ၏အမျိုးသားတို့အား ပြောကြားခဲ့သည်မှာ အသင်တို့အလျင် တစ်လောကလုံးတွင် မည်သူမျှ မပြုကျင့်ခဲ့သည့် အရှက်ကင်းမဲ့ဖွယ်ရာများကို အသင်တို့ ပြုကျင့်ကြပါသလော။

اِنَّكُمْ لَتَاْتُوْنَ الرِّجَالَ شَهْوَةً مِّنْ دُوْنِ النِّسَآءِ ؕ بَلْ اَنْتُمْ قَوْمٌ مُّسْرِفُوْنَ ﴿٨١﴾

၈၁။ ဧကန်စင်စစ် အသင်တို့သည် ရာဂစိတ်အတွက် မိန်းမများကိုစွန့်၍ ယောကျ်ားများထံ လာရောက်ကြသလော။ ထို့မျှမက အသင်တို့သည် လွန်စွာမှ စည်းဘောင်ကိုကျော်သောမျိုးနွယ်တစ်ရပ်ပင်တည်း။

وَمَا كَانَ جَوَابَ قَوْمِهٖٓ اِلَّآ اَنْ قَالُوْٓا اَخْرِجُوْهُمْ مِّنْ قَرْيَتِكُمْ ۚ اِنَّهُمْ اُنَاسٌ يَّتَطَهَّرُوْنَ ﴿٨٢﴾

၈၂။ သူ၏အမျိုးသားတို့အဖြေမှာ ဤသည်မှလွဲ၍ အခြားမဟုတ်ခဲ့ချေ၊ သူတို့ကို အသင်တို့၏မြို့ရွာမှ နှင်ထုတ်ကြကုန်။ စင်စစ် ဤသူများသည်ကား မိမိတို့ကိုယ်ကို လွန်စွာ သန့်ရှင်းစင်ကြယ်ဟန်ပြုသူများဖြစ်ကြပေသည်။

فَاَنْجَيْنٰهُ وَاَهْلَهٗٓ اِلَّا امْرَاَتَهٗ ۖ كَانَتْ مِنَ الْغٰبِرِيْنَ ﴿٨٣﴾

၈၃။ သို့ဖြစ်ရာ ငါတို့သည် သူ၏ဇနီးမှတစ်ပါး သူနှင့်သူ၏မိသားစုဝင်များကို ကယ်တင်တော်မူခဲ့ပေသည်။ သူမသည် နောက်ကျန်ရစ်သူများတွင် အပါအဝင်ဖြစ်ခဲ့ပေသည်။

وَاَمْطَرْنَا عَلَيْهِمْ مَّطَرًا ؕ فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الْمُجْرِمِيْنَ ﴿٨٤﴾

၈၄။ ထို့နောက် ငါတို့သည် ၎င်းတို့အပေါ် တစ်မျိုးသောမိုးကို ရွာသွန်းစေတော်မူခဲ့၏။ သို့ဖြစ်ရာ အပြစ်ကျူးလွန်သူတို့၏ ရလဒ် မည်သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုပါလေ။

ရုကူ-၁၁

وَاِلٰى مَدْيَنَ اَخَاهُمْ شُعَيْبًا ؕ قَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ قَدْ جَآءَتْكُمْ بَيِّنَةٌ مِّنْ رَّبِّكُمْ فَاَوْفُوا الْكَيْلَ وَالْمِيْزَانَ وَلَا تَبْخَسُوا النَّاسَ اَشْيَآءَهُمْ وَلَا تُفْسِدُوْا فِى الْاَرْضِ بَعْدَ اِصْلَاحِهَا ؕ ذٰلِكُمْ خَيْرٌ لَّكُمْ اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿٨٥﴾

၈၅။ ထို့ပြင် 'မဒီယန်'တို့ထံသို့ သူတို့၏ညီအစ်ကို'ရှိအိုက်ဗ်'ကို (စေလွှတ်တော်မူခဲ့၏)။ သူက ပြောကြားသည်မှာ အို-ကျွန်ုပ်၏အမျိုးသားအပေါင်းတို့၊ အလ္လာဟ်အား ခဝပ်ကိုးကွယ်ကြကုန်၊ ထိုအရှင်မြတ်မှလွဲ၍ အသင်တို့အတွက် အခြားကိုးကွယ်ခြင်းခံထိုက်သူမရှိချေ။ အမှန်ပင် အသင်တို့ထံ အသင်တို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ပွင့်လင်းထင်ရှားသော သက်သေလက္ခဏာတော် ရောက်ရှိလာခဲ့ချေပြီ။ သို့ဖြစ်ရာ အတိုင်းအထွာနှင့် အချိန်အတွယ်ကို အပြည့်အဝပေးကြကုန်။ လူတို့အား သူတို့၏ဝတ္ထုပစ္စည်းများကို လျော့၍မပေးကြကုန်လင့်။ ကမ္ဘာမြေတွင် တည်ငြိမ်အေးချမ်းစေပြီးသည့်နောက် ယင်း၌ ပျက်စီးရာပျက်စီးကြောင်းကို မဖြန့်ချိကြလင့်၊ အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်သူများဖြစ်ကြလျှင် ဤသည် အသင်တို့အဖို့ ပိုမိုကောင်းမြတ်ပေသည်။

وَلَا تَقْعُدُوْا بِكُلِّ صِرَاطٍ تُوْعِدُوْنَ وَتَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ مَنْ اٰمَنَ بِهٖ وَتَبْغُوْنَهَا عِوَجًا ۚ وَاذْكُرُوْٓا اِذْ كُنْتُمْ قَلِيْلًا فَكَثَّرَكُمْ ۚ وَانْظُرُوْا كَيْفَ كَانَ عَاقِبَةُ الْمُفْسِدِيْنَ ۝

၈၇။ ထို့ပြင် အရှင်မြတ်အား သက်ဝင်ယုံကြည်သူတို့ကို ခြိမ်းခြောက်လျက်လည်းကောင်း၊ အလ္လာဟ်၏လမ်းတော်မှ ပိတ်ပင်တားဆီးလျက်လည်းကောင်း လမ်းမတိုင်းတွင် ထိုင်မနေကြကုန်လင့်။ စင်စစ် အသင်တို့သည် ယင်း(လမ်းတော်)ကို ကွေ့ကောက်(လျက် မြင်တွေ့)လိုကြ၏။ ထို့ပြင် သတိရကြကုန်၊ အကြင်အခါဝယ် အသင်တို့သည် အနည်းငယ်မျှသာရှိခဲ့ကြ၏။ ထို့နောက် အရှင်မြတ်သည် အသင်တို့အား များပြားစေတော်မူခဲ့၏။ ပျက်စီးရာပျက်စီးကြောင်းပြုသူတို့၏ရလဒ် မည်သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုသုံးသပ်ကြလေကုန်။

وَاِنْ كَانَ طَآئِفَةٌ مِّنْكُمْ اٰمَنُوْا بِالَّذِيْٓ اُرْسِلْتُ بِهٖ وَطَآئِفَةٌ لَّمْ يُؤْمِنُوْا فَاصْبِرُوْا حَتّٰى يَحْكُمَ اللّٰهُ بَيْنَنَا ۚ وَهُوَ خَيْرُ الْحٰكِمِيْنَ ۝

၈၈။ အကယ်၍ အသင်တို့အနက်မှအုပ်စုတစ်စုသည် ကျွန်ုပ်အားပေးသနားတော်မူလျက် စေလွှတ်ခြင်းခံရသော ယင်း(လမ်းညွှန်တော်)ကို သက်ဝင်ယုံကြည်ကြပြီး အခြားအုပ်စုတစ်စုသည် သက်ဝင်ယုံကြည်မှုမရှိကြလျှင် အလ္လာဟ်က ကျွန်ုပ်တို့၏အကြား စီရင်ဆုံးဖြတ်သည်အထိ သည်းခံ၍နေပါလေ။ စင်စစ် အရှင်မြတ်သည် စီရင်ဆုံးဖြတ်သူတို့တွင် အကောင်းဆုံးဖြစ်တော်မူ၏။

قَالَ الْمَلَاُ الَّذِيْنَ اسْتَكْبَرُوْا مِنْ قَوْمِهٖ لَنُخْرِجَنَّكَ يٰشُعَيْبُ وَالَّذِيْنَ اٰمَنُوْا مَعَكَ مِنْ قَرْيَتِنَآ اَوْ لَتَعُوْدُنَّ فِيْ مِلَّتِنَا ۭ قَالَ اَوَلَوْ كُنَّا كٰرِهِيْنَ ۝

၈၉။ ထိုအခါ သူ၏အမျိုးသားတို့မှ မောက်မာပလွားကြသော အကြီးအကဲများက အို-'ရှိုအိုက်ဗ်'၊ ငါတို့သည် အသင့်အားလည်းကောင်း၊ အသင်နှင့်အတူ သက်ဝင်ယုံကြည်ကြသူများအားလည်းကောင်း ငါတို့၏မြို့ရွာမှ မုချနှင်ထုတ်ကြမည်၊ သို့တည်းမဟုတ် အသင်တို့သည် ငါတို့၏သာသနာသို့ မုချပြန်လည်၍ လာကြရပေမည်ဟုပြောကြ၏။ ထိုအခါ သူကဖြေကြားသည်မှာ အသို့နည်း၊ ကျွန်ုပ်တို့သည် လွန်စွာမှ မနှစ်မြို့ပါလျက်လည်း (ထိုသို့ပြုရပါမည်လော)။

قَدِ افْتَرَيْنَا عَلَى اللّٰهِ كَذِبًا اِنْ عُدْنَا فِيْ مِلَّتِكُمْ بَعْدَ اِذْ نَجّٰىنَا اللّٰهُ مِنْهَا ۭ وَمَا يَكُوْنُ لَنَآ اَنْ نَّعُوْدَ فِيْهَآ اِلَّآ اَنْ يَّشَاۗءَ اللّٰهُ رَبُّنَا ۭ وَسِعَ رَبُّنَا كُلَّ شَيْءٍ عِلْمًا ۭ عَلَى اللّٰهِ تَوَكَّلْنَا ۭ رَبَّنَا افْتَحْ بَيْنَنَا وَبَيْنَ قَوْمِنَا بِالْحَقِّ وَاَنْتَ خَيْرُ الْفٰتِحِيْنَ ۝

၉၀။ အလ္လာဟ်က ကျွန်ုပ်တို့အား ယင်းမှ ကယ်တင်တော်မူခဲ့ပြီးသည့်နောက်တွင် အကယ်၍ ကျွန်ုပ်တို့သည် အသင်တို့၏သာသနာသို့ ပြန်လည်၍လာရောက်ကြပါက ဧကန်မုချ ကျွန်ုပ်တို့သည် အလ္လာဟ်အား မဟုတ်မမှန် လိမ်ဆယ်သူများသာဖြစ်ကြပေမည်။ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင် ဖြစ်တော်မူသည့် အလ္လာဟ်၏အလိုတော်ဖြင့်မှတစ်ပါး ကျွန်ုပ်တို့သည် ယင်းသို့ပြန်လည်လာရောက်ရန်မှာ ကျွန်ုပ်တို့အဖို့ အလျှင်းမဖြစ်နိုင်ချေ။ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ဉာဏ်ပညာအားဖြင့် အရာအားလုံးအပေါ် လွှမ်းခြုံလျက်ရှိတော်မူ၏။ အလ္လာဟ်အပေါ်၌သာလျှင် ကျွန်ုပ်တို့သည် ယုံပုံလွဲအပ်မှုပြုကြပေသည်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့နှင့် ကျွန်တော်မျိုးတို့၏ အမျိုးသားတို့အကြားတွင် မှန်ကန်

စွာ စီရင်ဆုံးဖြတ်တော်မူပါ။ အရှင်မြတ်သည် စီရင်ဆုံးဖြတ်သူတို့တွင် အကောင်းဆုံးဖြစ်တော်မူပါ၏။

وَقَالَ الْمَلَاُ الَّذِيْنَ كَفَرُوْا مِنْ قَوْمِهٖ لَئِنِ اتَّبَعْتُمْ شُعَيْبًا اِنَّكُمْ اِذًا لَّخٰسِرُوْنَ ﴿٩٠﴾

၉၀။ ထိုအခါ သူ၏အမျိုးသားတို့အနက်မှ မယုံကြည်သူအကြီးအကဲတို့က အကယ်၍ အသင်တို့သည် 'ရှိုအိုက်ဗ်'ကို လိုက်နာကြပါက ဧကန်မုချ အသင်တို့သည် ဆုံးရှုံးနစ်နာသူများဖြစ်ကြလိမ့်မည်ဟု ပြောကြ၏။

فَاَخَذَتْهُمُ الرَّجْفَةُ فَاَصْبَحُوْا فِيْ دَارِهِمْ جٰثِمِيْنَ ﴿٩١﴾

၉၁။ သို့ဖြင့် သူတို့ကို(လည်း) ပြင်းထန်သော မြေငလျင်တစ်ခုသည် လာရောက်ဖမ်းဆီးခဲ့လေသည်။ သို့ဖြင့် ယင်းတို့သည် မိမိတို့၏အိမ်များတွင် မှောက်လျက်လဲကျသွားခဲ့ကြကုန်၏။

اَلَّذِيْنَ كَذَّبُوْا شُعَيْبًا كَاَنْ لَّمْ يَغْنَوْا فِيْهَا ۚ اَلَّذِيْنَ كَذَّبُوْا شُعَيْبًا كَانُوْا هُمُ الْخٰسِرِيْنَ ﴿٩٢﴾

၉၂။ 'ရှိုအိုက်ဗ်'ကို မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြသောသူတို့သည် ထို(ဒေသ)၌ မည်သည့်အခါကမျှ မနေခဲ့ဖူးသကဲ့သို့ ဖြစ်သွားခဲ့ကြပေသည်။ 'ရှိုအိုက်ဗ်'ကို မဟုတ်မမှန်ဟုစွပ်စွဲခဲ့ကြသော သူတို့သည်ပင်လျှင် ဆုံးရှုံးသူများဖြစ်ခဲ့ကြ၏။

فَتَوَلّٰى عَنْهُمْ وَقَالَ يٰقَوْمِ لَقَدْ اَبْلَغْتُكُمْ رِسٰلٰتِ رَبِّيْ وَنَصَحْتُ لَكُمْ ۚ فَكَيْفَ اٰسٰى عَلٰى قَوْمٍ كٰفِرِيْنَ ﴿٩٣﴾

၉၃။ သို့ဖြစ်ရာ သူသည် ယင်းတို့ထံမှ မျက်နှာလွှဲဖယ်ခဲ့ပြီး အို-ကျွန်ုပ်၏အမျိုးသားအပေါင်းတို့၊ ဧကန်စင်စစ် ကျွန်ုပ်သည် ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ သတင်းစကားအားလုံးကို အသင်တို့ထံကောင်းစွာပို့ဆောင်ခဲ့ပြီးဖြစ်၏။ အသင်တို့အား သွန်သင်ဆုံးမခဲ့ပြီးဖြစ်၏။ သို့ဖြစ်ရာ ကျွန်ုပ်သည် ငြင်းပယ်သော အမျိုးသားတို့နှင့်စပ်လျဉ်း၍ အသို့လျှင် ဝမ်းနည်းရပါမည်နည်းဟု ပြောကြားခဲ့လေသတည်း။

ရုကူး-၁၂

وَمَآ اَرْسَلْنَا فِيْ قَرْيَةٍ مِّنْ نَّبِيٍّ اِلَّآ اَخَذْنَآ اَهْلَهَا بِالْبَاْسَآءِ وَالضَّرَّآءِ لَعَلَّهُمْ يَضَّرَّعُوْنَ ﴿٩٤﴾

၉၄။ ငါတို့သည် မည်သည့်မြို့ရွာသို့မဆို တမန်တော် တစ်ပါးပါးကိုစေလွှတ်တော်မူလေတိုင်း ယင်း၌နေထိုင်သူတို့အား တစ်ခါတစ်ရံ ကျပ်တည်းမှုဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံ ဆင်းရဲဒုက္ခဖြင့်လည်းကောင်း ဖမ်းဆီးတော်မူ၏။ သို့ဖြင့် သူတို့နှိမ့်ချကျိုးနွံကြစေခြင်းအလို့ငှာဖြစ်၏။

ثُمَّ بَدَّلْنَا مَكَانَ السَّيِّئَةِ الْحَسَنَةَ حَتّٰى عَفَوْا وَّقَالُوْا قَدْ مَسَّ اٰبَآءَنَا الضَّرَّآءُ وَالسَّرَّآءُ فَاَخَذْنٰهُمْ بَغْتَةً وَّهُمْ لَا يَشْعُرُوْنَ ﴿٩٥﴾

၉၅။ ထို့နောက်တွင် ငါတို့သည် ဆိုးရွားသောအခြေအနေကို ကောင်းသောအခြေအနေဖြင့် ပြောင်းလဲပေးတော်မူခဲ့၏။ နောက်ဆုံးတွင် ထိုသူတို့သည် (ယင်းကို)လျစ်လျူရှုခဲ့ကြပြီး (ရှေးယခင်က) ကျွန်ုပ်တို့၏ဘိုးဘေးတို့အားလည်း ဆင်းရဲဒုက္ခသည်လည်းကောင်း လွယ်ကူမှုသည်လည်းကောင်း သက်ရောက်လေ့ရှိခဲ့ပေသည်ဟု ပြောဆိုကြ၏။ သို့ဖြစ်ရာ ငါတို့သည် သူတို့အမှတ်မဲ့နေခိုက် သူတို့အား ရုတ်တရက် ဖမ်းဆီးတော်မူခဲ့ပေသည်။

وَلَوْ اَنَّ اَهْلَ الْقُرٰٓى اٰمَنُوْا وَاتَّقَوْا لَفَتَحْنَا عَلَيْهِمْ بَرَكٰتٍ مِّنَ السَّمَآءِ وَالْاَرْضِ وَلٰكِنْ كَذَّبُوْا فَاَخَذْنٰهُمْ بِمَا كَانُوْا يَكْسِبُوْنَ ﴿۹۶﴾

၉၆။ အကယ်၍ မြို့ရွာများတွင် နေထိုင်သူတို့သည် သက်ဝင်ယုံကြည်လာကြပြီး ဖြူစင်ဖြောင့်မတ်ခြင်း 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်တည်ကြပါက ငါတို့သည် ဧကန်ပင် သူတို့အား မိုးကောင်းကင်မှလည်းကောင်း၊ ကမ္ဘာမြေပြင်မှလည်းကောင်း ကောင်းချီးမင်္ဂလာတံခါးများကို ဖွင့်ပေးတော်မူမည်ဖြစ်၏။ သို့ရာတွင် သူတို့သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြပေသည်။ သို့ဖြစ်ရာ ငါတို့သည် သူတို့ရွာဖွေဆည်းပူးမှု၏ရလဒ်အဖြစ် သူတို့အား ဖမ်းဆီးတော်မူခဲ့ပေသည်။

اَفَاَمِنَ اَهْلُ الْقُرٰٓى اَنْ يَّاْتِيَهُمْ بَاْسُنَا بَيَاتًا وَّهُمْ نَآئِمُوْنَ ﴿۹۷﴾

၉၇။ သို့ဖြစ်ရာ မြို့ရွာ၌နေထိုင်ကြသောသူတို့သည် ညဦးအချိန် သူတို့အိပ်ပျော်နေကြစဉ် သူတို့ထံ ငါတို့၏ အပြစ်ဒဏ်ရောက်ရှိလာခြင်းမှ လုံခြုံငြိမ်းချမ်းမှုရှိနေကြသလော။

اَوَاَمِنَ اَهْلُ الْقُرٰٓى اَنْ يَّاْتِيَهُمْ بَاْسُنَا ضُحًى وَّهُمْ يَلْعَبُوْنَ ﴿۹۸﴾

၉၉။ ထို့ပြင် မြို့ရွာတို့၌ နေထိုင်ကြသူတို့သည် နေထွက်လာပြီး ယင်းတို့သည် ကစားခုန်စားမှုတွင် နစ်မြုပ်လျက်ရှိနေကြစဉ် သူတို့ထံ ငါတို့၏ပြစ်ဒဏ်ရောက်ရှိလာခြင်းမှ လုံခြုံငြိမ်းချမ်းမှု၌ရှိနေကြသလော။

اَفَاَمِنُوْا مَكْرَ اللّٰهِ ۚ فَلَا يَاْمَنُ مَكْرَ اللّٰهِ اِلَّا الْقَوْمُ الْخٰسِرُوْنَ ﴿۹۹﴾ ع

၁၀၀။ သို့ဖြစ်ရာ ယင်းတို့သည် အလ္လာဟ်၏ အစီအမံတော်မှ လုံခြုံငြိမ်းချမ်းမှုရှိနေကြသလော။ ဆုံးရှုံးသောသူတို့မှလွဲ၍ မည်သူမျှ အလ္လာဟ်၏အစီအမံမှ လုံခြုံငြိမ်းချမ်းလိမ့်မည်ဟူသော အတွေးခေါ်မရှိကြချေတည်း။

ရုကူး-၁၃

اَوَلَمْ يَهْدِ لِلَّذِيْنَ يَرِثُوْنَ الْاَرْضَ مِنْۢ بَعْدِ اَهْلِهَآ اَنْ لَّوْ نَشَآءُ اَصَبْنٰهُمْ بِذُنُوْبِهِمْ ۚ وَنَطْبَعُ عَلٰى قُلُوْبِهِمْ فَهُمْ لَا يَسْمَعُوْنَ ﴿۱۰۰﴾

၁၀၁။ မိမိတို့အလျင် နေထိုင်ခဲ့သူများ၏နောက်တွင် ကမ္ဘာမြေကို အမွေခံသူတို့အဖို့၊ အကယ်၍ ငါတို့အလိုရှိတော်မူပါလျှင် ၎င်းတို့ကို သူတို့၏ပြစ်မှုများကြောင့် အပြစ်ဒဏ်ပေးတော်မူပြီး သူတို့သည် မည်သည့်ကြားခြင်း(နှင့် နားလည်ခြင်း)မျှမရှိနိုင်အောင် သူတို့၏စိတ်နှလုံးများကို တံဆိပ်ခတ်နှိပ်နိုင်တော်မူပေသည်ဟူသည့်စကားရပ်သည် သူတို့အား (အဆုံးအမ) လမ်းညွှန်မှုမပေးနိုင်ပါသလော။

تِلْكَ الْقُرٰى نَقُصُّ عَلَيْكَ مِنْ اَنْۢبَآئِهَا ۚ وَلَقَدْ جَآءَتْهُمْ رُسُلُهُمْ بِالْبَيِّنٰتِ ۚ فَمَا كَانُوْا لِيُؤْمِنُوْا بِمَا كَذَّبُوْا مِنْ قَبْلُ ۚ كَذٰلِكَ يَطْبَعُ اللّٰهُ عَلٰى قُلُوْبِ الْكٰفِرِيْنَ ﴿۱۰۱﴾

၁၀၂။ ဤသည်တို့ကား အကြင်မြို့ရွာများပင်ဖြစ်ကြပြီး ယင်းတို့၏(အကြောင်း)သတင်းများအနက်မှ အချို့ကို ငါတို့သည် အသင်၏ရှေ့၌ဖော်ပြတော်မူ၏။ ဧကန်မုချ သူတို့ထံ သူတို့၏တမန်တော်များသည် ပွင့်လင်းထင်ရှားသော သက်သေလက္ခဏာတော်များကို ယူဆောင်လာခဲ့ကြပေသည်။ သို့ရာတွင် သူတို့သည် ထိုသည့်အလျင်က(လည်း တမန်တော်များကို) မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြခြင်းကြောင့် သူတို့သည် ယင်းအပေါ် သက်ဝင်ယုံကြည်ရန်မထိုက်တန်ခဲ့ချေ။ ဤကဲ့သို့ပင် အလ္လာဟ်သည် မယုံကြည်ငြင်းပယ်သူတို့၏ စိတ်နှလုံးများအပေါ်တွင်

တံဆိပ်ခတ်နှိပ်တော်မူ၏။

وَمَا وَجَدْنَا لِاَكْثَرِهِمْ مِّنْ عَهْدٍ ۚ وَاِنْ وَّجَدْنَآ اَكْثَرَهُمْ لَفٰسِقِيْنَ ۝١٠٢

၁၀၃။ ငါတို့သည် ထိုသူတို့အနက် များစွာသော သူတို့အား မည်သည့်ကတိကဝတ်ကိုမျှ အလေးထားသည်ကို တွေ့ရှိတော်မမူခဲ့ချေ။ ထို့ပြင် ဧကန်ပင် ငါတို့သည် သူတို့မှ များစွာတို့ကို အကျင့်ဆိုးယုတ်သူများအဖြစ် တွေ့ရှိတော်မူခဲ့ပေသည်။

ثُمَّ بَعَثْنَا مِنْۢ بَعْدِهِمْ مُّوْسٰى بِاٰيٰتِنَآ اِلٰى فِرْعَوْنَ وَمَلَا۟ئِهٖ فَظَلَمُوْا بِهَا ۚ فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الْمُفْسِدِيْنَ ۝١٠٣

၁၀၄။ ထို့နောက် သူတို့၏နောက်တွင် ငါတို့သည် 'မူစာ'အား မိမိ၏သက်သေလက္ခဏာတော်များနှင့်အတူ 'ဖိရ်အောင်'နှင့် သူ၏အကြီးအကဲတို့ထံ စေလွှတ်တော်မူခဲ့ပေရာ သူတို့သည် ယင်း(သက်သေလက္ခဏာတော်များ)ကို တရားလက်လွတ် ပြုမူခဲ့ကြပေသည်။ သို့ဖြစ်ရာ ပျက်စီးရာပျက်စီးကြောင်းပြုလုပ်သောသူတို့၏ရလဒ် မည်ကဲ့သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုပါလေ။

وَقَالَ مُوْسٰى يٰفِرْعَوْنُ اِنِّيْ رَسُوْلٌ مِّنْ رَّبِّ الْعٰلَمِيْنَ ۝١٠٤

၁၀၅။ 'မူစာ'က ပြောကြားသည်မှာ အို-'ဖိရ်အောင်'၊ ဧကန်မုချ ကျွန်ုပ်သည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ တမန်တော်တစ်ပါးဖြစ်၏။

حَقِيْقٌ عَلٰٓى اَنْ لَّآ اَقُوْلَ عَلَى اللّٰهِ اِلَّا الْحَقَّ ۭ قَدْ جِئْتُكُمْ بِبَيِّنَةٍ مِّنْ رَّبِّكُمْ فَاَرْسِلْ مَعِيَ بَنِيْٓ اِسْرَاۗءِيْلَ ۝١٠٥

၁၀၆။ အလ္လာဟ်နှင့်စပ်လျဉ်းပြီး အမှန်မှလွဲ၍ အခြားမည်သည်ကိုမျှမပြောဆိုရန် ကျွန်ုပ်အပေါ် ၌ တာဝန်ရှိပေသည်။ ဧကန်မုချ ကျွန်ုပ်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ အသင်တို့ထံ လင်းဝင်းထင်ရှားသော သက်သေလက္ခဏာတော်တစ်ရပ်ကို ယူဆောင်လာခဲ့ပေပြီ၊ သို့ဖြစ်ရာ (အို-ဖိရ်အောင်) အသင်သည် 'အစ္စရာအီလ်'မျိုးနွယ်တို့ကို ကျွန်ုပ်နှင့်အတူ လွှတ်ပေးပါလေ။

قَالَ اِنْ كُنْتَ جِئْتَ بِاٰيَةٍ فَاْتِ بِهَآ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ۝١٠٦

၁၀၇။ သူက (အို-မူစာ) အကယ်၍ အသင်သည် အမှန်တကယ် သက်သေလက္ခဏာတစ်ရပ်ရပ်ယူဆောင်ခဲ့၍ အသင်သည် မှန်ကန်သူများတွင် အပါအဝင်ဖြစ်ခဲ့ပါလျှင် ယင်းကို တင်ပြလော့ဟုပြောလေ၏။

فَاَلْقٰى عَصَاهُ فَاِذَا هِيَ ثُعْبَانٌ مُّبِيْنٌ ۝١٠٧

၁၀၈။ ထိုအခါ သူသည် မိမိ၏တောင်ဝှေးကိုပစ်ချလိုက်လေရာ၊ ယင်းသည် ရုတ်တရက် အထင်အရှားတွေ့မြင်ရသော မြွေကြီးတစ်ကောင်ဖြစ်သွားခဲ့လေသည်။

وَّنَزَعَ يَدَهٗ فَاِذَا هِيَ بَيْضَاۗءُ لِلنّٰظِرِيْنَ ۝١٠٨ۧ

၁၀၉။ ထို့ပြင် သူသည် မိမိ၏လက်ကိုထုတ်လိုက်ရာ ရုတ်တရက် ယင်းသည် ကြည့်ရှုသူတို့အဖို့ ဖြူဖွေးလျက်ရှိသည်ကို မြင်တွေ့ရလေသည်။ ۝

۝ အာယတ်တော်(၁၀၈)နှင့် (၁၀၉)တို့တွင် ဖော်ပြထားသော သက်သေလက္ခဏာတော်နှစ်ရပ်မှာ အလ္လာဟ်အရှင်မြတ်ထံတော်မှ တမန်တော်'မူစာ'ﷺနှင့် တမန်တော်'ဟာရွန်'ﷺတို့အား ပေးသနားချီးမြှင့်တော်မူသော နိမိတ်ကြီးကိုးရပ်အနက်မှ ဖြစ်ပေသည်။ အခြားသောအာယတ်တော်များအားဖြင့်သိရှိရသည်မှာ တောင်ဝှေးသည် အမှန်တကယ် မြွေဖြစ်သွားခြင်းမဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်၏အစီအမံဖြင့် ကြည့်ရှုနေကြသူတို့၏အမြင်တွင် တောင်ဝှေးကိုမြွေအဖြစ်မြင်တွေ့ခဲ့ကြရခြင်းဖြစ်ပေသည်။ ဤကဲ့သို့ပင် တမန်တော်'မူစာ'ﷺ၏လက်အရောင်အသွေးမှာ နဂိုသဘာဝအရောင်အသွေးဖြင့်သာရှိနေခဲ့သော်လည်း ကြည့်ရှုနေကြသူတို့သည် ယင်းကို အံ့ဖွယ်နိမိတ်အဖြစ် ဖြူဖွေးတောက်ပလျက်မြင်တွေ့ကြရခြင်းဖြစ်ပေသည်။

ရုကူး-၁၄

قَالَ الْمَلَاُ مِنْ قَوْمِ فِرْعَوْنَ اِنَّ هٰذَا لَسٰحِرٌ عَلِيْمٌ ﴿١١٠﴾

၁၁၀။ 'ဖိရ်အောင်'၏အမျိုးသားတို့မှ အကြီးအကဲတို့က ပြောဆိုကြသည်မှာ၊ ကောန်မုချ ဤသူသည် ကျွမ်းကျင်သော မှော်ဆရာတစ်ဦးပင်ဖြစ်သည်၊

يُّرِيْدُ اَنْ يُّخْرِجَكُمْ مِّنْ اَرْضِكُمْ ۚ فَمَاذَا تَاْمُرُوْنَ ﴿١١١﴾

၁၁၁။ သူသည် အသင်တို့အား အသင်တို့၏နိုင်ငံမှ နှင်ထုတ်ပစ်လို၏။ (ထိုအခါ 'ဖိရ်အောင်'က) သို့ဖြစ်လျှင် အသင်တို့သည် မည်သည့်အကြံဉာဏ်ကိုပေးကြမည်နည်း(ဟု ပြောလေ၏။)

قَالُوْٓا اَرْجِهْ وَاَخَاهُ وَاَرْسِلْ فِى الْمَدَآئِنِ حٰشِرِيْنَ ﴿١١٢﴾

၁၁၂။ ယင်းတို့က လျှောက်ထားကြသည်မှာ၊ သူနှင့် သူ၏အစ်ကိုတို့အား ခေတ္တဆိုင်းငံ့ခွင့်ပေးပါလေ၊ ထို့ပြင် အမြို့မြို့ အရွာရွာသို့ ဆင့်ခေါ်စုရုံးသူများအား စေလွှတ်ပါလေ၊

يَاْتُوْكَ بِكُلِّ سَحَّارٍ عَلِيْمٍ ﴿١١٣﴾

၁၁၃။ ယင်းတို့သည် အသင့်ထံသို့ အမျိုးမျိုးသော ကျွမ်းကျင်သည့် မှော်ဆရာကြီးများကို ခေါ်ဆောင်လာရန်ဖြစ်၏။

وَجَآءَ السَّحَرَةُ فِرْعَوْنَ قَالُوْٓا اِنَّ لَنَا لَاَجْرًا اِنْ كُنَّا نَحْنُ الْغٰلِبِيْنَ ﴿١١٤﴾

၁၁၄။ သို့ဖြင့် 'ဖိရ်အောင်'ထံသို့ မှော်ဆရာများ ရောက်ရှိလာခဲ့ကြ၏။ ယင်းတို့က အကယ်၍ ကျွန်ုပ်တို့သာ အောင်နိုင်ခဲ့ကြပါလျှင် ကျွန်ုပ်တို့အတွက် ကြီးကျယ်သော ဆုလာဘ်တစ်ခုခု မုချရှိပါမည်လောဟု ပြောဆိုကြ၏။

قَالَ نَعَمْ وَاِنَّكُمْ لَمِنَ الْمُقَرَّبِيْنَ ﴿١١٥﴾

၁၁၅။ သူ(ဖိရ်အောင်)က မှန်ပေသည်၊ (အသင်တို့ဆုလာဘ် ရရှိကြမည်)။ ထို့ပြင် အမှန်ပင် အသင်တို့သည် (ငါနှင့်) နီးစပ်သူများတွင်လည်း အပါအဝင်ဖြစ်သွားကြပေမည်ဟု ပြောလေ၏။

قَالُوْا يٰمُوْسٰٓى اِمَّآ اَنْ تُلْقِيَ وَاِمَّآ اَنْ نَّكُوْنَ نَحْنُ الْمُلْقِيْنَ ﴿١١٦﴾

၁၁၆။ ယင်း(မှော်ဆရာ)တို့က အို-'မူစာ'၊ အသင်သည် (ဦးစွာ)ပစ်မည်လော၊ သို့တည်းမဟုတ် ကျွန်ုပ်တို့က (ဦးစွာ)ပစ်သည့်သူများဖြစ်ရမည်လောဟု ပြောလေ၏။

قَالَ اَلْقُوْا ۚ فَلَمَّآ اَلْقَوْا سَحَرُوْٓا اَعْيُنَ النَّاسِ وَاسْتَرْهَبُوْهُمْ وَجَآءُوْ بِسِحْرٍ عَظِيْمٍ ﴿١١٧﴾

၁၁၇။ သူက အသင်တို့ပစ်ကြလော့ဟုပြော၏။ သို့ဖြင့် ယင်းတို့ပစ်ချလိုက်သောအခါ လူအများ၏မျက်စိများကို လှည့်စားမှုပြုခဲ့ပေသည်။ ထို့ပြင် သူတို့အား လွန်စွာမှ ကြောက်ရွံ့စေခဲ့လေသည်။ စင်စစ် သူတို့သည် အလွန်ကြီးမားသော လှည့်စားမှုတစ်ရပ်ကို ယူဆောင်လာခဲ့ကြပေသည်။

وَاَوْحَيْنَآ اِلٰى مُوْسٰٓى اَنْ اَلْقِ عَصَاكَ ۚ فَاِذَا هِيَ تَلْقَفُ مَا يَاْفِكُوْنَ ﴿١١٨﴾

၁၁၈။ ထိုအခါ ငါတို့သည် 'မူစာ'အား အသင်သည် မိမိ၏တောင်ဝှေးကိုပစ်ချလော့ဟု 'ဝဟီ' ဗျာဒိတ်ပို့ချတော်မူ၏။ သို့ဖြင့် ယင်း(တောင်ဝှေး)သည် သူတို့လိမ်ဆယ်ဖန်တီးထားသည့် လိမ်လည်မှုကို ရုတ်တရက် မျိုပစ်လိုက်လေ၏။ ②

② အာယတ်တော်(၁၁၇)နှင့် (၁၁၈)တို့တွင် **سحر** ၏အစစ်အမှန်သဘောကိုရှင်းပြမိန့်ကြားထားတော်မူပေသည်။ سَحَرُوْٓا اَعْيُنَ النَّاسِ ဟု မိန့်ကြားထားပြီး ယင်းမှာ ၎င်းတို့၏မျက်စိများတွင် (Mesmerism) စိတ်ညှိုပညာတစ်မျိုးဖြင့် ဖမ်းစားခြင်းခံရသည့်နှယ် ဖြစ်သွားခဲ့ကြသည်ဟု မိန့်ကြားတော်မူခြင်းဖြစ်သည်။ စင်စစ်မူကား မှော်ဆရာတို့၏ကြိုးများမှာ နဂိုအတိုင်း ကြိုးများအဖြစ်သာရှိခဲ့ပေသည်။ ယင်း၏အကျိုးသက်ရောက်မှုမှာ တမန်တော်'မူစာ'ﷺအပေါ်တွင်လည်း သက်ရောက်မှုရှိခဲ့လေသည်။ သို့ရာတွင် အလွှာတ်အရှင်ဖြတ်က ➪

فَوَقَعَ الْحَقُّ وَبَطَلَ مَا كَانُوْا يَعْمَلُوْنَ ﴿١١٨﴾

၁၁၉။ သို့ဖြင့် အမှန်တရားသည် ပေါ်လွင်ထင်ရှားခဲ့လေ၏။ ယင်းတို့ပြုလုပ်ခဲ့သည်များမှာ လိမ်လည်ကြောင်း ထင်ပေါ်လာခဲ့လေသည်။

فَغُلِبُوْا هُنَالِكَ وَانْقَلَبُوْا صٰغِرِيْنَ ﴿١١٩﴾

၁၂၀။ သို့ဖြစ်ရာ ယင်းတို့သည် ထိုနေရာ၌ပင် အရေးရှုံးနိမ့်ခဲ့ကြလေသည်။ ထို့ပြင် ဂုဏ်သရေယုတ်လျော့လျက် ပြန်လှည့်ခဲ့ကြရပေသည်။

وَاُلْقِيَ السَّحَرَةُ سٰجِدِيْنَ ﴿١٢٠﴾

၁၂၁။ ထို့ပြင် မှော်ဆရာတို့သည် ဦးချသည့် အခြေအနေ၌ မှောက်လဲသွားခဲ့ကြရပေသည်။

قَالُوْٓا اٰمَنَّا بِرَبِّ الْعٰلَمِيْنَ ﴿١٢١﴾

၁၂၂။ ယင်းတို့က ပြောကြသည်မှာ ကျွန်ုပ်တို့သည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသည့်အရှင်အား သက်ဝင်ယုံကြည်ကြပါပြီ၊

رَبِّ مُوْسٰى وَهٰرُوْنَ ﴿١٢٢﴾

၁၂၃။ ထိုအရှင်သည် 'မူစာ'နှင့် 'ဟာရွန်'တို့၏ ဖန်ဆင်းမွေးမြူတော်မူသောအရှင်လည်း ဖြစ်တော်မူပါ၏။

قَالَ فِرْعَوْنُ اٰمَنْتُمْ بِهٖ قَبْلَ اَنْ اٰذَنَ لَكُمْ ۚ اِنَّ هٰذَا لَمَكْرٌ مَّكَرْتُمُوْهُ فِي الْمَدِيْنَةِ لِتُخْرِجُوْا مِنْهَآ اَهْلَهَا ۚ فَسَوْفَ تَعْلَمُوْنَ ﴿١٢٣﴾

၁၂၄။ ထိုအခါ 'ဖိရိအောင်'ကပြောသည်မှာ- ငါက အသင်တို့အား ခွင့်မပြုမီအလျင် အသင်တို့သည် သူ့အား သက်ဝင်ယုံကြည်ကြပေသလော၊ ဧကန်မုချ ဤကား ဤမြို့၌ အသင်တို့စီစဉ်ခဲ့သော ကြံစည်မှုတစ်ရပ်ဖြစ်ပြီး၊ ယင်း၌ နေထိုင်သူများကို ယင်းမှမောင်းထုတ်ခေါ်ဆောင်သွားရန် (ကြံစည်ကြခြင်း) ဖြစ်၏။ သို့ဖြစ်ရာ မကြာမီ အသင်တို့သိရှိသွားကြရပေမည်။

لَاُقَطِّعَنَّ اَيْدِيَكُمْ وَاَرْجُلَكُمْ مِّنْ خِلَافٍ ثُمَّ لَاُصَلِّبَنَّكُمْ اَجْمَعِيْنَ ﴿١٢٤﴾

၁၂၅။ ငါသည် ဧကန်မုချ အသင်တို့၏လက်များနှင့် ခြေထောက်များကို (ဝဲယာတစ်ဖက်စီ) ဆန့်ကျင်သောဘက်များမှဖြတ်တောက်ပစ်မည်။ ထို့ပြင် အသင်တို့အားလုံးကို စုဝေး၍ ဧကန်ပင် လက်ဝါးကပ်တိုင်တင်မည်။

قَالُوْٓا اِنَّآ اِلٰى رَبِّنَا مُنْقَلِبُوْنَ ﴿١٢٥﴾

၁၂၆။ ထိုအခါ ယင်း(မှော်ဆရာ)တို့က ပြောကြားကြသည်မှာ ကျွန်ုပ်တို့သည် ဧကန်စင်စစ် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်သို့ ပြန်သွားကြရမည့်သူများ ဖြစ်ကြပေသည်။

وَمَا تَنْقِمُ مِنَّآ اِلَّآ اَنْ اٰمَنَّا بِاٰيٰتِ رَبِّنَا لَمَّا جَآءَتْنَا ۭ رَبَّنَآ اَفْرِغْ عَلَيْنَا صَبْرًا وَّتَوَفَّنَا مُسْلِمِيْنَ ﴿١٢٦﴾ ۧ

၁၂၇။ ထို့ပြင် ကျွန်ုပ်တို့က မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ကျွန်ုပ်တို့ထံသို့ရောက်ရှိလာသော သက်သေလက္ခဏာတော်များကို သက်ဝင်ယုံကြည်လာခြင်းကြောင့်မှတစ်ပါး အသင်သည် ကျွန်ုပ်တို့အား အခြားအကြောင်းကြောင့် ပြစ်တင်ကြိမ်းမောင်းသည်မဟုတ်ချေ။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အပေါ် သည်းခံမြဲမြံမှုကို သွန်းလောင်းပေးသနားတော်မူပါ၊ ထို့ပြင် ကျွန်တော်မျိုးတို့အား 'မွတ်စလင်'အဖြစ်ဖြင့်သာ သေဆုံးစေတော်မူပါ။

➤ တောင်ဝေးကိုပစ်ချလိုက်ရန်မိန့်ကြားတော်မူသောအခါ ရုတ်ချည်းပင် မှော်ဆရာများ၏မှော်ပညာသည် ကျိုးပျက်၍သွားလေသည်။ ထို့နောက် ကြည့်ရှုနေသူတို့၏ ဦးနှောက်အာရုံတွင် ယင်း၏ အကျိုးသက်ရောက်မှုမှာ ပျက်ပြယ်၍သွားပေသည်။

ရုကူး-၁၅

وَقَالَ الْمَلَاُ مِنْ قَوْمِ فِرْعَوْنَ اَتَذَرُ مُوْسٰى وَقَوْمَهٗ لِيُفْسِدُوْا فِى الْاَرْضِ وَيَذَرَكَ وَاٰلِهَتَكَ ؕ قَالَ سَنُقَتِّلُ اَبْنَآءَهُمْ وَنَسْتَحْىٖ نِسَآءَهُمْ ۚ وَاِنَّا فَوْقَهُمْ قٰهِرُوْنَ ﴿۱۲۷﴾

၁၂၈။ ထို့နောက် 'ဖိရ်အောင်'၏အမျိုးသားတို့မှ အကြီးအကဲများက အသင်သည် 'မူစာ'နှင့် သူ၏အမျိုးသားတို့ကို ကမ္ဘာမြေပြင်တွင် ပျက်စီးရာပျက်စီးကြောင်းပြုကြစေရန်လည်းကောင်း၊ အသင်နှင့် အသင်၏ကိုးကွယ်ရာများကိုလည်း ပစ်ပယ်ကြစေရန်လည်းကောင်း အတားအဆီးမရှိ လွတ်ထားပါမည်လောဟု ပြောကြားကြလေ၏။ ထိုအခါ သူ(ဖိရ်အောင်)က ဧကန်မုချ ငါတို့သည် ယင်းတို့၏သားများကို ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ပစ်ကြမည်၊ သူတို့၏အမျိုးသမီးများကိုမူ အသက်ရှင်ခွင့်ပေးကြမည်၊ ဧကန်မုချ ငါတို့သည် သူတို့အပေါ် ခက်ထန်စွာ နိုင်နင်းလွှမ်းမိုးလျက်ရှိပေသည်ဟု ပြောလေ၏။

قَالَ مُوْسٰى لِقَوْمِهِ اسْتَعِيْنُوْا بِاللّٰهِ وَاصْبِرُوْا ۚ اِنَّ الْاَرْضَ لِلّٰهِ ۙ يُوْرِثُهَا مَنْ يَّشَآءُ مِنْ عِبَادِهٖ ؕ وَالْعَاقِبَةُ لِلْمُتَّقِيْنَ ﴿۱۲۸﴾

၁၂၉။ 'မူစာ'က မိမိ၏အမျိုးသားတို့အား (အချင်းတို့) အလ္လာဟ်၏ထံတော်မှ အကူအညီတောင်းခံကြကုန်၊ ထို့ပြင် သည်းခံမြဲမြံကြကုန်၊ ဧကန်မုချ တိုင်းနိုင်ငံကို အလ္လာဟ်သည် သာ စိုးပိုင်တော်မူ၏။ အရှင်မြတ်သည် မိမိ၏အစေတော်များအနက် မိမိနှစ်သက်တော်မူသောသူအား ယင်း၏အမွေခံ ပြုလုပ်တော်မူပေမည်။ စင်စစ် နောက်ဆုံးရလဒ်သည်ကား အရှင်မြတ်အား ကြောက်ရွံ့ရိုကျိုးသူ 'မွတ္တကီ'တို့အဖို့သာဖြစ်၏ဟု ပြောဆိုခဲ့လေသည်။

قَالُوْٓا اُوْذِيْنَا مِنْ قَبْلِ اَنْ تَاْتِيَنَا وَمِنْۢ بَعْدِ مَا جِئْتَنَا ؕ قَالَ عَسٰى رَبُّكُمْ اَنْ يُّهْلِكَ عَدُوَّكُمْ وَيَسْتَخْلِفَكُمْ فِى الْاَرْضِ فَيَنْظُرَ كَيْفَ تَعْمَلُوْنَ ﴿۱۲۹﴾

၁၃၀။ သူ(၏အမျိုးသား)တို့က (အိုး-မူစာ) အသင် ကျွန်ုပ်တို့ထံ မရောက်လာမီအလျင်ကလည်းကောင်း၊ အသင်ကျွန်ုပ်တို့ထံ ရောက်ရှိလာပြီးနောက်တွင်လည်းကောင်း ကျွန်ုပ်တို့အား ညှဉ်းပန်းနှိပ်စက်ခဲ့ကြပေသည်ဟု ပြောကြ၏။ ထိုအခါ သူက အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အသင်တို့၏ရန်သူများကို ဖျက်ဆီးသုတ်သင်ပစ်တော်မူပြီး အသင်တို့အား တိုင်းနိုင်ငံကိုဆက်ခံသူများ ပြုလုပ်ရန်မှာနှံးကပ်လျက်ရှိ၏။ ထို့နောက် အသင်တို့ မည်သို့ပြုမူကျင့်ကြံကြသည်ကို အရှင်မြတ်ကြည့်ရှုတော်မူလိမ့်မည်ဟု ပြောကြားလေသတည်း။

ရုကူး-၁၆

وَلَقَدْ اَخَذْنَآ اٰلَ فِرْعَوْنَ بِالسِّنِيْنَ وَنَقْصٍ مِّنَ الثَّمَرٰتِ لَعَلَّهُمْ يَذَّكَّرُوْنَ ﴿۱۳۰﴾

၁၃၁။ ဧကန်ပင် ငါတို့သည် 'ဖိရ်အောင်'၏အမျိုးသားတို့အား ငတ်မွတ်ခေါင်းပါးခြင်းနှင့်အတူ သစ်သီးဝလံများ ဆုံးရှုံးစေခြင်းတို့ဖြင့် ဖမ်းဆီးတော်မူ၏။ သို့ဖြင့် ယင်းတို့ အဆုံးအမ သင်ခန်းစာရစိမ့်သောဌာဖြစ်၏။

فَاِذَا جَآءَتْهُمُ الْحَسَنَةُ قَالُوْا لَنَا هٰذِهٖ ۚ

၁၃၂။ သို့ဖြစ်ရာ သူတို့ထံ တစ်စုံတစ်ရာ ကောင်းမြတ်မှု ရောက်ရှိလာသောအခါ သူတို့က ဤသည် ကျွန်ုပ်တို့အတွက်

وَاِنْ تُصِبْهُمْ سَيِّئَةٌ يَّطَّيَّرُوْا بِمُوْسٰى وَمَنْ مَّعَهٗ ؕ اَلَآ اِنَّمَا طٰٓئِرُهُمْ عِنْدَ اللّٰهِ وَلٰكِنَّ اَكْثَرَهُمْ لَا يَعْلَمُوْنَ ﴿۱۳۱﴾

သာလျှင်ဖြစ်ပေသည်ဟု ပြောကြားကြလေသည်။ ထို့ပြင် သူတို့ထံ တစ်စုံတစ်ရာ မကောင်းမှုဆိုက်ရောက်လာသောအခါ၊ သူတို့က ယင်းသည် 'မူစာ'နှင့် သူ၏အပေါင်းအဖော်များ၏ အကုသိုလ်ဟု သတ်မှတ်ကြပေသည်။ မှတ်သားကြလော့၊ သူတို့၏ အကုသိုလ်မှတ်တမ်းသည် အလ္လာဟ်၏ထံတော်၌ရှိပေသည်။ သို့ရာတွင် သူတို့အနက်အများစုသည် မသိရှိကြချေ။

وَقَالُوْا مَهْمَا تَاْتِنَا بِهٖ مِنْ اٰيَةٍ لِّتَسْحَرَنَا بِهَا ۙ فَمَا نَحْنُ لَكَ بِمُؤْمِنِيْنَ ﴿۱۳۲﴾

၁၃၂။ ထို့ပြင် သူတို့က (အို-မူစာ) အသင်သည် ကျွန်ုပ်တို့အားပြုစားရန် မည်သို့သောနိမိတ်လက္ခဏာကိုမဆို ယူဆောင်လာလိုလျှင် ယူဆောင်လာပါလေ၊ သို့တိုင်အောင်လည်း ကျွန်ုပ်တို့သည် အသင့်အား အလျှင်းယုံကြည်လာမည့်သူများ မဟုတ်ကြချေဟုပြောကြ၏။

فَاَرْسَلْنَا عَلَيْهِمُ الطُّوْفَانَ وَالْجَرَادَ وَالْقُمَّلَ وَالضَّفَادِعَ وَالدَّمَ اٰيٰتٍ مُّفَصَّلٰتٍ فَاسْتَكْبَرُوْا وَكَانُوْا قَوْمًا مُّجْرِمِيْنَ ﴿۱۳۳﴾

၁၃၃။ သို့ဖြစ်ရာ ငါတို့သည် သူတို့အပေါ် လေပြင်းမုန်တိုင်းကိုလည်းကောင်း၊ ကျိုင်းကောင်များကိုလည်းကောင်း၊ သန်းများကိုလည်းကောင်း၊ ဖားများကိုလည်းကောင်း၊ သွေးများကိုလည်းကောင်း စေလွှတ်တော်မူခဲ့ပေသည်။ ယင်းတို့သည် သီးခြားစီဖြစ်သော နိမိတ်လက္ခဏာများဖြစ်ခဲ့ကြ၏။ သို့တိုင်အောင်လည်း သူတို့သည် မာန်မာနထောင်လွှားခဲ့ကြပေသည်။ စင်စစ် သူတို့သည် အပြစ်ကျူးလွန်သူများ ဖြစ်ခဲ့ကြ၏။

وَلَمَّا وَقَعَ عَلَيْهِمُ الرِّجْزُ قَالُوْا يٰمُوْسَى ادْعُ لَنَا رَبَّكَ بِمَا عَهِدَ عِنْدَكَ ۚ لَئِنْ كَشَفْتَ عَنَّا الرِّجْزَ لَنُؤْمِنَنَّ لَكَ وَلَنُرْسِلَنَّ مَعَكَ بَنِيْٓ اِسْرَآءِيْلَ ﴿۱۳۴﴾

၁၃၄။ ထို့ပြင် သူတို့အပေါ် ပြစ်ဒဏ်ဆိုက်ရောက်လာသောအခါတိုင်း သူတို့က အို-မူစာ၊ အရှင်မြတ်က အသင်နှင့် ပြုထားတော်မူသောကတိတော်ကို အကြောင်းပြုလျက် အသင်၏ဖန်ဆင်းမွေးမြူရှင်ထံတော်၌ ကျွန်ုပ်တို့အတွက် 'ဒိုအာ' ဆုတောင်းမှုပြုပါလေ။ သို့ဖြစ်ရာ အကယ်၍ အသင်သည် ကျွန်ုပ်တို့ထံမှ ဤပြစ်ဒဏ်ကို ဖယ်ရှားပစ်ပါလျှင် ကျွန်ုပ်တို့သည် ဧကန်မုချ အသင်၏စကားကိုလက်ခံကြပေမည်။ ထို့ပြင် ဧကန်မုချ 'အစ္စရာအီလ်' အမျိုးသားတို့ကိုလည်း အသင်နှင့်အတူ လွှတ်လိုက်ပါမည်ဟုပြောကြားကြ၏။

فَلَمَّا كَشَفْنَا عَنْهُمُ الرِّجْزَ اِلٰٓى اَجَلٍ هُمْ بٰلِغُوْهُ اِذَا هُمْ يَنْكُثُوْنَ ﴿۱۳۵﴾

၁၃၆။ သို့ရာတွင် ငါတို့သည် သူတို့ထံ မလွဲမသွေရောက်ရှိရမည့်အပြစ်ဒဏ်ကို သတ်မှတ်ထားသော အချိန်ကာလတစ်ရပ်တိုင်အောင် သူတို့ထံမှ ဖယ်ရှားပေးတော်မူလိုက်သောအခါ၊ သူတို့သည် ရုတ်ခြည်းပင် ကတိချိုးဖောက်ကြလေ၏။

فَانْتَقَمْنَا مِنْهُمْ فَاَغْرَقْنٰهُمْ فِى الْيَمِّ بِاَنَّهُمْ كَذَّبُوْا بِاٰيٰتِنَا وَكَانُوْا عَنْهَا غٰفِلِيْنَ ﴿۱۳۶﴾

၁၃၇။ သို့ဖြစ်ရာ ငါတို့သည် သူတို့အား လက်တုံ့ပြန်တော်မူခဲ့၏။ ထို့ပြင် သူတို့အား ပင်လယ်၌ နှစ်မြုပ်ပစ်တော်မူ၏။ အကြောင်းမူ သူတို့သည် ငါတို့၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြပြီး၊ သူတို့သည် ယင်းကို ဂရုမစိုက် လျစ်လျူရှုခဲ့ကြသောကြောင့်တည်း။

وَاَوْرَثْنَا الْقَوْمَ الَّذِيْنَ كَانُوْا يُسْتَضْعَفُوْنَ مَشَارِقَ الْاَرْضِ وَمَغَارِبَهَا الَّتِيْ بٰرَكْنَا فِيْهَا ۭ وَتَمَّتْ كَلِمَتُ رَبِّكَ الْحُسْنٰى عَلٰي بَنِيْٓ اِسْرَاۗءِيْلَ ۙ بِمَا صَبَرُوْا ۭ وَدَمَّرْنَا مَا كَانَ يَصْنَعُ فِرْعَوْنُ وَقَوْمُهٗ وَمَا كَانُوْا يَعْرِشُوْنَ ۝۱۳۷

၁၃၈။ ထို့ပြင် ငါတို့သည် (ကမ္ဘာမြေပြင်တွင်) အင်အားချည့်နဲ့သူများဟု ထင်မြင်ခြင်းခံကြရသူတို့အား ငါတို့ ကောင်းချီးမင်္ဂလာပေးတော်မူထားသော ဤကမ္ဘာမြေ၏ အရှေ့အရပ်များနှင့် အနောက်အရပ်များ၏အမွေခံဖြစ်စေတော်မူခဲ့၏။ ထို့ပြင် 'အစ္စရာအီလ်'အမျိုးသားတို့အဖို့ သူတို့ပြုကျင့်လေ့ရှိခဲ့သော သည်းခံမှုကြောင့် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၏ လှပသောစကားရပ်များသည် မှန်ကန်ပြည့်စုံခဲ့ပေသည်။ ထို့ပြင် ငါတို့သည် 'ဖိရ်အောင်'နှင့် သူ၏အမျိုးသားတို့ပြုလုပ်ခဲ့ကြသည်များကိုလည်းကောင်း၊ သူတို့တည်ဆောက်ခဲ့ကြသော မြင့်မားသည့် အဆောက်အအုံများကိုလည်းကောင်း ဖျက်ဆီးပစ်တော်မူခဲ့ပေသည်။

وَجٰوَزْنَا بِبَنِيْٓ اِسْرَاۗءِيْلَ الْبَحْرَ فَاَتَوْا عَلٰي قَوْمٍ يَّعْكُفُوْنَ عَلٰٓي اَصْنَامٍ لَّهُمْ ۚ قَالُوْا يٰمُوْسَى اجْعَلْ لَّنَآ اِلٰهًا كَمَا لَهُمْ اٰلِهَةٌ ۭ قَالَ اِنَّكُمْ قَوْمٌ تَجْهَلُوْنَ ۝۱۳۸

၁၃၉။ ထို့ပြင် ငါတို့သည် 'အစ္စရာအီလ်' အမျိုးသားတို့အား ပင်လယ်ကိုဖြတ်သန်း၍ ဆောင်ယူလာတော်မူခဲ့ပေသည်။ ထို့နောက် မိမိတို့၏ရုပ်တုများရှေ့တွင် (ပူဇော်ပသမှုပြုလျက်) ထိုင်နေကြသော လူမျိုးနွယ်တစ်ခုထံမှ သူတို့သည် ဖြတ်သန်းခဲ့ကြ၏။ သူတို့က အို-မူစာ၊ ကျွန်ုပ်တို့အတွက်လည်း သူတို့၏ကိုးကွယ်ရာများကဲ့သို့ ကိုးကွယ်ရာကိုပြုလုပ်ပေးပါဟု တောင်းဆိုကြ၏။ သူကဖြေကြားသည်မှာ၊ ဧကန်မုချ အသင်တို့သည် အလွန်တရာ အသိဉာဏ်ကင်းမဲ့ မိုက်မဲသောသူများ ဖြစ်ကြပေတကား။

اِنَّ هٰٓؤُلَاۗءِ مُتَبَّرٌ مَّا هُمْ فِيْهِ وَبٰطِلٌ مَّا كَانُوْا يَعْمَلُوْنَ ۝۱۳۹

၁၄၀။ ဧကန်မုချ ထိုသူတို့ရှိနေသည့် အခြေအနေသည် ပျက်စီးသွားမည်သာဖြစ်၏။ ထို့ပြင် သူတို့ပြုမူနေကြသော ကျင့်ကြံမှုသည် အချည်းနှီးသာဖြစ်၏။

قَالَ اَغَيْرَ اللّٰهِ اَبْغِيْكُمْ اِلٰهًا وَّهُوَ فَضَّلَكُمْ عَلَي الْعٰلَمِيْنَ ۝۱۴۰

၁၄၁။ သူ(မူစာ)က (ဆက်လက်၍) ကျွန်ုပ်သည် အလ္လာဟ်မှတစ်ပါး အသင်တို့အဖို့ အခြားကိုးကွယ်ရာ တစ်စုံတစ်ရာကို နှစ်သက်ရပါမည်လော။ စင်စစ် အရှင်မြတ်သည်သာလျှင် အသင်တို့အား တစ်လောကလုံးထက် ထူးခြားသာလွန်မှုကို ပေးသနားတော်မူခဲ့ပေသည်ဟု ပြောကြားလေ၏။

وَاِذْ اَنْجَيْنٰكُمْ مِّنْ اٰلِ فِرْعَوْنَ يَسُوْمُوْنَكُمْ سُوْۗءَ الْعَذَابِ ۚ يُقَتِّلُوْنَ اَبْنَاۗءَكُمْ وَيَسْتَحْيُوْنَ نِسَاۗءَكُمْ ۭ وَفِيْ ذٰلِكُمْ بَلَاۗءٌ مِّنْ رَّبِّكُمْ عَظِيْمٌ ۝۱۴۱

၁၄၂။ (သတိရကြကုန်၊) အကြင်အခါ ငါတို့သည် အသင်တို့အား 'ဖိရ်အောင်'၏အမျိုးသားများမှ ကယ်တင်တော်မူခဲ့ပေသည်။ သူတို့သည် အသင်တို့အား အလွန်ခက်ထန်သော ပြစ်ဒဏ်ကို ပေးခဲ့ကြပေသည်။ သူတို့သည် အသင်တို့၏ သားများကို ရက်စက်စွာ သတ်ဖြတ်ခဲ့ပြီး အသင်တို့၏ အမျိုးသမီးများကိုမူ အသက်ရှင်ခွင့် ပေးခဲ့ကြပေသည်။ စင်စစ် ယင်း၌ အသင်တို့၏ ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အလွန်ကြီးမားသော စမ်းသပ်မှုရှိပေသတည်း။

ရှုကူး-၁၇

وَوٰعَدْنَا مُوْسٰى ثَلٰثِيْنَ لَيْلَةً وَّاَتْمَمْنٰهَا بِعَشْرٍ فَتَمَّ مِيْقَاتُ رَبِّهٖۤ اَرْبَعِيْنَ لَيْلَةً ۚ وَقَالَ مُوْسٰى لِاَخِيْهِ هٰرُوْنَ اخْلُفْنِيْ فِيْ قَوْمِيْ وَاَصْلِحْ وَلَا تَتَّبِعْ سَبِيْلَ الْمُفْسِدِيْنَ ۝

၁၄၃။ ငါတို့သည် 'မူစာ'အား ညဉ့်ပေါင်းသုံးဆယ်၏ ကတိကို ပြုတော်မူခဲ့ပေသည်။ ထို့နောက် ယင်းတွင် ဆယ်ညဉ့် ထပ်ဖြည့်တော်မူခဲ့၏။ သို့ဖြစ်ရာ သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ သတ်မှတ်ကာလသည် ညဉ့်ပေါင်းလေးဆယ်တွင် ပြည့်စုံခြင်းသို့ရောက်ခဲ့ပေသည်။ 'မူစာ'က မိမိ၏အစ်ကို 'ဟာရွန်'အား ကျွန်ုပ်၏အမျိုးသားတို့ထံတွင် ကျွန်ုပ်အား ကိုယ်စားပြု၍ သွန်သင်ပဲ့ပြင်ပေးပါလေ။ ထို့ပြင် ပျက်စီးရာပျက်စီးကြောင်းပြုသောသူတို့၏လမ်းကို မလိုက်ပါလင့်ဟု မှာကြားပြောဆိုခဲ့လေ၏။

وَلَمَّا جَآءَ مُوْسٰى لِمِيْقَاتِنَا وَكَلَّمَهٗ رَبُّهٗ ۙ قَالَ رَبِّ اَرِنِيْۤ اَنْظُرْ اِلَيْكَ ؕ قَالَ لَنْ تَرٰىنِيْ وَلٰكِنِ انْظُرْ اِلَى الْجَبَلِ فَاِنِ اسْتَقَرَّ مَكَانَهٗ فَسَوْفَ تَرٰىنِيْ ۚ فَلَمَّا تَجَلّٰى رَبُّهٗ لِلْجَبَلِ جَعَلَهٗ دَكًّا وَّخَرَّ مُوْسٰى صَعِقًا ۚ فَلَمَّاۤ اَفَاقَ قَالَ سُبْحٰنَكَ تُبْتُ اِلَيْكَ وَاَنَا اَوَّلُ الْمُؤْمِنِيْنَ ۝

၁၄၄။ အကြင်အခါဝယ် 'မူစာ'သည် ငါတို့ သတ်မှတ်ထားတော်မူသောအချိန်၌ ရောက်လာသောအခါ၊ သူ၏ဖန်ဆင်းမွေးမြူရှင်သည် သူနှင့်မိန့်မြွက်ပြောဆိုတော်မူခဲ့ပေသည်။ သူက အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးသည် အရှင်မြတ်အား အပြည့်အဝဖူးမြင်နိုင်ရန် ကျွန်တော်မျိုးအားပြသတော်မူပါဟု လျှောက်ထားလေ၏။ အရှင်မြတ်က အသင်သည် ငါ့အား အလျှင်းတွေ့မြင်နိုင်မည်မဟုတ်။ သို့သော် အသင်သည် 'တောင်'၏ဘက်သို့ ကြည့်ပါလေ။ အကယ်၍ ယင်း(တောင်)သည် မိမိ၏နေရာ၌ တည်တံ့နေခဲ့လျှင်၊ အသင်သည်လည်း ငါ့အား ကြည့်မြင်နိုင်ပေလိမ့်မည်ဟု မိန့်တော်မူ၏။ သို့ဖြင့် သူ၏ဖန်ဆင်းမွေးမြူရှင်သည် တောင်ပေါ်သို့ ဘုန်းတော်ကို ထင်ရှားစေတော်မူသောအခါ၊ ယင်း(တောင်)ကို အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားစေခဲ့လေသည်။ 'မူစာ'သည်လည်း သတိလစ်၍လဲကျသွားလေသည်။ သူသည် သတိပြန်ရလာသောအခါ၊ သူက အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏၊ ကျွန်တော်မျိုးသည် အရှင်မြတ်ဘက်တော်သို့ 'တောင်ဘာ'ဝန်ချတောင်းပန်မှုပြုလျက် လာရောက်ပါ၏။ ကျွန်တော်မျိုးသည် သက်ဝင်ယုံကြည်သူများအနက် ပထမဦးဆုံးဖြစ်ပါ၏ဟု လျှောက်ထားလေ၏။ ①

قَالَ يٰمُوْسٰۤى اِنِّى اصْطَفَيْتُكَ عَلَى النَّاسِ بِرِسٰلٰتِيْ وَبِكَلَامِيْ ۖ فَخُذْ

၁၄၅။ အရှင်မြတ်က အို-'မူစာ'၊ ဧကန်မုချ ငါအရှင်မြတ်သည် အသင့်အား မိမိ၏သတင်းစကားများနှင့် မှာကြားတော်များအားဖြင့် လူများအားလုံးအပေါ် သာလွန်မှုကို ချီးမြှင့်တော်မူခဲ့

① တမန်တော်မူစာ ﷺသည် စိတ်သဘောရိုးစင်းမှုကြောင့် အကယ်၍ အလ္လာဟ်အလိုရှိတော်မူပါလျှင် မိမိသည် အလ္လာဟ်အရှင်မြတ်အား ရုပ်မျက်စိဖြင့်လည်းဖူးမြင်နိုင်ပေလိမ့်မည်ဟု ထင်မှတ်ခဲ့လေသည်။ ထို့ကြောင့် ဤသို့ တောင်းဆိုလျှောက်ထားမှုအပေါ် အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်မှာ လူသားသည် လျှပ်ပြက်မိုးချုန်းသံကိုပင် ခံနိုင်စွမ်းမရှိလျှင် အလ္လာဟ်အရှင်မြတ်၏ မျက်နှာတော်ကို အသို့လျှင် ဖူးမြင်နိုင်ပါအံ့နည်း။ သို့ဖြစ်၍ နိမိတ်လက္ခဏာတစ်ရပ်အနေနှင့် တောင်ပေါ်သို့ မိုးကြိုးပစ်ချလိုက်သောအခါ တမန်တော်'မူစာ'ﷺသည် သတိလစ်မေ့မျောသွားလေသည်။ ထို့နောက် သတိရလာသောအခါ 'တောင်ဘာ'ဝန်ချတောင်းပန်လျက် အလ္လာဟ်၏ထံတော်သို့ယိမ်းညွတ်ခဲ့လေသည်။

مَآ اٰتَيْتُكَ وَكُنْ مِّنَ الشّٰكِرِيْنَ ﴿۱۴۵﴾

ပေသည်။ သို့ဖြစ်ရာ အသင့်အား ငါပေးတော်မူသည်ကို စွဲကိုင်၍ထားပါလေ။ ထို့ပြင် ကျေးဇူးသိတတ်သူများအနက်မှ ဖြစ်ပါလေဟု မိန့်တော်မူ၏။

وَكَتَبْنَا لَهٗ فِى الْاَلْوَاحِ مِنْ كُلِّ شَىْءٍ مَّوْعِظَةً وَّتَفْصِيْلًا لِّكُلِّ شَىْءٍ ۚ فَخُذْهَا بِقُوَّةٍ وَّاْمُرْ قَوْمَكَ يَاْخُذُوْا بِاَحْسَنِهَا ۭ سَاُورِيْكُمْ دَارَ الْفٰسِقِيْنَ ﴿۱۴۶﴾

၁၄၆။ ထို့ပြင် ငါတို့သည် သူ့အဖို့ သွန်သင်ဆုံးမချက်နှင့် အရာခပ်သိမ်းတို့၏ ရှင်းလင်းချက်များကိုဖော်ပြသည့် အားလုံးသောအရာတို့ကို ကျောက်ပြားများပေါ်တွင် ရေးမှတ်ပေးသနားတော်မူခဲ့ပေသည်။ သို့ဖြစ်ရာ ယင်းကို ခိုင်မြဲစွာ စွဲကိုင်ထားပါလေ။ ထို့ပြင် မိမိ၏အမျိုးသားတို့အား ဤသွန်သင်ချက်များ၏အကောင်းဆုံးသော မဏ္ဍိုင်များကို ထိန်းသိမ်းထားရန် ညွှန်ကြားပါလေ။ မကြာမြင့်မီ ငါအရှင်မြတ်သည် မနာခံဖီဆန်သူတို့၏နေရာဌာနကို အသင်တို့အား ပြသတော်မူမည်။

سَاَصْرِفُ عَنْ اٰيٰتِىَ الَّذِيْنَ يَتَكَبَّرُوْنَ فِى الْاَرْضِ بِغَيْرِ الْحَقِّ ۭ وَاِنْ يَّرَوْا كُلَّ اٰيَةٍ لَّا يُؤْمِنُوْا بِهَا ۚ وَاِنْ يَّرَوْا سَبِيْلَ الرُّشْدِ لَا يَتَّخِذُوْهُ سَبِيْلًا ۚ وَاِنْ يَّرَوْا سَبِيْلَ الْغَيِّ يَتَّخِذُوْهُ سَبِيْلًا ۭ ذٰلِكَ بِاَنَّهُمْ كَذَّبُوْا بِاٰيٰتِنَا وَكَانُوْا عَنْهَا غٰفِلِيْنَ ﴿۱۴۶﴾

၁၄၇။ ငါအရှင်မြတ်သည် ကမ္ဘာမြေပြင်တွင် မတရားသဖြင့် မာန်မာနထောင်လွှားကြသူတို့အား ငါအရှင်မြတ်၏'အာယတ်' သက်သေလက္ခဏာတော်များအပေါ် ယင်းတို့(၏ အာရုံစိုက်မှု)ကို လွှဲဖယ်စေတော်မူအံ့။ အကယ်၍ သူတို့သည် အလုံးစုံသော သက်သေလက္ခဏာတော်များကို တွေ့မြင်ရပါလျှင်လည်း သူတို့သည် ယင်းကို သက်ဝင်ယုံကြည်လာကြမည်မဟုတ်ချေ။ ထိုသူတို့သည် အကယ်၍ ဖြောင့်မှန်မှု၏လမ်းကို တွေ့ရလျှင်ပင် ယင်းကို လမ်း(ညွှန်)အဖြစ် ကျင့်သုံးကြမည်မဟုတ်ချေ။ အမှန်သော်ကား ထိုသူတို့သည် လွဲမှားသောလမ်းကိုမြင်တွေ့ကြရလျှင်၊ ယင်းကို မိမိတို့အဖို့လမ်းအဖြစ် ကျင့်သုံးကြပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ယင်းသူတို့သည် ငါတို့၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြပြီး သူတို့သည် ယင်းကို ဂရုမစိုက်လျစ်လျူရှုခဲ့ကြသူများဖြစ်သောကြောင့်တည်း။

وَالَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا وَلِقَآءِ الْاٰخِرَةِ حَبِطَتْ اَعْمَالُهُمْ ۭ هَلْ يُجْزَوْنَ اِلَّا مَا كَانُوْا يَعْمَلُوْنَ ﴿۱۴۷﴾

၁၄၈။ အကြင်သူတို့သည် ငါတို့၏ 'အာယတ်' သက်သေလက္ခဏာတော်များကိုလည်းကောင်း၊ နောင်တမလွန်၌ တွေ့ဆုံကြရမည်ကိုလည်းကောင်း မဟုတ်မမှန်ဟုစွပ်စွဲကြ၏၊ ထိုသူတို့၏ ကျင့်ကြံအားထုတ်မှုသည် ဆုံးရှုံးခဲ့ချေပြီ။ သူတို့သည် မိမိတို့ကျင့်ကြံအားထုတ်ခဲ့သည်မှအပ မည်သည်ကိုမျှ အစားပေးခြင်းခံကြရမည် မဟုတ်ချေတည်း။

ရုကူး-၁၈

وَاتَّخَذَ قَوْمُ مُوْسٰى مِنْۢ بَعْدِهٖ مِنْ حُلِيِّهِمْ عِجْلًا جَسَدًا لَّهٗ خُوَارٌ ۭ اَلَمْ يَرَوْا اَنَّهٗ لَا يُكَلِّمُهُمْ وَلَا يَهْدِيْهِمْ سَبِيْلًا ۘ

၁၄၉။ 'မူစာ'၏အမျိုးသားတို့သည် သူ၏နောက်ကွယ်တွင် သူတို့၏လက်ဝတ်ရတနာများဖြင့် အကြင်သို့သော နွားငယ်တစ်ကောင်ကို (ကိုးကွယ်ရာအဖြစ်) ပြုလုပ်ခဲ့ကြ၏။ ယင်းသည် (သက်မဲ့)ခန္ဓာကိုယ်တစ်ခုဖြစ်ပြီး ယင်းမှ နွားငယ်၏အသံ

اِتَّخَذُوْهُ وَكَانُوْا ظٰلِمِيْنَ ﴿١٤٨﴾

ကဲ့သို့ထွက်ပေါ်ခဲ့ပေသည်။ ယင်းသည် သူတို့နှင့် စကားလည်း မပြော၊ သူတို့အား (ဖြောင့်မှန်သော)လမ်းကိုလည်း ညွှန်ပြခြင်း မရှိသည်ကို သူတို့သည် ဆင်ခြင်သုံးသပ်ခြင်းမပြုကြသလော။ သူတို့သည် ယင်း(နွားငယ်)ကိုပင် စွဲကိုင်ထားကြ၏။ သူတို့သည် အပြစ်ကျူးလွန်သူများ ဖြစ်ခဲ့ကြလေသည်။

وَلَمَّا سُقِطَ فِيْٓ اَيْدِيْهِمْ وَرَاَوْا اَنَّهُمْ قَدْ ضَلُّوْا ۙ قَالُوْا لَىِٕنْ لَّمْ يَرْحَمْنَا رَبُّنَا وَيَغْفِرْ لَنَا لَنَكُوْنَنَّ مِنَ الْخٰسِرِيْنَ ﴿١٤٩﴾

၁၅၀။ ထို့နောက် ထိုသူတို့သည် ရှက်ရွံ့နောင်တရကြပြီး မိမိတို့လမ်းမှားသွားခဲ့ကြကြောင်းသိရှိသွားကြသောအခါ၊ သူတို့က အကယ်၍ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ် ကရုဏာသက်တော်မမူပါလျှင်၊ ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော်မမူပါလျှင် ကျွန်တော်မျိုးတို့သည် ဧကန်မုချ ဆုံးရှုံးသူများတွင် အပါအဝင် ဖြစ်ကြရတော့မည်ဟု ပြောဆိုကြ၏။

وَلَمَّا رَجَعَ مُوْسٰٓى اِلٰى قَوْمِهٖ غَضْبَانَ اَسِفًا ۙ قَالَ بِئْسَمَا خَلَفْتُمُوْنِيْ مِنْۢ بَعْدِيْ ۚ اَعَجِلْتُمْ اَمْرَ رَبِّكُمْ ۚ وَاَلْقَى الْاَلْوَاحَ وَاَخَذَ بِرَاْسِ اَخِيْهِ يَجُرُّهٗٓ اِلَيْهِ ۭ قَالَ ابْنَ اُمَّ اِنَّ الْقَوْمَ اسْتَضْعَفُوْنِيْ وَكَادُوْا يَقْتُلُوْنَنِيْ ۡ فَلَا تُشْمِتْ بِيَ الْاَعْدَاۗءَ وَلَا تَجْعَلْنِيْ مَعَ الْقَوْمِ الظّٰلِمِيْنَ ﴿١٥٠﴾

၁၅၁။ ထို့နောက် 'မူစာ'သည် မိမိ၏အမျိုးသားများထံသို့ လွန်စွာအမျက်ဒေါသထွက်လျက် ဝမ်းနည်းကြေကွဲစွာဖြင့် ပြန်လာသောအခါ၊ သူက ကျွန်ုပ်၏နောက်ကွယ်တွင် ကျွန်ုပ်၏ကိုယ်စား အသင်တို့ ပြုခဲ့ကြသည်မှာ အလွန်ဆိုးရွားလှ၏။ အသင်တို့သည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်၏ အမိန့်တော်နှင့် စပ်လျဉ်း၍ အလျင်စလိုပြုလုပ်ကြပါသလောဟု ပြောလေ၏။ ထို့နောက် သူသည် ကျောက်ပြားများကို (အောက်သို့)ချထားလိုက်ပြီး မိမိအစ်ကို၏ဦးခေါင်းကိုကိုင်၍ မိမိဘက်သို့ ဆွဲယူလိုက်၏။ ထိုအခါ သူ(၏အစ်ကို)က ပြောကြားသည်မှာ အို-ကျွန်ုပ်မိခင်၏သား၊ ဧကန်မုချ အမျိုးသားတို့သည် ကျွန်ုပ်ကို မစွမ်းသာအောင်ပြုခဲ့ကြပေသည်။ သူတို့သည် ကျွန်ုပ်အား သတ်လုနီးပါးဖြစ်ခဲ့ကြပေသည်။ သို့ဖြစ်ရာ ကျွန်ုပ်ကို ရန်သူများ၏လှောင်ပြောင်ဖွယ်ရာ မပြုလုပ်ပါလင့်။ ထို့ပြင် ကျွန်ုပ်အား အပြစ်ကျူးလွန်သူတို့အုပ်စုတွင် (ထည့်သွင်း)မရေတွက်ပါလင့်ဟု ပြောကြားလေ၏။

قَالَ رَبِّ اغْفِرْ لِيْ وَلِاَخِيْ وَاَدْخِلْنَا فِيْ رَحْمَتِكَ ۡ وَاَنْتَ اَرْحَمُ الرّٰحِمِيْنَ ﴿١٥١﴾

၁၅၂။ သူ(မူစာ)က အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏အစ်ကိုအားလည်းကောင်း ခွင့်လွှတ်တော်မူပါ၊ ကျွန်တော်မျိုးတို့အား အရှင်မြတ်၏ကရုဏာတော်၌ ထည့်သွင်းတော်မူပါ။ အရှင်မြတ်သည် သနားကြင်နာသူတို့တွင် အားလုံးတို့ထက်ပို၍ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပါ၏ဟု လျှောက်ထားလေသတည်း။

ရုကူး-၁၉

اِنَّ الَّذِيْنَ اتَّخَذُوا الْعِجْلَ سَيَنَالُهُمْ

၁၅၃။ ဧကန်စင်စစ် နွားငယ်ကို (ကိုးကွယ်ရာအဖြစ်) စွဲကိုင်

غَضَبٌ مِّنْ رَّبِّهِمْ وَذِلَّةٌ فِي الْحَيٰوةِ الدُّنْيَا ۭ وَكَذٰلِكَ نَجْزِي الْمُفْتَرِيْنَ ۝

ထားကြသောသူတို့သည် အမှန်ပင် သူတို့အပေါ် သူတို့၏ ဖန်ဆင်းရှင်ထံတော်မှ အမျက်တော်သည်လည်းကောင်း၊ လောကီဘဝတွင်လည်း ဂုဏ်သရေညှိုးနွမ်းခြင်းသည်လည်းကောင်း သက်ရောက်ပေအံ့။ ဤကဲ့သို့ပင် ငါတို့သည် လိမ်ဆယ်ပြောဆိုသူတို့အား တုံ့ပြန်အစားပေးတော်မူ၏။

وَالَّذِيْنَ عَمِلُوا السَّيِّاٰتِ ثُمَّ تَابُوْا مِنْۢ بَعْدِهَا وَاٰمَنُوْٓا ۙ اِنَّ رَبَّكَ مِنْۢ بَعْدِهَا لَغَفُوْرٌ رَّحِيْمٌ ۝

၁၅၄။ အကြင်သူတို့သည် မကောင်းမှုများကို ပြုကျင့်မိကြ၏၊ ထို့နောက် သံဝေဂရ၍ 'တောင်ဘာ' ဝန်ခံတောင်းပန်ခြင်း ပြုခဲ့ကြပြီး သက်ဝင်ယုံကြည်မှုထားရှိကြ၏။ ဧကန်မုချ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ယင်း၏နောက်တွင်လည်း (သူတို့အဖို့) လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَمَّا سَكَتَ عَنْ مُّوْسَى الْغَضَبُ اَخَذَ الْاَلْوَاحَ ۖ وَفِيْ نُسْخَتِهَا هُدًى وَّ رَحْمَةٌ لِّلَّذِيْنَ هُمْ لِرَبِّهِمْ يَرْهَبُوْنَ ۝

၁၅၅။ ထို့နောက် 'မူစာ'သည် အမျက်ဒေါသပြေငြိမ်းသွားသောအခါ၊ သူသည် ကျောက်ပြားချပ်များကို ကောက်ယူလေသည်။ ယင်း(ကျောက်ပြားများ)ရှိ ရေးသားချက်များတွင် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ကို ကြောက်ရွံ့သူတို့အဖို့ လမ်းညွှန်တော်နှင့် ကရုဏာတော်ပါရှိလေသည်။

وَاخْتَارَ مُوْسٰى قَوْمَهٗ سَبْعِيْنَ رَجُلًا لِّمِيْقَاتِنَا ۚ فَلَمَّآ اَخَذَتْهُمُ الرَّجْفَةُ قَالَ رَبِّ لَوْ شِئْتَ اَهْلَكْتَهُمْ مِّنْ قَبْلُ وَاِيَّايَ ۭ اَتُهْلِكُنَا بِمَا فَعَلَ السُّفَهَاۗءُ مِنَّا ۚ اِنْ هِيَ اِلَّا فِتْنَتُكَ ۭ تُضِلُّ بِهَا مَنْ تَشَاۗءُ وَتَهْدِيْ مَنْ تَشَاۗءُ ۭ اَنْتَ وَلِيُّنَا فَاغْفِرْ لَنَا وَارْحَمْنَا وَاَنْتَ خَيْرُ الْغٰفِرِيْنَ ۝

၁၅၆။ ထို့နောက် 'မူစာ'သည် ငါတို့သတ်မှတ်ထားသောအချိန်အတွက် မိမိ၏အမျိုးသားများမှ ယောကျ်ားခုနစ်ဆယ်ကို ရွေးချယ်ခဲ့ပေသည်။ သို့ဖြစ်ရာ သူတို့အား မြေငလျင်သည် ဖမ်းဆီးလေသောအခါ၊ သူက လျှောက်ထားသည်မှာ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အကယ်၍ အရှင်မြတ်သာ အလိုရှိတော်မူပါလျှင် ဤသည့်အလျင်ကပင် သူတို့အားလုံးကိုလည်းကောင်း၊ ကျွန်တော်မျိုးကိုလည်းကောင်း ဖျက်ဆီးပစ်တော်မူနိုင်ပါ၏။ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အနက် မသိမိုက်မဲသူများ၏လုပ်ရပ်ကြောင့် ကျွန်တော်မျိုးတို့အား ဖျက်ဆီးပစ်တော်မူပါမည်လော။ ဧကန်မုချ ဤသည် အရှင်မြတ်ထံတော်မှ စမ်းသပ်မှုတစ်ရပ်သာဖြစ်ပါ၏။ အရှင်မြတ်သည် ဤ(စမ်းသပ်မှု)ဖြင့် အလိုရှိသူအား လမ်းလွဲစေတော်မူပြီး နှစ်လို့တော်မူသောသူအား လမ်းညွှန်တော်မူပါ၏။ အရှင်မြတ်သည်သာလျှင် ကျွန်တော်မျိုးတို့အား အုပ်ထိန်းစောင့်ရှောက်တော်မူသောအရှင် ဖြစ်တော်မူပါ၏။ သို့ဖြစ်ရာ ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုးတို့အပေါ် သနားကြင်နာတော်မူပါ၊ အရှင်မြတ်သည် ခွင့်လွှတ်တော်မူသောသူတို့တွင် အကောင်းဆုံးဖြစ်တော်မူပါ၏။

وَاكْتُبْ لَنَا فِيْ هٰذِهِ الدُّنْيَا حَسَنَةً وَّفِي
الْاٰخِرَةِ اِنَّا هُدْنَآ اِلَيْكَ ؕ قَالَ عَذَابِيْٓ
اُصِيْبُ بِهٖ مَنْ اَشَآءُ ۚ وَرَحْمَتِيْ
وَسِعَتْ كُلَّ شَيْءٍ ؕ فَسَاَكْتُبُهَا لِلَّذِيْنَ
يَتَّقُوْنَ وَيُؤْتُوْنَ الزَّكٰوةَ وَالَّذِيْنَ هُمْ
بِاٰيٰتِنَا يُؤْمِنُوْنَ ۚ﴿۱۵۶﴾

၁၅၆။ ကျွန်တော်မျိုးတို့အတွက် ဤလောကတွင်လည်း ကောင်း၊ နောင်တမလွန်တွင်လည်းကောင်း ကောင်းမြတ်ခြင်း ကို ရေးမှတ်တော်မူပါ။ အမှန်ပင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်ထံတော်သို့ 'တောင်ဘာ' ဝန်ခံတောင်းပန်ခြင်း ပြုလျက် လာရောက်ကြပါပြီ။ (ထိုအခါ) အရှင်မြတ်မိန့်တော်မူ သည်မှာ ငါ၏အပြစ်ဒဏ်သည် ငါအလိုရှိတော်မူသောသူအ ပေါ် သက်ရောက်စေတော်မူ၏။ သို့ရာတွင် ငါ၏ကရုဏာ တော်သည်ကား အရာခပ်သိမ်းအပေါ် လွှမ်းခြုံလျက်ရှိ၏။ သို့ ဖြစ်ရာ ငါသည် ယင်း(ကရုဏာတော်)ကို ဖြူစင်ဖြောင့်မတ် ခြင်း 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်တည်ပြီး 'ဇကားတ်' ပေးဆောင်သူများ၊ ထို့ပြင် ငါ၏ 'အာယတ်' သက်သေလက္ခ ဏာတော်များကို သက်ဝင်ယုံကြည်သူများအဖို့ သတ်မှတ်ပြ ဋ္ဌာန်းတော်မူပေအံ့။

اَلَّذِيْنَ يَتَّبِعُوْنَ الرَّسُوْلَ النَّبِيَّ الْاُمِّيَّ
الَّذِيْ يَجِدُوْنَهٗ مَكْتُوْبًا عِنْدَهُمْ
فِي التَّوْرٰىةِ وَالْاِنْجِيْلِ ۡ يَاْمُرُهُمْ
بِالْمَعْرُوْفِ وَيَنْهٰىهُمْ عَنِ الْمُنْكَرِ
وَيُحِلُّ لَهُمُ الطَّيِّبٰتِ وَيُحَرِّمُ عَلَيْهِمُ
الْخَبٰٓئِثَ وَيَضَعُ عَنْهُمْ اِصْرَهُمْ
وَالْاَغْلٰلَ الَّتِيْ كَانَتْ عَلَيْهِمْ ؕ فَالَّذِيْنَ
اٰمَنُوْا بِهٖ وَعَزَّرُوْهُ وَنَصَرُوْهُ وَاتَّبَعُوا
النُّوْرَ الَّذِيْٓ اُنْزِلَ مَعَهٗٓ ۙ اُولٰٓئِكَ هُمُ
الْمُفْلِحُوْنَ ﴿۱۵۷﴾

၁၅၇။ အကြင်သူတို့သည် ဤ'အွမ်မီ'တမန်တော်အား ယုံကြည် လိုက်နာကြ၏၊ ယင်း(တမန်တော်)ကို သူတို့သည် မိမိတို့ထံ တွင်ရှိသည့် 'တောင်ရတ်'နှင့်'အင်ဂျီလ်'ကျမ်းများတွင် ရေးသား ဖော်ပြထားသည်ကိုတွေ့ကြရ၏။ ယင်း(တမန်တော်)သည် သူတို့အား ကောင်းမှုများကိုညွှန်ကြားပြီး၊ မကောင်းမှုများမှ တားမြစ်လေသည်။ သူတို့အတွက် သန့်ရှင်းသည့်အရာများကို 'ဟလာလ်' ခွင့်ပြုခဲ့ပြီး သူတို့အား မသန့်ရှင်းသည့်အရာများကို 'ဟရာမ်'တားမြစ်မှုပြုခဲ့ပေသည်။ သူတို့အပေါ်တင်နေသည့် ဝန်နှင့် လည်ပတ်ကြိုးများကိုလည်း သူတို့ထံမှ ဖြုတ်ချဖယ်ရှား ပေးခဲ့လေသည်။ သို့ဖြစ်ရာ အကြင်သူတို့သည် သူ့အား ယုံ ကြည်မှုရှိကြ၏၊ သူ့အား ဂုဏ်သိက္ခာပေးကြ၏၊ သူ့အား ကူညီ ရိုင်းပင်းကြ၏၊ ထို့ပြင် သူနှင့်အတူ ပို့ချတော်မူခဲ့သည့် ထို အလင်းရောင်ကို လိုက်နာကျင့်ကြကြ၏၊ ဤသူများသည်ပင် အောင်မြင်မည့်သူများ ဖြစ်ကြပေသတည်း။

ရုကူး-၂၀

قُلْ يٰٓاَيُّهَا النَّاسُ اِنِّيْ رَسُوْلُ اللّٰهِ اِلَيْكُمْ
جَمِيْعَا ۨ الَّذِيْ لَهٗ مُلْكُ السَّمٰوٰتِ
وَالْاَرْضِ ۚ لَآ اِلٰهَ اِلَّا هُوَ يُحْيٖ وَيُمِيْتُ ۪
فَاٰمِنُوْا بِاللّٰهِ وَرَسُوْلِهِ النَّبِيِّ الْاُمِّيِّ الَّذِيْ
يُؤْمِنُ بِاللّٰهِ وَكَلِمٰتِهٖ وَاتَّبِعُوْهُ لَعَلَّكُمْ
تَهْتَدُوْنَ ﴿۱۵۸﴾

၁၅၈။ (အို-တမန်တော်) အသင်ပြောကြားပါလေ၊ အို-လူ သားအပေါင်းတို့၊ ဧကန်စင်စစ် ကျွန်ုပ်သည် အသင်တို့အားလုံး ထံ (စေလွှတ်ခြင်းခံရသော) အလ္လာဟ်၏တမန်တော်ဖြစ်၏။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ စိုးမိုး အုပ်ချုပ်မှုကို စိုးပိုင်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး အခြား မည်သည့် ကိုးကွယ်ခြင်းခံထိုက်ရာမျှမရှိချေ။ ထိုအရှင်မြတ် သည်ပင် ရှင်စေခြင်းကိုလည်းကောင်း၊ သေစေခြင်းကိုလည်း ကောင်းပြုလုပ်တော်မူ၏။ သို့ဖြစ်ရာ အလ္လာဟ်အားလည်း ကောင်း၊ ထိုအရှင်မြတ်၏ တမန်တော်ဖြစ်သော ဤ'အွမ်မီ'

တမန်တော်အားလည်းကောင်း ယုံကြည်ကြကုန်။ ထို(တမန်တော်)သည် အလ္လာဟ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ မုက္ခပါဠ်တော်များကိုလည်းကောင်း သက်ဝင်ယုံကြည်၏။ သူ့အားသာလျှင် နာခံလိုက်နာကြကုန်။ သို့ဖြင့် အသင်တို့ လမ်းညွှန်မှုကိုရကြရာ၏။

وَمِنْ قَوْمِ مُوْسٰٓى اُمَّةٌ يَّهْدُوْنَ بِالْحَقِّ وَبِهٖ يَعْدِلُوْنَ ۝

၁၆၀။ 'မူစာ'၏အမျိုးသားတို့အနက် အချို့ဤသို့ရှိခဲ့ကြ၏။ ယင်းတို့သည် အမှန်တရားဖြင့် (လူသားတို့ကို) လမ်းညွှန်ခဲ့ကြ၏။ ထို့ပြင် ယင်းအားဖြင့်သာလျှင် တရားမျှတမှုကိုလည်း ကျင့်သုံးခဲ့ကြ၏။

وَقَطَّعْنٰهُمُ اثْنَتَيْ عَشْرَةَ اَسْبَاطًا اُمَمًا ۭ وَاَوْحَيْنَآ اِلٰى مُوْسٰٓى اِذِ اسْتَسْقٰىهُ قَوْمُهٗٓ اَنِ اضْرِبْ بِّعَصَاكَ الْحَجَرَ ۚ فَانْۢبَجَسَتْ مِنْهُ اثْنَتَا عَشْرَةَ عَيْنًا ۭ قَدْ عَلِمَ كُلُّ اُنَاسٍ مَّشْرَبَهُمْ ۭ وَظَلَّلْنَا عَلَيْهِمُ الْغَمَامَ وَاَنْزَلْنَا عَلَيْهِمُ الْمَنَّ وَالسَّلْوٰى ۭ كُلُوْا مِنْ طَيِّبٰتِ مَا رَزَقْنٰكُمْ ۭ وَمَا ظَلَمُوْنَا وَلٰكِنْ كَانُوْٓا اَنْفُسَهُمْ يَظْلِمُوْنَ ۝

၁၆၁။ ငါတို့သည် သူတို့ကို မျိုးနွယ်စုတစ်ဆယ့်နှစ်သွယ်အဖြစ် ခွဲခြားတော်မူခဲ့၏။ အကြင်အခါဝယ် သူ့ထံ သူ၏အမျိုးသားများက ရေကိုတောင်းခံကြသောအခါ ငါတို့က 'မူစာ'အား မိမိ၏တောင်ဝှေးဖြင့် ကျောက်ဆောင်ကိုရိုက်လော့ဟု 'ဝဟီ' ဗျာဒိတ်ပေးတော်မူ၏။ ထိုအခါ ယင်းမှ စမ်းချောင်းတစ်ဆယ့်နှစ်သွယ် ပန်းထွက်လာပေသည်။ အားလုံးတို့သည် မိမိတို့ကိုယ်စီ ရေသောက်ရာနေရာအသီးသီးကို သိရှိသွားကြပေသည်။ ထို့ပြင် ငါတို့သည် သူတို့အပေါ် မိုးတိမ်များ၏ အရိပ်အာဝါသကို ပြုပေးတော်မူ၏။ ထို့ပြင် သူတို့အပေါ် 'မန္နဲ'နှင့် 'ဆလဝါ'ကို ပို့ချတော်မူခဲ့၏။ ထို့ပြင် ငါတို့က အသင်တို့အား ပေးသနားတော်မူသည့် 'ရီဇီက်' ရိက္ခာများမှ သန့်ရှင်းသည့် အရာများကို စားသုံးကြကုန်(ဟု မိန့်တော်မူ၏)။ စင်စစ် သူတို့သည် ငါတို့အား ညှဉ်းပန်းနှိပ်စက်ကြသည်မဟုတ်မူဘဲ သူတို့သည် မိမိတို့၏အသက်ဝိညာဉ်များကိုသာ ညှဉ်းပန်းနှိပ်စက်သူများ ဖြစ်ခဲ့ကြလေသည်။

وَاِذْ قِيْلَ لَهُمُ اسْكُنُوْا هٰذِهِ الْقَرْيَةَ وَكُلُوْا مِنْهَا حَيْثُ شِئْتُمْ وَقُوْلُوْا حِطَّةٌ وَّادْخُلُوا الْبَابَ سُجَّدًا نَّغْفِرْ لَكُمْ خَطِيْۗـــَٔتِكُمْ ۭ سَنَزِيْدُ الْمُحْسِنِيْنَ ۝

၁၆၂။ (သတိရကြကုန်)၊ အကြင်အခါဝယ် သူတို့အား မိန့်ကြားတော်မူခဲ့သည်မှာ ဤမြို့ရွာ၌နေထိုင်ကြကုန်၊ ယင်းတွင် အသင်တို့နှစ်သက်သောနေရာမှ စားသုံးကြကုန်။ ထို့ပြင် 'ဟစ်တွာတွန်' ကျွန်တော်မျိုးတို့အားခွင့်လွှတ်တော်မူပါဟု ပြောကြကုန်။ ထို့ပြင် ကျိုးနွံနာခံလျက် ပင်မတံခါးပေါက်မှ ဝင်ရောက်ကြကုန်။ ငါတို့သည် အသင်တို့၏အပြစ်များကို ခွင့်လွှတ်တော်မူပေအံ့။ ငါတို့သည် ကောင်းမှုပြုသူတို့အား မုချတိုးပွားစေတော်မူပေမည်။

فَبَدَّلَ الَّذِيْنَ ظَلَمُوْا مِنْهُمْ قَوْلًا غَيْرَ الَّذِيْ قِيْلَ لَهُمْ فَاَرْسَلْنَا عَلَيْهِمْ رِجْزًا مِّنَ السَّمَاۗءِ بِمَا كَانُوْا يَظْلِمُوْنَ ۝

၁၆၃။ သို့ရာတွင် ယင်းတို့အနက်မှ မတရားပြုကြသောသူတို့သည် (ယင်းကို) သူတို့အား မိန့်ကြားတော်မမူခဲ့သော အခြားစကားတစ်ရပ်ဖြင့် ပြောင်းလဲပစ်ခဲ့ကြလေသည်။ သို့ဖြစ်ရာ ငါတို့သည် သူတို့ပြုကျင့်လေ့ရှိခဲ့သော မတရားမှုကြောင့် သူတို့အပေါ် မိုးကောင်းကင်မှ ပြစ်ဒဏ်ကို ချပေးတော်မူခဲ့ပေသတည်း။

ရုကူး-၂၁

وَسْـَٔلْهُمْ عَنِ الْقَرْيَـةِ الَّتِىْ كَانَتْ حَاضِرَةَ الْبَحْرِ ۘ اِذْ يَعْدُوْنَ فِى السَّبْتِ اِذْ تَاْتِيْهِمْ حِيْـتَانُهُمْ يَوْمَ سَبْتِهِمْ شُرَّعًا وَّيَوْمَ لَا يَسْبِتُوْنَ ۙ لَا تَاْتِيْهِمْ ۛ كَذٰلِكَ ۛ نَبْلُوْهُمْ ۢ بِمَا كَانُوْا يَفْسُقُوْنَ ﴿۱۶۳﴾

၁၆၃။ အသင်သည် ယင်းတို့ထံ ပင်လယ်ကမ်းခြေ၌ တည်ရှိခဲ့သော ထိုမြို့ရွာ(၌နေထိုင်သူများ)နှင့်စပ်လျဉ်း၍ မေးမြန်းပါလေ။ အကြင်အခါဝယ် ယင်း(မြို့ရွာ၌နေထိုင်သူ)တို့သည် 'ဆဗာတ်' ဥပုသ်နေ့နှင့်စပ်လျဉ်း၍ စည်းကမ်းချိုးဖောက်ခဲ့ကြလေသည်။ အကြင်အခါဝယ် သူတို့၏ 'ဆဗာတ်'နေ့တွင် သူတို့ထံ ငါးများသည် အုပ်စုလိုက်အုပ်စုလိုက်ရောက်လာခဲ့ကြပေသည်။ သူတို့ 'ဆဗာတ်'မပြုသည့်နေ့တွင် ယင်း(ငါး)တို့သည် သူတို့ထံ ရောက်မလာကြပေ။ ဤသို့ဖြင့် ငါတို့သည် သူတို့၏ မနာခံလေ့ရှိခဲ့မှုကြောင့် သူတို့အား စမ်းသပ်တော်မူခဲ့ပေသည်။

وَاِذْ قَالَتْ اُمَّةٌ مِّنْهُمْ لِمَ تَعِظُوْنَ قَوْمًا ۙ اللّٰهُ مُهْلِكُهُمْ اَوْ مُعَذِّبُهُمْ عَذَابًا شَدِيْدًا ۭ قَالُوْا مَعْذِرَةً اِلٰى رَبِّكُمْ وَلَعَلَّهُمْ يَتَّقُوْنَ ﴿۱۶۴﴾

၁၆၄။ ထို့ပြင် (သတိရကြကုန်)၊ အကြင်အခါ ထိုသူတို့အနက်မှ အုပ်စုတစ်စုက အသင်တို့သည် အလွန်ဟပ်ဖျက်ဆီးပစ်တော်မူမည့် သို့တည်းမဟုတ် ပြင်းထန်သော အပြစ်ဒဏ်ကို ပေးတော်မူမည့်လူမျိုးနွယ်ကို အဘယ့်ကြောင့် ဆုံးမသွန်သင်ကြရပါသနည်းဟု ပြောကြားခဲ့ကြလေသည်။ (ထိုအခါ) သူတို့က အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ရှေ့တော်တွင် အကြောင်းပြတင်ပြနိုင်ရန်အတွက် (ကျွန်ုပ်တို့ ဤသို့ပြုခြင်းဖြစ်ပေသည်)၊ ထို့ပြင် သူတို့သည် ဖြူစင်ဖြောင့်မတ်ခြင်း 'တက္ကဝါ'တရားကို ကျင့်သုံးဆောက်တည်စိမ့်သောငှာ ရည်ရွယ်၍ဖြစ်သည်ဟု ပြောကြားခဲ့ကြလေသည်။

فَلَمَّا نَسُوْا مَا ذُكِّرُوْا بِهٖٓ اَنْجَيْنَا الَّذِيْنَ يَنْهَوْنَ عَنِ السُّوْۗءِ وَاَخَذْنَا الَّذِيْنَ ظَلَمُوْا بِعَذَابٍۢ بَىِٕيْسٍۢ بِمَا كَانُوْا يَفْسُقُوْنَ ﴿۱۶۵﴾

၁၆၅။ သို့ဖြစ်ရာ သူတို့အား သွန်သင်ဆုံးမသည်များကို သူတို့မေ့လျော့လိုက်ကြသောအခါ၊ ငါတို့သည် မကောင်းမှုများမှတားမြစ်လေ့ရှိခဲ့သောသူတို့ကို ကယ်တင်တော်မူခဲ့၏။ အပြစ်ကျူးလွန်သောသူတို့ကို ယင်းတို့၏ မကောင်းသောအကျင့်အကြံများကြောင့် ပြင်းထန်သော ပြစ်ဒဏ်တစ်ရပ်ဖြင့် ဖမ်းဆီးတော်မူခဲ့ပေသည်။

فَلَمَّا عَتَوْا عَنْ مَّا نُهُوْا عَنْهُ قُلْنَا لَهُمْ كُوْنُوْا قِرَدَةً خٰسِـِٕيْنَ ﴿۱۶۶﴾

၁၆၆။ သို့ပါလျက် သူတို့သည် မိမိတို့အား တားမြစ်ထားသည့် ထိုအရေးကိစ္စများတွင် မနာခံဖီဆန်မှုကိုပြုကြသောအခါ ငါတို့သည် သူတို့အား၊ အသင်တို့သည် ယုတ်နိမ့်သိမ်ဖျင်းသောမျောက်များဖြစ်ကြလေ့ဟု မိန့်ကြားတော်မူခဲ့ပေသည်။

وَاِذْ تَاَذَّنَ رَبُّكَ لَيَبْعَثَنَّ عَلَيْهِمْ اِلٰى يَوْمِ الْقِيٰمَةِ مَنْ يَّسُوْمُهُمْ سُوْۗءَ الْعَذَابِ ۭ اِنَّ رَبَّكَ لَسَرِيْعُ الْعِقَابِ ۚ وَاِنَّهٗ لَغَفُوْرٌ رَّحِيْمٌ ﴿۱۶۷﴾

၁၆၈။ ထို့ပြင် (သတိရကြကုန်)၊ အကြင်အခါဝယ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ဤသို့ကြေညာတော်မူခဲ့ပေသည်။ အရှင်မြတ်သည် အကြင်သို့သောသူများကို ယင်းတို့အပေါ် 'ကေယာမတ်'နေ့တိုင် အမှန်ပင်လွှမ်းမိုးအောင်နိုင်စေတော်မူပေမည်။ ၎င်းတို့သည် သူတို့အား

ပြင်းထန်သောအပြစ်ဒဏ်ကို ပေးလျက်နေကြပေမည်။ ဧကန်မုချ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ပြစ်ဒဏ်ပေးတော်မူရာတွင် အလွန်မြန်ဆန်တော်မူ၏။ အမှန်သော်ကား အရှင်မြတ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَقَطَّعْنٰهُمْ فِى الْاَرْضِ اُمَمًا ۚ مِنْهُمُ الصّٰلِحُوْنَ وَمِنْهُمْ دُوْنَ ذٰلِكَ ۫ وَبَلَوْنٰهُمْ بِالْحَسَنٰتِ وَالسَّيِّاٰتِ لَعَلَّهُمْ يَرْجِعُوْنَ ﴿۱۶۸﴾

၁၆၉။ ငါတို့သည် ယင်းတို့အား ကမ္ဘာမြေတွင် မျိုးနွယ်စုအသီးသီး ကွဲပြားစေတော်မူခဲ့၏။ ယင်းတို့တွင် သူတော်ကောင်းများလည်းရှိခဲ့ကြ၏။ ယင်းတို့အနက်မှပင် ထိုသို့မဟုတ်သူများလည်းရှိခဲ့ကြ၏။ ထို့ပြင် ငါတို့သည် သူတို့အား ကောင်းမြတ်ခြင်းနှင့် ဆိုးရွားခြင်းအခြေအနေများဖြင့် စမ်းသပ်တော်မူခဲ့၏။ သို့ဖြင့် သူတို့(လမ်းမှန်ဘက်သို့) ပြန်လှည့်လာကြစိမ့်သောငှာဖြစ်၏။

فَخَلَفَ مِنْۢ بَعْدِهِمْ خَلْفٌ وَّرِثُوا الْكِتٰبَ يَاْخُذُوْنَ عَرَضَ هٰذَا الْاَدْنٰى وَيَقُوْلُوْنَ سَيُغْفَرُ لَنَا ۚ وَاِنْ يَّاْتِهِمْ عَرَضٌ مِّثْلُهٗ يَاْخُذُوْهُ ۭ اَلَمْ يُؤْخَذْ عَلَيْهِمْ مِّيْثَاقُ الْكِتٰبِ اَنْ لَّا يَقُوْلُوْا عَلَى اللّٰهِ اِلَّا الْحَقَّ وَدَرَسُوْا مَا فِيْهِ ۭ وَالدَّارُ الْاٰخِرَةُ خَيْرٌ لِّلَّذِيْنَ يَتَّقُوْنَ ۭ اَفَلَا تَعْقِلُوْنَ ﴿۱۶۹﴾

၁၇၀။ သို့ဖြစ်ရာ ယင်းတို့၏နောက်တွင် ကျမ်းဂန်ကို အမွေဆက်ခံကြသောဆက်ခံသူများ ရောက်လာခဲ့ကြပေသည်။ ထိုသူတို့သည် ဤလောက၏ယာယီအကျိုးကျေးဇူးကို စွဲကိုင်ထားခဲ့ကြပြီး ကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်းကို ခံကြရပေမည်ဟု ပြောဆိုခဲ့ကြ၏။ အကယ်၍ သူတို့ထံ ထိုကဲ့သို့သော ဓနဥစ္စာရောက်လာပါက သူတို့သည် ယင်းကို ယူကြဦးမည်သာဖြစ်၏။ အသို့နည်း၊ ၎င်းတို့သည် အလွာဟ်နှင့်စပ်လျဉ်းပြီး အမှန်တရားမှလွဲ၍ မည်သည့်စကားကိုမျှ ပြောကြားမည်မဟုတ်ဟု သူတို့အပေါ် တာဝန်ပြဋ္ဌာန်းထားခဲ့သည့် ကျမ်းဂန်၏ပဋိညာဉ်ကို သူတို့ထံမှ မယူခဲ့ပါသလော။ ယင်း(ကျမ်းဂန်)၌ရှိသည်ကို သူတို့ ဖတ်ရှုခဲ့ကြပြီးဖြစ်ပေသည်။ စင်စစ် ဖြူစင်ဖြောင့်မတ်ခြင်း 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်တည်သူတို့အဖို့ နောင်တမလွန်၏ အိမ်တော်သည် ပိုမိုကောင်းမြတ်ပေသည်။ သို့ဖြစ်ရာ အသင်တို့သည် အသိဉာဏ်ကို အသုံးမချကြသလော။

وَالَّذِيْنَ يُمَسِّكُوْنَ بِالْكِتٰبِ وَاَقَامُوا الصَّلٰوةَ ۭ اِنَّا لَا نُضِيْعُ اَجْرَ الْمُصْلِحِيْنَ ﴿۱۷۰﴾

၁၇၁။ အကြင်သူတို့သည် ကျမ်းဂန်ကို ခိုင်မြဲစွာ စွဲကိုင်ထားကြ၏၊ ထို့ပြင် 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြ၏။ သို့ဖြစ်ရာ ဧကန်မုချ ငါတို့သည် ပြုပြင်ပြောင်းလဲသူတို့၏ ဆုလာဘ်ကို ဆုံးရှုံးစေတော်မူမည်မဟုတ်ချေ။

وَاِذْ نَتَقْنَا الْجَبَلَ فَوْقَهُمْ كَاَنَّهٗ ظُلَّةٌ وَّظَنُّوْٓا اَنَّهٗ وَاقِعٌۢ بِهِمْ ۚ خُذُوْا مَآ اٰتَيْنٰكُمْ بِقُوَّةٍ وَّاذْكُرُوْا مَا فِيْهِ لَعَلَّكُمْ تَتَّقُوْنَ ﴿۱۷۱﴾ ع

၁၇၂။ (သတိရကြကုန်)၊ အကြင်အခါဝယ် ငါတို့သည် 'တူရ်'တောင်ကို သူတို့အပေါ် မိုးထားစေတော်မူခဲ့ပေရာ ယင်းသည် အမိုးသဖွယ်ဖြစ်ခဲ့၏။ သူတို့က ယင်း(တောင်)သည် သူတို့အပေါ် ပြိုကျလိမ့်မည်ဟု ထင်မြင်ခဲ့ကြ၏။ (အို-အစ္စရာအီလ်မျိုးနွယ်တို့) အသင်တို့အား ငါအရှင်မြတ် ပေးသနားတော်မူသည်များကို ခိုင်မြဲစွာစွဲကိုင်ထားကြကုန်၊ ထို့ပြင် ယင်း၌ရှိသည်ကို

သတိပြုကြကုန်၊ သို့မှသာလျှင် အသင်တို့သည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်ကြံဆောက်တည်သူများ ဖြစ်ကြရာတည်း။ ①

ရုကူ-၂၂

وَاِذْ اَخَذَ رَبُّكَ مِنْۢ بَنِيْٓ اٰدَمَ مِنْ ظُهُوْرِهِمْ ذُرِّيَّتَهُمْ وَاَشْهَدَهُمْ عَلٰٓى اَنْفُسِهِمْ ۚ اَلَسْتُ بِرَبِّكُمْ ۭ قَالُوْا بَلٰى ۛ شَهِدْنَا ۛ اَنْ تَقُوْلُوْا يَوْمَ الْقِيٰمَةِ اِنَّا كُنَّا عَنْ هٰذَا غٰفِلِيْنَ ۝

၁၇၃။ ထို့ပြင် (သတိရကြကုန်၊) အကြင်အခါဝယ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် 'အာဒမ်' မျိုးနွယ်၏ကျောမှ သူတို့၏မျိုးနွယ်ဆက်(ဖန်ဆင်းမှုရှုပ်ဒြပ်)ကို စွဲကိုင်လျက် သူတို့အား မိမိတို့စိတ်ဝိညာဉ်များအပေါ် ကိုယ်တိုင် သက်သေများဖြစ်စေတော်မူခဲ့၏။ (ထို့ပြင် မေးမြန်းတော်မူသည်မှာ) ငါသည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ပင် မဟုတ်ပေလော။ သူတို့က အဘယ့်ကြောင့် မဟုတ်ရပါမည်နည်း၊ ကျွန်တော်မျိုးတို့ သက်သေခံကြပါ၏ဟု ဖြေကြားလျှောက်ထားကြလေသည်။ ဤသို့ဖြင့် အသင်တို့သည် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် ကျွန်တော်မျိုးတို့သည် ဤသည်ကို ဧကန်ပင် မသိရှိခဲ့ကြပါဟု မပြောနိုင်ကြစေရန်ဖြစ်၏။ ②

اَوْ تَقُوْلُوْٓا اِنَّمَآ اَشْرَكَ اٰبَاۗؤُنَا مِنْ قَبْلُ وَكُنَّا ذُرِّيَّةً مِّنْۢ بَعْدِهِمْ ۚ اَفَتُهْلِكُنَا بِمَا فَعَلَ الْمُبْطِلُوْنَ ۝

၁၇၄။ သို့မဟုတ် 'ရှရိုက်' တွဲဖက်ကိုးကွယ်မှုကို ကျွန်တော်မျိုးတို့၏ ဘိုးဘေးတို့သည် ယခင်ကပင်ပြုခဲ့ကြ၏။ ကျွန်တော်မျိုးတို့မှာမူ ယင်းတို့၏နောက်မှရောက်လာသော မျိုးဆက်များဖြစ်ကြပါ၏။ သို့ဖြစ်ရာ အရှင်မြတ်သည် မမှန်မကန်ပြုခဲ့ကြသောသူတို့၏ကျင့်ကြံမှုကြောင့် ကျွန်တော်မျိုးတို့အား ဖျက်ဆီးပစ်တော်မူပါမည်လောဟု အသင်တို့ပြောကြပေအံ့။

وَكَذٰلِكَ نُفَصِّلُ الْاٰيٰتِ وَلَعَلَّهُمْ يَرْجِعُوْنَ ۝

၁၇၅။ ဤကဲ့သို့ပင် ငါတို့သည် သက်သေလက္ခဏာ 'အာယတ်'တော်များကို ပွင့်လင်းထင်ရှားစွာ ဖော်ပြတော်မူရခြင်းမှာ (အမှန်တရားဘက်သို့) ၎င်းတို့ ပြန်လှည့်ကောင်းလှည့်လာကြစေခြင်းငှာဖြစ်၏။

---

① ဤနေရာ၌ တောင်ကို ယင်းတို့အပေါ် မိုးထားစေတော်မူခြင်းဟူသည် တောင်ကိုမြေကြီးမှဆွဲနုတ်၍ ယင်းတို့၏ဦးခေါင်းများအပေါ် သို့မြှင့်တင်ထားလိုက်သည်ဟု ဆိုလိုခြင်းအလျှင်းမဟုတ်ပေ။ တောင်အချို့မှာ လူသွားလမ်းအပေါ် မည်မျှညွှတ်ကိုင်းလျက်ရှိတတ်ကြသနည်းဆိုသော် လူများ ယင်းလမ်းမှဖြတ်သန်းသည့်အခါ ထိုတောင်၏အရိပ်အောက်သို့ ရောက်ရှိသွားပေသည်။ ဤနေရာတွင်လည်း ဤသည်ကိုသာဆိုလိုခြင်းဖြစ်ပေသည်။ သို့ရာတွင် ထိုအချိန်က ယင်းတို့အား ကြောက်ရွံ့မှုအခြေအနေဆိုက်ရောက်နေခဲ့ပေရာ ယင်းကိုသူတို့အကျိုးအလို့ငှာအသုံးချလျက် အလ္လာဟ်အရှင်မြတ်က ထိုသူတို့အား 'တောင်ရတ်'ကျမ်းတော်ကို အင်အားအပြည့်ဖြင့် စွဲမြဲစွာကိုင်ထားကြရန် လမ်းညွှန်တော်မူပေသည်။

② 'အာဒမ်'၏မျိုးနွယ်ကို မဖန်ဆင်းမီကတည်းကပင် ယင်းတို့၏သားသမီးများနှင့်စပ်လျဉ်း၍ အမိန့်တော်ထားရှိခဲ့သည်မှာ ယင်းတို့သည် အလ္လာဟ်အရှင်မြတ်တည်ရှိတော်မူခြင်းအပေါ် သက်သေအဖြစ်ရှိကြရမည်။ အကြင်သားသမီးများမှာ မွေးဖွားခြင်းပင် မရှိသေးပါလျှင် သူတို့ထံမှကတိကို မည်သို့ရယူနိုင်ပါမည်နည်း။ ယင်း၏ဆိုလိုရင်းမှာ လူဗီဇအတွင်း၌ပင် အလ္လာဟ်အရှင်မြတ်တည်ရှိတော်မူကြောင်းယုံကြည်မှုကို ထည့်သွင်းထားကြောင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ တစ်လောကလုံးတွင် အလ္လာဟ်အရှင်မြတ် တည်ရှိတော်မူခြင်းဆိုင်ရာ၏အတွေးအမြင်ရှိနေကြခြင်းမှာ မတော်တဆတိုက်ဆိုင်မှုမျှသာမဟုတ်မူဘဲ ယင်းသည် လူဗီဇအတွင်းမှာပင် တံဆိပ်ခတ်နှိပ်ထားပြီးဖြစ်သောကြောင့်တည်း။

وَاتْلُ عَلَيْهِمْ نَبَاَ الَّذِيْٓ اٰتَيْنٰهُ اٰيٰتِنَا فَانْسَلَخَ مِنْهَا فَاَتْبَعَهُ الشَّيْطٰنُ فَكَانَ مِنَ الْغٰوِيْنَ ﴿۱۷۵﴾

၁၇၆။ အသင်သည် သူတို့အား ထိုပုဂ္ဂိုလ်၏ဖြစ်ရပ်ကို ဖတ်ပြပါလေ။ သူ့အား ငါတို့သည် မိမိ၏ 'အာယတ်' သက်သေလက္ခဏာတော်များကို ပေးသနားတော်မူခဲ့ပေရာ၊ သူသည် ယင်းမှ အပြင်သို့ထွက်သွားခဲ့လေသည်။ သို့ဖြစ်ရာ 'ရှိုင်တန်' သည် သူ၏နောက်သို့ လိုက်ခဲ့လေသည်။ ထို့နောက် ထိုသူသည် လမ်းလွဲသူများအနက်မှ ဖြစ်သွားခဲ့လေသည်။

وَلَوْ شِئْنَا لَرَفَعْنٰهُ بِهَا وَلٰكِنَّهٗٓ اَخْلَدَ اِلَى الْاَرْضِ وَاتَّبَعَ هَوٰىهُ ۚ فَمَثَلُهٗ كَمَثَلِ الْكَلْبِ ۚ اِنْ تَحْمِلْ عَلَيْهِ يَلْهَثْ اَوْ تَتْرُكْهُ يَلْهَثْ ۭ ذٰلِكَ مَثَلُ الْقَوْمِ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا ۚ فَاقْصُصِ الْقَصَصَ لَعَلَّهُمْ يَتَفَكَّرُوْنَ ﴿۱۷۶﴾

၁၇၇။ အကယ်၍ ငါတို့အလိုရှိတော်မူလျှင် ယင်း(အာယတ်တော်များ)အားဖြင့် ဧကန်ပင် သူ့အား မြှင့်တင်တော်မူမည်ဖြစ်၏။ သို့ရာတွင် သူသည် ကမ္ဘာမြေကြီးဘက်သို့ ယိမ်းညွတ်ခဲ့ပြီး မိမိ၏ဆန္ဒရမ္မက်နောက်သို့လိုက်ခဲ့ပေသည်။ သို့ဖြစ်ရာ ၎င်း၏ဥပမာကား ခွေးနှင့်ပမာတူ၏။ အကယ်၍ အသင်သည် ယင်း(ခွေး)ကို လက်ဖြင့်ရွယ်ပါက မောဟိုက်၍ လျှာထုတ်နေပေမည်၊ သို့တည်းမဟုတ် ယင်းအား လွှတ်ထားလိုက်လျှင်လည်း မောဟိုက်လျက် လျှာထုတ်နေမည်သာဖြစ်၏။ ဤသည် ငါတို့၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟုစွပ်စွဲသော အမျိုးသားတို့၏ဥပမာပင်ဖြစ်၏။ သို့ဖြစ်ရာ အသင်သည် (ဤသူတို့၏ရှေ့တွင်) ဤ(သမိုင်း)ဖြစ်ရပ်များကို ဖတ်ပြပါလေ၊ သို့ဖြင့် သူတို့ စဉ်းစားဆင်ခြင်ကြရာ၏။ ①

سَآءَ مَثَلًا ۨ الْقَوْمُ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا وَاَنْفُسَهُمْ كَانُوْا يَظْلِمُوْنَ ﴿۱۷۷﴾

၁၇၈။ ငါတို့၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟုစွပ်စွဲကြသောသူတို့၏ ဥပမာကား လွန်စွာဆိုးရွားလှပေသည်။ စင်စစ် ထိုသူတို့သည် မိမိတို့၏ အသက်ဝိညာဉ်များကိုသာလျှင် နှိပ်စက်ညှဉ်းပန်းလေ့ရှိခဲ့ကြ၏။

مَنْ يَّهْدِ اللّٰهُ فَهُوَ الْمُهْتَدِيْ ۚ وَمَنْ يُّضْلِلْ فَاُولٰۗىِٕكَ هُمُ الْخٰسِرُوْنَ ﴿۱۷۸﴾

၁၇၉။ အကြင်သူအား အလ္လာဟ်သည် လမ်းမှန်ကို ညွှန်ပြတော်မူပါက ထိုသူသည်သာလျှင် လမ်းမှန်ကိုရရှိသူဖြစ်၏။ ထို့ပြင် အကြင်သူတို့အား အရှင်မြတ်က လမ်းလွဲသူများဟုသတ်မှတ်တော်မူပါက ထိုသူတို့သည်ပင် ဆုံးရှုံးမည့်သူများဖြစ်ကြပေသည်။

وَلَقَدْ ذَرَاْنَا لِجَهَنَّمَ كَثِيْرًا مِّنَ الْجِنِّ وَالْاِنْسِ ۡ لَهُمْ قُلُوْبٌ لَّا يَفْقَهُوْنَ بِهَا ۡ وَلَهُمْ اَعْيُنٌ لَّا يُبْصِرُوْنَ بِهَا ۡ وَلَهُمْ

၁၈၀။ ဧကန်အမှန် ငါတို့သည် 'ဂျဟန္နမ်' ငရဲအတွက် 'ဂျင်န်' နှင့် လူသားများအနက်မှ မြောက်များစွာတို့ကို ဖန်ဆင်းထားတော်မူ၏။ သူတို့၌ စိတ်နှလုံးများကားရှိ၏၊ သို့သော် ယင်းအားဖြင့် သူတို့သည် သိနားလည်ခြင်းမရှိကြချေ။ သူတို့တွင် မျက်စိများကားရှိ၏၊ သို့သော် ယင်းအားဖြင့် သူတို့ မတွေ့မမြင်ကြ

① ဤအာယတ်တော်တွင်ဖော်ပြထားသော ပုဂ္ဂိုလ်၏အမည်ကို ကုရ်အာန်ဋီကာဖွင့်ဆိုသူပညာရှင်များက 'ဘလ်အမ်ဘာအူရ်'ဟုရေးသားဖော်ပြကြသည်။ သူ့အား အလ္လာဟ်အရှင်မြတ်က ဝိညာဉ်ရေးဆိုင်ရာ ဂုဏ်ဒြပ်များကိုပေးသနားတော်မူထားပေရာ ယင်းအားဖြင့် သူသည် အလ္လာဟ်နှင့်နီးစပ်မှုကိုရရှိခဲ့ပေသည်။ သို့ရာတွင် သူသည် ကံဆိုးစွာဖြင့် လောကီဘက်ယိမ်းညွတ်ခြင်းကို မိမိအတွက် နှစ်သက်လက်ခံခဲ့သည်။ သို့ဖြင့် ကျောက်ခဲကိုကောက်သည်ဖြစ်စေ၊ မကောက်ဘဲနေသည်ဖြစ်စေ ဟောင်မြဲဟောင်လျက် မောဟိုက်သွားမည်ဖြစ်သော ခွေးဖြင့် ထိုသူအား ဥပဒေနှိုင်းထားပေသည်။ သို့ဖြစ်၍ ယင်းပုဂ္ဂိုလ်သည်လည်း လမ်းမှန်မှချော်ထွက်ပြီး အမှန်တရားနှင့်ဆန့်ကျင်သည့် အချည်းနှီးပြောဆိုမှုများကိုပြုခဲ့ပေသည်။

اُذَانٌ لَّا يَسْمَعُوْنَ بِهَا ۭ اُولٰۗىِٕكَ كَالْاَنْعَامِ بَلْ هُمْ اَضَلُّ ۭ اُولٰۗىِٕكَ هُمُ الْغٰفِلُوْنَ ۝۱۷۹

ချေ။ သူတို့တွင် နားများကားရှိ၏၊ သို့သော် ယင်းအားဖြင့် သူတို့သည် မကြားကြချေ။ ဤသူများသည်ကား ကွဲနွားတိရစ္ဆာန်များကဲ့သို့ဖြစ်ကြ၏။ ထို့မျှမက (တိရစ္ဆာန်များထက်ပင်)ပို၍ လွဲမှားလျက်ရှိကြ၏။ ဤသူများသည်ပင် အလေးမထားပေါ့လျော့သူများဖြစ်ကြ၏။

وَلِلّٰهِ الْاَسْمَاۗءُ الْحُسْنٰى فَادْعُوْهُ بِهَا ۠ وَذَرُوا الَّذِيْنَ يُلْحِدُوْنَ فِيْٓ اَسْمَاۗىِٕهٖ ۭ سَيُجْزَوْنَ مَا كَانُوْا يَعْمَلُوْنَ ۝۱۸۰

၁၈၀။ ကောင်းမြတ်လှပသောအမည်နာမ အားလုံးတို့သည် အလ္လာဟ်၏အဖို့သာဖြစ်၏။ သို့ဖြစ်ရာ ယင်း(နာမတော်များ)ဖြင့် အရှင်မြတ်အား ဟစ်ခေါ်တမ်းတကြကုန်။ ထို့ပြင် အရှင်မြတ်၏နာမတော်များနှင့်စပ်လျဉ်း၍ ကွေ့ကောက်မှုကို ကျင့်သုံးသူတို့အား လွှတ်ထားလိုက်ပါလေ။ သူတို့ပြုလုပ်လေ့ရှိသည်များကြောင့် သူတို့သည် အမှန်ပင် အစားပေးခြင်းခံကြရမည်ဖြစ်၏။

وَمِمَّنْ خَلَقْنَآ اُمَّةٌ يَّهْدُوْنَ بِالْحَقِّ وَبِهٖ يَعْدِلُوْنَ ۝۱۸۱ۧ

၁၈၁။ ငါတို့ဖန်ဆင်းတော်မူသောသူများတွင် ဤသို့သောသူများလည်းရှိကြ၏။ သူတို့သည် မှန်ကန်မှုသမ္မာတရားဖြင့် (လူတို့အား) လမ်းညွှန်မှုပြုကြသည့်အပြင် ယင်း(အမှန်တရား)အားဖြင့်သာလျှင် တရားမျှတမှုကိုကျင့်သုံးကြပေသတည်း။

ရုကူး-၂၃

وَالَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا سَنَسْتَدْرِجُهُمْ مِّنْ حَيْثُ لَا يَعْلَمُوْنَ ۝۱۸۲ۙ

၁၈၂။ အကြင်သူတို့သည် ငါတို့၏ သက်သေလက္ခဏာတော်များကို ငြင်းပယ်ကြ၏၊ အမှန်ပင် ငါတို့သည် သူတို့ အလျှင်းမသိရှိသောဘက်မှ သူတို့အား အဆင့်ဆင့် ဖမ်းဆီးတော်မူပေအံ့။

وَاُمْلِيْ لَهُمْ ۭ اِنَّ كَيْدِيْ مَتِيْنٌ ۝۱۸۳

၁၈၃။ ငါအရှင်မြတ်သည် သူတို့ကို အချိန်ပေးဆိုင်းငံ့ထားတော်မူ၏။ မုချကောန် ငါအရှင်မြတ်၏စီမံမှုသည် အလွန်ခိုင်မာလှပေ၏။

اَوَلَمْ يَتَفَكَّرُوْا ۚ مَا بِصَاحِبِهِمْ مِّنْ جِنَّةٍ ۭ اِنْ هُوَ اِلَّا نَذِيْرٌ مُّبِيْنٌ ۝۱۸۴

၁၈၄။ သူတို့သည် သူတို့၏အပေါင်းအဖော်၌ ရူးသွပ်ခြင်းအလျှင်းမရှိကြောင်းကို မည်သည့်အခါတွင်မျှ ဆင်ခြင်သုံးသပ်ခြင်း မပြုခဲ့ကြသလော။ သူသည်ကား သိသာထင်ရှားသောသတိပေးနှိုးဆော်သူတစ်ဦးသာဖြစ်၏။

اَوَلَمْ يَنْظُرُوْا فِيْ مَلَكُوْتِ السَّمٰوٰتِ وَالْاَرْضِ وَمَا خَلَقَ اللّٰهُ مِنْ شَيْءٍ ۙ وَّاَنْ عَسٰٓى اَنْ يَّكُوْنَ قَدِ اقْتَرَبَ اَجَلُهُمْ ۚ فَبِاَيِّ حَدِيْثٍۢ بَعْدَهٗ يُؤْمِنُوْنَ ۝۱۸۵

၁၈၅။ ထိုသူတို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေအားစိုးမိုးအုပ်ချုပ်မှုကိုလည်းကောင်း၊ အလ္လာဟ်ဖန်ဆင်းထားတော်မူသော အရာရာတိုင်းကိုလည်းကောင်း မည်သည့်အခါတွင်မျှ ဆင်ခြင်သုံးသပ်ခြင်းမပြုကြသလော၊ ထို့ပြင် ယင်းတို့အတွက် သတ်မှတ်ထားသောအချိန်ကာလ နီးကပ်လာသည်မှာဖြစ်နိုင်သည်(ဆိုသည်ကိုလည်း ဆင်ခြင်သုံးသပ်ခြင်း မပြုကြသလော)၊ သို့ဖြစ်လျှင် ထိုသည့်နောက်တွင် တစ်ဖန် သူတို့သည် မည်သည့်စကားရပ်ကို ယုံကြည်လာကြပါမည်နည်း။

مَنْ يُّضْلِلِ اللّٰهُ فَلَا هَادِيَ لَهٗ ؕ وَيَذَرُهُمْ فِيْ طُغْيَانِهِمْ يَعْمَهُوْنَ ﴿۱۸۶﴾

၁၈၆။ အကြင်သူအား အလ္လာဟ်က လမ်းလွဲသူဟု သတ်မှတ်တော်မူပါက ထိုသူအား လမ်းညွှန်မည့်သူ မည်သူမျှမရှိချေ။ အရှင်မြတ်သည် သူတို့အား သူတို့၏မနာခံဖီဆန်မှုများတွင် တဝဲလည်လည်ရှိနေစေရန် စွန့်လွှတ်ထားတော်မူပေသည်။

يَسْـَٔلُوْنَكَ عَنِ السَّاعَةِ اَيَّانَ مُرْسٰىهَا ؕ قُلْ اِنَّمَا عِلْمُهَا عِنْدَ رَبِّيْ ۚ لَا يُجَلِّيْهَا لِوَقْتِهَاۤ اِلَّا هُوَ ؕ ثَقُلَتْ فِي السَّمٰوٰتِ وَالْاَرْضِ ؕ لَا تَاْتِيْكُمْ اِلَّا بَغْتَةً ؕ يَسْـَٔلُوْنَكَ كَاَنَّكَ حَفِيٌّ عَنْهَا ؕ قُلْ اِنَّمَا عِلْمُهَا عِنْدَ اللّٰهِ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ﴿۱۸۷﴾

၁၈၇။ ထိုသူတို့သည် အသင့်အား 'ကေယာမတ်'နှင့်စပ်လျဉ်း၍ ယင်းသည် မည်သည့်အခါ ဖြစ်လာမည်နည်းဟု မေးမြန်းကြ၏။ အသင်ပြောကြားပါလော၊ ယင်းအားသိခြင်းသည် ကျွန်ုပ်၏ ဖန်ဆင်းရှင်ထံတော်၌သာရှိ၏။ ယင်း(ကေယာမတ်) ဆိုက်ရောက်မည့်အချိန်တွင် ယင်းကို အရှင်မြတ်မှလွဲ၍ မည်သူမျှပေါ်လွင်ထင်ရှားစေမည်မဟုတ်ချေ။ ယင်းသည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေပေါ်တွင် လေးလံလှ၏။ ယင်းသည် အသင်တို့ထံ ရုတ်တရက်သာလျှင် ရောက်ရှိလာပေလိမ့်မည်။ (ဤသည်နှင့်စပ်လျဉ်း၍) ထိုသူတို့သည် အသင့်ထံတွင် အသင်သည် ယင်း(ကေယာမတ်)နှင့်ပတ်သက်၍ အလုံးစုံကိုသိကျွမ်းပြီးသည့်အလား မေးမြန်းကြ၏။ အသင် ပြောကြားပါလော၊ ယင်းအားသိခြင်းသည် အလ္လာဟ်၏ထံတော်၌သာရှိ၏။ သို့သော် လူအများစုသည် (ဤသည်ကို) သိကြသည်မဟုတ်ချေ။

قُلْ لَّاۤ اَمْلِكُ لِنَفْسِيْ نَفْعًا وَّلَا ضَرًّا اِلَّا مَا شَآءَ اللّٰهُ ؕ وَلَوْ كُنْتُ اَعْلَمُ الْغَيْبَ لَاسْتَكْثَرْتُ مِنَ الْخَيْرِ ۛۚ وَمَا مَسَّنِيَ السُّوْٓءُ ؕ اِنْ اَنَا اِلَّا نَذِيْرٌ وَّبَشِيْرٌ لِّقَوْمٍ يُّؤْمِنُوْنَ ﴿۱۸۸﴾

၁၈၈။ အသင်ပြောကြားပါလော၊ ကျွန်ုပ်သည် အလ္လာဟ်အလိုတော်ရှိသည်မှတစ်ပါး မိမိကိုယ်တိုင်အတွက် အကျိုးကျေးဇူးကိုလည်းကောင်း၊ ဆုံးရှုံးနစ်နာစေခြင်းကိုလည်းကောင်း (မြို့တစ်မူန်မျှပင်) စိုးပိုင်သည်မဟုတ်ချေ။ အကယ်၍ ကျွန်ုပ်သည် အကွယ်မှအရာကို သိရှိသူဖြစ်ပါလျှင် ဧကန်မုချ ကျွန်ုပ်သည် မြောက်မြားစွာသော ဓနဥစ္စာများကို စုဆောင်းနိုင်ခဲ့ပေမည်။ ထို့ပြင် ကျွန်ုပ်ကို မည်သို့သောဒုက္ခမျှလည်း သက်ရောက်မည်မဟုတ်ချေ။ ကျွန်ုပ်သည် သက်ဝင်ယုံကြည်သူများအဖို့ သတိပေးနှိုးဆော်သူနှင့် သတင်းကောင်းပေးသူမျှသာ ဖြစ်သတည်း။

ရုကူး-၂၄

هُوَ الَّذِيْ خَلَقَكُمْ مِّنْ نَّفْسٍ وَّاحِدَةٍ وَّجَعَلَ مِنْهَا زَوْجَهَا لِيَسْكُنَ اِلَيْهَا ۚ فَلَمَّا تَغَشّٰىهَا حَمَلَتْ حَمْلًا خَفِيْفًا فَمَرَّتْ بِهٖ ۚ فَلَمَّاۤ اَثْقَلَتْ دَّعَوَا اللّٰهَ رَبَّهُمَا لَئِنْ اٰتَيْتَنَا صَالِحًا لَّنَكُوْنَنَّ مِنَ الشّٰكِرِيْنَ ﴿۱۸۹﴾

၁၈၉။ အရှင်မြတ်သည်သာလျှင် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် ယင်းမှပင် သူ၏ကြင်ဖော်ကို ပြုလုပ်တော်မူ၏။ သို့ဖြင့် သူသည် သူမဘက်သို့ ငြိမ်းအေးကျေနပ်မှုအတွက် ယိမ်းညွတ်စေရန်ဖြစ်၏။ တစ်ဖန် သူသည် သူမအားဖုံးလွှမ်းလိုက်သောအခါ သူမသည် ပေါ့ပါးသောဝန်တစ်ခုကို သယ်ပိုးလိုက်ပေသည်။ တစ်ဖန် သူမသည် ယင်း(ဝန်)ကို သယ်ပိုးလျက် သွားလာမှုပြုပေသည်။ သို့ဖြစ်ရာ ယင်းသည် လေးပင်၍လာသောအခါ ၎င်းတို့နှစ်ဦးစလုံးသည် မိမိတို့၏ ဖန်ဆင်းမွေးမြူရှင်ထံတော်၌ အကယ်၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကျန်းမာသန်စွမ်းသူ

(သားရတနာ)ကို ပေးသနားတော်မူပါလျှင် ဧကန်မုချ ကျွန်တော်မျိုးတို့သည် ကျေးဇူးသိတတ်သူများတွင် အပါအဝင် ဖြစ်ကြပါမည်ဟု ဆုပန်ကြ၏။

فَلَمَّآ اٰتٰىهُمَا صَالِحًا جَعَلَا لَهٗ شُرَكَآءَ فِيْمَآ اٰتٰىهُمَا ۚ فَتَعٰلَى اللّٰهُ عَمَّا يُشْرِكُوْنَ ۝١٩٠

၁၉၀။ ဤသို့ဖြင့် သူတို့နှစ်ဦးအား ထိုအရှင်မြတ်က ကျန်းမာသန်စွမ်းသည့် (သားရတနာ)ကိုပေးသနားတော်မူသောအခါ၊ အရှင်မြတ်က သူတို့အားပေးသနားတော်မူသော ထို(ပေးကမ်းခြင်း)၌ သူတို့သည် အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ရာကို ပြုလုပ်လေ၏။ စင်စစ် အလ္လာဟ်သည် ၎င်းတို့တွဲဖက်ကိုးကွယ်သည့်အရာထက် အလွန်ပင် မြင့်မြတ်လှပေသည်။

اَيُشْرِكُوْنَ مَا لَا يَخْلُقُ شَيْـًٔا وَّهُمْ يُخْلَقُوْنَ ۝١٩١

၁၉၁။ တစ်စုံတစ်ရာကိုမျှ ဖန်ဆင်းခြင်း မပြုနိုင်သည့်အပြင် ကိုယ်တိုင်က ဖန်ဆင်းခြင်းခံရသည်များကို သူတို့သည် အရှင်မြတ်နှင့်တွဲဖက်ကိုးကွယ်ရာ ပြုလုပ်ကြပေသလော။

وَلَا يَسْتَطِيْعُوْنَ لَهُمْ نَصْرًا وَّلَآ اَنْفُسَهُمْ يَنْصُرُوْنَ ۝١٩٢

၁၉၂။ (သူတို့၏) ယင်း(ကိုးကွယ်ရာ)တို့သည် သူတို့အားမည်သည့်အကူအညီကိုမျှ ပေးနိုင်စွမ်းမရှိကြသည့်အပြင်၊ ယင်းတို့သည်ကား မိမိတို့ကိုယ်ကိုပင် ကူညီနိုင်စွမ်းမရှိကြချေ။

وَاِنْ تَدْعُوْهُمْ اِلَى الْهُدٰى لَا يَتَّبِعُوْكُمْ ۭ سَوَآءٌ عَلَيْكُمْ اَدَعَوْتُمُوْهُمْ اَمْ اَنْتُمْ صَامِتُوْنَ ۝١٩٣

၁၉၃။ အကယ်၍ အသင်တို့သည် ထိုသူတို့အား တရားလမ်းမှန်ဘက်သို့ဖိတ်ခေါ်သော်လည်း သူတို့သည် မည်သည့်အခါမျှ အသင်တို့အား နောက်လိုက်ကျင့်ကြံကြမည်မဟုတ်ချေ။ အသင်တို့သည် သူတို့အား ဖိတ်ခေါ်သည်ဖြစ်စေ၊ နှုတ်ဆိတ်နေသည်ဖြစ်စေ အသင်တို့အဖို့ (မထူးခြားပေ)အတူတူပင်ဖြစ်၏။

اِنَّ الَّذِيْنَ تَدْعُوْنَ مِنْ دُوْنِ اللّٰهِ عِبَادٌ اَمْثَالُكُمْ فَادْعُوْهُمْ فَلْيَسْتَجِيْبُوْا لَكُمْ اِنْ كُنْتُمْ صٰدِقِيْنَ ۝١٩٤

၁၉၄။ စင်စစ် အလ္လာဟ်မှတစ်ပါး အသင်တို့ ဟစ်ခေါ်တမ်းတကြသောသူတို့သည် အသင်တို့ကဲ့သို့ပင် လူသားများဖြစ်ကြ၏။ သို့ဖြစ်ရာ အသင်တို့သည် ယင်းတို့အား ဟစ်ခေါ်လျက်နေကြကုန်။ အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် ယင်းတို့သည် အသင်တို့အား အဖြေပေးသင့်ကြပေသည်။

اَلَهُمْ اَرْجُلٌ يَّمْشُوْنَ بِهَآ اَمْ لَهُمْ اَيْدٍ يَّبْطِشُوْنَ بِهَآ اَمْ لَهُمْ اَعْيُنٌ يُّبْصِرُوْنَ بِهَآ اَمْ لَهُمْ اٰذَانٌ يَّسْمَعُوْنَ بِهَا ۭ قُلِ ادْعُوْا شُرَكَآءَكُمْ ثُمَّ كِيْدُوْنِ فَلَا تُنْظِرُوْنِ ۝١٩٥

၁၉၅။ ယင်းတို့၌ လမ်းလျှောက်ရန် ခြေများရှိကြသလော၊ သို့မဟုတ် ယင်းတို့တွင် ကိုင်တွယ်ရန် လက်များရှိကြသလော၊ သို့မဟုတ် ယင်းတို့တွင် ကြည့်ရှုရန် မျက်စိများရှိကြသလော၊ သို့မဟုတ် ယင်းတို့တွင် ကြားနာရန်အတွက် နားများရှိကြသလော။ အသင်ပြောကြားပါလေ၊ အသင်တို့သည် မိမိတို့၏ 'ရှုရိုက်' အလ္လာဟ်နှင့်တွဲဖက်ကိုးကွယ်ရာများကို ဟစ်ခေါ်တမ်းတကြကုန်။ ထို့နောက် ကျွန်ုပ်နှင့်ဆန့်ကျင်၍ အလုံးစုံသောကြံစည်လုပ်ဆောင်မှုများကို လုပ်ကြည့်ကြကုန်။ ကျွန်ုပ်အား မည်သို့သော ဆိုင်းငံ့ခွင့်ကိုမျှမပေးကြလင့်။

اِنَّ وَلِيِّ اللّٰهُ الَّذِيْ نَزَّلَ الْكِتٰبَ ۚ وَهُوَ

၁၉၆။ ဧကန်စင်စစ် ကျမ်းဂန်ကို ပို့ချပေးသနားတော်မူသော အလ္လာဟ်သည်ပင် ကျွန်ုပ်အား ကာကွယ်စောင့်ရှောက်တော်မူ

သောအရှင်ဖြစ်တော်မူ၏။ အရှင်မြတ်သည်ပင် သူတော်
ကောင်းတို့ကိုသာလျှင် ကာကွယ်စောင့်ရှောက်တော်မူ၏။

يَتَوَلَّى الصّٰلِحِيْنَ ﴿١٩٦﴾

၁၉၈။ အရှင်မြတ်မှတစ်ပါး အသင်တို့ဟစ်ခေါ်တမ်းတကြ
သောသူတို့သည် အသင်တို့အားကူညီရန် မည်သို့သော စွမ်း
အားမျှမရှိကြချေ။ စင်စစ် ယင်းတို့သည် မိမိတို့ကိုယ်ကိုပင်
မိမိတို့ ကူညီနိုင်စွမ်းမရှိကြချေ။

وَالَّذِيْنَ تَدْعُوْنَ مِنْ دُوْنِهٖ لَا يَسْتَطِيْعُوْنَ
نَصْرَكُمْ وَلَآ اَنْفُسَهُمْ يَنْصُرُوْنَ ﴿١٩٧﴾

၁၉၉။ အကယ်၍ အသင်တို့သည် သူတို့ကို တရားလမ်းမှန်
ဘက်သို့ဖိတ်ခေါ်ပါက သူတို့သည် နားထောင်ကြမည်မဟုတ်
ချေ။ ထို့ပြင် အသင်သည် သူတို့ကို အသင့်ဘက်သို့ ကြည့်
လျက်ရှိနေသည့်အလားတွေ့ရပေလိမ့်မည်။ အမှန်သော်ကား
သူတို့သည် မမြင်ကြချေ။

وَاِنْ تَدْعُوْهُمْ اِلَى الْهُدٰى لَا يَسْمَعُوْا ؕ
وَتَرٰىهُمْ يَنْظُرُوْنَ اِلَيْكَ وَهُمْ لَا
يُبْصِرُوْنَ ﴿١٩٨﴾

၂၀၀။ ခွင့်လွှတ်ခြင်းကိုကျင့်သုံးပါလေ၊ သင့်လျော်ကောင်း
မြတ်သောအမှုတို့ကိုပြုရန် နှိုးဆော်မိန့်မှာပါလေ။ ထို့ပြင်
အသိပညာကင်းမဲ့သူများမှရှောင်ခွာလျက်နေပါလေ။

خُذِ الْعَفْوَ وَاْمُرْ بِالْعُرْفِ وَاَعْرِضْ عَنِ
الْجٰهِلِيْنَ ﴿١٩٩﴾

၂၀၁။ အကယ်၍ အသင့်ထံ 'ရှိုင်တန်'ထံမှ သံသယမွားဖွယ်
တစ်စုံတစ်ရာရောက်ရှိလာပါက အလ္လာဟ်၏ထံတော်တွင်
ခိုလှုံခွင့်ကိုတောင်းခံပါလေ။ ဧကန်မုချ အရှင်မြတ်သည် လွန်
စွာ ကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင်
ဖြစ်တော်မူ၏။

وَاِمَّا يَنْزَغَنَّكَ مِنَ الشَّيْطٰنِ نَزْغٌ
فَاسْتَعِذْ بِاللّٰهِ ؕ اِنَّهٗ سَمِيْعٌ عَلِيْمٌ ﴿٢٠٠﴾

၂၀၂။ ဧကန်မုချ 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို
ကျင့်ကြံဆောက်တည်သူတို့သည် သူတို့ထံ 'ရှိုင်တန်'ထံမှ တစ်
စုံတစ်ရာစိတ်သောကဖြစ်ဖွယ် အတွေးရောက်လာသောအခါ
သူတို့သည် မြောက်မြားစွာ 'ဇိကိရ်' သတိရတသမှုပြုကြ၏။
ထို့နောက် သူတို့သည် ရုတ်ချည်းပင် အမှန်ကို မြင်နိုင်သူများ
ဖြစ်လာကြပေသည်။

اِنَّ الَّذِيْنَ اتَّقَوْا اِذَا مَسَّهُمْ طٰٓئِفٌ مِّنَ
الشَّيْطٰنِ تَذَكَّرُوْا فَاِذَا هُمْ مُّبْصِرُوْنَ ﴿٢٠١﴾

၂၀၃။ ယင်း(ကာဖိရ်များ)၏ (ရှိုင်တန်)ညီအစ်ကိုတို့သည်
သူတို့အား လမ်းလွဲဘက်သို့ ဆွဲငင်လျက်ရှိကြ၏။ တစ်ဖန်
သူတို့သည် မနားမနေ အစွမ်းကုန်အားထုတ်ကြ၏။

وَاِخْوَانُهُمْ يَمُدُّوْنَهُمْ فِى الْغَيِّ ثُمَّ
لَا يُقْصِرُوْنَ ﴿٢٠٢﴾

၂၀၄။ အသင်သည် သူတို့ထံ သက်သေလက္ခဏာ တစ်စုံ
တစ်ရာကိုယူဆောင်မလာသည့်အခါ သူတို့က အသင်သည်
အဘယ့်ကြောင့် ယင်းကို ရွေးချယ်မလာရပါသနည်းဟု ပြော
ကြ၏။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်သည်ကား ကျွန်ုပ်၏
ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ကျွန်ုပ်ထံပို့ချတော်မူသည့် 'ဝဟီ'
ဗျာဒိတ်များကိုသာလျှင် လိုက်နာကျင့်ကြံပါ၏။ ဤသည်
အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်မှ
အသိအမြင်ထွန်းလင်းဖွယ်ရာအကြောင်းရပ်များဖြစ်၏။ ထို့

وَاِذَا لَمْ تَاْتِهِمْ بِاٰيَةٍ قَالُوْا لَوْ لَا
اجْتَبَيْتَهَا ؕ قُلْ اِنَّمَآ اَتَّبِعُ مَا يُوْحٰٓى
اِلَىَّ مِنْ رَّبِّىْ ۚ هٰذَا بَصَآئِرُ مِنْ رَّبِّكُمْ
وَهُدًى وَّرَحْمَةٌ لِّقَوْمٍ يُّؤْمِنُوْنَ ﴿٢٠٣﴾

ပြင် သက်ဝင်ယုံကြည်သူအမျိုးသားတို့အဖို့ လမ်းညွှန်တော်နှင့် ကရုဏာတော်လည်းဖြစ်၏။

وَاِذَا قُرِئَ الْقُرْاٰنُ فَاسْتَمِعُوْا لَهٗ وَاَنْصِتُوْا لَعَلَّكُمْ تُرْحَمُوْنَ ۝

၂၀၅။ 'ကုရ်အာန်'ကို ဖတ်ရွတ်နေစဉ် ယင်းကို ဂရုစိုက်၍ နားထောင်ကြကုန်၊ ထို့ပြင် တိတ်ဆိတ်စွာနေကြကုန်၊ သို့မှသာ အသင်တို့သည် ကရုဏာတော်သက်ခြင်းကို ခံကြရပေအံ့။

وَاذْكُرْ رَّبَّكَ فِيْ نَفْسِكَ تَضَرُّعًا وَّخِيْفَةً وَّدُوْنَ الْجَهْرِ مِنَ الْقَوْلِ بِالْغُدُوِّ وَالْاٰصَالِ وَلَا تَكُنْ مِّنَ الْغٰفِلِيْنَ ۝

၂၀၆။ အသင်သည် မိမိ၏စိတ်နှလုံးတွင် မိမိအားဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်အား တစ်ခါတစ်ရံ နှိမ့်ချကျိုးနွံစွာ၊ တစ်ခါတစ်ရံ ကြောက်ရွံ့ရိုကျိုးစွာ မကျယ်လောင်သော အသံဖြင့် နံနက်ခင်းနှင့် ညနေချမ်းအချိန်များတွင် သတိရတသပါလေ။ ထို့ပြင် လျစ်လျူရှု ပေါ့လျော့သူများတွင် အပါအဝင်မဖြစ်လင့်။

اِنَّ الَّذِيْنَ عِنْدَ رَبِّكَ لَا يَسْتَكْبِرُوْنَ عَنْ عِبَادَتِهٖ وَيُسَبِّحُوْنَهٗ وَلَهٗ يَسْجُدُوْنَ ۝ ۩

၂၀၇။ ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၏အပါးတွင် ခစားကြသောသူတို့သည်ကား အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်း၌ မာန်မာနထောင်လွှားခြင်း မပြုကြချေ။ အရှင်မြတ် သန့်ရှင်းမြင့်မြတ်တော်မူကြောင်း 'တာစ်ဘီ'ပြုရင့်ကျူးကြကုန်၏။ ထို့ပြင် အရှင်မြတ်၏ရှေ့တော်၌သာလျှင် 'စဂ်ဒါဟ်' ပျပ်ဝပ်ဦးချမှုပြုကြကုန်သတည်း။

❖ ❖ ❖

၈။ အလ်–အန်ဖာလ်

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠ် တော်ပေါင်း(၇၆)ပိုဒ်ပါရှိသည်။ စစ်ပွဲ၏ရလဒ်အဖြစ် အလ္လာဟ်အရှင်မြတ်ပေးသနားတော်မူသော ပစ္စည်းဥစ္စာပိုင်းဆိုင်ရာ အကျိုးကျေးဇူးကို 'အန်ဖာလ်'ဟုခေါ်သည်။

ပြီးခဲ့သောဆူရာဟ် 'အလ်-အာအ်ရာဖ်'(အာယတ်တော်-၁၈၈)တွင် မယုံကြည်ခြင်းပယ်သူများ ဘက်မှမေးမြန်းခဲ့သော 'ဆာအတ်' သို့မဟုတ် 'ကေယာမတ်'ဖြစ်ပေါ်လာမည့် အချိန်ကာလ၏ ပထမဦးဆုံး ထင်ပေါ်လာမှုကို ဤဆူရာဟ်တွင် အကျယ်တဝင့်ဖော်ပြထားသည်။ ထို့ပြင် အာရေဗျအမျိုးသားတို့ထံ ထို 'ဆာအတ်'အချိန်ကာလသည် ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယင်း၏ရလဒ်အဖြစ် မယုံကြည်ခြင်းပယ်မှုနှင့် 'ရှရီက်'(တစ်စုံတစ်ရာကို အလ္လာဟ်နှင့်တွဲဖက်ကိုးကွယ်ခြင်း)၏ကာလ ချုပ်ငြိမ်းသွားမည်ဖြစ်ကြောင်း တို့ကို ဖော်ပြထားပေသည်။

ပြီးခဲ့သောဆူရာဟ်၏ အဆုံးပိုင်းတွင် အလွန်ခက်ခဲကျပ်တည်းသောအခြေအနေများ ထင်ပေါ် လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကတည်းက အလ္လာဟ်အရှင်မြတ်၏ရှေ့တော်တွင် ကျိုးနွံနှိမ့်ချ ဉီးညွတ်လျက် တိတ်ဆိတ်စွာဖြင့်လည်းကောင်း၊ အသံကိုမြှင့်၍လည်းကောင်း ဝိုကြွေးကာ 'ဒိုအာ' ဆုတောင်းရမည်ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် 'ဒိုအာ'ဆုတောင်းများအားဖြင့်သာ အလုံးစုံသော ခက်ခဲကျပ်တည်းမှုများ ပြေလည်သွားမည်ဖြစ်ကြောင်းတို့ကို တမန်တော်မြတ်ﷺအား သတိပေးနှိုးဆော် ထားပေသည်။

ဤဆူရာဟ်၏ အစပိုင်းမှာပင် ယင်းအခက်အခဲဒုက္ခများ၏ရလဒ်အဖြစ် သက်ဝင်ယုံကြည်သူ 'မို့အ်မင်န်'တို့၏ဆင်းရဲခို့တဲ့မှုကို ကင်းဝေးသွားအောင်ပြုပေးခြင်းခံရမည်ဖြစ်ကြောင်း သတင်းပေး ထားပေသည်။ ထို့နောက် ဒုက္ခအခက်အခဲများ၏အကြောင်းကိုဖော်ပြရာတွင် အဦးဆုံး 'ဘဒါရ်'စစ်ပွဲ အကြောင်းကိုဖော်ပြထားပေသည်။ ထို့ပြင် ဤဆူရာဟ်၏အလျင် ရှေ့ဆူရာဟ်၏အဆုံးပိုင်းတွင် 'ဒိုအာ' ဆုတောင်းခြင်းများဘက်သို့ အထူးဂရုပြုအာရုံစိုက်စေခဲ့သည့်အတိုင်းပင် မြင်တွေ့ရသည်မှာ 'ဘဒါရ်' စစ်ပွဲ၌ မွတ်စလင်များပေးသနားခြင်းခံရသည့် အောင်ပွဲသည်လည်း တမန်တော်မြတ်ﷺ၏ အထူး တောင်းခံသော 'ဒိုအာ'ဆုတောင်းများ၏ရလဒ်သာဖြစ်ပေသည်။ သို့မဟုတ်ပါက မွတ်စလင်များအနေ ဖြင့် အောင်နိုင်ဖို့အခြေအနေ အလျှင်းမရှိခဲ့ပါချေ။ ယင်း'ဂျီဟာဒ်'တွင် တမန်တော်မြတ်ﷺနှင့်အတူ သာဝက(၃၁၃)ဦးသာရှိခဲ့လေသည်။ သူတို့ရင်ဆိုင်ရမည့် မက္ကာမှ 'မူရှရီက်'တို့၏စစ်တပ်မှာကား နာမ် တရားဆိုင်ရာအခြေအနေမှတစ်ပါး ကျန်အခြေအနေအားလုံးတွင် မွတ်စလင်တို့ထက် အစစအရာရာ သာလွန်မှုရှိခဲ့ကြလေသည်။ ယင်းတို့၌ အကောင်းဆုံးသော အစီးအနင်းများ၊ အကောင်းဆုံး စစ်လက်နက် ပစ္စည်းများရှိကြသည်။ ကျွမ်းကျင်သော လေးသည်တော်တပ်လည်း ယင်းတို့၏စစ်တပ်တွင်ပါဝင်ကြသည်။ ဤတွင်မက စစ်သွေးစစ်မာန်တက်ကြွစေရန် စစ်သီချင်းများသီဆိုသူ အမျိုးသမီးများလည်း ပါဝင်ခဲ့ကြပြီး ယင်းတို့၏ စစ်ချီတေးကြော်ငြာ စစ်သွေးကြွကာ စစ်သည်တို့အား မိုက်ရူးရဲစိတ်ကို ဖြစ်ပေါ်စေခဲ့လေသည်။ ယင်းနှင့်ယှဉ်လျက် တမန်တော်မြတ်ﷺ၏ ထို'ဒိုအာ'ဆုပန်မှုများကပင် အောင်မြင်မှုကိုရရှိစေခဲ့ခြင်း ဖြစ်ပေသည်။ ကိုယ်တော်မြတ်ﷺသည် မိမိ၏ရွာက်ဖျင်တဲအတွင်း၌ အဆုံးစွန်သောနှိမ့်ချမှုဖြင့် ရှိုက်ငင် ဝိုကြွေးခြင်းပြုလျက် ဆုတောင်းခဲ့ပေရာ ကိုယ်တော်မြတ်ﷺ၏ ပခုံးတော်ထက်မှ ဝတ်ရုံသည် အဖန်ဖန်

အောက်သို့ကျခဲ့ရာ သာဝကကြီး အဘူဘက္ကရ်သခင်က ယင်းဝတ်ရုံကို ထိန်းပေးနေခဲ့ရသည်။ ထို'ဒိုအာ' ဆုတောင်းများ၏အထွတ်အထိပ်သည်ကား-

اَللّٰهُمَّ اِنْ تُهْلِكْ هٰذِهِ الْعِصَابَةُ مِنْ اَهْلِ الْاِسْلَامِ لَا تُعْبَدْ فِي الْاَرْضِ (مسلم. كتاب الجهاد)

"ဂျင်နှင့် လူသားတို့ကို ဖန်ဆင်းရခြင်း၏ရည်ရွယ်ချက်မှာ အရှင့်အား 'အေဗာဒတ်' ကိုးကွယ်ဆည်းကပ်မှုပြုရန်ပင်ဖြစ်ပါ၏၊ ထို့ပြင် ဤအစေတော်များမှာ အရှင်မြတ်ကိုသာ လုံးလုံးလျားလျား ဝတ်ပြုကိုးကွယ်ခြင်းပြုကြစေရန် ကျွန်တော်မျိုး သွန်သင်ပဲ့ပြင်ပေးထားသောသူများဖြစ်ပါ၏။ အကယ်၍ ဤသူများသည် သတ်ဖြတ်ခြင်းကိုခံခဲ့ကြရပါလျှင် အရှင်မြတ်အား အမှန်တကယ် ကိုးကွယ်ဆည်းကပ်မှုကိုပြုကြမည့် မည်သို့သောအဖွဲ့အစည်းမျှ လောကဌ္ဌ မည်သည့်အခါမျှ ပေါ်ပေါက်လာတော့မည် မဟုတ်ပါ"ဟူသော 'ဒိုအာ'ပင်ဖြစ်သည်။ (မွတ်စလင်ကျမ်း၊ ကီတာဘွလ်ဂျီဟာဒ်)

သို့ဖြစ်ရာ 'ဘဒါရ်'စစ်ပွဲတွင်အောင်ပွဲရခြင်း၏အလုံးစုံနှင့် အဓိကကျသောအချက်မှာကား တမန်တော်မြတ်ﷺ၏ 'ဒိုအာ'ဆုတောင်းခြင်းများပင်ဖြစ်ပေသည်။

ထိုမှတစ်ပါး သက်ဝင်ယုံကြည်သူတို့အား မှန်ကန်သူများနှင့် မှားယွင်းသူတို့၏အကြား ခွဲခြား၍ ပြသော အကြီးမားဆုံးလက်နက်သည်ကား 'တက္ကဝါ'(ဖြူစင်ဖြောင့်မတ်ခြင်းတရား)သာဖြစ်ကြောင်းနှင့် အကယ်၍ နောင်တွင်လည်း အသင်တို့သည် ကမ္ဘာပေါ်ရှိ အကြီးတကာ့ အကြီးမားဆုံးသောစွမ်းအားများကို အောင်ပွဲရလိုသည့်အတွေးအမြင်ရှိနေကြပါလျှင် 'တက္ကဝါ'တရားပေါ်တွင် ရပ်တည်မှသာလျှင် ပြည့်စုံလာမည်ဖြစ်ကြောင်းကိုလည်း ရှင်းပြထားပေသည်။

ကိုယ်တော်မြတ်၏ သာသနာရေးယုံကြည်ချက်ပြောင်းလဲစေရန် ဆန့်ကျင်သူများက စစ်တိုက်ခိုက်ခြင်းအားဖြင့် ကြိုးစားမှုမပြုသမျှကာလပတ်လုံး တမန်တော်မြတ်ﷺနှင့် ကိုယ်တော်မြတ်၏ အပေါင်းအဖော်တို့သည် စစ်မက်တိုက်ခိုက်ခြင်းကို အလျှင်းမပြုခဲ့ကြကြောင်း၊ ဓားလက်နက်အားဖြင့် လူတို့၏ သာသနာရေးယုံကြည်ချက်ကိုပြောင်းလဲရန် ကြိုးစားနေသမျှကာလပတ်လုံး လောကတွင် အကြီးဆုံးပြဿနာသည် အစဉ်သဖြင့် ဤကဲ့သို့ပင် ပေါက်ဖွားနေမည်သာဖြစ်ကြောင်း၊ ဤသို့သောအခြေအနေမျိုးတွင် ယင်းပြဿနာ လုံးလုံးလျားလျား ပပျောက်သွားသည်အထိသာ ခုခံကာကွယ်တိုက်ခိုက်ရန် အခွင့်ရှိကြောင်းတို့ကိုလည်း ဤဆူရာဟ်တွင် ရှင်းပြထားပေသည်။

ထို့အတူ တည်ကြည်မြဲမြံစွာရပ်တည်နိုင်ရေးအတွက် အလ္လာဟ်အား'ဇိကီရ်'သတိရတသမှုကို အမြောက်အမြားပြုလုပ်ရန်လိုအပ်ကြောင်းကို ဖော်ပြထားပေသည်။ သို့ဖြစ်ရာ ကြောက်မက်ဖွယ်ကောင်းလှသော စစ်ပွဲကြီးများဖြစ်ပွားနေစဉ်မှာပင် အလ္လာဟ်အား သတိရတသ 'ဇိကီရ်'ပြုခြင်းကို အဆက်မပြတ်ပြုသူတို့အား အသင်တို့သာလျှင် အောင်ပွဲရကြမည်ဖြစ်ကြောင်း၊ အကြောင်းမူ အောင်ပွဲဟူသမျှ 'ဇိက္ကရေအီလာဟီ' အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းနှင့်ဆက်နွယ်လျက်ရှိကြောင်း ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို ပေးလျက်ရှိပေသည်။

ဤဆူရာဟ်၏ နောက်ဆုံးအာယတ်တော်(၂)ခုတွင် အကယ်၍ရန်သူ၏ဖိနှိပ်မှုသည် အလွန်အမင်းဖြစ်လာပြီး အသင်တို့သည် မိမိတို့၏မွေးရပ်မြေမှမလွှဲမရှောင်သာ 'ဟစ်ဂျရတ်'ပြု ရွှေ့ပြောင်းရန်ဖြစ်လာခဲ့သော် အလ္လာဟ်၏လမ်းတော်တွင်ပြုသော ဤ'ဟစ်ဂျရတ်'သည် သဘောတူလက်ခံခြင်း

ခံရမည်ဖြစ်ကြောင်း၊ ယင်း၏အစား ရရှိမည့်အကျိုးဆက်မှာ အလွှာဟ်အရှင်မြတ်ထံတော်မှ အကူအညီ ပေးသနားတော်မူခြင်းခံရမည်ဖြစ်ကြောင်းနှင့် 'မာဂ်ဖိုရာတ်'ခွင့်လွှတ်ခြင်းအပြင် အလွှာဟ်အရှင်မြတ်သည် 'ဟစ်ဂျရတ်'ရွှေ့ပြောင်းခြင်းပြုသူတို့၏ 'ရီဇီက်'ရိက္ခာတွင် အလွန်မင်္ဂလာရှိစေတော်မူမည်ဖြစ်ကြောင်းတို့ကိုလည်း ဖော်ပြထားသည်။

ဤကြိုတင်နိမိတ်ဟောချက်မှာ အစဉ်သဖြင့် ကြီးမားသောဂုဏ်အရှိန်အဝါဖြင့် ပြည့်စုံလျက်ရှိနေပေသည်။ ထို့ပြင် 'ရီဇီက်' ရိက္ခာတွင် 'ဘာရ်ကတ်'ကောင်းချီးမင်္ဂလာရရှိမည့်အကြောင်း ဤဆူရာဟ်၏အစပိုင်းတွင် 'အန်ဖာလ်'ကို ပေးသနားချီးမြှင့်တော်မူခြင်းအသွင်ဖြင့် ဖော်ပြခဲ့ပြီး၊ ဆူရာဟ်၏အဆုံးပိုင်းတွင် အခြားသောအသွင်များဖြင့်လည်း ဖော်ပြထားသည်မှာ 'ဟစ်ဂျရတ်' ပြောင်းရွှေ့ခြင်း၏ ရလဒ်အဖြစ် 'မူဟာဂျိရင်န်' ရွှေ့ပြောင်းလာကြသူများ၏ 'ရီဇီက်'ရရှိမည့်လမ်းများသည် အလွန်လျင် ကျယ်ပြောအောင် ပြုလုပ်ခြင်းခံရမည်ဟူ၍ပင်ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-အန်ဖာလ်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၇၆)ပိုဒ် ရှူကူ(၁၀)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

يَسْـَٔلُوْنَكَ عَنِ الْاَنْفَالِ ۭ قُلِ الْاَنْفَالُ لِلّٰهِ وَالرَّسُوْلِ ۚ فَاتَّقُوا اللّٰهَ وَاَصْلِحُوْا ذَاتَ بَيْنِكُمْ ۠ وَاَطِيْعُوا اللّٰهَ وَرَسُوْلَهٗٓ اِنْ كُنْتُمْ مُّؤْمِنِيْنَ ①

၂။ ထိုသူတို့သည် အသင့်ထံ(စစ်တိုက်ရာမှရရှိသော) လက်ရပစ္စည်းများနှင့်စပ်လျဉ်း၍ မေးမြန်းကြ၏။ အသင်ပြောကြားပါလေ၊ လက်ရပစ္စည်းများကို အလ္လာဟ်နှင့်တမန်တော် ပိုင်ဆိုင်တော်မူ၏။ သို့ဖြစ်ရာ 'တက္ကဝါ' အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်းတရားကို ကျင့်သုံးဆောက်တည်ကြကုန်။ မိမိတို့အချင်းချင်း သင့်တင့်ပြေငြိမ်းမှုကိုပြုကြကုန်။ အကယ်၍ အသင်တို့သည် 'မို့အ်မင်န်' ယုံကြည်သူများဖြစ်ကြပါလျှင်၊ အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ကို နာခံလိုက်နာကြကုန်။

اِنَّمَا الْمُؤْمِنُوْنَ الَّذِيْنَ اِذَا ذُكِرَ اللّٰهُ وَجِلَتْ قُلُوْبُهُمْ وَاِذَا تُلِيَتْ عَلَيْهِمْ اٰيٰتُهٗ زَادَتْهُمْ اِيْمَانًا وَّعَلٰي رَبِّهِمْ يَتَوَكَّلُوْنَ ۝ۚ

၃။ 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူဟူသည် ထိုသူများပင်ဖြစ်၏၊ သူတို့သည် အလ္လာဟ်အား 'ဇိကီရ်' သတိရတသခြင်းပြုသောအခါ သူတို့၏စိတ်နှလုံးများသည် ကြောက်ရွံ့သွားကြ၏။ သူတို့အား အလ္လာဟ်၏ 'အာယတ်' မူကွပါဠိတော်များကို ဖတ်ရွတ်ပြသောအခါ၊ ယင်းသည် သူတို့၏ယုံကြည်ချက်ကို တိုးပွားစေ၏။ ထို့ပြင် ထိုသူတို့သည် မိမိတို့၏ ဖန်ဆင်းမွေးမြူရှင်အပေါ်၌သာလျှင် ယုံပုံအားကိုးမှုပြုကြပေသည်။

الَّذِيْنَ يُقِيْمُوْنَ الصَّلٰوةَ وَمِمَّا رَزَقْنٰهُمْ يُنْفِقُوْنَ ③

၄။ ထိုသူတို့သည် 'ဆလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြ၏။ ထို့ပြင် ငါတို့က သူတို့အား ပေးသနားတော်မူသည်များမှ စွန့်ကြဲသုံးစွဲကြ၏။

اُولٰۗىِٕكَ هُمُ الْمُؤْمِنُوْنَ حَقًّا ۭ لَهُمْ دَرَجٰتٌ عِنْدَ رَبِّهِمْ وَمَغْفِرَةٌ وَّرِزْقٌ كَرِيْمٌ ④

၅။ ဤသူများသည်ပင် မှန်ကန်သော သက်ဝင်ယုံကြည်သူ 'မို့အ်မင်န်'(အစစ်)များဖြစ်ကြ၏။ သူတို့အဖို့ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် မြင့်မားသောအဆင့်အတန်းများသည်လည်းကောင်း၊ ခွင့်လွှတ်တော်မူခြင်းသည်လည်းကောင်း၊ အလွန်လျှင် ဂုဏ်သိက္ခာရှိသော 'ရီဇိက်' ရိက္ခာသည်လည်းကောင်းရှိ၏။

كَمَآ اَخْرَجَكَ رَبُّكَ مِنْۢ بَيْتِكَ بِالْحَقِّ ۠ وَاِنَّ فَرِيْقًا مِّنَ الْمُؤْمِنِيْنَ لَكٰرِهُوْنَ ⑤

၆။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင့်အား ထိုက်သင့်မှန်ကန်စွာဖြင့် အသင်၏နေအိမ်မှ ထုတ်ဆောင်တော်မူဘိသကဲ့သို့ပင် (ယင်းတို့၏ ယုံကြည်ချက်သည်လည်း မှန်ကန်၏)၊ သို့ပါလျက် သက်ဝင်ယုံကြည်သူများအနက်မှ အုပ်စုတစ်စုသည် စင်စစ် ယင်းကို မနှစ်မြို့ခဲ့ကြချေ။

يُجَادِلُوْنَكَ فِي الْحَقِّ بَعْدَ مَا تَبَيَّنَ كَاَنَّمَا يُسَاقُوْنَ اِلَى الْمَوْتِ وَهُمْ يَنْظُرُوْنَ ۝٦

၇။ အမှန်တရားသည် (သူတို့အဖို့) ထင်ရှားလာပြီးသည့်နောက်သော်မှ သူတို့သည် ယင်းအမှန်တရားနှင့်စပ်လျဉ်း၍ အသင်နှင့် အငြင်းအခုံပြုနေခဲ့ကြပေသည်။ သူတို့အား သေခြင်းဘက်သို့ မောင်းနှင်ခြင်းခံနေကြရ၍ သူတို့သည် (ယင်းသေခြင်းကိုမျက်ဝါးထင်ထင်) တွေ့မြင်နေရတိုသည့်အလားရှိခဲ့ကြ၏။

وَاِذْ يَعِدُكُمُ اللّٰهُ اِحْدَى الطَّآئِفَتَيْنِ اَنَّهَا لَكُمْ وَتَوَدُّوْنَ اَنَّ غَيْرَ ذَاتِ الشَّوْكَةِ تَكُوْنُ لَكُمْ وَيُرِيْدُ اللّٰهُ اَنْ يُّحِقَّ الْحَقَّ بِكَلِمٰتِهٖ وَيَقْطَعَ دَابِرَ الْكٰفِرِيْنَ ۝٧

၈။ (သတိရကြကုန်) အကြင်အခါဝယ် အလ္လာဟ်က အုပ်စုနှစ်စုအနက်မှ တစ်စုနှင့်စပ်လျဉ်း၍ ယင်း(အုပ်စု)သည် အသင်တို့အတွက်ဖြစ်သည်ဟု အသင်တို့အား ကတိပေးတော်မူခဲ့ပေသည်၊ အသင်တို့က အသင်တို့၏ဝေစုတွင် အန္တရာယ်သက်ရောက်အောင် ပြုနိုင်စွမ်းမရှိသောသူများ ရောက်ရှိလာရန် လိုလားခဲ့ကြပေသည်။ စင်စစ် အလ္လာဟ်သည် မိမိ၏မုကွပါဋ်တော်များအားဖြင့် အမှန်ကို သက်သေထူတော်မူရန်လည်းကောင်း၊ မယုံကြည်ခြင်းပယ်သူတို့၏အမြစ်ကို ဖြတ်တောက်ပစ်တော်မူရန်လည်းကောင်း လိုလားတော်မူခဲ့ပေသည်။

لِيُحِقَّ الْحَقَّ وَيُبْطِلَ الْبَاطِلَ وَلَوْ كَرِهَ الْمُجْرِمُوْنَ ۝٨

၉။ သို့ဖြင့် အပြစ်ကျူးလွန်သူများ မည်မျှပင်မနှစ်မြို့စေကာမူ၊ အရှင်မြတ်သည် အမှန်ကို သက်သေထူတော်မူရန်နှင့် အမှားကို အချည်းနှီးဖြစ်စေတော်မူရန်ဖြစ်၏။

اِذْ تَسْتَغِيْثُوْنَ رَبَّكُمْ فَاسْتَجَابَ لَكُمْ اَنِّيْ مُمِدُّكُمْ بِاَلْفٍ مِّنَ الْمَلٰٓئِكَةِ مُرْدِفِيْنَ ۝٩

၁၀။ (သတိရကြကုန်) အကြင်အခါဝယ် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် ပန်ကြားလျှောက်ထားလျက်ရှိခဲ့ကြ၏။ ထိုအခါ အရှင်မြတ်က ဧကန်မုချ ငါအရှင်မြတ်သည် တစ်တန်းပြီးတစ်တန်း စီလျက်ရှိသော ကောင်းကင်တမန်အပါးတစ်ထောင်ဖြင့် အသင်တို့အား ကူညီစောင်မတော်မူပေမည်(ဟူသောကတိတော်ဖြင့်) အသင်တို့၏ လျှောက်ထားပန်ကြားချက်ကို လက်ခံတော်မူခဲ့ပေသည်။

وَمَا جَعَلَهُ اللّٰهُ اِلَّا بُشْرٰى وَلِتَطْمَئِنَّ بِهٖ قُلُوْبُكُمْ ۚ وَمَا النَّصْرُ اِلَّا مِنْ عِنْدِ اللّٰهِ ۗ اِنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ۝١٠

၁၁။ အလ္လာဟ်သည် ယင်းကို (အသင်တို့အဖို့) သတင်းကောင်းတစ်ရပ်အဖြစ် ပြုတော်မူခဲ့ပေသည်။ သို့ဖြင့် အသင်တို့၏စိတ်နှလုံးသည် ယင်းအားဖြင့် တည်ငြိမ်အေးချမ်းမှုရရှိစေရန်ဖြစ်၏။ စင်စစ် အလ္လာဟ်၏ထံတော်မှလွဲ၍ မည်သည့်အကူအညီမျှ (ရောက်ရှိလာခြင်း)မရှိချေ။ ဧကန်မုချ အလ္လာဟ်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ လွန်စွာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရှုကူး-၂

اِذْ يُغَشِّيْكُمُ النُّعَاسَ اَمَنَةً مِّنْهُ وَيُنَزِّلُ عَلَيْكُمْ مِّنَ السَّمَآءِ مَآءً لِّيُطَهِّرَكُمْ بِهٖ وَيُذْهِبَ عَنْكُمْ رِجْزَ الشَّيْطٰنِ وَلِيَرْبِطَ عَلٰى قُلُوْبِكُمْ وَيُثَبِّتَ بِهِ الْاَقْدَامَ ﴿۱۱﴾

၁၂။ (ထို့ပြင် သတိရကြကုန်) အကြင်အခါဝယ် အရှင်မြတ်သည် မိမိထံတော်မှ လုံခြုံငြိမ်းချမ်းမှုပေး၍ အသင်တို့အပေါ် ငိုက်မျဉ်းမှုကို သက်ရောက်စေတော်မူလျက် ရှိခဲ့ပေသည်။ ထို့ပြင် အသင်တို့အတွက် မိုးကောင်းကင်မှ တစ်မျိုးသောရေကို ရွာသွန်းချလျက်ရှိတော်မူ၏။ သို့ဖြင့် အရှင်မြတ်သည် ယင်း(မိုး‌ရေ)အားဖြင့် အသင်တို့အား ကောင်းစွာသန့်ရှင်းစင်ကြယ်စေရန်နှင့် အသင်တို့ထံမှ 'ရှိုင်တန်'၏အညစ်အကြေးပပျောက်စေရန်အလို့ငှာဖြစ်၏၊ သို့ဖြင့်အရှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးများကို ကြံ့ခိုင်မှုပေးတော်မူရန်နှင့် ယင်းအားဖြင့် ခြေထောက်များကို ခိုင်ခံ့မြဲမြံမှုပြုပေးတော်မူရန်ဖြစ်၏။

اِذْ يُوْحِيْ رَبُّكَ اِلَى الْمَلٰٓئِكَةِ اَنِّيْ مَعَكُمْ فَثَبِّتُوا الَّذِيْنَ اٰمَنُوْا ؕ سَاُلْقِيْ فِيْ قُلُوْبِ الَّذِيْنَ كَفَرُوا الرُّعْبَ فَاضْرِبُوْا فَوْقَ الْاَعْنَاقِ وَاضْرِبُوْا مِنْهُمْ كُلَّ بَنَانٍ ﴿۱۲﴾

၁၃။ (သတိရကြကုန်)အကြင်အခါဝယ် အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ကောင်းကင်တမန်များထံသို့ ငါအရှင်မြတ်သည် အသင်တို့နှင့်အတူရှိတော်မူ၏၊ သို့ဖြစ်ရာ သက်ဝင်ယုံကြည်သူတို့အား တည်တံ့ခိုင်မြဲကြစေကုန်။ ငါအရှင်မြတ်သည် အမှန်ပင် မယုံကြည်ငြင်းပယ်ကြသူတို့၏ စိတ်နှလုံးများတွင် ကြောက်ရွံ့မှုကို ထည့်သွင်းတော်မူပေအံ့။ သို့ဖြစ်ရာ (ၚင်းတို့၏)လည်ကုပ်များကို ရိုက်နှက်ကြကုန်။ ၚင်းတို့၏အဆစ်များကိုလည်း ရိုက်နှက်ကြကုန်ဟု 'ဝဟီ' ဗျာဒိတ်ပေးတော်မူ၏။

ذٰلِكَ بِاَنَّهُمْ شَآقُّوا اللّٰهَ وَرَسُوْلَهٗ ۚ وَمَنْ يُّشَاقِقِ اللّٰهَ وَرَسُوْلَهٗ فَاِنَّ اللّٰهَ شَدِيْدُ الْعِقَابِ ﴿۱۳﴾

၁၄။ ဤသို့ဖြစ်ရခြင်းကား ထိုသူတို့သည် အလ္လာဟ်နှင့် ထို အရှင်မြတ်၏တမန်တော်ကို ပြင်းထန်စွာ ဆန့်ကျင်ခဲ့ကြခြင်းကြောင့်ဖြစ်၏။ စင်စစ် မည်သူမဆို အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ကို ဆန့်ကျင်လျှင် ဧကန်မုချ အလ္လာဟ်သည် အပြစ်ဒဏ်ပေးတော်မူရာတွင် လွန်စွာ ပြင်းထန်တော်မူ၏။

ذٰلِكُمْ فَذُوْقُوْهُ وَاَنَّ لِلْكٰفِرِيْنَ عَذَابَ النَّارِ ﴿۱۴﴾

၁၅။ ဤသည် (အသင်တို့၏ အကျိုးဆက်ရလဒ်ပင်)ဖြစ်၏၊ သို့ဖြစ်ရာ ယင်းအား မြည်းစမ်းကြကုန်။ ထို့ပြင် (သိထားကြကုန်) ဧကန်ပင် မယုံကြည်ငြင်းပယ်သူတို့အဖို့ (ဇရဲ)မီး၏ ပြစ်ဒဏ်သည်ရှိ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا لَقِيْتُمُ الَّذِيْنَ كَفَرُوْا زَحْفًا فَلَا تُوَلُّوْهُمُ الْاَدْبَارَ ﴿۱۵﴾

၁၆။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မယုံကြည်ငြင်းပယ်သူတို့၏ ကြီးမားသောစစ်တပ်နှင့် ရင်ဆိုင်တွေ့ရသောအခါ ယင်းတို့အား ကျောမခိုင်းကြကုန်လင့်။

وَمَنْ يُّوَلِّهِمْ يَوْمَئِذٍ دُبُرَهٗٓ اِلَّا مُتَحَرِّفًا لِّقِتَالٍ اَوْ مُتَحَيِّزًا اِلٰى فِئَةٍ فَقَدْ بَآءَ

၁၇။ ထိုနေ့တွင် စစ်ဗျူဟာပြောင်းလဲစစ်ဆင်ရန်၊ သို့မဟုတ် (မိမိတို့၏)အုပ်စုတစ်ခုနှင့် ပူးပေါင်းရန်အတွက် ကြိုးစားမှုပြုရန်မှတစ်ပါး၊ အကြင်သူသည် ယင်းတို့အား ကျောခိုင်းခဲ့လျှင်၊

بِغَضَبٍ مِّنَ اللّٰهِ وَمَاْوٰىهُ جَهَنَّمُ ؕ وَبِئْسَ الْمَصِيْرُ ⑯

ထိုသူသည် ဧကန်ပင် အလ္လာဟ်၏အမျက်တော်နှင့်အတူ ပြန်လှည့်ရပေလိမ့်မည်။ ထို့ပြင် သူ၏နေရာဌာနသည် 'ဂျဟန္နမ်' ငရဲဖြစ်လိမ့်မည်။ ယင်းသည် အလွန် ဆိုးရွားလှသော နေရာဌာနဖြစ်၏။

فَلَمْ تَقْتُلُوْهُمْ وَلٰكِنَّ اللّٰهَ قَتَلَهُمْ ۪ وَمَا رَمَيْتَ اِذْ رَمَيْتَ وَلٰكِنَّ اللّٰهَ رَمٰى ۚ وَلِيُبْلِيَ الْمُؤْمِنِيْنَ مِنْهُ بَلَآءً حَسَنًا ؕ اِنَّ اللّٰهَ سَمِيْعٌ عَلِيْمٌ ⑰

၁၈။ သို့ဖြစ်ရာ အသင်တို့သည် သူတို့အား သတ်ဖြတ်ခဲ့သည် မဟုတ်၊ စင်စစ် အလ္လာဟ်သည်ပင် သူတို့အား သတ်ဖြတ်သုတ်သင်တော်မူခဲ့ခြင်းဖြစ်၏။ (အို-မိုဟမ္မဒ်) အကြင်အခါ အသင်သည် (ယင်းတို့ဘက်သို့ သဲကျောက်တို့ဖြင့်) ပစ်ခတ်ခဲ့ရာ အသင် ပစ်ခတ်သည်မဟုတ်၊ အလ္လာဟ် ပစ်ခတ်တော်မူခြင်းဖြစ်၏။ ဤသို့ဖြင့် အရှင်မြတ်သည် သက်ဝင်ယုံကြည်သူတို့အား မိမိထံတော်မှ ကောင်းမြတ်သော စမ်းသပ်မှုဖြင့် စမ်းသပ်တော်မူရန်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။ ⑨

ذٰلِكُمْ وَاَنَّ اللّٰهَ مُوْهِنُ كَيْدِ الْكٰفِرِيْنَ ⑱

၁၉။ ဤသည် ဖြစ်ခဲ့သော အသင်တို့၏ အခြေအနေပင်တည်း။ အလ္လာဟ်သည်မယုံကြည်ငြင်းပယ်သူတို့၏ ကြံစည်မှုကို ချည့်နဲ့အောင်ပြုလုပ်တော်မူမည့်အရှင် ဖြစ်တော်မူသည် (ဆိုသည်မှာလည်း အမှန်ပင်ဖြစ်၏)။

اِنْ تَسْتَفْتِحُوْا فَقَدْ جَآءَكُمُ الْفَتْحُ ۚ وَاِنْ تَنْتَهُوْا فَهُوَ خَيْرٌ لَّكُمْ ۚ وَاِنْ تَعُوْدُوْا نَعُدْ ۚ وَلَنْ تُغْنِيَ عَنْكُمْ فِئَتُكُمْ شَيْـًٔا وَّلَوْ كَثُرَتْ ۙ وَاَنَّ اللّٰهَ مَعَ الْمُؤْمِنِيْنَ ۩ ⑲

၂၀။ (သို့ဖြစ်ရာ အို-သက်ဝင်ယုံကြည်သူတို့) အကယ်၍ အသင်တို့သည် အောင်မြင်မှုကို လိုလားတောင့်တခဲ့ကြလျှင် အောင်မြင်မှုသည်ကား အသင်တို့ထံရောက်ရှိလာချေပြီ။ (အို-ငြင်းပယ်သူတို့၊ ယခုပင်) အသင်တို့ရပ်တန့်ကြလျှင် အသင်တို့အတွက် ပိုမိုကောင်းမြတ်ပေမည်။ အကယ်၍ အသင်တို့သည် (ဆိုးသွမ်းမှုကို) ထပ်မံပြုလုပ်ကြလျှင် ငါတို့သည်လည်း (ပြစ်ဒဏ်ကို)ထပ်မံ၍ပေးတော်မူပေမည်။ အသင်တို့၏အုပ်စုသည် မည်မျှပင်များပြားစေကာမူ အသင်တို့အဖို့ မည်သို့မျှ အသုံးဝင်လိမ့်မည်မဟုတ်ချေ။ ထို့ပြင် ဤသည်ကို (သိထားကြကုန်)၊ အလ္လာဟ်သည် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူတို့နှင့်အတူရှိတော်မူပေသတည်း။

⑨ ဤအာယတ်တော်တွင် 'ဘဒါရ်'စစ်ပွဲ၏ အလွန်ကြီးကျယ်သောအောင်ပွဲအကြောင်းကို ဖော်ပြထားပေသည်။ အပေါ်ယံအားဖြင့် သာဝကကြီးများ၏လက်ဖြင့် အောင်ပွဲရခဲ့သည်ဟုမြင်တွေ့ရသော်လည်း မယုံကြည်ငြင်းပယ်သူတို့ကို တိုက်ခိုက်သုတ်သင်နိုင်ခဲ့ခြင်းမှာ အမှန်အားဖြင့် အလ္လာဟ်၏အစီအမံတစ်ရပ်သာဖြစ်ပေသည်။ ယင်း၏ထင်ရှားသော အကြောင်းတစ်ရပ်မှာ တမန်တော်မြတ်ﷺသည် သဲကျောက်တို့ကိုယူ၍ ရန်သူများဘက်သို့ ပစ်ပေါက်လိုက်သောအခါ ယင်းကိုအထောက်အကူပြုလျက် ပြင်းထန်သောလေပြင်းသည် မွတ်စလင်စစ်တပ်ရှိရာဘက်မှ မယုံကြည်သူ'ကာဖိရ်'များဘက်သို့ တိုက်ခတ်သွားလေသည်။ ဤသည်ပင် အလ္လာဟ်အရှင်မြတ်က သူတို့အားသုတ်သင်တော်မူခြင်း၏ ဖုံးကွယ်လျက်ရှိသော လျှို့ဝှက်ချက်ဖြစ်ပေသည်။ လေပြင်းတိုက်ခတ်မှုကြောင့် ရန်သူတို့၏မျက်စိများကို ကန်းလုမတတ်ဖြစ်စေခဲ့လေသည်။ သို့ဖြင့် ရန်သူများကိုသုတ်သင်ရန် မွတ်စလင်စစ်တပ်အတွက် အလွန်ပင်လွယ်ကူသွားလေသည်။ ကောင်းကင်တမန်များက ကူညီပံ့ပိုးခြင်းမှာလည်း ဤသည်ကိုပင်ဆိုလိုခြင်းဖြစ်ပေသည်။

ရုကူး-၃

یٰۤاَیُّهَا الَّذِیْنَ اٰمَنُوْۤا اَطِیْعُوا اللّٰهَ وَ رَسُوْلَهٗ وَ لَا تَوَلَّوْا عَنْهُ وَ اَنْتُمْ تَسْمَعُوْنَ ﴿۲۰﴾

၂၀။ အို- သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ကို ကျိုးနွံနာခံကြကုန်။ အသင်တို့သည် ကြားသိနေကြရပါလျက်နှင့် ယင်းမှမျက်နှာလွှဲဖယ်ခြင်း မပြုကြကုန်လင့်။

وَ لَا تَكُوْنُوْا كَالَّذِیْنَ قَالُوْا سَمِعْنَا وَ هُمْ لَا یَسْمَعُوْنَ ﴿۲۱﴾

၂၁။ ထို့ပြင် ထိုသူများကဲ့သို့ မဖြစ်ကြကုန်လင့်၊ ၎င်းတို့က ကျွန်ုပ်တို့သည် ကြားကြပါ၏ဟု ပြောဆိုကြ၏၊ သို့သော် စင်စစ် သူတို့သည် ကြားကြသည်မဟုတ်ချေ။

اِنَّ شَرَّ الدَّوَآبِّ عِنْدَ اللّٰهِ الصُّمُّ الْبُكْمُ الَّذِیْنَ لَا یَعْقِلُوْنَ ﴿۲۲﴾

၂၂။ ဧကန်မုချ အလ္လာဟ်၏ရှေ့တော်၌ သတ္တဝါအားလုံး အနက် အဆိုးရွားဆုံးမှာ ထိုနားမကြားဆွံ့အသူများဖြစ်ကြ၏။ ယင်းတို့သည် အသိဉာဏ်ကိုအသုံးမချကြချေ။

وَ لَوْ عَلِمَ اللّٰهُ فِیْهِمْ خَیْرًا لَّاَسْمَعَهُمْ ؕ وَ لَوْ اَسْمَعَهُمْ لَتَوَلَّوْا وَّ هُمْ مُّعْرِضُوْنَ ﴿۲۳﴾

၂၃။ အကယ်၍ အလ္လာဟ်သည် ယင်းသူတို့အတွင်း၌ တစ်စုံတစ်ရာကောင်းမြတ်မှုကို မြင်တွေ့တော်မူလျှင် သူတို့အား အမှန်ပင် ကြားသိစေတော်မူမည်သာဖြစ်၏။ သို့သော် အကယ်၍ သူတို့အား ကြားသိစေတော်မူပါလျှင်လည်း သူတို့သည် အမှန်ပင် မျက်နှာလွှဲကျောခိုင်းသွားကြမည်သာဖြစ်၏။

یٰۤاَیُّهَا الَّذِیْنَ اٰمَنُوا اسْتَجِیْبُوْا لِلّٰهِ وَ لِلرَّسُوْلِ اِذَا دَعَاكُمْ لِمَا یُحْیِیْكُمْ ۚ وَ اعْلَمُوْۤا اَنَّ اللّٰهَ یَحُوْلُ بَیْنَ الْمَرْءِ وَ قَلْبِهٖ وَ اَنَّهٗۤ اِلَیْهِ تُحْشَرُوْنَ ﴿۲۴﴾

၂၄။ အို- သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်နှင့် တမန်တော်က အသင်တို့အား အသက်ရှင်စေရန်အလို့ငှာ ဖိတ်ခေါ်သောအခါ ပြန်လည်ဖြေကြားကြကုန်။ အလ္လာဟ်သည် လူသားနှင့် သူ၏စိတ်နှလုံးအကြားတွင် ရှိတော်မူကြောင်းကိုသိကြကုန်။ ထို့ပြင် အရှင်မြတ်ထံတော်သို့သာ အသင်တို့ စုရုံးရောက်ရှိကြရမည်ကိုလည်း(သိကြကုန်)။ ③

وَ اتَّقُوْا فِتْنَةً لَّا تُصِیْبَنَّ الَّذِیْنَ ظَلَمُوْا مِنْكُمْ خَآصَّةً ۚ وَ اعْلَمُوْۤا اَنَّ اللّٰهَ شَدِیْدُ الْعِقَابِ ﴿۲۵﴾

၂၅။ ထို့ပြင် ထိုဘေးအန္တရာယ်ကို ကြောက်ရွံ့ကြကုန်၊ ယင်းသည် အသင်တို့အနက် အပြစ်ကျူးလွန်သူများအပေါ်သာလျှင် သက်ရောက်မည်မဟုတ်ချေ။ စင်စစ် အလ္လာဟ်သည် အပြစ်ဒဏ်ခတ်ရာတွင် လွန်စွာပြင်းထန်တော်မူကြောင်းကိုလည်း သိထားကြကုန်။

وَ اذْكُرُوْۤا اِذْ اَنْتُمْ قَلِیْلٌ مُّسْتَضْعَفُوْنَ فِی الْاَرْضِ تَخَافُوْنَ اَنْ یَّتَخَطَّفَكُمُ

၂၆။ ထို့ပြင် သတိရကြကုန်၊ အကြင်အခါဝယ် အသင်တို့သည် အရေအတွက်အားဖြင့် အလွန်နည်းပါးခဲ့ကြပြီး ကမ္ဘာမြေတွင် အားနည်းသူများအဖြစ် သတ်မှတ်ခြင်းခံခဲ့ကြရ၏။

③ ဤအာယတ်တော်တွင် သူသေများကိုရှင်ပြန်စေခြင်း၏ ထင်ရှားသောရှင်းလင်းချက်ပါရှိသည်။ ခရစ်ယာန်ဘာသာဝင်တို့သည် တမန်တော် အီစာ﵇က သူသေများအားရှင်ပြန်စေခြင်းကို အကယ်ပင် သူသေများကိုအသက်ပြန်ရှင်စေခဲ့သည်ဟု ရုပ်ပိုင်းသဘောဖြင့် မှားယွင်းစွာယူဆကြပေသည်။ သို့ဖြစ်၍ တမန်တော်မြတ်ﷺက နာမ်(ဝိညာဉ်)ပိုင်းဆိုင်ရာ သူသေများကိုလာကြကုန်၊ ကျွန်ုပ်သည် အသင်တို့အားပြန်ရှင်စေမည်ဟု မိမိဘက်သို့ဖိတ်ခေါ်လိုက်ပေရာ ယင်းတို့မှာ ဂူသချိုင်းများအတွင်း၌ ရှိနေကြသည့်သူများမဟုတ်မူ၍ အာရေဗျမှ နာမ်(ဝိညာဉ်)ပိုင်းဆိုင်ရာ သေနေသူများဖြစ်ကြောင်း ရှင်းလင်းစွာသိရပေသည်။

النَّاسُ فَاٰوٰىكُمْ وَاَيَّدَكُمْ بِنَصْرِهٖ وَرَزَقَكُمْ مِّنَ الطَّيِّبٰتِ لَعَلَّكُمْ تَشْكُرُوْنَ ﴿۲۶﴾

(ထို့ပြင်) လူအများက အသင်တို့အား ထိုးသုတ်သွားမည်ကို အသင်တို့ ကြောက်ရွံ့နေခဲ့ကြ၏။ ထိုအခါ အရှင်မြတ်သည် အသင်တို့အား ခိုလှုံမှုကိုပေးသနားတော်မူပြီး မိမိ၏အကူအညီဖြင့် အသင်တို့အား အင်အားဖြည့်ပေးတော်မူခဲ့ပေသည်။ ထို့ပြင် အသင်တို့အား သန့်ရှင်းသောအရာများအနက်မှ 'ရိဇ်ဂ်'ရိကွာကို ပေးသနားတော်မူခဲ့ပေသည်။ သို့ဖြင့် ကျေးဇူးတော်ကို အသင်တို့ သိတတ်ကြအံ့သောငှာဖြစ်၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَخُوْنُوا اللّٰهَ وَالرَّسُوْلَ وَتَخُوْنُوْٓا اَمٰنٰتِكُمْ وَاَنْتُمْ تَعْلَمُوْنَ ﴿۲۷﴾

၂၈။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်နှင့် (ထို အရှင်မြတ်၏)တမန်တော်တို့ကို အလွဲသုံးစားမပြုကြလင့်။ သို့မဟုတ်ပါက အသင်တို့သည် ယင်း၏ရလဒ်အဖြစ် မိမိတို့၏ 'အမာနတ်' ယုံကြည်အပ်နှံရာများကို အလွဲသုံးစားပြုလုပ်လာကြပေမည်။ စင်စစ် အသင်တို့သည် (ထိုအလွဲသုံးစားပြုခြင်းကို) သိကြပေလိမ့်မည်။

وَاعْلَمُوْٓا اَنَّمَآ اَمْوَالُكُمْ وَاَوْلَادُكُمْ فِتْنَةٌ ۙ وَّاَنَّ اللّٰهَ عِنْدَهٗٓ اَجْرٌ عَظِيْمٌ ﴿۲۸﴾ ۧ

၂၉။ အသင်တို့၏ ပစ္စည်းဥစ္စာများသည်လည်းကောင်း၊ အသင်တို့၏ သားသမီးများသည်လည်းကောင်း စမ်းသပ်မှုတစ်ရပ်သာဖြစ်ကြောင်းကို သိကြကုန်။ အလ္လာဟ်၏ထံတော်တွင် အလွန်ကြီးကျယ်သော ဆုလာဘ်ရှိသည်(ကိုလည်း သိထားကြကုန်)။

ရုကူး-၄

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنْ تَتَّقُوا اللّٰهَ يَجْعَلْ لَّكُمْ فُرْقَانًا وَّيُكَفِّرْ عَنْكُمْ سَيِّاٰتِكُمْ وَيَغْفِرْ لَكُمْ ۭ وَاللّٰهُ ذُو الْفَضْلِ الْعَظِيْمِ ﴿۲۹﴾

၃၀။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် အလ္လာဟ်အားကြောက်ရွံ့ကြလျှင် အရှင်မြတ်သည် အသင်တို့အဖို့ တစ်မူထူးခြားသော နိမိတ်လက္ခဏာတော်တစ်ရပ်ကို ပြုလုပ်ပေးတော်မူမည်။ အသင်တို့ထံမှ အသင်တို့၏ မကောင်းမှုများကို ကင်းဝေးစေတော်မူမည်။ ထို့ပြင် အသင်တို့အား ခွင့်လွှတ်တော်မူပေမည်။ အလ္လာဟ်သည် ကြီးကဲလှသော ကျေးဇူးတော်ရှင်ဖြစ်တော်မူ၏။

وَاِذْ يَمْكُرُ بِكَ الَّذِيْنَ كَفَرُوْا لِيُثْبِتُوْكَ اَوْ يَقْتُلُوْكَ اَوْ يُخْرِجُوْكَ ۭ وَيَمْكُرُوْنَ وَيَمْكُرُ اللّٰهُ ۭ وَاللّٰهُ خَيْرُ الْمٰكِرِيْنَ ﴿۳۰﴾

၃၁။ ထို့ပြင် (သတိရကြကုန်)၊ အကြင်အခါဝယ် မယုံကြည်ငြင်းပယ်သူတို့သည် အသင်နှင့်စပ်လျဉ်း၍ အသင့်အား (တစ်နေရာတည်းတွင်) ကန့်သတ်ချုပ်ချယ်ထားရန်လည်းကောင်း၊ အသင့်အား သတ်ဖြတ်ရန်လည်းကောင်း၊ အသင့်အား (နေရပ်မှ)နှင်ထုတ်ရန်လည်းကောင်း ကြံစည်မှုများပြုလုပ်လျက်ရှိခဲ့ကြ၏။ သူတို့သည် ကြံစည်အားထုတ်မှု၌ နစ်မွန်းလျက်ရှိနေခဲ့ကြပြီး အလ္လာဟ်သည်လည်း သူတို့၏ကြံစည်မှုကိုပျက်ပြားအောင် ပြုလုပ်နေတော်မူခဲ့ပေသည်။ စင်စစ် အလ္လာဟ်သည် ကြံစည်သူများတွင် အားလုံးတို့ထက် အကောင်းဆုံးဖြစ်တော်မူ၏။

وَإِذَا تُتْلَىٰ عَلَيْهِمْ آيَاتُنَا قَالُوا قَدْ سَمِعْنَا لَوْ نَشَاءُ لَقُلْنَا مِثْلَ هَٰذَا ۙ إِنْ هَٰذَا إِلَّا أَسَاطِيرُ الْأَوَّلِينَ ﴿٣١﴾

၃၁။ ငါတို့၏ 'အာယတ်' မုက္ခပါဠိတော်များကို ထိုသူတို့အား ဖတ်ကြားပြသောအခါ သူတို့က ကျွန်ုပ်တို့သည် ကြားခဲ့ပြီးပါပြီ၊ ကျွန်ုပ်တို့သည်လည်း အကယ်၍ အလိုရှိကြပါက ဤသို့သောစကားများကို ပြောဆိုနိုင်ကြပေသည်၊ ဤသည်ကား ရှေးလူတို့၏ပုံပြင်ဒဏ္ဍာရီများမှလွဲ၍ အခြားမည်သည်မျှမဟုတ်ချေဟု ပြောဆိုကြလေသည်။

وَإِذْ قَالُوا اللَّهُمَّ إِنْ كَانَ هَٰذَا هُوَ الْحَقَّ مِنْ عِنْدِكَ فَأَمْطِرْ عَلَيْنَا حِجَارَةً مِنَ السَّمَاءِ أَوِ ائْتِنَا بِعَذَابٍ أَلِيمٍ ﴿٣٢﴾

၃၂။ ထို့ပြင် (သတိရကြကုန်)၊ အကြင်အခါဝယ် ထိုသူတို့က အို-အလ္လာဟ်၊ အကယ်၍ ဤသည်သာ အရှင်မြတ်ထံတော်မှ အမှန်ဖြစ်ခဲ့ပါလျှင် ကျွန်ုပ်တို့အပေါ် မိုးကောင်းကင်မှ ခဲမိုးကို ရွာသွန်းချတော်မူပါ၊ သို့မဟုတ် ကျွန်ုပ်တို့ထံ ပြင်းပြနာကျင်ဖွယ် ပြစ်ဒဏ်တစ်ရပ်ကို ယူဆောင်လာတော်မူပါဟု ပြောဆိုလျက်ရှိခဲ့ကြ၏။

وَمَا كَانَ اللَّهُ لِيُعَذِّبَهُمْ وَأَنْتَ فِيهِمْ ۚ وَمَا كَانَ اللَّهُ مُعَذِّبَهُمْ وَهُمْ يَسْتَغْفِرُونَ ﴿٣٣﴾

၃၃။ စင်စစ် အသင်သည် ထိုသူတို့အတွင်း၌ ရှိနေစဉ် အလ္လာဟ်သည် သူတို့အား ပြစ်ဒဏ်ခတ်နှိပ်တော်မူမည်မဟုတ်ချေ။ ထိုနည်းတူ သူတို့က ခွင့်လွှတ်ခြင်းကို တောင်းခံလျက်ရှိနေကြစဉ်တွင်လည်း အလ္လာဟ်သည် သူတို့အား အပြစ်ဒဏ်ခတ်နှိပ်တော်မူမည်မဟုတ်ချေ။

وَمَا لَهُمْ أَلَّا يُعَذِّبَهُمُ اللَّهُ وَهُمْ يَصُدُّونَ عَنِ الْمَسْجِدِ الْحَرَامِ وَمَا كَانُوا أَوْلِيَاءَهُ ۚ إِنْ أَوْلِيَاؤُهُ إِلَّا الْمُتَّقُونَ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٣٤﴾

၃၄။ သို့သော် အလ္လာဟ်သည် သူတို့အား (အလျှင်း)ပြစ်ဒဏ်ခတ်နှိပ်တော်မမူရန် သူတို့၌မည်သည့်အကြောင်းရှိပေသနည်း၊ အမှန်သော်ကား သူတို့သည် လူအများအား 'မတ်စ်ဂျိဒေဟရာမ်' မြင့်မြတ်သောဝတ်ကျောင်းတော်မှ တားမြစ်ပိတ်ပင်ကြ၏။ အမှန်သော်ကား ထိုသူတို့သည် ယင်း(ကျောင်းတော်)အား ထိန်းသိမ်းစောင့်ရှောက်သူ (အစစ်အမှန်) မဟုတ်ကြချေ။ ယင်း၏ (စစ်မှန်သော) ထိန်းသိမ်းစောင့်ရှောက်သူများမှာ 'မွတ္တကီ' ဖြူစင်ဖြောင့်မတ်သူများမှလွဲ၍ အခြားမည်သူမျှမဟုတ်ချေ။ သို့ရာတွင် သူတို့အနက်များစွာတို့သည် မသိရှိကြချေ။ ①

وَمَا كَانَ صَلَاتُهُمْ عِنْدَ الْبَيْتِ إِلَّا مُكَاءً وَتَصْدِيَةً ۚ فَذُوقُوا الْعَذَابَ بِمَا كُنْتُمْ تَكْفُرُونَ ﴿٣٥﴾

၃၅။ ထို့ပြင် (အလ္လာဟ်၏)အိမ်တော်တွင် ထိုသူတို့၏ ဝတ်ပြုကိုးကွယ်ခြင်းမှာ လေချွန်ခြင်းနှင့် လက်ခုပ်တီးခြင်းမှလွဲ၍ အခြားမည်သည်မျှမဟုတ်ချေ။ သို့ဖြစ်ရာ အသင်တို့သည် ငြင်းပယ်လေ့ရှိခဲ့ကြသောကြောင့် ပြစ်ဒဏ်ကို မြည်းစမ်းကြကုန်။

إِنَّ الَّذِينَ كَفَرُوا يُنْفِقُونَ أَمْوَالَهُمْ لِيَصُدُّوا عَنْ سَبِيلِ اللَّهِ ۚ فَسَيُنْفِقُونَهَا

၃၆။ ဧကန်စင်စစ် အကြင်သူတို့သည် မယုံကြည်ငြင်းပယ်ကြ၏၊ မိမိတို့၏ပစ္စည်းဥစ္စာများကို အလ္လာဟ်၏လမ်းတော်မှ တားဆီးပိတ်ပင်ရန်အလို့ငှာ သုံးစွဲကြ၏။ သို့ဖြစ်ရာ ထိုသူတို့သည်

① 'မတ်စ်ဂျိဒေဟရာမ်'အား 'မူရှရီက်'တို့က ထိန်းချုပ်ခဲ့ခြင်းမှာ အပေါ်ယံမျှသာဖြစ်သည်။ 'မတ်စ်ဂျိဒေဟရာမ်'ကို မထိန်းချုပ်မီနှင့် ထိန်းချုပ်ပြီးနောက်ပိုင်းတွင်လည်း 'မို့အ်မင်န်'ယုံကြည်သူတို့သာလျှင် အမှန်တကယ် ထိုက်တန်သူများ ဖြစ်ကြပေသည်။

ثُمَّ تَكُوْنُ عَلَيْهِمْ حَسْرَةً ثُمَّ يُغْلَبُوْنَ ؕ وَالَّذِيْنَ كَفَرُوْٓا اِلٰى جَهَنَّمَ يُحْشَرُوْنَ ۙ﴿۳۶﴾

ယင်းကို (ဤကဲ့သို့ပင်) သုံးစွဲလျက်နေကြပေလိမ့်မည်။ တစ်ဖန် ယင်း(ပစ္စည်းဥစ္စာ)များသည် ထိုသူတို့အဖို့ ဝမ်းနည်းပူဆွေးဖွယ်ရာ ဖြစ်သွားပေလိမ့်မည်။ ထို့နောက် သူတို့သည် အရေးနိမ့်အောင်ပြုခြင်းခံကြရလိမ့်မည်။ မယုံကြည်ခြင်းပယ်သောသူတို့သည် 'ဂျဟန္နမ်'ငရဲဘက်သို့ စုရုံးခေါ်ဆောင်သွားခြင်းခံကြရပေလိမ့်မည်။

لِيَمِيْزَ اللّٰهُ الْخَبِيْثَ مِنَ الطَّيِّبِ وَيَجْعَلَ الْخَبِيْثَ بَعْضَهٗ عَلٰى بَعْضٍ فَيَرْكُمَهٗ جَمِيْعًا فَيَجْعَلَهٗ فِىْ جَهَنَّمَ ؕ اُولٰٓئِكَ هُمُ الْخٰسِرُوْنَ ۚ﴿۳۷﴾

၃၇။ သို့ဖြင့် အလ္လာဟ်သည် မသန့်ရှင်းသောသူများကို သန့်ရှင်းသောသူများမှ ခွဲထုတ်တော်မူရန်လည်းကောင်း၊ အညစ်အကြေး၏ အစိတ်အပိုင်းတစ်ရပ်ကို အခြားအပေါ် တင်ရန်လည်းကောင်း၊ ထို့ပြင် ယင်းတို့အားလုံးကို (အစုလိုက်ပုံစံဖြင့်) အထပ်ထပ်စုစည်း၍ ယင်းတို့အား 'ဂျဟန္နမ်' ငရဲတွင်းသို့ ပစ်ထည့်တော်မူရန်လည်းကောင်းဖြစ်၏။ ဤသူများသည်ပင် ဆုံးရှုံးနစ်နာမည့်သူများဖြစ်ကြပေသတည်း။

ရုကူး-၅

قُلْ لِّلَّذِيْنَ كَفَرُوْٓا اِنْ يَّنْتَهُوْا يُغْفَرْ لَهُمْ مَّا قَدْ سَلَفَ ۚ وَاِنْ يَّعُوْدُوْا فَقَدْ مَضَتْ سُنَّتُ الْاَوَّلِيْنَ ﴿۳۸﴾

၃၈။ မယုံကြည်ခြင်းပယ်သူတို့အားပြောကြားပါလေ၊ အကယ်၍ ၎င်းတို့သည် ရပ်တန့်ကြပါက လွန်ခဲ့ပြီးသည်များအတွက် သူတို့အား ခွင့်လွှတ်တော်မူမည်ဖြစ်၏။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် (ဒုစရိုက်မှုကို) ထပ်မံပြုကျင့်ကြလျှင် ဧကန်မုချ (ယင်းတို့ကဲ့သို့သော) ရှေးလူတို့၏လုပ်ရပ်သည်လွန်ခဲ့ပြီဖြစ်၏။

وَقَاتِلُوْهُمْ حَتّٰى لَا تَكُوْنَ فِتْنَةٌ وَّيَكُوْنَ الدِّيْنُ كُلُّهٗ لِلّٰهِ ۚ فَاِنِ انْتَهَوْا فَاِنَّ اللّٰهَ بِمَا يَعْمَلُوْنَ بَصِيْرٌ ﴿۳۹﴾

၃၉။ ပြဿနာချုပ်ငြိမ်းပပျောက်သွားပြီး သာသနာတော်သည် အလ္လာဟ်အတွက် လုံးလုံးလျားလျားဖြစ်သွားသည်အထိ အသင်တို့သည် ထိုသူတို့အား တိုက်ခိုက်လျက်နေကြကုန်။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် ရပ်တန့်သွားကြလျှင် ဧကန်မုချ အလ္လာဟ်သည် ၎င်းတို့ ပြုကျင့်သည်တို့ကို နက်ရှိုင်းစွာမြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။ ①

وَاِنْ تَوَلَّوْا فَاعْلَمُوْٓا اَنَّ اللّٰهَ مَوْلٰىكُمْ ؕ نِعْمَ الْمَوْلٰى وَنِعْمَ النَّصِيْرُ ﴿۴۰﴾

၄၀။ အကယ်၍ ထိုသူတို့သည် ကျောခိုင်းသွားခဲ့ကြပါက အလ္လာဟ်သည်သာလျှင် အသင်တို့အား ကာကွယ်စောင့်ရှောက်တော်မူသောအရှင် ဖြစ်တော်မူသည်ကို သိထားကြကုန်။ အဘယ်မျှကောင်းမြတ်သော ကာကွယ်စောင့်ရှောက်သူနှင့် အဘယ်မျှကောင်းမြတ်သော ကူညီစောင်မသူ ဖြစ်တော်မူတိသနည်း။

① ဤအာယတ်တော်သည် သာသနာမှစွန့်ခွာစေခြင်းကိစ္စကို ဆန့်ကျင်သော အလွန်ကြီးမားခိုင်ခံ့လှသည့် အထောက်အထားတစ်ရပ် ဖြစ်ပေသည်။ ဤနေရာတွင် 'ဖစ်တနာ'(ပြဿနာ)ဆိုသည်မှာ အတင်းအဓမ္မနည်းဖြင့် လူတို့အား သာသနာမှစွန့်ခွာသွားအောင် ပြုလုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် သာသနာတော်သည် လုံးဝဥဿုံ အလ္လာဟ်အတွက်ဖြစ်လျက် လွတ်လပ်စွာခံယူကျင့်သုံးခွင့် မရသေးသမျှ၊ 'မို့အ်မင်နိ်'တို့အား သာသနာမှစွန့်ခွာသွားအောင် အတင်းအကျပ်ပြုကြသော ထိုသူတို့သုံးစွဲသည့် လက်နက်မျိုးဖြင့်ပင် အဓမ္မပြုသူတို့နှင့်ဆန့်ကျင်၍ 'ဂျီဟာဒ်'ပြုရန် ခွင့်ပြုချက်ရှိပေသည်။ 'ဖစ်တနာ'ဟူသည် 'မီးကင်ခြင်း'ဟူ၍လည်း အနက်ရရှိပေသည်။

وَاعْلَمُوْٓا اَنَّمَا غَنِمْتُمْ مِّنْ شَيْءٍ فَاَنَّ لِلّٰهِ خُمُسَهٗ وَلِلرَّسُوْلِ وَلِذِي الْقُرْبٰى وَالْيَتٰمٰى وَالْمَسٰكِيْنِ وَابْنِ السَّبِيْلِ ۙ اِنْ كُنْتُمْ اٰمَنْتُمْ بِاللّٰهِ وَمَآ اَنْزَلْنَا عَلٰى عَبْدِنَا يَوْمَ الْفُرْقَانِ يَوْمَ الْتَقَى الْجَمْعٰنِ ۗ وَاللّٰهُ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ۝

၄၂။ အကယ်၍ အသင်တို့သည် အလွှာဟ်အားလည်းကောင်း၊ အုပ်စုနှစ်စု ရင်ဆိုင်တိုက်ခိုက်ကြသည့်နေ့၊ ငါတို့က မိမိအစေတော်အပေါ် အဆုံးအဖြတ်ပေးတော်မူခဲ့သောနေ့၊ ထိုနေ့တွင် ပို့ချတော်မူခဲ့သည်များကိုလည်းကောင်း ယုံကြည်ကြလျှင် အသင်တို့ သိထားရမည်မှာ မည်သည့်လက်ရပစ္စည်းကိုမဆို အသင်တို့ရရှိခဲ့ကြလျှင် ယင်း၏ငါးပုံတစ်ပုံသည် အလွှာဟ် (၏သာသနာရေးကိစ္စများအတွက်)နှင့် တမန်တော်အတွက်လည်းကောင်း၊ နီးစပ်သူသားချင်းများအတွက်လည်းကောင်း၊ မိဘမဲ့များ၊ သူဆင်းရဲများနှင့် ခရီးသည်များအတွက်လည်းကောင်းဖြစ်၏။ စင်စစ် အလွှာဟ်သည် မိမိနှစ်လို့တော်မူသော အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

اِذْ اَنْتُمْ بِالْعُدْوَةِ الدُّنْيَا وَهُمْ بِالْعُدْوَةِ الْقُصْوٰى وَالرَّكْبُ اَسْفَلَ مِنْكُمْ ۗ وَلَوْ تَوَاعَدْتُّمْ لَاخْتَلَفْتُمْ فِي الْمِيْعٰدِ ۙ وَلٰكِنْ لِّيَقْضِيَ اللّٰهُ اَمْرًا كَانَ مَفْعُوْلًا ۙ لِّيَهْلِكَ مَنْ هَلَكَ عَنْۢ بَيِّنَةٍ وَّيَحْيٰى مَنْ حَيَّ عَنْۢ بَيِّنَةٍ ۗ وَاِنَّ اللّٰهَ لَسَمِيْعٌ عَلِيْمٌ ۝

၄၃။ (သတိရကြကုန်)၊ အကြင်အခါဝယ် အသင်တို့သည် (တောင်ကြား၏) ဤမှာဘက်တွင်ရှိခဲ့ကြပြီး၊ (ရန်)သူတို့သည် ထိုဘက်အနားတွင်ရှိခဲ့ကြ၏။ ခရီးသွားကုန်သည် အုပ်စုသည် အသင်တို့အုပ်စုနှစ်စုစလုံး၏ အောက်ဘက်တွင် ရှိနေခဲ့ကြ၏။ အကယ်၍ အသင်တို့သည် (အုပ်စုတစ်ခုခုနှင့် တိုက်ခိုက်ရန်) အချင်းချင်း အခိုင်အမာကတိပြုထားလျှင်ပင် ယင်း(တွေ့ဆုံရန်အချိန်)ကို သတ်မှတ်ရာတွင် အသင်တို့ လွဲကြမည်သာဖြစ်၏။ သို့သော် ဤသို့ (ရင်ဆိုင်တွေ့ဆုံစေခြင်း)မှာ အလွှာဟ်သည် မည်သို့ဆိုစေ ပြည့်စုံလာမည်သာဖြစ်သော ထိုအရေးကိစ္စကို စီရင်ဆုံးဖြတ်တော်မူရန်ဖြစ်၏။ သို့ဖြင့် ထင်ရှားသော သက်သေသာဓကဖြင့် အကြင်သူသည် ပျက်စီးဆုံးရှုံးရန်ထိုက်လျှင် ထိုသူသည်ပင် ပျက်စီးရန်လည်းကောင်း၊ ထင်ရှားသော သက်သေသာဓကဖြင့် အကြင်သူသည် အသက်ရှင်ရန်ထိုက်လျှင် ထိုသူသည်ပင် အသက်ရှင်ရန်လည်းကောင်းဖြစ်၏။ ဧကန်မုချ အလွှာဟ်သည် လွန်စွာ ကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

اِذْ يُرِيْكَهُمُ اللّٰهُ فِيْ مَنَامِكَ قَلِيْلًا ۗ وَلَوْ اَرٰىكَهُمْ كَثِيْرًا لَّفَشِلْتُمْ وَلَتَنَازَعْتُمْ فِي الْاَمْرِ وَلٰكِنَّ اللّٰهَ سَلَّمَ ۗ اِنَّهٗ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ۝

၄၄။ (သတိရကြကုန်)၊ အကြင်အခါဝယ် အလွှာဟ်သည် အသင်အိပ်စက်နေစဉ် အသင့်အား ၎င်းတို့၏အရေအတွက်ကို လျော့နည်းလျက်ပြသတော်မူခဲ့ပေသည်။ အကယ်၍ ၎င်း(ရန်သူ)တို့၏အရေအတွက် များပြားကြောင်းကို အသင့်အားပြသတော်မူခဲ့လျှင် (အို-သက်ဝင်ယုံကြည်သူတို့)၊ အသင်တို့သည် အမှန်ပင် သူရဲဘောနည်းမှုကိုပြသခဲ့ကြပြီး ဤအရေးပါသောကိစ္စတွင် ကွဲလွဲခဲ့ကြပေမည်။ သို့ရာတွင် အလွှာဟ်သည် (အသင်တို့အား) ကယ်တင်တော်မူခဲ့ပေသည်။ ဧကန်မုချ အရှင်မြတ်သည် ရင်များအတွင်း၌ရှိသည့် လျှို့ဝှက်ချက်များကို ကောင်းစွာသိရှိတော်မူ၏။

وَاِذْ يُرِيْكُمُوْهُمْ اِذِ الْتَقَيْتُمْ فِيْٓ اَعْيُنِكُمْ قَلِيْلًا وَّيُقَلِّلُكُمْ فِيْٓ اَعْيُنِهِمْ لِيَقْضِيَ اللّٰهُ اَمْرًا كَانَ مَفْعُوْلًا ۭ وَاِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ۝۴۴

၄၄။ ထို့ပြင် (သတိရကြကုန်)၊ အကြင်အခါဝယ် အသင်တို့သည် ထိုသူတို့နှင့်တွေ့ဆုံကြရသောအခါ အသင်တို့၏အမြင်တွင် ၎င်းတို့အား(အရေအတွက်)လျော့နည်းလျက် မြင်တွေ့နေခဲ့ရပေသည်။ ထို့ပြင် ၎င်းတို့၏အမြင်တွင်လည်း အသင်တို့အား လွန်စွာမှလျော့နည်းလျက် မြင်တွေ့နေခဲ့ရပေသည်။ သို့ဖြင့် အလ္လာဟ်သည် မည်သို့ဆိုစေ ပြည့်စုံလာမည်သာဖြစ်သော ထိုအရေးကိစ္စကို စီရင်ဆုံးဖြတ်တော်မူရန် ဖြစ်ပေသည်။ အရေးကိစ္စအားလုံးတို့သည် အလ္လာဟ်၏ထံတော်သို့သာလျှင် ပြန်လှည့်ကြရပေသတည်း။ ①

ရုကူး-၆

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا لَقِيْتُمْ فِئَةً فَاثْبُتُوْا وَاذْكُرُوا اللّٰهَ كَثِيْرًا لَّعَلَّكُمْ تُفْلِحُوْنَ ۝۴۵

၄၅။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ မည်သည့်အခါ၌မဆို အသင်တို့သည် တစ်စုံတစ်ရာသောစစ်တပ်နှင့် ရင်ဆိုင်တွေ့ဆုံရသောအခါ ကြံ့ခိုင်မြဲမြံစွာရပ်တည်ကြကုန်။ ထို့ပြင် အလ္လာဟ်အား များစွာသတိရတသကြကုန်။ သို့မှသာ အသင်တို့ အောင်မြင်ကြရာ၏။

وَاَطِيْعُوا اللّٰهَ وَرَسُوْلَهٗ وَلَا تَنَازَعُوْا فَتَفْشَلُوْا وَتَذْهَبَ رِيْحُكُمْ وَاصْبِرُوْا ۭ اِنَّ اللّٰهَ مَعَ الصّٰبِرِيْنَ ۝۴۶

၄၆။ ထို့ပြင် အလ္လာဟ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏တမန်တော်အားလည်းကောင်း နာခံလိုက်နာကြကုန်။ အသင်တို့သည် အချင်းချင်း အငြင်းမပွားကြကုန်လင့်။ သို့မဟုတ်လျှင် အသင်တို့သည် သူရဲဘောကြောင်သူများဖြစ်လျက် အသင်တို့၌အရှိန်အဝါရှိတော့မည်မဟုတ်ချေ။ သည်းခံမြဲမြံကြကုန်၊ ဧကန်မုချ အလ္လာဟ်သည် သည်းခံမြဲမြံသူတို့နှင့်အတူရှိတော်မူ၏။

وَلَا تَكُوْنُوْا كَالَّذِيْنَ خَرَجُوْا مِنْ دِيَارِهِمْ بَطَرًا وَّرِئَاۗءَ النَّاسِ وَيَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ ۭ وَاللّٰهُ بِمَا

၄၇။ ထို့ပြင် ထိုသူတို့ကဲ့သို့ မဖြစ်ကြကုန်လင့်၊ သူတို့သည် မိမိတို့၏လုပ်ရပ်ကို ဝင့်ကြွားရန်နှင့် လူအများအား ပြစားရန် မိမိတို့အိမ်များမှ ထွက်ခွာလာကြပြီး သူတို့သည် (လူအများအား) အလ္လာဟ်၏လမ်းတော်မှ တားဆီးပိတ်ပင်မှုကိုပြုလျက်

① အာယတ်တော်အမှတ်(၄၃)မှ(၄၅)။ 'ဘဒါရိ'စစ်ပွဲမဖြစ်မီက မွတ်စလင်တို့သည် မည်သည့်တိုက်ခိုက်မှုအတွက်ကိုမျှ စိတ်ကူးမရှိခဲ့ချေ။ စင်စစ် မက္ကာသားတို့၏ခရီးသွားကုန်သည်အုပ်စုသတင်းကိုရရှိသဖြင့် ယင်းတို့၏ဘေးရန်ကိုဟန့်တားရန် ရည်ရွယ်ချက်ဖြင့် မွတ်စလင်တို့ထွက်လာခဲ့ကြခြင်းဖြစ်သည်။ အကြောင်းမူကား 'ကုရိုက်ရှ်'တို့က ဤခရီးသွားကုန်သည် အုပ်စုမှရရှိသော အမြတ်အစွန်းများအားလုံးကို မွတ်စလင်တို့အားတိုက်ခိုက်သောစစ်ပွဲအတွက် သုံးစွဲရန်ရည်စူးထားခဲ့ကြသောကြောင့်ပင်ဖြစ်၏။ ဤသည် မွတ်စလင်တို့မှာ အရေအတွက်အားဖြင့် အလွန်နည်းပါးခဲ့ကြလင့်ကစား ကြီးမားသောအုပ်စုကြီးတစ်ခုနှင့်ရင်ဆိုင်ရန်အတွက် စွမ်းအားသတ္တိပေါက်ဖွားလာစေရန် အလ္လာဟ်အရှင်မြတ်ထံတော်မှ ထူးခြားသောအစီအမံတစ်ရပ် ဖြစ်ပေသည်။ သို့မဟုတ်ပါက အင်အားချည့်နဲ့သော မွတ်စလင်များစွာတို့မှာ ဤမျှကြီးမားသည့် စစ်တပ်ကြီးကိုရင်ဆိုင်တိုက်ခိုက်ရန် နေအိမ်များမှပင် ထွက်ကြမည်မဟုတ်ချေ။

لِيَهْلِكَ مَنْ هَلَكَ عَنْ بَيِّنَةٍ ဤနေရာတွင် အလွန်နက်ရှိုင်းလှသော ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံသည့်အကြောင်းအရာကို ဤသို့ဖော်ပြခြင်းဖြစ်သည်။ အကြင်အရာသည် ပွင့်လင်းထင်ရှားသောသက်သေသာဓကအထောက်အထားရှိပါလျှင် ယင်းကို **بَيِّنَة** (ဘိုင်ယေနာဟ်)ဟုခေါ်ပေသည်။ ယင်းတို့သည် ထိုသက်သေသာဓက၏ကောင်းချီးမင်္ဂလာဖြင့် အောင်နိုင်မှုကို မလွဲမသွေ ရရှိကြပေသည်။ အကြင်သူတွင် သက်သေအထောက်အထားတစ်စုံတစ်ရာမျှမရှိခဲ့လျှင် ယင်းသည် မည်သို့ဆိုစေ အရေးနိမ့်အောင်ပြခြင်းကိုသာ ခံရပေမည်။ သို့ကြောင့် စစ်မြေပြင်တိုက်ပွဲဖြစ်စေ၊ ဝါဒရေးရာတိုက်ပွဲဖြစ်စေ အကြင်သူ၌ **بَيِّنَة** (ဘိုင်ယေနာဟ်)ရှိခဲ့ပါလျှင် အမှန်ပင် အနိုင်ရမည်သာဖြစ်ပေသည်၊ မရှိခဲ့လျှင်မူကား မလွဲဧကန် အရေးနိမ့်ဖျက်ဆီးခြင်းကိုခံရမည်သာဖြစ်၏။

يَعْمَلُوْنَ مُحِيْطٌ ۝

ရှိခဲ့ကြပေသည်။ စင်စစ် အလ္လာဟ်သည် ၎င်းတို့ပြုလုပ်ခဲ့သည်များကို ဝန်းရံလျက်ရှိတော်မူ၏။

وَاِذْ زَيَّنَ لَهُمُ الشَّيْطٰنُ اَعْمَالَهُمْ وَقَالَ لَا غَالِبَ لَكُمُ الْيَوْمَ مِنَ النَّاسِ وَاِنِّيْ جَارٌ لَّكُمْ ۚ فَلَمَّا تَرَاۤءَتِ الْفِئَتٰنِ نَكَصَ عَلٰى عَقِبَيْهِ وَ قَالَ اِنِّيْ بَرِيْٓءٌ مِّنْكُمْ اِنِّيْٓ اَرٰى مَا لَا تَرَوْنَ اِنِّيْٓ اَخَافُ اللّٰهَ ؕ وَاللّٰهُ شَدِيْدُ الْعِقَابِ ۝

၄၉။ ထို့ပြင် (သတိရကြကုန်)၊ အကြင်အခါဝယ် 'ရှိုင်တန်'(၏ အကျင့်စရိုက်ရှိသောလူသားတစ်ဦး)က သူတို့၏ အပြုအမူကို သူတို့အား လှပတင့်တယ်အောင်ပြုလုပ်ပြသပြီး ယနေ့ လူသားတို့အနက် မည်သူမျှ အသင်တို့အား အောင်နိုင်လိမ့်မည်မဟုတ်၊ စင်စစ် အမှန်ပင် ကျွန်ုပ်သည် အသင်တို့အား ခိုလှုံခွင့်ပေးမည့်သူဖြစ်ပေသည်ဟု ပြောဆိုခဲ့၏။ ထို့နောက် အုပ်စုနှစ်စုရင်ဆိုင်တွေ့ဆုံကြသောအခါ၌မူ ထိုသူသည် မိမိ၏ခြေဖနောင့်ဘက်သို့ လှည့်သွားခဲ့ပြီး ဧကန်စင်စစ် ကျွန်ုပ်သည် အသင်တို့နှင့်ပတ်သက်၍ တာဝန်ကင်း၏၊ အမှန်ပင် ကျွန်ုပ်မြင်တွေ့နေရသည်များကို အသင်တို့ မမြင်တွေ့ကြချေ၊ ကျွန်ုပ်သည် အလ္လာဟ်အားကြောက်ရွံ့ပါ၏။ ဧကန်ပင် အလ္လာဟ်သည် ပြစ်ဒဏ်ပေးတော်မူရာတွင် အလွန် ပြင်းထန်တော်မူပါ၏ဟု ပြောဆိုလေသတည်း။

၂၈ကူ-၇

اِذْ يَقُوْلُ الْمُنٰفِقُوْنَ وَالَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ غَرَّ هٰٓؤُلَآءِ دِيْنُهُمْ ؕ وَمَنْ يَّتَوَكَّلْ عَلَى اللّٰهِ فَاِنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ۝

၅၀။ (သတိပြုကြကုန်)၊ အကြင်အခါ 'မိုနာဖစ်' အယောင်ဆောင်များနှင့် စိတ်နှလုံးတွင် ရောဂါရှိသူများက (ယုံကြည်သူများနှင့်စပ်လျဉ်း၍) ဤသူတို့အား သူတို့၏သာသနာက လှည့်စားထားလေသည်ဟု ပြောဆိုကြ၏။ အမှန်သော်ကား အကြင်မည်သူမဆို အလ္လာဟ်အပေါ် ယုံပုံလွဲအပ်မှုပြုပါက ဧကန်မုချ အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသော အရှင်၊ လွန်စွာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူ၏။

وَلَوْ تَرٰٓى اِذْ يَتَوَفَّى الَّذِيْنَ كَفَرُوا ۙ الْمَلٰٓئِكَةُ يَضْرِبُوْنَ وُجُوْهَهُمْ وَاَدْبَارَهُمْ ۚ وَذُوْقُوْا عَذَابَ الْحَرِيْقِ ۝

၅၁။ အကယ်၍ အသင်သည်မြင်တွေ့နိုင်ပါလျှင် ကောင်းကင်တမန်တို့သည် မယုံကြည်ငြင်းပယ်သူတို့အား အသက်နုတ်သောအခါ သူတို့သည် ၎င်းတို့၏မျက်နှာများနှင့် ကျောများကို ရိုက်နှက်ကြပြီး ပြင်းထန်စွာ လောင်ကျွမ်းသော ပြစ်ဒဏ်ကို မြည်းစမ်းကြကုန်(ဟုပြောဆိုသည်ကို မြင်တွေ့ရပေမည်)။

ذٰلِكَ بِمَا قَدَّمَتْ اَيْدِيْكُمْ وَاَنَّ اللّٰهَ لَيْسَ بِظَلَّامٍ لِّلْعَبِيْدِ ۝

၅၂။ ဤသို့ဖြစ်ရခြင်းမှာ အသင်တို့ (မိမိတို့ကိုယ်တိုင်) လက်များဖြင့် ရှေ့သို့ပို့ထားခြင်းကြောင့်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် မိမိ၏အစေတော်များအပေါ် အနည်းငယ်မျှပင် မတရားပြုတော်မူသည့်အရှင် အလျှင်းမဟုတ်ချေ၊

كَدَاْبِ اٰلِ فِرْعَوْنَ ۙ وَالَّذِيْنَ مِنْ قَبْلِهِمْ ؕ كَفَرُوْا بِاٰيٰتِ اللّٰهِ فَاَخَذَهُمُ اللّٰهُ بِذُنُوْبِهِمْ ؕ

၅၃။ 'ဖီရိအောင်'၏အမျိုးသားများနှင့် ၎င်းတို့အလျှင် ရှိခဲ့ကြသောသူတို့၏ အမူအကျင့်များကဲ့သို့ပင် (အသင်တို့၏ အမူအကျင့်သည်လည်းထိုသို့ဖြစ်၏) ထိုသူတို့သည် အလ္လာဟ်၏ 'အာ

اِنَّ اللّٰهَ قَوِیٌّ شَدِیۡدُ الۡعِقَابِ ﴿۵۳﴾

ယတ်' သက်သေလက္ခဏာတော်များကို ငြင်းပယ်ခဲ့ကြ၏။ သို့ဖြစ်ရာ အလ္လာဟ်သည် သူတို့၏ အပြစ်ဒုစရိုက်များကြောင့် သူတို့အား ဖမ်းဆီးတော်မူလိုက်ပေသည်။ ဧကန်မုချ အလ္လာဟ်သည် လွန်စွာမှ စွမ်းအားရှိတော်မူသောအရှင် ဖြစ်တော်မူ၏၊ (ထို့ပြင်) အပြစ်ဒဏ်ပေးတော်မူရာတွင် အလွန်ပြင်းထန်တော်မူ၏။

ذٰلِكَ بِاَنَّ اللّٰهَ لَمۡ یَكُ مُغَیِّرًا نِّعۡمَةً اَنۡعَمَهَا عَلٰی قَوۡمٍ حَتّٰی یُغَیِّرُوۡا مَا بِاَنۡفُسِهِمۡ ۙ وَاَنَّ اللّٰهَ سَمِیۡعٌ عَلِیۡمٌ ﴿۵۴﴾

၅၄။ ဤသို့ဖြစ်ရခြင်းမှာ အလ္လာဟ်သည် မည်သည့်မျိုးနွယ်အပေါ်၌မဆို ပြုတော်မူခဲ့သည့် ကောင်းချီးဆုလာဘ်တော်ကို ထိုသူတို့က မိမိတို့ကိုယ်တိုင် မိမိတို့၏အခြေအနေကို မပြောင်းလဲလေသမျှ လုံးဝပြောင်းလဲပစ်တော်မမူချေ။ ထို့ပြင် (သတိပြုကြကုန်)၊ စင်စစ် အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏၊

كَدَاۡبِ اٰلِ فِرۡعَوۡنَ ۙ وَالَّذِیۡنَ مِنۡ قَبۡلِهِمۡ ؕ كَذَّبُوۡا بِاٰیٰتِ رَبِّهِمۡ فَاَهۡلَكۡنٰهُمۡ بِذُنُوۡبِهِمۡ وَاَغۡرَقۡنَاۤ اٰلَ فِرۡعَوۡنَ ۚ وَكُلٌّ كَانُوۡا ظٰلِمِیۡنَ ﴿۵۵﴾

၅၅။ 'ဖိရ်အောင်'၏အမျိုးသားများနှင့် ၎င်းတို့အလျင်ရှိခဲ့ကြသောသူတို့၏ အမူအကျင့်များကဲ့သို့ပင် (အသင်တို့၏ အမူအကျင့်သည်လည်း ထိုသို့ဖြစ်၏) ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ 'အာယတ်' သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟုစွပ်စွဲခဲ့ကြပေရာ ငါတို့သည် သူတို့၏အပြစ်ဒုစရိုက်များကြောင့် သူတို့အား ဖျက်ဆီးပစ်တော်မူခဲ့ပေသည်။ ထို့ပြင် ငါတို့သည် 'ဖိရ်အောင်'၏အမျိုးသားတို့အား နှစ်မြှုပ်ပစ်တော်မူခဲ့ပေသည်။ စင်စစ် ၎င်းတို့အားလုံးသည် အပြစ်ကျူးလွန်သူများဖြစ်ကြ၏။

اِنَّ شَرَّ الدَّوَآبِّ عِنۡدَ اللّٰهِ الَّذِیۡنَ كَفَرُوۡا فَهُمۡ لَا یُؤۡمِنُوۡنَ ﴿۵۶﴾

၅၆။ ဧကန်စင်စစ် အလ္လာဟ်၏ထံတော်တွင် သတ္တဝါအားလုံးအနက် အဆိုးရွားဆုံးမှာကား သွေဖည်ငြင်းပယ်သူများဖြစ်ကြ၏။ ၎င်းတို့သည် မည်သည့်အခြေအနေတွင်မျှ သက်ဝင်ယုံကြည်လာကြမည်မဟုတ်ချေ။

اَلَّذِیۡنَ عٰهَدۡتَّ مِنۡهُمۡ ثُمَّ یَنۡقُضُوۡنَ عَهۡدَهُمۡ فِیۡ كُلِّ مَرَّةٍ وَّهُمۡ لَا یَتَّقُوۡنَ ﴿۵۷﴾

၅၇။ ထိုသူတို့သည်ကား၊ အသင်သည် သူတို့နှင့် ပဋိညာဉ်ပြုခဲ့၏။ ထို့နောက်တွင် သူတို့သည် အကြိမ်တိုင်းတွင် မိမိတို့၏ပဋိညာဉ်ကို ချိုးဖောက်ခဲ့ကြပေသည်။ စင်စစ် သူတို့သည် ကြောက်ရွံ့ကြသည်မဟုတ်ချေ။

فَاِمَّا تَثۡقَفَنَّهُمۡ فِی الۡحَرۡبِ فَشَرِّدۡ بِهِمۡ مَّنۡ خَلۡفَهُمۡ لَعَلَّهُمۡ یَذَّكَّرُوۡنَ ﴿۵۸﴾

၅၈။ သို့ဖြစ်ရာ အကယ်၍ အသင်သည် စစ်ပွဲတွင် ထိုသူတို့နှင့် ရင်ဆိုင်တွေ့ဆုံရသောအခါ သူတို့(၏အုံကြွမှု)ကြောင့် သူတို့၏ နောက်တန်းများကိုလည်း ကစဉ့်ကလျားဖြစ်အောင် ပြုလုပ်လော့။ သို့ဖြင့် ထိုသူတို့ သင်ခန်းစာ ရကောင်းရကြစေရန်ဖြစ်၏။

وَاِمَّا تَخَافَنَّ مِنۡ قَوۡمٍ خِیَانَةً فَانۡۢبِذۡ اِلَیۡهِمۡ عَلٰی سَوَآءٍ ؕ اِنَّ اللّٰهَ لَا یُحِبُّ

၅၉။ အကယ်၍ အသင်သည် လူမျိုးနွယ်တစ်ရပ်ထံမှ ကတိသစ္စာဖောက်ဖျက်မည်ကိုစိုးရိမ်ရလျှင် အသင်သည် သူတို့ပြုမူသကဲ့သို့ပင် ပြုမူပါလေ။ အလ္လာဟ်သည် ကတိသစ္စာဖောက်

الْخَآئِنِيْنَ ۚ﴿٥٨﴾

ဖျက်သူတို့ကို အလျှင်းနှစ်သက်တော်မမူချေ။

ရှုကူ-၈

وَلَا يَحْسَبَنَّ الَّذِيْنَ كَفَرُوْا سَبَقُوْا ؕ اِنَّهُمْ لَا يُعْجِزُوْنَ ﴿٥٩﴾

၅၉။ ထို့ပြင် မယုံကြည်ခြင်းပယ်ကြသောသူတို့က မိမိတို့မှာ ရှေ့တက်သွားကြပြီဟု အလျှင်းမထင်မှတ်ကြလင့်။ ၎င်းတို့သည် မစွမ်းဆောင်နိုင်အောင် အလျှင်း ပြုလုပ်နိုင်ကြမည် မဟုတ်ချေ။

وَاَعِدُّوْا لَهُمْ مَّا اسْتَطَعْتُمْ مِّنْ قُوَّةٍ وَّمِنْ رِّبَاطِ الْخَيْلِ تُرْهِبُوْنَ بِهٖ عَدُوَّ اللّٰهِ وَعَدُوَّكُمْ وَاٰخَرِيْنَ مِنْ دُوْنِهِمْ ۚ لَا تَعْلَمُوْنَهُمْ ۚ اَللّٰهُ يَعْلَمُهُمْ ؕ وَمَا تُنْفِقُوْا مِنْ شَيْءٍ فِيْ سَبِيْلِ اللّٰهِ يُوَفَّ اِلَيْكُمْ وَاَنْتُمْ لَا تُظْلَمُوْنَ ﴿٦٠﴾

၆၀။ အသင်တို့သည် စွမ်းအားရှိသမျှ အင်အားကိုစုစည်း၍ လည်းကောင်း၊ နယ်စပ်များတွင် မြင်းများကို စုစည်းချည်နှောင်၍လည်းကောင်း ယင်းတို့အတွက် အသင့်ပြင်ဆင်ထားကြကုန်။ ဤသို့ဖြင့် အသင်တို့သည် အလ္လာဟ်၏ရန်သူများကို လည်းကောင်း၊ မိမိတို့၏ရန်သူများကိုလည်းကောင်း၊ ထိုသူတို့အပြင် အခြားသူများကိုလည်းကောင်း ကြောက်ရွံ့ထိတ်လန့်စေမည်ဖြစ်၏။ သူတို့ကို အသင်တို့မသိကြချေ။ အလ္လာဟ်သည် သူတို့ကို သိတော်မူ၏။ အသင်တို့သည် အလ္လာဟ်၏လမ်းတော်တွင် မည်သည်ကိုပင်သုံးစွဲသည်ဖြစ်စေ အသင်တို့အား အပြည့်အဝပြန်လည်ပေးခြင်းခံရပေမည်။ စင်စစ် အသင်တို့၏ ရပိုင်ခွင့်ကို ဆုံးရှုံးနစ်နာစေမည်မဟုတ်ချေ။

وَاِنْ جَنَحُوْا لِلسَّلْمِ فَاجْنَحْ لَهَا وَتَوَكَّلْ عَلَى اللّٰهِ ؕ اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ ﴿٦١﴾

၆၁။ အကယ်၍ ၎င်းတို့သည် ပြေငြိမ်းမှုဘက်သို့ယိမ်းညွတ်ကြလျှင် အသင်သည်လည်း ယင်းအတွက် ယိမ်းညွတ်ပါလေ။ ထို့ပြင် အလ္လာဟ်အပေါ် ယုံပုံလွဲအပ်ပါလေ။ ဧကန်မုချ အရှင်မြတ်သည်ပင် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။

وَاِنْ يُّرِيْدُوْٓا اَنْ يَّخْدَعُوْكَ فَاِنَّ حَسْبَكَ اللّٰهُ ؕ هُوَ الَّذِيْٓ اَيَّدَكَ بِنَصْرِهٖ وَبِالْمُؤْمِنِيْنَ ﴿٦٢﴾

၆၂။ အကယ်၍ သူတို့သည် အသင့်အား လိမ်လည်လှည့်ဖြားရန်ရည်ရွယ်ကြလျှင် ဧကန်မုချ အလ္လာဟ်သည် အသင့်အဖို့ လုံလောက်တော်မူ၏။ ထိုအရှင်မြတ်သည်ပင်လျှင် မိမိ၏ကူညီစောင်မမှုဖြင့်လည်းကောင်း၊ သက်ဝင်ယုံကြည်သူများအားဖြင့်လည်းကောင်း အသင့်အား ကူညီစောင်မတော်မူ၏။

وَاَلَّفَ بَيْنَ قُلُوْبِهِمْ ؕ لَوْ اَنْفَقْتَ مَا فِي الْاَرْضِ جَمِيْعًا مَّآ اَلَّفْتَ بَيْنَ قُلُوْبِهِمْ وَلٰكِنَّ اللّٰهَ اَلَّفَ بَيْنَهُمْ ؕ اِنَّهٗ عَزِيْزٌ حَكِيْمٌ ﴿٦٣﴾

၆၃။ ထို့ပြင် ထိုအရှင်မြတ်သည် သူတို့၏စိတ်နှလုံးများကို အချင်းချင်း ပေါင်းစည်းညီညွတ်စေတော်မူခဲ့ပေသည်။ အကယ်၍ အသင်သည် ကမ္ဘာမြေပြင်၌ရှိသမျှကို သုံးစွဲသည့်တိုင် သူတို့၏စိတ်နှလုံးများကို အချင်းချင်းပေါင်းစည်း ညီညွတ်အောင် ပြုလုပ်နိုင်ခဲ့မည်မဟုတ်ချေ။ သို့ရာတွင် အလ္လာဟ်သည်သာလျှင် ၎င်းတို့(၏စိတ်နှလုံးများကို) အချင်းချင်း ပေါင်းစည်းညီညွတ်စေတော်မူခဲ့၏။ ဧကန်မုချ အရှင်မြတ်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏။

يٰٓاَيُّهَا النَّبِيُّ حَسْبُكَ اللّٰهُ وَمَنِ اتَّبَعَكَ مِنَ الْمُؤْمِنِيْنَ ﴿٦٤﴾

၆၄။ အို-တမန်တော်၊ အလ္လာဟ်သည် အသင့်အဖို့လည်းကောင်း၊ သက်ဝင်ယုံကြည်သူများအနက် အသင့်အားလိုက်နာကြသူတို့အဖို့လည်းကောင်း လုံလောက်တော်မူပေသတည်း။

ရုကူး-၉

يٰٓاَيُّهَا النَّبِيُّ حَرِّضِ الْمُؤْمِنِيْنَ عَلَى الْقِتَالِ ؕ اِنْ يَّكُنْ مِّنْكُمْ عِشْرُوْنَ صٰبِرُوْنَ يَغْلِبُوْا مِائَتَيْنِ ۚ وَاِنْ يَّكُنْ مِّنْكُمْ مِّائَةٌ يَّغْلِبُوْٓا اَلْفًا مِّنَ الَّذِيْنَ كَفَرُوْا بِاَنَّهُمْ قَوْمٌ لَّا يَفْقَهُوْنَ ﴿٦٥﴾

၆၅။ အို-တမန်တော်၊ သက်ဝင်ယုံကြည်သူတို့အား စစ်တိုက်ရန် တိုက်တွန်းနှိုးဆော်ပါလေ။ အကယ်၍ အသင်တို့အနက် သည်းခံမြဲမြံသူနှစ်ဆယ်ရှိလျှင် သူတို့သည် နှစ်ရာအား လွှမ်းမိုးအောင်နိုင်လိမ့်မည်။ ထို့ပြင် အကယ်၍ အသင်တို့အနက် (သည်းခံမြဲမြံသူ) တစ်ရာရှိပါက သူတို့သည် မယုံကြည်ငြင်းပယ်သူ တစ်ထောင်အပေါ် လွှမ်းမိုးအောင်နိုင်လိမ့်မည်။ အကြောင်းမူ ယင်းတို့သည် မည်သည်ကိုမျှ နားမလည်သူများဖြစ်သောကြောင့်တည်း။ ①

اَلْـٰٔنَ خَفَّفَ اللّٰهُ عَنْكُمْ وَعَلِمَ اَنَّ فِيْكُمْ ضَعْفًا ؕ فَاِنْ يَّكُنْ مِّنْكُمْ مِّائَةٌ صَابِرَةٌ يَّغْلِبُوْا مِائَتَيْنِ ۚ وَاِنْ يَّكُنْ مِّنْكُمْ اَلْفٌ يَّغْلِبُوْٓا اَلْفَيْنِ بِاِذْنِ اللّٰهِ ؕ وَاللّٰهُ مَعَ الصّٰبِرِيْنَ ﴿٦٦﴾

၆၆။ ယခုသော်ကား အလ္လာဟ်သည် အသင်တို့ထံမှ ဝန်ထုပ်ကို ပေါ့ပါးစေတော်မူခဲ့ပြီ။ အကြောင်းမူ အသင်တို့တွင် ယခုအားနည်းချက်များရှိနေကြောင်းကို အရှင်မြတ်သိတော်မူသောကြောင့်ဖြစ်၏။ သို့ဖြစ်ရာ အကယ်၍ အသင်တို့အနက် သည်းခံမြဲမြံသူတစ်ရာရှိလျှင် သူတို့သည် နှစ်ရာအပေါ် လွှမ်းမိုးအောင်နိုင်ကြပေအံ့။ ထို့ပြင် အသင်တို့အနက်(သည်းခံမြဲမြံသူ) တစ်ထောင်ရှိလျှင် အလ္လာဟ်၏အမိန့်တော်ဖြင့် သူတို့သည် နှစ်ထောင်အပေါ် လွှမ်းမိုးအောင်နိုင်ကြပေအံ့။ စင်စစ် အလ္လာဟ်သည် သည်းခံမြဲမြံသူတို့နှင့်အတူရှိတော်မူ၏။ ②

مَا كَانَ لِنَبِيٍّ اَنْ يَّكُوْنَ لَهٗٓ اَسْرٰى حَتّٰى يُثْخِنَ فِى الْاَرْضِ ؕ تُرِيْدُوْنَ عَرَضَ الدُّنْيَا ۖ وَاللّٰهُ يُرِيْدُ الْاٰخِرَةَ ؕ وَاللّٰهُ عَزِيْزٌ حَكِيْمٌ ﴿٦٧﴾

၆၇။ ကမ္ဘာမြေတွင် သွေးထွက်သံယိုတိုက်ခိုက်မှု မဖြစ်သေးသရွေ့ မည်သည့်တမန်တော်မျှ သုံ့ပန်းထားရှိရန် အခွင့်မရှိချေ။ အသင်တို့သည် လောကီဥစ္စာပစ္စည်းများကို လိုလားတောင့်တကြ၏။ စင်စစ် အလ္လာဟ်သည် နောင်တမလွန်ကို နှစ်သက်တော်မူ၏။ အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

---

① 'မို့အ်မင်နဲ်'သက်ဝင်ယုံကြည်သူတို့အား စစ်တိုက်ဖို့နှိုးဆော်ရန်အတွက် တမန်တော်မြတ်မိုဟမ္မဒ် ﷺ သခင်အား အမိန့်ပေးခြင်းခံခဲ့ရ၏။ သူတို့သည် အရေအတွက်အားဖြင့် အင်အားအနည်းငယ်မျှသာဖြစ်သော်လည်း အလ္လာဟ်အရှင်မြတ် ကတိတော်ထားရှိသည်မှာ သူတို့သည် မိမိတို့ထက် ဆယ်ဆများပြားသူတို့ကိုပင် အောင်ပွဲရနိုင်မည်ဖြစ်သည်။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးချင်းက မိမိထက် ဆယ်ဆများပြားသူတို့ကို အနိုင်ရအောင်ပွဲခံနိုင်မည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ဖြစ်နိုင်ချေရှိသော သတ်မှတ်ထားသည့် အရေအတွက်တစ်ခုကို မိန့်တော်မူခြင်းဖြစ်ပြီး အကယ်၍ တစ်ရာရှိခဲ့လျှင် တစ်ထောင်ကိုအနိုင်ရမည်ဟု ဆိုလိုပေသည်။

② ဤအာယတ်တော်တွင်ဖော်ပြထားသည်မှာ လတ်တလော၌ အသင်တို့သည် အင်အားချည့်နဲ့သောအခြေအနေတွင်ရှိနေကြသည်။ ရိက္ခာပြည့်စုံခြင်းလည်းမရှိ၊ လက်နက်ပြည့်စုံခြင်းလည်းမရှိပေ။ သို့ဖြစ်ရာ အကယ်၍ အသင်တို့၌ သည်းခံမြဲမြံသူ တစ်ရာရှိလျှင် နှစ်ရာကိုအနိုင်ရလိမ့်မည်။ ဤတွင်မက အသင်တို့၏အရှိန်အဝါတည်မြဲခဲ့လျှင် နောင်လာမည့်မျိုးဆက်သစ်တို့တွင် အထောင်အသောင်းတို့ကိုပင် အနိုင်ရအောင်ပွဲခံကြရပေလိမ့်မည်။ နောင်လာမည့် မျိုးဆက်သစ်တို့အတွက် ကြိုတင်နိမိတ်ဟောထားသည့် အလွန်ကြီးကျယ်သော အောင်ပွဲကိုလည်း ရှေးဦး 'မို့အ်မင်နဲ်'သက်ဝင်ယုံကြည်သူတို့ကပင် အုတ်မြစ်ချခဲ့ခြင်းဖြစ်သည်။

لَوْلَا كِتٰبٌ مِّنَ اللّٰهِ سَبَقَ لَمَسَّكُمْ فِيْمَآ اَخَذْتُمْ عَذَابٌ عَظِيْمٌ ۝

၆၉။ အကယ်၍သာ အလ္လာဟ်၏ထံတော်မှ (အသင်တို့အား ခွင့်လွှတ်၍ ဆက်ဆံတော်မူရန်) မူလကတည်းက ရေးသားပြဋ္ဌာန်းထားတော်မမူခဲ့လျှင် အသင်တို့ရယူခဲ့သည်တို့၏ အကျိုးဆက်အဖြစ် လွန်စွာမှ ကြီးမားသော အပြစ်ဒဏ်သည် အသင်တို့အပေါ် သက်ရောက်ခဲ့ပြီးဖြစ်ချေမည်။

فَكُلُوْا مِمَّا غَنِمْتُمْ حَلٰلًا طَيِّبًا ۖ وَّاتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ۝ ۧ

၇၀။ သို့ဖြစ်ရာ အသင်တို့ရရှိခဲ့ကြသည့် လက်ရပစ္စည်းများအနက်မှ တရားဝင်သော၊ သန့်ရှင်းသောအရာများကို စားသုံးကြကုန်။ ထို့ပြင် အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ' တရားကို ကျင့်ကြံဆောက်တည်ကြကုန်။ ဧကန်မုချ အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူ-၁၀

يٰٓاَيُّهَا النَّبِيُّ قُلْ لِّمَنْ فِيْٓ اَيْدِيْكُمْ مِّنَ الْاَسْرٰٓى ۙ اِنْ يَّعْلَمِ اللّٰهُ فِيْ قُلُوْبِكُمْ خَيْرًا يُّؤْتِكُمْ خَيْرًا مِّمَّآ اُخِذَ مِنْكُمْ وَيَغْفِرْ لَكُمْ ۭ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ۝

၇၁။ အို-တမန်တော်၊ အသင်တို့လက်ဝယ်ရှိ သုံ့ပန်းအကျဉ်းသားတို့အား ပြောကြားပါလေ၊ အကယ်၍ အလ္လာဟ်သည် အသင်တို့၏စိတ်နှလုံးသားများတွင် တစ်စုံတစ်ရာကောင်းမြတ်မှုကို မြင်တွေ့တော်မူပါလျှင် အသင်တို့ထံမှရယူခဲ့သော အရာထက် များစွာပိုမိုကောင်းမြတ်သောအရာကို အသင်တို့အား ပေးသနားတော်မူပေမည်။ ထို့ပြင် အသင်တို့အား ခွင့်လွှတ်တော်မူမည်ဖြစ်၏။ စင်စစ်သော်ကား အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَاِنْ يُّرِيْدُوْا خِيَانَتَكَ فَقَدْ خَانُوا اللّٰهَ مِنْ قَبْلُ فَاَمْكَنَ مِنْهُمْ ۭ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ۝

၇၂။ အကယ်၍ သူတို့သည် အသင့်အား သစ္စာဖောက်ဖျက်ရန် ရည်စူးကြပါလျှင် စင်စစ် ၎င်းတို့သည် ယခင်ကလည်း အလ္လာဟ်အား သစ္စာဖောက်ခဲ့ပြီးဖြစ်၏။ သို့ဖြစ်ရာ ထိုအရှင်မြတ်သည် ၎င်းတို့အား မစွမ်းဆောင်နိုင်အောင် ပြုလုပ်တော်မူခဲ့ပေသည်။ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ လွန်စွာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّ الَّذِيْنَ اٰمَنُوْا وَهَاجَرُوْا وَجٰهَدُوْا بِاَمْوَالِهِمْ وَاَنْفُسِهِمْ فِيْ سَبِيْلِ اللّٰهِ وَالَّذِيْنَ اٰوَوْا وَّنَصَرُوْٓا اُولٰۗىِٕكَ بَعْضُهُمْ اَوْلِيَاۗءُ بَعْضٍ ۭ وَالَّذِيْنَ اٰمَنُوْا وَلَمْ يُهَاجِرُوْا مَا لَكُمْ مِّنْ وَّلَايَتِهِمْ مِّنْ شَيْءٍ

၇၃။ ဧကန်မုချ အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြ၏၊ 'ဟစ်ဂျရတ်' ပြောင်းရွှေ့နေထိုင်ခြင်း ပြုခဲ့ကြ၏။ မိမိတို့၏ ပစ္စည်းဥစ္စာများနှင့် အသက်များဖြင့် အလ္လာဟ်၏လမ်းတော်တွင် 'ဂျီဟာဒ်' ကြိုးပမ်းအားထုတ်မှုပြုခဲ့ကြ၏။ ထို့ပြင် သူတို့သည် ('မူဟာဂျိရ်' ပြောင်းရွှေ့နေထိုင်သူများကို) ခိုလှုံခွင့်ပေးခဲ့ကြပြီး ကူညီစောင်မခဲ့ကြ၏။ ဤသူများသည်ပင် ယင်းတို့အနက် အချို့သည် အခြားသူများ၏ အဆွေခင်ပွန်းများဖြစ်ကြ၏။ သို့ရာတွင် အကြင်သူတို့သည်ကား သက်ဝင်ယုံကြည်ကြ၏၊ သို့သော် ၎င်းတို့သည် 'ဟစ်ဂျရတ်' ပြောင်းရွှေ့နေထိုင်

حَتّٰى يُهَاجِرُوْا ؕ وَاِنِ اسْتَنْصَرُوْكُمْ فِى
الدِّيْنِ فَعَلَيْكُمُ النَّصْرُ اِلَّا عَلٰى قَوْمٍ
بَيْنَكُمْ وَبَيْنَهُمْ مِّيْثَاقٌ ؕ وَاللّٰهُ بِمَا
تَعْمَلُوْنَ بَصِيْرٌ ۝

ခြင်းကိုမပြုခဲ့ကြချေ။ ၎င်းတို့ 'ဟစ်ဂျရတ်'မပြုလေသမျှ အသင်တို့အဖို့ သူတို့နှင့် အဆွေခင်ပွန်းဖွဲ့ရန် လုံးဝတာဝန်မရှိချေ။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် သာသနာတော်၏ အရေးကိစ္စတွင် အသင်တို့ထံမှ အကူအညီရယူလိုကြလျှင် အသင်တို့နှင့် ပဋိညာဉ်စာချုပ်ချုပ်ဆိုပြီးဖြစ်သောလူမျိုးနွယ်နှင့် ဆန့်ကျင်၍ (အကူအညီတောင်းခံခြင်း)မှအပ အသင်တို့အဖို့ သူတို့အား ကူညီရန်တာဝန်ရှိပေသည်။ စင်စစ် အလ္လာဟ်သည် အသင်တို့ပြုကျင့်သမျှကို နက်ရှိုင်းစွာ မြင်တွေ့တော်မူသော အရှင် ဖြစ်တော်မူ၏။

وَالَّذِيْنَ كَفَرُوْا بَعْضُهُمْ اَوْلِيَآءُ بَعْضٍ ؕ
اِلَّا تَفْعَلُوْهُ تَكُنْ فِتْنَةٌ فِى الْاَرْضِ
وَفَسَادٌ كَبِيْرٌ ۝

၇၄။ မယုံကြည်ခြင်းပယ်သူအချို့နှင့် အချို့တို့သည် အချင်းချင်း အဆွေခင်ပွန်းများဖြစ်ကြ၏။ အကယ်၍ အသင်တို့သည် (အသင်တို့အား သွန်သင်ဆုံးမခဲ့သည်များကို) လိုက်နာကျင့်ကြံခြင်းမပြုလျှင် ကမ္ဘာမြေတွင် ပြဿနာနှင့် ကြီးမားသော ဆူပူသောင်းကျန်းမှုဖြစ်ပေါ်လာပေလိမ့်မည်။

وَالَّذِيْنَ اٰمَنُوْا وَهَاجَرُوْا وَجٰهَدُوْا فِىْ
سَبِيْلِ اللّٰهِ وَالَّذِيْنَ اٰوَوْا وَّ نَصَرُوْٓا
اُولٰٓئِكَ هُمُ الْمُؤْمِنُوْنَ حَقًّا ؕ لَهُمْ
مَّغْفِرَةٌ وَّ رِزْقٌ كَرِيْمٌ ۝

၇၅။ အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြ၏၊ 'ဟစ်ဂျရတ်' ပြောင်းရွှေ့နေထိုင်ခြင်းလည်း ပြုခဲ့ကြ၏။ ၎င်းပြင် သူတို့သည် အလ္လာဟ်၏လမ်းတော်တွင် 'ဂျီဟာဒ်' ကြိုးပမ်းအားထုတ်မှုပြုခဲ့ကြ၏။ ထို့ပြင် အကြင်သူတို့သည် ခိုလှုံခွင့်ပေးခဲ့ကြပြီး ကူညီစောင်မခဲ့ကြ၏။ ဤသူများသည်ပင် စစ်မှန်သော 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူများဖြစ်ကြ၏။ ထိုသူတို့အဖို့ ခွင့်လွှတ်တော်မူခြင်းနှင့် ဂုဏ်သိက္ခာရှိသော 'ရိဇ်ကီ' ရိက္ခာသည်ရှိ၏။

وَالَّذِيْنَ اٰمَنُوْا مِنْۢ بَعْدُ وَهَاجَرُوْا
وَجٰهَدُوْا مَعَكُمْ فَاُولٰٓئِكَ مِنْكُمْ ؕ
وَاُولُوا الْاَرْحَامِ بَعْضُهُمْ اَوْلٰى بِبَعْضٍ فِىْ
كِتٰبِ اللّٰهِ ؕ اِنَّ اللّٰهَ بِكُلِّ شَىْءٍ عَلِيْمٌ ۝ ۷۵

၇၆။ အကြင်သူတို့သည် နောက်ပိုင်းတွင်မှ သက်ဝင်ယုံကြည်ခဲ့ကြ၏၊ သူတို့သည် 'ဟစ်ဂျရတ်' ပြောင်းရွှေ့နေထိုင်ခြင်းပြုခဲ့ကြ၏။ ထို့ပြင် အသင်တို့နှင့်အတူပူးပေါင်း၍ 'ဂျီဟာဒ်' ကြိုးပမ်းအားထုတ်မှုပြုခဲ့ကြ၏။ သို့ဖြစ်ရာ သူတို့သည် အသင်တို့အနက်မှပင်ဖြစ်၏။ သွေးချင်းတော်စပ်သော ဆွေမျိုးသားချင်းများနှင့်စပ်လျဉ်း၍မူ အလ္လာဟ်၏ကျမ်းတော်အရ ယင်းတို့သည် အချင်းချင်းပိုမိုနီးစပ်ကြပေသည်။ ဧကန်မုချ အလ္လာဟ်သည် အရာခပ်သိမ်းကုန်တို့ကို ကောင်းစွာသိရှိတော်မူပေသတည်း။

❖ ❖ ❖

၉။ အလ်-တောင်ဘာ

ဤဆူရာဟ်သည် မဒီနာမြို့၌ ဆူရာဟ် 'အလ်-အန်ဖာလ်'၏နောက်တွင် တစ်ဆက်တည်း ကျရောက်ခဲ့ပြီး 'အာယတ်'မုကွပါဠိတော်ပေါင်း (၁၂၉)ပိုဒ်ပါရှိသည်။

စစ်ပွဲများနှင့် ယင်း၏အကျိုးဆက်များဖြစ်သည့် အခက်အခဲဒုက္ခများ၊ ထိုမှတစ်ဖန်ရရှိသော ဆုလာဘ်များအကြောင်းကို ဆူရာဟ်'အလ်-အန်ဖာလ်'၏နောက်ဆုံးပိုင်းတွင်လာရှိခဲ့ပေရာ ဆက်လက်၍ ယင်း၏ရလဒ်အဖြစ် ပေါ်ပေါက်လာမည့်အကြောင်းကိစ္စများကို ဤဆူရာဟ်၏ အစပိုင်းမှာတွေ့ရှိရပေသည်။ ရန်သူတို့သည် အမှန်ပင်ရုံးနိမ့်ကြရမည်ဖြစ်ကြောင်း၊ ထိုသူတို့သည် တမန်တော်မြတ်ﷺနှင့် ကိုယ်တော်မြတ်၏သာဝကများနှင့် မလွဲမရှောင်သာ ပဋိညာဉ်ချုပ်ဆိုလာကြမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယင်းတို့သည် မိမိတို့၏ပဋိညာဉ်အပေါ်တွင် ရပ်တည်နေသမျှကာလပတ်လုံး မွတ်စလင်တို့ဘက်မှ ကတိခိုင်းဖောက်ခြင်းအလျှင်းမပြုရန်လိုအပ်ကြောင်းနှင့် ဤသည် တရားမျှတမှုအတွက် လိုအပ်ချက်ဖြစ်ကြောင်းတို့ကို ဖော်ပြထားခြင်းဖြစ်သည်။

ကတိဖောက်ဖျက်ခြင်း၏ဆိုးကျိုးရလဒ်အတွက် သတိပေးချက်ကို ကျမ်းမြတ်ကုရ်အာန်၏ အဖွင့်ကဏ္ဍ ဆူရာဟ်'ဖာတေဟာ'မှစ၍ ပြီးခဲ့သောဆူရာဟ်အားလုံးတွင် ပုံစံအမျိုးမျိုးဖြင့် မြင်တွေ့ရသည်။ ယင်းအကြောင်းကိုပင် ဤဆူရာဟ်၌ ရန်သူတို့သည် မိမိတို့၏ကတိကိုခိုင်းဖောက်ခဲ့ကြခြင်းကြောင့် ဒဏ်ခတ်ခြင်းများကိုခံကြရကြောင်းပါရှိပြီး ယုံကြည်သူ'မို့အ်မင်န်'တို့အားလည်း မည်သည့်အခြေအနေမျိုး၌မဆို ကတိကဝတ်ကိုမချိုးဖောက်ဘဲ ကတိအတိုင်းဖြည့်ဆည်းကြရန် သတိပေးနှိုးဆော်ထားသည်။

ယုံကြည်သူတို့ရရှိခဲ့သည့်အောင်ပွဲများတွင် မည်သည့်အောင်ပွဲမှ လက်နက်အင်အားသာလွန်ခြင်း၊ အရေအတွက်များပြားခြင်းတို့ကြောင့် ရရှိခဲ့သည်မဟုတ်ကြောင်းနှင့် ဖြစ်နိုင်မည်လည်းမဟုတ်ကြောင်းကို ဤဆူရာဟ်၌ စဉ်ဆက်မပြတ်ဖော်ပြထားသည်။ ထို့ပြင် ဤသည်နှင့်ဆက်နွယ်လျက် 'ဟူနိုင်း' စစ်ပွဲအကြောင်းကို ဖော်ပြထားသည်။ ယင်းတွင် မွတ်စလင်တို့သည် မယုံကြည်သူတို့ထက် အရေအတွက်လွန်စွာ များပြားခဲ့ပေရာ အချို့မွတ်စလင်တို့မှာ ငါတို့သည် အရေအတွက် နည်းပါးကြပါလျက် ယင်းတို့၏ကြီးမားလှသောအုပ်စုကြီးများကိုပင် အမြဲအောင်ပွဲဆင်ခဲ့ကြပေရာ ယခုမူ မယုံကြည်သူတို့သည် အသို့လျှင် အောင်ပွဲရနိုင်အံ့နည်းဟူ၍ စိတ်ကြီးဝင်ခဲ့ကြပေသည်။ ထိုသို့သောသူတို့အား အသင်တို့သည် အရေအတွက်အနည်းငယ်သာရှိခဲ့စဉ်အခါ၌ တမန်တော်မြတ်ﷺ၏'ဒိုအာ'ဆုတောင်းမှုရလဒ်ဖြင့် အောင်ပွဲရခဲ့ကြခြင်းဖြစ်ကြောင်းသင်ပြထားပေသည်။ ထို့ကြောင့် ယခုအသင်တို့အရေအတွက် များပြားခြင်းကြောင့် ဂုဏ်မောက်လျက်ရှိသောစိတ်ကို ခိုင်းနှိမ်တော်မူပြီ၊ သို့ရာတွင် ကြောက်မက်ဖွယ် အလွန်ကောင်းသော ရုံးနိမ့်ခြင်း၏နောက် ဤတမန်တော်၏ဆုတောင်း 'ဒိုအာ'၊ သည်းခံစွဲမြဲမှုနှင့် သူရသတ္တိတို့၏ရလဒ်ဖြင့်ပင် တစ်ဖန်ပြန်၍ အသင်တို့အား အောင်ပွဲရစေတော်မူမည်ဟု ဖော်ပြထားတော်မူပေသည်။

ထို့နောက် ပစ္စည်းဥစ္စာအများအပြား ပေးသနားတော်မူမည့်အကြောင်း ဖော်ပြထားသည်။ ယင်း၏ရလဒ်မှာ မနာလိုစိတ်ရှိကြသော ယုံကြည်ဟန်ဆောင်သူ'မိုနာဖစ်'များက ကိုယ်တော်မြတ်သည် ပစ္စည်းဥစ္စာဝေခြမ်းရာတွင် (نعوذ بالله) အလွဲသုံးစားပြုသည်ဟူ၍ အပြစ်ရှာခဲ့ကြသည်။ အမှန်သော်ကား တမန်တော်မြတ်ﷺသည် ယင်းပစ္စည်းဥစ္စာများကိုဝေငှခဲ့လေတိုင်း မိမိသားချင်းတို့တွင်မဟုတ်ဘဲ

သာသနာတော်အတွက် ရွှေ့ပြောင်းခဲ့ကြသူ 'မူဟာဂျီရင်န်'များ၊ သူဆင်းရဲများ၊ အခက်အခဲဒုက္ခတွင် နစ်မြုပ်နေကြသူများ၊ ကြွေးမြီတင်ရှိနေကြသူများနှင့် အခြေအနေပျက်ယွင်းနေကြသူများအတွက်သာ ဝေဒသုံးစွဲခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် ဤယုံကြည်ကိုးစားထိုက်သူ တမန်တော်ကိုပင် အလွဲသုံးစားပြုသူဟူသော စွပ်စွဲမှုကိုပြုကြပါလျှင် ဖျက်ဆီးခြင်းကိုခံကြရမည်ဟု သတိပေးနှိုးဆော်ထားပေသည်။ အမှန်သော်ကား ဤသို့စွပ်စွဲသူတို့ကိုယ်တိုင်ပင် အလွဲသုံးစားပြုသူများ ဖြစ်ကြပေသည်။

ဤဆူရာဟ်၏ အဆုံးပိုင်းတွင်မုက္ခပါဠိတော်လာရှိသည်မှာ၊ ဤတမန်တော်သည်ကား အသင်တို့ကောင်းကျိုးအတွက်သက်သက် ဒုက္ခဆင်းရဲကို ခံယူ၏။ အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် အသင်တို့သည် တစ်စုံတစ်ရာသောဒုက္ခကိုခံရလေတိုင်း သူသည် ပြင်းပြစွာခံစားရ၏။ ထို့ပြင် မယုံကြည်သူတို့အပေါ် ခက်ထန်ရခြင်းမှာလည်း သူ၏စိတ်နှလုံးခက်ထန်မှုကြောင့်မဟုတ်၊ ယင်းနှင့် မည်သို့မျှဆက်နွယ်ခြင်းမရှိ၊ သူ၏စိတ်နှလုံးမှာ ထောက်ထားညှာတာတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူသည့် အလ္လာဟ်အရှင်မြတ်၏ ရှင်သန်နိုးကြားလျက်ရှိသော ပြယုဂ်တစ်ခုပင်ဖြစ်၍ အလွန်ပင် စာနာထောက်ထားတတ်ပြီး သနားကြင်နာတတ်မှုရှိကြောင်းပင်တည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဧတောင်ဘာ

မဒီနာမြို့တွင်ကျရောက်ပြီး အာယတ်တော် (၁၂၉)ပိုဒ် ရှိကူ (၁၆)ပုဒ်ပါရှိသည်။

بَرَآءَةٌ مِّنَ اللّٰهِ وَرَسُوْلِهٖۤ اِلَى الَّذِيْنَ عٰهَدْتُّمْ مِّنَ الْمُشْرِكِيْنَ ۝١

၁။ အသင်တို့ ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့သော 'မူရှရိုက်'တို့အား အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်သည် တာဝန်ကင်းကြောင်း (သတင်းကို ပို့ဆောင်တော်မူ၏)။

فَسِيْحُوْا فِى الْاَرْضِ اَرْبَعَةَ اَشْهُرٍ وَّاعْلَمُوْۤا اَنَّكُمْ غَيْرُ مُعْجِزِى اللّٰهِ ۙ وَاَنَّ اللّٰهَ مُخْزِى الْكٰفِرِيْنَ ۝٢

၂။ သို့ဖြစ်ရာ အသင်တို့သည် လေးလတိုင်အောင် ကမ္ဘာမြေပေါ်တွင် ကောင်းစွာလှည့်လည်သွားလာကြကုန်။ အသင်တို့သည် အလ္လာဟ်အား မစွမ်းဆောင်နိုင်အောင် အလျှင်း ပြုလုပ်နိုင်ကြမည်မဟုတ်ကြောင်းကိုလည်းကောင်း၊ စင်စစ် အလ္လာဟ်သည် မယုံကြည်ခြင်းပယ်သူတို့ကို ဂုဏ်သရေ ယုတ်လျော့စေတော်မူမည်ကိုလည်းကောင်း သိထားကြကုန်။

وَاَذَانٌ مِّنَ اللّٰهِ وَرَسُوْلِهٖۤ اِلَى النَّاسِ يَوْمَ الْحَجِّ الْاَكْبَرِ اَنَّ اللّٰهَ بَرِىْٓءٌ مِّنَ الْمُشْرِكِيْنَ ۙ وَرَسُوْلُهٗ ؕ فَاِنْ تُبْتُمْ فَهُوَ خَيْرٌ لَّكُمْ ۚ وَاِنْ تَوَلَّيْتُمْ فَاعْلَمُوْۤا اَنَّكُمْ غَيْرُ مُعْجِزِى اللّٰهِ ؕ وَبَشِّرِ الَّذِيْنَ كَفَرُوْا بِعَذَابٍ اَلِيْمٍ ۝٣

၃။ အလ္လာဟ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ တမန်တော်သည်လည်းကောင်း၊ 'မူရှရိုက်'တို့အား လုံးဝနှစ်မြို့တော်မမူကြောင်းကို 'ဟာဂ်ဂျေအက္ကဘာရ်' ကြီးကျယ်သောဟာဂ်၏နေ့တော်ကြီး၌ လူအားလုံးတို့၏ရှေ့တွင် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်ထံမှ အများသိစေရန် ကြေညာတော်မူ၏။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် ဝန်ချတောင်းပန်ခြင်း 'တောင်ဘာ'ပြုလျှင်၊ ယင်းသည် အသင်တို့အဖို့ ကောင်းမြတ်ပေ၏။ သို့ရာတွင် အကယ်၍ အသင်တို့လွှဲဖယ်ခဲ့ကြလျှင် အသင်တို့သည် အလ္လာဟ်အား မစွမ်းဆောင်နိုင်အောင် အလျှင်းပြုနိုင်ကြမည်မဟုတ်ကြောင်း သိထားကြကုန်။ သို့ဖြစ်ရာ မယုံကြည်ခြင်းပယ်သူတို့အား နာကျင်ဖွယ်သော ပြစ်ဒဏ်တစ်ရပ်၏ သတင်းကောင်းကိုပေးပါလေ။

اِلَّا الَّذِيْنَ عٰهَدْتُّمْ مِّنَ الْمُشْرِكِيْنَ ثُمَّ لَمْ يَنْقُصُوْكُمْ شَيْـًٔا وَّلَمْ يُظَاهِرُوْا عَلَيْكُمْ اَحَدًا فَاَتِمُّوْۤا اِلَيْهِمْ عَهْدَهُمْ اِلٰى مُدَّتِهِمْ ؕ اِنَّ اللّٰهَ يُحِبُّ الْمُتَّقِيْنَ ۝٤

၄။ သို့ရာတွင် အသင်တို့သည် 'မူရှရိုက်'များအနက်မှ အကြင်သူတို့နှင့် ပဋိညာဉ်ဖွဲ့ခဲ့ကြ၏။ ထို့နောက်တွင် သူတို့သည် အသင်တို့အား တစ်စုံတစ်ရာ ကတိသစ္စာဖောက်ဖျက်ခြင်းကို မပြုကြ၊ အသင်တို့နှင့်ဆန့်ကျင်လျက် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း အကူအညီမပေးခဲ့ကြ။ သို့ဖြစ်လျှင် အသင်တို့သည် ထိုသူတို့နှင့် ကတိသစ္စာပြုထားခြင်းကို သတ်မှတ်ကာလတိုင်အောင် ဖြည့်ဆည်းကြကုန်။ ဧကန်စင်စစ် အလ္လာဟ်သည် ဖြူစင်ဖြောင့်မတ်သူ 'မွတ္တကီ'တို့အား ချစ်မြတ်

မှတ်ချက်။ ။ ဤဆူရာဟ် အလ်-တောင်ဘာ၏အစတွင် 'ဗစ္စမီလ္လာဟ်'မပါရှိခြင်းကို ရှင်းပြရန်လိုသည်။ ကျမ်းမြတ်ကုရ်အာန်တွင် ဆူရာဟ်(ကဏ္ဍ)ပေါင်း(၁၁၄)ခုရှိပြီး ဆူရာဟ်၏အစတိုင်းတွင်လာရှိသော 'ဗစ္စမီလ္လာဟ်'မှာမူ (၁၁၃)ပိုဒ်သာရှိသည်။ သို့ရာတွင် ကျမ်းတော်၏အံ့ခြီးဖွယ်ရာမှာ 'ဆူရာဟ် အလ်-နမာလ်'တွင် တမန်တော်ဆူလိုင်မန် ﷺ ၏ 'ရှီဘာ'ဘုရင်မထံပေးပို့သော သဝဏ်လွှာ၌ بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ကို အပြည့်အစုံဖော်ပြရေးသားထားသည်။ သို့ဖြင့် 'ဗစ္စမီလ္လာဟ်'၏အရေအတွက်မှာ ဆူရာဟ်များ၏အရေအတွက်နှင့်အညီ (၁၁၄)ပိုဒ်ဖြစ်သွားခဲ့ပေသည်။

နိုးတော်မူ၏။

فَاِذَا انْسَلَخَ الْاَشْهُرُ الْحُرُمُ فَاقْتُلُوا الْمُشْرِكِيْنَ حَيْثُ وَجَدْتُّمُوْهُمْ وَخُذُوْهُمْ وَاحْصُرُوْهُمْ وَاقْعُدُوْا لَهُمْ كُلَّ مَرْصَدٍ ۚ فَاِنْ تَابُوْا وَاَقَامُوا الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ فَخَلُّوْا سَبِيْلَهُمْ ۭ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ۝

၅။ သို့ဖြစ်ရာ ထွတ်မြတ်သောလများ လွန်မြောက်သွားသော အခါ အသင်တို့သည် မည်သည့်နေရာတွင်မဆို (ကတိသစ္စာ ဖောက်ဖျက်သော) 'မူရှရီက်'တို့ကိုတွေ့လျှင် သူတို့အား တိုက်ခိုက်ကြကုန်။ သူတို့အား ဖမ်းဆီးကြကုန်။ သူတို့အား ဝိုင်းရံကြကုန်။ ထို့ပြင် ကင်းပုန်းချသည့်နေရာတိုင်းမှ သူတို့အား ပုန်းအောင်းစောင့်ဆိုင်းကြည့်ရှုကြကုန်။ သို့ရာတွင် အကယ်၍ သူတို့သည် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို ပြုကြလျှင်၊ 'ဆွလာတ်'ဝတ်ပြုမှုကိုတည်ဆောက်ကြလျှင်၊ 'ဇကားတ်'ပေးဆောင်ကြလျှင် သူတို့၏လမ်းကို ဖွင့်ပေးကြကုန်။ အမှန်ပင် အလ္လာဟ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَاِنْ اَحَدٌ مِّنَ الْمُشْرِكِيْنَ اسْتَجَارَكَ فَاَجِرْهُ حَتّٰى يَسْمَعَ كَلٰمَ اللّٰهِ ثُمَّ اَبْلِغْهُ مَاْمَنَهٗ ۭ ذٰلِكَ بِاَنَّهُمْ قَوْمٌ لَّا يَعْلَمُوْنَ ۝ۧ

၆။ အကယ်၍ 'မူရှရီက်'များအနက်မှ တစ်ဦးဦးသည် အသင့်ထံ ခိုလှုံခွင့်တောင်းခံခဲ့လျှင် အသင်သည် သူ့အား အလ္လာဟ်၏ မုက္ခပါဌ်တော်ကိုကြားနာရသည်အထိ ခိုလှုံခွင့်ကိုပေးပါလေ။ ထို့နောက် သူ့အား သူ၏လုံခြုံမှုရှိသော နေရာသို့တိုင်အောင် ပို့ဆောင်ပေးပါလေ။ ဤသို့(ခွင့်)ပြုရခြင်းမှာ ထိုသူတို့သည် မသိနားမလည်သူများဖြစ်သောကြောင့်တည်း။

ရုကူး-၂

كَيْفَ يَكُوْنُ لِلْمُشْرِكِيْنَ عَهْدٌ عِنْدَ اللّٰهِ وَعِنْدَ رَسُوْلِهٖٓ اِلَّا الَّذِيْنَ عٰهَدْتُّمْ عِنْدَ الْمَسْجِدِ الْحَرَامِ ۚ فَمَا اسْتَقَامُوْا لَكُمْ فَاسْتَقِيْمُوْا لَهُمْ ۭ اِنَّ اللّٰهَ يُحِبُّ الْمُتَّقِيْنَ ۝

၇။ 'မတ်စ်ဂျိဒေဟရာမ်'ကျောင်းတော်တွင် အသင်တို့ ပဋိညာဉ်ပြုခဲ့သောသူတို့မှတစ်ပါး 'မူရှရီက်'တို့၏ပဋိညာဉ်ကို အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ထံတွင် မှန်ကန်သည်ဟု အသို့လျှင်မှတ်ယူနိုင်အုံးနည်း။ သို့ဖြစ်၍ သူတို့သည် အသင်တို့၏ အကျိုး(ပဋိညာဉ်အပေါ်)၌ ရပ်တည်နေသမျှကာလပတ်လုံး အသင်တို့သည်လည်း သူတို့၏အကျိုး၌ ရပ်တည်ကြကုန်။ ဧကန်မုချ အလ္လာဟ်သည် 'မွတ္တကီ' ဖြူစင်ဖြောင့်မတ်သူတို့အား ချစ်မြတ်နိုးတော်မူ၏။

كَيْفَ وَاِنْ يَّظْهَرُوْا عَلَيْكُمْ لَا يَرْقُبُوْا فِيْكُمْ اِلًّا وَّلَا ذِمَّةً ۭ يُرْضُوْنَكُمْ بِاَفْوَاهِهِمْ وَتَاْبٰى قُلُوْبُهُمْ ۚ وَاَكْثَرُهُمْ فٰسِقُوْنَ ۝

၈။ အသို့လျှင် (ယင်းတို့၏ကတိပြုချက်ပဋိညာဉ်ကို ယုံကြည်စိတ်ချရန်) ဖြစ်နိုင်ပါအုံးနည်း။ စင်စစ် အကယ်၍ ၎င်းတို့သည် အသင်တို့အပေါ် အောင်နိုင်ခဲ့ကြလျှင် အသင်တို့နှင့်စပ်လျဉ်း၍ကတိပြုထားချက်တစ်စုံတစ်ရာကိုလည်းကောင်း၊ တာဝန်ယူထားချက် တစ်စုံတစ်ရာကိုလည်းကောင်း ငဲ့ကွက်ကြလိမ့်မည်မဟုတ်၊ ၎င်းတို့သည် အသင်တို့အား သူတို့၏နှုတ်ပါးစပ်မှ စကားများဖြင့် ကျေနပ်နှစ်သက်အောင် ပြုလုပ်ကြ၏။ စင်စစ် သူတို့၏စိတ်နှလုံးတွင်မူ ငြင်းပယ်လျက်ရှိကြ၏။ သူတို့အနက် အများစုသည် အကျင့်ဆိုးယုတ်သူများဖြစ်ကြ၏။

اِشْتَرَوْا بِاٰيٰتِ اللّٰهِ ثَمَنًا قَلِيْلًا فَصَدُّوْا عَنْ سَبِيْلِهٖ ؕ اِنَّهُمْ سَآءَ مَا كَانُوْا يَعْمَلُوْنَ ۝

၉။ ထိုသူတို့သည် အလ္လာဟ်၏'အာယတ်' မုက္ခပါဠိတော်များအစား သေးနုတ်သောတန်ဖိုးကို လက်ခံရယူခဲ့ကြ၏။ သို့ဖြင့် (လူအများအား) ထိုအရှင်မြတ်၏ လမ်းတော်မှ တားမြစ်ကြ၏။ အမှန်ပင် သူတို့ ပြုကျင့်သည်တို့မှာ လွန်စွာ ဆိုးရွားလှပေသည်။

لَا يَرْقُبُوْنَ فِيْ مُؤْمِنٍ اِلًّا وَّلَا ذِمَّةً ؕ وَاُولٰٓئِكَ هُمُ الْمُعْتَدُوْنَ ۝

၁၀။ ထိုသူတို့သည် သက်ဝင်ယုံကြည်သူ မည်သူတစ်ဦးတစ်ယောက်၏အရေးကိစ္စတွင်မျှ တစ်စုံတစ်ရာသော ကတိကို လည်းကောင်း၊ တစ်စုံတစ်ရာသောတာဝန်ကိုလည်းကောင်း အရေးမထားကြချေ။ ဤသူတို့သည်ပင်လျှင် စည်းဘောင်ကို လွန်ကျူးသူများဖြစ်ကြ၏။

فَاِنْ تَابُوْا وَاَقَامُوا الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ فَاِخْوَانُكُمْ فِي الدِّيْنِ ؕ وَنُفَصِّلُ الْاٰيٰتِ لِقَوْمٍ يَّعْلَمُوْنَ ۝

၁၁။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကိုပြုကြလျှင်၊ 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြလျှင်၊ 'ဇကာတ်'ပေးဆောင်ကြလျှင် သူတို့သည် သာသနာရေးတွင် အသင်တို့၏ ညီအစ်ကိုများဖြစ်ကြ၏။ စင်စစ် ငါတို့သည် အသိပညာရှိသူတို့အဖို့ ပညတ်တော်များကို ပွင့်လင်းထင်ရှားစွာ ဖော်ပြတော်မူ၏။

وَاِنْ نَّكَثُوْٓا اَيْمَانَهُمْ مِّنْۢ بَعْدِ عَهْدِهِمْ وَطَعَنُوْا فِيْ دِيْنِكُمْ فَقَاتِلُوْٓا اَئِمَّةَ الْكُفْرِ ۙ اِنَّهُمْ لَآ اَيْمَانَ لَهُمْ لَعَلَّهُمْ يَنْتَهُوْنَ ۝

၁၂။ အကယ်၍ သူတို့သည် မိမိတို့၏ကတိပြုချက်နောက်တွင် မိမိတို့၏ကျိန်ဆိုချက်များကိုချိုးဖျက်ကြပြီး အသင်တို့၏သာသနာရေးတွင် ကဲ့ရဲ့ရှုတ်ချမှုပြုကြလျှင် မယုံကြည်ငြင်းပယ်သူတို့၏ခေါင်းဆောင်များအား တိုက်ခိုက်ကြလော့။ စင်စစ်သူတို့၏ကျိန်ဆိုမှုများသည် မည်သို့မျှအဆင့်မရှိချေ။ (သို့ဖြစ်ရာ သူတို့အား တိုက်ခိုက်ကြလော့၊ သို့ဖြင့်) သူတို့ ရပ်တန့်ကောင်း ရပ်တန့်ကြရာ၏။

اَلَا تُقَاتِلُوْنَ قَوْمًا نَّكَثُوْٓا اَيْمَانَهُمْ وَهَمُّوْا بِاِخْرَاجِ الرَّسُوْلِ وَهُمْ بَدَءُوْكُمْ اَوَّلَ مَرَّةٍ ؕ اَتَخْشَوْنَهُمْ ۚ فَاللّٰهُ اَحَقُّ اَنْ تَخْشَوْهُ اِنْ كُنْتُمْ مُّؤْمِنِيْنَ ۝

၁၃။ အသင်တို့သည် ဤသို့သောသူတို့အား မတိုက်ခိုက်ကြသလော။ ထိုသူတို့သည် မိမိတို့၏ကျိန်ဆိုချက်များကို ချိုးဖောက်ကြ၏၊ ထို့ပြင် တမန်တော်ကို (နေရပ်မှ)နှင်ထုတ်ရန် သန္နိဋ္ဌာန်ချထားခဲ့ကြပြီးဖြစ်၏။ ထို့ပြင် ဤသူများသည်ပင် အသင်တို့အပေါ် (လွန်ကျူးမှုကို) ဦးစွာစတင်ပြုခဲ့ကြ၏။ အသင်တို့သည် သူတို့အား ကြောက်ရွံ့ကြမည်လော။ အမှန်သော်ကား အသင်တို့သည် အကယ်၍ သက်ဝင်ယုံကြည်သူများဖြစ်ကြလျှင် အသင်တို့သည် အလ္လာဟ်အားသာလျှင် ပိုမိုကြောက်ရွံ့ထိုက်ပေသည်။

قَاتِلُوْهُمْ يُعَذِّبْهُمُ اللّٰهُ بِاَيْدِيْكُمْ وَيُخْزِهِمْ وَيَنْصُرْكُمْ عَلَيْهِمْ وَيَشْفِ صُدُوْرَ قَوْمٍ مُّؤْمِنِيْنَ ۝

၁၄။ ထိုသူတို့အား တိုက်ခိုက်ကြလော့။ အလ္လာဟ်သည် သူတို့အား အသင်တို့၏လက်များဖြင့် ပြစ်ဒဏ်ပေးတော်မူမည်။ သူတို့အား ဂုဏ်သရေယုတ်လျော့စေတော်မူမည်။ သူတို့နှင့်ဆန့်ကျင်လျက် အသင်တို့အား အကူအညီပေးတော်မူ

မည်။ ထို့ပြင် သက်ဝင်ယုံကြည်သူတို့၏ရင်ကို ဝေဒနာကင်း အေးငြိမ်းစေတော်မူမည်၊

وَيُذْهِبْ غَيْظَ قُلُوْبِهِمْ ؕ وَيَتُوْبُ اللّٰهُ عَلٰى مَنْ يَّشَآءُ ؕ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ۝١٥

၁၅။ ထို့ပြင် သူတို့၏စိတ်နှလုံးများမှ အမျက်ဒေါသကို ကင်းဝေးစေတော်မူမည်။ အလ္လာဟ်သည် နှစ်လို့တော်မူသောသူအား 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူလျက် သူဘက်သို့ယိမ်းညွတ်တော်မူ၏။ အလ္လာဟ်သည် လွန်စွာသိရှိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် လွန်စွာပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

اَمْ حَسِبْتُمْ اَنْ تُتْرَكُوْا وَلَمَّا يَعْلَمِ اللّٰهُ الَّذِيْنَ جٰهَدُوْا مِنْكُمْ وَلَمْ يَتَّخِذُوْا مِنْ دُوْنِ اللّٰهِ وَلَا رَسُوْلِهٖ وَلَا الْمُؤْمِنِيْنَ وَلِيْجَةً ؕ وَاللّٰهُ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ۝١٦

၁၆။ အသို့နည်း၊ အသင်တို့သည် ဤအတိုင်းပင် လွှတ်ထားခြင်းခံရလိမ့်မည်ဟု ထင်မှတ်နေကြပေသလော။ အမှန်သော်ကား အလ္လာဟ်သည် ယခုထက်တိုင် (စမ်းသပ်မှုတွင် ထည့်သွင်းလျက်) အသင်တို့အနက်မှ 'ဂျီဟာဒ်' ကြိုးပမ်းအားထုတ်မှုပြုသူတို့အားလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၊ ထိုအရှင်မြတ်၏ တမန်တော်နှင့် သက်ဝင်ယုံကြည်သူများမှလွဲ၍ အခြားမည်သူ့ကိုမျှ ရင်းနှီးသောအဆွေခင်ပွန်း မပြုသူများအားလည်းကောင်း ခွဲခြားမှုမပြုရသေးချေ။ စင်စစ် အလ္လာဟ်သည် အသင်တို့ပြုကျင့်သည်တို့ကို ထာဝစဉ် သတင်းရရှိတော်မူပေသတည်း။

ရုကူး-၃

مَا كَانَ لِلْمُشْرِكِيْنَ اَنْ يَّعْمُرُوْا مَسٰجِدَ اللّٰهِ شٰهِدِيْنَ عَلٰٓى اَنْفُسِهِمْ بِالْكُفْرِ ؕ اُولٰٓئِكَ حَبِطَتْ اَعْمَالُهُمْ ۚ وَ فِى النَّارِ هُمْ خٰلِدُوْنَ ۝١٧

၁၇။ 'မူရှရိုက်'တို့သည် သူတို့ကိုယ်တိုင်က မိမိတို့၏စိတ်ဝိညာဉ်နှင့်ဆန့်ကျင်၍ မယုံကြည်ငြင်းပယ်မှုကို သက်သေပြုလျက်ရှိကြပေရာ အလ္လာဟ်၏ 'မတ်စ်ဂျိဒ်'ဝတ်ကျောင်းတော်များကို စည်ကားအောင်ပြုလုပ်ရန်မှာ သူတို့၏အလုပ်မဟုတ်ချေ။ ဤသူတို့သည်ကား သူတို့၏ ပြုမူကျင့်ကြံမှုများသည် အချည်းနှီးဖြစ်ခဲ့ချေပြီ။ သူတို့သည် (ငရဲ)မီးတွင် အလွန်ရှည်ကြာသောကာလတိုင်အောင် နေရမည့်သူများဖြစ်ကြ၏။

اِنَّمَا يَعْمُرُ مَسٰجِدَ اللّٰهِ مَنْ اٰمَنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَاَقَامَ الصَّلٰوةَ وَاٰتَى الزَّكٰوةَ وَلَمْ يَخْشَ اِلَّا اللّٰهَ ۖ فَعَسٰٓى اُولٰٓئِكَ اَنْ يَّكُوْنُوْا مِنَ الْمُهْتَدِيْنَ ۝١٨

၁၈။ အလ္လာဟ်၏ 'မတ်စ်ဂျိဒ်'ဝတ်ကျောင်းတော်များကို စည်ကားအောင်ပြုလုပ်ကြသူများကား ဤသူတို့သာတည်း။ သူတို့သည် အလ္လာဟ်နှင့်နောက်ဆုံးနေ့တော်ကြီးကို ယုံကြည်ကြပြီး 'ဆွလာတ်'ဝတ်ပြုမှုကိုတည်ဆောက်ကြ၏။ 'ဇကာတ်'ကိုပေးဆောင်ကြ၏။ ထို့ပြင် အလ္လာဟ်မှတစ်ပါး မည်သူ့ကိုမျှကြောက်ရွံ့ခြင်းမရှိကြပေ။ သို့ဖြစ်၍ ဤသူတို့သည် တရားလမ်းမှန်ကိုရရှိသူတို့တွင် ရေတွက်ခြင်းခံကြရရန် နီးစပ်၏။

اَجَعَلْتُمْ سِقَايَةَ الْحَآجِّ وَعِمَارَةَ الْمَسْجِدِ الْحَرَامِ كَمَنْ اٰمَنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ

၁၉။ အသင်တို့သည် 'ဟာဂျီ'များအား ရေတိုက်ကျွေးခြင်း၊ မြင့်မြတ်သောဝတ်ကျောင်းတော် 'မတ်စ်ဂျိဒေဟရာမ်'အား ထိန်းသိမ်းစောင့်ရှောက်ခြင်းပြုသည်တို့ကို အလ္လာဟ်နှင့်

وَجٰهَدَ فِيْ سَبِيْلِ اللّٰهِ ۗ لَا يَسْتَوٗنَ عِنْدَ اللّٰهِ ۗ وَاللّٰهُ لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ ۝١٩

နောက်ဆုံးနေ့တော်ကြီးကိုယုံကြည်ပြီး အလ္လာဟ်၏လမ်းတော်တွင် ကြိုးပမ်းအားထုတ်မှု 'ဂျီဟာဒ်'ပြုသူ(၏)ကျင့်ကြံမှု)နှင့် တန်းတူဖြစ်သည်ဟုထင်မှတ်ထားကြသလော။ ထိုသူတို့သည် အလ္လာဟ်၏ထံတော်တွင် တူညီစွာရေတွက်ခြင်း အလျှင်း ခံရမည်မဟုတ်ချေ။ အမှန်ပင် အလ္လာဟ်သည် အပြစ်ကျူးလွန်သူတို့အား တရားလမ်းမှန်ကို ပြတော်မမူချေ။

اَلَّذِيْنَ اٰمَنُوْا وَهَاجَرُوْا وَجٰهَدُوْا فِيْ سَبِيْلِ اللّٰهِ بِاَمْوَالِهِمْ وَاَنْفُسِهِمْ ۙ اَعْظَمُ دَرَجَةً عِنْدَ اللّٰهِ ۗ وَاُولٰٓئِكَ هُمُ الْفَآئِزُوْنَ ۝٢٠

၂၀။ အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြ၏၊ နေရပ်ကို စွန့်၍ 'ဟစ်ဂျရတ်'ပြုကာ ရွှေ့ပြောင်းနေထိုင်ကြ၏။ ထို့ပြင် အလ္လာဟ်၏လမ်းတော်တွင် မိမိတို့၏ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏အသက်များဖြင့်လည်းကောင်း 'ဂျီဟာဒ်' ကြိုးပမ်းအားထုတ်မှုပြုကြ၏။ သူတို့သည် အလ္လာဟ်၏ထံတော်တွင် အဆင့်အားဖြင့် လွန်စွာကြီးမြတ်လှ၏။ ဤသူတို့သည်ပင် အောင်မြင်မည့်သူများဖြစ်ကြ၏။

يُبَشِّرُهُمْ رَبُّهُمْ بِرَحْمَةٍ مِّنْهُ وَرِضْوَانٍ وَّجَنّٰتٍ لَّهُمْ فِيْهَا نَعِيْمٌ مُّقِيْمٌ ۝٢١

၂၁။ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် သူတို့အား မိမိအထံတော်မှ ကရုဏာတော်ရှိကြောင်းကိုလည်းကောင်း၊ ကျေနပ်နှစ်သက်တော်မူကြောင်းကိုလည်းကောင်း၊ အကြင်သို့သော 'ဂျန္နတ်' ဥယျာဉ်တော်များရှိကြောင်းကိုလည်းကောင်း သတင်းကောင်းပေးတော်မူ၏၊ ယင်း(ဂျန္နတ်)တွင် သူတို့အဖို့ ထာဝရတည်တံ့မည့် 'နေ့အ်မတ်' ကောင်းချီးဆုလာဘ်တော်များရှိပေလိမ့်မည်။

خٰلِدِيْنَ فِيْهَآ اَبَدًا ۗ اِنَّ اللّٰهَ عِنْدَهٗٓ اَجْرٌ عَظِيْمٌ ۝٢٢

၂၂။ သူတို့သည် ယင်း၌ အမြဲထာဝစဉ်နေရမည့်သူများ ဖြစ်ကြ၏။ ဧကန်စင်စစ် အလ္လာဟ်သည်ကား ထိုအရှင်မြတ်ပင်တည်း၊ အရှင့်ထံတော်တွင် အလွန်ကြီးကျယ်သော အကျိုးဆုလာဘ်သည်ရှိ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوْٓا اٰبَآءَكُمْ وَاِخْوَانَكُمْ اَوْلِيَآءَ اِنِ اسْتَحَبُّوا الْكُفْرَ عَلَى الْاِيْمَانِ ۗ وَمَنْ يَّتَوَلَّهُمْ مِّنْكُمْ فَاُولٰٓئِكَ هُمُ الظّٰلِمُوْنَ ۝٢٣

၂၃။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏အဘတို့ဘေးတို့သည်လည်းကောင်း၊ အသင်တို့၏ညီအစ်ကိုတို့သည်လည်းကောင်း အကယ်၍ သူတို့သည် 'အီမာန်' သက်ဝင်ယုံကြည်ခြင်းထက် 'ကုဖုရ်' မယုံကြည်ငြင်းပယ်မှုကို နှစ်သက်လိုလားခဲ့ကြလျှင် သူတို့အား အဆွေခင်ပွန်း မဖွဲ့ကြကုန်လင့်။ အသင်တို့အနက် မည်သူမဆို သူတို့အား အဆွေခင်ပွန်းဖွဲ့ကြလျှင် ဤသူများသည်ပင် အမှားကျူးလွန်သူများဖြစ်ကြ၏။

قُلْ اِنْ كَانَ اٰبَآؤُكُمْ وَاَبْنَآؤُكُمْ وَاِخْوَانُكُمْ وَاَزْوَاجُكُمْ وَعَشِيْرَتُكُمْ وَاَمْوَالُ ۨ اقْتَرَفْتُمُوْهَا وَتِجَارَةٌ تَخْشَوْنَ

၂၄။ အသင်ပြောကြားပါလေ၊ အသင်တို့၏ အဘတို့ဘေးများ၊ အသင်တို့၏သားများနှင့် အသင်တို့၏ညီအစ်ကိုများ၊ အသင်တို့၏ဇနီးများ၊ အသင်တို့၏ဆွေမျိုးသားချင်းများ၊ ထို့ပြင် အသင်တို့ရှာဖွေသော ပစ္စည်းဥစ္စာများ ဆုံးရှုံးမည်ကို အသင်

كَسَادَهَا وَمَسٰكِنُ تَرْضَوْنَهَآ اَحَبَّ اِلَيْكُمْ مِّنَ اللّٰهِ وَرَسُوْلِهٖ وَجِهَادٍ فِيْ سَبِيْلِهٖ فَتَرَبَّصُوْا حَتّٰى يَاْتِيَ اللّٰهُ بِاَمْرِهٖ ۗ وَاللّٰهُ لَا يَهْدِي الْقَوْمَ الْفٰسِقِيْنَ ﴿٢٤﴾

တို့စိုးရိမ်ကြောင့်ကြသောရောင်းဝယ်ဖောက်ကားမှုများ၊ အသင်တို့နှစ်သက်သောနေအိမ်များ ယင်းတို့ကို အလ္လာဟ်နှင့် ထို အရှင်မြတ်၏တမန်တော်အပြင် အလ္လာဟ်၏လမ်းတော်တွင် ကြိုးပမ်းအားထုတ်မှု 'ဂျီဟာဒ်'ပြုခြင်းထက် အသင်တို့ ပိုမို ချစ်ခင်တွယ်တာကြလျှင် အလ္လာဟ်က မိမိ၏အဆုံးအဖြတ်ကို ယူဆောင်လာတော်မူသည်ထိစောင့်ဆိုင်း၍နေကြကုန်။ အမှန်ပင် အလ္လာဟ်သည် ဆိုးသွမ်းသူတို့အားလမ်းညွှန်တော်မမူချေ။

ရုကူး-၄

لَقَدْ نَصَرَكُمُ اللّٰهُ فِيْ مَوَاطِنَ كَثِيْرَةٍ ۙ وَّيَوْمَ حُنَيْنٍ ۙ اِذْ اَعْجَبَتْكُمْ كَثْرَتُكُمْ فَلَمْ تُغْنِ عَنْكُمْ شَيْـًٔا وَّضَاقَتْ عَلَيْكُمُ الْاَرْضُ بِمَا رَحُبَتْ ثُمَّ وَلَّيْتُمْ مُّدْبِرِيْنَ ﴿٢٥﴾

၂၅။ ဧကန်ပင် အလ္လာဟ်သည်များစွာသော စစ်မြေပြင်များတွင်အသင်တို့အား ကူညီတော်မူခဲ့၏၊ (အထူးသဖြင့်) 'ဟူနိုင်း' နေ့တွင် (ကူညီတော်မူခဲ့၏)၊ ထိုစဉ်က အသင်တို့၏ (အရေအတွက်)များပြားခြင်းသည် အသင်တို့အား စိတ်ကြီးဝင် မာန်တက်စေခဲ့၏။ သို့သော် ထို(များပြားခြင်း)သည် အသင်တို့အဖို့ မည်သို့မျှ အသုံးမဝင်ခဲ့ချေ။ ကမ္ဘာမြေသည် ကျယ်ပြောပါလျက် အသင်တို့အဖို့ ကျဉ်းမြောင်းသွားခဲ့ပေသည်။ ထိုအခါ အသင်တို့သည် ကျောခိုင်း၍ထွက်ပြေးသွားခဲ့ကြပေသည်။

ثُمَّ اَنْزَلَ اللّٰهُ سَكِيْنَتَهٗ عَلٰى رَسُوْلِهٖ وَعَلَى الْمُؤْمِنِيْنَ وَاَنْزَلَ جُنُوْدًا لَّمْ تَرَوْهَا وَعَذَّبَ الَّذِيْنَ كَفَرُوْا ۗ وَذٰلِكَ جَزَآءُ الْكٰفِرِيْنَ ﴿٢٦﴾

၂၆။ ထို့နောက် အလ္လာဟ်သည် မိမိ၏တမန်တော်နှင့် သက်ဝင်ယုံကြည်သူတို့အပေါ် မိမိ၏တည်ငြိမ်အေးချမ်းမှုကို သက်ရောက်စေတော်မူခဲ့၏။ ထို့ပြင် အသင်တို့မမြင်နိုင်သော စစ်တပ်ကိုချပေးတော်မူခဲ့၏။ ထို့ပြင် အရှင်မြတ်သည် မယုံကြည်ငြင်းပယ်သူတို့အား အပြစ်ဒဏ်ပေးတော်မူခဲ့၏။ စင်စစ် မယုံကြည်ငြင်းပယ်သူတို့အဖို့ ဤသို့သောအကျိုးရလဒ်သည်သာရှိ၏။

ثُمَّ يَتُوْبُ اللّٰهُ مِنْۢ بَعْدِ ذٰلِكَ عَلٰى مَنْ يَّشَآءُ ۗ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿٢٧﴾

၂၇။ တစ်ဖန် ထိုသည့်နောက်တွင်လည်း အလ္လာဟ်သည် နှစ်လို့တော်မူသောသူအား သူ၏ 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူ၍ ယိမ်းညွတ်တော်မူပေမည်။ အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنَّمَا الْمُشْرِكُوْنَ نَجَسٌ فَلَا يَقْرَبُوا الْمَسْجِدَ الْحَرَامَ بَعْدَ عَامِهِمْ هٰذَا ۚ وَاِنْ خِفْتُمْ عَيْلَةً فَسَوْفَ يُغْنِيْكُمُ اللّٰهُ مِنْ فَضْلِهٖٓ اِنْ شَآءَ ۗ اِنَّ اللّٰهَ عَلِيْمٌ حَكِيْمٌ ﴿٢٨﴾

၂၈။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ 'မုရှရိုက်'တို့သည် မသန့်ရှင်းကြပေ။ သို့ဖြစ်ရာ ယင်းတို့သည် ဤနှစ်၏နောက်တွင် 'မတ်စ်ဂျိဒေဟရာမ်'ဝတ်ကျောင်းတော်၏အပါးသို့ မချဉ်းကပ်ရ။ အကယ်၍ အသင်တို့သည် ဆင်းရဲနွမ်းပါးမည်ကို စိုးရိမ်ကြောင့်ကြခဲ့လျှင် အလ္လာဟ်အလိုရှိတော်မူပါက ထိုအရှင်မြတ်သည် အသင်တို့အား မိမိ၏ကျေးဇူးတော်ဖြင့် ချမ်းသာကြွယ်ဝစေတော်မူပေအံ့။ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် လွန်စွာ ပြည့်စုံ

قَاتِلُوا الَّذِيْنَ لَا يُؤْمِنُوْنَ بِاللّٰهِ وَلَا بِالْيَوْمِ الْاٰخِرِ وَلَا يُحَرِّمُوْنَ مَا حَرَّمَ اللّٰهُ وَرَسُوْلُهٗ وَلَا يَدِيْنُوْنَ دِيْنَ الْحَقِّ مِنَ الَّذِيْنَ اُوْتُوا الْكِتٰبَ حَتّٰى يُعْطُوا الْجِزْيَةَ عَنْ يَّدٍ وَّهُمْ صٰغِرُوْنَ ﴿۲۹﴾

တော်မူသောအရှင် ဖြစ်တော်မူ၏။ ①

၂၉။ ကျမ်းဂန်ရရှိသူတို့အနက် အကြင်သူတို့သည် အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကြီးကို မယုံကြည်ကြ၊ အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်က 'ဟရာမ်' တားမြစ်မှုပြုထားသည်များကိုလည်း 'ဟရာမ်'ဟု သတ်မှတ်ခြင်းမပြုကြ၊ ထို့ပြင် စစ်မှန်သောသာသနာကိုလည်း သာသနာအဖြစ် လိုက်နာကျင့်သုံးခြင်းမပြုကြ၊ သို့ဖြစ်လျှင် ထိုသူတို့သည် (မိမိတို့၏)လက်ဖြင့် ကျိုးနွံစွာ 'ဂျိဇီယာ' အခွန်တော်ပေးဆောင်ပြီး လုံးဝကျိုးနွံနာခံသော လက်အောက်ခံများဖြစ်သွားသည်ထိ သူတို့အား တိုက်ခိုက်ကြကုန်။

ရုကူး-၅

وَقَالَتِ الْيَهُوْدُ عُزَيْرُ ِۨابْنُ اللّٰهِ وَقَالَتِ النَّصٰرَى الْمَسِيْحُ ابْنُ اللّٰهِ ؕ ذٰلِكَ قَوْلُهُمْ بِاَفْوَاهِهِمْ ۚ يُضَاهِـُٔوْنَ قَوْلَ الَّذِيْنَ كَفَرُوْا مِنْ قَبْلُ ؕ قٰتَلَهُمُ اللّٰهُ ۚ اَنّٰى يُؤْفَكُوْنَ ﴿۳۰﴾

၃၀။ 'ရဟူဒီ'တို့က 'အိုဇိုင်ရ်'သည် အလ္လာဟ်၏သားတော်ဖြစ်သည်ဟု ပြောဆိုကြ၏။ ခရစ်ယာန်တို့က 'မဆီဟ်'သည် အလ္လာဟ်၏သားတော်ဖြစ်သည်ဟု ပြောဆိုကြ၏။ ဤသည်ယင်းတို့၏နှုတ်ပါးစပ်မှ စကားများသာဖြစ်၏။ ဤသူတို့သည် (သူတို့၏) ရှေးအလျင်က မယုံကြည်ခြင်းပယ်ခဲ့သူတို့၏ ပြောစကားကို အတုယူနေကြခြင်းသာဖြစ်၏။ အလ္လာဟ်သည် ၎င်းတို့အား ဖျက်ဆီးပစ်တော်မူပါစေ။ ဤသူတို့သည် အဘယ်သို့ ပြောင်းပြန်လှည့်၍ သွားနေကြပေသနည်း။

اِتَّخَذُوْۤا اَحْبَارَهُمْ وَرُهْبَانَهُمْ اَرْبَابًا مِّنْ دُوْنِ اللّٰهِ وَالْمَسِيْحَ ابْنَ مَرْيَمَ ۚ وَمَاۤ اُمِرُوْۤا اِلَّا لِيَعْبُدُوْۤا اِلٰهًا وَّاحِدًا ۚ لَاۤ اِلٰهَ اِلَّا هُوَ ؕ سُبْحٰنَهٗ عَمَّا يُشْرِكُوْنَ ﴿۳۱﴾

၃၁။ ဤသူတို့သည် မိမိတို့၏သာသနာ့ပညာရှင်များနှင့် ဘုန်းကြီးရဟန်းများကိုလည်းကောင်း၊ ထို့အတူ မရိယမ်၏သားတော်'မဆီဟ်'ကိုလည်းကောင်း အလ္လာဟ်အပြင် ဖန်ဆင်းမွေးမြူရှင်များအဖြစ် ပြုလုပ်ထားကြ၏။ အမှန်သော်ကား သူတို့သည် တစ်ပါးတည်းသော ကိုးကွယ်ရာအရှင်ကိုသာ ခဝပ်ကိုးကွယ်ရန်မှတစ်ပါး အခြားအမိန့်တစ်စုံတစ်ရာကို ပေးခြင်းခံခဲ့ရသည်မဟုတ်ချေ။ ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်

① အခြားအရာများကိုအလ္လာဟ်နှင့်တွဲဖက်ကိုးကွယ်သူ 'မူရ္ရရီက်'တို့ကို မသန့်ရှင်းဟုဆိုရခြင်းမှာ ယင်းတို့၏အယူဝါဒ ယုံကြည်ချက် မသန့်ရှင်းမှုကိုဆိုလိုခြင်းဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာမသန့်ရှင်းမှုကို ဆိုလိုသည်မဟုတ်ချေ။ သို့ဖြစ်ရာ 'မူရ္ရရီက်'တို့ကို 'ဟာဂျ်' ဝတ်ပြုခြင်းမှ တားမြစ်ရခြင်းမှာ ယင်းတို့အား သူတို့၏မူရ္ရရီက်ထုံးတမ်းဓလေ့များဖြင့် 'ဟာဂျ်'ဝတ်ပြုခွင့်မပေးရန်သာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အမိုက်ခေတ်က ယင်းတို့သည် တစ်ခါတစ်ရံ ဝတ်လစ်စားလစ်ဖြင့် မိမိတို့၏ရုပ်တုစသည်တို့ကို တပါတည်း ယူဆောင်လာကြလျက် 'ဟာဂျ်'ဝတ်ပြုလေ့ရှိခဲ့ကြပေသည်။ ဟာဇရတ်အေမာမ်အဘူဟနီဖာ နှင့် အခြားဟာနဖီဓမ္မသတ်ပညာရှင်များက 'မူရ္ရရီက်'တို့သည် မွတ်စလင်တို့၏ 'မတ်စ်ဂျိဒ်'ဝတ်ကျောင်းတော်ဟူသမျှနှင့် 'မတ်စ်ဂျိဒေဟရာမ်'ဝတ်ကျောင်းတော်သို့ပင် ဝင်ရောက်နိုင်သည်ဟု ယူဆခဲ့ကြပေသည်။ သို့ရာတွင် ယင်း'မူရ္ရရီက်'တို့အား ထိုနေရာများသို့ ယင်းတို့၏ ရုပ်တုဆင်းတုကိုးကွယ်မှုဆိုင်ရာ ရိုးရာဓလေ့များနှင့် အတူ 'ဟာဂျ်'ပြုရန် သို့မဟုတ် 'အွမ္ဗရာ'ပြုရန် အခွင့်မရှိချေ။ ထို့ကြောင့် ဤသို့ဖော်ပြထားပေသည်။

(اِنَّمَا الْمُشْرِكُوْنَ نَجَسٌ فَلَا يَقْرَبُوا الْمَسْجِدَ الْحَرَامَ) ဤအာယတ်တော်တွင် 'မတ်စ်ဂျိဒေဟရာမ်'သို့ဝင်ရောက်ခြင်းမှ တားမြစ်သည်ဟုဆိုသည်မှာ- ယင်း 'မူရ္ရရီက်'တို့အား အမိုက်ခေတ်မှ ဓလေ့ထုံးစံများဖြင့် 'ဟာဂျ်'နှင့်'အွမ္ဗရာ'ပြုခြင်းတို့မှ တားမြစ်ခြင်းသာဖြစ်၏။ (အလ်ဖေကာတိုအစ္စလာမ်မီ အတွဲ-၆၊ စာ ၄၃၄၊၄၃၅၊ ဒါရွလ်ဖိကီရ်၊ ဒမတ်စကတ်)

يُرِيْدُوْنَ اَنْ يُّطْفِـُٔوْا نُوْرَ اللّٰهِ بِاَفْوَاهِهِمْ وَيَاْبَى اللّٰهُ اِلَّآ اَنْ يُّتِمَّ نُوْرَهٗ وَلَوْ كَرِهَ الْكٰفِرُوْنَ ۝

ခြင်းခံထိုက်ရာမရှိ။ အရှင်မြတ်သည် သူတို့ 'ရှရီက်'ပြုသည်များမှ ကင်းရှင်းသန့်စင်တော်မူ၏။

၃၂။ သူတို့သည် အလ္လာဟ်၏ 'နူရ်' အလင်းကို မိမိတို့၏ ပါးစပ်များဖြင့် ငြိမ်းသတ်လိုကြ၏။ သို့ရာတွင် အလ္လာဟ်သည် မယုံကြည်ခြင်းပယ်သူတို့က မည်မျှပင်မနှစ်မြို့စေကာမူ မိမိ၏ 'နူရ်'အလင်းရောင်ကို ပြည့်စုံစေတော်မူခြင်းမှတစ်ပါး (အခြားသောအကြောင်းရပ်ဟူသမျှကို) ပယ်ချတော်မူ၏။

هُوَ الَّذِيْٓ اَرْسَلَ رَسُوْلَهٗ بِالْهُدٰى وَدِيْنِ الْحَقِّ لِيُظْهِرَهٗ عَلَى الدِّيْنِ كُلِّهٖ ۙ وَلَوْ كَرِهَ الْمُشْرِكُوْنَ ۝

၃၃။ ထိုအရှင်မြတ်သည်ပင် မိမိ၏တမန်တော်ကို တရားလမ်းမှန်နှင့် စစ်မှန်သောသာသနာတော်နှင့်အတူ စေလွှတ်တော်မူ၏။ သို့ဖြင့် 'မူရှရီက်'များ မည်သို့ပင် မနှစ်မြို့စေကာမူ အရှင်မြတ်သည် ယင်းကို သာသနာအားလုံးအပေါ် လွှမ်းမိုးအောင်မြင်စေရန်ဖြစ်၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنَّ كَثِيْرًا مِّنَ الْاَحْبَارِ وَالرُّهْبَانِ لَيَاْكُلُوْنَ اَمْوَالَ النَّاسِ بِالْبَاطِلِ وَيَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ ۗ وَالَّذِيْنَ يَكْنِزُوْنَ الذَّهَبَ وَالْفِضَّةَ وَلَا يُنْفِقُوْنَهَا فِيْ سَبِيْلِ اللّٰهِ ۙ فَبَشِّرْهُمْ بِعَذَابٍ اَلِيْمٍ ۝

၃၄။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ဧကန်ပင် သာသနာ့ပညာရှင်များနှင့် ဘုန်းကြီးရဟန်းတို့အနက်မှ များစွာတို့သည် လူတို့၏ဥစ္စာပစ္စည်းများကို မတရားသောနည်းဖြင့် စားသုံးကြ၏၊ ထို့ပြင် (လူတို့အား) အလ္လာဟ်၏လမ်းတော်မှ ဟန့်တားပိတ်ပင်ကြ၏။ အကြင်သူတို့သည် ရွှေငွေများကို စုဆောင်းကြပြီး ယင်းတို့ကို အလ္လာဟ်၏လမ်းတော်တွင် သုံးစွဲမှုမပြုကြလျှင် သူတို့အား နာကျင်ဖွယ်သောပြစ်ဒဏ်၏ သတင်းကိုပေးပါလော။

يَّوْمَ يُحْمٰى عَلَيْهَا فِيْ نَارِ جَهَنَّمَ فَتُكْوٰى بِهَا جِبَاهُهُمْ وَجُنُوْبُهُمْ وَظُهُوْرُهُمْ ۭ هٰذَا مَا كَنَزْتُمْ لِاَنْفُسِكُمْ فَذُوْقُوْا مَا كُنْتُمْ تَكْنِزُوْنَ ۝

၃၅။ အကြင်နေ့တွင် 'ဂျဟန္နမ်' ငရဲ၏မီးဖြင့် ယင်း(ရွှေငွေများ)ကို လောင်မြိုက်စေမည်။ ထိုအရာဖြင့် သူတို့၏နဖူးများ၊ သူတို့၏နံဘေးများ၊ သူတို့၏ကျောများသည် တံဆိပ်ခတ်နှိပ်ခြင်းခံရပေမည်။ (ထိုအခါ သူတို့အား) ဤသည် အသင်တို့က မိမိတို့၏အသက်ဝိညာဉ်များအတွက် စုဆောင်းထားခဲ့ကြသောအရာများဖြစ်၏။ သို့ဖြစ်ရာ ယခု အသင်တို့ စုဆောင်းထားခဲ့သည်များကို မြည်းစမ်းကြကုန်(ဟု ပြောကြားလိမ့်မည်)။

اِنَّ عِدَّةَ الشُّهُوْرِ عِنْدَ اللّٰهِ اثْنَا عَشَرَ شَهْرًا فِيْ كِتٰبِ اللّٰهِ يَوْمَ خَلَقَ السَّمٰوٰتِ وَالْاَرْضَ مِنْهَآ اَرْبَعَةٌ حُرُمٌ ۭ ذٰلِكَ الدِّيْنُ الْقَيِّمُ ۙ فَلَا تَظْلِمُوْا فِيْهِنَّ اَنْفُسَكُمْ وَقَاتِلُوا الْمُشْرِكِيْنَ كَاۗفَّةً

၃၆။ ဧကန်စင်စစ် အလ္လာဟ်၏အထံတော်တွင် 'လ'များ၏အရေအတွက်သည် အလ္လာဟ်၏ကျမ်းတော်အရ ထိုအရှင်မြတ်က မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူချိန်မှစ၍ တစ်ဆယ့်နှစ်လသာဖြစ်၏။ ယင်းတို့အနက် လေးလသည် ထွတ်မြတ်သောလများဖြစ်၏။ ဤသည်ပင် တည်တံ့နေမည့်၊ တည်တံ့စွာထားရှိမည့်သာသနာတော်ဖြစ်၏။ သို့ဖြစ်၍ ထို(လများ)အတွင်း မိမိတို့၏ အသက်ဝိညာဉ်များကို မတရားနှိပ်စက်ခြင်းမပြုကြကုန်လင့်။ ထို့ပြင် (အခြားသော

كَمَا يُقَاتِلُوْنَكُمْ كَآفَّةً ۭ وَاعْلَمُوْٓا اَنَّ اللّٰهَ مَعَ الْمُتَّقِيْنَ ۝

လမျာ်းတွင်) 'မူရှရိက်'တို့က စုပေါင်း၍ အသင်တို့အား တိုက်ခိုက်ကြသကဲ့သို့ အသင်တို့ကလည်း ၎င်းတို့အား စုပေါင်းတိုက်ခိုက်ကြကုန်။ စင်စစ် အလ္လာဟ်သည် ဖြူစင်ဖြောင့်မတ်သူ 'မွတ္တကီ'တို့နှင့်အတူရှိတော်မူကြောင်းကို သိထားကြကုန်။

اِنَّمَا النَّسِيْۗءُ زِيَادَةٌ فِي الْكُفْرِ يُضَلُّ بِهِ الَّذِيْنَ كَفَرُوْا يُحِلُّوْنَهٗ عَامًا وَّيُحَرِّمُوْنَهٗ عَامًا لِّيُوَاطِـُٔوْا عِدَّةَ مَا حَرَّمَ اللّٰهُ فَيُحِلُّوْا مَا حَرَّمَ اللّٰهُ ۭ زُيِّنَ لَهُمْ سُوْۗءُ اَعْمَالِهِمْ ۭ وَاللّٰهُ لَا يَهْدِي الْقَوْمَ الْكٰفِرِيْنَ ۝

၃၇။ အမှန်ပင် 'နဆီအ်'သည် မယုံကြည်ခြင်းပယ်မှု၌ တိုးပွားခြင်းသာဖြစ်၏၊ ယင်းအားဖြင့် မယုံကြည်ခြင်းပယ်သူတို့ကို လမ်းလွဲသို့ရောက်စေ၏။ အချို့သောနှစ်များတွင် သူတို့က ယင်း(လများ)ကို တရားဝင်သည်ဟုသတ်မှတ်ကြပြီး အချို့သော နှစ်များတွင်မူ ယင်းအားတားမြစ်သည်ဟု သတ်မှတ်ကြပေသည်။ သို့ဖြင့် အလ္လာဟ်က ထွတ်မြတ်သည်ဟု သတ်မှတ်ထားတော်မူသည့် အရေအတွက်ကို ဖြည့်ဆည်းကြရန်ဖြစ်၏၊ သို့ဖြင့် သူတို့သည် အလ္လာဟ်က တားမြစ်ထားတော်မူသည်ကို ခွင့်ပြုရာအဖြစ်ပြုလုပ်ကြရန်ဖြစ်၏။ ၎င်းတို့အဖို့ သူတို့၏ အမူအကျင့်များ၏ ဆိုးရွားမှုကို လှပတင့်တယ်စဖွယ် ပြုလုပ်ပြသခြင်းခံခဲ့ရပေသည်။ စင်စစ် အလ္လာဟ်သည် မယုံကြည်ခြင်းပယ်သူတို့ကို လမ်းညွှန်တော်မမူချေတည်း။ ㉛

ရုကူး-၆

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا مَا لَكُمْ اِذَا قِيْلَ لَكُمُ انْفِرُوْا فِيْ سَبِيْلِ اللّٰهِ اثَّاقَلْتُمْ اِلَى الْاَرْضِ ۭ اَرَضِيْتُمْ بِالْحَيٰوةِ الدُّنْيَا مِنَ الْاٰخِرَةِ ۚ فَمَا مَتَاعُ الْحَيٰوةِ الدُّنْيَا فِي الْاٰخِرَةِ اِلَّا قَلِيْلٌ ۝

၃၈။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ မည်သို့ဖြစ်သွားကြသနည်း။ အသင်တို့အား အလ္လာဟ်၏လမ်းတော်တွင် ('ဂျီဟာဒ်'အတွက်)ထွက်ကြကုန်ဟု ပြောသောအခါ အသင်တို့သည် လေးလံ၍ မြေပြင်သို့ညွတ်တွားကြကုန်၏။ အသင်တို့သည် နောင်တမလွန်ထက် လောကီအပေါ် ကျေနပ်နှစ်သက်သွားကြပြီလော။ သို့ဖြစ်လျှင် လောကီဘဝ၏ ပစ္စည်းဥစ္စာများသည် နောင်တမလွန်တွင် အနည်းငယ်မျှသာဖြစ်၍ မည်သို့မျှ မပြောပလောက်(ကြောင်းကို ကောင်းစွာ မှတ်ယူကြလေကုန်)။

اِلَّا تَنْفِرُوْا يُعَذِّبْكُمْ عَذَابًا اَلِيْمًا ۙ وَّيَسْتَبْدِلْ قَوْمًا غَيْرَكُمْ وَلَا تَضُرُّوْهُ شَيْـــًٔا ۭ وَاللّٰهُ عَلٰي كُلِّ شَيْءٍ قَدِيْرٌ ۝

၃၉။ အကယ်၍ အသင်တို့သည် ('ဂျီဟာဒ်'အတွက်) မထွက်ခွာကြလျှင် ထိုအရှင်မြတ်သည် အသင်တို့အား ပြင်းပြနာကျင်ဖွယ်သော အပြစ်ဒဏ်ကိုပေးတော်မူအံ့။ ထို့ပြင် အသင်တို့အစား အခြားမျိုးနွယ်တစ်ရပ်ကို ဆောင်ယူလာတော်မူအံ့။ အသင်တို့သည် ထိုအရှင်မြတ်အား မည်သို့မျှ ဆုံးရှုံးနစ်နာမှုကို သက်ရောက်စေနိုင်မည်မဟုတ်ချေ။ စင်စစ် အလ္လာဟ်သည် မိမိနှစ်လို့တော်မူသောအရာရာတိုင်းအပေါ် ထာဝရ တန်ခိုးစွမ်းအားရှိတော်မူ၏။

---

① **نَسِيْ** ဟူသည်မှာ အစွန်လာမ်မတိုင်မီက အာရေဗျတိုင်းသားတို့သည် မြင့်မြတ်သောလများ၌ 'ဟရာမ်'တားမြစ်ပိတ်ပင်ထားသည်များ (ဆိုလိုသည်မှာ)စစ်မက်တိုက်ခိုက်ခြင်း စသည်ကို ပြုလုပ်နိုင်ရန်နှင့် နောက်ပိုင်းတွင် အချို့လများကို မြင့်မြတ်သောလများအဖြစ် သတ်မှတ်နိုင်ရန်အတွက် မြင့်မြတ်သောလများကို မိမိတို့၏ဆန္ဒအလျောက် ရှေ့တိုးနောက်ဆုတ်ပြုလုပ်ခဲ့ကြခြင်းကို ဆိုလိုသည်။

اِلَّا تَنْصُرُوْهُ فَقَدْ نَصَرَهُ اللّٰهُ اِذْ اَخْرَجَهُ
الَّذِيْنَ كَفَرُوْا ثَانِيَ اثْنَيْنِ اِذْ هُمَا فِي الْغَارِ
اِذْ يَقُوْلُ لِصَاحِبِهٖ لَا تَحْزَنْ اِنَّ اللّٰهَ
مَعَنَا ۚ فَاَنْزَلَ اللّٰهُ سَكِيْنَتَهٗ عَلَيْهِ وَاَيَّدَهٗ
بِجُنُوْدٍ لَّمْ تَرَوْهَا وَجَعَلَ كَلِمَةَ الَّذِيْنَ
كَفَرُوا السُّفْلٰى ۭ وَكَلِمَةُ اللّٰهِ هِيَ
الْعُلْيَا ۭ وَاللّٰهُ عَزِيْزٌ حَكِيْمٌ ۝

၄၀။ အကယ်၍ အသင်တို့သည် ဤ(တမန်တော်)ကို ကူညီ ရိုင်းပင်းမှုမပြုကြလျှင်လည်း အလ္လာဟ်သည် (ယခင်ကပင်) သူ့အား ကူညီတော်မူခဲ့ပြီးဖြစ်၏။ အကြင်အခါတွင် မယုံကြည် ငြင်းပယ်သူတို့က သူ့အား (မွေးရပ်မြေမှ) နှင်ထုတ်ခဲ့ကြသော အခါဝယ် သူသည် နှစ်ဦးအနက်တစ်ဦးဖြစ်ခဲ့၏။ ထိုစဉ် သူတို့ နှစ်ဦးစလုံးသည် ဂူအတွင်း၌ရှိခဲ့ကြ၏။ သူက မိမိ၏အဖော် အား မပူပန်လင့်၊ စင်စစ် အလ္လာဟ်သည် ကျွန်ုပ်တို့နှင့် အတူရှိ နေတော်မူ၏ဟုပြောဆိုလျက်ရှိခဲ့၏။ သို့ဖြင့် အလ္လာဟ်သည် မိမိထံတော်မှ တည်ငြိမ်အေးချမ်းမှုကို သူ့အပေါ် သက်ဆင်း စေတော်မူလျက် သူ့အား အသင်တို့ မည်သည့်အခါကမျှ မမြင် ဖူးခဲ့သောစစ်တပ်များဖြင့် ကူညီတော်မူ၏။ ထို့ပြင် ထိုအရှင် မြတ်သည် မယုံကြည်ငြင်းပယ်သူတို့၏စကားကို နိမ့်ကျသေး သိမ်အောင် ပြုလုပ်တော်မူခဲ့ပေသည်။ စင်စစ် အလ္လာဟ်၏ စကားတော်သည်သာလျှင် အောင်နိုင်လွှမ်းမိုးတော်မူ၏။ အလ္လာဟ်သည် အကြင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသော အရှင်၊ ဉာဏ်အမြော်အမြင်နှင့် လွန်စွာ ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူ၏။

اِنْفِرُوْا خِفَافًا وَّثِقَالًا وَّجَاهِدُوْا
بِاَمْوَالِكُمْ وَاَنْفُسِكُمْ فِيْ سَبِيْلِ اللّٰهِ ۭ
ذٰلِكُمْ خَيْرٌ لَّكُمْ اِنْ كُنْتُمْ تَعْلَمُوْنَ ۝

၄၁။ ပေါ့ပါးစွာဖြင့်ဖြစ်စေ၊ လေးလံစွာဖြင့်ဖြစ်စေ ထွက်ကြ ကုန်။ ထို့ပြင် အလ္လာဟ်၏လမ်းတော်၌ မိမိတို့၏ပစ္စည်းဥစ္စာ များဖြင့်လည်းကောင်း၊ မိမိတို့၏အသက်များဖြင့်လည်းကောင်း 'ဂျီဟာဒ်'ပြုကြကုန်။ ဤသည်ပင် အသင်တို့အဖို့ ကောင်းမြတ် ပေသည်။ အသင်တို့သိကြလျှင် ကောင်းပေစွ။

لَوْ كَانَ عَرَضًا قَرِيْبًا وَّسَفَرًا قَاصِدًا
لَّاتَّبَعُوْكَ وَلٰكِنْۢ بَعُدَتْ عَلَيْهِمُ
الشُّقَّةُ ۭ وَسَيَحْلِفُوْنَ بِاللّٰهِ لَوِ اسْتَطَعْنَا
لَخَرَجْنَا مَعَكُمْ ۚ يُهْلِكُوْنَ اَنْفُسَهُمْ ۚ
وَاللّٰهُ يَعْلَمُ اِنَّهُمْ لَكٰذِبُوْنَ ۝ ۚ

၄၂။ အကယ်၍ ခရီးတာသည် နီးလျက် လမ်းခရီးသည် လွယ်ကူခဲ့လျှင် ထိုသူတို့သည် အမှန်ပင် အသင်၏နောက်သို့ လိုက်ကြပေမည်။ သို့ရာတွင် ခက်ခဲကြမ်းတမ်းမှုကိုခံယူရန်မှာ သူတို့နှင့် လွန်စွာဝေးကွာလှပေသည်။ အကယ်၍ ကျွန်ုပ်တို့ တွင် စွမ်းအားရှိခဲ့ပါလျှင် ကျွန်ုပ်တို့သည် ဧကန်ပင် အသင်တို့ နှင့်အတူ ထွက်ကြပေမည်ဟု သူတို့သည် အမှန်ပင် အလ္လာဟ် အား တိုင်တည်ကျိန်ဆို(၍ပြော)ကြပေလိမ့်မည်။ ၎င်းတို့သည် မိမိတို့၏ အသက်ဝိညာဉ်များကိုသာ ပျက်စီးအောင်ပြုနေကြ ၏။ စင်စစ် ဤသူတို့သည် လိမ်လည်သူများဖြစ်ကြောင်းကို အလ္လာဟ်သည် ကောင်းစွာသိရှိတော်မူပေသတည်း။

ရုကူး-၇

عَفَا اللّٰهُ عَنْكَ ۚ لِمَ اَذِنْتَ لَهُمْ حَتّٰى
يَتَبَيَّنَ لَكَ الَّذِيْنَ صَدَقُوْا وَتَعْلَمَ

၄၃။ အလ္လာဟ်သည် အသင့်အား အပြစ်မယူပါစေလင့်။ အသင်သည် မှန်ကန်စွာပြောဆိုခဲ့သူများနှင့် လိမ်လည်သူများ ကို ကောင်းစွာမသိရှိသေးမီ ၎င်းတို့အား အသင်သည် အဘယ့်

الْكٰذِبِيْنَ ۝

ကြောင့် ခွင့်ပြုခဲ့ပါသနည်း။

لَا يَسْتَاْذِنُكَ الَّذِيْنَ يُؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ اَنْ يُّجَاهِدُوْا بِاَمْوَالِهِمْ وَاَنْفُسِهِمْ ۭ وَاللّٰهُ عَلِيْمٌۢ بِالْمُتَّقِيْنَ ۝

၄၄။ အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကြီးကို ယုံကြည်သူတို့သည်ကား မိမိတို့၏ပစ္စည်းဥစ္စာများနှင့် မိမိတို့၏အသက်တို့ဖြင့် 'ဂျီဟာဒ်'ပြုခြင်းမှကင်းလွတ်ခွင့်ရရန် အသင့်ထံတွင် ခွင့်မပန်ကြချေ။ အမှန်ပင် အလ္လာဟ်သည် ဖြူစင်ဖြောင့်မတ်သူ 'မွတ္တကီ'တို့ကို ကောင်းစွာသိရှိတော်မူ၏။

اِنَّمَا يَسْتَاْذِنُكَ الَّذِيْنَ لَا يُؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَارْتَابَتْ قُلُوْبُهُمْ فَهُمْ فِيْ رَيْبِهِمْ يَتَرَدَّدُوْنَ ۝

၄၅။ အကြင်သို့သောသူတို့သည်သာလျှင် (ကင်းလွတ်ခွင့်ရရန်) အသင့်ထံတွင် ခွင့်ပန်ကြ၏၊ သူတို့သည် အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကြီးကို မယုံကြည်ကြ။ သူတို့၏စိတ်နှလုံးသည် သံသယ၌ နစ်လျက်ရှိ၏။ ထိုသူတို့သည် မိမိတို့၏သံသယ၌ ဝေခွဲမရဖြစ်နေကြ၏။

وَلَوْ اَرَادُوا الْخُرُوْجَ لَاَعَدُّوْا لَهٗ عُدَّةً وَّلٰكِنْ كَرِهَ اللّٰهُ انْۢبِعَاثَهُمْ فَثَبَّطَهُمْ وَقِيْلَ اقْعُدُوْا مَعَ الْقٰعِدِيْنَ ۝

၄၆။ အကယ်၍ ထိုသူတို့သည် ('ဂျီဟာဒ်'အတွက်) ထွက်ခွာရန်ရည်စူးချက်ရှိခဲ့ပါလျှင် ဧကန်ပင် သူတို့သည် ယင်းအတွက် အသင့်ပြင်ဆင်ထားကြလိမ့်မည်သာဖြစ်၏။ သို့ရာတွင် (ဤမြင့်မြတ်သော ရည်ရွယ်ချက်အတွက်) သူတို့ ပါဝင်ထွက်ရပ်ခြင်းကို အလ္လာဟ်သည် အလျှင်းနှစ်မြို့တော်မမူချေ။ သို့ဖြင့် အရှင်မြတ်သည် သူတို့အား (ထိုနေရာ၌ပင်) ရှိနေစေတော်မူခဲ့၏။ ထို့ပြင် (သူတို့သည်)ထိုင်၍ ကျန်ရစ်သူတို့နှင့်အတူ ထိုင်၍နေကြကုန်ဟု မိန့်ကြားခြင်းခံခဲ့ရပေသည်။

لَوْ خَرَجُوْا فِيْكُمْ مَّا زَادُوْكُمْ اِلَّا خَبَالًا وَّلَاْ اَوْضَعُوْا خِلٰلَكُمْ يَبْغُوْنَكُمُ الْفِتْنَةَ ۚ وَفِيْكُمْ سَمّٰعُوْنَ لَهُمْ ۭ وَاللّٰهُ عَلِيْمٌۢ بِالظّٰلِمِيْنَ ۝

၄၇။ အကယ်၍ ၎င်းတို့သည် အသင်တို့တွင် ပါဝင်လျက် ('ဂျီဟာဒ်'အတွက်) ထွက်ခဲ့ကြလျှင်လည်း စည်းကမ်းမဲ့ခြင်းမှတစ်ပါး အသင်တို့အား မည်သည့်အရာတွင်မျှ တိုးပွားစေမည်မဟုတ်ချေ။ ထို့ပြင် အသင်တို့အတွက် အနှောင့်အယှက် ပြဿနာကိုလိုလားလျက် အသင်တို့၏အကြားတွင် အစီးအနင်းများကို သွက်လက်လျင်မြန်စွာ စီးနင်းသွားလာကြပေမည်။ အမှန်သော်ကား အသင်တို့တွင် သူတို့၏စကားများကို ဂရုတစိုက်နားထောင်သူများလည်းရှိကြပေသည်။ စင်စစ် အလ္လာဟ်သည် မတရားပြုသူတို့ကို ကောင်းစွာသိရှိတော်မူ၏။

لَقَدِ ابْتَغَوُا الْفِتْنَةَ مِنْ قَبْلُ وَقَلَّبُوْا لَكَ الْاُمُوْرَ حَتّٰى جَاۗءَ الْحَقُّ وَظَهَرَ اَمْرُ اللّٰهِ وَهُمْ كٰرِهُوْنَ ۝

၄၈။ အမှန်ပင် ယခင်ကလည်း ၎င်းတို့သည် ပြဿနာကိုလိုလားခဲ့ကြ၏၊ သူတို့သည် အသင်၏ရှေ့တွင် အရေးကိစ္စများကို ကပြောင်းကပြန်ပြုတင်ပြခဲ့ကြ၏။ နောက်ဆုံးတွင် အမှန်တရားသည်ရောက်ရှိလာ၍ အလ္လာဟ်၏စီရင်ဆုံးဖြတ်ချက်သည် ပေါ်လွင်လာခဲ့ပေသည်။ အမှန်ပင် သူတို့သည် (ယင်းကို) လွန်စွာ မနှစ်မြို့ဖြစ်နေခဲ့ကြပေသည်။

وَمِنْهُمْ مَّنْ يَّقُوْلُ ائْذَنْ لِّيْ وَلَا تَفْتِنِّيْ ۭ

၄၉။ ထိုသူတို့အနက်၊ ကျွန်ုပ်အား (မလိုက်ဘဲနေရစ်) ခွင့်ပြုပါ၊ ကျွန်ုပ်အား ခက်ခဲမှုပြဿနာတွင် မထည့်သွင်းပါလင့်ဟု

اَلَا فِي الْفِتْنَةِ سَقَطُوْا ؕ وَاِنَّ جَهَنَّمَ لَمُحِيْطَةٌۢ بِالْكٰفِرِيْنَ ۝۴۹

ပြောသူလည်းရှိ၏။ သတိပြုကြကုန်၊ ထိုသူတို့မှာကား အခက်အခဲပြဿနာတွင် ရှိနေကြပြီးဖြစ်၏။ ဧကန်စင်စစ် 'ဂျဟန္နမ်' ငရဲသည် မယုံကြည်ခြင်းပယ်သူတို့အား အဘက်ဘက်မှ ဝန်းရံပိတ်ဆို့နေမည်ဖြစ်၏။

اِنْ تُصِبْكَ حَسَنَةٌ تَسُؤْهُمْ ۚ وَاِنْ تُصِبْكَ مُصِيْبَةٌ يَّقُوْلُوْا قَدْ اَخَذْنَاۤ اَمْرَنَا مِنْ قَبْلُ وَيَتَوَلَّوْا وَّهُمْ فَرِحُوْنَ ۝۵۰

၅၀။ အကယ်၍ အသင့်အား တစ်စုံတစ်ရာ ကောင်းကျိုးသက်ရောက်လျှင် သူတို့သည် မနှစ်မြို့ကြချေ။ အကယ်၍ အသင့်အား တစ်စုံတစ်ရာ ဘေးဒုက္ခဆိုက်ရောက်လျှင် ကျွန်ုပ်တို့သည် မိမိတို့၏အရေးကိစ္စကို ယခင်ကတည်းကပင် (မိမိတို့လက်ဖြင့်) ကြိုတင်စီစဉ်ထားပြီးဖြစ်၏ဟု ပြောဆိုကြကာ သူတို့သည် (ပျော်ရွှင်စွာ)ဂုဏ်ယူဝင့်ကြွားလျက် ကျောခိုင်းထွက်သွားကြပေသည်။

قُلْ لَّنْ يُّصِيْبَنَاۤ اِلَّا مَا كَتَبَ اللّٰهُ لَنَا ۚ هُوَ مَوْلٰىنَا ۚ وَعَلَى اللّٰهِ فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ ۝۵۱

၅၁။ အသင်သည် (ၛင်းတို့အား ဤသို့)ပြောကြားပါလေ၊ အလ္လာဟ်က ကျွန်ုပ်တို့အတွက် ရေးမှတ်ထားတော်မူသည်မှတစ်ပါး ကျွန်ုပ်တို့ထံ မည်သည့်ဘေးဒုက္ခမျှ ဆိုက်ရောက်လိမ့်မည်မဟုတ်ချေ။ ထိုအရှင်မြတ်သည်သာလျှင် ကျွန်ုပ်တို့အား ကာကွယ်စောင့်ရှောက်တော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ဖြစ်၍ သက်ဝင်ယုံကြည်သူတို့သည် အလ္လာဟ်အားသာလျှင် ယုံပုံအားကိုးကြရာ၏။

قُلْ هَلْ تَرَبَّصُوْنَ بِنَاۤ اِلَّاۤ اِحْدَى الْحُسْنَيَيْنِ ؕ وَنَحْنُ نَتَرَبَّصُ بِكُمْ اَنْ يُّصِيْبَكُمُ اللّٰهُ بِعَذَابٍ مِّنْ عِنْدِهٖۤ اَوْ بِاَيْدِيْنَا ۚ فَتَرَبَّصُوْۤا اِنَّا مَعَكُمْ مُّتَرَبِّصُوْنَ ۝۵۲

၅၂။ အသင်ပြောကြားပါလေ၊ အသင်တို့သည် ကျွန်ုပ်တို့အဖို့နှစ်မျိုးသော ကောင်းမြတ်သည့်အရာများအနက် တစ်မျိုးမှလွဲ၍ အခြားတစ်စုံတစ်ရာကိုမျှော်လင့်နိုင်ကြပါမည်လော။ အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့နှင့်စပ်လျဉ်း၍ အလ္လာဟ်ကိုယ်တော်တိုင် မိမိအထံတော်မှဖြစ်စေ သို့တည်းမဟုတ် ကျွန်ုပ်တို့၏လက်များဖြင့်ဖြစ်စေ အသင်တို့အား (ပြစ်ဒဏ်ပေးရန်) စောင့်မျှော်လျက်ရှိကြ၏။ သို့ဖြစ်ရာ အသင်တို့သည်လည်း စောင့်လျက်နေကြကုန်။ ကျွန်ုပ်တို့သည်လည်း ဧကန်ပင် အသင်တို့နှင့်အတူ စောင့်မျှော်လျက်နေသူများဖြစ်ကြ၏။

قُلْ اَنْفِقُوْا طَوْعًا اَوْ كَرْهًا لَّنْ يُّتَقَبَّلَ مِنْكُمْ ؕ اِنَّكُمْ كُنْتُمْ قَوْمًا فٰسِقِيْنَ ۝۵۳

၅၃။ အသင်ပြောကြားပါလေ၊ အသင်တို့သည် နှစ်သက်ကျေနပ်စွာဖြစ်စေ၊ မနှစ်မြို့စွာဖြင့်ဖြစ်စေ စွန့်ကြဲသုံးစွဲလျှင် (မည်သို့ဆိုစေ ယင်းကို) အသင်တို့ထံမှ အလျှင်းလက်ခံတော်မူမည်မဟုတ်ချေ။ အမှန်ပင် အသင်တို့သည် အကျင့်ဆိုးယုတ်သူများဖြစ်ကြ၏။

وَمَا مَنَعَهُمْ اَنْ تُقْبَلَ مِنْهُمْ نَفَقٰتُهُمْ اِلَّاۤ اَنَّهُمْ كَفَرُوْا بِاللّٰهِ وَبِرَسُوْلِهٖ وَلَا يَاْتُوْنَ الصَّلٰوةَ اِلَّا وَهُمْ كُسَالٰى وَلَا

၅၄။ သူတို့ထံမှ သူတို့၏ပစ္စည်းဥစ္စာများကို သဘောတူ လက်ခံခြင်းခံရသည့် (အခွင့်အရေး)မှ သူတို့အား လက်လွတ်ဆုံးရှုံးစေသည်မှာ သူတို့သည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်ကို ငြင်းပယ်နေခြင်းကြောင့်မှတစ်ပါး အခြား အကြောင်း

يُنْفِقُوْنَ اِلَّا وَهُمْ كٰرِهُوْنَ ۝

ကြောင့်မဟုတ်ချေ၊ ထို့ပြင် သူတို့သည် အလွန် ပျင်းရိစွာဖြင့် မှတစ်ပါး 'ဆွလာတ်'အနိုးသို့ မချဉ်းကပ်ကြချေ။ ထို့ပြင် သူတို့သည် လွန်စွာမနှစ်မြို့မှုကို ခံစားရသည့်အခြေအနေဖြင့်မှတစ် ပါး လျှဒါန်းသုံးစွဲမှုကိုမပြုကြချေ။

فَلَا تُعْجِبْكَ اَمْوَالُهُمْ وَلَآ اَوْلَادُهُمْ ؕ اِنَّمَا يُرِيْدُ اللّٰهُ لِيُعَذِّبَهُمْ بِهَا فِى الْحَيٰوةِ الدُّنْيَا وَتَزْهَقَ اَنْفُسُهُمْ وَهُمْ كٰفِرُوْنَ ۝

၅၅။ သို့ဖြစ်ရကား သူတို့၏ ပစ္စည်းဥစ္စာများနှင့် သူတို့၏ သားသမီးများသည် အသင့်အဖို့ မည်သို့သော ဆွဲဆောင်မှု ကိုမျှ မပေါက်ဖွားစေလင့်၊ ဧကန်စင်စစ် အလ္လာဟ်သည် သူတို့ အား ဤလောကီဘဝ၌ပင် ယင်း(ပစ္စည်းဥစ္စာ၊ သားသမီး)တို့ အားဖြင့် ပြစ်ဒဏ်ပေးတော်မူရန်နှင့် သူတို့ မယုံကြည်ငြင်းပယ် သည့်အခြေအနေမှာပင် သူတို့အား အသက်ထွက်စေရန် ရည်ရွယ်တော်မူ၏။

وَيَحْلِفُوْنَ بِاللّٰهِ اِنَّهُمْ لَمِنْكُمْ ؕ وَمَا هُمْ مِّنْكُمْ وَلٰكِنَّهُمْ قَوْمٌ يَّفْرَقُوْنَ ۝

၅၆။ သူတို့သည် အမှန်ပင် အသင်တို့အနက်မှဖြစ်သည်ဟု အလ္လာဟ်အား တိုင်တည်ကျိန်ဆိုကြ၏။ စင်စစ် သူတို့သည် အသင်တို့အနက်မှမဟုတ်ချေ။ အမှန်မှာ သူတို့သည် သူရဲ ဘောကြောင် သတ္တိနည်းသူများဖြစ်ကြ၏။

لَوْ يَجِدُوْنَ مَلْجَاً اَوْ مَغٰرٰتٍ اَوْ مُدَّخَلًا لَّوَلَّوْا اِلَيْهِ وَهُمْ يَجْمَحُوْنَ ۝

၅၇။ အကယ်၍ ထိုသူတို့သည် ခိုလှုံရာတစ်ခုခု သို့မဟုတ် လိုဏ်ဂူ သို့မဟုတ် ပုန်းအောင်းရာနေရာတစ်ခုခုကို တွေ့ခဲ့ကြ လျှင် အမှန်ပင် သူတို့သည်ယင်းဘက်သို့လှည့်၍ တစ်ဟုန်ထိုး ပြေးသွားကြပေလိမ့်မည်။

وَمِنْهُمْ مَّنْ يَّلْمِزُكَ فِى الصَّدَقٰتِ ۚ فَاِنْ اُعْطُوْا مِنْهَا رَضُوْا وَاِنْ لَّمْ يُعْطَوْا مِنْهَآ اِذَا هُمْ يَسْخَطُوْنَ ۝

၅၈။ ထို့ပြင် ၎င်းတို့အနက် 'ဆဒကာ' အလှူပစ္စည်းများနှင့် စပ်လျဉ်း၍ အသင့်အား စွပ်စွဲသူများလည်းရှိကြ၏။ အကယ် ၍ ယင်း(အလှူပစ္စည်းများ)အနက်မှ အချို့ကို သူတို့အား ပေးလျှင် ကျေနပ်ဝမ်းမြောက်ကြ၏။ အကယ်၍ ယင်းမှ သူတို့ အား မပေးခဲ့လျှင် သူတို့သည် ရုတ်ချည်းပင် ဒေါသထွက် ကြ၏။

وَلَوْ اَنَّهُمْ رَضُوْا مَآ اٰتٰىهُمُ اللّٰهُ وَرَسُوْلُهٗ ۙ وَقَالُوْا حَسْبُنَا اللّٰهُ سَيُؤْتِيْنَا اللّٰهُ مِنْ فَضْلِهٖ وَرَسُوْلُهٗٓ ۙ اِنَّآ اِلَى اللّٰهِ رٰغِبُوْنَ ۝

၅၉။ စင်စစ် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်က သူတို့အား ပေးသနားတော်မူသည်ကို ကျေနပ်နှစ်သက်ကြပြီး အလ္လာဟ်သည် ကျွန်ုပ်တို့အဖို့ လုံလောက်တော်မူပါ၏၊ အလ္လာဟ်သည် အမှန်ပင်ကျွန်ုပ်တို့အားမိမိ၏ ကျေးဇူးတော် ဖြင့် (များပြားစွာ) ပေးသနားတော်မူပေအုံး၊ ထိုအရှင်မြတ်၏ တမန်တော်ကလည်း (ပေးပေအုံ)၊ မုချ ကျွန်ုပ်တို့သည် စိတ် နှလုံးမှလိုလားတောင့်တလျက် အလ္လာဟ်၏ဘက်တော်သို့ ယိမ်းညွတ်ကြပါသည်ဟုပြောဆိုကြလျှင်ကောင်းပေစွတကား။

ရုကူး-၈

اِنَّمَا الصَّدَقٰتُ لِلْفُقَرَآءِ وَالْمَسٰكِيْنِ

၆၀။ 'ဆဒကာ' အလှူပစ္စည်းများသည်ကား လိုအပ်သူများ၊ ဆင်းရဲနွမ်းပါးသူများနှင့် ယင်း(ဆဒကာများ)ကို စီမံခန့်ခွဲသူ

وَالْعٰمِلِيْنَ عَلَيْهَا وَالْمُؤَلَّفَةِ قُلُوْبُهُمْ وَفِي الرِّقَابِ وَالْغٰرِمِيْنَ وَفِيْ سَبِيْلِ اللّٰهِ وَابْنِ السَّبِيْلِ ؕ فَرِيْضَةً مِّنَ اللّٰهِ ؕ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ۝۶۰

များအတွက်လည်းကောင်း၊ အကြင်သူတို့၏ စိတ်နှလုံးများကို ပေါင်းစည်းစေရန်အတွက်လည်းကောင်း၊ လည်ကုပ်များကို လွတ်မြောက်မှုပြုရန်အတွက်လည်းကောင်း၊ ဒဏ်ငွေပေးဆောင်ရန် တာဝန်ပိနေသူများအတွက်လည်းကောင်း၊ အလ္လာဟ်၏လမ်းတော်တွင် အထွေထွေသုံးစွဲရန်အတွက်လည်းကောင်း၊ ခရီးသည်များအတွက်လည်းကောင်းဖြစ်၏။ ဤသည် အလ္လာဟ်၏ထံတော်မှ 'ဖရာဇ်' တာဝန်ပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်၏။ အလ္လာဟ်သည် ထာဝရသိရှိတော်မူသော အရှင်၊ လွန်စွာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူ၏။

وَمِنْهُمُ الَّذِيْنَ يُؤْذُوْنَ النَّبِيَّ وَيَقُوْلُوْنَ هُوَ اُذُنٌ ؕ قُلْ اُذُنُ خَيْرٍ لَّكُمْ يُؤْمِنُ بِاللّٰهِ وَيُؤْمِنُ لِلْمُؤْمِنِيْنَ وَرَحْمَةٌ لِّلَّذِيْنَ اٰمَنُوْا مِنْكُمْ ؕ وَالَّذِيْنَ يُؤْذُوْنَ رَسُوْلَ اللّٰهِ لَهُمْ عَذَابٌ اَلِيْمٌ ۝۶۱

၆၁။ ၎င်းတို့အနက် တမန်တော်အား ဒုက္ခသက်ရောက်စေပြီး ဤသူသည်ကား နား(စွင့်နေသူ)သက်သက်မျှသာဖြစ်သည်ဟု ဆိုသူများလည်းရှိကြ၏။ အသင်ပြောကြားပါလေ။ မှန်၏၊ ယင်းနား(စွင့်ခြင်း)သည် အသင်တို့၏ ကောင်းကျိုးအတွက်သာဖြစ်၏။ သူသည် အလ္လာဟ်အား ယုံကြည်၏၊ သက်ဝင်ယုံကြည်သူများကို ယုံကြည်စိတ်ချ၏။ ထို့ပြင် အသင်တို့အနက် သက်ဝင်ယုံကြည်သူတို့အဖို့ 'ရာဟ်မတ်'ကရုဏာတော်ဖြစ်၏။ စင်စစ်သော်ကား အလ္လာဟ်၏တမန်တော်ကို ဒုက္ခပေးသူတို့အတွက် နာကျင်ဖွယ်သောပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

يَحْلِفُوْنَ بِاللّٰهِ لَكُمْ لِيُرْضُوْكُمْ ۚ وَاللّٰهُ وَرَسُوْلُهٗۤ اَحَقُّ اَنْ يُّرْضُوْهُ اِنْ كَانُوْا مُؤْمِنِيْنَ ۝۶۲

၆၂။ ထိုသူတို့သည် အသင်တို့ကျေနပ်နှစ်သက်စေခြင်းငှာ အသင်တို့၏ရှေ့တွင် အလ္လာဟ်အား တိုင်တည်ကျိန်ဆိုကြ၏။ သူတို့သည် အကယ်ပင် သက်ဝင်ယုံကြည်သူများဖြစ်ကြလျှင် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်အား ကျေနပ်နှစ်သက်တော်မူစေရန် ပိုမိုထိုက်တန်၏။

اَلَمْ يَعْلَمُوْۤا اَنَّهٗ مَنْ يُّحَادِدِ اللّٰهَ وَرَسُوْلَهٗ فَاَنَّ لَهٗ نَارَ جَهَنَّمَ خَالِدًا فِيْهَا ؕ ذٰلِكَ الْخِزْيُ الْعَظِيْمُ ۝۶۳

၆၃။ ထိုသူတို့မသိကြသလော။ အကြင်သူသည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ကို ရန်ပြုလျှင် သူ့အတွက် 'ဂျဟန္နမ်' ငရဲ၏မီးသည်ရှိ၏။ ယင်း၌ သူသည် အလွန် ကာလကြာရှည်စွာနေရပေမည်။ ယင်းသည်ကား အလွန်ကြီးမားသော ဂုဏ်သရေညှိုးနွမ်းခြင်းဖြစ်၏။

يَحْذَرُ الْمُنٰفِقُوْنَ اَنْ تُنَزَّلَ عَلَيْهِمْ سُوْرَةٌ تُنَبِّئُهُمْ بِمَا فِيْ قُلُوْبِهِمْ ؕ قُلِ اسْتَهْزِءُوْا ۚ اِنَّ اللّٰهَ مُخْرِجٌ مَّا تَحْذَرُوْنَ ۝۶۴

၆၄။ ယုံကြည်ဟန်ဆောင်သူ 'မိုနာဖစ်'တို့သည် သူတို့နှင့်ဆန့်ကျင်၍ သူတို့၏စိတ်နှလုံးတွင်ရှိသည်တို့ကို သူတို့အား အသိပေးမည့် 'ဆူရာဟ်' ကဏ္ဍတစ်ခုခု ကျရောက်လာမည်ကို ကြောက်ရွံ့စိုးရိမ်ကြ၏။ အသင်ပြောကြားပါလေ၊ (ဧကန်ပင်) လှောင်ပြောင်လျက်နေကြကုန်။ အလ္လာဟ်သည် အသင်တို့ကြောက်ရွံ့စိုးရိမ်သည်ကို အမှန်ပင် ဖော်ထုတ်တော်မူမည်သာဖြစ်၏။

وَلَئِنْ سَاَلْتَهُمْ لَيَقُوْلُنَّ اِنَّمَا كُنَّا نَخُوْضُ وَنَلْعَبُ ؕ قُلْ اَبِاللّٰهِ وَاٰيٰتِهٖ وَرَسُوْلِهٖ كُنْتُمْ تَسْتَهْزِءُوْنَ ۝

၆၅။ အကယ်၍ အသင်သည် သူတို့အား မေးမြန်းပါလျှင် ကျွန်ုပ်တို့သည်ကား ထွေရာလေးပါးစကားဌ နစ်မွန်းနေကြပြီး ကစားမြူးထူးနေခဲ့ကြပါ၏ဟု အမှန်ပင် ပြောကြပေလိမ့်မည်။ အသင်မေးမြန်းပါလေ၊ အသင်တို့သည် အလ္လာဟ်နှင့် ထို အရှင်မြတ်၏ 'အာယတ်' မုကွပါဋိဝေါဟာရများကိုလည်းကောင်း၊ အရှင်မြတ်၏တမန်တော်ကိုလည်းကောင်း ပြောင်လှောင်နေခဲ့ကြသလော။

لَا تَعْتَذِرُوْا قَدْ كَفَرْتُمْ بَعْدَ اِيْمَانِكُمْ ؕ اِنْ نَّعْفُ عَنْ طَآئِفَةٍ مِّنْكُمْ نُعَذِّبْ طَآئِفَةً ۢ بِاَنَّهُمْ كَانُوْا مُجْرِمِيْنَ ۝

၆၆။ မည်သို့သောအကြောင်းပြချက်ကိုမျှ မတင်ပြကြကုန်လင့်။ ဧကန်မုချ အသင်တို့သည် မိမိတို့သက်ဝင်ယုံကြည်မှု၏ နောက်တွင် မယုံကြည်ခြင်းပယ်သူများဖြစ်ခဲ့ကြ၏။ အကယ်၍ ငါတို့သည် အသင်တို့အနက် အုပ်စုတစ်ခုခုကို အပြစ်လွှတ်တော်မူခဲ့လျှင် အခြားအုပ်စုတစ်ခုခုကို ပြစ်ဒဏ်လည်း ပေးနိုင်တော်မူ၏။ အကြောင်းမူ ၎င်းတို့သည် အမှန်ပင် အပြစ်ကျူးလွန်သူများဖြစ်ကြသောကြောင့်ပင်တည်း။

ရုကူး-၉

اَلْمُنٰفِقُوْنَ وَالْمُنٰفِقٰتُ بَعْضُهُمْ مِّنْۢ بَعْضٍ ۘ يَاْمُرُوْنَ بِالْمُنْكَرِ وَيَنْهَوْنَ عَنِ الْمَعْرُوْفِ وَيَقْبِضُوْنَ اَيْدِيَهُمْ ؕ نَسُوا اللّٰهَ فَنَسِيَهُمْ ؕ اِنَّ الْمُنٰفِقِيْنَ هُمُ الْفٰسِقُوْنَ ۝

၆၇။ 'မိုနာဖစ်' ယုံကြည်ဟန်ဆောင်သူ ယောကျ်ားများနှင့် 'မိုနာဖစ်' မိန်းမတို့သည် တစ်ဦးနှင့်တစ်ဦး ဆက်နွယ်မှုရှိကြ၏။ သူတို့သည် မကောင်းမှုများကို ဆင့်ဆိုတိုက်တွန်းကြ၏။ ကောင်းမှုများကို တားမြစ်ကြ၏။ ထို့ပြင် (အလ္လာဟ်၏လမ်းတော်တွင် စွန့်ကြဲသုံးစွဲခြင်းမှ) မိမိတို့၏လက်များကို ဆုပ်၍ ထားကြ၏။ သူတို့သည် အလ္လာဟ်အား မေ့လျော့ခဲ့ကြပေရာ ထိုအရှင်မြတ်သည်လည်း သူတို့ကို မေ့လျော့တော်မူခဲ့ပေသည်။ ဧကန်စင်စစ် 'မိုနာဖစ်' ယုံကြည်ဟန်ဆောင်သူတို့သည်ပင် အကျင့်ဆိုးယုတ်သူများဖြစ်ကြ၏။

وَعَدَ اللّٰهُ الْمُنٰفِقِيْنَ وَالْمُنٰفِقٰتِ وَالْكُفَّارَ نَارَ جَهَنَّمَ خٰلِدِيْنَ فِيْهَا ؕ هِيَ حَسْبُهُمْ ۚ وَلَعَنَهُمُ اللّٰهُ ۚ وَلَهُمْ عَذَابٌ مُّقِيْمٌ ۝

၆၈။ အလ္လာဟ်သည် 'မိုနာဖစ်'ယောကျ်ားများ၊ 'မိုနာဖစ်' မိန်းမများနှင့် 'ကာဖိရ်'မယုံကြည်ခြင်းပယ်သူတို့အား 'ဂျဟန္နမ်' ငရဲ၏မီးကို ကတိပြုထားတော်မူ၏။ သူတို့သည် ယင်းဌ ကာလကြာရှည်စွာနေရမည့်သူများဖြစ်ကြ၏။ ဤသည် သူတို့အဖို့ လုံလောက်ပေမည်။ ထို့ပြင် အလ္လာဟ်သည် သူတို့အပေါ် ကရုဏာတော်မှကင်းဝေးစေခြင်း 'လာ့အ်နတ်'ပြုတော်မူ၏။ ထို့ပြင် ယင်းတို့အဖို့ တည်တံ့သွားမည့်ပြစ်ဒဏ်ကို (သတ်မှတ်) ထားတော်မူ၏။

كَالَّذِيْنَ مِنْ قَبْلِكُمْ كَانُوْٓا اَشَدَّ مِنْكُمْ قُوَّةً وَّاَكْثَرَ اَمْوَالًا وَّاَوْلَادًا ؕ فَاسْتَمْتَعُوْا بِخَلَاقِهِمْ فَاسْتَمْتَعْتُمْ بِخَلَاقِكُمْ كَمَا

၆၉။ (အသင်တို့၏အခြေအနေကား) အသင်တို့ထက်အလျင်ကရှိခဲ့ကြသောသူတို့ကဲ့သို့ပင်။ သူတို့သည် စွမ်းအားအရာဌ အသင်တို့ထက်သာလွန်ခဲ့ကြ၏။ ထို့ပြင် ပစ္စည်းဥစ္စာနှင့် သားသမီးများအားဖြင့်လည်းပိုမိုများပြားခဲ့ကြ၏။ ယင်းတို့သည်

اسْتَمْتَعَ الَّذِيْنَ مِنْ قَبْلِكُمْ بِخَلَاقِهِمْ وَخُضْتُمْ كَالَّذِيْ خَاضُوْا ۭ اُولٰۗىِٕكَ حَبِطَتْ اَعْمَالُهُمْ فِي الدُّنْيَا وَالْاٰخِرَةِ ۚ وَاُولٰۗىِٕكَ هُمُ الْخٰسِرُوْنَ ۝

မိမိတို့၏ဝေစုမှ အကျိုးရယူခံစားရန်ရှိသမျှကို ရယူခံစားခဲ့ကြပေသည်။ အသင်တို့ထက်အလျင်ကရှိခဲ့သူတို့သည် မိမိတို့၏ဝေစုမှ အကျိုးရယူခံစားခဲ့ကြသကဲ့သို့ အသင်တို့သည်လည်း မိမိတို့၏ဝေစုမှ အကျိုးရယူခံစားခဲ့ကြပေပြီ။ ထို့ပြင် ၎င်းတို့သည် အချည်းနှီးအလဟဿစကားများတွင် နစ်မွန်းနေခဲ့ကြသကဲ့သို့ အသင်တို့သည်လည်း အချည်းနှီးအလဟဿစကားများတွင် နစ်မွန်းနေကြပေသည်။ ဤသူများသည်ပင်၊ ၎င်းတို့၏အမူအကျင့်များသည် ဤလောကတွင်လည်းကောင်း၊ တမလွန်တွင်လည်းကောင်း ဆုံးရှုံးသွားခဲ့ချေပြီ။ ဤသူများသည်ပင် ဧကန်စင်စစ် နစ်နာဆုံးရှုံးမည့်သူများဖြစ်ကြ၏။

اَلَمْ يَاْتِهِمْ نَبَاُ الَّذِيْنَ مِنْ قَبْلِهِمْ قَوْمِ نُوْحٍ وَّ عَادٍ وَّ ثَمُوْدَ ۬ وَقَوْمِ اِبْرٰهِيْمَ وَاَصْحٰبِ مَدْيَنَ وَالْمُؤْتَفِكٰتِ ۭ اَتَتْهُمْ رُسُلُهُمْ بِالْبَيِّنٰتِ ۚ فَمَا كَانَ اللّٰهُ لِيَظْلِمَهُمْ وَلٰكِنْ كَانُوْٓا اَنْفُسَهُمْ يَظْلِمُوْنَ ۝

၇၀။ သူတို့အလျင်က (အကြောင်းအရာများဖြစ်သည့်)'နူးဟ်'၊ 'အာဒ်'နှင့် 'ဆမူးဒ်'၏အမျိုးသားများ၊ ထို့ပြင် 'အစ်ဗရာဟင်မ်'၏ အမျိုးသားများနှင့် 'မဒီယန်'မြို့သားများ၊ ထို့ပြင် အထက်အောက်ပြောင်းပြန်ဖြစ်သွားခဲ့သော မြို့ရွာများတို့၏ သတင်းသည် သူတို့ထံ မရောက်ရှိခဲ့ပေသလော၊ ၎င်းတို့ထံသို့လည်း သူတို့၏တမန်တော်များသည် ပေါ်လွင်ထင်ရှားသော သက်သေလက္ခဏာတော်များကို ယူဆောင်၍လာခဲ့ကြ၏။ သို့ဖြစ်ရာ အလ္လာဟ်သည် ၎င်းတို့အား မတရားပြုတော်မူခဲ့သည် မဟုတ်ချေ။ သို့ရာတွင် သူတို့ကိုယ်၌ကပင် မိမိတို့၏ အသက်ဝိညာဉ်များကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြခြင်းဖြစ်၏။

وَالْمُؤْمِنُوْنَ وَالْمُؤْمِنٰتُ بَعْضُهُمْ اَوْلِيَاۗءُ بَعْضٍ ۘ يَاْمُرُوْنَ بِالْمَعْرُوْفِ وَيَنْهَوْنَ عَنِ الْمُنْكَرِ وَيُقِيْمُوْنَ الصَّلٰوةَ وَيُؤْتُوْنَ الزَّكٰوةَ وَيُطِيْعُوْنَ اللّٰهَ وَرَسُوْلَهٗ ۭ اُولٰۗىِٕكَ سَيَرْحَمُهُمُ اللّٰهُ ۭ اِنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ۝

၇၁။ သက်ဝင်ယုံကြည်သူ ယောကျ်ားများနှင့် သက်ဝင်ယုံကြည်သူမိန်းမတို့သည် တစ်ဦးနှင့်တစ်ဦး အဆွေခင်ပွန်းများဖြစ်ကြ၏။ သူတို့သည် ကောင်းမှုများကို ဆင့်ဆိုကြ၏။ မကောင်းမှုများကို တားမြစ်ကြ၏။ 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြ၏။ 'ဇကာတ်'ပေးဆောင်ကြ၏။ ထို့ပြင် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ကို နာခံလိုက်နာကြ၏။ ဤသူတို့သည်ပင်၊ သူတို့အပေါ်သို့ အလ္လာဟ်သည် အမှန်ပင် ကရုဏာပြုတော်မူပေအံ့။ ဧကန်ပင် အလ္လာဟ်သည် အကြင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ လွန်စွာဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَعَدَ اللّٰهُ الْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا وَمَسٰكِنَ طَيِّبَةً فِيْ جَنّٰتِ عَدْنٍ ۭ وَرِضْوَانٌ مِّنَ اللّٰهِ اَكْبَرُ ۭ ذٰلِكَ هُوَ

၇၂။ အလ္လာဟ်သည် သက်ဝင်ယုံကြည်သူ ယောကျ်ားများနှင့် သက်ဝင်ယုံကြည်သူမိန်းမတို့အား ဤသို့သော 'ဂျန္နတ်'ဥယျာဉ်တော်များကို ကတိပေးထားတော်မူ၏။ ယင်း၏အခြေတွင် စမ်းချောင်းများစီးဆင်းလျက်ရှိပေမည်။ သူတို့သည် ယင်း(ဥယျာဉ်တော်များ)၌ အမြဲထာဝစဉ်နေရမည့်သူများဖြစ်ကြ၏။ ထို့အတူ ထာဝရဥယျာဉ်တော်များတွင်ရှိမည့် အလွန်တရာ သန့်ရှင်းစင်ကြယ်သောနေအိမ်များကိုလည်း

الْفَوْزُ الْعَظِيْمُ ﴿١١١﴾ ၌

(ကတိပြုတော်မူ၏)။ သို့တစေ အလ္လာဟ်၏ကျေနပ်နှစ်သက်တော်မူခြင်းကား အားလုံးထက် အကြီးမြတ်ဆုံးဖြစ်တော်မူ၏။ ဤသည်ပင်လျှင် လွန်စွာမှကြီးကျယ်ထွတ်မြတ်သော အောင်မြင်မှုပင်တည်း။

ရုကူ-၁၀

يٰٓاَيُّهَا النَّبِيُّ جَاهِدِ الْكُفَّارَ وَالْمُنٰفِقِيْنَ وَاغْلُظْ عَلَيْهِمْ ۭ وَمَاْوٰىهُمْ جَهَنَّمُ ۭ وَبِئْسَ الْمَصِيْرُ ﴿٧٣﴾

၇၃။ အို-တမန်တော်၊ မယုံကြည်ခြင်းပယ်သူ 'ကာဖိရ်'များ၊ ထို့ပြင် ယုံကြည်ဟန်ဆောင်သူ 'မိုနာဖစ်'များနှင့် 'ဂျီဟာဒ်'ပြုပါလေ။ သူတို့အပေါ် ပြင်းထန်ပြတ်သားပါလေ။ ထိုသူတို့၏ နေရာထိုင်ခင်းမှာ 'ဂျဟန္နမ်' ငရဲဖြစ်၏။ အဘယ်မျှဆိုးရွားလှသော နေရာထိုင်ခင်းဖြစ်ပေသနည်း။

يَحْلِفُوْنَ بِاللّٰهِ مَا قَالُوْا ۭ وَلَقَدْ قَالُوْا كَلِمَةَ الْكُفْرِ وَكَفَرُوْا بَعْدَ اِسْلَامِهِمْ وَهَمُّوْا بِمَا لَمْ يَنَالُوْا ۚ وَمَا نَقَمُوْٓا اِلَّآ اَنْ اَغْنٰىهُمُ اللّٰهُ وَرَسُوْلُهٗ مِنْ فَضْلِهٖ ۚ فَاِنْ يَّتُوْبُوْا يَكُ خَيْرًا لَّهُمْ ۚ وَاِنْ يَّتَوَلَّوْا يُعَذِّبْهُمُ اللّٰهُ عَذَابًا اَلِيْمًا ۙ فِي الدُّنْيَا وَالْاٰخِرَةِ ۚ وَمَا لَهُمْ فِي الْاَرْضِ مِنْ وَّلِيٍّ وَّلَا نَصِيْرٍ ﴿٧٤﴾

၇၄။ ထိုသူတို့သည် မပြောခဲ့ပါဟု အလ္လာဟ်အား တိုင်တည်ကျိန်ဆိုမှုများပြုကြ၏။ အမှန်သော်ကား သူတို့သည် ဧကန်ပင် မယုံကြည်ခြင်းပယ်မှုစကားကို ပြောခဲ့ကြပြီးဖြစ်၏။ စင်စစ် သူတို့သည် 'အစ္စလာမ်'ကိုလက်ခံယုံကြည်ပြီးသည့်နောက်တွင် မယုံကြည်ခြင်းပယ်သူများဖြစ်သွားခဲ့ကြ၏။ ထို့ပြင် သူတို့သည် သူတို့ရနိုင်မည်မဟုတ်သော ရည်ရွယ်ချက်ကို ခိုင်မြဲစွာထားခဲ့ကြ၏။ အမှန်ပင် သူတို့သည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်က ယင်း(မို့အ်မင်န်)တို့အား မိမိ၏ကျေးဇူးတော်ဖြင့် ကြွယ်ဝစေတော်မူခြင်းအကြောင်းမှတစ်ပါး အခြားအကြောင်းကြောင့် မလိုမုန်းထားရှိခဲ့ကြသည်မဟုတ်ခဲ့။ သို့ဖြစ်ရာ အကယ်၍ ၎င်းတို့သည် ဝန်ချတောင်းပန်ခြင်း 'တောင်ဘာ'ပြုကြလျှင် သူတို့အဖို့ ပိုမိုကောင်းမြတ်ပေမည်။ အကယ်၍ သူတို့သည် လှည့်ထွက်သွားကြလျှင် အလ္လာဟ်သည် သူတို့အား ဤလောကီဘဝနှင့် နောင်တမလွန်တို့တွင် နာကျင်ဖွယ်သော ပြစ်ဒဏ်ကိုပေးတော်မူပေမည်။ သူတို့အတွက် ကမ္ဘာမြေတစ်ဝန်းလုံးတွင် အဆွေခင်ပွန်းနှင့် ကူညီရိုင်းပင်းမည့်သူမည်သူမျှရှိလိမ့်မည်မဟုတ်ခဲ့။

وَمِنْهُمْ مَّنْ عٰهَدَ اللّٰهَ لَىِٕنْ اٰتٰىنَا مِنْ فَضْلِهٖ لَنَصَّدَّقَنَّ وَلَنَكُوْنَنَّ مِنَ الصّٰلِحِيْنَ ﴿٧٥﴾

၇၅။ ထိုသူတို့အနက် ဤသို့လည်းရှိကြ၏။ ၎င်းတို့က အကယ်၍ အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ကျွန်တော်မျိုးတို့အား တစ်စုံတစ်ရာပေးသနားတော်မူလျှင် ကျွန်တော်မျိုးတို့သည် အမှန်ပင် 'ဆဒကာ' အလျှဒါနများ ပေးကြပါမည်၊ ထို့ပြင် ကျွန်တော်မျိုးတို့သည် အမှန်ပင် သူတော်ကောင်းများအနက်မှဖြစ်သွားကြပါမည်ဟု အလ္လာဟ်၏ထံတော်တွင် ကတိပြုခဲ့ကြ၏။

فَلَمَّآ اٰتٰىهُمْ مِّنْ فَضْلِهٖ بَخِلُوْا بِهٖ وَتَوَلَّوْا وَّهُمْ مُّعْرِضُوْنَ ﴿٧٦﴾

၇၆။ သို့သော် အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် သူတို့အားပေးသနားတော်မူသောအခါ ထိုသူတို့သည် ယင်း၌

စေးနှဲတွန့်တိုမှုကိုပြုကြ၏။ ထို့ပြင် သူတို့သည် (မိမိတို့၏ ကတိပြုချက်မှ) မျက်နှာလွှဲဖယ်သူများအဖြစ်ဖြင့် လှည့်ထွက်သွားခဲ့ကြ၏။

فَاَعْقَبَهُمْ نِفَاقًا فِیْ قُلُوْبِهِمْ اِلٰی یَوْمِ یَلْقَوْنَهٗ بِمَاۤ اَخْلَفُوا اللّٰهَ مَا وَعَدُوْهُ وَبِمَا كَانُوْا یَكْذِبُوْنَ ﴿۷۷﴾

၇၇။ သို့ဖြစ်ရာ အလ္လာဟ်သည် အပြစ်ဒဏ်ခတ်သည့် အနေဖြင့် သူတို့၏စိတ်နှလုံးများတွင် ထိုအရှင်မြတ်နှင့် သူတို့တွေ့ဆုံရမည့်နေ့တိုင်အောင် ဟန်ဆောင်မှုကိုထားရှိတော်မူပေသည်။ အကြောင်းမူကား သူတို့သည် အလ္လာဟ်အား ကတိဖောက်ဖျက်ခဲ့ကြ၏၊ ထို့မှမက မုသားပြောဆိုခဲ့ကြခြင်းကြောင့်ဖြစ်၏။

اَلَمْ یَعْلَمُوْۤا اَنَّ اللّٰهَ یَعْلَمُ سِرَّهُمْ وَنَجْوٰىهُمْ وَاَنَّ اللّٰهَ عَلَّامُ الْغُیُوْبِ ﴿۷۸﴾

၇၈။ အလ္လာဟ်သည် သူတို့၏လျှို့ဝှက်ချက်များကိုလည်းကောင်း၊ သူတို့၏လျှို့ဝှက်တိုင်ပင်ခြင်းများကိုလည်းကောင်း သိရှိတော်မူကြောင်းကို ထိုသူတို့မသိကြလေသလော။ စင်စစ် အလ္လာဟ်သည် အကွယ်၌ရှိသည့်အရာအားလုံးကို လွန်စွာသိရှိတော်မူ၏။

اَلَّذِیْنَ یَلْمِزُوْنَ الْمُطَّوِّعِیْنَ مِنَ الْمُؤْمِنِیْنَ فِی الصَّدَقٰتِ وَالَّذِیْنَ لَا یَجِدُوْنَ اِلَّا جُهْدَهُمْ فَیَسْخَرُوْنَ مِنْهُمْ ؕ سَخِرَ اللّٰهُ مِنْهُمْ ۫ وَلَهُمْ عَذَابٌ اَلِیْمٌ ﴿۷۹﴾

၇၉။ ထိုသူတို့သည် သက်ဝင်ယုံကြည်သူတို့အနက်မှ စိတ်အားထက်သန်စွာ ကောင်းမှုပြုသူတို့အား 'ဆဒကာ' အလှူဒါနများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မိမိတို့၏ ကြိုးပမ်းအားထုတ်မှုမှအပ မိမိတို့ထံ၌ အခြားမည်သည်မျှမရှိသောသူများအားလည်းကောင်း ပြစ်တင်စွပ်စွဲကြ၏။ သို့ဖြင့် ထိုသူတို့သည် ဤသူတို့အား ကဲ့ရဲ့ပြောင်လှောင်ကြ၏။ အလ္လာဟ်သည် သူတို့၏ကဲ့ရဲ့ပြောင်လှောင်မှုကို တုံ့ပြန်တော်မူပေမည်။ စင်စစ် သူတို့အတွက် နာကျင်ဖွယ်သောပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

اِسْتَغْفِرْ لَهُمْ اَوْ لَا تَسْتَغْفِرْ لَهُمْ ؕ اِنْ تَسْتَغْفِرْ لَهُمْ سَبْعِیْنَ مَرَّةً فَلَنْ یَّغْفِرَ اللّٰهُ لَهُمْ ؕ ذٰلِكَ بِاَنَّهُمْ كَفَرُوْا بِاللّٰهِ وَرَسُوْلِهٖ ؕ وَاللّٰهُ لَا یَهْدِی الْقَوْمَ الْفٰسِقِیْنَ ﴿۸۰﴾

၈၀။ အသင်သည် ထိုသူတို့အတွက် ခွင့်လွှတ်ခြင်းကို တောင်းခံသည်ဖြစ်စေ၊ သူတို့အတွက် ခွင့်လွှတ်ခြင်းကို မတောင်းခံသည်ဖြစ်စေ၊ အကယ်၍ အသင်သည် သူတို့အတွက် ခွင့်လွှတ်ခြင်းကို အကြိမ်ခုနစ်ဆယ်မျှပင် တောင်းခံခဲ့လျှင်လည်း အလ္လာဟ်သည် သူတို့အား အလျှင်းခွင့်လွှတ်တော်မူမည်မဟုတ်ချေ။ ဤသို့ဖြစ်ရခြင်းမှာ သူတို့သည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ကို ငြင်းပယ်ခဲ့ကြ၏။ စင်စစ် အလ္လာဟ်သည် အကျင့်ဆိုးယုတ်သူများကို လမ်းညွှန်တော်မမူချေ။

ရုကူး-၁၁

فَرِحَ الْمُخَلَّفُوْنَ بِمَقْعَدِهِمْ خِلٰفَ رَسُوْلِ اللّٰهِ وَكَرِهُوْۤا اَنْ یُّجَاهِدُوْا بِاَمْوَالِهِمْ وَاَنْفُسِهِمْ فِیْ سَبِیْلِ اللّٰهِ وَقَالُوْا

၈၁။ နောက်ချန်နေခဲ့သောသူတို့သည် အလ္လာဟ်၏ တမန်တော်နှင့်ဆန့်ကျင်၍ မိမိတို့ထိုင်နေရခြင်းကို ပျော်ရွှင်နေကြ၏။ သူတို့သည် အလ္လာဟ်၏လမ်းတော်တွင် မိမိတို့၏ ပစ္စည်းဥစ္စာများနှင့် မိမိတို့၏အသက်များဖြင့် 'ဂျီဟာဒ်' ကြိုး

لَا تَنْفِرُوْا فِي الْحَرِّ ۭ قُلْ نَارُ جَهَنَّمَ اَشَدُّ حَرًّا ۭ لَوْ كَانُوْا يَفْقَهُوْنَ ۝

ပမ်းအားထုတ်မှုပြုလုပ်ရန် မနှစ်မြို့ကြချေ။ ထို့ပြင် သူတို့က ပြင်းထန်သောအပူရှိန်တွင် ခရီးမထွက်ကြလင့်ဟု ဆိုကြ၏။ အသင်ပြောကြားပါလေ၊ 'ဂျဟန္နမ်' ငရဲ၏မီးသည် အပူရှိန်အားဖြင့် ပိုမို၍ပြင်းထန်၏။ ထိုသူတို့ သိရှိနားလည်နိုင်ကြလျှင်ကောင်းပေစွ။

فَلْيَضْحَكُوْا قَلِيْلًا وَّلْيَبْكُوْا كَثِيْرًا ۚ جَزَاۗءًۢ بِمَا كَانُوْا يَكْسِبُوْنَ ۝

၈၂။ သို့ဖြစ်ရာ သူတို့သည် အနည်းငယ်မျှသာ ရယ်မောကြရမည်ဖြစ်ပြီး မိမိတို့ရွာဖွေဆည်းပူးခဲ့ကြသည်များ၏ အကျိုးဆက်အဖြစ် များစွာငိုကြွေးထိုက်ကြပေသည်။

فَاِنْ رَّجَعَكَ اللّٰهُ اِلٰى طَاۗىِٕفَةٍ مِّنْهُمْ فَاسْتَاْذَنُوْكَ لِلْخُرُوْجِ فَقُلْ لَّنْ تَخْرُجُوْا مَعِيَ اَبَدًا وَّلَنْ تُقَاتِلُوْا مَعِيَ عَدُوًّا ۭ اِنَّكُمْ رَضِيْتُمْ بِالْقُعُوْدِ اَوَّلَ مَرَّةٍ فَاقْعُدُوْا مَعَ الْخٰلِفِيْنَ ۝

၈၃။ သို့ဖြစ်ရာ အကယ်၍ အလ္လာဟ်သည် အသင့်အား သူတို့အနက် အုပ်စုတစ်စုစုထံသို့ ပြန်လည်ရောက်ရှိစေခဲ့ပြီး သူတို့က အသင့်ထံ (ဂျီဟာဒ်အတွက်)ပါဝင်ခွင့် တောင်းခံကြလျှင် အသင်သည် သူတို့အား အချင်းတို့၊ အသင်တို့သည် နောင်တွင် မည်သည့်အခါမျှ ကျွန်ုပ်နှင့်အတူ (ဂျီဟာဒ်အတွက်) အလျှင်းထွက်ကြရမည်မဟုတ်၊ မည်သည့်အခါမျှလည်း ကျွန်ုပ်နှင့်အတူ ရန်သူတို့ကို အလျှင်းတိုက်ခိုက်ကြရမည်မဟုတ်။ အသင်တို့သည် ဧကန်စင်စစ် ပထမအကြိမ် (အိမ်တွင်)ထိုင်လျက်နေရခြင်းကို ကျေနပ်နှစ်သက်ခဲ့ကြ၏။ သို့ဖြစ်ရာ ယခုနောက်ချန်နေသူများနှင့်အတူ ထိုင်လျက်သာနေကြလေကုန်ဟု ပြောကြားပါလေ။

وَلَا تُصَلِّ عَلٰٓى اَحَدٍ مِّنْهُمْ مَّاتَ اَبَدًا وَّلَا تَقُمْ عَلٰي قَبْرِهٖ ۭ اِنَّهُمْ كَفَرُوْا بِاللّٰهِ وَرَسُوْلِهٖ وَمَاتُوْا وَهُمْ فٰسِقُوْنَ ۝

၈၄။ ထို့ပြင် အသင်သည် သူတို့အနက် သေဆုံးသူ မည်သူတစ်ဦးတစ်ယောက်အတွက်မျှ (ဂျနာဇာ)'ဆွလာတ်'ကို မည်သည့်အခါတွင်မျှမဖတ်လင့်၊ ထို့ပြင် မည်သည့်အခါတွင်မျှ ယင်း၏ 'ကဗာရ်'သချိုင်းတွင် (ဒိုအာအတွက်) မရပ်လင့်။ ဧကန်စင်စစ် ထိုသူတို့သည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်အားငြင်းပယ်ခဲ့ကြ၏။ ထို့ပြင် သူတို့သည် အကျင့်ဆိုးယုတ်သည့်အခြေအနေတွင် သေဆုံးခဲ့ကြ၏။

وَلَا تُعْجِبْكَ اَمْوَالُهُمْ وَاَوْلَادُهُمْ ۭ اِنَّمَا يُرِيْدُ اللّٰهُ اَنْ يُّعَذِّبَهُمْ بِهَا فِي الدُّنْيَا وَتَزْهَقَ اَنْفُسُهُمْ وَهُمْ كٰفِرُوْنَ ۝

၈၅။ သူတို့၏ ဥစ္စာပစ္စည်းများနှင့် သူတို့၏ သားသမီးများသည် အသင့်အဖို့ မည်သို့သောဆွဲဆောင်မှုကိုမျှ မပေါက်ဖွားစေလင့်။ အလ္လာဟ်သည် ဤသည်တို့အားဖြင့် သူတို့အား ဤဘဝ၌ပင်ပြစ်ဒဏ်ပေးတော်မူရန်လည်းကောင်း၊ သူတို့သည် မယုံကြည်ငြင်းပယ်သူများဖြစ်သည့် အခြေအနေတွင် သူတို့၏ အသက်များထွက်စေရန်လည်းကောင်း လိုလားတော်မူ၏။

وَاِذَآ اُنْزِلَتْ سُوْرَةٌ اَنْ اٰمِنُوْا بِاللّٰهِ وَجَاهِدُوْا مَعَ رَسُوْلِهِ اسْتَاْذَنَكَ اُولُوا الطَّوْلِ مِنْهُمْ وَقَالُوْا ذَرْنَا نَكُنْ مَّعَ

၈၆။ အလ္လာဟ်အား သက်ဝင်ယုံကြည်ကြကုန်၊ ထိုအရှင်မြတ်၏တမန်တော်နှင့်အတူ ပူးပေါင်း၍ 'ဂျီဟာဒ်'ပြုကြကုန်ဟု မည်သည့်အခါမဆို 'ဆူရာဟ်' ကဏ္ဍတစ်ခုခု ကျရောက်လာလေတိုင်း ယင်းတို့အနက် ကြွယ်ဝချမ်းသာသူတို့က အသင့်

الْقٰعِدِيْنَ ﴿٨٦﴾

ထံမှ ကင်းလွတ်ခွင့်ကို လိုလားကြ၏။ ကျွန်ုပ်တို့အား ထိုင်၍ ကျန်ရစ်သူများနှင့်အတူရှိစေခြင်းငှာ ကျွန်ုပ်တို့အား နေရစ်ခွင့် ပေးပါဟု ခွင့်ပန်ပြောဆိုကြ၏။

رَضُوْا بِاَنْ يَّكُوْنُوْا مَعَ الْخَوَالِفِ وَطُبِعَ عَلٰى قُلُوْبِهِمْ فَهُمْ لَا يَفْقَهُوْنَ ﴿٨٧﴾

၈၇။ ထိုသူတို့သည် နောက်ချန်နေရစ်ခဲ့ကြသော အမျိုးသမီးများနှင့်အတူနေရစ်ကြရန် နှစ်သက်ကျေနပ်ခဲ့ကြ၏။ သူတို့၏ စိတ်နှလုံးများအပေါ် တံဆိပ်ခတ်နှိပ်ခြင်းကို ခံခဲ့ကြရ၏။ သို့ကြောင့် သူတို့သည် နားလည်နိုင်ခြင်းမရှိကြချေ။

لٰكِنِ الرَّسُوْلُ وَالَّذِيْنَ اٰمَنُوْا مَعَهٗ جٰهَدُوْا بِاَمْوَالِهِمْ وَاَنْفُسِهِمْ ۚ وَاُولٰٓئِكَ لَهُمُ الْخَيْرٰتُ ۫ وَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ﴿٨٨﴾

၈၈။ သို့ရာတွင် တမန်တော်နှင့် ထိုတမန်တော်နှင့်အတူ သက်ဝင်ယုံကြည်ကြသောသူတို့သည် မိမိတို့၏ပစ္စည်းဥစ္စာများ၊ မိမိတို့၏ အသက်များဖြင့် 'ဂျိဟာဒ်' ကြိုးပမ်းအားထုတ်မှု ပြုကြ၏၊ ဤသူများသည်ပင်၊ ယင်းတို့အဖို့ အလုံးစုံသော ကောင်းမြတ်ခြင်းများ (ကိုသတ်မှတ်ထား)ရှိ၏။ ဤသူတို့သည်ပင် လျှင် အောင်မြင်မည့်သူများဖြစ်ကြ၏။

اَعَدَّ اللّٰهُ لَهُمْ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ۭ ذٰلِكَ الْفَوْزُ الْعَظِيْمُ ﴿٨٩﴾

၈၉။ အလ္လာဟ်သည် ထိုသူတို့အဖို့ အခြေတွင် စမ်းချောင်းများ စီးဆင်းလျက်ရှိသည့် 'ဂျန္နတ်' ဥယျာဉ်တော်များကို စီစဉ်ထားရှိတော်မူ၏။ သူတို့သည် ယင်း၌ အမြဲထာဝစဉ်နေရမည့် သူများဖြစ်ကြ၏။ ဤသည် လွန်စွာမှ ကြီးမားသော အောင်မြင်မှုဖြစ်သတည်း။

ရုကူး-၁၂

وَجَآءَ الْمُعَذِّرُوْنَ مِنَ الْاَعْرَابِ لِيُؤْذَنَ لَهُمْ وَقَعَدَ الَّذِيْنَ كَذَبُوا اللّٰهَ وَرَسُوْلَهٗ ۭ سَيُصِيْبُ الَّذِيْنَ كَفَرُوْا مِنْهُمْ عَذَابٌ اَلِيْمٌ ﴿٩٠﴾

၉၀။ ကျေးတောသားများအနက်မှလည်း (နောက်ချန်နေရစ်ရန်အတွက်)ခွင့်ပေးပါရန် အကြောင်းပြတင်ပြသူများ ရောက်လာခဲ့ကြ၏။ (ဤသို့ဖြင့်) အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်အား လိမ်လည်မုသားပြောဆိုသူတို့သည် နောက်ချန်ထိုင်နေရစ်ကြ၏။ ယင်းတို့အနက် မယုံကြည်ငြင်းပယ်သောသူတို့ထံ နာကျင်ဖွယ်သောအပြစ်ဒဏ်သည် ဧကန်မလွဲ ဆိုက်ရောက်ပေလိမ့်မည်။

لَيْسَ عَلَى الضُّعَفَآءِ وَلَا عَلَى الْمَرْضٰى وَلَا عَلَى الَّذِيْنَ لَا يَجِدُوْنَ مَا يُنْفِقُوْنَ حَرَجٌ اِذَا نَصَحُوْا لِلّٰهِ وَرَسُوْلِهٖ ۭ مَا عَلَى الْمُحْسِنِيْنَ مِنْ سَبِيْلٍ ۭ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿٩١﴾

၉၁။ အားအင်ချည့်နဲ့သူများ၊ ဝေဒနာရှင်များနှင့်(မိမိတို့တွင်) သုံးစွဲရန်တစ်စုံတစ်ရာမျှမရှိသော သူတို့သည်(နောက်ချန်နေခဲ့ခြင်းကြောင့်) အပြစ်မထိုက်ချေ။ ခြွင်းချက်မှာကား သူတို့သည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်အပေါ် ရိုးသားဖြူစင်သူများဖြစ်ကြရပေမည်။ ကောင်းမှုကျင့်ကြံပွားများသူတို့အား ပြစ်တင်အရေးယူရန် မည်သို့မျှ အခွင့်မရှိချေ။ စင်စစ် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَّلَا عَلَى الَّذِيْنَ اِذَا مَآ اَتَوْكَ لِتَحْمِلَهُمْ قُلْتَ لَآ اَجِدُ مَآ اَحْمِلُكُمْ عَلَيْهِ ۖ تَوَلَّوْا وَّاَعْيُنُهُمْ تَفِيْضُ مِنَ الدَّمْعِ حَزَنًا اَلَّا يَجِدُوْا مَا يُنْفِقُوْنَ ﴿٩٢﴾

၉၂။ အပြစ်တင်ရန် အကြောင်းကား အကြင်သူတို့အပေါ်၌ သာရှိ၏၊ ထိုသူတို့သည် ချမ်းသာကြွယ်ဝသူများဖြစ်ပါလျက် အသင့်ထံတွင် ခွင့်ပန်ကြ၏။ သူတို့သည် နောက်တွင်ထိုင်ကျန်ရစ်သည့်အမျိုးသမီးများနှင့်အတူ နေရစ်ခဲ့ကြရန် ကျေနပ်နှစ်သက်ခဲ့ကြ၏။ အမှန်ပင် အလ္လာဟ်သည် သူတို့၏စိတ်နှလုံးများအပေါ် တံဆိပ်ခတ်နှိပ်ထားတော်မူပေသည်။ သို့ဖြစ်ရာ သူတို့သည် မည်သည်ကိုမျှမသိကြချေ။

اِنَّمَا السَّبِيْلُ عَلَى الَّذِيْنَ يَسْتَاْذِنُوْنَكَ وَهُمْ اَغْنِيَآءُ ۚ رَضُوْا بِاَنْ يَّكُوْنُوْا مَعَ الْخَوَالِفِ ۙ وَطَبَعَ اللّٰهُ عَلٰى قُلُوْبِهِمْ فَهُمْ لَا يَعْلَمُوْنَ ﴿٩٣﴾

يَعْتَذِرُوْنَ اِلَيْكُمْ اِذَا رَجَعْتُمْ اِلَيْهِمْ ۭ قُلْ لَّا تَعْتَذِرُوْا لَنْ نُّؤْمِنَ لَكُمْ قَدْ نَبَّاَنَا اللّٰهُ مِنْ اَخْبَارِكُمْ ۭ وَسَيَرَى اللّٰهُ عَمَلَكُمْ وَرَسُوْلُهٗ ثُمَّ تُرَدُّوْنَ اِلٰى عٰلِمِ الْغَيْبِ وَالشَّهَادَةِ فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ﴿٩٤﴾

၉၃။ အသင်တို့သည် သူတို့ထံ ပြန်ရောက်လာသောအခါ သူတို့သည် အသင်တို့ထံတွင် အကြောင်းပြပြောဆိုခြင်းများ ပြုကြပေလိမ့်မည်။ အသင်ပြောကြားပါလေ၊ (အချင်းတို့) မည်သည့် အကြောင်းပြချက်ကိုမျှ မတင်ပြကြလင့်။ ကျွန်ုပ်တို့သည် အသင်တို့အပေါ် ယုံကြည်မှုအလျှင်းရှိလိမ့်မည်မဟုတ်။ အလ္လာဟ်သည် အသင်တို့၏အခြေအနေများကို ကျွန်ုပ်တို့အား သတင်းပေးတော်မူခဲ့ပြီးဖြစ်၏။ ဧကန်ပင် အလ္လာဟ်သည်လည်းကောင်း၊ ထို့အရှင်မြတ်၏ တမန်တော်သည်လည်းကောင်း အသင်တို့၏ပြုကျင့်မှုများကို ကြည့်မြင်လျက်ရှိနေတော်မူ၏။ ထို့နောက် တစ်ဖန် အသင်တို့သည် အကွယ်နှင့် မျက်မှောက်ရှိသည်တို့ကို သိရှိတော်မူသောအရှင်မြတ်ထံတော်သို့ ပြန်လှည့်ခြင်းခံကြရပေမည်။ သို့ဖြင့် ထိုအရှင်မြတ်သည် အသင်တို့ပြုလုပ်လေ့ရှိခဲ့သည်တို့ကို အသင်တို့အား အသိပေးတော်မူပေလိမ့်မည်။

سَيَحْلِفُوْنَ بِاللّٰهِ لَكُمْ اِذَا انْقَلَبْتُمْ اِلَيْهِمْ لِتُعْرِضُوْا عَنْهُمْ ۭ فَاَعْرِضُوْا عَنْهُمْ ۭ اِنَّهُمْ رِجْسٌ ۙ وَّمَاْوٰىهُمْ جَهَنَّمُ ۚ جَزَآءًۢ بِمَا كَانُوْا يَكْسِبُوْنَ ﴿٩٥﴾

၉၅။ အသင်တို့သည် သူတို့ထံ ပြန်ရောက်လာသောအခါ အသင်တို့က သူတို့အား (အရေးမယူ) ဥပေက္ခာပြုစေရန် အလို့ငှာ သူတို့သည် အမှန်ပင် အသင်တို့၏ရှေ့တွင် အလ္လာဟ်အားတိုင်တည်၍ ကျိန်ဆိုခြင်းပြုကြလိမ့်မည်။ သို့ဖြစ်ရာ (ဧကန်ပင်) သူတို့အား ဥပေက္ခာပြုပါလေ။ မည်သို့ဆိုစေထိုသူတို့သည် မသန့်ရှင်းသောသူများဖြစ်ကြ၏။ သူတို့ ရှာဖွေဆည်းပူးခဲ့ကြသည်တို့၏ အကျိုးဆက်အဖြစ် သူတို့၏နေရာဌာနမှာ 'ဂျဟန္နမ်'ငရဲဖြစ်၏။

يَحْلِفُوْنَ لَكُمْ لِتَرْضَوْا عَنْهُمْ ۚ فَاِنْ تَرْضَوْا عَنْهُمْ فَاِنَّ اللّٰهَ لَا يَرْضٰى عَنِ الْقَوْمِ الْفٰسِقِيْنَ ﴿٩٦﴾

၉၆။ ထိုသူတို့သည် အသင်တို့ ကျေနပ်နှစ်သက်ရန်အလို့ငှာ အသင်တို့၏ရှေ့တွင် ကျိန်ဆိုခြင်းများကို ပြုကြလိမ့်မည်။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် သူတို့အား ကျေနပ်နှစ်သက်ခဲ့ကြလျှင်လည်း အလ္လာဟ်သည် အကျင့်ဆိုးယုတ်သူများကို အလျှင်းကျေနပ်နှစ်သက်တော်မူမည် မဟုတ်ချေ။

اَلْاَعْرَابُ اَشَدُّ كُفْرًا وَّنِفَاقًا وَّاَجْدَرُ اَلَّا يَعْلَمُوْا حُدُوْدَ مَآ اَنْزَلَ اللّٰهُ عَلٰى رَسُوْلِهٖ ؕ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ﴿٩٧﴾

၉၇။ ကျေးတောသားတို့သည် မယုံကြည်ခြင်းပယ်မှုတွင်လည်းကောင်း၊ အယောင်ဆောင်မှုတွင်လည်းကောင်း အားလုံးထက် အပြင်းထန်ဆုံးဖြစ်ကြ၏။ ထို့ပြင် အလ္လာဟ်က မိမိတမန်တော်အား ပို့ချပေးတော်မူသည့် စည်းကမ်းပညတ်ချက်များကို မသိလို့မူ၌ ပိုမို၍အာရုံထားရှိကြ၏။ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ လွန်စွာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَمِنَ الْاَعْرَابِ مَنْ يَّتَّخِذُ مَا يُنْفِقُ مَغْرَمًا وَّيَتَرَبَّصُ بِكُمُ الدَّوَآئِرَ ؕ عَلَيْهِمْ دَآئِرَةُ السَّوْءِ ؕ وَاللّٰهُ سَمِيْعٌ عَلِيْمٌ ﴿٩٨﴾

၉၈။ ထို့ပြင် ကျေးတောသားများအနက် ဤသို့လည်းရှိကြ၏၊ (အလ္လာဟ်၏လမ်းတော်တွင်) မည်သည်ကိုမဆို သူတို့သုံးစွဲလျှင် ယင်းကို ဒဏ်ဆောင်ခြင်းဟုမှတ်ယူကြ၏။ ထို့ပြင် အသင်တို့အပေါ် ခေတ်ကာလ၏ဘေးဒုက္ခ(ကျရောက်မည်)ကို စောင့်မျှော်လျက်နေကြ၏။ ခေတ်ကာလ၏ ဘေးဒုက္ခသည်ကား သူတို့အပေါ်သို့သာ ကျရောက်မည်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

وَمِنَ الْاَعْرَابِ مَنْ يُّؤْمِنُ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَيَتَّخِذُ مَا يُنْفِقُ قُرُبٰتٍ عِنْدَ اللّٰهِ وَصَلَوٰتِ الرَّسُوْلِ ؕ اَلَآ اِنَّهَا قُرْبَةٌ لَّهُمْ ؕ سَيُدْخِلُهُمُ اللّٰهُ فِيْ رَحْمَتِهٖ ؕ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿٩٩﴾

၉၉။ ထို့ပြင် (ထို)ကျေးတောသားများအနက် ဤသို့လည်းရှိကြ၏၊ သူတို့သည် အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကြီးကို သက်ဝင်ယုံကြည်ကြ၏၊ ထို့ပြင် မည်သည်ကိုမဆို (အလ္လာဟ်၏လမ်းတော်တွင်)သုံးစွဲလျှင် ယင်းကို အလ္လာဟ်နှင့်နီးစပ်ရန်နည်းလမ်းအဖြစ်လည်းကောင်း၊ တမန်တော်၏'ဒိုအာ'ဆုတောင်းကိုရယူရန် အကြောင်းခံအဖြစ်လည်းကောင်း မှတ်ယူကြ၏။ ကြားနာကြကုန်၊ အမှန်ပင် ဤသည် သူတို့အဖို့ နီးစပ်မှုကိုရယူရန် နည်းလမ်းပင်ဖြစ်၏။ အလ္လာဟ်သည် သူတို့အား မလွဲမကင်း မိမိ၏ကရုဏာတော်အတွင်း ထည့်သွင်းတော်မူမည်။ မုချမကန် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရုကူ-၁၃

وَالسّٰبِقُوْنَ الْاَوَّلُوْنَ مِنَ الْمُهٰجِرِيْنَ وَالْاَنْصَارِ وَالَّذِيْنَ اتَّبَعُوْهُمْ بِاِحْسَانٍ ۙ

၁၀၀။ 'မူဟာဂျိရင်န်'နှင့် 'အန်ဆာရ်'များအနက် သာလွန်မှုရရှိသွားကြသော ရှေးဦးပထမ(သက်ဝင်ယုံကြည်ခဲ့ကြ)သူများနှင့် ကောင်းမြတ်သောအကျင့်သိလတို့ဖြင့် သူတို့အား နောက်လိုက်ကျင့်ကြံကြသူများ၊ အလ္လာဟ်သည် သူတို့အား ကျေနပ်

رَّضِيَ اللّٰهُ عَنْهُمْ وَرَضُوْا عَنْهُ وَاَعَدَّ لَهُمْ جَنّٰتٍ تَجْرِيْ تَحْتَهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ اَبَدًا ؕ ذٰلِكَ الْفَوْزُ الْعَظِيْمُ ﴿۱۰۰﴾

နှစ်သက်တော်မူခဲ့ပေပြီ။ သူတို့သည်လည်း ထိုအရှင်မြတ်အား ကျေနပ်နှစ်သက်ခဲ့ကြလေပြီ။ အရှင်မြတ်သည် ထိုသူတို့အတွက် အခြေတွင် စမ်းချောင်းများစီးဆင်းလျက်ရှိသော 'ဂျန္နတ်' ဥယျာဉ်တော်များကို အသင့်စီမံထားရှိတော်မူ၏။ သူတို့သည် ယင်း၌ အစဉ်ထာဝရနေရမည့် သူများဖြစ်ကြ၏။ ဤသည် အလွန်ကြီးကျယ်လှသော အောင်မြင်မှုပင်တည်း။

وَمِمَّنْ حَوْلَكُمْ مِّنَ الْاَعْرَابِ مُنٰفِقُوْنَ ۛؕ وَمِنْ اَهْلِ الْمَدِيْنَةِ ۛؔ مَرَدُوْا عَلَى النِّفَاقِ ۟ لَا تَعْلَمُهُمْ ؕ نَحْنُ نَعْلَمُهُمْ ؕ سَنُعَذِّبُهُمْ مَّرَّتَيْنِ ثُمَّ يُرَدُّوْنَ اِلٰى عَذَابٍ عَظِيْمٍ ﴿۱۰۱﴾

၁၀၁။ အသင်တို့၏အနီးဝန်းကျင်ရှိ ကျေးတောသားများတွင်လည်းကောင်း၊ ထို့အတူ မဒီနာတွင် နေထိုင်ကြသူများတွင်လည်းကောင်း 'မိုနာဖစ်' ယုံကြည်ဟန်ဆောင်သူများရှိကြ၏။ သူတို့သည် အယောင်ဆောင်မှု၌ စွဲမြဲလျက်ရှိကြ၏။ အသင်သည် သူတို့အားမသိရှိချေ။ (သို့သော်) ငါတို့သည် သူတို့အားသိတော်မူ၏။ ငါတို့သည် သူတို့အား နှစ်ကြိမ်နှစ်ခါ ပြစ်ဒဏ်ပေးတော်မူမည်။ ထိုမှတစ်ဖန် သူတို့သည် ကြီးမားသော ပြစ်ဒဏ်ဘက်သို့ ပြန်လှည့်ခြင်းကိုခံကြရပေမည်။

وَاٰخَرُوْنَ اعْتَرَفُوْا بِذُنُوْبِهِمْ خَلَطُوْا عَمَلًا صَالِحًا وَّاٰخَرَ سَيِّئًا ؕ عَسَى اللّٰهُ اَنْ يَّتُوْبَ عَلَيْهِمْ ؕ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿۱۰۲﴾

၁၀၂။ ထို့ပြင် မိမိတို့၏အပြစ်များကို ဝန်ခံခဲ့ကြသော အခြားသူများလည်းရှိကြ၏၊ ထိုသူတို့သည် ကောင်းမြတ်သော ကျင့်ကြံမှုများကို အခြားမကောင်းသောအကျင့်အကြံများနှင့် ရောနှောခဲ့ကြ၏။ အလ္လာဟ်သည် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူလျက် ထိုသူတို့အပေါ် ယိမ်းညွတ်တော်မူရန်မဝေးတော့ပြီ။ ဧကန်စင်စစ် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

خُذْ مِنْ اَمْوَالِهِمْ صَدَقَةً تُطَهِّرُهُمْ وَتُزَكِّيْهِمْ بِهَا وَصَلِّ عَلَيْهِمْ ؕ اِنَّ صَلٰوتَكَ سَكَنٌ لَّهُمْ ؕ وَاللّٰهُ سَمِيْعٌ عَلِيْمٌ ﴿۱۰۳﴾

၁၀၃။ အသင်သည် သူတို့၏ပစ္စည်းဥစ္စာများမှ 'ဆဒကာ' အလှူကို ရယူလက်ခံပါလေ။ ယင်းကိုအကြောင်းပြုလျက် အသင်သည် သူတို့အား သန့်ရှင်းစေပေမည်၊ ဤတွင်မက သူတို့ကို စင်ကြယ်ကောင်းမြတ်စေပေလိမ့်မည်။ ထို့ပြင် သူတို့အတွက် 'ဒိုအာ'တောင်းဆုပြုပါလေ။ ဧကန်မုချ အသင်၏ဆုတောင်းမှုသည် သူတို့အဖို့ ငြိမ်းအေးခြင်း၏အကြောင်းခံဖြစ်ပေလိမ့်မည်။ စင်စစ် အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

اَلَمْ يَعْلَمُوْٓا اَنَّ اللّٰهَ هُوَ يَقْبَلُ التَّوْبَةَ عَنْ عِبَادِهٖ وَيَاْخُذُ الصَّدَقٰتِ وَاَنَّ اللّٰهَ هُوَ التَّوَّابُ الرَّحِيْمُ ﴿۱۰۴﴾

၁၀၄။ အသို့နည်း၊ အလ္လာဟ်သည်ပင်လျှင် မိမိအစေတော်များ၏ 'တောင်ဘာ'ဝန်ချတောင်းပန်ခြင်းကို သဘောတူလက်ခံတော်မူ၍ 'ဆဒကာ'အလှူဒါနများကို အသိအမှတ်ပြု လက်ခံတော်မူသည်ကိုလည်းကောင်း၊ အလ္လာဟ်သည်ပင် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို လွန်စွာလက်ခံတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်ကိုလည်းကောင်း ထိုသူတို့ မသိရှိကြပေသလော။

وَقُلِ اعْمَلُوْا فَسَيَرَى اللّٰهُ عَمَلَكُمْ وَرَسُوْلُهٗ وَالْمُؤْمِنُوْنَ ؕ وَسَتُرَدُّوْنَ اِلٰى عٰلِمِ الْغَيْبِ وَالشَّهَادَةِ فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ﴿۱۰۵﴾

၁၀၅။ အသင်ပြောကြားပါလေ၊ အသင်တို့ ပြုမူကျင့်ကြံလျက်နေကြကုန်။ အလ္လာဟ်သည် အသင်တို့၏ ကျင့်ကြံမှုကို စောင့်ကြည့်လျက်ရှိတော်မူမည်၊ ထို့အတူ တမန်တော်နှင့် သက်ဝင်ယုံကြည်သူအားလုံးတို့သည်လည်း (စောင့်ကြည့်လျက်ရှိကြပေမည်)။ ထို့နောက် အသင်တို့သည် (နောက်ဆုံးတွင်) အကွယ်နှင့်မျက်မှောက်ရှိသည်တို့ကို သိရှိတော်မူသော အရှင်မြတ်ထံတော်သို့ ပြန်လှည့်ခြင်းခံကြရပေမည်။ တစ်ဖန် ထိုအရှင်မြတ်သည် အသင်တို့ ပြုလုပ်လေ့ရှိခဲ့သည်များကို အသင်တို့အား အသိပေးတော်မူပေအံ့။

وَاٰخَرُوْنَ مُرْجَوْنَ لِاَمْرِ اللّٰهِ اِمَّا يُعَذِّبُهُمْ وَاِمَّا يَتُوْبُ عَلَيْهِمْ ؕ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ﴿۱۰۶﴾

၁၀၆။ ထို့ပြင် အခြားသောသူများလည်းရှိကြ၏။ အရှင်မြတ်က သူတို့အား ပြစ်ဒဏ်ပေးရန် ဆုံးဖြတ်တော်မူသည်ဖြစ်စေ၊ သူတို့၏ 'တောင်ဘာ'ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူကာ ယိမ်းညွတ်တော်မူသည်ဖြစ်စေ သူတို့သည် အလ္လာဟ်၏ စီရင်ဆုံးဖြတ်မှုကို စောင့်ဆိုင်းထားခြင်းခံကြရ၏။ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ လွန်စွာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَالَّذِيْنَ اتَّخَذُوْا مَسْجِدًا ضِرَارًا وَّكُفْرًا وَّتَفْرِيْقًا بَيْنَ الْمُؤْمِنِيْنَ وَاِرْصَادًا لِّمَنْ حَارَبَ اللّٰهَ وَرَسُوْلَهٗ مِنْ قَبْلُ ؕ وَلَيَحْلِفُنَّ اِنْ اَرَدْنَاۤ اِلَّا الْحُسْنٰى ؕ وَاللّٰهُ يَشْهَدُ اِنَّهُمْ لَكٰذِبُوْنَ ﴿۱۰۷﴾

၁၀၇။ ထို့ပြင် အကြင်သူတို့သည် ဒုက္ခပေးရန်လည်းကောင်း၊ မယုံကြည်ခြင်းပယ်မှုကို ဖြန့်ချိရန်လည်းကောင်း၊ သက်ဝင်ယုံကြည်သူတို့အကြား ကွဲပြားမှုကိုထည့်သွင်းရန်လည်းကောင်း၊ ယခင်ကတည်းကပင် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်တို့ကို တိုက်ခိုက်လျက်ရှိနေသူကို တပ်ပုန်းချရန်အတွက် စီစဉ်ပေးရန်လည်းကောင်း မတ်စ်ဂျိဒ်ဝတ်ကျောင်းတစ်ဆောင်ကို ပြုလုပ်ခဲ့ကြ၏။ ယင်းတို့က ကျွန်ုပ်တို့မှာ ကောင်းမြတ်ခြင်းမှလွဲ၍ အခြားမည်သည်ကိုမျှ မလိုလားခဲ့ကြပါဟု အမှန်ပင် ကျိန်ဆိုခြင်းများ ပြုကြပေလိမ့်မည်။ စင်စစ် ယင်းတို့သည် အမှန်ပင် လိမ်လည်သူများဖြစ်ကြောင်းကို အလ္လာဟ်သက်သေခံတော်မူ၏။ ۞

لَا تَقُمْ فِيْهِ اَبَدًا ؕ لَمَسْجِدٌ اُسِّسَ عَلَى التَّقْوٰى مِنْ اَوَّلِ يَوْمٍ اَحَقُّ اَنْ تَقُوْمَ فِيْهِ ؕ فِيْهِ رِجَالٌ يُّحِبُّوْنَ اَنْ يَّتَطَهَّرُوْا ؕ وَاللّٰهُ يُحِبُّ الْمُطَّهِّرِيْنَ ﴿۱۰۸﴾

၁၀၈။ အသင်သည် ယင်း၌ မည်သည့်အခါမျှ မရပ်လင့်။ မူလပထမနေ့ကတည်းက အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားပေါ်တွင် အခြေခံသော 'မတ်စ်ဂျိဒ်'ဝတ်ကျောင်း၌သာလျှင် ဧကန်အမှန် အသင်သည် (ဆွလာတ်အတွက်) ရပ်ရန် ပိုမို၍ထိုက်ပေ၏။ ယင်း(ဝတ်ကျောင်းတော်)တွင် သန့်ရှင်းစင်ကြယ်ရန် လိုလားနှစ်သက်ကြသော အမျိုးသားများရှိကြ၏။ စင်စစ် အလ္လာဟ်သည် သန့်ရှင်းစင်ကြယ်အောင်

۞ *'မတ်စ်ဂျိဒ်ဒွေရာ'* ကိုဖြိုဖျက်ရန် ပြတ်သားစွာအမိန့်ပေးတော်မူရခြင်း၏အခြေခံအကြောင်းမှာ ၎င်းတို့သည် ယင်းကို အစွဲလာမ်ဆန့်ကျင်ရေးအတွက် 'မူရ္ဓရီက်'များလျှို့ဝှက်ကြံစည်လုပ်ဆောင်နိုင်စေရန် စခန်းတစ်ခုအဖြစ် ပြုလုပ်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။ ထိုသို့မဟုတ်မူကား 'မတ်စ်ဂျိဒ်'ဝတ်ကျောင်းတော်များကို မလွဲမသွေ အလေးအမြတ်ထားကြရမည်သာဖြစ်၏။

ပြုသူတို့ကို ချစ်မြတ်နိုးတော်မူ၏။

أَفَمَنْ أَسَّسَ بُنْيَانَهُ عَلَىٰ تَقْوَىٰ مِنَ اللَّهِ وَرِضْوَانٍ خَيْرٌ أَمْ مَّنْ أَسَّسَ بُنْيَانَهُ عَلَىٰ شَفَا جُرُفٍ هَارٍ فَانْهَارَ بِهِ فِي نَارِ جَهَنَّمَ ۗ وَاللَّهُ لَا يَهْدِي الْقَوْمَ الظَّالِمِينَ ﴿١٠٩﴾

၁၀၉။ သို့ဖြစ်ရာ အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်းနှင့် ထို အရှင်မြတ်၏ နှစ်သက်ကျေနပ်မှုအပေါ် မိမိ၏အဆောက်အ အုံကို အုတ်မြစ်ချသောသူက ပို၍ကောင်းသလော၊ သို့တည်း မဟုတ် ရေတိုက်စား၍ ပြိုကျလုဆဲကမ်းပါးပေါ်တွင် မိမိအ ဆောက်အအုံ၏ အုတ်မြစ်ကိုချ၍ ယင်းသည် သူနှင့်အတူ ပြိုကျကာ 'ဂျဟန္နမ်'ငရဲ၏မီးသို့ ဆွဲချသွားခြင်းခံရသောသူက ပို၍ကောင်းသလော။ စင်စစ် အလ္လာဟ်သည် အပြစ်ကျူးလွန် သူတို့ကို လမ်းညွှန်တော်မမူပေ။

لَا يَزَالُ بُنْيَانُهُمُ الَّذِي بَنَوْا رِيبَةً فِي قُلُوبِهِمْ إِلَّا أَنْ تَقَطَّعَ قُلُوبُهُمْ ۗ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿١١٠﴾

၁၁၀။ ၎င်းတို့၏စိတ်နှလုံးသည် (အလ္လာဟ်အား ကြောက်ရွံ့ ခြင်းဖြင့်) အစိတ်စိတ်အပိုင်းပိုင်း ဖြစ်မသွားသရွေ့ကာလ ပတ်လုံး သူတို့ပြုလုပ်ထားသော အဆောက်အအုံသည် ၎င်းတို့ ၏စိတ်နှလုံးများတွင် အစဉ်သဖြင့် သံသယကိုပေါက်ဖွားလျက် ရှိနေစေလိမ့်မည်။ အလ္လာဟ်သည် ထာဝရသိရှိတော်မူသော အရှင်၊ လွန်စွာ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူသတည်း။

ရုကူ-၁၄

إِنَّ اللَّهَ اشْتَرَىٰ مِنَ الْمُؤْمِنِينَ أَنْفُسَهُمْ وَأَمْوَالَهُمْ بِأَنَّ لَهُمُ الْجَنَّةَ ۚ يُقَاتِلُونَ فِي سَبِيلِ اللَّهِ فَيَقْتُلُونَ وَيُقْتَلُونَ ۖ وَعْدًا عَلَيْهِ حَقًّا فِي التَّوْرَاةِ وَالْإِنْجِيلِ وَالْقُرْآنِ ۚ وَمَنْ أَوْفَىٰ بِعَهْدِهِ مِنَ اللَّهِ فَاسْتَبْشِرُوا بِبَيْعِكُمُ الَّذِي بَايَعْتُمْ بِهِ ۚ وَذَٰلِكَ هُوَ الْفَوْزُ الْعَظِيمُ ﴿١١١﴾

၁၁၁။ အမှန်ပင် အလ္လာဟ်သည် သက်ဝင်ယုံကြည်သူတို့ထံမှ သူတို့၏အသက်များနှင့် သူတို့၏ပစ္စည်းဥစ္စာများကို ဝယ်ယူ တော်မူခဲ့ပေပြီ။ သို့ဖြင့် ယင်း၏အလဲအလှယ်အဖြစ် 'ဂျန္နတ်' ကို သူတို့ရရှိစေရန်ဖြစ်၏။ သူတို့သည် အလ္လာဟ်၏လမ်း တော်တွင် တိုက်ခိုက်ကြ၏။ သို့ဖြင့် သူတို့သည် သတ်ဖြတ်ချေ မှုန်းကြရ၏၊ သတ်ဖြတ်ခြင်းကိုခံကြရ၏။ အရှင်မြတ်၏တာ ဝန်မှာ ခိုင်မာသောကတိတော်ပင်ဖြစ်၏။ယင်းကို 'တောင်ရတ်'၊ 'အင်ဂျီလ်'နှင့် 'ကုရ်အာန်'ကျမ်းတို့တွင် (ဖော်ပြထား)ရှိ၏။ အလ္လာဟ်ထက်သာလွန်၍ မည်သူသည် မိမိ၏ကတိကို ဖြည့် ဆည်းသူဖြစ်နိုင်ပါအံ့နည်း။ သို့ဖြစ်၍ အသင်တို့သည် ထိုအ ရှင်မြတ်နှင့်ပြုကြသော မိမိတို့၏ ဤရောင်းဝယ်မှုအပေါ် ဝမ်း မြောက်ဝမ်းသာဖြစ်ကြကုန်။ စင်စစ် ဤသည်ပင် လွန်စွာ ကြီး ကျယ်သောအောင်မြင်မှုဖြစ်၏။

التَّائِبُونَ الْعَابِدُونَ الْحَامِدُونَ السَّائِحُونَ الرَّاكِعُونَ السَّاجِدُونَ الْآمِرُونَ بِالْمَعْرُوفِ وَالنَّاهُونَ عَنِ الْمُنْكَرِ وَالْحَافِظُونَ لِحُدُودِ اللَّهِ ۗ وَبَشِّرِ

၁၁၂။ 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းပြုကြသူများ၊ 'အေ ဘာဒတ်' ဝတ်ပြုကိုးကွယ်မှုပြုကြသူများ၊ အရှင်မြတ်အား ချီးမွမ်းထောမနာပြုသူများ၊ (အလ္လာဟ်၏လမ်းတော်တွင်) ခရီး ထွက်ကြသူများ၊ (အလ္လာဟ်အတွက်) 'ရုကူ'ဦးညွတ်ကြသူများ၊ 'စဂ်ဒါဟ်'ဦးချသူများ၊ ကောင်းမှုများကို တိုက်တွန်းဆင့်ဆိုသူ များ၊ မကောင်းမှုများမှတားမြစ်သူများ၊ ထို့ပြင် အလ္လာဟ်၏ စည်းကမ်းဘောင်များကို စောင့်စည်းသူများ (အားလုံးတို့သည်

الْمُؤْمِنِيْنَ ﴿١١٣﴾

စစ်မှန်သော 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူများဖြစ်ကြ၏)။ အသင်သည် 'မို့အ်မင်န်'တို့အား ဝမ်းမြောက်ဖွယ် သတင်းကောင်းကိုပေးပါလေ။

مَا كَانَ لِلنَّبِيِّ وَالَّذِيْنَ اٰمَنُوْٓا اَنْ يَّسْتَغْفِرُوْا لِلْمُشْرِكِيْنَ وَلَوْ كَانُوْٓا اُولِيْ قُرْبٰى مِنْۢ بَعْدِ مَا تَبَيَّنَ لَهُمْ اَنَّهُمْ اَصْحٰبُ الْجَحِيْمِ ﴿١١٣﴾

၁၁၃။ တမန်တော်သည်လည်းကောင်း၊ သက်ဝင်ယုံကြည်သူတို့သည်လည်းကောင်း 'မူရှရိက်'များနှင့်စပ်လျဉ်း၍ ၎င်းတို့သည် ငရဲသားများဖြစ်ကြောင်း မိမိတို့အဖို့ ပွင့်လင်းထင်ရှားပြီးသည့်နောက်တွင် သူတို့သည် မိမိတို့၏ဆွေမျိုးရင်းချာပင်ဖြစ်ပါစေ သူတို့အတွက် ခွင့်လွှတ်ခြင်းကို တောင်းခံရန်မဖြစ်နိုင်ချေ။

وَمَا كَانَ اسْتِغْفَارُ اِبْرٰهِيْمَ لِاَبِيْهِ اِلَّا عَنْ مَّوْعِدَةٍ وَّعَدَهَآ اِيَّاهُ ۚ فَلَمَّا تَبَيَّنَ لَهٗٓ اَنَّهٗ عَدُوٌّ لِّلّٰهِ تَبَرَّاَ مِنْهُ ۭ اِنَّ اِبْرٰهِيْمَ لَاَوَّاهٌ حَلِيْمٌ ﴿١١٤﴾

၁၁၄။ 'အစ်ဗရာဟင်မ်'သည် မိမိ၏ဖခင်အတွက် ခွင့်လွှတ်မှုကိုတောင်းခံရခြင်းမှာ သူ(ဖခင်)အား သူပေးခဲ့သော ကတိကြောင့်သာလျှင်ဖြစ်၏။ သို့သော် သူ(၏ဖခင်)သည် အလ္လာဟ်၏ရန်သူဖြစ်ကြောင်းကို ကောင်းစွာသိရှိ ရှင်းလင်းသွားသောအခါ သူအား မနှစ်မြို့ဖြစ်သွားလေ၏။ စင်စစ် 'အစ်ဗရာဟင်မ်'သည် စိတ်နှလုံးအလွန်နူးညံ့သူ၊ သည်းခံသူဖြစ်၏။ ①

وَمَا كَانَ اللّٰهُ لِيُضِلَّ قَوْمًۢا بَعْدَ اِذْ هَدٰىهُمْ حَتّٰى يُبَيِّنَ لَهُمْ مَّا يَتَّقُوْنَ ۭ اِنَّ اللّٰهَ بِكُلِّ شَيْءٍ عَلِيْمٌ ﴿١١٥﴾

၁၁၅။ အလ္လာဟ်သည်လူမျိုးနွယ်တစ်စုကို ၎င်းတို့အား တရားလမ်းမှန်ကိုပေးတော်မူပြီးနောက် သူတို့သည် မည်သည့်အရာမျှမှ အပြည့်အဝရှောင်ကြဉ်ရမည်ဖြစ်ကြောင်း သူတို့အား ပွင့်လင်းထင်ရှားစွာ ဖော်ပြတော်မူခြင်းမပြုသမျှကာလပတ်လုံး သူတို့အား လမ်းလွဲစေတော်မူသည် မဟုတ်ချေ။ ဧကန်မုချ အလ္လာဟ်သည် အရာခပ်သိမ်းကုန်တို့ကို ကောင်းစွာသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّ اللّٰهَ لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ۭ يُحْيٖ وَيُمِيْتُ ۭ وَمَا لَكُمْ مِّنْ دُوْنِ اللّٰهِ مِنْ وَّلِيٍّ وَّلَا نَصِيْرٍ ﴿١١٦﴾

၁၁၆။ ဧကန်စင်စစ် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့အား စိုးမိုးအုပ်ချုပ်မှုအာဏာသည် အလ္လာဟ်၏အဖို့သာဖြစ်၏။ ထို့အရှင်မြတ်သည် ရှင်စေတော်မူ၏၊ ထို့ပြင် သေစေတော်မူ၏။ အမှန်ပင် အသင်တို့အဖို့ အလ္လာဟ်မှတစ်ပါး အဆွေခင်ပွန်းသော်လည်းကောင်း၊ ကူညီစောင်မသူသော်လည်းကောင်း မည်သူမျှမရှိချေ။

لَقَدْ تَّابَ اللّٰهُ عَلَي النَّبِيِّ وَالْمُهٰجِرِيْنَ وَالْاَنْصَارِ الَّذِيْنَ اتَّبَعُوْهُ فِيْ سَاعَةِ الْعُسْرَةِ

၁၁၇။ ဧကန်မုချ အလ္လာဟ်သည် တမန်တော်အားလည်းကောင်း၊ ကျပ်တည်းခက်ခဲသောအခါ၌ သူအားနာခံလိုက်နာခဲ့ကြသော 'မူဟာဂျိရင်န်'နှင့် 'အန်ဆာရ်'တို့အားလည်းကောင်း

① အာယတ်တော်(၁၁၃၊ ၁၁၄)အရ မည်သည့်'နဗီ'တမန်တော်ဖြစ်စေ သို့မဟုတ် 'မို့အ်မင်န်'ယုံကြည်သူပင်ဖြစ်စေ 'ရှရိုက်'(တစ်စုံတစ်ရာကို အလ္လာဟ်နှင့်တွဲဖက်ကိုးကွယ်သော)အခြေအနေဖြင့်ကွယ်လွန်ခဲ့သူအတွက် အပြစ်ပြေရန် ဆုတောင်းခြင်းကိုမပြုပိုင်ချေ။ တမန်တော်အစ်ဗရာဟင်မ်ﷺသည် မိမိဖခင်အတွက် အပြစ်ပြေရန်ဆုတောင်းပေးခဲ့ခြင်းမှာ သူက မိမိဖခင်အား ကျွန်ုပ်သည် ဖခင်အတွက် အပြစ်မှခွင့်လွှတ်ခြင်းရရန် ဆုတောင်းပေးပါမည်ဟု ကတိရှိခဲ့သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကာလအတန်ကြာသည်အထိ အလ္လာဟ်အရှင်မြတ်က သူအား သူ၏ကတိကိုဖြည့်ရန်ခွင့်ပေးတော်မူခဲ့ပေသည်။ သို့ရာတွင် သူ၏ဖခင်သည် အလ္လာဟ်၏ရန်သူဖြစ်ကြောင်း တမန်တော်အစ်ဗရာဟင်မ်ﷺအား ထင်ရှားသိရှိစေတော်မူလိုက်သောအခါ တမန်တော် အစ်ဗရာဟင်မ်ﷺသည် မိမိဖခင်အတွက် ခွင့်လွှတ်မှုရရန် ဆုတောင်းပေးခြင်းမှ 'တောင်ဘာ'ပြုခဲ့လေသည်။

مِنْۢ بَعْدِ مَا كَادَ يَزِيْغُ قُلُوْبُ فَرِيْقٍ مِّنْهُمْ ثُمَّ تَابَ عَلَيْهِمْ ؕ اِنَّهٗ بِهِمْ رَءُوْفٌ رَّحِيْمٌ ﴿۱۱۷﴾

(သူတို့၏) 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူလျက် သူတို့အပေါ် ယိမ်းညွတ်တော်မူ၏။ သူတို့အနက်မှ လူတစ်စု၏စိတ်နှလုံးသည် တိမ်းစောင်းလုနီးပါးဖြစ်သွားခဲ့ပြီးသည့်နောက်သော်မှ အရှင်မြတ်သည် သူတို့၏ 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူခဲ့ပေသည်။ စင်စစ်ထိုအရှင်မြတ်သည် သူတို့အဖို့ လွန်စွာ ထောက်ထားညှာတာတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَّعَلَى الثَّلٰثَةِ الَّذِيْنَ خُلِّفُوْا ؕ حَتّٰۤى اِذَا ضَاقَتْ عَلَيْهِمُ الْاَرْضُ بِمَا رَحُبَتْ وَضَاقَتْ عَلَيْهِمْ اَنْفُسُهُمْ وَظَنُّوْۤا اَنْ لَّا مَلْجَاَ مِنَ اللّٰهِ اِلَّاۤ اِلَيْهِ ؕ ثُمَّ تَابَ عَلَيْهِمْ لِيَتُوْبُوْا ؕ اِنَّ اللّٰهَ هُوَ التَّوَّابُ الرَّحِيْمُ ﴿۱۱۸﴾

၁၁၈။ ထို့ပြင် နောက်ချန်နေခဲ့ကြသော ထိုသုံးဦးကိုလည်း (အလ္လာဟ်သည် 'တောင်ဘာ'ကို လက်ခံတော်မူလျက် ယိမ်းညွတ်တော်မူ၏)၊ နောက်ဆုံးတွင် ကမ္ဘာမြေသည် ကျယ်ပြောပါလျက်နှင့် သူတို့အတွက် ကျဉ်းမြောင်းသွားခဲ့ပေသည်။ သူတို့၏အသက်ဝိညာဉ်များသည် ကျဉ်းကျပ်မှုကိုခံစားလာရသည်အထိဖြစ်ခဲ့လေသည်။ သူတို့သည် အလ္လာဟ်၏ထံတော်မှ (လွတ်မြောက်ရန်) မည်သည့်ခိုလှုံရာနေရာမျှမရှိ။ ထိုအရှင်မြတ်ထံတော်၌သာ (ခိုလှုံရာရှိပေသည်)ဟု နားလည်ခဲ့ကြ၏။ တစ်ဖန် အရှင်မြတ်သည် သူတို့အပေါ် လက်ခံခြင်းဘက်သို့ ဦးတည်လျက် ယိမ်းညွတ်တော်မူခဲ့၏။ သို့ဖြင့် သူတို့ 'တောင်ဘာ'ပြုလုပ်နိုင်ကြရန်ဖြစ်၏။ အမှန်ပင် အလ္လာဟ်သည် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို အဖန်တလဲလဲ လက်ခံတော်မူသောအရှင်(နှင့်) အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသတည်း။ ②

ရုကူး-၁၅

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ وَكُوْنُوْا مَعَ الصّٰدِقِيْنَ ﴿۱۱۹﴾

၁၁၉။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်တည်ကြကုန်။ ထို့ပြင် မှန်ကန်ဖြောင့်မတ်သူတို့နှင့်အတူ ရှိကြကုန်။

مَا كَانَ لِاَهْلِ الْمَدِيْنَةِ وَمَنْ حَوْلَهُمْ مِّنَ

၁၂၀။ မဒီနာမြို့သားတို့အဖို့လည်းကောင်း၊ ယင်း၏ အနီးဝန်း

② ဤနေရာ၌ *'တဘူးက်'* စစ်ပွဲတွင်မပါဝင်ဘဲ နောက်ကျန်ရစ်ခဲ့သူသာဝကကြီးသုံးပါးအကြောင်းကိုဖော်ပြခြင်းဖြစ်သည်။ ၎င်းတို့ထံမှ ဤသို့ဖြစ်ရသည့်အကြောင်းရင်းကိုမေးမြန်းသည့်အခါ ၎င်းတို့ကလိမ်ညာအကြောင်းပြပြောဆိုခြင်းမပြုခဲ့ကြချေ။ ထိုစဉ်က လိမ်ညာအကြောင်းပြခဲ့ကြသော 'မိုနာဖစ်'ယုံကြည်ဟန်ဆောင်သူအများအပြားရှိခဲ့ပြီး ယင်းတို့အတွက် မည်သို့သောအပြစ်ဒဏ်ကိုမျှမပေးခဲ့ချေ။ သာဝကကြီးသုံးပါးကိုသာလျှင် အဆက်ဖြတ်ခြင်းပြစ်ဒဏ်ကိုခံယူစေခဲ့ပြီး တစ်ဖန် အလ္လာဟ်၏အမိန့်တော်ဖြင့် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးခဲ့ပေသည်။

ဤအာယတ်တော်အားဖြင့် တမန်တော်မြတ် ﷺ သည် အလ္လာဟ်အရှင်မြတ်တည်ရှိတော်မူခြင်းနှင့် 'ကေယာမတ်'နေ့တော်ကြီးအပေါ် ခိုင်မာစွဲမြဲသည့်ယုံကြည်ချက်ရှိခဲ့ကြောင်း သို့မဟုတ်ပါက လိမ်ညာ၍အကြောင်းပြကြသော 'မိုနာဖစ်'ယုံကြည်ဟန်ဆောင်သူတို့သည် ထိုသာဝကများထက်ပင်သာလွန်၍ အပြစ်ဒဏ်ကိုခံထိုက်ကြပါလျက် တမန်တော်မြတ် ﷺ သည် ၎င်းတို့အား အပြစ်ဒဏ်တစ်စုံတစ်ရာကိုမျှမခချမှတ်ဘဲ ၎င်းတို့အားစီရင်အပြစ်ပေးခြင်းကိစ္စကို နောက်ဆုံးနေ့တော်ကြီးသို့ လွှဲထားလိုက်ကြောင်းတို့ကို တစ်ဆက်တည်းသိကြရပေသည်။

الْاَعْرَابِ اَنْ يَّتَخَلَّفُوْا عَنْ رَّسُوْلِ اللّٰهِ وَلَا يَرْغَبُوْا بِاَنْفُسِهِمْ عَنْ نَّفْسِهٖ ؕ ذٰلِكَ بِاَنَّهُمْ لَا يُصِيْبُهُمْ ظَمَاٌ وَّلَا نَصَبٌ وَّلَا مَخْمَصَةٌ فِيْ سَبِيْلِ اللّٰهِ وَلَا يَطَـُٔوْنَ مَوْطِئًا يَّغِيْظُ الْكُفَّارَ وَلَا يَنَالُوْنَ مِنْ عَدُوٍّ نَّيْلًا اِلَّا كُتِبَ لَهُمْ بِهٖ عَمَلٌ صَالِحٌ ؕ اِنَّ اللّٰهَ لَا يُضِيْعُ اَجْرَ الْمُحْسِنِيْنَ ۙ﴿۱۲۰﴾

ကျင်တွင်နေထိုင်ကြသော ကျေးတောသားတို့အဖို့လည်းကောင်း အလ္လာဟ်၏တမန်တော်ကိုစွန့်၍ နောက်တွင်နေရစ်ရန် အခွင့်မရှိပေ။ ထို့ပြင် မိမိတို့၏အသက်ကို တမန်တော်၏အသက်ထက် ပိုမို၍မမြတ်နိုးအပ်ပေ။ (အသက်ဝိညာဉ်များကိုစွန့်လွှတ်ပေးဆပ်ခြင်းသည်မဖြစ်မနေလိုအပ်၏။) အကြောင်းမှာကား စင်စစ် သူတို့သည် အလ္လာဟ်၏လမ်းတော်တွင် ရေငတ်ခံရခြင်း၊ ခက်ခဲပင်ပန်းခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း ဒုက္ခတို့ကို မခံခဲ့ရသေးချေ။ မယုံကြည်ခြင်းပယ်သူတို့ကို ဒေါသထွက်စေသည့်လမ်းများပေါ်တွင်လည်း မလျှောက်လှမ်းကြသေးချေ။ ထို့ပြင် သူတို့သည် ရန်သူများနှင့်(တိုက်ခိုက်၍)လည်း တစ်စုံတစ်ရာ ရယူခြင်းမရှိခဲ့ချေ။ သို့သော် အမှန်ပင် ယင်း၏အတုံ့အပြန်အဖြစ် သူတို့၏ရပိုင်ခွင့်တွင် ကောင်းမြတ်သော ပြုကျင့်မှုတစ်ခုကို ရေးမှတ်ခြင်းခံရပေသည်။ အလ္လာဟ်သည် ကောင်းမှုပြုသူတို့၏ အကျိုးဆုလာဘ်ကို အလျှင်းဆုံးရှုံးစေတော်မူသည်မဟုတ်ချေ။

وَلَا يُنْفِقُوْنَ نَفَقَةً صَغِيْرَةً وَّلَا كَبِيْرَةً وَّلَا يَقْطَعُوْنَ وَادِيًا اِلَّا كُتِبَ لَهُمْ لِيَجْزِيَهُمُ اللّٰهُ اَحْسَنَ مَا كَانُوْا يَعْمَلُوْنَ﴿۱۲۱﴾

၁၂၁။ ထိုနည်းတူစွာ သူတို့သည် တစ်စုံတစ်ရာ သေးငယ်သော လှူဒါန်းသုံးစွဲမှုကိုပြုသည်ဖြစ်စေ၊ ကြီးမားသော(သုံးစွဲမှုကိုပြုသည်ဖြစ်စေ)၊ ထို့ပြင် တောင်ကြားအရပ်တစ်ခုခုကို ဖြတ်သန်းသွားသည်ဖြစ်စေ (ဤလုပ်ရပ်သည်) သူတို့၏ရပိုင်ခွင့်တွင် ရေးမှတ်ခြင်းခံရ၏။ သို့ဖြင့် အလ္လာဟ်သည် သူတို့ပြုလုပ်ခဲ့သည့် အကောင်းဆုံးသောပြုမူကျင့်ကြံမှုများနှင့် လျော်ညီစွာ သူတို့အား ဆုလာဘ်ပေးသနားတော်မူရန်ဖြစ်၏။

وَمَا كَانَ الْمُؤْمِنُوْنَ لِيَنْفِرُوْا كَآفَّةً ؕ فَلَوْلَا نَفَرَ مِنْ كُلِّ فِرْقَةٍ مِّنْهُمْ طَآئِفَةٌ لِّيَتَفَقَّهُوْا فِي الدِّيْنِ وَلِيُنْذِرُوْا قَوْمَهُمْ اِذَا رَجَعُوْٓا اِلَيْهِمْ لَعَلَّهُمْ يَحْذَرُوْنَ ﴿۱۲۲﴾ ع

၁၂၂။ 'မို့အ်မင်နဲ်' သက်ဝင်ယုံကြည်သူတို့အဖို့၊ သူတို့အားလုံးသည် စုပေါင်း၍ထွက်ကြရန်မဖြစ်နိုင်ချေ။ သို့ဖြစ်၍ သူတို့၏အုပ်စုဝင်တိုင်းမှ အုပ်စုတစ်စုသည် သာသနာ့ပညာ ဆည်းပူးရန်ထွက်ကြပြီး သူတို့သည် မိမိတို့၏အမျိုးသားများထံ ပြန်လာကြသောအခါ သူတို့အား သတိပေးနှိုးဆော်ရန် အဘယ့်ကြောင့် မဖြစ်ရပေသနည်း။ သို့ဖြင့် သူတို့သည် (ပျက်စီးခြင်းမှ) လွတ်မြောက်ကြရာတည်း။

ရုကူ-၁၆

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا قَاتِلُوا الَّذِيْنَ يَلُوْنَكُمْ مِّنَ الْكُفَّارِ وَلْيَجِدُوْا فِيْكُمْ غِلْظَةً ؕ وَاعْلَمُوْٓا اَنَّ اللّٰهَ مَعَ الْمُتَّقِيْنَ ﴿۱۲۳﴾ ع

၁၂၃။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ မယုံကြည်ခြင်းပယ်သူတို့အနက်မှ မိမိတို့နှင့်နီးစပ်မှုရှိသူများကိုလည်း တိုက်ခိုက်ကြကုန်။ သူတို့သည် အသင်တို့၏ ခိုင်မာပြတ်သားမှုကို သိရှိခံစားစေကြရမည်။ စင်စစ် အလ္လာဟ်သည် ဖြူစင်ဖြောင့်မတ်သူ'မွတ္တကီ'တို့နှင့်အတူရှိကြောင်းကို သိကြလေကုန်။

وَاِذَا مَآ اُنْزِلَتْ سُوْرَةٌ فَمِنْهُمْ مَّنْ يَّقُوْلُ

၁၂၄။ မည်သည့်အခါမဆို 'ဆူရာဟ်' ကဏ္ဍတစ်ခုခုကိုပို့ချခြင်းခံရသောအခါ ယင်းတို့အနက် အချို့သောသူတို့က ဤ

اَيُّكُمْ زَادَتْهُ هٰذِهٖٓ اِيْمَانًا ۚ فَاَمَّا الَّذِيْنَ اٰمَنُوْا فَزَادَتْهُمْ اِيْمَانًا وَّ هُمْ يَسْتَبْشِرُوْنَ ﴿۱۲۴﴾

(ဆူရာဟ်)သည် အသင်တို့အနက် မည်သူ့ကို သက်ဝင်ယုံကြည်မှုၭ် တိုးပွားစေပါသနည်းဟုပြောဆိုကြ၏။ သက်ဝင်ယုံကြည်သူတို့အဖို့မူကား ယင်း(ဆူရာဟ်)သည် သူတို့၏ယုံကြည်မှုကိုတိုးပွားစေ၏။ ထို့ပြင် သူတို့သည် (အနာဂတ်နှင့်စပ်လျဉ်း၍) ဝမ်းမြောက်ဖွယ်သတင်းကောင်းများကိုလည်း ရရှိကြပေသည်။

وَاَمَّا الَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ فَزَادَتْهُمْ رِجْسًا اِلٰى رِجْسِهِمْ وَمَاتُوْا وَهُمْ كٰفِرُوْنَ ﴿۱۲۵﴾

၁၂၅။ သို့သော် စိတ်နှလုံးများတွင်ရောဂါရှိသူတို့အဖို့မှာကား ဤ(ဆူရာဟ်)သည်သူတို့၏ မသန့်ရှင်းမှုတွင် ထပ်၍မသန့်ရှင်းမှုကိုတိုးပွားစေလေသည်။ ထိုသူတို့သည် မယုံကြည်ငြင်းပယ်သည့်အခြေအနေၭ်ပင် သေဆုံးကြရပေသည်။

اَوَلَا يَرَوْنَ اَنَّهُمْ يُفْتَنُوْنَ فِيْ كُلِّ عَامٍ مَّرَّةً اَوْ مَرَّتَيْنِ ثُمَّ لَا يَتُوْبُوْنَ وَلَا هُمْ يَذَّكَّرُوْنَ ﴿۱۲۶﴾

၁၂၆။ ထိုသူတို့သည် နှစ်စဉ်နှစ်တိုင်း တစ်ကြိမ်၊ နှစ်ကြိမ် စမ်းသပ်ခြင်းခံကြရသည်ကို မတွေ့မြင်ကြပါသလော။ သို့တိုင် အောင်လည်း သူတို့သည် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို မပြုကြ၊ အဆုံးအမကို ရယူခြင်းလည်းမရှိကြချေ။

وَاِذَا مَآ اُنْزِلَتْ سُوْرَةٌ نَّظَرَ بَعْضُهُمْ اِلٰى بَعْضٍ ؕ هَلْ يَرٰىكُمْ مِّنْ اَحَدٍ ثُمَّ انْصَرَفُوْا ؕ صَرَفَ اللّٰهُ قُلُوْبَهُمْ بِاَنَّهُمْ قَوْمٌ لَّا يَفْقَهُوْنَ ﴿۱۲۷﴾

၁၂၇။ ထို့ပြင် မည်သည့်အခါမဆို 'ဆူရာဟ်' ကဏ္ဍတစ်ခုခုကို ပို့ချခြင်းခံရသောအခါ ၎င်းတို့အနက်မှအချို့သည် တစ်ဦးကတစ်ဦးကိုကြည့်၍ 'အသင်တို့အား တစ်စုံတစ်ယောက်ကကြည့်နေသလော'ဟု (ပြောဆိုမေးမြန်းသယောင်ပြုပြီး) လှည့်ထွက်သွားကြ၏။ အလ္လာဟ်သည် သူတို့၏ စိတ်နှလုံးများကို လှည့်တော်မူလိုက်ပေသည်။ အကြောင်းမူ သူတို့သည် နားမလည်သူများဖြစ်ကြသောကြောင့်ပင်တည်း။

لَقَدْ جَآءَكُمْ رَسُوْلٌ مِّنْ اَنْفُسِكُمْ عَزِيْزٌ عَلَيْهِ مَا عَنِتُّمْ حَرِيْصٌ عَلَيْكُمْ بِالْمُؤْمِنِيْنَ رَءُوْفٌ رَّحِيْمٌ ﴿۱۲۸﴾

၁၂၈။ ဧကန်အမှန် အသင်တို့အတွင်းမှပင် တမန်တော်တစ်ပါးသည် အသင်တို့ထံသို့ ရောက်ရှိလာခဲ့ပေပြီ။ အသင်တို့ဆင်းရဲဒုက္ခခံစားကြရသောအခါ သူ့အဖို့ အလွန်မှ ခက်ခဲပင်ပန်းမှုဖြစ်ရလေသည်။ (ထို့ပြင်) သူသည် အသင်တို့အတွက် (ကောင်းကျိုးကိုလိုလားခြင်း၌) ဆန္ဒပြင်းပြ(လျက်ရှိ)၏။ သက်ဝင်ယုံကြည်သူတို့အပေါ် အကန့်အသတ်မရှိ ချစ်ခင်ကြင်နာသူ(နှင့်) အဖန်တလဲလဲ ကရုဏာထားရှိသူဖြစ်၏။

فَاِنْ تَوَلَّوْا فَقُلْ حَسْبِيَ اللّٰهُ ۖ لَآ اِلٰهَ اِلَّا هُوَ ؕ عَلَيْهِ تَوَكَّلْتُ وَ هُوَ رَبُّ الْعَرْشِ الْعَظِيْمِ ﴿۱۲۹﴾ ع

၁၂၉။ သို့ဖြစ်ရာ အကယ်၍ ထိုသူတို့သည် ကျောခိုင်းသွားကြပါလျှင် အသင်ပြောကြားပါလေ၊ ကျွန်ုပ်အဖို့ အလ္လာဟ်သည် လုံလောက်တော်မူ၏၊ ထိုအရှင်မြတ်မှတစ်ပါး အခြားမည်သည့်ကိုးကွယ်ရာမျှမရှိချေ။ ကျွန်ုပ်သည် ထိုအရှင်မြတ်ကိုသာလျှင် ယုံပုံအားကိုးမှုပြုပါ၏။ ထိုအရှင်မြတ်သည်ပင် ကြီးကျယ်ထွတ်မြတ်သော 'အရ်ရှ်'ပလ္လင်တော်၏ အရှင်သခင်ဖြစ်တော်မူပေသတည်း။

❖ ❖ ❖

၁၀။ ယူန္ဒတ်စ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠ် တော်ပေါင်း (၁၁၀)ပိုဒ်ပါရှိသည်။

ဆူရာဟ် 'အလ်-ဘကရာ'နှင့် ဆူရာဟ် 'အာလေအင်မ်ရာန်'တို့တွင် 'အလီဖ်၊လာမ်၊မီမ်' မိုကာတွေအတ် အက္ခရာစုကို ဖော်ပြထားပြီး ဤဆူရာဟ်တွင် 'မီမ်'အစား 'ရာ'ကို ဖော်ပြထားတော်မူပေရာ ရှေ့ပိုင်းက ဘာသာပြန်ဆိုချက်အရ ဤအက္ခရာစုကို 'အနာလ်လာဟို့အရာ' ငါသည် အလ္လာဟ်အရှင် ဖြစ်တော်မူ၏၊ ငါသည် မြင်တွေ့တော်မူ၏ဟု ပြန်ဆိုနိုင်ပေသည်။

ဤဆူရာဟ်တွင် တမန်တော်'ယူန္ဒတ်စ်'ထံကျရောက်ခဲ့သည့်ဒုက္ခအခက်အခဲအကြောင်းကို အဓိက ဖော်ပြထားတော်မူပေသည်။ သို့ကြောင့်လည်း ဤဆူရာဟ်ကို 'ယူန္ဒတ်စ်'ဟု အမည်ပေးထားခြင်းဖြစ်သည်။ ဤဆူရာဟ်၏အစမှာပင် အလ္လာဟ်အရှင်မြတ်က- ယင်းတို့အတွင်းမှပင် ပုဂ္ဂိုလ်တစ်ဦးအား **ငါတို့**က 'ဝဟီ'(ဗျာဒိတ်)ပို့ချတော်မူသည်မှာ လူသားတို့အဖို့ အံ့ဩဖွယ်ဖြစ်နေသလောဟု မေးမြန်းတော်မူထား ပေရာ အဖြေမှာ ယင်းမေးခွန်း၌ပင် ငုပ်လျှိုးပါဝင်လျက်ရှိနေပေသည်။ လူတို့အံ့ဩခြင်းသည်ပင်လျှင် အမှန်စင်စစ် သူတို့၏အခြေအနေမှန်ကို သူတို့၏စိတ်ဝိညာဉ်များကိုယ်တိုင်က သက်သေခံခြင်းပင် ဖြစ်သည်။ အကြောင်းမူ သူတို့၏အခြေအနေမှာ လောကီကို တွယ်ကပ်သော ပိုးမွှားများသဖွယ် လုံးလုံးလျားလျားဖြစ်သွားခဲ့ပေရာ အလ္လာဟ်အရှင်မြတ်သည် သူတို့အား 'ဝဟီ'(ဗျာဒိတ်)ပို့ချတော်မမူ တော့ချေ။ ယင်းကို သူတို့သည် မိမိတို့ရှိ အသိဉာဏ်နှင့်တိုင်းထွာလျက် အလ္လာဟ်သည် မည်သည့် လူသားကိုမျှ 'ဝဟီ'(ဗျာဒိတ်) ပေးတော်မမူနိုင်ဟူ၍ မှတ်ယူလိုက်ကြလေသည်။

ယင်းနောက်တစ်ဆက်တည်း အလ္လာဟ်အရှင်မြတ်ဖော်ပြထားတော်မူသည်မှာ စကြဝဠာ ကမ္ဘာ လောကအပေါင်းကို ဖန်ဆင်းတော်မူ၍ အကြောင်းကိစ္စတိုင်းတွင် အကောင်းဆုံးအစီအမံကို စီမံထား တော်မူသော ထိုအလ္လာဟ်အရှင်မြတ်သည် ဤလုပ်ငန်းကို အချည်းနှီးအဟောသိကံ ဖြစ်စေတော်မူပါမည် လော၊ ထို့ပြင် ယင်းအစီအမံ၏ အဆုံးစွန်သောရည်မှန်းချက်မှာ 'ရှဖီးအ်' (ကြားဝင်အသနားခံ လျှောက်လဲသူ) တစ်ဦးကို ဖန်ဆင်းတော်မူရန်ဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်တော်မြတ်သည် အလ္လာဟ်၏ အမိန့်တော်ဖြင့် မိမိ၏'အွမ္မတ်'ထဲမှ ထိုက်တန်သော အစေတော်များအတွက်သာ ကြားဝင်လျှောက်လဲခြင်းပြုမည် မဟုတ်မူ၍ လွန်လေပြီးသော 'အွမ္မတ်'အုပ်စုများမှ သူတော်ကောင်းအစေတော်များအတွက်လည်း ကြားဝင်လျှောက်လဲခြင်းကို ပြုပေမည်။

ထို့နောက် တမန်တော်မြတ်၏ဥပမာကို 'နေ'မင်းနှင့်နွှင်းယှဉ်ဖော်ပြထားတော်မူပေသည်။ လောကီဘဝရပ်တည်မှုစနစ်သည် 'နေ'၏အလင်းရောင်မှအကျိုးရယူခံစားနေရပြီး ယင်း၏ကောင်းချီး မင်္ဂလာဖြင့် လပြည့်ဝန်းသည် ပေါက်ဖွားလာရန်ရှိပြီးလျှင် ယင်းသည် ညအမှောင်ထုများတွင်လည်း မိမိအလင်းရောင်၏ကောင်းချီးမင်္ဂလာကို ကမ္ဘာမြေသို့ ပို့ဆောင်လျက်ရှိနေပေမည်။

ရုပ်လောကတွင်လည်း 'လ'၏ရောင်ခြည်ဖြင့် ကောက်ပဲသီးနှံအချို့မှာ ယင်းတို့၏ ဖွံ့ဖြိုးကြီး ထွားမှုအသံကို ကြားရလောက်အောင်ပင် တစ်ဟုန်ထိုးကြီးထွားလျက်ရှိနေခြင်းသည် အံ့ဖွယ်ရာပင် ဖြစ်ပေသည်။ သိပ္ပံပညာရှင်များက သခွားသီးများနှင့်စပ်လျဉ်း၍ ယင်းအသီး၏ ကြီးထွားမှုအဟုန်သည် လူတို့၏နားဖြင့်ကြားနိုင်လောက်သော အသံတစ်မျိုးကို ထွက်ပေါ်စေသည်ဟု ဖော်ပြကြလေသည်။

သို့ဖြစ်ရာ ထိုအလွှာဟ်ရှင်မြတ်သည်ပင် 'နေ့'ကိုလည်းကောင်း၊ 'ည၌်'ကိုလည်းကောင်း ဘဝ၏အကြောင်းခံများအဖြစ် ပြုလုပ်ထားတော်မူပေသည်။

ဆူရာဟ်'ယူနွတ်စ်'တွင် ဤလောကဌ အပြစ်ဒဏ်ပေးခြင်းခံရမည်ဟု သတိပေးနှိုးဆော်ခြင်းခံရသော လူမျိုးနွယ်သည် အပြစ်ဒဏ်မှ လုံးလုံးလျားလျား လွတ်မြောက်ကယ်တင်မှုကိုရရှိခဲ့ကြောင်း ဖော်ပြထားပေသည်။ ဤဆူရာဟ်၏နောက်တွင်လာရှိသော ဆူရာဟ်'ဟူးဒ်'တွင်မူ ငြင်းပယ်မှုကြောင့် လုံးဝဖျက်ဆီးသုတ်သင်ခြင်းခံခဲ့ရသော လူမျိုးနွယ်များအကြောင်းကို ဖော်ပြထားပေသတည်း။

♦ ♦ ♦

ဆူရာဟ် ယူနုတ်စ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၁၁၀)ပိုဒ် ရှုကူ (၁၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

الٓرٰ ۚ تِلْكَ اٰيٰتُ الْكِتٰبِ الْحَكِيْمِ ②

၂။ الٓرٰ ငါသည် အလ္လာဟ်ဖြစ်တော်မူ၏၊ ငါသည် မြင်တွေ့တော်မူ၏၊ ဤသည် ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံသောကျမ်းတော်၏ အာယတ်တော်များတည်း။

اَكَانَ لِلنَّاسِ عَجَبًا اَنْ اَوْحَيْنَآ اِلٰى رَجُلٍ مِّنْهُمْ اَنْ اَنْذِرِ النَّاسَ وَبَشِّرِ الَّذِيْنَ اٰمَنُوْٓا اَنَّ لَهُمْ قَدَمَ صِدْقٍ عِنْدَ رَبِّهِمْ ۭ قَالَ الْكٰفِرُوْنَ اِنَّ هٰذَا لَسٰحِرٌ مُّبِيْنٌ ③

၃။ ငါတို့သည် လူတို့အနက်မှ လူတစ်ဦးအပေါ် 'ဝဟီ' ဗျာဒိတ်တော် ပို့ချ၍ လူသားအပေါင်းအား သတိပေးနှိုးဆော်လော့၊ ယုံကြည်သူတို့အား သူတို့၏ခြေအစုံသည် သူတို့၏ဖန်ဆင်းမွေးမြူရှင်ရှေ့တော်တွင် အမှန်တရားပေါ် ၌ရှိကြောင်း သတင်းကောင်းကိုပေးလော့(ဟုမိန့်တော်မူခြင်း)သည် လူသားများအဖို့ အံ့ဩဖွယ်ဖြစ်နေသလော။ မယုံကြည်သူများက ဤသည် ဧကန်စင်စစ် ပွင့်လင်းထင်ရှားသော မှော်ဆရာပင် ဖြစ်သည်ဟု ဆိုကြ၏။

اِنَّ رَبَّكُمُ اللّٰهُ الَّذِيْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ فِيْ سِتَّةِ اَيَّامٍ ثُمَّ اسْتَوٰى عَلَى الْعَرْشِ ۭ يُدَبِّرُ الْاَمْرَ ۭ مَا مِنْ شَفِيْعٍ اِلَّا مِنْۢ بَعْدِ اِذْنِهٖ ۭ ذٰلِكُمُ اللّٰهُ رَبُّكُمْ فَاعْبُدُوْهُ ۭ اَفَلَا تَذَكَّرُوْنَ ④

၄။ ဧကန်စင်စစ် အသင်တို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် 'အလ္လာဟ်'ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေပြင်ကို အချိန်ကာလ ခြောက်ရပ်တွင်ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် အရှင်မြတ်သည် 'အရိရှ်'ပလ္လင်တော်ပေါ် ဝယ် တည်တံ့စိုးမိုးတော်မူ၏။ အရှင်မြတ်သည် အရေးကိစ္စအဝဝကို စီမံခန့်ခွဲတော်မူ၏။ အရှင်မြတ်၏ခွင့်ပြုချက်မရှိဘဲ ကြားဝင်လျှောက်လဲ အသနားခံပေးမည့်သူ မည်သူမျှမရှိချေ။ ဤ(အရှင်)သည် အသင်တို့အားဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူ၏။ သို့ဖြစ်ရာ ထိုအရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ကြကုန်။ အသို့နည်း၊ အသင်တို့သည် အဆုံးအမသင်ခန်းစာကို မရယူကြပေသလော။

اِلَيْهِ مَرْجِعُكُمْ جَمِيْعًا ۭ وَعْدَ اللّٰهِ حَقًّا ۭ اِنَّهٗ يَبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ لِيَجْزِيَ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ بِالْقِسْطِ ۭ وَالَّذِيْنَ كَفَرُوْا لَهُمْ شَرَابٌ مِّنْ حَمِيْمٍ وَّعَذَابٌ اَلِيْمٌۢ بِمَا كَانُوْا يَكْفُرُوْنَ ⑤

၅။ ထိုအရှင်မြတ်ထံတော်သို့သာလျှင် အသင်တို့အားလုံး ပြန်လည်၍သွားကြရပေမည်။ ဤသည် အလ္လာဟ်၏ စစ်မှန်သောကတိတော်ဖြစ်၏။ ဧကန်မုချ အရှင်မြတ်သည် ဖန်ဆင်းခြင်းကို အစပြုတော်မူ၏။ ထို့နောက် ယင်းကို တစ်ဖန်ပြန်၍ပြုလုပ်တော်မူ၏။ သို့ဖြင့် သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်သူတို့အား တရားမျှတစွာ ဆုလာဘ်ပေးတော်မူရန်ဖြစ်၏။ သို့ရာတွင် မယုံကြည်ငြင်းပယ်သူတို့မှာမူ သူတို့၏ငြင်းပယ်လေ့ရှိခဲ့ခြင်းကြောင့် သူတို့

အဖို့ ဆူပွက်နေသောရေသည် သောက်သုံးဖွယ်အဖြစ်လည်းကောင်း၊ နာကျင်ဖွယ်သော ပြစ်ဒဏ်သည်လည်းကောင်း ရှိလိမ့်မည်။

هُوَ الَّذِیْ جَعَلَ الشَّمْسَ ضِیَآءً وَّ الْقَمَرَ نُوْرًا وَّقَدَّرَهٗ مَنَازِلَ لِتَعْلَمُوْا عَدَدَ السِّنِیْنَ وَالْحِسَابَ ؕ مَا خَلَقَ اللّٰهُ ذٰلِكَ اِلَّا بِالْحَقِّ ۚ یُفَصِّلُ الْاٰیٰتِ لِقَوْمٍ یَّعْلَمُوْنَ ۝۵

၆။ ထိုအရှင်မြတ်သည်ပင် 'နေ'ကိုအလင်းရောင်၏ အရင်းခံအဖြစ်လည်းကောင်း၊ 'လ'ကိုလင်းဝင်းရာအဖြစ်လည်းကောင်း ပြုလုပ်ထားတော်မူ၏။ ထို့ပြင် ယင်းအတွက်စခန်းများကို သတ်မှတ်ထားတော်မူ၏။ သို့ဖြင့် အသင်တို့သည်နှစ်များ၏ အရေအတွက်ကိုလည်းကောင်း၊ တွက်ချက်မှုကိုလည်းကောင်း သင်ယူကြရန်ဖြစ်၏။ အလ္လာဟ်သည် ဤသည်(အားလုံး)တို့ကို ထိုက်သင့်လျော်ကန်စွာ ဖန်ဆင်းထားတော်မူ၏။ ထိုအရှင်မြတ်သည် ပညာဉာဏ်ရှိသောသူတို့အဖို့ နိမိတ်လက္ခဏာတော်များကို ပွင့်လင်းထင်ရှားစွာဖော်ပြတော်မူ၏။

اِنَّ فِی اخْتِلَافِ الَّیْلِ وَالنَّهَارِ وَمَا خَلَقَ اللّٰهُ فِی السَّمٰوٰتِ وَالْاَرْضِ لَاٰیٰتٍ لِّقَوْمٍ یَّتَّقُوْنَ ۝۶

၇။ ကေန်အမှန် 'ညဉ့်'နှင့် 'နေ့'အပြောင်းအလဲတွင်လည်းကောင်း၊ မိုးကောင်းကင်များနှင့် ကမ္ဘာမြေပြင်တွင် အလ္လာဟ် ဖန်ဆင်းထားတော်မူခြင်း၌လည်းကောင်း 'တက္ကဝါ' ကြောက်ရွံ့ရိုကျိုးခြင်းတရားကို ကျင့်ကြံဆောက်တည်သူတို့အဖို့ များစွာသော နိမိတ်လက္ခဏာတော်များရှိ၏။

اِنَّ الَّذِیْنَ لَا یَرْجُوْنَ لِقَآءَنَا وَرَضُوْا بِالْحَیٰوةِ الدُّنْیَا وَاطْمَاَنُّوْا بِهَا وَالَّذِیْنَ هُمْ عَنْ اٰیٰتِنَا غٰفِلُوْنَ ۝۷

၈။ ကေန်စင်စစ် ထိုသူတို့သည် ငါတို့နှင့် တွေ့ဆုံရမည်ကို မျှော်လင့်ခြင်းမရှိကြချေ။ ထို့ပြင် လောကီဘဝကို ကျေနပ်နှစ်သက်ကြလျက် ယင်းအပေါ်၌ပင် သာယာမှုဖြစ်သွားကြ၏။ ဤသူများသည်ပင် ငါတို့၏ နိမိတ်လက္ခဏာတော်များကို လျစ်လျူရှုမေ့ထားသူများဖြစ်ကြ၏။

اُولٰٓئِكَ مَاْوٰىهُمُ النَّارُ بِمَا كَانُوْا یَكْسِبُوْنَ ۝۸

၉။ ဤသူတို့သည်ပင်၊ သူတို့ရွာဖွေလေ့ရှိသည်များကြောင့် သူတို့၏နေရာထိုင်ခင်းသည် (ငရဲ)မီးဖြစ်၏။

اِنَّ الَّذِیْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ یَهْدِیْهِمْ رَبُّهُمْ بِاِیْمَانِهِمْ ۚ تَجْرِیْ مِنْ تَحْتِهِمُ الْاَنْهٰرُ فِیْ جَنّٰتِ النَّعِیْمِ ۝۹

၁၀။ ကေန်စင်စစ် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြ၏၊ ထို့ပြင် သူတို့သည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြ၏၊ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် သူတို့၏ သက်ဝင်ယုံကြည်မှုကြောင့် သူတို့အား လမ်းမှန်ကိုပြတော်မူပေအံ့။ ကောင်းချီးမင်္ဂလာများရှိသည့် 'ဂျန္နတ်' ဥယျာဉ်တော်များအကြား သူတို့၏ စီမံမှုအောက်၌ စမ်းချောင်းများ စီးဆင်းနေပေလိမ့်မည်။

دَعْوٰىهُمْ فِیْهَا سُبْحٰنَكَ اللّٰهُمَّ وَتَحِیَّتُهُمْ فِیْهَا سَلٰمٌ ۚ وَاٰخِرُ دَعْوٰىهُمْ اَنِ الْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِیْنَ ۝۱۰ ع

၁၁။ ထိုနေရာ၌ သူတို့၏ကြွေးကြော်ချက်မှာ 'အိုဟ်-(ကျွန်တော်မျိုးတို့၏) အလ္လာဟ်၊ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏'ဟူ၍ဖြစ်လိမ့်မည်။ ထို့ပြင် ထိုနေရာတွင် သူတို့၏ နှုတ်ခွန်းဆက် မေတ္တာစကားမှာ 'စလာမ်' ငြိမ်းချမ်းခြင်း ဖြစ်လိမ့်မည်။ သူတို့၏ နောက်ဆုံးကြွေးကြော်ချက်မှာကား 'ခီးမွမ်း ထောမနာခြင်းဟူသမျှသည် စကြဝဠာကမ္ဘာလောကအပေါင်း

ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အဖို့သာဖြစ်၏' ဟူ၍တည်း။

ရုကူး-၂

وَلَوْ يُعَجِّلُ اللّٰهُ لِلنَّاسِ الشَّرَّ اسْتِعْجَالَهُمْ بِالْخَيْرِ لَقُضِيَ اِلَيْهِمْ اَجَلُهُمْ ؕ فَنَذَرُ الَّذِيْنَ لَا يَرْجُوْنَ لِقَآءَنَا فِيْ طُغْيَانِهِمْ يَعْمَهُوْنَ ⑪

၁၂။ အကယ်၍ အလ္လာဟ်သည် လူသားတို့အား ၎င်းတို့ပြုကျင့်သောမကောင်းမှု၏ တုံ့ပြန်အစားပေးခြင်းကို ၎င်းတို့က ကောင်းမြတ်ခြင်းကို အလျင်အမြန် တောင်းခံကြဘိသကဲ့သို့ လျင်မြန်စွာပေးတော်မူပါလျှင် ကာလအပိုင်းအခြားကို သူတို့အတွက် ဆုံးဖြတ်တော်မူပေအံ့။ သို့ရာတွင် ငါတို့သည် ငါတို့နှင့်တွေ့ဆုံရန် မျှော်လင့်ချက်မထားရှိကြသောသူတို့အား ၎င်းတို့၏ မနာခံမောက်မာမှုတွင် တဝဲလည်လည်လွှတ်ထားတော်မူ၏။

وَاِذَا مَسَّ الْاِنْسَانَ الضُّرُّ دَعَانَا لِجَنْۢبِهٖۤ اَوْ قَاعِدًا اَوْ قَآئِمًا ۚ فَلَمَّا كَشَفْنَا عَنْهُ ضُرَّهٗ مَرَّ كَاَنْ لَّمْ يَدْعُنَاۤ اِلٰى ضُرٍّ مَّسَّهٗ ؕ كَذٰلِكَ زُيِّنَ لِلْمُسْرِفِيْنَ مَا كَانُوْا يَعْمَلُوْنَ ⑫

၁၃။ ထို့ပြင် လူသားသည် သူ့ထံ ဘေးဒုက္ခတစ်စုံတစ်ရာ ဆိုက်ရောက်သည်ရှိသော် သူသည် မိမိ၏ နံဘေးပေါ် (လဲလျောင်းလျက်)သော်လည်းကောင်း၊ ထိုင်လျက်သော်လည်းကောင်း၊ ရပ်၍သော်လည်းကောင်း ငါတို့အား ဟစ်ခေါ်တမ်းတ၏။ သို့ရာတွင် ငါတို့က သူ့ထံမှ သူ၏ဘေးဒုက္ခကိုကင်းဝေးစေတော်မူသောအခါတွင်မူ သူသည် သူ့အားဆိုက်ရောက်ခဲ့သည့်ဘေးဒုက္ခအတွက် ငါတို့အား မည်သည့်အခါကမျှ ဟစ်ခေါ်ခဲ့ခြင်းမရှိသည့်အလား ဖြစ်သွားလေ၏။ စည်းဘောင်ကိုချိုးဖောက်သူတို့အား ဤကဲ့သို့ပင် သူတို့ပြုကျင့်သည်များကို လှပတင့်တယ်အောင် ပြသတော်မူ၏။

وَلَقَدْ اَهْلَكْنَا الْقُرُوْنَ مِنْ قَبْلِكُمْ لَمَّا ظَلَمُوْا ۙ وَجَآءَتْهُمْ رُسُلُهُمْ بِالْبَيِّنٰتِ وَمَا كَانُوْا لِيُؤْمِنُوْا ؕ كَذٰلِكَ نَجْزِي الْقَوْمَ الْمُجْرِمِيْنَ ⑬

၁၄။ ထို့ပြင် ဧကန်ပင် ငါတို့သည် အသင်တို့ထက်အလျင်များစွာသောခေတ်ကာလရှိ လူများကို သူတို့မတရားပြုကျင့်ကြသောအခါ ဖျက်ဆီးပစ်တော်မူခဲ့ပေသည်။ စင်စစ် သူတို့ထံ သူတို့၏တမန်တော်များသည် ပွင့်လင်းထင်ရှားသောနိမိတ်လက္ခဏာတော်များကို ယူဆောင်၍လာခဲ့ကြ၏။ သို့ရာတွင် သူတို့သည် သက်ဝင်ယုံကြည်လာကြမည့်သူများ အလျှင်းမဟုတ်ခဲ့ကြချေ။ ဤကဲ့သို့ပင် ငါတို့သည် အပြစ်ရှိသူတို့အား အစားပေးတော်မူ၏။

ثُمَّ جَعَلْنٰكُمْ خَلٰٓئِفَ فِي الْاَرْضِ مِنْۢ بَعْدِهِمْ لِنَنْظُرَ كَيْفَ تَعْمَلُوْنَ ⑭

၁၅။ တစ်ဖန် ငါတို့သည် ထိုသူတို့၏နောက်တွင် အသင်တို့အား ကမ္ဘာမြေဝယ် ဆက်ခံသူများ ပြုလုပ်တော်မူ၏။ သို့ဖြင့် အသင်တို့ မည်သို့ပြုမူကျင့်ကြံကြသည်ကို ငါတို့ကြည့်ရှုတော်မူရန်ဖြစ်၏။

وَاِذَا تُتْلٰى عَلَيْهِمْ اٰيَاتُنَا بَيِّنٰتٍ ۙ قَالَ الَّذِيْنَ لَا يَرْجُوْنَ لِقَآءَنَا ائْتِ بِقُرْاٰنٍ غَيْرِ هٰذَاۤ اَوْ بَدِّلْهُ ؕ قُلْ مَا يَكُوْنُ لِيْۤ اَنْ اُبَدِّلَهٗ مِنْ

၁၆။ ထို့ပြင် ၎င်းတို့အား ငါတို့၏ ပွင့်လင်းထင်ရှားသောအာယတ်တော်များကိုဖတ်ရွတ်ပြသည့်အခါ ငါတို့နှင့် တွေ့ဆုံရန်မျှော်လင့်မထားသောသူတို့က ဤသည်မှတစ်ပါး အခြားသော 'ကုရ်အာန်'ကို ယူဆောင်လာပါလေ၊ သို့တည်းမဟုတ် ယင်းကိုပင် ပြောင်းလဲပါလေဟု ပြောကြ၏။ အသင် ပြောကြား

تِلْقَآئِ نَفْسِیْۤ ۚ اِنْ اَتَّبِعُ اِلَّا مَا یُوْحٰۤی اِلَیَّ ۚ اِنِّیْۤ اَخَافُ اِنْ عَصَیْتُ رَبِّیْ عَذَابَ یَوْمٍ عَظِیْمٍ ﴿۱۵﴾

ပါလေ၊ ဤ(ကုရ်အာန်)ကို မိမိသဘောဖြင့်ပြောင်းလဲရန် ကျွန်ုပ်၌ အခွင့်အာဏာမရှိချေ။ ကျွန်ုပ်သည် ကျွန်ုပ်ထံ 'ဝဟီ' ဗျာဒိတ်ပို့ချသည်မှတစ်ပါး (အခြားအရာကို)လိုက်နာခြင်း မပြုပေ။ အကယ်၍ ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူ တော်မူသောအရှင့်အား မနာခံပါလျှင် ကြီးကျယ်သော နေ့ တော်ကြီး၏အပြစ်ဒဏ်ကို ဧကန်ပင် ကျွန်ုပ်ကြောက်ရွံ့ပါ၏။

قُلْ لَّوْ شَآءَ اللّٰهُ مَا تَلَوْتُهٗ عَلَیْكُمْ وَلَاۤ اَدْرٰىكُمْ بِهٖ ۖ فَقَدْ لَبِثْتُ فِیْكُمْ عُمُرًا مِّنْ قَبْلِهٖ ؕ اَفَلَا تَعْقِلُوْنَ ﴿۱۶﴾

၁၇။ အသင်ပြောကြားပါလေ၊ အကယ်၍ အလ္လာဟ်အလိုတော်ရှိခဲ့ပါလျှင် ကျွန်ုပ်သည် အသင်တို့အား ဤ(ကုရ်အာန်)ကို ဖတ်ရွတ်ပြမည်မဟုတ်ချေ။ ထို့ပြင် ထိုအရှင်မြတ်သည် ယင်းကို အသင်တို့အား အသိပေးတော်မူမည်မဟုတ်ချေ။ ကျွန်ုပ်သည် (တမန်တော်အဖြစ်ကို) မရရှိမီအလျင်ကပင် အသင်တို့အတွင်း၌ ရှည်လျားသောသက်တမ်းတစ်ရပ် နေထိုင်ခဲ့ပြီးဖြစ်ပေသည်။ သို့ပါလျက် အသင်တို့သည် စဉ်းစားဆင်ခြင်ခြင်း မပြုကြပါသလော။ ②

فَمَنْ اَظْلَمُ مِمَّنِ افْتَرٰی عَلَی اللّٰهِ كَذِبًا اَوْ كَذَّبَ بِاٰیٰتِهٖ ؕ اِنَّهٗ لَا یُفْلِحُ الْمُجْرِمُوْنَ ﴿۱۷﴾

၁၈။ သို့ဖြစ်ရာ အလ္လာဟ်အားအကြောင်းခံ၍ မဟုတ်မမှန်လိုဆယ်ပြောဆိုသူ၊ သို့မဟုတ် အရှင်မြတ်၏နိမိတ်လက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲပြောဆိုသူထက် ပို၍မတရားသောသူ အဘယ်သူရှိအံ့နည်း၊ အမှန်သော်ကား အပြစ်ကျူးလွန်သူတို့သည်မည်သည့်အခါတွင်မျှအောင်မြင်ကြသည်မဟုတ်ချေ။

وَیَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ مَا لَا یَضُرُّهُمْ وَلَا یَنْفَعُهُمْ وَیَقُوْلُوْنَ هٰۤؤُلَآءِ شُفَعَآؤُنَا عِنْدَ اللّٰهِ ؕ قُلْ اَتُنَبِّـُٔوْنَ اللّٰهَ بِمَا لَا یَعْلَمُ فِی السَّمٰوٰتِ وَلَا فِی الْاَرْضِ ؕ سُبْحٰنَهٗ وَتَعٰلٰی عَمَّا یُشْرِكُوْنَ ﴿۱۸﴾

၁၉။ ထို့ပြင် သူတို့သည် အလ္လာဟ်မှလွဲ၍၊ သူတို့အားဆုံးရှုံးနစ်နာစေခြင်းကိုလည်းကောင်း၊ ကောင်းကျိုးသက်ရောက်စေခြင်းကိုလည်းကောင်း မပြုစွမ်းနိုင်သည့်အရာများကို ကိုးကွယ်ကြ၏။ ထို့ပြင် သူတို့က ဤသည်(အားလုံး)တို့သည် အလ္လာဟ်၏ရှေ့တော်ဝယ် ကြားဝင်လျှောက်လဲအသနားခံပေးမည့် အရာများဖြစ်သည်ဟုဆိုကြ၏။ အသင်မေးမြန်းပါလေ၊ အသင်တို့သည် အလ္လာဟ်အား မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင် ထိုအရှင်မြတ်သိတော်မမူသော အရာများ၏သတင်းကို ပေးကြပါသလော။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၍ သူတို့ ယှဉ်တွဲကိုးကွယ်မှုပြုသောအရာများထက် အလွန်လျှင် မြင့်မြတ်တော်မူ၏။

وَمَا كَانَ النَّاسُ اِلَّاۤ اُمَّةً وَّاحِدَةً

၂၀။ စင်စစ် လူသားအားလုံးတို့သည် တစ်ခုတည်းသော 'အွမ္မတ်'အစုအဖွဲ့မှတစ်ပါး အခြားမဟုတ်ခဲ့ချေ။ ထို့နောက်

② ဆန့်ကျင်သူ'မူရှရိုက်'များက တမန်တော်မြတ်သည် ကျမ်းမြတ်ကုရ်အာန်ကို ကိုယ်တိုင်ဖန်တီးခဲ့ခြင်းဖြစ်ပြီး အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျရောက်လာသည်ဟု လိမ်လည်ပြောဆိုကြောင်းဖြင့် စွပ်စွဲကြပေရာ၊ ဤအာယတ်တော်တွင် ယင်းစွပ်စွဲချက်ကို ပြတ်သားစွာ ငြင်းပယ်ချေဖျက်ထားပေသည်။ "အသင်တို့ကိုယ်တိုင်က **صدوق** (လွန်စွာဖြောင့်မတ်မှန်ကန်သူ)၊ **امین** (ယုံကြည်ကိုးစားထိုက်ဆုံးသူ)ဟု အစဉ်တစိုက် ဂုဏ်ပြုပြောဆိုလေ့ရှိခဲ့သော ထိုပုဂ္ဂိုလ်သည် တမန်တော်အဖြစ်မကြွေးကြော်မီ အသက်(၄၀)အရွယ်တိုင်အောင် မည်သူ့ကိုမျှလိမ်လည်မုသား မပြောဆိုခဲ့ဖူးပါလျက် ယခုမှ ရုတ်တရက် အလ္လာဟ်အား အကြောင်းခံ၍ အသို့လျှင် လိမ်ညာပြောဆိုနိုင်အံ့နည်း"ဟု ဆိုလိုပေသည်။

فَاخْتَلَفُوْا ؕ وَلَوْلَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ لَقُضِیَ بَیْنَهُمْ فِیْمَا فِیْهِ یَخْتَلِفُوْنَ ۝

သူတို့သည် ကွဲပြားခြားနားမှုကိုပြုခဲ့ကြ၏။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်မှ (စီရင်ဆုံးဖြတ်ချက်၏) အမိန့်ပြဋ္ဌာန်းတော်မူပြီးမဖြစ်ခဲ့ပါလျှင် ၎င်းတို့ကွဲပြားခြားနားလေ့ရှိခဲ့သည်များကို ၎င်းတို့၏အကြားတွင် စီရင်ဆုံးဖြတ်တော်မူခဲ့ပြီးဖြစ်ချေမည်။

وَیَقُوْلُوْنَ لَوْلَاۤ اُنْزِلَ عَلَیْهِ اٰیَةٌ مِّنْ رَّبِّهٖ ۚ فَقُلْ اِنَّمَا الْغَیْبُ لِلّٰهِ فَانْتَظِرُوْا ۚ اِنِّیْ مَعَكُمْ مِّنَ الْمُنْتَظِرِیْنَ ۝۲۰

၂၁။ ထို့ပြင် ၎င်းတို့က သူထံသို့ သူအားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ 'အာယတ်' နိမိတ်လက္ခဏာတော်တစ်စုံတစ်ရာကို အဘယ့်ကြောင့် မပို့ချခဲ့ပါသနည်းဟု ပြောကြ၏။ အသင်ပြောကြားပါလေ၊ ကောန်မုချ 'အကွယ်'(ရှိ အရာများအား စိုးပိုင်မှု)သည် အလ္လာဟ်အဖို့သာဖြစ်၏။ သို့ဖြစ်ရာ စောင့်ဆိုင်းလျက်နေကြကုန်၊ ကောန်ပင် ကျွန်ုပ်သည်လည်း အသင်တို့နှင့်အတူ စောင့်ဆိုင်းလျက်နေသူများအနက်မှ ဖြစ်ပေသတည်း။

ရုကူး-၃

وَاِذَاۤ اَذَقْنَا النَّاسَ رَحْمَةً مِّنْۢ بَعْدِ ضَرَّآءَ مَسَّتْهُمْ اِذَا لَهُمْ مَّكْرٌ فِیْۤ اٰیَاتِنَا ؕ قُلِ اللّٰهُ اَسْرَعُ مَكْرًا ؕ اِنَّ رُسُلَنَا یَكْتُبُوْنَ مَا تَمْكُرُوْنَ ۝

၂၂။ ငါတို့သည် လူသားတို့အား ၎င်းတို့၌ ဘေးဒုက္ခတစ်စုံတစ်ရာကျရောက်ပြီးနောက် ကရုဏာတော်၏အရသာကို မြည်းစမ်းစေတော်မူသောအခါ သူတို့သည်ရုတ်တရက် ငါတို့၏ နိမိတ်လက္ခဏာ'အာယတ်'တော်များ၌ ကြံစည်လှည့်ဖြားမှုပြုခြင်းသည် သူတို့၏အလေ့အကျင့်ဖြစ်ခဲ့ပေသည်။ သူတို့အား ပြောပါလေ၊ အလ္လာဟ်သည် (တံ့ပြန်၍) ကြံစည်မှု ပြုတော်မူရာတွင် အားလုံးထက်ပို၍ လျင်မြန်တော်မူ၏။ ငါတို့၏ စေတမန်များသည် အသင်တို့၏ လှည့်ဖြားကြံစည်မှုများကို အမှန်ပင် ရေးမှတ်လျက်ရှိနေကြပေသည်။

هُوَ الَّذِیْ یُسَیِّرُكُمْ فِی الْبَرِّ وَالْبَحْرِ ؕ حَتّٰۤی اِذَا كُنْتُمْ فِی الْفُلْكِ ۚ وَجَرَیْنَ بِهِمْ بِرِیْحٍ طَیِّبَةٍ وَّفَرِحُوْا بِهَا جَآءَتْهَا رِیْحٌ عَاصِفٌ وَّجَآءَهُمُ الْمَوْجُ مِنْ كُلِّ مَكَانٍ وَّظَنُّوْۤا اَنَّهُمْ اُحِیْطَ بِهِمْ ۙ دَعَوُا اللّٰهَ مُخْلِصِیْنَ لَهُ الدِّیْنَ ۚ لَئِنْ اَنْجَیْتَنَا مِنْ هٰذِهٖ لَنَكُوْنَنَّ مِنَ الشّٰكِرِیْنَ ۝

၂၃။ ထိုအရှင်မြတ်သည်ပင် အသင်တို့အား မြေပြင်တွင်လည်းကောင်း၊ ပင်လယ်ပြင်တွင်လည်းကောင်း သွားလာစေတော်မူ၏။ နောက်ဆုံးတွင် အသင်တို့သည် လှေသင်္ဘောများပေါ်တွင်ရှိနေစဉ်အခါ ယင်းတို့သည် လေပြည်လေညင်းတို့၏အကူအညီဖြင့် သူတို့ကိုသယ်ဆောင်၍သွား၏။ သို့ဖြင့် သူတို့သည် လွန်စွာဝမ်းမြောက်ပျော်ရွှင်ကြ၏။ ထိုအခါ ရုတ်တရက် လေပြင်းမုန်တိုင်းကျရောက်၍ လှိုင်းတံပိုးတို့သည် ၎င်းတို့ထံအဘက်ဘက်မှတက်လာလေ၏။ သူတို့သည် ဝိုင်းရံထားခြင်းခံရပြီဟု သူတို့ထင်မှတ်ကြလေ၏။ (ထိုအခါ) သူတို့သည် သာသနာတော်ကို အရှင်မြတ်အဖို့သာ လုံးလုံးလျားလျားဖြစ်စေလျက် အကယ်၍အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ယင်း(ဘေးအန္တရာယ်)မှ ကယ်တင်တော်မူပါလျှင် မုချပင် ကျွန်တော်မျိုးတို့သည် ကျေးဇူးတော်ကိုသိတတ်သူတို့အနက်မှ ဖြစ်ကြပါမည်ဟု အလ္လာဟ်အား ဟစ်ခေါ်တမ်းတကြ၏။

فَلَمَّاۤ اَنْجٰىهُمْ اِذَا هُمْ یَبْغُوْنَ فِی الْاَرْضِ

၂၄။ သို့သော် အရှင်မြတ်သည် သူတို့အား ကယ်တင်တော်မူ

بِغَيْرِ الْحَقِّ ۚ يٰٓاَيُّهَا النَّاسُ اِنَّمَا بَغْيُكُمْ عَلٰٓى اَنْفُسِكُمْ ۙ مَّتَاعَ الْحَيٰوةِ الدُّنْيَا ۡ ثُمَّ اِلَيْنَا مَرْجِعُكُمْ فَنُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ۝

သောအခါ သူတို့သည်ကမ္ဘာမြေပေါ်တွင် မတရားသဖြင့် ပုန်ကန်ခြားနားမှုပြုကြလေ၏။ အို-လူသားအပေါင်းတို့၊ စင်စစ် အသင်တို့၏ပုန်ကန်ခြားနားမှုသည် အသင်တို့ကိုယ်တိုင်နှင့် ဆန့်ကျင်၍သာဖြစ်ပေသည်။ (အသင်တို့သည်) လောကီဘဝ၏ အနည်းငယ်မျှသောအကျိုးကိုခံစားကြရပေမည်။ ထို့နောက် ငါတို့၏အထံတော်သို့သာလျှင် အသင်တို့သည် ပြန်လည်၍လာကြရပေမည်။ ထိုအခါ ငါတို့သည် အသင်တို့အား အသင်တို့ ပြုမူလေ့ရှိခဲ့သော ထိုအကျင့်အမူများကို အသိပေးတော်မူပေအံ့။

اِنَّمَا مَثَلُ الْحَيٰوةِ الدُّنْيَا كَمَآءٍ اَنْزَلْنٰهُ مِنَ السَّمَآءِ فَاخْتَلَطَ بِهٖ نَبَاتُ الْاَرْضِ مِمَّا يَاْكُلُ النَّاسُ وَالْاَنْعَامُ ۭ حَتّٰٓى اِذَآ اَخَذَتِ الْاَرْضُ زُخْرُفَهَا وَازَّيَّنَتْ وَظَنَّ اَهْلُهَآ اَنَّهُمْ قٰدِرُوْنَ عَلَيْهَآ ۙ اَتٰىهَآ اَمْرُنَا لَيْلًا اَوْ نَهَارًا فَجَعَلْنٰهَا حَصِيْدًا كَاَنْ لَّمْ تَغْنَ بِالْاَمْسِ ۭ كَذٰلِكَ نُفَصِّلُ الْاٰيٰتِ لِقَوْمٍ يَّتَفَكَّرُوْنَ ۝

၂၄။ စင်စစ် လောကီဘဝ၏ဥပမာမှာ ငါတို့က မိုးကောင်းကင်မှ ရွာသွန်းချသောရေပမာဖြစ်၏။ ထို(ရေ)ဖြင့် ကမ္ဘာမြေသည် သစ်ပင်များဖြင့်စိမ်းလန်းစိုပြည်လာ၏။ ယင်းကို လူသားနှင့် ကျွဲနွားတိရစ္ဆာန်များစားသုံးကြ၏။ နောက်ဆုံးတွင် ကမ္ဘာမြေသည် မိမိ၏အဆင်တန်ဆာဆင်ယင်၍ လှပတင့်တယ်လာသောအခါ ယင်းတွင် နေထိုင်ကြသောသူများက သူတို့သည် ယင်းအပေါ် အပြည့်အဝ စိုးပိုင်ကြသည်ဟု တွေးထင်လာကြပေသည်။ ထိုအခါ ငါတို့၏စီရင်ဆုံးဖြတ်ချက်သည် ညဉ့် သို့မဟုတ် နေ့(တစ်ချိန်ချိန်)၌ ၎င်းထံရောက်ရှိလာလျက် ငါတို့သည် (ယင်းကိုအသီးမသီးမီအလျင်ကတည်းက ပြတ်တောက်လဲကျသွားသော) ရိတ်သိမ်းပြီးသည့်လယ်ပမာ ပြုလုပ်တော်မူခဲ့ပေရာ ယင်းသည် ယမန်နေ့ကအထိ လုံးဝမတည်ရှိခဲ့ဘိသည့်အလား ဖြစ်သွားခဲ့ပေသည်။ ဤသို့ပင် ငါတို့သည် စဉ်းစားတွေးတောသူတို့အဖို့ နိမိတ်လက္ခဏာတော်များကို ပွင့်လင်းထင်ရှားစွာဖော်ပြတော်မူ၏။

وَاللّٰهُ يَدْعُوْٓا اِلٰى دَارِ السَّلٰمِ ۭ وَيَهْدِيْ مَنْ يَّشَاۗءُ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ۝

၂၅။ စင်စစ် အလ္လာဟ်သည် ငြိမ်းချမ်းခြင်း၏အိမ်တော်သို့ ခေါ်တော်မူ၏။ ထို့ပြင် နှစ်လို့တော်မူသောသူအား ဖြောင့်မတ်မှန်ကန်သောလမ်းဘက်သို့ လမ်းညွှန်တော်မူ၏။

لِلَّذِيْنَ اَحْسَنُوا الْحُسْنٰى وَزِيَادَةٌ ۭ وَلَا يَرْهَقُ وُجُوْهَهُمْ قَتَرٌ وَّلَا ذِلَّةٌ ۭ اُولٰۗىِٕكَ اَصْحٰبُ الْجَنَّةِ ۚ هُمْ فِيْهَا خٰلِدُوْنَ ۝

၂၆။ ကောင်းမှုပွားများကြသူတို့အဖို့ အလှပဆုံးသောအကျိုးဆလာဘ်သည်ရှိ၏။ ထို့ထက်ပင် ပို၍လည်း(ရှိ၏)။ ထို့ပြင် သူတို့၏မျက်နှာများပေါ်တွင် မည်သည့်အခါတွင်မျှ မည်းမှောင်ခြင်းနှင့် ဂုဏ်သရေယုတ်လျော့ခြင်းသည် ဖုံးလွှမ်းမည်မဟုတ်ချေ။ ဤသူတို့သည်ပင် 'ဂျန္နတ်' ဥယျာဉ်တော်သားများဖြစ်ကြ၏။ သူတို့သည် ယင်း၌ အမြဲထာဝရနေထိုင်ရမည့် သူများ ဖြစ်ကြ၏။

وَالَّذِيْنَ كَسَبُوا السَّيِّاٰتِ جَزَاۗءُ سَيِّئَةٍ بِمِثْلِهَا ۙ وَتَرْهَقُهُمْ ذِلَّةٌ ۭ مَا لَهُمْ مِّنَ اللّٰهِ مِنْ عَاصِمٍ ۚ كَاَنَّمَآ اُغْشِيَتْ

၂၇။ သို့သော် မကောင်းမှုများကိုရှာဖွေဆည်းပူးကြသောသူတို့အဖို့မှာကား (သူတို့အတွက်) မကောင်းမှုတိုင်း၏ အစားပေးခြင်းသည် ယင်း(မကောင်းမှု)နှင့် အလားတူဖြစ်လိမ့်မည်။ ထို့ပြင် သူတို့အပေါ် ဂုဏ်သရေယုတ်လျော့ခြင်းသည် ဖုံးလွှမ်းပေလိမ့်မည်။ အလ္လာဟ်(၏ပြစ်ဒဏ်)မှ သူတို့အား ကယ်ဆယ်မည့်

وُجُوْهُهُمْ قِطَعًا مِّنَ الَّيْلِ مُظْلِمًا ؕ
اُولٰٓئِكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ﴿۲۷﴾

သူ မည်သူမျှရှိမည်မဟုတ်။ သူတို့၏မျက်နှာများသည် ညဉ့်တစ်ညဉ့်၏ မှောင်မိုက်အောင်ပြုသည့် အစိတ်အပိုင်းက ဖုံးအုပ်ခြင်းခံရဘိသည့်အလားဖြစ်၏။ ဤသူများသည်ပင် ငရဲသားများဖြစ်ကြ၏။ သူတို့သည် ယင်း၌အချိန်ကာလ ကြာရှည်စွာ နေထိုင်ရမည့်သူများဖြစ်ကြ၏။ ★

وَيَوْمَ نَحْشُرُهُمْ جَمِيْعًا ثُمَّ نَقُوْلُ لِلَّذِيْنَ
اَشْرَكُوْا مَكَانَكُمْ اَنْتُمْ وَ شُرَكَآؤُكُمْ ۚ
فَزَيَّلْنَا بَيْنَهُمْ وَ قَالَ شُرَكَآؤُهُمْ
مَّا كُنْتُمْ اِيَّانَا تَعْبُدُوْنَ ﴿۲۸﴾

၂၉။ ထို့ပြင် (သတိရကြကုန်)၊ ထိုနေ့တော်ကြီးတွင် ငါတို့သည် ၎င်းတို့အားလုံးကို စုရုံးစေတော်မူမည်။ ထို့နောက် ငါတို့သည် 'ရှရီက်'ယှဉ်တွဲကိုးကွယ်မှုပြုကြသောသူတို့အား အသင်တို့သည်လည်းကောင်း၊ အသင်တို့ 'ရှရီက်' ယှဉ်တွဲကိုးကွယ်သည့်အရာများသည်လည်းကောင်း မိမိတို့၏နေရာ၌ပင် ရပ်တန့်၍နေကြကုန်ဟု မိန့်တော်မူပေအံ့။ ထို့နောက် ငါတို့သည် ၎င်းတို့၏အကြား ခွဲခြားတော်မူမည်။ ထိုအခါ ၎င်းတို့ (စိတ်ထင်ရာ) တွဲဖက်ကိုးကွယ်မှုပြုခဲ့ကြသည့်အရာများက ပြောကြားမည်မှာ အသင်တို့သည် ကျွန်ုပ်တို့အား ခဝပ်ကိုးကွယ်ခဲ့ကြသည် မဟုတ်ချေ။

فَكَفٰى بِاللّٰهِ شَهِيْدًا بَيْنَنَا وَبَيْنَكُمْ اِنْ
كُنَّا عَنْ عِبَادَتِكُمْ لَغٰفِلِيْنَ ﴿۲۹﴾

၃၀။ သို့ဖြစ်ရာ အလ္လာဟ်သည်ပင် ကျွန်ုပ်တို့နှင့် အသင်တို့၏အကြားတွင် သက်သေတော်အဖြစ် လုံလောက်တော်မူ၏။ အမှန်ပင် ကျွန်ုပ်တို့သည် အသင်တို့၏ဆည်းကပ်ကိုးကွယ်မှုကို မသိခဲ့ကြပေ။

هُنَالِكَ تَبْلُوْا كُلُّ نَفْسٍ مَّآ اَسْلَفَتْ
وَرُدُّوْٓا اِلَى اللّٰهِ مَوْلٰىهُمُ الْحَقِّ وَضَلَّ
عَنْهُمْ مَّا كَانُوْا يَفْتَرُوْنَ ﴿۳۰﴾ ع

၃၁။ ထိုနေရာ၌ အသက်ဝိညာဉ်တိုင်းသည် မိမိတို့ပြုကျင့်ခဲ့ကြသည်ကို သိရှိသွားကြပေလိမ့်မည်။ ထို့ပြင် သူတို့သည် မိမိတို့၏အရှင်သခင်အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်၏အထံတော်သို့ ပြန်လည်သွားရောက်ကြရပေမည်။ ထို့ပြင် သူတို့ လိဆယ်ပြောဆိုလေ့ရှိခဲ့သည်များသည် သူတို့ထံမှ ပျောက်ကွယ်သွားပေမည်တည်း။

ရုကူး-၄

قُلْ مَنْ يَّرْزُقُكُمْ مِّنَ السَّمَآءِ وَالْاَرْضِ
اَمَّنْ يَّمْلِكُ السَّمْعَ وَالْاَبْصَارَ وَمَنْ
يُّخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَيُخْرِجُ الْمَيِّتَ
مِنَ الْحَيِّ وَمَنْ يُّدَبِّرُ الْاَمْرَ ؕ فَسَيَقُوْلُوْنَ
اللّٰهُ ۚ فَقُلْ اَفَلَا تَتَّقُوْنَ ﴿۳۱﴾

၃၂။ မေးမြန်းပါလေ၊ မိုးကောင်းကင်နှင့် ကမ္ဘာမြေမှ 'ရီဇိုက်' ရိကွာကို အသင်တို့အား မည်သူပေးသနည်း။ သို့တည်းမဟုတ် မည်သူသည် နားများနှင့် မျက်စိများကို စိုးပိုင်ပြီး သက်ရှိကိုသက်မဲ့မှထုတ်ဆောင်၍ သက်မဲ့ကိုသက်ရှိမှ ထုတ်ဆောင်သနည်း။ ထို့ပြင် မည်သူသည် စကြဝဠာစနစ်ကြီးကို စီမံလည်ပတ်စေသနည်း။ ထိုအခါ သူတို့က'အလ္လာဟ်'ဟု ပြောဆိုကြလိမ့်မည်။ အသင်ပြောကြားပါလေ၊ သို့ဖြစ်လျှင် အသင်တို့သည် အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ဆောက်တည်ခြင်းမပြုကြသလော။

فَذٰلِكُمُ اللّٰهُ رَبُّكُمُ الْحَقُّ ۚ فَمَاذَا بَعْدَ

၃၃။ သို့ဖြစ်ရာ ထိုအရှင်သည်ပင် 'အလ္လာဟ်'ဖြစ်တော်မူ၏၊

★ ဤအဓိပ္ပာယ်ပြန်ဆိုမှုအတွက် **املاء ما منّ به الرحمن** ကျမ်းရှု။

الْحَقِّ اِلَّا الضَّلٰلُ ۚ فَاَنّٰى تُصْرَفُوْنَ ۝

အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် အစစ်အမှန်ဖြစ်တော်မူ၏။ သို့ဖြစ်ရကား အမှန်တရား၏နောက်တွင် လမ်းလွဲခြင်းမှတစ်ပါး အခြား အဘယ်အရာ ကျန်ရှိဦးမည်နည်း။ သို့ပါလျက် အသင်တို့သည် အဘယ်သို့ ပြန်လှည့်သွားကြပေသနည်း။

كَذٰلِكَ حَقَّتْ كَلِمَتُ رَبِّكَ عَلَى الَّذِيْنَ فَسَقُوْٓا اَنَّهُمْ لَا يُؤْمِنُوْنَ ۝

၃၄။ ဤကဲ့သို့ပင် မနာခံဆိုးသွမ်းသူတို့သည် အလျှင်း သင့်ဝင်ယုံကြည်လာကြလိမ့်မည်မဟုတ်ဟူသော အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ မိန့်ဆိုချက်သည် ထိုသူတို့အပေါ် မှန်ကန်ခဲ့ချေပြီ။

قُلْ هَلْ مِنْ شُرَكَآئِكُمْ مَّنْ يَّبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ ۭ قُلِ اللّٰهُ يَبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ فَاَنّٰى تُؤْفَكُوْنَ ۝

၃၅။ မေးမြန်းပါလော၊အသင်တို့၏တွဲဖက်ကိုးကွယ်ရာ 'ရှရိုက်' များအနက် ဖန်ဆင်းခြင်းကိုစတင်ပြုလုပ်ပြီး ယင်းကို တစ်ဖန်ပြန်၍ပြုလုပ်သူ တစ်စုံတစ်ဦးရှိပါသလော။ အသင်သည် (သူတို့အား) ပြောကြားပါလေ၊ အလ္လာဟ်သည်သာလျှင် ဖန်ဆင်းခြင်းကို စတင်တော်မူပြီး တစ်ဖန် ယင်းကို ထပ်မံ၍လည်းပြုလုပ်တော်မူ၏။ သို့ဖြစ်ရာ အသင်တို့သည် အဘယ်သို့လွဲချော်၍ သွားကြပေသနည်း။

قُلْ هَلْ مِنْ شُرَكَآئِكُمْ مَّنْ يَّهْدِيْٓ اِلَى الْحَقِّ ۭ قُلِ اللّٰهُ يَهْدِيْ لِلْحَقِّ ۭ اَفَمَنْ يَّهْدِيْٓ اِلَى الْحَقِّ اَحَقُّ اَنْ يُّتَّبَعَ اَمَّنْ لَّا يَهِدِّيْٓ اِلَّآ اَنْ يُّهْدٰى ۚ فَمَا لَكُمْ ۣ كَيْفَ تَحْكُمُوْنَ ۝

၃၆။ မေးမြန်းပါလော၊အသင်တို့၏ယှဉ်တွဲကိုးကွယ်ရာ 'ရှရိုက်' များတွင် အမှန်တရားဘက်သို့ လမ်းညွှန်မည့်သူ တစ်စုံတစ်ဦးရှိပါသလော။ ပြောကြားပါလေ၊ အလ္လာဟ်သည်သာလျှင် အမှန်တရားဘက်သို့လမ်းညွှန်တော်မူ၏။ သို့ဖြစ်ရာ အမှန်တရားဘက်သို့ လမ်းညွှန်တော်မူသောအရှင်ကိုသာလျှင် လိုက်နာကျင့်ကြံထိုက်သလော၊ သို့တည်းမဟုတ် (မိမိကိုယ်တိုင်) လမ်းညွှန်ပြခြင်းမခံရလျှင် လမ်းညွှန်မှုကို ရနိုင်စွမ်းမရှိသောသူကို (လိုက်နာကျင့်ကြံထိုက်သလော)။ သို့ဖြစ်ရာ အသင်တို့မည်သို့ဖြစ်သွားကြသနည်း။ အသင်တို့ မည်သို့ဆုံးဖြတ်ကြသနည်း။

وَمَا يَتَّبِعُ اَكْثَرُهُمْ اِلَّا ظَنًّا ۭ اِنَّ الظَّنَّ لَا يُغْنِيْ مِنَ الْحَقِّ شَيْـــًٔا ۭ اِنَّ اللّٰهَ عَلِيْمٌۢ بِمَا يَفْعَلُوْنَ ۝

၃၇။ ထို့ပြင် ထိုသူတို့အနက် အများစုသည် ထင်မြင်ယူဆချက်မှလွဲ၍ အခြားမည်သည်ကိုမျှ လိုက်နာကျင့်ကြံကြသည်မဟုတ်။ စင်စစ်သော်ကား ထင်မြင်ယူဆချက်သည် အမှန်တရားမှ အမှီအတွယ်ကင်းအောင် စိုးစဉ်းမျှပင်မပြုလုပ်နိုင်ချေ။ ဧကန်ပင် အလ္လာဟ်သည် သူတို့ပြုလုပ်သည်တို့ကို ကောင်းစွာသိရှိတော်မူ၏။

وَمَا كَانَ هٰذَا الْقُرْاٰنُ اَنْ يُّفْتَرٰى مِنْ دُوْنِ اللّٰهِ وَلٰكِنْ تَصْدِيْقَ الَّذِيْ بَيْنَ يَدَيْهِ وَتَفْصِيْلَ الْكِتٰبِ لَا رَيْبَ فِيْهِ مِنْ رَّبِّ الْعٰلَمِيْنَ ۝

၃၈။ စင်စစ် ဤကုရ်အာန်သည် အလ္လာဟ်နှင့်ကင်းကွာ၍ (တစ်စုံတစ်ဦးက) လိုဆယ်ဖန်တီးထားမှု မဟုတ်ချေ။ ထိုသို့မဟုတ်မူဘဲ ဤ(ကျမ်းတော်)သည် ယင်း၏ရှေ့တွင်ရှိသည်ကို မှန်ကန်ကြောင်းထောက်ခံပြီး သံသယဖြစ်ဖွယ် တစ်စုံတစ်ရာမရှိသည့် ထိုကျမ်းတော်၏ရှင်းလင်းချက်ဖြစ်၏။ ထို့ပြင် ယင်းသည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူ

တော်မူသောအရှင်ထံတော်မှဖြစ်၏။

اَمْ يَقُوْلُوْنَ افْتَرٰىهُ ؕ قُلْ فَاْتُوْا بِسُوْرَةٍ مِّثْلِهٖ وَادْعُوْا مَنِ اسْتَطَعْتُمْ مِّنْ دُوْنِ اللّٰهِ اِنْ كُنْتُمْ صٰدِقِيْنَ ۝

၃၉။ အသို့နည်း၊ ထိုသူတို့က သူသည် ယင်းကို လိမ်ဆယ်ဖန်တီးခဲ့သည်ဟုပြောဆိုကြပါသလော။ အသင်ပြောကြားပါလေ၊ သို့ဖြစ်လျှင် ယင်း(ဆူရာဟ်)ကဲ့သို့ ဆူရာဟ်တစ်ခုခုကိုပြုလုပ်၍ ယူဆောင်လာကြကုန်။ ထို့ပြင် အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် အလ္လာဟ်မှတစ်ပါး အသင်တို့ ခေါ်နိုင်စွမ်းရှိသူများကို ခေါ်ကြလေကုန်။

بَلْ كَذَّبُوْا بِمَا لَمْ يُحِيْطُوْا بِعِلْمِهٖ وَلَمَّا يَاْتِهِمْ تَاْوِيْلُهٗ ؕ كَذٰلِكَ كَذَّبَ الَّذِيْنَ مِنْ قَبْلِهِمْ فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الظّٰلِمِيْنَ ۝

၄၀။ အမှန်သော်ကား ထိုသူတို့သည် သူတို့သိရှိလွှမ်းခြုံနိုင်ခြင်းမရှိသည့် ပညာကိုလည်းကောင်း၊ ယခုတိုင် ယင်း၏ အနက်သဘောသည် သူတို့အပေါ် ထင်ပေါ်ခြင်း မရှိသေးသည့် အရာကိုလည်းကောင်း မဟုတ်မမှန်ဟု ငြင်းပယ်လျက်ရှိကြ၏။ ဤကဲ့သို့ပင် ၎င်းတို့အလျင်ရှိခဲ့ကြသောသူတို့သည်လည်း မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြပေသည်။ သို့ဖြစ်ရာ အပြစ်ကျူးလွန်သူတို့၏နိဂုံး မည်သို့ဖြစ်ခဲ့သည်ကို အသင်ကြည့်ရှုပါလေ။

وَمِنْهُمْ مَّنْ يُّؤْمِنُ بِهٖ وَمِنْهُمْ مَّنْ لَّا يُؤْمِنُ بِهٖ ؕ وَرَبُّكَ اَعْلَمُ بِالْمُفْسِدِيْنَ ۝

၄၁။ ထို့ပြင် ထိုသူတို့အနက် ယင်းကို သက်ဝင်ယုံကြည်သူများလည်းရှိကြ၏။ ထို့ပြင် ထိုသူတို့အနက် ယင်းကို မယုံကြည်သူများလည်းရှိကြပေသည်။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ပျက်စီးရာပျက်စီးကြောင်းပြုသူများကို အသိရှိဆုံးဖြစ်တော်မူသတည်း။

ရုကူး-၅

وَاِنْ كَذَّبُوْكَ فَقُلْ لِّيْ عَمَلِيْ وَلَكُمْ عَمَلُكُمْ ۚ اَنْتُمْ بَرِيْٓـُٔوْنَ مِمَّآ اَعْمَلُ وَاَنَا بَرِيْٓءٌ مِّمَّا تَعْمَلُوْنَ ۝

၄၂။ အကယ်၍ ၎င်းတို့က အသင့်အား မဟုတ်မမှန်ဟုစွပ်စွဲကြလျှင် အသင်ပြောကြားပါလေ၊ ကျွန်ုပ်၏ပြုမူကျင့်ကြံမှုသည် ကျွန်ုပ်အဖို့ဖြစ်ပြီး အသင်တို့၏ပြုမူကျင့်ကြံမှုသည် အသင်တို့အဖို့ဖြစ်၏။ အသင်တို့သည် ကျွန်ုပ်၏ ပြုမူကျင့်ကြံမှုမှ ကင်းလွတ်ပြီး ကျွန်ုပ်သည်လည်း အသင်တို့၏ ပြုမူကျင့်ကြံမှုမှ ကင်းလွတ်ပေသည်။

وَمِنْهُمْ مَّنْ يَّسْتَمِعُوْنَ اِلَيْكَ ؕ اَفَاَنْتَ تُسْمِعُ الصُّمَّ وَلَوْ كَانُوْا لَا يَعْقِلُوْنَ ۝

၄၃။ ယင်းတို့အနက် အသင့်ဘက်သို့ နားစွင့်လျက်ရှိနေသူများလည်းရှိကြ၏။ သို့ဖြစ်ရာ နားပင်းနေသူများကို အကယ်၍ သူတို့သည် အသိဉာဏ်လည်းမရှိပါလျှင် အသင်သည် သူတို့အား ကြားအောင်ပြုနိုင်ပါမည်လော။

وَمِنْهُمْ مَّنْ يَّنْظُرُ اِلَيْكَ ؕ اَفَاَنْتَ تَهْدِى الْعُمْىَ وَلَوْ كَانُوْا لَا يُبْصِرُوْنَ ۝

၄၄။ ထို့ပြင် ယင်းတို့အနက် အသင့်ဘက်သို့ ကြည့်နေသူများလည်းရှိကြ၏။ သို့ဖြစ်ရာ မျက်ကန်းများကို အကယ်၍ သူတို့သည် မြင်နိုင်စွမ်းလည်းမရှိပါလျှင် အသင်သည် သူတို့အား လမ်းညွှန်ပေးနိုင်ပါမည်လော။

اِنَّ اللّٰهَ لَا يَظْلِمُ النَّاسَ شَيْـًٔا وَّلٰكِنَّ النَّاسَ اَنْفُسَهُمْ يَظْلِمُوْنَ ۝

၄၅။ ဧကန်မုချ အလ္လာဟ်သည် လူသားတို့အပေါ် အလျှင်းမတရားပြုတော်မမူချေ။ သို့ရာတွင်လူသားတို့ကိုယ်တိုင်ကသာ မိမိတို့၏အသက်ဝိညာဉ်များအပေါ် မတရားပြုမူကြကုန်၏။

وَيَوْمَ يَحْشُرُهُمْ كَاَنْ لَّمْ يَلْبَثُوْٓا اِلَّا سَاعَةً مِّنَ النَّهَارِ يَتَعَارَفُوْنَ بَيْنَهُمْ ؕ قَدْ خَسِرَ الَّذِيْنَ كَذَّبُوْا بِلِقَآءِ اللّٰهِ وَمَا كَانُوْا مُهْتَدِيْنَ ۝۴۵

၄၅။ ထို့ပြင် (သတိရကြကုန်)၊ ထိုနေ့တော်ကြီးတွင် အရှင်မြတ်က သူတို့အား စုရုံးစေတော်မူသည့်အခါ သူတို့သည် (ကမ္ဘာပေါ်တွင်) နေ့၏အချိန်တစ်ချိန်ထက်ပို၍ မနေခဲ့ရဟု ထင်မှတ်ကြပေမည်။ ၎င်းတို့သည် အချင်းချင်း တစ်ဦးနှင့် တစ်ဦးမှတ်မိသိရှိကြလိမ့်မည်။ ဧကန်မုချ အလ္လာဟ်နှင့် တွေ့ဆုံရမည်ကို ငြင်းပယ်ခဲ့ကြသော သူတို့သည် ဆုံးရှုံးမှုခံရှိကြပေသည်။ ထို့ပြင် ၎င်းတို့သည် လမ်းမှန်ရသူများအနက်မှ မဖြစ်နိုင်ခဲ့ကြချေ။

وَاِمَّا نُرِيَنَّكَ بَعْضَ الَّذِىْ نَعِدُهُمْ اَوْ نَتَوَفَّيَنَّكَ فَاِلَيْنَا مَرْجِعُهُمْ ثُمَّ اللّٰهُ شَهِيْدٌ عَلٰى مَا يَفْعَلُوْنَ ۝۴۶

၄၆။ ထို့ပြင် အကယ်၍ ငါတို့သည် အသင့်အား သူတို့ကို ငါတို့ကသတိပေးနှိုးဆော်တော်မူလေ့ရှိခဲ့သည့် ထို(သတိပေးနှိုးဆော်မှု)အနက်မှအချို့ကို ပြသတော်မူသည်ဖြစ်စေ၊ အသင့်အား ကွယ်လွန်သေဆုံးစေတော်မူသည်ဖြစ်စေ (မည်သို့ဆိုစေ) ငါတို့ထံသို့သာလျှင် သူတို့သည် ပြန်လာကြရပေမည်။ စင်စစ် အလ္လာဟ်သည်ပင် ၎င်းတို့ပြုမူသည်တို့အပေါ် သက်သေဖြစ်တော်မူ၏။ ۝۱

وَلِكُلِّ اُمَّةٍ رَّسُوْلٌ ۚ فَاِذَا جَآءَ رَسُوْلُهُمْ قُضِىَ بَيْنَهُمْ بِالْقِسْطِ وَهُمْ لَا يُظْلَمُوْنَ ۝۴۷

၄၇။ လူမျိုးနွယ်တိုင်းအတွက် တမန်တော်တစ်ပါးပါးရှိ၏။ သို့ဖြစ်ရာ သူတို့၏တမန်တော်သည် သူတို့ထံရောက်ရှိလာသောအခါ သူတို့၏အကြားဝယ် တရားမျှတစွာဖြင့် စီရင်ဆုံးဖြတ်ခြင်းကို ပြုလုပ်သည်သာဖြစ်၏။ စင်စစ် သူတို့သည် မတရားပြုခြင်းကို အလျှင်းမခံကြရချေ။

وَيَقُوْلُوْنَ مَتٰى هٰذَا الْوَعْدُ اِنْ كُنْتُمْ صٰدِقِيْنَ ۝۴۸

၄၉။ ထို့ပြင် သူတို့က အကယ်၍ အသင်တို့သည်မှန်ကန်သူများဖြစ်ကြပါလျှင် ဤကတိသည် မည်သည့်အခါ ပြည့်စုံပါမည်နည်းဟုပြောကြ၏။

قُلْ لَّآ اَمْلِكُ لِنَفْسِىْ ضَرًّا وَّلَا نَفْعًا اِلَّا مَا شَآءَ اللّٰهُ ؕ لِكُلِّ اُمَّةٍ اَجَلٌ ؕ اِذَا جَآءَ اَجَلُهُمْ فَلَا يَسْتَاْخِرُوْنَ سَاعَةً وَّلَا يَسْتَقْدِمُوْنَ ۝۴۹

၅၀။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်သည် အလ္လာဟ်အလိုတော်(ရှိသရွေ့)မှတစ်ပါး မိမိကိုယ်ကိုပင် မည်သည့်ဆုံးရှုံးစေခြင်းကိုလည်းကောင်း၊ အကျိုးဖြစ်ထွန်းစေခြင်းကိုလည်းကောင်းစိုးပိုင်သည်မဟုတ်ချေ။ လူမျိုးနွယ်တိုင်းအတွက် အချိန်ကာလတစ်ရပ်ကို သတ်မှတ်ထားတော်မူ၏။ ၎င်းတို့အတွက် သတ်မှတ်ထားသည့်အချိန် ဆိုက်ရောက်လာသောအခါ သူတို့သည် တစ်စက္ကန့်မျှပင် နောက်သို့ဆုတ်နိုင်ကြမည်မဟုတ်သည့်အပြင် ရှေ့သို့တိုးနိုင်ကြမည်လည်းမဟုတ်ချေ။

قُلْ اَرَءَيْتُمْ اِنْ اَتٰىكُمْ عَذَابُهٗ بَيَاتًا اَوْ نَهَارًا مَّاذَا يَسْتَعْجِلُ مِنْهُ الْمُجْرِمُوْنَ ۝۵۰

၅၁။ အသင်ပြောကြားပါလေ၊ ပြောပြကြကုန်၊ အကယ်၍ အသင်တို့ထံ အရှင်မြတ်၏ပြစ်ဒဏ်သည် ညဦးအချိန်၌ဖြစ်စေ၊ နေ့အချိန်၌ဖြစ်စေ ဆိုက်ရောက်ခဲ့သော် အပြစ်ကျူးလွန်သူတို့

၁) 'နဗီ'တမန်တော်တစ်ပါး၏ ကြုံတင်နိမိတ်ဟောချက်များသည် သူအသက်ထင်ရှားရှိစဉ်၌ပင် အားလုံးပြည့်စုံရန်မလိုကြောင်းကို ဤအာယတ်တော်အားဖြင့် သိရပေသည်။ အချို့မှာ သူ၏လက်ထက်မှာပင် မလွဲမသွေပြည့်စုံခဲ့ပေသည်။ တမန်တော်မြတ် ﷺ ထံ ပို့ချခြင်းခံရသော ကျမ်းမြတ်ကုရ်အာန်တွင် 'ကေယာမတ်' ကမ္ဘာ့နောက်ဆုံးနေ့တော်ကြီးထိုဖြစ်ပေါ်မည့် မရေမတွက်နိုင်သော ကြုံတင်နိမိတ်ဟောချက်များကိုဖော်ပြထားပေရာ တမန်တော်မြတ် ﷺ ကွယ်လွန်အနိစ္စရောက်ပြီးကာလမှ စတင်ပြည့်စုံကာ

သည် မည်သည့်အားကိုးဖြင့် ယင်းမှ ထွက်ပြေးရန် အလျင်စလို ပြုမည်နည်း။

اَثُمَّ اِذَا مَا وَقَعَ اٰمَنْتُمْ بِهٖ ؕ آٰلْـٰٔنَ وَقَدْ كُنْتُمْ بِهٖ تَسْتَعْجِلُوْنَ ۝۵۱

၅၁။ သို့ဖြစ်လျှင် ထို(ပြစ်ဒဏ်)ဖြစ်ပေါ်လာမည့်အချိန်တွင်မှ ယင်းကိုယုံကြည်ကြမည်လော။ အသို့နည်း၊ ယခု (ထွက်ပြေးလွတ်မြောက်ရန် တစ်စုံတစ်ရာလမ်းရှိပါသလော)၊ စင်စစ် အသင်တို့သည်ပင် ယင်းကို အလျင်အမြန် ယူဆောင်လာရန် တောင်းဆိုလေ့ရှိခဲ့ကြသည်မဟုတ်လော။

ثُمَّ قِيْلَ لِلَّذِيْنَ ظَلَمُوْا ذُوْقُوْا عَذَابَ الْخُلْدِ ۚ هَلْ تُجْزَوْنَ اِلَّا بِمَا كُنْتُمْ تَكْسِبُوْنَ ۝۵۲

၅၂။ ထို့နောက် အပြစ်ကျူးလွန်သူတို့အား ပြောကြားမည်မှာ (ယခု) ထာဝရပြစ်ဒဏ်ကို မြည်းစမ်းကြကုန်။ အသို့နည်း၊ အသင်တို့သည် အသင်တို့ရှာဖွေဆည်းပူးလေ့ရှိခဲ့သည်မှတစ်ပါး (အခြားတစ်စုံတစ်ရာကို) အစားပေးခြင်းခံရပါသလော။

وَيَسْتَنْۢبِـُٔوْنَكَ اَحَقٌّ هُوَ ؕ قُلْ اِيْ وَرَبِّيْٓ اِنَّهٗ لَحَقٌّ ۚ وَمَآ اَنْتُمْ بِمُعْجِزِيْنَ ۝۵۳

၅၃။ ထို့ပြင် သူတို့က ဤသည်အမှန်လောဟု အသင့်ထံ မေးမြန်းကြ၏။ အသင်ပြောကြားပါလေ၊ ဟုတ်မှန်ပေ၏၊ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို တိုင်တည်၍ ဆိုပါ၏။ ဤသည် မုချကေန် အမှန်ဖြစ်၏။ စင်စစ် အသင်တို့သည် (အရှင်မြတ်အား) မစွမ်းသာအောင် ပြုလုပ်နိုင်ကြသူများမဟုတ်ကြချေ။

ရုကူး-၆

وَلَوْ اَنَّ لِكُلِّ نَفْسٍ ظَلَمَتْ مَا فِي الْاَرْضِ لَافْتَدَتْ بِهٖ ؕ وَاَسَرُّوا النَّدَامَةَ لَمَّا رَاَوُا الْعَذَابَ ۚ وَقُضِيَ بَيْنَهُمْ بِالْقِسْطِ وَهُمْ لَا يُظْلَمُوْنَ ۝۵۴

၅၄။ အကယ်၍ အပြစ်ကျူးလွန်သော အသက်ဝိညာဉ်တိုင်းသည် ကမ္ဘာပေါ်တွင်ရှိသမျှအားလုံး (သူ၌)ရှိခဲ့ပါလျှင် သူသည် ယင်းကို(ပြစ်ဒဏ်မှလွတ်မြောက်ရန်) လျော်ဖိုးအဖြစ် ပေးလိုက်ပေမည်။ ထို့ပြင် ထိုသူတို့သည် အပြစ်ဒဏ်ကို မြင်တွေ့ကြရသောအခါ မိမိတို့၏ နောင်တတရားရခြင်းကို ဖုံးကွယ်ကြပေမည်။ ထို့ပြင် သူတို့၏အကြားတွင် တရားမျှတစွာဖြင့် စီရင်ဆုံးဖြတ်တော်မူပေမည်။ သူတို့သည် မတရားပြုခြင်းကိုခံကြရမည် မဟုတ်ချေ။

اَلَآ اِنَّ لِلّٰهِ مَا فِي السَّمٰوٰتِ وَالْاَرْضِ ؕ اَلَآ اِنَّ وَعْدَ اللّٰهِ حَقٌّ وَّلٰكِنَّ اَكْثَرَهُمْ لَا يَعْلَمُوْنَ ۝۵۵

၅၅။ သတိပြုကြလော့၊ ဧကန်မုချ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသည်တို့ကို အလွှာဟ်သည်သာ စိုးပိုင်တော်မူ၏။ သတိပြုကြကုန်၊ အလွှာဟ်၏ကတိတော်သည် ဧကန်မုချမှန်ကန်၏။ သို့ရာတွင် ယင်းတို့အနက် အများစုသည် မသိကြချေ။

هُوَ يُحْيٖ وَيُمِيْتُ وَاِلَيْهِ تُرْجَعُوْنَ ۝۵۶

၅၆။ အရှင်မြတ်သည်သာလျှင် ရှင်စေတော်မူ၏၊ ထို့ပြင် သေစေတော်မူ၏၊ ထို့ပြင် အရှင်မြတ်ထံတော်သို့သာလျှင် အသင်တို့ ပြန်လည်သွားရောက်ကြရပေမည်။

➤ ယခုထက်တိုင်ပြည့်စုံလျက်ရှိပြီး 'ကေယာမတ်'နေ့တော်ကြီးတိုင်အောင် မှန်ကန်ပြည့်စုံနေဦးမည်ဖြစ်ကြောင်း ဤအာယတ်တော်အားဖြင့်သိရှိရပေသည်။

يَٰٓأَيُّهَا ٱلنَّاسُ قَدْ جَآءَتْكُم مَّوْعِظَةٌ مِّن رَّبِّكُمْ وَشِفَآءٌ لِّمَا فِى ٱلصُّدُورِ ۙ وَهُدًى وَرَحْمَةٌ لِّلْمُؤْمِنِينَ ﴿٥٧﴾

၅၇။ အို-လူသားအပေါင်းတို့၊ ဧကန်စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ဆုံးမသြဝါဒ တော်သည်လည်းကောင်း၊ ရင်များအတွင်း၌ရှိသောအရာ (ရောဂါဝေဒနာ)တို့၏ ပျောက်ကင်းချမ်းသာရာသည်လည်း ကောင်း၊ သက်ဝင်ယုံကြည်သူတို့အဖို့ လမ်းညွှန်တော်နှင့် ကရုဏာတော်သည်လည်းကောင်း ရောက်ရှိလာခဲ့ချေပြီ။

قُلْ بِفَضْلِ ٱللَّهِ وَبِرَحْمَتِهِۦ فَبِذَٰلِكَ فَلْيَفْرَحُوا۟ ۖ هُوَ خَيْرٌ مِّمَّا يَجْمَعُونَ ﴿٥٨﴾

၅၈။ အသင်ပြောကြားပါလေ၊ (ဤသည်) အလ္လာဟ်၏ 'ဖဇလ်' ကျေးဇူးတော်နှင့် 'ရာဟ်မတ်' ကရုဏာတော်မှဖြစ်၏။ သို့ဖြစ်ရာ သူတို့သည် ယင်းအပေါ် အလွန်လျှင် ဝမ်းမြောက် ပျော်ရွှင်သင့်ကြပေသည်။ ဤသည် သူတို့ရှာဖွေစုဆောင်းကြ သည်တို့ထက် သာ၍ကောင်းမြတ်၏။

قُلْ أَرَءَيْتُم مَّآ أَنزَلَ ٱللَّهُ لَكُم مِّن رِّزْقٍ فَجَعَلْتُم مِّنْهُ حَرَامًا وَحَلَٰلًا ۗ قُلْ ءَآللَّهُ أَذِنَ لَكُمْ أَمْ عَلَى ٱللَّهِ تَفْتَرُونَ ﴿٥٩﴾

၅၉။ အသင်ပြောကြားပါလေ၊ အလ္လာဟ်က အသင်တို့အတွက် ချပေးတော်မူသည့် 'ရိဇ်ကီ' ရိက္ခာအနက်မှ အသင်တို့ကိုယ်တိုင် ပင်လျှင် 'ဟရာမ်' တားမြစ်သည့်အရာနှင့် 'ဟလာလ်' ခွင့်ပြုသည့် အရာ ပြုလုပ်ခဲ့ကြသည်ကို အသင်တို့ မစဉ်းစားမဆင်ခြင်ကြဖြို့လော။ အသင်သည် (ၔင်းတို့အား) မေးမြန်းပါလေ၊ အလ္လာဟ်သည် အသင်တို့အား (ဤအကြောင်းများကို) ခွင့်ပြု တော်မူခဲ့ပါသလော၊ သို့တည်းမဟုတ် အသင်တို့သည် အလ္လာဟ် အပေါ် မုသားလီဆယ်ပြောဆိုမှုသက်သက်ကို ပြုလုပ်နေကြ ပါသလော။

وَمَا ظَنُّ ٱلَّذِينَ يَفْتَرُونَ عَلَى ٱللَّهِ ٱلْكَذِبَ يَوْمَ ٱلْقِيَٰمَةِ ۗ إِنَّ ٱللَّهَ لَذُو فَضْلٍ عَلَى ٱلنَّاسِ وَلَٰكِنَّ أَكْثَرَهُمْ لَا يَشْكُرُونَ ﴿٦٠﴾ ع

၆၀။ စင်စစ် အလ္လာဟ်အားအကြောင်းခံ၍ မုသားလီဆယ် ပြောဆိုသူတို့သည် 'ကေယာမတ်' တရားစီရင်မည့်နေ့တော် ကြီးတွင် သူတို့၏တွေးတောမှုမှာ မည်သို့ဖြစ်မည်နည်း။ ဧကန် မုချ အလ္လာဟ်သည် လူသားတို့အပေါ် အလွန်တရာ ကျေးဇူး ပြုတော်မူသောအရှင်ဖြစ်တော်မူ၏။ သို့ရာတွင် ယင်းတို့အ နက် အများစုသည် ကျေးဇူးမသိတတ်ကြချေတည်း။

ရုကူး-၇

وَمَا تَكُونُ فِى شَأْنٍ وَمَا تَتْلُوا۟ مِنْهُ مِن قُرْءَانٍ وَلَا تَعْمَلُونَ مِنْ عَمَلٍ إِلَّا كُنَّا عَلَيْكُمْ شُهُودًا إِذْ تُفِيضُونَ فِيهِ ۚ وَمَا يَعْزُبُ عَن رَّبِّكَ مِن مِّثْقَالِ ذَرَّةٍ فِى ٱلْأَرْضِ وَلَا فِى ٱلسَّمَآءِ وَلَآ أَصْغَرَ مِن ذَٰلِكَ وَلَآ أَكْبَرَ إِلَّا فِى كِتَٰبٍ مُّبِينٍ ﴿٦١﴾

၆၂။ ထို့ပြင် အသင်သည် မည်သည့်အခါတွင်မဆို ထူးခြား သော အခြေအနေတစ်ခုခုတွင်ရှိလျက်ဖြင့်မှတစ်ပါး ကျမ်း မြတ်ကုရ်အာန်ကို ဖတ်ရွတ်သည်မဟုတ်၊ ထို့အတူ (အို- သက် ဝင်ယုံကြည်သူအပေါင်းတို့) အသင်တို့သည် မည်သည့် (ကောင်းမှု) ကိစ္စတွင်မဆို နစ်မွန်းလျက်ရှိကြစဉ် ငါတို့သည် အသင်တို့အပေါ် သက်သေအဖြစ်ရှိနေခြင်းဖြင့်မှတစ်ပါး အသင်တို့သည် တစ်စုံတစ်ရာသော အမှုကိုပြုလုပ်ကြသည် မဟုတ်ချေ။ ကမ္ဘာမြေနှင့် မိုးကောင်းကင်မှ မည်သည့်အရာမ ဆို တစ်မှုန်တစ်မွှားမျှပင် အသင်၏ ဖန်ဆင်းမွေးမြူရှင်ထံတော် မှ ဖုံးကွယ်လျက်ရှိနေသည်မဟုတ်ချေ။ ထို့ပြင် ထို့ထက်သေး ငယ်သောအရာဖြစ်စေ၊ ထို့ထက်ကြီးသောအရာဖြစ်စေ ပွင့်

လင်းထင်ရှားသောကျမ်းတော်တွင် (ရေးမှတ်)ထားပေသည်။

اَلَاۤ اِنَّ اَوْلِيَآءَ اللّٰهِ لَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ۝٦٢

၆၃။ ကြားနာကြကုန်၊ စင်စစ် အလ္လာဟ်၏ အဆွေခင်ပွန်းများသာလျှင် သူတို့အပေါ် မည်သို့သော စိုးရိမ်ကြောက်ရွံ့မှုမျှရှိမည်မဟုတ်၊ ထို့ပြင် သူတို့သည် ပူဆွေးသောကဖြစ်ကြရမည်လည်းမဟုတ်ချေ။

اَلَّذِيْنَ اٰمَنُوْا وَكَانُوْا يَتَّقُوْنَ ۝٦٣

၆၄။ ထိုသူတို့သည် သက်ဝင်ယုံကြည်ကြ၏၊ ထို့ပြင် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကိုဆောက်တည်ခဲ့ကြ၏။

لَهُمُ الْبُشْرٰى فِى الْحَيٰوةِ الدُّنْيَا وَفِى الْاٰخِرَةِ ؕ لَا تَبْدِيْلَ لِكَلِمٰتِ اللّٰهِ ؕ ذٰلِكَ هُوَ الْفَوْزُ الْعَظِيْمُ ۝٦٤

၆၅။ ထိုသူတို့အတွက် လောကီဘဝတွင်လည်းကောင်း၊ နောင်တမလွန်တွင်လည်းကောင်း ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းရှိပေသည်။ အလ္လာဟ်၏နှုတ်ကပါဋ္ဌစကားတော်များတွင် မည်သည့်အပြောင်းအလဲမျှမရှိချေ။ ဤသည်ပင် အလွန်ကြီးကျယ်သောအောင်မြင်မှုဖြစ်၏။

وَلَا يَحْزُنْكَ قَوْلُهُمْ ۘ اِنَّ الْعِزَّةَ لِلّٰهِ جَمِيْعًا ؕ هُوَ السَّمِيْعُ الْعَلِيْمُ ۝٦٥

၆၆။ ထို့ပြင် ယင်းတို့၏ပြောဆိုမှုသည် အသင့်အား ဝမ်းနည်းပူဆွေးမှုမဖြစ်စေလင့်။ စင်စစ်ဧကန် ဂုဏ်သိက္ခာအလုံးစုံကို အလ္လာဟ်သည်သာလျှင် စိုးပိုင်တော်မူ၏။ ထိုအရှင်မြတ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။

اَلَاۤ اِنَّ لِلّٰهِ مَنْ فِى السَّمٰوٰتِ وَمَنْ فِى الْاَرْضِ ؕ وَمَا يَتَّبِعُ الَّذِيْنَ يَدْعُوْنَ مِنْ دُوْنِ اللّٰهِ شُرَكَآءَ ؕ اِنْ يَّتَّبِعُوْنَ اِلَّا الظَّنَّ وَاِنْ هُمْ اِلَّا يَخْرُصُوْنَ ۝٦٦

၆၇။ သတိပြုကြကုန်၊ ဧကန်စင်စစ် မိုးကောင်းကင်များနှင့် ကမ္ဘာမြေပြင်တွင်ရှိသည်တို့ကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ အလ္လာဟ်မှလွဲ၍ အခြားသောအရာကို ဟစ်ခေါ်တမ်းတကြသောသူတို့သည် (ကြံစည်ပြုလုပ်ထားသော ယင်း) ယှဉ်တွဲကိုးကွယ်ရာများကို လိုက်နာကြသည်မဟုတ်။ သူတို့သည် ထင်မြင်ယူဆချက်ကိုသာ လိုက်နာကြ၏။ ထို့ပြင် ရော်ရမ်းမှန်းဆမှုဖြင့် လုပ်ဆောင်ကြခြင်းသာဖြစ်၏။

هُوَ الَّذِىْ جَعَلَ لَكُمُ الَّيْلَ لِتَسْكُنُوْا فِيْهِ وَالنَّهَارَ مُبْصِرًا ؕ اِنَّ فِىْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّسْمَعُوْنَ ۝٦٧

၆၈။ ထိုအရှင်မြတ်သည်ပင် 'ညဉ့်'ကို အသင်တို့ အေးချမ်းမှုရရှိစေရန်လည်းကောင်း 'နေ့'ကို လင်းဝင်းစေသောအရာအဖြစ်လည်းကောင်း ပြုလုပ်ထားတော်မူ၏။ ဧကန်စင်စစ် ယင်း၌ (စကားကို)နားထောင်ကြသူတို့အဖို့ များစွာသောနိမိတ်လက္ခဏာတော်များရှိ၏။

قَالُوا اتَّخَذَ اللّٰهُ وَلَدًا سُبْحٰنَهٗ ؕ هُوَ الْغَنِىُّ ؕ لَهٗ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ؕ اِنْ عِنْدَكُمْ مِّنْ سُلْطٰنٍ بِهٰذَا ؕ اَتَقُوْلُوْنَ عَلَى اللّٰهِ مَا لَا تَعْلَمُوْنَ ۝٦٨

၆၉။ ယင်းတို့က အလ္လာဟ်သည် သားတော်ကိုပြုလုပ်ထားတော်မူသည်ဟုဆိုကြ၏။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏၊ အရှင်မြတ်သည် အမှီအခိုကင်းတော်မူ၏။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေပြင်တွင်ရှိသည်တို့ကို အရှင်မြတ်သာလျှင် စိုးပိုင်တော်မူ၏။ အသင်တို့ထံတွင် ဤ (ကြွေးကြော်ချက်)အတွက် မည်သည့်သက်သေသာဓက အထောက်အထားမျှမရှိချေ။ အသို့နည်း၊ အသင်တို့သည် အလ္လာဟ်နှင့်စပ်လျဉ်း၍ အသင်တို့မသိရှိသည်ကို ပြောဆိုကြပေသလော။

قُلْ اِنَّ الَّذِيْنَ يَفْتَرُوْنَ عَلَى اللّٰهِ الْكَذِبَ لَا يُفْلِحُوْنَ ۝

၇၀။ အသင်ပြောကြားပါလေ၊ ဧကန်စင်စစ် အလ္လာဟ်အား အကြောင်းခံ၍ မုသားလိမ်ဆယ်ဖန်တီးသူတို့သည် အောင်မြင်ကြလိမ့်မည် မဟုတ်ချေ။

مَتَاعٌ فِى الدُّنْيَا ثُمَّ اِلَيْنَا مَرْجِعُهُمْ ثُمَّ نُذِيْقُهُمُ الْعَذَابَ الشَّدِيْدَ بِمَا كَانُوْا يَكْفُرُوْنَ ۝

၇၁။ လောကတွင် အနည်းငယ်မျှအကျိုးရယူခံစားရန် ဖြစ်၏။ တစ်ဖန် ငါတို့ထံသို့သာလျှင် ယင်းတို့သည် ပြန်လည်၍ လာကြရပေအံ့။ ထိုအခါ ငါတို့သည် ယင်းတို့မယုံကြည်ခြင်း ပယ်လေ့ရှိခဲ့သောကြောင့် ယင်းတို့အား ပြင်းထန်သောအပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူပေမည်တည်း။

ရုကူး-၈

وَاتْلُ عَلَيْهِمْ نَبَاَ نُوْحٍ ۘ اِذْ قَالَ لِقَوْمِهٖ يٰقَوْمِ اِنْ كَانَ كَبُرَ عَلَيْكُمْ مَّقَامِىْ وَتَذْكِيْرِىْ بِاٰيٰتِ اللّٰهِ فَعَلَى اللّٰهِ تَوَكَّلْتُ فَاَجْمِعُوْٓا اَمْرَكُمْ وَشُرَكَآءَكُمْ ثُمَّ لَا يَكُنْ اَمْرُكُمْ عَلَيْكُمْ غُمَّةً ثُمَّ اقْضُوْٓا اِلَىَّ وَلَا تُنْظِرُوْنِ ۝

၇၂။ ထို့ပြင် အသင်သည် သူတို့အား 'နူးဟ်'၏သတင်းကို ဖတ်ပြပါလေ၊ အကြင်အခါဝယ် သူသည် မိမိ၏အမျိုးသားတို့အား ပြောကြားသည်မှာ အို-ကျွန်ုပ်၏အမျိုးသားအပေါင်းတို့၊ အကယ်၍ ကျွန်ုပ်၏ရပ်တည်ချက်သည်လည်းကောင်း၊ အလ္လာဟ်၏ နိမိတ်လက္ခဏာတော်များအားဖြင့် သွန်သင်ဆုံးမခြင်းသည်လည်းကောင်း အသင်တို့အပေါ် ခက်ခဲဝန်လေးမှုဖြစ်စေပါလျှင် ကျွန်ုပ်သည်ကား အလ္လာဟ်အပေါ်၌သာ ယုံပုံလွဲအပ်မှုပြုပါ၏။ သို့ဖြစ်ရာ အသင်တို့သည် မိမိတို့၏ စွမ်းအားမှန်သမျှနှင့် မိမိတို့၏ယှဉ်တွဲကိုးကွယ်ရာများကို စုစည်းကြကုန်။ ထို့နောက် အသင်တို့သည် မိမိတို့၏စွမ်းအားအပေါ် မည်သို့သော သံသယဖြစ်မှုမျှမရှိကြလင့်။ ထို့ပြင် ကျွန်ုပ်နှင့်စပ်လျဉ်း၍ လုပ်လိုသည်ကို လုပ်ဆောင်ကြကုန်။ ကျွန်ုပ်အား မည်သို့သော ဆိုင်းငံ့ခွင့်ကိုမျှ မပေးကြကုန်လင့်။

فَاِنْ تَوَلَّيْتُمْ فَمَا سَاَلْتُكُمْ مِّنْ اَجْرٍ ۭ اِنْ اَجْرِىَ اِلَّا عَلَى اللّٰهِ ۙ وَاُمِرْتُ اَنْ اَكُوْنَ مِنَ الْمُسْلِمِيْنَ ۝

၇၃။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် မျက်နှာလွှဲဖယ်ခဲ့ကြလျှင် ကျွန်ုပ်သည် အသင်တို့ထံမှ မည်သည့်အဖိုးအခကိုမျှ မတောင်းခံချေ။ ကျွန်ုပ်၏အဖိုးအခသည်ကား အလ္လာဟ်မှလွဲ၍ အခြားမည်သူ့ထံတွင်မျှမရှိ။ ထို့ပြင် ကျွန်ုပ်သည် နာခံသူများအနက်မှဖြစ်ရန် အမိန့်ပေးခြင်းကိုခံခဲ့ရ၏။

فَكَذَّبُوْهُ فَنَجَّيْنٰهُ وَمَنْ مَّعَهٗ فِى الْفُلْكِ وَجَعَلْنٰهُمْ خَلٰٓئِفَ وَاَغْرَقْنَا الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا ۚ فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الْمُنْذَرِيْنَ ۝

၇၄။ သို့ပါလျက် ထိုသူတို့သည် သူ့အား မဟုတ်မမှန်ဟု စွပ်စွဲခြင်းပယ်ခဲ့ကြပေရာ ငါတို့သည် သူ့အားလည်းကောင်း၊ သူနှင့်အတူ လှေသင်္ဘောပေါ်တွင်ရှိနေခဲ့ကြသောသူတို့အားလည်းကောင်း ကယ်တင်တော်မူခဲ့၏။ ထို့နောက် သူတို့အား ဆက်ခံသူများ ပြုလုပ်တော်မူခဲ့ပေသည်။ ထို့ပြင် ငါတို့သည် ငါတို့၏နိမိတ်လက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲခြင်းပယ်ခဲ့ကြသောသူတို့ကို နှစ်မြုပ်ပစ်တော်မူခဲ့၏။ သို့ဖြစ်ရာ သတိပေးနှိုးဆော်ခြင်းကိုခံရသောသူတို့၏ရလဒ် မည်သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုကြလေကုန်။

ثُمَّ بَعَثْنَا مِنْۢ بَعْدِهٖ رُسُلًا اِلٰى قَوْمِهِمْ فَجَآءُوْهُمْ بِالْبَيِّنٰتِ فَمَا كَانُوْا لِيُؤْمِنُوْا بِمَا كَذَّبُوْا بِهٖ مِنْ قَبْلُ ؕ كَذٰلِكَ نَطْبَعُ عَلٰى قُلُوْبِ الْمُعْتَدِيْنَ ۝

၇၅။ တစ်ဖန် ငါတို့သည် သူ၏နောက်တွင် တမန်တော်များကို သူတို့၏အမျိုးသားများအသီးသီးတွင် ပွင့်ပေါ်စေတော်မူခဲ့၏။ သို့ဖြစ်ရာ ၎င်းတို့သည် သူတို့ထံ ပွင့်လင်းထင်ရှားသော နိမိတ်လက္ခဏာတော်များကို ယူဆောင်လာခဲ့ကြပေသည်။ သို့ရာတွင် သူတို့သည် ယင်းအပေါ် သက်ဝင်ယုံကြည်သူများ ဖြစ်မလာခဲ့ကြချေ။ သူတို့သည် ယင်းကို ယခင်ကတည်းက မဟုတ်မမှန်ဟုစွပ်စွဲခဲ့ကြပြီးဖြစ်ချေသည်။ ဤသို့ပင် ငါတို့သည် စည်းဘောင်ကိုကျော်သူတို့၏ နှလုံးသားများအပေါ် တံဆိပ်ခတ်နှိပ်တော်မူ၏။

ثُمَّ بَعَثْنَا مِنْۢ بَعْدِهِمْ مُّوْسٰى وَهٰرُوْنَ اِلٰى فِرْعَوْنَ وَمَلَا۟ئِهٖ بِاٰيٰتِنَا فَاسْتَكْبَرُوْا وَكَانُوْا قَوْمًا مُّجْرِمِيْنَ ۝

၇၆။ ထို့နောက်တစ်ဖန် ထိုသူတို့၏နောက်တွင် ငါတို့သည် 'မူစာ'နှင့် 'ဟာရွန်'ကို ငါတို့၏နိမိတ်လက္ခဏာတော်များနှင့် အတူ 'ဖိရ်အောင်'နှင့် သူ၏အကြီးအကဲများထံ စေလွှတ်တော်မူခဲ့ပေရာ ယင်းတို့သည် မောက်မာထောင်လွှားခဲ့ကြ၏။ ယင်းတို့သည် အပြစ်ကျူးလွန်သောအမျိုးသားများ ဖြစ်ခဲ့ကြပေသည်။

فَلَمَّا جَآءَهُمُ الْحَقُّ مِنْ عِنْدِنَا قَالُوْٓا اِنَّ هٰذَا لَسِحْرٌ مُّبِيْنٌ ۝

၇၇။ သို့ဖြစ်ရာ ငါတို့ထံမှ သူတို့ထံ အမှန်တရား ရောက်ရှိလာသောအခါ သူတို့က အမှန်ပင် ဤသည် ပွင့်လင်းထင်ရှားသော မှော်အတတ်ပင်ဖြစ်သည်ဟု ပြောဆိုကြလေသည်။

قَالَ مُوْسٰٓى اَتَقُوْلُوْنَ لِلْحَقِّ لَمَّا جَآءَكُمْ ؕ اَسِحْرٌ هٰذَا ؕ وَلَا يُفْلِحُ السّٰحِرُوْنَ ۝

၇၈။ မူစာက ပြော၏၊ အသင်တို့သည် အမှန်တရားနှင့်စပ်လျဉ်း၍၊ ယင်းသည် အသင်တို့ထံ ရောက်ရှိလာသည့်အခါ (ဤသို့)ပြောဆိုကြပါသလော။ ဤသည် မှော်အတတ်ဖြစ်သလော။ အမှန်စင်စစ် မှော်ဆရာတို့မည်သည်ကား အောင်မြင်လေ့မရှိကြချေ။

قَالُوْٓا اَجِئْتَنَا لِتَلْفِتَنَا عَمَّا وَجَدْنَا عَلَيْهِ اٰبَآءَنَا وَتَكُوْنَ لَكُمَا الْكِبْرِيَآءُ فِى الْاَرْضِ ؕ وَمَا نَحْنُ لَكُمَا بِمُؤْمِنِيْنَ ۝

၇၉။ ယင်းတို့က အသင်သည် ကျွန်ုပ်တို့၏ အဘဘိုးဘေးများအား ကျွန်ုပ်တို့တွေ့ခဲ့ရသည့် ထို(လမ်းစဉ်)မှ ကျွန်ုပ်တို့အားလွှဲဖယ်ပစ်ရန်လည်းကောင်း၊ အသင်တို့ နှစ်ဦးစလုံးသည် တိုင်းနိုင်ငံတွင် ကြီးမြတ်ခြင်းကိုရရှိရန်လည်းကောင်း အသင်သည် ကျွန်ုပ်တို့ထံ လာရောက်ပါသလော။ စင်စစ် ကျွန်ုပ်တို့သည်ကား အသင်တို့နှစ်ဦးအပေါ် မည်သည့်အခါမျှ သက်ဝင်ယုံကြည်လာကြမည့်သူများမဟုတ်ချေဟု ပြောကြားလေ၏။

وَقَالَ فِرْعَوْنُ ائْتُوْنِىْ بِكُلِّ سٰحِرٍ عَلِيْمٍ ۝

၈၀။ ထို့နောက် 'ဖိရ်အောင်'က ပြော၏၊ ကျွမ်းကျင်သည့် မှော်ဆရာများအားလုံးကို ငါ့ထံသို့ခေါ်ဆောင်လာကြကုန်။

فَلَمَّا جَآءَ السَّحَرَةُ قَالَ لَهُمْ مُّوْسٰٓى اَلْقُوْا مَآ اَنْتُمْ مُّلْقُوْنَ ۝

၈၁။ သို့ဖြင့် မှော်ဆရာများရောက်လာသည့်အခါ သူတို့အား 'မူစာ'က ပြောသည်မှာ- အသင်တို့ ပစ်ချမည့်အရာများကို ပစ်ချကြကုန်။

فَلَمَّآ اَلْقَوْا قَالَ مُوْسٰى مَا جِئْتُمْ بِهِ ۙ السِّحْرُ ۭ اِنَّ اللّٰهَ سَيُبْطِلُهٗ ۭ اِنَّ اللّٰهَ لَا يُصْلِحُ عَمَلَ الْمُفْسِدِيْنَ ۝

၈၂။ သို့ဖြစ်ရာ သူတို့သည် (ပစ်မည့်အရာကို)ပစ်ချလိုက်သောအခါ 'မူစာ'ကပြော၏၊ အသင်တို့ ယူဆောင်လာသည့် အရာသည် မျက်စိအမြင်ကို လှည့်စားမှုသက်သက်မျှသာဖြစ်ပေသည်။ ဧကန်မုချ အလ္လာဟ်သည် ယင်းကိုပျက်ပြယ်အောင် ပြုလုပ်တော်မူမည်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် ပျက်စီးရာပျက်စီးကြောင်းပြုသူတို့၏လုပ်ဆောင်ချက်ကို မှန်ကန်သည်ဟု သတ်မှတ်တော်မမူချေ။

وَيُحِقُّ اللّٰهُ الْحَقَّ بِكَلِمٰتِهٖ وَلَوْ كَرِهَ الْمُجْرِمُوْنَ ۝

၈၂။ စင်စစ် အပြစ်ကျူးလွန်သူများ မည်မျှပင် မနှစ်မြို့ကြစေကာမူ အလ္လာဟ်သည် မိမိ၏ 'ကလေမာ' နှုတ်ကပါဌ်တော်အားဖြင့် အမှန်ကို မှန်ကန်ကြောင်း ပြသတော်မူပေသတည်း။

ရုကူ-၉

فَمَآ اٰمَنَ لِمُوْسٰٓى اِلَّا ذُرِّيَّةٌ مِّنْ قَوْمِهٖ عَلٰي خَوْفٍ مِّنْ فِرْعَوْنَ وَمَلَا۟ئِهِمْ اَنْ يَّفْتِنَهُمْ ۭ وَاِنَّ فِرْعَوْنَ لَعَالٍ فِي الْاَرْضِ ۚ وَاِنَّهٗ لَمِنَ الْمُسْرِفِيْنَ ۝

၈၃။ သို့ဖြစ်ရာ 'မူစာ'အား သူ၏အမျိုးသားတို့အနက်မှ တစ်ခုသော (အနည်းငယ်မျှဖြစ်သည့်) အဆက်အနွယ်သည်သာ 'ဖိရ်အောင်'နှင့် ၎င်း၏အကြီးအကဲများက သူတို့အား တစ်စုံတစ်ရာသော ဘေးဒုက္ခအန္တရာယ်တွင် ဆိုက်ရောက်စေမည်ကို စိုးရိမ်ကြောက်ရွံ့ရလင့်ကစား ယုံကြည်လက်ခံခဲ့ကြပေသည်။ အမှန်ပင် 'ဖိရ်အောင်'သည် ကမ္ဘာမြေတွင် လွန်စွာပုန်ကန်သောင်းကျန်းသူဖြစ်ခဲ့၏။ ထို့ပြင် သူသည် အမှန်ပင် အတိုင်းထက်လွန်ကျူးသူများအနက်မှ ဖြစ်ခဲ့ပေသည်။

وَقَالَ مُوْسٰى يٰقَوْمِ اِنْ كُنْتُمْ اٰمَنْتُمْ بِاللّٰهِ فَعَلَيْهِ تَوَكَّلُوْٓا اِنْ كُنْتُمْ مُّسْلِمِيْنَ ۝

၈၄။ ထို့ပြင် 'မူစာ'က ပြောသည်မှာ- အို-ကျွန်ုပ်၏အမျိုးသားတို့၊ အကယ်၍ အသင်တို့သည် အလ္လာဟ်အား သက်ဝင်ယုံကြည်ကြပါလျှင်၊ ထို့ပြင် အကယ်၍ အသင်တို့သည် (အမှန်တကယ်) အမိန့်နာခံသူများဖြစ်ကြပါလျှင် အရှင်မြတ်အားသာလျှင် ယုံပုံအားကိုးမှုပြုကြကုန်။

فَقَالُوْا عَلَي اللّٰهِ تَوَكَّلْنَا ۚ رَبَّنَا لَا تَجْعَلْنَا فِتْنَةً لِّلْقَوْمِ الظّٰلِمِيْنَ ۝

၈၆။ ထိုအခါ ယင်းတို့က (ပြန်လည်)ပြောကြားကြသည်မှာ ကျွန်ုပ်တို့သည် အလ္လာဟ်အားသာလျှင် ယုံပုံအားကိုးမှုပြုကြပါ၏။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ကျွန်တော်မျိုးတို့အား မတရားပြုသူများအတွက် စမ်းသပ်ဖွယ်ရာ ပြုလုပ်တော်မမူပါနှင့်၊

وَنَجِّنَا بِرَحْمَتِكَ مِنَ الْقَوْمِ الْكٰفِرِيْنَ ۝

၈၇။ ထို့ပြင် ကျွန်တော်မျိုးတို့အား မိမိ၏ 'ရာဟ်မတ်' ကရုဏာတော်ဖြင့် မယုံကြည်ခြင်းပယ်သူ 'ကာဖိရ်'များမှ ကယ်တင်တော်မူပါ။

وَاَوْحَيْنَآ اِلٰى مُوْسٰى وَاَخِيْهِ اَنْ تَبَوَّاٰ لِقَوْمِكُمَا بِمِصْرَ بُيُوْتًا وَّاجْعَلُوْا بُيُوْتَكُمْ قِبْلَةً وَّاَقِيْمُوا الصَّلٰوةَ ۭ وَبَشِّرِ

၈၈။ ထို့နောက် ငါတို့သည် 'မူစာ'နှင့် သူ၏အစ်ကိုအား အသင်တို့နှစ်ဦးစလုံးသည် မိမိတို့၏အမျိုးသားများအတွက် အိုဂျစ်ပြည်တွင် နေအိမ်များစီစဉ်လော့၊ မိမိတို့၏နေအိမ်များကို ဦးတည်ရာအရပ်တစ်ဖက်တည်းသို့ မျက်နှာမူ၍ ဆောက်ကြလော့။ ထို့ပြင် 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်လော့၊

الْمُؤْمِنِيْنَ ﴿٨٨﴾

သက်ဝင်ယုံကြည်သူတို့အား ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ပေးလော့ဟု 'ဝဟီ' ဗျာဒိတ်ပို့ချတော်မူခဲ့ပေသည်။ ①

وَقَالَ مُوْسٰى رَبَّنَآ اِنَّكَ اٰتَيْتَ فِرْعَوْنَ وَمَلَاَهٗ زِيْنَةً وَّاَمْوَالًا فِى الْحَيٰوةِ الدُّنْيَا ۙ رَبَّنَا لِيُضِلُّوْا عَنْ سَبِيْلِكَ ۚ رَبَّنَا اطْمِسْ عَلٰٓى اَمْوَالِهِمْ وَاشْدُدْ عَلٰى قُلُوْبِهِمْ فَلَا يُؤْمِنُوْا حَتّٰى يَرَوُا الْعَذَابَ الْاَلِيْمَ ﴿٨٨﴾

၈၈။ 'မူစာ'က လျှောက်ထားပန်ကြားသည်မှာ၊ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ စင်စစ်ဧကန်အရှင်မြတ်သည် 'ဖိရ်အောင်'နှင့် သူ၏အကြီးအကဲများအား ဤလောကီဘဝတွင် ကြီးမားသော လှပတင့်တယ်ခြင်းနှင့် ဓနဥစ္စာများကို ပေးသနားတော်မူခဲ့ပါသည်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ (အသို့နည်း) သူတို့သည် (လူသားများကို) အရှင်မြတ်၏လမ်းတော်မှ တိမ်းချော်လွဲမှားသွားအောင်ပြုကြစေရန်ဖြစ်ပါလော။ အို-ကျွန်တော်မျိုးတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ သူတို့၏ဓနဥစ္စာများကို ဖျက်ဆီးပစ်တော်မူပါ။ ထို့ပြင် သူတို့၏နှလုံးသားများအပေါ် ခက်ထန်မှုပြုတော်မူပါ။ အကြောင်းမူ သူတို့သည် နာကျင်ဖွယ်သောပြစ်ဒဏ်ကို မမြင်တွေ့ရသမျှ သက်ဝင်ယုံကြည်လာကြမည်မဟုတ်သောကြောင့် ဖြစ်ပါ၏။ ★

قَالَ قَدْ اُجِيْبَتْ دَّعْوَتُكُمَا فَاسْتَقِيْمَا وَلَا تَتَّبِعٰٓنِّ سَبِيْلَ الَّذِيْنَ لَا يَعْلَمُوْنَ ﴿٨٩﴾

၈၉။ အရှင်မြတ်က မိန့်တော်မူ၏၊ အသင်တို့နှစ်ဦးစလုံး၏ 'ဒိုအာ'ဆုတောင်းကို လက်ခံတော်မူပြီ။ သို့ဖြစ်ရာ အသင်တို့နှစ်ဦးစလုံးသည် တည်ကြည်ခိုင်မြဲမှုကို ပြသကြကုန်။ ထို့ပြင် မည်သည်ကိုမျှ မသိနားမလည်ကြသောသူတို့၏လမ်းကို လိုက်နာကျင့်ကြံခြင်း အလျှင်းမပြုကြလင့်။

وَجٰوَزْنَا بِبَنِىْٓ اِسْرَآءِيْلَ الْبَحْرَ فَاَتْبَعَهُمْ فِرْعَوْنُ وَجُنُوْدُهٗ بَغْيًا وَّعَدْوًا ۭ حَتّٰٓى اِذَآ اَدْرَكَهُ الْغَرَقُ ۙ قَالَ اٰمَنْتُ اَنَّهٗ لَآ اِلٰهَ اِلَّا الَّذِيْٓ اٰمَنَتْ بِهٖ بَنُوْٓا اِسْرَآءِيْلَ وَاَنَا مِنَ الْمُسْلِمِيْنَ ﴿٩٠﴾

၉၀။ ထို့ပြင် ငါတို့သည် 'အစ္စရာအီလ်'အမျိုးသားတို့အား ပင်လယ်ကိုဖြတ်သန်း၍ ဆောင်ယူလာတော်မူခဲ့ပေရာ 'ဖိရ်အောင်'နှင့် သူ၏တပ်မှူးသည် ပုန်ကန်ခြားနားခြင်းနှင့် လွန်ကျူးမှုပြုလျက် သူတို့၏နောက်သို့ လိုက်ခဲ့ကြပေသည်။ နောက်ဆုံးတွင် သူ့ထံ နစ်မြုပ်ခြင်းဆိုက်ရောက်လာသောအခါ သူက ကျွန်တော်မျိုးသည် 'အစ္စရာအီလ်'အမျိုးသားများ သက်ဝင်ယုံကြည်ကြသည့် အရှင်မြတ်မှလွဲ၍ အခြားမည်သည့်ကိုးကွယ်ရာအရှင်မျှမရှိကြောင်းကို ယုံကြည်ပါ၏။ ထို့ပြင် ကျွန်တော်မျိုးသည်လည်း ကျိုးနွံနာခံသူများအနက်မှ ဖြစ်ပါသည်ဟု ပြောလေ၏။

آٰلْـٰٔنَ وَقَدْ عَصَيْتَ قَبْلُ وَكُنْتَ مِنَ

၉၁။ အသို့နည်း၊ ယခုမှ (သက်ဝင်ယုံကြည်သလော)၊ စင်စစ်သော်ကား အသင်သည် ဤသည့်အလျင်က မနာခံပုန်ကန်

① ဤအာယတ်တော်တွင် အကြင်သို့သော အကြောင်းအရာတစ်ခုကိုဖော်ပြထားပြီး ယင်းနှင့်စပ်လျဉ်း၍ တမန်တော်မြတ်ﷺကိုယ်တိုင်လည်း အလိုအလျောက် စဉ်းစားတွေးတောမှုမပြုနိုင်သည့်အပြင် Bible (သမ္မာကျမ်း)တွင်လည်း ထိုအကြောင်းနှင့်စပ်လျဉ်း၍ ဖော်ပြထားခြင်းမရှိချေ။ သို့ဖြစ်ပေရာ သမ္မာကျမ်းကို တတ်သိနားလည်သူတို့၏ပြောပြချက်များကို ကြားခဲ့ရ၍ တမန်တော်မြတ်သည် ဖြစ်ရပ်များကိုသိရှိခဲ့ရသည်ဟု စွပ်စွဲချက်မှာလည်း လိမ်ညာမှုသာဖြစ်ပေသည်။ ယခုအခါ ရှေးဟောင်းသုတေသနပညာရှင်များက အီဂျစ်ပြည်တွင် တိမ်မြုပ်လျက်ရှိသော အစ္စရာအီလ်အမျိုးသားတို့၏ နေအိမ်များကိုတူးဖော်ရာတွင် ဦးတည်ရာအရပ်တစ်ဖက်တည်းသို့ မျက်နှာမူ၍တည်ဆောက်ထားကြောင်းတွေ့ရှိရပေသည်။

★ ဤအဓိပ္ပာယ်ပြန်ဆိုမှုအတွက် املاء ما منّ به الرحمن ကျမ်းရှု။

الْمُفْسِدِيْنَ ﴿٩١﴾

လျက် ရှိနေခဲ့ပေသည်။ ထို့ပြင် အသင်သည်ပျက်စီးရာပျက်စီးကြောင်းပြုသူများအနက်မှ ဖြစ်ခဲ့ပေသည်။

فَالْيَوْمَ نُنَجِّيْكَ بِبَدَنِكَ لِتَكُوْنَ لِمَنْ خَلْفَكَ اٰيَةً ؕ وَاِنَّ كَثِيْرًا مِّنَ النَّاسِ عَنْ اٰيٰتِنَا لَغٰفِلُوْنَ ﴿٩٢﴾

၉၃။ ထို့နောက် ယနေ့တွင် ငါတို့သည် အသင့်အား အသင်၏ ခန္ဓာကိုယ်နှင့်အတူ ကယ်တင်တော်မူမည်။ သို့ဖြင့် အသင်သည် မိမိနောက်တွင် လာမည့်သူများအဖို့ သံဝေဂတစ်ရပ်ဖြစ်စေခြင်းငှာဖြစ်၏။ အမှန်သော်ကား လူသားတို့အနက် အများစုသည် ဧကန်ပင် ငါတို့၏ နိမိတ်လက္ခဏာတော်များကို လုံးလုံးလျားလျား မေ့လျော့လျစ်လျူရှုထားကြပေသတည်း။ ①

ရုကူး-၁၀

وَلَقَدْ بَوَّاْنَا بَنِيْٓ اِسْرَآءِيْلَ مُبَوَّاَ صِدْقٍ وَّرَزَقْنٰهُمْ مِّنَ الطَّيِّبٰتِ ۚ فَمَا اخْتَلَفُوْا حَتّٰى جَآءَهُمُ الْعِلْمُ ؕ اِنَّ رَبَّكَ يَقْضِيْ بَيْنَهُمْ يَوْمَ الْقِيٰمَةِ فِيْمَا كَانُوْا فِيْهِ يَخْتَلِفُوْنَ ﴿٩٣﴾

၉၄။ ထို့ပြင် ငါတို့သည် 'အစ္စရာအီလ်'မျိုးနွယ်တို့အား သစ္စာဌာနေတစ်ရပ်ကို ပေးသနားတော်မူခဲ့ပေသည်။ ထို့ပြင် သူတို့အား သန့်ရှင်းသောအရာများမှ 'ရီဇိုက်' ရိက္ခာကို ပေးသနားတော်မူခဲ့၏။ သို့ဖြစ်ရာ သူတို့ထံ အသိပညာမရောက်ရှိလာခင် အထိ သူတို့သည် ကွဲပြားခြားနားခြင်းကို မပြုခဲ့ကြချေ။ မုချ ဧကန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် 'ကေယာမတ်'နေ့တော်ကြီးတွင် သူတို့ ကွဲပြားခြားနားလေ့ရှိခဲ့ကြသည့် အကြောင်းရပ်များနှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်တော်မူမည်ဖြစ်၏။

فَاِنْ كُنْتَ فِيْ شَكٍّ مِّمَّآ اَنْزَلْنَآ اِلَيْكَ فَسْـَٔلِ الَّذِيْنَ يَقْرَءُوْنَ الْكِتٰبَ مِنْ قَبْلِكَ ۚ لَقَدْ جَآءَكَ الْحَقُّ مِنْ رَّبِّكَ فَلَا تَكُوْنَنَّ مِنَ الْمُمْتَرِيْنَ ﴿٩٤﴾

၉၅။ သို့ဖြစ်ရာ အကယ်၍ အသင်သည် ငါတို့က အသင့်ထံ ပို့ချသည်တို့နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာသံသယရှိပါမူ အသင့်အလျင် (ပို့ချခဲ့သော)ကျမ်းစာကို ဖတ်သူတို့အား မေးမြန်းပါလေ။ ဧကန်ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်ထံတော်မှ အမှန်တရားသည်သာ အသင့်ထံသို့ ရောက်ရှိလာခဲ့ပေပြီ။ သို့ဖြစ်၍ အသင်သည် သံသယဖြစ်သူများတွင် အလျှင်းမပါဝင်လင့်။

وَلَا تَكُوْنَنَّ مِنَ الَّذِيْنَ كَذَّبُوْا بِاٰيٰتِ اللّٰهِ فَتَكُوْنَ مِنَ الْخٰسِرِيْنَ ﴿٩٥﴾

၉၆။ ထို့ပြင် အသင်သည် ငါတို့၏ နိမိတ်လက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသောသူတို့အနက်မှ အလျှင်းမဖြစ်လင့်။ သို့မဟုတ်လျှင် အသင်သည် ဆုံးရှုံးသူများအနက်မှ ဖြစ်သွားပေလိမ့်မည်။

اِنَّ الَّذِيْنَ حَقَّتْ عَلَيْهِمْ كَلِمَتُ رَبِّكَ

၉၇။ ဧကန်စင်စစ် အကြင်သူတို့အပေါ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ အမိန့်တော်ပြဋ္ဌာန်းပြီးဖြစ်ပါလျှင်

① ဤအာယတ်တော်မှာလည်း ကျမ်းမြတ်ကုရ်အာန်သည် 'အာလေမွလ်ဂိုက်ဘ်'အကွယ်ရှိအရာများကို သိမြင်တော်မူသော အရှင်ထံတော်မှ ထုတ်ပြန်ပို့ချပေးတော်မူကြောင်း သာဓကရရှိပေသည်။ အကြောင်းမူ တမန်တော်မြတ် ﷺ ၏ ခေတ်ကာလတွင် 'ဖိရိုအော်'၏ ရုပ်အလောင်းနှင့်စပ်လျဉ်း၍ အရိုပ်အမြွှက်မျှပင် ဖော်ပြထားကြောင်းမတွေ့ရပေ။ မျက်မှောက်ခေတ်တွင် တမန်တော်မူစာနှင့် ရင်ဆိုင်ယှဉ်ပြိုင်ခဲ့သော 'ဖိရိုအော်'၏ရုပ်အလောင်းကို ရှေးဟောင်းသုတေသီတို့က ရှာဖွေတွေ့ရှိခဲ့ကြပြီးဖြစ်သည်။ ဤရုပ်အလောင်းအားဖြင့် 'ဖိရိုအော်'သည် ရေနစ်မြုပ်ခဲ့သော်လည်း မသေမီအလျင် ဆယ်ယူခြင်းကိုခံခဲ့ရပြီး ယင်းနောက်ပိုင်းနှစ်ပေါင်းခြောက်ဆယ်နီးပါးမျှ ဒုက္ခိတဘဝဖြင့် အိပ်ရာထက်တွင်နေခဲ့ရကြောင်း၊ သူသည် အသက်(၉၀)အရွယ်အထိ နေခဲ့ရကြောင်း သိရှိရပေသည်။ (အကျယ်ကို Ian Wilson : Exodus Enigma 1985 တွင် ရှုပါ)

لَا يُؤْمِنُوْنَ ۝٩٧

သူတို့သည် သက်ဝင်ယုံကြည်လာကြလိမ့်မည်မဟုတ်ချေ။

وَلَوْ جَآءَتْهُمْ كُلُّ اٰيَةٍ حَتّٰى يَرَوُا الْعَذَابَ الْاَلِيْمَ ۝٩٨

၉၈။ အကယ်၍ သူတို့ထံ အလုံးစုံသော နိမိတ်လက္ခဏာတော်များ ရောက်ရှိလာသော်ငြားလည်း သူတို့သည် နာကျင်ဖွယ်သောပြစ်ဒဏ်ကို မမြင်တွေ့ရသမျှ (သက်ဝင်ယုံကြည်ကြလိမ့်မည် မဟုတ်ချေ)။

فَلَوْلَا كَانَتْ قَرْيَةٌ اٰمَنَتْ فَنَفَعَهَآ اِيْمَانُهَآ اِلَّا قَوْمَ يُوْنُسَ ؕ لَمَّآ اٰمَنُوْا كَشَفْنَا عَنْهُمْ عَذَابَ الْخِزْيِ فِى الْحَيٰوةِ الدُّنْيَا وَمَتَّعْنٰهُمْ اِلٰى حِيْنٍ ۝٩٨

၉၉။ သက်ဝင်ယုံကြည်၍ ထိုယုံကြည်မှုက သူတို့အား အကျိုးဖြစ်ထွန်းစေမည့်သူများသည်၊ 'ယူနုတ်စ်'၏အမျိုးသားတို့မှလွဲ၍ အခြားမြို့ရွာတစ်စုံတစ်ရာ၌ အဘယ့်ကြောင့် မရှိခဲ့ပါသနည်း၊ သူ(ယူနုတ်စ်)၏အမျိုးသားတို့သည် သက်ဝင်ယုံကြည်လာကြသည့်အခါ၊ ငါတို့သည် ဤလောကီဘဝ၌ ဂုဏ်သရေယုတ်လျော့စေမည့် အပြစ်ဒဏ်ကို သူတို့ထံမှ ကင်းဝေးစေတော်မူခဲ့ပေသည်။ ထို့ပြင် သူတို့အား အချိန်ကာလတစ်ရပ်ထိ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ဝတ္ထုပစ္စည်းများကို ပေးသနားတော်မူခဲ့ပေသည်။

وَلَوْ شَآءَ رَبُّكَ لَاٰمَنَ مَنْ فِى الْاَرْضِ كُلُّهُمْ جَمِيْعًا ؕ اَفَاَنْتَ تُكْرِهُ النَّاسَ حَتّٰى يَكُوْنُوْا مُؤْمِنِيْنَ ۝٩٩

၁၀၀။ ထို့ပြင် အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် အလိုရှိတော်မူလျှင် ကမ္ဘာမြေပေါ်တွင် ရှိရှိသမျှ ခပ်သိမ်းကုန်သောသူတို့သည် တစုတရုံးတည်း သက်ဝင်ယုံကြည်လာကြပေအံ့။ သို့ဖြစ်ရာ အသင်သည် လူသားများအား သူတို့သက်ဝင်ယုံကြည်လာကြစေရန် အတင်းအကျပ်ပြုလုပ်နိုင်ပါသလော။

وَمَا كَانَ لِنَفْسٍ اَنْ تُؤْمِنَ اِلَّا بِاِذْنِ اللّٰهِ ؕ وَيَجْعَلُ الرِّجْسَ عَلَى الَّذِيْنَ لَا يَعْقِلُوْنَ ۝١٠٠

၁၀၁။ စင်စစ် မည်သည့်အသက်ဝိညာဉ်မျှ အလ္လာဟ်၏ခွင့်ပြုချက်မရှိဘဲ သက်ဝင်ယုံကြည်နိုင်မည်မဟုတ်ချေ။ ထို့ပြင် အရှင်မြတ်သည် အသိဉာဏ်ဖြင့်လုပ်ဆောင်ခြင်းမရှိသောသူတို့(၏မျက်နှာများ)အပေါ် သို့ (သူတို့စိတ်နှလုံး၏) အညစ်အကြေးကိုစွန်းထင်းစေတော်မူ၏။

قُلِ انْظُرُوْا مَاذَا فِى السَّمٰوٰتِ وَالْاَرْضِ ؕ وَمَا تُغْنِى الْاٰيٰتُ وَالنُّذُرُ عَنْ قَوْمٍ لَّا يُؤْمِنُوْنَ ۝١٠١

၁၀၂။ အသင်ပြောကြားပါလော၊ မိုးကောင်းကင်များနှင့် ကမ္ဘာမြေပြင်တွင်ရှိရှိသမျှတို့ကို သေချာစွာကြည့်ရှုကြကုန်။ သို့ရာတွင် နိမိတ်လက္ခဏာတော်များနှင့် သတိပေးနှိုးဆော်မှုများသည် သက်ဝင်ယုံကြည်ခြင်းမရှိကြသောသူတို့အတွက် မည်သို့မျှ အကျိုးမရှိချေ။

فَهَلْ يَنْتَظِرُوْنَ اِلَّا مِثْلَ اَيَّامِ الَّذِيْنَ خَلَوْا مِنْ قَبْلِهِمْ ؕ قُلْ فَانْتَظِرُوْٓا اِنِّىْ مَعَكُمْ مِّنَ الْمُنْتَظِرِيْنَ ۝١٠٢

၁၀၃။ သို့ဖြစ်ရာ ထိုသူတို့သည် ၎င်းတို့အလျင် လွန်လေခဲ့ပြီးသောသူတို့ ဖြတ်သန်းခဲ့ရသောအချိန်ကာလမျိုးကိုသာလျှင် စောင့်မျှော်လျက်ရှိနေကြပေသလော။ အသင် ပြောကြားပါလော၊ စောင့်မျှော်လျက်နေကြကုန်၊ စင်စစ်ဧကန် ကျွန်ုပ်သည်လည်း အသင်တို့နှင့်အတူ စောင့်မျှော်လျက်ရှိနေကြသူများအနက်မှဖြစ်ပေသည်။

ثُمَّ نُنَجِّيْ رُسُلَنَا وَالَّذِيْنَ اٰمَنُوْا كَذٰلِكَ ۚ حَقًّا عَلَيْنَا نُنْجِ الْمُؤْمِنِيْنَ ﴿۱۰۳﴾

၁၀၄။ တစ်ဖန် (ပြစ်ဒဏ်ကျရောက်သောအချိန်တွင်) ငါတို့သည် မိမိ၏တမန်တော်များကိုလည်းကောင်း၊ သက်ဝင်ယုံကြည်သူများကိုလည်းကောင်း ဤကဲ့သို့ပင် ကယ်တင်တော်မူခဲ့ပေသည်။ သက်ဝင်ယုံကြည်သူတို့အား ကယ်တင်ရန်မှာ ငါတို့၏တာဝန်ဖြစ်သတည်း။

ရှုကူ-၁၁

قُلْ يٰٓاَيُّهَا النَّاسُ اِنْ كُنْتُمْ فِيْ شَكٍّ مِّنْ دِيْنِيْ فَلَآ اَعْبُدُ الَّذِيْنَ تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ وَلٰكِنْ اَعْبُدُ اللّٰهَ الَّذِيْ يَتَوَفّٰىكُمْ ۖ وَاُمِرْتُ اَنْ اَكُوْنَ مِنَ الْمُؤْمِنِيْنَ ﴿۱۰۴﴾

၁၀၅။ အသင်ပြောကြားပါလေ၊ အို-လူသားအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ကျွန်ုပ်၏သာသနာတော်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ သံသယရှိပါမူ ကျွန်ုပ်သည်ကား အလ္လာဟ်မှတစ်ပါး အသင်တို့ ခဝပ်ကိုးကွယ်ကြသည့်အရာများကို ခဝပ်ကိုးကွယ်မည်မဟုတ်၊ သို့ရာတွင် အသင်တို့အား သေစေတော်မူသည့် ထိုအလ္လာဟ်အရှင်မြတ်ကိုသာလျှင် ကျွန်ုပ် ခဝပ်ကိုးကွယ်ပေအံ့။ ထို့ပြင် ကျွန်ုပ်သည် သက်ဝင်ယုံကြည်သူများအနက်မှဖြစ်စေရန် ကျွန်ုပ်အား အမိန့်ပေးခြင်းခံခဲ့ရပေသည်။

وَاَنْ اَقِمْ وَجْهَكَ لِلدِّيْنِ حَنِيْفًا ۚ وَلَا تَكُوْنَنَّ مِنَ الْمُشْرِكِيْنَ ﴿۱۰۵﴾

၁၀၆။ ထို့ပြင် (အလ္လာဟ်ဘက်သို့) အစဉ်သဖြင့် ယိမ်းညွတ်နေလျက် မိမိ၏အာရုံကို သာသနာတော်အပေါ်၌ အပြည့်အဝစွဲမြဲစွာထားရှိပါလေ။ ထို့ပြင် အသင်သည် တစ်စုံတစ်ရာကို အလ္လာဟ်နှင့်ယှဉ်တွဲကိုးကွယ်သူ 'မူရှရိုက်'များအနက်မှ အလျှင်းမဖြစ်လင့်။

وَلَا تَدْعُ مِنْ دُوْنِ اللّٰهِ مَا لَا يَنْفَعُكَ وَلَا يَضُرُّكَ ۚ فَاِنْ فَعَلْتَ فَاِنَّكَ اِذًا مِّنَ الظّٰلِمِيْنَ ﴿۱۰۶﴾

၁၀၇။ ထို့ပြင် အလ္လာဟ်မှတစ်ပါး အသင့်အား အကျိုးကျေးဇူးကိုသော်လည်းကောင်း၊ ဆုံးရှုံးနစ်နာစေခြင်းကိုသော်လည်းကောင်း မပြုစွမ်းနိုင်သည့်အရာကို ဟစ်ခေါ်တမ်းတခြင်း မပြုလင့်။ အကယ်၍ အသင်သည် ဤသို့ပြုလုပ်ခဲ့ပါမူ ဧကန်ပင် အသင်သည်အမှားကျူးလွန်သူများအနက်မှ ဖြစ်သွားပေလိမ့်မည်။

وَاِنْ يَّمْسَسْكَ اللّٰهُ بِضُرٍّ فَلَا كَاشِفَ لَهٗٓ اِلَّا هُوَ ۚ وَاِنْ يُّرِدْكَ بِخَيْرٍ فَلَا رَآدَّ لِفَضْلِهٖ ۭ يُصِيْبُ بِهٖ مَنْ يَّشَآءُ مِنْ عِبَادِهٖ ۭ وَهُوَ الْغَفُوْرُ الرَّحِيْمُ ﴿۱۰۷﴾

၁၀၈။ ထို့ပြင် အကယ်၍ အလ္လာဟ်သည် အသင့်အား တစ်စုံတစ်ရာ ဘေးဒုက္ခသက်ရောက်စေတော်မူလျှင် ထိုအရှင်မြတ်မှလွဲ၍ ယင်းကိုကင်းဝေးအောင်ပြုလုပ်နိုင်သူ မည်သူမျှ မရှိချေ။ ထို့ပြင် အကယ်၍ အရှင်မြတ်သည် အသင့်အတွက် တစ်စုံတစ်ရာကောင်းကျိုးကို ရည်ရွယ်တော်မူလျှင် အရှင်မြတ်၏ 'ဖဇ်လ်'ကျေးဇူးတော်ကို လွှဲဖယ်အောင် ပြုလုပ်နိုင်သူ မည်သူမျှမရှိချေ။ မိမိ၏အစေတော်များအနက်မှ အရှင် နှစ်လို့တော်မူသောသူအား ယင်း(ကျေးဇူးတော်)ကို ပေးသနားတော်မူ၏။ စင်စစ် ထိုအရှင်မြတ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

قُلْ يٰٓاَيُّهَا النَّاسُ قَدْ جَآءَكُمُ الْحَقُّ مِنْ رَّبِّكُمْ ۚ فَمَنِ اهْتَدٰى فَاِنَّمَا يَهْتَدِيْ لِنَفْسِهٖ ۚ وَمَنْ ضَلَّ فَاِنَّمَا يَضِلُّ عَلَيْهَا ۚ وَمَآ اَنَا عَلَيْكُمْ بِوَكِيْلٍ ۝

၁၀၉။ အသင်ပြောကြားပါလေ၊ အို-လူသားအပေါင်းတို့၊ စင်စစ်သော်ကား အသင်တို့ထံ အသင်တို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ထံတော်မှ အမှန်တရားသည် ရောက်ရှိလာခဲ့ချေပြီ။ သို့ဖြစ်ရာ အကြင်သူသည် တရားလမ်းမှန်ကိုရရှိခဲ့လျှင် ထိုသူသည် မိမိစိတ်ဝိညာဉ်အတွက်သာလျှင် တရားလမ်းမှန်ကိုရရှိခြင်းဖြစ်ပေသည်။ ထို့ပြင် အကြင်သူသည် လမ်းမှားပါက ထိုသူသည် မိမိစိတ်ဝိညာဉ်နှင့် ဆန့်ကျင်လျက်သာ လမ်းမှားခြင်းဖြစ်၏။ စင်စစ် ကျွန်ုပ်သည် အသင်တို့အပေါ် စောင့်ကြပ်သူမဟုတ်ချေ။

وَاتَّبِعْ مَا يُوْحٰٓى اِلَيْكَ وَاصْبِرْ حَتّٰى يَحْكُمَ اللّٰهُ ۚ وَهُوَ خَيْرُ الْحٰكِمِيْنَ ۝ ۩

၁၁၀။ ထို့ပြင် အသင့်ထံ 'ဝဟီ' ဗျာဒိတ်ပို့ချသည်ကို လိုက်နာကျင့်ကြံပါလေ။ ထို့ပြင် အလ္လာဟ်စီရင်ဆုံးဖြတ်တော်မူသည့်တိုင်အောင် သည်းခံစွဲမြဲလျက်နေပါလေ။ စင်စစ် အရှင်မြတ်သည် စီရင်ဆုံးဖြတ်သူများအနက် အကောင်းဆုံးဖြစ်တော်မူပေသတည်း။

❖ ❖ ❖

၁၁။ ဟူးဒ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠိတော်ပေါင်း (၁၂၄)ပိုဒ်ပါရှိသည်။

ပြီးခဲ့သောဆူရာဟ်နှင့် ဤဆူရာဟ်တို့၏ဆက်စပ်ပုံကို ပြီးခဲ့သောဆူရာဟ်(ယူနွတ်စ်)၏နိဒါန်းတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤဆူရာဟ်၏ရှုထောင့်တစ်ရပ်မှာ အလွန်လျှင်ပေါ်လွင်လှပြီး ယင်းကို အာယတ်အမှတ်စဉ်(၁၁၃)တွင် တွေ့ရှိရပေသည်။ **فَاسْتَقِمْ كَمَا أُمِرْتَ وَمَنْ تَابَ مَعَكَ** အရ တမန်တော်မြတ်အပေါ် အလွန်ကြီးမားသော တာဝန်တစ်ရပ် ကျရောက်လာခဲ့သောကြောင့် ကိုယ်တော်မြတ်က **شَيَّبَتْنِيْ هُوْدٌ** 'ဆူရာဟ် ဟူးဒ် က ကျွန်ုပ်ကို အိုမင်းအောင်ပြုလုပ်ခဲ့လေပြီ'ဟု မိန့်ကြားခဲ့ပေသည်။ ထို့ပြင် ဤဆူရာဟ်တွင် ငြင်းပယ်ဆန့်ကျင်မှုကြောင့် ဖျက်ဆီးခြင်းခံရသော အမျိုးသားတို့၏အကြောင်းကိုလည်း ဖော်ပြထားပေသည်။ သူတို့အတွက်ပူဆွေးသောကရောက်ရခြင်းကြောင့်လည်း တမန်တော်မြတ်သည် ကြီးမားသောစိတ်ဒုက္ခကို ခံစားခဲ့ရပေသည်။

ဤဆူရာဟ်၏အာယတ်အမှတ်စဉ် (၁၈)တွင် တမန်တော်မြတ်ﷺနှင့်စပ်လျဉ်း၍ ကိုယ်တော်မြတ်မှန်ကန်ကြောင်းကို သက်သေခံခဲ့သော ကိုယ်တော်မြတ်ထက်အလျင်ကရှိခဲ့သည့် သက်သေခံချက်တစ်ရပ်ကိုလည်း ဖော်ပြထားပေသည်။ ဆိုလိုသည်မှာ တမန်တော်မူစာ(ﷺ)၏သက်သေခံချက်ဖြစ်သည်။ ထို့ပြင် တမန်တော်မြတ်ﷺ၏ နောက်တွင်ပေါ်ထွန်းရန်ရှိသော သက်သေခံမည့်သူကိုလည်း ဖော်ပြထားပေသည်။ ယင်းသက်သေခံသူ၏အကြောင်းကို ဆူရာဟ်'အလ်-ဘုရူးဂျ်' (၈၅း၄)တွင် ဤသို့သော စကားလုံးများဖြင့် တွေ့ရှိရပေသည်။ **وَشَاهِدٍ وَّمَشْهُوْدٍ** ခေတ်တစ်ခေတ် ဆိုက်ရောက်လာပေလိမ့်မည်။ ယင်းခေတ်တွင် ကြီးကျယ်သော သက်သေခံသူတစ်ဦးသည် သာ၍ကြီးမြတ်သော သက်သေခံခြင်းခံရသူတစ်ဦး (၀၎) တမန်တော်မြတ်အတွက် ကိုယ်တော်မြတ်၏မှန်ကန်မှုကို သက်သေခံလိမ့်မည်ဟူ၏။

ထို့နောက် ဤဆူရာဟ်၏နောက်တွင်လာရှိသည့် ဆူရာဟ်အမှတ်စဉ်(၁၂) ဆူရာဟ်'ယူဆုဖ်'သည် ဖြစ်ရပ်မှန်အကြောင်းတွင် အကောင်းဆုံးသော ဖြစ်ရပ်ကိုဖော်ပြသည့် 'အာယတ်'မုက္ခပါဠိတော်ဖြင့် နိဒါန်းပျိုးထားပေသည်။ ထို့ကြောင့် ဤဆူရာဟ်၏နိဂုံးပိုင်းတွင် အလ္လာဟ်အရှင်မြတ်က တမန်တော်များ၏ ကြောင်းရာထုပ္ပတ်တစ်စုံတစ်ရာကို တမန်တော်မြတ်၏ရှေ့တွင် ဖော်ပြရခြင်းမှာ ကိုယ်တော်မြတ်၏ စိတ်နှလုံးတည်တံ့ခိုင်မာမှုရှိစေရန်အတွက်သာဖြစ်သည်ဟု မိန့်ကြားထားတော်မူပေသည်။ ထို့ပြင် ထိုကြောင်းရာထုပ္ပတ်များအားဖြင့် တမန်တော်မြတ်၏စိတ်နှလုံးတွင် သောကရောက်ရှိစေရန်အလို့ငှာ မရည်ရွယ်ကြောင်းကိုလည်း ဤဆူရာဟ်၌ ရည်ညွှန်းဖော်ပြထားပေသတည်း။

♦ ♦ ♦

ဆူရာဟ် ဟူးဒ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၁၂၃)ပိုဒ် ရှုကူ (၁၀)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲ ပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

الٓرٰ ۟ كِتٰبٌ اُحْكِمَتْ اٰيٰتُهٗ ثُمَّ فُصِّلَتْ مِنْ لَّدُنْ حَكِيْمٍ خَبِيْرٍ ②

၂။ اَنَا اللّٰهُ اَرٰى ငါသည် အလ္လာဟ်ဖြစ်တော်မူ၏၊ ငါသည် မြင်တွေ့တော်မူ၏၊ (ဤသည်) အကြင်သို့သော ကျမ်းတော်ဖြစ်၏။ ယင်း၏အာယတ်တော်များကို ခိုင်ခံ့မြဲမြံအောင် ပြုလုပ်ထားတော်မူ၏။ ထို့ပြင် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော၊ အမြဲထာဝရသတင်းရရှိတော်မူသော အရှင်မြတ်ထံတော်မှ ကောင်းစွာရှင်းလင်းဖွင့်ဆိုထားတော်မူ(သည့် အာယတ်တော်များဖြစ်)၏။

اَلَّا تَعْبُدُوْٓا اِلَّا اللّٰهَ ؕ اِنَّنِيْ لَكُمْ مِّنْهُ نَذِيْرٌ وَّبَشِيْرٌ ②

၃။ (သတိပေးနှိုးဆော်လျက်ရှိသည်မှာ) အသင်တို့သည် အလ္လာဟ်မှတစ်ပါး အခြားမည်သည်ကိုမျှ မကိုးကွယ်ကြလင့်။ ဧကန်စင်စစ် ကျွန်ုပ်သည်အသင်တို့အဖို့ အရှင်မြတ်ထံတော်မှ သတိပေးနှိုးဆော်သူနှင့် သတင်းကောင်းပေးသူဖြစ်၏။

وَّاَنِ اسْتَغْفِرُوْا رَبَّكُمْ ثُمَّ تُوْبُوْٓا اِلَيْهِ يُمَتِّعْكُمْ مَّتَاعًا حَسَنًا اِلٰٓى اَجَلٍ مُّسَمًّى وَّيُؤْتِ كُلَّ ذِيْ فَضْلٍ فَضْلَهٗ ؕ وَاِنْ تَوَلَّوْا فَاِنِّيْٓ اَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ كَبِيْرٍ ③

၄။ အသင်တို့သည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်တွင် အပြစ်လွှတ်ခြင်းကိုတောင်းခံကြကုန်။ ထို့နောက် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကိုပြုပြီး အရှင်မြတ်ဘက်တော်သို့ ယိမ်းညွတ်ကြလျှင် အရှင်မြတ်သည် အသင်တို့အား သတ်မှတ်ထားသော အချိန်ကာလတစ်ရပ်တိုင်အောင် ဘဝအတွက် အကောင်းဆုံးသောလိုအပ်ချက်များကို ပေးသနားတော်မူပေအံ့။ ထို့ပြင် အရှင်မြတ်သည် ဂုဏ်သရေကြီးမြတ်သူတိုင်းအား သူ၏ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ကျေးဇူးတော်ကို ပေးသနားတော်မူမည်။ အကယ်၍ အသင်တို့သည် လှည့်ထွက်သွားကြပါမူ အမှန်ပင် ကျွန်ုပ်သည် အသင်တို့နှင့်စပ်လျဉ်း၍ အလွန်ကြီးကျယ်သည့်နေ့တော်ကြီး၏ ပြစ်ဒဏ်ကိုကြောက်ရွံ့ပါ၏။

اِلَى اللّٰهِ مَرْجِعُكُمْ ۚ وَهُوَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ④

၅။ အလ္လာဟ်၏အထံတော်သို့သာလျှင် အသင်တို့သည် ပြန်လည်၍သွားကြရပေမည်။ စင်စစ် ထိုအရှင်မြတ်သည် မိမိအလိုရှိရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

اَلَآ اِنَّهُمْ يَثْنُوْنَ صُدُوْرَهُمْ لِيَسْتَخْفُوْا مِنْهُ ؕ اَلَا حِيْنَ يَسْتَغْشُوْنَ ثِيَابَهُمْ ۙ يَعْلَمُ مَا يُسِرُّوْنَ وَمَا يُعْلِنُوْنَ ۚ اِنَّهٗ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ⑤

၆။ သတိပြုကြကုန်၊ သူတို့သည် ယင်းကိုဖုံးကွယ်နိုင်ရန်အတွက် မိမိတို့၏ရင်များကိုလှည့်ထားကြလေသည်။ သတိပြုကြကုန်၊ သူတို့သည် မိမိတို့၏အဝတ်အစားများကို ဝတ်ဆင်နေစဉ် အရှင်မြတ်သည် သူတို့ဖုံးကွယ်သည်ကိုလည်းကောင်း၊ ထင်ရှားစေသည်ကိုလည်းကောင်း သိရှိတော်မူ၏။ မုချဧကန် အရှင်မြတ်သည် ရင်များအတွင်းရှိအကြောင်းရပ်ကို ကောင်း

စွာသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

وَمَا مِنْ دَآبَّةٍ فِي الْاَرْضِ اِلَّا عَلَى اللّٰهِ رِزْقُهَا وَيَعْلَمُ مُسْتَقَرَّهَا وَمُسْتَوْدَعَهَا ؕ كُلٌّ فِيْ كِتٰبٍ مُّبِيْنٍ ۝

၇။ စင်စစ် ကမ္ဘာမြေပေါ်တွင် သွားလာလျက်ရှိသော သက်ရှိဟူသမျှတို့အဖို့ ယင်း၏ 'ရီဇိုက်' ရိက္ခာကိုပေးရန်မှာ အလွန်တာဝန်အပေါ်၌ရှိ၏။ ထို့ပြင် အရှင်မြတ်သည် သူတို့၏ ခေတ္တနေထိုင်ရာဌာနကိုလည်းကောင်း၊ ထာဝရနေထိုင်ရာဌာနကိုလည်းကောင်း သိရှိတော်မူ၏။ အရာအားလုံးတို့သည် ရှင်းလင်းထင်ရှားသောကျမ်းတော်၌ရှိနေပေသည်။

وَهُوَ الَّذِيْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ فِيْ سِتَّةِ اَيَّامٍ وَّكَانَ عَرْشُهٗ عَلَى الْمَآءِ لِيَبْلُوَكُمْ اَيُّكُمْ اَحْسَنُ عَمَلًا ؕ وَلَئِنْ قُلْتَ اِنَّكُمْ مَّبْعُوْثُوْنَ مِنْۢ بَعْدِ الْمَوْتِ لَيَقُوْلَنَّ الَّذِيْنَ كَفَرُوْٓا اِنْ هٰذَآ اِلَّا سِحْرٌ مُّبِيْنٌ ۝

၈။ ထို့အရှင်မြတ်သည်ပင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေပြင်ကို အချိန်ကာလခြောက်ရပ်တွင် ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် အရှင်မြတ်၏ 'အရ်ရှ်'ပလ္လင်တော်သည်ရေပေါ်၌ရှိခဲ့၏။ သို့ဖြင့် အရှင်မြတ်သည် အသင်တို့အနက် မည်သူသည် အကောင်းဆုံးသော အကျင့်သီလဆောက်တည်သူဖြစ်ကြောင်းကို အသင်တို့အား စမ်းသပ်တော်မူရန်ဖြစ်ပေသည်။ ထို့ပြင် အကယ်၍ အသင်တို့သည် သေဆုံးပြီးသည့်နောက်တွင် မလွဲမကန် တစ်ဖန်ပြန်လည်၍ ရှင်ပြန်ထမြောက်ကြရမည်ဟု အသင်ပြောလျှင် မယုံကြည်ငြင်းပယ်သူတို့က ဤသည်ကား ပွင့်လင်းထင်ရှားသော မုသားမှတစ်ပါး အခြားမည်သည်မျှ မဟုတ်ချေဟု အမှန်ပင်ပြောကြပေလိမ့်မည်။ ۝၁

وَلَئِنْ اَخَّرْنَا عَنْهُمُ الْعَذَابَ اِلٰٓى اُمَّةٍ مَّعْدُوْدَةٍ لَّيَقُوْلُنَّ مَا يَحْبِسُهٗ ؕ اَلَا يَوْمَ يَاْتِيْهِمْ لَيْسَ مَصْرُوْفًا عَنْهُمْ وَحَاقَ بِهِمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ۝

۹။ ထို့ပြင် အကယ်၍ ငါတို့သည် အပြစ်ဒဏ်ကို ယင်းတို့ထံမှ အချိန်ကာလအနည်းငယ်မျှ လွှဲဖယ်ထားတော်မူပါလျှင် ထိုသူတို့က မည်သည့်အရာသည် ယင်းကိုဟန့်တားထားပါသနည်းဟု မုချမကန် ပြောဆိုကြပေမည်။ သတိပြုကြကုန်၊ အကြင်နေ့၌ ယင်း(ပြစ်ဒဏ်)သည် သူတို့ထံရောက်လာသည့်အခါ သူတို့သည် ယင်းကို လွှဲဖယ်နိုင်ကြမည်မဟုတ်ချေ။ ထို့ပြင် သူတို့ပြောင်လှောင်လေ့ရှိခဲ့သည့် ထို(သတိပေးထားသောပြစ်ဒဏ်)သည် သူတို့အား ဝိုင်းရံထားပေလိမ့်မည်တည်း။

ရုကူး - ၂

وَلَئِنْ اَذَقْنَا الْاِنْسَانَ مِنَّا رَحْمَةً ثُمَّ نَزَعْنٰهَا مِنْهُ ۚ اِنَّهٗ لَيَـُٔوْسٌ كَفُوْرٌ ۝

၁၀။ ထို့ပြင် အကယ်၍ ငါတို့သည် လူသားအား မိမိအထံတော်မှကရုဏာတော်၏အရသာ တစ်စုံတစ်ရာကိုမြည်းစမ်းစေတော်မူပြီး၊ တစ်ဖန် ငါတို့သည် သူ့ထံမှ ယင်းအားရုပ်သိမ်းတော်မူလိုက်လျှင် ဧကန်ပင် သူသည် လွန်စွာ စိတ်ဓာတ်ကျလျက် အပြင်းအထန် ကျေးဇူးကန်းသူ ဖြစ်သွားပေသည်။

وَلَئِنْ اَذَقْنٰهُ نَعْمَآءَ بَعْدَ ضَرَّآءَ مَسَّتْهُ

၁၁။ ထို့ပြင် အကယ်၍ ငါတို့သည် သူ့အားသက်ရောက်ခဲ့သည့် ဘေးဒုက္ခတစ်စုံတစ်ရာ၏နောက်တွင် ကောင်းချီးဆု

۝၁ **كَانَ عَرْشُهٗ عَلَى الْمَآءِ** ဟူသည် အလွှာတ်ရှင်မြတ်၏ဝိညာဉ်တော်မှာ (**نعوذ بالله**) ရေတွင်ကူးခတ်လျက်ရှိနေခဲ့သည်ဟူ၍ဆိုလိုခြင်းမဟုတ်ပေ။ စင်စစ် အရှင်မြတ်သည် သက်ရှိဘဝဟူသမျှကို ရေ၌အခြေခံစေခဲ့သည်ဟုဆိုလိုခြင်းဖြစ်ပေသည်။ ထို့ပြင် ဝိညာဉ်ပိုင်းဆိုင်ရာဘဝသည်လည်း တမန်တော်များထံသို့ ကောင်းကင်မှ ပို့ချပေးခြင်းခံရသော ဝိညာဉ်ပိုင်းဆိုင်ရာ ရေပေါ်တွင် အခြေခံသည်ဟုဆိုလိုခြင်းဖြစ်ပေသည်။

لَيَقُوْلَنَّ ذَهَبَ السَّيِّاٰتُ عَنِّيْ ؕ اِنَّهٗ لَفَرِحٌ فَخُوْرٌ ۝١٠

လာဘ်ကိုပေးတော်မူလျှင် ကျွန်ုပ်ထံမှအလုံးစုံသော ဒုက္ခများ ထွက်ခွာသွားပေပြီဟု သူသည် မုချပြောဆိုပေလိမ့်မည်။ ဧကန်စင်စစ် သူသည် (သေးငယ်သောအကြောင်းအပေါ်) လွန်စွာပျော်ရွှင်ဝမ်းမြောက်သူနှင့် အလွန်ကြွားဝါသူဖြစ်ပေသည်၊

اِلَّا الَّذِيْنَ صَبَرُوْا وَعَمِلُوا الصّٰلِحٰتِ ؕ اُولٰٓئِكَ لَهُمْ مَّغْفِرَةٌ وَّاَجْرٌ كَبِيْرٌ ۝١١

၁၂။ သည်းခံစွဲမြဲလျက် ကောင်းမြတ်သည့် အကျင့်သိလကို ကျင့်ကြံဆောက်တည်သူတို့မှတစ်ပါးဖြစ်၏။ ဤသူတို့သည်ပင်၊ သူတို့အတွက် ကြီးကျယ်သောခွင့်လွှတ်တော်မူခြင်းနှင့် အလွန်ကြီးစွာသော အကျိုးဆုလာဘ်သည်ရှိ၏။

فَلَعَلَّكَ تَارِكٌ بَعْضَ مَا يُوْحٰٓى اِلَيْكَ وَضَآئِقٌ بِهٖ صَدْرُكَ اَنْ يَّقُوْلُوْا لَوْلَآ اُنْزِلَ عَلَيْهِ كَنْزٌ اَوْ جَآءَ مَعَهٗ مَلَكٌ ؕ اِنَّمَآ اَنْتَ نَذِيْرٌ ؕ وَاللّٰهُ عَلٰى كُلِّ شَيْءٍ وَّكِيْلٌ ۝١٢

၁၃။ သို့ဖြစ်ရာ အသင့်ထံပို့ချသည့် 'ဝဟီ'ဗျာဒိတ်များအနက်မှ အချို့ကို (တစ်နည်းနည်းဖြင့်)စွန့်ပယ်ရန် အသင့်အဖို့ ဖြစ်နိုင်ပါမည်လော။ အသင်၏ရင်သည် အလွန် ကျဉ်းကျပ်လျက်ရှိပေသည်။ အကြောင်းမူ သူတို့က သူနှင့်အတူ တစ်စုံတစ်ရာ ရွှေငွေဘဏ္ဍာကို အဘယ့်ကြောင့် မပို့ချခဲ့ပါသနည်း၊ သို့တည်းမဟုတ် သူနှင့်အတူ ကောင်းကင်တမန် တစ်ပါးပါးသည် အဘယ့်ကြောင့် မလာပါသနည်းဟု ပြောဆိုကြသောကြောင့်ဖြစ်၏။ အသင်သည် သတိပေးနှိုးဆော်သူတစ်ဦးမျှသာဖြစ်၏။ စင်စစ် အလ္လာဟ်သည် အရာခပ်သိမ်းကုန်တို့အပေါ် စောင့်ကြပ်တော်မူသောအရှင် ဖြစ်တော်မူ၏။

اَمْ يَقُوْلُوْنَ افْتَرٰىهُ ؕ قُلْ فَاْتُوْا بِعَشْرِ سُوَرٍ مِّثْلِهٖ مُفْتَرَيٰتٍ وَّادْعُوْا مَنِ اسْتَطَعْتُمْ مِّنْ دُوْنِ اللّٰهِ اِنْ كُنْتُمْ صٰدِقِيْنَ ۝١٣

၁၄။ သို့တည်းမဟုတ် သူတို့က သူသည် လိဆယ်ဖန်တီးထားသည်ဟု ပြောဆိုကြသလော။ အသင်ပြောကြားပါလေ၊ သို့ဖြစ်လျှင် ဤသည်နှင့်အလားတူ လိဆယ်ဖန်တီးထားသော 'ဆူရာဟ်' ကဏ္ဍဆယ်ခုကို ယူဆောင်လာပါလေ။ ထို့ပြင် အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် (ကူညီရန်အတွက်) အလ္လာဟ်မှတစ်ပါး အသင်တို့ခေါ်နိုင်သည့်သူများအားခေါ်ကြလေကုန်။

فَاِلَّمْ يَسْتَجِيْبُوْا لَكُمْ فَاعْلَمُوْٓا اَنَّمَآ اُنْزِلَ بِعِلْمِ اللّٰهِ وَاَنْ لَّآ اِلٰهَ اِلَّا هُوَ ۚ فَهَلْ اَنْتُمْ مُّسْلِمُوْنَ ۝١٤

၁၅။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် ယင်းကိုလက်ခံဖြေကြားခြင်းမပြုလျှင် ဤသည်အလ္လာဟ်၏အသိပညာဖြင့်သာ ပို့ချခြင်းခံခဲ့ရသည်ကိုလည်းကောင်း၊ ထို့အရှင်မြတ်မှတစ်ပါး အခြားမည်သည့်ကိုးကွယ်ခြင်းခံထိုက်ရာမျှမရှိကြောင်းကိုလည်းကောင်း သိကြလေကုန်။ သို့ဖြစ်ရာ အသင်တို့သည် အမိန့်နာခံသူများ ဖြစ်ကြမည်(မဟုတ်)လော။

مَنْ كَانَ يُرِيْدُ الْحَيٰوةَ الدُّنْيَا وَزِيْنَتَهَا نُوَفِّ اِلَيْهِمْ اَعْمَالَهُمْ فِيْهَا وَهُمْ فِيْهَا لَا يُبْخَسُوْنَ ۝١٥

၁၆။ အကြင်မည်သူမဆို လောကီဘဝနှင့် ယင်း၏လှုပတင့်တယ်ခြင်းကိုလိုလားလျှင် ငါတို့သည် သူတို့၏ ပြုကျင့်မှုများအတွက် ဤ(လောက)တွင်ပင် သူတို့အားအပြည့်အဝ တုံ့ပြန်ပေးသနားတော်မူပေအံ့။ ထို့ပြင် ယင်း၌ သူတို့၏ရပိုင်ခွင့်တွင် တစ်စုံတစ်ရာမျှ နစ်နာစေတော်မူမည်မဟုတ်ချေ။

اُولٰٓئِكَ الَّذِيْنَ لَيْسَ لَهُمْ فِي الْاٰخِرَةِ اِلَّا

၁၇။ ဤသူများသည်ပင်၊ သူတို့အတွက် နောင်တမလွန်၌

النَّارُ ۚ وَحَبِطَ مَا صَنَعُوْا فِيْهَا وَبٰطِلٌ مَّا كَانُوْا يَعْمَلُوْنَ ⑯

(၈ရဲ)မီးမှအပ အခြားမည်သည်မျှရှိမည် မဟုတ်ချေ။ ထို့ပြင် ယင်းတို့၏ဤ(လောက)၌ တတ်ကျွမ်းလုပ်ဆောင်မှုတို့သည် အချည်းနှီးဖြစ်သွားပေမည်။ ထို့ပြင် ယင်းတို့ ပြုလုပ်ခဲ့သမျှ သည်လည်း အကျိုးမဲ့အချည်းနှီးဖြစ်ပေမည်။

اَفَمَنْ كَانَ عَلٰى بَيِّنَةٍ مِّنْ رَّبِّهٖ وَيَتْلُوْهُ شَاهِدٌ مِّنْهُ وَمِنْ قَبْلِهٖ كِتٰبُ مُوْسٰٓى اِمَامًا وَّرَحْمَةً ۭ اُولٰۗىِٕكَ يُؤْمِنُوْنَ بِهٖ ۭ وَمَنْ يَّكْفُرْ بِهٖ مِنَ الْاَحْزَابِ فَالنَّارُ مَوْعِدُهٗ ۚ فَلَا تَكُ فِيْ مِرْيَةٍ مِّنْهُ ۣ اِنَّهُ الْحَقُّ مِنْ رَّبِّكَ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يُؤْمِنُوْنَ ⑰

၁၇။ သို့ဖြစ်ရာ အကြင်သူသည် မိမိ၏ဖန်ဆင်းရှင်ထံတော်မှ လင်းဝင်းသော သက်သေသာဓကပေါ်တွင်ရှိ၏။ ထို့ပြင် သူ၏ နောက်တွင် သူ့အား သက်သေခံမည့်သူတစ်ဦး ရောက်ရှိလာပေဦးမည်။ ထို့ပြင် သူ၏အလျင် 'မူစာ'၏ကျမ်းသည် ရှေ့ဆောင်ရှေ့ရွက်နှင့် ကရုဏာတော်အဖြစ် ရှိနေပေသည်။ (ထိုသူသည်လိမ်လည်သူဖြစ်နိုင်ပါမည်လော၊) (ထိုကတိတော်ရတမန်တော်၏ဟောပြောခြင်းကိုခံရသော) ဤသူတို့သည်သာလျှင် (နောက်ဆုံးတွင်) သူ့အား ယုံကြည်လက်ခံကြပေလိမ့်မည်။ သို့ဖြစ်ရကား အုပ်စုများအနက်မှ အကြင်မည်သူမဆို သူ့အား ငြင်းပယ်ခဲ့သော် ထိုသူတို့အတွက် ကတိပြုရာနေရာဌာနသည် (၈ရဲ)မီးဖြစ်လတ္တံ့။ သို့ဖြစ်ရာ ဤသည်နှင့်စပ်လျဉ်း၍ အသင်သည် မည်သို့မျှ သံသယမရှိလင့်။ ဧကန်ပင် ဤသည် အသင်၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အမှန်တရားဖြစ်၏။ သို့ရာတွင် များစွာသောသူတို့သည် သက်ဝင်ယုံကြည်ခြင်းမရှိကြချေ။

وَمَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَي اللّٰهِ كَذِبًا ۭ اُولٰۗىِٕكَ يُعْرَضُوْنَ عَلٰي رَبِّهِمْ وَيَقُوْلُ الْاَشْهَادُ هٰٓؤُلَاۗءِ الَّذِيْنَ كَذَبُوْا عَلٰي رَبِّهِمْ ۚ اَلَا لَعْنَةُ اللّٰهِ عَلَي الظّٰلِمِيْنَ ⑱

၁၉။ ထို့ပြင် အလ္လာဟ်အားအကြောင်းခံ၍ မုသားဆိုသူထက် ပိုမိုမတရားသောသူ အဘယ်သူရှိနိုင်ပါအံ့နည်း။ ဤသူများသည်ပင်လျှင် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ရှေ့တော်မှောက်သို့ တင်သွင်းခြင်းကို ခံကြရလိမ့်မည်။ ထို့ပြင် သက်သေများကလည်း ဤသူများသည်ပင်လျှင် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်နှင့် စပ်လျဉ်း၍ မုသားပြောဆိုခဲ့သူများဖြစ်သည်ဟုထွက်ဆိုကြပေလိမ့်မည်။ သတိပြုကြလော့၊ အပြစ်ကျူးလွန်သူတို့အပေါ် အလ္လာဟ်၏ ကရုဏာတော်မှကင်းဝေးခြင်း 'လာ့အ်နတ်'သည် ရှိ၏။

اَلَّذِيْنَ يَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ وَيَبْغُوْنَهَا عِوَجًا ۭ وَهُمْ بِالْاٰخِرَةِ هُمْ كٰفِرُوْنَ ⑲

၂၀။ ထိုသူတို့သည် အလ္လာဟ်၏လမ်းတော်မှတားမြစ်ပိတ်ပင်ကြ၏။ ထို့ပြင် ယင်းကို ကွေ့ကောက်မှု(ပြုရန်) လိုလားကြ၏။ စင်စစ် ထိုသူတို့သည်ပင် နောင်တမလွန်ကို ငြင်းပယ်သူများဖြစ်ကြ၏။

اُولٰۗىِٕكَ لَمْ يَكُوْنُوْا مُعْجِزِيْنَ فِي الْاَرْضِ وَمَا كَانَ لَهُمْ مِّنْ دُوْنِ اللّٰهِ مِنْ اَوْلِيَاۗءَ ۘ يُضٰعَفُ لَهُمُ الْعَذَابُ ۭ مَا

၂၁။ ဤသူများသည်ပင် ကမ္ဘာမြေပြင်၌ မည်သည့်အခါမျှ (အလ္လာဟ်၏ဘက်တော်သားများအား) မတတ်သာအောင် ပြုနိုင်ကြမည်မဟုတ်ချေ။ ထို့ပြင် သူတို့အတွက် အလ္လာဟ်အား စွန့်လွှတ်၍ အခြားမည်သည့် အဆွေခင်ပွန်းမျှမရှိချေ။ သူတို့အတွက် အပြစ်ဒဏ်ကို တိုးပွားစေတော်မူမည်ဖြစ်၏။ ယင်း

كَانُوْا يَسْتَطِيْعُوْنَ السَّمْعَ وَمَا كَانُوْا يُبْصِرُوْنَ ﴿٢٠﴾

တို့သည် တစ်စုံတစ်ရာကြားနိုင်စွမ်းရှိကြလိမ့်မည်မဟုတ်။ ထို့ပြင် ယင်းတို့သည် တစ်စုံတစ်ရာကိုမျှလည်း မြင်နိုင်စွမ်းရှိကြမည်မဟုတ်ခဲ့။

اُولٰٓئِكَ الَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ وَضَلَّ عَنْهُمْ مَّا كَانُوْا يَفْتَرُوْنَ ﴿٢١﴾

၂၂။ ဤသူများသည်ပင် မိမိတို့ကိုယ်ကိုဆုံးရှုံးမှုခံ ထည့်သွင်းကြ၏။ ထို့ပြင် သူတို့လိဆယ်ဖန်တီးထားသော လိမ်လည်မှုသည် သူတို့ထံမှပျောက်ကွယ်သွားခဲ့ပြီ။

لَا جَرَمَ اَنَّهُمْ فِى الْاٰخِرَةِ هُمُ الْاَخْسَرُوْنَ ﴿٢٢﴾

၂၃။ မုချမလွဲပင် ထိုသူတို့သည် နောင်တမလွန်တွင် ဆုံးရှုံးနစ်နာဆုံးသောသူများဖြစ်ကြပေလိမ့်မည်။

اِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ وَاَخْبَتُوْٓا اِلٰى رَبِّهِمْ ۙ اُولٰٓئِكَ اَصْحٰبُ الْجَنَّةِ ۚ هُمْ فِيْهَا خٰلِدُوْنَ ﴿٢٣﴾

၂၄။ ဧကန်စင်စစ် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြ၏။ ထို့ပြင် သူတို့သည်ကောင်းမြတ်သောအကျင့်သီလကို ကျင့်ကြံဆောက်တည်ကြ၏။ ထို့ပြင် သူတို့သည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ဘက်တော်သို့ ကိုင်းညွတ်ကြ၏။ ဤသူများသည်ပင် 'ဂျန္နတ်'ဥယျာဉ်တော်သားများဖြစ်ကြ၏။ သူတို့သည် ယင်း၌ အမြဲထာဝရ နေထိုင်ရမည့်သူများဖြစ်ကြ၏။

مَثَلُ الْفَرِيْقَيْنِ كَالْاَعْمٰى وَالْاَصَمِّ وَالْبَصِيْرِ وَالسَّمِيْعِ ۭ هَلْ يَسْتَوِيٰنِ مَثَلًا ۭ اَفَلَا تَذَكَّرُوْنَ ﴿٢٤﴾

၂၅။ (ယင်း)အုပ်စုနှစ်စုတို့၏ ဥပမာသည် မျက်စိကန်းသူနှင့် နားပင်းသူ၊ ကောင်းစွာမျက်စိမြင်သူနှင့် ကောင်းစွာနားကြားသူတို့ကဲ့သို့ပင်ဖြစ်၏။ ဤအုပ်စုနှစ်စုတို့သည် ဥပမာအားဖြင့် တူညီနိုင်ပါမည်လော။ သို့ဖြစ်ရာ အသင်တို့သည် အဆုံးအမ ရယူခြင်းမရှိကြပေသလော။

ရုကူး-၃

وَلَقَدْ اَرْسَلْنَا نُوْحًا اِلٰى قَوْمِهٖٓ ۡ اِنِّىْ لَكُمْ نَذِيْرٌ مُّبِيْنٌ ﴿٢٥﴾

၂၆။ ထို့ပြင် အမှန်ပင် ဂါတို့သည် 'နူးဟ်'ကိုလည်း သူ၏အမျိုးသားများထံ စေလွှတ်တော်မူခဲ့ပေသည်။ (သူက) စင်စစ် ဧကန် ကျွန်ုပ်သည် အသင်တို့အတွက် ထင်ရှားသော သတိပေးနှိုးဆော်သူတစ်ဦးပင်ဖြစ်၏၊

اَنْ لَّا تَعْبُدُوْٓا اِلَّا اللّٰهَ ۭ اِنِّىْٓ اَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ اَلِيْمٍ ﴿٢٦﴾

၂၇။ အသင်တို့သည် အလ္လာဟ်မှလွဲ၍ အခြားမည်သည်ကိုမျှ ခဝပ်ကိုးကွယ်ခြင်းမပြုကြလင့်။ ကျွန်ုပ်သည် မုချဧကန်အသင်တို့အပေါ် ပြင်းပြနာကျင်ဖွယ်သောနေ့၏ ပြစ်ဒဏ်(ကျရောက်မည်)ကို စိုးရိမ်ပါ၏(ဟုပြောကြားလေသည်)။

فَقَالَ الْمَلَاُ الَّذِيْنَ كَفَرُوْا مِنْ قَوْمِهٖ مَا نَرٰىكَ اِلَّا بَشَرًا مِّثْلَنَا وَمَا نَرٰىكَ اتَّبَعَكَ اِلَّا الَّذِيْنَ هُمْ اَرَاذِلُنَا بَادِيَ الرَّاْيِ ۚ وَمَا نَرٰى لَكُمْ عَلَيْنَا مِنْ فَضْلٍ بَلْ نَظُنُّكُمْ كٰذِبِيْنَ ﴿٢٧﴾

၂၈။ သို့ဖြစ်ရကား သူ၏အမျိုးသားများအနက်မှ ငြင်းပယ်ခဲ့ကြသော အကြီးအကဲများက ကျွန်ုပ်တို့သည်ကား အသင့်ကို ကျွန်ုပ်တို့ကဲ့သို့ လူသားတစ်ဦးအဖြစ်သာလျှင် မြင်တွေ့ကြရပေသည်။ ထို့ပြင် ကျွန်ုပ်တို့သည် အသင့်အား လိုက်နာကျင့်ကြံကြသူတို့ကိုကြည့်ရုံမျှဖြင့် ၎င်းတို့သည် ကျွန်ုပ်တို့အနက် ဂုဏ်သရေအနိမ့်ဆုံးသောသူများဖြစ်သည်မှလွဲ၍ အခြား မည်သည်ကိုမျှ အသင်၌ မတွေ့မြင်ကြချေ။ ထို့ပြင် အသင်တို့၌ ကျွန်ုပ်တို့ထက် တစ်စုံတစ်ရာ သာလွန်မှုကိုမျှ ကျွန်ုပ်တို့ မတွေ့

မြင်ကြချေ။ ထို့မျှမက အသင်တို့အား လူလိမ်များဟုသာ ထင်မြင်ယူဆကြပေသည်ဟု ပြောဆိုကြလေ၏။

قَالَ يٰقَوْمِ اَرَءَيْتُمْ اِنْ كُنْتُ عَلٰى بَيِّنَةٍ مِّنْ رَّبِّىْ وَاٰتٰنِىْ رَحْمَةً مِّنْ عِنْدِهٖ فَعُمِّيَتْ عَلَيْكُمْ ؕ اَنُلْزِمُكُمُوْهَا وَاَنْتُمْ لَهَا كٰرِهُوْنَ ۝

၂၉။ သူက ပြောကြား၏၊ အို-ကျွန်ုပ်၏အမျိုးသားတို့၊ စဉ်းစားကြလေကုန်။ အကယ်၍ ကျွန်ုပ်သည် မိမိ၏ ဖန်ဆင်းမွေးမြူရှင်ထံတော်မှ လင်းဝင်းထင်ရှားသောသက်သေသာဓကပေါ်တွင်(တည်)ရှိပါလျှင်၊ အရှင်မြတ်သည် ကျွန်ုပ်အား မိမိထံတော်မှ ကရုဏာတော်ကို ပေးသနားတော်မူပါလျှင် ထို့ပြင် အသင်တို့အပေါ် ဤအကြောင်းရပ်သည် ဖုံးကွယ်လျက်ရှိနေပါလျှင်၊ အမှန်ပင် အသင်တို့သည် ယင်းအား မနှစ်မြို့ကြပါဘဲလျက် ကျွန်ုပ်တို့သည် အသင်တို့အား ယင်းကို အတင်းအဓမ္မ လုပ်ဆောင်စေနိုင်ပါမည်လော။

وَيٰقَوْمِ لَاۤ اَسْـَٔلُكُمْ عَلَيْهِ مَالًا ؕ اِنْ اَجْرِىَ اِلَّا عَلَى اللّٰهِ وَمَاۤ اَنَا بِطَارِدِ الَّذِيْنَ اٰمَنُوْا ؕ اِنَّهُمْ مُّلٰقُوْا رَبِّهِمْ وَلٰكِنِّىْۤ اَرٰىكُمْ قَوْمًا تَجْهَلُوْنَ ۝

၃၀။ ထို့ပြင် အို-ကျွန်ုပ်၏အမျိုးသားတို့၊ ယင်းအတွက် ကျွန်ုပ်သည် အသင်တို့ထံမှ မည်သည့် ပစ္စည်းဥစ္စာတစ်စုံတစ်ရာကိုမျှ တောင်းခံခြင်းမပြုချေ။ ကျွန်ုပ်အတွက် အဖိုးအခသည် အလ္လာဟ်၏အထံတော်မှလွဲ၍ မည်သူ့ထံတွင်မျှမရှိချေ။ ထို့ပြင် ကျွန်ုပ်သည် သက်ဝင်ယုံကြည်ကြသောသူတို့ကို မည်သည့် အခါမျှ မောင်းနှင်ထုတ်မည့်သူမဟုတ်ချေ။ ဧကန်မုချ သူတို့သည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်နှင့် တွေ့ဆုံရမည့်သူများ ဖြစ်ကြ၏။ သို့ရာတွင် အသင်တို့ကိုမူကား မသိမိုက်မဲမှုကိုပြုလုပ်နေသည့် အမျိုးသားများအဖြစ်သာ ကျွန်ုပ်မြင်တွေ့နေရပေသည်။

وَيٰقَوْمِ مَنْ يَّنْصُرُنِىْ مِنَ اللّٰهِ اِنْ طَرَدْتُّهُمْ ؕ اَفَلَا تَذَكَّرُوْنَ ۝

၃၁။ ထို့ပြင် အို-ကျွန်ုပ်၏အမျိုးသားတို့၊ အကယ်၍ ကျွန်ုပ်သည် ထို(သက်ဝင်ယုံကြည်)သူတို့ကို မောင်းနှင်ထုတ်ခဲ့ပါလျှင် အလ္လာဟ်၏ထံတော်မှ ကျွန်ုပ်အားကာကွယ်ရန် မည်သူသည် ကျွန်ုပ်အား ကူညီပါမည်နည်း။ သို့ဖြစ်ရာ အသင်တို့သည် အဆုံးအမသင်ခန်းစာ ရယူခြင်းမပြုကြပါသလော။

وَلَاۤ اَقُوْلُ لَكُمْ عِنْدِىْ خَزَآئِنُ اللّٰهِ وَلَاۤ اَعْلَمُ الْغَيْبَ وَلَاۤ اَقُوْلُ اِنِّىْ مَلَكٌ وَّلَاۤ اَقُوْلُ لِلَّذِيْنَ تَزْدَرِىْۤ اَعْيُنُكُمْ لَنْ يُّؤْتِيَهُمُ اللّٰهُ خَيْرًا ؕ اَللّٰهُ اَعْلَمُ بِمَا فِىْۤ اَنْفُسِهِمْ ۖ اِنِّىْۤ اِذًا لَّمِنَ الظّٰلِمِيْنَ ۝

၃၂။ ထို့ပြင်ကျွန်ုပ်သည်အသင်တို့အား ကျွန်ုပ်ထံ၌ အလ္လာဟ်၏ ဘဏ္ဍာတော်များရှိသည်ဟူ၍လည်းကောင်း၊ ကျွန်ုပ်သည် အကွယ်၌ရှိသည်များကို သိသည်ဟူ၍လည်းကောင်း မပြောဆိုချေ။ ထို့ပြင် ကျွန်ုပ်သည် ကောင်းကင်တမန်တစ်ပါးဖြစ်သည်ဟူ၍လည်းမပြောဆိုချေ။ အသင်တို့၏မျက်စိမျှားက နှိမ့်ကျသေးသိမ်သည်ဟု ရှုမြင်သူများအား အလ္လာဟ်သည် ကောင်းမြတ်ခြင်းတစ်စုံတစ်ရာကိုမျှ အလျှင်းပေးတော်မမူဟူ၍လည်း ကျွန်ုပ်မပြောပါ။ အလ္လာဟ်သည်သာလျှင် သူတို့၏စိတ်နှလုံးများအတွင်း၌ရှိသည်တို့ကို အသိဆုံးဖြစ်တော်မူ၏။ (အကယ်၍ ကျွန်ုပ်သည်လည်း အသင်တို့ပြောသည်ကို ပြောခဲ့ပါမူ) သို့ဖြစ်လျှင် အမှန်ပင် ကျွန်ုပ်သည် အမှားကျူးလွန်သူတို့အနက်မှ ဖြစ်သွားပေမည်။

قَالُوْا يٰنُوْحُ قَدْ جٰدَلْتَنَا فَاَكْثَرْتَ جِدَالَنَا فَاْتِنَا بِمَا تَعِدُنَآ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ۝

၃၃။ ၎င်းတို့က အို-'နူးဟ်' အသင်သည် ကျွန်ုပ်တို့နှင့် အငြင်းအခုံပြုခဲ့ပေသည်။ ထို့ပြင် ကျွန်ုပ်တို့နှင့်ငြင်းခုံရာတွင် အလွန်အကြူးပြုခဲ့ပေသည်။ သို့ဖြစ်ရာ အကယ်၍ အသင်သည် မှန်ကန်သူများအနက်မှဖြစ်လျှင် ကျွန်ုပ်တို့အား အသင် သတိပေးခြိမ်းခြောက်လျက်ရှိသည့်အရာကို ကျွန်ုပ်တို့ထံ ယခုယူဆောင်၍လာပါလော့ဟု ပြောကြ၏။

قَالَ اِنَّمَا يَاْتِيْكُمْ بِهِ اللّٰهُ اِنْ شَآءَ وَمَآ اَنْتُمْ بِمُعْجِزِيْنَ ۝

၃၄။ သူကပြောသည်မှာ အကယ်၍ အလ္လာဟ်အလိုတော်ရှိပါလျှင် ၎ကန်မုချ အရှင်မြတ်သည်ပင်လျှင် ယင်းကိုအသင်တို့ထံ ယူဆောင်လာတော်မူပေအံ့။ ထို့ပြင် အသင်တို့သည် မည်သည့်အခါတွင်မျှ (အရှင်မြတ်အား) မစွမ်းသာအောင် ပြုလုပ်နိုင်မည့်သူများမဟုတ်ကြချေ။

وَلَا يَنْفَعُكُمْ نُصْحِيْٓ اِنْ اَرَدْتُّ اَنْ اَنْصَحَ لَكُمْ اِنْ كَانَ اللّٰهُ يُرِيْدُ اَنْ يُّغْوِيَكُمْ ؕ هُوَ رَبُّكُمْ ۫ وَ اِلَيْهِ تُرْجَعُوْنَ ۝

၃၅။ ထို့ပြင် ကျွန်ုပ်သည် အသင်တို့အား သွန်သင်ဆုံးမရန် ရည်ရွယ်ပါလျှင်လည်း အကယ်၍ အလ္လာဟ်သည် အသင်တို့အား လမ်းလွဲစေရန်ရည်ရွယ်တော်မူပါက ကျွန်ုပ်၏ သွန်သင်ဆုံးမခြင်းသည် အသင်တို့အတွက် မည်သို့သောအကျိုးကျေးဇူးကိုမျှ ပေးစွမ်းနိုင်မည်မဟုတ်ချေ။ ထိုအရှင်မြတ်သည် အသင်တို့၏ဖန်ဆင်းမွေးမြူရှင်ဖြစ်တော်မူ၏။ စင်စစ် အသင်တို့သည် အရှင်မြတ်ထံတော်သို့သာလျှင် ပြန်လည်၍ သွားကြရပေအံ့။

اَمْ يَقُوْلُوْنَ افْتَرٰىهُ ؕ قُلْ اِنِ افْتَرَيْتُهٗ فَعَلَيَّ اِجْرَامِيْ وَاَنَا بَرِيْٓءٌ مِّمَّا تُجْرِمُوْنَ ۝ ع

၃၆။ အသို့နည်း၊ ယင်းတို့က သူသည် ဤသည်ကို လိမ်ဆယ်ဖန်တီးခဲ့သည်ဟု ပြောဆိုကြပါသလော။ အသင်ပြောကြားပါလေ၊ အကယ်၍ ကျွန်ုပ်သည် ဤသည်ကို လိမ်ဆယ်ဖန်တီးခဲ့ပါလျှင် ကျွန်ုပ်အပြစ်၏ ဆိုးကျိုးပြစ်ဒဏ်သည် ကျွန်ုပ်အပေါ်သို့သာလျှင် သက်ရောက်ပေလိမ့်မည်။ သို့သော် ကျွန်ုပ်သည် အသင်တို့ပြုလုပ်လေ့ရှိသည့် အပြစ်များမှကင်းလွတ်ပေသတည်း။

ရုကူး-၄

وَاُوْحِيَ اِلٰى نُوْحٍ اَنَّهٗ لَنْ يُّؤْمِنَ مِنْ قَوْمِكَ اِلَّا مَنْ قَدْ اٰمَنَ فَلَا تَبْتَئِسْ بِمَا كَانُوْا يَفْعَلُوْنَ ۝

၃၇။ ထို့ပြင် 'နူးဟ်'ထံသို့ 'ဝဟီ' ဗျာဒိတ်တော်ပို့ချခဲ့သည်မှာ အသင်၏အမျိုးသားတို့အနက် သက်ဝင်ယုံကြည်ကြပြီးသောသူတို့မှတစ်ပါး အခြားမည်သူမျှသက်ဝင်ယုံကြည်လာကြမည်မဟုတ်ချေ။ သို့ဖြစ်ရာ ယင်းတို့ပြုလုပ်သည်များနှင့်စပ်လျဉ်း၍ စိတ်မကောင်းမဖြစ်လင့်။

وَاصْنَعِ الْفُلْكَ بِاَعْيُنِنَا وَوَحْيِنَا وَلَا تُخَاطِبْنِيْ فِي الَّذِيْنَ ظَلَمُوْا ۚ اِنَّهُمْ مُّغْرَقُوْنَ ۝

၃၈။ ထို့ပြင် ငါတို့၏မျက်မှောက်တွင် ငါတို့၏ 'ဝဟီ' ဗျာဒိတ်ပေးသည်နှင့်အညီ လှေသင်္ဘောကိုပြုလုပ်ပါလေ။ ထို့ပြင် အမှားကျူးလွန်သောသူများနှင့်စပ်လျဉ်း၍ ငါ၏ထံတော်တွင် မည်သို့မျှလျှောက်ထားခြင်း မပြုလင့်။ ၎ကန်မုချ ယင်းတို့သည် နှစ်မြှုပ်ခြင်းခံရမည့်သူများဖြစ်ကြ၏။

وَيَصْنَعُ الْفُلْكَ ۖ وَكُلَّمَا مَرَّ عَلَيْهِ مَلَأٌ مِّنْ قَوْمِهِ سَخِرُوْا مِنْهُ ۚ قَالَ اِنْ تَسْخَرُوْا مِنَّا فَاِنَّا نَسْخَرُ مِنْكُمْ كَمَا تَسْخَرُوْنَ ﴿۳۸﴾

၃၉။ ထို့နောက် သူသည် လှေသင်္ဘောကို ပြုလုပ်လျက်ရှိ၏။ သူ၏အမျိုးသားများမှအကြီးအကဲတို့သည် ထိုနေရာမှ ဖြတ်သန်းသွားသည့်အခါတိုင်း သူ့အား လှောင်ပြောင်ကြလေသည်။ သူကပြောကြားသည်မှာ အကယ်၍ အသင်တို့သည် ကျွန်ုပ်တို့အား လှောင်ပြောင်ကြပါလျှင် မုချကေန် ကျွန်ုပ်တို့သည်လည်း အသင်တို့လှောင်ပြောင်သကဲ့သို့ပင် အသင်တို့အား လှောင်ပြောင်ကြပေမည်။

فَسَوْفَ تَعْلَمُوْنَ ۙ مَنْ يَّاْتِيْهِ عَذَابٌ يُّخْزِيْهِ وَيَحِلُّ عَلَيْهِ عَذَابٌ مُّقِيْمٌ ﴿۳۹﴾

၄၀။ သို့ဖြစ်ရာ မည်သူ့အပေါ်သို့ ဂုဏ်သရေညှိုးနွမ်းစေမည့် အပြစ်ဒဏ်ကျရောက်လာမည်ကိုလည်းကောင်း၊ မည်သူ့အပေါ် တည်တံ့သွားမည့် အပြစ်ဒဏ်ကျရောက်လာမည်ကိုလည်းကောင်း အသင်တို့ မကြာမီ သိရှိကြရပေအံ့။

حَتّٰٓى اِذَا جَآءَ اَمْرُنَا وَفَارَ التَّنُّوْرُ ۙ قُلْنَا احْمِلْ فِيْهَا مِنْ كُلٍّ زَوْجَيْنِ اثْنَيْنِ وَاَهْلَكَ اِلَّا مَنْ سَبَقَ عَلَيْهِ الْقَوْلُ وَمَنْ اٰمَنَ ۭ وَمَآ اٰمَنَ مَعَهٗٓ اِلَّا قَلِيْلٌ ﴿۴۰﴾

၄၀။ နောက်ဆုံးတွင် ငါတို့၏ဆုံးဖြတ်ချက်ဆိုက်ရောက်လာပြီး စမ်းရေသည် ပြင်းထန်သောအရှိန်အဟုန်ဖြင့် ပွင့်ထွက်လာသောအခါ ငါတို့က (နူးဟ်အား) ဤ(လှေသင်္ဘော)တွင် (လိုအပ်သော တိရစ္ဆာန်များအနက်မှ) နှစ်စုံစီကိုလည်းကောင်း၊ မိမိ၏အိမ်သူအိမ်သားများအနက်မှ စီရင်ဆုံးဖြတ်ခြင်းခံရသော သူတို့မှအပ (ကျန်သူများ)အားလည်းကောင်း၊ သက်ဝင်ယုံကြည်သူများအားလည်းကောင်း စီးနင်းလိုက်ပါစေပါလေဟု မိန့်ကြားတော်မူ၏။ စင်စစ် သူနှင့်အတူ အနည်းငယ်မျှသော သူတို့သာလျှင် သက်ဝင်ယုံကြည်ခဲ့ကြပေသည်။ ⑩

وَقَالَ ارْكَبُوْا فِيْهَا بِسْمِ اللّٰهِ مَجْرٖىهَا وَمُرْسٰىهَا ۭ اِنَّ رَبِّيْ لَغَفُوْرٌ رَّحِيْمٌ ﴿۴۱﴾

၄၁။ ထို့နောက် သူကပြောသည်မှာ ယင်း၌ စီးနင်းလိုက်ပါကြကုန်လော့။ ယင်း၏သွားလာခြင်းသည်လည်းကောင်း၊ ရပ်နားခြင်းသည်လည်းကောင်း အလ္လာဟ်၏နာမတော်ဖြင့်သာလျှင်ဖြစ်ပေမည်။ ဧကန်မုချ ကျွန်ုပ်၏ ဖန်ဆင်းမွေးမြူရှင်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَهِيَ تَجْرِيْ بِهِمْ فِيْ مَوْجٍ كَالْجِبَالِ ۡ وَنَادٰى نُوْحُ ۨ ابْنَهٗ وَكَانَ فِيْ مَعْزِلٍ يّٰبُنَيَّ ارْكَبْ مَّعَنَا وَلَا تَكُنْ مَّعَ الْكٰفِرِيْنَ ﴿۴۲﴾

၄၂။ ထို့နောက် ယင်း(လှေသင်္ဘော)သည် သူတို့အားသယ်ဆောင်၍ တောင်များပမာကြီးမားလှသော လှိုင်းတံပိုးကြားဝယ် သွားလာလျက်ရှိနေပေသည်။ 'နူးဟ်'သည် ထိုစဉ်က အခြားနေရာ တစ်ခုတွင်ရှိနေသော မိမိ၏သားကို အို-ငါ၏ချစ်သား၊ ငါတို့နှင့်အတူ စီးနင်းလိုက်ပါလော့။ မယုံကြည်ငြင်းပယ်သူများနှင့်အတူ မဖြစ်ပါလင့်ဟု ဟစ်ခေါ်ခဲ့လေသည်။

قَالَ سَاٰوِيْٓ اِلٰى جَبَلٍ يَّعْصِمُنِيْ مِنَ الْمَاۗءِ ۭ قَالَ لَا عَاصِمَ الْيَوْمَ مِنْ اَمْرِ اللّٰهِ

၄၃။ သူက ကျွန်ုပ်သည် အလျင်အမြန်ပင် တောင်တစ်ခုပေါ်တွင် ခိုလှုံရာကို(ရှာဖွေ)ပါမည်။ ယင်းသည် ကျွန်ုပ်အား ရေဘေးမှ ကာကွယ်ပေလိမ့်မည်ဟုဖြေကြားလေ၏။ သူ(နူးဟ်)

⑩ ဤအာယတ်တော်တွင် တိရစ္ဆာန်တိုင်း၏ အစုံအစုံကို ဆိုလိုခြင်းမဟုတ်ချေ။ သို့ဆိုလျှင်မူကား လှေသင်္ဘောသည် တိရစ္ဆာန်များတင်ဆောင်ရန်အတွက်ပင် နေရာလုံလောက်မည်မဟုတ်ချေ။ ဆိုလိုသည်မှာ လူသားများအဖို့ လိုအပ်သော တိရစ္ဆာန်များမှ နှစ်စုံစီကို မိမိနှင့်အတူ တင်ဆောင်သွားပါလေဟု ဆိုလိုခြင်းဖြစ်ပေသည်။

اِلَّا مَنۡ رَّحِمَ ۚ وَحَالَ بَيۡنَهُمَا الۡمَوۡجُ فَكَانَ مِنَ الۡمُغۡرَقِيۡنَ ﴿۴۳﴾

က ယနေ့ အလ္လာဟ်၏စီရင်ဆုံးဖြတ်ချက်မှ ကယ်တင်မည့်သူ မည်သူမျှမရှိ။ အရှင်မြတ်၏ ကရုဏာတော်သက်ခြင်းခံရသူ (သာလျှင် ကယ်တင်ခြင်းခံရပေမည်)ဟု ပြောကြားလေ၏။ သို့ဖြင့် ၎င်းတို့နှစ်ဦး၏ကြားတွင် လှိုင်းတံပိုးတစ်ခုသည် ကာဆီးခဲ့လေသည်။ ထို့နောက် သူသည် နှစ်မြုပ်ခြင်းခံရသူတို့တွင် အပါအဝင်ဖြစ်ခဲ့လေသည်။

وَقِيۡلَ يٰۤاَرۡضُ ابۡلَعِىۡ مَآءَكِ وَيٰسَمَآءُ اَقۡلِعِىۡ وَغِيۡضَ الۡمَآءُ وَقُضِىَ الۡاَمۡرُ وَاسۡتَوَتۡ عَلَى الۡجُوۡدِىِّ وَقِيۡلَ بُعۡدًا لِّلۡقَوۡمِ الظّٰلِمِيۡنَ ﴿۴۴﴾

၄၄။ ထို့ပြင် မိန့်ကြားတော်မူသည်မှာ အို-ကမ္ဘာမြေကြီး၊ မိမိ၏ရေကိုစုပ်ယူလော့။ အို-မိုးကောင်းကင်၊ (မိုးရွာသွန်းခြင်းကို) ရပ်တန့်လော့။ ထို့နောက် ရေကိုခန်းခြောက်သွားစေတော်မူခဲ့ပြီး ဆုံးဖြတ်ချက်ကိုချမှတ်တော်မူခဲ့ပေသည်။ ထို(လေ့သင်္ဘော်)သည်လည်း 'ဂျူဒီ'(တောင်)ပေါ်၌ ရပ်တန့်သွားခဲ့ပေသည်။ ထို့ပြင် မိန့်တော်မူသည်မှာ အပြစ်ကျူးလွန်သူတို့အုပ်စုအပေါ် ပျက်စီးခြင်းသက်ရောက်စေသား။

وَنَادٰى نُوۡحٌ رَّبَّهٗ فَقَالَ رَبِّ اِنَّ ابۡنِىۡ مِنۡ اَهۡلِىۡ وَاِنَّ وَعۡدَكَ الۡحَقُّ وَاَنۡتَ اَحۡكَمُ الۡحٰكِمِيۡنَ ﴿۴۵﴾

၄၆။ ထို့နောက် 'နူးဟ်'သည် မိမိ၏ဖန်ဆင်းမွေးမြူရှင်အား ဟစ်ခေါ်တမ်းတလျက် အို-ကျွန်တော်မျိုးအားဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်ပင် ကျွန်တော်မျိုး၏သားသည်လည်း ကျွန်တော်မျိုး၏ အိမ်သူအိမ်သားများအနက်မှဖြစ်ပါသည်။ ထို့ပြင် အရှင်မြတ်၏ကတိတော်သည် မုချကေန် မှန်ကန်ပါသည်။ ထို့ပြင် အရှင်မြတ်သည် စီရင်ဆုံးဖြတ်သူများတွင် အကောင်းဆုံးဖြစ်တော်မူပါ၏ဟု လျှောက်ထားလေ၏။

قَالَ يٰنُوۡحُ اِنَّهٗ لَيۡسَ مِنۡ اَهۡلِكَ ۚ اِنَّهٗ عَمَلٌ غَيۡرُ صَالِحٍ ۖ فَلَا تَسۡـَٔلۡنِ مَا لَيۡسَ لَكَ بِهٖ عِلۡمٌ ؕ اِنِّىۡۤ اَعِظُكَ اَنۡ تَكُوۡنَ مِنَ الۡجٰهِلِيۡنَ ﴿۴۶﴾

၄၇။ အရှင်မြတ်က အို-'နူးဟ်' အမှန်စင်စစ် သူသည် အသင်၏ အိမ်သူအိမ်သားများအနက်မှ မဟုတ်ချေ။ အမှန်စင်စစ် သူသည် လုံးလုံးလျားလျား မသန့်ရှင်းသောအကျင့်အမူ ရှိခဲ့၏။ သို့ဖြစ်ရာ အသင်တစ်စုံတစ်ရာမျှမသိသည်ကို ငါ့ထံတော်၌ တောင်းခံခြင်းမပြုလင့်။ ငါသည် အသင့်အား သွန်သင်ဆုံးမတော်မူ၏။ သို့မဟုတ်လျှင် အသင်သည် မသိမိုက်မဲသူများတွင် အပါအဝင်ဖြစ်သွားပေမည်ဟု မိန့်တော်မူ၏။

قَالَ رَبِّ اِنِّىۡۤ اَعُوۡذُ بِكَ اَنۡ اَسۡـَٔلَكَ مَا لَيۡسَ لِىۡ بِهٖ عِلۡمٌ ؕ وَاِلَّا تَغۡفِرۡ لِىۡ وَتَرۡحَمۡنِىۡۤ اَكُنۡ مِّنَ الۡخٰسِرِيۡنَ ﴿۴۷﴾

၄၈။ အို-ကျွန်တော်မျိုးအားဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ (ဖုံးကွယ်လျက်ရှိနေခြင်းကြောင့်) ကျွန်တော်မျိုး တစ်စုံတစ်ရာမျှမသိသောအကြောင်းကို အရှင့်ထံတွင် မေးမြန်းခြင်းမှ ကျွန်တော်မျိုးသည် အရှင့်ထံတော်တွင် အမှန်ပင် ခိုလှုံခွင့်ကို တောင်းခံပါ၏။ ထို့ပြင် အရှင်မြတ်သည် အကယ်၍ ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မမူပါလျှင်၊ ထို့ပြင် ကျွန်တော်မျိုးအပေါ် သနားကြင်နာခြင်းပြုတော်မမူပါလျှင် ကျွန်တော်မျိုးသည် အမှန်ပင် ဆုံးရှုံးသူများတွင် အပါအဝင်ဖြစ်ခဲ့ပါလိမ့်မည်ဟု လျှောက်ထားလေ၏။

قِيۡلَ يٰنُوۡحُ اهۡبِطۡ بِسَلٰمٍ مِّنَّا وَبَرَكٰتٍ

၄၉။ (ထိုအခါ) မိန့်တော်မူသည်မှာ အို-'နူးဟ်'၊ အသင်သည် ငါတို့ထံမှငြိမ်းချမ်းသာယာမှု၊ ထို့ပြင် အသင့်အပေါ်နှင့် အသင်

عَلَيْكَ وَعَلٰٓى اُمَمٍ مِّمَّنْ مَّعَكَ ؕ وَ اُمَمٌ سَنُمَتِّعُهُمْ ثُمَّ يَمَسُّهُمْ مِّنَّا عَذَابٌ اَلِيْمٌ ۝۴۸

နှင့် (အတူစီးနင်းလိုက်ပါ)ခဲ့ကြသောသူတို့အပေါ် ကျရောက်ခဲ့သည့် ကောင်းချီးမင်္ဂလာများနှင့်အတူ ဆင်းသက်ပါလေ။ အခြားသော အမျိုးသားအချို့(လည်း)ရှိကြပြီး ယင်းတို့အား အမှန်ပင် ငါတို့သည် အကျိုးသက်ရောက်စေတော်မူပေမည်။ (သို့ရာတွင်) တစ်ဖန် ၎င်းတို့အပေါ် ငါတို့ထံမှ နာကျင်ဖွယ်သော အပြစ်ဒဏ်သက်ရောက်ပေလိမ့်မည်။

تِلْكَ مِنْ اَنْۢبَآءِ الْغَيْبِ نُوْحِيْهَآ اِلَيْكَ ۚ مَا كُنْتَ تَعْلَمُهَآ اَنْتَ وَلَا قَوْمُكَ مِنْ قَبْلِ هٰذَا ۛؕ فَاصْبِرْ ؕ اِنَّ الْعَاقِبَةَ لِلْمُتَّقِيْنَ ۝۴۹

၄၀။ ဤသည် အကွယ်သတင်းများအနက်မှဖြစ်ပြီး ယင်းကို ငါတို့သည် အသင့်ထံ 'ဝဟီ'ဗျာဒိတ်ပို့ချတော်မူ၏။ အသင်သည် ဤသည့်အလျင်က ယင်းကိုမသိရှိခဲ့ချေ။ ထို့ပြင် အသင်၏အမျိုးသားများသည်လည်း (မသိရှိခဲ့ချေ)။ သို့ဖြစ်ရာ သည်းခံစောင့်စည်းပါလေ။ (ကောင်းမြတ်သော)ရလဒ်သည် ဧကန်မုချ 'မွတ္တကီ'ဖြူစင်ဖြောင့်မတ်သူများအတွက်သာဖြစ်သတည်း။

ရုကူး-၅

وَ اِلٰى عَادٍ اَخَاهُمْ هُوْدًا ؕ قَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ اِنْ اَنْتُمْ اِلَّا مُفْتَرُوْنَ ۝۵۰

၅၀။ ထို့ပြင် (ငါတို့သည်) 'အာဒ်'အမျိုးသားတို့ထံ သူတို့၏ညီအစ်ကို 'ဟူဒ်'ကို(စေလွှတ်တော်မူ၏)။ သူက ပြောကြားသည်မှာ အို-ကျွန်ုပ်၏အမျိုးသားတို့၊ အလ္လာဟ်အား ခဝပ်ကိုးကွယ်ကြကုန်။ အရှင်မြတ်မှလွဲ၍ အသင်တို့အဖို့ ခဝပ်ကိုးကွယ်ရာအရှင် မည်သူမျှမရှိချေ။ စင်စစ် အသင်တို့သည်ကား လိမ်ဆယ်ပြောဆိုသူများသာဖြစ်ကြပေသည်။

يٰقَوْمِ لَاۤ اَسْـَٔلُكُمْ عَلَيْهِ اَجْرًا ؕ اِنْ اَجْرِيَ اِلَّا عَلَى الَّذِيْ فَطَرَنِيْ ؕ اَفَلَا تَعْقِلُوْنَ ۝۵۱

၅၁။ အို-ကျွန်ုပ်၏အမျိုးသားတို့၊ ကျွန်ုပ်သည် အသင်တို့ထံမှ ဤ(အကျိုးဆောင်မှု)အတွက် မည်သို့သောအဖိုးအခကိုမျှ မတောင်းခံချေ။ ကျွန်ုပ်၏အဖိုးအခသည်ကား ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှလွဲ၍ အခြားမည်သူထံတွင်မျှမရှိ။ သို့ဖြစ်ရာ အသင်တို့သည် မစဉ်းစားကြပေသလော။

وَ يٰقَوْمِ اسْتَغْفِرُوْا رَبَّكُمْ ثُمَّ تُوْبُوْۤا اِلَيْهِ يُرْسِلِ السَّمَآءَ عَلَيْكُمْ مِّدْرَارًا وَّ يَزِدْكُمْ قُوَّةً اِلٰى قُوَّتِكُمْ وَ لَا تَتَوَلَّوْا مُجْرِمِيْنَ ۝۵۲

၅၂။ ထို့ပြင် အို-ကျွန်ုပ်၏အမျိုးသားတို့၊ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အပြစ်လွှတ်ခြင်းကို တောင်းခံကြကုန်။ ထို့ပြင် အရှင်မြတ်ဘက်သို့သာလျှင် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းပြုလျက် ကိုင်းညွှတ်ကြကုန်။ ထိုအရှင်မြတ်သည် အသင်တို့အပေါ် အဆက်မပြတ်ရွာသွန်းမည့် မိုးတိမ်ကို စေလွှတ်တော်မူပေအံ့။ ထို့ပြင် အသင်တို့၏စွမ်းအားသတ္တိကို ပိုမိုသောစွမ်းအားဖြင့် တိုးပွားစေတော်မူမည်။ ထို့ပြင် အပြစ်များကို ကျူးလွန်လျက် ကျောခိုင်းမထွက်သွားကြကုန်လင့်။

قَالُوْا يٰهُوْدُ مَا جِئْتَنَا بِبَيِّنَةٍ وَّ مَا نَحْنُ بِتَارِكِيْۤ اٰلِهَتِنَا عَنْ قَوْلِكَ وَ مَا نَحْنُ

၅၃။ ထိုသူတို့ကပြောဆိုကြသည်မှာ အို-'ဟူဒ်'၊ အသင်သည် ကျွန်ုပ်တို့ထံ တစ်စုံတစ်ရာထင်ရှားသော သက်သေသာဓကကို ယူဆောင်မလာခဲ့ချေ။ ကျွန်ုပ်တို့သည် အသင်၏ ပြောဆိုရုံ

لَكَ بِمُؤْمِنِيْنَ ﴿٥٣﴾

မျှဖြင့် မိမိတို့၏ကိုးကွယ်ရာများအား စွန့်လွှတ်ကြမည့်သူများ မဟုတ်ချေ။ ထို့ပြင် ကျွန်ုပ်တို့သည် အသင့်အပေါ် သက်ဝင်ယုံကြည်လာကြမည့်သူများ အလျှင်းမဖြစ်နိုင်ချေ။

اِنْ نَّقُوْلُ اِلَّا اعْتَرٰىكَ بَعْضُ اٰلِهَتِنَا بِسُوْٓءٍ ؕ قَالَ اِنِّيْٓ اُشْهِدُ اللّٰهَ وَاشْهَدُوْٓا اَنِّيْ بَرِيْٓءٌ مِّمَّا تُشْرِكُوْنَ ﴿٥٤﴾ ۙ

၅၄။ ကျွန်ုပ်တို့ ကိုးကွယ်ရာများအနက်မှ တစ်ခုခုကအသင့်အား တစ်စုံတစ်ရာမကောင်းသောဖမ်းစားခြင်းကို ပြုထားသည်ဟုဆိုသည်မှလွဲ၍ အခြားမည်သည်ကိုမျှ ကျွန်ုပ်တို့ မပြောဆိုကြချေ။ ထိုအခါ သူကပြောကြားသည်မှာ ဧကန်မုချ ကျွန်ုပ်သည် အလ္လာဟ်အားသက်သေထူပါ၏။ အသင်တို့သည်လည်း သက်သေခံကြကုန်။ ကျွန်ုပ်သည် အသင်တို့ 'ရှရီက်' ယှဉ်တွဲကိုးကွယ်မှုပြုသည့်အရာများကို မနှစ်မြို့ချေ၊

مِنْ دُوْنِهٖ فَكِيْدُوْنِيْ جَمِيْعًا ثُمَّ لَا تُنْظِرُوْنِ ﴿٥٥﴾

၅၆။ အရှင်မြတ်မှတစ်ပါးဖြစ်၏။ သို့ဖြစ်ရာ အသင်တို့အားလုံးသည် စုပေါင်း၍ ကျွန်ုပ်နှင့်ဆန့်ကျင်လျက် ကြံစည်မှုများပြုကြကုန်။ ကျွန်ုပ်အား မည်သို့သော ဆိုင်းငံ့ခွင့်ကိုမျှမပေးကြကုန်လင့်။

اِنِّيْ تَوَكَّلْتُ عَلَى اللّٰهِ رَبِّيْ وَرَبِّكُمْ ؕ مَا مِنْ دَآبَّةٍ اِلَّا هُوَ اٰخِذٌۢ بِنَاصِيَتِهَا ؕ اِنَّ رَبِّيْ عَلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٥٦﴾

၅၇။ ဧကန်မုချ ကျွန်ုပ်သည် အလ္လာဟ်အားသာလျှင် ယုံပုံအားကိုးမှုပြုပါ၏။ ထိုအရှင်မြတ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်တော်မူ၍ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်လည်း ဖြစ်တော်မူ၏။ အရှင်မြတ်က ယင်း၏နဖူးမှဆံစကို ဆွဲကိုင်လျက်ထားတော်မမူသောမည်သည့်သက်ရှိသတ္တဝါမျှမရှိချေ။ အမှန်ပင် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ဖြောင့်မတ်မှန်ကန်သောလမ်းတွင်(တွေ့)ရှိ၏။

فَاِنْ تَوَلَّوْا فَقَدْ اَبْلَغْتُكُمْ مَّآ اُرْسِلْتُ بِهٖٓ اِلَيْكُمْ ؕ وَيَسْتَخْلِفُ رَبِّيْ قَوْمًا غَيْرَكُمْ ۚ وَلَا تَضُرُّوْنَهٗ شَيْـًٔا ؕ اِنَّ رَبِّيْ عَلٰى كُلِّ شَيْءٍ حَفِيْظٌ ﴿٥٧﴾

၅၈။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် လွှဲဖယ်သွားခဲ့ကြလျှင် ကျွန်ုပ်သည် မိမိနှင့်အတူ စေလွှတ်ခြင်းခံခဲ့ရသော အကြောင်းရပ်အားလုံးကို အသင်တို့ထံ ပို့ဆောင်ခဲ့ပြီးဖြစ်၏။ ထို့ပြင် ကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်သည် အသင်တို့မှလွဲ၍ အခြားသော မျိုးနွယ်တစ်ခုခုကို ဆက်ခံသူများအဖြစ် ပြုလုပ်တော်မူပေအံ့။ အသင်တို့သည် အရှင်မြတ်အား မည်သို့သော ဆုံးရှုံးနစ်နာမှုကိုမျှ သက်ရောက်စေနိုင်ကြမည်မဟုတ်။ ဧကန်စင်စစ် ကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်သည် အရာခပ်သိမ်းတို့ကို ကောင်းစွာ ကာကွယ်စောင့်ကြပ်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَمَّا جَآءَ اَمْرُنَا نَجَّيْنَا هُوْدًا وَّالَّذِيْنَ اٰمَنُوْا مَعَهٗ بِرَحْمَةٍ مِّنَّا ۚ وَنَجَّيْنٰهُمْ مِّنْ عَذَابٍ غَلِيْظٍ ﴿٥٨﴾

၅၉။ သို့ဖြစ်ရာ ငါတို့၏စီရင်ဆုံးဖြတ်ချက် ရောက်ရှိလာသောအခါ ငါတို့သည် 'ဟူးဒ်'နှင့်တကွ သူနှင့်အတူ သက်ဝင်ယုံကြည်ခဲ့ကြသောသူတို့ကို ငါတို့၏ကရုဏာတော်ဖြင့် ကယ်တင်တော်မူခဲ့၏။ ထို့ပြင် ငါတို့သည် သူတို့အား ပြင်းထန်သောပြစ်ဒဏ်မှ ကယ်တင်တော်မူခဲ့ပေသည်။

وَتِلْكَ عَادٌ ۖ جَحَدُوْا بِاٰيٰتِ رَبِّهِمْ وَعَصَوْا رُسُلَهٗ وَاتَّبَعُوْٓا اَمْرَ كُلِّ جَبَّارٍ عَنِيْدٍ ۝

၆၀။ စင်စစ် ဤသည် 'အားဒ်' အမျိုးသားများဖြစ်ကြ၏။ သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ နိမိတ်လက္ခဏာတော်များကို ငြင်းပယ်ခဲ့ကြ၏။ ထို့ပြင် အရှင်မြတ်၏တမန်တော်များကို မနာခံခဲ့ကြချေ။ ထို့ပြင် အလွန်တရာ နိုင့်ထက်စီးနင်းပြုကျင့်သူ၊ မနာခံပုန်ကန်သူတိုင်း၏အမိန့်ကို လိုက်နာကြ၏။

وَاُتْبِعُوْا فِيْ هٰذِهِ الدُّنْيَا لَعْنَةً وَّيَوْمَ الْقِيٰمَةِ ۗ اَلَآ اِنَّ عَادًا كَفَرُوْا رَبَّهُمْ ۗ اَلَا بُعْدًا لِّعَادٍ قَوْمِ هُوْدٍ ۝

၆၀။ သို့ဖြင့် ဤလောကတွင်လည်းကောင်း၊ 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင်လည်းကောင်း ကရုဏာတော်မှကင်းဝေးခြင်း'လာ့အ်နတ်'ကို သူတို့၏နောက်သို့ လိုက်စေတော်မူခဲ့၏။ သတိပြုကြလော့၊ ဧကန်စင်စစ် 'အားဒ်' အမျိုးသားတို့သည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ကို ငြင်းပယ်ခဲ့ကြ၏။ သတိပြုကြလော့၊ 'ဟူဒ်'၏အမျိုးသားများဖြစ်ကြသော 'အားဒ်'တို့ ပျက်စီးစေသတည်း။

ရုကူ-၆

وَاِلٰى ثَمُوْدَ اَخَاهُمْ صٰلِحًا ۘ قَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ۗ هُوَ اَنْشَاَكُمْ مِّنَ الْاَرْضِ وَاسْتَعْمَرَكُمْ فِيْهَا فَاسْتَغْفِرُوْهُ ثُمَّ تُوْبُوْٓا اِلَيْهِ ۗ اِنَّ رَبِّيْ قَرِيْبٌ مُّجِيْبٌ ۝

၆၂။ ထို့ပြင် 'ဆမူဒ်'အမျိုးသားတို့ထံ သူတို့၏ညီအစ်ကို 'ဆွာလေဟ်'ကို(စေလွှတ်တော်မူခဲ့၏)။ သူကပြောကြားသည်မှာ အို-ကျွန်ုပ်၏အမျိုးသားတို့၊ အလွှာဟ်အား ခဝပ်ကိုးကွယ်ကြကုန်။ အသင်တို့အတွက်ထိုအရှင်မြတ်မှလွဲ၍ အခြားမည်သည့် ကိုးကွယ်ခြင်းခံထိုက်သူမျှမရှိ။ အရှင်မြတ်သည်ပင် အသင်တို့အား ကမ္ဘာမြေမှ ဖြစ်ထွန်းဖွံ့ဖြိုးစေတော်မူခဲ့၏။ ထို့ပြင် အသင်တို့အား ယင်း၌ အခြေချနေထိုင်စေတော်မူခဲ့၏။ သို့ဖြစ်ရာ အရှင်မြတ်ထံတော်မှ အပြစ်လွှတ်ခြင်းကို တောင်းခံလျက်နေကြကုန်။ ထို့ပြင် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကိုပြုလျက် အရှင်မြတ်ဘက်သို့သာလျှင် ကိုင်းညွှတ်ကြကုန်။ စင်စစ်ဧကန် ကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်သည် နီးကပ်စွာရှိတော်မူ၏။ ထို့ပြင် ('ဒိုအာ'ဆုတောင်းကို) လက်ခံတော်မူသောအရှင် ဖြစ်တော်မူ၏။

قَالُوْا يٰصٰلِحُ قَدْ كُنْتَ فِيْنَا مَرْجُوًّا قَبْلَ هٰذَآ اَتَنْهٰىنَآ اَنْ نَّعْبُدَ مَا يَعْبُدُ اٰبَآؤُنَا ۗ وَاِنَّنَا لَفِيْ شَكٍّ مِّمَّا تَدْعُوْنَآ اِلَيْهِ مُرِيْبٍ ۝

၆၃။ ၎င်းတို့က အို-'ဆွာလေဟ်' ဧကန်ပင် ဤသည့်အလျင်က အသင်သည် ကျွန်ုပ်တို့အတွင်း၌ မျှော်လင့်ချက်များ၏ဦးတည်ရာဖြစ်ခဲ့၏။ အသင်သည် ကျွန်ုပ်တို့၏ အဘဘိုးဘေးများ ခဝပ်ကိုးကွယ်လျက်ရှိခဲ့သည်များကို မကိုးကွယ်ရန် ကျွန်ုပ်တို့အား တားမြစ်ပါသလော။ ကျွန်ုပ်တို့အား အသင်ဖိတ်ခေါ်သည်နှင့်စပ်လျဉ်း၍ ဧကန်ပင် ကျွန်ုပ်တို့သည် မငြိမ်းချမ်းမှုဖြစ်စေသော သံသယ၌ (နစ်မွန်းလျက်)ရှိကြပေသည်ဟု ပြောကြလေ၏။

قَالَ يٰقَوْمِ اَرَءَيْتُمْ اِنْ كُنْتُ عَلٰى بَيِّنَةٍ مِّنْ رَّبِّيْ وَاٰتٰىنِيْ مِنْهُ رَحْمَةً فَمَنْ يَّنْصُرُنِيْ

၆၄။ သူက ပြောကြားသည်မှာ အို-ကျွန်ုပ်၏အမျိုးသားတို့၊ အကယ်၍ ကျွန်ုပ်သည် မိမိ၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ပေါ်လွင်ထင်ရှားသောသက်သေသာကေတစ်ရပ်ပေါ်၌ တည်

مِنَ اللّٰهِ اِنْ عَصَيْتُهٗ ۫ فَمَا تَزِيْدُوْنَنِيْ غَيْرَ تَخْسِيْرٍ ﴿۶۳﴾

ရှိပြီး အရှင်မြတ်က ကျွန်ုပ်အား မိမိအထံတော်မှ ကရုဏာတော်ကို ပေးသနားတော်မူပါလျှင်၊ အကယ်၍ ကျွန်ုပ်သည် အရှင်မြတ်အား နာခံမှုကိုမပြုခဲ့ပါသော် မည်သူသည် ကျွန်ုပ်အား အလ္လာဟ်၏ထံမှကယ်တင်ရာတွင် ကူညီမည်ဆိုသည်ကို ကျွန်ုပ်အားပြောပြပါလေ။ သို့ဖြစ်ရာ အသင်တို့သည် ကျွန်ုပ်အား ဆုံးရှုံးစေခြင်းတွင်မှတစ်ပါး အခြားမည်သည့်အရာတွင်မျှ တိုးပွားစေကြမည်မဟုတ်ခေ့။

وَيٰقَوْمِ هٰذِهٖ نَاقَةُ اللّٰهِ لَكُمْ اٰيَةً فَذَرُوْهَا تَاْكُلْ فِيْٓ اَرْضِ اللّٰهِ وَلَا تَمَسُّوْهَا بِسُوْٓءٍ فَيَاْخُذَكُمْ عَذَابٌ قَرِيْبٌ ﴿۶۴﴾

၆၅။ ထို့ပြင် အို-ကျွန်ုပ်၏အမျိုးသားတို့၊ အလ္လာဟ်၏ (လမ်းတော်တွင် ပေးလှူထားသော) ဤကုလားအုတ်မသည် အသင်တို့အတွက် နိမိတ်လက္ခဏာတစ်ရပ်ဖြစ်၏။ သို့ဖြစ်ရာ ယင်းအား အလ္လာဟ်၏မြေပေါ်တွင် စားသောက်သွားလာရန် (မူလအခြေအနေအတိုင်း)လွှတ်ထားကြပါလေ။ ယင်း (ကုလားအုတ်မ)အား မည်သို့သော ဘေးဒုက္ခကိုမျှမပေးလေနှင့်။ သို့မဟုတ်ပါက မကြာမြင့်မီ ဆိုက်ရောက်လာမည့် ပြစ်ဒဏ်တစ်ရပ်သည် အသင်တို့အားဖမ်းဆီးပေလိမ့်မည်။

فَعَقَرُوْهَا فَقَالَ تَمَتَّعُوْا فِيْ دَارِكُمْ ثَلٰثَةَ اَيَّامٍ ۭ ذٰلِكَ وَعْدٌ غَيْرُ مَكْذُوْبٍ ﴿۶۵﴾

၆၆။ သို့ဖြစ်လင့်ကစား သူတို့သည် ယင်း(ကုလားအုတ်မ)၏တံကောက်ကြောကိုဖြတ်တောက်ပစ်ခဲ့ကြလေသည်။ ထိုအခါသူကပြောကြားသည်မှာ မိမိတို့၏အိမ်များတွင် သုံးရက်တိုင်ယာယီအကျိုးကျေးဇူးကို ရယူခံစားကြကုန်။ ဤသည် မဟုတ်မမှန်ဟုစွပ်စွဲခြင်းမပြုနိုင်သောကတိတော်တစ်ရပ်ဖြစ်၏။

فَلَمَّا جَاۗءَ اَمْرُنَا نَجَّيْنَا صٰلِحًا وَّالَّذِيْنَ اٰمَنُوْا مَعَهٗ بِرَحْمَةٍ مِّنَّا وَمِنْ خِزْيِ يَوْمِىِٕذٍ ۭ اِنَّ رَبَّكَ هُوَ الْقَوِيُّ الْعَزِيْزُ ﴿۶۶﴾

၆၇။ သို့ဖြစ်ရာ ငါတို့၏စီရင်ဆုံးဖြတ်ချက်ဆိုက်ရောက်လာသောအခါ ငါတို့သည် 'ဆွာလေဟ်'နှင့်တကွ သူနှင့်အတူသက်ဝင်ယုံကြည်ကြသောသူများကို မိမိ၏ကရုဏာတော်ဖြင့် လွတ်မြောက်စေတော်မူခဲ့ပြီး ထိုနေ့၏ဂုဏ်သရေ ယုတ်လျော့ခြင်းမှ ကယ်တင်တော်မူခဲ့၏။ အမှန်ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည်ပင် ထာဝရစွမ်းအားရှိတော်မူသောအရှင်၊ အကြင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူ၏။

وَاَخَذَ الَّذِيْنَ ظَلَمُوا الصَّيْحَةُ فَاَصْبَحُوْا فِيْ دِيَارِهِمْ جٰثِمِيْنَ ﴿۶۷﴾

၆၈။ သို့ရာတွင် အပြစ်ကျူးလွန်ကြသောသူတို့အား ပြင်းထန်မြည်ဟိန်းသောအသံကြီးကဖမ်းဆီးခဲ့လေသည်။ သို့ဖြင့် နံနက်အချိန်၌ ယင်းတို့သည် မိမိတို့၏အိမ်များတွင် မှောက်လျက်လဲကျသွားခဲ့ကြပေသည်၊

كَاَنْ لَّمْ يَغْنَوْا فِيْهَا ۭ اَلَا اِنَّ ثَمُوْدَا كَفَرُوْا رَبَّهُمْ ۭ اَلَا بُعْدًا لِّثَمُوْدَ ﴿۶۸﴾

၆၉။ ထိုသူတို့သည် ယင်း၌ မည်သည့်အခါကမျှ မနေခဲ့ဖူးသည့်အလားပင်ဖြစ်၏။ သတိပြုကြကုန်၊ 'ဆမူဒ်'အမျိုးသားတို့သည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ကိုငြင်းပယ်ခဲ့ကြ၏။ သတိပြုကြကုန်၊ 'ဆမူဒ်'အမျိုးသားတို့အတွက် ပျက်စီးဆုံးရှုံးခြင်းသည်ရှိစေသတည်း။

ရုကူ-၇

وَلَقَدْ جَآءَتْ رُسُلُنَآ اِبْرٰهِيْمَ بِالْبُشْرٰى قَالُوْا سَلٰمًا ؕ قَالَ سَلٰمٌ فَمَا لَبِثَ اَنْ جَآءَ بِعِجْلٍ حَنِيْذٍ ۝٦٩

၆၉။ ထို့ပြင် အမှန်ပင် 'အစ်ဗရာဟင်မ်'ထံ ငါတို့၏စေတမန်တို့သည် သတင်းကောင်းယူဆောင်၍ လာခဲ့ကြပေသည်။ ၎င်းတို့က 'စလာမ်' ငြိမ်းချမ်းပါစေဟုဆို၏။ သူကလည်း 'စလာမ်'ဆိုခဲ့ပေသည်။ ထို့နောက် မကြာမြင့်မီ ၎င်းတို့ထံ ကင်ထားသောနွားငယ်ကို ယူဆောင်လာခဲ့လေသည်။

فَلَمَّا رَاٰۤ اَيْدِيَهُمْ لَا تَصِلُ اِلَيْهِ نَكِرَهُمْ وَاَوْجَسَ مِنْهُمْ خِيْفَةً ؕ قَالُوْا لَا تَخَفْ اِنَّاۤ اُرْسِلْنَاۤ اِلٰى قَوْمِ لُوْطٍ ۝٧٠

၇၀။ သို့သော် ၎င်း(စေတမန်)တို့၏လက်များသည် ထို(အစားအစာ)ဆီသို့လှမ်းခြင်းမရှိသည်ကို သူမြင်တွေ့ရသောအခါ သူသည် ၎င်းတို့အား သူစိမ်းများဟုထင်မြင်ယူဆပြီး သူတို့အား ကြောက်ရွံ့စိတ်ဖြစ်ပေါ်လာလေသည်။ (ထိုအခါ) ၎င်းတို့က ကြောက်ရွံ့ခြင်းမဖြစ်လင့်၊ စင်စစ် ကျွန်ုပ်တို့သည် 'လူးတ်'အမျိုးသားများထံစေလွှတ်ခြင်းခံခဲ့ကြရပေသည်ဟုပြောလေ၏။

وَامْرَاَتُهٗ قَآئِمَةٌ فَضَحِكَتْ فَبَشَّرْنٰهَا بِاِسْحٰقَ ۙ وَمِنْ وَّرَآءِ اِسْحٰقَ يَعْقُوْبَ ۝٧١

၇၁။ သူ၏ဇနီးသည်(မှာလည်း အနီး၌ပင်) မတ်တတ်ရပ်လျက်ရှိနေခဲ့၏။ သို့ဖြင့် သူမက ပြုံးရယ်လေသောအခါ ငါတို့သည် သူမအား 'အစ္စဟာက်'၏သတင်းကောင်းကို ပေးတော်မူခဲ့၏။ ထို့ပြင် 'အစ္စဟာက်'၏နောက်တွင် 'ယာကွပ်'၏(သတင်းကောင်းကိုလည်း ပေးတော်မူခဲ့ပေသည်။)

قَالَتْ يٰوَيْلَتٰٓى ءَاَلِدُ وَاَنَا عَجُوْزٌ وَّهٰذَا بَعْلِىْ شَيْخًا ؕ اِنَّ هٰذَا لَشَىْءٌ عَجِيْبٌ ۝٧٢

၇၂။ သူမက အို-ဖြစ်မှဖြစ်ရလေ၊ မည်သို့ပါနည်း၊ ကျွန်တော်မျိုးမသည် သားဖွားရပါဦးမည်လော၊ စင်စစ် ကျွန်တော်မျိုးမသည် အဘွားအို တစ်ဦးဖြစ်လျက် ဤကျွန်တော်မျိုးမ၏ခင်ပွန်းသည်မှာလည်း အဘိုးအို တစ်ဦးဖြစ်ပါ၏။ ဧကန်စင်စစ် ဤသည် အလွန်အံ့ဖွယ်ကောင်းသော အကြောင်းရပ်ဖြစ်ပါသည်ဟု ပြောလေ၏။

قَالُوْۤا اَتَعْجَبِيْنَ مِنْ اَمْرِ اللّٰهِ رَحْمَتُ اللّٰهِ وَبَرَكٰتُهٗ عَلَيْكُمْ اَهْلَ الْبَيْتِ ؕ اِنَّهٗ حَمِيْدٌ مَّجِيْدٌ ۝٧٣

၇၃။ ၎င်းတို့ကပြောဆိုကြသည်မှာ အသင်သည် အလ္လာဟ်၏စီရင်ဆုံးဖြတ်ချက်အပေါ် အံ့သြပါသလော၊ အို-အိမ်တော်သားအပေါင်းတို့၊ အသင်တို့အပေါ် အလ္လာဟ်၏ကရုဏာတော်နှင့် ကောင်းချီးမင်္ဂလာတော်များ သက်ရောက်ပါစေသား။ ဧကန်မုချ အရှင်မြတ်သည် ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်၊ အလွန်တရာဂုဏ်ကျက်သရေနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

فَلَمَّا ذَهَبَ عَنْ اِبْرٰهِيْمَ الرَّوْعُ وَجَآءَتْهُ الْبُشْرٰى يُجَادِلُنَا فِىْ قَوْمِ لُوْطٍ ۝٧٤

၇၄။ ထို့နောက် 'အစ်ဗရာဟင်မ်'ထံမှ စိုးရိမ်ကြောက်ရွံ့မှုပပျောက်သွား၏။ ထို့ပြင် သူထံ သတင်းကောင်းရောက်ရှိလာသောအခါ သူသည် 'လူးတ်'၏အမျိုးသားများနှင့်စပ်လျဉ်း၍ ငါတို့နှင့်အချေအတင်ပြောဆိုမှုပြုခဲ့ပေသည်။

اِنَّ اِبْرٰهِيْمَ لَحَلِيْمٌ اَوَّاهٌ مُّنِيْبٌ ۝٧٥

၇၅။ စင်စစ်ဧကန် 'အစ်ဗရာဟင်မ်'သည် အလွန်ပင် သည်းခံသူ၊ စိတ်နှလုံးနူးညံ့သိမ်မွေ့သူ(နှင့်) ကိုင်းညွတ်သူဖြစ်၏။

يٰۤاِبْرٰهِيْمُ اَعْرِضْ عَنْ هٰذَا ۚ اِنَّهٗ

၇၆။ အို-'အစ်ဗရာဟင်မ်' ဤ(ကိစ္စ)မှဖယ်ခွာ၍နေပါလေ။

قَدْ جَآءَ اَمْرُ رَبِّكَ ۚ وَ اِنَّهُمْ اٰتِيْهِمْ عَذَابٌ غَيْرُ مَرْدُوْدٍ ﴿۷۶﴾

ဧကန်မုချ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ စီရင်ချက်သည် ချမှတ်ပြီးဖြစ်ပေသည်။ ထို့ပြင် ဧကန်ပင် ယင်းတို့အပေါ် လွဲဖယ်၍မရနိုင်သော အပြစ်ဒဏ် ဆိုက်ရောက်လာတော့မည်ဖြစ်၏။

وَلَمَّا جَآءَتْ رُسُلُنَا لُوْطًا سِيْٓءَ بِهِمْ وَضَاقَ بِهِمْ ذَرْعًا وَّ قَالَ هٰذَا يَوْمٌ عَصِيْبٌ ﴿۷۷﴾

၇၈။ ထို့ပြင် ငါတို့၏စေတမန်များသည် 'လူးတ်'ထံသို့ရောက်ရှိသောအခါ သူသည် ယင်းတို့ကြောင့် မနှစ်မြို့ခြင်းဖြစ်ခဲ့၏။ ထို့ပြင် ယင်းတို့ကြောင့် စိတ်ကျဉ်းကျပ်မှုလည်းဖြစ်ခဲ့ပေသည်။ ထို့ပြင် ဤသည် အလွန်ခက်ခဲသောနေ့ပင်ဖြစ်သည်ဟု ပြောဆိုခဲ့လေသည်။

وَجَآءَهٗ قَوْمُهٗ يُهْرَعُوْنَ اِلَيْهِ ؕ وَ مِنْ قَبْلُ كَانُوْا يَعْمَلُوْنَ السَّيِّاٰتِ ؕ قَالَ يٰقَوْمِ هٰٓؤُلَآءِ بَنَاتِيْ هُنَّ اَطْهَرُ لَكُمْ فَاتَّقُوا اللّٰهَ وَ لَا تُخْزُوْنِ فِيْ ضَيْفِيْ ؕ اَلَيْسَ مِنْكُمْ رَجُلٌ رَّشِيْدٌ ﴿۷۸﴾

၇၉။ ထို့နောက် သူ၏အမျိုးသားတို့သည် သူဘက်သို့ ပြေးလွှားလာခဲ့ကြ၏။ စင်စစ် ထိုသည့်အလျင်ကလည်း ၎င်းတို့သည် မကောင်းမှုများကို ကျူးလွန်လျက်ရှိနေခဲ့ကြပေသည်။ သူက ပြောကြားသည်မှာ၊ အို-ကျွန်ုပ်၏အမျိုးသားတို့၊ ဤသည် ကျွန်ုပ်၏သမီးများဖြစ်ကြ၏။ သူတို့သည် အသင်တို့ထံ၌လည်း အလွန်သန့်စင်ပေသည်။ သို့ဖြစ်ရာ 'တက္ကဝါ' အလွှာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်းတရားကို ကျင့်သုံးဆောက်တည်ကြကုန်။ ထို့ပြင် ကျွန်ုပ်၏ဧည့်သည်များရှေ့၌ ကျွန်ုပ်အား ဂုဏ်သိက္ခာညှိုးနွမ်းအောင် မပြုကြလင့်။ အသို့နည်း၊ အသင်တို့တွင် အသိဉာဏ်ရှိသူ တစ်ဦးတစ်ယောက်မျှပင် မရှိပါသလော။ ①

قَالُوْا لَقَدْ عَلِمْتَ مَا لَنَا فِيْ بَنٰتِكَ مِنْ حَقٍّ ۚ وَ اِنَّكَ لَتَعْلَمُ مَا نُرِيْدُ ﴿۷۹﴾

၈၀။ ၎င်းတို့က(စကားကိုလှည့်လျက်) အသင်သည် ကောင်းစွာသိရှိပါ၏၊ ကျွန်ုပ်တို့၌ အသင်၏ သမီးများ၏အရေးတွင် တစ်စုံတစ်ရာအခွင့်အရေးမရှိပါ။ ထို့ပြင် ဧကန်စင်စစ် အသင်သည် ကျွန်ုပ်တို့လိုလားသည်ကိုလည်း သိရှိပါ၏ဟု အဖြေပေးကြလေသည်။

قَالَ لَوْ اَنَّ لِيْ بِكُمْ قُوَّةً اَوْ اٰوِيْٓ اِلٰى رُكْنٍ شَدِيْدٍ ﴿۸۰﴾

၈၁။ သူက အသင်တို့အား ရင်ဆိုင်ရန် ကျွန်ုပ်၌စွမ်းအားရှိခဲ့ပါလျှင် သို့တည်းမဟုတ် ကျွန်ုပ်သည် ခိုင်ခံ့သောအမှီအတွယ်တစ်ခုခု၌ ခိုလှုံမှုယူနိုင်ခဲ့ပါလျှင် ကောင်းပေစွဟု ပြောကြားလေ၏။

قَالُوْا يٰلُوْطُ اِنَّا رُسُلُ رَبِّكَ لَنْ يَّصِلُوْٓا اِلَيْكَ فَاَسْرِ بِاَهْلِكَ بِقِطْعٍ مِّنَ الَّيْلِ وَ لَا يَلْتَفِتْ مِنْكُمْ اَحَدٌ اِلَّا امْرَاَتَكَ ؕ

၈၂။ သူတို့က ပြောဆိုကြသည်မှာ အို-'လူးတ်' ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင်၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ စေလွှတ်ခြင်းခံရသူများ ဖြစ်ကြ၏။ ၎င်းတို့သည် အသင့်ထံ အလျင်း ရောက်နိုင်ကြလိမ့်မည်မဟုတ်။ သို့ဖြစ်ရာ ညဉ့်၏ အစိတ်အပိုင်းတစ်ရပ်တွင် မိမိ၏အိမ်သူအိမ်သားများနှင့်အတူ

① အာယတ်တော်(၇၈-၈၀)- ကုရ်အာန်ဋီကာဖွင့်ဆိုသူအချို့က (نعوذ بالله) တမန်တော်'လူးတ်'သည် မိမိ၏သမီးတော်များကို မိမိအမျိုးသားတို့ရှေ့၌တင်ဆက်ခဲ့သည်ဟု ဖွင့်ဆိုကြသည်။ ဤသည် မှန်ကန်မှုမရှိချေ။ အဖြစ်မှန်မှာ တမန်တော်'လူးတ်'၏ အမျိုးသားတို့သည် တမန်တော်အား ငြင်းပယ်ဆန့်ကျင်ခဲ့ကြပြီးနောက် ၎င်းတို့က ယခု သူ(တမန်တော်)သည် ပြင်ပမှလူများကိုခေါ်လျက် မိမိတို့နှင့်ဆန့်ကျင်၍ ကြံစည်မှုတစ်စုံတစ်ရာပြုလေမည်လားဟု ထင်မှတ်နေခဲ့ကြသည်။ သို့ကြောင့် တမန်တော်ကြီးက ကျွန်ုပ်၏ သမီးများကို အသင်တို့၏အိမ်များတွင် ထိမ်းမြားပေးထားပေရာ ကျွန်ုပ်သည် အသင်တို့နှင့်ဆန့်ကျင်၍ အသို့လျှင် ကြံစည်မှုပြုပါမည်နည်းဟူ၍ မိမိအမျိုးသားများအား တုံ့ပြန်ပြောဆိုခဲ့ခြင်းသာဖြစ်သည်။

اِنَّهٗ مُصِيْبُهَا مَآ اَصَابَهُمْ ۭ اِنَّ مَوْعِدَهُمُ الصُّبْحُ ۭ اَلَيْسَ الصُّبْحُ بِقَرِيْبٍ ۝

အိမ်မှထွက်ခွာသွားပါလေ။ အသင်တို့အနက်မည်သူမျှ နောက်သို့ပြန်လှည့်၍ မကြည့်ကြလင့်။ သို့ရာတွင် အသင်၏ ဇနီးမှာမူ ထိုသူတို့ထံ ဆိုက်ရောက်မည့်ဘေးဒုက္ခသည် အမှန်ပင်သူမထံလည်း ဆိုက်ရောက်ပေလိမ့်မည်။ သူတို့အား ကတိပြုထားသည့်အချိန်သည် နံနက်မိုးသောက်ချိန်ဖြစ်၏။ အသို့နည်း၊ နံနက်မိုးသောက်ချိန်သည် နီးကပ်လျက်ရှိသည်မဟုတ်ပါလော။

فَلَمَّا جَآءَ اَمْرُنَا جَعَلْنَا عَالِيَهَا سَافِلَهَا وَاَمْطَرْنَا عَلَيْهَا حِجَارَةً مِّنْ سِجِّيْلٍ ۙ مَّنْضُوْدٍ ۝

၈၃။ သို့ဖြစ်ရာ ငါတို့၏စီရင်ချက်ရောက်ရှိလာသောအခါ ငါတို့သည် ထိုမြို့ရွာကို အထက်အောက်ပြောင်းပြန်လှန်ပစ်တော်မူ၏။ ထို့ပြင် ငါတို့သည် ၎င်းအပေါ် ခြောက်သွေ့သောမြေမှဖြစ်သည့် ခဲမိုးကို အထပ်ထပ်ရွာသွန်းချစေတော်မူခဲ့၏။

مُّسَوَّمَةً عِنْدَ رَبِّكَ ۭ وَمَا هِيَ مِنَ الظّٰلِمِيْنَ بِبَعِيْدٍ ۝

၈၄။ ယင်းကို အသင်၏ဖန်ဆင်းမွေးမြူရှင်ထံတော်ဝယ် အမှတ်အသားပြုထားတော်မူခဲ့ပြီးဖြစ်၏။ ထို့ပြင် ဤသို့ (ဆက်ဆံတော်မူခြင်း)သည် အပြစ်ကျူးလွန်သူတို့ထံမှ ဝေးကွာသည်မဟုတ်ချေတည်း။

ရုကူ-၈

وَاِلٰى مَدْيَنَ اَخَاهُمْ شُعَيْبًا ۭ قَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ۭ وَلَا تَنْقُصُوا الْمِكْيَالَ وَالْمِيْزَانَ اِنِّىْٓ اَرٰىكُمْ بِخَيْرٍ وَّاِنِّىْٓ اَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ مُّحِيْطٍ ۝

၈၅။ ထို့ပြင် 'မဒီယန်'(မြို့သားများ)ထံသို့ ၎င်းတို့၏ ညီအစ်ကို 'ရှိုအိုက်ဗ်'ကို (ငါတို့သည် စေလွှတ်တော်မူခဲ့၏)။ သူကပြောကြားသည်မှာ အို-ကျွန်ုပ်၏အမျိုးသားတို့၊ အလ္လာဟ်အားသာလျှင် ခဝပ်ကိုးကွယ်ကြကုန်။ အသင်တို့အတွက် ထိုအရှင်မြတ်မှလွဲ၍ အခြားမည်သည့် ကိုးကွယ်ခြင်းခံထိုက်သူမျှမရှိချေ။ ထို့ပြင် အတိုင်းအထွာနှင့် အချိန်အတွယ်တို့တွင်လျော့နည်းစေမှုကိုမပြုလုပ်ကြလင့်။ ဧကန်ပင် ကျွန်ုပ်သည် အသင်တို့အား ကြွယ်ဝချမ်းသာသူများအဖြစ် တွေ့ရပေသည်။ ထို့ပြင် ကျွန်ုပ်သည် အသင်တို့အား ဝန်းရံမည့်နေ့၏ ပြစ်ဒဏ်မှကြောက်ရွံ့စိုးရိမ်ပါ၏။

وَيٰقَوْمِ اَوْفُوا الْمِكْيَالَ وَالْمِيْزَانَ بِالْقِسْطِ وَلَا تَبْخَسُوا النَّاسَ اَشْيَآءَهُمْ وَلَا تَعْثَوْا فِي الْاَرْضِ مُفْسِدِيْنَ ۝

၈၆။ ထို့ပြင် အို-ကျွန်ုပ်၏အမျိုးသားတို့၊ အတိုင်းအထွာနှင့် အချိန်အတွယ်တို့ကို တရားမျှတစွာဖြင့် ဖြည့်ဆည်းကြကုန်။ ထို့ပြင် လူတို့အား သူတို့၏ပစ္စည်းများကို လျှော့၍မပေးကြလင့်။ ထို့ပြင် ကမ္ဘာမြေ၌ ပျက်စီးရာပျက်စီးကြောင်းပြုသူများဖြစ်လျက် ငြိမ်းချမ်းရေးပျက်ပြားအောင် မပြုလုပ်ကြကုန်လင့်။

بَقِيَّتُ اللّٰهِ خَيْرٌ لَّكُمْ اِنْ كُنْتُمْ مُّؤْمِنِيْنَ ۚ وَمَآ اَنَا عَلَيْكُمْ بِحَفِيْظٍ ۝

၈၇။ အကယ်၍ အသင်တို့သည် (စစ်မှန်သော) သက်ဝင်ယုံကြည်သူများဖြစ်ကြလျှင် အလ္လာဟ်၏အထံတော်မှ(ရောင်းဝယ်ဖောက်ကားမှုတွင်)ကြွင်းကျန်သည့်အရာသာလျှင် အသင်တို့အဖို့ ပိုမိုကောင်းမြတ်ပေသည်။ စင်စစ် ကျွန်ုပ်သည် အသင်တို့အပေါ် စောင့်ကြပ်သူမဟုတ်ချေ။

قَالُوْا يٰشُعَيْبُ اَصَلٰوتُكَ تَاْمُرُكَ اَنْ

၈၈။ ၎င်းတို့က ပြောကြားကြသည်မှာ အို-'ရှိုအိုက်ဗ်'၊ အသင်

تَتْرُكَ مَا يَعْبُدُ اٰبَآؤُنَآ اَوْ اَنْ نَّفْعَلَ فِيْٓ اَمْوَالِنَا مَا نَشٰٓؤُا ؕ اِنَّكَ لَاَنْتَ الْحَلِيْمُ الرَّشِيْدُ ﴿۸۷﴾

၈၇။ သူကပြောကြားသည်မှာ အို-ကျွန်ုပ်၏အမျိုးသားတို့ ကျွန်ုပ်အားပြောပြစမ်းပါလေ၊ အကယ်၍ ကျွန်ုပ်သည် မိမိ၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှလင်းဝင်းထင်ရှားသော သက်သေသာဓကပေါ်၌တည်ရှိပြီး အရှင်မြတ်သည် ကျွန်ုပ်အား မိမိအထံတော်မှ သန့်ရှင်းစင်ကြယ်သော အထောက်အပံ့ကို ပေးသနားတော်မူပါလျှင် (သို့ပါလျက်လည်း ကျွန်ုပ်သည် အသင်တို့လိုလားသည်ကိုသာ ပြုလုပ်ရပါမည်လော)၊ စင်စစ် အသင်တို့အား မလုပ်ရဟု တားမြစ်သည်များကို ကျွန်ုပ်ကိုယ်တိုင်မှာမူ ပြုလုပ်မည်ဟု ကျွန်ုပ်သည် တစ်စုံတစ်ရာ ရည်ရွယ်ချက်ထားရှိသည်မဟုတ်ချေ။ ကျွန်ုပ်သည်ကားတတ်စွမ်းသမျှ ပြုပြင်လိုခြင်းသာဖြစ်ပေသည်။ ထို့ပြင် အလ္လာဟ်၏ကူညီစောင်မတော်မူခြင်းမှတစ်ပါး ကျွန်ုပ်သည် မည်သို့သော အကူအညီကိုမျှ မရရှိချေ။ အရှင်မြတ်အားသာလျှင် ယုံပုံအားကိုးမှုပြုပါ၏။ ထို့ပြင် အရှင်မြတ်ဘက်တော်သို့သာလျှင် ယိမ်းညွတ်ပါ၏။

قَالَ يٰقَوْمِ اَرَءَيْتُمْ اِنْ كُنْتُ عَلٰى بَيِّنَةٍ مِّنْ رَّبِّيْ وَرَزَقَنِيْ مِنْهُ رِزْقًا حَسَنًا ؕ وَمَآ اُرِيْدُ اَنْ اُخَالِفَكُمْ اِلٰى مَآ اَنْهٰىكُمْ عَنْهُ ؕ اِنْ اُرِيْدُ اِلَّا الْاِصْلَاحَ مَا اسْتَطَعْتُ ؕ وَمَا تَوْفِيْقِيْٓ اِلَّا بِاللّٰهِ ؕ عَلَيْهِ تَوَكَّلْتُ وَ اِلَيْهِ اُنِيْبُ ﴿۸۸﴾

၈၈။ ထို့ပြင် အို-ကျွန်ုပ်၏အမျိုးသားတို့၊ ကျွန်ုပ်အပေါ်ရန်လိုခြင်းသည် အသင်တို့အား ဤသည့်အကြောင်းအပေါ် အသင့်မဖြစ်စေလင့်။ ယင်းမှာ 'နူးဟ်'၏အမျိုးသားများ၊ 'ဟူးဒ်'၏အမျိုးသားများနှင့် 'ဆွာလေဟ်'၏အမျိုးသားများအပေါ် သက်ရောက်ခဲ့သော ဘေးဒုက္ခမျိုး အသင်တို့အပေါ် မသက်ရောက်စေလင့်။ ထို့ပြင် 'လူးတ်'အမျိုးသားတို့သည်လည်း အသင်တို့မှဝေးကွာလှသည်မဟုတ်ချေ။

وَيٰقَوْمِ لَا يَجْرِمَنَّكُمْ شِقَاقِيْٓ اَنْ يُّصِيْبَكُمْ مِّثْلُ مَآ اَصَابَ قَوْمَ نُوْحٍ اَوْ قَوْمَ هُوْدٍ اَوْ قَوْمَ صٰلِحٍ ؕ وَمَا قَوْمُ لُوْطٍ مِّنْكُمْ بِبَعِيْدٍ ﴿۸۹﴾

၈၉။ ထို့ပြင် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ 'အီစ်တိဂ်ဖာရ်' အပြစ်လွှတ်ခြင်းကိုတောင်းခံကြကုန်။ ထို့နောက် အရှင်မြတ်ဘက်သို့သာလျှင် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းပြုလျက် ယိမ်းညွတ်ကြကုန်။ ကေန်မုချ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်နှင့် အလွန်တရာ ချစ်ခင်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَاسْتَغْفِرُوْا رَبَّكُمْ ثُمَّ تُوْبُوْٓا اِلَيْهِ ؕ اِنَّ رَبِّيْ رَحِيْمٌ وَّدُوْدٌ ﴿۹۰﴾

၉၀။ ထို့ပြင် အို-ကျွန်ုပ်၏အမျိုးသားတို့၊ ကျွန်ုပ်အပေါ်ရန်လိုခြင်းသည် အသင်တို့အား ဤသည့်အကြောင်းအပေါ် အသင့်မဖြစ်စေလင့်။ ယင်းမှာ 'နူးဟ်'၏အမျိုးသားများ၊ 'ဟူးဒ်'၏အမျိုးသားများနှင့် 'ဆွာလေဟ်'၏အမျိုးသားများအပေါ် သက်ရောက်ခဲ့သော ဘေးဒုက္ခမျိုး အသင်တို့အပေါ် မသက်ရောက်စေလင့်။ ထို့ပြင် 'လူးတ်'အမျိုးသားတို့သည်လည်း အသင်တို့မှဝေးကွာလှသည်မဟုတ်ချေ။

قَالُوْا يٰشُعَيْبُ مَا نَفْقَهُ كَثِيْرًا مِّمَّا تَقُوْلُ وَاِنَّا لَنَرٰىكَ فِيْنَا ضَعِيْفًا ۚ وَلَوْلَا

၉၁။ ၎င်းတို့က အို-'ရှိုအိုက်ဗ်' အသင်ပြောဆိုသောစကားများအနက် များစွာကို ကျွန်ုပ်တို့ နားမလည်နိုင်ကြပါ။ စင်စစ် ကျွန်ုပ်တို့သည် အသင့်အား မိမိတို့အတွင်း၌ လွန်စွာအင်အား

رَهْطُكَ لَرَجَمْنٰكَ ۖ وَمَآ اَنْتَ عَلَيْنَا بِعَزِيْزٍ ﴿٩١﴾

ချည့်နဲ့သူအဖြစ်သာ မြင်တွေ့ကြပေသည်။ အကယ်၍သာ အသင်၏လူမျိုးစုမရှိခဲ့ပါမူ ကျွန်ုပ်တို့သည် အမှန်ပင် အသင့်အား ကျောက်ခဲများဖြင့်ပစ်ပေါက်၍ သတ်ကြပေအံ့။ စင်စစ် အသင်သည် ကျွန်ုပ်တို့အပေါ် မည်သို့မျှ လွှမ်းမိုးအောင်နိုင် မည်မဟုတ်ချေဟု ပြောဆိုကြ၏။

قَالَ يٰقَوْمِ اَرَهْطِيْٓ اَعَزُّ عَلَيْكُمْ مِّنَ اللّٰهِ ۭ وَاتَّخَذْتُمُوْهُ وَرَاۗءَكُمْ ظِهْرِيًّا ۭ اِنَّ رَبِّيْ بِمَا تَعْمَلُوْنَ مُحِيْطٌ ﴿٩٢﴾

၉၃။ သူက ပြောကြားသည်မှာ အို-ကျွန်ုပ်၏အမျိုးသားတို့၊ အသင်တို့၏အမြင်၌ ကျွန်ုပ်၏လူမျိုးစုသည် အလွှာဟ်ထက်ပင် ပို၍စွမ်းအားရှိပါသလော။ ထို့ပြင် အသင်တို့သည် အရှင်မြတ်ကိုမူ အရေးမထားထိုက်သောအရာတစ်ခုသဖွယ် မှတ်ယူလျက် မိမိတို့၏နောက်ကျောသို့ ပစ်လိုက်ကြပါသလော။ စင်စစ်ဧကန် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အသင်တို့ ပြုလုပ်သည်များကို ဝန်းရံထားတော်မူ၏။

وَيٰقَوْمِ اعْمَلُوْا عَلٰي مَكَانَتِكُمْ اِنِّىْ عَامِلٌ ۭ سَوْفَ تَعْلَمُوْنَ ۙ مَنْ يَّاْتِيْهِ عَذَابٌ يُّخْزِيْهِ وَمَنْ هُوَ كَاذِبٌ ۭ وَارْتَقِبُوْٓا اِنِّىْ مَعَكُمْ رَقِيْبٌ ﴿٩٣﴾

၉၄။ ထို့ပြင် အို-ကျွန်ုပ်၏အမျိုးသားတို့၊ အသင်တို့သည် မိမိတို့၏နေရာ၌ လုပ်နိုင်သည်များကို ပြုလုပ်လျက်နေကြကုန်။ စင်စစ် ကျွန်ုပ်သည်လည်း ပြုလုပ်လျက်နေမည်ဖြစ်၏။ မည်သူထံအရှက်တကွဲအကျိုးနည်းဖြစ်စေမည့် အပြစ်ဒဏ် ဆိုက်ရောက်လာမည်ကိုလည်းကောင်း၊ မည်သူသည် လိမ်ညာသူဖြစ်သည်ကိုလည်းကောင်း မကြာမြင့်မီ အသင်တို့ သိရှိကြရပေအံ့။ ထို့ပြင် စောင့်ကြည့်လျက်နေကြကုန်။ အမှန်ပင် ကျွန်ုပ်သည်လည်း အသင်တို့နှင့်အတူ စောင့်ကြည့်နေသူဖြစ်၏။

وَلَمَّا جَاۗءَ اَمْرُنَا نَجَّيْنَا شُعَيْبًا وَّالَّذِيْنَ اٰمَنُوْا مَعَهٗ بِرَحْمَةٍ مِّنَّا وَاَخَذَتِ الَّذِيْنَ ظَلَمُوا الصَّيْحَةُ فَاَصْبَحُوْا فِيْ دِيَارِهِمْ جٰثِمِيْنَ ﴿٩٤﴾

၉၅။ ထို့နောက် ငါတို့၏ စီရင်ချက်ရောက်ရှိလာသောအခါ ငါတို့သည် 'ရှိုအိုက်ဗ်'နှင့်တကွ သူနှင့်အတူ သက်ဝင်ယုံကြည်ခဲ့ကြသူများကို မိမိ၏ကရုဏာတော်ဖြင့် ကယ်တင်တော်မူခဲ့ပေသည်။ ထို့ပြင် အပြစ်ကျူးလွန်ကြသောသူတို့အား ပြင်းထန်မြည်ဟိန်းသောအပြစ်ဒဏ်သည် ဖမ်းဆီးခဲ့ပေသည်။ သို့ဖြစ်ရာ သူတို့သည် မိမိတို့၏အိမ်များတွင် မှောက်လျက်လဲကျသွားခဲ့ကြပေသည်၊

كَاَنْ لَّمْ يَغْنَوْا فِيْهَا ۭ اَلَا بُعْدًا لِّمَدْيَنَ كَمَا بَعِدَتْ ثَمُوْدُ ﴿٩٥﴾

၉၆။ ၎င်းတို့သည် ယင်း၌မည်သည့်အခါကမျှ မနေခဲ့ဖူးသည့်အလားပင်ဖြစ်၏။ သတိပြုကြကုန်၊ 'ဆမူဒ်'၏အမျိုးသားတို့ ပျက်စီးဆုံးရှုံးသကဲ့သို့ပင် 'မဒီယန်'အမျိုးသားများအတွက်လည်း အလားတူပျက်စီးခြင်းဖြစ်စေသတည်း။

ရုကူး-၉

وَلَقَدْ اَرْسَلْنَا مُوْسٰى بِاٰيٰتِنَا وَسُلْطٰنٍ مُّبِيْنٍ ﴿٩٦﴾

၉၇။ ထို့ပြင် အမှန်ပင် ငါတို့သည် 'မူစာ'အား ငါအရှင်မြတ်၏နိမိတ်လက္ခဏာတော်များနှင့် လင်းဝင်းထင်ရှားသောသက်သေသာဓကတစ်ရပ်နှင့်အတူစေလွှတ်တော်မူခဲ့၏၊

اِلٰى فِرْعَوْنَ وَمَلَا۟ئِهٖ فَاتَّبَعُوْٓا اَمْرَ

၉၈။ 'ဖိရ်အောင်'နှင့် သူ၏အကြီးအကဲများထံသို့(ဖြစ်၏)။ ထိုစဉ်က ယင်းတို့သည် 'ဖိရ်အောင်'၏အမိန့်ကို လိုက်နာခဲ့ကြ

فِرْعَوْنَ ۚ وَمَآ اَمْرُ فِرْعَوْنَ بِرَشِيْدٍ ۝

၏။ စင်စစ် 'ဖိရ်အောင်'၏အမိန့်သည် မှန်ကန်မှုမရှိချေ။

يَقْدُمُ قَوْمَهٗ يَوْمَ الْقِيٰمَةِ فَاَوْرَدَهُمُ النَّارَ ۭ وَبِئْسَ الْوِرْدُ الْمَوْرُوْدُ ۝

၉၉။ 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တွင် သူသည် မိမိ၏အမျိုးသားများရှေ့မှ သွားနေပေလိမ့်မည်။ ထို့ပြင် သူတို့အား (ငရဲ)မီး၏နေရာဌာနဆီသို့ ခေါ်ဆောင်လာ၍ ချပေးပေလိမ့်မည်။ စင်စစ် ခေါ်ဆောင်သွားခြင်းခံရသော နေရာဌာနသည် အလွန်ဆိုးရွားလှပေသည်။

وَاُتْبِعُوْا فِيْ هٰذِهٖ لَعْنَةً وَّيَوْمَ الْقِيٰمَةِ ۭ بِئْسَ الرِّفْدُ الْمَرْفُوْدُ ۝

၁၀၀။ ထို့ပြင် ဤ(လောက)၌လည်းကောင်း၊ 'ကေယာမတ်'နေ့တွင်လည်းကောင်း ယင်းတို့၏နောက်မှ ကရုဏာတော်မှ ကင်းဝေးခြင်း'လာ့အ်နတ်'ကို ထပ်ကြပ်မက်မာ လိုက်စေခဲ့ပေသည်။ အဘယ်မျှဆိုးရွားသောမကောင်းမှုကို ပေးခြင်းခံခဲ့ရပေသနည်း။

ذٰلِكَ مِنْ اَنْۢبَاۗءِ الْقُرٰى نَقُصُّهٗ عَلَيْكَ مِنْهَا قَاۗىِٕمٌ وَّحَصِيْدٌ ۝

၁၀၁။ ဤသည် ငါတို့က အသင်၏ရှေ့တွင် ယင်း၏အကြောင်းရပ်ကိုဖော်ပြသော ထိုမြို့ရွာများ၏ သတင်းများအနက်မှ (သတင်းတစ်ခု)ဖြစ်၏။ ယင်းတို့အနက် အချို့သည် တည်ရှိနေပြီး၊ အချို့မှာ ဖြတ်တောက်စွန့်ပစ်ခြင်းကိုခံခဲ့ရပေသည်။

وَمَا ظَلَمْنٰهُمْ وَلٰكِنْ ظَلَمُوْٓا اَنْفُسَهُمْ فَمَآ اَغْنَتْ عَنْهُمْ اٰلِهَتُهُمُ الَّتِيْ يَدْعُوْنَ مِنْ دُوْنِ اللّٰهِ مِنْ شَيْءٍ لَّمَّا جَاۗءَ اَمْرُ رَبِّكَ ۭ وَمَا زَادُوْهُمْ غَيْرَ تَتْبِيْبٍ ۝

၁၀၂။ စင်စစ် ငါတို့သည် ၎င်းတို့အပေါ် မတရားပြုခဲ့သည်မဟုတ်ချေ။ သို့ရာတွင် ၎င်းတို့ကိုယ်တိုင်က မိမိတို့၏ အသက်ဝိညာဉ်များအပေါ် နှိပ်စက်ညှဉ်းပန်းခဲ့ကြပေသည်။ ထို့နောက် အသင့်အား ဖန်ဆင်းမွေးမြူရှင်၏စီရင်ဆုံးဖြတ်ချက် ရောက်ရှိလာသောအခါ အလျှာဟ်မှလွဲ၍ သူတို့ ဟစ်ခေါ်တမ်းတခဲ့ကြသော သူတို့၏ကိုးကွယ်ရာများသည် သူတို့အား မည်သို့မျှ အသုံးဝင်အကျိုးပြုနိုင်ခြင်းမရှိခဲ့ချေ။ ထို့ပြင် ထိုအရာများသည် သူတို့အား ပျက်စီးဆုံးရှုံးခြင်းမှလွဲ၍ အခြားမည်သည့်အရာတွင်မျှ တိုးပွားစေသည်မဟုတ်ချေ။

وَكَذٰلِكَ اَخْذُ رَبِّكَ اِذَآ اَخَذَ الْقُرٰى وَهِيَ ظَالِمَةٌ ۭ اِنَّ اَخْذَهٗٓ اَلِيْمٌ شَدِيْدٌ ۝

၁၀၃။ ထို့ပြင် အသင်၏ဖန်ဆင်းမွေးမြူရှင်၏ ဖမ်းဆီးခြင်းသည် ဤသို့ဖြစ်၏။ အကြင်အခါဝယ် အရှင်မြတ်သည် မြို့ရွာများအား ၎င်းတို့အပြစ်ကျူးလွန်သူများဖြစ်သည့်အခါ ဖမ်းဆီးတော်မူ၏။ ဧကန်မုချ အရှင်မြတ်၏ ဖမ်းဆီးတော်မူခြင်းသည် လွန်စွာနာကျင်ဖွယ်ဖြစ်၍ အလွန်ပြင်းထန်လှပေသည်။

اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّمَنْ خَافَ عَذَابَ الْاٰخِرَةِ ۭ ذٰلِكَ يَوْمٌ مَّجْمُوْعٌ ۙ لَّهُ النَّاسُ وَذٰلِكَ يَوْمٌ مَّشْهُوْدٌ ۝

၁၀၄။ စင်စစ်ဧကန် ဤအကြောင်းရပ်တွင် နောင်တမလွန်၏အပြစ်ဒဏ်ကိုကြောက်ရွံ့သူအဖို့ လွန်စွာကြီးမားသော နိမိတ်လက္ခဏာတစ်ရပ်သည်ရှိ၏။ ဤသည် လူသားများကို စုရုံးခြင်းခံရမည့် ထိုနေ့တော်ကြီးဖြစ်၏၊ ထို့ပြင် ဤသည် သက်သေခံခြင်းခံခဲ့ရသော နေ့တော်ကြီးပင်ဖြစ်၏။

وَمَا نُؤَخِّرُهٗٓ اِلَّا لِاَجَلٍ مَّعْدُوْدٍ ۝

၁၀၅။ ထို့ပြင် ငါတို့သည် ရေတွက်သတ်မှတ်ထားသော အချိန်ကာလတစ်ရပ်မှလွဲ၍ ယင်းကိုနောက်သို့ ရွှေ့ဆိုင်းတော်

မူမည်မဟုတ်ချေ။

يَوْمَ يَأْتِ لَا تَكَلَّمُ نَفْسٌ إِلَّا بِإِذْنِهِ ۚ فَمِنْهُمْ شَقِيٌّ وَسَعِيدٌ ﴿١٠٥﴾

၁၀၆။ ထို့နေ့ဆိုက်ရောက်လာသည့်အခါ အရှင်မြတ်၏ခွင့်ပြုချက်မရရှိဘဲ မည်သည့်အသက်ဝိညာဉ်မျှ စကားပြောဆိုနိုင်မည်မဟုတ်။ သို့ဖြစ်ရာ ယင်းတို့အနက် ကံဆိုးသူများလည်း ရှိကြ၏။ ထို့ပြင် ကံကောင်းသူများလည်း(ရှိကြ၏)။

فَأَمَّا الَّذِينَ شَقُوا فَفِي النَّارِ لَهُمْ فِيهَا زَفِيرٌ وَشَهِيقٌ ﴿١٠٦﴾

၁၀၇။ သို့ဖြစ်ရာ ကံဆိုးကြသောသူတို့သည် (ငရဲ)မီးခဲ့ရှိကြပေလိမ့်မည်။ ယင်းခဲ့ ထိုသူတို့အတွက် အော်ဟစ်ခြင်းနှင့် ငိုကြွေးမြည်တမ်းခြင်းသည်ရှိ၏။

خَالِدِينَ فِيهَا مَا دَامَتِ السَّمَاوَاتُ وَالْأَرْضُ إِلَّا مَا شَاءَ رَبُّكَ ۖ إِنَّ رَبَّكَ فَعَّالٌ لِّمَا يُرِيدُ ﴿١٠٧﴾

၁၀၈။ အသင်၏ ဖန်ဆင်းမွေးမြူရှင်အလိုရှိတော်မူသည်မှလွဲ၍ ၎င်းတို့သည် ယင်းခဲ့ မိုးနှင့် မြေတည်ရှိသရွေ့ နေထိုင်ကြရမည့်သူများဖြစ်ကြ၏။ စင်စစ်ဧကန် အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် တစ်စုံတစ်ရာကို ရည်ရွယ်တော်မူလျှင် ယင်းကို မလွဲဧကန် လုပ်ဆောင်တော်မူ၏။

وَأَمَّا الَّذِينَ سُعِدُوا فَفِي الْجَنَّةِ خَالِدِينَ فِيهَا مَا دَامَتِ السَّمَاوَاتُ وَالْأَرْضُ إِلَّا مَا شَاءَ رَبُّكَ ۖ عَطَاءً غَيْرَ مَجْذُوذٍ ﴿١٠٨﴾

၁၀၉။ ထို့ပြင် ကံကောင်းအောင်ပြုခြင်းခံရသော ထိုသူတို့သည် 'ဂျန္နတ်'ဥယျာဉ်တော်၌ ရှိကြပေလိမ့်မည်။ အသင်၏ဖန်ဆင်းမွေးမြူရှင်အလိုရှိတော်မူသည်မှလွဲ၍ သူတို့သည် ယင်းခဲ့ မိုးနှင့်မြေတည်ရှိသရွေ့နေထိုင်ရမည့်သူများဖြစ်ကြ၏။ ဤသည် ဖြတ်တောက်ခြင်းခံရမည်မဟုတ်သော ဆုလာဘ်သဖွယ် ဖြစ်ပေလိမ့်မည်။ ۞

فَلَا تَكُ فِي مِرْيَةٍ مِّمَّا يَعْبُدُ هَٰؤُلَاءِ ۚ مَا يَعْبُدُونَ إِلَّا كَمَا يَعْبُدُ آبَاؤُهُم مِّن قَبْلُ ۚ وَإِنَّا لَمُوَفُّوهُمْ نَصِيبَهُمْ غَيْرَ مَنقُوصٍ ﴿١٠٩﴾ ع

၁၁၀။ သို့ဖြစ်ရာ ဤသူတို့ကိုးကွယ်သည့် ယင်း(မှားယွင်းသောကိုးကွယ်ရာများ)နှင့်စပ်လျဉ်း၍ အသင်သည် မည်သည့်သံသယတွင်မျှမဆိုက်ရောက်စေလင့်။ သူတို့သည် ရှေးအလျင်က သူတို့၏အဘဘိုးဘေများ ကိုးကွယ်လျက်ရှိကြသကဲ့သို့ပင် (ကိုးကွယ်သည်မှအပ) အခြားမည်သည်ကိုမျှ ကိုးကွယ်ဝတ်ပြုခြင်းမရှိကြချေ။ ထို့ပြင် ဧကန်စင်စစ် ငါတို့သည် သူတို့၏ဝေစုကို လျော့နည်းစေခြင်းမရှိဘဲ အပြည့်အဝပေးတော်မူမည် ဖြစ်သတည်း။

ရုကူး - ၁၀

وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ فَاخْتُلِفَ فِيهِ ۚ وَلَوْلَا كَلِمَةٌ سَبَقَتْ مِن رَّبِّكَ لَقُضِيَ

၁၁၁။ ထို့ပြင် ငါတို့သည် အမှန်ပင် 'မူစာ'အား ကျမ်းဂန်ကိုပေးသနားတော်မူခဲ့ရာ ယင်းခဲ့လည်း ကွဲပြားခြားနားမှုကို ပြုခဲ့ကြပေသည်။ အကယ်၍သာ အသင်၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အမိန့်စကားတော်တစ်ရပ်သည် ယခင်ကတည်းက

۞ အာယတ်တော်(၁၀၈-၁၀၉)၊ ဤအာယတ်တော်နှစ်ခုအရ 'ဂျန္နတ်'ကဲ့သို့ပင် 'ဂျဟန္နမ်'သည်လည်း ထာဝရဖြစ်နိုင်သည်ဟု အပေါ်ယံအားဖြင့် သံသယဖြစ်နိုင်ပေသည်။ သို့ရာတွင် 'ဂျဟန္နမ်'ကိုဖော်ပြသောအာယတ်တော်တွင် **إِلَّا مَا شَاءَ رَبُّكَ** ဟုမိန့်တော်မူကာ စကားကိုအဆုံးသတ်ခဲ့ပေသည်။ သို့သော် 'ဂျန္နတ်'ကိုဖော်ပြသော အာယတ်အမှတ်စဉ်(၁၀၉)တွင် တစ်ဆက်တည်းမှာပင် **عَطَاءً غَيْرَ مَجْذُوذٍ** ဟုဖော်ပြထားသည်။ အဓိပ္ပာယ်မှာ ယင်းသည်မည်သည့်အခါတွင်မျှ မပြတ်တောက်နိုင်သည့် ပေးကမ်းတော်မူခြင်းဖြစ်ပေမည်။ ဤတွင်မက 'ခူလူဒ်'ဟူသော ဝေါဟာရသည် ရှည်လျားသောကာလအတွက်သုံးစွဲခြင်းဖြစ်သည်။ ယင်း၏အဓိပ္ပာယ်မှာ အမြဲထာဝရဟူ၍သာ ဆိုလိုသည်မဟုတ်ချေ။

بَيْنَهُمْ ۚ وَاِنَّهُمْ لَفِيْ شَكٍّ مِّنْهُ مُرِيْبٍ ﴿١١١﴾

ပြဋ္ဌာန်းခြင်းမရှိခဲ့ပါမူ အမှန်ပင် ယင်းတို့အကြားဌ် စီရင်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပေလိမ့်မည်။ ထို့ပြင် ယင်းတို့သည် အမှန်ပင် ဤသည်နှင့်စပ်လျဉ်း၍ မငြိမ်းချမ်းမှုကိုဖြစ်စေသော သံသယတစ်ရပ်တွင် ဆိုက်ရောက်လျက်ရှိကြ၏။

وَاِنَّ كُلًّا لَّمَّا لَيُوَفِّيَنَّهُمْ رَبُّكَ اَعْمَالَهُمْ ۚ اِنَّهٗ بِمَا يَعْمَلُوْنَ خَبِيْرٌ ﴿١١١﴾

၁၁၂။ ထို့ပြင် စင်စစ် အသင်၏ဖန်ဆင်းမွေးမြူရှင်သည် သူတို့အားလုံးကို သူတို့ကျင့်ကြံမှုများ၏အတုံ့အလှယ်ကို အပြည့်အဝပေးတော်မူမည်ဖြစ်၏။★ ဧကန်မုချ အရှင်မြတ်သည် ယင်းတို့ပြုလုပ်သည်များကို အမြဲထာဝစဉ်သတင်းရရှိတော်မူ၏။

فَاسْتَقِمْ كَمَآ اُمِرْتَ وَمَنْ تَابَ مَعَكَ وَلَا تَطْغَوْا ۚ اِنَّهٗ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿١١٢﴾

၁၁၃။ သို့ဖြစ်ရာ အသင့်အားအမိန့်ပေးသည်နှင့်အညီ အသင် သည်လည်းကောင်း၊ အသင်နှင့်အတူ ဝန်ချတောင်းပန်မှုပြုသူတို့သည်လည်းကောင်း(ယင်းအပေါ်) ခိုင်မြဲစွာရပ်တည်ပါလေ။ ထို့ပြင် စည်းဘောင်ကို လွန်ကျူးခြင်းမပြုကြကုန်လင့်။ ဧကန်စင်စစ် အရှင်မြတ်သည် အသင်တို့ပြုလုပ်သည်များကို နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَا تَرْكَنُوْٓا اِلَى الَّذِيْنَ ظَلَمُوْا فَتَمَسَّكُمُ النَّارُ ۙ وَمَا لَكُمْ مِّنْ دُوْنِ اللّٰهِ مِنْ اَوْلِيَآءَ ثُمَّ لَا تُنْصَرُوْنَ ﴿١١٣﴾

၁၁၄။ ထို့ပြင် အပြစ်ကျူးလွန်ကြသောသူများဘက်သို့ ယိမ်းညွတ်ခြင်းမပြုကြကုန်လင့်၊ သို့မဟုတ်ပါက အသင်တို့ကိုလည်း (ငရဲ)မီးသည် လာရောက်ဖမ်းဆီးပေလိမ့်မည်။ စင်စစ် အလ္လာဟ်အားစွန့်၍ အသင်တို့အဖို့ ကာကွယ်စောင့်ရှောက်သူမည်သူမျှရှိမည်မဟုတ်ချေ။ ထို့ပြင် အသင်တို့သည် တစ်စုံတစ်ရာ အကူအညီပေးခြင်းကိုလည်း ခံကြရမည်မဟုတ်ချေ။

وَاَقِمِ الصَّلٰوةَ طَرَفَيِ النَّهَارِ وَزُلَفًا مِّنَ الَّيْلِ ۚ اِنَّ الْحَسَنٰتِ يُذْهِبْنَ السَّيِّاٰتِ ۚ ذٰلِكَ ذِكْرٰى لِلذّٰكِرِيْنَ ﴿١١٤﴾

၁၁၅။ ထို့ပြင် နေ့၏အစွန်းနှစ်ဘက်တွင်လည်းကောင်း၊ ညဦး၏အစိတ်အပိုင်းအချို့တွင်လည်းကောင်း 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ပါလေ။ ဧကန်မုချ ကောင်းမှုများသည် မကောင်းမှုများကို ကင်းဝေးအောင်ပြုလုပ်ပေး၏။ ဤသည်သွန်သင်ဆုံးမမှုပြုသူများအတွက် အလွန်ကြီးကျယ်သော ဆုံးမသြဝါဒတစ်ရပ်ဖြစ်၏။

وَاصْبِرْ فَاِنَّ اللّٰهَ لَا يُضِيْعُ اَجْرَ الْمُحْسِنِيْنَ ﴿١١٥﴾

၁၁၆။ ထို့ပြင် သည်းခံစောင့်စည်းပါလေ၊ စင်စစ် အလ္လာဟ်သည် ကောင်းမှုပြုသူများ၏အကျိုးဆုလာဘ်ကို အချည်းနှီးဖြစ်စေတော်မူသည် အလျှင်းမဟုတ်ချေ။

فَلَوْلَا كَانَ مِنَ الْقُرُوْنِ مِنْ قَبْلِكُمْ اُولُوْا بَقِيَّةٍ يَّنْهَوْنَ عَنِ الْفَسَادِ فِي الْاَرْضِ اِلَّا قَلِيْلًا مِّمَّنْ اَنْجَيْنَا مِنْهُمْ ۚ وَاتَّبَعَ الَّذِيْنَ ظَلَمُوْا مَآ اُتْرِفُوْا فِيْهِ وَكَانُوْا مُجْرِمِيْنَ ﴿١١٦﴾

၁၁၇။ သို့ဖြစ်ရာ အသင်တို့အလျင် ရှေးခေတ်ကာလများ၌ ကမ္ဘာမြေတွင် ဆူပူသောင်းကျန်းမှုမှတားမြစ်သော အသိဉာဏ်အမြော်အမြင်ရှိသူများ အဘယ့်ကြောင့် မရှိခဲ့လေသနည်း။ သို့ရာတွင် ငါတို့က ယင်းတို့အနက် ကယ်တင်တော်မူခဲ့သည့် အနည်းငယ်မျှသောသူတို့မှအပဖြစ်၏။ ထို့ပြင် မတရား ကျူးလွန်သူတို့သည် ယင်း(ရှေးလူ)တို့အား ပုန်ကန်ခြားနားသည်ဟု သတ်မှတ်ခြင်းခံရသည်များကို လိုက်နာကျင့်ကြံကြ၏။ သူတို့သည် အပြစ်ကျူးလွန်သူများဖြစ်ကြ၏။

★ ဤအဓိပ္ပာယ်ပြန်ဆိုမှုအတွက် املاء ما منَ به الرحمن ကျမ်းရှု။

وَمَا كَانَ رَبُّكَ لِيُهْلِكَ الْقُرٰى بِظُلْمٍ وَّاَهْلُهَا مُصْلِحُوْنَ ﴿۱۱۷﴾

၁၁၈။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် မြို့ရွာများကို ယင်း၌နေထိုင်သူများ (သူကောင်းဖြစ်ရန် မိမိကိုယ်မိမိ) ပြုပြင်ပြောင်းလဲနေစဉ် မတရားသဖြင့် ဖျက်ဆီးတော်မူသည့်အရှင် မဟုတ်ချေ။

وَلَوْ شَآءَ رَبُّكَ لَجَعَلَ النَّاسَ اُمَّةً وَّاحِدَةً وَّلَا يَزَالُوْنَ مُخْتَلِفِيْنَ ﴿۱۱۸﴾

၁၁၉။ ထို့ပြင် အသင်၏ ဖန်ဆင်းမွေးမြူရှင် အလိုရှိတော်မူပါက လူသားတို့အား 'အွမ္မတ်' အုပ်စုတစ်ခုတည်းအဖြစ်သာ ပြုလုပ်တော်မူခဲ့ပေအံ့။ သို့ရာတွင် ၎င်းတို့သည် အစဉ်သဖြင့် ကွဲပြားခြားနားမှုကို ပြုနေကြပေလိမ့်မည်၊

اِلَّا مَنْ رَّحِمَ رَبُّكَ ؕ وَ لِذٰلِكَ خَلَقَهُمْ ؕ وَتَمَّتْ كَلِمَةُ رَبِّكَ لَاَمْلَـَٔنَّ جَهَنَّمَ مِنَ الْجِنَّةِ وَالنَّاسِ اَجْمَعِيْنَ ﴿۱۱۹﴾

၁၂၀။ အသင့်အား ဖန်ဆင်းမွေးမြူရှင်က ကရုဏာပြုတော်မူသောသူတို့မှအပ(ဖြစ်၏)။ စင်စစ် ဤသည့်အတွက်သာလျှင် အရှင်မြတ်သည် သူတို့အား ဖန်ဆင်းတော်မူခဲ့ပေသည်။ ထို့ပြင် 'ဇါအရှင်မြတ်သည် အမှန်ပင် 'ဂျဟန္နမ်'ငရဲကို ဂျင်နီများနှင့် လူသားများအားလုံးဖြင့် ပြည့်နှက်စေတော်မူမည်'ဟူသော အသင့်အား ဖန်ဆင်းမွေးမြူရှင်၏ ဤစကားတော်သည်လည်း ပြည့်စုံခဲ့ပေသည်။

وَكُلًّا نَّقُصُّ عَلَيْكَ مِنْ اَنْۢبَآءِ الرُّسُلِ مَا نُثَبِّتُ بِهٖ فُؤَادَكَ ۚ وَجَآءَكَ فِيْ هٰذِهِ الْحَقُّ وَمَوْعِظَةٌ وَّ ذِكْرٰى لِلْمُؤْمِنِيْنَ ﴿۱۲۰﴾

၁၂၁။ ထို့ပြင် ဇါတို့သည် တမန်တော်များ၏ သတင်းစကားများအနက် အသင်၏ရှေ့မှောက်တွင်ဖော်ပြသမျှတို့မှာ ယင်းအားဖြင့် ဇါတို့သည် အသင်၏စိတ်နှလုံးကို ခိုင်ခံ့မြဲမြံစေရန်ဖြစ်၏။ ထို့ပြင် ဤ(သတင်းစကားများ)ဖြင့် အသင့်ထံ အမှန်တရားသည်ရောက်ရှိလာခဲ့၏။ (ယင်း၌)ဆုံးမစကားနှင့် သက်ဝင်ယုံကြည်သူများအဖို့ ကြီးမားသော သင်ခန်းစာရယူဖွယ်ရာတစ်ရပ်သည်လည်းပါရှိ၏။

وَقُلْ لِّلَّذِيْنَ لَا يُؤْمِنُوْنَ اعْمَلُوْا عَلٰى مَكَانَتِكُمْ ؕ اِنَّا عٰمِلُوْنَ ﴿۱۲۱﴾

၁၂၂။ ထို့ပြင် အသင်သည် သက်ဝင်ယုံကြည်ခြင်းမရှိကြသောသူများအား ပြောကြားပါလေ၊ မိမိတို့၏နေရာ၌ လုပ်နိုင်သည်များကို လုပ်ဆောင်လျက်နေကြကုန်။ ဧကန်မုချ ကျွန်ုပ်တို့သည်လည်း တစ်စုံတစ်ရာပြုလုပ်မည့်သူများဖြစ်၏။

وَانْتَظِرُوْا ۚ اِنَّا مُنْتَظِرُوْنَ ﴿۱۲۲﴾

၁၂၃။ ထို့ပြင် စောင့်မျှော်လျက်နေကြကုန်။ အမှန်ပင် ကျွန်ုပ်တို့သည်လည်း စောင့်မျှော်လျက်နေကြသူများဖြစ်၏။

وَلِلّٰهِ غَيْبُ السَّمٰوٰتِ وَالْاَرْضِ وَاِلَيْهِ يُرْجَعُ الْاَمْرُ كُلُّهٗ فَاعْبُدْهُ وَتَوَكَّلْ عَلَيْهِ ؕ وَمَا رَبُّكَ بِغَافِلٍ عَمَّا تَعْمَلُوْنَ ﴿۱۲۳﴾ ع

၁၂၄။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ 'ဂိုက်ဘ်' အကွယ်တွင်ရှိသည်တို့မှာ အလ္လာဟ်၏အဖို့သာတည်း။ အရေးကိစ္စမှန်သမျှသည် အရှင်မြတ်ဘက်တော်သို့သာလျှင် ပြန်လှည့်ခြင်းခံရပေသည်။ သို့ဖြစ်ရာ အရှင်မြတ်အားခဝပ်ကိုးကွယ်ကြကုန်၊ ထို့ပြင် အရှင့်အား ယုံပုံအားကိုးမှုပြုကြကုန်၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့ပြုကျင့်သည်တို့ကို ဂရုမမူလျစ်လျူရှုထားတော်မူသည် မဟုတ်ချေတည်း။

❖ ❖ ❖

၁၂။ ယူဆူဖ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုကွပါဠ် တော်ပေါင်း(၁၁၂)ပိုဒ်ပါရှိသည်။

ဤဆူရာတော်မှာလည်း 'အလီဖ်၊ လာမ်၊ ရာ'ဟူသော အက္ခရာစုဖြင့် အစပြုထားပေရာ ရှေ့တွင် ဖော်ပြခဲ့ပြီးဖြစ်သော အနက်အဓိပ္ပာယ်အတိုင်းပင်ဖြစ်သည်။

ထို့နောက်တစ်ဆက်တည်း တမန်တော်မြတ်ﷺ၏ စိတ်နှလုံးချမ်းမြေ့စေမည့် အလုံးစုံသော ကြောင်းရာထုပ္ပတ်များအနက်မှ အကောင်းဆုံးသောကြောင်းရာထုပ္ပတ်ကို ဖော်ပြထားသည်။ ဆူရာဟ် 'ဟူဒ်'တွင် ဖော်ပြထားသော ဖြစ်ရပ်များကြောင့် ဆိုက်ရောက်လာသောပူဆွေးသောကအတွက် ဤသည် အကောင်းဆုံးသော ဖြေဆေးပင်ဖြစ်၏။ ဤတွင် 'ကဆက်စ်'ဟူသောစကားလုံးကို ရှင်းပြရန်လိုပေသည်။ 'ကဆက်စ်'ဟူသည် ပုံပြင်ဒဏ္ဍာရီများမဟုတ်မူ၍ စူးစမ်းရှာဖွေသုတေသနပြုချက်များဖြင့် လုံးဝမှန်ကန် ကြောင်း သက်သေသာဓက အထောက်အထားများရရှိသော အတိတ်မှဖြစ်ရပ်မှန်များဖြစ်ပေသည်။

ဤဆူရာဟ်တော်ကို တမန်တော်ယူဆူဖ်ﷺ၏အိပ်မက်ဖြင့် အစပြုဖော်ပြထားပေသည်။ ယင်း အိပ်မက်တွင် တမန်တော်ယူဆူဖ် ကြုံတွေ့လာရမည့် အဖြစ်အပျက်အားလုံးကို ဖော်ပြထားပေသည်။ အိပ်မက်၏အနက်ကို ဖခင်ဖြစ်သူ တမန်တော်ယာကွပ်ﷺရှင်းပြရာတွင် တမန်တော်ယူဆူဖ်သည် သူ၏နောင်တော်များက သူ့အားဆုံးရှုံးအောင်ပြုမည့်အန္တရာယ်ကို အလွန်စိုးရိမ်ရသောကြောင့် ဤ အိပ်မက်အကြောင်းကို မိမိ၏နောင်တော်များရှေ့တွင်ပြောမပြရန် ဖခင်ကသတိပေးခဲ့လေသည်။

ဤဆူရာဟ်တစ်ခုလုံးသည် တမန်တော်ယူဆူဖ်အား အိပ်မက်များ၏အဓိပ္ပာယ်ဖွင့်ဆိုမှု 'အိပ်မက် တိတ္ထိ'ပညာကိုပေးသနားတော်မူခြင်းနှင့်ဆက်နွယ်ပေသည်။ ပမာအားဖြင့် တမန်တော်ယူဆူဖ်နှင့်အတူ အကျဉ်းသားနှစ်ဦးရှိခဲ့ပေရာ သူတို့နှစ်ဦး၏အိပ်မက်များမှာ တမန်တော်ယူဆူဖ် ဖွင့်ဆိုခဲ့သည့်အတိုင်း လုံးဝဥဿုံ အတိအကျမှန်ကန်ပြည့်စုံခဲ့ပေသည်။ သို့ဖြစ်သောကြောင့် အကျဉ်းခံဘဝမှ လွတ်မြောက်မည်ဟု သတင်းကောင်းပေးခြင်းခံရသော အကျဉ်းသားသည် ဘုရင်မင်းကြီး၏အိပ်မက်ကို ယူဆူဖ်ﷺက အဓိပ္ပာယ်ဖွင့်ဆိုရန်အတွက် အကြောင်းခံဖြစ်သွားခဲ့ပေသည်။ မင်းကြီး၏အိပ်မက်ကို နန်းတွင်းပညာရှိ ပရောဟိတ်များက စိတ်၏စွဲလမ်းရာသာဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြလေသည်။ တမန်တော် ယူဆူဖ်ﷺသည် မင်းကြီး၏အိပ်မက်ကို အဓိပ္ပာယ်ဖွင့်ဆိုပေးခဲ့ရာ ယင်းဖွင့်ဆိုချက်၏ရလဒ်အဖြစ် ဤကြီးကျယ် သော အဖြစ်အပျက် ပေါ်ပေါက်လာခဲ့ပေသည်။ ယင်းမှာ အီဂျစ်ပြည်နှင့် အနီးအနားဒေသမှ သူဆင်းရဲ များမှာ ငတ်မွတ်ခေါင်းပါးမှုကပ်ဘေးကြောင့် မလွဲဧကန် သေဘေးနှင့် ကြုံတွေ့ခဲ့ရပေသည်။ သို့သော် ၎င်းတို့အား (၇)နှစ်တိုင်တိုင် အစာရိက္ခာများကိုစီစဉ်ပေးခဲ့ခြင်းကြောင့် သေဘေးမှလွတ်မြောက်ခဲ့ကြ ရပေသည်။ ထို့ပြင် ဤစီမံကိန်းကို ကြီးကြပ်သူအဖြစ် တမန်တော်ယူဆူဖ်ﷺကိုပင် ခန့်အပ်ခဲ့လေသည်။ ထို့ကြောင့် နောက်ဆုံး၌ တမန်တော်ယူဆူဖ်ﷺ၏ မိဘများနှင့် အစ်ကိုများမှာ သူ့ထံ၌ခိုလှုံခဲ့ကြရပြီး ၎င်းတို့သည် သူ့အတွက် အလွှာဟ်အရှင်မြတ်၏ရှေ့တော်မှောက်ဝယ် 'စဂျ်ဒါဟ်' ဦးချပျပ်ဝပ်မှုပြုခဲ့ ကြလေသည်။

ဤကား တမန်တော်မြတ်ﷺအဖို့ မိမိကိုယ်တိုင် မည်သို့မျှမသိရှိနိုင်သော အတိတ်မှ သမိုင်းဖြစ်

ရပ်များပင်ဖြစ်၏။ ထို့ကြောင့်ပင် "ဤကဲ့သို့ ဖြစ်ပျက်ခဲ့စဉ် အသင်သည် ၎င်းတို့အတွင်း၌ ရှိနေခဲ့သည် မဟုတ်ချေ။ ဤကား သိမြင်တော်မူပြီး သတင်းရတော်မူသော အလ္လာဟ်အရှင်မြတ်သည်ပင် အသင့်အား ၎င်းအဖြစ်အပျက်များ၏ သဘောအမှန်ကို အသိပေးတော်မူခဲ့ခြင်း ဖြစ်ပေသည်"ဟု မိန့်ကြားတော်မူ ထားခြင်းဖြစ်ပေသည်။

"ဤအကြောင်းအရာကိုဖော်ပြရခြင်းမှာ ပုံပြင်ဒဏ္ဍာရီများကိုဖော်ပြသည့်အလား ဖော်ပြနေခြင်း မဟုတ်မူ၍ အသိဉာဏ်ရှိသူတို့အဖို့ ဤအကြောင်းရပ်များတွင် များပြားလှစွာသော သံဝေဂရစရာများ ငုပ်လျှိုးပါဝင်လျက်ရှိနေသည်"ဟူသော အာယတ်တော်ဖြင့် ဤဆူရာဟ်ကို နိဂုံးချုပ်ထားပေသည်။ သို့ကြောင့် ဤဆူရာဟ်တော် 'ယူဆူဖ်'တွင် သံဝေဂရစရာ၊ သတိပြုဖွယ်ရာ သင်ခန်းစာ အများအပြား ပါရှိပြီး ယင်းတို့ကိုဂရုပြုရန် သတိပေးနှိုးဆော်လျက်ရှိပေသတည်း။

♦ ♦ ♦

ဆူရာဟ် ယူဆုဖ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၁၁၂)ပိုဒ် ရှုကူ (၁၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲ ပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

الٓرٰ ۟ تِلْكَ اٰيٰتُ الْكِتٰبِ الْمُبِيْنِ ۟ ②

၂။ الٓرٰ ငါသည် အလ္လာဟ်ဖြစ်တော်မူ၏၊ ငါသည် မြင်တွေ့တော်မူ၏၊ ဤသည် ပွင့်လင်းထင်ရှားသော ကျမ်းတော်၏ အာယတ်တော်များတည်း။

اِنَّاۤ اَنْزَلْنٰهُ قُرْءٰنًا عَرَبِيًّا لَّعَلَّكُمْ تَعْقِلُوْنَ ②

၃။ စင်စစ်ဧကန် ငါတို့သည် အသင်တို့ စဉ်းစားဆင်ခြင်နိုင်ကြစိမ့်သောငှာ ယင်းကို အာရဗီဘာသာဖြင့် ကုရ်အာန်ကျမ်းတော်အဖြစ် ပို့ချတော်မူခဲ့၏။

نَحْنُ نَقُصُّ عَلَيْكَ اَحْسَنَ الْقَصَصِ بِمَاۤ اَوْحَيْنَاۤ اِلَيْكَ هٰذَا الْقُرْاٰنَ ۖ وَاِنْ كُنْتَ مِنْ قَبْلِهٖ لَمِنَ الْغٰفِلِيْنَ ③

၄။ ငါတို့သည် ဤကုရ်အာန်ကို အသင့်ထံ 'ဝဟီ' ဗျာဒိတ် ပို့ချတော်မူ၏။ ယင်းအားဖြင့် ငါတို့သည် အသင်၏ရှေ့တွင် သက်သေထူပြီးဖြစ်သော ဖြစ်ရပ်မှန်သမိုင်းများမှအကောင်းဆုံးကို ဖော်ပြတော်မူပေသည်။ စင်စစ် ဤသည့်အလျင်က (ယင်းနှင့်စပ်လျဉ်း၍) အသင်သည် ဂရုမမူသူများအနက်မှ ဖြစ်ခဲ့ပေသည်။

اِذْ قَالَ يُوْسُفُ لِاَبِيْهِ يٰۤاَبَتِ اِنِّيْ رَاَيْتُ اَحَدَ عَشَرَ كَوْكَبًا وَّ الشَّمْسَ وَالْقَمَرَ رَاَيْتُهُمْ لِيْ سٰجِدِيْنَ ④

၅။ (သတိရကြကုန်)၊ အကြင်အခါဝယ် 'ယူဆုဖ်'က မိမိဖခင်အား အို-ကျွန်ုပ်၏ဖခင်၊ စင်စစ်ဧကန် ကျွန်ုပ်သည်(အိပ်မက်တွင်) ကြယ်တာရာတစ်ဆယ့်တစ်လုံးနှင့် နေနှင့်လတို့ကို တွေ့မြင်ရ၏။ (ထို့ပြင်) ယင်းတို့သည် ကျွန်ုပ်အား 'စဂ်ဒါဟ်' ဦးချလျက်ရှိသည်ကို ကျွန်ုပ်တွေ့မြင်ရပေသည်ဟု ပြောကြားလေ၏။

قَالَ يٰبُنَيَّ لَا تَقْصُصْ رُءْيَاكَ عَلٰۤى اِخْوَتِكَ فَيَكِيْدُوْا لَكَ كَيْدًا ؕ اِنَّ الشَّيْطٰنَ لِلْاِنْسَانِ عَدُوٌّ مُّبِيْنٌ ⑤

၆။ သူ(၏ဖခင်)ကပြောသည်မှာ အို-ငါ၏ချစ်သား၊ အသင်သည် အသင်၏အိပ်မက်ကို အသင်၏ညီအစ်ကိုများရှေ့တွင် ဖော်ပြခြင်း မပြုလင့်၊ သို့မဟုတ်ပါက သူတို့သည် အသင်နှင့် ဆန့်ကျင်၍ တစ်စုံတစ်ရာကြံစည်မှု ပြုလုပ်ကြပေလိမ့်မည်။ ဧကန်မုချ 'ရှိုင်တန်'သည် လူသား၏ ပွင့်လင်းထင်ရှားသော ရန်သူဖြစ်၏။

وَكَذٰلِكَ يَجْتَبِيْكَ رَبُّكَ وَيُعَلِّمُكَ مِنْ تَاْوِيْلِ الْاَحَادِيْثِ وَيُتِمُّ نِعْمَتَهٗ عَلَيْكَ وَعَلٰۤى اٰلِ يَعْقُوْبَ كَمَاۤ اَتَمَّهَا عَلٰۤى اَبَوَيْكَ مِنْ قَبْلُ اِبْرٰهِيْمَ وَاِسْحٰقَ ؕ اِنَّ رَبَّكَ

၇။ ထို့ပြင် ဤသို့ဖြင့် အသင်၏ဖန်ဆင်းမွေးမြူရှင်သည် အသင့်အား (မိမိအတွက်)ရွေးချယ်တော်မူပေမည်။ ထို့ပြင် အသင့်အား အရေးကိစ္စများ၏အဆုံးစွန်သို့တိုင်ရောက်ရှိသော အသိပညာကို သင်ပေးတော်မူပေမည်။ ထို့ပြင် မိမိ၏ ကောင်းချီးမင်္ဂလာတော်ကို အသင့်အပေါ် သို့လည်းကောင်း၊ 'ယာကွပ်'၏မျိုးနွယ်များအပေါ် သို့လည်းကောင်း ပြည့်စုံစေတော်မူ

عَلِيْمٌ حَكِيْمٌ ۝٨٣

ပေမည်။ အရှင်မြတ်သည် ယခင်က ယင်းကို အသင်၏ ဘိုးဘေးများဖြစ်သော 'အစ်ဗရာဟင်မ်'နှင့် 'အစ္စဟာက်'တို့အပေါ် ပြည့်စုံစေတော်မူခဲ့သကဲ့သို့ပင် (ဖြစ်၏)။ စင်စစ်ဧကန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ထာဝရသိရှိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူး-၂

لَقَدْ كَانَ فِيْ يُوْسُفَ وَاِخْوَتِهٖٓ اٰيٰتٌ لِّلسَّآئِلِيْنَ ۝٧

၈။ စင်စစ်ဧကန် 'ယူဆူဖ်'နှင့် သူ၏ညီအစ်ကိုများ(၏အဖြစ်အပျက်)တွင် မေးမြန်းသူတို့အဖို့ များစွာသောနိမိတ်လက္ခဏာတော်များရှိ၏။

اِذْ قَالُوْا لَيُوْسُفُ وَاَخُوْهُ اَحَبُّ اِلٰٓى اَبِيْنَا مِنَّا وَنَحْنُ عُصْبَةٌ ۭ اِنَّ اَبَانَا لَفِيْ ضَلٰلٍ مُّبِيْنِۨ ۝٨

၉။ (သတိရကြကုန်)၊အကြင်အခါဝယ် ၎င်းတို့က ပြောဆိုကြသည်မှာ ဧကန်စင်စစ် 'ယူဆူဖ်'နှင့် သူ၏ညီအား ငါတို့၏ဖခင်က ငါတို့ထက်ပို၍ ချစ်မြတ်နိုးပေသည်။ အမှန်သော်ကား ငါတို့သည် အင်အားကောင်းသော အုပ်စုတစ်စုဖြစ်၏။ ဧကန်ပင် ငါတို့၏ဖခင်သည် ပွင့်လင်းထင်ရှားသောအမှား၌ ရှိနေပေသည်။

اقْتُلُوْا يُوْسُفَ اَوِ اطْرَحُوْهُ اَرْضًا يَّخْلُ لَكُمْ وَجْهُ اَبِيْكُمْ وَتَكُوْنُوْا مِنْۢ بَعْدِهٖ قَوْمًا صٰلِحِيْنَ ۝٩

၁၀။ 'ယူဆူဖ်'အား သတ်ဖြတ်ပစ်ကြလော့၊ သို့တည်းမဟုတ် သူ့အားတစ်နေရာရာ၌စွန့်ပစ်ကြလော့။ သို့ဖြင့် အသင်တို့ ဖခင်၏အာရုံစိုက်မှုသည် အသင်တို့အတွက်သာရှိပေလိမ့်မည်။ ထို့ပြင် ထိုသည့်နောက်တွင် အသင်တို့သည် ကောင်းမြတ်သူများဖြစ်သွားကြကုန်။

قَالَ قَآئِلٌ مِّنْهُمْ لَا تَقْتُلُوْا يُوْسُفَ وَاَلْقُوْهُ فِيْ غَيٰبَتِ الْجُبِّ يَلْتَقِطْهُ بَعْضُ السَّيَّارَةِ اِنْ كُنْتُمْ فٰعِلِيْنَ ۝١٠

၁၁။ ၎င်းတို့အနက် ပြောသူတစ်ဦးက ပြောဆိုသည်မှာ 'ယူဆူဖ်'ကို မသတ်ကြလင့်၊ အကယ်၍ အသင်တို့သည် တစ်စုံတစ်ရာပြုလုပ်ကြမည့်သူများဖြစ်ပါလျှင် သူ့အား စားကျက်အနီးတွင်ရှိသည့် ရေတွင်းနက်တစ်ခုထဲသို့ပစ်ချကြကုန်။ သူ့အား ခရီးသွားအုပ်စုတစ်ခုခုက မတင်၍ခေါ်ဆောင်သွားပေလိမ့်မည်။

قَالُوْا يٰٓاَبَانَا مَا لَكَ لَا تَاْمَنَّا عَلٰى يُوْسُفَ وَاِنَّا لَهٗ لَنٰصِحُوْنَ ۝١١

၁၂။ ၎င်းတို့က ပြောဆိုကြသည်မှာ အို-ဖခင်၊ ဖခင်သည် 'ယူဆူဖ်'နှင့်ပတ်သက်၍ ကျွန်ုပ်တို့အပေါ် အဘယ့်ကြောင့် ယုံကြည်စိတ်ချခြင်းမရှိရပါသနည်း။ စင်စစ် ကျွန်ုပ်တို့သည်ကား သူ၏ကောင်းကျိုးကို လိုလားသူများသာဖြစ်ကြပါ၏။

اَرْسِلْهُ مَعَنَا غَدًا يَّرْتَعْ وَيَلْعَبْ وَاِنَّا لَهٗ لَحٰفِظُوْنَ ۝١٢

၁၃။ သူသည် စားသောက်ပျော်ရွှင်ကစားနိုင်ရန်အတွက် နက်ဖြန်တွင် ကျွန်ုပ်တို့နှင့်အတူ သူ့အားထည့်ပါ။ စင်စစ် ကျွန်ုပ်တို့သည် အမှန်ပင် သူ့အား ကာကွယ်စောင့်ရှောက်သူများဖြစ်ကြပါမည်။

قَالَ اِنِّيْ لَيَحْزُنُنِيْٓ اَنْ تَذْهَبُوْا بِهٖ

၁၄။ ၎င်း(တို့၏ဖခင်)က သူ့ကိုအသင်တို့ ခေါ်ဆောင်သွား

وَاَخَافُ اَنْ يَّاْكُلَهُ الذِّئْبُ وَاَنْتُمْ عَنْهُ غٰفِلُوْنَ ⑬

မည်ကို ငါသည်အမှန်ပင် သောကရောက်ရ၏။ ထို့ပြင် အသင်တို့ သူ့အား သတိမမူမေ့လျော့နေစဉ် သူ့ကို ဝံပုလွေကိုက်စားမည်ကို ငါစိုးရိမ်မိပေသည်ဟု ပြောလေ၏။

قَالُوْا لَئِنْ اَكَلَهُ الذِّئْبُ وَنَحْنُ عُصْبَةٌ اِنَّآ اِذًا لَّخٰسِرُوْنَ ⑭

၁၄။ ၎င်းတို့က စင်စစ် ကျွန်ုပ်တို့သည် အင်အားကောင်းသောအုပ်စုတစ်ခုဖြစ်ပါလျက် အကယ်၍သာ သူ့အား ဝံပုလွေစားသွားပါက ကျွန်ုပ်တို့သည် အမှန်ပင် လွန်စွာ ဆုံးရှုံးမည့်သူများဖြစ်သွားပါမည်ဟု ပြောလေ၏။

فَلَمَّا ذَهَبُوْا بِهٖ وَاَجْمَعُوْٓا اَنْ يَّجْعَلُوْهُ فِيْ غَيٰبَتِ الْجُبِّ ۚ وَاَوْحَيْنَآ اِلَيْهِ لَتُنَبِّئَنَّهُمْ بِاَمْرِهِمْ هٰذَا وَهُمْ لَا يَشْعُرُوْنَ ⑮

၁၅။ သို့ဖြင့် သူတို့သည် သူ့အားခေါ်ဆောင်သွားပြီး သူ့ကို စားကျက်အနီးတွင်ရှိသည့် ရေတွင်းနက်၏အောက်သို့ပစ်ချရန် တညီတညွတ်တည်း သဘောတူခဲ့ကြ၏။ ထိုအခါ ငါတို့က (အို-ယူဆူဖ်) သူတို့၏ ဤကောက်ကျစ်ဆိုးယုတ်သော လုပ်ရပ်ကို အသင်သည် (တစ်နေ့တွင်) အမှန်ပင် သူတို့အား အသိပေးမည်ဖြစ်၏။ ထိုအချိန်၌ (အသင်မည်သူဖြစ်ကြောင်းကို) သူတို့သိရှိကြမည်မဟုတ်ချေဟု သူ့ထံ 'ဝဟီ' ဗျာဒိတ်ပို့ချတော်မူ၏။

وَجَآءُوْٓ اَبَاهُمْ عِشَآءً يَّبْكُوْنَ ⑯

၁၆။ ညအချိန်ရောက်သောအခါ သူတို့သည် မိမိတို့၏ဖခင်ထံ ငိုယိုလျက်ရောက်ရှိလာခဲ့ကြလေသည်။

قَالُوْا يٰٓاَبَانَآ اِنَّا ذَهَبْنَا نَسْتَبِقُ وَتَرَكْنَا يُوْسُفَ عِنْدَ مَتَاعِنَا فَاَكَلَهُ الذِّئْبُ ۚ وَمَآ اَنْتَ بِمُؤْمِنٍ لَّنَا وَلَوْ كُنَّا صٰدِقِيْنَ ⑰

၁၈။ ၎င်းတို့က အို-ကျွန်ုပ်တို့၏ဖခင်၊ မုချဧကန် ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦးအပြေးပြိုင်လျက် (အဝေးသို့)ရောက်သွားခဲ့ကြပေသည်။ ကျွန်ုပ်တို့သည် 'ယူဆူဖ်'ကို မိမိတို့၏ပစ္စည်းများအနီးတွင်ထားခဲ့ပေရာ သူ့ကိုဝံပုလွေသည် ကိုက်စားသွားခဲ့ပေသည်။ စင်စစ် ကျွန်ုပ်တို့သည် မှန်ကန်သူများဖြစ်ကြပါလျှင်လည်း ဖခင်သည် ကျွန်ုပ်တို့အား ယုံကြည်မည့်သူမဟုတ်ချေဟု ပြောကြလေ၏။

وَجَآءُوْ عَلٰى قَمِيْصِهٖ بِدَمٍ كَذِبٍ ۭ قَالَ بَلْ سَوَّلَتْ لَكُمْ اَنْفُسُكُمْ اَمْرًا ۭ فَصَبْرٌ جَمِيْلٌ ۭ وَاللّٰهُ الْمُسْتَعَانُ عَلٰي مَا تَصِفُوْنَ ⑱

၁၉။ ထို့ပြင် သူတို့သည် သူ၏အင်္ကျီတွင် သွေးတုများလိမ်းကျံ၍ယူလာခဲ့ကြ၏။ သူ(တို့၏ဖခင်)က ထိုသို့မဟုတ်တန်ရာ၊ အသင်တို့၏စိတ်နှလုံးများသည် လွန်စွာကြီးမားသော အရေးကိစ္စတစ်ရပ်ကို အသင်တို့အဖို့ သာမန်အလေးမထားစရာအဖြစ် ပြုလုပ်ခဲ့ပေသည်။ သို့ဖြစ်ရာ ကောင်းစွာ သည်းခံခြင်း(မှလွဲ၍ ကျွန်ုပ်အဖို့ မည်သို့တတ်နိုင်ပါမည်နည်း)၊ အသင်တို့ပြောပြသည့်(အကြောင်း)နှင့်စပ်လျဉ်း၍ အလ္လာဟ်၏ထံတော်မှသာလျှင် အကူအညီကို တောင်းခံရန်သာရှိတော့သည်ဟု ပြောလေ၏။

وَجَآءَتْ سَيَّارَةٌ فَاَرْسَلُوْا وَارِدَهُمْ فَاَدْلٰى دَلْوَهٗ ۭ قَالَ يٰبُشْرٰى هٰذَا غُلٰمٌ ۭ وَاَسَرُّوْهُ بِضَاعَةً ۭ وَاللّٰهُ عَلِيْمٌۢ بِمَا

၂၀။ ထို့နောက် ခရီးသွားအုပ်စုတစ်စုရောက်ရှိလာခဲ့ပြီး သူတို့က မိမိတို့၏ရေခပ်သမားကိုစေလွှတ်ခဲ့ရာ ထိုသူသည် မိမိ၏ရေပုံးကို (ရေတွင်းထဲသို့)ချခဲ့လေသည်။ သူက အို-(ခရီးသွားအပေါင်းတို့) ဝမ်းမြောက်ဖွယ်သတင်းပင်၊ ဤကား

يَعْمَلُوْنَ ۝٢٠

လုလင်ငယ်တစ်ဦးဖြစ်၏ဟု ပြောလေ၏။ ၎င်းတို့သည် သူ့အား မိမိတို့၏အရင်းအနှီးတစ်ခုသဖွယ်ဝှက်ထားခဲ့ကြ၏။အလ္လာဟ်သည် ၎င်းတို့ပြုလုပ်ခဲ့သည်များကို ကောင်းစွာသိရှိတော်မူ၏။

وَشَرَوْهُ بِثَمَنٍۭ بَخْسٍ دَرَاهِمَ مَعْدُوْدَةٍ ۚ وَكَانُوْا فِيْهِ مِنَ الزَّاهِدِيْنَ ۝٢١

၂၁။ ထို့နောက် ၎င်းတို့သည် သူ့အားသာမန်အဖိုးအခ 'ဒါရ်ဟမ်'ငွေဒင်္ဂါးအနည်းငယ်ဖြင့် ရောင်းချလိုက်ကြလေသည်။ ၎င်းတို့သည် ဤသည်နှင့်စပ်လျဉ်း၍ မက်မောခြင်း အလျှင်းမရှိခဲ့ကြချေ။

ရုကူး-၃

وَقَالَ الَّذِى اشْتَرٰىهُ مِنْ مِّصْرَ لِامْرَاَتِهٖٓ اَكْرِمِىْ مَثْوٰىهُ عَسٰٓى اَنْ يَّنْفَعَنَآ اَوْ نَتَّخِذَهٗ وَلَدًا ۭ وَكَذٰلِكَ مَكَّنَّا لِيُوْسُفَ فِى الْاَرْضِ ۤ وَلِنُعَلِّمَهٗ مِنْ تَاْوِيْلِ الْاَحَادِيْثِ ۭ وَاللّٰهُ غَالِبٌ عَلٰٓى اَمْرِهٖ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ۝٢١

၂၂။ ထို့ပြင် အီဂျစ်ပြည်တွင် သူ့အားဝယ်ယူခဲ့သူက မိမိ၏ဇနီးအား ဤသူ(ငယ်)ကို ဂုဏ်သိက္ခာဖြင့်ထားပါလေ။ သူသည် ငါတို့အား အကျိုးပြုကောင်းပြုနိုင်ပေအံ့။ သို့တည်းမဟုတ် ငါတို့သည် သူ့အား မိမိတို့၏သားအဖြစ်ပြုကြပေအံ့ဟု ပြောကြားလေ၏။ ဤနည်းဖြင့် ငါတို့သည် 'ယူဆုဖ်'အတွက် ကမ္ဘာမြေတွင် နေရာပြုလုပ်ပေးတော်မူခဲ့၏။ (ဤသို့ထူးခြားသော စီစဉ်မှုကိုပြုတော်မူရခြင်းမှာ) ငါတို့သည် သူ့အား အရေးကိစ္စတို့၏အဆုံးစွန်သော ပညာကိုသင်ကြားပေးတော်မူရန်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် မိမိ၏စီရင်ဆုံးဖြတ်ချက်အပေါ် အောင်နိုင်လွှမ်းမိုးတော်မူ၏။ သို့ရာတွင် များစွာသောသူတို့သည် မသိရှိကြချေ။

وَلَمَّا بَلَغَ اَشُدَّهٗٓ اٰتَيْنٰهُ حُكْمًا وَّعِلْمًا ۭ وَكَذٰلِكَ نَجْزِى الْمُحْسِنِيْنَ ۝٢٢

၂၃။ ထို့နောက် သူသည် အရွယ်ရောက်လာသောအခါ ငါတို့သည် သူ့အား ဉာဏ်အမြော်အမြင်နှင့် ပညာကို ပေးသနားတော်မူ၏။ ဤသို့ဖြင့် ငါတို့သည် ကောင်းမှုပွားများသူတို့အား ဆုလာဘ်ပေးသနားတော်မူ၏။

وَرَاوَدَتْهُ الَّتِىْ هُوَ فِىْ بَيْتِهَا عَنْ نَّفْسِهٖ وَغَلَّقَتِ الْاَبْوَابَ وَقَالَتْ هَيْتَ لَكَ ۭ قَالَ مَعَاذَ اللّٰهِ اِنَّهٗ رَبِّىْٓ اَحْسَنَ مَثْوَاىَ ۭ اِنَّهٗ لَا يُفْلِحُ الظّٰلِمُوْنَ ۝٢٣

၂၄။ ထို့နောက် သူနေသည့်အိမ်မှ အိမ်ရှင်မသည် သူ၏စိတ်ကိုတိမ်းပါးအောင် ကြိုးစားခဲ့လေသည်၊ တံခါးများကို ပိတ်လိုက်ပြီး အသင်သည် ငါ့ထံသို့လာလော့ဟု ပြောလေ၏။ သူ (ယူဆုဖ်)က ပြောကြားသည်မှာ အလ္လာဟ်၏ထံတော်တွင် ခိုလှုံပါ၏။ ဧကန်ပင် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည်ကား ကျွန်ုပ်၏နေရာထိုင်ခင်းကို အလွန်ကောင်းမွန်စွာ ပြုလုပ်တော်မူခဲ့၏။ စင်စစ် အမှားကျူးလွန်သူတို့သည် အောင်မြင်ကြသည် မဟုတ်ချေ။

وَلَقَدْ هَمَّتْ بِهٖ ۚ وَهَمَّ بِهَا لَوْلَآ اَنْ رَّاٰ بُرْهَانَ رَبِّهٖ ۭ كَذٰلِكَ لِنَصْرِفَ عَنْهُ السُّوْۗءَ وَالْفَحْشَاۗءَ ۭ اِنَّهٗ مِنْ عِبَادِنَا الْمُخْلَصِيْنَ ۝٢٤

၂၅။ စင်စစ်ဧကန် သူမသည် သူ့ကို ခိုင်မာစွာရည်ရွယ်ခဲ့ပြီးဖြစ်၏။ အကယ်၍သာ မိမိဖန်ဆင်းမွေးမြူရှင်၏ ကြီးကျယ်သော သက်သေလက္ခဏာတစ်ရပ်ကို တွေ့မြင်ခဲ့ရပြီးမဟုတ်လျှင် သူ(ယူဆုဖ်)သည်လည်း သူမအားရည်ရွယ်ခဲ့ပေမည်။ ဤနည်းကိုအသုံးပြုရခြင်းမှာ ငါတို့သည် သူ့ထံမှ မကောင်းမှုနှင့် ညစ်ညမ်းအရှက်မဲ့မှုကို ကင်းဝေးစေရန်ဖြစ်၏။ စင်စစ်

ဧကန် သူသည် ငါတို့က သန့်စင်အောင်ပြုပေးတော်မူခြင်း ခံရသော အစေတော်များအနက်မှ ဖြစ်ခဲ့ပေသည်။ ㉑

وَاسْتَبَقَا الْبَابَ وَقَدَّتْ قَمِيْصَهٗ مِنْ دُبُرٍ وَّاَلْفَيَا سَيِّدَهَا لَدَا الْبَابِ ؕ قَالَتْ مَا جَزَآءُ مَنْ اَرَادَ بِاَهْلِكَ سُوْٓءًا اِلَّاۤ اَنْ يُّسْجَنَ اَوْ عَذَابٌ اَلِيْمٌ ۝۲۵

၂၆။ ထို့ပြင် ယင်းတို့နှစ်ဦးသည် တံခါးဘက်သို့အလျင်အမြန်ပြေးလွှားသွားခဲ့ကြ၏။ ထို(မိန်းမ)သည် (သူ့အား)နောက်မှ (ဆွဲ၍) သူ၏အင်္ကျီကိုဆုတ်ဖြဲခဲ့လေသည်။ ထို့နောက် သူတို့နှစ်ဦးစလုံးသည် သူမ၏ခင်ပွန်းကိုတံခါးအနီးတွင်တွေ့ရှိကြလေသည်။ ထို(မိန်းမ)ကအကြင်သူသည် အသင်၏အိမ်ရှင်မကို မကောင်းကြံရွယ်ခဲ့ပါလျှင် ထိုသူ၏အပြစ်ဒဏ်မှာအကျဉ်းချခံရခြင်း သို့မဟုတ် ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်မှလွဲ၍ အခြားမည်သည်ဖြစ်နိုင်ပါမည်နည်းဟုပြောလေ၏။

قَالَ هِيَ رَاوَدَتْنِيْ عَنْ نَّفْسِيْ وَشَهِدَ شَاهِدٌ مِّنْ اَهْلِهَا ۚ اِنْ كَانَ قَمِيْصُهٗ قُدَّ مِنْ قُبُلٍ فَصَدَقَتْ وَهُوَ مِنَ الْكٰذِبِيْنَ ۝۲۶

၂၇။ သူ(ယူဆူဖ်)က သူမသာလျှင် ကျွန်ုပ်၏ဆန္ဒမပါဘဲ ကျွန်ုပ်အား မြှူဆွယ်ရန်ကြိုးစားခဲ့ပေသည်ဟုပြော၏။ ထို့ပြင် သူမ၏အိမ်သူအိမ်သားများအနက်မှပင် သက်သေတစ်ဦးက သက်သေခံသည်မှာ အကယ်၍ သူ၏အင်္ကျီသည် ရှေ့မှစုတ်ပြဲနေပါလျှင် သူမသည် အမှန်ကိုပြောပြီး သူသည်လိမ်ညာသူများအနက်မှ ဖြစ်ပေမည်။

وَاِنْ كَانَ قَمِيْصُهٗ قُدَّ مِنْ دُبُرٍ فَكَذَبَتْ وَهُوَ مِنَ الصّٰدِقِيْنَ ۝۲۷

၂၈။ ထို့ပြင် အကယ်၍ သူ၏အင်္ကျီသည် နောက်မှ စုတ်ပြဲနေပါလျှင် သူမသည် လိမ်လည်ပြောဆိုပြီး သူသည် မှန်ကန်သူများအနက်မှ ဖြစ်ပေမည်။

فَلَمَّا رَاٰ قَمِيْصَهٗ قُدَّ مِنْ دُبُرٍ قَالَ اِنَّهٗ مِنْ كَيْدِكُنَّ ؕ اِنَّ كَيْدَكُنَّ عَظِيْمٌ ۝۲۸

၂၉။ သို့ဖြင့် သူ၏အင်္ကျီသည် နောက်ဘက်မှ စုတ်ပြဲနေသည်ကို သူ(မ၏ခင်ပွန်း) မြင်တွေ့ရသောအခါ (ဇနီးသည်အား) ပြောသည်မှာ ဧကန်စင်စစ် ဤ(အဖြစ်အပျက်)သည် အသင်မ၏ လှည့်စားကြံစည်မှုမှ ဖြစ်ပေသည်။ စင်စစ်ဧကန် အို-အမျိုးသမီးတို့၊ အသင်တို့၏လှည့်စားကြံစည်မှုသည် လွန်စွာ ကြီးမားလှပေတကား။

يُوْسُفُ اَعْرِضْ عَنْ هٰذَا ۚ وَاسْتَغْفِرِيْ لِذَنْۢبِكِ ۖ اِنَّكِ كُنْتِ مِنَ الْخٰطِـِٕيْنَ ۝۲۹

၃၀။ အို-'ယူဆူဖ်' ဤသည်ကို မျက်နှာလွှဲဖယ် ဥပေက္ခာပြုပါလေ။ (အို-အမျိုးသမီး)၊ အသင်မသည် မိမိအပြစ်အတွက် အပြစ်လွှတ်ခြင်းကိုတောင်းခံပါလေ။ ဧကန်စင်စစ် အသင်မသည်ပင် အပြစ်ကျူးလွန်သူများအနက်မှ ဖြစ်ပေသတည်း။

㉑ ဤအာယတ်တော်တွင် **هَمَّ بِهَا** ၏သဘောမှာ တမန်တော်ယူဆူဖ်ﷺသည်လည်း မကောင်းမှုကိုကျူးလွန်ရန်ရည်သန်ခဲ့သည်ဟုဆိုလိုခြင်းမဟုတ်ပေ။ ယင်းကို **لَوْلَاۤ اَنْ رَّاٰ بُرْهَانَ رَبِّهٖ** နှင့်အတူတွဲ၍ ဖတ်ရှုရန်လိုပေသည်။ ယင်း၏အဓိပ္ပာယ်သဘောမှာ အကယ်၍ သူသည် ရှေးယခင်က အလွှာဟ်အရှင်မြတ်၏ နိမိတ်လက္ခဏာတော်ကို မမြင်မတွေ့ခဲ့ရပါလျှင် သူသည်လည်း သူမနှင့်အတူ မကောင်းမှုပြုရန် ရည်သန်ခဲ့မည်သာဟူ၍ ဆိုလိုခြင်းဖြစ်သည်။ ထို့ပြင် *'ဘုရ်ဟန်*'၏အနက်မှာ ဦးကာပညာရှင်အချို့ ရေးသားဖော်ပြကြသကဲ့သို့ ထိုဖြစ်ရပ်ဖြစ်ပွားစဉ်အခါတွင်မှ တမန်တော်ယူဆူဖ်ﷺမြင်တွေ့ခဲ့သော နိမိတ်လက္ခဏာကိုဆိုလိုခြင်းမဟုတ်ချေ။ စင်စစ် အလွှာဟ်အရှင်မြတ်သည် တမန်တော်ယူဆူဖ်ﷺအား ငယ်စဉ်ကတည်းက နိမိတ်လက္ခဏာတော်များကို ပြသတော်မူခဲ့ခြင်းဖြစ်ပေသည်။ သို့ကြောင့် ထို့နောက်တွင်ကား တမန်တော်ယူဆူဖ်ﷺအဖို့ မည်သည့်မကောင်းသော အကြံအစည်တစ်စုံတစ်ရာမျှ ပေါက်ဖွားလာရန်အကြောင်းမရှိတော့ချေ။

ရုကူး-၄

وَقَالَ نِسْوَةٌ فِي الْمَدِينَةِ امْرَأَتُ الْعَزِيزِ تُرَاوِدُ فَتَاهَا عَن نَّفْسِهِ ۖ قَدْ شَغَفَهَا حُبًّا ۖ إِنَّا لَنَرَاهَا فِي ضَلَالٍ مُّبِينٍ ﴿٣٠﴾

၃၀။ မြို့တွင်းရှိ အမျိုးသမီးများက အကြီးအကဲ၏ဇနီးသည် မိမိ၏ကျွန်ကို သူ၏စိတ်ဆန္ဒမပါဘဲ မြူဆွယ်ခဲ့ပေသည်။ သူသည် သူမ၏စိတ်နှလုံး၌ ပြင်းပြသောချစ်ခြင်းကို ပေါက်ဖွားစေခဲ့ပေသည်။ ဧကန်ပင် ငါတို့သည် သူမအား အမှန်ပင် ပွင့်လင်းထင်ရှားသော လမ်းလွဲမှု၌တွေ့မြင်ရသည်ဟု ပြောဆိုကြလေ၏။

فَلَمَّا سَمِعَتْ بِمَكْرِهِنَّ أَرْسَلَتْ إِلَيْهِنَّ وَأَعْتَدَتْ لَهُنَّ مُتَّكَأً وَآتَتْ كُلَّ وَاحِدَةٍ مِّنْهُنَّ سِكِّينًا وَقَالَتِ اخْرُجْ عَلَيْهِنَّ ۚ فَلَمَّا رَأَيْنَهُ أَكْبَرْنَهُ وَقَطَّعْنَ أَيْدِيَهُنَّ وَقُلْنَ حَاشَ لِلَّهِ مَا هَٰذَا بَشَرًا ۚ إِنْ هَٰذَا إِلَّا مَلَكٌ كَرِيمٌ ﴿٣١﴾

၃၁။ သူမသည် ထိုအမျိုးသမီးများ၏ ဉာဏ်ဆင်ပြောဆိုမှုကို ကြားသိရသောအခါ သူမတို့အားအခေါ်ခိုင်းပြီး သူမတို့အတွက် အမှီဖြင့်ထိုင်နိုင်သောနေရာကိုစီစဉ်၍ သူမတို့တစ်ဦးစီကို ဓားတစ်ချောင်းစီပေးလေသည်။ ထို့နောက် သူ(ယူဆုဖ်)အား သူမတို့ရှေ့သို့ထွက်လာလော့ဟု ပြောလေသည်။ သို့ဖြစ်ရာ သူမတို့သည် သူ့အားတွေ့မြင်ရသောအခါ သူ့အား အလွန်မြင့်မားသောအဆင့်၌တွေ့မြင်ကြရပြီး မိမိတို့၏လက်ကို လှီးမိကြလေသည်။ ထို့နောက် သူတို့က အလွှာဟ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ဤသည် လူသားမဟုတ်၊ ဤသည် ဂုဏ်သရေရှိသော ကောင်းကင်တမန်တစ်ပါးမှလွဲ၍ အခြားမည်သည်မျှမဟုတ်ချေဟု ပြောဆိုကြလေ၏။ ۞

قَالَتْ فَذَٰلِكُنَّ الَّذِي لُمْتُنَّنِي فِيهِ ۖ وَلَقَدْ رَاوَدْتُّهُ عَن نَّفْسِهِ فَاسْتَعْصَمَ ۖ وَلَئِن لَّمْ يَفْعَلْ مَا آمُرُهُ لَيُسْجَنَنَّ وَلَيَكُونًا مِّنَ الصَّاغِرِينَ ﴿٣٢﴾

၃၂။ သူမက(ထိုအမျိုးသမီးတို့အား)ဤသည် သူနှင့်စပ်လျဉ်း၍ အသင်မတို့ ငါ့အား ပြစ်တင်ရှုတ်ချပြောဆိုခဲ့ကြသောသူပင်ဖြစ်၏။ ဧကန်ပင် ငါသည် သူ၏စိတ်ဆန္ဒမပါဘဲ သူ့အားမြူဆွယ်ခဲ့ပေရာ သူသည်လွတ်သွားခဲ့ပေသည်။ သို့သော် အကယ်၍ သူသည် ငါအမိန့်ပေးသည့်အတိုင်းမပြုလုပ်ပါက သူသည် အမှန်ပင် အကျဉ်းချထားခြင်းကိုခံရမည်ဖြစ်ပြီး ဧကန်အမှန် ဂုဏ်သရေနိမ့်ကျသူများအနက်မှ ဖြစ်သွားပေမည်ဟု ပြောကြားလေ၏။

قَالَ رَبِّ السِّجْنُ أَحَبُّ إِلَيَّ مِمَّا يَدْعُونَنِي إِلَيْهِ ۖ وَإِلَّا تَصْرِفْ عَنِّي كَيْدَهُنَّ أَصْبُ إِلَيْهِنَّ وَأَكُن مِّنَ الْجَاهِلِينَ ﴿٣٣﴾

၃၃။ သူက အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးသည် ၎င်းတို့ ဖိတ်ခေါ်မှုပြုသည့်အရာထက် အကျဉ်းထောင်ကို ပိုမို၍နှစ်သက်ပါ၏။ ထို့ပြင် အကယ်၍ အရှင်မြတ်သည် ယင်းတို့၏ကြံစည်လုပ်ဆောင်မှုကို ကျွန်တော်မျိုးထံမှဖယ်ရှားတော်မူခြင်းမပြုပါက ကျွန်တော်မျိုးသည် ၎င်းတို့ဘက်သို့ တိမ်းညွတ်သွားပြီးလျှင် မသိမိုက်မဲသူများအနက်မှဖြစ်ရပါမည်ဟု ပန်ကြားလျှောက်ထားလေ၏။

فَاسْتَجَابَ لَهُ رَبُّهُ فَصَرَفَ عَنْهُ

၃၄။ သို့ဖြစ်ရာ သူ၏ဖန်ဆင်းမွေးမြူရှင်သည် သူ၏'ဒိုအာ'

۞ **قَطَّعْنَ أَيْدِيَهُنَّ** ဟူသည် ထိုအမျိုးသမီးများမှာ တမန်တော်ယူဆုဖ် ﷺ၏အလှတွင် ယစ်မူးလျက် မိမိတို့၏လက်များကို ဓားဖြင့်လှီးဖြတ်မိကြသည်ဟုဆိုလိုခြင်းမဟုတ်၊ စင်စစ် ယင်း၏အဓိပ္ပာယ်တစ်ရပ်မှာ သူမတို့သည် မိမိတို့လက်လှမ်းမီသည်ထက် တမန်တော်ယူဆုဖ်အား လွန်စွာ မြင့်မားနေသည်ကို တွေ့ရှိရလေသည်ဟူ၏။ **أَكْبَرْنَهُ** ဟူသောစကားလုံးက ဤသဘောကိုထောက်ခံနေပေသည်။

كَيْدَهُنَّ ۖ اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ ۝

ဆုတောင်းကို ကြားနာတော်မူပြီး သူ့ထံမှ သူမတို့၏ကြံစည်လုပ်ဆောင်မှုကို ဖယ်ရှားပစ်တော်မူခဲ့ပေသည်။ စင်စစ်ဧကန်အရှင်မြတ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

ثُمَّ بَدَا لَهُمْ مِّنْۢ بَعْدِ مَا رَاَوُا الْاٰيٰتِ لَيَسْجُنُنَّهٗ حَتّٰى حِيْنٍ ۝

၃၅။ ထို့နောက် သူတို့သည် သူ၏လက္ခဏာရပ်များကို တွေ့မြင်ကြပြီးနောက် သူ့အား အမှန်ပင် အကျဉ်းထောင်၌ အချိန်ကာလအနည်းငယ်ထည့်ထားသင့်သည်ဟု ထင်မြင်လာကြလေသတည်း။

ရုကူး–၅

وَدَخَلَ مَعَهُ السِّجْنَ فَتَيٰنِ ۭ قَالَ اَحَدُهُمَآ اِنِّىْٓ اَرٰىنِىْٓ اَعْصِرُ خَمْرًا ۚ وَقَالَ الْاٰخَرُ اِنِّىْٓ اَرٰىنِىْٓ اَحْمِلُ فَوْقَ رَاْسِىْ خُبْزًا تَاْكُلُ الطَّيْرُ مِنْهُ ۭ نَبِّئْنَا بِتَاْوِيْلِهٖ ۚ اِنَّا نَرٰىكَ مِنَ الْمُحْسِنِيْنَ ۝

၃၆။ ထို့ပြင် သူနှင့်အတူ လူငယ်နှစ်ဦးသည်လည်း အကျဉ်းထောင်ထဲသို့ ဝင်ရောက်ခဲ့ကြလေသည်။ ၎င်းတို့အနက်မှ တစ်ဦးက အမှန်ပင် ကျွန်ုပ်သည် (အိပ်မက်၌) မိမိကိုယ်ကိုမြင်တွေ့ရသည်မှာ ကျွန်ုပ်သည် အရက်ပြုလုပ်ရန်အတွက် သစ်သီးဖျော်ရည်ညှစ်နေပေသည်ဟုပြော၏။ နောက်တစ်ဦးကပြောသည်မှာ ကျွန်ုပ်သည် (အိပ်မက်တွင်)မိမိကိုယ်ကိုမြင်တွေ့ရသည်မှာ ကျွန်ုပ်၏ဦးခေါင်းပေါ်တွင် မုန့်များကိုရွက်ထားလျက်ရှိပြီး ယင်းမှ ကျေးငှက်များစားသုံးနေကြပေသည်။ (သို့ဖြစ်ရာ) ကျွန်ုပ်တို့အား ယင်း(အိပ်မက်)တို့၏အနက်သဘောကိုအသိပေး(ပြောပြ)ပါလော့။ စင်စစ်ဧကန် ကျွန်ုပ်တို့သည် အသင့်အား ကောင်းမှုပွားများသူများအနက်မှ တွေ့မြင်ကြပေသည်။

قَالَ لَا يَاْتِيْكُمَا طَعَامٌ تُرْزَقٰنِهٖٓ اِلَّا نَبَّاْتُكُمَا بِتَاْوِيْلِهٖ قَبْلَ اَنْ يَّاْتِيَكُمَا ۭ ذٰلِكُمَا مِمَّا عَلَّمَنِىْ رَبِّىْ ۭ اِنِّىْ تَرَكْتُ مِلَّةَ قَوْمٍ لَّا يُؤْمِنُوْنَ بِاللّٰهِ وَهُمْ بِالْاٰخِرَةِ هُمْ كٰفِرُوْنَ ۝

၃၇။ သူကပြောကြားသည်မှာ အသင်တို့နှစ်ဦးအားပေးသည့် အစားအစာအသင်တို့ထံရောက်ရှိမလာမီအလျင် ကျွန်ုပ်သည် အသင်တို့နှစ်ဦးအား ယင်း(အိပ်မက်များ)၏အနက်သဘောကို အသိပေး(ပြောပြ)ပြီးဖြစ်ပေမည်။ ဤ(အနက်သဘော)သည် ကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ကျွန်ုပ်အားသင်ပေးတော်မူသည့် ထို(ပညာ)အနက်မှဖြစ်ပေသည်။ ဧကန်စင်စစ် အလ္လာဟ်အား သက်ဝင်ယုံကြည်ခြင်းမရှိသည့်အပြင် နောင်တမလွန်ကိုလည်း ငြင်းပယ်ကြသောသူတို့၏လမ်းစဉ်ကို ကျွန်ုပ်သည် စွန့်လွှတ်ခဲ့ပြီးဖြစ်ပေသည်။

وَاتَّبَعْتُ مِلَّةَ اٰبَآءِىْٓ اِبْرٰهِيْمَ وَاِسْحٰقَ وَيَعْقُوْبَ ۭ مَا كَانَ لَنَآ اَنْ نُّشْرِكَ بِاللّٰهِ مِنْ شَيْءٍ ۭ ذٰلِكَ مِنْ فَضْلِ اللّٰهِ عَلَيْنَا وَعَلَى النَّاسِ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَشْكُرُوْنَ ۝

၃၈။ ထို့ပြင် ကျွန်ုပ်သည်မိမိ၏အဘဘိုးဘေးများဖြစ်သည့် ‘အစ်ဗရာဟင်မ်’၊ ‘အစ္စဟာက်’နှင့် ‘ယာကွပ်’တို့၏သာသနာကိုလိုက်နာကျင့်ကြံပါ၏။ ထို့ပြင် ကျွန်ုပ်တို့အဖို့ အလ္လာဟ်နှင့်အတူ တစ်စုံတစ်ရာကို တန်းတူထားရန်မဖြစ်နိုင်ချေ။ ဤသည်အလ္လာဟ်၏ ‘ဖဇ်လ်’ကျေးဇူးတော်မှသာဖြစ်ပြီး ထိုအရှင်မြတ်သည် ယင်းကို ကျွန်ုပ်တို့အပေါ်၌လည်းကောင်း၊ (သက်ဝင်ယုံကြည်သူ) လူသားများအပေါ်၌လည်းကောင်း ပြုတော်မူခဲ့ပေ

သည်။ သို့ရာတွင် များစွာသောလူသားတို့သည် ကျေးဇူးတော်ကို မသိတတ်ကြချေ။

يٰصَاحِبَيِ السِّجْنِ ءَاَرْبَابٌ مُّتَفَرِّقُوْنَ خَيْرٌ اَمِ اللّٰهُ الْوَاحِدُ الْقَهَّارُ ۝

၄၀။ အို-အကျဉ်းထောင်မှမိတ်ဆွေနှစ်ဦးတို့၊ အမျိုးမျိုးကွဲပြားခြားနားလျက်ရှိသောအရှင်များက ပို၍ကောင်းမြတ်သလော။ သို့တည်းမဟုတ် တစ်ဆူတည်းသော၊ တန်ခိုးစွမ်းအားနှင့် ပြည့်စုံတော်မူသည့် အလ္လာဟ်(က ပိုမို၍ကောင်းမြတ်ပါသလော)။

مَا تَعْبُدُوْنَ مِنْ دُوْنِهٖۤ اِلَّاۤ اَسْمَآءً سَمَّيْتُمُوْهَاۤ اَنْتُمْ وَاٰبَآؤُكُمْ مَّاۤ اَنْزَلَ اللّٰهُ بِهَا مِنْ سُلْطٰنٍ ؕ اِنِ الْحُكْمُ اِلَّا لِلّٰهِ ؕ اَمَرَ اَلَّا تَعْبُدُوْۤا اِلَّاۤ اِيَّاهُ ؕ ذٰلِكَ الدِّيْنُ الْقَيِّمُ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ۝

၄၁။ အသင်တို့သည် အသင်တို့နှင့် အသင်တို့၏ အဘဘိုးဘေးများကိုယ်တိုင်ကအမည်ပေးထားခဲ့ကြသည့် ယင်း(ဘုရားတုများ)မှလွဲ၍ အခြားမည်သည်ကိုမျှကိုးကွယ်ကြသည်မဟုတ်ချေ။ အလ္လာဟ်သည် ယင်းအားထောက်ခံလျက် အောင်နိုင်လာမည့် သက်သေအထောက်အထားတစ်စုံတစ်ရာကို ပို့ချတော်မမူခဲ့ချေ။ စီရင်ဆုံးဖြတ်မှုအာဏာသည် အလ္လာဟ်မှလွဲ၍ မည်သူ့ထံတွင်မျှမရှိချေ။ အရှင်မြတ်အမိန့်ပေးတော်မူသည်မှာ အသင်တို့သည် အရှင်မြတ်မှလွဲ၍ အခြားမည်သည်ကိုမျှ ခဝပ်ကိုးကွယ်ခြင်းမပြုကြလင့်။ ဤသည် တည်တံ့နေမည့်၊ ထို့ပြင် တည်တံ့စေတော်မူမည့် သာသနာတော်ဖြစ်၏။ သို့ရာတွင် များစွာသော လူသားတို့သည် မသိရှိကြချေ။

يٰصَاحِبَيِ السِّجْنِ اَمَّاۤ اَحَدُكُمَا فَيَسْقِيْ رَبَّهٗ خَمْرًا ۚ وَاَمَّا الْاٰخَرُ فَيُصْلَبُ فَتَاْكُلُ الطَّيْرُ مِنْ رَّاْسِهٖ ؕ قُضِيَ الْاَمْرُ الَّذِيْ فِيْهِ تَسْتَفْتِيٰنِ ۝

၄၂။ အို-အကျဉ်းထောင်မှမိတ်ဆွေနှစ်ဦးတို့၊ အသင်တို့နှစ်ဦးအနက်မှ တစ်ဦးနှင့်စပ်လျဉ်း၍ သူသည် မိမိ၏သခင်ကို အရက်တိုက်ကျွေးရပေအံ့။ ထို့ပြင် နောက်တစ်ဦးနှင့်စပ်လျဉ်း၍မူကား သူသည် လက်ဝါးကပ်တိုင်ပေါ်တင်၍ ကွပ်မျက်ခြင်းခံရပေအံ့။ သို့ဖြင့် ငှက်များသည် သူ၏ဦးခေါင်းကို (ထိုးဆိတ်၍) စားကြပေအံ့။ အသင်တို့နှစ်ဦးမေးမြန်းခဲ့သည့်အကြောင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို ကြားသိစေခဲ့ပေပြီ။

وَقَالَ لِلَّذِيْ ظَنَّ اَنَّهٗ نَاجٍ مِّنْهُمَا اذْكُرْنِيْ عِنْدَ رَبِّكَ ۖ فَاَنْسٰىهُ الشَّيْطٰنُ ذِكْرَ رَبِّهٖ فَلَبِثَ فِي السِّجْنِ بِضْعَ سِنِيْنَ ۝ ۴۲

၄၃။ ထို့ပြင် သူက ၎င်းတို့နှစ်ဦးအနက် လွတ်မြောက်သွားမည်ဟု ယူဆခြင်းခံရသူအား (အသင်သည်)မိမိသခင်ထံတွင် ကျွန်ုပ်အကြောင်းကိုပြောပြပါလေဟု ပြောကြားခဲ့လေ၏။ သို့ရာတွင် ရှိုင်တန်သည် သူ့အား မိမိသခင်ထံ (ဤအကြောင်းကို)ပြောပြရန် မေ့လျော့စေခဲ့လေသည်။ သို့ဖြစ်ရာ သူသည် နှစ်အနည်းငယ်(ဆက်၍) အကျဉ်းထောင်၌ နေခဲ့ရပေသတည်း။

ရုကူး-၆

وَقَالَ الْمَلِكُ اِنِّيْۤ اَرٰى سَبْعَ بَقَرٰتٍ سِمَانٍ يَّاْكُلُهُنَّ سَبْعٌ عِجَافٌ وَّسَبْعَ سُنْۢبُلٰتٍ خُضْرٍ وَّاُخَرَ يٰبِسٰتٍ ؕ يٰۤاَيُّهَا الْمَلَاُ

၄၄။ ထို့ပြင် ဘုရင်က (ညီလာခံ၌)မိန့်ကြားသည်မှာ ငါသည် ဝဖြိုးသောနွားမခုနစ်ကောင်ကိုတွေ့ခဲ့ရ၏။ ယင်းတို့အား ပိန်လှီသော နွားမခုနစ်ကောင်က စားနေကြ၏။ ထို့ပြင် စိမ်းလန်းစိုပြည်သောစပါးနှံခုနစ်နှံနှင့် အချို့ခြောက်သွေ့သည်များအားလည်း(မြင်ခဲ့ရ၏)။ အို-အကြီးအမှူးတို့၊ အကယ်၍ အသင်တို့

اَفْتِنَا فِيْ رُءْيَايَ اِنْ كُنْتُمْ لِلرُّءْيَا تَعْبُرُوْنَ ﴿۴۳﴾

သည် အိပ်မက်များ၏အဓိပ္ပာယ်ကိုဖွင့်ဆိုနိုင်ကြလျှင် ငါ့အား ငါ၏အိပ်မက်နှင့်စပ်လျဉ်း၍ ဖွင့်ဆိုချက်ကိုရှင်းပြကြလော့။

قَالُوْٓا اَضْغَاثُ اَحْلَامٍ ۚ وَمَا نَحْنُ بِتَاْوِيْلِ الْاَحْلَامِ بِعٰلِمِيْنَ ﴿۴۴﴾

၄၄။ ၎င်းတို့က ဤသည်ပုံ့လွင့်နေသော အတွေးများပါဝင်သည့် စိတ်စွဲလမ်းရာအိပ်မက်များဖြစ်၏။ ကျွန်ုပ်တို့သည် စိတ်စွဲလမ်းရာ အိပ်မက်များ၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မသိရှိကြပါဟု တင်လျှောက်ကြလေ၏။

وَقَالَ الَّذِيْ نَجَا مِنْهُمَا وَادَّكَرَ بَعْدَ اُمَّةٍ اَنَا اُنَبِّئُكُمْ بِتَاْوِيْلِهٖ فَاَرْسِلُوْنِ ﴿۴۵﴾

၄၅။ ထိုအခါ ယင်း(အကျဉ်းသား)နှစ်ဦးအနက် လွတ်မြောက်သွားခဲ့သောသူသည် ကာလအတန်ကြာပြီးနောက်မှ (ယူဆူဖ်ကို)သတိရပြီး ကျွန်ုပ်သည် အသင်တို့အား ယင်း၏အနက်သဘောကို ပြောပြပါမည်။ သို့ဖြစ်ရာ ကျွန်ုပ်အား (ယူဆူဖ်ထံသို့)ပို့ပေးပါဟု လျှောက်လေ၏။

يُوْسُفُ اَيُّهَا الصِّدِّيْقُ اَفْتِنَا فِيْ سَبْعِ بَقَرٰتٍ سِمَانٍ يَّاْكُلُهُنَّ سَبْعٌ عِجَافٌ وَّسَبْعِ سُنْۢبُلٰتٍ خُضْرٍ وَّاُخَرَ يٰبِسٰتٍ ۙ لَّعَلِّيْٓ اَرْجِعُ اِلَى النَّاسِ لَعَلَّهُمْ يَعْلَمُوْنَ ﴿۴۶﴾

၄၆။ 'ယူဆူဖ်' အို-ဖြောင့်မတ်မှန်ကန်သူ၊ ဝဖြိုးသောနွားမခုနစ်ကောင်အား ပိန်လှီသောနွားမခုနစ်ကောင်က စားနေခြင်းနှင့် စိမ်းလန်းစိုပြည်သောစပါးနှံခုနစ်နှံနှင့် အခြားသော ခြောက်သွေ့သည့် စပါးနှံတို့နှင့်စပ်လျဉ်း၍ အဓိပ္ပာယ်သဘောကို ကျွန်ုပ်တို့အား ရှင်းပြပါလေ။ သို့ဖြင့် ကျွန်ုပ်သည် လူအများထံ ပြန်လည်သွားရောက်ပြီး (ယင်း၏အနက်သဘောကို) သူတို့အား သိနားလည်စေရာ၏။

قَالَ تَزْرَعُوْنَ سَبْعَ سِنِيْنَ دَاَبًا ۚ فَمَا حَصَدْتُّمْ فَذَرُوْهُ فِيْ سُنْۢبُلِهٖٓ اِلَّا قَلِيْلًا مِّمَّا تَاْكُلُوْنَ ﴿۴۷﴾

၄၇။ သူက ပြောသည်မှာ အသင်တို့သည် ခုနစ်နှစ်တိုင် အဆက်မပြတ် စိုက်ပျိုးလုပ်ကိုင်ကြရပေမည်။ သို့ဖြစ်ရာ အသင်တို့စားသုံးမည့် အနည်းငယ်သောပမာဏမှအပ အသင်တို့ရိတ်သိမ်းသည်များကို အနှံအတိုင်းပင်ထားရှိပါလေ။

ثُمَّ يَاْتِيْ مِنْۢ بَعْدِ ذٰلِكَ سَبْعٌ شِدَادٌ يَّاْكُلْنَ مَا قَدَّمْتُمْ لَهُنَّ اِلَّا قَلِيْلًا مِّمَّا تُحْصِنُوْنَ ﴿۴۸﴾

၄၈။ ထို့နောက်တစ်ဖန် အလွန်ခက်ခဲပြင်းထန်သော ခုနစ်(နှစ်)ရောက်ရှိလာပေမည်။ ယင်း(ကာလ)အတွက် အသင်တို့ကြိုတင်(သိမ်းဆည်း)ထားသည်များအနက်မှ အသင်တို့ နောင်တွင်(စိုက်ပျိုးရန်မျိုးစေ့အဖြစ်)သိမ်းဆည်းထားမည့် အနည်းငယ်မှအပ(ကျန်အားလုံးကို အသင်တို့)စားသုံးပစ်ကြပေမည်။

ثُمَّ يَاْتِيْ مِنْۢ بَعْدِ ذٰلِكَ عَامٌ فِيْهِ يُغَاثُ النَّاسُ وَفِيْهِ يَعْصِرُوْنَ ﴿۴۹﴾ ع

၄၉။ ထို့နောက်တစ်ဖန် နှစ်တစ်နှစ်ရောက်ရှိလာမည်၊ ယင်း၌ လူတို့အဖို့ မိုးကောင်း၍ သီးနှံဖြစ်ထွန်းစေမည်ဖြစ်ပြီး ယင်းမှ ၎င်းတို့သည် အရည်များလည်း ညှစ်ကြပေလိမ့်မည်တည်း။

ရှကူ-၇

وَقَالَ الْمَلِكُ ائْتُوْنِيْ بِهٖ ۚ فَلَمَّا جَآءَهُ الرَّسُوْلُ قَالَ ارْجِعْ اِلٰى رَبِّكَ فَسْـَٔلْهُ مَا

၅၀။ ဘုရင်က သူ့အား ငါထံသို့ခေါ်ဆောင်လာခဲ့ကြကုန်ဟု မိန့်ကြားလေ၏။ သို့ဖြင့် မင်းစေတမန်သည် သူထံသို့ ရောက်ရှိသွားသောအခါ သူ(ယူဆူဖ်)က မိမိသခင်ထံသို့ ပြန်လည်၍

بَالُ النِّسْوَةِ الّٰتِیْ قَطَّعْنَ اَیْدِیَهُنَّ ؕ اِنَّ رَبِّیْ بِكَیْدِهِنَّ عَلِیْمٌ ۝۵۰

သွားလော့။ ထို့ပြင် မိမိတို့၏လက်များကို လှီးဖြတ်မိခဲ့ကြသည့် ထိုအမျိုးသမီးများ၏အရေးမည်သို့ရှိခဲ့သည်ကို ၎င်းထံမေးမြန်းပါလေ။ စင်စစ် ကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်သည် သူမတို့၏ကြံစည်မှုပရိယာယ်ကို ကောင်းစွာသိရှိတော်မူသည်ဟု ပြောလေ၏။

قَالَ مَا خَطْبُكُنَّ اِذْ رَاوَدْتُّنَّ یُوْسُفَ عَنْ نَّفْسِهٖ ؕ قُلْنَ حَاشَ لِلّٰهِ مَا عَلِمْنَا عَلَیْهِ مِنْ سُوْٓءٍ ؕ قَالَتِ امْرَاَتُ الْعَزِیْزِ الْـٰٔنَ حَصْحَصَ الْحَقُّ ۫ اَنَا رَاوَدْتُّهٗ عَنْ نَّفْسِهٖ وَ اِنَّهٗ لَمِنَ الصّٰدِقِیْنَ ۝۵۱

၅၂။ ၎င်း(ဘုရင်)က (အို-အမျိုးသမီးတို့)၊ အကြင်အခါဝယ် အသင်မတို့သည် 'ယူဆူဖ်'အား သူ၏စိတ်ကိုချွတ်ချော်မှောက်မှားအောင်ပြုလုပ်စဉ်က အသင်မတို့၏အရေးကိစ္စ မည်သို့ရှိခဲ့လေသနည်းဟုမေးမြန်းလေရာ ၎င်းတို့က အလွန်ဟ်သည်သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ကျွန်တော်မျိုးမတို့သည်ကား သူနှင့်ဆန့်ကျင်၍ မည်သို့သောမကောင်းမှုကိုမျှ မသိရှိကြပါဟု ဖြေကြားကြလေ၏။ ထိုအခါ အကြီးအကဲ၏ဇနီးက ယခုသော်ကား အမှန်တရားသည် ထင်ရှားပေါ်လွင်လာခဲ့ပေပြီ။ ကျွန်တော်မျိုးမသည်သာလျှင် သူ့အား သူ၏စိတ်ကိုချွတ်ချော်မှောက်မှားအောင် ပြုလုပ်ခဲ့ပါသည်၊ ဧကန်စင်စစ် သူသည် ဖြောင့်မှန်သူများအနက်မှဖြစ်ပါသည်ဟု ပြောလေ၏။

ذٰلِكَ لِیَعْلَمَ اَنِّیْ لَمْ اَخُنْهُ بِالْغَیْبِ وَ اَنَّ اللّٰهَ لَا یَهْدِیْ كَیْدَ الْخَآئِنِیْنَ ۝۵۲

၅၃။ ဤသို့ဖြစ်ရခြင်းကား၊ ကျွန်ုပ်(ယူဆူဖ်)မှာ ၎င်း(အီဇျစ်မအဇီဇ်)မရှိခိုက်တွင် သူ့အား မည်သို့သောသစ္စာမဲ့မှုကိုမျှ မပြုခဲ့ကြောင်းသိရှိစေရန်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် သစ္စာမရှိသူတို့၏ကြံစည်မှုပရိယာယ်ကို ဆုံးခန်းတိုင်ရောက်စေမည်မဟုတ်ကြောင်းကို သိရှိစေရန်ဖြစ်၏။

وَ مَاۤ اُبَرِّئُ نَفْسِیْ ۚ اِنَّ النَّفْسَ لَاَمَّارَةٌۢ بِالسُّوْٓءِ اِلَّا مَا رَحِمَ رَبِّیْ ؕ اِنَّ رَبِّیْ غَفُوْرٌ رَّحِیْمٌ ۝۵۳

၅၄။ ထို့ပြင် ကျွန်ုပ်သည် မိမိ၏စိတ်ဝိညာဉ်ကို အပြစ်လွတ်သည်ဟု မမှတ်ယူပေ။ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ကရုဏာပြုတော်မူခြင်းခံရသူမှတစ်ပါး စင်စစ် စိတ်ဝိညာဉ်သည် မကောင်းမှုကို လွန်စွာမှအမိန့်ပေးသူဖြစ်၏။ ဧကန်စင်စစ် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَ قَالَ الْمَلِكُ ائْتُوْنِیْ بِهٖۤ اَسْتَخْلِصْهُ لِنَفْسِیْ ۚ فَلَمَّا كَلَّمَهٗ قَالَ اِنَّكَ الْیَوْمَ لَدَیْنَا مَكِیْنٌ اَمِیْنٌ ۝۵۴

၅၅။ ထို့နောက် ဘုရင်က သူ့ကို ငါ့ထံသို့ ခေါ်ဆောင်လာခဲ့ကြလော့။ ငါသည် သူ့အား မိမိအတွက် ရွေးချယ်ပေအံ့ဟု မိန့်ကြားလေ၏။ ထို့နောက် ၎င်း(ဘုရင်)သည် သူနှင့် စကားပြောဆိုပြီးသောအခါ စင်စစ် အသင်သည် (ယနေ့မှစ၍) ငါတို့၏ထံတွင် လွန်စွာ ဂုဏ်ဒြပ်ကြီးမြင့်သူနှင့် ယုံကြည်ကိုးစားထိုက်သူဖြစ်၏ဟု မိန့်ကြားလေ၏။

قَالَ اجْعَلْنِیْ عَلٰی خَزَآئِنِ الْاَرْضِ ۚ اِنِّیْ حَفِیْظٌ عَلِیْمٌ ۝۵۵

၅၆။ သူက (အရှင်မင်းကြီး) ကျွန်ုပ်အား နိုင်ငံတော်၏ဘဏ္ဍာများအပေါ် ခန့်ထားတော်မူပါ။ ဧကန်အမှန်ပင် ကျွန်ုပ်သည် ကောင်းစွာကာကွယ်စောင့်ရှောက်သူနှင့် ဉာဏ်ပညာရှိသူဖြစ်ပါ၏ဟု လျှောက်တင်လေ၏။

وَكَذٰلِكَ مَكَّنَّا لِيُوْسُفَ فِي الْاَرْضِ ۚ يَتَبَوَّاُ مِنْهَا حَيْثُ يَشَآءُ ۭ نُصِيْبُ بِرَحْمَتِنَا مَنْ نَّشَآءُ وَلَا نُضِيْعُ اَجْرَ الْمُحْسِنِيْنَ ۝

၅၆။ ထို့နောက် ဤသို့ဖြင့် ငါတို့သည် 'ယူဆုဖ်'အား တိုင်းနိုင်ငံတွင် ဂုဏ်အရှိန်အဝါကို ပေးသနားတော်မူခဲ့၏။ သူသည် ယင်း(နိုင်ငံ)၌ နေထိုင်လိုသည့်နေရာတွင် နေထိုင်ခဲ့ပေသည်။ ငါတို့သည် မိမိ၏ကရုဏာတော်ကို နှစ်လို့တော်မူသော သူအပေါ် သက်ရောက်စေတော်မူ၏။ ထို့ပြင် ငါတို့သည် ကောင်းမှုပွားများသောသူတို့၏ အကျိုးဆုလာဘ်ကို အချည်းနှီးဖြစ်စေတော်မူသည်မဟုတ်ချေ။

وَلَاَجْرُ الْاٰخِرَةِ خَيْرٌ لِّلَّذِيْنَ اٰمَنُوْا وَكَانُوْا يَتَّقُوْنَ ۝ ۧ

၅၇။ စင်စစ် နောင်တမလွန်၏ အကျိုးဆုလာဘ်သည် သက်ဝင်ယုံကြည်၍ 'တက္ကဝါ' ကြောက်ရွံ့ရိုကျိုးခြင်းတရားကို ကျင့်သုံးဆောက်တည်ကြသူတို့အဖို့ အမှန်ပင် ပိုမိုကောင်းမြတ်ပေသတည်း။

ရှုကူ-၈

وَجَآءَ اِخْوَةُ يُوْسُفَ فَدَخَلُوْا عَلَيْهِ فَعَرَفَهُمْ وَهُمْ لَهٗ مُنْكِرُوْنَ ۝

၅၉။ ထို့ပြင် 'ယူဆုဖ်'၏ညီအစ်ကိုများရောက်လာကြသောအခါ သူ၏ရှေ့သို့ ပို့ဆောင်ခြင်းခံခဲ့ရ၏။ ထိုအခါ သူသည် ၎င်းတို့အားမှတ်မိသိရှိသွား၏။ သို့ရာတွင်၎င်းတို့သည် သူ့အားမသိရှိကြချေ။

وَلَمَّا جَهَّزَهُمْ بِجَهَازِهِمْ قَالَ ائْتُوْنِيْ بِاَخٍ لَّكُمْ مِّنْ اَبِيْكُمْ ۚ اَلَا تَرَوْنَ اَنِّيْٓ اُوْفِي الْكَيْلَ وَاَنَا خَيْرُ الْمُنْزِلِيْنَ ۝

၆၀။ ထို့ပြင် သူသည် ၎င်းတို့အား ၎င်းတို့၏ပစ္စည်းများနှင့်အတူ(ခွင့်ပြုရန်အတွက်) စီစဉ်သောအခါ ပြောကြားသည်မှာ အသင်တို့၏ ဖခင်ဘက်မှ အသင်တို့၏ညီဖြစ်သူကိုလည်း ကျွန်ုပ်ထံခေါ်ဆောင်လာကြကုန်။ ကျွန်ုပ်သည် အပြည့်အဝချိန်တွယ်ပေးသည်ကိုလည်းကောင်း၊ ကျွန်ုပ်သည် အကောင်းဆုံးသော နေ့ဝတ်ကျေပွန်သူဖြစ်သည်ကိုလည်းကောင်း အသင်တို့ မတွေ့မမြင်ကြပါသလော။

فَاِنْ لَّمْ تَاْتُوْنِيْ بِهٖ فَلَا كَيْلَ لَكُمْ عِنْدِيْ وَلَا تَقْرَبُوْنِ ۝

၆၁။ အကယ်၍ အသင်တို့သည် သူ့အား ကျွန်ုပ်ထံခေါ်ဆောင်မလာခဲ့ပါလျှင် အသင်တို့အတွက် ကျွန်ုပ်ထံတွင် မည်သည့်အချိန်အတွယ်မျှရှိမည်မဟုတ်။ ထို့ပြင် အသင်တို့သည် ကျွန်ုပ်၏အနားသို့လည်း မချဉ်းကပ်ကြကုန်လင့်။

قَالُوْا سَنُرَاوِدُ عَنْهُ اَبَاهُ وَاِنَّا لَفٰعِلُوْنَ ۝

၆၂။ ၎င်းတို့က ကျွန်ုပ်တို့သည် သူနှင့်စပ်လျဉ်း၍ သူ၏ဖခင်ကို အမှန်ပင် စည်းရုံးဆွေးဆောင်ပါမည်။ ကျွန်ုပ်တို့သည် အမှန်ပင် မလွဲမသွေ ပြုလုပ်ကြမည့်သူများဖြစ်ကြပါမည်ဟု ပြောကြားလေ၏။

وَقَالَ لِفِتْيٰنِهِ اجْعَلُوْا بِضَاعَتَهُمْ فِيْ رِحَالِهِمْ لَعَلَّهُمْ يَعْرِفُوْنَهَآ اِذَا انْقَلَبُوْٓا اِلٰٓى اَهْلِهِمْ لَعَلَّهُمْ يَرْجِعُوْنَ ۝

၆၃။ ထို့နောက် သူက သူ၏အစေအပါးများအား ၎င်းတို့၏အရင်းအနှီးငွေကို သူတို့၏ ပစ္စည်းများထဲ၌ပင် ထည့်ထားကြကုန်။ သို့ဖြင့် သူတို့သည် မိမိတို့၏အိမ်သားများထံပြန်လည်သွားရောက်ကြသည့်အခါ ဤကိစ္စကိုအရေးထားပြီး ပြန်လာကောင်းပြန်လာကြရန်ဖြစ်၏ဟု ပြောကြားလေ၏။

فَلَمَّا رَجَعُوْٓا اِلٰٓى اَبِيْهِمْ قَالُوْا يٰٓاَبَانَا مُنِعَ مِنَّا الْكَيْلُ فَاَرْسِلْ مَعَنَآ اَخَانَا نَكْتَلْ وَ اِنَّا لَهٗ لَحٰفِظُوْنَ ۝۶۳

၆၃။ သို့ဖြင့် ၎င်းတို့သည် မိမိတို့၏ဖခင်ထံသို့ပြန်လည် ရောက်ရှိသောအခါ အို-ကျွန်ုပ်တို့၏ဖခင်၊ ကျွန်ုပ်တို့အား (နောက်ထပ်)ခိုင်တွယ်(ရောင်းချ)ခြင်းမှ တားမြစ်ခြင်းခံခဲ့ရ၏။ သို့ဖြစ်ရာ ကျွန်ုပ်တို့၏ညီတော်အား ကျွန်ုပ်တို့နှင့်အတူ စေလွှတ်ပေးပါ။ သို့မှသာ ကျွန်ုပ်တို့သည် ခိုင်တွယ်(ဝယ်ယူ) ရရှိနိုင်ကြပေအံ့။ စင်စစ် ကျွန်ုပ်တို့သည် ဧကန်ပင် သူ့အား ကာကွယ်စောင့်ရှောက်သူများဖြစ်ကြပါမည်ဟုပြောကြားလေ၏။

قَالَ هَلْ اٰمَنُكُمْ عَلَيْهِ اِلَّا كَمَآ اَمِنْتُكُمْ عَلٰٓى اَخِيْهِ مِنْ قَبْلُ ؕ فَاللّٰهُ خَيْرٌ حٰفِظًا ۪ وَّ هُوَ اَرْحَمُ الرّٰحِمِيْنَ ۝۶۴

၆၄။ ၎င်း(တို့၏ဖခင်)က ငါသည် သူ၏အစ်ကိုနှင့်စပ်လျဉ်း၍ ယခင်က အသင်တို့အပေါ် (ယုံကြည်မှု)ပြုသကဲ့သို့ပင် သူနှင့်စပ်လျဉ်း၍လည်း ငါသည် အသင်တို့အပေါ်ယုံကြည်ရမည်လော။ သို့ဖြစ်ရာ အလ္လာဟ်သည်သာလျှင် အကောင်းဆုံးကာကွယ်စောင့်ရှောက်တော်မူသည့်အရှင် ဖြစ်တော်မူပါ၏။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် ကရုဏာပြုသူအားလုံးတို့ထက် ပိုမို၍ ကရုဏာပြုတော်မူသောအရှင်ဖြစ်တော်မူ၏ဟု ပြောကြားလေ၏။

وَلَمَّا فَتَحُوْا مَتَاعَهُمْ وَجَدُوْا بِضَاعَتَهُمْ رُدَّتْ اِلَيْهِمْ ؕ قَالُوْا يٰٓاَبَانَا مَا نَبْغِيْ ؕ هٰذِهٖ بِضَاعَتُنَا رُدَّتْ اِلَيْنَا ۚ وَ نَمِيْرُ اَهْلَنَا وَ نَحْفَظُ اَخَانَا وَ نَزْدَادُ كَيْلَ بَعِيْرٍ ؕ ذٰلِكَ كَيْلٌ يَّسِيْرٌ ۝۶۵

၆၅။ ထို့နောက် ၎င်းတို့သည်မိမိတို့၏ပစ္စည်းကိုဖွင့်သောအခါ သူတို့၏အရင်းအနှီးငွေကို သူတို့ထံပြန်ပေးထားသည်ကို တွေ့ကြရ၏။ ၎င်းတို့က အို-ကျွန်ုပ်တို့၏ဖခင်၊ ကျွန်ုပ်တို့သည် (အခြား)မည်သည်ကို လိုအပ်ပါသနည်း၊ ဤသည် ကျွန်ုပ်တို့၏အရင်းအနှီးဖြစ်၏။ (ယင်းကို) ကျွန်ုပ်တို့အား ပြန်ပေးထားပေသည်။ ကျွန်ုပ်တို့သည် မိမိတို့၏အိမ်သူအိမ်သားများအတွက် ကောက်ပဲသီးနှံများကို ယူဆောင်လာကြပါမည်။ မိမိတို့၏ညီကိုလည်း ကာကွယ်စောင့်ရှောက်ပါမည်။ ထို့ပြင် ကုလားအုတ်တစ်စီးစာဝန်ကို ထပ်မံ၍ရယူကြပါမည်။ ဤသည် အလွန်လွယ်ကူသော အရောင်းအဝယ်ဖြစ်ပေသည်ဟု ပြောကြလေ၏။

قَالَ لَنْ اُرْسِلَهٗ مَعَكُمْ حَتّٰى تُؤْتُوْنِ مَوْثِقًا مِّنَ اللّٰهِ لَتَاْتُنَّنِيْ بِهٖٓ اِلَّآ اَنْ يُّحَاطَ بِكُمْ ۚ فَلَمَّآ اٰتَوْهُ مَوْثِقَهُمْ قَالَ اللّٰهُ عَلٰى مَا نَقُوْلُ وَكِيْلٌ ۝۶۶

၆၆။ ထို့နောက် ၎င်းတို့သည်မိမိတို့၏ပစ္စည်းကိုဖွင့်သောအခါ သူတို့၏အရင်းအနှီးငွေကို သူတို့ထံပြန်ပေးထားသည်ကို တွေ့ကြရ၏။ ၎င်းတို့က အို-ကျွန်ုပ်တို့၏ဖခင်၊ ကျွန်ုပ်တို့သည် (အခြား)မည်သည်ကို လိုအပ်ပါသနည်း၊ ဤသည် ကျွန်ုပ်တို့၏အရင်းအနှီးဖြစ်၏။ (ယင်းကို) ကျွန်ုပ်တို့အား ပြန်ပေးထားပေသည်။ ကျွန်ုပ်တို့သည် မိမိတို့၏အိမ်သူအိမ်သားများအတွက် ကောက်ပဲသီးနှံများကို ယူဆောင်လာကြပါမည်။ မိမိတို့၏ညီကိုလည်း ကာကွယ်စောင့်ရှောက်ပါမည်။ ထို့ပြင် ကုလားအုတ်တစ်စီးစာဝန်ကို ထပ်မံ၍ရယူကြပါမည်။ ဤသည် အလွန်လွယ်ကူသော အရောင်းအဝယ်ဖြစ်ပေသည်ဟု ပြောကြလေ၏။

وَقَالَ يٰبَنِيَّ لَا تَدْخُلُوْا مِنْۢ بَابٍ وَّاحِدٍ وَّادْخُلُوْا مِنْ اَبْوَابٍ مُّتَفَرِّقَةٍ ؕ وَمَآ

၆၇။ သူက(ဆက်လက်၍) အို-ငါ၏သားတို့၊ တံခါးပေါက်တစ်ပေါက်တည်းမှ ဝင်ရောက်ခြင်းကို မပြုကြကုန်လင့်။ တံခါးပေါက်အသီးသီးမှဝင်ရောက်ကြကုန်။ ငါသည် အသင်တို့

أُغْنِي عَنكُم مِّنَ اللَّهِ مِن شَيْءٍ ۖ إِنِ الْحُكْمُ إِلَّا لِلَّهِ ۖ عَلَيْهِ تَوَكَّلْتُ ۖ وَعَلَيْهِ فَلْيَتَوَكَّلِ الْمُتَوَكِّلُونَ ﴿٦٧﴾

အား အလွှာဟ်(၏)စီမံချက်)မှ အလျှင်းကာကွယ်နိုင်မည် မဟုတ်ချေ။ အလွှာဟ်၏အမိန့်တော်သည်သာလျှင် သက်ရောက်မှုရှိပေသည်။ အရှင်မြတ်အားသာလျှင် ငါသည် ယုံပုံလွဲအပ်မှုပြုပါ၏။ ယုံကြည်အားထားသူအပေါင်းတို့သည် အရှင်မြတ်အားသာလျှင် ယုံပုံလွဲအပ်သင့်ပေသည်ဟု ပြောလေ၏။

وَلَمَّا دَخَلُوا مِنْ حَيْثُ أَمَرَهُمْ أَبُوهُم ۖ مَّا كَانَ يُغْنِي عَنْهُم مِّنَ اللَّهِ مِن شَيْءٍ إِلَّا حَاجَةً فِي نَفْسِ يَعْقُوبَ قَضَاهَا ۚ وَإِنَّهُ لَذُو عِلْمٍ لِّمَا عَلَّمْنَاهُ وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ ﴿٦٨﴾

၆၈။ သို့ဖြစ်ရာ ၎င်းတို့သည် သူတို့၏ဖခင် မိန့်မှာသည့်အတိုင်း ဝင်ရောက်ကြလေ၏။ သူသည် အလွှာဟ်၏စီမံချက်မှ သူတို့အား အလျှင်း ကယ်တင်နိုင်ခဲ့မည်မဟုတ်ချေ။ သို့ရာတွင် 'ယာကွပ်'၏စိတ်နှလုံး၌ရှိသည့်ဆန္ဒတစ်ခုကိုသာ အရှင်မြတ်က ဖြည့်ဆည်းတော်မူခဲ့ပေသည်။ စင်စစ် သူသည် ပညာရှိတစ်ဦးဖြစ်ခဲ့၏။ အကြောင်းမူ ငါတို့သည် သူ့အားကောင်းစွာ သင်ပေးတော်မူခဲ့ခြင်းကြောင့်ဖြစ်၏။ သို့ရာတွင် များစွာသော လူတို့သည် မသိရှိကြချေ။

وَلَمَّا دَخَلُوا عَلَىٰ يُوسُفَ آوَىٰ إِلَيْهِ أَخَاهُ قَالَ إِنِّي أَنَا أَخُوكَ فَلَا تَبْتَئِسْ بِمَا كَانُوا يَعْمَلُونَ ﴿٦٩﴾

ရုကူး-၉

၆၉။ သို့ဖြင့် ၎င်းတို့သည် 'ယူဆုဖ်'၏ရှေ့မှောက်သို့ ပို့ဆောင်ခြင်းခံရသောအခါ သူသည် မိမိ၏ညီအား မိမိ၏အနီးတွင် နေရာပေးခဲ့လေသည်။ (ထို့နောက် သူက) စင်စစ်ဧကန် ငါသည် အသင်၏အစ်ကိုဖြစ်သည်၊ သို့ဖြစ်ရာ ၎င်းတို့ပြုလုပ်လျက်ရှိသည်များနှင့်စပ်လျဉ်း၍ ကြေကွဲဝမ်းနည်းခြင်းမဖြစ်လင့်ဟု ပြောကြားလေ၏။

فَلَمَّا جَهَّزَهُم بِجَهَازِهِمْ جَعَلَ السِّقَايَةَ فِي رَحْلِ أَخِيهِ ثُمَّ أَذَّنَ مُؤَذِّنٌ أَيَّتُهَا الْعِيرُ إِنَّكُمْ لَسَارِقُونَ ﴿٧٠﴾

၇၀။ ထို့နောက် သူသည် ၎င်းတို့အား ၎င်းတို့၏ပစ္စည်းများနှင့် အတူ(ထွက်ခွာခွင့်ပြုရန်)စီစဉ်သောအခါ သူသည် (အမှတ်တမဲ့) မိမိညီတော်၏ပစ္စည်းထဲတွင် ရေခွက်ကို ထည့်ထားလိုက်လေသည်။ ထို့နောက် ကြေညာသူတစ်ဦးက အို-ခရီးသွားတို့၊ အသင်တို့သည် ဧကန်ပင် ခိုးဝှက်သူများ ဖြစ်ကြပေသည်ဟု ကြေညာလေသည်။

قَالُوا وَأَقْبَلُوا عَلَيْهِم مَّاذَا تَفْقِدُونَ ﴿٧١﴾

၇၁။ ၎င်းတို့သည် သူတို့ဘက်သို့လှည့်၍ အသင်တို့၌ မည်သည့်အရာ ပျောက်ဆုံးပါသနည်းဟု ပြောဆိုမေးမြန်းလေ၏။

قَالُوا نَفْقِدُ صُوَاعَ الْمَلِكِ وَلِمَن جَاءَ بِهِ حِمْلُ بَعِيرٍ وَأَنَا بِهِ زَعِيمٌ ﴿٧٢﴾

၇၂။ ထိုအခါ သူတို့က ဘုရင်မင်းကြီး၏ ခြင်တွယ်ခွက်ပျောက်ဆုံးသည်ကို ကျွန်ုပ်တို့ရှိရပါ၏။ မည်သူမဆို ယင်းအား ယူဆောင်လာအံ့၊ ထိုသူသည် ကုလားအုတ်တစ်စီးစာဝန်ကို (ဆုလာဘ်အဖြစ်) ပေးသနားခြင်းခံရပေမည်။ ကျွန်ုပ်သည် ယင်းကို တာဝန်ခံသူဖြစ်၏ဟု ပြောကြားလေ၏။ ①

① ဘုရင်မင်းကြီး၏ခြင်တွယ်ခွက်ကို တမင်ရည်ရွယ်၍ထည့်ထားခဲ့သည်မဟုတ်မူဘဲ မေ့လျော့၍အမှတ်တမဲ့ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သို့မဟုတ်ပါက အလွှာဟ်အရှင်မြတ်သည် 'ဤသို့ဖြင့် ငါတို့သည် ယူဆုဖ်အတွက် စီမံတော်မူခဲ့ပေသည်' (၁၂း၇၆)ဟု မိန့်တော်မူမည်မဟုတ်ချေ။ အကယ်၍ ဤအကြံအစည်မှာ တမန်တော်ယူဆုဖ် ﷺ၏ အကြံအစည်ဖြစ်ခဲ့လျှင် အလွှာဟ်ရှင်မြတ်က မိမိနှင့်စပ်ဆိုင်ကြောင်း မိန့်တော်မူမည်မဟုတ်ချေ။

قَالُوْا تَاللّٰهِ لَقَدْ عَلِمْتُمْ مَّا جِئْنَا لِنُفْسِدَ فِي الْاَرْضِ وَمَا كُنَّا سٰرِقِيْنَ ۝۷۳

၇၃။ ၎င်းတို့က အလ္လာဟ်အားတိုင်တည်ကျိန်ဆိုပါ၏။ ကျွန်ုပ်တို့သည် ကမ္ဘာမြေတွင် ပျက်စီးရာပျက်စီးကြောင်းပြုရန် လာရောက်ခြင်းမဟုတ်ကြောင်းကို အမှန်ပင် အသင်တို့ သိရှိကြပြီးဖြစ်၏။ ကျွန်ုပ်တို့သည် သူခိုးများ အလျှင်းမဟုတ်ကြပါဟု (ဖြေကြား)ပြောဆိုကြလေ၏။

قَالُوْا فَمَا جَزَآؤُهٗٓ اِنْ كُنْتُمْ كٰذِبِيْنَ ۝۷۴

၇၄။ ထိုအခါ ယင်းတို့က အကယ်၍ အသင်တို့သည် လိမ်ညာသူများဖြစ်ကြပါလျှင် ယင်းအတွက် အစားပေးတုံ့ပြန်မှုမည်သို့ဖြစ်ပါမည်နည်းဟု ပြောဆိုလေ၏။

قَالُوْا جَزَآؤُهٗ مَنْ وُّجِدَ فِيْ رَحْلِهٖ فَهُوَ جَزَآؤُهٗ ؕ كَذٰلِكَ نَجْزِي الظّٰلِمِيْنَ ۝۷۵

၇၅။ ၎င်းတို့က ယင်း၏ အပြစ်ဒဏ်မှာကား အကြင်သူ၏ ပစ္စည်းတွင် ယင်း(ခြင်တွယ်ခွက်)ကိုတွေ့ရှိပါက ထိုသူသည် သာလျှင် အပြစ်ပေးခြင်းခံရပေမည်။ ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်သူတို့အား ဤကဲ့သို့ပင် အပြစ်ဒဏ်ပေးကြပေသည်ဟု ပြန်ပြောကြလေ၏။

فَبَدَاَ بِاَوْعِيَتِهِمْ قَبْلَ وِعَآءِ اَخِيْهِ ثُمَّ اسْتَخْرَجَهَا مِنْ وِّعَآءِ اَخِيْهِ ؕ كَذٰلِكَ كِدْنَا لِيُوْسُفَ ؕ مَا كَانَ لِيَاْخُذَ اَخَاهُ فِيْ دِيْنِ الْمَلِكِ اِلَّآ اَنْ يَّشَآءَ اللّٰهُ ؕ نَرْفَعُ دَرَجٰتٍ مَّنْ نَّشَآءُ ؕ وَفَوْقَ كُلِّ ذِيْ عِلْمٍ عَلِيْمٌ ۝۷۶

၇၆။ ထိုအခါ ၎င်း(ကြေညာသူ)က သူ(ယူဆူဖ်)ညီ၏အိတ်အလျင် ၎င်းတို့၏အိတ်များကို စတင်ရှာဖွေခဲ့လေသည်။ ထို့နောက် သူညီ၏ အိတ်တွင်းမှ ယင်း(ခြင်တွယ်ခွက်)ကိုထုတ်ယူလိုက်လေသည်။ သို့ဖြင့် ငါတို့သည် 'ယူဆူဖ်'အတွက် စီမံတော်မူခဲ့ပေသည်။ အလ္လာဟ်အလိုတူသည်မှတစ်ပါး မိမိ၏ညီအား ဘုရင်၏အမိန့်အာဏာဖြင့်တားဆီးရန် သူအဖို့မဖြစ်နိုင်ချေ။ ငါတို့သည် မိမိနှစ်လို့တော်မူသောသူအား အဆင့်အတန်းများ၌ မြင့်တင်ပေးတော်မူ၏။ စင်စစ် ပညာရှင်တိုင်းထက် သာလွန်သောပညာရှင်တစ်ပါး ရှိတော်မူပေသည်။

قَالُوْٓا اِنْ يَّسْرِقْ فَقَدْ سَرَقَ اَخٌ لَّهٗ مِنْ قَبْلُ ۚ فَاَسَرَّهَا يُوْسُفُ فِيْ نَفْسِهٖ وَلَمْ يُبْدِهَا لَهُمْ ۚ قَالَ اَنْتُمْ شَرٌّ مَّكَانًا ۚ وَاللّٰهُ اَعْلَمُ بِمَا تَصِفُوْنَ ۝۷۷

၇၇။ ၎င်းတို့က ပြောဆိုကြသည်မှာ အကယ်၍ သူသည် ခိုးဝှက်ခဲ့သည်ဆိုပါလျှင် သူ၏နောင်တော်တစ်ဦးသည်လည်း ယခင်က ခိုးဝှက်ခဲ့ဖူးလေသည်။ ထိုအခါ 'ယူဆူဖ်'သည် ယင်း(စွပ်စွဲချက်၏သက်ရောက်မှု)ကို မိမိ၏စိတ်၌ဖုံးကွယ်ထားလိုက်ပြီး ယင်းကို သူတို့အား ထုတ်ဖော်ခြင်းမပြုဘဲ အသင်တို့သည် အဆင့်အတန်းအားဖြင့် အဆိုးဆုံးဖြစ်၏။ စင်စစ် အသင်တို့စွပ်စွဲပြောဆိုသည်များကို အလ္လာဟ်သည်သာလျှင် အသိဆုံးဖြစ်တော်မူ၏ဟု (မိမိစိတ်ထဲ၌သာလျှင်)ပြောလေ၏။

قَالُوْا يٰٓاَيُّهَا الْعَزِيْزُ اِنَّ لَهٗٓ اَبًا شَيْخًا كَبِيْرًا فَخُذْ اَحَدَنَا مَكَانَهٗ ۚ اِنَّا نَرٰىكَ مِنَ الْمُحْسِنِيْنَ ۝۷۸

၇၈။ ၎င်းတို့က အို-အခွင့်အာဏာရှိသူ၊ သူ၏ဖခင်သည် အမှန်ပင် အလွန်အိုမင်းသောသူဖြစ်ပါ၏။ သို့ဖြစ်ရာ သူ့အစား ကျွန်ုပ်တို့အထဲမှ တစ်ဦးဦးကိုခေါ်ထားလိုက်ပါလေ။ စင်စစ် ဧကန် ကျွန်ုပ်တို့သည် အသင့်အား ကျေးဇူးပြုသူများအနက်မှ မြင်ကြရပါသည်ဟု ပြောလေ၏။

قَالَ مَعَاذَ اللّٰهِ اَنْ نَّاْخُذَ اِلَّا مَنْ وَّجَدْنَا

၇၉။ သူက အကြင်သူထံ၌ ကျွန်ုပ်တို့၏ ပစ္စည်းကိုတွေ့ရလျှင်

مَتَاعَنَا عِنْدَهٗۤ اِنَّاۤ اِذًا لَّظٰلِمُوْنَ۝۷۹

ထိုသူမှလွဲ၍ အခြားတစ်ဦးဦးကိုဖမ်းဆီးခြင်းမှ အလွှာဟ်၏ထံတော်တွင် ခိုလှုံပါ၏။ သို့ဖြစ်ပါလျှင် ကျွန်ုပ်တို့သည် အမှန်ပင် မတရားပြုသူများဖြစ်သွားကြပေမည်ဟုပြောကြားလေသတည်း။

ရှုကူ-၁၀

فَلَمَّا اسْتَيْـَٔسُوْا مِنْهُ خَلَصُوْا نَجِيًّا ؕ قَالَ كَبِيْرُهُمْ اَلَمْ تَعْلَمُوْۤا اَنَّ اَبَاكُمْ قَدْ اَخَذَ عَلَيْكُمْ مَّوْثِقًا مِّنَ اللّٰهِ وَمِنْ قَبْلُ مَا فَرَّطْتُّمْ فِيْ يُوْسُفَ ۚ فَلَنْ اَبْرَحَ الْاَرْضَ حَتّٰى يَاْذَنَ لِيْۤ اَبِيْۤ اَوْ يَحْكُمَ اللّٰهُ لِيْ ۚ وَهُوَ خَيْرُ الْحٰكِمِيْنَ۝۸۰

၈၁။ သို့ဖြစ်ရာ ၎င်းတို့သည် သူ့ထံမှ မျှော်လင့်ချက်ကင်းမဲ့သွားသောအခါ ဆွေးနွေးတိုင်ပင်ရန် သီးသန့်ဖယ်ခွာခဲ့ကြပေသည်။ ယင်းတို့မှ အကြီးဖြစ်သူကပြောကြားသည်မှာ- အသင်တို့၏ဖခင်သည် အလွှာဟ်အားတိုင်တည်၍ အသင်တို့ထံမှ ခိုင်မြဲသောကတိကို ယူခဲ့သည်ကိုလည်းကောင်း အသင်တို့သည် ဤသည့်အလျင်ကလည်း ယူဆုဖ်၏အရေးကိစ္စတွင် မတရားပြုကျင့်ခဲ့ကြသည်ကိုလည်းကောင်း၊ အသင်တို့မသိကြပါသလော။ သို့ဖြစ်ရာ ကျွန်ုပ်၏ဖခင်သည် ကျွန်ုပ်အား အမိန့်မပေးသရွေ့ သို့တည်းမဟုတ် အလွှာဟ်သည် ကျွန်ုပ်အတွက် တစ်စုံတစ်ရာ စီရင်ဆုံးဖြတ်ခြင်းမပြုသရွေ့ ကျွန်ုပ်သည် ဤနိုင်ငံကို လုံးဝစွန့်ခွာမည်မဟုတ်။ စင်စစ် အရှင်မြတ်သည် စီရင်ဆုံးဖြတ်သူတို့တွင် အကောင်းဆုံးဖြစ်တော်မူ၏။

اِرْجِعُوْۤا اِلٰۤى اَبِيْكُمْ فَقُوْلُوْا يٰۤاَبَانَاۤ اِنَّ ابْنَكَ سَرَقَ ۚ وَمَا شَهِدْنَاۤ اِلَّا بِمَا عَلِمْنَا وَمَا كُنَّا لِلْغَيْبِ حٰفِظِيْنَ۝۸۱

၈၂။ အသင်တို့၏ ဖခင်ထံသို့ပြန်သွားကြလော့။ သူ့အားပြောပါလေ၊ အို-ကျွန်ုပ်တို့၏ဖခင်၊ မုချဧကန် အသင်၏သားသည် ခိုးဝှက်ခဲ့ပါ၏။ ထို့ပြင် ကျွန်ုပ်တို့သည် မိမိတို့သိရှိသည်မှလွဲ၍ မည်သည့်သက်သေခံခြင်းကိုမျှမပြုကြပါ။ ထို့ပြင် ဧကန်ပင် ကျွန်ုပ်တို့သည် အကွယ်မှရှိသည်များအား ကာကွယ်စောင့်ရှောက်သူများ မဟုတ်ကြပါ။

وَسْـَٔلِ الْقَرْيَةَ الَّتِيْ كُنَّا فِيْهَا وَالْعِيْرَ الَّتِيْۤ اَقْبَلْنَا فِيْهَا ؕ وَاِنَّا لَصٰدِقُوْنَ۝۸۲

၈၃။ သို့ဖြစ်ရာ ကျွန်ုပ်တို့ရှိနေခဲ့သည့်ထိုမြို့(သူမြို့သားများ)အားလည်းကောင်း၊ ကျွန်ုပ်တို့ပါဝင်လျက်အတူလာခဲ့ကြသောခရီးသည်အုပ်စုအားလည်းကောင်း မေးမြန်းပါလေ။ စင်စစ် ကျွန်ုပ်တို့သည် မှန်ကန်သူများဖြစ်ကြပါသည်။

قَالَ بَلْ سَوَّلَتْ لَكُمْ اَنْفُسُكُمْ اَمْرًا ؕ فَصَبْرٌ جَمِيْلٌ ؕ عَسَى اللّٰهُ اَنْ يَّاْتِيَنِيْ بِهِمْ جَمِيْعًا ؕ اِنَّهٗ هُوَ الْعَلِيْمُ الْحَكِيْمُ۝۸۳

၈၄။ သူ(တို့၏ဖခင်)ကပြောသည်မှာ ထိုသို့မဟုတ်တန်ရာ၊ အသင်တို့၏စိတ်နှလုံးများသည် အလွန်ကြီးမားသော အရေးကိစ္စတစ်ရပ်ကို အသင်တို့အဖို့ ပေါ့ပေါ့တန်တန်နှင့် သာမန်အဖြစ်ပြုလုပ်ခဲ့ပေသည်။ သို့ဖြစ်ရာ ကောင်းစွာ သည်းခံခြင်း(မှလွဲ၍ ကျွန်ုပ်အဖို့ မည်သို့တတ်နိုင်ပါမည်နည်း)။ အလွှာဟ်သည် ၎င်းတို့အားလုံးကို ကျွန်ုပ်ထံသို့ ဆောင်ယူတော်မူလာနိုင်ရာ၏။ စင်စစ်ဧကန် အရှင်မြတ်သည်သာလျှင် ထာဝရသိရှိတော်မူသောအရှင်၊ လွန်စွာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَتَوَلّٰى عَنْهُمْ وَقَالَ يٰۤاَسَفٰى عَلٰى

၈၅။ ထို့နောက် သူသည် ၎င်းတို့ထံမှမျက်နှာကိုလွှဲဖယ်ပြီးလျှင် အို-ယူဆုဖ်၊ ဖြစ်မှဖြစ်ရလေဟု (ညည်းတွား)ပြောဆို

يُوْسُفَ وَابْيَضَّتْ عَيْنٰهُ مِنَ الْحُزْنِ فَهُوَ كَظِيْمٌ ﴿٨٤﴾

လေ၏။ သူ၏မျက်စိများသည် ကြေကွဲဝမ်းနည်းမှုကြောင့် မျက်ရည်များဖြင့် ပြည့်လျှံလာခဲ့လေသည်။ စင်စစ်သူသည် မိမိ၏ပူဆွေးဝမ်းနည်းမှုကို ချုပ်တည်းခဲ့လေသည်။ ③

قَالُوْا تَاللّٰهِ تَفْتَؤُا تَذْكُرُ يُوْسُفَ حَتّٰى تَكُوْنَ حَرَضًا اَوْ تَكُوْنَ مِنَ الْهٰلِكِيْنَ ﴿٨٥﴾

၈၆။ ယင်းတို့က အလွှာဟ်အား တိုင်တည်ကျိန်ဆိုပါ၏။ အသင်သည် အစဉ်အမြဲ 'ယူဆုဖ်'ကိုသာလျှင် သတိရတမ်းတလျက်နေပေမည်။ နောက်ဆုံးတွင် အသင်သည် (ဝမ်းနည်းကြေကွဲမှုကြောင့်) အင်အားချည့်နဲ့သွားပေမည်။ သို့တည်းမဟုတ်ဆုံးပါးသူများအနက်မှဖြစ်သွားပေမည်ဟုပြောကြလေ၏။

قَالَ اِنَّمَآ اَشْكُوْا بَثِّيْ وَحُزْنِيْٓ اِلَى اللّٰهِ وَاَعْلَمُ مِنَ اللّٰهِ مَا لَا تَعْلَمُوْنَ ﴿٨٦﴾

၈၇။ သူကပြောသည်မှာ ငါသည်ကား မိမိ၏ပူပင်သောကနှင့် ဝမ်းနည်းပူဆွေးမှုကို အလွှာဟ်၏ထံတော်၌သာလျှင် ပန်ကြားလျှောက်ထား၏။ ထို့ပြင် အလွှာဟ်၏ထံတော်မှ ငါသိရှိသည်များကို အသင်တို့မသိရှိကြချေ။

يٰبَنِيَّ اذْهَبُوْا فَتَحَسَّسُوْا مِنْ يُّوْسُفَ وَاَخِيْهِ وَلَا تَايْـَٔسُوْا مِنْ رَّوْحِ اللّٰهِ ۭ اِنَّهٗ لَا يَايْـَٔسُ مِنْ رَّوْحِ اللّٰهِ اِلَّا الْقَوْمُ الْكٰفِرُوْنَ ﴿٨٧﴾

၈၈။ အို-ငါ၏ချစ်သားတို့၊ သွားကြကုန်။ ယူဆုဖ်နှင့်သူ၏ညီတို့နှင့်စပ်လျဉ်း၍ ထောက်လှမ်းကြကုန်။ ထို့ပြင် အလွှာဟ်၏ကရုဏာတော်မှ မျှော်လင့်ချက်မကင်းမဲ့ကြကုန်လင့်။ စင်စစ် ဧကန် 'ကာဖိရ်' မယုံကြည်ငြင်းပယ်သူများမှတစ်ပါး အလွှာဟ်၏ကရုဏာတော်မှ အခြားမည်သူမျှ မျှော်လင့်ချက်မကင်းမဲ့ကြချေ။

فَلَمَّا دَخَلُوْا عَلَيْهِ قَالُوْا يٰٓاَيُّهَا الْعَزِيْزُ مَسَّنَا وَاَهْلَنَا الضُّرُّ وَجِئْنَا بِبِضَاعَةٍ مُّزْجٰىةٍ فَاَوْفِ لَنَا الْكَيْلَ وَتَصَدَّقْ عَلَيْنَا ۭ اِنَّ اللّٰهَ يَجْزِي الْمُتَصَدِّقِيْنَ ﴿٨٨﴾

၈၉။ သို့ဖြစ်ရာ ၎င်းတို့သည် သူ(ယူဆုဖ်)၏ထံမှောက် ဝင်ရောက်ကြသောအခါ သူတို့က အို-အခွင့်အာဏာရှိသူ၊ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ အိမ်သူအိမ်သားများသည် လွန်စွာမှ ဒုက္ခဆိုက်ရောက်နေကြပါသည်။ ကျွန်ုပ်တို့သည် အနည်းငယ်မျှသော အရင်းအနှီးငွေကို ယူဆောင်၍လာကြပါ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့အား အပြည့်အဝခိုန်တွယ်ပေးပါ။ ထို့ပြင် ကျွန်ုပ်တို့အား 'ဆဒကာ' အလှူဒါနပြုပါ။ ဧကန်မုချ အလွှာဟ်သည် အလှူဒါနပြုသူများကို တုံ့ပြန်ပေးသနားတော်မူ၏ဟု ပြောကြလေ၏။

قَالَ هَلْ عَلِمْتُمْ مَّا فَعَلْتُمْ بِيُوْسُفَ وَاَخِيْهِ اِذْ اَنْتُمْ جٰهِلُوْنَ ﴿٨٩﴾

၉၀။ သူက အသင်တို့သည် မသိမိုက်မဲသူများဖြစ်ခဲ့ကြစဉ်က ယူဆုဖ်နှင့် သူ၏ညီအား မည်သို့ပြုမူခဲ့ကြသည်ကို အသင်တို့သိကြပါသလောဟု ပြောလေ၏။

---

③ **اِبْيَضَّتْ عَيْنٰهُ** 'မျက်စိများဖြူသွားခဲ့လေသည်'ဟူသည်မှာ မျက်စိကွယ်သွားခြင်းကို ဆိုလိုသည်မဟုတ်မူ၍ မျက်စိများသည် မျက်ရည်များဖြင့် ပြည့်လျှံခြင်းနှင့် မျက်ရည်ဝိုင်းခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ဟာဇရတ်အေမာမ်ရာဇီက **اِبْيَضَّتْ عَيْنٰهُ** ဟူသည် **عِنْدَ غَلَبَةِ الْبُكَاءِ يَكْثُرُ الْمَاءُ فِى الْعَيْنِ فَتَصِيْرُ الْعَيْنُ كَاَنَّهَا ابْيَضَّتْ مِنْ بَيَاضِ ذٰلِكَ الْمَاءِ.** (تفسير كبير رازىؒ) ဟူ၍ ရေးသားဖွင့်ဆိုပြီး များစွာဝိုင်းကြွေးခြင်းကိုညွှန်းကြောင်းဖော်ပြထားလေသည်။ **كَظِيْمٌ** ဟူသောစကားလုံးမှာလည်း ဤသဘောကိုသာ အတည်ပြုထောက်ခံထားပေသည်။ အကြောင်းမူ ယင်းမှာ **كَظْمٌ** *'ကတ်ဇ်မ်'* ဟူသောပုဒ်မှဖြစ်၍ ပရိဒေဝသောကကို မျိုသိပ်သည်းခံခြင်းဖြစ်သည်။ သို့ကြောင့် တမန်တော်ယာကွပ် ﷺ ၏မျက်လုံးများ၌ မျက်ရည်များပြည့်လျှံလာခဲ့ခြင်းဖြစ်ပေသည်။

قَالُوْٓا ءَاِنَّكَ لَاَنْتَ يُوْسُفُ ؕ قَالَ اَنَا يُوْسُفُ وَهٰذَآ اَخِيْ ۫ قَدْ مَنَّ اللّٰهُ عَلَيْنَا ؕ اِنَّهٗ مَنْ يَّتَّقِ وَيَصْبِرْ فَاِنَّ اللّٰهَ لَا يُضِيْعُ اَجْرَ الْمُحْسِنِيْنَ ۝٩٠

၉၀။ ၎င်းတို့က စင်စစ် အသင်သည်ပင် 'ယူဆူဖ်' ဖြစ်ပါသလောဟု ပြောလေ၏။ သူက- ကျွန်ုပ်သည် 'ယူဆူဖ်'ဖြစ်၏။ ဤသည် ကျွန်ုပ်၏ညီဖြစ်၏။ အလ္လာဟ်သည် ဧကန်မုချ ကျွန်ုပ်တို့အပေါ် လွန်စွာ ကျေးဇူးပြုတော်မူခဲ့ပေသည်။ စင်စစ်ဧကန်အကြင်မည်သူမဆို 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်သုံးဆောက်တည်လျက် သည်းခံစွဲမြဲပါက အလ္လာဟ်သည် ကောင်းမှုပွားများသူတို့၏ အကျိုးဆုလာဘ်ကို အချည်းနှီးဖြစ်စေတော်မူသည် အလျှင်းမဟုတ်ချေဟု ပြောလေ၏။

قَالُوْا تَاللّٰهِ لَقَدْ اٰثَرَكَ اللّٰهُ عَلَيْنَا وَاِنْ كُنَّا لَخٰطِـِٕيْنَ ۝٩١

၉၁။ ၎င်းတို့က အလ္လာဟ်အား ကျိန်ဆိုတိုင်တည်ပါ၏။ အလ္လာဟ်သည် ဧကန်ပင် အသင့်အား ကျွန်ုပ်တို့အပေါ် ထူးကဲသာလွန်မှုပေးတော်မူပေသည်။ အမှန်စင်စစ် ကျွန်ုပ်တို့သည်ပင် မှားယွင်းသူများဖြစ်ခဲ့ကြပေသည်ဟု ပြောလေ၏။

قَالَ لَا تَثْرِيْبَ عَلَيْكُمُ الْيَوْمَ ؕ يَغْفِرُ اللّٰهُ لَكُمْ ۫ وَهُوَ اَرْحَمُ الرّٰحِمِيْنَ ۝٩٢

၉၂။ သူကပြောသည်မှာ ယနေ့ အသင်တို့အပေါ် မည်သို့သောအပြစ်တင်ခြင်းမှမရှိတော့ပြီ။ အလ္လာဟ်သည် အသင်တို့အား ခွင့်လွှတ်တော်မူပေလိမ့်မည်။ စင်စစ် အရှင်မြတ်သည် ကရုဏာပြုသူအားလုံးတို့ထက် ပိုမို၍ကရုဏာပြုတော်မူသည့် အရှင် ဖြစ်တော်မူ၏။

اِذْهَبُوْا بِقَمِيْصِيْ هٰذَا فَاَلْقُوْهُ عَلٰى وَجْهِ اَبِيْ يَاْتِ بَصِيْرًا ۚ وَاْتُوْنِيْ بِاَهْلِكُمْ اَجْمَعِيْنَ ۝٩٣

၉၃။ ကျွန်ုပ်၏ဤအင်္ကျီကိုယူသွားပါလော၊ ယင်းကို ကျွန်ုပ်၏ဖခင်ရှေ့၌ချလိုက်ပါလော။ သူအဖို့ဖြစ်ရပ်မှန်သည် ထင်ပေါ်လာပေလိမ့်မည်။ ထို့နောက်တွင် ကျွန်ုပ်ထံသို့ မိမိတို့၏ အိမ်သူအိမ်သားအားလုံးကို ခေါ်ဆောင်လာကြကုန်(ဟု မှာကြားလေသတည်း)။

ရုကူ-၁၁

وَلَمَّا فَصَلَتِ الْعِيْرُ قَالَ اَبُوْهُمْ اِنِّيْ لَاَجِدُ رِيْحَ يُوْسُفَ لَوْلَآ اَنْ تُفَنِّدُوْنِ ۝٩٤

၉၄။ သို့ဖြင့် ခရီးသွားအုပ်စုထွက်ခွာလာကြသည့်အခါ ၎င်းတို့၏ဖခင်က အသင်တို့ ငါ့အား ရူးသည်ဟု ဆိုချင်ဆိုကြကုန်၊ ဧကန်ပင် ငါသည် 'ယူဆူဖ်'၏မွှေးရနံ့ကို ရရှိနေပေသည်ဟု ပြောလေ၏။

قَالُوْا تَاللّٰهِ اِنَّكَ لَفِيْ ضَلٰلِكَ الْقَدِيْمِ ۝٩٥

၉၅။ ၎င်းတို့က အလ္လာဟ်အားတိုင်တည်ကျိန်ဆိုပါ၏။ စင်စစ် အသင်သည် မိမိ၏အမှားဟောင်း၌ပင် ဆိုက်ရောက်နေပေသည်ဟု ပြောဆိုကြ၏။

فَلَمَّآ اَنْ جَآءَ الْبَشِيْرُ اَلْقٰىهُ عَلٰى وَجْهِهٖ فَارْتَدَّ بَصِيْرًا ۚ قَالَ اَلَمْ اَقُلْ لَّكُمْ ۫ اِنِّيْٓ اَعْلَمُ مِنَ اللّٰهِ مَا لَا تَعْلَمُوْنَ ۝٩٦

၉၆။ ထို့နောက် သတင်းကောင်းပေးသူရောက်ရှိလာပြီး ၎င်းက ယင်း(အင်္ကျီ)ကို သူ၏ရှေ့၌ချလိုက်သောအခါ၊ အဖြစ်မှန်သည် သူ့အပေါ် ပွင့်လင်းထင်ရှားသွားခဲ့လေသည်။ သူကပြောသည်မှာ စင်စစ်ဧကန် ငါသည် အသင်တို့မသိရှိသည့် အကြောင်းများကို အလ္လာဟ်၏ထံတော်မှ သိရှိရကြောင်း အသင်တို့အား ငါပြောခဲ့သည်မဟုတ်လော။

قَالُوْا يٰٓاَبَانَا اسْتَغْفِرْ لَنَا ذُنُوْبَنَآ اِنَّا كُنَّا خٰطِـِٕيْنَ ﴿۹۷﴾

၉၇။ ၎င်းတို့က အို-ကျွန်ုပ်တို့၏ဖခင်၊ ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့၏အပြစ်များမှ ခွင့်လွှတ်ခြင်းကို လျှောက်ထားတောင်းခံပါလေ။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် အပြစ်ရှိသူများဖြစ်ခဲ့ကြပါသည်ဟု ပြောလေ၏။

قَالَ سَوْفَ اَسْتَغْفِرُ لَكُمْ رَبِّيْ ؕ اِنَّهٗ هُوَ الْغَفُوْرُ الرَّحِيْمُ ﴿۹۸﴾

၉၈။ သူကပြောသည်မှာ ငါသည် အမှန်ပင် အသင်တို့အတွက် မိမိ၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အပြစ်လွှတ်တော်မူခြင်းကို တောင်းခံပေအံ့။ ဧကန်စင်စစ် အရှင်မြတ်သည်သာလွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

فَلَمَّا دَخَلُوْا عَلٰى يُوْسُفَ اٰوٰٓى اِلَيْهِ اَبَوَيْهِ وَقَالَ ادْخُلُوْا مِصْرَ اِنْ شَآءَ اللّٰهُ اٰمِنِيْنَ ﴿۹۹﴾

၉၉။ သို့ဖြစ်ရာ ၎င်းတို့သည် ယူဆူဖ်၏ရှေ့သို့ရောက်ရှိကြသောအခါ သူသည် မိမိ၏မိဘနှစ်ပါးကို မိမိအနီး၌ နေရာပေးလေသည်။ ထို့နောက် အကယ်၍ အလွှာဟ်အလိုတော်ရှိပါလျှင် အီဂျစ်ပြည်သို့ ငြိမ်းချမ်းစွာဖြင့် ဝင်ရောက်ကြကုန်ဟု ပြောလေ၏။

وَرَفَعَ اَبَوَيْهِ عَلَى الْعَرْشِ وَخَرُّوْا لَهٗ سُجَّدًا ۚ وَقَالَ يٰٓاَبَتِ هٰذَا تَاْوِيْلُ رُءْيَايَ مِنْ قَبْلُ ۖ قَدْ جَعَلَهَا رَبِّيْ حَقًّا ؕ وَقَدْ اَحْسَنَ بِيْٓ اِذْ اَخْرَجَنِيْ مِنَ السِّجْنِ وَجَآءَ بِكُمْ مِّنَ الْبَدْوِ مِنْۢ بَعْدِ اَنْ نَّزَغَ الشَّيْطٰنُ بَيْنِيْ وَبَيْنَ اِخْوَتِيْ ؕ اِنَّ رَبِّيْ لَطِيْفٌ لِّمَا يَشَآءُ ۚ اِنَّهٗ هُوَ الْعَلِيْمُ الْحَكِيْمُ ﴿۱۰۰﴾

၁၀၀။ ထို့ပြင် သူသည် မိမိ၏မိဘနှစ်ပါးကို ဂုဏ်သိက္ခာဖြင့် ပလ္လင်ပေါ်၌ထိုင်စေလေသည်။ ထို့နောက် သူတို့အားလုံးသည် သူ့အတွက် ဦးညွတ်ဝပ်တွားခဲ့ကြပေသည်။ ထို့နောက် သူကပြောသည်မှာ အို-ကျွန်ုပ်၏ဖခင်၊ ဤသည် ယခင်က ကျွန်ုပ်မြင်မက်ခဲ့သည့်အိပ်မက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ပင်ဖြစ်ပေသည်။ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ဧကန်ပင် ယင်းကို မှန်ကန်ပြည့်စုံစေတော်မူခဲ့ပေသည်။ ထို့ပြင် အကြင်အခါဝယ် ထိုအရှင်မြတ်သည် ကျွန်ုပ်အား အကျဉ်းထောင်မှ ထုတ်ဆောင်တော်မူ၍ ကျွန်ုပ်အပေါ် လွန်စွာကျေးဇူးပြုတော်မူခဲ့ပေသည်။ ထို့ပြင် ရှိုင်တန်သည် ကျွန်ုပ်နှင့် ကျွန်ုပ်၏အစ်ကိုများအကြားတွင် နှောင့်ယှက်မှုကို ပြုလုပ်ခဲ့ပြီးသည့်နောက်တွင် အသင်တို့အား သဲကန္တာရမှ ဆောင်ယူလာတော်မူခဲ့ပေသည်။ ဧကန်စင်စစ် ကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်သည် မိမိအလိုတော်ရှိသူအတွက် အလွန်သိမ်မွေ့စွာ ကျေးဇူးပြုတော်မူသောအရှင် ဖြစ်တော်မူ၏။ ဧကန်အမှန် အရှင်မြတ်သည်ပင် ထာဝရသိရှိတော်မူသောအရှင်၊ လွန်စွာ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

رَبِّ قَدْ اٰتَيْتَنِيْ مِنَ الْمُلْكِ وَعَلَّمْتَنِيْ مِنْ تَاْوِيْلِ الْاَحَادِيْثِ ۚ فَاطِرَ السَّمٰوٰتِ وَالْاَرْضِ ۫ اَنْتَ وَلِيّٖ فِي الدُّنْيَا وَالْاٰخِرَةِ ۚ تَوَفَّنِيْ مُسْلِمًا وَّاَلْحِقْنِيْ بِالصّٰلِحِيْنَ ﴿۱۰۱﴾

၁၀၁။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား အုပ်ချုပ်မှုအာဏာမှ တစ်စိတ်တစ်ဒေသကို ပေးသနားတော်မူပါ၏။ ထို့ပြင် ကျွန်တော်မျိုးအား အကြောင်းကိစ္စများ၏ အစစ်အမှန်သဘောကို နားလည်သည့်ပညာကို ပေးသနားတော်မူပါ၏။ အို-မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူသောအရှင်၊ အရှင်မြတ်သည် လောကတွင်လည်းကောင်း၊ နောင်

တမလွန်တွင်လည်းကောင်း ကျွန်တော်မျိုး၏အဆွေခင်ပွန်းဖြစ်တော်မူပါ၏။ ကျွန်တော်မျိုးအား နာခံသည့်အခြေအနေတွင်သေဆုံးစေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအား သူတော်စင်များ၏အုပ်စုတွင် ပါဝင်စေတော်မူပါ။

ذٰلِكَ مِنْ اَنْۢبَآءِ الْغَيْبِ نُوْحِيْهِ اِلَيْكَ ۚ وَمَا كُنْتَ لَدَيْهِمْ اِذْ اَجْمَعُوْٓا اَمْرَهُمْ وَهُمْ يَمْكُرُوْنَ ﴿۱۰۲﴾

၁၀၃။ ဤကား အကွယ်၌ရှိသည့်သတင်းများအနက်မှ ဖြစ်ပေသည်။ ယင်းကို ငါတို့သည် အသင့်ထံ 'ဝဟီ' ဗျာဒိတ် ပို့ချတော်မူ၏။ ထို့ပြင် အကြင်အခါဝယ် ၎င်းတို့သည် မိမိတို့၏အရေးကိစ္စ၌ ပေါင်းစည်းညီညွတ်ခဲ့စဉ်က အသင်သည် သူတို့အနီးတွင် ရှိခဲ့သည်မဟုတ်ချေ။ စင်စစ် ၎င်းတို့သည် (ဆိုးရွားသော)ကြံစည်မှုကို ပြုလုပ်နေခဲ့ကြပေသည်။

وَمَآ اَكْثَرُ النَّاسِ وَلَوْ حَرَصْتَ بِمُؤْمِنِيْنَ ﴿۱۰۳﴾

၁၀၄။ ထို့ပြင် များစွာသော လူသားတို့သည် အသင်မည်မျှပင် လိုလားတောင့်တစေကာမူ သက်ဝင်ယုံကြည်လာကြမည်မဟုတ်ချေ။

وَمَا تَسْـَٔلُهُمْ عَلَيْهِ مِنْ اَجْرٍ ۭ اِنْ هُوَ اِلَّا ذِكْرٌ لِّلْعٰلَمِيْنَ ﴿۱۰۴﴾ ۧ

၁၀၅။ စင်စစ် အသင်သည် ၎င်းတို့ထံမှ ဤ(အလုပ်အကျွေးပြုမှု)အတွက် တစ်စုံတစ်ရာအဖိုးအခကို တောင်းခံခြင်းပြုသည် မဟုတ်ချေ။ ဤသည်ကား တစ်လောကလုံးအတွက် သွန်သင်ဆုံးမချက်တစ်ရပ်သာ ဖြစ်ပေသတည်း။

ရုကူး-၁၂

وَكَاَيِّنْ مِّنْ اٰيَةٍ فِي السَّمٰوٰتِ وَالْاَرْضِ يَمُرُّوْنَ عَلَيْهَا وَهُمْ عَنْهَا مُعْرِضُوْنَ ﴿۱۰۵﴾

၁၀၆။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေပေါ်တွင် အဘယ်မျှလောက်သော နိမိတ်လက္ခဏာများရှိပေသနည်း။ ထိုသူတို့သည် ယင်းမှ မျက်နှာလွှဲဖယ်ကာ ဖြတ်သန်းသွားလျက်ရှိကြပေသည်။

وَمَا يُؤْمِنُ اَكْثَرُهُمْ بِاللّٰهِ اِلَّا وَهُمْ مُّشْرِكُوْنَ ﴿۱۰۶﴾

၁၀၇။ ထို့ပြင် ယင်းတို့အနက် များစွာသောသူတို့သည် အရှင်မြတ်နှင့်အခြားအရာကို ယှဉ်တွဲကိုးကွယ်မှုပြုခြင်းမှတစ်ပါး အလွှာတ်အား သက်ဝင်ယုံကြည်ခြင်းမရှိကြချေ။

اَفَاَمِنُوْٓا اَنْ تَاْتِيَهُمْ غَاشِيَةٌ مِّنْ عَذَابِ اللّٰهِ اَوْ تَاْتِيَهُمُ السَّاعَةُ بَغْتَةً وَّهُمْ لَا يَشْعُرُوْنَ ﴿۱۰۷﴾

၁၀၈။ သို့ဖြစ်ရာ ထိုသူတို့ထံ အလွှာတ်၏အပြစ်ဒဏ်များအနက်မှ ဖုံးအုပ်လွှမ်းခြုံမှုပြုမည့် (ဘေးဒုက္ခ)တစ်စုံတစ်ရာ ရောက်လာခြင်းမှလည်းကောင်း၊ သို့မဟုတ် ထိုသူတို့သည် (ယင်းကို)မသိရှိဘဲလျက်ရှိနေစဉ် (တော်လှန်ပြောင်းလဲပစ်မည့်)အချိန်သည် ရုတ်တရက်ဆိုက်ရောက်လာခြင်းမှလည်းကောင်း ယင်းတို့သည် လုံခြုံငြိမ်းချမ်းမှု၌ရှိနေကြသလော။

قُلْ هٰذِهٖ سَبِيْلِيْٓ اَدْعُوْٓا اِلَى اللّٰهِ ۣ عَلٰي بَصِيْرَةٍ اَنَا وَمَنِ اتَّبَعَنِيْ ۭ وَسُبْحٰنَ اللّٰهِ وَمَآ اَنَا مِنَ الْمُشْرِكِيْنَ ﴿۱۰۸﴾

၁၀၉။ အသင်ပြောကြားပါလေ၊ ဤသည် ကျွန်ုပ်၏ လမ်းတော်ဖြစ်၏။ ကျွန်ုပ်သည် အလွှာတ်ဘက်သို့ဖိတ်ခေါ်ပါ၏။ ကျွန်ုပ်သည်လည်းကောင်း၊ ကျွန်ုပ်အား လိုက်နာသူတို့သည်လည်းကောင်း ထိုးထွင်းသိမြင်နိုင်သော အသိဉာဏ်ပေါ်၌ရှိကြပေသည်။ စင်စစ် အလွှာတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ထို့ပြင် ကျွန်ုပ်သည် 'မူရှရိက်' ယှဉ်တွဲကိုးကွယ်သူများ

အနက်မှမဟုတ်ချေ။

وَمَآ اَرْسَلْنَا مِنْ قَبْلِكَ اِلَّا رِجَالًا نُّوْحِيْٓ اِلَيْهِمْ مِّنْ اَهْلِ الْقُرٰى ؕ اَفَلَمْ يَسِيْرُوْا فِى الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ مِنْ قَبْلِهِمْ ؕ وَلَدَارُ الْاٰخِرَةِ خَيْرٌ لِّلَّذِيْنَ اتَّقَوْا ؕ اَفَلَا تَعْقِلُوْنَ ﴿۱۰۹﴾

၁၀၀။ ထို့ပြင် ငါတို့သည် အသင့်အလျင် မြို့ရွာများ၌နေထိုင်သူများအနက် ယောကျ်ားများမှလွဲ၍ အခြားမည်သူ့ကိုမျှ 'ဝဟီ' ဗျာဒိတ်ပို့ချတော်မူလျက် မည်သည့်အခါမျှ စေလွှတ်တော်မမူခဲ့ချေ။ သို့ဖြစ်ရာ ယင်းတို့သည် ကမ္ဘာမြေပြင်၌လှည့်လည်၍ မကြည့်ရှုကြပေသလော။ သို့ဖြင့် ယင်းတို့အလျင်ရှိခဲ့ကြသူများ၏ နောက်ဆုံးရလဒ် မည်သို့ဖြစ်ခဲ့သည်ကို သူတို့တွေ့မြင်နိုင်ကြပေအံ့။ ထို့ပြင် 'တက္ကဝါ' ကြောက်ရွံ့ရိုကျိုးခြင်းတရားကို ကျင့်သုံးဆောက်တည်ကြသောသူတို့အဖို့မှာမူ နောင်တမလွန်၏ အိမ်တော်သည်သာလျှင် ပိုမိုကောင်းမြတ်ပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ဆင်ခြင်စဉ်းစားခြင်း မပြုကြပေသလော။

حَتّٰٓى اِذَا اسْتَيْـَٔسَ الرُّسُلُ وَظَنُّوْٓا اَنَّهُمْ قَدْ كُذِبُوْا جَآءَهُمْ نَصْرُنَا ۙ فَنُجِّىَ مَنْ نَّشَآءُ ؕ وَلَا يُرَدُّ بَاْسُنَا عَنِ الْقَوْمِ الْمُجْرِمِيْنَ ﴿۱۱۰﴾

၁၁၀။ နောက်ဆုံးတွင် တမန်တော်များသည် (ငင်းတို့ကို) စိတ်ပျက်လက်လျှော့သွားခဲ့ကြကာ (လူများက) သူတို့သည် လိမ်လည်ပြောဆိုခြင်းကိုခံခဲ့ကြရသည်ဟု ထင်မြင်ယူဆကြသောအခါ ငါတို့၏အကူအညီသည် သူတို့ထံရောက်ရှိလာခဲ့ပေသည်။ သို့ဖြစ်ရာ ငါတို့အလိုတော်ရှိသောသူတို့သည် ကယ်တင်ခြင်းကိုခံခဲ့ရပေသည်။ စင်စစ် ငါတို့၏ အပြစ်ဒဏ်သည် အပြစ်ကျူးလွန်သောအမျိုးသားတို့ထံမှ လွှဲဖယ်နိုင်သည်မဟုတ်ချေ။ ۞

لَقَدْ كَانَ فِىْ قَصَصِهِمْ عِبْرَةٌ لِّاُولِى الْاَلْبَابِ ؕ مَا كَانَ حَدِيْثًا يُّفْتَرٰى وَلٰكِنْ تَصْدِيْقَ الَّذِىْ بَيْنَ يَدَيْهِ وَتَفْصِيْلَ كُلِّ شَىْءٍ وَّهُدًى وَّرَحْمَةً لِّقَوْمٍ يُّؤْمِنُوْنَ ﴿۱۱۱﴾

၁၁၁။ ဧကန်မုချ ၎င်းတို့၏သမိုင်းဖြစ်ရပ်များကိုဖော်ပြခြင်း၌ အသိဉာဏ်ရှိသူတို့အဖို့ ကြီးမားသော သံဝေဂယူဖွယ်ရာတစ်ရပ်ရှိပေသည်။ ဤသည် လိမ်လည်ဖန်တီးထားသော ဒဏ္ဍာရီအကြောင်းရပ်မဟုတ်မူ၍ ယင်းသည် သူ၏ရှေ့၌ရှိသည်များအား မှန်ကန်ကြောင်းကို ထောက်ခံ၏။ ထို့ပြင် အကြောင်းရပ်မှန်သမျှကို ကောင်းစွာရှင်းလင်းဖော်ပြ၏။ ထို့ပြင် သက်ဝင်ယုံကြည်ကြသောသူတို့အဖို့ လမ်းညွှန်တော်နှင့် ကရုဏာတော်ဖြစ်ပေသတည်း။

❖ ❖ ❖

۞ **كُذِبُوا** ၏သဘောမှာ 'သူတို့အားလိမ်ညာပြောခဲ့သည်'ဟူ၏။ ဤနေရာ၌ **كُذِبُوا** ၏ဆိုလိုရင်းမှာ ၎င်းတို့က တမန်တော်များသည် မိမိတို့အားလိမ်လည်ပြောဆိုခဲ့သည်ဟူ၍ယူဆခဲ့ကြောင်း ဆိုလိုခြင်းဖြစ်ပေသည်။ နောက်ဆုံးတွင် တမန်တော်များသည် အလ္လာဟ်၏အကူအညီကိုရရှိသွားကြသောအခါ တမန်တော်များပြောဆိုခဲ့သမျှတို့သည် မှန်ကန်ကြောင်းကို ၎င်းတို့နားလည်လာခဲ့ကြပေသည်။

၁၃။ အလ်-ရာအ်ဒ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ် တော်ပေါင်း(၄၄)ပိုဒ်ပါရှိသည်။ ဤဆူရာဟ်တော်တွင် 'အလီဖ်၊ လာမ်၊ မင်မ်'အပြင် 'ရာ'ဟူသော အက္ခရာတစ်လုံး ထပ်တိုးပါရှိသည်။

'အလီဖ်-လာမ်-မင်မ်-ရာ'မှာ **'اَنَا اللّٰهُ اَعْلَمُ وَاَرٰى'** ငါသည် အလ္လာဟ်ဖြစ်တော်မူပြီး အားလုံးထက် ပို၍သိတော်မူသောအရှင်၊ မြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏'ဟု အနက်ရရှိပေသည်။

ဤဆူရာဟ်တွင် တမန်တော်မြတ်ﷺမည်သို့မျှ တိုက်ရိုက်သိရှိနိုင်ရန်မစွမ်းသော စကြဝဠာကြီး၏ လျှို့ဝှက်ချက်များကို လှစ်ဟဖွင့်ပြထားပေသည်။ ဤတွင် ဤသည့်အလျင်က အသင်၏ရှေ့တွင် ဖော်ပြခဲ့ သမျှသော သတင်းစကားများမှာလည်း ဧကန်ပင် 'အာလေမူလ်ဂိုက်ဘ်' လျှို့ဝှက်ဖုံးကွယ်လျက်ရှိသည်တို့ကို သိတော်မူသော အလ္လာဟ်ရှင်မြတ်၏ထံတော်မှသာဖြစ်ခဲ့ပေရာ ယင်း၌မည်သို့သော သံသယဖြစ်စရာမျှ မရှိကြောင်းကို ရည်ညွှန်းဖော်ပြထားပေသည်။

မဟာစကြဝဠာ၏လျှို့ဝှက်ချက်များတွင် အခြေခံအရင်းအမြစ်အကျဆုံးအကြောင်းရပ်ကို ဤတွင်ဖော်ပြထားသည်။ ယင်းမှာ (Gravity) ဆွဲငင်အား၏ သဘောအမှန်ဖြစ်ပေသည်။ ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့မှာ မိမိတို့၏အဝန်းအဝိုင်းအတွင်း အလိုအလျောက်၊ သူ့အလိုလို ရပ်တည်နေကြသည် မဟုတ်မူဘဲ အလုံးစုံသော နေလနက္ခတ်တာရာတို့၏အကြားတွင် အသင်တို့၏မျက်စိများဖြင့် မမြင်မတွေ့ နိုင်သော လျှို့ဝှက်နက်နဲသည့်စွမ်းအားတစ်ခုက လုပ်ဆောင်နေကြောင်း၊ ယင်းစွမ်းအား၏အကျိုးဆက်ဖြင့် မိမိတို့၏အဝန်းအဝိုင်းတွင် ရပ်တည်ကြလျက် အလုံးစုံသော နေ၊ လ၊ နက္ခတ်တာရာတို့မှာ တိုင်ကြီးများ ဖြင့် မ,တည်ထားဘိသည့်အလားရှိနေကြခြင်းဖြစ်ကြောင်း မိန့်ထားတော်မူပေသည်။ နက္ခတ္တဗေဒ ပညာရှင်များက (Gravity) ဆွဲငင်အားနှင့်စပ်လျဉ်း၍ ထိုကဲ့သို့ပင် ရှင်းလင်းတင်ပြကြပေသည်။ ထိုအကြောင်းအရာကို ဤတွင် အကျယ်တဝင့်တင်ပြရန် အခွင့်အခါမဟုတ်သဖြင့် ချန်လှပ်ခဲ့ပါမည်။

ဤဆူရာဟ်တွင် အခြားအရေးပါသည့် အကြောင်းအရာတစ်ခုဖြစ်သော၊ အလ္လာဟ်အရှင် မြတ်သည် ကြည်လင်သန့်ရှင်းသောရေဖြင့် ကမ္ဘာမြေတွင် ရှိသမျှအရာအားလုံးကို မည်သို့ဘဝအသက် ပေးတော်မူကြောင်း ဖော်ပြထားတော်မူသည်။ ပင်လယ်ရေမှာ ကုန်းနေသတ္တဝါများနှင့် ရုက္ခသစ်ပင် လောက၏ ဘဝအသက်ကိုရရှိစေရမည့်အစား မရဏ၏သားကောင်များဖြစ်သွားရသည်ထိ အလွန်အကျွံ အငန်ဓာတ်ဖြင့် ပြည့်နှက်နေပေသည်။ ဤတွင် ပင်လယ်ရေကိုသန့်စင်လျက် မြင့်မားသောတောင်များဆီ သို့ သယ်ဆောင်သွားခြင်း၊ ထို့နောက် ယင်းမှ မိုးရေအဖြစ် ရွာသွန်းချခြင်းနှင့် ပင်လယ်သမုဒ္ဒရာဘက်သို့ ပြန်ရောက်သည်အထိ ဘဝအသက်ကို ပျံ့နှံ့ဖြန့်ကြက်စေသောစနစ်ကြီးကို ဖော်ပြထားပေသည်။ ထိုစနစ်သည် ကောင်းကင်ယံရှိ လျှပ်စီးလက်ခြင်းများနှင့် နက်ရှိုင်းစွာ ဆက်နွယ်လျက်ရှိပြီး ယင်းသည် ပင်လယ်သမုဒ္ဒရာမှ ရေခိုးရေငွေ့များ ပျံတက်ခြင်း၏ အကျိုးဆက်ကြောင့် ပေါက်ဖွားလာခြင်းဖြစ်ပေသည်။ မိုးတိမ်များအကြား လျှပ်စီးလက်ခြင်းမရှိလျှင် မိုးသည် ရေစက်ရေပေါက်များအသွင်ဖြင့် ကမ္ဘာမြေပေါ်သို့ မရွာသွန်းနိုင်ချေ။ လျှပ်စီးလက်ခြင်း၏ မိုးချုန်းသံများမှာ တစ်ခါတစ်ရံ အလွန်ကြောက်မက်ဖွယ်ကောင်း ပေရာ ယင်းသည် အချို့သောသူများအဖို့ ဘဝအသက်ကိုပေးရမည့်အစား ပျက်စီးဆုံးရှုံးစေသည့် အကြောင်းခံဖြစ်သွားပေသည်။ သို့ကြောင့် ထိုသို့သောအချိန်များတွင် ကောင်းကင်တမန်များသည်

အလွာဟ်အရှင်မြတ်၏ရှေ့တော်၌ တုန်လှုပ်လျက်ရှိနေခဲ့ကြပေသည်ဟု မိန့်ကြားထားတော်မူပေသည်။ ဤသည့်အလျင် အလွာဟ်အရှင်မြတ်က လူသားတိုင်းအဖို့ ကာကွယ်စောင့်ရှောက်ရန်အတွက် သူ၏ရှေ့တွင်လည်းကောင်း၊ နောက်တွင်လည်းကောင်း၊ လျှို့ဝှက်စွာ အစောင့်အရှောက်များထားရှိကြောင်း၊ ယင်းတို့သည် အလွာဟ်အရှင်မြတ်၏ 'တက္ကဒီရ်' စီမံချက်နှင့်အညီ အလွာဟ်အရှင်မြတ်၏အမိန့်တော်ဖြင့် သူ့အားစောင့်ရှောက်ကြောင်းကိုလည်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤကား အလွန်နက်နဲသိမ်မွေ့လှသော သိပ္ပံပညာရပ်ဖြစ်၍ ယင်းကို ဤနေရာတွင် အကျယ်တဝင့်ဖော်ပြရန် မဖြစ်နိုင်ချေ။ သို့ရာတွင် မည်သူမဆို စွမ်းရည်ရှိပါလျှင် ဤအဓိပ္ပာယ်နက်နဲခြင်းတည်းဟူသော ပင်လယ်တွင်ငုပ်လျှိုးလျက် အသိပညာ အမြော်အမြင်တည်းဟူသော ပုလဲရတနာကို ရှာဖွေဖော်ထုတ်နိုင်ကြရာ၏။

ထို့ပြင် ဤဆူရာဟ်တော်တွင် 'ငါတို့သည် အရာရာတိုင်းကို စုံတွဲစီ ဖန်ဆင်းထားတော်မူ၏'ဟု မိန့်ကြားထားတော်မူပေသည်။ အာရဗ်တို့သည် စွန်ပလွံပင်၌ အဖိုအမအစုံရှိသည်ကိုသာ သိရှိကြပေသည်။ သို့သော် အခြားသောအပင်များနှင့် အသီးများတွင်လည်း အဖိုအမရှိကြကြောင်း သူတို့၏စဉ်းစားတွေးတောမှု၌ပင် အလျှင်းမရှိခဲ့ကြချေ။ သို့ဖြစ်ရာ ဤသစ်လွင်သောအကြောင်းရပ်ကို ဖော်ပြလိုက်ခြင်းဖြင့် မျက်မှောက်ခေတ်သိပ္ပံပညာရှင်များအနေဖြင့် ယင်း၏နက်နဲမှုကို သဘောပေါက်ကြကာ သူတို့၏ဖော်ပြချက်အရ ရုက္ခလောကသစ်ပင်ပန်းမာလ်များတွင်သာ အစုံအတွဲများရှိသည်မဟုတ်မူ၍ 'မော်လီကျူး'များနှင့် 'အက်တမ်'များ၌ပင် စုံတွဲကိုတွေ့ရှိရပေသည်။ (Matter) ရုပ်ဒြပ်နှင့် (Anti-matter) ဒြပ်မဲ့အရာတို့၏ စုံတွဲတစ်ခုလည်း ရှိပေသည်။ အကယ်၍ စကြဝဠာကြီးတစ်ခုလုံးကို စုစည်းလိုက်လျှင် (Positive) ပကတိဒြပ်နှင့် ၎င်းနှင့်ဆန့်ကျင်သော (Negative) ဒြပ်တို့ထိတွေ့ပြီး ပျက်စီးချုပ်ငြိမ်းသွားမည်ဖြစ်၏။ ထို့ပြင် 'နတ္ထိ'မရှိရာမှဖြစ်ပေါ်တည်ရှိခြင်း ဒဿနကိုလည်း ဤအာယတ်တော်တွင် သိမ်မွေ့နက်နဲသော အဓိပ္ပာယ်များဖြင့် ဖြေရှင်းချက်ရရှိနိုင်ပေသည်။

ထို့နောက် တမန်တော်မြတ်ﷺကို ရန်လိုမုန်းထားသူများအား စုံလင်ပြည့်ဝသော သက်သေသာဓကကိုတင်ပြနိုင်ရန်အတွက် အင်အားကြီးမားခိုင်မာသော သက်သေပြချက်တစ်ခုကို ဖော်ပြထားသည်မှာ ဤကြီးကျယ်သော တမန်တော်မြတ်နှင့် သူ၏နောက်လိုက်သာဝကများမှာ အသို့လျှင် ရှုံးနိမ့်နိုင်ပါအံ့နည်း။ အမှန်သော်ကား သူတို့၏မြေမှာ ကျယ်ပြန့်တိုးပွားလျက်ရှိနေပြီး သူတို့အားရန်ပြုသော ရန်ဘက်များ၏ မြေသည်ကား ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းလျက်ရှိနေသည်ဟူ၍ဖြစ်သည်။ ထို့နောက် တစ်ဖန် တမန်တော်မြတ်ﷺအား ဤသို့အားပေးစကားပြောကြားထားတော်မူပေသည်။ "နောက်ဆုံးတွင် အစွန်လာမ်၏ ကြီးကျယ်ခမ်းနားလှသောအောင်ပွဲကို အသင်သည် မျက်စိဖြင့်မြင်တွေ့ရသည်ဖြစ်စေ၊ မမြင်မတွေ့ရသည်ဖြစ်စေ၊ မည်သို့ပင်ဖြစ်စေ ငါအရှင်မြတ်သည် အသင်၏သာသနာကို တစ်လောကလုံးအပေါ် လွှမ်းမိုးအောင်နိုင်စေတော်မူမည်"ဟူ၍ ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ရာအ်ဒ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၄၄)ပိုဒ် ရှုကူ (၆)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍၊ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

الٓمّٓرٰ ۚ تِلْكَ اٰيٰتُ الْكِتٰبِ ؕ وَالَّذِيْٓ اُنْزِلَ اِلَيْكَ مِنْ رَّبِّكَ الْحَقُّ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يُؤْمِنُوْنَ ①

၂။ الٓمّٓرٰ ۚ ငါသည် အလ္လာဟ်ဖြစ်တော်မူ၏၊ အားလုံးထက်ပို၍သိတော်မူသောအရှင် ဖြစ်တော်မူ၏။ ထို့ပြင် ငါသည် မြင်တွေ့တော်မူ၏။ ဤသည် ပြီးပြည့်စုံသောကျမ်းတော်၏ အာယတ်တော်များတည်း။ ဤသည် အသင်၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အသင့်ထံပို့ချသည့် အမှန်တရားဖြစ်၏။ သို့ရာတွင် များစွာသောသူတို့မှာ သက်ဝင်ယုံကြည်ခြင်းမရှိကြချေ။

اَللّٰهُ الَّذِيْ رَفَعَ السَّمٰوٰتِ بِغَيْرِ عَمَدٍ تَرَوْنَهَا ثُمَّ اسْتَوٰى عَلَى الْعَرْشِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ ؕ كُلٌّ يَّجْرِيْ لِاَجَلٍ مُّسَمًّى ؕ يُدَبِّرُ الْاَمْرَ يُفَصِّلُ الْاٰيٰتِ لَعَلَّكُمْ بِلِقَآءِ رَبِّكُمْ تُوْقِنُوْنَ ②

၃။ အလ္လာဟ်သည်ကား ထိုအရှင်တည်း။ အရှင်မြတ်သည် မိုးကောင်းကင်များကို တိုင်များမပါဘဲ မြင့်စွင့်စေတော်မူ၏။ ယင်းကို အသင်တို့ရှုမြင်နိုင်စေရန် အလို့ငှာဖြစ်၏။ ထို့နောက် အရှင်မြတ်သည် 'အရ်ရှ်'ပလ္လင်တော်ထက်ဝယ် တည်တံ့စိုးမိုးတော်မူ၏။ ထို့နောက် 'နေ'နှင့် 'လ'တို့ကို အလုပ်အကျွေးပြုရန်အလို့ငှာ ခန့်ထားတော်မူ၏။ အရာခပ်သိမ်းတို့သည် သတ်မှတ်ထားသောအချိန်ကာလတစ်ရပ်အတွက် လှုပ်ရှားနေကြပေသည်။ အရှင်မြတ်သည် အရေးကိစ္စမှန်သမျှကို စီမံခန့်ခွဲတော်မူ၏။ ထို့ပြင်အရှင်မြတ်သည် မိမိ၏ သက်သေလက္ခဏာတော်များကို ပွင့်လင်းထင်ရှားစွာဖော်ပြတော်မူ၏။ သို့ဖြင့် အသင်တို့သည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်အား ဆုံတွေ့ရမည်ကို ယုံကြည်ကြစေရန်ဖြစ်၏။

وَهُوَ الَّذِيْ مَدَّ الْاَرْضَ وَجَعَلَ فِيْهَا رَوَاسِيَ وَاَنْهٰرًا ؕ وَمِنْ كُلِّ الثَّمَرٰتِ جَعَلَ فِيْهَا زَوْجَيْنِ اثْنَيْنِ يُغْشِي الَّيْلَ النَّهَارَ ؕ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّتَفَكَّرُوْنَ ③

၄။ ထိုအရှင်မြတ်သည်ပင် ကမ္ဘာမြေကိုဖြန့်ခင်းထားတော်မူ၏။ ယင်း၌ တောင်များနှင့် မြစ်များကို ပြုလုပ်တော်မူ၏။ ထို့ပြင် အရှင်မြတ်သည် ယင်း(ကမ္ဘာမြေ)၌ အမျိုးမျိုးသောသစ်သီးဝလံများအနက် (ဖို့မ)စုံတွဲနှစ်ခုစီ ပြုလုပ်ထားတော်မူ၏။ အရှင်မြတ်သည် 'ညဉ့်'ဖြင့် 'နေ့'ကို ဖုံးလွှမ်းစေတော်မူ၏။ ဧကန်စင်စစ် ယင်း၌ စဉ်းစားတွေးတောသူတို့အဖို့ နိမိတ်လက္ခဏာတော်များရှိ၏။

وَفِي الْاَرْضِ قِطَعٌ مُّتَجٰوِرٰتٌ وَّجَنّٰتٌ مِّنْ اَعْنَابٍ وَّزَرْعٌ وَّنَخِيْلٌ صِنْوَانٌ

၅။ ကမ္ဘာမြေတွင် တစ်ခုနှင့်တစ်ခုထိစပ်နေသော နယ်မြေများရှိကြ၏။ ထို့ပြင် စပျစ်ခြံများ၊ လယ်ယာများ၊ စွန်ပလွံပင်များ၊ အမြစ်တစ်ခုတည်းမှ အညှောက်တစ်ခုထက်ပိုမို၍ထွက်သည်

وَّغَيۡرُ صِنۡوَانٍ يُّسۡقٰى بِمَآءٍ وَّاحِدٍ ۫ وَنُفَضِّلُ بَعۡضَهَا عَلٰى بَعۡضٍ فِى الۡاُكُلِ ؕ اِنَّ فِىۡ ذٰلِكَ لَاٰيٰتٍ لِّقَوۡمٍ يَّعۡقِلُوۡنَ ۝

များနှင့် အမြစ်တစ်ခုတည်းမှ အညှောက် ပိုမို၍ မထွက်သည် များရှိကြ၏။ ၎င်းတို့(အားလုံး)သည် ရေတစ်မျိုးတည်းဖြင့်သာ တိုက်ကျွေးခြင်းခံရ၏။ ထို့ပြင် ယင်းတို့အနက် အချို့ကို အခြားအရာများထက် အသီးသီးရာ၌ သာလွန်မှုကို ပေးသနားတော်မူ၏။ ယင်း၌ အသိဉာဏ်ရှိသူတို့အဖို့ ဧကန်ပင် နိမိတ်လက္ခဏာတော်များရှိ၏။

وَاِنۡ تَعۡجَبۡ فَعَجَبٌ قَوۡلُهُمۡ ءَاِذَا كُنَّا تُرٰبًا ءَاِنَّا لَفِىۡ خَلۡقٍ جَدِيۡدٍ ؕ اُولٰٓئِكَ الَّذِيۡنَ كَفَرُوۡا بِرَبِّهِمۡ ۚ وَاُولٰٓئِكَ الۡاَغۡلٰلُ فِىۡۤ اَعۡنَاقِهِمۡ ۚ وَاُولٰٓئِكَ اَصۡحٰبُ النَّارِ ۚ هُمۡ فِيۡهَا خٰلِدُوۡنَ ۝

၆။ ထို့ပြင် အကယ်၍ အသင်သည်အံ့ဩပါလျှင်၊ ယင်းတို့၏ ဤစကားသည်လည်း အလွန် အံ့ဩဖွယ်ကောင်းလှပေသည်။ (ယင်းတို့က) ကျွန်ုပ်တို့သည် မြေကြီးဖြစ်သွားခဲ့ကြပြီးသော်မှ အမှန်ပင် ကျွန်ုပ်တို့သည် ဖန်ဆင်းမှုအသစ်တစ်ခုတွင် ထည့်သွင်းခြင်းခံကြရမည်လော(ဟု ဆိုကြ၏)။ ဤသူများသည်သာလျှင် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်အား ငြင်းပယ်သူများဖြစ်ကြ၏။ ဤသူများသည်သာလျှင် ယင်းတို့၏လည်ပင်းများ၌ လည်ပတ်ကြိုးရှိနေပေလိမ့်မည်။ ထို့ပြင် ဤသူများသည်သာ (ငရဲ)မီးသားများဖြစ်ကြ၏။ သူတို့သည် ယင်း၌ အချိန်ကာလကြာရှည်စွာ နေရမည့်သူများဖြစ်ကြ၏။

وَيَسۡتَعۡجِلُوۡنَكَ بِالسَّيِّئَةِ قَبۡلَ الۡحَسَنَةِ وَقَدۡ خَلَتۡ مِنۡ قَبۡلِهِمُ الۡمَثُلٰتُ ؕ وَاِنَّ رَبَّكَ لَذُوۡ مَغۡفِرَةٍ لِّلنَّاسِ عَلٰى ظُلۡمِهِمۡ ۚ وَاِنَّ رَبَّكَ لَشَدِيۡدُ الۡعِقَابِ ۝

၇။ ထို့ပြင် ယင်းတို့သည် အသင့်ထံတွင် မကောင်းမှုကို ကောင်းမှုထက်ဦးစွာ အလျင်စလိုတောင်းဆိုကြ၏။ စင်စစ် ယင်းတို့ထက်အလျင် များစွာသော သံဝေဂရဖွယ်ဥပမာများသည် လွန်ခဲ့လေပြီ။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် လူသားများအဖို့ ယင်းတို့က အပြစ်ကျူးလွန်မှုပြုကြလျှင်သော်မှ လွန်စွာ ခွင့်လွှတ်တော်မူသော အရှင် ဖြစ်တော်မူ၏။ ထို့ပြင် အမှန်ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ပြစ်ဒဏ်ပေးရာတွင် အလွန်ပြင်းထန်တော်မူ၏။

وَيَقُوۡلُ الَّذِيۡنَ كَفَرُوۡا لَوۡلَاۤ اُنۡزِلَ عَلَيۡهِ اٰيَةٌ مِّنۡ رَّبِّهٖ ؕ اِنَّمَاۤ اَنۡتَ مُنۡذِرٌ وَّلِكُلِّ قَوۡمٍ هَادٍ ۝

၈။ မယုံကြည်ငြင်းပယ်သူများက သူ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်မှ သူ့ထံ အဘယ့်ကြောင့် နိမိတ်လက္ခဏာတစ်ရပ်ရပ်မျှပင် မပို့ချခဲ့လေသနည်းဟု ပြောဆိုကြ၏။ စင်စစ်သော်ကား အသင်သည် သတိပေးနှိုးဆော်သူတစ်ဦးမျှသာဖြစ်၏။ စင်စစ် လူမျိုးနွယ်တိုင်းအတွက် တရားလမ်းမှန်ကိုညွှန်ပြသူတစ်ဦး ရှိပေသတည်း။

ရုကူး-၂

اَللّٰهُ يَعۡلَمُ مَا تَحۡمِلُ كُلُّ اُنۡثٰى وَمَا تَغِيۡضُ الۡاَرۡحَامُ وَمَا تَزۡدَادُ ؕ وَكُلُّ شَىۡءٍ عِنۡدَهٗ بِمِقۡدَارٍ ۝

၉။ အလ္လာဟ်သည် အမဟူသမျှက(ကိုယ်ဝန်အဖြစ်) သယ်ပိုးထားသည်ကိုလည်းကောင်း၊ သားအိမ်များက လျော့နည်းစေသည်နှင့် တိုးပွားစေသည်များကိုလည်းကောင်း သိရှိတော်မူ၏။ အရာအားလုံးတို့သည် ထိုအရှင်မြတ်ထံတော်တွင် အထူး

ချိန်ဆချက်တစ်ရပ်ဖြင့် ရှိနေပေသည်။

عٰلِمُ الْغَيْبِ وَالشَّهَادَةِ الْكَبِيْرُ الْمُتَعَالِ ۝٩

၁၀။ အရှင်မြတ်သည်အကွယ်တွင်ရှိသည်တို့နှင့် မျက်မှောက်တွင်ရှိသည်တို့ကို သိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။ အလွန်လျှင် ကြီးကဲတော်မူသောအရှင်၊ လွန်စွာ ဂုဏ်ရှိန်မြင့်မားတော်မူသောအရှင် ဖြစ်တော်မူ၏။

سَوَآءٌ مِّنْكُمْ مَّنْ اَسَرَّ الْقَوْلَ وَمَنْ جَهَرَ بِهٖ وَمَنْ هُوَ مُسْتَخْفٍۢ بِالَّيْلِ وَسَارِبٌۢ بِالنَّهَارِ ۝١٠

၁၁။ အသင်တို့အနက် စကားကိုလျှို့ဝှက်သူနှင့် ထုတ်ဖော်ပြောဆိုသူသည်လည်းကောင်း၊ ထို့အတူ ညဉ့်တွင်ပုန်းကွယ်နေသူနှင့် နေ့အခါတွင် (ထင်ပေါ်စွာ)သွားလာနေသူသည်လည်းကောင်း အတူတူပင်ဖြစ်၏။

لَهٗ مُعَقِّبٰتٌ مِّنْۢ بَيْنِ يَدَيْهِ وَمِنْ خَلْفِهٖ يَحْفَظُوْنَهٗ مِنْ اَمْرِ اللّٰهِ ؕ اِنَّ اللّٰهَ لَا يُغَيِّرُ مَا بِقَوْمٍ حَتّٰى يُغَيِّرُوْا مَا بِاَنْفُسِهِمْ ؕ وَاِذَآ اَرَادَ اللّٰهُ بِقَوْمٍ سُوْٓءًا فَلَا مَرَدَّ لَهٗ ۚ وَمَا لَهُمْ مِّنْ دُوْنِهٖ مِنْ وَّالٍ ۝١١

၁၂။ သူ့အတွက် သူ၏ရှေ့နှင့် နောက်တွင် သွားလာလျက်ရှိသော ကာကွယ်စောင့်ရှောက်သူများ(ခန့်အပ်ထား)ရှိ၏။ ၎င်းတို့သည် အလ္လာဟ်၏အမိန့်တော်ဖြင့် သူ့အား ကာကွယ်စောင့်ရှောက်ကြ၏။ စင်စစ်ဧကန် အလ္လာဟ်သည် မည်သည့် လူမျိုးနွယ်၏ အခြေအနေကိုမျှ သူတို့၏စိတ်များတွင် ရှိသည်တို့ကို သူတို့ကိုယ်တိုင်က ပြောင်းလဲခြင်းမပြုသရွေ့ ပြောင်းလဲပေးတော်မမူချေ။ ထို့ပြင် အလ္လာဟ်သည် လူမျိုးနွယ်တစ်ခုခုအား ဆိုးရွားသောရလဒ်ကို ဆုံးဖြတ်တော်မူလျှင် ယင်းအား လွှဲဖယ်ပစ်ရန်မှာ မည်သို့သောအခြေအနေတွင်မျှမဖြစ်နိုင်ချေ။ ၎င်းပြင် အရှင်မြတ်မှလွဲ၍ ထိုသူတို့အတွက် မည်သည့်အကျိုးဆောင်ပေးမည့်သူ တစ်စုံတစ်ဦးမျှလည်းရှိသည်မဟုတ်ချေ။ ۝١١

هُوَ الَّذِيْ يُرِيْكُمُ الْبَرْقَ خَوْفًا وَّطَمَعًا وَّيُنْشِئُ السَّحَابَ الثِّقَالَ ۝١٢

၁၃။ ထို့အရှင်မြတ်သည်ပင် အသင်တို့အား မိုးကောင်းကင်မှလျှပ်ပြက်ခြင်းကို ပြသတော်မူ၏။ ယင်းကြောင့် အသင်တို့သည် တစ်ခါတစ်ရံ ကြောက်ရွံ့ခြင်းတွင်လည်းကောင်း၊ တစ်ခါတစ်ရံ မျှော်လင့်ခြင်းတွင်လည်းကောင်း နစ်မြုပ်သွားကြ၏။ ထို့ပြင် (ထိုအရှင်မြတ်သည်) လေးလံသောမိုးတိမ်များကို (အပေါ်သို့) ပင့်မထားတော်မူ၏။

وَيُسَبِّحُ الرَّعْدُ بِحَمْدِهٖ وَالْمَلٰٓئِكَةُ مِنْ خِيْفَتِهٖ ۚ وَيُرْسِلُ الصَّوَاعِقَ فَيُصِيْبُ بِهَا مَنْ يَّشَآءُ وَهُمْ يُجَادِلُوْنَ فِى اللّٰهِ ۚ وَهُوَ شَدِيْدُ الْمِحَالِ ۝١٣

၁၄။ ထို့ပြင် မိုးချုန်းသံသည် အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းနှင့်အတူ (အရှင်မြတ်၏) သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ရင့်ကျူး၏။ ထို့ပြင် ကောင်းကင်တမန်များသည်လည်း အရှင်မြတ်အား ကြောက်ရွံ့လျက် (အရှင်မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်း ရင့်ကျူးလျက်ရှိနေကြ၏)။ ထို့ပြင် အရှင်မြတ်သည် မြည်ဟိန်းသော မိုးကြိုးများကို စေလွှတ်

مِنْ اَمْرِ اللّٰهِ ۝١١ သည် အပြင်ပန်းအားဖြင့် အာရဗီဘာသာစကားအသုံးအနှုန်းအရ بِاَمْرِ اللّٰهِ အလ္လာဟ်၏အမိန့်တော်ဖြင့်ဟူ၍ ဖြစ်သင့်သည်။ သို့ရာတွင် ဤထူးခြားသော သုံးနှုန်းပုံအရ အဓိပ္ပာယ်နှစ်မျိုးထွက်သည်။ အလ္လာဟ်၏အမိန့်တော်ဖြင့်၊ အလ္လာဟ်၏ 'တက္ကဒီရ်'စီမံချက်ဖြင့်သာလျှင် ကယ်တင်ရန်အတွက် အလ္လာဟ်၏အမိန့်တော် ထင်ပေါ်လာပေသည်ဟူ၏။

တော်မူလျက် ယင်းအားဖြင့် အလိုရှိတော်မူသောသူအား ဘေးဒုက္ခသက်ရောက်စေတော်မူ၏။ သို့ပါလျက် ယင်းတို့သည် အလွှာတ်နှင့်စပ်လျဉ်း၍ ငြင်းခုံလျက်ရှိနေကြ၏။ စင်စစ်သော်ကား အရှင်မြတ်သည် ဖမ်းဆီးရာတွင် အလွန် ပြင်းထန်တော်မူ၏။

لَهٗ دَعْوَةُ الْحَقِّ ؕ وَالَّذِيْنَ يَدْعُوْنَ مِنْ دُوْنِهٖ لَا يَسْتَجِيْبُوْنَ لَهُمْ بِشَيْءٍ اِلَّا كَبَاسِطِ كَفَّيْهِ اِلَى الْمَآءِ لِيَبْلُغَ فَاهُ وَمَا هُوَ بِبَالِغِهٖ ؕ وَمَا دُعَآءُ الْكٰفِرِيْنَ اِلَّا فِيْ ضَلٰلٍ ۝۱۴

၁၅။ စစ်မှန်သော 'ဒုိအာ' ဆုတောင်းကို အရှင်မြတ်ထံတော်မှသာလျှင်ပြုရ၏။ ၎င်းတို့သည် ထို(အရှင်မြတ်)မှတစ်ပါး အကြင်အရာများကို ဟစ်ခေါ်တမ်းတကြပေရာ ယင်းတို့သည် သူတို့၏ မည်သည့်စကားကိုမျှ အဖြေမပေးကြချေ။ သို့ရာတွင် (သူတို့သည်) မိမိ၏လက်နှစ်ဘက်ကို ရေရှိရာဘက်သို့ ဆန့်လျက် ရေသည် သူ၏ပါးစပ်သို့တိုင်ရောက်လာအောင်ပြုသော သူပမာ(ဖြစ်၏)။ အမှန်သော်ကား ယင်းသည် မည်သို့သော အခြေအနေတွင်မျှ သူ့ထံသို့မရောက်နိုင်ချေ။ ထို့ပြင် မယုံကြည်ငြင်းပယ်သူတို့၏ 'ဒုိအာ'ဆုတောင်းသည် လွဲမှားခြင်း၌ တဝဲလည်လည်ဖြစ်နေခြင်းမှတစ်ပါး အခြားမည်သည်မျှ မဟုတ်ချေ။

وَلِلّٰهِ يَسْجُدُ مَنْ فِي السَّمٰوٰتِ وَالْاَرْضِ طَوْعًا وَّ كَرْهًا وَّ ظِلٰلُهُمْ بِالْغُدُوِّ وَالْاٰصَالِ ۝۱۵

၁၆။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသည်တို့သည် ဆန္ဒအလျောက်ဖြစ်စေ၊ မလွဲမရှောင်သာ၍ဖြစ်စေ အလွှာတ်အားသာလျှင် 'စဂ်ဒါဟ်' ဦးချနာခံခြင်းပြုကြ၏။ ထို့ပြင် ယင်းတို့၏အရိပ်များသည်လည်း နံနက်နှင့် ညနေ (အချိန်များတွင် 'စဂ်ဒါဟ်'ပြုကြ၏)။

قُلْ مَنْ رَّبُّ السَّمٰوٰتِ وَالْاَرْضِ ؕ قُلِ اللّٰهُ ؕ قُلْ اَفَاتَّخَذْتُمْ مِّنْ دُوْنِهٖۤ اَوْلِيَآءَ لَا يَمْلِكُوْنَ لِاَنْفُسِهِمْ نَفْعًا وَّلَا ضَرًّا ؕ قُلْ هَلْ يَسْتَوِي الْاَعْمٰى وَالْبَصِيْرُ ۙ اَمْ هَلْ تَسْتَوِي الظُّلُمٰتُ وَالنُّوْرُ ۚ اَمْ جَعَلُوْا لِلّٰهِ شُرَكَآءَ خَلَقُوْا كَخَلْقِهٖ فَتَشَابَهَ الْخَلْقُ عَلَيْهِمْ ؕ قُلِ اللّٰهُ خَالِقُ كُلِّ شَيْءٍ وَّهُوَ الْوَاحِدُ الْقَهَّارُ ۝۱۶

၁၇။ အသင်မေးမြန်းပါလေ၊ မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းမွေးမြူတော်မူသောအရှင် မည်သူနည်း။ ပြောပြပါလေ၊ အလွှာတ်သည်သာ ဖြစ်တော်မူ၏။ အသင်ပြောကြားပါလေ၊ အသင်တို့သည် အရှင်မြတ်မှလွဲ၍၊ မိမိတို့ကိုယ်တိုင် အတွက်ပင် အကျိုးဖြစ်ထွန်းခြင်းကိုသော်လည်းကောင်း၊ ဆုံးရှုံးစေခြင်းကိုသော်လည်းကောင်း အလျင်းမပြုစွမ်းနိုင်သည့် အဆွေခင်ပွန်းများကို စွဲကိုင်ထားကြပါသလော။ အသင်မေးမြန်းပါလေ၊ မျက်မမြင်နှင့် မျက်စိမြင်သူသည် တူညီနိုင်ပါမည်လော။ ထို့ပြင် အမှောင်ထုများနှင့် အလင်းရောင်သည် တူညီနိုင်ပါမည်လော။ သို့တည်းမဟုတ် ထိုသူတို့သည် အလွှာတ်မှလွဲ၍ အကြင်သို့သော ယှဉ်တွဲကိုးကွယ်ရာများကိုပြုလုပ်ထားကြပြီး ယင်းတို့က အရှင်မြတ်ဖန်ဆင်းသကဲ့သို့ ဖန်ဆင်းခြင်းကိုပြုကြပါသလော။ သို့ဖြင့် ဖန်ဆင်းခြင်းသည် ထိုသူတို့အဖို့ ထင်ယောင်ထင်မှားဖြစ်သွားခဲ့ပါသလော။ အသင်ပြောကြားပါလေ၊ အလွှာတ်သည် သာလျှင် အရာအားလုံးကို ဖန်ဆင်းတော်မူသည့်အရှင် ဖြစ်

တော်မူ၏။ ထို့ပြင် အရှင်မြတ်သည် တစ်ပါးတည်းဖြစ်တော်မူ၍ တန်ခိုးစွမ်းအားဖြင့်ပြည့်စုံတော်မူသည့်အရှင်ဖြစ်တော်မူ၏။

اَنْزَلَ مِنَ السَّمَآءِ مَآءً فَسَالَتْ اَوْدِيَةٌۢ بِقَدَرِهَا فَاحْتَمَلَ السَّيْلُ زَبَدًا رَّابِيًا ؕ وَمِمَّا يُوْقِدُوْنَ عَلَيْهِ فِي النَّارِ ابْتِغَآءَ حِلْيَةٍ اَوْ مَتَاعٍ زَبَدٌ مِّثْلُهٗ ؕ كَذٰلِكَ يَضْرِبُ اللّٰهُ الْحَقَّ وَالْبَاطِلَ ؕ فَاَمَّا الزَّبَدُ فَيَذْهَبُ جُفَآءً ۚ وَاَمَّا مَا يَنْفَعُ النَّاسَ فَيَمْكُثُ فِي الْاَرْضِ ؕ كَذٰلِكَ يَضْرِبُ اللّٰهُ الْاَمْثَالَ ؕ﴿۱۷﴾

၁၇။ အရှင်မြတ်သည် မိုးကောင်းကင်မှ ရေကို ရွာသွန်းစေတော်မူသောအခါ လျှိုမြောင်တောင်ကြားတို့သည် မိမိတို့၏ အဝင်ဆံ့သည့်ပမာဏနှင့်လျော်ညီစွာ စီးဆင်းလေသည်။ ထို့ပြင် ယင်းရေစီးအားသည် အပေါ်တက်လာသော ရေမြှုပ်ကို ပင့်မထားလေသည်။ ထို့ပြင် လက်ဝတ်ရတနာနှင့် အခြားသော အသုံးအဆောင်ပစ္စည်းများကိုပြုလုပ်ရန် အကြင်ပစ္စည်းများအား မီးထဲသို့ထည့်သွင်းလျက် အပူပေးသောအခါ၌လည်း ထိုကဲ့သို့ပင် အမြှုပ်များထွက်ပေါ်လာ၏။ ဤသို့ဖြင့် အလ္လာဟ်သည် အမှန်နှင့် အမှား၏ဥပမာကို ဖော်ပြတော်မူ၏။ သို့ဖြစ်ရာ အမြှုပ်တို့မည်သည်မှာ အချည်းနှီးသာ ဖြစ်သွားရ၏။ လူသားတို့အား အကျိုးပြုသည့်အရာများသည်ကား ကမ္ဘာမြေတွင် ကျန်ရစ်ခဲ့ပေသည်။ ဤသို့ပင် အလ္လာဟ်သည် ဥပမာ ပုံဆောင်ချက်များကို ဖော်ပြတော်မူ၏။

لِلَّذِيْنَ اسْتَجَابُوْا لِرَبِّهِمُ الْحُسْنٰى ؕ وَالَّذِيْنَ لَمْ يَسْتَجِيْبُوْا لَهٗ لَوْ اَنَّ لَهُمْ مَّا فِي الْاَرْضِ جَمِيْعًا وَّمِثْلَهٗ مَعَهٗ لَافْتَدَوْا بِهٖ ؕ اُولٰٓئِكَ لَهُمْ سُوْٓءُ الْحِسَابِ ۙ وَمَاْوٰىهُمْ جَهَنَّمُ ؕ وَبِئْسَ الْمِهَادُ ؕ﴿۱۸﴾

၁၈။ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ အသံကိုတုံ့ပြန်ထူးကြသူတို့အဖို့ ကောင်းမြတ်ခြင်းသည်ရှိ၏။ သို့ရာတွင် အရှင်မြတ်အား တုံ့ပြန်ထူးခြင်းမပြုသောသူတို့သည်ကား အကယ်၍ ကမ္ဘာပေါ်တွင်ရှိရှိသမျှသည် သူတို့ပိုင်ဖြစ်လျက် ယင်းနှင့်ထပ်တူ နောက်ထပ်ရှိပါလျှင်လည်း သူတို့သည် ယင်းကိုပေး၍ အမှန်ပင် မိမိတို့၏အသက်များကို လွတ်မြောက်စေရန် ကြိုးစားကြပေလိမ့်မည်။ ဤသူများသည်ပင် ယင်းတို့အတွက် အလွန်ဆိုးရွားလှသည့် စာရင်းစစ်ကြောမှု(ကို သတ်မှတ်ထား)ရှိ၏။ ထို့ပြင် ယင်းတို့၏နေရာဌာနမှာ 'ဂျဟန္နမ်'ငရဲဖြစ်၏။ စင်စစ် မည်မျှဆိုးရွားလှသော နေရာဌာနဖြစ်ပေသနည်း။

ရုကူး-၃

اَفَمَنْ يَّعْلَمُ اَنَّمَآ اُنْزِلَ اِلَيْكَ مِنْ رَّبِّكَ الْحَقُّ كَمَنْ هُوَ اَعْمٰى ؕ اِنَّمَا يَتَذَكَّرُ اُولُوا الْاَلْبَابِ ۙ﴿۱۹﴾

၁၉။ သို့ဖြစ်ရကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်ထံတော်မှ အသင့်ထံပို့ချခဲ့သောအရာသည်အမှန်တရားဖြစ်ကြောင်းကိုသိရှိသောသူသည် မျက်ကန်းကဲ့သို့ဖြစ်နိုင်ပါမည်လော။ ဧကန်စင်စစ် အသိဉာဏ်ရှိသူတို့သာလျှင် သင်ခန်းစာရယူကြ၏။

الَّذِيْنَ يُوْفُوْنَ بِعَهْدِ اللّٰهِ وَلَا يَنْقُضُوْنَ الْمِيْثَاقَ ۙ﴿۲۰﴾

၂၀။ ထိုသူတို့သည် အလ္လာဟ်နှင့်(ပြုထားသော) ကတိသစ္စာကို ဖြည့်ဆည်းကြကုန်၏။ ထို့ပြင် ခိုင်မာသော ပဋိညာဉ်ကို မချိုးဖောက်ကြချေ။

وَالَّذِيْنَ يَصِلُوْنَ مَآ اَمَرَ اللّٰهُ بِهٖٓ اَنْ

၂၁။ ထို့ပြင် ထိုသူတို့သည် အလ္လာဟ်က ပေါင်းစည်းရန် အမိန့်ပေးသည့်အရာများနှင့် ပေါင်းစည်းကြ၏။ ထို့ပြင် မိမိ

يُّوْصَلَ وَيَخْشَوْنَ رَبَّهُمْ وَيَخَافُوْنَ سُوْٓءَ الْحِسَابِ ﴿٢١﴾

တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်အား ကြောက်ရွံ့ကြ၏။ ၎င်းပြင် ဆိုးရွားသော စစ်ကြောမှုကိုလည်း စိုးကြောက်ကြ၏။

وَالَّذِيْنَ صَبَرُوا ابْتِغَآءَ وَجْهِ رَبِّهِمْ وَاَقَامُوا الصَّلٰوةَ وَاَنْفَقُوْا مِمَّا رَزَقْنٰهُمْ سِرًّا وَّعَلَانِيَةً وَّيَدْرَءُوْنَ بِالْحَسَنَةِ السَّيِّئَةَ اُولٰٓئِكَ لَهُمْ عُقْبَى الدَّارِ ﴿٢٢﴾

၂၂။ ထို့ပြင် သူတို့သည် မိမိတို့ဖန်ဆင်းမွေးမြူရှင်၏ ကျေနပ်နှစ်သက်မှုအတွက် သည်းခံစောင့်စည်းကြ၏။ 'ဆွလာတ်' ဝတ်ပြုမှုကိုတည်ဆောက်ကြ၏။ ထို့ပြင် ငါတို့က သူတို့အား ပေးသနားတော်မူသည်များမှ လျှို့ဝှက်စွာဖြင့်လည်းကောင်း၊ ထင်ရှားပေါ်လွင်စွာဖြင့်လည်းကောင်း စွန့်ကြဲသုံးစွဲကြ၏။ ထို့ပြင် သူတို့သည် ကောင်းမှုမျှားဖြင့် မကောင်းမှုများကို ကင်းဝေးအောင်ပြုလျက်ရှိကြ၏။ ဤသူများသည်ပင် သူတို့အတွက် အိမ်တော်၏ (အကောင်းဆုံးသော)ရလဒ်သည်ရှိ၏။

جَنّٰتُ عَدْنٍ يَّدْخُلُوْنَهَا وَمَنْ صَلَحَ مِنْ اٰبَآئِهِمْ وَاَزْوَاجِهِمْ وَذُرِّيّٰتِهِمْ وَالْمَلٰٓئِكَةُ يَدْخُلُوْنَ عَلَيْهِمْ مِّنْ كُلِّ بَابٍ ﴿٢٣﴾

၂၃။ ယင်းသည် ထာဝရတည်မည့် 'ဂျန္နတ်' ဥယျာဉ်တော်များဖြစ်၏။ သူတို့သည် ယင်း(ဥယျာဉ်တော်)များသို့ ဝင်ရောက်ကြရပေလိမ့်မည်။ ထို့ပြင် သူတို့၏အဘဘိုးဘေးများ၊ သူတို့၏ဇနီးကြင်ရာများနှင့် သူတို့၏သားသမီးများအနက်မှ မိမိကိုယ် မိမိပြုပြင်ပြောင်းလဲကြသူများသည်လည်း (ဝင်ရောက်ကြရပေမည်)။ ထို့ပြင် ကောင်းကင်တမန်များသည် သူတို့ထံသို့ တံခါးပေါက်တိုင်းမှ ဝင်ရောက်လျက်ရှိနေကြပေလိမ့်မည်။

سَلٰمٌ عَلَيْكُمْ بِمَا صَبَرْتُمْ فَنِعْمَ عُقْبَى الدَّارِ ﴿٢٤﴾

၂၄။ အသင်တို့သည် သည်းခံစွဲမြဲမှုကိုပြသခဲ့ကြသည့်အတွက် အသင်တို့အပေါ် ငြိမ်းချမ်းသာယာခြင်း သက်ရောက်ပါစေသား။ သို့ဖြစ်ရာ အိမ်တော်၏ရလဒ်သည် အဘယ်မျှကောင်းမြတ်ပေသနည်း။

وَالَّذِيْنَ يَنْقُضُوْنَ عَهْدَ اللّٰهِ مِنْۢ بَعْدِ مِيْثَاقِهٖ وَيَقْطَعُوْنَ مَآ اَمَرَ اللّٰهُ بِهٖٓ اَنْ يُّوْصَلَ وَيُفْسِدُوْنَ فِى الْاَرْضِ ۙ اُولٰٓئِكَ لَهُمُ اللَّعْنَةُ وَلَهُمْ سُوْٓءُ الدَّارِ ﴿٢٥﴾

၂၅။ အကြင်သူတို့သည် အလ္လာဟ်နှင့်ထားရှိသည့် ကတိကို အခိုင်အမာပြုလုပ်ပြီးသည့်နောက် ချိုးဖောက်ကြ၏။ အလ္လာဟ် ကပေါင်းစည်းရန် အမိန့်ပေးသည်ကိုလည်း ဖြတ်တောက်ကြ၏။ ထို့ပြင် ကမ္ဘာမြေပေါ်တွင်ပျက်စီးရာပျက်စီးကြောင်းကိုပြုလုပ်လျက်ရှိကြ၏။ ဤသူတို့သည်ပင် သူတို့အတွက် ကရုဏာတော်မှကင်းဝေးခြင်း 'လာ့အ်နတ်'သည်ရှိ၏။ ထို့ပြင် ယင်းတို့အတွက် ဆိုးရွားလှသောအိမ်သည် ရှိပေလိမ့်မည်။

اَللّٰهُ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ وَيَقْدِرُ ۚ وَفَرِحُوْا بِالْحَيٰوةِ الدُّنْيَا ۚ وَمَا الْحَيٰوةُ الدُّنْيَا فِى الْاٰخِرَةِ اِلَّا مَتَاعٌ ﴿٢٦﴾

၂၆။ အလ္လာဟ်သည် မိမိအလိုရှိတော်မူသောသူအဖို့ 'ရိဇ်ကီ' ရိက္ခာကို ကျယ်ပြောစေတော်မူသည်လည်းရှိ၏၊ ကျဉ်းမြောင်းစေတော်မူသည်လည်းရှိ၏။ ထို့ပြင် အကြင်သူတို့သည် လောကီဘဝအပေါ်၌သာလျှင် ပျော်ရွှင်နှစ်သက်လျက်ရှိခဲ့ကြ၏။ စင်စစ် နောင်တမလွန်၌ လောကီဘဝ၏ အစစ်အမှန်သဘောသည် သာမန်မျှသော စည်းစိမ်ခံရာပစ္စည်းများဖြစ်သည်ဆိုသည်ကိုမှလွဲ၍ အခြားမည်သည်ကိုမျှ (သတိ)ရတော့မည်မဟုတ်ချေတည်း။

ရုကူး-၄

وَيَقُوْلُ الَّذِيْنَ كَفَرُوْا لَوْلَآ اُنْزِلَ عَلَيْهِ اٰيَةٌ مِّنْ رَّبِّهٖ ؕ قُلْ اِنَّ اللّٰهَ يُضِلُّ مَنْ يَّشَآءُ وَيَهْدِيْٓ اِلَيْهِ مَنْ اَنَابَ ۝

၂၈။ ထို့ပြင် မယုံကြည်ခြင်းပယ်ကြသောသူတို့က အဘယ့်ကြောင့် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်မှ သူ့ထံနိမိတ်လက္ခဏာ တစ်စုံတစ်ရာမျှ မပို့ချပါသနည်းဟု ပြောကြ၏။ အသင်ပြောကြားပါလေ၊ စင်စစ် အလ္လာဟ်သည် မိမိအလိုတော်ရှိသောသူအား လမ်းလွဲသူဟု သတ်မှတ်တော်မူ၏။ ထို့ပြင် အရှင်မြတ်သည် (မိမိဘက်တော်သို့) ယိမ်းညွတ်သူကို(သာလျှင်) မိမိအထံတော်သို့ လမ်းညွှန်တော်မူ၏။

اَلَّذِيْنَ اٰمَنُوْا وَتَطْمَئِنُّ قُلُوْبُهُمْ بِذِكْرِ اللّٰهِ ؕ اَلَا بِذِكْرِ اللّٰهِ تَطْمَئِنُّ الْقُلُوْبُ ۝

၂၉။ ထိုသူတို့သည် သက်ဝင်ယုံကြည်ကြ၏။ ထို့ပြင် သူတို့၏ စိတ်နှလုံးများသည် အလ္လာဟ်အား သတိရတသခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုရကြပေသည်။ သတိပြုကြကုန်၊ အလ္လာဟ်အား သတိရတသခြင်းဖြင့်သာလျှင် စိတ်နှလုံးများသည် တည်ငြိမ်အေးချမ်းမှုကိုရရှိပေ၏။

اَلَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ طُوْبٰى لَهُمْ وَحُسْنُ مَاٰبٍ ۝

၃၀။ အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြလျက် ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြ၏။ သူတို့အတွက် အလွန် သန့်ရှင်းသောနေရာဌာနနှင့် အလွန်ကောင်းမြတ်သော ပြန်လှည့်ရမည့်နေရာသည်ရှိ၏။

كَذٰلِكَ اَرْسَلْنٰكَ فِيْٓ اُمَّةٍ قَدْ خَلَتْ مِنْ قَبْلِهَآ اُمَمٌ لِّتَتْلُوَا عَلَيْهِمُ الَّذِيْٓ اَوْحَيْنَآ اِلَيْكَ وَهُمْ يَكْفُرُوْنَ بِالرَّحْمٰنِ ؕ قُلْ هُوَ رَبِّيْ لَآ اِلٰهَ اِلَّا هُوَ ۖ عَلَيْهِ تَوَكَّلْتُ وَ اِلَيْهِ مَتَابِ ۝

၃၁။ ဤကဲ့သို့ပင် ငါတို့သည် အသင့်အား 'အွမ္မတ်' အုပ်စုတစ်စုထံစေလွှတ်တော်မူ၏။ ထိုသူတို့အလျင် များစွာသော 'အွမ္မတ်'အုပ်စုများသည် လွန်ခဲ့ကြချေပြီ။ သို့ဖြင့် အသင်သည် သူတို့အား ငါတို့က အသင့်ထံပို့ချသည့် 'ဝဟီ'ဗျာဒိတ်ကို ဖတ်ရွတ်ပြရန်ဖြစ်၏။ စင်စစ် ၎င်းတို့သည် 'ရာဟ်မန်'ကရုဏာတော်ရှင်အား ငြင်းပယ်လျက်ရှိကြ၏။ အသင်ပြောကြားပါလေ၊ ထိုအရှင်မြတ်သည် ကျွန်ုပ်အား ဖန်ဆင်းတော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှလွဲ၍ မည်သည့်ကိုးကွယ်ခြင်းခံထိုက်ရာမျှမရှိချေ။ အရှင်မြတ်အပေါ် ၌သာလျှင် ကျွန်ုပ်သည် ယုံပုံလွဲအပ်မှုပြုပါ၏။ ထို့ပြင် အရှင်မြတ်ထံတော်သို့သာ ကျွန်ုပ်၏ နှိမ့်ချရိုကျိုးသော ကိုင်းညွတ်ခြင်းသည်ရှိ၏။

وَلَوْ اَنَّ قُرْاٰنًا سُيِّرَتْ بِهِ الْجِبَالُ اَوْ قُطِّعَتْ بِهِ الْاَرْضُ اَوْ كُلِّمَ بِهِ الْمَوْتٰى ؕ بَلْ لِّلّٰهِ الْاَمْرُ جَمِيْعًا ؕ اَفَلَمْ يَايْئَسِ الَّذِيْنَ اٰمَنُوْٓا اَنْ لَّوْ يَشَآءُ اللّٰهُ لَهَدَى النَّاسَ جَمِيْعًا ؕ وَلَا يَزَالُ الَّذِيْنَ كَفَرُوْا

၃၂။ ထို့ပြင် အကယ်၍ ကုရ်အာန်သည် တောင်များကို ရွှေ့လျားသွားစေနိုင်ခြင်း၊ သို့တည်းမဟုတ် ၎င်းအားဖြင့် ကမ္ဘာမြေကိုကွဲအက်သွားစေနိုင်ခြင်း၊ သို့တည်းမဟုတ် ၎င်းအားဖြင့် သေသူများနှင့် စကားပြောဆိုနိုင်ခြင်း ရှိခဲ့သည်ဖြစ်ငြားအံ့၊ (သို့တိုင်အောင်လည်း သူတို့သည် သံသယရှိကြမည်သာဖြစ်၏)။ စင်စစ်သော်ကား စီရင်ဆုံးဖြတ်ချက်ဟူသမျှသည် အလ္လာဟ်၏အဖို့သာဖြစ်၏။ သို့ဖြစ်ရာ အကယ်၍ အလ္လာဟ် အလိုရှိတော်မူပါလျှင် လူသားအားလုံးတို့အား လမ်းညွှန်

تُصِيْبُهُمْ بِمَا صَنَعُوْا قَارِعَةٌ اَوْ تَحُلُّ قَرِيْبًا مِّنْ دَارِهِمْ حَتّٰى يَاْتِيَ وَعْدُ اللّٰهِ ؕ اِنَّ اللّٰهَ لَا يُخْلِفُ الْمِيْعَادَ ۝۳۱

တော်မူနိုင်ကြောင်းကို သက်ဝင်ယုံကြည်သူတို့သည် မသိရှိကြပါသလော။ မယုံကြည်ခြင်းပယ်ကြသောသူများအဖို့မူ သူတို့၏လုပ်ဆောင်မှုများကြောင့် (နှလုံးသားများကို) တီးခေါက်သတိပေးမည့် ဘေးဒုက္ခတစ်ရပ်သည် ဆိုက်ရောက်လာလျက်ရှိပေလိမ့်မည်။ သို့တည်းမဟုတ် အလ္လာဟ်၏ကတိတော်သည် ရောက်ရှိလာသည်အထိ ယင်း(သတိပေးနှိုးဆော်မှု)သည် ၎င်းတို့၏အိမ်များအနီးတွင် ကျရောက်ပေလိမ့်မည်။ စင်စစ်ကေန် အလ္လာဟ်သည် ကတိတော်ကို ချိုးဖောက်တော်မူသည် မဟုတ်ချေတည်း။ ۞

ရုကူး-၅

وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّنْ قَبْلِكَ فَاَمْلَيْتُ لِلَّذِيْنَ كَفَرُوْا ثُمَّ اَخَذْتُهُمْ ۫ فَكَيْفَ كَانَ عِقَابِ ۝۳۲

၃၂။ ထို့ပြင် စင်စစ်ကေန် အသင့်အလျင် တမန်တော်များသည်လည်း ပြက်ရယ်ပြုခြင်းခံခဲ့ကြရပေသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် မယုံကြည်ခြင်းပယ်ကြသောသူတို့ကို အနည်းငယ် ဆိုင်းငံ့ခွင့်ပေးတော်မူ၏။ တစ်ဖန် ငါအရှင်မြတ်သည် သူတို့အားဖမ်းဆီးတော်မူခဲ့ပေသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်၏ပြစ်ဒဏ်သည် အဘယ်မျှလောက်(သံဝေဂရဖွယ်) ဖြစ်ခဲ့ပေသနည်း။

اَفَمَنْ هُوَ قَآئِمٌ عَلٰى كُلِّ نَفْسٍۢ بِمَا كَسَبَتْ ؕ وَجَعَلُوْا لِلّٰهِ شُرَكَآءَ ؕ قُلْ سَمُّوْهُمْ ؕ اَمْ تُنَبِّـُٔوْنَهٗ بِمَا لَا يَعْلَمُ فِي الْاَرْضِ اَمْ بِظَاهِرٍ مِّنَ الْقَوْلِ ؕ بَلْ زُيِّنَ لِلَّذِيْنَ كَفَرُوْا مَكْرُهُمْ وَصُدُّوْا عَنِ السَّبِيْلِ ؕ وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ هَادٍ ۝۳۳

၃၃။ သို့ဖြစ်ရာ အသက်ဝိညာဉ်တိုင်းအပေါ် ယင်းသည် မည်သည်ကိုရှာဖွေဆည်းပူးကြောင်း စောင့်ကြပ်လျက်ရှိတော်မူသောအရှင်သည် (အမှန်တကယ် စာရင်းစစ်ကြောရန် မထိုက်တန်ပေသလော)။ သို့ရာတွင် ယင်းတို့သည် အလ္လာဟ်နှင့် တွဲဖက်ရာ ပြုလုပ်ကြပေသည်။ အသင်ပြောကြားပါလေ၊ ယင်းတို့၏အမည်များကို ရေတွက်ပြလော့။ သို့တည်းမဟုတ် တစ်ဖန် အသင်တို့သည် အရှင်မြတ်အား ကမ္ဘာမြေတစ်ခုလုံးမှ အရှင်မြတ်မသိရှိသည့်အကြောင်းများကို အသိပေးကြမည်လော။ သို့တည်းမဟုတ် (ဤသည်) အပြောသက်သက်မျှသာဖြစ်သလော။ အမှန်သော်ကား မယုံကြည်ခြင်းပယ်ကြသောသူတို့အဖို့ သူတို့၏လှည့်စားမှုကို လှပတင့်တယ်စေခဲ့ပေသည်။ ထို့ပြင် ယင်းတို့သည် (မှန်ကန်သော)လမ်းမှ တားမြစ်ခြင်းကို ခံကြရပေလိမ့်မည်။ အကြင်သူအား အလ္လာဟ်က လမ်းလွဲသည်ဟု သတ်မှတ်တော်မူလျှင် ထိုသူအား တရားလမ်းမှန်ပေးမည့်သူ မည်သူမျှမရှိချေ။

۞ ကျမ်းမြတ်ကုရ်အာန်ကို ဖတ်ရွတ်ခြင်းဖြင့် တောင်များရွေ့လျားခြင်းလည်းမဖြစ်၊ မြေကြီးကို ခွဲခြမ်းခြင်းလည်းမပြုနိုင်၊ သူသေများနှင့် စကားပြောဆိုခြင်းလည်း မပြုနိုင်ချေ။ သို့သော် ဤအကြောင်းရပ်များမှာ အလ္လာဟ်၏အမိန့်တော်ဖြင့် ဖြစ်နိုင်ပေသည်။ ယင်းသည် ဤအကြောင်းရပ်ဘက်သို့လည်း ရည်ညွှန်းနေပေသည်။ တမန်တော်အီဆာ ﷺ၏ ပြောဆိုခြင်းဖြင့်လည်း တောင်များရွေ့လျားခြင်းမရှိခဲ့၊ ကမ္ဘာမြေသည်လည်း ကွဲအက်သွားခြင်းမရှိနိုင်ခဲ့သည့်အပြင် သူသေများကို ရှင်ပြန်ထမြောက်အောင် ပြုနိုင်ခဲ့ခြင်းလည်းမရှိခဲ့ချေ။ သို့ရာတွင် အလ္လာဟ်၏အမိန့်တော်သည်သာ အကျိုးသက်ရောက်မှု ရှိခဲ့ပေသည်။

لَهُمْ عَذَابٌ فِي الْحَيٰوةِ الدُّنْيَا وَلَعَذَابُ الْاٰخِرَةِ اَشَقُّ ۚ وَمَا لَهُمْ مِّنَ اللّٰهِ مِنْ وَّاقٍ ﴿٣٤﴾

၃၄။ ယင်းတို့အတွက် လောကီ၏ဘဝ၌ ပြစ်ဒဏ်သည်ရှိ၏။ အမှန်သော်ကား နောင်တမလွန်၏အပြစ်ဒဏ်သည် ပြင်းထန်လွန်းလှပေသည်။ ထို့ပြင် ယင်းတို့အား အလ္လာဟ်(၏ပြစ်ဒဏ်)မှ ကယ်တင်မည့်သူ မည်သူမျှမရှိချေ။

مَثَلُ الْجَنَّةِ الَّتِيْ وُعِدَ الْمُتَّقُوْنَ ۭ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ ۭ اُكُلُهَا دَاۗىِٕمٌ وَّظِلُّهَا ۭ تِلْكَ عُقْبَى الَّذِيْنَ اتَّقَوْا ۡ وَّعُقْبَى الْكٰفِرِيْنَ النَّارُ ﴿٣٥﴾

၃၅။ 'မွတ္တကီ' ဖြူစင်ဖြောင့်မတ်သူတို့အား ကတိပြုထားတော်မူသည့် 'ဂျန္နတ်'၏ဥပမာကား (ဤသို့ဖြစ်၏)။ ယင်း၏အခြေတွင် စမ်းချောင်းများစီးဆင်းလျက်ရှိ၏။ ယင်း၏အသီးသည်လည်းကောင်း၊ ယင်း၏ အရိပ်အာဝါသသည်လည်းကောင်း အမြဲထာဝရဖြစ်၏။ ဤသည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်သုံးဆောက်တည်ကြသောသူတို့၏ အကျိုးရလဒ်ပင်ဖြစ်၏။ စင်စစ် မယုံကြည်ငြင်းပယ်သူတို့၏ ရလဒ်မှာကား (ငရဲ)မီးဖြစ်၏။

وَالَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ يَفْرَحُوْنَ بِمَآ اُنْزِلَ اِلَيْكَ وَمِنَ الْاَحْزَابِ مَنْ يُّنْكِرُ بَعْضَهٗ ۭ قُلْ اِنَّمَآ اُمِرْتُ اَنْ اَعْبُدَ اللّٰهَ وَلَآ اُشْرِكَ بِهٖ ۭ اِلَيْهِ اَدْعُوْا وَاِلَيْهِ مَاٰبِ ﴿٣٦﴾

၃၆။ ထို့ပြင် ငါတို့က ကျမ်းဂန်ကိုပေးခြင်းခံရသောသူတို့သည် အသင့်ထံပို့ချသည်များကြောင့် ဝမ်းမြောက်ပျော်ရွှင်ကြကုန်၏။ ထို့ပြင် ကွဲပြားခြားနားသောအုပ်စုများမှအချို့တို့သည် ဤသို့ဖြစ်ကြ၏။ ၎င်းတို့သည် ယင်း(ကျမ်းတော်)၏အချို့သောအစိတ်အပိုင်းများကို ငြင်းပယ်ကြ၏။ အသင်ပြောကြားပါလေ၊ စင်စစ်ဧကန် ကျွန်ုပ်သည် အလ္လာဟ်အားသာလျှင် ခဝပ်ကိုးကွယ်ရန်နှင့် ထိုအရှင်မြတ်နှင့် မည်သည့်တစ်စုံတစ်ရာကိုမျှ တွဲဖက်ယှဉ်တွဲခြင်း'ရှရိက်'မပြုရန်ကိုသာ ကျွန်ုပ်အားအမိန့်ပေးခြင်းခံခဲ့ရပေသည်။ အရှင်မြတ်ဘက်တော်သို့သာလျှင် ကျွန်ုပ်သည် ဖိတ်ခေါ်ပါ၏။ ထို့ပြင် အရှင်မြတ်ထံတော်သို့သာလျှင် ကျွန်ုပ်သည် ပြန်လည်သွားရမည်ဖြစ်၏။

وَكَذٰلِكَ اَنْزَلْنٰهُ حُكْمًا عَرَبِيًّا ۭ وَلَىِٕنِ اتَّبَعْتَ اَهْوَاۗءَهُمْ بَعْدَ مَا جَاۗءَكَ مِنَ الْعِلْمِ ۙ مَا لَكَ مِنَ اللّٰهِ مِنْ وَّلِيٍّ وَّلَا وَاقٍ ﴿٣٧﴾

၃၇။ ထို့ပြင် ဤကဲ့သို့ပင် ငါတို့သည် ယင်းအား ဝေါဟာရကြွယ်၍ အဓိပ္ပာယ်နက်ရှိုင်းသော အမိန့်တော်အဖြစ် ပို့ချတော်မူ၏။ သို့ဖြစ်ရာ အရှင်မြတ်ထံတော်မှ အသင့်ထံ အသိပညာရောက်ရှိလာပြီးသည့်နောက်သော်မှ အကယ်၍ အသင်သည် သူတို့၏ အလိုဆန္ဒများနောက်သို့လိုက်ခဲ့ပါမူ အသင့်အဖို့ အလ္လာဟ်၏ထံတော်မှ မည်သို့သော အဆွေခင်ပွန်းနှင့် မည်သို့သော ကယ်တင်မည့်သူမျှရှိလိမ့်မည် မဟုတ်ချေတည်း။

ရုကူး-၆

وَلَقَدْ اَرْسَلْنَا رُسُلًا مِّنْ قَبْلِكَ وَجَعَلْنَا لَهُمْ اَزْوَاجًا وَّذُرِّيَّةً ۭ وَمَا كَانَ لِرَسُوْلٍ اَنْ يَّاْتِيَ بِاٰيَةٍ اِلَّا بِاِذْنِ اللّٰهِ ۭ

၃၈။ ထို့ပြင် ငါတို့သည် ဧကန်မုချ အသင့်အလျင် များစွာသော တမန်တော်တို့ကိုစေလွှတ်တော်မူခဲ့ပေသည်။ ငါတို့သည် သူတို့အား ဇနီးကြင်ရာများနှင့် သားသမီးများကိုလည်း ပေးသနားတော်မူခဲ့ပေသည်။ မည်သည့်တမန်တော်မျှ အလ္လာဟ်၏ခွင့်ပြုချက်မရှိဘဲ အာယတ်တော်တစ်ခုကိုသော်မျှ

لِكُلِّ اَجَلٍ كِتَابٌ ﴿٣٨﴾

ယူဆောင်လာရန်မဖြစ်နိုင်ချေ။ စင်စစ် သတ်မှတ်ထားသော အချိန်ကာလတိုင်းအတွက် ရေးမှတ်ထားသော ကျမ်းတစ်စောင်ရှိ၏။

يَمْحُوا اللّٰهُ مَا يَشَآءُ وَيُثْبِتُ ۚ وَعِنْدَهٗۤ اُمُّ الْكِتٰبِ ﴿٣٩﴾

၃၀။ အလ္လာဟ်သည် မိမိအလိုရှိတော်မူသည်ကို ဖျက်သိမ်းတော်မူသည်လည်းရှိ၏။ တည်ရှိစေတော်မူသည်လည်းရှိ၏။ ထို့ပြင် ထိုအရှင်မြတ်ထံတော်တွင် ကျမ်းစာအားလုံး၏ မူလအရင်းအမြစ်သည်ရှိ၏။

وَاِنْ مَّا نُرِيَنَّكَ بَعْضَ الَّذِىْ نَعِدُهُمْ اَوْ نَتَوَفَّيَنَّكَ فَاِنَّمَا عَلَيْكَ الْبَلٰغُ وَعَلَيْنَا الْحِسَابُ ﴿٤٠﴾

၃၁။ ထို့ပြင် အကယ်၍ ငါတို့သည် အသင့်အား ငါတို့က ၎င်းတို့ကို သတိပေးနှိုးဆော်ထားသည့် ကတိတော်များမှ အချို့ကို ပြသသည်ဖြစ်စေ သို့တည်းမဟုတ် အသင့်အားကွယ်လွန်သေဆုံးစေတော်မူသည်ဖြစ်စေ (အခြေအနေတိုင်းတွင်) အသင်၏အလုပ်သည်ကား ပွင့်လင်းထင်ရှားစွာ (သတင်း) ပို့ဆောင်ရန်သာဖြစ်၏။ စာရင်းစစ်ကြောရန်မှာကား ငါတို့၏ တာဝန်ဖြစ်ပေသည်။

اَوَلَمْ يَرَوْا اَنَّا نَاْتِى الْاَرْضَ نَنْقُصُهَا مِنْ اَطْرَافِهَا ۚ وَاللّٰهُ يَحْكُمُ لَا مُعَقِّبَ لِحُكْمِهٖ ۚ وَهُوَ سَرِيْعُ الْحِسَابِ ﴿٤١﴾

၄၂။ ငါတို့က ကမ္ဘာမြေပြင်ကို ယင်း၏အစွန်းအနားများဘက်မှ လျော့နည်းလာအောင်ပြုလုပ်နေသည်ကို ယင်းတို့သည် မစဉ်းစားကြပေသလော။ စင်စစ် အလ္လာဟ်သည်သာ စီရင်ဆုံးဖြတ်တော်မူ၏။ အရှင်မြတ်၏အမိန့်တော်အား လွဲဖယ်နိုင်သူဟူ၍ မည်သူမျှမရှိချေ။ ထို့ပြင် အရှင်မြတ်သည် စာရင်းစစ်ကြော(ရာတွင်) အလွန်မြန်ဆန်တော်မူ၏။

وَقَدْ مَكَرَ الَّذِيْنَ مِنْ قَبْلِهِمْ فَلِلّٰهِ الْمَكْرُ جَمِيْعًا ۚ يَعْلَمُ مَا تَكْسِبُ كُلُّ نَفْسٍ ۚ وَسَيَعْلَمُ الْكُفّٰرُ لِمَنْ عُقْبَى الدَّارِ ﴿٤٢﴾

၄၃။ ဧကန်စင်စစ် ယင်းတို့ထက်အလျင်ရှိခဲ့ကြသောသူတို့သည်လည်း ကြံစည်မှုကိုပြုလုပ်ခဲ့ကြပေသည်။ စင်စစ် ကြံစည်မှုမှန်သမျှသည် အလ္လာဟ်၏စီမံမှုဌ်သာ လုံးလုံးလျားလျားရှိပေ၏။ အရှင်မြတ်သည် အသက်ဝိညာဉ်တိုင်းက ရှာဖွေဆည်းပူးသည်ကို သိတော်မူ၏။ ထို့ပြင် အိမ်တော်၏ (အကောင်းဆုံးသော)ရလဒ်မှာ မည်သူ့အတွက်ဖြစ်သည်ကို မယုံကြည်ငြင်းပယ်သူတို့သည် အမှန်ပင် သိရှိသွားကြပေလိမ့်မည်။

وَيَقُوْلُ الَّذِيْنَ كَفَرُوْا لَسْتَ مُرْسَلًا ۚ قُلْ كَفٰى بِاللّٰهِ شَهِيْدًا بَيْنِىْ وَبَيْنَكُمْ ۙ وَمَنْ عِنْدَهٗ عِلْمُ الْكِتٰبِ ﴿٤٣﴾ ع ۶

၄၄။ မယုံကြည်ငြင်းပယ်သူတို့က အသင်သည် စေလွှတ်ခြင်းခံရသူမဟုတ်ဟု ဆိုကြ၏။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်နှင့်အသင်တို့အကြားတွင် အလ္လာဟ်သည် သက်သေအဖြစ် လုံလောက်တော်မူ၏။ ထို့ပြင် ကျမ်းတော်၏အသိပညာရှိသောသူတို့သည်လည်း (သက်သေဖြစ်ကြပေသတည်း)။

❖ ❖ ❖

၁၄။ အစ်ဗရာဟင်မ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါ၌ တော်ပေါင်း (၅၃)ပိုဒ်ပါရှိသည်။

ဆူရာဟ်'ယူနွတ်စ်'တွင် 'အလီဖ်၊ လာမ်၊ ရာ'ကို အစချီဖော်ပြထားသကဲ့သို့ ဤဆူရာဟ်တော်ကိုလည်း ယင်းသခေါ်ပအက္ခရာစုဖြင့်ပင် အစပြုထားပေရာ အဓိပ္ပာယ်မှာ ထိုအတိုင်းပင်ဖြစ်၏။

ဤဆူရာဟ်တော်၏ ရှေ့ဆူရာဟ်ဖြစ်သော ဆူရာဟ်(၁၃)တွင် "ထို့ပြင် မယုံကြည်ခြင်းပယ်ကြသောသူများက အသင်သည် စေလွှတ်ခြင်းခံရသူမဟုတ်ဟုဆိုကြ၏။ အသင်ပြောကြားပါလေ။ ကျွန်ုပ်နှင့် အသင်တို့အကြား အလ္လာဟ်သည် သက်သေအဖြစ်လုံလောက်တော်မူ၏။ ထို့ပြင် ကျမ်းတော်၏ အသိပညာရှိသောသူတို့သည်လည်း(သက်သေဖြစ်ကြပေသတည်း)"ဟူသော အာယတ်တော်ဖြင့် နိဂုံးချုပ်ထားပေသည်။

သို့ကြောင့် ဤဆူရာဟ်၏နိဒါန်းပိုင်းကိုလည်း ကျမ်းတော်အကြောင်းဖော်ပြ၍ အစချီထားပေသည်။ ဤကျမ်းတော်ကို အသင့်ထံပို့ချပေးရခြင်းအကြောင်းမှာ လူသားတို့အား အမှောင်ထုမှသည် အလင်းဘက်ဆီသို့ခေါ်ဆောင်သွားရန်အလို့ငှာဖြစ်သည်ဟူ၍ ဖော်ပြထားသည်။ ထို့နောက် တမန်တော်မူစာ ﷺ ကိုလည်း ဤသည့်ရည်ရွယ်ချက်ဖြင့်ပင် ကျမ်းတော်ကိုပေးသနားတော်မူကြောင်း မိန့်ထားတော်မူသည်။ တမန်တော်မူစာ ﷺ က မိမိ၏အမျိုးသားတို့အား သတိပေးခဲ့သော နှိုးဆော်ချက်အကြောင်းကို ဖော်ပြထားပေသည်။ "အကယ်၍ အသင်တို့နှင့် ကမ္ဘာမြေတွင် (နေထိုင်လျက်)ရှိကြသူ အားလုံးတို့သည် ကျေးဇူးကန်းခဲ့ကြလျှင်လည်း စင်စစ် အလ္လာဟ်သည် လိုလားတောင့်တခြင်းကင်းပြီး ချီးမွမ်းခြင်းကို ခံထိုက်တော်မူသောအရှင် ဖြစ်တော်မူ၏" ဟူ၍ဖြစ်သည်။

ထို့နောက် တမန်တော်အသီးသီးတို့၏အကြောင်းနှင့် ထိုတမန်တော်များအား သူတို့၏အမျိုးသားတို့က အဘယ့်ကြောင့် ငြင်းပယ်ခဲ့ကြကြောင်း၊ ယင်းကို ငြင်းပယ်ရခြင်း၏အကြောင်းမှာ ထိုသူတို့သည် နဗီတမန်တော်များကို မိမိတို့ကဲ့သို့သော လူသားတစ်ယောက်အဖြစ်သာ နားလည်ထားခဲ့ကြပြီး သူတို့ထံသို့ အလ္လာဟ်ရှင်မြတ်ထံတော်မှ သန့်ရှင်းသော 'ဝဟီ'ဗျာဒိတ်တော်ကျရောက်လာရန် အလျှင်းမဖြစ်နိုင်ဟု ထင်မြင်သောအချက်ကြောင့်ဖြစ်ကြောင်း ဖော်ပြထားပေသည်။

ဤဆူရာဟ်တွင် အကြောင်းအရာအသစ်တစ်ရပ်ပါရှိပြီး ယင်းမှာ သာသနာကိုစွန့်ခွာသူ 'မွရ်တဒ်'အား သေဒဏ်ပေးခြင်းအယူအဆနှင့်စပ်လျဉ်း၍ ဆွေးနွေးထားပေသည်။ 'မွရ်တဒ်' သာသနာကို စွန့်ခွာသူတို့အား သေဒဏ်ပေးခြင်းအယူအဆမှာ တမန်တော်များကို ဆန့်ကျင်ငြင်းပယ်သူအားလုံးတို့၏ တစ်စုတစ်ဝေးတည်းသော အယူအဆဖြစ်ခဲ့ပေသည်။ ထို့ကြောင့်ပင် ၎င်းတို့က တမန်တော်တိုင်းကို မိမိတို့၏အမြင်ဖြင့် 'မွရ်တဒ်'သာသနာကိုစွန့်ခွာသူဟု ယူဆကြကာ ယင်း၏အကျိုးဆက်ကို အသိပေးခဲ့ကြသည်မှာ ငါတို့သည် 'မွရ်တဒ်'အား ငါတို့၏သာသနာသို့ ပြန်လည်ဝင်ရောက်မလာမခြင်း မိမိတို့မြေမှ ပြည်နှင်ဒဏ်ပေးခြင်းဖြင့် အပြစ်ဒဏ်ကို ဧကန်ပင် ပေးလေ့ရှိကြ၏ဟု ဆိုခဲ့ကြ၏။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်က တမန်တော်များအား 'အသင်တို့အား ဖျက်ဆီးပစ်မည်ဟု ကြွေးကြော်သူများကိုယ်တိုင်ပင် ဖျက်ဆီးပစ်ခြင်းကို ခံကြရလိမ့်မည်။ နောက်ဆုံးတွင် ယင်းတို့က စိုးပိုင်သည်ဟု ဆိုကြကုန်သော နယ်မြေများကို ယင်းတို့၏နောက်ပိုင်းတွင် အသင်တို့သည်အမွေခံကြရလိမ့်မည်'ဟူ၍ 'ဝဟီ'ဗျာဒိတ်ပို့ချတော်မူခဲ့ပေသည်။

ဤဆူရာဟ်၌ كلمة ဟူသောစကားလုံး၏ ကြီးကျယ်သောရှင်းလင်းချက်တစ်ခုကို ဖော်ပြ

ထား၏။ ထို့ပြင် ယင်းကဲ့သို့ပင် **شجرہ** *'ရုက္ခရာ'* ၏အနက်ကိုလည်း ထင်ရှားစွာလင်းပြထားပေသည်။ *شجرۂ طیبہ 'ရုက္ခရာ တတ္တိင်ယေဘာ'* ၏ဥပမာမှာ အပြစ်ကင်းသန့်ရှင်းသော လူသားများ၊ ဆိုလိုသည်မှာ တမန်တော်များကဲ့သို့ ဖြစ်ကြောင်း၊ ယင်းတို့၏အရင်းအမြစ်များမှာ အပေါ်ယံအားဖြင့် ပထဝီမြေကြီးတွင် အမြစ်တွယ်ခဲ့ကြလင့်ကစား ယင်းတို့သည် မိမိတို့၏နာမ်ဝိညာဉ်ရေးဆိုင်ရာ အာဟာရကို ကောင်းကင်မှ ရယူကြောင်းနှင့် ဆောင်းရာသီဖြစ်စေ၊ နွေဦးရာသီဖြစ်စေ မည်သို့သောအခြေအနေတွင်မဆို သူတို့အား ယင်းအစာအာဟာရကို ပေးသနားတော်မူကြောင်း၊ ထို့ပြင် *شجرۂ خبیثہ 'ရုက္ခရာအေခဗီစာ'* မသန့်ရှင်းညစ်ညမ်းသော သစ်ပင်ဟူသည် နဗီတမန်တော်တို့ကို ငြင်းပယ်ဆန့်ကျင်သူများဖြစ်ကြောင်း၊ ယင်းတို့မှာ လေပြင်းတိုက်ခတ်ခြင်းဒဏ်ကြောင့် မြေကြီးမှပြုံလဲကြရပြီး၊ ထိုလေပြင်းတို့က ယင်းတို့ကို ထိုအခြေအနေဖြင့်ပင် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းစေလျက်ရှိကြသည့်အလား နုတ်၍ပစ်ခြင်းကိုခံကြရမည့် အပင်ငယ်များဖြစ်ကြောင်း၊ သို့ဖြစ်၍ တမန်တော်များကို ဆန့်ကျင်ရန်သတ္တရုပြုသူများသည်လည်း ဤအခြေအနေမျိုးနှင့်ကြုံတွေ့ကြရမည်ဖြစ်ကြောင်း၊ ထိုသူတို့သည် မိမိတို့၏ရပ်တည်ချက်ကို ထပ်တလဲလဲပြောင်းလဲကြမည်ဖြစ်ကြောင်းနှင့် နောက်ဆုံးတွင် မြေခသွားကြရမည်ဖြစ်ကြောင်းတို့ကို ဖော်ပြထားသည်။

ထို့နောက်တမန်တော် အစ်ဗရာဟင်မ်က 'ကာ့အ်ဘာ'ကျောင်းတော်နှင့်စပ်လျဉ်း၍ တောင်းခံခဲ့သော ဆုတောင်း'ဒိုအာ'အကြောင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်ထံတော်တွင် 'ကာ့အ်ဘာ'ကျောင်းတော်အနီးအပါးဝန်းကျင်တွင် နေထိုင်ကြသူတို့အား ဝေးလံခေါင်သီသော အရပ်ဒေသများမှ သစ်သီးဝလံပေါင်းစုံကို ပေးသနားခီးမြှင့်ပါရန် တောင်းဆုပြုခဲ့ပေသည်။ ထိုတောင်းဆုပြုခဲ့သည့်အတိုင်း ဤဖြစ်ရပ်သည် ဖြစ်ပေါ်ထင်ရှားခဲ့ပေသည်။ သူတို့အား ရုပ်ပိုင်းဆိုင်ရာ သစ်သီးဝလံများကို ပေးသနားတော်မူသကဲ့သို့ ဝိညာဉ်ရေးဆိုင်ရာ သစ်သီးဝလံများကိုလည်း ပေးသနားတော်မူခဲ့ပေသည်။ ယင်းကို ဆူရာဟ်'ကုရိုက်ရှ်' (၁၀၆)တွင် အကျဉ်းချုံးဖော်ပြမိန့်ကြားထားပေသည်။ ဝိညာဉ်ရေးဆိုင်ရာ သစ်သီးများတွင် အကြီးမြတ်ဆုံးသော သစ်သီးအဖြစ် တမန်တော်မြတ်ﷺပေါ်ထွန်းလာခဲ့ပေသည်။ တစ်နည်းဆိုသော် ကိုယ်တော်မြတ်သည် လူသားများကို ကောင်းကင်ဆိုင်ရာသစ်သီးဝလံကိုပေးသော 'ကလေမာတ္ဝိင်ယေဘာ'အဖြစ် ပေါ်ထွန်းလာခဲ့ပေသည်။

ဤဆူရာဟ်၏နိဂုံးတွင် မယုံကြည်ငြင်းပယ်သူတို့သည် အစွမ်းလာမ်ကို ဆန့်ကျင်ကြရန် (သို့မဟုတ်) တမန်တော်များကို ဆန့်ကျင်ရန်ပြုကြရန်အတွက် မည်သို့ပင် ကြံစည်အားထုတ်စေကာမူ ယင်းတို့၏ကြံစည်အားထုတ်မှုကြောင့် တောင်ကြီးကိုပင် ဖြိုလဲပစ်နိုင်လင့်ကစား ယင်းတို့သည် တမန်တော်များကို အရေးနိမ့်အောင် ပြုနိုင်ကြလိမ့်မည်မဟုတ်ကြောင်း မိန့်ကြားဖော်ပြထားတော်မူသည်။

ဤတွင်တောင်များကို ပမာပြုရခြင်းမှာ 'တမန်တော်မြတ်'အား ကြီးမြင့်မြတ်ထွတ်လှသော တောင်ကြီးနှင့် တုန့်ပြန်ငြင်းပယ်ခြင်းကိုခံရသော တမန်တော်တစ်ပါးအသွင်ဖြင့် တင်ပြမိန့်ကြားခြင်းကို ခံရသောကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ ဤဆူရာဟ်ကို တမန်တော်မြတ်အား ငြင်းပယ်သူတို့၏ ပထဝီမြေကြီးနှင့် မိုးကောင်းကင်များမှာ ပြောင်းလဲပစ်ခြင်းကို ခံကြရမည်ဖြစ်ကြောင်းနှင့် မိုးနှင့်မြေအသစ်ကို ပြုလုပ်တော်မူမည်ဖြစ်ကြောင်း၊ ယင်း၏ရလဒ်အဖြစ် သူတို့သည် လွှမ်းမိုးအောင်နိုင်တော်မူသော အရှင်မြတ်၏ ရှေ့တော်မှောက်သို့ အစုလိုက်အဖွဲ့လိုက် ထွက်လာကြရမည်ဖြစ်ကြောင်း အစရှိသော စကားလုံးများဖြင့် နိဂုံးချုပ်အဆုံးသတ်ထားပေသတည်း။

♦ ♦ ♦

ဆူရာဟ် အစ်ဗရာဟင်မ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၅၃)ပိုဒ် ရှုကူ (၇)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

الٓرٰ ۟ كِتٰبٌ اَنْزَلْنٰهُ اِلَيْكَ لِتُخْرِجَ النَّاسَ مِنَ الظُّلُمٰتِ اِلَى النُّوْرِ ۙ بِاِذْنِ رَبِّهِمْ اِلٰى صِرَاطِ الْعَزِيْزِ الْحَمِيْدِ ①

၂။ **أَنَا اللّٰهُ أَرَى** ငါသည် အလ္လာဟ်ဖြစ်တော်မူ၏။ ငါသည် မြင်တွေ့တော်မူ၏။ ဤသည် ကျမ်းစာတစ်စောင်ဖြစ်၏။ ယင်းကို ငါတို့သည် အသင့်ထံပို့ချတော်မူ၏။ သို့ဖြင့် အသင်သည် လူသားတို့အား ၎င်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသည့် အရှင်၏အမိန့်တော်ဖြင့် အမှောင်ထုများမှ အလင်းရောင်ဘက်သို့ ထုတ်ဆောင်လျက် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်(နှင့်) ခီးမွမ်းခြင်းအပေါင်းကို ခံထိုက်တော်မူသောအရှင်၏လမ်းတော်သို့ ပို့ဆောင်ရန်ဖြစ်၏။

اللّٰهِ الَّذِيْ لَهٗ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ۭ وَوَيْلٌ لِّلْكٰفِرِيْنَ مِنْ عَذَابٍ شَدِيْدِ ۙ ②

၃။ အလ္လာဟ်(၏လမ်းတော်သို့ဖြစ်၏)၊ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသမျှတို့ကို ထိုအရှင်မြတ်သာလျှင်စိုးပိုင်တော်မူ၏။ ထို့ပြင် 'ကာဖိရ်' မယုံကြည်ငြင်းပယ်သူတို့အတွက် ပြင်းထန်သော ပြစ်ဒဏ်တစ်ရပ်ဖြင့် ပျက်စီးဆုံးရှုံးခြင်း(ကို သတ်မှတ်ထား)ရှိ၏။

الَّذِيْنَ يَسْتَحِبُّوْنَ الْحَيٰوةَ الدُّنْيَا عَلَى الْاٰخِرَةِ وَيَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ وَيَبْغُوْنَهَا عِوَجًا ۭ اُولٰۗىِٕكَ فِيْ ضَلٰلٍۢ بَعِيْدٍ ③

၄။ ထိုသူတို့သည် နောင်တမလွန်နှင့်ယှဉ်လျှင် လောကီဘဝကို ပိုမိုချစ်မြတ်နိုးကြ၏။ ထို့ပြင် အလ္လာဟ်၏လမ်းတော်မှ တားဆီးပိတ်ပင်ကြ၏။ ထို့ပြင် ယင်းအားကွေ့ကောက်စေလိုကြ၏။ ဤသူများသည် ဝေးကွာသောလမ်းလွဲမှုဌ် နစ်မွန်းလျက်ရှိကြ၏။

وَمَآ اَرْسَلْنَا مِنْ رَّسُوْلٍ اِلَّا بِلِسَانِ قَوْمِهٖ لِيُبَيِّنَ لَهُمْ ۭ فَيُضِلُّ اللّٰهُ مَنْ يَّشَاۗءُ وَيَهْدِيْ مَنْ يَّشَاۗءُ ۭ وَهُوَ الْعَزِيْزُ الْحَكِيْمُ ④

၅။ ထို့ပြင် ငါတို့သည် မည်သည့်တမန်တော်ကိုမဆို သူ၏အမျိုးသားတို့၏ဘာသာစကားဖြင့်မှတစ်ပါး (အခြားဘာသာစကားဖြင့်) စေလွှတ်တော်မမူချေ။ သို့ဖြင့် သူသည် ၎င်းတို့အား ပွင့်လင်းထင်ရှားစွာရှင်းပြနိုင်ရန်ဖြစ်၏။သို့ဖြစ်ပေရာ အလ္လာဟ်သည် အလိုရှိတော်မူသောသူအား လမ်းလွဲသူဟု သတ်မှတ်တော်မူပြီး အလိုရှိတော်မူသောသူအား လမ်းမှန်ကို ပေးသနားတော်မူ၏။ စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ လွန်စွာ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَقَدْ اَرْسَلْنَا مُوْسٰى بِاٰيٰتِنَآ اَنْ اَخْرِجْ

၆။ ထို့ပြင် ငါတို့သည် အမှန်ပင် 'မူစာ'အား မိမိ၏နိမိတ်

قَوْمَكَ مِنَ الظُّلُمٰتِ اِلَى النُّوْرِ ۙ وَ ذَكِّرْهُمْ بِاَيّٰىمِ اللّٰهِ ؕ اِنَّ فِىْ ذٰلِكَ لَاٰيٰتٍ لِّكُلِّ صَبَّارٍ شَكُوْرٍ ۝

လက္ခဏာများနှင့်အတူ (ဤသို့မိန့်တော်မူလျက်) စေလွှတ်တော်မူခဲ့ပေသည်။ အသင်၏အမျိုးသားတို့အား အမှောင်ထုများမှ အလင်းဘက်သို့ ထုတ်ဆောင်လာလော့။ ထို့ပြင် ၎င်းတို့အား အလ္လာဟ်၏နေ့ရက်များကို သတိပေးလော့။ ဧကန်မုချ ယင်း၌ အလွန်သည်းခံစွဲမြဲသူနှင့် လွန်စွာကျေးဇူးသိတတ်သူ တိုင်းအဖို့ များစွာသော နိမိတ်လက္ခဏာတော်များရှိ၏။

وَ اِذْ قَالَ مُوْسٰى لِقَوْمِهِ اذْكُرُوْا نِعْمَةَ اللّٰهِ عَلَيْكُمْ اِذْ اَنْجٰىكُمْ مِّنْ اٰلِ فِرْعَوْنَ يَسُوْمُوْنَكُمْ سُوْٓءَ الْعَذَابِ وَ يُذَبِّحُوْنَ اَبْنَآءَكُمْ وَ يَسْتَحْيُوْنَ نِسَآءَكُمْ ؕ وَ فِىْ ذٰلِكُمْ بَلَآءٌ مِّنْ رَّبِّكُمْ عَظِيْمٌ ۝

၇။ ထို့ပြင် (သတိရကြကုန်)၊ အကြင်အခါဝယ် 'မူစာ'က မိမိ၏ အမျိုးသားတို့အားပြောကြားခဲ့သည်မှာ အလ္လာဟ်က အသင်တို့အပေါ်ပြုခဲ့သည့်ကျေးဇူးတော်ကို သတိရကြကုန်။ ထိုစဉ်က အရှင်မြတ်သည် အသင်တို့အား ဖိစီးအောင်၏အမျိုးသားတို့မှ ကယ်တင်တော်မူခဲ့ပေသည်။ ၎င်းတို့သည် အသင်တို့အား အလွန် ဆိုးရွားလှသော အပြစ်ဒဏ်ကို ပေးခဲ့ကြပေသည်။ အသင်တို့၏သားများကိုသတ်ဖြတ်ခဲ့ကြပြီး အသင်တို့၏ အမျိုးသမီးများအား အသက်ရှင်စေလျက်ထားခဲ့ကြပေသည်။ စင်စစ် ယင်း၌ အသင်တို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်မှ (အသင်တို့အတွက်) အလွန် ကြီးမားသော စမ်းသပ်မှုရှိခဲ့ပေသတည်း။

ရုကူး-၂

وَ اِذْ تَاَذَّنَ رَبُّكُمْ لَئِنْ شَكَرْتُمْ لَاَزِيْدَنَّكُمْ وَ لَئِنْ كَفَرْتُمْ اِنَّ عَذَابِىْ لَشَدِيْدٌ ۝

၈။ အကြင်အခါဝယ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ဤသို့ကြေညာတော်မူခဲ့၏။ အကယ်၍ အသင်တို့သည် ကျေးဇူးသိတတ်ကြလျှင် ငါသည် အသင်တို့အား အမှန်ပင် တိုးပွား၍ပေးတော်မူမည်။ ထို့ပြင် အကယ်၍ အသင်တို့သည် ကျေးဇူးကန်းကြလေသော် စင်စစ်ဧကန် ငါ၏အပြစ်ဒဏ်သည် လွန်စွာ ပြင်းထန်လှပေသည်။

وَ قَالَ مُوْسٰٓى اِنْ تَكْفُرُوْٓا اَنْتُمْ وَ مَنْ فِى الْاَرْضِ جَمِيْعًا ۙ فَاِنَّ اللّٰهَ لَغَنِىٌّ حَمِيْدٌ ۝

၉။ ထို့ပြင် 'မူစာ'ကပြောသည်မှာ အကယ်၍ အသင်တို့နှင့် ကမ္ဘာမြေတွင်(နေထိုင်ကြသော)သူအားလုံးတို့သည် ကျေးဇူးကန်းကြပါလျှင်လည်း စင်စစ် အလ္လာဟ်သည် လိုလားတောင့်တခြင်းကင်း၍ ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူ၏။

اَلَمْ يَاْتِكُمْ نَبَؤُا الَّذِيْنَ مِنْ قَبْلِكُمْ قَوْمِ نُوْحٍ وَّ عَادٍ وَّ ثَمُوْدَ ۛؕ وَ الَّذِيْنَ مِنْۢ بَعْدِهِمْ ۛؕ لَا يَعْلَمُهُمْ اِلَّا اللّٰهُ ؕ جَآءَتْهُمْ رُسُلُهُمْ بِالْبَيِّنٰتِ فَرَدُّوْٓا اَيْدِيَهُمْ فِىْٓ

၁၀။ အသင်တို့ထံ အသင်တို့အလျင်ရှိခဲ့ကြသော 'နူးဟ်'၏ အမျိုးသားများ၊ 'အားဒ်'အမျိုးသားများ၊ 'ဆမူးဒ်'အမျိုးသားများနှင့် ၎င်းတို့၏နောက်တွင်ရှိခဲ့ကြသောသူတို့၏ သတင်းသည် မရောက်ရှိခဲ့ပါသလော။ ၎င်းတို့ကို အလ္လာဟ်မှလွဲ၍ မည်သူမျှမသိရှိကြချေ။ ၎င်းတို့ထံ သူတို့၏တမန်တော်များသည် ပွင့်လင်းထင်ရှားသော နိမိတ်လက္ခဏာများယူဆောင်လာကြသောအခါ ၎င်းတို့သည် (မာန်မာနထောင်လွှားကြ

اَفْوَاهِهِمْ وَقَالُوْٓا اِنَّا كَفَرْنَا بِمَآ اُرْسِلْتُمْ بِهٖ وَاِنَّا لَفِيْ شَكٍّ مِّمَّا تَدْعُوْنَنَآ اِلَيْهِ مُرِيْبٍ ۝

လျက်) မိမိတို့၏လက်များကို မိမိတို့၏ပါးစပ်များတွင်ထား၍ ပြောဆိုကြသည်မှာ အကြင်အရာနှင့်အတူ အသင်တို့သည် စေလွှတ်ခြင်းခံခဲ့ရ၏။ ကောန်မုချ ယင်းကို ကျွန်ုပ်တို့ငြင်းပယ်ကြ၏။ ထို့ပြင် အသင်တို့က ကျွန်ုပ်တို့အား ဖိတ်ခေါ်သောအရာနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့သည် အမှန်ပင် မငြိမ်းချမ်းမှုကိုဖြစ်စေသော သံသယတွင် ဆိုက်ရောက်လျက်ရှိကြပေသည်။

قَالَتْ رُسُلُهُمْ اَفِي اللّٰهِ شَكٌّ فَاطِرِ السَّمٰوٰتِ وَالْاَرْضِ ۭ يَدْعُوْكُمْ لِيَغْفِرَ لَكُمْ مِّنْ ذُنُوْبِكُمْ وَيُؤَخِّرَكُمْ اِلٰٓى اَجَلٍ مُّسَمًّى ۭ قَالُوْٓا اِنْ اَنْتُمْ اِلَّا بَشَرٌ مِّثْلُنَا ۭ تُرِيْدُوْنَ اَنْ تَصُدُّوْنَا عَمَّا كَانَ يَعْبُدُ اٰبَاۗؤُنَا فَاْتُوْنَا بِسُلْطٰنٍ مُّبِيْنٍ ۝

၁၁။ ၎င်းတို့၏ တမန်တော်များက ပြောကြားကြသည်မှာ-မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူသော အလ္လာဟ်နှင့်စပ်လျဉ်း၍ သံသယရှိကြပါသလော။ အရှင်မြတ်က အသင်တို့အား ဖိတ်ခေါ်တော်မူရခြင်းမှာ အရှင်မြတ်သည် အသင်တို့၏အပြစ်များကိုခွင့်လွှတ်တော်မူရန်နှင့် အသင်တို့အား နောက်ဆုံးသတ်မှတ်ထားသည့်အချိန်ကာလတိုင်အောင် အချို့သော ဆိုင်းငံ့ခွင့်ကိုပေးတော်မူရန်ဖြစ်၏။ ထိုအခါ ၎င်းတို့က အသင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ လူသားမှတစ်ပါး အခြားမဟုတ်ချေ။ အသင်တို့သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ အဘဘိုးဘေးများကိုးကွယ်ခဲ့ကြသည့် ထို(ရုပ်တုများ)မှတားမြစ်ပိတ်ပင်လိုကြပါသလော။ သို့ဖြစ်ရာ ကျွန်ုပ်တို့ထံ တစ်စုံတစ်ရာ ပွင့်လင်းထင်ရှား၍ လွှမ်းမိုးအောင်နိုင်သော သက်သေသာဓကတစ်ရပ်ရပ်ကို ယူဆောင်လာပါလော့ဟု ပြောကြ၏။

قَالَتْ لَهُمْ رُسُلُهُمْ اِنْ نَّحْنُ اِلَّا بَشَرٌ مِّثْلُكُمْ وَلٰكِنَّ اللّٰهَ يَمُنُّ عَلٰي مَنْ يَّشَاۗءُ مِنْ عِبَادِهٖ ۭ وَمَا كَانَ لَنَآ اَنْ نَّاْتِيَكُمْ بِسُلْطٰنٍ اِلَّا بِاِذْنِ اللّٰهِ ۭ وَعَلَى اللّٰهِ فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ ۝

၁၂။ သူတို့၏တမန်တော်များက သူတို့အား ပြောကြားကြသည်မှာ ကျွန်ုပ်တို့သည် အသင်တို့ကဲ့သို့ လူသားမှတစ်ပါး အခြားမည်သည်မျှမဟုတ်ချေ။ သို့ရာတွင် အလ္လာဟ်သည် မိမိ၏အစေတော်များအနက်မှ အလိုရှိတော်မူသောသူအပေါ် ကျေးဇူးပြုတော်မူ၏။ ထို့ပြင် အလ္လာဟ်၏ခွင့်ပြုချက်ရှိသည်မှတစ်ပါး လွှမ်းမိုးအောင်နိုင်သော နိမိတ်လက္ခဏာတစ်စုံတစ်ရာကိုယူဆောင်လာရန် ကျွန်ုပ်တို့၌ စွမ်းအားမရှိချေ။ ထို့ပြင် သက်ဝင်ယုံကြည်သူတို့သည် အလ္လာဟ်အားသာလျှင် ယုံပုံကိုးစားခြင်းပြုသင့်ပေသည်။

وَمَا لَنَآ اَلَّا نَتَوَكَّلَ عَلَي اللّٰهِ وَقَدْ هَدٰىنَا سُبُلَنَا ۭ وَلَنَصْبِرَنَّ عَلٰي مَآ اٰذَيْتُمُوْنَا ۭ وَعَلَى اللّٰهِ فَلْيَتَوَكَّلِ الْمُتَوَكِّلُوْنَ ۝

၁၃။ ထို့ပြင် ကျွန်ုပ်တို့သည် အလ္လာဟ်အပေါ် ယုံပုံကိုးစားခြင်းမပြုရန် ကျွန်ုပ်တို့၌ အဘယ်အကြောင်းရှိပါသနည်း။ စင်စစ် အရှင်မြတ်သည် ကျွန်ုပ်တို့၏လမ်းများဘက်သို့ (ကိုယ်တော်တိုင်) ကျွန်ုပ်တို့အား လမ်းညွှန်တော်မူခဲ့ပေသည်။ ထို့ပြင် ကျွန်ုပ်တို့သည် အသင်တို့က ကျွန်ုပ်တို့အား သက်ရောက်စေမည့် ဒုက္ခများကို အမှန်ပင် သည်းခံကြပေမည်။ စင်စစ် ယုံပုံကိုးစားမှုပြုသူတို့သည် အလ္လာဟ်အပေါ်၌သာလျှင် ယုံပုံကိုးစားခြင်း ပြုသင့်ကြပေသတည်း။

ရှုကူး-၃

وَقَالَ الَّذِيْنَ كَفَرُوْا لِرُسُلِهِمْ لَنُخْرِجَنَّكُمْ مِّنْ اَرْضِنَآ اَوْ لَتَعُوْدُنَّ فِيْ مِلَّتِنَا ؕ فَاَوْحٰۤى اِلَيْهِمْ رَبُّهُمْ لَنُهْلِكَنَّ الظّٰلِمِيْنَ ۙ﴿۱۳﴾

၁၃။ ထို့ပြင် မယုံကြည်ငြင်းပယ်ကြသောသူတို့က မိမိတို့၏ တမန်တော်များအား ပြောဆိုကြသည်မှာ ကျွန်ုပ်တို့သည် အသင်တို့အား အမှန်ပင် မိမိတို့၏နိုင်ငံမှနှင်ထုတ်ကြပေအံ့။ သို့တည်းမဟုတ် အသင်တို့သည် မလွဲမသွေ ကျွန်ုပ်တို့၏ သာသနာသို့ ပြန်လည်လာရောက်ရပေမည်။ ထိုအခါ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် သူတို့အပေါ် 'ဝဟီ' ဗျာဒိတ်ပို့ချတော်မူခဲ့သည်မှာ ငါတို့သည် မုချဧကန် အပြစ်ကျူးလွန်သူတို့ကို ဖျက်ဆီးပစ်တော်မူပေအံ့။

وَلَنُسْكِنَنَّكُمُ الْاَرْضَ مِنْۢ بَعْدِهِمْ ؕ ذٰلِكَ لِمَنْ خَافَ مَقَامِيْ وَخَافَ وَعِيْدِ ﴿۱۴﴾

၁၄။ ထို့ပြင် ငါတို့သည် အမှန်ပင် အသင်တို့အား သူတို့၏ နောက်တွင် တိုင်းနိုင်ငံ၌နေစေတော်မူမည်။ ဤသည်မှာ ငါအရှင်မြတ်၏ဂုဏ်တော်အဆင့်ကိုကြောက်ရွံ့ကာ ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုအားကြောက်ရွံ့သောသူတို့အတွက်ဖြစ်၏။

وَاسْتَفْتَحُوْا وَخَابَ كُلُّ جَبَّارٍ عَنِيْدٍ ﴿۱۵﴾

၁၅။ သူတို့သည် (အလ္လာဟ်၏ထံတော်မှ) အောင်နိုင်မှုကို တောင်းခံခဲ့ကြ၏။ ထို့နောက် အတင်းအဓမ္မပြုသောရန်သူ အားလုံးတို့သည် ပျက်စီးခဲ့ကြပေသည်။

مِّنْ وَّرَآئِهٖ جَهَنَّمُ وَيُسْقٰى مِنْ مَّآءٍ صَدِيْدٍ ﴿۱۶﴾

၁၆။ ယင်း(ရန်သူ)၏အခြားတစ်ဖက်တွင် 'ဂျဟန္နမ်'ငရဲရှိ၏။ ထို့ပြင် သူသည် ပြည်ပုပ်ရောထားသောရေကို တိုက်ကျွေးခြင်း ခံရပေအံ့။

يَّتَجَرَّعُهٗ وَلَا يَكَادُ يُسِيْغُهٗ وَيَاْتِيْهِ الْمَوْتُ مِنْ كُلِّ مَكَانٍ وَّمَا هُوَ بِمَيِّتٍ ؕ وَمِنْ وَّرَآئِهٖ عَذَابٌ غَلِيْظٌ ﴿۱۷﴾

၁၇။ ယင်းအား သူသည် တစ်ကျိုက်စီသောက်လိမ့်မည်။ သို့ရာတွင် ယင်းကို လွယ်ကူစွာဖြင့်မျိုချနိုင်မည်မဟုတ်ချေ။ ထို့ပြင် သေခြင်းသည် ဘက်ပေါင်းစုံမှ သူ့ထံလာရောက်လိမ့်မည်။ သို့သော် သူသည် သေနိုင်မည်မဟုတ်။ ထို့ပြင် ယင်း၏ အခြား တစ်ဖက်တွင် ပြင်းထန်သော အပြစ်ဒဏ်သည်ရှိ၏။

مَثَلُ الَّذِيْنَ كَفَرُوْا بِرَبِّهِمْ اَعْمَالُهُمْ كَرَمَادِ ِۨاشْتَدَّتْ بِهِ الرِّيْحُ فِيْ يَوْمٍ عَاصِفٍ ؕ لَا يَقْدِرُوْنَ مِمَّا كَسَبُوْا عَلٰى شَيْءٍ ؕ ذٰلِكَ هُوَ الضَّلٰلُ الْبَعِيْدُ ﴿۱۸﴾

၁၈။ မိမိတို့၏ ဖန်ဆင်းမွေးမြူတော်မူသောအရှင်အား ငြင်းပယ်ကြသူတို့၏ပမာကား ဤသို့ဖြစ်၏။ ယင်းတို့၏ ကျင့်ကြံအားထုတ်မှုသည် ထိုပြာကဲ့သို့ဖြစ်၏။ ယင်းအပေါ် လေပြင်းမုန်တိုင်းကျသည့်နေ့တွင် ပြင်းထန်သောလေသည် တိုက်ခတ်ခဲ့လေသည်။ သူတို့သည်ရှာဖွေဆည်းပူးသမျှမှ မည်သည့်အရာ အပေါ်တွင်မျှ အစိုးမရကြချေ။ ဤသည်ပင် အလွန်တရာ ဝေးကွာလှသော ထိုလမ်းလွဲမှုဖြစ်၏။

اَلَمْ تَرَ اَنَّ اللّٰهَ خَلَقَ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ ؕ اِنْ يَّشَاْ يُذْهِبْكُمْ وَيَاْتِ بِخَلْقٍ جَدِيْدٍ ﴿۱۹﴾

၁၉။ အသို့နည်း၊ အလ္လာဟ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ထိုက်သင့်မှန်ကန်စွာ ဖန်ဆင်းတော်မူခဲ့သည်ကို အသင်မသိပါသလော။ အကယ်၍ အရှင်မြတ်အလိုရှိတော်မူလျှင် (အို-လူသားတို့) အသင်တို့အား ယူဆောင်သွားတော်မူလျက် ဖန်ဆင်းခံအသစ်များကို ယူဆောင်လာတော်မူပေအံ့။ ①

① ဤအာယတ်တော်တွင် အကယ်၍ အလ္လာဟ်အလိုတော်ရှိခဲ့လျှင် လူမျိုးနွယ်တစ်ရပ်လုံးကို လုံးဝဥဿုံ ချုပ်ငြိမ်းပျက်သုဉ်း

وَّمَا ذٰلِكَ عَلَى اللّٰهِ بِعَزِيْزٍ ۝

၂၁။ စင်စစ် ဤသည် အလ္လာဟ်အဖို့ အလျှင်းခဲယဉ်းသည် မဟုတ်ချေ။

وَبَرَزُوْا لِلّٰهِ جَمِيْعًا فَقَالَ الضُّعَفٰٓؤُا لِلَّذِيْنَ اسْتَكْبَرُوْٓا اِنَّا كُنَّا لَكُمْ تَبَعًا فَهَلْ اَنْتُمْ مُّغْنُوْنَ عَنَّا مِنْ عَذَابِ اللّٰهِ مِنْ شَيْءٍ ؕ قَالُوْا لَوْ هَدٰىنَا اللّٰهُ لَهَدَيْنٰكُمْ ؕ سَوَآءٌ عَلَيْنَآ اَجَزِعْنَآ اَمْ صَبَرْنَا مَا لَنَا مِنْ مَّحِيْصٍ ۝

၂၂။ ထို့ပြင် သူတို့သည် အလ္လာဟ်၏ရှေ့တော်မှောက်သို့ စုဝေးလျက်ရောက်ရှိလာကြပေမည်။ ထိုအခါ အားအင်ချည့်နဲ့သူများက မာန်မာနထောင်လွှားကြသောသူများအား ပြောဆိုကြမည်မှာ ကျွန်ုပ်တို့သည် အသင်တို့၏နောက်သို့ လိုက်ခဲ့သူများသာဖြစ်ခဲ့ကြပေရာ၊ အသင်တို့သည် အလ္လာဟ်၏ ပြစ်ဒဏ်မှ အနည်းငယ်မျှကို ကျွန်ုပ်တို့ထံမှလွှဲဖယ်ပစ်နိုင်ကြပါသလော။ ၎င်းတို့ကပြောကြားကြမည်မှာ အကယ်၍သာ အလ္လာဟ်သည် ကျွန်ုပ်တို့အား လမ်းညွှန်တော်မူခဲ့ပါလျှင် ကျွန်ုပ်တို့သည် အမှန်ပင် အသင်တို့အား လမ်းညွှန်မှုပြုခဲ့ကြပေမည်။ (ယခု) ကျွန်ုပ်တို့သည် ဝိုကြွေးမြည်တမ်းကြသည်ဖြစ်စေ၊ သည်းခံကြသည်ဖြစ်စေ ကျွန်ုပ်တို့အဖို့ အတူတူပင်ဖြစ်၏။ ကျွန်ုပ်တို့အတွက် လွတ်ကင်းထွက်မြောက်သွားရန် မည်သည့်လမ်းမျှ မရှိတော့ချေတည်း။

ရုကူး-၄

وَقَالَ الشَّيْطٰنُ لَمَّا قُضِيَ الْاَمْرُ اِنَّ اللّٰهَ وَعَدَكُمْ وَعْدَ الْحَقِّ وَوَعَدْتُّكُمْ فَاَخْلَفْتُكُمْ ؕ وَمَا كَانَ لِيَ عَلَيْكُمْ مِّنْ سُلْطٰنٍ اِلَّآ اَنْ دَعَوْتُكُمْ فَاسْتَجَبْتُمْ لِيْ ۚ فَلَا تَلُوْمُوْنِيْ وَلُوْمُوْٓا اَنْفُسَكُمْ ؕ مَآ اَنَا بِمُصْرِخِكُمْ وَمَآ اَنْتُمْ بِمُصْرِخِيَّ ؕ اِنِّيْ كَفَرْتُ بِمَآ اَشْرَكْتُمُوْنِ مِنْ قَبْلُ ؕ اِنَّ الظّٰلِمِيْنَ لَهُمْ عَذَابٌ اَلِيْمٌ ۝

၂၃။ ထို့ပြင် စီရင်ဆုံးဖြတ်ပြီးသောအခါဝယ် 'ရှိုင်တန်'က ပြောဆိုမည်မှာ စင်စစ်ဧကန် အလ္လာဟ်သည် အသင်တို့အား မှန်ကန်သော ကတိကိုပေးတော်မူခဲ့ပေသည်။ သို့ရာတွင် ကျွန်ုပ်သည် အသင်တို့အား အမြဲကတိပြုခဲ့ပြီး ဖောက်ဖျက်လေ့ရှိခဲ့ပေသည်။ ကျွန်ုပ်သည် အသင်တို့အား ဖိတ်ခေါ်ခြင်းပြုသောအခါ အသင်တို့သည် ကျွန်ုပ်၏ဖိတ်ခေါ်ခြင်းကို လက်ခံလိုက်ခြင်းမှတစ်ပါး ကျွန်ုပ်သည်အသင်တို့အပေါ် တစ်စုံတစ်ရာလွှမ်းမိုးအောင်နိုင်မှုမရရှိခဲ့ချေ။ သို့ဖြစ်ရာ ကျွန်ုပ်အား ပြစ်တင်ရှုတ်ချခြင်းမပြုကြလင့်။ မိမိတို့ကိုယ်ကိုသာလျှင် ပြစ်တင်ရှုတ်ချကြကုန်။ ကျွန်ုပ်သည် အသင်တို့၏ ဝိုကြွေးအကူအညီတောင်းခံခြင်းကို ကူညီနိုင်မည်မဟုတ်။ အသင်တို့သည်လည်း ကျွန်ုပ်၏ဝိုကြွေးအကူအညီတောင်းခံခြင်းကို ကူညီနိုင်မည်မဟုတ်ချေ။ စင်စစ်ဧကန် ကျွန်ုပ်သည် အသင်တို့ ယခင်က ကျွန်ုပ်အားယှဉ်တွဲကိုးကွယ် 'ရှရီက်'ပြုလုပ်လေ့ရှိခဲ့သည်ကို ငြင်းပယ်ပါ၏။ ဧကန်မုချ အပြစ်ကျူးလွန်သူများအတွက်သာလျှင် ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

وَاُدْخِلَ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ

၂၄။ ထို့ပြင် သက်ဝင်ယုံကြည်ကြလျက် ကောင်းမြတ်သောအကျင့်သီလကိုကျင့်သုံးဆောက်တည်ကြသောသူတို့သည် ဤသို့သော ဥယျာဉ်များအတွင်းသို့ ဝင်ရောက်စေခြင်းကိုခံကြ

➤ စေတော်မူပြီး ဖန်ဆင်းခံအသစ်ကို ကမ္ဘာမြေ၏အမွေခံများအဖြစ် ပြုလုပ်နိုင်တော်မူကြောင်းနှင့် ဤသည် အလ္လာဟ်အရှင်မြတ်အဖို့ စိုးစဉ်းမျှခက်ခဲသောအလုပ်မဟုတ်ကြောင်းကို ရှင်းပြမိန့်ကြားထားတော်မူခြင်းဖြစ်သည်။

خٰلِدِيْنَ فِيْهَا بِاِذْنِ رَبِّهِمْ ؕ تَحِيَّتُهُمْ فِيْهَا سَلٰمٌ ﴿۲۳﴾

ရပေမည်။ ယင်း၏အခြေတွင် စမ်းချောင်းများစီးဆင်းလျက်ရှိ၏။ သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၏အမိန့်တော်ဖြင့် ယင်း၌ အမြဲထာဝစဉ်နေကြရမည့်သူများဖြစ်၏။ ယင်း('ဂျန္နတ်'ဥယျာဉ်များ)တွင် သူတို့၏လက်ဆောင်မှာ 'စလာမ်'ငြိမ်းချမ်းခြင်း ဖြစ်လိမ့်မည်။

اَلَمْ تَرَ كَيْفَ ضَرَبَ اللّٰهُ مَثَلًا كَلِمَةً طَيِّبَةً كَشَجَرَةٍ طَيِّبَةٍ اَصْلُهَا ثَابِتٌ وَّفَرْعُهَا فِى السَّمَآءِ ﴿۲۴﴾

၂၄။ အလ္လာဟ်သည် သန့်ရှင်းစင်ကြယ်သော စကားရပ်၏ပမာကို သန့်ရှင်းစင်ကြယ်သောသစ်ပင်ဖြင့် မည်သို့ခိုင်းနှိုင်းတော်မူသည်ကို အသင်သည် မစဉ်းစားပါသလော။ ယင်း၏အမြစ်သည် ခိုင်မြဲစွာစွဲလျက်ရှိ၏။ ယင်း၏ထိပ်ဖျားသည် မိုးကောင်းကင်၌ရှိ၏။

تُؤْتِىْٓ اُكُلَهَا كُلَّ حِيْنٍ بِاِذْنِ رَبِّهَا ؕ وَيَضْرِبُ اللّٰهُ الْاَمْثَالَ لِلنَّاسِ لَعَلَّهُمْ يَتَذَكَّرُوْنَ ﴿۲۵﴾

၂၅။ ယင်းသည် အချိန်တိုင်းတွင် မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်၏အမိန့်တော်ဖြင့် မိမိ၏အသီးကိုပေး၏။ စင်စစ် အလ္လာဟ်သည် လူသားများအတွက် ဥပမာပုံဆောင်ချက်များဖော်ပြတော်မူရခြင်းမှာ ယင်းတို့သင်ခန်းစာရယူကြရန်ဖြစ်၏။

وَمَثَلُ كَلِمَةٍ خَبِيْثَةٍ كَشَجَرَةٍ خَبِيْثَةِ ِۨاجْتُثَّتْ مِنْ فَوْقِ الْاَرْضِ مَا لَهَا مِنْ قَرَارٍ ﴿۲۶﴾

၂၆။ ထို့ပြင် မသန့်ရှင်းသောစကားရပ်၏ဥပမာကား မသန့်ရှင်းသော သစ်ပင်ကဲ့သို့ဖြစ်၏။ ယင်းသည် မြေကြီးမှနုတ်ပစ်ခြင်းခံခဲ့ရပေသည်။ယင်းအတွက် (နေရာဌာနတစ်ခုခုပေါ်တွင်) ရပ်တည်ရန် သတ်မှတ်ပြဋ္ဌာန်းချက်မရှိချေ။

يُثَبِّتُ اللّٰهُ الَّذِيْنَ اٰمَنُوْا بِالْقَوْلِ الثَّابِتِ فِى الْحَيٰوةِ الدُّنْيَا وَفِى الْاٰخِرَةِ ۚ وَيُضِلُّ اللّٰهُ الظّٰلِمِيْنَ ۙ۬ وَيَفْعَلُ اللّٰهُ مَا يَشَآءُ ﴿۲۷﴾

၂၇။ အလ္လာဟ်သည် သက်ဝင်ယုံကြည်ကြသောသူတို့ကို ဤလောကီဘဝနှင့် နောင်တမလွန်တို့တွင် ခိုင်မာသော စကားအားဖြင့် မြဲမြံခိုင်ခံ့စေတော်မူ၏။ စင်စစ် အလ္လာဟ်သည် အပြစ်ကျူးလွန်သူတို့အား လမ်းလွဲစေတော်မူ၏။ ထို့ပြင် အလ္လာဟ်သည် အလိုရှိတော်မူရာကို ပြုလုပ်တော်မူသတည်း။

ရုကူး-၅

اَلَمْ تَرَ اِلَى الَّذِيْنَ بَدَّلُوْا نِعْمَتَ اللّٰهِ كُفْرًا وَّاَحَلُّوْا قَوْمَهُمْ دَارَ الْبَوَارِ ﴿۲۸﴾

၂၈။ အသင်သည် ထိုသူများဘက်သို့ မကြည့်ရှုပါသလော။ သူတို့သည် အလ္လာဟ်၏ကောင်းချီးဆုလာဘ်တော်ကို ငြင်းပယ်မှုဖြင့် ပြောင်းလဲပစ်ကြ၏။ ထို့ပြင် မိမိတို့၏ အမျိုးသားတို့ကို ပျက်စီးခြင်း၏အိမ်၌ချပေးကြ၏။

جَهَنَّمَ ۚ يَصْلَوْنَهَا ؕ وَبِئْسَ الْقَرَارُ ﴿۲۹﴾

၂၉။ 'ဂျဟန္နမ်'ငရဲတွင် ဖြစ်၏၊ သူတို့သည် ယင်းအတွင်းသို့ဝင်ရောက်ကြရပေမည်။ စင်စစ် အဘယ်မျှဆိုးရွားသော ရပ်တည်ရာ (နေရာထိုင်ခင်း)ဖြစ်ပေသနည်း။

وَجَعَلُوْا لِلّٰهِ اَنْدَادًا لِّيُضِلُّوْا عَنْ سَبِيْلِهٖ ؕ قُلْ تَمَتَّعُوْا فَاِنَّ مَصِيْرَكُمْ اِلَى النَّارِ ﴿۳۰﴾

၃၀။ ထို့ပြင် ထိုသူတို့သည် အလ္လာဟ်နှင့်ယှဉ်ဘက်ထားကိုးကွယ်ရာပြုလုပ်လိုက်ကြ၏။ သို့ဖြင့် သူတို့သည် အရှင်မြတ်၏လမ်းတော်မှ လွဲချော်အောင်ပြုလုပ်ကြရန်ဖြစ်၏။ အသင်

ပြောကြားပါလေ၊ အနည်းငယ်မျှ အကျိုးရယူခံစားကြကုန်။ သို့ဖြစ်ရာ စင်စစ် အသင်တို့၏ခရီးမှာ မီးဘက်သို့သာ ဖြစ်ပေသည်။

قُلْ لِّعِبَادِيَ الَّذِيْنَ اٰمَنُوْا يُقِيْمُوا الصَّلٰوةَ وَيُنْفِقُوْا مِمَّا رَزَقْنٰهُمْ سِرًّا وَّ عَلَانِيَةً مِّنْ قَبْلِ اَنْ يَّاْتِيَ يَوْمٌ لَّا بَيْعٌ فِيْهِ وَلَا خِلٰلٌ ۝

၃၁။ အသင်သည် သက်ဝင်ယုံကြည်ကြသော ငါ့အရှင်မြတ်၏ အစေတော်များအားပြောပါလေ၊ ၎င်းတို့သည် 'ဆွလာတ်' ဝတ်ပြုမှုကို တည်ဆောက်ကြရမည်။ ထို့ပြင် တစ်စုံတစ်ရာ ရောင်းဝယ်ဖောက်ကားခြင်းရှိမည်မဟုတ်သည့်အပြင် အဆွေခင်ပွန်းသည်လည်း တစ်စုံတစ်ရာ (အသုံးဝင်မည်)မဟုတ်သော ထိုနေ့တော်ကြီး ဆိုက်ရောက်မလာမီ ငါတို့က သူတို့အား ပေးသနားတော်မူသည်များမှ လျှို့ဝှက်စွာဖြင့်လည်းကောင်း၊ ပွင့်လင်းထင်ရှားစွာဖြင့်လည်းကောင်း သုံးစွဲကြရမည်။

اَللّٰهُ الَّذِيْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ وَاَنْزَلَ مِنَ السَّمَآءِ مَآءً فَاَخْرَجَ بِهٖ مِنَ الثَّمَرٰتِ رِزْقًا لَّكُمْ ۚ وَسَخَّرَ لَكُمُ الْفُلْكَ لِتَجْرِيَ فِي الْبَحْرِ بِاَمْرِهٖ ۚ وَسَخَّرَ لَكُمُ الْاَنْهٰرَ ۝

၃၂။ အလ္လာဟ်အရှင်မြတ်သည်ကား မိုးကောင်းကင်များနှင့် ကမ္ဘာမြေကိုဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူ၏။ ထို့ပြင် မိုးကောင်းကင်မှရေကို ချပေးတော်မူ၏။ တစ်ဖန် ထို(ရေ)အားဖြင့် များစွာသော သစ်သီးဝလံများကို ထုတ်ဆောင်တော်မူ၏။ (ယင်းသည်) အသင်တို့အတွက် 'ရိဇ်ကီ' ရိက္ခာအလို့ငှာဖြစ်၏။ ထို့ပြင် လှေသင်္ဘောများကို အသင်တို့အဖို့ အလုပ်အကျွေးပြုစေတော်မူ၏။ သို့ဖြင့် ယင်းသည် အရှင်မြတ်၏ အမိန့်တော်ဖြင့် ပင်လယ်သမုဒ္ဒရာ၌သွားလာစေရန်ဖြစ်၏။ ထို့ပြင် မြစ်ချောင်းများကိုလည်း အသင်တို့အဖို့ အလုပ်အကျွေး ပြုစေတော်မူ၏။

وَسَخَّرَ لَكُمُ الشَّمْسَ وَالْقَمَرَ دَآئِبَيْنِ ۚ وَسَخَّرَ لَكُمُ الَّيْلَ وَالنَّهَارَ ۝

၃၃။ ထို့ပြင် 'နေ'နှင့်'လ'ကို အမြဲမပြတ် လည်ပတ်သွားလာစေလျက် အသင်တို့အဖို့ အလုပ်အကျွေးပြုစေတော်မူ၏။ ထို့ပြင် အသင်တို့အဖို့ 'ည၌'နှင့်'နေ့'ကိုလည်း အလုပ်အကျွေးပြုစေတော်မူ၏။

وَاٰتٰىكُمْ مِّنْ كُلِّ مَا سَاَلْتُمُوْهُ ۭ وَاِنْ تَعُدُّوْا نِعْمَتَ اللّٰهِ لَا تُحْصُوْهَا ۭ اِنَّ الْاِنْسَانَ لَظَلُوْمٌ كَفَّارٌ ۝

၃၄။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အရှင်မြတ်ထံတော်မှ တောင်းခံသည့်အရာ အားလုံးတို့မှ အသင်တို့အား ပေးသနားတော်မူ၏။ အကယ်၍ အသင်တို့သည် အလ္လာဟ်၏ ကောင်းချီးဆုလာဘ်တော်များကို ရေတွက်ပါလျှင် ယင်းတို့အား မည်သည့်အခါတွင်မျှ ရေတွက်ခြင်းပြုနိုင်ကြမည်မဟုတ်ချေ။ စင်စစ်ကေန် လူသားသည် အလွန်တရာ အပြစ်ကျူးလွန်သူနှင့် အလွန်ပင် ကျေးဇူးကန်းသူဖြစ်ပေသတည်း။

ရုကူး-၆

وَاِذْ قَالَ اِبْرٰهِيْمُ رَبِّ اجْعَلْ هٰذَا الْبَلَدَ اٰمِنًا وَّ اجْنُبْنِيْ وَبَنِيَّ اَنْ نَّعْبُدَ

၃၅။ ထို့ပြင် (သတိရကြကုန်) အကြင်အခါဝယ် 'အစ်ဗရာဟင်မ်'က လျှောက်ထားပန်ကြားခဲ့သည်မှာ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဤမြို့ကို ငြိမ်းချမ်း

الْاَصْنَامَ ﴿۳۶﴾

ရာနေရာဌာန ပြုလုပ်တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးနှင့် ကျွန်တော်မျိုး၏သားသမီးများအား ရုပ်တုများကို ကိုးကွယ်ခြင်းမှ ကယ်တင်တော်မူပါ။

رَبِّ اِنَّهُنَّ اَضْلَلْنَ كَثِيْرًا مِّنَ النَّاسِ ۚ فَمَنْ تَبِعَنِيْ فَاِنَّهٗ مِنِّيْ ۚ وَمَنْ عَصَانِيْ فَاِنَّكَ غَفُوْرٌ رَّحِيْمٌ ﴿۳۶﴾

၃၇။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ယင်းတို့သည် စင်စစ် လူသားများအနက်များစွာသော သူတို့ကို လမ်းလွဲစေခဲ့ကြပေသည်။ သို့ဖြစ်ရာ အကြင်သူသည် ကျွန်တော်မျိုးအား လိုက်နာပါလျှင် သူသည် မုချကောန် ကျွန်တော်မျိုးမှဖြစ်ပါသည်။ ထို့ပြင် အကြင်သူသည် ကျွန်တော်မျိုးအားမနာခံပါလျှင် စင်စစ် အရှင်မြတ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်(နှင့်) အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပါ၏။

رَبَّنَآ اِنِّيْٓ اَسْكَنْتُ مِنْ ذُرِّيَّتِيْ بِوَادٍ غَيْرِ ذِيْ زَرْعٍ عِنْدَ بَيْتِكَ الْمُحَرَّمِ ۙ رَبَّنَا لِيُقِيْمُوا الصَّلٰوةَ فَاجْعَلْ اَفْـِٕدَةً مِّنَ النَّاسِ تَهْوِيْٓ اِلَيْهِمْ وَارْزُقْهُمْ مِّنَ الثَّمَرٰتِ لَعَلَّهُمْ يَشْكُرُوْنَ ﴿۳۷﴾

၃၈။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ဧကန်ပင် ကျွန်တော်မျိုးသည် မိမိ၏သားသမီးများမှ အချို့ကို အရှင်မြတ်၏ဂုဏ်သိက္ခာရှိသည့်အိမ်တော်အနီး ရေနှင့်မြက်ပင်မရှိသည့် တောင်ကြားဒေသတစ်ခုတွင် နေရာချထားခဲ့ပါသည်။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ သို့ဖြင့် သူတို့သည် 'ဆွလာတ်'ဝတ်ပြုမှုတည် ဆောက်ကြရန်ဖြစ်၏။ သို့ဖြစ်ရာ လူအများ၏စိတ်နှလုံးကို သူတို့ဘက်သို့ ယိမ်းညွတ်စေတော်မူပါ။ ထို့ပြင် သူတို့အား သစ်သီးဝလံများမှ 'ရီဇီက်'ရိက္ခာကို ပေးသနားတော်မူပါ။ သို့မှသာ သူတို့သည် ကျေးဇူးသိတတ်သူများဖြစ်ကြရာ၏။

رَبَّنَآ اِنَّكَ تَعْلَمُ مَا نُخْفِيْ وَمَا نُعْلِنُ ۭ وَمَا يَخْفٰى عَلَى اللّٰهِ مِنْ شَيْءٍ فِي الْاَرْضِ وَلَا فِي السَّمَاۗءِ ﴿۳۸﴾

၃၉။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ စင်စစ်ဧကန် အရှင်မြတ်သည် ကျွန်တော်မျိုးတို့ ဖုံးကွယ်သည်ကိုလည်းကောင်း၊ ထင်ရှားစေသည်ကိုလည်းကောင်း သိရှိတော်မူပါ၏။ ထို့ပြင် ဧကန်စင်စစ် ကမ္ဘာမြေပေါ်၌လည်းကောင်း၊ မိုးကောင်းကင်၌လည်းကောင်း မည်သည့်အရာမျှ အလ္လာဟ်၏ထံတော်မှ ဖုံးကွယ်နေသည်မဟုတ်ပါ။

اَلْحَمْدُ لِلّٰهِ الَّذِيْ وَهَبَ لِيْ عَلَى الْكِبَرِ اِسْمٰعِيْلَ وَاِسْحٰقَ ۭ اِنَّ رَبِّيْ لَسَمِيْعُ الدُّعَاۗءِ ﴿۳۹﴾

၄၀။ ခီးမွမ်းထောမနာခြင်းဟူသမျှသည် အလ္လာဟ်အဖို့သာဖြစ်၏။ ထိုအရှင်မြတ်သည် ကျွန်တော်မျိုးအား အိုမင်းမစွမ်းဖြစ်ပါလျက် 'အစ္စမာအီလ်'နှင့်'အစ္စဟာက်'တို့အား ပေးသနားတော်မူပါ၏။ စင်စစ် ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် 'ဒိုအာ'ဆုတောင်းကို အလွန်တရာကြားတော်မူသောအရှင်ဖြစ်တော်မူပါ၏။

رَبِّ اجْعَلْنِيْ مُقِيْمَ الصَّلٰوةِ وَمِنْ ذُرِّيَّتِيْ ۣ رَبَّنَا وَتَقَبَّلْ دُعَاۗءِ ﴿۴۰﴾

၄၁။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ကျွန်တော်မျိုးနှင့် ကျွန်တော်မျိုး၏ အဆက်အနွယ်များအား 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်သူများ ပြုလုပ်

တော်မူပါ။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုး၏ 'ဒိုအာ'ဆုတောင်းကို လက်ခံတော်မူပါ။

رَبَّنَا اغْفِرْ لِيْ وَلِوَالِدَيَّ وَلِلْمُؤْمِنِيْنَ يَوْمَ يَقُوْمُ الْحِسَابُ ۝٤١

၄၂။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ စာရင်းစစ်ဆေးခြင်းပြုမည့်နေ့တော်ကြီးတွင် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘနှစ်ပါးအားလည်းကောင်း၊ 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူများအားလည်းကောင်း ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။

ရုကူး-၇

وَلَا تَحْسَبَنَّ اللّٰهَ غَافِلًا عَمَّا يَعْمَلُ الظّٰلِمُوْنَ ۬ اِنَّمَا يُؤَخِّرُهُمْ لِيَوْمٍ تَشْخَصُ فِيْهِ الْاَبْصَارُ ۝٤٢

၄၃။ အလ္လာဟ်သည် အပြစ်ကျူးလွန်သူတို့၏ပြုကျင့်မှုကို ဂရုမမူ အမှတ်မဲ့နေတော်မူသည်ဟု အသင်သည် အလျင်းမထင်မှတ်လင့်။ စင်စစ် အရှင်မြတ်သည် သူတို့အား မျက်စိများပြူးကျယ်သွားရမည့်နေ့တိုင်အောင် ဆိုင်းငံ့ထားတော်မူ၏။

مُهْطِعِيْنَ مُقْنِعِيْ رُءُوْسِهِمْ لَا يَرْتَدُّ اِلَيْهِمْ طَرْفُهُمْ ۚ وَاَفْـِٕدَتُهُمْ هَوَآءٌ ۝٤٣

၄၄။ သူတို့သည် မိမိတို့၏ဦးခေါင်းများကိုမော့၍ ကြောက်ရွံ့မှုဖြင့် ပြေးလွှားလျက်ရှိနေကြပေလိမ့်မည်။ သူတို့၏အမြင်သည် သူတို့ဘက်သို့ ပြန်လည်၍ရောက်ရှိလာမည်မဟုတ် (မည်သည်ကိုမျှမြင်တွေ့ရမည်မဟုတ်ခဲ့)။ ထို့ပြင် သူတို့၏စိတ်နှလုံးများသည် ဆိတ်သုဉ်းလျက်ရှိနေပေလိမ့်မည်။

وَاَنْذِرِ النَّاسَ يَوْمَ يَاْتِيْهِمُ الْعَذَابُ فَيَقُوْلُ الَّذِيْنَ ظَلَمُوْا رَبَّنَآ اَخِّرْنَآ اِلٰٓى اَجَلٍ قَرِيْبٍ ۙ نُّجِبْ دَعْوَتَكَ وَنَتَّبِعِ الرُّسُلَ ؕ اَوَلَمْ تَكُوْنُوْٓا اَقْسَمْتُمْ مِّنْ قَبْلُ مَا لَكُمْ مِّنْ زَوَالٍ ۝٤٤

၄၅။ ထို့ပြင် လူသားတို့အား ထိုနေ့တော်ကြီးကို သတိပေးနှိုးဆော်ပါလေ။ ထိုနေ့တော်ကြီးတွင် ၎င်းတို့အပေါ် အပြစ်ဒဏ်ရောက်ရှိလာမည့်အခါ အပြစ်ကျူးလွန်သူတို့က ပြောကြမည်မှာ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အား အချိန်ကာလအနည်းငယ်အထိဆိုင်းငံ့ခွင့်ကို ပေးသနားတော်မူပါ။ ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ဖိတ်ခေါ်ချက်ကို လက်ခံကြပါမည်။ ထို့ပြင် တမန်တော်များအားလိုက်နာကြပါမည်။ အသင်တို့သည် ဤသည့်အလျင် အသင်တို့အပေါ်သို့ တစ်စုံတစ်ရာ ဆုတ်ယုတ်ကျဆင်းမှုရောက်ရှိလာလိမ့်မည်မဟုတ်ဟု ကျိန်ဆိုပြောဆိုလေ့ရှိခဲ့ကြသည်မဟုတ်လော။

وَّسَكَنْتُمْ فِيْ مَسٰكِنِ الَّذِيْنَ ظَلَمُوْٓا اَنْفُسَهُمْ وَتَبَيَّنَ لَكُمْ كَيْفَ فَعَلْنَا بِهِمْ وَضَرَبْنَا لَكُمُ الْاَمْثَالَ ۝٤٥

၄၆။ ထို့ပြင် အသင်တို့သည် မိမိတို့၏ အသက်ဝိညာဉ်များကို နှိပ်စက်ညှဉ်းပန်းမှုပြုကြသောသူတို့၏အိမ်များတွင် နေထိုင်လျက်ရှိခဲ့ကြပေသည်။ ထို့ပြင် ငါတို့က ၎င်းတို့အားမည်ကဲ့သို့ဆက်ဆံခဲ့သည်မှာ အသင်တို့အပေါ် ကောင်းစွာ ထင်ရှားခဲ့ချေပြီ။ ထို့ပြင် ငါတို့သည် ဥပမာများကို အသင်တို့၏ရှေ့ဝယ် ပွင့်လင်းထင်ရှားစွာဖော်ပြတော်မူ၏။

وَقَدْ مَكَرُوْا مَكْرَهُمْ وَعِنْدَ اللّٰهِ مَكْرُهُمْ ؕ وَاِنْ كَانَ مَكْرُهُمْ لِتَزُوْلَ مِنْهُ الْجِبَالُ ﴿۴۶﴾

၄၆။ ထို့ပြင် သူတို့သည် မိမိတို့၏ကြံစည်ကြိုးစားမှုကို (စွမ်းအားရှိသရွေ့)ပြုလုပ်ခဲ့ကြပေသည်။ သူတို့၏ ကြံစည်ကြိုးစားမှုဖြင့် တောင်ကြီးကိုပင် ရွေ့လျားသွားစေနိုင်သည်ဖြစ်စေ သူတို့၏ ကြံစည်ကြိုးစားမှုသည် အလ္လာဟ်၏ ရှေ့တော်မှောက်တွင် ရှိ၏။

فَلَا تَحْسَبَنَّ اللّٰهَ مُخْلِفَ وَعْدِهٖ رُسُلَهٗ ؕ اِنَّ اللّٰهَ عَزِيْزٌ ذُو انْتِقَامٍ ﴿۴۷﴾

၄၇။ သို့ဖြစ်ရာ အလ္လာဟ်သည် မိမိတမန်တော်များအား ပေးထားတော်မူသည့်ကတိတော်များကို ဆန့်ကျင်မှုပြုတော်မူမည့် အရှင်ဟု အသင်သည် အလျှင်းမထင်မှတ်လင့်။ စင်စစ်ဧကန် အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသော အရှင်(နှင့်) ပြင်းထန်စွာ တုံ့ပြန်အပြစ်ပေးတော်မူသောအရှင် ဖြစ်တော်မူ၏။

يَوْمَ تُبَدَّلُ الْاَرْضُ غَيْرَ الْاَرْضِ وَالسَّمٰوٰتُ وَبَرَزُوْا لِلّٰهِ الْوَاحِدِ الْقَهَّارِ ﴿۴۸﴾

၄၈။ ထို့နေ့တော်ကြီးတွင် ကမ္ဘာမြေသည် မတူခြားနားသော ကမ္ဘာမြေကြီးတစ်ခုအဖြစ် ပြောင်းလဲခြင်းကိုခံရပေလိမ့်မည်။ ထို့အတူ မိုးကောင်းကင်များသည်လည်း (ပြောင်းလဲခြင်းခံရလိမ့်မည်)။ ထို့ပြင် သူတို့သည် တစ်ပါးတည်းဖြစ်တော်မူလျက် တန်ခိုးတော်ဖြင့် နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်၏ ရှေ့တော်မှောက်သို့(ခစားရန်အတွက်) ထွက်ရပ်ကြပေလိမ့်မည်။

وَتَرَى الْمُجْرِمِيْنَ يَوْمَئِذٍ مُّقَرَّنِيْنَ فِي الْاَصْفَادِ ﴿۴۹﴾

၄၉။ ထို့ပြင် ထိုနေ့တော်ကြီးတွင် အပြစ်ကျူးလွန်သူများအား သံကြိုးများဖြင့် တင်းကျပ်စွာ ချည်နှောင်ထားသည်ကို အသင်သည် မြင်တွေ့ရပေလိမ့်မည်။

سَرَابِيْلُهُمْ مِّنْ قَطِرَانٍ وَّتَغْشٰى وُجُوْهَهُمُ النَّارُ ﴿۵۰﴾

၅၀။ သူတို့၏ အဝတ်အစားများသည် ကတ္တရာစေးဖြင့် (ပြုလုပ်ထား)ရှိလိမ့်မည်။ ထို့ပြင် မီးသည် ၎င်းတို့၏မျက်နှာများကို ဖုံးလွှမ်းထားပေလိမ့်မည်။

لِيَجْزِيَ اللّٰهُ كُلَّ نَفْسٍ مَّا كَسَبَتْ ؕ اِنَّ اللّٰهَ سَرِيْعُ الْحِسَابِ ﴿۵۱﴾

၅၁။ သို့ဖြင့် အလ္လာဟ်သည် အသက်ဝိညာဉ်တိုင်းကို ၎င်းရွာဖွေဆည်းပူးသည်၏ အတုံ့အလှယ်ကို ပေးတော်မူရန်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် စာရင်းစစ်ရာတွင် အလွန် မြန်ဆန်တော်မူ၏။

هٰذَا بَلٰغٌ لِّلنَّاسِ وَلِيُنْذَرُوْا بِهٖ وَلِيَعْلَمُوْٓا اَنَّمَا هُوَ اِلٰهٌ وَّاحِدٌ وَّلِيَذَّكَّرَ اُولُوا الْاَلْبَابِ ﴿۵۲﴾

۞

၅၂။ ဤသည် လူသားတို့အဖို့ ပွင့်လင်းထင်ရှားသော သတင်းတစ်ရပ်ဖြစ်၏။ သို့ဖြင့် သူတို့သည် ယင်းအားဖြင့် သတိပေးနှိုးဆော်မှုခံကြရရန်ဖြစ်၏။ ထို့ပြင် အရှင်မြတ်သည်သာလျှင် တစ်ပါးတည်းသောကိုးကွယ်ရာအရှင်ဖြစ်တော်မူကြောင်းကို ယင်းတို့သိရှိကြရန်နှင့် အသိဉာဏ်ရှိသောသူတို့ သင်ခန်းစာရယူကြစိမ့်သောဌာဖြစ်သတည်း။

❖ ❖ ❖

၁၅။ အလ်–ဟိဂ်ျိရ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ် တော်ပေါင်း (၁၀၀)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်သည် 'အလီဖ်၊ လာမ်၊ ရာ'ဖြင့်အစချီထားပြီး နောက်ပိုင်းဆူရာဟ်များတွင် ဤသခ်ေပ အက္ခရာစု 'မိုကာတ္တီအတ်'ကို ထပ်မံဖော်ပြထားခြင်းမရှိပေ။

ပြီးခဲ့သောဆူရာဟ်တွင်လာရှိခဲ့သည့် 'ဂျလာလီ'(ဘုန်းတန်ခိုးတေဇာကြီးမြတ်ခြင်း)နှင့် 'ဂျမာလီ' (လှပတင့်တယ်ခြင်း)တို့၏ နိမိတ်လက္ခဏာများ၏ရလဒ်ကြောင့် အချို့အခါများတွင် မယုံကြည်ငြင်းပယ် ကြသော 'ကာဖိရ်'များ၏စိတ်နလုံးများတွင်လည်း လေးစားကြောက်ရွံ့မှုသည် လွှမ်းမိုးသွားခဲ့ပေသည်။ သို့ကြောင့်ပင် ယင်းတို့ကလည်း ငါတို့သည် လက်ခံနာယူသူများတွင်ပါဝင်သူများဖြစ်ခဲ့ကြလျှင် ကောင်းပေစွဟူ၍ စိတ်တွင်းမှ ဝမ်းနည်းခြင်းကို ဖြစ်ပေါ်ခံစားကြရကြောင်းကို ဖော်ပြထားပေသည်။ သို့စင်လျက် ယင်းနောက်တွင်တစ်ဖန် မိမိတို့၏နဂိုမူလအခြေအနေသို့ ပြန်လှည့်ကြသော်လည်း တမန်တော် များ၏ အောင်ပွဲကိုမူ မငြင်းနိုင်ကြချေ။ သို့သော် သူတို့က ဤသည် ကျွန်ုပ်တို့၏မျက်စိများကို လှည့်စား လိုက်ခြင်းဖြစ်တန်ရာ၏ဟု ပြစ်တင်စွပ်စွဲကြလေသည်။

ထို့ပြင်တစ်ဝ အလ္လာဟ်အရှင်မြတ်က ရန်သူများ မည်သို့ပင်ဆိုစေကာမူ ဧကန်မုချ ငါအရှင်မြတ် သည်ပင် ဤကျမ်းတော်ကို ပို့ချတော်မူခဲ့ပြီးနောင်တွင်လည်း ယင်းကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် လျက်ရှိနေတော်မူမည်ဟူသော ကတိတော်ကို ကြေညာတော်မူထားပေသည်။

ထိုသည့်နောက်ပိုင်း အာယတ်တော်များတွင် ဆူရာဟ်(၈၅) ဆူရာဟ်'ဘူရူးဂျ်'ကို သတိရစေသည့် အနေဖြင့် 'ကြယ်တာရာစခန်း'အကြောင်းကို ဖော်ပြထားတော်မူသည်။ ထိုမှတစ်ပါး 'ငါတို့သည်ပင် ဤဗျာဒိတ်တော်(ကုရ်အာန်ကျမ်း)ကို ထိန်းသိမ်းစောင့်ရှောက်တော်မူမည်'ဟူသော ဝါကျ၏အနက်မှာ တမန်တော်မြတ်ﷺ၏ ကျေးကျွန်အစေတော်များမှ ကျမ်းမြတ်ကုရ်အာန်ကို ကာကွယ်စောင့်ရှောက်ရန် အတွက် အမြဲအသင့်ရှိနေကြမည့်သူများကို အလ္လာဟ်အရှင်မြတ်က စေလွှတ်တော်မူလျက်ရှိနေပေမည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။ ဤတွင် 'ဘူရူးဂျ်'ဟုဖော်ပြရာ၌ တမန်တော်မြတ်ﷺ၏နောက်ပိုင်းတွင် တစ်ဆယ့်နှစ်လုံးသော ကြယ်တာရာများသဖွယ် 'မူဂျဒီဒ်'(အလင်းပြပုဂ္ဂိုလ်)များ ပွင့်ပေါ်လာရောက်လျက် ရှိခဲ့ကြပေရာ ထိုပုဂ္ဂိုလ်များသည်လည်း ဤလုပ်ငန်းစဉ်အတွက် ခန့်အပ်စေလွှတ်ခြင်းခံခဲ့ကြရသူများ ဖြစ်ကြောင်းကိုပါ ရည်ညွှန်းခြင်းဖြစ်ပေသည်။

ကျမ်းမြတ်ကုရ်အာန်ပါ အကြောင်းအရာများသည် မကုန်ဆုံးနိုင်သကဲ့သို့ မနုဿလူသားများ၏ လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းရန်အတွက် အလ္လာဟ်အရှင်မြတ်က မကုန်ဆုံးနိုင်သော ဘဏ္ဍာသိုက် များကို အချိန်အခါအားလျော်စွာ ပေးသနားတော်မူလျက်ရှိနေပေသည်။

သို့ဖြစ်ရာ "လောင်စာ"နှင့်ဆိုင်သောစနစ်သည် ယင်းအတွက်ကြီးမားသော ဥပမာတစ်ရပ်ပင် ဖြစ်၏။ လူသားသည် လောင်စာအတွက် သစ်ဝါးများကုန်သွားလျှင် မည်သို့ဖြစ်မည်နည်းဟု သောက ရောက်ခဲ့ကြပေသည်။ ကျောက်မီးသွေးကုန်ခန်းသွားလျှင် မည်သို့ဖြစ်မည်နည်းဟု သောကရောက်ခဲ့ ကြပေသည်။ ရေနံများကုန်ခန်းသွားလျှင် လောင်စာအတွက် မည်သို့လုပ်ရမည်နည်းဟူ၍ စိုးရိမ်ပူပန် ခဲ့ကြပေသည်။ သို့ရာတွင် ရေနံမကုန်ခန်းမီအလျင် အလ္လာဟ်အရှင်မြတ်က မကုန်ခန်းနိုင်သော စွမ်းအင်

နည်းလမ်းဘက်သို့ လူများအား အာရုံစိုက်စေခဲ့ပေသည်။ ဆိုလိုသည်မှာ "ရှုကလီးယား"စွမ်းအင်ဖြစ်သည်။ အကယ်၍ လူသားသည် ဤစွမ်းအင်ဖြင့် အပြည့်အဝအကျိုးရယူနိုင်သော အရည်အချင်းရှိလာပြီး ယင်းစွမ်းအင်၏ဆိုးကျိုးများမှ အကာအကွယ်ရယူနိုင်သောနည်းလမ်းများကို ကြံစည်အားထုတ်နိုင်ခဲ့ပါလျှင် ဤစွမ်းအင်သည်ကား 'ကေယာမတ်'ကမ္ဘာ့နောက်ဆုံးနေ့တိုင်အောင် မည်သည့်အခါတွင်မျှ ကုန်ခန်းနိုင်လိမ့်မည်မဟုတ်ချေ။ ဤကဲ့သို့ပင် ကျမ်းမြတ်ကုရ်အာန်၏ ဝိညာဉ်ပိုင်းဆိုင်ရာ ရတနာသိုက်ကြီးသည် မကုန်ခန်းနိုင်သကဲ့သို့ လူသားတည်တံ့ရေးအတွက် ရုပ်ပိုင်းဆိုင်ရာရတနာသိုက်သည်လည်း မည်သည့်အခါတွင်မျှ ကုန်ခန်းနိုင်မည်မဟုတ်ချေ။

ထို့နောက် လူသားတို့အတွက် ကမ္ဘာ့နောက်ဆုံးနေ့တိုင် ပို့ချပေးလျက်ရှိနေမည့် ဤနှစ်မျိုးသော ရတနာသိုက်များ၏ ရလဒ်အဖြစ် 'ရှိုင်တန်'ကလည်း သံသယကို ပေါက်ဖွားစေလျက်ရှိမည်ဖြစ်ပြီး ဤကဲ့သို့ သံသယဒိဟကိုထည့်သွင်းခြင်းသည်လည်း ကေယာမတ်နေ့တိုင်အောင် မပြတ်တမ်းရှိနေမည်ဖြစ်ကြောင်းကိုလည်း ဖော်ပြထားပေသည်။

ထို့နောက်တွင် တမန်တော် အစ်ဗရာဟင်မ် ﷺအပြင် အခြားသောတမန်တော်အချို့နှင့် သူတို့၏ အမျိုးသားများအကြောင်းကို ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ ဤသည်နှင့်စပ်လျဉ်း၍ **اصحابُ الأيْكه** နှင့် **اصحابُ الْحِجْر** အမျိုးသားတို့၏ ဥပမာကိုပေးထားပြီး ဤနည်းအတိုင်း နောင်ကာလတွင်လည်း အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ်ﷺအား ဆန့်ကျင်သူများကို ချေမှုန်းပစ်တော်မူမည်ဖြစ်ကြောင်း ဖော်ပြထားပေသည်။

ထို့အတူ အစ်ဗရာဟင်မ် ﷺအား သားတော်တစ်ပါး မွေးဖွားလာမည့်သတင်းကောင်းကို ပေးသည့်အကြောင်းကိုလည်း ဖော်ပြထားပေသည်။ ဤအနာဂတ်တစ်ကားတွင် တမန်တော် အစ္စဟာက် ﷺနှင့် တမန်တော် ယာကွပ် ﷺတို့ကိုပါ ဖော်ပြထားသော်လည်း ဤအနာဂတ်တိဟောချက်သည် ဦးစွာပထမတမန်တော် အစ္စမာအီလ်ﷺထံသက်ရောက်ခဲ့ပေသည်။ တမန်တော် အစ္စမာအီလ် ﷺ၏ရုပ်ပိုင်းနှင့် နာမ်ပိုင်းဆိုင်ရာသားသမီးများအတွင်းမှ တမန်တော်မြတ်ﷺမွေးဖွားလာမည်ဖြစ်သောကြောင့်တည်း။

သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော်မြတ်ﷺကို အားပေးစကားပြောကြားတော်မူသည်မှာ "အသင့်အား လှောင်ပြောင်သရော်သူများကို ဥပေက္ခာပြုလျက်နေပါလေ၊ ငါအရှင်မြတ်သည် ၎င်းတို့အား စီရင်ဆုံးဖြတ်တော်မူမည့်အရှင်ဖြစ်၏၊ ထို့ပြင် ၎င်းတို့၏ပြောဆိုမှုများကြောင့် အသင်သည် စိတ်ထိခိုက်မှုကိုခံစားရပါလျှင် သည်းခံခြင်းဖြင့် မိမိ၏ဖန်ဆင်းမွေးမြူရှင်ကို ချီးမွမ်းထောမနာပြု၍ သာနေပါလေ"ဟူ၍ဖြစ်သတည်း။

♦ ♦ ♦

ဆူရောဟ် အလ်-ဟိဂ်ျိရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၀၀)ပိုဒ် ရှိကူ (၆)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

الٓرٰ ۚ تِلْكَ اٰيٰتُ الْكِتٰبِ وَقُرْاٰنٍ مُّبِيْنٍ ②

၂။ أَنَا اللّٰهُ أَرَى ငါသည် အလ္လာဟ်ဖြစ်တော်မူ၏၊ ငါသည် မြင်တွေ့တော်မူ၏။ ဤသည် ကျမ်းတော်နှင့် ပွင့်လင်းထင်ရှားသော 'ကုရ်အာန်'၏ အာယတ်တော်များတည်း။

رُبَمَا يَوَدُّ الَّذِيْنَ كَفَرُوْا لَوْ كَانُوْا مُسْلِمِيْنَ ②

၃။ 'ကာဖိရ်' မယုံကြည်ငြင်းပယ်သူတို့သည် မိမိတို့မှာ မွတ်စလင်များဖြစ်ခဲ့လျှင်ကောင်းလေစွဟု မကြာခဏ ဆန္ဒထားရှိကြပေအံ့။

ذَرْهُمْ يَاْكُلُوْا وَيَتَمَتَّعُوْا وَيُلْهِهِمُ الْاَمَلُ فَسَوْفَ يَعْلَمُوْنَ ③

၄။ သူတို့အား (မိမိတို့၏အခြေအနေအတိုင်း) စားကြသောက်ကြလျက် ယာယီအကျိုးကျေးဇူးရယူခံစားစေရန်လည်းကောင်း၊ မျှော်လင့်ချက်သည် သူတို့အား မေ့လျော့လျက်ရှိစေရန်လည်းကောင်း လွှတ်ထားပါလေ။ သို့ဖြစ်ရာ ယင်းတို့သည် မကြာမီသိရှိသွားကြပေလိမ့်မည်။

وَمَآ اَهْلَكْنَا مِنْ قَرْيَةٍ اِلَّا وَلَهَا كِتَابٌ مَّعْلُوْمٌ ④

၅။ ထို့ပြင် ငါတို့သည် မည်သည့်မြို့ရွာကိုမျှ ၎င်းအတွက် သတ်မှတ်ထားသောကျမ်းတစ်စောင် (သတိပေးနှိုးဆော်မှုအဖြစ်)မရှိခဲ့လျှင် ဖျက်ဆီးပစ်တော်မမူချေ။

مَا تَسْبِقُ مِنْ اُمَّةٍ اَجَلَهَا وَمَا يَسْتَاْخِرُوْنَ ⑤

၆။ မည်သည့် 'အွမ္မတ်' အုပ်စုမျှ မိမိတို့အတွက် သတ်မှတ်ထားသောအချိန်ကာလထက် ရှေ့သို့မတိုးနိုင်ချေ၊ ထို့ပြင် ယင်းတို့သည် နောက်သို့လည်းဆုတ်နိုင်ကြမည်မဟုတ်ချေ။

وَقَالُوْا يٰٓاَيُّهَا الَّذِيْ نُزِّلَ عَلَيْهِ الذِّكْرُ اِنَّكَ لَمَجْنُوْنٌ ⑥

၇။ ထို့ပြင် ၎င်းတို့က ပြောဆိုကြသည်မှာ အို-ဆုံးမသြဝါဒ (ကျမ်းတော်)ကို ပို့ချပေးခြင်းခံရသူ၊ အသင်သည်ကား ဧကန်ပင် ရူးသွပ်သူဖြစ်၏။

لَوْ مَا تَاْتِيْنَا بِالْمَلٰٓئِكَةِ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ⑦

၈။ အကယ်၍ အသင်သည် မှန်ကန်သူများအနက်မှဖြစ်ပါလျှင်၊ အသင်သည် ကျွန်ုပ်တို့ထံ ကောင်းကင်တမန်များကို ခေါ်ဆောင်လျက် အာဘယ့်ကြောင့်မလာပါသနည်း။

مَا نُنَزِّلُ الْمَلٰٓئِكَةَ اِلَّا بِالْحَقِّ وَمَا كَانُوْٓا اِذًا مُّنْظَرِيْنَ ⑧

၉။ ငါတို့သည် မှန်ကန်မှုဖြင့်မှတစ်ပါး ကောင်းကင်တမန်များကို ချပေးတော်မမူပေ။ ထို့ပြင် ဤသို့သော အခြေအနေတွင် ယင်းတို့သည် ဆိုင်းငံ့ခွင့်ကိုပေးခြင်းခံကြရမည်မဟုတ်ချေ။

اِنَّا نَحْنُ نَزَّلْنَا الذِّكْرَ وَاِنَّا لَهٗ لَحٰفِظُوْنَ ⑨

၁၀။ စင်စစ်ဧကန် ငါတို့သည်သာလျှင် ဤဆုံးမသြဝါဒတော်ကို ပို့ချပေးသနားတော်မူခဲ့၏၊ ထို့ပြင် စင်စစ်ဧကန် ငါတို့သည်ပင် ဤသည်ကို ကာကွယ်စောင့်ရှောက်မည့်အရှင်

ဖြစ်တော်မူ၏။ ①

وَلَقَدْ اَرْسَلْنَا مِنْ قَبْلِكَ فِيْ شِيَعِ الْاَوَّلِيْنَ ⑩

၁၀။ ငါတို့သည်အသင့်အလျင်ကလည်း၊ ရှေးအုပ်စုများတွင် (တမန်တော်များ) စေလွှတ်တော်မူခဲ့၏။

وَمَا يَاْتِيْهِمْ مِّنْ رَّسُوْلٍ اِلَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ⑪

၁၂။ ထို့ပြင် သူတို့ထံ တမန်တော်တစ်ပါးပါး ရောက်မလာလေမှ၊ ရောက်လာလျှင် သူတို့သည် သူ့အား ကဲ့ရဲ့ပြောင်လှောင်မှုကို ပြုခဲ့ကြပေသည်။

كَذٰلِكَ نَسْلُكُهٗ فِيْ قُلُوْبِ الْمُجْرِمِيْنَ ⑫

၁၃။ ဤကဲ့သို့ပင် ငါတို့သည် အပြစ်ကျူးလွန်သူတို့၏ စိတ်နှလုံးများတွင် ယင်း(မထီမဲ့မြင်ပြုမှု)ကို ထည့်သွင်းတော်မူ၏။

لَا يُؤْمِنُوْنَ بِهٖ وَقَدْ خَلَتْ سُنَّةُ الْاَوَّلِيْنَ ⑬

၁၄။ ၎င်းတို့သည် ဤ(တမန်တော်)အား သက်ဝင်ယုံကြည်ခြင်း မပြုကြချေ။ စင်စစ်သော်ကား ရှေးယခင်လူတို့၏ ရလဒ်သည် လွန်ခဲ့ပြီးဖြစ်၏။

وَلَوْ فَتَحْنَا عَلَيْهِمْ بَابًا مِّنَ السَّمَآءِ فَظَلُّوْا فِيْهِ يَعْرُجُوْنَ ⑭

၁၅။ အကယ်၍ ငါတို့သည် မိုးကောင်းကင်မှ တံခါးပေါက်တစ်ခုခုကို ၎င်းတို့အဖို့ ဖွင့်ပေးတော်မူလိုက်၍ ၎င်းတို့သည် ယင်းမှတက်ရောက်ကြပြီး (တမန်တော်၏မှန်ကန်မှု သက်သေလက္ခဏာကို ကိုယ်တိုင်မျက်စိဖြင့်တွေ့ရပါလျှင်လည်း)၊

لَقَالُوْٓا اِنَّمَا سُكِّرَتْ اَبْصَارُنَا بَلْ نَحْنُ قَوْمٌ مَّسْحُوْرُوْنَ ⑮ ۞

၁၆။ သို့တိုင်အောင် ၎င်းတို့က ငါတို့၏ မျက်စိများသည်ကား (မူးယစ်စေသောအရာတစ်ခုခုဖြင့်) ယစ်မူးအောင်ပြုခြင်းခံခဲ့ရပေပြီ။ ထို့မျှမက ငါတို့သည် မှော်အတတ်ဖြင့်ပြုစားခြင်းခံရသောသူများဖြစ်ကြပေသည်ဟု အမှန်ပင်ပြောဆိုကြမည်တည်း။

ရုကူး-၂

وَلَقَدْ جَعَلْنَا فِي السَّمَآءِ بُرُوْجًا وَّزَيَّنّٰهَا لِلنّٰظِرِيْنَ ⑯

၁၇။ ထို့ပြင် မုချကေန် ငါတို့သည် မိုးကောင်းကင်၌ ကြယ်တာရာတို့၏စခန်းများကို ပြုလုပ်ထားတော်မူ၏။ ထို့ပြင် ယင်း(မိုးကောင်းကင်)ကို ကြည့်ရှုသူတို့အဖို့ လှပတင့်တယ်အောင် ပြုလုပ်ထားတော်မူ၏။

وَحَفِظْنٰهَا مِنْ كُلِّ شَيْطٰنٍ رَّجِيْمٍ ⑰

၁၈။ ထို့ပြင် ငါတို့သည် ယင်းကို နှင်ထုတ်ခြင်းခံရသည့် ‘ရှိုင်တန်’အားလုံးတို့မှ ကာကွယ်စောင့်ရှောက်ထားတော်မူ၏။

اِلَّا مَنِ اسْتَرَقَ السَّمْعَ فَاَتْبَعَهٗ شِهَابٌ مُّبِيْنٌ ⑱

၁၉။ သို့ရာတွင် အကြင်သူသည် နားထောင်ရန်အလို့ငှာ စကားတစ်စုံတစ်ရာကို ထိုးသုတ်ယူဆောင်သွားပါလျှင် လင်းဝင်းသော မီးလုံးတစ်ခုသည် သူ၏နောက်သို့လိုက်လေသည်။

وَالْاَرْضَ مَدَدْنٰهَا وَاَلْقَيْنَا فِيْهَا رَوَاسِيَ

၂၀။ ထို့ပြင် ငါတို့သည် ကမ္ဘာမြေပြင်ကို ဖြန့်ခင်းတော်မူ၏။ ၎င်းပြင် ငါတို့သည် ယင်း၌ ခိုင်မြဲစွာနစ်ဝင်နေသော (တောင်

① ကျမ်းမြတ်ကုရ်အာန်ကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းတော်မူမည့်အကြောင်း တမန်တော်မြတ်ﷺထံ ပေးထားတော်မူသော ထိုကတိတော်မှာ အစဉ်ထာဝရအတွက်ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မှားယွင်းစွာ ရည်ညွှန်းဖော်ပြသည့် အချိန်တိုင်းတွင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ဝိညာဉ်ရေးဆိုင်ရာပုဂ္ဂိုလ်တစ်ဦးဦးကို ယင်းအား ပြုပြင်တည့်မတ်ပေးရန်အတွက် ပွင့်ပေါ်စေတော်မူပေသည်။

وَاَنْۢبَتْنَا فِيْهَا مِنْ كُلِّ شَيْءٍ مَّوْزُوْنٍ ۝

များကို)တည်ထားတော်မူ၏။ ထို့ပြင် ယင်း၌ သင့်တော်လျောက်ပတ်သည့် အမျိုးမျိုးသောအရာများကို ပေါက်ရောက်စေတော်မူ၏။

وَجَعَلْنَا لَكُمْ فِيْهَا مَعَايِشَ وَمَنْ لَّسْتُمْ لَهٗ بِرٰزِقِيْنَ ۝

၂၁။ ထို့ပြင် ငါတို့သည် ယင်း၌ အသင်တို့အတွက်လည်းကောင်း၊ အသင်တို့ ထောက်ပံ့ပေးကမ်းခြင်းမပြုသူတို့အတွက်လည်းကောင်း အသက်မွေးဝမ်းကျောင်းပြုမှုဆိုင်ရာ ဝတ္ထုပစ္စည်းများကို ပြုလုပ်ထားတော်မူ၏။

وَاِنْ مِّنْ شَيْءٍ اِلَّا عِنْدَنَا خَزَآئِنُهٗ ۗ وَمَا نُنَزِّلُهٗٓ اِلَّا بِقَدَرٍ مَّعْلُوْمٍ ۝

၂၂။ ထို့ပြင် ငါတို့၏အထံတော်တွင် ဘဏ္ဍာသိုက်အဖြစ်မရှိသော အရာဝတ္ထုဟူ၍မရှိချေ။ ထို့ပြင် ငါတို့သည် ယင်းကို သတ်မှတ်ထားသော အတိုင်းအဆတစ်ရပ်ဖြင့်မှတစ်ပါး ပို့ချတော်မူခြင်းမရှိချေ။

وَاَرْسَلْنَا الرِّيٰحَ لَوَاقِحَ فَاَنْزَلْنَا مِنَ السَّمَآءِ مَآءً فَاَسْقَيْنٰكُمُوْهُ ۚ وَمَآ اَنْتُمْ لَهٗ بِخٰزِنِيْنَ ۝

၂၃။ ထို့ပြင် ငါတို့သည် (ရေကို)သယ်ပိုးထားသော လေများအားစေလွှတ်တော်မူ၏။ သို့ဖြင့် ငါတို့သည် မိုးကောင်းကင်မှရေကို ရွာသွန်းချတော်မူ၏။ ထို့ပြင် ယင်းကို အသင်တို့အားတိုက်ကျွေးတော်မူ၏။ စင်စစ် အသင်တို့သည် ယင်းကိုစုဆောင်းသိုလှောင်ထားရန် စွမ်းအားမရှိကြချေ။။

وَاِنَّا لَنَحْنُ نُحْيٖ وَنُمِيْتُ وَنَحْنُ الْوٰرِثُوْنَ ۝

၂၄။ ၎င်းပြင် စင်စစ်ကော်ငါတို့သည်သာလျှင် အသက်ရှင်စေတော်မူ၏၊ ထို့ပြင် သေစေတော်မူ၏။ ထို့ပြင် ငါတို့သည်ပင်လျှင် (အရာခပ်သိမ်းတို့၏)အမွေခံဖြစ်တော်မူပေမည်။

وَلَقَدْ عَلِمْنَا الْمُسْتَقْدِمِيْنَ مِنْكُمْ وَلَقَدْ عَلِمْنَا الْمُسْتَاْخِرِيْنَ ۝

၂၅။ ထို့ပြင် မုချကော်ငါတို့သည် အသင်တို့အနက် ရှေ့တက်သွားကြသူများကို သိရှိခဲ့ပေပြီ။ ထို့ပြင် နောက်ချန်ရစ်သောသူများကိုလည်း သိရှိတော်မူပြီးဖြစ်သည်။

وَاِنَّ رَبَّكَ هُوَ يَحْشُرُهُمْ ۭ اِنَّهٗ حَكِيْمٌ عَلِيْمٌ ۝

၂၆။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ယင်းတို့အား အမှန်ပင် စုရုံးစေတော်မူမည်။ ဇကော် စင်စစ် အရှင်မြတ်သည် လွန်စွာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူး-၃

وَلَقَدْ خَلَقْنَا الْاِنْسَانَ مِنْ صَلْصَالٍ مِّنْ حَمَاٍ مَّسْنُوْنٍ ۝

၂၇။ စင်စစ်ကော်ငါတို့သည် လူသားအား ရွှံ့စေးမြေမှဖြစ်သည့် အသံမြည်သော ရွှံ့ပုပ်ခြောက်ဖြင့် ဖန်ဆင်းတော်မူ၏။

وَالْجَآنَّ خَلَقْنٰهُ مِنْ قَبْلُ مِنْ نَّارِ السَّمُوْمِ ۝

၂၈။ ထိုသည့်အလျင်က ငါတို့သည် 'ဂျင်နှ်' များကို အလွန်ပူပြင်းသောလေ၏မီးဖြင့် ဖန်ဆင်းတော်မူခဲ့ပေသည်။

وَاِذْ قَالَ رَبُّكَ لِلْمَلٰٓئِكَةِ اِنِّيْ خَالِقٌۢ بَشَرًا مِّنْ صَلْصَالٍ مِّنْ حَمَاٍ مَّسْنُوْنٍ ۝

၂၉။ (သတိရကြကုန်)အကြင်အခါဝယ် အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကောင်းကင်တမန်တို့အား မိန့်တော်မူသည်မှာ ငါသည် ရွှံ့စေးမြေမှဖြစ်သည့် အသံ

မြည်သော ရွှံ့ပုပ်ခြောက်ဖြင့် လူသားကို ဖန်ဆင်းတော်မူမည့် အရှင် ဖြစ်တော်မူ၏။

فَاِذَا سَوَّيْتُهٗ وَنَفَخْتُ فِيْهِ مِنْ رُّوْحِيْ فَقَعُوْا لَهٗ سٰجِدِيْنَ ۝

၃၀။ သို့ဖြစ်ရာ အကြင်အခါဝယ် ငါအရှင်မြတ်သည် ယင်းအား ပုံပန်းကျနစွာပြုလုပ်၍ ယင်း၌ ငါအရှင်မြတ်သည် မိမိ၏ နှုတ်ကပါဋ္ဌတော်ကို မှုတ်သွင်းတော်မူသောအခါ ယင်းအား နာခံခြင်းတွင် 'စဂျ်ဒါဟ်' ပျပ်ဝပ်ဦးချမူပြုကြကုန်။ ③

فَسَجَدَ الْمَلٰٓئِكَةُ كُلُّهُمْ اَجْمَعُوْنَ ۝

၃၁။ ထိုအခါ အားလုံးသောကောင်းကင်တမန်တို့သည် 'စဂျ်ဒါဟ်' ပြုကြကုန်၏။

اِلَّآ اِبْلِيْسَ ؕ اَبٰٓى اَنْ يَّكُوْنَ مَعَ السّٰجِدِيْنَ ۝

၃၂။ 'အီဘလိစ်'မှတစ်ပါး(ဖြစ်၏)။ သူသည် 'စဂျ်ဒါဟ်'ပြုသူများ၌ပါဝင်ရန် ငြင်းဆန်ခဲ့ပေသည်။

قَالَ يٰٓاِبْلِيْسُ مَا لَكَ اَلَّا تَكُوْنَ مَعَ السّٰجِدِيْنَ ۝

၃၃။ အရှင်မြတ်က မိန့်တော်မူ၏၊ အို'အီဘလိစ်' အသင်သည် 'စဂျ်ဒါဟ်'ပြုလုပ်သူများနှင့်အတူ မပါဝင်ခဲ့ရခြင်းမှာ မည်သို့ဖြစ်ရသနည်း။

قَالَ لَمْ اَكُنْ لِّاَسْجُدَ لِبَشَرٍ خَلَقْتَهٗ مِنْ صَلْصَالٍ مِّنْ حَمَاٍ مَّسْنُوْنٍ ۝

၃၄။ ယင်းက ကျွန်တော်မျိုးသည် ရွှံ့စေးမြေမှဖြစ်သည့် အသံမြည်သောရွှံ့ပုပ်ခြောက်ဖြင့် အရှင်မြတ်က ဖန်ဆင်းထားတော်မူသော လူသားအတွက် 'စဂျ်ဒါဟ်'ပြုမည့်သူမဟုတ်ပါဟု လျှောက်ထားပြောဆိုလေ၏။

قَالَ فَاخْرُجْ مِنْهَا فَاِنَّكَ رَجِيْمٌ ۝

၃၅။ အရှင်မြတ်မိန့်တော်မူသည်မှာ ဤ(နေရာ)မှ ထွက်သွားလော့။ စင်စစ်ဧကန် အသင်သည် မောင်းနှင်ထုတ်ခြင်းခံရသူဖြစ်၏။

وَّ اِنَّ عَلَيْكَ اللَّعْنَةَ اِلٰى يَوْمِ الدِّيْنِ ۝

၃၆။ ထို့ပြင် ဧကန်စင်စစ် ဆုလာဘ်နှင့် ပြစ်ဒဏ်စီရင်မည့် နေ့တော်ကြီးတိုင်အောင် အသင့်အပေါ် ကရုဏာတော်မှ ကင်းဝေးခြင်း 'လာ့အ်နတ်'သည်ရှိပေလိမ့်မည်။

قَالَ رَبِّ فَاَنْظِرْنِيْٓ اِلٰى يَوْمِ يُبْعَثُوْنَ ۝

၃၇။ ယင်းက အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးအား (လူသားများ) ရှင်ပြန်ထ

③ အာယတ်တော်(၂၇)မှ (၃၀)ထိ။ ဤအာယတ်တော်များတွင်ပါရှိသော အကြောင်းအရာနှစ်ရပ်ကို အထူးပြု လေ့လာသုံးသပ်ရပေမည်။ ပထမမှာ လူသားကို စိုစွတ်သောမြေဖြင့်သာ ဖန်ဆင်းတော်မူသည်မဟုတ်မူ၍ အပုပ်နံ့ထွက်သော ရွှံ့စေးမြေမှဖန်ဆင်းခြင်းဖြစ်၏။ တစ်ဖန် ယင်းသည် အသံမြည်သော ရွှံ့ခြောက်ဖြစ်သွားခဲ့၏။ ဤအကြောင်းရပ်သည် တမန်တော်မြတ် ﷺ ၏ စဉ်းစားတွေးတောမှုတွင် မည်သည့်အခါတွင်မျှ မဝင်ရောက်နိုင်သည့်အကြောင်းဖြစ်ပေသည်။ ၎င်းပြင် အခြားမည်သည့် ကောင်းကင်ကျကျမ်းတွင်မျှ အသံမြည်သောရွှံ့ခြောက်မှ လူသားကိုဖန်ဆင်းခဲ့ကြောင်း ဖော်ပြထားခြင်း အလျှင်းမတွေ့ရချေ။ ဤအကြောင်းရပ်ကို ခေတ်သစ်သိပ္ပံပညာရှင်များက ဖြေရှင်းခဲ့ပြီးဖြစ်သည်။

ဒုတိယအချက်မှာ လူသားအားဖန်ဆင်းခြင်း မစတင်မီအလျင် 'ဂျင်န်'ကို မိုးကောင်းကင်မှ ကျရောက်လာသည့် မီးတမျှပူပြင်းသော ပြင်းထန်သည့်လေပူဖြင့် ဖန်ဆင်းတော်မူခဲ့၏။ ဤအကြောင်းရပ်သည် 'အာလေမွလ်ဂိုက်ဘ်'အကွယ်ကိုသိရှိတော်မူသော အလ္လာဟ်အရှင်မြတ်က အသိပေးတော်မူခြင်းမရှိခဲ့လျှင် တမန်တော်မြတ် ﷺ ၏အတွေးဥပင် ဝင်ရောက်လာနိုင်ရန် အကြောင်းမရှိချေ။ **نَارُ السَّمُوم** မှပေါက်ဖွားလာသော 'ဂျင်န်'များဟူသည် (Bacteria) ဘက်တီးရီးယားပိုးမွှားများဖြစ်၏။ သို့ဖြင့် ဘက်တီးရီးယားပိုးမွှားမရှိလျှင် စိုစွတ်သောမြေတွင် ပုပ်သိုးခြင်းဖြစ်မလာနိုင်သောကြောင့် အပုပ်နံ့ထွက်သောရွှံ့မြေသည် မည်သို့ဖြစ်လာရသနည်းဟူသော အမေးပုစ္ဆာသည်လည်း အဖြေထွက်လာပေတော့သည်။

မြောက်ကြရမည့်နေ့တိုင်အောင် ဆိုင်းငံ့ခွင့် ပေးသနားတော်မူပါဟု လျှောက်ထားလေ၏။

قَالَ فَاِنَّكَ مِنَ الْمُنْظَرِيْنَ ۙ﴿۳۷﴾

၃၈။ အရှင်မြတ် မိန့်တော်မူသည်မှာ သို့ဖြစ်ရကား ဧကန်မုချ အသင်သည် ဆိုင်းငံ့ခွင့်ပေးခြင်းခံရသူများအနက်မှဖြစ်ပေသည်၊

اِلٰى يَوْمِ الْوَقْتِ الْمَعْلُوْمِ ﴿۳۸﴾

၃၉။ ချိန်းချက်ပြီးသော အချိန်ကာလတစ်ရပ်အထိ (ဖြစ်၏)။

قَالَ رَبِّ بِمَآ اَغْوَيْتَنِيْ لَاُزَيِّنَنَّ لَهُمْ فِى الْاَرْضِ وَلَاُغْوِيَنَّهُمْ اَجْمَعِيْنَ ۙ﴿۳۹﴾

၄၀။ ယင်းက လျှောက်ထားသည်မှာ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား လမ်းလွဲသူဟု သတ်မှတ်တော်မူသောကြောင့် ကျွန်တော်မျိုးသည် အမှန်ပင် ကမ္ဘာပေါ်တွင် (တည်ရှိသော) သူတို့အတွက် လှုပတင့်တယ်အောင် ပြုလုပ်၍ပြသပါမည်။ ထို့ပြင် ကျွန်တော်မျိုးသည် အမှန်ပင် သူတို့အားလုံးကို လမ်းလွဲအောင်ပြုလုပ်ပါမည်၊

اِلَّا عِبَادَكَ مِنْهُمُ الْمُخْلَصِيْنَ ﴿۴۰﴾

၄၁။ အရှင်မြတ်၏ ရွေးချယ်တော်မူခြင်းကိုခံရသော အစေတော်များမှလွဲ၍(ဖြစ်ပါ၏)။

قَالَ هٰذَا صِرَاطٌ عَلَيَّ مُسْتَقِيْمٌ ﴿۴۱﴾

၄၂။ အရှင်မြတ် မိန့်တော်မူသည်မှာ ဤဖြောင့်မတ်မှန်ကန်သောလမ်း(ကိုပြသရန်မှာ) ငါ၏တာဝန်ဖြစ်၏။

اِنَّ عِبَادِيْ لَيْسَ لَكَ عَلَيْهِمْ سُلْطٰنٌ اِلَّا مَنِ اتَّبَعَكَ مِنَ الْغٰوِيْنَ ﴿۴۲﴾

၄၃။ လမ်းလွဲသူများအနက်မှ ယင်းတို့(ကိုယ်တိုင်) အသင်၏ နောက်သို့လိုက်ကြမည့်သူများမှလွဲ၍ စင်စစ် ငါ၏ အစေတော်များအပေါ် အသင်သည် တစ်စုံတစ်ရာအောင်နိုင်လွှမ်းမှုကို ရရှိလိမ့်မည်မဟုတ်ချေ။

وَاِنَّ جَهَنَّمَ لَمَوْعِدُهُمْ اَجْمَعِيْنَ ۙ﴿۴۳﴾

၄၄။ ထို့ပြင် ဧကန်မလွဲ 'ဂျဟန္နမ်'ငရဲသည် ၎င်းတို့အားလုံးကို ကတိပြုထားသည့် နေရာဌာနဖြစ်ပေသည်။

لَهَا سَبْعَةُ اَبْوَابٍ ؕ لِكُلِّ بَابٍ مِّنْهُمْ جُزْءٌ مَّقْسُوْمٌ ﴿۴۴﴾

ع ۲۴

၄၅။ ယင်း၌ တံခါးခုနစ်ပေါက်ရှိ၏။ တံခါးပေါက်တိုင်းအတွက် ယင်း(လမ်းလွဲသူ)တို့၏ သတ်မှတ်ထားသော ဝေစုဝေပုံတစ်ရပ်ရှိသတည်း။

ရုကူး-၄

اِنَّ الْمُتَّقِيْنَ فِيْ جَنّٰتٍ وَّعُيُوْنٍ ﴿۴۵﴾

၄၆။ စင်စစ်ဧကန် 'မွတ္တကီ' ဖြူစင်ဖြောင့်မတ်သူတို့သည် ဥယျာဉ်များနှင့် စိမ့်စမ်းများတွင် (နေထိုင်)ကြရလိမ့်မည်။

اُدْخُلُوْهَا بِسَلٰمٍ اٰمِنِيْنَ ﴿۴۶﴾

၄၇။ ယင်းသို့ တည်ငြိမ်အေးချမ်းကြောက်ရွံ့ခြင်းကင်းလျက် ငြိမ်းချမ်းစွာ ဝင်ရောက်ကြကုန်။

وَنَزَعْنَا مَا فِيْ صُدُوْرِهِمْ مِّنْ غِلٍّ اِخْوَانًا عَلٰى سُرُرٍ مُّتَقٰبِلِيْنَ ﴿۴۷﴾

၄၈။ ထို့ပြင် ငါတို့သည် သူတို့၏စိတ်နှလုံးများရှိ ရန်ငြိုးအာဃာတဟူသမျှကို ထုတ်ပစ်တော်မူမည်။ (သူတို့သည်) ညီရင်းအစ်ကိုများဖြစ်ကြလျက် ပလ္လင်များထက်ဝယ် မျက်နှာချင်းဆိုင်ထိုင်လျက်ရှိကြပေမည်။

لَا يَمَسُّهُمْ فِيْهَا نَصَبٌ وَّمَا هُمْ مِّنْهَا

၄၉။ ယင်း၌ သူတို့အား မည်သို့သော ပင်ပန်းနွမ်းနယ်မှုမျှ

بِمُخْرَجِيْنَ ﴿٥٢﴾

ထိတွေ့လိမ့်မည်မဟုတ်။ ထို့ပြင် သူတို့သည်ယင်းမှ မည်သည့် အခါမျှ နှင်ထုတ်ခြင်းခံကြရမည်မဟုတ်ခဲ့။

نَبِّئْ عِبَادِيْٓ اَنِّيْٓ اَنَا الْغَفُوْرُ الرَّحِيْمُ ﴿٤٩﴾

၅၀။ ငါ၏အစေတော်များအားအသိပေးပါလေ၊ ဧကန်စင်စစ် ငါအရှင်မြတ်သည်ပင် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَاَنَّ عَذَابِيْ هُوَ الْعَذَابُ الْاَلِيْمُ ﴿٥٠﴾

၅၁။ ထို့ပြင် ဧကန်စင်စစ် ငါ၏အပြစ်ဒဏ်သည်ပင် အလွန်နာကျင်ဖွယ်ကောင်းသောပြစ်ဒဏ်ဖြစ်သည်(ကိုလည်း အသိပေးပါလေ)။

وَنَبِّئْهُمْ عَنْ ضَيْفِ اِبْرٰهِيْمَ ﴿٥١﴾

၅၂။ ထို့ပြင် သူတို့အား 'အစ်ဗရာဟင်မ်'၏ ဧည့်သည်များနှင့် စပ်လျဉ်း၍ အသိပေးပါလေ။

اِذْ دَخَلُوْا عَلَيْهِ فَقَالُوْا سَلٰمًا ۭ قَالَ اِنَّا مِنْكُمْ وَجِلُوْنَ ﴿٥٢﴾

၅၃။ အကြောင်အခါဝယ် ၎င်းတို့သည် သူထံသို့ ရောက်ရှိကြသောအခါ ၎င်းတို့က 'စလာမ်'ငြိမ်းချမ်းပါစေဟု ဆိုကြ၏။ သူက ကျွန်ုပ်တို့သည် အသင်တို့အား ကြောက်ရွံ့စိုးရိမ်ပါ၏ဟု ပြောလေ၏။

قَالُوْا لَا تَوْجَلْ اِنَّا نُبَشِّرُكَ بِغُلٰمٍ عَلِيْمٍ ﴿٥٣﴾

၅၄။ ၎င်းတို့က မကြောက်ပါလင့်၊ အမှန်သော်ကား ကျွန်ုပ်တို့သည် အသင့်အားဉာဏ်ပညာရှိသော သားတော်တစ်ပါး၏ သတင်းကောင်းကိုပေးပါ၏ဟု ပြောလေ၏။

قَالَ اَبَشَّرْتُمُوْنِيْ عَلٰٓى اَنْ مَّسَّنِيَ الْكِبَرُ فَبِمَ تُبَشِّرُوْنَ ﴿٥٤﴾

၅၅။ သူက ကျွန်ုပ်အပေါ် အိုမင်းရင့်ရော်မှုသည် ဆိုက်ရောက်နေပါလျက် အသင်တို့သည် ကျွန်ုပ်အားသတင်းကောင်းကို ပေးကြပါသလော။ သို့ဖြစ်ရာ အသင်တို့သည် မည်သည်ကိုအခြေပြု၍ သတင်းကောင်းကို ပေးကြပါသနည်းဟု ပြောလေ၏။

قَالُوْا بَشَّرْنٰكَ بِالْحَقِّ فَلَا تَكُنْ مِّنَ الْقٰنِطِيْنَ ﴿٥٥﴾

၅၆။ ၎င်းတို့က ကျွန်ုပ်တို့သည် အသင့်အား သတင်းမှန်ကို ပေးပါ၏။ သို့ဖြစ်ရာ စိတ်ပျက်အားလျော့သူများအနက်မှ မဖြစ်လင့်ဟု ပြောလေ၏။

قَالَ وَمَنْ يَّقْنَطُ مِنْ رَّحْمَةِ رَبِّهٖٓ اِلَّا الضَّاۗلُّوْنَ ﴿٥٦﴾

၅၇။ သူကပြော၏၊ စင်စစ် လမ်းလွဲသူများမှလွဲ၍ မည်သူသည် မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ကရုဏာတော်မှ စိတ်ပျက်အားလျော့သူဖြစ်ပါမည်နည်း။

قَالَ فَمَا خَطْبُكُمْ اَيُّهَا الْمُرْسَلُوْنَ ﴿٥٧﴾

၅၈။ သူက အို-စေတမန်တို့၊ အသင်တို့၏လာရင်းကိစ္စကား အသို့ပါနည်းဟု ပြောဆိုမေးမြန်းလေ၏။

قَالُوْٓا اِنَّآ اُرْسِلْنَآ اِلٰى قَوْمٍ مُّجْرِمِيْنَ ﴿٥٨﴾

၅၉။ ၎င်းတို့က ပြောဆိုကြသည်မှာ မလွဲဧကန် ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်သော လူမျိုးနွယ်တစ်စုထံ စေလွှတ်ခြင်းခံခဲ့ရပေသည်။

اِلَّآ اٰلَ لُوْطٍ ۭ اِنَّا لَمُنَجُّوْهُمْ اَجْمَعِيْنَ ﴿٥٩﴾

၆၀။ (ယင်းတွင်) 'လူးတ်'၏အိမ်သူအိမ်သားများမပါဝင်ခဲ့။

ကျွန်ုပ်တို့သည် သူတို့အားလုံးကို အမှန်ပင်ကယ်တင်ကြပေအံ့၊

إِلَّا امْرَأَتَهُ قَدَّرْنَا ۙ إِنَّهَا لَمِنَ الْغٰبِرِيْنَ ۝٦٠

၆၀။ သူ၏ဇနီးမှတစ်ပါး(ဖြစ်၏)။ သူမသည်အမှန်ပင် နောက်ကျန်နေရစ်သူများအနက်မှဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့သည် (သူမ၏နိဂုံးကို) တွက်ဆသိမြင်ခဲ့ပြီးဖြစ်သတည်း။

ရုကူး-၅

فَلَمَّا جَآءَ اٰلَ لُوْطِ ِالْمُرْسَلُوْنَ ۝٦١

၆၂။ တစ်ဖန် 'လူးတ်'၏အိမ်သူအိမ်သားများထံ စေတမန်များရောက်လာသောအခါ၊

قَالَ اِنَّكُمْ قَوْمٌ مُّنْكَرُوْنَ ۝٦٢

၆၃။ ၎င်းက ဧကန်စင်စစ် အသင်တို့သည် သူစိမ်းများဖြစ်ကြပေသည်ဟု ပြောလေ၏။

قَالُوْا بَلْ جِئْنٰكَ بِمَا كَانُوْا فِيْهِ يَمْتَرُوْنَ ۝٦٣

၆၄။ ယင်းတို့က- ထိုသို့မဟုတ်မူ၍ ကျွန်ုပ်တို့သည် ထိုသူတို့သံသယထဲ၌ နစ်မွန်းနေခဲ့သည့် ထို(သတင်း)ကို အသင့်ထံယူဆောင်လာခဲ့ကြခြင်းဖြစ်သည်ဟု ဖြေကြားကြ၏။

وَ اٰتَيْنٰكَ بِالْحَقِّ وَ اِنَّا لَصٰدِقُوْنَ ۝٦٤

၆၅။ ထို့ပြင် ကျွန်ုပ်တို့သည် အသင့်ထံ အမှန်တရားဖြင့် လာရောက်ကြပါ၏။ စင်စစ် ကျွန်ုပ်တို့သည် မှန်ကန်သူများဖြစ်ကြပါ၏။

فَاَسْرِ بِاَهْلِكَ بِقِطْعٍ مِّنَ الَّيْلِ وَاتَّبِعْ اَدْبَارَهُمْ وَلَا يَلْتَفِتْ مِنْكُمْ اَحَدٌ وَّامْضُوْا حَيْثُ تُؤْمَرُوْنَ ۝٦٥

၆၆။ သို့ဖြစ်ရာ မိမိ၏ အိမ်သူအိမ်သားများကိုခေါ်ဆောင်လျက် ညဉ့်၏အစိတ်အပိုင်းတစ်ရပ်တွင် ထွက်ခွာပါလေ။ အသင်သည် ၎င်းတို့၏ နောက်မှလိုက်ပါလေ။ ထို့ပြင် အသင်တို့အနက် မည်သူမျှနောက်သို့ပြန်လှည့်၍မကြည့်ကြလင့်။ ထို့ပြင် အသင်တို့အား (သွားရန်)အမိန့်ပေးသည့်ဘက်သို့ သွားကြလေကုန်။

وَقَضَيْنَآ اِلَيْهِ ذٰلِكَ الْاَمْرَ اَنَّ دَابِرَ هٰٓؤُلَآءِ مَقْطُوْعٌ مُّصْبِحِيْنَ ۝٦٦

၆၇။ ထို့ပြင် ငါတို့သည် ၎င်းတို့၏အမြစ်ကို နံနက်မိုးလင်းချိန်တွင်ဖြတ်တောက်ပြီးဖြစ်လိမ့်မည်ဟူသည့် စီရင်ဆုံးဖြတ်ချက်ကို သူ့အားကြားသိစေခဲ့ပေသည်။

وَجَآءَ اَهْلُ الْمَدِيْنَةِ يَسْتَبْشِرُوْنَ ۝٦٧

၆၈။ ထို့နောက် မြို့၌နေထိုင်သူတို့သည် ဝမ်းမြောက်ဝမ်းသာရောက်ရှိလာခဲ့ကြပေသည်။

قَالَ اِنَّ هٰٓؤُلَآءِ ضَيْفِيْ فَلَا تَفْضَحُوْنِ ۝٦٨

၆၉။ သူကပြောသည်မှာ ဤသည်ကျွန်ုပ်၏ဧည့်သည်များဖြစ်ကြ၏၊ သို့ဖြစ်ရာ ကျွန်ုပ်အား ဂုဏ်သရေညှိုးနွမ်းအောင် မပြုကြကုန်လင့်၊

وَاتَّقُوا اللّٰهَ وَلَا تُخْزُوْنِ ۝٦٩

၇၀။ ၎င်းပြင် အလ္လာဟ်အားကြောက်ရွံ့ကြကုန်၊ ထို့ပြင်ကျွန်ုပ်အား ဂုဏ်ရည်သေးသိမ်အောင် မပြုကြကုန်လင့်။

قَالُوْٓا اَوَلَمْ نَنْهَكَ عَنِ الْعٰلَمِيْنَ ۝٧٠

၇၁။ ၎င်းတို့က ကျွန်ုပ်တို့သည် အသင့်အား တစ်လောကလုံး(ရှိသူတို့နှင့် အပေါင်းအသင်းမိတ်ဆွေပြုခြင်း)မှ တားမြစ်ထားသည်မဟုတ်ပါလောဟု ပြောလေ၏။

قَالَ هٰٓؤُلَآءِ بَنٰتِيْٓ اِنْ كُنْتُمْ فٰعِلِيْنَ ﴿٧١﴾

၇၂။ သူက (ကြည့်ကြလော့) ဤသည် ကျွန်ုပ်၏သမီးများဖြစ်ကြပေသည်။ အကယ်၍ အသင်တို့သည် တစ်စုံတစ်ရာ ပြုလုပ်မည့်သူများဖြစ်ကြပါလျှင် (သူမတို့အားရှက်ရွံ့ကြကုန်)ဟု ပြောလေ၏။

لَعَمْرُكَ اِنَّهُمْ لَفِيْ سَكْرَتِهِمْ يَعْمَهُوْنَ ﴿٧٢﴾

၇၃။ (အလ္လာဟ်အရှင်မြတ် ဗျာဒိတ်ပို့ချတော်မူသည်မှာ) အသင်၏ဘဝသက်တမ်းအား(ဖြင့်) ကျိန်ဆိုတော်မူ၏။ စင်စစ်ယင်းတို့သည် မိမိတို့၏ဆိုးယုတ်သော ယစ်မူးမှုဌ် တဝဲလည်လည်ရှိနေကြ၏။

فَاَخَذَتْهُمُ الصَّيْحَةُ مُشْرِقِيْنَ ﴿٧٣﴾

၇၄။ သို့ဖြစ်ရာ နံနက်မိုးသောက်သည်နှင့် ကျယ်လောင်မြည်ဟည်းသော အပြစ်ဒဏ်သည် သူတို့အား လာရောက်ဖမ်းဆီးခဲ့လေသည်။

فَجَعَلْنَا عَالِيَهَا سَافِلَهَا وَاَمْطَرْنَا عَلَيْهِمْ حِجَارَةً مِّنْ سِجِّيْلٍ ﴿٧٤﴾

၇၅။ သို့ဖြင့် ငါတို့သည် ယင်း(အရပ်)ကို အထက်အောက်ပြောင်းပြန်ဖြစ်စေတော်မူခဲ့၏။ ထို့ပြင် ငါတို့သည် ၎င်းတို့အပေါ် ကျောက်စရစ် ကျောက်ခဲမိုးကို ရွာချစေတော်မူခဲ့၏။

اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّلْمُتَوَسِّمِيْنَ ﴿٧٥﴾

၇၆။ စင်စစ်ဧကန် ဤ(အဖြစ်အပျက်)တွင် စူးစမ်းရှာဖွေသူတို့အဖို့ နိမိတ်လက္ခဏာတော်များရှိပေသည်။

وَاِنَّهَا لَبِسَبِيْلٍ مُّقِيْمٍ ﴿٧٦﴾

၇၇။ ထို့ပြင် ၎င်း(အရပ်)သည် ဧကန်ပင် အမြဲတည်တံ့လျက်ရှိသည့် လမ်းမကြီးပေါ်၌ရှိနေပေသည်။

اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّلْمُؤْمِنِيْنَ ﴿٧٧﴾

၇၈။ စင်စစ် ယင်း၌ သက်ဝင်ယုံကြည်သူတို့အဖို့ အလွန်ကြီးကျယ်သော နိမိတ်လက္ခဏာတော်တစ်ရပ်သည်ရှိ၏။

وَاِنْ كَانَ اَصْحٰبُ الْاَيْكَةِ لَظٰلِمِيْنَ ﴿٧٨﴾

၇၉။ ထို့ပြင် သစ်ပင်ထူထပ်သည့်ဒေသ(အတွင်း)ရှိသူများသည်လည်း စင်စစ် အပြစ်ကျူးလွန်သူများဖြစ်ကြ၏။

فَانْتَقَمْنَا مِنْهُمْ ۘ وَاِنَّهُمَا لَبِاِمَامٍ مُّبِيْنٍ ﴿٧٩﴾

၈၀။ သို့ဖြစ်ရာ ငါတို့သည် ၎င်းတို့အား(လည်း) လက်စားချေတော်မူခဲ့၏။ ထို(အရပ်)နှစ်ခုလုံးသည် ထင်ရှားသည့် လမ်းမပေါ်တွင် တည်ရှိကြပေသတည်း။

ရုကူ-၆

وَلَقَدْ كَذَّبَ اَصْحٰبُ الْحِجْرِ الْمُرْسَلِيْنَ ﴿٨٠﴾

၈၁။ ထို့ပြင်'ဟိဂျ်ရ်'၌နေထိုင်သူများသည်လည်း စင်စစ်ဧကန်တမန်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြ၏။

وَاٰتَيْنٰهُمْ اٰيٰتِنَا فَكَانُوْا عَنْهَا مُعْرِضِيْنَ ﴿٨١﴾

၈၂။ ငါတို့က ၎င်းတို့အား ငါတို့၏နိမိတ်လက္ခဏာတော်များကိုပေးသနားတော်မူသည့်အခါ ၎င်းတို့သည် ယင်းမှမျက်နှာလွှဲဖယ်လျက်နေခဲ့ကြပေသည်။

وَكَانُوْا يَنْحِتُوْنَ مِنَ الْجِبَالِ بُيُوْتًا اٰمِنِيْنَ ﴿٨٢﴾

၈၃။ သို့ဖြစ်ရာ ထို့ပြင် ၎င်းတို့သည် တောင်များကိုဖောက်ထွင်း၍ ဘေးကင်းလုံခြုံစွာ အိမ်များအဖြစ်ပြုလုပ်ခဲ့ကြ၏။

فَاَخَذَتْهُمُ الصَّيْحَةُ مُصْبِحِيْنَ ﴿٨٣﴾

၈၄။ သို့ဖြစ်ရာ နံနက်မိုးသောက်သည်နှင့် ကျယ်လောင်မြည်

ဟည်းသော အပြစ်ဒဏ်သည် သူတို့အားလာရောက်ဖမ်းဆီးခဲ့လေသည်။

فَمَآ اَغۡنٰى عَنۡهُمۡ مَّا كَانُوۡا يَكۡسِبُوۡنَ ﴿۸۴﴾

၈၄။ သို့ဖြစ်ရကား ၎င်းတို့ရှာဖွေဆည်းပူးခဲ့သည်များသည် ၎င်းတို့အတွက် အသုံးမဝင်ခဲ့ချေ။

وَمَا خَلَقۡنَا السَّمٰوٰتِ وَالۡاَرۡضَ وَمَا بَيۡنَهُمَاۤ اِلَّا بِالۡحَقِّ ؕ وَاِنَّ السَّاعَةَ لَاٰتِيَةٌ ؕ فَاصۡفَحِ الصَّفۡحَ الۡجَمِيۡلَ ﴿۸۵﴾

၈၅။ ထို့ပြင် ငါတို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို လည်းကောင်း ယင်းတို့၏အကြားရှိသည်များကိုလည်းကောင်း ထိုက်သင့်မှန်ကန်မှုဖြင့်မှတစ်ပါး အခြားနည်းဖြင့် ဖန်ဆင်းတော်မူသည်မဟုတ်ချေ။ ထို့ပြင် 'ကတိပြုထားသည့်အချိန်'သည် မုချရောက်ရှိလာတော့မည်ဖြစ်၏။ သို့ဖြစ်ရာ အလွန်ကောင်းမြတ်သော နည်းလမ်းဖြင့် အပြစ်မှဥပေက္ခာပြုပါလေ။

اِنَّ رَبَّكَ هُوَ الۡخَلّٰقُ الۡعَلِيۡمُ ﴿۸۶﴾

၈၆။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် စင်စစ်ကေန် အလွန် ပြီးပြည့်စုံသောဖန်ဆင်းရှင်၊ လွန်စွာသိတော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَقَدۡ اٰتَيۡنٰكَ سَبۡعًا مِّنَ الۡمَثَانِىۡ وَالۡقُرۡاٰنَ الۡعَظِيۡمَ ﴿۸۷﴾

၈၇။ ထို့ပြင် ကေန်မလွဲ ငါတို့သည် အသင့်အား အဖန်တလဲလဲ ဖတ်ရွတ်ရသည့် (အာယတ်တော်)ခုနစ်ပိုဒ်နှင့် ကြီးကျယ်မြင့်မြတ်သော 'ကုရ်အာန်'ကိုပေးသနားတော်မူခဲ့ပေသည်။ ①

لَا تَمُدَّنَّ عَيۡنَيۡكَ اِلٰى مَا مَتَّعۡنَا بِهٖۤ اَزۡوَاجًا مِّنۡهُمۡ وَلَا تَحۡزَنۡ عَلَيۡهِمۡ وَاخۡفِضۡ جَنَاحَكَ لِلۡمُؤۡمِنِيۡنَ ﴿۸۸﴾

၈၈။ ငါတို့က ၎င်းတို့အနက်အချို့သောအုပ်စုများအား ပေးသနားတော်မူထားသည့် ထိုယာယီ စည်းစိမ်ဥစ္စာများဘက်သို့ အသင်သည် မျက်စိများပြူး၍မကြည့်လင့်။ ထို့ပြင် ၎င်းတို့အတွက် ဝမ်းနည်းပူဆွေးခြင်းမဖြစ်လင့်။ ထို့ပြင် သက်ဝင်ယုံကြည်သူများအတွက် မိမိ(ချစ်ခင်ကြင်နာခြင်း)၏တောင်ပံကို ညွတ်ကိုင်း၍ထားပါလေ။

وَقُلۡ اِنِّىۡۤ اَنَا النَّذِيۡرُ الۡمُبِيۡنُ ﴿۸۹﴾

၈၉။ ထို့ပြင် ပြောလော့၊ ကျွန်ုပ်သည်ကား ကေန်စင်စစ် ပွင့်လင်းထင်ရှားသော သတိပေးနှိုးဆော်သူတစ်ဦးဖြစ်ပေသည်။

كَمَاۤ اَنۡزَلۡنَا عَلَى الۡمُقۡتَسِمِيۡنَ ﴿۹۰﴾

၉၀။ ငါတို့က အချင်းချင်း ကွဲပြားခြားနားသွားကြသူများအပေါ် ပို့ချခဲ့သည့်(ထိုအပြစ်ဒဏ်)ကဲ့သို့ပင်၊

الَّذِيۡنَ جَعَلُوا الۡقُرۡاٰنَ عِضِيۡنَ ﴿۹۱﴾

၉၁။ ၎င်းတို့သည် ကုရ်အာန်ကို အစိတ်စိတ်အပိုင်းပိုင်းပြုလုပ်ခဲ့ကြပေသည်။

فَوَرَبِّكَ لَنَسۡـَٔـلَنَّهُمۡ اَجۡمَعِيۡنَ ﴿۹۲﴾

၉၃။ သို့ဖြစ်ရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်အား တိုင်တည်ကျိန်ဆိုပါ၏။ စင်စစ်ကေန် ငါတို့သည် ၎င်းတို့အားလုံးကို အမှန်ပင်မေးမြန်းတော်မူပေအံ့၊

① سَبۡعًا مِّنَ الۡمَثَانِىۡ ဟူသည် ဆူရာဟ်'ဖာတေဟာ'မှ အာယတ်မှကွပါဠိတော်များဟု သိရှိရပေသည်။ ယင်း၏ အဓိပ္ပာယ်များကို ကျမ်းမြတ်ကုရ်အာန်တွင် အများအပြား ထပ်ခါတလဲလဲဖော်ပြထားပေသည်။ ထို့ပြင် 'မိုကာတွီအတ်'(သခ်ေပအကွရာစု)များသည်လည်း ဆူရာဟ်'ဖာတေဟာ'မှပင် ထုတ်နုတ်ယူထားခြင်းဖြစ်သည်။ 'မိုကာတွီအတ်'များတွင် ဆူရာဟ်'ဖာတေဟာ'၏ အပြင်ဘက်မှ အကွရာဟူ၍ တစ်လုံးတစ်ပါဒမျှမပါရှိချေ။ သို့ရာတွင် ဆူရာဟ်'ဖာတေဟာ'၌ ယင်းတို့အပြင် 'မိုကာတွီအတ်'တွင် အသုံးမပြုထားသော အကွရာခုနစ်ခုရှိနေပေသည်။

عَمَّا كَانُوْا يَعْمَلُوْنَ ﴿٨٤﴾

၉၄။ ၎င်းတို့ပြုကျင့်ခဲ့သည်များနှင့်စပ်လျဉ်း၍(ဖြစ်၏)။

فَاصْدَعْ بِمَا تُؤْمَرُ وَاَعْرِضْ عَنِ الْمُشْرِكِيْنَ ﴿٩٤﴾

၉၅။ သို့ဖြစ်ရာ အသင့်အား အမိန့်ပေးတော်မူသည်များကို ပွင့်လင်းစွာဖော်ပြပါလေ။ ထို့ပြင် 'ရှရိုက်' အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်မှုပြုသူများမှ လွှဲဖယ်၍နေပါလေ။

اِنَّا كَفَيْنٰكَ الْمُسْتَهْزِءِيْنَ ﴿٩٥﴾

၉၆။ ဧကန်မလွဲ ငါတို့သည် လှောင်ပြောင်သူများနှင့်ယှဉ်ပြိုင်ရာတွင် အသင့်အဖို့ အလွန်လျှင် လုံလောက်တော်မူ၏၊

الَّذِيْنَ يَجْعَلُوْنَ مَعَ اللّٰهِ اِلٰهًا اٰخَرَ ۚ فَسَوْفَ يَعْلَمُوْنَ ﴿٩٦﴾

၉၇။ ထိုသူတို့သည် အလ္လာဟ်နှင့်အတူ အခြားသော ကိုးကွယ်ရာတစ်ခုကို ပြုလုပ်ခဲ့ကြ၏။ သို့ဖြစ်ရာ မကြာမြင့်မီ ၎င်းတို့ သိရှိသွားကြပေလိမ့်မည်။

وَلَقَدْ نَعْلَمُ اَنَّكَ يَضِيْقُ صَدْرُكَ بِمَا يَقُوْلُوْنَ ﴿٩٧﴾

၉၈။ ထို့ပြင် ဧကန်ပင် ၎င်းတို့ပြောဆိုသည့် စကားများကြောင့် အသင်၏ရင်သည် ကျဉ်းကျပ်မှုဖြစ်သည်ကို ငါတို့ သိရှိတော်မူ၏။

فَسَبِّحْ بِحَمْدِ رَبِّكَ وَكُنْ مِّنَ السّٰجِدِيْنَ ﴿٩٨﴾

၉၉။ သို့ဖြစ်ရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်အား ချီးမွမ်းထောမနာပြုခြင်းနှင့်အတူ အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ရင့်ကျူးပါလေ၊ ထို့ပြင် 'စဂ်ဒါဟ်'ပျံဝပ်ဦးချမှုပြုသူများအနက်မှ ဖြစ်သွားပါလေ၊

وَاعْبُدْ رَبَّكَ حَتّٰى يَاْتِيَكَ الْيَقِيْنُ ﴿٩٩﴾

၁၀၀။ ထို့ပြင် အသင့်ထံ 'ယကီးန်' ယုံကြည်ခြင်း အပြည့်အဝ ရောက်လာသည်အထိ မိမိအားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ခဝပ်ကိုးကွယ်လျက်နေပါလေ။

❖ ❖ ❖

၁၆။ အလ်–နဟလ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ် တော်ပေါင်း (၁၂၉)ပိုဒ်ပါရှိသည်။

ပြီးခဲ့သောဆူရာဟ်၏နောက်ဆုံးအာယတ်တော်တွင် 'ယကီးန်'အကြောင်းကို ဖော်ပြထား တော်မူပေရာ ယင်း၏အဓိပ္ပာယ်တစ်ခုမှာ 'သေဆုံးခြင်း'ဟူ၍လည်း ရရှိပေသည်။ သို့သော်မည်သို့ဆိုစေ မူလအဓိပ္ပာယ်မှာ 'ယကီးန်'(ယုံကြည်ချက်)ဟူ၍ပင်ဖြစ်သည်။ သတိပေးထားသောအရေးကိစ္စသည် ရောက်ရှိလာတော့မည်ဖြစ်ကြောင်းကို ဤဆူရာဟ်၏အစ၌ပင် ဖော်ပြထားပေသည်။ သို့ဖြစ်ရာ "အို-ငြင်းပယ်သူအပေါင်းတို့၊ အသင်တို့သည် ယင်းကိုတောင်းခံခြင်း၌ အလျင်စလိုမပြုကြလင့်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် မိမိအစေတော်များမှ အလိုရှိတော်မူသောသူထံ မိုးကောင်းကင်မှ မိမိ၏ ကောင်းကင်တမန်များအား ပို့ချတော်မူသည်ကို ယုံကြည်ကြကုန်"ဟု မိန့်ကြားထားတော်မူပေသည်။

ထို့နောက် တိရစ္ဆာန်အမျိုးမျိုး၏ဖန်ဆင်းခြင်းအကြောင်းကို မိန့်တော်မူပြီးနောက် အသင်တို့ ယခုအခါ မည်သို့မျှ မသိရှိသေးသော အစီးအနင်းများကိုလည်း အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းပေါက်ဖွား စေတော်မူပေဦးမည်ဟူသည့် ကြီးကျယ်ခမ်းနားလှသော ကြိုတင်နိမိတ်ကို ဖော်ပြထားတော်မူပေသည်။ ထို့ကြောင့် မျက်မှောက်ခေတ်တွင် တီထွင်ထုတ်လုပ်ထားသည့် အသစ်အသစ်သော အစီးအနင်းများနှင့် ဆိုင်သည့် ကြိုတင်နိမိတ်ဟောချက်ကို ဤအာယတ်တော်တွင် ဖော်ပြထားခြင်းဖြစ်သည်။

ထို့အတူ အမျိုးမျိုးသောသက်ရှိတို့၏ ရပ်တည်ရှင်သန်ရေးနှင့်စပ်လျဉ်း၍ မိန့်တော်မူသည်မှာ ယင်းတို့သည် မိုးကောင်းကင်မှ ရွာသွန်းသောရေကို အကြောင်းခံ၍သာဖြစ်ကြောင်း၊ ထိုရေအားဖြင့် ပထဝီမြေမှ အမျိုးမျိုးသော စိမ်းလန်းသည့်အပင်များ ပေါက်ရောက်ကြပြီး သစ်ပင်များနှင့် သစ်သီးဝလံများ ပေါက်ရောက်သီးပွင့်ကြကြောင်း၊ သို့ရာတွင် မိုးကောင်းကင်မှ ရေနှင့်စပ်လျဉ်း၍ ရှုထောင့်တစ်ခုမှာ ဤသို့လည်းရှိသေးကြောင်း၊ ယင်းကို ထို **اَنعام** ကွဲနွားတိရစ္ဆာန်များ မသိရှိကြကြောင်း၊ ယင်းတို့သည် မြက်စသည်တို့ကို စားကြသော်လည်း ထိုအကြောင်းရပ်၏နက်နဲမှုကိုကား မသိရှိကြကြောင်း မိန့်တော်မူ ထားပေသည်။ သို့ဖြစ်ရာ ဝိညာဉ်ရေးဆိုင်ရာ 'ရေ'ဖြင့် အလ္လာဟ်၏တမန်တော်များရရှိသည့် ဘဝသည် ယင်းကောင်းကျိုးကို အစဉ်တစိုက် ရှေ့ဆက်၍ပို့ဆောင်နေပေသည်။ ဤသည်ကို **اَنعام** ဖြင့် ခိုင်းနှိုင်းခြင်း ခံရသောသူတို့သည် သိနိုင်စွမ်းမရှိကြချေဟု ကျမ်းမြတ်ကုရ်အာန်က ဖော်ပြထားပေသည်။ ထို့ပြင် ၎င်းတို့ကို **اَشَرّ** အဆိုးရွားဆုံးသောသူများဟုသတ်မှတ်ခဲ့ပေရာ ၎င်းတို့၏အခြေအနေသည် တိရစ္ဆာန်များ ထက်ပင် ပို၍ဆိုးရွားလေသည်။ အကြောင်းမူ **اَنعام** တို့သည် ယင်းအားသိရှိနားလည်နိုင်သည့် စွမ်းအား မရှိကြချေ။ သို့ရာတွင် ဤသူများသည် သာသနာတော်ကို အပေါ်ယံအားဖြင့် နားလည်ကြသော်လည်း ယင်း၏ကောင်းချီးဆုလာဘ်များမှ လက်လွတ်ဆုံးရှုံးနေကြပေသည်။

ထို့နောက်တွင် အလ္လာဟ်အရှင်မြတ်၏ မရေမတွက်နိုင်သော 'နေ့အ်မတ်'(ကောင်းချီးဆု လာဘ်)တော်များကိုဖော်ပြလျက် ပင်လယ်သမုဒ္ဒရာတွင်တွေ့ရှိရသော 'နေ့အ်မတ်'(ကောင်းချီးဆုလာဘ်) များနှင့် ပင်လယ်သမုဒ္ဒရာတွင်းရှိ ရေငန်၌ရှင်သန်၍ ရေငန်ကိုသောက်သုံးကြကာ ယင်း၌ပင် ကျက်စား လျက်ရှိကြသော်လည်း ယင်းတို့၏အသားတွင် အငန်မာတ်၏စိုးစဉ်းမျှသော အရိပ်လက္ခဏာမျှပင် မပါရှိ

သည့် ငါး စသည့်သတ္တဝါတို့၏ အကြောင်းကိုလည်း ဖော်ပြထားပေသည်။ ထို့ပြင် ရေကိုအကြောင်းပြု၍ အသက်ရှင် ရပ်တည်နိုင်ရေးစနစ်၏ အမှီပြုရာမှာ ကြီးကျယ်ခိုင်ခံ့စွာဖြင့် ကမ္ဘာမြေတွင် စိုက်ထူထား လျက်ရှိသော တောင်များပင်ဖြစ်ကြောင်းကိုလည်း ဂရုပြုရန်နှိုးဆော်ထားလေသည်။ အကယ်၍ ဤတောင်ကြီးများသာမရှိခဲ့ပါလျှင် ယင်းပင်လယ်သမုဒ္ဒရာမှ သန့်စင်သောရေကို အငွေ့ပျံရန်နှင့် မိုးအဖြစ်ရွာသွန်းချရန် စနစ်ကြီးသည် အစဉ်တစိုက် လည်ပတ်လျက်ရှိရန် မဖြစ်နိုင်သောကြောင့်ပင်။

ကျမ်းမြတ်ကုရ်အာန်က ကမ္ဘာမြေပေါ်တွင် အရိပ်အာဝါသများ ဖြန့်ကြက်လျက်ရှိနေပုံကို တစ်နည်းအားဖြင့် ယင်းတို့သည် ဦးချပျဉ်ဝပ်နေသည့်အလား တင်စားဖော်ပြထားပေသည်။ **ဒါဗ္ဗ** နှင့် ကောင်းကင်တမန်များသည်လည်း အလ္လာဟ်၏ဘုန်းတန်ခိုးရှေ့တော်မှောက်တွင် 'စဂျဒါဟ်'ဦးချပျဉ်ဝပ် လျက် ရှိနေကြပေသည်။ **ဒါဗ္ဗ** (သက်ရှိတိရစ္ဆာန်များ)မှာ မိမိတို့ဘာဝရပ်တည်မှုအတွက် လိုအပ်သောအရာ များကို ကမ္ဘာမြေကြီးမှ ရရှိနေခြင်းကြောင့် ၎င်းတို့သည် အလ္လာဟ်၏ရှေ့တော်မှောက်တွင် အစဉ်အမြဲ ဦးချပျဉ်ဝပ်နေသည့်အလားဖြစ်၏။ ထို့ပြင် ကောင်းကင်တမန်တို့သည်လည်း မိုးကောင်းကင်မှ ရွာသွန်း သောရေ၏ 'မာအ်ရိဖတ်'ဉာဏ်စဉ်များကိုရရှိခြင်းကြောင့် ဦးချပျဉ်ဝပ်လျက်ရှိနေကြပေသည်။

အာယတ်တော်(၆၂)တွင် အကယ်၍ အလ္လာဟ်သည် လူသားတို့၏ အပြစ်တိုင်းကို ချက်ချင်း ဖမ်းဆီးအရေးယူတော်မူပါလျှင် ကမ္ဘာမြေပေါ်တွင် သွားလာနေထိုင်ကြသော သတ္တဝါတို့သည် ရှင်းလင်း သုတ်သင်ခြင်းကိုခံကြရမည်ဖြစ်၏ဟု အဲ့ဖွယ်အကြောင်းတစ်ရပ်ကို ဖော်ပြထားပေသည်။ အမှန်သော်ကား လူသားအား ဤကိစ္စကို စဉ်းစားသုံးသပ်ရန် နှိုးဆော်တော်မူခြင်းဖြစ်ပေသည်။ အကယ်၍ **ဒါဗ္ဗ** (သက်ရှိတိရစ္ဆာန်)များသာမရှိခဲ့လျှင် လူသားအသက်ရှင်ရပ်တည်နိုင်ရေးမှာ ဖြစ်နိုင်စရာအကြောင်း မရှိချေ။ ထို့ကြောင့်လည်း တစ်ဆက်တည်းပင် ကျွဲနွားတိရစ္ဆာန်များတွင် အသင်တို့အဖို့ သတိသံဝေဂ ယူဖွယ်အကြောင်းအရာ အလွန်များပြားစွာရှိပေသည်ဟု မိန့်ကြားထားခြင်းဖြစ်ပေသည်။

ထို့နောက်တွင် *'ဝဟီ'*(ဗျာဒိတ်)၏ကြီးမြတ်မှုကို ပျားကောင်၏ဥပမာဖြင့် ဖော်ပြတော်မူပေသည်။ အခြားတိရစ္ဆာန်တစ်မျိုးမျိုးအပေါ် *'ဝဟီ'*ချပေးတော်မူခြင်းအကြောင်းကို မတွေ့ရချေ။ ဂရုပြု၍ကြည့်မည် ဆိုပါက အညစ်အကြေးတွင်ပေါက်ဖွားသည့် သာမန်ယင်ကောင်များနည်းတူ ပျားကောင်သည်လည်း ယင်ကောင်မျိုးစိတ်တစ်ခုသာဖြစ်၏။ ဤမျှသာကွာခြားချက်ရှိ၏။ အလ္လာဟ်သည် *'ဝဟီ'*အားဖြင့် ယင်းပျား ကောင်ကို အလုံးစုံသော အညစ်အကြေးများမှ စင်ကြယ်အောင်ပြုပေးတော်မူခဲ့သည်။ ပျားကောင်များ သည် မိမိတို့ အိမ်(ပျားအုံ)များကို တောင်များတွင်လည်းကောင်း၊ မြင့်မားသောသစ်ပင်ကြီးများပေါ်တွင် လည်းကောင်း၊ မြင့်သောအမှီအတွယ်များပေါ်သို့တက်သည့် နွယ်ပင်များပေါ်တွင်လည်းကောင်း တည် ဆောက်ကြပေသည်။ ထို့နောက် ယင်းတို့အား ပန်းပေါင်းစုံ၏ဝတ်ရည်ကိုစုပ်ယူကြကုန်ဟူ၍ *'ဝဟီ'*ပို့ချ တော်မူခဲ့ပေသည်။ *'ဆမရ်'* (အသီး)ဟူသောစကားလုံးကို သုံးစွဲထားသော်လည်း ယင်းတွင် အတွေး အခေါ် နှစ်ရပ်ရှိပေသည်။ ပျားကောင်၏ဝတ်ရည်စုပ်ယူခြင်းဖြင့်သာ ပန်းပွင့်၌ အသီးဖြစ်ထွန်းရသည်။ ထို့ပြင် အသီးတိုင်း၏ အရည်နှင့် အနှစ်တို့ကိုလည်း ပျားကောင်တို့သည် ပန်းပွင့်မှပင် စုပ်ယူကြပြီး ယင်းမှ ပျားရည်ဖြစ်ပေါ်လာသည်။ ထိုပျားရည်၌ လူသားတို့အဖို့ ဝေဒနာပျောက်ကင်းရန် ကြီးကျယ်သော ကုစားမှုတစ်ရပ်ကို ထည့်သွင်းထားတော်မူပေသည်။

ဤတွင် **يَخْرُجُ مِنْ بُطُوْنِهَا** ဟုမိန့်တော်မူလျက် ပန်းဝတ်ရည်သက်သက်ဖြင့် ပျားရည်ဖြစ်မလာ

နိုင်ဘဲ ပျားကောင်၏ခန္ဓာတွင်းမှထွက်သည့် ခွဲပစ်သောအရည်ဖြင့် ယင်းပန်းဝတ်ရည်ကို ရောနှောကာ ပျားကောင်သည် သူ၏လျှာကို လေထဲသို့ အကြိမ်ကြိမ်ထုတ်လျက် ထိုပေါင်းစပ်ရည်ကို စေးထန်းအောင် ပြုကာ ပျားရည်အဖြစ်ပြောင်းလဲပြီး ပျားအုံတွင် လုံခြုံစွာထိန်းသိမ်းသိုလှောင်ထားလေသည်။

ထို့နောက်တစ်ဖန် ကျွန်နှစ်ဦး၏ ဥပမာကို ဖော်ပြထားပေသည်။ တစ်ဦးမှာ အသိဉာဏ်ကင်းမဲ့သည့်ကျွန်ဖြစ်ပြီး ယင်း၏အလုပ်များတွင် မည်သို့သော အကျိုးအမြတ်မျှမရရှိပေ။ ဒုတိယတစ်ဦးမှာကား သူ့အား အလွှာဟ်အရှင်မြတ်က ကောင်းမြတ်သန့်စင်သောရိက္ခာကို ပေးသနားတော်မူပြီး ထိုသူသည် ယင်းကို တစ်ဖန်ရှေ့ဆက်၍ လူသားတို့အကျိုးအတွက် သုံးစွဲသူဖြစ်သည်။ ဤသည်မှာလည်း ပျားကောင်နှင့် အလွန်နက်ရှိုင်းစွာ ဆက်နွယ်မှုရှိပေသည်။ ယင်ကောင်များမှာ မည်သို့သော အကျိုးကျေးဇူးမျှမရှိသည့် ကျေးကျွန်များသဖွယ်ဖြစ်၏။ သို့သော် ပျားတို့မှာကား မိမိအားပေးသနားခြင်းခံရသည့် *'ရိဇီက်'*(ရိက္ခာ)ကို တစ်ဖန်ရှေ့ဆက်၍ လူသားတို့အကျိုးအတွက် ဖြန့်ဝေပေးသော ကျေးကျွန်ပမာဖြစ်၏။

ထို့နောက်တွင် အမျိုးမျိုးသောကျေးကျွန်များ၏ ဥပမာကို ရှေ့ဆက်ဖော်ပြလျက် လူသားများနှင့် နှိုင်းယှဉ်ဖော်ပြထားပေသည်။ အကြင်ကျေးကျွန်သည် အလွှာဟ်အရှင်မြတ်၏ *'ဝဟီ'*(ဗျာဒိတ်)မှ အကျိုးခံစားခွင့်မရသည့်အပြင် အလွှာဟ်အား ဆွံ့အသူဟုမှတ်ယူပါလျှင်၊ ၎င်းကိုယ်တိုင်သည်ပင် **أَبْكَمُ** (ဆွံ့အသူ)ဖြစ်၏။ ထိုသူ၏ပမာကား- သူသည် မည်သည့်အလုပ်ကိုပင်ပြုလုပ်သည်ဖြစ်စေ ဆုံးရှုံးမှုကိုသာ ကြုံတွေ့ရမည်ဖြစ်သည်။ **خَسِرَ الدُّنْيَا وَالْآخِرَةَ** (လောကီဘဝတွင်လည်းကောင်း၊ တမလွန်တွင်လည်းကောင်း နစ်နာဆုံးရှုံးမည်သာ)။ ထို့ပြင် အခြားကျေးကျွန်တစ်မျိုးမှာ အလွှာဟ်အရှင်မြတ်၏ 'နဗီ'တမန်တော်များဖြစ်ကြပြီး ၎င်းတို့သည် လူသားတို့အား တရားမျှတမှုကို သွန်သင်ကြလျက် ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်တွင် အစဉ်သဖြင့် လျှောက်လှမ်းနေကြပေသည်။ သတိပြုရမည်မှာ ပျားကောင်များနှင့်စပ်လျဉ်း၍လည်း မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်၏လမ်းများပေါ်တွင် လျှောက်လှမ်းရန်မိန့်ကြားထားပေသည်။ သို့ဖြစ်ရာ 'နဗီ'တမန်တော်များမှာ မလွဲမကန် အလွှာဟ်၏ထံတော်သို့ ရောက်ရှိမည်ဖြစ်သော ထိုဖြောင့်မှန်သည့် လမ်းကြောင်းတစ်ခုတည်းပေါ်တွင် လျှောက်လှမ်းကြပေရာ ဤရှုထောင့်အရ များစွာ ထူးကဲမြင့်မြတ်မှုရှိကြပေသည်။

ထို့နောက် ဤဆူရာဟ်၌ပင် ကျေးဌက်များနှင့်စပ်လျဉ်း၍ မိန့်ကြားထားတော်မူသည်မှာ ကောင်းကင်တွင် ပျံသန်းသွားလာလျက်ရှိသော ဌက်များတွင် မတော်တဆ တိုက်ဆိုင်မှုဖြင့် တောင်ပံများ ရရှိသွားလျက် ပျံသန်းနိုင်ရန်စွမ်းအားဖြစ်ပေါ်လာသည်ဟု မထင်မှတ်ကြကုန်လင့်။ တောင်ပံများ ထွက်ပေါ်လာခြင်းသက်သက်က ဌက်များကို ပျံသန်းနိုင်သည့်စွမ်းရည် မပေးနိုင်ချေ။ ၎င်းတို့၏ အရိုးများမှာ ခေါင်းပွဖြစ်၏။ ထူးခြားသော ရင်အုပ်ဖွဲ့စည်းမှု၊ ရင်အုပ်နှစ်ဖက်တွင် အလွန်ခိုင်ခံ့သော ခန္ဓာကိုယ်အစိတ်အပိုင်းများ ဖွဲ့စည်းထားမှုမရှိပါလျှင် တောင်ပံရှိရုံသက်သက်ဖြင့် အလွန်တရာ လေးလံသော ဝန်ကိုပင့်မပြီး ၎င်းတို့သည် အမြင့်ဆီသို့ ပျံသန်းနိုင်စွမ်းကို ရရှိကြမည်မဟုတ်ချေ။ အဆမတန် အလေးစီးသော ဌက်ကြီးဝန်ပိုများသည် မိုင်ပေါင်းထောင်ချီ၍ မရပ်မနားပျံသန်းပြီး ဂျက်လေယာဉ်၏ ရှေ့ပိုင်းသည် လေကိုဖြိုခွင်းလိုက်သကဲ့သို့ ယင်းတို့၏ အတွင်းတည်ဆောက်မှု အနေအထားကြောင့် လေ၏ဖိအားသည် သူတို့အပေါ်အနည်းငယ်မျှသာ သက်ရောက်မှုရှိပေသည်။ လေ၏ဖိအားကိုခံနိုင်ရန်အတွက် ဌက်ကြီးဝန်ပိုတစ်ကောင်က အားလုံး၏ရှေ့မှပျံသန်းနေပြီး အတန်ကြာသောအခါမှ အခြားဌက်တစ်ကောင်က သူ၏နေရာကို ရယူပေသည်။ ထို့ပြင် ဤဌက်များသည် ရေတွင်ကျက်စားသော ဌက်များဖြစ်ကြပြီး

နစ်မြုပ်ခြင်းမရှိကြချေ။ စင်စစ် ယင်း၏အလေးချိန်ကြောင့် နစ်မြုပ်ရမည့်အစား မနစ်မြုပ်ဘဲရှိနေပေသည်။ ထိုသို့ မနစ်မြုပ်ရခြင်းမှာ ယင်း၏ခန္ဓာကိုယ်အပေါ်ရှိ သေးငယ်သောဌက်မွေးများတွင် သိုမှီးထားသည့် လေများက ယင်းကို မနစ်မြုပ်ရလေအောင် ထိန်းထားခြင်းဖြစ်သည်။ ဤကား အလိုအလျောက် တိုက်ဆိုင်မှုဖြင့် ဖြစ်လာနိုင်စရာအကြောင်း အလျှင်းမရှိချေ။ အကြောင်းမူ ယင်းအမွေးအတောင်များ၏ အနီးတွင် အမွေးအတောင်များအား ရေမစိုအောင်တားဆီးထားသော အဆီဓာတ်ပါရှိလေသည်။ ကျေးငှက်တိရစ္ဆာန်တို့သည် အတောင်ပံတစ်ခုလုံးကို မိမိတို့၏နှုတ်သီးများဖြင့် ပွတ်တိုက်ကြသည်ကို မြင်ဖူးကြပေမည်။ ထိုစဉ် အလွာဟ်အရှင်မြတ်က ၎င်းတို့၏ခန္ဓာကိုယ်မှ Grease (အမဲဆီ)ကဲ့သို့သော ဒြပ်တစ်ခုကို ထွက်ပေါ်စေပြီး ယင်းကိုတောင်ပံများပေါ်၌ မလွဲမသွေ ပွတ်တိုက်ခြင်းသည် အံ့ဖွယ်အကြောင်းရပ်ပင်ဖြစ်၏။ ထိုဒြပ်မှာ အသို့လျှင် အလိုအလျောက်ပေါက်ဖွားလာနိုင်အံ့နည်း။ ထို့ပြင် ယင်းတို့၏နှုတ်သီးများသို့ မည်သို့ရောက်ရှိခဲ့သနည်း။ ၎င်းပြင် ယင်းငှက်များအား နစ်မြုပ်မည်စိုး၍ ခန္ဓာကိုယ်ကို ရေမစိုရအောင် ကာကွယ်ထားရန် မဖြစ်မနေလိုအပ်ကြောင်း ယင်းငှက်များ အဘယ်သို့ သိထားကြပေသနည်း။ ဤသည်ကား အံ့ဖွယ်အကြောင်းရပ်ပင်ဖြစ်၏။

ရှေ့ဆက်ပြီး ကျမ်းမြတ်ကုရ်အာန်၌ အလုံးစုံသောအရာများ၏ ရှင်းလင်းချက်ကိုဖော်ပြသည့် အံ့သြဖွယ်တန်ခိုးနိမိတ်ကို ဖော်ပြထားပေသည်။ ၎င်းပြင် ဤရှုထောင့်အရ ကျမ်းမြတ်ကုရ်အာန်သည် အခြားသောကျမ်းများထက် ထူးခြားသာလွန်မှုရရှိထားသည့်အတိုင်းပင် တမန်တော်မြတ် ﷺ သည်လည်း အခြားသော 'နဗီ'တမန်တော်များထက် ထူးကဲသာလွန်မှုကို ရရှိလေသည်။ ဤအတွက်ကြောင့်ပင် ထိုတမန်တော်များသည် မိမိတို့၏ အမျိုးသားများအတွက် သက်သေတော်ဖြစ်ဘိသကဲ့သို့ တမန်တော်မြတ် ﷺ အား ထိုတမန်တော်များအပေါ်၌ သက်သေတော်အဖြစ် ခန့်ထားတော်မူပေသည်။

ကျမ်းမြတ်ကုရ်အာန်၏ သွန်သင်ချက်မှာ အရာရာတိုင်းအပေါ် လွှမ်းခြုံလျက်ရှိပေသည်။ ဥပမာအားဖြင့်- အာယတ်တော်(၉၁)ဖြစ်သည်။ ယင်းအာယတ်တော်တွင် အလုံးစုံသော ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ရေးဆိုင်ရာ သွန်သင်ချက်များကို စုစည်းထားပြီး ယင်းတို့အပေါ် လွှမ်းခြုံလျက်ရှိ၏။ ဦးစွာပထမ *'အဒလ်'* (တရားမျှတမှု)အကြောင်းကိုဖော်ပြထားပြီး ယင်းတရားမျှတမှုမရှိဘဲလျက် ကမ္ဘာလောကတွင် မည်သို့သော တည့်မတ်ကောင်းမွန်မှုမျှ ဖြစ်မလာနိုင်ချေ။ ထို့နောက် လူသားအား *'အဒလ်'*ထက်ပို၍ မြင့်သောအဆင့်တစ်ခုကိုပေးသည့် *'အဲဟ်ဆန်'* (စေတနာအလျောက်ကောင်းမှုပြုခြင်း)အကြောင်းကို ဖော်ပြထားသည်။ ထို့နောက် 'အီတာအေဇိလ်ကုရ်ဘာ' (ကရုဏာဖြင့်ကောင်းမှုပြုခြင်း)ဟု မိန့်ကြားလျက် ဤအကြောင်းရပ်ကို အမြင့်စွင့်ဆုံးအဆင့်သို့တိုင် ရောက်စေခဲ့ပေသည်။ ထိုသူသည် လူသားတို့အား စာနာထောက်ထားလျက် အဘယ်ကဲ့သို့ လျှုဒါန်းသုံးစွဲမှုပြုသနည်းဆိုလျှင် မွေးမိခင်က မိမိ၏သားသမီးများအပေါ် ပြုသကဲ့သို့ဖြစ်ပြီး ယင်း၏အတုံ့အလှယ်အဖြစ် တစ်စုံတစ်ရာအလုပ်အကျွေးပြုခြင်းကိုသော်လည်းကောင်း၊ ကျေးဇူးဆပ်မှုကိုသော်လည်းကောင်း ပြန်လည်ရယူရန်ဟူသောအတွေးမျှပင် သူ၏ စိတ်နှလုံးအတွင်းသို့ မဝင်ရောက်ချေ။ ဤအမြင့်ဆုံးအဆင့်ကို တမန်တော်မြတ် ﷺ အား ပေးသနားတော်မူခြင်းခံခဲ့ရပေသည်။ ကိုယ်တော်မြတ်သည် မိမိအားကျေးဇူးတုံ့ပြန်ရမည်ဟူသော အတွေးစိတ်ကူးဟူသမျှမသန့်ရှင်းစွာဖြင့် လူသားထုတစ်ရပ်လုံးကို အကျိုးပြုခဲ့ပေသည်။

ဤဆူရာဟ်၏နောက်ဆုံး'ရုကူ'တွင် တမန်တော်'အစ်ဗရာဟင်မ်' ﷺ အား တစ်ဦးတစ်ယောက်

တည်းသာဖြစ်လင့်ကစား အမျိုးသားထု၊ 'အွမ္မတ်'တစ်စုအသွင်ဖြင့် ဖော်ပြထားတော်မူပေသည်။ အကြောင်းမူ ဤတမန်တော်ကြီးကို အကြောင်းပြုလျက် များစွာသော 'အွမ္မတ်'အုပ်စုများ ပေါ်ထွန်းလာရန်ရှိသောကြောင့်ဖြစ်ပြီး တမန်တော်မြတ်ﷺထံ၌ ဤအကြောင်းရပ်သည် ပြည့်စုံခြင်း၏ အထွတ်အထိပ်သို့တိုင် ရောက်ရှိခဲ့ပေသည်။ သို့ဖြစ်၍ တမန်တော်အစ်ဗရာဟင်မ်၏'စွန့်တ်'ကျင့်စဉ်ကို လိုက်နာကျင့်သုံးရန် တမန်တော်မြတ်ﷺအား 'ဝဟီ'ဗျာဒိတ်ပေးတော်မူခြင်းခံရပေသည်။ ၎င်းပြင် ယင်း၏ အနှစ်ချုပ်ကိုလည်း ဤသို့ချပြထားတော်မူပေသည်။ ဉာဏ်အမြော်အမြင်နှင့် သိမ်မွေ့နူးညံ့စွာ ဟောပြောခြင်းတို့ဖြင့် မိမိအရှင်သခင်ဘက်သို့ လူတို့အားဖိတ်ခေါ်ပါလေ။ သို့ရာတွင် ယင်းအတွက် လူသားသည် အဆုံးစွန်သောသည်းခံမှုဖြင့် လုပ်ဆောင်ရန် လိုအပ်ပေသည်။ **لَاتَسْتَعْجِلْ** တွင် မိန့်ကြားထားချက်ကလည်း ဤအကြောင်းဘက်သို့ ရည်ညွှန်းနေပေသည်။ ကြီးကျယ်ခမ်းနားလှသော ဝိညာဉ်ရေးဆိုင်ရာတော်လှန်ပြောင်းလဲမှုသည် ရုတ်ခြည်းပေါ်ပေါက်လာရိုးထုံးစံမရှိချေ။ စင်စစ် ယင်းအတွက် အဆုံးစွန်သော သည်းခံမြဲမြံမှုပြုရန် လိုအပ်ပေသည်။ သို့ဖြစ်ရာ ဤသို့သည်းခံစွဲမြဲခြင်းသည်ကား 'တက္ကဝါ'တရားမရှိဘဲ မရနိုင်ချေ။ ဤတွင်မက *'အဲဟ်ဆန်'*(ကောင်းမှု)ပြုသူတို့သည်ကား ယင်းထက်ပင် ပိုမို၍ ပေးသနားတော်မူခြင်းကို ခံကြရပေသည်။

ဤတွင် *'အဲဟ်ဆန်'*၏အကြောင်းတစ်ရပ်ကို **يَـأْمُـرُ بِـالْعَدْلِ وَالْإِحْسَـانِ** တွင် ဖော်ပြထားပေသည်။ ဒုတိယဖွင့်ဆိုချက်မှာ တမန်တော်မြတ်ﷺကိုယ်တော်တိုင်၏ ရှင်းလင်းမိန့်ကြားချက်ဖြစ်သည်။ *'အဲဟ်ဆန်'*ဟူသည်ကား- 'အသင်ဝတ်ပြုရန်ရပ်သောအခါ အသင်သည် အလ္လာဟ်အား ဖူးမြင်နေရသည့်အလား ရပ်ပါလေ။ *'အဲဟ်ဆန်'*၏အနည်းဆုံးလိုအပ်ချက်သည်ကား အသင်သည် ဝတ်ပြုရန်ရပ်သောအခါ ထိုအရှင်မြတ်က အသင့်အား ရှုစားလျက်ရှိတော်မူသည်ဟူသောအမှတ်ဖြင့် ရှိသေကျိုးနွံစွာ ရပ်ပါလေ'ဟူ၍ ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-နဟလ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၂၉)ပိုဒ် ရှုကူ (၁၆)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اَتٰٓى اَمْرُ اللّٰهِ فَلَا تَسْتَعْجِلُوْهُ ؕ سُبْحٰنَهٗ وَ تَعٰلٰى عَمَّا يُشْرِكُوْنَ ①

၂။ အလ္လာဟ်၏အမိန့်တော် ရောက်ရှိလာတော့မည်ဖြစ်၏။ သို့ဖြစ်ရာ ယင်းအား တောင့်တခြင်း၌ အလျင်စလိုမဖြစ်ကြကုန်လင့်၊ ထိုအရှင်မြတ်သည် ၎င်းတို့တွဲဖက်ကိုးကွယ်သည်များထက် သန့်ရှင်းစင်ကြယ်တော်မူ၍ အလွန်လျှင် မြင့်မြတ်တော်မူ၏။

يُنَزِّلُ الْمَلٰٓئِكَةَ بِالرُّوْحِ مِنْ اَمْرِهٖ عَلٰى مَنْ يَّشَآءُ مِنْ عِبَادِهٖٓ اَنْ اَنْذِرُوْٓا اَنَّهٗ لَآ اِلٰهَ اِلَّآ اَنَا فَاتَّقُوْنِ ①

၃။ အရှင်မြတ်သည် မိမိ၏အစေတော်များအနက်မှ နှစ်လို့တော်မူသောသူထံ မိမိ၏အမိန့်တော်ဖြင့် ကောင်းကင်တမန်များကို သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူ သက်ဆင်းစေတော်မူ၏။ သတိပေးနှိုးဆော်ပါလေ၊ စင်စစ် ငါအရှင်မြတ်မှလွဲ၍ မည်သည့်ကိုးကွယ်ခြင်းခံထိုက်သူမျှမရှိ၊ သို့ဖြစ်ရာ ငါအရှင်မြတ်အားသာလျှင် ကြောက်ရွံ့ကြကုန်။

خَلَقَ السَّمٰوٰتِ وَ الْاَرْضَ بِالْحَقِّ ؕ تَعٰلٰى عَمَّا يُشْرِكُوْنَ ①

၄။ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ထိုက်သင့်မှန်ကန်စွာဖြင့် ဖန်ဆင်းတော်မူခဲ့ပေသည်။ အရှင်မြတ်သည် ၎င်းတို့တွဲဖက်ကိုးကွယ်သည်များထက် လွန်စွာမှ မြင့်မြတ်တော်မူ၏။

خَلَقَ الْاِنْسَانَ مِنْ نُّطْفَةٍ فَاِذَا هُوَ خَصِيْمٌ مُّبِيْنٌ ①

၅။ အရှင်မြတ်သည် လူသားကို ကလလရည်ကြည်မှ ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ရုတ်ခြည်းပင် သူသည် ပွင့်လင်းထင်ရှားသော ရန်လိုငြင်းခုံသူ ဖြစ်သွားခဲ့ပေသည်။

وَ الْاَنْعَامَ خَلَقَهَا ۚ لَكُمْ فِيْهَا دِفْءٌ وَّ مَنَافِعُ وَ مِنْهَا تَاْكُلُوْنَ ①

၆။ ထို့ပြင် ကျွဲနွားတိရစ္ဆာန်များကိုလည်း အရှင်မြတ်သည် ဖန်ဆင်းထားတော်မူ၏။ ယင်း၌အသင်တို့အတွက် အနွေးဓာတ်ရယူရာပစ္စည်းသည်ရှိ၏။ ထို့ပြင် များစွာသော အကျိုးကျေးဇူးများရှိ၏။ ထို့ပြင် ယင်းမှပင် အချို့ကို အသင်တို့စားသုံးကြ၏။

وَ لَكُمْ فِيْهَا جَمَالٌ حِيْنَ تُرِيْحُوْنَ وَ حِيْنَ تَسْرَحُوْنَ ①

၇။ ထို့ပြင် အသင်တို့သည် ယင်းတို့အား ညနေစောင်းတွင် စားကျက်မှပြန်မောင်းလာချိန်တွင်လည်းကောင်း၊ (နံနက်ခင်း) စားကျက်သို့လွှတ်သောအချိန်တွင်လည်းကောင်း ယင်း၌ အသင်တို့အဖို့ လှပတင့်တယ်ခြင်းသည်ရှိ၏။

وَ تَحْمِلُ اَثْقَالَكُمْ اِلٰى بَلَدٍ لَّمْ تَكُوْنُوْا بٰلِغِيْهِ اِلَّا بِشِقِّ الْاَنْفُسِ ؕ اِنَّ رَبَّكُمْ

၈။ ထို့ပြင် အသင်တို့သည် ခက်ခဲပင်ပန်းစွာ မိမိတို့၏အသက်များကိုမရင်းဘဲ မရောက်ရှိနိုင်သည့် မြို့ရွာသို့ ယင်းတို့သည် ဝန်စည်စလယ်များကို သယ်ပိုးလျက်သွားလာကြပေသည်။

لَرَءُوْفٌ رَّحِيْمٌ ۝

ဧကန်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် မြတ်သည် အလွန်ချစ်ခင်သနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَّالْخَيْلَ وَالْبِغَالَ وَالْحَمِيْرَ لِتَرْكَبُوْهَا وَزِيْنَةً ؕ وَيَخْلُقُ مَا لَا تَعْلَمُوْنَ ۝

၈။ ထို့ပြင် မြင်း၊ လား၊ မြည်းတို့ကိုလည်း အသင်တို့သည် ယင်းတို့အပေါ် စီးနင်းကြရန်လည်းကောင်း၊ လှပတင့်တယ်စေခြင်းငှာလည်းကောင်း (ဖန်ဆင်းထားတော်မူ၏)။ ထို့ပြင် အရှင်မြတ်သည် (အသင်တို့အဖို့) အသင်တို့မသိသေးသည့်အရာများကိုလည်း ဖန်ဆင်းတော်မူပေအံ့။

وَعَلَى اللّٰهِ قَصْدُ السَّبِيْلِ وَمِنْهَا جَآئِرٌ ؕ وَلَوْ شَآءَ لَهَدٰىكُمْ اَجْمَعِيْنَ ۝ ع

၉။ (လူသားတို့အား)ဖြောင့်မှန်သောလမ်းကို ပြသတော်မူရန်မှာ အလ္လာဟ်၏တာဝန်ဖြစ်၏။ စင်စစ် ယင်း(လမ်းများ)အနက် အချို့သည်ကွေ့ကောက်မှုလည်းရှိ၏။ အကယ်၍ အရှင်မြတ် အလိုတော်ရှိလျှင် အမှန်ပင် အသင်တို့အားလုံးကို လမ်းမှန်သို့ ညွှန်ပြတော်မူအံ့သတည်း။

ရုကူး-၂

هُوَ الَّذِيْٓ اَنْزَلَ مِنَ السَّمَآءِ مَآءً لَّكُمْ مِّنْهُ شَرَابٌ وَّمِنْهُ شَجَرٌ فِيْهِ تُسِيْمُوْنَ ۝

၁၀။ ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်မှရေကို ရွာသွန်းစေတော်မူ၏။ ယင်း၌ အသင်တို့အဖို့ သောက်သုံးဖွယ်ရာရှိ၏။ ထို့ပြင် ယင်းမှ အပင်ငယ်များပေါက်ရောက်ကြ၏။ ယင်းတွင် အသင်တို့သည်(ကျွဲနွားတိရစ္ဆာန်များကို) ကျောင်းကြ၏။

يُنْۢبِتُ لَكُمْ بِهِ الزَّرْعَ وَالزَّيْتُوْنَ وَالنَّخِيْلَ وَالْاَعْنَابَ وَمِنْ كُلِّ الثَّمَرٰتِ ؕ اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّقَوْمٍ يَّتَفَكَّرُوْنَ ۝

၁၁။ ယင်း(ရေ)အားဖြင့်ပင် အရှင်မြတ်သည် အသင်တို့အဖို့ လယ်ယာများ၊ ထို့ပြင် သံလွင်၊ စွန်ပလွံ၊ စပျစ်နှင့် သစ်သီးဝလံအမျိုးမျိုးကို ထုတ်ဆောင်တော်မူ၏။ စင်စစ် ယင်း၌ စဉ်းစားဆင်ခြင်တတ်သောသူတို့အဖို့ လွန်စွာမှ ကြီးမားသော နိမိတ်လက္ခဏာသည်ရှိ၏။

وَسَخَّرَ لَكُمُ الَّيْلَ وَالنَّهَارَ ۙ وَالشَّمْسَ وَالْقَمَرَ ؕ وَالنُّجُوْمُ مُسَخَّرٰتٌۢ بِاَمْرِهٖ ؕ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّعْقِلُوْنَ ۝

၁၂။ ထို့ပြင် အရှင်မြတ်သည်ပင်လျှင် အသင်တို့အဖို့ ည၌၎င်း၊ နေ့နှင့် လတို့ကို နာခံအလုပ်အကျွေးပြုစေတော်မူ၏။ ထို့ပြင် ကြယ်နက္ခတ်များသည်လည်း အရှင်မြတ်၏အမိန့်တော်ဖြင့် နာခံအလုပ်အကျွေးပြုကြ၏။ ဧကန်ပင် ယင်း၌ အသိဉာဏ်ရှိသောသူတို့အဖို့ အလွန်ကြီးကျယ်သော နိမိတ်လက္ခဏာများသည်ရှိ၏။

وَمَا ذَرَاَ لَكُمْ فِي الْاَرْضِ مُخْتَلِفًا اَلْوَانُهٗ ؕ اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّقَوْمٍ يَّذَّكَّرُوْنَ ۝

၁၃။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အဖို့ ကမ္ဘာမြေပေါ်တွင် အမျိုးမျိုးသောဝတ္ထုပစ္စည်းများကို ဖန်ဆင်းထားတော်မူ၏။ (ထိုအရာအားလုံးတို့သည် အသင်တို့အား နာခံအလုပ်အကျွေးပြုစေရန်ဖြစ်၏)။ ယင်း၌ အဆုံးအမကိုရယူသူတို့အဖို့ အမှန်ပင် အလွန်ကြီးမားသော နိမိတ်လက္ခဏာသည်ရှိ၏။

وَهُوَ الَّذِيْ سَخَّرَ الْبَحْرَ لِتَاْكُلُوْا مِنْهُ لَحْمًا

၁၄။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် ပင်လယ်သမုဒ္ဒရာကို နာခံအလုပ်အကျွေးပြုစေတော်မူ၏။ သို့ဖြင့်အသင်တို့သည် ယင်း

طَرِيًّا وَّتَسْتَخْرِجُوْا مِنْهُ حِلْيَةً تَلْبَسُوْنَهَا ۚ وَتَرَى الْفُلْكَ مَوَاخِرَ فِيْهِ وَ لِتَبْتَغُوْا مِنْ فَضْلِهٖ وَلَعَلَّكُمْ تَشْكُرُوْنَ ﴿۱۴﴾

မှ လတ်ဆတ်သောအသားကို စားသုံးကြရန်ဖြစ်၏။ ထို့ပြင် ယင်းမှပင် အသင်တို့သည် အလှဆင်မြန်းဖွယ်ရာများကို ထုတ်ယူကြပြီး ၎င်းကိုအသင်တို့ဝတ်ဆင်ကြ၏။ ထို့ပြင် အသင်သည် ယင်း၌လှေသဘော်များအား ရေကိုခွဲလျက် သွားလာနေသည်ကို မြင်တွေ့ရပေသည်။ သို့ဖြင့် အသင်တို့သည် အရှင်မြတ်၏ ကျေးဇူးတော်ကို ရှာဖွေကြရန်လည်းဖြစ်၏၊ အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ကြရန်လည်းဖြစ်၏။

وَاَلْقٰى فِى الْاَرْضِ رَوَاسِىَ اَنْ تَمِيْدَ بِكُمْ وَاَنْهٰرًا وَّ سُبُلًا لَّعَلَّكُمْ تَهْتَدُوْنَ ﴿۱۵﴾

၁၆။ ထို့ပြင် အရှင်မြတ်သည် ကမ္ဘာမြေပေါ်တွင် တောင်များကို ထားရှိတော်မူ၏။ သို့ဖြင့် အသင်တို့အဖို့ စားနပ်ရိက္ခာများကို စီမံပေးတော်မူရန်အတွက်ဖြစ်၏။ ထို့ပြင် မြစ်များနှင့် လမ်းများကိုလည်း (စီမံထားတော်မူ၏)။ သို့ဖြင့် အသင်တို့ လမ်းညွှန်မှုရရှိကြစေရန်ဖြစ်၏။

وَعَلٰمٰتٍ ؕ وَبِالنَّجْمِ هُمْ يَهْتَدُوْنَ ﴿۱۶﴾

၁၇။ ထို့ပြင် လမ်းညွှန်မှုပြုသည့် များစွာသော အမှတ်သညာများ(ကိုလည်း စီမံထားတော်မူ၏)၊ ထို့ပြင် သူတို့သည် ကြယ်၊ နက္ခတ်များအားဖြင့်လည်း လမ်းညွှန်မှုကိုရယူကြပေသည်။

اَفَمَنْ يَّخْلُقُ كَمَنْ لَّا يَخْلُقُ ؕ اَفَلَا تَذَكَّرُوْنَ ﴿۱۷﴾

၁၈။ သို့ဖြစ်ရာ ဖန်ဆင်းခြင်းပြုတော်မူသည့်အရှင်သည် ဖန်ဆင်းမှုမပြုသူကဲ့သို့ ဖြစ်နိုင်ပါမည်လော။ သို့ပါလျက် အသင်တို့သည် အဘယ့်ကြောင့် အဆုံးအမကို မရယူကြပေသနည်း။

وَ اِنْ تَعُدُّوْا نِعْمَةَ اللّٰهِ لَا تُحْصُوْهَا ؕ اِنَّ اللّٰهَ لَغَفُوْرٌ رَّحِيْمٌ ﴿۱۸﴾

၁၉။ အကယ်၍ အသင်တို့သည် အလ္လာဟ်၏ 'နေ့အ်မတ်' ကောင်းချီးဆုလာဘ်တော်များကို ရေတွက်လိုကြလျှင်လည်း အသင်တို့သည် ယင်းကို လွှမ်းခြုံ(ရေတွက်)မှု ပြုနိုင်ကြမည်မဟုတ်ချေ။ စင်စစ်ဧကန် အလ္လာဟ်သည် ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَاللّٰهُ يَعْلَمُ مَا تُسِرُّوْنَ وَمَا تُعْلِنُوْنَ ﴿۱۹﴾

၂၀။ မလွဲဧကန် အလ္လာဟ်သည် အသင်တို့ ဖုံးကွယ်သည်တို့ကိုလည်းကောင်း၊ ထုတ်ဖော်သည်တို့ကိုလည်းကောင်း သိရှိတော်မူ၏။

وَالَّذِيْنَ يَدْعُوْنَ مِنْ دُوْنِ اللّٰهِ لَا يَخْلُقُوْنَ شَيْـًٔا وَّ هُمْ يُخْلَقُوْنَ ﴿۲۰﴾

၂၁။ အလ္လာဟ်မှလွဲ၍ ထိုသူတို့ ဟစ်ခေါ်တမ်းတကြသော အရာများသည် တစ်စုံတစ်ရာကိုမျှဖန်ဆင်းသည်မဟုတ်ချေ၊ စင်စစ် ယင်းတို့ကိုယ်တိုင်သည်ပင် ဖန်ဆင်းခြင်းကိုခံခဲ့ကြရပေသည်။

اَمْوَاتٌ غَيْرُ اَحْيَآءٍ ۚ وَمَا يَشْعُرُوْنَ ۙ اَيَّانَ يُبْعَثُوْنَ ﴿۲۱﴾

၂၂။ (ယင်းတို့သည်) သေသူများဖြစ်ကြ၏၊ ရှင်သူများမဟုတ်ကြချေ၊ ထို့ပြင် မည်သည့်အချိန်တွင် ရှင်ပြန်ထမြောက်ကြရမည်ကိုပင် ယင်းတို့သည် မသိရှိကြချေတည်း။ ۩

۩ အသေကဲ့သို့ဖြစ်ပြီး ရှင်သန်ခြင်းဆိုင်ရာ အမှတ်လက္ခဏာတစ်စုံတစ်ရာကိုမျှ မတွေ့ရသော လုပ်ကြံဖန်တီးထားသည့် ဘုရားများကိုယုံကြည်ကြသည့် *'မူရှ်ရိုက်'* တို့၏လုပ်ရပ်ကို ဤအာယတ်တော်တွင်ပယ်ချထားပေသည်။

ရှုကူး-၃

اِلٰهُكُمْ اِلٰهٌ وَّاحِدٌ ۚ فَالَّذِيْنَ لَا يُؤْمِنُوْنَ
بِالْاٰخِرَةِ قُلُوْبُهُمْ مُّنْكِرَةٌ وَّ هُمْ
مُّسْتَكْبِرُوْنَ ۝

၂၃။ အသင်တို့၏ ကိုးကွယ်ရာအရှင်သည် တစ်ပါးတည်း သောအရှင် ဖြစ်တော်မူ၏။ သို့ရာတွင် နောင်တမလွန်ကို မယုံကြည်သောသူတို့၏နှလုံးသားများသည် ငြင်းပယ်မှုကိုပြုကြ၏။ ထို့ပြင် ၎င်းတို့သည် မာန်မာနထောင်လွှားသူများဖြစ်ကြ၏။

لَا جَرَمَ اَنَّ اللّٰهَ يَعْلَمُ مَا يُسِرُّوْنَ وَمَا
يُعْلِنُوْنَ ۭ اِنَّهٗ لَا يُحِبُّ الْمُسْتَكْبِرِيْنَ ۝

၂၄။ မုချဧကန် အလ္လာဟ်သည် ၎င်းတို့ဖုံးကွယ်သည်များကိုလည်းကောင်း၊ ထုတ်ဖော်သည်များကိုလည်းကောင်း သိရှိတော်မူခြင်း၌ သံသယဖြစ်ဖွယ်အလျှင်းမရှိချေ။ ဧကန်စင်စစ် အရှင်မြတ်သည် မာန်မာနထောင်လွှားသူတို့ကို နှစ်သက်တော်မူသည်မဟုတ်ချေ။

وَاِذَا قِيْلَ لَهُمْ مَّاذَآ اَنْزَلَ رَبُّكُمْ ۙ قَالُوْٓا
اَسَاطِيْرُ الْاَوَّلِيْنَ ۝

၂၅။ ထို့ပြင် သူတို့အား အသင်တို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ပို့ချခဲ့သည်များသည် မည်သည်နည်းဟုမေးမြန်းသောအခါ ၎င်းတို့က ရှေးလူတို့၏ ပုံပြင်ဒဏ္ဍာရီများသာဖြစ်သည်ဟု ပြောဆိုကြ၏။

لِيَحْمِلُوْٓا اَوْزَارَهُمْ كَامِلَةً يَّوْمَ الْقِيٰمَةِ ۙ
وَمِنْ اَوْزَارِ الَّذِيْنَ يُضِلُّوْنَهُمْ بِغَيْرِ
عِلْمٍ ۭ اَلَا سَاۗءَ مَا يَزِرُوْنَ ۝

၂၆။ သို့ဖြင့် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် ထိုသူတို့သည် မိမိတို့၏ဝန်ထုပ်ဝန်ပိုးအားလုံးကို ထမ်းပိုးရန်နှင့် မသိနားမလည်ပါဘဲလျက် ၎င်းတို့လမ်းလွဲအောင်ပြုခဲ့သောသူတို့၏ ဝန်ထုပ်ဝန်ပိုးကိုလည်း ထမ်းပိုးရန် (လိုလားသည့်နှယ်ဖြစ်၏)။ သတိပြုကြကုန်၊ ၎င်းတို့ထမ်းပိုးသည့်အရာမှာ အလွန်ဆိုးရွားလှပေသတည်း။

ရှုကူး-၄

قَدْ مَكَرَ الَّذِيْنَ مِنْ قَبْلِهِمْ فَاَتَى اللّٰهُ
بُنْيَانَهُمْ مِّنَ الْقَوَاعِدِ فَخَرَّ عَلَيْهِمُ السَّقْفُ
مِنْ فَوْقِهِمْ وَاَتٰىهُمُ الْعَذَابُ مِنْ حَيْثُ
لَا يَشْعُرُوْنَ ۝

၂၇။ မလွဲဧကန် ၎င်းတို့အလျင်ရှိခဲ့ကြသောသူတို့သည်လည်းကြံစည်ခဲ့ကြပေရာ အလ္လာဟ်သည် ၎င်းတို့၏ အဆောက်အအုံများကို အခြေအမြစ်မှ ဖြိုဖျက်ပစ်တော်မူခဲ့ပေသည်။ ထို့အခါ ခေါင်မိုးသည် အထက်မှ ၎င်းတို့အပေါ် ကျလာခဲ့ပေသည်။ ထို့ပြင် အပြစ်ဒဏ်သည် ၎င်းတို့ မထင်မှတ်သည့်နေရာမှ ၎င်းတို့ထံ ဆိုက်ရောက်လာခဲ့ပေသည်။

ثُمَّ يَوْمَ الْقِيٰمَةِ يُخْزِيْهِمْ وَيَقُوْلُ اَيْنَ
شُرَكَاۗءِيَ الَّذِيْنَ كُنْتُمْ تُشَاۗقُّوْنَ فِيْهِمْ ۭ
قَالَ الَّذِيْنَ اُوْتُوا الْعِلْمَ اِنَّ الْخِزْيَ
الْيَوْمَ وَالسُّوْۗءَ عَلَى الْكٰفِرِيْنَ ۝

၂၈။ ထို့နောက် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တွင် အရှင်မြတ်သည် ၎င်းတို့အား ဂုဏ်သိက္ခာညှိုးနွမ်းစေတော်မူပေအံ့။ ထို့ပြင် အသင်တို့သည် ဆန့်ကျင်ခြားနားမှုများကိုပြုခဲ့ကြရသည့် ငါ့အရှင်မြတ်နှင့်ယှဉ်တွဲကိုးကွယ်ရာများမှာ အဘယ်မှာနည်းဟု မိန့်ကြားတော်မူပေအံ့။ အသိပညာကိုပေးသနားခြင်းခံခဲ့ရသောသူတို့က ယနေ့ ဂုဏ်သရေညှိုးနွမ်းမှုနှင့် မကောင်းဆိုးယုတ်မှုသည် 'ကာဖိရ်'မယုံကြည်ခြင်းပယ်သူတို့အပေါ် (သက်ရောက်လျက်)ရှိပေသည်ဟု ပြောဆိုကြပေမည်။

الَّذِيْنَ تَتَوَفّٰىهُمُ الْمَلٰٓئِكَةُ ظَالِمِيْٓ اَنْفُسِهِمْ ۠ فَاَلْقَوُا السَّلَمَ مَا كُنَّا نَعْمَلُ مِنْ سُوْٓءٍ ۭ بَلٰٓى اِنَّ اللّٰهَ عَلِيْمٌۢ بِمَا كُنْتُمْ تَعْمَلُوْنَ ۝

၂၉။ ထိုသူတို့သည် မိမိတို့၏စိတ်ဝိညာဉ်များကို ညှဉ်းပန်းနှိပ်စက်မှုပြုလျက်ရှိသည့်အခြေအနေတွင် ကောင်းကင်တမန်များက အသက်နုတ်သောအခါ ယင်းတို့က သင့်မြတ်ပြေအေးခြင်းကိုတင်ပြလျက် ကျွန်ုပ်တို့သည် မည်သည့်မကောင်းမှုကိုမျှ ပြုလုပ်နေခဲ့ကြသည်မဟုတ်ပါ(ဟု ပြောဆိုကြပေမည်။) အဘယ့်ကြောင့် မဟုတ်ရမည်နည်း။ စင်စစ် အလ္လာဟ်သည် အသင်တို့ပြုလုပ်လျက်ရှိခဲ့သည်တို့ကို ကောင်းစွာသိရှိတော်မူ၏။

فَادْخُلُوْٓا اَبْوَابَ جَهَنَّمَ خٰلِدِيْنَ فِيْهَا ۭ فَلَبِئْسَ مَثْوَى الْمُتَكَبِّرِيْنَ ۝

၃၀။ သို့ဖြစ်ရာ 'ဂျဟန္နမ်'ငရဲ၏တံခါးပေါက်များမှဝင်ရောက်ကြကုန်။ ယင်း၌ ကာလရှည်ကြာစွာနေထိုင်ကြကုန်၊ သို့ဖြစ်ရာ မာန်မာနထောင်လွှားသူတို့၏ နေရာဌာနသည် အမှန်ပင် လွန်စွာဆိုးရွားလှပေသည်။

وَقِيْلَ لِلَّذِيْنَ اتَّقَوْا مَاذَآ اَنْزَلَ رَبُّكُمْ ۭ قَالُوْا خَيْرًا ۭ لِلَّذِيْنَ اَحْسَنُوْا فِيْ هٰذِهِ الدُّنْيَا حَسَنَةٌ ۭ وَلَدَارُ الْاٰخِرَةِ خَيْرٌ ۭ وَلَنِعْمَ دَارُ الْمُتَّقِيْنَ ۝

၃၁။ ထို့ပြင် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်သုံးဆောက်တည်ကြကုန်သောသူတို့အား မိန့်ကြားတော်မူမည်မှာ အသင်တို့အား ဖန်ဆင်းတော်မူသည့်အရှင်သည် မည်သည်ကိုပို့ချခဲ့ပါသနည်း။ ၎င်းတို့က 'လုံးဝဥဿုံ ကောင်းမြတ်ခြင်းသာ'ဟု ဆိုကြပေအံ့။ ကောင်းမြတ်သောအကျင့်သီလများကို ကျင့်သုံးဆောက်တည်ကြကုန်သောသူတို့အဖို့ ဤလောက၌ ကောင်းမြတ်ခြင်းကို(သတ်မှတ်ထား)ရှိ၏။ ထို့ပြင် နောင်တမလွန်၏အိမ်တော်သည်ကား အလွန်ပင် သာလွန်ကောင်းမြတ်လှပေသည်။ 'မွတ္တကီ' ဖြူစင်ဖြောင့်မတ်သူတို့၏ အိမ်တော်သည် အဘယ်မျှကောင်းမြတ်ပေသနည်း၊

جَنّٰتُ عَدْنٍ يَّدْخُلُوْنَهَا تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ لَهُمْ فِيْهَا مَا يَشَاۗءُوْنَ ۭ كَذٰلِكَ يَجْزِي اللّٰهُ الْمُتَّقِيْنَ ۝

၃၂။ အမြဲထာဝစဉ်နေထိုင်ရမည့် ဥယျဉ်တော်များရှိ၏။ ယင်းသို့ ၎င်းတို့ဝင်ရောက်ကြရပေမည်။ ယင်း၏အခြေတွင် စမ်းချောင်းများ စီးဆင်းနေပေလိမ့်မည်။ သူတို့အဖို့ ယင်း၌ သူတို့အလိုရှိသည့်အရာများသာရှိပေမည်။ ဤသို့ပင် အလ္လာဟ်သည် 'မွတ္တကီ'တို့အား အစားပေးတော်မူ၏။

الَّذِيْنَ تَتَوَفّٰىهُمُ الْمَلٰٓئِكَةُ طَيِّبِيْنَ ۙ يَقُوْلُوْنَ سَلٰمٌ عَلَيْكُمُ ۙ ادْخُلُوا الْجَنَّةَ بِمَا كُنْتُمْ تَعْمَلُوْنَ ۝

၃၃။ ကောင်းကင်တမန်များက သန့်ရှင်းသောအခြေအနေတွင် အသက်နုတ်ခြင်းခံရသူတို့အား အသင်တို့အပေါ်ငြိမ်းချမ်းခြင်းသက်ရောက်ပါစေ။ အသင်တို့ပြုလုပ်လေ့ရှိခဲ့သည့် ရလဒ်အဖြစ် 'ဂျန္နတ်'ဥယျာဉ်တော်သို့ ဝင်ရောက်ကြကုန်ဟု ပြောဆိုကြပေမည်။

هَلْ يَنْظُرُوْنَ اِلَّآ اَنْ تَاْتِيَهُمُ الْمَلٰٓئِكَةُ اَوْ يَاْتِيَ اَمْرُ رَبِّكَ ۭ كَذٰلِكَ فَعَلَ الَّذِيْنَ مِنْ قَبْلِهِمْ ۭ وَمَا ظَلَمَهُمُ اللّٰهُ

၃၄။ အသို့နည်း ထိုသူတို့က ကောင်းကင်တမန်များ ယင်းတို့ထံရောက်လာခြင်း သို့တည်းမဟုတ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ဆုံးဖြတ်ချက် အမိန့်တော်ရောက်ရှိလာခြင်းတို့ကိုမှလွဲ၍ အခြားမည်သည်ကို စောင့်မျှော်လျက်ရှိနေကြပေသနည်း။ ၎င်းတို့အလျင်ရှိခဲ့ကြသူများသည်

وَلٰكِنْ كَانُوْٓا اَنْفُسَهُمْ يَظْلِمُوْنَ ۝

လည်း ဤကဲ့သို့ပင်ပြုလုပ်ခဲ့ကြပေသည်။ အလ္လာဟ်သည် ၎င်းတို့အပေါ် မတရားပြုတော်မူသည်မဟုတ်ချေ။ သို့ရာတွင် ၎င်းတို့ကိုယ်တိုင်ကပင် မိမိတို့၏စိတ်ဝိညာဉ်များအပေါ် ညှဉ်းပန်းနှိပ်စက်ခဲ့ကြပေသည်။

فَاَصَابَهُمْ سَيِّاٰتُ مَا عَمِلُوْا وَحَاقَ بِهِمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ۝

၃၄။ သို့ဖြစ်ရာ ၎င်းတို့အား သူတို့ပြုမူခဲ့သည့် အကျင့်အကြံများ၏ ဆိုးကျိုးများသည် သက်ရောက်ခဲ့ပေသည်။ ထို့ပြင် ၎င်းတို့ ပြောင်လှောင်ပြက်ရယ်ပြုလေ့ရှိခဲ့သည့် အကြောင်းရပ်များသည် ၎င်းတို့အား ဝန်းရံထားခဲ့လေသတည်း။

ရုကူး-၅

وَقَالَ الَّذِيْنَ اَشْرَكُوْا لَوْ شَآءَ اللّٰهُ مَا عَبَدْنَا مِنْ دُوْنِهٖ مِنْ شَيْءٍ نَّحْنُ وَلَآ اٰبَآؤُنَا وَلَا حَرَّمْنَا مِنْ دُوْنِهٖ مِنْ شَيْءٍ ؕ كَذٰلِكَ فَعَلَ الَّذِيْنَ مِنْ قَبْلِهِمْ ۚ فَهَلْ عَلَى الرُّسُلِ اِلَّا الْبَلٰغُ الْمُبِيْنُ ۝

၃၅။ အရှင်မြတ်နှင့် အခြားအရာကို တွဲဖက်ကိုးကွယ်မှုပြုသောသူတို့က အကယ်၍ အလ္လာဟ်အလိုရှိတော်မူပါလျှင် ကျွန်ုပ်တို့သည်လည်းကောင်း ကျွန်ုပ်တို့၏ အဘဘိုးဘေးတို့သည်လည်းကောင်း အရှင်မြတ်မှလွဲ၍ အခြားမည်သည်ကိုမျှ ကိုးကွယ်ကြမည်မဟုတ်ပါ။ ထို့ပြင် ကျွန်ုပ်တို့သည် အရှင်မြတ်မှလွဲ၍ အခြားမည်သည်ကိုမျှ ဂုဏ်အင်ကြီးမြတ်ခြင်းကို ပေးကြမည်မဟုတ်ပါဟု ပြောဆိုကြ၏။ ၎င်းတို့အလျင်ရှိခဲ့ကြသူများသည်လည်း ဤကဲ့သို့ပင် ပြုခဲ့ကြပေသည်။ သို့ဖြစ်ရာ တမန်တော်များအပေါ်တွင် ပွင့်လင်းထင်ရှားသော သတင်းကို ပို့ဆောင်ရန်မှလွဲ၍ အခြားတာဝန်တစ်စုံတစ်ရာ ရှိပါသလော။

وَلَقَدْ بَعَثْنَا فِيْ كُلِّ اُمَّةٍ رَّسُوْلًا اَنِ اعْبُدُوا اللّٰهَ وَاجْتَنِبُوا الطَّاغُوْتَ ۚ فَمِنْهُمْ مَّنْ هَدَى اللّٰهُ وَمِنْهُمْ مَّنْ حَقَّتْ عَلَيْهِ الضَّلٰلَةُ ؕ فَسِيْرُوْا فِي الْاَرْضِ فَانْظُرُوْا كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِيْنَ ۝

၃၆။ အမှန်ပင် ငါတို့သည် 'အွမ္မတ်'လူမျိုးအုပ်စုတိုင်းထဲသို့ 'အလ္လာဟ်အား ခဝပ်ကိုးကွယ်ကြကုန်၊ ထို့ပြင် ရုပ်တုများမှ ရှောင်ကြဉ်ကြကုန်'(ဟူသော သွန်သင်ချက်ဖြင့်) တမန်တော်တစ်ပါးကို စေလွှတ်တော်မူ၏။ သို့ဖြစ်ရာ ၎င်းတို့အနက် အချို့ကို အလ္လာဟ်သည် လမ်းညွှန်တော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အနက်မှပင် ဤသို့လည်းရှိခဲ့ကြပြီး ထိုသူတို့အပေါ် လမ်းလွဲခြင်းသည် ထိုက်သင့်သွားခဲ့ချေပြီ၊ သို့ဖြစ်ရာ မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သူတို့၏ရလဒ် မည်သို့ဖြစ်ခဲ့သည်ကို ကမ္ဘာမြေပေါ်တွင် လှည့်လည်၍ကြည့်ရှုကြလေကုန်။

اِنْ تَحْرِصْ عَلٰى هُدٰىهُمْ فَاِنَّ اللّٰهَ لَا يَهْدِيْ مَنْ يُّضِلُّ وَمَا لَهُمْ مِّنْ نّٰصِرِيْنَ ۝

၃၇။ အကယ်၍ ထိုသူတို့ လမ်းမှန်ရရှိရေးအတွက် အသင်သည် ဆန္ဒပြင်းပြပါလျှင်လည်း အလ္လာဟ်သည် လမ်းလွဲမှုပြုသူတို့အား လမ်းညွှန်တော်မမူချေ၊ ထို့ပြင် ထိုသူတို့အဖို့ မည်သည့် ကူညီစောင်မသူမျှရှိမည်မဟုတ်ချေ။

وَاَقْسَمُوْا بِاللّٰهِ جَهْدَ اَيْمَانِهِمْ ۙ لَا يَبْعَثُ اللّٰهُ مَنْ يَّمُوْتُ ؕ بَلٰى وَعْدًا عَلَيْهِ حَقًّا وَّلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ۝

၃၈။ ထို့ပြင်ယင်းတို့က အလ္လာဟ်အား ခိုင်မာစွာ တိုင်တည်ကျိန်ဆိုလျက် အလ္လာဟ်သည် သေသူကို မည်သည့်အခါမျှ ရှင်ပြန်ထမြောက်စေမည်မဟုတ်ချေဟုဆိုကြ၏။ အဘယ့်ကြောင့် မဟုတ်ရမည်နည်း။ ဤကတိတော်ကိုဖြည့်ဆည်းရန်

အရှင်မြတ်သည် တာဝန်ယူထားပြီးဖြစ်၏။ သို့ရာတွင် များစွာသောသူတို့သည် မသိရှိကြချေ။

لِيُبَيِّنَ لَهُمُ الَّذِيْ يَخْتَلِفُوْنَ فِيْهِ وَ لِيَعْلَمَ الَّذِيْنَ كَفَرُوْٓا اَنَّهُمْ كَانُوْا كٰذِبِيْنَ ۝

၄၀။ သို့ဖြင့် သူတို့အချင်းချင်း ကွဲပြားခြားနားခဲ့ကြသည့် အကြောင်းရပ်သည် သူတို့အပေါ် ကောင်းစွာပွင့်လင်းထင်ရှားသွားစေရန်လည်းကောင်း၊ သွေဖည်ငြင်းပယ်ကြသောသူတို့သည် မိမိတို့မှာ လိမ်ညာသူများဖြစ်ခဲ့ကြသည်ကို သိကြအံ့သောငှာလည်းကောင်း ဖြစ်၏။

اِنَّمَا قَوْلُنَا لِشَيْءٍ اِذَآ اَرَدْنٰهُ اَنْ نَّقُوْلَ لَهٗ كُنْ فَيَكُوْنُ ۝

၄၀။ တစ်စုံတစ်ရာကို ငါတို့က ရည်စူးတော်မူသောအခါ ငါတို့၏စကားသည်ကား ဤသို့သာဖြစ်၏၊ ငါတို့က ယင်းကို 'ဖြစ်လော့'ဟု မိန့်တော်မူရုံမျှဖြင့် ထိုအရာသည် စတင်ဖြစ်ပေါ်လာပြီး ဆင့်ကဲဖြစ်ထွန်း၍ပင်လာရပေသတည်း။

ရုကူး-၆

وَالَّذِيْنَ هَاجَرُوْا فِى اللّٰهِ مِنْۢ بَعْدِ مَا ظُلِمُوْا لَنُبَوِّئَنَّهُمْ فِى الدُّنْيَا حَسَنَةً ؕ وَلَاَجْرُ الْاٰخِرَةِ اَكْبَرُ ۘ لَوْ كَانُوْا يَعْلَمُوْنَ ۝

၄၂။ ထို့ပြင် ၎င်းတို့သည် မတရားပြု၍ ညှဉ်းပန်းနှိပ်စက်မှုကို ခံရပြီးသည့်နောက်တွင် အလွှာဟ်အတွက် ပြောင်းရွှေ့နေထိုင်မှုပြုခဲ့ကြ၏။ ငါတို့သည် သူတို့အတွက် ဤလောကဌ အကောင်းဆုံးသော နေရာဌာနကို အမှန်ပင် ပြုလုပ်ပေးသနားတော်မူပေအံ့။ စင်စစ် နောင်တမလွန်၏ အကျိုးဆုလာဘ်သည်ကား (အကျိုးဆုလာဘ်များ)အားလုံးထက် ကြီးမားလှ၏။ ယင်းတို့သိကြလျှင် ကောင်းပေစွ။

الَّذِيْنَ صَبَرُوْا وَعَلٰى رَبِّهِمْ يَتَوَكَّلُوْنَ ۝

၄၃။ (ဤအကျိုးဆုလာဘ်သည်ကား ထိုသူတို့အတွက်ဖြစ်၏)၊ ယင်းတို့သည် သည်းခံမြဲမြံကြ၏။ ထို့ပြင် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်အပေါ် ၌သာလျှင် ယုံပုံလွဲအပ်မှုပြုကြ၏။

وَمَآ اَرْسَلْنَا مِنْ قَبْلِكَ اِلَّا رِجَالًا نُّوْحِيْٓ اِلَيْهِمْ فَسْـَٔلُوْٓا اَهْلَ الذِّكْرِ اِنْ كُنْتُمْ لَا تَعْلَمُوْنَ ۝

၄၄။ ထို့ပြင် ငါတို့သည် အသင့်အလျင်က ငါတို့ထံမှ 'ဝဟီ' ဗျာဒိတ်ပို့ချတော်မူခြင်းခံရသော ယောကျ်ားများမှလွဲ၍ အခြားမည်သူ့ကိုမျှ စေလွှတ်တော်မမူခဲ့ချေ။ သို့ဖြစ်ရာ အသင်တို့ မသိကြလျှင် ကျမ်းဂန်ကိုသိရှိနားလည်သူတို့ထံ မေးမြန်းပါလေ။

بِالْبَيِّنٰتِ وَالزُّبُرِ ؕ وَاَنْزَلْنَآ اِلَيْكَ الذِّكْرَ لِتُبَيِّنَ لِلنَّاسِ مَا نُزِّلَ اِلَيْهِمْ وَلَعَلَّهُمْ يَتَفَكَّرُوْنَ ۝

၄၅။ (ငါတို့သည် ယင်းတို့အား)ပွင့်လင်းထင်ရှားသော နိမိတ်လက္ခဏာများ၊ ကျမ်းဂန်များနှင့်အတူ (စေလွှတ်တော်မူခဲ့၏)။ ထို့ပြင် ငါတို့သည် အသင့်ထံသို့လည်း ကျမ်းဂန်ကိုပို့ချတော်မူ၏။ သို့ဖြင့် အသင်သည် လူသားများအား သူတို့ထံ ပို့ချခဲ့သည်များကို ကောင်းစွာရှင်းလင်းပြရန်လည်းကောင်း၊ ယင်းတို့စဉ်းစားဆင်ခြင်ကြစေရန်လည်းကောင်းဖြစ်၏။

اَفَاَمِنَ الَّذِيْنَ مَكَرُوا السَّيِّاٰتِ اَنْ يَّخْسِفَ اللّٰهُ بِهِمُ الْاَرْضَ اَوْ يَاْتِيَهُمُ الْعَذَابُ مِنْ

၄၆။ မကောင်းသောကြံစည်မှုများကို ပြုလုပ်ခဲ့ကြသောသူတို့သည် အလွှာဟ်က ယင်းတို့အား မြေ၌မြုပ်ပစ်တော်မူခြင်းမှလည်းကောင်း သို့မဟုတ် ယင်းတို့ထံအပြစ်ဒဏ်သည် သူတို့

حَيْثُ لَا يَشْعُرُوْنَ ﴿٧١﴾

မထင်မှတ်ကြသည့်နေရာမှရောက်ရှိလာခြင်းမှလည်းကောင်း လုံခြုံဘေးကင်းစွာဖြင့် ရှိနေကြပါသလော။

اَوْ يَاْخُذَهُمْ فِيْ تَقَلُّبِهِمْ فَمَا هُمْ بِمُعْجِزِيْنَ ﴿٧٢﴾

၄၇။ သို့တည်းမဟုတ် ယင်းတို့အား သွားလာနေစဉ် ဖမ်းဆီးတော်မူလျှင် ထိုသောအခါ ယင်းတို့သည် (အလ္လာဟ်၏ ထိုရည်ရွယ်ချက်များကို) အထမမြောက်အောင် လုပ်ဆောင်နိုင်မည့်သူများ မဟုတ်ကြချေ။

اَوْ يَاْخُذَهُمْ عَلٰى تَخَوُّفٍ ۗ فَاِنَّ رَبَّكُمْ لَرَءُوْفٌ رَّحِيْمٌ ﴿٧٣﴾

၄၈။ သို့တည်းမဟုတ်ယင်းတို့အား တဖြည်းဖြည်းဆုတ်ယုတ်စေသောနည်းဖြင့် ဖမ်းဆီးတော်မူလျှင် (သူတို့သည် ယင်းမှ လုံခြုံဘေးကင်းမှုဌ ရှိကြမည်လော)။ စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အလွန်ချစ်ခင်သနားတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူ၏။

اَوَلَمْ يَرَوْا اِلٰى مَا خَلَقَ اللّٰهُ مِنْ شَيْءٍ يَّتَفَيَّؤُا ظِلٰلُهٗ عَنِ الْيَمِيْنِ وَالشَّمَآئِلِ سُجَّدًا لِّلّٰهِ وَهُمْ دٰخِرُوْنَ ﴿٧٤﴾

၄၉။ အသို့နည်း ၎င်းတို့သည် မရှုမြင်ကြပေသလော၊ မည်သည့်အရာကိုပင် အလ္လာဟ်ဖန်ဆင်းတော်မူသည်ဖြစ်စေ ယင်း၏အရိပ်သည် တစ်ခါတစ်ရံ လက်ယာဘက်မှလည်းကောင်း တစ်ခါတစ်ရံ လက်ဝဲဘက်မှလည်းကောင်း နေရာပြောင်းလျက် အလ္လာဟ်၏ရှေ့တော်မှောက်တွင် 'စဂ်ဒါဟ်' ဦးချမှုပြုလျက်ရှိ၏၊ ထို့ပြင် ၎င်းတို့သည် နှိမ့်ချကျိုးနွံမှုကို ဆောက်တည်သူများဖြစ်၏။

وَلِلّٰهِ يَسْجُدُ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ مِنْ دَآبَّةٍ وَّالْمَلٰٓئِكَةُ وَهُمْ لَا يَسْتَكْبِرُوْنَ ﴿٧٥﴾

၅၀။ ထို့ပြင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသည်များမှ သက်ရှိများသည်လည်းကောင်း ကောင်းကင်တမန်အားလုံးတို့သည်လည်းကောင်း အလ္လာဟ်အားသာလျှင် 'စဂ်ဒါဟ်'ပြုပျဉ်ဝပ်ဦးချကြကုန်၏။ ထို့ပြင် ၎င်းတို့သည် မာန်မာန ထောင်လွှားခြင်းမပြုကြချေ။

يَخَافُوْنَ رَبَّهُمْ مِّنْ فَوْقِهِمْ وَيَفْعَلُوْنَ مَا يُؤْمَرُوْنَ ﴿٥٠﴾ ۩

၅၁။ ၎င်းတို့သည် မိမိတို့အပေါ် လွှမ်းမိုးထားတော်မူသော ဖန်ဆင်းမွေးမြူရှင်အား ကြောက်ရွံ့ကြကုန်၏။ ထို့ပြင် ၎င်းတို့အား အမိန့်ပေးတော်မူသည့်အရာကိုသာ လိုက်နာဆောင်ရွက်ကြပေသတည်း။

ရုကူး-၇

وَقَالَ اللّٰهُ لَا تَتَّخِذُوْٓا اِلٰهَيْنِ اثْنَيْنِ ۚ اِنَّمَا هُوَ اِلٰهٌ وَّاحِدٌ ۚ فَاِيَّايَ فَارْهَبُوْنِ ﴿٥١﴾

၅၂။ ထို့ပြင် အလ္လာဟ်က မိန့်တော်မူသည်မှာ ကိုးကွယ်ရာနှစ်ပါးကို မစွဲကိုင်ကြလင့်။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် တစ်ပါးတည်းသော ကိုးကွယ်ရာအရှင်ဖြစ်တော်မူ၏။ သို့ဖြစ်ရာ ငါ့အားသာလျှင် ကြောက်ရွံ့ကြကုန်။

وَلَهٗ مَا فِي السَّمٰوٰتِ وَالْاَرْضِ وَلَهُ الدِّيْنُ وَاصِبًا ۗ اَفَغَيْرَ اللّٰهِ تَتَّقُوْنَ ﴿٥٢﴾

၅၃။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသမျှတို့ကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ ထိုအရှင်မြတ်ကိုသာလျှင်နာခံထိုက်ပေသည်။ သို့ဖြစ်ရာ၊ အသင်တို့သည် အလ္လာဟ်

မှတစ်ပါး အခြားသောအရာကို ကြောက်ရွံ့လျက်နေကြမည်လော။

وَمَا بِكُمْ مِّنْ نِّعْمَةٍ فَمِنَ اللّٰهِ ثُمَّ اِذَا مَسَّكُمُ الضُّرُّ فَاِلَيْهِ تَجْـَٔرُوْنَ ﴿۵۳﴾

၅၃။ စင်စစ် အသင်တို့ရရှိသမျှသောကောင်းကျိုးချမ်းသာများသည်ကား အလ္လာဟ်၏ထံတော်မှသာလျှင်ဖြစ်၏။ အသင်တို့အား ဘေးဒုက္ခတစ်စုံတစ်ရာဆိုက်ရောက်သောအခါ၌လည်း၊ ထိုအရှင်မြတ်ထံတော်၌သာလျှင် အသင်တို့သည် နှိမ့်ချငိုကြွေး(လျက် ယိမ်းညွတ်)ကြပေသည်။

ثُمَّ اِذَا كَشَفَ الضُّرَّ عَنْكُمْ اِذَا فَرِيْقٌ مِّنْكُمْ بِرَبِّهِمْ يُشْرِكُوْنَ ﴿۵۴﴾

၅၄။ ထို့နောက် အရှင်မြတ်က အသင်တို့ထံမှ ဘေးဒုက္ခကို ကင်းဝေးအောင်ပြုတော်မူလိုက်သောအခါ အသင်တို့အနက်မှ အုပ်စုတစ်စုသည် ရုတ်ခြည်းပင် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်နှင့် ယှဉ်တွဲကိုးကွယ်ရာကို သတ်မှတ်ကြပေသည်၊

لِيَكْفُرُوْا بِمَآ اٰتَيْنٰهُمْ ۭ فَتَمَتَّعُوْا ۣ فَسَوْفَ تَعْلَمُوْنَ ﴿۵۵﴾

၅၅။ သို့ဖြင့် ငါတို့က ၎င်းတို့အားပေးသနားတော်မူထားသည်ကို ကျေးဇူးကန်းရန်အလို့ငှာဖြစ်၏။ သို့ဖြစ်ရာ အနည်းငယ်မျှ အကျိုးရယူခံစားကြလေကုန်။ အသင်တို့သည် အမှန်ပင် (ယင်း၏ရလဒ်ကို)သိရှိကြရပေအံ့။

وَيَجْعَلُوْنَ لِمَا لَا يَعْلَمُوْنَ نَصِيْبًا مِّمَّا رَزَقْنٰهُمْ ۭ تَاللّٰهِ لَتُسْـَٔلُنَّ عَمَّا كُنْتُمْ تَفْتَرُوْنَ ﴿۵۶﴾

၅၆။ ထို့ပြင် ငါတို့က ၎င်းတို့အားပေးသနားတော်မူထားသည့် 'ရိဇ်ကီ'များမှ မိမိတို့မသိရှိသောအရာများအဖို့ ဝေစုဝေပုံတစ်ရပ်ကို ပြုလုပ်ထားကြပေသည်။ အလ္လာဟ်အား တိုင်တည်သက်သေထူပါ၏၊ အသင်တို့သည် အသင်တို့ လိမ်လည်လှည့်ဖြားလျက်ရှိသည်များနှင့်စပ်လျဉ်း၍ အမှန်ပင် မေးမြန်းခြင်းကို ခံကြရပေအံ့။

وَيَجْعَلُوْنَ لِلّٰهِ الْبَنٰتِ سُبْحٰنَهٗ ۙ وَلَهُمْ مَّا يَشْتَهُوْنَ ﴿۵۷﴾

၅၇။ ထို့ပြင် ယင်းတို့က အလ္လာဟ်အတွက် သမီးများပြုလုပ်ထားကြ၏။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ စင်စစ် ယင်းတို့အဖို့ ယင်းတို့နှစ်သက်သောအရာများရှိ၏။

وَاِذَا بُشِّرَ اَحَدُهُمْ بِالْاُنْثٰى ظَلَّ وَجْهُهٗ مُسْوَدًّا وَّهُوَ كَظِيْمٌ ﴿۵۸﴾

၅၈။ ထို့ပြင် အကြင်အခါဝယ် ယင်းတို့အနက်မှ တစ်စုံတစ်ဦးကို သမီးမိန်းကလေး၏ သတင်းကောင်းကိုပေးခြင်းကိုခံရသောအခါ သူ၏မျက်နှာသည် ဝမ်းနည်းပူဆွေးမှုကြောင့် ညိုမည်းသွားပြီး သူသည် (ယင်းကို) မျိုသိပ်ထိန်းချုပ်ရန် ကြိုးစားနေပေသည်။

يَتَوَارٰى مِنَ الْقَوْمِ مِنْ سُوْۗءِ مَا بُشِّرَ بِهٖ ۭ اَيُمْسِكُهٗ عَلٰي هُوْنٍ اَمْ يَدُسُّهٗ فِي التُّرَابِ ۭ اَلَا سَاۗءَ مَا يَحْكُمُوْنَ ﴿۵۹﴾

၅၉။ သူ့အားပေးခဲ့သည့် ယင်း(သတင်း)၏ဒုက္ခကြောင့် သူသည် လူများထံမှ ပုန်းရှောင်၍နေပေသည်။ သူသည် ဂုဏ်သိက္ခာကျဆင်းသော်လည်း (အလ္လာဟ်၏) ယင်း(ကျေးဇူးတော်)ကိုတားထားရမည်လော၊ သို့တည်းမဟုတ် ယင်းကို မြေ၌ မြှုပ်ပစ်ရမည်လော။ သတိပြုကြကုန်၊ ယင်းတို့ဆုံးဖြတ်သည့် အရာသည် အလွန်လျှင် ဆိုးရွားလှပေသည်။

لِلَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ مَثَلَ

၆၀။ တမလွန်ကို သက်ဝင်ယုံကြည်ခြင်းမရှိကြသောသူတို့

السَّوْءِ ۚ وَلِلّٰهِ الْمَثَلُ الْاَعْلٰى ۭ وَهُوَ الْعَزِيْزُ الْحَكِيْمُ ۝۶۰

အတွက် အလွန်ဆိုးရွားလှသည့်ဥပမာသည်ရှိ၏။ ထို့ပြင် အားလုံးတို့ထက် အမြင့်မြတ်ဆုံးသောဥပမာသည်ကား အလ္လာဟ်၏အဖို့သာဖြစ်၏။ စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့ လွန်မိုးအောင်နိုင်တော်မူသောအရှင်၊ (ထို့ပြင်)ဉာဏ်အမြော်အမြင်နှင့် လွန်စွာပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူ-၈

وَلَوْ يُؤَاخِذُ اللّٰهُ النَّاسَ بِظُلْمِهِمْ مَّا تَرَكَ عَلَيْهَا مِنْ دَاۗبَّةٍ وَّلٰكِنْ يُّؤَخِّرُهُمْ اِلٰٓى اَجَلٍ مُّسَمًّى ۚ فَاِذَا جَاۗءَ اَجَلُهُمْ لَا يَسْتَاْخِرُوْنَ سَاعَةً وَّلَا يَسْتَقْدِمُوْنَ ۝۶۱

၆၂။ အကယ်၍ အလ္လာဟ်သည် လူသားတို့အား ၎င်းတို့၏ မတရားမှုများကြောင့် ဖမ်းဆီးတော်မူပါလျှင် ဤ(ကမ္ဘာမြေ)ပေါ်တွင် မည်သည့်သက်ရှိကိုမျှ ချန်ထားတော်မူမည်မဟုတ်ချေ။ သို့ရာတွင် အရှင်မြတ်သည် ၎င်းတို့အား သတ်မှတ်ပြဋ္ဌာန်းထားသည့် အချိန်ကာလတစ်ရပ်တိုင် ဆိုင်းငံ့ထားတော်မူပေသည်။ သို့ဖြစ်ရာ ၎င်းတို့၏အချိန်ကာလ ဆိုက်ရောက်လာသည့်အခါ သူတို့သည်(ယင်းမှ)တစ်စက္ကန့်မျှပင် နောက်မဆုတ်နိုင်သကဲ့သို့ ရှေ့သို့လည်းတိုးနိုင်ကြမည်မဟုတ်ချေ။

وَيَجْعَلُوْنَ لِلّٰهِ مَا يَكْرَهُوْنَ وَتَصِفُ اَلْسِنَتُهُمُ الْكَذِبَ اَنَّ لَهُمُ الْحُسْنٰى ۭ لَا جَرَمَ اَنَّ لَهُمُ النَّارَ وَاَنَّهُمْ مُّفْرَطُوْنَ ۝۶۲

၆၃။ ထို့ပြင် ၎င်းတို့သည် သူတို့ကိုယ်တိုင် မနှစ်သက်သည်ကို အလ္လာဟ်ဘက်သို့ ရည်ညွှန်းကြကုန်၏။ ထို့ပြင် ကောင်းမြတ်မှုအားလုံးသည် သူတို့အတွက်ဖြစ်ကြောင်းကို ၎င်းတို့၏ နှုတ်ပါးစပ်များက လိမ်ညာ၍ပြောကြ၏။ မုချမလွဲ ၎င်းတို့အတွက် ငရဲမီး(ကို သတ်မှတ်ထား)ရှိ၏။ ဧကန်စင်စစ် ၎င်းတို့သည် အဆွေခင်ပွန်းမရှိ၊ ကူညီစောင်မသူကင်းမဲ့စွာဖြင့် စွန့်လွှတ်ခြင်းကို ခံကြရပေအံ့။

تَاللّٰهِ لَقَدْ اَرْسَلْنَآ اِلٰٓى اُمَمٍ مِّنْ قَبْلِكَ فَزَيَّنَ لَهُمُ الشَّيْطٰنُ اَعْمَالَهُمْ فَهُوَ وَلِيُّهُمُ الْيَوْمَ وَلَهُمْ عَذَابٌ اَلِيْمٌ ۝۶۳

၆၄။ အလ္လာဟ်အား သက်သေထူတော်မူ၏။ ငါတို့သည် စင်စစ်ဧကန် အသင့်အလျင် လူမျိုးနွယ်အသီးသီးထံသို့ တမန်တော်များကို စေလွှတ်တော်မူခဲ့ပေရာ 'ရှိုင်တန်'သည် ၎င်းတို့အား ၎င်းတို့၏ကျင့်ကြံမှုများကို လှပတင့်တယ်အောင် ပြုလုပ်ပြသခဲ့ပေသည်။ ထို့ပြင် ယင်း(ရှိုင်တန်)သည် ယနေ့တွင် ၎င်းတို့၏အကြီးအကဲ(ဖြစ်နေ၏)။ အမှန်သော်ကား ၎င်းတို့အတွက် နာကျင်ဖွယ်ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

وَمَآ اَنْزَلْنَا عَلَيْكَ الْكِتٰبَ اِلَّا لِتُبَيِّنَ لَهُمُ الَّذِي اخْتَلَفُوْا فِيْهِ ۙ وَهُدًى وَّرَحْمَةً لِّقَوْمٍ يُّؤْمِنُوْنَ ۝۶۴

၆၅။ ငါတို့သည် အသင့်ထံကျမ်းတော်ကိုပို့ချတော်မူရခြင်းမှာ အသင်သည် ၎င်းတို့အား ၎င်းတို့ကွဲလွဲလျက်ရှိနေသည်များကို ကောင်းစွာရှင်းလင်းပြရန်လည်းကောင်း၊ သက်ဝင်ယုံကြည်သူတို့အဖို့ လမ်းညွှန်တော်နှင့် ကရုဏာတော်အဖြစ်လည်းကောင်း (ဤကျမ်းတော်ကို ပို့ချတော်မူခြင်း)ဖြစ်၏။

وَاللّٰهُ اَنْزَلَ مِنَ السَّمَاۗءِ مَاۗءً فَاَحْيَا بِهِ الْاَرْضَ بَعْدَ مَوْتِهَا ۭ اِنَّ فِيْ ذٰلِكَ لَاٰيَةً

၆၆။ ထို့ပြင် အလ္လာဟ်သည် မိုးကောင်းကင်မှ ရေကို ရွာသွန်းစေတော်မူ၏။ ထို(မိုး)ရေဖြင့် ကမ္ဘာမြေကို ယင်း၏သေပြီးသည့်နောက်တွင် ရှင်စေတော်မူ၏။ စင်စစ်ဧကန် ယင်း၌ ကြားနာသူ

لِّقَوْمٍ يَّسْمَعُوْنَ ۝۶۵

وَاِنَّ لَكُمْ فِى الْاَنْعَامِ لَعِبْرَةً ؕ نُسْقِيْكُمْ مِّمَّا فِىْ بُطُوْنِهٖ مِنْۢ بَيْنِ فَرْثٍ وَّدَمٍ لَّبَنًا خَالِصًا سَآئِغًا لِّلشّٰرِبِيْنَ ۝۶۶

وَمِنْ ثَمَرٰتِ النَّخِيْلِ وَالْاَعْنَابِ تَتَّخِذُوْنَ مِنْهُ سَكَرًا وَّرِزْقًا حَسَنًا ؕ اِنَّ فِىْ ذٰلِكَ لَاٰيَةً لِّقَوْمٍ يَّعْقِلُوْنَ ۝۶۷

وَاَوْحٰى رَبُّكَ اِلَى النَّحْلِ اَنِ اتَّخِذِىْ مِنَ الْجِبَالِ بُيُوْتًا وَّمِنَ الشَّجَرِ وَمِمَّا يَعْرِشُوْنَ ۝۶۸

ثُمَّ كُلِىْ مِنْ كُلِّ الثَّمَرٰتِ فَاسْلُكِىْ سُبُلَ رَبِّكِ ذُلُلًا ؕ يَخْرُجُ مِنْۢ بُطُوْنِهَا شَرَابٌ مُّخْتَلِفٌ اَلْوَانُهٗ فِيْهِ شِفَآءٌ لِّلنَّاسِ ؕ اِنَّ فِىْ ذٰلِكَ لَاٰيَةً لِّقَوْمٍ يَّتَفَكَّرُوْنَ ۝۶۹

وَاللّٰهُ خَلَقَكُمْ ثُمَّ يَتَوَفّٰكُمْ ؕ وَمِنْكُمْ مَّنْ يُّرَدُّ اِلٰٓى اَرْذَلِ الْعُمُرِ لِكَىْ لَا يَعْلَمَ بَعْدَ عِلْمٍ شَيْـًٔا ؕ اِنَّ اللّٰهَ عَلِيْمٌ قَدِيْرٌ ۝۷۰

တို့အဖို့ အလွန်ကြီးကျယ်သောနိမိတ်လက္ခဏာရှိပေသတည်း။

ရုကူး-၉

၆၇။ ထို့ပြင် ဧကန်မုချ ခြေလေးချောင်းတိရစ္ဆာန်များတွင်လည်း အသင်တို့အဖို့ ကြီးမားသော နိမိတ်လက္ခဏာတစ်ရပ်ရှိ၏။ ငါတို့သည် ၎င်းတို့၏ဝမ်းဗိုက်များတွင် အစာဟောင်းနှင့် သွေး၏ကြားမှဖြစ်ပေါ်လာသည့် နို့ရည်အစစ်ကို အသင်တို့အား တိုက်ကျွေးတော်မူ၏။ ယင်းသည် သောက်သုံးသူများအဖို့ အရသာထူးကဲ၏။

၆၈။ ထို့ပြင် စွန်ပလွံပင်များ၏ အသီးများနှင့် စပျစ်သီးများမှလည်း (ငါတို့သည် တိုက်ကျွေးတော်မူ၏)။ အသင်တို့သည် ယင်းမှ မူးယစ်စေသောအရာကိုလည်းကောင်း၊ ကောင်းမြတ်သော စားနပ်ရိက္ခာကိုလည်းကောင်း ပြုလုပ်ကြ၏။ စင်စစ်ဧကန် ယင်း၌ အသိဉာဏ်ရှိသူတို့အဖို့ ကြီးကျယ်သော နိမိတ်လက္ခဏာတစ်ရပ်ရှိ၏။

၆၉။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် 'ပျား'ကောင်ထံ 'ဝဟီ'ဗျာဒိတ်ပို့ချတော်မူသည်မှာ တောင်များတွင်လည်းကောင်း၊ သစ်ပင်များတွင်လည်းကောင်း၊ မြင့်သောမှီတွယ်ရာများအပေါ် သို့တက်သည့်(နွယ်ပင်များ)တွင်လည်းကောင်း အိမ်များပြုလုပ်လော့၊

၇၀။ ထို့နောက် အမျိုးမျိုးသော သစ်သီးဝလံများမှ စားသုံးလော့၊ ထို့ပြင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏လမ်းများတွင် နှိမ့်ချကျိုးနွံစွာဖြင့် လျှောက်လှမ်းလော့။ ယင်း(ပျားတို့)၏ဝမ်းဗိုက်များမှ အရောင်အမျိုးမျိုးရှိသည့် သောက်သုံးဖွယ်ရာထွက်ရှိ၏။ ယင်း၌ လူသားများအဖို့ ကြီးကျယ်သည့် ဝေဒနာပျောက်ကင်းချမ်းသာမှုတစ်ရပ်ရှိ၏။ စင်စစ်ဧကန် ဤအခြင်းအရာ၌ စဉ်းစားဆင်ခြင်တတ်သူတို့အဖို့ လွန်စွာမှ ကြီးမားသော နိမိတ်လက္ခဏာတစ်ရပ်ရှိပေသည်။

၇၁။ အလ္လာဟ်သည် အသင်တို့အား ဖန်ဆင်းတော်မူ၏။ ထို့နောက် အရှင်မြတ်သည် အသင်တို့အား သေစေတော်မူမည်။ ထို့ပြင် အသင်တို့အနက် သတိမှတ်ဉာဏ်ဆုံးရှုံးသည့်အရွယ်တိုင်အောင် အသက်ရှည်သူများလည်းရှိကြ၏။ သို့ဖြင့် အသိပညာရရှိပြီးသည့်နောက်တွင် အသိပညာ လုံးဝ ကင်းမဲ့သွားစေရန်အလို့ငှာဖြစ်၏။ စင်စစ်ဧကန် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ ထာဝရတန်ခိုးစွမ်းအားရှိတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။

ရုကူ-၁၀

وَاللّٰهُ فَضَّلَ بَعْضَكُمْ عَلٰى بَعْضٍ فِى الرِّزْقِ ۚ فَمَا الَّذِيْنَ فُضِّلُوْا بِرَآدِّىْ رِزْقِهِمْ عَلٰى مَا مَلَكَتْ اَيْمَانُهُمْ فَهُمْ فِيْهِ سَوَآءٌ ۚ اَفَبِنِعْمَةِ اللّٰهِ يَجْحَدُوْنَ ﴿۷۱﴾

၇၂။ ထို့ပြင် အလ္လာဟ်သည် အသင်တို့အနက် အချို့ကို အခြားသူများထက် 'ရိဇ်ကျ်'ရိက္ခာ၌ သာလွန်မှုပေးသနားတော်မူ၏။ သို့ဖြစ်ရာ ထူးကဲသာလွန်မှုကိုပေးခြင်းခံကြရသောသူတို့သည် မိမိတို့၏ 'ရိဇ်ကျ်'များကို မိမိတို့၏လက်အောက်ခံများအား မိမိတို့နှင့်တန်းတူညီမျှဖြစ်စေရန် မည်သည့်အခါမျှ ပေးမည့်သူများမဟုတ်ကြချေ။ သို့ဖြစ်ရာ ၎င်းတို့သည် ဤအမှန်သဘောကို သိရှိနားလည်ပါလျက် အလ္လာဟ်၏ 'နေ့အ်မတ်' ကောင်းချီးမင်္ဂလာတော်များကို ငြင်းပယ်ကြမည်လော။

وَاللّٰهُ جَعَلَ لَكُمْ مِّنْ اَنْفُسِكُمْ اَزْوَاجًا وَّجَعَلَ لَكُمْ مِّنْ اَزْوَاجِكُمْ بَنِيْنَ وَحَفَدَةً وَّرَزَقَكُمْ مِّنَ الطَّيِّبٰتِ ۚ اَفَبِالْبَاطِلِ يُؤْمِنُوْنَ وَبِنِعْمَتِ اللّٰهِ هُمْ يَكْفُرُوْنَ ﴿۷۲﴾

၇၃။ ထို့ပြင် အလ္လာဟ်သည်ပင် အသင်တို့အတွက် အသင်တို့၏မျိုးတူများထဲမှ ကြင်ဖော်တွဲဖက်များကို ဖန်ဆင်းတော်မူ၏။ ထို့ပြင် အသင်တို့အား အသင်တို့၏ကြင်ဖော်များမှပင် ကြင်ရာများ၊ သားများနှင့် မြေးများကိုပေးသနားတော်မူ၏။ ထို့ပြင် အသင်တို့အား သန့်ရှင်းသောအရာများမှ 'ရိဇ်ကျ်' ရိက္ခာကို ပေးသနားတော်မူ၏။ သို့ဖြစ်ရာ ၎င်းတို့သည် မမှန်ကန်သောအရာများကို သက်ဝင်ယုံကြည်လျက် အလ္လာဟ်၏ 'နေ့အ်မတ်' ကောင်းချီးမင်္ဂလာတော်များကို ငြင်းပယ်ကြမည်လော။

وَيَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ مَا لَا يَمْلِكُ لَهُمْ رِزْقًا مِّنَ السَّمٰوٰتِ وَالْاَرْضِ شَيْـًٔا وَّلَا يَسْتَطِيْعُوْنَ ﴿۷۳﴾

၇၄။ အလ္လာဟ်မှတစ်ပါး ၎င်းတို့ကိုးကွယ်သောအရာများသည် သူတို့အတွက် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင် မည်သည့် ရိက္ခာကိုမှ စိုးစဉ်းမျှပင် စိုးပိုင်ကြသည်မဟုတ်ချေ။ ထို့ပြင် ယင်းတို့၌ မည်သည့်စွမ်းအားမျှ မရှိကြချေ။

فَلَا تَضْرِبُوْا لِلّٰهِ الْاَمْثَالَ ۚ اِنَّ اللّٰهَ يَعْلَمُ وَاَنْتُمْ لَا تَعْلَمُوْنَ ﴿۷۴﴾

၇၅။ သို့ဖြစ်ရာ အလ္လာဟ်နှင့်စပ်လျဉ်း၍ ဥပမာပုံဆောင်ချက်များ မဖော်ပြကြကုန်လင့်။ စင်စစ်ဧကန် အလ္လာဟ်သည် သိရှိတော်မူ၏။ အသင်တို့မူကား မသိရှိကြချေ။

ضَرَبَ اللّٰهُ مَثَلًا عَبْدًا مَّمْلُوْكًا لَّا يَقْدِرُ عَلٰى شَىْءٍ وَّمَنْ رَّزَقْنٰهُ مِنَّا رِزْقًا حَسَنًا فَهُوَ يُنْفِقُ مِنْهُ سِرًّا وَّجَهْرًا ۭ هَلْ يَسْتَوٗنَ ۭ اَلْحَمْدُ لِلّٰهِ ۭ بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ﴿۷۵﴾

၇၆။ အလ္လာဟ်သည် တစ်ဦးတစ်ယောက်ကပိုင်ဆိုင်သောကျေးကျွန်တစ်ဦး၏ ဥပမာကိုဖော်ပြတော်မူ၏၊ ထိုသူသည် မည်သည့်အရာကိုမျှ မစွမ်းဆောင်နိုင်ချေ။ ထို့ပြင်ငါတို့က မိမိအထံတော်မှ ကောင်းမြတ်သော 'ရိဇ်ကျ်'ရိက္ခာကို ပေးသနားတော်မူသောသူ၏ (ဥပမာ)ကိုလည်း (ဖော်ပြတော်မူ၏)။ သူသည် ယင်း(ရိဇ်ကျ်)မှ လျှို့ဝှက်စွာဖြင့်လည်းကောင်း ထင်ပေါ်စွာဖြင့်လည်းကောင်း စွန့်ကြဲသုံးစွဲခြင်းကိုပြု၏။ ယင်း(နှစ်ဦး)တို့သည် တူညီနိုင်ကြပါမည်လော၊ ချီးမွမ်းထောမနာခြင်းဟူသမျှသည်အလ္လာဟ်အဖို့သာဖြစ်၏၊ သို့ရာတွင် အမှန်စင်စစ်သူတို့အနက် အများစုသည် မသိရှိကြချေ။

وَضَرَبَ اللّٰهُ مَثَلًا رَّجُلَيْنِ اَحَدُهُمَآ

၇၇။ ထို့ပြင် အလ္လာဟ်သည် လူနှစ်ဦး၏ဥပမာကို ဖော်ပြတော်

اَبْكَمُ لَا يَقْدِرُ عَلٰى شَيْءٍ وَّ هُوَ كَلٌّ عَلٰى مَوْلٰىهُ ۙ اَيْنَمَا يُوَجِّهْهُّ لَا يَاْتِ بِخَيْرٍ ؕ هَلْ يَسْتَوِيْ هُوَ ۙ وَ مَنْ يَّاْمُرُ بِالْعَدْلِ ۙ وَ هُوَ عَلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿۷۶﴾

မူ၏။ ၎င်းတို့နှစ်ဦးအနက်မှ တစ်ဦးသည် ဆွံ့အနေသူဖြစ်ပြီး သူသည် မည်သည့်အရာကိုမျှ မစွမ်းဆောင်နိုင်ချေ။ ထို့ပြင် သူသည် မိမိ၏သခင်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်နေ၏။ သူ(၏သခင်)သည် သူ့အား မည်သည့်ဘက်သို့ပင် စေလွှတ်သည်ဖြစ်စေ၊ သူသည် ကောင်းမြတ်(သော သတင်း)တစ်စုံတစ်ရာကိုမျှ ဆောင်ယူမလာချေ။ ထိုသူသည် တရားမျှတမှုကို ဆင့်ဆိုပြီး ဖြောင့်မှန်သောလမ်းပေါ်တွင် (လျှောက်လှမ်း)နေသူနှင့် တူညီနိုင်ပါမည်လော။

ရုကူး-၁၁

وَ لِلّٰهِ غَيْبُ السَّمٰوٰتِ وَ الْاَرْضِ ؕ وَ مَاۤ اَمْرُ السَّاعَةِ اِلَّا كَلَمْحِ الْبَصَرِ اَوْ هُوَ اَقْرَبُ ؕ اِنَّ اللّٰهَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿۷۷﴾

၇၈။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင် မမြင်ရသောအရာများကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ ထို့ပြင် 'ဆာအတ်' ကတိပြုထားသည့်အချိန်၏ အရေးကိစ္စသည် မျက်စိတမှိတ်သို့မဟုတ် ထို့ထက်ပင်ပိုမိုမြန်ဆန်၏။ စင်စစ် အလ္လာဟ်သည် မိမိအလိုရှိတော်မူသော အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

وَ اللّٰهُ اَخْرَجَكُمْ مِّنْۢ بُطُوْنِ اُمَّهٰتِكُمْ لَا تَعْلَمُوْنَ شَيْـًٔا ۙ وَّ جَعَلَ لَكُمُ السَّمْعَ وَ الْاَبْصَارَ وَ الْاَفْـِٕدَةَ ۙ لَعَلَّكُمْ تَشْكُرُوْنَ ﴿۷۸﴾

၇၉။ ထို့ပြင် အလ္လာဟ်သည်သာလျှင် အသင်တို့အား အသင်တို့မိခင်များ၏ဝမ်းမှ ထုတ်ဆောင်တော်မူ၏။ ထိုစဉ် အသင်တို့တစ်စုံတစ်ရာကိုမျှ မသိကြချေ။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အဖို့ နား၊ မျက်စိများနှင့် စိတ်နှလုံးတို့ကို ပြုလုပ်ပေးတော်မူ၏။ သို့ဖြင့် အသင်တို့ ကျေးဇူးသိတတ်ကြစိမ့်သောငှာဖြစ်၏။

اَلَمْ يَرَوْا اِلَى الطَّيْرِ مُسَخَّرٰتٍ فِيْ جَوِّ السَّمَآءِ ؕ مَا يُمْسِكُهُنَّ اِلَّا اللّٰهُ ؕ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يُّؤْمِنُوْنَ ﴿۷۹﴾

၈၀။ အသို့နည်း၊ ငှက်များကို ကောင်းကင်ပြင်တွင် အလုပ်အကျွေးပြုစေသည်ကို ၎င်းတို့သည်မမြင်ကြသလော။ ယင်းတို့အား အလ္လာဟ်မှတစ်ပါး မည်သူကမျှ ဖေးမထားသည် မဟုတ်ချေ။ အမှန်ပင် ယင်း၌ သက်ဝင်ယုံကြည်မှုရှိသူတို့အဖို့ နိမိတ်လက္ခဏာများစွာရှိ၏။

وَ اللّٰهُ جَعَلَ لَكُمْ مِّنْۢ بُيُوْتِكُمْ سَكَنًا وَّ جَعَلَ لَكُمْ مِّنْ جُلُوْدِ الْاَنْعَامِ بُيُوْتًا تَسْتَخِفُّوْنَهَا يَوْمَ ظَعْنِكُمْ وَ يَوْمَ اِقَامَتِكُمْ ۙ وَ مِنْ اَصْوَافِهَا وَ اَوْبَارِهَا وَ اَشْعَارِهَاۤ اَثَاثًا وَّ مَتَاعًا اِلٰى حِيْنٍ ﴿۸۰﴾

၈၁။ ထို့ပြင် အလ္လာဟ်သည် အသင်တို့အဖို့ အသင်တို့၏အိမ်များ၌ ငြိမ်းအေးသက်သာမှုကို ပြုလုပ်ထားတော်မူ၏။ ထို့ပြင် အသင်တို့အဖို့ ကျွဲနွားတိရစ္ဆာန်များ၏ သားရေများဖြင့် အိမ်တစ်မျိုးကို ပြုလုပ်ပေးတော်မူ၏။ ယင်းတို့ကို အသင်တို့သည် ခရီးထွက်သည့်နေ့တွင်လည်းကောင်း၊ စခန်းချသောနေ့တွင်လည်းကောင်း ပေါ့ပေါ့ပါးပါးတွေ့ကြရပေသည်။ ထို့ပြင် ယင်းတို့၏ သိုးမွေးများ၊ ယင်းတို့၏သားမွေးများ၊ ယင်းတို့၏ အမွေးအမှင်များဖြင့် များစွာသော အသုံးအဆောင်ပစ္စည်းများကို ပြုလုပ်တော်မူ၏။ (ယင်းတို့ကို) အချိန်ကာလတစ်ရပ်အထိ အကျိုးရယူခံစားရန် သတ်မှတ်ထားတော်မူ၏။

وَ اللّٰهُ جَعَلَ لَكُمْ مِّمَّا خَلَقَ ظِلٰلًا وَّ جَعَلَ

၈၂။ ၎င်းပြင် အလ္လာဟ်သည် မိမိဖန်ဆင်းတော်မူသောအရာ

لَكُمْ مِّنَ الْجِبَالِ اَكْنَانًا وَّ جَعَلَ لَكُمْ
سَرَابِيْلَ تَقِيْكُمُ الْحَرَّ وَسَرَابِيْلَ
تَقِيْكُمْ بَاْسَكُمْ ؕ كَذٰلِكَ يُتِمُّ نِعْمَتَهٗ
عَلَيْكُمْ لَعَلَّكُمْ تُسْلِمُوْنَ ۝

များအနက် အသင်တို့အတွက် အရိပ်အာဝါသပေးသည့်အရာများ★ကိုလည်း ပြုလုပ်တော်မူ၏။ ထို့ပြင် အသင်တို့အတွက် တောင်များတွင် ခိုလှုံရာနေရာများကိုလည်း ပြုလုပ်တော်မူ၏။ အသင်တို့အား အပူရှိန်မှကာကွယ်ပေးသည့် ခြုံထည်များကိုလည်း အသင်တို့အတွက်ပြုလုပ်တော်မူ၏။ ထို့ပြင် စစ်တိုက်နေစဉ် အသင်တို့အား ကာကွယ်မှုပေးသည့် ချပ်ဝတ်တန်ဆာများကိုလည်း ပြုလုပ်တော်မူ၏။ ထိုကဲ့သို့ အရှင်မြတ်သည် အသင်တို့အပေါ် မိမိ၏ကောင်းချီးမင်္ဂလာတော်ကို ပြည့်စုံစေတော်မူ၏။ သို့ဖြင့် အသင်တို့ အမိန့်နာခံကြစိမ့်သောဌာဖြစ်၏။

فَاِنْ تَوَلَّوْا فَاِنَّمَا عَلَيْكَ الْبَلٰغُ الْمُبِيْنُ ۝

၈၃။ သို့ဖြစ်ရကား အကယ်၍ ၎င်းတို့သည် လွှဲဖယ်သွားကြလျှင် အသင့်အပေါ်၌မူ ပွင့်လင်းထင်ရှားစွာ သတင်းပို့ဆောင်ရန်သာ တာဝန်ရှိ၏။

يَعْرِفُوْنَ نِعْمَتَ اللّٰهِ ثُمَّ يُنْكِرُوْنَهَا
وَاَكْثَرُهُمُ الْكٰفِرُوْنَ ۝ ع

၈၄။ ၎င်းတို့သည် အလ္လာဟ်၏ကောင်းချီးမင်္ဂလာတော်အား သိရှိကြပါလျက်နှင့် ယင်းကိုငြင်းပယ်ကြ၏။ စင်စစ် ၎င်းတို့အနက် အများစုမှာ မယုံကြည်ငြင်းပယ်သူများ ဖြစ်ကြသတည်း။

ရုကူး-၁၂

وَيَوْمَ نَبْعَثُ مِنْ كُلِّ اُمَّةٍ شَهِيْدًا ثُمَّ لَا
يُؤْذَنُ لِلَّذِيْنَ كَفَرُوْا وَلَا هُمْ
يُسْتَعْتَبُوْنَ ۝

၈၅။ ထို့ပြင် အကြင်အခါဝယ် ငါတို့သည် 'အွမ္မတ်'အုပ်စုတိုင်းမှ သက်သေတစ်ဦးကိုရပ်စေတော်မူပေအံ့။ ထို့နောက် မယုံကြည်ငြင်းပယ်သူတို့အား (တစ်စုံတစ်ရာပြောဆိုရန်) ခွင့်ပြုလိမ့်မည်မဟုတ်။ ထို့ပြင် ၎င်းတို့သည် တံခါးဝသို့ပင် ချဉ်းကပ်ခွင့်ရကြမည်မဟုတ်ချေ။

وَاِذَا رَاَ الَّذِيْنَ ظَلَمُوا الْعَذَابَ فَلَا يُخَفَّفُ
عَنْهُمْ وَلَا هُمْ يُنْظَرُوْنَ ۝

၈၆။ ထို့ပြင် မတရားကျူးလွန်ကြသောသူတို့သည် ပြစ်ဒဏ်ကိုမြင်တွေ့ကြရသောအခါ သူတို့ထံမှ ၎င်း(ပြစ်ဒဏ်)ကို လျှော့ပေါ့လိမ့်မည်မဟုတ်၊ ထို့ပြင် သူတို့သည် ဆိုင်းငံ့ခွင့်ကိုလည်း ပေးခြင်းခံကြရလိမ့်မည်မဟုတ်ချေ။

وَاِذَا رَاَ الَّذِيْنَ اَشْرَكُوْا شُرَكَآءَهُمْ قَالُوْا
رَبَّنَا هٰٓؤُلَآءِ شُرَكَآؤُنَا الَّذِيْنَ كُنَّا نَدْعُوْا
مِنْ دُوْنِكَ ۚ فَاَلْقَوْا اِلَيْهِمُ الْقَوْلَ اِنَّكُمْ
لَكٰذِبُوْنَ ۝ ع

၈၇။ ထို့ပြင် အကြင်အခါဝယ် တွဲဖက်ကိုးကွယ်မှုပြုသူများသည် မိမိတို့ (ပြုလုပ်ထားသည့်) ယှဉ်တွဲကိုးကွယ်ရာများအားတွေ့ရှိကြသည့်အခါ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဤသည်တို့မှာကား အရှင်မြတ်အားစွန့်၍ ကျွန်တော်မျိုးတို့ ဟစ်ခေါ်တမ်းတခဲ့ကြသည့် ကျွန်တော်မျိုးတို့၏ 'ရှရီက်'များဖြစ်ကြပါ၏ဟု လျှောက်ထားကြလိမ့်မည်။ ထိုအခါ ယင်းတို့က (ထိုသူတို့၏) ဤစကားရပ်ကို သူတို့အပေါ်သို့သာ ပုံချလျက် မလွဲမကန် အသင်တို့သည် လိမ်ညာသူများဖြစ်ကြ၏(ဟု တုံ့ပြန်ပြောဆိုကြလိမ့်မည်)။

★ ظِلَال ၏ ဤအဓိပ္ပာယ်ပြန်ဆိုချက်ကို 'မူဖရီဒါတ်အေမာမ်ရာဃိဗ်'အဘိဓာန်၌။

وَاَلْقَوْا اِلَى اللّٰهِ يَوْمَئِذِ ِۨالسَّلَمَ وَضَلَّ عَنْهُمْ مَّا كَانُوْا يَفْتَرُوْنَ ﴿٨٧﴾

၈၈။ သို့ဖြစ်ရာ ထိုနေ့တွင် ၎င်းတို့သည် အလ္လာဟ်၏ထံတော်တွင် ပြေငြိမ်းမှုကို တင်လျှောက်ကြလိမ့်မည်။ ထို့ပြင် ၎င်းတို့လိမ်လည်လှေ့ရှိခဲ့သည်များသည် ၎င်းတို့ထံမှ ပျောက်ကွယ်သွားပြီးဖြစ်ပေမည်။

اَلَّذِيْنَ كَفَرُوْا وَصَدُّوْا عَنْ سَبِيْلِ اللّٰهِ زِدْنٰهُمْ عَذَابًا فَوْقَ الْعَذَابِ بِمَا كَانُوْا يُفْسِدُوْنَ ﴿٨٨﴾

၈၉။ အကြင်သူတို့သည် မယုံကြည်ခြင်းပယ်မှုကို ပြုကြလျက် အလ္လာဟ်၏လမ်းတော်မှ တားမြစ်ပိတ်ပင်ကြ၏။ ငါတို့သည် သူတို့အား သူတို့၏ဆိုးသွမ်းမှုများကြောင့် ပြစ်ဒဏ်ပေါ်ပြစ်ဒဏ်ဆင့်လျက် တိုးပွားစေတော်မူမည်ဖြစ်၏။

وَيَوْمَ نَبْعَثُ فِيْ كُلِّ اُمَّةٍ شَهِيْدًا عَلَيْهِمْ مِّنْ اَنْفُسِهِمْ وَجِئْنَا بِكَ شَهِيْدًا عَلٰى هٰٓؤُلَآءِ ؕ وَنَزَّلْنَا عَلَيْكَ الْكِتٰبَ تِبْيَانًا لِّكُلِّ شَيْءٍ وَّهُدًى وَّرَحْمَةً وَّبُشْرٰى لِلْمُسْلِمِيْنَ ﴿٨٩﴾ ۧ

၉၀။ ထို့ပြင် ထိုနေ့တော်ကြီးတွင် ငါတို့သည် 'အွမ္မတ်' အုပ်စုတိုင်းမှ ၎င်းတို့အတွင်းမှပင် သူတို့အပေါ် (သက်သေခံမည့်) သက်သေတစ်ဦးကို ရပ်စေတော်မူမည်။ ထို့ပြင် ငါတို့သည် အသင့်အား ၎င်းတို့(အားလုံး)အပေါ် သက်သေအဖြစ် ခေါ်ဆောင်လာတော်မူပေအံ့။ စင်စစ် ငါတို့သည် အသင့်ထံ ထိုကျမ်းတော်ကို ပို့ချတော်မူခဲ့၏။ ယင်းသည် အကြောင်းကိစ္စအလုံးစုံကို လင်းဝင်းထင်ရှားစွာဖော်ပြသည့်(ကျမ်းတော်)ဖြစ်၏။ ထို့ပြင် လမ်းညွှန်တော်နှင့် ကရုဏာတော်ဖြစ်၏။ ထို့ပြင် (ယင်း၌)အမိန့်နာခံသူတို့အဖို့သတင်းကောင်းပါရှိပေသတည်း။

ရုကူး-၁၃

اِنَّ اللّٰهَ يَاْمُرُ بِالْعَدْلِ وَالْاِحْسَانِ وَاِيْتَآئِ ذِي الْقُرْبٰى وَيَنْهٰى عَنِ الْفَحْشَآءِ وَالْمُنْكَرِ وَالْبَغْيِ ۚ يَعِظُكُمْ لَعَلَّكُمْ تَذَكَّرُوْنَ ﴿٩٠﴾

၉၁။ မုချဧကန် အလ္လာဟ်သည် တရားမျှတခြင်းကိုလည်းကောင်း၊ ကောင်းမှုပြုခြင်းကိုလည်းကောင်း၊ ထို့ပြင် နီးစပ်သူသားချင်းတို့အား ပေးကမ်းသကဲ့သို့သော ပေးကမ်းခြင်းကိုလည်းကောင်း (ပြုကျင့်ရန်) အမိန့်ပေးတော်မူ၏။ ထို့ပြင် အရှက်ကင်းမဲ့မှု၊ မနှစ်မြို့ဖွယ်ကိစ္စများနှင့် ပုန်ကန်ခြားနားမှုများမှ တားမြစ်တော်မူ၏။ အသင်တို့သင်ခန်းစာရယူကြအံ့သောငှာ အရှင်မြတ်သည် အသင်တို့အား သွန်သင်ဆုံးမတော်မူ၏။

وَاَوْفُوْا بِعَهْدِ اللّٰهِ اِذَا عٰهَدْتُّمْ وَلَا تَنْقُضُوا الْاَيْمَانَ بَعْدَ تَوْكِيْدِهَا وَقَدْ جَعَلْتُمُ اللّٰهَ عَلَيْكُمْ كَفِيْلًا ؕ اِنَّ اللّٰهَ يَعْلَمُ مَا تَفْعَلُوْنَ ﴿٩١﴾

၉၂။ ထို့ပြင် အသင်တို့သည် ကတိသစ္စာပြုကြသည့်အခါ အလ္လာဟ်နှင့်ထားရှိသည့် ကတိသစ္စာကိုဖြည့်ဆည်းကြကုန်။ ထို့ပြင် ကျိန်ဆိုချက်များ(နှင့်စပ်လျဉ်း၍) ယင်းကို အခိုင်အမာပြုပြီးသည့်နောက်တွင် မချိုးမဖောက်ကြကုန်လင့်။ အမှန်ပင် အသင်တို့သည် အလ္လာဟ်အား မိမိတို့အပေါ် စောင့်ကြည့်သူအဖြစ် ပြုထားကြပြီးဖြစ်၏။ စင်စစ် အလ္လာဟ်သည် အသင်တို့ပြုကျင့်သည်များကို သိရှိတော်မူ၏။

وَلَا تَكُوْنُوْا كَالَّتِيْ نَقَضَتْ غَزْلَهَا مِنْۢ بَعْدِ قُوَّةٍ اَنْكَاثًا ؕ تَتَّخِذُوْنَ اَيْمَانَكُمْ

دَخَلًا بَيْنَكُمْ اَنْ تَكُوْنَ اُمَّةٌ هِيَ اَرْبٰى
مِنْ اُمَّةٍ ؕ اِنَّمَا يَبْلُوْكُمُ اللّٰهُ بِهٖ ؕ وَلَيُبَيِّنَنَّ
لَكُمْ يَوْمَ الْقِيٰمَةِ مَا كُنْتُمْ فِيْهِ
تَخْتَلِفُوْنَ ﴿۹۲﴾

တစ်စုအပေါ် သာလွန်ကြီးမြတ်မှုရရှိစေရန်အလို့ငှာ အသင်တို့သည် မိမိတို့၏ကျိန်ဆိုချက်များကို အချင်းချင်းလှည့်စားရန်အတွက် အသုံးချကြ၏။ ဧကန်စင်စစ် အလ္လာဟ်သည် ဤနည်းဖြင့် အသင်တို့အား စမ်းသပ်တော်မူပေသည်။ စင်စစ် အရှင်မြတ်သည် အသင်တို့ကွဲပြားလေ့ရှိခဲ့သည်များကို 'ကေယာမတ်'နေ့တွင် အသင်တို့အပေါ် ကောင်းစွာထင်ရှားစေတော်မူမည်ဖြစ်၏။

وَلَوْ شَآءَ اللّٰهُ لَجَعَلَكُمْ اُمَّةً وَّاحِدَةً
وَّلٰكِنْ يُّضِلُّ مَنْ يَّشَآءُ وَيَهْدِيْ مَنْ يَّشَآءُ ؕ
وَلَتُسْـَٔلُنَّ عَمَّا كُنْتُمْ تَعْمَلُوْنَ ﴿۹۳﴾

၉၃။ အကယ်၍ အလ္လာဟ်အလိုရှိတော်မူပါလျှင် အသင်တို့အား 'အွမ္မတ်'အုပ်စုတစ်ခုတည်းပြုလုပ်တော်မူပေအံ့။ သို့ရာတွင် အရှင်မြတ်သည် အလိုရှိတော်မူသောသူအား လမ်းလွဲသူဟု သတ်မှတ်တော်မူ၍ အလိုရှိတော်မူသောသူအား လမ်းမှန်ကိုပေးတော်မူ၏။ စင်စစ် အသင်တို့သည် အသင်တို့ပြုမူလေ့ရှိခဲ့သည်များနှင့်စပ်လျဉ်း၍ အမှန်ပင် စစ်ဆေးမေးမြန်းခြင်းကို ခံကြရပေအံ့။

وَلَا تَتَّخِذُوْٓا اَيْمَانَكُمْ دَخَلًا بَيْنَكُمْ
فَتَزِلَّ قَدَمٌ بَعْدَ ثُبُوْتِهَا وَتَذُوْقُوا
السُّوْٓءَ بِمَا صَدَدْتُّمْ عَنْ سَبِيْلِ اللّٰهِ ۚ
وَلَكُمْ عَذَابٌ عَظِيْمٌ ﴿۹۴﴾

၉၄။ အသင်တို့သည် မိမိတို့၏ကျိန်ဆိုချက်များကို အချင်းချင်းလှည့်စားမှုအတွက် အကြောင်းခံ မပြုလုပ်ကြကုန်လင့်။ သို့မဟုတ်ပါက (အသင်တို့၏) ခြေသည် မြဲမြံပြီးသည့်နောက် ချွတ်ချော်သွားပေအံ့။ ထို့ပြင် အသင်တို့သည် အလ္လာဟ်၏လမ်းတော်မှ တားမြစ်ပိတ်ပင်ကြသောကြောင့် အသင်တို့သည် မကောင်းမှု(၏အရသာ)ကို မြည်းစမ်းကြကုန်လော့။ ၎င်းပြင် အသင်တို့အတွက် အလွန်ကြီးလေးသော ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

وَلَا تَشْتَرُوْا بِعَهْدِ اللّٰهِ ثَمَنًا قَلِيْلًا ؕ اِنَّمَا
عِنْدَ اللّٰهِ هُوَ خَيْرٌ لَّكُمْ اِنْ كُنْتُمْ
تَعْلَمُوْنَ ﴿۹۵﴾

၉၅။ ထို့ပြင် အလ္လာဟ်နှင့်ပြုထားသည့်ကတိသစ္စာကို အနည်းငယ်မျှသော တန်ဖိုးဖြင့်ရောင်းချခြင်းမပြုကြလင့်။ စင်စစ်ဧကန် အလ္လာဟ်၏ထံတော်တွင်ရှိသည်တို့သည် အသင်တို့အတွက် ပိုမိုကောင်းမြတ်ပေသည်၊ အသင်တို့သိကြလျှင် ကောင်းပေစွ။

مَا عِنْدَكُمْ يَنْفَدُ ۚ وَمَا عِنْدَ اللّٰهِ بَاقٍ ؕ
وَلَنَجْزِيَنَّ الَّذِيْنَ صَبَرُوْٓا اَجْرَهُمْ
بِاَحْسَنِ مَا كَانُوْا يَعْمَلُوْنَ ﴿۹۶﴾

၉၆။ အသင်တို့ထံ၌ရှိသည်တို့သည် ကုန်ခန်းသွားမည်သာဖြစ်၏။ သို့ရာတွင် အလ္လာဟ်၏ထံတော်တွင်ရှိသည်တို့မှာကား ကျန်ရှိနေမည်ဖြစ်၏။ ထို့ပြင် ငါတို့သည် သည်းခံစွဲမြဲသူတို့အား သူတို့ကျင့်ကြံပြုလုပ်လေ့ရှိခဲ့သည့် အကောင်းဆုံးသော အကျင့်သီလနှင့်လျော်ညီစွာ အမှန်ပင် ဆုလာဘ်ပေးတော်မူမည်ဖြစ်၏။

مَنْ عَمِلَ صَالِحًا مِّنْ ذَكَرٍ اَوْ اُنْثٰى وَهُوَ
مُؤْمِنٌ فَلَنُحْيِيَنَّهٗ حَيٰوةً طَيِّبَةً ۚ وَلَنَجْزِيَنَّهُمْ
اَجْرَهُمْ بِاَحْسَنِ مَا كَانُوْا يَعْمَلُوْنَ ﴿۹۷﴾

၉၇။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မည်သူမဆို ကောင်းမှုပွားများလျက် သူသည် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူဖြစ်လျှင် ငါတို့သည် အမှန်ပင် သူ့အား သန့်ရှင်းစင်ကြယ်သောဘဝဖြင့် ရှင်သန်စေတော်မူမည်။ ထို့ပြင် သူတို့ပြုလုပ်လျက်ရှိသည့် အကောင်းဆုံးသော အကျင့်သီလနှင့်လျော်ညီစွာ အမှန်

ပင် သူတို့အား ဆုလာဘ်ပေးတော်မူပေအံ့။

فَاِذَا قَرَاْتَ الْقُرْاٰنَ فَاسْتَعِذْ بِاللّٰهِ مِنَ الشَّيْطٰنِ الرَّجِيْمِ ﴿۹۸﴾

၉၉။ သို့ဖြစ်ရာ အသင်သည် ကျမ်းမြတ်ကုရ်အာန်ကိုဖတ်ရွတ်သည့်အခါ မောင်းနှင်ထုတ်ခြင်းခံရသော 'ရှိုင်တန်'မှ (ကင်းဝေးစေရန်) အလ္လာဟ်၏ထံတော်တွင် ခိုလှုံခွင့်တောင်းခံလော့။

اِنَّهٗ لَيْسَ لَهٗ سُلْطٰنٌ عَلَى الَّذِيْنَ اٰمَنُوْا وَعَلٰى رَبِّهِمْ يَتَوَكَّلُوْنَ ﴿۹۹﴾

၁၀၀။ စင်စစ်ဧကန် သက်ဝင်ယုံကြည်၍ မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ထံ ယုံပုံလွဲအပ်မှုပြုသူများအပေါ် ယင်း(ရှိုင်တန်)သည် မည်သို့မျှ လွှမ်းမိုးအောင်နိုင်လိမ့်မည်မဟုတ်ချေ။

اِنَّمَا سُلْطٰنُهٗ عَلَى الَّذِيْنَ يَتَوَلَّوْنَهٗ وَالَّذِيْنَ هُمْ بِهٖ مُشْرِكُوْنَ ﴿۱۰۰﴾ ع ۱۳

၁၀၁။ ယင်း(ရှိုင်တန်)၏ဩဇာအာဏာသည်ကား သူ့အားအဆွေခင်ပွန်းဖွဲ့သူများ၊ ထို့ပြင် ထိုအရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ရာပြုသူများအပေါ်၌သာ သက်ရောက်မှုရှိပေသတည်း။

ရုကူး-၁၄

وَاِذَا بَدَّلْنَاۤ اٰيَةً مَّكَانَ اٰيَةٍ ۙ وَّاللّٰهُ اَعْلَمُ بِمَا يُنَزِّلُ قَالُوْۤا اِنَّمَاۤ اَنْتَ مُفْتَرٍ ؕ بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ﴿۱۰۱﴾

၁၀၂။ ထို့ပြင် ငါတို့သည် 'အာယတ်'မုကွပါ၌တော်တစ်ခုခုကိုပြောင်းလဲ၍ ယင်း၏နေရာတွင် အခြားသော 'အာယတ်တော်'တစ်ခုကို ယူဆောင်လာသောအခါ မိမိမည်သည်ကို ပို့ချတော်မူကြောင်းကို အလ္လာဟ်သည် အသိရှိဆုံးဖြစ်တော်မူ၏။ ၎င်းတို့က အသင်သည် လိမ်ညာပြောဆိုသူတစ်ဦးမျှသာဖြစ်သည်ဟုဆိုကြ၏။ စင်စစ်သော်ကား ၎င်းတို့အနက်များစွာသောသူတို့သည် မသိရှိကြချေ။

قُلْ نَزَّلَهٗ رُوْحُ الْقُدُسِ مِنْ رَّبِّكَ بِالْحَقِّ لِيُثَبِّتَ الَّذِيْنَ اٰمَنُوْا وَهُدًى وَّبُشْرٰى لِلْمُسْلِمِيْنَ ﴿۱۰۲﴾

၁၀၃။ အသင်ပြောကြားပါလေ၊ ယင်းကို 'ရူဟူလ်ကွတ်ဒုစ်'သန့်ရှင်းသောဝိညာဉ်တော်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်မှ အမှန်တရားနှင့်အတူ ချပေး၏။ သို့ဖြင့် သက်ဝင်ယုံကြည်ကြသောသူတို့အား မြဲမြံကြံခိုင်စေရန်နှင့် အမိန့်နာခံသူများအဖို့ လမ်းညွှန်တော်နှင့် သတင်းကောင်းဖြစ်စေရန်အလို့ငှာဖြစ်၏။

وَلَقَدْ نَعْلَمُ اَنَّهُمْ يَقُوْلُوْنَ اِنَّمَا يُعَلِّمُهٗ بَشَرٌ ؕ لِسَانُ الَّذِيْ يُلْحِدُوْنَ اِلَيْهِ اَعْجَمِيٌّ وَّهٰذَا لِسَانٌ عَرَبِيٌّ مُّبِيْنٌ ﴿۱۰۳﴾

၁၀၄။ ထို့ပြင် သူ့အား လူသားတစ်ဦးဦးက သင်ပေးသည်ဟု ၎င်းတို့က ပြောဆိုကြသည်ကို ဧကန်ပင် ငါတို့သိရှိတော်မူ၏။ ၎င်းတို့ရည်ညွှန်းသောသူ၏ ဘာသာစကားမှာ 'အဂျမီ' ဝေါဟာရမကြွယ်သောစကားဖြစ်၏။ စင်စစ် ဤ(ကုန်အာန်၏ ဘာသာစကား)သည်ကား ရှင်းလင်းပြတ်သားသည့် 'အာရဗီ' ဘာသာစကားဖြစ်၏။

اِنَّ الَّذِيْنَ لَا يُؤْمِنُوْنَ بِاٰيٰتِ اللّٰهِ ۙ لَا يَهْدِيْهِمُ اللّٰهُ وَلَهُمْ عَذَابٌ اَلِيْمٌ ﴿۱۰۴﴾

၁၀၅။ စင်စစ်ဧကန် အလ္လာဟ်၏ နိမိတ်လက္ခဏာတော်များကို သက်ဝင်ယုံကြည်ခြင်းမရှိကြသောသူတို့အား အလ္လာဟ်သည် လမ်းညွှန်တော်မူမည်မဟုတ်ချေ။ ထို့ပြင် ၎င်းတို့အတွက် အလွန်နာကျင်ဖွယ်သော ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

اِنَّمَا يَفْتَرِى الْكَذِبَ الَّذِيْنَ لَا يُؤْمِنُوْنَ

၁၀၆။ အလ္လာဟ်၏နိမိတ်လက္ခဏာတော်များကို သက်ဝင်ယုံကြည်ခြင်းမရှိကြသူတို့သာလျှင် မုသားကို လီဆယ်ဖန်တီးကြ

بِاٰيٰتِ اللّٰهِ ۚ وَاُولٰٓئِكَ هُمُ الْكٰذِبُوْنَ ۝

ကုန်၏။ ထို့ပြင် ဤသူများသည်ပင်လျှင် လိမ်လည်သူများဖြစ်ကြ၏။

مَنْ كَفَرَ بِاللّٰهِ مِنْۢ بَعْدِ اِيْمَانِهٖٓ اِلَّا مَنْ اُكْرِهَ وَقَلْبُهٗ مُطْمَىِٕنٌّۢ بِالْاِيْمَانِ وَلٰكِنْ مَّنْ شَرَحَ بِالْكُفْرِ صَدْرًا فَعَلَيْهِمْ غَضَبٌ مِّنَ اللّٰهِ ۚ وَلَهُمْ عَذَابٌ عَظِيْمٌ ۝

၁၀၇။ အကြင်မည်သူမဆို 'အီမာန်'သက်ဝင်ယုံကြည်ပြီးနောက် အလ္လာဟ်ကိုငြင်းပယ်လျှင်၊ (ထိုသို့ငြင်းပယ်ခြင်းသည်) အနိုင်အထက်ပြုခြင်းခံရ၍သာဖြစ်ပြီး သူ၏စိတ်နှလုံးမှာမူ 'အီမာန်'သက်ဝင်ယုံကြည်ခြင်းအပေါ်၌ ကျေနပ်အေးချမ်းမှုရှိလျှင် (ထိုသူသည်တာဝန်ကင်း၏)။ သို့ရာတွင် အကြင်သူတို့သည် မယုံကြည်ငြင်းပယ်မှုကို ရင်ထဲ၌ရှင်းစွာဖြင့် ကျေနပ်နှစ်သက်နေကြလျှင် သူတို့အပေါ် အလ္လာဟ်၏အမျက်တော်ကျရောက်မည်ဖြစ်၏။ ထို့ပြင် သူတို့အဖို့ ကြီးမားသော ပြစ်ဒဏ်တစ်ရပ်(ကို သတ်မှတ်ထား)ရှိ၏။

ذٰلِكَ بِاَنَّهُمُ اسْتَحَبُّوا الْحَيٰوةَ الدُّنْيَا عَلَى الْاٰخِرَةِ ۙ وَاَنَّ اللّٰهَ لَا يَهْدِى الْقَوْمَ الْكٰفِرِيْنَ ۝

၁၀၈။ ဤသို့ဖြစ်ရခြင်းမှာ ၎င်းတို့သည် နောင်တမလွန်ထက် လောကီဘဝကို (ဦးစားပေး)နှစ်သက်ကြသောကြောင့်ဖြစ်၏။ ထို့ပြင် အလ္လာဟ်သည် မယုံကြည်ငြင်းပယ်သူတို့အား အလျှင်းလမ်းညွှန်မှုပြုတော်မမူသောကြောင့်(လည်း)ဖြစ်၏။

اُولٰٓئِكَ الَّذِيْنَ طَبَعَ اللّٰهُ عَلٰى قُلُوْبِهِمْ وَسَمْعِهِمْ وَاَبْصَارِهِمْ ۚ وَاُولٰٓئِكَ هُمُ الْغٰفِلُوْنَ ۝

၁၀၉။ ဤသူများသည်သာလျှင် ယင်းတို့၏စိတ်နှလုံးများအပေါ်တွင်လည်းကောင်း၊ နားများနှင့် မျက်စိများအပေါ်တွင်လည်းကောင်း အလ္လာဟ်သည် တံဆိပ်ခတ်နှိပ်တော်မူလိုက်၏။ ထို့ပြင် ဤသူများသည်ပင် ဂရုမမူသူများဖြစ်ကြ၏။

لَا جَرَمَ اَنَّهُمْ فِى الْاٰخِرَةِ هُمُ الْخٰسِرُوْنَ ۝

၁၁၀။ မလွဲမကန်၊ တမလွန်တွင် ဤသူများသည်သာ အမှန်ပင် ဆုံးရှုံးမည့်သူများဖြစ်ကြ၏။

ثُمَّ اِنَّ رَبَّكَ لِلَّذِيْنَ هَاجَرُوْا مِنْۢ بَعْدِ مَا فُتِنُوْا ثُمَّ جٰهَدُوْا وَصَبَرُوْٓا ۙ اِنَّ رَبَّكَ مِنْۢ بَعْدِهَا لَغَفُوْرٌ رَّحِيْمٌ ۝ ع

၁၁၁။ ထို့နောက် ဧကန်ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်(သည်ကား ဤသို့တည်း) ညှဉ်းပန်းဒုက္ခပေးခြင်းကိုခံရပြီးနောက် 'ဟစ်ဂျရတ်'ပြောင်းရွှေ့နေထိုင်မှုပြုကြပြီးလျှင် တစ်ဖန် 'ဂျီဟာဒ်'ကြိုးပမ်းအားထုတ်မှုပြုကြ၍ သည်းခံမြဲမြံကြသူတို့အား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အမှန်ပင် ထိုသည့်နောက်တွင် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူး-၁၅

يَوْمَ تَاْتِىْ كُلُّ نَفْسٍ تُجَادِلُ عَنْ نَّفْسِهَا وَتُوَفّٰى كُلُّ نَفْسٍ مَّا عَمِلَتْ وَهُمْ لَا يُظْلَمُوْنَ ۝

၁၁၂။ ထိုနေ့တွင် အသက်ဝိညာဉ်တိုင်းသည် မိမိကိုယ်ကို ကာကွယ်၍သာ ငြင်းခုံပြောဆိုလျက်လာကြပေမည်။ ထို့ပြင် ဝိညာဉ်တိုင်းသည် မိမိပြုကျင့်ခဲ့သည်များကို အပြည့်အဝ ပေးခြင်းခံကြရပေအံ့။ ၎င်းတို့သည် မတရားပြုခြင်းကို ခံကြရမည်မဟုတ်ချေ။

وَضَرَبَ اللّٰهُ مَثَلًا قَرْيَةً كَانَتْ اٰمِنَةً مُّطْمَئِنَّةً يَّاْتِيْهَا رِزْقُهَا رَغَدًا مِّنْ كُلِّ مَكَانٍ فَكَفَرَتْ بِاَنْعُمِ اللّٰهِ فَاَذَاقَهَا اللّٰهُ لِبَاسَ الْجُوْعِ وَالْخَوْفِ بِمَا كَانُوْا يَصْنَعُوْنَ ﴿۱۱۲﴾

၁၁၃။ စင်စစ်ဧကန် သူတို့ထံ သူတို့အတွင်းမှပင် တမန်တော်တစ်ပါး ရောက်ရှိလာသောအခါ ၎င်းတို့သည် သူ့အား မဟုတ်မမှန်ဟုပြောဆိုကြ၏။ သို့ဖြစ်ရာ ၎င်းတို့ အမှားကျူးလွန်သူများ အဖြစ်ရှိနေစဉ် ပြစ်ဒဏ်သည် လာရောက်ဖမ်းဆီးခဲ့ပေသည်။

وَلَقَدْ جَآءَهُمْ رَسُوْلٌ مِّنْهُمْ فَكَذَّبُوْهُ فَاَخَذَهُمُ الْعَذَابُ وَهُمْ ظٰلِمُوْنَ ﴿۱۱۳﴾

၁၁၄။ သို့ဖြစ်ရာ အလ္လာဟ်က အသင်တို့အား ပေးသနားတော်မူသည့် 'ရီဇိုက်'ရိက္ခာများမှ 'ဟလာလ်'ခွင့်ပြုထားသည်များ၊ 'တို့ဝိုင်ယာဘ်'သန့်ရှင်းကောင်းမြတ်သောအရာများအား စားသုံးကြလေကုန်။ ထို့ပြင် အကယ်၍ အသင်တို့သည် အရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ကြလျှင် အလ္လာဟ်၏ ကောင်းချီးမင်္ဂလာတော်များအလို့ငှာ ကျေးဇူးသိတတ်ကြလေကုန်။

فَكُلُوْا مِمَّا رَزَقَكُمُ اللّٰهُ حَلٰلًا طَيِّبًا ۖ وَّاشْكُرُوْا نِعْمَتَ اللّٰهِ اِنْ كُنْتُمْ اِيَّاهُ تَعْبُدُوْنَ ﴿۱۱۴﴾

၁၁၅။ အရှင်မြတ်သည် အသင်တို့အား အသေသား၊ သွေး၊ ဝက်၏အသားနှင့် အလ္လာဟ်မှလွဲ၍ အခြားတစ်စုံတစ်ရာ၏ အမည်ကို တသထားသော(အစားအစာ)ကို 'ဟရာမ်'တားမြစ်ခြင်းပြုထားတော်မူပေသည်။ သို့ရာတွင် အကြင်သူသည် လွန်စွာအကျပ်အတည်းဖြစ်ပြီး မလွဲမရှောင်သာဖြစ်ကာ၊ ခုံမင်နှစ်သက်မှုမရှိ၊ ထို့ပြင် စည်းဘောင်ကို ကျူးကျော်ဖောက်ဖျက်သူမဟုတ်ပါလျှင် စင်စစ်ဧကန် အလ္လာဟ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်(နှင့်) အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّمَا حَرَّمَ عَلَيْكُمُ الْمَيْتَةَ وَالدَّمَ وَلَحْمَ الْخِنْزِيْرِ وَمَآ اُهِلَّ لِغَيْرِ اللّٰهِ بِهٖ ۚ فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَّلَا عَادٍ فَاِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿۱۱۵﴾

၁၁၆။ အသင်တို့သည် အကြင်အရာများနှင့်စပ်လျဉ်း၍ အသင်တို့၏နှုတ်ပါးစပ်များမှ လိမ်လည်မုသားပြောဆိုကြပေရာ၊ ဤသည်'ဟလာလ်'ခွင့်ပြုသည့်အရာဖြစ်သည်၊ ဤသည် 'ဟရာမ်'တားမြစ်ထားသည့် အရာဖြစ်သည်ဟူ၍ အလ္လာဟ်အား အကြောင်းခံ၍ မုသားလီဆယ်စွပ်စွဲရန်အလို့ငှာ မပြောဆိုကြလင့်။ စင်စစ်ဧကန် အလ္လာဟ်အားအကြောင်းခံ၍ မဟုတ်မမှန်ပြောဆိုကြသူများသည် အောင်မြင်ကြသည်မဟုတ်ချေ။

وَلَا تَقُوْلُوْا لِمَا تَصِفُ اَلْسِنَتُكُمُ الْكَذِبَ هٰذَا حَلٰلٌ وَّهٰذَا حَرَامٌ لِّتَفْتَرُوْا عَلَى اللّٰهِ الْكَذِبَ ۭ اِنَّ الَّذِيْنَ يَفْتَرُوْنَ عَلَى اللّٰهِ الْكَذِبَ لَا يُفْلِحُوْنَ ﴿۱۱۶﴾

၁၁၈။ အနည်းငယ်မျှသော အကျိုးကျေးဇူးသာဖြစ်၏။ ထို့နောက် သူတို့အဖို့ အလွန်ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်တစ်ရပ်(ကို သတ်မှတ်ထား)ရှိ၏။

مَتَاعٌ قَلِيْلٌ ۠ وَّلَهُمْ عَذَابٌ اَلِيْمٌ ﴿۱۱۷﴾

وَعَلَى الَّذِيْنَ هَادُوْا حَرَّمْنَا مَا قَصَصْنَا عَلَيْكَ مِنْ قَبْلُ ۚ وَمَا ظَلَمْنٰهُمْ وَلٰكِنْ كَانُوْٓا اَنْفُسَهُمْ يَظْلِمُوْنَ ﴿۱۱۸﴾

၁၁၉။ အသင့်အား ယခင်က ငါတို့ဖော်ပြတော်မူပြီးဖြစ်သော အရာများကို 'ရဟူဒီ'ဖြစ်ကြကုန်သောသူတို့အပေါ် လည်း ငါတို့သည် 'ဟရာမ်'အဖြစ်သတ်မှတ်တော်မူခဲ့ပေသည်။ စင်စစ် ငါတို့သည် ၎င်းတို့အား မတရားပြုတော်မူသည်မဟုတ်ချေ။ သို့ရာတွင် ၎င်းတို့ကိုယ်တိုင် မိမိတို့၏ဝိညာဉ်များအပေါ် မတရားပြုကျင့်သူများ ဖြစ်ခဲ့ကြပေသည်။

ثُمَّ اِنَّ رَبَّكَ لِلَّذِيْنَ عَمِلُوا السُّوْٓءَ بِجَهَالَةٍ ثُمَّ تَابُوْا مِنْۢ بَعْدِ ذٰلِكَ وَاَصْلَحُوْٓا ۙ اِنَّ رَبَّكَ مِنْۢ بَعْدِهَا لَغَفُوْرٌ رَّحِيْمٌ ﴿۱۱۹﴾

၁၂၀။ တစ်ဖန် မုချဧကန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်ကား(ဤသို့တည်း) အကြင်သူတို့သည် အသိဉာဏ်ကင်းမဲ့မှုကြောင့် မကောင်းမှုကို ကျူးလွန်ခဲ့ကြပြီး ထိုသည့်နောက်တွင် 'တောင်ဘာ' ဝန်ချတောင်းပန်မှုပြု၍ မိမိကိုယ်ကို ပြုပြင်ပြောင်းလဲလျှင် ထိုသူတို့အဖို့ ဧကန်ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ထို (သန့်ရှင်းသောပြုပြင်ပြောင်းလဲမှုပြုပြီး)နောက်တွင် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာ တော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူး-၁၆

اِنَّ اِبْرٰهِيْمَ كَانَ اُمَّةً قَانِتًا لِّلّٰهِ حَنِيْفًا ۭ وَلَمْ يَكُ مِنَ الْمُشْرِكِيْنَ ﴿۱۲۰﴾

၁၂၀။ စင်စစ်ဧကန် 'အစ်ဗရာဟင်မ်'သည် (ပင်ကိုအားဖြင့်) 'အွမ္မတ်' တစ်ခုဖြစ်ခဲ့၏။ သူသည် အစဉ်အမြဲ အလ္လာဟ်အား ပျပ်ဝပ်နာခံသူနှင့် အရှင်မြတ်ဘက်သို့ ယိမ်းညွတ်သူ ဖြစ်ခဲ့လေသည်။ ထို့ပြင် သူသည် 'မုရှရိုက်' တစ်စုံတစ်ရာကို အလ္လာဟ်နှင့် တွဲဖက်ကိုးကွယ်သူတို့အနက်မှမဟုတ်ချေ။

شَاكِرًا لِّاَنْعُمِهٖ ۭ اِجْتَبٰىهُ وَهَدٰىهُ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿۱۲۱﴾

၁၂၁။ (သူသည်) အရှင်မြတ်၏ 'နေ့အ်မတ်' ကောင်းချီးဆုလာဘ်တော်များကို ကျေးဇူးသိတတ်သူဖြစ်ခဲ့ပေသည်။ အလ္လာဟ်သည် သူ့အားရွေးချယ်တော်မူပြီး သူ့အားဖြောင့်မတ်မှန်ကန်သာလမ်းဘက်သို့ လမ်းညွှန်တော်မူခဲ့ပေသည်။

وَاٰتَيْنٰهُ فِي الدُّنْيَا حَسَنَةً ۭ وَاِنَّهٗ فِي الْاٰخِرَةِ لَمِنَ الصّٰلِحِيْنَ ﴿۱۲۲﴾

၁၂၂။ ထို့ပြင် ငါတို့သည် သူ့အား ဤကမ္ဘာလောကဌ်ကောင်းမြတ်ခြင်းကို ပေးသနားတော်မူခဲ့၏။ ထို့ပြင် စင်စစ် သူသည် နောင်တမလွန်တွင်လည်း သူတော်စင်တို့အနက်မှ ဖြစ်လိမ့်မည်။

ثُمَّ اَوْحَيْنَآ اِلَيْكَ اَنِ اتَّبِعْ مِلَّةَ اِبْرٰهِيْمَ حَنِيْفًا ۭ وَمَا كَانَ مِنَ الْمُشْرِكِيْنَ ﴿۱۲۳﴾

၁၂၃။ ထို့နောက် ငါတို့သည် အသင့်ထံသို့ 'ဝဟီ' ဗျာဒိတ်ပို့ချတော်မူသည်မှာ အသင်သည် အလ္လာဟ်ဘက်တော်သို့ အမြဲယိမ်းညွတ်သူ 'အစ်ဗရာဟင်မ်'၏လမ်းစဉ်ကို လိုက်နာကျင့်ကြံပါလေ၊ စင်စစ် သူသည် တစ်စုံတစ်ရာကို အလ္လာဟ်နှင့် တွဲဖက်ကိုးကွယ်သူတို့အနက်မှ မဟုတ်ချေ။

اِنَّمَا جُعِلَ السَّبْتُ عَلَى الَّذِيْنَ اخْتَلَفُوْا

၁၂၄။ မလွဲဧကန် 'ဆဗာတ်' ဥပုသ်နေ့နှင့်စပ်လျဉ်း၍ ကွဲလွဲကြသောသူများအပေါ် (စမ်းသပ်စစ်ဆေးဖွယ်ရာ) ပြုလုပ်

فِيْهِ ۚ وَاِنَّ رَبَّكَ لَيَحْكُمُ بَيْنَهُمْ يَوْمَ الْقِيٰمَةِ فِيْمَا كَانُوْا فِيْهِ يَخْتَلِفُوْنَ ﴿۱۲۴﴾

တော်မူခဲ့ပေသည်၊ ထို့ပြင် ဧကန်ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ၎င်းတို့ ကွဲလွဲမှုပြုလေ့ရှိခဲ့ကြသည်များနှင့်စပ်လျဉ်း၍ 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တွင် ၎င်းတို့အကြား အမှန်ပင် စီရင်ဆုံးဖြတ်တော်မူပေအံ့။

اُدْعُ اِلٰى سَبِيْلِ رَبِّكَ بِالْحِكْمَةِ وَالْمَوْعِظَةِ الْحَسَنَةِ وَجَادِلْهُمْ بِالَّتِيْ هِيَ اَحْسَنُ ۭ اِنَّ رَبَّكَ هُوَ اَعْلَمُ بِمَنْ ضَلَّ عَنْ سَبِيْلِهٖ وَهُوَ اَعْلَمُ بِالْمُهْتَدِيْنَ ﴿۱۲۵﴾

၁၂၆။ မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ လမ်းတော်သို့ ဉာဏ်ပညာအမြော်အမြင်နှင့် ကောင်းမြတ်သောသွန်သင်ဆုံးမမှုတို့ဖြင့် ဖိတ်ခေါ်ပါလေ၊ ထို့ပြင် ၎င်းတို့နှင့် အကောင်းမြတ်ဆုံးသော သက်သေသာဓကဖြင့် အချေအတင်ဆွေးနွေးပါလေ။ ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည်ပင် မိမိ၏လမ်းတော်မှ တိမ်းပါးလွဲချော်သွားသူတို့အား အသိရှိဆုံးဖြစ်တော်မူ၏။ ထို့အတူ အရှင်မြတ်သည် လမ်းမှန်ရရှိသူများကိုလည်း အသိရှိဆုံးဖြစ်တော်မူ၏။

وَاِنْ عَاقَبْتُمْ فَعَاقِبُوْا بِمِثْلِ مَا عُوْقِبْتُمْ بِهٖ ۭ وَلَىِٕنْ صَبَرْتُمْ لَهُوَ خَيْرٌ لِّلصّٰبِرِيْنَ ﴿۱۲۶﴾

၁၂၇။ ထို့ပြင် အကယ်၍ အသင်တို့သည် အပြစ်ပေးကြမည်ဆိုပါလျှင် အသင်တို့အပေါ် လွန်ကျူးခဲ့သမျှလောက်သာ အပြစ်ပေးကြကုန်။ သို့သော် အကယ်၍ အသင်တို့သည် သည်းခံစောင့်စည်းကြပါလျှင် ဤသည် အမှန်ပင် သည်းခံသူများအတွက် သာလွန်ကောင်းမြတ်ပေသည်။

وَاصْبِرْ وَمَا صَبْرُكَ اِلَّا بِاللّٰهِ وَلَا تَحْزَنْ عَلَيْهِمْ وَلَا تَكُ فِيْ ضَيْقٍ مِّمَّا يَمْكُرُوْنَ ﴿۱۲۷﴾

၁၂၈။ အသင်သည် သည်းခံစွဲမြဲပါလေ၊ စင်စစ် အသင်၏သည်းခံခြင်းသည် အလ္လာဟ်၏အတွက်မှတစ်ပါး အခြားမည်သူ့အတွက်မျှမဟုတ်ချေ။ ထို့ပြင် အသင်သည် ၎င်းတို့အတွက် ပူဆွေးဝမ်းနည်းခြင်းမဖြစ်လင့်။ ထို့ပြင် ၎င်းတို့၏ ကြံစည်မှုကြောင့်လည်း အသင်သည် စိတ်ကျဉ်းကျပ်မှုမဖြစ်လင့်။

اِنَّ اللّٰهَ مَعَ الَّذِيْنَ اتَّقَوْا وَّالَّذِيْنَ هُمْ مُّحْسِنُوْنَ ﴿۱۲۸﴾ ۧ

၁၂၉။ စင်စစ်ဧကန် အလ္လာဟ်သည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်ကြံဆောက်တည်သူတို့နှင့်လည်းကောင်း၊ ကောင်းမှုပွားများသူတို့နှင့်လည်းကောင်းအတူတကွရှိတော်မူပေသတည်း။

❖ ❖ ❖

၁၇။ ဘနီအန္နရာအိလ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ် တော်ပေါင်း (၁၁၂)ပိုဒ်ပါရှိသည်။

ဤကဏ္ဍကို 'ဆူရာဟ်အစ္စရာအ်'ဟူ၍လည်း ခေါ်ဆိုကြသည်။ ပြီးခဲ့သောဆူရာဟ် 'နဟာလ်' တွင် တမန်တော်မြတ် ﷺ ၏ ဝိညာဉ်ရေးဆိုင်ရာ အဆင့်အတန်းအဆင့်ဆင့် တိုးတက်မြင့်မားခြင်း အကြောင်းကို ဖော်ပြခဲ့ပေရာ ထိုအကြောင်းရပ်ကိုပင် ဤဆူရာဟ်တွင် ဆက်လက်ဖော်ပြထားပေသည်။ ယင်း၌ အကြင်'နဗူဝါတ်'များသည် ပါလက်စတိုင်း၌ အဆုံးသတ်သွားပြီး၊ အသင်၏ခရီးမှာမူ ထိုနေရာ၌ အဆုံးသတ်သွားမည်မဟုတ်ဘဲ ထိုနေရာမှတစ်ဆင့် နောက်ထပ်မြင့်မားရာများဆီသို့ စတင်မည်ဖြစ် ကြောင်း ကိုယ်တော်မြတ် ﷺ အား ပြသတော်မူခဲ့ပေသည်။ ဤသို့ဖြင့် တမန်တော်မူစာ ﷺ၏ 'နဗူဝါတ်' အကြောင်းကိုဖော်ပြရာတွင် တမန်တော် မူစာ ﷺသည်လည်း အလွန်မြင့်မားသောအဆင့်သို့ ရောက်ရှိခဲ့ သည်ဖြစ်သော်လည်း တမန်တော် မိုဟမ္မဒ် ﷺ၏အဆင့်ဆင့်တိုးတက်ခြင်းသည် ထို့ထက်များစွာ ပိုမို၍ မြင့်မားပေသည်ဟု ဖော်ပြထားပေသည်။

ယခု ဤဆူရာဟ်တွင် ရဟူဒီတို့၏အကြောင်းကို ဤသို့ဖော်ပြထားသည်။ သူတို့၏ ပြစ်မှုများ ကြောင့် သူတို့သည် မိမိတို့၏မွေးရပ်မြေ 'ပါလက်စတိုင်း'မှ နှင်ထုတ်ခြင်းခံခဲ့ကြရ၏။ ထို့ပြင် အလ္လာဟ် အရှင်မြတ်ဘက်မှ အလွန်ခက်ထန်သော စောင့်ကြပ်သူများဖြင့် သူတို့အပေါ် အုပ်ချုပ်စိုးမိုးစေတော်မူခဲ့ပြီး ယင်းတို့သည် ၎င်း(ရဟူဒီ)တို့နေထိုင်ရာ မြို့၏လမ်းများအတွင်း ချင်းနင်းဝင်ရောက်ကြလျက် ရှေ့သို့ တစ်ဟုန်ထိုးချီတက်ကြပြီး တစ်မြို့လုံးကိုချေမှုန်းပစ်ခဲ့ကြပေသည်။ သို့သော် အလ္လာဟ်အရှင်မြတ်က သူတို့ အပေါ် တစ်ဖန်ပြန်၍ ကရုဏာသက်တော်မူမည်ဖြစ်ပြီး သူတို့အား 'ပါလက်စတိုင်း'ပြည်ကို စိုးမိုးအုပ်ချုပ် ခွင့်ရရန် တစ်ကြိမ်ထပ်၍ အခွင့်အရေးပေးဦးမည်ဖြစ်သည်။ ပမာဆိုရသော်- မျက်မှောက်ခေတ် အနေ အထားမျိုးဖြစ်သည်။ သို့သော် ဤသို့လည်း မိန့်ကြားထားပြန်သေးသည်။ အကယ်၍ သူတို့သည် 'တောင်ဘာ'ဝန်ချတောင်းပန်ခြင်းကိုမပြု၊ အလ္လာဟ်၏ဖန်ဆင်းခံလူသားတို့အပေါ် မေတ္တာကရုဏာဖြင့် ပြုမူဆက်ဆံခြင်းမပြုကြလျှင်မူကား မွတ်စလင်တို့နှင့်စစ်ပွဲဆင်နွှဲရခြင်းကြောင့်မဟုတ်ဘဲ အလ္လာဟ်အရှင် မြတ် ကိုယ်တော်တိုင်က သူတို့အား 'ပါလက်စတိုင်း'ပြည်မှ နှင်ထုတ်တော်မူမည်ဖြစ်ပြီး ၎င်းတို့အစား အလ္လာဟ်သည် မိမိ၏မွန်မြတ်သည့်အစေတော်များကို 'ပါလက်စတိုင်း'ပြည်၏ ဘုရင်အဖြစ် ခန့်အပ်တော် မူမည်ဖြစ်ကြောင်းတို့တည်း။ သို့ဖြင့် မွတ်စလင်တို့သည် "အလ္လာဟ်၏ ဖြောင့်မှန်မွန်မြတ်သော အစေတော် များဖြစ်ကြရမည်"ဆိုသည့် ကန့်သတ်ချက်ကိုမဖြည့်ဆည်းလေသမျှ သူတို့သည် 'ပါလက်စတိုင်း'ပြည်ကို အောင်နိုင်လွှမ်းမိုးမှု ပေးသနားခြင်းခံကြရမည်မဟုတ်ကြောင်း ထင်ရှားပေသည်။

ထို့နောက် ရဟူဒီတို့ စိတ်နှလုံးမာကျောခဲ့သည့်ခေတ်ကာလ၌ သူတို့အတွင်း စွဲထင်လာခဲ့သော မကောင်းမှုများအကြောင်းကို ဖော်ပြထားသည်။ ဆိုလိုသည်မှာ စေးနဲ့တွန့်တိုခြင်း၊ အလဟဿ သုံးဖြုန်း ခြင်း၊ မတရားကာမမှုကျူးလွန်ခြင်း၊ လုယက်သတ်ဖြတ်ခြင်း၊ မိဘမဲ့တို့၏ပစ္စည်းဥစ္စာကိုစားသုံးခြင်း၊ ကတိသစ္စာကို ချိုးဖောက်ခြင်း၊ မာန်မာနထောင်လွှားခြင်း စသည်တို့ဖြစ်ပြီး ယင်းတို့မှ ရှောင်ရှားရန် မွတ်စလင်တို့အား နှိုးဆော်တိုက်တွန်းထားပေသည်။

တစ်ဖန် ဤဆူရာဟ်တွင် ဖော်ပြထားသည်မှာ- အသင်သည် ဤကြီးကျယ်မြင့်မြတ်သော

ကုရ်အာန်ကျမ်းတော်ကို ဖတ်ရွတ်သောအခါ ၎င်းတို့သည် ယင်းကို နားလည်သဘောပေါက်ခြင်းမရှိခဲ့ချေ။ ထို့ပြင် ၎င်းတို့၌ 'ရှရီက်'အလွှာဟ်နှင့်တန်းတူထား ယှဉ်တွဲကိုးကွယ်မှုသည် အဘယ်မျှ စွဲထင်နေခဲ့သနည်းဆိုလျှင် အသင်သည် အလွှာဟ်တစ်ဆူတည်းရှိတော်မူခြင်းအကြောင်းကိုပြောသောအခါ ကျောခိုင်း၍ ထွက်သွားခဲ့ကြသည်အထိဖြစ်သည်။ ၎င်းတို့သည် 'တောင်ဟီးဒ်'အလွှာဟ်တစ်ပါးတည်း တည်ရှိတော်မူခြင်းစကားရပ်၌ မည်သို့မျှစိတ်ဝင်စားခြင်းမရှိကြချေ။ အကြောင်းမူကား ဘုရားမဲ့ဝါဒမှာ ၎င်းတို့၏ စိတ်နှလုံးများတွင် စွဲကပ်အိမ်ဖွဲ့လျက်ရှိနေပြီး ထို့ကြောင့်ပင် 'အာခေရတ်'တမလွန်ကို ယုံကြည်ခြင်းသည်လည်း ၎င်းတို့အတွင်းမှ လုံးလုံးလျားလျား ပျောက်ဆုံးသွားခဲ့ချေပြီ။ အကြင်အမျိုးသားတို့သည် နောင်တမလွန်ကို ယုံကြည်လက်ခံခြင်းမရှိကြ၊ ထို့ပြင် မိမိတို့၏လုပ်ရပ်အတွက် အဖြေပေးရမည်ကိုလည်း မယုံကြည်ကြပါလျှင် ယင်းတို့သည် မိမိတို့၏အပြစ်ဒုစရိုက်များတွင် အစဉ်သဖြင့် အတားအဆီးမရှိတိုးပွားလျက် ရှိနေပေတော့သည်။

ထို့နောက် တမန်တော်မြတ်ﷺအား 'ကရှ်ဖ်'(ရူပါရုံဗျာဒိတ်)ဖြင့် 'ပါလက်စတိုင်း' အခြေအနေကို ပြသတော်မူခဲ့ပြီး တစ်ဖန်ထပ်မံ၍နာမ်တရားဆိုင်ရာမြင့်မားသည့် အဆင့်များဆီသို့ ကိုယ်တော်၏ **إسراء** 'အစ္စရာအ်'(ဝိညာဉ်ရေးခရီး)ဖြစ်ခဲ့ပုံကို ရည်ညွှန်းထားပေသည်။

ထို့နောက် **شجرة ملعونة** အကြောင်းလာရှိပေသည်။ ယင်းမှာ ဆူရာဟ် 'ဖာတေဟာ'၏ နောက်ဆုံးအာယတ်တော်တွင်လာရှိသည့် အလွှာဟ်၏အမျက်တော်ရှခြင်းနှင့် အရှင့်အစေတော်များ၏ အမျက်ရှခြင်းအောက်တွင် အမြဲရှိနေကြမည့် 'ရဟူဒီ'များကိုညွှန်းဆိုခြင်းဖြစ်သည်။ အမျက်ဒေါသကြီးခြင်း၊ လက်စားချေတုံ့ပြန်ခြင်းစရိုက်များရှိသောသူတို့၏ဥပမာကား 'မီး'ကဲ့သို့ဖြစ်ပြီး ယင်းသည် သီးပွင့်ဝေဆာမှုကို ပြာကျအောင် ပြုလုပ်တတ်ပေသည်။ ကျိုးနွံနှိမ့်ချစွာနေထိုင်သော အစေတော်များမှာမူ **طين** (ရွံ့မြေ)၏ဂုဏ်သတ္တိရှိပြီး အလုံးစုံသော ဖွံ့ဖြိုးတိုးတက်မှုမှန်သမျှသည် ၎င်းတို့အားဖြင့်သာ ဖြစ်ပေါ်လာရပေသည်။ သို့ဖြစ်ရာ ဤဖော်ပြချက်မှ အဓိပ္ပာယ်ထွက်ပေါ်သည်ကား- ရဟူဒီတို့သည် တမန်တော်မြတ်ﷺ၏ ကြိုးပမ်းတည်ဆောက်မှုများကို ချုပ်ငြိမ်းပျက်စီးစေရန် အစဉ်သဖြင့် ကြိုးစားကြမည်ဖြစ်ပြီး မြေကြီးမှ ဖွံ့ဖြိုးကြီးထွားလာသူများက မိမိတို့အား အဘယ်သို့ရင်ဆိုင်နိုင်မည်နည်းဟု တွေးကြလိမ့်မည်။ သို့သော် အလွှာဟ်၏တန်ခိုးတော်စွမ်းအားဖြင့် ပေါက်ဖွားလာသော ဖွံ့ဖြိုးတိုးတက်မှုကို မီးသည် ဝါးမြိုမပစ်နိုင်ကြောင်းကို တစ်လောကလုံးရှိ ဖွံ့ဖြိုးတိုးတက်မှုများက သက်သေပြလျက်ရှိပေသည်။ စိမ်းလန်းစိုပြေလျက်ရှိနေသော ဥယျာဉ်ခြံများနှင့် မြက်ခင်းပြင်ကြီးများက ဤအကြောင်းရပ်ကို သက်သေခံလျက်ရှိပေသည်။

ထို့နောက်တွင် **أَقِمِ الصَّلوٰةَ** ဖြင့်အစချီလျက် တမန်တော်မြတ်ﷺ၏ **مقام محمود** (မြင့်မားသောအဆင့်)အကြောင်းကို ဖော်ပြသော ကျမ်းမြတ်ကုရ်အာန်မှ 'အာယတ်'မုက္ခပါဠိတော်များ လာရှိပေသည်။ သို့ဖြင့် တမန်တော်မြတ်ﷺအား ဆန့်ကျင်သူတို့သည် ကိုယ်တော်မြတ်ကို သေးသိမ်နိမ့်ကျအောင် အဆက်မပြတ် ကြိုးစားကြမည်ဖြစ်သော်လည်း ယင်း၏ရလဒ်အဖြစ် အလွှာဟ်အရှင်မြတ်က ကိုယ်တော်အား အစဉ်အမြဲ မြင့်မားသောအဆင့်ဆီသို့ မြှင့်တင်တော်မူလျက်ရှိနေပေမည်။ တစ်နည်းဆိုသော် ကိုယ်တော်၏ဝိညာဉ်ရေးအဆင့်ဆင့် တိုးတက်မြင့်မားမှုအား အရှင်မြတ်က **مقام محمود** အဆင့်သို့တိုင် ပို့ဆောင်တော်မူမည်ဖြစ်ပေရာ ယင်းအဆင့်သို့တိုင် အခြားမည်သူတစ်ဦးတစ်ယောက်မျှ ရောက်ရှိခဲ့သည်မဟုတ်ချေ။ သို့ရာတွင် ဤအဆင့်ကို အလိုလိုရရှိသည်ကားမဟုတ်။ ယင်းအတွက် **فَتَهَجَّدْ بِهٖ نَافِلَةً لَّكَ** 'ညဉ့်အခါများ

တွင် နိုးထလျက် 'ဒိုအာ'တောင်းဆုပြုမြဲမပြတ်ရှိရန်' မိန့်ကြားထားတော်မူပေသည်။

ဤကား ကိုယ်တော်မြတ် ﷺ သည် ဧကန်မုချ **مقام محمود** အဆင့်သို့တိုင် ပို့ဆောင်ခြင်းခံရမည်ဟူသော ကြွေးကြော်ချက်သည် အမှန်တကယ်ပင် တမန်တော်မြတ် ﷺ ၏ဘဝတွင် ပြည့်စုံလာသည်ကို ရန်သူတို့မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပေသည်။ အပေါ်ယံအမြင်အားဖြင့် ကိုယ်တော်မြတ် ﷺ အရေးနိမ့်၍ မက္ကာမြို့ကို စွန့်ခွာခဲ့ရသော်လည်း ဤဆူရာဟ်၌ပင် 'ဒိုအာ'ဆုတောင်း တစ်ရပ်ပုံစံဖြင့် အသင်သည် ဤမြို့တော်သို့ တစ်ဖန်ပြန်လည်ဝင်ရောက်ရမည်ဖြစ်ပြီး **جَاءَ الْحَقُّ وَزَهَقَ الْبَاطِلُ إِنَّ الْبَاطِلَ كَانَ زَهُوْقًا** 'အမှန်သည်ရောက်ရှိလာ၍ အမှားသည်ထွက်ပြေးသွားခဲ့လေပြီ။ ဧကန်မလွဲ အမှားသည် ထွက်ပြေးရမည်သာတည်း'(၁၇း၈၂)ဟု ကြေညာပေလိမ့်မည်ဟူ၍ ကြိုတင်နိမိတ် ဟောကြားထားတော်မူပေသည်။ ဤကား အလင်းရောင်ရောက်ရှိလာသည့်အခါ အမှောင်ထွက်ပြေးသွားသည့်နှယ်ဖြစ်၏။

ထို့နောက် အာယတ်တော်(၈၆)တွင် *'နွှဟ်'*(ဝိညာဉ်)နှင့်စပ်လျဉ်း၍ ဖော်ပြထားသည်။ လူတို့က *'နွှဟ်'* ဟူသည် အဘယ်အရာနည်းဟု တမန်တော်မြတ် ﷺ ထံ မေးမြန်းကြသောအခါ *'နွှဟ်'*သည်ကား ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အမိန့်တော်မှတစ်ပါး အခြားမဟုတ်ချေဟု ယင်းတို့အား ပြောလိုက်ပါလေဟူ၍ အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူပေသည်။

ခရစ်ယာန်ဘာသာဝင်များက 'အီစာ'အား 'ရူဟုလ္လာ'(အလ္လာဟ်၏ဝိညာဉ်တော်)ဟု လက်ခံယုံကြည်ကြပြီး မွတ်စလင်တို့ကလည်း တမန်တော်'အီစာ' عليه السلام အား ဤဘွဲ့ကိုပင်ပေးကြပေသည်။ သို့ရာတွင် ဤအကြောင်းရပ်၌ တမန်တော်'အီစာ' عليه السلام အတွက် မည်သို့သော ထူးကဲမြင့်မြတ်မှုမျှမရှိချေ။ အကြောင်းမူကား သက်ရှိလောကတစ်ခုလုံးသည် အဦးအစ၌ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့်သာလျှင် ဖန်ဆင်းခြင်းခံခဲ့ရသကဲ့သို့ပင် တမန်တော်'အီစာ' عليه السلام သည်လည်း အလ္လာဟ်၏အမိန့်တော်ဖြင့်သာလျှင် ဖန်ဆင်းခြင်းခံခဲ့ရသောကြောင့်ဖြစ်သည်။

သို့ဖြစ်ရကား တမန်တော်'အီစာ' عليه السلام အား ဖခင်မရှိရုံမျှဖြင့် 'အလ္လာဟ်၏သားတော်'ဟု သတ်မှတ်ခြင်းမှာ ကြီးစွာသော အမှားပင်ဖြစ်ကြောင်း ရှင်းလင်းထင်ရှားနေပေသည်။ သို့ဖြစ်ရာ ခိုးမွမ်းထောမနာခြင်းဟူသမျှသည် အလ္လာဟ်အဖို့သာဖြစ်၏။ ထိုအရှင်မြတ်အတွက် မည်သည့်သားတော်မျှ မလိုအပ်ပေ။ အရှင်မြတ်၏ စိုးမိုးအုပ်ချုပ်မှုတွင် မည်သူတစ်ဦးမျှ တွဲဖက်ပါဝင်ခြင်းမရှိချေ။ ထို့ပြင် အင်အားချည့်နဲ့သော အခြေအနေတွင် ထိုအရှင်မြတ်အား ကူညီရိုင်းပင်းမည်ဆိုသည့် အဆွေခင်ပွန်းမျိုးကိုလည်း မည်သည့်အခါကမျှ မလိုအပ်ခဲ့ချေဟု ဤဆူရာဟ်၏နိဂုံးပိုင်းတွင် ဖော်ပြထားတော်မူပေသတည်း။

♦ ♦ ♦

ဆူရာဟ် ဘနီအစ္စရာအီလ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၁၂)ပိုဒ် ရှုကူ (၁၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲ ပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

سُبْحٰنَ الَّذِيْٓ اَسْرٰى بِعَبْدِهٖ لَيْلًا مِّنَ الْمَسْجِدِ الْحَرَامِ اِلَى الْمَسْجِدِ الْاَقْصَا الَّذِيْ بٰرَكْنَا حَوْلَهٗ لِنُرِيَهٗ مِنْ اٰيٰتِنَا ؕ اِنَّهٗ هُوَ السَّمِيْعُ الْبَصِيْرُ ①

၂။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။ ထိုအရှင်မြတ်သည် မိမိ၏အစေတော်အား မိမိ၏နိမိတ်လက္ခဏာတော်များမှ အချို့ကိုပြသတော်မူရန်အလို့ငှာ ညဉ့်အချိန်တွင် 'မတ်စ်ဂျိဒေဟရမ်' မြင့်မြတ်သောကျောင်းတော်မှ၊ 'မာစ်ဂျိဒေ အက္ကဆာ'ကျောင်းတော်သို့ခေါ်ဆောင်တော်မူခဲ့၏။ ငါတို့သည် ထို(ကျောင်းတော်)၏ဝန်းကျင်ကို ကောင်းချီးမင်္ဂလာပေးထားတော်မူ၏။ စင်စစ် ထိုအရှင်မြတ်သည် လွန်စွာ ကြားတော်မူသောအရှင်၊ နက်ရှိုင်းစွာမြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။ ①

وَاٰتَيْنَا مُوْسَى الْكِتٰبَ وَجَعَلْنٰهُ هُدًى لِّبَنِيْٓ اِسْرَآءِيْلَ اَلَّا تَتَّخِذُوْا مِنْ دُوْنِيْ وَكِيْلًا ②

၃။ ထို့ပြင် ငါတို့သည် 'မူစာ'အားလည်း ကျမ်းဂန်ကိုပေးသနားတော်မူ၏။ ထို့ပြင် ယင်းကို အစ္စရာအီလ်အမျိုးသားတို့အဖို့ လမ်းညွှန်တော်အဖြစ် ပြုတော်မူခဲ့သည်မှာ- အသင်တို့သည် ငါအရှင်မြတ်မှတစ်ပါး အခြားမည်သည်ကိုမျှ ကာကွယ်စောင့်ရှောက်သူအဖြစ် မပြုလုပ်ကြလင့်။

ذُرِّيَّةَ مَنْ حَمَلْنَا مَعَ نُوْحٍ ؕ اِنَّهٗ كَانَ عَبْدًا شَكُوْرًا ③

၄။ (ဤသူတို့သည်) ငါတို့က 'နူးဟ်'နှင့်အတူ (လှေသင်္ဘောပေါ်၌) စီးနင်းစေတော်မူခဲ့သောသူများ၏ အဆက်အနွယ်များဖြစ်ကြ၏။ အမှန်ပင် သူသည် လွန်စွာကျေးဇူးသိတတ်သော အစေတော်ဖြစ်၏။

وَقَضَيْنَآ اِلٰى بَنِيْٓ اِسْرَآءِيْلَ فِي الْكِتٰبِ لَتُفْسِدُنَّ فِي الْاَرْضِ مَرَّتَيْنِ وَلَتَعْلُنَّ

၅။ ထို့ပြင် ငါတို့သည် အစ္စရာအီလ်အမျိုးသားတို့အား ကျမ်းဂန်၌စီရင်ချက်ကို ပွင့်လင်းစွာအသိပေးတော်မူခဲ့၏။ (ယင်းမှာ) အသင်တို့သည် ကမ္ဘာမြေ၌ ပျက်စီးရာပျက်စီးကြောင်းကို နှစ်

---

① ကျမ်းမြတ်ကုရ်အာန်တွင် တမန်တော်မြတ်ﷺ၏ နာမ်တရားခရီးစဉ်နှစ်ခုအကြောင်းကို ဖော်ပြထားသည်။ တစ်ခုမှာ **اسراء** ဖြစ်ပြီး ကျန်တစ်ခုမှာ **معراج** ဖြစ်သည်။ 'အစ္စရာအ်'နာမ်တရားခရီးစဉ်၌ ကိုယ်တော်မြတ်ﷺအား ပါလက်စတိုင်းပြည်ကို မြင်တွေ့စေတော်မူပြီး၊ ယင်းက ပါလက်စတိုင်းပြည်သို့ ရုပ်ခန္ဓာဖြင့်သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း အထောက်အထားမပြုဘဲ နာမ်တရားအခြေအနေဖြင့် မြင်တွေ့ခဲ့ရခြင်းကိုဆိုလိုပေသည်။ ထို့ကြောင့်ပင် တစ်ခါတွင် လူတစ်ယောက်က ပါလက်စတိုင်းပြည်မှ အကြင် အဆောက်အဦးသည် မည်သို့မည်ပုံရှိကြောင်းပြောပြပါဟု မေးသည့်အခါ၊ ဟဒီးစ်ဆင့်ပြန်ချက်များတွင်လာရှိချက်အရ ထိုအခိုက်၌ တမန်တော်မြတ်ﷺ၏မျက်စိရှေ့တွင် ထိုအဆောက်အဦး၏ပုံရိပ်ပေါ်လာခဲ့ပြီး ကိုယ်တော်သည် ယင်းကိုကြည့်ရှုလျက် ထိုသူ၏မေးခွန်းတိုင်းကို အဖြေပေးခဲ့သည်ဟူ၏။ ဘူခါရီကျမ်းတွင် ဤသို့ဖော်ပြထားပေသည်။

لَمَّا كَذَّبَنِى قُرَيْشٌ قُمْتُ فِى الْحِجْرِ فَجَلَّى اللّٰهُ لِي بَيْتَ الْمَقْدِسِ فَطَفِقْتُ اُخْبِرُهُمْ عَنْ آيَاتِهِ وَاَنَا اَنْظُرُ اِلَيْهِ. (ဘူခါရီ၊ ကီတာဘွလ် တာဖ်စီးရ၊ တာဖ်စီးရ် ဆူရာဟ် ဘနီအစ္စရာအီလ်)

عُلُوًّا كَبِيْرًا ۝

ကြီမ်တိုင်တိုင် မလွဲမသွေပြုလုပ်ကြပေမည်။ ထို့ပြင် ဧကန်ပင် အလွန်ကြီးမားသောပုန်ကန်မှုကိုပြုလျက် ကြီးစိုးကြလိမ့်မည်။

فَاِذَا جَآءَ وَعْدُ اُوْلٰىهُمَا بَعَثْنَا عَلَيْكُمْ عِبَادًا لَّنَاۤ اُولِيْ بَاْسٍ شَدِيْدٍ فَجَاسُوْا خِلٰلَ الدِّيَارِ ؕ وَكَانَ وَعْدًا مَّفْعُوْلًا ۝

၆။ သို့ဖြစ်ရာ ယင်းနှစ်ခုအနက် ပထမကတိတော်၏အချိန်ဆိုက်ရောက်လာသောအခါ ငါတို့သည် အသင်တို့နှင့် ဆန့်ကျင်လျက် စစ်မက်ကို အလွန်လိုလားသော ငါတို့၏အစေတော်များကို ပေါ်ထွက်လာစေတော်မူခဲ့၏။ သို့ဖြင့် သူတို့သည် မြို့ရွာများအတွင်း ဖျက်ဆီးချေမှုန်းလျက် ဝင်ရောက်လာခဲ့ကြပေသည်။★ စင်စစ် ဤသည် ပြည့်စုံလာရမည့် ကတိတော်ပင်ဖြစ်၏။

ثُمَّ رَدَدْنَا لَكُمُ الْكَرَّةَ عَلَيْهِمْ وَاَمْدَدْنٰكُمْ بِاَمْوَالٍ وَّبَنِيْنَ وَجَعَلْنٰكُمْ اَكْثَرَ نَفِيْرًا ۝

၇။ ထို့နောက် ငါတို့သည် အသင်တို့အား ၎င်းတို့အပေါ်၌ ပြန်လည်၍အောင်နိုင်မှုကိုပေးသနားတော်မူခဲ့၏။ ထို့ပြင် ငါတို့သည် ဓနဥစ္စာများနှင့် သားသမီးများအားဖြင့် အသင်တို့အား ကူညီစောင်မတော်မူလျက် အသင်တို့အား အလွန် ကြီးမားသော အုပ်စုတစ်စုအဖြစ် ပြုလုပ်တော်မူခဲ့ပေသည်။

اِنْ اَحْسَنْتُمْ اَحْسَنْتُمْ لِاَنْفُسِكُمْ ۫ وَاِنْ اَسَاْتُمْ فَلَهَا ؕ فَاِذَا جَآءَ وَعْدُ الْاٰخِرَةِ لِيَسُوْٓءٗا وُجُوْهَكُمْ وَلِيَدْخُلُوا الْمَسْجِدَ كَمَا دَخَلُوْهُ اَوَّلَ مَرَّةٍ وَّلِيُتَبِّرُوْا مَا عَلَوْا تَتْبِيْرًا ۝

၈။ အကယ်၍ အသင်တို့သည် ကောင်းမှုများပြုလုပ်ပါက မိမိတို့အဖို့သာလျှင် ကောင်းမှုပြုခြင်းဖြစ်ပေမည်။ ထို့ပြင် အသင်တို့သည် မကောင်းမှုကိုပြုကျင့်ခဲ့သော် မိမိတို့ကိုယ်တိုင် အတွက်သာလျှင် မကောင်းမှုကိုပြုကျင့်ခြင်းဖြစ်ပေမည်။ သို့ဖြစ်ရာ နှောင်းကာလ၏ ကတိတော်ဆိုက်ရောက်လာသည့်အခါ ၎င်းတို့သည် အသင်တို့၏မျက်နှာများကို ပျက်ယွင်းအောင်ပြုလုပ်ကြပြီး ၎င်းတို့သည် ဝတ်ကျောင်းတော်သို့ ပထမအကြိမ် ဝင်ရောက်ခဲ့စဉ်ကကဲ့သို့ပင် ဝင်ရောက်ကြပေလိမ့်မည်။ သို့ဖြင့် သူတို့သည် မိမိတို့အောင်နိုင်လွှမ်းမိုးသူများအား ဖျက်ဆီးချေမှုန်းပစ်ရန်ဖြစ်၏။

عَسٰى رَبُّكُمْ اَنْ يَّرْحَمَكُمْ ۚ وَاِنْ عُدْتُّمْ عُدْنَا ۘ وَجَعَلْنَا جَهَنَّمَ لِلْكٰفِرِيْنَ حَصِيْرًا ۝

၉။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသင်တို့အပေါ် ကရုဏာပြုကောင်းပြုတော်မူပေမည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် ထပ်မံ၍ပြုခဲ့ကြသည်ရှိသော် ငါတို့သည်လည်း ထပ်မံ၍ပြုတော်မူမည်ဖြစ်၏။ စင်စစ် ငါတို့သည် 'ဂျဟန္နမ်'ငရဲကို မယုံကြည်ငြင်းပယ်သူတို့အား ဝန်းရံထားသည့်အရာအဖြစ် ပြုလုပ်ထားတော်မူ၏။ ⓪

★ ဤအဓိပ္ပာယ်ပြန်ဆိုချက်ကို 'အလ်မွန်ဂျီဒ်'အဘိဓာန်ရှု။

⓪ အာယတ်တော်(၅)မှ (၉)ထိ၊ ဘနီအစ္စရာအီလ်အမျိုးသားတို့နှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်၏ 'တက္ကဒီရ်'တော်သည် ဤသို့စီရင်ပြဋ္ဌာန်းတော်မူခဲ့ပေသည်။ သူတို့သည် မကောင်းသောအကျင့်အမူများ၌ လွန်စွာ တိုးပွားသွားသည့်အခါ ဘေဘီလုံဘုရင် နေဗုခဒ်နေဇာကို သူတို့အပေါ် အောင်နိုင်လွှမ်းမိုးစေခဲ့ပြီး ၎င်းတို့သည် သူတို့၏လမ်းတိုင်းသို့ ချဉ်းနင်းဝင်ရောက်လျက် သူတို့အား ချေမှုန်းပစ်ခဲ့ကြ၏။ သို့မဟုတ် အခြားနေရာဒေသများသို့ ပြောင်းရွှေ့သွားရန် အတင်းအကျပ်ပြုခဲ့ကြပေသည်။

ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ဘနီအစ္စရာအီလ်အမျိုးသားတို့အား ပါလက်စတိုင်းဒေသကို ပထမအကြိမ် ပြန်လည်အောင်နိုင်လွှမ်းမိုးခွင့် ခီးမြှင့်တော်မူသောအခါ သူတို့အပေါ်ကရုဏာပြုတော်မူလျက် သူတို့၏အရေအတွက်ကို တိုးပွားစေခဲ့သကဲ့သို့ သူတို့၏ဓနဥစ္စာဥစ္ဆာလည်း ကောင်းချီးပေးတော်မူခဲ့ပေသည်။ ထို့နောက် အရှင်မြတ်သည် သူတို့အား အကယ်၍ အသင်တို့သည်

اِنَّ هٰذَا الْقُرْاٰنَ يَهْدِيْ لِلَّتِيْ هِيَ اَقْوَمُ وَيُبَشِّرُ الْمُؤْمِنِيْنَ الَّذِيْنَ يَعْمَلُوْنَ الصّٰلِحٰتِ اَنَّ لَهُمْ اَجْرًا كَبِيْرًا ۙ﴿۹﴾

၁၀။ ဧကန်ပင် ဤကုရ်အာန်ကျမ်းတော်သည် တည်တံ့ခိုင်မြဲမှုအရှိဆုံး (လမ်း)ဘက်သို့ ညွှန်ပြ၏။ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြသော သက်ဝင်ယုံကြည်သူတို့အား သူတို့အဖို့ အလွန်တရာ ကြီးကျယ်သော ဆုလာဘ်(ကို သတ်မှတ်ထား)ရှိကြောင်း သတင်းကောင်းကို ပေး၏။

وَّاَنَّ الَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ اَعْتَدْنَا لَهُمْ عَذَابًا اَلِيْمًا ۙ﴿۱۰﴾

၁၁။ ထို့ပြင် နောင်တမလွန်ကို မယုံကြည်သူများအဖို့ ငါတို့သည် နာကျင်ဖွယ်သောပြစ်ဒဏ်ကို စီစဉ်ထားရှိပေသတည်း။

ရုကူး-၂

وَيَدْعُ الْاِنْسَانُ بِالشَّرِّ دُعَآءَهٗ بِالْخَيْرِ ؕ وَكَانَ الْاِنْسَانُ عَجُوْلًا ﴿۱۱﴾

၁၂။ ထို့ပြင် လူသားသည် ကောင်းမှုကို တောင်းခံသကဲ့သို့ မကောင်းမှုကိုတောင်းခံ၏။ စင်စစ် လူသားသည် အလွန်အလျင်လိုသူဖြစ်၏။

وَجَعَلْنَا الَّيْلَ وَالنَّهَارَ اٰيَتَيْنِ فَمَحَوْنَآ اٰيَةَ الَّيْلِ وَجَعَلْنَآ اٰيَةَ النَّهَارِ مُبْصِرَةً لِّتَبْتَغُوْا فَضْلًا مِّنْ رَّبِّكُمْ وَلِتَعْلَمُوْا عَدَدَ السِّنِيْنَ وَالْحِسَابَ ؕ وَكُلَّ شَيْءٍ فَصَّلْنٰهُ تَفْصِيْلًا ﴿۱۲﴾

၁၃။ ထို့ပြင် ငါတို့သည် 'ညဉ့်'နှင့်'နေ့'ကို သက်သေလက္ခဏာ နှစ်ရပ်ပြုလုပ်ထားတော်မူ၏။ သို့ဖြင့် ငါတို့သည် 'ညဉ့်'၏ သက်သေလက္ခဏာကို ပယ်ဖျက်တော်မူလိုက်ကာ 'နေ့'၏ သက်သေလက္ခဏာကို အလင်းရောင်ပေးသောအရာ ပြုလုပ်တော်မူ၏။ သို့ဖြင့် အသင်တို့သည် မိမိတို့ဖန်ဆင်းမွေးမြူရှင်၏ ကျေးဇူးတော်ကို ရှာဖွေကြရန်လည်းကောင်း၊ အသင်တို့သည် နှစ်များ၏အရေအတွက်နှင့် တွက်ချက်မှုကို သင်ယူနိုင်ကြရန်လည်းကောင်းဖြစ်၏။ စင်စင် ငါတို့သည် အရာရာတိုင်းကို ရှင်းလင်းထင်ရှားစွာ ဖော်ပြထားတော်မူ၏။

وَكُلَّ اِنْسَانٍ اَلْزَمْنٰهُ طٰٓئِرَهٗ فِيْ عُنُقِهٖ ؕ وَنُخْرِجُ لَهٗ يَوْمَ الْقِيٰمَةِ كِتٰبًا يَّلْقٰىهُ مَنْشُوْرًا ﴿۱۳﴾

၁၄။ ထို့ပြင် ငါတို့သည် လူသားတိုင်း၏ ကျင့်ဆောင်မှု မှတ်တမ်းကို သူ၏လည်ပင်း၌ ချိတ်ဆွဲထားတော်မူ၏။ ထို့ပြင် ငါတို့သည် ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် ယင်းကို သူ့အဖို့ စာအုပ်အသွင်ဖြင့် ထုတ်ဆောင်တော်မူပြီး ယင်းကို သူသည် ဖွင့်လျက်တွေ့ရှိရပေမည်။ ۞

➤ ကောင်းမြတ်သောအကျင့်ကို ကျင့်ကြံကြပါလျှင် ယင်းသည် အသင်တို့အကျိုးအတွက်သာဖြစ်ပေမည်။ သို့ရာတွင် အသင်တို့သည် ယခင်ပြုကျင့်ခဲ့သော မကောင်းမှုများကိုပြန်လည်၍ပြုကျင့်ကြပါလျှင် မိမိတို့၏အကျိုးစီးပွားနှင့်ဆန့်ကျင်၍သာ ပြုကျင့်ခြင်းဖြစ်ပေမည်ဟု ဆုံးမတော်မူခဲ့ပေသည်။ သို့ဖြစ်ရာ နှောင်းခေတ်ကာလတွင် ၎င်းတို့ကို ပါလက်စတိုင်းဒေသအား ဒုတိယအကြိမ် အောင်နိုင်လွှမ်းမိုးမှုပေးသနားခြင်းခံရသည်မှာ ပါလက်စတိုင်းကို စိုးမိုးအုပ်ချုပ်ခဲ့သော မွတ်စလင်တို့၏ မကောင်းသောအကျင့်အမူများကြောင့်သာလျှင်ဖြစ်ပေမည်။ ထို့နောက် ရဟူဒီများကို တစ်ဖန်ပြန်လည်၍ စမ်းသပ်မှုအတွင်း ထည့်သွင်းတော်မူပေမည်။ အကယ်၍ ၎င်းတို့သည် အောင်နိုင်လွှမ်းမိုးခဲ့သောဒေသများတွင် တရားမျှတမှုရှိပြီး ကရုဏာဖြင့်လုပ်ဆောင်ကြလျှင် ၎င်းတို့၏ အောင်နိုင်လွှမ်းမိုးမှုသည် ရှည်ကြာစွာရှိပေမည်။ သို့ရာတွင် ယင်းနှင့်ဆန့်ကျင်သော အကျင့်အမူကိုပြုကျင့်လျှင် ယင်း၏ရလဒ်အဖြစ် ၎င်းတို့ကို လောကရှိလူမျိုးအုပ်စုတစ်ခုခုက ချေမှုန်းနှိပ်ကွပ်မည်မဟုတ်မူဘဲ အင်အားကြီးအုပ်စုများက ရဟူဒီတို့အား ပါလက်စတိုင်း၌ ခိုလှုံခွင့်ပေးခြင်းမှရှောင်ရှားကြမည့် အခြေအနေတစ်ရပ်ဖြစ်ပေါ်လာအောင် အလ္လာဟ်အရှင်မြတ်၏'တက္ကဒီရ်'က စီရင်တော်မူပေလိမ့်မည်။

۞ ဤတွင် **ط۪ائر** ဟူသည် 'ဒုက်'ကိုဆိုလိုသည်မဟုတ်။ လူတိုင်း၏လည်ပင်းတွင် ဒုက်တစ်ကောင်ကို ချိတ်ဆွဲထားသည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ သူ၏ကျင့်ဆောင်မှုမှတ်တမ်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ယင်းသည် ရုပ်ပိုင်းအားဖြင့် ချိတ်ဆွဲထားခြင်းမရှိသော်လည်း 'ကေယာမတ်'ရှင်ပြန်ထမြောက်ရမည့်နေ့တွင် ယင်းကို ထင်ရှားစေခြင်းခံရမည်ဖြစ်သည်။

اِقْرَاْ كِتٰبَكَ ؕ كَفٰى بِنَفْسِكَ الْيَوْمَ عَلَيْكَ حَسِيْبًا ﴿۱۴﴾

၁၅။ အသင်၏စာအုပ်ကို ဖတ်ရှုလော့၊ ဤနေ့တွင် အသင်၏ ဝိညာဉ်သည် အသင့်အား စာရင်းစစ်ဆေးရန် လုံလောက်ပေသည်။

مَنِ اهْتَدٰى فَاِنَّمَا يَهْتَدِيْ لِنَفْسِهٖ ۚ وَمَنْ ضَلَّ فَاِنَّمَا يَضِلُّ عَلَيْهَا ؕ وَلَا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى ؕ وَمَا كُنَّا مُعَذِّبِيْنَ حَتّٰى نَبْعَثَ رَسُوْلًا ﴿۱۵﴾

၁၆။ အကြင်သူသည် တရားလမ်းမှန်ကိုရရှိခဲ့လျှင် ထိုသူသည် မိမိ၏စိတ်ဝိညာဉ်အတွက်သာလျှင် လမ်းမှန်ကိုရရှိခြင်းဖြစ်၏။ ထို့ပြင် အကြင်သူသည် လမ်းလွဲလေသော် သူသည် မိမိအကျိုးနှင့်ဆန့်ကျင်၍သာ လမ်းလွဲခြင်းဖြစ်ပေသည်။ ထို့ပြင် မည်သည့်ဝန်သယ်ပိုးသူတစ်ဦးမျှ အခြားတစ်ဦးဦး၏ဝန်ကို သယ်ပိုးလိမ့်မည် မဟုတ်ချေ၊ စင်စစ်သော်ကား ငါတို့သည် တမန်တော်တစ်ပါးပါးကို စေလွှတ်တော်မူလျက် (သက်သေသာဓကကိုပြည့်စုံအောင်)မပြုလုပ်သရွေ့ အလျှင်း ပြစ်ဒဏ်ခတ်တော်မမူချေ။

وَاِذَاۤ اَرَدْنَاۤ اَنْ نُّهْلِكَ قَرْيَةً اَمَرْنَا مُتْرَفِيْهَا فَفَسَقُوْا فِيْهَا فَحَقَّ عَلَيْهَا الْقَوْلُ فَدَمَّرْنٰهَا تَدْمِيْرًا ﴿۱۶﴾

၁၇။ ထို့ပြင် ငါတို့သည် မည်သည့်မြို့ရွာကိုမဆို ဖျက်ဆီးပစ်ရန်ရည်ရွယ်တော်မူသောအခါ ယင်း၌ရှိသော ချမ်းသာကြွယ်ဝသူများကို (မိမိတို့စိတ်ကြိုက်လုပ်လိုရာကို လုပ်ဆောင်လျက်နေကြကုန်ဟု) အမိန့်ပေးတော်မူ၏၊ ထို့နောက် သူတို့သည် ယင်း(မြို့ရွာ)၌ မကောင်းမှုဒုစရိုက်များကို ကျူးလွန်ကြသောအခါ ယင်းအပေါ် အမိန့်တော်သည် မှန်ကန်ပြည့်စုံလာခြင်းကြောင့် ငါတို့သည် ယင်းကိုလုံးဝဖျက်ဆီးပစ်တော်မူပေသည်။

وَكَمْ اَهْلَكْنَا مِنَ الْقُرُوْنِ مِنْۢ بَعْدِ نُوْحٍ ؕ وَكَفٰى بِرَبِّكَ بِذُنُوْبِ عِبَادِهٖ خَبِيْرًۢا بَصِيْرًا ﴿۱۷﴾

၁၈။ ငါတို့သည် 'နူးဟ်'၏နောက်တွင် အဘယ်မျှလောက်သော ခေတ်ကာလများရှိ လူတို့အား ဖျက်ဆီးတော်မူခဲ့ပေသနည်း၊ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် မြတ်သည် မိမိအစေတော်များ၏အပြစ်များကို သတင်းရရှိတော်မူသောအရှင်(နှင့်) မြင်တွေ့တော်မူသောအရှင်အဖြစ် လုံလောက်တော်မူ၏။

مَنْ كَانَ يُرِيْدُ الْعَاجِلَةَ عَجَّلْنَا لَهٗ فِيْهَا مَا نَشَآءُ لِمَنْ نُّرِيْدُ ثُمَّ جَعَلْنَا لَهٗ جَهَنَّمَ ۚ يَصْلٰىهَا مَذْمُوْمًا مَّدْحُوْرًا ﴿۱۸﴾

၁၉။ အကြင်သူသည် ဤလောကီဘဝကို လိုလားတောင့်တအံ့၊ ထိုသူ့အဖို့ ငါတို့အလိုရှိလျှင်၊ သူ့အတွက် ငါတို့က ရည်ရွယ်ခဲ့လျှင် သူ့အား ငါတို့သည် ဤလောကဘဝပင် (ယင်းကို) အလျင်အမြန်ပေးတော်မူ၏။ ထို့နောက် ငါတို့သည် ထိုသူတို့အဖို့ 'ဂျဟန္နမ်'ငရဲကို ပြုလုပ်ထားတော်မူ၏၊ ထိုသူသည် ပြစ်တင်ရှုတ်ချခြင်းခံရကာ မောင်းနှင်ထုတ်ခြင်းခံရလျက် ယင်းသို့ဝင်ရောက်ရပေမည်။

وَمَنْ اَرَادَ الْاٰخِرَةَ وَسَعٰى لَهَا سَعْيَهَا وَهُوَ مُؤْمِنٌ فَاُولٰٓئِكَ كَانَ سَعْيُهُمْ مَّشْكُوْرًا ﴿۱۹﴾

၂၀။ ထို့ပြင် အကြင်သူသည် နောင်တမလွန်ကို ရည်မှော်၍ ယင်းအတွက်ကြိုးပမ်းထိုက်သည်နှင့်အညီ ကြိုးပမ်းအားထုတ်မှုပြုပြီး ထိုသူသည် သက်ဝင်ယုံကြည်သူတစ်ဦးလည်း ဖြစ်ခဲ့လျှင် ထိုကဲ့သို့သောသူတို့၏ ကြိုးပမ်းအားထုတ်မှု အကျိုးကျေး

ဇူးသည် အသိအမှတ်ပြုခံရဖွယ်ဖြစ်ပေလိမ့်မည်။

كُلًّا نُّمِدُّ هٰٓؤُلَآءِ وَهٰٓؤُلَآءِ مِنْ عَطَآءِ رَبِّكَ ۚ وَمَا كَانَ عَطَآءُ رَبِّكَ مَحْظُوْرًا ﴿۲۰﴾

၂၀။ ဤသူများကိုလည်းကောင်း၊ ထိုသူများကိုလည်းကောင်း၊ အားလုံးတို့ကို ငါတို့သည် အသင့်အား ဖန်ဆင်းမွေးမြူရှင်၏ ပေးကမ်းချီးမြှင့်ခြင်းဖြင့် ကူညီစောင့်မတော်မူ၏။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူရှင်၏ ပေးကမ်းချီးမြှင့်တော်မူခြင်းကို တားဆီးပိတ်ပင်နိုင်သည် မဟုတ်ချေ။

اُنْظُرْ كَيْفَ فَضَّلْنَا بَعْضَهُمْ عَلٰى بَعْضٍ ۭ وَلَلْاٰخِرَةُ اَكْبَرُ دَرَجٰتٍ وَّ اَكْبَرُ تَفْضِيْلًا ﴿۲۱﴾

၂၁။ ငါတို့သည် ယင်းတို့အနက်အချို့ကို အချို့တို့ထက် မည်သို့ထူးကဲသာလွန်စေတော်မူသည်ကို ကြည့်ကြလေကုန်။ စင်စစ် တမလွန်သည် အဆင့်အတန်းအားဖြင့် အလွန်တရာ ကြီးကျယ်ပြီး ထူးမြတ်သာလွန်မှုကို ပေးသနားခြင်းအရလည်း လွန်စွာ ကြီးကျယ်လှပေသည်။

لَا تَجْعَلْ مَعَ اللّٰهِ اِلٰهًا اٰخَرَ فَتَقْعُدَ مَذْمُوْمًا مَّخْذُوْلًا ﴿۲۲﴾ ع

၂၂။ အသင်သည် အခြားမည်သည့်အရာကိုမျှ အလ္လာဟ်နှင့် အတူ ကိုးကွယ်ရာမပြုလုပ်လင့်။ သို့မဟုတ်ပါက အသင်သည် ပြစ်တင်ရှုတ်ချခြင်းခံရလျက် ကူညီစောင့်မမည့် အဆွေခင်ပွန်းကင်းမဲ့ကာ ထိုင်၍နေရခြိမ့်မည်တည်း။

ရုကူး-၃

وَقَضٰى رَبُّكَ اَلَّا تَعْبُدُوْٓا اِلَّآ اِيَّاهُ وَبِالْوَالِدَيْنِ اِحْسَانًا ۭ اِمَّا يَبْلُغَنَّ عِنْدَكَ الْكِبَرَ اَحَدُهُمَآ اَوْ كِلٰهُمَا فَلَا تَقُلْ لَّهُمَآ اُفٍّ وَّلَا تَنْهَرْهُمَا وَقُلْ لَّهُمَا قَوْلًا كَرِيْمًا ﴿۲۳﴾

၂၃။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူရှင်သည် အသင်တို့အား အရှင်မြတ်မှတစ်ပါး အခြားမည်သည်ကိုမျှ ခဝမ်းကိုးကွယ်ခြင်း အလျှင်းမပြုရန်နှင့် မိဘများအား ကောင်းမွန်စွာ ဆက်ဆံကြရန် ပြဋ္ဌာန်းတော်မူ၏။ အကယ်၍ ယင်းတို့အနက် တစ်ဦးဦးဖြစ်စေ သို့မဟုတ် နှစ်ဦးစလုံးဖြစ်စေ၊ အသက်အရွယ်ကြီးရင့်သည့်အချိန်၌ အသင့်ထံရောက်ရှိလာသော် သူတို့အား 'အိုး'ဟူ၍ပင်မဆိုလင့်။ ထို့ပြင် ငေါက်ငန်းခြင်းကိုလည်း မပြုလင့်။ ထိုမှတစ်ပါး သူတို့အား ဂုဏ်သိက္ခာပေးလျက် နူးညံ့သိမ်မွေ့စွာပြောဆိုပါလေ။

وَاخْفِضْ لَهُمَا جَنَاحَ الذُّلِّ مِنَ الرَّحْمَةِ وَقُلْ رَّبِّ ارْحَمْهُمَا كَمَا رَبَّيٰنِيْ صَغِيْرًا ﴿۲۴﴾

၂၄။ ထို့ပြင် သူတို့နှစ်ဦးစလုံးအတွက် ကရုဏာဖြင့် နှိမ့်ချကျိုးနွံခြင်းတောင်ပံကို ကိုင်းညွှတ်၍ထားပါလေ။ ထို့ပြင် 'အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဤ(မိဘ)နှစ်ပါးသည် ကျွန်တော်မျိုးအား ငယ်စဉ်တောင်ကျေးကလေးဘဝတွင် ပြုစုပျိုးထောင်ပဲ့ပြင်ဆုံးမသကဲ့သို့ ကျွန်တော်မျိုး၏ ဤ(မိဘ)နှစ်ပါးအပေါ်၌ ကရုဏာပြုတော်မူပါ'ဟု လျှောက်ထားပန်ကြားပါလေ။

رَبُّكُمْ اَعْلَمُ بِمَا فِيْ نُفُوْسِكُمْ ۭ اِنْ تَكُوْنُوْا صٰلِحِيْنَ فَاِنَّهٗ كَانَ لِلْاَوَّابِيْنَ

၂၅။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အသင်တို့၏ စိတ်နှလုံးများ၌ရှိသည်တို့ကို အသိရှိဆုံးဖြစ်တော်မူ၏။ အကယ်၍ အသင်တို့သည် အကျင့်သီလကောင်းမွန်သူများဖြစ်ကြပါလျှင် ဧကန်ပင် ထိုအရှင်မြတ်သည် 'တောင်ဘာ'

غَفُوْرًا ﴿٢٥﴾

ဝန်ချတောင်းပန်ခြင်း အမြောက်အမြားပြုသူတို့အား လွန်စွာခွင့်လွှတ်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَاٰتِ ذَا الْقُرْبٰى حَقَّهٗ وَ الْمِسْكِيْنَ وَابْنَ السَّبِيْلِ وَلَا تُبَذِّرْ تَبْذِيْرًا ﴿٢٦﴾

၂၇။ ထို့ပြင် နီးစပ်သူသားချင်းများ၊ သူဆင်းရဲများနှင့် ခရီးသည်များအား သူတို့၏ရပိုင်ခွင့်ကို ပေးပါလေ။ သို့ရာတွင် အချည်းနှီး အလဟဿ သုံးစွဲမှုကိုမပြုလင့်။

اِنَّ الْمُبَذِّرِيْنَ كَانُوْٓا اِخْوَانَ الشَّيٰطِيْنِ ؕ وَكَانَ الشَّيْطٰنُ لِرَبِّهٖ كَفُوْرًا ﴿٢٧﴾

၂၈။ အမှန်ပင် အလဟဿဖြုန်းတီးသူတို့သည် ရှိုင်တန်များ၏ညီအစ်ကိုများဖြစ်ကြ၏။ စင်စစ် ရှိုင်တန်သည် မိမိ၏ ဖန်ဆင်းမွေးမြူရှင်အား အလွန်လျှင် ကျေးဇူးကန်းသူဖြစ်၏။

وَ اِمَّا تُعْرِضَنَّ عَنْهُمُ ابْتِغَآءَ رَحْمَةٍ مِّنْ رَّبِّكَ تَرْجُوْهَا فَقُلْ لَّهُمْ قَوْلًا مَّيْسُوْرًا ﴿٢٨﴾

၂၉။ သို့ရာတွင် အကယ်၍ အသင်သည် အသင်မျှော်လင့်ချက်ထားရှိသော မိမိအားဖန်ဆင်းမွေးမြူရှင်၏ ကရုဏာတော်ကိုရယူရန်အတွက် ယင်းတို့ထံမှမျက်နှာလွှဲဖယ်ရပါလျှင်လည်း သူတို့အား နူးညံ့သိမ်မွေ့သောစကားကို ပြောဆိုပါလေ။

وَلَا تَجْعَلْ يَدَكَ مَغْلُوْلَةً اِلٰى عُنُقِكَ وَلَا تَبْسُطْهَا كُلَّ الْبَسْطِ فَتَقْعُدَ مَلُوْمًا مَّحْسُوْرًا ﴿٢٩﴾

၃၀။ ထို့ပြင် မိမိ၏လက်ကို (စေးနဲ့တွန့်တိုစွာဖြင့်) ဆုပ်ထားလျက် မိမိလည်ကုပ်ပေါ်တွင် တွယ်ကပ်မထားလင့်။ ထို့ပြင် ယင်း(လက်)အား အပြည့်အဝဖွင့်ထားခြင်းကြောင့် ပြစ်တင်ရှုတ်ချခြင်းခံရကာ ယူကြုံးမရဝမ်းနည်းစွာဖြင့် ထိုင်လိုက်ရသည့်အဖြစ်မျိုးလည်း မရောက်စေလင့်။

اِنَّ رَبَّكَ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ وَيَقْدِرُ ؕ اِنَّهٗ كَانَ بِعِبَادِهٖ خَبِيْرًا بَصِيْرًا ﴿٣٠﴾ ع

၃၁။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အမှန်ပင် မိမိအလိုရှိတော်မူသောသူအဖို့ 'ရီဇိုက်'ရိက္ခာကို ကျယ်ပြောစေတော်မူသည်လည်းရှိ၏၊ ကျဉ်းမြောင်းစေတော်မူသည်လည်းရှိ၏။ ဧကန်ပင် အရှင်မြတ်သည် မိမိ၏ အစေတော်များအပေါ် လွန်စွာသတင်းရတော်မူသောအရှင်၊ နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရုကူး-၄

وَلَا تَقْتُلُوْٓا اَوْلَادَكُمْ خَشْيَةَ اِمْلَاقٍ ؕ نَحْنُ نَرْزُقُهُمْ وَاِيَّاكُمْ ؕ اِنَّ قَتْلَهُمْ كَانَ خِطْاً كَبِيْرًا ﴿٣١﴾

၃၂။ ထို့ပြင် ဆင်းရဲကျပ်တည်းမည်ကို စိုးရိမ်ပြီး မိမိတို့၏သားသမီးများကို မသတ်ဖြတ်ကြလင့်။ ငါတို့သည်သာလျှင် သူတို့အားလည်းကောင်း၊ အသင်တို့အားလည်းကောင်း 'ရီဇိုက်'ရိက္ခာကိုပေးသနားတော်မူ၏။ ၎င်းတို့အားသတ်ဖြတ်ခြင်းသည် ဧကန်စင်စစ် အလွန်ကြီးလေးသော အပြစ်ဖြစ်၏။

وَلَا تَقْرَبُوا الزِّنٰٓى اِنَّهٗ كَانَ فَاحِشَةً ؕ وَسَآءَ سَبِيْلًا ﴿٣٢﴾

၃၃။ ထို့ပြင် မတရားသောကာမမှု၏ အနီးသို့ပင် မချဉ်းကပ်လင့်။ ဧကန်ပင် ယင်းသည် အရှက်ကင်းမဲ့ခြင်းနှင့် လွန်စွာမှဆိုးရွားသောလမ်းဖြစ်၏။

وَلَا تَقْتُلُوا النَّفْسَ الَّتِيْ حَرَّمَ اللّٰهُ اِلَّا بِالْحَقِّ ؕ وَمَنْ قُتِلَ مَظْلُوْمًا فَقَدْ جَعَلْنَا

၃၄။ ထို့ပြင် အလ္လာဟ်တားမြစ်ထားတော်မူသောအသက်ကို မတရားသဖြင့် သတ်ဖြတ်ခြင်းမပြုလင့်။ အကြင်သူသည် မတရားသဖြင့် သတ်ဖြတ်ခြင်းခံခဲ့ရပါလျှင် ငါတို့သည် သူ၏

لِوَلِيِّهٖ سُلْطٰنًا فَلَا يُسْرِفْ فِّي الْقَتْلِ ؕ اِنَّهٗ كَانَ مَنْصُوْرًا ۝

အုပ်ထိန်းသူအား (လက်တုံ့ပြန်ရန်) ခိုင်မာသောအခွင့်အရေးကို ပေးသနားတော်မူ၏။ သို့ရာတွင် သူသည် သတ်ဖြတ်ရာ၌ လွန်ကျူးမှုမရှိစေရ၊ စင်စစ် သူသည် ကူညီစောင်မမှုကို ရရှိသူဖြစ်၏။

وَلَا تَقْرَبُوْا مَالَ الْيَتِيْمِ اِلَّا بِالَّتِيْ هِيَ اَحْسَنُ حَتّٰى يَبْلُغَ اَشُدَّهٗ ۚ وَاَوْفُوْا بِالْعَهْدِ ۚ اِنَّ الْعَهْدَ كَانَ مَسْـُٔوْلًا ۝

၃၄။ ထို့ပြင် အကောင်းမြတ်ဆုံးနည်းလမ်းဖြင့်မှတစ်ပါး မိဘမဲ့ကလေးသူငယ်များ၏ ပစ္စည်းဥစ္စာအပါးသို့ ၎င်းတို့အရွယ်ရောက်သည်အထိ မချဉ်းကပ်ကြကုန်လင့်။ ထို့ပြင် ကတိကဝတ်ကိုဖြည့်ဆည်းကြကုန်။ စင်စစ် ကတိကဝတ်နှင့်စပ်လျဉ်း၍ မေးမြန်းခြင်းကိုခံကြရပေမည်။

وَاَوْفُوا الْكَيْلَ اِذَا كِلْتُمْ وَزِنُوْا بِالْقِسْطَاسِ الْمُسْتَقِيْمِ ؕ ذٰلِكَ خَيْرٌ وَّاَحْسَنُ تَاْوِيْلًا ۝

၃၅။ ထို့ပြင် အသင်တို့သည် ချိန်တွယ်မှုပြုသောအခါ အပြည့်အဝချိန်တွယ်ကြကုန်။ ထို့ပြင် မှန်ကန်သောချိန်ခွင်ဖြင့် ချိန်တွယ်ကြကုန်။ ဤသည်ကား လွန်စွာမှ ကောင်းမြတ်ပြီး ရလဒ်အားဖြင့်လည်း အကောင်းဆုံးဖြစ်ပေသည်။

وَلَا تَقْفُ مَا لَيْسَ لَكَ بِهٖ عِلْمٌ ؕ اِنَّ السَّمْعَ وَالْبَصَرَ وَالْفُؤَادَ كُلُّ اُولٰٓئِكَ كَانَ عَنْهُ مَسْـُٔوْلًا ۝

၃၆။ ထို့ပြင် အသင် သိနားလည်ခြင်းမရှိသော ရပ်တည်ချက်ကို မကျင့်သုံးလင့်။★ ဧကန်မလွဲ နား၊ မျက်စိ၊ စိတ်နှလုံးအသီးသီးနှင့်စပ်လျဉ်း၍ မေးမြန်းခြင်းကိုခံရပေအံ့။

وَلَا تَمْشِ فِي الْاَرْضِ مَرَحًا ۚ اِنَّكَ لَنْ تَخْرِقَ الْاَرْضَ وَلَنْ تَبْلُغَ الْجِبَالَ طُوْلًا ۝

၃၇။ ထို့ပြင် ကမ္ဘာမြေတွင် မောက်မာပလွားလျက် လျှောက်လှမ်းခြင်းမပြုလင့်။ စင်စစ် အသင်သည် ကမ္ဘာမြေကြီးကို ခွဲမပစ်နိုင်ခဲ့၊ ထို့ပြင် (အသင်၏) အရပ်သည် တောင်များကိုလည်း အလျှင်း မီနိုင်လိမ့်မည်မဟုတ်ခဲ့။

كُلُّ ذٰلِكَ كَانَ سَيِّئُهٗ عِنْدَ رَبِّكَ مَكْرُوْهًا ۝

၃၈။ ဤအရာအားလုံးတို့၏ မကောင်းမှုများသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင့်ထံတော်တွင် အလွန်မနှစ်မြို့ဖွယ်ရာဖြစ်၏။

ذٰلِكَ مِمَّآ اَوْحٰٓى اِلَيْكَ رَبُّكَ مِنَ الْحِكْمَةِ ؕ وَلَا تَجْعَلْ مَعَ اللّٰهِ اِلٰهًا اٰخَرَ فَتُلْقٰى فِيْ جَهَنَّمَ مَلُوْمًا مَّدْحُوْرًا ۝

၃၉။ ဤသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်မှ အသင့်ထံ 'ဝဟီ'ဗျာဒိတ်ပို့ချတော်မူသော ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံသည့် အကြောင်းအရာများအနက်မှဖြစ်၏။ အသင်သည် အလ္လာဟ်နှင့်အတူ အခြားမည်သည်ကိုမျှ ကိုးကွယ်ရာအဖြစ် မပြုလုပ်လင့်၊ သို့မဟုတ်ပါက အသင်သည် ပြစ်တင်ရှုတ်ချခြင်းခံရလျက် မောင်းနှင်ထုတ်ကာ 'ဂျဟန္နမ်'ငရဲသို့ ပစ်ချခြင်းခံရပေအံ့။

اَفَاَصْفٰىكُمْ رَبُّكُمْ بِالْبَنِيْنَ وَاتَّخَذَ

၄၀။ အသို့နည်း အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် အသင်တို့အဖို့ သားယောကျ်ားများကို ရွေးချယ်

★ 'မူဖရီဒါတ်အေမာမ်ရာယီဗ်' အဘိဓာန်၌။

مِنَ الْمَلٰٓئِكَةِ اِنَاثًا ؕ اِنَّكُمْ لَتَقُوْلُوْنَ قَوْلًا عَظِيْمًا ۝۴۰

တော်မူခဲ့ပြီး မိမိအဖို့မှာမူ ကောင်းကင်တမန်များအနက်မှ သမီးမိန်းကလေးများကို ပြုလုပ်တော်မူခဲ့ပါသလော။ ဧကန်ပင် အသင်တို့သည် အလွန်ကြီးကျယ်သောစကားကို ပြောဆိုနေကြပေသတည်း။

ရုကူး-၅

وَلَقَدْ صَرَّفْنَا فِيْ هٰذَا الْقُرْاٰنِ لِيَذَّكَّرُوْا ؕ وَمَا يَزِيْدُهُمْ اِلَّا نُفُوْرًا ۝۴۱

၄၂။ စင်စင် ငါတို့သည် ထိုသူတို့ အဆုံးအမရယူကြစိမ့်သောငှာ ဤကျမ်းမြတ်ကုရ်အာန်တွင် (အာယတ်တော်များကို) ထပ်ခါတလဲလဲ ဖော်ပြတော်မူ၏။ သို့ရာတွင် ယင်းသည် သူတို့အား မုန်းတီးစွာဖြင့် ပြေးရှောင်စေခြင်းမှတစ်ပါး အခြားမည်သည့်အရာတွင်မျှ တိုးပွားစေသည်မဟုတ်ချေ။

قُلْ لَّوْ كَانَ مَعَهٗٓ اٰلِهَةٌ كَمَا يَقُوْلُوْنَ اِذًا لَّابْتَغَوْا اِلٰى ذِى الْعَرْشِ سَبِيْلًا ۝۴۲

၄၃။ အသင်ပြောကြားပါလေ၊ အကယ်၍ သူတို့ပြောဆိုသကဲ့သို့ ထိုအရှင်မြတ်နှင့်အတူ အခြားကိုးကွယ်ရာများရှိခဲ့ပါလျှင် ၎င်းတို့သည်လည်း ဧကန်ပင် 'အရှ်ရှ်' ပလ္လင်တော်၏ အရှင်သခင်ထံ ရောက်ရှိနိုင်မည့်လမ်းကို ဆန္ဒအလွန်ပြင်းပြစွာဖြင့် ရှာဖွေကြပေအံ့။

سُبْحٰنَهٗ وَتَعٰلٰى عَمَّا يَقُوْلُوْنَ عُلُوًّا كَبِيْرًا ۝۴۳

၄၄။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ၎င်းတို့ဖော်ပြပြောဆိုသည်များမှ (ကင်းစင်၍) ထိုအရှင်မြတ်သည် အလွန် မြင့်မားထွတ်မြတ်တော်မူ၏။

تُسَبِّحُ لَهُ السَّمٰوٰتُ السَّبْعُ وَالْاَرْضُ وَمَنْ فِيْهِنَّ ؕ وَاِنْ مِّنْ شَىْءٍ اِلَّا يُسَبِّحُ بِحَمْدِهٖ وَلٰكِنْ لَّا تَفْقَهُوْنَ تَسْبِيْحَهُمْ ؕ اِنَّهٗ كَانَ حَلِيْمًا غَفُوْرًا ۝۴۴

၄၅။ မိုးကောင်းကင်ခုနစ်ထပ်နှင့် ကမ္ဘာမြေအပြင် ယင်းတို့၌ရှိသည်တို့မှာ ထိုအရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း 'တာစ်ဘီ'ပြု တသလျက်ရှိကြကုန်၏။ စင်စစ် အရှင်မြတ်အားချီးမွမ်းခြင်းနှင့်အတူ ထိုအရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မရင့်ကျူးသောအရာဟူ၍ တစ်စုံတစ်ရာမျှ မရှိချေ။ သို့ရာတွင် အမှန်ပင် အသင်တို့သည် ယင်းတို့၏ 'တာစ်ဘီ'ပြုခြင်းကိုနားမလည်ကြချေ။ ဧကန်ပင် အရှင်မြတ်သည် လွန်စွာမှ ထောက်ထားညှာတာတော်မူသောအရှင်၊ အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَاِذَا قَرَاْتَ الْقُرْاٰنَ جَعَلْنَا بَيْنَكَ وَبَيْنَ الَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ حِجَابًا مَّسْتُوْرًا ۝۴۵

၄၆။ ထို့ပြင် အသင်သည် ကျမ်းမြတ်ကုရ်အာန်ကို ဖတ်ရွတ်သောအခါ ငါတို့သည် အသင်နှင့် နောင်တမလွန်ကို သက်ဝင်ယုံကြည်မှုမရှိသောသူတို့၏အကြားတွင် ဖုံးကွယ်နေသောအကာအဆီးတစ်ခုကို ထည့်ထားတော်မူ၏။

وَّجَعَلْنَا عَلٰى قُلُوْبِهِمْ اَكِنَّةً اَنْ يَّفْقَهُوْهُ وَفِيْٓ اٰذَانِهِمْ وَقْرًا ؕ وَاِذَا ذَكَرْتَ رَبَّكَ فِى الْقُرْاٰنِ وَحْدَهٗ

၄၇။ ထို့ပြင် ငါတို့သည် ယင်းကို သူတို့နားမလည်နိုင်ကြစိမ့်သောငှာ သူတို့၏စိတ်နှလုံးများအပေါ်တွင် အဖုံးအကာကို ထားရှိတော်မူ၏။ ထို့ပြင် သူတို့၏ နားများတွင် ဝန်ရှိ၏။ ထို့ပြင် အသင်သည် ကျမ်းမြတ်ကုရ်အာန်မှ တစ်ပါးတည်းတည်တော်

وَّلَّوْا عَلٰٓى اَدْبَارِهِمْ نُفُوْرًا ﴿٤١﴾

မူသော အသင်၏ဖန်ဆင်းမွေးမြူရှင်အကြောင်းကို ဖော်ပြသောအခါ ၎င်းတို့သည် မုန်းတီးစွာဖြင့် ကျောခိုင်း၍ လှည့်ထွက်သွားကြ၏။

نَحْنُ اَعْلَمُ بِمَا يَسْتَمِعُوْنَ بِهٖٓ اِذْ يَسْتَمِعُوْنَ اِلَيْكَ وَاِذْ هُمْ نَجْوٰٓى اِذْ يَقُوْلُ الظّٰلِمُوْنَ اِنْ تَتَّبِعُوْنَ اِلَّا رَجُلًا مَّسْحُوْرًا ﴿٤٧﴾

၄၈။ သူတို့သည် အသင့်ဘက်သို့ နားစွင့်ကြသည့်အခါ၌လည်းကောင်း၊ သူတို့ လျှို့ဝှက်တိုင်ပင်မှု၌ နစ်မွန်းလျက်ရှိစဉ်လည်းကောင်း၊ အမှားကျူးလွန်ကြသူတို့က အသင်တို့သည် ပြုစားခြင်းခံရသောသူ၏နောက်သို့ လိုက်နေကြသည်ဟု ပြောဆိုသောအခါတွင်လည်းကောင်း၊ သူတို့မည်သည်ကို ကြားလို ကြကြောင်းကို ငါတို့ အသိဆုံးဖြစ်တော်မူ၏။

اُنْظُرْ كَيْفَ ضَرَبُوْا لَكَ الْاَمْثَالَ فَضَلُّوْا فَلَا يَسْتَطِيْعُوْنَ سَبِيْلًا ﴿٤٨﴾ ع

၄၉။ ၎င်းတို့သည် အသင်နှင့်စပ်လျဉ်း၍ မည်သို့မည်ပုံ ဥပမာပုံဆောင်မှုများ ဖော်ပြကြသည်ကို ကြည့်ရှုပါလေ။ ထို့ကြောင့် ပင် ယင်းတို့သည် လမ်းမှားတိမ်းချော်သွားခဲ့ကြပေရာ လမ်းမှန်သို့ ရောက်ရှိနိုင်ကြမည်မဟုတ်ချေ။

وَقَالُوْٓا ءَاِذَا كُنَّا عِظَامًا وَّرُفَاتًا ءَاِنَّا لَمَبْعُوْثُوْنَ خَلْقًا جَدِيْدًا ﴿٤٩﴾

၅၀။ ထို့ပြင် ၎င်းတို့က ကျွန်ုပ်တို့သည် အရိုးများသာကျန်ရှိ၍ အမှုန်အမွှားများဖြစ်သွားပြီးသော်မှ ကျွန်ုပ်တို့သည် အမှန်ပင် သစ်လွင်သော ဖန်ဆင်းခြင်းပုံစံတစ်ရပ်ဖြင့် ရှင်ပြန်ထမြောက်ကြရပါမည်လောဟု ပြောဆိုကြ၏။

قُلْ كُوْنُوْا حِجَارَةً اَوْ حَدِيْدًا ﴿٥٠﴾

၅၁။ အသင်ပြောကြားပါလေ။ အသင်တို့သည် ကျောက်ခဲသို့မဟုတ် သံခဲများပင်ဖြစ်သွားပါစေ၊

اَوْ خَلْقًا مِّمَّا يَكْبُرُ فِيْ صُدُوْرِكُمْ ۚ فَسَيَقُوْلُوْنَ مَنْ يُّعِيْدُنَا ۭ قُلِ الَّذِيْ فَطَرَكُمْ اَوَّلَ مَرَّةٍ ۚ فَسَيُنْغِضُوْنَ اِلَيْكَ رُءُوْسَهُمْ وَيَقُوْلُوْنَ مَتٰى هُوَ ۭ قُلْ عَسٰٓى اَنْ يَّكُوْنَ قَرِيْبًا ﴿٥١﴾

၅၂။ သို့တည်းမဟုတ် အသင်တို့စိတ်ကူး၌ (မာကျောမှုအရ) ထို့ထက်ပိုမိုသောဖန်ဆင်းခံဖြစ်ပါစေ။ ထိုအခါ သူတို့က မည်သူသည် ကျွန်ုပ်တို့အား ပြန်လည်ရှင်ပြန်စေမည်နည်းဟု အမှန်ပင် မေးမြန်းကြပေမည်။ အသင်တို့အား ကနဦးပထမဖန်ဆင်းတော်မူခဲ့သောအရှင်သည်ပင်ဖြစ်၏ဟု ပြောကြားပါလေ၊ ထိုအခါ သူတို့သည် အသင့်ဘက်သို့(မျက်နှာမူကာ) ခေါင်းခါလျက် ထိုကဲ့သို့ မည်သည့်အခါတွင်ဖြစ်မည်နည်းဟု မေးမြန်းကြပေမည်။ ယင်းသို့ အလျင်အမြန် ဖြစ်လာနိုင်ပေသည်ဟု အသင်ပြောကြားပါလေ။

يَوْمَ يَدْعُوْكُمْ فَتَسْتَجِيْبُوْنَ بِحَمْدِهٖ وَتَظُنُّوْنَ اِنْ لَّبِثْتُمْ اِلَّا قَلِيْلًا ﴿٥٢﴾ ع

၅၃။ အကြင်နေ့တွင် အရှင်မြတ်သည် အသင်တို့အား ခေါ်တော်မူမည်။ ထိုအခါ အသင်တို့သည် အရှင်မြတ်အား ချီးမွမ်းခြင်းနှင့်အတူ ထူးကြပေလိမ့်မည်။ ထို့ပြင် အသင်တို့သည် အချိန်ကာလအနည်းငယ်မှတစ်ပါး နေထိုင်ခဲ့ကြသည်မဟုတ်ဟု ထင်မြင်ယူဆကြပေလိမ့်မည်တည်း။

ရုကူး-၆

وَقُلْ لِّعِبَادِيْ يَقُوْلُوا الَّتِيْ هِيَ اَحْسَنُ ؕ اِنَّ الشَّيْطٰنَ يَنْزَغُ بَيْنَهُمْ ؕ اِنَّ الشَّيْطٰنَ كَانَ لِلْاِنْسَانِ عَدُوًّا مُّبِيْنًا ﴿۵۳﴾

၅၃။ ထို့ပြင် အသင်သည် ငါ၏အစေတော်များအား အကောင်းဆုံးသောစကားကိုသာ ပြောဆိုကြရန် ပြောကြားပါလေ။ ဧကန်ပင် ရှိုင်တန်သည် ၎င်းတို့၏အကြားတွင် ပြဿနာကို ထည့်သွင်း၏။ အမှန်ပင် ရှိုင်တန်သည် လူသား၏ ပွင့်လင်းထင်ရှားသော ရန်သူဖြစ်၏။

رَبُّكُمْ اَعْلَمُ بِكُمْ ؕ اِنْ يَّشَاْ يَرْحَمْكُمْ اَوْ اِنْ يَّشَاْ يُعَذِّبْكُمْ ؕ وَمَاۤ اَرْسَلْنٰكَ عَلَيْهِمْ وَكِيْلًا ﴿۵۴﴾

၅၄။ အသင်တို့၏ ဖန်ဆင်းမွေးမြူရှင်သည် အသင်တို့အား အသိရှိဆုံးဖြစ်တော်မူ၏။ အကယ်၍ အရှင်မြတ်နှစ်လို့တော်မူပါလျှင် အသင်တို့အပေါ် ကရုဏာပြုတော်မူပြီး၊ အကယ်၍ အလိုရှိတော်မူပါလျှင် အပြစ်ဒဏ်ခတ်တော်မူမည်။ စင်စစ် ငါတို့သည် အသင့်အား ၎င်းတို့အပေါ် စောင့်ကြပ်သူအဖြစ် စေလွှတ်တော်မူသည်မဟုတ်ချေ။

وَرَبُّكَ اَعْلَمُ بِمَنْ فِي السَّمٰوٰتِ وَالْاَرْضِ ؕ وَلَقَدْ فَضَّلْنَا بَعْضَ النَّبِيّٖنَ عَلٰى بَعْضٍ وَّاٰتَيْنَا دَاوٗدَ زَبُوْرًا ﴿۵۵﴾

၅၅။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူရှင်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသည်တို့အား အသိရှိဆုံးဖြစ်တော်မူ၏။ ထို့ပြင် ဧကန်ပင် ငါတို့သည် တမန်တော်များအနက် အချို့ကို အခြားတို့ထက် ထူးကဲမြင့်မြတ်မှုကို ပေးသနားတော်မူ၏။ ထို့ပြင် ငါတို့သည် 'ဒါဝတ်'အား 'ဇဗူရ်'ကို ပေးသနားတော်မူခဲ့၏။

قُلِ ادْعُوا الَّذِيْنَ زَعَمْتُمْ مِّنْ دُوْنِهٖ فَلَا يَمْلِكُوْنَ كَشْفَ الضُّرِّ عَنْكُمْ وَلَا تَحْوِيْلًا ﴿۵۶﴾

၅၆။ အသင်ပြောကြားပါလေ၊ အရှင်မြတ်မှလွဲ၍ (ကိုးကွယ်ရာအဖြစ်) အသင်တို့ထင်မှတ်ခဲ့သည်တို့အား ဟစ်ခေါ်တမ်းတကြလေကုန်။ သို့သော် ၎င်းတို့သည် အသင်တို့ထံမှ ဘေးဒုက္ခကို ကင်းဝေးစေရန်လည်းကောင်း၊ ယင်းကို ပြောင်းလဲသွားစေရန်လည်းကောင်း အလျှင်းစွမ်းဆောင်နိုင်မည်မဟုတ်ချေ။

اُولٰٓئِكَ الَّذِيْنَ يَدْعُوْنَ يَبْتَغُوْنَ اِلٰى رَبِّهِمُ الْوَسِيْلَةَ اَيُّهُمْ اَقْرَبُ وَيَرْجُوْنَ رَحْمَتَهٗ وَيَخَافُوْنَ عَذَابَهٗ ؕ اِنَّ عَذَابَ رَبِّكَ كَانَ مَحْذُوْرًا ﴿۵۷﴾

၅၇။ ဤသူတို့ ဟစ်ခေါ်တမ်းတကြသည့်အရာများကိုယ်တိုင်က သူတို့အနက် မည်သူသည် (ဝစီလာဟ်ဖြစ်နိုင်ရန်အတွက်) ပိုမိုထိုက်တန်ပေသနည်းဟု မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ဘက်သို့ သွားရောက်နိုင်မည့် 'ဝစီလာဟ်' အမှီသဟဲပြုရာကို ရှာဖွေကြပေလိမ့်မည်။ ထို့ပြင် သူတို့သည် အရှင်မြတ်၏ ကရုဏာတော်ကို မျှော်လင့်ကြမည်ဖြစ်ပြီး အရှင်မြတ်၏ပြစ်ဒဏ်ကို ကြောက်ရွံ့ကြပေလိမ့်မည်။ ဧကန်ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ပြစ်ဒဏ်မှ လွတ်မြောက်မှုရရှိရန် ရှောင်ကြဉ်ထိုက်ပေသည်။

وَاِنْ مِّنْ قَرْيَةٍ اِلَّا نَحْنُ مُهْلِكُوْهَا قَبْلَ يَوْمِ الْقِيٰمَةِ اَوْ مُعَذِّبُوْهَا عَذَابًا شَدِيْدًا ؕ كَانَ ذٰلِكَ فِي الْكِتٰبِ مَسْطُوْرًا ﴿۵۸﴾

၅၈။ ငါတို့သည် မည်သည့်မြို့ရွာကိုမဆို 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့မတိုင်မီ ဖျက်ဆီးတော်မူမည့်အရှင်သို့တည်းမဟုတ် ယင်း(မြို့ရွာ)အား ပြင်းထန်စွာ ပြစ်ဒဏ်ခတ်တော်မူမည့်အရှင် ဖြစ်တော်မူ၏။ ဤအကြောင်းကို ကျမ်း

တော်၌ ရေးမှတ်ပြီးဖြစ်၏။

وَمَا مَنَعَنَآ اَنۡ نُّرۡسِلَ بِالۡاٰيٰتِ اِلَّاۤ اَنۡ كَذَّبَ بِهَا الۡاَوَّلُوۡنَ ؕ وَاٰتَيۡنَا ثَمُوۡدَ النَّاقَةَ مُبۡصِرَةً فَظَلَمُوۡا بِهَا ؕ وَمَا نُرۡسِلُ بِالۡاٰيٰتِ اِلَّا تَخۡوِيۡفًا ۝

၆၀။ ရှေးလူဟောင်းတို့က (ငါအရှင်မြတ်၏) 'အာယတ်' နိမိတ်လက္ခဏာတော်များကို ငြင်းပယ်ခဲ့ခြင်းမှတစ်ပါး အခြားမည်သည့် တစ်စုံတစ်ရာကမျှ ငါတို့အား မိမိ၏အာယတ်တော်များကို ပို့ချတော်မူခြင်းမှ တားဆီးသည်မဟုတ်ချေ။ စင်စစ် ငါတို့သည် 'ဆမူဒ်'အမျိုးသားတို့အားလည်း ထင်ရှားမြင်သာသော နိမိတ်လက္ခဏာတစ်ရပ်အဖြစ် ကုလားအုတ်မကို ပေးသနားတော်မူခဲ့၏။ သို့ရာတွင် သူတို့သည် ယင်းကို မတရားပြုမူခဲ့ကြ၏။ စင်စစ် ငါတို့သည် နိမိတ်လက္ခဏာတော်များကို အဆင့်ဆင့် သတိပေးနှိုးဆော်ရန်အတွက်မှတစ်ပါး အခြားအတွက် ပို့ချတော်မူသည်မဟုတ်ချေ။

وَاِذۡ قُلۡنَا لَكَ اِنَّ رَبَّكَ اَحَاطَ بِالنَّاسِ ؕ وَمَا جَعَلۡنَا الرُّءۡيَا الَّتِىۡۤ اَرَيۡنٰكَ اِلَّا فِتۡنَةً لِّلنَّاسِ وَالشَّجَرَةَ الۡمَلۡعُوۡنَةَ فِى الۡقُرۡاٰنِ ؕ وَنُخَوِّفُهُمۡ ۙ فَمَا يَزِيۡدُهُمۡ اِلَّا طُغۡيَانًا كَبِيۡرًا ۝

၆၀။ ထို့ပြင် (သတိရကြကုန်) အကြင်အခါဝယ် ငါတို့က အသင့်အား မိန့်ကြားတော်မူခဲ့သည်မှာ ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် လူသားတို့အား ဝန်းရံထားတော်မူ၏။ ထို့ပြင် အသင့်အား ငါတို့ ပြသတော်မူခဲ့သော အိပ်မက်ကိုလည်းကောင်း၊ ကျမ်းမြတ်ကုရ်အာန်၌'လာအ်နတ်' ပြုထားသောထိုသစ်ပင်ကိုလည်းကောင်း၊ ငါတို့သည် လူသားတို့အဖို့ စမ်းသပ်ဖွယ်ရာအဖြစ် ပြုလုပ်တော်မူခဲ့ပေသည်။ ထို့ပြင် ငါတို့သည် သူတို့အား အဆင့်ဆင့် သတိပေးနှိုးဆော်တော်မူ၏။ သို့ရာတွင် ယင်းသည် သူတို့အား ကြီးမားသော ပုန်ကန်ခြားနားမှုပြုခြင်းမှတစ်ပါး အခြားမည်သည့်အရာတွင်မျှ တိုးပွားစေသည်မဟုတ်ချေ။

ရုကူး-၇

وَاِذۡ قُلۡنَا لِلۡمَلٰٓئِكَةِ اسۡجُدُوۡا لِاٰدَمَ فَسَجَدُوۡۤا اِلَّاۤ اِبۡلِيۡسَ ؕ قَالَ ءَاَسۡجُدُ لِمَنۡ خَلَقۡتَ طِيۡنًا ۝

၆၂။ ထို့ပြင် အကြင်အခါဝယ် ငါတို့က ကောင်းကင်တမန်များအား 'အာဒမ်'အတွက် 'စဂျဒါဟ်' ပျပ်ဝပ်မှုပြုကြလော့ဟု မိန့်တော်မူသောအခါ 'အီဘလီစ်'မှတစ်ပါး သူတို့အားလုံးသည် 'စဂျဒါဟ်'ပြုခဲ့ကြ၏။ သူက အသို့ပါနည်း၊ အရှင်မြတ်က စိုစွတ်သောမြေကြီးဖြင့် ဖန်ဆင်းထားတော်မူသောသူအတွက် ကျွန်တော်မျိုးသည် 'စဂျဒါဟ်'ပြုရပါမည်လောဟု လျှောက်ထားခဲ့လေသည်။

قَالَ اَرَءَيۡتَكَ هٰذَا الَّذِىۡ كَرَّمۡتَ عَلَىَّ ۖ لَئِنۡ اَخَّرۡتَنِ اِلٰى يَوۡمِ الۡقِيٰمَةِ لَاَحۡتَنِكَنَّ ذُرِّيَّتَهٗۤ اِلَّا قَلِيۡلًا ۝

၆၃။ သူက ကျွန်တော်မျိုးအား ပြောပြတော်မူပါ။ ဤသည် အရှင်မြတ်က ကျွန်တော်မျိုးထက် ထူးကဲမြင့်မြတ်မှုကို ပေးသနားတော်မူသည့်(အရာ)ပါလော။ အကယ်၍သာ အရှင်မြတ်သည် ကျွန်တော်မျိုးအား ရှင်ပြန်ထမြောက်ရမည့်နေ့တိုင် ဆိုင်းငံ့ခွင့်ကိုပေးတော်မူပါလျှင် အမှန်ပင် ကျွန်တော်မျိုးသည် အနည်းငယ်မှတစ်ပါး သူ၏အဆက်အနွယ်များကို ဖျက်ဆီးပစ်

ပါမည်ဟု လျှောက်ထားလေ၏။

قَالَ اذْهَبْ فَمَنْ تَبِعَكَ مِنْهُمْ فَإِنَّ جَهَنَّمَ جَزَآؤُكُمْ جَزَآءً مَّوْفُورًا ﴿٦٣﴾

၆၃။ အရှင်မြတ်မိန့်တော်မူသည်မှာ ထွက်သွားလော့၊ ယင်းတို့အနက် အကြင်မည်သူမဆို အသင်၏နောက်သို့လိုက်အံ့။ ဧကန်စင်စစ် 'ဂျဟန္နမ်'ငရဲသည် အသင်တို့အားလုံးအတွက် ပြည့်စုံသော အစားပေးရာဖြစ်ပေအံ့။

وَاسْتَفْزِزْ مَنِ اسْتَطَعْتَ مِنْهُمْ بِصَوْتِكَ وَأَجْلِبْ عَلَيْهِمْ بِخَيْلِكَ وَرَجِلِكَ وَشَارِكْهُمْ فِي الْأَمْوَالِ وَالْأَوْلَادِ وَعِدْهُمْ ۚ وَمَا يَعِدُهُمُ الشَّيْطَانُ إِلَّا غُرُورًا ﴿٦٤﴾

၆၄။ သို့ဖြစ်၍ ယင်းတို့အနက် အလိုရှိသောသူကို အသင်၏ အသံဖြင့် လှည့်ဖြားပါလေ။ ထို့ပြင် အသင်၏ မြင်းစီးသူရဲ၊ ခြေလျင်သူရဲတို့အား ခေါ်ဆောင်၍လာပါလေ။ ၎င်းပြင် ဥစ္စာပစ္စည်းများနှင့် သားသမီးများ၌ ယင်းတို့နှင့် ဖက်စပ်ပါဝင်ပါလေ။ ထို့ပြင် ယင်းတို့အားကတိပေးပါလေ။ စင်စစ် ရှိုင်တန်သည် သူတို့အား လိမ်လည်လှည့်စားခြင်းမှတစ်ပါး မည်သည့်ကတိကိုမျှမပြုချေ။

إِنَّ عِبَادِي لَيْسَ لَكَ عَلَيْهِمْ سُلْطَانٌ ۚ وَكَفَىٰ بِرَبِّكَ وَكِيلًا ﴿٦٥﴾

၆၅။ ဧကန်စင်စစ် ငါ၏အစေတော်များအား အသင်သည် မည်သို့မျှ အောင်မြင်လွှမ်းမိုးနိုင်လိမ့်မည်မဟုတ်။ အသင်၏ ဖန်ဆင်းမွေးမြူရှင်သည်ပင် ကာကွယ်စောင့်ရှောက်သူအဖြစ် လုံလောက်တော်မူ၏။

رَبُّكُمُ الَّذِي يُزْجِي لَكُمُ الْفُلْكَ فِي الْبَحْرِ لِتَبْتَغُوا مِنْ فَضْلِهِ ۚ إِنَّهُ كَانَ بِكُمْ رَحِيمًا ﴿٦٦﴾

၆၇။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ထိုအရှင်တည်း၊ ထိုအရှင်မြတ်သည် ပင်လယ်သမုဒ္ဒရာ၌ အသင်တို့အဖို့ လှေသင်္ဘောများကို သွားလာစေတော်မူ၏။ သို့ဖြင့် အသင်တို့သည် အရှင်မြတ်၏ကျေးဇူးတော်များကို ရှာဖွေနိုင်ကြရန်ဖြစ်၏။ ဧကန်စင်စစ် အရှင်မြတ်သည် အသင်တို့အပေါ်ဝယ် အဖန်တလဲလဲ သနားကြင်နာတော်မူသော အရှင် ဖြစ်တော်မူ၏။

وَإِذَا مَسَّكُمُ الضُّرُّ فِي الْبَحْرِ ضَلَّ مَنْ تَدْعُونَ إِلَّا إِيَّاهُ ۖ فَلَمَّا نَجَّاكُمْ إِلَى الْبَرِّ أَعْرَضْتُمْ ۚ وَكَانَ الْإِنْسَانُ كَفُورًا ﴿٦٧﴾

၆၈။ ထို့ပြင် အကြင်အခါဝယ် အသင်တို့ထံ ပင်လယ်သမုဒ္ဒရာ၌ ဘေးဒုက္ခတစ်စုံတစ်ရာဆိုက်ရောက်သောအခါ အရှင်မြတ်မှတစ်ပါး အသင်တို့ဟစ်ခေါ်တမ်းတကြသောအရာများသည် (အသင်တို့အား) စွန့်ခွာ၍သွားကြပေသည်။ ထို့နောက် ထိုအရှင်မြတ်က အသင်တို့အား ကယ်တင်တော်မူလျက် ကုန်းမြေဘက်သို့ ဆောင်ယူလာတော်မူသောအခါ အသင်တို့သည် (ထိုအရှင်မြတ်ထံတော်မှ) မျက်နှာလွှဲဖယ်သွားကြ၏။ စင်စစ် လူသားသည် အလွန်လျင် ကျေးဇူးကန်းသူဖြစ်၏။

أَفَأَمِنْتُمْ أَنْ يَخْسِفَ بِكُمْ جَانِبَ الْبَرِّ أَوْ يُرْسِلَ عَلَيْكُمْ حَاصِبًا ثُمَّ لَا تَجِدُوا لَكُمْ وَكِيلًا ﴿٦٨﴾

၆၉။ သို့ဖြစ်ရာ ထိုအရှင်မြတ်က အသင်တို့အား ကုန်းမြေကမ်းစပ်သို့ ဆောင်ယူလာတော်မူလျက် (မြေ၌) နှစ်မြှုပ်လိုက်လျှင်ဖြစ်စေ၊ အသင်တို့အပေါ် ပြင်းထန်သော သဲမုန်တိုင်းကို တိုက်ခတ်စေတော်မူလိုက်လျှင်ဖြစ်စေ အသင်တို့သည် လုံခြုံမှု၌ ရှိကြပါသလော။ ထိုအခါတွင် အသင်တို့သည် မိမိတို့အဖို့ ကာကွယ်

စောင့်ရှောက်သူ တစ်စုံတစ်ဦးကိုမျှ တွေ့ကြရမည်မဟုတ်ချေ။

اَمْ اَمِنْتُمْ اَنْ يُّعِيْدَكُمْ فِيْهِ تَارَةً اُخْرٰى فَيُرْسِلَ عَلَيْكُمْ قَاصِفًا مِّنَ الرِّيْحِ فَيُغْرِقَكُمْ بِمَا كَفَرْتُمْ ۙ ثُمَّ لَا تَجِدُوْا لَكُمْ عَلَيْنَا بِهٖ تَبِيْعًا ﴿۶۹﴾

၆၉။ သို့တည်းမဟုတ် ထိုအရှင်မြတ်သည် အသင်တို့အား ယင်း(ပင်လယ်သမုဒ္ဒရာ)ထဲသို့ နောက်တစ်ကြိမ် ထပ်မံရောက်ရှိစေတော်မူ၍ အသင်တို့အပေါ် လေပြင်းမုန်တိုင်း တိုက်ခတ်စေတော်မူပြီး အသင်တို့၏ ကျေးဇူးကန်းမှုများကြောင့် အသင်တို့အား နစ်မြုပ်စေခြင်း(ဘေးအန္တရာယ်)မှ အသင်တို့သည် လုံခြုံငြိမ်းချမ်းမှုဌ ရှိကြပါသလော။ ထိုအချိန်တွင် အသင်တို့သည် ငါတို့နှင့်ဆန့်ကျင်၍ အသင်တို့အတွက် လက်တုံ့ပြန်မည့်သူ တစ်ဦးတစ်ယောက်ကိုမျှ တွေ့ကြရမည်မဟုတ်ချေ။

وَلَقَدْ كَرَّمْنَا بَنِيْٓ اٰدَمَ وَحَمَلْنٰهُمْ فِي الْبَرِّ وَالْبَحْرِ وَرَزَقْنٰهُمْ مِّنَ الطَّيِّبٰتِ وَفَضَّلْنٰهُمْ عَلٰى كَثِيْرٍ مِّمَّنْ خَلَقْنَا تَفْضِيْلًا ﴿۷۰﴾ ع

၇၀။ ဧကန်စင်စစ် ငါတို့သည် အာဒမ်၏သားမြေးတို့အား ဂုဏ်သိက္ခာကို ခီးမြှင့်တော်မူ၏။ ထို့ပြင်သူတို့အား ကုန်းမြေနှင့် ပင်လယ်၌ အစီးအနင်းများကို ပေးသနားတော်မူ၏။ ထင်းပြင်သူတို့အား သန့်ရှင်းစင်ကြယ်သောအရာများမှ 'ရိဇ်ကီ' ရိကွာကို ပေးသနားတော်မူ၏။ ထို့ပြင် ငါတို့ဖန်ဆင်းထားတော်မူသည့် များစွာသောအရာများထက် သူတို့အား ထူးကဲမြင့်မြတ်မှုကို ခီးမြှင့်တော်မူခဲ့ပေသတည်း။

ရုကူး-၈

يَوْمَ نَدْعُوْا كُلَّ اُنَاسٍۢ بِاِمَامِهِمْ ۚ فَمَنْ اُوْتِيَ كِتٰبَهٗ بِيَمِيْنِهٖ فَاُولٰۗىِٕكَ يَقْرَءُوْنَ كِتٰبَهُمْ وَلَا يُظْلَمُوْنَ فَتِيْلًا ﴿۷۱﴾

၇၂။ ထို့ပြင် ထိုနေ့ကို (သတိရကြကုန်)၊ ယင်းနေ့တွင် ငါတို့သည် လူမျိုးနွယ်တိုင်းကို ၎င်းတို့၏ခေါင်းဆောင်များနှင့်အတူ ခေါ်ယူတော်မူပေအံ့။ သို့ဖြင့် အကြင်သူသည် သူ၏ကိုယ်ကျင့်သီလမှတ်တမ်းကို သူ၏လက်ယာလက်၌ ပေးခြင်းခံရလျှင် ထိုသူများသည်ပင် မိမိတို့၏ကိုယ်ကျင့်သီလမှတ်တမ်းကို ဖတ်ကြကုန်အံ့၊ ထို့ပြင် သူတို့သည် ဆံချည်တစ်မျှင်ခန့်မျှပင် မတရားပြုခြင်းကို ခံကြရမည်မဟုတ်ချေ။

وَمَنْ كَانَ فِيْ هٰذِهٖٓ اَعْمٰى فَهُوَ فِي الْاٰخِرَةِ اَعْمٰى وَاَضَلُّ سَبِيْلًا ﴿۷۲﴾

၇၃။ အကြင်သူသည် ဤလောက၌ မျက်စိကန်းသူဖြစ်အံ့၊ ထိုသူသည် နောင်တမလွန်တွင်လည်း အကန်းဖြစ်လိမ့်မည်။ ထို့ပြင် လမ်းအလွဲဆုံးဖြစ်လိမ့်မည်။ ①

وَاِنْ كَادُوْا لَيَفْتِنُوْنَكَ عَنِ الَّذِيْٓ اَوْحَيْنَآ اِلَيْكَ لِتَفْتَرِيَ عَلَيْنَا غَيْرَهٗ ۖ وَاِذًا لَّاتَّخَذُوْكَ خَلِيْلًا ﴿۷۳﴾

၇၄။ ငါတို့က အသင့်ထံ 'ဝဟီ'ဗျာဒိတ်ပို့ချတော်မူခဲ့သည်နှင့် စပ်လျဉ်း၍ ထင်းတို့သည် အသင့်အား ပြဿနာ၌နစ်မြုပ်အောင် ပြုလုပ်လုနီးပါးဖြစ်ခဲ့ကြပေသည်။ သို့ဖြင့် အသင်သည် ယင်းမှလွဲ၍ အခြားအရာကို ငါတို့နှင့်ဆန့်ကျင်လျက် လီဆယ်ဖန်တီးရန်ဖြစ်၏။ ဤသို့ဖြစ်ခဲ့လျှင် ထင်းတို့သည် မဆိုင်းမတွပင် အသင့်အား သူတို့၏အဆွေခင်ပွန်း ပြုလုပ်ကြပေအံ့။

① ဤအာယတ်တော်တွင်လာရှိသည့် اَعْمٰى ဆိုသည်မှာ ဤလောက၌ ရုပ်ပိုင်းမျက်စိကန်းခဲ့သူသည် ကေယာမတ်နေ့တွင်လည်း အကန်းပင်ဖြစ်မည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ အပေါ်ယံရုပ်မျက်စိရှိစေကာမူ နာမ်တရားအမြင်ဆုံးရှုံးသူသည် ကေယာမတ်နေ့တွင်လည်း နာမ်ပိုင်းအရ မြင်နိုင်စွမ်းမရှိ ဆုံးရှုံးလိမ့်မည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

وَلَوْلَآ اَنْ ثَبَّتْنٰكَ لَقَدْ كِدْتَّ تَرْكَنُ اِلَيْهِمْ شَيْـًٔا قَلِيْلًا ﴿٧٤﴾

၇၄။ အကယ်၍ ငါတို့သည် အသင့်အား တည်ကြည်မြဲမြံမှုကို ပေးသနားတော်မမူခဲ့လျှင် အသင်သည် ၎င်းတို့ဘက်သို့ အနည်းငယ်မျှမဆို ယိမ်းယိုင်သွားနိုင်၏။

اِذًا لَّاَذَقْنٰكَ ضِعْفَ الْحَيٰوةِ وَضِعْفَ الْمَمَاتِ ثُمَّ لَا تَجِدُ لَكَ عَلَيْنَا نَصِيْرًا ﴿٧٥﴾

၇၅။ သို့ဖြစ်ခဲ့လျှင် ငါတို့သည် အသင့်အား အမှန်ပင် ရှင်ခြင်း၌ ပြစ်ဒဏ်နှစ်ဆကိုလည်းကောင်း၊ သေခြင်း၌လည်း ပြစ်ဒဏ်နှစ်ဆကိုလည်းကောင်း မြည်းစမ်းစေတော်မူပေမည်။ ထို အခါ အသင်သည် ငါတို့နှင့်ဆန့်ကျင်၍ မိမိအား ကူညီစောင်မမည့်သူ တစ်စုံတစ်ဦးကိုမျှ တွေ့ရမည်မဟုတ်ချေ။

وَاِنْ كَادُوْا لَيَسْتَفِزُّوْنَكَ مِنَ الْاَرْضِ لِيُخْرِجُوْكَ مِنْهَا وَاِذًا لَّا يَلْبَثُوْنَ خِلٰفَكَ اِلَّا قَلِيْلًا ﴿٧٦﴾

၇၆။ စင်စစ် ၎င်းတို့သည် အသင့်အား မွေးရပ်မြေမှ ပြင်ပသို့ နှင်ထုတ်ရန် အသင်၏ခြေကိုရုပ်တည်၍မရနိုင်အောင် ပြုလုပ်အံ့ဆဲဆဲဖြစ်ခဲ့ကြ၏။ ထိုသည့်အခြေအနေ၌ ၎င်းတို့သည်လည်း အသင်မရှိသည့်နောက်ပိုင်းတွင် ကာလကြာမြင့်စွာ နေနိုင်ကြမည်မဟုတ်ချေ။

سُنَّةَ مَنْ قَدْ اَرْسَلْنَا قَبْلَكَ مِنْ رُّسُلِنَا وَلَا تَجِدُ لِسُنَّتِنَا تَحْوِيْلًا ﴿٧٧﴾ ۩

၇၇။ ဤသည်ကား ငါတို့က အသင့်အလျင် စေလွှတ်တော်မူခဲ့သော တမန်တော်များနှင့်စပ်လျဉ်း၍ ငါတို့၏ အစဉ်အလာဖြစ်သည်။ စင်စစ် အသင်သည် ငါတို့၏ အစဉ်အလာတော်၌ တစ်စုံတစ်ရာပြောင်းလဲမှုကို တွေ့ရှိရမည်မဟုတ်ချေ။

ရုကူး-၉

اَقِمِ الصَّلٰوةَ لِدُلُوْكِ الشَّمْسِ اِلٰى غَسَقِ الَّيْلِ وَقُرْاٰنَ الْفَجْرِ ۭ اِنَّ قُرْاٰنَ الْفَجْرِ كَانَ مَشْهُوْدًا ﴿٧٨﴾

၇၈။ နေမွန်းလွဲချိန်မှစ၍ ညဦးအမှောင် ဖုံးလွှမ်းသွားသည်အထိ 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ပါလေ။ ထို့ပြင် 'ဖဂျရ်' နံနက်အရုဏ်တက်ချိန်တွင် ကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်ခြင်းကို အလေးထားပါလေ။ ဧကန်ပင် 'ဖဂျရ်'အချိန်၌ ကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်ခြင်းမှာ သက်သေခံခြင်းကို ခံရပေမည်။

وَمِنَ الَّيْلِ فَتَهَجَّدْ بِهٖ نَافِلَةً لَّكَ ۖ عَسٰٓى اَنْ يَّبْعَثَكَ رَبُّكَ مَقَامًا مَّحْمُوْدًا ﴿٧٩﴾

၇၉။ ထို့ပြင်ညဦး၏အစိတ်အပိုင်းတစ်ရပ်တွင်လည်း ဤ(ကုရ်အာန်)ဖြင့် 'တာဟ်ဂျဒ်'ဝတ်ပြုပါလေ။ ဤသည် အသင့်အဖို့ 'နဖီလ်'အထူးပြုကောင်းမှုဖြစ်ပေမည်။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အသင့်အား 'မကာမေမဟ်မူးဒ်'ဂုဏ်ဒြပ်မြင့်မားသောအဆင့်သို့ ပို့ဆောင်တော်မူရန်နီးစပ်ပေ၏။

وَقُلْ رَّبِّ اَدْخِلْنِيْ مُدْخَلَ صِدْقٍ وَّاَخْرِجْنِيْ مُخْرَجَ صِدْقٍ وَّاجْعَلْ لِّيْ مِنْ لَّدُنْكَ سُلْطٰنًا نَّصِيْرًا ﴿٨٠﴾

၈၀။ ထို့ပြင် အသင်သည် ဤသို့လျှောက်ထားပါလေ၊ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုး၏ဝင်ရောက်ခြင်းကို မှန်ကန်သော ဝင်ရောက်ခြင်းဖြစ်စေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုး၏ ထွက်ခွာခြင်းကိုလည်း မှန်ကန်သော ထွက်ခွာခြင်းဖြစ်စေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအဖို့ အရှင့်ထံတော်မှ စွမ်းအားကြီးမားသော ကူညီစောင်မသူကို ပေးသနားတော်မူပါ။

وَقُلْ جَآءَ الْحَقُّ وَزَهَقَ الْبَاطِلُ ؕ اِنَّ الْبَاطِلَ كَانَ زَهُوْقًا ﴿۸۱﴾

၈၂။ ထို့ပြင် ပြောကြားပါလေ၊ အမှန်သည် ရောက်ရှိလာပြီး အမှားသည် ထွက်ပြေးခဲ့လေပြီ။ ဧကန်မလွဲ အမှားသည် ထွက်ပြေးရမည်သာတည်း။

وَنُنَزِّلُ مِنَ الْقُرْاٰنِ مَا هُوَ شِفَآءٌ وَّرَحْمَةٌ لِّلْمُؤْمِنِيْنَ ۙ وَلَا يَزِيْدُ الظّٰلِمِيْنَ اِلَّا خَسَارًا ﴿۸۲﴾

၈၃။ ငါတို့သည် သက်ဝင်ယုံကြည်သူတို့အဖို့ ကုရ်အာန်တွင် ပျောက်ကင်းချမ်းသာစေရာနှင့် ကရုဏာတော်ကို ချပေးသနား တော်မူ၏။ သို့ရာတွင် ယင်းသည် မတရားကျူးလွန်သူတို့အား ဆုံးရှုံးမှုမှတစ်ပါး အခြားမည်သည့်အရာကိုမျှ တိုးပွားစေမည် မဟုတ်ချေ။

وَاِذَآ اَنْعَمْنَا عَلَى الْاِنْسَانِ اَعْرَضَ وَنَاٰ بِجَانِبِهٖ ۚ وَاِذَا مَسَّهُ الشَّرُّ كَانَ يَـُٔوْسًا ﴿۸۳﴾

၈၄။ အကြင်အခါ ငါတို့က လူသားအား ကျေးဇူးပြုတော်မူ သောအခါ သူသည် မျက်နှာလွှဲ၍ ရှောင်ထွက်သွားလေသည်။ သို့ရာတွင် သူ့ထံ ဘေးဒုက္ခတစ်စုံတစ်ရာ သက်ရောက်သော အခါ လွန်စွာမှ စိတ်ဓာတ်ကျဆင်းသွားလေသည်။

قُلْ كُلٌّ يَّعْمَلُ عَلٰى شَاكِلَتِهٖ ؕ فَرَبُّكُمْ اَعْلَمُ بِمَنْ هُوَ اَهْدٰى سَبِيْلًا ﴿۸۴﴾ ع

၈၅။ အသင်ပြောကြားပါလေ၊ အားလုံးတို့သည် မိမိတို့၏ ပင်ကိုသဘာဝစိတ်သဘောအလျောက် ပြုမူကျင့်ကြံကြ၏။ စင်စစ် မည်သူသည် လမ်းအမှန်ဆုံးဖြစ်သည်ကို အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အသိဆုံးဖြစ် တော်မူပေသတည်း။

ရုကူး-၁၀

وَيَسْـَٔلُوْنَكَ عَنِ الرُّوْحِ ؕ قُلِ الرُّوْحُ مِنْ اَمْرِ رَبِّىْ وَمَآ اُوْتِيْتُمْ مِّنَ الْعِلْمِ اِلَّا قَلِيْلًا ﴿۸۵﴾

၈၆။ ၎င်းတို့သည် အသင့်အား 'ရူဟ်' ဝိညာဉ်နှင့်စပ်လျဉ်း၍ မေးမြန်းကြ၏။ အသင်ပြောကြားပါလေ။ ဝိညာဉ်သည် ကျွန်ုပ် အား ဖန်ဆင်းမွေးမြူရှင်၏ အမိန့်တော်ဖြင့် ဖြစ်လာ၏။ စင်စစ် အသင်တို့သည် သာမန်အသိပညာမှတစ်ပါး အခြား မည် သည်ကိုမျှ ပေးသနားတော်မူခြင်းမခံခဲ့ရချေ။

وَلَئِنْ شِئْنَا لَنَذْهَبَنَّ بِالَّذِىْٓ اَوْحَيْنَآ اِلَيْكَ ثُمَّ لَا تَجِدُ لَكَ بِهٖ عَلَيْنَا وَكِيْلًا ﴿۸۶﴾

၈၇။ အကယ်၍ ငါတို့အလိုရှိတော်မူခဲ့ပါလျှင် အသင့်ထံ ငါ တို့ ပို့ချတော်မူသော 'ဝဟီ'ဗျာဒိတ်ကို အမှန်ပင်ပြန်လည်၍ ယူဆောင်သွားတော်မူပေမည်။ ထို့နောက် အသင်သည် ယင်း နှင့်စပ်လျဉ်းပြီး ငါတို့နှင့်ဆန့်ကျင်လျက် မည်သည့်ကူညီစောင် မသူကိုမျှ တွေ့ရလိမ့်မည်မဟုတ်ချေ။

اِلَّا رَحْمَةً مِّنْ رَّبِّكَ ؕ اِنَّ فَضْلَهٗ كَانَ عَلَيْكَ كَبِيْرًا ﴿۸۷﴾

၈၈။ သို့ရာတွင် အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်၏ ကရုဏာတော်ဖြင့်သာလျှင် (အသင်သည် ကယ်တင် ခြင်းကိုခံခဲ့ရပေသည်) စင်စင်ဧကန် အရှင်မြတ်၏ကျေးဇူး တော်သည် အသင့်အပေါ် လွန်စွာကြီးမားလှပေသည်။

قُلْ لَّئِنِ اجْتَمَعَتِ الْاِنْسُ وَالْجِنُّ عَلٰٓى اَنْ يَّاْتُوْا بِمِثْلِ هٰذَا الْقُرْاٰنِ لَا يَاْتُوْنَ

၈၉။ အသင်ပြောကြားပါလေ၊ ဤကုရ်အာန်ကျမ်းတော်နှင့် အလားတူကျမ်းကို ယူဆောင်လာရန်အတွက် အကယ်၍ လူသားနှင့် 'ဂျင်န်' အားလုံးတို့သည် စုပေါင်း၍ ၎င်းတို့အနက်

بِمِثْلِهٖ وَلَوْ كَانَ بَعْضُهُمْ لِبَعْضٍ ظَهِيْرًا ﴿٨٨﴾

အချို့က အချို့ကို ကူညီရိုင်းပင်းကြသည့်တိုင် ၎င်းတို့သည် ဤသည်နှင့်အလားတူကို ယူဆောင်လာနိုင်ကြမည်မဟုတ်ချေ။

وَلَقَدْ صَرَّفْنَا لِلنَّاسِ فِيْ هٰذَا الْقُرْاٰنِ مِنْ كُلِّ مَثَلٍ ۚ فَاَبٰٓى اَكْثَرُ النَّاسِ اِلَّا كُفُوْرًا ﴿٨٩﴾

၉၀။ ထို့ပြင် မလွဲမကင်း ငါတို့သည် ဤကုရ်အာန်ကျမ်းတွင် လူသားတို့အဖို့ အလုံးစုံသော ဥပမာများကို အနည်းနည်းအဖုံဖုံ ဖော်ပြတော်မူ၏။ သို့ရာတွင် လူအများစုသည် ကျေးဇူးကန်းလျက်သာလျှင် ငြင်းပယ်ကြလေသည်။

وَقَالُوْا لَنْ نُّؤْمِنَ لَكَ حَتّٰى تَفْجُرَ لَنَا مِنَ الْاَرْضِ يَنْۢبُوْعًا ﴿٩٠﴾

၉၁။ ထို့ပြင် သူတို့ကပြောဆိုကြ၏။အသင်သည်ကျွန်ုပ်တို့အဖို့ ကမ္ဘာမြေမှ စိမ့်စမ်းတစ်ခုပန်းထွက်အောင် မပြုလုပ်သရွေ့ ကျွန်ုပ်တို့သည် အသင့်အား အလျှင်းသင့်ဝင်ယုံကြည်ကြမည် မဟုတ်ချေ။

اَوْ تَكُوْنَ لَكَ جَنَّةٌ مِّنْ نَّخِيْلٍ وَّعِنَبٍ فَتُفَجِّرَ الْاَنْهٰرَ خِلٰلَهَا تَفْجِيْرًا ﴿٩١﴾

၉၂။ သို့တည်းမဟုတ် အသင့်အဖို့ စွန်ပလွံပင်များနှင့် စပျစ်ပင်များရှိသည့် ခြံတစ်ခုရှိရမည်ဖြစ်ပြီး အသင်သည် ယင်း၏ အလယ်ဗဟိုမှ စမ်းချောင်းများ ကောင်းစွာစီးဆင်းလာအောင် တူးဖော်ရပေမည်။

اَوْ تُسْقِطَ السَّمَآءَ كَمَا زَعَمْتَ عَلَيْنَا كِسَفًا اَوْ تَاْتِيَ بِاللّٰهِ وَالْمَلٰٓئِكَةِ قَبِيْلًا ﴿٩٢﴾

၉၃။ သို့တည်းမဟုတ် အသင်ထင်မြင်သည့်အတိုင်း မိုးကောင်းကင်ကို အစိတ်စိတ်အပိုင်းပိုင်းဖြစ်စေ၍ ကျွန်ုပ်တို့အပေါ် ကျလာအောင်ပြုလုပ်ရမည်။သို့တည်းမဟုတ် အလ္လာဟ်နှင့် ကောင်းကင်တမန်များကို ရှေ့မှောက်သို့ခေါ်ဆောင်လာရမည်။

اَوْ يَكُوْنَ لَكَ بَيْتٌ مِّنْ زُخْرُفٍ اَوْ تَرْقٰى فِي السَّمَآءِ ۭ وَلَنْ نُّؤْمِنَ لِرُقِيِّكَ حَتّٰى تُنَزِّلَ عَلَيْنَا كِتٰبًا نَّقْرَؤُهٗ ۭ قُلْ سُبْحَانَ رَبِّيْ هَلْ كُنْتُ اِلَّا بَشَرًا رَّسُوْلًا ﴿٩٣﴾

၉၄။ သို့တည်းမဟုတ် အသင့်အဖို့ ရွှေဖြင့်ပြီးသော အိမ်တစ်ဆောင်ရှိရပေမည်။ သို့တည်းမဟုတ် အသင်သည် မိုးကောင်းကင်သို့ တက်သွားရမည်။ သို့ရာတွင် အသင်သည် ကျွန်ုပ်တို့ဖတ်ရွတ်နိုင်သော ကျမ်းတစ်စောင်ကို ယူဆောင်မလာသမျှ ကျွန်ုပ်တို့သည် အသင်၏တက်ရောက်ခြင်းကို အလျှင်း ယုံကြည်လက်ခံကြမည် မဟုတ်ချေ။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် (ဤကဲ့သို့သောအကြောင်းကိစ္စများမှ) သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ကျွန်ုပ်သည်ကား လူသားတမန်တော်တစ်ပါးမှအပ အခြားမဟုတ်ချေတည်း။

ရုကူ-၁၁

وَمَا مَنَعَ النَّاسَ اَنْ يُّؤْمِنُوْٓا اِذْ جَاۗءَهُمُ الْهُدٰٓى اِلَّآ اَنْ قَالُوْٓا اَبَعَثَ اللّٰهُ بَشَرًا رَّسُوْلًا ﴿٩٤﴾

၉၅။ လူတို့ထံလမ်းညွှန်မှုရောက်ရှိလာသောအခါ အလ္လာဟ်သည် လူသားတစ်ဦးကို တမန်တော်အဖြစ်ပြု၍ စေလွှတ်တော်မူပါသလောဟုပြောဆိုခြင်းမှတစ်ပါး အခြားမည်သည့်အရာကမျှ သူတို့အား သက်ဝင်ယုံကြည်လာခြင်းမှ တားဆီးပိတ်ပင်သည် မဟုတ်ချေ။

قُلْ لَّوْ كَانَ فِي الْاَرْضِ مَلٰٓئِكَةٌ يَّمْشُوْنَ مُطْمَئِنِّيْنَ لَنَزَّلْنَا عَلَيْهِمْ مِّنَ السَّمَآءِ مَلَكًا رَّسُوْلًا ﴿٩٥﴾

၉၅။ အသင်ပြောကြားပါလေ၊ အကယ်၍ ကမ္ဘာမြေတွင် ငြိမ်းချမ်းစွာသွားလာနေထိုင်သော ကောင်းကင်တမန်များရှိခဲ့လျှင်သော်မှ ငါတို့သည် အမှန်ပင် သူတို့ထံ မိုးကောင်းကင်မှ ကောင်းကင်တမန်ကိုသာလျှင် 'ရစူလ်'တမန်တော်အဖြစ် စေလွှတ်တော်မူပေအံ့။

قُلْ كَفٰى بِاللّٰهِ شَهِيْدًا ۢ بَيْنِيْ وَبَيْنَكُمْ ؕ اِنَّهٗ كَانَ بِعِبَادِهٖ خَبِيْرًا ۢ بَصِيْرًا ﴿٩٦﴾

၉၆။ အသင်ပြောကြားပါလေ။ အလ္လာဟ်သည် ကျွန်ုပ်နှင့် အသင်တို့၏အကြားတွင် သက်သေတော်အဖြစ် လုံလောက်တော်မူပါ၏။ အမှန်ပင် အရှင်မြတ်သည် မိမိအစေတော်များကို ထာဝရသိရှိတော်မူသောအရှင်(နှင့် ၎င်းတို့အား) နက်ရှိုင်းစွာမြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။

وَمَنْ يَّهْدِ اللّٰهُ فَهُوَ الْمُهْتَدِ ۚ وَمَنْ يُّضْلِلْ فَلَنْ تَجِدَ لَهُمْ اَوْلِيَآءَ مِنْ دُوْنِهٖ ؕ وَنَحْشُرُهُمْ يَوْمَ الْقِيٰمَةِ عَلٰى وُجُوْهِهِمْ عُمْيًا وَّبُكْمًا وَّصُمًّا ؕ مَاْوٰىهُمْ جَهَنَّمُ ؕ كُلَّمَا خَبَتْ زِدْنٰهُمْ سَعِيْرًا ﴿٩٧﴾

၉၇။ ထို့ပြင် အကြင်သူအား အလ္လာဟ်က လမ်းမှန်ကို ညွှန်ပြတော်မူပါလျှင် ထိုသူသည်သာ လမ်းမှန်ကိုရရှိသူဖြစ်၏။ ထို့ပြင် အကြင်သူတို့အား ထိုအရှင်မြတ်က လမ်းလွဲသူများဟု သတ်မှတ်တော်မူပါလျှင် ထိုသူတို့အဖို့ အရှင်မြတ်နှင့်ယှဉ်လျက် အသင်သည် မည်သည့်အဆွေခင်ပွန်းကိုမျှ တွေ့ရလိမ့်မည်မဟုတ်ချေ။ ထို့ပြင် 'ကေယာမတ်'ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် ငါတို့သည် သူတို့အား မျက်နှာအောက်စိုက်ထားလျက် စုရုံးစေတော်မူမည်။ မျက်ကန်းများ၊ ဆွံ့အသူများနှင့် နားပင်းသူများ။ သူတို့၏နေရာထိုင်ခင်းမှာ 'ဂျဟန္နမ်' ငရဲဖြစ်လိမ့်မည်။ ယင်းသည် (သူတို့အပေါ်) အရှိန်လျော့သွားလေသောအခါတိုင်း ငါတို့သည် ယင်းအား လောင်ကျွမ်းမှုဌ် တိုးပွားစေတော်မူမည်။

ذٰلِكَ جَزَآؤُهُمْ بِاَنَّهُمْ كَفَرُوْا بِاٰيٰتِنَا وَقَالُوْٓا ءَاِذَا كُنَّا عِظَامًا وَّرُفَاتًا ءَاِنَّا لَمَبْعُوْثُوْنَ خَلْقًا جَدِيْدًا ﴿٩٨﴾

၉၈။ ဤကား ထိုသူတို့အတွက် အစားပေးခြင်းဖြစ်၏။ အကြောင်းမူ ယင်းတို့သည် ငါတို့၏ 'အာယတ်'တော်များကို ငြင်းပယ်ကြလျက် ကျွန်ုပ်တို့သည် အရိုးများသာကျန်ရှိ၍ အမှုန်အမွှားများဖြစ်သွားပြီးသော်မှလည်း ကျွန်ုပ်တို့သည် အမှန်ပင် သစ်လွင်သော ဖန်ဆင်းခြင်းပုံစံတစ်ရပ်ဖြင့် ရှင်ပြန်ထမြောက်ကြရပါမည်လောဟု ပြောဆိုကြ၏။

اَوَلَمْ يَرَوْا اَنَّ اللّٰهَ الَّذِيْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ قَادِرٌ عَلٰٓى اَنْ يَّخْلُقَ مِثْلَهُمْ وَجَعَلَ لَهُمْ اَجَلًا لَّا رَيْبَ فِيْهِ ؕ فَاَبَى الظّٰلِمُوْنَ اِلَّا كُفُوْرًا ﴿٩٩﴾

၉၉။ အသို့နည်း၊ မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူသော အလ္လာဟ်သည် ၎င်းတို့ကဲ့သို့သောသူတို့အား ဖန်ဆင်းတော်မူနိုင်သည့် စွမ်းအားရှိတော်မူကြောင်းကို ၎င်းတို့မသိမမြင်ကြသလော။ ထို့ပြင် ထိုအရှင်မြတ်သည် ၎င်းတို့အဖို့ အချိန်ကာလတစ်ရပ်ကို သတ်မှတ်ထားတော်မူပြီး ယင်း၌ မည်သို့မျှသံသယဖြစ်ဖွယ်ရာမရှိချေ။ သို့ရာတွင် မတရားကျူးလွန်သူတို့သည် ကျေးဇူးကန်းလျက်သာ ငြင်းပယ်ကြကြကုန်၏။

قُلْ لَّوْ اَنْتُمْ تَمْلِكُوْنَ خَزَآىِٕنَ رَحْمَةِ رَبِّيْٓ اِذًا لَّاَمْسَكْتُمْ خَشْيَةَ الْاِنْفَاقِ ؕ وَكَانَ الْاِنْسَانُ قَتُوْرًا ۝١٠٠

၁၀၁။ အသင်ပြောကြားပါလေ၊ အကယ်၍ အသင်တို့သည် ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ကရုဏာတော် ဘဏ္ဍာတိုက်များကို စိုးပိုင်သူများဖြစ်ကြလျှင်သော်မှ အသင်တို့သည် ယင်းအား သုံးစွဲကုန်ခန်းသွားမည်ကို စိုးရိမ်လျက် ယင်းကို ထိန်းချုပ်ထားမည်သာဖြစ်၏။ စင်စစ် လူသားသည် လွန်စွာ စေးနဲ့တွန့်တိုသူဖြစ်သတည်း။

ရှူကူ-၁၂

وَلَقَدْ اٰتَيْنَا مُوْسٰى تِسْعَ اٰيٰتٍۭ بَيِّنٰتٍ فَسْـَٔلْ بَنِيْٓ اِسْرَآءِيْلَ اِذْ جَآءَهُمْ فَقَالَ لَهٗ فِرْعَوْنُ اِنِّيْ لَاَظُنُّكَ يٰمُوْسٰى مَسْحُوْرًا ۝١٠١

၁၀၂။ ထို့ပြင် ဧကန်ပင် ငါတို့သည် 'မူစာ'အား ပွင့်လင်းထင်ရှားသော နိမိတ်ကိုးရပ်ကို ပေးသနားတော်မူခဲ့၏။ သို့ဖြစ်ရာ အစ္စရာအီလ်အမျိုးသားတို့အား မေးမြန်းကြည့်ပါလေ။ အကြင်အခါဝယ် သူ(မူစာ)သည် ၎င်းတို့ထံ ရောက်ရှိလာသော အခါ 'ဖိရ်အောင်'က သူ့အား အို-မူစာ ကျွန်ုပ်သည် အသင့်အား ပြုစားခြင်းခံရသူဟူ၍ သာထင်မှတ်ပေသည်ဟု ပြောလေသည်။

قَالَ لَقَدْ عَلِمْتَ مَآ اَنْزَلَ هٰٓؤُلَآءِ اِلَّا رَبُّ السَّمٰوٰتِ وَالْاَرْضِ بَصَآىِٕرَ ۚ وَاِنِّيْ لَاَظُنُّكَ يٰفِرْعَوْنُ مَثْبُوْرًا ۝١٠٢

၁၀၃။ သူ(မူစာ)က မြင်နိုင်စွမ်းကိုပေးသော ဤနိမိတ်လက္ခဏာတော်များသည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူသောအရှင်မြတ်မှလွဲ၍ အခြားမည်သူကမျှ ပို့ချတော်မမူကြောင်းကို အသင်သိရှိခဲ့ပြီးဖြစ်ပေသည်။ အို-'ဖိရ်အောင်' အမှန်ပင် အသင့်အား ပျက်စီးဆုံးရှုံးနေသူဟူ၍သာ ကျွန်ုပ်ထင်မှတ်၏ဟု ပြောကြားလေသည်။

فَاَرَادَ اَنْ يَّسْتَفِزَّهُمْ مِّنَ الْاَرْضِ فَاَغْرَقْنٰهُ وَمَنْ مَّعَهٗ جَمِيْعًا ۝١٠٣

၁၀၄။ သို့ဖြစ်ရာ ယင်း(ဖိရ်အောင်)က သူတို့အား ကမ္ဘာမြေမှ အမြစ်လှန်ပစ်ရန်ရည်ရွယ်ခဲ့လေရာ ငါတို့သည် သူနှင့်တကွ သူနှင့်အတူရှိသူအားလုံးတို့ကို နှစ်မြုပ်ပစ်တော်မူခဲ့ပေသည်။

وَّقُلْنَا مِنْۢ بَعْدِهٖ لِبَنِيْٓ اِسْرَآءِيْلَ اسْكُنُوا الْاَرْضَ فَاِذَا جَآءَ وَعْدُ الْاٰخِرَةِ جِئْنَا بِكُمْ لَفِيْفًا ۝١٠٤

၁၀၅။ ထို့ပြင် ယင်းနောက်တွင် ငါတို့က အစ္စရာအီလ်အမျိုးသားတို့အား မိန့်ကြားတော်မူသည်မှာ ကတိတော်ရနယ်မြေတွင် မှီတင်းနေထိုင်ကြလော့။ သို့ဖြစ်ရကား နောင်းခေတ်၏ ကတိတော်ရောက်ရှိလာသည့်အခါ ငါတို့သည် အသင်တို့အား တစ်ဖန်ပြန်လည်စုရုံးလျက် ဆောင်ယူလာတော်မူပေအံ့။

وَبِالْحَقِّ اَنْزَلْنٰهُ وَبِالْحَقِّ نَزَلَ ؕ وَمَآ اَرْسَلْنٰكَ اِلَّا مُبَشِّرًا وَّنَذِيْرًا ۝١٠٥

၁၀၆။ ထို့ပြင် ငါတို့သည် ယင်းကို မှန်ကန်မှုနှင့်တကွ ပို့ချတော်မူ၏။ ထို့ပြင် ထိုက်သင့်မှန်ကန်သော လိုအပ်ချက်နှင့်အညီ ယင်းကိုချပေးတော်မူ၏။ စင်စစ် ငါတို့သည် အသင့်အား သတင်းကောင်းပေးသူနှင့် သတိပေးနှိုးဆော်သူတစ်ဦးအဖြစ်မှတစ်ပါး အခြားအဖြစ်နှင့် စေလွှတ်တော်မူသည်မဟုတ်ချေ။

وَقُرْاٰنًا فَرَقْنٰهُ لِتَقْرَاَهٗ عَلَى النَّاسِ عَلٰى مُكْثٍ وَّنَزَّلْنٰهُ تَنْزِيْلًا ۝١٠٦

၁၀၇။ ကုရ်အာန်သည်ကားဤသို့တည်း၊ ငါတို့သည် ယင်းကို အပိုင်းများခွဲ၍ထားတော်မူ၏။ သို့ဖြင့် အသင်သည် လူအများ၏ရှေ့ဝယ် ယင်းကိုနား၍နား၍ဖတ်ရွတ်ရန်ဖြစ်၏။ စင်စစ်

ငါတို့သည် ယင်းကို ကြီးမားသောစွမ်းအားဖြင့် အဆင့်ဆင့် ပို့ချတော်မူ၏။

قُلْ اٰمِنُوْا بِهٖۤ اَوْ لَا تُؤْمِنُوْا ؕ اِنَّ الَّذِيْنَ اُوْتُوا الْعِلْمَ مِنْ قَبْلِهٖۤ اِذَا يُتْلٰى عَلَيْهِمْ يَخِرُّوْنَ لِلْاَذْقَانِ سُجَّدًا ۙ﴿۱۰۷﴾

၁၀၇။ အသင်ပြောကြားပါလေ။ အသင်တို့သည် ယင်းကို ယုံကြည်ကြသည်ဖြစ်စေ၊ မယုံကြည်ကြသည်ဖြစ်စေ ဧကန်ပင် ဤသည့်အလျင်က အသိပညာကိုပေးခြင်းခံခဲ့ရသောသူတို့သည် သူတို့၏ရှေ့တွင် ယင်းကို ဖတ်ရွတ်ပြသည့်အခါ သူတို့သည် မေးစေ့များထိလျက် 'စဂ်ဒါဟ်'ပြုရင်း ဝပ်တွားဦးချခဲ့ကြလေသည်။

وَّيَقُوْلُوْنَ سُبْحٰنَ رَبِّنَاۤ اِنْ كَانَ وَعْدُ رَبِّنَا لَمَفْعُوْلًا ﴿۱۰۸﴾

၁၀၈။ ၎င်းတို့က ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ အမှန်ပင် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ကတိတော်သည် မလွဲမသွေ ပြည့်စုံလာရမည်သာတည်းဟု ပြောကြားခဲ့ကြလေသည်။

وَيَخِرُّوْنَ لِلْاَذْقَانِ يَبْكُوْنَ وَيَزِيْدُهُمْ خُشُوْعًا ﴿۱۰۹﴾

၁၀၉။ သူတို့သည် မေးစေ့များထိကာ ငိုကြွေးလျက် လဲကျဝပ်တွားခဲ့ကြ၏။ စင်စစ် ယင်းသည် သူတို့အား ကျိုးနွံနှိမ့်ချမှုဒဏ်တိုးပွားစေခဲ့ပေသည်။

قُلِ ادْعُوا اللّٰهَ اَوِ ادْعُوا الرَّحْمٰنَ ؕ اَيًّا مَّا تَدْعُوْا فَلَهُ الْاَسْمَآءُ الْحُسْنٰى ۚ وَلَا تَجْهَرْ بِصَلَاتِكَ وَلَا تُخَافِتْ بِهَا وَابْتَغِ بَيْنَ ذٰلِكَ سَبِيْلًا ﴿۱۱۰﴾

၁၁၀။ အသင်ပြောကြားပါလေ၊ 'အလ္လာဟ်'ဟု ဟစ်ခေါ်တမ်းတသည်ဖြစ်စေ 'ရာဟ်မန်'ကရုဏာတော်ရှင်ဟု ဟစ်ခေါ်တမ်းတသည်ဖြစ်စေ အသင်တို့သည် မည်သည့်အမည်နာမဖြင့်ပင် ဟစ်ခေါ်တမ်းတပါစေ ကောင်းမြတ်တင့်တယ်သော အမည်နာမတော်ဟူသမျှသည် အရှင်မြတ်အဖို့သာတည်း။ ထို့ပြင် မိမိ၏'ဆွလာတ်'ဝတ်ပြုခြင်းကို အသံကျယ်လောင်စွာဖြင့်လည်းကောင်း အလွန်တိုးညှင်းစွာဖြင့်လည်းကောင်း မဖတ်ရွတ်ဘဲ ယင်းနှစ်ခု၏အကြား အလယ်အလတ်လမ်းကို ကျင့်သုံးပါလေ။

وَقُلِ الْحَمْدُ لِلّٰهِ الَّذِيْ لَمْ يَتَّخِذْ وَلَدًا وَّلَمْ يَكُنْ لَّهٗ شَرِيْكٌ فِي الْمُلْكِ وَلَمْ يَكُنْ لَّهٗ وَلِيٌّ مِّنَ الذُّلِّ وَكَبِّرْهُ تَكْبِيْرًا ﴿۱۱۱﴾

၁၁၁။ ထို့ပြင် ပြောလော့၊ ချီးမွမ်းခြင်းဟူသမျှသည် အလ္လာဟ်အဖို့သာဖြစ်၏။ ထိုအရှင်မြတ်သည် မည်သည့်အခါကမျှ သားတော်တစ်ပါးပါးကို မပြုထားခဲ့ချေ။ အရှင်မြတ်၏ စိုးမိုးအုပ်ချုပ်မှုတွင် မည်သည့်အခါမျှ မည်သူမျှ တွဲဖက်ပါဝင်ခြင်း မရှိချေ။ ထို့ပြင် အင်အားချည့်နဲခြင်းကြောင့် အရှင်မြတ်အား ကူညီရှိုင်းပင်းမည့် အဆွေခင်ပွန်းမျိုးကိုလည်း မည်သည့်အခါမျှ မလိုအပ်ချေ။ သို့ဖြစ်ရာ အသင်သည် အရှင်မြတ်၏ ကြီးမြတ်တော်မူကြောင်းကို အစွမ်းကုန်ရင့်ကျူးပါလေ။

❖ ❖ ❖

၁၈။ အလ်-ကဟ်ဖ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်သောဆူရာဟ်ဖြစ်ပြီး 'ဗစ္စမီလ္လာဟ်' အပါအဝင် 'အာယတ်'မုက္ခပါဠိတော်ပေါင်း (၁၁၁)ပိုဒ်ပါရှိသည်။ ဤဆူရာဟ်ကျရောက်သောကာလမှာ တမန်တော်မြတ်ﷺနဗူဝါတ်ရရှိပြီး လေးနှစ် သို့မဟုတ် ငါးနှစ်အကြာတွင်ဖြစ်သည်။

ဆူရာဟ် 'အလ်-ကဟ်ဖ်'ကို ဆူရာဟ် 'ဘနီအစ္စရာအီလ်'တွင်ပါဝင်သော တမန်တော် အီစာ၏ အကြောင်းနှင့် နိဒါန်းခြီထားပေသည်။ ဤဆူရာဟ်တွင် တမန်တော်အီစာﷺမှာ လူသားဖြစ်ကြောင်းကို အလွန်ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသည်။ တမန်တော် အီစာﷺ မည်သို့မွေးဖွားခဲ့ကြောင်းကို ယင်းတို့သည် လုံးဝသိနားလည်ခြင်းမရှိကြသည့်အပြင် အလ္လာဟ်အရှင်မြတ်သည် သားသမီးမွေးဖွားခြင်းမှ လုံးလုံးလျားလျား ကင်းရှင်းတော်မူကြောင်းကိုလည်း ယင်းတို့သည် သိနားလည်ခြင်းမရှိကြချေ။ အလ္လာဟ်နှင့်စပ်လျဉ်း၍ ထိုသူတို့၏ အလွန်တရာကြီးမားသော လိမ်လည်ကြွေးကြော်ချက်သည် မည်သို့သော အဆင့်မျှမရှိကြောင်းကို အလွန်မှ လွယ်ကူရှင်းလင်းသော စကားလုံးများဖြင့် ကြေညာထားတော်မူပေသည်။ ထို့နောက်တွင် ရှေးဦးခရစ်ယာန်တို့၏အကြောင်းကိုဖော်ပြတော်မူသည်မှာ သူတို့သည် ဘုရားရှင်တစ်ပါးတည်းရှိတော်မူခြင်းဝါဒကို ကာကွယ်စောင့်ရှောက်ရန်အတွက် မြေပြန့်ကိုစွန့်၍ ဥမင်လိုဏ်ခေါင်းများအတွင်း ဝင်ရောက်ခဲ့ကြလေသည်။ *'အာဆ်ဟာဘေကဟ်ဖ်'* ဥမင်လိုဏ်ခေါင်းများတွင် နေထိုင်ကြသူများအကြောင်းထက် ဦးစွာလာရှိသော အာယတ်တော်များတွင် လူသားတို့အားပေးတော်မူထားသော လောက၏ရုပ်ပိုင်းဆိုင်ရာကောင်းကျိုးချမ်းသာများမှာ သူတို့အား စမ်းသပ်ရန်အတွက်သာဖြစ်ကြောင်း၊ သို့ရာတွင် ဤသို့သော ခေတ်တစ်ခေတ်ရောက်ရှိလာ၍ ဤကောင်းကျိုးချမ်းသာများကို သူတို့ထံမှ လုယူခြင်းခံရပြီး အလ္လာဟ်အရှင်မြတ်အတွက် မြေပြန့်၏အလှအစား ဥမင်လိုဏ်ခေါင်းများတွင် ဘဝကျောင်းခြင်းကို ဦးစားပေးကြသော ထိုသူတို့ကို ပေးသနားခြီးမြင့်တော်မူမည်ဖြစ်ကြောင်း ဖော်ပြထားပေသည်။

ထို့နောက်တွင် နှစ်ခုသော 'ဂျန္နတ်'ဥယျာဉ်များ၏ဥပမာကို ဖော်ပြတော်မူ၏။ ယင်းကို အကြောင်းပြု၍ ပုဂ္ဂိုလ်တစ်ဦးက အခြားသူအား ကျွန်ုပ်မှာကား ဤသည့်အလုံးစုံကို ပေးသနားခြီးမြှင့်ခြင်းကိုခံရပေသည်။ ကျွန်ုပ်နှင့်ယှဉ်လျှင် အသင်သည် ဘာမျှမရှိသူ ပစ္စည်းမဲ့ဖြစ်ချေသည်ဟုဆိုကာ ကြွားဝါခြင်းပြုကြောင်း၊ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်ရှခြင်း မုန်တိုင်းသည် အသင်တို့၏ကောင်းကျိုးချမ်းသာများအပေါ် သို့ကျရောက်၍ အသင်တို့အား ပြာကျအောင် ပြုလုပ်လိုက်မည်ဖြစ်ကြောင်းကိုပါ တစ်ဆက်တည်း သတိပေးထားတော်မူလေသည်။ ထိုသည့် صَعِيدًا جُرُزًا ဟူသော အကြောင်းရပ်ကိုပင် အခြားသောစကားလုံးများဖြင့် ထပ်မံဖော်ပြခြင်းဖြစ်ပေသည်။

ဤဆူရာဟ်၌ပင် တမန်တော်မူစာﷺနှင့် တမန်တော်အီစာﷺတို့၏ ခရီးစဉ်အကြောင်းကို တွေ့ရပေသည်။ ယင်းခရီးဌ သူတို့အား မိမိ'အွမ္မတ်'အုပ်စုဝင်တို့၏ နောက်ဆုံးနယ်နိမိတ်ကို ပြသခြင်းခံခဲ့ရပေသည်။ ထို့ပြင် နာမ်ပိုင်းဆိုင်ရာ စားနပ်ရိက္ခာဖြစ်သော ငါးသတ္တဝါ ပင်လယ်သို့ ပြန်လည်၍ ထွက်ခွာသွားသည့်နေရာ၏ အမှတ်လက္ခဏာကိုလည်း ပြသခဲ့၏။ ဤသည် အစ္စလာမ်မပေါ်ထွန်းမီက ခရစ်ယာန်သာသနာ၏ နာမ်တရားရေးရာ ပျောက်ဆုံးနေသောခေတ်ကာလကို ရည်ညွှန်းခြင်းဖြစ်သည်။

ထို့နောက် လူအများက 'ခေဇရ်'ဟူ၍ ခေါ်သော သူတော်စင်ပုဂ္ဂိုလ်ဖြင့် တမန်တော်မြတ်ﷺအား

ပမာဆောင်၍ ဖော်ပြထားပေသည်။ တမန်တော်မြတ်ﷺအား ပေးသနားခြင်းခံရမည့် 'ဟီက်မတ်' ဉာဏ်ပညာအမြော်အမြင်သည် တမန်တော်မူစာﷺလိုက်မမီနိုင်သောပညာဖြစ်ပြီး ယင်းပညာအမြော်အမြင်၏ အဆုံးစွန်သို့တိုင်အောင် ရောက်ရှိနိုင်ရန်အတွက် လိုအပ်သော သည်းခံမှုကို တမန်တော်မူစာﷺအား ပေးသနားခြင်းမခံခဲ့ရချေ။ ထို့ပြင် ကိုယ်တော်မြတ်ﷺသည် အလွှာဟ်အရှင်မြတ်၏ 'ဟီက်မတ်'ဉာဏ်အမြော်အမြင်များ၏လျှို့ဝှက်ချက်ကို သိရှိသူအဖြစ် ပြုပေးတော်မူခြင်းခံခဲ့ရပေသည်။ ဤသည် တမန်တော် မူစာﷺထက် တမန်တော်မြတ်ﷺ၏ ထူးခြားသာလွန်မှုပင်ဖြစ်၏။

ယင်း၏နောက်တွင် *'ဇုလ်ကရ်နိုင်'*အကြောင်းလာရှိပြီး ယင်းကိုပင် တစ်ဖန် ကိုယ်တော်မြတ်ﷺအားရည်ညွှန်းလျက် ကိုယ်တော့်အား ခေတ်ကာလနှစ်ခု၏ စိုးမိုးအုပ်ချုပ်မှုအာဏာကို ပေးတော်မူမည်ဖြစ်ကြောင်း၊ တစ်ခုမှာ 'အောင်ဝါလီန်'(ရှေးဦးသူ)များဖြစ်ပြီး နောက်တစ်ခုမှာ 'အာခရီန်'(နှောင်းလူ)များဖြစ်ပေသည်။ ဇူလ်ကရ်နိုင်၏ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းဖော်ပြထားပြီး ယင်း၌များစွာသော ညွှန်းဆိုချက်များရှိနေပေရာ ဤနေရာ၌ အသေးစိတ်ဖော်ပြရန်မဖြစ်နိုင်ချေ။ သို့သော် တမန်တော်မြတ်ﷺနှင့်စပ်လျဉ်း၍ အကြောင်းရပ်တစ်ခုမှာ အခိုင်အမာရှိနေပေသည်။ အနောက်တိုင်းသားတို့၏ မှားယွင်းသော အတွေးအခေါ်များကို ညစ်ညမ်းသော ရေတွင် နေဝင်သည်နှင့် ပုံဆောင်ဖော်ပြထားလျက် တမန်တော်မြတ်ﷺ၏'အွမ္မတ်'သည် အနောက်တိုင်းအထိ ပျံ့နှံ့လိမ့်မည်ဖြစ်ကြောင်း၊ ထို့ပြင် အရှေ့တိုင်းသို့ ခရီးဆန့်ခြင်းသည် ကမ္ဘာမြေနှင့် နေတို့၏အကြားတွင် မည်သည့်အတားအဆီးမျှမရှိသည့် နယ်မြေဒေသများသို့တိုင် ရောက်ရှိမည်ဖြစ်ကြောင်းတို့ကို ရည်ညွှန်းထားပေသည်။

ဤဆူရာဟ်၏ နိဂုံးပိုင်းတွင်ခရစ်ယာန်သာသနာ၏တိုးတက်မှုနှင့် ကျဆင်းမှုတို့၏ အဖြစ်အပျက်ကို ပြတ်သားစွာသာဓကပြဆိုထားပေသည်။ တိုးတက်ခြင်းမှာ ရှေးဦးကာလမှ ထာဝရဘုရားတစ်ပါးတည်းကိုးကွယ်သူများကြောင့်ရရှိခဲ့ကြောင်း၊ ကျဆင်းရခြင်းမှာ တစ်ဆူတည်းသော ထာဝရဘုရားအား ယုံကြည်ကိုးကွယ်မှုအယူအဆသည် တဖြည်းဖြည်းပျက်ယွင်းလာလျက် ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာသော သူတော်စင်ပုဂ္ဂိုလ်များကို ဘုရားအဖြစ် လက်ခံခြင်းဖြင့် အဆုံးသတ်ခဲ့ပေသည်။ သို့ဖြစ်ရာ ယခုအခါသူတော်စင်အမည်ခံ(Saint)များကို ဘုရားအဆင့်မျိုးပေးထားကြကာ ယင်းကို ဤဆူရာဟ်၏နိဂုံးပိုင်း၌ ဤသို့ဖော်ပြထားပေသည်။ **أَفَحَسِبَ الَّذِيْنَ كَفَرُوْا اَنْ يَّتَّخِذُوْا عِبَادِىْ مِنْ دُوْنِىْ اَوْلِيَآءَ** တမန်တော်မြတ်ﷺအား ငြင်းပယ်နေကြသောသူတို့သည် အလွှာဟ်ကိုစွန့်၍ အလွှာဟ်၏အစေတော်များကို မိမိတို့၏ကာကွယ်စောင့်ရှောက်သူများအဖြစ် အဆွေခင်ပွန်းဖွဲ့နိုင်ကြမည်ဟူ၍ ထင်မြင်ယူဆကြပေသည်ဟု ဖော်ပြထားပေသည်။

ဤဆူရာဟ်သည် 'ဒဂျာလ်'နှင့်ပတ်သက်ကြောင်းဖြင့် ကိုယ်တော်မြတ်ﷺအား ပွင့်လင်းသော ဉာဏ်စဉ်ကို ပေးသနားခြင်းခံခဲ့ရပေသည်။ သို့ကြောင့်ပင် ကိုယ်တော်မြတ်ﷺက အကြင်သူသည် ဤဆူရာဟ်၏အစပိုင်း အာယတ်တော်(၁၀)ပိုဒ်နှင့် နောက်ဆုံးအာယတ်တော်(၁၀)ပိုဒ်ကို ရွတ်ဖတ်ပါလျှင် သူသည် 'ဒဂျာလ်'၏နှောင့်ယှက်မှုဘေးအန္တရာယ်မှ လုံခြုံမှုရရှိလိမ့်မည်ဟု မိန့်ကြားထားပေသည်။ ထိုမှတစ်ပါး ကိုယ်တော်မြတ်ﷺသည်လည်း လူသားတစ်ဦးမျှသာဖြစ်လင့်ကစား ကိုယ်တော်မြတ်၏နှုတ်မှ ဤသို့ကြေညာစေခဲ့ပေသည်။ ကျွန်ုပ်သည် 'ဘရှရ်'လူသားဖြစ်သည်မှန်သော်လည်း အလုံးစုံသော 'ရှရိက်' အလွှာဟ်နှင့်ယှဉ်တွဲကိုးကွယ်ခြင်းမှ ကင်းရှင်းသန့်စင်ပေသည်။ သို့ဖြစ်ရာ အသင်တို့သည်လည်း

အလ္လာဟ်အရှင်မြတ်အားဖူးတွေ့ရခြင်းအခွင့်ထူးကို အလိုရှိကြလျှင် မိမိတို့ကိုယ်ကို 'ရှရီက်'ဟူသမျှမှ ကင်းရှင်းသန့်စင်အောင်ပြုကြကုန်။ ဤတွင် အလ္လာဟ်၏ထံတော်မှ 'ဝဟီ'ဗျာဒိတ်သည် ဆက်လက်ရှိနေဦးမည်ဆိုသည်ကိုလည်း ကြိုတင်နိမိတ်ဟောကြားထားပေသည်။ အလ္လာဟ်အရှင်မြတ်၏ အပြစ်ကင်းသန့်စင်သော အစေတော်များသည် မိမိတို့ကိုယ်ကို 'ရှရီက်'မှကင်းရှင်းသန့်စင်အောင်ထားကြမည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့သောသူများနှင့်လည်း ဗျာဒိတ်ပေးစကားပြောတော်မူမည်ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ကဟ်ဖ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၁၀)ပိုဒ် ရှုကူ (၁၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اَلْحَمْدُ لِلّٰهِ الَّذِیْۤ اَنْزَلَ عَلٰی عَبْدِهِ الْكِتٰبَ وَلَمْ یَجْعَلْ لَّهٗ عِوَجًا ؕ ②

၂။ ချီးမွမ်းခြင်းဟူသမျှသည် အလ္လာဟ်အဖို့သာဖြစ်၏။ထိုအရှင်မြတ်သည် မိမိ၏အစေတော်ထံ ကျမ်းတော်ကို ချပေးသနားတော်မူ၏။ ယင်း၌ တစ်စုံတစ်ရာ ကွေ့ကောက်မှုမျှမထားရှိချေ။

قَیِّمًا لِّیُنْذِرَ بَاْسًا شَدِیْدًا مِّنْ لَّدُنْهُ وَیُبَشِّرَ الْمُؤْمِنِیْنَ الَّذِیْنَ یَعْمَلُوْنَ الصّٰلِحٰتِ اَنَّ لَهُمْ اَجْرًا حَسَنًا ۙ ③

၃။ ခိုင်ခံ့စွာတည်တံ့လျက်ရှိပြီး ခိုင်ခံ့စွာတည်စေတော်မူ၏။ သို့ဖြင့် ယင်းသည် အရှင်မြတ်ထံတော်မှ ပြင်းထန်သော ပြစ်ဒဏ်ဖြင့် သတိပေးနှိုးဆော်ရန်နှင့် ကောင်းမှုပွားများသော 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့အဖို့ အလွန် ကောင်းမြတ်သော ဆုလာဘ်(ကို သတ်မှတ်ထား)ရှိကြောင်း သတင်းကောင်းပေးရန် ဖြစ်၏။

مَّاكِثِیْنَ فِیْهِ اَبَدًا ۙ ④

၄။ သူတို့သည် ယင်း၌ အစဉ်ထာဝရ နေထိုင်ရမည့်သူများဖြစ်ကြ၏။

وَّیُنْذِرَ الَّذِیْنَ قَالُوا اتَّخَذَ اللّٰهُ وَلَدًا ۘ ⑤

၅။ ထို့ပြင် ယင်းက အလ္လာဟ်သည် သားတော်ကို ပြုထားတော်မူပြီဟုဆိုကြသောသူတို့အား သတိပေးနှိုးဆော်ရန်ဖြစ်၏။

مَا لَهُمْ بِهٖ مِنْ عِلْمٍ وَّلَا لِاٰبَآىِٕهِمْ ؕ كَبُرَتْ كَلِمَةً تَخْرُجُ مِنْ اَفْوَاهِهِمْ ؕ اِنْ یَّقُوْلُوْنَ اِلَّا كَذِبًا ⑥

၆။ သူတို့သည်လည်းကောင်း၊ သူတို့၏ အဘဘိုးဘေးတို့သည်လည်းကောင်း၊ ဤသည်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာမျှ သိရှိကြသည်မဟုတ်ချေ။ သူတို့၏နှုတ်ပါးစပ်များမှ ထွက်သောစကားသည် အလွန်ကြီးကျယ်လှပေ၏။ ၎င်းတို့သည် မုသားမှတစ်ပါး အခြားမည်သည်ကိုမျှ ပြောဆိုကြသည် မဟုတ်ချေ။

فَلَعَلَّكَ بَاخِعٌ نَّفْسَكَ عَلٰۤی اٰثَارِهِمْ اِنْ لَّمْ یُؤْمِنُوْا بِهٰذَا الْحَدِیْثِ اَسَفًا ⑦

၇။ သို့ဖြစ်ရာ၊ အကယ်၍ ထိုသူတို့သည် ဤစကားရပ်အပေါ် မယုံကြည်ကြလျှင် ယင်းတို့၏နောက်တွင် အသင်သည် ပြင်းထန်သော ပူဆွေးသောကကြောင့် မိမိ၏အသက်ကို ပျက်စီးအောင်ပြုလုပ်မည်လော။

اِنَّا جَعَلْنَا مَا عَلَی الْاَرْضِ زِیْنَةً لَّهَا لِنَبْلُوَهُمْ اَیُّهُمْ اَحْسَنُ عَمَلًا ⑧

၈။ ဧကန်မုချ၊ ငါတို့သည် ကမ္ဘာမြေပေါ်တွင် ရှိရှိသမျှတို့ကို ယင်းအတွက် လှပတင့်တယ်အောင် ပြုလုပ်ထားတော်မူ၏။ သို့ဖြင့် သူတို့အနက် မည်သူသည်အကောင်းဆုံးသော အကျင့်သီလကို ကျင့်ကြံဆောက်တည်သူဖြစ်ကြောင်းကို ငါတို့ စမ်းသပ်စစ်ဆေးတော်မူရန်ဖြစ်၏။

وَ اِنَّا لَجٰعِلُوْنَ مَا عَلَيْهَا صَعِيْدًا جُرُزًا ۝٨

၉။ ထို့ပြင် ဧကန်ပင် ငါတို့သည် ယင်းအပေါ်ရှိရှိသမျှတို့အား အသီးအပင်မပေါက်ရောက်နိုင်သော ခြောက်သွေ့မြေအဖြစ် ပြုလုပ်တော်မူပေမည်။

اَمْ حَسِبْتَ اَنَّ اَصْحٰبَ الْكَهْفِ وَ الرَّقِيْمِ ۙ كَانُوْا مِنْ اٰيٰتِنَا عَجَبًا ۝٩

၁၀။ အသို့နည်း၊ လိုဏ်ဂူများအတွင်း နေထိုင်သူများနှင့် ရေးသားသူများမှာ ငါတို့၏ နိမိတ်လက္ခဏာတော်များအနက်မှ အံ့ဖွယ်နိမိတ်တစ်ရပ်ဖြစ်ခဲ့သည်ဟု အသင်ထင်မြင်ယူဆပါသလော၊ ①

اِذْ اَوَى الْفِتْيَةُ اِلَى الْكَهْفِ فَقَالُوْا رَبَّنَاۤ اٰتِنَا مِنْ لَّدُنْكَ رَحْمَةً وَّ هَيِّئْ لَنَا مِنْ اَمْرِنَا رَشَدًا ۝١٠

၁၁။ အကြင်အခါဝယ် လူငယ်အချို့သည် လိုဏ်ဂူတစ်ခုတွင် ခိုလှုံနေကြစဉ် သူတို့က အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးတို့အား အရှင့်ထံတော်မှ ကရုဏာတော်ကို ပေးသနားတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့၏အရေးကိစ္စတွင် ကျွန်တော်မျိုးတို့အား လမ်းမှန်ကို ညွှန်ပြတော်မူပါဟု လျှောက်ထားပန်ကြားကြလေ၏။

فَضَرَبْنَا عَلٰۤى اٰذَانِهِمْ فِي الْكَهْفِ سِنِيْنَ عَدَدًا ۝١١

၁၂။ သို့ဖြစ်ရာ ငါတို့သည် လိုဏ်ဂူအတွင်းနှစ်အတန်ကြာထိ ၎င်းတို့၏နားများကို(ပြင်ပအခြေအနေများမှ)အဆက်ဖြတ်ထားတော်မူခဲ့ပေသည်။ ②

ثُمَّ بَعَثْنٰهُمْ لِنَعْلَمَ اَيُّ الْحِزْبَيْنِ اَحْصٰى لِمَا لَبِثُوْۤا اَمَدًا ۝١٢

၁၃။ ထို့မှတစ်ဖန် ငါတို့သည် ၎င်းတို့အား နိုးကြားစေတော်မူ၏။ သို့ဖြင့် သူတို့သည် (ယင်း၌) အချိန်ကာလမည်မျှကြာအောင်နေထိုင်ခဲ့သည်ကို အုပ်စုနှစ်ခုအနက် မည်သည့် အုပ်စုက ပိုမို၍မှန်ကန်စွာရေတွက်ကြောင်းကို ငါတို့ သိရှိစိမ့်သောငှာ ဖြစ်ပေသတည်း။

ရုကူး-၂

نَحْنُ نَقُصُّ عَلَيْكَ نَبَاَهُمْ بِالْحَقِّ ؕ اِنَّهُمْ فِتْيَةٌ اٰمَنُوْا بِرَبِّهِمْ وَ زِدْنٰهُمْ هُدًى ۝١٣

၁၄။ ငါတို့သည် အသင်၏ရှေ့မှောက်တွင် ၎င်းတို့၏သတင်းကိုမှန်ကန်စွာ ဖော်ပြတော်မူ၏။ ဧကန်ပင်သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကို သက်ဝင်ယုံကြည်ကြသော လူငယ်အချို့ဖြစ်၏။ ငါတို့သည် သူတို့အား တရား

① **اصحٰبُ الرَّقِيم** ဟူသည် 'ရေးသားသူများ'ဟုအဓိပ္ပာယ်ရရှိသည်။ ထိုသူတို့သည် ဥမင်လိုဏ်ဂူများအတွင်း အလွန်အရေးပါသည့် စာများကိုရေးထားခဲ့ကြပြီး ယင်းနှင့်စပ်လျဉ်း၍ မျက်မှောက်ခေတ်တွင် ဥရောပသားတို့သည် ထဲထဲဝင်ဝင် သုတေသနပြုလုပ်ရှိကြပေသည်။ ဤအာယတ်တော်မှာလည်း အံ့ခိုးဖွယ်တစ်ခုဖြစ်သည်။ *'အာဆ်ဟာဘောကဟ်ဖ်'*တို့အကြောင်းကို တမန်တော်မြတ်ﷺသည် သိကောင်းသိနိုင်မည်ဖြစ်သော်လည်း သူတို့အား **اصحٰبُ الرَّقِيم** ဟုဆိုရန်မှာကား အကွယ်မှဖြစ်ရပ်တို့ကို သိတော်မူသော *'အာလေမွလ်ဂိုက်ဘ်'* အရှင်မြတ်မှလွဲ၍ ကိုယ်တော်မြတ်ﷺအား မည်သူမျှ အသိပေးနိုင်မည်မဟုတ်ချေ။

② ဤတွင် **سِنِيْنَ** ဟူသည် ကိုးနှစ်အတွင်းကာလကို ဆိုလိုပေသည်။ အကြောင်းမူ ယင်းသည် **سَنَةٌ** ၏ **جمع قلت** (ခုဂဏန်းပြဗဟုဝုစ်ကိန်း)ဖြစ်၏။ ယင်းကို ၃ မှ ၉ အထိ ဂဏန်းများအတွက်သုံးစွဲပေသည်။ အမှန်သော်ကား ဘုရားတစ်ပါးတည်းဝါဒကို ယုံကြည်ခဲ့ကြသောခရစ်ယာန်တို့သည် မိမိတို့၏ယုံကြည်ချက်ကို ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ လိုဏ်ဂူများအတွင်းဝင်ရောက်ခဲ့ရသောကာလတစ်ခုလုံးမှာ နှစ်ပေါင်းသုံးရာထက် အနည်းငယ်ပိုပေသည်။ သို့ရာတွင် တကယ်လက်တွေ့အားဖြင့် လိုဏ်ဂူများအတွင်း၌ ၎င်းတို့နေထိုင်ခဲ့ကြရသည်မှာ ကိုးနှစ်ထက်မပိုချေ။ အကြောင်းမူ ထိုနှစ်ပေါင်းသုံးရာကာလအတွင်း ဆန့်ကျင်ရန်ပြုမူ လျော့နည်းလာသည်နှင့်အမျှ ၎င်းတို့သည် လိုဏ်ဂူများမှ ပြင်ပသို့ထွက်လာခဲ့ကြပေသည်။

လမ်းမှန်၌ တိုးပွားစေတော်မူ၏။

وَّرَبَطْنَا عَلٰى قُلُوْبِهِمْ اِذْ قَامُوْا فَقَالُوْا رَبُّنَا رَبُّ السَّمٰوٰتِ وَالْاَرْضِ لَنْ نَّدْعُوَاْ مِنْ دُوْنِهٖۤ اِلٰهًا لَّقَدْ قُلْنَاۤ اِذًا شَطَطًا ﴿۱۴﴾

၁၅။ ထို့အပြင် ငါတို့သည် ၎င်းတို့မတ်တတ်ရပ်စဉ် ၎င်းတို့၏ နှလုံးသားများကို စွမ်းအားပေးသနားတော်မူ၏။ ထို့နောက် သူတို့ လျှောက်ထားပန်ကြားကြသည်မှာ ကွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ဖန်ဆင်းမွေးမြူရှင်ဖြစ်ပါ၏၊ ကွန်တော်မျိုးတို့သည် အရှင်မြတ်မှလွဲ၍ အခြားမည်သည်ကိုမျှ ကိုးကွယ်ရာအဖြစ် ဟစ်ခေါ်တမ်းတကြမည်မဟုတ်ပါ၊ အကယ်၍ ထိုသို့ပြုခဲ့ပါသော် ကွန်တော်မျိုးတို့သည် အမှန်ပင် တရားမျှတမှုမှလွဲချော်သောစကားကို ပြောဆိုကြသူများဖြစ်ကြပါလိမ့်မည်။

هٰٓؤُلَآءِ قَوْمُنَا اتَّخَذُوْا مِنْ دُوْنِهٖۤ اٰلِهَةً ؕ لَوْلَا يَاْتُوْنَ عَلَيْهِمْ بِسُلْطٰنٍۢ بَيِّنٍ ؕ فَمَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَى اللّٰهِ كَذِبًا ﴿۱۵﴾

၁၆။ ဤကား ကွန်ုပ်တို့၏အမျိုးသားများပင်ဖြစ်ကြ၏။ သူတို့သည် အရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ဆည်းကပ်ရာကို ပြုလုပ်ထားကြ၏။ ယင်း(ကိုးကွယ်ရာများ)နှင့်စပ်လျဉ်း၍ သူတို့သည် အောင်မြင်ထင်ရှားသော သာဓကတစ်စုံတစ်ရာကို အဘယ့်ကြောင့် ယူဆောင်၍မလာကြပေသနည်း။ သို့ဖြစ်ရာ အလ္လာဟ်အား အကြောင်းခံ၍ မဟုတ်မမှန် လိမ်ဆယ်ပြောဆိုသူထက် ပိုမို၍အပြစ်ကျူးလွန်သောသူ အဘယ်သူရှိနိုင်အံ့နည်း။

وَاِذِ اعْتَزَلْتُمُوْهُمْ وَمَا يَعْبُدُوْنَ اِلَّا اللّٰهَ فَاْوٗۤا اِلَى الْكَهْفِ يَنْشُرْ لَكُمْ رَبُّكُمْ مِّنْ رَّحْمَتِهٖ وَيُهَيِّئْ لَكُمْ مِّنْ اَمْرِكُمْ مِّرْفَقًا ﴿۱۶﴾

၁၇။ သို့ဖြစ်ရာ အကြင်အခါဝယ် အသင်တို့သည် ယင်းတို့ကိုလည်းကောင်း၊ အလ္လာဟ်အပြင် ကိုးကွယ်ဆည်းကပ်ရာအဖြစ် ယင်းတို့ပြုထားကြသောအရာများကိုလည်းကောင်း စွန့်ပယ်ပြီးသောအခါ လိုဏ်ဂူဘက်သို့ခိုလှုံရန် ထွက်သွားကြလော့။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည်၊ အသင်တို့အဖို့ မိမိ၏ 'ရာဟ်မတ်'ကရုဏာတော်ကို ဖြန့်ကြက်ထားတော်မူပေအံ့။ ထို့ပြင် အသင်တို့အတွက် အသင်တို့၏အလုပ်ကို လွယ်ကူစေတော်မူပေအံ့။

وَتَرَى الشَّمْسَ اِذَا طَلَعَتْ تَّزٰوَرُ عَنْ كَهْفِهِمْ ذَاتَ الْيَمِيْنِ وَاِذَا غَرَبَتْ تَّقْرِضُهُمْ ذَاتَ الشِّمَالِ وَهُمْ فِىْ فَجْوَةٍ مِّنْهُ ؕ ذٰلِكَ مِنْ اٰيٰتِ اللّٰهِ ؕ مَنْ يَّهْدِ اللّٰهُ فَهُوَ الْمُهْتَدِ ۚ وَمَنْ يُّضْلِلْ فَلَنْ تَجِدَ لَهٗ وَلِيًّا مُّرْشِدًا ﴿۱۷﴾ ع

၁၈။ ထို့ပြင် 'နေ'ထွက်လာသောအခါ နေသည် သူတို့၏လိုဏ်ဂူမှ လက်ယာဘက်သို့ ရွှေ့သွားသည်ကိုလည်းကောင်း နေဝင်သောအခါတွင် သူတို့ကိုရှောင်ကွင်း၍ ယင်း(လိုဏ်ဂူ)၏ လက်ဝဲဘက်သို့ ဝင်ရောက်သွားသည်ကိုလည်းကောင်း အသင်သည် တွေ့မြင်ရ၏။ သူတို့သည် ယင်း၏အကြားနေရာလွတ်တစ်ခု၌ ရှိကြ၏။ ဤသည် အလ္လာဟ်၏ နိမိတ်လက္ခဏာတော်များမှဖြစ်၏။ အကြင်သူအား အလ္လာဟ်က လမ်းမှန်ကိုပြတော်မူလျှင် ထိုသူသည်ပင် လမ်းမှန်ကိုရရှိသူဖြစ်၏။ ထို့ပြင် အရှင်မြတ်က အကြင်သူအား လမ်းလွဲသူဟု သတ်မှတ်တော်မူလျှင် ထိုသူအဖို့ လမ်းမှန်ကိုညွှန်ပြမည့် မည်သည့်အဆွေခင်ပွန်းတစ်စုံတစ်ဦးကိုမျှ အသင်သည် တွေ့ရလိမ့်မည်မဟုတ်ချေတည်း။

وَ تَحْسَبُهُمْ اَيْقَاظًا وَّ هُمْ رُقُوْدٌ ۚ وَّ نُقَلِّبُهُمْ ذَاتَ الْيَمِيْنِ وَذَاتَ الشِّمَالِ ۚ وَ كَلْبُهُمْ بَاسِطٌ ذِرَاعَيْهِ بِالْوَصِيْدِ ؕ لَوِ اطَّلَعْتَ عَلَيْهِمْ لَوَلَّيْتَ مِنْهُمْ فِرَارًا وَّ لَمُلِئْتَ مِنْهُمْ رُعْبًا ۝

ရုကူး-၃

၁၉။ ထို့ပြင် အသင်သည် ယင်းတို့အားနိုးထလျက်ရှိနေသည်ဟု ထင်မှတ်၏။ အမှန်သော်ကား သူတို့သည် အိပ်စက်၍နေကြ၏။ ထို့ပြင် ငါတို့သည် သူတို့အား လက်ယာနှင့် လက်ဝဲဘက်များသို့ အပြောင်းအလဲပြုပေးနေတော်မူ၏။ သူတို့၏ ခွေးသည် တံခါးဝတွင် မိမိ၏ရှေ့ခြေနှစ်ဖက်ကို ဖြန့်လျက်ရှိနေ၏။ အကယ်၍ အသင်သည် သူတို့အား ချောင်းကြည့်ခဲ့ပါလျှင် အမှန်ပင် အသင်သည် သူတို့ထံမှကျောခိုင်း၍ ထွက်ပြေးသွားပြီး သူတို့အားကြောက်ရွံ့သောစိတ်ဖြင့် ပြည့်နှက်သွားပေအံ့။ ①

وَكَذٰلِكَ بَعَثْنٰهُمْ لِيَتَسَآءَلُوْا بَيْنَهُمْ ؕ قَالَ قَآئِلٌ مِّنْهُمْ كَمْ لَبِثْتُمْ ؕ قَالُوْا لَبِثْنَا يَوْمًا اَوْ بَعْضَ يَوْمٍ ؕ قَالُوْا رَبُّكُمْ اَعْلَمُ بِمَا لَبِثْتُمْ ۫ فَابْعَثُوْۤا اَحَدَكُمْ بِوَرِقِكُمْ هٰذِهٖۤ اِلَى الْمَدِيْنَةِ فَلْيَنْظُرْ اَيُّهَاۤ اَزْكٰى طَعَامًا فَلْيَاْتِكُمْ بِرِزْقٍ مِّنْهُ وَ لْيَتَلَطَّفْ وَلَا يُشْعِرَنَّ بِكُمْ اَحَدًا ۝

၂၀။ ၎င်းပြင် ဤသို့ပင် ငါတို့သည်သူတို့အား (မေ့လျော့ခြင်းမှ) နိုးကြားလာစေတော်မူ၏၊ သို့ဖြင့် ယင်းတို့သည် တစ်ဦးနှင့် တစ်ဦးမေးမြန်းကြရန်ဖြစ်၏။ သူတို့အနက်တစ်ဦးက အသင်တို့သည် မည်မျှကြာအောင် နေခဲ့ကြသနည်းဟုမေးမြန်းရာ ထိုသူတို့က ကျွန်ုပ်တို့သည် တစ်နေ့ သို့မဟုတ် နေ့၏တစ်စိတ်တစ်ဒေသအချိန်တာမျှ နေခဲ့ကြသည်ဟု ပြောဆိုခဲ့ကြလေသည်။ ထိုသူတို့က ပြောကြားသည်မှာ အသင်တို့အချိန်ကာလ မည်မျှနေခဲ့ကြသည်ကို အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည်သာလျှင် အသိဆုံးဖြစ်တော်မူ၏။ သို့ဖြစ်ရာ မိမိတို့အနက်မှ တစ်ဦးဦးကို မိမိတို့၏ ဤငွေဒင်္ဂါးပြားကိုပေး၍ မြို့ဘက်သို့စေလွှတ်ပါလေ။ သို့ဖြင့် သူသည်မည်သည့်အစားအစာမှာ အကောင်းမွန်ဆုံးဖြစ်သည်ကိုကြည့်၍ ယင်းမှ စားသောက်ရန်ပစ္စည်းအချို့ကို အသင်တို့အတွက် ယူဆောင်လာပါစေ။ ပရိယာယ်သုံးကာ ထိုသူတို့၏လျှို့ဝှက်ချက်ကို သိရှိရအောင်ပြုစေပါလေ။ ထို့ပြင် အသင်တို့နှင့်စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အလျှင်းအသိမပေးပါစေလင့်။

اِنَّهُمْ اِنْ يَّظْهَرُوْا عَلَيْكُمْ يَرْجُمُوْكُمْ اَوْ يُعِيْدُوْكُمْ فِيْ مِلَّتِهِمْ وَلَنْ تُفْلِحُوْۤا

၂၁။ ဧကန်မုချ ထိုသူတို့သည် အကယ်၍ အသင်တို့အားလွှမ်းမိုးအောင်နိုင်သွားခဲ့လေသော် အသင်တို့အား ခဲဖြင့်ပစ်ပေါက်၍သတ်ခြင်း သို့မဟုတ် အသင်တို့အား ၎င်းတို့၏ အယူ

① 'အသင်သည် သူတို့အား နိုးလျက်ရှိသည်ဟုထင်မှတ်ပေသည်။ အမှန်သော်ကား သူတို့မှာ အိပ်ပျော်လျက်ရှိခဲ့ကြပေသည်' ဟူသောဝါကျကို ဋီကာဖွင့်ဆိုသူတို့က အကယ်၍ အိပ်ပျော်နေခဲ့ကြသည်ဟူ၍ အဓိပ္ပာယ်ယူကြလေသည်။ ယင်းမှာ မမှန်ပေ။ ဤသို့မိန့်ကြားတော်မူရခြင်းမှာ ယင်းတို့သည် အပြင်လောက၏အခြေအနေကို မသိခဲ့ကြသောကြောင့် ဤကာလသည် သူတို့အဖို့ အိပ်ပျော်နေသည့် ကာလသဖွယ်ဖြစ်ခဲ့ရပေသည်။ အကယ်၍ အိပ်စက်နေသည်ဟု တိုက်ရိုက်အဓိပ္ပာယ်ရှိခဲ့ပါလျှင် 'အသင်သည် သူတို့အား ကြည့်ရှုပါလျှင် ယင်းကြောင့် ကြောက်ရွံ့ခြင်းကိုခံစားရလိမ့်မည်။ ထို့ပြင် အသင်၏စိတ်နှလုံးသည် ထိတ်လန့်ခြင်းဖြစ်ရလိမ့်မည်'ဟူသည့်အကြောင်းလာရှိမည်မဟုတ်ချေ။ အိပ်ပျော်နေသည့်လူကို မြင်သည့်အခါ လူသား၌ ထိတ်လန့်ခြင်းလည်းမရှိ၊ ကြောက်ရွံ့ရခြင်းလည်းမရှိချေ။ အမှန်သော်ကား ယင်းတို့မှာ အလွန်ပင် လုံလီဝီရိယရှိသူများဖြစ်ကြ၏။ ထို့ပြင် ရောမစစ်သည်များက ဥမင်လိုဏ်ဂူများအတွင်းဆင်းလျက် ထိုသူတို့အားဖမ်းဆီးရန်ကြိုးစားသည့်အခါ သူတို့၏ လုံခြုံရေးအတွက် လိုဏ်ဂူအဝတွင် စောင့်ကြပ်နေသော ခွေးတစ်ကောင်ကိုတွေ့ကြရလေသည်။ ခွေးဟောင်သံကြားရသည်နှင့် တိုက်ခိုက်ရန်ဝင်ရောက်လာပြီဖြစ်ကြောင်း ယင်းတို့နားလည်လိုက်ကြပြီး မိမိတို့ကိုယ်ကို ကာကွယ်ရန်နှင့် ပုန်းအောင်းကြရန် အသင့်ဖြစ်သွားကြလေသည်။

اِذًا اَبَدًا ﴿۱۹﴾

ဝါဒဘက်သို့ ပြန်လည်၍ သိမ်းသွင်းခြင်းကိုပြုမည့်သူများ ဖြစ်ကြ၏။ ထို့ပြင် ရလဒ်အားဖြင့် အသင်တို့သည် မည်သည့်အခါမျှ အောင်မြင်မှုရကြတော့မည်မဟုတ်ချေ။

وَكَذٰلِكَ اَعْثَرْنَا عَلَيْهِمْ لِيَعْلَمُوْٓا اَنَّ وَعْدَ اللّٰهِ حَقٌّ وَّاَنَّ السَّاعَةَ لَا رَيْبَ فِيْهَا ۚ اِذْ يَتَنَازَعُوْنَ بَيْنَهُمْ اَمْرَهُمْ فَقَالُوا ابْنُوْا عَلَيْهِمْ بُنْيَانًا ۗ رَبُّهُمْ اَعْلَمُ بِهِمْ ۗ قَالَ الَّذِيْنَ غَلَبُوْا عَلٰٓى اَمْرِهِمْ لَنَتَّخِذَنَّ عَلَيْهِمْ مَّسْجِدًا ﴿۲۱﴾

၂၂။ ၎င်းပြင် ဤကဲ့သို့ပင် ငါတို့သည် သူတို့၏အခြေအနေကို သိရှိစေတော်မူ၏။ သို့ဖြင့် အလ္လာဟ်၏ကတိတော်မှန်ကန်ကြောင်းကိုလည်းကောင်း၊ တော်လှန်ပြောင်းလဲမည့် အခွိန်နာရီမှာ မည်သို့မျှ သံသယဖြစ်ဖွယ်ရာမရှိကြောင်းကိုလည်းကောင်း ထိုသူတို့သိရှိကြစေရန်ဖြစ်၏။ ထိုသူတို့အချင်းချင်း အခြေအတင်ငြင်းခုံနေခဲ့ကြစဉ် သူတို့အနက်မှ အချို့က သူတို့နှင့်စပ်လျဉ်း၍ အမှတ်တရအဆောက်အအုံတစ်ခုခုကို တည်ဆောက်ကြကုန်ဟု ပြောဆိုခဲ့လေသည်။ သူတို့၏ဖန်ဆင်းမွေးမြူရှင်သည် သူတို့နှင့်စပ်လျဉ်း၍ အသိရှိဆုံးဖြစ်တော်မူ၏။ မိမိတို့၏ဆုံးဖြတ်ချက်တွင် အောင်မြင်သူတို့က ကျွန်ုပ်တို့သည် အမှန်ပင် သူတို့နှင့်စပ်လျဉ်း၍ ဝတ်ပြုရာကျောင်းတော် တစ်ဆောင်ကို တည်ဆောက်ကြမည်ဟုပြောဆိုခဲ့ကြပေသည်။

سَيَقُوْلُوْنَ ثَلٰثَةٌ رَّابِعُهُمْ كَلْبُهُمْ ۚ وَيَقُوْلُوْنَ خَمْسَةٌ سَادِسُهُمْ كَلْبُهُمْ رَجْمًاۢ بِالْغَيْبِ ۚ وَيَقُوْلُوْنَ سَبْعَةٌ وَّثَامِنُهُمْ كَلْبُهُمْ ۗ قُلْ رَّبِّيْٓ اَعْلَمُ بِعِدَّتِهِمْ مَّا يَعْلَمُهُمْ اِلَّا قَلِيْلٌ ۗ فَلَا تُمَارِ فِيْهِمْ اِلَّا مِرَآءً ظَاهِرًا ۖ وَّلَا تَسْتَفْتِ فِيْهِمْ مِّنْهُمْ اَحَدًا ﴿۲۲﴾

۲۲။ ထိုသူတို့က ၎င်းတို့သည် သုံးဦးဖြစ်ပြီး စတုတ္ထမှာ သူတို့၏ ခွေးဖြစ်သည်ဟု အမှန်ပင်ပြောဆိုကြပေမည်။ ထို့ပြင် သူတို့က မမြင်ဘဲ မှန်းဆ၍ ၎င်းတို့သည် ငါးဦးဖြစ်ပြီး ဆဋ္ဌမမှာ ၎င်းတို့၏ခွေးဖြစ်သည်ဟု ပြောဆိုကြလိမ့်မည်။ ထိုမှတစ်ဖန် ၎င်းတို့သည် ခုနစ်ဦးဖြစ်ပြီး အဋ္ဌမမှာ သူတို့၏ခွေးဖြစ်သည်ဟု ပြောကြပေမည်။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည်သာလျှင် သူတို့၏အရေအတွက်ကိုအသိဆုံးဖြစ်တော်မူ၏။ ထို့ပြင် (အရှင်မြတ်မှလွဲ၍) မည်သူတစ်ဦးတစ်ယောက်သော်မျှ ၎င်းတို့ကိုသိရှိသည်မဟုတ်ချေ။ ★သို့ဖြစ်ရာ အသင်သည် ၎င်းတို့နှင့်စပ်လျဉ်း၍ အပေါ်ယံ ပြောဆိုမှုမှအပ ငြင်းခုံမှုကိုမပြုလင့်၊ ထို့ပြင် ထိုသူတို့နှင့်စပ်လျဉ်း၍ ယင်းတို့အနက် မည်သူ့ထံတွင်မှ တစ်စုံတစ်ရာ မေးမြန်းခြင်းကိုမပြုလင့်။ ①

★ لَا قَلِيْلٌ ၏ ဤအဓိပ္ပာယ်ပြန်ဆိုချက်ကို 'အကွရဘွလ်မဝါရီဒ်' အဘိဓာန်တွင်ရှု။

① *'အာဆ်ဟာဘေကဟ်ဖ်'*၏အရေအတွက်နှင့်စပ်လျဉ်း၍ ဆင့်ပြန်ချက်အမျိုးမျိုးတွေ့ရှိရသည်။ သို့ရာတွင် ထိုဖော်ပြချက်တိုင်းတွင် အရေအတွက်ကိုဖော်ပြခြင်းနှင့်အတူ သူတို့၏'ခွေး'အကြောင်းလည်းပါရှိသည်။ ခရစ်ယာန်အမျိုးသားတို့သည် ခွေးကိုချစ်ခင်ကြပြီး အဘယ့်ကြောင့် ဤသို့ ခွေးကိုချစ်ရကြောင်း ယခုတိုင်အောင် သူတို့နားမလည်ကြချေ။ ဤသည်နှင့်စပ်လျဉ်း၍ သမ္မာကျမ်းစာတွင် တစ်စုံတစ်ရာ ဖော်ပြချက်မတွေ့ရပေ။ စစ်မှန်သော ခရစ်ယာန်တို့သည် မိမိတို့ကိုယ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် အလွန်ရှည်လျားသောကာလတစ်ခုအထိ ခွေးကိုအသုံးချခဲ့ကြကြောင်း ကျမ်းမြတ်ကုရ်အာန်အရ သိရှိရပေသည်။ ထို့ကြောင့်ပင် သူတို့သည် မိမိတို့အပေါ်သစ္စာရှိသော အဆွေခင်ပွန်းအား ချစ်ခင်စိတ်ပေါက်ဖွားရခြင်းမှာ သဘာဝလှုံ့ဆော်မှုပင်ဖြစ်သည်။ ၎င်းတို့၏အရေအတွက်နှင့်ပတ်သက်၍မူ *'အာဆ်ဟာဘေကဟ်ဖ်'*(လိုဏ်ဂူအတွင်းနေထိုင်သူများ)နှင့်စပ်လျဉ်း၍ အသေးစိတ်အသိပညာကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေးထားခြင်းမရှိကြောင်းနှင့် ဤသည်နှင့်စပ်လျဉ်း၍ ၎င်းတို့နှင့်ပြောဆိုရာတွင် အပေါ်ယံမျှသာ ပြောဆိုပြီး အသေးစိတ်ဆွေးနွေးငြင်းခုံမှုမပြုရန် တမန်တော်မြတ်ﷺအား မိန့်တော်မူထားပေသည်။

ရုကူး-၄

وَلَا تَقُوْلَنَّ لِشَايْءٍ اِنِّيْ فَاعِلٌ ذٰلِكَ غَدًا ﴿٢٣﴾

၂၄။ ထို့ပြင် မည်သည့်အရာနှင့်စပ်လျဉ်း၍မဆို ယင်းကို ကျွန်ုပ်သည် နက်ဖြန်တွင်အမှန်ပင်ပြုလုပ်မည်ဟု အလျှင်း မပြော ဆိုလင့်၊

اِلَّآ اَنْ يَّشَآءَ اللّٰهُ ۚ وَاذْكُرْ رَّبَّكَ اِذَا نَسِيْتَ وَقُلْ عَسٰٓى اَنْ يَّهْدِيَنِ رَبِّيْ لِاَقْرَبَ مِنْ هٰذَا رَشَدًا ﴿٢٤﴾

၂၅။ အလ္လာဟ်အလိုတော်ရှိပါလျှင်ဟု ဆိုသည်မှတစ်ပါးဖြစ်၏။ ၎င်းပြင် အသင်သည် မေ့လျော့ခဲ့ပါလျှင် မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်အား သတိရတသပါလေ၊ ထို့ပြင် ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ယခင်ထက် ပို၍မှန်ကန်သောအကြောင်းအရာဘက်သို့ ကျွန်ုပ်အား လမ်းညွှန်တော်မူရန်မဝေးတော့ပြီဟု ပြောပါလေ။

وَلَبِثُوْا فِيْ كَهْفِهِمْ ثَلٰثَ مِائَةٍ سِنِيْنَ وَازْدَادُوْا تِسْعًا ﴿٢٥﴾

၂၆။ စင်စစ် ၎င်းတို့သည် မိမိတို့၏လိုဏ်ဂူတွင် နှစ်ပေါင်းသုံးရာကာလအတွင်း နှစ်အနည်းငယ်မျှ နေထိုင်ခဲ့ကြလေသည်။ ထို့နောက် သူတို့သည် ယင်း၌ ကိုး(နှစ်)ထပ်တိုးခဲ့ကြပေသည်။

قُلِ اللّٰهُ اَعْلَمُ بِمَا لَبِثُوْا ۚ لَهٗ غَيْبُ السَّمٰوٰتِ وَالْاَرْضِ ۭ اَبْصِرْ بِهٖ وَاَسْمِعْ ۭ مَا لَهُمْ مِّنْ دُوْنِهٖ مِنْ وَّلِيٍّ ۠ وَّلَا يُشْرِكُ فِيْ حُكْمِهٖٓ اَحَدًا ﴿٢٦﴾

၂၇။ အသင်ပြောကြားပါလေ။ ယင်းတို့သည် အချိန်ကာလမည်မျှကြာသည်အထိနေခဲ့ကြသည်ကို အလ္လာဟ်သည်သာအသိဆုံးဖြစ်တော်မူ၏။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေပေါ်ရှိ 'ဂိုက်ဘ်' မမြင်နိုင်သောအရာများကို အရှင်မြတ်သည်သာလျှင် ပိုင်ဆိုင်တော်မူ၏၊ အဘယ်မျှ ကောင်းစွာမြင်တော်မူသောအရှင်၊ အဘယ်မျှ ကောင်းစွာကြားတော်မူသောအရှင် ဖြစ်တော်မူဘိသနည်း၊ ထိုသူတို့အဖို့ အရှင်မြတ်မှတစ်ပါး မည်သည့်အဆွေခင်ပွန်းမျှမရှိချေ။ ၎င်းပြင် ထိုအရှင်မြတ်သည် မိမိ၏အုပ်ချုပ်မှုအာဏာ၌ မည်သူ့ကိုမျှ တွဲဖက်ပါဝင်စေတော်မူသည်မဟုတ်ချေ။

وَاتْلُ مَآ اُوْحِيَ اِلَيْكَ مِنْ كِتَابِ رَبِّكَ ۭ لَا مُبَدِّلَ لِكَلِمٰتِهٖ ۚ وَلَنْ تَجِدَ مِنْ دُوْنِهٖ مُلْتَحَدًا ﴿٢٧﴾

၂၈။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ကျမ်းတော်မှ အသင့်ထံ ထုတ်ပြန်ပို့ချသည့် 'ဝဟီ'ဗျာဒိတ်ကို ဖတ်ရွတ်ပါလေ။ အရှင်မြတ်၏ မုကွပါဠိစကားတော်များကို မည်သူတစ်ဦးတစ်ယောက်မျှ ပြောင်းလဲနိုင်လိမ့်မည်မဟုတ်ချေ။ ထို့ပြင် အသင်သည် အရှင်မြတ်မှတစ်ပါး မည်သည့်ခိုလှုံရာကိုမျှ အလျှင်းရရှိလိမ့်မည်မဟုတ်ချေ။

وَاصْبِرْ نَفْسَكَ مَعَ الَّذِيْنَ يَدْعُوْنَ رَبَّهُمْ بِالْغَدٰوةِ وَالْعَشِيِّ يُرِيْدُوْنَ وَجْهَهٗ ۚ وَلَا تَعْدُ عَيْنٰكَ عَنْهُمْ ۚ تُرِيْدُ زِيْنَةَ الْحَيٰوةِ الدُّنْيَا ۚ وَلَا تُطِعْ مَنْ

၂၉။ ထို့ပြင် အသင်ကိုယ်တိုင်လည်း သည်းခံစောင့်စည်းပြီးလျှင် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်၏ နှစ်သက်မှုကို လိုလားတောင့်တလျက် နံနက်ခင်းတွင်လည်းကောင်း၊ ညနေချမ်းတွင်လည်းကောင်း အရှင်မြတ်အား ဟစ်ခေါ်တမ်းတသူတို့နှင့်အတူရှိပါလေ။ အသင်သည်လောကီဘဝ၏အလှအပကို လိုလားတောင့်တလျက် အသင်၏အကြည့်ကို ထိုသူတို့မှ မကျော်လွန်

اَغْفَلْنَا قَلْبَهٗ عَنْ ذِكْرِنَا وَاتَّبَعَ هَوٰىهُ وَكَانَ اَمْرُهٗ فُرُطًا ﴿۲۸﴾

စေလင့်။ ထို့ပြင် ငါတို့က သူ၏စိတ်နှလုံးကို ငါအရှင်မြတ်အား သတိရတသခြင်းမှ မေ့လျော့အောင်ပြုထားသူ၊ မိမိ၏ ဆန္ဒများ နောက်သို့ တကောက်ကောက်လိုက်နေသူ၊ သူ၏အရေးကိစ္စ သည် အတိုင်းထက်အလွန်ဖြစ်နေသူ၊ ထို(သို့သော)သူ၏ နောက်သို့မလိုက်လင့်။

وَقُلِ الْحَقُّ مِنْ رَّبِّكُمْ ۟ فَمَنْ شَآءَ فَلْيُؤْمِنْ وَّمَنْ شَآءَ فَلْيَكْفُرْ ۟ اِنَّاۤ اَعْتَدْنَا لِلظّٰلِمِيْنَ نَارًا ۙ اَحَاطَ بِهِمْ سُرَادِقُهَا ؕ وَاِنْ يَّسْتَغِيْثُوْا يُغَاثُوْا بِمَآءٍ كَالْمُهْلِ يَشْوِى الْوُجُوْهَ ؕ بِئْسَ الشَّرَابُ ؕ وَسَآءَتْ مُرْتَفَقًا ﴿۲۹﴾

၃၀။ ထို့ပြင် ပြောကြားပါလေ။ အမှန်တရားဟူသည် အသင် တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ထံတော်မှ သာ ဖြစ်ပေသည်။ သို့ဖြစ်ရာ အကြင်သူသည် အလိုရှိလျှင် သက်ဝင်ယုံကြည်ပါလေ။ ထို့ပြင် အကြင်သူသည် အလိုရှိလျှင် မယုံကြည်ငြင်းပယ်နိုင်၏။ စင်စစ်ဧကန် ငါတို့သည် အမှားကျူး လွန်သူတို့အဖို့ မီးကို အသင့်စီမံထားတော်မူ၏။ ယင်း(မီး)၏ တံတိုင်းများသည် သူတို့အားဝိုင်းရံလိုက်ပေလိမ့်မည်။ ၎င်းပြင် အကယ်၍ ယင်းတို့သည် ရေကိုတောင်းခံလျှင် သူတို့အား ကြေးနီရည်ကဲ့သို့သောရေကို ပေးခြင်းခံရမည်ဖြစ်ပြီး ယင်း သည် ၎င်းတို့၏မျက်နှာများကို လောင်ကျွမ်းစေပေလိမ့်မည်။ အလွန်ပင် ဆိုးရွားလှသော သောက်သုံးဖွယ်ရာနှင့် အလွန် တရာ ဆိုးရွားလှသော နားခိုရာနေရာဖြစ်၏။

اِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ اِنَّا لَا نُضِيْعُ اَجْرَ مَنْ اَحْسَنَ عَمَلًا ﴿۳۰﴾

၃၀။ ဧကန်စင်စစ် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြ လျက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံ ဆောက်တည်ကြ၏၊ (ကြားနာကြကုန်) ငါတို့သည် ကောင်းမှု ပွားများသူတို့၏ အကျိုးဆုလာဘ်ကို အလျှင်းအချည်းနှီး ဖြစ်စေတော်မူသည် မဟုတ်ချေ။

اُولٰٓئِكَ لَهُمْ جَنّٰتُ عَدْنٍ تَجْرِىْ مِنْ تَحْتِهِمُ الْاَنْهٰرُ يُحَلَّوْنَ فِيْهَا مِنْ اَسَاوِرَ مِنْ ذَهَبٍ وَّيَلْبَسُوْنَ ثِيَابًا خُضْرًا مِّنْ سُنْدُسٍ وَّاِسْتَبْرَقٍ مُّتَّكِـِٕيْنَ فِيْهَا عَلَى الْاَرَآئِكِ ؕ نِعْمَ الثَّوَابُ ؕ وَحَسُنَتْ مُرْتَفَقًا ﴿۳۱﴾

၃၁။ ဤသူတို့သည်ကား ထိုသို့သောသူများဖြစ်ကြ၏။ သူတို့ အတွက်ထာဝရဥယျာဉ်တော်များရှိ၏၊ ၎င်းတို့၏(ခြေများ) အောက်တွင်စမ်းချောင်းများစီးဆင်းလျက်ရှိ၏။ ထိုသူတို့သည် ယင်း၌ ရွှေလက်ကောက်များကို ဝတ်ဆင်ပေးခြင်းခံကြရပေ အံ့။ ထို့ပြင် သူတို့သည် ပါးလွှာသောပိုးထည်နှင့် ထူထဲသော ပိုးထည်ဖြင့်ပြီးသည့် အစိမ်းရောင်အဝတ်ကို ဝတ်ဆင်ကြရပေ လိမ့်မည်။ သူတို့သည် ယင်း၌ သလွန်များအပေါ်တွင် လှဲမှီ၍ နေကြပေလိမ့်မည်၊ အလွန်လျှင် ကောင်းမြတ်သော အကျိုး ရလဒ်နှင့် အလွန်လျှင် ကောင်းမြတ်လှသော နားနေရာပင် ဖြစ်ပေသတည်း။

ရုကူး-၅

وَاضْرِبْ لَهُمْ مَّثَلًا رَّجُلَيْنِ جَعَلْنَا لِاَحَدِهِمَا جَنَّتَيْنِ مِنْ اَعْنَابٍ

၃၂။ ထို့ပြင် ယင်းတို့၏ရှေ့တွင် လူနှစ်ဦး၏ဥပမာကို ဖော်ပြပါ လေ။ ငါတို့သည် သူတို့အနက် တစ်ဦးအတွက် စပျစ်ခြံနှစ်ခြံ ကိုပြုလုပ်ပေးတော်မူခဲ့၏။ ၎င်းနှစ်ခြံစလုံးတွင် စွန်ပလွံပင်များ

وَّ حَفَفْنٰهُمَا بِنَخْلٍ وَّ جَعَلْنَا بَيْنَهُمَا زَرْعًا ﴿٣٢﴾

နှင့်ဝန်းရံထား၏။ ယင်းနှစ်ခုအကြားတွင်လယ်ကွက်ကို ပြုလုပ်ထားတော်မူခဲ့၏။

كِلْتَا الْجَنَّتَيْنِ اٰتَتْ اُكُلَهَا وَلَمْ تَظْلِمْ مِّنْهُ شَيْـًٔا ۙ وَّ فَجَّرْنَا خِلٰلَهُمَا نَهَرًا ﴿٣٣﴾

၃၄။ ယင်းခြံနှစ်ခုလုံးမှအသီးများသီးလျက် ယင်း၌တစ်စုံတစ်ရာ လျော့နည်းခြင်းမရှိချေ။ ၎င်းပြင် ယင်းတို့၏အကြားတွင် ငါတို့သည် စမ်းချောင်းတစ်ခုကို စီးဆင်းစေတော်မူခဲ့ပေသည်။

وَّ كَانَ لَهٗ ثَمَرٌ ۚ فَقَالَ لِصَاحِبِهٖ وَهُوَ يُحَاوِرُهٗۤ اَنَا اَكْثَرُ مِنْكَ مَالًا وَّ اَعَزُّ نَفَرًا ﴿٣٤﴾

၃၅။ ထို့သူထံ၌ အသီးများစွာ(သီးသော ဥယျာဉ်ခြံ)ရှိခဲ့၏။ သို့ဖြစ်ရာ ထိုသူသည် မိမိ၏အဆွေခင်ပွန်းနှင့် စကားပြောဆိုစဉ် ကျွန်ုပ်သည် အသင့်ထက် ပစ္စည်းဥစ္စာပိုမိုများပြား ကြွယ်ဝသည့်အပြင် အုပ်စုအားဖြင့်လည်း ပိုမို၍ တောင့်တင်းသည်ဟု ပြောဆိုခဲ့လေသည်။

وَ دَخَلَ جَنَّتَهٗ وَهُوَ ظَالِمٌ لِّنَفْسِهٖ ۚ قَالَ مَاۤ اَظُنُّ اَنْ تَبِيْدَ هٰذِهٖۤ اَبَدًا ﴿٣٥﴾

၃၆။ ထို့နောက် သူသည် မိမိ၏စိတ်ဝိညာဉ်ကို ညှဉ်းပန်းနှိပ်စက်သည့် အခြေအနေဖြင့် မိမိ၏ဥယျာဉ်အတွင်းသို့ဝင်ရောက်ခဲ့ပေသည်။ သူက ဤသည် တစ်ချိန်ချိန်တွင် ပျက်စီးသွားလိမ့်မည်ဟူ၍ ကျွန်ုပ်သည်မည်သည့်အခါကမျှ တွေးထင်ခြင်းပင်မရှိခဲ့ဟု ပြောဆိုခဲ့လေသည်။

وَّ مَاۤ اَظُنُّ السَّاعَةَ قَآئِمَةً ۙ وَّ لَئِنْ رُّدِدْتُّ اِلٰى رَبِّيْ لَاَجِدَنَّ خَيْرًا مِّنْهَا مُنْقَلَبًا ﴿٣٦﴾

၃၇။ ဤတွင်မက၊ 'ကေယာမတ်'ဖြစ်မည်ဟူ၍လည်း ကျွန်ုပ်မယုံကြည်ပါ။ အကယ်၍ ကျွန်ုပ်သည် မိမိအားဖန်ဆင်းမွေးမြူတော်မူသော အရှင်ထံတော်သို့ ပြန်လည်၍ သွားရောက်ရပါလျှင်လည်း ကျွန်ုပ်သည် အမှန်ပင် ဤသည်ထက်၊ သာလွန်ကောင်းမြတ်သောပြန်သွားရမည့်နေရာကိုရရှိပေလိမ့်မည်(ဟုပြောခဲ့၏)။

قَالَ لَهٗ صَاحِبُهٗ وَهُوَ يُحَاوِرُهٗۤ اَكَفَرْتَ بِالَّذِيْ خَلَقَكَ مِنْ تُرَابٍ ثُمَّ مِنْ نُّطْفَةٍ ثُمَّ سَوّٰىكَ رَجُلًا ﴿٣٧﴾

၃၈။ သူ့ကို သူ၏အဆွေခင်ပွန်းက သူနှင့်စကားပြောဆိုလျက်ရှိစဉ် ပြောကြားသည်မှာ၊ အသင်သည် ထိုအရှင်မြတ်အား ငြင်းပယ်သလော၊ ထိုအရှင်မြတ်သည် အသင့်အား မြေကြီးမှဖန်ဆင်းတော်မူ၏။ ထို့နောက် ကလလရည်ကြည်မှ ပြုလုပ်တော်မူ၏။ ထို့နောက်တစ်ဖန် အသင့်အား သွားလာလှုပ်ရှားသော လူသားပုံစံဖြင့် စနစ်တကျပြုလုပ်တော်မူခဲ့ပေသည်။

لٰكِنَّا۠ هُوَ اللّٰهُ رَبِّيْ وَلَاۤ اُشْرِكُ بِرَبِّيْۤ اَحَدًا ﴿٣٨﴾

၃၉။ သို့ရာတွင် (ကျွန်ုပ်ပြောလိုသည်မှာ★) ထိုအလ္လာဟ်သည်ပင် ကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်ဖြစ်တော်မူ၏။ ထို့ပြင် ကျွန်ုပ်သည် မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့်မည်သည်ကိုမျှ ယှဉ်တွဲကိုးကွယ်ရာပြုလုပ်မည်မဟုတ်ချေ။

وَلَوْلَاۤ اِذْ دَخَلْتَ جَنَّتَكَ قُلْتَ مَا شَآءَ اللّٰهُ ۙ لَا قُوَّةَ اِلَّا بِاللّٰهِ ۚ اِنْ تَرَنِ اَنَا اَقَلَّ مِنْكَ مَالًا وَّ وَلَدًا ﴿٣٩﴾

၄၀။ ထို့ပြင် အသင်သည် မိမိဥယျာဉ်ခြံအတွင်းသို့ ဝင်ရောက်ခဲ့စဉ်က အကယ်၍ အသင်သည် မိမိပစ္စည်းဥစ္စာနှင့် သားသမီးများအားဖြင့် ကျွန်ုပ်အား (အသင့်ထက်) ချို့တဲ့အားနည်းသူဟု တွေ့မြင်လျက်ရှိပါလျှင် 'မာရှာအလ္လာဟ်' အလ္လာဟ်အလိုရှိတော်မူသကဲ့သို့သာဖြစ်၏၊ 'အလ္လာဟ်၏ထံတော်မှလွဲ၍ အခြားမည်သူ

★ ဤအဓိပ္ပာယ်ကို 'တာဖ်စီရ်ရူဟွလ်မအာနီ'ကျမ်းမှ ယူထားသည်။

တွင်မျှ စွမ်းအားတစ်စုံတစ်ရာမရှိခဲ့'ဟု အသင်သည် အဘယ့်ကြောင့် မပြောဆိုခဲ့ပါသနည်း။

فَعَسٰى رَبِّيْٓ اَنْ يُّؤْتِيَنِ خَيْرًا مِّنْ جَنَّتِكَ وَيُرْسِلَ عَلَيْهَا حُسْبَانًا مِّنَ السَّمَآءِ فَتُصْبِحَ صَعِيْدًا زَلَقًا ﴿٤٠﴾

၄၀။ သို့ဖြစ်ရာ ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသောအရှင် မြတ်သည် ကျွန်ုပ်အား အသင်၏ဥယျာဉ်ထက် ပို၍ကောင်းမြတ်သည်ကို ပေးသနားတော်မူရန်နှင့် ထို(အသင်၏ဥယျာဉ်)အပေါ်သို့ ကောင်းကင်ယံမှ စမ်းသပ်စစ်ကြောမှုတစ်ရပ်အဖြစ် ပြစ်ဒဏ်တစ်စုံတစ်ရာ ကျရောက်စေပြီး ၎င်းကို ပြောင်တလင်းခါသော လွင်ပြင်အဖြစ်သို့ ပြောင်းလဲရောက်ရှိသွားစေရန် မတေးတော့်ပြီ။

اَوْ يُصْبِحَ مَآؤُهَا غَوْرًا فَلَنْ تَسْتَطِيْعَ لَهٗ طَلَبًا ﴿٤١﴾

၄၁။ သို့တည်းမဟုတ် ယင်း(ဥယျာဉ်)မှ ရေသည် အလွန်တရာ နိမ့်ဆင်းသွားပြီးနောက် အသင်သည် ယင်းကို (ပြန်လည်၍) ရယူနိုင်ရန် စွမ်းအားအလျှင်းရှိလိမ့်မည်မဟုတ်ချေ။

وَاُحِيْطَ بِثَمَرِهٖ فَاَصْبَحَ يُقَلِّبُ كَفَّيْهِ عَلٰى مَآ اَنْفَقَ فِيْهَا وَهِيَ خَاوِيَةٌ عَلٰى عُرُوْشِهَا وَيَقُوْلُ يٰلَيْتَنِيْ لَمْ اُشْرِكْ بِرَبِّيْٓ اَحَدًا ﴿٤٢﴾

၄၂။ ထို့ပြင် ယင်းမှ အသီးများသည် (ဘေးအန္တရာယ်များဖြင့်) ဝိုင်းရံခြင်းကိုခံခဲ့ရပေသည်။ သူသည် ယင်း၌မြှုပ်နှံခဲ့သည့် အရင်းအနှီးအတွက် မိမိ၏လက်ဝါးနှစ်ဖက်ကို ပွတ်လျက်ရှိနေတော့၏။ စင်စစ် ယင်း(ဥယျာဉ်)သည် မိမိ၏ အမှီအတွယ်များနှင့်အတူ မြေကြီးပေါ် လဲပြိုကျသွားခဲ့ပေသည်။ ထိုအခါ ထိုသူက ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် မည်သည်ကိုမျှ ယှဉ်ဘက်မထားခဲ့လျှင် ကောင်းလေစွဟု မြည်တမ်းပြောဆိုလေ၏။

وَلَمْ تَكُنْ لَّهٗ فِئَةٌ يَّنْصُرُوْنَهٗ مِنْ دُوْنِ اللّٰهِ وَمَا كَانَ مُنْتَصِرًا ﴿٤٣﴾

هُنَالِكَ الْوَلَايَةُ لِلّٰهِ الْحَقِّ ۭ هُوَ خَيْرٌ ثَوَابًا وَّخَيْرٌ عُقْبًا ﴿٤٤﴾

၄၃။ ထို့ပြင် ထိုသူ့အဖို့ အလ္လာဟ်နှင့်ယှဉ်ပြိုင်၍ကူညီနိုင်သောမည်သည့်အုပ်စုမျှမရှိချေ။ ထို့ပြင် သူသည် မည်သို့သော တုံ့ပြန်မှုကိုမျှ မပြုနိုင်ချေ။

၄၄။ ထိုအချိန်၌ လုပ်ပိုင်ခွင့်သည် မှန်ကန်တော်မူသော အလ္လာဟ်၏ထံတော်၌သာ လုံးလုံးလျားလျားရှိပေသည်။ ထို အရှင်မြတ်သည် တုံ့ပြန်ပေးတော်မူရာတွင် ကောင်းမြတ်တော်မူ၍ ကောင်းသောရလဒ်သို့တိုင် ပို့ဆောင်တော်မူရာ၌လည်း ကောင်းမြတ်တော်မူပေသတည်း။

ရုကူး-၆

وَاضْرِبْ لَهُمْ مَّثَلَ الْحَيٰوةِ الدُّنْيَا كَمَآءٍ اَنْزَلْنٰهُ مِنَ السَّمَآءِ فَاخْتَلَطَ بِهٖ نَبَاتُ الْاَرْضِ فَاَصْبَحَ هَشِيْمًا تَذْرُوْهُ الرِّيٰحُ ۭ وَكَانَ اللّٰهُ عَلٰي كُلِّ شَيْءٍ

၄၅။ ထို့ပြင် ၎င်းတို့၏ရှေ့မှောက်တွင် လောကီဘဝ၏ ဥပမာကို ခိုင်းနှိုင်းဖော်ပြပါလေ။ ယင်းသည် ငါတို့က မိုးကောင်းကင်မှချပေးတော်မူသည့် ရေပမာဖြစ်၏။ ယင်းနှင့်အတူ ကမ္ဘာမြေ၏ အပင်ပေါက်ရောက်မှုသည် ပေါင်းစပ်ပါဝင်သွားခဲ့လေသည်။ ထို့နောက် ယင်းသည် အစိတ်စိတ်အပိုင်းပိုင်း ဖြစ်သွားလျက် ယင်းကို လေက တိုက်ခတ်သယ်ဆောင်သွားလေ၏။ စင်စစ် အလ္လာဟ်သည် အရာရာတိုင်းအပေါ် လွန်စွာတန်ခိုး

مُّقْتَدِرًا ﴿٤٥﴾

စွမ်းအားရှိတော်မူ၏။

اَلْمَالُ وَالْبَنُوْنَ زِيْنَةُ الْحَيٰوةِ الدُّنْيَا ۚ وَالْبٰقِيٰتُ الصّٰلِحٰتُ خَيْرٌ عِنْدَ رَبِّكَ ثَوَابًا وَّخَيْرٌ اَمَلًا ﴿٤٦﴾

၄၆။ ဥစ္စာပစ္စည်းနှင့်သားသမီးတို့သည် လောကီဘဝ၏ အလှအပသာဖြစ်၏။ သို့ရာတွင် ကြွင်းကျန်ရစ်မည့် ကောင်းမှုများသည်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်တွင် အကျိုးအားဖြင့် ပိုမိုကောင်းမြတ်ပြီး မျှော်လင့်တောင့်တဖို့ရာလည်း အလွန်ကောင်းမြတ်လှပေသည်။

وَيَوْمَ نُسَيِّرُ الْجِبَالَ وَتَرَى الْاَرْضَ بَارِزَةً ۙ وَّحَشَرْنٰهُمْ فَلَمْ نُغَادِرْ مِنْهُمْ اَحَدًا ﴿٤٧﴾

၄၇။ ၎င်းပြင် အကြင်နေ့၌ ငါတို့သည် တောင်များကို ရွှေ့လျားစေတော်မူမည်။ ထို့ပြင် ကမ္ဘာမြေကြီးသည် မိမိ၏အတွင်းပိုင်းအား ဖော်ထုတ်မည်ကို အသင်တွေ့မြင်ရပေလိမ့်မည်။ ငါတို့သည် (ဤဘေးဒုက္ခ၌) ၎င်းတို့အားလုံးကို စုရုံးတော်မူမည်။ ၎င်းတို့အနက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှတ်ပေးတော်မူမည်မဟုတ်ချေ။

وَعُرِضُوْا عَلٰى رَبِّكَ صَفًّا ۭ لَقَدْ جِئْتُمُوْنَا كَمَا خَلَقْنٰكُمْ اَوَّلَ مَرَّةٍ ۭ بَلْ زَعَمْتُمْ اَلَّنْ نَّجْعَلَ لَكُمْ مَّوْعِدًا ﴿٤٨﴾

၄၈။ ထို့ပြင် ယင်းတို့သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်တွင် အတန်းလိုက်စီလျက် ရှေ့တော်သို့ သွင်းခြင်းကိုခံကြရပေအံ့။ ငါတို့သည် အသင်တို့အား ပထမအကြိမ် ဖန်ဆင်းတော်မူဘိသကဲ့သို့ အသင်တို့သည် အမှန်ပင် ငါတို့၏ရှေ့တော်မှောက်သို့ ရောက်ရှိလာခဲ့ကြပေပြီ။ သို့ရာတွင် ငါတို့က အသင်တို့အတွက် ကတိပြုထားတော်မူသည့် နေ့ရက်တစ်စုံတစ်ရာကို သတ်မှတ်တော်မူလိမ့်မည်မဟုတ်ဟု အသင်တို့ ထင်မှတ်လျက်ရှိခဲ့ကြပေသည်။

وَوُضِعَ الْكِتٰبُ فَتَرَى الْمُجْرِمِيْنَ مُشْفِقِيْنَ مِمَّا فِيْهِ وَيَقُوْلُوْنَ يٰوَيْلَتَنَا مَالِ هٰذَا الْكِتٰبِ لَا يُغَادِرُ صَغِيْرَةً وَّلَا كَبِيْرَةً اِلَّآ اَحْصٰىهَا ۚ وَوَجَدُوْا مَا عَمِلُوْا حَاضِرًا ۭ وَلَا يَظْلِمُ رَبُّكَ اَحَدًا ﴿٤٩﴾ ع

၄၉။ ထို့ပြင် စာအုပ်ကို ချပြခြင်းခံရသောအခါ အပြစ်ရှိသူတို့သည် ယင်း၌ရှိသည်တို့ကို ကြောက်ရွံ့လျက်ရှိကြောင်း အသင်မြင်တွေ့ရပေအံ့။ သူတို့က ကျွန်ုပ်တို့အဖို့ ဝမ်းနည်းဖွယ်ကောင်းလေစွ၊ ဤစာအုပ်သည် မည်သို့သောစာအုပ်ဖြစ်ပေသနည်း၊ ယင်းသည် သေးငယ်သောအကြောင်း တစ်စုံတစ်ရာကိုလည်းကောင်း၊ ကြီးမားသောအကြောင်း တစ်စုံတစ်ရာကိုလည်းကောင်း ချန်လှပ်ထားခြင်းမရှိချေ။ သို့ရာတွင် ယင်းသည် ထိုအရာ အားလုံးတို့ကို ရေတွက်ထားခဲ့ပေသည်ဟု မြည်တမ်းပြောဆိုကြပေလိမ့်မည်။ ၎င်းပြင် ယင်းတို့ပြုကျင့်လျက်ရှိနေခဲ့ကြသည်တို့ကို ရှေ့မှောက်တွင်တွေ့ရှိကြရပေလိမ့်မည်။ အမှန်ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတရားပြုတော်မူမည်မဟုတ်ချေ။

ရုကူ-၇

وَاِذْ قُلْنَا لِلْمَلٰۗىِٕكَةِ اسْجُدُوْا لِاٰدَمَ فَسَجَدُوْٓا اِلَّآ اِبْلِيْسَ ۭ كَانَ مِنَ الْجِنِّ

၅၀။ ထို့ပြင် အကြင်အခါဝယ် ငါတို့က ကောင်းကင်တမန်များအား အာဒမ်အတွက် 'စဂျဒါဟ်'ပြဉီးချကြလော့ဟုမိန့်တော်မူသောအခါ 'အီဘလီစ်'မှတစ်ပါးသူတို့အားလုံးသည် ဦးချခဲ့

فَفَسَقَ عَنْ اَمْرِ رَبِّهٖ ؕ اَفَتَتَّخِذُوْنَهٗ وَذُرِّيَّتَهٗۤ اَوْلِيَآءَ مِنْ دُوْنِيْ وَهُمْ لَكُمْ عَدُوٌّ ؕ بِئْسَ لِلظّٰلِمِيْنَ بَدَلًا ۝

ကြ၏။ သူသည် 'ဂျင်န်'များအနက်မှဖြစ်ခဲ့ပေရာ သူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ အမိန့်တော်ကို မနာခံဖီဆန်ခဲ့ပေသည်။ သို့ဖြစ်ရာ ယင်းတို့သည် အသင်တို့၏ ရန်သူများသာဖြစ်ကြပါလျက် အသင်တို့သည် ငါအရှင်မြတ်မှလွဲ၍ ယင်းနှင့် ယင်း၏နောက်လိုက်ငယ်သားများကို အဆွေခင်ပွန်းဖွဲ့ကြမည်လော။ အမှားကျူးလွန်သူတို့အဖို့ ဤသည် အလွန်ဆိုးရွားလှသော အလဲအလှယ်ဖြစ်ပေသည်။

مَاۤ اَشْهَدْتُّهُمْ خَلْقَ السَّمٰوٰتِ وَالْاَرْضِ وَلَا خَلْقَ اَنْفُسِهِمْ ۪ وَمَا كُنْتُ مُتَّخِذَ الْمُضِلِّيْنَ عَضُدًا ۝

၅၁။ ငါအရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူရာတွင်လည်းကောင်း၊ ယင်းတို့ကိုယ်တိုင်အား ဖန်ဆင်းတော်မူရာတွင်လည်းကောင်း သူတို့ကို သက်သေအဖြစ်ပြုလုပ်တော်မူခဲ့သည်မဟုတ်ချေ။ ၎င်းပြင် ငါအရှင်မြတ်သည် လမ်းလွဲအောင်ပြုသူတို့ကိုလည်း လက်ရုံးအဖြစ်ပြုလုပ်မည့်အရှင် မဟုတ်ချေ။

وَيَوْمَ يَقُوْلُ نَادُوْا شُرَكَآءِيَ الَّذِيْنَ زَعَمْتُمْ فَدَعَوْهُمْ فَلَمْ يَسْتَجِيْبُوْا لَهُمْ وَجَعَلْنَا بَيْنَهُمْ مَّوْبِقًا ۝

၅၂။ ဤတွင်မက အကြင်နေ့တွင် ထိုအရှင်မြတ်က မိန့်တော်မူမည်မှာ အသင်တို့သည် ငါအရှင်မြတ်နှင့်ယှဉ်ဘက်ထားကိုးကွယ်ရာအဖြစ်သတ်မှတ်ခဲ့ကြသော ထိုသည်တို့ကို ဟစ်ခေါ်ကြကုန်။ ထိုအခါ ယင်းတို့က ထိုသည်တို့ကို ဟစ်ခေါ်ကြလိမ့်မည်။ သို့ရာတွင် ထိုသည်တို့ကား ယင်းတို့ကို အဖြေပေးကြလိမ့်မည်မဟုတ်ချေ။ အမှန်ပင် ငါတို့သည် ယင်းတို့၏အကြားဝယ် ပျက်စီးဆုံးရှုံးမှု၏ အတားအဆီးတစ်ခုကို ကာဆီးပေးတော်မူပေအံ့။

وَرَاَ الْمُجْرِمُوْنَ النَّارَ فَظَنُّوْۤا اَنَّهُمْ مُّوَاقِعُوْهَا وَلَمْ يَجِدُوْا عَنْهَا مَصْرِفًا ۝

၅၃။ ထိုမှတပါး အပြစ်ရှိသူတို့သည် (ငရဲ)မီးကို မြင်တွေ့ကြရသည့်အခါ သူတို့သည် ယင်းသို့ကျရောက်ရမည့်သူများဖြစ်ကြောင်းကို သိရှိသွားကြပေလိမ့်မည်။ ထို့ပြင် သူတို့သည် ယင်းမှလွတ်မြောက်ထွက်ပြေးရန် မည်သည့်လမ်းကိုမျှ တွေ့ကြရလိမ့်မည် မဟုတ်ချေတည်း။

ရုကူး-၈

وَلَقَدْ صَرَّفْنَا فِيْ هٰذَا الْقُرْاٰنِ لِلنَّاسِ مِنْ كُلِّ مَثَلٍ ؕ وَكَانَ الْاِنْسَانُ اَكْثَرَ شَيْءٍ جَدَلًا ۝

၅၄။ ငါတို့သည် ဤ'ကုရ်အာန်'တွင်လူသားတို့အဖို့ အလုံးစုံသော ဥပမာပုံဆောင်ချက်များကို အနည်းနည်းအဖုံဖုံဖြင့် ကောင်းစွာဖော်ပြထားတော်မူ၏။ စင်စစ် လူသားသည် အရာရာတိုင်းထက် ပို၍အငြင်းသန်သူဖြစ်၏။

وَمَا مَنَعَ النَّاسَ اَنْ يُّؤْمِنُوْۤا اِذْ جَآءَهُمُ الْهُدٰى وَيَسْتَغْفِرُوْا رَبَّهُمْ اِلَّاۤ اَنْ تَاْتِيَهُمْ سُنَّةُ الْاَوَّلِيْنَ اَوْ يَاْتِيَهُمُ

၅၅။ ထို့ပြင် လူသားများထံ လမ်းညွှန်မှုရောက်ရှိလာသောအခါ သက်ဝင်ယုံကြည်ရန်နှင့် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်၌ ခွင့်လွှတ်ခြင်းကိုတောင်းခံရန် လူသားတို့အား မည်သည့်အရာကမျှ တားဆီးပိတ်ပင်သည် မဟုတ်ချေ။ သို့ရာတွင် သူတို့အပေါ် ရှေးလူမျိုး၏သမိုင်းတစ်ပတ်လည်စေရန်

الْعَذَابُ قُبُلًا ﴿٥٥﴾

သို့မဟုတ် သူတို့ဘက်သို့ အလျင်အမြန် ရှေ့တိုးလာနေသည့် ပြစ်ဒဏ်သည် သူတို့အား လာရောက်ဖမ်းဆီးရန် (သူတို့ လိုလားခဲ့ကြ၏)။

وَمَا نُرْسِلُ الْمُرْسَلِيْنَ اِلَّا مُبَشِّرِيْنَ وَمُنْذِرِيْنَ ۚ وَيُجَادِلُ الَّذِيْنَ كَفَرُوْا بِالْبَاطِلِ لِيُدْحِضُوْا بِهِ الْحَقَّ وَاتَّخَذُوْٓا اٰيٰتِيْ وَمَآ اُنْذِرُوْا هُزُوًا ﴿٥٦﴾

၅၆။ ၎င်းပြင် ငါတို့သည် တမန်တော်များကို သတင်းကောင်း ပေးသူများနှင့် သတိပေးနှိုးဆော်သူများအဖြစ်မှတစ်ပါး အခြား အဖြစ်ဖြင့် စေလွှတ်တော်မူသည်မဟုတ်ချေ။ မယုံကြည်ငြင်း ပယ်သူတို့သည် အမှန်ကိုပယ်ချရန်အလို့ငှာ အမှားကို အမှီပြု၍ ငြင်းခုံကြပေသည်။ ထို့ပြင် ယင်းတို့သည် ငါအရှင်မြတ်၏ နိမိတ်လက္ခဏာတော်များနှင့် ယင်းတို့အား သတိပေးနှိုးဆော်ခဲ့သည့်အကြောင်းများကို ပြောင်လှောင်ဖွယ်ရာ ပစ်မှတ်အဖြစ် ပြုလုပ်ခဲ့ကြပေသည်။

وَمَنْ اَظْلَمُ مِمَّنْ ذُكِّرَ بِاٰيٰتِ رَبِّهٖ فَاَعْرَضَ عَنْهَا وَنَسِيَ مَا قَدَّمَتْ يَدٰهُ ۭ اِنَّا جَعَلْنَا عَلٰي قُلُوْبِهِمْ اَكِنَّةً اَنْ يَّفْقَهُوْهُ وَفِيْٓ اٰذَانِهِمْ وَقْرًا ۭ وَاِنْ تَدْعُهُمْ اِلَى الْهُدٰى فَلَنْ يَّهْتَدُوْٓا اِذًا اَبَدًا ﴿٥٧﴾

၅၇။ ထို့ပြင် ထိုသူထက်ပိုမို၍ အမှားကျူးလွန်သူ မည်သူရှိနိုင်အုံးနည်း၊ သူ့ကိုဖန်ဆင်းမွေးမြူသောအရှင်မြတ်၏ မုက္ခပါဠ်တော်များဖြင့် သူ့အား သတိပေးနှိုးဆော်ခဲ့ပါလျက် ထိုသူသည် ယင်းမှသွေဖည်ခဲ့ပြီး သူ၏လက်နှစ်ဖက်စလုံးက ကြိုတင်ပို့ထားသည်များကိုလည်း မေ့လျော့သွားခဲ့ပေသည်။ ဧကန်ပင် ငါတို့သည် ယင်းကို သူတို့နားမလည်ကြစိမ့်သောငှာ သူတို့၏နှလုံးသားများအပေါ်၌ အဖုံးအကာကို ပြုပေးထားတော်မူ၏၊ ထို့ပြင် ၎င်းတို့၏နားများတွင် ဝန်ကိုတင်ရှိစေတော်မူ၏၊ အကယ်၍ အသင်သည် သူတို့အား တရားလမ်းမှန်ဘက်သို့ခေါ်လျှင်လည်း သူတို့သည် လမ်းမှန်ကို မည်သည့်အခါတွင်မျှ အလျင်းရရှိကြမည်မဟုတ်ချေ။

وَرَبُّكَ الْغَفُوْرُ ذُو الرَّحْمَةِ ۭ لَوْ يُؤَاخِذُهُمْ بِمَا كَسَبُوْا لَعَجَّلَ لَهُمُ الْعَذَابَ ۭ بَلْ لَّهُمْ مَّوْعِدٌ لَّنْ يَّجِدُوْا مِنْ دُوْنِهٖ مَوْىِلًا ﴿٥٨﴾

၅၈။ အမှန်ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်နှင့် ကြီးကျယ်သော ကရုဏာတော်ရှင်ဖြစ်တော်မူ၏။ အကယ်၍ ထိုအရှင်မြတ်သည် သူတို့ ပြုလုပ်ခဲ့သည်များအတွက် သူတို့အား ဖမ်းဆီးတော်မူပါလျှင် သူတို့အပေါ်သို့ ပြစ်ဒဏ်ကို အလျင်အမြန် ယူဆောင်လာတော်မူပေအုံး။ သို့ရာတွင် သူတို့အတွက် အချိန်တစ်ချိန်ကိုသတ်မှတ်ထားပြီး ယင်းမှ လွတ်မြောက်ရန် သူတို့သည် လမ်းတစ်စုံတစ်ရာကိုမျှ တွေ့ကြရမည်မဟုတ်ချေ။

وَتِلْكَ الْقُرٰٓى اَهْلَكْنٰهُمْ لَمَّا ظَلَمُوْا وَجَعَلْنَا لِمَهْلِكِهِمْ مَّوْعِدًا ﴿٥٩﴾

၅၉။ ထို့ပြင် ဤသည် ထိုမြို့ရွာများဖြစ်၏၊ ၎င်းတို့က မတရားကျူးလွန်ကြသောအခါ ငါတို့သည် ယင်းတို့အား ဖျက်ဆီးပစ်တော်မူခဲ့ပေသည်။ စင်စစ် ငါတို့သည် ယင်းတို့ကို ဖျက်ဆီးသုတ်သင်တော်မူရန်အတွက် အချိန်တစ်ချိန်ကို သတ်မှတ်ထားတော်မူပေသတည်း။

ရုကူး-၉

وَ اِذْ قَالَ مُوْسٰى لِفَتٰىهُ لَاۤ اَبْرَحُ حَتّٰۤى اَبْلُغَ مَجْمَعَ الْبَحْرَيْنِ اَوْ اَمْضِىَ حُقُبًا ﴿۶۰﴾

၆၀။ အကြင်အခါ၀ယ် 'မူစာ'သည် မိမိ၏အဖော်လုလင်ပျို အား ကျွန်ုပ်သည် ပင်လယ်နှစ်ခုဆုံသည့်နေရာသို့ မရောက် မချင်း ကျွန်ုပ်အနေဖြင့် ရာစုနှစ်များစွာ သွားရလင့်ကစား ရပ်နားမည်မဟုတ်ဟု ပြောကြား၏။

فَلَمَّا بَلَغَا مَجْمَعَ بَيْنِهِمَا نَسِيَا حُوْتَهُمَا فَاتَّخَذَ سَبِيْلَهٗ فِى الْبَحْرِ سَرَبًا ﴿۶۱﴾

၆၁။ သို့ဖြစ်ရာ သူတို့နှစ်ဦးသည် ယင်း(ပင်လယ်)နှစ်ခုဆုံ စည်းရာသို့ရောက်ရှိသောအခါ သူတို့သည် မိမိတို့၏ငါးကို မေ့ လျော့နေခဲ့ကြပေရာ ယင်း(ငါး)သည် ပင်လယ်တွင် မိမိ၏ လမ်းကိုတိတ်တဆိတ်ပြုလုပ်ခဲ့ပေသည်။ ①

فَلَمَّا جَاوَزَا قَالَ لِفَتٰىهُ اٰتِنَا غَدَآءَنَا ۫ لَقَدْ لَقِيْنَا مِنْ سَفَرِنَا هٰذَا نَصَبًا ﴿۶۲﴾

၆၂။ ထို့နောက် သူတို့နှစ်ဦးသည် ရှေ့သို့ ဆက်သွားကြသော အခါ သူက မိမိ၏အဖော်လုလင်ပျိုအား ကျွန်ုပ်တို့၏ အစား အစာကို ကျွန်ုပ်တို့ထံ ယူခဲ့လော့၊ ဧကန်ပင် ကျွန်ုပ်တို့သည် မိမိတို့၏ ဤခရီးကြောင့် အလွန် ပင်ပန်းနွမ်းနယ်ခဲ့ကြပေပြီဟု ပြောလေ၏။

قَالَ اَرَءَيْتَ اِذْ اَوَيْنَاۤ اِلَى الصَّخْرَةِ فَاِنِّىْ نَسِيْتُ الْحُوْتَ ۫ وَمَاۤ اَنْسٰنِيْهُ اِلَّا الشَّيْطٰنُ اَنْ اَذْكُرَهٗ ۚ وَ اتَّخَذَ سَبِيْلَهٗ فِى الْبَحْرِ ۖ عَجَبًا ﴿۶۳﴾

၆၃။ သူ(လုလင်ပျို)က- ကျွန်ုပ်တို့ ကျောက်ဆောင်ပေါ်တွင် နားခိုနေခဲ့ကြစဉ်က ကျွန်ုပ်သည် ငါးကိုမေ့လျော့သွားခဲ့သည်ကို အသင်သိပါသလော။ ကျွန်ုပ်သည် ယင်းအားသတိရရန်ကို ရှိုင်တန်မှလွဲ၍ အခြားမည်သည်ကမျှ ကျွန်ုပ်အား မေ့လျော့ စေခဲ့သည်မဟုတ်ပါ။ သို့ဖြစ်ရာ ယင်း(ငါး)သည်၊ ပင်လယ်တွင် အံ့ဖွယ်နည်းလမ်းဖြင့် မိမိ၏လမ်းကို ပြုလုပ်သွားခဲ့ပါသည်ဟု ပြောလေ၏။

قَالَ ذٰلِكَ مَا كُنَّا نَبْغِ ۚ فَارْتَدَّا عَلٰۤى اٰثَارِهِمَا قَصَصًا ﴿۶۴﴾

၆၄။ ထိုအခါ သူ(မူစာ)က ဤသည်ကိုပင် ကျွန်ုပ်တို့လိုလားခဲ့ ပေသည်ဟုပြောလေ၏။ သို့ဖြစ်ရာ သူတို့နှစ်ဦးစလုံးသည် မိမိ တို့၏ ခြေရာကိုကောက်၍ ပြန်လှည့်ခဲ့ကြလေသည်။

فَوَجَدَا عَبْدًا مِّنْ عِبَادِنَاۤ اٰتَيْنٰهُ رَحْمَةً مِّنْ عِنْدِنَا وَعَلَّمْنٰهُ مِنْ لَّدُنَّا عِلْمًا ﴿۶۵﴾

၆၅။ သို့ဖြင့် ၎င်းတို့သည် ထိုနေရာတွင် ငါတို့၏အစေတော် များအနက် ကြီးမြတ်သောအစေတော်တစ်ဦးကိုတွေ့ရှိကြ၏။ ငါတို့သည် ထိုသူအား မိမိ၏အထံတော်မှ ကြီးမားသော 'ရာဟ်မတ်' ကရုဏာတော်ကို ပေးသနားတော်မူခဲ့ပြီး သူ့အား ငါအရှင်မြတ်ကိုယ်တော်တိုင် မိမိအထံတော်မှ ပညာဉာဏ်ကို ချီးမြှင့်တော်မူခဲ့ပေသည်။

① အာယတ်တော်(၆၀၊ ၆၂)တို့တွင် တမန်တော်မူစာ ﷺ မြင်တွေ့ခဲ့ရသော *'ကန္ဓိဖ်'* (ရွှေပါရုံဗျာဒိတ်)တစ်ခုကို ညွှန်းခြင်းဖြစ်ပေ သည်။ ယင်း၌ သူ၏'အွမ္မတ်'အုပ်စုအတွင်းမှပေါ်ထွန်းလာမည့် အီစာ ﷺ အား သူနှင့်အတူ ခရီးထွက်နေသူအဖြစ် ပြသခြင်း ခံရပေသည်။ **حُوت** (ငါး)ဆိုသည်မှာ ဝိညာဉ်ရေးအာဟာရအတွက်အကြောင်းခံဖြစ်သော နာမ်တရားဆိုင်ရာ ပညာရပ်ဖြစ်ပေသည်။ **مَجْمَعُ الْبَحْرَيْن** ဆိုသည်မှာ တမန်တော်မြတ် ﷺ ၏'အွမ္မတ်'သာသနာဝင်အုပ်စုနှင့် တမန်တော်မူစာ ﷺ ၏'အွမ္မတ်'အုပ်စုတို့ ဆုံစည်းရာ ကိုညွှန်းပေသည်။ ဆိုလိုသည်မှာ တမန်တော်အီစာ ﷺ ကိုယုံကြည်လက်ခံသူများအပါအဝင် တမန်တော်မူစာ ﷺ ၏'အွမ္မတ်'အုပ်စုဝင် တို့သည် တမန်တော်မြတ် ﷺ ၏ခေတ်ကာလတိုင်အောင် ရှိနေပေမည်။ သို့ရာတွင် ထို့ထက်များစွာစောလျက် ခရစ်ယာန်သာသနာသည် ပျက်ယွင်းသွားခဲ့ပြီးဖြစ်ပေမည်။ လက်တွင်းမှ ငါးလွတ်ထွက်သွားခြင်းမှာ ဤသည်ကိုပင် ဆိုလိုခြင်းဖြစ်ပေသည်။

قَالَ لَهٗ مُوْسٰى هَلْ اَتَّبِعُكَ عَلٰٓى اَنْ تُعَلِّمَنِ مِمَّا عُلِّمْتَ رُشْدًا ﴿٦٦﴾

၆၇။ မူစာက သူ့အားပြောသည်မှာ- အသင့်အား သင်ကြားပေးခဲ့သည့် လမ်းညွှန်တော်မှ ကျွန်ုပ်ကိုလည်း သင်ကြားပေးရန်အတွက် ကျွန်ုပ်သည် အသင့်အား နောက်လိုက်မှုပြုနိုင်ပါမည်လော။

قَالَ اِنَّكَ لَنْ تَسْتَطِيْعَ مَعِيَ صَبْرًا ﴿٦٧﴾

၆၈။ သူက အသင်သည် ဧကန်ပင် ကျွန်ုပ်နှင့်အတူ သည်းခံစောင့်စည်းနိုင်စွမ်း အလျှင်းရှိလိမ့်မည်မဟုတ်ဟု ပြောကြားခဲ့လေသည်။

وَكَيْفَ تَصْبِرُ عَلٰى مَا لَمْ تُحِطْ بِهٖ خُبْرًا ﴿٦٨﴾

၆၉။ ထို့ပြင် အသင်သည် အကြင်အရာကို လက်တွေ့ ကြုံဆုံဖြတ်သန်းခြင်းမပြုပါဘဲလျက် ထိုအရာကို အသင်သည် မည်သို့သည်းခံနိုင်ပါမည်နည်း။

قَالَ سَتَجِدُنِيْٓ اِنْ شَآءَ اللّٰهُ صَابِرًا وَّلَآ اَعْصِيْ لَكَ اَمْرًا ﴿٦٩﴾

၇၀။ သူက အကယ်၍ အလ္လာဟ်အလိုတူတော်မူပါလျှင်၊ အသင်သည် ကျွန်ုပ်အားသည်းခံစောင့်စည်းသူအဖြစ် တွေ့ရပါမည်။ ထို့ပြင် ကျွန်ုပ်သည် မည်သည့်အရေးကိစ္စတွင်မျှ အသင့်အား မနာခံမှုပြုမည်မဟုတ်ပါဟု ပြောကြားလေသည်။

قَالَ فَاِنِ اتَّبَعْتَنِيْ فَلَا تَسْـَٔلْنِيْ عَنْ شَيْءٍ حَتّٰٓى اُحْدِثَ لَكَ مِنْهُ ذِكْرًا ﴿٧٠﴾ ع

၇၁။ ထိုသူက သို့ဖြစ်လျှင် အသင်သည် ကျွန်ုပ်၏နောက်သို့လိုက်လျှင် မည်သည့်အကြောင်းအရာနှင့်စပ်လျဉ်း၍မျှ အသင့်အား ကျွန်ုပ်ကိုယ်တိုင်က တစ်စုံတစ်ရာ မရှင်းပြလေသမျှ အသင်သည် ထိုအကြောင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်ထံမမေးမြန်းပါလင့်ဟု ပြောကြားလေသတည်း။

ရုကူး-၁၀

فَانْطَلَقَا ۖ حَتّٰٓى اِذَا رَكِبَا فِي السَّفِيْنَةِ خَرَقَهَا ۭ قَالَ اَخَرَقْتَهَا لِتُغْرِقَ اَهْلَهَا ۚ لَقَدْ جِئْتَ شَيْـًٔا اِمْرًا ﴿٧١﴾

၇၂။ ထို့နောက် သူတို့နှစ်ဦးသည် ထွက်ခွာခဲ့ကြ၏။ နောက်ဆုံးတွင် သူတို့သည် လှေသင်္ဘောတစ်စင်းပေါ် စီးနင်းခဲ့ကြ၏။ (ထိုသည့်နောက်) သူသည် ယင်းကို ချိုးဖျက်ပစ်လိုက်၏။ သူ(မူစာ)က ယင်း၏ပိုင်ရှင်ကို နစ်မြုပ်စေရန်အတွက် ယင်းကို ဖျက်ဆီးခဲ့ပါသလော၊ ဧကန်ပင် အသင်သည် အလွန်ဆိုးရွားသောအလုပ်ကို လုပ်ခဲ့ချေပြီဟုပြောလေ၏။

قَالَ اَلَمْ اَقُلْ اِنَّكَ لَنْ تَسْتَطِيْعَ مَعِيَ صَبْرًا ﴿٧٢﴾

၇၃။ ထိုသူက အသင်သည် ကျွန်ုပ်နှင့်အတူ သည်းခံစောင့်စည်းနိုင်စွမ်း အလျှင်းရှိလိမ့်မည်မဟုတ်ဟု ကျွန်ုပ်ပြောခဲ့သည်မဟုတ်ပါလောဟု ဆိုလေ၏။

قَالَ لَا تُؤَاخِذْنِيْ بِمَا نَسِيْتُ وَلَا تُرْهِقْنِيْ مِنْ اَمْرِيْ عُسْرًا ﴿٧٣﴾

၇၄။ သူ(မူစာ)က အသင်သည် ကျွန်ုပ်မေ့လျော့သွားခဲ့သည်ကို အရေးမယူပါနှင့်။ ထို့ပြင် ကျွန်ုပ်နှင့်စပ်လျဉ်း၍ ခက်ထန်စွာဆက်ဆံလျက် ကျွန်ုပ်အားဒုက္ခအခက်အခဲ၌ မဆိုက်ရောက်ပါစေလင့်ဟု ပြောလေ၏။

فَانْطَلَقَا ۫ حَتّٰٓى اِذَا لَقِيَا غُلٰمًا فَقَتَلَهٗ ۙ قَالَ اَقَتَلْتَ نَفْسًا زَكِيَّةًۢ بِغَيْرِ نَفْسٍ ۭ لَقَدْ جِئْتَ شَيْـــًٔا نُّكْرًا ۝۷۴

၇၄။ ထို့နောက်တစ်ဖန် သူတို့နှစ်ဦးစလုံးသည် ထွက်ခွာခဲ့ကြပေရာ သူငယ်တစ်ယောက်ကိုတွေ့ကြသောအခါ ထိုသူသည် ၎င်းအား သတ်ဖြတ်ခဲ့လေ၏။ သူ(မူစာ)က၊ အသို့ပါနည်း အသင်သည် မည်သူတစ်ဦးတစ်ယောက်၏ အသက်ကိုမျှ သတ်ဖြတ်ခဲ့ခြင်းမပြုသော အပြစ်မဲ့သူတစ်ဦး၏အသက်ကို သတ်ဖြတ်လိုက်ပါသလော။ ဧကန်ပင် အသင်သည် အလွန်မနှစ်မြို့ဖွယ်ရာသောကိစ္စရပ်ကိုပြုခဲ့ချေပြီဟု ပြောဆိုလေ၏။

قَالَ اَلَمْ اَقُلْ لَّكَ اِنَّكَ لَنْ تَسْتَطِيْعَ مَعِيَ صَبْرًا ۝۷۵

၇၅။ ထိုသူက အသင်သည် ကျွန်ုပ်နှင့်အတူ သည်းခံစောင့်စည်းနိုင်စွမ်း အလျှင်းရှိလိမ့်မည်မဟုတ်ဟု ကျွန်ုပ်ပြောခဲ့သည် မဟုတ်ပါလောဟု ဆိုလေ၏။

قَالَ اِنْ سَاَلْتُكَ عَنْ شَيْءٍۢ بَعْدَهَا فَلَا تُصٰحِبْنِيْ ۚ قَدْ بَلَغْتَ مِنْ لَّدُنِّيْ عُذْرًا ۝۷۶

၇၆။ သူ(မူစာ)က အကယ်၍ ဤသည့်နောက်တွင် ကျွန်ုပ်သည် အသင့်အား တစ်စုံတစ်ရာမေးမြန်းခဲ့ပါလျှင် ကျွန်ုပ်ကို အသင်နှင့် အတူနေခွင့်မပြုပါနှင့်။ ဧကန်စင်စစ် အသင်သည် ကျွန်ုပ်ထံမှ အကြောင်းပြချက်အလုံးစုံကို ရရှိခဲ့ပြီးဖြစ်ချေသည်ဟု ပြောလေ၏။

فَانْطَلَقَا ۫ حَتّٰٓى اِذَآ اَتَيَآ اَهْلَ قَرْيَةِۨ اسْتَطْعَمَآ اَهْلَهَا فَاَبَوْا اَنْ يُّضَيِّفُوْهُمَا فَوَجَدَا فِيْهَا جِدَارًا يُّرِيْدُ اَنْ يَّنْقَضَّ فَاَقَامَهٗ ۭ قَالَ لَوْ شِئْتَ لَتَّخَذْتَ عَلَيْهِ اَجْرًا ۝۷۷

၇၇။ သူတို့နှစ်ဦးစလုံးသည် ထိုမှတစ်ဖန် ထွက်ခွာခဲ့ကြပေရာ နောက်ဆုံးတွင် သူတို့သည် မြို့ရွာတစ်ခုသို့ရောက်ရှိကြသောအခါ ယင်း၌နေထိုင်သူများထံမှ သူတို့သည် အစားအစာကို တောင်းခံကြ၏။သို့သော် ယင်းတို့က သူတို့အား ဧည့်ဝတ်ပြုရန် ငြင်းပယ်ခဲ့ကြပေသည်။ သူတို့သည် ထိုနေရာ၌ ပြိုအုံဆဲဆဲ တံတိုင်းတစ်ခုကိုတွေ့ရှိခဲ့ကြရာ ထိုသူက ယင်းကို တည့်မတ်အောင် ပြုလုပ်ပေးခဲ့၏။ ထိုအခါ သူ(မူစာ)က အကယ်၍ အသင်အလိုရှိပါလျှင် ဤလုပ်ငန်းအတွက်လုပ်ခကို အမှန်ပင် ရယူနိုင်ခဲ့ပေသည်ဟု ပြောကြား၏။

قَالَ هٰذَا فِرَاقُ بَيْنِيْ وَبَيْنِكَ ۚ سَاُنَبِّئُكَ بِتَاْوِيْلِ مَا لَمْ تَسْتَطِعْ عَّلَيْهِ صَبْرًا ۝۷۸

၇၈။ ထိုသူက ပြော၏၊ ဤသည် ကျွန်ုပ်နှင့် အသင်၏အကြားခွဲခွာရမည့်(အချိန်)ဖြစ်၏။ အသင် သည်းခံစောင့်စည်းခြင်းမပြုနိုင်ခဲ့သော အကြောင်းကိစ္စများ၏ အဖြစ်မှန်ကို ယခုအသင့်အား ကျွန်ုပ်ပြောပြပေမည်။

اَمَّا السَّفِيْنَةُ فَكَانَتْ لِمَسٰكِيْنَ يَعْمَلُوْنَ فِي الْبَحْرِ فَاَرَدْتُّ اَنْ اَعِيْبَهَا وَكَانَ وَرَآءَهُمْ مَّلِكٌ يَّاْخُذُ كُلَّ سَفِيْنَةٍ غَصْبًا ۝۷۹

၇၉။ ထိုလှေသင်္ဘောနှင့်ပတ်သက်၍ကား ယင်းကို ပင်လယ်တွင် ကြိုးပမ်းလုပ်ကိုင်နေကြသော သူဆင်းရဲအချို့ပိုင်၏။သို့ကြောင့် ကျွန်ုပ်သည် ယင်း၌အပြစ်အနာအဆာကို ပြုလုပ်လို၏။ အကြောင်းမူ လှေသင်္ဘောဟူသမျှကို အဓမ္မသိမ်းပိုက်လျက်ရှိသော ဘုရင်တစ်ပါးသည် ယင်းတို့၏နောက်သို့ (လိုက်လျက်)ရှိသောကြောင့်ဖြစ်၏။

وَاَمَّا الْغُلٰمُ فَكَانَ اَبَوٰهُ مُؤْمِنَيْنِ فَخَشِيْنَآ اَنْ يُّرْهِقَهُمَا طُغْيَانًا وَّكُفْرًا ﴿٨٠﴾

၈၀။ ထို့ပြင် ထိုသူငယ်နှင့်စပ်လျဉ်း၍မူကား သူ၏မိဘနှစ်ပါး စလုံးသည် သက်ဝင်ယုံကြည်သူများဖြစ်ကြ၏။ သို့ဖြစ်၍ သူသည် သူတို့အား ပုန်ကန်၍ ကျေးဇူးကန်းလျက် သူတို့အပေါ် မခံမရပ်နိုင်သောဝန်ထုပ်တင်မည်ကို ကျွန်ုပ်တို့စိုးရိမ်ပေသည်။

فَاَرَدْنَآ اَنْ يُّبْدِلَهُمَا رَبُّهُمَا خَيْرًا مِّنْهُ زَكٰوةً وَّاَقْرَبَ رُحْمًا ﴿٨١﴾

၈၁။ သို့ဖြစ်၍ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က သူတို့အားစင်ကြယ်သန့်ရှင်းမှုတွင် သူ့ထက် သာလွန်ပြီး၊ ပိုမို၍သနားကြင်နာတတ်သူကို အစားပေးတော်မူရန် ကျွန်ုပ်တို့လိုလား၏။

وَاَمَّا الْجِدَارُ فَكَانَ لِغُلٰمَيْنِ يَتِيْمَيْنِ فِى الْمَدِيْنَةِ وَكَانَ تَحْتَهٗ كَنْزٌ لَّهُمَا وَكَانَ اَبُوْهُمَا صَالِحًا ۚ فَاَرَادَ رَبُّكَ اَنْ يَّبْلُغَآ اَشُدَّهُمَا وَيَسْتَخْرِجَا كَنْزَهُمَا ۖ رَحْمَةً مِّنْ رَّبِّكَ ۚ وَمَا فَعَلْتُهٗ عَنْ اَمْرِىْ ۭ ذٰلِكَ تَاْوِيْلُ مَا لَمْ تَسْطِعْ عَّلَيْهِ صَبْرًا ﴿٨٢﴾ ع

၈၂။ တံတိုင်းနှင့်စပ်လျဉ်း၍မူ ယင်းသည် ထိုမြို့တွင်နေထိုင်သော မိဘမဲ့သူငယ်နှစ်ဦးပိုင်ဖြစ်၏။ ယင်း၏အောက်တွင် ၎င်းတို့အဖို့ ရတနာများရှိ၏။ ထို့ပြင် သူတို့၏ဖခင်မှာ သူတော်ကောင်းတစ်ဦးဖြစ်၏။ သို့ကြောင့်ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ယင်းတို့နှစ်ဦးစလုံး အရွယ်ရောက်လူလားမြောက်သောအခါ မိမိတို့၏ရတနာများကို ထုတ်ယူကြရန်အလိုရှိတော်မူ၏။ ဤသည်မှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏အထံတော်မှ ကရုဏာတော်အနေဖြင့် ဖြစ်၏။ စင်စစ် ကျွန်ုပ်သည် မိမိဆန္ဒအလျောက် ဤသို့ပြုခဲ့သည်မဟုတ်ချေ။ ဤကား အသင် သည်းခံစောင့်စည်းနိုင်စွမ်းမရှိသော အကြောင်းရပ်များ၏ အနက်သဘောအမှန်ပင် ဖြစ်သတည်း။

ရုကူ-၁၁

وَيَسْـَٔلُوْنَكَ عَنْ ذِى الْقَرْنَيْنِ ۭ قُلْ سَاَتْلُوْا عَلَيْكُمْ مِّنْهُ ذِكْرًا ﴿٨٣﴾

၈၃။ ထို့ပြင် ထိုသူတို့သည် အသင့်အား 'ဇူလ်ကရ်နိုင်'နှင့် စပ်လျဉ်း၍ မေးမြန်းကြ၏။ ကျွန်ုပ်သည် အမှန်ပင် ယင်းနှင့်စပ်လျဉ်း၍ အချို့အကြောင်းကို အသင့်တို့အား ဖတ်ပြပေမည်ဟု ပြောပါလေ။

اِنَّا مَكَّنَّا لَهٗ فِى الْاَرْضِ وَاٰتَيْنٰهُ مِنْ كُلِّ شَىْءٍ سَبَبًا ﴿٨٤﴾

၈၄။ ငါတို့သည် အမှန်ပင် သူ့အား ကမ္ဘာမြေတွင် အုပ်ချုပ်မှုအာဏာကို ခိုးမြင့်တော်မူခဲ့၏။ ထို့ပြင် ခပ်သိမ်းသော လုပ်ငန်းများအတွက် နည်းပညာများကိုလည်း သူ့အား ပေးသနားတော်မူခဲ့၏။

فَاَتْبَعَ سَبَبًا ﴿٨٥﴾

၈၅။ သို့ဖြစ်ရာ သူသည် လမ်းတစ်ခုကို လိုက်ခဲ့လေသည်။

حَتّٰٓى اِذَا بَلَغَ مَغْرِبَ الشَّمْسِ وَجَدَهَا تَغْرُبُ فِىْ عَيْنٍ حَمِئَةٍ وَّوَجَدَ عِنْدَهَا قَوْمًا ۭ قُلْنَا يٰذَا الْقَرْنَيْنِ اِمَّآ اَنْ تُعَذِّبَ

၈၆။ အဆုံး၌ သူသည်နေဝင်ရာအရပ်သို့ ရောက်ရှိသွားသည့်အခါ၊ သူသည် ယင်း(နေ)ကို အနုံအသက်ဆိုးသော ရွှံ့ပုပ်များထွက်ပေါ်ရာသို့ ဝင်သွားသည်ကိုမြင်တွေ့ရကာ ယင်း၏အနီးတွင် လူမျိုးနွယ်တစ်စုကို တွေ့ရှိရလေသည်။ ငါတို့က၊ အို-'ဇူလ်ကရ်နိုင်' အသင်သည် ပြစ်ဒဏ်ပေးလိုကပေးလော့ သို့မ

وَاَمَّا مَنْ اٰمَنَ وَعَمِلَ صَالِحًا فَلَهٗ جَزَآءَ ۨ الْحُسْنٰى ۚ وَسَنَقُوْلُ لَهٗ مِنْ اَمْرِنَا يُسْرًا ﴿٨٨﴾

ဟုတ် ၎င်းတို့၏အရေးကိစ္စကို ကောင်းစွာကိုင်တွယ်လိုက ကိုင်တွယ်လေ့ဟု မိန့်ကြားတော်မူ၏။ ②

၈၈။ သူကပြောသည်မှာ အကြင်မည်သူမဆို မတရားသော အမှုကိုပြုလျှင် ကျွန်ုပ်တို့သည် သူ့အား အမှန်ပင် ပြစ်ဒဏ်ပေးမည်။ ထို့မှတစ်ဖန် ထိုသူသည် မိမိ၏ ဖန်ဆင်းမွေးမြူရှင်အထံတော်သို့ ပြန်လည်သွားရောက်ရသောအခါ အရှင်မြတ်သည် သူ့အား (ထပ်၍) ပိုမိုပြင်းထန်သော အပြစ်ဒဏ်ကို စီရင်တော်မူမည်ဖြစ်၏။

وَسَنَقُوْلُ لَهٗ مِنْ اَمْرِنَا يُسْرًا

၈၉။ သို့ရာတွင် အကြင်သူသည် သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်လေသော် ထိုသူ့အဖို့ ဆုလာဘ်အဖြစ် လုံးလုံးလျားလျား ကောင်းမြတ်ခြင်းသာ ရှိပေလိမ့်မည်။ ထို့ပြင် ငါတို့သည် မိမိ၏အမိန့်တော်ဖြင့် ထိုသူ့အဖို့ လွယ်ကူသော စီရင်ဆုံးဖြတ်ချက်ကို ပြဋ္ဌာန်းတော်မူပေမည်။

ثُمَّ اَتْبَعَ سَبَبًا ﴿٨٩﴾

၉၀။ ထို့နောက် သူသည် အခြားသောလမ်းတစ်ခုကို လိုက်ခဲ့လေသည်။

حَتّٰۤى اِذَا بَلَغَ مَطْلِعَ الشَّمْسِ وَجَدَهَا تَطْلُعُ عَلٰى قَوْمٍ لَّمْ نَجْعَلْ لَّهُمْ مِّنْ دُوْنِهَا سِتْرًا ﴿٩٠﴾

၉၁။ နောက်ဆုံးတွင် သူသည် နေထွက်ရာအရပ်သို့ ရောက်သောအခါ သူသည် ယင်း(နေ)ကို လူမျိုးနွယ်တစ်စု၏အပေါ်၌ ထွက်လျက်ရှိသည်ကိုတွေ့ရ၏။ သူတို့အဖို့ ငါတို့သည် ယင်း(နေ)မှ မည်သို့သော အကာအကွယ်ကိုမျှ ပြုလုပ်ထားတော်မမူချေ။

كَذٰلِكَ ۛ وَقَدْ اَحَطْنَا بِمَا لَدَيْهِ خُبْرًا ﴿٩١﴾

၉၂။ ဤကဲ့သို့ပင်ဖြစ်ခဲ့၏။ ငါတို့သည် သူ၏ အတွေ့အကြုံအားလုံးကို လွှမ်းခြုံထားတော်မူခဲ့၏။

ثُمَّ اَتْبَعَ سَبَبًا ﴿٩٢﴾

၉၃။ ထို့နောက်တစ်ဖန်၊ သူသည် အခြားသော လမ်းတစ်လမ်းကို လိုက်ခဲ့ပြန်လေသည်။

---

② အာယတ်တော် (၈၄ မှ ၈၇)ထိ။ **ذوالقرنين** *'ဇုလ်ကရ်နိုင်'* ဟူသည် တမန်တော်မြတ် ﷺ ကိုအဓိကဆိုလိုခြင်းဖြစ်သည်။ ကိုယ်တော်မြတ်သည် ခေတ်တစ်ခေတ်တွင် တမန်တော်မူစာ ﷺ နှင့် သူ၏'အွမ္မတ်'အုပ်စုကိုတွေ့ခဲ့ရပြီး နှောင်းခေတ်ကာလတွင် ကိုယ်တော်မြတ်၏ 'အွမ္မတ်'အုပ်စုအား အသစ်တစ်ဖန်ရှင်သန်မှုကိုပေးရန်အတွက် အလွှာဟ်အရှင်မြတ်သည် ကိုယ်တော်မြတ်၏ နာခံသူအစေတော်တစ်ဦးဦးကို စေလွှတ်တော်မူပေမည်။ ဤသို့ဖြင့် ဤခေတ်ကာလနှစ်ရပ်စလုံးသည် တမန်တော်မြတ် ﷺ ဘက်သို့သာနှိုးနွှယ်ပတ်သက်စေပေသည်။ သို့ရာတွင် ယခုပုံဆောင်ချက်ဖြင့် ဖော်ပြထားသောအကြောင်းမှာ သမိုင်းဖြစ်ရပ်တစ်ခုဖြစ်ပေသည်။ ယင်းသည် CYRUS ဘုရင်ကိုဆိုလိုဟန်ရှိပြီး ယင်းနှင့်စပ်လျဉ်း၍ သမ္မာကျမ်းဌလည်း ဖော်ပြထားပေသည်။ သူသည် ထူးခြားသော နာမ်ပိုင်းဆိုင်ရာ စွမ်းအားရှိသူတစ်ဦးဖြစ်ပြီး တစ်ဆူတည်းသောဘုရားကို ယုံကြည်ကိုးကွယ်သူဖြစ်သည်။ သူ၏ အရှေ့အရပ်နှင့် အနောက်အရပ်များသို့ ခရီးထွက်ခြင်းအကြောင်းကို ဤအာယတ်တော်များတွင်တွေ့ရှိရပေသည်။ ထို့ပြင် တံတိုင်းတည်ဆောက်ခြင်းအကြောင်းဖော်ပြထားပြီး ယင်းမှာ တစ်ခုတည်းမဟုတ်ဘဲ များစွာသောတံတိုင်းကြီးများဖြစ်ပေသည်။ ယင်းသည် ရှေးခေတ်များကတည်းက ထိုးစစ်ဆင်တိုက်ခိုက်လာသူတို့အား တားဆီးရန်လည်းကောင်း၊ မိမိတို့ကိုယ်တိုင် ခုခံနိုင်သောစွမ်းအားမရှိကြသည့် အမျိုးသားများကို အကာအကွယ်ရရှိစေရန်လည်းကောင်း တည်ဆောက်ခဲ့ကြ၏။ ယင်းတို့အနက် တံတိုင်းတစ်ခုမှာ ရုရှတွင်ရှိပြီး ကျန်တံတိုင်းကြီးတစ်ခုမှာ တရုတ်ပြည်တွင်ရှိလေသည်။ ဆိုလိုသည်မှာ တံတိုင်းကြီးများအားဖြင့် အကာအကွယ်ရယူခြင်းမှာ ထိုခေတ်ကာလ၏အစဉ်အလာဖြစ်ပေသည်။

حَتّٰۤى اِذَا بَلَغَ بَيْنَ السَّدَّيْنِ وَجَدَ مِنْ
دُوْنِهِمَا قَوْمًا ۙ لَّا يَكَادُوْنَ يَفْقَهُوْنَ
قَوْلًا ﴿۹۳﴾

၉၃။ နောက်ဆုံးတွင် သူသည် တံတိုင်းနှစ်ခု၏အကြားသို့ ရောက်ရှိသောအခါ ယင်းနှစ်ခု၏ အခြားတစ်ဖက်တွင် သူ၏ စကားကိုနားလည်ရန်ခက်ခဲသော လူမျိုးနွယ်တစ်စုကိုတွေ့ခဲ့ပေသည်။

قَالُوْا يٰذَا الْقَرْنَيْنِ اِنَّ يَاْجُوْجَ
وَمَاْجُوْجَ مُفْسِدُوْنَ فِى الْاَرْضِ فَهَلْ
نَجْعَلُ لَكَ خَرْجًا عَلٰۤى اَنْ تَجْعَلَ بَيْنَنَا
وَبَيْنَهُمْ سَدًّا ﴿۹۴﴾

၉၄။ ထိုသူတို့က အိုဒ်-'ဇူလ်ကရ်နိုင်'၊ ဧကန်ပင် 'ယာဂျူတ်'နှင့် 'မာဂျူတ်'တို့သည် ကမ္ဘာမြေတွင် ဆူပူသောင်းကျန်းသူများ ဖြစ်ကြပါ၏။ သို့ဖြစ်ရာ အသင်သည် ယင်းတို့နှင့် ကျွန်ုပ်တို့၏ အကြား အတားအဆီးတစ်ခုကိုပြုလုပ်ပေးရန် ကျွန်ုပ်တို့သည် ဤသည့်ကိစ္စအလို့ငှာ အသင့်အတွက် အခွန်အကောက်တစ်စုံတစ်ရာကို သတ်မှတ်ရပါမည်လောဟုပြောကြ၏။

قَالَ مَا مَكَّنِّىْ فِيْهِ رَبِّىْ خَيْرٌ فَاَعِيْنُوْنِىْ
بِقُوَّةٍ اَجْعَلْ بَيْنَكُمْ وَبَيْنَهُمْ رَدْمًا ﴿۹۵﴾

၉၅။ သူကပြောကြားသည်မှာ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်က ကျွန်ုပ်အား ပေးသနားတော်မူထားသည့် စွမ်းအားအရှိန်အဝါသည်ပင် ပို၍ကောင်းမြတ်လှပါ၏။ ထို့ကြောင့် အသင်တို့သည် ကျွန်ုပ်အားလုပ်အားဖြင့်သာလျှင် အကူအညီပေးကြကုန်၊ ကျွန်ုပ်သည် အသင်တို့နှင့် ယင်းတို့၏အကြားတွင် ကြီးမားသော အတားအဆီးတစ်ခုကို ပြုလုပ်ပေးပေမည်၊

اٰتُوْنِىْ زُبَرَ الْحَدِيْدِ ؕ حَتّٰۤى اِذَا سَاوٰى
بَيْنَ الصَّدَفَيْنِ قَالَ انْفُخُوْا ؕ حَتّٰۤى اِذَا
جَعَلَهٗ نَارًا ۙ قَالَ اٰتُوْنِىْۤ اُفْرِغْ عَلَيْهِ
قِطْرًا ﴿۹۶﴾

၉၆။ ကျွန်ုပ်ထံ သံတိုသံစများကို ယူဆောင်လာကြကုန်။ နောက်ဆုံးတွင် သူသည် တောင်နှစ်လုံး၏အကြားရှိနေရာကို တညီတညွတ်ဖြစ်အောင် (ဖြည့်လိုက်ပြီးသော)အခါ သူက ယခုမီးတိုက်ကြကုန်ဟုပြော၏။ နောက်ဆုံးတွင် သူသည် ယင်းကို မီးအဖြစ်ပြုလုပ်လိုက်ပြီးသောအခါ သူက ကျွန်ုပ်အားပေးလော့၊ ကျွန်ုပ်သည် ယင်းအပေါ်တွင် ကြေးနီကို သွန်းလောင်းပေအုံဟု ပြောလေ၏။ ①

فَمَا اسْطَاعُوْۤا اَنْ يَّظْهَرُوْهُ وَمَا
اسْتَطَاعُوْا لَهٗ نَقْبًا ﴿۹۷﴾

၉၇။ သို့ဖြစ်ရာ ယင်းကိုကျော်တက်ရန် ၎င်းတို့၌စွမ်းအားမရှိခဲ့ကြချေ။ ထို့ပြင် ၎င်းတို့သည် ယင်းကိုဖောက်ထွင်းနိုင်စွမ်းလည်းမရှိခဲ့ကြချေ။

قَالَ هٰذَا رَحْمَةٌ مِّنْ رَّبِّىْ ۚ فَاِذَا
جَآءَ وَعْدُ رَبِّىْ جَعَلَهٗ دَكَّآءَ ۚ وَكَانَ
وَعْدُ رَبِّىْ حَقًّا ﴿۹۸﴾

၉၈။ သူက ပြော၏၊ ဤကား ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ကရုဏာတော်ပင်ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်အားဖန်ဆင်းမွေးမြူရှင်၏ ကတိတော်ရောက်ရှိလာသောအခါ အရှင်မြတ်သည် ယင်းကို အစိတ်စိတ်အပိုင်းပိုင်း

① အာယတ်တော် (၉၄ မှ ၉၇)ထိ။ ထိုအာယတ်တော်များတွင်ရည်ညွှန်းထားသည့်တံတိုင်းမှာ တူရကီနှင့် ရုရှအကြား ကာရံထားသော တံတိုင်းဖြစ်၏။ ယင်းအားဖြင့် ကက်စပီယံပင်လယ်နှင့် ကော့ကေးဆပ်တောင်တန်းအကြားရှိ လမ်းကိုပိတ်ဆို့ရန် တည်ဆောက်ထားသော တံတိုင်းဖြစ်သည်။ အင်အားချည့်နဲ့သော လူမျိုးအချို့ကို အနောက်တိုင်းသားအုပ်စုတို့၏တိုက်ခိုက်မှုမှကာကွယ်ရန်အတွက် CYRUS ဘုရင်ကတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ CYRUS ဘုရင်သည် ဤသို့တည်ဆောက်ပေးခြင်းအတွက် ၎င်းတို့ထံမှ မည်သည့်အဖိုးအခကိုမျှ မတောင်းခံဘဲ သံ၊ ကြေးနီနှင့် လုပ်အားကိုသာတောင်းယူခဲ့သည်။ ထို့ပြင် တည်ဆောက်ရေးလုပ်ငန်းကိုလည်း CYRUS ဘုရင်၏ ညွှန်ကြားချက်နှင့်အညီသာ ၎င်းတို့က ဆောင်ရွက်ခဲ့ကြပေသည်။

ပြုလုပ်တော်မူပေမည်။ အမှန်ပင်ကျွန်ုပ်အား ဖန်ဆင်းမွေးမြူရှင်၏ကတိတော်သည် မှန်ကန်၏။ ①

وَتَرَكْنَا بَعْضَهُمْ يَوْمَئِذٍ يَّمُوْجُ فِيْ بَعْضٍ وَّ نُفِخَ فِي الصُّوْرِ فَجَمَعْنٰهُمْ جَمْعًا ۙ﴿۹۹﴾

၁၀၀။ ထိုနေ့တွင် ငါတို့သည် သူတို့အနက် အချို့ကို အချို့အပေါ် လှိုင်းတံပိုးများသဖွယ် အထပ်ထပ်တိုက်ခိုက်စေတော်မူမည်။ ထို့ပြင် တံပိုးခရာကို မှုတ်စေတော်မူလျက် ငါတို့သည် ၎င်းတို့အားလုံးကို စုရုံးစေတော်မူပေမည်။

وَّعَرَضْنَا جَهَنَّمَ يَوْمَئِذٍ لِّلْكٰفِرِيْنَ عَرْضَا ۙ﴿۱۰۰﴾

၁၀၁။ ထို့နောက် ငါတို့သည် ထိုနေ့တွင် 'ဂျဟန္နမ်'ငရဲကို မယုံကြည်ခြင်းပယ်သူတို့၏ရှေ့မှောက်သို့ ယူဆောင်လာတော်မူပေအံ့။

الَّذِيْنَ كَانَتْ اَعْيُنُهُمْ فِيْ غِطَآءٍ عَنْ ذِكْرِيْ وَ كَانُوْا لَا يَسْتَطِيْعُوْنَ سَمْعًا ۚ﴿۱۰۱﴾

၁၀၂။ ထိုသူတို့၏ မျက်စိများသည် ငါအရှင်မြတ်အား သတိရခြင်းမှ အကာအကွယ်၌ရှိခဲ့ကြပြီး သူတို့သည် နားထောင်ရန်မျှပင် စွမ်းအားမရှိခဲ့ကြချေတည်း။

ရုကူး-၁၂

اَفَحَسِبَ الَّذِيْنَ كَفَرُوْۤا اَنْ يَّتَّخِذُوْا عِبَادِيْ مِنْ دُوْنِيْۤ اَوْلِيَآءَ ؕ اِنَّاۤ اَعْتَدْنَا جَهَنَّمَ لِلْكٰفِرِيْنَ نُزُلًا ﴿۱۰۲﴾

၁၀၃။ အသို့နည်း မယုံကြည်ခြင်းပယ်ကြသူတို့က ငါအရှင်မြတ်အစား ငါ၏အစေတော်များကို မိမိတို့၏ကာကွယ်စောင့်ရှောက်သူများအဖြစ် ပြုလုပ်နိုင်မည်ဟု ထင်မြင်ယူဆကြပေသလော၊ ဧကန်ပင် ငါတို့သည် မယုံကြည်ခြင်းပယ်သူတို့အား ဧည့်ခံရန်အတွက် 'ဂျဟန္နမ်'ငရဲကို အသင့်ပြင်ဆင်ထားတော်မူ၏။

قُلْ هَلْ نُنَبِّئُكُمْ بِالْاَخْسَرِيْنَ اَعْمَالًا ؕ﴿۱۰۳﴾

၁၀၄။ ပြောကြားပါလေ။ ငါတို့သည် ကျင့်ကြံမှုအားလျော်စွာအားလုံးတို့ထက် ဆုံးရှုံးမှုအရှိဆုံးသောသူများ၏အကြောင်းကို အသင်တို့အား အသိပေးရမည်လော။

اَلَّذِيْنَ ضَلَّ سَعْيُهُمْ فِي الْحَيٰوةِ الدُّنْيَا وَ هُمْ يَحْسَبُوْنَ اَنَّهُمْ يُحْسِنُوْنَ صُنْعًا ﴿۱۰۴﴾

၁၀၅။ ထိုသူတို့၏ကြိုးပမ်းအားထုတ်မှုအားလုံးသည် လောကီဘဝ၏လိုလားတောင့်တမှု၌ ပျောက်ဆုံးသွားခဲ့ပေသည်။ သို့ပါလျက် ၎င်းတို့က မိမိတို့မှာ စက်မှု၊ လက်မှုပညာရပ်များ၌ အထွတ်အထိပ်သို့ ရောက်ရှိနေသည်ဟု ထင်မှတ်ကြပေသည်။

اُولٰٓئِكَ الَّذِيْنَ كَفَرُوْا بِاٰيٰتِ رَبِّهِمْ وَ لِقَآئِهٖ فَحَبِطَتْ اَعْمَالُهُمْ فَلَا نُقِيْمُ لَهُمْ يَوْمَ الْقِيٰمَةِ وَزْنًا ﴿۱۰۵﴾

၁၀၆။ ဤသူတို့သည်ပင် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ 'အာယတ်'မုဂ္ဂပါဠိတော်များနှင့် ထိုအရှင်မြတ်နှင့်တွေ့ဆုံကြရမည်ကို ငြင်းပယ်ခဲ့သူများဖြစ်ကြ၏။ သို့ဖြစ်ရာ ယင်းတို့၏ကျင့်ကြံမှုများသည် အချည်းနှီးဖြစ်ခဲ့ချေပြီ၊

① 'ယာဂျွတ်'နှင့် 'မာဂျွတ်'ထွက်ပေါ်လာမည့်ခေတ်ကာလတွင် ဤတံတိုင်းကြီးများမှာအချည်းနှီးဖြစ်သွားပေမည်။ ထို့ပြင် 'ယာဂျွတ်၊ မာဂျွတ်'သည် တစ်လောကလုံးကို လွှမ်းမိုးသွားမည့်အကြောင်းကို ပင်လယ်လှိုင်းတံပိုးများ ရှေ့တိုးလာသည့်ပမာနှင့်ခိုင်းနှိုင်း၍ ဖော်ပြထားတော်မူသည်ကို တွေ့ရပေသည်။ သို့ဖြစ်သောကြောင့် ၎င်းတို့၏အောင်နိုင်မှုသည် စင်စစ်အားဖြင့် သမုဒ္ဒရာရေကြောင်းအောင်နိုင်မှုမှ စတင်လာရန်ရှိပေသည်။

ထို့ပြင် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် ငါတို့သည် ၎င်းတို့ကို အလျှင်းအရေးထားတော်မူမည်မဟုတ်ချေ။

ذٰلِكَ جَزَآؤُهُمْ جَهَنَّمُ بِمَا كَفَرُوْا وَاتَّخَذُوْٓا اٰيٰتِيْ وَرُسُلِيْ هُزُوًا ﴿١٠٦﴾

၁၀၇။ ဤသည် ယင်းတို့၏ရလဒ်ဖြစ်သော 'ဂျဟန္နမ်'ငရဲဖြစ်၏။ ယင်းတို့သည် မယုံကြည်ခြင်းပယ်မှုကိုပြုခဲ့ကြပြီး ငါ၏နိမိတ်လက္ခဏာတော်များနှင့် ငါ၏တမန်တော်များကို လှောင်ပြောင်ခဲ့ကြခြင်းကြောင့်ပင်ဖြစ်၏။

اِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ كَانَتْ لَهُمْ جَنّٰتُ الْفِرْدَوْسِ نُزُلًا ﴿١٠٧﴾

၁၀၈။ မလွဲမကန် သက်ဝင်ယုံကြည်ကြလျက် ကောင်းမြတ်သော အကျင့်အမူကိုဆောက်တည်ကြသောသူတို့အား ဧည့်ဝတ်ပြုရန်အတွက် 'ဖီရ်ဒေါက်စ်'တည်းဟူသော 'ဂျန္နတ်' ဥယျာဉ်တော်များရှိ၏။

خٰلِدِيْنَ فِيْهَا لَا يَبْغُوْنَ عَنْهَا حِوَلًا ﴿١٠٨﴾

၁၀၉။ သူတို့သည် ယင်း၌ အစဉ်ထာဝရနေကြရမည့်သူများဖြစ်၏။ ထို့ပြင် မည်သည့်အခါတွင်မျှ ယင်းမှခွဲခွာရန် လိုလားကြမည်မဟုတ်ချေ။

قُلْ لَّوْ كَانَ الْبَحْرُ مِدَادًا لِّكَلِمٰتِ رَبِّيْ لَنَفِدَ الْبَحْرُ قَبْلَ اَنْ تَنْفَدَ كَلِمٰتُ رَبِّيْ وَلَوْ جِئْنَا بِمِثْلِهٖ مَدَدًا ﴿١٠٩﴾

၁၁၀။ ပြောကြားပါလေ၊ အကယ်၍ ပင်လယ်သမုဒ္ဒရာသည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ 'ကလေမာ'နှုတ်ကပါဌ်တော်များအတွက် မင်ရည်ဖြစ်ခဲ့ငြားအံ့၊ ထို့ပြင် ကျွန်ုပ်တို့သည် ယင်းအားကူညီရန်အလို့ငှာ ယင်းနှင့်အလားတူနောက်ထပ်(ပင်လယ်သမုဒ္ဒရာ)ကို ယူဆောင်လာပါလျှင်လည်း ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ 'ကလေမာ' နှုတ်ကပါဌ်တော်များ မကုန်ဆုံးမီ ပင်လယ်သမုဒ္ဒရာသည် အမှန်ပင် ခန်းခြောက်သွားမည်သာဖြစ်၏။

قُلْ اِنَّمَآ اَنَا بَشَرٌ مِّثْلُكُمْ يُوْحٰٓى اِلَيَّ اَنَّمَآ اِلٰهُكُمْ اِلٰهٌ وَّاحِدٌ ۚ فَمَنْ كَانَ يَرْجُوْا لِقَآءَ رَبِّهٖ فَلْيَعْمَلْ عَمَلًا صَالِحًا وَّلَا يُشْرِكْ بِعِبَادَةِ رَبِّهٖٓ اَحَدًا ﴿١١٠﴾

၁၁၀။ ပြောကြားပါလေ၊ ကျွန်ုပ်မှာမူကား အသင်တို့ကဲ့သို့ပင် လူသားတစ်ဦးမျှသာဖြစ်၏။ အသင်တို့၏ကိုးကွယ်ရာသည် တစ်ပါးတည်းသော ကိုးကွယ်ရာအရှင်ဖြစ်ကြောင်းကို ကျွန်ုပ်ထံသို့ 'ဝဟီ'ဗျာဒိတ်ပို့ချတော်မူခဲ့ပေသည်။ သို့ကြောင့် အကြင်မည်သူမဆို မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်အားတွေ့ဆုံရန်လိုလားပါလျှင် ထိုသူသည်(လည်း) ကောင်းမြတ်သော အကျင့်သီလကိုပွားများပြီး မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ 'အေဘာဒတ်'ဝတ်ပြုခြင်း၌ အခြားမည်သည်ကိုမျှ 'ရှရိုက်'တွဲဖက်ခြင်းမပြုလင့်။

❖ ❖ ❖

၁၉။ မရ်ယမ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ် တော်ပေါင်း (၉၉)ပိုဒ်ပါရှိသည်။ ဤဆူရာဟ်တော် ကျရောက်သောကာလမှာ အဘီဆီးနီးယားသို့ 'ဟီဂျရတ်'ပြောင်းရွှေ့ခြင်းမပြုမီအလျင် နဗူဝါတ်၏ စတုတ္ထ သို့မဟုတ် ပဉ္စမနှစ်တွင်ဖြစ်သည်။

ဤဆူရာဟ်တွင် တမန်တော်အီစာ(ﷺ)သည် ဖခင်မရှိဘဲမွေးဖွားခြင်းအကြောင်းပါရှိပြီး ထိုသို့ မွေးဖွားခြင်းမှာ ထိုအချိန်ကာလက နားလည်နိုင်စွမ်းမရှိသော 'မိုဂျေဇာ'အံ့ဖွယ်ပြာဋိဟာတစ်ရပ် ဖြစ်ခဲ့လေ သည်။ သို့သော် မျက်မှောက်ခေတ်တွင်မူ အမျိုးသားနှင့်ဆက်ဆံမှုမပြုဘဲနှင့်လည်း အပျိုစင်မိန်းကလေး တစ်ဦး၏ဝမ်းမှ ကလေးမွေးဖွားနိုင်ကြောင်းကို ခရစ်ယာန်သုတေသီများကိုယ်တိုင်က ပြတ်ပြတ်သားသား အထောက်အထားပြခဲ့ကြပြီးဖြစ်သည်။ ကနဦးက ဤသို့အခြေအနေဖြင့် သမီးမိန်းကလေးကိုသာ မွေးဖွား နိုင်သည်ဟု ယူဆခဲ့ကြသည်။ သို့ရာတွင် နောက်ဆုံးလေ့လာတွေ့ရှိချက်များအရ သားယောကျ်ားကလေး ကိုလည်း ဖွားမြင်နိုင်ကြောင်း အထောက်အထားရှိပေသည်။

အံ့ဖွယ်မွေးဖွားခြင်းပုံစံတစ်မျိုးရှိပေသေးသည်။ မိခင်နှင့် ဖခင်တို့ပေါင်းစည်းခြင်းဖြင့်သာ ဖြစ် သော်လည်း ကလေးမရရှိတော့ဟုထင်ရသည့် အသက်အရွယ်မျိုးတွင်ဖြစ်ပေသည်။ တမန်တော် 'ဇကရီယာ'(ﷺ)သည်လည်း ဤကဲ့သို့သော အခြေအနေဖြင့်ကြုံတွေ့ခဲ့ရပေသည်။ သခင်သည် သားသမီး ရလိုသည့် ဆန္ဒရှိခဲ့သော်ငြားလည်း ၎င်းကိုယ်တိုင်က ဆံပင်များဖွေးဖွေးဖြူလျက် အိုမင်းမစွမ်းဖြစ်နေခဲ့ပြီး ဇနီးသည်မှာလည်း အဖွားအိုတစ်ဦးဖြစ်ရုံမျှမက သားသမီးမရနိုင်သည့် အမြဲလည်းဖြစ်ပေသည်။ ထိုကဲ့သို့ သော အခြေအနေနှစ်ရပ်စလုံးရှိနေပါလျက် သခင့်အား သားတော် 'ယာဟ်ယာ'(ﷺ)ကို ပေးသနားတော်မူ ခဲ့ပေသည်။ သို့ဖြစ်သောကြောင့် ဤသည်လည်း အံ့ဖွယ်မွေးဖွားခြင်းဥပမာတစ်ရပ်ဖြစ်ပေသည်။ အီစာ(ﷺ) အားဖခင်မရှိဘဲမွေးဖွားခြင်းဆိုင်ရာ တန်ခိုးပြာဋိဟာပြသရန်ရှိသော မရ်ယမ်သခင်မ၏ အခြေအနေကို လေ့လာသုံးသပ်လျက် သူ(ဇကရီယာ)၌ သားယောကျ်ားရလိုသောဆန္ဒ ပေါက်ဖွားလာခဲ့ခြင်း ဖြစ်ပေသည်။

ထို့နောက်တွင် မရ်ယမ်သခင်မ ပါလက်စတိုင်းကို စွန့်ခွာပြီး ယင်း၏အရှေ့ဘက် အရပ်တစ်ခုသို့ သွားရောက်ခဲ့ကြောင်း၊ ထိုအရပ်တွင် နေ့ရောညဉ့်ပါ အလွှာဟ်အရှင်မြတ်အား သတိရတသ'ဇီကီရ်'ပြု ၍ နစ်မွန်းလျက်ရှိခဲ့ကြောင်းနှင့် ထိုအရပ်မှာပင် လူယောကျ်ားအသွင်ကိုဆောင်ထားသော ကောင်းကင် တမန်တစ်ပါးအားဖြင့် သခင်မအား ပထမဦးဆုံးအနေနှင့် သားယောကျ်ားလေးတစ်ပါး ရရှိစေမည့် သတင်းကောင်းကိုပေးခြင်းခံရကြောင်း စသည့်ဖြစ်ရပ်များကို ဖော်ပြထားပေသည်။

ဖွားမြင်ပြီးနောက် မရ်ယမ်သခင်မသည် သားတော် ဟာဇရတ်အီစာ(ﷺ)အား သူမနှင့်အတူ ခေါ်ဆောင်၍ ပါလက်စတိုင်းသို့ရောက်သောအခါ ရဟူဒီများက (نعوذ بالله) ဤသည် တရားမဝင်သော သားဟု များစွာပြစ်တင်ရှုတ်ချကြလေသည်။ ဤတွင် အလွှာဟ်အရှင်မြတ်က မရ်ယမ်သခင်မအား အသင်မသည် အလွှာဟ်အတွက် နှုတ်ပိတ်ခြင်းတည်းဟူသော (ဝဇီပိတ်) ဥပုသ်ကိုဆောက်တည်လော့။ ဤသားတော် (ထိုစဉ်က ပုခက်တွင်း၌ရှိနေခဲ့ပြီး နှစ်နှစ် သုံးနှစ်အရွယ်သာ ရှိနေခဲ့သူ) ကိုယ်တိုင်က အဖြေပေးလိမ့်မည်ဟု မိန့်ကြားတော်မူ၏။ အီစာ(ﷺ)သည် ရဟူဒီ အိုလမာများရှေ့တွင် စကားပြော ဆိုခဲ့ပေရာ 'မာအ်ရီဖတ်'ဉာဏ်စဉ်များနှင့် ပြည့်ဝသောစကားများဖြစ်ပြီး မသန့်ရှင်းသော ကလေးတစ်ဦး သည် ထိုသို့ပြောဆိုရန် မဆိုထားဘိ အတွေးသို့ပင် ဝင်ရောက်ထင်ဟပ်နိုင်မည်မဟုတ်ချေ။ ထို့ပြင်

ယင်းစကားများ၌ မိမိသည် အနာဂတ်ကာလတွင် တမန်တော်တစ်ပါးဖြစ်လာမည့် ကြိုတင်နိမိတ်ဟောကြားချက်လည်းပါဝင်ခဲ့ပေသည်။ ထို့ပြင် ထိုသူတို့ သတ်ဖြတ်ရန်ကြံစည်မှုပြုခြင်းမှ အလွှာဟ်အရှင်မြတ်သည် မိမိအား ကယ်တင်တော်မူမည့်အကြောင်းကိုလည်း ကြိုတင်နိမိတ်ဟောကြားခဲ့ပေသည်။ သို့ကြောင့်ပင် မိန့်ကြားထားသည်မှာ- **وَالسَّلَامُ عَلَيَّ يَوْمَ وُلِدْتُ وَ يَوْمَ اَمُوْتُ وَ يَوْمَ اُبْعَثُ حَيًّا** ကျွန်ုပ်အား မွေးဖွားစဉ်ကလည်း ကျွန်ုပ်သည် အလွှာဟ်ထံတော်မှ ငြိမ်းချမ်းမှုကိုရရှိခဲ့ပေသည်။ ထို့ပြင် ကျွန်ုပ်ကွယ်လွန်သည့်အခါတွင်လည်း သဘာဝအလျောက်သာလျှင် သေဆုံးကွယ်လွန်ပေလိမ့်မည်။ ထို့နောက် တစ်ဖန် ကျွန်ုပ်ရှင်ပြန်ထ မြောက်သည့်အချိန်တွင်လည်း ကျွန်ုပ်အပေါ် အလွှာဟ်၏ထံတော်မှ ငြိမ်းချမ်းသာယာမှု ရှိပေလိမ့်မည်။

ဤသည်နှင့် အလားတူ အာယတ်တော်မျိုး တမန်တော် 'ယာဟ်ယာ'ﷺနှင့်စပ်လျဉ်း၍လည်း လာရှိပေသည်။ ယင်းတွင် ဖော်ပြတော်မူသည်မှာ- **"سَلَامٌ عَلَيْهِ يَوْمَ وُلِدَ وَيَوْمَ يَمُوْتُ وَيَوْمَ يُبْعَثُ حَيًّا"** သူမွေးဖွားစဉ်ကလည်း သူ့အပေါ်ငြိမ်းချမ်းမှုရှိခဲ့ပေသည်။ ထို့ပြင် သူသေဆုံးသည့်အချိန်တွင်လည်း ငြိမ်းချမ်းသာယာမှု ရှိပေလိမ့်မည်။ သူရှင်ပြန်ထမြောက်ရသည့်အခါတွင်လည်း သူ့အပေါ် ငြိမ်းချမ်းသာယာမှု ရှိပေလိမ့်မည်။ ဤအာယတ်တော်အရ တမန်တော်'ယာဟ်ယာ'ﷺသည်လည်း သတ်ဖြတ်ခြင်းမခံခဲ့ရကြောင်းကို ကောက်ချက်ချမှတ်ယူနိုင်ပေသည်။

ထိုသည့်နောက် တမန်တော်'အစ်ဗရာဟင်မ်'ﷺအကြောင်းကို ဖော်ပြတော်မူလျက် တမန်တော်ကြီး၏ အံ့ဖွယ်သားသမီးများရရှိခြင်းအကြောင်းကို ဖော်ပြတော်မူထားပေသည်။ တမန်တော်ကြီးအိုမင်းမစွမ်းဖြစ်နေစဉ်ကာလတွင် တမန်တော်ကြီးအား သားတော် 'အစ္စမာအီလ်'ﷺကိုလည်းကောင်း သားတော်'အစ္စဟာက်'ﷺကိုလည်းကောင်း ပေးသနားတော်မူခဲ့ပြီး သူတို့၏နောက်တွင် တမန်တော်ကြီး၏မျိုးဆက်မှပင် တမန်တော်'ယာကွပ်'ﷺကိုလည်း ပေးသနားတော်မူခဲ့ပေသည်။

ထိုသည့်နောက်တွင် အခြားသော 'နဗီ'တမန်တော်များ၏ အကြောင်းလာရှိပေသည်။ ယင်းတွင် နာမ်ဝိညာဉ်ရေးဆိုင်ရာ သားသမီးများမွေးဖွားခြင်း၏ လက္ခဏာမျိုးစုံကို ဖော်ပြထားတော်မူသည်။ ထို့ပြင် တမန်တော်အီစာ၏ 'ရဖာအ်'ဥပမာကိုလည်း တမန်တော်'အီဒရိစ်'ﷺ၏ 'ရဖာအ်'ပုံစံဖြင့် ဖော်ပြထားတော်မူပေသည်။ ဤသူအားလုံးတို့သည် အလွှာဟ်အရှင်မြတ်၏ ကောင်းမြတ်သောအစေတော်များဖြစ်ခဲ့ကြပေသည်။ ထိုသူတို့၏ နောက်ပိုင်းရှိမျိုးဆက်များမှာ စင်ကြယ်ကောင်းမြတ်သူများအဖြစ် မနေထိုင်ခဲ့ကြသည့်အပြင် မိမိတို့၏'ဆွလာတ်'ဝတ်ပြုမှုကို အချည်းနှီးဖြစ်စေခဲ့ပြီး စိတ်အလိုဆန္ဒများ၏ စေစားရာနောက်သို့ လိုက်ခဲ့ကြလေသည်။ သို့ဖြစ်၍ သူတို့အတွက် သတိပေးချက်ရှိသည်ကား သူတို့သည် မိမိတို့၏ကွေ့ကောက်လွဲချော်မှုများအတွက် ဧကန်ပင် တုံ့ပြန်အစားပေးခြင်းကို ခံကြရမည်ဖြစ်၏။

ဤဆူရာဟ်တွင် 'ရာဟ်မာနီယတ်'ကရုဏာတော်ရှိခြင်း ဂုဏ်တော်ကို အများအပြားဖော်ပြထားပေသည်။ 'ရာဟ်မာန်'၏အနက်မှာ အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲ ပေးသနားတော်မူသောအရှင်ဖြစ်သည်။ ဤဆူရာဟ်၏အကြောင်းရပ်များမှာ ဤဂုဏ်တော်နှင့် လုံးဝလိုက်လျောညီထွေ ရှိလှပေသည်။

ဤဆူရာဟ်၏နိဂုံးပိုင်းတွင် 'ရာဟ်မန်'ကရုဏာတော်ရှင်ဘက်သို့ သားတော်ကို ရည်ညွှန်းခြင်း၊ တစ်နည်းဆိုသော် အရှင်မြတ်၌ သားတော်ထားရှိသည်ဟုဆိုခြင်းမှာ အလွန်ကြီးမားသော အပြစ်အဖြစ်

သတ်မှတ်ထားတော်မူပေသည်။ ယင်း၏ရလဒ်အဖြစ် ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်တို့ ကွဲအက်လုဘနန်းဖြစ်ပေသည်။ ဆိုလိုသည်မှာ ဤသူတို့သည်သာလျှင် အလွန်ကြောက်မက်ထိတ်လန့်ဖွယ်ဖြစ်သော စစ်ပွဲကြီးများတွင် ဆိုက်ရောက်ကြရပေလိမ့်မည်။ အဘယ်မျှ ထိတ်လန့်ကြောက်ရွံ့ဖွယ်ဖြစ်သနည်းဟူမူ မိုးကောင်းကင်သည် ၎င်းတို့အပေါ် ပေါက်ကွဲကျရောက်လုမတတ်ဖြစ်ပေမည်။ ယင်းနှင့် ဆန့်ကျင်၍ ဤဆူရာဟ်၏နောက်ဆုံးအာယတ်တော်များတွင် 'မွတ္တကီ'များနှင့် ကောင်းမြတ်သော အကျင့်သီလ ပွားများသူတို့အကြောင်း ဖော်ပြထားပေသည်။ 'ရာဟ်မန်'ကရုဏာတော်ရှင်က သူတို့၏စိတ်နှလုံးများတွင် အချင်းချင်းမေတ္တာတရားကို ပွားများစေတော်မူမည်ဖြစ်ပြီး အထက်တွင်ဖော်ပြခဲ့သော အချင်းချင်း မလိုမုန်းထားမှုနှင့် ရန်လိုခြင်းဖြစ်ကြလိမ့်မည်မဟုတ်ချေတည်း။

♦ ♦ ♦

ဆူရာဟ် မရ်ယမ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၉၈)ပိုဒ် ရှုကူ (၆)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

كٓهٰيٰعٓصٓ ②

၂။ **أَنَـتَ كَافِ وَ هَادِ يَا عَالِمُ يَا صَادِقُ** အရှင်မြတ်သည် လုံလောက်တော်မူပါ၏၊ ထို့ပြင် လမ်းညွှန်သူဖြစ်တော်မူပါ၏။ အို-သိတော်မူသောအရှင်၊ အို-မှန်ကန်သောသစ္စာရှင်။

ذِكْرُ رَحْمَتِ رَبِّكَ عَبْدَهٗ زَكَرِيَّا ۚ ③

၃။ ဤသည် အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်မှ မိမိအစေတော် 'ဇကရီယာ'အပေါ် ပြုတော်မူခဲ့သော ကရုဏာတော်အကြောင်း ဖော်ပြချက်တည်း။

اِذْ نَادٰى رَبَّهٗ نِدَآءً خَفِيًّا ①

၄။ အကြင်အခါဝယ်၊ သူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကို တိုးညှင်းသောအသံဖြင့် တမ်းတခဲ့လေ၏။

قَالَ رَبِّ اِنِّيْ وَهَنَ الْعَظْمُ مِنِّيْ وَاشْتَعَلَ الرَّاْسُ شَيْبًا وَّلَمْ اَكُنْۢ بِدُعَآئِكَ رَبِّ شَقِيًّا ④

၅။ လျှောက်ထားပန်ကြားသည်မှာ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဧကန်ပင် ကျွန်တော်မျိုး၏ အရိုးများသည် ချည့်နဲ့သွားခဲ့ပါပြီ၊ အိုမင်းမှုကြောင့် ဦးခေါင်းသည် ဖြူဝင်းတောက်ပြောင်လျက်ရှိနေပါပြီ။ သို့ပါလျက်လည်း အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးသည် အရှင့်ထံ 'ဒိုအာ'တောင်းဆုပြုရာတွင် မည်သည့်အခါတွင်မျှ ကံဆိုးခြင်းမဖြစ်ခဲ့ပါ။

وَاِنِّيْ خِفْتُ الْمَوَالِيَ مِنْ وَّرَآءِيْ وَكَانَتِ امْرَاَتِيْ عَاقِرًا فَهَبْ لِيْ مِنْ لَّدُنْكَ وَلِيًّا ⑤

၆။ ထို့ပြင် ဧကန်ပင် ကျွန်တော်မျိုးသည် ကျွန်တော်မျိုး၏ နောက်တွင် မိမိ၏သားချင်းများနှင့်စပ်လျဉ်း၍ စိုးရိမ်မိပါ၏။ ထို့ပြင် ကျွန်တော်မျိုး၏ ဇနီးသည်မှာလည်း သားမရနိုင်သူဖြစ်ပါ၏။ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးအား အရှင်မြတ်ကိုယ်တော်တိုင် အရှင့်အထံတော်မှ အမွေခံတစ်ဦးကို ပေးသနားတော်မူပါ။

يَّرِثُنِيْ وَيَرِثُ مِنْ اٰلِ يَعْقُوْبَ ۗ وَاجْعَلْهُ رَبِّ رَضِيًّا ⑥

၇။ သူသည် ကျွန်တော်မျိုး၏အမွေကို ဆက်ခံသူဖြစ်ပြီး ယာကုပ်၏အဆက်အနွယ်များ၏အမွေကို ဆက်ခံသူလည်းဖြစ်ပါစေ၊ ထို့ပြင် အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် သူ့အား အလွန်တရာ နှစ်မြို့ဖွယ်ကောင်းသူဖြစ်အောင် ပြုပေးတော်မူပါ။

يٰزَكَرِيَّآ اِنَّا نُبَشِّرُكَ بِغُلٰمِ ِۨاسْمُهٗ يَحْيٰى ۙ لَمْ نَجْعَلْ لَّهٗ مِنْ قَبْلُ سَمِيًّا ⑦

၈။ အို-'ဇကရီယာ'၊ အမှန်ပင် ငါတို့သည် အသင့်အားကြီးမြတ်သော သားတော်တစ်ပါး၏သတင်းကောင်းကို ပေးတော်မူ၏။ သူ၏အမည်မှာ 'ယာဟ်ယာ'ဖြစ်လိမ့်မည်၊ ငါတို့သည်

ယခင်က တစ်ဦးတစ်ယောက်အတွက်မျှ သူနှင့်အမည်တူ ထားတော်မမူခဲ့ချေ။

قَالَ رَبِّ اَنّٰى يَكُوْنُ لِىْ غُلٰمٌ وَّ كَانَتِ امْرَاَتِىْ عَاقِرًا وَّ قَدْ بَلَغْتُ مِنَ الْكِبَرِ عِتِيًّا ۝

၉။ သူက အို- ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုး၌ အသို့လျှင် သားရတနာရရှိနိုင်ပါမည်နည်း၊ စင်စစ် ကျွန်တော်မျိုး၏ဇနီးမှာ အမြဲဖြစ်ပြီး ကျွန်တော်မျိုးမှာလည်း အတိုင်းထက်အလွန် အိုမင်းသောအရွယ်သို့ ရောက်ရှိနေခဲ့ပါပြီဟု လျှောက်ထားလေ၏။

قَالَ كَذٰلِكَ ۚ قَالَ رَبُّكَ هُوَ عَلَىَّ هَيِّنٌ وَّ قَدْ خَلَقْتُكَ مِنْ قَبْلُ وَلَمْ تَكُ شَيْـًٔا ۝

၁၀။ ထိုအရှင်မြတ်က မိန့်ကြားတော်၏၊ ဤကဲ့သို့ပင်ဖြစ်မည်။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်က ဤသည် ငါအရှင်မြတ်အဖို့လွယ်ကူတော်မူ၏။ ဧကန်စင်စစ် ငါအရှင်မြတ်သည် ယခင်ကလည်း အသင်တစ်စုံတစ်ရာအဖြစ် မရှိခဲ့စဉ်က အသင့်အားဖန်ဆင်းတော်မူခဲ့ပေသည်ဟု မိန့်တော်မူ၏။

قَالَ رَبِّ اجْعَلْ لِّىْٓ اٰيَةً ۚ قَالَ اٰيَتُكَ اَلَّا تُكَلِّمَ النَّاسَ ثَلٰثَ لَيَالٍ سَوِيًّا ۝

၁၁။ သူက အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးအတွက် နိမိတ်လက္ခဏာတော်တစ်ရပ်ရပ်ကို ပြုပေးတော်မူပါဟုလျှောက်ထားလေ၏။ ထိုအရှင်မြတ်က အသင်၏နိမိတ်လက္ခဏာမှာ အသင်သည် သုံးညဉ့်တိုင်အောင် ဆက်တိုက် လူတို့နှင့်စကားပြောဆိုခြင်း မပြုရဟု မိန့်ကြားတော်မူ၏။

فَخَرَجَ عَلٰى قَوْمِهٖ مِنَ الْمِحْرَابِ فَاَوْحٰٓى اِلَيْهِمْ اَنْ سَبِّحُوْا بُكْرَةً وَّ عَشِيًّا ۝

၁၂။ သို့ဖြစ်၍ သူသည် မိမိ၏အမျိုးသားတို့ထံ ဝတ်ပြုခန်းမှထွက်လာခဲ့ပြီး သူတို့အား နံနက်ခင်းနှင့် ညနေချမ်းတို့တွင် အလွန်အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း 'တာစ်ဘီ' ချီးကျူးတသမှုပြုကြရန် အရိပ်အခြေပြုလေ၏။

يٰيَحْيٰى خُذِ الْكِتٰبَ بِقُوَّةٍ ۭ وَاٰتَيْنٰهُ الْحُكْمَ صَبِيًّا ۝

၁၃။ အို-ယာဟ်ယာ၊ ကျမ်းတော်ကို ခိုင်မြဲစွာ စွဲကိုင်ပါလော့၊ စင်စစ် ငါတို့သည် သူ့အား ကလေးဘဝကတည်းကပင် ဉာဏ်အမြော်အမြင်ကို ပေးသနားတော်မူခဲ့ပေသည်။

وَّ حَنَانًا مِّنْ لَّدُنَّا وَ زَكٰوةً ۭ وَ كَانَ تَقِيًّا ۝

၁၄။ ထိုမျှမက၊ မိမိအထံတော်မှ နူးညံ့သောနှလုံးသားနှင့် သန့်ရှင်းစင်ကြယ်ခြင်းကိုချီးမြှင့်တော်မူခဲ့၏။ ထို့ပြင် သူသည် မကောင်းမှုမှ ရှောင်ကြဉ်သူဖြစ်၏။

وَّ بَرًّا بِوَالِدَيْهِ وَلَمْ يَكُنْ جَبَّارًا عَصِيًّا ۝

၁၅။ ထို့ပြင် မိမိ၏မိဘနှစ်ပါးအား ကောင်းစွာဆက်ဆံသူဖြစ်၏။ ၎င်းပြင် ခက်ထန်မာကျောသူ(နှင့်) မနာခံသူ အလျှင်းမဟုတ်ခဲ့ချေ။

وَسَلٰمٌ عَلَيْهِ يَوْمَ وُلِدَ وَيَوْمَ يَمُوْتُ وَيَوْمَ يُبْعَثُ حَيًّا ۝ ع

၁၆။ စင်စစ် သူမွေးဖွားသည့်နေ့တွင်လည်းကောင်း သူသေဆုံးကွယ်လွန်မည့်နေ့တွင်လည်းကောင်း သူပြန်လည် ရှင်ပြန်ထမြောက်ရမည့်နေ့တွင်လည်းကောင်း သူ့အပေါ်၌ 'ငြိမ်းချမ်းခြင်း'ရှိသတည်း။

ရုကူး-၂

وَاذْكُرْ فِي الْكِتٰبِ مَرْيَمَ ۘ اِذِ انْتَبَذَتْ ۚ
مِنْ اَهْلِهَا مَكَانًا شَرْقِيًّا ۙ﴿۱۶﴾

၁၇။ ထို့ပြင် (ဤ)ကျမ်းတော်မှ 'မရ်ယမ်'၏အကြောင်းကို ပြောကြားပါလေ၊ အကြင်အခါဝယ် သူမသည် မိမိ၏အိမ်သားများမှခွဲခွာ၍ အရှေ့ဘက်ရှိနေရာတစ်ခုသို့ ထွက်သွားခဲ့လေသည်။

فَاتَّخَذَتْ مِنْ دُوْنِهِمْ حِجَابًا ۖ
فَاَرْسَلْنَآ اِلَيْهَا رُوْحَنَا فَتَمَثَّلَ لَهَا
بَشَرًا سَوِيًّا ﴿۱۷﴾

၁၈။ သို့ဖြင့် သူမသည် မိမိနှင့်ယင်းတို့၏အကြားတွင် အကာအဆီးတစ်ခုကို ကာရံလိုက်လေသည်။ ထို့နောက် ငါတို့သည် သူမထံသို့ မိမိ၏ကောင်းကင်တမန်ကိုစေလွှတ်တော်မူ၏။ ၎င်းသည် သူမအတွက် လူယောကျ်ားတစ်ယောက်ကဲ့သို့ အသွင်ဆောင်ခဲ့၏။

قَالَتْ اِنِّيْٓ اَعُوْذُ بِالرَّحْمٰنِ مِنْكَ
اِنْ كُنْتَ تَقِيًّا ﴿۱۸﴾

၁၉။ သူမက အကယ်၍ အသင်သည် အလ္လာဟ်အား ကြောက်ရွံ့သူဖြစ်ပါလျှင် ကျွန်မသည် ကရုဏာတော်အရှင်ထံတော်တွင် အသင်မှခိုလှုံပါ၏ဟု ပြောကြားလေ၏။

قَالَ اِنَّمَآ اَنَا رَسُوْلُ رَبِّكِ ۖ لِاَهَبَ لَكِ
غُلٰمًا زَكِيًّا ﴿۱۹﴾

၂၀။ ၎င်းက ကျွန်ုပ်သည်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ စေတမန်တစ်ပါးမျှသာဖြစ်၏။ အသင့်အား သန့်ရှင်းသော သားယောကျ်ားတစ်ပါးပေးရန် ဖြစ်၏ဟု ပြောကြားလေ၏။

قَالَتْ اَنّٰى يَكُوْنُ لِيْ غُلٰمٌ وَّلَمْ يَمْسَسْنِيْ
بَشَرٌ وَّلَمْ اَكُ بَغِيًّا ﴿۲۰﴾

၂၁။ သူမက ကျွန်မ၌ အသို့လျှင် သားယောကျ်ားရရှိနိုင်အံ့နည်း။ စင်စစ် ကျွန်မအား မည်သည့်လူသားတစ်ဦးတစ်ယောက်ကမျှ ထိတွေ့ခြင်းပင်မရှိခဲ့ရုံသာမက ကျွန်မသည် အကျင့်ဆိုးယုတ်သူလည်းမဟုတ်ပါဟု ပြောလေသည်။

قَالَ كَذٰلِكِ ۚ قَالَ رَبُّكِ هُوَ عَلَيَّ هَيِّنٌ ۚ
وَلِنَجْعَلَهٗٓ اٰيَةً لِّلنَّاسِ وَرَحْمَةً مِّنَّا ۚ
وَكَانَ اَمْرًا مَّقْضِيًّا ﴿۲۱﴾

၂၂။ ၎င်းက ပြော၏၊ ဤကဲ့သို့ပင်ဖြစ်မည်။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်က မိန့်ကြားတော်မူသည်မှာ ဤအကြောင်းရပ်သည် ငါအရှင်မြတ်အဖို့ လွယ်ကူတော်မူ၏ (ငါတို့သည် ယင်းအား ဖွားမြင်စေတော်မူပေအံ့ ★)။ သို့ဖြင့် ငါတို့သည် သူ့အား လူသားတို့အဖို့ နိမိတ်လက္ခဏာတော်အဖြစ်လည်းကောင်း မိမိအထံတော်မှ ပြည့်စုံသော ကရုဏာတော်အဖြစ်လည်းကောင်း ပြုလုပ်ရန်ဖြစ်၏။ အမှန်သော်ကား ဤသည် စီရင်ဆုံးဖြတ်ပြီးသောအမိန့်ဖြစ်၏။

فَحَمَلَتْهُ فَانْتَبَذَتْ بِهٖ مَكَانًا قَصِيًّا ﴿۲۲﴾

၂၃။ သို့ဖြင့် သူမသည် သူ့အား ကိုယ်ဝန်ဆောင်ခဲ့လေသည်။ သူမသည်ယင်းကိုသယ်ဆောင်၍ ဝေးလံသောနေရာတစ်ခုသို့ ဖယ်ခွာသွားခဲ့လေသည်။

فَاَجَآءَهَا الْمَخَاضُ اِلٰى جِذْعِ النَّخْلَةِ ۚ

၂၄။ သို့ဖြင့် မီးဖွားမည့်ဝေဒနာသည် သူမအား စွန်ပလွံပင်၏ပင်စည်ဆီသို့ ဆောင်ကြဉ်းသွားခဲ့လေသည်။ သူမက ငါသည်

★ လက်သည်းကွင်းပါစကားလုံးများမှာ 'အလ္လာမာကုရ်တူဘီ'၏အဆိုအရ ယင်း၏အနက်သဘောတွင်ပါဝင်သည်။ 'တာဖ်စီရ်အလ်ကုရ်တူဘီ' ကျမ်းရှု။

قَالَتْ يٰلَيْتَنِيْ مِتُّ قَبْلَ هٰذَا وَكُنْتُ نَسْيًا مَّنْسِيًّا ﴿٢٣﴾

ဤသည့်အလျင်ကပင် သေဆုံးသွားခဲ့လျှင်၊ ထို့ပြင် သတိလစ်မေ့မြောသွားခဲ့လျှင် ကောင်းလေစွဟု ညည်းတွားပြောဆိုခဲ့လေသည်။

فَنَادٰىهَا مِنْ تَحْتِهَآ اَلَّا تَحْزَنِيْ قَدْ جَعَلَ رَبُّكِ تَحْتَكِ سَرِيًّا ﴿٢٤﴾

၂၅။ ထိုအခါ (အသံပြုသူတစ်ပါးက) သူမ၏ အခြေဘက်မှ သူမအား အသံပြုသည်မှာ တစ်စုံတစ်ရာ ပူဆွေးသောက မဖြစ်လင့်၊ အသင်မအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အသင်မ၏အောက်ခြေတွင် စမ်းချောင်းတစ်ခုကို စီးဆင်းစေတော်မူလေပြီ။

وَهُزِّيْٓ اِلَيْكِ بِجِذْعِ النَّخْلَةِ تُسٰقِطْ عَلَيْكِ رُطَبًا جَنِيًّا ﴿٢٥﴾

၂၆။ စွန်ပလွံပင်၏ပင်စည်ကို မိမိဘက်သို့ ဆွဲလှုပ်ပါလေ၊ ယင်းသည် ဝင်းမှည့်လတ်ဆတ်သော စွန်ပလွံသီးများကို အသင်မအပေါ် ကြွေကျစေလိမ့်မည်။

فَكُلِيْ وَاشْرَبِيْ وَقَرِّيْ عَيْنًا ۚ فَاِمَّا تَرَيِنَّ مِنَ الْبَشَرِ اَحَدًا ۙ فَقُوْلِيْٓ اِنِّيْ نَذَرْتُ لِلرَّحْمٰنِ صَوْمًا فَلَنْ اُكَلِّمَ الْيَوْمَ اِنْسِيًّا ﴿٢٦﴾

၂၇။ သို့ဖြစ်၍ အသင်မသည် စားလော့၊ သောက်လော့။ ထို့ပြင် မိမိ၏မျက်စိများကို အေးမြအောင်ပြုလုပ်လော့။ အကယ်၍ အသင်မသည် လူတစ်ဦးဦးကိုတွေ့မြင်ပါလျှင် အမှန်ပင် ကျွန်မသည် 'ရာဟ်မန်'ကရုဏာတော်ရှင်အတွက် ဥပုသ်သီလဆောက်တည်ရန် အဓိဋ္ဌာန်ပြုထားပြီးဖြစ်ရာ ယနေ့ ကျွန်မသည် မည်သည့်လူသားတစ်ဦးတစ်ယောက်နှင့်မျှ စကားပြောဆိုမည်မဟုတ်ပါဟုပြောပါလေ။

فَاَتَتْ بِهٖ قَوْمَهَا تَحْمِلُهٗ ۭ قَالُوْا يٰمَرْيَمُ لَقَدْ جِئْتِ شَيْـــًٔا فَرِيًّا ﴿٢٧﴾

၂၈။ ထို့နောက် သူမသည် ၎င်းအား ပင့်ဆောင်လျက် မိမိအမျိုးသားများထံသို့လာခဲ့၏၊ ယင်းတို့ကပြောသည်မှာ အို-'မရ်ယမ်' ဧကန်ပင် အသင်မသည် အလွန်ဆိုးရွားသောအမှုကိုပြုခဲ့ပေပြီ။

يٰٓاُخْتَ هٰرُوْنَ مَا كَانَ اَبُوْكِ امْرَاَ سَوْءٍ وَّمَا كَانَتْ اُمُّكِ بَغِيًّا ﴿٢٨﴾

၂၉။ အို-'ဟာရွန်'၏နှမ၊ အသင်၏ဖခင်သည် ဆိုးယုတ်သူမဟုတ်ခဲ့ချေ၊ အသင်၏ မိခင်သည်လည်း အကျင့်ဖောက်ပြန်သူမဟုတ်ခဲ့ချေ။ ①

فَاَشَارَتْ اِلَيْهِ ۭ قَالُوْا كَيْفَ نُكَلِّمُ مَنْ كَانَ فِي الْمَهْدِ صَبِيًّا ﴿٢٩﴾

၃၀။ ထိုအခါ သူမသည် ၎င်းဘက်သို့ညွှန်ပြ၏။ သူတို့က ကျွန်ုပ်တို့ အသို့လျှင် သူနှင့် စကားပြောဆိုနိုင်ပါအံ့နည်း။ သူသည် ယခုမှ ပုခက်တွင်းရှိ ကလေးငယ်မျှသာဖြစ်၏ဟုပြောကြလေ၏။

قَالَ اِنِّيْ عَبْدُ اللّٰهِ ۣ اٰتٰىنِيَ الْكِتٰبَ وَجَعَلَنِيْ نَبِيًّا ﴿٣٠﴾

၃၁။ သူက ပြော၏၊ အမှန်ပင် ကျွန်ုပ်သည် အလ္လာဟ်၏အစေတော်ဖြစ်၏။ ထိုအရှင်မြတ်သည် ကျွန်ုပ်အား ကျမ်းဂန်ကို ပေးသနားတော်မူပြီး ကျွန်ုပ်အား 'နဗီ'တမန်တော် ပြုပေး

① ဤတွင် မရ်ယမ်သခင်မအား သူ၏အမျိုးသားများက **اُخْتَ هارون**(ဟာရွန်၏နှမ)ဟု ခေါ်ဆိုထားပေသည်။ သို့သော် ယင်းမှာ တမန်တော်မူစာ ﷺ၏နောင်တော် တမန်တော်ဟာရွန် ﷺမဟုတ်ချေ။ ဤဆူရာဟ်မှာပင် အာယတ်တော်(၅၄)၌ တမန်တော်မူစာ ﷺ၏နောင်တော် တမန်တော်ဟာရွန် ﷺ၏အမည်ကို ပေါ်လွင်ထင်ရှားစွာဖော်ပြထား၍ မရ်ယမ်သခင်မ၏အကြောင်းမှာ ထို့ထက်အလွန်နောက်ကျပေသည်။ သူမ၏အမျိုးသားများက ပြောင်လျောင်ကဲ့ရဲ့သောအနေဖြင့် **اُخْتَ هارون**ဟု ခေါ်ဆိုကြခြင်းဖြစ်တန်ရာသည်၊ သို့မဟုတ် 'ဟာရွန်'ဟူသောအမည်ဖြင့် မရ်ယမ်သခင်မ၏ အစ်ကိုတစ်ဦး ရှိကောင်းရှိခဲ့ပေလိမ့်မည်။ မည်သို့ဆိုစေထိုသူသည် တမန်တော်မူစာ ﷺ၏နောင်တော် အလျှင်းမဟုတ်ချေ။

တော်မူခဲ့ပေသည်။

وَّجَعَلَنِیْ مُبٰرَكًا اَیْنَ مَا كُنْتُ ۪
وَاَوْصٰنِیْ بِالصَّلٰوةِ وَالزَّكٰوةِ مَا دُمْتُ
حَیًّا ﴿۳۱﴾

၃၁။ ထို့ပြင် ကျွန်ုပ် မည်သည့်နေရာတွင်ရှိစေ ကျွန်ုပ်အား 'ဘာရ်ကတ်'မင်္ဂလာအဖြစ် ပြုပေးတော်မူ၏။ ၎င်းပြင် ကျွန်ုပ် အသက်ရှင်နေသမျှကာလပတ်လုံး 'ဆွလာတ်'ဝတ်ပြုရန်နှင့် 'ဇကားတ်'ပေးဆောင်ရန် ကျွန်ုပ်အား သွန်သင်တော်မူ၏။

وَّبَرًّا بِوَالِدَتِیْ ۫ وَلَمْ یَجْعَلْنِیْ جَبَّارًا
شَقِیًّا ﴿۳۲﴾

၃၂။ ထို့ပြင် မိမိ၏ မိခင်အား ကောင်းစွာဆက်ဆံသူ(အဖြစ် ပြုတော်မူ၏)။ ထို့ပြင် ကျွန်ုပ်အား ခက်ထန်သူ စိတ်နှလုံး မာကျောသူအဖြစ် ပြုလုပ်တော်မမူခဲ့ချေ။

وَالسَّلٰمُ عَلَیَّ یَوْمَ وُلِدْتُّ وَیَوْمَ اَمُوْتُ
وَیَوْمَ اُبْعَثُ حَیًّا ﴿۳۳﴾

၃၃။ ထို့ပြင် ကျွန်ုပ်အား မွေးဖွားစေသည့် နေ့တွင်လည်း ကောင်း ကျွန်ုပ်သေဆုံးရမည့်နေ့တွင်လည်းကောင်း ကျွန်ုပ် အား ရှင်ပြန်ထမြောက်စေမည့်နေ့တွင်လည်းကောင်း ကျွန်ုပ် အပေါ်၌ 'ငြိမ်းချမ်းခြင်း'သည်ရှိ၏။

ذٰلِكَ عِیْسَى ابْنُ مَرْیَمَ ۚ قَوْلَ الْحَقِّ
الَّذِیْ فِیْهِ یَمْتَرُوْنَ ﴿۳۴﴾

၃၄။ ဤကား 'မရ်ယမ်'၏သား 'အီစာ'တည်း။ (ဤသည်) ထိုသူတို့ ယုံမှားသံသယဖြစ်လျက်ရှိကြသော အမှန်စကား ဖြစ်၏။

مَا كَانَ لِلّٰهِ اَنْ یَّتَّخِذَ مِنْ وَّلَدٍ ۙ سُبْحٰنَهٗ ؕ
اِذَا قَضٰۤى اَمْرًا فَاِنَّمَا یَقُوْلُ لَهٗ كُنْ
فَیَكُوْنُ ﴿۳۵﴾

၃၅။ သားတော်တစ်ပါးပါးပြုထားရန်မှာ အလ္လာဟ်၏ဂုဏ် တော်နှင့် မသင့်မြတ်ချေ။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ် တော်မူ၏။ ထိုအရှင်မြတ်သည် အရေးကိစ္စတစ်စုံတစ်ရာကို ဆုံးဖြတ်တော်မူသောအခါ ယင်းအား 'ဖြစ်စေ'ဟု မိန့်တော် မူရုံမျှဖြင့် ထိုအရာသည် စတင်ဖြစ်ပေါ်လာပြီး ဆင့်ကဲဖြစ်ထွန်း၍ လာရပေသည်။

وَاِنَّ اللّٰهَ رَبِّیْ وَرَبُّكُمْ فَاعْبُدُوْهُ ؕ
هٰذَا صِرَاطٌ مُّسْتَقِیْمٌ ﴿۳۶﴾

၃၆။ စင်စစ်ဧကန် အလ္လာဟ်သည်သာ ကျွန်ုပ်အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်ဖြစ်တော်မူပြီး အသင်တို့အား ဖန် ဆင်းမွေးမြူတော်မူသောအရှင်လည်း ဖြစ်တော်မူ၏။ သို့ဖြစ်ရာ အသင်တို့သည် ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်ကြကုန်။ ဤသည်ပင် ဖြောင့်မတ်မှန်ကန်သောလမ်းဖြစ်၏။

فَاخْتَلَفَ الْاَحْزَابُ مِنْۢ بَیْنِهِمْ ۚ
فَوَیْلٌ لِّلَّذِیْنَ كَفَرُوْا مِنْ مَّشْهَدِ
یَوْمٍ عَظِیْمٍ ﴿۳۷﴾

၃၈။ ထို့နောက် သူတို့အတွင်းမှပင် အုပ်စုများသည် ကွဲပြား ခြားနားခဲ့ကြ၏။ သို့ဖြစ်၍ ကြီးကျယ်လှစွာသော နေ့တော်ကြီး တွင် မယုံကြည်ငြင်းပယ်သူတို့သည် ရှေ့တော်သွင်းခြင်းကို ခံရလျက် သူတို့အဖို့ ပျက်စီးခြင်းသည်ရှိပေအံ့။

اَسْمِعْ بِهِمْ وَاَبْصِرْ ۙ یَوْمَ یَاْتُوْنَنَا لٰكِنِ
الظّٰلِمُوْنَ الْیَوْمَ فِیْ ضَلٰلٍ مُّبِیْنٍ ﴿۳۸﴾

၃၉။ အကြင်နေ့တွင် ယင်းတို့သည် ငါတို့ထံ ရောက်လာကြ သောအခါ ယင်းတို့သည် အဘယ်မျှကောင်းစွာကြားကြရပြီး အဘယ်မျှ ကောင်းစွာတွေ့မြင်ကြရအံ့နည်း၊ သို့ရာတွင် အမှား ကျူးလွန်သူတို့မှာကား ယနေ့တွင် ထင်ရှားသော လမ်းလွဲမှုဌ် ရှိနေကြပေသည်။

وَاَنْذِرْهُمْ يَوْمَ الْحَسْرَةِ اِذْ قُضِيَ الْاَمْرُ ۘ وَهُمْ فِيْ غَفْلَةٍ وَّ هُمْ لَا يُؤْمِنُوْنَ ۝

၄၀။ စိရင်ဆုံးဖြတ်ပြီးသောအခါ ဝမ်းနည်းပူဆွေးမှုဖြစ်ရမည့် (ထို)နေ့တော်ကြီးအကြောင်းကို ယင်းတို့အား သတိပေးနှိုးဆော်ပါလေ။ စင်စစ်သော်ကား၊ ၎င်းတို့သည် မေ့လျော့ပေါ့တန်ခြင်း၌ရှိကြပြီး သက်ဝင်ယုံကြည်မှုမပြုခဲ့ကြချေ။

اِنَّا نَحْنُ نَرِثُ الْاَرْضَ وَمَنْ عَلَيْهَا وَاِلَيْنَا يُرْجَعُوْنَ ۝

၄၀။ မုချကေန် ကမ္ဘာမြေနှင့် ယင်းအပေါ်တွင်ရှိသည်တို့ကို ငါတို့သည်သာ အမွေခံဖြစ်တော်မူပေမည်။ ယင်းတို့သည် ငါတို့ထံသို့သာလျှင် ပြန်လှည့်ခြင်းခံကြရချိမ့်သတည်း။

ရှကူ-၃

وَاذْكُرْ فِي الْكِتٰبِ اِبْرٰهِيْمَ ۘ اِنَّهٗ كَانَ صِدِّيْقًا نَّبِيًّا ۝

၄၂။ ထို့ပြင် (ဤ)ကျမ်းတော်မှ 'အစ်ဗရာဟင်မ်' အကြောင်းကိုပြောကြားပါလေ။ မုချကေန် သူသည် ဖြောင့်မတ်မှန်ကန်သော တမန်တော်တစ်ပါးဖြစ်၏။

اِذْ قَالَ لِاَبِيْهِ يٰٓاَبَتِ لِمَ تَعْبُدُ مَا لَا يَسْمَعُ وَلَا يُبْصِرُ وَلَا يُغْنِيْ عَنْكَ شَيْـًٔا ۝

၄၃။ အကြင်အခါဝယ် သူသည် မိမိ၏ဖခင်အား ပြောကြား၏။ အို-ကျွန်ုပ်၏ဖခင် ကြားလည်းမကြားနိုင် မြင်လည်းမမြင်နိုင်သည့်အပြင် ဖခင်အဖို့ရာ မည်သို့မျှပင် အသုံးမဝင်သော အရာကို ဖခင်သည် အဘယ့်ကြောင့် ခဝပ်ကိုးကွယ်ပါသနည်း။

يٰٓاَبَتِ اِنِّيْ قَدْ جَآءَنِيْ مِنَ الْعِلْمِ مَا لَمْ يَاْتِكَ فَاتَّبِعْنِيْٓ اَهْدِكَ صِرَاطًا سَوِيًّا ۝

၄၄။ အို-ကျွန်ုပ်၏ဖခင်၊ ဖခင်ထံသို့ မရောက်ရှိသော အသိပညာသည် ဧကန်ပင် ကျွန်ုပ်ထံသို့ ရောက်ရှိခဲ့ပြီးဖြစ်၏။ သို့ကြောင့် ကျွန်ုပ်နောက်သို့လိုက်ပါလော့၊ ကျွန်ုပ်သည် ဖြောင့်မှန်သောလမ်းသို့ ဖခင်အား ညွှန်ပြပါမည်။

يٰٓاَبَتِ لَا تَعْبُدِ الشَّيْطٰنَ ۭ اِنَّ الشَّيْطٰنَ كَانَ لِلرَّحْمٰنِ عَصِيًّا ۝

၄၅။ အို-ကျွန်ုပ်၏ဖခင် 'ရှိုင်တန်'အား ခဝပ်ကိုးကွယ်ခြင်း မပြုပါလင့်။ ဧကန်စင်စစ် 'ရှိုင်တန်'သည် 'ရာဟ်မန်'ကရုဏာတော်ရှင်အား မနာခံသူဖြစ်၏။

يٰٓاَبَتِ اِنِّيْٓ اَخَافُ اَنْ يَّمَسَّكَ عَذَابٌ مِّنَ الرَّحْمٰنِ فَتَكُوْنَ لِلشَّيْطٰنِ وَلِيًّا ۝

၄၆။ အို-ကျွန်ုပ်၏ဖခင်၊ ကျွန်ုပ်သည် 'ရာဟ်မန်' ကရုဏာတော်ရှင်ထံတော်မှ ဖခင်ထံ ပြစ်ဒဏ်တစ်စုံတစ်ရာ ကျရောက်မည်ကိုလည်းကောင်း သို့ဖြင့် ဖခင်သည် (ထိုအချိန်၌) 'ရှိုင်တန်'၏အဆွေခင်ပွန်းဖြစ်သွားမည်ကိုလည်းကောင်း ကျွန်ုပ်သည် အမှန်ပင် ကြောက်ရွံ့စိုးရိမ်ပါ၏။

قَالَ اَرَاغِبٌ اَنْتَ عَنْ اٰلِهَتِيْ يٰٓاِبْرٰهِيْمُ ۚ لَىِٕنْ لَّمْ تَنْتَهِ لَاَرْجُمَنَّكَ وَاهْجُرْنِيْ مَلِيًّا ۝

၄၇။ သူ(၏ဖခင်)က အို-'အစ်ဗရာဟင်မ်'၊ အသင်သည် ငါ၏ခဝပ်ကိုးကွယ်ရာများမှ လွဲဖယ်မှုပြုနေပါသလော။ အကယ်၍ အသင်သည် ရပ်တန့်ခြင်းမပြုပါလျှင် ငါသည် ဧကန်ပင် အသင့်အား ခဲများဖြင့် ပစ်ပေါက်၍သတ်ရလိမ့်မည်၊ အသင်သည် ငါ့အား ကာလရှည်စွာ တစ်ဦးတည်းထားရစ်ပါလော့ဟု ပြောကြားလေ၏။

قَالَ سَلٰمٌ عَلَيْكَ ۚ سَاَسْتَغْفِرُ لَكَ رَبِّيْ ۭ اِنَّهٗ كَانَ بِيْ حَفِيًّا ۝

၄၈။ သူက ပြောကြား၏။ ဖခင်အပေါ် 'ငြိမ်းချမ်းခြင်း'သက်ရောက်ပါစေ။ ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်ထံတော်တွင် အမှန်ပင် ဖခင်အတွက် ခွင့်လွှတ်

ခြင်းကိုတောင်းခံပါမည်။ ဧကန်ပင် ထိုအရှင်မြတ်သည် ကျွန်ုပ်အပေါ် လွန်စွာ ကျေးဇူးပြုတော်မူသောအရှင်ဖြစ်ပါ၏။

وَاَعْتَزِلُكُمْ وَمَا تَدْعُوْنَ مِنْ دُوْنِ اللّٰهِ وَاَدْعُوْا رَبِّيْ ۖ عَسٰٓى اَلَّآ اَكُوْنَ بِدُعَاۤءِ رَبِّيْ شَقِيًّا ﴿٤٨﴾

၄၈။ ထို့ပြင် ကျွန်ုပ်သည် ဖခင်အားလည်းကောင်း၊ အလ္လာဟ်မှတစ်ပါး ဖခင်တို့ဟစ်ခေါ်ကြကုန်သောအရာများအားလည်းကောင်း စွန့်ခွာ၍ သွားပါတော့မည်။ ၎င်းပြင် ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်တွင် 'ဒိုအာ' ဆုတောင်းမူပြုပါမည်။ ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံ ဆုတောင်းမူပြုရာတွင် ကံဆိုးသူမဖြစ်ရန် နီးစပ်လှပါသည်။

فَلَمَّا اعْتَزَلَهُمْ وَمَا يَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ ۙ وَهَبْنَا لَهٗٓ اِسْحٰقَ وَيَعْقُوْبَ ۭ وَكُلًّا جَعَلْنَا نَبِيًّا ﴿٤٩﴾

၄၉။ သို့ဖြင့် သူသည် ယင်းတို့အားလည်းကောင်း အလ္လာဟ်အပြင် ယင်းတို့ကိုးကွယ်ခဲ့ကြသောအရာများအားလည်းကောင်း စွန့်ခွာခဲ့လေရာ ငါတို့သည် သူ့အား 'အစ္စဟာက်'နှင့် 'ယာကွပ်'တို့ကို ပေးသနားတော်မူခဲ့၏။ ထိုမှတစ်ပါး ငါတို့သည် သူတို့အားလုံးကို 'နဗီ'တမန်တော် ပြုပေးတော်မူခဲ့၏။

وَوَهَبْنَا لَهُمْ مِّنْ رَّحْمَتِنَا وَجَعَلْنَا لَهُمْ لِسَانَ صِدْقٍ عَلِيًّا ﴿٥٠﴾

၅၀။ ထို့ပြင် ငါတို့သည် သူတို့အား မိမိ၏ 'ရာဟ်မတ်' ကရုဏာတော်မှ ခီးမြှင့်တော်မူ၏။ ၎င်းပြင် သူတို့အား မြင့်မားသော အဆင့်ရှိသည့် ဖြောင့်မှန်သောစကားတစ်ရပ်ကို ပေးသနားတော်မူခဲ့ပေသတည်း။

ရုကူး-၄

وَاذْكُرْ فِي الْكِتٰبِ مُوْسٰٓى ۡ اِنَّهٗ كَانَ مُخْلَصًا وَّكَانَ رَسُوْلًا نَّبِيًّا ﴿٥١﴾

၅၁။ ထို့ပြင် (ဤ)ကျမ်းတော်မှ 'မူစာ'၏ အကြောင်းကိုလည်း ပြောကြားပါလေ။ ဧကန်ပင် သူသည် သန့်စင်အောင်ပြုခြင်းခံခဲ့ရပြီး သတင်းပို့ဆောင်သူ 'နဗီ'တမန်တော်တစ်ပါးဖြစ်၏။

وَنَادَيْنٰهُ مِنْ جَانِبِ الطُّوْرِ الْاَيْمَنِ وَقَرَّبْنٰهُ نَجِيًّا ﴿٥٢﴾

၅၂။ ငါတို့သည် သူ့အား 'တူရ်'တောင်၏ယာဘက်အစွန်မှ အသံပြုတော်မူ၏။ ထို့ပြင် သူ့အား တီးတိုးပြောဆိုလျက် မိမိအပါးတော်သို့ နီးကပ်စေတော်မူ၏။

وَوَهَبْنَا لَهٗ مِنْ رَّحْمَتِنَآ اَخَاهُ هٰرُوْنَ نَبِيًّا ﴿٥٣﴾

၅၃။ ထို့ပြင် ငါတို့သည် မိမိ၏ 'ရာဟ်မတ်'ကရုဏာတော်ဖြင့် သူ့အဖို့ သူ၏နောင်တော် 'ဟာရွန်'ကို 'နဗီ'တမန်တော်အဖြစ် ခီးမြှင့်တော်မူ၏။

وَاذْكُرْ فِي الْكِتٰبِ اِسْمٰعِيْلَ ۡ اِنَّهٗ كَانَ صَادِقَ الْوَعْدِ وَكَانَ رَسُوْلًا نَّبِيًّا ﴿٥٤﴾

၅၄။ ထို့ပြင် (ဤ)ကျမ်းတော်မှ 'အစ္စမာအီလ်'၏အကြောင်းကိုလည်း ပြောကြားပါလေ။ ဧကန်မုချ သူသည် ကတိသစ္စာတည်ကြည်သူဖြစ်ပြီး 'ရစူလ်'(နှင့်) 'နဗီ'တစ်ပါးဖြစ်၏။

وَكَانَ يَاْمُرُ اَهْلَهٗ بِالصَّلٰوةِ وَالزَّكٰوةِ ۡ وَكَانَ عِنْدَ رَبِّهٖ مَرْضِيًّا ﴿٥٥﴾

၅၅။ သူသည် မိမိ၏အိမ်သားများအား 'ဆွလာတ်'ဝတ်ပြုရန်နှင့် 'ဇကာတ်'ပေးဆောင်ရန် မိန့်ကြားလေ့ရှိခဲ့၏။ ၎င်းပြင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်ဝယ် အလွန်တရာ နှစ်သက်ဖွယ်ဖြစ်၏။

وَاذْكُرْ فِي الْكِتٰبِ اِدْرِيْسَ ۫ اِنَّهٗ كَانَ صِدِّيْقًا نَّبِيًّا ۝٥٦

၅၇။ ထို့ပြင် (ဤ)ကျမ်းတော်မှ 'အီဒရီးစ်'၏အကြောင်းကို လည်း ပြောကြားပါလေ။ ဧကန်ပင် သူသည် အလွန်တရာ ဖြောင့်မှန်သူ(နှင့်) 'နဗီ'တမန်တော်တစ်ပါးဖြစ်၏။

وَّرَفَعْنٰهُ مَكَانًا عَلِيًّا ۝٥٧

၅၈။ ငါတို့သည် သူ့အား မြင့်မားသော အဆင့်အတန်းတစ်ခု သို့ မြှင့်တင်တော်မူခဲ့၏။

اُولٰٓئِكَ الَّذِيْنَ اَنْعَمَ اللّٰهُ عَلَيْهِمْ مِّنَ النَّبِيّٖنَ مِنْ ذُرِّيَّةِ اٰدَمَ ۗ وَمِمَّنْ حَمَلْنَا مَعَ نُوْحٍ ۗ وَّمِنْ ذُرِّيَّةِ اِبْرٰهِيْمَ وَاِسْرَآءِيْلَ ۗ وَمِمَّنْ هَدَيْنَا وَاجْتَبَيْنَا ۭ اِذَا تُتْلٰى عَلَيْهِمْ اٰيٰتُ الرَّحْمٰنِ خَرُّوْا سُجَّدًا وَّبُكِيًّا ۝٥٨ ۩

၅၉။ ဤသူတို့သည်ကား သူတို့အပေါ်သို့ အလ္လာဟ်သည် ဆုလာဘ်ပေးတော်မူခဲ့ပြီး သူတို့သည် 'အာဒမ်'၏အဆက် အနွယ်မှ တမန်တော်များဖြစ်ကြ၏။ ထို့ပြင် သူတို့သည် ငါတို့က 'နူးဟ်'နှင့်အတူ စီးနင်းစေခဲ့သောသူများအနက်မှလည်း ကောင်း 'အစ်ဗရာဟင်မ်'နှင့် 'အစ္စရာအီလ်'တို့၏ အဆက်အ နွယ်များမှလည်းကောင်းဖြစ်ကြ၏။ ထို့ပြင် ငါတို့က လမ်းညွှန် တော်မူလျက် ရွေးချယ်တော်မူခြင်းခံရသောသူတို့အနက်မှ ဖြစ် ကြ၏။ သူတို့အား 'ရာဟ်မန်'ကရုဏာတော်ရှင်၏ 'အာယတ်' မုက္ခပါဠိတော်များကို ဖတ်ရွတ်ပြသောအခါ သူတို့သည် 'စဂ်ဒါဟ်'ဦးချခြင်း၌ကျရောက်လျက် ငိုကြွေးကြလေသည်။

فَخَلَفَ مِنْۢ بَعْدِهِمْ خَلْفٌ اَضَاعُوا الصَّلٰوةَ وَاتَّبَعُوا الشَّهَوٰتِ فَسَوْفَ يَلْقَوْنَ غَيًّا ۝٥٩

၆၀။ တစ်ဖန် သူတို့၏နောက်တွင် 'ဆွလာတ်'ဝတ်ပြုမှုကို အကျိုးမဲ့ဖြစ်စေခဲ့ကြပြီး စိတ်အလိုဆန္ဒများနောက်သို့ လိုက်ခဲ့ ကြသောဆက်ခံသူများက (သူတို့အား)ဆက်ခံခဲ့ကြ၏။ သို့ဖြစ် ရာ ၎င်းတို့သည် လမ်းလွဲမှု၏ရလဒ်ကို အမှန်ပင် မြင်တွေ့ကြ ရပေလိမ့်မည်။

اِلَّا مَنْ تَابَ وَاٰمَنَ وَعَمِلَ صَالِحًا فَاُولٰٓئِكَ يَدْخُلُوْنَ الْجَنَّةَ وَلَا يُظْلَمُوْنَ شَيْـًٔا ۝٦٠

၆၁။ 'တောင်ဘာ'ဝန်ချတောင်းပန်မှုပြုပြီး 'အီမာန်' သက်ဝင် ယုံကြည်ခြင်းရှိကာ ကောင်းမြတ်သောအကျင့်သီလကိုပွားများ ခဲ့ကြသောသူတို့မှတစ်ပါးဖြစ်၏။ ထိုသူတို့သည်ပင် 'ဂျန္နတ်' ဥယျာဉ်တော်သို့ ဝင်ရောက်ကြရမည်ဖြစ်ပြီး အနည်းငယ်မျှပင် မတရားပြုခြင်းခံကြရမည်မဟုတ်ချေ။

جَنّٰتِ عَدْنِ ِۨالَّتِيْ وَعَدَ الرَّحْمٰنُ عِبَادَهٗ بِالْغَيْبِ ۭ اِنَّهٗ كَانَ وَعْدُهٗ مَاْتِيًّا ۝٦١

၆၂။ ထာဝရတည်မည့် 'ဂျန္နတ်'ဥယျာဉ်တော်များတွင်၊ ယင်း အား 'ရာဟ်မန်'ကရုဏာတော်ရှင်က မိမိ၏အစေတော်များ အား 'ဂိုက်ဘ်'အကွယ်မှကတိပြုထားတော်မူ၏။ ဧကန်စင်စစ် အရှင်မြတ်၏ကတိတော်သည် မလွဲမသွေ ဖြည့်ဆည်းတော်မူ ခြင်းကိုခံရပေမည်။

لَا يَسْمَعُوْنَ فِيْهَا لَغْوًا اِلَّا سَلٰمًا ۭ وَلَهُمْ رِزْقُهُمْ فِيْهَا بُكْرَةً وَّعَشِيًّا ۝٦٢

၆၃။ ထိုသူတို့သည် ယင်း၌ 'စလာမ်'ငြိမ်းချမ်းပါစေမှတစ်ပါး အခြားမည်သည့် အချည်းနှီး(စကား)ကိုမျှ ကြားကြရလိမ့်မည် မဟုတ်ချေ။ ထို့ပြင် သူတို့အဖို့ ရိက္ခာကို နံနက်နှင့် ညနေတွင် ရရှိပေလိမ့်မည်။

تِلْكَ الْجَنَّةُ الَّتِيْ نُوْرِثُ مِنْ عِبَادِنَا

၆၄။ ဤကား ငါတို့က မိမိ၏အစေတော်များအနက်မှ 'မွတ္တ ကီ' ဖြူစင်ဖြောင့်မတ်သူတို့အား အမွေခံဖြစ်စေတော်မူမည့်

مَنْ كَانَ تَقِيًّا ﴿٧٢﴾

ထို‘ဂျန္နတ်’ဥယျာဉ်တော်ဖြစ်၏။

وَمَا نَتَنَزَّلُ اِلَّا بِاَمْرِ رَبِّكَ ۚ لَهٗ مَا بَيْنَ اَيْدِيْنَا وَمَا خَلْفَنَا وَمَا بَيْنَ ذٰلِكَ ۚ وَمَا كَانَ رَبُّكَ نَسِيًّا ﴿٧٣﴾

၆၅။ ထို့ပြင် (ကောင်းကင်တမန်များက ပြောကြသည်မှာ) ကျွန်ုပ်တို့သည် အသင့်အား ဖန်ဆင်းမွေးမြူသော အရှင်သခင်၏အမိန့်တော်ဖြင့်မှတစ်ပါး သက်ဆင်းကြသည်မဟုတ်ချေ။ ကျွန်ုပ်တို့၏ရှေ့တွင်ရှိသည်များကိုလည်းကောင်း ကျွန်ုပ်တို့၏နောက်တွင်ရှိသည်များကိုလည်းကောင်း ယင်း၏အကြားတွင်ရှိသည်များကိုလည်းကောင်း ထိုအရှင်မြတ်သည်သာ စိုးပိုင်တော်မူ၏။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မေ့လျော့တော်မူမည့်အရှင် မဟုတ်ချေ။

رَبُّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا فَاعْبُدْهُ وَاصْطَبِرْ لِعِبَادَتِهٖ ؕ هَلْ تَعْلَمُ لَهٗ سَمِيًّا ﴿٧٤﴾ ع

၆၆။ (ထိုအရှင်မြတ်သည်) မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့အပြင် ယင်းနှစ်ခု၏အကြားတွင်ရှိသည်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ဖြစ်ရာ ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်ကြကုန်၊ ထို့ပြင် ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်း၌ သည်းခံစွဲမြဲစွာရပ်တည်ကြကုန်။ အသို့နည်း၊ အသင်သည် ထိုအရှင်မြတ်နှင့် ဂုဏ်နာမတူသူ တစ်စုံတစ်ရာကို သိရှိပေသလော။

ရုကူး–၅

وَيَقُوْلُ الْاِنْسَانُ ءَاِذَا مَا مِتُّ لَسَوْفَ اُخْرَجُ حَيًّا ﴿٧٦﴾

၆၇။ ထို့ပြင် လူသားက ကျွန်ုပ်သည် သေဆုံးပြီးနောက် တစ်ဖန် အသက်ရှင်ပြန်စေလျက် ထုတ်ဆောင်ခြင်းကို ခံရပေဦးမည်လောဟု ပြော၏။

اَوَلَا يَذْكُرُ الْاِنْسَانُ اَنَّا خَلَقْنٰهُ مِنْ قَبْلُ وَلَمْ يَكُ شَيْـًٔا ﴿٦٧﴾

၆၈။ အသို့နည်း ငါတို့သည် ယခင်ကလည်း သူ့အား လုံးဝမရှိခဲ့သည့်နတ္ထိအခြေအနေမှပင် ဖန်ဆင်းတော်မူခဲ့သည်ကို လူသားသည် သတိမရလေသလော၊

فَوَرَبِّكَ لَنَحْشُرَنَّهُمْ وَالشَّيٰطِيْنَ ثُمَّ لَنُحْضِرَنَّهُمْ حَوْلَ جَهَنَّمَ جِثِيًّا ﴿٦٨﴾

၆၉။ သို့ဖြစ်ရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား တိုင်တည်သက်သေထူတော်မူ၏။ ငါတို့သည် သူတို့အားလည်းကောင်း ‘ရိုင်တန်’တို့အားလည်းကောင်း အမှန်ပင် စုရုံးစေတော်မူမည်။ ထို့နောက် ငါတို့သည် ယင်းတို့အား မလွဲမကန် ‘ဂျဟန္နမ်’ဂရဲ၏ဝန်းကျင်၌ ဒူးထောက်လျက်ရှိနေစေတော်မူမည်။

ثُمَّ لَنَنْزِعَنَّ مِنْ كُلِّ شِيْعَةٍ اَيُّهُمْ اَشَدُّ عَلَى الرَّحْمٰنِ عِتِيًّا ﴿٦٩﴾

၇၀။ ထိုအခါ ငါတို့သည် အုပ်စုတိုင်းမှ ‘ရာဟ်မန်’ ကရုဏာတော်ရှင်အား ဆန့်ကျင်ပုန်ကန်ရာ၌ အပြင်းထန်ဆုံးသောသူတို့အား ဆွဲထုတ်တော်မူမည်။

ثُمَّ لَنَحْنُ اَعْلَمُ بِالَّذِيْنَ هُمْ اَوْلٰى بِهَا صِلِيًّا ﴿٧٠﴾

၇၁။ ဧကန်စင်စစ် ငါတို့သည်ပင် ယင်း(ဂျဟန္နမ်)၌ လောင်ကျွမ်းမည့်ပြစ်ဒဏ်ကို ပိုမိုထိုက်တန်သူတို့အား အသိဆုံးဖြစ်တော်မူ၏။

وَاِنْ مِّنْكُمْ اِلَّا وَارِدُهَا ۚ كَانَ عَلٰى رَبِّكَ حَتْمًا مَّقْضِيًّا ﴿٧١﴾

၇၂။ စင်စစ် အသင်တို့ (အပြစ်ရှိသူများ)အနက် ယင်း၌ မကျရောက်မည့်သူဟူ၍ မည်သူမျှမရှိချေ။ ဤကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က စီရင်ဆုံးဖြတ်ပြီးဖြစ်သော တာဝန်တစ်ရပ်ပင်ဖြစ်၏။ ①

ثُمَّ نُنَجِّي الَّذِيْنَ اتَّقَوْا وَّنَذَرُ الظّٰلِمِيْنَ فِيْهَا جِثِيًّا ﴿٧٢﴾

၇၃။ ထို့နောက် ငါတို့သည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်သုံးသူတို့အားကယ်တင်တော်မူမည်။ သို့ရာတွင် အပြစ်ကျူးလွန်သူတို့ကို ယင်း၌ ဒူးထောက်စေလျက် စွန့်ထားတော်မူမည်။

وَاِذَا تُتْلٰى عَلَيْهِمْ اٰيٰتُنَا بَيِّنٰتٍ قَالَ الَّذِيْنَ كَفَرُوْا لِلَّذِيْنَ اٰمَنُوْٓا ۙ اَيُّ الْفَرِيْقَيْنِ خَيْرٌ مَّقَامًا وَّاَحْسَنُ نَدِيًّا ﴿٧٣﴾

၇၄။ သူတို့အား ငါတို့၏လင်းဝင်းသော'အာယတ်' မုက္ခပါဌ်တော်များကို ဖတ်ရွတ်ပြသောအခါ သွေဖည်ငြင်းပယ်သူတို့က သက်ဝင်ယုံကြည်သူတို့အား အုပ်စုနှစ်စုအနက် မည်သည်က အဆင့်အတန်းအားဖြင့် ပိုမိုကောင်းမြတ်ပြီး အစည်းအရုံးအားဖြင့် ပို၍ကောင်းမွန်ပေသနည်းဟု ပြောဆိုမေးမြန်းကြ၏။

وَكَمْ اَهْلَكْنَا قَبْلَهُمْ مِّنْ قَرْنٍ هُمْ اَحْسَنُ اَثَاثًا وَّرِءْيًا ﴿٧٤﴾

၇၅။ ထို့ပြင် ငါတို့သည် သူတို့ထက်အလျင်က အဘယ်မျှလောက်သော မျိုးနွယ်ဆက်များကို ဖျက်ဆီးပစ်တော်မူခဲ့ပေသနည်း၊ ယင်းတို့သည် ပစ္စည်းဥစ္စာအရလည်းကောင်း၊ အမြင်အားဖြင့်လည်းကောင်း (ယင်းတို့ထက်) ပို၍ကောင်းမြတ်ခဲ့ကြပေသည်။

قُلْ مَنْ كَانَ فِي الضَّلٰلَةِ فَلْيَمْدُدْ لَهُ الرَّحْمٰنُ مَدًّا ۚ حَتّٰٓى اِذَا رَاَوْا مَا يُوْعَدُوْنَ اِمَّا الْعَذَابَ وَاِمَّا السَّاعَةَ ۭ فَسَيَعْلَمُوْنَ مَنْ هُوَ شَرٌّ مَّكَانًا وَّاَضْعَفُ جُنْدًا ﴿٧٥﴾

၇၆။ အသင်ပြောကြားပါလေ။ အကြင်သူသည် လွဲမှားသောလမ်း၌ရှိအံ့၊ 'ရာဟ်မန်'ကရုဏာတော်ရှင်က အမှန်ပင် ထိုသူအား အနည်းငယ်ဆိုင်းငံ့ခွင့်ပေးတော်မူမည်။ နောက်ဆုံးတွင် သူတို့အား ကတိပေးတော်မူထားသောအရာဖြစ်သည့် အပြစ်ဒဏ်ကိုဖြစ်စေ၊ 'ကေယာမတ်'၏အချိန်ကိုဖြစ်စေ သူတို့မြင်တွေ့ကြရပေမည်။ ထိုအခါ အဘယ်သူသည် အဆင့်အတန်းအားဖြင့် အဆိုးယုတ်ဆုံးနှင့် အုပ်စုအားဖြင့် အင်အားအချည့်နဲ့ဆုံးဖြစ်သည်ကို အမှန်ပင် သိရှိကြရပေလိမ့်မည်။

وَيَزِيْدُ اللّٰهُ الَّذِيْنَ اهْتَدَوْا هُدًى ۭ وَالْبٰقِيٰتُ الصّٰلِحٰتُ خَيْرٌ عِنْدَ رَبِّكَ ثَوَابًا وَّخَيْرٌ مَّرَدًّا ﴿٧٦﴾

၇၇။ အလ္လာဟ်သည် တရားလမ်းမှန်ရရှိသူတို့အား လမ်းမှန်မှုတွင် တိုးပွားစေတော်မူပေအံ့၊ စင်စစ် ကြွင်းကျန်တည်တံ့နေမည့် ကောင်းမှုများသည်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ထံတော်၌ အကျိုးဆုလာဘ်အားဖြင့် ပိုမိုကောင်းမြတ်၍ ရလဒ်အားဖြင့်လည်း ပိုမိုကောင်းမွန်ပေသည်။

① ဤအာယတ်တော်တွင် **اِنْ مِّنْكُمْ اِلَّا وَارِدُهَا** အားဖြင့် လူပုဂ္ဂိုလ်တိုင်းသည် 'ဂျဟန္နမ်'ငရဲသို့ဝင်ရောက်ရမည်ဟု ဆိုလိုခြင်းမဟုတ်၊ ကျမ်းမြတ်ကုရ်အာန်က သန့်ရှင်းစင်ကြယ်သူတို့နှင့်စပ်လျဉ်း၍ ၎င်းတို့သည် 'ဂျဟန္နမ်'ငရဲမှ တိုးညွှင်းသောအသံကိုပင် ကြားကြရမည်မဟုတ်ဟု မိန့်ထားတော်မူသည်။ ဤတွင်ဖော်ပြသော 'ဂျဟန္နမ်'ဟူသည်မှာ လောက၏ငရဲကိုဆိုလိုခြင်းဖြစ်ပြီး ယင်းကို ကောင်းမြတ်သောလူပုဂ္ဂိုလ်များက အလ္လာဟ်အတွက်နှင့် သည်းခံကြရပေသည်။ အချို့အခါများတွင် အပြစ်ငရဲရှိသူတို့သည်လည်း မသေဆုံးမီ ကြီးမားသောဒုက္ခများကို ခံစားကြရပေသည်။ ယင်းမှာလည်း ဤလောကီဘဝမှာပင် ရရှိခံစားကြရသည့် တစ်မျိုးသော 'ဂျဟန္နမ်'ငရဲဖြစ်သည်။

اَفَرَءَيْتَ الَّذِىْ كَفَرَ بِاٰيٰتِنَا وَقَالَ لَاُوْتَيَنَّ مَالًا وَّوَلَدًا ﴿۷۷﴾

၇၈။ အသင်သည် ထိုသူအား ရှုမြင်သုံးသပ်ခြင်းမပြုသလော၊ ထိုသူသည် ငါတို့၏ 'အာယတ်'နိမိတ်လက္ခဏာတော်များကို ငြင်းပယ်လိုက်၏၊ ထို့ပြင် အမှန်ပင် ကျွန်ုပ်သည် ပစ္စည်းဥစ္စာနှင့် သားသမီးများကို ပေးသနားခြင်းခံရပေမည်ဟုပြော၏။

اَطَّلَعَ الْغَيْبَ اَمِ اتَّخَذَ عِنْدَ الرَّحْمٰنِ عَهْدًا ﴿۷۸﴾

၇၉။ ထိုသူသည် 'ဂိုက်ဘ်'အကွယ်မှ သတင်းကို ရရှိပေသလော၊ သို့တည်းမဟုတ် 'ရာဟ်မန်' ကရုဏာတော်ရှင်ထံမှ တစ်စုံတစ်ရာကတိတော်ကို ရယူထားပါသလော။

كَلَّا ۗ سَنَكْتُبُ مَا يَقُوْلُ وَنَمُدُّ لَهٗ مِنَ الْعَذَابِ مَدًّا ﴿۷۹﴾

၈၀။ သတိပြုကြကုန်၊ ငါတို့သည် ထိုသူ၏ ပြောဆိုချက်ကို အမှန်ပင် ရေးမှတ်ထားတော်မူပေအံ့။ ထို့ပြင် ငါတို့သည် ထိုသူအတွက် အပြစ်ဒဏ်ကို မပြတ်တိုးပွားစေတော်မူပေမည်။

وَّنَرِثُهٗ مَا يَقُوْلُ وَيَاْتِيْنَا فَرْدًا ﴿۸۰﴾

၈၁။ ထို့ပြင် သူသည် ငါတို့ထံ တစ်ကိုယ်တည်း လာရောက်ရမည့်အခါတွင်၊ ၎င်းပြောဆိုသမျှတို့၏ အမွေခံဖြစ်ရပေမည်။

وَاتَّخَذُوْا مِنْ دُوْنِ اللّٰهِ اٰلِهَةً لِّيَكُوْنُوْا لَهُمْ عِزًّا ﴿۸۱﴾

၈၂။ ထို့ပြင် ယင်းတို့သည် မိမိတို့အဖို့ ဂုဏ်သိက္ခာရရှိစေခြင်းအလို့ငှာ အလွန်တန်ခိုးကြီးသော ဘုရားများကို ပြုလုပ်ထားကြ၏။

كَلَّا ۗ سَيَكْفُرُوْنَ بِعِبَادَتِهِمْ وَيَكُوْنُوْنَ عَلَيْهِمْ ضِدًّا ﴿۸۲﴾ ع

၈၃။ သတိပြုကြလော့၊ ယင်းတို့သည် ထိုသူတို့၏ ကိုးကွယ်မှုကို ငြင်းပယ်ကြမည်ဖြစ်ပြီး သူတို့အား ဆန့်ကျင်ကြပေလိမ့်မည်တည်း။

ရုကူး–၆

اَلَمْ تَرَ اَنَّاۤ اَرْسَلْنَا الشَّيٰطِيْنَ عَلَى الْكٰفِرِيْنَ تَؤُزُّهُمْ اَزًّا ﴿۸۳﴾

၈၄။ ငါတို့သည် 'ကာဖိရ်' မယုံကြည်ငြင်းပယ်သူများနှင့် ဆန့်ကျင်၍ ရှိုင်တန်များကိုစေလွှတ်တော်မူကာ ယင်း (ရှိုင်တန်များ)က နည်းမျိုးစုံဖြင့် သူတို့အား သွေးထိုးလှုံ့ဆော်သည်ကို အသင်မတွေ့မြင်သလော။

فَلَا تَعْجَلْ عَلَيْهِمْ ۗ اِنَّمَا نَعُدُّ لَهُمْ عَدًّا ﴿۸۴﴾

၈၅။ သို့ဖြစ်ရာ အသင်သည် ယင်းတို့နှင့်စပ်လျဉ်း၍ အလျင်စလိုမပြုလင့်၊ ငါတို့သည် ယင်းတို့အတွက် စက္ကန့်တိုင်းကို ရေတွက်လျက်ရှိတော်မူ၏။

يَوْمَ نَحْشُرُ الْمُتَّقِيْنَ اِلَى الرَّحْمٰنِ وَفْدًا ﴿۸۵﴾

၈၆။ ထိုနေ့တော်ကြီး၌ ငါတို့သည်'မွတ္တကီ' ဖြူစင်ဖြောင့်မတ်သူတို့အား 'ရာဟ်မန်' ကရုဏာတော်ရှင်ထံတော်သို့ (ဂုဏ်သရေရှိသော) အစုအဖွဲ့အနေဖြင့် တစ်စုတစ်ရုံးတည်းပြုကာ ခေါ်ဆောင်သွားတော်မူပေအံ့။

وَّنَسُوْقُ الْمُجْرِمِيْنَ اِلٰى جَهَنَّمَ وِرْدًا ﴿۸۶﴾ ع

၈၇။ ထို့ပြင် ငါတို့သည် အပြစ်သားများကို ရေဆိပ်တစ်ခုသို့ ဆင်းကြသောသူများပမာ 'ဂျဟန္နမ်' ငရဲဘက်သို့ မောင်းနှင်၍ ခေါ်ဆောင်သွားတော်မူပေအံ့။

لَا يَمْلِكُوْنَ الشَّفَاعَةَ اِلَّا مَنِ اتَّخَذَ عِنْدَ الرَّحْمٰنِ عَهْدًا ﴿۸۷﴾ ع

၈၈။ ထို့ပြင် 'ရာဟ်မန်'ကရုဏာတော်ရှင်ထံတော်မှ ကတိတော်ကို ရယူထားသူမှတစ်ပါး အခြားမည်သူမျှ တစ်ဦးတစ်ယောက်အတွက် ကြားဝင်လျှောက်လဲအသနားခံပိုင်ခွင့်ကို ရရှိ

လိမ့်မည်မဟုတ်ချေ။

وَقَالُوا اتَّخَذَ الرَّحْمٰنُ وَلَدًا ﴿٨٨﴾

၈၉။ ၎င်းပြင် ယင်းတို့က 'ရာဟ်မန်'ကရုဏာတော်ရှင်သည် မိမိအဖို့ သားတော်ကိုပြုထားသည်ဟု ဆိုကြ၏။

لَقَدْ جِئْتُمْ شَيْـًٔا اِدًّا ﴿٨٩﴾

၉၀။ ၎ကန်စင်စစ် အသင်တို့သည် အလွန်လျှင် အချည်းနှီး အဓိပ္ပာယ်မဲ့စကားကို ဖန်တီးလာခဲ့ကြပေသည်။

تَكَادُ السَّمٰوٰتُ يَتَفَطَّرْنَ مِنْهُ وَتَنْشَقُّ الْاَرْضُ وَتَخِرُّ الْجِبَالُ هَدًّا ﴿٩٠﴾

၉၁။ မိုးကောင်းကင်များသည် ပေါက်ကွဲလုဘနန်း၊ ကမ္ဘာမြေကြီးသည်လည်း အက်ကွဲလုမတတ်ဖြစ်လျက် တောင်များသည် လှုပ်ခါ၍ ပြိုကျအံ့ဆဲဆဲဖြစ်၏။

اَنْ دَعَوْا لِلرَّحْمٰنِ وَلَدًا ﴿٩١﴾

၉၂။ ၎င်းတို့သည် 'ရာဟ်မန်'ကရုဏာတော်ရှင်၌ သားတော်ရှိသည်ဟု ကြွေးကြော်ခဲ့ကြခြင်းကြောင့်ဖြစ်၏။

وَمَا يَنْۢبَغِيْ لِلرَّحْمٰنِ اَنْ يَّتَّخِذَ وَلَدًا ﴿٩٢﴾

၉၃။ အမှန်သော်ကား မိမိအဖို့ သားတော်တစ်ပါးကို ပြုထားရန်မှာ 'ရာဟ်မန်'ကရုဏာတော်ရှင်၏ဂုဏ်တော်နှင့် အလျှင်းကိုက်ညီအပ်စပ်မှုမရှိချေ။

اِنْ كُلُّ مَنْ فِي السَّمٰوٰتِ وَالْاَرْضِ اِلَّاۤ اٰتِي الرَّحْمٰنِ عَبْدًا ﴿٩٣﴾

၉၄။ ၎ကန်မုချ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသမျှတို့သည် 'ရာဟ်မန်'ကရုဏာတော်ရှင်၏ရှေ့တော်သို့ အစေတော်တစ်ဦးအနေဖြင့် မလာရောက်ရမည့်သူဟူ၍ မရှိချေ။

لَقَدْ اَحْصٰىهُمْ وَعَدَّهُمْ عَدًّا ﴿٩٤﴾

၉၅။ အရှင်မြတ်သည် ၎ကန်ပင် ယင်းတို့အား ဝန်းရံထားတော်မူလျက် ယင်းတို့အား ကောင်းစွာရေတွက်၍ ထားတော်မူ၏။

وَكُلُّهُمْ اٰتِيْهِ يَوْمَ الْقِيٰمَةِ فَرْدًا ﴿٩٥﴾

၉၆။ ထို့ပြင် ယင်းတို့အနက် တစ်ဦးချင်းစီသည် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တွင် အရှင့်ထံတော်သို့ တစ်ကိုယ်တည်း လာရောက်ရပေမည်။

اِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ سَيَجْعَلُ لَهُمُ الرَّحْمٰنُ وُدًّا ﴿٩٦﴾

၉၇။ ၎ကန်ပင် သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်သူတို့အတွက် 'ရာဟ်မန်'ကရုဏာတော်ရှင်သည် မေတ္တာတရားကို ပေါက်ဖွားစေတော်မူပေအံ့။

فَاِنَّمَا يَسَّرْنٰهُ بِلِسَانِكَ لِتُبَشِّرَ بِهِ الْمُتَّقِيْنَ وَتُنْذِرَ بِهٖ قَوْمًا لُّدًّا ﴿٩٧﴾

၉၈။ သို့ဖြစ်ရာ ၎ကန်စင်စစ် ငါတို့သည် ယင်းကို အသင်၏နှုတ်ပါးစပ်တွင် မပြတ်ရှိစေတော်မူ၏၊ သို့ဖြင့် အသင်သည် 'မွတ္တကီ'အပြစ်ရှောင်သူတို့အား ယင်းအားဖြင့် သတင်းကောင်းပေးရန်နှင့် အငြင်းအခုံပြုသောသူတို့အား ယင်းအားဖြင့် သတိပေးနှိုးဆော်ရန်ဖြစ်၏။

وَكَمْ اَهْلَكْنَا قَبْلَهُمْ مِّنْ قَرْنٍ ؕ هَلْ تُحِسُّ مِنْهُمْ مِّنْ اَحَدٍ اَوْ تَسْمَعُ لَهُمْ رِكْزًا ﴿٩٨﴾ ع

၉၉။ ငါတို့သည်ယင်းတို့ထက်အလျင်က အဘယ်မျှလောက်သော မျိုးဆက်များကို ဖျက်ဆီးတော်မူခဲ့ပေသနည်း။ အသင်သည် ယင်းတို့အနက်တစ်ဦးတစ်ယောက်မျှကိုပင် ခံစားသိမြင်ရပါသလော၊ သို့တည်းမဟုတ် ယင်းတို့၏ခြေသံကိုပင် ကြားရပါသလော။

❖ ❖ ❖

၂၀။ တွာဟာ

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ် တော်ပေါင်း (၁၃၆)ပိုဒ်ပါရှိသည်။ ဤဆူရာဟ်ကို 'တွာဟာ'ဟူသော သခ်ေါပအက္ခရာစုဖြင့် အစပြုထား သည်။ ဤ 'မိုကာတ္တီအတ်'သခ်ေါပအက္ခရာစုကို အခြားမည်သည့်ဆူရာဟ်၏အစပိုင်းတွင်မျှ ဖော်ပြခြင်း မရှိချေ။ ယင်း၏အနက်မှာ 'အို- သန့်ရှင်းမြင့်မြတ်သော တမန်တော်၊ ပြီးပြည့်စုံသောလမ်းညွှန်သူ'ဟူ၍ အဓိပ္ပာယ်ရရှိပေသည်။

ဤဆူရာဟ်၏ရှေ့ ဆူရာဟ်(၁၉)တွင် ကြောက်မက်ဖွယ်ကောင်းသော စစ်ပွဲကြီးများ၏သတင်း ကို ပေးတော်မူခဲ့ပေရာ ဤသတင်းများသည် မုချပင် တမန်တော်မြတ်ﷺ၏စိတ်နှလုံးတွင် လေးပင်မှုခံစား မိမည်ဖြစ်သောကြောင့် အလ္လာဟ်အရှင်မြတ်က ယင်းအတွက် အသင်သည် တစ်စုံတစ်ရာ ပူဆွေးခြင်း မဖြစ်လင့်။ ဤသည် ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့ကိုဖန်ဆင်းတော်မူသော အရှင်မြတ်ထံတော်မှ ကျရောက်ခြင်းဖြစ်၏။ ထိုအရှင်မြတ်သည် 'ရာဟ်မန်'ကရုဏာတော်ရှင်ဖြစ်တော်မူပြီး အရှင်မြတ်သည် 'အရ်ရှ်'ပလ္လင်ထက်ဝယ် တည်တံ့စိုးမိုးတော်မူသောအရှင်ဖြစ်တော်မူသည်ဟူ၍ အလေးအနက်ထား မိန့်မှာတော်မူထားပေသည်။

တမန်တော်စနစ်ဟူသမျှသည် 'ရာဟ်မာနီယတ်' မဟာကရုဏာဂုဏ်တော်ကို အကြောင်းပြု လျက်သာ ပေးသနားတော်မူခြင်းဖြစ်ပေသည်။ သို့ကြောင့် ရှေ့ကဆူရာဟ်ကဲ့သို့ပင် ဤဆူရာဟ်တွင် လည်း 'ရာဟ်မာနီယတ်'ဂုဏ်တော်အကြောင်းကိုပင် ဆက်လက်ဖော်ပြထားပေသည်။ တစ်ဖန် တမန်တော် မူစာﷺအကြောင်းကို တစ်ကြိမ်ထပ်မံ၍ဖော်ပြပြီး အလ္လာဟ်အရှင်မြတ်သည် 'ရာဟ်မာနီယတ်' ဂုဏ်တော်ကိုအကြောင်းပြုလျက် သူ့အား မိမိ၏တမန်တော်အဖြစ် မည်သို့မည်ပုံ ခန့်အပ်တော်မူခဲ့ကြောင်း ဖော်ပြထားပေသည်။ တမန်တော်မူစာﷺအား ခိုးမြှင့်လေသမျှသော ကျေးဇူးတော်အားလုံးတို့သည် 'ရာဟ်မာနီယတ်'ဂုဏ်တော်၏ ရလဒ်သာဖြစ်ပေသည်။

ဤဆူရာဟ်၌ မှော်ဆရာများ 'စဂ်ါဒါဟ်'ပြု ဦးချပျဉ်ဝပ်ခြင်းအကြောင်းနှင့် 'ဖီရ်အောင်'က ၎င်းတို့အား အလွန်ကြောက်မက်ဖွယ်သော ပြစ်ဒဏ်များဖြင့် ခြိမ်းခြောက်မှုအကြောင်းကိုလည်း ဖော်ပြ ထားပေသည်။ သို့ရာတွင် 'ရာဟ်မန်'ကရုဏာတော်ရှင်၏ ဘုန်းတန်ခိုးတေဇာတော်ကို မြင်တွေ့ခဲ့ရသူ တို့မည်သည် ဤကဲ့သို့ ခြိမ်းခြောက်မှုများကို ကြောက်ရွံ့ကြသည်မဟုတ်ချေ။ သို့ကြောင့် ၎င်းတို့သည် အလုံးစုံသော ခြိမ်းခြောက်မှုများကိုခံခဲ့ရလင့်ကစား တမန်တော်မူစာﷺအား သက်ဝင်ယုံကြည်ခြင်း အပေါ်၌ အပြည့်အဝ ရပ်တည်ခဲ့ကြပေသည်။

ထို့နောက် တမန်တော်မြတ်ﷺအား ရည်ညွှန်း၍ အလ္လာဟ်အရှင်မြတ်က ထိုသူတို့သည် အသင့်ထံတွင် တောင်များနှင့်စပ်လျဉ်း၍မေးမြန်းကြကုန်၏ဟု မိန့်ကြားတော်မူပေသည်။ စင်စစ် သူတို့ သည် တောင်များနှင့်စပ်လျဉ်း၍ တမန်တော်မြတ်ﷺထံတွင် မည်သည့်အခါကမျှ မေးမြန်းခဲ့ဖူးခြင်း မရှိချေ။ သို့ရာတွင် တောင်များသဖွယ်မြင့်မားသော အင်အားကြီးများနှင့်စပ်လျဉ်း၍မူကား 'မူရ္ရိက်' များက ၎င်းတို့ရှိနေပါလျက်နှင့် အသင်သည် အသို့လျှင် အောင်ပွဲဆင်နိုင်မည်နည်းဟူ၍ မေးမြန်းခဲ့ကြခြင်း ဖြစ်ပေသည်။ တစ်ဖက်တွင် ပါရှင်အင်ပါယာပြည့်ရှင် 'ခုစ်ရိုး'၏အုပ်ချုပ်မှုအာဏာမှာ တောင်ကြီးသဖွယ် ရှိနေခဲ့ပြီး အခြားတစ်ဖက်တွင် ရောမဧကရာဇ် 'ဆီဇာ'၏အုပ်ချုပ်မှုအာဏာသည်လည်း တောင်ကြီးသဖွယ်

ရှိနေခဲ့ပေရာ ထိုတောင်ကြီးများကို အသို့လျှင် အောင်နိုင်မည်နည်းဟု မေးမြန်းခြင်းဖြစ်ပေသည်။ ယင်းအတွက်အဖြေကို ဤသို့သင်ကြားပေးထားတော်မူသည်။ ကမ္ဘာလောကရှိ တောင်ကြီးများသဖွယ် ဦးမော့နေသည့် အလွန်မောက်မာပလွားသော အုပ်စုတို့သည် ၎င်းတို့၏မာန်မာနကို ရိုက်ချိုးခြင်းမခံရသေးသရွေ့၊ ထို့ပြင် အနိမ့်အမြင့် အလျှင်းမတွေ့ရဘဲ အပြည့်အဝ ညီညာပြန့်ပြူးလျက်ရှိသော ကန္တာရသဲများသဖွယ်မဖြစ်သေးသရွေ့ ၎င်းတို့သည် 'အီမာန်'သက်ဝင်ယုံကြည်လာကြမည်မဟုတ်ချေ။ ဤသို့ဖြစ်သွားသည့်အခါတွင်မှ ၎င်းတို့သည် ပကတိ တည်ကြည်ဖြောင့်မတ်သော တမန်တော်တစ်ပါးအား လိုက်နာကြပေလိမ့်မည်။

အာယတ်တော် အမှတ်စဉ် (၁၀၉)တွင်လည်း 'ရာဟ်မန်'ဂုဏ်တော်ကို ထပ်ဆင့်ဖော်ပြထားပေသည်။ ထို့ပြင် ယင်း၏နောက်တွင်လာရှိသည့် အာယတ်တော်(၁၁၀)တွင် တစ်ဖန် 'ရာဟ်မန်' ဂုဏ်တော်၏ ထွန်းပခြင်းအကြောင်းပင် လာရှိထားပေသည်။ အရှင်မြတ်၏ ဘုန်းတန်ခိုးအရှိန်အဝါနှင့် အရှင့်အား ကြောက်ရွံ့ရိုကျိုးခြင်း၏ရှေ့တွင် အသံဟူသမျှသည် တိမ်မြုပ်သွားပေလိမ့်မည်။ အားလုံးတို့သည် အကယ်၍ စကားပြောကြပါလျှင်လည်း တီးတိုးသာဖြစ်ပေလိမ့်မည်။

ထို့နောက်တွင် တမန်တော် အာဒမ်ﷺအကြောင်းကို တစ်ဖန်ထပ်၍ ဖော်ပြထားပေသည်။ အကြောင်းမူ သူ့အား ဖန်ဆင်းခြင်းသည်လည်း 'ရာဟ်မာနီယတ်'ဂုဏ်တော်ကွန့်မြူးမှု၏ရလဒ်ပင်ဖြစ်သည်။ ထို့နောက် သူယူဆောင်လာခဲ့သော 'ရှရီအတ်'ဓမ္မဥပဒေ၏ အခြေခံမူ(၄)ရပ်ကို ပထမဆုံးအကြိမ်အဖြစ် ဖော်ပြခြင်းခံရသည်။ ဆိုလိုသည်မှာ- မည်သူမဆို တမန်တော် အာဒမ်အား သက်ဝင်ယုံကြည်ပါလျှင် ထိုသူ့အတွက် အစာငတ်မွတ်ခြင်းမရှိစေရန်၊ အဝတ်ဗလာမဖြစ်စေရန်၊ ရေငတ်မွတ်ခြင်းမရှိစေရန်နှင့် ပူပြင်းသောနေရောင်အောက်တွင်သွားလာရခြင်း (နားခိုရာမဲ့)မဖြစ်စေရန် အာမခံချက်ရှိပေသည်။

ထို့နောက်တွင် တမန်တော်မြတ်ﷺအား သည်းခံစောင့်စည်းမှုပြုရန် တစ်ကြိမ်ထပ်မံ၍ သွန်သင်တော်မူသည်။ ရန်သူတို့၏ညှဉ်းပန်းဒုက္ခပေးမှုအပေါ် စိတ်ရှည်သည်းခံရန်၊ မိမိ၏ဖန်ဆင်းမွေးမြူရှင်အား ချီးမွမ်းထောမနာပြုခြင်းနှင့်အတူ အရှင်သည်ချို့တဲ့ခြင်းကင်း၍ သန့်ရှင်းမြင့်မြတ်တော်မူကြောင်းတို့ကို နေမထွက်မီ၊ နေမဝင်မီ၊ ညဉ့်၏အချိန်နာရီများနှင့် နေ့၏အစွန်းနှစ်ဖက်သော အချိန်များတွင် ရင့်ကျူးမှုပြုရန် သင်ပြထားတော်မူသည်။ ဤအာယတ်တော်တွင် နေ့နှင့် ည(တစ်ရက်တာ၏) 'ဆွလာတ်' ဝတ်ပြုမှုအားလုံးကို ဖော်ပြထားပေသည်။

ဤဆူရာဟ်၏အဆုံးပိုင်းတွင်- ပြောကြားပါလေ၊ ဤလွန်ဆွဲအားပြိုင်ပွဲတွင် မည်သို့သော အကျိုးဆက် ထွက်ပေါ်လာမည်ကို အားလုံးစောင့်မျှော်လျက်ရှိကြ၏။ အသင်တို့လည်း စောင့်စားလျက်ရှိကြကုန်။ သို့ဖြစ်ရာ မည်သူတို့သည် ဖြောင့်မတ်မှန်ကန်သောလမ်းပေါ်တွင် လျှောက်လှမ်းသူများဖြစ်ကြောင်းနှင့် မည်သူတို့သည် လမ်းညွှန်တော်မူခြင်းခံရသူများဖြစ်ကြောင်းကို အသင်တို့အား အထင်အရှား ဖွင့်ချပြခြင်းခံကြရပေမည်ဟူ၍ မိန့်ကြားထားတော်မူပေသတည်း။

♦ ♦ ♦

ဆူရောဟ် တွာဟာ

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၃၆)ပိုဒ် ရှုကူ (၈)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

طٰهٰ ①

၂။ طَيِّبٌ. هَادِيٌّ အို-သန့်ရှင်းသော(တမန်တော်)၊ ပြီးပြည့်စုံသော လမ်းညွှန်သူ။

مَآ اَنْزَلْنَا عَلَيْكَ الْقُرْاٰنَ لِتَشْقٰٓى ②

၃။ အသင့်အား ဒုက္ခတွင်နစ်မွန်းစေရန်အလို့ငှာ ငါတို့သည် အသင့်အပေါ် ကုရ်အာန်ကျမ်းတော်ကို ပို့ချပေးတော်မူသည် မဟုတ်ချေ။

اِلَّا تَذْكِرَةً لِّمَنْ يَّخْشٰى ③

၄။ သို့ရာတွင် (ဤကျမ်းတော်သည်) အကြောက်တရားရှိသူတို့အဖို့ရာ အဆုံးအမတော်သာဖြစ်၏။

تَنْزِيْلًا مِّمَّنْ خَلَقَ الْاَرْضَ وَالسَّمٰوٰتِ الْعُلٰى ④

၅။ ဤ(ကျမ်းတော်)သည် ကမ္ဘာမြေနှင့် မြင့်မားသော မိုးကောင်းကင်များကို ဖန်ဆင်းတော်မူသောအရှင်မြတ်ထံတော်မှ ချပေးတော်မူခြင်းဖြစ်၏။

اَلرَّحْمٰنُ عَلَى الْعَرْشِ اسْتَوٰى ⑤

၆။ ထိုအရှင်မြတ်သည် 'ရာဟ်မန်'ကရုဏာတော်ရှင် ဖြစ်တော်မူ၍ ထိုအရှင်သည် 'အရ်ရှ်'ပလ္လင်တော်ထက်ဝယ် တည်တံ့စိုးမိုးတော်မူ၏။

لَهٗ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ وَمَا بَيْنَهُمَا وَمَا تَحْتَ الثَّرٰى ⑥

၇။ မိုးကောင်းကင်များတွင်ရှိသည်တို့ကိုလည်းကောင်း ကမ္ဘာမြေတွင်ရှိသည်တို့ကိုလည်းကောင်း ယင်းနှစ်ခုအကြားတွင်ရှိသည်များနှင့် ကမ္ဘာမြေ၏နက်ရှိုင်းရာများတွင်ရှိသည်တို့ကိုလည်းကောင်း ထိုအရှင်မြတ်သည်သာ စိုးပိုင်တော်မူ၏။

وَاِنْ تَجْهَرْ بِالْقَوْلِ فَاِنَّهٗ يَعْلَمُ السِّرَّ وَاَخْفَى ⑦

၈။ အကယ်၍ အသင်သည် အသံကျယ်လောင်စွာ စကားပြောဆိုပါလျှင်လည်း ဧကန်ပင် ထိုအရှင်မြတ်သည်ကား လျှို့ဝှက်သောအရာအားလုံးနှင့် အလျှို့ဝှက်ဆုံးသောအရာကိုပင် သိရှိတော်မူ၏။

اَللّٰهُ لَآ اِلٰهَ اِلَّا هُوَ ؕ لَهُ الْاَسْمَآءُ الْحُسْنٰى ⑧

၉။ အလ္လာဟ်- ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ခြင်းခံထိုက်သူမရှိ၊ ကောင်းမြတ်လှပသော အမည်နာမအားလုံးတို့သည် ထိုအရှင်မြတ်အဖို့သာဖြစ်၏။

وَهَلْ اَتٰىكَ حَدِيْثُ مُوْسٰى ⑨

၁၀။ 'မူစာ'၏ကြောင်းရာထုပ်တော်သည် အသင့်ထံ ရောက်ရှိခဲ့ပေသလော။

اِذْ رَاٰ نَارًا فَقَالَ لِاَهْلِهِ امْكُثُوْٓا اِنِّيْٓ

اٰنَسْتُ نَارًا لَّعَلِّيْٓ اٰتِيْكُمْ مِّنْهَا بِقَبَسٍ
اَوْ اَجِدُ عَلَى النَّارِ هُدًى ⑩

ဆိုင်းလော့၊ ကျွန်ုပ်သည် မီးသဖွယ်တစ်ခုကိုတွေ့မြင်ရ၏။ ကျွန်ုပ်သည် ယင်းမှ အသင်တို့ထံ မီးခဲတစ်ခုကို ယူဆောင်လာနိုင်ပေအံ့၊ သို့တည်းမဟုတ် ၎င်းမီးမှ ကျွန်ုပ်အဖို့ လမ်းညွှန်မှုကိုရတန်ရာ၏ဟု မျှော်လင့်ပေသည်။

فَلَمَّآ اَتٰىهَا نُوْدِيَ يٰمُوْسٰى ⑪

၁၂။ သို့ဖြင့် သူသည် ယင်း(မီး)သို့ရောက်ရှိသောအခါ အသံပြုခြင်းခံရသည်မှာ အို-'မူစာ'၊

اِنِّيْٓ اَنَا رَبُّكَ فَاخْلَعْ نَعْلَيْكَ ۚ اِنَّكَ
بِالْوَادِ الْمُقَدَّسِ طُوًى ⑫

၁၃။ ဧကန်ပင် ငါသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်တော်မူ၏၊ သို့ဖြစ်ရာ မိမိ၏ဖိနပ်နှစ်ဖက်စလုံးကိုချွတ်လိုက်ပါလော၊ စင်စစ် အသင်သည် 'သုဝါ'၏ သန့်ရှင်းမြင့်မြတ်သောတောင်ကြား၌ ရှိနေပေ၏။ ②

وَاَنَا اخْتَرْتُكَ فَاسْتَمِعْ لِمَا يُوْحٰى ⑬

၁၄။ ထို့ပြင် ငါအရှင်မြတ်သည် အသင့်အားရွေးချယ်တော်မူပေပြီ၊ သို့ဖြစ်ရာ အသင့်ထံ 'ဝဟီ'ဗျာဒိတ်ပို့ချသည်ကို ဂရုပြုနားဆင်လော့၊

اِنَّنِيْٓ اَنَا اللّٰهُ لَآ اِلٰهَ اِلَّآ اَنَا فَاعْبُدْنِيْ ۙ
وَاَقِمِ الصَّلٰوةَ لِذِكْرِيْ ⑭

၁၅။ မုချဧကန် ငါသည်ပင် 'အလ္လာဟ်'ဖြစ်တော်မူ၏၊ ငါအရှင်မြတ်မှတစ်ပါး အခြားမည်သည့် ကိုးကွယ်ခြင်းခံထိုက်ရာမျှမရှိ၊ သို့ဖြစ်၍ ငါအရှင်မြတ်အား ခဝပ်ကိုးကွယ်လော့၊ ထို့ပြင် ငါအရှင်မြတ်ကို သတိရတသရန်အလို့ငှာ 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်လော့။

اِنَّ السَّاعَةَ اٰتِيَةٌ اَكَادُ اُخْفِيْهَا لِتُجْزٰى
كُلُّ نَفْسٍ بِمَا تَسْعٰى ⑮

၁၆။ ကတိပြုထားသောအချိန်သည် မလွဲဧကန် ရောက်လာတော့မည်ဖြစ်၏၊ ဝိညာဉ်တိုင်းသည် မိမိတို့ကြိုးပမ်းအားထုတ်မှု၏အကျိုးဆက်ကို ပေးခြင်းခံကြရစေရန် ငါအရှင်မြတ်သည် ယင်းအား လျှို့ဝှက်ထားတော်မူတန်ရာ၏။

فَلَا يَصُدَّنَّكَ عَنْهَا مَنْ لَّا يُؤْمِنُ بِهَا
وَاتَّبَعَ هَوٰىهُ فَتَرْدٰى ⑯

၁၇။ သို့ဖြစ်ရကား ယင်းအပေါ် သက်ဝင်ယုံကြည်ခြင်းမရှိသည့်အပြင် မိမိ၏အလိုဆန္ဒနောက်သို့လိုက်သောသူသည် ယင်း(၏)လိုအပ်ချက်ကို ဖြည့်ဆည်းခြင်း)မှ အသင့်အား အလျှင်းတားဆီးခြင်းမပြုနိုင်စေလင့်၊ သို့မဟုတ်လျှင် အသင်သည် ပျက်စီးဆုံးရှုံးသွားပေလိမ့်မည်။

وَمَا تِلْكَ بِيَمِيْنِكَ يٰمُوْسٰى ⑰

၁၈။ အို-'မူစာ'၊ အသင်၏လက်ယာလက်တွင်ရှိသော ဤအရာသည် အဘယ်အရာနည်း၊

قَالَ هِيَ عَصَايَ ۚ اَتَوَكَّؤُا عَلَيْهَا وَاَهُشُّ
بِهَا عَلٰى غَنَمِيْ وَلِيَ فِيْهَا مَاٰرِبُ اُخْرٰى ⑱

၁၉။ သူက ဤသည် ကျွန်တော်မျိုး၏ တောင်ဝှေးဖြစ်ပါ၏၊ ကျွန်တော်မျိုးသည် ယင်းအပေါ် အမှီပြုပါ၏။ ထို့ပြင် ဤသည်အားဖြင့် မိမိ၏ သိုး၊ ဆိတ်များအတွက် သစ်ရွက်များခွေချပါ၏။ ဤတွင်မက ကျွန်တော်မျိုးအတွက် ဤ(တောင်

② အာယတ်တော်(၁၀)မှ(၁၃)ထိ။ တမန်တော်မူစာ ﷺက မီးကဲ့သို့အလင်းရောင်တစ်ခုကိုမြင်ရသည့်အခါ **اَوْ اَجِدُ عَلَى النَّارِ هُدًى** 'ကျွန်ုပ်သည် ထိုမီး၏အနီးမှ 'လမ်းညွှန်တော်'ကိုရတန်ရာ၏'ဟု အခြားဖြစ်နိုင်ချေတစ်ခုကိုဖွင့်ဟခဲ့ပေသည်။ ထိုအတိုင်းပင်မှန်ခဲ့သည်။ အကြောင်းမူ မီးခဲကိုယူဆောင်လျက်ပြန်လာရန် ယင်းမှာ တစ်စုံတစ်ရာသော (ရုပ်ပိုင်း)မီးတောက်တစ်ခုမဟုတ်သောကြောင့်ဖြစ်သည်။

ဝှေး)၌ အခြားများစွာသော အကျိုးကျေးဇူးများလည်းရှိပါ၏ဟု လျှောက်ထားလေ၏။

قَالَ اَلْقِهَا يٰمُوْسٰى ۝

၂၀။ အရှင်မြတ်က အို-'မူစာ'၊ ယင်း(တောင်ဝှေး)ကို ပစ်ချလော့ဟု မိန့်ကြားတော်မူ၏။

فَاَلْقٰىهَا فَاِذَا هِيَ حَيَّةٌ تَسْعٰى ۝

၂၁။ သို့ဖြင့် သူသည် ယင်းကိုပစ်ချလိုက်သောအခါ ယင်းသည် ရုတ်ခြည်းပင် လူပ်ရှားလျက်ရှိနေသော မြွေသဖွယ် ဖြစ်သွားလေ၏။

قَالَ خُذْهَا وَلَا تَخَفْ ۖ سَنُعِيْدُهَا سِيْرَتَهَا الْاُوْلٰى ۝

၂၂။ ထိုအရှင်မြတ်က မိန့်ကြားတော်မူသည်မှာ ယင်းကို ဖမ်းကိုင်လိုက်ပါလော၊ မကြောက်ရွံ့လင့်၊ ငါတို့သည် ယင်းကို သူ၏ နဂိုမူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေတော်မူမည်။

وَاضْمُمْ يَدَكَ اِلٰى جَنَاحِكَ تَخْرُجْ بَيْضَآءَ مِنْ غَيْرِ سُوْٓءٍ اٰيَةً اُخْرٰى ۝

၂၃။ ထို့ပြင် အသင်သည် မိမိ၏လက်ကို မိမိ၏နံဘေးတွင် ဖိလိုက်ပါလော၊ ယင်းသည် ရောဂါဘယကင်းလျက် ဖြူဝင်းစွာ ထွက်လာပေမည်။ ဤကား ဒုတိယ နိမိတ်လက္ခဏာတော် ဖြစ်၏။

لِنُرِيَكَ مِنْ اٰيٰتِنَا الْكُبْرٰى ۝

၂၄။ သို့ဖြင့် နောင်ကာလတွင် ငါတို့သည် အသင့်အား မိမိ၏ ကြီးမားသော နိမိတ်လက္ခဏာတော်များအနက်မှ အချို့ကိုပြသတော်မူရန်ဖြစ်၏။

اِذْهَبْ اِلٰى فِرْعَوْنَ اِنَّهٗ طَغٰى ۝

၂၅။ 'ဖိရ်အောင်'ထံသို့သွားလော့၊ ဧကန်စင်စစ် သူသည် မနာခံ ပုန်ကန်မှုကိုကျင့်သုံးသူဖြစ်သတည်း။

ရုကူး-၂

قَالَ رَبِّ اشْرَحْ لِيْ صَدْرِيْ ۝

၂၆။ သူက ပန်ကြားလျှောက်ထား၏၊ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုး၏ရင်ကို ကျွန်တော်မျိုးအတွက် ကျယ်ပြောစေတော်မူပါ။

وَيَسِّرْ لِيْٓ اَمْرِيْ ۝

၂၇။ ထို့ပြင် ကျွန်တော်မျိုး၏အရေးကိစ္စကို ကျွန်တော်မျိုးအတွက် လွယ်ကူစေတော်မူပါ။

وَاحْلُلْ عُقْدَةً مِّنْ لِّسَانِيْ ۝

၂၈။ ၎င်းပြင် ကျွန်တော်မျိုး၏လျှာမှ အထုံးအဖွဲ့ကို ဖြေပေးတော်မူပါ။

يَفْقَهُوْا قَوْلِيْ ۝

၂၉။ သို့ဖြင့် သူတို့သည် ကျွန်တော်မျိုး၏စကားကို နားလည်နိုင်ကြစေရန်ဖြစ်ပါ၏။

وَاجْعَلْ لِّيْ وَزِيْرًا مِّنْ اَهْلِيْ ۝

၃၀။ ထို့ပြင် ကျွန်တော်မျိုး၏အိမ်သားများအနက်မှ ကျွန်တော်မျိုးအတွက် လက်ထောက်တစ်ဦးကိုပြုလုပ်ပေးတော်မူပါ။

هٰرُوْنَ اَخِيْ ۝

၃၀။ ကျွန်တော်မျိုး၏အစ်ကို 'ဟာရွန်'အား(ဖြစ်ပါ၏)၊

اشْدُدْ بِهٖٓ اَزْرِيْ ۝

၃၂။ သူ့အားဖြင့် ကျွန်တော်မျိုးအား ခိုင်မာတောင့်တင်းစေတော်မူပါ။

وَ اَشْرِكْهُ فِیْۤ اَمْرِیْ ﴿۳۲﴾

၃၂။ ထို့ပြင် ကျွန်တော်မျိုး၏အရေးကိစ္စတွင် သူ့အား တွဲဖက်ပါဝင်စေတော်မူပါ၊

كَیْ نُسَبِّحَكَ كَثِیْرًا ﴿۳۳﴾

၃၃။ သို့ဖြင့် ကျွန်တော်မျိုးတို့သည် အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို အမြောက်အမြား ရင့်ကျူးနိုင်ကြရန် ဖြစ်ပါ၏။

وَّ نَذْكُرَكَ كَثِیْرًا ﴿۳۴﴾

၃၄။ ထို့ပြင် အရှင်မြတ်အားများစွာသတိရတသရန်ဖြစ်ပါ၏။

اِنَّكَ كُنْتَ بِنَا بَصِیْرًا ﴿۳۵﴾

၃၅။ ဧကန်ပင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏အခြေအနေကို နက်ရှိုင်းစွာမြင်တွေ့တော်မူသောအရှင်ဖြစ်တော်မူပါ၏။

قَالَ قَدْ اُوْتِیْتَ سُؤْلَكَ یٰمُوْسٰی ﴿۳۶﴾

၃၆။ ထိုအရှင်မြတ်က မိန့်ကြားတော်မူ၏၊ အိုး-မူစာ အသင်လျှောက်ထားပန်ကြားသော တောင်းခံချက်(လိုအင်)ကို ပေးသနားတော်မူပြီ။

وَ لَقَدْ مَنَنَّا عَلَیْكَ مَرَّةً اُخْرٰۤی ﴿۳۷﴾

၃၇။ စင်စစ် ငါတို့သည် အသင့်အား တစ်ကြိမ်တစ်ခါကလည်း ကျေးဇူးပြုတော်မူခဲ့၏။

اِذْ اَوْحَیْنَاۤ اِلٰۤی اُمِّكَ مَا یُوْحٰۤی ﴿۳۸﴾

၃၈။ အကြင်အခါဝယ် ငါတို့သည် အသင်၏မိခင်ထံသို့ 'ဝဟီ'ပို့ချတော်မူလျက် ဤသို့ဗျာဒိတ်ပေးတော်မူခဲ့၏။

اَنِ اقْذِفِیْهِ فِی التَّابُوْتِ فَاقْذِفِیْهِ فِی الْیَمِّ فَلْیُلْقِهِ الْیَمُّ بِالسَّاحِلِ یَاْخُذْهُ عَدُوٌّ لِّیْ وَ عَدُوٌّ لَّهٗ ؕ وَ اَلْقَیْتُ عَلَیْكَ مَحَبَّةً مِّنِّیْ ۚ وَ لِتُصْنَعَ عَلٰی عَیْنِیْ ﴿۳۹﴾

၃၉။ သူအား သေတ္တာတွင်ထည့်ပြီး မြစ်ထဲသို့မျှောလိုက်ပါလေ၊ ထိုအခါ မြစ်ရေသည် ယင်းကိုမြစ်ကမ်းနံဘေးသို့ ရောက်ရှိစေပေအံ့။ သို့ဖြင့် ငါ၏ရန်သူနှင့် သူ၏ရန်သူသည် သူအား ဆယ်ယူပေလိမ့်မည်။ ထို့ပြင် အရှင်မြတ်သည် အသင့်အပေါ် မိမိ၏ချစ်မြတ်နိုးခြင်းကို သွန်းလောင်းတော်မူခဲ့၏။ သို့ဖြင့် အသင်သည် ငါအရှင်မြတ်၏ရှေ့တော်မှောက်၌ ကြီးပြင်းလာစေရန်လည်းဖြစ်၏။

اِذْ تَمْشِیْۤ اُخْتُكَ فَتَقُوْلُ هَلْ اَدُلُّكُمْ عَلٰی مَنْ یَّكْفُلُهٗ ؕ فَرَجَعْنٰكَ اِلٰۤی اُمِّكَ كَیْ تَقَرَّ عَیْنُهَا وَ لَا تَحْزَنَ ؕ وَ قَتَلْتَ نَفْسًا فَنَجَّیْنٰكَ مِنَ الْغَمِّ وَ فَتَنّٰكَ فُتُوْنًا ۫ فَلَبِثْتَ سِنِیْنَ فِیْۤ اَهْلِ مَدْیَنَ ۙ ثُمَّ جِئْتَ عَلٰی قَدَرٍ یّٰمُوْسٰی ﴿۴۰﴾

၄၀။ (အမှတ်ရပါလေ) အကြင်အခါဝယ် အသင်၏အစ်မသည် လမ်းလျှောက်လှမ်းရှိနေခဲ့ပြီး သူအား မွေးမြူပြုစုနိုင်မည့်သူ အဘယ်သူဖြစ်သည်ကို ကျွန်မသည် အသင်တို့အား ပြောပြရမည်လောဟု ပြောဆိုနေခဲ့၏။ သို့ဖြင့် ငါတို့သည် အသင့်အား အသင်၏မိခင်ထံသို့ သူမ၏မျက်စိအေးမြေစေရန်နှင့် သူမပူဆွေးသောကမဖြစ်စေရန် ပြန်လည်ရောက်ရှိစေတော်မူခဲ့၏။ ထို့ပြင် အသင်သည် အသက်တစ်ချောင်းကို သတ်ခဲ့သောအခါ ငါတို့သည် အသင့်အား သောကရောက်ခြင်းမှကယ်တင်တော်မူခဲ့ပြီး စမ်းသပ်မှုအမျိုးမျိုးတွင် ထည့်သွင်းတော်မူခဲ့ပေသည်။ ထို့နောက် အသင်သည် 'မဒီယန်' အမျိုးသားတို့တွင် နှစ်အနည်းငယ်နေထိုင်ခဲ့၏။ တစ်ဖန် အိုး-မူစာ၊ အသင်သည် ('နဗူဝါတ်'အတွက်) သင့်လျော်သော အသက်အရွယ်သို့ရောက်ရှိလာခဲ့၏။

وَاصْطَنَعْتُكَ لِنَفْسِيْ ﴿٤١﴾

၄၂။ ထို့နောက် ငါအရှင်မြတ်သည် မိမိအဖို့ အသင့်အား ရွေးချယ်တော်မူခဲ့၏။ ★

اِذْهَبْ اَنْتَ وَاَخُوْكَ بِاٰيٰتِيْ وَلَا تَنِيَا فِيْ ذِكْرِيْ ﴿٤٢﴾

၄၃။ အသင်နှင့် အသင်၏အစ်ကိုတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များနှင့်အတူ သွားရောက်ကြလော့၊ ထို့ပြင် ငါအရှင်မြတ်အားသတိရတသခြင်း၌ ပျင်းရိပေါ့လျော့မှုမဖြစ်ကြလင့်။

اِذْهَبَآ اِلٰى فِرْعَوْنَ اِنَّهٗ طَغٰى ﴿٤٣﴾

၄၄။ အသင်တို့နှစ်ဦးစလုံးသည် 'ဖိရိအောင်'ထံသို့ သွားကြလော့။ ဧကန်ပင် သူသည် မနာခံပုန်ကန်သူဖြစ်၏။

فَقُوْلَا لَهٗ قَوْلًا لَّيِّنًا لَّعَلَّهٗ يَتَذَكَّرُ اَوْ يَخْشٰى ﴿٤٤﴾

၄၅။ ထို့နောက် သူ့အား နူးညံ့သိမ့်မွေ့သောစကားကို ပြောဆိုပါလေ။ သူသည် တရားရကောင်းရလိမ့်မည်၊ သို့မဟုတ် ကြောက်ရွံ့ကောင်းကြောက်ရွံ့လိမ့်မည်။

قَالَا رَبَّنَآ اِنَّنَا نَخَافُ اَنْ يَّفْرُطَ عَلَيْنَآ اَوْ اَنْ يَّطْغٰى ﴿٤٥﴾

၄၆။ သူတို့နှစ်ဦးစလုံးက၊ အို- ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် သူသည် ကျွန်တော်မျိုးတို့အပေါ် အနိုင်အထက်ပြုမည်ကိုလည်းကောင်း ရိုင်းပြစော်ကားမည်ကိုလည်းကောင်း အမှန်ပင် ကျွန်တော်မျိုးတို့ စိုးထိတ်ပါသည်ဟု လျှောက်ထားကြလေ၏။

قَالَ لَا تَخَافَآ اِنَّنِيْ مَعَكُمَآ اَسْمَعُ وَاَرٰى ﴿٤٦﴾

၄၇။ အရှင်မြတ်မိန့်ကြားတော်မူ၏၊ အသင်တို့ မစိုးထိတ်ကြလင့်၊ ဧကန်မုချ ငါအရှင်မြတ်သည် အသင်တို့နှစ်ဦးနှင့်အတူ ရှိတော်မူ၏၊ ကြားတော်မူ၏၊ မြင်တော်မူ၏။

فَاْتِيٰهُ فَقُوْلَآ اِنَّا رَسُوْلَا رَبِّكَ فَاَرْسِلْ مَعَنَا بَنِيْٓ اِسْرَآءِيْلَ ۚ وَلَا تُعَذِّبْهُمْ ۗ قَدْ جِئْنٰكَ بِاٰيَةٍ مِّنْ رَّبِّكَ ۗ وَالسَّلٰمُ عَلٰى مَنِ اتَّبَعَ الْهُدٰى ﴿٤٧﴾

၄၈။ သို့ဖြစ်၍ အသင်တို့နှစ်ဦးစလုံးသည် သူထံသို့ သွားရောက်၍ သူ့အား (ဤသို့)ပြောကြားကြလော့၊ ကျွန်ုပ်တို့သည် အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်မှ စေတမန်နှစ်ပါးဖြစ်၏။ သို့ကြောင့် 'အစ္စရာအီလ်'အမျိုးသားတို့အား ကျွန်ုပ်တို့နှင့်အတူ လွှတ်လိုက်ပါလော့၊ ထို့ပြင် သူတို့အား အပြစ်ဒဏ်မခတ်ပါနှင့်၊ စင်စစ် ကျွန်ုပ်တို့သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏အထံတော်မှ အလွန်ကြီးကျယ်သော နိမိတ်လက္ခဏာတော်တစ်ရပ်ကို ယူဆောင်၍လာခဲ့ကြပါ၏၊ ဧကန်ပင် အကြင်မည်သူမဆို တရားလမ်းမှန်ကိုလိုက်အံ့၊ ထိုသူ့အပေါ်သို့ ငြိမ်းချမ်းခြင်း သက်ရောက်ပါစေသား။

اِنَّا قَدْ اُوْحِيَ اِلَيْنَآ اَنَّ الْعَذَابَ عَلٰى مَنْ كَذَّبَ وَتَوَلّٰى ﴿٤٨﴾

၄၉။ အကြင်သူသည် လိမ်လည်ပြောဆို၍ ကျောခိုင်းထွက်သွားပါလျှင် ထိုသူ့အပေါ် 'အဇာဘ်'ပြစ်ဒဏ် ကျရောက်လိမ့်မည်ဟု အမှန်ပင် ကျွန်ုပ်တို့ထံ 'ဝဟီ'ဗျာဒိတ်ပို့ချခြင်း ခံခဲ့ရပေသည်။

★ 'လီဆာန္နလ်အာရဗ်'အဘိဓာန်ရှု။

قَالَ فَمَنْ رَّبُّكُمَا يٰمُوْسٰى ﴿٤٩﴾

၅၀။ ယင်း(ဖိရ်အောင်)က၊ အို-'မူစာ' အသင်တို့နှစ်ဦး၏ ဖန်ဆင်းမွေးမြူရှင်သည် မည်သူနည်းဟု မေးမြန်းလေ၏။

قَالَ رَبُّنَا الَّذِيْٓ اَعْطٰى كُلَّ شَيْءٍ خَلْقَهٗ ثُمَّ هَدٰى ﴿٥٠﴾

၅၁။ သူက ဖြေကြားသည်မှာ- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကား အရာရာတိုင်းကို ယင်း၏ ဖန်ဆင်းခြင်းပုံစံပေးသနားတော်မူခဲ့ပြီး တစ်ဖန် ညွှန်ပြထားသော လမ်းပေါ်သို့ ပို့ဆောင်တော်မူသောအရှင် ဖြစ်တော်မူ၏။

قَالَ فَمَا بَالُ الْقُرُوْنِ الْاُوْلٰى ﴿٥١﴾

၅၂။ ယင်း(ဖိရ်အောင်)က သို့ဖြစ်လျှင် ရှေးမျိုးနွယ်တို့၏ အခြေအနေကား မည်သို့ရှိခဲ့သနည်းဟု မေးမြန်းလေ၏။

قَالَ عِلْمُهَا عِنْدَ رَبِّيْ فِيْ كِتٰبٍ ۚ لَا يَضِلُّ رَبِّيْ وَلَا يَنْسَى ﴿٥٢﴾

၅၃။ သူကဖြေကြားသည်မှာ ယင်း၏အသိပညာသည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်၌ စာအုပ်တစ်အုပ်တွင်ရှိ၏။ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည်ကား တိမ်းပါးချွတ်ချော်ခြင်းမရှိ၊ မေ့လျော့တော်မူခြင်းလည်း မရှိချေ။

الَّذِيْ جَعَلَ لَكُمُ الْاَرْضَ مَهْدًا وَّسَلَكَ لَكُمْ فِيْهَا سُبُلًا وَّاَنْزَلَ مِنَ السَّمَآءِ مَآءً ۭ فَاَخْرَجْنَا بِهٖٓ اَزْوَاجًا مِّنْ نَّبَاتٍ شَتّٰى ﴿٥٣﴾

၅၄။ ထိုအရှင်မြတ်သည်ပင် အသင်တို့အဖို့ ကမ္ဘာမြေကို အခင်းအဖြစ် ပြုလုပ်တော်မူ၏၊ ထို့ပြင် အသင်တို့အဖို့ ယင်း၌ များစွာသော လမ်းများကို ဖောက်လုပ်တော်မူ၏။ ထို့ပြင် ထိုအရှင်မြတ်သည် မိုးကောင်းကင်မှရေကို ချပေးတော်မူ၏။ ထိုမှတစ်ဖန် ငါတို့သည် ယင်းမှ ကွဲပြားခြားနားသော သီးနှံများကို အစုံလိုက်ပေါက်ရောက်စေတော်မူ၏။

كُلُوْا وَارْعَوْا اَنْعَامَكُمْ ۭ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّاُولِي النُّهٰى ﴿٥٤﴾ ۧ

၅၅။ စားသုံးကြကုန်၊ ထို့ပြင် မိမိတို့၏ကျွဲနွားတိရစ္ဆာန်များကိုလည်း စားကျက်ချကြကုန်၊ ယင်း၌ အမှန်ပင် အသိဉာဏ်ရှိသူတို့အဖို့ များစွာသော ကြီးမားသည့် နိမိတ်လက္ခဏာတော်များရှိပေသတည်း။

ရုကူး-၃

مِنْهَا خَلَقْنٰكُمْ وَفِيْهَا نُعِيْدُكُمْ وَمِنْهَا نُخْرِجُكُمْ تَارَةً اُخْرٰى ﴿٥٥﴾

၅၆။ ယင်းမှပင် ငါတို့သည် အသင်တို့အား ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် ယင်းသို့ပင် ငါတို့သည် အသင်တို့အား ပြန်လှည့်စေတော်မူမည်။ ထို့ပြင် ယင်းမှပင် ငါတို့သည် အသင်တို့အား ဒုတိယအကြိမ် ထုတ်ဆောင်တော်မူမည်။ ③

وَلَقَدْ اَرَيْنٰهُ اٰيٰتِنَا كُلَّهَا فَكَذَّبَ وَاَبٰى ﴿٥٦﴾

၅၇။ ဧကန်စင်စစ် ငါတို့သည် ယင်း(ဖိရ်အောင်)အား မိမိ၏ နိမိတ်လက္ခဏာအလုံးစုံကို ပြသတော်မူ၏၊ သို့ပါလျက် သူသည် မဟုတ်မမှန်ဟုစွပ်စွဲ၍ ငြင်းပယ်ခဲ့လေသည်။

③ ဤအာယတ်တော်တွင် အသင်တို့သည် ဤကမ္ဘာမြေကြီးမှပင် ဖန်ဆင်းခြင်းခံခဲ့ရပြီး ဤမြေကြီးမှပင် အသင်တို့သည် ထုတ်ဆောင်ခြင်းကိုခံကြရမည်ဟု ဖော်ပြထားသည်။ မျက်မှောက်ခေတ်တွင် အာကာသ၌ ဒုံးပျံအစရှိသော ယာဉ်များတွင် သေဆုံးသွားကြသူများလည်းရှိကြပေရာ ဤမိန့်ကြားချက်သည် ထိုသူတို့အဖို့ မည်သို့အကြုံးဝင်နိုင်ပါမည်နည်းဟု စောဒကပြုနိုင်ဖွယ်ရှိပေသည်။ ယင်းအတွက်အဖြေမှာ လူသားသည် မည်မျှဝေးလံသောအရပ်သို့တိုင် သွားရောက်သည်ဖြစ်စေ ကမ္ဘာမှ လေနှင့်အစာရိက္ခာကို ယူဆောင်သွားရသည်ချည်းဖြစ်၏။ မည်သည့်အခါတွင်မှ ယင်းအခြေအနေမှ မလွတ်မြောက်နိုင်ချေ။

قَالَ اَجِئْتَنَا لِتُخْرِجَنَا مِنْ اَرْضِنَا بِسِحْرِكَ يٰمُوْسٰى ۝٥٧

၅၇။ သူကပြော၏၊ အို-'မူစာ'အသင်သည် မိမိ၏မှော်ပညာဖြင့် ငါတို့၏တိုင်းနိုင်ငံမှ ငါတို့အားနှင်ထုတ်ရန်အလို့ငှာ ငါတို့ထံသို့ လာခဲ့ပေသလော။

فَلَنَاْتِيَنَّكَ بِسِحْرٍ مِّثْلِهٖ فَاجْعَلْ بَيْنَنَا وَبَيْنَكَ مَوْعِدًا لَّا نُخْلِفُهٗ نَحْنُ وَلَاۤ اَنْتَ مَكَانًا سُوًى ۝٥٨

၅၈။ သို့ဖြစ်ရာ ငါတို့သည် ဧကန်ပင် အသင်၏ရှေ့သို့ ယင်းနှင့်အလားတူ မှော်ပညာတစ်ရပ်ကို ယူဆောင်၍လာပေအံ့၊ သို့ကြောင့် အသင်သည် အသင်နှင့် ငါတို့၏အကြားဝယ် ချိန်းဆိုမည့်နေ့နှင့် နေရာကိုသတ်မှတ်ပါလေ၊ ယင်းကို ငါတို့သည်လည်းကောင်း အသင်သည်လည်းကောင်း ဖောက်ဖျက်ခြင်းမပြုရ၊ ယင်းသည် (နှစ်ဖက်စလုံးအဖို့) မျှတသော နေရာဖြစ်ရပေမည်။

قَالَ مَوْعِدُكُمْ يَوْمُ الزِّيْنَةِ وَاَنْ يُّحْشَرَ النَّاسُ ضُحًى ۝٥٩

၅၉။ သူက အသင်တို့အတွက် ချိန်းချက်သောနေ့မှာပွဲတော်နေ့ဖြစ်၏၊ ၎င်းပြင် လူများကို အနည်းငယ်နေတက်ချိန်တွင် စုရုံးထားပါလေဟု ပြောကြား၏။

فَتَوَلّٰى فِرْعَوْنُ فَجَمَعَ كَيْدَهٗ ثُمَّ اَتٰى ۝٦٠

၆၀။ သို့ဖြင့် 'ဖိရ်အောင်'သည် မျက်နှာလွှဲလျက် ထွက်သွားလေ၏၊ ထို့နောက် မိမိ၏ကြံစည်မှုကို ပြည့်စုံအောင်ပြု၍ ပြန်လာခဲ့ပေသည်။

قَالَ لَهُمْ مُّوْسٰى وَيْلَكُمْ لَا تَفْتَرُوْا عَلَى اللّٰهِ كَذِبًا فَيُسْحِتَكُمْ بِعَذَابٍ ۚ وَقَدْ خَابَ مَنِ افْتَرٰى ۝٦١

၆၁။ 'မူစာ'က သူတို့အား အသင်တို့အဖို့ ဝမ်းနည်းဖွယ်ကောင်းပေစွ၊ အလွှာဟ်အပေါ် မုသားလီဆယ်ခြင်းမပြုလင့်၊ သို့မဟုတ်ပါက ထိုအရှင်မြတ်သည် အသင်တို့အား အပြစ်ဒဏ်ဖြင့် ဖျက်ဆီးချေမှုန်းပစ်တော်မူပေအံ့၊ အကြင်သူသည် မုသားလီဆယ်မှုကိုပြုအံ့၊ ထိုသူသည် အမှန်ပင် အောင်မြင်ထမြောက်လိမ့်မည်မဟုတ်ဟု ပြောကြားလေ၏။

فَتَنَازَعُوْۤا اَمْرَهُمْ بَيْنَهُمْ وَ اَسَرُّوا النَّجْوٰى ۝٦٢

၆၂။ သို့ဖြစ်ရာ ယင်းတို့သည် မိမိတို့၏အရေးကိစ္စတွင် အချင်းချင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အငြင်းပွားလျက်ရှိကြ၏။ ထို့ပြင် တိတ်တဆိတ် လျှို့ဝှက်တိုင်ပင်နေကြ၏။

قَالُوْۤا اِنْ هٰذٰنِ لَسٰحِرٰنِ يُرِيْدٰنِ اَنْ يُّخْرِجٰكُمْ مِّنْ اَرْضِكُمْ بِسِحْرِهِمَا وَيَذْهَبَا بِطَرِيْقَتِكُمُ الْمُثْلٰى ۝٦٣

၆၃။ ယင်းတို့က ပြောကြသည်မှာ စင်စစ် ဤသူနှစ်ဦးသည် မှော်ဆရာများသာဖြစ်ကြ၏၊ သူတို့သည် မိမိတို့၏ မှော်အတတ်ဖြင့် အသင်တို့အား အသင်တို့၏တိုင်းနိုင်ငံမှ နှင်ထုတ်ရန်လည်းကောင်း၊ အသင်တို့၏ ထူးမြတ်သော အစဉ်အလာများကို ဖျက်ဆီးပစ်ရန်လည်းကောင်း လိုလားကြ၏။

فَاَجْمِعُوْا كَيْدَكُمْ ثُمَّ ائْتُوْا صَفًّا ۚ وَ قَدْ اَفْلَحَ الْيَوْمَ مَنِ اسْتَعْلٰى ۝٦٤

၆၄။ သို့ဖြစ်၍ မိမိတို့၏ကြံစည်မှုများကို စုစည်းကြလော့၊ ထို့နောက် စီတန်း၍လာရောက်ကြလော့၊ အမှန်ပင် ဤနေ့တွင် အနိုင်ရသူသာလျှင် အောင်ပွဲခံရပေလိမ့်မည်။

قَالُوْا يٰمُوْسٰۤى اِمَّاۤ اَنْ تُلْقِيَ وَ اِمَّاۤ اَنْ نَّكُوْنَ اَوَّلَ مَنْ اَلْقٰى ۝٦٥

၆၅။ ယင်းတို့က၊ အို-မူစာ အသင်သည် ဦးစွာပစ်မည်လော၊ သို့တည်းမဟုတ် ငါတို့က (မိမိတို့၏မှော်အတတ်ကို) ဦးစွာပထမ ပစ်ရမည်လောဟု ပြောကြ၏။

قَالَ بَلْ اَلْقُوْا ۚ فَاِذَا حِبَالُهُمْ وَعِصِيُّهُمْ يُخَيَّلُ اِلَيْهِ مِنْ سِحْرِهِمْ اَنَّهَا تَسْعٰى ۝٦٦

၆၇။ သူက ထိုသို့မဟုတ်၊ အသင်တို့ပင် (ဦးစွာ) ပစ်ချကြလော့ဟုပြော၏။ သို့ဖြင့် ၎င်းတို့၏မှော်အတတ်ကြောင့် ရုတ်တရက် ၎င်းတို့၏ကြိုးများနှင့် တုတ်များသည် လှုပ်ရှားပြေးလွှားနေသည်ဟု သူ့အား အာရုံဝင်စေခဲ့ပေသည်။

فَاَوْجَسَ فِيْ نَفْسِهٖ خِيْفَةً مُّوْسٰى ۝٦٧

၆၈။ ထိုအခါ 'မူစာ'သည် မိမိ၏စိတ်ထဲတွင် ကြောက်ရွံ့မှုကို ခံစားရလေ၏။

قُلْنَا لَا تَخَفْ اِنَّكَ اَنْتَ الْاَعْلٰى ۝٦٨

၆၉။ ငါတို့ကမိန့်ကြားတော်မူ၏၊ မကြောက်ရွံ့လင့်၊ ဧကန်ပင် အသင်သည်သာလျှင် အောင်မြင်မည့်သူဖြစ်၏။

وَاَلْقِ مَا فِيْ يَمِيْنِكَ تَلْقَفْ مَا صَنَعُوْا ۭ اِنَّمَا صَنَعُوْا كَيْدُ سٰحِرٍ ۭ وَلَا يُفْلِحُ السّٰحِرُ حَيْثُ اَتٰى ۝٦٩

၇၀။ အသင်၏ လက်ယာလက်တွင်ရှိသည်ကို ပစ်ချလော့၊ ယင်းသည် ၎င်းတို့ဖန်တီးပြုလုပ်ထားသည်များကို မျိုချပေလိမ့်မည်။ ၎င်းတို့ပြုလုပ်ထားသည်များမှာ မှော်ဆရာတစ်ဦး၏ လှည့်စားမှုမျှသာဖြစ်၏၊ စင်စစ် မှော်ဆရာသည် မည်သည့်နေရာမှပင် လာရောက်စေကာမူ ထမြောက်အောင်မြင်လေ့မရှိချေ။

فَاُلْقِيَ السَّحَرَةُ سُجَّدًا قَالُوْٓا اٰمَنَّا بِرَبِّ هٰرُوْنَ وَمُوْسٰى ۝٧٠

၇၁။ သို့ဖြစ်ရကား မှော်ဆရာတို့သည် ဦးချသည့်အခြေအနေ၌ လဲကျသွားခဲ့ကြရပေသည်၊ သူတို့က ကျွန်ုပ်တို့သည် 'ဟာရွန်'နှင့် 'မူစာ'တို့၏ ဖန်ဆင်းမွေးမြူရှင်အား သက်ဝင်ယုံကြည်ကြပြီဟု ဆိုကြလေ၏။

قَالَ اٰمَنْتُمْ لَهٗ قَبْلَ اَنْ اٰذَنَ لَكُمْ ۭ اِنَّهٗ لَكَبِيْرُكُمُ الَّذِيْ عَلَّمَكُمُ السِّحْرَ ۚ فَلَاُقَطِّعَنَّ اَيْدِيَكُمْ وَاَرْجُلَكُمْ مِّنْ خِلَافٍ وَّلَاُصَلِّبَنَّكُمْ فِيْ جُذُوْعِ النَّخْلِ ۡ وَلَتَعْلَمُنَّ اَيُّنَآ اَشَدُّ عَذَابًا وَّاَبْقٰى ۝٧١

၇၂။ ယင်း(ဖီရိုအောင်)က ပြောကြားသည်မှာ- ငါက အသင်တို့အားခွင့်မပြုမီ အသင်တို့သည် သူ့အား သက်ဝင်ယုံကြည်ကြပေသလော၊ ဧကန်ပင် ဤသူသည် အသင်တို့အား မှော်အတတ်ကိုသင်ကြားပေးသော အသင်တို့၏ အကြီးအကဲပင် ဖြစ်ရမည်။ သို့ဖြစ်၍ ငါသည် အမှန်ပင် အသင်တို့၏လက်များနှင့် အသင်တို့၏ခြေများကို ဆန့်ကျင်ဘက်များမှ ဖြတ်တောက်ပစ်မည်။ ထို့ပြင် အသင်တို့အား အမှန်ပင် စွန်ပလွံပင်၏ပင်စည်များတွင် ကားတိုင်တင်မည်။ ထိုအခါ ငါတို့အနက် မည်သူသည် အပြစ်ပေးရာ၌ ပို၍ပြင်းထန်ပြီး ပိုမိုတည်မြဲနေမည့်သူဖြစ်ကြောင်းကို အသင်တို့ အမှန်ပင် သိရှိကြလိမ့်မည်။

قَالُوْا لَنْ نُّؤْثِرَكَ عَلٰي مَا جَاۗءَنَا مِنَ الْبَيِّنٰتِ وَالَّذِيْ فَطَرَنَا فَاقْضِ مَآ اَنْتَ قَاضٍ ۭ اِنَّمَا تَقْضِيْ هٰذِهِ الْحَيٰوةَ الدُّنْيَا ۝٧٢

၇၃။ သူတို့က ပြောကြားကြ၏၊ ကျွန်ုပ်တို့ထံ ရောက်ရှိလာသော ပွင့်လင်းထင်ရှားသည့် နိမိတ်လက္ခဏာများထက် ကျွန်ုပ်တို့သည် အသင့်ကို အလျှင်းဦးစားပေးကြမည်မဟုတ်၊ ထို့ပြင် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထက်(လည်း ဦးစားပေးကြမည်မဟုတ်)။ သို့ဖြစ်ရာ အသင်ပြုလိုရာကို ပြုလုပ်ပါလေ။ အသင်သည် ဤလောကီဘဝအတွက်သာ စီရင်ဆုံးဖြတ်နိုင်ပေသည်။

اِنَّاۤ اٰمَنَّا بِرَبِّنَا لِيَغْفِرَ لَنَا خَطٰيٰنَا وَمَاۤ اَكْرَهْتَنَا عَلَيْهِ مِنَ السِّحْرِ ؕ وَاللّٰهُ خَيْرٌ وَّاَبْقٰى ﴿۷۳﴾

၇၃။ ကျွန်ုပ်တို့သည် မုချပင် ကျွန်ုပ်တို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အားသက်ဝင်ယုံကြည်ကြပါ၏။ သို့ဖြင့် ထိုအရှင်မြတ်သည် ကျွန်ုပ်တို့၏အပြစ်များကိုလည်းကောင်း ကျွန်ုပ်တို့အား အသင် အတင်းအကျပ်ပြုလုပ်စေခဲ့သော ကျွန်ုပ်တို့၏မှော်ပညာလုပ်ရပ်ကိုလည်းကောင်း ခွင့်လွှတ်ချမ်းသာပေးသနားတော်မူရန်ဖြစ်၏။ စင်စစ် အလွန်ဟ်သည်ကောင်းမြတ်တော်မူ၍ အတည်တံ့ဆုံးသောအရှင် ဖြစ်တော်မူ၏။

اِنَّهٗ مَنْ يَّاْتِ رَبَّهٗ مُجْرِمًا فَاِنَّ لَهٗ جَهَنَّمَ ؕ لَا يَمُوْتُ فِيْهَا وَلَا يَحْيٰى ﴿۷۴﴾

၇၄။ ကန်စင်စစ် အကြင်သူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်သို့ အပြစ်ရှိသူအဖြစ်ဖြင့် ရောက်ရှိလာပါလျှင် ကန်ပင် ထိုသူအဖို့ 'ဂျဟန္နမ်'ငရဲသည်ရှိ၏။ ထိုသူသည် ယင်း၌ သေမည်လည်းမဟုတ် ရှင်မည်လည်းမဟုတ်ချေ။

وَمَنْ يَّاْتِهٖ مُؤْمِنًا قَدْ عَمِلَ الصّٰلِحٰتِ فَاُولٰٓئِكَ لَهُمُ الدَّرَجٰتُ الْعُلٰى ﴿۷۵﴾

၇၆။ သို့ရာတွင် အကြင်သူသည် 'မို့အ်မင်နဲ်' သင်ဝင်ယုံကြည်သူဖြစ်ပြီး ကောင်းမှုကုသိုလ်ပြုလျက် ထိုအရှင်မြတ်ထံတော်သို့ ရောက်ရှိလာလေသော် ထိုသူများသည်ပင် အကြင်သူများဖြစ်ကြ၏၊ သူတို့အဖို့ အလွန်မြင့်မားသော ဂုဏ်အဆင့်များသည်ရှိ၏။

جَنّٰتُ عَدْنٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ؕ وَذٰلِكَ جَزٰٓؤُا مَنْ تَزَكّٰى ﴿۷۶﴾

၇၇။ (ယင်းသည်ကား) ထာဝရတည်မည့် 'ဂျန္နတ်'ဥယျာဉ်တော်များဖြစ်၏၊ ယင်း၏အခြေတွင် စမ်းချောင်းအသွယ်သွယ်စီးဆင်းလျက်ရှိနေပေမည်။ ထိုသူတို့သည် ယင်း၌ ထာဝစဉ်နေထိုင်ကြရမည့်သူများဖြစ်လိမ့်မည်။ စင်စစ် ဤသည် သန့်ရှင်းစင်ကြယ်မှုကို ကျင့်သုံးဆောက်တည်သူအဖို့ အကျိုးဆုလာဘ်ပင်ဖြစ်သတည်း။

ရုကူး-၄

وَلَقَدْ اَوْحَيْنَاۤ اِلٰى مُوْسٰۤى ۙ اَنْ اَسْرِ بِعِبَادِيْ فَاضْرِبْ لَهُمْ طَرِيْقًا فِي الْبَحْرِ يَبَسًا ۙ لَّا تَخٰفُ دَرَكًا وَّلَا تَخْشٰى ﴿۷۷﴾

၇၈။ ကန်ပင် ငါတို့သည် 'မူစာ'အား 'ဝဟီ'ဗျာဒိတ်ပို့ချတော်မူသည်မှာ ငါအရှင်မြတ်၏အစေတော်များကို ညဉ့်အချိန်တွင်ခေါ်ဆောင်၍သွားပါလေ။ ထို့ပြင် သူတို့အတွက် ပင်လယ်တွင် သွေ့ခြောက်သောလမ်းကိုရွေးချယ်ပါလေ။ အသင့်အားဖမ်းမိမည်ကို စိုးရိမ်ရလိမ့်မည်မဟုတ်၊ ထို့ပြင် အသင်သည် ကြောက်ရွံ့ရလိမ့်မည်လည်းမဟုတ်ချေ။

فَاَتْبَعَهُمْ فِرْعَوْنُ بِجُنُوْدِهٖ فَغَشِيَهُمْ مِّنَ الْيَمِّ مَا غَشِيَهُمْ ﴿۷۸﴾

၇၉။ ထိုအခါ 'ဖိရ်အောင်'သည် မိမိစစ်သည်များနှင့်အတူသူတို့၏နောက်သို့လိုက်လေရာ ပင်လယ်မှ ၎င်းတို့အား ဖုံးလွှမ်းသည့်အရာသည် ၎င်းတို့အားဖုံးလွှမ်းလိုက်လေသည်။

وَاَضَلَّ فِرْعَوْنُ قَوْمَهٗ وَمَا هَدٰى ﴿۷۹﴾

၈၀။ စင်စစ် 'ဖိရ်အောင်'သည် မိမိ၏အမျိုးသားတို့အား လမ်းလွဲစေခဲ့ပြီး လမ်းမှန်ကိုမပြခဲ့ချေ။

يٰبَنِيْٓ اِسْرَآءِيْلَ قَدْ اَنْجَيْنٰكُمْ مِّنْ
عَدُوِّكُمْ وَوٰعَدْنٰكُمْ جَانِبَ الطُّوْرِ
الْاَيْمَنَ وَنَزَّلْنَا عَلَيْكُمُ الْمَنَّ وَالسَّلْوٰى ﴿٨٠﴾

၈၀။ အို-'အစ္စရာအီလ်'မျိုးနွယ်အပေါင်းတို့ အမှန်ပင် ငါတို့သည် အသင်တို့အား အသင်တို့၏ရန်သူမှ ကယ်တင်ခြင်းကို ပေးသနားတော်မူပြီး 'တူရ်' တောင်၏လက်ယာဘက်တွင် အသင်တို့နှင့် ပဋိညာဉ်တစ်ရပ်ကိုချုပ်ဆိုတော်မူခဲ့ပေသည်။ ထို့ပြင် ငါတို့သည် အသင်တို့အား 'မန္နာ'နှင့် 'ဆလဝါ'ကို ချပေးတော်မူ၏။

كُلُوْا مِنْ طَيِّبٰتِ مَا رَزَقْنٰكُمْ وَلَا تَطْغَوْا
فِيْهِ فَيَحِلَّ عَلَيْكُمْ غَضَبِيْ ۚ وَمَنْ
يَّحْلِلْ عَلَيْهِ غَضَبِيْ فَقَدْ هَوٰى ﴿٨١﴾

၈၁။ ငါတို့က အသင်တို့အား ပေးသနားတော်မူထားသော ရိက္ခာများမှ သန့်ရှင်းသောအရာများကို စားသုံးကြကုန်၊ သို့ရာတွင် ယင်းနှင့်စပ်လျဉ်း၍ စည်းဘောင်ကိုကျော်လွန်ခြင်းမပြုကြကုန်လင့်။ သို့မဟုတ်ပါက အသင်တို့အပေါ်သို့ ငါအရှင်မြတ်၏ အမျက်တော်သည်ကျရောက်ပေလိမ့်မည်၊ စင်စစ် ငါအရှင်မြင့်၏အမျက်တော်သည် အကြင်သူအပေါ်သို့ ကျရောက်သည်ရှိသော် ထိုသူသည် အမှန်ပင် ပျက်ဆီးဆုံးရှုံးရာ၏။

وَاِنِّيْ لَغَفَّارٌ لِّمَنْ تَابَ وَاٰمَنَ وَعَمِلَ
صَالِحًا ثُمَّ اهْتَدٰى ﴿٨٢﴾

၈၂။ ထို့ပြင် အကြင်သူသည် 'တောင်ဘာ' ဝန်ချတောင်းပန်မှုပြု၍ သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သော ကျင့်ကြံအားထုတ်မှုပြုလျက် တစ်ဖန် လမ်းမှန်ပေါ်၌ရပ်တည်ပါလျှင် ဧကန်ပင် ငါအရှင်မြတ်သည် ထိုသူ့အား အလွန်တရာမှ ခွင့်လွှတ်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَمَآ اَعْجَلَكَ عَنْ قَوْمِكَ يٰمُوْسٰى ﴿٨٣﴾

၈၃။ အို-မူစာ၊ အသင့်အား မိမိ၏အမျိုးသားများထံမှ အလျင်စလို ခွဲခွာရန် မည်သည့်အကြောင်းရပ်က မလွဲမရှောင်သာဖြစ်စေခဲ့သနည်း။

قَالَ هُمْ اُولَآءِ عَلٰٓى اَثَرِيْ وَعَجِلْتُ
اِلَيْكَ رَبِّ لِتَرْضٰى ﴿٨٤﴾

၈၄။ သူက ထိုသူတို့သည် ကျွန်တော်မျိုးအား ဖဝါးခြေထပ်လိုက်ကြပါ၏။ အို- ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးသည် အရှင်မြတ် ကျေနပ်နှစ်သက်တော်မူစေခြင်းအလို့ငှာ အရှင်မြတ်ထံတော်သို့ အလျင်အမြန်လာရောက်ခဲ့ခြင်းဖြစ်ပါ၏ဟု လျှောက်ထား၏။

قَالَ فَاِنَّا قَدْ فَتَنَّا قَوْمَكَ مِنْۢ بَعْدِكَ
وَاَضَلَّهُمُ السَّامِرِيُّ ﴿٨٥﴾

၈၅။ အရှင်မြတ် မိန့်ကြားတော်မူ၏။ အမှန်ပင် ငါတို့သည် အသင်မရှိစဉ် အသင်၏အမျိုးသားတို့ကို စမ်းသပ်တော်မူခဲ့၏။ 'စာမရီ'က သူတို့အား လမ်းမှားအောင်ပြုခဲ့ပေသည်။

فَرَجَعَ مُوْسٰٓى اِلٰى قَوْمِهٖ غَضْبَانَ
اَسِفًا ۚ قَالَ يٰقَوْمِ اَلَمْ يَعِدْكُمْ رَبُّكُمْ
وَعْدًا حَسَنًا ۚ اَفَطَالَ عَلَيْكُمُ الْعَهْدُ اَمْ
اَرَدْتُّمْ اَنْ يَّحِلَّ عَلَيْكُمْ غَضَبٌ مِّنْ

၈၆။ ထိုအခါ 'မူစာ'သည် လွန်စွာ ဒေါသဖြစ်ခြင်း ဝမ်းနည်းခြင်းအခြေအနေဖြင့် မိမိ၏အမျိုးသားတို့ထံ ပြန်လာခဲ့လေသည်။ သူကပြောကြား၏။ အို-ကျွန်ုပ်၏အမျိုးသားတို့ အသင်တို့၏ဖန်ဆင်းမွေးမြူရှင်သည် အသင်တို့အား အလွန် ကောင်းမွန်သည့်ကတိတစ်ခုကိုပြုတော်မူခဲ့သည်မဟုတ်လော။ အသင်တို့အား ကတိပြုသောကာလသည် အလွန် ရှည်လျားကြာ

رَّبِّكُمْ فَاَخْلَفْتُمْ مَّوْعِدِیْ ﴿۸۶﴾

ညောင်းခဲ့ပြီလော။ သို့တည်းမဟုတ် အသင်တို့သည် မိမိတို့အပေါ် သို့ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ အမျက်တော်ကျရောက်စေရန် ဆုံးဖြတ်ချက်ချထားကြပြီလော။ သို့ဖြစ်ရာ အသင်တို့သည် ကျွန်ုပ်နှင့်ပြုထားသော ကတိကဝတ်ကို ဆန့်ကျင်ဖောက်ဖျက်ခဲ့ကြပေသည်။

قَالُوْا مَاۤ اَخْلَفْنَا مَوْعِدَكَ بِمَلْكِنَا وَلٰكِنَّا حُمِّلْنَاۤ اَوْزَارًا مِّنْ زِیْنَةِ الْقَوْمِ فَقَذَفْنٰهَا فَكَذٰلِكَ اَلْقَی السَّامِرِیُّ ﴿۸۷﴾

၈၈။ ၎င်းတို့ကပြောကြ၏၊ ကျွန်ုပ်တို့သည် အသင်၏ကတိအား ဆန့်ကျင်ဖောက်ဖျက်မှုကို မိမိတို့သဘောဖြင့် ပြုလုပ်ခဲ့ကြသည်မဟုတ်ပါ။ သို့ရာတွင် ကျွန်ုပ်တို့အပေါ်တွင် အမျိုးသားထု၏လက်ဝတ်ရတနာများ၏ ဝန်ထုပ်ကိုတင်ထားခြင်းခံခဲ့ရပေရာ ကျွန်ုပ်တို့သည် ယင်းကို ချပစ်ခဲ့ကြပါ၏။ သို့ဖြစ်ရာ ဤကဲ့သို့ပင် 'စာမရီ'က ကြံစည်ခဲ့ပေသည်။ ③

فَاَخْرَجَ لَهُمْ عِجْلًا جَسَدًا لَّهٗ خُوَارٌ فَقَالُوْا هٰذَاۤ اِلٰهُكُمْ وَ اِلٰهُ مُوْسٰی ۫ فَنَسِیَ ﴿۸۸﴾

၈၉။ ထို့နောက် သူ(စာမရီ)က ၎င်းတို့အတွက် နွားကဲ့သို့ အသံထွက်သည့် (အသက်မဲ့သော) နွားငယ်ရုပ်တစ်ခုကို ထုတ်ဆောင်လာခဲ့လေသည်။ ထိုအခါ သူက ဤသည် အသင်တို့၏ကိုးကွယ်ရာနှင့် 'မူစာ'၏ကိုးကွယ်ရာလည်းဖြစ်၏။ သို့သော် သူ(မူစာ)သည် မေ့လျော့သွားခဲ့ပေပြီဟုပြောဆို၏။

اَفَلَا یَرَوْنَ اَلَّا یَرْجِعُ اِلَیْهِمْ قَوْلًا ۙ۬ وَّ لَا یَمْلِكُ لَهُمْ ضَرًّا وَّ لَا نَفْعًا ﴿۸۹﴾ ۩

၉၀။ ယင်းသည် သူတို့၏ မည်သည့်စကားကိုမျှ ဖြေကြားခြင်းမပြု၊ သူတို့အတွက် တစ်စုံတစ်ရာ အကျိုးယုတ်စေခြင်းနှင့် အကျိုးဖြစ်ထွန်းစေခြင်းကိုလည်း ပြုနိုင်စွမ်းမရှိသည်ကို ၎င်းတို့မတွေ့မြင်ကြလေသလော။

ရုကူး-၅

وَ لَقَدْ قَالَ لَهُمْ هٰرُوْنُ مِنْ قَبْلُ یٰقَوْمِ اِنَّمَا فُتِنْتُمْ بِهٖ ۚ وَ اِنَّ رَبَّكُمُ الرَّحْمٰنُ فَاتَّبِعُوْنِیْ وَ اَطِیْعُوْۤا اَمْرِیْ ﴿۹۰﴾

၉၁။ စင်စစ်သော်ကား ဤသည်ထက်အလျင် ယင်းတို့အား 'ဟာရွန်'က အို-ကျွန်ုပ်၏အမျိုးသားတို့ အသင်တို့သည် ဤအရာအားဖြင့် စမ်းသပ်စစ်ဆေးခြင်းကို ခံခဲ့ကြရပြီ။ ဧကန်စင်စစ် အသင်တို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ဖြစ်၍ အသင်တို့သည် ကျွန်ုပ်အားလိုက်နာကြကုန်။ ၎င်းပြင် ကျွန်ုပ်၏စကားကို နာခံကြကုန်ဟု ပြောကြားခဲ့ပြီးဖြစ်၏။

قَالُوْا لَنْ نَّبْرَحَ عَلَیْهِ عٰكِفِیْنَ حَتّٰی یَرْجِعَ اِلَیْنَا مُوْسٰی ﴿۹۱﴾

၉၂။ ယင်းတို့က 'မူစာ'သည် ကျွန်ုပ်တို့ထံ ပြန်လာသည်အထိ ကျွန်ုပ်တို့သည် အမှန်ပင် ယင်း၏ရှေ့တွင် ထိုင်နေကြပါမည်ဟု ပြောကြလေ၏။

قَالَ یٰهٰرُوْنُ مَا مَنَعَكَ اِذْ رَاَیْتَهُمْ

၉၃။ သူ(မူစာ)က ပြော၏။ အို-'ဟာရွန်' အသင်သည် ၎င်း

③ တမန်တော်မူစာ ﷺ၏အမျိုးသားတို့မှာ မိမိတို့နှင့်အတူ ရွှေငွေရတနာများကိုသယ်ပိုးလျက်သွားလာနေခဲ့ကြပေရာ ယင်းတို့မှာ အလွန်လေးလံလှပေသည်။ ဤတွင် 'စာမရီ'က ယင်းရွှေငွေရတနာများကို ကျွန်ုပ်ထံ အပ်နှင်းကြ၊ ကျွန်ုပ်သည် ယင်းတို့ဖြင့် အသင်တို့၏ဘုရားအစစ်ဖြစ်သော နွားငယ်တစ်ကောင်ကိုပြုလုပ်ပေးမည်ဟု မက်လုံးပေးခဲ့သည်။ ထိုအမျိုးသားတို့က 'စာမရီ'အား ရွှေငွေရတနာများကိုပေးအပ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ထိုအရာများမှာ ကျွန်ုပ်တို့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေ၍ ယင်းကို ချပစ်ခဲ့ခြင်းဖြစ်ပါသည်ဟူ၍ တမန်တော်မူစာ ﷺထံတွင် အကြောင်းပြပြောဆိုကြလေသည်။

ضَلُّوْٓا ﴿٩٢﴾

တို့ လမ်းလွဲသွားသည်ကိုမြင်တွေ့ရသောအခါ (ငင်းတို့အား အရေးယူခြင်းမပြုရန်) မည်သည့်အကြောင်းက အသင့်အား တားဆီးခဲ့ပါသနည်း။

اَلَّا تَتَّبِعَنِ ؕ اَفَعَصَيْتَ اَمْرِيْ ﴿٩٣﴾

၉၄။ အသင်သည် ကျွန်ုပ်အားမလိုက်နာပေသလော။ သို့ဖြစ်လျှင် အသင်သည် ကျွန်ုပ်၏အမိန့်ကို ဖီဆန်ပါသလော။

قَالَ يَبْنَؤُمَّ لَا تَاْخُذْ بِلِحْيَتِيْ وَلَا بِرَاْسِيْ ۚ اِنِّيْ خَشِيْتُ اَنْ تَقُوْلَ فَرَّقْتَ بَيْنَ بَنِيْٓ اِسْرَآءِيْلَ وَلَمْ تَرْقُبْ قَوْلِيْ ﴿٩٤﴾

၉၅။ သူ(ဟာရွန်)က ပြောကြားသည်မှာ အို-ကျွန်ုပ်မိခင်၏ သား အသင်သည် ကျွန်ုပ်၏မုတ်ဆိတ်နှင့် ကျွန်ုပ်၏ဦးခေါင်းကို ဆွဲကိုင်ခြင်းမပြုပါနှင့်။ ကျွန်ုပ်မှာကား- အသင်သည် 'အစ္စရာအီလ်'မျိုးနွယ်တို့၏အကြားတွင် ကွဲပြားအောင်ပြုလုပ်ခဲ့ပြီ၊ ထို့ပြင် ကျွန်ုပ်၏ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းခြင်းမပြုခဲ့ပေဟု အသင်ပြောဆိုလာမည်ကို စိုးရိမ်မိခဲ့ပါ၏။

قَالَ فَمَا خَطْبُكَ يٰسَامِرِيُّ ﴿٩٥﴾

၉၆။ သူ(မူစာ)က သို့ဖြစ်လျှင် အို-'စာမရီ' အသင်၏အရေးကိစ္စသည် မည်သို့ရှိသနည်းဟုပြောလေ၏။

قَالَ بَصُرْتُ بِمَا لَمْ يَبْصُرُوْا بِهٖ فَقَبَضْتُ قَبْضَةً مِّنْ اَثَرِ الرَّسُوْلِ فَنَبَذْتُهَا وَكَذٰلِكَ سَوَّلَتْ لِيْ نَفْسِيْ ﴿٩٦﴾

၉၇။ ယင်းကဤသူတို့သိမြင်နိုင်ခြင်းမရှိသည့်အရာကို ကျွန်ုပ်သိမြင်ခဲ့ပါသည်။ သို့ဖြင့် ကျွန်ုပ်သည် တမန်တော်၏လမ်းစဉ်မှ အချို့ကို ကျင့်သုံးပြီးနောက် ယင်းကို ပစ်ပယ်ခဲ့၏။ စင်စစ် ကျွန်ုပ်၏စိတ်ဝိညာဉ်သည် ကျွန်ုပ်အဖို့ ဤသည်ကိုပင် ကောင်းမြတ်ကြောင်း ပြသခဲ့ပေသည်ဟုပြောဆိုလေ၏။ ①

قَالَ فَاذْهَبْ فَاِنَّ لَكَ فِي الْحَيٰوةِ اَنْ تَقُوْلَ لَا مِسَاسَ ۖ وَاِنَّ لَكَ مَوْعِدًا لَّنْ تُخْلَفَهٗ ۚ وَانْظُرْ اِلٰٓى اِلٰهِكَ الَّذِيْ ظَلْتَ عَلَيْهِ عَاكِفًا ؕ لَنُحَرِّقَنَّهٗ ثُمَّ لَنَنْسِفَنَّهٗ فِي الْيَمِّ نَسْفًا ﴿٩٧﴾

၉၈။ သူ(မူစာ)က ပြောကြား၏။ သို့ဆိုလျှင် ထွက်သွားလော့။ ဧကန်စင်စစ် အသင့်အဖို့ ဘဝတစ်လျှောက်လုံးတွင် 'အလျှင်းမထိပါလင့်'ဟု ပြောရန်သာရှိ၏။ ထို့ပြင် ဧကန်စင်စစ် အသင့်အဖို့ ကတိပြုထားသည့် သတ်မှတ်ထားသောအချိန်တစ်ချိန်ရှိ၏။ ယင်းကို အသင်နှင့်ဆန့်ကျင်လျက် လုပ်ဆောင်လိမ့်မည်မဟုတ်။ ထို့ပြင် မိမိ၏ကိုးကွယ်ရာဘက်သို့ ကြည့်ပါလေ။ ယင်း၏ရှေ့၌ အသင်ထိုင်လျက်ရှိပေသည်။ ကျွန်ုပ်တို့သည် အမှန်ပင် ယင်းအား မီးရှို့ပစ်ပေမည်။ ထို့နောက် ယင်းကို ပင်လယ်၌ အသေအချာ ဖြန့်ကြဲချပစ်ပေမည်။ ②

اِنَّمَآ اِلٰهُكُمُ اللّٰهُ الَّذِيْ لَآ اِلٰهَ اِلَّا هُوَ ؕ

၉၉။ ဧကန်စင်စစ် အသင်တို့၏ ကိုးကွယ်ရာအရှင်သည် အလ္လာဟ်သည်သာ ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး

① 'စာမရီ'က နဗူဝါတ်ဆိုသည်မှာ လှည့်ဖြားမှုသာဖြစ်သည်ဟု ကျွန်ုပ်ခံစားမိသောကြောင့် ကျွန်ုပ်သည် ယင်းကို ဘေးဖယ်ပစ်ခဲ့ခြင်းဖြစ်ပြီး ကျွန်ုပ်၏ ဤလုပ်ရပ်ကို ကျွန်ုပ်စိတ်က ကောင်းမွန်ကြောင်းပြသခဲ့ပါသည်ဟု အကြောင်းပြချက်ပေးခဲ့လေသည်။

② 'စာမရီ'၏ထိုလုပ်ရပ်အတွက် ပြစ်ဒဏ်ခတ်သောအားဖြင့် တမန်တော်မူစာ ﷺ က အသင်သည် ယခု မိမိကိုယ်တိုင်က ကျွန်ုပ်အား မည်သူမျှ မတို့မထိကြပါလင့်ဟုဆိုရသောအခြေအနေဖြင့် အသက်ရှင်လျက်နေလော့ဟု ပြောလေသည်။ ဤသို့ဖြင့် စာမရီသည် အနာကြီးရောဂါစွဲကပ်ခဲ့သည်ဟု ယူဆရပေသည်။ မိမိ၏ရောဂါမှ အခြားသူများကူးစက်ခြင်းမရှိစေရန် သူကိုယ်တိုင်က လူတို့အား ကျွန်ုပ်၏အနားသို့မလာကြနှင့်၊ ကျွန်ုပ်အား မတို့မထိကြနှင့်ဟု အသံပြုနေခဲ့ရပေသည်။ ဤခေလ့မှာ လွန်ခဲ့သော ရာစုနှစ်အထိ ဥရောပတွင် ကျင့်သုံးလျက်ရှိခဲ့သည်။ အနာကြီးရောဂါသည်များအား လည်ပင်းတွင် ခေါင်းလောင်းများ ချိတ်ဆွဲသွားလာကြရန် အမိန့်ထုတ်ထားပြီး သို့ဖြင့် လမ်းတစ်ဖက်တစ်ချက်မှ လူအများက အနာကြီးရောဂါသည်လာနေကြောင်း သိရှိရစေရန်ဖြစ်သည်။

وَسِعَ كُلَّ شَيْءٍ عِلْمًا ﴿٩٨﴾

အခြားမည်သည့်ကိုးကွယ်ရာမျှမရှိ။ ထိုအရှင်မြတ်သည် အသိပညာအားဖြင့် အရာရာတိုင်းကို လွှမ်းခြုံထားတော်မူ၏။

كَذٰلِكَ نَقُصُّ عَلَيْكَ مِنْ اَنْۢبَآءِ مَا قَدْ سَبَقَ ۚ وَقَدْ اٰتَيْنٰكَ مِنْ لَّدُنَّا ذِكْرًا ﴿٩٩﴾

၁၀၀။ ဤသို့ပင် ငါတို့သည် လွန်လေခဲ့ပြီးဖြစ်သော သတင်းများကို အသင်၏ရှေ့တွင် ဖော်ပြတော်မူပေသည်။ ထို့ပြင် ငါတို့သည် ဧကန်ပင် အသင့်အား မိမိထံတော်မှ 'ဇိကိရ်' ဆုံးမဩဝါဒတော်ကို ပေးသနားတော်မူ၏။

مَنْ اَعْرَضَ عَنْهُ فَاِنَّهٗ يَحْمِلُ يَوْمَ الْقِيٰمَةِ وِزْرًا ﴿١٠٠﴾

၁၀၁။ အကြင်မည်သူမဆို ယင်းမှ မျက်နှာလွှဲဖယ်ပါလျှင် ဧကန်မုချ ထိုသူသည် 'ကေယာမတ်'ရှင်ပြန်ထမြောက်ရမည့် နေ့တော်ကြီးတွင် ကြီးမားသောဝန်ထုပ်ကို သယ်ပိုးရပေအံ့။

خٰلِدِيْنَ فِيْهِ ۭ وَسَاۗءَ لَهُمْ يَوْمَ الْقِيٰمَةِ حِمْلًا ﴿١٠١﴾

၁၀၂။ ထိုသူသည် ဤသည့်(အခြေအနေ)၌ ကာလရှည်ကြာစွာ နေရပေလိမ့်မည်။ ထို့ပြင် 'ကေယာမတ်'နေ့တော်ကြီးတွင် ထိုသူတို့အတွက် အလွန်ကြီးလေးသော ဝန်ထုပ်(ဖြစ်ကြောင်း အထောက်အထား)ရရှိပေအံ့။

يَّوْمَ يُنْفَخُ فِي الصُّوْرِ وَنَحْشُرُ الْمُجْرِمِيْنَ يَوْمَىِٕذٍ زُرْقًا ﴿١٠٢﴾

၁၀၃။ အကြင်နေ့တွင် တံပိုးခရာမှုတ်သည့်အခါ ထိုနေ့တွင် ငါတို့သည် အပြာရောင်မျက်လုံးရှင် (မြောက်မြားစွာသော) အပြစ်သားတို့အား စုရုံးစေတော်မူမည်။ ①

يَّتَخَافَتُوْنَ بَيْنَهُمْ اِنْ لَّبِثْتُمْ اِلَّا عَشْرًا ﴿١٠٣﴾

၁၀၄။ အသင်တို့သည် ဆယ်(ရက်မျှသာ) နေခဲ့ကြပေသည်ဟု သူတို့သည် အချင်းချင်း တီးတိုးပြောဆိုနေကြပေလိမ့်မည်။ ②

نَحْنُ اَعْلَمُ بِمَا يَقُوْلُوْنَ اِذْ يَقُوْلُ اَمْثَلُهُمْ طَرِيْقَةً اِنْ لَّبِثْتُمْ اِلَّا يَوْمًا ﴿١٠٤﴾ ۧ

၁၀၅။ ငါတို့သည် ယင်းတို့ပြောဆိုမည်ကို အသိရှိဆုံးဖြစ်တော်မူ၏။ ယင်းတို့အနက် အကောင်းဆုံးသောနည်းလမ်းကို ကျင့်သုံးသူက အသင်တို့သည် တစ်ရက်ထက်ပို၍ နေခဲ့ကြရသည်မဟုတ်ချေဟု ပြောကြားပေလိမ့်မည်တည်း။

ရုကူ-၆

وَيَسْـَٔلُوْنَكَ عَنِ الْجِبَالِ فَقُلْ يَنْسِفُهَا رَبِّيْ نَسْفًا ﴿١٠٥﴾

၁၀၆။ ထို့ပြင် ထိုသူတို့သည် အသင့်ထံတွင် တောင်များနှင့်စပ်လျဉ်း၍ မေးမြန်းကြ၏။ အသင်ပြောကြားပါလေ။ ယင်းတို့ကို ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အစိတ်စိတ် အမွှာမွှာဖြစ်အောင် ပြုတော်မူပေမည်။

فَيَذَرُهَا قَاعًا صَفْصَفًا ﴿١٠٦﴾

၁၀၇။ သို့ဖြင့် ထိုအရှင်မြတ်သည် ယင်းတို့ကိုပြန့်ပြူးသောလွင်ပြင် ဖြစ်စေတော်မူပေမည်။

① ဤတွင် زُرْقًا ဟူသည်မှာ 'အပြာရောင်မျက်လုံးရှင်များ'ဟုဆိုလိုသည်။ ခရစ်ယာန်အုပ်စုများကို ရည်ညွှန်းခြင်းဖြစ်တန်ရာသည်။ ယင်းတို့အနက် အများစုမှာ အပြာရောင်မျက်လုံးရှင်များ ဖြစ်ကြပေသည်။

② သူတို့သည် 'ကေယာမတ်'နေ့တွင် မိမိတို့၏ကြီးကျယ်ခမ်းနားလှသော လောကီအောင်ပွဲကို ကြာမြင့်စွာ အဝေးမှ မြင်တွေ့ကြရမည်ဖြစ်ပေရာ သူတို့၏အောင်ပွဲမှာ ဆယ်ဂဏန်းထက်မပိုခဲ့ကြောင်းကို အချင်းချင်းပြောဆိုကြလိမ့်မည်။ ဆိုလိုသည်မှာ နှစ်တစ်ထောင်ထက်ပိုသောကာလ၊ ရာစုနှစ်ပေါင်းဆယ်ခုဖြစ်သည်။ ခရစ်ယာန်ဝါဒ၏ အောင်နိုင်လွှမ်းမိုးမှုမှာ နှစ်ပေါင်းတစ်ထောင်ရှိခဲ့ကြောင်း သမိုင်းကပြဆိုနေပေသည်။ တမန်တော်မြတ်ﷺ၏ ရာစုသုံးစုနောက်တွင် အနောက်တိုင်းခရစ်ယာန်အမျိုးသားတို့ အောင်မြင်လွှမ်းမိုးမှုမှာလည်း နှစ်ပေါင်းတစ်ထောင်မျှဖြစ်ချေသည်။ ထို့နောက်တွင် ကျဆုံးမှုလက္ခဏာ စတင်လာခဲ့ပေသည်။

لَا تَرٰى فِيْهَا عِوَجًا وَّلَآ اَمْتًا ﴿١٠٧﴾

၁၀၈။ အသင်သည် ယင်း၌ ကွေ့ကောက်မှုတစ်စုံတစ်ရာကို မျှလည်းကောင်း၊ အနိမ့်အမြင့်ကိုလည်းကောင်းတွေ့ရှိရမည် မဟုတ်ချေ။

يَوْمَئِذٍ يَّتَّبِعُوْنَ الدَّاعِيَ لَا عِوَجَ لَهٗ ۚ وَخَشَعَتِ الْاَصْوَاتُ لِلرَّحْمٰنِ فَلَا تَسْمَعُ اِلَّا هَمْسًا ﴿١٠٨﴾

၁၀၉။ ထိုနေ့တော်ကြီးတွင် သူတို့သည် ကွေ့ကောက်မှုတစ်စုံတစ်ရာမရှိသော ဖိတ်ခေါ်သူအား လိုက်နာကြပေလိမ့်မည်။ ထို့ပြင် 'ရာဟ်မန်' ကရုဏာတော်ရှင်အား ရိုသေလေးစားမှုဖြင့် အသံမျှားနိမ့်သွားပေလိမ့်မည်။ အသင်သည် တီးတိုးပြောဆိုခြင်းမှလွဲ၍ အခြားမည်သည်ကိုမျှ ကြားရမည်မဟုတ်ချေ။

يَوْمَئِذٍ لَّا تَنْفَعُ الشَّفَاعَةُ اِلَّا مَنْ اَذِنَ لَهُ الرَّحْمٰنُ وَرَضِيَ لَهٗ قَوْلًا ﴿١٠٩﴾

၁၁၀။ သို့ရာတွင် အကြင်သူအဖို့ 'ရာဟ်မန်' ကရုဏာတော်ရှင်က ခွင့်ပြုတော်မူပြီး ထိုသူ့အတွက်ပြောဆိုခြင်းကို နှစ်သက်တော်မူလျှင်မှတစ်ပါး ထိုနေ့တော်ကြီးတွင် ကြားဝင်လျှောက်လဲခြင်းသည် အကျိုးပြုလိမ့်မည်မဟုတ်ချေ။

يَعْلَمُ مَا بَيْنَ اَيْدِيْهِمْ وَمَا خَلْفَهُمْ وَلَا يُحِيْطُوْنَ بِهٖ عِلْمًا ﴿١١٠﴾

၁၁၁။ ထိုအရှင်မြတ်သည် ယင်းတို့၏ရှေ့တွင်ရှိသည်ကိုလည်းကောင်း၊ ယင်းတို့၏နောက်တွင်ရှိသည်ကိုလည်းကောင်း သိရှိတော်မူ၏။ သို့သော် ယင်းတို့သည် အရှင်မြတ်ကို အသိပညာဖြင့် မည်သို့မျှ လွှမ်းခြုံသိရှိနိုင်မည်မဟုတ်ချေ။

وَعَنَتِ الْوُجُوْهُ لِلْحَيِّ الْقَيُّوْمِ ۭ وَقَدْ خَابَ مَنْ حَمَلَ ظُلْمًا ﴿١١١﴾

၁၁၂။ ထို့ပြင် မျက်နှာများသည် ထာဝရရှင်နေတော်မူသော၊ ထာဝရတည်တော်မူသောအရှင်၏ ရှေ့တော်မှောက်တွင် ညွှတ်သွားကြပေအံ့။ ထို့ပြင် အကြင်သူသည် မတရားမှု၏ ဝန်ထုပ်ကိုသယ်ပိုးထားလျှင် ထိုသူသည် ဆုံးရှုံးရမည်ဖြစ်၏။

وَمَنْ يَّعْمَلْ مِنَ الصّٰلِحٰتِ وَهُوَ مُؤْمِنٌ فَلَا يَخٰفُ ظُلْمًا وَّلَا هَضْمًا ﴿١١٢﴾

၁၁၃။ ထို့ပြင် အကြင်သူသည် ကောင်းမှုများကိုပွားများသည့်အခြေအနေ၌ သက်ဝင်ယုံကြည်သူဖြစ်ခဲ့ပါလျှင် ထိုသူသည် မည်သို့သော မတရားပြုမူခံရမည်ကိုလည်းကောင်း၊ ရပိုင်ခွင့် ဆုံးရှုံးရမည်ကိုလည်းကောင်း စိုးရိမ်ရလိမ့်မည်မဟုတ်ချေ။

وَكَذٰلِكَ اَنْزَلْنٰهُ قُرْاٰنًا عَرَبِيًّا وَّصَرَّفْنَا فِيْهِ مِنَ الْوَعِيْدِ لَعَلَّهُمْ يَتَّقُوْنَ اَوْ يُحْدِثُ لَهُمْ ذِكْرًا ﴿١١٣﴾

၁၁၄။ ၎င်းပြင် ဤကဲ့သို့ပင် ငါတို့သည် သူအား ဝေါဟာရကြွယ်၍ အဓိပ္ပာယ်နက်ရှိင်းသော 'ကုရ်အာန်'ကိုချပေးတော်မူ၏။ ယင်း၌ အမျိုးမျိုးသော သတိပေးချက်များကို ဖော်ပြထားတော်မူ၏။ သို့ဖြင့် ယင်းတို့သည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို တည်ဆောက်နိုင်ကြစေရန် သို့မဟုတ် သူတို့အဖို့ သံဝေဂရဖွယ် နိမိတ်လက္ခဏာ တစ်စုံတစ်ရာ ထင်ပေါ်လာစေရန်ဖြစ်၏။

فَتَعٰلَى اللّٰهُ الْمَلِكُ الْحَقُّ ۚ وَلَا تَعْجَلْ بِالْقُرْاٰنِ مِنْ قَبْلِ اَنْ يُّقْضٰٓى اِلَيْكَ وَحْيُهٗ ۡ وَقُلْ رَّبِّ زِدْنِيْ عِلْمًا ﴿١١٤﴾

၁၁၅။ အလ္လာဟ်သည် စစ်မှန်သော ရှင်ဘုရင်နှင့် လွန်စွာမှဂုဏ်ရှိန်မြင့်မားတော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ဖြစ်၍ အသင့်ထံ အရှင်မြတ်၏ 'ဝဟီ' ဗျာဒိတ်ပို့ချခြင်း မပြည့်စုံမီ အလျင် ကုရ်အာန်ကို(ဖတ်ရွတ်ရာတွင်) အလျင်စလိုမပြုလင့်။ ထို့ပြင် အို- ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော

အရှင် ကျွန်တော်မျိုးအား အသိပညာ၌ တိုးပွားစေတော်မူပါဟု လျှောက်ထားပါလေ။

وَلَقَدْ عَهِدْنَآ اِلٰٓى اٰدَمَ مِنْ قَبْلُ فَنَسِىَ وَلَمْ نَجِدْ لَهٗ عَزْمًا ﴿۱۱۵﴾

၁၁၆။ ထို့ပြင် ဧကန်ပင် ငါတို့သည် ဤသည့်အလျင်က 'အာဒမ်'နှင့်လည်း ပဋိညာဉ်ပြုတော်မူခဲ့၏။ သို့သော် သူသည် မေ့လျော့သွားခဲ့ပေသည်။ စင်စစ် သူသည် (ယင်းအားချိုးဖောက်ရန်) တစ်စုံတစ်ရာ ရည်ရွယ်သည်ကို ငါတို့ တွေ့တော်မမူခဲ့ချေ။

ရုကူး-၇

وَاِذْ قُلْنَا لِلْمَلٰٓئِكَةِ اسْجُدُوْا لِاٰدَمَ فَسَجَدُوْٓا اِلَّآ اِبْلِيْسَ ؕ اَبٰى ﴿۱۱۶﴾

၁၁၇။ အကြင်အခါဝယ် ငါတို့က ကောင်းကင်တမန်များအား 'အာဒမ်'အတွက် 'စဂျဒါဟ်' ဦးချမှုပြုကြလော့ဟု မိန့်တော်မူသောအခါ 'အီဘလီစ်'မှတစ်ပါး သူတို့အားလုံးသည် ဦးချခဲ့ကြ၏။ သူ(အီဘလီစ်)သည် ငြင်းပယ်ခဲ့၏။

فَقُلْنَا يٰٓاٰدَمُ اِنَّ هٰذَا عَدُوٌّ لَّكَ وَلِزَوْجِكَ فَلَا يُخْرِجَنَّكُمَا مِنَ الْجَنَّةِ فَتَشْقٰى ﴿۱۱۷﴾

၁၁၈။ သို့ဖြစ်၍ ငါတို့က အို-'အာဒမ်' ဧကန်မုချ ယင်းသည် အသင်နှင့် အသင့်ကြင်ရာတို့၏ရန်သူဖြစ်၏။ သို့ကြောင့် ယင်းသည် အသင်တို့နှစ်ဦးစလုံးကို 'ဂျန္နတ်'ဥယျာဉ်တော်မှ အလျင်းနှင်ထုတ်ခြင်း မပြုစေလင့်၊ သို့မဟုတ်ပါက အသင်သည် ကံဆိုးသူဖြစ်သွားပေလိမ့်မည်။

اِنَّ لَكَ اَلَّا تَجُوْعَ فِيْهَا وَلَا تَعْرٰى ﴿۱۱۸﴾

၁၁၉။ အသင်သည် ယင်း၌ ဆာလောင်မွတ်သိပ်ခြင်းနှင့် အဝတ်ကင်းမဲ့ခြင်းမရှိစေရန်၊ အသင့်အဖို့ သတ်မှတ်ပြဋ္ဌာန်းထားပေသည်။

وَاَنَّكَ لَا تَظْمَؤُا فِيْهَا وَلَا تَضْحٰى ﴿۱۱۹﴾

၁၂၀။ ထို့ပြင် အသင်သည် ယင်း၌ ရေငတ်ခြင်းနှင့် နေပူဒဏ်ကို မခံရရန်ကို(လည်း ပြဋ္ဌာန်းထား၏)။

فَوَسْوَسَ اِلَيْهِ الشَّيْطٰنُ قَالَ يٰٓاٰدَمُ هَلْ اَدُلُّكَ عَلٰى شَجَرَةِ الْخُلْدِ وَمُلْكٍ لَّا يَبْلٰى ﴿۱۲۰﴾

၁၂၁။ ထို့နောက် 'ရှိုင်တန်'သည် သူ့အား သံသယ၌ ထည့်သွင်းခဲ့လေ၏။ အို-'အာဒမ်' ကျွန်ုပ်သည် အသင့်အား ထာဝရတည်သော သစ်ပင်ကိုလည်းကောင်း မည်သည့်အခါမျှ ဆိတ်သုဉ်းမည်မဟုတ်သော အုပ်ချုပ်ရေးကိုလည်းကောင်း အသိပေးရမည်လောဟုပြောလေ၏။

فَاَكَلَا مِنْهَا فَبَدَتْ لَهُمَا سَوْاٰتُهُمَا وَطَفِقَا يَخْصِفٰنِ عَلَيْهِمَا مِنْ وَّرَقِ الْجَنَّةِ ۛ وَعَصٰٓى اٰدَمُ رَبَّهٗ فَغَوٰى ﴿۱۲۱﴾

၁၂၂။ သို့ဖြင့် နှစ်ဦးစလုံးသည် ယင်းမှအချို့ကိုစားကြ၏။ ထိုအခါ သူတို့၏အရှက်သည် သူတို့အပေါ် ထင်ပေါ်သွားခဲ့လေသည်။ သူတို့သည် 'ဂျန္နတ်'မှသစ်ရွက်များဖြင့် မိမိတို့ကိုယ်ကို ဖုံးအုပ်ခဲ့ကြလေသည်။ 'အာဒမ်'သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကို မနာခံခဲ့ရာ လမ်းမှန်မှတိမ်းချော်သွားခဲ့ပေသည်။

ثُمَّ اجْتَبٰهُ رَبُّهٗ فَتَابَ عَلَيْهِ وَهَدٰى ﴿۱۲۲﴾

၁၂၃။ ထို့နောက်တစ်ဖန် သူ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်က သူ့အား ရွေးချယ်တော်မူလိုက်၏။ ထို့ပြင် 'တောင်

ဘာ' ဝန်ချတောင်းပန်မှုကိုလက်ခံတော်မူ၍ သူ့ဘက်သို့ ယိမ်းညွှတ်တော်မူပြီးလျှင် သူ့အား လမ်းညွှန်တော်မူခဲ့လေသည်။

قَالَ اهْبِطَا مِنْهَا جَمِيْعًا بَعْضُكُمْ لِبَعْضٍ عَدُوٌّ ۚ فَاِمَّا يَاْتِيَنَّكُمْ مِّنِّيْ هُدًى ۙ فَمَنِ اتَّبَعَ هُدَايَ فَلَا يَضِلُّ وَلَا يَشْقٰى ﴿١٢٣﴾

၁၂၄။ ထိုအရှင်မြတ်က မိန့်ကြားတော်မူ၏။ အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့၏အပေါင်းအဖော်များနှင့်အတူ အချို့က အခြားသူတို့၏ရန်သူများဖြစ်ခဲ့သည့် အခြေအနေတွင် ဤမှထွက်သွားကြလော့။ သို့ဖြင့် မည်သည့်အခါတွင်မဆို ငါ၏အထံတော်မှ လမ်းညွှန်မှု အသင်တို့ထံရောက်ရှိလာလျှင် အကြင်မည်သူမဆို ငါ၏လမ်းညွှန်မှုကို လိုက်နာပါက သူတို့သည် လမ်းလွဲမည်လည်းမဟုတ်၊ ထို့ပြင် ကံဆိုးကြမည်လည်းမဟုတ်ချေ။

وَمَنْ اَعْرَضَ عَنْ ذِكْرِيْ فَاِنَّ لَهٗ مَعِيْشَةً ضَنْكًا وَّنَحْشُرُهٗ يَوْمَ الْقِيٰمَةِ اَعْمٰى ﴿١٢٤﴾

၁၂၅။ သို့သော် အကြင်သူသည် ငါအရှင်မြတ်အား သတိရတသခြင်းမှ မျက်နှာလွှဲဖယ်အံ့။ အမှန်ပင် ထိုသူ့အဖို့ ကျပ်တည်းသောဘဝ ရှိချေမည်။ ထို့ပြင် ငါတို့သည် ထိုသူအား 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်တွင် မျက်ကန်းအဖြစ် ရှင်ပြန်ထမြောက်စေတော်မူပေအံ့။

قَالَ رَبِّ لِمَ حَشَرْتَنِيْٓ اَعْمٰى وَقَدْ كُنْتُ بَصِيْرًا ﴿١٢٥﴾

၁၂၆။ ထိုသူက အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးသည် မျက်စိမြင်သူတစ်ဦးဖြစ်ခဲ့ပါလျက် အရှင်မြတ်သည် ကျွန်တော်မျိုးအား အဘယ့်ကြောင့် မျက်ကန်းအဖြစ်နှင့် ရှင်ပြန်ထမြောက်စေတော်မူပါသနည်းဟု လျှောက်ထားပေအံ့။

قَالَ كَذٰلِكَ اَتَتْكَ اٰيٰتُنَا فَنَسِيْتَهَا ۚ وَكَذٰلِكَ الْيَوْمَ تُنْسٰى ﴿١٢٦﴾

၁၂၇။ အရှင်မြတ်က မိန့်ကြားတော်မူမည်မှာ ဤသို့ပင် (ဖြစ်လိမ့်မည်)။ အသင့်ထံသို့ ငါတို့၏ နိမိတ်လက္ခဏာတော်များသည် ရောက်လာလျက်ရှိခဲ့သော်လည်း အသင်သည် ယင်းတို့ကို လျစ်လျူရှု၍သာနေခဲ့၏။ သို့ဖြစ်ရာ ဤနေ့တွင် အသင်သည်လည်း ထိုသို့ပင် မေ့ထားခြင်းကိုခံရပေအံ့။

وَكَذٰلِكَ نَجْزِيْ مَنْ اَسْرَفَ وَلَمْ يُؤْمِنْۢ بِاٰيٰتِ رَبِّهٖ ۭ وَلَعَذَابُ الْاٰخِرَةِ اَشَدُّ وَاَبْقٰى ﴿١٢٧﴾

၁၂၈။ အလွန်အကျွံပြုလုပ်လျက် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ 'အာယတ်' နိမိတ်လက္ခဏာတော်များကို မယုံကြည်သောသူအား ငါတို့သည် ဤသို့ပင် အကျိုးဆက်ကို ပေးတော်မူ၏။ စင်စစ် တမလွန်၏ပြစ်ဒဏ်သည် ပို၍ပြင်းထန်ပြီး ကျန်ရှိနေမည့်အရာဖြစ်၏။

اَفَلَمْ يَهْدِ لَهُمْ كَمْ اَهْلَكْنَا قَبْلَهُمْ مِّنَ الْقُرُوْنِ يَمْشُوْنَ فِيْ مَسٰكِنِهِمْ ۭ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّاُولِي النُّهٰى ﴿١٢٨﴾ ع

၁၂၉။ ငါတို့သည် ၎င်းတို့ထက်အလျှင် အဘယ်မျှလောက်သော ခေတ်ကာလများမှ လူသားတို့ကို ဖျက်ဆီးပစ်တော်မူခဲ့ပေသနည်း။ သူတို့၏နေရပ်များတွင် ၎င်းတို့ ဖြတ်သန်းသွားလာလျက်ရှိနေကြ၏။ သို့ဖြစ်ရာ ဤအကြောင်းသည် ၎င်းတို့အဖို့ လမ်းညွှန်မှုကိုရရှိစေသောအကြောင်းခံ မဖြစ်လေသလော။ အမှန်ပင် ယင်း၌ အသိဉာဏ်ရှိသူတို့အဖို့ နိမိတ်

လက္ခဏာတော်များ ရှိပေသတည်း။

ရုကူး-၈

وَلَوْلَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ لَكَانَ لِزَامًا وَّاَجَلٌ مُّسَمًّى ﴿۱۲۹﴾

၁၃၀။ အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ စကားတစ်ရပ်သည်လည်းကောင်း၊ သတ်မှတ်ထားသော အချိန်ကာလတစ်ရပ်ကို ဆုံးဖြတ်ထားခြင်းသည်လည်းကောင်း မရှိခဲ့ပါလျှင် ယင်းသည် တွယ်ကပ်သွားမည့် (ပြစ်ဒဏ်)တစ်ရပ် ဖြစ်သွားပေလိမ့်မည်။

فَاصْبِرْ عَلٰى مَا يَقُوْلُوْنَ وَسَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوْعِ الشَّمْسِ وَقَبْلَ غُرُوْبِهَا ۚ وَمِنْ اٰنَآئِ الَّيْلِ فَسَبِّحْ وَاَطْرَافَ النَّهَارِ لَعَلَّكَ تَرْضٰى ﴿۱۳۰﴾

၁၃၁။ သို့ဖြစ်ရာ ၎င်းတို့ပြောဆိုသည်များကို သည်းခံပါလော။ ထို့ပြင် မိမိ၏ဖန်ဆင်းမွေးမြူရှင်အား ချီးမွမ်းခြင်းနှင့်အတူ 'တာစ်ဘီ' အရှင်မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ရင့်ကျူးခြင်းပြုပါလေ။ နေမထွက်မီနှင့် နေမဝင်မီတွင်လည်းကောင်း၊ ထို့ပြင် ညဉ့်၏အချိန်များနှင့် နေ့၏အစွန်အဖျားများတွင်လည်းကောင်း 'တာစ်ဘီ'ပြုပါလေ။ သို့ဖြင့် အရှင်မြတ်၏ကျေနပ်နှစ်သက်တော်မူခြင်းကို ရရှိရာ၏။

وَلَا تَمُدَّنَّ عَيْنَيْكَ اِلٰى مَا مَتَّعْنَا بِهٖۤ اَزْوَاجًا مِّنْهُمْ زَهْرَةَ الْحَيٰوةِ الدُّنْيَا ۙ لِنَفْتِنَهُمْ فِيْهِ ؕ وَرِزْقُ رَبِّكَ خَيْرٌ وَّاَبْقٰى ﴿۱۳۱﴾

၁၃၂။ ထို့ပြင် ငါတို့က ယင်းတို့အနက် အချို့သောအုပ်စုကို စမ်းသပ်စစ်ဆေးရန်အတွက် လောကီဘဝ၏လှပတင့်တယ်မှုအဖြစ် ပေးသနားတော်မူထားသော ထိုယာယီပစ္စည်းများဘက်သို့ မိမိတို့၏မျက်စိများကို ဖြန့်ကြက်ခြင်းမပြုကြလင့်။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၏ 'ရီဇိက်'ရိက္ခာသည် လွန်စွာကောင်းမြတ်ပြီး ပိုမိုတည်တံ့နေမည့်အရာဖြစ်၏။

وَاْمُرْ اَهْلَكَ بِالصَّلٰوةِ وَاصْطَبِرْ عَلَيْهَا ؕ لَا نَسْـَٔلُكَ رِزْقًا ؕ نَحْنُ نَرْزُقُكَ ؕ وَالْعَاقِبَةُ لِلتَّقْوٰى ﴿۱۳۲﴾

၁၃၃။ ထို့ပြင် မိမိ၏အိမ်သူအိမ်သားများကို 'ဆွလာတ်'ဝတ်ပြုရန် တိုက်တွန်းနှိုးဆော်လျက်နေပါလေ။ ထို့ပြင် ယင်းအပေါ် အစဉ်အမြဲ တည်တံ့မြဲမြံပါလေ။ ငါတို့သည် အသင့်ထံမှ မည်သို့သော ရိက္ခာကိုမျှတောင်းခံတော်မမူချေ။ ငါတို့သည်သာလျှင် အသင့်အား 'ရီဇိက်'ရိက္ခာကို ပေးသနားတော်မူ၏။ စင်စစ် ကောင်းမြတ်သောရလဒ်သည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းအတွက်သာဖြစ်၏။

وَقَالُوْا لَوْلَا يَاْتِيْنَا بِاٰيَةٍ مِّنْ رَّبِّهٖ ؕ اَوَلَمْ تَاْتِهِمْ بَيِّنَةُ مَا فِى الصُّحُفِ الْاُوْلٰى ﴿۱۳۳﴾

၁၃၄။ ၎င်းပြင် ယင်းတို့က သူသည် အဘယ့်ကြောင့် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်မှ နိမိတ်လက္ခဏာတစ်ခုခုကို ကျွန်ုပ်တို့ထံသို့ ယူဆောင်၍မလာပေသနည်းဟုပြောဆိုကြ၏။ အသို့နည်း၊ ရှေးကျမ်းများတွင်ပါရှိသော ပွင့်လင်းထင်ရှားသည့်သက်သေသာဓကသည် သူတို့ထံ မရောက်ရှိခဲ့ပါသလော။

وَلَوْ اَنَّاۤ اَهْلَكْنٰهُمْ بِعَذَابٍ مِّنْ قَبْلِهٖ

၁၃၅။ အကယ်၍ ငါတို့က ယင်းတို့အား ဤသည့်အလျင်ပြစ်ဒဏ်တစ်စုံတစ်ရာဖြင့် ဖျက်ဆီးပစ်တော်မူခဲ့ပါလျှင် ယင်း

لَقَالُوْا رَبَّنَا لَوْ لَآ اَرْسَلْتَ اِلَيْنَا رَسُوْلًا فَنَتَّبِعَ اٰيٰتِكَ مِنْ قَبْلِ اَنْ نَّذِلَّ وَنَخْزٰى ﴿١٣٤﴾

တို့က အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင် ကျွန်တော်မျိုးတို့ ဂုဏ်သရေနိမ့်ခြင်း၊ အရှက်ရခြင်း မဖြစ်မီအလျင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏'အာယတ်' နိမိတ်လက္ခဏာတော်များကို လိုက်နာနိုင်ကြရန် အရှင်မြတ်သည် အဘယ့်ကြောင့် ကျွန်တော်မျိုးတို့ထံသို့ တမန်တော်တစ်ပါးကိုစေလွှတ်တော်မမူခဲ့ပါသနည်းဟု အမှန်ပင် ပြောဆိုကြပေလိမ့်မည်။

قُلْ كُلٌّ مُّتَرَبِّصٌ فَتَرَبَّصُوْا ۚ فَسَتَعْلَمُوْنَ مَنْ اَصْحٰبُ الصِّرَاطِ السَّوِيِّ وَمَنِ اهْتَدٰى ﴿١٣٥﴾ ۧ

၁၃၆။ အသင်ပြောကြားပါလေ။ အားလုံးပင် စောင့်မျှော်၍နေကြ၏။ သို့ဖြစ်ရာ အသင်တို့သည်လည်း စောင့်မျှော်၍နေကြကုန်။ သို့ဖြင့် မည်သူတို့သည် ဖြောင့်မှန်သောလမ်းတွင်ရှိသူများဖြစ်ကြပြီး မည်သူတို့သည် တရားလမ်းမှန်ရရှိသူများဖြစ်သည်ကို အသင်တို့ အမှန်ပင် သိရှိကြရချိမ့်သတည်း။

❖ ❖ ❖

၂၁။ အလ်-အန်ဗီယာ

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော်ပေါင်း (၁၁၃)ပိုဒ်ပါရှိသည်။ ဤဆူရာဟ်ကျရောက်သောကာလမှာ တမန်တော်မြတ်ﷺ 'နဗူဝါတ်' ရရှိပြီး စတုတ္ထနှစ် သို့မဟုတ် ပဉ္စမနှစ်တွင်ဖြစ်သည်။

ပြီးခဲ့သောဆူရာဟ်၏အဆုံးပိုင်းတွင် လူသားတို့သည် စစ်ကြောမေးမြန်းခြင်းခံရမည်၊ ထို့ပြင် အသင်သည်သာလျှင် တရားလမ်းမှန်ပေါ်တွင်ရှိကြောင်း အသင့်အပေါ် ထင်ရှားသွားပေမည်ဟူသော စာရင်းရှင်းမည့်အကြောင်းဖော်ပြခဲ့ပေရာ ယခုဤဆူရာဟ်၏အစတွင် ထိုစာရင်းရှင်းမည့် အချိန်နာရီဆိုက်ရောက်လာကြောင်း၊ သို့ရာတွင် အများစုမှာ ဤအကြောင်းကို မေ့လျော့ပေါ့တန်စွာထားလျက်ရှိကြောင်း ဖော်ပြအစချီထားပေသည်။

ထို့နောက် ဤဆူရာဟ်တွင်မိန့်တော်မူထားသည်မှာ အသင့်ထက်အလျင်ကလည်း အရှင်မြတ်သည် ယောကျ်ားများကိုသာလျှင် 'ရစူလ်'တမန်တော်အဖြစ် ခန့်အပ်စေလွှတ်တော်မူခဲ့ကြောင်းနှင့် သူတို့အား အစာအာဟာရမမှီဝဲရဘဲ အသက်ရှည်စွာနေနိုင်သောရုပ်ခန္ဓာကို ပေးတော်မူထားခြင်းမရှိကြောင်း ဖော်ပြထားသည်။ ဤတွင် တမန်တော်အီစာ﵇၏ဘုရားဖြစ်ခြင်းကိစ္စကိုလည်း တစေ့တစောင်း ပယ်ချထားခြင်းဖြစ်သည်။ အကြောင်းမူ တမန်တော် အီစာ﵇သည် ဘဝတစ်လျှောက်လုံး စားသောက်၍နေလာခဲ့သောကြောင့်ပင်ဖြစ်၏။

ယင်းနောက်တစ်ဆက်တည်း အသိပညာကင်းမဲ့သူတို့သည် ကမ္ဘာမြေမှပင် ကိုးကွယ်ရာကို ဖန်တီးကြကြောင်းကို ဖော်ပြထားသည်။ ထိုမှတစ်ဖန် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကြီးကျယ်ခမ်းနားလှသော သက်သေသာဓကတစ်ရပ်ကိုဖော်ပြထားပြီး ဘုရားရှင်နှစ်ပါး အလျှင်းမရှိနိုင်ကြောင်း၊ အကယ်၍ ဤသို့ရှိခဲ့ပါလျှင် ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်တို့တွင် ပြဿနာများပြန့်ပွားခဲ့မည်ဖြစ်ကြောင်း၊ ဘုရားတိုင်းက မိမိတို့ဖန်ဆင်းထားသော ဖန်ဆင်းခံများကိုဆောင်ယူ၍ ခွဲထွက်သွားကြမည်ဖြစ်ကြောင်းနှင့် အနန္တစကြဝဠာကြီးတွင် မည်သည့်အခါမျှ ကင်းဝေးနိုင်မည်မဟုတ်သော ပြဿနာအခက်အခဲများဆိုက်ရောက်နေမည်ဖြစ်ကြောင်းကို ဖော်ပြထား၏။ အမှန်သော်ကား စကြဝဠာကြီးတွင် မည်သည့်ဘက်သို့ပင် လေ့လာကြည့်ရှုသည်ဖြစ်စေ ယင်း၌နှစ်ခုဖြစ်ခြင်း၏ မည်သို့သော အမှတ်လက္ခဏာ အရိပ်အယောင်မျှကိုပင် မတွေ့ရချေ။ ထို့ကြောင့် ငါအရှင်မြတ်သည် ဤသည်ထက်အလျင်ကလည်း တမန်တော်များကို စေလွှတ်ခဲ့လေသမျှ အလ္လာဟ်တစ်ပါးတည်းမှလွဲ၍ အခြားကိုးကွယ်ရာမရှိကြောင်းကို သူတို့ထံသို့ 'ဝဟီ'လမ်းညွှန်တော်ချပေးတော်မူလျက်သာရှိခဲ့သည်ဟူ၍ မိန့်ကြားထားခြင်းဖြစ်သည်။

အာယတ်တော်(၂၇)တွင် အလ္လာဟ်အရှင်မြတ်က သားတော်တစ်ပါး ပြုလုပ်ထားပေသည်ဟူသည့် ယင်းတို့၏လိမ်လည်ကြွေးကြော်ချက်ကို ဖော်ပြထားပေသည်။ သို့ရာတွင် သားတော်တစ်ပါးပါးကို အမည်ခံကိုးကွယ်ရာအဖြစ်ပြုလုပ်လိုက်သည့်အခါ အမည်ခံကိုးကွယ်ရာ တစ်ခုတည်းအဖြစ်ရှိမနေတော့ဘဲ အခြားသောအမည်ခံများကိုလည်း ယင်း၌ပေါင်းစည်းစေခဲ့ကြပေသည်။ သို့ဖြစ်သောကြောင့် တစ်ဆက်တည်း တမန်တော်အီစာ﵇ကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်၏ အခြားသော စင်ကြယ်သည့်အစေတော်များစွာရှိကြပြီး ၎င်းတို့ကို အလ္လာဟ်နှင့် 'ရှရိုက်'ယှဉ်တွဲကိုးကွယ်ရာအဖြစ် ပြုလုပ်ခဲ့ကြကြောင်း ဖော်ပြထားသည်။

ထိုသည့်နောက် တစ်ဆက်တည်းမှာပင် အာယတ်တော်တစ်ပုဒ်လာရှိပြီး ယင်းက စကြဝဠာ၏ လျှို့ဝှက်ချက်မှ ကန့်လန့်ကာကို လှစ်ဟလိုက်ပေရာ ယင်းသည် ထိုအခေတ် ထိုအခါက လူသား၏ အတွေးစိတ်ကူးၭဉ်ပင် မဝင်ရောက်နိုင်သော အကြောင်းကိစ္စများဖြစ်ပေသည်။ မိန့်တော်မူထားသည်မှာ ဤအနန္တစကြဝဠာတစ်ခုလုံးသည် ယင်းမှ မည်သည့်အရာဝတ္ထုမျှ အပြင်သို့မထွက်နိုင်သော အလုံပိတ် ဘောလုံးတစ်လုံးပမာရှိနေခဲ့ကြောင်း၊ ထိုမှတစ်ဖန် အရှင်မြတ်က ယင်းကို ဖောက်ခွဲတော်မူပြီး ရုတ်တရက် ယင်းမှ စကြဝဠာတစ်ခုလုံး ပေါက်ကွဲထွက်ပေါ်လာကြောင်း ထို့နောက်တစ်ဖန် ရေဖြင့် သက်ရှိအားလုံးကို ပေါက်ဖွားလာစေတော်မူကြောင်း ဖော်ပြထားပေသည်။ ထို့ပြင် ရေကို ဖော်ပြပြီးသည်နှင့်တစ်ပြိုင်နက် رَوَاسِـــى(တောင်များ)နှင့်အတူ ထိုရေရွာသွန်းသက်ဆင်းခြင်းအကြောင်းကို ဖော်ပြတော်မူထားပေသည်။ ထို့နောက်တစ်ဖန် မိုးကောင်းကင်၊ ကမ္ဘာမြေနှင့် ကမ္ဘာသားတို့ကို မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်ထားကြောင်းကိုလည်း မိန့်တော်မူထားပေသည်။ ထို့နောက် ကမ္ဘာမြေကြီး၊ မိုးကောင်းကင်နှင့် ဂြိုဟ်နက္ခတ်တာရာ အလုံးစုံတို့၏ အစဉ်ထာဝရ လည်ပတ်နေခြင်းအကြောင်းကို မိန့်ကြားတော်မူပေသည်။ ၎င်းပြင် ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်တို့သည် ထာဝရမဟုတ်သကဲ့သို့ လူသားသည်လည်း ထာဝရအသက်ရှင်ရမည်မဟုတ်သည်ကို သတိပေးနှိုးဆော်ထားတော်မူပြီး၊ အိုး-တမန်တော် အသင့်ထက်အလျင်က အသက်ရှင်နေခဲ့ကြသူမှန်သမျှ မည်သူတစ်ဦးတစ်ယောက်မျှကိုပင် ထာဝရအသက်ကို ပေးသနားတော်မူခြင်းမရှိခဲ့ကြောင်း ဖော်ပြတော်မူသည်။

ထိုသည့်နောက်တွင် တမန်တော်မြတ်ﷺထက်အလျင် ပွင့်ခဲ့ကြသော တမန်တော်များအကြောင်းလာရှိပြီး အရှင်မြတ်သည် ထိုတမန်တော်များအား မိမိ၏ 'ရာဟ်မာနီယတ်' မဟာကရုဏာရှင် ဂုဏ်တော်မှ မည်သို့မည်ပုံ အကျိုးခံစားစေခဲ့ကြောင်းဖော်ပြထားတော်မူသည်။ ထို့ပြင် မြို့ရွာတစ်ခုခုတွင် မှီတင်းနေထိုင်ကြသူတို့အား တစ်ကြိမ်ဖျက်ဆီးပစ်တော်မူပါလျှင် ထိုသူတို့သည် ထိုမြို့ရွာဘက်သို့ မည်သည့်အခါမျှ ပြန်၍လှည့်လာကြမည်မဟုတ်ကြောင်း၊ နောက်ဆုံး ယာဂျုတ်၊ မာဂျုတ်၏ ခေတ်ကာလတွင်လည်း အပေါ်ယံအားဖြင့် သိပ္ပံပညာရှင်များက သေသူများကို ရှင်အောင်ပြုမည်ဟု ကြွေးကြော်သောအချိန်တိုင် ယင်းသို့ဖြစ်လာမည်မဟုတ်ကြောင်းဖြင့် လွှဲဖယ်၍မရနိုင်သောအကြောင်းရပ်ကို ဖော်ပြထားတော်မူပေသည်။

ဆက်လက်၍ ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့ကို ခေါက်လိပ်တော်မူမည့်အကြောင်းလာရှိပြီး တစ်ဆက်တည်းပင် ဤသည်အမြဲထာဝရအတွက်မဟုတ်ရုံမျှမက ဤစကြဝဠာကြီးသည် တစ်ကြိမ်တစ်ခါ 'မရှိရာ'(နတ္ထိ)သို့ နစ်မြုပ်ပျောက်ကွယ်သွားသည့်အခါ သစ်လွင်သော စကြဝဠာကြီးကို ဖန်ဆင်းတော်မူမည့်အကြောင်းနှင့် အလွှာဟ်အရှင်မြတ်သည် ယင်းသို့ပြန်လည် ဖန်ဆင်းနိုင်တော်မူသော စွမ်းအားရှင်ဖြစ်ကြောင်း ဖော်ပြထားတော်မူပေသည်။

ဤဆူရာဟ်၏ နောက်ဆုံး'ရှုကူ'တွင် တမန်တော်မြတ်ﷺအား တစ်လောကလုံးအတွက် 'ရာဟ်မန်'ကရုဏာတော်ရှင်၏ပေါ်လွင်ထင်ရှားရာအဖြစ်သတ်မှတ်တော်မူလျက် အသင့်အားလည်း ငါအရှင်မြတ်သည် လောကတစ်ဝန်းလုံးအတွက် ကရုဏာတော်အဖြစ်ပြု၍ စေလွှတ်တော်မူသည်ဟု မိန့်ကြားထားတော်မူပေသည်။

ဤဆူရာဟ်၏နောက်ဆုံးအာယတ်တော်တွင် တမန်တော်မြတ်ﷺက မိမိဖန်ဆင်းရှင်၏ ရှေ့တော်

တွင် အရှင်မြတ်သည် ကျွန်တော်မျိုးနှင့် ကျွန်တော်မျိုးအား လိမ်လည်လှည့်ဖြားသူဟူ၍ ငြင်းပယ်ကြသူတို့၏အကြားတွင် အမှန်အတိုင်း စီရင်ဆုံးဖြတ်တော်မူပါဟု လျှောက်ထားလေသည်။ ထို့ပြင် ကိုယ်တော်မြတ်ﷺသည် 'ရာဟ်မန်'ကရုဏာတော်ရှင်၏ ကိုယ်စားလှယ်တော်ဖြစ်သောကြောင့် အကန့်အသတ်မရှိ သနားကြင်နာတော်မူသော ဖန်ဆင်းမွေးမြူရှင် رَبِّ رحمان သည် မိမိမဟာကရုဏာတော်ရှင်ဖြစ်တော်မူသောဂုဏ်တော်ကို လောကတစ်ဝန်းလုံးအတွက် လင်းပြဖော်ကျူးရာဖြစ်သော မိမိ၏အစေတော်အား တစ်ကိုယ်တည်း ပစ်ထားတော်မူမည်မဟုတ်ကြောင်း တစ်လောကလုံးသို့ သတိပေးနှိုးဆော်လျက်ရှိပေသည်။

ထိုမှနောက်တွင် ဤသည့်အကြောင်းအရာအတွက် စုံလင်ပြည့်ဝသော အထောက်အထားဖြစ်သည့် ဆူရာဟ် 'အလ်-ဟာဂ်ျ'ကဏ္ဍရောက်ရှိလာပေသည်။ ယင်းဆူရာဟ်တွင် ကမ္ဘာတစ်ဝန်းလုံးရှိလူသားထုတစ်ရပ်လုံးအတွက် တမန်တော်မြတ်ﷺသည် رَحْمَةٌ لِّلْعَالَمِيْن လောကအပေါင်း၏ ကရုဏာမေတ္တာရှင်အဖြစ် ခန့်အပ်စေလွှတ်တော်မူခြင်းကိုခံခဲ့ရကြောင်း၊ ထို့အတူ 'ဗိုင်တွလ္လာဟ်'အလ္လာဟ်၏အိမ်တော်သည်လည်း တစ်ခုတည်းသော စုစည်းရာနေရာဖြစ်ကြောင်း၊ ယင်းတွင် ကမ္ဘာအရပ်ရပ်မှလူသားအပေါင်းတို့သည် 'ဟဂ်ျ'ဝတ်ပြုရန် စုရုံးရောက်ရှိလာကြကြောင်း ဖော်ပြထားတော်မူပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-အန်ဗီယာ

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၁၁၃)ပိုဒ် ရှူကူ (၇)ပုဒ်ပါရှိသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اِقۡتَرَبَ لِلنَّاسِ حِسَابُهُمۡ وَهُمۡ فِىۡ غَفۡلَةٍ مُّعۡرِضُوۡنَ ۚ①

၂။ လူသားတို့အဖို့ သူတို့အား စာရင်းစစ်ကြောရန် နီးကပ်လာပြီဖြစ်သော်လည်း သူတို့သည် ဂရုမထား မေ့လျော့ပေါ့ဆသောအခြေအနေမှာပင် မျက်နှာလွှဲဖယ်လျက်ရှိနေကြ၏။

مَا يَاۡتِيۡهِمۡ مِّنۡ ذِكۡرٍ مِّنۡ رَّبِّهِمۡ مُّحۡدَثٍ اِلَّا اسۡتَمَعُوۡهُ وَهُمۡ يَلۡعَبُوۡنَ ۙ②

၃။ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ထံတော်မှ သူတို့ထံသို့ သစ်လွင်သော အဆုံးအမတစ်စုံတစ်ရာ ရောက်မလာလေမှ၊ ရောက်လာလျှင် သူတို့သည် ယင်းကို ကစားခုံစားမှုသဖွယ် နားထောင်ကြ၏။

لَاهِيَةً قُلُوۡبُهُمۡ ؕ وَاَسَرُّوا النَّجۡوَى ۖ الَّذِيۡنَ ظَلَمُوۡا ۖ هَلۡ هٰذَاۤ اِلَّا بَشَرٌ مِّثۡلُكُمۡ ۚ اَفَتَاۡتُوۡنَ السِّحۡرَ وَاَنۡتُمۡ تُبۡصِرُوۡنَ ③

၄။ ထိုသည့်အခြေအနေတွင် သူတို့၏စိတ်နှလုံးသည် ဂရုမထား လျစ်လျူရှုလျက်ရှိ၏။ ထို့ပြင် အမှားကျူးလွန်ကြသော ထိုသူတို့သည် မိမိတို့၏ လျှို့ဝှက်ဆွေးနွေးတိုင်ပင်မှုများကို ဖုံးကွယ်၍ထားကြ၏။ ဤသူသည် အသင်တို့ကဲ့သို့သော လူသားမှတစ်ပါး အခြားတစ်စုံတစ်ရာဖြစ်ပေသလော။ သို့ဖြစ်ရာ အသင်တို့သည်တွေ့မြင်နေကြရပါလျက် မှော်အတတ်ဘက်သို့ တိုး၍သွားနေကြပါသလော(ဟု ဆိုကြ၏)။

قٰلَ رَبِّىۡ يَعۡلَمُ الۡقَوۡلَ فِى السَّمَآءِ وَالۡاَرۡضِ ۖ وَهُوَ السَّمِيۡعُ الۡعَلِيۡمُ ④

၅။ သူ(တမန်တော်)ကပြော၏၊ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် မိုးကောင်းကင်နှင့် ကမ္ဘာမြေတို့တွင် ရှိလေသမျှသော စကားတို့ကို ကောင်းစွာသိရှိနားလည်တော်မူ၏။ ထို့ပြင် အရှင်မြတ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

بَلۡ قَالُوۡۤا اَضۡغَاثُ اَحۡلَامٍ بَلِ افۡتَرٰٮهُ بَلۡ هُوَ شَاعِرٌ ۖ فَلۡيَاۡتِنَا بِاٰيَةٍ كَمَاۤ اُرۡسِلَ الۡاَوَّلُوۡنَ ⑤

၆။ ယင်းနှင့်ဆန့်ကျင်လျက်ထိုသူတို့က ဤသည် ကယောက်ကယက် အိပ်မက်များသာဖြစ်၏။ ထို့မျှမက ယင်းကို သူ(ကိုယ်တိုင်) လိဆယ်ဖန်တီးထားခြင်းပင်ဖြစ်သည်။ စင်စစ် ဤသူသည် လက်ာဆရာတစ်ဦးမျှသာဖြစ်၏။ သို့ဖြစ်ရာ ရှေးတမန်တော်များကို စေလွှတ်တော်မူခဲ့သကဲ့သို့ ဤသူသည်လည်း ကျွန်ုပ်တို့ထံသို့ ကြီးကျယ်သော နိမိတ်လက္ခဏာတစ်ရပ်ရပ်ကို ဆောင်ယူလာရပေမည်ဟုဆိုကြ၏။

مَاۤ اٰمَنَتۡ قَبۡلَهُمۡ مِّنۡ قَرۡيَةٍ اَهۡلَكۡنٰهَا ۚ اَفَهُمۡ يُؤۡمِنُوۡنَ ⑥

၇။ ယင်းတို့ထက်အလျင်က ငါတို့ ဖျက်ဆီးပစ်တော်မူခဲ့သော မြို့ရွာတစ်ခုမျှ သက်ဝင်ယုံကြည်မလာခဲ့ကြပေရာ၊ အသို့နည်း ဤသူတို့သည်သက်ဝင်ယုံကြည်လာကြမည်လော။

وَمَآ اَرْسَلْنَا قَبْلَكَ اِلَّا رِجَالًا نُّوْحِيْٓ اِلَيْهِمْ فَسْئَلُوْٓا اَهْلَ الذِّكْرِ اِنْ كُنْتُمْ لَا تَعْلَمُوْنَ ۝

၈။ ထို့ပြင် ငါတို့သည် အသင့်အလျင်က ငါတို့ထံမှ 'ဝဟီ' ဗျာဒိတ်ပို့ချတော်မူခြင်းခံရသော ယောကျ်ားများမှလွဲ၍ အခြားမည်သူကိုမျှ စေလွှတ်တော်မမူခဲ့ချေ။ သို့ဖြစ်ရာ အသင်တို့မသိကြလျှင် ကျမ်းဂန်ကိုသိရှိနားလည်သူတို့ထံ မေးမြန်းပါလေ။

وَمَا جَعَلْنٰهُمْ جَسَدًا لَّا يَاْكُلُوْنَ الطَّعَامَ وَمَا كَانُوْا خٰلِدِيْنَ ۝

၉။ ၎င်းပြင် ငါတို့သည် သူတို့အား အစားအစာမှီဝဲစားသုံးခြင်းမရှိသော ကိုယ်ခန္ဓာကိုပြုလုပ်ပေးတော်မူခဲ့သည်မဟုတ်ချေ။ စင်စစ် သူတို့သည် အစဉ်အမြဲ နေကြရမည့်သူများလည်းမဟုတ်ခဲ့ချေ။ ①

ثُمَّ صَدَقْنٰهُمُ الْوَعْدَ فَاَنْجَيْنٰهُمْ وَمَنْ نَّشَآءُ وَاَهْلَكْنَا الْمُسْرِفِيْنَ ۝

၁၀။ ထို့နောက်တစ်ဖန် ငါတို့သည် သူတို့နှင့်ပြုလုပ်ထားတော်မူသော ကတိတော်ကို မှန်ကန်ပြည့်စုံစေတော်မူခဲ့၏။ သို့ဖြစ်ရာ ငါတို့သည် သူတို့ကိုလည်းကောင်း ငါတို့ နှစ်လို့တော်မူသူများကိုလည်းကောင်း ကယ်တင်တော်မူခဲ့၏။ ထို့ပြင် ငါတို့သည် စည်းဘောင်ကျော်သူများကို ဖျက်ဆီးပစ်တော်မူခဲ့ပေသည်။

لَقَدْ اَنْزَلْنَآ اِلَيْكُمْ كِتٰبًا فِيْهِ ذِكْرُكُمْ ۭ اَفَلَا تَعْقِلُوْنَ ۝ ع

၁၀။ ဧကန်စင်စစ် ငါတို့သည် အသင်တို့ထံသို့ အသင်တို့အဖို့ ဆုံးမသွန်သင်ချက်ပါရှိသော ကျမ်းတော်ကိုချပေးတော်မူခဲ့ပြီးဖြစ်၏။ သို့ပါလျက်လည်း အသင်တို့သည် အသိဉာဏ်ကို အသုံးမချကြပေသလော။

ရုကူး-၂

وَكَمْ قَصَمْنَا مِنْ قَرْيَةٍ كَانَتْ ظَالِمَةً وَّاَنْشَاْنَا بَعْدَهَا قَوْمًا اٰخَرِيْنَ ۝

၁၂။ ထို့ပြင် ငါတို့သည် မတရားမှုကို ကျူးလွန်ခဲ့ကြသည့် အဘယ်မျှလောက်သော မြို့ရွာများကို ဖျက်ဆီးပစ်တော်မူခဲ့ပေသနည်း။ ၎င်းပြင် ငါတို့သည် ယင်းတို့၏နောက်တွင် အခြားသောသူများကို ပေါ်ထွန်းစေတော်မူခဲ့၏။

فَلَمَّآ اَحَسُّوْا بَاْسَنَآ اِذَا هُمْ مِّنْهَا يَرْكُضُوْنَ ۝

၁၃။ သို့ဖြစ်ရာ ယင်းတို့သည်ငါတို့၏ပြစ်ဒဏ်ကိုခံစားရသော အခါ ယင်းမှသူတို့သည် ရုတ်တရက်ထွက်ပြေးကြကုန်၏။

لَا تَرْكُضُوْا وَارْجِعُوْٓا اِلٰى مَآ اُتْرِفْتُمْ فِيْهِ وَمَسٰكِنِكُمْ لَعَلَّكُمْ تُسْـَٔلُوْنَ ۝

၁၄။ မပြေးကြကုန်လင့်။ အသင်တို့အား စည်းစိမ်ချမ်းသာပေးသနားခဲ့သည့်ဘက်သို့လည်းကောင်း မိမိတို့၏ မတည်မြဲသော နေအိမ်များသို့လည်းကောင်း ပြန်သွားကြကုန်၊ သို့ဖြင့် အသင်တို့အား စစ်ကြောမေးမြန်းခြင်းခံရရန်ဖြစ်၏။

قَالُوْا يٰوَيْلَنَآ اِنَّا كُنَّا ظٰلِمِيْنَ ۝

၁၅။ ယင်းတို့က ကျွန်ုပ်တို့အဖို့ ဝမ်းနည်းဖွယ်ကောင်းလေစွ။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် မတရားကျူးလွန်သူများ ဖြစ်ခဲ့

① လောကတွင် အစာအာဟာရမမှီဝဲရဘဲ အသက်ရှင်နေထိုင်ခဲ့သည်ဆိုသည့် တမန်တော်တစ်ပါးမျှမရှိခဲ့ကြောင်း ဤအာယတ်တော်အားဖြင့် သိရှိရပေသည်။ သို့ဖြစ်ရာ အစာအာဟာရမှီဝဲနေခဲ့ရသော မည်သည့်တမန်တော်တစ်ပါးကိုမျှ သာမန်ထက်ဆန့်ကျင်ပြီး ရှည်လျားသောအသက်အရွယ်ကို မရရှိခဲ့ကြချေ။

ကြပေသည်ဟု ပြောဆိုခဲ့ကြ၏။

فَمَا زَالَتْ تِّلْكَ دَعْوٰىهُمْ حَتّٰى جَعَلْنٰهُمْ حَصِيْدًا خٰمِدِيْنَ ۝١٥

၁၆။ သို့ဖြစ်ရာ ဤသည်သာလျှင် ၎င်းတို့၏ ဟစ်ကြွေးမြည်တမ်းမှုဖြစ်၏။ နောက်ဆုံးတွင် ငါတို့သည် ယင်းတို့အား ရိတ်သိမ်းပြီး ပြောင်တလင်းခါနေသည့် လယ်ယာများသဖွယ် ပြုလုပ်တော်မူခဲ့၏။

وَمَا خَلَقْنَا السَّمَآءَ وَالْاَرْضَ وَمَا بَيْنَهُمَا لٰعِبِيْنَ ۝١٦

၁၇။ ငါတို့သည် မိုးကောင်းကင်နှင့် ကမ္ဘာမြေကိုလည်းကောင်း၊ ယင်းနှစ်ခုအကြားရှိသည်တို့ကိုလည်းကောင်း ကစားခုန်စားစရာအဖြစ် ဖန်ဆင်းထားတော်မူသည်မဟုတ်ချေ။

لَوْ اَرَدْنَآ اَنْ نَّتَّخِذَ لَهْوًا لَّاتَّخَذْنٰهُ مِنْ لَّدُنَّآ ۖ اِنْ كُنَّا فٰعِلِيْنَ ۝١٧

၁၈။ အကယ်၍ ငါတို့သည် အပျင်းပြေစရာတစ်စုံတစ်ရာကို ပြုလုပ်လိုပါလျှင်၊ အကယ်၍ ငါတို့သည် ဤသည်ကိုပြုလုပ်ရန်ရှိပါလျှင် ငါတို့သည် ယင်းအား မိမိ၏ဇာတိတော်၌ပင် ပြုလုပ်တော်မူမည်ဖြစ်၏။

بَلْ نَقْذِفُ بِالْحَقِّ عَلَى الْبَاطِلِ فَيَدْمَغُهٗ فَاِذَا هُوَ زَاهِقٌ ۭ وَلَكُمُ الْوَيْلُ مِمَّا تَصِفُوْنَ ۝١٨

၁၉။ ထိုသို့မဟုတ်ချေ။ ငါတို့သည် အမှန်တရားကို အမှားအပေါ် ပစ်ပေါက်လိုက်သောအခါ ၎င်းသည် ယင်း(အမှား)ကို ချေဖျက်ပစ်လိုက်၏၊ ထို့နောက် ယင်းသည် ရုတ်ခြည်းပင် ပျောက်ကွယ်သွားပေသည်။ စင်စစ် အသင်တို့ လီဆယ်ပြောဆိုသည်များကြောင့် အသင်တို့အပေါ် ပျက်စီးခြင်း သက်ရောက်ပါစေသား။

وَلَهٗ مَنْ فِي السَّمٰوٰتِ وَالْاَرْضِ ۭ وَمَنْ عِنْدَهٗ لَا يَسْتَكْبِرُوْنَ عَنْ عِبَادَتِهٖ وَلَا يَسْتَحْسِرُوْنَ ۝١٩

၂၀။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင် ရှိသည်တို့ကို အရှင်မြတ်သာ စိုးပိုင်တော်မူ၏။ ထို့ပြင် အရှင်မြတ်၏ထံတော်၌ ခစားနေကြသောသူတို့သည် ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်း၌ မာန်မာနထောင်လွှားခြင်းမရှိကြသည့်အပြင် ၎င်းတို့သည် မည်သည့်အခါတွင်မျှ မောပန်းငြီးငွေ့ခြင်းလည်း မဖြစ်ကြချေ။

يُسَبِّحُوْنَ الَّيْلَ وَالنَّهَارَ لَا يَفْتُرُوْنَ ۝٢٠

၂၁။ သူတို့သည် အရှင်မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်း 'တာစ်ဘီ'ကို နေ့ညဥ့်မပြတ် ရင့်ကျူးနေကြလျက် မည်သို့သောပျင်းရိပေါ့လျော့မှုကိုမျှမပြုကြချေ။

اَمِ اتَّخَذُوْٓا اٰلِهَةً مِّنَ الْاَرْضِ هُمْ يُنْشِرُوْنَ ۝٢١

၂၂။ အသို့နည်း ၎င်းတို့သည် ကမ္ဘာမြေမှ ကိုးကွယ်ရာများကို ပြုလုပ်ထားကြပေသလော၊ ထိုအရာများသည် ဖန်ဆင်းခြင်းကို ပြုကြသလော။

لَوْ كَانَ فِيْهِمَآ اٰلِهَةٌ اِلَّا اللّٰهُ لَفَسَدَتَا ۚ فَسُبْحٰنَ اللّٰهِ رَبِّ الْعَرْشِ عَمَّا يَصِفُوْنَ ۝٢٢

၂၃။ အကယ်၍ (ကမ္ဘာမြေနှင့် မိုးကောင်းကင်) ယင်းနှစ်ခုတွင် အလွှာဟ်မှတစ်ပါး အခြားကိုးကွယ်ရာတစ်စုံတစ်ရာရှိခဲ့ပါလျှင် နှစ်ခုစလုံးသည် ပျက်စီးသွားပေလိမ့်မည်။ သို့ဖြစ်ရာ 'အရ်ရှ်'ပလ္လင်တော်၏အရှင်သခင်ဖြစ်တော်မူသော အလွှာဟ်သည် ၎င်းတို့ ပြောဆိုသည်များမှ သန့်ရှင်းစင်ကြယ်တော်မူပါ၏။

لَا يُسْـَٔلُ عَمَّا يَفْعَلُ وَهُمْ يُسْـَٔلُوْنَ ﴿٢٣﴾

၂၃။ ထိုအရှင်မြတ်သည် မိမိပြုလုပ်တော်မူသည်နှင့်စပ်လျဉ်း၍ စစ်ကြောမေးမြန်းခြင်းကိုခံရမည်မဟုတ်ချေ။ အမှန်သော်ကား သူတို့သည်သာ စစ်ကြောမေးမြန်းခြင်းကို ခံကြရမည်ဖြစ်၏။

اَمِ اتَّخَذُوْا مِنْ دُوْنِهٖۤ اٰلِهَةً ؕ قُلْ هَاتُوْا بُرْهَانَكُمْ ۚ هٰذَا ذِكْرُ مَنْ مَّعِيَ وَذِكْرُ مَنْ قَبْلِيْ ؕ بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ۙ الْحَقَّ فَهُمْ مُّعْرِضُوْنَ ﴿٢٤﴾

၂၄။ အသို့နည်း ယင်းတို့သည် ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာ တစ်စုံတစ်ရာကို ပြုလုပ်ထားကြပေသလော။ အသင်ပြောကြားပါလေ။ (ယင်းနှင့်စပ်လျဉ်း၍) မိမိတို့၏ ရှင်းလင်းပြတ်သားသော သက်သေအထောက်အထားကို ယူဆောင်၍လာကြကုန်။ ဤသည်မှာ ကျွန်ုပ်နှင့်အတူရှိကြသူများအတွက်အဆုံးအမတော်လည်းဖြစ်၏။ ထို့ပြင် ကျွန်ုပ်ထက်အလျင်ရှိခဲ့ကြသူတို့အဖို့ အဆုံးအမတော်လည်းဖြစ်၏။ သို့ရာတွင် ယင်းတို့အနက် အများစုမှာ အမှန်တရားကို မသိရှိကြချေ။ ထို့ပြင် ယင်းတို့သည် မျက်နှာလွှဲဖယ်သူများ ဖြစ်ကြ၏။

وَمَاۤ اَرْسَلْنَا مِنْ قَبْلِكَ مِنْ رَّسُوْلٍ اِلَّا نُوْحِيْۤ اِلَيْهِ اَنَّهٗ لَاۤ اِلٰهَ اِلَّاۤ اَنَا فَاعْبُدُوْنِ ﴿٢٥﴾

၂၅။ ငါတို့သည် အသင့်အလျင် တမန်တော်များကို စေလွှတ်တော်မူရာတွင် ဧကန်စင်စစ် ငါအရှင်မြတ်မှတစ်ပါး ကိုးကွယ်ရာမရှိပြီ။ သို့ဖြစ်၍ ငါအရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြကုန်ဟူ၍ 'ဝဟီ' ဗျာဒိတ်တော်မပို့ချဘဲ စေလွှတ်တော်မူခြင်း မရှိခဲ့ချေ။

وَ قَالُوا اتَّخَذَ الرَّحْمٰنُ وَلَدًا سُبْحٰنَهٗ ؕ بَلْ عِبَادٌ مُّكْرَمُوْنَ ﴿٢٦﴾

၂၆။ ၎င်းတို့က 'ရာဟ်မန်'ကရုဏာတော်ရှင်သည် သားတော်ကို ပြုလုပ်ထားလေပြီဟုဆိုကြ၏။ ထိုအရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။ စင်စစ်မှာကား ထိုသူတို့သည် ဂုဏ်ပြုထိုက်သော အစေတော်များဖြစ်ကြ၏။

لَا يَسْبِقُوْنَهٗ بِالْقَوْلِ وَهُمْ بِاَمْرِهٖ يَعْمَلُوْنَ ﴿٢٧﴾

၂၇။ သူတို့သည် စကားပြောဆိုရာ၌ အရှင်မြတ်ထက်ဦး၍ ပြောဆိုခြင်းမပြုကြချေ။ ထို့ပြင် သူတို့သည် အရှင်မြတ်၏ အမိန့်တော်ဖြင့်သာလျှင် လုပ်ဆောင်ကြပေသည်။

يَعْلَمُ مَا بَيْنَ اَيْدِيْهِمْ وَمَا خَلْفَهُمْ وَلَا يَشْفَعُوْنَ ۙ اِلَّا لِمَنِ ارْتَضٰى وَهُمْ مِّنْ خَشْيَتِهٖ مُشْفِقُوْنَ ﴿٢٨﴾

၂၈။ ထိုအရှင်မြတ်သည် သူတို့၏ရှေ့မှောက်တွင်ရှိသည်နှင့် သူတို့၏နောက်ကွယ်တွင်ရှိသည်တို့ကို သိရှိတော်မူ၏။ ထို့ပြင် သူတို့သည် အရှင်မြတ်နှစ်သက်တော်မူသောသူအတွက်မှတစ်ပါး အခြားသူအတွက် ကြားဝင်လျှောက်လဲမပေးကြချေ။ ထို့ပြင် သူတို့သည် ထိုအရှင်မြတ်၏ အရှိန်အဝါဖြင့် ကြောက်ရွံ့လျက်ရှိနေကြ၏။

وَمَنْ يَّقُلْ مِنْهُمْ اِنِّيْۤ اِلٰهٌ مِّنْ دُوْنِهٖ فَذٰلِكَ نَجْزِيْهِ جَهَنَّمَ ؕ كَذٰلِكَ نَجْزِي الظّٰلِمِيْنَ ﴿٢٩﴾

၂၉။ ၎င်းတို့အနက် အကြင်သူက ကျွန်ုပ်သည် ထိုအရှင်မြတ်အပြင် ကိုးကွယ်ရာအရှင်ဖြစ်၏ဟုဆိုခဲ့လျှင် ငါတို့သည် ထိုသူအား 'ဂျဟန္နမ်' ငရဲကို အစားပေးတော်မူမည်။ ဤကဲ့သို့ပင် ငါတို့သည် မတရားကျူးလွန်သူတို့အား အစားပေးတော်မူပေသတည်း။

ရုကူ-၃

اَوَلَمْ يَرَ الَّذِيْنَ كَفَرُوْٓا اَنَّ السَّمٰوٰتِ وَالْاَرْضَ كَانَتَا رَتْقًا فَفَتَقْنٰهُمَا ؕ وَجَعَلْنَا مِنَ الْمَآءِ كُلَّ شَيْءٍ حَيٍّ ؕ اَفَلَا يُؤْمِنُوْنَ ۝٣٠

၃၀။ မယုံကြည်ငြင်းပယ်သူတို့သည် မတွေ့မမြင်ကြလေသလော။ မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီး နှစ်ခုစလုံးသည် ခိုင်မြဲစွာ အလုံပိတ်လျက်ရှိခဲ့ကြ၏။ ထို့နောက် ငါတို့သည် ယင်းတို့ကို ပေါက်ကွဲစေလျက် တသီးတခြားစီဖြစ်စေတော်မူ၏။ ထို့ပြင် ငါတို့သည် သက်ရှိအရာဟူသမျှကို ရေမှဖန်ဆင်းတော်မူ၏။ သို့ပါလျက် ယင်းတို့သည် သက်ဝင်ယုံကြည်ခြင်း မပြုကြပေသလော။

وَجَعَلْنَا فِى الْاَرْضِ رَوَاسِىَ اَنْ تَمِيْدَ بِهِمْ ۖ وَجَعَلْنَا فِيْهَا فِجَاجًا سُبُلًا لَّعَلَّهُمْ يَهْتَدُوْنَ ۝٣١

၃၁။ ထို့ပြင် ငါတို့သည် ယင်းတို့အဖို့ စားနပ်ရိက္ခာကို စိမံပေးရန်အလို့ငှာ ကမ္ဘာမြေတွင် တောင်များကို ပြုလုပ်ထားတော်မူ၏။ ထို့ပြင် ၎င်းတို့ လမ်းမှန်ကိုရကြစိမ့်သောငှာ ငါတို့သည် ယင်း၌ ကျယ်ဝန်းသောလမ်းများကို ပြုလုပ်ထားတော်မူ၏။

وَجَعَلْنَا السَّمَآءَ سَقْفًا مَّحْفُوْظًا ۚ وَّهُمْ عَنْ اٰيٰتِهَا مُعْرِضُوْنَ ۝٣٢

၃၂။ ထို့ပြင် ငါတို့သည် မိုးကောင်းကင်ကို လုံခြုံသောအမိုးအဖြစ် ပြုလုပ်ထားတော်မူ၏။ သို့ပါလျက် ထိုသူတို့သည် ယင်း၏ နိမိတ်လက္ခဏာများမှ မျက်နှာလွှဲဖယ်လျက်ရှိနေကြ၏။

وَهُوَ الَّذِىْ خَلَقَ الَّيْلَ وَالنَّهَارَ وَالشَّمْسَ وَالْقَمَرَ ؕ كُلٌّ فِىْ فَلَكٍ يَّسْبَحُوْنَ ۝٣٣

၃၃။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် 'ညဉ့်'နှင့် 'နေ့'ကို လည်းကောင်း 'နေ' နှင့် 'လ'ကို လည်းကောင်း ဖန်ဆင်းတော်မူ၏။ အားလုံးတို့သည် (မိမိတို့၏)လည်ပတ်ရာလမ်းကြောင်းတွင် သွားလာလျက်ရှိကြ၏။

وَمَا جَعَلْنَا لِبَشَرٍ مِّنْ قَبْلِكَ الْخُلْدَ ؕ اَفَاْئِنْ مِّتَّ فَهُمُ الْخٰلِدُوْنَ ۝٣٤

၃၄။ ထို့ပြင် ငါတို့သည် အသင်၏အလျင် မည်သည့်လူသားတစ်ဦးတစ်ယောက်ကိုမျှ ထာဝရ(အသက်ရှင်)တည်ရှိခြင်းကို ပေးသနားတော်မမူခဲ့ချေ။ သို့ဖြစ်ရာ အကယ်၍ အသင်သည် သေဆုံးခဲ့လျှင် ယင်းတို့သည် အမြဲထာဝရနေကြရမည့်သူများဖြစ်ပါမည်လော။ ۝

كُلُّ نَفْسٍ ذَآئِقَةُ الْمَوْتِ ؕ وَنَبْلُوْكُمْ بِالشَّرِّ وَالْخَيْرِ فِتْنَةً ؕ وَاِلَيْنَا تُرْجَعُوْنَ ۝٣٥

၃၅။ သက်ရှိတိုင်းသည် သေခြင်း၏အရသာကို မြည်းစမ်းကြရပေမည်။ ငါတို့သည် အသင်တို့အား အဆိုးနှင့် အကောင်းတို့ဖြင့် အပြင်းအထန် စမ်းသပ်တော်မူပေအံ့၊ စင်စစ် အသင်တို့သည် ငါတို့ထံသို့(သာလျှင်) ပြန်လှည့်ခြင်းခံကြရပေမည်။

وَاِذَا رَاٰكَ الَّذِيْنَ كَفَرُوْٓا اِنْ يَّتَّخِذُوْنَكَ اِلَّا هُزُوًا ؕ اَهٰذَا الَّذِىْ يَذْكُرُ اٰلِهَتَكُمْ ۚ

၃၆။ မယုံကြည်ငြင်းပယ်သူ 'ကာဖိရ်'တို့သည် အသင့်အား တွေ့မြင်ကြသောအခါတိုင်း အသင့်အား လှောင်ပြောင်ဖွယ်ရာပစ်မှတ်အဖြစ် ပြုလုပ်ကြလျက်၊ အသို့နည်း ဤသူသည်ပင် အသင်တို့၏ကိုးကွယ်ရာများနှင့်စပ်လျဉ်း၍ ပြောဆိုသူဖြစ်ပါ

---

၁ တမန်တော်မြတ်ﷺအားရည်ညွှန်းလျက် အသင်၏အလျင်က မည်သူ့ကိုမျှ ငါအရှင်မြတ်သည် သာမန်မဟုတ်သော အသက်ရှည်မှုကို ပေးထားတော်မူခဲ့ခြင်းမရှိချေ။ အခြားသူတို့မှာ သဘာဝနှင့်ဆန့်ကျင်လျက် အသက်ရှည်ခြင်းကိုရရှိကြပြီး အသင်မူကား ကွယ်လွန်အနိစ္စရောက်ရမည်ဆိုသည်မှာ အသို့လျှင်ဖြစ်နိုင်ပါအံ့နည်းဟူ၍ မိန့်ကြားတော်မူထားပေသည်။ ဤအာယတ်တော်အားဖြင့် တမန်တော် အီစာ﵇သည်လည်း ကွယ်လွန်အနိစ္စရောက်ပြီဖြစ်ကြောင်း ယတိပြတ်သက်သေပြချက်ရရှိပေသည်။

وَهُمْ بِذِكْرِ الرَّحْمٰنِ هُمْ كٰفِرُوْنَ ﴿٣٦﴾

သလော(ဟုဆိုကြ၏)။ စင်စစ် ဤသူတို့သည်ပင် 'ရာဟ်မန်' ကရုဏာတော်ရှင်အား သတိရတသခြင်းကို ငြင်းပယ်သူများဖြစ်ကြ၏။

خُلِقَ الْاِنْسَانُ مِنْ عَجَلٍ ؕ سَاُورِيْكُمْ اٰيٰتِيْ فَلَا تَسْتَعْجِلُوْنِ ﴿٣٧﴾

၃၈။ လူသားသည် ဆန္ဒစောခြင်းဗီဇဖြင့် ဖန်ဆင်းခံရ၏။ ငါအရှင်မြတ်သည် အမှန်ပင် အသင်တို့အား မိမိ၏နိမိတ်လက္ခဏာတော်များကို ပြသတော်မူပေမည်။ သို့ဖြစ်၍ ငါအရှင်မြတ်ထံတော်မှ အလျင်စလိုပြုရန် မတောင်းခံကြကုန်လင့်။

وَيَقُوْلُوْنَ مَتٰى هٰذَا الْوَعْدُ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٣٨﴾

၃၉။ ထို့ပြင် ယင်းတို့က အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ခဲ့ကြပါလျှင် ဤကတိတော်သည် မည်သည့်အခါတွင် ပြည့်စုံလာမည်နည်းဟုဆိုကြ၏။

لَوْ يَعْلَمُ الَّذِيْنَ كَفَرُوْا حِيْنَ لَا يَكُفُّوْنَ عَنْ وُّجُوْهِهِمُ النَّارَ وَلَا عَنْ ظُهُوْرِهِمْ وَلَا هُمْ يُنْصَرُوْنَ ﴿٣٩﴾

၄၀။ (ၾကင်းတို့သည် ဘာမျှတတ်စွမ်းနိုင်မည်မဟုတ်ကြောင်းကို) မယုံကြည်ငြင်းပယ်သူတို့ သိရှိကြလျှင် ကောင်းလေစွ၊ အကြင်အခါဝယ် ၾကင်းတို့သည် မိမိတို့၏မျက်နှာများဖြင့်လည်းကောင်း၊ နောက်ကျောများဖြင့်လည်းကောင်း ငရဲမီးကို တားဆီးနိုင်မည်မဟုတ်သည့်အပြင် သူတို့သည် ကူညီစောင်မခြင်းကိုလည်း ခံကြရမည်မဟုတ်ချေ။

بَلْ تَاْتِيْهِمْ بَغْتَةً فَتَبْهَتُهُمْ فَلَا يَسْتَطِيْعُوْنَ رَدَّهَا وَلَا هُمْ يُنْظَرُوْنَ ﴿٤٠﴾

၄၁။ ထို့မျှမက ယင်း(အချိန်နာရီ)သည် ၎င်းတို့ထံသို့ ရုတ်တရက်ရောက်ရှိလာပြီး သူတို့အား အံ့သြတွေဝေသွားစေလိမ့်မည်၊ သူတို့သည် ယင်းကို (မိမိတို့ထံမှ) ဖယ်ရှားပစ်ရန် စွမ်းအားရှိကြလိမ့်မည်မဟုတ်ချေ။ ထို့ပြင် သူတို့သည် ဆိုင်းငံ့ခွင့်ပေးခြင်းကိုလည်း ခံရလိမ့်မည်မဟုတ်ချေ။

وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّنْ قَبْلِكَ فَحَاقَ بِالَّذِيْنَ سَخِرُوْا مِنْهُمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ﴿٤١﴾ ع

၄၂။ အသင့်အလျင်ကလည်း တမန်တော်များသည် ဧကန်ပင် ပြောင်လှောင်ပြက်ရယ်ပြုခြင်းကို ခံခဲ့ကြရ၏။ သို့ဖြစ်ရာ ၎င်း(တမန်တော်)တို့အား ပြောင်လှောင်ပြက်ရယ်ပြုခဲ့ကြသူတို့ကို သူတို့ပြောင်လှောင်ပြက်ရယ်ပြုခဲ့သည့်အကြောင်းအရာများက ဝိုင်းရံထားခဲ့လေသတည်း။

ရုကူး-၄

قُلْ مَنْ يَّكْلَؤُكُمْ بِالَّيْلِ وَالنَّهَارِ مِنَ الرَّحْمٰنِ ؕ بَلْ هُمْ عَنْ ذِكْرِ رَبِّهِمْ مُّعْرِضُوْنَ ﴿٤٢﴾

၄၃။ အသင်ပြောကြားပါလေ။ အသင်တို့အား 'ည၌်'၌်လည်းကောင်း 'နေ့'၌်လည်းကောင်း 'ရာဟ်မန်'ကရုဏာတော်ရှင်၏ဖမ်းဆီးခြင်းမှ မည်သူသည် ကယ်တင်နိုင်မည်နည်း၊ သို့ပါလျက် ထိုသူတို့မှာကား မိမိတို့အား ဖန်ဆင်းမွေးမြူရှင်ကို သတိရတသခြင်းမှပင် မျက်နှာလွှဲဖယ်လျက်ရှိနေကြ၏။

اَمْ لَهُمْ اٰلِهَةٌ تَمْنَعُهُمْ مِّنْ دُوْنِنَا ؕ لَا يَسْتَطِيْعُوْنَ نَصْرَ اَنْفُسِهِمْ وَلَا هُمْ

၄၄။ အသို့နည်း ငါတို့နှင့်ယှဉ်၍ ယင်းတို့ကို အကာအကွယ်ပေးနိုင်မည့် ကိုးကွယ်ရာအရှင် ယင်းတို့၌ရှိပေသလော၊ ၎င်းတို့သည်ကား မိမိတို့ကိုယ်ကိုပင် ကူညီနိုင်စွမ်းမရှိကြချေ။ ထို့ပြင် ၎င်းတို့သည် ငါတို့၏ ရပ်တည်ပေးခြင်းကိုလည်း ခံကြ

مِّنَّا يُصْحَبُوْنَ ﴿٤٣﴾

ရမည် မဟုတ်ချေ။

بَلْ مَتَّعْنَا هٰٓؤُلَآءِ وَاٰبَآءَهُمْ حَتّٰى طَالَ عَلَيْهِمُ الْعُمُرُ ؕ اَفَلَا يَرَوْنَ اَنَّا نَاْتِى الْاَرْضَ نَنْقُصُهَا مِنْ اَطْرَافِهَا ؕ اَفَهُمُ الْغٰلِبُوْنَ ﴿٤٤﴾

၄၅။ စင်စစ်တစ်မူကား ငါတို့သည် ယင်းတို့အားလည်း ကောင်း ယင်းတို့၏ အဘဘိုးဘေးတို့အားလည်းကောင်း အသက်အရွယ်ရှည်လျားသည်အထိ အကျိုးကျေးဇူးအချို့ကို ပြုတော်မူခဲ့၏။ သို့ဖြစ်ရာ ငါတို့သည် ကမ္ဘာမြေကို ယင်း၏ အစွန်အဖျားများမှ ကျဉ်းမြောင်းအောင် ပြုလုပ်နေတော်မူသည် ကို ယင်းတို့ မတွေ့မမြင်ကြပေသလော၊ သို့ပါလျက် ယင်းတို့ သည် လွှမ်းမိုးအောင်နိုင်မှုကို ရရှိနိုင်ကြပါမည်လော။

قُلْ اِنَّمَآ اُنْذِرُكُمْ بِالْوَحْىِ ۖ وَلَا يَسْمَعُ الصُّمُّ الدُّعَآءَ اِذَا مَا يُنْذَرُوْنَ ﴿٤٥﴾

၄၆။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်သည် 'ဝဟီ'ဗျာဒိတ် အားဖြင့်သာလျှင် အသင်တို့အား သတိပေးနှိုးဆော်ပါ၏။ သို့ရာတွင် နားပင်းသူတို့မှာကား ယင်းတို့အား သတိပေးနှိုး ဆော်ခြင်းကိုခံရသောအခါ ဟစ်ခေါ်ခြင်းကိုမကြားကြချေ။

وَلَئِنْ مَّسَّتْهُمْ نَفْحَةٌ مِّنْ عَذَابِ رَبِّكَ لَيَقُوْلُنَّ يٰوَيْلَنَآ اِنَّا كُنَّا ظٰلِمِيْنَ ﴿٤٦﴾

၄၇။ ထို့ပြင် အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော် မူသော အရှင်မြတ်၏ 'အဇာဗ်'ပြစ်ဒဏ်အငွေ့အသက်မျှပင် ယင်းတို့အားထိတွေ့ခဲ့ပါမူ ယင်းတို့က အို-ငါတို့ပျက်စီးရချေပြီ၊ ငါတို့မှာကား ဧကန်ပင် မတရားကျူးလွန်ခဲ့သူများ ဖြစ်ကြပေ သည်ဟု အမှန်ပင် ပြောဆိုကြပေမည်။

وَنَضَعُ الْمَوَازِيْنَ الْقِسْطَ لِيَوْمِ الْقِيٰمَةِ فَلَا تُظْلَمُ نَفْسٌ شَيْـًٔا ؕ وَاِنْ كَانَ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ اَتَيْنَا بِهَا ؕ وَكَفٰى بِنَا حٰسِبِيْنَ ﴿٤٧﴾

၄၈။ 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီး အတွက် ငါတို့သည် တရားမျှတသောချိန်ခွင်ကို စီမံထားရှိပေ မည်၊ သို့ဖြစ်ရာ မည်သည့်အသက်ဝိညာဉ်မျှ စိုးစဉ်းမျှပင် မတ ရားပြုခြင်းခံရမည်မဟုတ်ချေ၊ မုန်ညင်းစေ့တမျှပင်ဖြစ်စေ ငါတို့ သည် ယင်းကိုဆောင်ယူလာတော်မူပေမည်။ ဧကန်ပင် ငါတို့ သည် စာရင်းစစ်ကြောရာ၌ လုံလောက်တော်မူ၏။

وَلَقَدْ اٰتَيْنَا مُوْسٰى وَهٰرُوْنَ الْفُرْقَانَ وَضِيَآءً وَّ ذِكْرًا لِّلْمُتَّقِيْنَ ﴿٤٨﴾

၄၉။ ဧကန်ပင် ငါတို့သည် 'မူစာ'နှင့် 'ဟာရွန်'တို့အား အမှား အမှန်ကိုခွဲခြားပြသော 'ဖုရ်ကန်'နှင့် အလင်းရောင်ကိုလည်း ကောင်း 'မွတ္တကီ' ဖြူစင်ဖြောင့်မတ်သူတို့အဖို့ အဆုံးအမတော် ကိုလည်းကောင်း ပေးသနားတော်မူ၏၊

الَّذِيْنَ يَخْشَوْنَ رَبَّهُمْ بِالْغَيْبِ وَهُمْ مِّنَ السَّاعَةِ مُشْفِقُوْنَ ﴿٤٩﴾

၅၀။ (ဆိုလိုသည်မှာ) မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ဆိတ်ကွယ်ရာ၌လည်း ကြောက်ရွံ့လျက်ရှိနေ ကြပြီး 'ဆာအတ်'ကတိပြုထားသည့်အချိန်ကိုလည်း ကြောက် ရွံ့စိုးထိတ်လျက်ရှိကြသူတို့အတွက်ဖြစ်၏။

وَهٰذَا ذِكْرٌ مُّبٰرَكٌ اَنْزَلْنٰهُ ؕ اَفَاَنْتُمْ لَهٗ مُنْكِرُوْنَ ﴿٥٠﴾ ع

၅၁။ စင်စစ် ဤသည် ငါတို့ပို့ချတော်မူသော ကောင်းချီး မင်္ဂလာပေးသနားခြင်းခံရသည့် အဆုံးအမတော်ဖြစ်၏။ သို့ပါ လျက် အသင်တို့သည် ယင်းကို ငြင်းပယ်နေကြပေသလော။

ရုကူး-၅

وَلَقَدْ اٰتَيْنَاۤ اِبْرٰهِيْمَ رُشْدَهٗ مِنْ قَبْلُ وَكُنَّا بِهٖ عٰلِمِيْنَ ﴿۵۱﴾

၅၁။ ဧကန်စင်စစ် ငါတို့သည် ရှေးယခင်ကပင် 'အစ်ဗရာဟင်မ်'အား တရားလမ်းမှန်ကို ပေးသနားတော်မူခဲ့ပေသည်။ စင်စစ် ငါတို့သည် သူ့အား ကောင်းစွာသိရှိတော်မူ၏။

اِذْ قَالَ لِاَبِيْهِ وَقَوْمِهٖ مَا هٰذِهِ التَّمَاثِيْلُ الَّتِيْۤ اَنْتُمْ لَهَا عٰكِفُوْنَ ﴿۵۲﴾

၅၂။ အကြင်အခါဝယ် သူသည် မိမိဖခင်နှင့် မိမိ၏အမျိုးသားတို့အား ပြောဆိုခဲ့သည်မှာ- အသင်တို့ အရာရာကိုစွန့်၍ တရားထိုင်လျက်ရှိကြသော ဤရုပ်တုများကား အဘယ်အရာများပေနည်း။

قَالُوْا وَجَدْنَاۤ اٰبَآءَنَا لَهَا عٰبِدِيْنَ ﴿۵۳﴾

၅၃။ ၎င်းတို့က ငါတို့သည် မိမိတို့၏ အဘဘိုးဘေးတို့အား ဤသည်တို့ကို ရှိခိုးကိုးကွယ်လျက်ရှိကြသည်ကို မြင်တွေ့ကြရပါသည်ဟု ပြောဆိုကြ၏။

قَالَ لَقَدْ كُنْتُمْ اَنْتُمْ وَ اٰبَآؤُكُمْ فِيْ ضَلٰلٍ مُّبِيْنٍ ﴿۵۴﴾

၅၄။ သူက သို့ဖြစ်လျှင် အသင်တို့သည်လည်းကောင်း အသင်တို့၏အဘဘိုးဘေးတို့သည်လည်းကောင်း ပွင့်လင်းထင်ရှားသောလမ်းလွဲမှု၌ နစ်မွန်းလျက်ရှိနေကြပေသည်ဟု ပြောကြားလေ၏။

قَالُوْۤا اَجِئْتَنَا بِالْحَقِّ اَمْ اَنْتَ مِنَ اللّٰعِبِيْنَ ﴿۵۵﴾

၅၅။ ၎င်းတို့က အသင်သည် ငါတို့ထံသို့ အမှန်တရား တစ်ခုခုကို ယူဆောင်လာပေသလော။ သို့တည်းမဟုတ် အသင်သည် ကစားခုန်စားမှုပြုသူများအနက်မှ ဖြစ်ပေသလောဟု ပြောကြ၏။

قَالَ بَلْ رَّبُّكُمْ رَبُّ السَّمٰوٰتِ وَالْاَرْضِ الَّذِيْ فَطَرَهُنَّ ۫ وَ اَنَا عَلٰى ذٰلِكُمْ مِّنَ الشّٰهِدِيْنَ ﴿۵۶﴾

၅၆။ သူက ထိုသို့မဟုတ်ချေ၊ အသင်တို့၏ ဖန်ဆင်းမွေးမြူရှင်မှာ မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ဖြစ်တော်မူ၏၊ အရှင်မြတ်သည် ထိုသည်တို့ကိုဖန်ဆင်းတော်မူ၏၊ ကျွန်ုပ်သည် ယင်းနှင့်စပ်လျဉ်း၍ အသင်တို့အတွက်သက်သေခံသူများအနက်မှဖြစ်သည်ဟုပြောလေ၏။

وَتَاللّٰهِ لَاَكِيْدَنَّ اَصْنَامَكُمْ بَعْدَ اَنْ تُوَلُّوْا مُدْبِرِيْنَ ﴿۵۷﴾

၅၇။ ထို့ပြင် အလ္လာဟ်အား တိုင်တည်ကျိန်ဆိုပါ၏၊ အသင်တို့ ကျောခိုင်း၍ ထွက်ခွာသွားပြီးနောက်တွင် ကျွန်ုပ်သည် အမှန်ပင် အသင်တို့၏ရုပ်တုများကို တစ်စုံတစ်ရာကြံစည်ပေအံ့။

فَجَعَلَهُمْ جُذٰذًا اِلَّا كَبِيْرًا لَّهُمْ لَعَلَّهُمْ اِلَيْهِ يَرْجِعُوْنَ ﴿۵۸﴾

၅၈။ သို့ဖြင့် သူသည် အကြီးဆုံး(ရုပ်တု)မှတစ်ပါး ကျန်(ရုပ်တု)များကို အစိတ်စိတ်အပိုင်းပိုင်းဖြစ်အောင် ပြုလုပ်လိုက်ပေသည်၊ သို့ဖြင့် ၎င်းတို့သည် ယင်းဘက်သို့ အာရုံပြုလာကြရန် ဖြစ်၏။

قَالُوْا مَنْ فَعَلَ هٰذَا بِاٰلِهَتِنَاۤ اِنَّهٗ لَمِنَ الظّٰلِمِيْنَ ﴿۵۹﴾

၅၉။ ၎င်းတို့က ကျွန်ုပ်တို့၏ကိုးကွယ်ရာများကို အဘယ်သူသည် ဤသို့ပြုလုပ်ခဲ့ပေသနည်း၊ ဧကန်စင်စစ် ထိုသူသည် ကျူးလွန်စော်ကားသူများအနက်မှ ဖြစ်ပေသည်ဟု ပြောကြလေ၏။

قَالُوْا سَمِعْنَا فَتًى يَّذْكُرُهُمْ يُقَالُ لَهٗۤ اِبْرٰهِيْمُ ﴿۶۰﴾

၆၀။ ၎င်းတို့(အနက်အချို့)က 'အစ်ဗရာဟင်မ်'ဟုခေါ်သော လူငယ်တစ်ဦးက ယင်း(ရုပ်တုများ)နှင့်စပ်လျဉ်း၍ ပြောဆိုနေသည်ကို ကျွန်ုပ်တို့ကြားခဲ့ရပေသည်ဟုဆိုကြ၏။

قَالُوْا فَاْتُوْا بِهٖ عَلٰۤى اَعْيُنِ النَّاسِ لَعَلَّهُمْ يَشْهَدُوْنَ ﴿۶۱﴾

၆၁။ ထိုသူတို့က သို့ဖြစ်လျှင် လူအများမြင်တွေ့နိုင်ရန်အလို့ငှာ သူ့အား လူအများ၏ရှေ့မှောက်သို့ ခေါ်ဆောင်လာကြလော့ဟု ပြောဆိုကြ၏။

قَالُوْۤا ءَاَنْتَ فَعَلْتَ هٰذَا بِاٰلِهَتِنَا يٰۤاِبْرٰهِيْمُ ﴿۶۲﴾

၆၂။ ၎င်းတို့က အို-'အစ်ဗရာဟင်မ်' အသင်သည် ငါတို့၏ကိုးကွယ်ရာများကို ဤသို့ပြုခဲ့ပါသလောဟု မေးမြန်းကြ၏။

قَالَ بَلْ فَعَلَهٗ ۫ كَبِيْرُهُمْ هٰذَا فَسْـَٔلُوْهُمْ اِنْ كَانُوْا يَنْطِقُوْنَ ﴿۶۳﴾

၆၃။ သူက ထိုသို့မဟုတ်မူ၍ ယင်းတို့၏ အကြီးအကဲက ဤသို့ပြုလုပ်ခဲ့ပါ၏။ သို့ကြောင့် အကယ်၍ ယင်း(အကြီးအကဲ)သည် ပြောဆိုနိုင်စွမ်းရှိခဲ့လျှင် ယင်းထံတွင် မေးမြန်းကြလော့ဟု ပြန်ပြော၏။ ①

فَرَجَعُوْۤا اِلٰۤى اَنْفُسِهِمْ فَقَالُوْۤا اِنَّكُمْ اَنْتُمُ الظّٰلِمُوْنَ ﴿۶۴﴾

၆၄။ ထို့နောက် ၎င်းတို့သည် မိမိတို့၏အပေါင်းအဖော်များဆီသို့ ထွက်ခွာသွားခဲ့ကြပြီး ဧကန်ပင် အသင်တို့သည်သာလျှင် အမှားကျူးလွန်သူများဖြစ်ကြ၏ဟု ပြောကြ၏။

ثُمَّ نُكِسُوْا عَلٰى رُءُوْسِهِمْ ۚ لَقَدْ عَلِمْتَ مَا هٰۤؤُلَآءِ يَنْطِقُوْنَ ﴿۶۵﴾

၆၅။ သို့ဖြင့် ၎င်းတို့က မိမိတို့၏ ဦးခေါင်းများကို အောက်သို့စိုက်ထားလျက် ယင်းသည် စကားမပြောနိုင်ကြောင်းကို အသင်သည် အမှန်ပင်သိရှိပြီးဖြစ်ပါသည်(ဟု ပြောကြ၏)။

قَالَ اَفَتَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ مَا لَا يَنْفَعُكُمْ شَيْـًٔا وَّ لَا يَضُرُّكُمْ ﴿۶۶﴾

၆၆။ သူက သို့ဖြစ်ပါလျှင် အသင်တို့သည် အလွန်ဟ်မှတစ်ပါး အသင်တို့အား စိုးစဉ်းမျှပင် အကျိုးပြုနိုင်သည်လည်းမဟုတ်သည့်အပြင် အသင်တို့အား အကျိုးယုတ်စေနိုင်သည်လည်းမဟုတ်သောအရာကို ခဝပ်ကိုးကွယ်ကြပါသလောဟု ပြောလေ၏။

اُفٍّ لَّكُمْ وَ لِمَا تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ ؕ اَفَلَا تَعْقِلُوْنَ ﴿۶۷﴾

၆၇။ အသင်တို့အဖို့လည်းကောင်း အလွန်ဟ်မှတစ်ပါး အသင်တို့ ခဝပ်ကိုးကွယ်ကြသောအရာများအဖို့လည်းကောင်း ရှက်ဖွယ်သာတည်း။ သို့ဖြစ်ရာ အသင်တို့သည် အသိဉာဏ်ကို အသုံးမချကြပေသလော။

① ဤအာယတ်တော်နှင့်စပ်လျဉ်း၍ بَلْ فَعَلَهٗ ၏နောက်တွင် ခေတ္တရပ်တန့်မှုပြုရမည်၊ သို့မှသာ တစ်စုံတစ်ဦးက ပြုလုပ်သည်ဟူသော အဖြေထွက်ပေါ်လာပေမည်ဟု အဆိုရှိပေသည်။ သို့သော် ကျွန်ုပ်၏ယူဆချက်အရ ထိုသို့ လုံးဝမလိုအပ်ချေ။ အကြောင်းသော်ကား တမန်တော်အစ်ဗရာဟင်မ်ﷺကိုယ်တိုင်က ကျွန်ုပ်သည် အသင်တို့၏ကိုးကွယ်ရာရုပ်တုများကိုတစ်ခုခုပြုလုပ်မည်ဟု အားလုံးကို ပြောခဲ့ပြီးဖြစ်သောကြောင့်ပင်။ ဤသည် လိမ်လည်ခြင်းမဟုတ်ပေ။ စင်စစ် မဖြစ်နိုင်သည့်ကိစ္စတစ်ခုကို ဖြစ်နိုင်သည့်သဖွယ် တင်ပြခြင်းမှာ ကျိုးကြောင်းသက်သေပြနည်းတစ်ခုဖြစ်ပြီး ယင်းကို တမန်တော် အစ်ဗရာဟင်မ်ﷺအား အထူးပြု ပေးသနားတော်မူခြင်းခံခဲ့ရပေသည်။ တမန်တော် အစ်ဗရာဟင်မ်ﷺအား ဆန့်ကျင်သူများအနက် တစ်ဦးတစ်ယောက်မျှကပင် ဤရုပ်တုများကို အကြီးဆုံးရုပ်တုက ရိုက်ချိုးခဲ့သည်ဟူ၍လက်မခံခဲ့ချေ။ ထို့ပြင် ဤပြောကြားချက်ကို မဖြစ်နိုင်ဟူ၍ယူဆခြင်းကိုက ၎င်းတို့၏ကိုးကွယ်ရာရုပ်တုများတွင် စွမ်းအားတစ်စုံတစ်ရာရှိသည်ဟူသောယူဆချက်သည် လိမ်ညာမှုသာဖြစ်ကြောင်း ရှင်းလင်းထင်ရှားသောသာဓကရရှိပေသည်။

قَالُوْا حَرِّقُوْهُ وَانْصُرُوْٓا اٰلِهَتَكُمْ اِنْ كُنْتُمْ فٰعِلِيْنَ ﴿۶۸﴾

၆၉။ ယင်းတို့က အကယ်၍ အသင်တို့သည် တစ်စုံတစ်ရာပြုလုပ်မည်ဆိုပါလျှင် သူ့အားမီးရှို့ပစ်ကြပြီး မိမိတို့၏ကိုးကွယ်ရာများကို ကူညီကြလေကုန်ဟုပြောကြ၏။

قُلْنَا يٰنَارُ كُوْنِيْ بَرْدًا وَّسَلٰمًا عَلٰٓى اِبْرٰهِيْمَ ﴿۶۹﴾

၇၀။ ငါတို့က အို-မီး၊ အသင်သည် 'အစ်ဗရာဟင်မ်'အပေါ် အေးမြစေကာ ငြိမ်းချမ်းသာယာခြင်းဖြစ်လော့ဟု မိန့်ကြားတော်မူ၏။ ①

وَاَرَادُوْا بِهٖ كَيْدًا فَجَعَلْنٰهُمُ الْاَخْسَرِيْنَ ﴿۷۰﴾

၇၁။ ထို့ပြင် ယင်းတို့သည် သူ့အား တစ်စုံတစ်ခုသော အကြံအစည်ကိုပြုရန် ကြံရွယ်ကြသောအခါ ငါတို့ကပင် ယင်းတို့အား လုံးလုံးလျားလျား အရေးနိမ့်စေတော်မူခဲ့ပေသည်။

وَنَجَّيْنٰهُ وَلُوْطًا اِلَى الْاَرْضِ الَّتِيْ بٰرَكْنَا فِيْهَا لِلْعٰلَمِيْنَ ﴿۷۱﴾

၇၂။ ထို့ပြင် ငါတို့သည် သူနှင့်'လူးတ်'တို့အား ငါတို့က တစ်လောကလုံးအတွက် 'ဘာရ်ကတ်'ကောင်းချီးမင်္ဂလာထားရှိတော်မူသော နယ်မြေဒေသသို့ ဆောင်ကြဉ်းကယ်ထုတ်တော်မူခဲ့၏။

وَوَهَبْنَا لَهٗٓ اِسْحٰقَ ؕ وَيَعْقُوْبَ نَافِلَةً ؕ وَكُلًّا جَعَلْنَا صٰلِحِيْنَ ﴿۷۲﴾

၇၃။ ထို့ပြင် ငါတို့သည် 'အစ္စဟာက်'ကိုလည်းကောင်း၊ မြေးအဖြစ် 'ယာကွပ်'ကိုလည်းကောင်း သူ့အား ပေးသနားတော်မူ၏။ ၎င်းပြင် ငါတို့သည် အားလုံးတို့ကို သူတော်စင်များဖြစ်စေတော်မူခဲ့၏။

وَجَعَلْنٰهُمْ اَئِمَّةً يَّهْدُوْنَ بِاَمْرِنَا وَاَوْحَيْنَآ اِلَيْهِمْ فِعْلَ الْخَيْرٰتِ وَاِقَامَ الصَّلٰوةِ وَاِيْتَآءَ الزَّكٰوةِ ۚ وَكَانُوْا لَنَا عٰبِدِيْنَ ﴿۷۳﴾

၇၄။ ထို့ပြင် ငါတို့သည် သူတို့အား ငါတို့၏ အမိန့်တော်ဖြင့် တရားလမ်းမှန်ကိုပြသခဲ့ကြသော 'အေမာမ်' ခေါင်းဆောင်များအဖြစ် ပြုလုပ်တော်မူခဲ့၏။ ထို့ပြင် ငါတို့သည် သူတို့အား ကောင်းမှုပြုလုပ်ကြရန်လည်းကောင်း၊ 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြရန်လည်းကောင်း၊ 'ဇကားတ်'ပေးဆောင်ကြရန်လည်းကောင်း 'ဝဟီ'ဗျာဒိတ်ပို့ချတော်မူခဲ့၏။ စင်စစ်သူတို့သည် ငါတို့အား ခဝပ်ကိုးကွယ်သူများဖြစ်ခဲ့ကြ၏။

وَلُوْطًا اٰتَيْنٰهُ حُكْمًا وَّعِلْمًا وَّنَجَّيْنٰهُ مِنَ الْقَرْيَةِ الَّتِيْ كَانَتْ تَّعْمَلُ الْخَبٰٓئِثَ ؕ اِنَّهُمْ كَانُوْا قَوْمَ سَوْءٍ فٰسِقِيْنَ ﴿۷۴﴾

၇၅။ ထို့ပြင် ငါတို့သည် 'လူးတ်'အား ဉာဏ်အမြော်အမြင်နှင့် အသိပညာကိုပေးသနားတော်မူ၏။ ထို့ပြင်ငါတို့သည် သူ့အား ညစ်ညမ်းသောလုပ်ရပ်ကို ပြုလုပ်လျက်ရှိခဲ့ကြသည့် မြို့ရွာမှ ကယ်တင်တော်မူခဲ့၏။ ဧကန်စင်စစ် ယင်းတို့သည် အလွန်ကြီးလေးသောမကောင်းမှုတွင် နစ်မွန်းလျက်ရှိသည့် အကျင့်ဆိုးယုတ်သူများဖြစ်ကြ၏။

---

① ဤနေရာ၌ 'မီး'ဟူသည် ဆန့်ကျင်ရန်ပြုမူ၏မီးကိုဆိုလိုသကဲ့သို့ မီးတောက်အစစ်ကိုဆိုလိုခြင်းလည်းဖြစ်နိုင်သည်။ ဤခေတ်ကာလ၌ မဆီဟ်မော်အူးဒ်ﷺသခင်ထံ 'အိလ်ဟမ်'(ဗျာဒိတ်)ရရှိသည်မှာ-

''مجھے آگ سے مت ڈراؤ کیونکہ آگ ہماری غلام بلکہ غلاموں کی غلام ہے''

ကျေးကျွန်ဖြစ်ရုံသာမက ကျေးကျွန်များ၏ ကျွန်ဖြစ်၏။'' (အရ်ဘအီန် အမှတ်-၃ ရူဟာနီခဇာအီန် အတွဲ-၁၇၊ စာ-၄၂၉)။ မီးကိုအေးငြိမ်းသွားစေခြင်းဆိုရာ၌ မီး၏အပူရှိန်သည် ပျက်စီးအောင်ပြုနိုင်စွမ်းရှိမည်မဟုတ်သည့်အပြင် ထိုမီးကိုယ်တိုင်က အေးမြသွားပေလိမ့်မည်။

وَاَدْخَلْنٰهُ فِیْ رَحْمَتِنَا ؕ اِنَّهٗ مِنَ الصّٰلِحِیْنَ ﴿۸۶﴾

၇၆။ ထို့ပြင် ငါတို့သည် သူ့အား မိမိ၏ကရုဏာတော်အတွင်း ဝင်ရောက်စေတော်မူခဲ့၏။ ဧကန်ပင် သူသည် သူတော်စင်တို့ အနက်မှ ဖြစ်ခဲ့ပေသတည်း။

ရုကူ-၆

وَ نُوْحًا اِذْ نَادٰی مِنْ قَبْلُ فَاسْتَجَبْنَا لَهٗ فَنَجَّیْنٰهُ وَ اَهْلَهٗ مِنَ الْكَرْبِ الْعَظِیْمِ ﴿۷۶﴾

၇၇။ ထို့ပြင် 'နူးဟ်'ကိုလည်း (သတိရအောက်မေ့ကြကုန်) ဤသည်ထက်အလျင်က သူသည် ဟစ်ခေါ်သောအခါ ငါတို့သည် သူ့အား သူ၏ဟစ်ခေါ်သံကို ဖြေကြားတော်မူခဲ့၏။ ထို့ပြင် သူ့အားလည်းကောင်း၊ သူ၏အိမ်သူအိမ်သားတို့အား လည်းကောင်း၊ ကြီးမားသော ပူပင်သောကတစ်ရပ်မှ ကယ်တင်တော်မူခဲ့၏။

وَ نَصَرْنٰهُ مِنَ الْقَوْمِ الَّذِیْنَ كَذَّبُوْا بِاٰیٰتِنَا ؕ اِنَّهُمْ كَانُوْا قَوْمَ سَوْءٍ فَاَغْرَقْنٰهُمْ اَجْمَعِیْنَ ﴿۷۷﴾

၇၈။ ထို့ပြင် ငါတို့သည် သူ့အား ငါတို့၏နိမိတ်လက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲခဲ့သူတို့နှင့်ဆန့်ကျင်၍ ကူညီစောင်မတော်မူခဲ့၏။ ဧကန်စင်စစ် ယင်းတို့သည် ကြီးလေးသော မကောင်းမှုဥစ္စာမွန်းနေသူများဖြစ်ကြ၏။ သို့ကြောင့် ငါတို့သည် ယင်းတို့အားလုံးကို နှစ်မြှုပ်ပစ်တော်မူခဲ့ပေသည်။

وَ دَاوٗدَ وَ سُلَیْمٰنَ اِذْ یَحْكُمٰنِ فِی الْحَرْثِ اِذْ نَفَشَتْ فِیْهِ غَنَمُ الْقَوْمِ ۚ وَ كُنَّا لِحُكْمِهِمْ شٰهِدِیْنَ ﴿۷۸﴾

၇၉။ ထို့ပြင် 'ဒါဝတ်'နှင့် 'ဆူလိုင်မန်'(တို့ကိုလည်းသတိရအောက်မေ့ပါလေ) သူတို့နှစ်ဦးသည် လူတို့၏သိုးဆိတ်များက ညဥ့်အချိန်တွင် လယ်ယာတစ်ခုအတွင်းသို့ဝင်ရောက်စားသွားသည့်အမှုကို စီရင်ဆုံးဖြတ်လျက်ရှိခဲ့ကြ၏။ ဧကန်ပင် ငါတို့သည် သူတို့စီရင်ဆုံးဖြတ်လျက်ရှိနေသည်ကို စောင့်ကြည့်လျက်ရှိနေတော်မူ၏။

فَفَهَّمْنٰهَا سُلَیْمٰنَ ۚ وَ كُلًّا اٰتَیْنَا حُكْمًا وَّ عِلْمًا ۟ وَّ سَخَّرْنَا مَعَ دَاوٗدَ الْجِبَالَ یُسَبِّحْنَ وَ الطَّیْرَ ؕ وَ كُنَّا فٰعِلِیْنَ ﴿۷۹﴾

၈၀။ သို့ဖြစ်ရာ ငါတို့သည် 'ဆူလိုင်မန်'အား ယင်းကိစ္စကို သိရှိနားလည်စေတော်မူ၏။ ထို့ပြင် ငါတို့သည် သူတို့အားလုံးကို ဉာဏ်အမြော်အမြင်နှင့် အသိပညာကို ပေးသနားတော်မူ၏။ ထို့ပြင် ငါတို့သည် 'ဒါဝတ်'နှင့်အတူ 'တာစ်ဘီ' အရှင် မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်း ရင့်ကျူးခြင်းပြုသောတောင်များနှင့် ငှက်များကိုလည်းနာခံစေတော်မူခဲ့၏။ စင်စစ် ငါတို့သည်ပင် (ဤသည်အားလုံးတို့ကို) ပြုလုပ်တော်မူသော အရှင် ဖြစ်တော်မူ၏။ ۞

وَ عَلَّمْنٰهُ صَنْعَةَ لَبُوْسٍ لَّكُمْ لِتُحْصِنَكُمْ مِّنْۢ بَاْسِكُمْ ۚ فَهَلْ اَنْتُمْ

၈၁။ ထို့ပြင် ငါတို့သည် အသင်တို့အဖို့ ချပ်ဝတ်တန်ဆာပြုလုပ်သောအတတ်ကို သူ့အားသင်ပေးတော်မူ၏။ သို့ဖြင့် ယင်းသည် အသင်တို့အား အသင်တို့၏ တိုက်ပွဲများတွင် (ဘေးအန္တ

۞ ဤနေရာတွင် တောင်များကိုနာခံစေတော်မူသည်ဆိုခြင်းမှာ တောင်ပေါ်သားလူမျိုးစုများကို တမန်တော်ကြီးအားနာခံစေခဲ့ခြင်းကို ဆိုလိုပေသည်။ ထို့အတူ တမန်တော် ဆူလိုင်မန်ﷺ၏တပ်တွင် 'ငှက်'တပ်ဖွဲ့အကြောင်းကိုလည်း ဖော်ပြထားပေသည်။ ဤသည်မှာလည်း တင်စားချက်သာဖြစ်၏။ ယင်း၏အဓိပ္ပာယ်နှစ်မျိုးရှိပေသည်။ တစ်ခုမှာ ဝိညာဉ်ရေးအရပျံသန်းနိုင်စွမ်း ပေးသနားခြင်းခံရသောလူသားဖြစ်ပြီး နောက်တစ်မျိုးမှာ ငှက်များကဲ့သို့ တစ်နေရာမှတစ်နေရာသို့ လျင်မြန်စွာရောက်ရှိနိုင်သော မြန်နှုန်းမြင့် အစီးအနင်းဖြစ်ပေသည်။ တမန်တော် ဆူလိုင်မန်ﷺ၏စစ်တပ်တွင် အလျင်မြန်ဆုံး သတင်းတပ်ဖွဲ့ကို 'ငှက်'တပ်ဖွဲ့ဟု ခေါ်ဆိုခဲ့ပေသည်။

ရာယ်မှ) ကာကွယ်ရန်ဖြစ်၏။ သို့ဖြစ်ရာ အသင်တို့သည် ကျေးဇူးသိတတ်သူများဖြစ်ကြမည်လော။

شٰكِرُوْنَ ﴿٨٠﴾

၈၂။ ထို့ပြင် (ငါတို့သည်) ပြင်းထန်စွာတိုက်ခတ်သောလေကို 'ဆူလိုင်မန်'အား (နာခံစေတော်မူ၏။) ယင်း(လေပြင်း)သည် သူ၏အမိန့်ဖြင့် ငါတို့ကောင်းချီးမင်္ဂလာပေးထားတော်မူသော နယ်မြေဒေသဘက်သို့ တိုက်ခတ်လေ၏။ စင်စစ်သော်ကား ငါတို့သည် အရာရာတိုင်းကိုသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။ ﴿၁﴾

وَلِسُلَيْمٰنَ الرِّيْحَ عَاصِفَةً تَجْرِيْ بِاَمْرِهٖۤ اِلَى الْاَرْضِ الَّتِيْ بٰرَكْنَا فِيْهَا ؕ وَكُنَّا بِكُلِّ شَيْءٍ عٰلِمِيْنَ ﴿٨١﴾

၈၃။ ထို့ပြင် 'ရှိုင်တန်'များအနက်မှ သူ့အတွက် ရေငုပ်ပေးသူများလည်းရှိခဲ့ကြ၏။ ထို့ပြင် ဤသည်မှအပ အခြားအလုပ်များကိုလည်း လုပ်ဆောင်ခဲ့ကြ၏။ စင်စစ် ငါတို့သည် ၎င်းတို့အား ကာကွယ်စောင့်ရှောက်တော်မူသောအရှင် ဖြစ်တော်မူ၏။ ﴿၂﴾

وَمِنَ الشَّيٰطِيْنِ مَنْ يَّغُوْصُوْنَ لَهٗ وَيَعْمَلُوْنَ عَمَلًا دُوْنَ ذٰلِكَ ۚ وَكُنَّا لَهُمْ حٰفِظِيْنَ ﴿٨٢﴾

၈၄။ ထို့ပြင် 'အိုင်ယူဘ်'(ကိုလည်း သတိရအောက်မေ့ပါလေ)။ အကြင်အခါဝယ် သူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား 'ကျွန်တော်မျိုးထံ ပြင်းထန်သောအတိဒုက္ခဆိုက်ရောက်နေပါ၏။ ဧကန်ပင် အရှင်မြတ်သည် သနားကရုဏာထားသူအပေါင်းတွင် အားလုံးထက်ပို၍ ကရုဏာထားတော်မူသောအရှင် ဖြစ်တော်မူပါ၏'ဟု ဟစ်ခေါ်တမ်းတခဲ့လေသည်။

وَاَيُّوْبَ اِذْ نَادٰى رَبَّهٗۤ اَنِّيْ مَسَّنِيَ الضُّرُّ وَاَنْتَ اَرْحَمُ الرّٰحِمِيْنَ ﴿٨٣﴾

၈၅။ သို့ဖြစ်ရာ ငါတို့သည် သူ၏ဆုတောင်းကို လက်ခံတော်မူပြီး သူ့အပေါ်ဆိုက်ရောက်နေသောဒုက္ခကို ဖယ်ရှားပေးတော်မူခဲ့၏။ ထို့ပြင် ငါတို့သည် သူ့အား သူ၏ အိမ်သူအိမ်သားများကို ပေးသနားတော်မူခဲ့၏။ ၎င်းတို့နှင့်အတူ ထပ်မံ၍ သူတို့ကဲ့သို့သောသူများကိုလည်း ပေးသနားတော်မူခဲ့၏။ ယင်းသည် ငါတို့၏အထံတော်မှ ကရုဏာတော်တစ်ရပ်ဖြစ်၏။ 'အေဘာဒတ်' ခပ်ကိုးကွယ်မှုပြုသူတို့အဖို့ အဆုံးအမလည်း ဖြစ်၏။

فَاسْتَجَبْنَا لَهٗ فَكَشَفْنَا مَا بِهٖ مِنْ ضُرٍّ ۫ وَّاٰتَيْنٰهُ اَهْلَهٗ وَمِثْلَهُمْ مَّعَهُمْ رَحْمَةً مِّنْ عِنْدِنَا وَذِكْرٰى لِلْعٰبِدِيْنَ ﴿٨٤﴾

၈၆။ ထို့ပြင် 'အစ္စမာအီလ်'၊ 'အီဒရိုးစ်'နှင့် 'ဇူလ်ကိဖိလ်' (တို့ကိုလည်း သတိရအောက်မေ့ပါလေ။ သူတို့)အားလုံးသည် သည်းခံစွဲမြဲသူတို့အနက်မှဖြစ်၏။

وَاِسْمٰعِيْلَ وَاِدْرِيْسَ وَذَا الْكِفْلِ ؕ كُلٌّ مِّنَ الصّٰبِرِيْنَ ﴿٨٥﴾

﴿၁﴾ တမန်တော်ဆူလိုင်မန်ﷺအတွက် လေများကိုနာခံအလုပ်အကျွေးပြုစေတော်မူခြင်းဆိုသည်မှာ ပါလက်စတိုင်းကမ်းခြေဒေသတွင် တစ်လတစ်ကြိမ်လေကြောင်းပြောင်းလဲတိုက်ခတ်လေ့ရှိခဲ့ပြီး တမန်တော် ဆူလိုင်မန်ﷺ၏ ပင်လယ်ကူး ရွက်သင်္ဘောများသည် ယင်းလေတိုက်ခတ်မှုပြင်းအားဖြင့် သွားလာကြပေသည်။ တစ်လကြာသောအခါ အခြားတစ်ဖက်မှ လေကြောင်းပြောင်းလဲတိုက်ခတ်မှုဖြစ်ခဲ့ပေသည်။

﴿၂﴾ ဤနေရာ၌ **شياطين** ဟူသည် မီးဖြင့်ဖန်ဆင်းပြုလုပ်ထားသော 'ရှိုင်တန်'ကိုဆိုလိုသည်မဟုတ်ခဲ့။ ထိုသို့မဟုတ်လျှင် ပင်လယ်၌ ငုပ်လျှိုးခြင်းကြောင့် မီးငြိမ်းသွားပေလိမ့်မည်။ အမှန်စင်စစ် ပုန်ကန်ခြားနားသော လူမျိုးစုများကို ဆိုလိုခြင်းဖြစ်ပေသည်။ ၎င်းတို့ကို တမန်တော်ဆူလိုင်မန်ﷺအား နာခံစေခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အတွင်း၌ ရေငုပ်သမားများလည်း ပါဝင်ခဲ့ပေသည်။

وَاَدْخَلْنٰهُمْ فِیْ رَحْمَتِنَا ؕ اِنَّهُمْ مِّنَ الصّٰلِحِیْنَ ﴿۸۶﴾

၈၇။ ငါတို့သည် သူတို့ကို မိမိ၏ကရုဏာတော်အတွင်း ဝင်ရောက်စေတော်မူခဲ့၏။ ဧကန်ပင် သူတို့သည် သူတော်စင်များအနက်မှ ဖြစ်ကြ၏။

وَ ذَاالنُّوْنِ اِذْ ذَّهَبَ مُغَاضِبًا فَظَنَّ اَنْ لَّنْ نَّقْدِرَ عَلَیْهِ فَنَادٰی فِی الظُّلُمٰتِ اَنْ لَّاۤ اِلٰهَ اِلَّاۤ اَنْتَ سُبْحٰنَكَ ۖ اِنِّیْ كُنْتُ مِنَ الظّٰلِمِیْنَ ﴿۸۷﴾

၈၈။ ထို့ပြင် 'ငါးရှင်'(ကိုလည်း သတိရပါလေ။) အကြင်အခါသူသည် ဒေါသအပြည့်ဖြင့် ထွက်သွားခဲ့၏။ ငါတို့က သူ့အား ဖမ်းဆီးခြင်းပြုတော်မူမည်မဟုတ်ဟု သူထင်မှတ်ခဲ့လေသည်။ သို့ဖြင့် သူသည် အမှောင်ထုများ လွှမ်းခြုံခြင်းခံနေရစဉ် '(အို-အရှင်မြတ်) အရှင်မြတ်မှလွဲ၍ ခဝပ်ကိုးကွယ်ခြင်းခံထိုက်သူမရှိပါ။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ဧကန်စင်စစ် ကျွန်တော်မျိုးသည်သာလျှင် အပြစ်ကျူးလွန်သူတို့အနက်မှ ဖြစ်ပါ၏'ဟု ဟစ်ခေါ်တမ်းတခဲ့လေသည်။ ①

فَاسْتَجَبْنَا لَهٗ ۙ وَ نَجَّیْنٰهُ مِنَ الْغَمِّ ؕ وَ كَذٰلِكَ نُنْجِی الْمُؤْمِنِیْنَ ﴿۸۸﴾

၈၉။ သို့ဖြစ်ရာ ငါတို့သည် သူ၏ဆုတောင်းပန်ကြားချက်ကို လက်ခံတော်မူခဲ့ပြီး သူ့အား ဝမ်းနည်းပူဆွေးမှုမှ ကယ်တင်တော်မူခဲ့ပေသည်။ ဤကဲ့သို့ပင် ငါတို့သည် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူတို့အား ကယ်တင်တော်မူ၏။

وَ زَكَرِیَّاۤ اِذْ نَادٰی رَبَّهٗ رَبِّ لَا تَذَرْنِیْ فَرْدًا وَّ اَنْتَ خَیْرُ الْوٰرِثِیْنَ ﴿۸۹﴾

၉၀။ ထို့ပြင် 'ဇကရိယာ'(ကိုလည်း သတိရအောက်မေ့ပါလေ) အကြင်အခါသူသည် မိမိ၏ဖန်ဆင်းမွေးမြူရှင်အား 'အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးအား တစ်ဦးတည်း စွန့်ထားတော်မမူပါလင့်။ ဧကန်ပင် အရှင်မြတ်သည် အမွေခံတို့တွင် အကောင်းမြတ်ဆုံးဖြစ်တော်မူပါ၏'ဟု ဟစ်ခေါ်တမ်းတခဲ့လေသည်။

فَاسْتَجَبْنَا لَهٗ ۪ وَ وَهَبْنَا لَهٗ یَحْیٰی وَ اَصْلَحْنَا لَهٗ زَوْجَهٗ ؕ اِنَّهُمْ كَانُوْا یُسٰرِعُوْنَ فِی الْخَیْرٰتِ وَ یَدْعُوْنَنَا رَغَبًا وَّ رَهَبًا ؕ وَ كَانُوْا لَنَا خٰشِعِیْنَ ﴿۹۰﴾

၉၁။ သို့ဖြင့် ငါတို့သည် သူ၏ဆုတောင်းပန်ကြားချက်ကို လက်ခံတော်မူပြီး သူ့အား 'ယာဟ်ယာ'ကို ပေးသနားတော်မူခဲ့၏။ ထို့ပြင် သူ၏ဇနီးကိုလည်း သူ့အဖို့ ကျန်းမာစေတော်မူခဲ့၏။ အမှန်ပင် သူတို့သည် ကောင်းမှုများတွင် တစ်ဦးထက်တစ်ဦး သာလွန်အောင် ပါဝင်ဆောင်ရွက်သူများဖြစ်ခဲ့ကြ၏။ ထို့ပြင် ငါတို့အား ချစ်ခင်လိုလားခြင်းဖြင့်လည်းကောင်း၊ ကြောက်ရွံ့ခြင်းဖြင့်လည်းကောင်း ဟစ်ခေါ်တမ်းတကြ၏။ ထို့ပြင် ငါတို့၏ ရှေ့တော်မှောက်တွင် နှိမ့်ချကျိုးနွံစွာဖြင့် ညွတ်တွားသူများဖြစ်ကြ၏။

① ဤတွင် 'ငါးရှင်'ဆိုသည်မှာ တမန်တော် ယူနုတ်စ်ﷺကိုညွှန်းခြင်းဖြစ်သည်။ သူသတိပေးနှိုးဆော်ခဲ့သည့် ကြိုတင်နိမိတ်မပြည့်စုံသည်ကိုမြင်ရသည့်အခါ ထို့ပြင် ကျိုးနွံနှိမ့်ချစွာဝိုင်းကြွေးခြင်းကြောင့် အလွှာဟ်အရှင်မြတ်က သတိပေးနှိုးဆော်မှုပြုသည့် ကြိုတင်နိမိတ်ဟောကြားချက်များကို လွဲဖယ်ပစ်တော်မူတတ်ကြောင်းကို သူသည်မသိထားသည့်အတွက်၊ စိတ်ဆိုးလျက် ပင်လယ်ဘက်သို့ ထွက်ခွာသွားခဲ့လေသည်။ ထိုနေရာ၌ ဝေလငါးသည် သူ့အားမျိုချခဲ့ပြီး တစ်ဖန်အသက်ရှင်လျက်ပင် သူ့အား အန်ထုတ်ခဲ့လေသည်။ ယင်းသို့ ဝေလငါး၏ဝမ်းဗိုက်အတွင်း အမှောင်ဖုံးလွှမ်းခဲ့သည့်အချိန်တွင် ဤဒုံအာသည် သူ၏နှလုံးသားမှ ထွက်ပေါ်လာခဲ့ပေသည်။ "အို-အရှင်မြတ်၊ အရှင်မြတ်မှလွဲ၍ ခဝပ်ကိုးကွယ်ခြင်းခံထိုက်သူမရှိပါ။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ဧကန်စင်စစ် ကျွန်တော်မျိုးသည်သာလျှင် အပြစ်ကျူးလွန်သူတို့အနက်မှ ဖြစ်ပါ၏။"

وَالَّتِیْۤ اَحْصَنَتْ فَرْجَهَا فَنَفَخْنَا فِیْهَا مِنْ رُّوْحِنَا وَجَعَلْنٰهَا وَابْنَهَاۤ اٰیَةً لِّلْعٰلَمِیْنَ ﴿۹۱﴾

၉၁။ ထို့ပြင် အကြင်အမျိုးသမီးသည် မိမိ၏ကာယိန္ဒြေကို ကောင်းစွာ စောင့်ထိန်းခဲ့လေရာ ငါတို့သည် သူမ၌ မိမိ၏ အမိန့်တော်များအနက်မှ အချို့ကို မှုတ်သွင်းတော်မူ၏။ ထို့ပြင် ငါတို့သည် သူမနှင့် သူမ၏သားတော်ကို တစ်လောကလုံးအတွက် နိမိတ်လက္ခဏာတော်တစ်ရပ်အဖြစ်ပြုလုပ်တော်မူ၏။

اِنَّ هٰذِهٖۤ اُمَّتُكُمْ اُمَّةً وَّاحِدَةً ۖ وَّاَنَا رَبُّكُمْ فَاعْبُدُوْنِ ﴿۹۲﴾

၉၂။ အမှန်ပင် ဤသည်ပင်လျှင် အသင်တို့၏ 'အစ္စလာမ်' အုပ်စုဖြစ်ပြီး ယင်းသည် တစ်ခုတည်းသော 'အစ္စလာမ်'အုပ်စု ဖြစ်၏။ စင်စစ် ငါသည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်တော်မူ၏။ သို့ဖြစ်ရာ အသင်တို့သည် ငါ့အား ခဝပ်ကိုးကွယ်ကြကုန်။

وَتَقَطَّعُوْۤا اَمْرَهُمْ بَیْنَهُمْ ؕ كُلٌّ اِلَیْنَا رٰجِعُوْنَ ﴿۹۳﴾

၉၃။ (နောက်ပိုင်းတွင်) ထိုသူတို့သည် မိမိတို့၏မူဝါဒလမ်းစဉ်ကို အပိုင်းပိုင်းပြုလုပ်၍ အချင်းချင်းခွဲဝေလိုက်ကြ၏။ အားလုံးတို့သည် ငါတို့ထံသို့သာလျှင် ပြန်လည်လာရောက်ကြရမည့်သူများ ဖြစ်သတည်း။

ရုကူ-၇

فَمَنْ یَّعْمَلْ مِنَ الصّٰلِحٰتِ وَهُوَ مُؤْمِنٌ فَلَا كُفْرَانَ لِسَعْیِهٖ ۚ وَاِنَّا لَهٗ كٰتِبُوْنَ ﴿۹۴﴾

၉၄။ သို့ဖြစ်ရာ မည်သူမဆို အချို့သော ကောင်းမြတ်သည့် အကျင့်သီလများကို ကျင့်ကြံဆောက်တည်လျက် ထိုသူသည် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူလည်းဖြစ်ပါလျှင် ထိုသူ၏ ကြိုးပမ်းအားထုတ်မှုသည် အလေးမထားမှုပြုခြင်းခံရမည် မဟုတ်ချေ။ ထို့ပြင် ဧကန်မုချ ငါတို့သည် သူ့အဖို့ (ဤကောင်းမှုကို) ရေးမှတ်ထားတော်မူမည့်အရှင် ဖြစ်တော်မူ၏။

وَحَرٰمٌ عَلٰی قَرْیَةٍ اَهْلَكْنٰهَاۤ اَنَّهُمْ لَا یَرْجِعُوْنَ ﴿۹۵﴾

၉၅။ မည်သည့် မြို့ရွာကိုမဆို ငါတို့က ဖျက်ဆီးပစ်တော်မူလိုက်သော် ထိုသူတို့သည် ပြန်လည်၍လာရမည်မဟုတ်သည်မှာ ယတိပြတ်တားမြစ်ချက်ဖြစ်၏။

حَتّٰۤی اِذَا فُتِحَتْ یَاْجُوْجُ وَمَاْجُوْجُ وَهُمْ مِّنْ كُلِّ حَدَبٍ یَّنْسِلُوْنَ ﴿۹۶﴾

၉၆။ နောက်ဆုံးတွင် 'ယာဂျူတ်'နှင့် 'မာဂျူတ်'ကို ဖွင့်ပေးခြင်းခံရသောအခါ အမှန်ပင် ယင်းတို့သည် မြင့်စွင့်သောနေရာတိုင်းမှ အပြေးအလွှားလာရောက်ကြပေအံ့။ ②

وَاقْتَرَبَ الْوَعْدُ الْحَقُّ فَاِذَا هِیَ شَاخِصَةٌ اَبْصَارُ الَّذِیْنَ كَفَرُوْا ؕ یٰوَیْلَنَا قَدْ كُنَّا فِیْ

၉၇။ ထို့ပြင် မလွဲဖယ်နိုင်သော ကတိတော်သည် နီးကပ်လာသောအခါ မယုံကြည်ငြင်းပယ်သူတို့၏မျက်စိများသည် ရုတ်ခြည်းပင် ပြူးကျယ်လျက်ရှိနေကြပေလိမ့်မည်။ (သူတို့က) 'အို၊

② အာယတ်တော်(၉၆)နှင့် (၉၇)တို့တွင် قَرْیَةٍ (မြို့ရွာ)ဟူသည် မြို့ရွာတွင်နေထိုင်သောလူများကို ဆိုလိုပေသည်။ မည်သည့်လူမျိုးနွယ်မဆို သေဆုံးပျက်စီးပြီးသည့်နောက်တွင် ကမ္ဘာလောကသို့ နောက်တစ်ကြိမ်ပြန်လာရရှိးထုံးစံမရှိချေ။ حَتّٰی ဟူသည် ယာဂျူတ်၊ မာဂျူတ်၏ခေတ်တွင် သေနေသောအုပ်စုများပြန်ရှင်လာကြမည်ဟုဆိုလိုခြင်းမဟုတ်မူဘဲ ဤနေရာတွင် ယင်း၏အနက်သဘောမှာ ယာဂျူတ်၊ မာဂျူတ်၏ခေတ်ကာလသို့ရောက်သည့်တိုင် သေသူများအဖို့ ပြန်လည်လာရောက်ရန် အခွင့်ရကြမည်မဟုတ်ချေ။ သို့ဖြစ်ရာ အပေါ်ယံအားဖြင့်မူ ၎င်းတို့သည် သေသူများကို ရှင်ပြန်စေသည့်အလား အဲ့ဖွယ်ရာများကိုပြသကြမည်ဖြစ်သော်လည်း အမှန်တကယ် သေပြီးသူများကို အသက်ပြန်ရှင်အောင် မည်သည့်အခါတွင်မျှ ပြုလုပ်နိုင်ကြမည်မဟုတ်ချေ။

غَفْلَةٍ مِّنْ هٰذَا بَلْ كُنَّا ظٰلِمِيْنَ ﴿٩٧﴾

ကျွန်ုပ်တို့ပျက်စီးရပါပြီ၊ ကျွန်ုပ်တို့သည် ဤအကြောင်းကို မေ့လျော့ပေါ့တန်စွာရှိနေခဲ့ကြပေသည်။ ထို့မျှမက ကျွန်ုပ်တို့သည် မတရားကျူးလွန်သူများဖြစ်ခဲ့ကြပေသည်'(ဟု ညည်းတွားကြပေလိမ့်မည်)။

اِنَّكُمْ وَمَا تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ حَصَبُ جَهَنَّمَ ؕ اَنْتُمْ لَهَا وٰرِدُوْنَ ﴿٩٨﴾

၉၉။ ဧကန်စင်စစ် အသင်တို့သည်လည်းကောင်း၊ အလ္လာဟ်မှတစ်ပါး အသင်တို့ ကိုးကွယ်ကြသည်တို့သည်လည်းကောင်း၊ 'ဂျဟန္နမ်'ငရဲ၏လောင်စာများဖြစ်၏။ အသင်တို့သည် ယင်းသို့ဆင်းသက်ရမည့်သူများဖြစ်ကြ၏။

لَوْ كَانَ هٰٓؤُلَآءِ اٰلِهَةً مَّا وَرَدُوْهَا ؕ وَكُلٌّ فِيْهَا خٰلِدُوْنَ ﴿٩٩﴾

၁၀၀။ အကယ်၍ ဤသည်တို့မှာ အမှန်တကယ် ကိုးကွယ်ရာများဖြစ်ခဲ့ကြလျှင် ယင်း(ဂျဟန္နမ်)သို့ မည်သည့်အခါမျှ ဝင်ရောက်ကြရမည်မဟုတ်ချေ။ စင်စစ် အားလုံးတို့သည် ယင်း၌ ကာလကြာရှည်စွာ နေရမည့်သူများဖြစ်ကြ၏။

لَهُمْ فِيْهَا زَفِيْرٌ وَّهُمْ فِيْهَا لَا يَسْمَعُوْنَ ﴿١٠٠﴾

၁၀၁။ ယင်း၌ ထိုသူတို့အဖို့ ပြဋ္ဌာန်းချက်မှာ အော်ဟစ်ငိုကြွေးခြင်းသာရှိလိမ့်မည်။ ထို့ပြင် ယင်း၌ ထိုသူတို့သည် (တစ်စုံတစ်ရာကိုမျှ) ကြားနိုင်ကြလိမ့်မည်မဟုတ်ချေ။

اِنَّ الَّذِيْنَ سَبَقَتْ لَهُمْ مِّنَّا الْحُسْنٰٓى ۙ اُولٰٓئِكَ عَنْهَا مُبْعَدُوْنَ ﴿١٠١﴾

၁၀၂။ အမှန်ပင် ငါတို့၏အထံတော်မှ ကောင်းကျိုးကို ပြဋ္ဌာန်းခြင်းခံရပြီးဖြစ်သောသူတို့အဖို့မူ ထိုသူတို့သည် ယင်း(ငရဲ)မှ ဝေးစွာထားရှိခြင်းကိုခံကြရလိမ့်မည်။

لَا يَسْمَعُوْنَ حَسِيْسَهَا ۚ وَهُمْ فِيْ مَا اشْتَهَتْ اَنْفُسُهُمْ خٰلِدُوْنَ ﴿١٠٢﴾

၁၀၃။ သူတို့သည် ယင်း၏အသံသဲ့သဲ့မျှကိုပင် ကြားကြရမည်မဟုတ်ချေ။ ထို့ပြင် သူတို့သည် မိမိတို့၏စိတ်ဆန္ဒရှိခဲ့သည်နှင့်အညီ ယင်း(နှင့်ဝေးကွာရာ)၌ အမြဲထာဝရနေရမည့်သူများဖြစ်ကြ၏။

لَا يَحْزُنُهُمُ الْفَزَعُ الْاَكْبَرُ وَتَتَلَقّٰىهُمُ الْمَلٰٓئِكَةُ ؕ هٰذَا يَوْمُكُمُ الَّذِيْ كُنْتُمْ تُوْعَدُوْنَ ﴿١٠٣﴾

၁၀၄။ သူတို့အား အကြီးမားဆုံးသော ထိတ်လန့်ဖွယ်သည် ပင်စိတ်သောကရောက်စေနိုင်မည်မဟုတ်ချေ။ ထို့ပြင် ကောင်းကင်တမန်များက 'ဤသည်ပင် အသင်တို့အား ချိန်းချက်ကတိပေးထားတော်မူသော အသင်တို့၏နေ့ပင်ဖြစ်၏'(ဟုပြောဆိုလျက်) သူတို့နှင့် အမြောက်အမြား တွေ့ဆုံကြပေလိမ့်မည်။

يَوْمَ نَطْوِي السَّمَآءَ كَطَيِّ السِّجِلِّ لِلْكُتُبِ ؕ كَمَا بَدَاْنَآ اَوَّلَ خَلْقٍ نُّعِيْدُهٗ ؕ وَعْدًا عَلَيْنَا ؕ اِنَّا كُنَّا فٰعِلِيْنَ ﴿١٠٤﴾

၁၀၅။ ထိုနေ့တွင် ငါတို့သည် ရေးသားထားသောစာတွဲကို လိပ်ခေါက်သကဲ့သို့ မိုးကောင်းကင်ကို လိပ်ခေါက်တော်မူမည်။ ငါတို့သည် ရှေးဦးပထမ စတင်ဖန်ဆင်းတော်မူဘိသကဲ့သို့ ယင်းအားထပ်မံ၍ ပြုလုပ်တော်မူပေအံ့။ ဤကတိတော်သည် ငါတို့အပေါ်၌တာဝန်ရှိ၏။ အမှန်ပင် ငါတို့သည် ဤသည်ကို မလွဲမသွေပြုလုပ်တော်မူမည့်အရှင် ဖြစ်တော်မူ၏။

وَلَقَدْ كَتَبْنَا فِي الزَّبُوْرِ مِنْۢ بَعْدِ الذِّكْرِ اَنَّ الْاَرْضَ يَرِثُهَا عِبَادِيَ الصّٰلِحُوْنَ ﴿١٠٥﴾

၁၀၆။ ထို့ပြင် ဧကန်အမှန် ငါတို့သည် 'ဇဗူရ်'တွင် အဆုံးအမတော်ကိုဖော်ပြပြီးနောက် 'ငါ၏သူတော်စင် အစေတော်များသည်ပင် မလွဲမကန် ကတိတော်ရနယ်မြေကို အမွေဆက်

ခံရလိမ့်မည်'ဟု ရေးမှတ်ထားတော်မူခဲ့၏။ ①

إِنَّ فِي هَٰذَا لَبَلَاغًا لِّقَوْمٍ عَابِدِينَ ﴿١٠٦﴾

၁၀၇။ ယင်း၌ အရှင်မြတ်အား 'အေဘာဒတ်' ခဝပ်ကိုးကွယ်မှုပြုသူတို့အဖို့ အမှန်ပင် အရေးပါသော သတင်းတစ်ရပ်သည်ရှိ၏။

وَمَا أَرْسَلْنَاكَ إِلَّا رَحْمَةً لِّلْعَالَمِينَ ﴿١٠٧﴾

၁၀၈။ စင်စစ် ငါတို့သည် အသင့်အား လောကအပေါင်းအတွက် ကရုဏာတော်အဖြစ်မှတစ်ပါး အခြားအဖြစ်ဖြင့် စေလွှတ်တော်မူသည်မဟုတ်ခေ။

قُلْ إِنَّمَا يُوحَىٰ إِلَيَّ أَنَّمَا إِلَٰهُكُمْ إِلَٰهٌ وَاحِدٌ ۖ فَهَلْ أَنتُم مُّسْلِمُونَ ﴿١٠٨﴾

၁၀၉။ အသင်ပြောကြားပါလေ၊ အသင်တို့၏ကိုးကွယ်ရာ အရှင်သည် တစ်ပါးတည်းသောအရှင်ဖြစ်တော်မူကြောင်း ကျွန်ုပ်ထံသို့ ဧကန်ပင် 'ဝဟီ'ဗျာဒိတ်ပို့ချတော်မူခဲ့ပေသည်။ သို့ဖြစ်ရာ အသင်တို့သည် အမိန့်နာခံသူများ ဖြစ်ကြပါမည်လော။

فَإِن تَوَلَّوْا فَقُلْ آذَنتُكُمْ عَلَىٰ سَوَاءٍ ۖ وَإِنْ أَدْرِي أَقَرِيبٌ أَم بَعِيدٌ مَّا تُوعَدُونَ ﴿١٠٩﴾

၁၁၀။ သို့ဖြစ်ရာ ထိုသူတို့သည် အကယ်၍ မျက်နှာလွှဲဖယ်ခဲ့ကြလျှင် အသင်ပြောကြားပါလေ။ ကျွန်ုပ်သည် အသင်တို့အားလုံးကို ပုံမှန်အသိပေးခဲ့ပြီးဖြစ်၏။ အသင်တို့အား ကတိပေးခြင်းခံရသောအရာသည် နီးကပ်စွာရှိသလော၊ သို့တည်းမဟုတ် ဝေးကွာသလောဆိုသည်ကိုမူ ကျွန်ုပ်မသိချေ။

إِنَّهُ يَعْلَمُ الْجَهْرَ مِنَ الْقَوْلِ وَيَعْلَمُ مَا تَكْتُمُونَ ﴿١١٠﴾

၁၁၁။ ဧကန်မုချ ထိုအရှင်မြတ်သည် ကျယ်လောင်သောအသံဖြင့် ပြောသောစကားကိုလည်း သိရှိတော်မူ၏။ ထို့ပြင် အသင်တို့ လျှို့ဝှက်ဖုံးကွယ်ထားသည်ကိုလည်း သိရှိတော်မူ၏။

وَإِنْ أَدْرِي لَعَلَّهُ فِتْنَةٌ لَّكُمْ وَمَتَاعٌ إِلَىٰ حِينٍ ﴿١١١﴾

၁၁၂။ ယင်းသည် အသင်တို့အဖို့ စမ်းသပ်စစ်ဆေးမှုတစ်ရပ်ဖြစ်ကောင်းဖြစ်မည်လော၊ အချိန်ကာလတစ်ရပ်အထိ ယာယီအကျိုးရယူရန်အတွက်ဖြစ်သလောဆိုသည်ကိုလည်း ကျွန်ုပ်မသိချေ။

قَالَ رَبِّ احْكُم بِالْحَقِّ ۗ وَرَبُّنَا الرَّحْمَٰنُ الْمُسْتَعَانُ عَلَىٰ مَا تَصِفُونَ ﴿١١٢﴾

၁၁၃။ သူ(တမန်တော်)က လျှောက်ထားသည်မှာ အို- ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် အရှင်မြတ်သည် ထိုက်သင့်မှန်ကန်စွာ စီရင်ဆုံးဖြတ်တော်မူပါ။ စင်စစ် ကျွန်တော်မျိုးတို့၏ ဖန်ဆင်းမွေးမြူရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူသောအရှင်ဖြစ်တော်မူပါ၏။ အရှင်မြတ်နှင့်ဆန့်ကျင်လျက် အသင်တို့ လီဆယ်ပြောဆိုသည်များနှင့်စပ်လျဉ်း၍ အရှင်မြတ်ထံတော်မှ ကူညီစောင်မတော်မူခြင်းကို တောင်းခံရမည်သာတည်း။

❖ ❖ ❖

① ဤနေရာ၌ ဆာလံကျမ်းအခန်းကြီး(၃၇)၌ ဖော်ပြထားသည့် တမန်တော်ဒါဝိတ်ﷺ၏အနာဂတ်ဟောချက်ကို ညွှန်းဆိုထားပေသည်။

၂၂။ အလ်-ဟာဂ်္

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော်ပေါင်း (၇၉)ပိုဒ်ပါရှိသည်။ ဤဆူရာဟ်၏ပထမဦးဆုံးအာယတ်တော်တွင် လူသားအားလုံးကို 'ကယာမတ်'နေ့၏မြေငလျင်များဖြင့် သတိပေးနှိုးဆော်ထားပေသည်။ အဘယ့်ကြောင့်ဆိုသော် လူသားထုတစ်ရပ်လုံးအား မဟာကရုဏာတော်ရှင်၏ကာကွယ်မှုအောက်သို့ ဝင်ရောက်လာကြရန် ဖိတ်ခေါ်သောတမန်တော်တစ်ပါး ပေါ်ထွန်းလာခဲ့သည်ကို လက်မခံခြင်း၏ရလဒ်အဖြစ် တစ်ကမ္ဘာလုံး၌ ကြီးမားသောပျက်စီးမှုများကိုဖြစ်ပေါ်စေမည့် ကြောက်မက်ဖွယ်စစ်ပွဲများ ထပ်၍တစ်ကြိမ် ပေါ်ပေါက်လာမည်ဖြစ်ရာယင်းကိုသတိပေးနှိုးဆော်ခြင်းဖြစ်ပေသည်။ နို့တိုက်မိခင်များသည် မိမိတို့၏နို့စို့အရွယ်ကလေးများအား ကာကွယ်စောင့်ရှောက်ရန်ကိုပင် မေ့လျော့သွားကြမည်ဖြစ်ပြီး ကိုယ်ဝန်ဆောင်များ၏ ကိုယ်ဝန်များသည်လည်း ပျက်ကျလိမ့်မည်ဖြစ်သော ဤမျှကြောက်မက်ဖွယ် သေကြေပျက်စီးမှုကြီး ဆိုက်ရောက်ခြင်းဖြစ်ပေမည်။ ထို့ပြင် လူတို့ကိုလည်း မူးယစ်ထုံထိုင်း၍ မေ့မြောနေသည့်အလား တွေ့မြင်ရပေလိမ့်မည်။ အမှန်သော်ကား မေ့မြောခြင်းမဟုတ်မူ၍ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျရောက်လာသည့် ပြင်းထန်သောပြစ်ဒဏ်ကြောင့် သူတို့သည် မိမိတို့၏အာရုံပျောက်ဆုံးနေခဲ့ခြင်းဖြစ်ပေသည်ဟု ဖော်ပြလာရှိပေသည်။

'ကယာမတ်'ဟုဆိုထား၍ လူမျိုးနွယ်တစ်ရပ်လုံး သေကြေပျက်စီးသွားခဲ့ပြီဆိုလျှင် မည်သို့ပြန်လည်၍ အသက်ရှင်ကြရမည်နည်းဟု အတွေးဝင်လာနိုင်ပေသည်။ မိန့်ကြားတော်မူသည်မှာ အလ္လာဟ်သည် အသင်တို့အား အစကနဦးက မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့ပြီး ထိုမှတစ်ဖန် မိခင်သားအိမ်အတွင်းပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းစေတော်မူခဲ့လေသည်။ ထိုအလ္လာဟ်သည်ပင် အသင်တို့အား ပြန်၍ရှင်ပြန်ထမြောက်စေတော်မူမည်ဖြစ်သည်။

ထို့နောက်ဆက်လက်၍ မိန့်ကြားရာ၌ လူတို့တွင် ဤသို့လည်းရှိကြပြီး ၎င်းတို့သည် ချောက်တစ်ခုခု၏အနား၌ မတ်တတ်ရပ်လျက် အလ္လာဟ်အား ဆည်းကပ်ကိုးကွယ်နေသည့်ပမာဖြစ်၏။ သူတို့အပေါ် ကောင်းမှုသက်ရောက်နေသရွေ့ သူတို့သည် စိတ်အေးချမ်းစွာရှိနေကြပြီး သူတို့အား ပြဿနာတစ်ခုခု၌ နစ်မွန်းစေသောအခါ သူတို့သည် ချောက်ထဲသို့ မှောက်လျက်လဲကျကြပေသည်။ ဤကဲ့သို့သောသူသည် လောကီနှင့် တမလွန် နှစ်ဘဝလုံးတွင် ဆုံးရှုံးနစ်နာမှု၌ ရှိပေသည်။

ထို့နောက် အနှစ်ချုပ်အားဖြင့် 'ကယာမတ်'နေ့တော်ကြီးတွင် အလ္လာဟ်အရှင်မြတ်သည် ဘာသာသာသနာပေါင်းစုံမှ နောက်လိုက်များ၏အကြားတွင် စီရင်ဆုံးဖြတ်တော်မူမည့်အကြောင်း မိန့်ကြားထားတော်မူပေသည်။

ထို့နောက် 'ဗိုင်တွလ္လာဟ်'အလ္လာဟ်၏အိမ်တော်သို့ 'ဟာဂ်္'ဝတ်ပြုရန် လာကြသူတို့အား 'ကာအ်ဘာ'ကျောင်းတော်သို့လာရောက်ခြင်းမှ ပိတ်ပင်တားဆီးခြင်းလုံးဝမပြုကြရန် အလေးအနက်ပြုအမိန့်ချပညတ်ထားတော်မူပေသည်။ ထို့နောက် တစ်ဆက်တည်းမှာပင် 'ဗိုင်တွလ္လာဟ်'အကြောင်းလာရှိပြီး တမန်တော် 'အစ်ဗရာဟင်မ်'ﷺအား အရှင်မြတ်က ငါအရှင်မြတ်၏'အိမ်တော်'ကို 'ဟာဂ်္'ဝတ်ပြုသူများနှင့် 'အိတီကဖ်'တရားထိုင်သူများအတွက် အစဉ်သဖြင့် သန့်ပြန့်စင်ကြယ်စွာထားရှိရန် အမိန့်ပေးတော်မူကြောင်းကို ဖော်ပြပေသည်။ တမန်တော် 'အစ်ဗရာဟင်မ်'ﷺအား ဤသို့အလေးအနက်ထား

ပညတ်တော်မူခြင်းမှာ တမန်တော်ကြီးကိုယ်တိုင်အတွက်မျှသာမဟုတ်မူဘဲ တမန်တော်ကြီးနှင့် တမန်တော်မြတ်[illegible]တို့၏ နောက်လိုက်နာခံသူအားလုံးအတွက် 'ကေယာမတ်'ကမ္ဘာ့နောက်ဆုံးနေ့တိုင်အောင် လိုက်နာရန်ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။

ထို့နောက် တမန်တော်မြတ်[illegible]အား လူသားထုတစ်ရပ်လုံးကို 'ဟာဂ်ျ'ဝတ်ပြုရန် ရည်ရွယ်လျက် 'ကာအ်ဘာ'ကျောင်းတော်သို့ လာရောက်စုရုံးကြရန်အတွက် ဖိတ်ခေါ်မှုတစ်ရပ်ပြုရန် မိန့်ကြားတော်မူထားပေသည်။ ထို့နောက်တွင် 'ကုရ်ဘာနီ'အစရှိသည်တို့၏အကြောင်းကိုဖော်ပြထားပြီး ယင်းတို့သည်လည်း 'ကာအ်ဘာ'ကျောင်းတော်ကဲ့သို့ပင် 'ရှအာအိရလ္လာဟ်'အလ္လာဟ်၏ အမှတ်လက္ခဏာတော်များတွင် အပါအဝင်ဖြစ်ကြောင်း၊ အကယ်၍ ယင်းတို့ကို မလေးမစားပြုခဲ့လျှင် 'ကာအ်ဘာ'ကျောင်းတော်ကို မလေးမစားပြုသကဲ့သို့ပင်ဖြစ်ကြောင်း သို့ရာတွင် 'ကာအ်ဘာ'ကျောင်းတော်အတွက်ပြုသော 'ကုရ်ဘာနီ'ဟူသမျှသည် 'တက္ကဝါ'တရားကို ဆောက်တည်ခြင်းနှင့်အတူပြုမှသာလျှင် လက်ခံတော်မူခြင်းခံရမည်ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် 'ကုရ်ဘာနီ'ပြုသော အသားသည်လည်းကောင်း၊ အသွေးသည်လည်းကောင်း အလ္လာဟ်အရှင်မြတ်ထံတော်သို့ ရောက်ရှိသည်မဟုတ်မူ၍ 'ကုရ်ဘာနီ'ပြုသူတို့၏ 'တက္ကဝါ'တရားသည်သာ ရောက်ရှိသောကြောင့်ဖြစ်ကြောင်း ဖော်ပြထားတော်မူပေသည်။

ထို့နောက်တစ်ဖန် လက်နက်စွဲကိုင် 'ဂျီဟာဒ်'ပြုခြင်းအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြဆိုထားတော်မူပေသည်။ အလ္လာဟ်သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်သည်ဟု ပြောဆိုရုံမျှဖြင့် ရန်ပြုသူတို့ဘက်မှ ဓားလက်နက်စွဲကိုင်ကာ ရန်ပြုခြင်းကိုခံကြရပြီး မိမိတို့၏နေအိမ်များမှ နှင်ထုတ်ခြင်းကိုခံကြရသူတို့အတွက် မိမိတို့ကိုယ်ကို ကာကွယ်ခုခံရန်အတွက်သာလျှင် လက်နက်စွဲကိုင် 'ဂျီဟာဒ်'ပြုခွင့်ပေးတော်မူခြင်းဖြစ်ကြောင်း ဖော်ပြထားတော်မူပေသည်။ အကယ်၍ ဤသို့ခုခံရန် အခွင့်မပြုခဲ့ပါလျှင် မွတ်စလင်တို့၏မတ်စ်ဂျီဒ်ဝတ်ကျောင်းများကိုသာ ဖျက်ဆီးခြင်းခံရမည်မဟုတ်မူဘဲ ရဟူဒီများနှင့် ခရစ်ယာန်စသည်တို့၏ ဘုရားဝတ်ပြုရာကျောင်းတော်များနှင့် တရားအားထုတ်ရာစခန်းများကိုပါ ဖျက်ဆီးပစ်ခြင်းကိုခံကြရမည်ဖြစ်ကြောင်း ဖော်ပြထားပေသည်။

ထိုသည့်နောက်တွင် လွန်လေခဲ့ပြီးသော 'နဗီ'တမန်တော်များကို မယုံကြည်ငြင်းပယ်ခဲ့ကြကုန်သော အမျိုးသားတို့အား ပြစ်ဒဏ်ခတ် ဖျက်ဆီးတော်မူခဲ့သောအကြောင်းကိုဖော်ပြတော်မူပြီး အကယ်၍ လူသားသည် ကမ္ဘာမြေပြင်၌ ခရီးလှည့်လည်၍ ထိုပြစ်ဒဏ်ခတ် ဖျက်ဆီးခြင်းကိုခံခဲ့ကြရသော အမျိုးသားတို့၏ မြုပ်နှံထားရာများကို မျက်စိဖွင့်လျက်ရှာဖွေခဲ့ပါလျှင် သူတို့သည် ယင်းတို့၏ ဆိုးရွားသောအကျိုးဆက်ကို ဧကန်ပင် သိရှိနားလည်ကြပေလိမ့်မည်ဟု မိန့်ကြားတော်မူထားပေသည်။ မျက်မှောက်ခေတ်တွင် ရှေးဟောင်းသုတေသနပညာရှင်များက ဤလုပ်ငန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး များပြားလှစွာသော လွန်လေပြီးသည့် လူမျိုးနွယ်တို့၏ရုပ်ကြွင်းများကို သုတေသနပြုခဲ့ကြပြီးဖြစ်ပေသည်။

ထို့နောက်တွင် အာယတ်တော်(၅၃)၌ တမန်တော်၏ဆန္ဒများတွင် အကယ်၍ မိမိစိတ်ဆန္ဒတစ်ခုခု ပါဝင်သွားခဲ့ပါလျှင်လည်း အလ္လာဟ်အရှင်မြတ်သည် 'ဝဟီ'လမ်းညွှန်တော်အားဖြင့် ထိုဆန္ဒကို ဖယ်ရှားပစ်တော်မူသည်ဟူ၍ မိန့်တော်မူထားပေသည်။ ဤတွင် 'ရှိုင်တန်'ဟူသည် အများနားလည်ထားသည့် အလ္လာဟ်၏ကျိန်ခြင်းကိုခံရသော 'ရှိုင်တန်'မဟုတ်မူဘဲ လူသား၏သွေးကြောများတွင် သွေးကဲ့သို့သွားလာနေသော 'ရှိုင်တန်'ကို ဆိုလိုခြင်းဖြစ်ပေသည်။ ထို့ကြောင့် တမန်တော်မြတ်[illegible]က

'အလ္လာဟ်အရှင်မြတ်သည် သူနှင့် ဆန့်ကျင်လျက် ကျွန်ုပ်အားကူညီမှီငြမ်းမတော်မူခဲ့၏။ သို့ဖြင့် သူ(ရှိုင်တန်)သည် မွတ်စလင်ဖြစ်ခဲ့ပေပြီ'ဟု မိန့်ဆိုထားခြင်းဖြစ်ပေသည်။ သို့ဖြစ်ရာ ဤအာယတ်တော်အရ- အမှန်တကယ်ပင် 'ရှိုင်တန်'တစ်ဦးဦးက 'နဗီ'တမန်တော်တို့၏ စိတ်နှလုံးတွင်ပြဿနာတစ်စုံတစ်ရာကို ပေါက်ဖွားစေသည်ဟူသော အဓိပ္ပာယ် လုံးဝမရရှိချေ။ အကြောင်းမူ အခြားတစ်နေရာ (အလ်-ရှူအ်ရာ ၂၂၂-၂၂၃)တွင် 'ရှိုင်တန်'အား တမန်တော်၏အနီးအပါးသို့ပင်ချဉ်းကပ်ရန် အခွင့်မရှိဟူ၍ ရှင်းလင်းစွာ ဖော်ပြထားတော်မူသောကြောင့်ပင်။ ရှိုင်တန်သည်ကား အလွန်တရာ လိမ်လည်လှည့်ဖြားသူများနှင့် အကျင့်ဆိုးရှိသူများထံသို့သာ ဆင်းသက်လာရောက်တတ်ပေသည်။ သို့သော် တမန်တော်များကိုမူကား ဤသို့သောပုံစံဖြင့် ဖော်ပြရန်မအပ်စပ်ပေ။

ဤဆူရာဟ်၏ နောက်ဆုံး'ရူကူ'တွင် အလ္လာဟ်နှင့်ယှဉ်ဘက်ထားကိုးကွယ်ရာ 'ရှရီက်'အဖြစ် ထိုသူတို့ လုပ်ကြံဖန်တီးထားသည်များမှာ အကယ်၍ ယင်ကောင်တစ်ကောင်သည် အရာဝတ္ထုတစ်ခုခုကို စုပ်၍ယူသွားခဲ့သည်ရှိသော် ယင်းအား ထိုယင်ကောင်၏ပါးစပ်မှ ပြန်၍ရယူနိုင်သော စွမ်းပကားမျှပင် မရှိကြောင်းကို ဖော်ပြထားတော်မူပေသည်။ ယင်ကောင်တစ်ကောင်ကောင်၏ နှုတ်ပါးစပ်အတွင်း အရာဝတ္ထုတစ်ခုခုဝင်သွားသည်နှင့် ယင်ကောင်၏တံတွေးမှသက်ရောက်မှုကြောင့်လည်းကောင်း၊ ယင်ကောင်၏ဝမ်းအတွင်းမှ ဓာတုပြောင်းလဲမှုများ၏အကျိုးဆက်များကြောင့်လည်းကောင်း၊ ထိုအရာဝတ္ထုမှာ မူလအခြေအနေတွင် အလျှင်းမရှိနိုင်တော့ချေ။

ဤဆူရာဟ်၏ နောက်ဆုံးအာယတ်တော်တွင် အလ္လာဟ်၏လမ်းတော်၌ 'ဂျီဟာဒ်'ပြုရန် နှိုးဆော်ထားပြီး ဤသည်ထက်အလျင်ကလည်း ယင်းအကြောင်းကို ရှင်းလင်းဖော်ပြခဲ့ပြီးဖြစ်သည်။ ထို့ပြင် တမန်တော်အစ်ဗရာဟင်မ်ﷺ၊ တမန်တော်မြတ်ﷺနှင့် ကိုယ်တော်မြတ်အား နာခံလိုက်နာသူတို့ကို အလ္လာဟ်အရှင်မြတ်က 'မွတ်စလင်'ဟူ၍သတ်မှတ်တော်မူခဲ့ပြီဖြစ်ကြောင်းကို ဖော်ပြထားတော်မူပေသည်။ အရှင်မြတ်၏ရွေ့တော်တွင် မည်သူသည် အကြွင်းမဲ့ ကျိုးနွံနာခံမှုပြုကြောင်းကို ထိုအရှင်မြတ်သည် အသိရှိဆုံးဖြစ်တော်မူသည်ဟူ၍လည်း မိန့်ကြားထားတော်မူပေသည်။ နောက်ဆုံးတွင် တမန်တော်မြတ် မိုဟမ္မဒ်ﷺသည် ကမ္ဘာ့လူသားအားလုံး၏တမန်တော်ဖြစ်ကြောင်းကို ထပ်မံ၍ ကြေညာထားတော်မူပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဟာဂ္ဂ်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၇၉)ပိုဒ် ရှိကူ (၁၀)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

يٰٓاَيُّهَا النَّاسُ اتَّقُوْا رَبَّكُمْ ۚ اِنَّ زَلْزَلَةَ السَّاعَةِ شَيْءٌ عَظِيْمٌ ۝

၂။ အို-လူသားအပေါင်းတို့၊ မိမိတို့ကိုဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကြောက်ရွံ့ရိုကျိုးခြင်း'တက္ကဝါ'တရားကို ဆောက်တည်ကြကုန်။ ဧကန်ပင် 'ဆာအတ်'အချိန်တော်၏ ငလျင်သည် အလွန်ကြီးကျယ်သောအရာဖြစ်ပေလိမ့်မည်။

يَوْمَ تَرَوْنَهَا تَذْهَلُ كُلُّ مُرْضِعَةٍ عَمَّآ اَرْضَعَتْ وَتَضَعُ كُلُّ ذَاتِ حَمْلٍ حَمْلَهَا وَتَرَى النَّاسَ سُكٰرٰى وَمَا هُمْ بِسُكٰرٰى وَلٰكِنَّ عَذَابَ اللّٰهِ شَدِيْدٌ ۝

၃။ ထိုနေ့တော်ကြီးတွင် အသင်တို့မြင်တွေ့ကြရမည်မှာ- နို့တိုက်သောမိခင်တိုင်းသည် မိမိနို့တိုက်လျက်ရှိသောကလေးကို မေ့လျော့၍သွားပေလိမ့်မည်။ ထို့ပြင် ကိုယ်ဝန်ဆောင်သူတိုင်းသည် မိမိတို့၏သန္ဓေသားကိုပျက်ကျစေလိမ့်မည်။ ၎င်းပြင် အသင်သည် လူတို့အားမူးယစ်နေသည်ကိုတွေ့မြင်ရပေမည်။ အမှန်သော်ကား ယင်းတို့သည် မူးယစ်နေကြသည် မဟုတ်ချေ။ သို့သော် (သူတို့ပေါ်၌)အလ္လာဟ်၏အပြစ်ဒဏ်သည်ကား လွန်စွာပြင်းထန်ပေလိမ့်မည်။

وَمِنَ النَّاسِ مَنْ يُّجَادِلُ فِى اللّٰهِ بِغَيْرِ عِلْمٍ وَّيَتَّبِعُ كُلَّ شَيْطٰنٍ مَّرِيْدٍ ۝

၄။ လူတို့အနက် ဤသို့လည်းရှိကြ၏၊ သူတို့သည် အသိပညာမရှိပါဘဲလျက် အလ္လာဟ်နှင့်စပ်လျဉ်း၍ အငြင်းအခုံပြုကြ၏၊ ထို့ပြင် ပုန်ကန်ခြားနားသော ရှိုင်တန်တိုင်း၏နောက်သို့ လိုက်ကြလေသည်။

كُتِبَ عَلَيْهِ اَنَّهٗ مَنْ تَوَلَّاهُ فَاَنَّهٗ يُضِلُّهٗ وَيَهْدِيْهِ اِلٰى عَذَابِ السَّعِيْرِ ۝

၅။ ယင်း(ရှိုင်တန်)နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားတော်မူသည်ကား အကြင်မည်သူမဆို ယင်းနှင့်အဆွေခင်ပွန်းဖွဲ့သော် ယင်းသည် ဧကန်ပင် ထိုသူ့ကိုလည်းလမ်းလွဲအောင်ပြုပေလိမ့်မည်၊ ထို့ပြင် သူ့အား မီးတောက်မီးလျှံ၏ပြစ်ဒဏ်ဆီသို့ ခေါ်ဆောင်သွားပေလိမ့်မည်။

يٰٓاَيُّهَا النَّاسُ اِنْ كُنْتُمْ فِىْ رَيْبٍ مِّنَ الْبَعْثِ فَاِنَّا خَلَقْنٰكُمْ مِّنْ تُرَابٍ ثُمَّ مِنْ نُّطْفَةٍ ثُمَّ مِنْ عَلَقَةٍ ثُمَّ مِنْ مُّضْغَةٍ مُّخَلَّقَةٍ وَّغَيْرِ مُخَلَّقَةٍ لِّنُبَيِّنَ لَكُمْ ۭ وَنُقِرُّ فِى الْاَرْحَامِ مَا نَشَآءُ اِلٰٓى اَجَلٍ مُّسَمًّى ثُمَّ نُخْرِجُكُمْ طِفْلًا ثُمَّ

၆။ အို-လူသားအပေါင်းတို့၊ အကယ်၍ အသင်တို့သည် သေပြီးနောက်တစ်ဖန် ရှင်ပြန်ထမြောက်ခြင်းနှင့်စပ်လျဉ်း၍ ယုံမှားသံသယရှိနေကြလျှင်၊ ဧကန်ပင် ငါတို့သည် အသင်တို့အား မြေဖြင့်ဖန်ဆင်းတော်မူခဲ့၏၊ ထို့နောက် ကလလရည်ကြည်ဖြင့်လည်းကောင်း၊ သွေးခဲဖြင့်လည်းကောင်း၊ အထူးဖန်ဆင်းလုပ်ဆောင်မှု သို့မဟုတ် သာမန်ဖန်ဆင်းလုပ်ဆောင်မှုဖြင့် ပြုလုပ်ထားသော အသားတုံးဖြင့်လည်းကောင်း (ဖန်ဆင်းတော်မူခဲ့၏) သို့ဖြင့် ငါတို့သည် အသင်တို့အဖို့ (ဖန်ဆင်းခြင်း၏လျှို့ဝှက်ချက်ကို) ဖွင့်လှစ်ပေးရန်ဖြစ်၏။ ထို့ပြင် ငါတို့သည်

لِتَبْلُغُوْٓا اَشُدَّكُمْ ۚ وَمِنْكُمْ مَّنْ يُّتَوَفّٰى وَمِنْكُمْ مَّنْ يُّرَدُّ اِلٰٓى اَرْذَلِ الْعُمُرِ لِكَيْلَا يَعْلَمَ مِنْۢ بَعْدِ عِلْمٍ شَيْـًٔا ۭ وَتَرَى الْاَرْضَ هَامِدَةً فَاِذَآ اَنْزَلْنَا عَلَيْهَا الْمَاۗءَ اهْتَزَّتْ وَرَبَتْ وَاَنْۢبَتَتْ مِنْ كُلِّ زَوْجٍۢ بَهِيْجٍ ۝

မိမိအလိုရှိတော်မူသည်ကို သားအိမ်များအတွင်း သတ်မှတ်ထားသောအချိန်ကာလတစ်ရပ်တိုင်အောင် တည်ရှိစေတော်မူ၏။ ထို့နောက်တစ်ဖန် အသင်တို့အား ကလေးသူငယ်အဖြစ် (မွေးဖွား)ထုတ်ဆောင်တော်မူ၏။ သို့ဖြင့် အသင်တို့သည် မိမိတို့၏ လူလားမြောက်သောအရွယ်သို့ ရောက်ရှိစေရန်ဖြစ်၏။ ထို့ပြင် အသင်တို့အနက်မှပင် ငါတို့က သေဆုံးစေတော်မူသည့်သူများလည်းရှိကြ၏။ ထို့ပြင် အသင်တို့မှပင် သတိမှတ်ဉာဏ် လက်လွတ်ဆုံးရှုံးသည့် အသက်အရွယ်တိုင်အောင် ရောက်ရှိစေသူတို့လည်းရှိကြ၏။ သို့ဖြင့် အသိပညာကိုရရှိပြီးသည့်နောက်တွင် အသိပညာလုံးလုံးလျားလျား ကင်းမဲ့သွားစေရန် ဖြစ်၏။ ထိုမှတစ်ပါး အသင်သည် ကမ္ဘာမြေကိုသွေ့ခြောက်လျက်မြင်တွေ့ခဲ့ရပြီး တစ်ဖန် ငါတို့က ယင်းအပေါ်မိုးရေကို ရွာသွန်းစေတော်မူသောအခါ ယင်းသည် (ဖွံ့ဖြိုးမှုအရ)ရှင်သန်လှုပ်ရှားလာကာ ဖူးပွင့်လာပေသည်။ ထို့ပြင် စိမ်းလန်းစိုပြေ၍ လှပတင့်တယ်သည့် အမျိုးမျိုးသောစုံတွဲများကို ပေါက်ရောက်စေတော်မူပေသည်။ ①

ذٰلِكَ بِاَنَّ اللّٰهَ هُوَ الْحَقُّ وَاَنَّهٗ يُحْيِ الْمَوْتٰى وَاَنَّهٗ عَلٰي كُلِّ شَيْءٍ قَدِيْرٌ ۝

၇။ ဤသို့ဖြစ်ရခြင်းမှာ ဧကန်မုချ အလ္လာဟ်သည်သာ မှန်ကန်တော်မူသောအရှင်ဖြစ်တော်မူပြီး ထိုအရှင်မြတ်သည်သာလျှင် သေသူများကိုရှင်စေတော်မူ၍၊ စင်စစ် ထိုအရှင်မြတ်သည် မိမိနှစ်လို့တော်မူသောအရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူသောကြောင့်တည်း။

وَّاَنَّ السَّاعَةَ اٰتِيَةٌ لَّا رَيْبَ فِيْهَا ۙ وَاَنَّ اللّٰهَ يَبْعَثُ مَنْ فِي الْقُبُوْرِ ۝

၈။ 'ကယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးသည် အမှန်ပင် ဆိုက်ရောက်လာပေမည်။ ယင်း၌ မည်သို့မျှယုံမှားသံသယဖြစ်ဖွယ်ရာ အလျှင်းမရှိချေ။ ဧကန်မုချ အလ္လာဟ်သည် 'ကဘာရ်'များအတွင်းရှိနေကြသောသူတို့အား ရှင်ပြန်ထမြောက်စေတော်မူပေအံ့။

① ဤအာယတ်တော်တွင် ဦးစွာပထမဖော်ပြထိုက်သည့်အကြောင်းမှာ လူသား၏အဆင့်ဆင့်တိုးတက်ပြောင်းလဲခြင်းအဆင့်ဟူသမျှကို ဖော်ပြထားခြင်းပင်ဖြစ်သည်။ အဘယ်မျှဆိုသော် မိခင်ဝမ်းတွင်းရှိ သန္ဓေသား၏ပြောင်းလဲဖွံ့ဖြိုးမှုများကိုလည်း အစီအစဉ်တကျဖော်ပြထားပြီး ယင်းမှာ ယခုမျက်မှောက်ခေတ် သိပ္ပံပညာရှင်များ စူးစမ်းလေ့လာတွေ့ရှိချက်နှင့် တစ်ထပ်တည်းဖြစ်နေပေသည်။ ယင်းအကြောင်းများနှင့်စပ်လျဉ်း၍ ကိုယ်တော်မြတ်ﷺသည် မိမိကိုယ်တိုင် ပင်ကိုအားဖြင့် တစ်စုံတစ်ရာမသိရှိကြောင်းကို ဤအာယတ်တော်အရ ပြတ်ပြတ်သားသား သာဓကရရှိပေသည်။ *'အာလေမူလ်ဂိုဘ်'*အကွယ်၌ရှိသောအရာများကို သိရှိတော်မူသောအရှင်မှလွဲပြီး အခြားမည်သူကမျှ ကိုယ်တော့်အား ဤသတင်းကိုပေးနိုင်မည်မဟုတ်ချေ။

တစ်ဖန်ရှေ့ဆက်ပြီး ဖော်ပြထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် ခြောက်သွေ့သောမြေပေါ်သို့ ရေကိုသွန်းလောင်းတော်မူ၍ ကမ္ဘာမြေကြီးကိုလည်း ဘဝအသက်ကို ပေးတော်မူကြောင်းဖြစ်ပေသည်။ ခြောက်သွေ့သောမြေပေါ် မိုးရွာသွန်းသောအခါ ယင်းမြေပေါ်၌ အမှန်တကယ် ဘဝအသက်၏အမှတ်လက္ခဏာများ ပေါက်ဖွားလာရကြောင်းကို သိပ္ပံပညာရှင်များက အံ့သြဖွယ်ရာဖွေတွေ့ရှိပြီးဖြစ်ပေသည်။ ဤနေရာ၌ အမှန်အားဖြင့် တမန်တော်မြတ်ﷺအပေါ် ကောင်းကင်ဆိုင်ရာ မိုးရေရွာသွန်းခဲ့ပြီး ကိုယ်တော်သည် သေနေသောမြေ (ဆိုလိုသည်မှာ နာမ်တရားသေနေသော လူမျိုးနွယ်)ကို ရှင်သန်အောင် ပြုပေးခြင်းဘက်သို့ အမှန်တကယ် ရည်ညွှန်းလိုခြင်းဖြစ်ပေသည်။

وَمِنَ النَّاسِ مَنْ يُّجَادِلُ فِي اللّٰهِ بِغَيْرِ عِلْمٍ وَّلَا هُدًى وَّلَا كِتٰبٍ مُّنِيْرٍ ۙ﴿۸﴾

၉။ ထို့ပြင် လူသားတို့အနက် ဤသို့လည်းရှိ၏။ ယင်းတို့သည် အသိပညာမရှိဘဲလျက်လည်းကောင်း လမ်းညွှန်မှုကိုမရရှိဘဲလျက်လည်းကောင်း လင်းဝင်းသောကျမ်းတစ်စောင်စောင်ကို မရရှိဘဲလျက်လည်းကောင်း အလ္လာဟ်နှင့် စပ်လျဉ်း၍ အငြင်းအခုံပြုကြ၏။

ثَانِيَ عِطْفِهٖ لِيُضِلَّ عَنْ سَبِيْلِ اللّٰهِ ؕ لَهٗ فِي الدُّنْيَا خِزْيٌ وَّنُذِيْقُهٗ يَوْمَ الْقِيٰمَةِ عَذَابَ الْحَرِيْقِ ﴿۹﴾

၁၀။ (သူတို့သည်မာန်မာနဖြင့်) တစ်စောင်းလှည့်လျက်(အငြင်းအခုံပြုကြ၏။) သို့ဖြင့် (လူတို့အား) အလ္လာဟ်၏လမ်းတော်မှ လွဲချော်စေခြင်းအလို့ငှာဖြစ်၏။ သူအဖို့ လောကဌ္ဌဂုဏ်ကျက်သရေယုတ်လျော့ခြင်းရှိမည်ဖြစ်ပြီး၊ 'ကေယာမတ်' နေ့တော်ကြီးတွင်လည်း ငါတို့သည် သူ့အား(ငရဲ)မီး၏အပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူပေအံ့။

ذٰلِكَ بِمَا قَدَّمَتْ يَدٰكَ وَاَنَّ اللّٰهَ لَيْسَ بِظَلَّامٍ لِّلْعَبِيْدِ ﴿۱۰﴾

၁၀။ ဤသို့ဖြစ်ရခြင်းမှာ အသင်၏လက်နှစ်ဖက်လုံးကတို့ တင်ပို့ထားသည်များကြောင့်ဖြစ်၏။ ဧကန်ပင် အလ္လာဟ်သည် မိမိ၏အစေတော်များအား စိုးစဉ်းမျှ မတရားပြုတော်မူသည့် အရှင်မဟုတ်ချေ။

ရုကူး - ၂

وَمِنَ النَّاسِ مَنْ يَّعْبُدُ اللّٰهَ عَلٰى حَرْفٍ ۚ فَاِنْ اَصَابَهٗ خَيْرُ ۨ اطْمَاَنَّ بِهٖ ۚ وَاِنْ اَصَابَتْهُ فِتْنَةُ ۨ انْقَلَبَ عَلٰى وَجْهِهٖ ۚ خَسِرَ الدُّنْيَا وَالْاٰخِرَةَ ؕ ذٰلِكَ هُوَ الْخُسْرَانُ الْمُبِيْنُ ﴿۱۱﴾

၁၂။ ထို့ပြင် လူတို့အနက် ဤသို့လည်းရှိကြ၏။ သူတို့သည် အလ္လာဟ်အားအပေါ်ယံအားဖြင့်သာ ခဝပ်ကိုးကွယ်ကြ၏။ သို့ဖြစ်ရာ အကယ်၍ သူ့အားကောင်းကျိုးတစ်စုံတစ်ရာသက်ရောက်ခဲ့လျှင် သူသည် နှစ်သိမ့်ကျေနပ်သွားလေသည်။ သို့ရာတွင် အကယ်၍ ထိုသူအား စမ်းသပ်မှုဒုက္ခတစ်စုံတစ်ရာသက်ရောက်ခဲ့လျှင် သူသည် မျက်နှာလွှဲဖယ်လိုက်လေသည်။ ထိုသူသည် လောကီကိုလည်းကောင်း တမလွန်ကိုလည်းကောင်း ဆုံးရှုံးခဲ့လေပြီ။ ဤသည် အလွန်ပေါ်လွင်ထင်ရှားလှသော ဆုံးရှုံးမှုပင်ဖြစ်၏။

يَدْعُوْا مِنْ دُوْنِ اللّٰهِ مَا لَا يَضُرُّهٗ وَمَا لَا يَنْفَعُهٗ ؕ ذٰلِكَ هُوَ الضَّلٰلُ الْبَعِيْدُ ﴿۱۲﴾

၁၃။ ထိုသူသည် အလ္လာဟ်မှလွဲ၍ သူ့အားဆုံးရှုံးခြင်းသော်လည်းကောင်း အကျိုးကျေးဇူးသော်လည်းကောင်း မသက်ရောက်စေနိုင်သည့်အရာကို ဟစ်ခေါ်တမ်းတပေသည်။ ဤသည်ပင်လျှင် အဆုံးစွန်သောလမ်းလွဲမှုဖြစ်၏။

يَدْعُوْا لَمَنْ ضَرُّهٗۤ اَقْرَبُ مِنْ نَّفْعِهٖ ؕ لَبِئْسَ الْمَوْلٰى وَلَبِئْسَ الْعَشِيْرُ ﴿۱۳﴾

၁၄။ သူသည် သူ့အားအကျိုးကျေးဇူးသက်ရောက်စေခြင်းထက် ဆုံးရှုံးမှုသက်ရောက်စေရန် ပိုမိုနီးစပ်သည့်အရာကို ဟစ်ခေါ်တမ်းတပေသည်။ အဘယ်မျှဆိုးရွားသော ကြီးကြပ်စောင့်ထိန်းသူနှင့် အဘယ်မျှဆိုးရွားသော အပေါင်းအဖော်ဖြစ်ဘိသနည်း။

اِنَّ اللّٰهَ يُدْخِلُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا

၁၅။ ဧကန်မုချ အလ္လာဟ်သည် သက်ဝင်ယုံကြည်ကြလျက်ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်

الصّٰلِحٰتِ جَنّٰتٍ تَجْرِیْ مِنْ تَحْتِهَا الْاَنْهٰرُ ؕ اِنَّ اللّٰهَ یَفْعَلُ مَا یُرِیْدُ ﴿۱۴﴾

ကြသူတို့အား အခြေတွင် စမ်းချောင်းအသွယ်သွယ် စီးဆင်းလျက်ရှိသော 'ဂျန္နတ်'ဥယျာဉ်တော်များအတွင်းသို့ ဝင်ရောက်စေတော်မူပေအံ့၊ ဧကန်စင်စစ် အလ္လာဟ်သည် အလိုရှိရာကို ပြုလုပ်တော်မူ၏။

مَنْ كَانَ یَظُنُّ اَنْ لَّنْ یَّنْصُرَهُ اللّٰهُ فِی الدُّنْیَا وَالْاٰخِرَةِ فَلْیَمْدُدْ بِسَبَبٍ اِلَی السَّمَآءِ ثُمَّ لْیَقْطَعْ فَلْیَنْظُرْ هَلْ یُذْهِبَنَّ كَیْدُهٗ مَا یَغِیْظُ ﴿۱۵﴾

၁၆။ အကြင်သူက အလ္လာဟ်သည် ဤ(တမန်တော်)အား လောကီနှင့် တမလွန်တို့တွင် ကူညီစောင်မတော်မူမည်မဟုတ်ဟု တွေးမြင်ယူဆလျှင် ထိုသူသည် ကောင်းကင်ဘက်သို့ လမ်းကိုပြုလုပ်ပြီးနောက် (အရှင်မြတ်၏ ကူညီစောင်မတော်မူခြင်းကို) ဖြတ်တောက်ပါလေ။ ထို့နောက်(သူ့အား)ဒေါသထွက်စေသည့်အရာသည် သူ၏ကြံစည်မှုကြောင့် ကင်းဝေးစေနိုင်ပါသလောဆိုသည်ကို ကြည့်ရှုပါလေ။

وَكَذٰلِكَ اَنْزَلْنٰهُ اٰیٰتٍۭ بَیِّنٰتٍ ۙ وَّاَنَّ اللّٰهَ یَهْدِیْ مَنْ یُّرِیْدُ ﴿۱۶﴾

၁၇။ ထို့ပြင် ဤကဲ့သို့ပင်၊ ငါတို့သည် ယင်းကိုလင်းဝင်းထင်ရှားသော 'အာယတ်'မုဟ္မဒ်တော်များအဖြစ် ပို့ချတော်မူ၏၊ (အမှန်သော်ကား) အလ္လာဟ်သည် (လမ်းမှန်ကို) လိုလားသူအား လမ်းညွှန်တော်မူ၏။

اِنَّ الَّذِیْنَ اٰمَنُوْا وَالَّذِیْنَ هَادُوْا وَالصّٰبِـُٔوْنَ وَالنَّصٰرٰی وَالْمَجُوْسَ وَالَّذِیْنَ اَشْرَكُوْۤا ۖ اِنَّ اللّٰهَ یَفْصِلُ بَیْنَهُمْ یَوْمَ الْقِیٰمَةِ ؕ اِنَّ اللّٰهَ عَلٰی كُلِّ شَیْءٍ شَهِیْدٌ ﴿۱۷﴾

၁၈။ မုချကေန် 'အီမာန်' သက်ဝင်ယုံကြည်ကြသူများ၊ ထို့ပြင် ရဟူဒီများ၊ 'ဆာဘေအီန်'များ၊ 'ခရစ်ယာန်'များ၊ 'မဂျူစီ'များနှင့် 'ရှရီက်' ယှဉ်တွဲကိုးကွယ်မှုပြုသူများ၊ အမှန်ပင် အလ္လာဟ်သည် သူတို့၏အကြား 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် စီရင်ဆုံးဖြတ်တော်မူပေအံ့၊ ဧကန်စင်စစ် အလ္လာဟ်သည် အရာရာတိုင်းအပေါ် သက်သေဖြစ်တော်မူ၏။

اَلَمْ تَرَ اَنَّ اللّٰهَ یَسْجُدُ لَهٗ مَنْ فِی السَّمٰوٰتِ وَمَنْ فِی الْاَرْضِ وَالشَّمْسُ وَالْقَمَرُ وَالنُّجُوْمُ وَالْجِبَالُ وَالشَّجَرُ وَالدَّوَآبُّ وَكَثِیْرٌ مِّنَ النَّاسِ ؕ وَكَثِیْرٌ حَقَّ عَلَیْهِ الْعَذَابُ ؕ وَمَنْ یُّهِنِ اللّٰهُ فَمَا لَهٗ مِنْ مُّكْرِمٍ ؕ اِنَّ اللّٰهَ یَفْعَلُ مَا یَشَآءُ ﴿۱۸﴾ ۧ

၁၉။ အသင်သည် မတွေ့မမြင်လေသလော။ မိုးကောင်းကင်များတွင် ရှိနေသည်တို့သည်လည်းကောင်း ကမ္ဘာမြေတွင် ရှိနေသည်တို့သည်လည်းကောင်း 'နေ'နှင့်'လ'တို့သည်လည်းကောင်း ကြယ်နက္ခတ်များသည်လည်းကောင်း၊ တောင်များနှင့် သစ်ပင်များသည်လည်းကောင်း၊ သွားလာလှုပ်ရှားလျက်ရှိသော သက်ရှိတို့နှင့် များစွာသောလူသားတို့သည်လည်းကောင်း အလ္လာဟ်အားသာလျှင် နာခံ'စဂ်ဒါဟ်'ပြုကြကုန်၏။ အမှန်သော်ကား မြောက်မြားစွာတို့အပေါ် အရှင်မြတ်၏ ပြစ်ဒဏ်သည် မလွဲမသွေသတ်မှတ်ခဲ့ပြီးဖြစ်၏။ စင်စစ် အကြင်သူအား အလ္လာဟ်က ဂုဏ်သရေယုတ်လျော့စေတော်မူလျှင် ထိုသူအား ဂုဏ်သိက္ခာပေးမည့်သူ မည်သူမျှမရှိချေ၊ ဧကန်ပင် အလ္လာဟ်သည် အလိုရှိတော်မူသည်ကိုပြုလုပ်တော်မူ၏။

هٰذٰنِ خَصْمٰنِ اخْتَصَمُوْا فِیْ رَبِّهِمْ ۫ فَالَّذِیْنَ كَفَرُوْا قُطِّعَتْ لَهُمْ ثِیَابٌ مِّنْ

၂၀။ ဤသည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်နှင့်စပ်လျဉ်း၍ အငြင်းအခုံပြုကြသော အငြင်းပွားသူနှစ်ဦးဖြစ်

نَّارٍ يُصَبُّ مِنْ فَوْقِ رُءُوْسِهِمُ
الْحَمِيْمُ ۝

၏။ သို့ဖြစ်ရာ မယုံကြည်ခြင်းပယ်သောသူတို့အတွက် မီးဖြင့်ပြီးသော အဝတ်အထည်များကို ဖြတ်ညှပ်ပေလိမ့်မည်၊ ထို့ပြင် ယင်းတို့၏ ဦးခေါင်းများထက်မှ အလွန်ပူသောရေကို လောင်းချခြင်းခံရပေလိမ့်မည်။

يُصْهَرُ بِهٖ مَا فِيْ بُطُوْنِهِمْ وَالْجُلُوْدُ ۝

၂၁။ ယင်းကြောင့် သူတို့၏ ဝမ်းဗိုက်များအတွင်းရှိသမျှတို့သည်လည်းကောင်း အရေပြားများသည်လည်းကောင်း အရည်ပျော်သွားပေလိမ့်မည်။

وَلَهُمْ مَّقَامِعُ مِنْ حَدِيْدٍ ۝
كُلَّمَآ اَرَادُوْٓا اَنْ يَّخْرُجُوْا مِنْهَا مِنْ
غَمٍّ اُعِيْدُوْا فِيْهَا ۗ وَذُوْقُوْا عَذَابَ
الْحَرِيْقِ ۝

၂၂။ ထို့ပြင် သူတို့အဖို့ 'သံ'တင်းပုတ်များရှိလိမ့်မည်။

၂၃။ ထိုသူတို့သည် ပြင်းထန်သောဝမ်းနည်းပူဆွေးမှုကြောင့် မည်သည့်အခါတွင်မဆို ယင်းမှထွက်ခွာရန် ရည်ရွယ်ကြလေတိုင်း သူတို့သည် ယင်းအတွင်းသို့ပင် ပြန်လှည့်ခြင်းခံကြရပေအံ့၊ ထို့ပြင် အသင်တို့သည် မီး၏ပြစ်ဒဏ်ကို မြည်းစမ်းကြကုန်(ဟု ပြောကြားခြင်းခံရလိမ့်မည်တည်း။)

ရုကူး-၃

اِنَّ اللّٰهَ يُدْخِلُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا
الصّٰلِحٰتِ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا
الْاَنْهٰرُ يُحَلَّوْنَ فِيْهَا مِنْ اَسَاوِرَ مِنْ
ذَهَبٍ وَّلُؤْلُؤًا ۭ وَلِبَاسُهُمْ فِيْهَا حَرِيْرٌ ۝

၂၄။ ဧကန်မုချ အလ္လာဟ်သည် သက်ဝင်ယုံကြည်၍ ကောင်းမှုကျင့်ကြံအားထုတ်သူတို့အား အခြေတွင် စမ်းချောင်းအသွယ်သွယ်စီးဆင်းလျက်ရှိသော 'ဂျန္နတ်' ဥယျာဉ်တော်များသို့ ဝင်ရောက်စေတော်မူမည်။ ယင်း၌ သူတို့သည် ရွှေလက်ကောက်များနှင့် ပုလဲရတနာများကို ဆင်မြန်းပေးခြင်းခံကြရပေအံ့၊ ထို့ပြင် ယင်း၌ သူတို့၏အဝတ်အထည်မှာ ပိုးထည်ဖြစ်လိမ့်မည်။

وَهُدُوْٓا اِلَى الطَّيِّبِ مِنَ الْقَوْلِ ۚ
وَهُدُوْٓا اِلٰى صِرَاطِ الْحَمِيْدِ ۝

၂၅။ ၎င်းပြင် သူတို့သည် သန့်ရှင်းသောစကားဘက်သို့ လမ်းညွှန်တော်မူခြင်းကို ခံကြရပေမည်။ ထို့ပြင် သူတို့သည် ချီးမွမ်းထောမနာခြင်းခံထိုက်တော်မူသောအရှင်(အလ္လာဟ်)၏ လမ်းတော်ဘက်သို့ လမ်းညွှန်ခြင်းကိုခံကြရပေအံ့။

اِنَّ الَّذِيْنَ كَفَرُوْا وَيَصُدُّوْنَ عَنْ سَبِيْلِ
اللّٰهِ وَالْمَسْجِدِ الْحَرَامِ الَّذِيْ جَعَلْنٰهُ
لِلنَّاسِ سَوَآءَ ۨ الْعَاكِفُ فِيْهِ وَالْبَادِ ۭ
وَمَنْ يُّرِدْ فِيْهِ بِاِلْحَادٍۢ بِظُلْمٍ نُّذِقْهُ
مِنْ عَذَابٍ اَلِيْمٍ ۝

၂၆။ မုချဧကန် မယုံကြည်ခြင်းပယ်ကြသောသူတို့သည် အလ္လာဟ်၏လမ်းတော်မှလည်းကောင်း ငါတို့က(အလ္လာဟ်အတွက်) တရားထိုင်နေသူများဖြစ်စေ၊ ကျေးတောသားများဖြစ်စေ လူသား(အားလုံး)၏အကျိုးအတွက် အညီအမျှပြုလုပ်ထားတော်မူသော ယင်း'မာစ်ဂျိဒေဟရာမ်' မြင့်မြတ်သောကျောင်းတော်မှလည်းကောင်းတားမြစ်ပိတ်ပင်ကြ၏။ အကြင်မည်သူမဆို ယင်း၌မတရားသောနည်းလမ်းဖြင့် ကွေ့ကောက်မှုကို ပေါ်ပေါက်အောင်ကြိုးပမ်းလေသော် ငါတို့သည် ထိုသူ့အား နာကျင်ဖွယ်သောပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူမည်တည်း။

ရုကူး-၄

وَ اِذْ بَوَّاْنَا لِاِبْرٰهِيْمَ مَكَانَ الْبَيْتِ اَنْ لَّا تُشْرِكْ بِيْ شَيْـًٔا وَّ طَهِّرْ بَيْتِيَ لِلطَّآئِفِيْنَ وَ الْقَآئِمِيْنَ وَ الرُّكَّعِ السُّجُوْدِ ﴿۲۶﴾

၂၆။ ထို့ပြင် အကြင်အခါဝယ် ငါတို့သည် 'အစ်ဗရာဟင်မ်' အဖို့ 'ကာ'အ်ဘာ'ကျောင်းတော်၏နေရာကို ပြုလုပ်တော်မူပြီး (ဤသို့မိန့်ကြားတော်မူ၏) မည်သည့်အရာကိုမျှ ငါအရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ခြင်းမပြုလင့်၊ ထို့ပြင် ငါ၏အိမ်တော်ကို 'တဝါဖ်'လှည့်သူများ၊ 'ကယာမ်'ရပ်သူများ၊ 'ရကူ'ဦးညွှတ်သူများနှင့် 'စဂ်ဒါဟ်' ဦးချသူများအတွက် သန့်ရှင်းစင်ကြယ်စွာထားလော့။

وَ اَذِّنْ فِي النَّاسِ بِالْحَجِّ يَاْتُوْكَ رِجَالًا وَّ عَلٰى كُلِّ ضَامِرٍ يَّاْتِيْنَ مِنْ كُلِّ فَجٍّ عَمِيْقٍ ﴿۲۷﴾

၂၇။ ထို့ပြင် လူအပေါင်းတို့အား 'ဟာဂ်'ဝတ်ပြုရန်ကြေညာပါလော၊ ၎င်းတို့သည် အသင့်ထံသို့ ခြေလျင်လျှောက်၍လည်းကောင်း ခရီးရှည်ကိုဖြတ်သန်းလျက် ပင်ပန်းနွမ်းနယ်သောကြောင့် ပိန်ချုံးနေသောအစီးအနင်းများဖြင့်လည်းကောင်း လာရောက်ကြပေမည်၊ ယင်း(အစီးအနင်းများနှင့် အရာဝတ္ထုများ)သည် အလုံးစုံသော နက်ရှိုင်း၍ဝေးကွာသော လမ်းများမှ လာရောက်ကြပေလိမ့်မည်။

لِّيَشْهَدُوْا مَنَافِعَ لَهُمْ وَ يَذْكُرُوا اسْمَ اللّٰهِ فِيْۤ اَيَّامٍ مَّعْلُوْمٰتٍ عَلٰى مَا رَزَقَهُمْ مِّنْۢ بَهِيْمَةِ الْاَنْعَامِ ۚ فَكُلُوْا مِنْهَا وَ اَطْعِمُوا الْبَآئِسَ الْفَقِيْرَ ﴿۲۸﴾

၂၈။ သို့ဖြင့် သူတို့သည် ထိုနေရာ၌ မိမိတို့အဖို့ အကျိုးကျေးဇူးများကို မြင်တွေ့နိုင်ကြရန်ဖြစ်၏။ အရှင်မြတ်က ကျွန်းတိရစ္ဆာန်များဖြင့် သူတို့အား 'ရီဇ်က်' ရိက္ခာပေးသနားတော်မူလျက် (ကျေးဇူးပြုခြင်း)အတွက် သတ်မှတ်ထားသောနေ့ရက်အချို့တွင် အလ္လာဟ်၏နာမတော်အား သတိရတသခြင်းကို (မြွှင့်တင်ရန်)ဖြစ်၏။ သို့ဖြစ်ရာ ၎င်းတို့မှ (မိမိတို့ကိုယ်တိုင်လည်း) စားသုံးကြကုန်၊ ထို့ပြင် လိုအပ်ချက်ရှိသော သူဆင်းရဲတို့အားလည်း ကျွေးမွေးကြကုန်။

ثُمَّ لْيَقْضُوْا تَفَثَهُمْ وَ لْيُوْفُوْا نُذُوْرَهُمْ وَ لْيَطَّوَّفُوْا بِالْبَيْتِ الْعَتِيْقِ ﴿۲۹﴾

၂၉။ ထို့နောက် သူတို့သည် မိမိတို့(မကောင်းမှုများ)၏ အညစ်အကြေးကို ကင်းဝေးအောင်ပြုရမည်။ မိမိတို့၏အဓိဋ္ဌာန်ကို ဖြည့်ဆည်းကြရမည်။ ထို့ပြင် ဤရှေးဟောင်းအိမ်တော်ကို 'တဝါဖ်'လှည့်ပတ်ကြရမည်ဖြစ်၏။

ذٰلِكَ ۚ وَ مَنْ يُّعَظِّمْ حُرُمٰتِ اللّٰهِ فَهُوَ خَيْرٌ لَّهٗ عِنْدَ رَبِّهٖ ؕ وَ اُحِلَّتْ لَكُمُ الْاَنْعَامُ اِلَّا مَا يُتْلٰى عَلَيْكُمْ فَاجْتَنِبُوا الرِّجْسَ مِنَ الْاَوْثَانِ وَ اجْتَنِبُوْا قَوْلَ الزُّوْرِ ﴿۳۰﴾

၃၀။ ဤသည်(ကို ငါတို့က အမိန့်ပေးပညတ်တော်မူ၏) စင်စစ် အကြင်မည်သူမဆို အလ္လာဟ်၏အမှတ်လက္ခဏာတော်များကို အလေးအမြတ်ထားလျှင် ဤသည် ထိုသူအဖို့ သူအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်တွင် ပိုမိုကောင်းမြတ်၏။ ထို့ပြင် အသင်တို့အား ဖော်ပြထားသည်များမှတစ်ပါး ကျွေးနွားတိရစ္ဆာန်များကို အသင်တို့အဖို့ 'ဟလာလ်' စားသုံးခွင့်ပြုတော်မူ၏၊ သို့ဖြစ်ရာ ရုပ်တုများ၏ အညစ်အကြေးများမှ ရှောင်ကြဉ်ကြကုန်၊ ထို့ပြင် မုသားပြောဆိုခြင်းမှ ရှောင်ရှားကြကုန်။

حُنَفَآءَ لِلّٰهِ غَيْرَ مُشْرِكِيْنَ بِهٖ ؕ وَمَنْ يُّشْرِكْ بِاللّٰهِ فَكَاَنَّمَا خَرَّ مِنَ السَّمَآءِ فَتَخْطَفُهُ الطَّيْرُ اَوْ تَهْوِيْ بِهِ الرِّيْحُ فِيْ مَكَانٍ سَحِيْقٍ ۝

၃၁။ အစဉ်သဖြင့် အလ္လာဟ်ဘက်သို့ယိမ်းညွတ်နေကြလျက် ထိုအရှင်မြတ်နှင့် 'ရှရီက်' ယှဉ်တွဲကိုးကွယ်မှု မပြုကြကုန်လင့်၊ အကြင်မည်သူမဆို အလ္လာဟ်နှင့် 'ရှရီက်'ပြုပါလျှင် ထိုသူသည် ကောင်းကင်မှကျသွားသကဲ့သို့ဖြစ်၏၊ သို့ဖြင့် ယင်းအား ကျေး ငှက်တိရစ္ဆာန်များက ထိုးသုတ်လိမ့်မည်၊ သို့တည်းမဟုတ် လေသည် သူ့အား ဝေးလံသောနေရာတစ်ခုခုသို့ သယ်ဆောင် စွန့်ပစ်လိမ့်မည်။

ذٰلِكَ ؕ وَمَنْ يُّعَظِّمْ شَعَآئِرَ اللّٰهِ فَاِنَّهَا مِنْ تَقْوَى الْقُلُوْبِ ۝

၃၃။ ဤသည် (အရေးပါသောအကြောင်းဖြစ်၏) အကြင် မည်သူမဆို အလ္လာဟ်၏အမှတ်လက္ခဏာအထိမ်းအမှတ် တော်များကို အလေးအမြတ်ထားပါလျှင် ဧကန်မုချ ဤ အကြောင်းရပ်သည် နှလုံးသားများ၌ 'တက္ကဝါ' ဖြူစင်ဖြောင့် မတ်ခြင်းတရားရှိခြင်း၏ အမှတ်လက္ခဏာဖြစ်၏။

لَكُمْ فِيْهَا مَنَافِعُ اِلٰٓى اَجَلٍ مُّسَمًّى ثُمَّ مَحِلُّهَآ اِلَى الْبَيْتِ الْعَتِيْقِ ۝

၃၄။ အသင်တို့အဖို့ ယင်း(ကုရ်ဗာနီပြုသောကျွဲနွားတိရစ္ဆာန် များ)တွင် သတ်မှတ်ထားသော အချိန်ကာလတစ်ရပ်အထိ အကျိုးကျေးဇူးရှိ၏။ ထို့နောက် ယင်းတို့ကို ရှေးဟောင်းအိမ် တော်သို့ ပို့ဆောင်ကြရမည်တည်း။

ရုကူး-၅

وَلِكُلِّ اُمَّةٍ جَعَلْنَا مَنْسَكًا لِّيَذْكُرُوا اسْمَ اللّٰهِ عَلٰى مَا رَزَقَهُمْ مِّنْۢ بَهِيْمَةِ الْاَنْعَامِ ؕ فَاِلٰهُكُمْ اِلٰهٌ وَّاحِدٌ فَلَهٗٓ اَسْلِمُوْا ؕ وَبَشِّرِ الْمُخْبِتِيْنَ ۝

၃၅။ ဧကန်ပင် ငါတို့သည် 'အွမ္မတ်' အုပ်စုတိုင်းအတွက် 'ကုရ်ဗာနီ'၏နည်းလမ်းများကို သတ်မှတ်ထားတော်မူ၏။ သို့ ဖြင့် အရှင်မြတ်က သူတို့အား 'ရိဇ်က်'ရိက္ခာအဖြစ်ပေးသနား တော်မူသောကျွဲနွားတိရစ္ဆာန်များအပေါ် သူတို့သည် အလ္လာဟ် ၏နာမတော်ကို ရွတ်ဖတ်ကြရန်ဖြစ်၏၊ သို့ဖြစ်သောကြောင့် အသင်တို့၏ကိုးကွယ်ရာအရှင်သည် တစ်ပါးတည်းသော ကိုး ကွယ်ရာအရှင် ဖြစ်တော်မူ၏၊ သို့ဖြစ်၍ အရှင်မြတ်အတွက် ကျိုးနွံနာခံသူများဖြစ်ကြလေကုန်။ ထို့ပြင် နှိမ့်ချကျိုးနွံသူများ အား သတင်းကောင်းပေးလိုက်ပါလေ။

الَّذِيْنَ اِذَا ذُكِرَ اللّٰهُ وَجِلَتْ قُلُوْبُهُمْ وَالصّٰبِرِيْنَ عَلٰى مَآ اَصَابَهُمْ وَالْمُقِيْمِى الصَّلٰوةِ ۙ وَمِمَّا رَزَقْنٰهُمْ يُنْفِقُوْنَ ۝

၃၆။ ထိုသူတို့အား အလ္လာဟ်၏အကြောင်းကို ဖော်ပြပြောဆို သောအခါ သူတို့၏စိတ်နှလုံးများသည် ကြောက်ရွံ့တုန်လှုပ်၍ သွားကြကုန်၏။ ထို့ပြင် (သူတို့သည်) သူတို့အပေါ်သက် ရောက်သော ဒုက္ခအခက်အခဲများကို သည်းခံသူများဖြစ်ကြ၏၊ 'ဆွလာတ်'ဝတ်ပြုမှုကိုလည်း တည်ဆောက်သူများဖြစ်ကြ၏။ ထို့ပြင် ငါတို့က သူတို့အား ပေးသနားတော်မူထားသည်များမှ စွန့်ကြဲသုံးစွဲကြ၏။

وَالْبُدْنَ جَعَلْنٰهَا لَكُمْ مِّنْ شَعَآئِرِ اللّٰهِ لَكُمْ فِيْهَا خَيْرٌ ۖ فَاذْكُرُوا اسْمَ اللّٰهِ

၃၇။ စင်စစ် ငါတို့က အသင်တို့အဖို့ အလ္လာဟ်၏အထိမ်း အမှတ်တော်များတွင် ပါဝင်စေတော်မူသော ကုရ်ဗာနီပြုရာ ကုလားအုတ်တွင် အသင်တို့အတွက် ကောင်းမြတ်ခြင်းသည်

عَلَيْهَا صَوَآفَّ ۚ فَاِذَا وَجَبَتْ جُنُوْبُهَا
فَكُلُوْا مِنْهَا وَاَطْعِمُوا الْقَانِعَ وَالْمُعْتَرَّ ۗ
كَذٰلِكَ سَخَّرْنٰهَا لَكُمْ لَعَلَّكُمْ
تَشْكُرُوْنَ ۝

ရှိ၏၊ သို့ဖြစ်ရာ ယင်းတို့အား စီတန်းရပ်စေလျက် ယင်းတို့အပေါ် အလ္လာဟ်၏နာမတော်ကိုရွတ်ဖတ်ပါလေ၊ သို့ဖြင့် (လှီးဖြတ်ပြီးနောက်) ယင်းတို့၏နံဘေးသည် မြေသို့ကျသွားသောအခါ ယင်းတို့မှစားသုံးကြကုန်။ ထို့ပြင် ရောင့်ရဲမှုရှိသူတို့ကိုလည်းကောင်း တောင်းခံသူတို့ကိုလည်းကောင်း ကျွေးမွေးကြကုန်၊ ဤကဲ့သို့ပင် ငါတို့သည် အသင်တို့ ကျေးဇူးသိတတ်သူများဖြစ်ကြစိမ့်သောငှာ ယင်းတို့ကို အသင်တို့အား အလုပ်အကျွေးပြုစေတော်မူ၏။

لَنْ يَّنَالَ اللّٰهَ لُحُوْمُهَا وَلَا دِمَآؤُهَا
وَلٰكِنْ يَّنَالُهُ التَّقْوٰى مِنْكُمْ ۗ كَذٰلِكَ
سَخَّرَهَا لَكُمْ لِتُكَبِّرُوا اللّٰهَ عَلٰى مَا
هَدٰىكُمْ ۗ وَبَشِّرِ الْمُحْسِنِيْنَ ۝

၃၇။ ယင်းတို့၏အသားသည်လည်းကောင်း၊ အသွေးသည်လည်းကောင်း အလ္လာဟ်၏ထံတော်သို့အလျှင်းမရောက်ရှိချေ။ အသင်တို့၏ 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားသည်သာ အရှင်မြတ်ထံတော်သို့ရောက်ရှိပေမည်။ ဤကဲ့သို့ပင် အရှင်မြတ်သည် အသင်တို့အဖို့ ယင်းတို့အား အလုပ်အကျွေးပြုစေတော်မူ၏၊ သို့ဖြင့် အသင်တို့သည် အရှင်မြတ်က အသင်တို့ကို လမ်းညွှန်တော်မူခဲ့ခြင်းကြောင့် အလ္လာဟ်၏ကြီးကျယ်မြင့်မြတ်တော်မူခြင်းကို ဖွင့်ဟရင့်ကျူးနိုင်ကြစိမ့်သောငှာဖြစ်၏။ ထို့ပြင် ကောင်းမှုပြုသူတို့အား သတင်းကောင်းပေးလိုက်ပါလေ။

اِنَّ اللّٰهَ يُدٰفِعُ عَنِ الَّذِيْنَ اٰمَنُوْا ۗ اِنَّ اللّٰهَ
لَا يُحِبُّ كُلَّ خَوَّانٍ كَفُوْرٍ ۝ ۞

၃၉။ ဧကန်စင်စစ် အလ္လာဟ်သည် သက်ဝင်ယုံကြည်သူတို့အား ကာကွယ်ပေးတော်မူ၏။ မုချဧကန် အလ္လာဟ်သည် အလွဲသုံးစားပြုသူနှင့် ကျေးဇူးကန်းသူ မည်သူ့ကိုမျှ ချစ်ခင်နှစ်သက်တော်မမူချေ။

ရုကူ-၆

اُذِنَ لِلَّذِيْنَ يُقٰتَلُوْنَ بِاَنَّهُمْ ظُلِمُوْا ۗ
وَاِنَّ اللّٰهَ عَلٰى نَصْرِهِمْ لَقَدِيْرُ ۝

၄၀။ တိုက်ခိုက်ခြင်းကိုခံနေရသောသူတို့အား (ပြန်လည်တိုက်ခိုက်ရန်) ခွင့်ပြုတော်မူ၏၊ အကြောင်းမူကား သူတို့သည် မတရားပြုနှိပ်စက်ညှဉ်းပန်းခြင်းကိုခံခဲ့ရသောကြောင့်ဖြစ်၏၊ ဧကန်ပင် အလ္လာဟ်သည် သူတို့အား ကူညီစောင်မတော်မူရန် အပြည့်အဝ စွမ်းအားရှိတော်မူ၏။

اَلَّذِيْنَ اُخْرِجُوْا مِنْ دِيَارِهِمْ بِغَيْرِ حَقٍّ
اِلَّآ اَنْ يَّقُوْلُوْا رَبُّنَا اللّٰهُ ۗ وَلَوْلَا دَفْعُ اللّٰهِ
النَّاسَ بَعْضَهُمْ بِبَعْضٍ لَّهُدِّمَتْ
صَوَامِعُ وَبِيَعٌ وَّصَلَوٰتٌ وَّمَسٰجِدُ
يُذْكَرُ فِيْهَا اسْمُ اللّٰهِ كَثِيْرًا ۗ وَلَيَنْصُرَنَّ
اللّٰهُ مَنْ يَّنْصُرُهٗ ۗ اِنَّ اللّٰهَ لَقَوِيٌّ عَزِيْزٌ ۝

၄၀။ ထိုသူတို့သည်ကား အလ္လာဟ်သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်တော်မူ၏ဟု ပြောဆိုမှုကြောင့် သူတို့၏နေအိမ်များမှ မတရားသဖြင့်နှင်ထုတ်ခြင်းကိုခံခဲ့ကြရ၏။ စင်စစ် အကယ်၍ အလ္လာဟ်သည် အချို့ကိုအခြားသူတို့အားဖြင့် ရင်ဆိုင်တိုက်ခိုက်စေလျက် လူများအားကာကွယ်မှုမပြုခဲ့လျှင် တောရကျောင်းများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ ရဟူဒီတို့၏ဝတ်ပြုရာကျောင်းများနှင့် အလ္လာဟ်၏နာမတော်ကို မြောက်မြားစွာသတိရတသမှုပြုသော 'မတ်စ်ဂျိဒ်'ဝတ်ကျောင်းတော်များသည် ဖြိုဖျက်ခြင်းကို

ခံကြရပေအံ့၊ ဧကန်မုချ အလ္လာဟ်သည် မိမိအားကူညီသော သူကို အမှန်ပင် ကူညီစောင်မတော်မူမည်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် အလွန်စွမ်းအားရှိတော်မူပြီး အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူ၏။

اَلَّذِيْنَ اِنْ مَّكَّنّٰهُمْ فِي الْاَرْضِ اَقَامُوا الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ وَاَمَرُوْا بِالْمَعْرُوْفِ وَنَهَوْا عَنِ الْمُنْكَرِ ؕ وَلِلّٰهِ عَاقِبَةُ الْاُمُوْرِ ۝

၄၂။ အကယ်၍ ငါတို့က ထိုသူတို့အား ကမ္ဘာမြေတွင် အုပ်ချုပ်မှုအာဏာကို ပေးသနားတော်မူလျှင် သူတို့သည် 'ဆွလာတ်' ဝတ်ပြုမှုကိုတည်ဆောက်ကြ၏၊ 'ဇကားတ်'ကိုပေးဆောင်ကြ၏။ ကောင်းမှုများကို အမိန့်ပေးဆင့်ဆိုပြီး မကောင်းမှုများကို တားမြစ်ကြ၏။ စင်စစ် အရေးကိစ္စအားလုံးတို့၏ရလဒ်သည် အလ္လာဟ်၏ထံတော်၌သာရှိ၏။

وَاِنْ يُّكَذِّبُوْكَ فَقَدْ كَذَّبَتْ قَبْلَهُمْ قَوْمُ نُوْحٍ وَّعَادٌ وَّثَمُوْدُ ۝

၄၃။ ထို့ပြင် အကယ်၍ ဤသူတို့သည် အသင့်အား မဟုတ်မမှန်ဟု ငြင်းပယ်ကြပါလျှင် သူတို့အလျင်က 'နူးဟ်'၏အမျိုးသားတို့သည်လည်းကောင်း 'အားဒ်'နှင့် 'ဆမူးဒ်'အမျိုးသားတို့သည်လည်းကောင်း (တမန်တော်များကို)မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြပေသည်။

وَقَوْمُ اِبْرٰهِيْمَ وَقَوْمُ لُوْطٍ ۝

၄၄။ ၎င်းပြင် 'အစ်ဗရာဟင်မ်'နှင့် 'လူးတ်'၏အမျိုးသားတို့သည်လည်းကောင်း၊

وَّاَصْحٰبُ مَدْيَنَ ۚ وَكُذِّبَ مُوْسٰى فَاَمْلَيْتُ لِلْكٰفِرِيْنَ ثُمَّ اَخَذْتُهُمْ ۚ فَكَيْفَ كَانَ نَكِيْرِ ۝

၄၅။ ဤတွင်မက 'မဒီယန်'မြို့သားတို့သည်လည်းကောင်း (ငြင်းပယ်ခဲ့ကြ၏)၊ 'မူစာ'သည်လည်း မဟုတ်မမှန်ဟု ငြင်းပယ်ခြင်းကိုခံခဲ့ရလေသည်၊ သို့ဖြစ်ရာ ငါအရှင်မြတ်သည် 'ကာဖိရ်'မယုံကြည်ငြင်းပယ်သူတို့ကို အနည်းငယ်ဆိုင်းငံ့ထားတော်မူ၏၊ ထို့နောက် ငါအရှင်မြတ်သည် ယင်းတို့အား ဖမ်းဆီးတော်မူခဲ့၏၊ သို့ဖြစ်ရာ ငါအရှင်မြတ်၏ပြစ်ဒဏ်သည် မည်သို့ရှိခဲ့ပေသနည်း။

فَكَاَيِّنْ مِّنْ قَرْيَةٍ اَهْلَكْنٰهَا وَهِيَ ظَالِمَةٌ فَهِيَ خَاوِيَةٌ عَلٰى عُرُوْشِهَا وَبِئْرٍ مُّعَطَّلَةٍ وَّقَصْرٍ مَّشِيْدٍ ۝

၄၆။ ထို့ပြင် ငါတို့သည် အဘယ်မျှလောက်သော မြို့ရွာများကို ဖျက်ဆီးတော်မူခဲ့ပေသနည်း။ စင်စစ် ယင်းတို့သည် မတရားကျူးလွန်သူများဖြစ်ခဲ့ကြ၏၊ သို့ဖြစ်ရာ ယခုအခါ ယင်းတို့မှာ မိမိတို့၏ခေါင်မိုးများအပေါ်၌ ကျရောက်ပျက်စီးလျက်ရှိနေကြ၏၊ ထို့ပြင် များစွာသော စွန့်ပစ်ထားသည့် ရေတွင်းရေကန်များ၊ အခိုင်အခံ့ဆောက်လုပ်ထားသော ဗိမာန်နန်းတော်များ(ကိုလည်း ဤကဲ့သို့ပင် ပြုလုပ်တော်မူခဲ့ပေသည်)။

اَفَلَمْ يَسِيْرُوْا فِي الْاَرْضِ فَتَكُوْنَ لَهُمْ قُلُوْبٌ يَّعْقِلُوْنَ بِهَآ اَوْ اٰذَانٌ يَّسْمَعُوْنَ بِهَا ۚ فَاِنَّهَا لَا تَعْمَى الْاَبْصَارُ وَلٰكِنْ

၄၇။ သို့ဖြစ်ရာ ယင်းတို့သည် ကမ္ဘာမြေတွင် လှည့်လည်သွားလာခြင်း မပြုကြလေသလော၊ သို့ဖြင့် ယင်းတို့သည် စဉ်းစားဉာဏ်ကိုအသုံးချသည့် စိတ်နှလုံးများ သို့တည်းမဟုတ် ကြားနိုင်စွမ်းရှိသောနားများကိုရရှိကြရာ၏။ သို့ဖြစ်ရာ မျက်စိများသည်ကား ကန်းကြသည်မဟုတ်မူ၍၊ ရင်များအတွင်းရှိ စိတ်

تَعْمَى الْقُلُوْبُ الَّتِيْ فِي الصُّدُوْرِ ﴿٤٦﴾

နှလုံးများက ကန်းခြင်းဖြစ်ပေသည်။

وَيَسْتَعْجِلُوْنَكَ بِالْعَذَابِ وَلَنْ يُّخْلِفَ اللّٰهُ وَعْدَهٗ ؕ وَاِنَّ يَوْمًا عِنْدَ رَبِّكَ كَاَلْفِ سَنَةٍ مِّمَّا تَعُدُّوْنَ ﴿٤٧﴾

၄၈။ ထို့ပြင် ယင်းတို့သည် အသင့်ထံတွင် အပြစ်ဒဏ်ကို အဆောတလျင် တောင်းဆိုကြ၏။ အမှန်သော်ကား အလ္လာဟ်သည် မိမိကတိတော်ကို အလျှင်းဖောက်ဖျက်တော်မူမည်မဟုတ်ချေ။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အထံတော်၌ နေ့တစ်နေ့သည် အသင်တို့ရေတွက်ကြသော နှစ်တစ်ထောင်ကဲ့သို့ပင်ဖြစ်၏။

وَكَاَيِّنْ مِّنْ قَرْيَةٍ اَمْلَيْتُ لَهَا وَهِيَ ظَالِمَةٌ ثُمَّ اَخَذْتُهَا ۚ وَاِلَيَّ الْمَصِيْرُ ﴿٤٨﴾

၄၉။ ထို့ပြင် မြောက်မြားစွာသော မြို့ရွာများရှိခဲ့၏၊ ၎င်းတို့သည် အမှားကျူးလွန်ပါလျက် ငါအရှင်မြတ်သည် ၎င်းတို့အားဆိုင်းငံ့ထားတော်မူ၏။ ထို့နောက်တစ်ဖန် ငါအရှင်မြတ်သည် ၎င်းတို့ကို ဖမ်းဆီးတော်မူ၏၊ စင်စစ် ငါအရှင်မြတ်ထံတော်သို့သာ ပြန်လည်၍လာရောက်ကြရပေမည်တည်း။

ရုကူး-၇

قُلْ يٰۤاَيُّهَا النَّاسُ اِنَّمَاۤ اَنَا لَكُمْ نَذِيْرٌ مُّبِيْنٌ ﴿٤٩﴾

၅၀။ အသင်ပြောကြားပါလေ၊ အို-လူသားအပေါင်းတို့ ကျွန်ုပ်သည်ကား အသင်တို့အဖို့ ပွင့်လင်းထင်ရှားသော သတိပေးနှိုးဆော်သူတစ်ဦးမျှသာဖြစ်၏။

فَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَهُمْ مَّغْفِرَةٌ وَّ رِزْقٌ كَرِيْمٌ ﴿٥٠﴾

၅၁။ သို့ဖြစ်ရာ သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်ပါလျှင် ၎င်းတို့အဖို့ ခွင့်လွှတ်တော်မူခြင်းနှင့် ဂုဏ်သိက္ခာရှိသော 'ရိဇ်ကီ'ရိက္ခာသည်ရှိ၏။

وَالَّذِيْنَ سَعَوْ فِيْۤ اٰيٰتِنَا مُعٰجِزِيْنَ اُولٰٓئِكَ اَصْحٰبُ الْجَحِيْمِ ﴿٥١﴾

၅၂။ သို့ရာတွင် အကြင်သူတို့သည် ငါတို့၏'အာယတ်'နိမိတ်လက္ခဏာတော်များကို မစွမ်းသာအောင်ပြုရန် အင်တိုက်အားတိုက် ကြိုးပမ်းအားထုတ်ကြ၏။ ဤသူတို့သည်ပင် ငရဲသားများဖြစ်ကြ၏။

وَمَاۤ اَرْسَلْنَا مِنْ قَبْلِكَ مِنْ رَّسُوْلٍ وَّلَا نَبِيٍّ اِلَّاۤ اِذَا تَمَنّٰۤى اَلْقَى الشَّيْطٰنُ فِيْۤ اُمْنِيَّتِهٖ ۚ فَيَنْسَخُ اللّٰهُ مَا يُلْقِي الشَّيْطٰنُ ثُمَّ يُحْكِمُ اللّٰهُ اٰيٰتِهٖ ؕ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ﴿٥٢﴾

၅၃။ ငါတို့သည် အသင့်အလျင်က 'ရစူလ်'နှင့် 'နဗီ' တမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့လေတိုင်း သူသည် (တစ်စုံတစ်ရာ) ဆန္ဒရှိသောအခါ (စိတ်၏)'ရှိုင်တန်'သည် သူ၏ဆန္ဒ၌ (ရောနှောသည့်အနေဖြင့် အချို့ကို) ထည့်သွင်းလေသည်။ ထိုအခါ အလ္လာဟ်သည် 'ရှိုင်တန်'ထည့်သွင်းသည့်အရာကို ပယ်ဖျက်တော်မူလိုက်၏။ ထို့နောက် အလ္လာဟ်သည် မိမိ၏ 'အာယတ်'တော်များကို အခိုင်အမာရှိစေတော်မူ၏၊ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်(နှင့်) လွန်စွာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

لِّيَجْعَلَ مَا يُلْقِي الشَّيْطٰنُ فِتْنَةً

၅၄။ (ဤသို့ဖြစ်ရခြင်းမှာ) သို့ဖြင့် 'ရှိုင်တန်'ဘက်မှ ထည့်သွင်းသည့်အရာသည် စိတ်နှလုံး၌ ရောဂါစွဲကပ်နေသူတို့နှင့် နှလုံး

لِّلَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ وَّالْقَاسِيَةِ قُلُوْبُهُمْ ۗ وَاِنَّ الظّٰلِمِيْنَ لَفِيْ شِقَاقٍۢ بَعِيْدٍ ﴿٥٣﴾

သား ခက်ထန်မာကျောသွားသူတို့အဖို့ ပြဿနာဖြစ်ပွားကြစေခြင်းငှာဖြစ်၏။ ဧကန်စင်စစ် အမှားကျူးလွန်သူတို့သည် အလွန်တရာ ဝေးကွာလှသောဆန့်ကျင်မှု၌ ရှိနေကြ၏။

وَلِيَعْلَمَ الَّذِيْنَ اُوْتُوا الْعِلْمَ اَنَّهُ الْحَقُّ مِنْ رَّبِّكَ فَيُؤْمِنُوْا بِهٖ فَتُخْبِتَ لَهٗ قُلُوْبُهُمْ ۗ وَاِنَّ اللّٰهَ لَهَادِ الَّذِيْنَ اٰمَنُوْٓا اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٥٤﴾

၅၅။ ထို့ပြင် (ဤသို့ဖြစ်ရခြင်းမှာ) သို့ဖြင့် အသိပညာကို ပေးသနားတော်မူခြင်းခံကြရသောသူတို့သည်၊ ဤသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင့်ထံတော်မှ အမှန်တရားဖြစ်ကြောင်းကို သိရှိကြစေခြင်းငှာဖြစ်၏။ သို့ဖြစ်ရာ သူတို့သည် ယင်းကိုသက်ဝင်ယုံကြည်ကြစေရန်နှင့် ယင်းဘက်သို့ သူတို့၏စိတ်နှလုံးကိုင်းညွတ်သွားစေရန်ဖြစ်၏။ ဧကန်စင်စစ် အလ္လာဟ်သည် သက်ဝင်ယုံကြည်သောသူတို့အား ဖြောင့်မတ်မှန်ကန်သောလမ်းဘက်သို့ လမ်းညွှန်တော်မူသောအရှင်ဖြစ်တော်မူ၏။

وَلَا يَزَالُ الَّذِيْنَ كَفَرُوْا فِيْ مِرْيَةٍ مِّنْهُ حَتّٰى تَاْتِيَهُمُ السَّاعَةُ بَغْتَةً اَوْ يَاْتِيَهُمْ عَذَابُ يَوْمٍ عَقِيْمٍ ﴿٥٥﴾

၅၆။ မယုံကြည်ငြင်းပယ်သူတို့မှာကား ယင်းတို့ထံသို့ 'တော်လှန်ပြောင်းလဲမည့်အချိန်' ရုတ်တရက် ဆိုက်ရောက်လာသည့်တိုင်အောင် သို့မဟုတ် သူတို့ထံ ပျော်ရွှင်မှုမျှားကင်းမဲ့မည့်နေ့ရက်၏ ပြစ်ဒဏ်ရောက်ရှိလာသည့်တိုင်အောင် ယင်းနှင့်စပ်လျဉ်း၍ သံသယ၌ အမြဲနစ်မွန်းလျက်ရှိနေကြပေလိမ့်မည်။

اَلْمُلْكُ يَوْمَئِذٍ لِّلّٰهِ ۗ يَحْكُمُ بَيْنَهُمْ ۗ فَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فِيْ جَنّٰتِ النَّعِيْمِ ﴿٥٦﴾

၅၇။ ထိုနေ့တွင် စိုးမိုးအုပ်ချုပ်မှုအာဏာကို အလ္လာဟ်သည် သာလျှင် စိုးပိုင်တော်မူမည်၊ ထိုအရှင်မြတ်သည် ယင်းတို့၏အကြားတွင် စီရင်ဆုံးဖြတ်တော်မူပေမည်၊ သို့ဖြစ်ရာ သက်ဝင်ယုံကြည်၍ ကောင်းမှုပွားများသူတို့သည်ကား ကောင်းချီးမင်္ဂလာတို့ဖြင့်ပြီးသော 'ဂျန္နတ်' ဥယျာဉ်တော်များတွင် ရှိကြပေလိမ့်မည်။

وَالَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِاٰيٰتِنَا فَاُولٰٓئِكَ لَهُمْ عَذَابٌ مُّهِيْنٌ ﴿٥٧﴾ ع

၅၈။ သို့ရာတွင် အကြင်သူတို့သည် မယုံကြည်ငြင်းပယ်ကြလျက် ငါတို့၏နိမိတ်လက္ခဏာတော်များကို မဟုတ်မမှန်ဟုစွပ်စွဲကြလျှင် ထိုသူများသည်ပင် ယင်းတို့အဖို့ ဂုဏ်သရေ ညှိုးနွမ်းစေမည့်ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိပေသတည်း။

ရုကူ-၈

وَالَّذِيْنَ هَاجَرُوْا فِيْ سَبِيْلِ اللّٰهِ ثُمَّ قُتِلُوْٓا اَوْ مَاتُوْا لَيَرْزُقَنَّهُمُ اللّٰهُ رِزْقًا حَسَنًا ۗ وَاِنَّ اللّٰهَ لَهُوَ خَيْرُ الرّٰزِقِيْنَ ﴿٥٨﴾

၅၉။ ထို့ပြင် အကြင်သူတို့သည် အလ္လာဟ်၏လမ်းတော်၌ 'ဟစ်ဂျရတ်' မိမိနေရပ်ကိုစွန့်၍ ပြောင်းရွှေ့နေထိုင်ခြင်း ပြုကြ၏၊ ထို့နောက် ထိုသူတို့သည် သတ်ဖြတ်ခြင်းခံခဲ့ရသည်ဖြစ်စေ၊ သဘာဝအလျောက် သေဆုံးခဲ့သည်ဖြစ်စေ အလ္လာဟ်သည် ဧကန်ပင် ကောင်းမြတ်သော 'ရိဇ်ဂ်'ရိကျွာကို ပေးသနားတော်မူပေအံ့၊ မုချဧကန် အလ္လာဟ်သည်သာလျှင် ရိကျွာပေးသူအားလုံးတို့တွင် အကောင်းမြတ်ဆုံးဖြစ်တော်မူ၏။

لَيُدْخِلَنَّهُمْ مُّدْخَلًا يَّرْضَوْنَهٗ ؕ وَاِنَّ اللّٰهَ لَعَلِيْمٌ حَلِيْمٌ ﴿۶۰﴾

၆၀။ အရှင်မြတ်သည် ထိုသူတို့အား သူတို့ ကြိုက်နှစ်သက်မည်ဖြစ်သော နေရာဌာနသို့ အမှန်ပင်ဝင်ရောက်စေတော်မူပေအံ့။ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ ထောက်ထားညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။

ذٰلِكَ ۚ وَمَنْ عَاقَبَ بِمِثْلِ مَا عُوْقِبَ بِهٖ ثُمَّ بُغِيَ عَلَيْهِ لَيَنْصُرَنَّهُ اللّٰهُ ؕ اِنَّ اللّٰهَ لَعَفُوٌّ غَفُوْرٌ ﴿۶۰﴾

၆၀။ ဤကား ထိုသို့ဖြစ်ပေလိမ့်မည်၊ ထို့ပြင် အကြင်သူသည် ဒုက္ခပေးခြင်းခံခဲ့ရလျှင် ယင်းနှင့်အညီအမျှသာလျှင် ပြန်လည်၍ တုံ့ပြန်ရပေမည်၊ (ယင်း၏ရလဒ်အဖြစ်) တစ်ဖန် သူနှင့်ဆန့်ကျင်၍ ပုန်ကန်မှုပြုလေသော် မုချဧကန် အလ္လာဟ်သည် သူ့အား အမှန်ပင် ကူညီစောင်မတော်မူပေအံ့၊ ဧကန်မုချ အလ္လာဟ်သည် (အပြစ်များကို) လွန်စွာဥပေက္ခာပြုတော်မူသောအရှင်၊ အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်ဖြစ်တော်မူ၏။

ذٰلِكَ بِاَنَّ اللّٰهَ يُوْلِجُ الَّيْلَ فِي النَّهَارِ وَيُوْلِجُ النَّهَارَ فِي الَّيْلِ وَاَنَّ اللّٰهَ سَمِيْعٌۢ بَصِيْرٌ ﴿۶۱﴾

၆၁။ ဤသို့ဖြစ်ရခြင်းမှာ အလ္လာဟ်သည် 'ညဉ့်'ကို 'နေ့'တွင် ဝင်ရောက်စေတော်မူ၍ 'နေ့'ကို'ညဉ့်'တွင်ဝင်ရောက်စေတော်မူ၏။ အလ္လာဟ်သည် အလွန်ကြားတော်မူသောအရှင်၊ နက်ရှိုင်းစွာမြင်တွေ့တော်မူသောအရှင် ဖြစ်သောကြောင့်တည်း။

ذٰلِكَ بِاَنَّ اللّٰهَ هُوَ الْحَقُّ وَاَنَّ مَا يَدْعُوْنَ مِنْ دُوْنِهٖ هُوَ الْبَاطِلُ وَاَنَّ اللّٰهَ هُوَ الْعَلِيُّ الْكَبِيْرُ ﴿۶۲﴾

၆၂။ ဤကား ထိုသို့ပင်ဖြစ်၏၊ အကြောင်းမူ အလ္လာဟ်သည် သာလျှင် 'ဟာက်'အမှန်ဖြစ်တော်မူ၏။ စင်စစ် ထိုအရှင်မြတ်မှတစ်ပါး ယင်းတို့ ဟစ်ခေါ်တမ်းတကြသောအရာများသည်ကား အစစ်အမှန်မဟုတ်သောကြောင့်တည်း၊ စင်စစ်တစ်မူကား အလ္လာဟ်သည်သာလျှင် လွန်စွာမြင့်မားထွတ်မြတ်သောမူသောအရှင်၊ အလွန်ကြီးကဲတော်မူသောအရှင် ဖြစ်သောကြောင့်ပင်တည်း။

اَلَمْ تَرَ اَنَّ اللّٰهَ اَنْزَلَ مِنَ السَّمَآءِ مَآءً ۖ فَتُصْبِحُ الْاَرْضُ مُخْضَرَّةً ؕ اِنَّ اللّٰهَ لَطِيْفٌ خَبِيْرٌ ﴿۶۳﴾

၆၃။ အလ္လာဟ်သည် မိုးကောင်းကင်မှရေကို ရွာသွန်းစေတော်မူရာ ကမ္ဘာမြေသည် ယင်း(ရေ)ဖြင့် စိမ်းလန်းစိုပြေသွားသည်ကို အသင်မမြင်မတွေ့လေသလော၊ ဧကန်မုချ အလ္လာဟ်သည် လွန်စွာ အနုစိတ်မြင်တော်မူသောအရှင်၊ အစဉ်အမြဲသတင်းရရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

لَهٗ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ؕ وَاِنَّ اللّٰهَ لَهُوَ الْغَنِيُّ الْحَمِيْدُ ﴿۶۴﴾

၆၄။ မိုးကောင်းကင်များတွင်ရှိသည်တို့နှင့် ကမ္ဘာမြေတွင်ရှိသည်တို့ကို ထိုအရှင်မြတ်သည်သာ စိုးပိုင်တော်မူ၏၊ ဧကန်မုချ အလ္လာဟ်သည်သာလျှင် လိုလားတောင့်တခြင်းကင်းတော်မူသောအရှင်၊ ချီးမွမ်းထောမနာခြင်းကိုခံထိုက်တော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရုကူး-၉

اَلَمْ تَرَ اَنَّ اللّٰهَ سَخَّرَ لَكُمْ مَّا فِي الْاَرْضِ

၆၅။ အသင်သည် မတွေ့မမြင်လေသလော၊ အလ္လာဟ်သည် ကမ္ဘာမြေတွင်ရှိရှိသမျှတို့ကိုလည်းကောင်း၊ လှေသင်္ဘောများကို

وَالْفُلْكَ تَجْرِیْ فِی الْبَحْرِ بِاَمْرِهٖ ؕ وَیُمْسِكُ السَّمَآءَ اَنْ تَقَعَ عَلَی الْاَرْضِ اِلَّا بِاِذْنِهٖ ؕ اِنَّ اللّٰهَ بِالنَّاسِ لَرَءُوْفٌ رَّحِیْمٌ ﴿۶۵﴾

လည်းကောင်း အသင်တို့အတွက် အလုပ်အကျွေးပြုစေတော်မူ၏။ ယင်းတို့သည် ထိုအရှင်မြတ်၏အမိန့်တော်ဖြင့် ပင်လယ်သမုဒ္ဒရာ၌သွားလာကြ၏။ ထိုအရှင်မြတ်သည် မိုးကောင်းကင်ကို မိမိ၏အမိန့်မရှိဘဲ ကမ္ဘာမြေပေါ်သို့ ကျမသွားစေရန် တားဆီးထားတော်မူ၏၊ မုချဧကန် အလ္လာဟ်သည် လူသားတို့အပေါ် အလွန်ချစ်ခင်သနားတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَهُوَ الَّذِیْۤ اَحْیَاكُمْ ۫ ثُمَّ یُمِیْتُكُمْ ثُمَّ یُحْیِیْكُمْ ؕ اِنَّ الْاِنْسَانَ لَكَفُوْرٌ ﴿۶۶﴾

၆၆။ ထို့ပြင် ထိုအရှင်မြတ်သည်သာလျှင် အသင်တို့အား အသက်ရှင်စေတော်မူ၏၊ ထို့နောက် ထိုအရှင်မြတ်သည် အသင်တို့အား သေစေတော်မူမည်၊ ထို့နောက်တစ်ဖန် အသင်တို့အား အသက်ရှင်စေတော်မူပေအံ့၊ ဧကန်စင်စစ် လူသားသည် အလွန်တရာ ကျေးဇူးကန်းသူဖြစ်၏။

لِكُلِّ اُمَّةٍ جَعَلْنَا مَنْسَكًا هُمْ نَاسِكُوْهُ فَلَا یُنَازِعُنَّكَ فِی الْاَمْرِ وَادْعُ اِلٰی رَبِّكَ ؕ اِنَّكَ لَعَلٰی هُدًی مُّسْتَقِیْمٍ ﴿۶۷﴾

၆၇။ ငါတို့သည် 'အွမ္မတ်'အုပ်စုတိုင်းအတွက် 'ကုရ်ဘာနီ'၏နည်းလမ်းကို ပြဋ္ဌာန်းထားတော်မူ၏။ ယင်းနှင့်အညီ သူတို့သည် 'ကုရ်ဘာနီ'ပြုကြ၏၊ သို့ဖြစ်ရာ ဤသည်နှင့်စပ်လျဉ်း၍ သူတို့အား အသင်နှင့် အငြင်းအခုံအလျင်းမပြုစေလင့်၊ ထို့ပြင် အသင်သည် မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်ဘက်သို့ ဖိတ်ခေါ်ပါလေ။ ဧကန်ပင် အသင်သည် ဖြောင့်မတ်မှန်ကန်သောလမ်းပေါ်၌ (လျှောက်လှမ်းလျက်)ရှိပေ၏။

وَاِنْ جٰدَلُوْكَ فَقُلِ اللّٰهُ اَعْلَمُ بِمَا تَعْمَلُوْنَ ﴿۶۸﴾

၆၈။ ထို့ပြင် အကယ်၍ ထိုသူတို့သည် အသင်နှင့် အငြင်းအခုံပြုခဲ့လျှင် အသင်ပြောကြားပါလေ၊ အလ္လာဟ်သည် အသင်တို့ ပြုလုပ်သည်ကိုကောင်းစွာသိရှိတော်မူ၏။

اَللّٰهُ یَحْكُمُ بَیْنَكُمْ یَوْمَ الْقِیٰمَةِ فِیْمَا كُنْتُمْ فِیْهِ تَخْتَلِفُوْنَ ﴿۶۹﴾

၆၉။ အလ္လာဟ်သည် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီး၌ အသင်တို့ ကွဲပြားခြားနားခဲ့သည်များနှင့်စပ်လျဉ်း၍ အသင်တို့အကြား စီရင်ဆုံးဖြတ်တော်မူပေအံ့။

اَلَمْ تَعْلَمْ اَنَّ اللّٰهَ یَعْلَمُ مَا فِی السَّمَآءِ وَالْاَرْضِ ؕ اِنَّ ذٰلِكَ فِیْ كِتٰبٍ ؕ اِنَّ ذٰلِكَ عَلَی اللّٰهِ یَسِیْرٌ ﴿۷۰﴾

၇၀။ အလ္လာဟ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသည်တို့အား သိရှိတော်မူသည်ကို အသင်မသိလေသလော၊ ဧကန်ပင် ဤသည်(အလုံးစုံတို့)မှာ ကျမ်းတစ်စောင်၌ရှိပေသည်၊ ဧကန်မုချ ဤအကြောင်းကိစ္စသည် အလ္လာဟ်အဖို့ လွယ်ကူတော်မူ၏။

وَیَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ مَا لَمْ یُنَزِّلْ بِهٖ سُلْطٰنًا وَّمَا لَیْسَ لَهُمْ بِهٖ عِلْمٌ ؕ وَمَا لِلظّٰلِمِیْنَ مِنْ نَّصِیْرٍ ﴿۷۱﴾

၇၁။ ထို့ပြင် ထိုသူတို့သည် အလ္လာဟ်မှတစ်ပါး ထိုအရာကို ကိုးကွယ်ကြ၏။ ယင်းနှင့်စပ်လျဉ်း၍ အရှင်မြတ်သည် မည်သည့်ပြတ်သားသော သက်သေသာဓကကိုမျှ ပို့ချတော်မမူခဲ့ချေ။ သူတို့သည် ယင်းနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာမသိရှိကြချေ။ စင်စစ် အမှားကျူးလွန်သူတို့အဖို့ ကူညီစောင်မမည့်သူမည်သူမျှမရှိချေ။

وَ اِذَا تُتْلٰى عَلَيْهِمْ اٰيٰتُنَا بَيِّنٰتٍ تَعْرِفُ فِيْ وُجُوْهِ الَّذِيْنَ كَفَرُوا الْمُنْكَرَ ؕ يَكَادُوْنَ يَسْطُوْنَ بِالَّذِيْنَ يَتْلُوْنَ عَلَيْهِمْ اٰيٰتِنَا ؕ قُلْ اَفَاُنَبِّئُكُمْ بِشَرٍّ مِّنْ ذٰلِكُمْ ؕ اَلنَّارُ ؕ وَعَدَهَا اللّٰهُ الَّذِيْنَ كَفَرُوْا ؕ وَ بِئْسَ الْمَصِيْرُ ﴿۷۲﴾

၇၃။ ထို့ပြင် အကြင်အခါဝယ် သူတို့အား ငါတို့၏ ပွင့်လင်းထင်ရှားသော 'အာယတ်' မုက္ခပါဠိတော်များကို ဖတ်ကြားပြသောအခါ အသင်သည် မယုံကြည်ငြင်းပယ်သူတို့၏ မျက်နှာများတွင် မနှစ်မြို့ခြင်း(၏အမှတ်လက္ခဏာများ)ကို တွေ့ရှိရပေမည်။ ၎င်းတို့၏ရှေ့တွင် ငါတို့၏ 'အာယတ်' မုက္ခပါဠိတော်များကို ရွတ်ဖတ်သူတို့အား ၎င်းတို့သည် တစ်ရှိန်ထိုး တိုက်ခိုက်လုနီးနီး ဖြစ်ခဲ့ကြ၏။ အသင် ပြောကြားပါလေ၊ ကျွန်ုပ်သည် အသင်တို့အား ဤသည်ထက် ပိုမိုဆိုးရွားသောအရာကို အသိပေးရပါမည်လော၊ (ယင်းမှာ ငရဲ)မီးဖြစ်၏။ ယင်းကို အလ္လာဟ်သည် မယုံကြည်ငြင်းပယ်သူတို့အား ကတိပြုထားတော်မူ၏။ စင်စစ် အလွန်ဆိုးရွားလှသော နေရာဌာနပင် ဖြစ်ပေသတည်း။

ရုကူး-၁၀

يٰۤاَيُّهَا النَّاسُ ضُرِبَ مَثَلٌ فَاسْتَمِعُوْا لَهٗ ؕ اِنَّ الَّذِيْنَ تَدْعُوْنَ مِنْ دُوْنِ اللّٰهِ لَنْ يَّخْلُقُوْا ذُبَابًا وَّلَوِ اجْتَمَعُوْا لَهٗ ؕ وَ اِنْ يَّسْلُبْهُمُ الذُّبَابُ شَيْـًٔا لَّا يَسْتَنْقِذُوْهُ مِنْهُ ؕ ضَعُفَ الطَّالِبُ وَ الْمَطْلُوْبُ ﴿۷۳﴾

၇၄။ အို-လူသားအပေါင်းတို့၊ အရေးကြီးသော ဥပမာပုံဆောင်ချက်တစ်ရပ်ကိုဖော်ပြမည်ဖြစ်ရာ ယင်းကို ဂရုတစိုက်နားဆင်ကြကုန်။ ဧကန်မုချ အလ္လာဟ်မှလွဲ၍ ထိုသူတို့ ဟစ်ခေါ်တမ်းတကြသောအရာများသည် ၎င်းတို့အားလုံး စုပေါင်း၍ကြိုးပမ်းကြသည့်တိုင်အောင် ယင်ကောင်တစ်ကောင်မျှကို ပင် ဖန်တီးနိုင်ကြမည်မဟုတ်ချေ၊ ထို့ပြင် အကယ်၍ ယင်ကောင်သည် ၎င်းတို့ထံမှ တစ်စုံတစ်ရာကို လုယူသွားခဲ့လျှင်လည်း ၎င်းတို့သည် ထိုအရာကို ယင်းထံမှ ပြန်လည်ရယူနိုင်ကြမည်မဟုတ်ချေ၊ (ကောင်းကျိုးချမ်းသာကို) တောင်းခံသူနှင့် (ကောင်းကျိုးချမ်းသာကို) တောင်းခံခြင်းခံရသောသူတို့မှာ အဘယ်မျှ မစွမ်းဆောင်နိုင်ဘဲရှိကြဘိသနည်း။

مَا قَدَرُوا اللّٰهَ حَقَّ قَدْرِهٖ ؕ اِنَّ اللّٰهَ لَقَوِيٌّ عَزِيْزٌ ﴿۷۴﴾

၇၅။ ထိုသူတို့သည် အလ္လာဟ်အား အလေးထားထိုက်သည့်နှင့်အညီ အလေးမထားခဲ့ကြချေ။ ဧကန်မုချ အလ္လာဟ်သည် လွန်စွာ စွမ်းအားရှိတော်မူသောအရှင်၊ ကြီးမြင့်၍ အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူ၏။

اَللّٰهُ يَصْطَفِيْ مِنَ الْمَلٰٓئِكَةِ رُسُلًا وَّ مِنَ النَّاسِ ؕ اِنَّ اللّٰهَ سَمِيْعٌۢ بَصِيْرٌ ﴿۷۵﴾

၇၆။ အလ္လာဟ်သည် 'မလာအိကာဟ်'ကောင်းကင်တမန်များမှလည်းကောင်း လူသားများအနက်မှလည်းကောင်း 'ရစူလ်' တမန်တော်ကို ရွေးချယ်တော်မူ၏။ အမှန်စင်စစ် အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။ ①

① ဤအာယတ်တော်တွင် အလ္လာဟ်၏ကျင့်ထုံးစဉ်လာတစ်ရပ်ကို မပြောင်းမလဲတစ်သမတ်တည်းရှိသော ပုံသေနည်းတစ်ရပ်အဖြစ် ဖော်ပြထားပေသည်။ ဆိုလိုသည်မှာ- အစဉ်သဖြင့် အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်တမန်များကိုလည်းကောင်း၊ လူသားများကိုလည်းကောင်း မိမိ၏တမန်တော်အဖြစ်ခန့်အပ်စေလွှတ်တော်မူလေ့ရှိပြီး ယင်းမှာ ရပ်ဆိုင်းပြတ်တောက်သွားမည်ဆိုသည့် ဖော်ပြချက်အလျှင်းမရှိချေ။

يَعْلَمُ مَا بَيْنَ اَيْدِيْهِمْ وَمَا خَلْفَهُمْ ؕ
وَاِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ۝٧٦

၇၆။ ထိုအရှင်မြတ်သည် ယင်းတို့၏ရှေ့မှောက်တွင်ရှိသည်တို့ကိုလည်းကောင်း ယင်းတို့၏နောက်ကွယ်တွင်ရှိသည်တို့ကိုလည်းကောင်း သိရှိတော်မူ၏။ စင်စစ် အရေးကိစ္စဟူသမျှသည် အလ္လာဟ်၏ထံတော်သို့သာ ပြန်လှည့်ကြရပေမည်။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوا ارْكَعُوْا وَاسْجُدُوْا
وَاعْبُدُوْا رَبَّكُمْ وَافْعَلُوا الْخَيْرَ لَعَلَّكُمْ
تُفْلِحُوْنَ ۝٧٧ ۩

၇၇။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့ 'ရကူ' ဦးညွှတ်ခြင်းပြုကြကုန်၊ 'စဂ်ဒါဟ်'ဦးချခြင်းပြုကြကုန်၊ ထို့ပြင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ခဝပ်ကိုးကွယ်ကြကုန်၊ ထိုမှတစ်ပါး ကောင်းသောအမှုကိုပြုကြကုန်၊ သို့မှသာ အသင်တို့သည် အောင်မြင်ကြရာ၏။

وَجَاهِدُوْا فِى اللّٰهِ حَقَّ جِهَادِهٖ ؕ هُوَ
اجْتَبٰىكُمْ وَمَا جَعَلَ عَلَيْكُمْ فِى الدِّيْنِ
مِنْ حَرَجٍ ؕ مِلَّةَ اَبِيْكُمْ اِبْرٰهِيْمَ ؕ هُوَ
سَمّٰىكُمُ الْمُسْلِمِيْنَ ۙ مِنْ قَبْلُ وَفِىْ هٰذَا
لِيَكُوْنَ الرَّسُوْلُ شَهِيْدًا عَلَيْكُمْ
وَتَكُوْنُوْا شُهَدَآءَ عَلَى النَّاسِ ۚ فَاَقِيْمُوا
الصَّلٰوةَ وَاٰتُوا الزَّكٰوةَ وَاعْتَصِمُوْا
بِاللّٰهِ ؕ هُوَ مَوْلٰىكُمْ ۚ فَنِعْمَ الْمَوْلٰى
وَنِعْمَ النَّصِيْرُ ۝٧٨

၇၈။ ထို့ပြင် အလ္လာဟ်နှင့်စပ်ဆိုင်သည်များတွင် 'ဂျီဟာဒ်'ကြိုးပမ်းအားထုတ်မှုပြုရန်ထိုက်သည်နှင့်အညီ 'ဂျီဟာဒ်'ပြုကြလေကုန်၊ ထိုအရှင်မြတ်သည် အသင်တို့အား ရွေးချယ်တော်မူခဲ့ပေသည်။ ထို့ပြင် သာသနာ့အရေးကိစ္စများတွင် အသင်တို့အပေါ် မည်သို့သောခက်ခဲကျပ်တည်းမှုကိုမျှ ပြုထားတော်မမူချေ။ ဤသည်ပင် အသင်တို့၏ဖခင် 'အစ်ဗရာဟင်မ်'၏ သာသနာဖြစ်၏။ ထိုအရှင်မြတ်သည် အသင်တို့၏အမည်နာမကို၊ (ဤသည့်)အလျင်ကလည်းကောင်း ဤ(ကျမ်းမြတ်ကုရ်အာန်)တွင်လည်းကောင်း 'မွတ်စလင်'များဟု မှည့်ခေါ်တော်မူ၏။ သို့ဖြင့် တမန်တော်သည် အသင်တို့အားလုံးအပေါ် စောင့်ကြည့်သူဖြစ်စေရန်နှင့် အသင်တို့သည် လူခပ်သိမ်းတို့အပေါ် စောင့်ကြည့်သူများဖြစ်စေရန်တည်း။ သို့ဖြစ်ရာ 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြကုန်၊ 'ဇကားတ်'ပေးဆောင်ကြကုန်။ ထို့ပြင် အလ္လာဟ်အား ခိုင်မြဲစွာ စွဲကိုင်ထားကြကုန်။ ထိုအရှင်မြတ်သည်ပင် အသင်တို့၏အရှင်သခင်ဖြစ်တော်မူ၏။ သို့ဖြစ်ရာ အဘယ်မျှ ကောင်းမြတ်သောအရှင် သခင်နှင့် အဘယ်မျှကောင်းမြတ်သော ကူညီစောင်မသူဖြစ်ဘိသနည်း။ ①

❖ ❖ ❖

① ဤအာယတ်တော်တွင် ဦးစွာစဉ်းစားသုံးသပ်ရမည့်အချက်မှာ- 'မွတ်စလင်'ဆိုသည့်စကားလုံးမှာ တစ်စုံတစ်ဦး၏ မူပိုင်ခွင့်အောက်တွင်ရှိသည်မဟုတ်ချေ။ အစ္စလာမ်မပေါ်ထွန်းမီ အလွန်ရှေးကျသော ကာလကတည်းကပင် အလ္လာဟ်အရှင်မြတ်က တမန်တော် အစ်ဗရာဟင်မ်ﷺကိုလည်းကောင်း သူ၏အမျိုးသားတို့ကိုလည်းကောင်း 'မွတ်စလင်'ဟူ၍ သတ်မှတ်တော်မူခဲ့ပေသည်။

ထို့နောက်တွင် ကိုယ်တော်မြတ်ﷺသည် မွတ်စလင်အားလုံးတို့အပေါ် 'ရှဟီးဒ်'(စောင့်ကြည့်သူ)ဖြစ်ကြောင်း ဖော်ပြထားတော်မူပြီး မွတ်စလင်တို့သည် အခြားလူမျိုးနွယ်အားလုံးတို့အပေါ် စောင့်ထိန်းကြည့်ရှုသူများဖြစ်ကြကြောင်း ဖော်ပြတော်မူပေသည်။ တမန်တော်မြတ်ﷺသည် မိမိ၏ခေတ်ကာလတွင် စောင့်ထိန်းကြည့်ရှုသူဖြစ်ခဲ့သည်နည်းတူ ကိုယ်တော်မြတ်ﷺအား လိုက်နာခြင်းဖြင့် မွတ်စလင်တို့သည်လည်း အခြားသူတို့အပေါ် စောင့်ထိန်းကြည့်ရှုသူများဖြစ်ကြပေသည်။ သို့ရာတွင် 'စောင့်ထိန်းကြည့်ရှုသူ'ဖြစ်သည်ဆိုခြင်းကြောင့် အခြားသူတို့အား အတင်းအဓမ္မ မိမိတို့အလိုကျ မွတ်စလင်များပြုလုပ်ရမည်ဟူ၍ ဆိုလိုသည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺသည် 'ရှဟီးဒ်'(စောင့်ကြည့်သူ)ဖြစ်ပါလျက်နှင့် မည်သည့်အခါကမျှ အကြောင်းမဲ့ထိုးစစ်ဆင်တိုက်ခိုက်မှုမပြုခဲ့သလို မည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း မွတ်စလင်ဖြစ်လာအောင် အတင်းအဓမ္မ မပြုလုပ်ခဲ့ချေ။

၂၃။ အလ်-မို့အ်မိန္ဓနိ်း

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်သော နောက်ဆုံးဆူရာဟ်များမှဖြစ်သည်။ 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠိတော်ပေါင်း (၁၁၉)ပိုဒ်ပါရှိသည်။ ပြီးခဲ့သော ဆူရာဟ်၏ နိဂုံးပိုင်းတွင် အောင်ပွဲခံရခြင်း၏အခြေခံအရင်းအမြစ်မှာ 'ကယာမေ ဆွလာတ်'(ဆွလာတ် ဝတ်ပြုတည်ဆောက်ခြင်း)၊ 'ကယာမေ ဇကားတ်'(ဇကားတ်အလှူဒါနကိုတည်ထောင်ခြင်း)တို့နှင့် အလ္လာဟ်အရှင်မြတ်အား စွဲစွဲမြဲမြဲ လက်ကိုင်ပြုထားခြင်းတို့ဖြစ်ကြောင်းဖော်ပြထားပေသည်။ သို့ဖြစ်ရာ ယင်း၌ အရိပ်အမြွက်ဖော်ပြထားသော ကြီးကျယ်ခမ်းနားလှသည့် အောင်ပွဲဆင်နွှဲရမည့်အရေး၏ အကျယ်ဖွင့်ဆိုချက်ကို ဤဆူရာဟ် 'အလ်-မို့အ်မိန္ဓနိ်း'၏ပဏာမအာယတ်တော်များတွင် ဖော်ပြထားပေသည်။ အောင်ပွဲရမည့် သူများမှာ ထို'မို့အ်မင်န်'သက်ဝင်ယုံကြည်သူများပင်ဖြစ်ပေသည်။ 'မို့အ်မင်န်'များမှာ 'ဆွလာတ်'ဝတ်ပြုတည်ဆောက်ကြပြီး 'ဇကားတ်'ပေးဆောင်ရုံမျှသာမက သူတို့တွင် ထို့ထက်ပိုမိုသော ဂုဏ်ပုဒ်အများအပြားပင် ရှိကြပေသည်။ ဆိုလိုသည်မှာ မည်သို့သော အကြောင်းကိစ္စများမှရှောင်ကြဉ်သည်၊ မည်သည့်ကောင်းမှုကုသိုလ်များကို ကျင့်မူဆောက်တည်ကြသည်ဆိုသည့် နှစ်မျိုးနှစ်စားစလုံးသော ဂုဏ်ပုဒ်များဖြစ်ပေသည်။

ဆက်လက်၍ ဤသို့ဖော်ပြထားပေသည်။ ဘဝရှင်သန်စေခြင်းအတွက် ရေမှာ မိုးကောင်းကင်မှ သက်ဆင်းပြီး ယင်းအား မိုးကောင်းကင်မှ ထိုသို့ အဖန်ဖန် ရွာသွန်းစေရန်စနစ်ကြီးလည်းရှိပေသည်။ သို့ရာတွင် အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် လူသားတို့အား အလ္လာဟ်အရှင်မြတ်က သင်ခန်းစာပေးလိုသည့်အခါ အရှင်မြတ်သည် ထိုရေကို ပြန်လည်၍ သိမ်းယူတော်မူရန် တန်ခိုးစွမ်းအားရှိတော်မူ၏။ ထိုသို့သိမ်းယူရာတွင် အသွင်နှစ်မျိုးရှိပေသည်။ ပထမတစ်နည်းမှာ ရေကို မိုးကောင်းကင်၏ မြင့်စွင့်ရာများမှ အဖန်ဖန်ပြန်လည်ကျရောက်စေသောစနစ်ကြီးတွင် အလ္လာဟ်အရှင်မြတ်က အပြောင်းအလဲ တစ်စုံတစ်ရာ ပြုတော်မူရန်လည်းဖြစ်နိုင်သည်။ ပမာအားဖြင့် ကမ္ဘာဦးခေတ်များက ကမ္ဘာမြေမှရေသည် အခိုးအငွေ့များအသွင်ဖြင့် စဉ်ဆက်မပြတ် ကောင်းကင်ဘက်သို့တက်သွားပြီး မိုးအဖြစ် ကမ္ဘာမြေသို့ရွာချသည်။ ထိုသို့ရွာချလိုက်သောအခါ ပူပြင်းခြောက်သွေ့သော ကြားခံလေဟာပြင်နှင့်ထိတွေ့လျက် အငွေ့ပျံပြီး တစ်ဖန်ပြန်၍တက်သွားသောအသွင်မျိုးဖြစ်သည်။ ဒုတိယနည်းလမ်းမှာ ယေဘုယျအားဖြင့် မြင်တွေ့နေရသောအကြောင်းဖြစ်ပြီး ယင်းမှာ မြေကြီးအောက် အနက်သို့တိုင် ရေသည်ဆင်းသွားသောအခါ နက်ရှိုင်းသောရေတွင်းများ၏အခြေမှပင် အောက်သို့ရောက်ရှိပျောက်ကွယ်သွားလေသည်။

ထိုသည့်နောက်တွင် တစ်ဖန်ထပ်မံ၍ ရေနှင့်ဆိုင်သောအကြောင်းအရာကို ရှေ့ဆက်ကာ ရေပေါ်တွင် ကူးခတ်သွားလာလျက်ရှိသော လှေသင်္ဘောများအကြောင်းဖော်ပြပြီး ယင်းနှင့်ဆက်နွယ်လျက် တမန်တော်'နူးဟ်'ﷺ၏လှေသင်္ဘောအကြောင်းကိုလည်း ဖော်ပြထားပေသည်။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အားဖြင့်သာလျှင် လှေသင်္ဘောများသည် ရေပေါ်တွင် ပေါ်နေရခြင်းဖြစ်ပေသည်။ ကြီးမားလှသော မုန်တိုင်း၌ပင် လှေသင်္ဘောများသည် ရေမျက်နှာပြင်ပေါ်တွင် ပေါ်လျက်သာရှိနေတတ်သည်လည်းရှိ၏။ ထို့ပြင် သာမန်မျှသော မုန်တိုင်းမျှဖြင့်ပင် နစ်မြုပ်သွားသည်လည်းရှိ၏။ လူမျိုးနွယ်များသည် နာမ်ဝိညာဉ်ရေးဆိုင်ရာအားဖြင့် ယင်းတို့အပေါ် ရွာသွန်းစေခြင်းခံရသော ကောင်းကင်ဆိုင်ရာမိုးရေမှ ကျေးဇူးကန်းခြင်းကိုပြုကြသောအခါ လောက၏ရေပမာကဲ့သို့ပင်၊ အလ္လာဟ်သည် ထိုသူတို့အား ယင်းမှလည်း ဆုံးရှုံးစေတော်မူပေသည်။ ၎င်းပြင် အဆက်မပြတ်ရွာသောမိုးပမာ တမန်တော်များ စဉ်ဆက်မပြတ်

ယင်းတို့ထံသို့လာရောက်ပြီး သူတို့သည် ယင်းတမန်တော်အားလုံးတို့အား ငြင်းပယ်မှု၌ စွဲမြဲနေပါလျှင်လည်း ဤကဲ့သို့အကြောင်းသည် သူတို့အဖို့ အကျိုးရှိနိုင်မည်မဟုတ်ချေ။

ထို့နောက် စမ်းရေများပန်းထွက်ပြီး စိတ်နှလုံးကို အေးချမ်းမှုဖြစ်စေရာ တောင်ပေါ်ဒေသများအကြောင်းကို ဖော်ပြပေသည်။ ထိုသည့်ကုန်းမြင့်ဒေသသို့ တမန်တော်အီစာ(အလိုရှိသူ)နှင့် သူ၏မယ်တော်အား ရန်သူတို့မှကယ်တင်လျက် အလ္လာဟ်အရှင်မြတ်သည် ခေါ်ဆောင်သွားတော်မူလေသည်။ ယင်းကုန်းမြင့်ဒေသမှာ 'ကရှ်မီးယား'ဒေသသာလျှင်ဖြစ်ကြောင်းကို ကျိုးကြောင်းဆက်စပ်မှုနှင့် အထောက်အထားများကဆိုပေသည်။

ထို့နောက် အာယတ်တော်(၇၉)၌ ဆင့်ကဲတိုးတက်မှုဖြစ်စဉ်တွင် ဦးစွာပထမ ကြားနိုင်သောအစွမ်းကို ပေးသနားခြင်းခံခဲ့ရကြောင်း၊ ထိုမှနောက်တွင် မြင်နိုင်သောအစွမ်းဖြစ်ပြီး ထိုမှတစ်ဖန် နက်ရှိုင်းစွာတွေးမြင်နိုင်ပြီး နာမ်ဝိညာဉ်ရေးဆိုင်ရာ အကြောင်းအရာဟူသမျှကို သိရှိနားလည်နိုင်သည့် အစွမ်းသတ္တိရှိသော ထိုနှလုံးသားကို လူသားအားပေးသနားတော်မူခြင်းခံရကြောင်း ဖော်ပြတော်မူပေသည်။

ယင်း၏နောက်တွင် ရှေ့ပိုင်း၌ အကျယ်တဝင့် ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်သော အာယတ်တော်များနှင့် အလားတူသည့် အာယတ်တော်များ လာရှိပေသည်။ ထို့နောက် သစ်ဆန်းသော အကြောင်းအရာတစ်ခုကို တင်ပြလျက်ရှိသည့် အာယတ်တော်တစ်ပိုဒ်လာရှိသည်။ 'ကေယာမတ်' ရှုင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် လူသားအား အသင်သည် ကမ္ဘာမြေပေါ်တွင် အဘယ်မျှ ကြာညောင်းစွာ နေထိုင်ခဲ့သနည်းဟု မေးမြန်းခြင်းခံရသောအခါ တစ်ရက် သို့မဟုတ် တစ်ရက်၏အစိတ်အပိုင်းအချို့မျှသာ ဖြစ်လေမလားဟူ၍ ပြောလိမ့်မည်။ အလ္လာဟ်အရှင်မြတ်က အမှန်သော်ကား အသင်တို့သည် ထိုထက်ပင် ပိုမိုနည်းပါးသောကာလမျှသာ ယင်း၌ နေထိုင်ခဲ့ကြခြင်းဖြစ်သည်ဟု ဖြေကြားတော်မူပေလိမ့်မည်။ ဤသည်သေပြီးနောက် ရှုင်ပြန်ထမြောက်ရမည့်ကာလ၏ ရှည်ကြာခြင်းကို ညွှန်းဆိုခြင်းဖြစ်သည်။ လောကကြီးကို ရုတ်ခြည်းကုန်လွန်သွားသကဲ့သို့ အလွန်ဝေးလံစွာမြင်တွေ့ရပေမည်။ ဤသည်ကို လူဘဝ၏ နေ့စဉ်အတွေ့အကြုံအရ သိရှိရပေသည်။ 'နေ'၊ 'လ'နှင့် နေစကြဝဠာစနစ်ကြီးထက်ပင် များစွာပိုမို၍ကြီးမားသော ကြယ်တာရာများသည် အလွန် ဝေးကွာလှသောကြောင့် ဤကမ္ဘာမြေမှ သေးငယ်သော အစက်အပျောက်ပမာ မြင်တွေ့ရသည့်အလားဖြစ်ပေသည်။

ဤဆူရာဟ်၏ နောက်ဆုံးအာယတ်တော်တွင် တမန်တော်မြတ်(ﷺ)အား မိမိကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အားမျက်မှောက်ထား၍ 'အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ခွင့်လွှတ်တော်မူပါ၊ သနားတော်မူပါ၊ ဧကန်ပင် အရှင်မြတ်သည် သနားကြင်နာသူအပေါင်းတို့ထက် သာလွန်၍ သနားကြင်နာတော်မူသောအရှင်ဖြစ်ပါသည်'ဟု 'ဒိုအာ'ဆုတောင်းမှုပုံစံဖြင့် သင်ပေးထားတော်မူပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-မို့အ်မိနွန်း

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၁၁၉)ပိုဒ် ရှိကူ (၆)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

قَدْ اَفْلَحَ الْمُؤْمِنُوْنَ ②

၂။ စင်စစ်ကော် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူတို့သည် အောင်မြင်ခဲ့ကြလေပြီ။

الَّذِيْنَ هُمْ فِيْ صَلَاتِهِمْ خٰشِعُوْنَ ③

၃။ သူတို့သည် မိမိတို့၏ 'ဆွလာတ်'ဝတ်ပြုမှုတွင် နှိမ့်ချကျိုးနွံသူများဖြစ်ကြ၏။

وَالَّذِيْنَ هُمْ عَنِ اللَّغْوِ مُعْرِضُوْنَ ④

၄။ ထို့ပြင် သူတို့သည် အချည်းနှီး အလဟဿအရာများမှ မျက်နှာလွှဲဖယ်သူများ ဖြစ်ကြ၏။

وَالَّذِيْنَ هُمْ لِلزَّكٰوةِ فٰعِلُوْنَ ⑤

၅။ ၎င်းပြင် သူတို့သည် 'ဇကာတ်'(၏တာဝန်)ကို ဖြည့်ဆည်းသူများဖြစ်ကြ၏။

وَالَّذِيْنَ هُمْ لِفُرُوْجِهِمْ حٰفِظُوْنَ ⑥

၆။ ထို့ပြင် သူတို့သည် မိမိတို့၏အရှက်အင်္ဂါများကို စောင့်ထိန်းသူများ ဖြစ်ကြ၏၊

اِلَّا عَلٰٓى اَزْوَاجِهِمْ اَوْ مَا مَلَكَتْ اَيْمَانُهُمْ فَاِنَّهُمْ غَيْرُ مَلُوْمِيْنَ ⑦

၇။ မိမိတို့၏ဇနီးများ သို့မဟုတ် မိမိတို့၏လက်ယာလက်မှ ပိုင်ဆိုင်သူများမှတစ်ပါး ဖြစ်၏။ သို့ဖြစ်ရာ ဧကန်ပင် သူတို့သည် ပြစ်တင်ခြင်းကို ခံကြရမည်မဟုတ်ချေ။

فَمَنِ ابْتَغٰى وَرَآءَ ذٰلِكَ فَاُولٰٓئِكَ هُمُ الْعٰدُوْنَ ⑧

၈။ သို့ဖြစ်ရာ အကြင်သူသည် ဤသည်မှဖယ်ခွာ၍ တစ်စုံတစ်ရာကို လိုလားခဲ့လျှင် ဤသူများသည်ပင် စည်းဘောင်ကို ချိုးဖောက်သူများ ဖြစ်ကြ၏။

وَالَّذِيْنَ هُمْ لِاَمٰنٰتِهِمْ وَعَهْدِهِمْ رٰعُوْنَ ⑨

၉။ ထို့ပြင် ထိုသူတို့သည် မိမိတို့၏ 'အမာနတ်' ယုံကြည်အပ်နှံရာများနှင့် မိမိတို့၏ကတိသစ္စာများကို စောင့်ထိန်းသူများ ဖြစ်ကြ၏။

وَالَّذِيْنَ هُمْ عَلٰى صَلَوٰتِهِمْ يُحَافِظُوْنَ ⑩

၁၀။ ထို့ပြင် ထိုသူတို့သည် မိမိတို့၏ 'ဆွလာတ်'ဝတ်ပြုမှုများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြ၏၊

اُولٰٓئِكَ هُمُ الْوٰرِثُوْنَ ⑪

၁၁။ ဤသူများသည်ပင် အမွေခံမည့်သူများဖြစ်ကြ၏၊

الَّذِيْنَ يَرِثُوْنَ الْفِرْدَوْسَ ؕ هُمْ فِيْهَا خٰلِدُوْنَ ⑫

၁၂။ (ဆိုလိုသည်မှာ) သူတို့သည် 'ဖိရ်ဒေါက်စ်' ဥယျာဉ်တော်၏ အမွေခံများဖြစ်ကြလိမ့်မည်။ သူတို့သည် ယင်း၌ အမြဲထာဝရနေထိုင်ရမည့်သူများ ဖြစ်ကြ၏။

وَلَقَدْ خَلَقْنَا الْاِنْسَانَ مِنْ سُلٰلَةٍ مِّنْ طِيْنٍ ⑬

၁၃။ မုချဧကန် ငါတို့သည် လူသားကို စိုစွတ်သောမြေ၏ အနှစ်ဖြင့် ဖန်ဆင်းတော်မူ၏။

ثُمَّ جَعَلْنٰهُ نُطْفَةً فِيْ قَرَارٍ مَّكِيْنٍ ⑭

၁၄။ တစ်ဖန် ငါတို့သည် ယင်းအား ကလလရည်ကြည်

အဖြစ်ဖြင့် လုံခြုံသောနေရာတစ်ခုတွင် ထားရှိတော်မူ၏။

ثُمَّ خَلَقْنَا النُّطْفَةَ عَلَقَةً فَخَلَقْنَا الْعَلَقَةَ مُضْغَةً فَخَلَقْنَا الْمُضْغَةَ عِظٰمًا فَكَسَوْنَا الْعِظٰمَ لَحْمًا ۗ ثُمَّ اَنْشَاْنٰهُ خَلْقًا اٰخَرَ ؕ فَتَبٰرَكَ اللّٰهُ اَحْسَنُ الْخٰلِقِيْنَ ۝

၁၄။ ထို့မှတစ်ဖန် ငါတို့သည် ကလလရည်ကြည်ကို သွေးခဲတစ်ခဲပြုလုပ်တော်မူ၏။ ထို့နောက် ယင်းသွေးခဲကို အသားတုံး (အသားနှင့်သဏ္ဌာန်တူသော သွေးခဲ)ပြုလုပ်တော်မူ၏၊ ထို့နောက်တစ်ဖန် ငါတို့သည် ယင်းအသားတုံးကို အရိုးများပြုလုပ်တော်မူ၏။ တစ်ဖန် အရိုးများကို အသားဖြင့် တန်ဆာဆင်ပေးတော်မူ၏။ ထို့နောက် ငါတို့သည် ယင်းကို ဖန်ဆင်းခြင်းအသစ်တစ်ရပ်အသွင်ဖြင့် ဖွဲ့ဖြိုးစေတော်မူ၏။ သို့ဖြစ်ရကား ဖန်ဆင်းသူအပေါင်းတို့တွင် အကောင်းမြတ်ဆုံး ဖြစ်တော်မူသော အလ္လာဟ်တစ်ပါးတည်းသာလျှင် ကောင်းချီးမင်္ဂလာတော်ရှင် ဖြစ်တော်မူကြောင်း သာဓကရရှိပေသည်။

ثُمَّ اِنَّكُمْ بَعْدَ ذٰلِكَ لَمَيِّتُوْنَ ۝

၁၆။ အသင်တို့သည် ယင်းသည့်နောက်တွင် မလွဲမကန် သေဆုံးရမည့်သူများ ဖြစ်ကြ၏။

ثُمَّ اِنَّكُمْ يَوْمَ الْقِيٰمَةِ تُبْعَثُوْنَ ۝

၁၇။ ထို့မှတစ်ဖန် အသင်တို့သည် 'ကေယာမတ်'နေ့တော်ကြီးတွင် ရှင်ပြန်ထမြောက်ကြရပေမည်။

وَلَقَدْ خَلَقْنَا فَوْقَكُمْ سَبْعَ طَرَآئِقَ ۖ وَمَا كُنَّا عَنِ الْخَلْقِ غٰفِلِيْنَ ۝

၁၈။ မကန်မလွဲ ငါတို့သည် အသင်တို့အထက်၌ လမ်းခုနစ်သွယ်ကို ဖန်ဆင်းထားတော်မူ၏၊ စင်စစ် ငါတို့သည် ဖန်ဆင်းခြင်း၌ မေ့လျော့ပေါ့တန်သည်မဟုတ်ချေ။ ①

وَاَنْزَلْنَا مِنَ السَّمَآءِ مَآءًۢ بِقَدَرٍ فَاَسْكَنّٰهُ فِى الْاَرْضِ ۚ وَ اِنَّا عَلٰى ذَهَابٍۭ بِهٖ لَقٰدِرُوْنَ ۝

၁၉။ ထို့ပြင် ငါတို့သည် မိုးကောင်းကင်မှရေကို အတိုင်းအတာတစ်ရပ်နှင့်အညီ ရွာသွန်းချပေးတော်မူ၏။ ထို့နောက်တစ်ဖန် ငါတို့သည် ယင်း(မိုးရေ)ကို ကမ္ဘာမြေတွင်တည်ရှိစေတော်မူ၏။ ထို့ပြင် ငါတို့သည် ယင်းကို ယူဆောင်သွားရန်လည်း မကန်ပင် စွမ်းအားရှိတော်မူ၏။

فَاَنْشَاْنَا لَكُمْ بِهٖ جَنّٰتٍ مِّنْ نَّخِيْلٍ وَّاَعْنَابٍ ۙ لَكُمْ فِيْهَا فَوَاكِهُ كَثِيْرَةٌ ۙ وَّمِنْهَا تَاْكُلُوْنَ ۝

၂၀။ ငါတို့သည် ယင်းအားဖြင့် အသင်တို့အဖို့ စွန်ပလွံနှင့် စပျစ်ခြံများကို ပေါက်ရောက်ဖြစ်ထွန်းစေတော်မူ၏။ ယင်း၌ အသင်တို့အဖို့ သစ်သီးအများအပြား (သီးကြ)၏၊ ယင်းတို့မှ အသင်တို့သည် စားသုံးခြင်းကိုလည်းပြုကြ၏။

وَشَجَرَةً تَخْرُجُ مِنْ طُوْرِ سَيْنَآءَ تَنْۢبُتُ بِالدُّهْنِ وَصِبْغٍ لِّلْاٰكِلِيْنَ ۝

၂၁။ ထို့ပြင် ငါတို့သည် 'ဆိုင်းနိုင်း'တောင်တွင် အပင်တစ်မျိုးကို ပေါက်ရောက်စေတော်မူ၏၊ ယင်းသည် ဆီနှင့် စားသုံးသူတို့အဖို့ ဟင်းလျာတစ်မျိုးကိုဆောင်ယူလျက် ပေါက်ရောက်၏။

وَاِنَّ لَكُمْ فِى الْاَنْعَامِ لَعِبْرَةً ۖ نُسْقِيْكُمْ

၂၂။ ထို့ပြင် မကန်ပင် အသင်တို့အဖို့ ခြေလေးချောင်း

① ဤတွင် လူသားတို့၏အထက်တွင် ကောင်းကင်ဆိုင်ရာလမ်းကြောင်း(၇)သွယ်အကြောင်းကို သိရပေသည်။ (၇)ဂဏန်း၏ ဆိုလိုရင်းမှာ- အကြိမ်ကြိမ်အဖန်ဖန်ရောက်ရှိလာသည်ဖြစ်ပြီး ပမာအားဖြင့် စနေနေ့သည် (၇)ရက်မြောက်သောနေ့တိုင်း၏နောက်တွင် အဖန်ဖန်ရောက်လာသကဲ့သို့ ဖြစ်ပေသည်။ သို့ဖြစ်၍ **سَبْعَ طَرَائِقَ** ဟူသည် မရေမတွက်နိုင်သော ကောင်းကင်ဆိုင်ရာလမ်းကြောင်းများကို ဆိုလိုပေသည်။

مِّمَّا فِيْ بُطُوْنِهَا وَلَكُمْ فِيْهَا مَنَافِعُ كَثِيْرَةٌ وَّ مِنْهَا تَأْكُلُوْنَ ﴿٢١﴾

တိရစ္ဆာန်များတွင် သင်ခန်းစာတစ်ရပ်ရှိ၏၊ ငါတို့သည် အသင်တို့အား ယင်းတို့၏ဝမ်းများအတွင်းရှိသည်မှ တိုက်ကျွေးတော်မူ၏။ ထို့ပြင် အသင်တို့အဖို့ ယင်းတို့၌ များစွာသော အကျိုးကျေးဇူးသည်ရှိ၏။ ထို့ပြင် ယင်းတို့မှပင် အချို့ကို အသင်တို့စားသုံးခြင်းကိုလည်းပြုကြ၏။

وَعَلَيْهَا وَعَلَى الْفُلْكِ تُحْمَلُوْنَ ﴿٢٢﴾

၂၃။ ထို့ပြင် ယင်း(တိရစ္ဆာန်)များအပေါ်တွင်လည်းကောင်း လှေသင်္ဘောများအပေါ်တွင်လည်းကောင်း အသင်တို့ စီးနင်းကြပေသတည်း။

ရုကူး-၂

وَلَقَدْ اَرْسَلْنَا نُوْحًا اِلٰى قَوْمِهٖ فَقَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ اَفَلَا تَتَّقُوْنَ ﴿٢٣﴾

၂၄။ ဧကန်စင်စစ် ငါတို့သည် 'နူးဟ်'အား သူ၏အမျိုးသားတို့ထံ စေလွှတ်တော်မူခဲ့ပေရာ သူက အို-ကျွန်ုပ်၏အမျိုးသားတို့ အလွန်ဟ်အား ခဝပ်ကိုးကွယ်ကြကုန်၊ အသင်တို့အဖို့ ထိုအရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ရာမရှိချေ။ သို့ဖြစ်ရာ အသင်တို့သည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်ကြံဆောက်တည်ခြင်း မပြုကြပြီလောဟု ပြောကြားလေ၏။

فَقَالَ الْمَلَؤُا الَّذِيْنَ كَفَرُوْا مِنْ قَوْمِهٖ مَا هٰذَاۤ اِلَّا بَشَرٌ مِّثْلُكُمْ ۙ يُرِيْدُ اَنْ يَّتَفَضَّلَ عَلَيْكُمْ ؕ وَلَوْ شَآءَ اللّٰهُ لَاَنْزَلَ مَلٰٓئِكَةً ۚ مَّا سَمِعْنَا بِهٰذَا فِيْۤ اٰبَآئِنَا الْاَوَّلِيْنَ ﴿٢٤﴾

၂၅။ ထိုအခါ သူ၏အမျိုးသားတို့အနက် မယုံကြည်ငြင်းပယ်ကြသော အကြီးအကဲတို့ကပြောကြ၏၊ ဤသူသည် အသင်တို့ကဲ့သို့သော လူသားတစ်ဦးမှတစ်ပါး အခြားမည်သည်မျှ မဟုတ်ချေ၊ သူသည် အသင်တို့အပေါ် မိမိ၏ထူးခြားသာလွန်မှုကို တည်တံ့စေရန်လိုလား၏၊ ထို့ပြင် အကယ်၍ အလ္လာဟ် အလိုရှိတော်မူခဲ့လျှင် ကောင်းကင်တမန်များကို ချပေးတော်မူမည်သာဖြစ်၏။ ကျွန်ုပ်တို့မှာကား မိမိတို့၏ ရှေးယခင် အဘဘိုးဘေးများထံမှ ဤကဲ့သို့မကြားဖူးချေ။

اِنْ هُوَ اِلَّا رَجُلٌۢ بِهٖ جِنَّةٌ فَتَرَبَّصُوْا بِهٖ حَتّٰى حِيْنٍ ﴿٢٥﴾

၂၆။ ဤသူသည်ကား ရူးသွပ်သွားသော လူတစ်ဦးမျှသာဖြစ်၏။ သို့ဖြစ်ရာ သူ(၏ရလဒ်)နှင့်စပ်လျဉ်း၍ အချိန်ကာလတစ်ရပ်အထိ စောင့်ကြည့်ကြကုန်။

قَالَ رَبِّ انْصُرْنِيْ بِمَا كَذَّبُوْنِ ﴿٢٦﴾

၂၇။ သူက အို-ကျွန်တော်မျိုးအားဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးအား ကူညီစောင့်မတော်မူပါ၊ အကြောင်းမူ ဤသူတို့သည် ကျွန်တော်မျိုးကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြပါသည်ဟု လျှောက်ထားခဲ့လေသည်။

فَاَوْحَيْنَاۤ اِلَيْهِ اَنِ اصْنَعِ الْفُلْكَ بِاَعْيُنِنَا وَوَحْيِنَا فَاِذَا جَآءَ اَمْرُنَا وَفَارَ التَّنُّوْرُ ۙ فَاسْلُكْ فِيْهَا مِنْ كُلٍّ زَوْجَيْنِ اثْنَيْنِ وَاَهْلَكَ اِلَّا مَنْ سَبَقَ عَلَيْهِ الْقَوْلُ

၂၈။ သို့ဖြစ်ရာ ငါတို့သည် သူ့ထံသို့ 'ဝဟီ'ဗျာဒိတ်ပို့ချတော်မူသည်မှာ ငါတို့၏ မျက်စိရှေ့တွင် ငါတို့ ဗျာဒိတ်ပို့ချသည်နှင့်အညီ လှေသင်္ဘောတစ်စင်းကိုတည်ဆောက်လော့၊ သို့ဖြင့် ငါတို့၏အမိန့်တော်ရောက်ရှိလာ၍ (ကမ္ဘာမြေကြီး၏) စမ်းပေါက်သည် ပေါက်ထွက်လာသောအခါ ယင်း(လှေသင်္ဘော)တွင် အလုံးစုံသော(လိုအပ်သည့်တိရစ္ဆာန်များ)အနက်မှ တစ်စုံ

مِنْهُمْ ۚ وَلَا تُخَاطِبْنِيْ فِي الَّذِيْنَ ظَلَمُوْا ۚ
اِنَّهُمْ مُّغْرَقُوْنَ ﴿۲۷﴾

စီကိုလည်းကောင်း၊ မိမိ၏အိမ်သူအိမ်သားများအနက် ဆန့်ကျင်ဘက်ဆုံးဖြတ်ချက်ချခြင်းကိုခံခဲ့ရသော အကြင်သူတို့မှ တစ်ပါး ကျန်သူများကိုလည်းကောင်း တင်ဆောင်လော့။ ထို့ပြင် မတရားကျူးလွန်သူတို့နှင့်စပ်လျဉ်း၍ ငါ၏ထံတော်တွင် မည်သို့မျှ လျှောက်ထားပန်ကြားခြင်းမပြုလင့်၊ မုချကေန် သူတို့သည် နှစ်မြှုပ်ပစ်ခြင်းကိုခံရမည့်သူများဖြစ်ကြ၏။

فَاِذَا اسْتَوَيْتَ اَنْتَ وَمَنْ مَّعَكَ عَلَى
الْفُلْكِ فَقُلِ الْحَمْدُ لِلّٰهِ الَّذِيْ نَجّٰىنَا
مِنَ الْقَوْمِ الظّٰلِمِيْنَ ﴿۲۸﴾

၂၉။ သို့ဖြစ်ရာ အသင်အပါအဝင်၊ အသင်နှင့်အတူရှိကြသူတို့သည် လှေသင်္ဘောပေါ်တွင် နေသားတကျ နေရာယူပြီးနောက်တွင် ခိုးမွမ်းထောမနာခြင်းအပေါင်းသည် အလ္လာဟ်၏အဖို့သာ ဖြစ်ပါ၏။ ထိုအရှင်သည် ကျွန်တော်မျိုးတို့အား မတရားပြုသော အမျိုးသားတို့မှ ကယ်တင်တော်မူခဲ့ပါသည်ဟု အသင်ပြောကြားပါလေ။

وَقُلْ رَّبِّ اَنْزِلْنِيْ مُنْزَلًا مُّبٰرَكًا وَّ اَنْتَ
خَيْرُ الْمُنْزِلِيْنَ ﴿۲۹﴾

၃၀။ ထို့ပြင် အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးအား မင်္ဂလာရှိသော ဆင်းသက်ရာနေရာတွင် ဆင်းသက်စေတော်မူပါ။ စင်စစ် အရှင်မြတ်သည် ဆင်းသက်စေသူများတွင် အကောင်းဆုံးဖြစ်တော်မူပါ၏ဟု ပန်ကြားလျှောက်ထားပါလေ။

اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ وَّ اِنْ كُنَّا لَمُبْتَلِيْنَ ﴿۳۰﴾

၃၁။ ဧကန်ပင် ယင်း၌ ကြီးမားသောနိမိတ်လက္ခဏာတော်များပါရှိ၏။ မည်သို့ဆိုစေ ငါတို့သည် အမှန်ပင် စမ်းသပ်တော်မူမည့်အရှင် ဖြစ်တော်မူ၏။

ثُمَّ اَنْشَاْنَا مِنْۢ بَعْدِهِمْ قَرْنًا اٰخَرِيْنَ ﴿۳۱﴾

၃၂။ ထို့နောက် ငါတို့သည် ယင်းတို့၏နောက်တွင် အခြားခေတ်ကာလ၏လူတို့ကို ပေါ်ထွန်းစေတော်မူခဲ့၏။

فَاَرْسَلْنَا فِيْهِمْ رَسُوْلًا مِّنْهُمْ اَنِ اعْبُدُوا
اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ۭ اَفَلَا
تَتَّقُوْنَ ﴿۳۲﴾ ع

၃၃။ ထို့ပြင် ငါတို့သည် ၎င်းတို့၌လည်း ၎င်းတို့အနက်မှပင် တမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့၏။ (သူက) အလ္လာဟ်အား ခဝပ်ကိုးကွယ်ကြကုန်။ ထိုအရှင်မြတ်မှတစ်ပါး အသင်တို့အတွက် အခြားမည်သည့်ကိုးကွယ်ရာမျှမရှိချေ။ သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ' တရားကို ကျင့်ကြံဆောက်တည်ခြင်း မပြုကြသလော(ဟု ပြောကြားလေသတည်း)။

ရုကူ-၃

وَقَالَ الْمَلَاُ مِنْ قَوْمِهِ الَّذِيْنَ كَفَرُوْا
وَكَذَّبُوْا بِلِقَآءِ الْاٰخِرَةِ وَاَتْرَفْنٰهُمْ
فِي الْحَيٰوةِ الدُّنْيَا ۙ مَا هٰذَآ اِلَّا بَشَرٌ
مِّثْلُكُمْ ۙ يَاْكُلُ مِمَّا تَاْكُلُوْنَ مِنْهُ

၃၄။ သူ၏အမျိုးသားများမှ မယုံကြည်ခြင်းပယ်မှုကိုပြုကြပြီး တမလွန်နှင့်တွေ့ဆုံရမည်ကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြသော အကြီးအကဲတို့သည် ငါတို့က သူတို့အား လောကီဘဝတွင် များစွာသောစည်းစိမ်ချမ်းသာကိုပေးသနားတော်မူပါလျက် (၎င်းတို့က) ပြောဆိုသည်မှာ ဤသူသည် အသင်တို့ကဲ့သို့သော လူတစ်ဦးမှတစ်ပါး အခြားမည်သည်မျှ မဟုတ်ချေ။

وَيَشْرَبُ مِمَّا تَشْرَبُوْنَ ﴿۳۳﴾

အသင်တို့စားသုံးသောအရာများကိုပင် စားသုံးပြီး အသင်တို့သောက်သောအရာများကိုပင် သောက်သုံး၏။

وَلَئِنْ اَطَعْتُمْ بَشَرًا مِّثْلَكُمْ اِنَّكُمْ اِذًا لَّخٰسِرُوْنَ ﴿۳۴﴾

၃၄။ သို့ပါလျက် အကယ်၍ အသင်တို့သည် မိမိတို့ကဲ့သို့သော လူသားတစ်ဦးအား နာခံကြပါလျှင် အမှန်ပင် အသင်တို့သည် လွန်စွာ ဆုံးရှုံးသူများဖြစ်သွားကြပေမည်။

اَيَعِدُكُمْ اَنَّكُمْ اِذَا مِتُّمْ وَكُنْتُمْ تُرَابًا وَّعِظَامًا اَنَّكُمْ مُّخْرَجُوْنَ ﴿۳۵﴾

၃၅။ အသို့နည်း အသင်တို့သေဆုံးကြပြီးနောက် မြေကြီးနှင့် အရိုးများဖြစ်ခဲ့ကြပြီးသော်မှ အသင်တို့သည် ထုတ်ဆောင်ခြင်းကို ခံကြရမည်ဟူသော စကားရပ်ဖြင့် ဤသူသည် အသင်တို့အား ခြောက်လှန့်ပေသလော။

هَيْهَاتَ هَيْهَاتَ لِمَا تُوْعَدُوْنَ ﴿۳۶﴾

၃၆။ အသင်တို့အား ကတိပြုထားသောအရာသည် ဝေးလေစွ၊ အလွန် ဝေးလေစွတကား။

اِنْ هِيَ اِلَّا حَيَاتُنَا الدُّنْيَا نَمُوْتُ وَنَحْيَا وَمَا نَحْنُ بِمَبْعُوْثِيْنَ ﴿۳۷﴾

၃၈။ ကျွန်ုပ်တို့အဖို့မူကား ဤလောကီဘဝမျှသာရှိ၏၊ ကျွန်ုပ်တို့သည် သေကြသည်လည်းရှိ၏၊ ရှင်ကြသည်လည်းရှိ၏။ စင်စစ်တစ်မူကား ကျွန်ုပ်တို့သည် အလျှင်းရှင်ပြန်ထမြောက်ကြရမည်မဟုတ်ချေ။

اِنْ هُوَ اِلَّا رَجُلُ ۨ افْتَرٰى عَلَى اللّٰهِ كَذِبًا وَّمَا نَحْنُ لَهٗ بِمُؤْمِنِيْنَ ﴿۳۸﴾

၃၉။ ဤသူသည်ကား အလ္လာဟ်အား အကြောင်းခံ၍ မုသားလီဆယ်ပြောဆိုခြင်းသာဖြစ်၏။ ကျွန်ုပ်တို့သည် ထိုသူအား သက်ဝင်ယုံကြည်ကြမည့်သူများမဟုတ်ချေ။

قَالَ رَبِّ انْصُرْنِيْ بِمَا كَذَّبُوْنِ ﴿۳۹﴾

၄၀။ သူ(တမန်တော်)က အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးအား ကူညီစောင်မတော်မူပါ အကြောင်းမူ ယင်းတို့သည် ကျွန်တော်မျိုးအား မဟုတ်မမှန်ဟူ၍ပြောဆိုကြပါသည်ဟု လျှောက်ထားပန်ကြားလေ၏။

قَالَ عَمَّا قَلِيْلٍ لَّيُصْبِحُنَّ نٰدِمِيْنَ ﴿۴۰﴾

၄၁။ အရှင်မြတ်က ယင်းတို့သည် မကြာမီကာလအတွင်းမှာပင် အမှန်ပင် ရှက်ကြောက်နောင်တရသွားကြပေလိမ့်မည်ဟု မိန့်ကြားတော်မူလေ၏။

فَاَخَذَتْهُمُ الصَّيْحَةُ بِالْحَقِّ فَجَعَلْنٰهُمْ غُثَآءً ۚ فَبُعْدًا لِّلْقَوْمِ الظّٰلِمِيْنَ ﴿۴۱﴾

၄၂။ သို့ဖြင့် ယင်းတို့အား မြည်ဟည်းသော အသံသည် အမှန်အကန်(ကျရောက်ထိုက်သည်)နှင့်အညီ လာရောက် ဖမ်းဆီးခဲ့လေသည်။ သို့ဖြင့် ငါတို့သည် ယင်းတို့အား အမျိုက်သရိုက်များဖြစ်အောင် ပြုလုပ်တော်မူခဲ့ပေသည်။ သို့ဖြစ်ရာ မတရားကျူးလွန်သော အမျိုးသားတို့အပေါ် ကရုဏာတော်မှ ကင်းဝေးခြင်းကျရောက်စေသား။

ثُمَّ اَنْشَاْنَا مِنْۢ بَعْدِهِمْ قُرُوْنًا اٰخَرِيْنَ ﴿۴۲﴾

၄၃။ ထိုမှတစ်ဖန် ငါတို့သည် ယင်းတို့၏နောက်တွင် အခြားခေတ်ကာလများ၏လူတို့ကို ပေါ်ထွန်းစေတော်မူခဲ့၏။

مَا تَسْبِقُ مِنْ اُمَّةٍ اَجَلَهَا وَمَا يَسْتَاْخِرُوْنَ ﴿۴۳﴾

၄၄။ မည်သည့် 'အွမ္မတ်' အုပ်စုဝင်မျှပင် မိမိတို့အတွက် သတ်မှတ်ထားသောအချိန်ကာလမှ ရှေ့သို့လည်းမတိုးနိုင်

နောက်သို့လည်း မဆုတ်နိုင်ချေ။

ثُمَّ اَرْسَلْنَا رُسُلَنَا تَتْرَا ؕ كُلَّمَا جَآءَ اُمَّةً رَّسُوْلُهَا كَذَّبُوْهُ فَاَتْبَعْنَا بَعْضَهُمْ بَعْضًا وَّ جَعَلْنٰهُمْ اَحَادِيْثَ ۚ فَبُعْدًا لِّقَوْمٍ لَّا يُؤْمِنُوْنَ ﴿۴۴﴾

၄၄။ ထို့နောက်တစ်ဖန် ငါတို့သည် မိမိ၏တမန်တော်များကို စဉ်ဆက်မပြတ် စေလွှတ်တော်မူခဲ့၏။ မည်သည့်အခါတွင်မဆို 'အုမ္မတ်' အုပ်စုတစ်စုစုထံသို့ သူတို့၏တမန်တော် ရောက်ရှိလာသော် ထိုသူတို့သည် သူ့အား မဟုတ်မမှန်ဟု စွပ်စွဲကြ၏၊ သို့ဖြစ်ရာ ငါတို့သည် ယင်းတို့အနက် အချို့ကို အချို့သူများ၏ နောက်သို့လိုက်စေတော်မူ၏။ ထို့နောက် ငါတို့သည် ယင်းတို့အား ပုံပြင်ဒဏ္ဍာရီများအဖြစ်ပြုလုပ်တော်မူ၏၊ သို့ဖြစ်ရာ သက်ဝင်ယုံကြည်ခြင်းမရှိသောအမျိုးသားတို့အပေါ် ကရုဏာတော်မှကင်းဝေးခြင်း ကျရောက်စေသား။

ثُمَّ اَرْسَلْنَا مُوْسٰى وَ اَخَاهُ هٰرُوْنَ ۙ بِاٰيٰتِنَا وَ سُلْطٰنٍ مُّبِيْنٍ ﴿۴۵﴾

၄၅။ ထို့နောက် ငါတို့သည် 'မူစာ'နှင့် သူ၏အစ်ကို 'ဟာရွန်' တို့အား မိမိ၏နိမိတ်လက္ခဏာတော်များနှင့် ပေါ်လွင်ထင်ရှားအောင်နိုင်သော သက်သေသာဓကများနှင့်အတူ စေလွှတ်တော်မူခဲ့၏၊

اِلٰى فِرْعَوْنَ وَ مَلَا۟ئِهٖ فَاسْتَكْبَرُوْا وَ كَانُوْا قَوْمًا عَالِيْنَ ﴿۴۶﴾

၄၆။ 'ဖိရ်အောင်'နှင့် သူ၏အကြီးအကဲတို့ထံသို့(ဖြစ်၏)။ ထိုအခါ ယင်းတို့သည် မာန်မာနထောင်လွှားခဲ့ကြပေသည်။ စင်စစ် ယင်းတို့သည် မနာခံဖီဆန်သူများဖြစ်ကြ၏။

فَقَالُوْۤا اَنُؤْمِنُ لِبَشَرَيْنِ مِثْلِنَا وَ قَوْمُهُمَا لَنَا عٰبِدُوْنَ ﴿۴۷﴾

၄၇။ သို့ဖြစ်ရာ ယင်းတို့က ကျွန်ုပ်တို့သည် မိမိတို့ကဲ့သို့သော လူသားနှစ်ဦးကို သက်ဝင်ယုံကြည်ကြရမည်လော။ အမှန်သော်ကား သူတို့နှစ်ဦး၏အမျိုးသားတို့မှာ ကျွန်ုပ်တို့၏ ကျေးကျွန်များဖြစ်ကြသည်ဟု ပြောဆိုကြ၏။

فَكَذَّبُوْهُمَا فَكَانُوْا مِنَ الْمُهْلَكِيْنَ ﴿۴۸﴾

၄၈။ သို့ဖြင့် ယင်းတို့သည် သူတို့နှစ်ဦးစလုံးကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်လိုက်ကြ၏။ စင်စစ် ယင်းတို့ကိုယ်တိုင်သည်ပင် ဖျက်ဆီးခြင်းခံကြရမည့်သူများအနက်မှ ဖြစ်ခဲ့ကြ၏။

وَ لَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ لَعَلَّهُمْ يَهْتَدُوْنَ ﴿۴۹﴾

၄၉။ ငါတို့သည် ဧကန်ပင် 'မူစာ'အား ကျမ်းဂန်ကိုပေးသနားတော်မူခဲ့၏။ သို့ဖြင့် သူတို့သည် လမ်းမှန်ကိုရရှိကြစေရန် ဖြစ်၏။

وَ جَعَلْنَا ابْنَ مَرْيَمَ وَ اُمَّهٗۤ اٰيَةً وَّ اٰوَيْنٰهُمَاۤ اِلٰى رَبْوَةٍ ذَاتِ قَرَارٍ وَّ مَعِيْنٍ ﴿۵۰﴾ ع

၅၀။ ထို့ပြင် ငါတို့သည် 'မရ်ယမ်'၏သားကိုလည်းကောင်း သူ၏မိခင်ကိုလည်းကောင်း နိမိတ်လက္ခဏာတော်တစ်ရပ် ပြုလုပ်တော်မူခဲ့၏။ ထို့ပြင် ငါတို့သည် သူတို့နှစ်ဦးလုံးကို ငြိမ်းချမ်းခြင်းအတိပြီး၍ စမ်းချောင်းများရှိရာ ကုန်းမြင့်ဒေသတစ်ခုတွင် ခိုလှုံခွင့်ပေးသနားတော်မူခဲ့ပေသတည်း။

ရုကူး-၄

يٰۤاَيُّهَا الرُّسُلُ كُلُوْا مِنَ الطَّيِّبٰتِ وَ اعْمَلُوْا

၅၁။ အို-တမန်တော်အပေါင်းတို့ သန့်ရှင်းစင်ကြယ်သောအရာများမှ စားသုံးကြကုန်။ ထို့ပြင် ကောင်းမြတ်သော အကျင့်

صَالِحًا ؕ اِنِّیْ بِمَا تَعْمَلُوْنَ عَلِیْمٌ ﴿۵۱﴾

သီလများကို ကျင့်ကြံဆောက်တည်ကြကုန်။ ငါအရှင်မြတ်သည် အသင်တို့ပြုလုပ်သည်တို့ကိုအမြဲထာဝရသိရှိတော်မူ၏။

وَ اِنَّ هٰذِهٖۤ اُمَّتُكُمْ اُمَّةً وَّاحِدَةً وَّ اَنَا رَبُّكُمْ فَاتَّقُوْنِ ﴿۵۲﴾

၅၃။ ဧကန်စင်စစ် အသင်တို့၏ ဤ'အွမ္မတ်'အုပ်စုသည် တစ်ခုတည်းသော 'အွမ္မတ်' ဖြစ်၏။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့၏ ဖန်ဆင်းမွေးမြူရှင်ဖြစ်၏။ သို့ဖြစ်ရာ ငါအရှင်မြတ်အား ကြောက်ရွံ့ရိုကျိုးကြကုန်။

فَتَقَطَّعُوْۤا اَمْرَهُمْ بَیْنَهُمْ زُبُرًا ؕ كُلُّ حِزْبٍۭ بِمَا لَدَیْهِمْ فَرِحُوْنَ ﴿۵۳﴾

၅၄။ သို့ဖြစ်ရာ ၎င်းတို့သည် မိမိတို့၏အရေးကိစ္စကို မိမိတို့အကြားတွင် အစိတ်စိတ်အပိုင်းပိုင်း ခွဲဝေလိုက်ကြလေသည်။ အုပ်စုတိုင်းသည် ၎င်းတို့ထံတွင်ရှိသည်နှင့်စပ်လျဉ်း၍ ဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြလေသည်။

فَذَرْهُمْ فِیْ غَمْرَتِهِمْ حَتّٰی حِیْنٍ ﴿۵۴﴾

၅၅။ သို့ဖြစ်ရာ ထိုသူတို့အား သူတို့၏မသိမိုက်မဲမှုဌ အချိန်ကာလ အနည်းငယ်လွှတ်ထားပါလေ။

اَیَحْسَبُوْنَ اَنَّمَا نُمِدُّهُمْ بِهٖ مِنْ مَّالٍ وَّ بَنِیْنَ ﴿۵۵﴾

၅၆။ ငါတို့က သူတို့အား ပစ္စည်းဥစ္စာနှင့် သားသမီးများအားဖြင့် ကူညီစောင်မတော်မူသည်ဟု သူတို့ ထင်မှတ်ကြလေသလော။

نُسَارِعُ لَهُمْ فِی الْخَیْرٰتِ ؕ بَلْ لَّا یَشْعُرُوْنَ ﴿۵۶﴾

၅၇။ ငါတို့က ယင်းတို့အား ကောင်းကျိုးများ၌ တိုးပွားအောင်ပြုလုပ်နေပါသလော၊ အလျှင်းမဟုတ်ချေ။ ယင်းတို့သည် ဘာမျှ အသိတရားရှိကြသည်မဟုတ်ချေ။

اِنَّ الَّذِیْنَ هُمْ مِّنْ خَشْیَةِ رَبِّهِمْ مُّشْفِقُوْنَ ﴿۵۷﴾

၅၈။ ဧကန်မုချ အကြင်သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အရှိန်အဝါကို ကြောက်ရွံ့ရိုကျိုးသူများ ဖြစ်ကြ၏၊

وَ الَّذِیْنَ هُمْ بِاٰیٰتِ رَبِّهِمْ یُؤْمِنُوْنَ ﴿۵۸﴾

၅၉။ ထို့ပြင် သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ 'အာယတ်' မုက္ခပါဠိတော်များကို သက်ဝင်ယုံကြည်ကြ၏၊

وَ الَّذِیْنَ هُمْ بِرَبِّهِمْ لَا یُشْرِكُوْنَ ﴿۵۹﴾

၆၀။ ထို့ပြင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် မည်သည်ကိုမျှယှဉ်တွဲကိုးကွယ်ခြင်းမပြုကြချေ၊

وَ الَّذِیْنَ یُؤْتُوْنَ مَاۤ اٰتَوْا وَّ قُلُوْبُهُمْ وَجِلَةٌ اَنَّهُمْ اِلٰی رَبِّهِمْ رٰجِعُوْنَ ﴿۶۰﴾

၆၁။ ထိုသူတို့သည် မည်သည်ကိုမဆို ပေးကမ်းရာတွင် သူတို့သည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ထံသို့ မလွဲမသွေ ပြန်သွားကြရမည်ဟူသော (အတွေးဖြင့်) သူတို့၏စိတ်နှလုံးများမှကြောက်ရွံ့စိုးရိမ်သောအခြေအနေ၌ ပေးကမ်းကြ၏။

اُولٰٓئِكَ یُسٰرِعُوْنَ فِی الْخَیْرٰتِ وَ هُمْ لَهَا سٰبِقُوْنَ ﴿۶۱﴾

၆၂။ ဤသူများသည်ပင် ကောင်းမှုများတွင် လျင်မြန်စွာ ရှေ့တိုးလျက်ရှိသူများဖြစ်ကြ၏၊ ထို့ပြင် သူတို့သည် ယင်း(ကောင်းမှု)တွင် ထူးကဲသာလွန်သွားသူများဖြစ်ကြ၏။

وَ لَا نُكَلِّفُ نَفْسًا اِلَّا وُسْعَهَا وَ لَدَیْنَا

၆၃။ ငါတို့သည် မည်သည့်အသက်ဝိညာဉ်ကိုမျှ ယင်း၏ စွမ်းဆောင်နိုင်အားထက်ပို၍ တာဝန်ပေးတော်မမူချေ၊ ထို့ပြင်

كِتٰبٌ يُّنْطِقُ بِالْحَقِّ وَهُمْ لَا يُظْلَمُوْنَ ﴿٦٣﴾

ငါတို့အထံတော်တွင် အမှန်ကိုပြောသော မှတ်တမ်းစာအုပ်သည်ရှိ၏၊ စင်စစ် ယင်းတို့သည် မတရားပြုခြင်းကို ခံကြရမည်မဟုတ်ချေ။

بَلْ قُلُوْبُهُمْ فِيْ غَمْرَةٍ مِّنْ هٰذَا وَلَهُمْ اَعْمَالٌ مِّنْ دُوْنِ ذٰلِكَ هُمْ لَهَا عٰمِلُوْنَ ﴿٦٣﴾

၆၃။ အမှန်သော်ကား သူတို့၏ စိတ်နှလုံးများသည် ဤသည်ကို မသိရှိကြချေ။ ယင်းအပြင် သူတို့ပြုကျင့်လေ့ရှိသော အခြားပြုမူကျင့်ကြံမှုများလည်းရှိ၏။

حَتّٰٓى اِذَآ اَخَذْنَا مُتْرَفِيْهِمْ بِالْعَذَابِ اِذَا هُمْ يَجْـَٔرُوْنَ ﴿٦٤﴾

၆၄။ နောက်ဆုံးတွင် ငါတို့သည် ယင်းတို့မှ ချမ်းသာကြွယ်ဝသူတို့အား အပြစ်ဒဏ်ဖြင့် ဖမ်းဆီးတော်မူသောအခါ ယင်းတို့သည် ရုတ်ခြည်းပင် အော်ဟစ်မြည်တမ်းခြင်းကို ပြုကြလေ၏။

لَا تَجْـَٔرُوا الْيَوْمَ ۗ اِنَّكُمْ مِّنَّا لَا تُنْصَرُوْنَ ﴿٦٥﴾

၆၅။ ဤနေ့တွင် အော်ဟစ်မြည်တမ်းခြင်း မပြုကြလင့်၊ အသင်တို့သည် ငါတို့၏အထံတော်မှ မည်သည့်အကူအညီကို မျှပေးခြင်းကို အလျှင်းခံကြရမည်မဟုတ်ချေ။

قَدْ كَانَتْ اٰيٰتِيْ تُتْلٰى عَلَيْكُمْ فَكُنْتُمْ عَلٰٓى اَعْقَابِكُمْ تَنْكِصُوْنَ ﴿٦٦﴾

၆၆။ အသင်တို့အား ငါအရှင်မြတ်၏ 'အာယတ်' မုက္ခပါဠိတော်များကိုဖတ်ရွတ်ပြခဲ့၏။ သို့ပါလျက် အသင်တို့သည် မိမိတို့၏ခြေဖနောင့်များဘက်သို့ လှည့်ထွက်သွားခဲ့ကြပေသည်။

مُسْتَكْبِرِيْنَ ۚ بِهٖ سٰمِرًا تَهْجُرُوْنَ ﴿٦٧﴾

၆၇။ မာန်မာနထောင်လွှားလျက် (ထွက်သွားကြပြီး)ဤသည်နှင့်စပ်လျဉ်း၍ ညဉ့်အချိန်များတွင် စကားဝိုင်းများဖွဲ့၍ အချည်းနှီးအလဟဿစကားများကို ပြောဆိုခဲ့ကြပေသည်။

اَفَلَمْ يَدَّبَّرُوا الْقَوْلَ اَمْ جَآءَهُمْ مَّا لَمْ يَاْتِ اٰبَآءَهُمُ الْاَوَّلِيْنَ ﴿٦٨﴾

၆၈။ သို့ဖြစ်ရာ ထိုသူတို့သည် ဤစကားရပ်ကို စဉ်းစားသုံးသပ်ခြင်း မပြုကြပေသလော။ သို့တည်းမဟုတ် ယင်းတို့ထက်အလျင်က သူတို့၏ဘိုးဘေးတို့ထံသို့ ရောက်ရှိခြင်းမရှိခဲ့သော အကြောင်းရပ်သည် ယင်းတို့ထံသို့ ရောက်ရှိခဲ့လေသလော။

اَمْ لَمْ يَعْرِفُوْا رَسُوْلَهُمْ فَهُمْ لَهٗ مُنْكِرُوْنَ ﴿٦٩﴾

၆၉။ သို့တည်းမဟုတ် ယင်းတို့သည် မိမိတို့၏တမန်တော်ကို သိရှိခြင်းမရှိသောကြောင့် ယင်းတို့သည် သူ့အား ငြင်းပယ်ခဲ့ကြလေသလော။

اَمْ يَقُوْلُوْنَ بِهٖ جِنَّةٌ ۗ بَلْ جَآءَهُمْ بِالْحَقِّ وَاَكْثَرُهُمْ لِلْحَقِّ كٰرِهُوْنَ ﴿٧٠﴾

၇၀။ သို့တည်းမဟုတ် ယင်းတို့က သူ့အား ရူးသွပ်သွားလေပြီဟုဆိုကြသလော။ ဤသို့မဟုတ်မူ၍ သူ(တမန်တော်)သည်ကား ယင်းတို့ထံသို့ အမှန်တရားကို ယူဆောင်၍လာခဲ့ပေသည်။ သို့စင်လျက် ယင်းတို့အနက် အများစုမှာ အမှန်တရားကို မနှစ်မြို့သူများဖြစ်ကြ၏။

وَلَوِ اتَّبَعَ الْحَقُّ اَهْوَآءَهُمْ لَفَسَدَتِ السَّمٰوٰتُ وَالْاَرْضُ وَمَنْ فِيْهِنَّ ۗ بَلْ اَتَيْنٰهُمْ بِذِكْرِهِمْ فَهُمْ عَنْ ذِكْرِهِمْ

၇၁။ ထို့ပြင် အကယ်၍ အမှန်တရားသည် ယင်းတို့၏ အလိုဆန္ဒများနောက်သို့ လိုက်ခဲ့ပါမူ၊ အလုံးစုံသော မိုးကောင်းကင်များနှင့် ကမ္ဘာမြေသည်လည်းကောင်း၊ ယင်းတို့၌ရှိသည်တို့သည်လည်းကောင်း အမှန်ပင် ဖောက်ပြန်ပျက်ယွင်းသွားကြ

مُّعْرِضُوْنَ ﴿٧١﴾

မည်သာဖြစ်၏။ စင်စစ်မှာကား ငါတို့သည် ယင်းတို့အဖို့ အဆုံးအမကိုသာ ယင်းတို့ထံသို့ ယူဆောင်လာတော်မူခဲ့ပေရာ ယင်းတို့သည် မိမိတို့၏ အဆုံးအမမှပင် မျက်နှာလွှဲဖယ်လျက် ရှိကြ၏။

اَمْ تَسْـَٔلُهُمْ خَرْجًا فَخَرَاجُ رَبِّكَ خَيْرٌ ۖ وَّهُوَ خَيْرُ الرّٰزِقِيْنَ ﴿٧٢﴾

၇၂။ အသို့နည်း အသင်သည် ထိုသူတို့ထံမှ အခကြေးငွေ တစ်စုံတစ်ရာကို တောင်းခံပါသလော။ သို့ဖြစ်ရာ (ဂျင်းတို့ သိထားရမည်မှာ) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ပေးကမ်းတော်မူခြင်းသည် လွန်စွာ ကောင်းမြတ်လှပေသည်။ စင်စစ် အရှင်မြတ်သည် 'ရီဇိက်' ရိက္ခာပေးသူတို့တွင် အကောင်းမြတ်ဆုံးဖြစ်တော်မူ၏။

وَ اِنَّكَ لَتَدْعُوْهُمْ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٧٣﴾

၇၃။ ထို့ပြင် ဧကန်မလွဲ အသင်သည် သူတို့အား ဖြောင့်မတ်မှန်ကန်သောလမ်းဘက်သို့ ဖိတ်ခေါ်လျက်ရှိပေသည်။

وَ اِنَّ الَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ عَنِ الصِّرَاطِ لَنٰكِبُوْنَ ﴿٧٤﴾

၇၄။ ဧကန်မုချ တမလွန်ကိုမယုံကြည်သူတို့သည်ကား ဖြောင့်မတ်မှန်ကန်သောလမ်းမှ လွဲချော်သွားမည့်သူများဖြစ်ကြ၏။

وَلَوْ رَحِمْنٰهُمْ وَكَشَفْنَا مَا بِهِمْ مِّنْ ضُرٍّ لَّلَجُّوْا فِيْ طُغْيَانِهِمْ يَعْمَهُوْنَ ﴿٧٥﴾

၇၅။ အကယ်၍ ငါတို့က ယင်းတို့အား ကရုဏာပြုတော်မူကာ ယင်းတို့အပေါ် သက်ရောက်နေသောဒုက္ခကို ဖယ်ရှားပေးတော်မူခဲ့လျှင်လည်း အမှန်ပင် ယင်းတို့သည် မိမိတို့၏ မနာခံဖီဆန်မှုတွင် တဝဲလည်လည်ရှိနေကြမည်သာဖြစ်၏။

وَلَقَدْ اَخَذْنٰهُمْ بِالْعَذَابِ فَمَا اسْتَكَانُوْا لِرَبِّهِمْ وَمَا يَتَضَرَّعُوْنَ ﴿٧٦﴾

၇၆။ ဧကန်မုချ ငါတို့သည် ယင်းတို့အားပြစ်ဒဏ်ဖြင့် ဖမ်းဆီးတော်မူခဲ့ပေသည်။ သို့စင်လျက် ယင်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ရှေ့တော်မှောက်တွင် နှိမ့်ချပျဉ်ပန်ခြင်းမပြုခဲ့ကြချေ။ ထို့ပြင် ဝိုကြွေးမြည်တမ်းခြင်းကိုလည်း မပြုခဲ့ကြချေ။

حَتّٰٓى اِذَا فَتَحْنَا عَلَيْهِمْ بَابًا ذَا عَذَابٍ شَدِيْدٍ اِذَا هُمْ فِيْهِ مُبْلِسُوْنَ ﴿٧٧﴾ ع

၇၇။ နောက်ဆုံးတွင် ငါတို့သည် သူတို့အပေါ် ပြင်းထန်သောပြစ်ဒဏ်၏တံခါးကို ဖွင့်လှစ်လိုက်သောအခါ သူတို့သည် ရုတ်တရက်ပင် ယင်း၌ လုံးလုံးလျားလျား စိတ်ဓာတ်ကျဆင်းသွားခဲ့ကြပေသတည်း။

၍၈ူ-၅

وَهُوَ الَّذِيْٓ اَنْشَاَ لَكُمُ السَّمْعَ وَالْاَبْصَارَ وَالْاَفْـِٕدَةَ ۭ قَلِيْلًا مَّا تَشْكُرُوْنَ ﴿٧٨﴾

၇၈။ ထိုအရှင်မြတ်သည်သာလျှင် အသင်တို့အဖို့ နားများ၊ မျက်စိများနှင့် စိတ်နှလုံးများကို ဖန်ဆင်းတော်မူ၏။ သို့သော် အနည်းငယ်မျှသာလျှင်အသင်တို့ကျေးဇူးသိတတ်ကြပေသည်။

وَهُوَ الَّذِيْ ذَرَاَكُمْ فِي الْاَرْضِ وَاِلَيْهِ تُحْشَرُوْنَ ﴿٧٩﴾

၇၉။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် ကမ္ဘာမြေတွင် အသင်တို့၏မျိုးစေ့ကို ချပေးတော်မူခဲ့၏။ အသင်တို့သည် အရှင်မြတ်ထံတော်သို့သာလျှင် စုရုံးရောက်ရှိကြရပေမည်။

وَهُوَ الَّذِیْ یُحْیٖ وَیُمِیْتُ وَلَهُ اخْتِلَافُ الَّیْلِ وَالنَّهَارِ ؕ اَفَلَا تَعْقِلُوْنَ ﴿۸۰﴾

၈၀။ စင်စစ် ထိုအရှင်မြတ်သည်ပင်လျှင် ရှင်စေတော်မူ၏။ ထို့ပြင် သေစေတော်မူ၏။ ထို့ပြင် 'ည'နှင့် 'နေ့'၏ခြားနားခြင်းကိုလည်း ထိုအရှင်မြတ်သည်သာလျှင် စီးပိုင်တော်မူ၏။ သို့ဖြစ်ရာ အသင်တို့သည် အသိဉာဏ်ကို အသုံးမချကြပေသလော။

بَلْ قَالُوْا مِثْلَ مَا قَالَ الْاَوَّلُوْنَ ﴿۸۱﴾

၈၁။ ထိုသို့မဟုတ်မူဘဲ ယင်းတို့သည် ရှေးလူဟောင်းများ ပြောဆိုခဲ့ကြသကဲ့သို့ပင် ပြောဆိုကြ၏။

قَالُوْٓا ءَاِذَا مِتْنَا وَكُنَّا تُرَابًا وَّعِظَامًا ءَاِنَّا لَمَبْعُوْثُوْنَ ﴿۸۲﴾

၈၂။ ၎င်းတို့ကပြောကြသည်မှာ ကျွန်ုပ်တို့သည် သေဆုံးကြကာ မြေကြီးနှင့်အရိုးများဖြစ်ခဲ့ကြပြီးသော်မှလည်း ကျွန်ုပ်တို့သည် အမှန်ပင် တစ်ဖန်ပြန်လည်၍ ရှင်ပြန်ထမြောက်ကြရဦးမည်လော။

لَقَدْ وُعِدْنَا نَحْنُ وَاٰبَآؤُنَا هٰذَا مِنْ قَبْلُ اِنْ هٰذَآ اِلَّاۤ اَسَاطِیْرُ الْاَوَّلِیْنَ ﴿۸۳﴾

၈၃။ ဧကန်ပင် ကျွန်ုပ်တို့သည်လည်းကောင်း ဤသည့်အလျင်က ကျွန်ုပ်တို့၏အဘဘိုးဘေးများသည်လည်းကောင်း၊ ဤကတိကိုပင်ပေးခြင်းခံခဲ့ရပေသည်။ဤသည်ရှေးလူဟောင်းတို့၏ပုံပြင်ဒဏ္ဍာရီမှတစ်ပါး အခြားမည်သည်မှမဟုတ်ချေ။

قُلْ لِّمَنِ الْاَرْضُ وَمَنْ فِیْهَاۤ اِنْ كُنْتُمْ تَعْلَمُوْنَ ﴿۸۴﴾

၈၄။ အသင်မေးမြန်းပါလေ။ ကမ္ဘာမြေနှင့် ယင်း၌ရှိသည်တို့ကို မည်သူပိုင်ဆိုင်သနည်း။ အကယ်၍ အသင်တို့သိရှိကြလျှင် (ပြောပြကြကုန်)။

سَیَقُوْلُوْنَ لِلّٰهِ ؕ قُلْ اَفَلَا تَذَكَّرُوْنَ ﴿۸۵﴾

၈၅။ ယင်းတို့က အလ္လာဟ်သည်သာ ပိုင်ဆိုင်တော်မူပါ၏ဟု ပြောကြပေလိမ့်မည်။ ပြောကြားလိုက်ပါလေ။ သို့ပါလျက် အသင်တို့သည် အဆုံးအမသင်ခန်းစာ မရယူကြပေသလော။

قُلْ مَنْ رَّبُّ السَّمٰوٰتِ السَّبْعِ وَرَبُّ الْعَرْشِ الْعَظِیْمِ ﴿۸۶﴾

၈၆။ မေးမြန်းပါလေ။ မိုးကောင်းကင်ခုနစ်ထပ်၏အရှင်သခင်နှင့် ကြီးကျယ်မြင့်မြတ်သော 'အရ်ရှ်'ပလ္လင်တော်၏ အရှင်သခင်သည် မည်သူဖြစ်ပေသနည်း။

سَیَقُوْلُوْنَ لِلّٰهِ ؕ قُلْ اَفَلَا تَتَّقُوْنَ ﴿۸۷﴾

၈၇။ ယင်းတို့က အလ္လာဟ်သည်သာ စီးပိုင်တော်မူပါ၏ဟု ပြောကြပေလိမ့်မည်။ ပြောကြားပါလေ။ သို့ပါလျက်လည်း အသင်တို့သည် 'တက္ကဝါ'တရားကို ကျင့်ကြံဆောက်တည်ခြင်းမပြုကြပေသလော။

قُلْ مَنْۢ بِیَدِهٖ مَلَكُوْتُ كُلِّ شَیْءٍ وَّهُوَ یُجِیْرُ وَلَا یُجَارُ عَلَیْهِ اِنْ كُنْتُمْ تَعْلَمُوْنَ ﴿۸۸﴾

၈၈။ အသင်မေးမြန်းပါလေ။ အလုံးစုံသောအရာတို့၏ စိုးမိုးအုပ်ချုပ်မှုအာဏာသည် မည်သူ၏လက်ဝယ်တွင်ရှိသနည်း။ ထိုအရှင်မြတ်သည် ကာကွယ်စောင့်ရှောက်တော်မူ၏။ သို့ရာတွင် ထိုအရှင်မြတ်နှင့်ဆန့်ကျင်၍ (မည်သူမျှ) ကာကွယ်စောင့်ရှောက်မှုကို မပေးနိုင်ချေ။ အကယ်၍ အသင်တို့သိရှိကြလျှင် (ပြောပြကြကုန်)။

سَیَقُوْلُوْنَ لِلّٰهِ ؕ قُلْ فَاَنّٰی تُسْحَرُوْنَ ﴿۸۹﴾

၈၉။ သူတို့က (ထိုအရာအားလုံးတို့ကို) အလ္လာဟ်သည်သာ စီးပိုင်တော်မူ၏ဟု ပြောကြပေလိမ့်မည်။ သို့ဖြစ်လျှင် အသင်တို့

သည် မည်သည့်ဘက်သို့ ချွတ်ချော်၍ သွားနေကြပါသနည်းဟု မေးမြန်းပါလေ။

بَلْ اَتَيْنٰهُمْ بِالْحَقِّ وَ اِنَّهُمْ لَكٰذِبُوْنَ ۝۹۰

၉၀။ အမှန်သော်ကား ငါတို့သည် ယင်းတို့ထံသို့ အမှန်တရားကို ယူဆောင်လာတော်မူ၏။ စင်စစ် ယင်းတို့သည် မုသားပြောဆိုသူများဖြစ်ကြ၏။

مَا اتَّخَذَ اللّٰهُ مِنْ وَّلَدٍ وَّ مَا كَانَ مَعَهٗ مِنْ اِلٰهٍ اِذًا لَّذَهَبَ كُلُّ اِلٰهٍۢ بِمَا خَلَقَ وَ لَعَلَا بَعْضُهُمْ عَلٰى بَعْضٍ ؕ سُبْحٰنَ اللّٰهِ عَمَّا يَصِفُوْنَ ۝۹۱

၉၁။ အလ္လာဟ်သည် သားတော်တစ်ဦးတစ်ယောက်ကိုမျှ မိမိအဖို့ ပြုလုပ်ထားတော်မမူချေ။ ထို့ပြင် အရှင်မြတ်နှင့်အတူ အခြားမည်သည့်ကိုးကွယ်ရာအရှင်မျှလည်းမရှိချေ။ ထိုသို့ရှိခဲ့ပါလျှင် ဧကန်ပင် ကိုးကွယ်ရာတိုင်းသည် မိမိတို့၏ဖန်ဆင်းခံများကိုယူဆောင်၍ ခွဲထွက်သွားကြပြီး အမှန်ပင် ယင်းတို့အနက် အချို့သည် အချို့ကို တိုက်ခိုက်ကြလိမ့်မည်ဖြစ်၏။ အလ္လာဟ်သည် ယင်းတို့ပြောဆိုသည်များမှ စင်ကြယ်သန့်ရှင်းတော်မူ၏။

عٰلِمِ الْغَيْبِ وَ الشَّهَادَةِ فَتَعٰلٰى عَمَّا يُشْرِكُوْنَ ۝۹۲

၉၂။ ထိုအရှင်သည် အကွယ်နှင့် မျက်မှောက်တွင်ရှိသည်တို့ကို သိရှိတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် ၎င်းတို့ယှဉ်တွဲကိုးကွယ်သည်များထက် လွန်စွာမြင့်မားထွတ်မြတ်တော်မူပေသတည်း။

ရုကူ-၆

قُلْ رَّبِّ اِمَّا تُرِيَنِّيْ مَا يُوْعَدُوْنَ ۝۹۳

၉၃။ အသင်လျှောက်ထားပါလေ၊ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် အကယ်၍ အရှင်မြတ်သည် ထိုသူတို့အား သတိပေးသည်ကို ကျွန်တော်မျိုးအား ပြသတော်မူပါလျှင်လည်း၊

رَبِّ فَلَا تَجْعَلْنِيْ فِي الْقَوْمِ الظّٰلِمِيْنَ ۝۹۴

၉၄။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ သို့ဖြစ်ခဲ့သော် ကျွန်တော်မျိုးအား အမှားကျူးလွန်သူတို့အနက်မှ ပြုတော်မမူပါလင့်။

وَ اِنَّا عَلٰٓى اَنْ نُّرِيَكَ مَا نَعِدُهُمْ لَقٰدِرُوْنَ ۝۹۵

၉၅။ ဧကန်စင်စစ် ငါတို့သည် ထိုသူတို့အား သတိပေးခြောက်လှန့်သည့်အရာကို အသင့်အား ပြသတော်မူရန် အမှန်ပင် စွမ်းအားရှိတော်မူ၏။

اِدْفَعْ بِالَّتِيْ هِيَ اَحْسَنُ السَّيِّئَةَ ؕ نَحْنُ اَعْلَمُ بِمَا يَصِفُوْنَ ۝۹۶

၉၆။ အကောင်းဆုံးသော(နည်း)ဖြင့် မကောင်းမှုကို ဖယ်ရှားပါလေ။ ငါတို့သည် သူတို့လုပ်ကြံပြောဆိုသည်များကို အသိဆုံးဖြစ်တော်မူ၏။

وَ قُلْ رَّبِّ اَعُوْذُ بِكَ مِنْ هَمَزٰتِ الشَّيٰطِيْنِ ۝۹۷

၉၇။ ထို့ပြင် အသင်လျှောက်ထားပါလေ၊ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးသည် 'ရှိုင်တန်'များ၏ သံသယများထည့်သွင်းခြင်းမှ (ကင်းဝေးစေရန်) အရှင်မြတ်ထံတော်တွင် ခိုလှုံခွင့်ကိုတောင်းခံပါ၏။

وَاَعُوْذُبِكَ رَبِّ اَنْ يَّحْضُرُوْنِ ﴿۹۸﴾

၉၉။ ထို့ပြင် အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ယင်းတို့သည် ကျွန်တော်မျိုး၏အနီးအပါးသို့ ချဉ်းကပ်ခြင်းမှ (ကင်းဝေးစေရန်)လည်း အရှင်မြတ်ထံတော်တွင် ခိုလှုံခွင့်တောင်းခံပါ၏။

حَتّٰٓى اِذَا جَآءَ اَحَدَهُمُ الْمَوْتُ قَالَ رَبِّ ارْجِعُوْنِ ﴿۹۹﴾

၁၀၀။ နောက်ဆုံးတွင် ယင်းတို့အနက် တစ်ဦးတစ်ယောက်ထံသေခြင်းတရားသည် ဆိုက်ရောက်လာသောအခါ ဤသို့လျှောက်ထားလေ၏။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးအား ပြန်လွှတ်တော်မူပါ။

لَعَلِّيْٓ اَعْمَلُ صَالِحًا فِيْمَا تَرَكْتُ كَلَّا ۭ اِنَّهَا كَلِمَةٌ هُوَ قَاۗىِٕلُهَا ۭ وَمِنْ وَّرَاۗىِٕهِمْ بَرْزَخٌ اِلٰى يَوْمِ يُبْعَثُوْنَ ﴿۱۰۰﴾

၁၀၁။ သို့မှသာ ကျွန်တော်မျိုးသည် ကျွန်တော်မျိုးစွန့်ခွာခဲ့သော ယင်း(လူ့လောက)တွင် ကောင်းမြတ်သောအလုပ်ကို လုပ်ဆောင်နိုင်ရန်ဖြစ်၏။ အလျှင်းမဟုတ်ပြီ၊ ဤသည်ကား ၎င်းတို့ ပြောဆိုနေသော စကားတစ်ခုမျှသာဖြစ်၏။ စင်စစ် ယင်းတို့၏နောက်တွင် အကာအဆီးတစ်ခုသည် ၎င်းတို့ ရှင်ပြန်ထမြောက်ရမည့်နေ့တိုင်အောင် ရှိနေပေလိမ့်မည်။

فَاِذَا نُفِخَ فِي الصُّوْرِ فَلَآ اَنْسَابَ بَيْنَهُمْ يَوْمَىِٕذٍ وَّلَا يَتَسَاۗءَلُوْنَ ﴿۱۰۱﴾

၁၀၂။ သို့ဖြင့် တံပိုးမှုတ်သောအခါ ထိုနေ့တော်ကြီး၌ ၎င်းတို့၏အကြားတွင် မည်သည့်ဆွေမျိုးတော်စပ်မှုမျှ ရှိလိမ့်မည်မဟုတ်။ ထို့ပြင် သူတို့သည် တစ်ဦးနှင့်တစ်ဦး မေးမြန်းခြင်းကိုလည်း ပြုနိုင်ကြလိမ့်မည်မဟုတ်ချေ။

فَمَنْ ثَقُلَتْ مَوَازِيْنُهٗ فَاُولٰۗىِٕكَ هُمُ الْمُفْلِحُوْنَ ﴿۱۰۲﴾

၁၀၃။ သို့ဖြစ်ရာ အကြင်သူ၏ (အကျင့်သီလ) ချိန်ခွင်သည် အချိန်စီးအံ့၊ ထိုသူတို့သည်ပင် အောင်မြင်မည့်သူများ ဖြစ်ကြ၏။

وَمَنْ خَفَّتْ مَوَازِيْنُهٗ فَاُولٰۗىِٕكَ الَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ فِيْ جَهَنَّمَ خٰلِدُوْنَ ﴿۱۰۳﴾

၁၀၄။ သို့ရာတွင် အကြင်သူ၏ (အကျင့်သီလ) ချိန်ခွင်သည် ပေါ့အံ့။ ဤသူတို့သည်ပင် မိမိတို့ကိုယ်ကို ဆုံးရှုံးအောင်ပြုသူများဖြစ်ကြ၏။ သူတို့သည် 'ဂျဟန္နမ်'ငရဲတွင် အချိန်ကာလကြာရှည်စွာ နေရမည့်သူများဖြစ်ကြ၏။

تَلْفَحُ وُجُوْهَهُمُ النَّارُ وَهُمْ فِيْهَا كٰلِحُوْنَ ﴿۱۰۴﴾

၁၀၅။ (ငရဲ)မီးသည် ၎င်းတို့၏ မျက်နှာများကို လောင်ကျွမ်းစေလိမ့်မည်။ ထို့ပြင် ယင်း၌ (မျက်နှာ၏ နာကျင်ဖွယ်ရှုံ့တွနှုံကြောင့်) သူတို့၏သွားစွယ်များကို မြင်ကြရပေအံ့။

اَلَمْ تَكُنْ اٰيٰتِيْ تُتْلٰى عَلَيْكُمْ فَكُنْتُمْ بِهَا تُكَذِّبُوْنَ ﴿۱۰۵﴾

၁၀၆။ အသို့နည်းအသင်တို့အား ငါအရှင်မြတ်၏ 'အာယတ်' မုဏ္ဍပါဠိတော်များကို ဖတ်ကြားပြခြင်းမရှိခဲ့သလော။ သို့ရာတွင် အသင်တို့သည် ယင်းကိုမဟုတ်မမှန်ဟု ငြင်းဆိုလေ့ရှိခဲ့ကြ၏။

قَالُوْا رَبَّنَا غَلَبَتْ عَلَيْنَا شِقْوَتُنَا وَكُنَّا قَوْمًا ضَاۗلِّيْنَ ﴿۱۰۶﴾

၁၀၇။ ထိုသူတို့က လျှောက်ထားကြမည်မှာ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးတို့၏ကံဆိုးမှုသည် ကျွန်တော်မျိုးတို့၏အပေါ်၌ လွှမ်းမိုးသွားခဲ့ပါပြီ။ စင်စစ် ကျွန်တော်မျိုးတို့သည် လမ်းလွဲသူများ ဖြစ်ခဲ့ကြ

ပါသည်။

رَبَّنَآ اَخْرِجْنَا مِنْهَا فَاِنْ عُدْنَا فَاِنَّا ظٰلِمُوْنَ ﴿١٠٨﴾

၁၀၈။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင် ကျွန်တော်မျိုးတို့အား ယင်းမှထုတ်ဆောင်တော်မူပါ။ သို့ဖြင့် အကယ်၍ ကျွန်တော်မျိုးတို့သည် ဤသို့သောအပြုအမူကို ထပ်မံ၍ပြုမူခဲ့ကြပါလျှင် ဧကန်ပင် ကျွန်တော်မျိုးတို့သည် အပြစ်ကျူးလွန်သူများ ဖြစ်ကြပါလိမ့်မည်။

قَالَ اخْسَـُٔوْا فِيْهَا وَلَا تُكَلِّمُوْنِ ﴿١٠٨﴾

၁၀၉။ အရှင်မြတ်က ယင်းနှိပ်စက်ရှိနေကြကုန်။ ငါ့အား လျှောက်ထားပြောဆိုခြင်းမပြုကြကုန်လင့်ဟု မိန့်တော်မူပေအံ့။

اِنَّهٗ كَانَ فَرِيْقٌ مِّنْ عِبَادِيْ يَقُوْلُوْنَ رَبَّنَآ اٰمَنَّا فَاغْفِرْ لَنَا وَارْحَمْنَا وَاَنْتَ خَيْرُ الرّٰحِمِيْنَ ﴿١٠٩﴾

၁၁၀။ ဧကန်ပင် ငါအရှင်မြတ်၏အစေတော်များအနက် ဤသို့သော အုပ်စုလည်းရှိခဲ့၏။ သူတို့က လျှောက်ထားပန်ကြားလေ့ရှိခဲ့ကြသည်မှာ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးတို့သည် သက်ဝင်ယုံကြည်ကြပါ၏။ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အပေါ် သနားကရုဏာထားတော်မူပါ။ စင်စစ် အရှင်မြတ်သည် ကရုဏာထားသူအပေါင်းတွင် အကောင်းမြတ်ဆုံးဖြစ်တော်မူပါ၏။

فَاتَّخَذْتُمُوْهُمْ سِخْرِيًّا حَتّٰٓى اَنْسَوْكُمْ ذِكْرِيْ وَكُنْتُمْ مِّنْهُمْ تَضْحَكُوْنَ ﴿١١٠﴾

၁၁၁။ အသင်တို့သည် သူတို့အား လှောင်ပြောင်ဖွယ်ရာ ပစ်မှတ်ပြုလုပ်ခဲ့ပေရာ ယင်း(သို့ပြုခြင်း)သည် နောက်ဆုံးတွင် အသင်တို့ကို ငါအရှင်မြတ်အား သတိရတသခြင်းမှ မေ့လျော့စေခဲ့၏။ သို့စင်လျက် အသင်တို့သည် သူတို့အား လှောင်ပြောင်လျက်ပင်ရှိခဲ့ကြ၏။

اِنِّيْ جَزَيْتُهُمُ الْيَوْمَ بِمَا صَبَرُوْٓا اَنَّهُمْ هُمُ الْفَآئِزُوْنَ ﴿١١١﴾

၁၁၂။ သူတို့သည် သည်းခံလေ့ရှိခဲ့ကြသောကြောင့် ယနေ့ ငါအရှင်မြတ်သည် ဧကန်ပင် သူတို့အား ဤသို့သော ဆုလာဘ်ကိုပေးသနားတော်မူ၏။ အမှန်စင်စစ် ဤသူများသည်ပင် အောင်မြင်သူများဖြစ်ကြ၏။

قٰلَ كَمْ لَبِثْتُمْ فِي الْاَرْضِ عَدَدَ سِنِيْنَ ﴿١١٢﴾

၁၁၃။ အရှင်မြတ်က ယင်းတို့အား အသင်တို့သည် ကမ္ဘာမြေတွင် အရေအတွက်အားဖြင့် နှစ်ပရိစ္ဆေဒမည်မျှကြာအောင်နေခဲ့ကြသနည်းဟု မေးမြန်းတော်မူပေအံ့။

قَالُوْا لَبِثْنَا يَوْمًا اَوْ بَعْضَ يَوْمٍ فَسْـَٔلِ الْعَآدِّيْنَ ﴿١١٣﴾

၁၁၄။ ထိုအခါ ယင်းတို့က ကျွန်တော်မျိုးတို့သည် တစ်နေ့တာသို့မဟုတ် တစ်နေ့တာ၏ တစ်စိတ်တစ်ပိုင်းမျှ နေခဲ့ကြပါ၏။ သို့ဖြစ်ရာ ရေတွက်သူတို့အား မေးမြန်းပါလေဟု ပြောဆိုလျှောက်ထားကြပေမည်။

قٰلَ اِنْ لَّبِثْتُمْ اِلَّا قَلِيْلًا لَّوْ اَنَّكُمْ كُنْتُمْ تَعْلَمُوْنَ ﴿١١٤﴾

၁၁၅။ အရှင်မြတ်က မိန့်ကြားတော်မူမည်မှာ အသင်တို့သည် အနည်းငယ်မျှသာ နေထိုင်ခဲ့ကြပေသည်။ အကယ်၍ အသင်တို့ သိကြလျှင် (ကောင်းပေစွ)။

اَفَحَسِبْتُمْ اَنَّمَا خَلَقْنٰكُمْ عَبَثًا وَّاَنَّكُمْ اِلَيْنَا لَا تُرْجَعُوْنَ ﴿۱۱۵﴾

၁၁၆။ သို့ဖြစ်ရာ ငါတို့သည် အသင်တို့အား အကြောင်းမဲ့ ဖန်ဆင်းတော်မူသည်ဟုလည်းကောင်း အသင်တို့သည် ငါတို့၏အထံတော်သို့ အလျှင်းပြန်လှည့်၍လာကြရမည်မဟုတ်ဟုလည်းကောင်း အသင်တို့ ထင်မှတ်ခဲ့ကြပေသလော။

فَتَعٰلَى اللّٰهُ الْمَلِكُ الْحَقُّ ۚ لَاۤ اِلٰهَ اِلَّا هُوَ ۚ رَبُّ الْعَرْشِ الْكَرِيْمِ ﴿۱۱۶﴾

၁၁၇။ သို့ဖြစ်ရာ အလ္လာဟ်သည် လွန်စွာမြင့်မားသော ဂုဏ်အဆင့်၌ရှိသည့် ရှင်ဘုရင်အစစ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ခြင်းခံထိုက်ရာမရှိချေ။ ဂုဏ်ရှိန်ကြီးမြင့်သော 'အရ်ရှ်'ပလ္လင်တော်၏အရှင်သခင် ဖြစ်တော်မူ၏။

وَمَنْ يَّدْعُ مَعَ اللّٰهِ اِلٰهًا اٰخَرَ ۙ لَا بُرْهَانَ لَهٗ بِهٖ ۙ فَاِنَّمَا حِسَابُهٗ عِنْدَ رَبِّهٖ ؕ اِنَّهٗ لَا يُفْلِحُ الْكٰفِرُوْنَ ﴿۱۱۷﴾

၁၁၈။ အကြင်သူသည် မိမိထံတွင် သက်သေအထောက်အထား တစ်စုံတစ်ရာမျှမရှိဘဲလျက် အလ္လာဟ်နှင့်တွဲဖက်၍ အခြားသောကိုးကွယ်ရာကိုဟစ်ခေါ်တမ်းတပါလျှင် မုချဧကန်သူ၏စာရင်းဇယားသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်၌ရှိပေသည်။ ဧကန်စင်စစ် မယုံကြည်ငြင်းပယ်သူတို့သည် အောင်မြင်ကြလိမ့်မည်မဟုတ်ချေ။

وَقُلْ رَّبِّ اغْفِرْ وَارْحَمْ وَاَنْتَ خَيْرُ الرّٰحِمِيْنَ ﴿۱۱۸﴾ ۩

၁၁၉။ ထို့ပြင် အသင်ပန်ကြားလျှောက်ထားပါလေ။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် (ကျွန်တော်မျိုးအား) ခွင့်လွှတ်တော်မူပါ။ သနားကရုဏာထားတော်မူပါ။ စင်စစ် အရှင်မြတ်သည် သနားကရုဏာထားသူအပေါင်းတို့တွင် အကောင်းမြတ်ဆုံးဖြစ်တော်မူသတည်း။

❖ ❖ ❖

၂၄။ အလ် – နူးရ်

ဤဆူရာဟ်သည် တမန်တော်မြတ်ﷺ'ဟစ်ဂျရတ်'ပြုပြီး (၅)နှစ်မြောက်တွင် မဒီနာမြို့၌ ကျရောက်ခြင်းဖြစ်သည်။ 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠိတော်ပေါင်း (၆၅)ပိုဒ်ပါရှိသည်။

ရှေ့ကဆူရာဟ် 'အလ်- မိုအ်မီနွန်း'၏အစပိုင်းတွင် 'မိုအ်မင်န်'သက်ဝင်ယုံကြည်သူတို့၏ ဂုဏ်ပုဒ်များအနက် 'ဖူရူးဂ်'အရှက်အဂီါများကိုစောင့်ထိန်းခြင်းအကြောင်း အထူးပြုဖော်ပြခဲ့ပေသည်။ ဆူရာဟ် 'နူးရ်' ၏အကြောင်းအရာသည်လည်း အခြေခံအားဖြင့် ထိုအကြောင်းအရာနှင့်ဆက်နွယ်မှုရှိသည်။ ဤတွင်မက မတရားကာမမှုပြုသူယောကျ်ားနှင့် မတရားကာမမှုပြုသူမိန်းမတို့အတွက် ပြစ်ဒဏ်ပေးခြင်းအကြောင်းကို ဖော်ပြထားသည်။ ထို့ပြင် ညစ်ညမ်းသူတို့မှာ ညစ်ညမ်းသောအပေါင်းအဖော်တို့နှင့်သာလက်တွဲလေ့ရှိကြကြောင်းနှင့် 'မိုအ်မင်န်'သက်ဝင်ယုံကြည်သူတို့မှာမူကား မိမိတို့အတွက် မွန်မြတ်သန့်စင်သော အဖော်မွန်ကိုရရှိစေခြင်းငှာ သတိကြီးစွာရှိကြကြောင်းကို ဖော်ပြသည်။ ဤသည်နှင့်တစ်ဆက်တည်းပင် အပြစ်ကင်းသန့်စင်သော အမျိုးသမီးများအား မဟုတ်တမ်းတရားယိုးစွပ်သော ကံဆိုးသူအတွက် အလွန်ကြီးလေးသောပြစ်ဒဏ်ကိုပေးခြင်းခံရမည်ဖြစ်ကြောင်း အထူးသတိပေးထားပေသည်။ ဤဆူရာဟ်၌ပင် အလွန်လျှင် မွန်မြတ်သန့်စင်လှသော 'အာအိရှာဆီဒီကာ'သခင်မအပေါ် အချို့သောကံဆိုးသူတို့၏ မတရားယိုးစွပ်မှုအကြောင်းနှင့် ယင်းအတွက်ပြစ်ဒဏ်ကိုလည်း ဖော်ပြထားပေသည်။

ထိုမှနောက်တွင် အပြစ်ကင်းသန့်ရှင်းစွာ ဘဝတည်ဆောက်ကြကုန်သောသူတို့အတွက် ယင်းသို့ကျင့်ကြံအားထုတ်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်ကတိုး၍ သန့်ရှင်းစင်ကြယ်စေမှုကို ပေးသနားတော်မူမည်ဖြစ်သော အဆုံးအမများကိုဖော်ပြထားတော်မူသည်။ ယင်းတို့အနက်တစ်ခုမှာ နေအိမ်များသို့ ဝင်ရောက်ကြတော့မည်ဆိုလျှင် မဝင်ရောက်မီဦးစွာ'စလာမ်'ဆိုကြလေကုန်။ သို့မှသာ အိမ်သူအိမ်သားများအား အသင်တို့၏အတွေးအမြင်များ တိမ်းချော်သွားဖွယ်ဖြစ်သော သတိလက်လွတ်အခြေအနေဖြင့် မတွေ့မမြင်ရစေရန်ဖြစ်သည်။

ထိုမှတစ်ပါး ယင်းနှင့်စပ်လျဉ်း၍ အခြားတစ်ခုသော အမြော်အမြင်ကြီးမားမှုကို ဤသို့ ဖော်ပြထားတော်မူပေသည်။ 'မိုအ်မင်န်'ယောကျ်ားများရော မိန်းမများပါ غَضِّ بَصَر မျက်လွှာချခြင်းကို ကျင့်သုံးစောင့်ထိန်းကြရန်နှင့် မျက်စိများကို အထိန်းအကွပ်မရှိမဖြစ်စေရန် ဖော်ပြတော်မူပေသည်။

ထိုအလုံးစုံသောအကြောင်းကို ဖော်ပြပြီးနောက် တမန်တော်မြတ်ﷺအား အလ္လာဟ်အရှင်မြတ်၏ 'နူရ်'အလင်းရောင်၏ ကြီးကျယ်ခမ်းနားသော ထင်ပေါ်ရာတစ်ခုအဖြစ် ဖော်ပြထားတော်မူပေသည်။ ယင်း၏အခြေခံဂုဏ်အရည်အသွေးများမှာ အရှေ့အရပ်မှလည်းမဟုတ်သကဲ့သို့ အနောက်အရပ်မှလည်းမဟုတ်ခေ့။ သို့ရာတွင် ယင်းသည် အရှေ့အနောက်တို့ကို မိမိ၏အလင်းရောင်ဖြင့် ညီညွတ်မျှတစွာလင်းဝင်းစေပေလိမ့်မည်။ ထိုမှတစ်ပါး ယင်းသည် ဆီမီးပေါင်းအမြောက်အများကို ထွန်းညှိလင်းဝင်းစေသည့် ဆီမီးခွက်သဖွယ်ဖြစ်၏။ ထိုသည်နှင့်အတူ 'ဆွဟာဘာ'သာဝကကြီးများ၏ နေအိမ်များအကြောင်းလာရှိပြီး တမန်တော်မြတ် မိုဟမ္မဒ်သခင်ﷺသည် ထိုအိမ်များတွင်လည်း မည်ကဲ့သို့ ဆီမီးများကို ထွန်းညှိလင်းဝင်းစေခဲ့ကြောင်း ဖော်ပြပေသည်။

ထို့နောက် မယုံကြည်ခြင်းပယ်သူတို့၏ဥပမာကို နှစ်မျိုးနှစ်စားဖော်ပြထားသည်။ တစ်မျိုးမှာ ယင်းတို့သည် လောကီစည်းစိမ်နောက်သို့လိုက်ကြလျက် မိမိတို့၏မွတ်သိပ်မှုကို ပြေစေအောင်ပြုသော

ကြိုးပမ်းမှုများသည် အဆုံးဦးကြေကွဲစရာများအဖြစ်သို့ ပြောင်းလဲသွားပေသည်။ ပမာအားဖြင့် ကန္တာရတွင် ရေတိဆာလောင်နေသူတစ်ဦးသည် တံလျှပ်ကိုရေထင်သကဲ့သို့ဖြစ်သည်။ သို့ရာတွင် ထိုနေရာသို့ရောက်သောအခါ အလွှာဟ်အရှင်မြတ်က ထိုသူအား စိတ်၏လှည့်စားရာအတွက် ပြစ်ဒဏ်ပေးတော်မူခြင်းမှတစ်ပါး ထိုသူသည် မည်သည့်အကျိုးဆက်မျှမရသကဲ့သို့ဖြစ်သည်။ ထိုနည်းတူစွာ အလင်းရောင်အစားငင်းတို့အပေါ် အမှောင်ထု အထပ်ထပ်ဖုံးလွှမ်းသွားပြီး ပမာအားဖြင့် အထက်ကောင်းကင်ယံ၌ ထူထပ်သောတိမ်တိုက်များမိုးထားခြိန် နက်ရှိုင်းလှသောပင်လယ်သမုဒ္ဒရာ၌ ရေနစ်နေသူတစ်ယောက်အဖို့ အမှောင်ထုအထပ်ထပ်တွင် နစ်မြုပ်သွားလျက်ရှိပြီး သူသည် မိမိလက်ကိုပင် မမြင်တွေ့နိုင်လောက်သည်အထိ မှောင်မိုက်ခြင်းအတိပြီးလျက်ရှိပေသည်။

အာယတ်တော်(၅၂)တွင် စစ်မှန်သော 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့၏ အမှတ်လက္ခဏာအဖြစ်ဖော်ပြထားသည်မှာ- အကြင်အခါ သူတို့အား အလွှာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ဘက်သို့ဖိတ်ခေါ်ခြင်းခံရသောအခါ ထိုဖိတ်ခေါ်မှုကို မဆိုင်းမတွတုံ့ပြန်ထူးကြပေသည်။ ဤတွင် **قَدْ اَفْلَحَ الْمُؤْمِنُوْن** ၌လာရှိသော *'ဖလာဟ်'* အောင်မြင်ခြင်းအကြောင်းကိုလည်း ဖော်ပြတော်မူပြီး ဤသူတို့သည်သာလျှင် အောင်မြင်မှုရရှိကြမည့်သူများဖြစ်ကြောင်းကို ဖော်ပြထားတော်မူပေသည်။

ဤဆူရာဟ်၌ပင် **آيتِ اسْتِخْلاف** အာယတ်တော် 'အီဆ်တီခလာဖ်'လည်းပါရှိပြီး ယင်းက ဤအကြောင်းအရာကို တင်ဆက်ပြသထားပေသည်။ လွန်လေခဲ့ပြီးသော တမန်တော်များ၏နောက်တွင် အလွှာဟ်အရှင်မြတ်သည် ထိုတမန်တော်များအား ဆက်ခံသူ'ခလီဖာဟ်'များကို ခန့်ထားတော်မူဘိသကဲ့သို့ တမန်တော်မြတ် မိုဟမ္မဒ်သခင်ﷺ၏ နောက်ပိုင်းတွင်လည်း ကိုယ်တော်မြတ်အား ဆက်ခံသူ 'ခလီဖာဟ်' ကိုခန့်ထားတော်မူပေမည်။ ထိုသို့ခန့်ထားခြင်းမှာ အပြင်ပန်းအားဖြင့် လူတို့၏ရွေးချယ်တင်မြှောက်ခြင်းကို အကြောင်းခံလင့်ကစား အလွှာဟ်၏အမိန့်တော်ဖြင့်သာ ခန့်ထားတော်မူပေမည်။ ထို့ပြင် ယင်း၏အမှတ်လက္ခဏာတစ်ရပ်မှာ ကြောက်မက်ဖွယ် ဘေးအန္တရာယ်များနှင့် ဆုပူသောင်းကျန်းမှုများဖြစ်ပေါ်နေစဉ် အမျိုးသားထုက ရန်သူများသည် မိမိတို့အပေါ် အောင်နိုင်လွှမ်းမိုးလျက်ရှိနေပြီဟူ၍ ထင်မှတ်သောကာလသို့ဆိုက်ရောက်စဉ်၌ပင် ငါအရှင်မြတ်သည် သူတို့၏ စိုးရိမ်စရာအန္တရာယ်များကို တစ်ဖန်ပြန်၍ အေးချမ်းသာယာမှုအဖြစ် ပြောင်းလဲပေးတော်မူမည်ဟု ဖော်ပြထားပေသည်။

'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့၏ အပြည့်အဝ ကျိုးနွံနာခံမှုအကြောင်း အကြိမ်ကြိမ် ဖော်ပြခြင်းခံရပြီး ယင်းနာခံမှု၏လက္ခဏာတစ်ရပ်မှာ သူတို့သည် တမန်တော်မြတ်ﷺအား နာခံမှုပြုရုံမျှသာမက ကိုယ်တော်မြတ်ﷺအား အတိုင်းမရှိ ရိုသေလေးစားမှုပြုကြလေသည်။ အဘယ်မျှဆိုသော် ကိစ္စတစ်ခုခုအတွက် စဉ်းစားတိုင်ပင်ရန်စည်းဝေးကြသောအခါ တမန်တော်မြတ်ﷺ၏ ခွင့်ပြုချက်မရှိဘဲ အစည်းအဝေးမှ အပြင်ဘက်သို့ထွက်သွားခြင်း အလျှင်းမရှိကြချေ။ ထိုမှတစ်ပါး မသိမိုက်မဲသူတို့အား ရိုသေလေးစားမှုစည်းဘောင်ကိုသင်ပေးတော်မူရင်း တစ်ယောက်က တစ်ယောက်ကို အသံပြု ဟစ်ခေါ်ကြသကဲ့သို့ တမန်တော်မြတ်ﷺအား အသံပြုဟစ်ခေါ်ခြင်းမပြုကြလင့်ဟု မိန့်တော်မူထားပေသည်။

ဤဆူရာဟ်၏နောက်ဆုံးအာယတ်တော်၌ အလွှာဟ်အရှင်မြတ်က အသင်တို့ မည်သည့်အရာကို မဆို ပြောဆိုကြေညာကြလျှင် ယင်းမှာဖြူစင်သောသဒ္ဓါတရားဖြင့်လည်းကောင်း၊ အယောင်ဆောင်မှုဖြင့်လည်းကောင်း ပြုနိုင်ကြပေသည်။ မည်သို့ဆိုစေ အသင်တို့သည် မည်သို့ အခြေအနေတွင်ရှိကြောင်းကို အလွှာဟ်သည် ကောင်းစွာသိရှိတော်မူသည်ဟူ၍ မိန့်ထားတော်မူပေသတည်း။

ဆူရာဟ် အလ်-နူး၏

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၆၅)ပိုဒ် ရှုကူ (၉)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

سُوْرَةٌ اَنْزَلْنٰهَا وَ فَرَضْنٰهَا وَاَنْزَلْنَا فِيْهَآ اٰيٰتٍۢ بَيِّنٰتٍ لَّعَلَّكُمْ تَذَكَّرُوْنَ ②

၂။ ဤသည် ငါတို့ ပို့ချပေးတော်မူသည့် ကြီးမြတ်သော 'ဆူရာဟ်' ကဏ္ဍတစ်ခုဖြစ်ပြီး ယင်းကိုတာဝန်အဖြစ် ပြဋ္ဌာန်းတော်မူ၏။ ထို့ပြင် ယင်း၌ ပွင့်လင်းထင်ရှားသော 'အာယတ်' မုဂ္ဂပါဠိတော်များကို ပို့ချတော်မူ၏။ သို့ဖြင့် အသင်တို့ သတိတရားရကြစိမ့်သောငှာ ဖြစ်၏။

اَلزَّانِيَةُ وَالزَّانِيْ فَاجْلِدُوْا كُلَّ وَاحِدٍ مِّنْهُمَا مِائَةَ جَلْدَةٍ ۖ وَّلَا تَاْخُذْكُمْ بِهِمَا رَاْفَةٌ فِيْ دِيْنِ اللّٰهِ اِنْ كُنْتُمْ تُؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ۚ وَ لْيَشْهَدْ عَذَابَهُمَا طَآئِفَةٌ مِّنَ الْمُؤْمِنِيْنَ ③

၃။ မတရားကာမမှုကျူးလွန်သော မိန်းမ၊ မတရားကာမမှုကျူးလွန်သော ယောကျ်ားတို့အား တစ်ဦးစီကို ကြိမ်ဒဏ် အချက်တစ်ရာစီ ပေးလော့။ ထို့ပြင် အသင်တို့သည် အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကြီးကို ယုံကြည်သူများဖြစ်ကြပါလျှင် အလ္လာဟ်၏သာသနာတော်နှင့်စပ်ဆိုင်ရာတွင် သူတို့နှစ်ဦးအား တစ်စုံတစ်ရာသော နူးညံ့မှု(စိတ်သန်ခြင်း)သည် အသင်တို့အပေါ် မလွှမ်းမိုးစေလင့်။ ထို့ပြင် ၎င်းတို့နှစ်ဦးအား အပြစ်ဒဏ်ပေးခြင်းကို 'မို့အ်မင်နဲ်' သက်ဝင်ယုံကြည်သူများအနက် အုပ်စုတစ်စုကို ကြည့်ရှုစေရပေမည်။

اَلزَّانِيْ لَا يَنْكِحُ اِلَّا زَانِيَةً اَوْ مُشْرِكَةً ۫ وَّ الزَّانِيَةُ لَا يَنْكِحُهَآ اِلَّا زَانٍ اَوْ مُشْرِكٌ ۚ وَحُرِّمَ ذٰلِكَ عَلَى الْمُؤْمِنِيْنَ ④

၄။ မတရားကာမမှုကျူးလွန်သော ယောကျ်ားတစ်ဦးသည် မတရားကာမမှုကျူးလွန်သူမိန်းမ သို့မဟုတ် တစ်စုံတစ်ရာကို အလ္လာဟ်နှင့်ယှဉ်တွဲကိုးကွယ်သူ 'မုရှ်ရိက်' မိန်းမမှတစ်ပါး (သဘာဝအလျောက်) အခြားမည်သူနှင့်မျှ ထိမ်းမြားခြင်း မပြုချေ။ ထို့အတူ မတရားကာမမှုကျူးလွန်သူ မိန်းမတစ်ဦးသည် မတရားကာမမှုကျူးလွန်သောယောကျ်ား သို့မဟုတ် 'မုရှ်ရိက်' ယောကျ်ားတစ်ဦးမှလွဲ၍ (သဘာဝအလျောက်) မည်သူနှင့်မျှ ထိမ်းမြားခြင်းမပြုချေ။ ယင်း(စက်ဆုပ်ဖွယ်လုပ်ရပ်)ကို 'မို့အ်မင်နဲ်' သက်ဝင်ယုံကြည်သူတို့အပေါ် တားမြစ်ထားတော်မူ၏။

وَالَّذِيْنَ يَرْمُوْنَ الْمُحْصَنٰتِ ثُمَّ لَمْ يَاْتُوْا بِاَرْبَعَةِ شُهَدَآءَ فَاجْلِدُوْهُمْ ثَمٰنِيْنَ جَلْدَةً وَّ لَا تَقْبَلُوْا لَهُمْ شَهَادَةً اَبَدًا ۚ وَاُولٰٓئِكَ هُمُ الْفٰسِقُوْنَ ⑤

၅။ အကြင်သူတို့သည် ကာယိန္ဒြေကိုစောင့်ထိန်း၍ အပြစ်ကင်းသောမိန်းမတို့အား စွပ်စွဲကြ၏။ ထို့နောက် သက်သေလေးဦးကိုမတင်ပြကြလျှင် ထိုသူတို့အား ကြိမ်ဒဏ်အချက်ရှစ်ဆယ်ပေးလော့။ ထို့ပြင် နောင်တွင် မည်သည့်အခါမျှ ယင်းတို့၏သက်သေခံချက်ကိုလက်မခံလင့်။ စင်စစ် ဤသူတို့သည်ပင် အကျင့်ဆိုးယုတ်သူများဖြစ်ကြ၏။ ②

② ဤအာယတ်တော်တွင် မတရားကာမမှုပြုကြောင်း စွပ်စွဲပြောဆိုမှုကို ပိတ်ပင်ထားတော်မူပေသည်။ အကြောင်းမူ ယင်းသို့

اِلَّا الَّذِيْنَ تَابُوْا مِنْۢ بَعْدِ ذٰلِكَ وَاَصْلَحُوْا ۖ فَاِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ۝

၆။ သို့ရာတွင် ထိုသူတို့သည် ယင်းသည့်နောက်တွင် 'တောင်ဘာ' ဝန်ချတောင်းပန်မှုပြုကြပြီး မိမိတို့ကိုယ်ကို ပြုပြင်ကြလျှင် ဧကန်မုချ အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَالَّذِيْنَ يَرْمُوْنَ اَزْوَاجَهُمْ وَلَمْ يَكُنْ لَّهُمْ شُهَدَآءُ اِلَّآ اَنْفُسُهُمْ فَشَهَادَةُ اَحَدِهِمْ اَرْبَعُ شَهٰدٰتٍۢ بِاللّٰهِ ۙ اِنَّهٗ لَمِنَ الصّٰدِقِيْنَ ۝

၇။ အကြင်သူတို့သည် မိမိတို့၏ဇနီးများအား ယိုးစွပ်ကြ၏။ သို့သော် သူတို့တွင် မိမိကိုယ်တိုင်မှတစ်ပါး အခြားမည်သည့်သက်သေမျှမရှိ၊ သို့ဖြစ်လျှင် ယင်းတို့အနက်မှ တစ်ဦးချင်းသည် အလ္လာဟ်အားတိုင်တည်၍ ဧကန်ပင် သူတို့သည်မှန်ကန်သူတို့အနက်မှဖြစ်ကြောင်း လေးကြိမ်တိုင်အောင် ကျိန်တွယ်၍ သက်သေထွက်ဆိုရမည်။

وَالْخَامِسَةُ اَنَّ لَعْنَتَ اللّٰهِ عَلَيْهِ اِنْ كَانَ مِنَ الْكٰذِبِيْنَ ۝

၈။ ထို့နောက် ငါးကြိမ်မြောက်တွင် အကယ်၍ သူတို့သည် မဟုတ်မမှန် မုသားပြောသူတို့အနက်မှဖြစ်ခဲ့ပါလျှင် သူတို့အပေါ် အလ္လာဟ်၏ကရုဏာတော်မှကင်းဝေးခြင်း 'လာ့အ်နတ်' သက်ရောက်ပါစေ(ဟု ကျိန်ဆိုစေရမည်)။

وَيَدْرَؤُا عَنْهَا الْعَذَابَ اَنْ تَشْهَدَ اَرْبَعَ شَهٰدٰتٍۢ بِاللّٰهِ ۙ اِنَّهٗ لَمِنَ الْكٰذِبِيْنَ ۝

၉။ အကယ်၍ ယင်း(အမျိုးသမီး)က ၎င်း(စွပ်စွဲသူ အမျိုးသား)သည် လိမ်လည်သူတို့အနက်မှဖြစ်ပါသည်ဟု အလ္လာဟ်အား တိုင်တည်ကျိန်ဆို၍လေးကြိမ်လေးခါ သက်သေထွက်ဆိုပါလျှင် ယင်း(အမျိုးသမီး)ထံမှအပြစ်ဒဏ်ကို ဖယ်ရှားရမည်။

وَالْخَامِسَةَ اَنَّ غَضَبَ اللّٰهِ عَلَيْهَآ اِنْ كَانَ مِنَ الصّٰدِقِيْنَ ۝

၁၀။ ထို့ပြင် ငါးကြိမ်မြောက်တွင် အကယ်၍ ယင်း(အမျိုးသား)သည် မှန်ကန်သူတို့အနက်မှဖြစ်ခဲ့ပါလျှင် သူမအပေါ် သို့အလ္လာဟ်၏အမျက်တော်ကျရောက်ပါစေဟု (ကျိန်ဆိုစေရမည်)။

وَلَوْلَا فَضْلُ اللّٰهِ عَلَيْكُمْ وَرَحْمَتُهٗ وَاَنَّ اللّٰهَ تَوَّابٌ حَكِيْمٌ ۝ ۱۰

၁၁။ အကယ်၍ အသင်တို့အပေါ်တွင် အလ္လာဟ်၏ကျေးဇူးတော်နှင့် ထိုအရှင်မြတ်၏ သနားခြင်းကရုဏာတော်သာမရှိခဲ့လျှင်၊ ထို့အပြင် အလ္လာဟ်သည် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို အလွန်တရာ လက်ခံတော်မူသောအရှင်၊ လွန်စွာ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် မဟုတ်ခဲ့ပါလျှင် (အသင်တို့သည် မည်သို့ဖြစ်ကြလိမ့်မည်နည်း)။

ရုကူး-၂

اِنَّ الَّذِيْنَ جَآءُوْ بِالْاِفْكِ عُصْبَةٌ

၁၂။ ဧကန်မုချ မုသားလုပ်ကြံဖန်တီးလာခဲ့ကြသူများမှာ အသင်တို့အနက်မှပင် အုပ်စုတစ်စုဖြစ်၏။ ယင်း(အရေးကိစ္စ)

➤ စွပ်စွဲသူတို့သည် မျက်မြင်သက်သေလေးဦးကိုတင်ပြရန်အမိန့်ရှိထားပြီး ဤသို့မတင်ပြနိုင်လျှင် ယင်းစွပ်စွဲသူတို့အား ပြင်းထန်စွာအပြစ်ပေးခြင်းခံရမည်ဖြစ်ခြင်းကြောင့်တည်း။ ဤသို့ဖြင့် အထင်အမြင်လွဲမှားမှုအပေါ် ၌သာ အခြေတည်၍ စွပ်စွဲပြောဆိုသောသူတို့ကို ဤသို့မပြုဝံ့အောင်ဖြစ်ပေသည်။ ဒုတိယအဓိကကျသည့်အချက်မှာကား ဤသည် တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်၏ကြင်ရာတော်နှင့်ဆိုင်သော အကြောင်းကိစ္စဖြစ်ခဲ့ပြီး များစွာသောလူတို့မှာ တစ်ဆင့်စကား တစ်ဆင့်နားဖြင့်သာ ပြောဆိုလျက်ရှိခဲ့ကြပေသည်။ သို့ကြောင့် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ် ﷺ အား 'အာအိရှာ'သခင်မ၏အပြစ်ကင်းကြောင်း သက်သေပြတော်မမူသမျှကာလပတ်လုံး ကိုယ်တော်မြတ် ﷺ သည် နှုတ်ဆိတ်နေခဲ့ပေသည်။ ဟဒီးစ်တော်တွင်လည်း ဤသို့ပင်လာရှိပေသည်။

مِّنْكُمْ ؕ لَا تَحْسَبُوْهُ شَرًّا لَّكُمْ ؕ بَلْ هُوَ
خَيْرٌ لَّكُمْ ؕ لِكُلِّ امْرِئٍ مِّنْهُمْ مَّا
اكْتَسَبَ مِنَ الْاِثْمِ ۚ وَالَّذِيْ تَوَلّٰى
كِبْرَهٗ مِنْهُمْ لَهٗ عَذَابٌ عَظِيْمٌ ۝١١

ကို အသင်တို့အဖို့ ဆိုးရွားသည်ဟု မထင်မှတ်ကြကုန်လင့်။ စင်စစ် ယင်းသည် အသင်တို့အဖို့ ပိုမိုကောင်းမြတ်ပေ၏။ ထို သူတို့အနက် တစ်ဦးချင်းစီအဖို့ သူတို့ရှာဖွေဆည်းပူးခဲ့သော အပြစ်သည်ရှိ၏။ စင်စစ် ၎င်းတို့အနက် အများဆုံးတာဝန်ရှိ သူအတွက် အလွန်ကြီးလေးသော ပြစ်ဒဏ်(ကို သတ်မှတ် ထား)ရှိ၏။

لَوْلَآ اِذْ سَمِعْتُمُوْهُ ظَنَّ الْمُؤْمِنُوْنَ
وَالْمُؤْمِنٰتُ بِاَنْفُسِهِمْ خَيْرًا ۙ وَّقَالُوْا هٰذَآ
اِفْكٌ مُّبِيْنٌ ۝١٢

၁၃။ အသင်တို့သည် ထိုအကြောင်းကို ကြားသိကြရသော အခါ 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူအမျိုးသားတို့နှင့် သက်ဝင် ယုံကြည်သူ အမျိုးသမီးတို့သည် မိမိတို့လူများနှင့်စပ်လျဉ်း၍ ကောင်းမွန်သောထင်မြင်ချက်ကို ထင်မြင်ယူဆလျက် ဤသည် ပွင့်လင်းထင်ရှားသော မဟုတ်မမှန် စွပ်စွဲချက်ဖြစ်သည်ဟု အဘယ့်ကြောင့် မပြောဆိုကြပေသနည်း။

لَوْلَا جَآءُوْ عَلَيْهِ بِاَرْبَعَةِ شُهَدَآءَ ۚ
فَاِذْ لَمْ يَاْتُوْا بِالشُّهَدَآءِ فَاُولٰٓئِكَ عِنْدَ اللّٰهِ
هُمُ الْكٰذِبُوْنَ ۝١٣

၁၄။ ယင်းတို့သည် ဤသည်နှင့်စပ်လျဉ်း၍ အဘယ့်ကြောင့် သက်သေလေးဦးကို မခေါ်ဆောင်လာကြပေသနည်း။ သို့ဖြစ် ရာ ယင်းတို့သည် သက်သေများကို ခေါ်ဆောင်မလာကြသော ကြောင့် ထိုသူတို့သည် အလ္လာဟ်၏ထံတော်၌ လိမ်လည်သူ များဖြစ်ကြ၏။

وَلَوْلَا فَضْلُ اللّٰهِ عَلَيْكُمْ وَرَحْمَتُهٗ فِي
الدُّنْيَا وَالْاٰخِرَةِ لَمَسَّكُمْ فِيْ مَآ اَفَضْتُمْ
فِيْهِ عَذَابٌ عَظِيْمٌ ۝١٤

၁၅။ ထို့ပြင် အကယ်၍ လောကီဘဝနှင့် တမလွန်တို့တွင် အသင်တို့အပေါ် သို့ အလ္လာဟ်၏ 'ဖဇ်လ်'ကျေးဇူးတော်နှင့် ထို အရှင်မြတ်၏ 'ရာဟ်မတ်'ကရုဏာတော်သာမရှိခဲ့လျှင် အသင် တို့အားထိတွေ့ခဲ့သည့် ဤ(ပြဿနာ)၏ရလဒ်အဖြစ် ဧကန်ပင် အသင်တို့ထံ အလွန်တရာ ကြီးကျယ်သော အပြစ်ဒဏ်သည် ရောက်ရှိခဲ့ပြီးဖြစ်ပေမည်။

اِذْ تَلَقَّوْنَهٗ بِاَلْسِنَتِكُمْ وَتَقُوْلُوْنَ
بِاَفْوَاهِكُمْ مَّا لَيْسَ لَكُمْ بِهٖ عِلْمٌ
وَّتَحْسَبُوْنَهٗ هَيِّنًا ۖ وَّهُوَ عِنْدَ اللّٰهِ عَظِيْمٌ ۝١٥

၁၆။ အသင်တို့သည် မိမိတို့တစ်စုံတစ်ရာမသိရှိသော ယင်း (မုသား)ကို မိမိတို့လျှာများတွင်ယူခဲ့ကြကာ နှုတ်ပါးစပ်ဖြင့် ပြော ဆိုခဲ့ကြ၏။ ထို့ပြင် အသင်တို့သည် ဤသည်ကို သာမန်အ ကြောင်းရပ်ဟု ထင်မှတ်ခဲ့ကြပေသည်။ အမှန်သော်ကား အလ္လာဟ်၏ထံတော်တွင် ယင်းသည် အလွန်မှ ကြီးလေးလှ ပေသည်။

وَلَوْلَآ اِذْ سَمِعْتُمُوْهُ قُلْتُمْ مَّا يَكُوْنُ لَنَآ
اَنْ نَّتَكَلَّمَ بِهٰذَا ۖ سُبْحٰنَكَ هٰذَا بُهْتَانٌ
عَظِيْمٌ ۝١٦

၁၇။ အသင်တို့သည် ယင်းကို ကြားကြရသည့်အခါ ကျွန်ုပ် တို့အဖို့ ဤအရေးကိစ္စတွင် နှုတ်ပါးစပ်ဖွင့်ရန် မည်သည့်အခွင့် အရေးမျှမရှိချေ။ (အို-အလ္လာဟ်) အရှင်မြတ်သည် သန့်ရှင်း စင်ကြယ်တော်မူပါ၏၊ ဤသည်ကား အလွန်ကြီးမားသော မတရားစွပ်စွဲမှုပင်ဖြစ်ပါ၏ဟု အဘယ့်ကြောင့် မပြောဆိုကြ သနည်း။

يَعِظُكُمُ اللّٰهُ اَنْ تَعُوْدُوْا لِمِثْلِهٖٓ اَبَدًا اِنْ

၁၈။ အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်သူများ

كُنْتُمْ مُّؤْمِنِيْنَ ۝

ဖြစ်ကြလျှင် အသင်တို့သည် ဤသို့သောအကြောင်းကိစ္စကို နောင်တွင်မည်သည့်အခါမျှထပ်မံ၍မပြုကြရန် အလ္လာဟ်သည် အသင်တို့အား သွန်သင်ဆုံးမတော်မူ၏။

وَيُبَيِّنُ اللّٰهُ لَكُمُ الْاٰيٰتِ ؕ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ۝

၁၉။ ထို့ပြင် အလ္လာဟ်သည် အသင်တို့အဖို့ 'အာယတ်' မုက္ခပါဌ်တော်များကို ပွင့်လင်းထင်ရှားစွာဖော်ပြတော်မူ၏။ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ လွန်စွာဥာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّ الَّذِيْنَ يُحِبُّوْنَ اَنْ تَشِيْعَ الْفَاحِشَةُ فِى الَّذِيْنَ اٰمَنُوْا لَهُمْ عَذَابٌ اَلِيْمٌ ۙ فِى الدُّنْيَا وَالْاٰخِرَةِ ؕ وَاللّٰهُ يَعْلَمُ وَاَنْتُمْ لَا تَعْلَمُوْنَ ۝

၂၀။ ဧကန်မုချ ထိုသူတို့သည် သက်ဝင်ယုံကြည်သူတို့အတွင်း၌ အရှက်ကင်းမဲ့ခြင်းကို ပျံ့နှံ့သွားစေရန် နှစ်သက်လိုလားကြ၏၊ ထိုသူတို့အဖို့ လောကီဘဝတွင်လည်းကောင်း၊ နောင်တမလွန်တွင်လည်းကောင်း နာကျင်ဖွယ်ပြစ်ဒဏ်သည် ရှိပေလိမ့်မည်။ စင်စစ် အလ္လာဟ်သည်သိရှိတော်မူ၏၊ အသင်တို့ကား မသိရှိကြချေ။

وَلَوْلَا فَضْلُ اللّٰهِ عَلَيْكُمْ وَرَحْمَتُهٗ وَاَنَّ اللّٰهَ رَءُوْفٌ رَّحِيْمٌ ۝ ع

၂၁။ အကယ်၍ အသင်တို့အပေါ် အလ္လာဟ်၏ 'ဖဇ်လ်' ကျေးဇူးတော်နှင့် ထိုအရှင်မြတ်၏ 'ရာဟ်မတ်'ကရုဏာတော်တို့သာမရှိခဲ့လျှင်၊ ထို့ပြင် စင်စစ်ဧကန် အလ္လာဟ်သည် အလွန်ချစ်ခင်သနားတော်မူသောအရှင်(နှင့်) အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်သာမဟုတ်ခဲ့လျှင် (အသင်တို့အတွင်း အရှက်ကင်းမဲ့ခြင်းသည် ပျံ့နှံ့သွားပေအံ့သတည်း)။

ရုကူး-၃

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّبِعُوْا خُطُوٰتِ الشَّيْطٰنِ ؕ وَمَنْ يَّتَّبِعْ خُطُوٰتِ الشَّيْطٰنِ فَاِنَّهٗ يَاْمُرُ بِالْفَحْشَآءِ وَالْمُنْكَرِ ؕ وَلَوْلَا فَضْلُ اللّٰهِ عَلَيْكُمْ وَرَحْمَتُهٗ مَا زَكٰى مِنْكُمْ مِّنْ اَحَدٍ اَبَدًا ۙ وَّلٰكِنَّ اللّٰهَ يُزَكِّىْ مَنْ يَّشَآءُ ؕ وَاللّٰهُ سَمِيْعٌ عَلِيْمٌ ۝

၂၂။ အို- သက်ဝင်ယုံကြည်သူအပေါင်းတို့၊ 'ရှိုင်တန်'၏ နောက်သို့ ဖဝါးခြေထပ်မလိုက်ကြကုန်လင့်။ အကြင်မည်သူမဆို 'ရှိုင်တန်'၏နောက်သို့ ဖဝါးခြေထပ်လိုက်ခဲ့လျှင် ယင်း(ရှိုင်တန်)သည်ကား ဧကန်ပင် အရှက်ကင်းမဲ့ခြင်းနှင့် မနှစ်မြို့ဖွယ်ရာအကြောင်းရပ်များကို အမိန့်ပေးညွှန်ကြား၏။ ထို့ပြင် အကယ်၍ အသင်တို့အပေါ်သို့ အလ္လာဟ်၏'ဖဇ်လ်'ကျေးဇူးတော်နှင့် ထိုအရှင်မြတ်၏'ရာဟ်မတ်'ကရုဏာတော်သာမရှိခဲ့လျှင် အသင်တို့အနက် မည်သူတစ်ဦးတစ်ယောက်မျှပင် မည်သည့်အခါတွင်မျှ သန့်ရှင်းစင်ကြယ်နိုင်မည်မဟုတ်ချေ။ သို့သော် အလ္လာဟ်သည် အလိုတော်ရှိသူအား သန့်ရှင်းစင်ကြယ်စေတော်မူ၏။ အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။

وَلَا يَاْتَلِ اُولُوا الْفَضْلِ مِنْكُمْ وَالسَّعَةِ اَنْ يُّؤْتُوْۤا اُولِى الْقُرْبٰى وَالْمَسٰكِيْنَ وَالْمُهٰجِرِيْنَ فِىْ سَبِيْلِ اللّٰهِ ۖ وَلْيَعْفُوْا

၂၃။ ထို့ပြင် အသင်တို့အနက် ဂုဏ်ဒြပ်ကြီးမြင့်သူနှင့် တတ်စွမ်းနိုင်သူတို့သည် မိမိတို့၏နီးစပ်သူသားချင်းများ၊ သူဆင်းရဲများ၊ အလ္လာဟ်၏လမ်းတော်တွင် 'ဟစ်ဂျရတ်'ပြု ပြောင်းရွှေ့သူတို့အား မည်သည်ကိုမျှ မပေးမကမ်းဟု ကျိန်ဆိုခြင်းမပြုကြ

وَلْيَصْفَحُوْا ۭ اَلَا تُحِبُّوْنَ اَنْ يَّغْفِرَ اللّٰهُ لَكُمْ ۭ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿٢٢﴾

လင့်။ သို့ဖြစ်ရာ ၎င်းတို့သည် ဥပေက္ခာပြု၍ ခွင့်လွှတ်ကြရပေမည်။ အလ္လာဟ်က အသင်တို့အား အပြစ်မှ ခွင့်လွှတ်တော်မူရန်ကို အသင်တို့မလိုလားကြသလော။ စင်စစ် အလ္လာဟ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّ الَّذِيْنَ يَرْمُوْنَ الْمُحْصَنٰتِ الْغٰفِلٰتِ الْمُؤْمِنٰتِ لُعِنُوْا فِي الدُّنْيَا وَالْاٰخِرَةِ ۠ وَلَهُمْ عَذَابٌ عَظِيْمٌ ﴿٢٣﴾

၂၃။ ဧကန်မုချ အကြင်သူတို့သည် သတိလက်လွတ်ဖြစ်မိသော ကာယိန္ဒြေစောင့်ထိန်းသည့် ယုံကြည်သူအမျိုးသမီးတို့အား မဟုတ်မမှန်စွပ်စွဲကြ၏။ ထိုသူတို့သည် လောကီဘဝတွင်လည်းကောင်း၊ နောင်တမလွန်တွင်လည်းကောင်း ကရဏာတော်မှကင်းဝေးခြင်း 'လာ့အ်နတ်'ကိုခံကြရ၏။ ထို့ပြင် ထိုသူတို့အတွက် အလွန်ကြီးမားသော ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

يَّوْمَ تَشْهَدُ عَلَيْهِمْ اَلْسِنَتُهُمْ وَاَيْدِيْهِمْ وَاَرْجُلُهُمْ بِمَا كَانُوْا يَعْمَلُوْنَ ﴿٢٤﴾

၂၄။ အကြင်နေ့(ကိုသတိရကြကုန်) ယင်း(နေ့)တွင် ထိုသူတို့၏နှုတ်ပါးစပ်များ၊ သူတို့၏လက်များ၊ သူတို့၏ ခြေထောက်များက သူတို့နှင့်ဆန့်ကျင်၍ သူတို့ပြုကျင့်လေ့ရှိခဲ့သည်တို့ကို သက်သေခံကြပေမည်။

يَوْمَىِٕذٍ يُّوَفِّيْهِمُ اللّٰهُ دِيْنَهُمُ الْحَقَّ وَيَعْلَمُوْنَ اَنَّ اللّٰهَ هُوَ الْحَقُّ الْمُبِيْنُ ﴿٢٥﴾

၂၅။ ထိုနေ့တွင် အလ္လာဟ်သည် ထိုသူတို့အား သူတို့အပြစ်ထိုက်သည်ကို အပြည့်အဝ အစားပေးတော်မူပေအံ့။ ဧကန်မုချ အလ္လာဟ်သည်သာလျှင် ပေါ်လွင်ထင်ရှားသော 'အမှန်တရား'ဖြစ်ကြောင်းကို ၎င်းတို့ သိရှိကြရပေလိမ့်မည်။

اَلْخَبِيْثٰتُ لِلْخَبِيْثِيْنَ وَالْخَبِيْثُوْنَ لِلْخَبِيْثٰتِ ۚ وَالطَّيِّبٰتُ لِلطَّيِّبِيْنَ وَالطَّيِّبُوْنَ لِلطَّيِّبٰتِ ۚ اُولٰۗىِٕكَ مُبَرَّءُوْنَ مِمَّا يَقُوْلُوْنَ ۭ لَهُمْ مَّغْفِرَةٌ وَّرِزْقٌ كَرِيْمٌ ﴿٢٦﴾

၂၆။ မသန့်ရှင်းသော မိန်းမများသည် မသန့်ရှင်းသော ယောကျ်ားများအဖို့ဖြစ်၏။ ထို့ပြင် မသန့်ရှင်းသောယောကျ်ားများသည် မသန့်ရှင်းသောမိန်းမများအဖို့ဖြစ်၏။ စင်စစ် သန့်ရှင်းစင်ကြယ်သောမိန်းမများသည် သန့်ရှင်းစင်ကြယ်သော ယောကျ်ားများအဖို့ဖြစ်၏။ ထို့အတူ သန့်ရှင်းစင်ကြယ်သော ယောကျ်ားများသည် သန့်ရှင်းစင်ကြယ်သော မိန်းမများအဖို့ဖြစ်၏။ ဤသူတို့သည် ယင်းတို့ပြောဆိုကြသည်များမှ တာဝန်ကင်းလွတ်၏။ ထိုသူတို့အဖို့ ခွင့်လွှတ်တော်မူခြင်းနှင့် ဂုဏ်သိက္ခာရှိသော 'ရိဇ်ကျ်'ရိက္ခာသည် ရှိပေသတည်း။ ①

ရုကူး-၄

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَدْخُلُوْا بُيُوْتًا غَيْرَ بُيُوْتِكُمْ حَتّٰى تَسْتَاْنِسُوْا وَتُسَلِّمُوْا

၂၈။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့ မိမိတို့၏နေအိမ်မှတစ်ပါး အခြားအိမ်များသို့ အသင်တို့သည်ခွင့်ပြုချက်မရမချင်း မဝင်ရောက်ကြကုန်လင့်။ ထို့ပြင် ယင်း၌နေထိုင်သူများအား

① ဤတွင် ယေဘုယျဖြစ်ရိုးဖြစ်စဉ်တစ်ရပ်ကို ဖော်ပြထားခြင်းဖြစ်သည်။ ညစ်ညမ်းသောသူတို့သည် များသောအားဖြင့် ညစ်ညမ်းသောအမျိုးသမီးများဖြင့်သာ အိမ်ထောင်ပြုလေ့ရှိကြသည်။ သို့သော် ဤသည်မှာ တစ်သမတ်တည်းဖြစ်သော ပုံသေနည်းတစ်ရပ်မဟုတ်ချေ။ ဤတွင် ခြွင်းချက်လည်းရှိပေသည်။ ထိုနည်းတူ စင်ကြယ်သောသူတို့သည် စင်ကြယ်သန့်ရှင်းသော အမျိုးသမီးတို့နှင့်သာ လက်ထပ်ထိမ်းမြားလေ့ရှိကြပေသည်။ ဤတွင်လည်း အချို့အခါများ၌ ခြွင်းချက်ရှိလေသည်။

عَلٰٓى اَهْلِهَا ۭ ذٰلِكُمْ خَيْرٌ لَّكُمْ
لَعَلَّكُمْ تَذَكَّرُوْنَ ۝

ငြိမ်းချမ်းပါစေဟု'စလာမ်'မေတ္တာပို့သပါလေ။ ဤသည် အသင်တို့အဖို့ ပိုမိုကောင်းမြတ်၏။ သို့ဖြင့် အသင်တို့ အဆုံးအမကို ရယူကြရာ၏။

فَاِنْ لَّمْ تَجِدُوْا فِيْهَآ اَحَدًا فَلَا تَدْخُلُوْهَا
حَتّٰى يُؤْذَنَ لَكُمْ ۚ وَاِنْ قِيْلَ لَكُمُ
ارْجِعُوْا فَارْجِعُوْا هُوَ اَزْكٰى لَكُمْ ۭ وَاللّٰهُ
بِمَا تَعْمَلُوْنَ عَلِيْمٌ ۝

၂၉။ ထို့ပြင် အကယ်၍ အသင်တို့သည် ယင်း(အိမ်များ)တွင် မည်သူ့ကိုမျှမတွေ့ခဲ့ရလျှင် အသင်တို့အား ခွင့်မပြုမချင်း ယင်း(အိမ်)သို့ မဝင်ကြကုန်လင့်။ ထို့ပြင် အကယ်၍ အသင်တို့အား ပြန်သွားပါလေဟုဆိုခဲ့လျှင် ပြန်သွားကြကုန်။ အသင်တို့အဖို့ ရာ ယင်းသည် ပိုမို၍မွန်မြတ်သန့်စင်ပေ၏။ စင်စစ် အလ္လာဟ်သည် အသင်တို့ပြုလုပ်သည်တို့ကို ကောင်းစွာသိရှိတော်မူ၏။

لَيْسَ عَلَيْكُمْ جُنَاحٌ اَنْ تَدْخُلُوْا بُيُوْتًا
غَيْرَ مَسْكُوْنَةٍ فِيْهَا مَتَاعٌ لَّكُمْ ۭ وَاللّٰهُ
يَعْلَمُ مَا تُبْدُوْنَ وَمَا تَكْتُمُوْنَ ۝

၃၀။ အသင်တို့သည် နေထိုင်သူမရှိသော၊ ထို့ပြင် ယင်း၌ အသင်တို့၏ဥစ္စာပစ္စည်းရှိနေသော အိမ်များအတွင်းသို့ဝင်ရောက်သော် အသင်တို့အပေါ် အပြစ်မထိုက်ချေ။ စင်စစ် အလ္လာဟ်သည် အသင်တို့ထုတ်ဖော်သည်တို့ကိုလည်းကောင်း၊ အသင်တို့ဖုံးကွယ်ထားသည်တို့ကိုလည်းကောင်းသိရှိတော်မူ၏။

قُلْ لِّلْمُؤْمِنِيْنَ يَغُضُّوْا مِنْ اَبْصَارِهِمْ
وَيَحْفَظُوْا فُرُوْجَهُمْ ۭ ذٰلِكَ اَزْكٰى لَهُمْ ۭ
اِنَّ اللّٰهَ خَبِيْرٌۢ بِمَا يَصْنَعُوْنَ ۝

၃၀။ သက်ဝင်ယုံကြည်သူတို့အားပြောကြားပါလေ၊ မိမိတို့၏ မျက်စိများကို မျက်လွှာချ၍ထားကြကုန်၊ ထို့ပြင် မိမိတို့၏ အရှက်အင်္ဂါများကို ထိန်းသိမ်းစောင့်ရှောက်ကြကုန်။ ဤသည် သူတို့အဖို့ ပိုမို၍မွန်မြတ်သန့်စင်စေသော အကြောင်းခံဖြစ်၏။ မုခ္ဓကန် အလ္လာဟ်သည် သူတို့ပြုကျင့်သည်တို့ကို အမြဲထာဝရ သတင်းရရှိတော်မူ၏။

وَقُلْ لِّلْمُؤْمِنٰتِ يَغْضُضْنَ مِنْ اَبْصَارِهِنَّ
وَيَحْفَظْنَ فُرُوْجَهُنَّ وَلَا يُبْدِيْنَ
زِيْنَتَهُنَّ اِلَّا مَا ظَهَرَ مِنْهَا وَلْيَضْرِبْنَ
بِخُمُرِهِنَّ عَلٰي جُيُوْبِهِنَّ ۠ وَلَا يُبْدِيْنَ
زِيْنَتَهُنَّ اِلَّا لِبُعُوْلَتِهِنَّ اَوْ اٰبَاۗىِٕهِنَّ
اَوْ اٰبَاۗءِ بُعُوْلَتِهِنَّ اَوْ اَبْنَاۗىِٕهِنَّ اَوْ اَبْنَاۗءِ
بُعُوْلَتِهِنَّ اَوْ اِخْوَانِهِنَّ اَوْ بَنِيْٓ اِخْوَانِهِنَّ
اَوْ بَنِيْٓ اَخَوٰتِهِنَّ اَوْ نِسَاۗىِٕهِنَّ اَوْ مَا مَلَكَتْ
اَيْمَانُهُنَّ اَوِ التّٰبِعِيْنَ غَيْرِ اُولِي الْاِرْبَةِ
مِنَ الرِّجَالِ اَوِ الطِّفْلِ الَّذِيْنَ لَمْ
يَظْهَرُوْا عَلٰي عَوْرٰتِ النِّسَاۗءِ ۠ وَلَا

၃၁။ ထို့ပြင် သက်ဝင်ယုံကြည်သူအမျိုးသမီးတို့အား ပြောကြားပါလေ။ သူမတို့သည် မိမိတို့၏မျက်စိများကို မျက်လွှာချ၍ထားကြရမည်။ ထို့ပြင် မိမိတို့၏အရှက်အင်္ဂါများကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ ထို့ပြင် အလိုအလျောက်ထင်ပေါ်နေသည်တို့မှအပ မိမိတို့၏အလှအပကို ပေါ်အောင်မပြုကြရ။ ၎င်းပြင် မိမိတို့၏ရင်ဘတ်များအပေါ်တွင် မိမိတို့ခြုံလွှာများကို ချ၍ထားကြရမည်။ ထို့မှတစ်ပါး မိမိတို့၏လင်ယောက်ျားများ၊ မိမိတို့၏ဖခင်များ၊ မိမိလင်ယောက်ျားများ၏ဖခင်များ၊ မိမိတို့၏သားများ၊ မိမိတို့လင်ယောက်ျား၏သားများ၊ မိမိတို့အစ်ကိုများမောင်များ၊ မိမိတို့အကိုများ မောင်များ၏သားများ၊ မိမိတို့အစ်မညီမများ၏သားများ၊ မိမိတို့ မိန်းမအချင်းချင်း၊ မိမိတို့၏ လက်အောက်ခံအမျိုးသားများ၊ ယောက်ျားများအနက် (ရာဂစိတ်)ဆန္ဒလုံးဝမရှိသော အခိုင်းအစေများနှင့် အမျိုးသမီးများ၏ဖုံးကွယ်ရာနေရာများကို မသိနားမလည်ကြသေးသောကလေးများမှအပ မိမိတို့၏အလှအပကိုပေါ်လွင်အောင်မပြုကြလင့်။ ထို့ပြင် (အမျိုးသမီးများတွင် ယေဘုယျအားဖြင့်) ဖုံးကွယ်လျက်ရှိသည့် အလှအပ

يَغْضُضْنَ مِنْ اَبْصَارِهِنَّ وَيَحْفَظْنَ فُرُوْجَهُنَّ وَلَا يُبْدِيْنَ زِيْنَتَهُنَّ اِلَّا مَا ظَهَرَ مِنْهَا ۗ وَلْيَضْرِبْنَ بِخُمُرِهِنَّ عَلٰى جُيُوْبِهِنَّ ۖ وَلَا يُبْدِيْنَ زِيْنَتَهُنَّ اِلَّا لِبُعُوْلَتِهِنَّ اَوْ اٰبَآئِهِنَّ اَوْ اٰبَآءِ بُعُوْلَتِهِنَّ اَوْ اَبْنَآئِهِنَّ اَوْ اَبْنَآءِ بُعُوْلَتِهِنَّ اَوْ اِخْوَانِهِنَّ اَوْ بَنِيْٓ اِخْوَانِهِنَّ اَوْ بَنِيْٓ اَخَوٰتِهِنَّ اَوْ نِسَآئِهِنَّ اَوْ مَا مَلَكَتْ اَيْمَانُهُنَّ اَوِ التّٰبِعِيْنَ غَيْرِ اُولِي الْاِرْبَةِ مِنَ الرِّجَالِ اَوِ الطِّفْلِ الَّذِيْنَ لَمْ يَظْهَرُوْا عَلٰى عَوْرٰتِ النِّسَآءِ ۖ وَلَا يَضْرِبْنَ بِاَرْجُلِهِنَّ لِيُعْلَمَ مَا يُخْفِيْنَ مِنْ زِيْنَتِهِنَّ ۗ وَتُوْبُوْٓا اِلَى اللّٰهِ جَمِيْعًا اَيُّهَ الْمُؤْمِنُوْنَ لَعَلَّكُمْ تُفْلِحُوْنَ ۝

များကို (လူအများ)မြင်သာထင်ရှားအောင် မိမိတို့၏ ခြေထောက်များကို မဆောင့်ကြွကုန်လင့်။ ဤတွင်မက အို-သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့အားလုံးသည် အလ္လာဟ်ဘက်တော်သို့ 'တောင်ဘာ' ဝန်ခံတောင်းပန်မှုပြုလျက် ညွတ်ကြလေကုန်၊ သို့မှသာ အသင်တို့သည် အထမြောက်အောင်မြင်ကြရာ၏။

وَاَنْكِحُوا الْاَيَامٰى مِنْكُمْ وَالصّٰلِحِيْنَ مِنْ عِبَادِكُمْ وَاِمَآئِكُمْ ۗ اِنْ يَّكُوْنُوْا فُقَرَآءَ يُغْنِهِمُ اللّٰهُ مِنْ فَضْلِهٖ ۗ وَاللّٰهُ وَاسِعٌ عَلِيْمٌ ۝

၃၃။ ထို့ပြင် အသင်တို့အတွင်းမှမုဆိုးမများကိုလည်းကောင်း၊ ထို့အတူ အသင်တို့၏ကျွန်ယောကျ်ားများနှင့် ကျွန်မိန်းမများမှကောင်းသော အမူအကျင့်ရှိသူများကိုလည်းကောင်း လက်ထပ်ထိမ်းမြားပေးကြကုန်။ အကယ်၍ သူတို့သည် မရှိဆင်းရဲသူများဖြစ်ကြလျှင် အလ္လာဟ်သည် မိမိကျေးဇူးတော်ဖြင့် သူတို့အား ကြွယ်ဝစေတော်မူပေအံ့။ စင်စစ် အလ္လာဟ်သည် လွန်စွာကျယ်ပြောမှုကိုပေးသနားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

وَلْيَسْتَعْفِفِ الَّذِيْنَ لَا يَجِدُوْنَ نِكَاحًا حَتّٰى يُغْنِيَهُمُ اللّٰهُ مِنْ فَضْلِهٖ ۗ وَالَّذِيْنَ يَبْتَغُوْنَ الْكِتٰبَ مِمَّا مَلَكَتْ اَيْمَانُكُمْ فَكَاتِبُوْهُمْ اِنْ عَلِمْتُمْ فِيْهِمْ خَيْرًا ۖ وَّاٰتُوْهُمْ مِّنْ مَّالِ اللّٰهِ الَّذِيْٓ اٰتٰىكُمْ ۗ وَلَا تُكْرِهُوْا فَتَيٰتِكُمْ عَلَى الْبِغَآءِ اِنْ اَرَدْنَ تَحَصُّنًا لِّتَبْتَغُوْا عَرَضَ الْحَيٰوةِ الدُّنْيَا ۗ وَمَنْ يُّكْرِهْهُّنَّ فَاِنَّ اللّٰهَ مِنْۢ بَعْدِ اِكْرَاهِهِنَّ غَفُوْرٌ رَّحِيْمٌ ۝

၃၄။ ထို့ပြင် အိမ်ထောင်ပြုရန် မတတ်နိုင်သောသူတို့သည် အလ္လာဟ်က မိမိ၏ကျေးဇူးတော်ဖြင့် သူတို့အား ကြွယ်ဝစေတော်မူသည်အထိ မိမိတို့ကိုယ်ကို ထိန်းသိမ်းစောင့်စည်း၍နေကြကုန်။ ထို့ပြင် အသင်တို့၏ကျေးကျွန်သည် အသင်တို့အား အဖိုးအခပေးကာ မိမိကိုယ်ကိုလွတ်မြောက်ရန်အတွက် ကတိစာချုပ်ချုပ်ဆိုလိုလျှင် အကယ်၍ အသင်တို့သည် ယင်းတို့၌ အရည်အချင်းရှိသည်ကိုတွေ့ရှိခဲ့လျှင် သူတို့အားရေးသားချုပ်ဆိုသော ကတိစာချုပ်ဖြင့် လွတ်လပ်ခွင့်ပေးကြကုန်။ ၎င်းပြင် အလ္လာဟ်က အသင်တို့အား ပေးသနားတော်မူထားသော ပစ္စည်းဥစ္စာမှအချို့ကို သူတို့ကိုလည်းပေးကမ်းကြကုန်။ ထို့ပြင် မိမိတို့၏ကျွန်မိန်းမများအား အကယ်၍ သူမတို့ကလက်ထပ်လိုကြလျှင် အသင်တို့သည် လောကီဘဝ၏အကျိုးအမြတ်အတွက် (သူမတို့အားတားမြစ်ပြီး တိတ်တဆိတ်) အကျင့်ပျက်သောအလုပ်ကို အတင်းအကျပ်မပြုစေကြလင့်။ အကယ်၍ အကြင်သူတစ်ဦးသည် သူမတို့အား မတတ်သာအောင် အတင်းအကျပ်ပြုလုပ်သော် သူမတို့အား အတင်းအကျပ်ပြုလုပ်ခံရသည့်နောက်တွင် ဧကန်ပင် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်(နှင့်)အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَقَدْ اَنْزَلْنَآ اِلَيْكُمْ اٰيٰتٍ مُّبَيِّنٰتٍ وَّمَثَلًا مِّنَ الَّذِيْنَ خَلَوْا مِنْ قَبْلِكُمْ وَمَوْعِظَةً لِّلْمُتَّقِيْنَ ۝

၃၅။ ထို့ပြင် ငါတို့သည် အသင်တို့ထံ လင်းဝင်းထင်ရှားစေသော 'အာယတ်'မုဂ္ဓပါဠိတော်များ၊ အသင်တို့အလျင် လွန်လေပြီးသောသူတို့၏ နမူနာများနှင့် 'မွတ္တကီ'အပြစ်ရှောင်သူတို့အဖို့ အဆုံးအမကို ပို့ချတော်မူပေသတည်း။

ရုကူး-၅

اَللّٰهُ نُوْرُ السَّمٰوٰتِ وَالْاَرْضِ ؕ مَثَلُ نُوْرِهٖ كَمِشْكٰوةٍ فِيْهَا مِصْبَاحٌ ؕ اَلْمِصْبَاحُ فِيْ زُجَاجَةٍ ؕ اَلزُّجَاجَةُ كَاَنَّهَا كَوْكَبٌ دُرِّيٌّ يُّوْقَدُ مِنْ شَجَرَةٍ مُّبٰرَكَةٍ زَيْتُوْنَةٍ لَّا شَرْقِيَّةٍ وَّلَا غَرْبِيَّةٍ ۙ يَّكَادُ زَيْتُهَا يُضِيْٓءُ وَلَوْ لَمْ تَمْسَسْهُ نَارٌ ؕ نُوْرٌ عَلٰى نُوْرٍ ؕ يَهْدِى اللّٰهُ لِنُوْرِهٖ مَنْ يَّشَآءُ ؕ وَيَضْرِبُ اللّٰهُ الْاَمْثَالَ لِلنَّاسِ ؕ وَاللّٰهُ بِكُلِّ شَيْءٍ عَلِيْمٌ ۝

၃၅။ အလ္လာဟ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ 'နူရ်'အလင်းဖြစ်တော်မူ၏။ ထိုအရှင်မြတ်၏ 'နူရ်'အလင်း၏ပမာကား နံရံကလိုင်အတွင်းရှိ ဆီမီးခွက်နှင့်တူ၏။ ယင်းဆီမီးခွက်သည် ဖန်ပေါင်းချောင်အတွင်း၌ရှိ၏။ ယင်းဖန်ပေါင်းချောင်သည် ထွန်းလင်းတောက်ပသော ကြယ်တာရာတစ်လုံးသဖွယ်ဖြစ်၏။ ယင်း(ဆီမီး)ကို အရှေ့ဘက်မှလည်းမဟုတ်၊ အနောက်ဘက်မှလည်းမဟုတ်သော ကောင်းချီးမင်္ဂလာဖြင့် ပြည့်စုံသည့် သံလွင်ပင်မှ ထွန်းလင်းတောက်ပစေခဲ့၏။ ယင်း(သစ်ပင်)၏ဆီမှာ မီးတောက်နှင့်မထိတွေ့မီကပင် အလိုလို ထတောက်လျက် လင်းဝင်းလုမတတ်ဖြစ်၏။ ဤသည် 'နူရ်' အလင်းအပေါ် 'နူရ်'အလင်းဖြစ်၏။ အလ္လာဟ်သည် မိမိ၏ 'နူရ်'အလင်းဘက်သို့ နှစ်လိုတော်မူသူအား လမ်းညွှန်တော်မူ၏။ ထို့ပြင် အလ္လာဟ်သည် လူသားတို့အဖို့ ဥပမာပုံဆောင်ချက်များကို ဖော်ပြတော်မူ၏။ စင်စစ် အလ္လာဟ်သည် အရာရာတိုင်းကို ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။ ①

فِيْ بُيُوْتٍ اَذِنَ اللّٰهُ اَنْ تُرْفَعَ وَيُذْكَرَ فِيْهَا اسْمُهٗ ۙ يُسَبِّحُ لَهٗ فِيْهَا بِالْغُدُوِّ وَالْاٰصَالِ ۝

၃၆။ ဤသို့သော အိမ်များ၊ ယင်း(အိမ်များ)နှင့်စပ်လျဉ်း၍ ယင်းတို့အားမြှင့်တင်ရန်လည်းကောင်း၊ ယင်းတို့၌ အရှင်မြတ်၏နာမတော်ကို သတိရတသရန်လည်းကောင်း၊ အလ္လာဟ် အမိန့်ပေးတော်မူ၏။ ယင်း၌ နံနက်ခင်းနှင့် ညနေချမ်းများတွင် အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို 'တာစ်ဘီ'ပြုရင့်ကျူးကြပေသည်။

رِجَالٌ ۙ لَّا تُلْهِيْهِمْ تِجَارَةٌ وَّلَا بَيْعٌ عَنْ ذِكْرِ اللّٰهِ وَاِقَامِ الصَّلٰوةِ وَاِيْتَآءِ الزَّكٰوةِ ۪

၃၇။ ဤသို့သောကြီးမြတ်သည့်ယောကျ်ား၊ သူအား မည်သို့သော ကုန်သွယ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုကမျှ အလ္လာဟ်အား သတိရတသခြင်း၊ 'ဆွလာတ်'ကို စွဲမြဲစွာဆောက်တည်

① ဤပမာဆောင်မှုတွင် သံလွင်ဆီအကြောင်းကိုဖော်ပြထားသည်။ သံလွင်ဆီကို မီးရှို့ထွန်းညှိလျှင် ယင်းမှအလင်းရောင်ကိုရရှိသော်လည်း မီးခိုးထွက်ခြင်းမရှိချေ။ **لَاشَرْقِيَّةٍ وَّلَاغَرْبِيَّةٍ** ဟူသည် အလ္လာဟ်၏'နူရ်'အလင်းမှာ အရှေ့အတွက်သီးသန့်မဟုတ်သကဲ့သို့ အနောက်အတွက်လည်း သီးသန့်မဟုတ်ဟူ၍ဖြစ်ပေသည်။ တမန်တော်မြတ်ﷺသည်လည်း ဤပမာဆောင်မှု၏ သာကေပြရာအနေဖြင့် အရှေ့နှင့်အနောက်နှစ်ရပ်စလုံး၏ တစ်ပါးတည်းသောတမန်တော်ဖြစ်ပေသည်။ ထို့ပြင် ကိုယ်တော်မြတ်ﷺကိုအကြောင်းခံ၍ သာဝကကြီးများအား ပေးသနားတော်မူသည်မှာလည်း ဤသည့်'နူရ်'အလင်းပင်ဖြစ်ပေသည်။ ဆိုလိုသည်မှာ တမန်တော်မြတ်ﷺသည် ထို'နူရ်'အလင်းကို မိမိအတွက်မျှသာ ကန့်သတ်၍မထားမူဘဲ ယင်းကို အများအတွက် ဖြန့်ကြက်တော်မူခဲ့ပေသည်။ သို့ကြောင့် ဆက်လက်လာရှိသည့် အာယတ်တော်တွင် ဤအကြောင်းကိုပင် ထို'နူရ်'အလင်းသည် သာဝကကြီးများ၏နေအိမ်များတွင်လည်း လင်းဝင်းတောက်ပလျက်ရှိသည်ဟူ၍ ဖော်ပြထားပေသည်။ ကြယ်နက္ခတ်များနှင့်ပမာပြုရခြင်းမှာ ယင်းတို့၏အလင်းရောင်ကို ဝေးလံသောနေရာများမှပင် မြင်တွေ့ရသောကြောင့်ဖြစ်သည်။ ထိုနည်းတူ တမန်တော်မြတ်ﷺနှင့် သာဝကကြီးများ၏ 'နူရ်'အလင်းရောင်သည်လည်း အဝေးမှမြင်ကြရမည်ဖြစ်သည်။ 'မိရှ်ကတ်'ဟူသည် မီးအိမ်တင်၍ထားသော လုံခြုံသည့်ကလိုင်ခေါင်းငယ်ကို ဆိုလိုပေသည်။ ဤမီးအိမ်၏အလင်းရောင်သည် (ဖလ်)မှန်ကိုထင်ဟပ်လျက် ထိုအလင်းရောင်တည်ရှိသော ကလိုင်ခေါင်းငယ်ကိုသာလင်းဝင်းအောင်ပြုသည်မဟုတ်မူဘဲ ပြင်ပကိုပါ အလင်းရောင်ထင်ဟပ်စေပေသည်။ မီးခွက်ကိုဖန်ပေါင်းချောင်၌ထည့်ထားခြင်းမှာ ရည်ရွယ်ချက်နှစ်ခုရှိပေသည်။ တစ်ခုမှာ မှန်အိမ်ရှိလျှင် မီးခွက်မှ မီးခိုးမထွက်ချေ။ ဒုတိယအကြောင်းမှာ မီးအိမ်၏အလင်းရောင်သည် ပိုမိုလင်းဝင်းတောက်ပမှုဖြင့် ပြင်ပသို့ထွက်လျက်ပျံ့နှံ့ပေသည်။

يَخَافُوْنَ يَوْمًا تَتَقَلَّبُ فِيْهِ الْقُلُوْبُ وَالْاَبْصَارُ ﴿٣٧﴾

ခြင်းနှင့် 'ဇကာတ်'ပေးဆောင်ခြင်းတို့မှ မေ့လျော့လစ်ဟင်းစေသည်မဟုတ်ချေ။ ထို့ပြင် စိတ်နှလုံးများနှင့် မျက်စိများသည် (တုန်လှုပ်ချောက်ချားမှုဖြင့်) ကယောက်ကယက်ဖြစ်နေမည့် ထိုနေ့ကို သူတို့ ကြောက်ရွံ့ကြ၏။

لِيَجْزِيَهُمُ اللّٰهُ اَحْسَنَ مَا عَمِلُوْا وَيَزِيْدَهُمْ مِّنْ فَضْلِهٖ ؕ وَاللّٰهُ يَرْزُقُ مَنْ يَّشَآءُ بِغَيْرِ حِسَابٍ ﴿٣٨﴾

၃၉။ သို့ဖြင့် အလ္လာဟ်သည် သူတို့ပြုလုပ်ခဲ့သည့် အကောင်းဆုံးသော ပြုမူကျင့်ကြံမှုများနှင့်လျော်ညီစွာ သူတို့အား အကျိုးဆုလာဘ်ပေးသနားတော်မူရန်ဖြစ်၏။ ထို့ပြင် မိမိ၏ကျေးဇူးတော်ဖြင့် သူတို့အား တိုးပွားချဲ့လည်း ပေးသနားတော်မူရန်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် နှစ်လို့တော်မူသောသူအား 'ရီဇိုက်'ရိက္ခာကို အတိုင်းအဆမရှိပေးသနားတော်မူ၏။

وَالَّذِيْنَ كَفَرُوْٓا اَعْمَالُهُمْ كَسَرَابٍۢ بِقِيْعَةٍ يَّحْسَبُهُ الظَّمْاٰنُ مَآءً ؕ حَتّٰٓى اِذَا جَآءَهٗ لَمْ يَجِدْهُ شَيْـًٔا وَّوَجَدَ اللّٰهَ عِنْدَهٗ فَوَفّٰىهُ حِسَابَهٗ ؕ وَاللّٰهُ سَرِيْعُ الْحِسَابِ ﴿٣٩﴾

၄၀။ ထို့ပြင် မယုံကြည်ခြင်းပယ်မှုကိုပြုကြသော အကြင်သူတို့၏ ကျင့်ကြံအားထုတ်မှုတို့သည်ကား လွင်တီးခေါင်ပြင်တွင် ရှိသော တံလျှပ်ပမာဖြစ်၏။ ယင်း(တံလျှပ်)ကို ရေအလွန်ငတ်နေသူက ရေဟုထင်မှတ်၏။ နောက်ဆုံးတွင် ထိုသူသည် ယင်းအနားသို့ရောက်သွားသောအခါ သူသည် ထိုနေရာတွင် မည်သည့်အရာကိုမျှမတွေ့ရှိချေ။ အလ္လာဟ်အား ထိုနေရာတွင် တွေ့ရပေရာ အရှင်မြတ်သည် သူ့အား အပြည့်အဝ စာရင်းရှင်းပေးတော်မူပေမည်။ စင်စစ် အလ္လာဟ်သည် စာရင်းစစ်ကြောရာတွင် အလွန်လျင်မြန်တော်မူ၏။

اَوْ كَظُلُمٰتٍ فِيْ بَحْرٍ لُّجِّيٍّ يَّغْشٰىهُ مَوْجٌ مِّنْ فَوْقِهٖ مَوْجٌ مِّنْ فَوْقِهٖ سَحَابٌ ؕ ظُلُمٰتٌۢ بَعْضُهَا فَوْقَ بَعْضٍ ؕ اِذَآ اَخْرَجَ يَدَهٗ لَمْ يَكَدْ يَرٰىهَا ؕ وَمَنْ لَّمْ يَجْعَلِ اللّٰهُ لَهٗ نُوْرًا فَمَا لَهٗ مِنْ نُّوْرٍ ﴿٤٠﴾ ع

၄၀။ သို့တည်းမဟုတ် (ယင်းတို့၏ ကျင့်ကြံမှုများသည်) နက်ရှိုင်းသည့် သမုဒ္ဒရာတွင်ရှိသော အမှောင်ထုများကဲ့သို့ဖြစ်၏။ ယင်းကို လှိုင်းတံပိုးတစ်ခုအပေါ် နောက်လှိုင်းတစ်ခုက ဖုံးအုပ်ထား၏။ ယင်းအပေါ်တွင် မိုးတိမ်ရှိ၏။ ယင်းသည် တစ်ခုပေါ်တစ်ခု ဖုံးလျက်ရှိသော အမှောင်ထုများဖြစ်၏။ ထိုသူသည် မိမိ၏လက်ကိုထုတ်သောအခါ ယင်း(လက်)ကိုပင် မမြင်နိုင်ချေ။ အကြင်သူအတွက် အလ္လာဟ်က မည်သည့် 'နူရ်' အလင်းကိုမှ ပြုပေးတော်မမူပါလျှင် ထိုသူ၏ဝေစုတွင် မည်သည့် 'နူရ်'အလင်းမျှ မရှိချေတည်း။

ရုကူး-၆

اَلَمْ تَرَ اَنَّ اللّٰهَ يُسَبِّحُ لَهٗ مَنْ فِي السَّمٰوٰتِ وَالْاَرْضِ وَالطَّيْرُ صٰٓفّٰتٍ ؕ كُلٌّ قَدْ عَلِمَ صَلَاتَهٗ وَتَسْبِيْحَهٗ ؕ وَاللّٰهُ عَلِيْمٌۢ بِمَا يَفْعَلُوْنَ ﴿٤١﴾

၄၂။ အသင်သည် မတွေ့မမြင်လေသလော။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသည်တို့သည်လည်းကောင်း၊ တောင်ပံဖြန့်လျက်ရှိကြကုန်သော ကျေးငှက်တို့သည်လည်းကောင်း၊ အရှင်မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို 'တာစ်ဘီ'ပြုကြ၏။ ယင်းတို့အနက် အားလုံးတို့သည် မိမိတို့၏ဝတ်ပြုမှုနှင့် 'တာစ်ဘီ'ပြုခြင်း၏နည်းလမ်းကို သိရှိကြပြီးဖြစ်၏။ စင်စစ် အလ္လာဟ်သည် ယင်းတို့ပြုလုပ်သည်တို့ကို ကောင်းစွာ သိရှိတော်မူ၏။

وَلِلّٰهِ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ۚ وَاِلَى اللّٰهِ الْمَصِيْرُ ۝۴۲

၄၂။ စင်စစ် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ်ခြင်းသည် အလ္လာဟ်အဖို့သာတည်း။ အလ္လာဟ်၏ထံတော်သို့သာလျှင် ပြန်လှည့်၍ သွားကြရပေမည်။

اَلَمْ تَرَ اَنَّ اللّٰهَ يُزْجِىْ سَحَابًا ثُمَّ يُؤَلِّفُ بَيْنَهٗ ثُمَّ يَجْعَلُهٗ رُكَامًا فَتَرَى الْوَدْقَ يَخْرُجُ مِنْ خِلٰلِهٖ ۚ وَيُنَزِّلُ مِنَ السَّمَآءِ مِنْ جِبَالٍ فِيْهَا مِنْۢ بَرَدٍ فَيُصِيْبُ بِهٖ مَنْ يَّشَآءُ وَيَصْرِفُهٗ عَنْ مَّنْ يَّشَآءُ ۗ يَكَادُ سَنَا بَرْقِهٖ يَذْهَبُ بِالْاَبْصَارِ ۝۴۳

၄၃။ အသင်သည်မတွေ့မမြင်လေသလော။ အလ္လာဟ်သည် မိုးတိမ်များကို ရွေ့လျားစေတော်မူ၏။ ထို့နောက် ယင်းတို့ကို စုစည်းစေတော်မူပြီး ယင်းတို့ကို အထပ်ထပ်ပြုလုပ်တော်မူ၏။ ထို့နောက်တစ်ဖန် ယင်းတို့၏အကြားမှ မိုးပေါက်များထွက်၍ လာသည်ကို အသင်မြင်တွေ့ရ၏။ ထို့ပြင် ထိုအရှင်မြတ်သည် မြင့်မားသောနေရာများမှ၊ တစ်နည်းဆိုသော် ယင်းတို့ရှိသည့် တောင်များမှ မိုးသီးမိုးပေါက်များကိုကျစေတော်မူ၏။ ထို့နောက် အလိုရှိရာအပေါ်သို့ ယင်းကိုရွှာသွန်းစေတော်မူ၏။ ထို့ပြင် အလိုရှိရာမှ ယင်း၏ဦးတည်ရာကို လွှဲဖယ်သွားစေတော်မူ၏။ ယင်းမှ လျှပ်ပြက်ရောင်သည် (ထိုသူတို့၏) မျက်စိအလင်းကို ထိုးသုတ်ယူသွားလုမတတ်ဖြစ်၏။

يُقَلِّبُ اللّٰهُ الَّيْلَ وَالنَّهَارَ ۗ اِنَّ فِىْ ذٰلِكَ لَعِبْرَةً لِّاُولِى الْاَبْصَارِ ۝۴۴

၄၄။ အလ္လာဟ်သည် 'ည'နှင့်'နေ့'ကို အလှည့်ကျပြောင်းလဲလျက်ရှိစေတော်မူ၏။ ဧကန်ပင် ယင်း၌ အမြော်အမြင်ရှိသူတို့အဖို့ သင်ခန်းစာရဖွယ်ရာများရှိ၏။

وَاللّٰهُ خَلَقَ كُلَّ دَآبَّةٍ مِّنْ مَّآءٍ ۚ فَمِنْهُمْ مَّنْ يَّمْشِىْ عَلٰى بَطْنِهٖ ۚ وَمِنْهُمْ مَّنْ يَّمْشِىْ عَلٰى رِجْلَيْنِ ۚ وَمِنْهُمْ مَّنْ يَّمْشِىْ عَلٰٓى اَرْبَعٍ ۗ يَخْلُقُ اللّٰهُ مَا يَشَآءُ ۗ اِنَّ اللّٰهَ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ۝۴۵

၄၆။ အလ္လာဟ်သည် သွားလာလှုပ်ရှားလျက်ရှိသည့် အလုံးစုံသော သက်ရှိတို့ကို ရေမှဖန်ဆင်းတော်မူ၏။ သို့ဖြစ်ရာ ယင်းတို့အနက် မိမိတို့၏ဝမ်းဗိုက်ဖြင့် တွားသွားသည်များလည်းရှိပြီး ယင်းတို့အနက် ခြေနှစ်ချောင်းဖြင့် သွားသည်များလည်းရှိ၏။ ထို့ပြင် (ခြေ)လေးချောင်းဖြင့် သွားသည်များလည်းရှိကြ၏။ အလ္လာဟ်သည် အလိုရှိတော်မူရာကို ဖန်ဆင်းတော်မူ၏။ ဧကန်မုချ အလ္လာဟ်သည် မိမိနှစ်လို့တော်မူသောအရာအားလုံးအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

لَقَدْ اَنْزَلْنَآ اٰيٰتٍ مُّبَيِّنٰتٍ ۗ وَاللّٰهُ يَهْدِىْ مَنْ يَّشَآءُ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ۝۴۶

၄၇။ ဧကန်စင်စစ် ငါတို့သည် လင်းဝင်းထင်ရှားစေသော 'အာယတ်'မုဇ္ဈပါဠိတော်များကို ပို့ချတော်မူ၏။ အလ္လာဟ်သည် အလိုရှိတော်မူသောသူအား ဖြောင့်မတ်မှန်ကန်သောလမ်းဘက်သို့ လမ်းညွှန်တော်မူ၏။

وَيَقُوْلُوْنَ اٰمَنَّا بِاللّٰهِ وَبِالرَّسُوْلِ وَاَطَعْنَا ثُمَّ يَتَوَلّٰى فَرِيْقٌ مِّنْهُمْ مِّنْۢ بَعْدِ ذٰلِكَ ۗ وَمَآ اُولٰٓئِكَ بِالْمُؤْمِنِيْنَ ۝۴۷

၄၈။ ထို့ပြင် ယင်းတို့က ကျွန်ုပ်တို့သည် အလ္လာဟ်အားလည်းကောင်း၊ တမန်တော်အားလည်းကောင်း၊ သက်ဝင်ယုံကြည်ကြကာ ကျွန်ုပ်တို့သည် နာခံလိုက်နာပါသည်ဟုဆိုကြ၏။ သို့ပါလျက် ထိုသည့်နောက်တွင် ယင်းတို့အနက် အုပ်စုတစ်စုသည် ကျောခိုင်း၍ထွက်သွားလေသည်။ စင်စစ် ဤသူတို့သည် သက်ဝင်ယုံကြည်သူများ အလျှင်းမဟုတ်ကြချေ။

وَاِذَا دُعُوْٓا اِلَى اللّٰهِ وَرَسُوْلِهٖ لِيَحْكُمَ

၄၉။ ထို့ပြင် သူတို့သည် အလ္လာဟ်နှင့် တမန်တော်ထံသို့ သူ

بَيْنَهُمْ اِذَا فَرِيْقٌ مِّنْهُمْ مُّعْرِضُوْنَ ﴿۴۸﴾

(တမန်တော်)က ယင်းသူတို့အကြား စီရင်ဆုံးဖြတ်ရန်အလို့ငှာ ဖိတ်ခေါ်ခြင်းခံကြရသောအခါ သူတို့အနက် အချို့သောသူတို့သည် ရုတ်တရက် မျက်နှာလွှဲဖယ်သွားကြလေသည်။

وَ اِنْ يَّكُنْ لَّهُمُ الْحَقُّ يَاْتُوْٓا اِلَيْهِ مُذْعِنِيْنَ ﴿۴۹﴾

၄၀။ ထို့ပြင် အကယ်၍ ၎င်းတို့၏အခွင့်အရေးတစ်စုံတစ်ရာ ရှိခဲ့လျှင် ထို(တမန်တော်)ဘက်သို့ အပြည့်အဝနာခံလျက် အလျင်အမြန် လာရောက်ကြပေသည်။

اَفِيْ قُلُوْبِهِمْ مَّرَضٌ اَمِ ارْتَابُوْٓا اَمْ يَخَافُوْنَ اَنْ يَّحِيْفَ اللّٰهُ عَلَيْهِمْ وَ رَسُوْلُهٗ ؕ بَلْ اُولٰٓئِكَ هُمُ الظّٰلِمُوْنَ ﴿۵۰﴾

၄၁။ အသို့နည်း၊ ယင်းတို့၏စိတ်နှလုံးများတွင် ရောဂါရှိနေသလော။ သို့တည်းမဟုတ် သူတို့သည် သံသယပွားနေကြသလော။ သို့တည်းမဟုတ် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်သည် ယင်းတို့အား မတရားပြုမည်ကို ကြောက်ရွံ့စိုးရိမ်ကြသလော။ ထိုသို့မဟုတ်မူ၍ ဤသူတို့သည်ပင်လျှင် မတရားပြုသူများ ဖြစ်ကြပေသတည်း။

ရုကူး-၇

اِنَّمَا كَانَ قَوْلَ الْمُؤْمِنِيْنَ اِذَا دُعُوْٓا اِلَى اللّٰهِ وَ رَسُوْلِهٖ لِيَحْكُمَ بَيْنَهُمْ اَنْ يَّقُوْلُوْا سَمِعْنَا وَ اَطَعْنَا ؕ وَ اُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ﴿۵۱﴾

၅၂။ 'မို့အဲ့မင်န်' သက်ဝင်ယုံကြည်သူတို့အား အလ္လာဟ်နှင့် တမန်တော်၏ဘက်သို့ သူတို့၏အကြား စီရင်ဆုံးဖြတ်ရန် အလို့ငှာ ခေါ်ဆိုခြင်းခံရသောအခါ သူတို့၏ပြောဆိုချက်မှာ ကျွန်ုပ်တို့သည် ကြားကြရပါ၏၊ ထို့ပြင် လိုက်နာကြပါပြီဟူ၍ သာဖြစ်၏။ ဤသူများသည်သာလျှင် မုချ အောင်မြင်မည့်သူများဖြစ်ကြ၏။

وَمَنْ يُّطِعِ اللّٰهَ وَ رَسُوْلَهٗ وَ يَخْشَ اللّٰهَ وَ يَتَّقْهِ فَاُولٰٓئِكَ هُمُ الْفَآئِزُوْنَ ﴿۵۲﴾

၅၃။ စင်စစ်မူကား အကြင်သူတို့သည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်အား နာခံလိုက်နာကြ၏။ ထို့ပြင် အလ္လာဟ်အားကြောက်ရွံ့လျက် ထိုအရှင်၏ 'တက္ကဝါ'ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်ကြံဆောက်တည်ကြသော် ဤသူတို့သည် ပင်လျှင် အောင်မြင်မည့်သူများဖြစ်ကြ၏။

وَاَقْسَمُوْا بِاللّٰهِ جَهْدَ اَيْمَانِهِمْ لَئِنْ اَمَرْتَهُمْ لَيَخْرُجُنَّ ؕ قُلْ لَّا تُقْسِمُوْا ۚ طَاعَةٌ مَّعْرُوْفَةٌ ؕ اِنَّ اللّٰهَ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ﴿۵۳﴾

၅၄။ ထို့ပြင် ယင်းတို့က အကယ်၍ အသင်သည် ယင်းတို့အားအမိန့်ပေးပါလျှင် ယင်းတို့သည် အမှန်ပင် ထွက်ခွာကြပေအံ့ဟု အလ္လာဟ်အားတိုင်တည်၍ အခိုင်အမာကျိန်ဆိုကြ၏။ အသင်ပြောကြားပါလေ။ ကျိန်ဆိုခြင်းမပြုကြလင့်။ ထုံးတမ်းစဉ်လာနှင့်လျော်ညီစွာနာခံကြ(လေကုန်)။ ဧကန်မုချ အလ္လာဟ်သည် အသင်တို့ပြုလုပ်သည်တို့ကို အစဉ်ထာဝရ သတင်းရရှိတော်မူ၏။

قُلْ اَطِيْعُوا اللّٰهَ وَ اَطِيْعُوا الرَّسُوْلَ ۚ فَاِنْ تَوَلَّوْا فَاِنَّمَا عَلَيْهِ مَا حُمِّلَ وَ عَلَيْكُمْ مَّا حُمِّلْتُمْ ۚ وَ اِنْ تُطِيْعُوْهُ تَهْتَدُوْا ؕ وَ مَا

၅၅။ ပြောကြားလော့။ အလ္လာဟ်အားနာခံကြကုန်။ ထို့ပြင် တမန်တော်အားနာခံကြကုန်။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် လှည့်ထွက်သွားခဲ့ကြလျှင် သူ့အားတာဝန်ပေးခဲ့သည်နှင့် အညီသာလျှင် တာဝန်ရှိပေသည်။ အသင်တို့အပေါ်၌လည်း အသင်တို့အား တာဝန်ပေးခဲ့သည်နှင့်အညီသာလျှင် တာဝန်ရှိ

عَلَى الرَّسُوْلِ اِلَّا الْبَلٰغُ الْمُبِيْنُ ﴿٥٤﴾

ပေသည်။ ထို့ပြင် အကယ်၍ အသင်တို့သည် သူ့အား နာခံကြပါလျှင် လမ်းမှန်ကို ရရှိကြပေအံ့။ စင်စစ် တမန်တော်အပေါ် ၌ပွင့်လင်းထင်ရှားစွာ သတင်းပို့ဆောင်ရန်မှတစ်ပါး အခြား မည်သည့် တာဝန်မျှမရှိချေ။

وَعَدَ اللّٰهُ الَّذِيْنَ اٰمَنُوْا مِنْكُمْ وَعَمِلُوا الصّٰلِحٰتِ لَيَسْتَخْلِفَنَّهُمْ فِى الْاَرْضِ كَمَا اسْتَخْلَفَ الَّذِيْنَ مِنْ قَبْلِهِمْ ۪ وَلَيُمَكِّنَنَّ لَهُمْ دِيْنَهُمُ الَّذِى ارْتَضٰى لَهُمْ وَلَيُبَدِّلَنَّهُمْ مِّنْۢ بَعْدِ خَوْفِهِمْ اَمْنًا ؕ يَعْبُدُوْنَنِىْ لَا يُشْرِكُوْنَ بِىْ شَيْـًٔا ؕ وَمَنْ كَفَرَ بَعْدَ ذٰلِكَ فَاُولٰٓئِكَ هُمُ الْفٰسِقُوْنَ ﴿٥٥﴾

၅၅။ အသင်တို့အနက် သက်ဝင်ယုံကြည်ကြလျက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြသောသူတို့အား အလ္လာဟ်သည် အခိုင်အမာ ကတိပြုတော်မူသည်မှာ ထိုအရှင်မြတ်သည် သူတို့ထက်အလျင်ကရှိခဲ့ကြသူတို့အား 'ခလီဖာဟ်'ပြုပေးခဲ့သကဲ့သို့ သူတို့အားလည်း ကမ္ဘာမြေ၌ အမှန်ပင် 'ခလီဖာဟ်'ပြုပေးတော်မူမည်။ ထို့ပြင် သူတို့အဖို့ သူတို့၏သာသနာကို အရှင်မြတ်က သူတို့အတွက် နှစ်သက်တော်မူသည်နှင့်အညီ အမှန်ပင် စွမ်းအားဂုဏ်အရှိန်အဝါကို ပေးသနားတော်မူမည်။ ထို့ပြင် သူတို့၏ကြောက်ရွံ့စိုးရိမ်ရခြင်းအခြေအနေ၏နောက်တွင် ဧကန်မုချ သူတို့အား လုံခြုံငြိမ်းချမ်းသောအခြေအနေသို့ ပြောင်းလဲ၍ပေးတော်မူမည်။ သူတို့သည် ငါအရှင်မြတ်အား ခဝပ်ကိုးကွယ်ကြပေမည်။ ငါအရှင်မြတ်နှင့်အတူ မည်သည်ကိုမျှ တန်းတူထားရှိကြမည်မဟုတ်ချေ။ ဤသည့်နောက်သော်မှ အကြင်သူတို့သည် ကျေးဇူးကန်းကြသည်ရှိသော် ဤသူများသည်ပင် မနာခံဖီဆန်သူများဖြစ်ကြ၏။ ﴿၁﴾

وَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ وَاَطِيْعُوا الرَّسُوْلَ لَعَلَّكُمْ تُرْحَمُوْنَ ﴿٥٦﴾

၅၆။ ထို့ပြင် 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြကုန်။ ထို့ပြင်'ဇကာတ်'ပေးဆောင်ကြကုန်။ ဤတွင်မက တမန်တော်အား နာခံကြကုန်။ သို့မှသာ အသင်တို့အပေါ် ကရုဏာတော်သက်ခြင်းကိုခံရကြရာ၏။

﴿၁﴾ ဤအာယတ်တော်ကို آيت استخلاف 'အာယတ် အီစ်တီခလာဖ်'ဟုခေါ်ဆိုပေသည်။ ယင်း၌ အလ္လာဟ်အရှင်မြတ်သည် ရှေးအခါများက တမန်တော်များ၏နောက်ပိုင်းကာလတွင် 'ခလာဖတ်'(ခလီဖာဟ်ဆက်ခံခြင်း)စနစ်ကို ဆက်လက်တည်ရှိစေတော်မူခဲ့သည့်အတိုင်း တမန်တော်မြတ်ﷺ၏ နောက်ပိုင်းကာလများတွင်လည်း ဆက်လက်တည်ရှိစေတော်မူမည့်အကြောင်း၊ ထို့ပြင် ထို'ခလာဖတ်'စနစ်မှာ 'နဗီ'တမန်တော်၏ 'နူရ်'အလင်းရောင်ကိုယူဆောင်လျက် ရှေ့သို့တက်လှမ်းမည်ဖြစ်ကြောင်းနှင့် 'ခလီဖာဟ်'တစ်ပါး ကွယ်လွန်သွားသည့်အခါတိုင်း အဖွဲ့အစည်းကြီးသည် ကြောက်ရွံ့စိုးရိမ်ဖွယ်အခြေအနေကို ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း၊ သို့သော် ယင်းမှာ အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ဖြင့် 'ခလာဖတ်'စနစ်၏ကောင်းချီးမင်္ဂလာဖြင့် အေးချမ်းသာယာခြင်းသို့ ပြောင်းလဲသွားလိမ့်မည်ဖြစ်ကြောင်း ဖော်ပြထားတော်မူပေသည်။ သို့ဖြစ်ရာ စစ်မှန်သော 'ခလာဖတ်'စနစ်၏လက္ခဏာမှာကား ယင်းသည် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူတို့၏ 'ဂျမာအတ်'အဖွဲ့အစည်းကို ငြိမ်းချမ်းမှုမရှိရာမှ ငြိမ်းချမ်းရာသို့ဖော်ဆောင်၍ပေးလိမ့်မည်ဖြစ်၏။ ဟာဇရတ် မဆီဟ်မော်အူးဒ်ﷺသခင်က 'အလ်ဝဆီယတ်'စာတမ်းတွင် 'နဗီ'တမန်တော် သို့မဟုတ် 'ခလီဖာဟ်'တစ်ပါး ကွယ်လွန်သွားပြီးနောက် ယခုရန်သူတို့က ဤ'နူရ်'အလင်းကိုငြိမ်းသတ်ကြတော့မည်ဟူ၍ အခိုက်အတန့်အားဖြင့်ထင်မှတ်ကြကြောင်း၊ သို့ရာတွင် ရန်သူများမှာ အကြိမ်အခါတိုင်း၌ အရေးနိမ့်ကြပေမည်ဟူ၍ 'အီစ်တီခလာဖ်' အာယတ်တော်တွင် ပြတ်သားစွာကတိပေးဖော်ပြထားကြောင်း ရေးသားထားပေသည်။

တမန်တော်စနစ်ရောက်ရှိရခြင်း၏ရည်ရွယ်ချက်မှာ ကမ္ဘာလောကတွင် 'တောင်ဟီးဒ်'တစ်ဆူတည်းသော ဘုရားရှင်အား ကိုးကွယ်သောဝါဒကို တည်ထောင်ရန်ဖြစ်သည်။ သို့ဖြစ်ရာ မှန်ကန်သော 'ခလာဖတ်'စနစ်၏ အမှတ်လက္ခဏာများလည်း ဤကဲ့သို့ပင်ဖြစ်ပြီး ယင်း၏အဆုံးစွန်သောရည်ရွယ်ချက်မှာ 'တောင်ဟီးဒ်'ကိုတည်တံ့စေရန် ဖြစ်ပေသည်။

لَا تَحْسَبَنَّ الَّذِيْنَ كَفَرُوْا مُعْجِزِيْنَ فِى الْاَرْضِ ۚ وَمَاْوٰىهُمُ النَّارُ ۭ وَلَبِئْسَ الْمَصِيْرُ ۝

၅၇။ မယုံကြည်ခြင်းပယ်သူတို့က (မို့အ်မင်နဲ်တို့ကို) ကမ္ဘာမြေတွင် မစွမ်းသာအောင်ပြုလုပ်လျက်ရှိကြလိမ့်မည်ဟု အလျှင်းမထင်မှတ်လင့်။ အမှန်သော်ကား ယင်းတို့၏ နေရာဌာနမှာ (ငရဲ)မီးဖြစ်၏။ အလွန်ဆိုးရွားလှစွာသော နေရာထိုင်ခင်း ဖြစ်ချေသတည်း။

ရှုကူး-၈

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لِيَسْتَاْذِنْكُمُ الَّذِيْنَ مَلَكَتْ اَيْمَانُكُمْ وَالَّذِيْنَ لَمْ يَبْلُغُوا الْحُلُمَ مِنْكُمْ ثَلٰثَ مَرّٰتٍ ۭ مِنْ قَبْلِ صَلٰوةِ الْفَجْرِ وَحِيْنَ تَضَعُوْنَ ثِيَابَكُمْ مِّنَ الظَّهِيْرَةِ وَمِنْۢ بَعْدِ صَلٰوةِ الْعِشَاۗءِ ۭ ثَلٰثُ عَوْرٰتٍ لَّكُمْ ۭ لَيْسَ عَلَيْكُمْ وَلَا عَلَيْهِمْ جُنَاحٌۢ بَعْدَهُنَّ ۭ طَوّٰفُوْنَ عَلَيْكُمْ بَعْضُكُمْ عَلٰي بَعْضٍ ۭ كَذٰلِكَ يُبَيِّنُ اللّٰهُ لَكُمُ الْاٰيٰتِ ۭ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ۝

၅၉။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ လက်အောက်ခံများနှင့် အသင်တို့အနက် အရွယ်မရောက်သေးသောသူများသည် အချိန်သုံးမျိုးတွင် (အသင်တို့၏ အိပ်ခန်းများအတွင်း မဝင်ရောက်မီအလျင်) အသင်တို့ထံမှ ခွင့်တောင်းကြရမည်။ နံနက် 'ဖဂျရ်'ဆွလာတ်မတိုင်မီ၊ ထို့ပြင် အသင်တို့သည် မိမိတို့၏(အပို)အဝတ်အစားများကို ချွတ်ထားလေ့ရှိသော နေ့လယ်နေ့ခင်း တစ်ရေးတစ်မောအိပ်စက်စဉ်နှင့် 'အေရှာ'ဆွလာတ်၏နောက်ပိုင်း၊ ဤသုံးခုသောအချိန်မှာ အသင်တို့၏ 'ပါရ်ဒါ'အကာအကွယ်ပြုရမည့်အချိန်များဖြစ်၏။ ယင်းအချိန်များမှအပ (ခွင့်မတောင်းဘဲလာရောက်ခြင်းသည်) အသင်တို့အပေါ် ၌လည်းကောင်း သူတို့အပေါ် ၌လည်းကောင်း မည်သည့်အပြစ်မျှမထိုက်ချေ။ အသင်တို့အနက် အချို့သည် အချို့သူတို့ထံသို့ အမျှားအားဖြင့် ဝင်ထွက်သွားလာလျက်ရှိကြ၏။ဤကဲ့သို့ပင် အလ္လာဟ်သည် အသင်တို့အဖို့ 'အာယတ်'မုကွဲပါဠိတော်များကို ပွင့်လင်းထင်ရှားစွာ ဖော်ပြတော်မူ၏။ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသော အရှင်၊ လွန်စွာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူ၏။

وَاِذَا بَلَغَ الْاَطْفَالُ مِنْكُمُ الْحُلُمَ فَلْيَسْتَاْذِنُوْا كَمَا اسْتَاْذَنَ الَّذِيْنَ مِنْ قَبْلِهِمْ ۭ كَذٰلِكَ يُبَيِّنُ اللّٰهُ لَكُمْ اٰيٰتِهٖ ۭ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ۝

၆၀။ ထို့ပြင် အသင်တို့အတွင်းမှ ကလေးသူငယ်များ အရွယ်ရောက်ရှိလာကြသော် သူတို့ထက်အလျင်က လူအများခွင့်တောင်းလေ့ရှိသကဲ့သို့ပင် ခွင့်တောင်းကြရမည်။ ဤကဲ့သို့ပင် အလ္လာဟ်သည် မိမိ၏ 'အာယတ်'မုကွဲပါဠိတော်များကို အသင်တို့အဖို့ ပွင့်လင်းထင်ရှားစွာဖော်ပြတော်မူ၏။ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ လွန်စွာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَالْقَوَاعِدُ مِنَ النِّسَاۗءِ الّٰتِيْ لَا يَرْجُوْنَ نِكَاحًا فَلَيْسَ عَلَيْهِنَّ جُنَاحٌ اَنْ يَّضَعْنَ ثِيَابَهُنَّ غَيْرَ مُتَبَرِّجٰتٍۢ بِزِيْنَةٍ ۭ وَاَنْ يَّسْتَعْفِفْنَ خَيْرٌ لَّهُنَّ ۭ وَاللّٰهُ سَمِيْعٌ

၆၀။ ထို့ပြင် အရွယ်လွန်၍ လက်ထပ်ထိမ်းမြားရန် မျှော်လင့်ချက်မထားကြသော အမျိုးသမီးများအဖို့ အကယ်၍ သူမတို့သည် မိမိတို့၏အလှကိုထင်ပေါ်မှုမဖြစ်သော မိမိတို့၏ (အပို) အဝတ်အစားများကို ချွတ်ထားပါလျှင် သူမတို့အပေါ် ၌ အပြစ်တစ်စုံတစ်ရာမထိုက်ချေ။ ထို့ပြင် အကယ်၍ ယင်းတို့သည် သတိထားကြပါလျှင် ယင်းတို့အတွက် ပို၍ကောင်းမြတ်လှ၏။

عَلِيْمٌ ۝

لَيْسَ عَلَى الْاَعْمٰى حَرَجٌ وَّلَا عَلَى
الْاَعْرَجِ حَرَجٌ وَّلَا عَلَى الْمَرِيْضِ
حَرَجٌ وَّلَا عَلٰٓى اَنْفُسِكُمْ اَنْ تَاْكُلُوْا مِنْ
بُيُوْتِكُمْ اَوْ بُيُوْتِ اٰبَآئِكُمْ اَوْ بُيُوْتِ
اُمَّهٰتِكُمْ اَوْ بُيُوْتِ اِخْوَانِكُمْ اَوْ بُيُوْتِ
اَخَوٰتِكُمْ اَوْ بُيُوْتِ اَعْمَامِكُمْ اَوْ بُيُوْتِ
عَمّٰتِكُمْ اَوْ بُيُوْتِ اَخْوَالِكُمْ اَوْ بُيُوْتِ
خٰلٰتِكُمْ اَوْ مَا مَلَكْتُمْ مَّفَاتِحَهٗٓ اَوْ
صَدِيْقِكُمْ ؕ لَيْسَ عَلَيْكُمْ جُنَاحٌ اَنْ
تَاْكُلُوْا جَمِيْعًا اَوْ اَشْتَاتًا ؕ فَاِذَا دَخَلْتُمْ
بُيُوْتًا فَسَلِّمُوْا عَلٰٓى اَنْفُسِكُمْ تَحِيَّةً مِّنْ
عِنْدِ اللّٰهِ مُبٰرَكَةً طَيِّبَةً ؕ كَذٰلِكَ يُبَيِّنُ
اللّٰهُ لَكُمُ الْاٰيٰتِ لَعَلَّكُمْ تَعْقِلُوْنَ ۝ ۶۱

စင်စစ် အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

၆၂။ မျက်မမြင်များ၏အပေါ်၌ မည်သို့မျှ တားမြစ်ချက်မရှိချေ။ ထို့ပြင် ခြေလက်မစွမ်းမသန်သူတို့အပေါ်၌လည်း မည်သို့မျှတားမြစ်ခြင်းမရှိချေ။ ရောဂါသည်များနှင့် အသင်တို့ကိုယ်တိုင်အားလည်းတားမြစ်ချက်မရှိချေ။ အသင်တို့သည် မိမိတို့၏အိမ်များမှ သို့မဟုတ် မိမိတို့အဘအဘိုးတို့၏အိမ်များမှဖြစ်စေ သို့တည်းမဟုတ် မိမိတို့ မိခင်များ၏အိမ်များမှ သို့မဟုတ် မိမိတို့ညီ၊ အစ်ကိုများ၏အိမ်များမှ သို့မဟုတ် မိမိတို့၏ အစ်မ၊ နှစ်မများ၏အိမ်များမှဖြစ်စေ သို့မဟုတ် မိမိတို့၏ (ဖခင်ဘက်မှ) ဦးကြီး ဦးလေးတို့၏အိမ်များမှ သို့မဟုတ် (ဖခင်ဘက်မှ) အဒေါ်များ၏အိမ်များမှဖြစ်စေ သို့မဟုတ် မိမိတို့၏(မိခင်ဘက်မှ) ဦးကြီး ဦးလေးတို့၏အိမ်များမှ သို့မဟုတ် မိမိတို့၏ (မိခင်ဘက်မှ) အဒေါ်များ၏အိမ်များမှဖြစ်စေ သို့တည်းမဟုတ် မိမိတို့ သော့ထိန်းသိမ်းရသောအိမ်များ သို့မဟုတ် မိမိတို့၏ မိတ်ဆွေအပေါင်းအဖော်များ၏အိမ်များ၌ အသင်တို့သည် စုပေါင်း၍ စားသုံးကြသည်ဖြစ်စေ သို့တည်းမဟုတ် တသီးတခြားစီ စားသုံးကြသည်ဖြစ်စေ အသင်တို့အပေါ်၌ မည်သို့မျှ အပြစ်မထိုက်ချေ။ သို့ဖြစ်ရာ အသင်တို့သည် နေအိမ်များသို့ ဝင်ရောက်ကြသောအခါ မိမိတို့၏လူများကို အလ္လာဟ်၏ထံတော်မှ ကောင်းချီးမင်္ဂလာရှိ၍ သန့်ရှင်းငြိမ်းချမ်းသော လက်ဆောင်ကို ပို့သကြလေကုန်။ ဤကဲ့သို့ပင် အလ္လာဟ်သည် အသင်တို့အဖို့ 'အာယတ်'တော်များကို ပွင့်လင်းထင်ရှားစွာ ဖော်ပြတော်မူ၏။ သို့ဖြင့် အသင်တို့ စဉ်းစားဆင်ခြင်ကြရန် ဖြစ်သတည်း။

ရုကူး-၉

اِنَّمَا الْمُؤْمِنُوْنَ الَّذِيْنَ اٰمَنُوْا بِاللّٰهِ
وَرَسُوْلِهٖ وَ اِذَا كَانُوْا مَعَهٗ عَلٰٓى اَمْرٍ
جَامِعٍ لَّمْ يَذْهَبُوْا حَتّٰى يَسْتَاْذِنُوْهُ ؕ
اِنَّ الَّذِيْنَ يَسْتَاْذِنُوْنَكَ اُولٰٓئِكَ
الَّذِيْنَ يُؤْمِنُوْنَ بِاللّٰهِ وَ رَسُوْلِهٖ ۚ
فَاِذَا اسْتَاْذَنُوْكَ لِبَعْضِ شَاْنِهِمْ فَاْذَنْ
لِّمَنْ شِئْتَ مِنْهُمْ وَاسْتَغْفِرْ لَهُمُ اللّٰهَ ؕ

၆၃။ သက်ဝင်ယုံကြည်သူ အစစ်အမှန်တို့သည်ကား ထိုသူများပင်ဖြစ်၏၊ သူတို့သည် အလ္လာဟ်အားလည်းကောင်း ထိုအရှင်မြတ်၏တမန်တော်အားလည်းကောင်း၊ သက်ဝင်ယုံကြည်ကြ၏။ ထို့ပြင် တစ်စုံတစ်ရာအရေးကြီးသော အမှားနှင့်သက်ဆိုင်သည့်ကိစ္စများကို (စဉ်းစားသုံးသပ်ရန်) သူထံတွင် စုဝေးကြသည့်အခါ သူထံမှခွင့်ပြုချက်မရယူသရွေ့ ထ၍မသွားကြချေ။ ဧကန်မုချ အသင့်ထံ ခွင့်ပန်သောသူတို့သည်သာလျှင် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်အား သက်ဝင်ယုံကြည်သူများဖြစ်ကြ၏။ သို့ဖြစ်ရာ ထိုသူတို့သည် မိမိတို့၏ အချို့သော ကိစ္စရပ်များအတွက် အသင့်ထံ ခွင့်ပန်ကြလျှင် သူတို့အနက် အလိုရှိသူအားခွင့်ပြုပါလော။ ထို့ပြင် အလ္လာဟ်၏

اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿٦٢﴾

ထံတော်တွင် သူတို့အတွက် ခွင့်လွှတ်တော်မူရန် တောင်းခံလျက်နေပါလေ။ ဧကန်စင်စစ် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

لَا تَجْعَلُوْا دُعَآءَ الرَّسُوْلِ بَيْنَكُمْ كَدُعَآءِ بَعْضِكُمْ بَعْضًا ۚ قَدْ يَعْلَمُ اللّٰهُ الَّذِيْنَ يَتَسَلَّلُوْنَ مِنْكُمْ لِوَاذًا ۚ فَلْيَحْذَرِ الَّذِيْنَ يُخَالِفُوْنَ عَنْ اَمْرِهٖۤ اَنْ تُصِيْبَهُمْ فِتْنَةٌ اَوْ يُصِيْبَهُمْ عَذَابٌ اَلِيْمٌ ﴿٦٣﴾

၆၃။ အသင်တို့သည် တမန်တော်က(အသင်တို့အား) ခေါ်ဆိုခြင်းကို အသင်တို့အကြား တစ်ဦးနှင့်တစ်ဦး ခေါ်ဆိုသကဲ့သို့ မပြုကြကုန်လင့်။ အလ္လာဟ်သည် အသင်တို့အနက် မမြင်အောင် တိတ်တဆိတ်ထွက်သွားကြသောသူတို့ကို အမှန်ပင် သိရှိတော်မူ၏။ သို့ဖြစ်ရာ သူ၏အမိန့်ကို ဆန့်ကျင်သောသူတို့သည် ယင်းတို့ထံ စမ်းသပ်မှုတစ်စုံတစ်ရာရောက်ရှိလာမည်ကိုလည်းကောင်း၊ သို့တည်းမဟုတ် ပြင်းပြနာကျင်ဖွယ်သောပြစ်ဒဏ်ဆိုက်ရောက်လာမည်ကိုလည်းကောင်း ကြောက်ရွံ့ကြရာ၏။

اَلَاۤ اِنَّ لِلّٰهِ مَا فِي السَّمٰوٰتِ وَالْاَرْضِ ؕ قَدْ يَعْلَمُ مَاۤ اَنْتُمْ عَلَيْهِ ؕ وَيَوْمَ يُرْجَعُوْنَ اِلَيْهِ فَيُنَبِّئُهُمْ بِمَا عَمِلُوْا ؕ وَاللّٰهُ بِكُلِّ شَيْءٍ عَلِيْمٌ ﴿٦٤﴾ ع

၆၄။ သတိပြုကြကုန်။ မိုးကောင်းကင်များတွင်ရှိသည်များနှင့် ကမ္ဘာမြေပြင်တွင်ရှိသည်တို့ကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့(၏အခြေအနေ)ကို သိရှိတော်မူ၏။ အရှင်မြတ်ထံတော်သို့ ထိုသူတို့ ပြန်သွားကြရမည့်နေ့တော်ကြီးတွင် အရှင်မြတ်သည် သူတို့အား သူတို့ပြုလုပ်လေ့ရှိခဲ့သည်တို့ကို အသိပေးတော်မူပေအံ့။ ဧကန်ပင် အလ္လာဟ်သည် အရာရာတိုင်းကိုကောင်းစွာသိရှိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

❖ ❖ ❖

၂၅။ အလ်-မူရ်ကာန်

ဤဆူရာဟ်သည် တမန်တော်မြတ်ﷺ မက္ကာမြို့တွင်နေထိုင်စဉ် နှောင်းပိုင်းကာလတွင်ကျ ရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော်ပေါင်း (၇၈)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၏အစပိုင်းတွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် မိုဟမ္မဒ်ﷺ အား ဖြောင့်မှန်သူနှင့် လိမ်ညာသူတို့အကြားတွင် အလွန်ထင်ရှားစွာခွဲခြားပြသသည့် 'ဖုရ်ကာန်'(ဝါ) 'ကြီးကျယ်လှသော မှတ်ကျောက်'ကို ပေးသနားထားတော်မူကြောင်း ဖော်ပြထားသည်။ ထိုမှတ်ကျောက်မှာ ဆူရာဟ်'နူးရ်'တွင် ထပ်တလဲလဲဖော်ပြခဲ့ပြီးဖြစ်သော မှတ်ကျောက်ပင်ဖြစ်ပြီး ယခုဤဆူရာဟ်တွင် ယင်း၏ဥပမာများကို ထပ်လောင်းဖော်ပြထားပေသည်။

တစ်ခုမှာ တမန်တော်မြတ်ﷺ သည် မိမိ၏အနီးဝန်းကျင်တွင်ရှိကြသူတို့အတွင်းမှာသာ ပေါ်လွင်ထင်ရှားစွာ ခွဲခြားပြသနိုင်သည့် အရည်အသွေးရှိရုံမျှမက တစ်လောကလုံးရှိ ဖြောင့်မှန်သူနှင့် လိမ်ညာသူတို့အား မှတ်ကျောက်တင်ရန်အတွက်လည်း ကိုယ်တော်မြတ်ﷺ အား တစ်ခုသော ကြီးကျယ်သည့် 'ဖုရ်ကာန်'ကို 'ကျမ်းမြတ်ကုရ်အာန်'အသွင်ဖြင့် ပေးသနားတော်မူခြင်းခံရပေသည်။

တမန်တော်မြတ်ﷺ ၏ရင်သပ်အံ့ချီးဖွယ်နိမိတ်လက္ခဏာများပြသခြင်းအပေါ် တုံ့ပြန်လျက် ဆန့်ကျင်ရန်ပြုသူတို့က တမန်တော်အစစ်ဖြစ်ခြင်းနှင့်စပ်လျဉ်း၍ မိမိတို့ကိုယ်ပိုင်ဖန်တီးထားသော မှတ်ကျောက်ကိုတင်ပြကြသည်။ ဤတမန်တော်သည် အစားအသောက်လည်းစားသည်၊ စျေးများတွင် လည်းသွားလာသည်၊ ဤသို့သောသူသည် တမန်တော်ဖြစ်နိုင်ပါမည်လော။ အတူပူးပေါင်း၍ သတိပေးနှိုးဆော်မှုပြုရန် ထိုတမန်တော်နှင့်အတူ ကောင်းကင်တမန်တစ်ပါးပါးသည် အဘယ့်ကြောင့် ဆင်းသက်၍ မလာရသနည်းဟု ပြောဆိုကြ၏။ ဤကဲ့သို့ပင် ထိုသူတို့သည် တမန်တော်အပေါ် မိုးကောင်းကင်မှ ရုပ်ပိုင်းဆိုင်ရာ ရွှေငွေရတနာများ ပို့ချပေးရပေမည်ဟူသော သတ်မှတ်ချက်ကိုလည်း ပြုလုပ်ထားကြပေသည်။ အမှန်သော်ကား တမန်တော်အပေါ် အရှင်မြတ်၏အသိပညာဆိုင်ရာ အကန့်အသတ်မရှိသော ရတနာများကိုသာ ပို့ချခြင်းခံရပြီး ရုပ်ပိုင်းဆိုင်ရာ ရွှေငွေရတနာများ ပို့ချခြင်းမခံရပေ။

ဤကဲ့သို့ပင် မည်သို့မျှ လုံ့လစိုက်ထုတ်မှုမပြုရဘဲ လိုသလောက်စားသုံးမှီဝဲနိုင်သော ကြီးကျယ်ခမ်းနားလှသည့် ဥယျာဉ်များသည် တမန်တော်ထံတွင် ရှိရပေမည်ဟူ၍လည်း အယူရှိကြလေသည်။ ယင်းကို အလ္လာဟ်အရှင်မြတ်က အဖြေပေးတော်မူသည်မှာ- အသင်(တမန်တော်)အတွက် **ငါတို့** စီစဉ်ထားတော်မူသည့် 'ဂျန္နတ်'ဥယျာဉ်များနှင့်စပ်လျဉ်း၍ ဤမိုက်မဲသူတို့မှာ စိတ်ကူးပုံဖော်နိုင်ကြမည်ပင် မဟုတ်ချေ။ ထို့ပြင် ထိုဥယျာဉ်များတွင် ဝိညာဉ်ရေးရာ 'နန်းတော်'လည်းရှိမည်ဖြစ်ပြီး ယင်းမှာ အသင့်အဖို့သာလျှင် ပြုလုပ်ထားတော်မူ၏။

ထိုနည်းတူစွာ မယုံကြည်ငြင်းပယ်သူတို့၏အဆိုကိုချေဖျက်လျက် မိန့်ကြားရာတွင် ဤသည်ထက် အလျင်က ပွင့်ပေါ်ခဲ့သမျှသော တမန်တော်များအနက် လူသားတို့နည်းတူ လမ်းများတွင် သွားလာလှုပ်ရှားခြင်းမပြုခဲ့သူတစ်ပါးမျှကိုပင် ပြသကြကုန်။ အကယ်၍မပြသနိုင်ခဲ့လျှင်ဖြင့် ဤသည်မှာ တမန်တော်စနစ်ကို လုံးဝဥဿုံ ငြင်းပယ်ခြင်းသာဖြစ်ပြီး တစ်နည်းဆိုသော် အလ္လာဟ်သည် မည်သူ့ကိုမျှ တမန်တော်မပြုလုပ်နိုင်ဟုဆိုလိုရာရောက်ပေသည်။ ထိုမှတစ်ပါး မယုံကြည်သူတို့အပေါ် ကောင်းကင်တမန်များ ဆင်းသက်ခြင်းနှင့်စပ်လျဉ်း၍ဖော်ပြရာ၌ ထိုသည့်ရန်သူတို့အပေါ် ကောင်းကင်တမန်များ မုချဆင်း

သက်ပေလိမ့်မည်။ သို့သော် ၎င်းတို့၏ ပျက်စီးချုပ်ငြိမ်းခြင်းနှင့် မည်သို့သော ကယ်တင်ခြင်းမျှမရှိသည့် 'အဇာဘ်'ပြစ်ဒဏ်၏သတင်းကို ဆောင်ယူလျက်သာ ဆင်းသက်လာကြလိမ့်မည်။

ကျမ်းမြတ်ကုရ်အာန်ကို အဘယ့်ကြောင့် တစ်ပေါင်းတစ်စည်းတည်း ထုတ်ပြန်ချပေးခြင်း မပြုရသနည်းဟူ၍လည်း စောဒကတစ်ရပ်ရှိပေသည်။ စင်စစ်သော်ကား ကျမ်းမြတ်ကုရ်အာန်ကို တစ်စုတစ်စည်းတည်း ပို့ချမှုမပြုခြင်း၌ များစွာသော အမြော်အမြင်များ တိမ်မြုပ်ပါရှိနေပေသည်။ ပထမအချက်မှာ ထိုခေတ်ထိုအချိန်က ရပ်နီးရပ်ဝေးများမှ ယင်းတို့၏ပြဿနာရောဂါများ ပေါ်လွင်ထင်ရှားလာတိုင်း လက်ရှိအခြေအနေနှင့်လျော်ညီစွာ ထိုအကြောင်းနှင့်သက်ဆိုင်မှုရှိသော 'အာယတ်'(မုက္ခပါဠိ)တော်များ ကျရောက်ရန်လိုအပ်ပေသည်။ ဒုတိယအချက်မှာ အခါမလပ် သစ်လွင်သောနိမိတ်လက္ခဏာတော်များဖြင့် တမန်တော်မြတ်ﷺ၏နှလုံးသားကို နက်ရှိုင်းစွာ တည်ကြည်မြဲမြံမှုကို ပေးသနားတော်မူရန်နှင့် အကန့်အသတ်မရှိသော နိမိတ်လက္ခဏာတော်များကို ကျမ်းမြတ်ကုရ်အာန် ထုတ်ပြန်ချပေးတော်မူသောကာလ တစ်လျှောက်လုံးတွင် ကိုယ်တော်မြတ်ﷺအား မြင်တွေ့သွားစေရန်ဖြစ်၏။ ထို့ပြင် (၂၃)နှစ်တာကာလ အတွင်းဖြန့်ကြက်လျက်ရှိသော ကျမ်းမြတ်ကုရ်အာန်သည် တမန်တော်မြတ်ﷺ၏ ဖန်တီးပြုလုပ်ချက်သာဖြစ်ပါမူ ယင်း၌'အာယတ်'မုက္ခပါဠိတော်များသည် ယခုကဲ့သို့ အစီအစဉ်တကျရှိနေနိုင်မည်မဟုတ်ချေ။ ထို့ပြင် စာရေးစာဖတ်မတတ်သူတစ်ဦးက (၂၃)နှစ်တာကာလတစ်လျှောက်ကို အသို့လျှင် လွှမ်းခြုံကြည့်ရှုနိုင်ပါအံ့နည်း။

ထို့ပြင် ဤအကြောင်းနှင့်စပ်လျဉ်း၍ ကတိတော်ရမဆီဟ်နှင့်အေမာမ်မဟ်ဒီ(ရ)သခင်ကတွေးခေါ်မြော်မြင်မှုတစ်ရပ်ဘက်သို့ ညွှန်ပြထားပေသည်။ ကျမ်းမြတ်ကုရ်အာန်ကျရောက်သော ဤ(၂၃)နှစ်တာကာလတွင် တမန်တော်မြတ်ﷺသည် အလွန်မှ ဘေးအန္တရာယ်ကြီးမားလှသည့် အခြေအနေများဖြင့် ရင်ဆိုင်ကြုံတွေ့နေခဲ့ရသည်။ အလွန်တရာ ကြောက်မက်ဖွယ်ကောင်းသော အခြေအနေများတွင် တပည့်သာဝကများထက် ရှေ့သို့တက်၍ အန္တရာယ်အရှိဆုံးနေရာ၌ပင် ရန်သူတို့နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ပေသည်။ ကိုယ်တော်မြတ်အား အဆိပ်ခတ်၍ လုပ်ကြံရန်ကြိုးစားခဲ့ကြ၏။ သို့ရာတွင် (ကုရ်အာန်အပြည့်အစုံ ကျရောက်ပြီး) 'ရှရီအတ်'တရားဥပဒေပြည့်စုံခြင်းသို့မရောက်လေသမျှ အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော်မြတ်ﷺအား ခေါ်ယူတော်မမူခဲ့ချေ။ သို့ဖြစ်ရာ ကျမ်းမြတ်ကုရ်အာန် ဖြည်းဖြည်းချင်း သက်ဆင်းကျရောက်ခဲ့ခြင်းမှာ အလွန်ကြီးမားသော 'မိဂျေဇာ' တန်ခိုးပြာဋိဟာတစ်ရပ်ဖြစ်ပေသည်။

ထိုနည်းတူစွာ 'အေဘာဒူရ် ရာဟ်မန်'(မဟာကရုဏာတော်ရှင်၏အစေတော်)တို့၏ အမှတ်လက္ခဏာများကိုဖွင့်ဆိုပြရင်း ဆူရာဟ်၏နိဂုံးပိုင်းတွင်- ကောင်းကင်၌ ကြယ်တာရာစခန်း တစ်ဆယ့်နှစ်ခုရှိသည့်နည်းတူ အသင်(တမန်တော်မြတ်ﷺ)၏နောက်တွင် 'မူဂျဒီဒ်'သာသနာ့အလင်းပြပုဂ္ဂိုလ် တစ်ဆယ့်နှစ်ပါးတို့သည် အသင်၏သာသနာတော်ကို ကာကွယ်ရန်အလို့ငှာ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထို့နောက်တစ်ဖန် အသင်၏'နူရ်'အလင်းမှ အပြည့်အဝ အလင်းရောင်ရရှိသော ဆယ့်လေးရက်လပြည့်ဝန်းသည်လည်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ဖော်ပြထားပေသည်။

ဤ'ရှကူ'မှာပင် 'အေဘာဒူရ် ရာဟ်မန်'၏ဝုဇ်ဟုဒ်များအနက် သူတို့၏အလယ်အလတ်ကျင့်သုံးမှု၊ ကျိုးနွံနှိမ့်ချမှုနှင့် 'ကယာမ်'(ရပ်ခြင်း)နှင့် 'စဂျ်ဒါဟ်'(ဦးချခြင်း)တို့၌ ဘဝကိုကုန်လွန်စေမှု စသဖြင့်

ဖော်ပြထား၏။ ယင်း၏အကျိုးဆက်အဖြစ် သူတို့အား ထူးကဲမြင့်မြတ်မှုအပေါင်းကို ပေးသနား တော်မူခြင်းကိုခံကြရပေသည်။ ထို့ပြင် ဤဆူရာဟ်၏နောက်ဆုံးအာယတ်တော်တွင် သူတို့သည် အဘယ့် ကြောင့် 'စဂျ်ဒါဟ်'နှင့် 'ကယာမ်'များတွင် 'ဒိုအာ'ဆုတောင်းခြင်းဖြင့် ဘဝကိုကုန်လွန်စေကြကြောင်း ဖော်ပြထားသည်။ အကြောင်းမူ အလ္လာဟ်အရှင်မြတ်ထံတော်မှ ဘဝအသက်ကိုရရှိရန်အတွက် 'ဒိုအာ' ဆုတောင်းခြင်းအားဖြင့်မှတစ်ပါး အခြားနည်းလမ်းမရှိခဲ့။ အကြင်သူသည် ဤသည်ကို မဟုတ်မမှန် ဟုငြင်းဆိုပြီး အလ္လာဟ်နှင့် အဆက်အသွယ်ဖြတ်တောက်လျှင် မရေမတွက်နိုင်သော ကြောက်မက်ဖွယ် ရောဂါဝေဒနာများသည် သူ့အားတွယ်ကပ်မည်ဖြစ်ပြီး ယင်းက သူ့အား အလွတ်ပေးမည်မဟုတ်ချေတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဖုရ်ကာရ်

မက္ကာမြို့တွင်ကျရောက်ပြီး ၀စ္စမီလျှာဟ်အပါအဝင် အာယတ်တော် (၇၈)ပိုဒ် ရှုကူ (၆)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

تَبٰرَكَ الَّذِيْ نَزَّلَ الْفُرْقَانَ عَلٰى عَبْدِهٖ لِيَكُوْنَ لِلْعٰلَمِيْنَ نَذِيْرَا ۙ ①

၂။ မိမိ၏အစေတော်ထံ အမှားအမှန်ကိုခွဲခြားပြသော 'ဖုရ်ကာန်'ကို ပို့ချတော်မူသော အရှင်မြတ်သည်သာလျှင် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူ၏။ သို့ဖြင့် ထို(အစေတော်)သည် တစ်လောကလုံးအတွက် သတိပေးနှိုးဆော်သူဖြစ်အံ့သောငှာဖြစ်၏။

الَّذِيْ لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ وَلَمْ يَتَّخِذْ وَلَدًا وَّلَمْ يَكُنْ لَّهٗ شَرِيْكٌ فِي الْمُلْكِ وَخَلَقَ كُلَّ شَيْءٍ فَقَدَّرَهٗ تَقْدِيْرًا ②

၂။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေအား စိုးမိုးအုပ်ချုပ်မှုအာဏာကို ထိုအရှင်မြတ်သာလျှင် စိုးပိုင်တော်မူ၏။ စင်စစ် ထိုအရှင်မြတ်သည် သားတော်တစ်ဦးတစ်ယောက်ကိုမျှ မိမိအဖို့ ပြုလုပ်ထားတော်မမူချေ။ ထို့ပြင် စိုးမိုးအုပ်ချုပ်မှုဌ် ထိုအရှင်မြတ်နှင့် တွဲဖက်ပါဝင်သူ တစ်စုံတစ်ယောက်မျှမရှိချေ။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူ၏။ ထို့ပြင် ယင်းကို အလွန်သင့်မြတ်ကောင်းမွန်သည့် အတိုင်းအဆတစ်ရပ်နှင့်အညီ ပုံသွင်းတော်မူ၏။

وَاتَّخَذُوْا مِنْ دُوْنِهٖٓ اٰلِهَةً لَّا يَخْلُقُوْنَ شَيْـًٔا وَّهُمْ يُخْلَقُوْنَ وَلَا يَمْلِكُوْنَ لِاَنْفُسِهِمْ ضَرًّا وَّلَا نَفْعًا وَّلَا يَمْلِكُوْنَ مَوْتًا وَّلَا حَيٰوةً وَّلَا نُشُوْرًا ③

၃။ သို့ပါလျက် ယင်းတို့သည် ထိုအရှင်မြတ်မှတစ်ပါး တစ်စုံတစ်ရာကိုမျှ မဖန်ဆင်းနိုင်ဘဲ မိမိတို့ကိုယ်တိုင်သည်ပင်လျှင် ဖန်ဆင်းခြင်းခံရသောအရာများကို ကိုးကွယ်ရာအဖြစ် ပြုလုပ်ထားကြလေသည်။ ထိုအရာများသည် မိမိတို့ကိုယ်တိုင်အတွက်ပင် ဆုံးရှုံးစေမှုကိုလည်းကောင်း အကျိုးဖြစ်ထွန်းစေမှုကိုလည်းကောင်း ပြုနိုင်စွမ်းမရှိကြချေ။ ထို့ပြင် သေခြင်း၊ ရှင်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကိုလည်း မပြုစွမ်းနိုင်ကြချေ။

وَقَالَ الَّذِيْنَ كَفَرُوْٓا اِنْ هٰذَآ اِلَّآ اِفْكُ ِۨافْتَرٰىهُ وَاَعَانَهٗ عَلَيْهِ قَوْمٌ اٰخَرُوْنَ ۚ فَقَدْ جَآءُوْ ظُلْمًا وَّزُوْرًا ۚ ④

၄။ ထို့ပြင် မယုံကြည်ငြင်းပယ်ကြသောသူတို့က ဤသည် သူလုပ်ကြံဖန်တီးထားသော မုသားမှလွဲ၍ အခြားတစ်စုံတစ်ရာမဟုတ်ချေ၊ ဤကိစ္စ၌ သူ့အား အခြားသောသူတို့က ကူညီခဲ့ကြပေသည်ဟုပြောဆိုကြ၏။ သို့ဖြစ်ရာ ဧကန်စင်စစ် ထိုသူတို့သည် လုံးလုံးလျားလျား မတရားမှုနှင့် လိမ်လည်မှုကို ပြုလုပ်လာကြလေသည်။

وَقَالُوْٓا اَسَاطِيْرُ الْاَوَّلِيْنَ اكْتَتَبَهَا فَهِيَ تُمْلٰى عَلَيْهِ بُكْرَةً وَّاَصِيْلًا ⑤

၅။ ထို့ပြင် ၎င်းတို့က (ဤသည်) ရှေးလူတို့၏ ပုံပြင်ဒဏ္ဍာရီများသာဖြစ်ပြီး ယင်းကို သူက ရေးသားစေခဲ့ခြင်းဖြစ်၏။ သို့ဖြစ်ရာ ယင်းကို နံနက်နှင့် ညနေအချိန်များတွင် သူ့အား ရွတ်ဖတ်ပြကြရ၏ဟု ပြောကြလေသည်။

قُلْ اَنْزَلَهُ الَّذِیْ یَعْلَمُ السِّرَّ فِی السَّمٰوٰتِ وَالْاَرْضِ ؕ اِنَّهٗ كَانَ غَفُوْرًا رَّحِیْمًا ۝۶

၇။ အသင်ပြောကြားပါလေ။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏လျှို့ဝှက်ချက်ကို သိရှိတော်မူသောအရှင်က ဤ(ကျမ်း)ကို ပို့ချတော်မူခဲ့၏။ ဧကန်အမှန် ထိုအရှင်မြတ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَقَالُوْا مَالِ هٰذَا الرَّسُوْلِ یَاْكُلُ الطَّعَامَ وَیَمْشِیْ فِی الْاَسْوَاقِ ؕ لَوْلَاۤ اُنْزِلَ اِلَیْهِ مَلَكٌ فَیَكُوْنَ مَعَهٗ نَذِیْرًا ۝۷

၈။ ထို့ပြင် ယင်းတို့က ပြောကြသည်မှာ ဤတမန်တော်သည် မည်သို့ဖြစ်ဘိသနည်း၊ အစားအစာကိုစားသုံး၏။ ဈေးများတွင်လည်းသွား‌လာ၏။ သူနှင့်အတူပူးပေါင်း၍ (လူများအား) သတိပေးနှိုးဆော်သူအဖြစ်နှင့် သူ့ထံသို့ ကောင်းကင်တမန်တစ်ပါးပါးသည် အဘယ့်ကြောင့်ချပေးခြင်းမခံရလေသနည်း။

اَوْ یُلْقٰۤی اِلَیْهِ كَنْزٌ اَوْ تَكُوْنُ لَهٗ جَنَّةٌ یَّاْكُلُ مِنْهَا ؕ وَقَالَ الظّٰلِمُوْنَ اِنْ تَتَّبِعُوْنَ اِلَّا رَجُلًا مَّسْحُوْرًا ۝۸

၉။ သို့မဟုတ် သူ့ထံသို့ ရတနာသိုက်တစ်ခုခုကို ချပေးရပေမည်။ သို့တည်းမဟုတ် သူ့ထံတွင် စားသုံးရန် ဥယျာဉ်တစ်ခုခု ရှိရပေမည်။ ထို့ပြင် အမှားကျူးလွန်သူတို့က အသင်တို့သည် အမှန်စင်စစ် ပြုစားခြင်းခံရသော လူတစ်ဦး၏နောက်သို့မှ တစ်ပါး အခြားမည်သူ့ကိုမျှ နောက်လိုက်ကျင့်ကြံနေကြသည်မဟုတ်ချေဟု ပြောဆိုကြလေ၏။

اُنْظُرْ كَیْفَ ضَرَبُوْا لَكَ الْاَمْثَالَ فَضَلُّوْا فَلَا یَسْتَطِیْعُوْنَ سَبِیْلًا ۝۹ ع

၁၀။ ကြည့်လော့။ ယင်းတို့သည် အသင်နှင့်စပ်လျဉ်း၍ မည်သို့သော ဥပမာပုံဆောင်ချက်များကိုဖော်ပြကြပေသနည်း။ သို့ကြောင့် ယင်းတို့သည် လမ်းလွဲခဲ့ကြလေပြီ၊ ထို့ပြင် မည်သည့်လမ်းကိုမျှ တွေ့နိုင်စွမ်းမရှိကြချေတည်း။

ရုကူး-၂

تَبٰرَكَ الَّذِیْۤ اِنْ شَآءَ جَعَلَ لَكَ خَیْرًا مِّنْ ذٰلِكَ جَنّٰتٍ تَجْرِیْ مِنْ تَحْتِهَا الْاَنْهٰرُ ۙ وَیَجْعَلْ لَّكَ قُصُوْرًا ۝۱۰

၁၁။ ထိုအရှင်မြတ်သည်ပင် ကျက်သရေမဂ််လာအပေါင်းနှင့် ပြည့်စုံတော်မူ၏။ ထိုအရှင်သည် အကယ်၍ အလိုရှိတော်မူပါလျှင် အသင့်အတွက် ယင်းထက် လွန်စွာ သာ၍ကောင်းမြတ်သောအရာများကို ပြုလုပ်တော်မူပေအံ့။ (ဆိုလိုသည်မှာ) အခြေတွင် စမ်းချောင်းများစီးဆင်းလျက်ရှိသော ဥယျာဉ်တော်များအပြင် အသင့်အဖို့ အလွန်ကြီးကျယ်ခမ်းနားလှသော နန်းတော်များကို ပြုလုပ်ပေးတော်မူပေအံ့။

بَلْ كَذَّبُوْا بِالسَّاعَةِ ؗ وَاَعْتَدْنَا لِمَنْ كَذَّبَ بِالسَّاعَةِ سَعِیْرًا ۝۱۱

၁၂။ ထိုမျှမက ၎င်းတို့သည် 'ဆာအတ်'ကတိပြုထားသည့် အချိန်တော်ကြီးကိုပင် မဟုတ်မမှန်ဟု ငြင်းပယ်လျက်ရှိကြ၏။ သို့ဖြစ်ရာ ငါတို့သည် 'ဆာအတ်'အချိန်တော်ကို မဟုတ်မမှန်ဟု ငြင်းပယ်သူတို့အတွက် တောက်လောင်လျက်ရှိသော မီးတစ်ခုကို အသင့်ပြင်ဆင်ထားတော်မူ၏။

اِذَا رَاَتْهُمْ مِّنْ مَّكَانٍۭ بَعِیْدٍ سَمِعُوْا لَهَا تَغَیُّظًا وَّ زَفِیْرًا ۝۱۲

၁၃။ ယင်းမီးတောက်မီးလျှံသည် သူတို့အားအဝေးမှမြင်တွေ့ရသည့်အခါမှာပင် ဒေါသဖြင့် ပေါက်ကွဲထွက်ပေါ်လာသော အသံနှင့် မြည်ဟည်းသံများကို သူတို့ ကြားကြရပေလိမ့်မည်။

وَاِذَآ اُلْقُوْا مِنْهَا مَكَانًا ضَيِّقًا مُّقَرَّنِيْنَ دَعَوْا هُنَالِكَ ثُبُوْرًا ⑬

၁၄။ ထို့ပြင် ထိုသူတို့အား သံကြိုးဖြင့်ချည်နှောင်၍ ကျဉ်းမြောင်းသောနေရာသို့ ပစ်ချသောအခါ ထိုအချိန်၌ သူတို့သည် ပျက်စီးခြင်းကို ဟစ်ခေါ်တမ်းတကြပေလိမ့်မည်။

لَا تَدْعُوا الْيَوْمَ ثُبُوْرًا وَّاحِدًا وَّادْعُوْا ثُبُوْرًا كَثِيْرًا ⑭

၁၅။ ယနေ့အသင်တို့သည် ပျက်စီးမှုတစ်ခုတည်းကိုသာ ဟစ်ခေါ်တမ်းတခြင်း မပြုကြကုန်လင့်၊ မြောက်မြားစွာသော ပျက်စီးခြင်းများကို ဟစ်ခေါ်တမ်းတကြကုန်။

قُلْ اَذٰلِكَ خَيْرٌ اَمْ جَنَّةُ الْخُلْدِ الَّتِيْ وُعِدَ الْمُتَّقُوْنَ ؕ كَانَتْ لَهُمْ جَزَآءً وَّمَصِيْرًا ⑮

၁၆။ အသင်မေးမြန်းပါလေ။ ဤ(အရာ)သည် ကောင်းမြတ်ပေသလော။ သို့တည်းမဟုတ် 'မွတ္တကီ'ဖြူစင်ဖြောင့်မတ်သူတို့အား ကတိပြုထားတော်မူသည့် ထာဝရ 'ဂျန္နတ်'ဥယျာဉ်တော်က(ပို၍ကောင်းပေသလော)။ယင်းသည် သူတို့အတွက် တုံ့ပြန်အစားပေးခြင်းနှင့် ပြန်လည်၍ သွားကြရမည့်နေရာဖြစ်၏။

لَهُمْ فِيْهَا مَا يَشَآءُوْنَ خٰلِدِيْنَ ؕ كَانَ عَلٰى رَبِّكَ وَعْدًا مَّسْـُٔوْلًا ⑯

၁၇။ ယင်း၌ အမြဲနေရလျက် သူတို့အလိုရှိရာကိုရရှိကြပေလိမ့်မည်။ ဤသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်က (ဖြည့်ဆည်းရန်)တာဝန်ရှိသော ကတိတော်ဖြစ်၏။

وَيَوْمَ يَحْشُرُهُمْ وَمَا يَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ فَيَقُوْلُ ءَاَنْتُمْ اَضْلَلْتُمْ عِبَادِيْ هٰٓؤُلَآءِ اَمْ هُمْ ضَلُّوا السَّبِيْلَ ⑰

၁၈။ ထို့ပြင် (သတိပြုကြကုန်) ယင်းနေ့တော်ကြီး၌ အရှင်မြတ်သည် သူတို့အားလည်းကောင်း၊ အလ္လာဟ်မှလွဲ၍ ထိုသူတို့ ကိုးကွယ်ကြသည့်အရာများကိုလည်းကောင်း စုစည်းတော်မူမည်။ ထို့နောက် ယင်းတို့အား မိန့်တော်မူမည်မှာ- အသင်တို့သည် ငါအရှင်မြတ်၏အစေတော်များအား လမ်းလွဲအောင်ပြုလုပ်ခဲ့ကြပေသလော၊ သို့မဟုတ် ယင်းတို့ကိုယ်တိုင်ပင် လမ်းတော်မှ လွဲချော်သွားခဲ့ကြပေသလော။

قَالُوْا سُبْحٰنَكَ مَا كَانَ يَنْۢبَغِيْ لَنَآ اَنْ نَّتَّخِذَ مِنْ دُوْنِكَ مِنْ اَوْلِيَآءَ وَلٰكِنْ مَّتَّعْتَهُمْ وَاٰبَآءَهُمْ حَتّٰى نَسُوا الذِّكْرَ ۚ وَكَانُوْا قَوْمًۢا بُوْرًا ⑱

၁၉။ ထိုအခါ ၎င်းတို့က အရှင်မြတ်သည် သန့်ရှင်းမြင့်မြတ်တော်မူပါ၏။ ကျွန်တော်မျိုးတို့သည် အရှင်မြတ်ကိုစွန့်၍ အခြားအရှင်သခင်တစ်ပါးပါးကိုပြုလုပ်ရန် ကျွန်တော်မျိုးတို့အဖို့ မလျော်ကန်ပါ။ သို့ရာတွင် အရှင်မြတ်သည် သူတို့နှင့် သူတို့၏ဘိုးဘေးတို့ကို အချို့သော အကျိုးကျေးဇူးများကို သက်ရောက်စေတော်မူခဲ့ပေရာ နောက်ဆုံး၌ ယင်းတို့သည် (အရှင်မြတ်အား) 'ဇိကိရ်' သတိရတသခြင်းကို မေ့လျော့သွားခဲ့ကြပြီး ပျက်စီးဆုံးရှုံးမည့် အမျိုးသားများဖြစ်သွားခဲ့ကြပေသည်ဟု လျှောက်ထားကြပေမည်။

فَقَدْ كَذَّبُوْكُمْ بِمَا تَقُوْلُوْنَ ۙ فَمَا تَسْتَطِيْعُوْنَ صَرْفًا وَّلَا نَصْرًا ۚ وَمَنْ يَّظْلِمْ مِّنْكُمْ نُذِقْهُ عَذَابًا كَبِيْرًا ⑲

၂၀။ (ယခု အသင်တို့က ကိုးကွယ်ရာဟုသတ်မှတ်ခဲ့သော) ထိုအရာများက အသင်တို့၏ပြောကြားချက်သည် မဟုတ်မမှန်မှုသားဖြစ်သည်ဟု ငြင်းပယ်ကြပေရာ အသင်တို့သည် (ပြစ်ဒဏ်ကို) လွှဲဖယ်ရန်လည်းကောင်း၊ အကူအညီကို(ရယူရန်)လည်းကောင်းစွမ်းအားရှိကြမည်မဟုတ်ချေ။ အသင်တို့အနက် အကြင်သူသည် မတရားပြုမူခဲ့သော် ငါတို့သည် သူ့အား

ကြီးမားသောပြစ်ဒဏ်တစ်ရပ်ကို မြည်းစမ်းစေတော်မူပေမည်။

وَمَآ اَرْسَلْنَا قَبْلَكَ مِنَ الْمُرْسَلِيْنَ اِلَّآ اِنَّهُمْ لَيَاْكُلُوْنَ الطَّعَامَ وَيَمْشُوْنَ فِي الْاَسْوَاقِ ۭ وَجَعَلْنَا بَعْضَكُمْ لِبَعْضٍ فِتْنَةً ۭ اَتَصْبِرُوْنَ ۚ وَكَانَ رَبُّكَ بَصِيْرًا ۝۲۰ ع

၂၀။ ထို့ပြင် ငါတို့သည်အသင်၏အလျင်က မလွဲမကန် အစားအသောက်စားသုံးသော၊ စျေးများတွင် သွားလာသောသူများမှလွဲ၍ အခြားမည်သူ့ကိုမျှ တမန်တော်အဖြစ်စေလွှတ်တော်မမူခဲ့ချေ။ ထို့ပြင် ငါတို့သည် အသင်တို့အနက် အချို့ကို အခြားသူများအဖို့ စမ်းသပ်ရာပြုလုပ်ထားတော်မူ၏။ အသင်တို့ သည်းခံမြဲမြံကြပါမည်လော။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် နက်ရှိုင်းစွာ မြင်တွေ့တော်မူသည့်အရှင် ဖြစ်တော်မူပေသတည်း။

ရုကူ-၃

وَقَالَ الَّذِيْنَ لَا يَرْجُوْنَ لِقَآءَنَا لَوْلَآ اُنْزِلَ عَلَيْنَا الْمَلٰۗىِٕكَةُ اَوْ نَرٰى رَبَّنَا ۭ لَقَدِ اسْتَكْبَرُوْا فِيْٓ اَنْفُسِهِمْ وَعَتَوْ عُتُوًّا كَبِيْرًا ۝۲۱

၂၁။ ထို့ပြင် ငါတို့နှင့်တွေ့ဆုံရန် မျှော်လင့်ချက်မထားရှိသူများက ကျွန်ုပ်တို့ထံသို့ အဘယ့်ကြောင့် ကောင်းကင်တမန်များကို မပို့လွှတ်ခဲ့ပါသနည်း။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည် အဘယ့်ကြောင့် မိမိတို့၏ ဖန်ဆင်းရှင်အား မဖူးတွေ့ရပါသနည်းဟု ပြောကြ၏။ ဧကန်စင်စစ် ယင်းတို့သည် မိမိတို့ကိုယ်ကို အလွန်ကြီးကျယ်သည်ဟု ထင်မြင်ခဲ့ကြကာ အလွန်တရာကြီးကျယ်သော ပုန်ကန်ခြားနားမှုကို ပြုခဲ့ကြပေသည်။

يَوْمَ يَرَوْنَ الْمَلٰۗىِٕكَةَ لَا بُشْرٰى يَوْمَىِٕذٍ لِّلْمُجْرِمِيْنَ وَيَقُوْلُوْنَ حِجْرًا مَّحْجُوْرًا ۝۲۲

၂၂။ အကြင်နေ့တော်ကြီးတွင် ယင်းတို့သည် ကောင်းကင်တမန်များကို မြင်တွေ့ရသည့်အခါ ထိုနေ့တော်ကြီး၌ အပြစ်ကျူးလွန်သူတို့အဖို့ မည်သည့်သတင်းကောင်းမျှ ရှိလိမ့်မည်မဟုတ်ချေ။ ထိုအခါ ယင်းတို့သည် (ပြစ်ဒဏ်ခတ်သည့် ထိုကောင်းကင်တမန်များအား ကျွန်ုပ်တို့အကြား၌) မဆုံစည်းနိုင်သော အတားအဆီးရှိလျှင် ကောင်းလေစွတဟု ပြောကြပေလိမ့်မည်။

وَقَدِمْنَآ اِلٰى مَا عَمِلُوْا مِنْ عَمَلٍ فَجَعَلْنٰهُ هَبَاۗءً مَّنْثُوْرًا ۝۲۳

၂၃။ ထို့ပြင် ယင်းတို့ မည်သည်ကိုပင် ပြုမူကျင့်ကြံကြသည်ဖြစ်စေ ငါတို့သည် ယင်းထက်ဦးအောင် စီမံဆောင်ရွက်တော်မူမည်။ ထို့ပြင် ငါတို့သည် ယင်းအား ပျံ့လွင့်နေသော မြေမှုန့်ပြုလုပ်တော်မူမည်။

اَصْحٰبُ الْجَنَّةِ يَوْمَىِٕذٍ خَيْرٌ مُّسْتَقَرًّا وَّاَحْسَنُ مَقِيْلًا ۝۲۴

၂၄။ 'ဂျန္နတ်'ဥယျာဉ်တော်တွင် နေထိုင်သူများသည် ထိုနေ့၌ ထာဝရနေရာဌာနအားဖြင့် အားလုံးထက် အကောင်းဆုံးဖြစ်ပေမည်။ ထို့ပြင် ယာယီအနားယူရာနေရာအဖြစ်လည်း အကောင်းဆုံးဖြစ်ပေအံ့။

وَيَوْمَ تَشَقَّقُ السَّمَاۗءُ بِالْغَمَامِ وَنُزِّلَ الْمَلٰۗىِٕكَةُ تَنْزِيْلًا ۝۲۵

၂၅။ ထို့ပြင် (သတိရကြကုန်) ယင်းနေ့တော်ကြီး၌ မိုးကောင်းကင်သည် မိုးတိမ်များ(၏ ထစ်ချုံးမှု)ဖြင့် ကွဲအက်လုမတတ် ဖြစ်သွားပေလိမ့်မည်။ ထို့ပြင် ကောင်းကင်တမန်များအား အစုလိုက်အဖွဲ့လိုက် သက်ဆင်းစေတော်မူလိမ့်မည်။

اَلْمُلْكُ يَوْمَئِذِ ِالْحَقُّ لِلرَّحْمٰنِ ؕ وَكَانَ يَوْمًا عَلَى الْكٰفِرِيْنَ عَسِيْرًا ۝۲۶

၂၆။ ထိုနေ့တော်ကြီးတွင် စစ်မှန်သော စိုးမိုးအုပ်ချုပ်မှုအာဏာသည် 'ရာဟ်မန်' ကရုဏာတော်ရှင်အဖို့သာ ဖြစ်လိမ့်မည်။ ထို့ပြင် ယင်းသည် မယုံကြည်ခြင်းပယ်သူများအဖို့ အလွန်ခက်ခဲသောနေ့ဖြစ်လိမ့်မည်။

وَيَوْمَ يَعَضُّ الظَّالِمُ عَلٰى يَدَيْهِ يَقُوْلُ يٰلَيْتَنِى اتَّخَذْتُ مَعَ الرَّسُوْلِ سَبِيْلًا ۝۲۷

၂၇။ ထို့ပြင် (သတိရကြကုန်) ယင်းနေ့တော်ကြီး၌ အပြစ်ကျူးလွန်သူသည် (ယူကြိုးမရကြေကွဲစွာဖြင့်) မိမိ၏လက်ကို ကိုက်၍ပြောဆိုမည်မှာ ကျွန်ုပ်သည် တမန်တော်နှင့်အတူ လမ်းမှန်ကို လိုက်နာကျင့်သုံးခဲ့လျှင် ကောင်းလေစွ။

يٰوَيْلَتٰى لَيْتَنِىْ لَمْ اَتَّخِذْ فُلَانًا خَلِيْلًا ۝۲۸

၂၈။ အို-ပျက်စီးရလေခြင်း၊ ကျွန်ုပ်သည် အကြင်သူအား မိတ်ဆွေရင်းချာမပြုခဲ့သော် ကောင်းလေစွ။

لَقَدْ اَضَلَّنِىْ عَنِ الذِّكْرِ بَعْدَ اِذْ جَآءَنِىْ ؕ وَكَانَ الشَّيْطٰنُ لِلْاِنْسَانِ خَذُوْلًا ۝۲۹

၂၉။ အမှန်ပင် သူသည် ကျွန်ုပ်ထံ (အလ္လာဟ်၏)အဆုံးအမတော်ရောက်ရှိလာပြီးနောက်တွင် ကျွန်ုပ်အား ယင်းမှလွဲချော်စေခဲ့ပေသည်။ စင်စစ် 'ရှိုင်တန်'သည်ကား လူသားကို မိတ်ဆွေမရှိ ကူညီသူကင်းမဲ့စွာဖြင့် စွန့်ပစ်သွားမည့်သူဖြစ်ပေသည်။

وَقَالَ الرَّسُوْلُ يٰرَبِّ اِنَّ قَوْمِى اتَّخَذُوْا هٰذَا الْقُرْاٰنَ مَهْجُوْرًا ۝۳۰

၃၀။ ထို့ပြင် တမန်တော်က အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဧကန်အမှန် ကျွန်တော်မျိုး၏ အမျိုးသားတို့သည် ဤ'ကုရ်အာန်'ကျမ်းတော်ကို ပစ်ပယ်ရာအဖြစ် စွန့်ထားခဲ့ကြပါသည်ဟု လျှောက်ထားပေမည်။ ⓵

وَكَذٰلِكَ جَعَلْنَا لِكُلِّ نَبِىٍّ عَدُوًّا مِّنَ الْمُجْرِمِيْنَ ؕ وَكَفٰى بِرَبِّكَ هَادِيًا وَّنَصِيْرًا ۝۳۱

၃၁။ ဤကဲ့သို့ပင် ငါတို့သည် တမန်တော်တိုင်းအဖို့ အပြစ်ကျူးလွန်သူများအနက်မှ ရန်သူများကိုပြုလုပ်တော်မူခဲ့၏။ စင်စစ် အသင်၏ဖန်ဆင်းမွေးမြူရှင်သည် လမ်းညွှန်သူအဖြစ်လည်းကောင်း ကူညီစောင်မသူအဖြစ်လည်းကောင်း လွန်စွာလုံလောက်တော်မူ၏။

وَقَالَ الَّذِيْنَ كَفَرُوْا لَوْلَا نُزِّلَ عَلَيْهِ الْقُرْاٰنُ جُمْلَةً وَّاحِدَةً ۚ كَذٰلِكَ ۚ لِنُثَبِّتَ بِهٖ فُؤَادَكَ وَرَتَّلْنٰهُ تَرْتِيْلًا ۝۳۲

၃၂။ ထို့ပြင် မယုံကြည်ခြင်းပယ်သူတို့က သူ့အပေါ် ကျမ်းမြတ်ကုရ်အာန်ကို အဘယ့်ကြောင့် တစ်ကြိမ်တည်း (အစအဆုံး) မပို့ချခဲ့သနည်းဟု ပြောဆိုကြလိမ့်မည်။ ဤကဲ့သို့ပင် (အလီလီပို့ချခဲ့ရမည်သာ) သို့ဖြင့် ငါတို့သည် ယင်းအားဖြင့် အသင်၏နှလုံးသားကို ခိုင်မာစေရန်ဖြစ်၏။ ထို့ပြင် (ဤကဲ့သို့ပင်) ငါတို့သည် ယင်းအား လွန်စွာခိုင်ခံ့ပြီး လွယ်ကူအောင် ပြုထားတော်မူခဲ့၏။

وَلَا يَاْتُوْنَكَ بِمَثَلٍ اِلَّا جِئْنٰكَ بِالْحَقِّ

၃၃။ ထို့ပြင် ယင်းတို့သည် အသင်၏ရှေ့ဝယ် မည်သည့်

⓵ ဤအာယတ်တော်မှာ တမန်တော်မြတ်ﷺ၏'ဆွဟာဘာ'သာဝကများနှင့်မသက်ဆိုင်ချေ။ အကြောင်းသော်ကား တမန်တော်မြတ်ﷺ၏ ဘဝသက်တမ်းအတွင်းမျှသာမဟုတ်မူဘဲ၊ ယင်း၏နောက် ရာစုနှစ်သုံးခုအထိရှိနေကြသော 'ဆွဟာဘာ'(သာဝက)များ၊ 'သာဘေအင်န်'(သာဝကကြီးများ၏နောက်လိုက်တပည့်)များနှင့် 'တဘ့ဉ်သာဘေအင်န်'(သာဘေအင်န်တို့၏တပည့်)များသည် ကျမ်းမြတ်ကုရ်အာန်ကိုမစွန့်လွှတ်ခဲ့ကြချေ။ ဤသည် နှောင်းခေတ်ကာလတွင်ပြည့်စုံလာမည့် အနာဂတ်စိတ်ကားတစ်ရပ်ဖြစ်သည်။ ထိုအချိန်တွင် တမန်တော်မြတ်ﷺ၏အမျိုးသားများက လက်တွေ့ကျကျ ကျမ်းတော်မြတ်ကုရ်အာန်ကို စွန့်ပယ်ထားလိုက်ကြသောအခါ တမန်တော်မြတ်ﷺက အလ္လာဟ်အရှင်မြတ်ထံတော်တွင် ထိုသို့လျှောက်ထားပန်ကြားခြင်းကိုပြုပေလိမ့်မည်။

وَاَحْسَنَ تَفْسِيْرًا ﴿٣٣﴾

သက်သေသာဓကကိုမျှ ယူဆောင်မလာကြ။ သို့ရာတွင် ငါတို့က အသင့်ထံ (ယင်းအား ပယ်ဖျက်ပစ်ရန်အတွက်) အမှန်တရားနှင့် (ယင်း၏) အကောင်းဆုံးသောရှင်းလင်းချက်ကို ယူဆောင်လာတော်မူပေသည်။

اَلَّذِيْنَ يُحْشَرُوْنَ عَلٰى وُجُوْهِهِمْ اِلٰى جَهَنَّمَ ۙ اُولٰٓئِكَ شَرٌّ مَّكَانًا وَّاَضَلُّ سَبِيْلًا ﴿٣٤﴾ ع

၃၄။ ထို့သူတို့သည် မျက်နှာမှောက်လျက် 'ဂျဟန္နမ်'ငရဲဘက်သို့ စုရုံးခေါ်ဆောင်သွားခြင်းခံကြရပေအံ့။ ဤသူများပင်လျှင် နေရာဌာနအားဖြင့် အားလုံးထက်အဆိုးရွားဆုံးနှင့် လမ်းအားဖြင့် အားလုံးထက်အလွဲချော်ဆုံး ဖြစ်နေကြပေသတည်း။

ရုကူး-၄

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ وَجَعَلْنَا مَعَهٗٓ اَخَاهُ هٰرُوْنَ وَزِيْرًا ﴿٣٥﴾

၃၅။ ဧကန်အမှန် ငါတို့သည် 'မူစာ'အား ကျမ်းဂန်ကိုပေးသနားတော်မူ၏။ ထို့ပြင် ငါတို့သည် သူနှင့်အတူ သူ၏အစ်ကို 'ဟာရွန်'ကို (သူ့အား)ကူညီသူအဖြစ် ပြုပေးတော်မူခဲ့၏။

فَقُلْنَا اذْهَبَآ اِلَى الْقَوْمِ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا ۭ فَدَمَّرْنٰهُمْ تَدْمِيْرًا ﴿٣٦﴾

၃၆။ ငါတို့က အသင်တို့နှစ်ဦးစလုံးသည် ငါတို့၏'အာယတ်'နိမိတ်လက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲသောသူတို့ထံ သွားရောက်ကြလော့ဟုမိန့်တော်မူ၏။ ထို့နောက် ငါတို့သည် ထို(သူများကို) ဆိုးဆိုးဝါးဝါးဖျက်ဆီးပစ်တော်မူခဲ့၏။

وَقَوْمَ نُوْحٍ لَّمَّا كَذَّبُوا الرُّسُلَ اَغْرَقْنٰهُمْ وَجَعَلْنٰهُمْ لِلنَّاسِ اٰيَةً ۭ وَاَعْتَدْنَا لِلظّٰلِمِيْنَ عَذَابًا اَلِيْمًا ﴿٣٧﴾

၃၇။ ထို့ပြင် 'နူးဟ်'၏အမျိုးသားတို့သည်လည်း အကြင်အခါဝယ် သူတို့၏တမန်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြပေရာ ငါတို့သည် ယင်းတို့အား နှစ်မြှုပ်ပစ်တော်မူခဲ့၏။ ထို့ပြင် ငါတို့သည် ယင်းတို့အား လူသားများအဖို့ နိမိတ်လက္ခဏာတစ်ခု ပြုလုပ်တော်မူခဲ့၏။ ထို့ပြင် ငါတို့သည် အပြစ်ကျူးလွန်သူတို့အဖို့ အလွန်နာကျင်ဖွယ်သောပြစ်ဒဏ်ကို စီမံထားတော်မူ၏။

وَّعَادًا وَّثَمُوْدَا۟ وَاَصْحٰبَ الرَّسِّ وَقُرُوْنًۢا بَيْنَ ذٰلِكَ كَثِيْرًا ﴿٣٨﴾

၃၈။ ထို့ပြင် 'အားဒ်'၊ 'ဆမူးဒ်'နှင့် ရေတွင်းများပိုင်ဆိုင်သူတို့ကိုလည်းကောင်း ထို(ကာလ)အကြားရှိ များစွာသော အမျိုးသားတို့ကိုလည်းကောင်း၊

وَكُلًّا ضَرَبْنَا لَهُ الْاَمْثَالَ ۡ وَكُلًّا تَبَّرْنَا تَتْبِيْرًا ﴿٣٩﴾

၃၉။ ထို့ပြင် 'အားဒ်'၊ 'ဆမူးဒ်'နှင့် ရေတွင်းများပိုင်ဆိုင်သူတို့ကိုလည်းကောင်း ထို(ကာလ)အကြားရှိ များစွာသော အမျိုးသားတို့ကိုလည်းကောင်း၊

၄၀။ ငါတို့သည် အားလုံးတို့အတွက် (သံဝေဂရဖွယ်) ဥပမာများစွာကို ဖော်ပြတော်မူပေသည်။ ထို့ပြင် (နောက်ဆုံးတွင်) ငါတို့သည် အားလုံးတို့ကို ဆိုးရွားစွာ ဖျက်ဆီးပစ်တော်မူခဲ့၏။

وَلَقَدْ اَتَوْا عَلَى الْقَرْيَةِ الَّتِيْٓ اُمْطِرَتْ مَطَرَ السَّوْءِ ۭ اَفَلَمْ يَكُوْنُوْا يَرَوْنَهَا ۚ بَلْ كَانُوْا لَا يَرْجُوْنَ نُشُوْرًا ﴿٤٠﴾

၄၀။ ထို့ပြင် (အသင့်အား ဆန့်ကျင်သော)သူတို့သည် ဆိုးရွားသောမိုးကို ရွာသွန်းစေခြင်းခံရသော မြို့ရွာမှ (မကြာခဏ) ဖြတ်သန်းသွားခဲ့ကြပြီးဖြစ်သည်။ သို့ဖြစ်ရာ ၎င်းတို့သည် ယင်းအပေါ် ဆင်ခြင်သုံးသပ်မှု မပြုနိုင်ကြပေသလော။ အမှန်သော်ကား ၎င်းတို့သည် ရှင်ပြန်ထမြောက်ခြင်းခံရမည်ကို မျှော်လင့်ခြင်းပင်မပြုကြချေ။

وَ اِذَا رَاَوْكَ اِنْ يَّتَّخِذُوْنَكَ اِلَّا هُزُوًا ؕ
اَهٰذَا الَّذِیْ بَعَثَ اللّٰهُ رَسُوْلًا ۝۴۱

၄၂။ ထို့ပြင် ၎င်းတို့သည် အသင့်ကို ကြည့်ရှုကြသောအခါ အလွှာဟ်က တမန်တော်အဖြစ်စေလွှတ်တော်မူသောသူသည် ဤသူပင်လော(ဟု ပြောဆိုလျက်) အသင့်အား လှောင်ပြောင်ဖွယ်ရာပစ်မှတ်အဖြစ် ပြုလုပ်ကြလေသည်။

اِنْ كَادَ لَيُضِلُّنَا عَنْ اٰلِهَتِنَا لَوْلَاۤ اَنْ صَبَرْنَا
عَلَيْهَا ؕ وَسَوْفَ يَعْلَمُوْنَ حِيْنَ يَرَوْنَ
الْعَذَابَ مَنْ اَضَلُّ سَبِيْلًا ۝۴۲

၄၃။ အကယ်၍ ကျွန်ုပ်တို့သည်သာ ယင်း(ကိုးကွယ်ရာများ)အပေါ် စွဲမြဲခိုင်မာမှုမပြုခဲ့ကြပါလျှင် သူသည် ကျွန်ုပ်တို့အား မိမိတို့၏ကိုးကွယ်ရာများမှ လွဲချော်အောင်ပြုလုပ်လုနီးပါး ဖြစ်ခဲ့ပေအုံ့(ဟု ဆိုကြ၏)။ ထို့ပြင် ၎င်းတို့သည် အပြစ်ဒဏ်ကို တွေ့မြင်ရသည့်အခါ မည်သူသည် လမ်းအလွဲချော်ဆုံး ဖြစ်ခဲ့သည်ကို အမှန်ပင် သိသွားကြပေအုံ့။

اَرَءَيْتَ مَنِ اتَّخَذَ اِلٰهَهٗ هَوٰىهُ ؕ اَفَاَنْتَ
تَكُوْنُ عَلَيْهِ وَكِيْلًا ۝۴۳

၄၄။ မိမိ၏အလိုဆန္ဒကိုသာ ကိုးကွယ်ရာအဖြစ် ပြုလုပ်သူကို အသင် သုံးသပ်ပါသလော။ သို့ပါလျက် အသင်သည် ထိုသူ့ကို အာမခံသူ ဖြစ်နိုင်ပါမည်လော။

اَمْ تَحْسَبُ اَنَّ اَكْثَرَهُمْ يَسْمَعُوْنَ اَوْ
يَعْقِلُوْنَ ؕ اِنْ هُمْ اِلَّا كَالْاَنْعَامِ بَلْ
هُمْ اَضَلُّ سَبِيْلًا ۝۴۴ ع

၄၅။ အသို့နည်း ယင်းတို့အနက်များစွာသောသူတို့သည် နားစွင့်ကြသည်၊သို့မဟုတ် အသိဉာဏ်ရှိကြသည်ဟု အသင်သည် ထင်မြင်ယူဆပေသလော။ သူတို့သည်ကား ထိုသို့မဟုတ်ချေ။ စင်စစ် သူတို့သည် ကျွဲနွားတိရစ္ဆာန်များကဲ့သို့ ဖြစ်ကြ၏။ ထို့မျှမက သူတို့သည် (၎င်းတို့ထက်ပင်) ပို၍လမ်းလွဲလျက်ရှိကြပေသတည်း။

ရုကူး-၅

اَلَمْ تَرَ اِلٰى رَبِّكَ كَيْفَ مَدَّ الظِّلَّ ۚ وَلَوْ
شَآءَ لَجَعَلَهٗ سَاكِنًا ۚ ثُمَّ جَعَلْنَا الشَّمْسَ
عَلَيْهِ دَلِيْلًا ۝۴۵

၄၆။ အသင်သည် အသင်၏ဖန်ဆင်းမွေးမြူရှင်ဘက်သို့ မကြည့်ပါသလော။ အရှင်မြတ်သည် အရိပ်ကို မည်သို့မည်ပုံ တဖြည်းဖြည်း ရှည်လျားစေတော်မူပေသနည်း။ အကယ်၍ အရှင်မြတ်အလိုရှိတော်မူခဲ့လျှင် ယင်းအားရပ်တန့်အောင် ပြုလုပ်တော်မူပေအုံ့။ ထို့နောက် ငါတို့သည် 'နေ'ကို ယင်းအား သက်သေပြရာအဖြစ် ပြုလုပ်တော်မူ၏။

ثُمَّ قَبَضْنٰهُ اِلَيْنَا قَبْضًا يَّسِيْرًا ۝۴۶

၄၇။ ထို့နောက် ငါတို့သည် ယင်း(အရိပ်)ကို မိမိဘက်တော်သို့ တဖြည်းဖြည်း ဆွဲယူရုပ်သိမ်းတော်မူ၏။

وَهُوَ الَّذِیْ جَعَلَ لَكُمُ الَّيْلَ لِبَاسًا وَّالنَّوْمَ
سُبَاتًا وَّجَعَلَ النَّهَارَ نُشُوْرًا ۝۴۷

၄၈။ ထို့အရှင်မြတ်သည်ပင် အသင်တို့အဖို့ 'ည'ကို ဝတ်ရုံအဖြစ် ပြုလုပ်တော်မူလျက် အိပ်စက်ခြင်းကို အနားယူရာနှင့် 'နေ့'ကို ဖြန့်ကြက်ရာအဖြစ် ပြုထားတော်မူ၏။

وَهُوَ الَّذِیْۤ اَرْسَلَ الرِّيٰحَ بُشْرًا بَيْنَ يَدَیْ
رَحْمَتِهٖ ۚ وَاَنْزَلْنَا مِنَ السَّمَآءِ مَآءً طَهُوْرًا ۝۴۸

၄၉။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် မိမိကရုဏာတော်၏ ရှေ့ပြေးအဖြစ် သတင်းကောင်းကိုပေးလျက် လေများကိုစေလွှတ်တော်မူ၏။ ထို့ပြင် ငါတို့သည် မိုးကောင်းကင်မှ သန့်စင်သောရေကို ချပေးတော်မူ၏။

لِّنُحْيِۦَ بِهٖ بَلْدَةً مَّيْتًا وَّ نُسْقِيَهٗ مِمَّا خَلَقْنَاۤ اَنْعَامًا وَّ اَنَاسِيَّ كَثِيْرًا ﴿۴۹﴾

၅၀။ သို့ဖြင့် ငါတို့သည် ထို(မိုးရေ)ဖြင့် သေနေသောမြေကို ရှင်သန်စိုပြေစေရန်ဖြစ်၏။ ထို့ပြင် ထို(ရေ)အားဖြင့် ငါတို့က ကျွဲနွားတိရစ္ဆာန်နှင့် လူသားများအဖြစ် ဖန်ဆင်းထားတော်မူသော မြောက်မြားစွာသောသူတို့ကို ရေတိုက်ကျွေးတော်မူရန်ဖြစ်၏။

وَلَقَدْ صَرَّفْنٰهُ بَيْنَهُمْ لِيَذَّكَّرُوْا ۫ فَاَبٰۤى اَكْثَرُ النَّاسِ اِلَّا كُفُوْرًا ﴿۵۰﴾

၅၁။ ထို့ပြင် ဧကန်မုချ သူတို့သင်ခန်းစာရကြစိမ့်သောငှာ ငါတို့သည် ယင်းကို သူတို့၏ကြားဝယ် အနည်းနည်းအဖုံဖုံ ဖော်ပြတော်မူ၏။ သို့ပါလျက် များစွာသောသူတို့သည် ကျေးဇူးကန်းလျက်ပင် ငြင်းပယ်ခဲ့ကြပေသည်။

وَلَوْ شِئْنَا لَبَعَثْنَا فِيْ كُلِّ قَرْيَةٍ نَّذِيْرًا ﴿۵۱﴾

၅၂။ အကယ်၍ ငါတို့ အလိုရှိတော်မူလျှင် မြို့ရွာတိုင်းတွင် သတိပေးနှိုးဆော်သူတစ်ဦးဦးကို အမှန်ပင် စေလွှတ်ပွင့်ပေါ်စေတော်မူမည်ဖြစ်၏။

فَلَا تُطِعِ الْكٰفِرِيْنَ وَجَاهِدْهُمْ بِهٖ جِهَادًا كَبِيْرًا ﴿۵۲﴾

၅၃။ သို့ဖြစ်ရာ မယုံကြည်ငြင်းပယ်သူတို့၏နောက်သို့ မလိုက်လင့်။ ထို့ပြင် ဤ(ကုရ်အာန်)အားဖြင့် ယင်းတို့နှင့် ကြီးကျယ်သော 'ဂျီဟာဒ်'တစ်ရပ်ကို ပြုပါလေ။

وَهُوَ الَّذِيْ مَرَجَ الْبَحْرَيْنِ هٰذَا عَذْبٌ فُرَاتٌ وَّهٰذَا مِلْحٌ اُجَاجٌ ۚ وَجَعَلَ بَيْنَهُمَا بَرْزَخًا وَّحِجْرًا مَّحْجُوْرًا ﴿۵۳﴾

၅၄။ ထိုအရှင်မြတ်သည်ပင် ပင်လယ်နှစ်ခုကို ဆုံစည်းစေတော်မူပေမည်။ ဤသည်ကား လွန်စွာချိုမြိန်ပြီး၊ ဤသည်မှာ လွန်စွာငန်၍ ခါးသက်၏။ အရှင်မြတ်သည် ယင်းနှစ်ခုအကြားဝယ် (ယခုထိ) အတားအဆီးနှင့် ခွဲခြားမှုတစ်ရပ်ကိုထားရှိတော်မူပေရာ ယင်းတို့သည် မဆုံစည်းနိုင်ကြချေ။ ①

وَهُوَ الَّذِيْ خَلَقَ مِنَ الْمَآءِ بَشَرًا فَجَعَلَهٗ نَسَبًا وَّصِهْرًا ۭ وَكَانَ رَبُّكَ قَدِيْرًا ﴿۵۴﴾

၅၅။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် လူသားကို ရေမှဖန်ဆင်းတော်မူ၏။ ထို့နောက် သူ့အား မိဘဘိုးဘွားတို့နှင့် အိမ်ထောင်ဖက်မှ ဆွေမျိုးများအားဖြင့် နှောင်ဖွဲ့တော်မူ၏။ စင်စစ် အသင်၏ဖန်ဆင်းမွေးမြူရှင်သည် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

وَيَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ مَا لَا يَنْفَعُهُمْ وَلَا يَضُرُّهُمْ ۭ وَكَانَ الْكَافِرُ عَلٰي رَبِّهٖ ظَهِيْرًا ﴿۵۵﴾

၅၆။ ထိုသူတို့သည် 'အလ္လာဟ်'ကိုစွန့်၍ သူတို့အား အကျိုးကျေးဇူးကိုသော်လည်းကောင်း ဆုံးရှုံးမှုကိုသော်လည်းကောင်း မသက်ရောက်စေနိုင်သည့်အရာများကို ကိုးကွယ်ကြ၏။ ထို့ပြင် 'ကာဖရ်'မယုံကြည်ငြင်းပယ်သူသည် မိမိ၏ဖန်ဆင်းမွေးမြူရှင်နှင့်ဆန့်ကျင်၍ (အခြားသူများကို) အားပေးအားမြှောက်ပြုသူ ဖြစ်ပေသည်။

وَمَآ اَرْسَلْنٰكَ اِلَّا مُبَشِّرًا وَّنَذِيْرًا ﴿۵۶﴾

၅၇။ စင်စစ် ငါတို့သည် အသင့်အား ဝမ်းမြောက်ဖွယ်ရာ

① ဤတွင် ပစိဖိတ်သမုဒ္ဒရာနှင့် အတ္တလန်တိတ်သမုဒ္ဒရာတို့၏အကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ ပစိဖိတ်သမုဒ္ဒရာမှာ အတ္တလန်တိတ်သမုဒ္ဒရာနှင့်နှိုင်းယှဉ်လျှင် ပို၍အချိုဓာတ်များပြီး အတ္တလန်တိတ်သမုဒ္ဒရာမှာကား ငန်၍ခါးသောအရသာရှိပေသည်။ ယင်းပင်လယ်နှစ်ခု၏အကြားတွင် အတားအဆီးတစ်ခုရှိသည်။ ယင်းနှင့်စပ်လျဉ်း၍ အခြားအာယတ်တော်တစ်ခုတွင် ထိုအတားအဆီးကို ဖယ်ရှားပစ်ကာ ပင်လယ်ပြင်နှစ်ခုသည် ပေါင်းစပ်ခြင်းခံရမည်ဟူ၍ ဖော်ပြထားတော်မူသည်။

သတင်းကောင်းပေးသူနှင့် သတိပေးနှိုးဆော်သူအဖြစ်မှတစ်ပါး အခြားအဖြစ်ဖြင့် စေလွှတ်တော်မူခဲ့သည်မဟုတ်ချေ။

قُلْ مَآ اَسْـَٔلُكُمْ عَلَيْهِ مِنْ اَجْرٍ اِلَّا مَنْ شَآءَ اَنْ يَّتَّخِذَ اِلٰى رَبِّهٖ سَبِيْلًا ﴿۵۷﴾

၅၇။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်သည် အသင်တို့ထံမှ ယင်းအတွက် မည်သည့်အဖိုးအခကိုမျှ မတောင်းခံပေ။ သို့သော် အကြင်သူသည်လိုလားလျှင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင့်ဘက်သို့သွားသောလမ်းကို ကျင့်သုံးဆောက်တည်နိုင်၏။

وَتَوَكَّلْ عَلَى الْحَيِّ الَّذِيْ لَا يَمُوْتُ وَسَبِّحْ بِحَمْدِهٖ ؕ وَكَفٰى بِهٖ بِذُنُوْبِ عِبَادِهٖ خَبِيْرَا ۚ ﴿۵۸﴾

၅၈။ ထို့ပြင် အသင်သည် မည်သည့်အခါတွင်မျှ သေဆုံးခြင်းရှိမည်မဟုတ်သော၊ အသက်ရှင်လျက်ရှိတော်မူသော ထိုအရှင်မြတ်အပေါ် ယုံပုံလွဲအပ်အားကိုးမှုပြုပါလေ။ ထို့ပြင် အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းနှင့်အတူ ထိုအရှင်မြတ်၏သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ။ ဧကန်စင်စစ် အရှင်မြတ်သည် မိမိအစေတော်များ၏ အပြစ်များကို သိရှိရာတွင် လွန်စွာလုံလောက်တော်မူ၏။

الَّذِيْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ وَمَا بَيْنَهُمَا فِيْ سِتَّةِ اَيَّامٍ ثُمَّ اسْتَوٰى عَلَى الْعَرْشِ ۛ اَلرَّحْمٰنُ فَسْـَٔلْ بِهٖ خَبِيْرًا ﴿۵۹﴾

၅၉။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကိုလည်းကောင်း ယင်းတို့အကြားတွင်ရှိသည်တို့ကိုလည်းကောင်း အချိန်ကာလခြောက်ရပ်တွင် ဖန်ဆင်းတော်မူ၏။ ထို့နောက် အရှင်မြတ်သည် 'အရ်ရှ်'ပလ္လင်တော်ထက်ဝယ် တည်တံ့စိုးမိုးတော်မူ၏။ အရှင်မြတ်သည် 'ရာဟ်မန်' ကရုဏာတော်ရှင် ဖြစ်တော်မူ၏။ သို့ဖြစ်ရာ ထိုအရှင်မြတ်နှင့်စပ်လျဉ်း၍ သိရှိနားလည်သူတစ်ဦးဦးထံတွင် မေးမြန်းပါလေ။

وَاِذَا قِيْلَ لَهُمُ اسْجُدُوْا لِلرَّحْمٰنِ قَالُوْا وَمَا الرَّحْمٰنُ اَنَسْجُدُ لِمَا تَاْمُرُنَا وَزَادَهُمْ نُفُوْرًا ﴿۶۰﴾ ۩

၆၀။ ထို့နောက် ယင်းတို့အား 'ရာဟ်မန်'ကရုဏာတော်ရှင်ရှေ့ဝယ် 'စဂ်ဒါဟ်'ဦးချမှုပြုကြကုန်ဟုပြောသောအခါ ယင်းတို့က 'ရာဟ်မန်'ကရုဏာတော်ရှင်ဟူသည်အဘယ်နည်း။ အသို့နည်း၊ ကျွန်ုပ်တို့အား အသင်အမိန့်ပေးသောအရာကို ကျွန်ုပ်တို့ ဦးချရမည်လောဟုဆိုကြ၏။ စင်စစ် ဤ(အကြောင်း)သည် ယင်းတို့အား မုန်းတီးမှုဌာသာလျှင် ပိုမို၍ တိုးပွားစေခဲ့ပေသတည်း။

ရုကူး-၆

تَبٰرَكَ الَّذِيْ جَعَلَ فِي السَّمَآءِ بُرُوْجًا وَّجَعَلَ فِيْهَا سِرٰجًا وَّقَمَرًا مُّنِيْرًا ﴿۶۱﴾

၆၁။ အရှင်မြတ်သည်သာလျှင် ကောင်းချီးမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် မိုးကောင်းကင်၌ ကြယ်နက္ခတ်တာရာစခန်းများကို ပြုထားတော်မူ၏။ ထို့ပြင် ယင်း(မိုးကောင်းကင်)၌ လင်းဝင်းတောက်ပသော မီးခွက်တစ်ခု(နေ)နှင့် လင်းထိန်သော'လ'ကို ပြုလုပ်တော်မူ၏။

وَهُوَ الَّذِيْ جَعَلَ الَّيْلَ وَالنَّهَارَ خِلْفَةً لِّمَنْ

اَرَادَ اَنۡ يَّذَّكَّرَ اَوۡ اَرَادَ شُكُوۡرًا ﴿۶۲﴾

လုပ်တော်မူ၏။ (ယင်းကို) သင်ခန်းစာရယူလိုသူ သို့တည်းမဟုတ် ကျေးဇူးသိတတ်မှုကိုလိုလားသူတို့အဖို့ (ပြုလုပ်ထားတော်မူ၏)။

وَعِبَادُ الرَّحۡمٰنِ الَّذِيۡنَ يَمۡشُوۡنَ عَلَى الۡاَرۡضِ هَوۡنًا وَّاِذَا خَاطَبَهُمُ الۡجٰهِلُوۡنَ قَالُوۡا سَلٰمًا ﴿۶۳﴾

၆၃။ စင်စစ် 'ရာဟ်မန်'ကရုဏာတော်ရှင်၏အစေတော်များသည်ကား ကမ္ဘာမြေဝယ် နှိမ့်ချကျိုးနွံစွာဖြင့် လျှောက်လှမ်းကြကုန်၏။ အသိပညာမဲ့သူများက သူတို့အား စကားပြောဆိုသည့်အခါ သူတို့က 'စလာမ်' ငြိမ်းချမ်းပါစေဟု (ဖြေကြား) ပြောဆိုကြ၏။

وَالَّذِيۡنَ يَبِيۡتُوۡنَ لِرَبِّهِمۡ سُجَّدًا وَّقِيَامًا ﴿۶۴﴾

၆၄။ ထို့ပြင် ထိုသူတို့သည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်အတွက် 'စဂ်ဒါ'ဦးချမှုပြုလျက်လည်းကောင်း၊ 'ကယာမ်' မတ်တတ်ရပ်လျက်လည်းကောင်း ညဉ့်အချိန်များကို ကုန်လွန်စေကြ၏။

وَالَّذِيۡنَ يَقُوۡلُوۡنَ رَبَّنَا اصۡرِفۡ عَنَّا عَذَابَ جَهَنَّمَ ۖ اِنَّ عَذَابَهَا كَانَ غَرَامًا ﴿۶۵﴾

၆၅။ ထို့ပြင် ၎င်းတို့ကလျှောက်ထားကြ၏။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးတို့ထံမှ 'ဂျဟန္နမ်'ငရဲ၏ပြစ်ဒဏ်ကို လွှဲဖယ်ပေးတော်မူပါ။ ဧကန်ပင် ယင်း၏ပြစ်ဒဏ်သည် တွယ်ကပ်သွားမည့်အရာဖြစ်ပါ၏။

اِنَّهَا سَآءَتۡ مُسۡتَقَرًّا وَّمُقَامًا ﴿۶۶﴾

၆၇။ စင်စစ် ယင်း(ငရဲ)သည် ယာယီနေထိုင်ရာအဖြစ်လည်းကောင်း အမြဲနေထိုင်ရာအဖြစ်လည်းကောင်း အလွန်လျှင်ဆိုးရွားလှပေသည်။

وَالَّذِيۡنَ اِذَاۤ اَنۡفَقُوۡا لَمۡ يُسۡرِفُوۡا وَلَمۡ يَقۡتُرُوۡا وَكَانَ بَيۡنَ ذٰلِكَ قَوَامًا ﴿۶۷﴾

၆၈။ ထို့ပြင် ထိုသူတို့သည် စွန့်ကြဲသုံးစွဲကြသည့်အခါ အလွန်အကျွံသုံးစွဲခြင်းကိုလည်းကောင်း၊ စေးနဲခြင်းကိုလည်းကောင်း မပြုကြချေ။ ထိုသို့မဟုတ်မူဘဲ ယင်းတို့အကြား အလယ်အလတ် ရှိကြ၏။

وَالَّذِيۡنَ لَا يَدۡعُوۡنَ مَعَ اللّٰهِ اِلٰهًا اٰخَرَ وَلَا يَقۡتُلُوۡنَ النَّفۡسَ الَّتِىۡ حَرَّمَ اللّٰهُ اِلَّا بِالۡحَقِّ وَلَا يَزۡنُوۡنَ ۚ وَمَنۡ يَّفۡعَلۡ ذٰلِكَ يَلۡقَ اَثَامًا ﴿۶۸﴾

၆၉။ ထို့ပြင် သူတို့သည် အလ္လာဟ်နှင့်တွဲဖက်၍ အခြားသောကိုးကွယ်ရာတစ်စုံတစ်ရာကို ဟစ်ခေါ်တမ်းတခြင်းမပြုကြ။ အလ္လာဟ်က တားမြစ်ထားတော်မူသော အသက်ကိုလည်း မတရားသဖြင့် သတ်ဖြတ်ခြင်းမပြုကြချေ။ မတရားကာမမှုကိုလည်း မကျူးလွန်ကြချေ။ စင်စစ် အကြင်မည်သူမဆို ထိုသို့ပြုကျင့်ပါမူ အပြစ်(၏ဒဏ်ခတ်ခြင်း)ကို ခံရပေအံ့။

يُّضٰعَفۡ لَهُ الۡعَذَابُ يَوۡمَ الۡقِيٰمَةِ وَيَخۡلُدۡ فِيۡهٖ مُهَانًا ﴿۶۹﴾

၇၀။ ထိုသူအတွက် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် ပြစ်ဒဏ်ကို တိုးပွားစေတော်မူပေမည်။ ထို့ပြင် သူသည် ယင်း၌ အချိန်ကာလကြာရှည်သည့်တိုင် ဂုဏ်သရေယုတ်လျော့သည့်အခြေအနေ၌ နေရပေလိမ့်မည်။

اِلَّا مَنۡ تَابَ وَاٰمَنَ وَعَمِلَ عَمَلًا صَالِحًا فَاُولٰٓئِكَ يُبَدِّلُ اللّٰهُ سَيِّاٰتِهِمۡ حَسَنٰتٍ ؕ

၇၁။ သို့သော် 'တောင်ဘာ' ဝန်ချတောင်းပန်မှုပြုပြီး သက်ဝင်ယုံကြည်၍ ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်သူတို့မှတစ်ပါးဖြစ်၏။ သို့ဖြစ်ရာ ဤသူများသည်ပင် အလ္လာဟ်သည် သူတို့၏မကောင်းမှုများကို လှပကောင်း

وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ۝

မွန်မှုများဖြင့် ပြောင်းလဲပေးသနားတော်မူပေမည်။ စင်စစ် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَمَنْ تَابَ وَعَمِلَ صَالِحًا فَاِنَّهٗ يَتُوْبُ اِلَى اللّٰهِ مَتَابًا ۝

၇၂။ အကြင်သူသည် 'တောင်ဘာ' ဝန်ချတောင်းပန်မှုပြု၍ ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်ပါလျှင် ထိုသူသည်ပင် အလ္လာဟ်၏ဘက်တော်သို့ 'တောင်ဘာ' ပြုလျက် ပြန်လှည့်သူဖြစ်၏။

وَالَّذِيْنَ لَا يَشْهَدُوْنَ الزُّوْرَ ۙ وَاِذَا مَرُّوْا بِاللَّغْوِ مَرُّوْا كِرَامًا ۝

၇၂။ ထို့ပြင် ထိုသူတို့သည် မုသားသက်သေထွက်ဆိုခြင်း မပြုကြချေ။ ထို့ပြင် သူတို့သည် အချည်းနှီးကိစ္စများအပါးမှ ဖြတ်သန်းသွားသည့်အခါ ဂုဏ်ရှိရှိစွာ ဖြတ်သန်းသွားကြပေသည်။

وَالَّذِيْنَ اِذَا ذُكِّرُوْا بِاٰيٰتِ رَبِّهِمْ لَمْ يَخِرُّوْا عَلَيْهَا صُمًّا وَّعُمْيَانًا ۝

၇၃။ ထို့ပြင် ၎င်းတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ 'အာယတ်'မုဟ္ဝါဠ်တော်များဖြင့် သတိပေးခြင်းကိုခံကြရသောအခါ သူတို့သည် ယင်းအပေါ် နားပင်းသူများနှင့် မျက်စိကန်းသူများအဖြစ် လဲကျခြင်းမပြုကြချေ။

وَالَّذِيْنَ يَقُوْلُوْنَ رَبَّنَا هَبْ لَنَا مِنْ اَزْوَاجِنَا وَذُرِّيّٰتِنَا قُرَّةَ اَعْيُنٍ وَّاجْعَلْنَا لِلْمُتَّقِيْنَ اِمَامًا ۝

၇၄။ ထို့ပြင် သူတို့က အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးတို့၏ဘဝကြင်ဖော်များနှင့် ကျွန်တော်မျိုးတို့၏သားသမီးများထံမှ မျက်စိပသာဒအေးမြမှုကို ပေးသနားတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အား 'မွတ္တကီ' ဖြူစင်ဖြောင့်မတ်သူတို့၏ 'အေမာမ်'ခေါင်းဆောင် ပြုလုပ်တော်မူပါဟု ပန်ကြားလျှောက်ထားကြ၏။

اُولٰٓئِكَ يُجْزَوْنَ الْغُرْفَةَ بِمَا صَبَرُوْا وَيُلَقَّوْنَ فِيْهَا تَحِيَّةً وَّسَلٰمًا ۝

၇၆။ ဤသူများသည်ပင်၊ သူတို့သည် သည်းခံမြဲမြံခဲ့ကြခြင်းကြောင့် ဘုံမြင့်ဆောင်များကို ဆုလာဘ်အဖြစ် ပေးသနားတော်မူခြင်းခံကြရပေမည်။ ထို့ပြင် သူတို့သည် ထိုနေရာ၌ ကြိုဆိုခြင်းကိုခံကြရပေမည်။ ထို့ပြင် 'စလာမ်' ငြိမ်းချမ်းသာယာခြင်းပို့သမူကိုလည်း ခံကြရပေမည်။

خٰلِدِيْنَ فِيْهَا ۭ حَسُنَتْ مُسْتَقَرًّا وَّمُقَامًا ۝

၇၇။ ၎င်းတို့သည် ယင်း(ဂျန္နတ်များ)တွင် အမြဲထာဝစဉ် နေထိုင်ရသူများ ဖြစ်ကြလိမ့်မည်။ ယင်းမှာ ယာယီနေထိုင်ရာအဖြစ်လည်းကောင်း အမြဲနေထိုင်ရာအဖြစ်လည်းကောင်း အဘယ်မျှကောင်းမြတ်သော နေရာထိုင်ခင်းဖြစ်ပေသနည်း။

قُلْ مَا يَعْبَؤُا بِكُمْ رَبِّيْ لَوْلَا دُعَآؤُكُمْ ۚ فَقَدْ كَذَّبْتُمْ فَسَوْفَ يَكُوْنُ لِزَامًا ۝ ۧ

၇၈။ အသင်ပြောကြားပါလေ။ အကယ်၍ အသင်တို့က 'ဒိုအာ'ဆုတောင်းမှုမပြုပါလျှင်လည်း ကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်က အသင်တို့အား အလျှင်းအရေးမစိုက်ချေ။ သို့ဖြစ်ရာ အသင်တို့သည် ယင်းကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြပြီးဖြစ်ရာ ယင်း(ငြင်းပယ်မှု)၏ဆိုးကျိုးသည် အမှန်ပင် အသင်တို့အား တွယ်ကပ်သွားလိမ့်မည်တည်း။

❖ ❖ ❖

၂၆။ အလ်-ရှိုအ်ရာ

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ် တော်ပေါင်း (၂၂၈)ပိုဒ်ပါရှိသည်။ ဤဆူရာဟ်ကို နောက်တစ်ကြိမ်ပြန်လည်၍ 'မိုကာတ္တီအတ်' သခ်ေပ အက္ခရာစုအချို့ဖြင့် အစပြုထားပေသည်။ ထို့ပြင် ဤတွင် 'ဆင်နှ်'အက္ခရာကို သခ်ေပအက္ခရာစုမှ အက္ခရာအဖြစ် ပထမဆုံးအကြိမ် ထုတ်ပြန်ပို့ချပေးတော်မူပေသည်။ ယင်းအတွက် အနက်အဓိပ္ပာယ် အမျိုးမျိုးဖွင့်ဆိုနိုင်ပေသည်။ သို့သော် ပညာရှင်အချို့က ဤ'မိုကာတ္တီအတ်'သခ်ေပအက္ခရာစုများ၏ ရှင်းလင်းချက်အဖြစ် 'တွာ'မှာ 'တို့ငိုယိဗ်'(သန့်ရှင်းတော်မူသော)၊ 'ဆင်နှ်'မှာ 'ဆမီးအ်' (လွန်စွာကြားတော် မူသော)ဖြစ်ပြီး 'မိမ်'မှာ 'အလီးမ်'(လွန်စွာသိရှိတော်မူသော)ဟူ၍ ဖွင့်ဆိုကြပေသည်။

ပြီးခဲ့သောဆူရာဟ်၏နိဂုံးပိုင်းတွင် လူသားသည် 'ဒိုအာ'ဆုတောင်းခြင်းကို ငြင်းပယ်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်နှင့် မိမိတို့၏ဆက်နွယ်မှုကို ဖြတ်တောက်လိုက်ကြသောအခါ ယင်း၏အကျိုးဆက် ကြောင့် 'နာမ်'ဝိညာဉ်ရေးဆိုင်ရာ ရောဂါမျိုးစုံတို့သည် ထိုသူအား စွဲကပ်ငြိတွယ်၍သွားကြောင်းကို ဖော်ပြထားပေသည်။ ယင်း၏ဥပမာအဖြစ် ဒိုအာဆုတောင်းခြင်းကို ငြင်းပယ်ခဲ့သော အကြင်အမျိုးသား များအကြောင်းဖော်ပြပြီး ထိုသူတို့သည် 'ဒိုအာ'ဆုတောင်းခြင်းကို ငြင်းပယ်ခဲ့ကြပေရာ ယင်း၏ အကျိုး ဆက်ဖြင့် အလ္လာဟ်သည် သူတို့အား ဤကဲ့သို့ဆက်ဆံတော်မူကြောင်း ဖော်ပြထားပေသည်။ ထိုမယုံကြည် ငြင်းပယ်ကြသော အမျိုးသားအားလုံးတို့၏အကြောင်းကို ဖော်ပြတော်မူပြီးနောက် **اَلْعَزِيْزُ الرَّحِيْم** ဟူ၍ အကြိမ်ကြိမ်လာရှိခြင်းမှာ၊ အလ္လာဟ်အရှင်မြတ်သည် **الرَّحِيْم** (အဖန်တလဲလဲ သနားကြင်နာတော်မူ သောအရှင်) ဖြစ်တော်မူခြင်းကြောင့် ထိုသူတို့အား ပြန်လှည့်လိုလှည့်ငြား ဒုတိယအကြိမ် အခွင့်အရေးပေး တော်မူခြင်းဖြစ်သည်။ သို့သော် အစဉ်တစိုက် ထိုကဲ့သို့သာဖြစ်နေရုံမျှမက နောက်ဆုံးတွင် သူတို့သည် အမှန်တရားကို ပစ်ပယ်လျက်သာနေခဲ့ကြကြောင်း၊ သို့သော် တစ်ဖန် အလ္လာဟ်အရှင်မြတ်က သစ်လွင် သောကရုဏာတော်ဖြင့် သူတို့အပေါ် သက်ဆင်းလျက်ရှိတော်မူကြောင်းတို့ကို ဖော်ပြတော်မူခြင်း ဖြစ် ပေသည်။

ဤတွင် "**اَلْعَزِيْز**" (လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်)ဟူ၍ အကြိမ်ကြိမ်လာရှိခြင်းမှာ အလ္လာဟ်၏ရန်သူများက 'နဗီ'တမန်တော်များအား အရှက်တကွဲအကျိုးနည်းဖြစ်အောင် ကြိုးပမ်းကြ ကြောင်း၊ သို့သော် ထိုတမန်တော်တို့၏ 'လွှမ်းမိုးအောင်နိုင်တော်မူသော အရှင်မြတ်'က တမန်တော်များ အား ထာဝရတည်မည့်ဂုဏ်သိက္ခာကို ချီးမြှင့်ပေးသနားတော်မူကြောင်းတို့ကို ဖော်ပြလိုခြင်းဖြစ်ပေသည်။

ထိုသည့်နောက်တွင် တမန်တော်မြတ်ﷺအား မိမိ၏ နီးစပ်သူဆွေမျိုးသားချင်းတို့ကို သူတို့၏ ဆိုးရွားသော နိဂုံးရလဒ်မှသတိပေးရန်နှင့် မိမိအား ပေးသနားထားတော်မူသည့် ဝိညာဉ်ရေးဆိုင်ရာ သားချင်းတို့အပေါ် မိမိ၏ကရုဏာတောင်ပံကို ဖြန့်ကြက်အုပ်မိုး၍ထားရန်နှင့် အကယ်၍ မယုံကြည်ငြင်း ပယ်သူတို့က မိမိတို့၏ငြင်းပယ်မှုဌ ဇွတ်တရွတ်ရပ်နေကြလျှင် ကျွန်ုပ်သည် အသင်တို့၏ မယုံကြည်ငြင်း ပယ်မှုကို ရွံမုန်းသည်၊ ထို့ပြင် ကျွန်ုပ်မှာကား အလ္လာဟ်ကိုသာ ယုံပုံအားထားမှုပြုပါသည်။ ထိုအရှင်သည် လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်၊ တောင်းဆု'ဒိုအာ'များကို အလွန်ကြားနာတော်မူ၍ လွန်စွာသိနားလည် တော်မူသောအရှင်ဖြစ်တော်မူကြောင်း ကြေညာပါလော့ဟူ၍ အမိန့်ပေးခြင်းခံရပေသည်။

ထိုမှနောက်တွင် သက်သေသာဓကတစ်ရပ်ကိုဖော်ပြထားတော်မူပြီး ယင်းအားဖြင့် တမန်တော်များအပေါ် 'ရှိုင်တန်'သည် မည်သည့်အခါတွင်မျှ မဆင်းသက်နိုင်ကြောင်းကို ပြတ်သားသောသာဓကရရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်များမှာ "اَفَّاكٌ" (မုသားဆိုသူများ)လည်းမဟုတ်၊ "اَثِيْمٌ" (အပြစ်ကျူးလွန်သူများ)လည်းမဟုတ်ကြချေ။ ထို့ပြင် ၎င်းတို့၏ မှန်ကန်မှုအတွက် ၎င်းတို့ အနီးအပါး၌ နေထိုင်သူတို့အားလုံးမှာ သက်သေများဖြစ်ကြပေသည်။

တမန်တော်မြတ်ﷺထံသို့ ပို့ချခြင်းခံရသော 'ကလာမ်'(နူတ်ကပါဋ်)တော်၏ ဂုဏ်ရှိန်မြင့်မားမှုများတွင် ဤသို့သောအကြောင်းတစ်ရပ်လည်းပါဝင်လေသည်။ ကျမ်းမြတ်ကုရ်အာန်သည် ကြီးကျယ်ခမ်းနားလှစွာသော စာပေအလင်္ကာများဖြင့် ပြည့်လျက်ရှိ၏။ ထို့အပြင် ကျမ်းမြတ်ကုရ်အာန်၏ စာပေအလင်္ကာပြောင်မြောက်ခြင်းကိုနှစ်သက်လျက် များစွာသော ကဗျာဆရာတို့မှာ ကဗျာစပ်ဆိုခြင်းကိုပင် စွန့်လွှတ်ခဲ့ကြပေသည်။ သို့ရာတွင် ဤသည်ကိုအကြောင်းပြုလျက် (نعوذ بالله) တမန်တော်မြတ်ﷺကိုယ်တိုင်ပင် အလွန်အဆင့်မြင့်သော ကဗျာဆရာတစ်ဦးဖြစ်သည်ဟုထင်မှတ်လေသော် မှားယွင်းပေမည်။ အကြောင်းမူကဗျာဆရာတို့မည်သည် တောင်ကြားလွင်ပြင်များတွင်သာ အာရုံဖြန့်ကြက်လှည့်ပတ်လျက်ရှိသော်လည်း ကျမ်းမြတ်ကုရ်အာန်မှာမူကား တောင်ကြားလွင်ပြင်များကိုသာ အကြောင်းမဲ့ အာရုံဖြန့်ကြက် လှည့်ပတ်ဖွဲ့ဆိုထားသည့် စာအုပ်မျိုးမဟုတ်ချေ။

ယင်းနှင့်တစ်ဆက်တည်းမှာပင် ထိုမွတ်စလင်ကဗျာစာဆိုကြီးများကို ခွင်းချက်ထား၍ အပြစ်မဲ့ကြောင်း ဖော်ပြထားပေသည်။ ယင်းကဗျာဆရာတို့သည် သက်ဝင်ယုံကြည်လာကြ၏၊ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြ၏၊ အလျှာဟ်အရှင်မြတ်အား အများအပြား 'ဇိကိရ်'ပြုသတိရကြသည့်အပြင် သူတို့အား မတရားပြုမူခြင်းခံကြရသောအခါ ယင်းကိုတုံ့ပြန်ကြ၏။ ဤတွင် မယုံကြည်ငြင်းပယ်သူတို့ဘက်မှ ညစ်ညမ်းသော ကဗျာဆရာတို့က တမန်တော်မြတ်ﷺအား တိုက်ခိုက်ကြချိန်တွင် မိမိတို့၏ ကဗျာလင်္ကာများဖြင့် တုံ့ပြန်ချေပခဲ့သော ထိုသည့် မွတ်စလင်ကဗျာဆရာများကို ရည်ညွှန်းထားခြင်းဖြစ်ပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ရှိုအ်ရာ

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၂၂၈)ပိုဒ် ရှုကူ (၁၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

طٰسٓمّٓ ①

۲။ طٰسٓمّٓ သန့်ရှင်းစင်ကြယ်တော်မူသောအရှင်၊ အလွန်ကြားတော်မူသောအရှင်၊ လွန်စွာသိတော်မူသောအရှင်၊

تِلْكَ اٰيٰتُ الْكِتٰبِ الْمُبِيْنِ ②

၃။ ဤသည် လင်းဝင်းတောက်ပထင်ရှားစေသည့် ကျမ်းတော်၏ 'အာယတ်' မုဂ္ဂပါဠိတော်များဖြစ်၏။

لَعَلَّكَ بَاخِعٌ نَّفْسَكَ اَلَّا يَكُوْنُوْا مُؤْمِنِيْنَ ③

၄။ အသို့နည်း ၎င်းတို့သည် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူများ မဖြစ်ကြသောကြောင့် အသင်သည် ပူဆွေးသောက ဖြစ်လျက် မိမိ၏အသက်ကို ဖျက်ဆီးပစ်မည်လော။

اِنْ نَّشَاْ نُنَزِّلْ عَلَيْهِمْ مِّنَ السَّمَآءِ اٰيَةً فَظَلَّتْ اَعْنَاقُهُمْ لَهَا خٰضِعِيْنَ ④

၅။ အကယ်၍ ငါတို့အလိုတော်ရှိခဲ့ပါလျှင် ၎င်းတို့အပေါ်မိုးကောင်းကင်မှ နိမိတ်လက္ခဏာတစ်ရပ်ကို ပို့ချတော်မူ၍ ယင်း၏ရှေ့တွင် သူတို့၏လည်ကုပ်များကို ကိုင်းညွတ်စေတော်မူပေအံ့။

وَمَا يَاْتِيْهِمْ مِّنْ ذِكْرٍ مِّنَ الرَّحْمٰنِ مُحْدَثٍ اِلَّا كَانُوْا عَنْهُ مُعْرِضِيْنَ ⑤

၆။ ထို့ပြင် ၎င်းတို့ထံ 'ရာဟ်မန်' ကရုဏာတော်ရှင်ထံတော်မှ သစ်လွင်သောဆုံးမညြဝါဒတစ်စုံတစ်ရာ ရောက်မလာလေမှ၊ ရောက်လာလျှင် သူတို့သည် ယင်းမှ မျက်နှာလွှဲဖယ်သူများ ဖြစ်ကြပေသည်။

فَقَدْ كَذَّبُوْا فَسَيَاْتِيْهِمْ اَنْۢبٰٓؤُا مَا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ⑥

၇။ သို့ဖြစ်ရာ ဧကန်ပင် ၎င်းတို့သည် (သစ်လွင်သည့် နိမိတ်လက္ခဏာမှန်သမျှကို) မဟုတ်မမှန်ဟုစွပ်စွဲခဲ့ကြ၏။ သို့ဖြစ်ရာ သူတို့ လှောင်ပြောင်သရော်လေ့ရှိခဲ့ကြသော ယင်း(အကြောင်းကိစ္စများ မှန်ကန်ပြည့်စုံလာသည့်) သတင်းများကို အမှန်ပင် သူတို့ရရှိကြပေလိမ့်မည်။

اَوَلَمْ يَرَوْا اِلَى الْاَرْضِ كَمْ اَنْۢبَتْنَا فِيْهَا مِنْ كُلِّ زَوْجٍ كَرِيْمٍ ⑦

၈။ ထိုသူတို့သည် ကမ္ဘာမြေကို မကြည့်ရှုကြလေသလော။ ငါတို့သည် ယင်း၌ မည်မျှလောက်သော (အပင်များ၏) မြင့်မားသောအဆင့်ရှိသည့် စုံတွဲများကို ပေါက်ရောက်စေတော်မူခဲ့ပေသနည်း။

اِنَّ فِيْ ذٰلِكَ لَاٰيَةً ؕ وَمَا كَانَ اَكْثَرُهُمْ مُّؤْمِنِيْنَ ⑧

၉။ အမှန်ပင် ယင်း၌အလွန်ကြီးမားသော နိမိတ်လက္ခဏာတစ်ရပ်သည်ရှိ၏။ စင်စစ် ယင်းတို့အနက် အများစုသည် 'အီမာန်'သက်ဝင်ယုံကြည်လာမည့်သူများ မဟုတ်ကြချေ။

وَاِنَّ رَبَّكَ لَهُوَ الْعَزِيْزُ الرَّحِيْمُ ⑨

၁၀။ ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော

အရှင်သည်သာလျှင် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသော အရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရုကူး-၂

وَاِذْ نَادٰى رَبُّكَ مُوْسٰٓى اَنِ ائْتِ الْقَوْمَ الظّٰلِمِيْنَ ۙ﴿۱۰﴾

၁၀။ အကြင်အခါဝယ် အသင်၏ဖန်ဆင်းမွေးမြူရှင်က 'မူစာ' အား အသင်သည် မတရားကျူးလွန်သူမျိုးနွယ်ထံ သွားရောက်လော့ဟု အသံပြုမိန့်တော်မူ၏၊

قَوْمَ فِرْعَوْنَ ۭ اَلَا يَتَّقُوْنَ ﴿۱۱﴾

၁၂။ 'ဖိရ်အောင်'၏ အမျိုးသားများထံသို့ဖြစ်၏။ ယင်းတို့သည် 'တက္ကဝါ'တရားကိုကျင့်သုံးဆောက်တည်ခြင်း မပြုကြပေသလော(ဟု ပြောကြားပါလေ)။

قَالَ رَبِّ اِنِّىْٓ اَخَافُ اَنْ يُّكَذِّبُوْنِ ﴿۱۲﴾

၁၃။ သူက လျှောက်ထားသည်မှာ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဧကန်ပင် ယင်းတို့သည် ကျွန်တော်မျိုးအား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြမည်ကို စိုးရိမ်မိပါ၏။

وَيَضِيْقُ صَدْرِىْ وَلَا يَنْطَلِقُ لِسَانِىْ فَاَرْسِلْ اِلٰى هٰرُوْنَ ﴿۱۳﴾

၁၄။ ထို့ပြင် ကျွန်တော်မျိုး၏ ရင်သည် ကျဉ်းကျပ်မှုကို ခံစားနေရပါ၏။ ကျွန်တော်မျိုး၏လျှာမှာလည်း သွက်လက်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ 'ဟာရွန်'ထံသို့ အရှင်မြတ်၏တမန်တော်တာဝန်ကို ပေးပို့ထမ်းဆောင်စေတော်မူပါ။

وَلَهُمْ عَلَيَّ ذَنْۢبٌ فَاَخَافُ اَنْ يَّقْتُلُوْنِ ﴿۱۴﴾

၁၅။ ထို့မျှမက ယင်းတို့နှင့်စပ်လျဉ်း၍ ကျွန်တော်မျိုး၌ ပြစ်မှုတစ်ခုရှိပါသည်။ သို့ဖြစ်ရာ ယင်းတို့ ကျွန်တော်မျိုးအား သတ်ဖြတ်ကြမည်ကို ကျွန်တော်မျိုးစိုးရိမ်ပါ၏။

قَالَ كَلَّا ۚ فَاذْهَبَا بِاٰيٰتِنَآ اِنَّا مَعَكُمْ مُّسْتَمِعُوْنَ ﴿۱۵﴾

၁၆။ အရှင်မြတ်မိန့်ကြားသည်မှာ ထိုသို့ အလျှင်းမဟုတ်ချေ။ သို့ဖြစ်၍ အသင်တို့နှစ်ဦးစလုံးသည် ငါတို့၏ နိမိတ်လက္ခဏာတော်များနှင့်အတူ သွားရောက်ကြကုန်။ ဧကန်မုချ ငါတို့သည် အသင်တို့နှင့်အတူ ကောင်းစွာကြားသိတော်မူသောအရှင် ဖြစ်တော်မူ၏။

فَاْتِيَا فِرْعَوْنَ فَقُوْلَآ اِنَّا رَسُوْلُ رَبِّ الْعٰلَمِيْنَ ﴿۱۶﴾

၁၇။ သို့ဖြစ်ရာ နှစ်ဦးစလုံး 'ဖိရ်အောင်'ထံသွားရောက်ကြကုန်။ ထို့နောက် (သူ့အား) ဤသို့ပြောကြားပါလေ။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံတော်မှ တမန်တော်များဖြစ်ကြ၏။

اَنْ اَرْسِلْ مَعَنَا بَنِيْٓ اِسْرَآءِيْلَ ﴿۱۷﴾

၁၈။ ကျွန်ုပ်တို့နှင့်အတူ 'အစ္စရာအီလ်'အမျိုးသားများကို လွှတ်လိုက်ပါလော့(ဟူသည့် သတင်းကိုပေး၍ လာရောက်ခြင်းဖြစ်ပါ၏)။

قَالَ اَلَمْ نُرَبِّكَ فِيْنَا وَلِيْدًا وَّ لَبِثْتَ فِيْنَا مِنْ عُمُرِكَ سِنِيْنَ ﴿۱۸﴾

၁၈။ ၎င်းက ပြောကြားသည်မှာ- ငါတို့သည် အသင့်အား ကလေးဘဝကတည်းက ငါတို့အထဲ၌ ပြုစုပျိုးထောင်ပေးခဲ့သည် မဟုတ်လော။ စင်စစ် အသင်သည် မိမိသက်တမ်းမှ နှစ်ပေါင်းများစွာ ငါတို့ကြားတွင် နေထိုင်ခဲ့သည်မဟုတ်လော၊

وَفَعَلْتَ فَعْلَتَكَ الَّتِيْ فَعَلْتَ وَاَنْتَ مِنَ الْكٰفِرِيْنَ ﴿۱۹﴾

၁၉။ ထို့ပြင် အသင်သည် (ပြစ်မှုကျူးလွန်သော)လုပ်ရပ် တစ်ခုကို ပြုလုပ်ခဲ့ပေသည်။ စင်စစ် အသင်သည် ကျေးဇူးမသိတတ်သူများအနက်မှ ဖြစ်ပေသည်။

قَالَ فَعَلْتُهَآ اِذًا وَّ اَنَا مِنَ الضَّآلِّيْنَ ﴿۲۰﴾

၂၀။ သူ(မူစာ)က ပြောသည်မှာ ကျွန်ုပ်သည် ထိုလုပ်ရပ်ကို ကျွန်ုပ်လမ်းပျောက်နေခဲ့စဉ်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

فَفَرَرْتُ مِنْكُمْ لَمَّا خِفْتُكُمْ فَوَهَبَ لِيْ رَبِّيْ حُكْمًا وَّجَعَلَنِيْ مِنَ الْمُرْسَلِيْنَ ﴿۲۱﴾

၂၁။ ထို့ကြောင့် ကျွန်ုပ်သည် အသင်တို့အား ကြောက်ရွံ့သဖြင့် အသင်တို့ထံမှ ထွက်ပြေးခဲ့ပေသည်။ ထို့နောက် ကျွန်ုပ်၏ ဖန်ဆင်းမွေးမြူရှင်သည် ကျွန်ုပ်အား ဉာဏ်အမြော်အမြင်ကို ပေးသနားတော်မူပြီး ကျွန်ုပ်အား တမန်တော်များအနက်မှ (တစ်ဦးအဖြစ်) ပြုလုပ်ပေးသနားတော်မူခဲ့ပေသည်။

وَ تِلْكَ نِعْمَةٌ تَمُنُّهَا عَلَيَّ اَنْ عَبَّدْتَّ بَنِيْٓ اِسْرَآءِيْلَ ﴿۲۲﴾

၂၂။ (အသို့နည်း အသင်၏) ဤကျေးဇူးကိုပင် အသင်သည် ကျွန်ုပ်အပေါ် ဂုဏ်ဖော်၍ ပြောနေပါသလော။ စင်စစ် အသင်သည် 'အစ္စရာအီလ်'အမျိုးသားတို့ကို ကျေးကျွန်ပြုထားသည် မဟုတ်လော။

قَالَ فِرْعَوْنُ وَمَا رَبُّ الْعٰلَمِيْنَ ﴿۲۳﴾

၂၃။ 'ဖိရ်အောင်'က စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဆိုသည်မှာ အဘယ်အရာနည်းဟု မေးမြန်းလေ၏။

قَالَ رَبُّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا ۭ اِنْ كُنْتُمْ مُّوْقِنِيْنَ ﴿۲۴﴾

၂၄။ သူ(မူစာ)က- မိုးကောင်းကင်များနှင့် ကမ္ဘာမြေကိုလည်းကောင်း၊ ယင်းနှစ်ခုအကြားရှိအရာတို့ကိုလည်းကောင်း ဖန်ဆင်းပျိုးထောင်တော်မူသောအရှင် ဖြစ်တော်မူ၏။ အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်ကြမည်ဆိုပါလျှင် (ကောင်းပေစွ)ဟု ဖြေကြားလေ၏။

قَالَ لِمَنْ حَوْلَهٗٓ اَلَا تَسْتَمِعُوْنَ ﴿۲۵﴾

၂၅။ ၎င်း(ဖိရ်အောင်)က မိမိ၏အနီးအနားတွင်ရှိနေသူများအား အသင်တို့ မကြားကြသလောဟု ပြောလေ၏။

قَالَ رَبُّكُمْ وَرَبُّ اٰبَآئِكُمُ الْاَوَّلِيْنَ ﴿۲۶﴾

၂၆။ သူ(မူစာ)က (ထိုအရှင်သည်) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်လည်း ဖြစ်တော်မူ၏။ အသင်တို့၏ ရှေးယခင် အဘဘိုးဘေးများ၏ ဖန်ဆင်းမွေးမြူရှင်လည်း ဖြစ်တော်မူ၏ဟုပြောလေ၏။

قَالَ اِنَّ رَسُوْلَكُمُ الَّذِيْٓ اُرْسِلَ اِلَيْكُمْ لَمَجْنُوْنٌ ﴿۲۷﴾

၂၇။ ၎င်း(ဖိရ်အောင်)က ဧကန်မုချ အသင်တို့ထံ စေလွှတ်ခြင်းခံရသော အသင်တို့၏ ဤတမန်တော်သည် အမှန်ပင် ရူးသွပ်သူဖြစ်သည်ဟု ပြောဆိုလေ၏။

قَالَ رَبُّ الْمَشْرِقِ وَالْمَغْرِبِ وَمَا بَيْنَهُمَا ۚ اِنْ كُنْتُمْ تَعْقِلُوْنَ ﴿۲۸﴾

၂၉။ သူ(မူစာ)က (ထိုအရှင်သည်) အရှေ့အရပ်နှင့် အနောက်အရပ်တို့ကိုလည်းကောင်း၊ ယင်းနှစ်ခုစပ်ကြားရှိအရာတို့ကိုလည်းကောင်း၊ ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်တော်မူ၏။ အကယ်၍ အသင်တို့ အသိဉာဏ်ကိုအသုံးချပါလျှင် (ကောင်းပေစွ)ဟုပြောလေ၏။

قَالَ لَئِنِ اتَّخَذْتَ اِلٰهًا غَيْرِيْ لَاَجْعَلَنَّكَ مِنَ الْمَسْجُوْنِيْنَ ﴿۲۹﴾

၃၀။ ဂင်း(ဖိရ်အောင်)က အကယ်၍ အသင်သည် ငါမှလွဲ၍ အခြားတစ်စုံတစ်ရာကို ကိုးကွယ်ရာအဖြစ်စွဲကိုင်ပါလျှင် ငါသည် အမှန်ပင် အသင့်ကို အကျဉ်းချထားပေမည်ဟု ပြောလေ၏။

قَالَ اَوَلَوْ جِئْتُكَ بِشَيْءٍ مُّبِيْنٍ ﴿۳۰﴾

၃၁။ သူ(မူစာ)က အသို့နည်း ကျွန်ုပ်သည် အသင့်ရှေ့မှောက်တွင် ပွင့်လင်းထင်ရှားသောအရာကိုတင်ပြလျှင်လည်း (ထိုသို့ပြုလုပ်မည်လော)ဟု ပြော၏။

قَالَ فَاْتِ بِهٖٓ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ﴿۳۱﴾

၃၂။ ဂင်း(ဖိရ်အောင်)က အကယ်၍ အသင်သည် မှန်ကန်သူများအနက်မှဖြစ်လျှင်ယင်းကိုယူဆောင်လာလော့ဟုပြောလေ၏။

فَاَلْقٰى عَصَاهُ فَاِذَا هِيَ ثُعْبَانٌ مُّبِيْنٌ ﴿۳۲﴾

၃၃။ ထိုအခါ သူ(မူစာ)သည် မိမိ၏တောင်ဝှေးကို ပစ်ချလိုက်လေရာ ယင်းသည် ရုတ်တရက် အထင်အရှားတွေ့မြင်ရသော မြွေကြီးတစ်ကောင် ဖြစ်သွားလေ၏။

وَنَزَعَ يَدَهٗ فَاِذَا هِيَ بَيْضَآءُ لِلنّٰظِرِيْنَ ﴿۳۳﴾

၃၄။ ထို့နောက် သူသည် မိမိ၏လက်ကို ထုတ်လိုက်လေရာ ယင်းသည် ရုတ်တရက် ကြည့်ရသူတို့အဖို့ ဖြူဖွေးနေသည်ကို မြင်တွေ့ရလေသတည်း။

ရုကူ-၃

قَالَ لِلْمَلَاِ حَوْلَهٗٓ اِنَّ هٰذَا لَسٰحِرٌ عَلِيْمٌ ﴿۳۴﴾

၃၅။ ဂင်း(ဖိရ်အောင်)က မိမိအနီးရှိ အကြီးအကဲများအား ပြောကြားသည်မှာ ဧကန်မုချ ဤသူသည် အလွန် ကျွမ်းကျင်သော မှော်ဆရာတစ်ဦးဖြစ်၏။

يُّرِيْدُ اَنْ يُّخْرِجَكُمْ مِّنْ اَرْضِكُمْ بِسِحْرِهٖ ۖ فَمَاذَا تَاْمُرُوْنَ ﴿۳۵﴾

၃၆။ သူသည် မိမိ၏မှော်ပညာအစွမ်းဖြင့် အသင်တို့အား အသင်တို့၏နိုင်ငံမှ နှင်ထုတ်ပစ်လို၏။ သို့ဖြစ်ရာ အသင်တို့သည် မည်သည့်အကြံဉာဏ်ကို ပေးကြမည်နည်း။

قَالُوْٓا اَرْجِهْ وَاَخَاهُ وَابْعَثْ فِي الْمَدَآئِنِ حٰشِرِيْنَ ﴿۳۶﴾

၃၇။ ယင်းတို့က ပြောကြားကြသည်မှာ သူနှင့်သူ၏အစ်ကိုတို့အား ခေတ္တဆိုင်းငံ့ခွင့်ပေးပါလေ။ ထို့ပြင် မြို့များသို့ ဆင့်ခေါ်စုရုံးသူများကို စေလွှတ်ပါလေ၊

يَاْتُوْكَ بِكُلِّ سَحَّارٍ عَلِيْمٍ ﴿۳۷﴾

၃၈။ ဂင်းတို့သည် အသင့်ထံသို့ အမျိုးမျိုးသော ကျွမ်းကျင်သည့် မှော်ဆရာကြီးများကို ခေါ်ဆောင်လာကြပေမည်။

فَجُمِعَ السَّحَرَةُ لِمِيْقَاتِ يَوْمٍ مَّعْلُوْمٍ ﴿۳۸﴾

၃၉။ သို့ဖြင့် မှော်ဆရာကြီးများအား သတ်မှတ်ထားသော နေ့တွင် သတ်မှတ်ထားသည့်အချိန်၌ စုစည်းစေခဲ့လေသည်၊

وَّقِيْلَ لِلنَّاسِ هَلْ اَنْتُمْ مُّجْتَمِعُوْنَ ﴿۳۹﴾

၄၀။ ထို့ပြင် လူအများတို့အားလည်း ပြောကြားခဲ့သည်မှာ အသင်တို့သည် စုဝေးနိုင်ကြပါမည်လော၊

لَعَلَّنَا نَتَّبِعُ السَّحَرَةَ اِنْ كَانُوْا هُمُ الْغٰلِبِيْنَ ۝

၄၁။ သို့ဖြင့် အကယ်၍ ၎င်း(မှော်ဆရာ)တို့ အောင်နိုင်သွားကြပါလျှင် ကျွန်ုပ်တို့သည် ထိုမှော်ဆရာများနောက်သို့သာ လိုက်ကြရန်ဖြစ်၏။

فَلَمَّا جَآءَ السَّحَرَةُ قَالُوْا لِفِرْعَوْنَ اَئِنَّ لَنَا لَاَجْرًا اِنْ كُنَّا نَحْنُ الْغٰلِبِيْنَ ۝

၄၂။ သို့ဖြစ်ရာ မှော်ဆရာများရောက်ရှိလာသည့်အခါ ၎င်းတို့က 'ဖိရ်အောင်'အား အကယ်၍ ကျွန်ုပ်တို့ အောင်နိုင်သူများဖြစ်ခဲ့ပါလျှင် ကျွန်ုပ်တို့အတွက် ဆုလာဘ်တစ်စုံတစ်ရာ ရှိပါ၏လောဟု မေးမြန်းကြလေသည်။

قَالَ نَعَمْ وَ اِنَّكُمْ اِذًا لَّمِنَ الْمُقَرَّبِيْنَ ۝

၄၃။ သူက ရှိပေသည်။ (အသင်တို့အောင်နိုင်လျှင်) ထို အခြေအနေ၌ အမှန်ပင် အသင်တို့သည် (ငါနှင့်)နီးစပ်သူများ အနက် အပါအဝင်ဖြစ်သွားကြပေမည်ဟု ပြောကြားလေ၏။

قَالَ لَهُمْ مُّوْسٰٓى اَلْقُوْا مَآ اَنْتُمْ مُّلْقُوْنَ ۝

၄၄။ 'မူစာ'က ၎င်းတို့အား အသင်တို့ပစ်ချလိုသည့်(မှော်)ကို ပစ်ချကြကုန်ဟုဆို၏။

فَاَلْقَوْا حِبَالَهُمْ وَعِصِيَّهُمْ وَقَالُوْا بِعِزَّةِ فِرْعَوْنَ اِنَّا لَنَحْنُ الْغٰلِبُوْنَ ۝

၄၅။ ထိုအခါ ၎င်း(မှော်ဆရာ)တို့သည် မိမိတို့၏ကြိုးများနှင့် မိမိတို့၏တောင်ဝှေးများကို (မြေပေါ်သို့)ပစ်ချ၍ 'ဖိရ်အောင်'၏ဂုဏ်သိက္ခာကို တိုင်တည်ကျိန်ဆိုပါ၏၊ ကျွန်ုပ်တို့သည်သာလျှင် မလွဲမကောန် အောင်နိုင်ကြမည့်သူများဖြစ်ကြ၏ဟု ဆိုကြလေသည်။

فَاَلْقٰى مُوْسٰى عَصَاهُ فَاِذَا هِيَ تَلْقَفُ مَا يَاْفِكُوْنَ ۝

၄၆။ ထိုအခါ 'မူစာ'သည် မိမိ၏တောင်ဝှေးကိုပစ်ချလိုက်ရာ ယင်းသည် သူတို့လိမ်ဆယ်ဖန်တီးထားသည့် လိမ်ညာမှုကို ရုတ်တရက် ဝါးမျိုလိုက်လေ၏။

فَاُلْقِيَ السَّحَرَةُ سٰجِدِيْنَ ۝

၄၇။ သို့ဖြင့် မှော်ဆရာတို့သည်(မြေကြီးပေါ်တွင်) ဦးချလဲကျသွားခဲ့ကြရပေသည်၊

قَالُوْٓا اٰمَنَّا بِرَبِّ الْعٰلَمِيْنَ ۝

၄၈။ ၎င်းတို့က ပြောကြားကြသည်မှာ ကျွန်ုပ်တို့သည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းပျိုးထောင်တော်မူသည့်အရှင်အား သက်ဝင်ယုံကြည်ကြပါပြီ၊

رَبِّ مُوْسٰى وَهٰرُوْنَ ۝

၄၉။ ထိုအရှင်သည် 'မူစာ'နှင့် 'ဟာရွန်'တို့၏ ဖန်ဆင်းမွေးမြူတော်မူသောအရှင်လည်း ဖြစ်တော်မူ၏။

قَالَ اٰمَنْتُمْ لَهٗ قَبْلَ اَنْ اٰذَنَ لَكُمْ ۚ اِنَّهٗ لَكَبِيْرُكُمُ الَّذِيْ عَلَّمَكُمُ السِّحْرَ ۚ فَلَسَوْفَ تَعْلَمُوْنَ ۗ لَاُقَطِّعَنَّ اَيْدِيَكُمْ وَاَرْجُلَكُمْ مِّنْ خِلَافٍ وَّ لَاُوصَلِّبَنَّكُمْ اَجْمَعِيْنَ ۝

၅၀။ ၎င်း(ဖိရ်အောင်)က အသင်တို့အား ငါခွင့်မပြုမီအလျင် အသင်တို့သည် သူ့အား သက်ဝင်ယုံကြည်ကြပေသလော။ အမှန်ပင် ဤသူသည် အသင်တို့အား မှော်အတတ်ကို သင်ပေးခဲ့သည့် အသင်တို့၏အကြီးအကဲဖြစ်၏။ သို့ဖြစ်ရာ အသင်တို့သည် များမကြာမီ (ယင်း၏ရလဒ်ကို)သိကြရပေအံ့။ ငါသည် ဧကန်မုချ အသင်တို့၏လက်များနှင့် အသင်တို့၏ ခြေထောက်များကို ဆန့်ကျင်ဘက်များမှ ဖြတ်တောက်ပစ်ပေမည်။ ထို့ပြင် ငါသည် အသင်တို့အားလုံးကို အမှန်ပင် လက်ဝါးကပ်တိုင်တင်မည်ဟု ပြောလေ၏။

قَالُوْا لَا ضَيْرَ ۚ اِنَّآ اِلٰى رَبِّنَا مُنْقَلِبُوْنَ ۝

၅၁။ ယင်း(မော်ဆရာ)တို့က ပြန်ပြောကြသည်မှာ တစ်စုံတစ်ရာ အရေးမထားတော့ပြီ၊ ကျွန်ုပ်တို့သည် ဧကန်စင်စစ် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်သို့သာလျှင် ပြန်သွားကြရမည့် သူများ ဖြစ်ကြပေသည်။

اِنَّا نَطْمَعُ اَنْ يَّغْفِرَ لَنَا رَبُّنَا خَطٰيٰنَآ اَنْ كُنَّآ اَوَّلَ الْمُؤْمِنِيْنَ ۝

၅၂။ ဧကန်မုချ ကျွန်ုပ်တို့၏ဖန်ဆင်းမွေးမြူရှင်သည် ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်တော်မူလိမ့်မည်ဟု ကျွန်ုပ်တို့သည် မျှော်လင့်စောင့်စားလျက်ရှိကြပါသည်။ အကြောင်းမူ ကျွန်ုပ်တို့သည် ဦးစွာပထမ သက်ဝင်ယုံကြည်သူများအနက်မှ ဖြစ်သွားခဲ့ကြသောကြောင့်တည်း။

ရုကူး-၄

وَاَوْحَيْنَآ اِلٰى مُوْسٰٓى اَنْ اَسْرِ بِعِبَادِيْٓ اِنَّكُمْ مُّتَّبَعُوْنَ ۝

၅၃။ ငါတို့သည် 'မူစာ'အား ညဉ့်၏အချိန်တစ်ချိန်၌ ငါတို့၏အစေတော်များကို ဤနေရာမှခေါ်ဆောင်သွားလော့၊ အမှန်ပင် အသင်တို့သည် နောက်မှလိုက်ခြင်းကို ခံကြရပေလိမ့်မည်ဟု ဗျာဒိတ်ပို့ချတော်မူ၏။

فَاَرْسَلَ فِرْعَوْنُ فِى الْمَدَآئِنِ حٰشِرِيْنَ ۝

၅၄။ သို့ဖြစ်ရာ 'ဖိရ်အောင်'သည် အမြို့မြို့အရွာရွာသို့ ဆင့်ခေါ်စည်းရုံးသူများကိုစေလွှတ်(၍ ဤသို့ကြေညာစေ)လေ၏။

اِنَّ هٰٓؤُلَآءِ لَشِرْذِمَةٌ قَلِيْلُوْنَ ۝

၅၅။ ဧကန်မုချ ဤသူတို့သည် အရေအတွက် အနည်းငယ်မျှသာရှိသော နိမ့်ကျသည့်အုပ်စုတစ်စုသာဖြစ်၏။

وَاِنَّهُمْ لَنَا لَغَآئِظُوْنَ ۝

၅၆။ သို့တိုင်အောင် သူတို့သည် အမှန်ပင် ငါတို့အား ဒေါသထွက်အောင် ဆွပေးလျက်ရှိနေကြပေသည်။

وَاِنَّا لَجَمِيْعٌ حٰذِرُوْنَ ۝

၅၇။ စင်စစ် ငါတို့အားလုံးသည် ဧကန်ပင် နိုးကြား၍ သတိဝီရိယရှိသူများဖြစ်ကြ၏။

فَاَخْرَجْنٰهُمْ مِّنْ جَنّٰتٍ وَّعُيُوْنٍ ۝

၅၈။ သို့ဖြစ်ရာ ငါတို့သည် သူတို့အား ဥယျာဉ်များနှင့် စမ်းချောင်းများ(၏မြေ)မှ ထုတ်ပယ်ပစ်တော်မူ၏။

وَّكُنُوْزٍ وَّمَقَامٍ كَرِيْمٍ ۝

၅၉။ ထို့ပြင် ပစ္စည်းဥစ္စာရတနာများနှင့် ဂုဏ်သိက္ခာရှိသော နေရာမှလည်း (ထုတ်ပယ်ပစ်တော်မူခဲ့၏)။

كَذٰلِكَ ۗ وَاَوْرَثْنٰهَا بَنِيْٓ اِسْرَآءِيْلَ ۝

၆၀။ ဤကဲ့သို့ပင်(ဖြစ်ခဲ့၏) ထို့ပြင် ငါတို့သည်'အစ္စရာအီလ်' မျိုးနွယ်များကို ယင်း(မြေ)၏အမွေခံများ ဖြစ်စေတော်မူ၏။

فَاَتْبَعُوْهُمْ مُّشْرِقِيْنَ ۝

၆၁။ သို့ဖြစ်ရာ ၎င်း(ဖိရ်အောင်နှင့်အပေါင်းအပါ)တို့သည် အရုဏ်ဦးအချိန်တွင် သူတို့၏နောက်သို့လိုက်ကြလေ၏။

فَلَمَّا تَرَآءَ الْجَمْعٰنِ قَالَ اَصْحٰبُ مُوْسٰٓى اِنَّا لَمُدْرَكُوْنَ ۝

၆၂။ သို့ဖြင့် အုပ်စုနှစ်စုစလုံးသည် တစ်စုကိုတစ်စု တွေ့မြင်ရသည့်အခါ 'မူစာ'၏အပေါင်းအဖော်များက ကျွန်ုပ်တို့သည် အမှန်ပင် ဖမ်းဆီးခြင်းခံကြရပေပြီဟုပြောကြားလေသည်။

قَالَ كَلَّا ۚ اِنَّ مَعِيَ رَبِّيْ سَيَهْدِيْنِ ۝

၆၃။ သူ(မူစာ)က အလျှင်းမဟုတ်ချေ။ မလွဲဧကန် ကျွန်ုပ်၏

ဖန်ဆင်းမွေးမြူရှင်သည် ကျွန်ုပ်နှင့်အတူရှိတော်မူ၏။ (အရှင်သည်) ကျွန်ုပ်အား အမှန်ပင် လမ်းညွှန်တော်မူပေလိမ့်မည်ဟု ပြောကြားလေသည်။

فَاَوْحَيْنَآ اِلٰى مُوْسٰٓى اَنِ اضْرِبْ بِّعَصَاكَ الْبَحْرَ ۭ فَانْفَلَقَ فَكَانَ كُلُّ فِرْقٍ كَالطَّوْدِ الْعَظِيْمِ ۝۶۳

၆၃။ သို့ဖြစ်ရာ ငါတို့သည် 'မူစာ'ထံသို့ အသင်၏တောင်ဝှေးဖြင့် ပင်လယ်ကိုရိုက်လော့ဟု ဗျာဒိတ်ပေးတော်မူ၏။ သို့ဖြင့် (ပင်လယ်)သည် ကွဲသွားပြီး အစိတ်အပိုင်းတိုင်းသည် ကြီးမားသောတောင်ကုန်းသဖွယ် ဖြစ်သွားလေသည်။ ①

وَاَزْلَفْنَا ثَمَّ الْاٰخَرِيْنَ ۝۶۴

၆၄။ ထို့နေရာ၌ ငါတို့သည် နောက်မှလိုက်သူများကို (ရှေ့မှသွားသူများနှင့်) နီးစေတော်မူခဲ့၏။

وَاَنْجَيْنَا مُوْسٰى وَمَنْ مَّعَهٗٓ اَجْمَعِيْنَ ۝۶۵

၆၅။ ထို့ပြင် ငါတို့သည် မူစာနှင့် သူနှင့်အတူရှိသူများ အားလုံးတို့ကို ကယ်တင်တော်မူခဲ့၏။

ثُمَّ اَغْرَقْنَا الْاٰخَرِيْنَ ۝۶۶

၆၆။ ထို့နောက် ငါတို့သည် အခြားသူများကို နှစ်မြှုပ်ပစ်တော်မူခဲ့၏။

اِنَّ فِيْ ذٰلِكَ لَاٰيَةً ۭ وَمَا كَانَ اَكْثَرُهُمْ مُّؤْمِنِيْنَ ۝۶۷

၆၇။ ဧကန်ပင် ယင်း၌ အလွန်ကြီးမားသော နိမိတ်လက္ခဏာတစ်ရပ်ရှိခဲ့၏။ (သို့ဖြစ်လင့်ကစား) စင်စစ် ယင်းတို့အနက် အများစုသည် သက်ဝင်ယုံကြည်သူများမဖြစ်ခဲ့ကြချေ။

وَاِنَّ رَبَّكَ لَهُوَ الْعَزِيْزُ الرَّحِيْمُ ۝۶۸ ع

၆၈။ စင်စစ်တစ်မူကား အသင်၏ ဖန်ဆင်းမွေးမြူရှင်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရုကူး-၅

وَاتْلُ عَلَيْهِمْ نَبَاَ اِبْرٰهِيْمَ ۝۶۹ ع

၆၉။ ထို့ပြင် ယင်းတို့ရှေ့၌ 'အစ်ဗရာဟင်မ်'၏သတင်းကို ဖတ်ပြပါလေ။

اِذْ قَالَ لِاَبِيْهِ وَقَوْمِهٖ مَا تَعْبُدُوْنَ ۝۷۰

၇၀။ အကြင်အခါဝယ် သူက မိမိ၏ဖခင်နှင့် မိမိ၏အမျိုးသားတို့အား အသင်တို့သည် မည်သည့်အရာကို ခဝပ်ကိုးကွယ်ကြပါသနည်းဟု မေးမြန်းလေ၏။

قَالُوْا نَعْبُدُ اَصْنَامًا فَنَظَلُّ لَهَا عٰكِفِيْنَ ۝۷۱

၇၁။ ၎င်းတို့က ကျွန်ုပ်တို့သည် ရုပ်တုများကို ခဝပ်ကိုးကွယ်ကြပါသည်။ ယင်းတို့ကို (ဝတ်ပြုရန်)အတွက် ထိုင်နေကြပါသည်ဟု ဖြေကြားကြလေ၏။

① ဤအာယတ်တော်တွင် တမန်တော်မူစာ ﷺက နိုင်းလ်မြစ်နှင့် ပင်လယ်ပြင်တို့ ဆုံစည်းရာနေရာမှ ပင်လယ်ကိုဖြတ်သန်းခဲ့ခြင်းအကြောင်းကိုဖော်ပြခြင်းဖြစ်သည်။ အချို့အခါများတွင် နိုင်းလ်မြစ်တွင် အထက်မှရေကြီးခြင်းကြောင့် မြစ်ရေသည် အရှိန်အဟုန်ပြင်းစွာ စီးဆင်း၍လာပြီး ရေ၏တံတိုင်းကြီးတစ်ခုရွှေ့လျားလာနေသယောင်ထင်ရလေသည်။ ထို့အတူ ပင်လယ်သည်လည်း ဒီရေတက်သည့်အချိန်တွင် မုန်တိုင်းထန်သော လှိုင်းတံပိုးကြီးများနှင့်အတူ မြင့်မားလှုံ့တက်၍လာပေသည်။ အလွှာတ်အရှင်မြတ်က တမန်တော်မူစာ ﷺအား နိုင်းလ်မြစ်နှင့် ပင်လယ်တို့ဆုံစည်းရာ ဤနေရာမှဖြတ်သန်း၍ သွားစေတော်မူသောအချိန်မှာ ထိုရေလွှမ်းမိုးခြင်းနှစ်ရပ်စလုံး မဆုံတွေ့မီ အချိန်အတောအတွင်းဖြစ်ပေသည်။ သို့ရာတွင် တမန်တော်မူစာ ﷺနှင့် နောက်လိုက်များဖြတ်သန်းပြီး၍ သူတို့အားဖမ်းဆီးရန် နောက်မှလိုက်၍လာသော 'ဖိရ်အောင်'၏အမျိုးသားတို့မှာ ထိုနှစ်ဖက်စလုံးမှ ရင်ဆိုင်တိုက်ခတ်လာသော မုန်တိုင်းတို့တစ်ခုနှင့်တစ်ခု ဆုံစည်းမိချိန်နှင့်ကြုံတွေ့ရပေရာ 'ဖိရ်အောင်'အပါအဝင် ယင်းတို့အားလုံး ရေနစ်မြှုပ်သွားခဲ့ကြရခြင်းဖြစ်ပေသည်။

قَالَ هَلْ يَسْمَعُوْنَكُمْ اِذْ تَدْعُوْنَ ﴿۷۲﴾

၇၃။ သူကပြောကြားသည်မှာ အသင်တို့သည် (ယင်းတို့ကို) ဟစ်ခေါ်သောအခါ ယင်းတို့သည် အသင်တို့၏ ဟစ်ခေါ်သံကို ကြားကြပါသလော၊

اَوْ يَنْفَعُوْنَكُمْ اَوْ يَضُرُّوْنَ ﴿۷۳﴾

၇၄။ သို့တည်းမဟုတ် အသင်တို့အား အကျိုးပြုပါသလော။ သို့တည်းမဟုတ် တစ်စုံတစ်ရာ နစ်နာဆုံးရှုံးမှု သက်ရောက်စေပါသလော။

قَالُوْا بَلْ وَجَدْنَآ اٰبَآءَنَا كَذٰلِكَ يَفْعَلُوْنَ ﴿۷۴﴾

၇၅။ ၎င်းတို့က ထိုသို့မဟုတ်ချေ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အဘဘိုးဘေးတို့အား ဤကဲ့သို့ ကျင့်မူလျက်ရှိခဲ့ကြသည်ကို မြင်တွေ့ရပါသည်ဟု ပြောကြားလေ၏။

قَالَ اَفَرَءَيْتُمْ مَّا كُنْتُمْ تَعْبُدُوْنَ ﴿۷۵﴾

၇၆။ သူကပြောကြားသည်မှာ အသင်တို့သည် မည်သည့်အရာကို ခဝပ်ကိုးကွယ်လျက်နေကြသည်ကို အသင်တို့ မစဉ်းစားကြပါသလော၊

اَنْتُمْ وَاٰبَآؤُكُمُ الْاَقْدَمُوْنَ ﴿۷۶﴾

၇၇။ အသင်တို့သည်လည်းကောင်း၊ အသင်တို့၏ လွန်လေပြီးသော အဘဘိုးဘေးများသည်လည်းကောင်း (မစဉ်းစားကြလေသလော)။

فَاِنَّهُمْ عَدُوٌّ لِّيْٓ اِلَّا رَبَّ الْعٰلَمِيْنَ ﴿۷۷﴾

၇၈။ သို့ဖြစ်ရာ ဧကန်ပင် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်မှလွဲ၍ (အသင်တို့ကိုးကွယ်နေကြသော) ယင်း(အရာအားလုံး)တို့သည် ကျွန်ုပ်၏ ရန်သူများပင်ဖြစ်၏၊

الَّذِيْ خَلَقَنِيْ فَهُوَ يَهْدِيْنِ ﴿۷۸﴾

၇၉။ ထိုအရှင်မြတ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူခဲ့၏။ သို့ဖြစ်ရာ ထိုအရှင်မြတ်သည်ပင် ကျွန်ုပ်အား လမ်းညွှန်တော်မူပေသည်၊

وَالَّذِيْ هُوَ يُطْعِمُنِيْ وَيَسْقِيْنِ ﴿۷۹﴾

၈၀။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် ကျွန်ုပ်အား အစားအစာကျွေးမွေးတော်မူ၍ ရေကိုလည်း တိုက်ကျွေးတော်မူ၏၊

وَاِذَا مَرِضْتُ فَهُوَ يَشْفِيْنِ ﴿۸۰﴾

၈၁။ ကျွန်ုပ် မကျန်းမမာဖြစ်သောအခါ၌လည်း ထိုအရှင်မြတ်သည်ပင် ကျွန်ုပ်အားရောဂါပျောက်ကင်းချမ်းသာစေတော်မူ၏၊

وَالَّذِيْ يُمِيْتُنِيْ ثُمَّ يُحْيِيْنِ ﴿۸۱﴾

၈၂။ ထို့ပြင် အရှင်မြတ်သည်ပင် ကျွန်ုပ်အား သေဆုံးစေတော်မူမည်။ ထို့နောက်တစ်ဖန် ရှင်စေတော်မူပေမည်၊

وَالَّذِيْٓ اَطْمَعُ اَنْ يَّغْفِرَ لِيْ خَطِيْٓـَٔتِيْ يَوْمَ الدِّيْنِ ﴿۸۲﴾

၈၃။ ဆုလာဘ်နှင့်ပြစ်ဒဏ်ပေးမည့် နေ့တော်ကြီးတွင် ထိုအရှင်မြတ်သည် ကျွန်ုပ်၏အပြစ်များကို ခွင့်လွှတ်တော်မူမည်ဟု ကျွန်ုပ်မျှော်လင့်ပါ၏။

رَبِّ هَبْ لِيْ حُكْمًا وَّاَلْحِقْنِيْ بِالصّٰلِحِيْنَ ﴿۸۳﴾

၈၄။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးအား ဉာဏ်ပညာအမြော်အမြင်ကို ပေးသနားတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအား သူတော်ကောင်းများတွင် ပါဝင်စေတော်မူပါ၊

وَاجْعَلْ لِّيْ لِسَانَ صِدْقٍ فِي الْاٰخِرِيْنَ ﴿٨٤﴾

၈၄။ ထို့ပြင် နောင်လာမည့်သူများ၌ ကျွန်တော်မျိုးအတွက် အမှန်ပြောသည့် နှုတ်ပါးစပ်ကို ပြဋ္ဌာန်းတော်မူပါ၊

وَاجْعَلْنِيْ مِنْ وَّرَثَةِ جَنَّةِ النَّعِيْمِ ﴿٨٥﴾

၈၅။ ကျွန်တော်မျိုးအား 'နေ့အ်မတ်' ကောင်းချီးဆုလာဘ်တော်များရှိသည့် 'ဂျန္နတ်'ဥယျာဉ်တော်၏အမွေခံများတွင် (အပါအဝင်ဖြစ်အောင်) ပြုလုပ်တော်မူပါ၊

وَاغْفِرْ لِاَبِيْٓ اِنَّهٗ كَانَ مِنَ الضَّآلِّيْنَ ﴿٨٦﴾

၈၆။ ကျွန်တော်မျိုး၏ဖခင်ကိုလည်း ခွင့်လွှတ်တော်မူပါ။ အမှန်ပင် သူသည် လမ်းလွဲသူများအနက်မှ ဖြစ်ခဲ့ပါသည်၊

وَلَا تُخْزِنِيْ يَوْمَ يُبْعَثُوْنَ ﴿٨٧﴾

၈၇။ ထို့ပြင် သူတို့(အားလုံး) ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် ကျွန်တော်မျိုးအား ဂုဏ်သရေညှိုးနွမ်းအောင် ပြုတော်မမူပါလင့်၊

يَوْمَ لَا يَنْفَعُ مَالٌ وَّلَا بَنُوْنَ ﴿٨٨﴾

၈၈။ ယင်းနေ့တော်ကြီး၌ ပစ္စည်းဥစ္စာများသည်လည်းကောင်း၊ သားများသည်လည်းကောင်း တစ်စုံတစ်ရာ အသုံးဝင်လိမ့်မည် မဟုတ်ပါ၊

اِلَّا مَنْ اَتَى اللّٰهَ بِقَلْبٍ سَلِيْمٍ ﴿٨٩﴾

၈၉။ သို့သော် အလ္လာဟ်၏ရှေ့တော်၌ နာခံမှုပြည့်ဝသောနှလုံးသားဖြင့် လာရောက်သောသူသာလျှင် (အကျိုးကျေးဇူးခံစားရမည်ဖြစ်ပါ၏)။

وَاُزْلِفَتِ الْجَنَّةُ لِلْمُتَّقِيْنَ ﴿٩٠﴾

၉၀။ 'ဂျန္နတ်'ဥယျာဉ်တော်သည် 'မွတ္တကီ'သူတော်စင်များနှင့် နီးကပ်အောင်ပြုလုပ်ပေးခြင်းခံရပေလိမ့်မည်၊

وَبُرِّزَتِ الْجَحِيْمُ لِلْغٰوِيْنَ ﴿٩١﴾

၉၁။ ထို့ပြင် 'ဂျဟန္နမ်' ငရဲကို လမ်းလွဲသူများ၏ရှေ့သို့ မျက်ဝါးထင်ထင် ယူဆောင်လာခြင်းခံရပေလိမ့်မည်၊

وَقِيْلَ لَهُمْ اَيْنَمَا كُنْتُمْ تَعْبُدُوْنَ ﴿٩٢﴾

၉၂။ သူတို့သည် မေးမြန်းခြင်းခံကြရမည်မှာ အသင်တို့ခဝပ်ကိုးကွယ်လျက်ရှိခဲ့ကြသောအရာများသည် အဘယ်မှာနည်း၊

مِنْ دُوْنِ اللّٰهِ ۭ هَلْ يَنْصُرُوْنَكُمْ اَوْ يَنْتَصِرُوْنَ ﴿٩٣﴾

၉၃။ အလ္လာဟ်မှတစ်ပါး (အသင်တို့ ခဝပ်ကိုးကွယ်ခဲ့ကြသောအရာများသည် အဘယ်မှာနည်း) အသို့နည်း ၎င်းတို့က အသင်တို့အား ကူညီနိုင်ပါသလော။ သို့တည်းမဟုတ် (မိမိတို့အတွက်) လက်တုံ့ပြန်နိုင်ကြပါသလော။

فَكُبْكِبُوْا فِيْهَا هُمْ وَالْغَاوٗنَ ﴿٩٤﴾

၉၄။ သို့ဖြစ်ရာ ယင်းတို့သည်လည်းကောင်း၊ ပုန်ကန်ခြားနားသူများသည်လည်းကောင်း ယင်း(ငရဲ)၌မှောက်လျက်လှဲချခြင်းခံကြရလိမ့်မည်၊

وَجُنُوْدُ اِبْلِيْسَ اَجْمَعُوْنَ ﴿٩٥﴾

၉၅။ ထို့ပြင် 'အီဘလီစ်'၏အလုံးစုံသော တပ်အပါအဝင် ဖြစ်၏။

قَالُوْا وَهُمْ فِيْهَا يَخْتَصِمُوْنَ ﴿٩٦﴾

၉၆။ စင်စစ် ၎င်းတို့သည် ယင်း၌အချင်းချင်း အငြင်းပွားလျက်ရှိနေကြလိမ့်မည်။ ၎င်းတို့က (ဤသို့)ပြောဆိုကြလိမ့်မည်၊

تَاللّٰهِ اِنْ كُنَّا لَفِيْ ضَلٰلٍ مُّبِيْنٍ ﴿٩٧﴾

၉၇။ အလ္လာဟ်အား တိုင်တည်ကျိန်ဆိုပါ၏။ ကျွန်ုပ်တို့သည် အမှန်ပင် ပွင့်လင်းထင်ရှားသော လမ်းလွဲမှုတွင်ရှိနေခဲ့ကြ၏၊

اِذْ نُسَوِّيْكُمْ بِرَبِّ الْعٰلَمِيْنَ ۝

၉၉။ အကြင်အခါ ကျွန်ုပ်တို့သည် အသင်တို့အား စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် တန်းတူညီမျှသတ်မှတ်ခဲ့ကြပေသည်။

وَمَآ اَضَلَّنَآ اِلَّا الْمُجْرِمُوْنَ ۝

၁၀၀။ စင်စစ် အပြစ်ကျူးလွန်သူများမှလွဲ၍ မည်သူမျှ ကျွန်ုပ်တို့အား လမ်းလွဲအောင်ပြုခဲ့ကြသည်မဟုတ်ခေ။

فَمَا لَنَا مِنْ شَافِعِيْنَ ۝

၁၀၁။ သို့ဖြစ်ရကား (ယခုအခါ) ကျွန်ုပ်တို့အဖို့ ကြားဝင်အသနားခံလျှောက်လဲပေးမည့်သူ မည်သူမျှမရှိခေ။

وَلَا صَدِيْقٍ حَمِيْمٍ ۝

၁၀၂။ ထို့ပြင် မည်သည့်မိတ်ဆွေရင်းချာမျှလည်း မရှိခေ။

فَلَوْ اَنَّ لَنَا كَرَّةً فَنَكُوْنَ مِنَ الْمُؤْمِنِيْنَ ۝

၁၀၃။ သို့ဖြစ်ရာ ကျွန်ုပ်တို့အဖို့ တစ်ကြိမ် ပြန်လည်၍ သွားခွင့်ရရှိကြလျှင် ကောင်းပေစွ၊ သို့ဖြင့် ကျွန်ုပ်တို့သည် သက်ဝင်ယုံကြည်သူများအနက်မှ ဖြစ်သွားကြပါမည်။

اِنَّ فِيْ ذٰلِكَ لَاٰيَةً ؕ وَمَا كَانَ اَكْثَرُهُمْ مُّؤْمِنِيْنَ ۝

၁၀၄။ ဤ(အကြောင်းရပ်)၌ အမှန်ပင် ကြီးမားသော နိမိတ်လက္ခဏာတော်တစ်ရပ်သည်ရှိ၏။ သို့သော် ယင်းတို့အနက်များစွာသောသူတို့သည် သက်ဝင်ယုံကြည်သူများ မဟုတ်ခဲ့ကြခေ။

وَ اِنَّ رَبَّكَ لَهُوَ الْعَزِيْزُ الرَّحِيْمُ ۝

၁၀၅။ စင်စစ်ကော်န် အသင်၏ဖန်ဆင်းမွေးမြူရှင်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရုကူး-၆

كَذَّبَتْ قَوْمُ نُوْحِ الْمُرْسَلِيْنَ ۝

၁၀၆။ 'နူးဟ်'၏အမျိုးသားတို့သည်လည်း တမန်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြ၏။

اِذْ قَالَ لَهُمْ اَخُوْهُمْ نُوْحٌ اَلَا تَتَّقُوْنَ ۝

၁၀၇။ အကြင်အခါဝယ် သူတို့၏ညီအစ်ကို 'နူးဟ်'က သူတို့အားပြောကြားခဲ့သည်မှာ အသင်တို့သည် 'တက္ကဝါ' အလျှာဟ်အား ကြောက်ရွံ့ခြင်း မရှိကြပါသလော။

اِنِّيْ لَكُمْ رَسُوْلٌ اَمِيْنٌ ۝

၁၀၈။ အမှန်ပင် ကျွန်ုပ်သည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော တမန်တော်တစ်ပါးဖြစ်၏။

فَاتَّقُوا اللّٰهَ وَ اَطِيْعُوْنِ ۝

၁၀၉။ သို့ဖြစ်ရာ 'တက္ကဝါ'အလျှာဟ်အားကြောက်ရွံ့ခြင်း ရှိကြကုန်။ ထို့ပြင် ကျွန်ုပ်အား နာခံကြကုန်။

وَمَآ اَسْـَٔلُكُمْ عَلَيْهِ مِنْ اَجْرٍ ۚ اِنْ اَجْرِيَ اِلَّا عَلٰى رَبِّ الْعٰلَمِيْنَ ۝

၁၁၀။ စင်စစ် ကျွန်ုပ်သည် ယင်းအတွက် အသင်တို့ထံမှ မည်သည့်အဖိုးအခကိုမျှ မတောင်းခံခေ။ ကျွန်ုပ်၏ အဖိုးအခသည်ကား စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်၌သာရှိပေသည်။

فَاتَّقُوا اللّٰهَ وَ اَطِيْعُوْنِ ۝

၁၁၁။ သို့ဖြစ်ရာ 'တက္ကဝါ' အလျှာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်းရှိကြကုန်။ ထို့ပြင် ကျွန်ုပ်အားနာခံကြကုန်။

قَالُوْٓا اَنُؤْمِنُ لَكَ وَاتَّبَعَكَ الْاَرْذَلُوْنَ ﴿۱۱۱﴾

၁၁၂။ ထိုသူတို့က- ကျွန်ုပ်တို့သည် အသင့်စကားကို လက်ခံရမည်လော။ စင်စစ် အဆင့်အနိမ့်ဆုံးသောသူတို့သာလျှင် အသင်၏နောက်သို့လိုက်ကြပေသည်ဟု ပြောဆိုခဲ့ကြ၏။

قَالَ وَمَا عِلْمِيْ بِمَا كَانُوْا يَعْمَلُوْنَ ﴿۱۱۲﴾

၁၁၃။ သူ(နူးဟ်)ကပြောကြားသည်မှာ ၎င်းတို့လုပ်ခဲ့သည်များနှင့်စပ်လျဉ်း၍ ကျွန်ုပ်သည် မည်သို့သိရှိနိုင်မည်နည်း။

اِنْ حِسَابُهُمْ اِلَّا عَلٰى رَبِّيْ لَوْ تَشْعُرُوْنَ ﴿۱۱۳﴾

၁၁၄။ ယင်းတို့အား စာရင်းစစ်ကြောရန်မှာ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ တာဝန်သာဖြစ်သည်။ အသင်တို့ သိနားလည်လျှင်ကောင်းပေစွ။

وَمَآ اَنَا بِطَارِدِ الْمُؤْمِنِيْنَ ﴿۱۱۴﴾

၁၁၅။ ကျွန်ုပ်သည် သက်ဝင်ယုံကြည်သူများကို နှင်ထုတ်မည့်သူမဟုတ်ခေ။

اِنْ اَنَا اِلَّا نَذِيْرٌ مُّبِيْنٌ ﴿۱۱۵﴾

၁၁၆။ ကျွန်ုပ်သည် ပွင့်လင်းထင်ရှားစွာ သတိပေးနှိုးဆော်သူမျှသာဖြစ်၏။

قَالُوْا لَئِنْ لَّمْ تَنْتَهِ يٰنُوْحُ لَتَكُوْنَنَّ مِنَ الْمَرْجُوْمِيْنَ ﴿۱۱۶﴾

၁၁၇။ ထိုသူတို့က အို-'နူးဟ်' အကယ်၍ အသင်သည် မရပ်တန့်လျှင် အသင်သည် ခဲဖြင့်ပစ်ပေါက်သတ်ခြင်းခံရသူများတွင် မလွဲမကန် အပါအဝင်ဖြစ်သွားပေလိမ့်မည်ဟုပြောကြ၏။

قَالَ رَبِّ اِنَّ قَوْمِيْ كَذَّبُوْنِ ﴿۱۱۷﴾

၁၁၈။ သူကလျှောက်ထားသည်မှာ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုး၏ အမျိုးသားတို့သည် ကျွန်တော်မျိုးအား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြပါသည်။

فَافْتَحْ بَيْنِيْ وَبَيْنَهُمْ فَتْحًا وَّنَجِّنِيْ وَمَنْ مَّعِيَ مِنَ الْمُؤْمِنِيْنَ ﴿۱۱۸﴾

၁၁၉။ သို့ပါ၍ ကျွန်တော်မျိုးနှင့် ထိုသူတို့၏အကြားတွင် ရှင်းလင်းပြတ်သားစွာ စီရင်ဆုံးဖြတ်တော်မူပါ။ ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုးနှင့်အတူရှိကြသော သက်ဝင်ယုံကြည်သူများအားလည်းကောင်း ကယ်တင်တော်မူပါ။

فَاَنْجَيْنٰهُ وَمَنْ مَّعَهٗ فِي الْفُلْكِ الْمَشْحُوْنِ ﴿۱۱۹﴾

၁၂၀။ သို့ဖြစ်ရာ ငါတို့သည် သူနှင့်တကွ သူနှင့်အတူရှိကြသူများကို အပြည့်တင်ထားသောလှေသင်္ဘောဖြင့် ကယ်တင်တော်မူခဲ့၏။

ثُمَّ اَغْرَقْنَا بَعْدُ الْبٰقِيْنَ ﴿۱۲۰﴾

၁၂၁။ ထို့နောက် ငါတို့သည် ကျန်သောသူများကို နှစ်မြှုပ်ပစ်တော်မူခဲ့ပေသည်။

اِنَّ فِيْ ذٰلِكَ لَاٰيَةً ۭ وَمَا كَانَ اَكْثَرُهُمْ مُّؤْمِنِيْنَ ﴿۱۲۱﴾

၁၂၂။ အမှန်ပင် ယင်း(အကြောင်းရပ်)၌ ကြီးမားသော နိမိတ်လက္ခဏာတော်တစ်ရပ်သည်ရှိ၏။ သို့သော် ယင်းတို့အနက်များစွာသောသူတို့သည် သက်ဝင်ယုံကြည်သူများ မဟုတ်ခဲ့ကြခေ။

وَاِنَّ رَبَّكَ لَهُوَ الْعَزِيْزُ الرَّحِيْمُ ﴿۱۲۲﴾

၁၂၃။ စင်စစ်ကေန် အသင်၏ဖန်ဆင်းမွေးမြူရှင်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရုကူ-၇

كَذَّبَتْ عَادُ ۨ الْمُرْسَلِيْنَ ﴿١٢٣﴾

၁၂၄။ 'အားဒ်'အမျိုးသားတို့သည်လည်း တမန်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြ၏။

اِذْ قَالَ لَهُمْ اَخُوْهُمْ هُوْدٌ اَلَا تَتَّقُوْنَ ﴿١٢٤﴾

၁၂၅။ အကြင်အခါဝယ် ၎င်းတို့၏ညီအစ်ကို 'ဟူဒ်'က ၎င်းတို့အား ပြောကြားခဲ့သည်မှာ အသင်တို့သည် 'တက္ကဝါ'တရားကို ကျင့်သုံးဆောက်တည်ခြင်း မပြုကြသလော။

اِنِّيْ لَكُمْ رَسُوْلٌ اَمِيْنٌ ﴿١٢٥﴾

၁၂၆။ အမှန်ပင် ကျွန်ုပ်သည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော တမန်တော်တစ်ပါးဖြစ်၏၊

فَاتَّقُوا اللّٰهَ وَ اَطِيْعُوْنِ ﴿١٢٦﴾

၁၂၇။ သို့ဖြစ်ရာ 'တက္ကဝါ' အလျာဟ်အား ကြောက်ရွံ့ခြင်းရှိကြကုန်။ ထို့ပြင် ကျွန်ုပ်အားနာခံကြကုန်။

وَمَآ اَسْـَٔلُكُمْ عَلَيْهِ مِنْ اَجْرٍ ۚ اِنْ اَجْرِيَ اِلَّا عَلٰى رَبِّ الْعٰلَمِيْنَ ﴿١٢٧﴾

၁၂၈။ စင်စစ် ကျွန်ုပ်သည် ယင်းအတွက် အသင်တို့ထံမှ မည်သည့်အဖိုးအခကိုမျှ မတောင်းခံချေ။ ကျွန်ုပ်၏အဖိုးအခသည်ကား စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်၌သာရှိပေသည်။

اَتَبْنُوْنَ بِكُلِّ رِيْعٍ اٰيَةً تَعْبَثُوْنَ ﴿١٢٨﴾

၁၂၉။ အသင်တို့သည် မြင့်စွင့်သောနေရာတိုင်းတွင် (မိမိတို့ကြီးမြတ်ခြင်း၏)သတိရအောက်မေ့ဖွယ်ရာ အထိမ်းအမှတ်ကို အကျိုးမဲ့(သက်သက်) တည်ဆောက်ကြသလော၊

وَ تَتَّخِذُوْنَ مَصَانِعَ لَعَلَّكُمْ تَخْلُدُوْنَ ﴿١٢٩﴾

၁၃၀။ ထို့ပြင် အသင်တို့သည်အမြဲနေထိုင်ရန်အလို့ငှာ (အမျိုးမျိုးသော)အလုပ်ရုံကြီးများကို တည်ဆောက်ကြသလော။

وَ اِذَا بَطَشْتُمْ بَطَشْتُمْ جَبَّارِيْنَ ﴿١٣٠﴾

၁၃၁။ ထို့ပြင် အသင်တို့သည် ဖမ်းဆီးအရေးယူသည့်အခါတွင်လည်း ခက်ထန်ကြမ်းကြုတ်သူများအဖြစ် ဖမ်းဆီးကြ၏။

فَاتَّقُوا اللّٰهَ وَ اَطِيْعُوْنِ ﴿١٣١﴾

၁၃၂။ သို့ဖြစ်ရာ 'တက္ကဝါ' အလျာဟ်အားကြောက်ရွံ့ခြင်းရှိကြကုန်။ ထို့ပြင် ကျွန်ုပ်အားနာခံကြကုန်။

وَاتَّقُوا الَّذِيْٓ اَمَدَّكُمْ بِمَا تَعْلَمُوْنَ ﴿١٣٢﴾

၁၃၃။ ထို့ပြင် အသင်တို့သိရှိကြကုန်သော အရာဝတ္ထုများဖြင့် အသင်တို့အား ကူညီစောင်မတော်မူသော ထိုအရှင်မြတ်အားကြောက်ရွံ့ကြကုန်။

اَمَدَّكُمْ بِاَنْعَامٍ وَّ بَنِيْنَ ﴿١٣٣﴾

၁၃၄။ ထိုအရှင်မြတ်သည် အသင်တို့အား ကျွဲနွားတိရစ္ဆာန်များနှင့် သားသမီးများ(ပေးကမ်းခြင်း)ဖြင့် အသင်တို့အား ကူညီစောင်မတော်မူခဲ့၏၊

وَجَنّٰتٍ وَّعُيُوْنٍ ﴿١٣٤﴾

၁၃၅။ ထို့ပြင် ဥယျာဉ်များ၊ စမ်းချောင်းများဖြင့်လည်း (ကူညီစောင်မတော်မူခဲ့၏)။

اِنِّيْٓ اَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ عَظِيْمٍ ﴿١٣٥﴾

၁၃၆။ အမှန်ပင် ကျွန်ုပ်သည် အသင်တို့အပေါ် ကျရောက်မည့် ကြီးမားသောနေ့တော်ကြီး၏အပြစ်ဒဏ်ကို ကြောက်ရွံ့စိုးထိတ်ပါ၏။

قَالُوْا سَوَآءٌ عَلَيْنَآ اَوَعَظْتَ اَمْ لَمْ تَكُنْ مِّنَ الْوٰعِظِيْنَ ﴿۱۳۶﴾

၁၃၇။ ယင်းတို့က ပြောကြသည်မှာ အသင်သည် ကျွန်ုပ်တို့အား သွန်သင်ဆုံးမသည်ဖြစ်စေ၊ သွန်သင်ဆုံးမသူများအနက် မှမဟုတ်သည်ဖြစ်စေ ကျွန်ုပ်တို့အဖို့ (အကြောင်းမထူး) အတူတူပင်ဖြစ်၏၊

اِنْ هٰذَآ اِلَّا خُلُقُ الْاَوَّلِيْنَ ﴿۱۳۷﴾

၁၃၈။ ဤသည် ရှေးလူများ၏အကျင့်စရိုက်သာဖြစ်၏ (ယင်းကိုပင် အသင်သည် ကျွန်ုပ်တို့အားသင်ပေးနေခြင်းဖြစ်၏)။

وَمَا نَحْنُ بِمُعَذَّبِيْنَ ﴿۱۳۸﴾

၁၃၉။ စင်စစ် ကျွန်ုပ်တို့သည် အပြစ်ဒဏ်ပေးခြင်းကို ခံကြရမည်မဟုတ်ချေ၊

فَكَذَّبُوْهُ فَاَهْلَكْنٰهُمْ ؕ اِنَّ فِيْ ذٰلِكَ لَاٰيَةً ؕ وَمَا كَانَ اَكْثَرُهُمْ مُّؤْمِنِيْنَ ﴿۱۳۹﴾

၁၄၀။ ယင်းတို့သည် သူ့အား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြပေရာ ငါတို့သည် ယင်းတို့အား ဖျက်ဆီးပစ်တော်မူခဲ့၏။ အမှန်ပင် ယင်း(ဖြစ်ရပ်)၌ ကြီးမားသောနိမိတ်လက္ခဏာတော် တစ်ရပ်သည်ရှိ၏။ သို့သော် ယင်းတို့အနက် များစွာသော သူတို့မှာ သက်ဝင်ယုံကြည်လာမည့်သူများ မဟုတ်ခဲ့ကြချေ။

وَاِنَّ رَبَّكَ لَهُوَ الْعَزِيْزُ الرَّحِيْمُ ﴿۱۴۰﴾

၁၄၁။ စင်စစ်ကေန် အသင်၏ဖန်ဆင်းမွေးမြူရှင်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။

ရုကူး-၈

كَذَّبَتْ ثَمُوْدُ الْمُرْسَلِيْنَ ﴿۱۴۱﴾

၁၄၂။ 'ဆမူးဒ်'အမျိုးသားတို့သည်လည်း တမန်တော်များကို မဟုတ်မမှန်ဟုစွပ်စွဲငြင်းပယ်ခဲ့ကြ၏။

اِذْ قَالَ لَهُمْ اَخُوْهُمْ صٰلِحٌ اَلَا تَتَّقُوْنَ ﴿۱۴۲﴾

၁၄၃။ အကြင်အခါဝယ် ၎င်းတို့၏ညီအစ်ကို 'ဆွာလေဟ်'က ၎င်းတို့အား ပြောကြားခဲ့သည်မှာ အသင်တို့သည် 'တက္ကဝါ' တရားကို ကျင့်သုံးဆောက်တည်ခြင်း မပြုကြသလော။

اِنِّيْ لَكُمْ رَسُوْلٌ اَمِيْنٌ ﴿۱۴۳﴾

၁၄၄။ အမှန်ပင် ကျွန်ုပ်သည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော တမန်တော်တစ်ပါးဖြစ်၏၊

فَاتَّقُوا اللّٰهَ وَاَطِيْعُوْنِ ﴿۱۴۴﴾

၁၄၅။ သို့ဖြစ်ရာ 'တက္ကဝါ' အလျာဟ်အားကြောက်ရွံ့ခြင်းရှိကြကုန်။ ထို့ပြင် ကျွန်ုပ်အားနာခံကြကုန်။

وَمَآ اَسْـَٔلُكُمْ عَلَيْهِ مِنْ اَجْرٍ ۚ اِنْ اَجْرِيَ اِلَّا عَلٰى رَبِّ الْعٰلَمِيْنَ ﴿۱۴۵﴾

၁၄၆။ စင်စစ် ကျွန်ုပ်သည် ယင်းအတွက် အသင်တို့ထံမှ မည်သည့်အဖိုးအခကိုမျှ မတောင်းခံချေ။ ကျွန်ုပ်၏ အဖိုးအခသည်ကား စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်၌သာရှိပေသည်။

اَتُتْرَكُوْنَ فِيْ مَا هٰهُنَآ اٰمِنِيْنَ ﴿۱۴۶﴾

၁၄၇။ အသင်တို့သည် ဤကဲ့သို့ပင် ဤနေရာ၌ ငြိမ်းချမ်းလုံခြုံစွာဖြင့် လွှတ်ထားခြင်းခံကြရမည်လော၊

فِيْ جَنّٰتٍ وَّعُيُوْنٍ ﴿۱۴۷﴾

၁၄၈။ ဥယျာဉ်များနှင့် စမ်းချောင်းများ၌လည်းကောင်း၊

وَّزُرُوْعٍ وَّنَخْلٍ طَلْعُهَا هَضِيْمٌ ﴿۱۴۸﴾

၁၄၉။ ထို့ပြင် လယ်ယာများ၌လည်းကောင်း၊ (အသီးများ၏ဝန်ကြောင့်) အခိုင်များကျိုးကျလုမတတ် ညွတ်ကျလျက်ရှိ

သော စွန်ပလွံပင်များ(ရှိသည့် ခြံများ)၌လည်းကောင်း။

وَتَنْحِتُوْنَ مِنَ الْجِبَالِ بُيُوْتًا فٰرِهِيْنَ ﴿۱۴۹﴾

၁၅၀။ ထို့ပြင် အသင်တို့သည်ကျွမ်းကျင်စွာဖြင့် တောင်များကို ထွင်း၍ နေအိမ်များပြုလုပ်ကြ၏။

فَاتَّقُوا اللّٰهَ وَاَطِيْعُوْنِ ﴿۱۵۰﴾

၁၅၁။ သို့ဖြစ်ရာ 'တက္ကဝါ' အလ္လာဟ်အားကြောက်ရွံ့ခြင်း ရှိကြကုန်။ ထို့ပြင် ကျွန်ုပ်အားနာခံကြကုန်။

وَلَا تُطِيْعُوْٓا اَمْرَ الْمُسْرِفِيْنَ ﴿۱۵۱﴾

၁၅၂။ ထို့ပြင် စည်းဘောင်ကိုကျော်သူများ၏အမိန့်ကို မလိုက်နာကြကုန်လင့်။

الَّذِيْنَ يُفْسِدُوْنَ فِى الْاَرْضِ وَلَا يُصْلِحُوْنَ ﴿۱۵۲﴾

၁၅၃။ သူတို့သည် ကမ္ဘာမြေတွင် ပြဿနာဖန်တီးကြ၏။ သင့်တင့်ပြေငြိမ်းမှုကို မပြုကြချေ။

قَالُوْٓا اِنَّمَآ اَنْتَ مِنَ الْمُسَحَّرِيْنَ ﴿۱۵۳﴾

၁၅၄။ ၎င်းတို့က ပြောကြသည်မှာ မလွဲဧကန် အသင်သည် မှော်ဖြင့်ပြုစားခြင်းခံရသူများအနက်မှ ဖြစ်ပေသည်။

مَآ اَنْتَ اِلَّا بَشَرٌ مِّثْلُنَا ۖ فَاْتِ بِاٰيَةٍ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ﴿۱۵۴﴾

၁၅၅။ အသင်သည် ကျွန်ုပ်တို့ကဲ့သို့ လူသားတစ်ဦးမှလွဲ၍ အခြားမည်သည်မျှမဟုတ်ချေ။ သို့ဖြစ်ရာ အကယ်၍ အသင်သည် မှန်ကန်သူများအနက်မှဖြစ်လျှင် နိမိတ်လက္ခဏာတစ်ခုခုကို ယူဆောင်လာပါလေ။

قَالَ هٰذِهٖ نَاقَةٌ لَّهَا شِرْبٌ وَّلَكُمْ شِرْبُ يَوْمٍ مَّعْلُوْمٍ ﴿۱۵۵﴾

၁၅၆။ သူ(ဆွာလေဟ်)က ပြောကြားသည်မှာ- ဤသည် ကုလားအုတ်မတစ်ကောင်ဖြစ်၏။ ယင်းအတွက် ရေသောက်ရန် အချိန်တစ်ချိန်သတ်မှတ်ထားရှိပေသည်။ အသင်တို့အတွက်လည်း သတ်မှတ်ထားသောနေ့တွင် ရေယူရန်အလှည့်ရှိပေမည်။

وَلَا تَمَسُّوْهَا بِسُوْٓءٍ فَيَاْخُذَكُمْ عَذَابُ يَوْمٍ عَظِيْمٍ ﴿۱۵۶﴾

၁၅၇။ သို့ဖြစ်ရာ ယင်း(ကုလားအုတ်မ)အား ဆုံးရှုံးမှုသက်ရောက်စေရန်အတွက် (လက်နှင့်ပင်)မထိလေနှင့်။ သို့မဟုတ်ပါက အသင်တို့အား ကြီးကျယ်သောနေ့တစ်နေ့၏ အပြစ်ဒဏ်သည် လာရောက်ဖမ်းဆီးပေအံ့။

فَعَقَرُوْهَا فَاَصْبَحُوْا نٰدِمِيْنَ ﴿۱۵۷﴾

၁၅၈။ ထို(သို့သတိပေး)သည့်တိုင် သူတို့သည် ယင်း(ကုလားအုတ်မ)၏တံကောက်ကြောကို ဖြတ်တောက်လိုက်ကြ၏။ သို့ဖြင့် သူတို့သည် အလွန်ပင် ယူကြုံးမရဖြစ်ခဲ့ကြပေသည်၊

فَاَخَذَهُمُ الْعَذَابُ ۗ اِنَّ فِىْ ذٰلِكَ لَاٰيَةً ۗ وَمَا كَانَ اَكْثَرُهُمْ مُّؤْمِنِيْنَ ﴿۱۵۸﴾

၁၅၉။ သို့ဖြင့် ထိုသူတို့အား အပြစ်ဒဏ်သည် လာရောက်ဖမ်းဆီးခဲ့ပေသည်။ ဧကန်ပင် ယင်း၌ အလွန်ကြီးမားသော နိမိတ်လက္ခဏာတော်တစ်ရပ်သည်ရှိ၏။ သို့ရာတွင် ၎င်းတို့အနက် များစွာသောသူတို့မှာ သက်ဝင်ယုံကြည်ခဲ့သူများမဖြစ်ခဲ့ကြချေ။

وَاِنَّ رَبَّكَ لَهُوَ الْعَزِيْزُ الرَّحِيْمُ ﴿۱۵۹﴾ ع

၁၆၀။ စင်စစ်တစ်မူကား အသင်၏ဖန်ဆင်းမွေးမြူရှင်သည် အကြွင်းမဲ့လွန်မင်းမိုးအောင်နိုင်တော်မူသောအရှင်၊ အဖန်တလဲလဲ

သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။

ရှကူ-၉

كَذَّبَتْ قَوْمُ لُوْطِ الْمُرْسَلِيْنَ ﴿١٦٠﴾

၁၆၀။ 'လူးတ်'အမျိုးသားတို့သည်လည်း တမန်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြ၏။

اِذْ قَالَ لَهُمْ اَخُوْهُمْ لُوْطٌ اَلَا تَتَّقُوْنَ ﴿١٦١﴾

၁၆၁။ အကြင်အခါဝယ် ၎င်းတို့၏ညီအစ်ကို 'လူးတ်'က ၎င်းတို့အားပြောကြားခဲ့သည်မှာ အသင်တို့သည် 'တက္ကဝါ'တရားကို ကျင့်သုံးဆောက်တည်ခြင်း မပြုကြသလော။

اِنِّيْ لَكُمْ رَسُوْلٌ اَمِيْنٌ ﴿١٦٢﴾

၁၆၂။ အမှန်ပင် ကျွန်ုပ်သည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော တမန်တော်တစ်ပါးဖြစ်၏၊

فَاتَّقُوا اللّٰهَ وَاَطِيْعُوْنِ ﴿١٦٣﴾

၁၆၃။ သို့ဖြစ်ရာ 'တက္ကဝါ' အလ္လာဟ်အား ကြောက်ရွံ့ခြင်းရှိကြကုန်။ ထို့ပြင် ကျွန်ုပ်အားနာခံကြကုန်။

وَمَآ اَسْئَلُكُمْ عَلَيْهِ مِنْ اَجْرٍ ۚ اِنْ اَجْرِيَ اِلَّا عَلٰى رَبِّ الْعٰلَمِيْنَ ﴿١٦٤﴾

၁၆၄။ စင်စစ် ကျွန်ုပ်သည် ယင်းအတွက် အသင်တို့ထံမှ မည်သည့်အဖိုးအခကိုမျှ မတောင်းခံချေ။ ကျွန်ုပ်၏ အဖိုးအခသည်ကား စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်၌သာရှိပေသည်။

اَتَاْتُوْنَ الذُّكْرَانَ مِنَ الْعٰلَمِيْنَ ﴿١٦٥﴾

၁၆၅။ အသင်တို့သည် တစ်လောကလုံးတွင် ယောကျ်ားများထံသို့သာ လာရောက်ကြသလော၊

وَتَذَرُوْنَ مَا خَلَقَ لَكُمْ رَبُّكُمْ مِّنْ اَزْوَاجِكُمْ ۭ بَلْ اَنْتُمْ قَوْمٌ عٰدُوْنَ ﴿١٦٦﴾

၁၆၆။ ထို့ပြင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်က အသင်တို့အတွက်ဖန်ဆင်းထားတော်မူသည့် အသင်တို့၏ကြင်ဖော်များကို အသင်တို့စွန့်လွှတ်ကြပေသည်။ အမှန်သော်ကား အသင်တို့သည် စည်းဘောင်ကိုကျော်သောသူများဖြစ်ကြ၏။

قَالُوْا لَىِٕنْ لَّمْ تَنْتَهِ يٰلُوْطُ لَتَكُوْنَنَّ مِنَ الْمُخْرَجِيْنَ ﴿١٦٧﴾

၁၆၇။ ၎င်းတို့က အို-'လူးတ်' အကယ်၍ အသင်သည် မရပ်တန့်ပါလျှင် အမှန်ပင် အသင်သည် (ဤမြို့ရွာမှ) နှင်ထုတ်ခြင်းခံရသူများအနက်မှ ဖြစ်သွားပေမည်ဟုပြောကြ၏။

قَالَ اِنِّيْ لِعَمَلِكُمْ مِّنَ الْقَالِيْنَ ﴿١٦٨﴾

၁၆၈။ သူ(လူးတ်)က ပြောကြားသည်မှာ အမှန်ပင် ကျွန်ုပ်သည် အသင်တို့၏လုပ်ရပ်ကို လွန်စွာစက်ဆုပ်၏။

رَبِّ نَجِّنِيْ وَاَهْلِيْ مِمَّا يَعْمَلُوْنَ ﴿١٦٩﴾

၁၆၉။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ကျွန်တော်မျိုးနှင့် ကျွန်တော်မျိုး၏အိမ်သားများကို ၎င်းတို့ ပြုလုပ်သည်များမှ ကယ်တင်တော်မူပါ။

فَنَجَّيْنٰهُ وَاَهْلَهٗٓ اَجْمَعِيْنَ ﴿١٧٠﴾

၁၇၀။ သို့ဖြစ်ရာ ငါတို့သည် သူနှင့် သူ၏အိမ်သားများအားလုံးကို ကယ်တင်တော်မူခဲ့ပေသည်၊

اِلَّا عَجُوْزًا فِي الْغٰبِرِيْنَ ﴿١٧١﴾

၁၇၁။ နောက်ချန်နေရစ်ခဲ့သူများအနက်မှဖြစ်သော အဖွားအို တစ်ဦးမှတစ်ပါး(ဖြစ်၏)။

ثُمَّ دَمَّرْنَا الْاٰخَرِيْنَ ﴿١٢٠﴾

၁၇၃။ ထို့နောက် ငါတို့သည် အခြားသူများကို ဖျက်ဆီးပစ်တော်မူခဲ့ပေသည်။

وَاَمْطَرْنَا عَلَيْهِمْ مَّطَرًا ۚ فَسَآءَ مَطَرُ الْمُنْذَرِيْنَ ﴿١٢١﴾

၁၇၄။ ထို့ပြင် ငါတို့သည် ၎င်းတို့အပေါ် မိုးတစ်မျိုးကို ရွာချစေတော်မူခဲ့၏။ သို့ဖြစ်ရာ သတိပေးနှိုးဆော်ခြင်းခံရသူတို့အပေါ် ရွာသွန်းခဲ့သောမိုးသည် လွန်စွာမှဆိုးရွားလှပေသည်။

اِنَّ فِيْ ذٰلِكَ لَاٰيَةً ۭ وَمَا كَانَ اَكْثَرُهُمْ مُّؤْمِنِيْنَ ﴿١٢٢﴾

၁၇၅။ ဤ(အကြောင်းရပ်)၌ အမှန်ပင် ကြီးမားသောနိမိတ်လက္ခဏာတော်တစ်ရပ်သည်ရှိ၏။ သို့သော် ၎င်းတို့အနက် များစွာသောသူတို့သည် သက်ဝင်ယုံကြည်သူများမဟုတ်ခဲ့ကြချေ။

وَاِنَّ رَبَّكَ لَهُوَ الْعَزِيْزُ الرَّحِيْمُ ﴿١٢٣﴾

၁၇၆။ စင်စစ်ကောန် အသင်၏ ဖန်ဆင်းမွေးမြူရှင်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။

ရုကူး-၁၀

كَذَّبَ اَصْحٰبُ لْـَٔيْكَةِ الْمُرْسَلِيْنَ ﴿١٢٣﴾

၁၇၇။ တောအုပ်၌နေထိုင်ကြသူများသည်လည်း တမန်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြ၏။

اِذْ قَالَ لَهُمْ شُعَيْبٌ اَلَا تَتَّقُوْنَ ﴿١٢٤﴾

၁၇၈။ အကြင်အခါဝယ် 'ရှိုအိုက်ဗ်'က ၎င်းတို့အား ပြောကြားခဲ့သည်မှာ အသင်တို့သည် 'တက္ကဝါ'တရားကို ကျင့်သုံးဆောက်တည်ခြင်း မပြုကြသလော။

اِنِّيْ لَكُمْ رَسُوْلٌ اَمِيْنٌ ﴿١٢٥﴾

၁၇၉။ အမှန်ပင် ကျွန်ုပ်သည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော တမန်တော်တစ်ပါးဖြစ်၏၊

فَاتَّقُوا اللّٰهَ وَاَطِيْعُوْنِ ﴿١٢٦﴾

၁၈၀။ သို့ဖြစ်ရာ 'တက္ကဝါ' အလွှာဟ်အား ကြောက်ရွံ့ခြင်းရှိကြကုန်။ ထို့ပြင် ကျွန်ုပ်အားနာခံကြကုန်။

وَمَآ اَسْـَٔلُكُمْ عَلَيْهِ مِنْ اَجْرٍ ۚ اِنْ اَجْرِيَ اِلَّا عَلٰي رَبِّ الْعٰلَمِيْنَ ﴿١٢٧﴾

၁၈၁။ စင်စစ် ကျွန်ုပ်သည် ယင်းအတွက် အသင်တို့ထံမှ မည်သည့်အဖိုးအခကိုမျှ မတောင်းခံချေ။ ကျွန်ုပ်၏ အဖိုးအခသည်ကား စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်၌သာရှိပေသည်။

اَوْفُوا الْكَيْلَ وَلَا تَكُوْنُوْا مِنَ الْمُخْسِرِيْنَ ﴿١٢٨﴾

၁၈၂။ အချိန်အတွယ်ကို အပြည့်အဝ ချိန်တွယ်ခြင်းပြုကြကုန်။ လျှော့၍ပေးသူများအနက်မှ မဖြစ်လင့်။

وَزِنُوْا بِالْقِسْطَاسِ الْمُسْتَقِيْمِ ﴿١٢٩﴾

၁၈၃။ ထို့ပြင် ချိန်ခွင်လျှာညီသော ချိန်ခွင်ဖြင့် ချိန်တွယ်လော့။

وَلَا تَبْخَسُوا النَّاسَ اَشْيَآءَهُمْ وَلَا تَعْثَوْا فِي الْاَرْضِ مُفْسِدِيْنَ ﴿١٣٠﴾

၁၈၄။ လူတို့အား ၎င်းတို့၏ပစ္စည်းများကို လျှော့၍မပေးလင့်။ ထို့ပြင် ကမ္ဘာမြေဝယ် ဆူပူသောင်းကျန်းသူများဖြစ်ကာ မငြိမ်းချမ်းမှုကို ဖြန့်ချိလျက်မနေကြကုန်လင့်။

وَاتَّقُوا الَّذِيْ خَلَقَكُمْ وَالْجِبِلَّةَ الْاَوَّلِيْنَ ﴿١٣١﴾

၁၈၅။ ထို့ပြင်အသင်တို့အားလည်းကောင်း၊ အသင်တို့အလျင်ကရှိခဲ့ကြသော ဖန်ဆင်းခံများအားလည်းကောင်း ဖန်ဆင်း

တော်မူသည့်အရှင်အား ကြောက်ရွံ့ကြကုန်။

قَالُوْٓا اِنَّمَآ اَنْتَ مِنَ الْمُسَحَّرِيْنَ ﴿۱۸۵﴾

၁၈၆။ ၎င်းတို့က ပြောကြသည်မှာ မလွဲကေန် အသင်သည် မှော်ဖြင့်ပြုစားခြင်းခံရသူများအနက်မှ ဖြစ်ပေသည်။

وَمَآ اَنْتَ اِلَّا بَشَرٌ مِّثْلُنَا وَ اِنْ نَّظُنُّكَ لَمِنَ الْكٰذِبِيْنَ ﴿۱۸۶﴾

၁၈၇။ ထို့ပြင် အသင်သည် ကျွန်ုပ်တို့ကဲ့သို့ လူသားတစ်ဦးမှ လွဲ၍ အခြားမည်သည်မျှ မဟုတ်ချေ။ ကျွန်ုပ်တို့သည် အသင့်အား အမှန်ပင် လိမ်ညာသူများအနက်မှဖြစ်သည်ဟု ထင်မှတ်ကြပေသည်။

فَاَسْقِطْ عَلَيْنَا كِسَفًا مِّنَ السَّمَآءِ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ﴿۱۸۷﴾

၁၈၈။ သို့ဖြစ်ရာ အကယ်၍ အသင်သည် မှန်ကန်သူများအနက်မှဖြစ်လျှင် ကျွန်ုပ်တို့အပေါ် သို့ မိုးကောင်းကင်မှ အစိတ်အပိုင်းတစ်ခုခုကျလာအောင် အသင်ပြုလုပ်ပါလေ။

قَالَ رَبِّيْٓ اَعْلَمُ بِمَا تَعْمَلُوْنَ ﴿۱۸۸﴾

၁၈၉။ သူက ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အသင်တို့ပြုလုပ်သည်များကို ကောင်းစွာသိရှိတော်မူ၏ဟု ပြောလေ၏။

فَكَذَّبُوْهُ فَاَخَذَهُمْ عَذَابُ يَوْمِ الظُّلَّةِ ؕ اِنَّهٗ كَانَ عَذَابَ يَوْمٍ عَظِيْمٍ ﴿۱۸۹﴾

၁၉၀။ သို့ဖြစ်ရာ ၎င်းတို့သည် သူ့ကို မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြ၏။ ထို့နောက် ၎င်းတို့အား အုံ့မိုင်းစေသည့် ကြောက်မက်ဖွယ်မိုးတိမ်နေ့၏ပြစ်ဒဏ်သည် လာရောက်ဖမ်းဆီးခဲ့ပေသည်။ အမှန်ပင် ယင်းသည် လွန်စွာ ကြီးမားသောနေ့၏ အပြစ်ဒဏ်တစ်ရပ်ဖြစ်ခဲ့ပေသည်။

اِنَّ فِيْ ذٰلِكَ لَاٰيَةً ؕ وَمَا كَانَ اَكْثَرُهُمْ مُّؤْمِنِيْنَ ﴿۱۹۰﴾

၁၉၁။ ဤ(အကြောင်းရပ်)၌ အမှန်ပင် ကြီးမားသော နိမိတ်လက္ခဏာတော်တစ်ရပ်သည်ရှိ၏။ သို့သော် ၎င်းတို့အနက်များစွာသောသူတို့သည် သက်ဝင်ယုံကြည်သူများမဟုတ်ခဲ့ကြချေ။

وَ اِنَّ رَبَّكَ لَهُوَ الْعَزِيْزُ الرَّحِيْمُ ﴿۱۹۱﴾ ع

၁၉၂။ စင်စစ်ကေန် အသင်၏ ဖန်ဆင်းမွေးမြူရှင်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရုကူ-၁၁

وَ اِنَّهٗ لَتَنْزِيْلُ رَبِّ الْعٰلَمِيْنَ ﴿۱۹۲﴾

၁၉၃။ စင်စစ်ကေန် ဤသည်စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်မှ ပို့ချတော်မူသော မူကွပါဋ္ဌတော်ဖြစ်၏။

نَزَلَ بِهِ الرُّوْحُ الْاَمِيْنُ ﴿۱۹۳﴾

၁၉၄။ ယင်းကို 'ရူဟူလ်အမီန်း' ယုံကြည်စိတ်ချအပ်သော ဝိညာဉ်တော်မှ ယူဆောင်ချပေးခဲ့လေသည်၊

عَلٰى قَلْبِكَ لِتَكُوْنَ مِنَ الْمُنْذِرِيْنَ ﴿۱۹۴﴾

၁၉၅။ အသင်၏နှလုံးသားပေါ် သို့(ဖြစ်၏) သို့ဖြင့် အသင်သည် သတိပေးနှိုးဆော်သူများအနက်မှ ဖြစ်စေရန်တည်း။ ③

③ အာယတ်တော်(၁၉၃)မှ (၁၉၅)ထိ၊ ကျမ်းမြတ်ကုရ်အာန်အား 'ဟာဇရတ် ဂျီဗရာအီလ်'ကောင်းကင်တမန်ကြီးမှတစ်ဆင့် ပို့ချတော်မူခဲ့ပေသည်။ ကောင်းကင်တမန်ကြီး၏ အခြားအမည်မှာ 'ရူဟူလ်အမီန်'ဖြစ်ပြီး ထိုကောင်းကင်တမန်ကြီးသည် ကျမ်းမြတ်ကုရ်အာန်ကို တမန်တော်မြတ်ﷺ၏နှလုံးသားပေါ် သို့ သက်ဆင်းစေခဲ့ပေသည်။

بِلِسَانٍ عَرَبِيٍّ مُّبِيْنٍ ﴿١٩٥﴾

၁၉၆။ ထင်ရှားပြတ်သားသည့် အာရဗီဘာဘာစကားဖြင့် (ဖြစ်၏)။

وَاِنَّهٗ لَفِيْ زُبُرِ الْاَوَّلِيْنَ ﴿١٩٦﴾

၁၉၇။ စင်စစ် ဤ(ကုရ်အာန်)ကို ရှေးယခင် ကျမ်းဂန်များတွင် အမှန်ပင် (ဖော်ပြထားပြီး)ဖြစ်၏။

اَوَلَمْ يَكُنْ لَّهُمْ اٰيَةً اَنْ يَّعْلَمَهٗ عُلَمٰٓؤُا بَنِيْٓ اِسْرَآءِيْلَ ﴿١٩٧﴾

၁၉၈။ 'အစ္စရာအီလ်'အမျိုးသားပညာရှင်များအဖို့ ယင်းအား သိခြင်းသည်ပင် သူတို့အဖို့ ကြီးမားသော နိမိတ်လက္ခဏာ တစ်ရပ်မဟုတ်ပေသလော။

وَلَوْ نَزَّلْنٰهُ عَلٰى بَعْضِ الْاَعْجَمِيْنَ ﴿١٩٨﴾

၁၉၉။ ထို့ပြင် အကယ်၍ ငါတို့သည် ယင်းကို 'အဂျမီ' ဘာသာစကားမကြွေယ်ဝသူများအနက်မှ တစ်ဦးဦးထံပို့ချတော်မူခဲ့လျှင်၊

فَقَرَاَهٗ عَلَيْهِمْ مَّا كَانُوْا بِهٖ مُؤْمِنِيْنَ ﴿١٩٩﴾

၂၀၀။ ထိုသူသည် ယင်း(ကျမ်းတော်)ကို သူတို့အား ဖတ်ပြပါလျှင် သူတို့သည် ယင်းကို အလျှင်းသက်ဝင်ယုံကြည်လာကြမည့်သူများ မဟုတ်ကြချေ။

كَذٰلِكَ سَلَكْنٰهُ فِيْ قُلُوْبِ الْمُجْرِمِيْنَ ﴿٢٠٠﴾

၂၀၁။ ဤသို့ပင် ငါတို့သည် အပြစ်ကျူးလွန်သူများ၏ နှလုံးသားတွင် ဤ(အကြောင်း)ကိုထည့်သွင်းတော်မူခဲ့ပေသည်။

لَا يُؤْمِنُوْنَ بِهٖ حَتّٰى يَرَوُا الْعَذَابَ الْاَلِيْمَ ﴿٢٠١﴾

၂၀၂။ (ယင်းကား) သူတို့သည် ပြင်းပြနာကျင်ဖွယ်သော အပြစ်ဒဏ်ကိုမမြင်တွေ့သမျှကာလပတ်လုံး ယင်းကို သက်ဝင်ယုံကြည်လာကြမည့်သူများမဟုတ်ချေ၊

فَيَاْتِيَهُمْ بَغْتَةً وَّهُمْ لَا يَشْعُرُوْنَ ﴿٢٠٢﴾

၂၀၃။ ယင်း(ပြစ်ဒဏ်)သည် ထိုသူတို့တစ်စုံတစ်ရာမသိရှိဘဲ ရုတ်တရက် သူတို့ထံ ရောက်ရှိလာပေမည်၊

فَيَقُوْلُوْا هَلْ نَحْنُ مُنْظَرُوْنَ ﴿٢٠٣﴾

၂၀၄။ ထိုအခါ သူတို့က ကျွန်ုပ်တို့သည် ဆိုင်းငံ့ခွင့်ကို ပေးခြင်းခံကြရပါမည်လောဟု ပြောကြပေမည်။

اَفَبِعَذَابِنَا يَسْتَعْجِلُوْنَ ﴿٢٠٤﴾

၂၀၅။ သို့ဖြစ်ရာ သူတို့သည် ငါတို့၏ ပြစ်ဒဏ်ကို အလျင်စလို တောင်းခံကြပါသလော။

اَفَرَءَيْتَ اِنْ مَّتَّعْنٰهُمْ سِنِيْنَ ﴿٢٠٥﴾

၂၀၆။ အသင်သည် စဉ်းစားဆင်ခြင်ပါသလော။ ငါတို့သည် ၎င်းတို့အား နှစ်အနည်းငယ် အကျိုးကျေးဇူးသက်ရောက်စေပါလျှင်၊

ثُمَّ جَآءَهُمْ مَّا كَانُوْا يُوْعَدُوْنَ ﴿٢٠٦﴾

၂၀၇။ ထို့နောက် ၎င်းတို့အား သတိပေးနှိုးဆော်မှုပြုသည့် ထိုအရာသည် ၎င်းတို့ထံ ရောက်ရှိလာခဲ့သော်၊

مَآ اَغْنٰى عَنْهُمْ مَّا كَانُوْا يُمَتَّعُوْنَ ﴿٢٠٧﴾

၂၀၈။ သို့ဖြစ်လျှင် ထိုသူတို့အား ယာယီအကျိုးကျေးဇူးသက်ရောက်စေခဲ့ခြင်းသည် သူတို့အဖို့ မည်သို့မျှ အသုံးဝင်လိမ့်မည်မဟုတ်ချေ။

وَمَآ اَهْلَكْنَا مِنْ قَرْيَةٍ اِلَّا لَهَا مُنْذِرُوْنَ ﴿٢٠٨﴾

၂၀၉။ ငါတို့သည် မည်သည့်မြို့ရွာကိုမျှ ယင်း(၌နေထိုင်သူများ)ထံ သတိပေးနှိုးဆော်သူ (စေလွှတ်တော်မူခြင်း)မရှိဘဲ ဖျက်ဆီးတော်မမူချေ။

ماقبله ۹ عدد المقطعين

ذِكْرٰى ۛ وَمَا كُنَّا ظٰلِمِيْنَ ﴿٢٠٩﴾

၂၀၀။ (ဤသည်) အလွန်ကြီးမားသော သင်ခန်းစာယူဖွယ်ဖော်ပြချက်(ဖြစ်၏)။ စင်စစ် ငါတို့သည် အလျှင်း မတရားပြုတော်မူခဲ့သည်မဟုတ်ချေ။

وَمَا تَنَزَّلَتْ بِهِ الشَّيٰطِيْنُ ﴿٢١٠﴾

၂၀၁။ စင်စစ် ဤ(ဗျာဒိတ်တော်)ကို 'ရှိုင်တန်'များ သက်ဆင်းယူဆောင်ခဲ့ကြသည်မဟုတ်ချေ။

وَمَا يَنْۢبَغِيْ لَهُمْ وَمَا يَسْتَطِيْعُوْنَ ﴿٢١١﴾

၂၀၂။ ယင်းတို့သည် ဤသည်ကို (ပြုလုပ်ရန်အတွက်) အခွင့်အာဏာမရှိကြချေ။ ထို့ပြင် စွမ်းအားလည်းမရှိကြချေ။

اِنَّهُمْ عَنِ السَّمْعِ لَمَعْزُوْلُوْنَ ﴿٢١٢﴾

၂၀၃။ ဧကန်ပင် ယင်းတို့သည် (အလ္လာဟ်၏မုဏ္ဍပါဠိတော်များကို)ကြားနာခြင်းမှ အမှန်ပင်ဖယ်ရှားခြင်းခံခဲ့ကြရပေသည်။

فَلَا تَدْعُ مَعَ اللّٰهِ اِلٰهًا اٰخَرَ فَتَكُوْنَ مِنَ الْمُعَذَّبِيْنَ ﴿٢١٣﴾

၂၀၄။ သို့ဖြစ်ရာ အသင်သည် အလ္လာဟ်နှင့်အတူ အခြားမည်သည့်ကိုးကွယ်ရာကိုမျှ ဟစ်ခေါ်တမ်းတခြင်းမပြုလင့်။ သို့မဟုတ်လျှင် အသင်သည် အပြစ်ဒဏ်ပေးခြင်းခံရသူတို့တွင် အပါအဝင်ဖြစ်သွားပေမည်။

وَاَنْذِرْ عَشِيْرَتَكَ الْاَقْرَبِيْنَ ﴿٢١٤﴾

၂၀၅။ ထို့ပြင် အသင်သည် မိမိ၏ နီးစပ်သော ဆွေမျိုးသားချင်းများကို သတိပေးနှိုးဆော်ပါလေ၊

وَاخْفِضْ جَنَاحَكَ لِمَنِ اتَّبَعَكَ مِنَ الْمُؤْمِنِيْنَ ﴿٢١٥﴾

၂၀၆။ ထို့ပြင် သက်ဝင်ယုံကြည်သူများအနက် အသင့်အားနောက်လိုက်ကျင့်ကြံသူများအတွက် မိမိ၏တောင်ပံကို ၎င်းတို့အပေါ် ညွတ်ကိုင်းပါလေ။

فَاِنْ عَصَوْكَ فَقُلْ اِنِّيْ بَرِيْٓءٌ مِّمَّا تَعْمَلُوْنَ ﴿٢١٦﴾

၂၀၇။ သို့ဖြစ်ရာ အကယ်၍ ၎င်းတို့သည် အသင့်အား မနာခံကြပါက အမှန်ပင် ကျွန်ုပ်သည် အသင်တို့ပြုလုပ်သည်များမှကင်းလွတ်ပါ၏ဟု ၎င်းတို့အား ပြောကြားပါလေ။

وَتَوَكَّلْ عَلَى الْعَزِيْزِ الرَّحِيْمِ ﴿٢١٧﴾

၂၀၈။ ထို့ပြင် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသော အရှင်နှင့် အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် (အလ္လာဟ်)အား ယုံပုံလွှဲအပ်မှုပြုပါလေ။

الَّذِيْ يَرٰىكَ حِيْنَ تَقُوْمُ ﴿٢١٨﴾

၂၀၉။ အကြင်အခါ အသင်မတ်တတ်ရပ်လျက်ရှိစဉ် အရှင်မြတ်သည် အသင့်အား ကြည့်လျက်ရှိတော်မူ၏၊

وَتَقَلُّبَكَ فِي السّٰجِدِيْنَ ﴿٢١٩﴾

၂၁၀။ ထို့ပြင် 'စဂျဒါဟ်' ဦးချမှုပြုသူတို့အနက် အသင်သည် ဆောက်တည်ရာမရဖြစ်နေခြင်းကိုလည်း (ကြည့်လျက်ရှိတော်မူ၏)။

اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ ﴿٢٢٠﴾

၂၁၁။ ဧကန်စင်စစ် ထိုအရှင်မြတ်သည်ပင်လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။

هَلْ اُنَبِّئُكُمْ عَلٰى مَنْ تَنَزَّلُ الشَّيٰطِيْنُ ﴿٢٢١﴾

၂၁၂။ မည်သူ့အပေါ်သို့ 'ရှိုင်တန်'များ အမြောက်အများသက်ဆင်းသည်ကို ငါအရှင်မြတ်သည် အသင်တို့အား သတင်းပေးရမည်လော။

تَنَزَّلُ عَلٰى كُلِّ اَفَّاكٍ اَثِيْمٍ ﴿۲۲۲﴾

၂၂၃။ ယင်းတို့သည် အလွန်တရာ လိမ်လည်သူ(နှင့်) ဆိုးရွားသော အပြစ်ကျူးလွန်သူများအပေါ် အမြောက်အမြား သက်ဆင်းကြပေသည်၊

يُّلْقُوْنَ السَّمْعَ وَاَكْثَرُهُمْ كٰذِبُوْنَ ﴿۲۲۳﴾

၂၂၄။ ယင်းတို့သည် (ထိုသူတို့၏စကားများကို)နားစွင့်ကြ၏။ စင်စစ်သူတို့အနက် အများစုသည် လိမ်လည်သူများဖြစ်ကြ၏။

وَالشُّعَرَآءُ يَتَّبِعُهُمُ الْغَاوٗنَ ﴿۲۲۴﴾

၂၂၅။ ထို့ပြင် ကဗျာလက်ာဆရာတို့မှာမူကား၊ လမ်းလွဲချွတ်ချော်သူများသာလျှင် ၎င်းတို့၏နောက်သို့လိုက်ကြ၏။

اَلَمْ تَرَ اَنَّهُمْ فِيْ كُلِّ وَادٍ يَّهِيْمُوْنَ ﴿۲۲۵﴾

၂၂၆။ အသင်သည် မမြင်ပေသလော။ ၎င်းတို့သည် တောင်ကြားတိုင်းတွင် လှည့်လည်သွားလာနေကြ၏၊

وَاَنَّهُمْ يَقُوْلُوْنَ مَا لَا يَفْعَلُوْنَ ﴿۲۲۶﴾

၂၂၇။ ထို့ပြင် ဧကန်စင်စစ် ၎င်း(ကဗျာဆရာ)တို့သည် မိမိတို့မပြုလုပ်သည်များကို ပြောဆိုကြ၏၊

اِلَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ وَذَكَرُوا اللّٰهَ كَثِيْرًا وَّانْتَصَرُوْا مِنْۢ بَعْدِ مَا ظُلِمُوْا ؕ وَسَيَعْلَمُ الَّذِيْنَ ظَلَمُوْۤا اَيَّ مُنْقَلَبٍ يَّنْقَلِبُوْنَ ﴿۲۲۷﴾ ۩

၂၂၈။ အကြင်(ကဗျာဆရာ)တို့မှတစ်ပါး (ဖြစ်၏၊ ၎င်းတို့မှာမူ) သက်ဝင်ယုံကြည်ကြလျက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြ၏။ ထို့ပြင် အလွှာဟ်အားများစွာသတိရတသကြ၏။ ထို့ပြင် မတရားကျူးလွန်နှိပ်စက်ခြင်းခံရပြီးနောက် ယင်းအတွက် တုံ့ပြန်ကြ၏။ မတရားမှုကို ကျူးလွန်ကြသောသူတို့မှာမူ ယင်းတို့သည် မည်သည့်ပြန်လှည့်ရမည့်နေရာဆီသို့ ပြန်လှည့်ကြရမည်ကို မကြာမြင့်မီ သိရှိကြရလိမ့်မည်တည်း။

❖ ❖ ❖

၂၇။ အလ်-နမာလ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဌ် တော်ပေါင်း (၉၄)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်ကို 'တွာဆင်န်'ဟူသော 'မိုကာတ္တီအတ်' သခ်ေါပအက္ခရာစုဖြင့် နိဒါန်းပျိုးထားသည်။ အလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏၊ ထို့အတူ တမန်တော်မြတ် မိုဟမ္မဒ်ﷺသည်လည်း 'တို်င်ယဗ်'သန့်ရှင်းစင်ကြယ်၏။ ထို့ကြောင့် သန့်ရှင်းစင်ကြယ်သူထံသို့ 'ရှိုင်တန်'သည် ဆင်းသက်လေ့ မရှိချေ။ သို့ဖြစ်ရကား ဤသည် မလွဲဧကန် အလွန်တရာ အသိဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော၊ သန့်ရှင်းစင်ကြယ်တော်မူသော အရှင်မြတ်၏'မုက္ခပါဌ်'ဒေသနာတော်ဖြစ်ပေသည်။ ထို့ပြင် ထိုအရှင်မြတ်သည် မိမိ၏သန့်ရှင်းစင်ကြယ်သော အစေတော်အား သန့်ရှင်းစင်ကြယ်၍ ဉာဏ်ပညာအမြော်အမြင် တို့ဖြင့် ပြည့်လွှမ်းလျက်ရှိသည့် 'ဝဟီ'လမ်းညွှန်ကို ထုတ်ပြန်ပို့ချပေးတော်မူပေသည်။

ထိုမှနောက်တွင် တမန်တော်'မူစာ'ﷺနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်သည် မိမိ၏သန့်ရှင်း စင်ကြယ်သော အစေတော်ကို 'ဝဟီ'ဗျာဒိတ်အားဖြင့် ကောင်းချီးမင်္ဂလာရှိစေတော်မူခဲ့ကြောင်း ထပ်လောင်းဖော်ပြထားပေသည်။ သို့ဖြစ်ရာ အာယတ်တော်(၉)တွင် 'နူရ်'အလင်းကို ရှာဖွေလျက်ရှိသော အလ္လာဟ်အရှင်မြတ်၏အစေတော်အား အရှင်မြတ်က မိမိ၏ရောင်ခြည်တော်ထွန်းပခြင်းကို ပြတော်မူ လျက် ကောင်းချီးမင်္ဂလာတော်များဆီသို့ ခေါ်ယူတော်မူကြောင်းကို ဖော်ပြတော်မူသည်။

ထို့နောက် တမန်တော်'ဒါဝတ်'နှင့် တမန်တော်'ဆူလိုင်မန်'ﷺတို့အကြောင်းကိုဖော်ပြထား၏။ ၎င်းတွင် ဤသို့သော အကြောင်းကိစ္စများစွာပါဝင်ပေသည်။ ယင်းမှာ ကျမ်းမြတ်ကုရ်အာန်၏ နက်နဲသော အဓိပ္ပာယ်ပါရှိသည့် စကားစုများမှ အဖုံးအကာကို လှစ်ဟပြပြီး လူသားကို အမှောင်ထုများမှ အလင်းဘက်သို့ ခေါ်ဆောင်သွားပေသည်။ သို့ရာတွင် ဤအကြောင်းရပ်များတွင် များစွာသော 'မိုတရှာဘီဟာတ်' ဆင်တူယိုးမှား အာယတ်တော်များပါဝင်ပြီး ယင်းအာယတ်တော်များကြောင့် စိတ်နှလုံး ကွေ့ကောက်မှု ရှိသူတို့သည် ပိုမိုချွတ်ချော်သွားကြပြီး အကြောင်းရပ်၏ဆိုလိုရင်းသို့ မရောက်ရှိနိုင်ချေ။ ယင်းတွင် အထူးဂရုမမှုပြုထိုက်ဆုံး အကြောင်းအရာမှာ **مَنْطِقُ الطَّيْرِ** ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်၏အလိုအရ **مَنْطِقُ الطَّيْرِ** ဆိုသည်မှာ ငှက်များကဲ့သို့ ကောင်းကင်တွင် ပျံသန်းသူများ၊ ဆိုလိုသည်မှာ ကောင်းကင်ယံ စကားဖြင့်ပြောဆိုကြသူများ၏ ဘာသာစကားဖြစ်ပေသည်။ တမန်တော် 'ဆူလိုင်မန်'ﷺအား ကျေးငှက်များအချင်းချင်းပြောသော ဘာသာစကားကို သင်ပေးခြင်းခံခဲ့ရသည်ဆိုသော အယူအဆမှာ မမှန်ချေ။ ဤဆူရာဟ်၏ များစွာသောအာယတ်တော်များက ဤကဲ့သို့ မှားယွင်းသည့် ထင်မြင်ယူဆချက်များကို ပယ်ချထားပေသည်။ ဥပမာ- 'နမာလ်'အမျိုးသားတို့သည် အချင်းချင်းစကားပြောလျက်ရှိခဲ့ပြီး ယင်းတို့၏ စကားကို တမန်တော် 'ဆူလိုင်မန်'ﷺက သိရှိနားလည်ခဲ့သည်ဟူ၍ ဖော်ပြထားချက်တွင် အကယ်၍ 'နမာလ်'ဆိုသည်ကို 'နမာလ်'အမျိုးသားများဟုမယူဘဲ ကုရ်အာန်ဋီကာဖွင့်ဆိုသူအချို့၏ အဆိုအတိုင်း 'ပုရွက်ဆိတ်များ'ဟူ၍သာ အဓိပ္ပာယ်ကောက်ယူခဲ့ပါလျှင် ပုရွက်ဆိတ်များမှာမူ 'တို်ငရ်' (ငှက်)မဟုတ်ချေ။ သို့ကြောင့် **مَنْطِقُ الطَّيْرِ** ကို သင်ကြားပေးခြင်းခံရသော တမန်တော်'ဆူလိုင်မန်'ﷺမှာ ပုရွက်ဆိတ်တို့၏ ဘာသာစကားကို အသို့လျှင် နားလည်ရပေသနည်း။

တစ်ဖန် ဤသို့လည်းဆိုကြပြန်သည်။ တမန်တော်'ဆူလိုင်မန်'ﷺ၏တပ်မတော်တွင် ကျေးငှက်များ၏ တပ်တစ်တပ်လည်းပါဝင်ခဲ့ကြောင်း၊ ထိုတပ်ကိုဦးစီးသူသည် 'ရှီဘာ'ဘုရင်မအား ထောက်လှမ်းရင်းသူမ၏နန်းရင်ပြင်အထိ ရောက်ရှိခဲ့ကြောင်းနှင့် ထိုသူသည် ပြန်လည်ရောက်ရှိလာသောအခါ မိမိပျောက်ဆုံးနေခဲ့ရသည့်အကြောင်းကိုပြောပြလျက် ဘုရင်မ၏ညီလာခံ၌ ပြောဆိုသမျှသောအကြောင်းအရာအားလုံးကို သူ့အနေနှင့် နားလည်သဘောပေါက်သည့်အလား လျှောက်ထားတင်ပြခဲ့ကြောင်းတို့ ဖြစ်သည်။ အမှန်သော်ကား ဘုရင်မနှင့် ညီလာခံသဘင်တက်ရောက်သူတို့ပြောဆိုသော ဘာသာစကားမှာ ကျေးငှက်တို့၏ဘာသာစကားမဟုတ်ခဲ့ချေ။ ထို့နောက် သူသည် တမန်တော် 'ဆူလိုင်မန်'ﷺ၏စာလွှာကို ဘုရင်မ၏ရှေ့မှောက်သို့ တင်ဆက်သောအခါတွင်လည်း ဘုရင်မနှင့် နန်းတွင်းအမတ်များ ဆွေးနွေးသမျှသော ဆွေးနွေးပြောဆိုချက်ဟူသမျှကို လူများပြောဆိုသောစကားဖြင့် ဆွေးနွေးခဲ့ကြသည်ဖြစ်သော်လည်း ထို'ငှက်'(ဦးစီး)မှာ သဘောပေါက်နားလည်ခဲ့သောဟူ၏။ အချုပ်ဆိုသော် ဤဆူရာဟ်တွင် **مَنْطِقُ الطَّيْرِ** နှင့်စပ်လျဉ်းသည့် ပုံပြင်ဒဏ္ဍာရီများကို ပယ်ချတော်မူပြီး အလ္လာဟ်အရှင်မြတ်၏အစေတော်များမှာ ကောင်းကင်ဆိုင်ရာဘာသာစကားဖြင့် ပြောဆိုကြသည်ဟူသော အဓိပ္ပာယ်ကိုသာ ဖော်ပြထားပေသည်။

ထိုမှနောက်တွင် နိုင်ငံရေးအရ တမန်တော်'ဆူလိုင်မန်'ﷺ၏ ကြီးမြင့်မြတ်မှုကို လက်ခံပြီဖြစ်သော်လည်း အမှန်တကယ်အားဖြင့် ဘုရင်မကြီးမှာ ယခုထက်တိုင် မိမိ၏အယူဝါဒကိုစွန့်၍ တမန်တော်'ဆူလိုင်မန်'ﷺ၏'တောင်ဟီဒ်'(အလ္လာဟ်တစ်ပါးတည်းအားကိုးကွယ်ခြင်း)အယူဝါဒအတွင်း ဝင်ရောက်ခဲ့ခြင်း မရှိသေးချေ။ သူမအား သဘောပေါက်နားလည်စေရန်အလို့ငှာ တမန်တော်'ဆူလိုင်မန်'ﷺ၏အတတ်ပညာရှင်များသည် တမန်တော်ကြီး၏နန်းတွင်း၌ 'မှန်'ကဲ့သို့ ဝင်းလက်တောက်ပနေသော ကြမ်းခင်းတစ်ခုကို ပြုလုပ်စီမံခဲ့ကြလေသည်။ သို့ဖြင့် ထိုကြမ်းခင်းသည် 'ရေ'အလား ထင်မှတ်ရပေသည်။ သို့ဖြစ်ရာ 'ရှီဘာ'ဘုရင်မမှာ အဝတ်ကိုရေမစိုရလေအောင် ခြေသလုံးနားအထိ မတင်လိုက်ပေသည်။ ထိုအခါ တမန်တော်'ဆူလိုင်မန်'ﷺက သူမအား- နေ၏ဥပမာမှာလည်း ဤကဲ့သို့ပင်ဖြစ်ကြောင်း၊ 'နေ'ကို အလင်းရောင်တို့ထွက်ပေါ်ရာ မူလအစဟု သိမှတ်မှားနေကြသော်လည်း အမှန်တွင် ယင်းသည် အလ္လာဟ်အရှင်မြတ်၏ 'နူရ်'အလင်းမှ အကျိုးရယူနေခြင်းဖြစ်ကြောင်း၊ ထို့ပြင်'နေ'ကို အလင်းရောင်၏ ထွက်ပေါ်ရာမူလအစဟု ထင်မှတ်ကြသူတို့မှာ 'ရှီဘာ'ဘုရင်မ အမြင်မှားသကဲ့သို့ပင် အထင်မှားနေကြကြောင်းကို ရှင်းပြလေသည်။ ဤအကြောင်းရပ်ကို ဘုရင်မ သဘောပေါက်ပြီးနောက် အဘက်ဘက်တွင် အလ္လာဟ်အရှင်မြတ်၏ ဘုန်းတန်ခိုးတော်သာလျှင် တောက်ပလျက်ရှိပြီး ကျန်သည့် လင်းဝင်းတောက်ပမှုများမှာ မျက်စိမှောက်မှားခြင်းသာဖြစ်ကြောင်း အစစ်အမှန်သဘောကို သိရှိနားလည်သွားပေတော့သည်။

ထို့နောက် အစဉ်တစိုက် 'တောင်ဟီဒ်'၏အလံတော်ကို လွှင့်ထူခဲ့ကြကုန်သော နဗီတမန်တော်များအကြောင်းကိုဖော်ပြရာ 'ရှီဘာ'၏အမျိုးသားထုမှာ 'မူရှရိက်'များဖြစ်ကြသဖြင့် 'မူရှရိက်'တို့၏ လမ်းစဉ်ရှိသည့်အတိုင်း 'တောင်ဟီဒ်'ကို ထပ်တလဲလဲဆန့်ကျင်ခဲ့ကြပေသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် 'ရှီဘာ'၏အမျိုးသားထုအား လမ်းမှန်ကိုရရှိကြခြင်းကြောင့် ခွင့်လွှတ်တော်မူခဲ့သော်လည်း ထိုသူတို့မှာ မူကား စဉ်ဆက်မပြတ် 'ရှရီက်'၏လမ်းကြောင်းပေါ် လျှောက်လှမ်းမြဲလျှောက်လှမ်းနေခဲ့ကြသည်ဖြစ်၍ ဖျက်ဆီးခြင်းခံခဲ့ကြရလေသည်။

ထို့နောက် ဤကဲ့သို့မိန့်ကြားထား၏။ အလ္လာဟ်အရှင်မြတ်သည် တစ်ပါးတည်းဖြစ်တော်မူခြင်း

'တောင်ဟီဒဲ'အကြောင်းကို တမန်တော်များအပေါ် မိုးရွာသွန်းသည့်အလား ပို့ချတော်မူခဲ့ပြီး ယင်းသည် ဘဝအသက်၏မူလစမ်းပေါက်ဖြစ်ပေသည်။ ရုပ်လောကရှင်သန်ရပ်တည်မှုသည်လည်း ထိုသည့် ကောင်းကင်ဆိုင်ရာ မိုးရေကိုအခြေပြုပြီး ဝိညာဉ်ရေးဘဝရပ်တည်မှုသည်လည်း တမန်တော်များအား ပို့ချတော်မူသည့် ထိုကောင်းကင်ဆိုင်ရာမိုးရေ၏ကောင်းချီးမင်္ဂလာဖြင့်သာရရှိကြကြောင်းတို့ကို ဖော်ပြတော်မူသည်။

ထိုသည့်နောက်တွင် ကမ္ဘာမြေပေါ်သို့ ကြည်လင်သောရေကို ရွာချစေသောစနစ်ရှိပေရာ ယင်းကို အလွှာဟ်မှလွဲ၍ အခြားမမှန်ကန်သည့် ကိုးကွယ်ရာတစ်ခုခုက ပြုလုပ်နိုင်ကြပေသလောဟူ၍ မေးခွန်းထုတ်ထားတော်မူပြီး အလွှာဟ်အရှင်မြတ်သည် ပင်လယ်သမုဒ္ဒရာများ၏အကြားတွင် အရံအတား တစ်မျိုးကို ပြုလုပ်ထားတော်မူသည်ဟူသော ဖော်ပြချက်ဖြင့် ဤအကြောင်းရပ်ကို အဆုံးသတ်ထားပေသည်။ ဤသည်မှာ အလွှာဟ်အရှင်မြတ်ထံတော်မှ တမန်တော်မြတ်ﷺထံသို့ မိုးကောင်းကင်မှ မိုးရေပမာ ရွာသွန်းပို့ချသော အသိပေးသည့်အကြောင်းရပ်ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်မြတ်ﷺ၏ လက်ထက်တွင် ဤသို့သော သိပ္ပံပညာရပ် သို့မဟုတ် ပထဝီဝင်ပညာရပ်ဆိုင်ရာ အသိပညာများ လုံးဝမရှိသေးသောကြောင့်ဖြစ်၏။ ကျမ်းမြတ်ကုရ်အာန်က ပင်လယ်နှစ်ခု၏အကြား အရံအတားရှိခြင်းနှင့်ဆိုင်သော အကြောင်းအရာကို ဖော်ပြထားတော်မူပေရာ အမှန်အားဖြင့် ယင်းတွင် အနာဂတ္တိဟောကြားချက်တစ်ရပ် ပါဝင်နေပြီး ယင်းအကြောင်းအရာ ထင်ပေါ်လာသည့်အခါ ပညာရှင်များအဖို့ ယုံကြည်မှုကို များစွာတိုးပွားစေသော အကြောင်းရပ်ဖြစ်ပေသည်။ ဆိုလိုသည်မှာ အကြင်ပင်လယ်များအကြားတွင် လုံးဝမဖြတ်သန်းနိုင်သော အရံအတားတစ်ခုရှိသည်ဖြစ်ရာ အလွှာဟ်အရှင်မြတ်သည် ထိုပင်လယ်သမုဒ္ဒရာများကို ပေါင်းစည်းစေတော်မူမည်ဟူ၍ ဖြစ်၏။ ဤအကြောင်းအရာ၏ ထင်ရှားရှင်းလင်းသော ကြိုတင်နိမိတ်ဟောချက်ကို အခြားအာယတ်တော်နှစ်ခုတွင် ဖော်ပြထားပေသည်။

ပြီးခဲ့သောဆူရာဟ်အခ်ျုတွင် ဆက်တိုက်လာရှိခဲ့သော 'ဒိုအာ'ဆုတောင်းခြင်းဆိုင်ရာ အကြောင်းအရာကို တစ်ဖန်ပြန်၍ သတိပေးနှိုးဆော်လျက် ဆောက်တည်ရာမရ ခံစားနေရသူတစ်ဦး၏ 'ဒိုအာ' တောင်းဆုကို အလွှာဟ်အရှင်မြတ်သည် လက်ခံတော်မူကြောင်း မိန့်တော်မူ၏။ ဤအကြောင်းအရာမှာလည်း ပင်လယ်သမုဒ္ဒရာများနှင့်ဆက်နွယ်မှုရှိနေသည်မှာ အံ့သြစရာကောင်းလှပေသည်။ ပမာအားဖြင့် အခြားအာယတ်တော်များ၌ အကြင်အခါ ပင်လယ်သမုဒ္ဒရာများ၏မုန်တိုင်းများတွင်ကျရောက်လျက်လူအချို့မှာ မျှော်လင့်ချက်မရှိတော့ဘဲ ပြင်းထန်လှသော စိတ်သောကနှင့် ဆောက်တည်ရာမရ အခြေအနေတွင် အလွှာဟ်အရှင်မြတ်အား ဟစ်ကြွေးတမ်းတသောအခါ ထိုအရှင်မြတ်သည် ထိုသူတို့အားကြောက်မက်ဖွယ် မုန်တိုင်းများမှ ကယ်တင်တော်မူလျက် ကုန်းမြေသို့ ပို့ဆောင်ပေးတော်မူ၏။ သို့သော် ထိုသို့ကယ်တင်ခြင်းခံရပြီးသော်မှ ယင်းတို့အနက် အချို့မှာ 'ရှရီက်'ဘက်သို့ ပြန်၍လှည့်ကြလေသည်။ ထိုအခါ အလွှာဟ်အရှင်မြတ်သည် ယင်းတို့အား ကမ္ဘာမြေ၌ပင် နစ်မြုပ်အောင် ပြုနိုင်စွမ်းရှိတော်မူသော အရှင် ဖြစ်တော်မူသည်ဟု မိန့်တော်မူထားပေသည်။ ဤအကြောင်းရပ်ကို အခြား အာယတ်တော်အချို့တွင် အကျယ်တဝင့် ဖော်ပြထားတော်မူသည်။ ထို့ပြင် ကုန်းမြေ၌ပင် နှစ်မြုပ်ခြင်းခံရသူတို့အကြောင်းကိုလည်း ကျမ်းမြတ်ကုရ်အာန်တွင် တွေ့ရှိရပေသည်။ ပမာဆိုသော် မျက်မှောက်ခေတ်တွင်လည်း ယင်းကို မြေငလျင်များအသွင်ဖြင့် တွေ့ရှိရပြီး တစ်ခါတစ်ရံတွင် လူနေဒေသကြီးများမှာ မြေငလျင်လှုပ်၍ ကမ္ဘာမြေအက်ကွဲမှုကြောင့် မြေကြီး၌ နစ်မြုပ်သွားကြပေသည်။

ဤအကြောင်းရပ်ကို ဆက်လက်ဖော်ပြရာတွင် လူသားများသည် စဉ်းစားသုံးသပ်ကြရပေမည်။ ပင်လယ်နှင့် ကုန်းမြေ၏ အမှောင်ထုများတွင် သူတို့အား အန္တရာယ်အမျိုးမျိုးမှ ကယ်တင်သူမှာ မည်သူနည်း၊ အလွှာဟ်အရှင်မြတ်အပြင် အခြားသောကိုးကွယ်ရာရှိပေသလောဟူ၍ လူသားတို့အနေနှင့် စဉ်းစားကြရန်လိုပေသည်။ ဤကဲ့သို့ပင် မိန့်ထားတော်မူသည်မှာ အစကနဦး ဖန်ဆင်းခြင်းကိုလည်းကောင်း ထိုမှတစ်ဖန် ထိုဖန်ဆင်းခြင်းကို အပြန်ပြန်အထပ်ထပ်ပြုလုပ်နေသူကား မည်သူနည်း၊ အသို့နည်း အလွှာဟ်အပြင် အခြားသောကိုးကွယ်ရာရှိပေသလော။ ဤတွင် သင်ခန်းစာပါရှိသည်မှာ အစကနဦးတွင်လည်း အလွှာဟ်အရှင်မြတ်သည်သာ ဖန်ဆင်းတော်မူကြောင်း (သို့မဟုတ်ပါက ဖန်ဆင်းခြင်း၏အစအတွက် ဖြေရှင်းစရာတစ်စုံတစ်ရာမျှမရှိချေ)၊ ထို့ပြင် နေ့စဉ်နှင့်အမျှ အချိန်တိုင်းတွင် တစ်လောကလုံး၌ 'ရေ'၏ကောင်းကျိုးသက်ရောက်မှုဖြင့် မြေကြီးမှ အမျိုးမျိုးသော သက်ရှိများကို ပေါက်ပွားစေတော်မူလျက်ရှိကြောင်းတွေ့ရှိရပေရာ လူသားအား သေဆုံးပြီးနောက်တွင် မိမိအလိုရှိတော်မူသည့်အတိုင်း ပြန်လည်၍ ဘဝအသစ်ကိုပေးရန်မှာ ထိုအရှင်မြတ်အတွက် အဘယ့်ကြောင့်မစွမ်းနိုင်ရမည်နည်း။ သို့ရာတွင် မယုံကြည်သူတို့မှာ တမလွန်နှင့်ဆိုင်သော အသိပညာတစ်စုံတစ်ရာမျှမရှိကြသည်ဖြစ်၍ မိမိတို့သေပြီးနောက် ဘဝအသစ်ကိုရရှိမည်နှင့်စပ်လျဉ်း၍ အစဉ်အမြဲ သံသယ၌နစ်မွန်းလျက်ရှိကြပေသည်။ ဤ နောက်ခံအကြောင်းရပ်ဖြင့် တမန်တော်မြတ်ﷺအား ရည်ညွှန်းလျက် မိန့်ကြားတော်မူသည်မှာ- 'ကာဖေရ်'(မယုံကြည်ငြင်းပယ်သူ)နှင့် 'မုရှရိုက်'(အလွှာဟ်နှင့်ယှဉ်ဘက်ထားကိုးကွယ်သူ)တို့၏ဥပမာကား သူသေများသဖွယ်ဖြစ်၍ သူသေတို့ထံသို့ အသင်၏ဖိတ်ခေါ်သံသည် ရောက်နိုင်မည်မဟုတ်။ သို့ဖြစ်ရာ အသင်သည် ယင်းတို့အား လမ်းမှန်ဘက်သို့ဖိတ်ခေါ်သောအခါ ဉာဏ်သောတအာရုံပင်းနေသူ အပင်းတို့မှာ အသင်၏အသံကို အလျှင်းမကြားကြချေ။ ဤသည့်အတိုင်းပင် မျက်ကန်းများကိုလည်း အသင်၏ 'နူရ်'အလင်းရောင်က မည်သည့်အကျိုးမျှ သက်ရောက်စေနိုင်မည်မဟုတ်ချေ။ အကြောင်းသော်ကား အလင်းရောင်၏နောက်သို့လိုက်ရန် မျက်စိများတွင်လည်း အလင်းရှိရန်လိုပေသည်။

ထို့နောက် အာယတ်တော်(၈၃)၌ ကမ္ဘာမြေပေါ်တွင် တိရစ္ဆာန်များပမာ ဘဝကျောင်းနေသူတို့အတွက် အလွန်ကြီးကျယ်သော သတိပေးနှိုးဆော်မှုပြုထားတော်မူသည်မှာ ကမ္ဘာမြေ၌ သွားလာလှုပ်ရှားလျက်သော တိရစ္ဆာန်တစ်မျိုးကိုပင် ယင်းတို့အား ပြစ်ဒဏ်ခတ်ရန်အလို့ငှာ သတ်မှတ်ထားတော်မူမည်ဟူ၍ဖြစ်၏။ **تُكَلِّمُهُمْ** ၏ အဓိပ္ပာယ်နှစ်မျိုးစလုံး ဤတွင်အကျုံးဝင်ပေသည်။ အဓိပ္ပာယ်တစ်မျိုးမှာ ယင်းသည် ထိုသူတို့နှင့် စကားပြောဆိုပေလိမ့်မည်၊ ဆိုလိုသည်မှာ အခြေအနေကိုကြည့်ရုံမျှဖြင့် နားလည်ခြင်းကို ဆိုလိုပေသည်။ ဒုတိယအဓိပ္ပာယ်မှာ ယင်းသည် ထိုသူတို့အား ကိုက်ဖြတ်လိမ့်မည်၊ ထိုသို့ကိုက်ဖြတ်ခံရခြင်းကြောင့် ထိုသူတို့မှာ အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါများ၏ သားကောင်ဖြစ်သွားပေလိမ့်မည်ဟူ၏။ သို့ဖြစ်ရာ ဤအာယတ်တော်တွင် **دَابَّةُ الْاَرْض** တစ်နည်းကြွက်များအကြောင်းကိုဖော်ပြခြင်းဖြစ်သည်။ ယင်းသည် **دابّة** လည်းဖြစ်ပြီး ကမ္ဘာမြေတွင် ပလိပ်ရောဂါပျံ့နှံ့စေသည့် အကြောင်းခံဖြစ်သည်။ ယင်းတို့၏ကျောပေါ်တွင် ပိုးမွှားများတွယ်ကပ်လျက်ရှိပြီး ထိုပိုးမွှားများ၏အကိုက်ခံရခြင်းဖြင့် ပလိပ်ရောဂါသည် ပျံ့နှံ့လေသည်။

တမန်တော်မြတ်ﷺ၏ခေတ်ကာလတွင် တောင်များကိုမလှုပ်မရှားဘဲ ရှိနေသည့်အရာဟူလူတို့ထင်မှတ်ခဲ့ကြပေသည်။ သို့သော် ဤဆူရာဟ်၏ အာယတ်တော်(၈၉)တွင် ထိုတောင်များမှာ အလွန်

ခိုင်မြဲစွာဖြင့် မြေကြီးတွင် စိုက်ထူလျက်ရှိနေလင့်ကစား တိမ်တိုက်များပမာ အစဉ်တစိုက် ရွေ့လျားနေသည်ဟု ဖော်ပြထားပေသည်။ သို့သော် ဤသည်ကို တောင်များသည် ကမ္ဘာမြေနှင့် တစ်ပေါင်းတည်းဖြစ်လျက် တိမ်ထုများပမာ ရွေ့လျားလှည့်ပတ်လျက်ရှိသည်ဟူ၍ မှတစ်ပါး အခြားကောက်ချက်မချနိုင်ချေ။ တောင်များကို ကမ္ဘာမြေတွင် ခိုင်ခံ့မြဲမြံစွာ စိုက်ထူထားတော်မူသော အလ္လာဟ်အရှင်မြတ်၏စီမံလုပ်ဆောင်မှုတွင် မည်သို့မျှအပြစ်ရှာဝေဖန်စရာပြုလုပ်နိုင်မည်မဟုတ်ကြောင်း ဤအာယတ်တော်၏ နောက်ဆုံးအပိုင်းက ပြတ်သားစွာထောက်ပြနေပေသည်။ ဤတွင် ယင်းအဖြစ်အပျက်များမှာ 'ကေယာမတ်' ကမ္ဘာ့နောက်ဆုံးနေ့တွင်ဖြစ်ပွားလိမ့်မည်ဟူသော ထင်မြင်ယူဆချက်ကို တွန်းလှန်ဖယ်ရှားထားပေသည်။ 'ကေယာမတ်'နေ့တွင်ကား မည်သည့်မျက်စိကမျှ ထိုတောင်များ ပျံဝဲလျက်ရှိနေသည်ကို မြင်ကြရလိမ့်မည်မဟုတ်ချေ။ အကယ်၍ တောင်များပျံဝဲခဲ့ပါလျှင် **تَتْقَنَ كُلَّ شَيْءٍ** ဟူသောအဆိုနှင့် ဆန့်ကျင်ဘက်ဖြစ်သွားလိမ့်မည်။ သို့ကြောင့် ကောင်းကင်တွင် တိမ်တိုက်များ ရွေ့လျားသွားလာနေကြသည့်အလားတောင်များသည်လည်း ကမ္ဘာမြေတွင် ရွေ့လျားလျက်ရှိနေသည်ဟု လူသားအနေဖြင့် လက်ခံရန်မှတစ်ပါးအခြားလမ်းမရှိချေ။ ဤအကြောင်းအရာများကို ဖော်ပြရခြင်းမှာ ပညာရှင်များအနေဖြင့် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ဖန်ဆင်းရှင်ဖြစ်တော်မူ၍ ကြီးမြတ်လှစွာသောအတတ်ပညာရှင်ဖြစ်ကြောင်းအကြွင်းမဲ့ ယုံကြည်သက်ဝင်မှုရှိကြစေခြင်းအလို့ငှာ ဖြစ်ပေသည်။

ဤဆူရာဟ်၏နောက်ဆုံးအာယတ်တွင် ဤသို့ ကတိပြုထားတော်မူသည်။ ဖော်ပြခဲ့သော အတိတ်ကြီး နိမိတ်ကြီးများသည် လူသားနွယ်ဝင်တို့အား မုချမသွေ ပြသခြင်းခံရပေမည်။ ယင်း၌ ကမ္ဘာမြေဆိုင်ရာ နိမိတ်လက္ခဏာများရှိသကဲ့သို့ ကောင်းကင်ဆိုင်ရာ နိမိတ်လက္ခဏာများလည်း ပါရှိပေသည်။ ထိုအခါ နှောင်းခေတ်ပညာရှင်များက ကျမ်းမြတ်ကုရ်အာန်တွင်ဖော်ပြတော်မူထားသည့်အတိုင်း ထပ်တူထပ်မျှ ဖြစ်ခဲ့ပေသည်ဟူ၍ သက်သေခံကြလိမ့်မည်တည်း။

♦ ♦ ♦

ဆူရာဟ် အလ်-နမလ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၉၄)ပိုဒ် ရှုကူ (၇)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

طٰسٓ ۚ تِلْكَ اٰيٰتُ الْقُرْاٰنِ وَكِتَابٍ مُّبِيْنٍ ②

၂။ طٰسٓ သန့်ရှင်းစင်ကြယ်တော်မူသောအရှင်၊ လွန်စွာကြားတော်မူသောအရှင်၊ ဤသည် ကုရ်အာန်၏၊ လင်းဝင်းထင်ရှားသောကျမ်းတော်၏ 'အာယတ်'မုကွပါဠိတော်များဖြစ်၏။

هُدًى وَّبُشْرٰى لِلْمُؤْمِنِيْنَ ③

၃။ 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူများအတွက် လမ်းညွှန်တော်နှင့် သတင်းကောင်းလည်းဖြစ်၏။

الَّذِيْنَ يُقِيْمُوْنَ الصَّلٰوةَ وَيُؤْتُوْنَ الزَّكٰوةَ وَهُمْ بِالْاٰخِرَةِ هُمْ يُوْقِنُوْنَ ④

၄။ ထိုသူတို့သည် 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြ၏။ 'ဇကားတ်'ပေးဆောင်ကြ၏။ ထို့ပြင် ထိုသူတို့သည်ပင် နောင်တမလွန်ကိုလည်း ယုံကြည်ကြ၏။

اِنَّ الَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ زَيَّنَّا لَهُمْ اَعْمَالَهُمْ فَهُمْ يَعْمَهُوْنَ ⑤

၅။ ဧကန်စင်စစ် တမလွန်ကိုမယုံကြည်သူတို့အား ငါတို့သည် သူတို့၏ပြုမူကျင့်ကြံမှုများကို သူတို့အတွက် လှပတင့်တယ်စဖွယ် ပြုလုပ်ပြသတော်မူ၏။ သို့ဖြစ်ရာ ယင်းတို့သည် တဝဲလည်လည် ဖြစ်နေကြ၏။

اُولٰٓئِكَ الَّذِيْنَ لَهُمْ سُوْٓءُ الْعَذَابِ وَهُمْ فِي الْاٰخِرَةِ هُمُ الْاَخْسَرُوْنَ ⑥

၆။ ဤသူတို့သည်သာလျှင် ယင်းတို့အတွက် အလွန်ဆိုးရွားသော ပြစ်ဒဏ်(ကိုသတ်မှတ်ထား)ရှိ၏။ ထိုသူများသည်ပင် နောင်တမလွန်တွင် အားလုံးထက် ပိုမို၍ဆုံးရှုံးသူများ ဖြစ်ကြပေလိမ့်မည်။

وَاِنَّكَ لَتُلَقَّى الْقُرْاٰنَ مِنْ لَّدُنْ حَكِيْمٍ عَلِيْمٍ ⑦

၇။ ထို့ပြင် ဧကန်မလွဲ လွန်စွာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော၊ ထာဝရသိရှိတော်မူသော အရှင်ထံတော်မှ ဤ 'ကုရ်အာန်'ကို အသင့်အားပေးသနားတော်မူ၏။

اِذْ قَالَ مُوْسٰى لِاَهْلِهٖٓ اِنِّيْٓ اٰنَسْتُ نَارًا ؕ سَاٰتِيْكُمْ مِّنْهَا بِخَبَرٍ اَوْ اٰتِيْكُمْ بِشِهَابٍ قَبَسٍ لَّعَلَّكُمْ تَصْطَلُوْنَ ⑧

၈။ (သတိရကြကုန်) အကြင်အခါဝယ် 'မူစာ'က မိမိ၏ အိမ်သားများအား အမှန်ပင် ကျွန်ုပ်သည် မီးတစ်ခုကို မြင်နေရ၏။ သို့ဖြစ်ရာ ကျွန်ုပ်သည် ထို(မီး၏အနီး)မှ အသင်တို့ထံ သတင်းတစ်စုံတစ်ရာကို ယူဆောင်လာပေအံ့။ သို့မဟုတ်အသင်တို့ထံ အသင်တို့ မီးလှုံရန်အလို့ငှာ တောက်လောင်နေသော မီးခဲကို ယူဆောင်လာပေမည်ဟု ပြောဆိုလေ၏။

فَلَمَّا جَآءَهَا نُوْدِيَ اَنْۢ بُوْرِكَ مَنْ فِي النَّارِ وَمَنْ حَوْلَهَا ؕ وَسُبْحٰنَ اللّٰهِ

၉။ သို့ဖြင့် သူသည် ထို(မီး)အနီးသို့ရောက်ရှိသောအခါ ခေါ်သံကြားရ၏။ (အို-မူစာ) ဤမီးဌာနိရှိသူသည်လည်းကောင်း၊ ယင်း၏ အနီးဝန်းကျင်ဌာနိရှိသူတို့သည်လည်းကောင်း 'ဘရ်

رَبِّ الْعٰلَمِيْنَ ۝١

ကတ်' ကောင်းချီးမင်္ဂလာပေးခြင်းကိုခံကြရ၏။ထို့ပြင် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အလွှာဟ်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။

يٰمُوْسٰٓى اِنَّهٗٓ اَنَا اللّٰهُ الْعَزِيْزُ الْحَكِيْمُ ۝٩

၁၀။ အို-'မူစာ' ဧကန်အမှန် (ဤမုကွပါဠိတော်ကိုပို့ချတော်မူသော) ငါအရှင်မြတ်သည်ပင် 'အလ္လာဟ်' ဖြစ်တော်မူ၏။ အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏။ ①

وَاَلْقِ عَصَاكَ ؕ فَلَمَّا رَاٰهَا تَهْتَزُّ كَاَنَّهَا جَآنٌّ وَّلّٰى مُدْبِرًا وَّلَمْ يُعَقِّبْ ؕ يٰمُوْسٰى لَا تَخَفْ ۫ اِنِّىْ لَا يَخَافُ لَدَىَّ الْمُرْسَلُوْنَ ۝١٠

၁၁။ မိမိတောင်ဘေးကိုပစ်ချလော့။ သို့ဖြင့် သူသည် ထိုအရာအား မြွေတစ်ကောင်ကဲ့သို့ လှုပ်ရှားနေသည်ကို မြင်တွေ့ရသောအခါ သူသည် ကျောခိုင်းလှည့်ထွက်သွားပြီး လှည့်၍ပင်မကြည့်ခဲ့ချေ။ အို-'မူစာ' မကြောက်လင့်။ အမှန်ပင် ငါအရှင်မြတ်၏အပါးတော်တွင် တမန်တော်များသည် ကြောက်ရွံ့ရိုးမရှိကြချေ။

اِلَّا مَنْ ظَلَمَ ثُمَّ بَدَّلَ حُسْنًۢا بَعْدَ سُوْٓءٍ فَاِنِّىْ غَفُوْرٌ رَّحِيْمٌ ۝١١

၁၂။ သို့သော် အကြင်သူသည် တစ်စုံတစ်ရာ မတရားကျူးလွန်ပြီးသည့်နောက် တစ်ဖန် သူသည် ယင်းမကောင်းမှု၏နောက်တွင် ကောင်းမှုဖြင့်(အစားထိုး)ပြောင်းလဲပါလျှင် စင်စစ် ငါအရှင်မြတ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَاَدْخِلْ يَدَكَ فِىْ جَيْبِكَ تَخْرُجْ بَيْضَآءَ مِنْ غَيْرِ سُوْٓءٍ ؕ فِىْ تِسْعِ اٰيٰتٍ اِلٰى فِرْعَوْنَ وَقَوْمِهٖ ؕ اِنَّهُمْ كَانُوْا قَوْمًا فٰسِقِيْنَ ۝١٢

၁၃။ ထို့ပြင် အသင်သည် မိမိလက်ကို မိမိ၏ဝတ်ရုံထဲသို့ထည့်လိုက်ပါလေ။ ယင်းသည် အပြစ်အနာအဆာ တစ်စုံတစ်ရာမရှိဘဲ တောက်ပစွာဖြင့် ထွက်လာလိမ့်မည်။ (ဤနိမိတ်လက္ခဏာနှစ်ရပ်သည်) 'ဖိရ်အောင်'နှင့် သူ၏အမျိုးသားတို့ထံ(ပို့ဆောင်မည့်)နိမိတ်လက္ခဏာကိုးရပ်အနက်မှဖြစ်၏။ စင်စစ် ယင်းတို့သည် အလွန်ပင် အကျင့်ဆိုးယုတ်သူများဖြစ်ကြ၏။

فَلَمَّا جَآءَتْهُمْ اٰيٰتُنَا مُبْصِرَةً قَالُوْا هٰذَا سِحْرٌ مُّبِيْنٌ ۝١٣

၁၄။ သို့ဖြင့် ယင်းတို့ထံ ငါတို့၏ သိမြင်နိုင်စွမ်းကိုပေးသည့် နိမိတ်လက္ခဏာတော်များရောက်လာသည့်အခါ ယင်းတို့က ဤအရာသည် ပွင့်လင်းထင်ရှားသော မှော်အတတ်ပင်ဖြစ်၏ဟု ပြောဆိုကြ၏။

وَجَحَدُوْا بِهَا وَاسْتَيْقَنَتْهَآ اَنْفُسُهُمْ

၁၅။ ထိုသူတို့သည် မတရားကျူးလွန်မှုနှင့် ပုန်ကန်ခြားနားမှုကိုပြုလျက် ယင်း(နိမိတ်လက္ခဏာများ)ကို ငြင်းပယ်လိုက်ကြ

① အာယတ်တော်(၈)မှ(၁၀)။ မိမိ၏အိမ်သူအိမ်သားများနှင့်အတူ 'မဒိယန်'မှ 'အီဂျစ်'ပြည်သို့ပြန်လည်ရွှေ့ပြောင်းခဲ့ချိန်တွင် တမန်တော်မူစာ ﷺ ထံသို့ 'ဝဟီ'ဗျာဒိတ်ထုတ်ပြန်ပို့ချတော်မူခြင်းဖြစ်ရပ်ကို ဤအာယတ်တော်(၃)ပိုဒ်တွင် ဖော်ပြထားပေသည်။ ထိုကာလမှာဆောင်းရာသီဖြစ်၍ တမန်တော်ကြီးအဖို့ 'မီး'ကိုအလိုရှိခဲ့ပေသည်။ 'တူရ်'တောင်ပေါ်တွင် တမန်တော်မူစာသည် မီးကဲ့သို့လင်းဝင်းသော မီးလျှံတစ်ခုကိုတွေ့မြင်ခဲ့လေသည်။ သို့ရာတွင် ထိုနေရာသို့ရောက်လတ်သော် မည်သည့် မီးတစ်စုံတစ်ရာမျှမရှိမူဘဲ သစ်ပင်၏အစိတ်အပိုင်းတစ်ခုသည် သာမန်ထက်ထူးကဲစွာဖြင့် လင်းဝင်းလျက်ရှိနေသည်ကို မြင်တွေ့ခဲ့ရလေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်က တမန်တော်မူစာအား မီးအသွင်ဖြင့် အသင်မြင်တွေ့နေသော အကြင်အရာမှာ မီးမဟုတ်မူဘဲ ငါအရှင်မြတ်၏ 'နူရ်'အလင်းရောင် ထွန်းလင်းတောက်ပနေခြင်းဖြစ်သည်ဟူ၍ 'ဝဟီ'ထုတ်ပြန်ချပေးတော်မူလေသည်။ ဤကား ပုံဆောင်ချက်တစ်ရပ်ပင်ဖြစ်၏။

ظُلْمًا وَّ عُلُوًّا ؕ فَانْظُرْ كَيْفَ كَانَ
عَاقِبَةُ الْمُفْسِدِيْنَ ﴿۱۴﴾

လေသည်။ အမှန်သော်ကား သူတို့၏စိတ်နှလုံးများသည် ယင်းအပေါ် သက်ဝင်ယုံကြည်ခဲ့ကြပြီးဖြစ်ချေသည်။ သို့ဖြစ်ရာ ပျက်စီးရာပျက်စီးကြောင်းပြုသူများ၏ရလဒ် မည်သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုကြလေကုန်။

ရုကူး-၂

وَ لَقَدْ اٰتَيْنَا دَاوٗدَ وَ سُلَيْمٰنَ عِلْمًا ۚ
وَقَالَا الْحَمْدُ لِلّٰهِ الَّذِيْ فَضَّلَنَا عَلٰى
كَثِيْرٍ مِّنْ عِبَادِهِ الْمُؤْمِنِيْنَ ﴿۱۵﴾

၁၆။ ထို့ပြင် ငါတို့သည် အမှန်ပင် 'ဒါဝတ်'နှင့် 'ဆူလိုင်မန်'တို့အား ကြီးကျယ်သောအသိပညာကို ပေးသနားတော်မူခဲ့၏။ သူတို့နှစ်ဦးကပြောကြားသည်မှာ ချီးမွမ်းထောမနာခြင်းဟူသမျှသည် အလ္လာဟ်အဖို့သာဖြစ်၏။ ထိုအရှင်မြတ်သည် ကျွန်ုပ်တို့အား များစွာသော သက်ဝင်ယုံကြည်သူအစေတော်များအပေါ် ထူးကဲသာလွန်မှုကို ပေးသနားတော်မူခဲ့၏။

وَوَرِثَ سُلَيْمٰنُ دَاوٗدَ وَقَالَ يٰۤاَيُّهَا النَّاسُ
عُلِّمْنَا مَنْطِقَ الطَّيْرِ وَاُوْتِيْنَا مِنْ كُلِّ
شَيْءٍ ؕ اِنَّ هٰذَا لَهُوَ الْفَضْلُ الْمُبِيْنُ ﴿۱۶﴾

၁၇။ ထို့ပြင် 'ဆူလိုင်မန်'သည်'ဒါဝတ်'၏အမွေခံသူဖြစ်ခဲ့၏။ သူက ပြောကြားသည်မှာ အို-လူအပေါင်းတို့ ကျွန်ုပ်တို့သည် ကျေးငှက်များ၏ဘာသာစကားကို သင်ပေးခြင်းခံခဲ့ရပေသည်။ ထို့ပြင် အရာရာတိုင်းမှအချို့ကို ကျွန်ုပ်တို့အား ပေးသနားတော်မူခဲ့၏။ ဧကန်ပင် ဤသည် ပွင့်လင်းထင်ရှားလှသောကျေးဇူးတော်ပင်ဖြစ်၏။

وَحُشِرَ لِسُلَيْمٰنَ جُنُوْدُهٗ مِنَ الْجِنِّ
وَالْاِنْسِ وَالطَّيْرِ فَهُمْ يُوْزَعُوْنَ ﴿۱۷﴾

၁၈။ ထို့ပြင် 'ဆူလိုင်မန်'အတွက် 'ဂျင်နီ'များ၊ လူများနှင့် ငှက်များအနက်မှ သူ၏စစ်တပ်ကို စုစည်းပေးတော်မူခဲ့ပေသည်။ ယင်းတို့အား သီးခြားစီ တန်းများဖွဲ့၍ စီစဉ်ခဲ့ပေသည်။

حَتّٰۤى اِذَاۤ اَتَوْا عَلٰى وَادِ النَّمْلِ ۙ قَالَتْ
نَمْلَةٌ يّٰۤاَيُّهَا النَّمْلُ ادْخُلُوْا مَسٰكِنَكُمْ ۚ
لَا يَحْطِمَنَّكُمْ سُلَيْمٰنُ وَجُنُوْدُهٗ ۙ وَهُمْ
لَا يَشْعُرُوْنَ ﴿۱۸﴾

၁၉။ နောက်ဆုံးတွင် ယင်းတို့သည် 'နမလ်'တောင်ကြားသို့ ရောက်ရှိသည့်အခါ 'နမလ်'(မျိုးနွယ်)မှ အမျိုးသမီးတစ်ဦးကပြောကြားသည်မှာ အို-'နမလ်'မျိုးနွယ်တို့ 'ဆူလိုင်မန်'နှင့် သူ၏စစ်တပ်သည် မသိပါဘဲလျက် အသင်တို့အားနင်းချေခြင်းလုံးဝမပြုမိစေရန် အသင်တို့သည် မိမိတို့၏အိမ်များအတွင်းသို့ ဝင်ရောက်ကြကုန်။

فَتَبَسَّمَ ضَاحِكًا مِّنْ قَوْلِهَا وَقَالَ رَبِّ
اَوْزِعْنِيْۤ اَنْ اَشْكُرَ نِعْمَتَكَ الَّتِيْۤ
اَنْعَمْتَ عَلَيَّ وَعَلٰى وَالِدَيَّ وَاَنْ اَعْمَلَ
صَالِحًا تَرْضٰىهُ وَ اَدْخِلْنِيْ بِرَحْمَتِكَ
فِيْ عِبَادِكَ الصّٰلِحِيْنَ ﴿۱۹﴾

၂၀။ သူ(ဆူလိုင်မန်)သည် သူမ၏ထိုစကားကြောင့် ပြုံးရယ်ခဲ့၏။ ထို့နောက် လျှောက်ထားသည်မှာ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးနှင့် ကျွန်တော်မျိုး၏မိဘနှစ်ပါးအပေါ်၌ အရှင်မြတ်'နေ့အ်မတ်'ကောင်းချီးဆုလာဘ်များပြုတော်မူခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးသိတတ်ရန်လည်းကောင်း၊ ထို့ပြင် အရှင်မြတ်နှစ်သက်တော်မူသော အကျင့်သီလများကို ကျင့်ကြံဆောက်တည်နိုင်ရန်လည်းကောင်း ကျွန်တော်မျိုးအား စွမ်းအားပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးအား မိမိကရုဏာတော်ဖြင့် အရှင်မြတ်၏သူတော်ကောင်း အစေတော်များတွင် အပါအဝင်

ဖြစ်စေတော်မူပါ။

وَتَفَقَّدَ الطَّيْرَ فَقَالَ مَالِيَ لَآ اَرَى الْهُدْهُدَ ۖ اَمْ كَانَ مِنَ الْغَآئِبِيْنَ ﴿٢٠﴾

၂၀။ ထို့နောက် သူသည် အတွေးအခေါ်မြင့်မားသူတစ်ဦးကို မတွေ့ရသောအခါ သူက ပြောသည်မှာ မည်သို့ဖြစ်ရသနည်း။ ကျွန်ုပ်သည် 'ဟွဒ်ဟွဒ်'ကိုမတွေ့ရပါတကား။ သူသည် ပျက်ကွက်သူများမှဖြစ်လေသလော။ ﴿၁﴾

لَاُعَذِّبَنَّهٗ عَذَابًا شَدِيْدًا اَوْ لَاَاْذْبَحَنَّهٗٓ اَوْ لَيَاْتِيَنِّيْ بِسُلْطٰنٍ مُّبِيْنٍ ﴿٢١﴾

၂၁။ ကျွန်ုပ်သည် သူ့အား အမှန်ပင် ပြင်းထန်သော ပြစ်ဒဏ်ကိုပေးမည်။ သို့မဟုတ် သူ့အား အမှန်ပင် လည်လှီးသတ်မည်။ သို့တည်းမဟုတ် သူသည်(မိမိကိုယ်ကိုကာကွယ်ရန်) ကျွန်ုပ်ထံ ထင်ရှားသောသက်သေအထောက်အထားကို ယူဆောင်လာရပေမည်။

فَمَكَثَ غَيْرَ بَعِيْدٍ فَقَالَ اَحَطْتُّ بِمَا لَمْ تُحِطْ بِهٖ وَجِئْتُكَ مِنْ سَبَاٍ بِنَبَاٍ يَّقِيْنٍ ﴿٢٢﴾

၂၂။ သို့ဖြစ်ရာ သူ(ဆူလိုင်မန်)သည် ကြာမြင့်စွာ မစောင့်ဆိုင်းရမီ(ဟွဒ်ဟွဒ်ရောက်လာခဲ့ပြီး) သူက လျှောက်ထားသည်မှာ ကျွန်ုပ်သည် အသင်မသိသောအကြောင်းအရာများကို သိခဲ့ရပါသည်။ ထို့ပြင် ကျွန်ုပ်သည် 'ရှီဘာ'မှယုံကြည်စိတ်ချရသော သတင်းတစ်ရပ်ကို အသင့်ထံ ယူဆောင်လာခဲ့ပါသည်။

اِنِّيْ وَجَدْتُّ امْرَاَةً تَمْلِكُهُمْ وَاُوْتِيَتْ مِنْ كُلِّ شَيْءٍ وَّلَهَا عَرْشٌ عَظِيْمٌ ﴿٢٣﴾

၂၃။ အမှန်ပင် ကျွန်ုပ်သည် အမျိုးသမီးတစ်ဦးက ယင်းတို့အား အုပ်ချုပ်လျက်ရှိသည်ကို တွေ့ရှိခဲ့ရပါသည်။ သူမသည် အရာရာတိုင်းမှအချို့ကို ပေးသနားခြင်းခံခဲ့ရပြီး သူမ၌ ကြီးကျယ်ခမ်းနားသော ရာဇပလ္လင်တစ်ခုရှိပေသည်။

وَجَدْتُّهَا وَقَوْمَهَا يَسْجُدُوْنَ لِلشَّمْسِ مِنْ دُوْنِ اللّٰهِ وَزَيَّنَ لَهُمُ الشَّيْطٰنُ اَعْمَالَهُمْ فَصَدَّهُمْ عَنِ السَّبِيْلِ فَهُمْ لَا يَهْتَدُوْنَ ﴿٢٤﴾

၂၄။ သူမနှင့် သူမ၏အမျိုးသားများသည် 'အလ္လာဟ်'အစား 'နေ'ကို ရှိခိုးဦးချနေကြသည်ကို ကျွန်ုပ်မြင်တွေ့ခဲ့ရ၏။ စင်စစ် 'ရှိုင်တန်'သည် သူတို့၏အပြုအမူကို သူတို့အား လှပတင့်တယ်အောင် ပြုလုပ်ပြသခဲ့ပေသည်။ သို့ဖြင့် ယင်း(ရှိုင်တန်)သည် ထိုသူတို့အား (မှန်ကန်သော)လမ်းမှ တားမြစ်ခဲ့ပေရာ ယင်းတို့သည် လမ်းမှန်ကိုမရရှိကြချေ။

اَلَّا يَسْجُدُوْا لِلّٰهِ الَّذِيْ يُخْرِجُ الْخَبْءَ فِي السَّمٰوٰتِ وَالْاَرْضِ وَيَعْلَمُ مَا تُخْفُوْنَ وَمَا تُعْلِنُوْنَ ﴿٢٥﴾

၂၅။ (ရှိုင်တန်သည် ၎င်းတို့ကို) 'အလ္လာဟ်'အား 'စဂ်ဒါဟ်'ဦးချခြင်းမပြုရန်(လှုံဆော်၏)။ အမှန်သော်ကား ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေပေါ်ရှိ ဖုံးကွယ်နေသော အရာများကို ထုတ်ဆောင်တော်မူ၏။ ထို့ပြင် ထိုအရှင်မြတ်သည် အသင်တို့ဖုံးကွယ်သည်ကိုလည်းကောင်း၊ ထုတ်ဖော်သည်ကိုလည်းကောင်း သိရှိတော်မူ၏။

اَللّٰهُ لَآ اِلٰهَ اِلَّا هُوَ رَبُّ الْعَرْشِ الْعَظِيْمِ ﴿٢٦﴾ ۩

၂၆။ 'အလ္လာဟ်'၊ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ခြင်းခံထိုက်သူမရှိချေ။ ထိုအရှင်မြတ်သည် ကြီးကျယ်ခမ်းနားသော

﴿၁﴾ "طَيْر" ဟူသည် 'အတွေးအခေါ်မြင့်မားသည့်လူသား'ဟုအဓိပ္ပာယ်ရသည်။ (ဂရီဘွလ်ကုရ်အာန်ရှု)
هُدْهُد 'ဟွဒ်ဟွဒ်'မှာ ဟီဗရူးဘာသာဖြင့် 'ဟုဒဒ်'ဖြစ်ပြီး တမန်တော် ဆူလိုင်မန်ﷺ၏တပ်မတော်မှ ဗိုလ်ချုပ်တစ်ဦး၏အမည်ဖြစ်သည်။ (JEWISH ENCYCLOPEDIA- ဂျူးစွယ်စုံကျမ်းတွင်ရှု)

'အရ်ရှ်'ပလ္လင်တော်၏အရှင်သခင် ဖြစ်တော်မူ၏။

قَالَ سَنَنْظُرُ اَصَدَقْتَ اَمْ كُنْتَ مِنَ الْكٰذِبِيْنَ ﴿۲۷﴾

၂၈။ သူ(ဆူလိုင်မန်)က ပြောကြားသည်မှာ- အသင်သည် အမှန်ကိုပြောသလော။ သို့မဟုတ် အသင်သည် လိမ်ညာသူများအနက်မှဖြစ်သလောဆိုသည်ကို ငါတို့စစ်ဆေးရလိမ့်မည်။

اِذْهَبْ بِّكِتٰبِيْ هٰذَا فَاَلْقِهْ اِلَيْهِمْ ثُمَّ تَوَلَّ عَنْهُمْ فَانْظُرْ مَاذَا يَرْجِعُوْنَ ﴿۲۸﴾

၂၉။ ကျွန်ုပ်၏ ဤစာကိုယူဆောင်သွားပြီးလျှင် ထိုသူတို့၏ ရှေ့ဝယ်ချထားပြီး သူတို့ထံမှ ဖယ်ခွာ၍နေပါလေ။ ထို့နောက် သူတို့ မည်သည့်အဖြေပေးသည်ကို စောင့်ကြည့်ပါလေ။

قَالَتْ يٰٓاَيُّهَا الْمَلَؤُا اِنِّيْٓ اُلْقِيَ اِلَيَّ كِتٰبٌ كَرِيْمٌ ﴿۲۹﴾

၃၀။ (ထိုစာကိုဖတ်ပြီးနောက်) ဘုရင်မက ပြောကြားသည်မှာ အို-အကြီးအမှူးတို့၊ ဧကန်ပင် ငါ့ထံသို့ ဂုဏ်သရေရှိသော စာတစ်စောင်ပေးပို့လာပေသည်။

اِنَّهٗ مِنْ سُلَيْمٰنَ وَ اِنَّهٗ بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ﴿۳۰﴾

၃၁။ ဧကန်စင်စစ် ယင်းသည် ဆူလိုင်မန်ထံမှဖြစ်ပြီး ယင်း(စာ)တွင် ဤသို့ပါရှိ၏။ အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသော 'အလ္လာဟ်'၏နာမတော်ဖြင့်-

اَلَّا تَعْلُوْا عَلَيَّ وَاْتُوْنِيْ مُسْلِمِيْنَ ﴿۳۱﴾

၃၂။ အသင်တို့သည် ကျွန်ုပ်အား ဆန့်ကျင်ပုန်ကန်ခြင်း မပြုကြလင့်။ ကျွန်ုပ်ထံ ကျိုးနွံနာခံလျက် လာရောက်ကြလော့ဟူ၍ ဖြစ်သတည်း။

ရုကူး-၃

قَالَتْ يٰٓاَيُّهَا الْمَلَؤُا اَفْتُوْنِيْ فِيْٓ اَمْرِيْ ۚ مَا كُنْتُ قَاطِعَةً اَمْرًا حَتّٰى تَشْهَدُوْنِ ﴿۳۲﴾

၃၃။ (ဘုရင်မက) အို-အကြီးအမှူးတို့၊ ငါ၏အရေးကိစ္စတွင် အကြံဉာဏ်ပေးကြလော့။ ငါ၏အနီးတွင် အသင်တို့ မရှိသမျှ ကာလပတ်လုံး ငါသည် မည်သည့်အရေးကြီးကိစ္စကိုမျှ ဆုံးဖြတ်ခြင်းမပြုချေဟု ပြောကြားလေ၏။

قَالُوْا نَحْنُ اُولُوْا قُوَّةٍ وَّ اُولُوْا بَاْسٍ شَدِيْدٍ ۙ وَّ الْاَمْرُ اِلَيْكِ فَانْظُرِيْ مَاذَا تَاْمُرِيْنَ ﴿۳۳﴾

၃၄။ ယင်း(အကြီးအမှူး)တို့က ကျွန်ုပ်တို့သည် အလွန်လျှင်စွမ်းအားကြီးသူများဖြစ်ကြပြီး တိုက်ခိုက်မှု၌ ပြင်းထန်သူများဖြစ်ကြ၏။ အမှန်သော်ကား စီရင်ဆုံးဖြတ်ရန်မှာ အသင်၏ အလုပ်သာ ဖြစ်ပါသည်။ သို့ဖြစ်ရာ အသင်သည် (ကျွန်ုပ်တို့အား) မည်သို့အမိန့်ပေးမည်ကို အသင်ကိုယ်တိုင် ဆင်ခြင်စဉ်းစားပါဟု လျှောက်တင်ကြလေ၏။

قَالَتْ اِنَّ الْمُلُوْكَ اِذَا دَخَلُوْا قَرْيَةً اَفْسَدُوْهَا وَجَعَلُوْٓا اَعِزَّةَ اَهْلِهَآ اَذِلَّةً ۚ وَ كَذٰلِكَ يَفْعَلُوْنَ ﴿۳۴﴾

၃၅။ (ဘုရင်မက) ပြောကြားသည်မှာ စင်စစ် ဘုရင်တို့မည်သည် မြို့ရွာတစ်ခုကိုဝင်ရောက်သည့်အခါ ယင်း၌ ဆူပူမငြိမ်မသက်ဖြစ်အောင် ပြုလုပ်ကြ၏။ ထို့ပြင် ထိုအရပ်ရှိ ပြည်သူများမှ ဂုဏ်သရေရှိသူများကို ဂုဏ်ရည်သို့းနွမ်းနိမ့်ကျအောင် ပြုလုပ်ကြ၏။ သူတို့သည် ဤအတိုင်းပင် ပြုမူလေ့ရှိကြ၏။

وَاِنِّيْ مُرْسِلَةٌ اِلَيْهِمْ بِهَدِيَّةٍ فَنٰظِرَةٌ

بِمَ يَرْجِعُ الْمُرْسَلُوْنَ ۝

ပဏ္ဏာတစ်ခုကို ပေးပို့ပေမည်။ ထို့နောက် သံတမန်များ မည်သည့် အဖြေယူဆောင်လာမည်ကို ငါသည် စောင့်ကြည့်ပေအံ့။

فَلَمَّا جَآءَ سُلَيْمٰنَ قَالَ اَتُمِدُّوْنَنِ بِمَالٍ فَمَآ اٰتٰىنِۦَ اللّٰهُ خَيْرٌ مِّمَّآ اٰتٰىكُمْ ۚ بَلْ اَنْتُمْ بِهَدِيَّتِكُمْ تَفْرَحُوْنَ ۝

၃၆။ သို့ဖြင့် ယင်း(သံအဖွဲ့)သည် 'ဆူလိုင်မန်'ထံရောက်ရှိသောအခါ သူက ပြောကြားသည်မှာ အသင်တို့သည် ကျွန်ုပ်အား ပစ္စည်းဥစ္စာဖြင့် ကူညီလိုကြသလော။ အမှန်သော်ကား ကျွန်ုပ်အား အလ္လာဟ်ပေးသနားထားတော်မူသောအရာသည် အသင်တို့အား ပေးသနားထားတော်မူသောအရာထက် သာလွန်ကောင်းမြတ်ပေသည်။ သို့ရာတွင် အသင်တို့သည် မိမိတို့၏လက်ဆောင်အပေါ်၌သာလျှင် ဂုဏ်ယူဝင့်ကြွားနေကြပေသည်တကား။

اِرْجِعْ اِلَيْهِمْ فَلَنَاْتِيَنَّهُمْ بِجُنُوْدٍ لَّا قِبَلَ لَهُمْ بِهَا وَلَنُخْرِجَنَّهُمْ مِّنْهَآ اَذِلَّةً وَّهُمْ صٰغِرُوْنَ ۝

၃၇။ သူတို့ထံ ပြန်၍သွားကြကုန်။ ထို့နောက် ကျွန်ုပ်တို့သည် အမှန်ပင် ၎င်းတို့ထံ သူတို့လုံးဝယှဉ်ပြိုင်ခြင်းမပြုနိုင်သော စစ်တပ်များနှင့်အတူ လာရောက်ပေမည်။ ထို့ပြင် ကျွန်ုပ်တို့သည် ၎င်းတို့အား ဂုဏ်သရေယုတ်လျော့အောင် ပြုလုပ်လျက် အမှန်ပင် ထို(မြို့ရွာ)မှ နှင်ထုတ်ပေမည်။ ထိုအခါ ၎င်းတို့သည် မစွမ်းသာဘဲ ဖြစ်သွားကြပေလိမ့်မည်။

قَالَ يٰٓاَيُّهَا الْمَلَؤُا اَيُّكُمْ يَاْتِيْنِيْ بِعَرْشِهَا قَبْلَ اَنْ يَّاْتُوْنِيْ مُسْلِمِيْنَ ۝

၃၈။ သူက အို-အကြီးအမှူးတို့ ဘုရင်မသည် ကျိုးနွံနာခံလျက် ငါ့ထံမရောက်မီအလျင် အသင်တို့အနက် မည်သူသည် သူမ၏ရာဇပလ္လင်ကို ငါ့ထံယူဆောင်လာမည်နည်းဟု မေးမြန်းလေ၏။

قَالَ عِفْرِيْتٌ مِّنَ الْجِنِّ اَنَا اٰتِيْكَ بِهٖ قَبْلَ اَنْ تَقُوْمَ مِنْ مَّقَامِكَ ۚ وَ اِنِّيْ عَلَيْهِ لَقَوِيٌّ اَمِيْنٌ ۝

၃၉။ 'ဂျင်န်'များအနက် 'အီဖရီးတ်'က အသင်မင်းကြီးသည် မိမိစခန်းမှ ထွက်ခွာခြင်းမပြုမီ ကျွန်ုပ်သည် ယင်း(ရာဇပလ္လင်)ကို အသင်မင်းကြီးထံ ယူဆောင်၍လာပါမည်။ စင်စစ်ဧကန် ကျွန်ုပ်သည် ဤ(အလုပ်)တွင် အလွန်စွမ်းအားရှိပြီး ယုံကြည်ကိုးစားထိုက်သူဖြစ်ပါသည်ဟု ပြောကြားလေ၏။ ①

قَالَ الَّذِيْ عِنْدَهٗ عِلْمٌ مِّنَ الْكِتٰبِ اَنَا اٰتِيْكَ بِهٖ قَبْلَ اَنْ يَّرْتَدَّ اِلَيْكَ طَرْفُكَ ؕ فَلَمَّا رَاٰهُ مُسْتَقِرًّا عِنْدَهٗ قَالَ هٰذَا مِنْ فَضْلِ رَبِّيْ ۖ لِيَبْلُوَنِيْٓ ءَاَشْكُرُ اَمْ اَكْفُرُ ؕ وَمَنْ شَكَرَ فَاِنَّمَا يَشْكُرُ لِنَفْسِهٖ ۚ وَمَنْ

၄၀။ ကျမ်းပညာကို တတ်သိနားလည်သူတစ်ဦးက အသင်၏ကိုယ်ရံတော်တပ် အသင့်ထံ ပြန်လှည့်မလာမီ ကျွန်ုပ်သည် ယင်း(ရာဇပလ္လင်)ကို အသင့်ထံ ယူဆောင်လာပေမည်ဟု ပြောကြားလေ၏။ သို့ဖြင့် (ဆူလိုင်မန်)သည် ယင်းကို မိမိအပါးတွင် တွေ့ရသည့်အခါ ဤသည် ငါ့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ကျေးဇူးတော်ဖြစ်၏။ သို့ဖြင့် ငါသည် ကျေးဇူးသိတတ်သလော၊ သို့မဟုတ် ကျေးဇူးကန်းတတ်သလောဆိုသည်ကို စမ်းသပ်စစ်ဆေးရန်ဖြစ်၏။ စင်စစ် အကြင်မည်သူမဆို ကျေးဇူးသိတတ်ပါလျှင် မိမိစိတ်ဝိညာဉ်အကျိုးအတွက်သာ

① 'ဂျင်န်'ဟုဖော်ပြခြင်းခံရသော 'အီဖရီးတ်'မှာ လူအများထင်မြင်ပြောဆိုနေသော 'ဂျင်န်'မျိုးမဟုတ်ချေ။ တောင်ပေါ်သားများမှ ခက်ထန်ကြမ်းကြုတ်သော ခေါင်းဆောင်များကိုလည်း 'ဂျင်န်'ဟူ၍ ခေါ်ဆိုပေသည်။ ယင်းတို့ကို တမန်တော် ဆူလိုင်မန်ﷺအား နာခံသူများဖြစ်စေခဲ့ပေသည်။

كَفَرَ فَاِنَّ رَبِّيْ غَنِيٌّ كَرِيْمٌ ﴿٤٠﴾

ကျေးဇူးသိတတ်ခြင်းဖြစ်၏။ ထို့ပြင် အကြင်သူသည် ကျေးဇူးကန်းခဲ့ပါလျှင် ငါ့အား ဖန်ဆင်းမွေးမြူရှင်သည် ဧကန်စင်စစ် လုံးဝလိုလားတောင့်တခြင်းကင်းတော်မူသောအရှင်၊ ဂုဏ်သရေရှိတော်မူသောအရှင်ဖြစ်တော်မူပါ၏ဟု ပြောကြားလေ၏။ ﴿၄၀﴾

قَالَ نَكِّرُوْا لَهَا عَرْشَهَا نَنْظُرْ اَتَهْتَدِيْٓ اَمْ تَكُوْنُ مِنَ الَّذِيْنَ لَا يَهْتَدُوْنَ ﴿٤١﴾

၄၂။ သူက သူမ၏ရာဇပလ္လင်ကို သူမအဖို့ သာမန်ရိုးရိုးအရာသဖွယ် ပြုလုပ်ပါလေ။ သို့ဖြင့် သူမသည် အစစ်အမှန်သဘောကို သိလေသလော။ သို့မဟုတ် လမ်းမှန်ကိုမရရှိသူများအနက်မှ ဖြစ်လေသလောဆိုသည်ကို ကျွန်ုပ်တို့ ကြည့်ကြရပေမည်ဟု ပြောလေ၏။ ﴿၄၁﴾

فَلَمَّا جَآءَتْ قِيْلَ اَهٰكَذَا عَرْشُكِ ۭ قَالَتْ كَاَنَّهٗ هُوَ ۚ وَاُوْتِيْنَا الْعِلْمَ مِنْ قَبْلِهَا وَكُنَّا مُسْلِمِيْنَ ﴿٤٢﴾

၄၃။ သို့ဖြင့် ဘုရင်မ ရောက်ရှိလာသောအခါ အသင်မ၏ ရာဇပလ္လင်သည် ဤအတိုင်းပင်ဖြစ်သလောဟု သူမအား မေးမြန်းလေ၏။ ထိုအခါ သူမက ထိုကဲ့သို့ပင်ဖြစ်၏ဟု ဖြေကြားလေသည်။ စင်စစ် ကျွန်ုပ်တို့သည် ဤသည့်အလျင်ကပင် အသိပညာပေးခြင်းကိုခံခဲ့ရ၏။ ထို့ပြင် ကျွန်ုပ်တို့သည် ကျိုးနွံနာခံခဲ့ပြီးဖြစ်ချေသည်။ ﴿၄၂﴾

وَصَدَّهَا مَا كَانَتْ تَّعْبُدُ مِنْ دُوْنِ اللّٰهِ ۭ اِنَّهَا كَانَتْ مِنْ قَوْمٍ كٰفِرِيْنَ ﴿٤٣﴾

၄၄။ ထို့ပြင် ၎င်း(ဆူလိုင်မန်)က သူမအား အလွှာဟ်မှလွဲ၍ အခြားအရာကို ကိုးကွယ်နေခြင်းမှတားမြစ်ခဲ့၏။ အမှန်ပင် သူမသည် 'ကာဖရ်'မယုံကြည်ငြင်းပယ်သူ မျိုးနွယ်မှဖြစ်၏။

قِيْلَ لَهَا ادْخُلِي الصَّرْحَ ۚ فَلَمَّا رَاَتْهُ حَسِبَتْهُ لُجَّةً وَّكَشَفَتْ عَنْ سَاقَيْهَا ۭ قَالَ اِنَّهٗ صَرْحٌ مُّمَرَّدٌ مِّنْ قَوَارِيْرَ ۭ قَالَتْ

၄၅။ ဘုရင်မအား နန်းတော်တွင်းသို့ ဝင်ရောက်လေ့ဟုပြောကြားခဲ့၏။ သို့ဖြင့် သူမသည် ယင်းအား မြင်တွေ့သောအခါ ယင်းကို နက်သော'ရေ'ဟု ထင်မှတ်ပြီး မိမိ၏ခြေသလုံးနှစ်ဖက်စလုံးမှ အဝတ်အစားကို မ,လိုက်၏။ ထိုအခါ (ဆူလိုင်မန်)က အမှန်မှာ ဤသည် မှန်များဖြင့်ပြုလုပ်ထားသော နန်းတော်တစ်ဆောင်ဖြစ်၏ဟု ပြောလေ၏။ (ဘုရင်မ)က အို-ကျွန်တော်

﴿၄၀﴾ ဤအာယတ်တော်တွင် 'ကျမ်း၏ပညာကို တတ်သိနားလည်သူ'ဟုဆိုခြင်းမှာ သမ္မာကျမ်း၏ပညာကို ဆိုလိုသည်မဟုတ်မူဘဲ သိပ္ပံပညာကိုဆိုလိုခြင်းဖြစ်ပေသည်။ တမန်တော်မြတ် ﷺ က ပညာဟူသည် عِلْمُ الْاَبْدَانِ နှင့် عِلْمُ الْاَدْيَانِ ဟူ၍ နှစ်မျိုးနှစ်စားရှိကြောင်း မိန့်မှာတော်မူခဲ့သည့်အတိုင်းဖြစ်၏။ ဤသည် ယင်း၏ဥပမာတစ်ရပ်ဖြစ်ပေသည်။ 'အီဖ်ရီးတ်'သည် သိပ္ပံပညာရပ်တွင် ကျွမ်းကျင်နားလည်သူ အတတ်ပညာရှင်ဖြစ်ပြီး မိမိအတတ်ပညာစွမ်းအားဖြင့် အခက်ခဲဆုံးသော အရာဝတ္ထုကိုပင် ပုံတူပြုလုပ်နိုင်စွမ်းရှိသူဖြစ်သည်။ 'ရှီဘာ'ဘုရင်မ၏ပလ္လင်ကဲ့သို့ ပုံတူပလ္လင်မျိုးပြုလုပ်ရန်မှာလည်း အလွန်ခက်ခဲသော အလုပ်တစ်ခုဖြစ်သည်။ သို့သော် ထိုသူက ကျွန်တော်မျိုးသည် နယ်စပ်မှ အရှင်မင်းကြီး၏တပ်သည် အရှင်မင်းကြီးထံသို့ ပြန်လည်၍ ရောက်မလာမီအလျင် ထိုပလ္လင်ကို စီစဉ်ပြုလုပ်ပါမည်ဟု လျှောက်ထားခဲ့လေသည်။

﴿၄၁﴾ ဤစကားကိုကြား၍ တမန်တော်ဆူလိုင်မန် عليه السلام က သူမ၏ပလ္လင်ကို သူမအဖို့ သာမန်အရာဝတ္ထုတစ်ခုအဖြစ်ပြုလုပ်၍ ပြပါလေဟု အမိန့်ရှိလေသည်။ ထိုသို့မဟုတ်ဘဲ သူမ၏ပလ္လင်ကို ထိုအရပ်မှ မ,ယူသယ်ဆောင်လာကြဟု ဆိုခြင်းမဟုတ်ချေ။ ယင်း၏ဆိုလိုရင်းမှာ သူမသည် မိမိ၏ရာဇပလ္လင်အတွက် ဂုဏ်ယူဝင့်ကြွားလျက်ရှိပေရာ ထိုကဲ့သို့ ပုံစံတူဖြစ်သော ရာဇပလ္လင်ကိုပြုလုပ်လျက် သူမ၏ရာဇပလ္လင်မှာ သာမန်မျှသာဖြစ်ကြောင်း ရှုမြင်စေရန်ဖြစ်၏။

﴿၄၂﴾ ဤအာယတ်တော်ဖြင့် အကြောင်းအရာအားလုံး ရှင်းလင်းသွားပေသည်။ ဘုရင်မအား ဤသည်ပင် အသင်မ၏ ရာဇပလ္လင်မဟုတ်လောဟုမဆိုဘဲ ဘုရင်မ၏ရာဇပလ္လင်မှာ ဤကဲ့သို့ ပလ္လင်မျိုးဖြစ်သလောဟူ၍ မိန့်ဆိုခဲ့လေသည်။ ယင်းအားဖြေကြားရာ၌ 'ရှီဘာ'ဘုရင်မက ထိုပလ္လင်ပင်ဖြစ်ပါသည်ဟုမဆိုခဲ့မူဘဲ ယင်းသည် ထိုရာဇပလ္လင်ဟုထင်မှတ်ရလောက်အောင် တူညီမှုရှိပေသည်ဟူ၍ ဆိုခဲ့လေသည်။

رَبِّ اِنِّیْ ظَلَمْتُ نَفْسِیْ وَاَسْلَمْتُ مَعَ سُلَیْمٰنَ لِلّٰهِ رَبِّ الْعٰلَمِیْنَ ﴿۴۴﴾

မျိုးမအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် မလွဲမကန် ကျွန်တော်မျိုးမသည် မိမိအသက်ဝိညာဉ်အပေါ် ညှဉ်းပန်းနှိပ်စက်ခဲ့ပါပြီ။ (ယခု)ကျွန်တော်မျိုးမသည် 'ဆူလိုင်မန်'နှင့်အတူ၊ စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အား ကျိုးနွံနာခံပါ၏ဟု လျှောက်ထားခဲ့လေသတည်း။ ⓲

ရုကူး-၄

وَلَقَدْ اَرْسَلْنَاۤ اِلٰی ثَمُوْدَ اَخَاهُمْ صٰلِحًا اَنِ اعْبُدُوا اللّٰهَ فَاِذَا هُمْ فَرِیْقٰنِ یَخْتَصِمُوْنَ ﴿۴۵﴾

၄၅။ ထို့ပြင် ဝါတို့သည် ဧကန်စင်စစ် 'ဆမူဒ်'အမျိုးသားတို့ထံသို့ သူတို့၏ညီအစ်ကို 'ဆွာလေဟ်'ကို အလ္လာဟ်အား ခဝပ်ကိုးကွယ်ကြကုန်(ဟု ပြောဆိုစေလျက်) စေလွှတ်တော်မူခဲ့၏။ ဤသို့ဖြင့် ယင်းတို့သည် ရုတ်တရက် အုပ်စုနှစ်စုဖြစ်သွားကြကာ အငြင်းပွားခဲ့ကြလေသည်။

قَالَ یٰقَوْمِ لِمَ تَسْتَعْجِلُوْنَ بِالسَّیِّئَةِ قَبْلَ الْحَسَنَةِ ۚ لَوْلَا تَسْتَغْفِرُوْنَ اللّٰهَ لَعَلَّكُمْ تُرْحَمُوْنَ ﴿۴۶﴾

၄၆။ သူ(ဆွာလေဟ်)က အို-ကျွန်ုပ်၏အမျိုးသားတို့ အသင်တို့သည် အဘယ့်ကြောင့် ကောင်းမှုထက် မကောင်းမှုကို အလျင်စလိုပြုကြသနည်း။ အသင်တို့အပေါ် ကရုဏာပြုတော်မူခြင်းခံကြရအံ့သောငှာ အသင်တို့သည် အဘယ့်ကြောင့် အလ္လာဟ်၏ထံတော်တွင် ခွင့်လွှတ်တော်မူခြင်းကို မတောင်းခံကြပါသနည်းဟု ပြောကြားခဲ့လေ၏။

قَالُوا اطَّیَّرْنَا بِكَ وَبِمَنْ مَّعَكَ ؕ قَالَ طٰٓئِرُكُمْ عِنْدَ اللّٰهِ بَلْ اَنْتُمْ قَوْمٌ تُفْتَنُوْنَ ﴿۴۷﴾

၄၇။ ယင်းတို့က ကျွန်ုပ်တို့သည် အသင်နှင့် အသင်၏အပေါင်းအဖော်များကို မကောင်းသောအတိတ်နိမိတ်အဖြစ် ကောက်ယူ၏ဟုဆိုကြ၏။ ထိုအခါ (ဆွာလေဟ်)က အသင်တို့၏အတိတ်နိမိတ်သည် အလ္လာဟ်၏ထံတော်တွင်ရှိ၏။ စင်စစ် အသင်တို့သည်ကား စမ်းသပ်စစ်ဆေးခြင်းကို ခံကြရမည့် အမျိုးသားများဖြစ်ကြသည်ဟု ပြောလေ၏။

وَكَانَ فِی الْمَدِیْنَةِ تِسْعَةُ رَهْطٍ یُّفْسِدُوْنَ فِی الْاَرْضِ وَلَا یُصْلِحُوْنَ ﴿۴۸﴾

၄၈။ ထို့ပြင် (ယင်း၏) အချက်အချာမြို့တွင် လူကိုးဦးရှိခဲ့ပေသည်။ ၎င်းတို့သည် တိုင်းပြည်တွင် ပျက်စီးရာပျက်စီးကြောင်းကို ဖန်တီးလေ့ရှိခဲ့ကြပြီး သင့်တင့်ပြေငြိမ်းမှုကို မပြုခဲ့ကြချေ။

قَالُوْا تَقَاسَمُوْا بِاللّٰهِ لَنُبَیِّتَنَّهٗ وَاَهْلَهٗ ثُمَّ لَنَقُوْلَنَّ لِوَلِیِّهٖ مَا شَهِدْنَا مَهْلِكَ اَهْلِهٖ

၄၉။ ယင်းတို့က ပြောကြားသည်မှာ အလ္လာဟ်အား (ဤသို့) တိုင်တည်ကျိန်ဆိုကြကုန်။ ကျွန်ုပ်တို့သည် အမှန်ပင် သူနှင့် သူ၏ အိမ်သူအိမ်သားများကို ညည့်အချိန်တွင် တိတ်တဆိတ်

⓲ 'ရှီဘာ'ဘုရင်မအား နန်းတွင်းသို့ဝင်ရောက်ရန် အခွင့်ပေးခြင်းခံခဲ့ရ၏။ ယင်းနန်းတော်၏ကြမ်းပြင်မှာ အလွန် ကြည်လင်သောမှန်ချပ်များဖြင့်ပြုလုပ်ထားသည်ဖြစ်၍ ကြည်လင်တောက်ပမှုကြောင့် 'ရေ'အလားထင်မှတ်ရပေသည်။ အမှန်သော်ကား ရိုးရိုးကြမ်းပြင်မျှသာဖြစ်ပြီး မည်သည့်'ရေ'မျှ ယင်း၌မရှိချေ။ ဘုရင်မမှာ 'ရေ'ဟုထင်မှတ်မှား၍ ရေမစိုရလေအောင် မိမိ၏အဝတ်ကို ဆွဲမလိုက်လေသည်။ ထိုအခါ တမန်တော် ဆူလိုင်မန်ﷺက သူမအား အသင်မသည် 'နေ'ကိုအလင်းရောင်အဖြစ်မြင်နေရသည့် အတွက် 'နေ'သည်ပင် အလင်းတို့ထွက်ပေါ်ရာမူလအစဟု ထင်မှတ်ခြင်းမှာ မျက်စိ၏အမြင်မှားခြင်းသာဖြစ်ပေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ 'နူရ်'အလင်းသည် 'နေ'၌တောက်ပနေခြင်းသာ ဖြစ်ပေသည်ဟုရှင်းပြရာ မိမိတို့မှာ 'နေ'ကို မမှန်မကန် ကိုးကွယ်နေကြခြင်းဖြစ်သည်ဟု 'ရှီဘာ'ဘုရင်မ သဘောပေါက်ခဲ့ပေသည်။

وَ اِنَّا لَصٰدِقُوْنَ ۝

တိုက်ခိုက်ကြပေမည်။ ထို့နောက် အမှန်ပင် ယင်းတို့၏ ကြီးကြပ်သူအား ကျွန်ုပ်တို့သည် သူ၏အိမ်သူအိမ်သားများ ပျက်စီးဆုံးရှုံးမှုကို မတွေ့မြင်ခဲ့ရသည့်အပြင် စင်စစ် ကျွန်ုပ်တို့သည် မှန်ကန်သူများဖြစ်ကြပေသည်ဟု ပြောဆိုကြပေမည်။

وَمَكَرُوْا مَكْرًا وَّمَكَرْنَا مَكْرًا وَّهُمْ لَا يَشْعُرُوْنَ ۝

၅၁။ ထို့ပြင် ယင်းတို့သည် အလွန် ကြီးကျယ်သောကြံစည်မှုကိုပြုခဲ့ကြ၏။ ငါတို့သည်လည်း(တုံ့ပြန်လျက်) ကြံစည်မှုတစ်ခုကို ပြုတော်မူ၏။ သို့ရာတွင် ယင်းတို့သည် နားလည်နိုင်စွမ်းအလျှင်းမရှိခဲ့ကြချေ။

فَانْظُرْ كَيْفَ كَانَ عَاقِبَةُ مَكْرِهِمْ ۙ اَنَّا دَمَّرْنٰهُمْ وَقَوْمَهُمْ اَجْمَعِيْنَ ۝

၅၂။ သို့ဖြစ်ရာ ကြည့်ကြလော့။ ယင်းတို့ ကြံစည်မှု၏ အကျိုးဆက်မှာ မည်သို့ဖြစ်ခဲ့သနည်း။ ငါတို့သည် ယင်းတို့နှင့် ယင်းတို့၏ မျိုးနွယ်တစ်ခုလုံးကို ဖျက်ဆီးပစ်တော်မူခဲ့ပေသည်။

فَتِلْكَ بُيُوْتُهُمْ خَاوِيَةً ۢ بِمَا ظَلَمُوْا ۭ اِنَّ فِيْ ذٰلِكَ لَاٰيَةً ۭ لِّقَوْمٍ يَّعْلَمُوْنَ ۝

၅၂။ သို့ဖြစ်ရာ ဤသည်မှာ ၎င်းတို့မတရားကျူးလွန်မှုကြောင့် လူသူကင်းမဲ့ဆိတ်သုဉ်းသွားခဲ့ရသော ၎င်းတို့၏နေအိမ်များပင် ဖြစ်၏။ ဧကန်ပင် ယင်း၌ အသိပညာရှိသူတို့အဖို့ ကြီးကျယ်လှသော နိမိတ်လက္ခဏာတစ်ရပ်ရှိ၏။

وَاَنْجَيْنَا الَّذِيْنَ اٰمَنُوْا وَكَانُوْا يَتَّقُوْنَ ۝

၅၃။ ထို့ပြင် ငါတို့သည် 'အီမာန်'သက်ဝင်ယုံကြည်မှုရှိကြပြီး 'တက္ကဝါ'ကြောက်ရွံ့ရိုကျိုးခြင်းရှိကြသူများကို ကယ်တင်တော်မူခဲ့ပေသည်။

وَلُوْطًا اِذْ قَالَ لِقَوْمِهٖٓ اَتَاْتُوْنَ الْفَاحِشَةَ وَاَنْتُمْ تُبْصِرُوْنَ ۝

၅၄။ ထို့ပြင် 'လူးတ်'ကိုလည်း (ကယ်တင်တော်မူခဲ့၏။) အကြင်အခါဝယ် သူသည် မိမိ၏အမျိုးသားတို့အား ပြောကြားသည်မှာ အသင်တို့သည် အရှက်ကင်းမဲ့ဖွယ်ရာကို ပြုကျင့်ကြပါသလော။ စင်စစ် အသင်တို့သည် (မည်သည်ကို ပြုကျင့်နေကြောင်းကို) ကောင်းစွာသိရှိနားလည်ကြပေသည်။

اَئِنَّكُمْ لَتَاْتُوْنَ الرِّجَالَ شَهْوَةً مِّنْ دُوْنِ النِّسَآءِ ۭ بَلْ اَنْتُمْ قَوْمٌ تَجْهَلُوْنَ ۝

၅၅။ အသင်တို့သည် ရာဂစိတ်ကို ဖြေဖျောက်ရန်အတွက် မိန်းမများကိုစွန့်၍ ယောကျ်ားများထံ လာရောက်ကြသလော။ စင်စစ် အသင်တို့သည် မိုက်မဲသောအမျိုးသားများပင် ဖြစ်ကြ၏။

فَمَا كَانَ جَوَابَ قَوْمِهٖٓ اِلَّآ اَنْ قَالُوْٓا اَخْرِجُوْٓا اٰلَ لُوْطٍ مِّنْ قَرْيَتِكُمْ ۚ اِنَّهُمْ اُنَاسٌ يَّتَطَهَّرُوْنَ ۝

၅၆။ သို့ဖြင့် သူ၏အမျိုးသားများတွင် ဤသည်မှလွဲ၍ အခြားမည်သည့်အဖြေမျှ မရှိခဲ့ချေ။ ယင်းတို့က 'လူးတ်'၏ အိမ်သူအိမ်သားများကို အသင်တို့၏မြို့ရွာမှ နှင်ထုတ်ကြကုန်။ စင်စစ် ဤသူများသည်ကား မိမိတို့ကိုယ်ကို အလွန် သန့်ရှင်းစင်ကြယ်လေဟန်ပြုသူများဖြစ်ကြ၏ဟု ပြောကြလေသည်။

فَاَنْجَيْنٰهُ وَاَهْلَهٗٓ اِلَّا امْرَاَتَهٗ ۡ قَدَّرْنٰهَا مِنَ الْغٰبِرِيْنَ ۝

၅၈။ သို့ဖြစ်ရာ ငါတို့သည် သူ၏ဇနီးမှတစ်ပါး သူနှင့် သူ၏အိမ်သူအိမ်သားများကို ကယ်တင်တော်မူခဲ့ပေသည်။ ငါတို့သည် သူမအား နောက်ကျန်ရစ်သူများတွင် ထည့်သွင်းရေတွက်ထားတော်မူခဲ့သည်။

وَ اَمۡطَرۡنَا عَلَيۡهِمۡ مَّطَرًا ۚ فَسَآءَ مَطَرُ الۡمُنۡذَرِيۡنَ ۝٥٨

၅၈။ ထို့နောက် ငါတို့သည် ၎င်းတို့အပေါ် တစ်မျိုးသော မိုးကို ရွာချစေတော်မူခဲ့၏။ သို့ဖြစ်ရာ သတိပေးနှိုးဆော်ခြင်းခံရသူတို့၏မိုးသည် အဘယ်မျှဆိုးရွားလှဘိသနည်း။

ရုကူ-၅

قُلِ الۡحَمۡدُ لِلّٰهِ وَ سَلٰمٌ عَلٰى عِبَادِهِ الَّذِيۡنَ اصۡطَفٰى ؕ آٰللّٰهُ خَيۡرٌ اَمَّا يُشۡرِكُوۡنَ ۝٥٩

၅၉။ ပြောကြားပါလေ၊ ချီးမွမ်းထောမနာခြင်းဟူသမျှသည် အလ္လာဟ်အဖို့သာဖြစ်၏။ အရှင်မြတ် ရွေးချယ်တော်မူသော အရှင့်အစေတော်များအပေါ် 'စလာမ်' ငြိမ်းချမ်းသာယာခြင်း သက်ရောက်ပါစေသား။ အသို့နည်း၊ အလ္လာဟ်သည် ပို၍ကောင်းမြတ်တော်မူသလော၊ သို့တည်းမဟုတ် ယင်းတို့ တွဲဖက်ကိုးကွယ်မှုပြုသောအရာများကလော။

اَمَّنۡ خَلَقَ السَّمٰوٰتِ وَ الۡاَرۡضَ وَ اَنۡزَلَ لَكُمۡ مِّنَ السَّمَآءِ مَآءً ۚ فَاَنۡۢبَتۡنَا بِهٖ حَدَآئِقَ ذَاتَ بَهۡجَةٍ ۚ مَا كَانَ لَكُمۡ اَنۡ تُنۡۢبِتُوۡا شَجَرَهَا ؕ ءَاِلٰهٌ مَّعَ اللّٰهِ ؕ بَلۡ هُمۡ قَوۡمٌ يَّعۡدِلُوۡنَ ۝٦٠

၆၀။ သို့တည်းမဟုတ် (ဤသည်ကိုပြောကြကုန်)။ မည်သူသည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူ၍ အသင်တို့အတွက် မိုးကောင်းကင်မှရေကို ချပေးတော်မူသနည်း။ ထို့ပြင် ယင်း(မိုးရေ)ဖြင့် ငါတို့သည် စိုပြေလှပသော ဥယျာဉ်များကိုပေါက်ရောက်စေတော်မူ၏။ ယင်း(ဥယျာဉ်များ)၏သစ်ပင်များကိုကြီးထွားအောင် အသင်တို့လုပ်နိုင်စွမ်းမရှိကြချေ။ (သို့ဖြစ်ရာ) အလ္လာဟ်နှင့်အတူ (အခြား)ကိုးကွယ်ရာတစ်စုံတစ်ရာရှိပါသလော။ (အလျှင်းမရှိချေ) စင်စစ် သူတို့သည် တရားမျှတမှုကင်းမဲ့ခြင်းကို ပြုလုပ်နေသူများဖြစ်ကြ၏။

اَمَّنۡ جَعَلَ الۡاَرۡضَ قَرَارًا وَّ جَعَلَ خِلٰلَهَاۤ اَنۡهٰرًا وَّ جَعَلَ لَهَا رَوَاسِيَ وَ جَعَلَ بَيۡنَ الۡبَحۡرَيۡنِ حَاجِزًا ؕ ءَاِلٰهٌ مَّعَ اللّٰهِ ؕ بَلۡ اَكۡثَرُهُمۡ لَا يَعۡلَمُوۡنَ ۝٦١

၆၁။ သို့တည်းမဟုတ်(ထို့နောက်) မည်သူသည် ကမ္ဘာမြေကို နေထိုင်ရန်နေရာ ပြုလုပ်ထားတော်မူ၍ ယင်း၏အကြား၌ မြစ်များကိုစီးဆင်းစေတော်မူပြီးလျှင် တောင်များကိုပြုလုပ်တော်မူကာ ပင်လယ်နှစ်ခုကြားတွင် အတားအဆီးတစ်ခုကို ပြုလုပ်တော်မူခဲ့ပေသနည်း။ အသို့နည်း၊ အလ္လာဟ်နှင့်အတူ (အခြား)ကိုးကွယ်ရာ တစ်စုံတစ်ရာရှိပါသလော။ (မရှိချေ) စင်စစ်မူကား ၎င်းတို့အနက် အများစုမှာ မသိနားမလည်ကြချေ။

اَمَّنۡ يُّجِيۡبُ الۡمُضۡطَرَّ اِذَا دَعَاهُ وَ يَكۡشِفُ السُّوۡٓءَ وَ يَجۡعَلُكُمۡ خُلَفَآءَ الۡاَرۡضِ ؕ ءَاِلٰهٌ مَّعَ اللّٰهِ ؕ قَلِيۡلًا مَّا تَذَكَّرُوۡنَ ۝٦٢

၆၂။ သို့တည်းမဟုတ် (တစ်ဖန်) အကျဉ်းအကျပ်ထဲကျရောက်၍ ဆောက်တည်ရာမရဖြစ်နေသူက ဟစ်ခေါ်တမ်းတသော အခါ သူ၏ဆုတောင်းကိုလက်ခံတော်မူလျက် ဒုက္ခကိုကင်းဝေးအောင် ပြုလုပ်ပေးသူ၊ ထို့ပြင် အသင်တို့အား ကမ္ဘာမြေ၏အမွေခံများဖြစ်စေတော်မူသောသူကား မည်သူနည်း။ အသို့နည်း၊ အလ္လာဟ်နှင့်အတူ (အခြား)တစ်စုံတစ်ရာ ကိုးကွယ်ရာရှိပါသလော။ အသင်တို့သည် အနည်းငယ်မျှသာလျှင် သင်ခန်းစာရယူကြပေသည်။

اَمَّنۡ يَّهۡدِيۡكُمۡ فِىۡ ظُلُمٰتِ الۡبَرِّ وَ الۡبَحۡرِ

၆၃။ သို့တည်းမဟုတ် (ထို့နောက်) ကုန်းမြေနှင့် ရေပြင်ရှိအမှောင်ထုများတွင် အသင်တို့အား လမ်းညွှန်မှုပြုသူသည်

وَمَنْ يُّرْسِلُ الرِّيٰحَ بُشْرًۢا بَيْنَ يَدَيْ رَحْمَتِهٖ ؕ ءَاِلٰهٌ مَّعَ اللّٰهِ ؕ تَعٰلَى اللّٰهُ عَمَّا يُشْرِكُوْنَ ﴿۶۳﴾

အဘယ်သူနည်း။ ထို့ပြင် မိမိ၏ 'ရာဟ်မတ်'ကရုဏာတော်ရှေ့ပြေးသတင်းကောင်းအဖြစ် လေများကို တိုက်ခတ်စေတော်မူသောသူကား အဘယ်သူနည်း။ အသို့နည်း အလ္လာဟ်နှင့်အတူ (အခြား) တစ်စုံတစ်ရာ ကိုးကွယ်ရာရှိပေသလော။ စင်စစ် အလ္လာဟ်သည် ၎င်းတို့ ယှဉ်တွဲကိုးကွယ်သည်များထက် လွန်စွာ မြင့်မြတ်လှပေသည်။

اَمَّنْ يَّبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ وَمَنْ يَّرْزُقُكُمْ مِّنَ السَّمَآءِ وَالْاَرْضِ ؕ ءَاِلٰهٌ مَّعَ اللّٰهِ ؕ قُلْ هَاتُوْا بُرْهَانَكُمْ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۶۴﴾

၆၄။ သို့တည်းမဟုတ် ဖန်ဆင်းခြင်းကိုစတင်တော်မူပြီး ယင်းကို တစ်ဖန်ပြန်၍ ပြုလုပ်တော်မူသောသူသည် အဘယ်သူနည်း။ ထို့ပြင် မိုးကောင်းကင်နှင့် ကမ္ဘာမြေမှ အသင်တို့အား 'ရိဇ်ကီ'ရိကွာပေးသောသူသည် အဘယ်သူနည်း။ အသို့နည်း အလ္လာဟ်နှင့်အတူ (အခြား)တစ်စုံတစ်ရာ ကိုးကွယ်ရာရှိပါသလော။ အသင်ပြောကြားပါလေ။ အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် မိမိတို့၏ ပြတ်သားသော သက်သေအထောက်အထားများကို ယူဆောင်လာကြကုန်။

قُلْ لَّا يَعْلَمُ مَنْ فِي السَّمٰوٰتِ وَالْاَرْضِ الْغَيْبَ اِلَّا اللّٰهُ ؕ وَمَا يَشْعُرُوْنَ اَيَّانَ يُبْعَثُوْنَ ﴿۶۵﴾

၆၅။ အသင်ပြောကြားပါလေ။ 'ဂိုက်ဘ်' အကွယ်၌ရှိသည်များကို အလ္လာဟ်မှတစ်ပါး မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၌ရှိသူတို့အနက် မည်သူမျှပင်မသိကြချေ။ ထို့ပြင် ယင်းတို့သည် မိမိတို့မည်သည့်အချိန်အခါ၌ ရှင်ပြန်ထမြောက်ရမည်ကိုလည်း မသိကြချေ။

بَلِ ادّٰرَكَ عِلْمُهُمْ فِي الْاٰخِرَةِ ۫ بَلْ هُمْ فِيْ شَكٍّ مِّنْهَا ۫ بَلْ هُمْ مِّنْهَا عَمُوْنَ ﴿۶۶﴾ ع

၆၆။ ထိုမျှမက နောင်တမလွန်နှင့်စပ်လျဉ်း၍ ယင်းတို့၏ အသိပညာသည် ဆုံးခန်းတိုင်ရောက်ခဲ့ပေပြီ။ ဤတွင်မက သူတို့သည် ထိုသည်နှင့်စပ်လျဉ်း၍ သံသယ၌ရှိနေကြ၏။ ထို့ပြင် ယင်းတို့သည် ထိုသည်နှင့်စပ်လျဉ်း၍ မျက်ကန်းများဖြစ်ခဲ့ကြပေသတည်း။

ရုကူ-၆

وَقَالَ الَّذِيْنَ كَفَرُوْٓا ءَاِذَا كُنَّا تُرٰبًا وَّاٰبَآؤُنَآ اَئِنَّا لَمُخْرَجُوْنَ ﴿۶۷﴾

၆၈။ မယုံကြည်ငြင်းပယ်သူတို့က ပြောကြသည်မှာ၊ ကျွန်ုပ်တို့သည်လည်းကောင်း ကျွန်ုပ်တို့၏အဘဘိုးဘေးများသည်လည်းကောင်း မြေကြီးဖြစ်သွားကြပြီးသည့်နောက်တွင်လည်း ကျွန်ုပ်တို့သည် အမှန်ပင် ထုတ်ဆောင်ခြင်းကိုခံကြရမည်လော။

لَقَدْ وُعِدْنَا هٰذَا نَحْنُ وَاٰبَآؤُنَا مِنْ قَبْلُ ۙ اِنْ هٰذَآ اِلَّآ اَسَاطِيْرُ الْاَوَّلِيْنَ ﴿۶۸﴾

၆၉။ စင်စစ်ဧကန် ဤကတိကို ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏အဘဘိုးဘေးများအား ယခင်က ပေးခဲ့ပြီးဖြစ်၏။ ဤသည် ရှေးလူတို့၏ဒဏ္ဍာရီပုံပြင်မှလွဲ၍ အခြားမဟုတ်ချေ။

قُلْ سِيْرُوْا فِي الْاَرْضِ فَانْظُرُوْا كَيْفَ كَانَ عَاقِبَةُ الْمُجْرِمِيْنَ ﴿۶۹﴾

၇၀။ အသင်ပြောကြားပါလေ။ကမ္ဘာမြေတွင် ကောင်းစွာလှည့်လည်လည်သွားလာကြပြီး အပြစ်သားများ၏ရလဒ် မည်သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုကြလေကုန်။

وَلَا تَحْزَنْ عَلَيْهِمْ وَلَا تَكُنْ فِيْ ضَيْقٍ مِّمَّا يَمْكُرُوْنَ ﴿٧٠﴾

၇၀။ အသင်သည် ယင်းတို့အတွက် ပူဆွေးသောကမဖြစ်လင့်။ ထို့ပြင် ယင်းတို့၏ကြံစည်မှုများကြောင့် မည်သည့် စိတ်ကျဉ်းကျပ်မှုတွင်မျှ မနစ်မွန်းပါလင့်။

وَيَقُوْلُوْنَ مَتٰى هٰذَا الْوَعْدُ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٧١﴾

၇၂။ ထို့ပြင် ယင်းတို့က အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြပါလျှင် ဤကတိတော်သည် မည်သည့်အချိန်တွင် ပြည့်စုံလာမည်နည်းဟု မေးမြန်းကြ၏။

قُلْ عَسٰٓى اَنْ يَّكُوْنَ رَدِفَ لَكُمْ بَعْضُ الَّذِيْ تَسْتَعْجِلُوْنَ ﴿٧٢﴾

၇၃။ အသင် ပြောကြားပါလေ၊ မဝေးတော့ပြီ၊ အသင်တို့အလျင်စလိုတောင့်တသောအရာများအနက်မှ အချို့သည် အသင်တို့၏နောက်မှာပင် ထက်ကြပ်မကွာရှိနိုင်၏။

وَاِنَّ رَبَّكَ لَذُوْ فَضْلٍ عَلَى النَّاسِ وَلٰكِنَّ اَكْثَرَهُمْ لَا يَشْكُرُوْنَ ﴿٧٣﴾

၇၄။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် စင်စစ်ကေန် လူသားများအပေါ် အလွန်တရာ 'ဖဇလ်' ကျေးဇူးပြုတော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ရာတွင် ၎င်းတို့အနက် အများစုသည် ကျေးဇူးမသိတတ်ကြချေ။

وَاِنَّ رَبَّكَ لَيَعْلَمُ مَا تُكِنُّ صُدُوْرُهُمْ وَمَا يُعْلِنُوْنَ ﴿٧٤﴾

၇၅။ ထို့ပြင် မလွဲကေန် အသင်၏ဖန်ဆင်းမွေးမြူရှင်သည် ယင်းတို့၏ရင်များအတွင်း ဖုံးကွယ်ထားသည်များကိုလည်းကောင်း၊ ယင်းတို့ (ကိုယ်တိုင်)ထုတ်ဖော်သည်များကိုလည်းကောင်း ကောင်းစွာသိရှိတော်မူ၏။

وَمَا مِنْ غَآئِبَةٍ فِي السَّمَآءِ وَالْاَرْضِ اِلَّا فِيْ كِتٰبٍ مُّبِيْنٍ ﴿٧٥﴾

၇၆။ ထို့ပြင် မိုးကောင်းကင်နှင့် ကမ္ဘာမြေတွင် မည်သည့် ဖုံးကွယ်ထားသောအရာမျှ မရှိချေ။ သို့သော် ယင်းသည် ပွင့်လင်းထင်ရှားသောစာအုပ်တွင် ရှိနေပေသည်။

اِنَّ هٰذَا الْقُرْاٰنَ يَقُصُّ عَلٰى بَنِيْٓ اِسْرَآءِيْلَ اَكْثَرَ الَّذِيْ هُمْ فِيْهِ يَخْتَلِفُوْنَ ﴿٧٦﴾

၇၇။ ဧကန်စင်စစ် ဤကျမ်းမြတ်'ကုရ်အာန်'သည် 'အစ္စရာအီလ်'အမျိုးသားတို့ရှေ့ဝယ် ယင်းတို့အချင်းချင်း ကွဲလွဲသောအကြောင်းအရာအများစုကို ဖော်ပြပေသည်။ ۞

وَاِنَّهٗ لَهُدًى وَّ رَحْمَةٌ لِّلْمُؤْمِنِيْنَ ﴿٧٧﴾

၇၈။ ထို့ပြင် မုချဧကန် ဤသည် သက်ဝင်ယုံကြည်သူတို့အဖို့ လမ်းညွှန်တော်နှင့် ကရုဏာတော်ဖြစ်၏။

اِنَّ رَبَّكَ يَقْضِيْ بَيْنَهُمْ بِحُكْمِهٖ ۚ وَهُوَ الْعَزِيْزُ الْعَلِيْمُ ﴿٧٨﴾

၇၉။ ဧကန်ပင် အသင်၏ ဖန်ဆင်းမွေးမြူရှင်သည် ယင်းတို့ကြားဝယ် မိမိ၏ဉာဏ်အမြော်အမြင်ဖြင့် စီရင်ဆုံးဖြတ်တော်မူမည်ဖြစ်၏။ စင်စစ် ထိုအရှင်မြတ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

فَتَوَكَّلْ عَلَى اللّٰهِ ۭ اِنَّكَ عَلَى الْحَقِّ الْمُبِيْنِ ﴿٧٩﴾

၈၀။ သို့ဖြစ်ရာ အလ္လာဟ်အား ယုံပုံလွဲအပ်မှုပြုပါလေ။ ဧကန်စင်စစ် အသင်သည် ပွင့်လင်းထင်ရှားသော အမှန်တရားပေါ်တွင် ရပ်တည်နေပေသည်။

۞ ဤသည့်အလျင် လွန်လေခဲ့ပြီးဖြစ်သော အထူးဖြစ်ရပ်များနှင့်စပ်လျဉ်း၍ သမ္မာကျမ်းတွင် အံ့ဩဖွယ်ရာ ဒဏ္ဍာရီပုံပြင်များကို ဖော်ပြထားလေသည်။ ကျမ်းမြတ်ကုရ်အာန်သည် ဖြစ်ရပ်မှန်များမှ အဖုံးအကာကိုဖွင့်လှစ်လျက် 'ဘနီအစ္စရာအီလ်'အမျိုးသားတို့ကရုပ်ပိုင်းသဘောဖြင့် ထင်မှတ်ယူဆခဲ့ကြသည့် ထိုဒဏ္ဍာရီပုံပြင်များ၏ဖြစ်ရပ်မှန်ကို ဖော်ပြထားပေသည်။

اِنَّكَ لَا تُسْمِعُ الْمَوْتٰى وَلَا تُسْمِعُ الصُّمَّ الدُّعَآءَ اِذَا وَلَّوْا مُدْبِرِيْنَ ﴿۸۰﴾

၈၁။ အသင်သည် သေသူများကို ကြားအောင် အလျှင်းမပြု စွမ်းနိုင်ပေ။ ထိုနည်းတူ နားပင်းသူများကိုလည်း ၎င်းတို့သည် ကျောခိုင်းမျက်နှာလွှဲဖယ်သွားသောအခါ အသင်သည် (မိမိ၏)ဟစ်ခေါ်မှုကို ကြားအောင်မပြုစွမ်းနိုင်ချေ။

وَمَآ اَنْتَ بِهٰدِى الْعُمْىِ عَنْ ضَلٰلَتِهِمْ ؕ اِنْ تُسْمِعُ اِلَّا مَنْ يُّؤْمِنُ بِاٰيٰتِنَا فَهُمْ مُّسْلِمُوْنَ ﴿۸۱﴾

၈၂။ ထို့ပြင် ဧကန်စင်စစ် အသင်သည် မျက်စိကန်းနေသူများကို ယင်းတို့၏လမ်းလွဲခြင်းမှ လမ်းမှန်ဘက်သို့ ခေါ်ဆောင်မလာနိုင်ချေ။ အသင်သည်ကား ငါတို့၏နိမိတ်လက္ခဏာတော်များကို ယုံကြည်လက်ခံပြီး နာခံသူများကိုသာလျှင် ကြားစေနိုင်၏။

وَاِذَا وَقَعَ الْقَوْلُ عَلَيْهِمْ اَخْرَجْنَا لَهُمْ دَآبَّةً مِّنَ الْاَرْضِ تُكَلِّمُهُمْ ۙ اَنَّ النَّاسَ كَانُوْا بِاٰيٰتِنَا لَا يُوْقِنُوْنَ ﴿۸۲﴾

၈၃။ ထို့ပြင် အကြောင်အခါဝယ် ယင်းတို့အပေါ် မိန့်ဆိုထားချက် မှန်ကန်ပြည့်စုံလာသောအခါ ငါတို့သည် ယင်းတို့အတွက် ကမ္ဘာမြေမှသက်ရှိတစ်မျိုးကို ထုတ်ဆောင်တော်မူမည်။ ယင်းသည် သူတို့အား ကိုက်ဖြတ်ပေလိမ့်မည်။ (အကြောင်းမူ) လူတို့သည် ငါတို့၏ 'အာယတ်' နိမိတ်လက္ခဏာတော်များကို သက်ဝင်ယုံကြည်ခြင်းမရှိခဲ့ကြသောကြောင့်တည်း။

ရုကူး-၇

وَيَوْمَ نَحْشُرُ مِنْ كُلِّ اُمَّةٍ فَوْجًا مِّمَّنْ يُّكَذِّبُ بِاٰيٰتِنَا فَهُمْ يُوْزَعُوْنَ ﴿۸۳﴾

၈၄။ ထို့ပြင် (သတိရကြကုန်)အကြင်နေ့၌ 'အဖွဲတစ်' အုပ်စုတိုင်းမှ ငါတို့၏အာယတ်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသူများ၏ တပ်တစ်တပ်ကို စုစည်းတော်မူမည်။ ထို့နောက် ၎င်းတို့သည် သီးသန့်စီ အတန်းများစီတန်းစေခြင်းခံကြရပေမည်။

حَتّٰۤى اِذَا جَآءُوْ قَالَ اَكَذَّبْتُمْ بِاٰيٰتِىْ وَلَمْ تُحِيْطُوْا بِهَا عِلْمًا اَمَّا ذَا كُنْتُمْ تَعْمَلُوْنَ ﴿۸۴﴾

၈၅။ နောက်ဆုံးတွင် ၎င်းတို့သည် (အလ္လာဟ်၏ရှေ့တော်မှောက်သို့) ရောက်ရှိလာကြသည့်အခါ အရှင်မြတ်က မိန့်ကြားတော်မူမည်မှာ- အသင်တို့သည် ငါ၏အာယတ်တော်များကို ပညာဖြင့် သိရှိလွှမ်းခြုံနိုင်ခြင်းမရှိပါဘဲလျက် မဟုတ်မမှန်ဟု အသင်တို့စွပ်စွဲငြင်းပယ်ခဲ့ကြသည်မဟုတ်လော။ သို့မဟုတ်လျှင် အသင်တို့ပြုလုပ်နေသည်တို့မှာ အခြားအဘယ်ပါနည်း။

وَوَقَعَ الْقَوْلُ عَلَيْهِمْ بِمَا ظَلَمُوْا فَهُمْ لَا يَنْطِقُوْنَ ﴿۸۵﴾

၈၆။ ထို့နောက် ၎င်းတို့ပြုလုပ်သော မတရားမှုကြောင့် ၎င်းတို့အပေါ် အမိန့်တော်ကို ပြဋ္ဌာန်းတော်မူပေမည်။ ထိုအခါ ၎င်းတို့သည် မည်သည်ကိုမျှ (အဖြေပေး) ပြောကြားကြမည်မဟုတ်ချေ။

اَلَمْ يَرَوْا اَنَّا جَعَلْنَا الَّيْلَ لِيَسْكُنُوْا فِيْهِ وَالنَّهَارَ مُبْصِرًا ؕ اِنَّ فِىْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يُّؤْمِنُوْنَ ﴿۸۶﴾

၈၇။ အသို့နည်း ထိုသူတို့ မမြင်ကြလေသလော။ ငါတို့သည် 'ည'ကို သူတို့အဖို့ နားနေရန်အတွက်လည်းကောင်း၊ 'နေ့'ကို လင်းဝင်းစေသည့်အရာအဖြစ်လည်းကောင်း ပြုလုပ်တော်မူ၏။ ဧကန်စင်စစ် ယင်း၌ သက်ဝင်ယုံကြည်သူများအဖို့ များစွာသော နိမိတ်လက္ခဏာတော်များရှိ၏။

وَيَوْمَ يُنْفَخُ فِي الصُّوْرِ فَفَزِعَ مَنْ فِي السَّمٰوٰتِ وَمَنْ فِي الْاَرْضِ اِلَّا مَنْ شَآءَ اللّٰهُ ؕ وَكُلٌّ اَتَوْهُ دٰخِرِيْنَ ۝

၈၈။ ထို့ပြင် အကြင်နေ့တွင် တံပိုးခရာမှုတ်သောအခါ အလ္လာဟ်အလိုတော်ရှိသူမှအပ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသူအားလုံးတို့သည် ကြောက်ရွံ့မှုဖြင့် တုန်လှုပ်ချောက်ချားသွားကြပေလိမ့်မည်။ ထို့ပြင် အားလုံးတို့သည် ထိုအရှင်မြတ်၏ရှေ့တော်သို့ နှိမ့်ချကျိုးနွံစွာဖြင့် ရောက်ရှိလာကြပေလိမ့်မည်။

وَتَرَى الْجِبَالَ تَحْسَبُهَا جَامِدَةً وَّهِيَ تَمُرُّ مَرَّ السَّحَابِ ؕ صُنْعَ اللّٰهِ الَّذِيْٓ اَتْقَنَ كُلَّ شَيْءٍ ؕ اِنَّهٗ خَبِيْرٌۢ بِمَا تَفْعَلُوْنَ ۝

၈၉။ အသင်သည် တောင်များကိုမြင်တွေ့သောအခါ ယင်းတို့သည် စွဲမြဲတည်တံ့နေသည်ဟု ထင်မြင်ယူဆပေသည်။ အမှန်သော်ကား ယင်းတို့သည် မိုးတိမ်များကဲ့သို့ ရွေ့လျားနေ၏။ (ဤသည်ကား) အရာရာတိုင်းကို ခိုင်ခံ့အောင်ပြုလုပ်ထားတော်မူသော အလ္လာဟ်၏တည်ဆောက်မှုဖြစ်သည်။ စင်စစ် ထိုအရှင်မြတ်သည် အသင်တို့ပြုလုပ်သည်များကို အစဉ်အမြဲသတင်းရရှိတော်မူ၏။

مَنْ جَآءَ بِالْحَسَنَةِ فَلَهٗ خَيْرٌ مِّنْهَا ۚ وَهُمْ مِّنْ فَزَعٍ يَّوْمَئِذٍ اٰمِنُوْنَ ۝

၉၀။ အကြင်သူသည် ကောင်းမှုတစ်စုံတစ်ရာကို ယူဆောင်လာပါလျှင် ယင်းအတွက် ထို့ထက်သာလွန်သော (အကျိုးဆုလာဘ်)ကို ရရှိပေလိမ့်မည်။ ထို့ပြင် ၎င်းတို့သည် ထိုနေ့တော်ကြီးတွင် ပြင်းထန်သော ထိတ်လန့်ကြောက်ရွံ့ခြင်းမှ လွတ်မြောက်နေကြပေလိမ့်မည်။

وَمَنْ جَآءَ بِالسَّيِّئَةِ فَكُبَّتْ وُجُوْهُهُمْ فِي النَّارِ ؕ هَلْ تُجْزَوْنَ اِلَّا مَا كُنْتُمْ تَعْمَلُوْنَ ۝

၉၁။ ထို့ပြင် အကြင်သူသည် မကောင်းမှုကို ယူဆောင်လာပါလျှင် ယင်းတို့၏မျက်နှာများသည် မီးတွင်ထည့်သွင်းခြင်းခံရပေလိမ့်မည်။ အသို့နည်း၊ အသင်တို့သည် အသင်တို့ပြုလုပ်လေ့ရှိသည်မှတစ်ပါး အခြားတစ်စုံတစ်ရာကို အစားပေးခြင်းခံကြရမည်လော။

اِنَّمَآ اُمِرْتُ اَنْ اَعْبُدَ رَبَّ هٰذِهِ الْبَلْدَةِ الَّذِيْ حَرَّمَهَا وَلَهٗ كُلُّ شَيْءٍ ۫ وَّاُمِرْتُ اَنْ اَكُوْنَ مِنَ الْمُسْلِمِيْنَ ۝

၉၂။ ကျွန်ုပ်သည် ဤမြို့ရွာကို ဂုဏ်သိက္ခာချီးမြှင့်တော်မူသော၊ ဤမြို့ရွာ၏အရှင်သခင်အား ခဝပ်ကိုးကွယ်ရန်ကိုသာ အမိန့်ပေးတော်မူခြင်းခံခဲ့ရပေသည်။ စင်စစ် အရာရာတိုင်းကို အရှင်မြတ်သည်သာလျှင် စိုးပိုင်တော်မူ၏။ ထို့ပြင် ကျွန်ုပ်အား နာခံပျပ်ဝပ်သူများတွင် အပါအဝင်ဖြစ်စေရန် အမိန့်ပေးခြင်းခံခဲ့ရပေသည်။

وَاَنْ اَتْلُوَا الْقُرْاٰنَ ۚ فَمَنِ اهْتَدٰى فَاِنَّمَا يَهْتَدِيْ لِنَفْسِهٖ ۚ وَمَنْ ضَلَّ فَقُلْ اِنَّمَآ اَنَا مِنَ الْمُنْذِرِيْنَ ۝

၉၃။ ထို့ပြင် ကျမ်းမြတ်ကုရ်အာန်ကို ဖတ်ရွတ်ရန် (ကျွန်ုပ်အား အမိန့်ပေးခြင်းခံရ၏) သို့ဖြစ်ရာ အကြင်သူသည် လမ်းမှန်ကိုရရှိပါလျှင် ထိုသူသည် မိမိအဖို့သာ လမ်းမှန်ကိုရရှိခြင်းဖြစ်၏။ ထို့ပြင် အကြင်သူသည် လမ်းလွဲသွားပါလျှင် ကျွန်ုပ်သည်ကား သတိပေးနှိုးဆော်သူများအနက်မှသာလျှင်ဖြစ်၏ဟု အသင်ပြောကြားပါလေ။

وَقُلِ الْحَمْدُ لِلّٰهِ سَيُرِيْكُمْ اٰيٰتِهٖ

၉၄။ ထို့ပြင် ပြောကြားပါလေ။ ချီးမွမ်းထောမနာခြင်းဟူသမျှ

فَتَعْرِفُوْنَهَا ۚ وَمَا رَبُّكَ بِغَافِلٍ عَمَّا تَعْمَلُوْنَ ﴿٩٣﴾

သည် အလ္လာဟ်၏အဖို့သာဖြစ်၏။ ထိုအရှင်မြတ်သည် မိမိ၏ နိမိတ်လက္ခဏာတော်များကို အသင်တို့အား မကြာမြင့်မီ ပြသ တော်မူပေလိမ့်မည်။ သို့ဖြစ်ရာ အသင်တို့သည် ယင်းတို့အား မှတ်မိသိရှိကြပေလိမ့်မည်။ စင်စစ် အသင်၏ဖန်ဆင်းမွေးမြူ ရှင်သည် အသင်တို့ပြုလုပ်သည်များကို သတိမမူ လျစ်လျူရှု ထားတော်မူသည် အလျှင်းမဟုတ်ချေတည်း။

❖ ❖ ❖

၂၈။ အလ်-ကဆွက်(စ်)

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ် တော်ပေါင်း (၈၉)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်ကို 'တွာ၊ ဆင်န်၊ မီးမ်'ဟူသော 'မိုကာတ္တိအတ်'သခ်ေပအက္ခရာစုဖြင့်ပင် နိဒါန်းပျိုး ထားသည်ဖြစ်၍ 'တွိုင်ယိဒ်'၊ 'ဆမီးအ်'နှင့် 'အလီးမ်'၏အကြောင်းအရာကို ရှေ့ဆက်ထားကြောင်း ထင်ရှား ပေသည်။ ယင်း၏အကျယ်ကို ရှေ့တွင်တင်ပြခဲ့ပြီးဖြစ်သည်။

အနာဂတ်တွင်ပြည့်စုံမည့် ကြီးကျယ်သော နိမိတ်လက္ခဏာများနှင့်စပ်လျဉ်း၍ ပြီးခဲ့သော ဆူရာဟ်တွင်ဖော်ပြထားသကဲ့သို့ ဤဆူရာဟ်တွင်လည်း အလ္လာဟ်အရှင်မြတ်သည် အနာဂတ်ကို သိရှိ တော်မူသည့်အတိုင်းပင် အတိတ်ကိုလည်း သိရှိတော်မူကြောင်းဖော်ပြထားခြင်းဖြစ်ပေသည်။ ဤသည်နှင့် ဆက်စပ်လျက် တမန်တော်မူစာ ﷺ နှင့်စပ်လျဉ်း၍ တမန်တော်မြတ် ﷺ အား ပေးသနားခြင်းခံရသော ထိုအသိတွင် များစွာသော အံ့ဖွယ်နိမိတ်များပါဝင်လျက်ရှိပေသည်။ အကျဉ်းချုပ်ဆိုရသော် အပြစ်မဲ့ ကလေးငယ်တစ်ယောက်ဖြစ်သည့် မူစာ ﷺ အား မနစ်မြုပ်စေနိုင်ခဲ့သော ထို'ရေ'ကပင် ဖိရ်အောင်နှင့် သူ၏တပ်များကို နစ်မြုပ်စရာအကြောင်းဖြစ်သွားခဲ့လေသည်။

ထို့နောက် တမန်တော်မြတ် ﷺ အား အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ ဤခေတ်ကာလရှိ ရဟူဒီများက အသင့်အားငြင်းပယ်ကြလျက်၊ တမန်တော်မူစာ ﷺ ကဲ့သို့ပင် အသင့်အပေါ် နိမိတ်လက္ခဏာ များကျရောက်ခဲ့လျှင် ကျွန်ုပ်တို့ငြင်းပယ်ကြမည်မဟုတ်ဟု ဆိုကြပေသည်။ သို့ရာတွင် ၎င်း'ရဟူဒီ' အမျိုး သားတို့ မေ့ထားခဲ့ကြသည်မှာ တမန်တော်မူစာ ﷺ ၏လက်ထက်တွင် ထင်ရှားခဲ့သော နိမိတ်လက္ခဏာ များကိုလည်း ၎င်းတို့သည်ငြင်းပယ်ခဲ့ကြ၏၊ ထိုသို့မဟုတ်ပါလျှင် အလုံးစုံသော နိမိတ်လက္ခဏာများကို မြင်တွေ့ပြီးပါလျက်နှင့် ၎င်းတို့သည် ရုပ်တုကိုးကွယ်မှုဘက်သို့ ယိမ်းညွတ်ကြမည်မဟုတ်ချေ။ အတိတ် ကာလကဖြစ်စေ၊ တမန်တော်မြတ် ﷺ ၏ခေတ်ကာလကဖြစ်စေ ငြင်းပယ်သူအားလုံးတို့မှာ မရိုးဖြောင့်သော သဘောရှိခြင်း၌ တစ်ပုံစံတည်းပင်ဖြစ်သည်။ ရှေးအထက်က နိမိတ်လက္ခဏာတော်များကို အပေါ်ယံ အားဖြင့် ယုံကြည်လက်ခံကြသယောင်ရှိသော်လည်း ထိုကဲ့သို့သော နိမိတ်လက္ခဏာမျိုးပင် သူတို့မျက်စိ ရှေ့၌ကျရောက်လာသည်ကို မြင်တွေ့ကြရသောအခါတွင်မူ ယင်းကို ငြင်းပယ်လိုက်ကြပေသည်။

ထို့နောက်တွင် ကျမ်းရသူတို့အနက် ယခင်ကလည်း တမန်တော်မူစာ ﷺ အား အမှန်တကယ် သက်ဝင်ယုံကြည်ခဲ့ကြပြီး တစ်ဖန် တမန်တော်မြတ် ﷺ ထံကျရောက်သည့် အံ့ဖွယ်နိမိတ်လက္ခဏာများကို မြင်တွေ့ကြသောအခါ သူတို့၏ဖြူစင်ရိုးဖြောင့်သောသဘာဝကြောင့် ထိုနိမိတ်များကိုလည်း သက်ဝင် ယုံကြည်ခဲ့ကြသူများအကြောင်းကို ဖော်ပြထားလေသည်။ သို့ဖြင့် နှစ်မျိုးနှစ်စားသော အကျိုးဆုလာဘ်ကို ရထိုက်သူများဖြစ်ခဲ့ကြ၏။ တမန်တော်မူစာ ﷺ အား သက်ဝင်ယုံကြည်ခြင်းအတွက်လည်း အကျိုး ဆုလာဘ်ရရှိကြမည့်အပြင် တမန်တော်မြတ် ﷺ အား သက်ဝင်ယုံကြည်ခြင်းအတွက်လည်း သူတို့အား အကျိုးဆုလာဘ်ပေးသနားခြင်းခံကြရပေမည်။

ထိုဆွေးနွေးတင်ပြချက်တစ်ခုလုံး၏ရလဒ်မှာ- လူသားသည် မိမိစွမ်းအားဖြင့် 'ဟေဒါယတ်' တရားလမ်းမှန်ကို ရရှိနိုင်မည်မဟုတ်ဘဲ ကောင်းမြတ်သော စိတ်သဘောရှိသူတို့အား အလ္လာဟ်အရှင် မြတ်ကိုယ်တော်တိုင်က တရားလမ်းမှန်ကိုပြသတော်မူကြောင်းပင်ဖြစ်၏။ ထို့ပြင် ဤသည်ထက်အလျင်က ဖျက်ဆီးခြေမှုန်းခြင်းခံခဲ့ရသော အမျိုးသားတို့အကြောင်းကို အမြောက်အများတွေ့ရှိခဲ့ရပေရာ ဤသို့ဖြစ်

ရခြင်းမှာ အလ္လာဟ်အရှင်မြတ်က ထိုသူတို့အပေါ် မတရားပြုတော်မူသည်မဟုတ်မူဘဲ သူတို့ကိုယ်တိုင်က မိမိတို့၏အသက်ဝိညာဉ်များနှင့် မိမိတို့ခေတ်ကာလရှိ တမန်တော်များအပေါ် ပြုခဲ့သော မတရားမှုများ၏ ပစ်မှတ်ဖြစ်သွားခဲ့ရခြင်းသာဖြစ်ကြောင်း ဖော်ပြထားပေသည်။

ထို့နောက် ကျမ်းမြတ်ကုရ်အာန်က ဖော်ပြသည်မှာ- အမှောင်ထုများကို လူသားတို့အပေါ် အမြဲတမ်းအဖို့ လွှမ်းမိုးနေစေသည်မဟုတ်ခေ။ ပမာအားဖြင့် ကမ္ဘာမြေတွင်လည်း 'ညဉ့်'နှင့် 'နေ့'တို့သည် အလှည့်ကျ ပြောင်းလဲနေသကဲ့သို့သာဖြစ်၏။ ထို့ပြင် အလွန်တရာ ထူးကဲမြင့်မြတ်လှသော ဝေါဟာရကြွယ်၍ စာပေအလင်္ကာမြောက်သည့် နှုတ်ကပါဋိတော်များဖြင့် သတိပေးနှိုးဆော်ထားသည်မှာ အကယ်၍ 'ညဉ့်'သည် အမြဲတမ်းသာ ဖုံးလွှမ်းနေခဲ့လျှင် ထိုအမှောင်ထုများတွင် အသင်တို့သည် မြင်နိုင်ကြမည်မဟုတ်သော်လည်း ကြားရန်နားရှိကြလျှင်မူကား ကြားနိုင်ကြပေမည်။ ထိုသို့ဖြင့် ယင်းတို့အား အမှောင်ထုများ၏ ဘေးအန္တရာယ်များကို အသိပေးလျက်ရှိပေသည်။ တစ်ဖန် အကယ်၍ 'နေ့'သည် အမြဲတမ်း လွှမ်းမိုးနေခဲ့ပြန်လျှင် ကြားနာခြင်းမပြုသူတို့အဖို့လည်း နေ့ကာလ၏အလင်းရောင်တွင် လမ်းကို မြင်ကြသင့်ပေသည်။ သို့ပါလျက် ထိုသူတို့သည် အဘယ့်ကြောင့် မမြင်ကြရသနည်း။

ထို့နောက်တွင် 'ကာရွန်'အကြောင်းကိုဖော်ပြထားလေသည်။ သူ့အား မရေမတွက်နိုင်အောင်သော ဓနဥစ္စာများပေးသနားခြင်းခံခဲ့ရပြီး လူတို့က မိမိတို့သည်လည်း သူကဲ့သို့ ဓနဥစ္စာများကိုရခဲ့လျှင် ကောင်းလေစွဟု အားကျနေခဲ့ကြပေသည်။ သို့ရာတွင် သူ၏ရလဒ်မှာကား သူသည် မိမိ၏ ပစ္စည်းဥစ္စာများနှင့်အတူ မြေကြီး၌မြှုပ်နှံခြင်းခံခဲ့ရပေသည်။ ဤဆူရာဟ်၏အစကနဦးမှာပင် သတိပေးမိန့်ဆိုထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် ပင်လယ်သမုဒ္ဒရာများ၌သာ နှစ်မြှုပ်ပစ်နိုင်သည့် တန်ခိုးစွမ်းအားရှိရုံမျှသာမဟုတ်မူဘဲ အလ္လာဟ်အလိုတော်ရှိလျှင် အချို့သော မောက်မာထောင်လွှားသူတို့သည် ယင်းတို့၏ ဓနဥစ္စာများနှင့်အတူ အမြဲတမ်းအဖို့ မြေကြီး၌ မြှုပ်နှံခြင်းခံရစေရန်လည်း စွမ်းနိုင်တော်မူပေသည်။ မျက်မှောက်ခေတ်တွင်လည်း မြေငလျင်ကြီးများအားဖြင့် မြေကြီးအက်ကွဲ၍ များစွာသော လူနေဒေသကြီးများနှင့် ထိုခေတ်ကာလ၏ ကြီးကျယ်ထွန်းကားလှသည့် တီထွင်ဖန်တီးမှုများအားလုံး မြေကြီးတွင် နစ်မြုပ်သွားခဲ့ပြီး ယင်း၏အစအနကိုမျှ ရှာမတွေ့နိုင်အောင်ဖြစ်ခဲ့ကြသည်ကို ကျွန်ုပ်တို့မြင်ကြရပေသည်။

ထိုအာယတ်တော်များ၏နောက်တွင် အာယတ်တော်တစ်ပိုဒ်(အမှတ်စဉ်-၈၆)လာရှိပြီး ဤသည်မှာ အလ္လာဟ်၏နှုတ်ကပါဋိတော်ဖြစ်ကြောင်းနှင့် မည်သို့ဆိုစေ ပြည့်စုံမည်သာဖြစ်ကြောင်းကို ရန်သူတို့အတွက် ပြတ်သားသော အထောက်အထားပြရန်လုံလောက်ပေသည်။ ယင်းမှာ ငါတို့သည် အသင့်အား 'မအာဒ်' (ဆိုလိုသည်မှာ) 'မက္ကာ' မြို့တော်သို့ ပြန်လည်၍ဝင်ရောက်စေတော်မူမည်ဆိုသည့် အလ္လာဟ်၏ကတိတော်ဖြစ်၏။ သို့ဖြင့် ၎င်းတို့သည် မိမိတို့မျက်စိရှေ့မှာပင် ထိုအံ့ဖွယ်နိမိတ်များပြည့်စုံခြင်းကို မြင်တွေ့ခဲ့ကြရပေသည်။ သို့ဖြစ်ပါလျက် အတိတ် သို့မဟုတ် အနာဂတ်တို့၏နိမိတ်ဟောချက်များတွင် သံသယပွားစရာ မည်သို့အကြောင်းရှိပါဦးမည်နည်း။ ထို့နောက် အဖြေထွက်သည်မှာ- အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းတည်ရှိတော်မူခြင်း 'တောင်ဟီးဒ်'မှတစ်ပါး အခြားမည်သည်ကိုမျှ အထောက်အထား မတွေ့ရခေ။ ဖော်ပြခဲ့ပြီးဖြစ်သော ပျက်စီးမှုများကိုထောက်ရှုခြင်းဖြင့် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်ကျရောက်လျက် ပျက်စီးရသည်ဖြစ်စေ၊ သဘာဝနိယာမအလျောက် မိမိတို့၏နိဂုံးသို့ ဆိုက်ရောက်ရသည်ဖြစ်စေ အရာရာဟူသမျှသည် ပျက်စီးရမည်သာဖြစ်ပြီး အလ္လာဟ်၏ဘုန်းတန်ခိုးတေဇာတော်သာလျှင် အမြဲထာဝရတည်တံ့နေမည်ဖြစ်ကြောင်း သိရှိရပေသတည်း။

ဆူရာဟ် အလ်-ကဆွက်(စ်)

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၈၉)ပိုဒ် ရှူကူ (၉)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

طٰسٓمٓ ①

၂။ طٰسٓمٓ သန့်ရှင်းစင်ကြယ်တော်မူသောအရှင်၊ လွန်စွာကြားတော်မူသောအရှင်၊ လွန်စွာသိရှိတော်မူသောအရှင်။

تِلْكَ اٰيٰتُ الْكِتٰبِ الْمُبِيْنِ ②

၃။ ဤသည် ပွင့်လင်းထင်ရှားသောကျမ်းတော်၏ 'အာယတ်'မုကွပါဠိတော်များတည်း။

نَتْلُوْا عَلَيْكَ مِنْ نَّبَاِ مُوْسٰى وَ فِرْعَوْنَ بِالْحَقِّ لِقَوْمٍ يُّؤْمِنُوْنَ ③

၄။ ငါတို့သည် 'မိုအ်မင်နှ်'သက်ဝင်ယုံကြည်သူတို့အဖို့ 'မူစာ'နှင့် 'ဖိရ်အောင်'၏သတင်းမှအချို့ကို အသင်၏ရှေ့တွင် မှန်ကန်စွာဖတ်ပြတော်မူ၏။

اِنَّ فِرْعَوْنَ عَلَا فِي الْاَرْضِ وَ جَعَلَ اَهْلَهَا شِيَعًا يَّسْتَضْعِفُ طَآئِفَةً مِّنْهُمْ يُذَبِّحُ اَبْنَآءَهُمْ وَ يَسْتَحْيٖ نِسَآءَهُمْ ؕ اِنَّهٗ كَانَ مِنَ الْمُفْسِدِيْنَ ④

၅။ 'ဖိရ်အောင်'သည် အမှန်ပင် ကမ္ဘာမြေတွင် ပုန်ကန်ထောင်လွှားမှုကို ပြုခဲ့၏။ ထို့ပြင် ယင်း၌နေထိုင်သူများကို အုပ်စုလိုက်အုပ်စုလိုက် ခွဲခြားခဲ့၏။ သူသည် ယင်းတို့အနက် အုပ်စုတစ်စုကို မစွမ်းဆောင်နိုင်အောင် ပြုလုပ်ထားခဲ့၏။ သူတို့၏သားယောကျ်ားများကိုသတ်ဖြတ်ပြီး သူတို့၏အမျိုးသမီးများကို အသက်ရှင်လျက်ထားခဲ့၏။ ဧကန်ပင် သူသည် ပျက်စီးရာပျက်စီးကြောင်းကို ပြုလုပ်သူများအနက်မှဖြစ်၏။

وَ نُرِيْدُ اَنْ نَّمُنَّ عَلَى الَّذِيْنَ اسْتُضْعِفُوْا فِي الْاَرْضِ وَ نَجْعَلَهُمْ اَئِمَّةً وَّ نَجْعَلَهُمُ الْوٰرِثِيْنَ ⑤

၆။ ငါတို့သည် တိုင်းနိုင်ငံ၌ အားနည်းသည်ဟုထင်မြင်ခြင်းခံရသူများအပေါ် ကျေးဇူးပြုတော်မူရန်လည်းကောင်း၊ ယင်းတို့အား လမ်းညွှန်သူများပြုလုပ်ရန်လည်းကောင်း၊ ထို့ပြင် ယင်းတို့အား အမွေခံများဖြစ်စေရန်လည်းကောင်း ရည်ရွယ်တော်မူ၏။

وَ نُمَكِّنَ لَهُمْ فِي الْاَرْضِ وَ نُرِيَ فِرْعَوْنَ وَهَامٰنَ وَ جُنُوْدَهُمَا مِنْهُمْ مَّا كَانُوْا يَحْذَرُوْنَ ⑥

၇။ ထို့ပြင် ယင်းတို့အား ကမ္ဘာမြေတွင် ဂုဏ်အရှိန်အဝါကို ပေးသနားတော်မူရန်နှင့် 'ဖိရ်အောင်'၊ 'ဟာမန်'နှင့် ၎င်းတို့နှစ်ဦး၏စစ်တပ်ကို ယင်း(အစ္စရာအီလ်အမျိုးသား)များထံမှ ၎င်းတို့ကြောက်ရွံ့စိုးရိမ်သောအရာကို ပြသတော်မူရန်ဖြစ်၏။

وَ اَوْحَيْنَآ اِلٰٓى اُمِّ مُوْسٰٓى اَنْ اَرْضِعِيْهِ ۚ فَاِذَا خِفْتِ عَلَيْهِ فَاَلْقِيْهِ فِي الْيَمِّ وَ لَا تَخَافِيْ وَ لَا تَحْزَنِيْ ۚ اِنَّا رَآدُّوْهُ اِلَيْكِ

၈။ ထို့ပြင် ငါတို့သည် 'မူစာ'၏မိခင်ထံသို့ 'ဝဟီ'ဗျာဒိတ်ပေးတော်မူသည်မှာ သူ့အား နို့ချိုတိုက်ကျွေးလော့။ အသင်မသည် သူနှင့်စပ်လျဉ်း၍ စိုးရိမ်ကြောင့်ကြခဲ့ပါလျှင် သူ့အားမြစ်ထဲသို့မျှောလိုက်ပါလေ။ ကြောက်ရွံ့ခြင်းတစ်စုံတစ်ရာ မဖြစ်လင့်၊ ပူဆွေးသောကလည်း အလျှင်းမဖြစ်လင့်၊ ငါတို့သည်

وَجَاعِلُوْهُ مِنَ الْمُرْسَلِيْنَ ۝

ဧကန်ပင် သူ့အား အသင်မထံသို့ ပြန်လည်၍ ယူဆောင်လာတော်မူပေအံ့။ ထို့ပြင် သူ့အား တမန်တော်များအနက်မှ (တမန်တော်တစ်ပါး) ပြုလုပ်တော်မူပေမည်။

فَالْتَقَطَهٗۤ اٰلُ فِرْعَوْنَ لِيَكُوْنَ لَهُمْ عَدُوًّا وَّحَزَنًا ؕ اِنَّ فِرْعَوْنَ وَهَامٰنَ وَجُنُوْدَهُمَا كَانُوْا خٰطِـِٕيْنَ ۝

၉။ သို့ဖြစ်ရာ 'ဖိရ်အောင်'၏ အိမ်သူအိမ်သားတို့သည် (အလ္လာဟ်၏အမိန့်တော်နှင့်အညီ) သူ့အား ဆယ်ယူလိုက်ကြ၏။ သို့ဖြင့် သူသည် ၎င်းတို့အဖို့ ရန်သူနှင့် ဝမ်းနည်းကြေကွဲမှု၏အကြောင်းခံဖြစ်လာစေရန်ဖြစ်၏။ဧကန်စင်စစ် 'ဖိရ်အောင်'၊ 'ဟာမာန်'နှင့် ယင်းတို့နှစ်ဦး၏တပ်သားများသည် အပြစ်ကျူးလွန်သူများဖြစ်ခဲ့ကြ၏။

وَقَالَتِ امْرَاَتُ فِرْعَوْنَ قُرَّتُ عَيْنٍ لِّيْ وَلَكَ ؕ لَا تَقْتُلُوْهُ ۖ عَسٰۤى اَنْ يَّنْفَعَنَاۤ اَوْ نَتَّخِذَهٗ وَلَدًا وَّهُمْ لَا يَشْعُرُوْنَ ۝

၁၀။ 'ဖိရ်အောင်'၏ကြင်ရာက ဤ(သူငယ်)သည် ကျွန်မအဖို့လည်းကောင်း၊ အသင့်အဖို့လည်းကောင်း မျက်စိပသာဒအေးမြဖွယ်ရာဖြစ်ပေမည်။ သူ့အားမသတ်ပါနှင့်၊ သူသည် ကျွန်မတို့အား အကျိုးပေးကောင်းပေးလိမ့်မည်။ သို့မဟုတ် ကျွန်မတို့သည် သူ့အား သားအဖြစ်မွေးစားမည်ဟု ပြောဆိုလေ၏။ စင်စစ် ၎င်းတို့သည် တစ်စုံတစ်ရာကိုမျှ သိခဲ့ကြသည်မဟုတ်ချေ။

وَاَصْبَحَ فُؤَادُ اُمِّ مُوْسٰى فٰرِغًا ؕ اِنْ كَادَتْ لَتُبْدِيْ بِهٖ لَوْلَاۤ اَنْ رَّبَطْنَا عَلٰى قَلْبِهَا لِتَكُوْنَ مِنَ الْمُؤْمِنِيْنَ ۝

၁၁။ ထို့နောက် 'မူစာ'မိခင်၏စိတ်နှလုံးသည် (ပူပင်သောကများမှ)လွတ်ကင်းသွားလေ၏။ အကယ်၍ ငါတို့သည် သူမ၏စိတ်နှလုံးကိုထိန်းပေးတော်မမူခဲ့ပါလျှင် သူမသည် ဤ(လျှို့ဝှက်ချက်)ကို ဖော်ထုတ်လုနီး ဖြစ်ခဲ့ပေအံ့။ (ငါတို့က ဤသို့ပြုလုပ်ရခြင်းမှာ) သူမသည် သက်ဝင်ယုံကြည်သူများအနက်မှ ဖြစ်သွားစေရန်ဖြစ်၏။

وَقَالَتْ لِاُخْتِهٖ قُصِّيْهِ ۚ فَبَصُرَتْ بِهٖ عَنْ جُنُبٍ وَّهُمْ لَا يَشْعُرُوْنَ ۝

၁၂။ ထို့ပြင် (မူစာ၏မိခင်က) သူ(မူစာ)၏အစ်မအား သူ၏နောက်သို့ မျက်ခြေမပြတ်လိုက်လေ့ဟု ပြောလေ၏။ သို့ဖြင့် သူမသည် သူ့အား အဝေးမှစောင့်ကြည့်နေခဲ့လေသည်။ သို့သော် ယင်းကို သူတို့အလျှင်းမသိခဲ့ကြချေ။

وَحَرَّمْنَا عَلَيْهِ الْمَرَاضِعَ مِنْ قَبْلُ فَقَالَتْ هَلْ اَدُلُّكُمْ عَلٰۤى اَهْلِ بَيْتٍ يَّكْفُلُوْنَهٗ لَكُمْ وَهُمْ لَهٗ نٰصِحُوْنَ ۝

၁၃။ ၎င်းပြင် ငါတို့သည် မူလကပင် သူ(မူစာ)အား နို့ထိန်းသည်တို့(၏နို့ရည်)ကို 'ဟရာမ်'တားမြစ်တော်မူခဲ့၏။ သို့ဖြစ်ရာ သူ(မူစာ၏အစ်မ)က ကျွန်မသည် အသင်တို့အတွက် သူ့အား ပြုစုစောင့်ရှောက်ပေးနိုင်ပြီး သူ၏ကောင်းကျိုးကို လိုလားသော အိမ်သူအိမ်သားများကို ပြောပြရမည်လောဟုဆိုခဲ့၏။

فَرَدَدْنٰهُ اِلٰۤى اُمِّهٖ كَيْ تَقَرَّ عَيْنُهَا وَلَا تَحْزَنَ وَلِتَعْلَمَ اَنَّ وَعْدَ اللّٰهِ حَقٌّ وَّلٰكِنَّ اَكْثَرَهُمْ لَا يَعْلَمُوْنَ ۝ ۱۳

၁၄။ သို့ဖြင့် ငါတို့သည် သူ့အား သူ၏မိခင်ထံသို့ ပြန်လည်ပို့ဆောင်တော်မူခဲ့၏။ ဤသို့ဖြင့် သူမ၏မျက်စိပသာဒအေးမြစေရန်အလို့ငှာလည်းကောင်း၊ သူမ ပူဆွေးသောကမရောက်စေရန်လည်းကောင်း၊ အလ္လာဟ်၏ကတိတော် မှန်ကန်ကြောင်းကို သူမ သိရှိစေရန်လည်းကောင်းဖြစ်၏။ သို့သော် ယင်းတို့အနက်အများစုမှာ မသိရှိခဲ့ကြချေ။

ရုကူး-၂

وَلَمَّا بَلَغَ اَشُدَّهٗ وَاسْتَوٰٓى اٰتَيْنٰهُ حُكْمًا وَّعِلْمًا ؕ وَكَذٰلِكَ نَجْزِى الْمُحْسِنِيْنَ ۝١٤

၁၅။ သို့ဖြင့် သူသည်လူလားမြောက်သောအရွယ်သို့ ရောက်ရှိပြီး ချင့်ချိန်နိုင်သောအခါ ငါတို့သည် သူ့အား ဉာဏ်အမြော်အမြင်နှင့် အသိပညာကိုပေးသနားတော်မူ၏။ ဤသို့ပင် ငါတို့သည် ကောင်းမှုပြုသူတို့အား တုံ့ပြန်အစားပေးတော်မူ၏။

وَدَخَلَ الْمَدِيْنَةَ عَلٰى حِيْنِ غَفْلَةٍ مِّنْ اَهْلِهَا فَوَجَدَ فِيْهَا رَجُلَيْنِ يَقْتَتِلٰنِ ۚ هٰذَا مِنْ شِيْعَتِهٖ وَهٰذَا مِنْ عَدُوِّهٖ ۚ فَاسْتَغَاثَهُ الَّذِىْ مِنْ شِيْعَتِهٖ عَلَى الَّذِىْ مِنْ عَدُوِّهٖ ۙ فَوَكَزَهٗ مُوْسٰى فَقَضٰى عَلَيْهِ ۚ قَالَ هٰذَا مِنْ عَمَلِ الشَّيْطٰنِ ؕ اِنَّهٗ عَدُوٌّ مُّضِلٌّ مُّبِيْنٌ ۝١٥

၁၆။ ထို့ပြင် သူသည် မြို့တွင်းသို့ ယင်း၌နေထိုင်သူများ အမှုမဲ့အမှတ်မဲ့ရှိနေချိန်တွင် (တိတ်တဆိတ်)ဝင်ရောက်ခဲ့ပေရာ ထိုနေရာ၌ ရန်ဖြစ်နေသောလူနှစ်ဦးကို တွေ့ရှိခဲ့၏။ တစ်ဦးမှာ သူ၏အမျိုးသားများအနက်မှဖြစ်ပြီး ကျန်တစ်ဦးမှာ သူ၏ ရန်သူမျိုးနွယ်မှဖြစ်လေသည်။ သူ၏မျိုးနွယ်ဝင်ဖြစ်သူက သူ၏ရန်သူမျိုးနွယ်မှဖြစ်သောသူနှင့်ဆန့်ကျင်လျက် ကူညီပါရန် အသံပြုခဲ့၏။ သို့ဖြစ်ရာ 'မူစာ'သည် ထိုသူအား လက်သီးဖြင့် ထိုးလိုက်ရာ ထိုသူသည် သေဆုံးသွားခဲ့လေသည်။ သူက (စိတ်တွင်း၌) ဤသို့ပြောဆိုခဲ့၏။ ဤ(သို့ဖြစ်ခဲ့ရခြင်း)မှာ ရှိုင်တန်၏လုပ်ရပ်ပင်ဖြစ်၏။ဧကန်စင်စစ် ယင်း(ရှိုင်တန်)သည် ပွင့်လင်းထင်ရှားသော၊ လမ်းလွဲအောင်ပြုသည့် ရန်သူပင်ဖြစ်၏။

قَالَ رَبِّ اِنِّىْ ظَلَمْتُ نَفْسِىْ فَاغْفِرْ لِىْ فَغَفَرَ لَهٗ ؕ اِنَّهٗ هُوَ الْغَفُوْرُ الرَّحِيْمُ ۝١٦

၁၇။ သူက အို- ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဧကန်ပင် ကျွန်တော်မျိုးသည် မိမိ၏အသက်ဝိညာဉ်အပေါ် ညှဉ်းပန်းနှိပ်စက်ခဲ့ပါပြီ၊ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါဟု လျှောက်ထားလေရာ အရှင်မြတ်သည် သူ့အားခွင့်လွှတ်တော်မူခဲ့၏။ ဧကန်စင်စစ် ထိုအရှင်မြတ်သည်ပင် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

قَالَ رَبِّ بِمَآ اَنْعَمْتَ عَلَىَّ فَلَنْ اَكُوْنَ ظَهِيْرًا لِّلْمُجْرِمِيْنَ ۝١٧

၁၈။ သူက အို- ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် အရှင်မြတ်သည် ကျွန်တော်မျိုးအား ကောင်းချီးဆုလာဘ် ပေးသနားတော်မူခဲ့ခြင်းကြောင့် ကျွန်တော်မျိုးသည် နောင်တွင်မည်သည့်အခါတွင်မျှ အပြစ်ကျူးလွန်သူများကို ကူညီရိုင်းပင်းသူ အလျှင်းဖြစ်လိမ့်မည်မဟုတ်ပါဟု လျှောက်ထားလေ၏။

فَاَصْبَحَ فِى الْمَدِيْنَةِ خَآئِفًا يَّتَرَقَّبُ فَاِذَا الَّذِى اسْتَنْصَرَهٗ بِالْاَمْسِ يَسْتَصْرِخُهٗ ؕ قَالَ لَهٗ مُوْسٰٓى اِنَّكَ لَغَوِىٌّ مُّبِيْنٌ ۝١٨

၁၉။ ဤသို့ဖြင့် သူသည် နံနက်အချိန်တွင် ကြောက်ရွံ့စိုးရိမ်စွာဖြင့် ဟိုဟိုသည်သည်ကြည့်ကာ မြို့တွင်းသို့ဝင်ရောက်ခဲ့လေရာ ရုတ်တရက် ယမန်နေ့က သူ့ထံအကူအညီတောင်းခဲ့သောသူသည်ပင်လျှင် ထပ်မံ၍သူ့အား ဟစ်ခေါ်အကူအညီတောင်းခံနေပြန်လေသည်။ 'မူစာ'က သူ့အား ဧကန်မုချ အသင်သည်ကား ထင်ရှားသော လမ်းလွဲသူအရင့်အမာဖြစ်သည်ဟု ဆိုခဲ့လေ၏။

فَلَمَّآ اَنْ اَرَادَ اَنْ يَّبْطِشَ بِالَّذِيْ هُوَ عَدُوٌّ
لَّهُمَا ۙ قَالَ يٰمُوْسٰٓى اَتُرِيْدُ اَنْ تَقْتُلَنِيْ كَمَا
قَتَلْتَ نَفْسًۢا بِالْاَمْسِ ۚ اِنْ تُرِيْدُ اِلَّآ اَنْ
تَكُوْنَ جَبَّارًا فِي الْاَرْضِ وَمَا تُرِيْدُ اَنْ
تَكُوْنَ مِنَ الْمُصْلِحِيْنَ ۝

၂၀။ ထို့နောက် သူ(မူစာ)သည် မိမိတို့နှစ်ဦးစလုံး၏ရန်သူကို ဖမ်းဆီးရန်ရည်ရွယ်သောအခါ ထိုသူက အို-မူစာ အသင်သည် ယမန်နေ့က လူတစ်ဦးကိုသတ်ဖြတ်ခဲ့သကဲ့သို့ ကျွန်ုပ်ကိုလည်း သတ်ဖြတ်လိုပါသလော။ အသင်သည် တိုင်းနိုင်ငံ၌ ခြိမ်းခြောက်လွှမ်းမိုးရန်မှတစ်ပါး အခြားမည်သည်ကိုမျှ မလိုလားပေ။ ထို့ပြင် အသင်သည် သင့်မြတ်ပြေငြိမ်းအောင်ပြုသူများ အနက်မှဖြစ်ရန်မလိုလားပေဟု ပြောလေ၏။

وَجَآءَ رَجُلٌ مِّنْ اَقْصَا الْمَدِيْنَةِ يَسْعٰى ۙ
قَالَ يٰمُوْسٰٓى اِنَّ الْمَلَاَ يَاْتَمِرُوْنَ بِكَ
لِيَقْتُلُوْكَ فَاخْرُجْ اِنِّيْ لَكَ مِنَ
النّٰصِحِيْنَ ۝

၂၁။ ထို့နောက် မြို့အစွန်မှလူတစ်ဦးသည် အပြေးအလွှား ရောက်လာခဲ့၏။ သူက အို-'မူစာ' အကြီးအကဲခေါင်းဆောင်များသည် အသင့်အားသတ်ဖြတ်ရန် ကြံစည်နေကြပေသည်။ သို့ဖြစ်၍ ထွက်ပြေးလော့။ အမှန်ပင် ကျွန်ုပ်သည် အသင်၏ကောင်းကျိုးကိုလိုလားသူများအနက်မှဖြစ်သည်ဟု ပြောလေ၏။

فَخَرَجَ مِنْهَا خَآئِفًا يَّتَرَقَّبُ ۚ قَالَ رَبِّ
نَجِّنِيْ مِنَ الْقَوْمِ الظّٰلِمِيْنَ ۝ ۧ

၂၂။ သို့ဖြင့် သူသည် ထိုနေရာမှ စိုးရိမ်ကြောက်ရွံ့စွာဖြင့် ဟိုသည်ကြည့်လျက် ထွက်ခွာခဲ့လေသည်။ သူက အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးကို မတရားပြုသူများမှ ကယ်တင်တော်မူပါဟု ပန်ကြားလျှောက်ထားလေသတည်း။

ရုကူး-၃

وَلَمَّا تَوَجَّهَ تِلْقَآءَ مَدْيَنَ قَالَ عَسٰى
رَبِّيْٓ اَنْ يَّهْدِيَنِيْ سَوَآءَ السَّبِيْلِ ۝

၂၃။ သို့ဖြင့် သူသည် 'မဒီယန်'မြို့ဘက်သို့ ဦးတည်လျက် ကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်သည် ကျွန်ုပ်အား မှန်ကန်သောလမ်းဘက်သို့ညွှန်ပြရန်နီးစပ်၏ဟု ဆိုခဲ့လေသည်။ ②

وَلَمَّا وَرَدَ مَآءَ مَدْيَنَ وَجَدَ عَلَيْهِ اُمَّةً مِّنَ
النَّاسِ يَسْقُوْنَ ۡ وَوَجَدَ مِنْ دُوْنِهِمُ
امْرَاَتَيْنِ تَذُوْدٰنِ ۚ قَالَ مَا خَطْبُكُمَا ۭ
قَالَتَا لَا نَسْقِيْ حَتّٰى يُصْدِرَ الرِّعَآءُ ۭ

၂၄။ ဤသို့ဖြင့် သူသည်မဒီယန်မြို့၏ရေဆိပ်သို့ဆိုက်ရောက်သောအခါ ထိုနေရာတွင် လူတစ်စုသည် (မိမိတို့၏ တိရစ္ဆာန်များကို) ရေတိုက်လျက်ရှိနေသည်ကိုတွေ့ရ၏။ ထို့ပြင် ယင်းတို့၏ဘေးတစ်ဘက်တွင် အမျိုးသမီးနှစ်ဦးသည် မိမိတို့၏ တိရစ္ဆာန်များကို ဘေးသို့မောင်းဖယ်လျက်ရှိနေသည်ကို တွေ့ရလေ၏။ သူက အသင်မတို့နှစ်ဦး၏အဖြစ်သည် မည်သို့ရှိပါသ

② အာယတ်တော် (၁၆ မှ ၂၃)။ တမန်တော်မူစာ ﷺ သည် တမန်တော်အဖြစ် ခန့်အပ်ခြင်းမခံရမီက မိမိ၏အိမ်သို့ နံနက်စောစော အမှောင်ရှိနေဆဲအချိန်တွင် လာလေ့ရှိခဲ့သည်ဟုသိရှိရပေသည်။ တစ်နေ့လမ်းတွင် 'အစ္စရာအီလ်'အမျိုးသားတစ်ဦးကို ဖိရ်အောင်၏အမျိုးသားတို့အနက်မှ လူတစ်ဦးနှင့် ရန်ဖြစ်နေသည်ကိုမြင်တွေ့လေသည်။ 'အစ္စရာအီလ်'အမျိုးသားက တမန်တော်မူစာ ﷺ အား အကူအညီပေးရန်ခေါ်သဖြင့် မူစာ ﷺ ၏လက်သီးချက်ဖြင့် ဖိရ်အောင်၏အုပ်စုမှလူသည် သေဆုံးသွားလေသည်။

ဒုတိယနေ့ မှောင်နေဆဲနံနက်အချိန်တွင် ယမန်နေ့က ခိုက်ရန်ဖြစ်ပွားခဲ့သောသူကိုပင် ဖိရ်အောင်၏လူတစ်ဦးနှင့် ခိုက်ရန်ဖြစ်ပွားနေသည်ကို တွေ့ရပြန်ရာ မူစာ ﷺ သည် မိမိအမျိုးသားဘက်မှ အကူအညီပေးရန် ရှေ့သို့တိုးသောအခါ ဖိရ်အောင်အုပ်စုမှလူသည် မူစာ ﷺ အား အသင်သည် ယမန်နေ့က ကျွန်ုပ်တို့၏လူတစ်ဦးကိုသတ်ခဲ့သည့်အလား ကျွန်ုပ်ကိုလည်း သတ်ဦးမည်လောဟု အပြစ်ဖို့စကားဆိုခဲ့လေသည်။ အဆိုပါဖြစ်ရပ်နှစ်ခုကိုဖော်ပြပြီးနောက် လာရှိသောအာယတ်တော်တွင်- ဖိရ်အောင်၏အမျိုးသားများမှ အကြီးအကဲတို့က မူစာ ﷺ အား သေဒဏ်ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ဤတွင် ထိုသတင်းကိုရရှိထားသူတစ်ဦးက မူစာ ﷺ အား ကြိုတင်သတိပေးခဲ့ခြင်းကြောင့် မူစာ ﷺ သည် ထိုအရပ်မှ 'မဒီယန်'ဘက်သို့ ထွက်ခွာသွားကြောင်း ဖော်ပြထားသည်။

وَاَبُوْنَا شَيْخٌ كَبِيْرٌ ۝

နည်းဟုမေးမြန်းလေရာ သူမတို့က ဤသိုးထိန်းများပြန်မသွားသရွေ့ ကျွန်မတို့သည် (မိမိတို့၏တိရစ္ဆာန်များကို) ရေတိုက်ကျွေးခြင်းပြုမည်မဟုတ်ပါ။ ထို့ပြင် ကျွန်မတို့၏ဖခင်မှာလည်း အလွန်အိုမင်းမစွမ်းသူဖြစ်ပါသည်ဟု ဖြေကြားကြလေ၏။

فَسَقٰى لَهُمَا ثُمَّ تَوَلّٰٓى اِلَى الظِّلِّ فَقَالَ رَبِّ اِنِّيْ لِمَآ اَنْزَلْتَ اِلَيَّ مِنْ خَيْرٍ فَقِيْرٌ ۝

၂၅။ ထိုအခါ သူသည် သူမတို့နှစ်ဦးအတွက် (သူမတို့၏တိရစ္ဆာန်များကို) ရေတိုက်ကျွေးလေ၏။ ထို့နောက် သူသည် အရိပ်ရှိရာသို့လှည့်လိုက်ပြီး အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်ပင် ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်မှ ကျွန်တော်မျိုးအပေါ်ပို့ချမည့် ကောင်းမြတ်သောအရာတိုင်းကို လိုအပ်သူဖြစ်ပါ၏ဟု ပန်ကြားလျှောက်ထားလေ၏။

فَجَآءَتْهُ اِحْدٰىهُمَا تَمْشِيْ عَلَى اسْتِحْيَآءٍ ۖ قَالَتْ اِنَّ اَبِيْ يَدْعُوْكَ لِيَجْزِيَكَ اَجْرَ مَا سَقَيْتَ لَنَا ۭ فَلَمَّا جَآءَهٗ وَقَصَّ عَلَيْهِ الْقَصَصَ ۙ قَالَ لَا تَخَفْ ۡ نَجَوْتَ مِنَ الْقَوْمِ الظّٰلِمِيْنَ ۝

၂၆။ သို့ဖြင့် သူမတို့နှစ်ဦးအနက်မှတစ်ဦးသည် ရှက်ရွံ့စွာဖြင့် ရောက်ရှိလာပြီး သူမက အသင်သည် ကျွန်မတို့အတွက် ရေတိုက်ပေးခြင်းကို ကျေးဇူးဆပ်ရန်အလို့ငှာ ကျွန်မ၏ဖခင်သည် အမှန်ပင် အသင့်အား ခေါ်ခိုင်းလိုက်သည်ဟု ပြောလေ၏။ သို့ဖြင့် သူသည် သူ(မ၏ဖခင်)ထံရောက်လာခဲ့ပြီး ဖြစ်ရပ်အလုံးစုံကို သူ၏ရှေ့တွင်ပြောပြသောအခါ သူက မကြောက်ရွံ့လင့်၊ အသင်သည် မတရားကျူးလွန်သောသူတို့မှ ကယ်တင်လွတ်မြောက်မှုရရှိခဲ့လေပြီဟု ပြောလေ၏။

قَالَتْ اِحْدٰىهُمَا يٰٓاَبَتِ اسْتَاْجِرْهُ ۡ اِنَّ خَيْرَ مَنِ اسْتَاْجَرْتَ الْقَوِيُّ الْاَمِيْنُ ۝

၂၇။ သူမတို့နှစ်ဦးအနက်တစ်ဦးက အို-ကျွန်မ၏ဖခင် သူ့အား သူရင်းငှားအဖြစ်ထားလိုက်ပါ။ အမှန်ပင် မည်သူ့ကိုမဆို အသင်သည် အလုပ်ခိုင်းရန်ထားပါလျှင် ၎င်းတို့အနက် အကောင်းဆုံးသောသူသည်ကား ကြံ့ခိုင်သန်စွမ်းပြီး ယုံကြည်စိတ်ချရသူဖြစ်ရပေမည်ဟု ပြောလေ၏။

قَالَ اِنِّيْٓ اُرِيْدُ اَنْ اُنْكِحَكَ اِحْدَى ابْنَتَيَّ هٰتَيْنِ عَلٰٓى اَنْ تَاْجُرَنِيْ ثَمٰنِيَ حِجَجٍ ۚ فَاِنْ اَتْمَمْتَ عَشْرًا فَمِنْ عِنْدِكَ ۚ وَمَآ اُرِيْدُ اَنْ اَشُقَّ عَلَيْكَ ۭ سَتَجِدُنِيْٓ اِنْ شَاۗءَ اللّٰهُ مِنَ الصّٰلِحِيْنَ ۝

၂၈။ သူက (မူစာအား) ကျွန်ုပ်သည် မိမိ၏ဤသမီးနှစ်ဦးအနက်မှတစ်ဦးကို အသင်နှင့်ထိမ်းမြားပေးလိုသည်။ စည်းကမ်းချက်မှာ အသင်သည် ကျွန်ုပ်ထံတွင် ရှစ်နှစ်တိုင်အလုပ်လုပ်ရပေမည်။ အကယ်၍ အသင်သည် ဆယ်နှစ်အပြည့်လုပ်ပါက ယင်းမှာ အသင်၏(စေတနာအလျှောက်)သာ ဖြစ်ပေမည်။ ကျွန်ုပ်သည် အသင့်အား မည်သို့မျှ အခက်အခဲဖြစ်စေရန် မလိုလားချေ။ အလွှာတ်အလိုတော်ရှိပါလျှင် အသင်သည် ကျွန်ုပ်အား သူတော်ကောင်းများအနက်မှ မြင်တွေ့ရပေလိမ့်မည်ဟု ပြောလေ၏။

قَالَ ذٰلِكَ بَيْنِيْ وَبَيْنَكَ ۭ اَيَّمَا الْاَجَلَيْنِ قَضَيْتُ فَلَا عُدْوَانَ عَلَيَّ ۭ وَاللّٰهُ عَلٰي مَا

၂၉။ သူ(မူစာ)က ဤသည် ကျွန်ုပ်နှင့် အသင်၏ကြားဝယ် အတည်ဖြစ်သွားပေပြီ။ နှစ်ခုအနက် တစ်ခုသောကာလကို ကျွန်ုပ်ဖြည့်ဆည်းပါလျှင် ကျွန်ုပ်နှင့်ဆန့်ကျင်၍ တစ်စုံတစ်ရာ

نَقُوْلُ وَكِيْلٌ ۝ ۶۶

ကျူးလွန်မှုမပြုရပေ။ စင်စစ် အလ္လာဟ်သည် ကျွန်ုပ်တို့ ပြောဆို သည်များကိုစောင့်ကြည့်လျက်ရှိတော်မူသောအရှင် ဖြစ်တော် မူပါ၏ဟု ပြောလေသတည်း။

ရုကူ-၄

فَلَمَّا قَضٰى مُوْسَى الْاَجَلَ وَسَارَ بِاَهْلِهٖٓ اٰنَسَ مِنْ جَانِبِ الطُّوْرِ نَارًا ۚ قَالَ لِاَهْلِهِ امْكُثُوْٓا اِنِّيْٓ اٰنَسْتُ نَارًا لَّعَلِّيْٓ اٰتِيْكُمْ مِّنْهَا بِخَبَرٍ اَوْ جَذْوَةٍ مِّنَ النَّارِ لَعَلَّكُمْ تَصْطَلُوْنَ ۝

၂၀။ သို့ဖြင့် မူစာသည် မိမိ၏သတ်မှတ်ကာလကို ဖြည့်ဆည်း ပြီးသောအခါ မိမိ၏အိမ်သူအိမ်သားများကို ခေါ်ဆောင်၍ ထွက်လာရာ သူသည် 'တူရ်'တောင်ဘက်မှ မီးတစ်ခုသဖွယ် တွေ့မြင်ရလေ၏။ သူက မိမိအိမ်သားများကို ခေတ္တစောင့် ဆိုင်းကြကုန်။ ကျွန်ုပ်သည် မီးသဖွယ်တစ်ခုကို မြင်တွေ့နေရ ၏။ ကျွန်ုပ်သည် ယင်း(မီးအနီး)မှ အသင်တို့ထံ သတင်းတစ်စုံ တစ်ရာကိုလည်းကောင်း၊ သို့တည်းမဟုတ် အသင်တို့မီးလုံနိုင် ရန် မီးခဲတစ်ခဲကိုလည်းကောင်း၊ ယူဆောင်ကောင်းယူဆောင် လာနိုင်မည်ဟု ပြောလေ၏။

فَلَمَّآ اَتٰىهَا نُوْدِيَ مِنْ شَاطِئِ الْوَادِ الْاَيْمَنِ فِي الْبُقْعَةِ الْمُبٰرَكَةِ مِنَ الشَّجَرَةِ اَنْ يّٰمُوْسٰٓى اِنِّيْٓ اَنَا اللّٰهُ رَبُّ الْعٰلَمِيْنَ ۝

၃၀။ သို့ဖြစ်ရာ သူသည် ယင်းအနီးသို့ ရောက်သောအခါ ကောင်းချီးမင်္ဂလာရှိသော တောင်ကြားအစွန်ရှိသစ်ပင်၏ ကောင်းချီးမင်္ဂလာရှိသော အစိတ်အပိုင်းတစ်ရပ်မှ အသံပေး ခြင်းကိုခံခဲ့ရ၏။ အို-'မူစာ'၊ မုချကေန် ငါသည် 'အလ္လာဟ်'ဖြစ် တော်မူ၏။ စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေး မြူတော်မူသောအရှင်ဖြစ်၏။

وَاَنْ اَلْقِ عَصَاكَ ۭ فَلَمَّا رَاٰهَا تَهْتَزُّ كَاَنَّهَا جَاۗنٌّ وَّلّٰى مُدْبِرًا وَّلَمْ يُعَقِّبْ ۭ يٰمُوْسٰٓى اَقْبِلْ وَلَا تَخَفْ ۭ اِنَّكَ مِنَ الْاٰمِنِيْنَ ۝

၃၁။ မိမိ၏တောင်ဒူးကို ပစ်ချလော့(ဟု မိန့်တော်မူ၏)။ ထို အခါ သူသည် ယင်း(တောင်ဒူး)ကိုကြည့်လိုက်ရာ ယင်း သည် မြွေကဲ့သို့လှုပ်ရှားနေလေသည်။ ထိုအခါ သူသည် ကျောခိုင်းထွက်သွားပြီး လှည့်၍ပင်မကြည့်ခေ့။ (ထိုအခါ အရှင်မြတ်မိန့်တော်မူ၏) အို-'မူစာ'ရှေ့သို့တိုးလော့။ မကြောက် ရွံ့လင့်၊ အသင်သည် ဧကန်စင်စစ် လုံခြုံဘေးကင်းစွာရှိသူ များအနက်မှ ဖြစ်ပေသည်။

اُسْلُكْ يَدَكَ فِيْ جَيْبِكَ تَخْرُجْ بَيْضَاۗءَ مِنْ غَيْرِ سُوْۗءٍ ۭ وَاضْمُمْ اِلَيْكَ جَنَاحَكَ مِنَ الرَّهْبِ فَذٰنِكَ بُرْهَانٰنِ مِنْ رَّبِّكَ اِلٰى فِرْعَوْنَ وَمَلَا۟ئِهٖ ۭ اِنَّهُمْ كَانُوْا قَوْمًا فٰسِقِيْنَ ۝

၃၂။ အသင်၏လက်ကို အသင်၏ဝတ်ရုံရင်ဘတ်အတွင်းသို့ ထည့်လိုက်လော့။ ထိုအခါ ယင်းသည် အပြစ်အနာအဆာ တစ်စုံတစ်ရာမရှိဘဲ တောက်ပလျက်ထွက်လာလိမ့်မည်။ ထို့ပြင် အသင်သည် ကြောက်ရွံ့မှုမရှိစေရန် မိမိ၏လက်မောင်းကို မိမိနှင့်ကပ်ထားပါလေ။ သို့ဖြစ်ရာ ဤသည် အသင်၏ ဖန်ဆင်း မွေးမြူရှင်ထံတော်မှ 'ဖိရ်အောင်'နှင့် သူ၏အကြီးအကဲများထံသို့ (ပေးပို့တော်မူသော) သက်သေသာဓကတော်နှစ်ရပ်ဖြစ်၏။ စင်စစ် ယင်းတို့သည် အကျင့်ဆိုးယုတ်သူများဖြစ်ကြ၏။

قَالَ رَبِّ اِنِّيْ قَتَلْتُ مِنْهُمْ نَفْسًا

၃၃။ သူကလျှောက်ထားသည်မှာ အို-ကျွန်တော်မျိုးအား ဖန် ဆင်းမွေးမြူတော်မူသောအရှင်၊ စင်စစ်ဧကန် ကျွန်တော်မျိုး

فَاَخَافُ اَنْ يَّقْتُلُوْنِ ﴿۳۳﴾

သည် သူတို့၏လူတစ်ဦးကိုသတ်ဖြတ်ခဲ့ပါသည်။ သို့ဖြစ်ရာ ငၚ်းတို့သည် ကျွန်တော်မျိုးအား သတ်ဖြတ်မည်ကို ကျွန်တော်မျိုး ကြောက်ရွံ့စိုးရိမ်ပါသည်။

وَاَخِيْ هٰرُوْنُ هُوَ اَفْصَحُ مِنِّيْ لِسَانًا فَاَرْسِلْهُ مَعِيَ رِدْاً يُّصَدِّقُنِيْٓ ۡ اِنِّيْٓ اَخَافُ اَنْ يُّكَذِّبُوْنِ ﴿۳۴﴾

၃၄။ စင်စစ် ကျွန်တော်မျိုး၏နောင်တော် 'ဟာရွန်'သည် စကားအရာ၌ ကျွန်တော်မျိုးထက် ပိုမိုကြွယ်ဝပါ၏။ သို့ဖြစ်ရာ ကျွန်တော်မျိုးအား ကူညီစောင်မသူအဖြစ် သူ့အား ကျွန်တော်မျိုးနှင့်အတူစေလွှတ်တော်မူပါ။ သူသည် ကျွန်တော်မျိုးမှန်ကန်ကြောင်းကိုထောက်ခံပါမည်။ အမှန်ပင် ငၚ်းတို့က ကျွန်တော်မျိုးအား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြမည်ကိုလည်း ကျွန်တော်မျိုးစိုးရိမ်ပါသည်။

قَالَ سَنَشُدُّ عَضُدَكَ بِاَخِيْكَ وَنَجْعَلُ لَكُمَا سُلْطٰنًا فَلَا يَصِلُوْنَ اِلَيْكُمَا ۚ بِاٰيٰتِنَآ ۚ اَنْتُمَا وَمَنِ اتَّبَعَكُمَا الْغٰلِبُوْنَ ﴿۳۵﴾

၃၅။ အရှင်မြတ်မိန့်ကြားတော်မူသည်မှာ ငါတို့သည် အမှန်ပင် အသင်၏အစ်ကိုဖြင့် အသင်၏လက်ရုံးကိုခိုင်မာစေတော်မူမည်။ ထို့ပြင် အသင်တို့နှစ်ဦးအား အောင်မြင်သော နိမိတ်လက္ခဏာတစ်ရပ်ကိုပေးသနားတော်မူမည်။ သို့ဖြစ်ရာ ငါတို့၏နိမိတ်လက္ခဏာများရှိပါလျက်နှင့် သူတို့သည် အသင်တို့နှစ်ဦးထံ ရောက်နိုင်ကြလိမ့်မည်မဟုတ်ချေ။ အသင်တို့နှစ်ဦးသည်လည်းကောင်း၊ အသင်တို့အား နောက်လိုက်ကျင့်ကြံကြသည့် သူများသည်လည်းကောင်း အောင်နိုင်သူများဖြစ်ကြပေမည်။

فَلَمَّا جَآءَهُمْ مُّوْسٰى بِاٰيٰتِنَا بَيِّنٰتٍ قَالُوْا مَا هٰذَآ اِلَّا سِحْرٌ مُّفْتَرًى وَّمَا سَمِعْنَا بِهٰذَا فِيْٓ اٰبَآئِنَا الْاَوَّلِيْنَ ﴿۳۶﴾

၃၆။ သို့ဖြစ်ရာ 'မူစာ'သည် ယင်းတို့ထံ ငါတို့၏ထင်ရှားသော နိမိတ်လက္ခဏာတော်များကို ယူဆောင်လာသောအခါ ယင်းတို့က ဤသည် လုပ်ကြံဖန်တီးထားသော မှော်အတတ်သာဖြစ်၏။ ကျွန်ုပ်တို့သည် မိမိတို့၏ရှေးယခင်ဘိုးဘေးများတွင် ဤသို့မကြားခဲ့ဖူးချေဟု ပြောဆိုကြလေ၏။

وَقَالَ مُوْسٰى رَبِّيْٓ اَعْلَمُ بِمَنْ جَآءَ بِالْهُدٰى مِنْ عِنْدِهٖ وَمَنْ تَكُوْنُ لَهٗ عَاقِبَةُ الدَّارِ ۭ اِنَّهٗ لَا يُفْلِحُ الظّٰلِمُوْنَ ﴿۳۷﴾

၃၇။ ထိုအခါ 'မူစာ'က မည်သူသည် အရှင်မြတ်ထံတော်မှ လမ်းညွှန်တော်ယူဆောင်လာသည်ကိုလည်းကောင်း၊ နောင်တမလွန်တွင်ရရှိမည့် အိမ်တော်၏ဆုလာဘ်သည် မည်သူ့အတွက်ဖြစ်သည်ကိုလည်းကောင်း ကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်သည် အသိရှိဆုံးဖြစ်တော်မူ၏။ ဧကန်စင်စစ် မတရားကျူးလွန်သူတို့သည် အောင်မြင်ကြသည်မဟုတ်ချေဟု ပြောကြားလေ၏။

وَقَالَ فِرْعَوْنُ يٰٓاَيُّهَا الْمَلَاُ مَا عَلِمْتُ لَكُمْ مِّنْ اِلٰهٍ غَيْرِيْ ۚ فَاَوْقِدْ لِيْ يٰهَامٰنُ عَلَى الطِّيْنِ فَاجْعَلْ لِّيْ صَرْحًا لَّعَلِّيْٓ اَطَّلِعُ اِلٰٓى اِلٰهِ مُوْسٰى ۙ وَاِنِّيْ لَاَظُنُّهٗ

၃၈။ ထိုအခါ 'ဖိရိုအောင်'က အို-အကြီးအမှူးအပေါင်းတို့ ငါမှလွဲ၍ အသင်တို့အတွက် အခြားမည်သည့်ကိုးကွယ်ရာအရှင်ကိုမျှ ငါမသိချေ။ ထို့ကြောင့် အို-'ဟာမာန်' ငှါအတွက် မြေ(အုတ်များ)ကိုမီးဖုတ်ပြီးလျှင် ငှါအတွက် နန်းတော်တစ်ဆောင်ကိုဆောက်လုပ်လော့။ သို့ဖြင့် ငါသည် မူစာ၏အရှင်သခင်ကို မျှော်ကြည့်နိုင်ရန်ဖြစ်၏။ သို့သော် စင်စစ် ငါသည်

مِنَ الْكٰذِبِيْنَ ۝

သူ့အား ဧကန်ပင် လိမ်ညာသူဟူ၍သာ ထင်မှတ်ပေသည်ဟု ပြောကြားလေ၏။

وَاسْتَكْبَرَ هُوَ وَجُنُوْدُهٗ فِي الْاَرْضِ بِغَيْرِ الْحَقِّ وَظَنُّوْٓا اَنَّهُمْ اِلَيْنَا لَا يُرْجَعُوْنَ ۝

၄၀။ စင်စစ် သူနှင့်သူ၏တပ်များသည် ကမ္ဘာမြေဝယ် မတရားသဖြင့် မာန်မာနထောင်လွှားခဲ့ကြ၏။ ထို့ပြင် သူတို့သည် ငါတို့ထံသို့ ပြန်လည်၍ လာရောက်ကြရမည်မဟုတ်ဟု ထင်မှတ်ခဲ့ကြ၏။

فَاَخَذْنٰهُ وَجُنُوْدَهٗ فَنَبَذْنٰهُمْ فِي الْيَمِّ ۚ فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الظّٰلِمِيْنَ ۝

၄၀။ သို့ဖြင့် ငါတို့သည် သူနှင့်သူ၏တပ်များကိုဖမ်းဆီးကာ သူတို့အား ပင်လယ်ထဲပစ်ချတော်မူခဲ့၏။ သို့ဖြစ်ရာ မတရားကျူးလွန်သူတို့၏ရလဒ်မည်သို့ရှိသည်ကို ကြည့်ရှုကြလေကုန်။

وَجَعَلْنٰهُمْ اَىِٕمَّةً يَّدْعُوْنَ اِلَى النَّارِ ۚ وَيَوْمَ الْقِيٰمَةِ لَا يُنْصَرُوْنَ ۝

၄၂။ ငါတို့သည် သူတို့အား မီးဘက်သို့ ဖိတ်ခေါ်ခဲ့ကြသည့် ခေါင်းဆောင်များပြုလုပ်တော်မူခဲ့၏။ ထို့ပြင် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် ယင်းတို့သည် ကူညီစောင်မခြင်းကို ခံကြရမည်မဟုတ်ချေ။

وَاَتْبَعْنٰهُمْ فِيْ هٰذِهِ الدُّنْيَا لَعْنَةً ۚ وَيَوْمَ الْقِيٰمَةِ هُمْ مِّنَ الْمَقْبُوْحِيْنَ ۝ ع

၄၃။ ထို့ပြင် ငါတို့သည် ဤလောကတွင်လည်း ၎င်းတို့၏နောက်သို့ ကရုဏာတော်မှကင်းဝေးခြင်း 'လာ့အ်နတ်'ကို လိုက်စေတော်၏။ ကေယာမတ်နေ့တော်ကြီးတွင်လည်း ယင်းတို့သည် အခြေအနေဆိုးရွားသူများအနက်မှ ဖြစ်ကြလိမ့်မည်တည်း။

ရုကူး-၅

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ مِنْۢ بَعْدِ مَآ اَهْلَكْنَا الْقُرُوْنَ الْاُوْلٰى بَصَآىِٕرَ لِلنَّاسِ وَهُدًى وَّرَحْمَةً لَّعَلَّهُمْ يَتَذَكَّرُوْنَ ۝

၄၄။ ထို့ပြင် ဧကန်စင်စစ် ငါတို့သည် ရှေးလူမျိုးနွယ်များကို ဖျက်ဆီးတော်မူခဲ့ပြီးသည့်နောက်ဝယ် 'မူစာ'အား ကျမ်းဂန်ကို ပေးသနားတော်မူခဲ့၏။ ဤသည် လူသားတို့အဖို့ မျက်စိများကို ပွင့်စေပြီး လမ်းညွှန်တော်နှင့် ကရုဏာတော်ဖြစ်ခဲ့၏။ သို့ဖြင့် ယင်းတို့သည် အဆုံးအမသင်ခန်းစာရယူကြရန်ဖြစ်၏။

وَمَا كُنْتَ بِجَانِبِ الْغَرْبِيِّ اِذْ قَضَيْنَآ اِلٰى مُوْسَى الْاَمْرَ وَمَا كُنْتَ مِنَ الشّٰهِدِيْنَ ۝

၄၅။ ထို့ပြင် အကြင်အခါဝယ် ငါတို့သည် 'မူစာ'ထံ အမိန့်တော်ပို့ချခဲ့စဉ်က အသင်သည် (တူရ်တောင်၏) အနောက်ဘက်အရပ်တွင်ရှိခဲ့သည်မဟုတ်ချေ။ ထို့ပြင် အသင်သည် (မျက်မြင်)သက်သေများအနက်မှ မဟုတ်ခဲ့ချေ။

وَلٰكِنَّآ اَنْشَاْنَا قُرُوْنًا فَتَطَاوَلَ عَلَيْهِمُ الْعُمُرُ ۚ وَمَا كُنْتَ ثَاوِيًا فِيْٓ اَهْلِ مَدْيَنَ تَتْلُوْا عَلَيْهِمْ اٰيٰتِنَا ۙ وَلٰكِنَّا كُنَّا مُرْسِلِيْنَ ۝

၄၆။ ထို့ပြင် ငါတို့သည် များစွာသော လူမျိုးနွယ်များကို အထွတ်အထိပ်ရောက်စေတော်မူခဲ့၏။ နောက်ဆုံးတွင် ၎င်းတို့၏သက်တမ်းသည် ရှည်ကြာခဲ့လေသည်။ ထို့ပြင် ငါတို့၏ အာယတ်တော်များကို 'မဒီယန်'မြို့သားများအား ဖတ်ရွတ်ပြစဉ်ကလည်း အသင်မရှိခဲ့ချေ။ သို့ရာတွင် ငါတို့သည်သာလျှင် တမန်တော်များကိုစေလွှတ်တော်မူခဲ့သည့်အရှင်ဖြစ်တော်မူ၏။

وَمَا كُنْتَ بِجَانِبِ الطُّوْرِ اِذْ نَادَيْنَا وَلٰكِنْ

၄၇။ ထို့ပြင် အကြင်အခါဝယ် ငါတို့သည် (မူစာအား) အသံ

رَّحْمَةً مِّنْ رَّبِّكَ لِتُنْذِرَ قَوْمًا مَّآ اَتٰىهُمْ مِّنْ نَّذِيْرٍ مِّنْ قَبْلِكَ لَعَلَّهُمْ يَتَذَكَّرُوْنَ ﴿۴۶﴾

ပြုခဲ့စဉ်က အသင်သည် 'တူရ်'၏အစွန်အဖျားတွင်ရှိခဲ့သည် မဟုတ်ချေ။ သို့ရာတွင် (အသင်သည်) မိမိ၏ဖန်ဆင်းမွေးမြူ ရှင်ဘက်မှ အလွန်ကြီးကျယ်သော ကရုဏာတော်တစ်ရပ်အ ဖြစ်(စေလွှတ်ခြင်းခံခဲ့ရ၏)၊ သို့ဖြင့် အသင့်ထက်အလျင်က သတိပေးနှိုးဆော်သူတစ်ဦးတစ်ယောက်မျှ မစေလွှတ်ခဲ့သေး သော လူမျိုးနွယ်အား အသင်သည် သတိပေးနှိုးဆော်ရန်ဖြစ် ၏။ သို့ဖြင့် ယင်းတို့ အဆုံးအမရယူကြရာ၏။

وَلَوْلَآ اَنْ تُصِيْبَهُمْ مُّصِيْبَةٌۢ بِمَا قَدَّمَتْ اَيْدِيْهِمْ فَيَقُوْلُوْا رَبَّنَا لَوْلَآ اَرْسَلْتَ اِلَيْنَا رَسُوْلًا فَنَتَّبِعَ اٰيٰتِكَ وَنَكُوْنَ مِنَ الْمُؤْمِنِيْنَ ﴿۴۷﴾

၄၇။ အကယ်၍သာ ထိုသူတို့သည် သူတို့၏လက်များက ကြို တင်ပို့ထားခဲ့သည်များကြောင့် သူတို့အား ဘေးဒုက္ခတစ်စုံတစ် ရာသက်ရောက်လာသော် အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်း မွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးတို့သည် အရှင်မြတ် ၏အာယတ်တော်များကို လိုက်နာကျင့်ကြံကြပြီး သက်ဝင် ယုံကြည်သူများအနက်မှဖြစ်စေရန် အရှင်မြတ်သည် အဘယ် ကြောင့် ကျွန်တော်မျိုးတို့ထံသို့ တမန်တော်တစ်ပါးပါးကို စေလွှတ်တော်မမူပါသနည်းဟု လျှောက်ထားပြောဆိုခြင်းမျိုး မပြုစေရန်ဖြစ်သည်။

فَلَمَّا جَآءَهُمُ الْحَقُّ مِنْ عِنْدِنَا قَالُوْا لَوْلَآ اُوْتِيَ مِثْلَ مَآ اُوْتِيَ مُوْسٰى ۭ اَوَلَمْ يَكْفُرُوْا بِمَآ اُوْتِيَ مُوْسٰى مِنْ قَبْلُ ۚ قَالُوْا سِحْرٰنِ تَظٰهَرَا ۡ وَقَالُوْٓا اِنَّا بِكُلٍّ كٰفِرُوْنَ ﴿۴۸﴾

၄၈။ သို့ဖြစ်ရာ ထိုသူတို့ထံသို့ ငါတို့ထံမှ အမှန်တရားရောက် ရှိလာသောအခါ ၎င်းတို့က သူ့ကို 'မူစာ'အား ပေးတော်မူခဲ့ သကဲ့သို့ အဘယ့်ကြောင့်ပေးခြင်းမခံရသနည်းဟု ပြောဆိုကြ ၏။ ၎င်းတို့သည် ထို့ထက်အလျင်က 'မူစာ'အား ပေးခဲ့သည် ကို ငြင်းပယ်ခဲ့ကြသည်မဟုတ်လော။ ၎င်းတို့က ဤသူနှစ်ဦး သည် တစ်ဦးကိုတစ်ဦးကူညီကြသည့် အလွန်ကြီးကျယ်သော မှော်ဆရာများပင်ဖြစ်ကြ၏ဟု ပြောဆိုခဲ့ကြ၏။ ထို့ပြင် ၎င်းတို့ က ကျွန်ုပ်တို့သည် အမှန်ပင် အားလုံးကို ငြင်းပယ်သူများ ဖြစ်ကြ၏ဟု ဆိုကြ၏။

قُلْ فَاْتُوْا بِكِتٰبٍ مِّنْ عِنْدِ اللّٰهِ هُوَ اَهْدٰى مِنْهُمَآ اَتَّبِعْهُ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۴۹﴾

၄၉။ အသင်သည် (သူတို့အား)ပြောကြားပါလေ။ အကယ်၍ အသင်တို့သည် မှန်ကန်ကြပါလျှင် ထို(တောင်ရတ်နှင့် ကုရ် အာန်) နှစ်ရပ်ထက် ပိုမိုလမ်းညွှန်နိုင်သည့် ကျမ်းတစ်စောင်ကို အလ္လာဟ်၏ထံတော်မှယူဆောင်လာကြကုန်၊ သို့ဖြင့် ကျွန်ုပ် သည် ယင်းအားလိုက်နာကျင့်ကြံပေအံ့။

فَاِنْ لَّمْ يَسْتَجِيْبُوْا لَكَ فَاعْلَمْ اَنَّمَا يَتَّبِعُوْنَ اَهْوَآءَهُمْ ۭ وَمَنْ اَضَلُّ مِمَّنِ اتَّبَعَ هَوٰىهُ بِغَيْرِ هُدًى مِّنَ اللّٰهِ ۭ اِنَّ اللّٰهَ لَا يَهْدِي الْقَوْمَ الظّٰلِمِيْنَ ﴿۵۰﴾ ع

၅၀။ သို့ဖြစ်ရာ အကယ်၍ ယင်းတို့သည် အသင်၏ ဤဖိတ် ခေါ်ချက်ကိုလက်မခံပါလျှင် ယင်းတို့သည် မိမိတို့၏ အလိုဆန္ဒ များနောက်သို့သာ လိုက်နေကြသည်ကို အသင်သိထားပါလေ။ အလ္လာဟ်၏လမ်းညွှန်မှုကိုစွန့်လွှတ်၍ မိမိတို့၏ အလိုဆန္ဒများ နောက်သို့လိုက်သူထက် ပိုမိုလမ်းလွဲသူ မည်သူရှိနိုင်အံ့နည်း။ စင်စစ် အလ္လာဟ်သည် မတရားကျူးလွန်သူ အမျိုးသားတို့အား အလျင်းလမ်းညွှန်တော်မူသည် မဟုတ်ချေတည်း။

ရုကူ-၆

وَلَقَدْ وَصَّلْنَا لَهُمُ الْقَوْلَ لَعَلَّهُمْ يَتَذَكَّرُوْنَ ﴿٥١﴾

၅၁။ ထို့ပြင် ထိုသူတို့သည် အဆုံးအမကိုရရှိစိမ့်သောငှာ အမှန်ပင် ငါတို့သည် စကားရပ်ကို ကောင်းစွာပို့ဆောင်တော်မူခဲ့၏။

اَلَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ مِنْ قَبْلِهٖ هُمْ بِهٖ يُؤْمِنُوْنَ ﴿٥٢﴾

၅၂။ ဤသည့်အလျင်က ငါတို့သည် အကြင်သူတို့အား ကျမ်းစာကိုပေးသနားတော်မူခဲ့၏။ (ယင်းတို့အနက်မှ များစွာတို့သည်) ယင်း(ကုရ်အာန်)ကို သက်ဝင်ယုံကြည်ကြကုန်၏။

وَاِذَا يُتْلٰى عَلَيْهِمْ قَالُوْٓا اٰمَنَّا بِهٖٓ اِنَّهُ الْحَقُّ مِنْ رَّبِّنَآ اِنَّا كُنَّا مِنْ قَبْلِهٖ مُسْلِمِيْنَ ﴿٥٣﴾

၅၃။ ထို့ပြင် သူတို့အား (ကုရ်အာန်ကို)ဖတ်ပြသောအခါ သူတို့က ကျွန်ုပ်တို့သည် ယင်းကို သက်ဝင်ယုံကြည်ကြပါ၏။ ဧကန်စင်စစ် ဤသည် ကျွန်ုပ်တို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှအမှန်တရားဖြစ်၏။ အမှန်ပင် ကျွန်ုပ်တို့သည် ဤသည့်အလျင်ကပင် ကျိုးနွံနာခံသူများဖြစ်ကြပါသည်ဟု ပြောဆိုကြ၏။

اُولٰٓئِكَ يُؤْتَوْنَ اَجْرَهُمْ مَّرَّتَيْنِ بِمَا صَبَرُوْا وَيَدْرَءُوْنَ بِالْحَسَنَةِ السَّيِّئَةَ وَمِمَّا رَزَقْنٰهُمْ يُنْفِقُوْنَ ﴿٥٤﴾

၅၄။ ဤသူတို့သည်ပင် မိမိတို့အဖို့ ဆုလာဘ်တော်ကို နှစ်ကြိမ်ပေးခြင်းခံကြရပေမည်။ အကြောင်းမူ သူတို့သည် သည်းခံမြဲမြံကြ၏။ သူတို့သည် မကောင်းမှုကို ကောင်းမှုဖြင့် ကင်းဝေးအောင်ပြုလုပ်ကြ၏။ ထို့ပြင် သူတို့သည် ငါတို့က သူတို့အား ပေးသနားတော်မူထားသည်များမှ စွန့်ကြဲသုံးစွဲကြ၏။

وَاِذَا سَمِعُوا اللَّغْوَ اَعْرَضُوْا عَنْهُ وَقَالُوْا لَنَآ اَعْمَالُنَا وَلَكُمْ اَعْمَالُكُمْ ۖ سَلٰمٌ عَلَيْكُمْ ۖ لَا نَبْتَغِي الْجٰهِلِيْنَ ﴿٥٥﴾

၅၅။ ထို့ပြင် သူတို့သည် အကျိုးမရှိ အချည်းနှီးသော စကားတစ်စုံတစ်ရာကိုကြားရသောအခါ ယင်းမှ မျက်နှာလွှဲဖယ်ကြပြီး ကျွန်ုပ်တို့အဖို့ ကျွန်ုပ်တို့၏ပြုကျင့်မှုရှိပြီး အသင်တို့အဖို့ အသင်တို့၏ပြုကျင့်မှုရှိ၏။ အသင်တို့အပေါ်သို့ ငြိမ်းချမ်းခြင်းသက်ရောက်ပါစေ။ ကျွန်ုပ်တို့သည် အသိပညာကင်းမဲ့သူများဘက်သို့ ယိမ်းညွတ်ခြင်းမရှိကြချေဟုပြောဆိုကြ၏။

اِنَّكَ لَا تَهْدِيْ مَنْ اَحْبَبْتَ وَلٰكِنَّ اللّٰهَ يَهْدِيْ مَنْ يَّشَآءُ ۚ وَهُوَ اَعْلَمُ بِالْمُهْتَدِيْنَ ﴿٥٦﴾

၅၆။ မုချကေန် အသင်သည် မိမိနှစ်လို့သူအား လမ်းညွှန်မူပြုနိုင်သည်မဟုတ်ချေ။ အလ္လာဟ်သည်သာလျှင် မိမိအလိုရှိတော်မူသောသူအား လမ်းညွှန်တော်မူနိုင်ပေသည်။ စင်စစ်ထိုအရှင်မြတ်သည် တရားလမ်းမှန်နှင့် ထိုက်တန်သူများကိုကောင်းစွာသိရှိတော်မူ၏။

وَقَالُوْٓا اِنْ نَّتَّبِعِ الْهُدٰى مَعَكَ نُتَخَطَّفْ مِنْ اَرْضِنَا ۭ اَوَلَمْ نُمَكِّنْ لَّهُمْ حَرَمًا اٰمِنًا يُّجْبٰٓى اِلَيْهِ ثَمَرٰتُ كُلِّ شَيْءٍ رِّزْقًا مِّنْ لَّدُنَّا وَلٰكِنَّ اَكْثَرَهُمْ لَا يَعْلَمُوْنَ ﴿٥٧﴾

၅၇။ ထို့ပြင် ၎င်းတို့က အကယ်၍ ကျွန်ုပ်တို့သည် အသင်နှင့်အတူ လမ်းမှန်ကို လိုက်နာကျင့်ကြံကြပါလျှင် ကျွန်ုပ်တို့သည် မိမိတို့နေထိုင်ရာအရပ်မှ နှင်ထုတ်ပစ်ခြင်းကိုခံကြရပေမည်ဟုပြောကြ၏။ အသို့နည်း၊ ငါတို့သည် သူတို့အား လုံခြုံဘေးကင်းရာဌာန 'ဟရမ်'၌နေထိုင်စေခဲ့သည်မဟုတ်လော။ ထိုအရပ်သို့ အမျိုးမျိုးသောသစ်သီးဝလံများကို သယ်ဆောင်လာကြ၏။ (ဤသည်) ငါတို့ထံမှရိကခ်ာဖြစ်၏။ သို့ရာတွင် ၎င်းတို့အနက် အများစုမှာ အသိတရားမရှိကြချေ။

وَكَمْ اَهْلَكْنَا مِنْ قَرْيَةٍۭ بَطِرَتْ مَعِيْشَتَهَا ۚ فَتِلْكَ مَسٰكِنُهُمْ لَمْ تُسْكَنْ مِّنْۢ بَعْدِهِمْ اِلَّا قَلِيْلًا ۭ وَكُنَّا نَحْنُ الْوٰرِثِيْنَ ۝

၅၉။ ထို့ပြင် မိမိတို့၏ စည်းစိမ်ဥစ္စာကြွယ်ဝမှုအပေါ် ဝင့်ဝါဂုဏ်မောက်ခဲ့ကြသည့် အဘယ်မျှလောက်သောမြို့ရွာများကို ငါတို့ဖျက်ဆီးတော်မူခဲ့ပေသနည်း။ ဤသည် ၎င်းတို့ နေထိုင်ရာဒေသများဖြစ်ပြီး ၎င်းတို့မရှိကြသည့်နောက်တွင် အနည်းငယ်မှတစ်ပါး လူသူနေထိုင်မှုမရှိချေ။ စင်စစ် ငါတို့သည်ပင် အမွေဆက်ခံသူများဖြစ်တော်မူ၏။

وَمَا كَانَ رَبُّكَ مُهْلِكَ الْقُرٰى حَتّٰى يَبْعَثَ فِيْٓ اُمِّهَا رَسُوْلًا يَّتْلُوْا عَلَيْهِمْ اٰيٰتِنَا ۚ وَمَا كُنَّا مُهْلِكِي الْقُرٰٓى اِلَّا وَاَهْلُهَا ظٰلِمُوْنَ ۝

၆၀။ စင်စစ် အသင်၏ဖန်ဆင်းမွေးမြူရှင်သည် ယင်း(မြို့ရွာများ)၏မိခင်သို့ ငါတို့၏ 'အာယတ်'မုက္ခပါဠိတော်များကို ရွတ်ဖတ်ပြသော တမန်တော်တစ်ပါးကို စေလွှတ်တော်မူခြင်းမရှိဘဲ ယင်းမြို့ရွာများကို ဖျက်ဆီးတော်မမူချေ။ ထို့ပြင် ငါတို့သည် ယင်းမြို့ရွာများတွင်နေထိုင်သူများက မတရားကျူးလွန်သူများဖြစ်မသွားသရွေ့ ယင်းမြို့ရွာများကိုဖျက်ဆီးတော်မမူချေ။

وَمَآ اُوْتِيْتُمْ مِّنْ شَيْءٍ فَمَتَاعُ الْحَيٰوةِ الدُّنْيَا وَزِيْنَتُهَا ۚ وَمَا عِنْدَ اللّٰهِ خَيْرٌ وَّاَبْقٰى ۭ اَفَلَا تَعْقِلُوْنَ ۝ ع

၆၁။ အသင်တို့သည် မည်သည့်အရာကိုပင်ပေးခြင်းခံရသည်ဖြစ်စေ ဤသည်လောကီဘဝ၏ ယာယီအကျိုးကျေးဇူးနှင့် ယင်း(လောက)၏ လှပတင့်တယ်မှုသာဖြစ်၏။ စင်စစ် အလ္လာဟ်၏ထံတော်တွင်ရှိသည်တို့သည် ပိုမိုကောင်းမြတ်ပြီး တည်တံ့နေမည့်အရာဖြစ်၏။ သို့ပါလျက် အသင်တို့သည် အသိဉာဏ်ကိုအသုံးမချကြသလော။

ရုကူး-၇

اَفَمَنْ وَّعَدْنٰهُ وَعْدًا حَسَنًا فَهُوَ لَاقِيْهِ كَمَنْ مَّتَّعْنٰهُ مَتَاعَ الْحَيٰوةِ الدُّنْيَا ثُمَّ هُوَ يَوْمَ الْقِيٰمَةِ مِنَ الْمُحْضَرِيْنَ ۝

၆၂။ သို့ဖြစ်ရာ အကြင်သူအား ငါတို့က ကောင်းမြတ်သောကတိကိုပေးတော်မူခဲ့ပြီး ထို့သူသည် ယင်း(ကတိအတိုင်း) ရရှိသူဖြစ်အံ့၊ ထို့ပြင် အကြင်သူအား ငါတို့သည် လောကီဘဝ၏ ယာယီအကျိုးကျေးဇူးကိုသက်ရောက်စေပြီး တစ်ဖန် ထိုသူသည် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တွင် အဖြေပေးရန်အတွက် ရှေ့တော်သို့တင်သွင်းခြင်းခံရသူများအနက်မှဖြစ်အံ့၊ ထိုသူနှစ်ဦးတို့သည် တူညီနိုင်မည်လော။

وَيَوْمَ يُنَادِيْهِمْ فَيَقُوْلُ اَيْنَ شُرَكَاۗءِيَ الَّذِيْنَ كُنْتُمْ تَزْعُمُوْنَ ۝

၆၃။ ထို့ပြင် ထိုနေ့တော်ကြီးတွင် အရှင်မြတ်သည် သူတို့အား ဆင့်ခေါ်တော်မူပြီးလျှင် အသင်တို့က ငါအရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ရာများဟု ယူဆခဲ့ကြသောအရာများသည် အဘယ်မှာနည်းဟု မေးမြန်းတော်မူအံ့။

قَالَ الَّذِيْنَ حَقَّ عَلَيْهِمُ الْقَوْلُ رَبَّنَا هٰٓؤُلَاۗءِ الَّذِيْنَ اَغْوَيْنَا ۚ اَغْوَيْنٰهُمْ كَمَا غَوَيْنَا ۚ تَبَرَّاْنَآ اِلَيْكَ ۡ مَا كَانُوْٓا اِيَّانَا يَعْبُدُوْنَ ۝

၆၄။ ငါအရှင်မြတ်၏အမိန့်တော်အတိုင်း ပြည့်ဝမှုနှင့်ကန်စေခြင်းကိုခံကြရ(၍ ပြစ်ဒဏ်ခံရမည့်)သူတို့က အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဤသူတို့ကိုပင် ကျွန်တော်မျိုးတို့သည် လမ်းလွဲစေခဲ့ကြပါသည်။ ကျွန်တော်မျိုးတို့ကိုယ်တိုင် လမ်းလွဲခဲ့ကြသည့်နည်းတူ သူတို့ကိုလည်း လမ်းလွဲစေခဲ့ကြပါသည်။ ကျွန်တော်မျိုးတို့သည် (ယခု သူတို့အား)

မနှစ်မြို့ကြောင်းကိုထုတ်ဖော်ပြသလျက် အရှင်မြတ်ဘက်တော်သို့ လာရောက်ကြပါသည်။ စင်စစ် ၎င်းတို့သည် ကျွန်တော်မျိုးတို့အား အလျှင်းခဝပ်ကိုးကွယ်ခဲ့ကြသည်မဟုတ်ပါဟု လျှောက်ထားကြပေအံ့။

وَقِيْلَ ادْعُوْا شُرَكَآءَكُمْ فَدَعَوْهُمْ فَلَمْ يَسْتَجِيْبُوْا لَهُمْ وَرَاَوُا الْعَذَابَ ۚ لَوْ اَنَّهُمْ كَانُوْا يَهْتَدُوْنَ ﴿٦٤﴾

၆၄။ မိမိတို့ပြုလုပ်ထားသော ယှဉ်တွဲကိုးကွယ်ရာများကိုခေါ်ကြလေကုန်ဟု မိန့်ကြားတော်မူခြင်းခံကြရပေမည်။ ထိုအခါသူတို့က ယင်းတို့အား ဟစ်ခေါ်ကြသည့်အခါ ယင်းတို့သည် သူတို့အား မည်သည့်အဖြေကိုမျှ ပေးကြမည်မဟုတ်ချေ။ ထို့ပြင် သူတို့သည် အပြစ်ဒဏ်ကို မြင်တွေ့ကြရပေအံ့။ သူတို့သည်လမ်းမှန်ကိုရရှိကြလျှင် ကောင်းပေစွတကား။

وَيَوْمَ يُنَادِيْهِمْ فَيَقُوْلُ مَاذَآ اَجَبْتُمُ الْمُرْسَلِيْنَ ﴿٦٥﴾

၆၆။ ထို့ပြင် (သတိပြုကြကုန်) ထိုနေ့တော်ကြီးတွင် သူတို့အား ခေါ်တော်မူပြီး အသင်တို့သည် တမန်တော်များကို မည်သို့ဖြေကြားခဲ့ကြသနည်းဟု မေးမြန်းတော်မူပေအံ့။

فَعَمِيَتْ عَلَيْهِمُ الْاَنْۢبَآءُ يَوْمَئِذٍ فَهُمْ لَا يَتَسَآءَلُوْنَ ﴿٦٦﴾

၆၇။ သို့ဖြစ်ရာ ထိုနေ့တော်ကြီးတွင် သတင်းစကားများမှာသူတို့အဖို့ သံသယပွားဖွယ်ဖြစ်သွားပေလိမ့်မည်။ သို့ဖြစ်ရာသူတို့သည် တစ်ဦးနှင့်တစ်ဦးလည်း မည်သည်ကိုမျှ မေးမြန်းခြင်းကိုပင် ပြုကြမည်မဟုတ်ချေ။

فَاَمَّا مَنْ تَابَ وَاٰمَنَ وَعَمِلَ صَالِحًا فَعَسٰٓى اَنْ يَّكُوْنَ مِنَ الْمُفْلِحِيْنَ ﴿٦٧﴾

၆၈။ သို့ရာတွင် မိမိ၏အမှားကို ဝန်ချတောင်းပန်'တောင်ဘာ' ပြုပြီး သက်ဝင်ယုံကြည်လျက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်သူအဖို့မှာမူ သူသည် အောင်မြင်မှုကိုရရှိသူများတွင်အပါအဝင်ဖြစ်ရန် မစေးတော့ပြီ။

وَرَبُّكَ يَخْلُقُ مَا يَشَآءُ وَيَخْتَارُ ۗ مَا كَانَ لَهُمُ الْخِيَرَةُ ۗ سُبْحٰنَ اللّٰهِ وَتَعٰلٰى عَمَّا يُشْرِكُوْنَ ﴿٦٨﴾

၆၉။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အလိုရှိတော်မူသည်ကို ဖန်ဆင်းတော်မူပြီး (ယင်းမှပင်) ရွေးချယ်တော်မူ၏။ ၎င်းတို့၌ မည်သည့်ရွေးချယ်ခွင့်မျှမရှိချေ။ အလ္လာဟ်သည် သန့်ရှင်းစင်ကြယ်တော်မူ၍ ၎င်းတို့ယှဉ်တွဲကိုးကွယ်သည်များထက် လွန်စွာမြတ်ထွတ်တော်မူ၏။

وَرَبُّكَ يَعْلَمُ مَا تُكِنُّ صُدُوْرُهُمْ وَمَا يُعْلِنُوْنَ ﴿٦٩﴾

၇၀။ စင်စစ် အသင်၏ဖန်ဆင်းမွေးမြူရှင်သည် သူတို့၏ ရင်တွင်းဖုံးကွယ်ထားသည်ကိုလည်းကောင်း၊ သူတို့ထုတ်ဖော်သည်ကိုလည်းကောင်း သိရှိတော်မူ၏။

وَهُوَ اللّٰهُ لَآ اِلٰهَ اِلَّا هُوَ ۗ لَهُ الْحَمْدُ فِى الْاُوْلٰى وَالْاٰخِرَةِ ۖ وَلَهُ الْحُكْمُ وَاِلَيْهِ تُرْجَعُوْنَ ﴿٧٠﴾

၇၁။ စင်စစ်ထိုအရှင်မြတ်သည်သာလျှင် 'အလ္လာဟ်'ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ခြင်းခံထိုက်ရာမရှိချေ။ 'အစ'နှင့် 'အဆုံး'(နှစ်ရပ်လုံး)တွင် ချီးမွမ်းထောမနာခြင်းဟူသမျှသည် အရှင်မြတ်အဖို့သာဖြစ်၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်၏အမိန့်အာဏာသည်သာလျှင်တည်၏။ စင်စစ် အသင်တို့သည် ထိုအရှင်မြတ်ထံတော်သို့သာလျှင် ပြန်လည်၍ သွားရောက်ကြရပေမည်။

قُلْ اَرَءَيْتُمْ اِنْ جَعَلَ اللّٰهُ عَلَيْكُمُ الَّيْلَ سَرْمَدًا اِلٰى يَوْمِ الْقِيٰمَةِ مَنْ اِلٰهٌ غَيْرُ اللّٰهِ يَاْتِيْكُمْ بِضِيَآءٍ ؕ اَفَلَا تَسْمَعُوْنَ ۝۷۱

၇၂။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်အား ပြောပြကြကုန်၊ အကယ်၍သာ အလ္လာဟ်သည် ရှင်ပြန်ထမြောက်ရမည့် 'ကေယာမတ်'နေ့တိုင်အောင် 'ည'ကို အသင်တို့အပေါ်၌ ရှည်လျားစေတော်မူပါလျှင် အလ္လာဟ်မှလွဲ၍ အခြားမည်သည့် ကိုးကွယ်ရာအရှင်သည် အသင်တို့ထံသို့ အလင်းရောင်ကို ယူဆောင်လာနိုင်မည်နည်း။ သို့ဖြစ်ရာ အသင်တို့သည် ကြားနာခြင်းမပြုကြပေသလော။

قُلْ اَرَءَيْتُمْ اِنْ جَعَلَ اللّٰهُ عَلَيْكُمُ النَّهَارَ سَرْمَدًا اِلٰى يَوْمِ الْقِيٰمَةِ مَنْ اِلٰهٌ غَيْرُ اللّٰهِ يَاْتِيْكُمْ بِلَيْلٍ تَسْكُنُوْنَ فِيْهِ ؕ اَفَلَا تُبْصِرُوْنَ ۝۷۲

၇၃။ အသင်ပြောကြားပါလေ၊ပြောပြကြကုန်၊ အကယ်၍သာ အလ္လာဟ်သည် ရှင်ပြန်ထမြောက်ရမည့် 'ကေယာမတ်'နေ့တိုင်အောင် 'နေ့'ကို အသင်တို့အပေါ်၌ ရှည်လျားစေတော်မူပါလျှင် အလ္လာဟ်မှတစ်ပါး အခြားမည်သည့်ကိုးကွယ်ရာအရှင်သည် အသင်တို့ အေးချမ်းစွာအနားယူနိုင်ရန်အလို့ငှာ အသင်တို့ထံသို့ 'ည'ကို ယူဆောင်လာနိုင်မည်နည်း။ အသင်တို့သည် ရှုမြင်သုံးသပ်ခြင်းမပြုကြပေသလော။

وَمِنْ رَّحْمَتِهٖ جَعَلَ لَكُمُ الَّيْلَ وَالنَّهَارَ لِتَسْكُنُوْا فِيْهِ وَلِتَبْتَغُوْا مِنْ فَضْلِهٖ وَلَعَلَّكُمْ تَشْكُرُوْنَ ۝۷۳

၇၄။ စင်စစ် အရှင်မြတ်သည် မိမိကရုဏာတော်ဖြင့် အသင်တို့အဖို့ 'ည'နှင့် 'နေ့'ကို ပြုလုပ်တော်မူခြင်းကား အသင်တို့သည် ယင်း၌ အေးချမ်းစွာအနားယူနိုင်ရန်နှင့် အရှင်မြတ်၏ ကျေးဇူးတော်များကို ရှာဖွေရန်ဖြစ်၏။ သို့ဖြင့် အသင်တို့ ကျေးဇူးသိတတ်ကြစိမ့်သောငှာဖြစ်၏။

وَيَوْمَ يُنَادِيْهِمْ فَيَقُوْلُ اَيْنَ شُرَكَآءِىَ الَّذِيْنَ كُنْتُمْ تَزْعُمُوْنَ ۝۷۴

၇၅။ (ထို့နေ့တော်ကြီးကိုသတိရကြကုန်) ယင်းနေ့တော်ကြီးတွင် အရှင်မြတ်သည် သူတို့အားခေါ်တော်မူပြီးလျှင် ငါအရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ရာများဟု အသင်တို့ယူဆခဲ့ကြသောအရာများသည် အဘယ်မှာနည်းဟု မေးမြန်းတော်မူအံ့။

وَنَزَعْنَا مِنْ كُلِّ اُمَّةٍ شَهِيْدًا فَقُلْنَا هَاتُوْا بُرْهَانَكُمْ فَعَلِمُوْٓا اَنَّ الْحَقَّ لِلّٰهِ وَضَلَّ عَنْهُمْ مَّا كَانُوْا يَفْتَرُوْنَ ۝۷۵ ع

၇၆။ ထို့ပြင် ငါတို့သည် 'အွမ္မတ်'အုပ်စုတိုင်းမှ သက်သေတစ်ဦးစီကိုခေါ်တော်မူပြီး မိမိတို့၏သက်သေသာဓကကို ယူဆောင်လာကြလော့ဟု မိန့်ကြားတော်မူပေမည်။ သို့ဖြစ်ရာ အမှန်တရားသည် အလ္လာဟ်၏ထံတော်၌သာရှိကြောင်း သူတို့သိရှိသွားကြမည်ဖြစ်ပြီး ၎င်းတို့ မုသားလိမ်ဆယ်လေ့ရှိခဲ့ကြသော အရာများသည် သူတို့ထံမှပျောက်ကွယ်သွားကြလိမ့်မည်တည်း။

ရုကူ-၈

اِنَّ قَارُوْنَ كَانَ مِنْ قَوْمِ مُوْسٰى فَبَغٰى عَلَيْهِمْ ۠ وَاٰتَيْنٰهُ مِنَ الْكُنُوْزِ مَآ اِنَّ مَفَاتِحَهٗ لَتَنُوْٓاُ بِالْعُصْبَةِ اُولِى الْقُوَّةِ ۗ اِذْ قَالَ لَهٗ قَوْمُهٗ لَا تَفْرَحْ اِنَّ اللّٰهَ

၇၇။ အမှန်စင်စစ် 'ကာရွန်'သည် 'မူစာ'၏အမျိုးသားများမှဖြစ်၏။ သို့ရာတွင် သူသည် ၎င်းတို့နှင့်ဆန့်ကျင်၍ ထောင်လွှားခဲ့၏။ ငါတို့သည် သူ့အား မည်မျှများပြားသော ဘဏ္ဍာဥစ္စာများကို ပေးသနားတော်မူခဲ့သနည်းဟူမူ ယင်း(ဘဏ္ဍာများ)၏ သော့များသည် (လေးလံလှပေရာ) ခွန်အားဗလကြီးမားသော လူတစ်စုသည်ပင် ပင်ပန်းကြီးစွာ(သယ်မရလေသည်)။အကြင်

لَا يُحِبُّ الْفَرِحِيْنَ ﴿٧٦﴾

အခါဝယ် သူ၏အမျိုးသားများက သူ့အား ပြောကြားကြသည်မှာ ဝင့်ကြွားထောင်လွှားခြင်းမပြုလင့်။ စင်စစ် အလ္လာဟ်သည် ထောင်လွှားဝင့်ကြွားသူတို့ကို ချစ်ခင်နှစ်သက်တော်မမူချေ။

وَابْتَغِ فِيْمَآ اٰتٰىكَ اللّٰهُ الدَّارَ الْاٰخِرَةَ وَلَا تَنْسَ نَصِيْبَكَ مِنَ الدُّنْيَا وَاَحْسِنْ كَمَآ اَحْسَنَ اللّٰهُ اِلَيْكَ وَلَا تَبْغِ الْفَسَادَ فِى الْاَرْضِ ؕ اِنَّ اللّٰهَ لَا يُحِبُّ الْمُفْسِدِيْنَ ﴿٧٧﴾

၇၈။ ထို့ပြင် အလ္လာဟ်ကအသင့်အားပေးသနားတော်မူသည်များဖြင့် တမလွန်၏အိမ်တော်ကိုရှာဖွေရန် ဆန္ဒထားရှိလော့။ ထို့ပြင် လောကမှလည်း မိမိအတွက်သတ်မှတ်ထားသော ဝေစုကို ဥပေက္ခာမပြုလင့်။ ထို့ပြင် အလ္လာဟ်က အသင့်အား ကျေးဇူးပြုဆက်ဆံတော်မူဘိသကဲ့သို့ ကျေးဇူးပြုဆက်ဆံပါလေ။ ထို့ပြင် ကမ္ဘာမြေတွင် ဆူပူသောင်းကျန်းမှုကို (ဖြန့်ခွိုရန်) မနှစ်သက်လင့်၊ အမှန်စင်စစ် အလ္လာဟ်သည် ဆူပူသောင်းကျန်းသူများကို နှစ်သက်တော်မမူချေ။

قَالَ اِنَّمَآ اُوْتِيْتُهٗ عَلٰى عِلْمٍ عِنْدِىْ ؕ اَوَلَمْ يَعْلَمْ اَنَّ اللّٰهَ قَدْ اَهْلَكَ مِنْ قَبْلِهٖ مِنَ الْقُرُوْنِ مَنْ هُوَ اَشَدُّ مِنْهُ قُوَّةً وَّاَكْثَرُ جَمْعًا ؕ وَلَا يُسْـَٔلُ عَنْ ذُنُوْبِهِمُ الْمُجْرِمُوْنَ ﴿٧٨﴾

၇၉။ သူက ဤသည်ကို ကျွန်ုပ်၏ပညာကြောင့် ပေးခြင်းခံခဲ့ရသည်ဟု ပြောလေ၏။ မုချဧကန် အလ္လာဟ်သည် သူ့ထက်အလျင်က သူ့ထက်ပိုမိုချွန်အားတောင့်တင်းပြီး အုပ်စုအင်အား ပိုမိုများပြားသည့် အဘယ်မျှလောက်သော မျိုးနွယ်များကို ဖျက်ဆီးတော်မူခဲ့သည်ကို ထိုသူမသိလေသလော။ အပြစ်သားများအား ၎င်းတို့ကျူးလွန်ခဲ့ကြသော ပြစ်မှုများနှင့်စပ်လျဉ်း၍ မေးမြန်းလိမ့်မည်မဟုတ်ချေ။

فَخَرَجَ عَلٰى قَوْمِهٖ فِىْ زِيْنَتِهٖ ؕ قَالَ الَّذِيْنَ يُرِيْدُوْنَ الْحَيٰوةَ الدُّنْيَا يٰلَيْتَ لَنَا مِثْلَ مَآ اُوْتِىَ قَارُوْنُ ۙ اِنَّهٗ لَذُوْ حَظٍّ عَظِيْمٍ ﴿٧٩﴾

၈၀။ သို့ဖြင့် သူသည် သူ၏အမျိုးသားများရှေ့ဝယ် မိမိ၏အဆောင်အယောင်ဖြင့်ထွက်လာ၏။ လောကီဘဝကို လိုလားမက်မောသူများက 'ကာရွန်'အား ပေးခြင်းခံရသကဲ့သို့ ကျွန်ုပ်တို့အဖို့လည်း ထိုနည်းတူရရှိလျှင် ကောင်းပေစွ၊ အမှန်စင်စစ် သူသည် အလွန်ကံကောင်းသူဖြစ်ပေသည်ဟု ပြောဆိုကြ၏။

وَ قَالَ الَّذِيْنَ اُوْتُوا الْعِلْمَ وَيْلَكُمْ ثَوَابُ اللّٰهِ خَيْرٌ لِّمَنْ اٰمَنَ وَعَمِلَ صَالِحًا ۚ وَلَا يُلَقّٰىهَآ اِلَّا الصّٰبِرُوْنَ ﴿٨٠﴾

၈၁။ သို့ရာတွင် အသိဉာဏ်ပညာပေးသနားခြင်းခံရသူများက အသင်တို့အဖို့ဝမ်းနည်းဖွယ်ကောင်းလေစွ၊ 'အီမာန်'သက်ဝင်ယုံကြည်မှုရှိပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်သူတို့အဖို့ အလ္လာဟ်၏ထံတော်မှ(ပေးသနားတော်မူသော) အကျိုးဆုလာဘ်သည် လွန်စွာမှ ကောင်းမြတ်ပေသည်။ သို့ရာတွင် သည်းခံမြဲမံသူများမှအပ အခြားမည်သူမျှ ဤ'မာရီဖတ်'နက်နဲသော အသိပညာကိုပေးသနားခြင်းခံရသည်မဟုတ်ဟု ပြောဆိုကြ၏။

فَخَسَفْنَا بِهٖ وَبِدَارِهِ الْاَرْضَ ۟ فَمَا كَانَ لَهٗ مِنْ فِئَةٍ يَّنْصُرُوْنَهٗ مِنْ دُوْنِ اللّٰهِ ۙ وَمَا كَانَ مِنَ الْمُنْتَصِرِيْنَ ﴿٨١﴾

၈၂။ ထို့ကြောင့် ငါတို့သည် သူ(ကာရွန်)နှင့် သူ၏အိမ်ကို မြေကြီးတွင် နှစ်မြုပ်ပစ်တော်မူခဲ့၏။ သို့ဖြစ်ရာ အလ္လာဟ်နှင့်ယှဉ်၍ သူ့အား ကူညီစောင်မမည့် မည်သည့်အုပ်စုမျှသူ၌မရှိခဲ့ချေ။ သို့ဖြင့် သူသည် တုံ့ပြန်လက်စားချေသူများအနက်မှ မဖြစ်နိုင်ခဲ့ချေ။

وَاَصْبَحَ الَّذِيْنَ تَمَنَّوْا مَكَانَهٗ بِالْاَمْسِ يَقُوْلُوْنَ وَيْكَاَنَّ اللّٰهَ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ مِنْ عِبَادِهٖ وَيَقْدِرُ ۚ لَوْلَآ اَنْ مَّنَّ اللّٰهُ عَلَيْنَا لَخَسَفَ بِنَا ۭ وَيْكَاَنَّهٗ لَا يُفْلِحُ الْكٰفِرُوْنَ ۝

၈၃။ ထို့ပြင် ယမန်နေ့ထိ သူ၏အဆင့်ကို(ရရှိရန်) လိုလား တောင့်တခဲ့ကြသောသူတို့က နံနက်တွင် ဤသို့ပြောဆိုနေခဲ့ကြ၏။ ဝမ်းနည်းဖွယ်ကောင်းလေစွ။ အလ္လာဟ်သည် မိမိ၏ အစေတော်များအနက် နှစ်လို့တော်မူသူအဖို့ 'ရိဇ်ကီ' ရိက္ခာကို ကျယ်ပြောစေတော်မူ၍(မိမိအလိုရှိတော်မူသူအဖို့) ကျပ်တည်း စေတော်မူ၏။ အကယ်၍ အလ္လာဟ်သည် ကျွန်ုပ်တို့အား ကျေးဇူးပြုတော်မမူခဲ့ပါလျှင် အရှင်မြတ်သည် ကျွန်ုပ်တို့ကို လည်း နှစ်မြှုပ်ပစ်တော်မူခဲ့ပေအံ့။ အို-ဝမ်းနည်းဖွယ်ကောင်းပေစွ။ မယုံကြည်ခြင်းပယ်သူတို့သည် အောင်မြင်ကြသည်မဟုတ်ချေတည်း။

ရုကူး-၉

تِلْكَ الدَّارُ الْاٰخِرَةُ نَجْعَلُهَا لِلَّذِيْنَ لَا يُرِيْدُوْنَ عُلُوًّا فِي الْاَرْضِ وَلَا فَسَادًا ۭ وَالْعَاقِبَةُ لِلْمُتَّقِيْنَ ۝

၈၄။ ဤသည်ကား နောင်တမလွန်၏အိမ်တော်ဖြစ်၏။ ငါတို့သည် ယင်းကို ကမ္ဘာမြေပေါ်တွင် (မိမိတို့၏) ကြီးမြတ်မှုကို လည်းကောင်း၊ ဆူပူသောင်းကျန်းမှုကိုလည်းကောင်း မလိုလား သူတို့အဖို့ ပြုလုပ်ထားတော်မူ၏။ စင်စစ်မူကား နောက်ဆုံး အကျိုးဆက်ရလဒ်သည် 'မွတ္တကီ'ဖြူစင်ဖြောင့်မတ်သူတို့အဖို့ သာဖြစ်၏။

مَنْ جَآءَ بِالْحَسَنَةِ فَلَهٗ خَيْرٌ مِّنْهَا ۚ وَمَنْ جَآءَ بِالسَّيِّئَةِ فَلَا يُجْزَى الَّذِيْنَ عَمِلُوا السَّيِّاٰتِ اِلَّا مَا كَانُوْا يَعْمَلُوْنَ ۝

၈၅။ ထို့ပြင် အကြင်မည်သူမဆို ကောင်းမှုတစ်ခုခုကို ယူဆောင်လာအံ့၊ သူ့အဖို့ ယင်းထက်ပိုမိုကောင်းမြတ်(သော ဆုလာဘ်ရှိ)ပေမည်။ သို့ရာတွင် အကြင်သူသည် မကောင်းမှုကို ယူဆောင်လာသော်၊ မကောင်းမှုကိုကျူးလွန်ကြသောသူတို့ သည်ကား မိမိတို့ပြုကျင့်ခဲ့သည်နှင့်အမျှသာလျှင် အစားပေးခြင်းကို ခံကြရပေမည်။

اِنَّ الَّذِيْ فَرَضَ عَلَيْكَ الْقُرْاٰنَ لَرَآدُّكَ اِلٰى مَعَادٍ ۭ قُلْ رَّبِّيْٓ اَعْلَمُ مَنْ جَآءَ بِالْهُدٰى وَمَنْ هُوَ فِيْ ضَلٰلٍ مُّبِيْنٍ ۝

၈၆။ ဧကန်စင်စစ် အသင့်အပေါ် ကျမ်းမြတ်ကုရ်အာန်ကို 'ဖရာဇ်'တာဝန်ပြဋ္ဌာန်းတော်မူသောအရှင်မြတ်သည် ပြန်လည် လာရောက်ရမည့်နေရာသို့ အသင့်အား အမှန်ပင် ပြန်လည် ဆောင်ယူလာတော်မူပေအံ့။ အသင်ပြောကြားပါလေ။ ကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်သည် လမ်းမှန်ကိုယူဆောင်လာသူအား လည်းကောင်း၊ ပေါ်လွင်ထင်ရှားသောလမ်းလွဲ၌ရှိနေသူကို လည်းကောင်း အသိဆုံးဖြစ်တော်မူ၏။

وَمَا كُنْتَ تَرْجُوْٓا اَنْ يُّلْقٰٓى اِلَيْكَ الْكِتٰبُ اِلَّا رَحْمَةً مِّنْ رَّبِّكَ فَلَا تَكُوْنَنَّ ظَهِيْرًا لِّلْكٰفِرِيْنَ ۝

၈၇။ စင်စစ် အသင့်အား ကျမ်းဂန်ကိုပေးသနားတော်မူရန် အသင်သည် ဆန္ဒတစ်စုံတစ်ရာ ထားရှိခဲ့သည်မဟုတ်ချေ။ သို့သော် (ဤသည်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်ထံတော်မှ 'ရာဟ်မတ်' ကရုဏာတော်ဖြစ်၏။ သို့ဖြစ်ရာ မယုံကြည်ခြင်းပယ်သူတို့အား ကူညီအားပေးသူ အလျှင်းမဖြစ်လင့်။

وَلَا يَصُدُّنَّكَ عَنْ اٰيٰتِ اللّٰهِ بَعْدَ اِذْ اُنْزِلَتْ اِلَيْكَ وَادْعُ اِلٰى رَبِّكَ وَلَا تَكُوْنَنَّ مِنَ الْمُشْرِكِيْنَ ۝

၈၈။ ထို့ပြင် အလ္လာဟ်၏ 'အာယတ်'မုက္ခပါဠိတော်များကို အသင့်ထံပို့ချခဲ့ပြီးသည့်နောက် ယင်းတို့သည် အသင့်အား ယင်း('အာယတ်'တော်များကိုလိုက်နာခြင်း)မှ အလျှင်း မတားဆီးစေလင့်။ ထို့ပြင် မိမိအားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်လျက်နေပါလေ။ ထိုမှတစ်ပါး တစ်စုံတစ်ရာကို အရှင်မြတ်နှင့်တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သူများတွင် အလျှင်းအပါအဝင်မဖြစ်လင့်။

وَلَا تَدْعُ مَعَ اللّٰهِ اِلٰهًا اٰخَرَ ۘ لَآ اِلٰهَ اِلَّا هُوَ ۭ كُلُّ شَيْءٍ هَالِكٌ اِلَّا وَجْهَهٗ ۭ لَهُ الْحُكْمُ وَاِلَيْهِ تُرْجَعُوْنَ ۝

၈၉။ ထို့ပြင် အလ္လာဟ်နှင့်တွဲဖက်၍အခြားမည်သည့်ကိုးကွယ်ရာကိုမျှ ဟစ်ခေါ်တမ်းတခြင်းမပြုလင့်၊ ထိုအရှင်မြတ်မှတစ်ပါး အခြားမည်သည့်ကိုးကွယ်ရာမျှမရှိခဲ့။ အရှင်မြတ်၏ ဘုန်းတန်ခိုးအရှိန်အဝါမှလွဲ၍ အရာခပ်သိမ်းကုန်တို့သည် ပျက်စီးရမည်သာတည်း။ စိုးမိုးအုပ်ချုပ်မှုအာဏာသည် အရှင်မြတ်အဖို့သာဖြစ်၏။ ထိုအရှင်မြတ်ထံတော်သို့သာ အသင်တို့အားလုံးပြန်လည်သွားရောက်ကြရပေမည်တည်း။

❖ ❖ ❖

၂၉။ အလ်-အန်ကဘူတ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ် တော်ပေါင်း (၇၀)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်ကို တစ်ဖန်ပြန်၍ 'အလိဖ်၊ လာမ်၊ မီမ်'ဖြင့်အစပြုထားပေသည်။ သို့ဖြင့် အလ္လာဟ် အရှင်မြတ်က ဆူရာဟ်'အလ်-ဘကရာ'၏အကြောင်းအရာများကို အသွင်သစ်ဖြင့် တစ်ဖန်ထပ်မံ၍ ဖော်ပြဦးမည်ဖြစ်ကြောင်းရည်ညွှန်းချက်လည်းပါရှိနိုင်ပေသည်။ ဆူရာဟ်'အလ်-ဘကရာ'တွင် ရဟူဒီများ အကြောင်းဖော်ပြရာ၌ ယင်းတို့သည် စမ်းသပ်စစ်ဆေးမှုတွင် အပြည့်အဝ မရောက်ရှိသမျှကာလပတ်လုံး သူတို့၏ယုံကြည်မှုကိုလည်း အလ္လာဟ်အရှင်မြတ်က သဘောတူလက်ခံမှုမပြုခဲ့ကြောင်းဖော်ပြထားသည်။ ယခု ဤဆူရာဟ်တွင်လည်း ထိုအကြောင်းရပ်ကိုပင် ထပ်လောင်းဖော်ပြထားပေသည်။ ဤခေတ်အခါ တစ်နည်းဆိုသော် တမန်တော်မြတ်ﷺ၏ခေတ်တွင်လည်း ရှေးလူများကဲ့သို့ပင် သက်ဝင်ယုံကြည်မှုရှိကြောင်း ကြွေးကြော်ရုံမျှဖြင့်လုံလောက်မည်မဟုတ်ဘဲ ရှေးလူများဖြတ်သန်းခဲ့ကြရသည့် စမ်းသပ်စုံစမ်းမှုများကို မဖြစ်မနေ ဖြတ်သန်းကြရဦးမည်ဖြစ်၏။

ထို့နောက် အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ အချို့သောသူများသည် မိမိတို့၏ မိဘများထံမှလည်း ခက်ထန်လှသောစမ်းသပ်မှုများဖြင့် ရင်ဆိုင်ကြရလေသည်။ ယင်းတို့သည် 'မူရှရိုက်'များဖြစ်ကြခြင်းကြောင့် မိမိတို့၏သားသမီးများကိုလည်း 'ရှရိုက်'ပြုခြင်းဘက်သို့ ဆွဲဆောင်ခေါ်ငင်ကြပေသည်။ အလ္လာဟ်အရှင်မြတ်သည် မိဘများနှင့်စပ်လျဉ်း၍ ကောင်းစွာအလုပ်အကျွေးပြုရန် သွန်သင်ထားတော်မူပေသည်။ သို့ရာတွင် အလ္လာဟ်သည် မိဘများထက်ပင် ပိုမို၍ မိမိ၏အစေတော် လူသားများအပေါ် ကျေးဇူးပြုတော်မူထားပေရာ ၎င်းတို့သည် မည်သည့်အခြေအနေတွင်မျှ မိဘများအလိုကျ 'ရှရိုက်' (အလ္လာဟ်နှင့်တွဲဖက်ကိုးကွယ်ခြင်း)ကို လက်ခံကြရမည်မဟုတ်ကြောင်း ဖော်ပြထားတော်မူပေသည်။

ဆူရာဟ်'အလ်-ဘကရာ'၏အစပိုင်း၌ပင် 'မိုနာဖစ်'အယောင်ဆောင်များနှင့် ယင်းတို့၏အတွင်းပိုင်းရောဂါများကို ဖွင့်လှစ်ပြသတော်မူခဲ့သည့်နည်းတူ ဤဆူရာဟ်တွင်လည်း 'မိုနာဖစ်'များအကြောင်းနှင့် ယင်းတို့၏ဝိညာဉ်ရေးဆိုင်ရာ အမျိုးမျိုးသောရောဂါများကို ခွဲခြမ်းစိတ်ဖြာ၍ ပြသထားတော်မူပေသည်။

'အီမာန်'သက်ဝင်ယုံကြည်ကြောင်းပြောဆိုသူတို့ ဖြတ်သန်းရသည့် စမ်းသပ်မှုတစ်ခုမှာ- သူတို့၏အကြီးအကဲများက သူတို့အား ငါတို့၏နောက်သို့ လိုက်ကြလော့၊ အကယ်၍ ငါတို့၏လမ်းစဉ်သည်မှားယွင်းမှုရှိခဲ့လျှင်သော်မှ ငါတို့သည် အသင်တို့၏ဝန်ထုပ်ဝန်ပိုးကို ထမ်းပိုးမည်ဟူ၍ စည်းရုံးပြောဆိုကြ၏။ အမှန်သော်ကား ဤသို့ကြွေးကြော်သူတို့မှာ မိမိတို့၏ဝန်ကိုသာ ထမ်းကြရမည်မဟုတ်ဘဲ မိမိတို့၏နောက်လိုက်များအား လမ်းလွဲအောင်ပြုသောဝန်ကိုပါ ထမ်းကြရမည်ဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အပေါ် မည်သို့မည်ပုံ မဟုတ်မဟတ်လိမ်ဆယ်ပြောဆိုခဲ့ကြကြောင်း 'ကေယာမတ်' နေ့တော်ကြီးမှာပင် စီရင်ဆုံးဖြတ်မည်ဖြစ်ပေသည်။

ထို့နောက် တမန်တော် 'နူးဟ်'علیه السلام တမန်တော် 'အစ်ဗရာဟင်မ်'علیه السلام တမန်တော် 'လူးတ်'علیه السلامနှင့် လွန်လေခဲ့ပြီးသော တမန်တော်များ၏ အမျိုးသားများအကြောင်းလာရှိပေသည်။ ၎င်းတို့သည် မိမိတို့ခေတ်ကာလရှိ တမန်တော်များအား ငြင်းပယ်ဆန့်ကျင်ခဲ့ကြသောကြောင့် ဖျက်ဆီးခြင်းခံခဲ့ကြရပြီး ၎င်းတို့၏အမှတ်လက္ခဏာများမှာ ယနေ့ထက်တိုင် ကမ္ဘာမြေတွင် ကျန်ရစ်နေပေသည်။ ရှေးဟောင်း သုတေသန

ပညာရှင်များသည် လူမျိုးစုများစွာတို့ကို စူးစမ်းသုတေသနပြုခဲ့ပြီးဖြစ်သကဲ့သို့ များစွာသောလူမျိုးများကို သုတေသနပြုရန်လည်း ကျန်ရှိပေသေးသည်။ အဘယ်မျှထိဆိုသော် ရှေးဟောင်းသုတေသနပညာရှင်များသည် တမန်တော်'နူးဟ်'၏ လှေသင်္ဘောနှင့်စပ်လျဉ်း၍ စူးစမ်းထောက်လှမ်းရန်ကို မေ့လျော့ပေါ့ဆမနေကြောင်းနှင့် တစ်နေ့နေ့တွင် မလွဲမကန် ရှာဖွေတွေ့ရှိလိမ့်မည်ဖြစ်ကြောင်း ကြွေးကြော်ထားကြပေသည်။

ထို့နောက် ဤဆူရာဟ်၏ခေါင်းစဉ် 'အလ်-အန်ကဘူတ်'နှင့်ဆက်နွယ်သည့် ဤဆူရာဟ်၏၈ဟို အချက်အချာဖြစ်သော အာယတ်တော်(၄၂)တွင် ဖော်ပြထားသည်မှာ- အလ္လာဟ်အပြင် ကိုးကွယ်ဆည်းကပ်ရာများကိုတည်ထားကြကုန်သောသူတို့၏ဥပမာကား ရှုပ်ထွေးရစ်ပတ်လျက်ရှိသော ပိုက်ကွန်တစ်မျိုးကိုယက်လုပ်သည့် ပင့်ကူတစ်ကောင်နှင့်တူ၏။ ထိုနည်းတူစွာ သူတို့၏သက်သေသာဓကများမှာလည်း အလွန်ရှုပ်ထွေးပြီး စင်စစ် အလွန်အသိတရားကင်းမဲ့လှသည်။ ထိုသူတို့နှင့်ငြိတွယ်ကြသော သူတို့၏ဥပမာမှာလည်း ပင့်ကူအိမ်တွင် ဖမ်းမိငြိတွယ်ပြီး ပင့်ကူအစာအဖြစ်သို့ ရောက်ရှိသွားသော အသိဉာဏ်မဲ့သည့်ယင်ကောင်များပမာပင် ဖြစ်သည်။ စင်စစ် ပင့်ကူအိမ်ထက် ပို၍အင်အားချိနဲ့သော အခြားကြိုးမျှင်မရှိကြောင်းကို ယင်းပိုးမွှားများမှာ မသိကြချေ။

ပင့်ကူအိမ်တွင် ဤသို့ ဆန့်ကျင်ဘက်နှစ်ခုတွေ့ရသည်။ ပင့်ကူမှထွက်သော အချွဲဖြင့် ဖြစ်လာသည့် ချည်မျှင်တွင် အဘယ်မျှ စွမ်းအားရှိသနည်းဆိုလျှင် ယင်းနှင့် အလေးချိန်ပမာဏတူညီသော သံမဏိကြိုး၌ပင် အလားတူစွမ်းအားမျိုးမရှိချေ။ သို့သော် ဤသို့ရှိလင့်ကစား ယင်းပင့်ကူအိမ်သည် အချည့်နှဲဆုံး ပိုက်ကွန်တစ်ခုသာဖြစ်ပေသည်။ သို့ဖြစ်၍ ရန်လိုမုန်းထားသူများအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ- ၎င်းတို့သည် ခိုင်ခံ့သောကွန်ယက်ကိုပြုလုပ်ဖန်တီးပါလျှင်လည်း ယင်းသည် အပေါ်ယံအားဖြင့် ခိုင်ခံ့လှသယောင်ရှိသော်လည်း အမှန်အားဖြင့် ပင့်ကူဆောက်ထားသည့်အိမ်ပမာ လွန်စွာမှ အင်အားချည့်နဲ့လှသော အခြေအနေသို့ ဆိုက်ရောက်ရလိမ့်မည်ဖြစ်သည်။

ဤဆူရာဟ်၏နောက်ဆုံးအာယတ်တော်တွင် ဖြူစင်ရိုးဖြောင့်မှုဖြင့် အလ္လာဟ်အရှင်မြတ်ကို ရှာဖွေသူတို့အား သတင်းကောင်းပေးထားတော်မူသည်မှာ- ၎င်းတို့သည် မည်သည့်အယူဝါဒ၌ပင်ရှိစေ အလ္လာဟ်အလိုရှိတော်မူပါလျှင် သူတို့အား နောက်ဆုံးတွင် ဖြောင့်မတ်မှန်ကန်သောလမ်းသို့တိုင် ပို့ဆောင်တော်မူပေလိမ့်မည်။ ထို့ပြင် ကမ္ဘာ့ ဘာသာသာသနာ အားလုံးတွင် အမှန်တရားများရှိနေပြီး ယင်းတို့ကို လေ့လာသုံးသပ်ခြင်းဖြင့်၊ အလ္လာဟ်အလိုရှိတော်မူပါလျှင် အဆုံး၌ အစွမ်းသာသနာ၏ မှန်ကန်မှုနှင့် ဖြောင့်မတ်မှန်ကန်သောလမ်းဆီသို့ လမ်းညွှန်မှုကိုရရှိနိုင်ကြပေမည်တည်း။

♦ ♦ ♦

ဆူရာဟ် အလ်-အန်ကဘူတ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၇၀)ပိုဒ် ရှိကူ (၇)ပုဒ်ပါရှိသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

الٓمّٓ ②

၂။ أَنَا اللّٰهُ أَعْلَمُ ငါအလ္လာဟ်သည် အားလုံးထက်ပို၍ သိတော်မူသောအရှင် ဖြစ်တော်မူ၏။

اَحَسِبَ النَّاسُ اَنۡ يُّتۡرَكُوۡۤا اَنۡ يَّقُوۡلُوۡۤا اٰمَنَّا وَهُمۡ لَا يُفۡتَنُوۡنَ ③

၃။ 'ကျွန်ုပ်တို့သည် ယုံကြည်ပါသည်'ဟုဆိုရုံမျှဖြင့် သူတို့သည် စမ်းသပ်ခြင်းမခံရဘဲ ဤအတိုင်း လွှတ်ထားခြင်းခံရလိမ့်မည်ဟု လူအများက ထင်မှတ်နေကြပေသလော။

وَلَقَدۡ فَتَنَّا الَّذِيۡنَ مِنۡ قَبۡلِهِمۡ فَلَيَعۡلَمَنَّ اللّٰهُ الَّذِيۡنَ صَدَقُوۡا وَلَيَعۡلَمَنَّ الۡكٰذِبِيۡنَ ④

၄။ စင်စစ် ငါတို့သည် ထိုသူတို့ထက်အလျင်ကရှိခဲ့သော သူတို့အား အမှန်ပင် စမ်းသပ်တော်မူခဲ့ပေသည်။ ထို့ကြောင့် အကြင်သူတို့သည် ဖြောင့်မတ်မှန်ကန်ခဲ့လျှင် အလ္လာဟ်သည် သူတို့အား အမှန်ပင် ခွဲခြားသိမြင်တော်မူပေမည်။ ထို့ပြင် လိမ်ညာသူများကိုလည်း အမှန်ပင် သိရှိတော်မူပေမည်။

اَمۡ حَسِبَ الَّذِيۡنَ يَعۡمَلُوۡنَ السَّيِّاٰتِ اَنۡ يَّسۡبِقُوۡنَا ؕ سَآءَ مَا يَحۡكُمُوۡنَ ⑤

၅။ အသို့နည်း မကောင်းမှုကိုကျူးလွန်ကြသောသူတို့သည် (ပြစ်ဒဏ်မှ ထွက်ပြေးတိမ်းရှောင်လျက်) ငါတို့ထက် ကျော်တက်သွားမည်ဟုထင်မှတ်နေကြသလော။ ၎င်းတို့၏ ဆုံးဖြတ်ချက်မှာ အလွန်မှ ဆိုးရွားလှပေသည်။

مَنۡ كَانَ يَرۡجُوۡا لِقَآءَ اللّٰهِ فَاِنَّ اَجَلَ اللّٰهِ لَاٰتٍ ؕ وَهُوَ السَّمِيۡعُ الۡعَلِيۡمُ ⑥

၆။ အကြင်မည်သူမဆို အလ္လာဟ်နှင့်တွေ့ဆုံလိုလျှင်(သူအဖို့) အလ္လာဟ် သတ်မှတ်ထားတော်မူသောအချိန်သည် ဧကန်ပင် ဆိုက်ရောက်လာပေမည်။ စင်စစ် ထိုအရှင်မြတ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

وَمَنۡ جَاهَدَ فَاِنَّمَا يُجَاهِدُ لِنَفۡسِهٖ ؕ اِنَّ اللّٰهَ لَغَنِىٌّ عَنِ الۡعٰلَمِيۡنَ ⑦

၇။ အကြင်သူသည် 'ဂျီဟာဒ်'ကြိုးပမ်းအားထုတ်မှုပြုလျှင် ထိုသူသည် မိမိအဖို့သာလျှင် 'ဂျီဟာဒ်'ပြုခြင်းဖြစ်၏။ အမှန် စင်စစ် အလ္လာဟ်သည် စကြဝဠာကမ္ဘာလောကအပေါင်းမှ လိုလားတောင့်တခြင်းကင်းတော်မူ၏။

وَالَّذِيۡنَ اٰمَنُوۡا وَعَمِلُوا الصّٰلِحٰتِ لَنُكَفِّرَنَّ عَنۡهُمۡ سَيِّاٰتِهِمۡ وَلَنَجۡزِيَنَّهُمۡ اَحۡسَنَ الَّذِىۡ كَانُوۡا يَعۡمَلُوۡنَ ⑧

၈။ အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြလျက် ကောင်းမြတ်သောအကျင့်သီလများကိုကျင့်ကြံဆောက်တည်အံ့၊ ငါတို့သည် သူတို့၏မကောင်းမှုများကို သူတို့ထံမှကင်းဝေးအောင် အမှန်ပင်ပြုပေးတော်မူပေမည်။ ထို့ပြင် ဧကန်အမှန် သူတို့အား သူတို့ကျင့်ကြံလျက်ရှိခဲ့သည့် အကောင်းဆုံးသော ကျင့်ကြံမှုများနှင့်လျော်ညီစွာ ဆုလာဘ်ပေးတော်မူပေမည်။

وَوَصَّيْنَا الْاِنْسَانَ بِوَالِدَيْهِ حُسْنًا ؕ وَاِنْ جَاهَدٰكَ لِتُشْرِكَ بِيْ مَا لَيْسَ لَكَ بِهٖ عِلْمٌ فَلَا تُطِعْهُمَا ؕ اِلَيَّ مَرْجِعُكُمْ فَاُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ۝

၉။ ငါတို့သည် လူသားအား သူ၏မိဘနှစ်ပါးကို ကောင်းမွန်စွာဆက်ဆံရန် အထူးတလည်ဆုံးမတော်မူ၏။ သို့သော် အကယ်၍ သူတို့က အသင်တစ်စုံတစ်ရာ မသိနားမလည်သော အရာကို ငါအရှင်မြတ်နှင့်ယှဉ်တွဲကိုးကွယ်ရန် အသင့်အားအတိုက်အခံပြောလာလျှင် သူတို့နှစ်ဦးအား မနာခံလင့်(ဟုမိန့်တော်မူ၏)။ ငါအရှင်မြတ်ထံတော်သို့သာ အသင်တို့သည် ပြန်လည်လာရောက်ကြရပေမည်။ သို့ဖြင့် အသင်တို့ပြုလုပ်ခဲ့သည်တို့ကို ငါအရှင်မြတ်သည် အသင်တို့အား အသိပေးတော်မူပေအံ့။

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَنُدْخِلَنَّهُمْ فِي الصّٰلِحِيْنَ ۝

၁၀။ အကြင်သူတို့သည် သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြလျှင် ငါတို့သည် သူတို့အား မလွဲဧကန် သူမွန်သူမြတ်တို့တွင် ထည့်သွင်းတော်မူပေမည်။

وَمِنَ النَّاسِ مَنْ يَّقُوْلُ اٰمَنَّا بِاللّٰهِ فَاِذَاۤ اُوْذِيَ فِي اللّٰهِ جَعَلَ فِتْنَةَ النَّاسِ كَعَذَابِ اللّٰهِ ؕ وَلَئِنْ جَآءَ نَصْرٌ مِّنْ رَّبِّكَ لَيَقُوْلُنَّ اِنَّا كُنَّا مَعَكُمْ ؕ اَوَلَيْسَ اللّٰهُ بِاَعْلَمَ بِمَا فِيْ صُدُوْرِ الْعٰلَمِيْنَ ۝

၁၁။ ထို့ပြင် လူတို့တွင် ကျွန်ုပ်တို့သည် အလ္လာဟ်အား သက်ဝင်ယုံကြည်ကြပါသည်ဟု ပြောဆိုသူများလည်းရှိကြ၏။ သို့သော် ယင်းတို့သည် အလ္လာဟ်၏လမ်းတော်တွင် ဒုက္ခပေးခြင်းခံရသောအခါ ယင်းတို့သည် လူတို့၏နှိပ်စက်မှုကို အလ္လာဟ်၏ပြစ်ဒဏ်ကဲ့သို့ပြုလုပ်လိုက်ကြ၏။ ထို့ပြင် အကယ်၍ အသင်၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ကူညီစောင်မမှုတစ်စုံတစ်ရာရောက်ရှိလာသောအခါ ကျွန်ုပ်တို့သည် အမှန်စင်စစ် အသင်တို့နှင့်အတူရှိခဲ့ကြသည်ဟု ဧကန်ပင် ပြောဆိုကြပေလိမ့်မည်။ အသို့နည်း အလ္လာဟ်သည် တစ်လောကလုံး၌(နေထိုင်သူများ)၏နှလုံးသားများတွင်ရှိသည်တို့ကို အသိရှိဆုံးဖြစ်တော်မူသည်မဟုတ်လော။

وَلَيَعْلَمَنَّ اللّٰهُ الَّذِيْنَ اٰمَنُوْا وَلَيَعْلَمَنَّ الْمُنٰفِقِيْنَ ۝

၁၂။ ထို့ပြင် အလ္လာဟ်သည် ဧကန်မုချ 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူတို့ကို ခွဲခြားသိမြင်တော်မူပေအံ့။ ထို့အတူ 'မိုနာဖစ်' ယုံကြည်ဟန်ဆောင်သူများကိုလည်း ခွဲခြားသိမြင်တော်မူပေအံ့။

وَقَالَ الَّذِيْنَ كَفَرُوْا لِلَّذِيْنَ اٰمَنُوا اتَّبِعُوْا سَبِيْلَنَا وَلْنَحْمِلْ خَطٰيٰكُمْ ؕ وَمَا هُمْ بِحٰمِلِيْنَ مِنْ خَطٰيٰهُمْ مِّنْ شَيْءٍ ؕ اِنَّهُمْ لَكٰذِبُوْنَ ۝

၁၃။ မယုံကြည်ငြင်းပယ်သူတို့က သက်ဝင်ယုံကြည်သူတို့အား ကျွန်ုပ်တို့၏လမ်းကိုလိုက်နာကျင့်ကြံပါလျှင် အသင်တို့၏အပြစ်များကို ကျွန်ုပ်တို့(ကိုယ်တိုင်) သယ်ပိုးကြပေမည်ဟုဆိုကြ၏။ အမှန်သော်ကား ၎င်းတို့သည် သူတို့၏အပြစ်များအနက်မှ မည်သည်ကိုမျှ သယ်ပိုးပေးကြမည့်သူများ မဟုတ်ချေ။ ၎င်းတို့သည် မလွဲဧကန် လိမ်ညာသူများဖြစ်ကြ၏။

وَلَيَحْمِلُنَّ اَثْقَالَهُمْ وَاَثْقَالًا مَّعَ

၁၄။ ထို့ပြင် သူတို့သည် အမှန်ပင် မိမိတို့၏ဝန်ထုပ်များကို သယ်ပိုးကြရမည်။ မိမိတို့၏ဝန်ထုပ်များအပြင် အခြားဝန်ထုပ်

اَثْقَالِهِمْ ۫ وَ لَيُسْـَٔلُنَّ يَوْمَ الْقِيٰمَةِ عَمَّا كَانُوْا يَفْتَرُوْنَ ۝١٣

များကိုလည်း (သယ်ပိုးကြရပေမည်)။ ထို့ပြင် 'ကယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် ယင်းတို့လုပ်ကြံလိမ်လည်လေ့ရှိခဲ့သည်များနှင့်စပ်လျဉ်း၍ အမှန်ပင် စစ်ကြောမေးမြန်းခြင်းကို ခံကြရမည်တည်း။

ရုကူး–၂

وَلَقَدْ اَرْسَلْنَا نُوْحًا اِلٰى قَوْمِهٖ فَلَبِثَ فِيْهِمْ اَلْفَ سَنَةٍ اِلَّا خَمْسِيْنَ عَامًا ؕ فَاَخَذَهُمُ الطُّوْفَانُ وَهُمْ ظٰلِمُوْنَ ۝١٤

၁၄။ ထို့ပြင် မလွဲမေကန် ငါတို့သည် 'နူးဟ်'ကို သူ၏အမျိုးသားများထံသို့ စေလွှတ်တော်မူခဲ့၏။ သို့ဖြင့် သူသည် ၎င်းတို့တွင် နှစ်ငါးဆယ်လျော့သော နှစ်တစ်ထောင်နေထိုင်ခဲ့၏။ ထို့နောက် ယင်းတို့အား လေပြင်းမုန်တိုင်းသည် လာရောက်ဖမ်းဆီးခဲ့၏။ စင်စစ် သူတို့သည် မတရားကျူးလွန်သူများ ဖြစ်ခဲ့ကြ၏။ ①

فَاَنْجَيْنٰهُ وَ اَصْحٰبَ السَّفِيْنَةِ وَ جَعَلْنٰهَاۤ اٰيَةً لِّلْعٰلَمِيْنَ ۝١٥

၁၆။ သို့ဖြစ်ရာ ငါတို့သည် သူ့အားလည်းကောင်း (သူနှင့်အတူ) လှေသင်္ဘောတွင် စီးနင်းလိုက်ပါသူများကိုလည်းကောင်း ကယ်တင်တော်မူခဲ့၏။ယင်း(လှေသင်္ဘော)ကို တစ်လောကလုံးအတွက် နိမိတ်လက္ခဏာတစ်ရပ် ပြုလုပ်တော်မူခဲ့ပေသည်။

وَ اِبْرٰهِيْمَ اِذْ قَالَ لِقَوْمِهِ اعْبُدُوا اللّٰهَ وَاتَّقُوْهُ ؕ ذٰلِكُمْ خَيْرٌ لَّكُمْ اِنْ كُنْتُمْ تَعْلَمُوْنَ ۝١٦

၁၇။ ထို့ပြင် 'အစ်ဗရာဟင်မ်'(ကိုလည်း စေလွှတ်တော်မူခဲ့၏) အကြင်အခါဝယ် သူက မိမိအမျိုးသားများအား ပြောကြားသည်မှာ အလ္လာဟ်အား ခဝပ်ကိုးကွယ်ကြကုန်။ ထို့ပြင် ထို အရှင်မြတ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ဆောက်တည်ကြကုန်။ ဤသည် အသင်တို့အဖို့ ပိုမိုကောင်းမြတ်ပေသည်။အကယ်၍အသင်တို့သိကြလျှင်(ကောင်းပေစွ)။

اِنَّمَا تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ اَوْثَانًا وَّ تَخْلُقُوْنَ اِفْكًا ؕ اِنَّ الَّذِيْنَ تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ لَا يَمْلِكُوْنَ لَكُمْ رِزْقًا فَابْتَغُوْا عِنْدَ اللّٰهِ الرِّزْقَ وَاعْبُدُوْهُ وَاشْكُرُوْا لَهٗ ؕ اِلَيْهِ تُرْجَعُوْنَ ۝١٧

၁၈။ ဧကန်စင်စစ် အသင်တို့သည် အလ္လာဟ်အားစွန့်၍ ရုပ်တုများကိုသာ ကိုးကွယ်ကြကာ လိမ်ညာမှုကိုဖန်တီးကြ၏။ ဧကန်စင်စစ် အလ္လာဟ်မှလွဲ၍ အသင်တို့ခဝပ်ကိုးကွယ်ကြသည်တို့မှာ အသင်တို့အတွက် မည်သည့်'ရီဇိုက်'ရိကွာကိုမျှ ပိုင်ဆိုင်ကြသည် မဟုတ်ချေ။ သို့ဖြစ်ရာ အလ္လာဟ်၏ထံတော်မှသာလျှင် 'ရီဇိုက်'ရိကွာကို လိုလားတောင့်တကြကုန်။ ထို့ပြင် အရှင်မြတ်အား ခဝပ်ကိုးကွယ်ကြ၍ အရှင်မြတ်၏ ကျေးဇူးတော်ကို သိတတ်ကြကုန်။ အသင်တို့သည် ထိုအရှင်မြတ်ထံတော်သို့သာ ပြန်လည်၍သွားကြရပေမည်။

وَاِنْ تُكَذِّبُوْا فَقَدْ كَذَّبَ اُمَمٌ مِّنْ قَبْلِكُمْ ؕ وَمَا عَلَى الرَّسُوْلِ اِلَّا الْبَلٰغُ الْمُبِيْنُ ۝١٨

၁၉။ ထို့ပြင် အကယ်၍ အသင်တို့သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြလျှင် အသင်တို့အလျင်ကလည်း များစွာသော 'အွမွတ်'အုပ်စုများသည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြပြီးဖြစ်၏။ စင်စစ် တမန်တော်အဖို့မှာမူ ရှင်းလင်းထင်ရှားစွာ

① ဤအာယတ်တော်တွင် တမန်တော်'နူးဟ်'ﷺ၏အသက်ကို (၉၅၀)ဟုဖော်ပြထားပေရာ ယင်းမှာ လူသက်တမ်းကိုဆိုလိုခြင်းမဟုတ်ချေ။ တမန်တော်'နူးဟ်'ﷺ၏ 'ရှရီအတ်'သာသနာတော်သက်တမ်းကို ဆိုလိုခြင်းဖြစ်သည်။

သတင်းပို့ဆောင်ရန်မှတစ်ပါး အခြားမည်သည့်တာဝန်မျှ မရှိချေ။

اَوَلَمۡ يَرَوۡا كَيۡفَ يُبۡدِئُ اللّٰهُ الۡخَلۡقَ ثُمَّ يُعِيۡدُهٗ ؕ اِنَّ ذٰلِكَ عَلَى اللّٰهِ يَسِيۡرٌ ۞

၂၀။ အလ္လာဟ်သည် ဖန်ဆင်းမှုကို မည်သို့စတင်တော်မူပြီး၊ ထို့နောက်တစ်ဖန် ယင်းအားထပ်မံ၍ (ဖန်ဆင်း)တော်မူသည်ကို ၎င်းတို့ မတွေ့မမြင်ကြလေသလော။ စင်စစ်မူကား ဤသည် အလ္လာဟ်၏အဖို့ လွယ်ကူလှပေသည်။

قُلۡ سِيۡرُوۡا فِى الۡاَرۡضِ فَانۡظُرُوۡا كَيۡفَ بَدَاَ الۡخَلۡقَ ثُمَّ اللّٰهُ يُنۡشِئُ النَّشۡاَةَ الۡاٰخِرَةَ ؕ اِنَّ اللّٰهَ عَلٰى كُلِّ شَىۡءٍ قَدِيۡرٌ ۞

၂၁။ အသင်ပြောကြားပါလေ။ ကမ္ဘာမြေဝယ်လှည့်လည်သွားလာကြလျက် အရှင်မြတ်သည် ဖန်ဆင်းမှုကို မည်သို့ စတင်တော်မူကြောင်း စဉ်းစားသုံးသပ်ကြကုန်။ ထို့နောက် အလ္လာဟ်သည် ယင်းကို နောက်တစ်ကြိမ်ဖန်ဆင်းခြင်းပုံစံဖြင့် ထမြောက်စေတော်မူပေအံ့။ မုချကောန် အလ္လာဟ်သည် မိမိနှစ်လို့တော်မူသောအရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

يُعَذِّبُ مَنۡ يَّشَآءُ وَيَرۡحَمُ مَنۡ يَّشَآءُ ۚ وَاِلَيۡهِ تُقۡلَبُوۡنَ ۞

၂၂။ အရှင်မြတ်သည် အလိုရှိတော်မူသောသူအား အပြစ်ပေးတော်မူ၏။ ထို့ပြင် နှစ်လို့တော်မူသောသူအား ကရုဏာပြုတော်မူ၏။ စင်စစ် အရှင်မြတ်ထံတော်သို့သာလျှင် အသင်တို့ ပြန်လည်၍ သွားကြရပေအံ့။

وَمَاۤ اَنۡتُمۡ بِمُعۡجِزِيۡنَ فِى الۡاَرۡضِ وَلَا فِى السَّمَآءِ ۫ وَمَا لَـكُمۡ مِّنۡ دُوۡنِ اللّٰهِ مِنۡ وَّلِىٍّ وَّلَا نَصِيۡرٍ ۞

၂၃။ ထို့ပြင် အသင်တို့သည် ကမ္ဘာမြေတွင်လည်းကောင်း၊ မိုးကောင်းကင်တွင်လည်းကောင်း (အလ္လာဟ်အား) မစွမ်းဆောင်နိုင်အောင်ပြုနိုင်ကြသူများမဟုတ်ချေ။ ထို့ပြင် အလ္လာဟ်မှလွဲ၍ အသင်တို့အဖို့ မည်သည့်မိတ်ဆွေ၊ မည်သည့် ကူညီစောင်မသူမျှ မရှိချေတည်း။

ရုကူး-၃

وَالَّذِيۡنَ كَفَرُوۡا بِاٰيٰتِ اللّٰهِ وَلِقَآئِهٖۤ اُولٰٓئِكَ يَئِسُوۡا مِنۡ رَّحۡمَتِىۡ وَاُولٰٓئِكَ لَهُمۡ عَذَابٌ اَلِيۡمٌ ۞

၂၄။ ထို့ပြင် အကြင်သူတို့သည် အလ္လာဟ်၏ 'အာယတ်' နိမိတ်လက္ခဏာတော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်နှင့် တွေ့ဆုံရမည်ကိုလည်းကောင်း ငြင်းပယ်ကြ၏၊ ဤသူများသည်ပင် ငါအရှင်မြတ်၏ 'ရာဟ်မတ်'ကရုဏာတော်မှ စိတ်ပျက်လက်လျှော့ခဲ့ကြ၏။ စင်စစ် ဤသူများသည်ပင် သူတို့အဖို့ နာကျင်ဖွယ်သော ပြစ်ဒဏ်(ကိုသတ်မှတ်ထား)ရှိပေသည်။

فَمَا كَانَ جَوَابَ قَوۡمِهٖۤ اِلَّاۤ اَنۡ قَالُوا اقۡتُلُوۡهُ اَوۡ حَرِّقُوۡهُ فَاَنۡجٰىهُ اللّٰهُ مِنَ النَّارِ ؕ اِنَّ فِىۡ ذٰلِكَ لَاٰيٰتٍ لِّقَوۡمٍ يُّؤۡمِنُوۡنَ ۞

၂၅။ သို့ဖြစ်ရကား သူ၏အမျိုးသားတို့က သူ့အားသတ်ပစ်ကြလော့၊ သို့မဟုတ် မီးရှို့ပစ်ကြလော့ဟု ပြောဆိုခြင်းမှလွဲ၍ အခြားမည်သည့်အဖြေမျှမရှိခဲ့ချေ။ သို့ဖြင့် အလ္လာဟ်သည် သူ(အစ်ဗရာဟင်မ်)အား မီးမှကယ်တင်တော်မူခဲ့ပေသည်။ အမှန်ပင် ယင်း၌ သက်ဝင်ယုံကြည်သူတို့အဖို့ များစွာသော နိမိတ်လက္ခဏာတော်များရှိ၏။

وَقَالَ اِنَّمَا اتَّخَذۡتُمۡ مِّنۡ دُوۡنِ اللّٰهِ اَوۡثَانًا ۙ

၂၆။ ထို့ပြင် သူက ပြောကြားသည်မှာ အသင်တို့သည် လောကီဘဝ၏ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေတည်

مَّوَدَّةَ بَيْنِكُمْ فِي الْحَيٰوةِ الدُّنْيَا ۚ ثُمَّ يَوْمَ
الْقِيٰمَةِ يَكْفُرُ بَعْضُكُمْ بِبَعْضٍ وَّيَلْعَنُ
بَعْضُكُمْ بَعْضًا ۖ وَّمَاْوٰىكُمُ النَّارُ وَمَا
لَكُمْ مِّنْ نّٰصِرِيْنَ ۝

လျက် အလ္လာဟ်ကိုစွန့်၍ ရုပ်တုများကိုစွဲကိုင်ထားကြ၏။ ပြီးနောက် ကယာမတ်နေ့တော်ကြီးတွင် အသင်တို့အနက်အချို့က အချို့ကို ငြင်းပယ်ကြလိမ့်မည်။ ထို့ပြင် အချို့က အချို့ကို 'လာ့အ်နတ်'ကျိန်ဆဲခြင်းပြုကြလိမ့်မည်။ အသင်တို့၏ နေရာဌာနသည်ကား (ငရဲ)မီးဖြစ်လိမ့်မည်။ စင်စစ် အသင်တို့အား ကူညီစောင်မမည့်သူ မည်သူမျှရှိမည်မဟုတ်ချေ။

فَاٰمَنَ لَهٗ لُوْطٌ ۘ وَقَالَ اِنِّيْ مُهَاجِرٌ اِلٰى رَبِّيْ ۭ اِنَّهٗ هُوَ الْعَزِيْزُ الْحَكِيْمُ ۝

၂၇။ ထို့ပြင် 'လူးတ်'သည် သူ(အစ်ဗရာဟင်မ်)အား ယုံကြည်ခဲ့ပေသည်။ ထို့ပြင် (အစ်ဗရာဟင်မ်)က ပြောကြားသည်မှာ ဧကန်စင်စစ် ကျွန်ုပ်သည် မိမိ၏ဖန်ဆင်းမွေးမြူရှင်ဘက်တော်သို့ 'ဟီဂျရတ်'ပြုပြောင်းရွှေ့သွားရောက်မည့်သူဖြစ်၏။ ဧကန်စင်စစ် ထိုအရှင်မြတ်သည်ပင် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَوَهَبْنَا لَهٗٓ اِسْحٰقَ وَيَعْقُوْبَ وَجَعَلْنَا فِيْ
ذُرِّيَّتِهِ النُّبُوَّةَ وَالْكِتٰبَ وَاٰتَيْنٰهُ اَجْرَهٗ فِي
الدُّنْيَا ۚ وَاِنَّهٗ فِي الْاٰخِرَةِ لَمِنَ الصّٰلِحِيْنَ ۝

၂၈။ ထို့ပြင်ငါတို့သည် သူ(အစ်ဗရာဟင်မ်)အား'အစ္စဟာက်'နှင့် 'ယာကွပ်'ကိုပေးသနားတော်မူခဲ့၏။ သူ၏ သားမြေးအဆက်အနွယ်များတွင်လည်း 'နဗူဝါတ်'တမန်တော်ဖြစ်ခြင်းနှင့် ကျမ်းဂန်(၏ဆုလာဘ်)ကို ထားရှိတော်မူခဲ့၏။ထို့ပြင် ငါတို့သည် သူ့အား ဤလောကတွင်လည်း သူ၏အကျိုးဆုလာဘ်ကို ပေးသနားတော်မူခဲ့၏။ နောင်တမလွန်တွင်လည်း သူသည် ဧကန်မလွဲ သူတော်စင်များတွင် ရေတွက်ခြင်းခံရပေလိမ့်မည်။

وَلُوْطًا اِذْ قَالَ لِقَوْمِهٖٓ اِنَّكُمْ لَتَاْتُوْنَ
الْفَاحِشَةَ ۡ مَا سَبَقَكُمْ بِهَا مِنْ اَحَدٍ مِّنَ
الْعٰلَمِيْنَ ۝

၂၉။ ထို့ပြင် 'လူးတ်'ကိုလည်း(စေလွှတ်တော်မူခဲ့၏။) အကြင်အခါဝယ် သူက မိမိ၏အမျိုးသားတို့အား ပြောကြားသည်မှာ အသင်တို့သည် အမှန်ပင် အရှက်မဲ့ခြင်းဘက်သို့ (အပြေးအလွှား)လာကြကုန်၏။ တစ်လောကလုံး၌ မည်သည့်အခါကမျှ ယင်းကိစ္စတွင် မည်သူမျှ အသင်တို့ထက် လွန်ကျူးခဲ့ကြသည်မဟုတ်ချေ။

اَىِٕنَّكُمْ لَتَاْتُوْنَ الرِّجَالَ وَتَقْطَعُوْنَ
السَّبِيْلَ ۙ وَتَاْتُوْنَ فِيْ نَادِيْكُمُ الْمُنْكَرَ ۭ
فَمَا كَانَ جَوَابَ قَوْمِهٖٓ اِلَّآ اَنْ قَالُوا ائْتِنَا
بِعَذَابِ اللّٰهِ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ۝

၃၀။ အသင်တို့သည်(ရမ္ဓက်ဆန္ဒဖြင့်) ယောကျ်ားများထံသို့လာကြသလော။ လမ်းတွင် ဓားပြတိုက်လုယက်ကြသလော။ ထို့ပြင် အသင်တို့သည် မိမိတို့၏စကားဝိုင်းများတွင် အလွန်တရာ မနှစ်မြို့ဖွယ်စကားများကို ပြောဆိုကြသလော။ သို့သော် သူ၏အမျိုးသားများက အကယ်၍ အသင်သည် မှန်ကန်သူများအနက်မှဖြစ်လျှင် ကျွန်ုပ်တို့ထံသို့ အလ္လာဟ်၏ပြစ်ဒဏ်ကို ယူဆောင်လာပါလော့ဟု ပြောဆိုခြင်းမှတစ်ပါး အခြားမည်သည့်အဖြေကိုမျှမပေးခဲ့ကြချေ။

قَالَ رَبِّ انْصُرْنِيْ عَلَى الْقَوْمِ

၃၁။ သူက အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးအား ဖောက်ပြန်ပျက်စီးနေကြသော

الْمُفْسِدِيْنَ ۝٣٦

ဤအမျိုးသားများနှင့်ဆန့်ကျင်လျက် ကူညီစောင်မတော်မူပါဟု လျှောက်ထားပန်ကြားခဲ့လေသတည်း။

ရှုကူ-၄

وَلَمَّا جَآءَتْ رُسُلُنَآ اِبْرٰهِيْمَ بِالْبُشْرٰى ۙ قَالُوْٓا اِنَّا مُهْلِكُوْٓا اَهْلِ هٰذِهِ الْقَرْيَةِ ۚ اِنَّ اَهْلَهَا كَانُوْا ظٰلِمِيْنَ ۝٣١

၃၁။ ထို့ပြင် ငါတို့၏စေတမန်များသည် 'အစ်ဗရာဟင်မ်'ထံသို့သတင်းကောင်းကိုယူဆောင်၍လာကြ၏။ ၎င်းတို့က ဧကန်စင်စစ် ကျွန်ုပ်တို့သည် (လူးတ်၏) ဤမြို့ရွာ၌နေထိုင်သူများကို ဖျက်ဆီးမည့်သူများဖြစ်ကြ၏။ အမှန်ပင် ယင်း၌နေထိုင်သူများသည် မတရားကျူးလွန်သူများဖြစ်ကြ၏ဟူ၍လည်း ပြောဆိုခဲ့ကြ၏။ ①

قَالَ اِنَّ فِيْهَا لُوْطًا ۭ قَالُوْا نَحْنُ اَعْلَمُ بِمَنْ فِيْهَا ۭ لَنُنَجِّيَنَّهٗ وَاَهْلَهٗٓ اِلَّا امْرَاَتَهٗ ۡ كَانَتْ مِنَ الْغٰبِرِيْنَ ۝٣٢

၃၂။ သူက ယင်း၌ 'လူးတ်'လည်းရှိပေသည်ဟု ပြောဆိုလေ၏။ သူတို့က ယင်း၌မည်သူရှိသည်ကို ကျွန်ုပ်တို့အသိဆုံးဖြစ်၏။ ကျွန်ုပ်တို့သည် ဧကန်မလွဲ သူ၏ဇနီးမှတစ်ပါး သူ၏အိမ်သူအိမ်သားအားလုံးကိုကယ်တင်ပေမည်။ သူမသည်နောက်ကျန်ရစ်သူများတွင်ပါဝင်ပေသည်ဟု (ဖြေကြား)ပြောဆိုကြ၏။

وَلَمَّآ اَنْ جَآءَتْ رُسُلُنَا لُوْطًا سِيْۗءَ بِهِمْ وَضَاقَ بِهِمْ ذَرْعًا وَّقَالُوْا لَا تَخَفْ وَلَا تَحْزَنْ ۡ اِنَّا مُنَجُّوْكَ وَاَهْلَكَ اِلَّا امْرَاَتَكَ كَانَتْ مِنَ الْغٰبِرِيْنَ ۝٣٣

၃၃။ ထို့ပြင် ငါတို့၏စေတမန်များသည် 'လူးတ်'ထံသို့ရောက်ရှိလာသောအခါ သူသည် ယင်းတို့ကြောင့် စိတ်မချမ်းမြေ့ဖြစ်ခဲ့ရပြီး စိတ်နှလုံးတွင် ၎င်းတို့ကြောင့် အလွန်ပင်ကျဉ်းကျပ်မှုကို ခံစားခဲ့ရလေသည်။ ထိုအခါ ယင်းတို့ကပြောကြားသည်မှာ မကြောက်ရွံ့လင့်၊ ပူဆွေးသောက တစ်စုံတစ်ရာမဖြစ်လင့်။ ဧကန်မုချ ကျွန်ုပ်တို့သည် အသင်၏ဇနီးမှတစ်ပါး အသင်နှင့် အသင်၏အိမ်သူအိမ်သားအားလုံးကို ကယ်တင်ပေမည်။ သူမသည် နောက်ကျန်နေသူများအနက်မှဖြစ်၏။

اِنَّا مُنْزِلُوْنَ عَلٰٓى اَهْلِ هٰذِهِ الْقَرْيَةِ رِجْزًا مِّنَ السَّمَاۗءِ بِمَا كَانُوْا يَفْسُقُوْنَ ۝٣٤

၃၄။ ဧကန်မလွဲ ကျွန်ုပ်တို့သည် ဤမြို့ရွာတွင် နေထိုင်သူများအပေါ် သူတို့၏မနာခံဖီဆန်မှုကြောင့် ကောင်းကင်မှ ပြစ်ဒဏ်တစ်ရပ်ကို ချပေးမည့်သူများပင်ဖြစ်ကြပေသည်။

وَلَقَدْ تَّرَكْنَا مِنْهَآ اٰيَةًۢ بَيِّنَةً لِّقَوْمٍ يَّعْقِلُوْنَ ۝٣٥

၃၆။ ထို့ပြင် ဧကန်ပင် ငါတို့သည် အသိဉာဏ်ရှိသူတို့အဖို့ ယင်းမှ လင်းဝင်းထင်ရှားသော နိမိတ်လက္ခဏာတစ်ရပ်ကိုသာ ကျန်ရစ်စေတော်မူခဲ့၏။

وَاِلٰى مَدْيَنَ اَخَاهُمْ شُعَيْبًا ۙ فَقَالَ يٰقَوْمِ اعْبُدُوا اللّٰهَ وَارْجُوا الْيَوْمَ الْاٰخِرَ وَلَا تَعْثَوْا فِي الْاَرْضِ مُفْسِدِيْنَ ۝٣٦

၃၇။ ထို့ပြင် (ငါတို့သည်) 'မဒီယန်'(မြို့သားတို့)ထံသို့ သူတို့၏ညီအစ်ကို 'ရှိအိုက်ဗ်'ကို(စေလွှတ်တော်မူခဲ့၏) သူက အို-ကျွန်ုပ်၏အမျိုးသားအပေါင်းတို့၊ အလွှာဟ်အား ခဝပ်ကိုးကွယ်ကြကုန်။ ထို့ပြင် နောက်ဆုံးနေ့တော်ကြီးကို မျှော်လင့်ချက်ထား

① တမန်တော်'လူးတ်'ﷺ၏အမျိုးသားများအား ဖျက်ဆီးပစ်ရန်ရောက်လာခဲ့သော ကောင်းကင်တမန်များမှာ ဦးစွာပထမတမန်တော်'အစ်ဗရာဟင်မ်'ﷺထံသို့ သွားရောက်ခဲ့လေသည်။ တမန်တော်'အစ်ဗရာဟင်မ်'ﷺမှာ နူးညံ့သိမ်မွေ့သော စိတ်နှလုံးရှိသူဖြစ်၍ တမန်တော်ကြီးက ထိုအမျိုးသားတို့အား ခွင့်လွှတ်တော်မူပါရန် အလွှာဟ်အရှင်မြတ်၏ထံတော်တွင် ထပ်ခါတလဲလဲ လျှောက်ထားခဲ့လေသည်။

ကြကုန်။ ထို့ပြင် ကမ္ဘာမြေ၌ပြဿနာဖန်တီးသူအဖြစ်နှင့် မငြိမ်းချမ်းမှုကို မဖြန့်ချိကြကုန်လင့်ဟု ပြောကြားလေ၏။

فَكَذَّبُوْهُ فَاَخَذَتْهُمُ الرَّجْفَةُ فَاَصْبَحُوْا فِيْ دَارِهِمْ جٰثِمِيْنَ ﴿٣٧﴾

၃၈။ သို့ဖြင့် ယင်းတို့က သူ့အား မဟုတ်မမှန်ဟူ၍ စွပ်စွဲကြပေရာ ယင်းတို့အား မြေငလျင်တစ်ခုသည် လာရောက်ဖမ်းဆီးခဲ့လေသည်။ သို့ဖြင့် သူတို့သည် မိမိတို့၏အိမ်များတွင် မှောက်လျက်လဲကျသွားခဲ့ကြပေသည်။

وَعَادًا وَّثَمُوْدَا۟ وَقَدْ تَّبَيَّنَ لَكُمْ مِّنْ مَّسٰكِنِهِمْ ۫ وَزَيَّنَ لَهُمُ الشَّيْطٰنُ اَعْمَالَهُمْ فَصَدَّهُمْ عَنِ السَّبِيْلِ وَكَانُوْا مُسْتَبْصِرِيْنَ ﴿٣٨﴾

၃၉။ ထို့ပြင် 'အာဒ်'နှင့် 'ဆမူဒ်'၏အမျိုးသားများကိုလည်း (ငါတို့သည် မြေငလျင်များဖြင့် ဖျက်ဆီးတော်မူခဲ့၏)။ ထို့ပြင် အသင်တို့အဖို့ ဤအကြောင်းရပ်မှာ ၎င်းတို့နေအိမ်များ(၏အပျက်အစီးများ)မှ ကောင်းစွာပွင့်လင်းထင်ရှားခဲ့ပြီးဖြစ်၏။ စင်စစ် 'ရှိုင်တန်'သည် ယင်းတို့အား ယင်းတို့၏ လုပ်ဆောင်မှုများကို အကောင်းမြင်အောင် ပြုလုပ်ပြခဲ့ပြီးလျှင် သူတို့အား (ဖြောင့်မှန်သော)လမ်းမှ တားဆီးခဲ့၏။ အမှန်သော်ကား ယင်းတို့သည် ကောင်းစွာမြင်တွေ့နေခဲ့ကြပေသည်။

وَقَارُوْنَ وَ فِرْعَوْنَ وَهَامٰنَ ۫ وَلَقَدْ جَآءَهُمْ مُّوْسٰى بِالْبَيِّنٰتِ فَاسْتَكْبَرُوْا فِي الْاَرْضِ وَمَا كَانُوْا سٰبِقِيْنَ ﴿٣٩﴾

၄၀။ ထို့ပြင် 'ကာရွန်'၊ 'ဖိရ်အောင်'နှင့် 'ဟာမာန်'တို့ကိုလည်း (ငါတို့သည် သူတို့၏လမ်းလွဲမှုအတွက် ပြစ်ဒဏ်ပေးတော်မူခဲ့၏)။ 'မူစာ'သည် ယင်းတို့ထံ ပွင့်လင်းထင်ရှားသော နိမိတ်လက္ခဏာတော်ကို ယူဆောင်လာခဲ့ပြီးဖြစ်၏။ သို့ပါလျက် ယင်းတို့သည် ကမ္ဘာမြေဝယ် မာန်မာနထောင်လွှားမှုကို ပြုခဲ့ကြပေသည်။ စင်စစ် ယင်းတို့သည် (ငါတို့၏ ဖမ်းဆီးမှုမှ လွတ်မြောက်၍) ရှေ့သို့တိုးသွားနိုင်သူများ မဖြစ်ခဲ့ကြချေ။

فَكُلًّا اَخَذْنَا بِذَنْۢبِهٖ ۚ فَمِنْهُمْ مَّنْ اَرْسَلْنَا عَلَيْهِ حَاصِبًا ۚ وَمِنْهُمْ مَّنْ اَخَذَتْهُ الصَّيْحَةُ ۚ وَ مِنْهُمْ مَّنْ خَسَفْنَا بِهِ الْاَرْضَ ۚ وَ مِنْهُمْ مَّنْ اَغْرَقْنَا ۚ وَمَا كَانَ اللّٰهُ لِيَظْلِمَهُمْ وَلٰكِنْ كَانُوْۤا اَنْفُسَهُمْ يَظْلِمُوْنَ ﴿٤٠﴾

၄၁။ သို့ဖြစ်ရာ ငါတို့သည် တစ်ဦးစီကို သူ၏အပြစ်ကြောင့် ဖမ်းဆီးတော်မူခဲ့၏။ သို့ဖြစ်ရာ ယင်းတို့အနက် ဤသို့သော အုပ်စုလည်းရှိခဲ့၏။ ယင်းတို့အပေါ်သို့ ငါတို့သည် ကျောက်စရစ်မိုးကို ရွာချစေသည့် လေမုန်တိုင်းတစ်ခုကို စေလွှတ်တော်မူခဲ့၏။ ထို့ပြင် ယင်းတို့အနက် ဤသို့အုပ်စုလည်းရှိခဲ့၏။ ယင်းတို့ကို ကြောက်မက်ဖွယ်မြည်ဟည်းသံကြီးက ဖမ်းဆီးခဲ့ပေသည်။ ထို့ပြင် ယင်းတို့အနက် ဤသို့သောအုပ်စုလည်းရှိခဲ့၏။ ငါတို့သည် ယင်းတို့အား မြေကြီး၌နှစ်မြှုပ်ပစ်တော်မူခဲ့ပေသည်။ ထို့ပြင် ယင်းတို့အနက် အုပ်စုတစ်စုကိုမူ ငါတို့သည် 'ရေ'တွင်နှစ်မြှုပ်ပစ်တော်မူခဲ့ပေသည်။ စင်စစ် အလ္လာဟ်သည် သူတို့အပေါ် မတရားပြုတော်မူခဲ့သည်မဟုတ်ချေ။ သို့ရာတွင် ယင်းတို့သည် မိမိတို့ကိုယ်တိုင်ကပင် မိမိတို့အပေါ် မတရားပြုမူသူများဖြစ်ခဲ့ကြပေသည်။ ۝

۝ နဗီတမန်တော်များကို ဆန့်ကျင်ရန်ဘက်ပြုသော အမျိုးသားတို့သည် မည်သို့မည်ပုံ ဖျက်ဆီးခြင်းခံခဲ့ရသည်ဆိုသည့် ၎င်းတို့၏ရလဒ်ကို ဤအာယတ်တော်တွင် တွေ့ရှိရသည်။ အချို့အပေါ် ကျောက်စရစ်ခဲများ အများအပြားရွာချစေသည့် လေမုန်တိုင်းများကျရောက်ခဲ့ပြီး ယင်းကြောင့် ၎င်းတို့ပျက်စီးချုပ်ငြိမ်းခဲ့ရသည်။ အချို့ကို ကြောက်မက်ဖွယ်မြည်ဟည်းသံကြီးက လာရောက်ဖမ်းဆီးခဲ့↗

مَثَلُ الَّذِيْنَ اتَّخَذُوْا مِنْ دُوْنِ اللّٰهِ اَوْلِيَآءَ كَمَثَلِ الْعَنْكَبُوْتِ ۚ اِتَّخَذَتْ بَيْتًا ۭ وَاِنَّ اَوْهَنَ الْبُيُوْتِ لَبَيْتُ الْعَنْكَبُوْتِ ۘ لَوْ كَانُوْا يَعْلَمُوْنَ ۝

၄၂။ အလ္လာဟ်အားစွန့်၍ အခြားသော အဆွေခင်ပွန်းများကို စွဲကိုင်သူတို့၏ဥပမာသည်ကား ပင့်ကူပမာဖြစ်၏။ယင်း(ပင့်ကူ)သည် အိမ်တစ်ခုကိုပြုလုပ်၏။ စင်စစ် အိမ်အပေါင်းတို့တွင် ပင့်ကူအိမ်သည် အချည့်နဲ့ဆုံးဖြစ်၏။ ဤသည်ကို ယင်းတို့သိကြလျှင် ကောင်းပေစွ။

اِنَّ اللّٰهَ يَعْلَمُ مَا يَدْعُوْنَ مِنْ دُوْنِهٖ مِنْ شَيْءٍ ۭ وَهُوَ الْعَزِيْزُ الْحَكِيْمُ ۝

၄၃။ ဧကန်စင်စစ် အလ္လာဟ်မှလွဲ၍ ယင်းတို့ ဟစ်ခေါ်တမ်းတသည့်အရာဟူသမျှကို အလ္လာဟ်သည် သိရှိတော်မူ၏။ ဧကန်စင်စစ် ထိုအရှင်မြတ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَتِلْكَ الْاَمْثَالُ نَضْرِبُهَا لِلنَّاسِ ۚ وَمَا يَعْقِلُهَآ اِلَّا الْعٰلِمُوْنَ ۝

၄၄။ ဤသည် ဥပမာပုံဆောင်ချက်များဖြစ်ပြီး ယင်းကို ငါတို့သည် လူသားတို့ရှေ့တွင် ဖော်ပြတော်မူ၏။ သို့သော် အသိပညာရှိသူတို့မှတစ်ပါး ယင်းကို မည်သူမျှနားမလည်ကြချေ။

خَلَقَ اللّٰهُ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ ۭ اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّلْمُؤْمِنِيْنَ ۝

၄၅။ အလ္လာဟ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ထိုက်သင့်မှန်ကန်စွာဖြင့် ဖန်ဆင်းတော်မူ၏။ ဧကန်စင်စစ် ယင်း၌ သက်ဝင်ယုံကြည်သူတို့အဖို့ အလွန်ကြီးကျယ်သောနိမိတ်လက္ခဏာတစ်ရပ် ရှိသတည်း။

ရုကူး-၅

اُتْلُ مَآ اُوْحِيَ اِلَيْكَ مِنَ الْكِتٰبِ وَاَقِمِ الصَّلٰوةَ ۭ اِنَّ الصَّلٰوةَ تَنْهٰى عَنِ الْفَحْشَاۗءِ وَالْمُنْكَرِ ۭ وَلَذِكْرُ اللّٰهِ اَكْبَرُ ۭ وَاللّٰهُ يَعْلَمُ مَا تَصْنَعُوْنَ ۝

၄၆။ အသင်သည် ကျမ်းတော်မှ အသင့်ထံ 'ဝဟီ'ဗျာဒိတ်ပို့ချသည်များကို ဖတ်ရွတ်ပြပါလေ။ ထို့ပြင် 'ဆွလာတ်'ဝတ်ပြုမှုကို မြဲမြံစွာဆောက်တည်ပါလေ။ အမှန်စင်စစ် 'ဆွလာတ်'သည် အရှက်ကင်းမဲ့ခြင်းနှင့် အလုံးစုံသော မနှစ်မြို့ဖွယ်အကြောင်းကိစ္စများမှ ဟန့်တားလေသည်။ ထို့ပြင် အလ္လာဟ်အား သတိရတသခြင်း 'ဇိကီရ်'သည် ဧကန်ပင် အားလုံး(သော'ဇိကီရ်'တို့)ထက် ကြီးမြတ်ပေသည်။ စင်စစ် အလ္လာဟ်သည် အသင်တို့ပြုလုပ်သည်တို့ကို သိရှိတော်မူ၏။

وَلَا تُجَادِلُوْٓا اَهْلَ الْكِتٰبِ اِلَّا بِالَّتِيْ هِيَ اَحْسَنُ ۡ اِلَّا الَّذِيْنَ ظَلَمُوْا مِنْهُمْ وَقُوْلُوْٓا اٰمَنَّا بِالَّذِيْٓ اُنْزِلَ اِلَيْنَا وَاُنْزِلَ اِلَيْكُمْ وَاِلٰهُنَا وَاِلٰهُكُمْ وَاحِدٌ وَّنَحْنُ لَهٗ

၄၇။ ထို့ပြင် ကျမ်းရသူတို့အနက် မတရားကျူးလွန်သူများမှအပ ကျန်သူများနှင့် အကောင်းဆုံး(သက်သေသာဓက)ဖြင့် အချေအတင်ပြောဆိုပါလေ။ ထို့ပြင် (ယင်းတို့အား ဤသို့)ပြောကြားပါလေ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထံ ပို့ချသည်များကိုလည်းကောင်း၊ အသင်တို့ထံ ပို့ချသည်များကိုလည်းကောင်း သက်ဝင်ယုံကြည်ကြပါ၏။ ကျွန်ုပ်တို့၏ ကိုးကွယ်ရာအရှင်နှင့်

➤ လေသည်။ အချို့မူကား မြေလျှင်များကြောင့် မြေကြီးတွင်နစ်မြုပ်ခဲ့ကြရသည်။ အချို့မှာမူ ရေနစ်၍ပျက်စီးခဲ့ကြရသည်။ ယေဘုယျအားဖြင့် နဗီတမန်တော်များကို ဆန့်ကျင်ရန်ပြုသူတို့အား ဖျက်ဆီးပစ်ရန်အတွက် ဤနည်းလမ်း လေးမျိုးကိုသာ အသုံးပြုလေ့ရှိပေသည်။

مُسْلِمُوْنَ ﴿۱۱۱﴾

အသင်တို့၏ ကိုးကွယ်ရာအရှင်သည် တစ်ပါးတည်းသာ ဖြစ်တော်မူ၏။ ကျွန်ုပ်တို့သည် ထိုအရှင်မြတ်ကိုသာလျှင် ကျိုးနွံနာခံသူများဖြစ်ကြ၏။

وَكَذٰلِكَ اَنْزَلْنٰۤـهُ اٰيٰتٍۢ بَيِّنٰتٍ ؕ فَالَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ يُؤْمِنُوْنَ بِهٖ ۚ وَ مِنْ هٰۤؤُلَآءِ مَنْ يُّؤْمِنُ بِهٖ ؕ وَمَا يَجْحَدُ بِاٰيٰتِنَاۤ اِلَّا الْكٰفِرُوْنَ ﴿۱۱۲﴾

၄၈။ ဤကဲ့သို့ပင် ငါတို့သည် အသင့်ထံသို့ ကျမ်းဂန်ကိုပို့ချတော်မူ၏။ သို့ဖြစ်ရာ ငါတို့က ကျမ်းဂန်ကို ပေးသနားတော်မူခဲ့သောသူတို့သည် (အသင့်ထံပို့ချသော) ယင်း(ကျမ်းတော်)ကို သက်ဝင်ယုံကြည်ကြ၏။ ထို့ပြင် ယင်း(ကျမ်းကိုရသူတို့)အနက် မှလည်း (ဤကဲ့သို့သောအုပ်စု)ရှိ၏။ သူတို့သည် ယင်း(ကျမ်းတော်)အား သက်ဝင်ယုံကြည်ကြ၏။ စင်စစ် ငါတို့၏ 'အာယတ်'တော်များကို 'ကာဖိရ်'မယုံကြည်ငြင်းပယ်သူတို့မှတစ်ပါး အခြားမည်သူမျှ ငြင်းပယ်ကြသည်မဟုတ်ချေ။

وَمَا كُنْتَ تَتْلُوْا مِنْ قَبْلِهٖ مِنْ كِتٰبٍ وَّلَا تَخُطُّهٗ بِيَمِيْنِكَ اِذًا لَّارْتَابَ الْمُبْطِلُوْنَ ﴿۱۱۳﴾

၄၉။ စင်စစ် အသင်သည် ဤသည့်အလျင်က မည်သည့်ကျမ်းဂန်ကိုမျှ ဖတ်ရွတ်ခဲ့သည်မဟုတ်ချေ။ ထို့ပြင် အသင်သည် မိမိလက်ယာလက်ဖြင့် ယင်းကိုရေးသားခဲ့သည် မဟုတ်ချေ။ အကယ်၍ ဤသို့ဖြစ်ခဲ့ပါမူ မဟုတ်မမှန်ဟု စွပ်စွဲပြောဆိုသူတို့သည် (အသင်နှင့်စပ်လျဉ်း၍) အမှန်ပင် သံသယပွားကြပေလိမ့်မည်။

بَلْ هُوَ اٰيٰتٌۢ بَيِّنٰتٌ فِيْ صُدُوْرِ الَّذِيْنَ اُوْتُوا الْعِلْمَ ؕ وَمَا يَجْحَدُ بِاٰيٰتِنَاۤ اِلَّا الظّٰلِمُوْنَ ﴿۱۱۴﴾

၅၀။ ထိုသို့မဟုတ်ချေ၊ ဤသည် အသိပညာကို ပေးခြင်းခံရသောသူတို့၏စိတ်နှလုံးများတွင် (ရေးထိုး)ထားသော ပွင့်လင်းထင်ရှားသည့် နိမိတ်လက္ခဏာတော်များဖြစ်၏။ စင်စစ် သော်ကား မတရားပြုသူတို့မှတစ်ပါး ငါတို့၏ နိမိတ်လက္ခဏာတော်များကို မည်သူမျှငြင်းပယ်ကြသည်မဟုတ်ချေ။

وَقَالُوْا لَوْلَاۤ اُنْزِلَ عَلَيْهِ اٰيٰتٌ مِّنْ رَّبِّهٖ ؕ قُلْ اِنَّمَا الْاٰيٰتُ عِنْدَ اللّٰهِ ؕ وَاِنَّمَاۤ اَنَا نَذِيْرٌ مُّبِيْنٌ ﴿۱۱۵﴾

၅၁။ ထို့ပြင် သူတို့က သူထံ သူ၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ နိမိတ်လက္ခဏာတော်များ အဘယ့်ကြောင့် မပို့ချပါသနည်းဟု ပြောကြ၏။ အသင်ပြောကြားပါလေ။ နိမိတ်လက္ခဏာတော်များသည် အလ္လာဟ်၏ထံတော်၌သာရှိ၏။ ကျွန်ုပ်မှာကား ပွင့်လင်းထင်ရှားသောသတိပေးနှိုးဆော်သူတစ်ဦးမျှသာဖြစ်၏။

اَوَلَمْ يَكْفِهِمْ اَنَّاۤ اَنْزَلْنَا عَلَيْكَ الْكِتٰبَ يُتْلٰى عَلَيْهِمْ ؕ اِنَّ فِيْ ذٰلِكَ لَرَحْمَةً وَّ ذِكْرٰى لِقَوْمٍ يُّؤْمِنُوْنَ ﴿۱۱۶﴾ ع

၅၂။ ငါတို့က သူတို့ထံ ကျမ်းတစ်စောင်ကို ပို့ချတော်မူပြီး သူတို့အား ဖတ်ကြားပြခြင်းသည်(ပင်လျှင်) သူတို့အဖို့ မလုံလောက်ပေသလော။ ဧကန်ပင် ယင်း၌ သက်ဝင်ယုံကြည်သူများအဖို့ ကြီးမားသောကရုဏာတော်သည်လည်းကောင်း၊ အလွန်ကြီးကျယ်သော အဆုံးအမသည်လည်းကောင်း ရှိပေသတည်း။

ရုကူး-၆

قُلْ كَفٰى بِاللّٰهِ بَيْنِيْ وَبَيْنَكُمْ شَهِيْدًا ۚ

၅၃။ အသင်ပြောကြားပါလေ။ ကျွန်ုပ်နှင့် အသင်တို့၏အကြားတွင် အလ္လာဟ်သည် သက်သေတော်အဖြစ် လုံလောက်

يَعْلَمُ مَا فِي السَّمٰوٰتِ وَالْاَرْضِ ؕ وَالَّذِيْنَ اٰمَنُوْا بِالْبَاطِلِ وَكَفَرُوْا بِاللّٰهِ ۙ اُولٰٓئِكَ هُمُ الْخٰسِرُوْنَ ۝

တော်မူ၏။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသည်တို့ကို သိရှိတော်မူ၏။ အကြင်သူတို့သည် မဟုတ်မမှန်သောအရာကို သက်ဝင်ယုံကြည်ကြကာ အလ္လာဟ်အား ငြင်းပယ်ကြ၏၊ ဤသူများသည်ပင် ဆုံးရှုံးသူများဖြစ်ကြ၏။

وَيَسْتَعْجِلُوْنَكَ بِالْعَذَابِ ؕ وَلَوْلَا اَجَلٌ مُّسَمًّى لَّجَآءَهُمُ الْعَذَابُ ؕ وَلَيَاْتِيَنَّهُمْ بَغْتَةً وَّهُمْ لَا يَشْعُرُوْنَ ۝

၅၄။ ထို့ပြင် ၎င်းတို့သည် 'အဇာဗ်'ပြစ်ဒဏ်ကို အဆောတလျင်ယူဆောင်လာရန် အသင့်ထံတောင်းဆိုကြ၏။ အကယ်၍ အချိန်ကာလသတ်မှတ်ထားခြင်းမရှိပါမူ မလွဲမသွေ ၎င်းတို့ထံ ပြစ်ဒဏ်သည် ရောက်ရှိလာမည်သာဖြစ်၏။ ထို့ပြင် ယင်း(ပြစ်ဒဏ်)သည် ၎င်းတို့ထံသို့ အမှန်ပင် ရုတ်တရက် ရောက်ရှိလာမည်ဖြစ်ရာ ယင်း(သို့ကျရောက်လာမည်)ကို သူတို့သည် အလျှင်းသိနိုင်ကြမည်မဟုတ်ချေ။

يَسْتَعْجِلُوْنَكَ بِالْعَذَابِ ؕ وَ اِنَّ جَهَنَّمَ لَمُحِيْطَةٌ ۢ بِالْكٰفِرِيْنَ ۝

၅၅။ ထိုသူတို့သည် အသင့်ထံ 'အဇာဗ်'ပြစ်ဒဏ်ကို အလျင်စလိုတောင်းခံကြ၏။ အမှန်သော်ကား 'ဂျဟန္နမ်'ငရဲသည် မယုံကြည်ငြင်းပယ်သူတို့အား အမှန်ပင် ဝိုင်းရံထားမည်ဖြစ်၏။

يَوْمَ يَغْشٰىهُمُ الْعَذَابُ مِنْ فَوْقِهِمْ وَمِنْ تَحْتِ اَرْجُلِهِمْ وَيَقُوْلُ ذُوْقُوْا مَا كُنْتُمْ تَعْمَلُوْنَ ۝

၅၆။ အကြင်နေ့တွင် 'အဇာဗ်'ပြစ်ဒဏ်သည် သူတို့အား အပေါ်မှလည်းကောင်း၊ သူတို့၏ခြေများအောက်မှလည်းကောင်း ဖုံးအုပ်လွှမ်းခြုံသွားပေလိမ့်မည်။ ထို့ပြင် (အလ္လာဟ်က) အသင်တို့ပြုလုပ်လေ့ရှိခဲ့သည်တို့ကို မြည်းစမ်းကြကုန်ဟု မိန့်ကြားတော်မူပေအံ့။

يٰعِبَادِيَ الَّذِيْنَ اٰمَنُوْٓا اِنَّ اَرْضِيْ وَاسِعَةٌ فَاِيَّايَ فَاعْبُدُوْنِ ۝

၅၇။ အို-သက်ဝင်ယုံကြည်ကြကုန်သော ငါ၏အစေတော်တို့၊ ငါအရှင်မြတ်၏ ကမ္ဘာမြေသည် အမှန်ပင် ကျယ်ဝန်းလှပေသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ကြကုန်။

كُلُّ نَفْسٍ ذَآئِقَةُ الْمَوْتِ ۫ ثُمَّ اِلَيْنَا تُرْجَعُوْنَ ۝

၅၈။ အသက်ဝိညာဉ်တိုင်းသည်သေခြင်း၏အရသာကို မြည်းစမ်းကြရပေမည်။ ထို့နောက် ငါတို့ထံသို့သာလျှင် အသင်တို့သည် ပြန်လှည့်ကြရပေမည်။

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَنُبَوِّئَنَّهُمْ مِّنَ الْجَنَّةِ غُرَفًا تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ؕ نِعْمَ اَجْرُ الْعٰمِلِيْنَ ۝

၅၉။ သက်ဝင်ယုံကြည်၍ ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်သူတို့အား ငါတို့သည် 'ဂျန္နတ်' ဥယျာဉ်တော်၌ အခြေတွင်စမ်းချောင်းများစီးဆင်းလျက်ရှိသည့် ဘုံမြင့်ဆောင်များအား အမှန်ပင် ပေးသနားတော်မူမည်။ သူတို့သည် ယင်း၌အမြဲထာဝစဉ်နေကြရပေမည်။ ကျင့်ကြံအားထုတ်သူတို့အဖို့ အဘယ်မျှကောင်းမြတ်သောအကျိုးဆုလာဘ်ရှိပေသနည်း။

الَّذِيْنَ صَبَرُوْا وَعَلٰى رَبِّهِمْ يَتَوَكَّلُوْنَ ۝

၆၀။ (ဤသူတို့သည်ကား) သည်းခံမြဲမြံကြပြီး မိမိတို့၏ ဖန်ဆင်းမွေးမြူရှင်အပေါ် ယုံပုံလွဲအပ်မှုရှိသူများပင်ဖြစ်၏။

وَكَاَيِّنْ مِّنْ دَآبَّةٍ لَّا تَحْمِلُ رِزْقَهَا ۖ اَللّٰهُ يَرْزُقُهَا وَاِيَّاكُمْ ۚ وَهُوَ السَّمِيْعُ الْعَلِيْمُ ۝

၆၀။ ကမ္ဘာမြေတွင် မိမိတို့၏ရိက္ခာကို သယ်ပိုးသွားလာခြင်း မပြုသော သက်ရှိများအဘယ်မျှရှိပေသနည်း။ အလ္လာဟ်သည် သာလျှင် ယင်းတို့အားလည်းကောင်း၊ အသင်တို့အားလည်းကောင်း ရိက္ခာပေးသနားတော်မူ၏။ စင်စစ် အရှင်မြတ်သည် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَئِنْ سَاَلْتَهُمْ مَّنْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ وَسَخَّرَ الشَّمْسَ وَالْقَمَرَ لَيَقُوْلُنَّ اللّٰهُ ۚ فَاَنّٰى يُؤْفَكُوْنَ ۝

၆၂။ ထို့ပြင် အကယ်၍ အသင်သည် ယင်းတို့အား မည်သူသည် မိုးကောင်းကင်များနှင့်ကမ္ဘာမြေကို ဖန်ဆင်းခဲ့သနည်း၊ ထို့ပြင် 'နေ'နှင့်'လ'ကို နာခံအလုပ်အကျွေးပြုစေခဲ့သနည်းဟု မေးမြန်းပါလျှင် သူတို့က 'အလ္လာဟ်'ဟု အမှန်ပင် ဖြေကြားကြပေလိမ့်မည်။ သို့ဖြစ်လျှင် (ယင်းတို့သည်) မည်သည့်ဘက်သို့ ပြန်လှည့်၍ သွားကြပေသနည်း။

اَللّٰهُ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ مِنْ عِبَادِهٖ وَيَقْدِرُ لَهٗ ۚ اِنَّ اللّٰهَ بِكُلِّ شَیْءٍ عَلِيْمٌ ۝

၆၃။ အလ္လာဟ်သည်ပင် မိမိ၏အစေတော်များအနက် မိမိနှစ်လို့တော်မူသောသူအဖို့ 'ရိဇ်ကီ'ရိက္ခာကို ကျယ်ပြောစေတော်မူ၏၊ ထို့ပြင် ထိုသူအဖို့ (ရိက္ခာကို)ကျပ်တည်းမှုလည်းဖြစ်စေတော်မူ၏။ ဧကန်စင်စစ် အလ္လာဟ်သည် အရာရာတိုင်းကို ကောင်းစွာသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။

وَلَئِنْ سَاَلْتَهُمْ مَّنْ نَّزَّلَ مِنَ السَّمَآءِ مَآءً فَاَحْيَا بِهِ الْاَرْضَ مِنْۢ بَعْدِ مَوْتِهَا لَيَقُوْلُنَّ اللّٰهُ ۚ قُلِ الْحَمْدُ لِلّٰهِ ۚ بَلْ اَكْثَرُهُمْ لَا يَعْقِلُوْنَ ۝ ع

၆၄။ ထို့ပြင် အကယ်၍အသင်သည် ထိုသူတို့အား ကောင်းကင်မှရေကိုချပေးပြီး၊ ယင်းအားဖြင့် ကမ္ဘာမြေကို သေပြီးသည့်နောက်တစ်ဖန် ရှင်သန်အောင်ပြုသူသည် မည်သူနည်းဟု မေးမြန်းပါလျှင် သူတို့က 'အလ္လာဟ်'ဟု အမှန်ပင် ဖြေကြားကြပေလိမ့်မည်။ အသင်ပြောကြားပါလေ၊ ချီးမွမ်းထောမနာခြင်းဟူသမျှသည် အလ္လာဟ်အဖို့သာဖြစ်၏။ သို့ရာတွင် ယင်းတို့အနက် အများစုသည် အသိဉာဏ်မရှိကြချေတည်း။

ရုကူ-၇

وَمَا هٰذِهِ الْحَيٰوةُ الدُّنْيَآ اِلَّا لَهْوٌ وَّلَعِبٌ ۭ وَاِنَّ الدَّارَ الْاٰخِرَةَ لَهِيَ الْحَيَوَانُ ۘ لَوْ كَانُوْا يَعْلَمُوْنَ ۝

၆၅။ စင်စစ် ဤလောကီဘဝသည် မေ့လျော့ပေါ့ဆမှုနှင့် ကစားခုန်စားမှုမှတစ်ပါး အခြားမဟုတ်ချေ။ အမှန်သော်ကား နောင်တမလွန်၏အိမ်တော်သည်သာလျှင် စစ်မှန်သောဘဝဖြစ်၏။ ယင်းတို့သိရှိကြလျှင် ကောင်းပေစွ။

فَاِذَا رَكِبُوْا فِي الْفُلْكِ دَعَوُا اللّٰهَ مُخْلِصِيْنَ لَهُ الدِّيْنَ ۚ فَلَمَّا نَجّٰىهُمْ اِلَى الْبَرِّ اِذَا هُمْ يُشْرِكُوْنَ ۝

၆၆။ သို့ဖြစ်ရာ ယင်းတို့သည် လှေသင်္ဘော စီးနင်းကြသောအခါ (အလ္လာဟ်အား လုံးဝညှိုယှိုကြည်အားကိုးပြီး) မိမိ၏သာသနာကို အရှင်မြတ်အဖို့ လုံးလုံးလျားလျားဖြစ်စေလျက် အလ္လာဟ်အားဟစ်ခေါ်တမ်းတကြပေသည်။ ထို့နောက် အရှင်မြတ်သည်သူတို့အား ကုန်းမြေဘက်သို့ ကယ်တင်ဆောင်ယူသွားတော်မူသောအခါ သူတို့သည် ရုတ်ခြည်းပင် အခြား အရာများကို အရှင်မြတ်နှင့်ယှဉ်တွဲကိုးကွယ်မှု ပြုကြလေ၏။

لِيَكْفُرُوْا بِمَآ اٰتَيْنٰهُمْ ۚ وَ لِيَتَمَتَّعُوْا ۣ فَسَوْفَ يَعْلَمُوْنَ ۝٦٦

၆၇။ သို့ဖြင့် သူတို့သည် ငါတို့က သူတို့အား ပေးသနားတော်မူထားသည်များကို ကျေးဇူးကန်းကြအံ့သောငှာဖြစ်၏။ ထို့ပြင် ၎င်းတို့သည် ယာယီအကျိုးကျေးဇူးအချို့ကို ရရှိခံစားကြရန် ဖြစ်၏။ သို့ဖြစ်ရကား ထိုသူတို့သည် မကြာမြင့်မီ (ယင်း၏ရလဒ်ကို) သိရှိကြရပေအံ့။

اَوَلَمْ يَرَوْا اَنَّا جَعَلْنَا حَرَمًا اٰمِنًا وَّ يُتَخَطَّفُ النَّاسُ مِنْ حَوْلِهِمْ ۭ اَفَبِالْبَاطِلِ يُؤْمِنُوْنَ وَ بِنِعْمَةِ اللّٰهِ يَكْفُرُوْنَ ۝٦٧

၆၈။ ငါတို့သည် တစ်ခုသော လုံခြုံငြိမ်းချမ်းသည့် 'ဟရမ်' ထွတ်မြတ်ရာနယ်မြေ ပြုလုပ်တော်မူခဲ့သည်ကို ထိုသူတို့ မတွေ့မြင်ကြပေသလော။ စင်စစ် ယင်း၏အနီးဝန်းကျင်မှ လူတို့သည် ထိုးသုတ်ခြင်းခံကြရပေသည်။ သို့ဖြစ်ရာ သူတို့သည် အမှားကိုသက်ဝင်ယုံကြည်ကြပြီး အလ္လာဟ်၏ 'နေ့အ်မတ်'ကောင်းချီးဆုလာဘ်တော်များကို ငြင်းပယ်ကြမည်လော။

وَمَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَى اللّٰهِ كَذِبًا اَوْ كَذَّبَ بِالْحَقِّ لَمَّا جَآءَهٗ ۭ اَلَيْسَ فِيْ جَهَنَّمَ مَثْوًى لِّلْكٰفِرِيْنَ ۝٦٨

၆၉။ အလ္လာဟ်အားအကြောင်းခံ၍ ကြီးစွာသော မဟုတ်မမှန် လိမ်ဆယ်ပြောဆိုမှုပြုသော၊ သို့မဟုတ် သူ့ထံ အမှန်တရား ရောက်ရှိလာသောအခါ မဟုတ်မမှန်ဟု စွပ်စွဲပြောဆိုသောသူထက်ပိုမို၍ မတရားသောသူ အဘယ်သူရှိအံ့နည်း။ 'ကာဖိရ်'မယုံကြည်ငြင်းပယ်သူတို့အဖို့ 'ဂျဟန္နမ်'ငရဲ၌နေထိုင်ရန် နေရာဌာနမရှိပေသလော။

وَالَّذِيْنَ جَاهَدُوْا فِيْنَا لَنَهْدِيَنَّهُمْ سُبُلَنَا ۭ وَ اِنَّ اللّٰهَ لَمَعَ الْمُحْسِنِيْنَ ۝٦٩ۧ

၇၀။ ထို့ပြင် ငါတို့နှင့်စပ်လျဉ်း၍ ကြိုးပမ်းအားထုတ်မှုပြုသောသူတို့ကိုမူ ငါတို့သည် အမှန်ပင် သူတို့အား မိမိ၏ လမ်းများဘက်သို့ လမ်းညွှန်တော်မူပေအံ့။ ဧကန်ပင် အလ္လာဟ်သည် ကောင်းမှုကျင့်ကြံပွားများသူတို့နှင့်အတူ ရှိတော်မူပေသတည်း။

❖ ❖ ❖

၃၀။ အလ်–ရွန်း(မ်)

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ် တော်ပေါင်း(၆၁)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၏အဦးအစသည်လည်း 'မိုကာတ္တီအတ်'သခေါ်ပအက္ခရာစုဖြစ်သော 'အလီဖ်၊လာမ်၊ မိမ်'ဖြင့် အစပြုထားသည်။ 'အလီဖ်၊ လာမ်၊ မိမ်'ဖြင့် အစပြုသောဆူရာဟ်များတွင် အလ္လာဟ်အရှင် မြတ်သည် အားလုံးထက်ပိုမို၍သိတော်မူပြီး၊ မည်သို့ဖြစ်ခဲ့သည် မည်သို့ဖြစ်ပျက်မည်ဆိုသည့် အတိတ် အနာဂတ်နှစ်ရပ်ကို သိရှိတော်မူကြောင်းဖော်ပြထားပေသည်။ ဤဆူရာဟ်၏အလျင်လာရှိသော ဆူရာဟ် (၂၉)၏နိဂုံးတွင် အလ္လာဟ်အရှင်မြတ်သည် ကောင်းမှုပြုသူများနှင့် မလွဲကေန် အတူရှိတော်မူကြောင်း ဖော်ပြထားပြီး အားလုံးတို့ထက်ပို၍ ကောင်းမှုပွားများသူမှာ တမန်တော်မြတ်ﷺပင် ဖြစ်သည်။ သို့ဖြစ်ရာ ကိုယ်တော်မြတ်အားထပ်မံ၍ အောင်ပွဲများပေးသနားတော်မူမည်ဖြစ်ကြောင်း သတင်းကောင်းပေးထား တော်မူပြီး ယင်းအကြောင်းကို ဤဆူရာဟ်၏နေရာများစွာတွင် ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

ဦးစွာပထမ ကြိုတင်နိမိတ်ဟောကြားချက်အသွင်ဖြင့် ဤသို့ဖော်ပြထား၏။ 'ပါရှင်'မှ 'မူရှရိုက်' တို့သည် မည်သို့ဆိုစေ ဘုရားတစ်ဆူဝါဒကို ကြွေးကြော်မှုပြုကြသော ရောမခရစ်ယာန် အင်ပါယာနှင့် ရင်ဆိုင်ယှဉ်ပြိုင်လျက် ရောမတို့၏ နယ်နိမိတ်အနည်းငယ်ကို အောင်နိုင်ကြပေရာ ယင်းကို (မက္ကာမြို့ သား) မူရှရိုက်များက မိမိတို့သည်လည်း အလ္လာဟ်အရှင်မြတ်ဘက်သို့ ရည်ညွှန်းသူ(မွတ်စလင်)များအပေါ် နောက်ဆုံး၌ အောင်ပွဲခံကြရလိမ့်မည်ဟု နိမိတ်ကောက်ခဲ့ကြပေသည်။ ဤဆူရာဟ်တွင် ထိုကဲ့သို့ အလျင်း ဖြစ်လိမ့်မည်မဟုတ်၊ ရောမတို့သည် မိမိတို့ ဆုံးရှုံးခဲ့သော နယ်မြေဒေသကို ပါရှင်'မူရှရိုက်'များထံမှ ပြန်လည်သိမ်းပိုက်ကြမည်ဖြစ်ပြီး ထိုအခါ မွတ်စလင်များကလည်း (အင်နှာရှာအလ္လာဟ်) ရုပ်တု ကိုးကွယ်သူများအပေါ် ကြီးကျယ်သောအောင်ပွဲကို ရရှိကြလိမ့်မည်ဟူ၍ မျှော်လင့်လျက် ဝမ်းမြောက်ပျော်ရွှင်ကြ လိမ့်မည်ဟု ကြေညာထားပေသည်။

ဤအနာဂတ်တိစကားဟောကြားခဲ့စဉ်က မွတ်စလင်များသည် အလွန်အင်အားချည့်နဲ့လျက်ရှိခဲ့ ပြီး သူတို့အောင်ပွဲရနိုင်လိမ့်မည်ဟူ၍ ပြောဆိုနိုင်စွမ်းမရှိသောအချိန်ကာလမျိုးတွင် ဟောကြားခဲ့ခြင်းဖြစ် သည်။ ဤအနာဂတ်တိဟောကြားချက်၌ မွတ်စလင်များသည် 'မူရှရိုက်'တို့၏ ကြီးကျယ်ခမ်းနားလှသော အုပ်ချုပ်ရေး(ပါရှင်အင်ပါယာ)ကို အောင်နိုင်လိမ့်မည်ဟု အနာဂတ်တိကတိတော်သည် ဝှက်ကွယ်လျက် ပါရှိလေသည်။ ထိုသို့ ကြိုတင်နိမိတ်ဟောကြားခဲ့သည့်အတိုင်းလည်းဖြစ်ခဲ့ပေသည်။

ဤမျှထင်ရှားလှသော သက်သေသာဓကကို မြင်တွေ့ရသော်ငြားလည်း လူများသည် အလ္လာဟ် အရှင်မြတ်တည်ရှိတော်မူကြောင်းကို ငြင်းပယ်လျက်ရှိကြပေရာ ဤအစစ်အမှန်သဘောကို ပိုမို သဘောပေါက်ရန် ဤသို့ထပ်မံ၍ စူးစိုက်စေခဲ့ပေသည်။ ၎င်းတို့သည် ကမ္ဘာမြေနှင့် မိုးကောင်းကင် သို့မဟုတ် မိမိတို့၏စိတ်ဝိညာဉ်များကို စဉ်းစားသုံးသပ်ခြင်း မပြုကြပေသလော။ အလ္လာဟ်အရှင်မြတ် တည်ရှိတော်မူခြင်း၏ သက်သေအထောက်အထားများကို မိမိတို့၏ အတွင်းအဇ္ဈတ္တတွင်လည်းကောင်း ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့တွင်လည်းကောင်း မြင်တွေ့နိုင်ကြမည်ဖြစ်ပေသည်။ တစ်ဖန် ၎င်းတို့အား ရှေးလူများ၏ အမှတ်လက္ခဏာများဘက်သို့လည်း အာရုံစိုက်စေခဲ့ပေသည်။ အကယ်၍ ၎င်းတို့သည် မိမိတို့၏ အခြေအနေကိုမသိရှိကြပါလျှင် ရှေးလူမျိုးနွယ်တို့၏ နောက်ဆုံးရလဒ်ကို လေ့လာသုံးသပ်ကြ

ရပေမည်။ ယင်းတို့သည် လောကီရေးအရ အလွန်ကြီးကျယ်ခမ်းနားလှသော အမျိုးသားများဖြစ်ကြပြီး ကိုယ်တော်မြတ်ﷺ၏ လက်ထက်တွင်ရှိနေကြသော လူမျိုးနွယ်ထက်ပိုမို၍ ကမ္ဘာမြေကို စည်ကားအောင် ပြုလုပ်ခဲ့ကြပေသည်။ သို့ရာတွင် သူတို့ထံသို့ တမန်တော်ရောက်ရှိလာပြီး ထိုတမန်တော်ကို သူတို့ ငြင်းပယ်ကြသည့်အခါတွင်မူကား သူတို့၏ကြီးကျယ်ခမ်းနားမှုများသည် မြေခသွားခဲ့ကြရပေသည်။

ထို့နောက်တွင်မူ အမျိုးမျိုးသောဥပမာများဖြင့် ဤအကြောင်းကို ဆက်လက်ဖော်ပြထားပေသည်။ အသင်တို့သည် မည်သည့်ဘက်သို့ပင် လေ့လာကြည့်ရှုသည်ဖြစ်စေ ယင်း၌ ဘဝအသက်၏နောက်တွင် သေခြင်းကိုလည်းကောင်း၊ သေခြင်း၏နောက်တွင် ဘဝအသက်ကိုလည်းကောင်း ဖော်ကျူးသည့် အကြောင်းအရာများ ပြန့်ကျဲလျက်ရှိသည်ကို မြင်တွေ့ကြရပေမည်။ သို့ရာတွင် ဝမ်းနည်းဖွယ်ကောင်း သည်မှာ လူသားသည် ယင်းကို လေ့လာသုံးသပ်မှုမပြုခြင်းပင် ဖြစ်သည်။ ဤစနစ်တစ်ခုလုံး၏ နောက်ဆုံး သောစခန်းသည် လူသားကို ဤလောကအတွက် အဖန်တလဲလဲအသက်ရှင်အောင် ပြုပေးရန်မဟုတ်ချေ။ နောက်ဆုံးသောဘဝသည်ကား လူသားသည် စာရင်းစစ်ကြောခြင်းကိုခံယူရန်အတွက် အလွှာဟ်အရှင် မြတ်၏ရှေ့တော်သို့ တင်သွင်းခြင်းကို ခံရခြင်းပင်ဖြစ်ပေသည်။

သို့ဖြစ်ရာ ကိုယ်တော်မြတ်ﷺအား ထပ်မံ၍တစ်ကြိမ် အသင်သည် သည်းခံမှုကိုပြုပါလေ၊ မည်သို့ဆိုစေ အလွှာဟ်၏ကတိတော်သည် မှန်ကန်၏၊ သက်ဝင်ယုံကြည်မှုမရှိကြသောသူတို့၏ပြုမူချက် သည် အသင့်အား မိမိ၏ရပ်တည်ချက်မှ သွေဖည်နောက်ဆုတ်မသွားစေလင့်ဟူ၍ သွန်သင်ဆုံးမတော်မူ ထားပေသည်။ တမန်တော်မြတ်ﷺအား သည်းခံမှုပြုရန် ဆုံးမထားတော်မူပေရာ ဤတွင် 'ဆဘာရ်' (သည်းခံခြင်း)၏ ဆိုလိုရင်းမှာ ကောင်းမှုများကို ဖက်တွယ်ထားလျက် မည်သို့သောအခြေအနေတွင်မျှ အမှန်တရားကို မစွန့်လွှတ်ခြင်းပင်ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ရွန်းမ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၆၁)ပိုဒ် ရှုကူ (၆)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

الٓمّٓ ①

၂။ أَنَا اللّٰهُ أَعْلَمُ ငါအလ္လာဟ်သည် အားလုံးထက်ပို၍ သိတော်မူသောအရှင် ဖြစ်တော်မူ၏။

غُلِبَتِ الرُّوْمُ ②

၃။ ရောမနိုင်ငံသားတို့ အရေးနိမ့်ခဲ့ကြပေပြီ၊

فِيْٓ اَدْنَى الْاَرْضِ وَهُمْ مِّنْۢ بَعْدِ غَلَبِهِمْ سَيَغْلِبُوْنَ ③

၄။ နီးသောနယ်မြေဒေသ၌(ဖြစ်၏)။ သို့သော်သူတို့သည် မိမိတို့အရေးနိမ့်ပြီးသည့်နောက်တွင် တစ်ဖန် အမှန်ပင် အောင်နိုင်မှုကို ရရှိကြပေလိမ့်မည်၊

فِيْ بِضْعِ سِنِيْنَ ۭ لِلّٰهِ الْاَمْرُ مِنْ قَبْلُ وَمِنْۢ بَعْدُ ۭ وَيَوْمَىِٕذٍ يَّفْرَحُ الْمُؤْمِنُوْنَ ④

၅။ သုံးနှစ်မှ ကိုးနှစ် ကာလအတွင်းဖြစ်၏။ ယခင်ကလည်းကောင်း၊ နောင်တွင်လည်းကောင်း အလ္လာဟ်၏အမိန့် အာဏာတော်သည်သာလျှင် (သက်ရောက်မှု) ရှိပေသည်။ ထို့ပြင် ထိုနေ့တွင် 'မို့အ်မင်န်' ယုံကြည်သူတို့သည် (မိမိတို့ အောင်နိုင်ခြင်းကြောင့်) လွန်စွာမှ ပျော်ရွှင်ဝမ်းမြောက်ကြပေလိမ့်မည်။

بِنَصْرِ اللّٰهِ ۭ يَنْصُرُ مَنْ يَّشَاۗءُ ۭ وَهُوَ الْعَزِيْزُ الرَّحِيْمُ ⑤

၆။ (ယင်းသည်) အလ္လာဟ်၏ ကူညီစောင်မမှုဖြင့် (ဖြစ်လိမ့်မည်)။ အရှင်မြတ်သည် မိမိအလိုရှိတော်မူသူကို ကူညီစောင်မတော်မူ၏။ စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့လွန်မိုးအောင်နိုင်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَعْدَ اللّٰهِ ۭ لَا يُخْلِفُ اللّٰهُ وَعْدَهٗ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ⑥

၇။ (ဤသည်) အလ္လာဟ်၏ကတိတော်(ဖြစ်၏)။ အလ္လာဟ်သည် မိမိ၏ကတိတော်ကို ဖောက်ဖျက်တော်မူသည် မဟုတ်ချေ။ သို့သော် များစွာသောသူတို့သည် နားမလည်ကြချေ။ ①

يَعْلَمُوْنَ ظَاهِرًا مِّنَ الْحَيٰوةِ الدُّنْيَا ۡ وَهُمْ

၈။ ယင်းတို့သည် အပေါ်ယံ လောကီဘဝကိုသာ သိကြ၏။ နောင်တမလွန်နှင့်စပ်လျဉ်း၍မူ ယင်းတို့သည် မေ့လျော့

① အာယတ်တော်(၃ မှ ၇ ထိ)- ဆူရာဟ် 'အလ်-ရွန်းမ်'၏အဦးအစအာယတ်တော်များတွင် غُلِبَتِ الرُّوْمُ ၏ဆိုလိုရင်းမှာ ရောမအင်ပါယာသည် မီးကိုးကွယ်သည့် ခုစ်ရိုး(ပါရှင်အင်ပါယာ)နှင့် အနီးအနားဒေသတွင် စစ်ပွဲဖြစ်ခဲ့စဉ် ရောမတို့အရေးနိမ့်ခဲ့ကြောင်းကို ဖော်ပြထားခြင်းဖြစ်ပေသည်။ သို့ရာတွင် တစ်ဆက်တည်းမှာပင် ရောမတို့သည် အီရန်တို့အားပြန်လည်အောင်နိုင်လိမ့်မည်ဖြစ်ကြောင်းနှင့် ဤအဖြစ်အပျက်သည် ကိုးနှစ်အတွင်းဖြစ်လာလိမ့်မည်ဟု အနာဂတ်စကားဟောကြားထားပေသည်။ ဤသည်မှာလည်း တမန်တော်မြတ်၏မှန်ကန်မှုကို သက်သေပြသည့် ကြီးကျယ်သော သာဓကတစ်ရပ်ဖြစ်ပြီး အကွယ်မှအရာများကို သိရှိတော်မူသော အလ္လာဟ်အရှင်မြတ်သည်သာလျှင် ကိုယ်တော်မြတ်အား ဤသတင်းကိုပေးတော်မူခဲ့ခြင်းဖြစ်သည်။

ဤအာယတ်တော်များ၌ပင် မွတ်စလင်တို့သည် နောက်ဆုံးတွင် အောင်နိုင်မှုကိုရရှိမည်ဖြစ်ကြောင်း ကြိုတင်နိမိတ်ဟောကြားထားပြီး ယင်းသည်လည်း ကြီးမားသောဂုဏ်အရှိန်အဝါဖြင့်ပြည့်စုံခြင်းသို့ရောက်ခဲ့ပေသည်။ ဤအောင်မြင်မှုကို بِضْعِ سِنِيْنَ သုံးနှစ်မှ ကိုးနှစ်အတွင်း 'ဘဒါရ်'စစ်ပွဲ၌ ရရှိခဲ့ပေသည်။

عَنِ الْاٰخِرَةِ هُمْ غٰفِلُوْنَ ۝

ပေါ့ဆလျက်ရှိကြ၏။

اَوَلَمْ يَتَفَكَّرُوْا فِيْٓ اَنْفُسِهِمْ ۭ مَا خَلَقَ اللّٰهُ السَّمٰوٰتِ وَالْاَرْضَ وَمَا بَيْنَهُمَآ اِلَّا بِالْحَقِّ وَاَجَلٍ مُّسَمًّى ۭ وَاِنَّ كَثِيْرًا مِّنَ النَّاسِ بِلِقَاۗئِ رَبِّهِمْ لَكٰفِرُوْنَ ۝

၉။ အသို့နည်း ယင်းတို့သည် မိမိတို့၏ စိတ်ဝိညာဉ်များကို လေ့လာသုံးသပ်ခြင်း မပြုကြပေသလော။ (ယင်းမှာ)အလ္လာဟ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကိုလည်းကောင်း၊ ယင်းနှစ်ခုအကြားရှိအရာများကိုလည်းကောင်း ထိုက်သင့်မှန်ကန်စွာဖြင့် သတ်မှတ်ထားသော အချိန်ကာလတစ်ရပ်အတွက်မှတစ်ပါး အခြားအတွက် ဖန်ဆင်းထားတော်မူသည်မဟုတ်ချေ။ ဧကန်စင်စစ် လူတို့အနက် များစွာသောသူတို့သည် မိမိတို့၏ဖန်ဆင်းရှင်နှင့်တွေ့ဆုံရမည်ကို အမှန်ပင် မယုံကြည်ငြင်းပယ်သူများဖြစ်ကြ၏။

اَوَلَمْ يَسِيْرُوْا فِي الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ مِنْ قَبْلِهِمْ ۭ كَانُوْٓا اَشَدَّ مِنْهُمْ قُوَّةً وَّاَثَارُوا الْاَرْضَ وَعَمَرُوْهَآ اَكْثَرَ مِمَّا عَمَرُوْهَا وَجَاۗءَتْهُمْ رُسُلُهُمْ بِالْبَيِّنٰتِ ۭ فَمَا كَانَ اللّٰهُ لِيَظْلِمَهُمْ وَلٰكِنْ كَانُوْٓا اَنْفُسَهُمْ يَظْلِمُوْنَ ۝

၁၀။ အသို့နည်း ယင်းတို့သည် ကမ္ဘာမြေတွင် လှည့်လည်သွားလာကြပြီး မိမိတို့အလျင်ကရှိခဲ့သူတို့၏ နောက်ဆုံးရလဒ်မည်သို့ရှိခဲ့သည်ကို မစူးစမ်းကြသလော။ ထိုသူတို့သည် ယင်းတို့ထက် ပိုမိုအင်အားကြီးမားကြ၏။ ထို့ပြင် စည်ကားအောင် ယင်းတို့ဆောင်ရွက်ကြသည်ထက် ထိုသူတို့သည် မြေကြီးကိုထွန်ယက်၍ လူနေအိမ်ခြေပိုမိုစည်ကားအောင် ပြုလုပ်ခဲ့ကြပေသည်။ ထို့နောက် သူတို့ထံသို့ သူတို့၏ တမန်တော်များသည် ပွင့်လင်းထင်ရှားသော နိမိတ်လက္ခဏာတော်ကို ယူဆောင်၍လာခဲ့၏။ သို့ဖြင့် အလ္လာဟ်သည် သူတို့ကို မတရားပြုတော်မူသည်မဟုတ်ချေ။ ထိုသူတို့ကိုယ်တိုင်ပင် မိမိတို့၏အသက်ဝိညာဉ်များကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြပေသည်။

ثُمَّ كَانَ عَاقِبَةَ الَّذِيْنَ اَسَاۗءُوا السُّوْٓآٰى اَنْ كَذَّبُوْا بِاٰيٰتِ اللّٰهِ وَكَانُوْا بِهَا يَسْتَهْزِءُوْنَ ۝ ۧ

၁၀။ တစ်ဖန် မကောင်းမှုကျူးလွန်ကြသောသူတို့၏ ရလဒ်သည် လွန်စွာမှဆိုးရွားလှပေသည်။ အကြောင်းမူ သူတို့သည် အလ္လာဟ်၏ နိမိတ်လက္ခဏာတော်များကို မဟုတ်မမှန်ဟုငြင်းပယ်ခဲ့ကြပြီး ယင်းအား လှောင်ပြောင်သရော်ခဲ့ကြပေသတည်း။

ရုကူး-၂

اَللّٰهُ يَبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ ثُمَّ اِلَيْهِ تُرْجَعُوْنَ ۝

၁၂။ အလ္လာဟ်သည် ဖန်ဆင်းခြင်းကို စတင်ပြုလုပ်တော်မူ၍ တစ်ဖန် ယင်းကို ထပ်မံ၍ပြုလုပ်တော်မူ၏။ စင်စစ် အသင်တို့သည် အရှင်မြတ်ထံတော်သို့သာလျှင် ပြန်လည်၍သွားရောက်ကြရပေမည်။

وَيَوْمَ تَقُوْمُ السَّاعَةُ يُبْلِسُ الْمُجْرِمُوْنَ ۝

၁၃။ 'ကေယာမတ်' ဆိုက်ရောက်လာမည့်အခါ အပြစ်ရှိသူတို့သည် စိတ်ဓာတ်ကျဆင်းသွားကြပေလိမ့်မည်။

وَلَمْ يَكُنْ لَّهُمْ مِّنْ شُرَكَاۗىِٕهِمْ شُفَعٰٓؤُا وَكَانُوْا بِشُرَكَاۗىِٕهِمْ كٰفِرِيْنَ ۝

၁၄။ ထို့ပြင် ယင်းတို့(ထင်မြင်ယူဆခဲ့သော) အလ္လာဟ်နှင့်တန်းတူယှဉ်တွဲကိုးကွယ်ရာများအနက်မှ ယင်းတို့အား ကြားဝင်အသနားခံ လျှောက်လဲပေးမည့်သူ မည်သူမျှရှိမည်မဟုတ်

ချေ။ ယင်းတို့သည် မိမိတို့(ပြုလုပ်ဖန်တီးထားသော) ယှဉ်တွဲကိုးကွယ်ရာများကို (ကိုယ်တိုင်ပင်) ငြင်းပယ်သူများ ဖြစ်ကြပေလိမ့်မည်။

وَيَوْمَ تَقُوْمُ السَّاعَةُ يَوْمَئِذٍ يَّتَفَرَّقُوْنَ ⑭

၁၅။ 'ကယာမတ်' ဖြစ်ပေါ်လာမည့်နေ့တွင် (လူအများသည်) တသီးတခြားစီ ကွဲပြားသွားကြပေလိမ့်မည်။

فَاَمَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فَهُمْ فِيْ رَوْضَةٍ يُّحْبَرُوْنَ ⑮

၁၆။ သို့ဖြစ်ရာ 'အီမာန်'သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်ခဲ့ကြသူများသည် ဥယျာဉ်တစ်ခုတွင် ပျော်ရွှင်ဝမ်းမြောက်ဖွယ်အကြောင်းစီစဉ်ပေးခြင်းကို ခံကြရပေလိမ့်မည်။

وَاَمَّا الَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِاٰيٰتِنَا وَلِقَآئِ الْاٰخِرَةِ فَاُولٰٓئِكَ فِي الْعَذَابِ مُحْضَرُوْنَ ⑯

၁၇။ ထို့ပြင် အကြင်သူတို့သည် မယုံကြည်ငြင်းပယ်ကြ၏၊ ထို့ပြင် ငါတို့၏ နိမိတ်လက္ခဏာတော်များကိုလည်းကောင်း၊ နောင်တမလွန်၌ တွေ့ဆုံရမည်ကိုလည်းကောင်း မဟုတ်မမှန်ဟု စွပ်စွဲပြောဆိုကြ၏၊ သို့ဖြစ်ရာ ဤသူများသည်ပင် ပြစ်ဒဏ်သို့ ပို့ဆောင်ခြင်း ခံကြရပေအံ့။

فَسُبْحٰنَ اللّٰهِ حِيْنَ تُمْسُوْنَ وَحِيْنَ تُصْبِحُوْنَ ⑰

၁၈။ အသင်တို့၏ ညနေခင်းသို့ဝင်ရောက်သည့် အချိန်တွင်လည်းကောင်း၊ အသင်တို့ ညဉ့်ကို ကုန်ဆုံးလွန်မြောက်စေသည့် အချိန်တွင်လည်းကောင်း (အခြေအနေအားလုံးတွင်) အလွှာဟ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။

وَلَهُ الْحَمْدُ فِي السَّمٰوٰتِ وَالْاَرْضِ وَعَشِيًّا وَّحِيْنَ تُظْهِرُوْنَ ⑲

၁၉။ ထို့ပြင် မိုးကောင်းကင်များ၌လည်းကောင်း၊ ကမ္ဘာမြေ၌လည်းကောင်း၊ ညဉ့်တွင်လည်းကောင်း၊ အသင်တို့ မွန်းလွဲချိန်ကို ဖြတ်သန်းသည့်အချိန်တွင်လည်းကောင်း၊ ချီးမွမ်းထောမနာခြင်းဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်၏။

يُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَيُخْرِجُ الْمَيِّتَ مِنَ الْحَيِّ وَيُحْيِ الْاَرْضَ بَعْدَ مَوْتِهَا ۭ وَكَذٰلِكَ تُخْرَجُوْنَ ⑳ ع

၂၀။ ထိုအရှင်မြတ်သည် သက်မဲ့မှ သက်ရှိကို ထုတ်ဆောင်တော်မူ၏။ ထို့ပြင် သက်ရှိမှ သက်မဲ့ကို ထုတ်ဆောင်တော်မူ၏။ ထို့ပြင် ကမ္ဘာမြေကို ယင်း၏ သေပြီးသည့်နောက်တွင် တစ်ဖန် ရှင်စေတော်မူ၏။ ထိုနည်းအတိုင်းပင် အသင်တို့သည်လည်း ထုတ်ဆောင်ခြင်းကို ခံကြရမည်တည်း။

ရှုကူး-၃

وَمِنْ اٰيٰتِهٖٓ اَنْ خَلَقَكُمْ مِّنْ تُرَابٍ ثُمَّ اِذَآ اَنْتُمْ بَشَرٌ تَنْتَشِرُوْنَ ⑳

၂၁။ ထို့ပြင် အရှင်မြတ်၏ နိမိတ်လက္ခဏာတော်များအနက်(တစ်ခုမှာ ဤသို့)ဖြစ်၏။ အရှင်မြတ်သည် အသင်တို့အားမြေကြီးမှ ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ရုတ်တရက် အသင်တို့သည် လူသား(အသွင်ဖြင့်) ပျံ့နှံ့သွားခဲ့ကြလေသည်။

وَمِنْ اٰيٰتِهٖٓ اَنْ خَلَقَ لَكُمْ مِّنْ اَنْفُسِكُمْ اَزْوَاجًا لِّتَسْكُنُوْٓا اِلَيْهَا وَجَعَلَ بَيْنَكُمْ

၂၂။ ထို့ပြင် အရှင်မြတ်၏ နိမိတ်လက္ခဏာတော်များအနက်(ဤသည်လည်း)ရှိ၏။ အရှင်မြတ်သည် အသင်တို့အတွက် အသင်တို့၏မျိုးတူများမှပင် ကြင်ဖက်များကို ပြုလုပ်တော်မူ

مَّوَدَّةً وَّ رَحْمَةً ؕ اِنَّ فِیْ ذٰلِكَ لَاٰیٰتٍ لِّقَوْمٍ یَّتَفَكَّرُوْنَ ﴿۲۱﴾

၏။ ဤသို့ဖြင့် အသင်တို့သည် ယင်းတို့ဘက်သို့ စိတ်အေးချမ်းသာယာမှု (ရယူရန်)အတွက် သွားကြရန်ဖြစ်၏။ ထို့ပြင် အရှင်မြတ်သည် အသင်တို့၏အကြားတွင် မေတ္တာနှင့် ကရုဏာကို ပေါက်ဖွားစေတော်မူခဲ့ပေသည်။ ဧကန်စင်စစ် ယင်း၌ စဉ်းစားတွေးတောတတ်သူတို့အဖို့ များစွာသော နိမိတ်လက္ခဏာတော်များသည်ရှိ၏။

وَمِنْ اٰیٰتِهٖ خَلْقُ السَّمٰوٰتِ وَالْاَرْضِ وَاخْتِلَافُ اَلْسِنَتِكُمْ وَ اَلْوَانِكُمْ ؕ اِنَّ فِیْ ذٰلِكَ لَاٰیٰتٍ لِّلْعٰلِمِیْنَ ﴿۲۲﴾

၂၃။ ထို့ပြင် အရှင်မြတ်၏နိမိတ်လက္ခဏာတော်များအနက် မိုးကောင်းကင်များနှင့် ကမ္ဘာမြေအား ဖန်ဆင်းခြင်း၊ ထို့ပြင် အသင်တို့၏ ဘာသာစကားနှင့် အရောင်အသွေး ကွဲပြားခြားနားခြင်းသည်လည်း ပါဝင်၏။ ဧကန်စင်စစ် ယင်း၌ ပညာရှိသူတို့အဖို့ များစွာသော နိမိတ်လက္ခဏာတော်များရှိ၏။ ①

وَمِنْ اٰیٰتِهٖ مَنَامُكُمْ بِالَّیْلِ وَ النَّهَارِ وَابْتِغَآؤُكُمْ مِّنْ فَضْلِهٖ ؕ اِنَّ فِیْ ذٰلِكَ لَاٰیٰتٍ لِّقَوْمٍ یَّسْمَعُوْنَ ﴿۲۳﴾

၂၄။ ထို့ပြင် အရှင်မြတ်၏ နိမိတ်လက္ခဏာတော်များအနက် ညဉ့်အချိန်နှင့် နေ့အချိန်တွင် အသင်တို့ အိပ်စက်ခြင်းသည်လည်းကောင်း၊ အရှင်မြတ်၏ 'ဖဇလ်'ကျေးဇူးတော်ကို အသင်တို့ ရှာဖွေခြင်းသည်လည်းကောင်း ပါဝင်၏။ ဧကန်စင်စစ် ယင်း၌ (စကား)နားထောင်ကြသောသူတို့အဖို့ များစွာသော နိမိတ်လက္ခဏာတော်များရှိ၏။

وَمِنْ اٰیٰتِهٖ یُرِیْكُمُ الْبَرْقَ خَوْفًا وَّ طَمَعًا وَّ یُنَزِّلُ مِنَ السَّمَآءِ مَآءً فَیُحْیٖ بِهِ الْاَرْضَ بَعْدَ مَوْتِهَا ؕ اِنَّ فِیْ ذٰلِكَ لَاٰیٰتٍ لِّقَوْمٍ یَّعْقِلُوْنَ ﴿۲۴﴾

၂၅။ ထို့ပြင် အရှင်မြတ်၏နိမိတ်လက္ခဏာတော်များအနက် ဤသည်လည်းပါဝင်၏။ ယင်းမှာ ထိုအရှင်မြတ်သည် အသင်တို့အား ကြောက်ရွံ့မှုနှင့် မျှော်လင့်ခြင်း၏အခြေအနေတွင် လျှပ်ပြက်ခြင်းကို ပြသတော်မူ၏။ ထို့ပြင် မိုးတိမ်မှ ရေကို သွန်းချပေးတော်မူ၏။ သို့ဖြစ်ရာ ယင်းအားဖြင့် ကမ္ဘာမြေကို ယင်း၏ သေခြင်းနောက်တွင် ရှင်စေတော်မူ၏။ ဧကန်စင်စစ် ယင်း၌ အသိဉာဏ်ရှိသူတို့အဖို့ များစွာသော နိမိတ်လက္ခဏာတော်များရှိ၏။

وَمِنْ اٰیٰتِهٖۤ اَنْ تَقُوْمَ السَّمَآءُ وَ الْاَرْضُ بِاَمْرِهٖ ؕ ثُمَّ اِذَا دَعَاكُمْ دَعْوَةً ۖۗ مِّنَ الْاَرْضِ ۖۗ اِذَاۤ اَنْتُمْ تَخْرُجُوْنَ ﴿۲۵﴾

၂၆။ ထို့ပြင် အရှင်မြတ်၏နိမိတ်လက္ခဏာတော်များအနက် (ဤသည်လည်း)ဖြစ်၏။ ယင်းမှာ မိုးကောင်းကင်နှင့် ကမ္ဘာမြေသည် အရှင်မြတ်၏အမိန့်တော်ဖြင့် တည်တံ့နေ၏။ ထို့နောက် တစ်ဖန် အရှင်မြတ်က အသင်တို့အား ကမ္ဘာမြေမှ အသံတစ်ခုပေးသည့်အခါ အသင်တို့သည် ရုတ်တရက် ထွက်လာကြကုန်အံ့။

وَلَهٗ مَنْ فِی السَّمٰوٰتِ وَ الْاَرْضِ ؕ

၂၇။ စင်စစ် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင် ရှိသမျှ

① ဤအာယတ်တော်တွင် အဦးအစကာလက ဘာသာစကားတစ်မျိုးတည်းသာရှိခဲ့ပြီး ယင်းဘာသာစကားသည် 'ဗျာဒိတ်ရစကား' ဖြစ်ကြောင်းကို ညွှန်းဆိုထားပေသည်။ ထို့နောက် လူသားမျိုးနွယ်များသည် နေရာဒေသအသီးသီးသို့ ပျံ့နှံ့သွားခဲ့ကြပေရာ ဒေသဆိုင်ရာ ပြောင်းလဲမှုများနှင့်အတူ ဘာသာစကားများ၌လည်း ပြောင်းလဲမှုများဖြစ်ခဲ့ပေသည်။ ထို့အတူ အစကနဦးက လူသားတို့၏ အသားအရောင်သည် တစ်မျိုးတည်းသာရှိခဲ့ပြီး မိမိတို့ရောက်ရှိသည့် အအေးပိုင်း၊ အပူပိုင်း၊ သမပိုင်းဒေသအသီးသီးတို့နှင့်လျော်ညီစွာ အသားရောင်သည်လည်း ပြောင်းလဲသွားပေသည်။

كُلٌّ لَّهٗ قٰنِتُوْنَ ﴿۲۶﴾

အရာအားလုံးတို့ကို အရှင်မြတ်သည်သာ ပိုင်ဆိုင်တော်မူ၏။ အားလုံးတို့သည် အရှင်မြတ်အား နာခံရာများဖြစ်ကြ၏။

وَهُوَ الَّذِيْ يَبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ وَهُوَ اَهْوَنُ عَلَيْهِ ؕ وَلَهُ الْمَثَلُ الْاَعْلٰى فِي السَّمٰوٰتِ وَالْاَرْضِ ۚ وَهُوَ الْعَزِيْزُ الْحَكِيْمُ ﴿۲۷﴾

၂၈။ အရှင်မြတ်သည်ပင်လျှင် ဖန်ဆင်းခြင်းကို အစပြုတော်မူခဲ့၏။ တစ်ဖန် ယင်းအား ထပ်မံ၍ ပြုလုပ်တော်မူ၏။ ဤသည် အရှင်မြတ်အဖို့ လွန်စွာလွယ်ကူတော်မူ၏။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင် အရှင်မြတ်၏ပမာသည် အားလုံးထက် အထွတ်မြတ်ဆုံးဖြစ်၏။ စင်စစ် ထိုအရှင်မြတ်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူး-၄

ضَرَبَ لَكُمْ مَّثَلًا مِّنْ اَنْفُسِكُمْ ؕ هَلْ لَّكُمْ مِّنْ مَّا مَلَكَتْ اَيْمَانُكُمْ مِّنْ شُرَكَآءَ فِيْ مَا رَزَقْنٰكُمْ فَاَنْتُمْ فِيْهِ سَوَآءٌ تَخَافُوْنَهُمْ كَخِيْفَتِكُمْ اَنْفُسَكُمْ ؕ كَذٰلِكَ نُفَصِّلُ الْاٰيٰتِ لِقَوْمٍ يَّعْقِلُوْنَ ﴿۲۸﴾

၂၉။ အရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့ကိုယ်တိုင်၏ဥပမာကိုပင် ပေးတော်မူ၏။ **ငါတို့**က အသင်တို့အား ပေးသနားတော်မူသော 'ရီဇီက်'ရိက္ခာတွင် အသင်တို့၏ လက်အောက်ခံများအနက်မှ ဖက်စပ်ပါဝင်သူများ ရှိပေသလော။ အသင်တို့သည် ယင်း၌ ညီတူညီမျှ ဖြစ်ကြပါသလော။ ထို့ပြင် အသင်တို့သည် မိမိတို့အချင်းချင်းကြောက်ရွံ့စိုးရိမ်ကြသကဲ့သို့ သူတို့ကိုလည်း အလားတူ ကြောက်ရွံ့စိုးရိမ်ကြပေသလော။ ဤကဲ့သို့ပင် **ငါတို့**သည် အသိဉာဏ်ရှိသူတို့အဖို့ အမှတ်လက္ခဏာတော်များကို ရှင်းလင်းထင်ရှားစွာ ဖော်ပြတော်မူ၏။

بَلِ اتَّبَعَ الَّذِيْنَ ظَلَمُوْٓا اَهْوَآءَهُمْ بِغَيْرِ عِلْمٍ ۚ فَمَنْ يَّهْدِيْ مَنْ اَضَلَّ اللّٰهُ ؕ وَمَا لَهُمْ مِّنْ نّٰصِرِيْنَ ﴿۲۹﴾

၃၀။ အမှန်သော်ကား မတရားကျူးလွန်သူတို့သည် အသိပညာ တစ်စုံတစ်ရာမရှိဘဲလျက် မိမိတို့၏ အလိုဆန္ဒများနောက်သို့လိုက်ခဲ့ကြ၏။ သို့ဖြစ်ရာ အလ္လာဟ်က လမ်းလွဲသည်ဟု သတ်မှတ်တော်မူသူအား မည်သူသည် လမ်းညွှန်နိုင်ပါအံ့နည်း။ ထို့ပြင် ထို(ကဲ့သို့သော)သူများအတွက် ကူညီစောင်မသူ မည်သူတစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ချေ။

فَاَقِمْ وَجْهَكَ لِلدِّيْنِ حَنِيْفًا ؕ فِطْرَتَ اللّٰهِ الَّتِيْ فَطَرَ النَّاسَ عَلَيْهَا ؕ لَا تَبْدِيْلَ لِخَلْقِ اللّٰهِ ؕ ذٰلِكَ الدِّيْنُ الْقَيِّمُ ۙ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ﴿۳۰﴾

၃၁။ သို့ဖြစ်ရာ (အလ္လာဟ်ဘက်သို့) အမြဲထာဝရ ယိမ်းညွတ်နေလျက် မိမိတို့၏အာရုံကို သာသနာအပေါ် စွဲမြဲစွာထားရှိပါလေ။ ဤသည် အလ္လာဟ်၏ သဘာဝနိယာမတော်ဖြစ်၏။ ယင်းနှင့်အညီ အရှင်မြတ်သည် လူသားတို့ကို ဖန်ဆင်းတော်မူခဲ့၏။ အလ္လာဟ်၏ဖန်ဆင်းခြင်း၌ မည်သို့သော အပြောင်းအလဲမျှမရှိချေ။ ဤသည် တည်တံ့စေမည့်အပြင်တည်တံ့နေမည့် သာသနာတော်ဖြစ်၏။ သို့ရာတွင်လူအများစုသည်မသိကြချေ။ ①

مُنِيْبِيْنَ اِلَيْهِ وَاتَّقُوْهُ وَاَقِيْمُوا الصَّلٰوةَ

၃၂။ အရှင်မြတ်ဘက်တော်သို့ အစဉ်သဖြင့် ယိမ်းညွတ်

① ဤအာယတ်တော်အရ အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းခံလူသားများကို သဘာဝနှင့်အညီ ဖန်ဆင်းတော်မူခဲ့ပြီး လူသားတိုင်းသည် ယင်းသာသနာတော်၌မွေးဖွားခဲ့ပေသည်။ ဆိုလိုသည်မှာ သန့်ရှင်းစင်ကြယ်သော ပင်ကိုသဘာဝကို ယူဆောင်လျက် မွေးဖွားလာခဲ့ပေသည်။ ကြီးပြင်းလာသည့်အခါတွင်မှ အမျိုးမျိုးသော အကျိုးသက်ရောက်မှုများ၏ ရလဒ်အဖြစ် ယင်းမှလွဲချော်သွားလေသည်။ ဤအာယတ်တော်အရ ဟိန္ဒူ၊ ခရစ်ယာန်၊ ရဟူဒီ၊ မူရ္ဓရိက်တို့၏ ကလေးများသည်လည်း မွေးဖွားစဉ်အချိန်က အပြစ်ကင်းကြပေသည်။

وَلَا تَكُوْنُوْا مِنَ الْمُشْرِكِيْنَ ۝

လျက်(လျှောက်လှမ်းပါလေ) ထို့ပြင် 'တက္ကဝါ' အရှင်မြတ်အား ကြောက်ရွံ့ရိုကျိုးခြင်းတရားကိုကျင့်သုံးဆောက်တည်ပါလေ။ 'ဆွလာတ်'ဝတ်ပြုမှုကိုတည်ဆောက်ပါလေ။ တစ်စုံတစ်ရာကို အလျှာဟ်နှင့်ယှဉ်တွဲကိုးကွယ်သူ 'မူရှရိုက်'များအနက် အပါအဝင်မဖြစ်စေလင့်။

مِنَ الَّذِيْنَ فَرَّقُوْا دِيْنَهُمْ وَكَانُوْا شِيَعًا ۭ كُلُّ حِزْبٍۢ بِمَا لَدَيْهِمْ فَرِحُوْنَ ۝

၃၂။ (ဆိုလိုသည်မှာ) မိမိတို့၏သာသနာကို အစိတ်စိတ်အပိုင်းပိုင်းပြုလုပ်ကြပြီး ဂိုဏ်းဂဏအမျိုးမျိုး ကွဲပြားသွားကြသော သူတို့အနက်မှ(မဖြစ်လင့်)။ အုပ်စုတိုင်းမှ (လူတို့သည်) မိမိတို့၌ရှိသည်နှင့်စပ်လျဉ်း၍ ဂုဏ်ယူဝင့်ကြွားလျက်ရှိခဲ့ကြ၏။

وَاِذَا مَسَّ النَّاسَ ضُرٌّ دَعَوْا رَبَّهُمْ مُّنِيْبِيْنَ اِلَيْهِ ثُمَّ اِذَآ اَذَاقَهُمْ مِّنْهُ رَحْمَةً اِذَا فَرِيْقٌ مِّنْهُمْ بِرَبِّهِمْ يُشْرِكُوْنَ ۝

၃၃။ ထို့ပြင် လူသားတို့အပေါ် ဘေးဒုက္ခတစ်စုံတစ်ရာ ထိတွေ့သည့်အခါ သူတို့သည် မိမိတို့၏ဖန်ဆင်းရှင် အရှင်မြတ်၏ရှေ့တော်တွင် နှိမ့်ချဝပ်တွားလျက် ဟစ်ခေါ်တမ်းတကြ၏။ တစ်ဖန် ယင်းတို့အား အရှင်မြတ်ထံတော်မှ ကရုဏာတော်(၏အရသာ)ကိုမြည်းစမ်းစေသည့်အခါ ရုတ်တရက် ယင်းတို့အနက်မှအုပ်စုတစ်စုသည် မိမိတို့၏ဖန်ဆင်းရှင်ကို 'ရှရိုက်' အခြားအရာများနှင့် ယှဉ်တွဲကိုးကွယ်မှု ပြုလုပ်ကြလေသည်။

لِيَكْفُرُوْا بِمَآ اٰتَيْنٰهُمْ ۭ فَتَمَتَّعُوْا ۣ فَسَوْفَ تَعْلَمُوْنَ ۝

၃၄။ သို့ဖြင့် ယင်းတို့သည် ငါတို့က သူတို့အား ပေးသနားတော်မူခဲ့သည်များကို ကျေးဇူးကန်းကြရန်ဖြစ်၏။ သို့ဖြစ်ရာ ယာယီအကျိုးကျေးဇူးကို ခံစားကြကုန်။ မကြာမြင့်မီ အသင်တို့သည် (ယင်း၏ရလဒ်ကို)သိရှိကြပေအံ့။

اَمْ اَنْزَلْنَا عَلَيْهِمْ سُلْطٰنًا فَهُوَ يَتَكَلَّمُ بِمَا كَانُوْا بِهٖ يُشْرِكُوْنَ ۝

၃၅။ အသို့နည်း၊ သူတို့ပြောဆိုနေကြသည့် 'ရှရိုက်' ယှဉ်တွဲကိုးကွယ်ရာဟု သတ်မှတ်သောအရာများနှင့်စပ်လျဉ်း၍ ငါတို့သည် သူတို့အား ခိုင်မာသည့်သက်သေအထောက်အထားတစ်စုံတစ်ရာကို ပို့ချတော်မူခဲ့ပါသလော။

وَاِذَآ اَذَقْنَا النَّاسَ رَحْمَةً فَرِحُوْا بِهَا ۭ وَاِنْ تُصِبْهُمْ سَيِّئَةٌۢ بِمَا قَدَّمَتْ اَيْدِيْهِمْ اِذَا هُمْ يَقْنَطُوْنَ ۝

၃၆။ ထို့ပြင် ငါတို့သည် လူသားတို့အား တစ်စုံတစ်ရာကရုဏာတော်(၏အရသာ)ကို မြည်းစမ်းစေသည့်အခါ ၎င်းတို့သည် ယင်းအပေါ် ဂုဏ်ယူဝင့်ကြွားကြပေသည်။ သို့သော် အကယ်၍ ၎င်းတို့(ကိုယ်တိုင်)၏ လက်များက ရှေ့သို့ပို့ထားနှင့်သည်များကြောင့် သူတို့အား တစ်စုံတစ်ရာသော မကောင်းမှုသက်ရောက်သည့်အခါတွင်ကား ယင်းတို့သည် ရုတ်တရက် စိတ်ဓာတ်ကျဆင်းသွားကြပေသည်။

اَوَلَمْ يَرَوْا اَنَّ اللّٰهَ يَبْسُطُ الرِّزْقَ لِمَنْ يَّشَاۗءُ وَيَقْدِرُ ۭ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يُّؤْمِنُوْنَ ۝

၃၇။ အသို့နည်း ယင်းတို့မကြည့်မြင်လေသလော။ အလ္လာဟ်သည် မိမိအလိုရှိတော်မူသောသူအား 'ရိဇ်ကီ'ရိက္ခာကို ကျယ်ပြောစေတော်မူ၏။ ထို့ပြင် ကျပ်တည်းစေတော်မူသည်လည်းရှိ၏။ ဧကန်စင်စစ် ယင်း၌ သက်ဝင်ယုံကြည်သောသူများအဖို့ များစွာသော နိမိတ်လက္ခဏာတော်များရှိ၏။

فَاٰتِ ذَا الْقُرْبٰى حَقَّهٗ وَالْمِسْكِيْنَ وَابْنَ السَّبِيْلِ ؕ ذٰلِكَ خَيْرٌ لِّلَّذِيْنَ يُرِيْدُوْنَ وَجْهَ اللّٰهِ ۫ وَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ۝٣٨

၃၈။ သို့ဖြစ်ရာ မိမိတို့၏ နီးစပ်သူသားချင်းများအား ၎င်းတို့၏ ရပိုင်ခွင့်ကိုပေးပါလေ။ ထို့ပြင် သူဆင်းရဲများ၊ ခရီးသည်များကိုလည်း (ပေးပါလေ)။ ဤသည် အလ္လာဟ်၏ကျေနပ်နှစ်သက်တော်မူခြင်းကိုလိုလားသူတို့အဖို့ ကောင်းမြတ်ပေသည်။ ဤသူများသည်ပင် အောင်မြင်မည့်သူများဖြစ်ကြ၏။

وَمَآ اٰتَيْتُمْ مِّنْ رِّبًا لِّيَرْبُوَا۟ فِيْٓ اَمْوَالِ النَّاسِ فَلَا يَرْبُوْا عِنْدَ اللّٰهِ ۚ وَمَآ اٰتَيْتُمْ مِّنْ زَكٰوةٍ تُرِيْدُوْنَ وَجْهَ اللّٰهِ فَاُولٰٓئِكَ هُمُ الْمُضْعِفُوْنَ ۝٣٩

၃၉။ ထို့ပြင် လူများ၏ဓနဥစ္စာတွင် ရောနှောတိုးပွားစေရန် အသင်တို့ 'အတိုး'ပေးခြင်းသည် အလ္လာဟ်၏ထံတော်တွင် ယင်းသည် တိုးပွားသည်မဟုတ်ချေ။ စင်စစ် အလ္လာဟ်၏ကျေနပ်နှစ်သက်တော်မူခြင်းကို လိုလားလျက် အသင်တို့သည် 'ဇကာတ်'ပေးဆောင်ပါလျှင် ထို သူများသည် သာလျှင် (ယင်းကို) တိုးပွားအောင်ပြုသူများဖြစ်ကြ၏။

اَللّٰهُ الَّذِيْ خَلَقَكُمْ ثُمَّ رَزَقَكُمْ ثُمَّ يُمِيْتُكُمْ ثُمَّ يُحْيِيْكُمْ ؕ هَلْ مِنْ شُرَكَآئِكُمْ مَّنْ يَّفْعَلُ مِنْ ذٰلِكُمْ مِّنْ شَيْءٍ ؕ سُبْحٰنَهٗ وَتَعٰلٰى عَمَّا يُشْرِكُوْنَ ۝٤٠

၄၀။ အလ္လာဟ်သည်ကား ထိုအရှင်မြတ်တည်း။ အရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူ၏။ ထို့နောက် အသင်တို့အား 'ရိဇ်ကီ' ရိက္ခာကို ပေးသနားတော်မူ၏။ တစ်ဖန် အရှင်မြတ်သည် အသင်တို့အားသေစေတော်မူပေအံ့။ ထို့ပြင် အရှင်မြတ်သည်ပင်လျှင် အသင်တို့အား တစ်ဖန် ရှင်စေတော်မူပေမည်။ အသင်တို့၏ 'ရှုရိုက်' ယှဉ်တွဲကိုးကွယ်ရာများမှ တစ်ဦးဦးသည် ဤသည်တို့မှအချို့ကို ပြုလုပ်ပါသလော။ အရှင်မြတ်သည် ယင်းတို့ 'ရှုရိုက်'ပြုလုပ်သည်များမှ ကင်းစင်၍ လွန်စွာသန့်ရှင်းစင်ကြယ်တော်မူကာ အလွန်လျှင် မြင့်မားထွတ်မြတ်တော်မူပေသတည်း။

ရုကူး-၅

ظَهَرَ الْفَسَادُ فِي الْبَرِّ وَالْبَحْرِ بِمَا كَسَبَتْ اَيْدِي النَّاسِ لِيُذِيْقَهُمْ بَعْضَ الَّذِيْ عَمِلُوْا لَعَلَّهُمْ يَرْجِعُوْنَ ۝٤١

၄၁။ လူတို့သည် မိမိတို့လက်များဖြင့် မကောင်းမှုများကို ရှာဖွေဆည်းပူးမှုကြောင့် မြေပြင်နှင့်ရေပြင်၌ ပျက်စီးဖောက်ပြန်မှုသည် လွှမ်းမိုးသွားခဲ့ပေပြီ။ သို့ဖြင့် အရှင်မြတ်သည် ယင်းတို့အား သူတို့၏ အချို့သောပြုကျင့်မှု၏အရသာကို မြည်းစမ်းစေရန်ဖြစ်၏။ သို့ဖြင့် သူတို့ ပြန်လှည့်ကောင်း လှည့်လာကြစေရန်ဖြစ်၏။

قُلْ سِيْرُوْا فِي الْاَرْضِ فَانْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ مِنْ قَبْلُ ؕ كَانَ اَكْثَرُهُمْ مُّشْرِكِيْنَ ۝٤٢

၄၂။ အသင်ပြောကြားပါလေ။ ကမ္ဘာမြေတွင် ကောင်းစွာလှည့်လည်ကြကုန်။ ထို့ပြင် ရှေးဦးသူတို့၏ နောက်ဆုံးရလဒ်မည်သို့ရှိခဲ့ကြောင်းကို စဉ်းစားကြကုန်။ ယင်းတို့အနက် အများစုမှာ 'မူရှရိုက်'များဖြစ်ကြ၏။

فَاَقِمْ وَجْهَكَ لِلدِّيْنِ الْقَيِّمِ مِنْ قَبْلِ اَنْ يَّاْتِيَ يَوْمٌ لَّا مَرَدَّ لَهٗ مِنَ اللّٰهِ يَوْمَئِذٍ

၄၃။ ထို့ကြောင့် အလ္လာဟ်၏ထံတော်မှ မည်သည့်နည်းနှင့်မျှ လွှဲဖယ်ရန်မဖြစ်နိုင်သောနေ့တော်ကြီး မဆိုက်ရောက်မီ အသင်သည် မိမိ၏အာရုံကို တည်တံ့မြဲမြံနေမည့် သာသနာပေါ်၌

စွဲမြဲစွာထားရှိပါလေ။ ထို့နေ့တွင် ယင်းတို့သည် တကွဲတပြားစီ ဖြစ်သွားကြပေလိမ့်မည်။

يَّصَّدَّعُوْنَ ﴿٤٣﴾

၄၄။ အကြင်သူသည် မယုံကြည်ခြင်းပယ်လျှင် သူ၏ခြင်းပယ်မှုသည် သူ့အပေါ်သို့သာ သက်ရောက်ပေလိမ့်မည်။ အကြင်သူသည် ကောင်းမှုကျင့်ကြံပွားများလျှင် ထိုသူတို့သည် မိမိတို့၏ကောင်းကျိုးအတွက်သာလျှင် အသင့်ပြင်ဆင်ကြခြင်းဖြစ်၏။

مَنْ كَفَرَ فَعَلَيْهِ كُفْرُهٗ ۚ وَمَنْ عَمِلَ صَالِحًا فَلِاَنْفُسِهِمْ يَمْهَدُوْنَ ﴿٤٤﴾

၄၆။ ဤသို့ဖြင့် အရှင်မြတ်သည် သက်ဝင်ယုံကြည်၍ကောင်းမှုပွားများသူတို့အား မိမိ၏ 'ဖဇ်လ်'ကျေးဇူးတော်ဖြင့် ဆုလာဘ်ပေးသနားတော်မူရန်ဖြစ်၏။ ဧကန်စင်စစ် အရှင်မြတ်သည် မယုံကြည်ခြင်းပယ်သူတို့ကို ချစ်ခင်နှစ်သက်တော်မမူချေ။

لِيَجْزِيَ الَّذِيْنَ اٰمَنُوْا وَ عَمِلُوا الصّٰلِحٰتِ مِنْ فَضْلِهٖ ۭ اِنَّهٗ لَا يُحِبُّ الْكٰفِرِيْنَ ﴿٤٥﴾

၄၇။ ထို့ပြင် အရှင်မြတ်၏နိမိတ်လက္ခဏာတော်များအနက် (ဤသည်လည်းရှိ၏)၊ ယင်းမှာ အရှင်မြတ်သည် သတင်းကောင်းများကိုပေးသည့် လေများကိုစေလွှတ်တော်မူ၏။ (ဤသို့ပြုလုပ်ရခြင်းမှာ)အရှင်မြတ်သည် အသင်တို့အား မိမိ၏ 'ရာဟ်မတ်'ကရုဏာတော်မှအချို့ကို မြည်းစမ်းစေရန်လည်းကောင်း၊ လှေသင်္ဘောများသည် အရှင်မြတ်၏ အမိန့်တော်ဖြင့် သွားလာစေရန်လည်းကောင်း၊ အသင်တို့သည် အရှင်မြတ်၏ 'ဖဇ်လ်'ကျေးဇူးတော်ကို ရှာဖွေကြရန်လည်းကောင်း ဖြစ်၏။ သို့ဖြင့် အသင်တို့ ကျေးဇူးသိတတ်သူများ ဖြစ်ကြစိမ့်သောငှာ ဖြစ်၏။

وَمِنْ اٰيٰتِهٖٓ اَنْ يُّرْسِلَ الرِّيَاحَ مُبَشِّرٰتٍ وَّ لِيُذِيْقَكُمْ مِّنْ رَّحْمَتِهٖ وَلِتَجْرِيَ الْفُلْكُ بِاَمْرِهٖ وَلِتَبْتَغُوْا مِنْ فَضْلِهٖ وَلَعَلَّكُمْ تَشْكُرُوْنَ ﴿٤٦﴾

၄၈။ ဧကန်စင်စစ် ငါတို့သည် အသင့်ထက်အလျင် များစွာသော တမန်တော်များကို သူတို့၏အမျိုးသားများထံ စေလွှတ်တော်မူခဲ့၏။ ၎င်း(တမန်တော်)တို့သည် သူတို့ထံသို့ ပွင့်လင်းထင်ရှားသော နိမိတ်လက္ခဏာတော်များကို ယူဆောင်လာကြပေရာ ငါတို့သည် အပြစ်ကျူးလွန်သူတို့အား လက်စားချေတော်မူခဲ့၏။ စင်စစ် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူတို့အား ကူညီစောင့်မရန်မှာ ငါတို့အပေါ် 'ဖရာဇ်'တာဝန်ဖြစ်ပေသည်။

وَلَقَدْ اَرْسَلْنَا مِنْ قَبْلِكَ رُسُلًا اِلٰى قَوْمِهِمْ فَجَآءُوْهُمْ بِالْبَيِّنٰتِ فَانْتَقَمْنَا مِنَ الَّذِيْنَ اَجْرَمُوْا ۭ وَ كَانَ حَقًّا عَلَيْنَا نَصْرُ الْمُؤْمِنِيْنَ ﴿٤٧﴾

၄၉။ အလ္လာဟ်သည်သာလျှင် လေများကို စေလွှတ်တော်မူ၏။ ယင်း(လေ)တို့သည် မိုးတိမ်များကို သယ်ပိုးကြ၏။ ထို့နောက် အရှင်မြတ်သည် ယင်း(မိုးတိမ်)အား ကောင်းကင်တွင် မိမိနှစ်သက်သလို ဖြန့်ကြဲစေတော်မူ၏။ ထို့နောက် အရှင်မြတ်သည် ယင်းအား အမျိုးမျိုးသောအစိတ်အပိုင်းအဖြစ် ပြောင်းလဲစေတော်မူ၏။ ထို့နောက် အသင်သည် ယင်း (မိုးတိမ်)ကြားမှ မိုးရေထွက်လာသည်ကို တွေ့မြင်ရ၏။ တစ်ဖန် အရှင်မြတ်သည် မိမိအစေတော်များအနက် မိမိ အလိုရှိတော်

اَللّٰهُ الَّذِيْ يُرْسِلُ الرِّيٰحَ فَتُثِيْرُ سَحَابًا فَيَبْسُطُهٗ فِي السَّمَآءِ كَيْفَ يَشَآءُ وَيَجْعَلُهٗ كِسَفًا فَتَرَى الْوَدْقَ يَخْرُجُ مِنْ خِلٰلِهٖ ۚ فَاِذَآ اَصَابَ بِهٖ مَنْ يَّشَآءُ مِنْ عِبَادِهٖٓ اِذَا هُمْ يَسْتَبْشِرُوْنَ ﴿٤٨﴾

မူသောသူအား ဤ(ကောင်းချီး)ကို ပို့ဆောင်တော်မူသောအခါ ယင်းတို့သည် ချက်ချင်းပင် ပျော်ရွှင်မြူးထူးသွားကြပေသည်။

وَاِنْ كَانُوْا مِنْ قَبْلِ اَنْ يُّنَزَّلَ عَلَيْهِمْ مِّنْ قَبْلِهٖ لَمُبْلِسِيْنَ ۝

၅၀။ အမှန်သော်ကား ယင်း(ရေ)ကို သူတို့အပေါ် ပို့ချခြင်း မပြုမီအလျင်က သူတို့သည် လုံးဝစိတ်ဓာတ်ကျဆင်းခဲ့ကြပြီး ဖြစ်၏။ ★

فَانْظُرْ اِلٰٓى اٰثٰرِ رَحْمَتِ اللّٰهِ كَيْفَ يُحْيِ الْاَرْضَ بَعْدَ مَوْتِهَا ؕ اِنَّ ذٰلِكَ لَمُحْيِ الْمَوْتٰى ۚ وَهُوَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ۝

၅၁။ သို့ဖြစ်ရာ အသင်သည် အလ္လာဟ်၏ 'ရာဟ်မတ်' ကရုဏာ အမှတ်လက္ခဏာတော်ကို ကြည့်ရှုသုံးသပ်ပါလေ။ အရှင်မြတ်သည် ကမ္ဘာမြေကြီးကို ယင်း၏သေပြီးနောက်တွင် မည်သို့ရှင်စေတော်မူသနည်း။ ဧကန်စင်စစ် ထိုအရှင်မြတ်သည်ပင်လျှင် သေသူများကို ရှင်စေတော်မူမည့်အရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် မိမိနှစ်လို့တော်မူသော အရာအားလုံးအပေါ် ထာဝရတန်ခိုးစွမ်းအားထားရှိတော်မူ၏။ ①

وَلَئِنْ اَرْسَلْنَا رِيْحًا فَرَاَوْهُ مُصْفَرًّا لَّظَلُّوْا مِنْۢ بَعْدِهٖ يَكْفُرُوْنَ ۝

၅၂။ ထို့ပြင် အကယ်၍ ငါတို့သည် လေတစ်မျိုးကို စေလွှတ်တော်မူ၍ ယင်း၏ရလဒ်အဖြစ် ၎င်းသည် ထို(စိမ်းစိုမှု)ကို အဝါရောင်ဖြစ်သွားစေသည်ကို မြင်တွေ့ရပါလျှင် ထိုသည့်နောက်တွင် သူတို့သည် အမှန်ပင် ကျေးဇူးကန်းကြပေလိမ့်မည်။

فَاِنَّكَ لَا تُسْمِعُ الْمَوْتٰى وَلَا تُسْمِعُ الصُّمَّ الدُّعَآءَ اِذَا وَلَّوْا مُدْبِرِيْنَ ۝

၅၃။ သို့ဖြစ်ရာ အသင်သည် သေသူများကို ကြားစေနိုင်မည်မဟုတ်။ နားပင်းသူများကိုလည်း ၎င်းတို့ကျောခိုင်း၍ လှည့်ထွက်သွားသောအခါ (မိမိ၏)ဖိတ်ခေါ်မှုကို ကြားစေနိုင်မည်မဟုတ်ချေ။

وَمَآ اَنْتَ بِهٰدِ الْعُمْيِ عَنْ ضَلٰلَتِهِمْ ؕ اِنْ تُسْمِعُ اِلَّا مَنْ يُّؤْمِنُ بِاٰيٰتِنَا فَهُمْ مُّسْلِمُوْنَ ۝ ع

၅၄။ ထို့ပြင် အသင်သည် မျက်စိကန်းသူများကို ၎င်းတို့ လွဲချော်သွားပြီးနောက်တွင် လမ်းပြနိုင်မည်မဟုတ်ချေ။ အသင်သည် ငါတို့၏ 'အာယတ်' မုက္ခပါဠိတော်များကို သက်ဝင်ယုံကြည်သူများမှတစ်ပါး (အခြားသူများကို) ကြားစေနိုင်မည်မဟုတ်ချေ။ သို့ဖြစ်ရာ ထိုသူတို့ပင်လျှင် နာခံသူများဖြစ်ကြပေသတည်း။

ရုကူ-၆

اَللّٰهُ الَّذِيْ خَلَقَكُمْ مِّنْ ضَعْفٍ ثُمَّ جَعَلَ مِنْۢ بَعْدِ ضَعْفٍ قُوَّةً ثُمَّ جَعَلَ مِنْۢ بَعْدِ قُوَّةٍ ضَعْفًا وَّشَيْبَةً ؕ يَخْلُقُ مَا يَشَآءُ ۚ وَهُوَ

၅၅။ အလ္လာဟ်သည် ထိုအရှင်ဖြစ်တော်မူ၏။ အရှင်မြတ်သည် အသင်တို့အား အားနည်းမှု(၏အခြေအနေ)တစ်ရပ်တွင် ဖန်ဆင်းတော်မူခဲ့၏။ တစ်ဖန် အားနည်းမှု၏နောက်တွင် စွမ်းအားပေးတော်မူ၏။ တစ်ဖန် စွမ်းအား၏နောက်တွင်

★ قَبْلِهٖ ၏ ဤအဓိပ္ပာယ်ကို 'အလ်-မွန်ဂျိဒ်'နှင့် 'အလ်-မုအာဂျမွလ်ဝဆီးတ်'တို့တွင်ရှု။ قَبْلَ يَقْبُلُ قَبْلاً : اَتٰى، اَقْبَلَ

① အာယတ်တော်(၄၉)မှ (၅၁)ထိတွင် ပင်လယ်မှသန့်ရှင်းသောရေသည် ရေငွေ့အသွင်ဖြင့်တက်သွားပြီး မြင့်မားသောတောင်များနှင့်ထိတွေ့ကာ သန့်ရှင်းသောရေအဖြစ် မြေပေါ်သို့ရွာသွန်းခြင်းအကြောင်းကို ဖော်ပြထားပေသည်။ ယင်းကြောင့် ကမ္ဘာမြေသည် ရှင်သန်လာရပေသည်။ အကယ်၍ အလ္လာဟ်၏ထံတော်မှ ဤကဲ့သို့ နည်းစနစ်ရှိမနေခဲ့ပါလျှင် ကမ္ဘာမြေပေါ်တွင် မည်သည့်သက်ရှိ၏ အရေးလက္ခဏာကိုမျှ တွေ့ရှိနိုင်မည်မဟုတ်ချေ။

الْعَلِيْمُ الْقَدِيْرُ ۝

အားနည်းမှုနှင့် အိုမင်းမစွမ်းဖြစ်စေတော်မူ၏။ အရှင်မြတ်သည် မိမိနှစ်လို့ရာကို ဖန်ဆင်းတော်မူ၏။ အရှင်မြတ်သည် ထာဝရ သိရှိတော်မူသောအရှင်၊ ထာဝရတန်ခိုးစွမ်းအားရှိတော်မူသော အရှင် ဖြစ်တော်မူ၏။

وَيَوْمَ تَقُوْمُ السَّاعَةُ يُقْسِمُ الْمُجْرِمُوْنَ ۙ مَا لَبِثُوْا غَيْرَ سَاعَةٍ ؕ كَذٰلِكَ كَانُوْا يُؤْفَكُوْنَ ۝

၅၆။ 'ကေယာမတ်' ရှင်ပြန်ထမြောက်ခြင်း ဖြစ်ပေါ်လာသည့် နေ့တွင် အပြစ်ကျူးလွန်သောသူများက သူတို့သည် (လောက၌) အချိန်တစ်ခုထက်ပို၍ မနေခဲ့ကြပေဟု ကျိန်တွယ်ပြောဆို ကြလိမ့်မည်။ ဤကဲ့သို့ပင် သူတို့သည် (ယခင်ကလည်း) လွဲချော်အောင်ပြုခြင်း ခံခဲ့ကြရပေသည်။

وَقَالَ الَّذِيْنَ اُوْتُوا الْعِلْمَ وَالْاِيْمَانَ لَقَدْ لَبِثْتُمْ فِيْ كِتٰبِ اللّٰهِ اِلٰى يَوْمِ الْبَعْثِ ۖ فَهٰذَا يَوْمُ الْبَعْثِ وَ لٰكِنَّكُمْ كُنْتُمْ لَا تَعْلَمُوْنَ ۝

၅၇။ သို့သော် အသိပညာနှင့် 'အီမာန်' သက်ဝင်ယုံကြည်မှုကို ပေးသနားခြင်းခံရသူတို့က ဧကန်စင်စစ် အသင်တို့သည် အလ္လာဟ်၏ကျမ်းတော်ပါ ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီး တိုင်အောင် နေထိုင်ခဲ့ကြပေသည်။ သို့ဖြစ်ရာ ဤနေ့သည်ပင် ရှင်ပြန်ထမြောက်ရသည့် နေ့တော်ကြီးဖြစ်၏။ သို့သော် အသင်တို့ မသိကြချေဟု ပြောဆိုကြလိမ့်မည်။

فَيَوْمَئِذٍ لَّا يَنْفَعُ الَّذِيْنَ ظَلَمُوْا مَعْذِرَتُهُمْ وَلَا هُمْ يُسْتَعْتَبُوْنَ ۝

၅၈။ သို့ဖြစ်ရာ ထိုနေ့တွင် မတရားကျူးလွန်ခဲ့ကြသောသူတို့အား သူတို့၏ တိုးလျှိုးတောင်းပန်ခြင်းသည် မည်သို့မျှ အကျိုးပြုမည် မဟုတ်ချေ။ သူတို့၏ အကြောင်းပြပြောဆိုခြင်းသည်လည်း လက်ခံခြင်းခံရမည်မဟုတ်ချေ။

وَلَقَدْ ضَرَبْنَا لِلنَّاسِ فِيْ هٰذَا الْقُرْاٰنِ مِنْ كُلِّ مَثَلٍ ؕ وَلَئِنْ جِئْتَهُمْ بِاٰيَةٍ لَّيَقُوْلَنَّ الَّذِيْنَ كَفَرُوْٓا اِنْ اَنْتُمْ اِلَّا مُبْطِلُوْنَ ۝

၅၉။ ဧကန်စင်စစ် ငါတို့သည် လူသားတို့အဖို့ ဤကျမ်းမြတ်ကုရ်အာန်တွင် အမျိုးမျိုးသော ဥပမာပုံဆောင်ချက်များကို ဖော်ပြထားတော်မူပေသည်။ အကယ်၍ အသင်သည် ယင်းတို့ထံ နိမိတ်လက္ခဏာတစ်စုံတစ်ရာ ယူဆောင်လာပါလျှင် မယုံကြည်ငြင်းပယ်ကြသောသူတို့က အသင်တို့သည် လိမ်လည်သူများသာဖြစ်ကြ၏ဟု အမှန်ပင်ပြောဆိုကြပေမည်။

كَذٰلِكَ يَطْبَعُ اللّٰهُ عَلٰى قُلُوْبِ الَّذِيْنَ لَا يَعْلَمُوْنَ ۝

၆၀။ ဤသို့ဖြင့် အလ္လာဟ်သည် အသိပညာမရှိသောသူတို့၏ စိတ်နှလုံးများအပေါ်တွင်တံဆိပ်ခတ်နှိပ်တော်မူလိုက်ပေသည်။

فَاصْبِرْ اِنَّ وَعْدَ اللّٰهِ حَقٌّ وَّلَا يَسْتَخِفَّنَّكَ الَّذِيْنَ لَا يُوْقِنُوْنَ ۝ ع

၆၀။ သို့ဖြစ်ရာ သည်းခံလော့၊ အလ္လာဟ်၏ ကတိတော်သည် မလွဲဧကန် မှန်ကန်၏။ ထို့ပြင် ယုံကြည်မှုမရှိသောသူတို့သည် အသင့်အား ပေါ့ပေါ့တန်တန်ယူဆခြင်း အလျှင်းမဖြစ်စေလင့်။

❖ ❖ ❖

၃၁။ လွတ်(က်)မန်း

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ် တော်ပေါင်း (၃၅)ပိုဒ်ပါရှိသည်။ ဤဆူရာဟ်သည် 'အလီဖ်၊လာမ်၊မီမ်'ဖြင့် အစပြုသည်။ ကျမ်းမြတ် ကုရ်အာန်တွင် ဤသခ်ေပအက္ခရာစု 'အလီဖ်၊လာမ်၊မီမ်'သည် ဆူရာဟ် 'အလ်-ဘကရာ'တွင် ပထမဦးဆုံး စတင်လာရှိပြီး ဤဆူရာဟ်တွင် ဆူရာဟ်'အလ်-ဘကရာ'ပါ အကြောင်းအရာများကို သစ်လွင်သောပုံစံဖြင့် ထပ်မံဖော်ပြထားပေသည်။ ဆူရာဟ်'အလ်-ဘကရာ'၏အဦးအစတွင် 'အလ်ကီတာဘ်'(ကျမ်းတော်) ပို့ချတော်မူခြင်းအကြောင်းကို ဖော်ပြထားပေရာ ဤဆူရာဟ်၏ အဦးအစတွင်လည်း ယင်းကျမ်းတော်၏ အကြောင်းလာရှိပြီး ယင်း၌ငုပ်လျှိုးပါဝင်နေသော အလ္လာဟ်၏ထံတော်မှ ပို့ချတော်မူသည့် 'ဟေဒါယတ်' လမ်းညွှန်မှုအကြောင်းကို ဖော်ပြထားပေသည်။ ဆူရာဟ်'အလ်-ဘကရာ'တွင် 'တက္ကဝါ'၏ အဦးအစ အနက်သဘောအရ အမှန်ကိုအမှန်ဟူ၍ ပြောဝံ့သူတို့အဖို့ ကျမ်းတော်သည် 'ဟေဒါယတ်' လမ်းမှန်ကို ရရှိစေသည့် အကြောင်းခံဖြစ်ကြောင်း ဖော်ပြထား၏။ ယခု ဤဆူရာဟ်တွင် 'တက္ကဝါ'၏အဆင့်၌ များစွာမြင့်မားသွားခဲ့ပြီး 'မို့ဟ်စေနိန်'ဆိုသည့် ကောင်းမှုပွားများခြင်းအဆင့်သို့တိုင် ရောက်ရှိသွားခဲ့ကြ သူများအဖို့လည်း ဤကျမ်းတော်က လမ်းညွှန်မှုပြုကြောင်းဖြင့် 'ဟေဒါယတ်'နှင့်စပ်လျဉ်း၍ ပိုမိုကျယ်ပြန့်စွာ ဖော်ပြထားပေသည်။ ထို့ထက်ပိုမို၍ 'ဟေဒါယတ်'၏ အဆုံးမရှိသော စခန်းများရှိကြပြီး ယင်း'ဟေဒါယတ်' ၏ အဆုံးမရှိသော မူလစမ်းပေါက်သည်လည်း ၎င်းတို့ကို အပြည့်အဝ တိုက်ကျွေးလျက် ရှိနေပေလိမ့်မည်။

ဤဆူရာဟ်တော်၌ ထပ်မံ၍တစ်ကြိမ် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်စွမ်းအားကို အထူးပြု ဖော်ပြထားပေသည်။ အလ္လာဟ်အရှင်မြတ်၌ တန်ခိုးစွမ်းအား အမြောက်အမြားရှိပြီး ယင်းကို လူတို့သည် မိမိတို့၏မျက်စိများဖြင့် မမြင်နိုင်ကြချေ။ ဥပမာအားဖြင့် (Gravity) 'ဆွဲငင်အား'ကိုပင် မမြင်နိုင်ကြ ပေရာ သာမန်မျက်စိဖြင့် အလ္လာဟ်အရှင်မြတ်၏ ယင်းတန်ခိုးစွမ်းအားတော်များကို မည်ကဲ့သို့ မြင်တွေ့ နိုင်ပါအံ့နည်း။

ဟာဇရတ် လွတ်(က်)မန်းﷺသည် အလွန်တရာ ဉာဏ်အမြော်အမြင်ရှိသည့် သုခမိန်ဟူ၍ လူအများ၌ ကျော်ကြားခဲ့ပေသည်။ ဆိုလိုသည်မှာ နက်နဲလှသော အမြော်အမြင် ပြည့်ဝသည့်စကားများကို ပြောဆိုခဲ့သူဖြစ်သည်။ ဤဆူရာဟ်တွင် 'အလီဖ်၊ လာမ်၊ မီမ်'၏နောက်တွင် 'အလ်ကီတာဘ်'နှင့်အတူ ဉာဏ်အမြော်အမြင်နှင့်စပ်လျဉ်း၍ 'အလ်ဟကင်းမ်'ဆိုသော စကားလုံးကိုလည်း ဖြည့်စွက်ဖော်ပြထား သည်ကို တွေ့ရပေသည်။ သို့ဖြစ်ရာ ဤဆူရာဟ်တွင် ပညာရှိ 'လွတ်(က်)မန်းဟကီးမ်'ﷺအား အကြောင်း ခံလျက် အမြော်အမြင်နှင့် ပြည့်ဝသောစကားများကို နည်းအမျိုးမျိုးဖြင့် ဖော်ပြလိမ့်မည်ဖြစ်ကြောင်း သိရှိရ၏။ ဟာဇရတ် လွတ်(က်)မန်းﷺ၏ အမြော်အမြင်နှင့်ပြည့်ဝသည့် စကားများအနက် မိမိ၏ သားတော်အား သွန်သင်ဆုံးမသောစကားရပ်သည် အမြော်အမြင်အပြည့်ဝဆုံးသော စကားရပ်ဖြစ်ပေ သည်။ အလ္လာဟ်နှင့်ယှဉ်တွဲခြင်းကို မည်သည့်အခါမျှ မပြုရန်နှင့်၊ မိဘများအား ကောင်းစွာဆက်ဆံရန် သွန်သင်ခဲ့ပေသည်။ အကြောင်းမူ မိဘသည် 'ရဗ်'(ဖန်ဆင်းမွေးမြူရှင်)နှင့် ဤအဓိပ္ပာယ်သဘော၌ ပုံရိပ် သဖွယ်တူညီမှုရှိပြီး ယင်းမှာကလေးများ မွေးဖွားလာခြင်း၏ ရှုပ်ပိုင်းဆိုင်ရာ အကြောင်းခံဖြစ်ပေသည်။ ထို့နောက် အလ္လာဟ်နှင့်ယှဉ်တွဲခြင်း 'ရှရီက်'၏ အသေးငယ်ဆုံးသော အတွေးအမြင်များပင်ဖြစ်စေ အသင်တို့၏ စိတ်နှလုံး၌ ပေါက်ဖွားလာခဲ့လျှင် လွန်စွာဉာဏ်အမြော်အမြင်ရှိတော်မူသည့် အရှင်မြတ်သည်

ယင်းကို သိရှိတော်မူပေလိမ့်မည်။ ထိုအရှင်မြတ်သည် မုန်ညင်းစေ့တမျှသေးငယ်သော မျိုးစေ့ကလေးများကိုပင် သိရှိတော်မူပြီး သတင်းရရှိတော်မူသည်ဟု သွန်သင်ဆုံးမခဲ့ပေသည်။ ဤနေရာ၌ 'ခဗီးရ်'ဟူသော စကားလုံးမှာ ယင်းတို့သည် မည်ကဲ့သို့သော နိဂုံးရလဒ်ကိုဆိုက်ရောက်လိမ့်မည်ဆိုသည့် နောင်တွင်ဖြစ်ပေါ်လာမည့် အနာဂတ်၏သတင်းစကားများကိုလည်း သိရှိတော်မူသောအရှင်ဖြစ်ကြောင်းကို ရည်ညွှန်းဟန် ရှိပေသည်။

ထို့နောက် ဆူရာဟ် 'အလ်-ဘကရာ'တွင် အစကနဦးဖော်ပြထားသည့် (ကယာမေဆွလာတ်) 'ဆွလာတ်' ဝတ်ပြုတည်ဆောက်ခြင်းတည်းဟူသော အချက်အချာကြသည့် အမိန့်ပညတ်ချက်ကို ထပ်မံဖော်ပြထားပေသည်။ 'မို့အ်မင်န်'ယုံကြည်သူ၏ဘဝသည် 'ဆွလာတ်'ဝတ်ပြုမှုအပေါ်တွင် လုံးဝ အခြေတည်ပေသည်။ ထို့ပြင် ကောင်းမှုများအား အမိန့်ပေးဆင့်ဆိုခြင်းနှင့် မကောင်းမှုများမှ တားမြစ်မှုကိုပြုနိုင်သည့် စွမ်းအားသည်လည်း 'ဆွလာတ်'ဝတ်ပြုတည်ဆောက်မှု၏အကျိုးကြောင့်သာလျှင် ရရှိပေသည်။ သို့ရာတွင် လူသား၏အခြေအနေသည်ကား ကောင်းမှုမှန်သမျှကို အလွှာဟ်အရှင်မြတ်ပေးသနားတော်မူသော စွမ်းအားဖြင့်သာလျှင်ရရှိသော်လည်း လူသားသည် အခြားလူသားများအပေါ် အသေးအဖွဲမျှ သာလွန်ကြီးမြင့်မှုများကြောင့် မိမိကိုယ်ကို ဂုဏ်ယူဝင့်ကြွားတတ်ပေသည်။ သို့ဖြစ်သောကြောင့် လူသားအား နှိမ့်ချကျိုးနွံမှုကို ကျင့်သုံးဆောက်တည်ရန်သွန်သင်ပြီး ကမ္ဘာမြေပေါ်တွင် နှိမ့်ချရိုကျိုးစွာဖြင့် လျှောက်လှမ်းရန်နှင့် ပြောဆိုရာတွင် အသံကိုနှိမ့်၍ပြောဆိုရန် သွန်သင်ထားပေသည်။

ထို့နောက်တွင် လူသားကို အလွှာဟ်အား 'ရှကူရ်'ကျေးဇူးသိတတ်ရန် နှိုးဆော်ထားပြီး ယင်းသည် ဤဆူရာဟ်တော်တွင် အဓိကအရေးပါသောအချက်တစ်ခုဖြစ်ပေသည်။ ဟာဇရတ် လွတ်(က်)မန်း ﷺသည် မိမိ၏သားတော်ကို အလွှာဟ်အား ကျေးဇူးသိတတ်ရန် ထပ်တလဲလဲ သွန်သင်ဆုံးမခဲ့ပေသည်။ သို့ဖြစ်ရာ ဟာဇရတ် လွတ်(က်)မန်း ﷺအား ပေးသနားတော်မူခဲ့သည့် 'ဟီက်မတ်'အမြော်အမြင်တရား၏ အဓိကအချက်အချာကျသော အကြောင်းရင်းမှာ အလွှာဟ်အားကျေးဇူးသိတတ်ခြင်းဖြစ်ပြီး ယင်းမှပင် သူ၏ သွန်သင်ဆုံးမမှု စတင်ခဲ့ပေသည်။ အလွှာဟ်အရှင်မြတ်၏ 'နေ့အ်မတ်' ကောင်းချီးဆုလာဘ်တော်များသည် အဆုံးမရှိဖြစ်တော်မူပြီး ယင်းသည် ကမ္ဘာမြေ၊ မိုးကောင်းကင်နှင့် ယင်းတို့၌တိမ်မြုပ်လျက်ရှိနေသော စွမ်းအားများကို လူသားများဖွံ့ဖြိုးတိုးတက်စေရန်အတွက် အလုပ်အကျွေးပြုစေပေသည်။ အဘယ်မျှထိဆိုသော် စကြဝဠာ၏အစွန်အဖျားတွင်ရှိသော နဂါးငွေ့တန်း(ကြယ်စု) 'Galaxies'များပင်လျှင် လူသားတို့အတွင်း၌ရှိသည့် တိမ်မြုပ်နေသော စွမ်းအားများအပေါ် တစ်ခုသောအတိုင်းအတာအထိ မလွဲမသွေ အကျိုးသက်ရောက်မှုပြုနေပေသည်။ သို့ရာတွင် ဤကဲ့သို့ရှိနေသော်လည်း လူများအနက် ဤစကြဝဠာကြီးနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ အသိပညာမရှိသူများလည်းရှိကြပြီး ၎င်းတို့သည် ပင်ကိုအသိပညာမရှိပါဘဲလျက် အလွှာဟ်နှင့်စပ်လျဉ်း၍ အလွန်အကျွံပြောဆိုမှုကို ပြုကြပေသည်။ ၎င်းတို့ထံတွင် 'ရှရီက်' အလွှာဟ်နှင့်ယှဉ်တွဲကိုးကွယ်မှုကိုပြုသည့် သွန်သင်ချက်ကိုပေးသော လမ်းညွှန်မှု တစ်စုံတစ်ရာမရှိသကဲ့သို့ လင်းဝင်းသော ကျမ်းတစ်စောင်လည်းရှိသည်မဟုတ်ချေ။

ဤတွင် 'ကီတာဘေမူနီး'ရ်'(လင်းဝင်းသောကျမ်း)ဟူသည် ရုပ်တုကိုးကွယ်သူများက မိမိတို့၏ ပျက်ယွင်းနေသော သွန်သင်ချက်အတွက် သက်သေသာဓကအဖြစ် အချို့သော ကျမ်းများကို တင်ပြခြင်းအား ပယ်ချခြင်းဖြစ်ပေသည်။ ဥပမာ 'ဝေဒ'ကျမ်းများ၏ အကိုးအကားများကို တင်ပြကြပေသည်။ သို့ရာတွင် 'ဝေဒ'ကျမ်းသည်ကား မည်သည့်လင်းဝင်းသော သက်သေသာဓကမရှိရုံမျှမက လူသားကို

အမှောင်ထုများဆီသို့ ပို၍သာတွန်းပို့လျက်ရှိပေသည်။

စကြဝဠာကြီးတွင် အလွှာဟ်အရှင်မြတ်၏ ဉာဏ်အမြော်အမြင်နှင့် တန်ခိုးစွမ်းအားတော်များ၏ လျှို့ဝှက်ချက်များ ပျံ့ကြဲလျက်ရှိနေပြီး ယင်းတို့ကို မည်သည့်တွက်ချက်မှုနှင့်မျှ လွှမ်းခြုံနိုင်မည်မဟုတ်ချေ။ အကယ်၍ ပင်လယ်သမုဒ္ဒရာအားလုံးသည် 'မင်'ရည်ဖြစ်သွားပြီး သစ်ပင်ဟူသမျှသည် ကလောင်တံ ဖြစ်သွားမည်ဆိုလျှင်လည်း သမုဒ္ဒရာများ ခန်းခြောက်သွားလျက် ကလောင်တံများသာ ကုန်ဆုံးသွားပေမည်၊ သို့သော် အလွှာဟ်အရှင်မြတ်၏ တန်ခိုးစွမ်းအားတော်များ၏ လျှို့ဝှက်ချက်သည်ကား ကုန်ဆုံးမည်မဟုတ်၊ ဖော်ပြရန်ကျန်ရှိနေဦးမည်သာဖြစ်၏။

ထို့နောက် အာယတ်တော်(၂၉)တွင် လူသားအား ဖန်ဆင်းခြင်း၏ လျှို့ဝှက်ချက်ကို အံ့ဩဖွယ် လှပ်ပြထားပေသည်။ လူသားသည် အကယ်၍ မိခင်၏သားအိမ်အတွင်း ပုံသဏ္ဌာန် အမျိုးမျိုး ပြောင်းလဲသောသန္ဓေသားကို လေ့လာသုံးသပ်ပြီး ယင်းသည်ဖန်ဆင်းခြင်း၏ အဆုံးစွန်သောအဆင့်များမှ ဖြတ်သန်းခဲ့ရကြောင်းကိုသုံးသပ်ပါလျှင် သူသည် မိမိအား အစကနဦး ဖန်ဆင်းခံရခြင်း၏ လျှို့ဝှက်နက်နဲလှသော အမြော်အမြင်သဘောတရားများကို တစ်ခုသော အတိုင်းအတာထိ သိရှိနိုင်ပေသည်။ ထို့ကြောင့် သိပ္ပံပညာရှင်များက သန္ဓေတည်ခိုန်မှစပြီး သန္ဓေသားပြည့်စုံသည်အထိ သန္ဓေသား၌ ဖွံ့ဖြိုးတိုးတက်မှုများသည် ဘဝ၏ အစကနဦးမှစတင်သော (Evolution) 'ဆင့်ကဲတိုးတက်မှုဖြစ်စဉ်' အလုံးစုံကို ဆင့်ပြန်နေခြင်းပင်ဖြစ်သည်ဟူ၍ ပြတ်ပြတ်သားသားဖော်ပြခဲ့ကြပေသည်။ ယင်းသည် အလွန်မှ ကျယ်ပြန့်နက်ရှိုင်းလှသော အကြောင်းရပ်ဖြစ်ပြီး ယင်းနှင့်စပ်လျဉ်း၍ သိပ္ပံပညာရှင်အားလုံးက တညီတညွတ်တည်း လက်ခံကြပေသည်။ အရှင်မြတ်မိန့်ကြားထားတော်မူသည်မှာ ဤသည် အသင်တို့၏ အစကနဦး ဖန်ဆင်းခြင်းဖြစ်၏။ အသင်တို့သည် သေးနုပ်သော ပိုးမွှားအခြေအနေမှ ဖွံ့ဖြိုးတိုးတက်လာလျက် မိမိတို့၏ လူသားဆိုင်ရာ စွမ်းအားအရည်အသွေး၏ အဆုံးစွန်သို့တိုင်ရောက်ရှိလာသကဲ့သို့ပင် မိမိတို့၏ ဖန်ဆင်းခြင်းအသစ်၌ 'ကေယာမတ်'နေ့တိုင်အောင် များစွာမှဖွံ့ဖြိုးတိုးတက်သွားမည်ဖြစ်ပြီး ဤကဲ့သို့ ပြီးပြည့်စုံသောအခြေအနေကို သာမန်လူသားနှင့်ယှဉ်လိုက်ပါလျှင် သာမန်လူတစ်ဦးကို မည်သည်မျှ မဟုတ်သေးသော ဘဝအစဖြစ်သည့် ပိုးမွှားနှင့် နှိုင်းယှဉ်သည့်အလားဖြစ်နေပေလိမ့်မည်။

ဤဆူရာဟ်တော်၏အဆုံးတွင် လူသားတို့သည် သေဆုံးကွယ်လွန်ရာမှ အဆုံးစွန်သော ပြည့်ဝသည့်ပုံစံဖြင့် ပြန်လည်ရှင်ပြန်ထမြောက်မည့် အချိန်နာရီအကြောင်းဖော်ပြထားပြီး ယင်းသည် မည်သည့်အခါတွင် မည်သို့မည်ပုံဖြစ်မည်ဆိုသည်ကို အလွှာဟ်အရှင်မြတ်သည်သာလျှင် သိရှိတော်မူ၏။ ဤသည်နှင့်ဆက်နွယ်လျက် အလွှာဟ်အရှင်မြတ်သာလျှင် သိရှိတော်မူပြီး ယင်းအသိပညာ၌ လူသားသည် တစ်စုံတစ်ရာတွဲဖက်ပါဝင်မှုမရှိသည့် အခြားသောအကြောင်းအရာများကိုလည်း ဖော်ပြထားပေသည်။ ယင်းအကြောင်းအရာများမှာ မိုးကောင်းကင်မှ မိုးရေသည် မည်သည့်အချိန် မည်ကဲ့သို့ရွာသွန်းမည်ကို လည်းကောင်း၊ မိခင်များ၏သားအိမ်များတွင် မည်သည့်အရာက ဖွံ့ဖြိုးတိုးတက်လျက်ရှိနေမည်ကို လည်းကောင်း လူသားသည်မသိရှိချေ။ ထို့ပြင် နက်ဖြန်တွင် မိမိမည်သည်ကို ရှာဖွေဆည်းပူးမည်၊ ကမ္ဘာမြေ၏မည်သည့်နေရာ၌ မိမိသေဆုံးကွယ်လွန်မည်ကိုလည်း လူသားသည်မသိရှိချေ။

ဤတွင် သံသယတစ်ခုကို ဖယ်ရှားပစ်ရန်လိုအပ်ပေသည်။ ယခုကဲ့သို့ တိုးတက်အောင်မြင်နေသော ခေတ်ကာလတွင် သစ်လွင်သောစက်ကိရိယာများ၏အကူအညီဖြင့် မိခင်၏ဝမ်းတွင်း၌ရှိသော

အရာကို သိရှိနိုင်ပေသည်ဟူ၍ ကြွေးကြော်နေကြပေသည်။ ကလေးသည် ကျန်းမာသောကလေးဖြစ်မည်လော သို့မဟုတ် မွေးရာပါရောဂါသည်ဖြစ်မည်လော။ ယောက်ျားလေးလော၊ မိန်းကလေးလောဆိုသည်ကိုပင် သိရှိနိုင်မည်ဟူ၍ ဆိုကြပေသည်။ သို့ရာတွင် ဤကဲ့သို့ ကြွေးကြော်မှုပြုသော်ငြားလည်း ယုံကြည်ချက်အပြည့်ဖြင့် မိခင်ဝမ်းတွင်း၌ ဖွံ့ဖြိုးနေသောကလေးသည် ချို့တဲ့သူဖြစ်မည် မဖြစ်မည်ဆိုသည်ကို ပြတ်ပြတ်သားသား မပြောနိုင်ချေ။ ဖြစ်နိုင်ချေရှိသည်ကိုသာလျှင် ဖော်ပြကြခြင်းဖြစ်ပေသည်။ ထို့အတူ မွေးဖွားလာမည့်ကလေးသည် ယောက်ျားလေး သို့မဟုတ် မိန်းကလေးဖြစ်ပါသည်ဟု ကြိုတင်ပြောဆိုမှုများသည်လည်း မကြာခဏမှားယွင်းကြောင်း တွေ့ရှိရပေသည်။ တစ်ခါတစ်ရံ သားဖွားမီးယပ်ဆိုင်ရာ ကျွမ်းကျင်သောပညာရှင်က ကလေးတစ်ဦးနှင့်စပ်လျဉ်းပြီး မွေးကတည်းက ချို့တဲ့သူဖြစ်လိမ့်မည်ဟူ၍ အခိုင်အမာပြောဆိုခဲ့သော်လည်း ကလေးမွေးဖွားလာသည့်အခါ ယင်းချို့တဲ့ချက်မှ ကင်းစင်နေကြောင်းကို မကြာခဏ ကြုံတွေ့ခဲ့ရပေသည်။ ထို့အတူ တစ်ခါတစ်ရံတွင် မိန်းကလေးမွေးဖွားလာမည်ဟူ၍ ယုံကြည်ချက်အပြည့်ဖြင့် ပြောခဲ့သော်လည်း ယောက်ျားလေး မွေးဖွားလာသည်ကိုလည်းကောင်း၊ ယောက်ျားလေးမွေးဖွားလာမည်ဟူ၍ ပြောသော်လည်း မိန်းကလေးမွေးဖွားလာသည်ကိုလည်းကောင်း တွေ့ရှိရပေရာ ဤသည်တို့မှာ ကျွန်ုပ်တို့၏နေ့စဉ်အတွေ့အကြုံ၌ မကြာခဏတွေ့ရှိကြရသည့် အကြောင်းအရာများပင် ဖြစ်သတည်း။

♦ ♦ ♦

ဆူရောဟ် လွတ်(က်)မန်း

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၃၅)ပိုဒ် ရှုကူ (၄)ပုဒ်ပါရှိသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

الٓمّٓ ①

၂။ الٓمّٓ ဂါအလ္လာဟ်သည် အားလုံးထက်ပို၍ သိတော်မူသောအရှင် ဖြစ်တော်မူ၏။

تِلۡكَ اٰيٰتُ الۡكِتٰبِ الۡحَكِيۡمِ ②

၃။ ဤသည် ဉာဏ်အမြော်အမြင်နှင့်ပြည့်ဝသော ကျမ်းတော်၏ 'အာယတ်'မုကွပါဠိတော်များတည်း။

هُدًى وَّ رَحۡمَةً لِّلۡمُحۡسِنِيۡنَ ③

၄။ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်သူတို့အဖို့ လမ်းညွှန်တော်နှင့် 'ရာဟ်မတ်'ကရုဏာတော် ဖြစ်၏။

الَّذِيۡنَ يُقِيۡمُوۡنَ الصَّلٰوةَ وَ يُؤۡتُوۡنَ الزَّكٰوةَ وَهُمۡ بِالۡاٰخِرَةِ هُمۡ يُوۡقِنُوۡنَ ④

၅။ ယင်းတို့သည်'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြ၏။ 'ဇကား'အလှူကိုပေးဆောင်ကြ၏။ ထို့ပြင် သူတို့သည် နောင်တမလွန်ကိုလည်း အမှန်ပင် ယုံကြည်ချက်ထားရှိကြ၏။

اُولٰٓئِكَ عَلٰى هُدًى مِّنۡ رَّبِّهِمۡ وَ اُولٰٓئِكَ هُمُ الۡمُفۡلِحُوۡنَ ⑤

၆။ ဤသူများသည်သာ မိမိတို့ဖန်ဆင်းမွေးမြူရှင်၏ လမ်းညွှန်မှုအပေါ်(ရပ်တည်လျက်)ရှိကြ၏။ ဤသူများသည်သာ လျှင် အောင်မြင်မည့်သူများဖြစ်ကြ၏။

وَ مِنَ النَّاسِ مَنۡ يَّشۡتَرِىۡ لَهۡوَ الۡحَدِيۡثِ لِيُضِلَّ عَنۡ سَبِيۡلِ اللّٰهِ بِغَيۡرِ عِلۡمٍ ۖ وَّ يَتَّخِذَهَا هُزُوًا ؕ اُولٰٓئِكَ لَهُمۡ عَذَابٌ مُّهِيۡنٌ ⑥

၇။ လူတို့အနက် ဤသို့သောသူများလည်းရှိကြ၏။ ထိုသူတို့သည် အသိပညာ တစ်စုံတစ်ရာမရှိဘဲလျက် အလ္လာဟ်၏လမ်းတော်မှ လွဲချော်တိမ်းပါးသွားကြစေရန်နှင့် ယင်းကို ပြက်ရယ်ပြုလှောင်ပြောင်ဖွယ်ရာပြုလုပ်ရန်အလို့ငှာ အချည်းနှီးအကျိုးမဲ့သော စကားများကို ဝယ်ယူဖောက်ကားမှုပြုကြ၏။ ဤသို့သောသူတို့အဖို့ ဂုဏ်သရေညှိုးနွမ်းစေမည့်ပြစ်ဒဏ်ကို (သတ်မှတ်)ထားရှိ၏။

وَ اِذَا تُتۡلٰى عَلَيۡهِ اٰيٰتُنَا وَلّٰى مُسۡتَكۡبِرًا كَاَنۡ لَّمۡ يَسۡمَعۡهَا كَاَنَّ فِىۡۤ اُذُنَيۡهِ وَقۡرًا ۚ فَبَشِّرۡهُ بِعَذَابٍ اَلِيۡمٍ ⑦

၈။ အကြင်အခါဝယ် သူ့အား ဂါတို့၏ 'အာယတ်'မုကွပါဠိတော်များကို ဖတ်ရွတ်ပြသည့်အခါ သူသည် မာန်မာနထောင်လွှားလျက် ယင်းကို မကြားဘိသကဲ့သို့ ကျောခိုင်းလိုက်ပေသည်။ သူ၏နားနှစ်ဖက်စလုံးတွင်(နားပင်းစေသည့်) ဝန်တစ်ခုရှိသည့်အလားပင်ဖြစ်၏။ သို့ဖြစ်ရာ သူ့အား ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်၏သတင်းကိုပေးပါလေ။

اِنَّ الَّذِيۡنَ اٰمَنُوۡا وَعَمِلُوا الصّٰلِحٰتِ لَهُمۡ جَنّٰتُ النَّعِيۡمِ ⑧

၉။ ဧကန်မလွဲ အကြင်သူတို့သည် 'အီမာန်'သက်ဝင်ယုံကြည်ကြပြီး ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြပါလျှင် ယင်းတို့အတွက် 'နေ့အ်မတ်'ကောင်းချီးဆု

လာဘ်ရှိသော 'ဂျန္နတ်'ဥယျာဉ်တော်များသည်ရှိ၏။

خٰلِدِيْنَ فِيْهَا ؕ وَعْدَ اللّٰهِ حَقًّا ؕ وَهُوَ الْعَزِيْزُ الْحَكِيْمُ ۝

၁၀။ ထိုသူတို့သည် ယင်း(ဥယျာဉ်တော်များ)၌ အမြဲထာဝရ နေကြရလိမ့်မည်။ (ဤသည်) အလ္လာဟ်၏ စစ်မှန်သော ကတိတော်ဖြစ်၏။ စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

خَلَقَ السَّمٰوٰتِ بِغَيْرِ عَمَدٍ تَرَوْنَهَا وَاَلْقٰى فِى الْاَرْضِ رَوَاسِىَ اَنْ تَمِيْدَ بِكُمْ وَبَثَّ فِيْهَا مِنْ كُلِّ دَآبَّةٍ ؕ وَاَنْزَلْنَا مِنَ السَّمَآءِ مَآءً فَاَنْۢبَتْنَا فِيْهَا مِنْ كُلِّ زَوْجٍ كَرِيْمٍ ۝

၁၁။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များကို တိုင်များမပါဘဲ ပြုလုပ်ထားတော်မူ၏။ ယင်းအား အသင်တို့ကြည့်မြင်နိုင်ကြရန်ဖြစ်၏။ ထို့ပြင် အသင်တို့အဖို့ ရိက္ခာကို စီမံပေးတော်မူရန်အလို့ငှာ ကမ္ဘာမြေတွင် တောင်များကိုပြုလုပ်ထားတော်မူ၏။ ထို့ပြင် ယင်း၌သွားလာသည့် သက်ရှိအမျိုးမျိုးကို ဖန်ဆင်းထားတော်မူ၏။ ၎င်းပြင် ငါတို့သည် မိုးကောင်းကင်မှ ရေကို ချပေးတော်မူ၍ ယင်း(ကမ္ဘာမြေ)တွင် အမျိုးမျိုးသော ကောင်းမြတ်သည့် အစုံအတွဲများကို ပေါက်ရောက်စေတော်မူ၏။

هٰذَا خَلْقُ اللّٰهِ فَاَرُوْنِىْ مَاذَا خَلَقَ الَّذِيْنَ مِنْ دُوْنِهٖ ؕ بَلِ الظّٰلِمُوْنَ فِىْ ضَلٰلٍ مُّبِيْنٍ ۝ ع

၁၂။ ဤသည် အလ္လာဟ်၏ဖန်ဆင်းတော်မူခြင်းဖြစ်၏။ သို့ဖြစ်ရာ အရှင်မြတ်မှလွဲ၍ အခြားသူတို့သည် မည်သည်ကို ဖန်ဆင်းခဲ့ကြောင်း ကျွန်ုပ်အားပြသကြကုန်။ စင်စစ်သော်ကား မတရားကျူးလွန်သူတို့သည် သိသာထင်ရှားသည့် လမ်းလွဲမှုဌ ရှိနေကြပေသတည်း။

ရုကူ-၂

وَلَقَدْ اٰتَيْنَا لُقْمٰنَ الْحِكْمَةَ اَنِ اشْكُرْ لِلّٰهِ ؕ وَمَنْ يَّشْكُرْ فَاِنَّمَا يَشْكُرُ لِنَفْسِهٖ ۚ وَمَنْ كَفَرَ فَاِنَّ اللّٰهَ غَنِىٌّ حَمِيْدٌ ۝

၁၃။ ကောန်ပင် ငါတို့သည် 'လွတ်(က်)မန်း'အား ဤသို့ပြောဆိုလျက် အမြော်အမြင်တရားကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ အလ္လာဟ်အား ကျေးဇူးသိတတ်လော့။ အကြင်မည်သူမဆို ကျေးဇူးသိတတ်အံ့၊ ထိုသူသည် မိမိစိတ်ဝိညာဉ်၏ အကျိုးအတွက်သာလျှင် ကျေးဇူးသိတတ်ခြင်းဖြစ်၏။ ထို့ပြင် မည်သူမဆို ကျေးဇူးကန်းအံ့၊ ကောန်စင်စစ် အလ္လာဟ်သည် လိုလားတောင့်တခြင်းကင်း၍ ကုံလုံပြည့်စုံတော်မူသောအရှင်၊ အလွန်တရာ ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَاِذْ قَالَ لُقْمٰنُ لِابْنِهٖ وَهُوَ يَعِظُهٗ يٰبُنَىَّ لَا تُشْرِكْ بِاللّٰهِ ؕ اِنَّ الشِّرْكَ لَظُلْمٌ عَظِيْمٌ ۝

၁၄။ ထို့ပြင် အကြင်အခါဝယ် 'လွတ်(က်)မန်း'သည် မိမိ၏သားကို ဆုံးမသြဝါဒပေးရာ၌ အို-ငါ၏ချစ်သား အလ္လာဟ်နှင့် အတူ ယှဉ်တွဲကိုးကွယ်ရာမပြုလုပ်လင့်။ ကောန်စင်စစ် 'ရှရိုက်' ယှဉ်တွဲကိုးကွယ်ခြင်းသည် လွန်စွာကြီးမားသော မတရားမှုဖြစ်၏ဟု ပြောကြားခဲ့လေသည်။

وَوَصَّيْنَا الْاِنْسَانَ بِوَالِدَيْهِ ۚ حَمَلَتْهُ اُمُّهٗ

၁၅။ ငါတို့သည် လူသားအား သူ၏မိဘများနှင့်စပ်လျဉ်း၍ အထူးတလည် သွန်သင်ဆုံးမတော်မူ၏။ သူ၏မိခင်သည်

وَهْنًا عَلٰى وَهْنٍ وَّ فِصٰلُهٗ فِيْ عَامَيْنِ اَنِ اشْكُرْ لِيْ وَلِوَالِدَيْكَ ؕ اِلَيَّ الْمَصِيْرُ ﴿۱۴﴾

သူကို အားအင်ချည့်နဲ့ခြင်းအပေါ် အားအင်ချည့်နဲ့စွာဖြင့် လွယ်၍ထားခဲ့ရ၏။ ထို့ပြင် နှစ်နှစ်မြောက်သောအခါ၌သာ သူ့အားနို့ဖြတ်လေသည်။ (ငါတို့သည် သူ့အား ဤသို့အထူးတလည် သွန်သင်ဆုံးမတော်မူ၏) ငါအရှင်မြတ်အားလည်းကောင်း၊ မိမိ၏မိဘနှစ်ပါးအားလည်းကောင်း ကျေးဇူးသိတတ်ကြကုန်။ ငါ့ထံတော်သို့သာလျှင် ပြန်၍လာကြရပေအံ့။

وَاِنْ جَاهَدٰكَ عَلٰٓى اَنْ تُشْرِكَ بِيْ مَا لَيْسَ لَكَ بِهٖ عِلْمٌ فَلَا تُطِعْهُمَا وَصَاحِبْهُمَا فِي الدُّنْيَا مَعْرُوْفًا ۪ وَّ اتَّبِعْ سَبِيْلَ مَنْ اَنَابَ اِلَيَّ ۚ ثُمَّ اِلَيَّ مَرْجِعُكُمْ فَاُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ﴿۱۵﴾

၁၆။ အကယ်၍ (မိဘ)နှစ်ပါးက အသင်၌ အသိပညာအထောက်အထားတစ်စုံတစ်ရာမရှိသော အရာတစ်ခုခုကို ငါအရှင်မြတ်နှင့်ယှဉ်တွဲကိုးကွယ်မှု 'ရှရိက်'ပြုရန် အသင်နှင့် အငြင်းအခုံပြုပါလျှင် အသင်သည် ၎င်းတို့နှစ်ဦးစလုံးကို နာခံခြင်းမပြုလင့်။ သို့သော် ၎င်းတို့နှစ်ဦးစလုံးကို လောက၏ထုံးတမ်းစဉ်လာနှင့်အညီ ချစ်ခင်ရင်းနှီးမှုထားရှိပါလေ။ ထို့ပြင် ငါအရှင်မြတ်ဘက်သို့ ယိမ်းညွတ်သောသူ၏လမ်းကို လိုက်နာကျင့်ကြံပါလေ။ ထို့နောက် ငါအရှင်မြတ်ထံတော်သို့သာလျှင် အသင်တို့ပြန်လည်၍လာကြရမည်ဖြစ်၏။ ထိုအခါ ငါအရှင်မြတ်သည် အသင်တို့အား အသင်တို့ပြုလုပ်လျက်ရှိခဲ့သည်တို့ကို အသိပေးတော်မူပေအံ့။

يٰبُنَيَّ اِنَّهَآ اِنْ تَكُ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ فَتَكُنْ فِيْ صَخْرَةٍ اَوْ فِي السَّمٰوٰتِ اَوْ فِي الْاَرْضِ يَاْتِ بِهَا اللّٰهُ ؕ اِنَّ اللّٰهَ لَطِيْفٌ خَبِيْرٌ ﴿۱۶﴾

၁၇။ အို-ငါ၏ချစ်သား၊ အမှန်ပင် အကယ်၍ မုန်ညင်းစေ့ခန့်မျှရှိသော တစ်စုံတစ်ရာသည် ကျောက်ဆောင်တစ်ခုခုတွင် (ဝိပြားလျက်)ရှိသည်ဖြစ်စေ သို့မဟုတ် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင် မည်သည့်နေရာ၌ပင်ရှိသည်ဖြစ်စေ အလ္လာဟ်သည် ယင်းအား မလွဲမသွေ ယူဆောင်လာတော်မူပေမည်။ ဧကန်စင်စစ် အလ္လာဟ်သည် လွန်စွာ အနုစိတ်မြင်တော်မူသော အရှင်၊ အမြဲထာဝရသတင်းရရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

يٰبُنَيَّ اَقِمِ الصَّلٰوةَ وَاْمُرْ بِالْمَعْرُوْفِ وَانْهَ عَنِ الْمُنْكَرِ وَاصْبِرْ عَلٰى مَآ اَصَابَكَ ؕ اِنَّ ذٰلِكَ مِنْ عَزْمِ الْاُمُوْرِ ﴿۱۷﴾

၁၈။ အို-ငါ၏ချစ်သား၊ 'ဆွလာတ်' ဝတ်ပြုတည်ဆောက်ပါလေ၊ ထို့ပြင် ကောင်းမြတ်သည့်အရာများကိုညွှန်ကြား၍ မနှစ်မြို့ဖွယ်အရာများမှ တားမြစ်ပါလေ။ ထို့ပြင် အသင့်အပေါ်ကျရောက်သော ထို(ဘေးဒုက္ခ)ကို သည်းခံပါလေ။ ဧကန်စင်စစ် ဤသည် အလွန်အရေးပါသော အကြောင်းကိစ္စများအနက်မှ ဖြစ်ပေသည်။

وَلَا تُصَعِّرْ خَدَّكَ لِلنَّاسِ وَلَا تَمْشِ فِي الْاَرْضِ مَرَحًا ؕ اِنَّ اللّٰهَ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُوْرٍ ﴿۱۸﴾

၁၉။ ထို့ပြင် (မာန်မာနဖြင့်) လူသားများအတွက် မိမိ၏ပါးကို ဖောင်း၍မထားလင့်။ ထို့ပြင် ကမ္ဘာမြေပေါ်တွင် မောက်မာပလွားလျက် မလျှောက်လင့်။ ဧကန်စင်စစ် အလ္လာဟ်သည် မာန်မာနထောင်လွှားသူနှင့် ဂုဏ်မောက်ဝင့်ကြွားသူတို့ကို နှစ်သက်တော်မမူချေ။

وَ اقْصِدْ فِیْ مَشْیِكَ وَ اغْضُضْ مِنْ صَوْتِكَ ؕ اِنَّ اَنْكَرَ الْاَصْوَاتِ لَصَوْتُ الْحَمِیْرِ ﴿۱۹﴾

၂၀။ ထို့ပြင် မိမိ၏ခြေလှမ်းကို အလယ်အလတ်လှမ်းပါလေ။ မိမိအသံကိုနှိမ့်၍ ပြောဆိုပါလေ။ ဧကန်စင်စစ် အားလုံးထက် အဆိုးရွားဆုံးသောအသံသည်ကား မြည်းသတ္တဝါ၏ အသံပင် ဖြစ်သတည်း။

ရုကူး-၃

اَلَمْ تَرَوْا اَنَّ اللّٰهَ سَخَّرَ لَكُمْ مَّا فِی السَّمٰوٰتِ وَمَا فِی الْاَرْضِ وَاَسْبَغَ عَلَیْكُمْ نِعَمَهٗ ظَاهِرَةً وَّ بَاطِنَةً ؕ وَ مِنَ النَّاسِ مَنْ یُّجَادِلُ فِی اللّٰهِ بِغَیْرِ عِلْمٍ وَّ لَا هُدًی وَّ لَا كِتٰبٍ مُّنِیْرٍ ﴿۲۰﴾

၂၁။ အသို့နည်း၊ အသင်တို့သည် စဉ်းစားသုံးသပ်ခြင်းမပြုကြသလော။ အလ္လာဟ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသမျှကို အသင်တို့အဖို့ နာခံအလုပ်အကျွေးပြုစေတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် မိမိ၏ 'နေ့အိမတ်' ကောင်းချီးဆုလာဘ်တော်များကို အသင်တို့အပေါ် အပြင်ပိုင်းအရလည်းကောင်း၊ အတွင်းပိုင်းအရလည်းကောင်း ပြည့်စုံစေတော်မူ၏။ သို့ပါလျက် လူသားတို့အနက် ဤသို့လည်းရှိကြ၏၊ ယင်းတို့သည် အလ္လာဟ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ အသိပညာမရှိ၊ လမ်းညွှန်မှု သို့မဟုတ် လင်းဝင်းသောကျမ်းစာမရှိဘဲလျက် အငြင်းအခုံပြုကြပေသည်။

وَ اِذَا قِیْلَ لَهُمُ اتَّبِعُوْا مَاۤ اَنْزَلَ اللّٰهُ قَالُوْا بَلْ نَتَّبِعُ مَا وَجَدْنَا عَلَیْهِ اٰبَآءَنَا ؕ اَوَ لَوْ كَانَ الشَّیْطٰنُ یَدْعُوْهُمْ اِلٰی عَذَابِ السَّعِیْرِ ﴿۲۱﴾

၂၂။ အကြင်အခါဝယ် ၎င်းတို့အား အလ္လာဟ် ပို့ချတော်မူသည်များနောက်သို့လိုက်ကြကုန်ဟု ပြောဆိုသောအခါ ၎င်းတို့က ယင်းအစား ကျွန်ုပ်တို့သည် မိမိတို့၏ အဘဘိုးဘေးများကိုတွေ့ရှိခဲ့သည့်အတိုင်း လိုက်နာကျင့်သုံးကြမည်ဟု ပြောကြ၏။ အကယ်၍ 'ရှိုင်တန်'သည် ၎င်းတို့အား မီးဟုန်းဟုန်းတောက်လောင်နေသည့် 'အဇာဘ်' ပြစ်ဒဏ်ဘက်သို့ ဖိတ်ခေါ်လျှင် ထိုအခြေအနေ၌လည်း (၎င်းတို့သည် ဤသို့ပြုကြမည်လော)။

وَ مَنْ یُّسْلِمْ وَجْهَهٗۤ اِلَی اللّٰهِ وَ هُوَ مُحْسِنٌ فَقَدِ اسْتَمْسَكَ بِالْعُرْوَةِ الْوُثْقٰی ؕ وَ اِلَی اللّٰهِ عَاقِبَةُ الْاُمُوْرِ ﴿۲۲﴾

၂၃။ အကြင်မည်သူမဆို မိမိ၏အာရုံဟူသမျှကို အလ္လာဟ်ထံပုံအပ်လျက်၊ ထိုသူသည် ကောင်းမှုပြုသူဖြစ်ပါမူ သူသည် ဧကန်စင်စစ် ခိုင်မာသောလက်ကိုင်တစ်ခုကို စွဲကိုင်လိုက်ခြင်းပင်ဖြစ်၏။ စင်စစ် အရေးကိစ္စအလုံးစုံသည် နောက်ဆုံးတွင် အလ္လာဟ်၏ဘက်သို့သာ(ပြန်လှည့်ရပေသ)တည်း။

وَ مَنْ كَفَرَ فَلَا یَحْزُنْكَ كُفْرُهٗ ؕ اِلَیْنَا مَرْجِعُهُمْ فَنُنَبِّئُهُمْ بِمَا عَمِلُوْا ؕ اِنَّ اللّٰهَ عَلِیْمٌۢ بِذَاتِ الصُّدُوْرِ ﴿۲۳﴾

၂၄။ အကြင်မည်သူမဆို မယုံကြည်ငြင်းပယ်ပါလျှင် သူ၏ငြင်းပယ်မှုသည် အသင့်အား ပူဆွေးသောကမရောက်စေလင့်။ ၎င်တို့ထံသို့သာလျှင် ယင်းတို့သည် ပြန်လာကြရပေမည်။ ထို့အခါ ၎င်တို့သည် ယင်းတို့ မည်သို့ပြုမူခဲ့ကြသည်ကို ပြောပြတော်မူပေအံ့။ ဧကန်စင်စစ် အလ္လာဟ်သည် ရင်တွင်းရှိအရာများကို ကောင်းစွာသိတော်မူသောအရှင် ဖြစ်တော်မူ၏။

ثُمَّ نُمَتِّعُهُمْ قَلِیْلًا ثُمَّ نَضْطَرُّهُمْ اِلٰی

၂၅။ ၎င်တို့သည် ယင်းတို့အား အနည်းငယ်မျှသော ယာယီအကျိုးကျေးဇူးကို သက်ရောက်စေတော်မူပေအံ့။ ပြီးနောက်

عَذَابٍ غَلِيْظٍ ۝

ယင်းတို့အား အလွန်ပြင်းထန်သောပြစ်ဒဏ်ဘက်သို့ အရှောင်မလွဲသာဘဲ ခေါ်ဆောင်သွားတော်မူပေမည်။

وَلَئِنْ سَاَلْتَهُمْ مَّنْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ لَيَقُوْلُنَّ اللّٰهُ ؕ قُلِ الْحَمْدُ لِلّٰهِ ؕ بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ۝

၂၆။ အကယ်၍ အသင်သည် ယင်းတို့အား မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို မည်သူဖန်ဆင်းခဲ့သနည်းဟု မေးမြန်းပါလျှင် မလွဲမသွေပင် ယင်းတို့က 'အလ္လာဟ်'ဟုသာ ဖြေကြားပြောဆိုကြလိမ့်မည်။ အသင်ပြောကြားပါလေ၊ အလုံးစုံသောချီးမွမ်းခြင်းဟူသမျှသည် အလ္လာဟ်အဖို့သာဖြစ်၏။ သို့သော် ယင်းတို့အနက် အများစုသည်မသိကြချေ။

لِلّٰهِ مَا فِي السَّمٰوٰتِ وَالْاَرْضِ ؕ اِنَّ اللّٰهَ هُوَ الْغَنِيُّ الْحَمِيْدُ ۝

၂၇။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသည်တို့ကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ ဧကန်စင်စစ် အလ္လာဟ်သည်သာလျှင် လိုလားတောင့်တခြင်းကင်း၍ ကုံလုံပြည့်စုံတော်မူသောအရှင်(နှင့်) ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَوْ اَنَّ مَا فِي الْاَرْضِ مِنْ شَجَرَةٍ اَقْلَامٌ وَّالْبَحْرُ يَمُدُّهٗ مِنْۢ بَعْدِهٖ سَبْعَةُ اَبْحُرٍ مَّا نَفِدَتْ كَلِمٰتُ اللّٰهِ ؕ اِنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ۝

၂၈။ အကယ်၍ ကမ္ဘာမြေပေါ်ရှိရှိသမျှသော သစ်ပင်အားလုံးသည် ကလောင်တံများဖြစ်ခဲ့ကြပြီး၊ ပင်လယ်သမုဒ္ဒရာသည် (မင်ရည်ဖြစ်သွားပါလျှင်) ၎င်းပြင် နောက်ထပ် ပင်လယ်သမုဒ္ဒရာခုနစ်စင်းက ယင်းကိုကူညီပါလျှင်လည်း အလ္လာဟ်၏ 'နှုတ်ကပါဌ်တော်'စကားရပ်များသည် ကုန်ဆုံးလိမ့်မည်မဟုတ်ချေ။ ဧကန်စင်စစ် အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

مَا خَلْقُكُمْ وَلَا بَعْثُكُمْ اِلَّا كَنَفْسٍ وَّاحِدَةٍ ؕ اِنَّ اللّٰهَ سَمِيْعٌۢ بَصِيْرٌ ۝

၂၉။ အသင်တို့အား ဖန်ဆင်းခြင်းနှင့် အသင်တို့အား ပြန်လည်၍ ရှင်ပြန်ထမြောက်စေခြင်းတို့သည် အသက်ဝိညာဉ်တစ်ခုတည်း(အားဖန်ဆင်းခြင်းနှင့် ထမြောက်စေခြင်း)ပမာဖြစ်၏။ ဧကန်စင်စစ် အလ္လာဟ်သည် လွန်စွာကြားတော်မူသောအရှင်၊ နက်ရှိုင်းစွာမြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။

اَلَمْ تَرَ اَنَّ اللّٰهَ يُوْلِجُ الَّيْلَ فِي النَّهَارِ وَيُوْلِجُ النَّهَارَ فِي الَّيْلِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ ۙ كُلٌّ يَّجْرِيْۤ اِلٰۤى اَجَلٍ مُّسَمًّى وَّاَنَّ اللّٰهَ بِمَا تَعْمَلُوْنَ خَبِيْرٌ ۝

၃၀။ အသင်သည် စဉ်းစားသုံးသပ်ခြင်း မပြုလေသလော။ အလ္လာဟ်သည် 'ညဉ့်'ကို'နေ့'တွင်ထည့်သွင်းတော်မူ၏၊ 'နေ့'ကို'ညဉ့်'တွင်ထည့်သွင်းတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် 'နေ'နှင့်'လ'ကို နာခံအလုပ်အကျွေးပြုစေတော်မူ၏။ အရာရာတိုင်းသည် မိမိတို့၏သတ်မှတ်ထားသောကာလဘက်သို့ ရွေ့လျားလျက်ရှိကြ၏။ (သတိပြုကြကုန်) အလ္လာဟ်သည် အသင်တို့ပြုလုပ်သမျှတို့ကို အမြဲထာဝစဉ်သတင်းရလျက်ရှိတော်မူ၏။

ذٰلِكَ بِاَنَّ اللّٰهَ هُوَ الْحَقُّ وَاَنَّ مَا يَدْعُوْنَ مِنْ دُوْنِهِ الْبَاطِلُ ۙ وَاَنَّ اللّٰهَ هُوَ الْعَلِيُّ

၃၁။ ဤသို့ဖြစ်ရခြင်းကား ဧကန်စင်စစ် အလ္လာဟ်သည်သာလျှင် 'ဟာက်'အမှန်တရား ဖြစ်တော်မူ၏။ အရှင်မြတ်မှလွဲ၍ ယင်းတို့ဟစ်ခေါ်တမ်းတသောအရာများသည် မှားယွင်းကြ

الْكَبِيْرُ ۝٣٠ ၃၀

၏။ စင်စစ် အလွှာဟ်သည်သာလျှင် လွန်စွာမြင့်မားထွတ်မြတ်တော်မူသောအရှင်(နှင့်) အလွန်ကြီးကဲတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရှကူ-၄

اَلَمْ تَرَ اَنَّ الْفُلْكَ تَجْرِيْ فِي الْبَحْرِ بِنِعْمَتِ اللّٰهِ لِيُرِيَكُمْ مِّنْ اٰيٰتِهٖ ۭ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّكُلِّ صَبَّارٍ شَكُوْرٍ ۝٣١

၃၁။ အသို့နည်း အသင်သည် စဉ်းစားသုံးသပ်ခြင်းမပြုပါသလော။ လှေသင်္ဘောများသည် ပင်လယ်တွင် အလွှာဟ်၏ကောင်းချီးမင်္ဂလာတော်နှင့်အတူ သွားလာကြ၏။ သို့ဖြင့် အရှင်မြတ်သည် မိမိ၏နိမိတ်လက္ခဏာတော်များအနက်မှ အချို့ကို အသင်တို့အား ပြသတော်မူရန်ဖြစ်၏။ ယင်း၌ ဧကန်စင်စစ် အလွန် သည်းခံသူများနှင့် လွန်စွာ ကျေးဇူးသိတတ်သူ အားလုံးအတွက် နိမိတ်လက္ခဏာတော်များရှိ၏။

وَاِذَا غَشِيَهُمْ مَّوْجٌ كَالظُّلَلِ دَعَوُا اللّٰهَ مُخْلِصِيْنَ لَهُ الدِّيْنَ ۚ فَلَمَّا نَجّٰىهُمْ اِلَى الْبَرِّ فَمِنْهُمْ مُّقْتَصِدٌ ۭ وَمَا يَجْحَدُ بِاٰيٰتِنَآ اِلَّا كُلُّ خَتَّارٍ كَفُوْرٍ ۝٣٢

၃၂။ အကြင်အခါဝယ် လှိုင်းတံပိုးကြီးများသည် အရိပ်ကြီးများပမာ ယင်းတို့အားဖုံးအုပ်လိုက်ပေရာ ယင်းတို့သည် သာသနာတော်ကို အလွှာဟ်အဖို့သာ လုံးလုံးလျားလျားဖြစ်စေလျက် ထိုအရှင်မြတ်အား ဟစ်ခေါ်တမ်းတကြလေ၏။ သို့ဖြင့် အရှင်မြတ်သည် ယင်းတို့အား ကုန်းမြေဘက်သို့ ကယ်တင်ယူဆောင်လာသောအခါ ယင်းတို့အနက်(ဤသို့လည်းရှိကြ၏) အချို့မှာ အလယ်အလတ်ကိုကျင့်သုံးသူများဖြစ်ကြ၏။ ထို့ပြင် အလွန်လိမ်လည်လှည့်ဖြားတတ်သူ၊ လွန်စွာကျေးဇူးကန်းသူ အားလုံးတို့မှတစ်ပါး မည်သူမျှ ငါတို့၏ နိမိတ်လက္ခဏာတော်များကို ငြင်းပယ်ကြသည်မဟုတ်ချေ။ ①

يٰٓاَيُّهَا النَّاسُ اتَّقُوْا رَبَّكُمْ وَاخْشَوْا يَوْمًا لَّا يَجْزِيْ وَالِدٌ عَنْ وَّلَدِهٖ ۡ وَلَا مَوْلُوْدٌ هُوَ جَازٍ عَنْ وَّالِدِهٖ شَيْـــًٔا ۭ اِنَّ وَعْدَ اللّٰهِ حَقٌّ فَلَا تَغُرَّنَّكُمُ الْحَيٰوةُ الدُّنْيَا ۪ وَلَا يَغُرَّنَّكُمْ بِاللّٰهِ الْغَرُوْرُ ۝٣٣

၃၃။ အို-လူသားအပေါင်းတို့ မိမိတို့အားဖန်ဆင်းမွေးမြူရှင်၏ ‘တက္ကဝါ’ကြောက်ရွံ့ရိုကျိုးခြင်းတရားကို ကျင့်သုံးဆောက်တည်ကြလေကုန်။ ထို့ပြင် ယင်းနေ့တော်ကြီးကို ကြောက်ရွံ့ကြကုန်။ ထိုနေ့၌ ဖခင်သည် သားအတွက် တစ်စုံတစ်ရာအသုံးဝင်လိမ့်မည်မဟုတ်။ သားသည်လည်း ဖခင်အတွက် တစ်စုံတစ်ရာအသုံးဝင်လိမ့်မည်မဟုတ်ချေ။ ဧကန်စင်စစ် အလွှာဟ်၏ ကတိတော်သည်မှန်ကန်၏။ သို့ဖြစ်ရာ လောကီဘဝသည် အသင်တို့အား လှည့်စားမှုအတွင်း အလျှင်းမထည့်သွင်းစေလင့်။ ထို့ပြင် လှည့်စားသူ(ရှိုင်တန်)သည် အလွှာဟ်နှင့်စပ်လျဉ်း၍ အသင်တို့အား လှည့်စားခြင်း အလျှင်းမပြုနိုင်စေလင့်။

① ဤအာယတ်တော်တွင် လူစိတ်သဘာဝ၏ အရေးပါသောရှုထောင့်တစ်ရပ်ကို ဖော်ပြထားပေသည်။ ပင်လယ်မုန်တိုင်းများနှင့် ကြုံတွေ့ရသည့်အခါ ထိုအချိန်တွင် ဘာသာတရားကင်းမဲ့သူဖြစ်စေ၊ တစ်စုံတစ်ရာကို အလွှာဟ်နှင့်ယှဉ်တွဲကိုးကွယ်သူ ‘မူရှရီက်’ဖြစ်စေ အလွှာဟ်အားသာလျှင် ဟစ်ခေါ်တမ်းတကြပေသည်။ ထို့နောက် အလွှာဟ်အရှင်မြတ်က ၎င်းတို့အား ကယ်တင်တော်မူလိုက်သည့်အခါ သူတို့သည် မိမိတို့၏မူလအခြေအနေဘက်သို့ ပြန်လှည့်သွားကြပေသည်။ ထိုကဲ့သို့မုန်တိုင်းများနှင့် ကြုံတွေ့ရသူများအကြောင်းကို ဤနေရာ၌ဖော်ပြထားပြီး ယင်းတို့အနက် **مقتصدين** အလယ်အလတ်ကျင့်သုံးသူများသည် ခြွင်းချက်ဖြစ်သည်။ ၎င်းတို့သည် ကုန်းမြေပေါ်သို့ ရောက်ရှိပြီးသည့်နောက်တွင်လည်း အလွှာဟ်ကိုမေ့လျော့ခြင်းမရှိကြချေ။

اِنَّ اللّٰهَ عِنْدَهٗ عِلْمُ السَّاعَةِ ۚ وَيُنَزِّلُ
الْغَيْثَ ۚ وَ يَعْلَمُ مَا فِى الْاَرْحَامِ ؕ
وَمَا تَدْرِىْ نَفْسٌ مَّاذَا تَكْسِبُ غَدًا ؕ
وَمَا تَدْرِىْ نَفْسٌ بِاَىِّ اَرْضٍ تَمُوْتُ ؕ
اِنَّ اللّٰهَ عَلِيْمٌ خَبِيْرٌ ۝ ۳۴

၃၄။ ဧကန်စင်စစ် အလ္လာဟ်၏ထံတော်၌သာလျှင် ကေယာမတ်၏ အသိသည်ရှိ၏။ ထို့အရှင်သည် မိုးရေကိုချပေးတော်မူ၏။ သားအိမ်များတွင် မည်သည့်အရာရှိသည်ကို သိရှိတော်မူ၏။ မည်သည့်သက်ရှိမျှ နက်ဖြန်တွင် မည်သည်ကိုရှာဖွေဆည်းပူးရမည်ကိုမသိရှိချေ။ မည်သည့်သက်ရှိမျှ မည်သည့်မြေ(အရပ်ဒေသ)တွင် သေရမည်ကိုမသိချေ။ ဧကန်စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်(နှင့်) အမြဲထာဝစဉ်သတင်းရရှိတော်မူသောအရှင် ဖြစ်တော်မူသတည်း။

❖ ❖ ❖

၃၂။ အလ်-စင်္ဂါဒါဟ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ခြင်းဖြစ်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠိတော်ပေါင်း (၃၁)ပိုဒ်ပါရှိသည်။ ဤဆူရာဟ်၏ အဦးအစတွင် 'ငါအလ္လာဟ်သည် အသိဆုံးဖြစ်တော်မူ၏' ဟုအဓိပ္ပာယ်ရသော 'အလီဖ်၊လာမ်၊မီမ်' မိုကာတွိအတ် သင်္ခေပအက္ခရာစုဖြင့် အစပြုထားပေရာ ပြီးခဲ့သောဆူရာဟ်၏ နောက်ဆုံးအာယတ်တော်များနှင့် ဤဆူရာဟ်၏ ဆက်နွယ်မှုကိုပေါ်လွင်ထင်ရှားစေသည်။ ပြီးခဲ့သောဆူရာဟ်၏ နောက်ဆုံးအာယတ်တော်များ၌ များစွာသောအရာများရှိကြပြီး ယင်းတို့ကို အလ္လာဟ်မှလွဲ၍ အခြားမည်သူမျှမသိရှိချေဟုဖော်ပြထားပေရာ ယခုဤဆူရာဟ်တွင် أَنَا ٱللَّهُ أَعْلَمُ (ငါအလ္လာဟ်သည် အားလုံးထက်ပို၍ သိတော်မူသောအရှင်ဖြစ်တော်မူ၏) ဟူသောအဆိုကို ထပ်မံ၍ဖော်ပြထားခြင်း ဖြစ်ပေသည်။

ထို့နောက်တွင် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားမည်သူမျှမသိရှိသော ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့၏ လျှို့ဝှက်ချက်ကို ထပ်၍တစ်ကြိမ်ဖော်ပြထားပေသည်။ ထို့ပြင် အာယတ်တော်တစ်ပိုဒ်ရှိပြီး ယင်းသည် အံ့ဩဖွယ်ရာ စကြဝဠာကြီး၏ သက်တမ်းနှင့်စပ်လျဉ်းသော လျှို့ဝှက်ချက်ကို လှစ်ဟပြနေသည်။ အသင်တို့ရေတွက်သော နေ့ရက်များနှင့်ယှဉ်လိုက်လျှင် အလ္လာဟ်အရှင်မြတ်၏ နေ့တစ်နေ့သည် အသင်တို့ရေတွက်မှု၏ နှစ်ပေါင်းတစ်ထောင်နှင့်တူညီကြောင်း အလ္လာဟ်အရှင်မြတ် မိန့်ကြားထားတော်မူပေသည်။ အကယ်၍ လူသားများရေတွက်သော တစ်နှစ်တာရှိနေ့ရက်များကို နှစ်ပေါင်းတစ်ထောင်နှင့်မြှောက်ပါလျှင် ရရှိမည့် အရေအတွက်ကို ထိုအာယတ်တော်၌ ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ တစ်ဖန် အခြားအာယတ်တော်တစ်ခု (ဆူရာဟ်-အလ်မအာရိဂ်)၊ အာယတ်တော်-၅) တွင် အလ္လာဟ်၏ နေ့တစ်နေ့သည် နှစ်ပေါင်းငါးသောင်းနှင့်ညီမျှသည်ဟု မိန့်ကြားထားတော်မူပေသည်။ သို့ဖြစ်ရာ အကယ်၍ ထိုနေ့ကို နှစ်ပေါင်းတစ်ထောင်ဆိုသည့်နေ့နှင့် သင်္ချာနည်းအရမြှောက်ပါလျှင် နှစ်ပေါင်းဘီလီယံ(၂၀)နည်းပါး ဖြစ်လာပေသည်။ သိပ္ပံပညာရှင်များကလည်း ဤစကြဝဠာကြီး၏ သက်တမ်းသည် နှစ်ပေါင်း(၁၈)ဘီလီယံမှ (၂၀)ဘီလီယံအတွင်းရှိသည်ဟု ယူဆကြပေသည်။ ဤသည်နှင့်ဆက်နွယ်လျက် အရာရာတိုင်းကို အကောင်းဆုံး ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည်သာလျှင် အကွယ်နှင့်မျက်မှောက်တွင်ရှိသည့် အရာများအားသိရှိတော်မူသောအရှင်ဖြစ်တော်မူသည်ဟူ၍ အလ္လာဟ်အရှင်မြတ်က ထပ်မံ၍တစ်ကြိမ် ကြေညာတော်မူပေသည်။ ထို့ပြင် အံ့ဖွယ်ကောင်းသည့်အချက်မှာ ဤဖန်ဆင်းခြင်းဟူသမျှကို မြေကြီးဖြင့် ပြုလုပ်ထားခြင်းပင်ဖြစ်သည်။ ထို့နောက်တွင် အခြားသောဖန်ဆင်းခြင်းအဆင့်များကိုဖော်ပြထားပြီး ယင်းအနက် မိခင်၏သားအိမ်အတွင်း သန္ဓေသားဖြတ်သန်းရသည့်အကြောင်းကိုလည်း ဖော်ပြထားပေသည်။

ထို့နောက် ရှင်ပြန်ထမြောက်ကြရမည်ကို သံသယပွားသည်နှင့်စပ်လျဉ်း၍ အကြောင်းသစ်တစ်ရပ်ကို ဖော်ပြထားပေသည်။ လူတိုင်း၏ အသက်နုတ်သည့် စေတမန်သည် သီးသန့်စီဖြစ်ပြီး ယင်းသည် သူ၏ ချို့တဲ့ချက်များနှင့် အလွန်မှန်ကန်သိမ်မွေ့သော အတွင်းအဖျတ္တဆိုင်ရာ မကောင်းမှုများကိုသိရှိကာ သူ၏အသက်ဝိညာဉ်ကို မည်သည့်အချိန်တွင်နုတ်ရမည်ဆိုသည့် လုံးဝမှန်ကန်သည့်ရလဒ်ကို အဖြေထုတ်ပေသည်။ ထို့နောက် ဤတွင် တစ်ဖန်ပြန်လည်၍ လွန်ခဲ့သောဆူရာဟ်၏ နောက်ဆုံးအာယတ်တော်များတွင် ဖော်ပြထားသည့် အကြောင်းအရာများကိုပင် သစ်လွင်သောပုံစံဖြင့် ဖော်ပြထားတော်မူသည်။

ဤဆူရာဟ်၏နောက်ဆုံးရှုကူတွင် တမန်တော်မူစာ ﷺ အကြောင်းဖော်ပြခြင်းနှင့်အတူ 'အလီဖ်၊ လာမ်၊မီမ်'ပါအကြောင်းအရာကို ထပ်မံ၍ဖော်ပြပြီး ဤကဲ့သို့အရှင်မြတ်ကို ဖူးတွေ့ရခြင်းနှင့်စပ်လျဉ်း၍ သံသယမပွားလေနှင့်ဟု ဖော်ပြထားပေသည်။ အချို့သော ကုရ်အာန်ဋီကာပညာရှင်များက ဤတွင် အလ္လာဟ်အရှင်မြတ်နှင့်တွေ့ဆုံခြင်းကို ဖော်ပြသည်မဟုတ်မူဘဲ တမန်တော်မူစာ ﷺ နှင့် တမန်တော်မြတ် ﷺ တို့ တွေ့ဆုံခြင်းအကြောင်းကို ဖော်ပြထားခြင်းဖြစ်သည်ဟု ယူဆကြပေသည်။ အကယ်၍ ဤအဓိပ္ပာယ်သဘောကိုယူမည်ဆိုလျှင်လည်း ယင်းသည် 'ကေယာမတ်'နေ့တော်ကြီးတွင် တမန်တော်အားလုံး တွေ့ဆုံကြရမည့်အကြောင်းကိစ္စမဟုတ်မူဘဲ အထူးသဖြင့်'မေ့အ်ရာဂ်'တွင် တမန်တော်မြတ် ﷺ နှင့် တမန်တော်မူစာ ﷺ တို့တွေ့ဆုံခဲ့ခြင်းကို ဖော်ပြထားခြင်းသာဖြစ်ပေသည်။ ထို့ပြင် 'ဆွလာတ်'ဝတ်ပြုခြင်းနှင့်စပ်လျဉ်း၍ တမန်တော်မူစာ ﷺ က အကြံပြုချက်တစ်ရပ်ကိုပေးခဲ့ပြီး 'မေ့အ်ရာဂ်'အကြောင်းတွင် ယင်းကိုအသေးစိတ်ဖော်ပြထားပေသည်။

ဤဆူရာဟ်၏နောက်ဆုံးအာယတ်တော်တွင် ကိုယ်တော်မြတ် ﷺ အား ဆန့်ကျင်ရန်ပြုသူများနှင့် ဒုက္ခပေးညှဉ်းဆဲသူများကို မျက်နှာလွှဲဖယ်၍ လျစ်လျူရှုရန် မိန့်ကြားထားတော်မူပေသတည်း။

♦ ♦ ♦

ဆူရောဟ် အလ်-စဂ်ဒါဟ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၃၁)ပိုဒ် ရှုကူ (၃)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

الٓمّٓ ①

၂။ أَنَا اللَّهُ أَعْلَمُ ငါအလ္လာဟ်သည် အားလုံးထက်ပို၍ သိတော်မူသောအရှင် ဖြစ်တော်မူ၏။

تَنْزِيْلُ الْكِتٰبِ لَا رَيْبَ فِيْهِ مِنْ رَّبِّ الْعٰلَمِيْنَ ②

၃။ ပြီးပြည့်စုံသောကျမ်းတော်ကို ပို့ချခြင်း၊ စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှဖြစ်ခြင်းတွင် တစ်စုံတစ်ရာသံသယပွားစရာမရှိချေ။

اَمْ يَقُوْلُوْنَ افْتَرٰىهُ ۚ بَلْ هُوَ الْحَقُّ مِنْ رَّبِّكَ لِتُنْذِرَ قَوْمًا مَّآ اَتٰىهُمْ مِّنْ نَّذِيْرٍ مِّنْ قَبْلِكَ لَعَلَّهُمْ يَهْتَدُوْنَ ③

၄။ အသို့နည်း သူသည် ဤ(ကျမ်းတော်)ကို လုပ်ကြံဖန်တီးခဲ့သည်ဟု ၎င်းတို့က ပြောကြသလော။ ထိုသို့မဟုတ်မူ၍ ယင်းသည် အသင်၏ ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အမှန်တရားဖြစ်၏။ အသင့်အလျင်က မည်သည့်သတိပေးနှိုးဆော်သူမျှ မရောက်ဖူးသေးသော လူမျိုးနွယ်အား အသင်သည် သတိပေးနှိုးဆော်ရန်ဖြစ်၏။ သို့ဖြင့် သူတို့ လမ်းမှန်ကိုရရှိကြစိမ့်သောငှာဖြစ်၏။

اَللّٰهُ الَّذِيْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ وَمَا بَيْنَهُمَا فِيْ سِتَّةِ اَيَّامٍ ثُمَّ اسْتَوٰى عَلَى الْعَرْشِ ۭ مَا لَكُمْ مِّنْ دُوْنِهٖ مِنْ وَّلِيٍّ وَّلَا شَفِيْعٍ ۭ اَفَلَا تَتَذَكَّرُوْنَ ④

၅။ အလ္လာဟ်သည် ထိုအရှင်မြတ်ပင်တည်း။ အရှင်မြတ်သည်ပင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကိုလည်းကောင်း၊ ယင်းနှစ်ခုအကြားရှိသည်တို့ကိုလည်းကောင်း၊ အချိန်ကာလခြောက်ခုတွင် ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် အရှင်မြတ်သည် 'အရ်ရှ်'ပလ္လင်ပေါ်ဝယ် တည်တံ့စိုးမိုးတော်မူ၏။ အရှင်မြတ်အားစွန့်၍ အသင်တို့၌ မိတ်ဆွေတစ်စုံတစ်ရာသည်လည်းကောင်း၊ ကြားဝင်လျှောက်လဲသူသည်လည်းကောင်း မရှိချေ။ သို့ဖြစ်ရာ အသင်တို့သည် အဆုံးအမ သင်ခန်းစာမရယူကြပေသလော။

يُدَبِّرُ الْاَمْرَ مِنَ السَّمَآءِ اِلَى الْاَرْضِ ثُمَّ يَعْرُجُ اِلَيْهِ فِيْ يَوْمٍ كَانَ مِقْدَارُهٗٓ اَلْفَ سَنَةٍ مِّمَّا تَعُدُّوْنَ ⑤

၆။ ထိုအရှင်မြတ်သည် စီရင်ဆုံးဖြတ်ချက်ကို စီမံမှုနှင့်အတူ မိုးကောင်းကင်မှ ကမ္ဘာမြေသို့ချပေးတော်မူ၏။ ထို့နောက် ယင်းသည် အသင်တို့၏ရေတွက်မှုအရ နှစ်ပေါင်းတစ်ထောင်နှင့်ညီမျှသောနေ့တစ်နေ့တွင် ထိုအရှင်မြတ်ထံတော်သို့ တက်သွား၏။

ذٰلِكَ عٰلِمُ الْغَيْبِ وَالشَّهَادَةِ الْعَزِيْزُ الرَّحِيْمُ ⑥

၇။ အရှင်မြတ်သည် အကွယ်ရှိအရာများနှင့် ထင်ပေါ်သောအရာများကို သိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။ အရှင်မြတ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊

အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

الَّذِیْۤ اَحْسَنَ كُلَّ شَیْءٍ خَلَقَهٗ وَ بَدَاَ خَلْقَ الْاِنْسَانِ مِنْ طِیْنٍ ۚ﴿۷﴾

၈။ အရှင်မြတ်သည်ပင် မိမိဖန်ဆင်းတော်မူသောအရာတိုင်းကို အလွန်ကောင်းမွန်အောင်ပြုလုပ်တော်မူ၏။ ထို့ပြင် ထိုအရှင်မြတ်သည် လူသားအားဖန်ဆင်းခြင်းကို စွတ်စိုသောမြေဖြင့် စတင်တော်မူခဲ့၏။

ثُمَّ جَعَلَ نَسْلَهٗ مِنْ سُلٰلَةٍ مِّنْ مَّآءٍ مَّهِیْنٍ ۚ﴿۸﴾

၉။ ထို့နောက်တစ်ဖန် အရှင်မြတ်သည် ယင်း၏မျိုးနွယ်ဆက်ကို နိမ့်ကျသောအရည်တစ်ခု၏အနှစ်ဖြင့် ပြုလုပ်တော်မူ၏။

ثُمَّ سَوّٰىهُ وَ نَفَخَ فِیْهِ مِنْ رُّوْحِهٖ وَ جَعَلَ لَكُمُ السَّمْعَ وَ الْاَبْصَارَ وَ الْاَفْـِٕدَةَ ؕ قَلِیْلًا مَّا تَشْكُرُوْنَ ﴿۹﴾

၁၀။ တစ်ဖန် အရှင်မြတ်သည် ယင်းကို သင့်မြတ်ပြည့်စုံအောင်ပြုလုပ်တော်မူ၏။ ထို့နောက် ယင်း၌ မိမိ၏ 'ရူဟ်' ဝိညာဉ်တော်ကို မှုတ်သွင်းတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အတွက် နား၊ မျက်စိများနှင့် နှလုံးသားကို ပြုလုပ်ပေးတော်မူ၏။ သို့သော် အသင်တို့သည် အနည်းငယ်မျှသာ ကျေးဇူးသိတတ်ကြပေသည်။

وَ قَالُوْۤا ءَاِذَا ضَلَلْنَا فِی الْاَرْضِ ءَاِنَّا لَفِیْ خَلْقٍ جَدِیْدٍ ؕ بَلْ هُمْ بِلِقَآىِٕ رَبِّهِمْ كٰفِرُوْنَ ﴿۱۰﴾

၁၀။ ထို့ပြင် ယင်းတို့က ကျွန်ုပ်တို့သည် မြေကြီးထဲ ပျောက်ကွယ်သွားကြသည့်အခါလည်း ကျွန်ုပ်တို့သည် တစ်ဖန် သစ်လွင်သော ဖန်ဆင်းခြင်းတစ်ရပ်ကို အမှန်ပင် ခံကြရပါမည်လောဟုပြောကြ၏။ အမှန်သော်ကား ယင်းတို့သည် မိမိတို့၏ဖန်ဆင်းရှင်နှင့်တွေ့ဆုံရမည်ကို မယုံကြည်ငြင်းပယ်သူများ ဖြစ်ကြ၏။

قُلْ یَتَوَفّٰىكُمْ مَّلَكُ الْمَوْتِ الَّذِیْ وُكِّلَ بِكُمْ ثُمَّ اِلٰی رَبِّكُمْ تُرْجَعُوْنَ ﴿۱۱﴾ ع

၁၂။ အသင်ပြောကြားပါလေ၊ အသင်တို့အတွက် ခန့်အပ်ထားသော အသက်နုတ်သည့် စေတမန်သည် အသင်တို့အား သေစေပေလိမ့်မည်။ ထို့မှတစ်ဖန် အသင်တို့သည် မိမိ၏ဖန်ဆင်းရှင်ထံတော်သို့သာလျှင် ပြန်လည်သွားရောက်ကြရမည်တည်း။

ရုကူး-၂

وَ لَوْ تَرٰۤی اِذِ الْمُجْرِمُوْنَ نَاكِسُوْا رُءُوْسِهِمْ عِنْدَ رَبِّهِمْ ؕ رَبَّنَاۤ اَبْصَرْنَا وَ سَمِعْنَا فَارْجِعْنَا نَعْمَلْ صَالِحًا اِنَّا مُوْقِنُوْنَ ﴿۱۲﴾

၁၃။ ထို့ပြင် အကယ်၍ အပြစ်ကျူးလွန်သူတို့သည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ရှေ့မှောက်တွင် ဦးခေါင်းငိုက်စိုက်ချလျက် အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့သည် မြင်ကြရပါပြီ၊ ကြားကြရပါပြီ၊ ထို့ကြောင့် ကျွန်တော်မျိုးတို့အား (လောကသို့)ပြန်ပို့ပေးတော်မူပါ၊ ဤသို့ဖြင့် ကျွန်တော်မျိုးတို့သည် ကောင်းမှုများကိုပြုလုပ်ကြပါမည်။ ဧကန်စင်စစ် ကျွန်တော်မျိုးတို့သည် ယုံကြည်သူများအဖြစ် (သက်သေ)ဖြစ်ကြပါအံ့ဟု (လျှောက်ထားသည်ကို) အသင် မြင်တွေ့ရလျှင် ကောင်းပေစွ။

وَ لَوْ شِئْنَا لَاٰتَیْنَا كُلَّ نَفْسٍ هُدٰىهَا وَ لٰكِنْ

حَقَّ الْقَوْلُ مِنِّیْ لَاَمْلَـَٔنَّ جَهَنَّمَ مِنَ الْجِنَّةِ وَالنَّاسِ اَجْمَعِیْنَ ﴿۱۱۹﴾

ပေအံ့။ သို့သော် ငါအရှင်မြတ်ထံတော်မှ အမိန့်တော်သည် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ချေသည်။ ယင်းမှာ ငါအရှင်မြတ်သည် အမှန်ပင် 'ဂျဟန္နမ်'ငရဲကို ဂျင်နီများနှင့် လူသားများအားလုံးဖြင့် ပြည့်နှက်စေတော်မူပေအံ့။

فَذُوْقُوْا بِمَا نَسِیْتُمْ لِقَآءَ یَوْمِكُمْ هٰذَا ۚ اِنَّا نَسِیْنٰكُمْ وَذُوْقُوْا عَذَابَ الْخُلْدِ بِمَا كُنْتُمْ تَعْمَلُوْنَ ﴿۱۱۹﴾

၁၅။ သို့ဖြစ်ရာ အသင်တို့သည် မိမိတို့၏ ယနေ့တွေ့ဆုံရမည်ကို မေ့လျော့ခဲ့ခြင်းကြောင့် (အပြစ်ဒဏ်ကို) မြည်းစမ်းကြကုန်။ ဧကန်အမှန် ငါတို့သည်လည်း အသင်တို့အား မေ့လျော့လျစ်လျူရှုတော်မူ၏။ ထို့ပြင်တစ်ဝ အသင်တို့ပြုလုပ်ခဲ့သည်တို့အတွက် အမြဲမပြတ်မည့် ပြစ်ဒဏ်ကိုမြည်းစမ်းကြလေကုန်။

اِنَّمَا یُؤْمِنُ بِاٰیٰتِنَا الَّذِیْنَ اِذَا ذُكِّرُوْا بِهَا خَرُّوْا سُجَّدًا وَّسَبَّحُوْا بِحَمْدِ رَبِّهِمْ وَهُمْ لَا یَسْتَكْبِرُوْنَ ﴿۱۱۹﴾ ۩

၁၆။ ဧကန်စင်စစ် ငါတို့၏ 'အာယတ်'မုဏ္ဍပါဠိတော်များကို ဤသို့သောသူများသာလျှင် သက်ဝင်ယုံကြည်ကြ၏။ အကြင်အခါ သူတို့အား ယင်း(အာယတ်တော်များ)ဖြင့် သွန်သင်ဆုံးမသည့်အခါ သူတို့သည် 'စဂ်ဒါဟ်'ပြုလျက် လဲကျဝပ်တွားကြကုန်၏။ ထို့ပြင် မိမိ၏ဖန်ဆင်းမွေးမြူရှင်အား ချီးမွမ်းထောမနာပြုခြင်းနှင့်အတူ အရှင်မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ရင့်ကျူးကြကုန်၏။ ထို့ပြင် သူတို့သည် မာန်မာနထောင်လွှားခြင်းလည်း မပြုကြပေ။

تَتَجَافٰی جُنُوْبُهُمْ عَنِ الْمَضَاجِعِ یَدْعُوْنَ رَبَّهُمْ خَوْفًا وَّطَمَعًا ۫ وَّمِمَّا رَزَقْنٰهُمْ یُنْفِقُوْنَ ﴿۱۱۹﴾

၁၇။ သူတို့၏နံဘေးသည် အိပ်ရာများမှ ဖယ်ခွာသွားကြ၏။ (ထိုစဉ်) ၎င်းတို့သည် မိမိတို့၏ ဖန်ဆင်းမွေးမြူရှင်အား ကြောက်ရွံ့ခြင်းနှင့် မျှော်လင့်ခြင်းအခြေအနေ၌ ဟစ်ခေါ်တမ်းတလျက်ရှိနေကြ၏။ ထို့ပြင် ထိုသူတို့သည် ငါတို့က သူတို့အား ပေးထားသည်များမှ စွန့်ကြဲသုံးစွဲကြ၏။

فَلَا تَعْلَمُ نَفْسٌ مَّاۤ اُخْفِیَ لَهُمْ مِّنْ قُرَّةِ اَعْیُنٍ ۚ جَزَآءًۢ بِمَا كَانُوْا یَعْمَلُوْنَ ﴿۱۱۹﴾

၁၈။ သို့ဖြစ်ရာ မည်သည့်အသက်ဝိညာဉ်မျှ ယင်းတို့အဖို့ မျက်စိပသာဒအေးမြခြင်းအတွက် မည်သည့်အရာများကို ဖုံးကွယ်လျက်ထားရှိသည်ကိုမသိကြချေ။ ဤသည် သူတို့ပြုကျင့်ခဲ့သောအကျင့်သီလများအတွက် တံ့ပြန်အစားပေးခြင်းဖြစ်၏။

اَفَمَنْ كَانَ مُؤْمِنًا كَمَنْ كَانَ فَاسِقًا ؕ لَا یَسْتَوٗنَ ﴿۱۱۹﴾ ۪

၁၉။ သို့ဖြစ်ရာ 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူသည် မနာခံပုန်ကန်သူကဲ့သို့ ဖြစ်နိုင်မည်လော။ ယင်းတို့သည် မည်သည့်အခါမျှ တူညီနိုင်မည်မဟုတ်ချေ။

اَمَّا الَّذِیْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فَلَهُمْ جَنّٰتُ الْمَاْوٰی ۫ نُزُلًۢا بِمَا كَانُوْا یَعْمَلُوْنَ ﴿۱۱۹﴾

၂၀။ သက်ဝင်ယုံကြည်၍ ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်သူများနှင့်စပ်လျဉ်း၍မူ သူတို့ပြုလုပ်ခဲ့သည်များကြောင့် (သူတို့၏ဂုဏ်သိက္ခာနှင့်လျော်ညီစွာ) သူတို့အတွက်နေထိုင်ရန်ဥယျာဉ်တော်များ၏ ဧည့်ခံမှုရှိပေလိမ့်မည်။

وَاَمَّا الَّذِیْنَ فَسَقُوْا فَمَاْوٰىهُمُ النَّارُ ؕ

၂၁။ မနာခံသူတို့နှင့်စပ်လျဉ်း၍မူကား ယင်းတို့၏ နေရာထိုင်ခင်းမှာ (ငရဲ)မီးဖြစ်၏။ မည်သည့်အခါမဆို ၎င်းတို့သည် ယင်း

كُلَّمَآ اَرَادُوْٓا اَنْ يَّخْرُجُوْا مِنْهَآ اُعِيْدُوْا فِيْهَا وَ قِيْلَ لَهُمْ ذُوْقُوْا عَذَابَ النَّارِ الَّذِىْ كُنْتُمْ بِهٖ تُكَذِّبُوْنَ ۝

(မီး)မှထွက်ရန် ရည်ရွယ်လေတိုင်း ယင်းသို့ပင် ပြန်လည်၍ ပို့ဆောင်ခြင်းခံကြရပေအံ့။ ထို့ပြင် အသင်တို့ မဟုတ်မမှန်ဟု ငြင်းဆိုလေ့ရှိခဲ့သည့် ယင်းမီး၏ပြစ်ဒဏ်ကို မြည်းစမ်းကြကုန်ဟု ၎င်းတို့သည် ပြောဆိုခြင်းခံကြရလိမ့်မည်။

وَلَنُذِيْقَنَّهُمْ مِّنَ الْعَذَابِ الْاَدْنٰى دُوْنَ الْعَذَابِ الْاَكْبَرِ لَعَلَّهُمْ يَرْجِعُوْنَ ۝

၂၂။ ထို့ပြင် ငါတို့သည် မလွဲဧကန် ၎င်းတို့အား ကြီးမားသောပြစ်ဒဏ်၏အလျင် သေးငယ်သောပြစ်ဒဏ်များမှ အချို့ကို မြည်းစမ်းစေတော်မူမည်။ သို့ဖြင့် ၎င်းတို့သည် (လမ်းမှန်ဘက်သို့)ပြန်လှည့်ကောင်းလှည့်လာကြစိမ့်သောဌာဖြစ်၏။

وَمَنْ اَظْلَمُ مِمَّنْ ذُكِّرَ بِاٰيٰتِ رَبِّهٖ ثُمَّ اَعْرَضَ عَنْهَا ؕ اِنَّا مِنَ الْمُجْرِمِيْنَ مُنْتَقِمُوْنَ ۝ ع

၂၃။ အကြင်သူသည် မိမိဖန်ဆင်းရှင်၏ အာယတ်တော်များဖြင့် ကောင်းစွာသွန်သင်ဆုံးမခြင်းကိုခံရသော်လည်း ယင်းမမျက်နှာလွှဲဖယ်ခဲ့၏၊ ထိုသူထက်ပိုမို၍ မတရားမှုကိုကျူးလွန်သူ အဘယ်သူရှိနိုင်အံ့နည်း။ အမှန်ပင် ငါတို့သည် အပြစ်ကျူးလွန်သူတို့အား တုံ့ပြန်လက်စားချေတော်မူမည်တည်း။

ရုကူး-၃

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ فَلَا تَكُنْ فِىْ مِرْيَةٍ مِّنْ لِّقَآئِهٖ وَجَعَلْنٰهُ هُدًى لِّبَنِىْٓ اِسْرَآءِيْلَ ۝

၂၄။ ဧကန်စင်စစ် ငါတို့သည် 'မူစာ'ကိုလည်း ကျမ်းဂန်ကို ပေးသနားတော်မူခဲ့၏။ ထို့ကြောင့် အသင်သည် ၎င်း(အလ္လာဟ်)နှင့်တွေ့ဆုံရမည်နှင့်စပ်လျဉ်း၍ သံသယမဖြစ်လင့်၊ ထို့ပြင် ငါတို့သည် ယင်းကို အစ္စရာအီလ်အမျိုးသားများအတွက် လမ်းညွှန်တော်ပြုလုပ်တော်မူခဲ့၏။ ۞

وَجَعَلْنَا مِنْهُمْ اَئِمَّةً يَّهْدُوْنَ بِاَمْرِنَا لَمَّا صَبَرُوْا ؕ وَكَانُوْا بِاٰيٰتِنَا يُوْقِنُوْنَ ۝

၂၅။ သို့ဖြစ်ရာ ယင်းတို့သည် သည်းခံစောင့်စည်းမှုပြုကြသောအခါ ငါတို့သည် ယင်းတို့အနက်မှ 'အေမာမ်'ခေါင်းဆောင်များကို ပြုလုပ်တော်မူခဲ့၏။ ယင်း(ခေါင်းဆောင်)တို့သည် ငါတို့၏အမိန့်တော်ဖြင့် လမ်းညွှန်မှုကိုပြုခဲ့ကြပြီး သူတို့သည်ငါတို့၏နိမိတ်လက္ခဏာတော်များအပေါ် ယုံကြည်ကြ၏။

اِنَّ رَبَّكَ هُوَ يَفْصِلُ بَيْنَهُمْ يَوْمَ الْقِيٰمَةِ فِيْمَا كَانُوْا فِيْهِ يَخْتَلِفُوْنَ ۝

၂၆။ ဧကန်အမှန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်ပင် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့၌ ၎င်းတို့အကြားတွင် ၎င်းတို့ကွဲလွဲခဲ့ကြသော အကြောင်းရပ်များကို စီရင်ဆုံးဖြတ်တော်မူမည်။

اَوَلَمْ يَهْدِ لَهُمْ كَمْ اَهْلَكْنَا مِنْ قَبْلِهِمْ مِّنَ الْقُرُوْنِ يَمْشُوْنَ فِىْ مَسٰكِنِهِمْ ؕ اِنَّ

၂၇။ သို့ဖြစ်ရာ ထိုအကြောင်းရပ်သည် ၎င်းတို့အား လမ်းညွှန်မှုမပြုပါသလော။ ငါတို့သည် သူတို့အလျင် အဘယ်မျှလောက်သောမျိုးနွယ်များကို ဖျက်ဆီးတော်မူခဲ့ပေသနည်း။

۞ ဤအာယတ်တော်၏ အခြားအဓိပ္ပာယ်တစ်ခုမှာ တမန်တော်မူစာ ﷺ နှင့်တွေ့ဆုံရမည်ကို သံသယမဖြစ်လေနှင့်ဟူ၍ဖြစ်သည်။ ဤသည် 'မေအ်ရာဂ်'၌ဖြစ်ပျက်ခဲ့သည်ကို ရည်ညွှန်းခြင်းဖြစ်ဟန်တူသည်။ 'မေအ်ရာဂ်'တွင် ကိုယ်တော်မြတ် ﷺ သည် တမန်တော်မူစာ ﷺ အားတွေ့ဆုံခဲ့ရပြီး အကြိမ်ကြိမ်တွေ့ဆုံခဲ့ရပေသည်။ ဤနေရာ၌ တမန်တော် မူစာ ﷺ ၏အကြောင်းတွင် အလ္လာဟ်နှင့်တွေ့ဆုံရမည့်အကြောင်းဖော်ပြရခြင်းမှာ တမန်တော်မူစာ ﷺ သည် 'တူရ်'တောင်ပေါ်တွင် အလ္လာဟ်အရှင်မြတ်အား ဖူးတွေ့ခွင့်ရခဲ့သကဲ့သို့ ထို့ထက်ပိုမို၍ တမန်တော်မြတ် ﷺ သည် အလ္လာဟ်အရှင်မြတ်အားဖူးတွေ့ခဲ့ရကြောင်းကို ဖော်ပြလိုရုံဖြစ်ပေသည်။

فِيْ ذٰلِكَ لَاٰيٰتٍ ؕ اَفَلَا يَسْمَعُوْنَ ﴿۲۷﴾

ယင်းတို့၏(ကျန်ရစ်ခဲ့သော) အိမ်များတွင် သူတို့သည် သွားလာလျက်ရှိကြပေသည်။ အမှန်ပင် ယင်း၌ များစွာသော နိမိတ်လက္ခဏာတော်များသည်ရှိ၏။ သို့ဖြစ်ရာ ထိုသူတို့သည် မကြားကြသလော။

اَوَلَمْ يَرَوْا اَنَّا نَسُوْقُ الْمَآءَ اِلَى الْاَرْضِ الْجُرُزِ فَنُخْرِجُ بِهٖ زَرْعًا تَاْكُلُ مِنْهُ اَنْعَامُهُمْ وَاَنْفُسُهُمْ ؕ اَفَلَا يُبْصِرُوْنَ ﴿۲۸﴾ ع

၂၈။ အသို့နည်း ယင်းတို့သည် မကြည့်မြင်ကြပါသလော။ ငါတို့သည် ရေကိုခြောက်သွေ့လျက်ရှိသောမြေယာဘက်သို့ သွန်းချလာစေတော်မူ၏။ တစ်ဖန် ယင်း(ရေ)အားဖြင့် စိမ်းစိုသောအပင်များကို ထုတ်ဆောင်တော်မူ၏။ ယင်းကို သူတို့၏ တိရစ္ဆာန်များနှင့် သူတို့ကိုယ်တိုင် စားသုံးကြ၏။ သို့ဖြစ်ရာ ထိုသူတို့သည် မတွေ့မြင်ကြပေသလော။

وَيَقُوْلُوْنَ مَتٰى هٰذَا الْفَتْحُ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۲۹﴾

၂၉။ ထို့ပြင် သူတို့က အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြပါလျှင် ဤအောင်ပွဲသည် မည်သည့်အခါတွင် ရောက်ရှိလာမည်နည်းဟု မေးမြန်းကြ၏။

قُلْ يَوْمَ الْفَتْحِ لَا يَنْفَعُ الَّذِيْنَ كَفَرُوْٓا اِيْمَانُهُمْ وَلَا هُمْ يُنْظَرُوْنَ ﴿۳۰﴾

၃၀။ အသင်ပြောကြားပါလေ၊ အောင်ပွဲရရှိသည့်နေ့တွင် မယုံကြည်ငြင်းပယ်ကြသောသူတို့၏ ယုံကြည်ခြင်းသည် သူတို့အား မည်သို့သောအကျိုးကိုမျှပေးလိမ့်မည်မဟုတ်ချေ။ ထို့ပြင် ယင်းတို့သည် ဆိုင်းငံ့ခြင်းကိုလည်းခံကြရမည်မဟုတ်ချေ။

فَاَعْرِضْ عَنْهُمْ وَانْتَظِرْ اِنَّهُمْ مُّنْتَظِرُوْنَ ﴿۳۱﴾ ع

၃၀။ သို့ဖြစ်ရာ ယင်းတို့မှ မျက်နှာလွှဲဖယ်၍နေပါလေ။ ထို့ပြင် (အလ္လာဟ်၏ဆုံးဖြတ်ချက်အား) စောင့်မျှော်၍နေပါလေ။ ဧကန်စင်စစ် ယင်းတို့သည်လည်း တစ်စုံတစ်ရာကို စောင့်မျှော်လျက်ရှိနေကြပေသတည်း။

❖ ❖ ❖

၃၃။ အလ်-အဟ်ဇာဘ်

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော်ပေါင်း(၇၄)ပိုဒ်ပါရှိသည်။ ဤဆူရာဟ်၏အစမှာပင် ပြီးခဲ့သော ဆူရာဟ်(၃၂)၏ နောက်ဆုံးအာယတ်တော်၌ မယုံကြည်သူ'ကာဖိရ်'များနှင့် အယောင်ဆောင် 'မိုနာဖစ်'များက အသင့်အား မိမိ၏အယူဝါဒမှလွဲဖယ်ပစ်ရန် ကြိုးစားအားထုတ်ကြပေလိမ့်မည်၊ အသင်သည် ယင်းတို့ထံမှ မျက်နှာလွဲဖယ်၍နေပါလေဟု မိန့်တော်မူထားပေရာ ယင်းအကြောင်းကိုပင် ဆက်လက်၍ ထိုသူတို့အား နာခံခြင်းမပြုရန်၊ 'တက္ကဝါ' တရားကိုကျင့်သုံးဆောက်တည်၍ အရှင်မြတ်ထံတော်မှ 'ဝဟီ'ဗျာဒိတ်ပို့ချတော်မူသည်များကို လိုက်နာကျင့်ကြံရန် ဤဆူရာဟ်၏အဦးအစ၌ မိန့်တော်မူထားပေသည်။

အာယတ်တော်(၅)တွင် လူသားသည် ပုဂ္ဂိုလ်နှစ်ဦးအား တစ်ချိန်တည်းတွင် ထပ်တူထပ်မျှ ချစ်မြတ်နိုးခြင်းမပြုနိုင်ဆိုသည့် မဖောက်မပြန် မှန်ကန်သောတရားကို ဖော်ပြထားပေသည်။ အသင်၏နှလုံးသားအပေါ်ဝယ် အလ္လာဟ်အရှင်မြတ်အား ချစ်မြတ်နိုးခြင်းသည်သာလျှင် လွှမ်းမိုးလျက်ရှိနေပြီးလောက၌ အသင်ချစ်မြတ်နိုးသည့်အရာမျှားမှာလည်း စင်စစ်အလ္လာဟ်အရှင်မြတ်အား ချစ်သည့်အချစ်စိတ်အပေါ်၌သာလျှင် အခြေတည်ကြောင်းကို ရည်ညွှန်းထားပေသည်။ သို့ဖြစ်ရာ 'အသင်သည် မိမိ၏ဇနီးသည်အား အစားအသောက်ခွန့်ကျွေးခြင်းမှာလည်း အကယ်၍ အလ္လာဟ်အရှင်မြတ်အား ချစ်မြတ်နိုးခြင်းကိုအခြေခံ၍ပြုလုပ်ပါလျှင် ယင်းသည်လည်း အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်း 'အေဘာဒတ်'မည်၏'ဟူသော တမန်တော်မြတ်ﷺ၏မိန့်ဆိုချက် 'ဟဒီးစ်'တော်သည် ဤအကြောင်းရပ်ကို ရှင်းလင်းဖွင့်ဆိုလျက်ရှိပေသည်။

ထို့နောက် အာရဗ်တို့၏ ဓလေ့ထုံးစံတစ်ခုကိုဖော်ပြထားပေသည်။ အစ္စလာမ်မတိုင်မီက အာရဗ်တို့သည် မိမိတို့၏ဇနီးများကို 'အမေ'ဟုခေါ်ဆိုတတ်ကြပေသည်။ ယင်းဓလေ့ထုံးစံကို ဖြတ်တောက်ပယ်ချလျက် သတိပေးနှိုးဆော်ထားသည်မှာ မိခင်နှင့်သားတို့၏ဆက်နွယ်မှုသည် အလ္လာဟ်အရှင်မြတ်ပြုလုပ်ထားတော်မူသော ဥပဒေများနှင့်အညီ ပေါက်ဖွားလာရပေသည်။ ယင်းဆက်နွယ်မှုကို မိမိတို့၏နှုတ်ပါးစပ်များဖြင့် အသင်တို့ မည်သို့ပြောင်းလဲပစ်နိုင်မည်နည်း။ ထို့အတူ အကယ်၍ တစ်စုံတစ်ဦးကို 'သား'ဟူ၍ခေါ်ဆိုလိုက်ပါလျှင်လည်း ထိုသို့ခေါ်ဆိုရုံမျှဖြင့် ထိုသူသည် 'သား'ဖြစ်မလာနိုင်ချေ။ 'သား'မှာလည်း သွေးသားတော်စပ်မှုဖြင့် ဖြစ်လာရပေသည်။ 'သား'ဟုခေါ်ဆိုခြင်းမှာ ချစ်ခြင်းမေတ္တာကို ဖော်ထုတ်ခြင်းမျှသာဖြစ်ပြီး ယင်းထက်အလျှင်းမပိုချေ။

ထို့နောက် ယင်းအကြောင်းအရာကို တစ်ဖန်ထပ်ဆင့်၍ စိတ်နှလုံးများတွင် တစ်ခုတည်းသော **أولـــىٰ** 'အောင်လာ' (အားလုံးတို့ထက်ပိုမို၍ ချစ်ခင်မြတ်နိုးထိုက်သူ)ရှိပေသည်၊ သက်ဝင်ယုံကြည်သူ 'မို့အ်မင်န်'များနှင့်စပ်လျဉ်း၍မူ တမန်တော်မြတ်ﷺသည် အားလုံးတို့ထက် ပိုမိုသော 'အောင်လာ'ဖြစ်ကြောင်း မိန့်တော်မူထားပေသည်။ ထို့နောက်တွင် အခြားသော အဆင့်ဆင့် ဆွေမျိုးနီးစပ်များအကြောင်းလာရှိပြီး ယင်းတို့သည် အသင်တို့နှင့်နီးစပ်မှုရှိခြင်း အတိုင်းအတာအလျောက် တစ်ဦးထက်တစ်ဦးအပေါ် သာလွန်မှုရှိကြောင်း ဖော်ပြထားပေသည်။

ဤဆူရာဟ်တော်တွင် 'ခါတမန်နဗီယီးန်'အာယတ်တော်လည်းပါရှိပေသည်။ အချို့ အသိပညာခေါင်းပါးသော'အိုလမာ'များက ကိုယ်တော်မြတ်ﷺသည် နောက်ဆုံးသော တမန်တော်ဖြစ်ပြီး ကိုယ်တော်၏နောက်တွင် မည်သို့သောတမန်တော်မျှ လာရောက်နိုင်မည်မဟုတ်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကြပေသည်။

ယင်းမှားယွင်းသောအယူအဆအားချေဖျက်ပြီး 'နဗီ'တမန်တော်တိုင်းထံမှ အရှင်မြတ် ရယူတော်မူခဲ့သည့် **ميثـــــاق** ပဋိညာဉ်အကြောင်းကို ဖော်ပြထားပေသည်။ အကယ်၍ အသင်တို့၏နောက်တွင် အသင်တို့၏ကျမ်းစာကို မှန်ကန်ကြောင်းထောက်ခံသည့် တမန်တော်တစ်ပါးပါး ပွင့်ပေါ်ရောက်ရှိခဲ့ပါလျှင် အသင်တို့ 'အွမ္မတ်'သားများ၏တာဝန်မှာ ထိုတမန်တော်အား ငြင်းပယ်ခြင်းမပြုဘဲ ထောက်ခံသူများဖြစ်ကြရပေမည်ဟူသော ပဋိညာဉ်ခံဝန်ချက်ပင်ဖြစ်သည်။ ဤဆူရာဟ်တော်၌ ကိုယ်တော်မြတ်ﷺ နှင့်စပ်လျဉ်း၍ **وَ مِـــنْکَ** ငါအရှင်မြတ်သည် အသင့်ထံမှလည်း ဤပဋိညာဉ်ခံဝန်ချက်ကို ယူခဲ့ပေသည်ဟု မိန့်ကြားထားတော်မူပေသည်။ သို့ဖြစ်၍ ကိုယ်တော်၏နောက်လိုက် 'အွမ္မတ်'သားများအပေါ် တာဝန်တင်ရှိလာပေသည်။ ယင်းမှာ ဤစည်းကမ်းချက်များနှင့်အညီ 'နဗူဝါတ်' တမန်တော်ဖြစ်ခြင်းကိုကြွေးကြော်သူသည် တမန်တော်မြတ် မိုဟမ္မဒ်ﷺအား ရာနှုန်းပြည့် လိုက်နာကျင့်ကြံသူဖြစ်ရမည့်အပြင် သူသည် တမန်တော်မြတ်ﷺ၏ကောင်းချီးမင်္ဂလာတော်ဖြင့်သာလျှင် 'နဗူဝါတ်' တည်းဟူသော ဆုလာဘ်ကိုရရှိမည်ဖြစ်ပြီး ကိုယ်တော်၏သွန်သင်ချက်ကိုသာလျှင် အပြောင်းအလဲမရှိ တင်ပြသူဖြစ်လျက် ကိုယ်တော့်အတွက်သာလျှင် 'ဂျီဟာဒ်'(ကြိုးပမ်းအားထုတ်မှု)ပြုသူ ဖြစ်ရပေမည်။ သို့ဖြစ်သောကြောင့် ထိုသူအား ဆန့်ကျင်မှုပြုခြင်းကို အသင်တို့အဖို့တားမြစ်ထားရုံမျှမက သူ့အားကူညီရန် ကိုယ်တော်မြတ်ﷺ၏ နောက်လိုက်များဖြစ်သော အသင်တို့အပေါ် တာဝန်ရှိပေသည်။

ထို့နောက် 'အဟ်ဇာဘ်'၏အခြေခံအဓိပ္ပာယ်ကိုမျက်မှောက်ပြုလျက် 'ကျုံးမြောင်း'စစ်ပွဲအကြောင်းကိုဖော်ပြထားပေသည်။ အာရဗ်လောကတစ်ခုလုံးမှ အစွမ်းကိုဆန့်ကျင်သော မဟာမိတ်အားလုံးတို့သည် မဒီနာမြို့ကိုတိုက်ခိုက်ရန်ရောက်ရှိလာကြပေရာ ၎င်းတို့၏ ဘေးအန္တရာယ်မှ လွတ်မြောက်ရန်မည်သို့မျှမဖြစ်နိုင်ဟု အပေါ်ယံအားဖြင့် ထင်မြင်ယူဆခဲ့ရပေသည်။ ထိုစဉ် အလ္လာဟ်အရှင်မြတ်က ကိုယ်တော်မြတ်ﷺအတွက် 'မိုဂျဇာ'တန်ခိုးနိမိတ်ကို ပြသတော်မူခဲ့ပြီး ကြောက်မက်ဖွယ်ကောင်းသော လေမုန်တိုင်းဖြင့် ကူညီစောင်မတော်မူခဲ့ပေသည်။ ယင်းမုန်တိုင်းကြောင့် 'ကာဖိရ်'များမှာ မျက်ကန်းများသဖွယ်ဖြစ်သွားကြလျက် ကစဉ့်ကလျားထွက်ပြေးခဲ့ကြရပေရာ ချည်နှောင်ထားသည့် များစွာသော အစီးအနင်းများကို ကြိုးဖြည်ပေးရန်ပင် အချိန်မရခဲ့ကြချေ။ ဤသို့ဖြင့် ၎င်းတို့သည် မိမိတို့၏ အစီးအနင်းများနှင့်အတူ ရိက္ခာများအပါအဝင် များစွာသောဝတ္ထုပစ္စည်းများကိုလည်း ထားရစ်ခဲ့ကြရပေသည်။ ထိုအချိန်၌ 'မွတ်စလင်'များအဖို့ ကြောက်မက်ဖွယ်ကောင်းလောက်အောင် အစာရိက္ခာနည်းပါးလျက်ရှိနေခဲ့ပေရာ ၎င်းတို့ချန်ရစ်ခဲ့သည်များကြောင့် ထိုအခက်အခဲမှလည်း ကင်းဝေးခဲ့ကြရပေသည်။

ဤအဖြစ်အပျက်မတိုင်မီက မဒီနာမြို့သားများ၏အခြေအနေကိုလည်း ဖော်ပြထားပေသည်။ သူတို့သည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ဘေးဒုက္ခနှင့် ပျက်စီးဆုံးရှုံးမှုကို မြင်ယောင်နေခဲ့ရပြီး ကြောက်ရွံ့ချောက်ချားမှုကြောင့် မျက်စိများမှုန်ဝါးလျက်ရှိခဲ့ကြပေသည်။ ထို့ပြင် 'မိုနာဖစ်' (အယောင်ဆောင်)များက မဒီနာမှ မွတ်စလင်များကို ယခုအခါအသင်တို့အဖို့ မည်သည့် ခိုလှုံရာနေရာမျှမရှိပြီဟူ၍ ပြောဆိုနေခဲ့ကြပေသည်။ ထိုအခါ သက်ဝင်ယုံကြည်သူ 'မို့အ်မင်န်'များက ကျွန်ုပ်တို့၏ 'အီမာန်'ယုံကြည်မှုသည် ယခင်ကထက်ပင် ပိုမိုး၍ခိုင်မာလာခဲ့သည်။ အကြောင်းမူ ဤကဲ့သို့ မဟာမိတ်များ၏ကြောက်မက်ဖွယ်တိုက်ခိုက်လာမည့်အကြောင်းကို ဤသည့်အလျင်ကပင် ကျွန်ုပ်တို့အား သတင်းပေးတော်မူခဲ့ပြီးဖြစ်သည်ဟု ပြောဆိုခဲ့ကြပေသည်။ ဆူရာဟ် 'ကမရ်'မှ အာယတ်တော် **سَيُهْزَمُ الْجَمْعُ وَيُوَلُّوْنَ الدُّبُرَ** ကို ရည်ညွှန်းပြောဆိုကြခြင်းပင်ဖြစ်သည်။ သို့ဖြင့် ဤစစ်ပွဲတွင် 'မို့အ်မင်န်'များသည် မိမိတို့၏ကတိသစ္စာကိုဖြည့်ဆည်းခဲ့ကြပေသည်။ ယင်းတို့အနက် ဤသို့သောသူများလည်းရှိခဲ့ကြ၏။ ၎င်းတို့သည် ထိုစဉ်က

စစ်ပွဲ၌မပါဝင်ခဲ့ရသော်လည်း 'အဟ်ဇာဘ်'စစ်ပွဲ၌ပါဝင်ခဲ့ကြရသော ကိုယ်တော်မြတ်ﷺ၏ သာဝကကြီးများကဲ့သို့ သည်းခံမြဲမြံခြင်းနှင့် 'ကုရ်ဘာနီ'စွန့်လွှတ်မှုများကိုပြုနိုင်စွမ်းရရှိနိုင်လျှင်ကောင်းပေစွဟု စောင့်စားလျက်ရှိခဲ့ကြပေသည်။

ဤဆူရာဟ်၏ အာယတ်တော်(၃၈)တွင် ကိုယ်တော်မြတ်အား မိမိ၏မွေးစားသားက ကွာရှင်းခဲ့သည့် အမျိုးသမီးကို 'နေကာဟ်'ပြုရန် အမိန့်ပေးတော်မူပေသည်။ အလ္လာဟ်အရှင်မြတ်၏ ဤအမိန့်တော်သည် ကိုယ်တော်မြတ်ﷺအဖို့ အလွန်ဝန်လေးဖွယ်ရာဖြစ်နေခဲ့ပြီး ယင်း၏ရလဒ်အဖြစ် 'မိုနာဖစ်'များကပြစ်တင်ဝေဖန်မှုများပြုနိုင်ကြသည့်အတွက်လည်း စိုးရိမ်ပူပန်ခဲ့ပေသည်။ သို့ဖြစ်သောကြောင့် ကိုယ်တော်မြတ်သည် ယင်းအိမ်ထောင်ပြုရမည့်ကိစ္စကို ပြင်းထန်စွာ သောကဖြစ်နေခဲ့သည်။ သို့ရာတွင် မည်သို့ဆိုစေ အရှင်မြတ်၏အမိန့်တော်အား လိုက်နာဖြည့်ဆည်းရန် တာဝန်ရှိပေသည်။

ထို့နောက်တွင် ဤဆူရာဟ်၏အထွတ်အထိပ်ဟုဆိုနိုင်သည့် အာယတ်တော်(၄၁)လာရှိပေသည်။ ယင်းသည် တမန်တော်မြတ်ﷺက သားအဖြစ်မွေးစားထားသော ဟာဇရတ် 'ဇိုက်ဒ်'ﷺ အကြောင်းနှင့်လည်းဆက်နွယ်နေပေသည်။ ယင်းအာယတ်တော်၌ ဤကဲ့သို့ယေဘုယျအားဖြင့် ကြေညာထားပေသည်။ ယင်းမှာ တမန်တော်မြတ် မိုဟမ္မဒ်ﷺသည် အမှန်စင်စစ် 'ဇိုက်ဒ်'ﷺ၏ ဖခင်မဟုတ်သကဲ့သို့ အသင်တို့ကဲ့သို့သော ယောကျ်ားများအနက် မည်သူ၏ ဖခင်မျှလည်းမဟုတ်ချေ။ သို့သော် ကိုယ်တော်သည် 'ခါတမန်နဗီယီန်း'ဖြစ်၏။ ဆိုလိုသည်မှာ ကိုယ်တော်မြတ်အား နဗီတမန်တော်များ၏ 'ဝိညာဉ်ရေးရာဖခင်'အဖြစ်ကို ပေးသနားတော်မူခဲ့ပေသည်။ စကားစဉ်ဆက်စပ်မှုအရ ဤသည့်အဓိပ္ပာယ်သာလျှင် ထွက်ပေါ်လာပေသည်။ သို့သော် 'ခါတမန်နဗီယီန်း'၏ အခြားများစွာသော အဓိပ္ပာယ်များရှိပြီး ယင်းအားလုံးတို့သည် ကျမ်းမြတ်ကုရ်အာန်မှ ဤအာယတ်တော်၏ဆိုလိုရင်းဖြစ်ပေသည်။ ထို့ပြင် အဓိပ္ပာယ်အားလုံးအရလည်း ကိုယ်တော်မြတ်ﷺသည် 'ခါတမန်နဗီယီန်း'ဖြစ်ကြောင်း သာဓကရရှိပေသည်။ ဥပမာအားဖြင့် 'ခါတမ်'၏ အဓိပ္ပာယ်တစ်ခုမှာ မှန်ကန်ကြောင်းထောက်ခံသူဟူ၍လည်းရရှိပေရာ 'ရှရီအတ်'တရားတော်အားလုံးတွင် တမန်တော်မြတ် မိုဟမ္မဒ်ﷺ၏'ရှရီအတ်'သာလျှင် လွန်လေပြီးသော တမန်တော်အားလုံးနှင့် ခေတ်ကာလတိုင်းရှိ တမန်တော်အားလုံးကို မှန်ကန်ကြောင်းထောက်ခံမှုပြုပေသည်။ ကမ္ဘာပေါ်ရှိ မည်သည့်သာသနာ့ကျမ်းဂန်တစ်ခုကမျှ ဤဂုဏ်အရှိန်အဝါမျိုးရှိသည့် အာယတ်တော်ကို တင်ပြနိုင်ကြမည်မဟုတ်ချေ။

ထို့နောက်တွင် တမန်တော်'ဇကရိယာ'علیه السلامတောင်းခံခဲ့သည့် 'ဒိုအာ'ဆုတောင်းကို အမှတ်ရစေရန် ဖော်ပြထားပေသည်။ အလ္လာဟ်အရှင်မြတ်က သူ့အား သားတော်တစ်ပါး ပေးသနားတော်မူမည့် သတင်းကောင်းကို ပေးတော်မူပြီးနောက် နံနက်ခင်းနှင့်ညနေချမ်းအချိန်များတွင် အလ္လာဟ်အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို 'တာစ်ဘီ'ပြုလျက်နေရန် သူ့ထံ 'ဝဟီ'ဗျာဒိတ်ပို့ချတော်မူခဲ့ပေသည်။

ထို့နောက်တစ်ဖန် အာယတ်တော်(၄၆-၄၇)တို့တွင် ကိုယ်တော်မြတ်ﷺသည် သက်သေခံသူ၊ သတင်းကောင်းပေးသူနှင့် သတိပေးနှိုးဆော်သူဖြစ်ကြောင်းကို ဖော်ပြထားပေသည်။ ကိုယ်တော်သည် မိမိအလျင်ပွင့်ပေါ်ခဲ့သော ဂုဏ်အရှိန်အဝါကြီးများသည့် တမန်တော်'မူစာ'علیه السلام၏ မှန်ကန်ခြင်းနှင့် စပ်လျဉ်း၍လည်း သက်သေဖြစ်ခဲ့ပေသည်။ ထို့ပြင် မိမိ၏နောက်တွင် လာရောက်မည့် မိမိအစေတော်၏ မှန်ကန်ခြင်းနှင့်စပ်လျဉ်း၍လည်း သက်သေဖြစ်ပေသည်။ ကိုယ်တော့်အား 'သူရိယ'နေမင်းနှင့် ဥပမာပေးထားသည်။ 'နေ'သည် လောကအပေါင်းကို အလင်းပေးသကဲ့သို့ 'လ'သည်လည်း နေမှအလင်းရောင်ကိုရရှိပေသည်။ သို့ဖြင့် ညအမှောင်ထုဖုံးလွှမ်းသွားသည့်အချိန်တွင် တမန်တော်မြတ်ﷺ၏ အလင်း

ရောင်ကိုပင် လူသားများထံသို့ပို့ဆောင်ရန်အတွက် 'လ'တစ်စင်းရှိရမည်ကို ပြဋ္ဌာန်းတော်မူခဲ့ပြီး ဖြစ်သည်။ နောင်တွင်ပေါ် ပေါက်လာမည့် အမှောင်ထုဖုံးလွှမ်းမည့်ခေတ်ကာလများတွင် ဤကဲ့သို့ ဖြစ်လာလိမ့်မည်ကို ယင်း၌ ကြိုတင်နိမိတ်ဟောကြားချက်ပါရှိပေသည်။

ထို့နောက် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူများအား 'တက္ကဝါ'၏စည်းကမ်းများကို သင်ပေးထားသည်။ ထို့ပြင် တမန်တော်မြတ်ﷺ၏ ကြီးကျယ်ခမ်းနားလှသည့်အဆင့်ကို ဖော်ပြထားပြီး ယင်းကို မျက်မှောက်ပြုလျက် ကိုယ်တော်မြတ်အား အလွန်ရှိသေလေးစားမှုပြုကြရန် 'မို့အ်မင်န်'တို့အပေါ် တာဝန်အဖြစ် ပြဋ္ဌာန်းထားပေသည်။ ကိုယ်တော်မြတ်ﷺသည် အချို့သောအခါများတွင် မိမိ၏ နီးစပ်သူသားချင်းများနှင့် သာဝကများကို အိမ်သို့ဖိတ်ကြားဧည့်ခံလေ့ရှိပေသည်။ တမန်တော်မြတ်ﷺက ထိုကဲ့သို့ ဖိတ်ကြားခဲ့ပါလျှင် သာမန်ဖိတ်ကြားမှုများကဲ့သို့မှတ်ယူပြီး အချိန်မကျရောက်မီအလျင် ကိုယ်တော်မြတ်၏ အိမ်သို့သွားရောက်၍ စောင့်စားခြင်းမပြုကြနှင့်။ အစားအသောက်များအဆင်သင့်ဖြစ်၍ အသင်တို့အား ဖိတ်ခေါ် သည့်အခါတွင် သွားရောက်စားသောက်ကြကုန်၊ စားသောက်ပြီးသည့်အခါ၌လည်း စကားပြောဆိုနေခြင်းမပြုဘဲ ခွင့်ပြုချက်တောင်းခံလျက် မိမိတို့အိမ်သို့ပြန်သွားကြကုန်၊ ထို့ပြင် အကယ်၍ စားသောက်နေစဉ်အတွင်း တစ်စုံတစ်ရာလိုအပ်ပါလျှင် မိမိတို့၏လိုအပ်ချက်ကို 'အွမ္မဟာတူလ်မို့အ်မိနီးန်' ကိုယ်တော်၏ ကြင်ရာတော်များအား 'ပါရ်ဒါဟ်'၏နောက်ကွယ်မှ အသိပေးကြကုန်ဟူ၍ သာဝကများအား သွန်သင်ထားတော်မူသည်။ ဤတွင် ကိုယ်တော်မြတ်ﷺ၏ကြင်ရာတော်များအား သာမန်မွတ်စလင် အမျိုးသမီးများထက် များစွာပိုမို၍ စင်ကြယ်သန့်ရှင်းမှုကို စောင့်ထိန်းကြရန် အထူးတလည် နှိုးဆော်ထားတော်မူသည်။ အကြောင်းမူ ၎င်းတို့၏ မြင့်မားသောအဆင့်အရာ သူမတို့ကြောင့် ကိုယ်တော်မြတ်ﷺအား အလွန်မှသေးငယ်လှသည့် စွပ်စွဲချက်ကိုပင် ကိုယ်တော်မြတ်အနေဖြင့် မကြားရစေရန် ဖြစ်ပေသည်။

ကိုယ်တော်မြတ်ﷺကို 'မိုနာဖစ်'များက မဟုတ်မမှန်စွပ်စွဲလျက် ဒုက္ခသက်ရောက်စေခဲ့ကြသကဲ့သို့ တမန်တော်'မူစာ'ﷺကိုလည်း မဟုတ်မမှန်စွပ်စွဲလျက် ဒုက္ခပေးခဲ့ကြပေသည်။ ဤဆူရာဟ်၏အဆုံးတွင် ဤအကြောင်းကို ထပ်မံဖော်ပြထားပေသည်။ ယင်းမှာ ကိုယ်တော်မြတ်ﷺသည် ကိုယ်တော်မြတ်အလျင် ပွင့်ပေါ် ခဲ့သော ဂုဏ်အရှိန်အဝါရှိသည့် တမန်တော်'မူစာ'ﷺနှင့် များစွာသောတူညီမှုများရှိပေသည်။ တမန်တော်'မူစာ'ﷺသည် မည်သို့ဆိုစေ အလ္လာဟ်၏ထံတော်၌ဂုဏ်သရေရှိသူဟု အသိပေးခြင်းခံခဲ့ရသည့်နည်းတူ ကိုယ်တော်မြတ်ﷺအားလည်း ဤကဲ့သို့ မဟုတ်မမှန်စွပ်စွဲမှုက အသင့်အား တစ်စုံတစ်ရာဆုံးရှုံးမှုဖြစ်စေမည်မဟုတ်၊ အသင်သည် အလ္လာဟ်အရှင်မြတ်ထံတော်ဝယ် **وَجِيْهًا فِى الدُّنْيَا وَالْآخِرَةِ** ဤလောကနှင့် တမလွန်တို့တွင် ဂုဏ်သိက္ခာအရှိန်အဝါရှိသူဟူ၍ အားပေးစကားပြောကြားထားတော်မူပေသည်။

ဤဆူရာဟ်၏ နောက်ဆုံးအာယတ်တော်နှစ်ခုတွင် တမန်တော်'မူစာ'ﷺကို ရည်ညွှန်းလျက် ထပ်မံ၍တစ်ကြိမ် တမန်တော်မြတ်ﷺအား မိန့်ကြားထားတော်မူသည်မှာ အသင့်အပေါ် သို့တင်ခဲ့သည့် 'အမာနတ်'(ယုံကြည်အပ်နှံရာ)တည်းဟူသော ဝန်ထုပ်သည် တမန်တော်'မူစာ'ﷺအပေါ် တင်ခဲ့သည့် 'အမာနတ်'ထိန်းသိမ်းမှုတာဝန်ထက် များစွာပိုမို၍ ကြီးလေးပေသည်။ ကြီးမားသော'တောင်'ကြီးသည်ပင် ယင်းအားကြောက်ရွံ့လျက် အစိတ်စိတ်အမြွာမြွာဖြစ်ခဲ့ရပေသည်။ သို့ရာတွင် အသင်သည် ယင်း 'အမာနတ်'ကို ထမ်းပိုးရန်အတွက် ထွက်လာခဲ့၏။ ယင်း၏အကျိုးဆက်ရလဒ် မည်သို့ဖြစ်ပေါ် လာမည်ကိုပင် အရေးမထားဘဲ မိမိစိတ်ဝိညာဉ်အပေါ် အတိုင်းထက်အလွန် ညှဉ်းပန်းနှိပ်စက်ခဲ့ရပေသည်ဟူ၍ ဖော်ပြထားတော်မူပေသတည်း။

♦ ♦ ♦

ဆူရောဟ် အလ်-အဟ်ဇာဗ်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၇၄)ပိုဒ် ရှုကူ (၉)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲ ပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

يٰٓاَيُّهَا النَّبِيُّ اتَّقِ اللّٰهَ وَلَا تُطِعِ الْكٰفِرِيْنَ وَالْمُنٰفِقِيْنَ ۗ اِنَّ اللّٰهَ كَانَ عَلِيْمًا حَكِيْمًا ①

၂။ အို-တမန်တော် အလ္လာဟ်အားကြောက်ရွံ့ခြင်း 'တက္ကဝါ' တရားကို ကျင့်သုံးဆောက်တည်လော့၊ ထို့ပြင် မယုံကြည် ငြင်းပယ်သူများနှင့် 'မိုနာဖစ်'ယုံကြည်ဟန်ဆောင်သူများ၏စကားကို လက်မခံလင့်၊ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ လွန်စွာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَاتَّبِعْ مَا يُوْحٰٓى اِلَيْكَ مِنْ رَّبِّكَ ۗ اِنَّ اللّٰهَ كَانَ بِمَا تَعْمَلُوْنَ خَبِيْرًا ①

၃။ အသင့်ထံသို့ အသင်၏ ဖန်ဆင်းမွေးမြူရှင်ထံမှ 'ဝဟီ' ဗျာဒိတ်ပို့ချခဲ့သည်များကို လိုက်နာကျင့်ကြံလော့။ အမှန်ပင် အလ္လာဟ်သည် အသင်တို့ပြုလုပ်သည်တို့ကို ကောင်းစွာသတင်းရလျက်ရှိတော်မူ၏။

وَّتَوَكَّلْ عَلَى اللّٰهِ ۗ وَكَفٰى بِاللّٰهِ وَكِيْلًا ①

၄။ ထို့ပြင် အလ္လာဟ်အား ယုံပုံလွဲအပ်မှုပြုလော့။ စင်စစ် အလ္လာဟ်သည်ပင် ကာကွယ်စောင့်ရှောက်သူအဖြစ် လုံလောက်တော်မူ၏။

مَا جَعَلَ اللّٰهُ لِرَجُلٍ مِّنْ قَلْبَيْنِ فِيْ جَوْفِهٖ ۚ وَمَا جَعَلَ اَزْوَاجَكُمُ الّٰٓـِٔيْ تُظٰهِرُوْنَ مِنْهُنَّ اُمَّهٰتِكُمْ ۚ وَمَا جَعَلَ اَدْعِيَآءَكُمْ اَبْنَآءَكُمْ ۗ ذٰلِكُمْ قَوْلُكُمْ بِاَفْوَاهِكُمْ ۗ وَاللّٰهُ يَقُوْلُ الْحَقَّ وَهُوَ يَهْدِى السَّبِيْلَ ①

၅။ အလ္လာဟ်သည် မည်သည့်လူသား၏ ရင်တွင်း၌မျှ နှလုံးသားနှစ်ခုကို ပြုလုပ်ထားတော်မမူချေ။ ထိုကဲ့သို့ပင် အသင်တို့က 'အမေ'ဟုပြောပြီး မိမိတို့အပေါ် 'ဟရာမ်' တားဆီးမှုပြုလိုက်သည့် အသင်တို့၏ဇနီးမယားများကို အသင်တို့၏ မိခင်များအဖြစ် ပြုတော်မမူချေ။ ထို့ပြင် အသင်တို့၏နှုတ်ပါးစပ်မှ ပြောသောသူများကိုလည်း အသင်တို့၏သားများ ပြုလုပ်တော်မမူချေ။ ဤသည် အသင်တို့၏ နှုတ်ပါးစပ်မှပြောသောစကားသက်သက်မျှသာဖြစ်၏။ စင်စစ် အလ္လာဟ်သည် အမှန်(စကား)ကိုဖော်ပြတော်မူ၏။ ထို့ပြင် အရှင်မြတ်သည်သာလျှင် (ဖြောင့်မှန်သော) လမ်းဘက်သို့ ညွှန်ပြတော်မူပေသည်။

اُدْعُوْهُمْ لِاٰبَآئِهِمْ هُوَ اَقْسَطُ عِنْدَ اللّٰهِ ۚ فَاِنْ لَّمْ تَعْلَمُوْٓا اٰبَآءَهُمْ فَاِخْوَانُكُمْ فِى الدِّيْنِ وَمَوَالِيْكُمْ ۗ وَلَيْسَ عَلَيْكُمْ جُنَاحٌ فِيْمَآ اَخْطَاْتُمْ بِهٖ ۙ وَلٰكِنْ مَّا تَعَمَّدَتْ

၆။ သူတို့အား သူတို့၏အဖများ၏အမည်ဖြင့် ခေါ်ကြလေကုန်။ ဤသည် အလ္လာဟ်၏ထံတော်တွင် တရားမျှတမှုနှင့် ပိုမိုရိုးစင်းပေသည်။ အကယ်၍ အသင်တို့သည် ၎င်းတို့၏အဖများကို မသိရှိလျှင်သော်မှ ၎င်းတို့သည် သာသနာရေးရာကိစ္စများတွင် အသင်တို့၏ ညီအစ်ကိုများဖြစ်ကြသည့်အပြင် အသင်တို့၏ အဆွေခင်ပွန်းများဖြစ်ကြ၏။ အသင်တို့ အမှတ်

قُلُوْبُكُمْ ۭ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ۝

မဲ့ ပြုမိခဲ့ကြသည့် အရေးကိစ္စများအတွက် အသင်တို့အပေါ် တစ်စုံတစ်ရာ အပြစ်မထိုက်ချေ။ သို့သော် အသင်တို့၏ စိတ်နှလုံးက ကြံရွယ်၍ပြုခဲ့သည်များမှာမူ (အပြစ်)ရှိ၏။ စင်စစ် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اَلنَّبِيُّ اَوْلٰى بِالْمُؤْمِنِيْنَ مِنْ اَنْفُسِهِمْ وَاَزْوَاجُهٗٓ اُمَّهٰتُهُمْ ۭ وَاُولُوا الْاَرْحَامِ بَعْضُهُمْ اَوْلٰى بِبَعْضٍ فِيْ كِتٰبِ اللّٰهِ مِنَ الْمُؤْمِنِيْنَ وَالْمُهٰجِرِيْنَ اِلَّآ اَنْ تَفْعَلُوْٓا اِلٰٓى اَوْلِيٰۗىِٕكُمْ مَّعْرُوْفًا ۭ كَانَ ذٰلِكَ فِي الْكِتٰبِ مَسْطُوْرًا ۝

၇။ တမန်တော်သည် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူများအပေါ် ၎င်းတို့၏အသက်များထက်ပင် ပိုမို၍အခွင့်ရှိပေသည်။ ထို့ပြင် သူ(တမန်တော်)၏ ကြင်ရာတော်များသည် ၎င်းတို့၏ မိခင်မွန်များဖြစ်ကြ၏။ ထို့ပြင် သွေးသားတော်စပ်သောဆွေမျိုးသားချင်းများနှင့်စပ်လျဉ်း၍မူ အလ္လာဟ်၏ကျမ်းတော်တွင်(ဖော်ပြထားသောအမိန့်တော်များအရ) 'မို့အ်မင်န်'များထက်သော်လည်းကောင်း၊ ရွှေ့ပြောင်းလာသူ 'မူဟာဂိရ်ဂန်'များထက်သော်လည်းကောင်း သူတို့အနက်အချို့သည် အချို့ထက် ဦးစားပေးထိုက်ကြပေသည်။ သို့သော် အသင်တို့သည် မိမိတို့၏ ရင်းနှီးသောမိတ်ဆွေများနှင့် (ကောင်းမှုအဖြစ်) တစ်စုံတစ်ရာ ကောင်းမြတ်သောဆက်ဆံမှုကိုပြုခြင်းမှာမူ ခြွင်းချက်ဖြစ်၏။ ဤစကားရပ်အားလုံးတို့သည် ကျမ်းတော်တွင် ရေးသားပါရှိပြီးဖြစ်၏။

وَاِذْ اَخَذْنَا مِنَ النَّبِيّٖنَ مِيْثَاقَهُمْ وَمِنْكَ وَمِنْ نُّوْحٍ وَّاِبْرٰهِيْمَ وَمُوْسٰى وَعِيْسَى ابْنِ مَرْيَمَ ۠ وَاَخَذْنَا مِنْهُمْ مِّيْثَاقًا غَلِيْظًا ۝

၈။ ထို့ပြင် အကြင်အခါ ငါတို့သည် တမန်တော်များထံမှ ၎င်းတို့၏ပဋိညာဉ်ခံဝန်ချက်ကိုယူတော်မူခဲ့၏။ အသင့်ထံမှလည်းကောင်း၊ 'နူးဟ်'ထံမှလည်းကောင်း၊ 'အစ်ဗရာဟင်မ်'ထံမှလည်းကောင်း၊ 'မူစာ'ထံမှလည်းကောင်း၊ မရိယမ်၏သားတော် 'အီစာ'ထံမှလည်းကောင်း(ယူတော်မူခဲ့၏)၊ စင်စစ် ငါတို့သည် ၎င်းတို့ထံမှ လွန်စွာခိုင်မာသော ပဋိညာဉ်ခံဝန်ချက်ကိုယူတော်မူခဲ့ပေသည်။

لِّيَسْـَٔلَ الصّٰدِقِيْنَ عَنْ صِدْقِهِمْ ۚ وَاَعَدَّ لِلْكٰفِرِيْنَ عَذَابًا اَلِيْمًا ۝

၉။ သို့ဖြင့် အရှင်မြတ်သည် မှန်ကန်သူများအား ၎င်းတို့၏မှန်ကန်မှုနှင့်စပ်လျဉ်း၍ မေးမြန်းတော်မူရန်ဖြစ်၏။ စင်စစ် သော်ကား အရှင်မြတ်သည် ငြင်းပယ်သူများအတွက် နာကျင်ဖွယ်သောအပြစ်ဒဏ်ကို စီမံထားတော်မူပေသတည်း။

ရုကူး-၂

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اذْكُرُوْا نِعْمَةَ اللّٰهِ عَلَيْكُمْ اِذْ جَاۗءَتْكُمْ جُنُوْدٌ فَاَرْسَلْنَا عَلَيْهِمْ رِيْحًا وَّجُنُوْدًا لَّمْ تَرَوْهَا ۭ وَكَانَ اللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرًا ۝

၁၀။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် မိမိတို့အပေါ်ပြုခဲ့သော အလ္လာဟ်၏ကောင်းကျိုးချမ်းသာကို သတိရကြကုန်။ အကြင်အခါ အသင်တို့ထံ စစ်တပ်များရောက်ရှိလာခဲ့ပေရာ ငါတို့သည် ယင်းတို့နှင့်ဆန့်ကျင်၍ လေတစ်မျိုးကိုလည်းကောင်း၊ အသင်တို့ မြင်တွေ့ရခြင်းမရှိခဲ့သည့် စစ်တပ်များကိုလည်းကောင်း စေလွှတ်တော်မူခဲ့၏။

ဧကန်စင်စစ် အလ္လာဟ်သည် အသင်တို့ပြုလုပ်သည်များကို နက်ရှိုင်းစွာမြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။

اِذْ جَآءُوْكُمْ مِّنْ فَوْقِكُمْ وَمِنْ اَسْفَلَ مِنْكُمْ وَاِذْ زَاغَتِ الْاَبْصَارُ وَبَلَغَتِ الْقُلُوْبُ الْحَنَاجِرَ وَتَظُنُّوْنَ بِاللّٰهِ الظُّنُوْنَا ۝١٠

၁၀။ အကြင်အခါ ယင်းတို့သည် အသင်တို့ထံ အသင်တို့၏ အထက်မှလည်းကောင်း၊ အသင်တို့၏ အောက်မှလည်းကောင်း ရောက်ရှိလာခဲ့ပေရာ(ထိတ်လန့်မှုကြောင့်) အသင်တို့၏မျက်စိများ ပြူးကျယ်သွားခဲ့ပြီး နှလုံးသားများသည် (ကြိတက်လာ၍) လည်မျိုသို့တိုင်အောင်ရောက်ရှိခဲ့၏။ ထိုအခါ အသင်တို့သည် အလ္လာဟ်အား အမျိုးမျိုးတွေးထင်နေခဲ့ကြပေသည်။

هُنَالِكَ ابْتُلِيَ الْمُؤْمِنُوْنَ وَزُلْزِلُوْا زِلْزَالًا شَدِيْدًا ۝١١

၁၁။ ထိုနေရာ၌ သက်ဝင်ယုံကြည်သူများသည် စမ်းသပ်မှုတွင် ထည့်သွင်းခြင်းခံခဲ့ရ၏။ ပြင်းထန်သော (စမ်းသပ်စစ်ဆေးခြင်း၏)တုန်လှုပ်မှုဖြင့်တုန်လှုပ်ချောက်ချားစေခြင်းကိုခံကြရ၏။

وَاِذْ يَقُوْلُ الْمُنٰفِقُوْنَ وَالَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ مَّا وَعَدَنَا اللّٰهُ وَرَسُوْلُهٗٓ اِلَّا غُرُوْرًا ۝١٢

၁၂။ 'မိုနာဖစ်' ယုံကြည်ဟန်ဆောင်သူများနှင့် စိတ်နှလုံး၌ ရောဂါစွဲကပ်နေသူများက ကျွန်ုပ်တို့အား အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်သည် လှည့်စားခြင်းကိုမှတစ်ပါး အခြားမည်သည့်ကတိကိုမျှမပေးခဲ့ခြေဟု ပြောဆိုကြ၏။

وَاِذْ قَالَتْ طَّآئِفَةٌ مِّنْهُمْ يٰٓاَهْلَ يَثْرِبَ لَا مُقَامَ لَكُمْ فَارْجِعُوْا ۚ وَيَسْتَاْذِنُ فَرِيْقٌ مِّنْهُمُ النَّبِيَّ يَقُوْلُوْنَ اِنَّ بُيُوْتَنَا عَوْرَةٌ ۛ وَمَا هِيَ بِعَوْرَةٍ ۛ اِنْ يُّرِيْدُوْنَ اِلَّا فِرَارًا ۝١٣

၁၃။ ထို့ပြင် အကြင်အခါ ၎င်းတို့အနက် အုပ်စုတစ်စုက အိုးယာဆ်ရီတ်မြို့သားတို့၊ အသင်တို့အဖို့ရပ်တည်ရန် မည်သည့်အခွင့်အလမ်းမျှမရှိတော့ပြီ၊ သို့ဖြစ်၍ ပြန်သွားကြကုန်လော့ဟု ပြောဆိုကြ၏။ ထို့ပြင် ၎င်းတို့အနက်မှ အုပ်စုတစ်စုက တမန်တော်ထံ ဧကန်စင်စစ် ကျွန်ုပ်တို့၏အိမ်များသည် လုံခြုံမှုမရှိပါဟု ပြောဆိုလျက် (အိမ်ပြန်ရန်)ခွင့်တောင်းခံခဲ့ကြ၏။ စင်စစ်သော်ကား ယင်းတို့(၏အိမ်များ)သည် လုံခြုံမှုမရှိခဲ့သည်မဟုတ်ချေ။ ယင်းတို့သည် ထွက်ပြေးရန်သာ ကြံရွယ်ခဲ့ကြခြင်းဖြစ်၏။

وَلَوْ دُخِلَتْ عَلَيْهِمْ مِّنْ اَقْطَارِهَا ثُمَّ سُئِلُوا الْفِتْنَةَ لَاٰتَوْهَا وَمَا تَلَبَّثُوْا بِهَآ اِلَّا يَسِيْرًا ۝١٤

၁၄။ အကယ်၍ ၎င်းတို့အား ယင်း(မြို့ရွာ)၏ ဘက်ပေါင်းစုံမှ တိုက်ခိုက်လာပြီးနောက် ဆူပူမှုပြုရန် ၎င်းတို့အားတောင်းဆိုလာလျှင် ၎င်းတို့သည် အမှန်ပင် ယင်းသို့ပြုလုပ်ကြပေအံ့၊ (ထိုသို့ပြုလုပ်ရန်) အနည်းငယ်မှတစ်ပါး တွန့်ဆုတ်ကြမည်မဟုတ်ချေ။

وَلَقَدْ كَانُوْا عَاهَدُوا اللّٰهَ مِنْ قَبْلُ لَا يُوَلُّوْنَ الْاَدْبَارَ ۭ وَكَانَ عَهْدُ اللّٰهِ مَسْـُٔوْلًا ۝١٥

၁၅။ အမှန်သော်ကား ထိုသည့်အလျင်က ယင်းတို့သည် ကျော်ခိုင်းထွက်ပြေးကြမည်မဟုတ်ဟု အမှန်ပင် အလ္လာဟ်၏ထံတွင် ကတိပြုခဲ့ကြပြီးဖြစ်၏၊ စင်စစ် အလ္လာဟ်၏ထံတွင်ပြုခဲ့သော ကတိနှင့်စပ်လျဉ်း၍ အမှန်ပင် မေးမြန်းခြင်းကိုခံကြရပေအံ့။

قُلْ لَّنْ يَّنْفَعَكُمُ الْفِرَارُ اِنْ فَرَرْتُمْ

၁၆။ အသင်ပြောကြားပါလေ၊ အကယ်၍ အသင်တို့သည် သေဘေးမှသော်လည်းကောင်း၊ အသတ်ခံရမည့်ဘေးမှသော်

مِّنَ الْمَوْتِ اَوِ الْقَتْلِ وَ اِذًا لَّا تُمَتَّعُوْنَ اِلَّا قَلِيْلًا ⑰

လည်းကောင်း ထွက်ပြေးမည်ဆိုပါလျှင် ယင်းသို့ ထွက်ပြေးခြင်းသည် အသင်တို့အား အလျှင်း အကျိုးရှိစေမည်မဟုတ်ချေ။ ထို့ပြင် ဤသည့်အခြေအနေတွင် အသင်တို့သည် အနည်းငယ်မှတစ်ပါး မည်သည့်အကျိုးကိုမျှ ခံစားကြရမည်မဟုတ်ချေ။

قُلْ مَنْ ذَا الَّذِيْ يَعْصِمُكُمْ مِّنَ اللّٰهِ اِنْ اَرَادَ بِكُمْ سُوْٓءًا اَوْ اَرَادَ بِكُمْ رَحْمَةً ؕ وَلَا يَجِدُوْنَ لَهُمْ مِّنْ دُوْنِ اللّٰهِ وَلِيًّا وَّلَا نَصِيْرًا ⑱

၁၈။ အသင်မေးမြန်းပါလေ၊ အကယ်၍ အရှင်မြတ်သည် အသင်တို့အတွက် ဘေးဒုက္ခတစ်စုံတစ်ရာသက်ရောက်ရန် ရည်ရွယ်တော်မူလျှင် မည်သူသည် အသင်တို့အား အလ္လာဟ်(၏ပြစ်ဒဏ်)မှကယ်တင်နိုင်ပါမည်နည်း။ သို့တည်းမဟုတ် အသင်တို့အဖို့ရာ ကရုဏာတော်ကို စီရင်ဆုံးဖြတ်တော်မူပါလျှင် မည်သူသည်(တားဆီးနိုင်အုံးနည်း)။ စင်စစ် ယင်းတို့သည် မိမိတို့အတွက် အလ္လာဟ်မှလွဲ၍ မည်သည့် ကာကွယ်စောင့်ရှောက်သူနှင့် ကူညီစောင်မသူကိုမျှ တွေ့ရမည်မဟုတ်ချေ။

قَدْ يَعْلَمُ اللّٰهُ الْمُعَوِّقِيْنَ مِنْكُمْ وَالْقَآئِلِيْنَ لِاِخْوَانِهِمْ هَلُمَّ اِلَيْنَا ۚ وَلَا يَاْتُوْنَ الْبَاْسَ اِلَّا قَلِيْلًا ⑲

၁၉။ အလ္လာဟ်သည် အသင်တို့အနက် ယင်း(ဂျီဟာဒ်မှ)တားမြစ်သူများနှင့် မိမိတို့၏ ညီအစ်ကိုများအား ငါတို့ဘက်သို့လာကြကုန်ဟု ပြောဆိုသူများကို ကောင်းစွာသိရှိတော်မူ၏။ စင်စစ် ယင်းတို့သည် အလွန်အနည်းငယ်မှအပ စစ်ပွဲအတွက် မလာကြချေ။

اَشِحَّةً عَلَيْكُمْ ۚ فَاِذَا جَآءَ الْخَوْفُ رَاَيْتَهُمْ يَنْظُرُوْنَ اِلَيْكَ تَدُوْرُ اَعْيُنُهُمْ كَالَّذِيْ يُغْشٰى عَلَيْهِ مِنَ الْمَوْتِ ۚ فَاِذَا ذَهَبَ الْخَوْفُ سَلَقُوْكُمْ بِاَلْسِنَةٍ حِدَادٍ اَشِحَّةً عَلَى الْخَيْرِ ؕ اُولٰٓئِكَ لَمْ يُؤْمِنُوْا فَاَحْبَطَ اللّٰهُ اَعْمَالَهُمْ ؕ وَكَانَ ذٰلِكَ عَلَى اللّٰهِ يَسِيْرًا ⑳

၂၀။ အသင်တို့နှင့်စပ်လျဉ်း၍ အလွန် စေတနာမဲ့တွန့်တိုစွာလုပ်ဆောင်ကြ၏။ သို့သော် တစ်စုံတစ်ရာ ကြောက်ရွံ့ဖွယ်(အခြေအနေ) ဆိုက်ရောက်လာသောအခါ သူတို့သည် (ကြောက်ရွံ့မှုကြောင့်) သေလုမြောပါးဖြစ်နေသည့်အလားမျက်လုံးများလည်လျက် အသင့်ဘက်သို့ ကြည့်နေသည်ကို အသင်တွေ့ရပေမည်။ သို့တစေ ကြောက်ရွံ့ခြင်း ပပျောက်သွားသည့်အခါ ယင်းတို့သည် ကောင်းမှုကိစ္စတွင် တွန့်တိုကြလျက် (မိမိတို့၏)ခက်ထန်သောစကားများဖြင့် အသင့်အား ဒုက္ခသက်ရောက်စေကြပေသည်။ ဤသူများသည်ကား (စင်စစ်)သက်ဝင်ယုံကြည်မှုရှိခဲ့ကြသည်မဟုတ်ချေ။ သို့ဖြစ်ရာ အလ္လာဟ်သည် ယင်းတို့၏ ကျင့်ကြံမှုများကို အချည်းနှီးဖြစ်စေတော်မူ၏။ ယင်း(သို့ပြုရန်)မှာ အလ္လာဟ်အဖို့ လွန်စွာလွယ်ကူလှပေသည်။

يَحْسَبُوْنَ الْاَحْزَابَ لَمْ يَذْهَبُوْا ۚ وَ اِنْ يَّاْتِ الْاَحْزَابُ يَوَدُّوْا لَوْ اَنَّهُمْ بَادُوْنَ فِي الْاَعْرَابِ يَسْاَلُوْنَ عَنْ اَنْۢبَآئِكُمْ ؕ وَلَوْ كَانُوْا فِيْكُمْ مَّا قٰتَلُوْٓا اِلَّا قَلِيْلًا ㉑

၂၁။ သူတို့က မဟာမိတ်တပ်များသည် ယခုတိုင် ပြန်မသွားသေးဟု ထင်မြင်ယူဆကြ၏။ အကယ်၍ မဟာမိတ်တပ်များသည် (ပြန်လည်၍)ရောက်လာခဲ့ပါလျှင် သူတို့သည် လွင်တီးခေါင်ပြင်များ၌ ကျေးတောသားများအကြားတွင်ခိုနေကြပြီး အသင်တို့၏အခြေအနေများကို စုံစမ်းနေရလျှင် ကောင်းပေစွဟု (ယူကျုံးမရ)ဆန္ဒရှိကြပေလိမ့်မည်။ စင်စစ် အကယ်၍

သူတို့သည် အသင်တို့အတွင်း၌ရှိခဲ့ပါလျှင်လည်း အနည်းငယ်မှအပ ပါဝင်တိုက်ခိုက်ကြလိမ့်မည်မဟုတ်ချေ။

ရုကူး-၃

لَقَدْ كَانَ لَكُمْ فِيْ رَسُوْلِ اللّٰهِ اُسْوَةٌ حَسَنَةٌ لِّمَنْ كَانَ يَرْجُوا اللّٰهَ وَالْيَوْمَ الْاٰخِرَ وَذَكَرَ اللّٰهَ كَثِيْرًا ﴿٢١﴾

၂၁။ အမှန်ပင် အသင်တို့တွင် အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကြီးကို မျှော်လင့်ချက်ထားရှိပြီး အလ္လာဟ်အား မြောက်မြားစွာ သတိရတသသောသူအဖို့ အလ္လာဟ်၏တမန်တော်၌ ကောင်းမြတ်သော စံနမူနာသည်ရှိ၏။

وَلَمَّا رَاَ الْمُؤْمِنُوْنَ الْاَحْزَابَ ۙ قَالُوْا هٰذَا مَا وَعَدَنَا اللّٰهُ وَرَسُوْلُهٗ وَصَدَقَ اللّٰهُ وَرَسُوْلُهٗ ۫ وَمَا زَادَهُمْ اِلَّاۤ اِيْمَانًا وَّتَسْلِيْمًا ﴿٢٢﴾

၂၂။ ယုံကြည်သူ 'မို့အ်မင်န်'များက မဟာမိတ်တပ်များအား တွေ့မြင်ရသည့်အခါ ဤသည်ကိုပင် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်က ကျွန်ုပ်တို့အား ကတိပြုခဲ့ခြင်း ဖြစ်သည်။ အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်သည် ဟုတ်မှန်ရာကိုပြောခဲ့ပေသည်ဟု ပြောဆိုကြ၏။ စင်စစ် ယင်းသည် ၎င်းတို့အား 'အီမာန်'ယုံကြည်ခြင်းနှင့် နာခံခြင်းမှတစ်ပါး အခြားမည်သည်ကိုမျှ တိုးပွားစေခဲ့သည်မဟုတ်ချေ။

مِنَ الْمُؤْمِنِيْنَ رِجَالٌ صَدَقُوْا مَا عَاهَدُوا اللّٰهَ عَلَيْهِ ۚ فَمِنْهُمْ مَّنْ قَضٰى نَحْبَهٗ وَمِنْهُمْ مَّنْ يَّنْتَظِرُ ۖ وَمَا بَدَّلُوْا تَبْدِيْلًا ﴿٢٣﴾

၂၃။ ယုံကြည်သူ 'မို့အ်မင်န်'များအနက် အလ္လာဟ်အားပေးခဲ့သည့် ကတိစကားအတိုင်း ဇကန်ပင် မှန်ကန်စွာလုပ်ဆောင်သူများရှိကြ၏။ သို့ဖြစ်ရာ ယင်းတို့အနက် မိမိတို့၏ အဓိဋ္ဌာန်ကို ပြီးမြောက်အောင် ဖြည့်ဆည်းခဲ့သူများလည်းရှိကြ၏။ ထို့ပြင် ယင်းတို့အနက် ယခုတိုင် စောင့်စားနေသူများလည်းရှိ၏။ ယင်းတို့သည် (မိမိတို့၏ကျင့်ကြံမှု၌) မည်သို့သော ပြောင်းလဲမှုကိုမျှ အလျှင်းမပြုကြချေ။

لِّيَجْزِيَ اللّٰهُ الصّٰدِقِيْنَ بِصِدْقِهِمْ وَيُعَذِّبَ الْمُنٰفِقِيْنَ اِنْ شَآءَ اَوْ يَتُوْبَ عَلَيْهِمْ ۚ اِنَّ اللّٰهَ كَانَ غَفُوْرًا رَّحِيْمًا ﴿٢٤﴾

၂၄။ (ဤသို့ဖြစ်ရခြင်းမှာ) သို့ဖြင့် အလ္လာဟ်သည် ဖြောင့်မှန်သူများအား ယင်းတို့၏ ဖြောင့်မှန်ခြင်းကို အစားပေးတော်မူရန်နှင့် အယောင်ဆောင် 'မိုနာဖစ်'များကို အကယ်၍ အလိုရှိတော်မူပါလျှင် ပြစ်ဒဏ်ပေးတော်မူရန် သို့တည်းမဟုတ် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူလျက် ၎င်းတို့အပေါ် ယိမ်းညွတ်တော်မူရန်အလို့ငှာဖြစ်၏။ ဇကန်အမှန် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَرَدَّ اللّٰهُ الَّذِيْنَ كَفَرُوْا بِغَيْظِهِمْ لَمْ يَنَالُوْا خَيْرًا ۚ وَكَفَى اللّٰهُ الْمُؤْمِنِيْنَ الْقِتَالَ ۚ وَكَانَ اللّٰهُ قَوِيًّا عَزِيْزًا ﴿٢٥﴾

၂၅။ ထို့ပြင် အလ္လာဟ်သည် ငြင်းပယ်ကြကုန်သောသူတို့အား သူတို့၏အမျက်ဒေါသနှင့်အတူ သူတို့ မည်သည့်ကောင်းကျိုးကိုမျှ ရယူခြင်းမပြုနိုင်သည့်ဘက်သို့ ပြန်လှည့်စေတော်မူ၏။ စင်စစ် စစ်မက်တိုက်ခိုက်ရာတွင် အလ္လာဟ်သည် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့အဖို့ လုံလောက်တော်မူ၏။ အလ္လာဟ်သည် အလွန်စွမ်းအားရှိတော်မူသောအရှင်၊ အကြွင်းမဲ့လွန်မိုးအောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَ اَنْزَلَ الَّذِيْنَ ظَاهَرُوْهُمْ مِّنْ اَهْلِ الْكِتٰبِ مِنْ صَيَاصِيْهِمْ وَقَذَفَ فِيْ قُلُوْبِهِمُ الرُّعْبَ فَرِيْقًا تَقْتُلُوْنَ وَ تَاْسِرُوْنَ فَرِيْقًا ﴿۲۶﴾

၂၇။ ထို့ပြင် အရှင်မြတ်သည် ကျမ်းစာရသူတို့အနက် ယင်းတို့အား ကူညီခဲ့ကြသောသူတို့ကို သူတို့၏ခံတပ်များအပေါ်မှ အောက်သို့ချတော်မူခဲ့ပြီး ၎င်းတို့၏နှလုံးသားများတွင် ကြောက်ရွံ့မှုကိုထည့်သွင်းတော်မူခဲ့၏။ အသင်တို့သည် ၎င်းတို့အနက်မှ အုပ်စုတစ်စုကို သတ်ဖြတ်လျက်ရှိနေခဲ့ကြပြီး အုပ်စုတစ်စုကိုမူ အကျဉ်းသားများပြုလုပ်ခဲ့ကြ၏။ ②

وَ اَوْرَثَكُمْ اَرْضَهُمْ وَ دِيَارَهُمْ وَ اَمْوَالَهُمْ وَ اَرْضًا لَّمْ تَطَـُٔوْهَا ؕ وَ كَانَ اللّٰهُ عَلٰى كُلِّ شَیْءٍ قَدِيْرًا ﴿۲۷﴾

၂၈။ ထို့ပြင် သူတို့၏မြေ၊ သူတို့၏အိမ်များ၊ သူတို့၏ဓနဥစ္စာများကိုလည်းကောင်း၊ အသင်တို့ (ယခုအချိန်ထိ) ခြေချဖူးခြင်းမရှိသေးသည့် မြေကိုလည်းကောင်း အသင်တို့အား အမွေဆက်ခံစေတော်မူခဲ့၏။ စင်စစ်ဧကန် အလ္လာဟ်သည် မိမိ နှစ်လို့တော်မူသော အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူသတည်း။ ③

ရုကူး-၄

يٰۤاَيُّهَا النَّبِيُّ قُلْ لِّاَزْوَاجِكَ اِنْ كُنْتُنَّ تُرِدْنَ الْحَيٰوةَ الدُّنْيَا وَ زِيْنَتَهَا فَتَعَالَيْنَ اُمَتِّعْكُنَّ وَ اُسَرِّحْكُنَّ سَرَاحًا جَمِيْلًا ﴿۲۸﴾

၂၉။ အို-တမန်တော် မိမိ၏ဇနီးကြင်ရာများအား ပြောကြားပါလေ။ အကယ်၍ အသင်မတို့သည် လောကီဘဝနှင့် ယင်း၏လှပတင့်တယ်ခြင်းကို လိုလားကြပါလျှင် လာကြကုန်၊ ငါသည် အသင်မတို့အား လောကီဥစ္စာပစ္စည်းများကိုပေး၍ အသင်မတို့အား ကောင်းမွန်စွာ စွန့်လွှတ်ပေအံ့။

وَ اِنْ كُنْتُنَّ تُرِدْنَ اللّٰهَ وَ رَسُوْلَهٗ وَ الدَّارَ الْاٰخِرَةَ فَاِنَّ اللّٰهَ اَعَدَّ لِلْمُحْسِنٰتِ مِنْكُنَّ اَجْرًا عَظِيْمًا ﴿۲۹﴾

၃၀။ သို့သော် အကယ်၍ အသင်မတို့သည် အလ္လာဟ်အားလည်းကောင်း၊ ထို အရှင်မြတ်၏ တမန်တော်အားလည်းကောင်း၊ နောင်တမလွန်၏အိမ်တော်ကိုလည်းကောင်း လိုလားပါလျှင် အမှန်ပင် အလ္လာဟ်သည် အသင်မတို့အနက် ကောင်းမြတ်သောအကျင့်သီလကို ကျင့်ကြံဆောက်တည်သူတို့အဖို့ အလွန်ကြီးမားသော အကျိုးဆုလာဘ်ကို စီမံထားတော်မူပေသည်။

يٰنِسَآءَ النَّبِيِّ مَنْ يَّاْتِ مِنْكُنَّ بِفَاحِشَةٍ مُّبَيِّنَةٍ يُّضٰعَفْ لَهَا الْعَذَابُ ضِعْفَيْنِ ؕ وَ كَانَ ذٰلِكَ عَلَى اللّٰهِ يَسِيْرًا ﴿۳۰﴾

၃၁။ အို-တမန်တော်၏ဇနီးကြင်ရာတို့၊ အသင်မတို့အနက် မည်သူမဆို ဂုဏ်သိက္ခာကိုထိခိုက်စေသည့် အပြုအမူကို အထင်အရှားပြုမူပါလျှင် သူမအတွက်အပြစ်ဒဏ်မှာ နှစ်ဆတိုးခြင်းခံရလိမ့်မည်။ ဤသည် အလ္လာဟ်အဖို့ လွယ်ကူတော်မူ၏။

② 'အဟ်ဇာဘ်'စစ်ပွဲကာလအတွင်း သစ္စာဖောက်ခဲ့ကြသော ရဟူဒီများအကြောင်းကိုဖော်ပြထားပေသည်။ အမှန်သော်ကား ၎င်းတို့သည် အလွန်ခိုင်ခံ့သောခံတပ်များကိုပြုလုပ်ထားခဲ့ကြသော်လည်း အလ္လာဟ်အရှင်မြတ်က ၎င်းတို့အပေါ် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူများအားအောင်နိုင်ရန် ဆုံးဖြတ်တော်မူသောအခါ ခံတပ်များသည် ၎င်းတို့အဖို့ မည်သို့မျှအသုံးမဝင်ဖြစ်ခဲ့ရုံမျှမက ၎င်းတို့ကိုယ်တိုင်က မိမိတို့၏လက်များဖြင့် ယင်းခံတပ်များကို ဖြိုချခဲ့ကြရပေသည်။

③ ဤတွင် မွတ်စလင်တို့သည် ယခုတိုင် ခြေချရန် အခွင့်အခါမရခဲ့သေးသည့်နယ်မြေဒေသများကို အောင်နိုင်မည့်အကြောင်းကြိုတင်နိမိတ်ဟောစကားလာရှိထားပေသည်။ အမှန်စင်စစ် ယင်းတွင် ရှည်လျားသောကြိုတင်နိမိတ်ကွင်းဆက်များ ရှိနေပေသည်။

وَمَنْ يَّقْنُتْ مِنْكُنَّ لِلّٰهِ وَرَسُوْلِهٖ وَتَعْمَلْ صَالِحًا نُّؤْتِهَآ اَجْرَهَا مَرَّتَيْنِ ۙ وَاَعْتَدْنَا لَهَا رِزْقًا كَرِيْمًا ۝

၃၂။ ထို့ပြင် အသင်မတို့အနက် မည်သူမဆို အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်အားနာခံပြီး ကောင်းမြတ်သော အကျင့်သီလကို ကျင့်ကြံဆောက်တည်ပါလျှင် ငါတို့သည် သူမအား သူမ၏အကျိုးဆုလာဘ်ကို နှစ်ကြိမ်ပေးသနားတော်မူမည်။ ထို့ပြင် ငါတို့သည် သူမအတွက် အလွန်ဂုဏ်သိက္ခာရှိသော 'ရိဇ်ကဲ'ရိက္ခာကို စီမံထားတော်မူ၏။

يٰنِسَآءَ النَّبِيِّ لَسْتُنَّ كَاَحَدٍ مِّنَ النِّسَآءِ اِنِ اتَّقَيْتُنَّ فَلَا تَخْضَعْنَ بِالْقَوْلِ فَيَطْمَعَ الَّذِيْ فِيْ قَلْبِهٖ مَرَضٌ وَّقُلْنَ قَوْلًا مَّعْرُوْفًا ۝

၃၂။ အို-တမန်တော်၏ ဇနီးကြင်ရာတို့၊ အကယ်၍ အသင်မတို့သည် ဖြူစင်ဖြောင့်မတ်ခြင်း 'တက္ကဝါ'တရားကို ဆောက်တည်ကြပါလျှင် အသင်မတို့သည် သာမန်အမျိုးသမီးများကဲ့သို့ အလျှင်းမဟုတ်ကြချေ။ သို့ဖြစ်ရာ အသင်မတို့သည် စကားကို ကန္ဓဲ့ကလျမပြောဆိုကြလင့်။ သို့မဟုတ်လျှင် စိတ်တွင်း၌ရောဂါရှိသောသူသည် တပ်မက်စိတ် ဖြစ်ပေါ်လာပေအံ့။ လျော်ကန်တတ်ကောင်းမြတ်သော စကားပြောဆိုမှုကို ပြုပါလေ။

وَقَرْنَ فِيْ بُيُوْتِكُنَّ وَلَا تَبَرَّجْنَ تَبَرُّجَ الْجَاهِلِيَّةِ الْاُوْلٰى وَاَقِمْنَ الصَّلٰوةَ وَاٰتِيْنَ الزَّكٰوةَ وَاَطِعْنَ اللّٰهَ وَرَسُوْلَهٗ ۭ اِنَّمَا يُرِيْدُ اللّٰهُ لِيُذْهِبَ عَنْكُمُ الرِّجْسَ اَهْلَ الْبَيْتِ وَيُطَهِّرَكُمْ تَطْهِيْرًا ۝

၃၃။ ထို့ပြင် မိမိတို့၏နေအိမ်များမှာပင်နေကြကုန်။ လွန်ခဲ့ပြီးသော အမိုက်ခေတ်ကာလ၏ ဆင်ယင်ထုံးဖွဲ့မှုကဲ့သို့ အလှဆင်ပြသခြင်း မပြုကြလင့်။ 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြကုန်၊ 'ဇကာတ်'ပေးဆောင်ကြကုန်၊ ထို့ပြင် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်အားနာခံကြကုန်။ အို- 'အဟ်လေဗိုက်တ်' အိမ်တော်သားတို့၊ ဧကန်စင်စစ် အလ္လာဟ်သည် အသင်တို့ထံမှ အလုံးစုံသော အညစ်အကြေးများကို ကင်းဝေးစေလိုတော်မူ၏။ အသင်တို့အား ကောင်းစွာ သန့်ရှင်းစင်ကြယ်အောင် ပြုပေးလိုတော်မူ၏။

وَاذْكُرْنَ مَا يُتْلٰى فِيْ بُيُوْتِكُنَّ مِنْ اٰيٰتِ اللّٰهِ وَالْحِكْمَةِ ۭ اِنَّ اللّٰهَ كَانَ لَطِيْفًا خَبِيْرًا ۝

၃၄။ ထို့ပြင် အသင်တို့၏အိမ်များတွင် ဖတ်ရွတ်ကြသော အလ္လာဟ်၏ 'အာယတ်'မုကွပါဠိတော်များနှင့် ဉာဏ်ပညာအမြော်အမြင်ကို မှတ်သားသတိရကြကုန်။ ဧကန်စင်စစ် အလ္လာဟ်သည် လွန်စွာမှ အနုစိတ်မြင်တော်မူသောအရှင်၊ ထာဝရသတင်းရတော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရုကူ-၅

اِنَّ الْمُسْلِمِيْنَ وَالْمُسْلِمٰتِ وَالْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ وَالْقٰنِتِيْنَ وَالْقٰنِتٰتِ وَالصّٰدِقِيْنَ وَالصّٰدِقٰتِ وَالصّٰبِرِيْنَ وَالصّٰبِرٰتِ وَالْخٰشِعِيْنَ وَالْخٰشِعٰتِ وَالْمُتَصَدِّقِيْنَ وَالْمُتَصَدِّقٰتِ وَالصَّاۗىِٕمِيْنَ

၃၅။ ဧကန်စင်စစ် မွတ်စလင်အမျိုးသားများနှင့် မွတ်စလင်အမျိုးသမီးများ၊ 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူ အမျိုးသားများနှင့် 'မို့အ်မင်န်'အမျိုးသမီးများ၊ နာခံသူအမျိုးသားများနှင့် နာခံသူအမျိုးသမီးများ၊ ဖြောင့်မတ်သော အမျိုးသားများနှင့် ဖြောင့်မတ်သော အမျိုးသမီးများ၊ သည်းခံသူအမျိုးသားများနှင့် သည်းခံသူအမျိုးသမီးများ၊ ကျိုးနွံနှိမ့်ချတတ်သူ အမျိုးသားများနှင့် ကျိုးနွံနှိမ့်ချတတ်သူ အမျိုးသမီးများ၊ 'ဆဒကာ'အလျှုဒါန

وَالصّٰٓئِمٰتِ وَالْحٰفِظِيْنَ فُرُوْجَهُمْ وَالْحٰفِظٰتِ وَالذّٰكِرِيْنَ اللّٰهَ كَثِيْرًا وَّالذّٰكِرٰتِ ۙ اَعَدَّ اللّٰهُ لَهُمْ مَّغْفِرَةً وَّاَجْرًا عَظِيْمًا ۝

ပြုသော အမျိုးသားများနှင့် 'ဆဒကာ'အလှူဒါနပြုသော အမျိုးသမီးများ၊ ထို့ပြင် ဥပုသ်သီလဆောက်တည်သူ အမျိုးသားများနှင့် ဥပုသ်သီလဆောက်တည်သူ အမျိုးသမီးများ၊ မိမိအရှက်အင်္ဂါကို စောင့်ထိန်းသူ အမျိုးသားများနှင့် စောင့်ထိန်းသူ အမျိုးသမီးများ၊ အလ္လာဟ်အား များစွာသတိရတတသူ အမျိုးသားများနှင့် များစွာသတိရတသူအမျိုးသမီးများ၊ အလ္လာဟ်သည် ယင်းတို့အားလုံးအတွက် ခွင့်လွှတ်ချမ်းသာခြင်းနှင့် ကြီးမားသော အကျိုးဆုလာဘ်ကို အသင့်ပြင်ဆင်ထားတော်မူ၏။

وَمَا كَانَ لِمُؤْمِنٍ وَّلَا مُؤْمِنَةٍ اِذَا قَضَى اللّٰهُ وَرَسُوْلُهٗٓ اَمْرًا اَنْ يَّكُوْنَ لَهُمُ الْخِيَرَةُ مِنْ اَمْرِهِمْ ۭ وَمَنْ يَّعْصِ اللّٰهَ وَرَسُوْلَهٗ فَقَدْ ضَلَّ ضَلٰلًا مُّبِيْنًا ۝

၃၆။ မည်သည့် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူအမျိုးသား သို့မဟုတ် 'မို့အ်မင်န်'အမျိုးသမီးဖြစ်စေ အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်က အကြောင်းကိစ္စတစ်ခုခုကို အဆုံးအဖြတ်ပေးပြီးဖြစ်ပါက သူတို့အဖို့ မိမိတို့အရေးကိစ္စတွင် စီရင်ဆုံးဖြတ်ပိုင်ခွင့် မရှိတော့ချေ။ အကြင်မည်သူမဆို အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ကို မနာခံလျှင် ထိုသူသည် ပွင့်လင်းထင်ရှားသော လမ်းလွဲမှုဌ်ဌ်ရှိနေပေသည်။

وَاِذْ تَقُوْلُ لِلَّذِيْٓ اَنْعَمَ اللّٰهُ عَلَيْهِ وَاَنْعَمْتَ عَلَيْهِ اَمْسِكْ عَلَيْكَ زَوْجَكَ وَاتَّقِ اللّٰهَ وَتُخْفِيْ فِيْ نَفْسِكَ مَا اللّٰهُ مُبْدِيْهِ وَتَخْشَى النَّاسَ ۚ وَاللّٰهُ اَحَقُّ اَنْ تَخْشٰىهُ ۭ فَلَمَّا قَضٰى زَيْدٌ مِّنْهَا وَطَرًا زَوَّجْنٰكَهَا لِكَيْ لَا يَكُوْنَ عَلَي الْمُؤْمِنِيْنَ حَرَجٌ فِيْٓ اَزْوَاجِ اَدْعِيَاۗىِٕهِمْ اِذَا قَضَوْا مِنْهُنَّ وَطَرًا ۭ وَكَانَ اَمْرُ اللّٰهِ مَفْعُوْلًا ۝

၃၇။ ထို့ပြင် အလ္လာဟ်ကကျေးဇူးပြုတော်မူခဲ့ပြီး အသင်ကလည်း ကျေးဇူးပြုခဲ့သူကို အကြင်အခါ အသင်က ထိုသူအား အသင်သည် မိမိ၏ဇနီးကို(ကွာရှင်းမှုမပြုဘဲ) မိမိထံ၌ တားထားပါလေ၊ ထို့ပြင် အလ္လာဟ်အား ကြောက်ရွံ့ခြင်း 'တက္ကဝါ' တရားကို ကျင့်သုံးဆောက်တည်လော့ဟု ပြောဆိုခဲ့ပေသည်။ အသင်သည် မိမိ၏စိတ်တွင် ဖုံးကွယ်ထားသည့်အရာကို အလ္လာဟ်သည် ဖော်ထုတ်တော်မူမည်။ အသင်သည် လူများအား ကြောက်လန့်စိုးရိမ်ခဲ့၏။ စင်စစ် အသင်သည် အလ္လာဟ်အားသာလျှင် ပို၍ကြောက်ရွံ့ထိုက်ပေသည်။ ထို့နောက် အကြင်အခါ 'ဇိုက်ဒ်'သည်(မိမိ၏ဇနီးဖြစ်သူ) ယင်းအမျိုးသမီးနှင့်စပ်လျဉ်း၍ (ကွာရှင်းလိုသည့်) မိမိ၏ ဆန္ဒကိုဖြည့်ဆည်းပြီးသည့်အခါ ငါတို့သည် သူမအား အသင်နှင့် ထိမ်းမြားစေတော်မူခဲ့၏။ သို့ဖြင့် သက်ဝင်ယုံကြည်သူ 'မို့အ်မင်န်'တို့သည် မိမိတို့မွေးစားသားများ၏ဇနီးများနှင့်စပ်လျဉ်း၍ ယင်း(မွေးစားသား)တို့က သူမတို့အား မိမိတို့ဆန္ဒအလျောက် (ကွာရှင်း)ပြီးသည့်အခါမည်သို့မျှတွန့်ဆုတ်မှုမဖြစ်ကြရန်ဖြစ်၏။ စင်စစ် အလ္လာဟ်၏စီရင်ချက်သည် မည်သို့ဆိုစေ ပြည့်စုံလာမည်သာဖြစ်၏။

مَا كَانَ عَلَي النَّبِيِّ مِنْ حَرَجٍ فِيْمَا فَرَضَ اللّٰهُ لَهٗ ۭ سُنَّةَ اللّٰهِ فِي الَّذِيْنَ خَلَوْا مِنْ قَبْلُ ۭ وَكَانَ اَمْرُ اللّٰهِ قَدَرًا مَّقْدُوْرَۨا ۝

၃၈။ တမန်တော်သည် အလ္လာဟ်က သူ့အပေါ် 'ဖရာဇ်'တာဝန်ပြဋ္ဌာန်းထားသည်နှင့်စပ်လျဉ်း၍ မည်သို့မျှ ကျဉ်းကျပ်မှုမဖြစ်ရပေ။ ရှေးလူများတွင်လည်း ပြဋ္ဌာန်းတော်မူခဲ့သည့် အလ္လာဟ်၏ နိယာမအစဉ်အလာတော်အတိုင်းပင်ဖြစ်၏။ စင်စစ် အလ္လာဟ်၏စီရင်ချက်သည်ကား ဆန်းစစ်ထားသည်နှင့်

အညီ ဖြစ်၏။

الَّذِيْنَ يُبَلِّغُوْنَ رِسٰلٰتِ اللّٰهِ وَ يَخْشَوْنَهٗ وَلَا يَخْشَوْنَ اَحَدًا اِلَّا اللّٰهَ ؕ وَكَفٰى بِاللّٰهِ حَسِيْبًا ۝

၃၀။ (အလ္လာဟ်၏ ဤနိယာမအစဉ်အလာတော်သည် ထိုသူတို့အဖို့ လွန်ခဲ့ချေပြီ)။ ယင်းတို့သည် အလ္လာဟ်၏သတင်းကို ပို့ဆောင်လျက်ရှိခဲ့ကြ၏။ အရှင်မြတ်အား ကြောက်ရွံ့လျက်ရှိခဲ့ကြ၏။ အလ္လာဟ်မှလွဲ၍ မည်သူ့ကိုမျှ မကြောက်ရွံ့ခဲ့ကြချေ။ စင်စစ် အလ္လာဟ်သည် စာရင်းစစ်ကြောရာတွင် လွန်စွာ လုံလောက်တော်မူ၏။

مَا كَانَ مُحَمَّدٌ اَبَآ اَحَدٍ مِّنْ رِّجَالِكُمْ وَلٰكِنْ رَّسُوْلَ اللّٰهِ وَخَاتَمَ النَّبِيّٖنَ ؕ وَكَانَ اللّٰهُ بِكُلِّ شَیْءٍ عَلِيْمًا ۝

၄၀။ 'မိုဟမ္မဒ်'သည် အသင်တို့(ကဲ့သို့သော) ယောကျ်ားများအနက်မှ မည်သူတစ်ဦးတစ်ယောက်မျှ၏ ဖခင်မဟုတ်ချေ။ သို့ရာတွင် သူသည် အလ္လာဟ်၏ 'ရစူလ်'တမန်တော်ဖြစ်၏။ ထို့ပြင် နဗီတမန်တော်အပေါင်း၏ 'ခါတမ်'တံဆိပ်တော်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် အရာရာတိုင်းကို ကောင်းစွာသိရှိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရုကူး-၆

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوا اذْكُرُوا اللّٰهَ ذِكْرًا كَثِيْرًا ۝

၄၁။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့ အလ္လာဟ်အား သတိရတသခြင်း 'ဇိကိရ်'ကို များစွာပြုကြကုန်။

وَّسَبِّحُوْهُ بُكْرَةً وَّ اَصِيْلًا ۝

၄၂။ ထို့ပြင် နံနက်ခင်း၌လည်းကောင်း၊ ညနေခင်း၌လည်းကောင်း အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို 'တာစ်ဘီ'ပြု ရင့်ကျူးကြကုန်။

هُوَ الَّذِيْ يُصَلِّيْ عَلَيْكُمْ وَمَلٰٓئِكَتُهٗ لِيُخْرِجَكُمْ مِّنَ الظُّلُمٰتِ اِلَى النُّوْرِ ؕ وَكَانَ بِالْمُؤْمِنِيْنَ رَحِيْمًا ۝

၄၃။ အရှင်မြတ်သည်လည်းကောင်း၊ ထို အရှင်မြတ်၏ကောင်းကင်တမန်များသည်လည်းကောင်း အသင်တို့အပေါ် ကောင်းချီးမင်္ဂလာတော် ပို့သကြ၏။ သို့ဖြင့် အရှင်မြတ်သည် အသင်တို့အား အမှောင်ထုများမှ 'နူရ်'အလင်းဘက်သို့ ထုတ်ဆောင်တော်မူရန်ဖြစ်၏။ စင်စစ် အရှင်မြတ်သည် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူတို့အဖို့ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

تَحِيَّتُهُمْ يَوْمَ يَلْقَوْنَهٗ سَلٰمٌ ۚ وَ اَعَدَّ لَهُمْ اَجْرًا كَرِيْمًا ۝

၄၄။ အကြင်နေ့တွင် သူတို့သည် အရှင်မြတ်နှင့် တွေ့ဆုံရသည့်အခါ ၎င်းတို့၏ ကြိုဆိုနှုတ်ခွန်းဆက်သမှုမှာ 'စလာမ်' ငြိမ်းချမ်းခြင်း ဖြစ်လိမ့်မည်။ ထို့ပြင် အရှင်မြတ်သည် ထိုသူတို့အဖို့ အလွန်တရာဂုဏ်သိက္ခာရှိသော အကျိုးဆုလာဘ်ကို အသင့်ပြင်ဆင်ထားတော်မူ၏။

يٰۤاَيُّهَا النَّبِيُّ اِنَّاۤ اَرْسَلْنٰكَ شَاهِدًا وَّ مُبَشِّرًا وَّ نَذِيْرًا ۝

၄၅။ အို-တမန်တော် ကန်စင်စစ် ငါတို့သည် အသင့်အား သက်သေခံသူအဖြစ်လည်းကောင်း၊ သတင်းကောင်းပေးသူအဖြစ်လည်းကောင်း၊ သတိပေးနှိုးဆော်သူအဖြစ်လည်းကောင်း စေလွှတ်တော်မူခဲ့၏။

وَّدَاعِيًا اِلَى اللّٰهِ بِاِذْنِهٖ وَسِرَاجًا مُّنِيْرًا ۝٤٦

၄၇။ ထို့ပြင် အလ္လာဟ်၏ဘက်သို့ ထိုအရှင်၏အမိန့်တော်ဖြင့် ဖိတ်ခေါ်သူနှင့် အလင်းရောင်ပေးသောနေဝန်းအဖြစ်လည်း ကောင်း။

وَبَشِّرِ الْمُؤْمِنِيْنَ بِاَنَّ لَهُمْ مِّنَ اللّٰهِ فَضْلًا كَبِيْرًا ۝٤٧

၄၈။ (ဤသည်) ယင်းတို့အတွက် အလ္လာဟ်၏ထံတော်မှ အလွန်ကြီးမားသော 'ဖဇ်လ်'ကျေးဇူးတော်ဖြစ်ကြောင်းကို 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့အား သတင်းကောင်းပေးပါလေ။

وَلَا تُطِعِ الْكٰفِرِيْنَ وَالْمُنٰفِقِيْنَ وَدَعْ اَذٰىهُمْ وَتَوَكَّلْ عَلَى اللّٰهِ ۗ وَكَفٰى بِاللّٰهِ وَكِيْلًا ۝٤٨

၄၉။ 'ကာဖိရ်'မယုံကြည်ခြင်းပယ်သူများနှင့် 'မိုနာဖစ်' ယုံကြည်ဟန်ဆောင်သူများကို မနာခံလင့်၊ ထို့ပြင် ယင်းတို့၏ ဒုက္ခပေးမှုကို မျက်ကွယ်ပြုထားပါလေ။ အလ္လာဟ်အားသာလျှင် ယုံပုံလွဲအပ်မှုပြုပါလေ။ စင်စစ် အလ္လာဟ်သည်ပင် အကြောင်းကိစ္စဟူသမျှကို စီမံစောင့်ကြပ်တော်မူသောအရှင် အဖြစ် လုံလောက်တော်မူ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا نَكَحْتُمُ الْمُؤْمِنٰتِ ثُمَّ طَلَّقْتُمُوْهُنَّ مِنْ قَبْلِ اَنْ تَمَسُّوْهُنَّ فَمَا لَكُمْ عَلَيْهِنَّ مِنْ عِدَّةٍ تَعْتَدُّوْنَهَا ۚ فَمَتِّعُوْهُنَّ وَسَرِّحُوْهُنَّ سَرَاحًا جَمِيْلًا ۝٤٩

၅၀။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ယုံကြည်သူအမျိုးသမီးများနှင့် ထိမ်းမြားခြင်းပြုပြီးနောက် သူမတို့နှင့် ထိတွေ့မှုမပြုကြသေးမီ သူမတို့အား 'တွလာက်' ပေး ကွာရှင်းခဲ့လျှင် သူမတို့နှင့်စပ်လျဉ်း၍ အသင်တို့ဘက်မှ အသင်တို့က ရေတွက်ရသော 'အစ်ဒတ်' စောင့်ဆိုင်းကာလ တစ်စုံတစ်ရာမျှမရှိချေ။ သို့ဖြစ်ရာ သူမတို့အား အချို့သော ဝတ္ထုပစ္စည်းများကိုပေးပြီး သိမ်မွေ့သောနည်းဖြင့် သူမတို့အား လွှတ်ပါလေ။

يٰٓاَيُّهَا النَّبِيُّ اِنَّآ اَحْلَلْنَا لَكَ اَزْوَاجَكَ الّٰتِيْٓ اٰتَيْتَ اُجُوْرَهُنَّ وَمَا مَلَكَتْ يَمِيْنُكَ مِمَّآ اَفَآءَ اللّٰهُ عَلَيْكَ وَبَنٰتِ عَمِّكَ وَبَنٰتِ عَمّٰتِكَ وَبَنٰتِ خَالِكَ وَبَنٰتِ خٰلٰتِكَ الّٰتِيْ هَاجَرْنَ مَعَكَ ۖ وَامْرَاَةً مُّؤْمِنَةً اِنْ وَّهَبَتْ نَفْسَهَا لِلنَّبِيِّ اِنْ اَرَادَ النَّبِيُّ اَنْ يَّسْتَنْكِحَهَا ۗ خَالِصَةً لَّكَ مِنْ دُوْنِ الْمُؤْمِنِيْنَ ۗ قَدْ عَلِمْنَا مَا فَرَضْنَا عَلَيْهِمْ فِيْٓ اَزْوَاجِهِمْ وَمَا مَلَكَتْ اَيْمَانُهُمْ لِكَيْلَا يَكُوْنَ عَلَيْكَ حَرَجٌ ۗ

၅၁။ အို-တမန်တော်၊ အမှန်စင်စစ် ငါတို့သည် အသင် 'မဟာရ်'ပေးထားပြီးသော ဇနီးများအားလည်းကောင်း အလ္လာဟ်က အသင့်အား သံ့ပန်းအဖြစ်ပေးသနားတော်မူခဲ့သည့် အသင်၏လက်အောက်ခံအမျိုးသမီးများအားလည်းကောင်း၊ အသင်နှင့်အတူ 'ဟစ်ဂျရတ်'ပြု ပြောင်းရွှေ့လာသော အသင့်ဖခင်၏ ညီ အစ်ကိုတို့၏သမီးများ၊ အသင့်ဖခင်၏ ညီမ အစ်မတို့၏ သမီးများ၊ အသင့်မိခင်၏ မောင် အစ်ကိုတို့၏သမီးများ၊ အသင့်မိခင်၏ ညီမ အစ်မတို့၏သမီးများအားလည်းကောင်း၊ ထို့ပြင် မည်သည့်ယုံကြည်သူအမျိုးသမီးမဆို အကယ်၍ သူမက မိမိကိုယ်ကို 'နဗီ'တမန်တော်အတွက်မြှုံးလှမ်း၍ တမန်တော်ကလည်း သူမအားထိမ်းမြားရန် နှစ်သက်မှုရှိခဲ့လျှင် (ထိုသို့သောအမျိုးသမီးအား)လည်းကောင်း အသင့်အဖို့ ခွင့်ပြုတော်မူ၏။ (ဤသည်) 'မို့အ်မင်န်' ယုံကြည်သူများအဖို့မဟုတ်ဘဲ အသင့်အတွက်သီးသန့်ဖြစ်၏။ ငါတို့သည် ယင်းတို့၏ ဇနီးမိန်းမများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းတို့၏ လက်အောက်ခံ အမျိုးသမီးများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ၎င်းတို့အပေါ် 'ဖရာဇ်'တာဝန် ပြဋ္ဌာန်းတော်မူခဲ့သည်ကို ငါတို့

وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ۝

သိရှိတော်မူ၏။ (ဤသည်ကို ရှင်းလင်းဖော်ပြရခြင်းမှာ) သို့ဖြင့် အသင့်အပေါ်(ၾင်းတို့နှင့်ပတ်သက်သည့်အတွေးသည်) တစ်စုံတစ်ရာ ကျဉ်းကျပ်မှုမဖြစ်စေရန်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

تُرْجِيْ مَنْ تَشَآءُ مِنْهُنَّ وَ تُـْٔوِيْۤ اِلَيْكَ مَنْ تَشَآءُ ؕ وَ مَنِ ابْتَغَيْتَ مِمَّنْ عَزَلْتَ فَلَا جُنَاحَ عَلَيْكَ ؕ ذٰلِكَ اَدْنٰۤى اَنْ تَقَرَّ اَعْيُنُهُنَّ وَ لَا يَحْزَنَّ وَ يَرْضَيْنَ بِمَاۤ اٰتَيْتَهُنَّ كُلُّهُنَّ ؕ وَاللّٰهُ يَعْلَمُ مَا فِيْ قُلُوْبِكُمْ ؕ وَكَانَ اللّٰهُ عَلِيْمًا حَلِيْمًا ۝

၅၁။ အသင်သည် သူမတို့အနက် စွန့်လိုသူကို စွန့်လွှတ်နိုင်၍ မိမိထံ၌ထားလိုသူအား ထားပါလေ။ ထို့ပြင် အသင်စွန့်လွှတ်ပြီး သူတို့အနက်တစ်ဦးဦးကို အကယ်၍ တစ်ဖန် (ရယူရန်)လို လားပါလျှင် အသင့်အပေါ်မည်သို့မျှ အပြစ်မထိုက်ချေ။ ဤအ ကြောင်းကိစ္စသည် သူတို့၏မျက်စိများ အေးမြစေရန်၊ သူမတို့ ပူဆွေးသောကၭ် မနစ်မွန်းကြစေရန်နှင့် သူမတို့အားလုံးသည် အသင်က သူမတို့အား ပေးသည့်အပေါ် ကျေနပ်နှစ်သက်ကြ စေရန် ပိုမို၍နီးစပ်ပေသည်။ အလ္လာဟ်သည် အသင်တို့၏ စိတ်နှလုံးများတွင်ရှိသည်တို့ကို သိရှိတော်မူ၏။ စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ လွန်စွာ ထောက်ထားညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။

لَا يَحِلُّ لَكَ النِّسَآءُ مِنْۢ بَعْدُ وَلَاۤ اَنْ تَبَدَّلَ بِهِنَّ مِنْ اَزْوَاجٍ وَّلَوْ اَعْجَبَكَ حُسْنُهُنَّ اِلَّا مَا مَلَكَتْ يَمِيْنُكَ ؕ وَكَانَ اللّٰهُ عَلٰى كُلِّ شَیْءٍ رَّقِيْبًا ۝ ۵۲

၅၂။ ထို့သည့်နောက်တွင် အသင့်အဖို့ (အခြားသော)အမျိုး သမီးများကို ခွင့်ပြုချက်မရှိချေ။ ထို့ပြင် ယင်း(ဇနီးကြင်ရာများ) အစား အခြားကြင်ဖက်များအား ယင်းတို့၏လှပမှုကို အသင် သည် မည်မျှပင်နှစ်သက်စေကာမူ ခွင့်ပြုချက်မရှိချေ။ သို့သော် အသင်၏လက်အောက်ခံအမျိုးသမီးများမှာမူ ခြွင်းချက်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် အရာရာတိုင်းအပေါ် စောင့်ကြပ်ကြည့်ရှုတော်မူသောအရှင် ဖြစ်တော်မူ၏။

ရုကူး-၇

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَدْخُلُوْا بُيُوْتَ النَّبِيِّ اِلَّاۤ اَنْ يُّؤْذَنَ لَكُمْ اِلٰى طَعَامٍ غَيْرَ نٰظِرِيْنَ اِنٰىهُ ۙ وَلٰكِنْ اِذَا دُعِيْتُمْ فَادْخُلُوْا فَاِذَا طَعِمْتُمْ فَانْتَشِرُوْا وَلَا مُسْتَاْنِسِيْنَ لِحَدِيْثٍ ؕ اِنَّ ذٰلِكُمْ كَانَ يُؤْذِي النَّبِيَّ فَيَسْتَحْيٖ مِنْكُمْ ۫ وَاللّٰهُ لَا يَسْتَحْيٖ مِنَ الْحَقِّ ؕ وَاِذَا سَاَلْتُمُوْهُنَّ مَتَاعًا فَسْـَٔلُوْهُنَّ مِنْ وَّرَآءِ حِجَابٍ ؕ

၅၃။ အို-ယုံကြည်သူအပေါင်းတို့၊ အသင်တို့အား စားသောက် ရန်ဖိတ်ကြားသည်မှအပ တမန်တော်၏အိမ်များသို့ ဝင်ရောက် ခြင်း မပြုကြကုန်လင့်။ (အချိန်မကျရောက်မီအလျင် သွား ရောက်၍) အစားအသောက်များ ချက်ပြုတ်ပြီးသည်အထိ ထိုင်စောင့်နေခြင်းမျိုး မဖြစ်စေလင့်၊ သို့သော် (အစားအ သောက်အဆင်သင့်ဖြစ်ပြီး) အသင်တို့အား ဖိတ်ခေါ်သည့် အခါဝင်ရောက်ကြကုန်။ စားသောက်ပြီးနောက် လူစုခွဲပြန် သွားကြကုန်။ ထို့နေရာ၌ပင် (ထိုင်လျက်)စကားပြောဆိုနေ ခြင်းမပြုကြလင့်၊ ဤသည် ဧကန်စင်စစ် တမန်တော်အား ဒုက္ခဖြစ်စေ၏။ သူသည် အသင်တို့အား (ဤသည်ကိုထုတ် ပြောရန်) ရှက်နေ၏။ သို့သော် အလ္လာဟ်သည် အမှန်တရား အတွက် ရှက်တော်မမူချေ။ ထို့ပြင် အကယ်၍ အသင်တို့ သည် ယင်း(တမန်တော်၏ဇနီးကြင်ရာတော်)တို့ထံမှ တစ်စုံ

ذٰلِكُمْ اَطْهَرُ لِقُلُوْبِكُمْ وَقُلُوْبِهِنَّ ۬ وَمَا كَانَ لَكُمْ اَنْ تُؤْذُوْا رَسُوْلَ اللّٰهِ وَلَآ اَنْ تَنْكِحُوْٓا اَزْوَاجَهٗ مِنْۢ بَعْدِهٖٓ اَبَدًا ۬ اِنَّ ذٰلِكُمْ كَانَ عِنْدَ اللّٰهِ عَظِيْمًا ﴿٥٣﴾

တစ်ရာကိုတောင်းခံပါလျှင် 'ပါရ်ဒါဟ်' အကာအကွယ်နောက်မှနေ၍ တောင်းခံကြကုန်။ ဤသည် အသင်တို့နှင့် သူမတို့၏စိတ်နှလုံးအတွက် ပိုမိုသန့်စင်စေ၏။ ထို့ပြင် အသင်တို့အဖို့ အလ္လာဟ်၏တမန်တော်ကို ဒုက္ခပေးရန် အခွင့်မရှိချေ။ ထို့ပြင် သူ၏နောက်တွင် မည်သည့်အခါမျှ သူ၏ဇနီးကြင်ရာများ (အနက်မှတစ်ဦးဦး)နှင့်ထိမ်းမြားရန်လည်း ခွင့်ပြုချက်မရှိချေ။ ဧကန်စင်စစ် ဤသည် အလ္လာဟ်၏အထံတော်တွင် အလွန်ကြီးလေးသောအကြောင်းဖြစ်၏။

اِنْ تُبْدُوْا شَيْـًٔا اَوْ تُخْفُوْهُ فَاِنَّ اللّٰهَ كَانَ بِكُلِّ شَيْءٍ عَلِيْمًا ﴿٥٤﴾

၅၄။ အသင်တို့သည် မည်သည့်အကြောင်းကိစ္စကိုမဆို ထုတ်ဖော်သည်ဖြစ်စေ၊ ဖုံးကွယ်ထားသည်ဖြစ်စေ ဧကန်စင်စစ် အလ္လာဟ်သည် အရာရာတိုင်းကို ကောင်းစွာသိရှိတော်မူ၏။

لَا جُنَاحَ عَلَيْهِنَّ فِيْٓ اٰبَآئِهِنَّ وَلَآ اَبْنَآئِهِنَّ وَلَآ اِخْوَانِهِنَّ وَلَآ اَبْنَآءِ اِخْوَانِهِنَّ وَلَآ اَبْنَآءِ اَخَوٰتِهِنَّ وَلَا نِسَآئِهِنَّ وَلَا مَا مَلَكَتْ اَيْمَانُهُنَّ ۚ وَاتَّقِيْنَ اللّٰهَ ۬ اِنَّ اللّٰهَ كَانَ عَلٰى كُلِّ شَيْءٍ شَهِيْدًا ﴿٥٥﴾

၅၅။ ယင်း(တမန်တော်၏ ဇနီးကြင်ရာ)တို့အပေါ် သူမတို့၏ဖခင်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ သူမတို့၏ သားများနှင့်စပ်လျဉ်း၍လည်းကောင်း၊ သူမတို့၏အစ်ကို မောင်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ သူမတို့ အစ်ကိုမောင်များ၏ သားများနှင့်စပ်လျဉ်း၍လည်းကောင်း၊ သူမတို့အစ်မ ညီမများ၏သားများနှင့်စပ်လျဉ်း၍လည်းကောင်း၊ သူမတို့၏(မို့အ်မင်န်) အမျိုးသမီးများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မိမိတို့လက်အောက်ခံများနှင့်စပ်လျဉ်း၍လည်းကောင်း မည်သို့မျှ အပြစ်မထိုက်ချေ။ (အို-တမန်တော်၏ဇနီးများ) အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ဆောက်တည်ကြကုန်။ ဧကန်စင်စစ် အလ္လာဟ်သည် အရာရာတိုင်းအပေါ် စောင့်ထိန်းကြည့်ရှုတော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّ اللّٰهَ وَمَلٰٓئِكَتَهٗ يُصَلُّوْنَ عَلَى النَّبِيِّ ۬ يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا صَلُّوْا عَلَيْهِ وَسَلِّمُوْا تَسْلِيْمًا ﴿٥٦﴾

၅၆။ ဧကန်မလွဲ အလ္လာဟ်နှင့် ထို့အရှင်မြတ်၏ ကောင်းကင်တမန်များသည် 'နဗီ'တမန်တော်အပေါ် ကောင်းချီးမင်္ဂလာပို့သကြကုန်၏။ အို-သက်ဝင်ယုံကြည်ကြသူအပေါင်းတို့၊ အသင်တို့သည်လည်း သူ့အပေါ် 'ဒရူးဒ်'မေတ္တာနှင့် 'စလာမ်' ငြိမ်းချမ်းသာယာမှု အမြောက်အမြားပို့သကြကုန်။ ①

① ဤအာယတ်တော်နှင့်စပ်လျဉ်း၍ အတ်မဒီယာအဖွဲ့ကိုတည်ထောင်သူ မဆီဟ်မော်အူးဒ် ﷺ သခင်က ဤသို့မိန့်ကြားထားပေသည်။ 'ဤအာယတ်တော်အရ ထင်ရှားသည်မှာ တမန်တော်မြတ် ﷺ ၏ ကိုယ်ကျင့်သီလများသည် မြင့်မားလှပေရာ အလ္လာဟ်အရှင်မြတ်သည် ယင်းအားချီးကျူးရန် သို့မဟုတ် ဂုဏ်ပုဒ်များအား ဖွင့်ဟပြောဆိုရန်အတွက် သီးသန့်စကားလုံးတစ်ခုကို သုံးစွဲတော်မမူချေ။ စကားလုံးရရှိနိုင်သော်ငြားလည်း အရှင်မြတ်ကိုယ်တိုင်က သုံးစွဲတော်မူခြင်းမပြုခဲ့ချေ။ ဆိုလိုသည်မှာ ကိုယ်တော်၏ကောင်းမြတ်သောအကျင့်သီလများသည် ချီးမွမ်းပြောဆိုမှုများထက်ပင်သာလွန်ပေသည်။ ဤကဲ့သို့သော အာယတ်တော်ကို အခြားမည်သည့် တမန်တော်တစ်ပါးပါး၏ဂုဏ်အရှိန်အဝါအတွက်မျှ သုံးစွဲခြင်းမပြုခဲ့ချေ။ ကိုယ်တော်မြတ်၏ဝိညာဉ်တွင် ဖြောင့်မှန်မှုနှင့် သစ္စာရှိမှုရှိနေပြီး ကိုယ်တော်၏အကျင့်သီလများသည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် လွန်စွာမှန်သက်မြတ်နိုးဖွယ်ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် နောင်လာနောက်သားများအဖို့ ကျေးဇူးသိတတ်သည့်အနေဖြင့် ကိုယ်တော်မြတ်အား 'ဒရူးဒ်'မေတ္တာပို့သကြရန် အမြဲထာဝရအတွက် ဤသို့မိန့်ကြားထားတော်မူပေသည်။' (မလ်ဖူဇာတ်၊ ဟာဇရတ်မဆီဟ်မော်အူးဒ် ﷺ အတွဲ-၁၊ စာ-၂၄ ရဗ္ဗဝါထုတ်)

اِنَّ الَّذِيْنَ يُؤْذُوْنَ اللّٰهَ وَ رَسُوْلَهٗ لَعَنَهُمُ اللّٰهُ فِى الدُّنْيَا وَالْاٰخِرَةِ وَاَعَدَّ لَهُمْ عَذَابًا مُّهِيْنًا ۝

၅၇။ ဧကန်စင်စစ် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်ကို ဒုက္ခပေးသူတို့အား အလ္လာဟ်သည် ယင်းတို့အား ဤလောကီ၌လည်းကောင်း၊ နောင်တမလွန်၌လည်းကောင်း ကရုဏာတော်မှကင်းဝေးစေခြင်း 'လာ့အ်နတ်'ပြုတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် ထိုသူတို့အတွက် ဂုဏ်သရေယုတ်လျော့စေသောပြစ်ဒဏ်ကို စီမံထားတော်မူ၏။

وَالَّذِيْنَ يُؤْذُوْنَ الْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ بِغَيْرِ مَا اكْتَسَبُوْا فَقَدِ احْتَمَلُوْا بُهْتَانًا وَّاِثْمًا مُّبِيْنًا ۝

၅၈။ ထို့ပြင် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူအမျိုးသားများနှင့် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူအမျိုးသမီးများအား ထို(အပြစ်)ကို ကျူးလွန်ခြင်းမပြုပါဘဲလျက် ဒုက္ခပေးကြသူတို့သည် အလွန်ကြီးမားသော မတရားစွပ်စွဲမှုနှင့် ပေါ်လွင်ထင်ရှားသော အပြစ်၏ဝန်ထုပ်ကို ထမ်းရွက်ကြခြင်းပင်ဖြစ်သတည်း။

ရုကူး-၈

يٰۤاَيُّهَا النَّبِىُّ قُلْ لِّاَزْوَاجِكَ وَبَنٰتِكَ وَنِسَآءِ الْمُؤْمِنِيْنَ يُدْنِيْنَ عَلَيْهِنَّ مِنْ جَلَابِيْبِهِنَّ ؕ ذٰلِكَ اَدْنٰۤى اَنْ يُّعْرَفْنَ فَلَا يُؤْذَيْنَ ؕ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ۝

၅၉။ အို-တမန်တော် အသင်သည် မိမိ၏ဇနီးများနှင့် မိမိ၏သမီးများ၊ ထို့ပြင် 'မို့အ်မင်န်'ယုံကြည်သူအမျိုးသမီးများအား သူမတို့သည် မိမိတို့၏ခြုံလွှာများကို မိမိတို့အပေါ် လွှမ်းခြုံရမည်ဟုပြောကြားပါလေ။ ဤသို့ပြုခြင်းသည် သူမတို့အား ခွဲခြားသိရှိသွားကြပြီး သူမတို့အား ဒုက္ခပေးမနှောင့်ယှက်စေရန် ပိုမိုနီးစပ်သော အကြောင်းကိစ္စဖြစ်၏။ စင်စစ် အလ္လာဟ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။ ①

لَئِنْ لَّمْ يَنْتَهِ الْمُنٰفِقُوْنَ وَالَّذِيْنَ فِىْ قُلُوْبِهِمْ مَّرَضٌ وَّالْمُرْجِفُوْنَ فِى الْمَدِيْنَةِ لَنُغْرِيَنَّكَ بِهِمْ ثُمَّ لَا يُجَاوِرُوْنَكَ فِيْهَاۤ اِلَّا قَلِيْلًا ۝

၆၀။ အကယ်၍ 'မိုနာဖစ်'အယောင်ဆောင်များနှင့် စိတ်နှလုံးတွင်ရောဂါရှိသူများသည်လည်းကောင်း၊ မဒီနာမြို့တွင် မဟုတ်မမှန် သတင်းဖြန့်နေသူတို့သည်လည်းကောင်း မိမိတို့လုပ်ရပ်မှ ရပ်တန့်ခြင်းမပြုကြလျှင် ငါတို့သည် (ယင်းတို့ကို အပြစ်ပေးရန်အတွက်) မလွဲမသွေ အသင့်အား ယင်းတို့၏နောက်သို့ လိုက်စေတော်မူမည်။ ထို့နောက် ယင်းတို့သည် ဤ(မြို့)တွင် အသင်၏အိမ်နီးချင်းအဖြစ် အနည်းငယ်မျှသော ကာလမှတစ်ပါး နေထိုင်နိုင်ကြမည်မဟုတ်ချေ။

مَّلْعُوْنِيْنَ ۚ اَيْنَمَا ثُقِفُوْۤا اُخِذُوْا وَقُتِّلُوْا تَقْتِيْلًا ۝

၆၁။ (ဤ)နှင့်ထုတ်ခြင်းခံရသူတို့အား မည်သည့်နေရာ၌မဆို တွေ့ရှိခဲ့လျှင် ၎င်းတို့သည် ဖမ်းဆီးခြင်းခံကြရပေမည်။ ထို့ပြင် ကောင်းစွာ သတ်ဖြတ်သုတ်သင်ခြင်းခံကြရပေမည်။ ②

① ဤအာယတ်တော်တွင် 'ပါရ်ဒါဟ်'အမိန့်ကိုဖော်ပြထားပြီး ယင်းအားဖြင့်သိရှိရသည်မှာ 'ပါရ်ဒါဟ်'ကို မွတ်စလင် အမျိုးသမီးများအား မွတ်စလင်မဟုတ်သူအမျိုးသမီးများနှင့်ခွဲခြားသိမြင်နိုင်သည့် အမှတ်လက္ခဏာတစ်ရပ်အဖြစ် ပြုထားခြင်းဖြစ်ပေသည်။ ထိုသို့မဟုတ်ပါက ရဟူဒီများက ဤအမျိုးသမီးသည် မွတ်စလင်အမျိုးသမီးဖြစ်ကြောင်းကို မသိရှိခဲ့သောကြောင့် နောက်ပြောင်ခဲ့ပါသည်ဟူ၍ ပြောဆိုနိုင်ပေရာ ထိုသို့ ကောက်ကျစ်စဉ်းလဲစွာ ဆင်ခြေမပေးနိုင်ရန်ဖြစ်ပေသည်။

② အာယတ်တော်(၆၁-၆၂)တို့တွင် မဒီနာ၌မွတ်စလင်များနှင့်ဆန့်ကျင်လျက် မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်လေ့ရှိခဲ့ကြသော 'မိုနာဖစ်'များနှင့် ရဟူဒီများအနက်မှ ပြဿနာဖန်တီးသူများအကြောင်း ဖော်ပြထားခြင်းဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်ﷺအား ကတိပြုမိန့်ကြားတော်မူသည်မှာ အသင်သည် ၎င်းတို့အပေါ် အောင်နိုင်မှုရရှိလိမ့်မည်။ ၎င်းတို့သည် အသင်၏↵

سُنَّةَ اللّٰهِ فِي الَّذِيْنَ خَلَوْا مِنْ قَبْلُ ۚ وَلَنْ تَجِدَ لِسُنَّةِ اللّٰهِ تَبْدِيْلًا ﴿٦٢﴾

၆၃။ (ဤသည်) ရှေးလွန်လေပြီးသူတို့နှင့်စပ်လျဉ်း၍ အလ္လာဟ်၏နိယာမအစဉ်အလာတော်ဖြစ်၏။ အသင်သည် အလ္လာဟ်၏နိယာမအစဉ်အလာတော်တွင် မည်သည့်ပြောင်းလဲမှုကိုမျှ တွေ့ရမည်မဟုတ်ခဲ့။

يَسْـَٔلُكَ النَّاسُ عَنِ السَّاعَةِ ۭ قُلْ اِنَّمَا عِلْمُهَا عِنْدَ اللّٰهِ ۭ وَمَا يُدْرِيْكَ لَعَلَّ السَّاعَةَ تَكُوْنُ قَرِيْبًا ﴿٦٣﴾

၆၄။ လူတို့သည် 'ဆာအတ်' ကတိပြုထားသည့်အချိန်နှင့်စပ်လျဉ်း၍ အသင့်ထံမေးမြန်းကြ၏။ အသင်ပြောကြားပါလေ။ ယင်းအားသိခြင်းသည် အလ္လာဟ်၏ထံတော်၌သာရှိ၏။ ကတိပြုထားသည့်အချိန်သည် နီးကပ်လျက်ရှိကောင်းရှိမည်ကို မည်သည့်အရာက အသင့်အား နားလည်နိုင်စေအံ့နည်း။

اِنَّ اللّٰهَ لَعَنَ الْكٰفِرِيْنَ وَاَعَدَّ لَهُمْ سَعِيْرًا ﴿٦٤﴾

၆၅။ ဧကန်အမှန် အလ္လာဟ်သည် 'ကာဖိရ်' မယုံကြည်ခြင်းပယ်ကြသောသူတို့အား ကရုဏာတော်မှကင်းဝေးစေခြင်း 'လာ့အ်နတ်'ပြုတော်မူ၏။ ထို့ပြင် ယင်းတို့အတွက် တောက်လောင်လျက်ရှိသောမီးကို စီစဉ်ထားတော်မူ၏။

خٰلِدِيْنَ فِيْهَآ اَبَدًا ۚ لَا يَجِدُوْنَ وَلِيًّا وَّلَا نَصِيْرًا ﴿٦٥﴾

၆၆။ ယင်း၌ သူတို့သည် အချိန်ကာလကြာရှည်စွာ နေကြရမည့်သူများဖြစ်လိမ့်မည်။ သူတို့သည်(ယင်း၌) မည်သည့်ကာကွယ်စောင့်ရှောက်သူကိုသော်လည်းကောင်း၊ မည်သည့်ကူညီစောင်မသူကိုသော်လည်းကောင်း တွေ့ရှိလိမ့်မည်မဟုတ်ခဲ့။

يَوْمَ تُقَلَّبُ وُجُوْهُهُمْ فِي النَّارِ يَقُوْلُوْنَ يٰلَيْتَنَآ اَطَعْنَا اللّٰهَ وَاَطَعْنَا الرَّسُوْلَا ﴿٦٦﴾

၆၇။ ထိုနေ့တွင် ယင်းတို့၏မျက်နှာများသည် 'ဂျဟန္နမ်'ငရဲတွင် မှောက်လှဲခြင်းခံရလိမ့်မည်။ ထိုအခါ ယင်းတို့က ကျွန်ုပ်တို့သည် အလ္လာဟ်အား နာခံခဲ့ကြလျှင်၊ ထို့ပြင် တမန်တော်အား နာခံခဲ့ကြလျှင် ကောင်းလေစွဟု ပြောကြပေလိမ့်မည်။

وَقَالُوْا رَبَّنَآ اِنَّآ اَطَعْنَا سَادَتَنَا وَكُبَرَآءَنَا فَاَضَلُّوْنَا السَّبِيْلَا ﴿٦٧﴾

၆၈။ ထို့ပြင် ယင်းတို့ပြောဆိုလျှောက်ထားကြမည်မှာ အိုကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဧကန်ပင် ကျွန်တော်မျိုးတို့သည် မိမိတို့၏ခေါင်းဆောင်များနှင့် မိမိတို့၏အကြီးအကဲများကို နာခံခဲ့ကြပါ၏။ သို့ဖြစ်ရာ ယင်းတို့သည် ကျွန်တော်မျိုးတို့အား လမ်းလွဲအောင်ပြုခဲ့ကြပါသည်။

رَبَّنَآ اٰتِهِمْ ضِعْفَيْنِ مِنَ الْعَذَابِ وَالْعَنْهُمْ لَعْنًا كَبِيْرًا ﴿٦٨﴾

၆၉။ အိုကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ယင်းတို့အား ပြစ်ဒဏ်နှစ်ဆပေးတော်မူပါ။ ထို့ပြင် ယင်းတို့အပေါ် အလွန်ကြီးလေးသော ကရုဏာတော်မှကင်းဝေးခြင်း 'လာ့အ်နတ်'ပြုတော်မူပါ။

ရုကူး-၉

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَكُوْنُوْا كَالَّذِيْنَ

၇၀။ အိုယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် 'မူစာ'အား

➤ မြို့ကိုစွန့်ခွာသွားကြလိမ့်မည်။ ထိုအခါ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှကင်းဝေးခြင်း 'လာ့အ်နတ်'အောက်တွင် ရှိကြပေလိမ့်မည်။ ထိုအခြေအနေ၌ ၎င်းတို့အား မည်သည့်နေရာ၌ပင် တွေ့ရှိရသည်ဖြစ်စေ ၎င်းတို့အား စစ်ကြောမေးမြန်းခြင်းနှင့် သတ်ဖြတ်ခြင်းသည် ခွင့်ပြုချက်ရှိမည်ဟူ၍ဖြစ်ပေသည်။

ဒုက္ခပေးခဲ့ကြသူများကဲ့သို့ မဖြစ်ကြကုန်လင့်။ အလ္လာဟ်သည် သူ့အား ယင်းတို့ပြောဆိုခဲ့သည်များမှ ကင်းလွတ်အောင်ပြုတော်မူခဲ့၏။ သူသည် အလ္လာဟ်၏ထံတော်ပါးတွင် ဂုဏ်သရေရှိသူဖြစ်၏။

إِذْ قَالَ مُوسَىٰ لِقَوْمِهِ يَا قَوْمِ لِمَ تُؤْذُونَنِي وَقَد تَّعْلَمُونَ أَنِّي رَسُولُ اللَّهِ إِلَيْكُمْ ۖ فَلَمَّا زَاغُوا أَزَاغَ اللَّهُ قُلُوبَهُمْ ۚ وَاللَّهُ لَا يَهْدِي الْقَوْمَ الْفَاسِقِينَ ﴿٥﴾

၅။ မူဆာ(အလိုရှိသော်) သူ၏လူမျိုးအား "အို-ငါ့လူမျိုးတို့၊ သင်တို့သည် ငါ့အား အဘယ်ကြောင့် ဒုက္ခပေးကြသနည်း။ ငါသည် သင်တို့ထံသို့ အလ္လာဟ်၏ရသူလွှတ်တော်မူသည်ဟု သိကြသော်လည်း" (ဒုက္ခပေးကြသနည်း)။ သူတို့သည် (ဟုတ်မှန်သော လမ်းမှန်မှ) ကွေ့ကောက်သွားကြသောအခါ အလ္လာဟ်သည် သူတို့၏နှလုံးသားများကို (ဟုတ်မှန်သော လမ်းမှန်မှ) ကွေ့ကောက်သွားစေတော်မူ၏။ အလ္လာဟ်သည် ပြစ်မှားကျူးလွန်သူ လူစုကို (ဟုတ်မှန်သော လမ်းမှန်သို့) ဦးဆောင်ပို့ဆောင်ပေးတော်မမူပေ။

وَإِذْ قَالَ عِيسَى ابْنُ مَرْيَمَ يَا بَنِي إِسْرَائِيلَ إِنِّي رَسُولُ اللَّهِ إِلَيْكُم مُّصَدِّقًا لِّمَا بَيْنَ يَدَيَّ مِنَ التَّوْرَاةِ وَمُبَشِّرًا بِرَسُولٍ يَأْتِي مِن بَعْدِي اسْمُهُ أَحْمَدُ ۖ فَلَمَّا جَاءَهُم بِالْبَيِّنَاتِ قَالُوا هَٰذَا سِحْرٌ مُّبِينٌ ﴿٦﴾

၆။ မေရီသား အီစာ(အလိုရှိသော်) "အို-ဣသရေလ အမျိုးသားတို့၊ ငါသည် သင်တို့ထံသို့ အလ္လာဟ်၏ရသူလွှတ်တော်မူသည်ဖြစ်၍ ငါ့ရှေ့တော်ရှိ တောရတ်ကျမ်းကို အတည်ပြုသူဖြစ်ပြီး ငါ့နောက်မှ လာမည့် အဟ်မဒ်အမည်ရှိသော ရသူလွှတ်တော်မူသည်ကို သတင်းပေးသူဖြစ်၏" (ဟု ပြောကြားခဲ့သည်)။ သူသည် (ဘုရားသခင်၏) သက်သေပြချက်များကို သူတို့ထံသို့ ယူဆောင်လာသောအခါ သူတို့က "ဤသည်မှာ ထင်ရှားသော မှော်ပညာပင်တည်း" ဟု ဆိုကြ၏။

وَمَنْ أَظْلَمُ مِمَّنِ افْتَرَىٰ عَلَى اللَّهِ الْكَذِبَ وَهُوَ يُدْعَىٰ إِلَى الْإِسْلَامِ ۚ وَاللَّهُ لَا يَهْدِي الْقَوْمَ الظَّالِمِينَ ﴿٧﴾

၇။ အလ္လာဟ်ထံသို့ မုသာစကားကို ဆင်ခြေပေးကာ ကြံစည်ကြသူထက် ပို၍ဒုစရိုက်ကြီးသူမှာ အဘယ်သူနည်း။ သူသည် အစ္စလာမ်ဘာသာသို့ ဖိတ်ခေါ်ခံနေရသော်လည်း (ဤသို့ပြုကြ၏)။ အလ္လာဟ်သည် ဒုစရိုက်ကြီးသူ လူစုကို (ဟုတ်မှန်သော လမ်းမှန်သို့) ဦးဆောင်ပို့ဆောင်ပေးတော်မမူပေ။

يُرِيدُونَ لِيُطْفِئُوا نُورَ اللَّهِ بِأَفْوَاهِهِمْ وَاللَّهُ مُتِمُّ نُورِهِ وَلَوْ كَرِهَ الْكَافِرُونَ ﴿٨﴾

၈။ သူတို့သည် (ကိုယ်ကျင့်တရားမဲ့ခြင်းဖြင့်) အလ္လာဟ်၏အလင်းတော်ကို သူတို့ပါးစပ်ဖြင့် မှုတ်ငြိမ်းသတ်ရန် ကြိုးစားကြ၏။ သို့သော် အလ္လာဟ်သည် ယုံကြည်သူများ မကြိုက်နှစ်သက်ကြသော်လည်း သူ၏အလင်းတော်ကို ပြည့်စုံအောင် ပြုစုတော်မူလိမ့်မည်။

هُوَ الَّذِي أَرْسَلَ رَسُولَهُ بِالْهُدَىٰ وَدِينِ الْحَقِّ لِيُظْهِرَهُ عَلَى الدِّينِ كُلِّهِ وَلَوْ كَرِهَ الْمُشْرِكُونَ ﴿٩﴾

၉။ (ဗဟုသုတ) သူသည် (မုဟမ္မဒ်) ရသူလွှတ်တော်မူကို (ကယ်တင်ခြင်းအတွက်) လမ်းညွှန်ချက်နှင့် ဘာသာတရားမှန်ကို ပေးပို့တော်မူခဲ့သည်။ (ထို့ပြင်) ထိုဘာသာတရားကို အခြားဘာသာတရားအားလုံးတို့ထက် ထူးမြတ်သာလွန်စေရန် (ပေးပို့တော်မူခဲ့သည်)။ ဘုရားသခင်ပြုတော်မူခြင်းကို ဘုရားမဲ့သူများ မကြိုက်နှစ်သက်ကြသော်လည်း (ဤသို့ပြုတော်မူခဲ့သည်)။

يَا أَيُّهَا الَّذِينَ آمَنُوا هَلْ أَدُلُّكُمْ عَلَىٰ تِجَارَةٍ تُنجِيكُم مِّنْ عَذَابٍ أَلِيمٍ ﴿١٠﴾

၁၀။ အို-ယုံကြည်သူအပေါင်းတို့၊ (ဒုက္ခပေးခြင်းမှ ကင်းလွတ်ရန်) သင်တို့အား ကြောက်ရွံ့ခြင်း 'တက္ကဝါ'တရားကို ဆောက်တည်ကြကုန်။ ဖြောင့်မှန်ရှင်းလင်းသောစကားကို ပြောဆိုကြကုန်။

تُؤْمِنُونَ بِاللَّهِ وَرَسُولِهِ وَتُجَاهِدُونَ فِي سَبِيلِ اللَّهِ بِأَمْوَالِكُمْ وَأَنفُسِكُمْ ۚ ذَٰلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ ﴿١١﴾

၁၁။ ထိုအရှင်မြတ်သည် အသင်တို့အတွက် အသင်တို့၏အကျင့်အမူများကို ပြုပြင်တည့်မတ်စေတော်မူ၍ အသင်တို့၏အပြစ်များကို ခွင့်လွှတ်တော်မူမည်။ ထို့ပြင် အကြင်မည်သူမဆို အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ကို နာခံလိုက်နာပါမူ ဧကန်စင်စစ် ထိုသူသည်ကြီးကျယ်သော အောင်မြင်မှုတစ်ရပ်ကို ရရှိခြင်းပင်ဖြစ်၏။

يَغْفِرْ لَكُمْ ذُنُوبَكُمْ وَيُدْخِلْكُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ وَمَسَاكِنَ طَيِّبَةً فِي جَنَّاتِ عَدْنٍ ۚ ذَٰلِكَ الْفَوْزُ الْعَظِيمُ ﴿١٢﴾

၁၂။ အမှန်ပင် ငါတို့သည် 'အမာနတ်'အပ်နှံရာတာဝန်ကို မိုးကောင်းကင်များ၊ ကမ္ဘာမြေနှင့် တောင်များ၏ရှေ့ဝယ် ချပြတော်မူရာ ၎င်းတို့သည် ယင်းကိုထမ်းရွက်ရန် ငြင်းဆန်ခဲ့ကြ၏။ ယင်းအား ကြောက်ရွံ့ခဲ့ကြ၏။ သို့ရာတွင် ပြီးပြည့်စုံသောလူသားက ယင်းကိုထမ်းရွက်ခဲ့ပေသည်။ စင်စစ် သူသည် (မိမိကိုယ်ကို) အလွန်တရာ ဖိနှိပ်ညှဉ်းပန်းသူ၊ (ထို့ပြင် ထိုတာဝန်၏အကျိုးဆက်ကို) အလျှင်း အရေးမထားသူဖြစ်၏။ ③

وَأُخْرَىٰ تُحِبُّونَهَا ۖ نَصْرٌ مِّنَ اللَّهِ وَفَتْحٌ قَرِيبٌ ۗ وَبَشِّرِ الْمُؤْمِنِينَ ﴿١٣﴾

၁၃။ ဤသို့ဖြင့် အလ္လာဟ်သည် 'မိုနာဖစ်' အယောင်ဆောင်အမျိုးသားများနှင့် 'မိုနာဖစ်' အမျိုးသမီးများ၊ ထို့ပြင် 'မူရှရိက်' တုဖက်ကိုးကွယ်သူအမျိုးသားများနှင့် 'မူရှရိက်'အမျိုးသမီးများအား ပြစ်ဒဏ်ခတ်တော်မူရန်ဖြစ်၏။ ဤသို့ဖြင့် 'မို့အ်မင်န်' ယုံကြည်သူအမျိုးသားများနှင့် 'မို့အ်မင်န်'ယုံကြည်သူ အမျိုးသမီးများအား 'တောင်ဘာ'ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူလျက် သူတို့အပေါ် ယိမ်းညွတ်တော်မူရန်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။

❖ ❖ ❖

③ ဤအာယတ်တော်တွင် ကိုယ်တော်မြတ် ﷺ သည် အခြားသောတမန်တော်အားလုံးတို့ထက် ထူးမြတ်သာလွန်ကြောင်းကို ဖော်ပြထားပေသည်။ အကြောင်းမူ သွန်သင်ချက်အနေဖြင့် ပို့ချခြင်းခံရသော ကျမ်းမြတ်ကုရ်အာန်၏'အမာနတ်'ကို တမန်တော်မြတ်မတိုင်မီက မည်သည့်တမန်တော်ကမျှ ထိုဝန်ကို ထမ်းပိုးနိုင်သည့်စွမ်းအားမရှိကြချေ။ သို့ဖြစ်ပေရာ ဤတွင် 'အမာနတ်'ဟူသည် ကျမ်းမြတ်ကုရ်အာန်ကို ညွှန်းခြင်းဖြစ်ပေသည်။ جَهُولًا ကို အချို့ပြီကာဆရာများက လုံးဝမှားယွင်းစွာ ဘာသာပြန်ဆိုကြသည်။ ظَلُومًا ဟူသည် အခြားတစ်စုံတစ်ဦးအား ဒုက္ခပေးညှဉ်းဆဲခြင်းမဟုတ်ဘဲ လွန်စွာကြီးမားသော ဝန်ထုပ်ကိုထမ်းပိုးလျက် မိမိ၏စိတ်ဝိညာဉ်အား ဖိနှိပ်ညှဉ်းပန်းသူဖြစ်သည်။ ထို့ပြင် جَهُولًا ဟူသည် 'အလွန်ကြီးစွာသော မသိမိုက်မဲသူ'မဟုတ်မူဘဲ ၎င်းသည် အလွန်ကြီးမားသောတာဝန်ကိုထမ်းဆောင်လျက် ယင်းကြောင့်ဖြစ်ပေါ်လာမည့်အကျိုးဆက်ကို အလျှင်းအရေးမထားသူပင်ဖြစ်သည်။ တမန်တော်မြတ်အပေါ် ဒုက္ခပေးညှဉ်းပန်းမှုဟူသမျှတို့မှာ ကျမ်းမြတ်ကုရ်အာန်ကို ပို့ချသည့်နောက်တွင်မှ စတင်ခဲ့ခြင်းဖြစ်ပေသည်။

၃၄။ ဆဘား

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါဝင် 'အာယတ်' မုက္ခပါဠိတော် (၅၅)ပိုဒ်ပါရှိသည်။

ခီးမွမ်းခြင်းဟူသမျှသည် အလ္လာဟ်အဖို့သာဖြစ်၏။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များ၏ ပိုင်ရှင်ဖြစ်၍ ကမ္ဘာမြေသည်လည်း အရှင်မြတ်၏ ခီးမွမ်းထောမနာခြင်းကိုသာ ရင့်ကျူးကာ နောင် တမလွန်တွင်လည်း ထိုအရှင်မြတ်အား ခီးမွမ်းထောမနာပြုခြင်းကိုသာလျှင် ရင့်ကျူးလျက်ရှိပေလိမ့် မည်ဟူသော အာယတ်တော်ဖြင့် ဤဆူရာဟ်ကိုအစပြုထားပေသည်။ ဤတွင် ကိုယ်တော်မြတ်ﷺအား ပွင့်လင်းထင်ရှားစွာ ရည်ညွှန်းချက်ပါရှိပြီး ကိုယ်တော်မြတ်၏ခေတ်တွင် ကိုယ်တော်၏စစ်မှန်သော နောက် လိုက် အစေတော်များသည် အရှင်မြတ်အား အစဉ်မပြတ် ခီးမွမ်းထောမနာပြုလျက် ရှိကြမည်ဖြစ်ပေရာ ကမ္ဘာမြေနှင့်မိုးကောင်းကင်တို့သည် အလ္လာဟ်အား ခီးမွမ်းခြင်းနှင့်ပြည့်နှက်သွားလိမ့်မည်ဟု ညွှန်းဆို ခြင်းဖြစ်ပေသည်။

ထို့နောက် 'တောင်'များအကြောင်း မိန့်ကြားဖော်ပြရာ၌ 'တောင်'များဟူသည် ဝိရိယစိုက် ကြိုးပမ်း ကြသော တောင်ပေါ်သားလူမျိုးနွယ်များကိုလည်း ဆိုလိုပေသည်။ တမန်တော် 'ဒါဝတ်'علیه السلامအတွက် 'တောင်'များကို အလုပ်အကျွေးပြုစေသည်ဆိုရာ၌ အမှန်တကယ် 'တောင်'များက အလုပ်အကျွေး ပြုကြသည်မဟုတ်မူဘဲ 'တောင်'များတွင် နေထိုင်ကြသည့် ဝိရိယစိုက် ကြိုးပမ်းကြသော လူမျိုးနွယ်များကို အလုပ်အကျွေးပြု နာခံစေခဲ့ခြင်းသာဖြစ်ပေသည်။ သို့ဖြင့် ပြီးခဲ့သောဆူရာဟ်၏ အဆုံးပိုင်းတွင် 'တောင်'များနှင့်စပ်လျဉ်း၍ ဖော်ပြထားချက်ကို ဤတွင် ရှင်းလင်းဖွင့်ဆိုထားခြင်းဖြစ်ပေသည်။

ထိုသို့ဖော်ပြပြီးသည့်နောက်တွင် တမန်တော်'ဒါဝတ်'علیه السلامနှင့် တမန်တော် 'ဆူလိုင်မန်'علیه السلام တို့အတွက် အလုပ်အကျွေးပြု နာခံစေခဲ့ပြီး ကြီးမားသောအလုပ်များကို လုပ်ဆောင်စေခဲ့သည့် 'ဂျင်န်'များ အကြောင်းကို ဖော်ပြထားပေသည်။ ထို 'ဂျင်န်'တို့သည် လူသား'ဂျင်န်'များသာဖြစ်ပြီး မီးတောက်များဖြင့် ဖန်ဆင်းခြင်းခံရသည်ဟု လူအများယူဆထားသော 'ဂျင်န်'များမဟုတ်ကြချေ။ 'မီး'သည်ကား 'ရေ'အတွင်း သို့ ဝင်ရောက်သည်နှင့် ငြိမ်းသွားပေသည်။ သို့ရာတွင် ဤ'ဂျင်န်'များနှင့်စပ်လျဉ်း၍ ကျမ်းမြတ်ကုရ်အာန် အခြားတစ်နေရာ၌ ယင်း'ဂျင်န်'များကို သံကြိုးများဖြင့် ချည်နှောင်ထားသည်ဟု ဖော်ပြထားပေရာ 'မီး'ဖြင့် ဖန်ဆင်းထားသော 'ဂျင်န်'ကို မည်သို့လျှင် သံကြိုးများဖြင့် ချည်နှောင်မည်နည်း။ ထို့ပြင် ၎င်းတို့ သည် ပင်လယ်တွင် ငုပ်လျှိုးလျက် ပုလဲများကို ရှာဖွေသည့်အလုပ်ကိုလည်း လုပ်ဆောင်ခဲ့ကြပေရာ အမှန်သော်ကား 'မီး'ဖြင့်ဖန်ဆင်းခံရသော 'ဂျင်န်'သည် ပင်လယ်၌ မည်သို့ငုပ်လျှိုးနိုင်မည်နည်း။ မည်သို့ဆိုစေ ဤအကြောင်းကိစ္စအားလုံးတို့သည် 'အာလေဒါဝတ်' ဒါဝတ်၏မျိုးနွယ်များအဖို့ အလ္လာဟ်အား 'ရှုကူရ်'ပြုကျေးဇူးသိရန် တာဝန်တင်ရှိခဲ့ပေသည်။ သို့ကြောင့်ပင် 'အာလေဒါဝတ်'၏ သားတော်၊ ရုပ်ပိုင်းနှင့် ဝိညာဉ်ပိုင်းဆိုင်ရာတွင် ပထမအဆင့်ရှိသည့် တမန်တော်'ဆူလိုင်မန်'علیه السلامသည် ယင်း'ရှုကူရ်'ပြုခြင်း၏ ဝတ္တရားကို ဖြည့်ဆည်းခဲ့ပေသည်။ သို့ရာတွင် တမန်တော် 'ဆူလိုင်မန်'علیه السلامအား သူ၏နောက်တွင် ထီးနန်းကိုဆက်ခံမည့် သားတော်၌ နာမ်ဝိညာဉ်ရေးဆိုင်ရာ အခြေအနေတစ်စုံတစ်ရာ ရှိမနေဘဲ ရုပ်ခန္ဓာသက်သက်သာရှိမည့်အကြောင်းကို သတင်းပေးခြင်းခံရသည့်အခါ တမန်တော် 'ဆူလိုင်မန်'علیه السلامက 'အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် ဤလောကီအုပ်ချုပ်ရေးအာဏာကို

တစ်စုံတစ်ရာဆန္ဒမရှိခြင်းကြောင့် သူ၏လက်ထက်တွင် ဤအုပ်ချုပ်ရေးအာဏာကို ကျဆင်းစေတော်မူပါ' ဟု ဆုတောင်း'ဒိုအာ'ပြုခဲ့ပေရာ ဆုတောင်းသည့်အတိုင်း ဖြစ်ခဲ့ပေသည်။ တမန်တော် 'ဆူလိုင်မန်'ﷺ ၏နောက်တွင် သူ၏သားက အမွေဆက်ခံသည့်အခါ ယင်းတောင်ပေါ်သား လူမျိုးနွယ်တို့သည် မိမိတို့အား အသိဉာဏ်ကင်းမဲ့သည့် ဘုရင်တစ်ပါးက အုပ်ချုပ်နေကြောင်း၊ စိုးမိုးခြယ်လှယ်နေကြောင်းကို တဖြည်းဖြည်း သဘောပေါက်လာကြသဖြင့် သူ့ကိုဆန့်ကျင်ပုန်ကန်ခဲ့ကြပေရာ တမန်တော်'ဆူလိုင်မန်'ﷺ၏ အုပ်ချုပ်ရေးအာဏာသည် သားဖြစ်သူ လက်ထက်တွင် ပြိုကွဲပျက်စီးခဲ့ရပေသည်။

ကြီးကျယ်လှသောအုပ်ချုပ်ရေးအာဏာ ကျိုးပျက်သွားသည့်အခါ ယင်းနိုင်ငံသားတို့သည် အချင်းချင်းမေတ္တာပွားများလျက် မိမိတို့အချင်းချင်း နီးစပ်မှုရရှိအောင် ပြုလုပ်ပေးတော်မူပါဟု 'ဒိုအာ' ဆုတောင်းကြရမည့်အစား ၎င်းတို့သည် မုန်းတီးခြင်း၏ သားကောင်များဖြစ်သွားကြကာ တစ်ဦးနှင့်တစ်ဦး ဝေးကွာသွားကြရန် 'ဒိုအာ'ဆုတောင်းခဲ့ကြပေသည်။ ထိုကဲ့သို့သော အခြေအနေတွင် ၎င်းတို့သည် ပုံပြင်ဒဏ္ဍာရီများကို လုပ်ကြံဖန်တီးကြပြီး အလ္လာဟ်အရှင်မြတ်၏ အမျက်တော်အောက်တွင် ဖိကြိတ်ခြင်းခံကြရပေရာ ၎င်းတို့၏မြို့ရွာများ တစ်ခုနှင့်တစ်ခု ဝေးကွာသွားစေခဲ့ခြင်းကြောင့် ၎င်းတို့၏အကြားတွင် အံ့ဖွယ်ရာလူသူကင်းမဲ့ဆိတ်သုဉ်းမှု၏ မြင်ကွင်းများကို တွေ့မြင်ရပြီး ထိုသည့်အလျင်က ၎င်းတို့သည် ကြီးကျယ်လှသော ဥယျာဉ်များနှင့် လယ်ယာများကို ခိုးမြှင့်ခြင်းခံခဲ့ရသော်ငြားလည်း နောက်ပိုင်းတွင် ယင်းနေရာများ၌ ကျူပင်၊ ခဲ့ပုတ် အစရှိသည့် အပင်များသာပေါက်ရောက်လျက်ရှိခဲ့ပေသည်။

ပြီးခဲ့သော ဆူရာဟ်အဆုံးပိုင်းတွင် ကိုယ်တော်မြတ်ﷺအား 'ဆဘာရ်'သည်းခံခြင်းပြုရန် သွန်သင်ခဲ့ပြီး ယခုတစ်ဖန် ယင်းကိုပင် မည်သို့ဆိုစေ အသင်သည် သည်းခံစောင့်စည်းလျက်သာနေပါလေဟု ထပ်မံဖော်ပြထားပေသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော့်အား သတင်းပေးတော်မူသည်မှာ ယခင်ကရှိခဲ့သော ကြီးကျယ်သည့် အင်ပါယာများမှာ သေးငယ်သောလူမျိုးအုပ်စုများပမာသာရှိ၏၊ သို့သော် အလ္လာဟ်အရှင်မြတ်က အသင့်အား တစ်လောကလုံး၏ ဝိညာဉ်ရေးဆိုင်ရာအုပ်ချုပ်မှု အာဏာကို ပေးသနားတော်မူပေအံ့ဟူ၍ဖြစ်ပေရာ ဤကြီးကျယ်ခမ်းနားသော သတင်းကောင်းဖြင့် ကိုယ်တော်၏ စိတ်နှလုံးအား ခိုင်ခံ့မြဲမြံစေတော်မူခဲ့ပေသည်။

ထို့နောက်တွင် အတိုက်အခံပြု ဆန့်ကျင်သူတို့အား ၎င်းတို့သည် တစ်ဦးချင်းဖြစ်စေ နှစ်ဦးစီဖြစ်စေ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်တွင်ရပ်လျက် 'ဒိုအာ'ဆုပန်ကြကာ အလ္လာဟ်အရှင်မြတ်ထံတော်မှ စီရင်ဆုံးဖြတ်မှုကိုတောင်းခံကြရန်နှင့် ထို့နောက်တစ်ဖန် ဉာဏ်အမြော်အမြင်တရားတို့နှင့် ပြည့်စုံသော ကျမ်းမြတ်ကုရ်အာန်အား ပေးသနားခြင်းခံရသည့် ဉာဏ်ပညာအမြော်အမြင်တို့၏ မင်းသားကြီးမှာ ရှူးသွပ်သူ အလျှင်းမဟုတ်ကြောင်းကို စဉ်းစားသုံးသပ်ရန် နှိုးဆော်ထားပေသည်။

ထို့နောက် ၎င်းတို့သည်ပြင်းထန်လှသော မငြိမ်းချမ်းမှုကို ကြုံတွေ့ရပြီး ယင်းမငြိမ်းချမ်းမှုကို ကင်းဝေးအောင်ပြုပေးမည့်သူမရှိသည့်အခါ ၎င်းတို့သည် အနီးရှိနေရာမှ ဖမ်းဆီးခြင်းကိုခံကြရမည့် အကြောင်းကို စဉ်းစားသုံးသပ်ကြည့်ပါလေဟု မိန့်ကြားထားတော်မူပေသည်။ အနီးရှိနေရာသည်ကား အသက်သွေးကြောဖြစ်၏။ ဆိုလိုသည်မှာ ၎င်းတို့၏စိတ်ဝိညာဉ်များအတွင်းမှပင် သူတို့အား ပြင်းထန်သော ပြစ်ဒဏ်၌ နစ်မြုပ်စေတော်မူပေမည်။ ထို့ပြင် ရှေ့ဆက်ဖော်ပြထားသည့် အာယတ်တော်တွင် ဝေးကွာသောနေရာဟူသည် ထိုကဲ့သို့သောသူများအဖို့ 'တောင်ဘာ'ဝန်ချတောင်းပန်ခြင်းကိုပြုရန် အလွန်

အလှမ်းဝေးလှကြောင်းကို ရည်ညွှန်းပေသည်။ မိမိရင်ဆိုင်ကြုံတွေ့ရသည့် ဒုက္ခအဖြစ်အပျက်များအတွက်ပင် ၎င်းတို့သည် 'တောင်ဘာ'ဝန်ချတောင်းပန်နိုင်သည့်စွမ်းအားကို မရရှိကြပေရာ အလွှာဟ်၏ဖမ်းဆီးတော်မူခြင်းအား ကြောက်ရွံ့ရခြင်းသည် လွန်စွာအလှမ်းဝေးလှပေသည်ဟု ၎င်းတို့က ထင်မြင်ယူဆကြခြင်းကြောင့် ၎င်းတို့သည် အသို့လျှင် စစ်မှန်သော 'တောင်ဘာ'ဝန်ချတောင်းပန်နိုင်သည့်စွမ်းအားကို ရရှိနိုင်ကြမည်နည်း။ ၎င်းတို့ထက်စောသောခေတ်ကာလမှ မယုံကြည်ငြင်းပယ်သူများအားဆက်ဆံခဲ့သည့်နည်းတူ ထိုကဲ့သို့သော ငြင်းပယ်သူများနှင့် ၎င်းတို့၏စိတ်ဆန္ဒများအား ရယူဖြည့်ဆည်းလိုခြင်းအကြားတွင် အစဉ်အမြဲအဟန့်အတားတစ်ရပ်ကို ထည့်သွင်းထားတော်မူပေသည်။ သို့ရာတွင် ယင်းကံခသူတို့သည် သံသယများ၌သာလျှင် အမြဲတစေနစ်မွန်းလျက်ရှိနေကြပေသတည်း။

♦ ♦ ♦

ဆူရာဟ် ဆဘား

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၅၅)ပိုဒ် ရှူကူ (၆)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اَلْحَمْدُ لِلّٰهِ الَّذِىْ لَهٗ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ وَ لَهُ الْحَمْدُ فِى الْاٰخِرَةِ ؕ وَهُوَ الْحَكِيْمُ الْخَبِيْرُ ①

၂။ ချီးမွမ်းခြင်းဟူသမျှသည် အလ္လာဟ်အဖို့သာဖြစ်၏။ ထိုအရှင်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိရှိသမျှကို ပိုင်ဆိုင်တော်မူ၏။ ထို့အတူ နောင်တမလွန်၌လည်း အလုံးစုံသော ချီးမွမ်းခြင်းဟူသမျှသည် အရှင်မြတ်အဖို့သာဖြစ်၏။ အရှင်မြတ်သည် လွန်စွာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်၊ အမြဲထာဝရ သတင်းရရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

يَعْلَمُ مَا يَلِجُ فِى الْاَرْضِ وَمَا يَخْرُجُ مِنْهَا وَمَا يَنْزِلُ مِنَ السَّمَآءِ وَمَا يَعْرُجُ فِيْهَا ؕ وَهُوَ الرَّحِيْمُ الْغَفُوْرُ ①

၃။ အရှင်မြတ်သည် ကမ္ဘာမြေကြီးအတွင်းသို့ ဝင်ရောက်သည့်အရာကိုလည်းကောင်း၊ ယင်းမှ ထွက်သည့်အရာကိုလည်းကောင်း၊ မိုးကောင်းကင်မှ သက်ဆင်းသည့်အရာကိုလည်းကောင်း၊ ယင်း(မိုးကောင်းကင်)ပေါ် တက်သွားသည့်အရာကိုလည်းကောင်း သိရှိတော်မူ၏။ စင်စစ် အရှင်မြတ်သည် အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်၊ လွန်စွာခွင့်လွှတ်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَقَالَ الَّذِيْنَ كَفَرُوْا لَا تَاْتِيْنَا السَّاعَةُ ؕ قُلْ بَلٰى وَ رَبِّىْ لَتَاْتِيَنَّكُمْ ۙ عٰلِمِ الْغَيْبِ ۚ لَا يَعْزُبُ عَنْهُ مِثْقَالُ ذَرَّةٍ فِى السَّمٰوٰتِ وَلَا فِى الْاَرْضِ وَلَاۤ اَصْغَرُ مِنْ ذٰلِكَ وَلَاۤ اَكْبَرُ اِلَّا فِىْ كِتٰبٍ مُّبِيْنٍ ۙ ③

၄။ ထို့ပြင် 'ကတိပြုထားသည့်အချိန်'သည် ကျွန်ုပ်တို့အပေါ် မည်သည့်အခါမျှဆိုက်ရောက်လာလိမ့်မည်မဟုတ်ချေဟု မယုံကြည်သူတို့က ပြောဆိုကြ၏။ အသင်ပြောလော့၊ အဘယ့်ကြောင့် မဟုတ်ရမည်နည်း။ အကွယ်မှအရာကိုသိတော်မူသည့် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်အား တိုင်တည်ကျိန်ဆိုပါ၏။ ယင်းသည် အမှန်ပင်အသင်တို့အပေါ် ဆိုက်ရောက်လာပေအံ့။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင် မြူမှုန်တမျှသာမက ထိုထက်သေးငယ်သော ထိုထက်ကြီးသောမည်သည့်အရာမျှ ထိုအရှင်မြတ်ထံတော်မှ ဖုံးကွယ်လျက်မရှိချေ။ သို့ရာတွင် ၎င်းသည် ပွင့်လင်းထင်ရှားသောကျမ်းတွင် ရှိပေသည်။

لِّيَجْزِىَ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ ؕ اُولٰٓئِكَ لَهُمْ مَّغْفِرَةٌ وَّ رِزْقٌ كَرِيْمٌ ④

၅။ သို့ဖြင့် အရှင်မြတ်သည် ယုံကြည်၍ ကောင်းမှုပွားများသူတို့အား အစားပေးတော်မူရန်ဖြစ်၏။ ဤသူများအတွက် သာလျှင် ခွင့်လွှတ်ခြင်းနှင့် ဂုဏ်သိက္ခာရှိသော 'ရိဇ်ကီ'ရိက္ခာသည်ရှိ၏။

وَالَّذِيْنَ سَعَوْ فِيْٓ اٰيٰتِنَا مُعٰجِزِيْنَ اُولٰٓئِكَ لَهُمْ عَذَابٌ مِّنْ رِّجْزٍ اَلِيْمٌ ۝

၆။ အကြင်သူတို့သည် ငါတို့၏နိမိတ်လက္ခဏာတော်များနှင့် စပ်လျဉ်း၍ (ငါတို့အား)မတတ်သာအောင်ကြိုးစားလျက် ပြေးလွှားလုပ်ရှားကြကုန်၏။ ဤသူများသည်ပင်လျှင် ယင်းတို့အတွက် တုန်လှုပ်ချောက်ချားဖွယ် ပြစ်ဒဏ်များအနက်မှ နာကျင်ဖွယ်သော ပြစ်ဒဏ်တစ်ရပ်(ကိုသတ်မှတ်ထား)ရှိပေသည်။

وَيَرَى الَّذِيْنَ اُوْتُوا الْعِلْمَ الَّذِيْٓ اُنْزِلَ اِلَيْكَ مِنْ رَّبِّكَ هُوَ الْحَقَّ ۙ وَيَهْدِيْٓ اِلٰى صِرَاطِ الْعَزِيْزِ الْحَمِيْدِ ۝

၇။ ထို့ပြင် အသိပညာကိုပေးခြင်းခံကြရကုန်သော အကြင်သူတို့သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်မှ အသင့်ထံပို့ချခဲ့သည့်အရာသည် အမှန်တရားဖြစ်ကြောင်း မြင်သိကြပေမည်။ ထို့ပြင် ယင်းသည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ချီးမွမ်းခြင်းကို ခံထိုက်တော်မူသောအရှင်(အလ္လာဟ်)၏လမ်းတော်ဘက်သို့ ညွှန်ပြပေသည်။

وَقَالَ الَّذِيْنَ كَفَرُوْا هَلْ نَدُلُّكُمْ عَلٰى رَجُلٍ يُّنَبِّئُكُمْ اِذَا مُزِّقْتُمْ كُلَّ مُمَزَّقٍ ۙ اِنَّكُمْ لَفِيْ خَلْقٍ جَدِيْدٍ ۝

၈။ ထို့ပြင် မယုံကြည်သူများက ပြောဆိုကြသည်မှာ အသင်တို့သည် လုံးလုံးလျားလျား မွမွကြေအောင် ချေပစ်ခြင်းကို ခံကြရပြီးသော်မှ အသင်တို့သည် သစ်လွင်သောဖန်ဆင်းမှု ကာလတစ်ရပ်သို့ (ဝင်ရောက်)လိမ့်မည်ဟု ပြောဆိုသောပုဂ္ဂိုလ်ကို ကျွန်ုပ်တို့သည် အသင်တို့အား အသိပေးရပါမည်လော။

اَفْتَرٰى عَلَى اللّٰهِ كَذِبًا اَمْ بِهٖ جِنَّةٌ ۭ بَلِ الَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ فِي الْعَذَابِ وَالضَّلٰلِ الْبَعِيْدِ ۝

၉။ အသို့နည်း၊ သူသည် အလ္လာဟ်အား အကြောင်းခံ၍ မုသားလိုဆယ်စွပ်စွဲခဲ့ပါသလော။ သို့တည်းမဟုတ် သူသည် ရူးသွပ်ခဲ့ပြီလော။ ထိုသို့မဟုတ်ချေ။ အမှန်စင်စစ် နောင်တမလွန်အား သက်ဝင်ယုံကြည်ခြင်းမရှိကြသောသူတို့သည် အပြစ်ဒဏ်၌ရှိကြကုန်၏။ ထို့ပြင် အလွန်ဝေးကွာလှသည့် လမ်းလွဲမှုတွင် (တဝဲလည်လည်)ရှိနေကြပေသည်။

اَفَلَمْ يَرَوْا اِلٰى مَا بَيْنَ اَيْدِيْهِمْ وَمَا خَلْفَهُمْ مِّنَ السَّمَاۗءِ وَالْاَرْضِ ۭ اِنْ نَّشَاْ نَخْسِفْ بِهِمُ الْاَرْضَ اَوْ نُسْقِطْ عَلَيْهِمْ كِسَفًا مِّنَ السَّمَاۗءِ ۭ اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّكُلِّ عَبْدٍ مُّنِيْبٍ ۝

၁၀။ ၎င်းတို့သည် မိုးကောင်းကင်နှင့် ကမ္ဘာမြေ(တွင် ဖြစ်ပေါ်လာမည့် နိမိတ်လက္ခဏာများ)ဘက်သို့ မကြည့်မြင်ကြသလော။ ယင်းသည် ၎င်းတို့၏ရှေ့တွင်ရှိ၏။ သို့တည်းမဟုတ် ၎င်းတို့အလျင် လွန်ခဲ့ချေပြီ။ အကယ်၍ ငါတို့ အလိုရှိတော်မူလျှင် ၎င်းတို့အား မြေတွင် နှစ်မြှုပ်ပစ်တော်မူပေအံ့။ သို့တည်းမဟုတ် ၎င်းတို့အပေါ် မိုးကောင်းကင်မှ တစ်စုံတစ်ရာ အစိတ်အပိုင်းကို ကျရောက်စေတော်မူပေအံ့။ စင်စစ် ယင်း၌ ကိုင်းညွတ်သောအစေတော်တိုင်းအတွက် အလွန်ကြီးမားသော နိမိတ်လက္ခဏာတစ်ရပ်ရှိသတည်း။

ရုကူး-၂

وَلَقَدْ اٰتَيْنَا دَاوٗدَ مِنَّا فَضْلًا ۭ يٰجِبَالُ اَوِّبِيْ مَعَهٗ وَالطَّيْرَ ۚ وَاَلَنَّا لَهُ الْحَدِيْدَ ۝

၁၁။ ထို့ပြင် စင်စစ် ငါတို့သည် 'ဒါဝိတ်'ကို မိမိထံတော်မှ အလွန်ကြီးမားသော 'ဖဇလ်' ကျေးဇူးတော်ဖြင့် ချီးမြှင့်တော်မူခဲ့ပေသည်။ (အကြင်အခါ ဤသို့မိန့်တော်မူခဲ့၏)။ အို-တောင်များ၊ သူနှင့်အတူ ညွတ်တွားကြကုန်။ ထို့ပြင် အို-ကျေးငှက်များ

အသင်တို့သည်လည်း (သူနှင့်အတူညွှတ်တွားကြကုန်)။ ထို့ပြင် ငါတို့သည် သံသတ္တုကို သူ့အတွက် ပျော့ပျောင်းစေတော်မူခဲ့ပေသည်။

اَنِ اعْمَلْ سٰبِغٰتٍ وَّقَدِّرْ فِي السَّرْدِ وَاعْمَلُوْا صَالِحًا ؕ اِنِّيْ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿۱۱﴾

၁၂။ (ထို့ပြင် ဒါဝတ်အား မိန့်ကြားခဲ့သည်မှာ) အသင်သည် ခန္ဓာကိုယ်အား အပြည့်အဝဖုံးကာသည့် သံချပ်အင်္ကျီကိုပြုလုပ်ပါလေ။ ထို့ပြင် (ယင်း၏)ကွင်းများကို ကျပ်ကျပ်ထားပါလေ။ ထို့ပြင် အသင်တို့အားလုံးသည် ကောင်းမှုပွားများကြကုန်။ စင်စစ်ကေန် ငါအရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှကို နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။ ﴿၁﴾

وَلِسُلَيْمٰنَ الرِّيْحَ غُدُوُّهَا شَهْرٌ وَّرَوَاحُهَا شَهْرٌ ۚ وَاَسَلْنَا لَهٗ عَيْنَ الْقِطْرِ ؕ وَمِنَ الْجِنِّ مَنْ يَّعْمَلُ بَيْنَ يَدَيْهِ بِاِذْنِ رَبِّهٖ ؕ وَمَنْ يَّزِغْ مِنْهُمْ عَنْ اَمْرِنَا نُذِقْهُ مِنْ عَذَابِ السَّعِيْرِ ﴿۱۲﴾

၁၃။ ထို့ပြင် (ငါတို့သည်) 'ဆူလိုင်မန်'အတွက် လေကို(နာခံအလုပ်အကျွေးပြုစေတော်မူ၏)။ယင်း၏နံနက်ခရီးသည်လည်း တစ်လတာ(၏ခရီးအကွာအဝေး)နှင့်ညီမျှခဲ့ပေသည်။ ထို့ပြင် ညနေခရီးသည်လည်း တစ်လတာ(၏ခရီးအကွာအဝေး)နှင့်ညီမျှခဲ့ပေသည်။ ထို့ပြင် ငါတို့သည် သူ့အတွက် ကြေးနီ၏ချောင်းများကို စီးဆင်းစေတော်မူခဲ့ပေသည်။ ထို့ပြင် 'ဂျင်န်'များ(ဆိုလိုသည်မှာ ကြိုးစားအားထုတ်သည့် တောင်ပေါ်သားမျိုးနွယ်များ) အနက်မှ အချို့ကို(နာခံစေခဲ့၏)။ ၎င်းတို့သည် သူ၏ရှေ့တွင် သူ၏ဖန်ဆင်းရှင်အမိန့်ဖြင့် ကြိုးစားအားထုတ်လုပ်ဆောင်ခဲ့ကြ၏။ ထို့ပြင် ၎င်းတို့အနက် အကြင်မည်သူမဆို ငါတို့၏ အမိန့်မှ ရှောင်ဖယ်ပါက ငါတို့သည် ထိုသူအား တောက်လောင်လျက်ရှိသောမီး၏ ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူပေအံ့။ ﴿၂﴾

﴿၁﴾ မုက္ခပါဠိတော်(၁၁-၁၂)တို့တွင်လာရှိသည့် 'တောင်'များဟူသည် တမန်တော်'ဒါဝတ်'ﷺက အောင်နိုင်ခဲ့သော လုံလဝီရိယစိုက်သည့် တောင်ပေါ်သားများဖြစ်ကြပေသည်။ ၎င်းတို့သည် တမန်တော်ဒါဝတ်အတွက် အလွန်မှလေးပင်သော အလုပ်တာဝန်များကို လုပ်ဆောင်ပေးခဲ့ကြသည်။ 'တွိုင်ရ်'(ငှက်)၏ဆိုလိုရင်းမှာ တမန်တော်ဒါဝတ်အား သက်ဝင်ယုံကြည်ခဲ့ကြသည့် သူတော်စင်များကို ဆိုလိုပေသည်။ ၎င်းတို့အား ဝိညာဉ်ရေးသဘောအရ 'တွိုင်ရ်'(ငှက်များ)ဟူ၍ မိန့်ကြားထားခြင်းဖြစ်ပေသည်။

ထို့ပြင် သခင့်အား ထပ်လောင်း၍ ချီးမြှင့်ပေးသနားတော်မူခဲ့သည့် ကောင်းချီးမင်္ဂလာတစ်ခုမှာ သံကိုအရည်ကျိ၍ လိုအပ်သလို သုံးစွဲလုပ်ဆောင်နိုင်သည့် အတတ်ပညာကို ချီးမြှင့်ပေးသနားခံရခြင်းပင်ဖြစ်၏။ စစ်ပွဲများတွင်အသုံးပြုသည့် သံဖြင့်ပြုလုပ်ထားသော သံချပ်အင်္ကျီများသည် သခင်၏လက်ထက်၌စတင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် တမန်တော်'ဒါဝတ်'ﷺအား သံချပ်အင်္ကျီကွင်းများကို မကြီးစေဘဲ သေးငယ်သောကွင်းများကိုပြုလုပ်ရန် မိန့်ကြားတော်မူခဲ့ပေသည်။ အကယ်၍ သခင်၏ခေတ်ကာလမတိုင်မီကပင် သံချပ်အင်္ကျီများကို ပြုလုပ်ခဲ့ပြီးဖြစ်လျှင်လည်း ကွင်းအသေးများဖြင့် သံချပ်အင်္ကျီပြုလုပ်ခြင်းအတတ်မှာမူ တမန်တော်'ဒါဝတ်'ﷺ၏ခေတ်ကာလတွင်မှ စတင်ခဲ့ခြင်းဖြစ်ပေသည်။

﴿၂﴾ အာယတ်တော်(၁၃-၁၄)တို့တွင် တမန်တော်'ဆူလိုင်မန်'ﷺအတွက် လေများကိုနာခံစေသည်ဟူသည်မှာ သခင်က ပုံသန်းသော ဝေါဟာရ်တစ်ခုကို တီထွင်ခဲ့သည်ဟုမဆိုလိုပေ။ အချို့ ဋီကာဆရာများက ထိုကဲ့သို့သော ပုံပြင်ဒဏ္ဍာရီများကို တင်ပြကြပေသည်။ ထိုသို့မဟုတ်မူဘဲ ဤတွင်ပင်လယ်ကမ်းခြေ၌ တဟုန်ထိုးတိုက်ခတ်သည့် လေကိုဆိုလိုပေသည်။ ယင်းလေသည် တစ်လတစ်ကြိမ် ဦးတည်ရာလေကြောင်းပြောင်းလဲတိုက်ခတ်ပေသည်။ ဤလေများ၏စွမ်းအားဖြင့် ရွက်လှေကြီးများသည် လျင်မြန်သောအဟုန်ဖြင့် သွားလာကြကြောင်းနှင့် တစ်ဖန် ပြန်လှည့်လာကြောင်းတို့ကို ဤအာယတ်တော်ကရည်ညွှန်းခြင်းဖြစ်သည်။

တမန်တော်'ဒါဝတ်'ﷺအား သံကိုနိုင်နင်းသည့် စွမ်းအားကို ချီးမြှင့်ခြင်းခံရပေသည်။ တစ်ဖန် တမန်တော်'ဆူလိုင်မန်'ﷺကို အဆင့်မြင့်သတ္တုတစ်မျိုးဖြစ်သည့် ကြေးနီတူးဖော်ခြင်းနှင့် ယင်းအားအမျိုးမျိုးသော သုံးစွဲသည့်နည်းလမ်းများကို သင်ကြားပေးခြင်းခံခဲ့ရပေသည်။

يَعْمَلُوْنَ لَهٗ مَا يَشَآءُ مِنْ مَّحَارِيْبَ وَتَمَاثِيْلَ وَجِفَانٍ كَالْجَوَابِ وَقُدُوْرٍ رّٰسِيٰتٍ ؕ اِعْمَلُوْٓا اٰلَ دَاوٗدَ شُكْرًا ؕ وَقَلِيْلٌ مِّنْ عِبَادِيَ الشَّكُوْرُ ﴿۱۳﴾

၁၃။ ၎င်းတို့သည် သူ့အတွက် သူအလိုရှိသည်များကို ပြုလုပ်ပေးခဲ့ကြပေသည်။ (ဆိုလိုသည်မှာ)ကြီးမားသော ရဲတိုက်ကြီးများ၊ ရုပ်တုကြီးများ၊ ရေကန်တမျှကြီးသော ဇလားကြီးများနှင့် မရွေ့မပြောင်းနိုင်သည့် (လေးလံသော)အိုးကြီးများဖြစ်ကြ၏။ အို-ဒါဝတ်၏အဆက်အနွယ်တို့၊ (အလ္လာဟ်အား)ကျေးဇူးတင်ရှိလျက် (ကျေးဇူးတော်၏ဂုဏ်နှင့်လျော်ညီစွာ) လုပ်ဆောင်ကြကုန်။ ထို့ပြင် ငါအရှင်မြတ်၏အစေတော်လူသားများအနက်မှ (အမှန်စင်စစ်) ကျေးဇူးသိတတ်သောသူတို့သည် နည်းပါးလှ၏။

فَلَمَّا قَضَيْنَا عَلَيْهِ الْمَوْتَ مَا دَلَّهُمْ عَلٰى مَوْتِهٖٓ اِلَّا دَآبَّةُ الْاَرْضِ تَاْكُلُ مِنْسَاَتَهٗ ۚ فَلَمَّا خَرَّ تَبَيَّنَتِ الْجِنُّ اَنْ لَّوْ كَانُوْا يَعْلَمُوْنَ الْغَيْبَ مَا لَبِثُوْا فِي الْعَذَابِ الْمُهِيْنِ ﴿۱۴﴾

၁၄။ သို့ဖြစ်ရာ အကြင်အခါဝယ် ငါတို့က သူ့အပေါ် သေခြင်းကိုစီရင်ဆုံးဖြတ်လိုက်ပေရာ သူ၏သေခြင်းအား မြေပိုးတစ်ကောင် (ဆိုလိုသည်မှာ သူ၏မထိုက်တန်သော သား)မှတစ်ပါးမည်သူမျှ ထိုသည်ကိုမသိခဲ့ကြချေ။ ယင်းသည် သူ၏(အုပ်ချုပ်ရေး)တောင်ဝှေးကိုစားလျက်ရှိနေခဲ့ပေသည်။ တစ်ဖန် အကြင်အခါ ထို(အုပ်ချုပ်ရေးယန္တရား) ပျက်စီးသွားခဲ့ပေရာ 'ဂျင်န်' (တောင်ပေါ်သားမျိုးနွယ်)များအတွက် အကယ်၍ ယင်းတို့သည် အကွယ်ကိုသိခဲ့ကြပါလျှင် ဤနိမ့်ကျသည့် ပြစ်ဒဏ်၌ ရှိနေခဲ့ကြမည်မဟုတ်ဟူသည့်အကြောင်းရပ်သည် သူတို့အပေါ် ထင်ရှားသွားခဲ့ပေသည်။

لَقَدْ كَانَ لِسَبَاٍ فِيْ مَسْكَنِهِمْ اٰيَةٌ ۚ جَنَّتٰنِ عَنْ يَّمِيْنٍ وَّشِمَالٍ ؕ كُلُوْا مِنْ رِّزْقِ رَبِّكُمْ وَاشْكُرُوْا لَهٗ ؕ بَلْدَةٌ طَيِّبَةٌ وَّرَبٌّ غَفُوْرٌ ﴿۱۵﴾

၁၅။ ဧကန်စင်စစ်'ဆဘား'(မြို့နွယ်)အတွက်လည်း ၎င်းတို့၏နေထိုင်ရာတွင် ကြီးမားသော နိမိတ်လက္ခဏာတော်တစ်ရပ်ရှိခဲ့၏။ လက်ယာဘက်နှင့် လက်ဝဲဘက်တို့တွင် ဥယျာဉ်နှစ်ခုရှိခဲ့၏။ (အို-ဆဘားမျိုးနွယ်) မိမိတို့အား ဖန်ဆင်းမွေးမြူရှင်၏ 'ရိဇ်ဂ်'ရိက္ခာမှ စားသုံးကြလော့။ ထို့ပြင် အရှင်မြတ်အား ကျေးဇူးသိတတ်ကြကုန်လော့။ (ဆဘား၏ဗဟိုဌာန)သည် အလွန်ကောင်းမြတ်သော မြို့တစ်မြို့ဖြစ်ခဲ့ပေသည်။ ထို့ပြင်(ထိုမြို့၏) လွန်စွာ ခွင့်လွှတ်တော်မူသည့် ဖန်ဆင်းမွေးမြူတော်မူသော အရှင်တစ်ပါး ရှိခဲ့ပေသည်။

➤ 'ဂျင်န်'များအကြောင်း ဤတွင်ဖော်ပြထားပြီး ဤသည်ထက်အလျင် တမန်တော်'ဒါဝတ်'ﷺအကြောင်းဖော်ပြရာတွင်လည်း တင်ပြထားပေသည်။ ယင်းတို့သည် ပင်ပန်းကြီးစွာလုပ်ကိုင်ပေးကြသော တောင်ပေါ်သားလူမျိုးနွယ်များဖြစ်ကြပေသည်။ ဆက်လက်ဖော်ပြထားသည့်အာယတ်တော်၌ ၎င်းတို့သည် အလွန်မှခက်ခဲပင်ပန်းလှသောအလုပ်များကို လုပ်ဆောင်ပေးခဲ့ကြပေရာ သာမန်ယဉ်ကျေးသောလူမျိုးနွယ်များအဖို့ ထိုသို့လုပ်ဆောင်ရန်မဖြစ်နိုင်ပေ။ ယင်းကိုရှင်းလင်းလျက် ဦးစွာပထမ ကြီးမားသော ရဲတိုက်ကြီးများအကြောင်းကို ဖော်ပြထားပေသည်။ ထို့နောက် ရုပ်တုများ၊ ရေကန်နှင့်တူသောဇလားကြီးများ၊ ထို့ပြင် အလွန်မှ လေးလံကြီးမားး၍ မရွေ့မပြောင်းနိုင်သည့် အိုးကြီးများ၊ ထို့ပြင် တစ်နေရာမှတစ်နေရာသို့ ထပ်တလဲလဲရွှေ့ပြောင်းရန် မလွယ်ကူသော အိုးကြီးများတွင် 'ဆူလိုင်မန်'ﷺသခင်၏ ကြီးမားသောစစ်တပ်အတွက် အစားအသောက်များ စီစဉ်ခဲ့ဟန်ရှိပေသည်။

ဤကောင်းချီးဆုလာဘ်များကိုဖော်ပြပြီးနောက် တမန်တော်'ဒါဝတ်'ﷺကိုသာမက သခင်၏ အိမ်သူအိမ်သားများကိုလည်း ကျေးဇူးသိတတ်ကြရန် တိုက်တွန်းနှိုးဆော်ထားပေသည်။ ဆိုလိုသည်မှာ ကျေးဇူးသိတတ်သူများအဖြစ်ရှိနေသရွေ့ ဤကောင်းချီးဆုလာဘ်တော်များသည် ရုပ်သိမ်းခြင်းခံရမည်မဟုတ်ချေ။ ထို့နောက် တမန်တော်'ဆူလိုင်မန်'ﷺ၏သားတော်လက်ထက်တွင် ဤကောင်းချီးဆုလာဘ်တော်များပျောက်ကွယ်ခဲ့ရပေသည်။ အကြောင်းမူ သူတွင် နာမ်တရားအခြေအနေလည်းမရှိ၊ ထို့ပြင် အုပ်ချုပ်နိုင်သည့် အစွမ်းအစတစ်စုံတစ်ရာလည်းမရှိခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

فَاَعْرَضُوْا فَاَرْسَلْنَا عَلَيْهِمْ سَيْلَ الْعَرِمِ وَبَدَّلْنٰهُمْ بِجَنَّتَيْهِمْ جَنَّتَيْنِ ذَوَاتَيْ اُكُلٍ خَمْطٍ وَّاَثْلٍ وَّشَيْءٍ مِّنْ سِدْرٍ قَلِيْلٍ ﴿١٦﴾

၁၇။ ထို့နောက် ၎င်းတို့သည် လွှဲဖယ်သွားကြပေရာ ငါတို့သည် သူတို့အပေါ် ကျိုးပေါက်နေသောရေကာတာ၏ (လှိုင်းတံပိုးထသော) ရေလွှမ်းခြင်းကို စေလွှတ်တော်မူခဲ့၏။ ထို့ပြင် ငါတို့သည် ယင်းတို့အတွက် ထိုဥယျာဉ်နှစ်ခုကို အကြင်သို့သော ဥယျာဉ်နှစ်ခုအဖြစ် ပြောင်းလဲပစ်တော်မူခဲ့ပေသည်။ ၎င်းနှစ်ခုစလုံးတွင် အရသာဆိုးသည့် သစ်သီးပင်များ၊ ချုံပင်များနှင့် အချို့အနည်းငယ်မျှသော ဆီး(ဇီး)ပင်များရှိ၏။

ذٰلِكَ جَزَيْنٰهُمْ بِمَا كَفَرُوْا ۭ وَهَلْ نُجٰزِيْٓ اِلَّا الْكَفُوْرَ ﴿١٧﴾

၁၈။ ငါတို့သည် ယင်းတို့က ကျေးဇူးကန်းကြခြင်းကြောင့် ဤတုံ့ပြန်အစားပေးခြင်းကိုပေးတော်မူခဲ့ပေသည်။ထို့ပြင် ငါတို့သည် ကျေးဇူးကန်းလွန်းသူတို့မှတစ်ပါး အခြားတစ်ဦးဦးကို (ဤသို့)အစားပေးပါသလော။

وَجَعَلْنَا بَيْنَهُمْ وَبَيْنَ الْقُرَى الَّتِيْ بٰرَكْنَا فِيْهَا قُرًى ظَاهِرَةً وَّقَدَّرْنَا فِيْهَا السَّيْرَ ۭ سِيْرُوْا فِيْهَا لَيَالِيَ وَاَيَّامًا اٰمِنِيْنَ ﴿١٨﴾

၁၉။ ထို့ပြင် ငါတို့သည် ၎င်းတို့နှင့် ငါတို့က 'ဘာရ်ကတ်' ကောင်းချီးမင်္ဂလာ ချီးမြှင့်တော်မူခဲ့သည့် ထိုမြို့ရွာများအကြားတွင် ရှင်းလင်းစွာမြင်တွေ့ရသည့် မြို့ရွာများကို ပြုလုပ်တော်မူခဲ့ပေသည်။ ထို့ပြင် ၎င်းတို့၏အကြား၌ ငါတို့သည် (လွယ်ကူစွာ)သွားလာနိုင်ရန် ပြုလုပ်တော်မူခဲ့၏။ (ရည်ရွယ်တော်မူခဲ့သည်မှာ) ၎င်းတွင် အသင်တို့သည် ညဉ့်ရောနေ့ပါ ငြိမ်းချမ်းသည့်အခြေအနေ၌ သွားလာနိုင်ကြရန်ဖြစ်၏။

فَقَالُوْا رَبَّنَا بٰعِدْ بَيْنَ اَسْفَارِنَا وَظَلَمُوْٓا اَنْفُسَهُمْ فَجَعَلْنٰهُمْ اَحَادِيْثَ وَمَزَّقْنٰهُمْ كُلَّ مُمَزَّقٍ ۭ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّكُلِّ صَبَّارٍ شَكُوْرٍ ﴿١٩﴾

၂၀။ ထို့နောက် (၎င်းတို့သည် ကျေးဇူးကန်းခဲ့ကြသည့်အခါ) ယင်းတို့က ပြောဆိုကြသည်မှာ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးတို့၏ ခရီးအကွာအဝေးများအား ရှည်လျားစေတော်မူပါ။ ၎င်းတို့သည် မိမိတို့ကိုယ်တိုင်အပေါ် အမှားကျူးလွန်ခဲ့ကြ၏။ ထိုအခါ ငါတို့သည် ၎င်းတို့အား ပုံပြင်ဒဏ္ဍာရီအဖြစ် ပြုလုပ်တော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အား အပိုင်းပိုင်းပြုလုပ်တော်မူခဲ့၏။ စင်စစ် ယင်း၌ လွန်စွာသည်းခံတတ်ကြသူတိုင်း(နှင့်) လွန်စွာကျေးဇူးတရားသိတတ်ကြသူများအဖို့ နိမိတ်လက္ခဏာတော်များရှိပေသည်။

وَلَقَدْ صَدَّقَ عَلَيْهِمْ اِبْلِيْسُ ظَنَّهٗ فَاتَّبَعُوْهُ اِلَّا فَرِيْقًا مِّنَ الْمُؤْمِنِيْنَ ﴿٢٠﴾

၂၁။ စင်စစ် ၎င်းတို့နှင့်ဆန့်ကျင်၍ 'အီဘလီစ်'သည် မိမိ၏ထင်မြင်ယူဆချက်မှန်ကန်ကြောင်းကို ပြသခဲ့ပေသည်။ သို့ဖြစ်ရာ 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူများအနက် အုပ်စုတစ်စုမှတစ်ပါး ၎င်းတို့သည် သူ၏နောက်သို့လိုက်ခဲ့ကြပေသည်။

وَمَا كَانَ لَهٗ عَلَيْهِمْ مِّنْ سُلْطٰنٍ اِلَّا لِنَعْلَمَ مَنْ يُّؤْمِنُ بِالْاٰخِرَةِ مِمَّنْ هُوَ مِنْهَا فِيْ شَكٍّ ۭ وَرَبُّكَ عَلٰي كُلِّ شَيْءٍ حَفِيْظٌ ﴿٢١﴾ ع

၂၂။ ထို့ပြင် ၎င်းသည် သူတို့အပေါ် တစ်စုံတစ်ရာ အောင်နိုင်လွှမ်းမိုးခြင်းမရှိခဲ့ချေ။ သို့ရာတွင် ငါတို့သည် နောင်တမလွန်ကို သက်ဝင်ယုံကြည်သူများအား ယင်းနှင့်စပ်လျဉ်း၍ သံသယ၌ (နစ်မွန်း)နေသူများအပေါ် ထူးခြားစွာသိမြင်ရန် လိုလားတော်မူခဲ့ပေသည်။ ထို့ပြင် အသင်၏ဖန်ဆင်းမွေးမြူရှင်သည် အရာအားလုံးအပေါ် စောင့်ရှောက်သူဖြစ်တော်မူသတည်း။

ရှုကူး-၃

قُلِ ادْعُوا الَّذِيْنَ زَعَمْتُمْ مِّنْ دُوْنِ اللّٰهِ ۚ لَا يَمْلِكُوْنَ مِثْقَالَ ذَرَّةٍ فِي السَّمٰوٰتِ وَلَا فِي الْاَرْضِ وَمَا لَهُمْ فِيْهِمَا مِنْ شِرْكٍ وَّمَا لَهٗ مِنْهُمْ مِّنْ ظَهِيْرٍ ﴿۲۲﴾

၂၃။ အသင် ပြောကြားပါလေ။ အသင်တို့သည် အလ္လာဟ်မှ တစ်ပါး (တစ်စုံတစ်ရာ)ထင်မြင်ယူဆထားရာများကို ဟစ်ခေါ်ကြလေကုန်။ ၎င်းတို့သည်ကား မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင် တစ်စုံတစ်ရာကိုမြို့မှုန်မျှပင် စိုးပိုင်ကြသည်မဟုတ်ချေ။ ထို့ပြင် ယင်းနှစ်ခုတွင် ၎င်းတို့သည် တစ်စုံတစ်ရာ တွဲဖက်ပါဝင်ခြင်းမရှိကြချေ။ ထို့ပြင် ၎င်းတို့အနက် မည်သူမျှပင် ထို (အလ္လာဟ်)၏ကူညီရိုင်းပင်းသူများ မဟုတ်ကြချေ။

وَلَا تَنْفَعُ الشَّفَاعَةُ عِنْدَهٗٓ اِلَّا لِمَنْ اَذِنَ لَهٗ ۭ حَتّٰٓى اِذَا فُزِّعَ عَنْ قُلُوْبِهِمْ قَالُوْا مَاذَا ۙ قَالَ رَبُّكُمْ ۭ قَالُوا الْحَقَّ ۚ وَهُوَ الْعَلِيُّ الْكَبِيْرُ ﴿۲۳﴾

၂၄။ ထို့ပြင် အကြင်သူအတွက် (ကြားဝင်လျှောက်လဲရန်) အရှင်မြတ်က ခွင့်ပြုသည်မှလွဲ၍ အရှင်မြတ်၏ရှေ့တော်တွင် မည်သူ၏ ကြားဝင်လျှောက်လဲခြင်းမျှအသုံးဝင်လိမ့်မည်မဟုတ်ချေ။ နောက်ဆုံးတွင် ယင်းတို့၏နှလုံးသားများမှ ကြောက်ရွံ့မှုကို ကင်းဝေးအောင်ပြုလုပ်လိုက်မည့်အခါ ယင်းတို့သည် (မိမိတို့ကို ကြားဝင်လျှောက်လဲပေးသူများအား) မေးမြန်းကြမည်မှာ (ယခု) အသင်တို့၏ ဖန်ဆင်းမွေးမြူရှင်သည် မည်သည်ကို မိန့်ဆိုခဲ့ပါသနည်း။ ၎င်းတို့က ပြောဆိုကြသည်မှာ အမှန်ကို (မိန့်တော်မူခဲ့ပေသည်)။ စင်စစ် အရှင်မြတ်သည် အလွန်မြင့်မားထွတ်မြတ်တော်မူသောအရှင်၊ လွန်စွာကြီးမြတ်တော်မူသောအရှင် ဖြစ်တော်မူ၏။

قُلْ مَنْ يَّرْزُقُكُمْ مِّنَ السَّمٰوٰتِ وَالْاَرْضِ ۭ قُلِ اللّٰهُ ۙ وَاِنَّآ اَوْ اِيَّاكُمْ لَعَلٰى هُدًى اَوْ فِيْ ضَلٰلٍ مُّبِيْنٍ ﴿۲۴﴾

၂၅။ အသင်သည် (မယုံကြည်သူများအား)မေးမြန်းပါလေ။ မည်သူသည် အသင်တို့အား မိုးကောင်းကင်များနှင့် ကမ္ဘာမြေမှ 'ရီဇိုက်'ရိက္ခာကိုပေးပါသနည်း။ (ကိုယ်တိုင်ပင်လျှင်) ပြောလော့၊ အလ္လာဟ်ဖြစ်တော်မူ၏။ ထို့အပြင် (ဤသည်ကိုလည်း ပြောလော့) ဧကန်စင်စစ် ကျွန်ုပ်တို့ သို့မဟုတ် အသင်တို့သည် လမ်းမှန်ပေါ်တွင်ရှိကြသလော။ သို့တည်းမဟုတ် ပွင့်လင်းထင်ရှားသော လမ်းလွဲခြင်း၌ရှိကြသလော။

قُلْ لَّا تُسْـَٔـلُوْنَ عَمَّآ اَجْرَمْنَا وَلَا نُسْـَٔـلُ عَمَّا تَعْمَلُوْنَ ﴿۲۵﴾

၂၆။ အသင်ပြောကြားပါလေ။ အသင်တို့သည် ကျွန်ုပ်တို့ ပြုလုပ်ခဲ့သည့် အပြစ်များနှင့်စပ်လျဉ်း၍ မေးမြန်းခံရလိမ့်မည်မဟုတ်။ ထို့ပြင် ကျွန်ုပ်တို့သည်လည်း အသင်တို့ ပြုလုပ်ခဲ့သည်များနှင့်စပ်လျဉ်း၍ မေးမြန်းခံရမည်မဟုတ်ချေ။

قُلْ يَجْمَعُ بَيْنَنَا رَبُّنَا ثُمَّ يَفْتَحُ بَيْنَنَا بِالْحَقِّ ۭ وَهُوَ الْفَتَّاحُ الْعَلِيْمُ ﴿۲۶﴾

၂၇။ အသင်ပြောကြားပါလေ။ ကျွန်ုပ်တို့၏ ဖန်ဆင်းမွေးမြူရှင်သည် ကျွန်ုပ်တို့အား စုရုံးစေတော်မူပေအံ့။ ထို့နောက် ကျွန်ုပ်တို့၏အကြားတွင် မှန်ကန်စွာ စီရင်ဆုံးဖြတ်တော်မူပေအံ့။ စင်စစ် အရှင်မြတ်သည် အလွန်ပွင့်လင်းထင်ရှားစွာ စီရင်ဆုံးဖြတ်တော်မူသောအရှင်နှင့် ထာဝရအသိပညာရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

قُلْ اَرَءَيْتُمْ شُرَكَآءَكُمُ الَّذِيْنَ تَدْعُوْنَ مِنْ دُوْنِ اللّٰهِ ؕ اَرُوْنِيْ مَاذَا خَلَقُوْا مِنَ الْاَرْضِ اَمْ لَهُمْ شِرْكٌ فِي السَّمٰوٰتِ ۚ اَمْ اٰتَيْنٰهُمْ كِتٰبًا فَهُمْ عَلٰى بَيِّنَتٍ مِّنْهُ ۚ بَلْ اِنْ يَّعِدُ الظّٰلِمُوْنَ بَعْضُهُمْ بَعْضًا اِلَّا غُرُوْرًا ۝

၄၀။ အသင်ပြောကြားပါလေ။ အသင်တို့က 'ရှရီက်'အဖြစ် အရှင်မြတ်နှင့် ရောနှောလိုက်သည့်သူများအား ကျွန်ုပ်အား ပြသပါလေ။ ထိုသို့အလျင်းမဟုတ်ချေ။ စင်စစ်သော်ကား အရှင်မြတ်သည်ပင် 'အလ္လာဟ်'ဖြစ်တော်မူ၏။ အရှင်မြတ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَمَآ اَرْسَلْنٰكَ اِلَّا كَآفَّةً لِّلنَّاسِ بَشِيْرًا وَّنَذِيْرًا وَّلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ۝

၂၉။ ထို့ပြင် ငါတို့သည် အသင့်အားလူသားအားလုံးအတွက် သတင်းကောင်းပေးသူနှင့် သတိပေးနှိုးဆော်သူအဖြစ်ဖြင့်သာ စေလွှတ်တော်မူခဲ့၏။ သို့ရာတွင် များစွာသော လူသားတို့သည် မသိရှိကြချေ။

وَيَقُوْلُوْنَ مَتٰى هٰذَا الْوَعْدُ اِنْ كُنْتُمْ صٰدِقِيْنَ ۝

၃၀။ ထို့ပြင် ၎င်းတို့က ပြောဆိုကြသည်မှာ အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် ဤကတိတော်သည် မည်သည့်အခါ(ပြည့်စုံပါမည်)နည်း။

قُلْ لَّكُمْ مِّيْعَادُ يَوْمٍ لَّا تَسْتَاْخِرُوْنَ عَنْهُ سَاعَةً وَّلَا تَسْتَقْدِمُوْنَ ۝

၃၁။ အသင်ပြောကြားပါလေ။ အသင်တို့အတွက် (သတ်မှတ်ထားသော)နေ့တစ်နေ့၏ကတိတော်သည်ရှိ၏။ ၎င်းမှ အသင်တို့သည် တစ်စက္ကန့်မျှ နောက်သို့မဆုတ်နိုင်သကဲ့သို့ ရှေ့သို့လည်း တိုးနိုင်ကြမည်မဟုတ်ချေတည်း။

ရုကူး-၄

وَقَالَ الَّذِيْنَ كَفَرُوْا لَنْ نُّؤْمِنَ بِهٰذَا الْقُرْاٰنِ وَلَا بِالَّذِيْ بَيْنَ يَدَيْهِ ؕ وَلَوْ تَرٰٓى اِذِ الظّٰلِمُوْنَ مَوْقُوْفُوْنَ عِنْدَ رَبِّهِمْ ۖ يَرْجِعُ بَعْضُهُمْ اِلٰى بَعْضِ ِالْقَوْلَ ۚ يَقُوْلُ الَّذِيْنَ اسْتُضْعِفُوْا لِلَّذِيْنَ اسْتَكْبَرُوْا لَوْلَآ اَنْتُمْ لَكُنَّا مُؤْمِنِيْنَ ۝

၃၂။ ထို့ပြင် မယုံကြည်ခြင်းပယ်သူများက ပြောဆိုကြသည်မှာ ငါတို့သည် ဤကုရ်အာန်ကျမ်းအားလည်းကောင်း၊ ယင်း၏ရှေ့မှ ထို(ကြိုတင်နိမိတ်များ)အားလည်းကောင်း၊ အလျှင်းသင်္ဘင်ယုံကြည်ကြမည်မဟုတ်ချေ။ အကြင်အခါဝယ် အမှားကျူးလွန်ခဲ့ကြသော အကြင်သူတို့သည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ရှေ့တော်၌ မတ်တတ်ရပ်စေခြင်းခံကြရမည်ကို အသင်မြင်တွေ့နိုင်လျှင် ကောင်းပေစွ၊ ၎င်းတို့အနက် အချို့တို့သည် အခြားသူများဘက်သို့ စကားကိုလွှဲချလျက်ရှိနေကြမည်။ အားနည်းအောင်ပြုခြင်းခံရသူတို့က မာန်မာနထောင်လွှားသူများအား ပြောဆိုကြမည်မှာ အကယ်၍ အသင်တို့သာမရှိခဲ့ပါမူ ကျွန်ုပ်တို့သည် အမှန်ပင် 'မို့အ်မင်န်' သင်္ဘင်ယုံကြည်သူများဖြစ်ခဲ့ကြပေအံ့။

قَالَ الَّذِيْنَ اسْتَكْبَرُوْا لِلَّذِيْنَ اسْتُضْعِفُوْٓا اَنَحْنُ صَدَدْنٰكُمْ عَنِ الْهُدٰى بَعْدَ اِذْ جَآءَكُمْ بَلْ كُنْتُمْ مُّجْرِمِيْنَ ۝

၃၃။ မာန်မာနထောင်လွှားကြသောသူများက အင်အားနည်းအောင်ပြုခြင်းခံရသူများအား ပြောဆိုကြမည်မှာ- တရားလမ်းညွှန်မှုသည် အသင်တို့ထံ ရောက်ရှိလာခဲ့ပြီးသည့်နောက် ကျွန်ုပ်တို့သည် အသင်တို့အား ယင်းမှတားမြစ်ခဲ့ပါသလော။ ထိုသို့မဟုတ်မူ၍ အသင်တို့ကိုယ်တိုင်သည်ပင် ပြစ်မှုကျူးလွန်သူများ ဖြစ်ခဲ့ကြပေသည်။

وَقَالَ الَّذِيْنَ اسْتُضْعِفُوْا لِلَّذِيْنَ اسْتَكْبَرُوْا بَلْ مَكْرُ الَّيْلِ وَالنَّهَارِ اِذْ تَاْمُرُوْنَنَآ اَنْ نَّكْفُرَ بِاللّٰهِ وَنَجْعَلَ لَهٗٓ اَنْدَادًا ؕ وَاَسَرُّوا النَّدَامَةَ لَمَّا رَاَوُا الْعَذَابَ ؕ وَجَعَلْنَا الْاَغْلٰلَ فِيْٓ اَعْنَاقِ الَّذِيْنَ كَفَرُوْا ؕ هَلْ يُجْزَوْنَ اِلَّا مَا كَانُوْا يَعْمَلُوْنَ ۝

၃၄။ ထို့ပြင် အားနည်းအောင်ပြုခြင်းခံရသူများက မာန်မာန ထောင်လွှားကြသောသူများအား ပြောဆိုကြမည်မှာ ထိုသို့ မဟုတ်မူဘဲ ဤသည် ညဉ့်ရောနေ့ပါ ပြုလုပ်နေခဲ့သည့် လှည့်စားမှုတစ်ရပ်ပင် ဖြစ်ခဲ့ပေသည်။ အကြင်အခါဝယ် အသင်တို့သည် ကျွန်ုပ်တို့အား အလွှာဟ်ကိုငြင်းပယ်ရန်နှင့် ထိုအရှင်မြတ်၏ ယှဉ်တွဲကိုးကွယ်ရာများကိုပြုလုပ်ရန် ကျွန်ုပ်တို့အား အမိန့်ပေးခဲ့ကြပေသည်။ ထို့ပြင် အပြစ်ဒဏ်ကိုမြင်တွေ့ရသည့်အကြင်အခါဝယ် ၎င်းတို့သည် မိမိတို့၏ရှက်ကြောက်နောင်တရခြင်းကို ဖုံးကွယ်လျက်နေကြလိမ့်မည်။ ထို့ပြင် ငါတို့သည် မယုံကြည်ခြင်းပယ်သူတို့၏ လည်ပင်းများတွင် လည်ပတ်ကြိုးကိုတပ်ဆင်ပေအံ့။ အသို့နည်း၊ ယင်းတို့သည် ယင်းတို့ပြုလုပ်လေ့ရှိခဲ့သည့်အရာများမှလွဲ၍ တစ်စုံတစ်ရာကို အစားပေးခြင်းခံကြရမည်လော။

وَمَآ اَرْسَلْنَا فِيْ قَرْيَةٍ مِّنْ نَّذِيْرٍ اِلَّا قَالَ مُتْرَفُوْهَآ ۙ اِنَّا بِمَآ اُرْسِلْتُمْ بِهٖ كٰفِرُوْنَ ۝

၃၅။ ထို့ပြင် ငါတို့သည် မည်သည့်အခါတွင်မဆို မြို့ရွာတစ်ခုခုသို့ သတိပေးနှိုးဆော်သူတစ်ဦးဦးကို စေလွှတ်တော်မူသည့်အခါ ယင်းမှ ချမ်းသာကြွယ်ဝသူတို့က ပြောဆိုကြသည်မှာ အသင်တို့နှင့်အတူ ပေးပို့စေလွှတ်ခြင်းခံရသည့် သတင်းစကားကို ကျွန်ုပ်တို့ အပြင်းအထန် ငြင်းပယ်ကြသူများဖြစ်ကြ၏။

وَقَالُوْا نَحْنُ اَكْثَرُ اَمْوَالًا وَّاَوْلَادًا ۙ وَّمَا نَحْنُ بِمُعَذَّبِيْنَ ۝

၃၆။ ထို့ပြင် ၎င်းတို့ကပြောကြသည်မှာ ငါတို့သည် ဓနဥစ္စာနှင့် သားသမီးများတွင် အလွန်များပြားကြပေသည်။ ထို့ပြင် ငါတို့သည် ပြစ်ဒဏ်ပေးခြင်းကိုလည်း ခံကြရမည်မဟုတ်ချေ။

قُلْ اِنَّ رَبِّيْ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ وَيَقْدِرُ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ۝

၃၇။ အသင်ပြောကြားပါလေ။ ဧကန်စင်စစ် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူအတွက် 'ရိဇ်ကီ'ရိကွာကို ကျယ်ပြောစေတော်မူ၏။ ထို့ပြင် ကျဉ်းမြောင်းစေတော်မူသည်လည်းရှိ၏။ သို့ရာတွင် များစွာသောသူတို့မှာ မသိရှိကြချေတည်း။

وَمَآ اَمْوَالُكُمْ وَلَآ اَوْلَادُكُمْ بِالَّتِيْ تُقَرِّبُكُمْ عِنْدَنَا زُلْفٰٓى اِلَّا مَنْ اٰمَنَ وَعَمِلَ صَالِحًا ۪ فَاُولٰٓئِكَ لَهُمْ جَزَآءُ الضِّعْفِ بِمَا عَمِلُوْا وَهُمْ فِي الْغُرُفٰتِ اٰمِنُوْنَ ۝

ရှုကူး-၅

၃၈။ ထို့ပြင် အသင်တို့၏ဓနဥစ္စာများနှင့် အသင်တို့၏ သားသမီးများသည် အသင်တို့အား ငါတို့၏အထံတော်တွင် နီးစပ်သည့် အဆင့်အတန်းသို့ဆောင်ယူလာမည့်အရာမျိုး မဟုတ်ချေ။ သို့ရာတွင် အကြင်သူသည် 'အီမာန်'သက်ဝင်ယုံကြည်လျက် ကောင်းမြတ်သောအကျင့်သီလများကို ကျင့်သုံးဆောက်တည်ပါမူ ဤသူများသည်သာလျှင် အကြင်သူများဖြစ်ကြပြီး ၎င်းတို့ပြုကျင့်ခဲ့သည့် အကျင့်သီလ၏ အတုံ့အလှယ်အဖြစ် ဆုလာဘ်နှစ်ဆကို ပေးခြင်းခံကြရပေအံ့။ ထို့ပြင် ၎င်းတို့သည် ဘုံမြင့်ဆောင်များတွင် ငြိမ်းချမ်းသာယာစွာ နေထိုင်ကြရမည့်သူများ ဖြစ်ကြပေသည်။

وَالَّذِيْنَ يَسْعَوْنَ فِيْٓ اٰيٰتِنَا مُعٰجِزِيْنَ اُولٰٓئِكَ فِي الْعَذَابِ مُحْضَرُوْنَ ۝

၃၉။ ထို့ပြင် ငါတို့၏ အာယတ်တော်များကို မစွမ်းဆောင်နိုင်အောင်ကြိုးစားလျက် ပြေးလွှားလှုပ်ရှားကြကုန်၏။ ဤသူများသည်သာလျှင် အပြစ်ဒဏ်၌ တင်ဆက်ခြင်းခံရမည့်သူများ ဖြစ်ကြ၏။

قُلْ اِنَّ رَبِّيْ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ مِنْ عِبَادِهٖ وَيَقْدِرُ لَهٗ ۭ وَمَآ اَنْفَقْتُمْ مِّنْ شَيْءٍ فَهُوَ يُخْلِفُهٗ ۚ وَهُوَ خَيْرُ الرّٰزِقِيْنَ ۝

၃၀။ အသင်ပြောကြားပါလေ။ စင်စစ်ကောန် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် မိမိ၏အစေတော်များအနက် အလိုရှိတော်မူသောသူအတွက် 'ရိဇ်ခ်' ရိက္ခာကို ကျယ်ပြောစေတော်မူ၏။ ထို့ပြင် (တစ်ခါတစ်ရံ) သူ့အတွက် (ရိက္ခာကို) ကျဉ်းမြောင်းစေသည်လည်းရှိ၏။ ထို့ပြင် အသင်တို့သည် မည်သည့်အရာကို စွန့်ကြဲသုံးစွဲသည်ဖြစ်စေ၊ အရှင်မြတ်သည် ယင်းအား တုံ့ပြန်၍ပေးတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် ရိက္ခာပေးသူတို့တွင် အကောင်းဆုံးဖြစ်တော်မူ၏။

وَيَوْمَ يَحْشُرُهُمْ جَمِيْعًا ثُمَّ يَقُوْلُ لِلْمَلٰۗىِٕكَةِ اَهٰٓؤُلَاۗءِ اِيَّاكُمْ كَانُوْا يَعْبُدُوْنَ ۝

၄၁။ ထို့ပြင် အကြင်နေ့တော်ကြီးတွင် အရှင်မြတ်သည် ၎င်းတို့အားလုံးကို စုရုံးစေတော်မူပေအံ့။ တစ်ဖန် ကောင်းကင်တမန်များအား မိန့်ဆိုတော်မူမည်မှာ ဤသူများသည် အသင်တို့အား ဝတ်ပြုကိုးကွယ်ခဲ့ကြပေသလော။

قَالُوْا سُبْحٰنَكَ اَنْتَ وَلِيُّنَا مِنْ دُوْنِهِمْ ۚ بَلْ كَانُوْا يَعْبُدُوْنَ الْجِنَّ ۚ اَكْثَرُهُمْ بِهِمْ مُّؤْمِنُوْنَ ۝

၄၂။ ၎င်းတို့က ပြောဆိုကြမည်မှာ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ယင်းတို့အစား အရှင်မြတ်သာလျှင် ကျွန်တော်မျိုးတို့၏ အဆွေခင်ပွန်းဖြစ်ပါ၏။ စင်စစ်သော်ကား ယင်းတို့သည် 'ဂျင်န်'များအား ဝတ်ပြုကိုးကွယ်ခဲ့ကြပါသည်။ ထို့ပြင် ယင်းတို့အနက် များစွာတို့သည် ၎င်းတို့အားသာလျှင် သက်ဝင်ယုံကြည်သူများဖြစ်ခဲ့ကြပါသည်။ ۝၁

فَالْيَوْمَ لَا يَمْلِكُ بَعْضُكُمْ لِبَعْضٍ نَّفْعًا وَّلَا ضَرًّا ۭ وَنَقُوْلُ لِلَّذِيْنَ ظَلَمُوْا ذُوْقُوْا عَذَابَ النَّارِ الَّتِيْ كُنْتُمْ بِهَا تُكَذِّبُوْنَ ۝

၄၃။ သို့ဖြစ်ရာ ယနေ့တွင် အသင်တို့အနက်မည်သူမျှ အခြားသူများအတွက် တစ်စုံတစ်ရာအကျိုးကျေးဇူးကိုသော်လည်းကောင်း၊ ဆုံးရှုံးမှုကိုသော်လည်းကောင်း စိုးပိုင်ကြမည်မဟုတ်ချေ။ ထို့ပြင် အမှားကျူးလွန်ကြသော အကြင်သူများအား ငါတို့က မိန့်တော်မူမည်မှာ အသင်တို့ မုသားဟု စွပ်စွဲလေ့ရှိခဲ့ကြသည့် ထိုမီး၏ပြစ်ဒဏ်ကို မြည်းစမ်းကြကုန်လော့။

وَاِذَا تُتْلٰى عَلَيْهِمْ اٰيٰتُنَا بَيِّنٰتٍ قَالُوْا مَا هٰذَآ اِلَّا رَجُلٌ يُّرِيْدُ اَنْ يَّصُدَّكُمْ عَمَّا كَانَ يَعْبُدُ اٰبَاۗؤُكُمْ ۚ وَقَالُوْا مَا هٰذَآ اِلَّآ

၄၄။ ထို့ပြင် အကြင်အခါဝယ် ၎င်းတို့အား ငါတို့၏ ပွင့်လင်းထင်ရှားသော အာယတ်တော်များကို ဖတ်ရွတ်ပြသောအခါ ၎င်းတို့ကပြောဆိုကြသည်မှာ ဤသူသည် သာမန်လူတစ်ဦးသာဖြစ်၏။ သူသည် အသင်တို့အား အသင်တို့၏ အဘဘိုး

၁ အာယတ်တော်(၄၁-၄၂)တို့တွင် မိမိတို့၏ခေါင်းဆောင်များကို လက်တွေ့ကျကျ ဘုရားသဖွယ်ပြုလုပ်ခဲ့ကြသည့် 'မူရှရိက်'များအကြောင်းကိုဖော်ပြထားပေသည်။ ဤတွင် 'ဂျင်န်'ဟူသည် ခေါင်းဆောင်ကိုသာ ဆိုလိုခြင်းဖြစ်ပေသည်။ 'မူရှရိက်'များက မိမိတို့ခဝပ်ကိုးကွယ်သည့် အချို့သောကောင်းကင်တမန်များ၏ အမည်များကိုလည်းတင်ပြကြပေသည်။ ဤသည် ကောင်းကင်တမန်များအပေါ် မတရားယိုးစွပ်ခြင်းမျှသာဖြစ်ပြီး 'ကေယာမတ်'နေ့တော်ကြီးတွင် ယင်းမှမိမိတို့ကင်းလွတ်ကြောင်းကို ကောင်းကင်တမန်များက ဖော်ထုတ်ပြောဆိုကြပေမည်။

اِفْكٌ مُّفْتَرًى ؕ وَقَالَ الَّذِيْنَ كَفَرُوْا لِلْحَقِّ لَمَّا جَآءَهُمْ ۙ اِنْ هٰذَآ اِلَّا سِحْرٌ مُّبِيْنٌ ۝

ဘေးများ ဝတ်ပြုကိုးကွယ်လေ့ရှိခဲ့သည့်အရာများမှ တားမြစ်လိုပေသည်။ ထို့ပြင် ၎င်းတို့က ပြောဆိုကြသည်မှာ ဤသည်ကား လီဆယ်ဖန်တီးထားသည့် လိမ်လည်မှုတစ်ခုမှလွဲ၍ အခြားဘာမျှမဟုတ်ခေျ။ ထို့ပြင် အမှန်တရားကို ငြင်းပယ်ကြသော သူတို့သည် ၎င်းတို့ထံ ထိုအရာရောက်ရှိလာသည့်အခါ ဤသည်ကား ပွင့်လင်းထင်ရှားသည့်မှော်အတတ်မှတစ်ပါး အခြားဘာမျှမဟုတ်ဟု ပြောဆိုကြပေသည်။

وَمَآ اٰتَيْنٰهُمْ مِّنْ كُتُبٍ يَّدْرُسُوْنَهَا وَمَآ اَرْسَلْنَآ اِلَيْهِمْ قَبْلَكَ مِنْ نَّذِيْرٍ ۝

၄၅။ ထို့ပြင် ငါတို့သည် သူတို့အား သူတို့ဖတ်ရှုပြီး ယင်းမှသွန်သင်ဆုံးမမှုကိုပြုကြသည့် ကျမ်းစာတစ်ခုကိုမျှ မပေးခဲ့ခေျ။ ထို့ပြင် ငါတို့သည် သူတို့ထံသို့ အသင်၏အလျင်က မည်သည့်သတိပေးနှိုးဆော်သူကိုမျှလည်း စေလွှတ်တော်မမူခဲ့ခေျ။

وَكَذَّبَ الَّذِيْنَ مِنْ قَبْلِهِمْ ۙ وَمَا بَلَغُوْا مِعْشَارَ مَآ اٰتَيْنٰهُمْ فَكَذَّبُوْا رُسُلِىْ ۫ فَكَيْفَ كَانَ نَكِيْرِ ۝ ع

၄၆။ ထို့ပြင် ၎င်းတို့အလျင်ရှိခဲ့ကြသူများသည်လည်း စွပ်စွဲငြင်းပယ်ခဲ့ကြပေသည်။ ဤသူများသည် ငါတို့က ၎င်းတို့အားပေးခဲ့သည်များ၏ ဆယ်ပုံတစ်ပုံမျှကိုပင် မရောက်ခဲ့ကြခေျ။ သို့ဖြစ်ရာ ၎င်းတို့သည် (မည်သည့်အခါမဆို) ငါ၏တမန်တော်များကို မုသားဟုစွပ်စွဲသောအခါ ငါအရှင်မြတ်၏ ဖမ်းဆီးတော်မူခြင်းသည် အဘယ်မျှလောက်(ပြင်းထန်)ခဲ့ပေသနည်း။

ရုကူး-၆

قُلْ اِنَّمَآ اَعِظُكُمْ بِوَاحِدَةٍ ۚ اَنْ تَقُوْمُوْا لِلّٰهِ مَثْنٰى وَفُرَادٰى ثُمَّ تَتَفَكَّرُوْا ۗ مَا بِصَاحِبِكُمْ مِّنْ جِنَّةٍ ۭ اِنْ هُوَ اِلَّا نَذِيْرٌ لَّكُمْ بَيْنَ يَدَىْ عَذَابٍ شَدِيْدٍ ۝

၄၇။ အသင်ပြောကြားပါလေ။ကျွန်ုပ်သည်ကား အသင်တို့အားအကြောင်းကိစ္စတစ်ရပ်ကိုသာလျှင် သွန်သင်ဆုံးမလိုပေသည်။ ယင်းမှာ အသင်တို့သည် နှစ်ဦးစီဖြစ်စေ၊ တစ်ဦးချင်းစီဖြစ်စေ၊ အလွှာဟ်အတွက်ရပ်ကြလေကုန်။ တစ်ဖန် ကောင်းစွာ စဉ်းစားသုံးသပ်ကြကုန်။ အသင်တို့၏အပေါင်းအဖော်တွင် မည်သို့သောစိတ်ဝေဒနာမျှမရှိ၊ သူသည်ကား လွန်စွာပြင်းထန်သောပြစ်ဒဏ်တစ်ရပ်မကျရောက်မီ အသင်တို့အား သတိပေးနှိုးဆော်သူ(အဖြစ်ဖြင့် လာရောက်ခဲ့သည်)ဖြစ်၏။

قُلْ مَا سَاَلْتُكُمْ مِّنْ اَجْرٍ فَهُوَ لَكُمْ ۭ اِنْ اَجْرِىَ اِلَّا عَلَى اللّٰهِ ۚ وَهُوَ عَلٰى كُلِّ شَىْءٍ شَهِيْدٌ ۝

၄၈။ အသင်ပြောကြားပါလေ။ မည်သည့်တုံ့ပြန်မှုကိုမဆိုကျွန်ုပ်သည် အသင်တို့ထံမှ တောင်းခံပါလျှင် ယင်းသည် အသင်တို့အတွက်သာဖြစ်ပေသည်။ ကျွန်ုပ်အားအစားပေးခြင်းသည် အလွှာဟ်မှတစ်ပါး အခြားမည်သူ့အပေါ်တွင်မျှမရှိခေျ။ ထို့ပြင် အရှင်မြတ်သည်အရာအားလုံးအပေါ်သက်သေဖြစ်တော်မူ၏။

قُلْ اِنَّ رَبِّىْ يَقْذِفُ بِالْحَقِّ ۚ عَلَّامُ الْغُيُوْبِ ۝

၄၉။ အသင်ပြောကြားပါလေ။ စင်စစ်ဧကန် ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အမှန်တရားဖြင့် (မှားယွင်းမှုအပေါ်) ရိုက်နှက်တော်မူပေသည်။ (အရှင်မြတ်သည်) အကွယ်၌ရှိသည့်အရာများကို လွန်စွာ သိတော်မူသောအရှင်ဖြစ်တော်မူ၏။

قُلْ جَآءَ الْحَقُّ وَمَا يُبْدِئُ الْبَاطِلُ وَمَا يُعِيْدُ ﴿٤٩﴾

၄၉။ အသင်ပြောကြားပါလေ။ အမှန်တရားရောက်လာခဲ့ချေပြီ။ စင်စစ် 'အမှား'သည် (တစ်စုံတစ်ရာကို) အစမပြုနိုင်သည့်အပြင်(ယင်းအား)တစ်ဖန် ပြန်လည်၍လည်း မပြုလုပ်နိုင်ချေ။

قُلْ اِنْ ضَلَلْتُ فَاِنَّمَآ اَضِلُّ عَلٰى نَفْسِىْ ۚ وَاِنِ اهْتَدَيْتُ فَبِمَا يُوْحِىْٓ اِلَىَّ رَبِّىْ ۗ اِنَّهٗ سَمِيْعٌ قَرِيْبٌ ﴿٥٠﴾

၅၀။ အသင်ပြောကြားပါလေ။ အကယ်၍ ကျွန်ုပ်သည် လမ်းလွဲသွားပါလျှင် ကျွန်ုပ်သည် မိမိကိုယ်တိုင်၏ အသက်ဝိညာဉ်(၏အကျိုးကျေးဇူး)နှင့်ဆန့်ကျင်၍ လမ်းလွဲပေမည်။ ထို့ပြင် အကယ်၍ ကျွန်ုပ်သည် 'ဟေဒါယတ်'လမ်းမှန်ကို ရရှိသွားပါမူ(ဤသို့ဖြစ်ရခြင်းမှာ)ကျွန်ုပ်အားဖန်ဆင်းမွေးမြူရှင်သည် ကျွန်ုပ်ဘက်သို့ 'ဝဟီ'ဗျာဒိတ်ပေးခြင်းကြောင့်သာလျှင်(ဖြစ်၏)။စင်စစ် ဧကန် အရှင်မြတ်သည် လွန်စွာကြားတော်မူသောအရှင်၊ နီးကပ်စွာရှိနေတော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَوْ تَرٰٓى اِذْ فَزِعُوْا فَلَا فَوْتَ وَاُخِذُوْا مِنْ مَّكَانٍ قَرِيْبٍ ﴿٥١﴾

၅၁။ ထို့ပြင် အသင်ကြည့်မြင်နိုင်လျှင် ကောင်းပေစွ၊ အကြင်အခါ၀ယ် ယင်းတို့သည် ပြင်းထန်သောကြောက်ရွံ့မှုကို ခံစားကြရပေလိမ့်မည်။ ထို့ပြင် (ယင်းမှ)ကင်းဝေးရန်မှာ မည်သို့မျှဖြစ်နိုင်မည်မဟုတ်ချေ။ စင်စစ် ၎င်းတို့သည် နီးကပ်သော နေရာမှ(ဆိုလိုသည်မှာ လျင်မြန်စွာ)ဖမ်းဆီးခြင်းကိုခံကြရပေအံ့။

وَّقَالُوْٓا اٰمَنَّا بِهٖ ۚ وَاَنّٰى لَهُمُ التَّنَاوُشُ مِنْ مَّكَانٍ بَعِيْدٍ ﴿٥٢﴾

၅၂။ ထို့ပြင် ၎င်းတို့က ကျွန်ုပ်တို့သည် ယင်းအား သက်ဝင်ယုံကြည်ကြပါသည်ဟု ဆိုကြပေအံ့။ ထို့ပြင် ဝေးကွာသော တစ်နေရာမှ ၎င်းတို့က (ယုံကြည်ခြင်းကို) ဖမ်းကိုင်ရန်မှာ အဘယ်သို့ ဖြစ်နိုင်ပါအံ့နည်း။

وَقَدْ كَفَرُوْا بِهٖ مِنْ قَبْلُ ۚ وَيَقْذِفُوْنَ بِالْغَيْبِ مِنْ مَّكَانٍ بَعِيْدٍ ﴿٥٣﴾

၅၃။ အမှန်သော်ကား ထိုသူတို့သည် ဤသည့်အလျင်ကပင် ယင်းကိုငြင်းပယ်ခဲ့ကြပြီးဖြစ်သည်။ ထို့ပြင် သူတို့သည် ဝေးကွာသည့်တစ်နေရာမှ အကွယ်တွင် ရော်ရမ်းမှန်းဆခြင်း၏မြားကိုပစ်ကြပေအံ့။

وَحِيْلَ بَيْنَهُمْ وَبَيْنَ مَا يَشْتَهُوْنَ كَمَا فُعِلَ بِاَشْيَاعِهِمْ مِّنْ قَبْلُ ۗ اِنَّهُمْ كَانُوْا فِىْ شَكٍّ مُّرِيْبٍ ﴿٥٤﴾

၅၄။ ထို့ပြင် သူတို့နှင့် သူတို့ လိုလားသောအရာများအကြားတွင် သူတို့အလျင်က သူတို့ကဲ့သို့ စရိုက်တူသူများအား ပြုမူခဲ့သကဲ့သို့ အတားအဆီးတစ်ခုကို ထည့်သွင်းတော်မူပေအံ့။ စင်စစ် ထိုသူတို့သည် အမြဲထာဝစဉ် မငြိမ်းချမ်းမှုဖြစ်စေသော သံသယတစ်ရပ်တွင် နစ်မွန်းနေကြရပေသတည်း။

❖ ❖ ❖

၃၅။ ဖာတွိ်ရ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠ် တော်ပေါင်း(၄၆)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်ကိုလည်း ရှေ့ဆူရာဟ်(၃၄)မှာကဲ့သို့ပင် 'အလ်ဟမ်ဒ်'ဖြင့်အစပြုထားသည်။ ပြီးခဲ့ သောဆူရာဟ်တော်တွင် ကမ္ဘာမြေနှင့် မိုးကောင်းကင်အား အလ္လာဟ်အရှင်မြတ် စိုးမိုးအုပ်ချုပ်တော် မူခြင်းနှင့် စကြဝဠာကြီးတစ်ခုလုံးသည် သဘာဝအခြေအနေအရ အလ္လာဟ်အရှင်မြတ်အား ခီးမွမ်း ထောမနာပြုခြင်း၌ နစ်မြောလျက်ရှိနေကြောင်း ဖော်ပြထားပေသည်။ ဤဆူရာဟ်တွင် အလ္လာဟ်အရှင် မြတ်သည် ကမ္ဘာမြေနှင့် မိုးကောင်းကင်အား စတင်ဖန်ဆင်းတော်မူသောအရှင်ဖြစ်ပေရာ ယင်းအတွက် ခီးမွမ်းထောမနာခြင်းဘက်သို့ အာရုံစိုက်ရန် မိန့်ကြားထားပေသည်။ အကြောင်းမူ ကမ္ဘာမြေနှင့် မိုးကောင်းကင်ကို စတင်ဖန်ဆင်းတော်မူခြင်းသည် ရည်ရွယ်ချက်မဲ့မဖြစ်နိုင်သောကြောင့်ပင်ဖြစ်၏။ ထို့ပြင် ကမ္ဘာမြေနှင့် မိုးကောင်းကင်မတည်ရှိမီအလျင်ကပင်ရှိနေတော်မူသော ဖန်ဆင်းမွေးမြူရှင်၏ 'ရာဟ်မာနီယတ်'ဂုဏ်တော်ဘက်သို့လည်း ရည်ညွှန်းလျက်ရှိနေပေသည်။

အာယတ်တော်(၂)တွင် တောင်ပံနှစ်ခုစီ၊ သုံးခုစီ၊ လေးခုစီရှိသော ကောင်းကင်တမန်များ အကြောင်းဖော်ပြထားပေသည်။ ဤတွင် ကောင်းကင်တမန်များ၌ ရုပ်ဝတ္ထုအနေဖြင့် တောင်ပံများရှိသည် ဟူ၍ ဆိုလိုခြင်းမဟုတ်ပေ။ ဒြပ်ဝတ္ထုများ၏ အခြေခံကျသော Atom (အဏုမြူ) ပေါင်းစည်းကိန်းဖြစ်သည့် Valency လေးခုကို ဖော်ပြထားခြင်းဖြစ်ပြီး ယင်းအားဖြင့် အလုံးစုံသော ဒြပ်များ၏ ထိတွေ့ပေါင်းစပ်ခြင်း (ဓာတ်ပြုမှု)ဖြစ်လာရပေသည်။ အထူးသဖြင့် ဖန်ဆင်းရှင်ထာဝရဘုရားကို ယုံကြည်လက်ခံကြသော သိပ္ပံပညာရှင်တို့သည် ယင်းအချက်ကို ဂရုပြုကြပေသည်။ သိပ္ပံပညာရှင်တို့က 'ကာဗွန်'(Carbon)၏ (Valency)လေးခုနှင့် အခြားသော ဒြပ်တို့၏ဓာတ်ပြုမှုရလဒ်အဖြစ် 'ဇီဝ'အသက် ဖြစ်တည်လာသည်ဟု လက်ခံကြပေသည်။ ယင်းကို သိပ္ပံပညာရှင်များက (Carbon Based Life) 'ကာဗွန်အခြေပြု ဇီဝ အသက်'ဟု ခေါ်ဆိုကြပေသည်။ ကျမ်းမြတ်ကုရ်အာန်၏ ဤအာယတ်တော်တွင် ဤသည်ထက်ပိုမိုသော တောင်ပံများရှိသည့် ကောင်းကင်တမန်များလည်းရှိကြကြောင်း၊ ယင်းကို အသင်တို့သည် ယခုအချိန် တိုင်အောင် မသိရှိသေးကြောင်း၊ ယင်းတို့၏ အကျိုးသက်ရောက်မှုအောက်တွင် အလွန်ကြီးမားကျယ်ပြန့် လှသော ဒြပ်ဝတ္ထုများပြောင်းလဲခြင်း ဖြစ်ပေါ်လာလိမ့်မည်ဖြစ်ကြောင်း၊ ယင်းကို လူသားသည် ယခုအခါ စဉ်းစားတွေးတောနိုင်ခြင်းမရှိသေးကြောင်း ဖော်ပြထားပေသည်။

ဤဆူရာဟ်တွင် တစ်ဖန်ထပ်မံ၍ ရေငန်နှင့်ရေချိုရှိသည့် ပင်လယ်နှစ်ခုအကြောင်းကို ဖော်ပြ ထားပေသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ အံ့ဖွယ်ဖန်ဆင်းတော်မူခြင်းမှာကား ရေငန်၌ကြီးထွား ဖွံ့ဖြိုးလာသော ရေသတ္တဝါများ၏အသားသည်လည်းချိုပြီး ရေချို၌ကြီးထွားဖွံ့ဖြိုးသော သတ္တဝါများ၏ အသားသည်လည်း ချိုပေသည်။ ရေငန်ကိုအဆက်မပြတ် သောက်သုံးသောငါးများ၏အသားသည် ရေငန်၏အကျိုးသက်ရောက်မှုမှ မည်သို့ လုံးလုံးလျားလျား လွတ်မြောက်ခဲ့ရပါသနည်း။

ထိုသည့်နောက်တွင် အာယတ်တော်(၁၇၊ ၁၈)လာရှိပြီး ယင်း၌လူသားမျိုးနွယ်များအား သတိပေးနှိုးဆော်ထားသည်မှာ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာ တော်များအား ကျေးဇူးသိတတ်ခြင်းမရှိ၊ ယင်းကျေးဇူးတော်ကို ငြင်းပယ်မှု၌ စွဲမြဲနေပါလျှင် အကယ်၍

အလွာဟ်အရှင်မြတ်အလိုရှိတော်မူလျှင် အသင်တို့အား ကမ္ဘာမြေ၌ပပျောက်သွားအောင် ပြုလုပ်တော်မူပြီး အသင်တို့၏နေရာတွင် အခြားသော ဖန်ဆင်းခံကို ဆောင်ယူလာနိုင်တော်မူပေသည်။ ထို့ပြင် အလွာဟ် အရှင်မြတ်၏ ကြီးမားသော ဘုန်းတန်ခိုးတော်အရ ဤသို့ပြုလုပ်ရန် နီးစပ်ပေသည်။

ထို့နောက်တစ်ဖန် လူသားအားနှိုးဆော်ထားသည်မှာ ကမ္ဘာမြေရှိ 'ဘဝ'အသက်၏ ပုံစံအားလုံးတို့သည် ကောင်းကင်မှရွာသွန်းသော မိုးရေအားဖြင့် အကျိုးရယူခံစားကြပြီး ထိုရေအားဖြင့် အမျိုးမျိုး သောသစ်သီးဝလံများ ပေါက်ရောက်လာပေသည်။ ၎င်းတို့၏ အရောင်များသည် သီးခြားစီဖြစ်ပေသည်။ ဤသို့အသွေးအရောင်ကွဲပြားခြားနားမှုသည် ထိုအကြောင်းအရာဘက်သို့ ရည်ညွှန်းနေပေသည်။ မြေတစ်မျိုးတည်းဖြင့် ပေါက်ရောက်သီးပွင့်လာသော သစ်သီးဝလံတို့၏အရောင်အမျိုးမျိုးကို အသင်တို့ မြင်တွေ့ကြရပေသည်။ ထို့အတူ အကယ်စင်စစ် လူသားသည် 'အာဒမ်'တစ်ဦးတည်း၏ သားသမီးများ ဖြစ်သော်လည်း ၎င်းတို့၏အရောင်အသွေးသည် အမျိုးမျိုးဖြစ်ကြပြီး ဘာသာစကားသည်လည်း အမျိုးမျိုး ဖြစ်ကြပေသည်။ အမှန်သော်ကား ဘာသာစကားများသည်လည်း တစ်ခုတည်းသော ဘာသာစကားမှ ပေါ်ထွက်လာခြင်းဖြစ်ပြီး အလွာဟ်အရှင်မြတ်က 'အီရ်ဖာန်' ဉာဏ်စဉ်ကို ပေးသနားတော်မူခြင်းခံရသော သူတို့၏ကြည့်ခြင်းမှအပ ယခုအခါ ၎င်းတို့၏အကြားတွင် မည်သည့်တူညီမှုကိုမျှမတွေ့ရတော့ချေ။

၎င်းတို့က အလွာဟ်၏ 'ရှရီက်'ယှဉ်တွဲရာအဖြစ် ပြုလုပ်ခံရသည်များသည် ကမ္ဘာမြေ၌ ဖန်ဆင်းခြင်းခံရသောအရာများနှင့် ဆက်နွယ်လျက်ပြောရပါမူ ၎င်းတို့သည် အရှင်မြတ်၏ ယှဉ်တွဲရာ 'ရှရီက်'များဟူ၍ မည်သို့မျှမဆိုနိုင်ချေ။ သို့ဖြစ်ရာ ၎င်းတို့ လုံးဝမသိသော မိုးကောင်းကင်များနှင့်စပ်လျဉ်းသော ထိုအရာများကို အလွာဟ်၏'ရှရီက်'ယှဉ်တွဲရာများအဖြစ် ယူဆကြပါသလော။

ထိုသည့်နောက်တွင် လူသားမျိုးနွယ်များအား သတိပေးနှိုးဆော်ထားသည်မှာ ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့သည် မိမိတို့ဘာသာ မိမိတို့၏အဝန်းအဝိုင်းအတွင်း၌ တည်ရှိနေကြသည်မဟုတ်မူဘဲ အကယ်၍ အလွာဟ်အရှင်မြတ်၏ 'တက္ကဒီရ်'တော် စီရင်ချက်၏လက်တော်က ၎င်းတို့ကို အဆက်မပြတ် ထိန်းသိမ်းဖေးမထားခြင်းမရှိပါလျှင်၊ အကယ်၍ ၎င်းတို့သည် တစ်ကြိမ်တစ်ခါမျှ မိမိတို့အဝန်းအဝိုင်း အတွင်းမှလွဲချော်ထွက်သွားခဲ့ပါလျှင် ကမ္ဘာမြေနှင့် မိုးကောင်းကင်တွင် 'ကေယာမတ်'(ကြီးကျယ်သော ပျက်စီးမှု) ဆိုက်ရောက်လာမည်ဖြစ်ပြီး ထိုသည့်နောက်တွင် ကောင်းကင်နက္ခတ်တို့သည် ထပ်မံ၍တစ်ကြိမ် မိမိတို့၏ မည်သည့် အဝန်းအဝိုင်းတွင်မျှ တည်တံ့နိုင်ကြတော့မည်မဟုတ်ချေတည်း။

♦ ♦ ♦

ဆူရာဟ် ဖာတိုရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၄၆)ပိုဒ် ရှုကူ (၅)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اَلْحَمْدُ لِلّٰهِ فَاطِرِ السَّمٰوٰتِ وَالْاَرْضِ جَاعِلِ الْمَلٰٓئِكَةِ رُسُلًا اُولِيْٓ اَجْنِحَةٍ مَّثْنٰى وَثُلٰثَ وَرُبٰعَ ؕ يَزِيْدُ فِى الْخَلْقِ مَا يَشَآءُ ؕ اِنَّ اللّٰهَ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ①

၂။ ပြီးပြည့်စုံသော ချီးမွမ်းထောမနာခြင်းအပေါင်းသည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူသော အလ္လာဟ်အတွက်သာဖြစ်၏။ (ထိုအရှင်သည်) ကောင်းကင်တမန်များကို တောင်ပံနှစ်ခုစီ၊ သုံးခုစီ၊ လေးခုစီ (ဆိုလိုသည်မှာ စွမ်းအားများ)ရှိသည့် စေတမန်များအဖြစ် ပြုလုပ်တော်မူသည့် အရှင်ဖြစ်တော်မူ၏။ အရှင်မြတ်သည် ဖန်ဆင်းမှု၌ အလိုရှိတော်မူသည်ကိုတိုးပွားစေတော်မူ၏။ စင်စစ် အလ္လာဟ်သည် မိမိနှစ်လို့တော်မူသောအရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

مَا يَفْتَحِ اللّٰهُ لِلنَّاسِ مِنْ رَّحْمَةٍ فَلَا مُمْسِكَ لَهَا ۚ وَمَا يُمْسِكْ ۙ فَلَا مُرْسِلَ لَهٗ مِنْۢ بَعْدِهٖ ؕ وَهُوَ الْعَزِيْزُ الْحَكِيْمُ ②

၃။ အလ္လာဟ်သည် လူသားများအတွက် 'ရာဟ်မတ်'ကရုဏာတော်ကိုဖွင့်ပေးတော်မူလျှင် ယင်းအား တားဆီးနိုင်သူမည်သူမျှမရှိ။ ထို့ပြင် အရှင်မြတ်က တားဆီးပိတ်ပင်တော်မူသော အကြောင်းအရာကို ယင်း၏(ရပ်တန့်ခြင်း)နောက် လည်ပတ်စေနိုင်သူတစ်ဦးတစ်ယောက်မျှ မရှိချေ။ စင်စစ် ထိုအရှင်မြတ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

يٰٓاَيُّهَا النَّاسُ اذْكُرُوْا نِعْمَتَ اللّٰهِ عَلَيْكُمْ ؕ هَلْ مِنْ خَالِقٍ غَيْرُ اللّٰهِ يَرْزُقُكُمْ مِّنَ السَّمَآءِ وَالْاَرْضِ ؕ لَآ اِلٰهَ اِلَّا هُوَ ۚ فَاَنّٰى تُؤْفَكُوْنَ ③

၄။ အို- လူသားအပေါင်းတို့ အသင်တို့အပေါ်တွင်ရှိသည့် အလ္လာဟ်၏'နေ့အ်မတ်'ကောင်းချီးဆုလာဘ်ကိုသတိရကြကုန်။ အလ္လာဟ်မှတစ်ပါး အသင်တို့အား မိုးကောင်းကင်များနှင့် ကမ္ဘာမြေမှ 'ရိဇ်ကီ'ရိက္ခာပေးသနားတော်မူသည့် အခြားဖန်ဆင်းရှင်တစ်ဦးတလေရှိပါသေးသလော။ အရှင်မြတ်မှတစ်ပါး ကိုးကွယ်ခြင်းခံထိုက်သူမည်သူမျှမရှိချေ။ သို့ဖြစ်ရာ အသင်တို့သည် အဘယ်သို့ ပြောင်းပြန်လှည့်ခြင်းခံကြရသနည်း။

وَاِنْ يُّكَذِّبُوْكَ فَقَدْ كُذِّبَتْ رُسُلٌ مِّنْ قَبْلِكَ ؕ وَاِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ④

၅။ ထို့ပြင် အကယ်၍ ၎င်းတို့သည် အသင့်အား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြလျှင်၊ အသင့်အလျင်ကလည်း မျှားစွာသော တမန်တော်တို့သည် စွပ်စွဲငြင်းပယ်ခြင်းခံခဲ့ကြရ၏။ အမှန်သော်ကား အရေးကိစ္စအားလုံးတို့သည် အလ္လာဟ်၏ထံတော်သို့သာလျှင် ပြန်လှည့်ခြင်းခံကြရပေအံ့။

يٰٓاَيُّهَا النَّاسُ اِنَّ وَعْدَ اللّٰهِ حَقٌّ فَلَا تَغُرَّنَّكُمُ الْحَيٰوةُ الدُّنْيَا ۪ وَلَا يَغُرَّنَّكُمْ بِاللّٰهِ الْغَرُوْرُ ۝

၆။ အို-လူသားအပေါင်းတို့ အလ္လာဟ်၏ကတိတော်သည် ဧကန်ပင် စစ်မှန်ပေ၏။ သို့ဖြစ်ရာ လောကီဘဝသည် အသင်တို့အား တစ်စုံတစ်ရာ လှည့်စားခြင်းဆီသို့ အလျင်း မထည့်သွင်းစေလင့်။ ထို့ပြင် အလ္လာဟ်နှင့်စပ်လျဉ်း၍ အသင်တို့အား ဆိုးရွားသော လှည့်စားသူ(ရှိုင်တန်)သည် လှည့်စားခြင်း အလျင်းမပြုနိုင်စေလင့်။

اِنَّ الشَّيْطٰنَ لَكُمْ عَدُوٌّ فَاتَّخِذُوْهُ عَدُوًّا ۭ اِنَّمَا يَدْعُوْا حِزْبَهٗ لِيَكُوْنُوْا مِنْ اَصْحٰبِ السَّعِيْرِ ۝

၇။ စင်စစ်ဧကန် 'ရှိုင်တန်'သည် အသင်တို့၏ရန်သူဖြစ်၏။ သို့ဖြစ်ရာ ယင်းအား ရန်သူအဖြစ်ပင် ထားရှိလော့။ ယင်းသည် မိမိ၏အုပ်စုကို ငင်းတို့သည် တောက်လောင်လျက်ရှိသောမီးခဲ့သက်ဆင်းကြသူများအနက်မှဖြစ်ကြရန်အတွက်သာလျှင် ဖိတ်ခေါ်၏။

اَلَّذِيْنَ كَفَرُوْا لَهُمْ عَذَابٌ شَدِيْدٌ ۚ وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَهُمْ مَّغْفِرَةٌ وَّاَجْرٌ كَبِيْرٌ ۝

၈။ မယုံကြည်ငြင်းပယ်သူများအတွက် ပြင်းထန်သော ပြစ်ဒဏ်သည်ရှိ၏။ ထို့ပြင် သက်ဝင်ယုံကြည်ကြပြီး ကောင်းမြတ်သောအကျင့်သီလကို ကျင့်သုံးဆောက်တည်ကြသောသူတို့အတွက် ခွင့်လွှတ်တော်မူခြင်းနှင့် အလွန်ကြီးမားသော ဆုလာဘ်သည်ရှိသတည်း။

ရုကူး - ၂

اَفَمَنْ زُيِّنَ لَهٗ سُوْۗءُ عَمَلِهٖ فَرَاٰهُ حَسَنًا ۭ فَاِنَّ اللّٰهَ يُضِلُّ مَنْ يَّشَاۗءُ وَيَهْدِيْ مَنْ يَّشَاۗءُ ۠ فَلَا تَذْهَبْ نَفْسُكَ عَلَيْهِمْ حَسَرٰتٍ ۭ اِنَّ اللّٰهَ عَلِيْمٌۢ بِمَا يَصْنَعُوْنَ ۝

၉။ သို့ဖြစ်ရာ အကြင်သူအား သူ၏မကောင်းသော အကျင့်အကြံကို လှပတင့်တယ်စဖွယ်ရှုမြင်စေပြီး သူသည် ယင်းအား လှပတင့်တယ်သည်ဟုမြင်ပါလျှင် (ထိုသူထက်ပို၍ လှည့်စားခြင်းခံရသူ မည်သူရှိနိုင်အံ့နည်း)။ စင်စစ်ဧကန် အလ္လာဟ်သည် အလိုရှိသူအား လမ်းလွဲစေတော်မူ၏။ ထို့ပြင် အလိုရှိသူအား လမ်းမှန်ကိုညွှန်ပြတော်မူ၏။ သို့ဖြစ်ရာ အသင်၏ စိတ်နှလုံးသည် ၎င်းတို့အတွက် ကြေကွဲဝမ်းနည်းမှုများကြောင့် (လက်လွတ်)မဆုံးပါးစေလင့်။ စင်စစ် အလ္လာဟ်သည် ၎င်းတို့ပြုလုပ်သမျှတို့ကို ကောင်းစွာသိရှိတော်မူ၏။

وَاللّٰهُ الَّذِيْٓ اَرْسَلَ الرِّيٰحَ فَتُثِيْرُ سَحَابًا فَسُقْنٰهُ اِلٰى بَلَدٍ مَّيِّتٍ فَاَحْيَيْنَا بِهِ الْاَرْضَ بَعْدَ مَوْتِهَا ۭ كَذٰلِكَ النُّشُوْرُ ۝

၁၀။ ထို့ပြင် အလ္လာဟ်သည်ပင် 'လေ'များကို စေလွှတ်တော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ဖြစ်ရာ ယင်းသည် မိုးတိမ်များကို သယ်ပိုး၍ တစ်ဖန် ငါတို့သည် ယင်းအား သေနေသည့်မြို့တစ်မြို့ဘက်သို့ မောင်းနှင်ခေါ်ဆောင်သွားပေသည်။ ထို့နောက် ယင်းအားဖြင့် ကမ္ဘာမြေကို ယင်း၏ သေဆုံးပြီးနောက်တွင် ရှင်စေတော်မူ၏။ ဤကဲ့သို့ပင် နောက်တစ်ကြိမ် ပြန်လည်၍ ရှင်ပြန်ထမြောက်ကြရမည်ဖြစ်၏။

مَنْ كَانَ يُرِيْدُ الْعِزَّةَ فَلِلّٰهِ الْعِزَّةُ جَمِيْعًا ۭ اِلَيْهِ يَصْعَدُ الْكَلِمُ الطَّيِّبُ وَالْعَمَلُ

၁၁။ အကြင်မည်သူမဆို ဂုဏ်သိက္ခာကို လိုလားတောင့်တသည်ရှိသော် အလုံးစုံသော ဂုဏ်သိက္ခာတို့သည် အလ္လာဟ်၏ စီမံမှုဥစ္စာရှိပေသည်။ အရှင်မြတ်ထံတော်သို့သာလျှင် သန့်ရှင်း

الصَّالِحُ يَرْفَعُهٗ ؕ وَالَّذِيْنَ يَمْكُرُوْنَ السَّيِّاٰتِ لَهُمْ عَذَابٌ شَدِيْدٌ ؕ وَمَكْرُ اُولٰٓئِكَ هُوَ يَبُوْرُ ۝

သည့်စကားရပ်သည် တက်၍သွား၏။ ထို့ပြင် ကောင်းမြတ်သည့် အကျင့်သီလသည် ယင်းအား မြင့်စွင့်ရာသို့ ယူဆောင်သွားပေသည်။ ၎င်းပြင် မကောင်းမှုကို ကြံစည်ကြိုးစားခြင်း ပြုကြကုန်သောသူတို့အတွက် ပြင်းထန်သော အပြစ်ဒဏ်သည် ရှိ၏။ ထို့ပြင် ယင်းတို့၏ ကြံစည်ကြိုးစားမှုသည် အမှန်ပင် ပျက်ပြားရပေအံ့။ ⓲

وَاللّٰهُ خَلَقَكُمْ مِّنْ تُرَابٍ ثُمَّ مِنْ نُّطْفَةٍ ثُمَّ جَعَلَكُمْ اَزْوَاجًا ؕ وَمَا تَحْمِلُ مِنْ اُنْثٰى وَلَا تَضَعُ اِلَّا بِعِلْمِهٖ ؕ وَمَا يُعَمَّرُ مِنْ مُّعَمَّرٍ وَّلَا يُنْقَصُ مِنْ عُمُرِهٖٓ اِلَّا فِيْ كِتٰبٍ ؕ اِنَّ ذٰلِكَ عَلَى اللّٰهِ يَسِيْرٌ ۝

၁၂။ စင်စစ် အလ္လာဟ်သည် အသင်တို့အား မြေကြီးမှ ဖန်ဆင်းတော်မူ၏။ ထို့နောက်တစ်ဖန် ကလလရည်ကြည်မှ၊ တစ်ဖန် အသင်တို့အား စုံတွဲများပြုလုပ်တော်မူ၏။ မည်သည့် အမတစ်စုံတစ်ရာကမျှ ထိုအရှင်မြတ်သိရှိတော်မမူဘဲ ကိုယ်ဝန်ဆောင်ခြင်းကိုလည်းကောင်း၊ သားဖွားခြင်းကိုလည်းကောင်း မပြုနိုင်ချေ။ ထိုမှတစ်ပါး မည်သည့်သက်ကြီးရွယ်အို (လူသား)တစ်ဦးတစ်ယောက်မျှ အသက်ရှည်ခြင်းကိုလည်းကောင်း၊ သူ၏အသက်အရွယ်မှအချို့ကို လျော့နည်းစေခြင်းကိုလည်းကောင်း ပြုလုပ်ခြင်းမခံရချေ။ သို့သော် ယင်းသည် စာအုပ်(တစ်အုပ်)တွင်ရှိပေသည်။ မုချမလွဲ ဤ(အကြောင်းရပ်)သည် အလ္လာဟ်အဖို့ လွယ်ကူလှပေသည်။

وَمَا يَسْتَوِى الْبَحْرٰنِ ۖ هٰذَا عَذْبٌ فُرَاتٌ سَآئِغٌ شَرَابُهٗ وَهٰذَا مِلْحٌ اُجَاجٌ ؕ وَمِنْ كُلٍّ تَاْكُلُوْنَ لَحْمًا طَرِيًّا وَّ تَسْتَخْرِجُوْنَ حِلْيَةً تَلْبَسُوْنَهَا ۚ وَتَرَى الْفُلْكَ فِيْهِ مَوَاخِرَ لِتَبْتَغُوْا مِنْ فَضْلِهٖ وَلَعَلَّكُمْ تَشْكُرُوْنَ ۝

၁၃။ ထို့ပြင် ပင်လယ်နှစ်ခုသည် အတူတူမဖြစ်နိုင်ချေ။ ဤသည် လွန်စွာချိုမြိန်သည့်ရေရှိပြီး ယင်းအားသောက်သုံးခြင်းသည် အရသာကောင်းမွန်လျက်နှစ်သက်ဖွယ်ဖြစ်၏။ ထို့ပြင် ဤသည် အငန်ဓာတ်လွန်ကဲ၍ ခါးသက်၏။ ထို့ပြင် အသင်တို့သည် ယင်း(ပင်လယ်အသီးသီး)တို့မှ လတ်ဆတ်သောအသားကို စားသုံးကြသည်၊ ထို့ပြင် အသင်တို့ဝတ်ဆင်ကြသည့် လက်ဝတ်တန်ဆာများကိုလည်း ထုတ်ယူကြကုန်၏။ ထို့ပြင် ယင်း၌ လှေသင်္ဘောများသည် (ရေကို)ခွဲလျက် သွားလာနေကြသည်ကို အသင်တို့ မြင်တွေ့ကြရပေမည်။ ဤ(စနစ်ရှိရခြင်းမှာ) အသင်တို့သည် အရှင်မြတ်၏ 'ဖဇ်လ်'ကျေးဇူးတော်များမှ အချို့ကိုရှာဖွေကြရန်နှင့် အသင်တို့ကျေးဇူးသိတတ်ကြရန် အလို့ငှာဖြစ်၏။

يُوْلِجُ الَّيْلَ فِى النَّهَارِ وَيُوْلِجُ النَّهَارَ فِى الَّيْلِ ۙ وَسَخَّرَ الشَّمْسَ وَالْقَمَرَ ۖ كُلٌّ يَّجْرِىْ

၁၄။ အရှင်မြတ်သည် 'ညဉ့်'ကို 'နေ့'တွင်ထည့်သွင်းတော်မူ၏။ ထို့ပြင် 'နေ့'ကို 'ညဉ့်'တွင်ထည့်သွင်းတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် 'နေ'နှင့်'လ'တို့အား နာခံအလုပ်အကျွေးပြုစေတော်မူ၏။ အားလုံးတို့သည် မိမိတို့အတွက် သတ်မှတ်ထား

⓲ အချို့သောလူတို့သည် လောကရှိ ကြီးကျယ်သောပုဂ္ဂိုလ်များနှင့် ပေါင်းသင်းဆက်ဆံရခြင်းကို မိမိတို့အတွက်ဂုဏ်ယူစရာဟု ထင်မှတ်ကြသည်။ သို့သော် 'မို့အ်မင်္ဂန်'ယုံကြည်ခြင်းသဒ္ဓါတရားရှိကြသူတို့အား ကတိပေးထားတော်မူသည်မှာ ဂုဏ်သိက္ခာဟူသည် အလ္လာဟ်၏ထံတော်မှ ပေးသနားတော်မူရာဖြစ်ကြောင်းနှင့် မလိုမုန်းထားသူတို့က လောကတွင် နိမ့်ကျအရှက်ရအောင် မည်မျှပင် ကြိုးပမ်းသော်လည်း ယင်းမှာ အချည်းနှီးသာဖြစ်မည့်အကြောင်းတည်း။

لِاَجَلٍ مُّسَمًّى ؕ ذٰلِكُمُ اللّٰهُ رَبُّكُمْ لَهُ الْمُلْكُ ؕ وَالَّذِيْنَ تَدْعُوْنَ مِنْ دُوْنِهٖ مَا يَمْلِكُوْنَ مِنْ قِطْمِيْرٍ ۝

သော အချိန်ကာလဆီသို့ ရွေ့လျားသွားနေကြပေသည်။ ဤကား အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော 'အလ္လာဟ်' အရှင်မြတ်ဖြစ်တော်မူ၏။ စိုးမိုးအုပ်ချုပ်မှုအာဏာသည် အရှင်မြတ်အဖို့သာဖြစ်၏။ ထို့ပြင် အရှင်မြတ်အားစွန့်၍ အသင်တို့ဟစ်ခေါ်တမ်းတကြကုန်သောသူတို့သည်ကား စွန်ပလွံစေ့၏ အမြွေးမျှကိုပင် ပိုင်ဆိုင်ကြသည်မဟုတ်ချေ။

اِنْ تَدْعُوْهُمْ لَا يَسْمَعُوْا دُعَآءَكُمْ ۚ وَلَوْ سَمِعُوْا مَا اسْتَجَابُوْا لَكُمْ ؕ وَيَوْمَ الْقِيٰمَةِ يَكْفُرُوْنَ بِشِرْكِكُمْ ؕ وَلَا يُنَبِّئُكَ مِثْلُ خَبِيْرٍ ۝

၁၄။ အကယ်၍ အသင်တို့သည် ယင်းတို့အား ဟစ်ခေါ်တမ်းတကြလျှင် ယင်းတို့သည် အသင်တို့၏ဟစ်ခေါ်မှုကို ကြားကြမည် မဟုတ်ချေ။ ထို့ပြင် အကယ်၍ ကြားလျှင်လည်း အသင်တို့အား ဖြေကြားကြမည်မဟုတ်ချေ။ ထို့ပြင် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တွင် အသင်တို့၏ ယှဉ်တွဲကိုးကွယ်ခံရခြင်းကို ငြင်းဆိုကြပေအံ့။ ထို့ပြင် ကြီးကျယ်သော သတင်းပေးသူတစ်ပါးကဲ့သို့ အသင့်အား မည်သူမျှ သတင်းပေးနိုင်မည်မဟုတ်ချေတည်း။

ရုကူး-၃

يٰۤاَيُّهَا النَّاسُ اَنْتُمُ الْفُقَرَآءُ اِلَى اللّٰهِ ۚ وَاللّٰهُ هُوَ الْغَنِيُّ الْحَمِيْدُ ۝

၁၆။ အို-လူသားအပေါင်းတို့၊ အသင်တို့သာလျှင် အလ္လာဟ်အား မှီခိုအားထားကြရသူများဖြစ်၏။ စင်စစ် အလ္လာဟ်သည်ကား လိုလားတောင့်တခြင်းကင်းတော်မူသောအရှင်(နှင့်) ချီးမွမ်းထောမနာမှုအပေါင်းကို ပိုင်စိုးတော်မူသောအရှင်ဖြစ်တော်မူ၏။

اِنْ يَّشَاْ يُذْهِبْكُمْ وَيَاْتِ بِخَلْقٍ جَدِيْدٍ ۝

၁၇။ အကယ်၍ ထိုအရှင်မြတ်သာ အလိုရှိတော်မူပါလျှင် အသင်တို့အား ယူဆောင်ဖယ်ရှားတော်မူလျက် ဖန်ဆင်းခံအသစ်တစ်မျိုးကို ဆောင်ယူလာတော်မူပေအံ့။

وَمَا ذٰلِكَ عَلَى اللّٰهِ بِعَزِيْزٍ ۝

၁၈။ စင်စစ် ဤသည် အလ္လာဟ်အဖို့ အလျှင်း ခဲယဉ်းသည် မဟုတ်ချေ။

وَلَا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى ؕ وَاِنْ تَدْعُ مُثْقَلَةٌ اِلٰى حِمْلِهَا لَا يُحْمَلْ مِنْهُ شَيْءٌ وَّلَوْ كَانَ ذَا قُرْبٰى ؕ اِنَّمَا تُنْذِرُ الَّذِيْنَ يَخْشَوْنَ رَبَّهُمْ بِالْغَيْبِ وَاَقَامُوا الصَّلٰوةَ ؕ وَمَنْ تَزَكّٰى فَاِنَّمَا يَتَزَكّٰى لِنَفْسِهٖ ؕ وَاِلَى اللّٰهِ الْمَصِيْرُ ۝

၁၉။ ထို့ပြင် ဝန်ထုပ်ကိုထမ်းပိုးရသော မည်သည့်(အသက်)ကမျှ အခြားသူတစ်ဦး၏ဝန်ထုပ်ကို ထမ်းပိုးရမည် မဟုတ်ချေ။ ထို့ပြင် အကယ်၍ ဝန်ထုပ်ကို ထမ်းပိုးထားသူတစ်ဦးဦးသည် မိမိ၏ ဝန်ထုပ်ဘက်သို့ခေါ်ပါလျှင် ယင်းသည် နီးစပ်သူပင်ဖြစ်စေကာမူ သူ၏(ဝန်ထုပ်မှ) မည်သည်ကိုမျှ ထမ်းပိုးစေရလိမ့်မည်မဟုတ်ချေ။ မိမိ၏ ဖန်ဆင်းမွေးမြူရှင်ကို အကွယ်၌ရှိနေပါလျက် ကြောက်ရွံ့နေကြသူများ၊ 'ဆွလာတ်' ဝတ်ပြုမှုကို တည်ဆောက်ကြသောသူများကိုသာလျှင် အသင်သည် သတိပေးနိုးဆော်နိုင်ပေမည်။ ထို့ပြင် အကြင်မည်သူမဆို သန့်ရှင်းစင်ကြယ်ခြင်းကို ကျင့်သုံးဆောက်တည်ပါလျှင် မိမိ၏ အသက်ဝိညာဉ်အတွက်သာလျှင် သန့်ရှင်းစင်ကြယ်မှုကို ကျင့်သုံး

ဆောက်တည်ခြင်းဖြစ်၏။ နောက်ဆုံးနေရာဌာနသည်ကား အလ္လာဟ်၏ထံတော်သို့သာလျှင်ဖြစ်၏။

وَمَا يَسْتَوِي الْاَعْمٰى وَالْبَصِيْرُ ﴿١٩﴾

၁၀။ ထို့ပြင် မျက်စိကန်းသူနှင့်မျက်စိမြင်သူသည် မတူညီချေ။

وَلَا الظُّلُمٰتُ وَلَا النُّوْرُ ﴿٢٠﴾

၁၁။ ထို့ပြင် အမှောင်နှင့် အလင်းသည် မတူညီချေ။

وَلَا الظِّلُّ وَلَا الْحَرُوْرُ ﴿٢١﴾

၁၂။ ထို့ပြင် အရိပ်အာဝါသနှင့် နေပူရှိန်သည်လည်း မတူညီချေ။

وَمَا يَسْتَوِي الْاَحْيَآءُ وَلَا الْاَمْوَاتُ ؕ اِنَّ اللّٰهَ يُسْمِعُ مَنْ يَّشَآءُ ۚ وَمَآ اَنْتَ بِمُسْمِعٍ مَّنْ فِي الْقُبُوْرِ ﴿٢٢﴾

၁၃။ ဤကဲ့သို့ပင် အသက်ရှင်သူများနှင့် သေသူများသည် မတူညီချေ။ စင်စစ်ဧကန် အလ္လာဟ်သည် အလိုရှိတော်မူသောသူအား ကြားစေတော်မူ၏။ ထို့ပြင် အသင်သည် သချိုင်းများတွင် ရှိနေကြသောသူတို့အား ကြားစေနိုင်မည် အလျှင်းမဟုတ်ချေ။

اِنْ اَنْتَ اِلَّا نَذِيْرٌ ﴿٢٣﴾

၁၄။ အသင်သည်ကား သတိပေးနှိုးဆော်သူတစ်ဦးမျှသာဖြစ်၏။

اِنَّآ اَرْسَلْنٰكَ بِالْحَقِّ بَشِيْرًا وَّنَذِيْرًا ؕ وَاِنْ مِّنْ اُمَّةٍ اِلَّا خَلَا فِيْهَا نَذِيْرٌ ﴿٢٤﴾

၁၅။ ဧကန်စင်စစ် ငါတို့သည် အသင့်အား အမှန်တရားနှင့် တကွ သတင်းကောင်းပေးသူနှင့် သတိပေးနှိုးဆော်သူအဖြစ် စေလွှတ်တော်မူ၏။ ထို့ပြင် သတိပေးနှိုးဆော်သူ တစ်ဦးတစ်ယောက်မျှ လွန်မြောက်ခဲ့ခြင်းမရှိသော လူမျိုးနွယ်အုပ်စုဟူ၍ မရှိချေ။

وَاِنْ يُّكَذِّبُوْكَ فَقَدْ كَذَّبَ الَّذِيْنَ مِنْ قَبْلِهِمْ ۚ جَآءَتْهُمْ رُسُلُهُمْ بِالْبَيِّنٰتِ وَبِالزُّبُرِ وَبِالْكِتٰبِ الْمُنِيْرِ ﴿٢٥﴾

၁၆။ ထို့ပြင် အကယ်၍ငင်းတို့သည် အသင့်အား မဟုတ်မမှန်ဟုစွပ်စွဲငြင်းပယ်ပါလျှင် ဧကန်စင်စစ် ငင်းတို့ထက်အလျင်ရှိခဲ့ကြသူများသည်လည်းမဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြပေသည်။ ယင်းတို့ထံလည်း ယင်းတို့၏ တမန်တော်များသည် ပွင့်လင်းထင်ရှားသော နိမိတ်လက္ခဏာတော်များ၊ အမျိုးမျိုးသောကျမ်းငယ်များနှင့် လင်းဝင်းထင်ရှားသော ကျမ်းဂန်တော်ကို ယူဆောင်၍လာခဲ့ကြပေသည်။

ثُمَّ اَخَذْتُ الَّذِيْنَ كَفَرُوْا فَكَيْفَ كَانَ نَكِيْرِ ﴿٢٦﴾

၁၇။ ထို့နောက် ငါအရှင်မြတ်သည် မယုံကြည်ငြင်းပယ်သူများကို ဖမ်းဆီးတော်မူခဲ့ပေသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်၏ အပြစ်ဒဏ်သည် မည်မျှပြင်းထန်ခဲ့ပေသနည်း။

ရုကူး-၄

اَلَمْ تَرَ اَنَّ اللّٰهَ اَنْزَلَ مِنَ السَّمَآءِ مَآءً ۚ فَاَخْرَجْنَا بِهٖ ثَمَرٰتٍ مُّخْتَلِفًا اَلْوَانُهَا ؕ وَمِنَ الْجِبَالِ جُدَدٌۢ بِيْضٌ وَّحُمْرٌ مُّخْتَلِفٌ اَلْوَانُهَا وَغَرَابِيْبُ سُوْدٌ ﴿٢٧﴾

၁၈။ အသို့နည်း အသင် မမြင်မတွေ့ပါသလော။ အလ္လာဟ်သည် မိုးကောင်းကင်မှ ရေကို ချပေးတော်မူ၏။ ထို့နောက် ငါတို့သည် ယင်းအားဖြင့် အရောင်အသွေးအမျိုးမျိုးရှိသော သစ်သီးဝလံမျိုးစုံကို ထွက်စေတော်မူ၏။ ထို့ပြင် တောင်များတွင် အချို့သည် ဖြူသောအစိတ်အပိုင်းများဖြစ်ကြပြီး အချို့မှာ နီကြ၏။ ယင်းတို့၏အရောင်များသည် တသီးတခြားစီဖြစ်ကြ၏။ ထို့ပြင် မည်းနက်သောအရောင်ရှိသည်များလည်းရှိကြ၏။

وَمِنَ النَّاسِ وَالدَّوَآبِّ وَالْاَنْعَامِ مُخْتَلِفٌ اَلْوَانُهٗ كَذٰلِكَ ؕ اِنَّمَا يَخْشَى اللّٰهَ مِنْ عِبَادِهِ الْعُلَمٰٓؤُا ؕ اِنَّ اللّٰهَ عَزِيْزٌ غَفُوْرٌ ۝

၂၉။ ထို့ပြင် ဤသို့ပင် လူသားများတွင်လည်းကောင်း၊ ကမ္ဘာမြေ၌ သွားလာလျက်ရှိသော သက်ရှိများတွင်လည်းကောင်း၊ ကျွဲနွားတိရစ္ဆာန်များတွင်လည်းကောင်း ယင်းတို့၏ အရောင်များသည် ကွဲပြားခြားနားကြ၏။ ဧကန်အမှန် အလ္လာဟ်၏ အစေတော်များအနက် ပညာရှိသူများသာလျှင် ထိုအရှင်မြတ်အား ကြောက်ရွံ့ကြပေသည်။ စင်စစ် အလ္လာဟ်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ လွန်စွာ ခွင့်လွှတ်တော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّ الَّذِيْنَ يَتْلُوْنَ كِتٰبَ اللّٰهِ وَاَقَامُوا الصَّلٰوةَ وَاَنْفَقُوْا مِمَّا رَزَقْنٰهُمْ سِرًّا وَّعَلَانِيَةً يَّرْجُوْنَ تِجَارَةً لَّنْ تَبُوْرَ ۝

၃၀။ စင်စစ်ဧကန် ၎င်းတို့သည် အလ္လာဟ်၏ကျမ်းတော်ကို ဖတ်ရွတ်ကြကုန်၏။ ထို့ပြင် 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြကုန်၏။ ထို့ပြင် ငါတို့က ယင်းတို့အား ပေးသနားတော်မူထားသည်များမှ လျှို့ဝှက်စွာဖြင့်လည်းကောင်း၊ ထင်ပေါ်စွာဖြင့်လည်းကောင်း စွန့်ကြဲသုံးစွဲကြကုန်၏။ ၎င်းတို့သည် မည်သည့်အခါမျှ ပျက်စီးမသွားမည့် ရောင်းဝယ်ဖောက်ကားမှုကို မျှော်လင့်တောင့်တလျက်ရှိနေကြကုန်၏။

لِيُوَفِّيَهُمْ اُجُوْرَهُمْ وَيَزِيْدَهُمْ مِّنْ فَضْلِهٖ ؕ اِنَّهٗ غَفُوْرٌ شَكُوْرٌ ۝

၃၁။ သို့ဖြင့် အရှင်မြတ်သည် သူတို့၏ဆုလာဘ်များကို (သူတို့၏စွမ်းအားနှင့်အညီ) သူတို့အား အပြည့်အဝ ပေးတော်မူရုံမျှမက ထို့ထက်ပင်ပို၍ မိမိ၏ 'ဖဇ်လ်'ကျေးဇူးတော်ဖြင့် ယင်း၌တိုးပွားမူပေးရန်ဖြစ်၏။ ဧကန်ပင် အရှင်မြတ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်(နှင့်) အလွန်တရာ (ကျေးဇူးသိမှုကို) တန်ဖိုးထားတော်မူသောအရှင်ဖြစ်တော်မူ၏။

وَالَّذِيْٓ اَوْحَيْنَآ اِلَيْكَ مِنَ الْكِتٰبِ هُوَ الْحَقُّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ ؕ اِنَّ اللّٰهَ بِعِبَادِهٖ لَخَبِيْرٌ بَصِيْرٌ ۝

၃၂။ ထို့ပြင် ငါတို့သည် အသင့်ထံသို့ ကျမ်းတော်မှ 'ဝဟီ'ဟူ ဒိတ်ပို့ချသည့်အရာသည်သာလျှင် အမှန်ဖြစ်၏။ ယင်းသည် မိမိ၏ရှေ့၌ရှိသည်ကို မှန်ကန်ကြောင်းထောက်ခံ၏။ စင်စစ် အလ္လာဟ်သည် မိမိအစေတော်များထံမှ အမြဲထာဝရ သတင်းရရှိတော်မူသောအရှင် (ထို့ပြင် ၎င်းတို့အပေါ်) နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။

ثُمَّ اَوْرَثْنَا الْكِتٰبَ الَّذِيْنَ اصْطَفَيْنَا مِنْ عِبَادِنَا ۚ فَمِنْهُمْ ظَالِمٌ لِّنَفْسِهٖ ۚ وَمِنْهُمْ مُّقْتَصِدٌ ۚ وَمِنْهُمْ سَابِقٌۢ بِالْخَيْرٰتِ بِاِذْنِ اللّٰهِ ؕ ذٰلِكَ هُوَ الْفَضْلُ الْكَبِيْرُ ۝ ۞

၃၃။ ထို့နောက် ငါတို့သည် မိမိ၏အစေတော်များအနက်မှ ငါတို့ရွေးချယ်တော်မူသောသူတို့အား ကျမ်းစာ၏ အမွေခံများပြုလုပ်တော်မူ၏။ သို့ဖြစ်ရာ ယင်းတို့အနက်အချို့မှာ မိမိ စိတ်ဝိညာဉ်၏ပိုင်ခွင့်ကို ချိုးနှိမ်သူဖြစ်၏။ ထို့ပြင် အလယ်အလတ်ကျင့်သုံးသူမျိုးလည်းရှိကြပေသည်။ ထို့ပြင် ယင်းတို့တွင် ဤသို့လည်းရှိကြပြီး သူတို့သည် ကောင်းမှုများတွင် အလ္လာဟ်၏အမိန့်တော်ဖြင့် သာလွန်သွားကြသူများဖြစ်ကြ၏။ ဤသည် သာလျှင် အလွန်ကြီးကျယ်သောကျေးဇူးတော်ဖြစ်ပေသည်။ ۞

۞ ဤတွင် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့၏ အဆင့်ဆင့်ဖြစ်သော အခြေအနေသုံးရပ်ကို ဖော်ပြထားသည်။ ပထမတစ်ဦးမှာ အပြစ်ငရဲများ စွန်းထင်းနေသူဖြစ်ပြီး သူသည် မိမိ၏'နဖ်စိအမ္မာရာ'(မကောင်းမှုကို လှုံ့ဆော်သောစိတ်)ကို အတင်းအဓမ္မ ချိုးနှိမ်လျက်ရှ

جَنّٰتُ عَدْنٍ يَّدْخُلُوْنَهَا يُحَلَّوْنَ فِيْهَا مِنْ اَسَاوِرَ مِنْ ذَهَبٍ وَّ لُؤْلُؤًا ۚ وَ لِبَاسُهُمْ فِيْهَا حَرِيْرٌ ﴿۳۳﴾

၃၃။ အမြဲထာဝရတည်မည့် 'ဂျန္နတ်'ဥယျာဉ်တော်များဖြစ်၏။ ယင်း(ဥယျာဉ်များ)သို့ ၎င်းတို့ဝင်ရောက်ကြရပေအံ့။ ယင်း၌ သူတို့သည် ရွှေလက်ကောက်များနှင့် ပုလဲရတနာများကို ဝတ်ဆင်ပေးခြင်းခံကြရပေအံ့။ ထို့ပြင် ယင်း၌ သူတို့၏ ဝတ်စားတန်ဆာသည် ပိုးထည်ဖြစ်လိမ့်မည်။

وَقَالُوا الْحَمْدُ لِلّٰهِ الَّذِيْٓ اَذْهَبَ عَنَّا الْحَزَنَ ؕ اِنَّ رَبَّنَا لَغَفُوْرٌ شَكُوْرُ ﴿۳۴﴾

၃၄။ ထို့ပြင် ၎င်းတို့က ပြောဆိုကြမည်မှာ အလုံးစုံသော ချီးမွမ်းထောမနာခြင်းဟူသမျှသည် ကျွန်ုပ်တို့၏ ပူပင်သောကများကို ကျွန်ုပ်တို့ထံမှ ကင်းဝေးအောင်ပြုပေးတော်မူသော အလ္လာဟ်အဖို့သာဖြစ်ပါ၏။ စင်စစ် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် လွန်စွာ ခွင့်လွှတ်တော်မူသော အရှင်၊ (ကျေးဇူးသိမှုကို) တန်ဖိုးထားတော်မူသောအရှင် ဖြစ်တော်မူ၏။

اَلَّذِيْٓ اَحَلَّنَا دَارَ الْمُقَامَةِ مِنْ فَضْلِهٖ ۚ لَا يَمَسُّنَا فِيْهَا نَصَبٌ وَّ لَا يَمَسُّنَا فِيْهَا لُغُوْبٌ ﴿۳۵﴾

၃၅။ အရှင်မြတ်သည် ကျွန်ုပ်တို့အား အရှင့်ကျေးဇူးတော်ဖြင့် ထူးခြားသော အဆင့်အတန်းရှိသည့် အိမ်တော်တွင် နေရာချပေးတော်မူ၏။ ယင်း၌ကျွန်ုပ်တို့အား မည်သို့သောခက်ခဲမှုမျှ ထိတွေ့မည်မဟုတ်သည့်ပြင် မည်သို့သော ပင်ပန်းနွမ်းနယ်မှုမျှလည်း ယင်း၌ ကျွန်ုပ်တို့အား တွေ့ထိလိမ့်မည်မဟုတ်ချေ။

وَالَّذِيْنَ كَفَرُوْا لَهُمْ نَارُ جَهَنَّمَ ۚ لَا يُقْضٰى عَلَيْهِمْ فَيَمُوْتُوْا وَلَا يُخَفَّفُ عَنْهُمْ مِّنْ عَذَابِهَا ؕ كَذٰلِكَ نَجْزِيْ كُلَّ كَفُوْرٍ ﴿۳۶﴾

၃၆။ ထို့ပြင် မယုံကြည်ငြင်းပယ်သောသူတို့အဖို့ 'ဂျဟန္နမ်'ဝရဲ၏မီးသည်ရှိ၏။ ၎င်းတို့ သေဆုံးသွားကြရန် စီရင်ဆုံးဖြတ်လိမ့်မည်မဟုတ်သည့်ပြင် ယင်း(မီး)၏ပြစ်ဒဏ်ကို သူတို့ထံမှ လျော့နည်းစေမည်လည်းမဟုတ်ချေ။ ဤကဲ့သို့ပင် ငါတို့သည် ကျေးဇူးကန်းသူတိုင်းကို တုံ့ပြန်အစားပေးတော်မူ၏။

وَهُمْ يَصْطَرِخُوْنَ فِيْهَا ۚ رَبَّنَآ اَخْرِجْنَا نَعْمَلْ صَالِحًا غَيْرَ الَّذِيْ كُنَّا نَعْمَلُ ؕ اَوَلَمْ نُعَمِّرْكُمْ مَّا يَتَذَكَّرُ فِيْهِ مَنْ تَذَكَّرَ وَجَآءَكُمُ النَّذِيْرُ ؕ فَذُوْقُوْا فَمَا لِلظّٰلِمِيْنَ مِنْ نَّصِيْرٍ ﴿۳۷﴾ ع

၃၇။ ထို့ပြင် ၎င်းတို့သည် ယင်း၌ ဟစ်အော်လျက်နေကြပေလိမ့်မည်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အား ထုတ်ဆောင်တော်မူပါ။ ကျွန်တော်မျိုးတို့ ပြုလုပ်လေ့ရှိခဲ့သည်များနှင့်မတူညီသည့် ကောင်းမြတ်သောအကျင့်သီလကို ကျွန်တော်မျိုးတို့ ဆောက်တည်ကြပါမည်။ အသို့နည်း၊ ငါတို့သည် အသင်တို့အား သွန်သင်ဆုံးမမှုကိုရယူလိုသူသည် သွန်သင်ဆုံးမမှုကို ရယူနိုင်လောက်သည့် သက်တမ်းကိုမပေးခဲ့ပါသလော။ ထို့ပြင် အသင်တို့ထံ သတိပေးနှိုးဆော်သူတစ်ဦးလည်း လာရောက်ခဲ့ပေသည်။ သို့ဖြစ်ရာ (မိမိတို့၏မတရားမှုများအတွက် အတုံ့အလှယ်ကို)မြည်းစမ်းကြကုန်။ ထို့ပြင် အမှားကျူးလွန်သူတို့အတွက် မည်သည့်ကူညီစောင်မသူမျှမရှိချေတည်း။

➤ အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် လျှောက်စေသူဖြစ်သည်။ ဒုတိယတစ်ဦးမှာ အလယ်အလတ်လမ်းကို ကျင့်သုံးသူဖြစ်ပြီး တတိယမှာ ကောင်းမှုများတွင် အားလုံးထက် ရှေ့သို့တက်လှမ်းသွားသူဖြစ်သည်။

ရှုကူး-၅

اِنَّ اللّٰهَ عٰلِمُ غَيْبِ السَّمٰوٰتِ وَالْاَرْضِ ؕ اِنَّهٗ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿۳۸﴾

၃၈။ အလ္လာဟ်သည် အမှန်စင်စစ် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့၏အကွယ်ကို သိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။ ကောန်ပင် အရှင်မြတ်သည် ရင်များအတွင်း၌ရှိသမျှတို့ကို သိရှိတော်မူ၏။

هُوَ الَّذِىْ جَعَلَكُمْ خَلٰٓئِفَ فِى الْاَرْضِ ؕ فَمَنْ كَفَرَ فَعَلَيْهِ كُفْرُهٗ ؕ وَلَا يَزِيْدُ الْكٰفِرِيْنَ كُفْرُهُمْ عِنْدَ رَبِّهِمْ اِلَّا مَقْتًا ۚ وَلَا يَزِيْدُ الْكٰفِرِيْنَ كُفْرُهُمْ اِلَّا خَسَارًا ﴿۳۹﴾

၃၉။ အရှင်မြတ်သည်ပင် အသင်တို့အား ကမ္ဘာမြေဝယ် ဆက်ခံသူများ ပြုလုပ်တော်မူ၏။ သို့ဖြစ်ရာ အကြင်မည်သူမဆို မယုံကြည်ငြင်းပယ်ခဲ့လျှင် သူ၏ ငြင်းပယ်မှုသည် သူ့အပေါ်၌သာလျှင် သက်ရောက်ပေမည်။ 'ကာဖိရ်'မယုံကြည်ငြင်းပယ်သူများအား ၎င်းတို့၏ငြင်းပယ်မှုသည် ၎င်းတို့၏ ဖန်ဆင်းမွေးမြူရှင်ထံတော်တွင် (အရှင်မြတ်၏)အမျက်တော်မှတစ်ပါးမည်သည့်အရာတွင်မျှ တိုးပွားစေမည်မဟုတ်ချေ။ ထို့ပြင် မယုံကြည်ငြင်းပယ်သူများကို ၎င်းတို့၏ငြင်းပယ်မှုသည် ဆုံးရှုံးမှုမှလွဲ၍မည်သည့်အရာတွင်မျှ တိုးပွားစေမည်မဟုတ်ချေ။

قُلْ اَرَءَيْتُمْ شُرَكَآءَكُمُ الَّذِيْنَ تَدْعُوْنَ مِنْ دُوْنِ اللّٰهِ ؕ اَرُوْنِىْ مَاذَا خَلَقُوْا مِنَ الْاَرْضِ اَمْ لَهُمْ شِرْكٌ فِى السَّمٰوٰتِ ۚ اَمْ اٰتَيْنٰهُمْ كِتٰبًا فَهُمْ عَلٰى بَيِّنَتٍ مِّنْهُ ۚ بَلْ اِنْ يَّعِدُ الظّٰلِمُوْنَ بَعْضُهُمْ بَعْضًا اِلَّا غُرُوْرًا ﴿۴۰﴾

၄၀။ အသင်မေးမြန်းပါလေ။ အသင်တို့သည် အလ္လာဟ်မှလွဲ၍ အသင်တို့ဟစ်ခေါ်တမ်းတကြကုန်သော အသင်တို့၏ ယင်း(လုပ်ကြံဖန်တီးထားသော) 'ရှုရီက်'ယှဉ်တွဲကိုးကွယ်ရာများကို မြင်တွေ့ကြပါသလော။ ငါ့အားပြကြကုန်၊ ယင်းတို့သည် ကမ္ဘာမြေတွင် မည်သည့်အရာကိုဖန်ဆင်းခဲ့သနည်း။ သို့တည်းမဟုတ် ယင်းတို့အတွက် မိုးကောင်းကင်များ၌(သာလျှင်) ဖက်စပ်ပါဝင်မှုရှိသလော။ သို့တည်းမဟုတ် ငါတို့သည် ၎င်းတို့အား ကျမ်းတစ်စောင်ကိုပေးခဲ့၍ ဤသို့ဖြင့် ၎င်းတို့သည် ယင်းအပေါ် အခြေတည်လျက် လင်းဝင်းသော သက်သေသာဓကတစ်ရပ်ပေါ်တွင် ရပ်တည်နေကြပေသလော။ ထိုသို့မဟုတ်၊ စင်စစ် အမှားကျူးလွန်သူများအနက် အချို့သည် အခြားသူများအား လှည့်စားသောကတိကိုသာပေးကြပေသည်။

اِنَّ اللّٰهَ يُمْسِكُ السَّمٰوٰتِ وَالْاَرْضَ اَنْ تَزُوْلَا ۚ وَلَئِنْ زَالَتَآ اِنْ اَمْسَكَهُمَا مِنْ اَحَدٍ مِّنْۢ بَعْدِهٖ ؕ اِنَّهٗ كَانَ حَلِيْمًا غَفُوْرًا ﴿۴۱﴾

၄၁။ စင်စစ် အလ္လာဟ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို တိမ်းစောင်းလွဲချော်ခြင်းမှ ထိန်းထားတော်မူ၏။ ထို့ပြင် အကယ်၍ ယင်းတို့နှစ်ခုသည် (တစ်ကြိမ်တစ်ခါ) တိမ်းစောင်းလွဲချော်ခဲ့လျှင် ထိုသည့်နောက်တွင် မည်သူမျှ ယင်းတို့အား ပြန်လည်၍ ထိန်းမတ်နိုင်မည်မဟုတ်ချေ။ စင်စစ် အရှင်မြတ်သည် အလွန်တရာ သည်းခံတော်မူသောအရှင်၊ လွန်စွာခွင့်လွှတ်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَاَقْسَمُوْا بِاللّٰهِ جَهْدَ اَيْمَانِهِمْ لَئِنْ جَآءَهُمْ نَذِيْرٌ لَّيَكُوْنُنَّ اَهْدٰى مِنْ

၄၂။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အားတိုင်တည်၍ ခိုင်မာသည့် ကျိန်ဆိုခြင်းများကို ပြုခဲ့ကြသည်မှာ၊ အကယ်၍သာသူတို့ထံ သတိပေးနှိုးဆော်သူတစ်ဦးဦး ရောက်လာခဲ့ပါလျှင် သူတို့သည် အမှန်ပင်'အွမ္မတ်'အုပ်စုအားလုံးထက်ပို၍ လမ်းမှန်

اِحْدَى الْاُمَمِ ۚ فَلَمَّا جَآءَهُمْ نَذِيْرٌ مَّا زَادَهُمْ اِلَّا نُفُوْرًا ۙ﴿۴۲﴾

ကိုရရှိကြပေအံ့။ သို့ဖြစ်ရာ သူတို့ထံ သတိပေးနှိုးဆော်သူ တစ်ဦး ရောက်ရှိလာသောအခါဝယ် သူတို့အား မုန်းတီးခြင်းမှ တစ်ပါး အခြားမည်သည့်အရာတွင်မျှ မတိုးပွားစေခဲ့ချေ။

اسْتِكْبَارًا فِى الْاَرْضِ وَمَكْرَ السَّيِّئِ ؕ وَلَا يَحِيْقُ الْمَكْرُ السَّيِّئُ اِلَّا بِاَهْلِهٖ ؕ فَهَلْ يَنْظُرُوْنَ اِلَّا سُنَّتَ الْاَوَّلِيْنَ ۚ فَلَنْ تَجِدَ لِسُنَّتِ اللّٰهِ تَبْدِيْلًا ۚ وَلَنْ تَجِدَ لِسُنَّتِ اللّٰهِ تَحْوِيْلًا ﴿۴۳﴾

၄၃။ (၎င်းတို့၏) ကမ္ဘာမြေတွင် မာန်မာနထောင်လွှားမှုနှင့် မကောင်းသောကြံစည်မှုကိုပြုကြခြင်းကြောင့်၊ ထို့ပြင် မကောင်းသောကြံစည်မှုသည် ကြံစည်သူကိုမှတစ်ပါး ဝန်းရံသည်မဟုတ်ချေ။ သို့ဖြစ်ရာ ၎င်းတို့သည် ရှေးလူမျိုး(အပေါ်ပြဋ္ဌာန်းခဲ့သည့် အလ္လာဟ်၏)'စွန္နတ်'နိယာမအစဉ်အလာတော်မှလွဲ၍ အခြားမည်သည်ကို စောင့်ဆိုင်းနေကြပေသနည်း။ သို့ဖြစ်ရာ အသင်သည် အလ္လာဟ်၏ 'စွန္နတ်'တော်တွင် တစ်စုံတစ်ရာပြောင်းလဲမှုကို အလျှင်းတွေ့ရမည်မဟုတ်၊ ထို့ပြင်အသင်သည် အလ္လာဟ်၏'စွန္နတ်'တော်တွင် တစ်စုံတစ်ရာ အလဲအလှယ်ကို အလျှင်းတွေ့ရမည်မဟုတ်ချေ။

اَوَلَمْ يَسِيْرُوْا فِى الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ مِنْ قَبْلِهِمْ وَكَانُوْٓا اَشَدَّ مِنْهُمْ قُوَّةً ؕ وَمَا كَانَ اللّٰهُ لِيُعْجِزَهٗ مِنْ شَىْءٍ فِى السَّمٰوٰتِ وَلَا فِى الْاَرْضِ ؕ اِنَّهٗ كَانَ عَلِيْمًا قَدِيْرًا ﴿۴۴﴾

၄၄။ အသို့နည်း၊ ၎င်းတို့အလျင်ရှိခဲ့ကြကုန်သော အကြင်သူများ၏နောက်ဆုံးရလဒ် မည်သို့ဖြစ်ခဲ့သည်ကို တွေ့မြင်ကြရခြင်းငှာ ၎င်းတို့သည် ကမ္ဘာမြေတွင် လှည့်လည်သွားလာခြင်းမပြုကြသလော။ အမှန်သော်ကား ထိုသူတို့သည် စွမ်းအားအရာတွင် ၎င်းတို့ထက် သာလွန်ခဲ့ကြ၏။ သို့ရာတွင် မိုးကောင်းကင်များ သို့မဟုတ် ကမ္ဘာမြေတွင် မည်သည့်အရာမျှ အလ္လာဟ်အား အရေးနိမ့်အောင်ပြုနိုင်မည်မဟုတ်ချေ။ ဧကန်ပင် အရှင်မြတ်သည် ထာဝရသိရှိတော်မူသောအရှင်၊ တန်ခိုးစွမ်းအားရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

وَلَوْ يُؤَاخِذُ اللّٰهُ النَّاسَ بِمَا كَسَبُوْا مَا تَرَكَ عَلٰى ظَهْرِهَا مِنْ دَآبَّةٍ وَّلٰكِنْ يُّؤَخِّرُهُمْ اِلٰٓى اَجَلٍ مُّسَمًّى ۚ فَاِذَا جَآءَ اَجَلُهُمْ فَاِنَّ اللّٰهَ كَانَ بِعِبَادِهٖ بَصِيْرًا ﴿۴۵﴾ ۩

၄၅။ ထို့ပြင် အကယ်၍သာ အလ္လာဟ်သည် လူသားများကို သူတို့၏လုပ်ဆောင်မှုကြောင့် ဖမ်းဆီးတော်မူခဲ့လျှင် ဤ(ကမ္ဘာမြေပေါ်)တွင် မည်သည့်သွားလာလှုပ်ရှားနေသည့် သက်ရှိကိုမျှ ချန်ထားလိမ့်မည်မဟုတ်ချေ။ သို့ရာတွင် အရှင်မြတ်သည် သူတို့အား (နောက်ဆုံး)သတ်မှတ်ထားသည့် အချိန်ကာလတိုင်အောင် ဆိုင်းငံ့ထားတော်မူ၏။ သို့ဖြစ်ရာ ၎င်းတို့အတွက် (သတ်မှတ်ထားသော) အချိန်ကာလဆိုက်ရောက်လာသည့်အခါ ဧကန်ပင် အလ္လာဟ်သည် မိမိ၏အစေတော်များအပေါ် နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင်ဖြစ်ကြောင်း (ကောင်းစွာ ထင်ရှားလာပေအံ့)တည်း။ ۞

۞ ဤအာယတ်တော်တွင် ပြစ်မှုဒုစရိုက်ကို(ပြုလုပ်သူအဖြစ်)လူသားဘက်သို့ရည်ညွှန်းထားသော်လည်း ယင်း၏ အကျိုးဆက်အားဖြင့် ပျက်စီးဆုံးရှုံးရသူတို့မှာ တိရစ္ဆာန်များဖြစ်ကြောင်းဖော်ပြထားပေသည်။ ဤသည်၏သဘောမှာ ပြုသူတခြား၊ ခံရသူတခြားဆိုသကဲ့သို့မဟုတ်မူဘဲ တိရစ္ဆာန်တို့၏ပျက်စီးဆုံးရှုံးမှုအသွင်ဖြင့်ရရှိသော ဤပြစ်ဒဏ်သည်လည်း အမှန်တွင် လူသားများကိုသာ ရရှိခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လူမှုဘဝ၏ မှီခိုအားထားရာမှာ တိရစ္ဆာန်များသာဖြစ်သောကြောင့်ပင်။ အကယ်၍ ခြေလေးချောင်းသတ္တဝါများသာ ကွယ်ပျောက်သွားခဲ့ပါမူ လူသားအဖို့အသက်ရှင်ရပ်တည်ရန် မဖြစ်နိုင်တော့ချေ။ ဤနေရာတွင် 'ဒါဘာဟ်'ဟူသည် မြေကြီးပေါ်တွင် လှုပ်ရှားသွားလာ၊ တွားသွားရွေ့လျားသော သက်ရှိသတ္တဝါတိုင်းကို ဆိုလိုပေသည်။

၃၆။ ယာဆင်နှ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ် တော်ပေါင်း(၈၄)ပိုဒ်ပါရှိသည်။

ပြီးခဲ့သောဆူရာဟ်၏အဆုံးပိုင်းတွင် မယုံကြည်ကြင်းပယ်သူတို့၏ တိုင်တည်ပြောဆိုသော ကတိ စကားကို ဖော်ပြထားခဲ့သည်။ ယင်းမှာ အကယ်၍သာ ၎င်းတို့ထံ သတိပေးနှိုးဆော်သူ 'အလင်းပြပုဂ္ဂိုလ်' တစ်ပါးပါးပွင့်ပေါ်လာရောက်ခဲ့ပါလျှင် ၎င်းတို့သည် ရှေ့ကရှိခဲ့သမျှသော 'အမွှတ်'သာသနာ့အုပ်စုဝင် တို့ထက်ပင်စောလျင်စွာ ထိုအလင်းပြပုဂ္ဂိုလ်၏ တင်ပြပြောဆိုလမ်းညွှန်ချက်ကို ယုံကြည်လက်ခံကြမည် ဟူ၍ဖြစ်သည်။ ထို့ပြင် ဆူရာဟ် 'ယာဆင်နှ်'၏အစပိုင်း အာယတ်တော်များတွင် အလ္လာဟ်အရှင်မြတ် က တမန်တော်မြတ်(ﷺ)အား ရည်ညွှန်းမိန့်ကြားတော်မူသည်မှာ အကြင်သူတို့၏ အဘဘိုးဘေးတို့ထံ ရှည်ကြာသော အချိန်ကာလတစ်ခုအထိ သတိပေးနှိုးဆော်သူ တစ်ပါးတလေသော်မျှ မပေါ်ထွန်းခဲ့ဖူးသော အမျိုးသားတို့ထံသို့ အသင့်အား ငါတို့သည် စေလွှတ်တော်မူ၏။ သို့ရာတွင် ထိုသို့ဖြစ်လင့်ကစား ထိုသူတို့အများစုနှင့်စပ်လျဉ်း၍ သူတို့သည် ယုံကြည်ကြလိမ့်မည်မဟုတ်ဟူသော အလ္လာဟ်အရှင်မြတ်၏ မိန့်တော်မူချက်မှာ ပြည့်စုံလာခဲ့သည်။ သို့ဖြစ်ရာ ပြီးခဲ့သော ဆူရာဟ်၏ အဆုံးပိုင်းတွင် မယုံကြည် ကြင်းပယ်သူတို့က အကယ်၍ ၎င်းတို့ထံသတိပေးနှိုးဆော်သူတစ်ပါးပါးရောက်ရှိလာခဲ့ပါလျှင် အမှန်ပင် သက်ဝင်ယုံကြည်ကြပါမည်ဟုပြောသော တိုင်တည်ပြောဆိုချက်ကို ဤဆူရာဟ်တွင် ပယ်ချတော်မူလိုက် ပေသည်။

ထို့နောက် တမန်တော်တို့၏ ရန်သူများကို ဥပမာပေးဖော်ပြတော်မူသည်မှာ စင်စစ် ၎င်းတို့ အား အမှန်တရားကို လက်ခံယုံကြည်ခြင်းမှ အဟန့်အတားပြုထားခြင်းဖြစ်ပေသည်။ ပမာဆိုရသော် လူတစ်ဦး၏လည်ပင်းတွင် လည်ပတ်များစွပ်ထားခြင်းခံရပါက သူ၏လည်ပင်းသည် ထောင်မတ်၍နေ မည်ဖြစ်သည်။ ထိုနည်းတူစွာပင် မာန်မာနထောင်လွှားသူတစ်ယောက်၏ လည်ပင်းသည်လည်း ထောင် မတ်၍သာရှိပေသည်။ သို့ဖြစ်ပေရာ အတွင်းသဏ္ဌာန်၌ တစ်စုံတစ်ရာ မောက်မာပလွှားမှုမရှိသူသာလျှင် 'အီမာန်'ယုံကြည်ခြင်းကိုရရှိပေသည်။

အာယတ်တော်(၁၄)မှစ၍ ဖော်ပြလာရှိသည်တို့ကို ကုရ်အာန်ဋီကာပြန်ဆရာများက ထင်မြင် ချက်များစွာကို ဖော်ပြကြလေသည်။ သို့ရာတွင် ယင်းနှင့်စပ်လျဉ်း၍ 'ဟာဇရတ် ဟာကီမ် မော်လာနာ နူရွတ်ဒီးန်' ပထမခလီဖတွလ်မဆီဟ်(ﷺ)က စွဲမက်ဖွယ်ဖြစ်သော ရှင်းလင်းဖွင့်ဆိုမှုတစ်ရပ်ကို ပြုထားပေ သည်။ ယင်းမှာ ပထမ'နဗီ'တမန်တော်နှစ်ပါးမှာ တမန်တော်မူစာ(علیه السلام)နှင့် တမန်တော်အီစာ(علیه السلام)တို့ ဖြစ်သည်။ တမန်တော်မြတ်(ﷺ)က ၎င်းတို့အားထောက်ခံမှုပြုခြင်းအားဖြင့် ၎င်းတို့အား ဂုဏ်သိက္ခာရှိ စေတော်မူခဲ့ပေသည်။ သို့ရာတွင် မယုံကြည်ကြင်းပယ်သူတို့၏ အစဉ်အဆက်ကြင်းပယ်ကန့်ကွက်မှု၏ နောက်တွင် ဝေးလံသောရွာတစ်ခုမှ စတုတ္ထမြောက်ပုဂ္ဂိုလ်တစ်ဦးက ထွက်ရပ်လျက် "ထိုသည့်ကြီးမြတ် သော ပုဂ္ဂိုလ်က အသင်တို့လမ်းမှန်ရရှိကြစိမ့်သောငှာ မရေမတွက်နိုင်အောင်သော အကြောင်းအချက် များကို ပြုပေးနေသော်လည်း တစ်စုံတစ်ရာအကျိုးအမြတ်ကို မတောင်းခံခဲ့ချေ။ ထိုအရှင်သူမြတ်အား ယုံကြည်ခြင်းရှိကြကုန်"ဟု သတိပေးစကားပြောကြားလေသည်။

ကျမ်းမြတ်ကုရ်အာန်ကျရောက်နေစဉ်ကာလ၌ အာရေဗျအမျိုးသားတို့အဖို့ ဖိနှင့်မ စုံတွဲဟူ၍

စွန်ပလွံပင်များ၏ ဖိုမအစုံမျှသာရှိကြောင်းသိခဲ့ကြပေသည်။ အလ္လာဟ်အရှင်မြတ်က အလုံးစုံသော သစ်သီးဝလံပင်တို့ကို ဖိုမသဘောဖြင့်ဖြစ်ထွန်းစေတော်မူခဲ့ကြောင်းကို မည်သူတစ်ဦးတစ်ယောက်၏ အတွေးအမြင်၌သော်မှ ပေါ်ပေါက်နိုင်ခဲ့မည်မဟုတ်ချေ။ ထိုမျှမက အာယတ်တော် (၃၇)တွင် စကြဝဠာအတွင်းရှိ အရာရာတိုင်းသည် အစုံအစုံရှိကြကြောင်း ဆိုထားတော်မူပေသည်။

ခေတ်သစ်သိပ္ပံကလည်း အက်တမ်များ (Atoms) တွင်လည်းကောင်း၊ Sub-Atomic အဏုမြူဒြပ်စင်များတွင်လည်းကောင်း ဖိုမဓာတ်စုံတွဲရှိကြသည်ဟူ၍ပင် ဖော်ပြလိုက်ပြီးဖြစ်သည်။ အချုပ်ဆိုသော် ဖိုမဓာတ်ဆိုင်ရာအကြောင်းအရာမှာ အကန့်အသတ်မရှိသော အကြောင်းရပ်ဖြစ်သည့်အပြင် 'တောင်ဟီးဒ်'(တစ်ဆူရှင်ဝါဒ)ကို သိနားလည်ရန်အလို့ငှာ ဖိုမဓာတ်ဘာသာရပ်ကို သိထားရန်လိုပေသည်။ စကြဝဠာကမ္ဘာအပေါင်းကို စတင်ဖန်ဆင်းတော်မူသောအရှင်သည်သာလျှင် စုံတွဲရှိရန်မလိုသော်လည်း ဖန်ဆင်းခံဟူသမျှတို့မှာ ဖိုမအစုံရှိဖို့လိုပေသည်။

ယင်း၏နောက်တွင် အာယတ်တော်တစ်ပိုဒ်တွင် ရှင်ပြန်ခြင်းအကြောင်းရပ်ကို တစ်ဖန်ပြန်၍ မိန့်တော်မူလျက် ဒုတိယအကြိမ်ပြန်လည်နိုးထစေခြင်းကိုခံရမည့် အသေကောင်များအား 'ငါတို့ကို ရှင်ပြန်စေတာဘယ်သူလဲ'ဟူ၍ ရင်သပ်အံ့ဩခြင်းကို ထင်ဟပ်ပေါ်လွင်စေအောင် ဖော်ပြထားတော်မူသည်။ ယင်းအား အဖြေပေးသောအနေဖြင့် အလ္လာဟ်၏တမန်တော်အားလုံးတို့သည် အမှန်ကိုသာဆိုခဲ့ကြကုန်၏ဟု ဖော်ပြထားသည်။

အာယတ်တော်အမှတ်(၈၁)တွင် စိမ်းလန်းသောအပင်မှ မီးတောက်ထွက်သောသဘောကို ဖော်ပြတော်မူပေရာ အပင်စိမ်းသည်သွေ့ခြောက်သောအခါ ယင်းမှ မီးတောက်လောင်မှုဖြစ်ပေါ်ကြောင်းကို ဆိုလိုသည်ဟု လူအများကထင်မှတ်ကြလေသည်။ ဤအကြောင်းသည်လည်း သူ့နေရာနှင့်သူ မှန်ပေ၏။ သို့ရာတွင် စိမ်းလန်းစိုပြေလျက်ရှိသော အမှန်တကယ် စိမ်းသည့်အပင်များမှလည်း မီးတောက်ဖြစ်ပေါ်နိုင်ပြီး လက်တွေ့လည်း ဖြစ်ပေါ်လျက်ရှိပေသည်။ ထို့ကြောင့် ရုက္ခဗေဒပညာရှင်များ၏အဆိုအရ ထင်ရှူးပင်များ၏အရွက်များသည် လေပြင်းကျရောက်ခိုန်၌ တစ်ရွက်နှင့်တစ်ရွက်ပွတ်တိုက်မိပြီး ယင်းသို့ ကြိမ်ဖန်များစွာ ပွတ်တိုက်မှုအားဖြင့် မီးပွင့်ထွက်ပေါ်လျက် ထိုမီးကြောင့် ကြီးမားကျယ်ပြန့်သော တောအုပ်ကြီးများသည် ပျက်စီးပြာကျခဲ့ကြရလေသည်။

ဤဆူရာဟ်၏နောက်ဆုံးအာယတ်သည်လည်း ပြန်လည်ရှင်ပြန်ခြင်းအကြောင်းအပေါ် အဖြေထုတ်ထားပေသည်။ ယင်း၌ စကြဝဠာကမ္ဘာအပေါင်း၏ အရှင်သခင်မှာ အလ္လာဟ်သာလျှင်ဖြစ်ကြောင်း၊ ထို့ပြင် ထိုအရှင်မြတ်အထံတော်သို့သာ အို-လူသား အသင်တို့သည် ပြန်လည်ခစားကြရမည်ဖြစ်သည်ဟု ကြေညာထားတော်မူပေသတည်း။

♦ ♦ ♦

ဆူရာဟ် ယာဆင်န်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၈၄)ပိုဒ် ရှုကူ (၅)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

يٰسٓ ①

၂။ **يَا سَيِّدُ** အို-ခေါင်းဆောင်။

وَالْقُرْاٰنِ الْحَكِيْمِ ②

၃။ ဉာဏ်ပညာအမြော်အမြင်နှင့်ပြည့်စုံသော 'ကုရ်အာန်' အား သက်သေထူတော်မူ၏။

اِنَّكَ لَمِنَ الْمُرْسَلِيْنَ ③

၄။ အသင်သည် ဧကန်စင်စစ် တမန်တော်များအနက်မှဖြစ်၏။

عَلٰى صِرَاطٍ مُّسْتَقِيْمٍ ④

၅။ ဖြောင့်မတ်မှန်ကန်သည့်လမ်းပေါ်တွင် (လျှောက်လှမ်းနေသူဖြစ်၏)။

تَنْزِيْلَ الْعَزِيْزِ الرَّحِيْمِ ⑤

၆။ (ဤသည်) အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်(နှင့်) အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်၏ ပို့ချတော်မူခြင်း(ဖြစ်၏)။

لِتُنْذِرَ قَوْمًا مَّآ اُنْذِرَ اٰبَآؤُهُمْ فَهُمْ غٰفِلُوْنَ ⑥

၇။ သို့ဖြင့် အသင်သည် အကြင်အမျိုးသားတို့အား သတိပေးနှိုးဆော်ရန်ဖြစ်၏။ ယင်းတို့၏ အဘဘိုးဘေးများသည် သတိပေးနှိုးဆော်ခြင်းမခံခဲ့ရပေ။ သို့ဖြင့် သူတို့သည် အလေးမမူဘဲ ရှိနေကြပေသည်။

لَقَدْ حَقَّ الْقَوْلُ عَلٰٓى اَكْثَرِهِمْ فَهُمْ لَا يُؤْمِنُوْنَ ⑦

၈။ ဧကန်စင်စစ် ၎င်းတို့အနက် အများစုအပေါ် စကားရပ်သည် မှန်ကန်ပြည့်စုံခဲ့ပေပြီ။ သို့ဖြစ်ရာ ယင်းတို့သည် 'အီမာန်' သက်ဝင်ယုံကြည်လာကြမည်မဟုတ်ချေ။

اِنَّا جَعَلْنَا فِيْٓ اَعْنَاقِهِمْ اَغْلٰلًا فَهِيَ اِلَى الْاَذْقَانِ فَهُمْ مُّقْمَحُوْنَ ⑧

၉။ စင်စစ်ဧကန် ငါတို့သည် ၎င်းတို့၏လည်ပင်းများတွင် လည်ပတ်များကို စွပ်ထားတော်မူပြီး ယင်းသည် မေးစေ့များအထိ ရောက်ရှိနေ၏။ ထို့ကြောင့် ၎င်းတို့သည် ဦးခေါင်းကို မော့လျက်ရှိနေကြကုန်၏။

وَجَعَلْنَا مِنْۢ بَيْنِ اَيْدِيْهِمْ سَدًّا وَّمِنْ خَلْفِهِمْ سَدًّا فَاَغْشَيْنٰهُمْ فَهُمْ لَا يُبْصِرُوْنَ ⑨

၁၀။ ထို့ပြင် ငါတို့သည် ၎င်းတို့၏ရှေ့တွင်လည်း အတားအဆီးတစ်ခုကို ပြုလုပ်ထား၏။ ၎င်းတို့၏နောက်တွင်လည်း အတားအဆီးတစ်ခုကိုပြုလုပ်ထား၏။ ထို့ပြင် ငါတို့သည် ၎င်းတို့အပေါ် အဖုံးအကာကို လွှမ်းခြုံလိုက်၏။ သို့ကြောင့် ၎င်းတို့သည် မမြင်နိုင်ကြချေ။ ۞

۞ အာယတ်တော်(၉-၁၀) မယုံကြည်ငြင်းပယ်သူ'ကာဖိရ်'များအပေါ်တွင် ရုပ်ပိုင်းအားဖြင့် တစ်စုံတစ်ရာ လည်ပတ်စည်းထားခြင်းမရှိချေ။ ထို့ပြင် မယုံကြည်သူအားလုံးတို့မှာလည်း မျက်ကန်းများမဟုတ်ကြချေ။ အမှန်သော်ကား ဤသည်တို့မှာ ပုံဆောင်ခိုင်းနှိုင်းသောစကားများသာဖြစ်သည်။ ဆိုလိုသည်မှာ သူတို့၏လည်ကုပ်များတွင် ကုသိုလ်ကောင်းမှုမှ အဟန့်အတားဖြစ်စေသည့် လည်ပတ်များစွပ်ထားလျက်ရှိပြီး၊ သူတို့သည် (နာမ်တရား)အမြင်အာရုံဆုံးရှုံးနေကြသူများဖြစ်ကြောင်းကို ဆိုခြင်းဖြစ်သည်။

وَسَوَآءٌ عَلَيْهِمْ ءَاَنْذَرْتَهُمْ اَمْ لَمْ تُنْذِرْهُمْ لَا يُؤْمِنُوْنَ ۝١٠

၁၀။ အသင်သည် သူတို့အား သတိပေးနှိုးဆော်သည်ဖြစ်စေ၊ သတိပေးနှိုးဆော်မှုမပြုသည်ဖြစ်စေ သူတို့အတွက် (အကြောင်းမထူး) အတူတူပင်ဖြစ်၏။ သူတို့သည် သက်ဝင်ယုံကြည်လာကြမည် မဟုတ်ချေ။

اِنَّمَا تُنْذِرُ مَنِ اتَّبَعَ الذِّكْرَ وَخَشِيَ الرَّحْمٰنَ بِالْغَيْبِ ۚ فَبَشِّرْهُ بِمَغْفِرَةٍ وَّاَجْرٍ كَرِيْمٍ ۝١١

၁၂။ သွန်သင်ဆုံးမမှုကို လိုက်နာကျင့်သုံးပြီး 'ရာဟ်မန်' ကရုဏာတော်ရှင်အားအကွယ်၌ကြောက်ရွံ့သူကိုသာလျှင် အသင်သည် သတိပေးနှိုးဆော်နိုင်ပေသည်။ သို့ဖြစ်ရာ သူ့အား အလွန်ကြီးမားသော ခွင့်လွှတ်ခြင်းတစ်ရပ်နှင့် ဂုဏ်သိက္ခာရှိသောဆုလာဘ်၏ သတင်းကောင်းကိုပေးပါလေ။

اِنَّا نَحْنُ نُحْيِ الْمَوْتٰى وَنَكْتُبُ مَا قَدَّمُوْا وَاٰثَارَهُمْ ۚ وَكُلَّ شَيْءٍ اَحْصَيْنٰهُ فِيْٓ اِمَامٍ مُّبِيْنٍ ۝١٢

၁၃။ စင်စစ်ကောန် ငါတို့သည် သေသူများကို ရှင်စေတော်မူ၏။ ထို့ပြင် သူတို့က ရှေ့သို့ပို့နှင့်သည်များကိုလည်းကောင်း၊ သူတို့၏အမှတ်လက္ခဏာများကိုလည်းကောင်း ရေးမှတ်၍ထားတော်မူ၏။ ထို့ပြင် ငါတို့သည် အရာအားလုံးတို့ကို ပွင့်လင်းထင်ရှားသည့် လမ်းမတစ်ခုပေါ်ဝယ် (ကမ္ဘာမြေပြင်အောက်)တွင် လုံခြုံစွာထားရှိတော်မူသတည်း။

ရုကူး-၂

وَاضْرِبْ لَهُمْ مَّثَلًا اَصْحٰبَ الْقَرْيَةِ ۘ اِذْ جَآءَهَا الْمُرْسَلُوْنَ ۝١٣

၁၄။ ၎င်းတို့၏ရှေ့ဝယ် 'အာဆ်ဟာဘေကရ်ယာဟ်'ကို ဥပမာအဖြစ်တင်ပြပါလေ။ အကြင်အခါဝယ် ယင်း(မြို့ရွာ)၌ (အလ္လာဟ်၏ထံတော်မှ) တမန်တော်များလာရောက်ခဲ့ကြ၏။

اِذْ اَرْسَلْنَآ اِلَيْهِمُ اثْنَيْنِ فَكَذَّبُوْهُمَا فَعَزَّزْنَا بِثَالِثٍ فَقَالُوْٓا اِنَّآ اِلَيْكُمْ مُّرْسَلُوْنَ ۝١٤

၁၅။ အကြင်အခါဝယ် ငါတို့သည် ယင်းတို့ထံ (တမန်တော်) နှစ်ပါးကို စေလွှတ်တော်မူခဲ့ပေရာ ယင်းတို့သည် နှစ်ပါးစလုံးကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြပေသည်။ သို့ဖြစ်ရာ ငါတို့သည် တတိယတစ်ပါးအားဖြင့် (၎င်းတို့အား) အင်အားဖြည့်ပေးတော်မူခဲ့၏။ ထို့နောက် ၎င်းတို့ကပြောကြသည်မှာ ကောန်အမှန် ကျွန်ုပ်တို့သည်အသင်တို့ထံစေလွှတ်ခြင်းခံခဲ့ရပေသည်။

قَالُوْا مَآ اَنْتُمْ اِلَّا بَشَرٌ مِّثْلُنَا ۙ وَمَآ اَنْزَلَ الرَّحْمٰنُ مِنْ شَيْءٍ ۙ اِنْ اَنْتُمْ اِلَّا تَكْذِبُوْنَ ۝١٥

၁၆။ ယင်းတို့က ပြောဆိုကြမည်မှာ အသင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ လူသားမှတစ်ပါး အခြားဘာမျှမဟုတ်ချေ။ ထို့ပြင် 'ရာဟ်မန်'ကရုဏာတော်ရှင်သည် မည်သည်ကိုမျှ ပို့ချတော်မမူချေ။ အသင်တို့သည်ကား မုသားပြောဆိုခြင်းသက်သက်သာဖြစ်၏။

قَالُوْا رَبُّنَا يَعْلَمُ اِنَّآ اِلَيْكُمْ لَمُرْسَلُوْنَ ۝١٦

၁၇။ သူတို့က ပြောဆိုကြသည်မှာ စင်စစ် ကျွန်ုပ်တို့သည် အသင်တို့ထံ စေလွှတ်ခြင်းခံရသူများဖြစ်ကြောင်းကို ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် သိရှိတော်မူပါ၏။

وَمَا عَلَيْنَآ اِلَّا الْبَلٰغُ الْمُبِيْنُ ۝١٧

၁၈။ ထို့ပြင် ကျွန်ုပ်တို့၏တာဝန်သည်ကား အကြောင်းကိစ္စကို ပွင့်လင်းထင်ရှားစွာပို့ဆောင်ရန်မှတစ်ပါး အခြားမရှိပြီ။

قَالُوْٓا اِنَّا تَطَيَّرْنَا بِكُمْ ۚ لَىِٕنْ لَّمْ تَنْتَهُوْا لَنَرْجُمَنَّكُمْ وَلَيَمَسَّنَّكُمْ مِّنَّا عَذَابٌ اَلِيْمٌ ۝

၁၉။ ယင်းတို့က ပြောဆိုကြမည်မှာ ကျွန်ုပ်တို့သည် အမှန်ပင် အသင်တို့အားမကောင်းသောနိမိတ်(အမင်္ဂလာ)ဟု မှတ်ယူပေသည်။ အကယ်၍ အသင်တို့သည် မရပ်တန့်ပါလျှင် ကျွန်ုပ်တို့သည် အမှန်ပင် အသင်တို့အား ခဲဖြင့်ပစ်ပေါက်၍ သတ်ကြပေအံ့။ ထို့ပြင် အမှန်ပင် ကျွန်ုပ်တို့ဘက်မှ အသင်တို့အား နာကျင်ဖွယ်သောပြစ်ဒဏ် သက်ရောက်ပေအံ့။

قَالُوْا طَاۤىِٕرُكُمْ مَّعَكُمْ ۭ اَىِٕنْ ذُكِّرْتُمْ ۭ بَلْ اَنْتُمْ قَوْمٌ مُّسْرِفُوْنَ ۝

၂၀။ သူတို့က ပြောကြသည်မှာ အသင်တို့၏မကောင်းသော အတိတ်နိမိတ်(အမင်္ဂလာ)သည်ကား အသင်တို့နှင့်အတူရှိ၏။ အကယ်၍ အသင်တို့အား ကောင်းစွာသွန်သင်ဆုံးမပါလျှင်လည်း (ငြင်းပယ်ကြဦးမည်လော)။ အမှန်သော်ကား အသင်တို့သည် စည်းဘောင်ကိုချိုးဖောက်ကျူးလွန်သူများဖြစ်ကြ၏။

وَجَاۤءَ مِنْ اَقْصَا الْمَدِيْنَةِ رَجُلٌ يَّسْعٰى قَالَ يٰقَوْمِ اتَّبِعُوا الْمُرْسَلِيْنَ ۝

၂၁။ ထို့ပြင် မြို့၏ဝေးလံသော အစွန်အဖျားမှ လူတစ်ဦးသည် ပြေးလွှား၍လာခဲ့၏။ သူကပြောသည်မှာ အို-ကျွန်ုပ်၏အမျိုးသားတို့ (ထို)စေလွှတ်ခြင်းခံရသူ(တမန်တော်)များအား လိုက်နာကြကုန်။

اتَّبِعُوْا مَنْ لَّا يَسْـَٔلُكُمْ اَجْرًا وَّهُمْ مُّهْتَدُوْنَ ۝

၂၂။ သူတို့အားလိုက်နာကြကုန်။ သူတို့သည် အသင်တို့ထံမှ မည်သည့်အကျိုးဆုလာဘ်တစ်စုံတစ်ရာကိုမျှ တောင်းခံကြသည်မဟုတ်။ ထို့ပြင် သူတို့သည် 'ဟေဒါယတ်' တရားလမ်းမှန်ကို ရရှိထားသူများဖြစ်ကြ၏။

وَمَا لِيَ لَآ اَعْبُدُ الَّذِيْ فَطَرَنِيْ وَاِلَيْهِ تُرْجَعُوْنَ ۝

၂၃။ ထို့ပြင် ကျွန်ုပ်အား ဖန်ဆင်းတော်မူသည့် ထိုအရှင်မြတ်အား ဝတ်ပြုကိုးကွယ်ခြင်းမပြုရန် ကျွန်ုပ်၌ မည်သည့်အကြောင်းရှိပါသနည်း။ ထို့ပြင် အရှင်မြတ်ထံတော်သို့သာလျှင် အသင်တို့သည်(လည်း) ပြန်လှည့်ခြင်းခံကြရပေမည်။

ءَاَتَّخِذُ مِنْ دُوْنِهٖٓ اٰلِهَةً اِنْ يُّرِدْنِ الرَّحْمٰنُ بِضُرٍّ لَّا تُغْنِ عَنِّيْ شَفَاعَتُهُمْ شَيْـًٔا وَّلَا يُنْقِذُوْنِ ۝

၂၄။ အသို့နည်း၊ ကျွန်ုပ်သည် အရှင်မြတ်အားစွန့်၍ အခြားသောအရာများကို ကိုးကွယ်ရမည်လော။ အကယ်၍ 'ရာဟ်မန်'ကရုဏာတော်ရှင်သည် ကျွန်ုပ်အား တစ်စုံတစ်ရာ ဘေးဥပါဒ်သက်ရောက်စေလိုတော်မူပါလျှင် ၎င်းတို့၏ ကြားဝင်လျှောက်လဲချက်သည် ကျွန်ုပ်အတွက် မည်သို့မျှ အသုံးဝင်လိမ့်မည်မဟုတ်ချေ။ ထို့ပြင် ၎င်းတို့သည် ကျွန်ုပ်အား လွတ်မြောက်စေနိုင်ကြမည်လည်းမဟုတ်ချေ။

اِنِّيْٓ اِذًا لَّفِيْ ضَلٰلٍ مُّبِيْنٍ ۝

၂၅။ အမှန်ပင် ဤသို့သော အခြေအနေတွင် ကျွန်ုပ်သည် ချက်ချင်းပင် ပွင့်လင်းထင်ရှားသောလမ်းလွဲမှုတွင် (ဆိုက်ရောက်)သွားပေမည်။

اِنِّيْٓ اٰمَنْتُ بِرَبِّكُمْ فَاسْمَعُوْنِ ۝

၂၆။ ကောန်စင်စစ် ကျွန်ုပ်သည် အသင်တို့၏ ဖန်ဆင်းမွေးမြူရှင်အား သက်ဝင်ယုံကြည်၏။ သို့ဖြစ်ရာ ကျွန်ုပ်၏စကားကို ကောင်းစွာနားစွင့်ကြကုန်။

قِيْلَ ادْخُلِ الْجَنَّةَ ۚ قَالَ يٰلَيْتَ قَوْمِيْ يَعْلَمُوْنَ ۙ﴿۲۶﴾

၂၇။ 'ဂျန္နတ်'ဥယျာဉ်တော်သို့ဝင်ရောက်လော့ဟု (သူ့အား) မိန့်ကြားခြင်းခံရ၏။ သူက ပြောသည်မှာ၊ အို- ကျွန်ုပ်၏အမျိုးသားတို့ သိကြလျှင်ကောင်းလေစွ။

بِمَا غَفَرَ لِيْ رَبِّيْ وَجَعَلَنِيْ مِنَ الْمُكْرَمِيْنَ ﴿۲۷﴾

၂၈။ ယင်းမှာ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ကျွန်ုပ်အား ခွင့်လွှတ်တော်မူခဲ့၏။ ထို့ပြင် ကျွန်ုပ်အား ဂုဏ်သိက္ခာရှိသူများတွင်ပါဝင်စေတော်မူခဲ့၏။

وَمَآ اَنْزَلْنَا عَلٰى قَوْمِهٖ مِنْۢ بَعْدِهٖ مِنْ جُنْدٍ مِّنَ السَّمَآءِ وَمَا كُنَّا مُنْزِلِيْنَ ﴿۲۸﴾

၂၉။ စင်စစ် ထိုသည့်နောက်တွင် ငါတို့သည်သူ၏အမျိုးသားတို့အပေါ် မိုးကောင်းကင်မှ မည်သည့်စစ်တပ်ကိုမျှချပေးတော်မမူခဲ့ချေ။ ထို့ပြင် ငါတို့သည် ပို့ချမည့်သူလည်းမဟုတ်ချေ။

اِنْ كَانَتْ اِلَّا صَيْحَةً وَّاحِدَةً فَاِذَا هُمْ خٰمِدُوْنَ ﴿۲۹﴾

၃၀။ ယင်းသည်ကား ပြင်းထန်ကြောက်မက်ဖွယ်ကောင်းသော အသံတစ်ခုသာဖြစ်ခဲ့၏။ သို့ဖြစ်ရာ ရုတ်တရက် ၎င်းတို့သည် ငြိမ်း(၍ပြာဖြစ်)သွားခဲ့ကြပေ၏။

يٰحَسْرَةً عَلَى الْعِبَادِ ۚ مَا يَاْتِيْهِمْ مِّنْ رَّسُوْلٍ اِلَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ﴿۳۰﴾

၃၁။ အစေတော်လူသားများအတွက် ဝမ်းနည်းဖွယ်ကောင်းလေစွ။ မည်သည့်အခါမဆို ၎င်းတို့ထံ တမန်တော်တစ်ပါးပါးရောက်ရှိလာလေတိုင်း ၎င်းတို့သည် သူ့အား လှောင်ပြောင်သရော်ခဲ့ကြပေသည်။

اَلَمْ يَرَوْا كَمْ اَهْلَكْنَا قَبْلَهُمْ مِّنَ الْقُرُوْنِ اَنَّهُمْ اِلَيْهِمْ لَا يَرْجِعُوْنَ ﴿۳۱﴾

၃၂။ အသို့နည်း၊ ၎င်းတို့သည် မသိမမြင်ကြပေသလော။ အဘယ်မျှလောက်သော မျိုးနွယ်ဆက်များကို ငါတို့သည် ၎င်းတို့ထက်အလျင် ဖျက်ဆီးတော်မူခဲ့ပေသနည်း။ အမှန်ပင် ယင်းတို့သည် ၎င်းတို့ထံ ပြန်လည်၍လာကြမည်မဟုတ်ချေ။

وَاِنْ كُلٌّ لَّمَّا جَمِيْعٌ لَّدَيْنَا مُحْضَرُوْنَ ﴿۳۲﴾

၃၃။ ထိုသို့မဟုတ်မူဘဲ စင်စစ် (ယင်းတို့)အားလုံးသည် တစ်ဦးမကျန် ငါတို့၏ရှေ့မှောက်သို့ ရောက်ရှိစေခြင်းခံရမည့်သူများဖြစ်ကြသတည်း။ ★

ရုကူး-၃

وَاٰيَةٌ لَّهُمُ الْاَرْضُ الْمَيْتَةُ ۚ اَحْيَيْنٰهَا وَاَخْرَجْنَا مِنْهَا حَبًّا فَمِنْهُ يَاْكُلُوْنَ ﴿۳۳﴾

၃၄။ ထို့ပြင် ၎င်းတို့အတွက် သေနေသောမြေသည် နိမိတ်လက္ခဏာတစ်ရပ်ဖြစ်၏။ ငါတို့သည် ယင်းအား ရှင်စေတော်မူ၏။ ထို့ပြင် ယင်းမှ (အမျိုးမျိုးသော)ကောက်ပဲသီးနှံကို ထုတ်ဆောင်တော်မူ၏။ သို့ဖြင့် ယင်းမှပင် ၎င်းတို့သည် စားသုံးကြပေသည်။

وَجَعَلْنَا فِيْهَا جَنّٰتٍ مِّنْ نَّخِيْلٍ وَّاَعْنَابٍ وَّفَجَّرْنَا فِيْهَا مِنَ الْعُيُوْنِ ﴿۳۴﴾

၃၅။ ထို့ပြင် ငါတို့သည် ယင်း၌ စွန်ပလွံနှင့် စပျစ်ခြံများကို ပြုလုပ်တော်မူခဲ့၏။ ထို့ပြင် ငါတို့သည် ယင်း၌ စိမ့်စမ်းများ ပန်းထွက်စီးဆင်းစေတော်မူ၏။

لِيَاْكُلُوْا مِنْ ثَمَرِهٖ ۙ وَمَا عَمِلَتْهُ اَيْدِيْهِمْ ۭ

၃၆။ သို့ဖြင့် ၎င်းတို့သည် ထိုအရှင်မြတ်၏ (ပေးသနားထားတော်မူသော) သစ်သီးဝလံများမှ စားသုံးကြရန်နှင့် ၎င်းတို့၏

★ ဤအဓိပ္ပာယ်ပြန်ဆိုမှုအတွက် املاء ما منَ به الرحمن ကျမ်းရှု။

اَفَلَا يَشْكُرُوْنَ ﴿۳۵﴾

လက်များက ရှာဖွေဆည်းပူးခဲ့သည်များကိုလည်း စားသုံးကြစေရန်ဖြစ်၏။ သို့ဖြစ်ရာ ၎င်းတို့သည် ကျေးဇူးမသိတတ်ကြပြီလော။

سُبْحٰنَ الَّذِىْ خَلَقَ الْاَزْوَاجَ كُلَّهَا مِمَّا تُنْۢبِتُ الْاَرْضُ وَ مِنْ اَنْفُسِهِمْ وَ مِمَّا لَا يَعْلَمُوْنَ ﴿۳۶﴾

၃၆။ ကမ္ဘာမြေတွင် ပေါက်ရောက်သည်များတွင်လည်းကောင်း၊ သူတို့ကိုယ်တိုင်၏ အရည်အသွေးအလျောက်လည်းကောင်း၊ သူတို့လုံးဝမသိသောအရာများမှလည်းကောင်း၊ အမျိုးမျိုးသော စုံတွဲများကိုဖန်ဆင်းတော်မူသည့် အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။

وَاٰيَةٌ لَّهُمُ الَّيْلُ ۚ نَسْلَخُ مِنْهُ النَّهَارَ فَاِذَا هُمْ مُّظْلِمُوْنَ ﴿۳۷﴾

၃၇။ ထို့ပြင် ၎င်းတို့အတွက် 'ညဉ့်'သည်လည်း နိမိတ်လက္ခဏာတစ်ရပ်ဖြစ်၏။ ယင်းမှ ငါတို့သည် 'နေ့'ကို ဆွဲထုတ်ယူတော်မူ၏။ သို့ဖြစ်ရာ ရုတ်တရက် ယင်းသည် အမှောင်ထုများ၌ နစ်မြုပ်သွားပေသည်။

وَالشَّمْسُ تَجْرِىْ لِمُسْتَقَرٍّ لَّهَا ۭ ذٰلِكَ تَقْدِيْرُ الْعَزِيْزِ الْعَلِيْمِ ﴿۳۸﴾

၃၈။ ၎င်းပြင် 'နေ'သည် (အမြဲထာဝစဉ်) မိမိအတွက် သတ်မှတ်ထားသော စခန်းဘက်သို့ ရွွေ့လျားလျက်ရှိ၏။ ဤသည်အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်(နှင့်) ဉာဏ်ပညာဖြင့်ပြည့်စုံတော်မူသောအရှင်၏ (ပြဋ္ဌာန်းထားတော်မူသော)သတ်မှတ်ချက် 'တက္ကဒီရ်'ပင်ဖြစ်၏။

وَالْقَمَرَ قَدَّرْنٰهُ مَنَازِلَ حَتّٰى عَادَ كَالْعُرْجُوْنِ الْقَدِيْمِ ﴿۳۹﴾

၃၉။ ထို့ပြင် 'လ'အတွက်လည်း ငါတို့သည်စခန်းများကို သတ်မှတ်ထားတော်မူ၏။ နောက်ဆုံးတွင် ယင်းသည် စွန်ပလွံကိုင်းခြောက်ပမာ ဖြစ်သွား၏။

لَا الشَّمْسُ يَنْۢبَغِىْ لَهَآ اَنْ تُدْرِكَ الْقَمَرَ وَلَا الَّيْلُ سَابِقُ النَّهَارِ ۭ وَكُلٌّ فِىْ فَلَكٍ يَّسْبَحُوْنَ ﴿۴۰﴾

၄၀။ 'နေ'သည် 'လ'ကိုမိနိုင်စွမ်းမရှိချေ။ ထို့အတူ 'ညဉ့်'သည်လည်း 'နေ့'၏ရွှေ့သို့ ကျော်တက်မသွားနိုင်ချေ။ ထို့ပြင် အားလုံးတို့သည် (မိမိတို့အသီးသီး၏)စက်ဝန်းအတွင်း၌သွားလာလျက်ရှိကြ၏။ ۞

۞ အာယတ်တော်(၃၉ မှ ၄၁ထိ) ဤအာယတ်တော်များတွင် ကောင်းကင်ဗြဟ်မာနကွတ်များနှင့်စပ်လျဉ်း၍ အာရေဗျမှ'အွပ်မီ'တစ်ဦးအဖို့တွေးတောနိုင်ရန်ပင်မရှိသော အကြောင်းအရာများကိုဖော်ပြထားပေသည်။ လနှင့်နေ အပြန်အလှန် မဆုံစည်းနိုင်ခြင်းနှင့် ပတ်သက်၍မူ နေ့စဉ်မြင်တွေ့ရသောဖြစ်ရပ်များကပြဆိုနေသည်။ သို့သော် လဝန်းမှာ အဘယ့်ကြောင့် သေးငယ်သွားရကြောင်းနှင့် ကြီးထွား၍လည်းလာကြောင်း၊ ယင်းသည် လည်ပတ်မှုနှင့်ဆက်စပ်နေသောကြောင့်ဖြစ်ကြောင်းတို့ကိုသိရသည်။

ဤတွင်မက နေသည်လည်း 'အဂျလေမုစမ်မာ'သတ်မှတ်ထားသောစခန်းဆီသို့ ရွွေ့လျားလျက်ရှိကြောင်းကိုလည်း ဖော်ပြထားတော်မူသည်။ ယင်း၏အဓိပ္ပာယ်တစ်မျိုးမှာ နေဝန်းသည်လည်း တစ်ခုသောသတ်မှတ်ထားသည့် သက်တမ်းသို့ရောက်လျက် ပျက်စီးချုပ်ငြိမ်းရမည်ဖြစ်ကြောင်းနှင့် အခြားအဓိပ္ပာယ်တစ်မျိုးမှာ မျက်မှောက်ခေတ် နက္ခတ္တဗေဒပညာရှင်များ၏ ရှာဖွေတွေ့ရှိချက်မှာ နေသည် မိမိ၏အလုံးစုံသော ကြယ်စုကြီးများနှင့်အတူ အရပ်မျက်နှာတစ်ခုသို့ ရွွေ့လျားမပြတ်ရှိနေကြောင်းတို့ဖြစ်သည်။ ဤသည့်သဘောမှာ စကြဝဠာတစ်ခန်းလုံးသည် တစ်စုတစ်ဝေးတည်း လှုပ်ရှားရွွေ့လျားလျက်ရှိနေကြကြောင်း၊ သို့မဟုတ်ပါက ကြယ်နက္ခတ်တစ်ခုနှင့်တစ်ခုတိုက်မိဖို့ရှိကြောင်း၊ စကြဝဠာကမ္ဘာအပေါင်းသည် လှုပ်ရှားနေပါလျက်နှင့် တစ်ခုနှင့်တစ်ခု၏ အကွာအဝေးမှာလည်း မူလအတိုင်းပင်ရှိနေကြကြောင်းတို့ဖြစ်သည်။ ဤသည်မှာ နက္ခတ္တဗေဒပညာရှင်တို့၏ နောက်ဆုံးလေ့လာတွေ့ရှိချက်များအနက်မှ ဖြစ်သည်။ ယင်းနှင့်ဆက်စပ်လျက်မတွေ့ရှိသေးသည့် အခြားတစ်ခုသော စကြဝဠာကြီးလည်းရှိနေကြောင်းနှင့် ယင်း၏ဆွဲငင်အားကြောင့် ယင်းဘက်သို့ ဦးတည်ရွွေ့လျားနေခြင်းဖြစ်ကြောင်းကိုသိနိုင်ပေသည်။

وَاٰيَةٌ لَّهُمْ اَنَّا حَمَلْنَا ذُرِّيَّتَهُمْ فِي الْفُلْكِ الْمَشْحُوْنِ ﴿٤١﴾

၄၂။ ထို့ပြင် ၎င်းတို့အတွက် ဤသည်လည်း နိမိတ်လက္ခဏာတစ်ရပ်ဖြစ်၏။ ငါတို့သည် ၎င်းတို့၏မျိုးနွယ်ဆက်ကို ပြည့်သိပ်လျက်ရှိသော လေ့သင်္ဘောပေါ်တွင် တင်ဆောင်စီးနင်းစေတော်မူခဲ့ပေသည်။

وَخَلَقْنَا لَهُمْ مِّنْ مِّثْلِهٖ مَا يَرْكَبُوْنَ ﴿٤٢﴾

၄၃။ ထို့ပြင် ငါတို့သည် သူတို့အတွက် ထိုကဲ့သို့ပင် နောက်ထပ် (အစီးအနင်းများ)ပြုလုပ်တော်မူပေအံ့။ ယင်းတို့အပေါ် သူတို့သည် စီးနင်းကြရပေလိမ့်မည်။

وَاِنْ نَّشَاْ نُغْرِقْهُمْ فَلَا صَرِيْخَ لَهُمْ وَلَا هُمْ يُنْقَذُوْنَ ﴿٤٣﴾

၄၄။ ထို့ပြင် အကယ်၍ ငါတို့အလိုရှိတော်မူလျှင် ၎င်းတို့အား နှစ်မြှုပ်ပစ်တော်မူပေအံ့။ သို့ဖြစ်လျှင် ၎င်းတို့၏ဟစ်အော်အကူအညီတောင်းခံခြင်းကို နားထောင်မည့်သူ မည်သူမျှရှိလိမ့်မည်မဟုတ်။ ထို့ပြင် ၎င်းတို့သည် ကယ်တင်ခြင်းကိုလည်း ခံကြရလိမ့်မည်မဟုတ်ချေ။

اِلَّا رَحْمَةً مِّنَّا وَمَتَاعًا اِلٰى حِيْنٍ ﴿٤٤﴾

၄၅။ ငါတို့၏အထံတော်မှ 'ရာဟ်မတ်'ကရုဏာတော်အဖြစ်နှင့် အချိန်ကာလတစ်ရပ်တိုင် ယာယီအကျိုးကျေးဇူးသက်ရောက်စေရန်အတွက်မှတစ်ပါးဖြစ်၏။

وَاِذَا قِيْلَ لَهُمُ اتَّقُوْا مَا بَيْنَ اَيْدِيْكُمْ وَمَا خَلْفَكُمْ لَعَلَّكُمْ تُرْحَمُوْنَ ﴿٤٥﴾

၄၆။ ထို့ပြင် အကြင်အခါဝယ် ၎င်းတို့အား အသင်တို့၏ရှေ့တွင်ရှိသည့် အရေးကိစ္စ၌လည်းကောင်း၊ အသင်တို့၏နောက်တွင်ရှိသည့် အရေးကိစ္စ၌လည်းကောင်း 'တက္ကဝါ'ကြောက်ရွံ့ရိုကျိုးခြင်းတရားကို ကျင့်သုံးဆောက်တည်ကြကုန်၊ သို့မှသာ အသင်တို့အပေါ် ကရုဏာသက်ခြင်းကိုခံကြရပေအံ့ဟု ပြောကြားခြင်းခံရသည်(ကို ၎င်းတို့ဂရုမစိုက်ကြချေ)။

وَمَا تَاْتِيْهِمْ مِّنْ اٰيَةٍ مِّنْ اٰيٰتِ رَبِّهِمْ اِلَّا كَانُوْا عَنْهَا مُعْرِضِيْنَ ﴿٤٦﴾

၄၇။ စင်စစ် ၎င်းတို့ထံ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ နိမိတ်လက္ခဏာတော်များအနက်မှ နိမိတ်လက္ခဏာတစ်ခုခုရောက်ရှိလာလေတိုင်း ၎င်းတို့သည် ယင်းမှမျက်နှာလွှဲဖယ်သူများ ဖြစ်ခဲ့ကြပေသည်။

وَاِذَا قِيْلَ لَهُمْ اَنْفِقُوْا مِمَّا رَزَقَكُمُ اللّٰهُ ۙ قَالَ الَّذِيْنَ كَفَرُوْا لِلَّذِيْنَ اٰمَنُوْٓا اَنُطْعِمُ مَنْ لَّوْ يَشَآءُ اللّٰهُ اَطْعَمَهٗٓ ۖ اِنْ اَنْتُمْ اِلَّا فِيْ ضَلٰلٍ مُّبِيْنٍ ﴿٤٧﴾

၄၈။ ထို့ပြင် အကြင်အခါဝယ် ၎င်းတို့အား အလ္လာဟ်က အသင်တို့အား ပေးသနားတော်မူသည့် 'ရိဇ်ကီ'ရိက္ခာများမှသုံးစွဲကြလေကုန်ဟု ပြောကြားခြင်းခံရသောအခါ မယုံကြည်ငြင်းပယ်ကြသူများက သက်ဝင်ယုံကြည်သူတို့အား အသို့နည်း အလ္လာဟ်အလိုရှိတော်မူပါလျှင် ကိုယ်တော်တိုင် ကျွေးမွေးနိုင်သူကို ကျွန်ုပ်တို့က ကျွေးမွေးရပါမည်လော၊ အသင်တို့သည်ကား ပွင့်လင်းထင်ရှားသော လမ်းလွဲမှုတွင်ရှိနေကြပေသည်ဟု ပြောကြ၏။

وَيَقُوْلُوْنَ مَتٰى هٰذَا الْوَعْدُ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٤٨﴾

၄၉။ ထို့ပြင် ၎င်းတို့က အကယ်၍ အသင်တို့သည် ဖြောင့်မှန်သူများဖြစ်ကြပါလျှင် ဤကတိတော်သည် မည်သည့်အခါပြည့်စုံလာမည်နည်းဟု မေးမြန်းကြကုန်၏။

مَا يَنْظُرُوْنَ اِلَّا صَيْحَةً وَّاحِدَةً تَاْخُذُهُمْ وَهُمْ يَخِصِّمُوْنَ ﴿۴۹﴾

၅၀။ ၎င်းတို့သည် ကြောက်မက်ဖွယ် အသံတစ်ခုကိုမှတစ်ပါး မည်သည့်အရာကိုမျှ စောင့်ဆိုင်းနေကြသည်မဟုတ်ချေ။ စင်စစ် ယင်းသည် ၎င်းတို့အငြင်းပွားနေကြစဉ် ၎င်းတို့အား လာရောက်ဖမ်းဆီးပေအံ့။

فَلَا يَسْتَطِيْعُوْنَ تَوْصِيَةً وَّلَا اِلٰٓى اَهْلِهِمْ يَرْجِعُوْنَ ﴿۵۰﴾

၅၁။ သို့ဖြစ်ရာ ၎င်းတို့သည် သေတမ်းစကားမှာကြားရန်ပင် စွမ်းအားရှိကြမည်မဟုတ်။ ထို့ပြင် မိမိတို့၏ အိမ်သူအိမ်သား များထံသို့လည်း ပြန်သွားနိုင်ကြမည်မဟုတ်ချေတည်း။

ရုကူး-၄

وَنُفِخَ فِى الصُّوْرِ فَاِذَا هُمْ مِّنَ الْاَجْدَاثِ اِلٰى رَبِّهِمْ يَنْسِلُوْنَ ﴿۵۱﴾

၅၂။ ထို့ပြင် တံပိုးခရာမှုတ်သည့်အခါ ၎င်းတို့သည် ရုတ်တရက် ဂူသချိုင်းများမှထွက်လာကြ၍ မိမိတို့၏ဖန်ဆင်းမွေးမြူ ရှင်ထံသို့ ပြေးလွှားကြပေအံ့။

قَالُوْا يٰوَيْلَنَا مَنْۢ بَعَثَنَا مِنْ مَّرْقَدِنَا ۜ هٰذَا مَا وَعَدَ الرَّحْمٰنُ وَصَدَقَ الْمُرْسَلُوْنَ ﴿۵۲﴾

၅၃။ ၎င်းတို့ကပြောဆိုကြမည်မှာ အို-ငါတို့ပျက်စီးဆုံးရှုံးရပြီ တကား။ မည်သူသည် ငါတို့အား ငါတို့၏ အနားယူရာဌာနမှ နိုးထစေခဲ့ပါသနည်း။ ဤသည်ကိုပင် 'ရာဟ်မန်'ကရုဏာ တော်ရှင်က ကတိပေးထားတော်မူခဲ့ပေသည်။ ထို့ပြင် တမန် တော်များသည် အမှန်ကိုသာပြောခဲ့ကြပေသည်။

اِنْ كَانَتْ اِلَّا صَيْحَةً وَّاحِدَةً فَاِذَا هُمْ جَمِيْعٌ لَّدَيْنَا مُحْضَرُوْنَ ﴿۵۳﴾

၅၄။ ဤသည် ကြောက်မက်ဖွယ် အသံတစ်သံမျှသာဖြစ်ပေ မည်။ သို့ဖြစ်ရာ ရုတ်ခြည်းပင် ၎င်းတို့အားလုံးသည် ငါတို့၏ ရှေ့တော်သို့ ဝင်ရောက်စေခြင်းခံကြရပေအံ့။

فَالْيَوْمَ لَا تُظْلَمُ نَفْسٌ شَيْـًٔا وَّلَا تُجْزَوْنَ اِلَّا مَا كُنْتُمْ تَعْمَلُوْنَ ﴿۵۴﴾

၅၅။ သို့ဖြစ်ရာ ယနေ့တွင် မည်သည့်အသက်ဝိညာဉ်မျှ တစ်စုံ တစ်ရာ မတရားပြုခြင်းကို ခံကြရမည်မဟုတ်။ ထို့ပြင် အသင် တို့သည် အသင်တို့ပြုခဲ့ကြသည်ကိုမှတစ်ပါး မည်သည့်အစား ပေးခြင်းကိုမျှ ခံကြရမည်မဟုတ်ချေ။

اِنَّ اَصْحٰبَ الْجَنَّةِ الْيَوْمَ فِىْ شُغُلٍ فٰكِهُوْنَ ﴿۵۵﴾

၅၆။ ဧကန်ပင် 'ဂျန္နတ်' ဥယျာဉ်တော်သားတို့သည် ယနေ့ အမျိုးမျိုးသော စိတ်ဝင်စားမှုများ၌ ပျော်ရွှင်ကြည်နူးလျက်ရှိနေ ကြပေအံ့။

هُمْ وَاَزْوَاجُهُمْ فِىْ ظِلٰلٍ عَلَى الْاَرَآئِكِ مُتَّكِـُٔوْنَ ﴿۵۶﴾

၅၇။ သူတို့နှင့် သူတို့၏အဖော်မွန်များသည် အရိပ်ဆာယာ များတွင် ပလ္လင်များထက်ဝယ် မှီအုံးများကိုမှီလျက်ရှိနေကြ ပေအံ့။

لَهُمْ فِيْهَا فَاكِهَةٌ وَّلَهُمْ مَّا يَدَّعُوْنَ ﴿۵۷﴾

၅၈။ သူတို့အတွက် ယင်း၌သစ်သီးဝလံများရှိပေမည်။ ထို့ပြင် သူတို့အတွက် သူတို့တောင့်တသည့်အရာအားလုံးလည်း ရှိပေအံ့။

سَلٰمٌ ۚ قَوْلًا مِّنْ رَّبٍّ رَّحِيْمٍ ﴿۵۸﴾

၅၉။ အဖန်တလဲလဲသနားကြင်နာတော်မူသော ဖန်ဆင်းမွေး မြူရှင်ထံတော်မှ 'စလာမ်'ငြိမ်းချမ်းပါစေသားဟု မိန့်ဆိုခြင်းခံကြ ရပေအံ့။

وَامْتَازُوا الْيَوْمَ اَيُّهَا الْمُجْرِمُوْنَ ۝٥٩

၅၉။ ထို့ပြင် အို-အပြစ်ရှိသူအပေါင်းတို့၊ ယနေ့ လုံးလုံးလျားလျား ဖယ်ခွာသွားကြကုန်လော့။

اَلَمْ اَعْهَدْ اِلَيْكُمْ يٰبَنِيْٓ اٰدَمَ اَنْ لَّا تَعْبُدُوا الشَّيْطٰنَ ۚ اِنَّهٗ لَكُمْ عَدُوٌّ مُّبِيْنٌ ۝٦٠

၆၀။ အို- အာဒမ်၏သားမြေးအပေါင်းတို့၊ ငါသည် အသင်တို့အား 'ရှိုင်တန်'ကို ခဝပ်ကိုးကွယ်ခြင်းမပြုရန် ကြပ်ကြပ်မတ်မတ် လမ်းညွှန်တော်မူခဲ့သည်မဟုတ်လော။ ဧကန်ပင် ယင်းသည် အသင်တို့၏ ပွင့်လင်းထင်ရှားသောရန်သူဖြစ်၏။

وَّاَنِ اعْبُدُوْنِيْ ۭ هٰذَا صِرَاطٌ مُّسْتَقِيْمٌ ۝٦١

၆၂။ ထို့ပြင် အသင်တို့သည် ငါ့အား ခဝပ်ကိုးကွယ်ကြကုန်။ ဤသည် ဖြောင့်မတ်မှန်ကန်သော လမ်းတော်ဖြစ်၏။

وَلَقَدْ اَضَلَّ مِنْكُمْ جِبِلًّا كَثِيْرًا ۭ اَفَلَمْ تَكُوْنُوْا تَعْقِلُوْنَ ۝٦٢

၆၃။ သို့ရာတွင် ယင်းသည် ဧကန်အမှန် အသင်တို့အနက်မှ များစွာသော ဖန်ဆင်းခံတို့အား လမ်းလွဲစေခဲ့ပေသည်။ သို့ဖြစ်ရာ အသင်တို့သည် အသိဉာဏ်ကို အသုံးမချခဲ့ကြသလော။

هٰذِهٖ جَهَنَّمُ الَّتِيْ كُنْتُمْ تُوْعَدُوْنَ ۝٦٣

၆၄။ ဤသည်ပင် အသင်တို့အား ကတိတော်ထားရှိခဲ့သည့် 'ဂျဟန္နမ်'ငရဲဖြစ်၏။

اِصْلَوْهَا الْيَوْمَ بِمَا كُنْتُمْ تَكْفُرُوْنَ ۝٦٤

၆၅။ အသင်တို့သည် ငြင်းပယ်ကန့်ကွက်လျက်ရှိခဲ့ကြသောကြောင့် ယနေ့ ယင်းသို့ဝင်ရောက်ကြကုန်လော့။

اَلْيَوْمَ نَخْتِمُ عَلٰٓى اَفْوَاهِهِمْ وَتُكَلِّمُنَآ اَيْدِيْهِمْ وَتَشْهَدُ اَرْجُلُهُمْ بِمَا كَانُوْا يَكْسِبُوْنَ ۝٦٥

၆၆။ ယနေ့ ငါတို့သည် ၎င်းတို့၏နှုတ်ပါးစပ်များအပေါ်တွင် တံဆိပ်ခတ်နှိပ်တော်မူပေအံ့။ ထို့ပြင် ၎င်းတို့၏လက်များသည် ငါတို့နှင့်စကားပြောပေအံ့။ ၎င်းတို့၏ခြေထောက်များသည် ၎င်းတို့ဆည်းပူးရယူလျက်ရှိခဲ့သည်များအား သက်သေခံပေအံ့။ ①

وَلَوْ نَشَآءُ لَطَمَسْنَا عَلٰٓى اَعْيُنِهِمْ فَاسْتَبَقُوا الصِّرَاطَ فَاَنّٰى يُبْصِرُوْنَ ۝٦٦

၆၇။ အကယ်၍ ငါတို့အလိုရှိတော်မူလျှင် အမှန်ပင် ၎င်းတို့၏မျက်စိများကို ပျက်ယွင်းသွားစေတော်မူမည်ဖြစ်၏။ တစ်ဖန် ၎င်းတို့သည် လမ်း၌ ရှေ့သို့တိုးသွားကြပေအံ့။ သို့ရာတွင် ၎င်းတို့သည် (ယင်းအား)မည်သို့ကြည့်နိုင်ကြပါမည်နည်း။

وَلَوْ نَشَآءُ لَمَسَخْنٰهُمْ عَلٰي مَكَانَتِهِمْ فَمَا اسْتَطَاعُوْا مُضِيًّا وَّلَا يَرْجِعُوْنَ ۝٦٧

၆၈။ ထို့ပြင် အကယ်၍ ငါတို့အလိုရှိတော်မူခဲ့လျှင် ၎င်းတို့အား သူတို့၏နေရာများ၌ပင် ဖျက်ဆီးသုတ်သင်တော်မူပေအံ့။ တစ်ဖန် ၎င်းတို့သည် သွားလာရန် စွမ်းအားရှိကြမည်မဟုတ်။ ထို့ပြင် ပြန်လှည့်နိုင်ကြမည်လည်းမဟုတ်ချေ။

ရုကူး-၅

وَمَنْ نُّعَمِّرْهُ نُنَكِّسْهُ فِي الْخَلْقِ ۭ اَفَلَا

၆၉။ ထို့ပြင် အကြင်သူအား ငါတို့သည် အသက်ရှည်ခြင်းကို ပေးလေသော် သူ့အား ပင်ကိုစွမ်းအားကို လျော့နည်းသွား

① 'ကေယာမတ်'ရှင်ပြန်ထမြောက်သောနေ့တော်ကြီးတွင် လူသားအား စစ်ကြောစီရင်ခြင်းခံရပုံမှာ ကောင်းကင်တမန်များ၏ သက်သေခံမှုသက်သက်မျှဖြင့်သာမဟုတ်မူဘဲ လူသားတိုင်း၏ခန္ဓာကိုယ်အစိတ်အပိုင်းများသည်လည်း မိမိပြစ်မှုများကိုဝန်ခံခြင်း (confession) ပြုကြပေလိမ့်မည်။ ထိုနေ့တော်တွင် လူသားကိုယ်တိုင်က အပြစ်ဝန်ခံခြင်းပြုလျက်ရှိပေမည်။ ကျမ်းမြတ်ကုရ်အာန်၏ တရားမျှတမှုစနစ်မှာ အလွန်လျင်မြဲခိုင်ခံ့လှပေသည်။ သက်သေများလည်းရှိစေမည့်အပြင် ကိုယ်တိုင်ဝန်ခံချက်လည်းရှိစေမည်။

يَعْقِلُوْنَ ﴿٧١﴾

လျက်ရှိစေတော်မူ၏။ သို့ဖြစ်ရာ ယင်းတို့သည် အသိဉာဏ်ကို အသုံးမချကြသလော။

وَ مَا عَلَّمْنٰهُ الشِّعْرَ وَ مَا يَنْۢبَغِيْ لَهٗ ؕ اِنْ هُوَ اِلَّا ذِكْرٌ وَّ قُرْاٰنٌ مُّبِيْنٌ ﴿٧٢﴾ۙ

၇၀။ ထို့ပြင် ငါတို့သည် သူ့အား ကဗျာ လင်္ကာရွတ်ဆိုရန် သင်ပေးတော်မမူချေ။ ထို့ပြင် ယင်းသည် သူနှင့်လျော်ကန်သင့်မြတ်ခြင်းမရှိချေ။ ဤသည်ကား သွန်သင်ဆုံးမချက်တစ်ရပ် သာဖြစ်ပြီး ပွင့်လင်းထင်ရှားသော 'ကုရ်အာန်'ဖြစ်၏။

لِّيُنْذِرَ مَنْ كَانَ حَيًّا وَّ يَحِقَّ الْقَوْلُ عَلَى الْكٰفِرِيْنَ ﴿٧٣﴾

၇၁။ သို့ဖြင့် သူသည်ရှင်သူများအား သတိပေးနှိုးဆော်ရန်နှင့် မယုံကြည်သူ 'ကာဖိရ်'များနှင့်စပ်လျဉ်း၍ မိန့်ဆိုချက်ကို မှန်ကန်ပြည့်စုံလာစေရန်ဖြစ်၏။

اَوَ لَمْ يَرَوْا اَنَّا خَلَقْنَا لَهُمْ مِّمَّا عَمِلَتْ اَيْدِيْنَاۤ اَنْعَامًا فَهُمْ لَهَا مٰلِكُوْنَ ﴿٧١﴾

၇၂။ အသို့နည်း ၎င်းတို့သည် မတွေ့မမြင်ကြပေသလော။ ငါတို့က မိမိ၏တန်ခိုးတော်လက်ဖြင့် ဖန်ဆင်းသည့်အရာများ အနက်မှ ၎င်းတို့အတွက် ခြေလေးချောင်းတိရစ္ဆာန်များကို လည်းဖြစ်ထွန်းစေတော်မူခဲ့၏။ သို့ဖြင့် ၎င်းတို့သည် ယင်းတို့၏ ပိုင်ရှင်သခင်များ ဖြစ်ခဲ့ကြကုန်၏။

وَ ذَلَّلْنٰهَا لَهُمْ فَمِنْهَا رَكُوْبُهُمْ وَ مِنْهَا يَاْكُلُوْنَ ﴿٧٢﴾

၇၃။ ထို့ပြင် ငါတို့က ယင်းတို့အား သူတို့၏ ဩဇာခံအဖြစ် ပြုလုပ်တော်မူခဲ့၏။ သို့ဖြစ်ရာ ယင်းတို့အနက်မှပင် သူတို့၏ အစီးအနင်းများဖြစ်ကြ၏။ ထို့ပြင် ယင်းတို့အနက်မှပင် (အချို့ကို)သူတို့စားသုံးကြ၏။

وَ لَهُمْ فِيْهَا مَنَافِعُ وَ مَشَارِبُ ؕ اَفَلَا يَشْكُرُوْنَ ﴿٧٣﴾

၇၄။ ထို့ပြင် သူတို့အတွက် ယင်းတို့တွင် များစွာသော အကျိုးကျေးဇူးများနှင့် သောက်သုံးဖွယ်ရာများရှိ၏။ သို့ဖြစ်ရာ သူတို့သည် ကျေးဇူးမသိကြပေသလော။

وَ اتَّخَذُوْا مِنْ دُوْنِ اللّٰهِ اٰلِهَةً لَّعَلَّهُمْ يُنْصَرُوْنَ ﴿٧٤﴾

၇၅။ ထို့ပြင် သူတို့သည် အလ္လာဟ်မှလွဲ၍ ကိုးကွယ်ရာများကို ပြုလုပ်ကြ၏။ သို့ဖြင့် သူတို့သည်(ယင်းတို့ထံမှ) ကူညီစောင်မမှုကို ရကောင်းရရန်ဖြစ်၏။

لَا يَسْتَطِيْعُوْنَ نَصْرَهُمْ ۙ وَ هُمْ لَهُمْ جُنْدٌ مُّحْضَرُوْنَ ﴿٧٥﴾

၇၆။ ယင်းတို့သည် သူတို့အားကူညီရန် မည်သည့်စွမ်းအားမျှ ရှိကြမည်မဟုတ်။ စင်စစ် ယင်းတို့မှာကား သူတို့နှင့်ဆန့်ကျင်လျက် (သက်သေခံရန်အတွက်) ရှေ့တော်မှောက်တင်သွင်းခြင်းခံရသော တပ်ဖွဲ့ဖြစ်လိမ့်မည်။

فَلَا يَحْزُنْكَ قَوْلُهُمْ ۘ اِنَّا نَعْلَمُ مَا يُسِرُّوْنَ وَ مَا يُعْلِنُوْنَ ﴿٧٦﴾

၇၇။ သို့ဖြစ်ရာ သူတို့၏စကားများသည် အသင့်အား ဝမ်းနည်းပူဆွေးခြင်းမဖြစ်စေလင့်။ စင်စစ်ကော် ငါတို့သည် သူတို့ဖုံးကွယ်သည်များကိုလည်းကောင်း၊ ဖော်ထုတ်ထင်ရှားစေသည်များကိုလည်းကောင်း သိရှိတော်မူ၏။

اَوَ لَمْ يَرَ الْاِنْسَانُ اَنَّا خَلَقْنٰهُ مِنْ نُّطْفَةٍ فَاِذَا هُوَ خَصِيْمٌ مُّبِيْنٌ ﴿٧٧﴾

၇၈။ အသို့နည်း လူသားသည် မတွေ့မမြင်ပါသလော။ ငါတို့သည် သူ့အား ကလလရည်ကြည်မှ ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် သူသည် ထင်ရှားသောငြင်းခုန်သူအဖြစ် မည်သို့

ပြောင်းလဲခဲ့ရလေသနည်း။

وَضَرَبَ لَنَا مَثَلًا وَّنَسِيَ خَلْقَهٗ ؕ قَالَ مَنْ يُّحْيِ الْعِظَامَ وَهِيَ رَمِيْمٌ ﴿۷۸﴾

၇၉။ ထို့ပြင် ငါတို့နှင့်စပ်လျဉ်း၍ လုပ်ကြံစကားများ ပြုလုပ်ပြောဆိုလာလျက် မိမိ၏ဖန်ဆင်းခံရခြင်းကို မေ့လျော့သွား၏။ ပြောလာသည်မှာ မည်သူသည် အရိုးများကို ယင်းတို့ ပုပ်သိုးဆွေးမြည့်သွားပြီးသော်မှ အသက်ရှင်အောင် ပြုလုပ်နိုင်ပါမည်နည်း။

قُلْ يُحْيِيْهَا الَّذِيْٓ اَنْشَاَهَآ اَوَّلَ مَرَّةٍ ؕ وَهُوَ بِكُلِّ خَلْقٍ عَلِيْمٌ ﴿۷۹﴾

၈၀။ အသင်ပြောကြားပါလေ။ ယင်းတို့အား ပထမအကြိမ် ဖန်ဆင်းတော်မူခဲ့သည့် အရှင်သည်ပင်လျှင် ယင်းတို့အား အသက်ရှင်စေတော်မူပေအံ့။ ထို့ပြင် အရှင်မြတ်သည် အလုံးစုံသော ဖန်ဆင်းခြင်းတို့ကို ကောင်းစွာသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

الَّذِيْ جَعَلَ لَكُمْ مِّنَ الشَّجَرِ الْاَخْضَرِ نَارًا فَاِذَآ اَنْتُمْ مِّنْهُ تُوْقِدُوْنَ ﴿۸۰﴾

၈၁။ ထိုအရှင်မြတ်သည်ပင် အသင်တို့အတွက် စိမ်းသောသစ်ပင်များတွင် မီးတစ်ခုကိုပြုလုပ်တော်မူခဲ့၏။ သို့ဖြစ်ရာ အသင်တို့သည် ၎င်းတို့အနက်မှပင် အချို့ကို မီးမွှေးကြပေသည်။

اَوَلَيْسَ الَّذِيْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ بِقٰدِرٍ عَلٰٓى اَنْ يَّخْلُقَ مِثْلَهُمْ ؕ بَلٰى ۗ وَهُوَ الْخَلّٰقُ الْعَلِيْمُ ﴿۸۱﴾

၈၂။ အသို့နည်း မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့ကို ဖန်ဆင်းတော်မူသော အရှင်မြတ်သည် ၎င်းတို့နှင့်အလားတူသည်ကို ဖန်ဆင်းတော်မူရန် စွမ်းအားမရှိပေသလော။ အဘယ့်ကြောင့် မရှိရမည်နည်း။ အမှန်ပင် အရှင်မြတ်သည်ကား အလွန်တရာ ကြီးကျယ်သောဖန်ဆင်းရှင်(နှင့်) ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّمَآ اَمْرُهٗٓ اِذَآ اَرَادَ شَيْـًٔا اَنْ يَّقُوْلَ لَهٗ كُنْ فَيَكُوْنُ ﴿۸۲﴾

၈၃။ အရှင်မြတ်၏ ဤအမိန့်တော်သည်ပင် လုံလောက်တော်မူ၏။ အရှင်မြတ်သည် တစ်စုံတစ်ရာကို ရည်ရွယ်တော်မူသည့်အခါ အရှင်မြတ်သည် ယင်းအား 'ဖြစ်စေ'ဟုမိန့်တော်မူ၏။ ထိုအခါ ယင်းသည် စတင်ဖြစ်ပေါ်လာပြီး ဆင့်ကဲဖြစ်ထွန်း၍ လာပေတော့သည်။

فَسُبْحٰنَ الَّذِيْ بِيَدِهٖ مَلَكُوْتُ كُلِّ شَيْءٍ وَّاِلَيْهِ تُرْجَعُوْنَ ﴿۸۳﴾ ۧ

၈၄။ သို့ဖြစ်ရာ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ အရှင်မြတ်၏လက်တော်တွင် အလုံးစုံသောအရာတို့၏ စိုးမိုးအုပ်ချုပ်မှုသည်ရှိ၏။ ထိုအရှင်မြတ်ထံတော်သို့သာလျှင် အသင်တို့သည် ပြန်လှည့်ခြင်းကိုခံကြရမည်တည်း။

❖ ❖ ❖

၃၇။ အလ်-ဆွာဖားတ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ခဲ့ပြီး 'ဗစ္စမိလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠိ တော်ပေါင်း(၁၈၃)ပိုဒ်ပါရှိသည်။

ဆူရာဟ် 'အလ်-ဆွာဖားတ်'၏ ဦးဆုံးအာယတ်တော်များကိုမရှင်းပြမီ ဖော်ပြအပ်သည်မှာ-အကြောင်အခါ ထိုသည့်ဖော်ပြပါအနာဂတ်ဘုဒ်တ်များပြည့်စုံခြင်းသို့ရောက်ခဲ့လျှင် အခိုင်အမာကြေညာထားသော ရှင်ပြန်ထမြောက်ခြင်းအကြောင်းရပ်သည်လည်း မဖြစ်မနေပြည့်စုံလာမည်ဖြစ်ကြောင်း ဤအာယတ်တော်များတွင် ဖော်ပြထားခြင်းဖြစ်သည်။ ပမာအားဖြင့် အာယတ်အမှတ်စဉ်(၁၂)တွင် 'အသင်သည် ယင်းတို့အားမေးမြန်းပါလေ၊ ဖန်ဆင်းခြင်းအရာ၌ အသင်တို့သည် ပိုမိုအခိုင်အမာရှိကြသလော။ သို့တည်း မဟုတ် ငါတို့က ဖန်ဆင်းသောအရာများကလော'ဟု အလ္လာဟ်က မိန့်ဆိုထားတော်မူသကဲ့သို့ဖြစ်သည်။

ဤမေးခွန်း၏နောက်တွင် မယုံကြည်ငြင်းပယ်သူတို့အား မိန်းမောတွေဝေသွားစေသော ကြေညာချက်ကို ဖန်ဆင်းရှင်တစ်ပါးအနေဖြင့် ထုတ်ပြန်ကြေညာတော်မူခဲ့သည်။ ဧကန်မုချ အလ္လာဟ်သည် အသင်တို့၏ဖန်တီးမှုအစွမ်းများထက် အလွန်မြင့်မားသောအဆင့်တွင်ရှိတော်မူသည်။ ထို့ပြင် အသင်တို့သည် သေခြင်းဆိုက်ရောက်ခဲ့ပြီး၊ မြေကြီးနှင့်တစ်သားတည်းဖြစ်သွားခဲ့သော်လည်း အသင်တို့အားပြန်လည်နိုးထရှင်ပြန်အောင်ပြုနိုင်သောတန်ခိုးစွမ်းအားရှိတော်မူသည်။ ၎င်းပြင် တစ်ဆက်တည်းမှာပင် အကယ်၍ အသင်တို့သည် ရှင်ပြန်နိုးထစေခြင်းကိုခံရသောအခါ အသင်တို့သည် ကျိုးယုတ်ရှက်ရဖြစ်ကြရမည့်အကြောင်း သတိပေးထားမှုလည်းရှိသည်။ ဆိုလိုသည်မှာ မိမိတို့၏ တီထွင်ဖန်တီးမှုများအကြောင်းကြေညာမောင်းခတ်နေခဲ့ကြသောသူတို့အတွက် ၎င်းတို့၏တီထွင်မှုများမှာ မည်သို့မျှအဆင့်မရှိကြောင်းနှင့် **اَشَدُّ خَلْقًا** (အခိုင်အမာ ဖန်ဆင်းဖြစ်ထွန်းစေမှု)မှာ အလ္လာဟ်အရှင်မြတ်သာဖြစ်တော်မူကြောင်း ထင်ရှားသွားပေမည်။

ယခုကျွန်ုပ်တို့ ကနဦးအာယတ်တော်များဆီသို့ ရွှေ့ကြဦးစို့။ **وَالصَّافَّاتِ صَفًّا** တွင် အမှန်တကယ်အားဖြင့် လူသားများတီထွင်ဖန်တီးသည့် စစ်လေယာဉ်များအကြောင်း သတင်းပေးဖော်ပြခြင်း ဖြစ်သည်။ ထို့ပြင် ယင်းတို့မှာ အုပ်စုဖွဲ့စီတန်းကြလျက် ရန်သူများကိုတိုက်ခိုက်ကြမည့်အကြောင်း၊ အကြိမ်ကြိမ်အခါခါ သတိပေးကြေညာကြမည်ဖြစ်ကြောင်း၊ ထို့ပြင် (ရန်သူတို့အား) အညှဉ်းခံကြရန်နှင့် ထိုသို့မဟုတ်ပါက ဖြိုခွဲဖျက်ဆီးခြင်းခံရမည်ဖြစ်ကြောင်း သတိပေးစကားပါရှိသော ကြော်ငြာစာရွက်များကို အများအပြားကြဲချကြမည်ဖြစ်ကြောင်း ဖော်ပြထားပေသည်။

ထို့နောက်တွင် အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်မှာ ၎င်းတို့က အပေါ်ယံဗဟိဒ္ဓ အစွမ်းအစများအားကိုးဖြင့် မိမိတို့ကိုယ်ကို ဘုရားရှင်အဖြစ်ဆိုနိုင်လောက်သော အဘယ်အနေအထားရှိဘိသနည်း။ အလ္လာဟ်သည်ကား တစ်ဆူတည်းတစ်ပါးတည်းဖြစ်တော်မူ၏။

ထို့နောက် မိန့်တော်မူသည်မှာ ထိုအရှင်မြတ်သည် အရှေ့အရပ်များ၏အရှင် ဖြစ်တော်မူသည်။ ဤအာယတ်တော်သည်လည်း ကြိုတင်ဗျာဒိတ်အသွင်ရှိပေသည်။ သို့မဟုတ်လျှင် ထိုခေတ်ထိုအခါ၌ အရှေ့အရပ်များဟူသော အတွေးအမြင်သည်မရှိခဲ့သေးဘဲ ယခုခေတ်ကာလတွင်မှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ဤခေတ်သည် လူသား၏အသစ်အဆန်းတီထွင်မှုများကို အကြောင်းပြု၍ အလွန်မြင့်မားသော ပုံသန်းမှုစွမ်းအားများ၊ ဥပမာ ဒုံးပျံ စသည်ကိုပင် ပြုလုပ်နိုင်ကြပြီဖြစ်သည်။ သို့ဖြင့် ယခုခေတ်တွင် ကြိုးပမ်းလျက်ရှိနေကြသကဲ့သို့ပင် 'မလာအီလ်အာလာ' (ကြီးမြင့်သောအုပ်စု)၏ လျှို့ဝှက်နက်နဲရာများကို

သိရှိနားလည်အောင် ပြုလုပ်လျက်ရှိကြသည်။ သို့သော် အဘက်ဘက်မှ ခဲမိုးရွာမည်ဖြစ်၏။ ဆိုလိုသည်မှာ ကောင်းကင်ဆိုင်ရာဝတ္ထုများမှသွန်းချမည့် အလွန်တရာ ကြောက်မက်ဖွယ် ပစ်ခွင်းမှုများ၏ ပစ်မှတ် အဖြစ်ပြုခြင်းခံရလိမ့်မည်။ ထို့ပြင် နီးသောကောင်းကင်ယံမှ လျှို့ဝှက်ရာအချို့ကို ဆည်းပူးရရှိနိုင်သော်ငြား လည်း ယင်းတို့မှာ အောင်မြင်ထမြောက်မှုရှိမည်မဟုတ်ချေ။ တကယ်လက်တွေ့အားဖြင့် ဤသို့သာ ဖြစ်ပေါ်လျက်ရှိကြောင်း ဤခေတ်ကာလနှင့် ခေတ်ကာလ၏အသစ်တီထွင်မှုများမှ သက်သေခံလျက်ရှိ ပေသည်။

ဤဆူရာဟ်၏အစတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာအောင်ပွဲများအတွက် လူမျိုးအချင်းချင်း တိုက်ခိုက် ကြမည့် စစ်ပွဲကြီးများအကြောင်းဖော်ပြထားသည်။ ထို့ကြောင့် ဤတွင် တမန်တော်မြတ်ﷺနှင့် ကိုယ် တော်မြတ်၏သာဝကများ၏ အလွှာဟ်အတွက် သီးသန့်တိုက်ပွဲဝင်မှုအကြောင်းကိုလည်း ဖော်ပြထား ပေသည်။ ယင်း၌ သူတစ်ပါး၏သွေးကိုဖောက်ထုတ်ရန်အတွက် မားလွတ်စွဲကိုင်ခဲ့ရသည်မဟုတ်ဘဲ 'ကုရ်ဘာနီ' (သားကောင်လှီးဖြတ်ခြင်း)ပြုသကဲ့သို့ 'ဆွဟာဘာ'သာဝကကြီးများ၏အုပ်စုသည် သတ်ဖြတ် ခြင်းခံကြရမည့်အကြောင်း ဖော်ပြချက်ဖြစ်သည်။ ဤအကြောင်းအရာသည် ဟာဇရတ် အစ်ဗရာဟင်မ်ﷺက မိမိ၏သားတော်ကို လည်လှီးဖြတ်ရန်အသင့်ဖြစ်သွားသော 'ကုရ်ဘာနီ'(စွန့်လွှတ်စတေးခြင်း)နှင့် ဆက်နွယ်လျက်ရှိပေသည်။ ဋီကာပညာရှင်များ၏အယူအဆတွင် သိုးထီးတစ်ကောင်သည် ချုံပုတ်တစ်ခု တွင်ငြိလျက် ရုန်းမထွက်နိုင်ဘဲရှိရာ ဤသည့်ကြီးကျယ်သော သားကောင်ကို လှီးဖြတ်ခြင်းဖြင့်လဲလှယ်၍ အစ္စမာအီလ်ﷺကို လွှတ်ပေးခဲ့သည်ဟု ဖွင့်ဆိုခြင်းမှာ လွန်စွာမှ ယုတ္တိမတန်ချေ။ ယင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်၌လည်း ဖော်ပြချက်မပါရှိသကဲ့သို့ ဟဒီးစ်တော်များ၌လည်း မရှိချေ။ သိုးထီးတစ်ကောင်သည် ဟာဇရတ် အစ္စမာအီလ်ﷺနှင့်ယှဉ်လိုက်လျှင် မည်သို့ကြီးကျယ်မြင့်မြတ်နိုင်ပါမည်နည်း။ အမှန်တွင် ဟာဇရတ် အစ္စမာအီလ်ﷺကို အသက်ရှင်လျက်ရှိစေခဲ့ခြင်းမှာ ကမ္ဘာလောကအနေဖြင့် အလွန်ကြီး ကျယ်လှသည့် 'ဇစ်ဗဟေအဇီးမ်'ကို မြင်တွေ့ကြစေရန်ဖြစ်ပြီး ယင်းသည် တမန်တော်မြတ်ﷺ၏ ခေတ် ကာလတွင် ပေါ်ပေါက်ခဲ့ပေသည်။

ဆူရာဟ်-ဆွာဖားတ်နှင့်ဆက်နွယ်လျက် ယင်း၏ရှေ့ပိုင်းတွင် အုပ်စုဖွဲ့စီတန်းကြသော စစ်တပ် များအကြောင်းကို ဖော်ပြထားပေသည်။ ဤဆူရာဟ်၏ နောက်ဆုံးပိုင်းတွင် ကျမ်းမြတ်ကုရ်အာန်က ဖွင့်ဆိုရှင်းပြသည်မှာ အမှန်တကယ် အုပ်စုဖွဲ့စီတန်းထားသောစစ်တပ်မှာ ငါတို့၏စစ်တပ်သာလျှင် ဖြစ်သည်။ ဤတွင် တမန်တော်မြတ်ﷺ၏ စီတန်းလျက်ရှိသော စစ်တပ်များအကြောင်းကိုလည်း တစ်ပါ တည်းဖော်ပြထားပေသည်။ ထို့ပြင် တမန်တော်မြတ်ﷺအား အကူအညီပေးရန် ကောင်းကင်ယံမှ တန်းဖွဲ့စီတန်းလျက် သက်ဆင်းခဲ့သော ကောင်းကင်တမန်များအကြောင်းလည်း ပါရှိပေသည်။ ယင်း၏ နောက်ဆုံးရလဒ်မှာ အပေါ်ယံအားဖြင့် တိုက်ပွဲဝင်ရန် တန်းဖွဲ့လျက်ရှိသော အင်အားချည့်နဲ့လှသည့် စစ်တပ်သည် စွမ်းအားကြီးမားလှသည့် ရန်သူ့တပ်ကို ရှုံးနိမ့်ရမည်ဟုသာ ထင်နိုင်ပေသည်။ သို့သော် နောက်ဆုံးရလဒ်မှာ အလွှာဟ်၏အစီအမံသည်သာအောင်ပွဲရ၍ အလွှာဟ်နှင့် အလွှာဟ်၏ဘက်တော် သားများသည်သာ အောင်မြင်ကြရပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဆွာဖ်ာတ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၈၃)ပိုဒ် ရှုကူ (၅)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَالصّٰٓفّٰتِ صَفًّا ②

၂။ အတန်းများဖွဲ့၍ တန်းစီထားကြသော (တပ်ဖွဲ့များ)အား သက်သေထူတော်မူ၏။

فَالزّٰجِرٰتِ زَجْرًا ③

၃။ ထို့နောက် ဟိန်းဟောက်ကြွေးကြော်လျက် တိုက်ခိုက်ကြသူများအားလည်းကောင်း၊

فَالتّٰلِيٰتِ ذِكْرًا ④

၄။ ထို့နောက် 'ဇိကီရ်' သတိရတသမှုကို မြင့်မားစေသူများအားလည်းကောင်း (သက်သေထူတော်မူ၏)။

اِنَّ اِلٰهَكُمْ لَوَاحِدٌ ⑤

၅။ စင်စစ် အသင်တို့၏ ကိုးကွယ်ရာအရှင်သည် တစ်ပါးတည်းသာဖြစ်တော်မူ၏။

رَبُّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا وَرَبُّ الْمَشَارِقِ ⑥

၆။ မိုးကောင်းကင်များ၊ ကမ္ဘာမြေနှင့် ယင်းနှစ်ခုအကြားရှိသည်တို့၏ ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်တော်မူ၏။ ထို့ပြင် အရှေ့အရပ်များ၏ 'ရဗ်'ဖန်ဆင်းရှင်လည်း ဖြစ်တော်မူ၏။

اِنَّا زَيَّنَّا السَّمَآءَ الدُّنْيَا بِزِيْنَةِ الْكَوَاكِبِ ⑦

၇။ မလွဲမကန် ငါတို့သည် နီးသောမိုးကောင်းကင်ကို ကြယ်တာရာများဖြင့် တန်ဆာဆင်၍ လှပတင့်တယ်စေတော်မူ၏။

وَحِفْظًا مِّنْ كُلِّ شَيْطٰنٍ مَّارِدٍ ⑧

၈။ ထို့ပြင် (ဤသည်) မောင်းနှင်ထုတ်ခြင်းခံရသည့် 'ရှိုင်တန်' အားလုံးမှ အကာအကွယ်သဖွယ်ဖြစ်၏။

لَا يَسَّمَّعُوْنَ اِلَى الْمَلَاِ الْاَعْلٰى وَيُقْذَفُوْنَ مِنْ كُلِّ جَانِبٍ ⑨

၉။ ယင်းတို့သည် 'မလာအီလ်အာအ်လာ'ကြီးမြင့်သော အုပ်စု၏ စကားများကို ကြားနိုင်ကြလိမ့်မည်မဟုတ်။ ထို့ပြင် ဘက်ပေါင်းစုံမှ ခဲဖြင့်ပစ်ပေါက်ခြင်းကို ခံကြရပေလိမ့်မည်။ ①

① အာယတ်တော်(၇မှ ၉ထိ)၊ ဤအာယတ်တော်များတွင် စကြဝဠာ၏ရုပ်ပိုင်းဖွဲ့စည်းမှုအကြောင်းကိုလည်း ဖော်ပြထားသည်။ ကမ္ဘာမြေပေါ်သို့ အစဉ်သဖြင့်ကျရောက်လျက်ရှိသော ဥက္ကာပျံ(Meteors)များကို ကမ္ဘာမြေ၏ဟင်းလင်းပြင်က အာကာသ ဟင်းလင်းပြင်မှာပင် လောင်ကျွမ်းပျက်စီးစေခဲ့ပြီး ယင်းသို့လောင်ကျွမ်းခြင်းဖြင့် မီးတောက်တစ်ခုသည် ထေးလဲသောနေရာသို့တိုင် နောက်မှပူးကပ်လျက်ပါသွားသည်ဟုထင်မှတ်ရပေသည်။ ထို့အတူ ဤအချက်ကိုလည်းဖော်ပြထားပေသည်။ တစ်ခေတ်တစ်ခါသို့ရောက်လျှင် လူသားတို့သည် စကြဝဠာ၏သတင်းအချက်အလက်များကို ရယူနိုင်ဖို့ကြိုးစားကြလိမ့်မည်။ ဤသည်ကို ထိုခေတ်က တစ်စုံတစ်ရာ စိတ်ကူးယဉ်မှုပင် ပြုနိုင်ခဲ့ကြမည်မဟုတ်ချေ။ သို့ရာတွင် လုံခြုံသော ဒုံးပျံများဖြင့် ခရီးထွက်ကြသော လူသားတို့အပေါ် အဘက်ဘက်မှ ခဲမိုးရွာခြင်းကိုခံရမည်ဖြစ်ပြီး ၎င်းတို့သည် **سَمَاءُ الدُّنْيَا** (ကမ္ဘာ့အနီးဆုံးကောင်းကင်ယံ)ထက် ကျော်လွန်နိုင်မည်မဟုတ်ချေ။ အနီးရှိ ကောင်းကင်ယံမျှလောက်ကိုသာရောက်ရှိနိုင်ရေးအတွက် အတိုင်းအတာတစ်ခုမျှအထိ အောင်မြင်မှုရရှိမည်ဖြစ်သည်။

နာမ်ပိုင်းသဘောအရအနက်ယူသော် 'ဝဟီ'ဗျာဒိတ်ကို မကောင်းသောရည်ရွယ်ချက်ဖြင့် ခြေရာခံသူများ၊ ခန့်မှန်းတွက်ဆအဖြေထုတ်သူများဖြစ်ကြသော လူရှိုင်တန်များရှိကြသည်ဟူ၍ ဆိုလိုခြင်းဖြစ်သည်။ ရှိုင်တန်သည် စင်စစ်အားဖြင့် 'ဝဟီ'ထုတ်ပြန်ပို့ချခြင်း၏အနီးအပါးသို့တိုင် မကပ်နိုင်ချေ။ သို့ရာတွင် 'စာမရီ'ကဲ့သို့သော လူရှိုင်တန်များရှိခဲ့ကြပြီး 'ဝဟီ'ထုတ်ပြန်ပို့ချမှုကြောင့် လူသားတို့အပေါ် အာဘယ်ကြောင့် အရှိန်အဝြာသက်ရောက်မှုရှိကြောင်းကို (၎င်းတို့က) ရိပ်စားမိခဲ့ကြလေသည်။

دُحُوْرًا وَّ لَهُمْ عَذَابٌ وَّاصِبٌ ۝٩

၁၀။ မောင်းနှင်ထုတ်ခြင်းခံရသည့် အခြေအနေတွင်ရှိကြ၏။ ထို့ပြင် ယင်းတို့အတွက် စွဲကပ်နေမည့်အပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

اِلَّا مَنْ خَطِفَ الْخَطْفَةَ فَاَتْبَعَهٗ شِهَابٌ ثَاقِبٌ ۝١٠

၁၀။ သို့ရာတွင် အကယ်၍ တစ်ဦးဦးသည် စကား တစ်စိတ်တစ်ပိုင်းကို ထိုးသုတ်ယူသွားခဲ့မူ တောက်ပလင်းဝင်းသောမီးတောက်တစ်ခုသည် သူ၏နောက်သို့လိုက်ပေလိမ့်မည်။

فَاسْتَفْتِهِمْ اَهُمْ اَشَدُّ خَلْقًا اَمْ مَّنْ خَلَقْنَا ؕ اِنَّا خَلَقْنٰهُمْ مِّنْ طِيْنٍ لَّازِبٍ ۝١١

၁၂။ သို့ဖြစ်ရာ အသင်သည် ယင်းတို့အား မေးမြန်းပါလေ။ ဖန်ဆင်းခြင်းအရာ၌ ယင်းတို့က ပိုမိုအခိုင်အမာရှိကြသလော။ သို့တည်းမဟုတ် ငါတို့က ဖန်ဆင်းသောအရာများက (ဖန်ဆင်းခြင်းအရာ၌ ပိုမိုခိုင်မာ၏)လော။ ဧကန်ပင် ငါတို့သည် ယင်းတို့အား စေးကပ်သောမြေကြီးမှ ဖန်ဆင်းတော်မူခဲ့၏။

بَلْ عَجِبْتَ وَ يَسْخَرُوْنَ ۝١٢

၁၃။ အမှန်သော်ကား အသင်သည် (ဖန်ဆင်းခြင်းအပေါ်) အလွန်သဘောကျနှစ်သက်စကားကိုဆို၏။ သို့ရာတွင် ယင်းတို့မှာမူ လှောင်ပြောင်ပြက်ရယ်သမှုပြုကြကုန်၏။

وَ اِذَا ذُكِّرُوْا لَا يَذْكُرُوْنَ ۝١٣

၁၄။ ထို့ပြင် ယင်းတို့အား သွန်သင်ဆုံးမသောအခါ ယင်းတို့သည် သင်ခန်းစာမရယူကြချေ။

وَ اِذَا رَاَوْا اٰيَةً يَّسْتَسْخِرُوْنَ ۝١٤

၁၅။ ထို့ပြင် ယင်းတို့သည် မည်သည့်အခါမဆို နိမိတ်လက္ခဏာတစ်ရပ်ရပ်ကိုမြင်တွေ့ရသည့်အခါ ပြောင်လှောင်ပြက်ရယ်မှုပြုကြ၏။

وَ قَالُوْٓا اِنْ هٰذَآ اِلَّا سِحْرٌ مُّبِيْنٌ ۝١٥

၁၆။ ထို့ပြင် ဤသည်ကား ပွင့်လင်းထင်ရှားသည့် မှော်ပညာတစ်ရပ်သာဖြစ်၏ဟု ပြောဆိုကြကုန်၏။

ءَاِذَا مِتْنَا وَ كُنَّا تُرَابًا وَّ عِظَامًا ءَاِنَّا لَمَبْعُوْثُوْنَ ۝١٦

၁၇။ အသို့နည်း ကျွန်ုပ်တို့သေဆုံးသွားကြပြီး မြေကြီးနှင့် အရိုးများ ဖြစ်သွားကြသောအခါတွင် ကျွန်ုပ်တို့သည် အမှန်ပင် ရှင်ပြန်ထစေခြင်းကို ခံကြရပါမည်လော။

اَوَ اٰبَآؤُنَا الْاَوَّلُوْنَ ۝١٧

၁၈။ ထို့ပြင် ကျွန်ုပ်တို့၏ လွန်လေခဲ့ပြီးသော အဘဘိုးဘေးများသည်လည်း(ရှင်ပြန်ထကြရဦးမည်လော)။

قُلْ نَعَمْ وَ اَنْتُمْ دَاخِرُوْنَ ۝١٨

၁၉။ အသင်ပြောကြားပါလေ၊ ဟုတ်ပေ၏။ ထိုသည့်အခြေအနေတွင် အသင်တို့သည် ဂုဏ်သရေယုတ်လျော့ကြပေအံ့။

فَاِنَّمَا هِيَ زَجْرَةٌ وَّاحِدَةٌ فَاِذَا هُمْ يَنْظُرُوْنَ ۝١٩

၂၀။ သို့ဖြစ်ရာ ဧကန်စင်စစ် ဤသည် ပြင်းထန်သောအသံတစ်ခုသာဖြစ်ပေလိမ့်မည်။ ထိုအခါ ရုတ်တရက် ယင်းတို့သည် ငေးကြည့်လျက်သာ ရှိကြလိမ့်မည်။

وَ قَالُوْا يٰوَيْلَنَا هٰذَا يَوْمُ الدِّيْنِ ۝٢٠

၂၁။ ထို့ပြင် ၎င်းတို့က ပြောဆိုကြမည်မှာ အို- ငါတို့ပျက်စီးဆုံးရှုံးရလေခြင်း၊ ဤသည်ကား ဆုလာဘ်နှင့်ပြစ်ဒဏ်၏ နေ့ပင်ဖြစ်၏။

هٰذَا يَوْمُ الْفَصْلِ الَّذِيْ كُنْتُمْ بِهٖ تُكَذِّبُوْنَ ۝٢١

၂၁။ ဤသည် အသင်တို့က မဟုတ်မမှန်ဟု စွပ်စွဲလေ့ရှိခဲ့သော (ထိုသည့်)စီရင်ဆုံးဖြတ်မည့်နေ့ပင်ဖြစ်သတည်း။

ရုကူး-၂

اُحْشُرُوا الَّذِيْنَ ظَلَمُوْا وَاَزْوَاجَهُمْ وَمَا كَانُوْا يَعْبُدُوْنَ ۝٢٢

၂၂။ အမှားကျူးလွန်ခဲ့ကြသောသူတို့အားလည်းကောင်း၊ ယင်းတို့၏ အပေါင်းအဖော်များအားလည်းကောင်း၊ ယင်းတို့ကိုးကွယ်လေ့ရှိခဲ့သည့် အရာများအားလည်းကောင်း စုရုံးလော့၊

مِنْ دُوْنِ اللّٰهِ فَاهْدُوْهُمْ اِلٰى صِرَاطِ الْجَحِيْمِ ۝٢٣

၂၃။ အလ္လာဟ်မှတစ်ပါးဖြစ်၏။ သို့ဖြစ်ရာ ယင်းတို့အား 'ဂျဟန္နမ်'ငရဲလမ်းပေါ် တင်သွင်းလော့။

وَقِفُوْهُمْ اِنَّهُمْ مَّسْـُٔوْلُوْنَ ۝٢٤

၂၄။ ထို့ပြင် ယင်းတို့အား ခေတ္တရပ်ခိုင်းလော့။ ဧကန်အမှန် ယင်းတို့သည် စစ်ဆေးမေးမြန်းခြင်းကို ခံကြရမည့်သူများဖြစ်၏။

مَا لَكُمْ لَا تَنَاصَرُوْنَ ۝٢٥

၂၅။ (ယခု)အသင်တို့ မည်သို့ဖြစ်ကြလေပြီနည်း။ (ယနေ့) မည်သည့်အကြောင်းကြောင့် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းခြင်း မပြုကြသနည်း။

بَلْ هُمُ الْيَوْمَ مُسْتَسْلِمُوْنَ ۝٢٦

၂၆။ ထို့မျှမက ယင်းတို့သည် ယနေ့ (ပြစ်ဒဏ်အားလုံးကို) ဝန်ခံသူများဖြစ်ကြပေမည်။

وَاَقْبَلَ بَعْضُهُمْ عَلٰى بَعْضٍ يَّتَسَآءَلُوْنَ ۝٢٧

၂၇။ ထို့ပြင် ယင်းတို့အနက် အချို့သည် အခြားသူများဘက် သို့လှည့်၍ မေးမြန်းကြပေအံ့။

قَالُوْٓا اِنَّكُمْ كُنْتُمْ تَاْتُوْنَنَا عَنِ الْيَمِيْنِ ۝٢٨

၂၈။ ယင်းတို့က ပြောဆိုကြမည်မှာ ဧကန်ပင် အသင်တို့သည် ကျွန်ုပ်တို့၏လက်ယာဘက်မှ (ဆိုလိုသည်မှာ သာသနာရေးရာဘက်မှ ကျွန်ုပ်တို့အားလှည့်စားရန်) ကျွန်ုပ်တို့ထံလာလေ့ရှိခဲ့ပေသည်။

قَالُوْا بَلْ لَّمْ تَكُوْنُوْا مُؤْمِنِيْنَ ۝٢٩

၂၉။ ထိုအခါ ၎င်းတို့က (ဖြေကြား)ပြောဆိုကြမည်မှာ အသင်တို့သည်လည်း မည်သည့်အခြေအနေတွင်မျှ သက်ဝင်ယုံကြည်လာကြမည့်သူများ မဟုတ်ခဲ့ကြချေ။

وَمَا كَانَ لَنَا عَلَيْكُمْ مِّنْ سُلْطٰنٍ ۚ بَلْ كُنْتُمْ قَوْمًا طٰغِيْنَ ۝٣٠

၃၀။ ကျွန်ုပ်တို့သည်ကား အသင်တို့အပေါ် တစ်စုံတစ်ရာ စွမ်းအားရှိသော သက်သေသာဓက၏ သာလွန်မှုမရရှိခဲ့ကြချေ။ ထို့မျှမက အသင်တို့ကိုယ်တိုင်ပင်လျှင် စည်းဘောင်ကို လွန်ကျူးသူများ ဖြစ်ခဲ့ကြပေသည်။

فَحَقَّ عَلَيْنَا قَوْلُ رَبِّنَا ۚ اِنَّا لَذَآئِقُوْنَ ۝٣١

၃၁။ သို့ဖြစ်ရာ ကျွန်ုပ်တို့အပေါ် ကျွန်ုပ်တို့၏ ဖန်ဆင်းမွေးမြူရှင်၏ စကားရပ်သည် မှန်ကန်ပြည့်စုံခဲ့ပေပြီ။ ဧကန်ပင် ကျွန်ုပ်တို့သည် (ပြစ်ဒဏ်၏အရသာကို) မြည်းစမ်းကြရမည့်သူများဖြစ်၏။

فَاَغۡوَيۡنٰكُمۡ اِنَّا كُنَّا غٰوِيۡنَ ﴿۳۲﴾

၃၃။ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် အသင်တို့အား လမ်းလွဲအောင်ပြုခဲ့ကြ၏။ စင်စစ် ကျွန်ုပ်တို့ကိုယ်တိုင်သည်ပင်လျှင် လမ်းလွဲသူများဖြစ်ခဲ့ကြ၏။

فَاِنَّهُمۡ يَوۡمَئِذٍ فِى الۡعَذَابِ مُشۡتَرِكُوۡنَ ﴿۳۳﴾

၃၄။ သို့ဖြစ်ရာ ထိုနေ့တော်ကြီးတွင် အမှန်ပင် ယင်းတို့(အားလုံး)သည် ပြစ်ဒဏ်၌ တစ်ပြေးညီပါဝင်ကြပေလိမ့်မည်။

اِنَّا كَذٰلِكَ نَفۡعَلُ بِالۡمُجۡرِمِيۡنَ ﴿۳۴﴾

၃၅။ ဧကန်မုချ ငါတို့သည် အပြစ်ရှိသူများအား ဤကဲ့သို့ပင် ဆက်ဆံတော်မူ၏။

اِنَّهُمۡ كَانُوۡۤا اِذَا قِيۡلَ لَهُمۡ لَاۤ اِلٰهَ اِلَّا اللّٰهُ ۙ يَسۡتَكۡبِرُوۡنَ ﴿۳۵﴾

၃၆။ စင်စစ်ဧကန် ယင်းတို့သည် ဤကဲ့သို့သောသူများ ဖြစ်ကြ၏။ ယင်းတို့အား အလ္လာဟ်မှလွဲ၍ ကိုးကွယ်ခြင်းခံထိုက်သူ မရှိဟူပြောသောအခါ ယင်းတို့သည် မာန်မာနထောင်လွှားခဲ့ကြ၏။

وَيَقُوۡلُوۡنَ اَئِنَّا لَتَارِكُوۡۤا اٰلِهَتِنَا لِشَاعِرٍ مَّجۡنُوۡنٍ ﴿۳۶﴾

၃၇။ ထို့ပြင် ပြောဆိုခဲ့ကြသည်မှာ ကျွန်ုပ်တို့သည် ရူးသွပ်သော ကဗျာဆရာတစ်ဦးအတွက် မိမိတို့၏ကိုးကွယ်ရာများကို စွန့်လွှတ်ကြရပါမည်လော။

بَلۡ جَآءَ بِالۡحَقِّ وَصَدَّقَ الۡمُرۡسَلِيۡنَ ﴿۳۷﴾

၃၈။ အမှန်သော်ကား သူသည် 'ဟာက်'အမှန်တရားကို ယူဆောင်၍လာခဲ့၏။ ထို့ပြင် တမန်တော်အားလုံးကို မှန်ကန်ကြောင်း ထောက်ခံခဲ့၏။

اِنَّكُمۡ لَذَآئِقُوا الۡعَذَابِ الۡاَلِيۡمِ ﴿۳۸﴾

၃၉။ စင်စစ်သော်ကား အသင်တို့သည် နာကျင်ဖွယ်သော ပြစ်ဒဏ်ကို မြည်းစမ်းကြရမည့်သူများဖြစ်ကြ၏။

وَمَا تُجۡزَوۡنَ اِلَّا مَا كُنۡتُمۡ تَعۡمَلُوۡنَ ﴿۳۹﴾

၄၀။ ထို့ပြင် အသင်တို့အား အသင်တို့ ပြုလုပ်လေ့ရှိခဲ့ကြသည်ကိုမှတစ်ပါး မည်သည့်အစားပေးခြင်းတစ်စုံတစ်ရာကိုမျှ ခံကြရမည်မဟုတ်ချေ။

اِلَّا عِبَادَ اللّٰهِ الۡمُخۡلَصِيۡنَ ﴿۴۰﴾

၄၁။ အလ္လာဟ်၏ ဖြူစင်သန့်ရှင်းသော အစေတော်များ၏ အရေးကိစ္စမှာ သီးသန့်ဖြစ်၏။

اُولٰٓئِكَ لَهُمۡ رِزۡقٌ مَّعۡلُوۡمٌ ﴿۴۱﴾

၄၂။ ဤသူများအတွက်သာလျှင် သိရှိမှတ်မိနေသည့် 'ရိဇ်ကီ' ရိက္ခာသည် (သတ်မှတ်ထား)ရှိ၏။

فَوَاكِهُ ۚ وَهُمۡ مُّكۡرَمُوۡنَ ﴿۴۲﴾

၄၃။ အမျိုးမျိုးသောသစ်သီးဝလံများ၊ သူတို့သည် အလွန်တရာ ဂုဏ်သိက္ခာပေးခြင်းကိုခံကြရသော အခြေအနေတွင် ရှိကြလိမ့်မည်။

فِىۡ جَنّٰتِ النَّعِيۡمِ ﴿۴۳﴾

၄၄။ 'နေ့အ်မတ်'ကောင်းချီးဆုလာဘ်များရှိသည့် ဥယျာဉ်တော်များတွင်၊

عَلٰى سُرُرٍ مُّتَقٰبِلِيۡنَ ﴿۴۴﴾

၄၅။ ပလ္လင်များထက်ဝယ် မျက်နှာချင်းဆိုင်ထိုင်လျက် ရှိနေကြပေလိမ့်မည်။

يُطَافُ عَلَيۡهِمۡ بِكَاۡسٍ مِّنۡ مَّعِيۡنٍ ﴿۴۵﴾

၄၆။ စီးတွေနေသော စမ်းချောင်းများမှရေဖြင့် ပြည့်လျက်ရှိသည့် ခွက်များသည် ၎င်းတို့ထံ လှည့်ပတ်လျက်ရှိနေလိမ့်မည်။

بَيْضَآءَ لَذَّةٍ لِّلشّٰرِبِيْنَ ﴿٤٦﴾

၄၇။ အလွန် သန့်ရှင်းစင်ကြယ်ပြီး သောက်သုံးသူများအဖို့ အပြည့်အဝ အရသာရှိသော၊

لَا فِيْهَا غَوْلٌ وَّلَا هُمْ عَنْهَا يُنْزَفُوْنَ ﴿٤٧﴾

၄၈။ ယင်း(သောက်သုံးဖွယ်ရာများ)တွင် တစ်စုံတစ်ရာ မူးယစ်စေသည့်အရာ ရှိလိမ့်မည်မဟုတ်။ ထို့ပြင် ၎င်းတို့သည် ယင်း၏သက်ရောက်မှုကြောင့် သတိလက်လွတ်ဖြစ်ကြရမည်လည်း မဟုတ်ချေ။

وَعِنْدَهُمْ قٰصِرٰتُ الطَّرْفِ عِيْنٌ ﴿٤٨﴾

၄၉။ ထို့ပြင် ၎င်းတို့အနီးတွင် မျက်လွှာများချထားသော မျက်ဝန်းကျယ်သည့် (အပျိုစင်များ)ရှိပေလိမ့်မည်။

كَاَنَّهُنَّ بَيْضٌ مَّكْنُوْنٌ ﴿٤٩﴾

၅၀။ (၎င်းတို့သည် တောက်ပလင်းလက်လျက်ရှိကြလိမ့်မည်) ၎င်းတို့သည် ဖုံးအုပ်ထားသော ဥများပမာရှိကြလိမ့်မည်။ ⑤

فَاَقْبَلَ بَعْضُهُمْ عَلٰى بَعْضٍ يَّتَسَآءَلُوْنَ ﴿٥٠﴾

၅၁။ ထိုအခါ သူတို့အနက် အချို့သည် အခြားသူများဘက် သို့လှည့်၍ မေးမြန်းကြပေအံ့။

قَالَ قَآئِلٌ مِّنْهُمْ اِنِّيْ كَانَ لِيْ قَرِيْنٌ ﴿٥١﴾

၅၂။ ၎င်းတို့အနက် ပြောဆိုသူတစ်ဦးက ပြောဆိုမည်မှာ စင်စစ် ကျွန်ုပ်တွင် အပေါင်းအဖော်တစ်ဦးရှိခဲ့ပေသည်။

يَّقُوْلُ اَئِنَّكَ لَمِنَ الْمُصَدِّقِيْنَ ﴿٥٢﴾

၅၃။ ၎င်းကပြောဆိုလေ့ရှိခဲ့သည်မှာ အသင်သည် (ဤအကြောင်းကို) မှန်ကန်ကြောင်း ထောက်ခံသူဖြစ်ပါသလော။

ءَاِذَا مِتْنَا وَكُنَّا تُرَابًا وَّعِظَامًا ءَاِنَّا لَمَدِيْنُوْنَ ﴿٥٣﴾

၅၄။ ကျွန်ုပ်တို့သည် သေဆုံးလျက် မြေကြီးများဖြစ်ကာ အရိုးများအဖြစ်ကျန်ရှိသော ထိုကာလတိုင်အောင်လည်း ကျွန်ုပ်တို့သည် အစားပေးခြင်းကိုခံကြရမည့်သူများ ဖြစ်ကြရပါဦးမည်လော။

قَالَ هَلْ اَنْتُمْ مُّطَّلِعُوْنَ ﴿٥٤﴾

၅၅။ ၎င်းက ပြောကြားမည်၊ အသင်သည် ချောင်း၍ကြည့်နိုင်ပါသလော။

فَاطَّلَعَ فَرَاٰهُ فِيْ سَوَآءِ الْجَحِيْمِ ﴿٥٥﴾

၅၆။ သို့ဖြစ်ရာ သူသည် ချောင်း၍ကြည့်လေသောအခါ ယင်း(အပေါင်းအဖော်)အား 'ဂျဟန္နမ်'ငရဲ၏ အလယ်ဗဟိုတွင် တွေ့ခဲ့ရပေသည်။

قَالَ تَاللّٰهِ اِنْ كِدْتَّ لَتُرْدِيْنِ ﴿٥٦﴾

၅၇။ သူကပြောသည်မှာ- အလ္လာဟ်အားကျိန်ဆိုပါ၏၊ အသင်သည် ကျွန်ုပ်ကိုလည်း ဖျက်ဆီးသုတ်သင်လုနီးပါးဖြစ်ခဲ့၏။

وَلَوْلَا نِعْمَةُ رَبِّيْ لَكُنْتُ مِنَ الْمُحْضَرِيْنَ ﴿٥٧﴾

၅၈။ ထို့ပြင် အကယ်၍ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ 'နေ့အ်မတ်'ကောင်းချီးဆုလာဘ်မရှိခဲ့ပါလျှင် ကျွန်ုပ်သည် အမှန်ပင်(ငရဲ၌)တင်သွင်းခြင်းခံရသူများအနက်မှ ဖြစ်ခဲ့ပေမည်။

---

⑤ အာယတ်တော်(၄၉ မှ ၅၀ထိ)- ဤသည်မှာ တင်စားချက်များသာဖြစ်ရပေမည်။ သို့မဟုတ်ပါက 'ဟူရ်'များနှင့်စပ်လျဉ်း၍ 'ဖုံးအုပ်ထားသော ဥများပမာရှိကြလိမ့်မည်'ဟုဆိုခြင်းမှာ ရုပ်ပိုင်းအဓိပ္ပာယ်တစ်စုံတစ်ရာမဟုတ်ချေ။ ဖုံးအုပ်ထားလျက်ရှိသော ဥများသည် သန့်ရှင်းလတ်ဆတ်လေ့ရှိသကဲ့သို့ နာမ်ပိုင်းဆိုင်ရာ အဖော်မွန်များသည်လည်း အတွင်းသဘောအားဖြင့် သန့်ရှင်းစင်ကြယ်ရမည်ဖြစ်ကြောင်းကို ရည်ညွှန်းပေသည်။

اَفَمَا نَحْنُ بِمَيِّتِيْنَ ۝

၅၉။ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် သေဆုံးရမည့်သူများ မဟုတ်ပါလော။

اِلَّا مَوْتَتَنَا الْاُوْلٰى وَمَا نَحْنُ بِمُعَذَّبِيْنَ ۝

၆၀။ ကျွန်ုပ်တို့၏ ပထမအကြိမ် သေဆုံးခြင်းမှတစ်ပါး ကျွန်ုပ်တို့အား ပြစ်ဒဏ်ခတ်ခြင်းကို အလျှင်းခံကြရမည်မဟုတ်ချေ။

اِنَّ هٰذَا لَهُوَ الْفَوْزُ الْعَظِيْمُ ۝

၆၁။ စင်စစ်ဧကန် ဤသည်ပင်လျှင် (သက်ဝင်ယုံကြည်သူတို့၏) အလွန်ကြီးမားသော အောင်မြင်မှုတစ်ရပ်ဖြစ်၏။

لِمِثْلِ هٰذَا فَلْيَعْمَلِ الْعٰمِلُوْنَ ۝

၆၂။ သို့ဖြစ်ရာ ဤကဲ့သို့သော အဆင့်(ကိုရရန်)အတွက် အားလုံးသော ကျင့်ကြံအားထုတ်ကြသူတို့သည် ကျင့်ကြံအားထုတ်သင့်ကြပေသည်။

اَذٰلِكَ خَيْرٌ نُّزُلًا اَمْ شَجَرَةُ الزَّقُّوْمِ ۝

၆၃။ အသို့နည်း ဤသည့်ဧည့်ခံခြင်းက ပိုမိုကောင်းမြတ်သလော၊ သို့တည်းမဟုတ် 'ဇက်ကွန်းမ်' ရှားစောင်းကြီးပင်(ကပို၍ကောင်းသ)လော။

اِنَّا جَعَلْنٰهَا فِتْنَةً لِّلظّٰلِمِيْنَ ۝

၆၄။ မုချဧကန် ငါတို့သည် ယင်းကို အမှားကျူးလွန်သူများအတွက် စမ်းသပ်စစ်ဆေးရာ ပြုလုပ်ထားတော်မူ၏။

اِنَّهَا شَجَرَةٌ تَخْرُجُ فِيْٓ اَصْلِ الْجَحِيْمِ ۝

၆၅။ ဧကန်ပင် ဤသည် အပင်တစ်ပင်ဖြစ်၏၊ ယင်းသည် 'ဂျဟန္နမ်'ငရဲ၏အရင်းမှ ပေါက်ရောက်ထွက်ပေါ်လာ၏။

طَلْعُهَا كَاَنَّهٗ رُءُوْسُ الشَّيٰطِيْنِ ۝

၆၆။ ယင်း၏အဖူးအငုံသည် 'ရှိုင်တန်'များ၏ ဦးခေါင်းသဖွယ်ဖြစ်၏။

فَاِنَّهُمْ لَاٰكِلُوْنَ مِنْهَا فَمَالِـُٔوْنَ مِنْهَا الْبُطُوْنَ ۝

၆၇။ သို့ဖြစ်ရာ ဧကန်ပင် ၎င်းတို့သည် ယင်းမှပင် စားသုံးကြရမည့်သူများဖြစ်လျက် ယင်းမှပင် ဝမ်းကိုဖြည့်ကြရမည့်သူများဖြစ်ကြပေမည်။

ثُمَّ اِنَّ لَهُمْ عَلَيْهَا لَشَوْبًا مِّنْ حَمِيْمٍ ۝

၆၈။ ထို့ပြင် ဧကန်ပင် ၎င်းတို့အတွက် ထို(အစာ)၏နောက်တွင် ပွက်ပွက်ဆူသော ရေပူရောထားသည့် သောက်သုံးဖွယ်ရှိမည်ဖြစ်၏။

ثُمَّ اِنَّ مَرْجِعَهُمْ لَاِلَى الْجَحِيْمِ ۝

၆၉။ ထို့နောက် ၎င်းတို့သည် ဧကန်ပင် 'ဂျဟန္နမ်'ငရဲသို့ ပြန်၍သွားကြရမည်ဖြစ်၏။

اِنَّهُمْ اَلْفَوْا اٰبَآءَهُمْ ضَآلِّيْنَ ۝

၇၀။ ဧကန်ပင် ၎င်းတို့သည် မိမိတို့၏ အဘဘိုးဘေးများကို လမ်းလွဲသူများအဖြစ် တွေ့ခဲ့ကြရပေသည်။

فَهُمْ عَلٰٓى اٰثٰرِهِمْ يُهْرَعُوْنَ ۝

၇၁။ သို့ဖြစ်ရာ ယင်းတို့၏ခြေရာများအပေါ် ခြေရာထပ်စေခြင်းခံရလျက် သူတို့သည်လည်းအပြေးအလွှားသွားနေကြပေသည်။

وَلَقَدْ ضَلَّ قَبْلَهُمْ اَكْثَرُ الْاَوَّلِيْنَ ۝

၇၂။ ထို့ပြင် စင်စစ် ၎င်းတို့အလျှင် ရှေးလူမျိုးနွယ်များမှလည်း များစွာသောသူတို့မှာ လမ်းလွဲခဲ့ကြပေသည်။

وَلَقَدْ اَرْسَلْنَا فِيْهِمْ مُّنْذِرِيْنَ ۝

၇၃။ ငါတို့သည် အမှန်ပင် ၎င်းတို့တွင် သတိပေးနှိုးဆော်သူ

များကို စေလွှတ်တော်မူခဲ့ပြီးဖြစ်၏။

فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الْمُنْذَرِيْنَ ۝٧٣

၇၄။ သို့ဖြစ်ရာ သတိပေးနှိုးဆော်ခြင်းခံရသောသူတို့၏ နောက်ဆုံးရလဒ် မည်သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုလော့။

اِلَّا عِبَادَ اللّٰهِ الْمُخْلَصِيْنَ ۝٧٤

၇၅။ အလ္လာဟ်ကအထူးသီးသန့်ပြုထားတော်မူသော အစေတော်များမှတစ်ပါးဖြစ်သတည်း။

ရုကူး–၃

وَلَقَدْ نَادٰىنَا نُوْحٌ فَلَنِعْمَ الْمُجِيْبُوْنَ ۝٧٥

၇၆။ ထို့ပြင် ဧကန်ပင် ငါတို့အား 'နူးဟ်'က ဟစ်ခေါ်တမ်းတလေရာ (ကြည့်ရှုကြကုန်) ငါတို့သည် အဘယ်မျှ ကောင်းမွန်သောအဖြေကိုပေးသူဖြစ်သနည်း။

وَنَجَّيْنٰهُ وَاَهْلَهٗ مِنَ الْكَرْبِ الْعَظِيْمِ ۝٧٦

၇၇။ ထို့ပြင် ငါတို့သည် သူနှင့်သူ၏ အိမ်သူအိမ်သားများကို ကြီးကျယ်လှသော ပူပင်သောကမှကယ်တင်တော်မူခဲ့၏။

وَجَعَلْنَا ذُرِّيَّتَهٗ هُمُ الْبٰقِيْنَ ۝٧٧

၇၈။ ထို့ပြင် ငါတို့သည် သူ၏အဆက်အနွယ်များကိုသာလျှင် ကြွင်းကျန်ရစ်မည့်သူများအဖြစ်ပြုတော်မူ၏။

وَتَرَكْنَا عَلَيْهِ فِى الْاٰخِرِيْنَ ۝٧٨

၇၉။ ထို့ပြင် ငါတို့သည် နောင်တွင်လာမည့်သူများ၌ သူ့အားကောင်းမြတ်သော အမှတ်တရဖော်ပြခြင်းကို ကျန်ရစ်စေတော်မူ၏။

سَلٰمٌ عَلٰى نُوْحٍ فِى الْعٰلَمِيْنَ ۝٧٩

၈၀။ လောကခပ်သိမ်းတွင် 'နူးဟ်'အပေါ် 'စလာမ်' ငြိမ်းချမ်းခြင်းရှိစေသား။

اِنَّا كَذٰلِكَ نَجْزِى الْمُحْسِنِيْنَ ۝٨٠

၈၁။ စင်စစ် ငါတို့သည် ဤကဲ့သို့ပင် ကောင်းမှုပွားများသူတို့အား အစားပေးတော်မူလေ့ရှိ၏။

اِنَّهٗ مِنْ عِبَادِنَا الْمُؤْمِنِيْنَ ۝٨١

၈၂။ ဧကန်ပင် သူသည် ငါတို့အား ယုံကြည်သူအစေတော်များအနက်မှ ဖြစ်ခဲ့ပေသည်။

ثُمَّ اَغْرَقْنَا الْاٰخَرِيْنَ ۝٨٢

၈၃။ ထို့နောက် ငါတို့သည် အခြားသူများကို နှစ်မြှုပ်ပစ်တော်မူခဲ့၏။

وَاِنَّ مِنْ شِيْعَتِهٖ لَاِبْرٰهِيْمَ ۝٨٣

၈၄။ ထို့ပြင် အမှန်ပင် သူ၏အုပ်စုအနက်မှ 'အစ်ဗရာဟင်မ်'လည်း ရှိခဲ့ပေသည်။

اِذْ جَآءَ رَبَّهٗ بِقَلْبٍ سَلِيْمٍ ۝٨٤

၈၅။ (သတိရပါလေ) အကြင်အခါဝယ် သူသည် မိမိ၏ ဖန်ဆင်းမွေးမြူရှင်ရှေ့တော်သို့ တည်ငြိမ်အေးချမ်းသော စိတ်နှလုံးဖြင့် ခစားဝင်ရောက်၏။

اِذْ قَالَ لِاَبِيْهِ وَقَوْمِهٖ مَاذَا تَعْبُدُوْنَ ۝٨٥

၈၆။ (ထို့နောက်) အကြင်အခါဝယ် သူသည် မိမိ၏ဖခင်နှင့် မိမိ၏အမျိုးသားတို့အား ပြောဆိုသည်မှာ- အသင်တို့ ကိုးကွယ်နေကြသည်မှာ မည်သည့်အရာပါနည်း။

اَئِفْكًا اٰلِهَةً دُوْنَ اللّٰهِ تُرِيْدُوْنَ ۝٨٦

၈၇။ အသင်တို့သည် အလ္လာဟ်မှလွဲ၍ လုံးဝလုပ်ကြံထားသည့် အခြားသောကိုးကွယ်ရာများကို လိုလားကြပါသလော။

فَمَا ظَنُّكُمْ بِرَبِّ الْعٰلَمِيْنَ ﴿٨٧﴾

၈၈။ သို့ဖြစ်လျှင် အသင်တို့သည် စကြဝဠာ ကမ္ဘာလောကအပေါင်းကို ဖန်ဆင်းပျိုးထောင်တော်မူသောအရှင်အား မည်သို့ထင်မြင်ယူဆထားကြပါသနည်း။

فَنَظَرَ نَظْرَةً فِي النُّجُوْمِ ﴿٨٨﴾

၈၉။ ထို့နောက် သူသည် ကြယ်နက္ခတ်များအား တစ်ချက်ကြည့်ရှုလိုက်၏။

فَقَالَ اِنِّيْ سَقِيْمٌ ﴿٨٩﴾

၉၀။ ထို့နောက် ငါသည် အမှန်ပင် စိတ်ပျက်ရချေပြီဟု ပြောဆိုခဲ့သည်။

فَتَوَلَّوْا عَنْهُ مُدْبِرِيْنَ ﴿٩٠﴾

၉၁။ သို့ဖြစ်ရာ ယင်းတို့သည် သူ့ထံမှ ကျောခိုင်းလျက် ထွက်ခွာသွားခဲ့ကြပေသည်။

فَرَاغَ اِلٰٓى اٰلِهَتِهِمْ فَقَالَ اَلَا تَاْكُلُوْنَ ﴿٩١﴾

၉၂။ ထို့နောက် သူသည် ၎င်းတို့၏ ကိုးကွယ်ရာများဘက်သို့ တိတ်တဆိတ် အာရုံရောက်သွားပြန်၏။ ထို့နောက် မေးမြန်းသည်မှာ အသင်တို့သည် အစာမစားကြပါသလော။ ①

مَا لَكُمْ لَا تَنْطِقُوْنَ ﴿٩٢﴾

၉၃။ အသင်တို့ စကားမပြောကြသည်မှာ မည်သည့်အကြောင်းကြောင့်နည်း။

فَرَاغَ عَلَيْهِمْ ضَرْبًا بِالْيَمِيْنِ ﴿٩٣﴾

၉၄။ ထို့နောက် သူသည် ၎င်းတို့နှင့်ဆန့်ကျင်လျက် လက်ယာလက်ဖြင့် ပြင်းထန်သော ရိုက်နှက်မှုတစ်ရပ်ကို လျှို့ဝှက်စွာလုပ်ဆောင်ခဲ့ပေသည်။

فَاَقْبَلُوْٓا اِلَيْهِ يَزِفُّوْنَ ﴿٩٤﴾

၉၅။ သို့ဖြစ်ရာ ထို(သူများသည်)သူ၏ထံသို့ အပြေးအလွှားရောက်လာခဲ့ကြ၏။

قَالَ اَتَعْبُدُوْنَ مَا تَنْحِتُوْنَ ﴿٩٥﴾

၉၆။ သူက (၎င်းတို့အား) ပြောသည်မှာ အသင်တို့သည် အသင်တို့(ကိုယ်တိုင်) ထုလုပ်ထားသည်များကို ကိုးကွယ်ကြပါသလော။

وَاللّٰهُ خَلَقَكُمْ وَمَا تَعْمَلُوْنَ ﴿٩٦﴾

၉၇။ စင်စစ်သော်ကား အလ္လာဟ်သည် အသင်တို့အားလည်းကောင်း၊ အသင်တို့ပြုလုပ်ဖန်တီးသည်များအားလည်းကောင်း ဖန်ဆင်းတော်မူခဲ့ပေသည်။

قَالُوا ابْنُوْا لَهٗ بُنْيَانًا فَاَلْقُوْهُ فِي الْجَحِيْمِ ﴿٩٧﴾

၉၈။ ယင်းတို့က ပြောကြသည်မှာ သူ့အတွက် မီးသင်္ဂြိုဟ်စင်တစ်ခုပြုလုပ်ပြီး သူ့အား မီးတောက်မီးလျှံအတွင်းသို့ပစ်ထည့်ကြကုန်လော့။

فَاَرَادُوْا بِهٖ كَيْدًا فَجَعَلْنٰهُمُ الْاَسْفَلِيْنَ ﴿٩٨﴾

၉၉။ သို့ဖြစ်ရာ ယင်းတို့သည် သူနှင့်စပ်လျဉ်း၍ (မတရားသော)ကြံစည်မှုတစ်ရပ်ကိုပြုလုပ်ခဲ့ပေရာ ငါတို့သည် ၎င်းတို့အား အလွန်တရာဂုဏ်သရေညှိုးနွမ်းအောင်ပြုတော်မူခဲ့၏။

① အာယတ်တော် (၈၈မှ ၉၂ထိ) ဤတွင် 'စကီးမ်'ဆိုသည်မှာ ရောဂါဝေဒနာကိုဆိုလိုသည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ယင်း၏နောက်တွင် ရုပ်တုများကိုရှိုက်ခိုးခြင်းကဲ့သို့သော ကြီးကျယ်သည့်အလုပ်များကို နေထိုင်မကောင်းသူအဖို့ ပြုလုပ်နိုင်စရာအကြောင်းမရှိသောကြောင့်ဖြစ်၏။ 'စကီးမ်'ဟူသည် စိတ်ပျက်ခြင်းကိုလည်းဆိုသည်။ အစ်ဗရာဟင်မ်ﷺက ငါသည် အသင်တို့နှင့်လည်းကောင်း၊ အသင်တို့၏ ရုပ်တုများဖြင့်လည်းကောင်း စိတ်ပျက်ရ၏ဟုမိန့်ခဲ့လေသည်။ ထိုသည့်နောက် ထိုရုပ်တုများကို ချိုးဖျက်ရန်ပြုခဲ့လေသည်။

وَقَالَ اِنِّیْ ذَاهِبٌ اِلٰی رَبِّیْ سَیَهْدِیْنِ ﴿۹۹﴾

၁၀၀။ ထို့ပြင် သူကပြောသည်မှာ အမှန်ပင် ကျွန်ုပ်သည် မိမိ၏ဖန်ဆင်းမွေးမြူရှင်ထံ သွားရောက်မည့်သူဖြစ်၏။ အရှင်မြတ်သည် ဧကန်ပင် ကျွန်ုပ်အားလမ်းညွှန်တော်မူမည်။

رَبِّ هَبْ لِیْ مِنَ الصّٰلِحِیْنَ ﴿۱۰۰﴾

၁၀၁။ အို- ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ကျွန်တော်မျိုးအား 'ဆွာလေဟီးန်'သူတော်ကောင်းများအနက်မှ (အမွေဆက်ခံသူကို)ပေးသနားတော်မူပါ။

فَبَشَّرْنٰهُ بِغُلٰمٍ حَلِیْمٍ ﴿۱۰۱﴾

၁၀၂။ သို့ဖြစ်ရာ ငါတို့သည် သူ့အား စိတ်ရှည်သည်းခံသော သားယောကျ်ားတစ်ပါး၏ သတင်းကောင်းကို ပေးတော်မူခဲ့၏။

فَلَمَّا بَلَغَ مَعَهُ السَّعْیَ قَالَ یٰبُنَیَّ اِنِّیْٓ اَرٰی فِی الْمَنَامِ اَنِّیْٓ اَذْبَحُكَ فَانْظُرْ مَاذَا تَرٰی ؕ قَالَ یٰٓاَبَتِ افْعَلْ مَا تُؤْمَرُ ۫ سَتَجِدُنِیْٓ اِنْ شَآءَ اللّٰهُ مِنَ الصّٰبِرِیْنَ ﴿۱۰۲﴾

၁၀၃။ သို့ဖြစ်ရာ သူသည် သူ(၏ဖခင်)နှင့်အတူ ပြေးလွှားသွားလာနိုင်သည့်အရွယ်သို့ရောက်သောအခါ သူက ပြောသည်မှာ အို-ငါ၏ချစ်သား၊ ငါသည် အသင့်အား လည်လှီးနေသည်ကို အိပ်စက်နေစဉ် ဧကန်ပင် မြင်မက်ရ၏။ သို့ဖြစ်ရာ အသင့်သဘောမည်သို့ရှိကြောင်းကို စဉ်းစားပါလေ။ သူကပြောသည်မှာ အို-ကျွန်ုပ်၏ဖခင်၊ ဖခင်အား အမိန့်ပေးသည်ကိုသာ လိုက်နာဆောင်ရွက်ပါ။ အကယ်၍ အလ္လာဟ်အလိုရှိတော်မူပါလျှင် ဖခင်သည် ကျွန်ုပ်အား သည်းခံခြင်းတရားရှိသူများအနက်မှ အမှန်ပင် တွေ့ရှိရပါလိမ့်မည်။ ①

فَلَمَّآ اَسْلَمَا وَتَلَّهٗ لِلْجَبِیْنِ ﴿۱۰۳﴾

၁၀၄။ ဤသို့ဖြင့် သူတို့(သားအဖ)နှစ်ဦးလုံး သဘောတူညီမှုရရှိသောအခါ ၎င်းသည် သူ့အား မှောက်လဲလိုက်စေသည်။

وَنَادَیْنٰهُ اَنْ یّٰٓاِبْرٰهِیْمُ ﴿۱۰۴﴾

၁၀၅။ ထိုအခါ ငါတို့က သူ့အားအသံပြုတော်မူသည်မှာ အို-'အစ်ဗရာဟင်မ်'။

قَدْ صَدَّقْتَ الرُّءْیَا ۚ اِنَّا كَذٰلِكَ نَجْزِی الْمُحْسِنِیْنَ ﴿۱۰۵﴾

၁၀၆။ ဧကန်မလွဲ အသင်သည် မိမိ၏အိပ်မက်ကို အမှန်ပင်ဖြည့်ဆည်းခဲ့ပြီးဖြစ်၏။ အမှန်သော်ကား ဤကဲ့သို့ပင် ငါတို့သည် ကောင်းမှုပြုသူတို့အား အစားပေးတော်မူလေ့ရှိပေသည်။

اِنَّ هٰذَا لَهُوَ الْبَلٰٓؤُا الْمُبِیْنُ ﴿۱۰۶﴾

၁၀၇။ ဧကန်စင်စစ် ဤသည် အလွန်လျှင် ပွင့်လင်းထင်ရှားသော စမ်းသပ်မှုတစ်ရပ်ဖြစ်ခဲ့၏။

وَفَدَیْنٰهُ بِذِبْحٍ عَظِیْمٍ ﴿۱۰۷﴾

၁၀၈။ ထို့ပြင် ငါတို့သည် သူ့အား 'ဇစ်ဗဟေအဇ်ဒီးမ်'ဖြင့်

① ဤအာယတ်တော်တွင် အစ်ဗရာဟင်မ်ﷺက မိမိ၏သားရတနာအား ရုပ်ပိုင်းသဘောအရ လည်လှီးဖို့ရန် ပြင်ဆင်ခဲ့ကြောင်းကို ဖော်ပြထားပေသည်။ အစ်ဗရာဟင်မ်ﷺက 'ငါသည် ငါ၏သားကို လည်လှီးလျက်ရှိခဲ့သည်'ဟူသောအိပ်မက်ကို တစ်ကြိမ်မျှသာမဟုတ်၊ အထပ်ထပ်အခါခါ မြင်မက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ရုပ်ပိုင်းအားဖြင့် လည်လှီးရန် မိမိစိတ်တွင် ပေါ်ပေါက်ခဲ့လင့်ကစား၊ **فَلَمَّا بَلَغَ مَعَهُ السَّعْیَ** တွင် သူ(သားငယ်)သည် ပြေးလွှားသွားလာနိုင်ပြီး အစ်ဗရာဟင်မ်ﷺနှင့်အတူ ပူးပေါင်းလုပ်ကိုင်နိုင်သော အရွယ်သို့ရောက်သည့်အခါတွင်မှ မိမိ၏စိတ်ကျေနပ်စွာ အသင့်ပြင်ဆင်မှုမပြုသေးသမျှ အစ်ဗရာဟင်မ်ﷺသည် မိမိသားတော်ထံမှ အသက်ကိုတောင်းခံခြင်းမပြုခဲ့ချေ။ သို့ရာတွင် အိပ်မက်၏သဘောမှာကား တမန်တော်အစ္စမာအီလ်အား သစ်ဝါးမပေါက်သော လွင်တီးခေါင်တွင် စွန့်လွှတ်ရန်သာဖြစ်သည်။ သို့ကြောင့် အလ္လာဟ်အရှင်မြတ်က အိပ်မက်ပါအတိုင်း လက်တွေ့ပြုလုပ်ခြင်းမှ တားမြစ်ထားခဲ့ပြီးနောက်မှတစ်ဖန် အသင်သည် မူလကတည်းကပင် အိပ်မက်ကို ပြည့်ဝစုံလင်စေခဲ့ပြီးဖြစ်၏ဟု အသိပေးတော်မူလိုက်သည်။

လဲလှယ်၍ ကယ်တင်တော်မူခဲ့ပေသည်။ ⑤

وَتَرَكْنَا عَلَيْهِ فِي الْآخِرِينَ ﴿١٠٨﴾

၁၀၉။ ထို့ပြင် ငါတို့သည် နောင်လာနောက်သားတို့တွင် သူ့အား ကောင်းမြတ်သော အမှတ်တရဖော်ပြခြင်းကို ကျန်ရစ်စေတော်မူ၏။

سَلَامٌ عَلَىٰ إِبْرَاهِيمَ ﴿١٠٩﴾

၁၁၀။ 'အစ်ဗရာဟင်မ်'အပေါ် 'စလာမ်' ငြိမ်းချမ်းခြင်းရှိစေသား။

كَذَٰلِكَ نَجْزِي الْمُحْسِنِينَ ﴿١١٠﴾

၁၁၁။ ဤကဲ့သို့ပင် ငါတို့သည် ကောင်းမှုပြုသူတို့ကို အစားပေးလေ့ရှိတော်မူ၏။

إِنَّهُ مِنْ عِبَادِنَا الْمُؤْمِنِينَ ﴿١١١﴾

၁၁၂။ စင်စစ်ကေန် သူသည် ငါတို့၏ 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူအစေတော်များအနက်မှဖြစ်ခဲ့၏။

وَبَشَّرْنَاهُ بِإِسْحَاقَ نَبِيًّا مِّنَ الصَّالِحِينَ ﴿١١٢﴾

၁၁၃။ ထို့ပြင် ငါတို့သည် သူ့အား 'အစ္စဟာက်'ကို 'နဗီ'တမန်တော်အဖြစ် သတင်းကောင်းပေးတော်မူ၏။ ၎င်းသည် 'ဆွာလေဟီန်'သူတော်ကောင်းများအနက်မှ ဖြစ်ခဲ့ပေသည်။

وَبَارَكْنَا عَلَيْهِ وَعَلَىٰ إِسْحَاقَ ۚ وَمِن ذُرِّيَّتِهِمَا مُحْسِنٌ وَظَالِمٌ لِّنَفْسِهِ مُبِينٌ ﴿١١٣﴾

၁၁၄။ ထို့ပြင် ငါတို့သည် သူ့အားလည်းကောင်း၊'အစ္စဟာက်'အားလည်းကောင်း၊ 'ဘာရ်ကတ်'ကောင်းချီးမင်္ဂလာပို့ချတော်မူခဲ့၏။ ထို့ပြင် ၎င်းတို့နှစ်ဦး၏ အဆက်အနွယ်များတွင် ကောင်းမှုပွားများသူများလည်းရှိခဲ့ကြ၏။ ထို့ပြင် မိမိတို့၏ စိတ်ဝိညာဉ်အပေါ် ပွင့်လင်းထင်ရှားစွာ အမှားကျူးလွန်သူများလည်း ရှိခဲ့ကြပေသည်။

ရုကူး-၄

وَلَقَدْ مَنَنَّا عَلَىٰ مُوسَىٰ وَهَارُونَ ﴿١١٤﴾

၁၁၅။ ထို့ပြင် စင်စစ်ကေန် ငါတို့သည် 'မူစာ'နှင့် 'ဟာရွန်'တို့အားလည်း ကျေးဇူးပြုတော်မူခဲ့၏။

وَنَجَّيْنَاهُمَا وَقَوْمَهُمَا مِنَ الْكَرْبِ الْعَظِيمِ ﴿١١٥﴾

၁၁၆။ ထို့ပြင် သူတို့နှစ်ဦးစလုံးနှင့် သူတို့၏အမျိုးသားများကို ငါတို့သည် အလွန်ကြီးမားသော ပူပင်သောကမှ ကယ်တင်တော်မူခဲ့၏။

وَنَصَرْنَاهُمْ فَكَانُوا هُمُ الْغَالِبِينَ ﴿١١٦﴾

၁၁၇။ ထို့ပြင် ငါတို့သည် သူတို့အားကူညီတော်မူခဲ့ပေသည်။ သို့ဖြစ်ရာ သူတို့သည်သာလျှင် အောင်မြင်သူများဖြစ်ခဲ့ကြ၏။

وَآتَيْنَاهُمَا الْكِتَابَ الْمُسْتَبِينَ ﴿١١٧﴾

၁၁၈။ ထို့ပြင် ငါတို့သည် သူတို့နှစ်ဦးလုံးအား လင်းဝင်းမှုကို ပေးသည့် ကျမ်းတော်တစ်စောင်ကို ပေးသနားတော်မူခဲ့၏။

وَهَدَيْنَاهُمَا الصِّرَاطَ الْمُسْتَقِيمَ ﴿١١٨﴾

၁၁၉။ ထို့ပြင် နှစ်ဦးလုံးကို ငါတို့သည် ဖြောင့်မတ်မှန်ကန်သောလမ်းပေါ်တွင် လျှောက်လှမ်းစေခဲ့၏။

وَتَرَكْنَا عَلَيْهِمَا فِي الْآخِرِينَ ﴿١١٩﴾

၁၂၀။ ထို့ပြင် ငါတို့သည် နောင်လာနောက်သားတို့တွင်

⑤ 'ဇစ်ဗေအဇ်ဒီမ်'၏ဆိုလိုရင်းမှာ အလ္လာဟ်၏လမ်းတော်အတွက် 'ကုရ်ဘာနီ'စွန့်လွှတ်အနစ်နာခံခဲ့ကြသမျှသော တမန်တော်အားလုံးထက် သာလွန်ကြီးမြတ်သူ တမန်တော်မြတ် မိုဟမ္မဒ်ﷺဖြစ်ပြီး ကိုယ်တော်မြတ် ပွင့်ပေါ်လာခြင်းကပင် တမန်တော်အစ္စမာအီလ်ﷺ၏ အသက်မသေလွတ်မြောက်ခွင့်ရခြင်းအတွက် အကြောင်းခံဖြစ်ပေသည်။

သူတို့အား ကောင်းမြတ်သော အမှတ်တရဖော်ပြခြင်းကို ကျန်ရစ်စေတော်မူခဲ့၏။

سَلٰمٌ عَلٰى مُوْسٰى وَ هٰرُوْنَ ۝١٢٠

၁၂၀။ 'မူစာ'နှင့် 'ဟာရွန်'အပေါ် 'စလာမ်'ငြိမ်းချမ်းခြင်းရှိစေသား။

اِنَّا كَذٰلِكَ نَجْزِى الْمُحْسِنِيْنَ ۝١٢١

၁၂၁။ စင်စစ်ကေန် ငါတို့သည် ဤကဲ့သို့ပင် ကောင်းမှုပြုသူတို့အား အစားပေးလေ့ရှိတော်မူ၏။

اِنَّهٗ مِنْ عِبَادِنَا الْمُؤْمِنِيْنَ ۝١٢٢

၁၂၂။ မုချကေန် သူတို့နှစ်ဦးလုံးသည် ငါတို့၏ 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူအစေတော်များအနက်မှ ဖြစ်ခဲ့၏။

وَ اِنَّ اِلْيَاسَ لَمِنَ الْمُرْسَلِيْنَ ۝١٢٣

၁၂၃။ ထို့ပြင် 'အီလ်ယာစ်'သည်လည်း စင်စစ် တမန်တော်များအနက်မှ ဖြစ်ခဲ့ပေသည်။

اِذْ قَالَ لِقَوْمِهٖۤ اَلَا تَتَّقُوْنَ ۝١٢٤

၁၂၄။ အကြင်အခါဝယ် သူသည် မိမိ၏အမျိုးသားများအား အသင်တို့သည် 'တက္ကဝါ'ကြောက်ရွံ့ရိုကျိုးခြင်းတရားကို ကျင့်သုံးဆောက်တည်ခြင်း မပြုကြပြီလောဟုပြော၏။

اَتَدْعُوْنَ بَعْلًا وَّ تَذَرُوْنَ اَحْسَنَ الْخَالِقِيْنَ ۝١٢٥

၁၂၅။ အသို့နည်း၊ အသင်တို့သည် 'ဘအလ်'ကို ဟစ်ခေါ်တမ်းတကြသလော။ ထို့ပြင် ဖန်ဆင်းသူများအနက် အကောင်းဆုံးဖြစ်တော်မူသောအရှင်အား စွန့်လွှတ်ကြလေသလော။

اللّٰهَ رَبَّكُمْ وَ رَبَّ اٰبَآئِكُمُ الْاَوَّلِيْنَ ۝١٢٦

၁၂၆။ 'အလ္လာဟ်'၊ ထိုအရှင်မြတ်သည် အသင်တို့အားလည်းကောင်း၊ အသင်တို့၏ ရှေးယခင် အဘဘိုးဘေးများအားလည်းကောင်း ဖန်ဆင်းတော်မူသည့်အရှင် ဖြစ်တော်မူ၏။

فَكَذَّبُوْهُ فَاِنَّهُمْ لَمُحْضَرُوْنَ ۝١٢٧

၁၂၇။ သို့ဖြစ်ရာ ယင်းတို့သည် သူ့အား မဟုတ်မမှန်ဟု စွပ်စွဲငြင်းဆိုခဲ့ကြပေသည်။ ထို့ပြင် ဧကန်မုချ ယင်းတို့သည် ရှေ့တော်သို့သွင်းခြင်းခံကြရမည့်သူများ ဖြစ်ကြပေသည်။

اِلَّا عِبَادَ اللّٰهِ الْمُخْلَصِيْنَ ۝١٢٨

၁၂၈။ အလ္လာဟ်၏ရွေးချယ်ခြင်းကိုခံရသော အစေတော်များမှတစ်ပါးဖြစ်၏။

وَ تَرَكْنَا عَلَيْهِ فِى الْاٰخِرِيْنَ ۝١٢٩

၁၂၉။ ထို့ပြင် ငါတို့သည် နောင်လာနောက်သားတို့တွင် သူ့အား ကောင်းမြတ်သော အမှတ်တရဖော်ပြခြင်းကို ကျန်ရစ်စေတော်မူခဲ့၏။

سَلٰمٌ عَلٰٓى اِلْ يَاسِيْنَ ۝١٣٠

၁၃၀။ 'အီလ်ယာစီးန်'အပေါ် 'စလာမ်' ငြိမ်းချမ်းခြင်းရှိစေသား။ ②

② ဤအာယတ်တော်တွင် 'အီလ်ယာစ်'အစား 'အီလ်ယာစီးန်'ဟုမိန့်ထားတော်မူသည်။ ဤသည်ကို ရှီကာဖွင့်ဆိုသူများက 'အီလ်ယာစ်' (၃)ဦးရှိခဲ့ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ အကြောင်းမူ(၃)ထက်နည်းသော အရေအတွက်ဖြင့် اِلْ يَاسِيْنَ ၏ပုဒ်ကို သုံးစွဲ၍မရသောကြောင့်ဖြစ်သည်။ သို့ရာတွင် အာရေဗျစကားပြောအသုံးအနှုန်းအရ တစ်ဦးတည်းအတွက်လည်း ဂုဏ်ပြုလိုသောအားဖြင့် ဗဟုဝုစ်ကိန်းကိုသုံးစွဲလေ့ရှိသည်။ ဥပမာ- တမန်တော်မြတ် ﷺ အား ၎င်းတို့၏(သမ္မာ)ကျမ်းတွင် 'မိုဟမ္မဒ်'ဟုမသုံးဘဲ 'မိုဟမ္မဒင်းမဲ'ဟုဖော်ပြထားသကဲ့သို့ဖြစ်သည်။ ဧလိယ(အီလ်ယာစ်)သည်လည်း သာမန်ထက်ထူးကဲသောအနစ်နာခံမှု(ကုရ်ဘာန်)များကို ပြုခဲ့သည်။ သို့ကြောင့် ဤတမန်တော်အားလည်း အများကိန်း(ဗဟုဝုစ်)ကို သုံးစွဲထားခြင်းဖြစ်သည်။

اِنَّا كَذٰلِكَ نَجْزِى الْمُحْسِنِيْنَ ﴿٨٠﴾

၁၃၂။ စင်စစ် ဤကဲ့သို့ပင် ငါတို့သည် ကောင်းမှုပြုသူတို့အား အစားပေးလေ့ရှိတော်မူ၏။

اِنَّهٗ مِنْ عِبَادِنَا الْمُؤْمِنِيْنَ ﴿٨١﴾

၁၃၃။ စင်စစ်ကေန် သူသည် ငါတို့၏ 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူအစေတော်များအနက်မှ ဖြစ်ခဲ့ပေသည်။

وَاِنَّ لُوْطًا لَّمِنَ الْمُرْسَلِيْنَ ﴿٨٢﴾

၁၃၄။ ထို့ပြင် 'လူးတ်'သည်လည်း စင်စစ် တမန်တော်များအနက်မှဖြစ်ခဲ့၏။

اِذْ نَجَّيْنٰهُ وَاَهْلَهٗۤ اَجْمَعِيْنَ ﴿٨٣﴾

၁၃၅။ အကြင်အခါဝယ် ငါတို့သည် သူနှင့် သူ၏အိမ်သူအိမ်သားများအားလုံးကို ကယ်တင်တော်မူခဲ့ပေသည်။

اِلَّا عَجُوْزًا فِى الْغٰبِرِيْنَ ﴿٨٤﴾

၁၃၆။ နောက်ချန်ရစ်သူများတွင်(ပါဝင်သည့်) အဖွားအိုတစ်ဦးမှတစ်ပါးဖြစ်၏။

ثُمَّ دَمَّرْنَا الْاٰخَرِيْنَ ﴿٨٥﴾

၁၃၇။ ထို့နောက် ငါတို့သည် အခြားသူများကို ဖျက်ဆီးပစ်တော်မူခဲ့ပေသည်။

وَاِنَّكُمْ لَتَمُرُّوْنَ عَلَيْهِمْ مُّصْبِحِيْنَ ﴿٨٦﴾

၁၃၈။ ထို့ပြင် ဧကန်ပင် အသင်တို့သည် သူတို့(၏ မြို့ပ်နှံရာအရပ်)မှ နံနက်အချိန်တွင် ဖြတ်သန်းသွားခဲ့ကြပေသည်။

وَبِالَّيْلِ ؕ اَفَلَا تَعْقِلُوْنَ ﴿٨٧﴾

۞

၁၃၉။ ထို့ပြင် ညဉ့်တွင်လည်းဖြစ်၏၊ သို့ဖြစ်ပေရာ အသင်တို့သည် အသိဉာဏ်ကို အသုံးမချကြပေသလော။

ရုကူ-၅

وَاِنَّ يُوْنُسَ لَمِنَ الْمُرْسَلِيْنَ ﴿١٣٩﴾

၁၄၀။ ထို့ပြင် 'ယူနွတ်စ်'သည်လည်း စင်စစ် တမန်တော်များအနက်မှ ဖြစ်ခဲ့၏။

اِذْ اَبَقَ اِلَى الْفُلْكِ الْمَشْحُوْنِ ﴿١٤٠﴾

၁၄၁။ အကြင်အခါဝယ် သူသည် ပြည့်သိပ်လျက်ရှိသည့် လှေသင်္ဘောဆီသို့ အပြေးသွားခဲ့၏။

فَسَاهَمَ فَكَانَ مِنَ الْمُدْحَضِيْنَ ﴿١٤١﴾

၁၄၂။ ထို့နောက် သူသည် မဲနှိုက်သောအခါ သူသည် အပြင်သို့တွန်းထုတ်ခံရသူများအနက်မှ ဖြစ်သွားခဲ့ရ၏။

فَالْتَقَمَهُ الْحُوْتُ وَهُوَ مُلِيْمٌ ﴿١٤٢﴾

၁၄၃။ သို့ဖြစ်ရာ သူသည် (မိမိကိုယ်ကို)ပြစ်တင်ဝေဖန်နေစဉ် ငါးသည် သူ့အားမျိုချခဲ့လေ၏။

فَلَوْلَاۤ اَنَّهٗ كَانَ مِنَ الْمُسَبِّحِيْنَ ﴿١٤٣﴾

၁၄၄။ သို့ဖြစ်ရာ အကယ်၍ သူသည် 'တာစ်ဘီ'အရှင်မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ရင့်ကျူးသူများအနက်မှ မဟုတ်ခဲ့လျှင်။

لَلَبِثَ فِىْ بَطْنِهٖۤ اِلٰى يَوْمِ يُبْعَثُوْنَ ﴿١٤٤﴾

۞

၁၄၅။ အမှန်ပင် သူသည် ယင်း(ငါး)၏ဝမ်းဗိုက်တွင်း၌ ထို(လူများ)ရှင်ပြန်ထစေခြင်းကို ခံရမည့်နေ့တိုင်အောင်နေရပေအံ့။

فَنَبَذْنٰهُ بِالْعَرَآءِ وَهُوَ سَقِيْمٌ ﴿١٤٥﴾

၁၄၆။ သို့ဖြစ်ရာ ငါတို့သည် သူ့အား ရှင်းလင်းပြန့်ပြူးသည့်ကွင်းပြင်တွင် သူသည် ပြင်းထန်စွာ ရောဂါဝေဒနာဖြစ်နေခဲ့စဉ် အန်ထုတ်ပစ်ခဲ့၏။

وَاَنْۢبَتْنَا عَلَيْهِ شَجَرَةً مِّنْ يَّقْطِيْنٍ ﴿١٤٦﴾

၁၄၇။ ထို့ပြင် ငါတို့သည် သူ့အား ဖုံးအုပ်ရန်အတွက် ရွှေဖရုံ

ကဲ့သို့သော နွယ်ပင်တစ်မျိုးကို ပေါက်ရောက်စေခဲ့၏။

وَاَرْسَلْنٰهُ اِلٰى مِائَةِ اَلْفٍ اَوْ يَزِيْدُوْنَ ﴿۱۴۷﴾

၁၄၈။ ထို့ပြင် ငါတို့သည် သူ့အား တစ်သိန်းရှိရာသို့ စေလွှတ်တော်မူခဲ့၏။ ထိုမျှမက ၎င်းတို့သည်(အရေအတွက်၌)တိုးပွားလျက်ရှိခဲ့ကြ၏။

فَاٰمَنُوْا فَمَتَّعْنٰهُمْ اِلٰى حِيْنٍ ﴿۱۴۸﴾

၁၄၉။ သို့ဖြစ်ရာ ၎င်းတို့သည် 'အီမာန်'ယုံကြည်ခြင်းရှိလာခဲ့ကြ၏။ ထို့ပြင် ငါတို့သည် ၎င်းတို့အား အချိန်ကာလတစ်ခုအထိ အချို့သောအကျိုးကျေးဇူးကို သက်ရောက်စေတော်မူခဲ့ပေသည်။

فَاسْتَفْتِهِمْ اَلِرَبِّكَ الْبَنَاتُ وَلَهُمُ الْبَنُوْنَ ﴿۱۴۹﴾

၁၅၀။ သို့ဖြစ်ရာ အသင်သည် ထိုသူတို့အား မေးမြန်းပါလော။ အသင်၏ ဖန်ဆင်းမွေးမြူရှင်အတွက်မှာမူ သမီးမိန်းကလေးများရှိကြပြီး ယင်းတို့အတွက်မှာမူ သားယောကျ်ားလေးများသာ ဖြစ်ကြပါသလော။

اَمْ خَلَقْنَا الْمَلٰٓئِكَةَ اِنَاثًا وَّهُمْ شٰهِدُوْنَ ﴿۱۵۰﴾

၁၅၁။ သို့တည်းမဟုတ် တစ်ဖန် ငါတို့သည် ကောင်းကင်တမန်များကို မိန်းမများအဖြစ် ဖန်ဆင်းတော်မူခဲ့ပြီး ၎င်းတို့သည် ယင်းအပေါ် သက်သေများဖြစ်ကြပါသလော။

اَلَآ اِنَّهُمْ مِّنْ اِفْكِهِمْ لَيَقُوْلُوْنَ ﴿۱۵۱﴾

၁၅၂။ သတိပြုကြကုန်။ ကေန်စင်စစ် ၎င်းတို့သည် မိမိတို့ဘက်မှ လီဆယ်လျက် (ဤသို့)ပြောဆိုကြပေသည်။

وَلَدَ اللّٰهُ ۙ وَاِنَّهُمْ لَكٰذِبُوْنَ ﴿۱۵۲﴾

၁၅၃။ (ယင်းမှာ) အလ္လာဟ်သည် သားတော်ကို မွေးဖွားတော်မူ၏။ စင်စစ် ဤသူများသည် မုချမလွဲ လိမ်လည်သူများဖြစ်ကြ၏။

اَصْطَفَى الْبَنَاتِ عَلَى الْبَنِيْنَ ﴿۱۵۳﴾

၁၅၄။ အရှင်မြတ်သည် သမီးများကို သားများထက် ဦးစားပေးတော်မူသလော။

مَا لَكُمْ ۫ كَيْفَ تَحْكُمُوْنَ ﴿۱۵۴﴾

၁၅၅။ အသင်တို့ မည်သို့ဖြစ်ကုန်ကြသနည်း။ အသင်တို့သည် မည်သို့ဆုံးဖြတ်ကြပေသနည်း။

اَفَلَا تَذَكَّرُوْنَ ﴿۱۵۵﴾

၁၅၆။ သို့ဖြစ်ရာ အသင်တို့သည် သင်ခန်းစာမရယူကြပေသလော။

اَمْ لَكُمْ سُلْطٰنٌ مُّبِيْنٌ ﴿۱۵۶﴾

၁၅၇။ သို့မဟုတ် အသင်တို့ထံတွင် တစ်စုံတစ်ရာ လွှမ်းမိုးအောင်နိုင်(၍)လင်းဝင်းသော သက်သေသာဓကရှိပါသလော။

فَاْتُوْا بِكِتٰبِكُمْ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۱۵۷﴾

၁၅၈။ သို့ကြောင့် အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် မိမိတို့၏ကျမ်းစာကို ယူဆောင်လာကြကုန်။

وَجَعَلُوْا بَيْنَهٗ وَبَيْنَ الْجِنَّةِ نَسَبًا ۭ وَلَقَدْ عَلِمَتِ الْجِنَّةُ اِنَّهُمْ لَمُحْضَرُوْنَ ﴿۱۵۸﴾

၁၅၉။ ထို့ပြင် ယင်းတို့သည် အရှင်မြတ်နှင့် 'ဂျင်န်'များအကြားတွင် တော်စပ်ပတ်သက်မှုတစ်ရပ်ကို ဖန်တီးလိုက်ကြ၏။ အမှန်သော်ကား 'ဂျင်န်'များသည် ယင်းတို့လည်း အမှန်ပင် ရှေ့တော်သွင်းခြင်းခံကြရမည့်သူများဖြစ်ကြောင်းကို ကောင်းစွာသိကြ၏။

سُبْحٰنَ اللّٰهِ عَمَّا يَصِفُوْنَ ﴿١٥٩﴾

၁၆၀။ အလ္လာဟ်သည် ယင်းတို့ဖော်ပြသည်များမှ သန့်ရှင်းစင်ကြယ်တော်မူ၏။

اِلَّا عِبَادَ اللّٰهِ الْمُخْلَصِيْنَ ﴿١٦٠﴾

၁၆၁။ အလ္လာဟ်၏ရွေးချယ်ခြင်းခံရသည့် အစေတော်များသည် (ထိုကိစ္စရပ်များမှ)ကင်းလွတ်ကြ၏။

فَاِنَّكُمْ وَمَا تَعْبُدُوْنَ ﴿١٦١﴾

၁၆၂။ သို့ဖြစ်ရာ ဧကန်စင်စစ် အသင်တို့နှင့် အသင်တို့ ဝတ်ပြုကိုးကွယ်သည့်အရာများသည်။

مَآ اَنْتُمْ عَلَيْهِ بِفٰتِنِيْنَ ﴿١٦٢﴾

၁၆၃။ အသင်တို့သည် အရှင်မြတ်နှင့်ဆန့်ကျင်၍ (တစ်စုံတစ်ဦးကို) လမ်းလွဲစေနိုင်ကြလိမ့်မည်မဟုတ်ချေ။

اِلَّا مَنْ هُوَ صَالِ الْجَحِيْمِ ﴿١٦٣﴾

၁၆၄။ 'ဂျဟန္နမ်'ငရဲသို့ဝင်ရောက်ရမည့်သူများမှတစ်ပါးဖြစ်၏။

وَمَا مِنَّآ اِلَّا لَهٗ مَقَامٌ مَّعْلُوْمٌ ﴿١٦٤﴾

၁၆၅။ ထို့ပြင် (ကောင်းကင်တမန်များက ပြောဆိုကြမည်မှာ) ကျွန်ုပ်တို့အနက် တစ်ပါးချင်းစီအတွက် သိရှိမှတ်မိစရာ နေရာဌာနတစ်ခုကို သတ်မှတ်ထားရှိ၏။

وَّاِنَّا لَنَحْنُ الصَّآفُّوْنَ ﴿١٦٥﴾

၁၆၆။ ထို့ပြင် ကျွန်ုပ်တို့သည် အမှန်ပင် တန်းဖွဲ့၍စီတန်းလျက်ရှိကြပေလိမ့်မည်။

وَّاِنَّا لَنَحْنُ الْمُسَبِّحُوْنَ ﴿١٦٦﴾

၁၆၇။ ထို့ပြင် ဧကန်မုချ ကျွန်ုပ်တို့သည် 'တာစ်ဘီ' အရှင်မြတ် သန့်ရှင်းစင်ကြယ်ကြောင်း ရွတ်ဆိုလျက်ရှိနေကြ၏။

وَاِنْ كَانُوْا لَيَقُوْلُوْنَ ﴿١٦٧﴾

၁၆၈။ အမှန်သော်ကား ၎င်း(မယုံကြည်ခြင်းပယ်သူ)တို့ ပြောဆိုလေ့ရှိခဲ့ကြသည်မှာ၊

لَوْ اَنَّ عِنْدَنَا ذِكْرًا مِّنَ الْاَوَّلِيْنَ ﴿١٦٨﴾

၁၆၉။ အကယ်၍ ကျွန်ုပ်တို့ထံ ရှေးလူများ၏အကြောင်းတစ်စုံတစ်ရာဖော်ပြပြောဆို(ခြင်း ရောက်ရှိ)ခဲ့ပါလျှင်။

لَكُنَّا عِبَادَ اللّٰهِ الْمُخْلَصِيْنَ ﴿١٦٩﴾

၁၇၀။ စင်စစ် ကျွန်ုပ်တို့သည် အလ္လာဟ်၏ရွေးချယ်ခံရသည့် အစေတော်များအနက်မှ ဖြစ်ခဲ့ကြပေအံ့။

فَكَفَرُوْا بِهٖ فَسَوْفَ يَعْلَمُوْنَ ﴿١٧٠﴾

၁၇၁။ သို့ဖြစ်ရာ (ယခု သူတို့သည် ထိုအလ္လာဟ်)အရှင်မြတ်အား ငြင်းပယ်ခဲ့ကြပေရာ၊ အမှန်ပင် ၎င်းတို့သည် (ယင်း၏ရလဒ်ကို) သိမြင်ကြရပေအံ့။

وَلَقَدْ سَبَقَتْ كَلِمَتُنَا لِعِبَادِنَا الْمُرْسَلِيْنَ ﴿١٧١﴾

၁၇၂။ ထို့ပြင် အမှန်ပင် ငါတို့၏စေလွှတ်ခြင်းခံရသည့် အစေတော်များအလို့ငှာ ငါတို့၏ (ဤ)အမိန့်သည် ချမှတ်ပြီးဖြစ်၏။

اِنَّهُمْ لَهُمُ الْمَنْصُوْرُوْنَ ﴿١٧٢﴾

၁၇၃။ (ယင်းမှာ) မုချကောန် ထိုသူများသည်သာလျှင် ကူညီစောင်မခြင်းကိုခံကြရမည့်သူများဖြစ်ကြပေအံ့။

وَاِنَّ جُنْدَنَا لَهُمُ الْغٰلِبُوْنَ ﴿١٧٣﴾

၁၇၄။ ထို့ပြင် ဧကန်စင်စစ် ငါတို့၏တပ်မဟာသည်သာလျှင် အမှန်တကယ် အောင်နိုင်ကြမည်ဖြစ်၏။

فَتَوَلَّ عَنْهُمْ حَتّٰى حِيْنٍ ﴿١٧٤﴾

၁၇၅။ သို့ဖြစ်ရာ ၎င်းတို့ထံမှ အချိန်ကာလအနည်းငယ်အထိ လျစ်လျူရှု၍နေပါလော။

وَّاَبْصِرْهُمْ فَسَوْفَ يُبْصِرُوْنَ ﴿۱۷۹﴾

၁၇၆။ ထို့ပြင် ၎င်းတို့အား စောင့်ကြည့်လျက်နေပါလေ။ သို့ဖြစ်ရာ ၎င်းတို့သည်လည်း မကြာမြင့်မီ မြင်တွေ့ကြရပေလတ္တံ့။

اَفَبِعَذَابِنَا يَسْتَعْجِلُوْنَ ﴿۱۷۶﴾

၁၇၇။ ထို့နောက် ၎င်းတို့သည် ငါတို့၏ပြစ်ဒဏ်ကို တောင်းခံခြင်း၌ အလျင်အမြန်ပြုကြသလော။

فَاِذَا نَزَلَ بِسَاحَتِهِمْ فَسَآءَ صَبَاحُ الْمُنْذَرِيْنَ ﴿۱۷۷﴾

၁၇၈။ သို့ဖြစ်ရာ ယင်းသည် သူတို့၏ခြံဝင်းဦ၌ ကျရောက်သော အခါတွင် သတိပေးနှိုးဆော်ခြင်းခံရသူတို့၏ နံနက်ခင်းသည် အလွန်ဆိုးရွားပေလိမ့်မည်။

وَتَوَلَّ عَنْهُمْ حَتّٰى حِيْنٍ ﴿۱۷۸﴾

၁၇၉။ ထို့ပြင် အချိန်အနည်းငယ်ခန့် ၎င်းတို့ထံမှ လွှဲဖယ်၍ နေပါလေ။

وَّاَبْصِرْ فَسَوْفَ يُبْصِرُوْنَ ﴿۱۷۹﴾

၁၈၀။ ထို့ပြင် ကြည့်ရှုလော့။ သို့ဖြစ်ရာ သူတို့သည်လည်း အမှန်ပင် မြင်တွေ့ကြရလတ္တံ့။

سُبْحٰنَ رَبِّكَ رَبِّ الْعِزَّةِ عَمَّا يَصِفُوْنَ ﴿۱۸۰﴾

၁၈၁။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဂုဏ်ဘုန်းတေဇာနှင့် ပြည့်စုံတော်မူသောအရှင်သည် ၎င်းတို့ပြောဆိုကြသည်တို့မှ သန့်ရှင်းစင်ကြယ်တော်မူ၏။

وَسَلٰمٌ عَلَى الْمُرْسَلِيْنَ ﴿۱۸۱﴾

၁၈၂။ တမန်တော်အားလုံးအပေါ် 'စလာမ်' ငြိမ်းချမ်းခြင်းရှိစေသား။

وَالْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ﴿۱۸۲﴾

۞

၁၈၃။ ချီးမွမ်းခြင်းဟူသမျှသည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အဖို့သာတည်း။

❖ ❖ ❖

၃၈။ ဆွားဒ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ် တော်ပေါင်း (၈၉)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၏ အဦးအစကိုလည်း သခ်ေပအက္ခရာစုဖြစ်သော 'ဆွားဒ်'ဟူသည့် အက္ခရာတစ်ခု ဖြင့် အစပြုထားသည်။ ဤသည်ကို ဋီကာပညာရှင်များက 'ဆွားဒ်' ဟူသည် **صَـادِقُ الْقَوْل** ဆိုလိုသည်မှာ 'အလ္လာဟ်၊ ထိုအရှင်မြတ်၏ ဗျာဒိတ်စကားများသည် မဖြစ်မနေ ပြည့်စုံရမည်'ဟု အကျယ်ဖွင့်ဆိုကြ ပေသည်။ ထို့ပြင် ဤကျမ်းမြတ်ကုရ်အာန်ကို ငြင်းပယ်ကန့်ကွက်ခြင်းမှာ လှည့်ဖြားရယူသော ဂုဏ်သိက္ခာ၏ အကျိုးဆက်အားဖြင့် ပေါက်ဖွားလာခဲ့သော ဆန့်ကျင်ရန်လိုမှုများကြောင့်သာဖြစ်ကြောင်း ကြီးကျယ် ခမ်းနားလှသော အဆုံးအမဒေသနာတော်တို့ဖြင့်ပြီးသော ကျမ်းမြတ်ကုရ်အာန်က သက်သေပြဆိုပေသည်။

ဤဆူရာဟ်၌ပင် တမန်တော် ဒါဝတ်ﷺ မြင်မက်သည့် ရူပါရုံဗျာဒိတ်မြင်ကွင်းအကြောင်းကို ဖော်ပြထားလေသည်။ ယင်းအားဖြင့် လူသဘောသဘာဝအလျောက်ဖြစ်ပေါ်သော လိုချင်တပ်မက်မှုကို ထင်ဟပ်ပေါ်လွင်စေပြီး အကယ်၍ သူသည် (၉၉)ရာခိုင်နှုန်းမျှသော အောင်မြင်မှုကိုရရှိခဲ့လျှင်လည်း ရာနှုန်းပြည့်အောင်မြင်မှုကို အလိုရှိပေလိမ့်မည်၊ အားနည်းချို့တဲ့သူများနှင့် ဆင်းရဲနွမ်းပါသူများအတွက် (၁)ရာခိုင်နှုန်းမျှပင် စွန့်လွှတ်လိုမည်မဟုတ်ချေ။ ပြီးခဲ့သောဆူရာဟ်တွင် အင်အားကြီးသူတို့၏ စစ်ပွဲများအ ကြောင်းကို တွေ့ရှိရသည်။ ယင်းမှာလည်း ဆင်းရဲသောနိုင်ငံများမှ အချုပ်အချာအာဏာဟူသမျှကို လုယူပြီး ကမ္ဘာတစ်ခုလုံးကို တွဲဖက်သူမပါဘဲ စိုးမိုးအုပ်ချုပ်လိုသော ရည်ရွယ်ချက်ကြောင့်သာဖြစ်သည်။

ဤသည်မှာ သွယ်ဝိုက်သောနည်းဖြင့် ဘုရားသခင်ဖြစ်ကြောင်း ကြေညာခြင်းဖြစ်ပေသည်။ ယင်း၏နောက်တွင် လူသားမျိုးနွယ်တို့အား တမန်တော်ဒါဝတ်ﷺကို အကြောင်းခံလျက် အချင်းချင်း ဖြစ်ပေါ်လာသော ပဋိပက္ခများအတွက် တရားနည်းလမ်းတကျ အဆုံးအဖြတ်ရယူရန်၊ မတရား အနိုင်အ ထက်မပြုကြရန် ဆုံးမထားတော်မူပေသည်။

ဤဆူရာဟ်မှာပင် တမန်တော် ဆူလိုင်မန်ﷺနှင့်စပ်လျဉ်းသော အကြောင်းအရာ ဖော်ပြချက် များကို မြင်တွေ့ရသည်။ သူသည် မြင်းများကို အလွန်ချစ်ခင်ပေသည်။ ဤအဖြစ်အပျက်ကို မှားယွင်းစွာ ဋီကာဖွင့်ဆိုလျက် အချို့သော 'အိုလမာ'များက အခါတစ်ပါးတွင် သူသည် မြင်းများကိုချော့မြူနေခဲ့ပြီး ခြေထောက်များကိုပွတ်သပ်ပေးရာမှ 'ဆွလာတ်'ဝတ်ပြုချိန်ကျော်လွန်သွားခဲ့လေသည်။ ဤတွင် တမန်တော် ဆူလိုင်မန်ﷺသည် မိမိ၏မေ့လျော့မှုအတွက် ဖြစ်ပေါ်လာသောဒေါသကို ထိုအပြစ်မဲ့မြင်းများအပေါ် သို့ သက်ရောက်စေပြီး သတ်ပစ်ရန် အမိန့်ပေးခဲ့သောဟူ၏။ သို့ရာတွင် တမန်တော် ဆူလိုင်မန်ﷺက ယင်းအား ငါ၏ထံသို့ ပြန်၍ခေါ်လာခဲ့လော့ဟု မိန့်ကြားချက်ပါရှိသော အာယတ်တော်က ဤသို့ရယ်ဖွယ် ဖြစ်သော ဋီကာဖွင့်ဆိုချက်ကို လုံးဝမှားယွင်းကြောင်း ပြဆိုနေပေသည်။ ဤသည်အားဖြင့် နားလည်နိုင် သည်မှာ တမန်တော်များသည် အလ္လာဟ်အရှင်မြတ်အလို့ငှာ 'ဂျိဟာဒ်'ဆင်နွှဲရန်အတွက် အစီးအနင်း များကို ပေးသနားခြင်းခံကြရပြီး၊ ၎င်း(တမန်တော်)တို့က ထိုအစီးအနင်းများကို လွန်စွာချစ်ခင်၍ တန်ဖိုးထားကြပေသည်။ ထို့ပြင် ယင်းကို ထပ်ခါတလဲလဲ ကြည့်ရှုလိုခဲ့ကြသည်။ တမန်တော်မြတ်ﷺ ကလည်း ငါ၏'အွမ္မတ်'အတွက် ဂျိဟာဒ်ဆင်နွှဲရန် အသင့်ပြင်ဆင်ထားသော မြင်းများ၏နဖူးပြင်တွင် ကေယာမတ်နေ့အထိ 'ဘာရ်ကတ်'မင်္ဂလာကိုထားရှိပေ၏ဟု မိန့်တော်မူခဲ့လေသည်။

ဤဆူရာဟ်မှာပင် တမန်တော် အိုက်ယွတ်ဘ်ﷺအား ကြီးမြတ်သော ခန္ဓိပါရမီရှင် တမန်တော် တစ်ပါးအနေဖြင့် စံပြုဖော်ပြထားပေသည်။ ထို့ပြင် သမ္မာကျမ်းတွင် ထူးဆန်းအံ့ဖွယ် ပုံပြင်ဒဏ္ဍာရီဆန်စွာ တွေ့ရှိရချက်များကို ဖြစ်ရပ်မှန်အတိုင်း ဖော်ပြထားပေသတည်း။

♦ ♦ ♦

ဆူရောဟ် ဆွားဒ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၈၉)ပိုဒ် ရှုကူ (၅)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

صٓ وَالْقُرْاٰنِ ذِى الذِّكْرِ ②

၂။ صَادِقُ القَوْلِ စကားအရာ၌မှန်ကန်သော၊ သွန်သင်ဆုံးမမှုကိုပြုသည့် ကုရ်အာန်ကျမ်းတော်ကို သက်သေထူတော်မူ၏။

بَلِ الَّذِيْنَ كَفَرُوْا فِىْ عِزَّةٍ وَّشِقَاقٍ ③

၃။ စင်စစ်သော်ကား မယုံကြည်ငြင်းပယ်ကြသူတို့သည် (မမှန်ကန်သော) ဂုဏ်သိက္ခာ၌လည်းကောင်း ဆန့်ကျင်မှုပြုခြင်း၌လည်းကောင်း (နစ်မွန်းလျက်)ရှိကြ၏။

كَمْ اَهْلَكْنَا مِنْ قَبْلِهِمْ مِّنْ قَرْنٍ فَنَادَوْا وَّلَاتَ حِيْنَ مَنَاصٍ ④

၄။ ၎င်းတို့အလျင် အဘယ်မျှသော လူမျိုးနွယ်များကို ငါတို့ဖျက်ဆီးပစ်တော်မူခဲ့ပေသနည်း။ သို့ဖြစ်ရာ ယင်းတို့သည် (ကူညီရန်အတွက်) ဟစ်ခေါ်ခဲ့ကြ၏။ ထိုစဉ်က ကယ်တင်ခြင်း၏ မည်သည့်လမ်းမျှမကျန်ရှိခဲ့ချေ။

وَعَجِبُوْٓا اَنْ جَآءَهُمْ مُّنْذِرٌ مِّنْهُمْ ۫ وَقَالَ الْكٰفِرُوْنَ هٰذَا سٰحِرٌ كَذَّابٌ ۞ ⑤

၅။ ထို့ပြင် ထိုသူတို့ထံ သူတို့အတွင်းမှပင် သတိပေးနှိုးဆော်သူတစ်ဦးရောက်ရှိလာသည်ကို ၎င်းတို့သည် အံ့ဩကြပေသည်။ ထို့ပြင် မယုံကြည်ငြင်းပယ်သူတို့က ပြောကြသည်မှာ ဤသူသည် မှော်ဆရာလူလိမ် အရင့်အမာဖြစ်၏။

اَجَعَلَ الْاٰلِهَةَ اِلٰهًا وَّاحِدًا ۚ اِنَّ هٰذَا لَشَىْءٌ عُجَابٌ ⑥

၆။ သူသည် များလှစွာသော ကိုးကွယ်ရာများကို ကိုးကွယ်ရာတစ်ပါးတည်းအဖြစ် ပြုလုပ်လိုက်ပါသလော။ စင်စစ် ဤ(အကြောင်းရပ်)သည် အလွန်ထူးဆန်းအံ့ဩဖွယ်ကောင်းလှ၏။

وَانْطَلَقَ الْمَلَاُ مِنْهُمْ اَنِ امْشُوْا وَاصْبِرُوْا عَلٰٓى اٰلِهَتِكُمْ ۚ اِنَّ هٰذَا لَشَىْءٌ يُّرَادُ ۞ ⑦

၇။ ထို့ပြင် ယင်းတို့အနက် အကြီးအကဲများက (ဤသို့ပြောဆိုလျက်)ထွက်သွားခဲ့ကြပေသည်။ သွားကြလော့။ ထို့ပြင် မိမိတို့၏ကိုးကွယ်ရာ၌သာလျှင် စွဲမြဲစွာရပ်တည်ကြကုန်။ စင်စစ် ဤသည် (ထူးခြားသော ဦးတည်ချက်တစ်ခုဖြင့်) ရည်ရွယ်ခဲ့ခြင်း ဖြစ်ပေသည်။

مَا سَمِعْنَا بِهٰذَا فِى الْمِلَّةِ الْاٰخِرَةِ ۚ اِنْ هٰذَآ اِلَّا اخْتِلَاقٌ ۞ ⑧

၈။ ကျွန်ုပ်တို့သည်ကား ဤသို့သောအကြောင်းကို ရောက်ရှိလာမည့် မည်သည့်အယူဝါဒ(နှင့်စပ်လျဉ်း၍)မျှ မကြားခဲ့ဖူးချေ။ ဤသည်လုပ်ကြံဖန်တီးထားသည့်ကိစ္စမှလွဲ၍ အခြားဘာမျှမဟုတ်ချေ။

ءَاُنْزِلَ عَلَيْهِ الذِّكْرُ مِنْ بَيْنِنَا ۚ بَلْ هُمْ فِىْ شَكٍّ مِّنْ ذِكْرِىْ ۚ بَلْ لَّمَّا يَذُوْقُوْا عَذَابِ ۞ ⑨

၉။ ကျွန်ုပ်တို့အနက် သူ့အပေါ်သို့သာလျှင် 'ဇိကရ်'အဆုံးအမကို ပို့ချခြင်းခံရပေသလော။ အမှန်သော်ကား ယင်းတို့သည် ငါ၏ 'ဇိကရ်'အဆုံးအမနှင့်စပ်လျဉ်း၍လည်း သံသယ၌ နစ်လျက်ရှိနေကြ၏။ (ထို့ပြင်) အမှန်သော်ကား သူတို့သည် ယခု

ထိ ငါ၏ပြစ်ဒဏ်ကို မမြည်းစမ်းကြရသေးခေ။

اَمْ عِنْدَهُمْ خَزَآئِنُ رَحْمَةِ رَبِّكَ الْعَزِيْزِ الْوَهَّابِ ۝٩

၁၀။ အသို့နည်း ၎င်းတို့ထံတွင် အသင်၏ အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်(နှင့်) အလွန်ပေးကမ်းချီးမြှင့်တော်မူ၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကရုဏာတော်ဘဏ္ဍာသိုက်များရှိပေသလော။

اَمْ لَهُمْ مُّلْكُ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا ۖ فَلْيَرْتَقُوْا فِى الْاَسْبَابِ ۝١٠

၁၁။ သို့တည်းမဟုတ် ၎င်းတို့အား မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၊ ထို့ပြင် ယင်းနှစ်ခုအကြားတွင်ရှိသည်တို့အား စိုးမိုးအုပ်ချုပ်မှုအာဏာရရှိပေသလော။ သို့ဖြစ်ရာ ၎င်းတို့သည် အလုံးစုံသော ကြံစည်မှုများကို ပြုလုပ်ကြပါစေ။

جُنْدٌ مَّا هُنَالِكَ مَهْزُوْمٌ مِّنَ الْاَحْزَابِ ۝١١

၁၂။ (ဤသည်လည်း) စစ်တပ်များအနက်မှ တပ်စုတစ်စု (ဖြစ်၏)။ ယင်းသည် ထိုနေရာ၌ ရှုံးနိမ့်စေခြင်းကို ခံရလိမ့်မည်ဖြစ်၏။

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوْحٍ وَّ عَادٌ وَّ فِرْعَوْنُ ذُو الْاَوْتَادِ ۝١٢

၁၃။ ထို့သူတို့အလျင်(ကလည်း) 'နူးဟ်'၏အမျိုးသားတို့သည်လည်းကောင်း၊ 'အာဒ်'အမျိုးသားတို့သည်လည်းကောင်း၊ သံဝှတ်များရှင် 'ဖိရ်အောင်'သည်လည်းကောင်း မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြပေသည်။

وَثَمُوْدُ وَقَوْمُ لُوْطٍ وَّ اَصْحٰبُ لْـَٔيْكَةِ ۭ اُولٰٓئِكَ الْاَحْزَابُ ۝١٣

၁၄။ ထို့ပြင် 'ဆမူးဒ်'သည်လည်းကောင်း၊ 'လူးတ်'၏အမျိုးသားများသည်လည်းကောင်း၊ ထူထပ်သည့် တောအုပ်ပိုင်ရှင်များသည်လည်းကောင်း။ ဤသူများသည်သာလျှင် ထိုအုပ်စုကြီးများဖြစ်၏ (၎င်းတို့အကြောင်းဖော်ပြခဲ့ပြီးဖြစ်ပေသည်)။

اِنْ كُلٌّ اِلَّا كَذَّبَ الرُّسُلَ فَحَقَّ عِقَابِ ۝١٤

၁၅။ (ယင်းတို့အနက်) တစ်ဦးချင်းစီသည် တမန်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြပေသည်။ သို့ဖြစ်ရာ ငါ၏အပြစ်ဒဏ်သည် (ယင်းတို့အပေါ်)ထိုက်တန်စွာ သက်ရောက်ခဲ့ပေသတည်း။

ရုကူ-၂

وَمَا يَنْظُرُ هٰٓؤُلَآءِ اِلَّا صَيْحَةً وَّاحِدَةً مَّا لَهَا مِنْ فَوَاقٍ ۝١٥

၁၆။ ထို့ပြင် ထိုသူတို့သည် တစ်စုံတစ်ရာဆိုင်းငံ့ခြင်းရှိလိမ့်မည်မဟုတ်သော ကြောက်မက်ဖွယ်ကောင်းသည့် အသံတစ်ခုကိုမှတစ်ပါး အခြားမည်သည်ကိုမျှ စောင့်စားနေကြသည်မဟုတ်ခေ။

وَقَالُوْا رَبَّنَا عَجِّلْ لَّنَا قِطَّنَا قَبْلَ يَوْمِ الْحِسَابِ ۝١٦

၁၇။ ထို့ပြင် ယင်းတို့က ပြောဆိုကြသည်မှာ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးတို့အား ကျွန်တော်မျိုးတို့၏ဝေစုကို အလျင်အမြန် စာရင်းစစ်ကြောခြင်းပြုမည့်နေ့မတိုင်မီမှာပင် ပေးသနားတော်မူပါ။

اِصْبِرْ عَلٰى مَا يَقُوْلُوْنَ وَاذْكُرْ عَبْدَنَا

၁၈။ ၎င်းတို့ ပြောဆိုသည်များကို သည်းခံပါလေ။ ထို့ပြင် အလွန်ကြီးမားသောစွမ်းအားပိုင်ရှင်ဖြစ်သည့် ငါ၏အစေတော်

دَاوٗدَ ذَا الْاَیْدِ ۚ اِنَّهٗۤ اَوَّابٌ ﴿۱۷﴾

'ဒါဝတ်'ကို သတိရလော့။ ဧကန်ပင် သူသည် နှိမ့်ချကျိုးနွံစွာဖြင့် အဖန်တလဲလဲ ညွတ်တွားသူဖြစ်ခဲ့၏။

اِنَّا سَخَّرْنَا الْجِبَالَ مَعَهٗ یُسَبِّحْنَ بِالْعَشِیِّ وَالْاِشْرَاقِ ﴿۱۸﴾

၁၉။ ဧကန်မုချ ငါတို့သည် သူနှင့်အတူ တောင်များကို နာခံအလုပ်အကျွေးပြုစေတော်မူ၏။ ယင်းတို့သည် ကုန်လွန်နေသည့် ညနေချမ်းနှင့် ပွင့်လင်းလာသည့် နံနက်ခင်းအချိန်တို့တွင် အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို 'တာစ်ဘီ' မြွက်ဆိုလျက်ရှိကြ၏။

وَالطَّیْرَ مَحْشُوْرَةً ؕ كُلٌّ لَّهٗۤ اَوَّابٌ ﴿۱۹﴾

၂၀။ ထို့ပြင် စုစည်းထားသည့် ငှက်များကိုလည်း (သူ့အား ကျိုးနွံနာခံစေခဲ့ပေသည်)။ အားလုံးတို့သည် ၎င်း('ရဗ်'အရှင်)၏ရှေ့မှောက်တွင် ညွတ်တွားခယသူများဖြစ်ခဲ့ကြ၏။

وَشَدَدْنَا مُلْكَهٗ وَاٰتَیْنٰهُ الْحِكْمَةَ وَفَصْلَ الْخِطَابِ ﴿۲۰﴾

၂၁။ ထို့ပြင် သူ၏အုပ်ချုပ်မှုအာဏာကို ငါတို့သည် ခိုင်ခံ့မြဲမြံစေတော်မူခဲ့၏။ ထို့ပြင် သူ့အား ဉာဏ်ပညာအမြော်အမြင်ကိုလည်းကောင်း၊ အဆုံးအဖြတ်ပေးသောအဆိုကိုလည်းကောင်း၊ ချီးမြှင့်ပေးသနားတော်မူခဲ့၏။

وَهَلْ اَتٰىكَ نَبَؤُا الْخَصْمِ ۘ اِذْ تَسَوَّرُوا الْمِحْرَابَ ﴿۲۱﴾

၂၂။ ထို့ပြင် အသင့်ထံ အငြင်းအခုန်ပြုသူတို့၏ သတင်းစကား မရောက်ခဲ့ပေသလော။ အကြင်အခါဝယ် ယင်းတို့သည် အဆောင်တော်၏နံရံကို ကျော်တက်ခဲ့ကြ၏။

اِذْ دَخَلُوْا عَلٰى دَاوٗدَ فَفَزِعَ مِنْهُمْ ؕ قَالُوْا لَا تَخَفْ ۚ خَصْمٰنِ بَغٰى بَعْضُنَا عَلٰى بَعْضٍ فَاحْكُمْ بَیْنَنَا بِالْحَقِّ وَلَا تُشْطِطْ وَاهْدِنَاۤ اِلٰى سَوَآءِ الصِّرَاطِ ﴿۲۲﴾

၂၃။ ယင်းတို့သည် 'ဒါဝတ်'ရှေ့သို့ ဝင်ရောက်ကြသောအခါ သူသည် ယင်းတို့အား လွန်စွာကြောက်ရွံ့စိုးရိမ်ခဲ့လေ၏။ ယင်းတို့က ပြောကြသည်မှာ မကြောက်မရွံ့လင့်၊ (ကျွန်ုပ်တို့သည်) အငြင်းပွားသူနှစ်ဦး(ဖြစ်ကြ၏)။ ကျွန်ုပ်တို့အနက်မှ တစ်ဦးသည် အခြားတစ်ဦးအပေါ် လွန်ကျူးမှုပြုနေ၏။ သို့ဖြစ်ရာ ကျွန်ုပ်တို့၏အကြားဝယ် မတရားမှုမရှိစေဘဲ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးပါလေ။ ထို့ပြင် ကျွန်ုပ်တို့အား ဖြောင့်မတ်မှန်ကန်သည့်လမ်းကို ညွှန်ပြပါလေ။

اِنَّ هٰذَاۤ اَخِیْ ۫ لَهٗ تِسْعٌ وَّ تِسْعُوْنَ نَعْجَةً وَّلِیَ نَعْجَةٌ وَّاحِدَةٌ ۫ فَقَالَ اَكْفِلْنِیْهَا وَعَزَّنِیْ فِی الْخِطَابِ ﴿۲۳﴾

၂၄။ ဧကန်စင်စစ် ဤ(သူ)သည် ကျွန်ုပ်၏ညီအစ်ကိုဖြစ်၏။ သူ့တွင် သိုးမ ကိုးဆယ့်ကိုးကောင်ရှိ၏။ ကျွန်ုပ်တွင်မူ သိုးမတစ်ကောင်သာရှိပါသည်။ သို့စင်လျက် သူက ထိုသိုးမကိုလည်း မိမိ၏ပိုင်ဆိုင်မှုတွင် ထည့်သွင်းလော့ဟု ပြော၏။ ထို့ပြင် ဆွေးနွေးငြင်းခုံရာတွင် ကျွန်ုပ်အပေါ် အောင်နိုင်သွားခဲ့ပေသည်။

قَالَ لَقَدْ ظَلَمَكَ بِسُؤَالِ نَعْجَتِكَ اِلٰى نِعَاجِهٖ ؕ وَاِنَّ كَثِیْرًا مِّنَ الْخُلَطَآءِ لَیَبْغِیْ بَعْضُهُمْ عَلٰى بَعْضٍ اِلَّا الَّذِیْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ وَقَلِیْلٌ مَّا هُمْ ؕ وَظَنَّ

၂၅။ သူကပြောသည်မှာ ဤသူသည် အသင်၏သိုးမကို သူ၏သိုးများတွင်ပါဝင်စေရန် တောင်းဆိုခြင်းဖြင့် အမှန်ပင် အသင့်အပေါ် မတရားပြုခဲ့ပေသည်။ စင်စစ် များစွာသော အစုအစပ်ပိုင်ဆိုင်သူတို့သည် တစ်ဦးအပေါ် တစ်ဦး မတရားပြုမူကြ၏။ 'အီမာန်' သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သိလကို ကျင့်သုံးဆောက်တည်သူတို့မှတစ်ပါးဖြစ်ပြီး ထိုကဲ့သို့

دَاوٗدُ اَنَّمَا فَتَنّٰهُ فَاسْتَغْفَرَ رَبَّهٗ وَخَرَّ رَاكِعًا وَّ اَنَابَ ۩ ﴿۲۴﴾

သောသူတို့မှာကား အလွန်နည်းပါးလှ၏။ ထို့ပြင် 'ဒါဝတ်' သည် ငါတို့က သူ့အား စမ်းသပ်တော်မူကြောင်း သဘောပေါက်ခဲ့လေ၏။ သို့ဖြစ်ရာ သူသည် မိမိ၏ ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ခွင့်လွှတ်ခြင်းကိုတောင်းခံ၏။ ထို့ပြင် နှိမ့်ချကျိုးနွံမှုပြုလျက် လဲ့ချလိုက်၏။ ထို့ပြင် 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်းကို ပြုခဲ့ပေသည်။

فَغَفَرْنَا لَهٗ ذٰلِكَ ؕ وَاِنَّ لَهٗ عِنْدَنَا لَزُلْفٰى وَحُسْنَ مَاٰبٍ ﴿۲۵﴾

၂၆။ သို့ဖြစ်ရာ ငါတို့သည် သူ၏ ဤ(အမှား)ကို ခွင့်လွှတ်တော်မူခဲ့၏။ ထို့ပြင် ဧကန်မလွဲ သူသည် ငါတို့၏ထံတော်၌ နီးစပ်ခြင်းတစ်ရပ်နှင့် ကောင်းမြတ်သော နေရာဌာနကို ရရှိခဲ့ပေသည်။

يٰدَاوٗدُ اِنَّا جَعَلْنٰكَ خَلِيْفَةً فِى الْاَرْضِ فَاحْكُمْ بَيْنَ النَّاسِ بِالْحَقِّ وَلَا تَتَّبِعِ الْهَوٰى فَيُضِلَّكَ عَنْ سَبِيْلِ اللّٰهِ ؕ اِنَّ الَّذِيْنَ يَضِلُّوْنَ عَنْ سَبِيْلِ اللّٰهِ لَهُمْ عَذَابٌ شَدِيْدٌ ۢ بِمَا نَسُوْا يَوْمَ الْحِسَابِ ﴿۲۶﴾ ۞

၂၇။ အို-'ဒါဝတ်'၊ စင်စစ် ငါတို့သည် အသင့်အား ကမ္ဘာမြေဝယ် 'ခလီဖာဟ်'ဆက်ခံသူပြုလုပ်တော်မူခဲ့ပေသည်။ သို့ဖြစ်ရာ လူတို့အကြားဝယ် မှန်ကန်စွာ စီရင်ဆုံးဖြတ်ပါလေ။ ထို့ပြင် စိတ်၏အလိုဆန္ဒဘက်သို့မလိုက်လင့်။ သို့မဟုတ်ပါက ထို(သို့ယိမ်းညွတ်မှု)သည် အသင့်အား အလ္လာဟ်၏လမ်းတော်မှ လွဲချော်စေပေလိမ့်မည်။ စင်စစ် အလ္လာဟ်၏လမ်းတော်မှ လွဲချော်မှောက်မှားကြကုန်သောသူတို့အတွက် ပြင်းထန်သော အပြစ်ဒဏ်(ကိုသတ်မှတ်ထား)ရှိ၏။ အကြောင်းမူ ယင်းတို့သည် စာရင်းစစ်ကြောမည့်နေ့တော်ကြီးကို မေ့လျော့ခဲ့ကြသောကြောင့်ဖြစ်၏။

ရုကူး-၃

وَمَا خَلَقْنَا السَّمَآءَ وَالْاَرْضَ وَمَا بَيْنَهُمَا بَاطِلًا ؕ ذٰلِكَ ظَنُّ الَّذِيْنَ كَفَرُوْا ۚ فَوَيْلٌ لِّلَّذِيْنَ كَفَرُوْا مِنَ النَّارِ ﴿۲۷﴾

၂၈။ ထို့ပြင် ငါတို့သည် မိုးကောင်းကင်၊ ကမ္ဘာမြေနှင့် ယင်းတို့၏အကြား၌ရှိသည်တို့ကို ရည်ရွယ်ချက်မဲ့စွာ ဖန်ဆင်းတော်မူခဲ့သည်မဟုတ်ချေ။ ဤသည် ငြင်းပယ်ကြကုန်သောသူတို့၏အတွေးအထင်မျှသာဖြစ်၏။ သို့ဖြစ်ရာ ငြင်းပယ်ကြသောသူတို့အပေါ် မီး(၏ပြစ်ဒဏ်)၏ ပျက်စီးခြင်းသည် ဖြစ်စေသား။

اَمْ نَجْعَلُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ كَالْمُفْسِدِيْنَ فِى الْاَرْضِ ۫ اَمْ نَجْعَلُ الْمُتَّقِيْنَ كَالْفُجَّارِ ﴿۲۸﴾

၂၉။ အသို့နည်း၊ ငါတို့သည်သက်ဝင်ယုံကြည်ကြပြီး ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်သူတို့အား ကမ္ဘာမြေတွင် ဆူပူသောင်းကျန်းမှုပြုသူများကဲ့သို့ သတ်မှတ်ရမည်လော။ သို့တည်းမဟုတ် ငါတို့သည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းကိုကျင့်သုံးဆောက်တည်သူများအား အကျင့်ဆိုးယုတ်သူများကဲ့သို့ ထင်မှတ်ရမည်လော။

كِتٰبٌ اَنْزَلْنٰهُ اِلَيْكَ مُبٰرَكٌ لِّيَدَّبَّرُوْٓا اٰيٰتِهٖ وَلِيَتَذَكَّرَ اُولُوا الْاَلْبَابِ ﴿۲۹﴾

၃၀။ အသင့်ထံ ငါတို့ပို့ချတော်မူခဲ့သည့် ကြီးမြတ်သော ကျမ်းတစ်စောင်ဖြစ်၏။ 'ဘာရ်ကတ်'ကောင်းချီးမင်္ဂလာနှင့်ပြည့်စုံ၏။ သို့ဖြင့် ဤ(သူတို့)သည် ယင်း၏'အာယတ်'တော်များအပေါ်

ဆင်ခြင်တွေးခေါ်ကြရန်နှင့် အသိဉာဏ်ရှိသူများအဖို့ သင်ခန်းစာရယူကြရန်ဖြစ်၏။

وَوَهَبْنَا لِدَاوٗدَ سُلَيْمٰنَ ؕ نِعْمَ الْعَبْدُ ؕ اِنَّهٗۤ اَوَّابٌ ۝

၃၀။ ထို့ပြင် ငါတို့သည် 'ဒါဝိတ်'အား 'ဆူလိုင်မန်'ကို ပေးသနားတော်မူခဲ့၏။ အဘယ်မျှ ကောင်းမြတ်သည့် အစေတော်ဖြစ်ခဲ့ပေသနည်း။ ဧကန်ပင် သူသည် အဖန်တလဲလဲနှိမ့်ချစွာ ညွတ်တွားသူဖြစ်ခဲ့၏။

اِذْ عُرِضَ عَلَيْهِ بِالْعَشِيِّ الصّٰفِنٰتُ الْجِيَادُ ۝

၃၁။ အကြင်အခါဝယ် ညနေချမ်းအချိန်၌ သူ၏ရှေ့သို့ အပြေးမြန်သည့် မြင်းများကို ယူဆောင်လာခဲ့ပေသည်။

فَقَالَ اِنِّيْۤ اَحْبَبْتُ حُبَّ الْخَيْرِ عَنْ ذِكْرِ رَبِّيْ ۚ حَتّٰى تَوَارَتْ بِالْحِجَابِ ۝

၃၂။ ထိုအခါ သူကပြောသည်မှာ ဧကန်စင်စစ် ကျွန်ုပ်သည် ပစ္စည်းဥစ္စာကို မိမိ၏ဖန်ဆင်းမွေးမြူရှင်အား သတိရရန် အတွက် ချစ်မြတ်နိုးခြင်းဖြစ်၏။ နောက်ဆုံးတွင် ယင်းတို့သည် အကွယ်သို့ ရောက်ရှိသွားကြပေသည်။

رُدُّوْهَا عَلَيَّ ؕ فَطَفِقَ مَسْحًۢا بِالسُّوْقِ وَالْاَعْنَاقِ ۝

၃၃။ (သူက ပြောသည်မှာ) ယင်းတို့အား ငါ၏ရှေ့မှောက်သို့ ပြန်လည်ခေါ်လာခဲ့ကြကုန်။ သို့ဖြစ်ရာ သူသည် (ယင်းတို့၏) ခြေသလုံးများနှင့် လည်ကုပ်များအပေါ် (ချစ်ခင်မြတ်နိုးစွာ) ပွတ်သပ်ပေးလေသည်။ ۞

وَلَقَدْ فَتَنَّا سُلَيْمٰنَ وَاَلْقَيْنَا عَلٰى كُرْسِيِّهٖ جَسَدًا ثُمَّ اَنَابَ ۝

၃၄။ ထို့ပြင် ဧကန်မုချ ငါတို့သည် 'ဆူလိုင်မန်'ကို စမ်းသပ်တော်မူခဲ့၏။ ထို့ပြင် ငါတို့သည် သူ၏(အုပ်ချုပ်ရေး)ပလ္လင်ပေါ်သို့ (အသိဉာဏ်မဲ့သော) ခန္ဓာတစ်ခုကို ပစ်ချခဲ့ပေသည်။ ထိုအခါ သူသည် (အလ္လာဟ်၏ဘက်သို့သာလျှင်) ညွတ်တွားခဲ့ပေသည်။ ۞

قَالَ رَبِّ اغْفِرْ لِيْ وَهَبْ لِيْ مُلْكًا لَّا

၃၅။ (ထို့ပြင်) လျှောက်ထားသည်မှာ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးအား ခွင့်

۞ အာယတ်တော်(၃၂မှ ၃၄ထိ) ဤသည်ကို များစွာသောဋီကာဆရာတို့က တမန်တော်ဆူလိုင်မန်(عليه السلام)သည် မိမိ၏ မြင်းတပ်ကို အဘယ်မျှမြတ်နိုးသနည်းဆိုသော် ယင်းကိုကြည့်ရှုခြင်း၌နစ်မြောရင်း 'ဆွလာတ်'ဝတ်ပြုချိန်များကိုပင် မေ့လျော့သွားခဲ့ပေရာ၊ ဤသို့ဖြစ်ရခြင်းကို အမျက်ထွက်လျက် အဆိုပါမြင်းများ၏ တံကောက်ကြောများနှင့် လည်ပင်းများကိုလှီးဖြတ်၍ သတ်ပစ်ခဲ့သည်ဟု ဖွင့်ဆိုခဲ့ကြပေသည်။ ဤသည် အလွန်ပင်အသိတရားမဲ့သော အတွေးအမြင်ဖြစ်ပြီး၊ ယင်းအားကျမ်းမြတ်ကုရ်အာန်ဘက်သို့ ရည်ညွှန်းခြင်းမှာ ကျမ်းမြတ်ကုရ်အာန်ကိုထိပါးခြင်းသာဖြစ်ပေသည်။ 'ဆွလာတ်'ဝတ်ပြုမူ 'ကဒ္ဒါ'ဖြစ်ခဲ့ရပါလျှင် ဤသည်ထက်အလျင် 'ဆွလာတ်'ဝတ်ပြုခြင်းဆိုင်ရာ အကြောင်းရပ်ပါရှိရပေမည်။ ထို့ပြင် မြင်းများကိုကြည့်ရှုခြင်း၊ စစ်ဆေးခြင်းကိစ္စမှာ တမန်တော်သည် မိမိသဘောဆန္ဒအလျောက် ပြုခဲ့ခြင်းသာဖြစ်ပြီး ထိုမြင်းများကို သတ်ဖြတ်ရန်မှာ ၎င်းတို့၌ အဘယ်သို့သော အပြစ်ရှိပါ၍နည်း။ အမှန်တကယ် ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်အတွက် 'ဂျီဟာဒ်'အလို့ငှာ ဤတပ်များကို စုဆောင်းဖွဲ့စည်းထားခဲ့ခြင်းဖြစ်သည်။ သို့ကြောင့် ယင်းတို့ကို မြတ်နိုးတန်ဖိုးထားကြောင်းဖော်ပြသောအနေဖြင့် တမန်တော်'ဆူလိုင်မန်'က မြင်း၏နံဘေးများ၊ ပေါင်များကို ပွတ်သပ်ပေးခဲ့ခြင်းဖြစ်သည်။ ယနေ့ခေတ်တွင်လည်း မြင်းကို မြတ်နိုးသူတို့သည် ဤကဲ့သို့ပင် ပွတ်သပ်ပေးလေ့ရှိကြပေသည်။

۞ ဤအာယတ်တော်၏ဆိုလိုရင်းမှာ ၎င်းတမန်တော်အားအမွေခံမည့်သူမှာ နာမ်တရားဆိုင်ရာဂုဏ်ရည်လက္ခဏာတစ်စုံတစ်ရာမရှိ၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ဖို့ရန် အရည်အချင်းလည်းမရှိခဲ့ချေ။ သို့အတွက်ကြောင့် မည်သို့မျှသုံးမရသော ခန္ဓာကိုယ်တစ်ခုနှယ်ရှိခဲ့ပေသည်။ وَاَلْقَيْنَا عَلٰى كُرْسِيِّهٖ ဟူသည် သူ၏ပလ္လင်ထက်တွင် ဆက်ခံစိုးစံခြင်းကိုဆိုပေသည်။ ဤအာယတ်တော်ကိုလည်း 'အိုလမာ'တချို့က တမန်တော်ဆူလိုင်မန်အား 'ဖာဆီက်'(စည်းဖောက်သူ)ဟူ၍သတ်မှတ်လျက် အလွန်အကျူးမတရားသဖြင့် ဖော်ပြခဲ့ကြပေသည်။ ၎င်းတို့၏တင်ပြချက်အရ တမန်တော်'ဆူလိုင်မန်'၏ ကြင်ရာမဟုတ်သော ချောမောလှပသည့် မိန်းမတစ်ဦးက ↗

يَنۢبَغِيْ لِاَحَدٍ مِّنْۢ بَعْدِيْ ۚ اِنَّكَ اَنْتَ الْوَهَّابُ ۝۳۵

လွတ်တော်မူပါ။ ကျွန်တော်မျိုး၏နောက်တွင် မည်သူမျှမရထိုက်သော စိုးမိုးအုပ်ချုပ်မှုမျိုးကို ကျွန်တော်မျိုးအား ပေးသနားတော်မူပါ။ စင်စစ် အရှင်မြတ်သည်သာလျှင် အကန့်အသတ်မရှိ ပေးကမ်းချီးမြှင့်တော်မူသည့်အရှင် ဖြစ်တော်မူပါ၏။ ③

فَسَخَّرْنَا لَهُ الرِّيْحَ تَجْرِيْ بِاَمْرِهٖ رُخَآءً حَيْثُ اَصَابَ ۝۳۶

၃၇။ သို့ဖြစ်ရာ ငါတို့သည် သူ့အတွက် လေကိုလည်း နာခံအလုပ်အကျွေးပြုစေတော်မူခဲ့၏။ ယင်းသည် သူ၏အမိန့်ဖြင့် ညင်သာသည့်နှုန်းဖြင့် သူ(ခေါ်ဆောင်)သွားလိုရာဘက်သို့ သွားခဲ့ပေသည်။

وَالشَّيٰطِيْنَ كُلَّ بَنَّآءٍ وَّغَوَّاصٍ ۝۳۷

၃၈။ ထို့ပြင် 'ရှိုင်တန်'များကိုလည်းကောင်း (ဆိုလိုသည်မှာ) အလုံးစုံသော တည်ဆောက်ရေးအတတ် ကျွမ်းကျင်သူများနှင့် ရေငုပ်သမားများ။

وَّاٰخَرِيْنَ مُقَرَّنِيْنَ فِي الْاَصْفَادِ ۝۳۸

၃၉။ ထို့ပြင် သံကြိုးများဖြင့် ချည်နှောင်ထားခြင်းခံရသော အခြားသူများအားလည်းကောင်း။

هٰذَا عَطَآؤُنَا فَامْنُنْ اَوْ اَمْسِكْ بِغَيْرِ حِسَابٍ ۝۳۹

၄၀။ ဤသည် ငါတို့၏ အတိုင်းအဆမရှိသော ပေးကမ်းချီးမြှင့်မှုဖြစ်၏။ သို့ဖြစ်ရာ ကောင်းမြတ်သော ဆက်ဆံမှုကိုပြုလော့။ သို့တည်းမဟုတ် မပြုဘဲနေလိုကနေလော့။

وَاِنَّ لَهٗ عِنْدَنَا لَزُلْفٰى وَحُسْنَ مَاٰبٍ ۝۴۰

၄၁။ ထို့ပြင် စင်စစ် သူ့အား ငါတို့၏အထံတော်တွင် နီးစပ်ခြင်းတစ်ရပ်နှင့် ကောင်းမြတ်သည့်နေရာဌာနကို ရရှိခဲ့ပေသတည်း။

ရုကူး-၄

وَاذْكُرْ عَبْدَنَآ اَيُّوْبَ ۘ اِذْ نَادٰى رَبَّهٗٓ اَنِّيْ ۖ مَسَّنِيَ الشَّيْطٰنُ بِنُصْبٍ وَّعَذَابٍ ۝۴۱

၄၂။ ထို့ပြင် ငါတို့၏ အစေတော် 'အိုက်ယွတ်ဘ်'ကိုလည်း သတိရပါလေ။ အကြင်အခါဝယ် သူသည် မိမိ၏ ဖန်ဆင်းမွေးမြူရှင်အား တမ်းတသည်မှာ ဧကန်ပင် 'ရှိုင်တန်'သည် ကျွန်တော်မျိုးအား လွန်စွာမှ ဒုက္ခနှင့် ဒဏ်ကိုပေးခဲ့ပါသည်။

اُرْكُضْ بِرِجْلِكَ ۚ هٰذَا مُغْتَسَلٌۢ بَارِدٌ وَّشَرَابٌ ۝۴۲

၄၃။ (ငါတို့က သူ့အား မိန့်တော်မူသည်မှာ) မိမိ၏ အစီးအနင်းကို ဖနောင့်ဖြင့် ဆောင့်လော့။ ဤ(အနီးအနားခွံပင်) ချိုးရန်နှင့် သောက်သုံးရန်အတွက် အေးမြသည့်ရေသည်ရှိ၏။

وَوَهَبْنَا لَهٗٓ اَهْلَهٗ وَمِثْلَهُمْ مَّعَهُمْ

၄၄။ ထို့နောက်တစ်ဖန် ငါတို့သည် သူ့အား သူ၏အိမ်သူအိမ်

➤ တမန်တော်'ဆူလိုင်မန်'၏ ပလ္လင်ပေါ်တက်၍ထိုင်ခဲ့လေသည်၊ သို့ကြောင့် တမန်တော်'ဆူလိုင်မန်'က သူမအား မကောင်းသောအမှုကိုပြုရန် ရည်ရွယ်မိခဲ့သည်။ ထို့နောက်မှ ဤသည်အလွှာဟ်၏ထံတော်မှ မိမိအတွက် စမ်းသပ်မှုတစ်ရပ်ဖြစ်လိမ့်မည်ဟု အတွေးဝင်လာခဲ့သည်ဆို၏။ သို့ဖြစ်ရာ ဤပုံပြင်မှာလည်း တမန်တော်'ယူဆူဖ်'နှင့်စပ်လျဉ်း၍ ဋီကာပြန်ဆိုသူတို့ ရေးဖွဲ့ခဲ့ကြသည်များနှင့် ဆင်တူယိုးမှားပင်ဖြစ်ပေသည်။

③ ဤအာယတ်တော်တွင် ပြီးခဲ့သောအာယတ်တော်များ၏နောက်ဆုံးရလဒ်ကို ဖော်ထုတ်လိုက်ပေသည်။ တမန်တော်'ဆူလိုင်မန်'သည် မိမိ၏သားတော်မှာ နာမ်ပိုင်းအခြေအနေတွင်လည်း ဘာမျှမရှိ တိုင်းပြည်အုပ်ချုပ်ရေးတွင်လည်း မည်သို့မျှမထိုက်တန်ကြောင်းကို သိမြင်လေသောအခါ သူကိုယ်တိုင်က ၎င်းအတွက် 'ဘဒ်ဒိုအာ'ပြုလျက် အလွှာဟ်အရှင်မြတ်ထံတော်ဝယ် 'ကျွန်တော်မျိုး၏နောက်တွင် ဤမျှကြီးကျယ်သော အုပ်ချုပ်ရေးအာဏာကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေးသနားတော်မမူပါလင့်'ဟုလျှောက်ထားဆုပန်ခဲ့လေသည်။ သို့ဖြစ်ရာ တမန်တော်'ဆူလိုင်မန်'၏နောက်ပိုင်းတွင် ထိုအုပ်ချုပ်ရေးအာဏာသည် တဖြည်းဖြည်းကျဆင်းခဲ့ရကြောင်း ရာဇဝင်သမိုင်းအားဖြင့် အထောက်အထားရရှိပေသည်။

رَحْمَةً مِّنَّا وَذِكْرٰى لِاُولِي الْاَلْبَابِ ﴿۴۳﴾

သားများအပြင် သူတို့ကဲ့သို့ ထပ်၍လည်း မိမိ၏ကရုဏာတော် အဖြစ်ပေးသနားတော်မူခဲ့ပေသည်။ ထို့ပြင် အသိဉာဏ်ရှိသူတို့အဖို့ သင်ခန်းစာယူဖွယ် အဆုံးအမတစ်ရပ်အဖြစ်တည်း။

وَخُذْ بِيَدِكَ ضِغْثًا فَاضْرِبْ بِّهٖ وَلَا تَحْنَثْ ؕ اِنَّا وَجَدْنٰهُ صَابِرًا ؕ نِعْمَ الْعَبْدُ ؕ اِنَّهٗۤ اَوَّابٌ ﴿۴۴﴾

၄၄။ ထို့ပြင် အခြောက်နှင့် အစိုသစ်ခက်များကို မိမိ၏လက်တွင်ဆုပ်ယူ၍ ယင်းဖြင့် ရိုက်နှက်ပါလေ။ ထို့ပြင် (မိမိ၏) ကျိန်ဆိုချက်ကို မဖျက်လင့်။ မုချဧကန် ငါတို့သည် သူ့အား အလွန်တရာ သည်းခံစောင့်စည်းသူအဖြစ် တွေ့ခဲ့ရ၏။ အဘယ်မျှလောက် ကောင်းမြတ်သော အစေတော်ပါနည်း။ ဧကန်မလွဲ သူသည် အဖန်တလဲလဲ နှိမ့်ချကျိုးနွံစွာဖြင့် တိုးလျှိုးကိုင်းညွတ်သူ ဖြစ်ခဲ့ပေသည်။ ①

وَاذْكُرْ عِبٰدَنَاۤ اِبْرٰهِيْمَ وَاِسْحٰقَ وَيَعْقُوْبَ اُولِي الْاَيْدِيْ وَالْاَبْصَارِ ﴿۴۵﴾

၄၅။ ထို့ပြင် ငါ၏အစေတော်များဖြစ်ကြသည့် 'အစ်ဗရာဟင်မ်'၊ 'အစ္စဟာက်'နှင့် 'ယာကွပ်'တို့ကိုလည်း သတိရကြကုန်။ သူတို့သည် အလွန်တရာ စွမ်းရည်ရှိသူများနှင့် အမြော်အမြင်ရှိသူများ ဖြစ်ခဲ့ကြ၏။

اِنَّاۤ اَخْلَصْنٰهُمْ بِخَالِصَةٍ ذِكْرَى الدَّارِ ﴿۴۶﴾

၄၆။ စင်စစ် ငါတို့သည် သူတို့အား လုံးလုံးလျားလျား နောင်တမလွန်၏အိမ်တော်အား သတိရစေခြင်းအလို့ငှာ ရွေးချယ်တော်မူခဲ့ပေသည်။

وَاِنَّهُمْ عِنْدَنَا لَمِنَ الْمُصْطَفَيْنَ الْاَخْيَارِ ﴿۴۷﴾

၄၇။ ထို့ပြင် ဧကန်စင်စစ် သူတို့သည် ငါတို့၏အထံတော်တွင် အမှန်ပင် ရွေးချယ်ခြင်းခံရသူများ(နှင့်) အလွန်လျင်ထူးမြတ်မှုရှိသူများအနက်မှ ဖြစ်ခဲ့ကြ၏။

وَاذْكُرْ اِسْمٰعِيْلَ وَالْيَسَعَ وَذَا الْكِفْلِ ؕ وَكُلٌّ مِّنَ الْاَخْيَارِ ﴿۴۸﴾

၄၈။ ထို့ပြင် 'အစ္စမာအီလ်'၊ 'အလ်ယဆအ်'နှင့် 'ဇုလ်ကိဖ်လ်'တို့အားလည်း သတိရပါလေ။ ထို့ပြင် သူတို့အားလုံးသည် အကောင်းဆုံးသောသူများအနက်မှ ဖြစ်ခဲ့ကြပေသည်။

---

① အာယတ်တော် (၄၂ မှ ၄၅ထိ) တမန်တော်အိုက်ယ္ဘတ်ဘ်အား ရှိုင်တန်က ဒုက္ခသက်ရောက်စေခဲ့ခြင်းမှာ အလွန်ပင် နာကျင်ဖွယ်ဖြစ်ခဲ့သည်။ သမ္မာကျမ်းတွင်ဖော်ပြချက်အရ အလွန်ပြင်းထန်သောအရေပြားရောဂါ စွဲကပ်ခဲ့သဖြင့် မိသားစုဝင်များကပင် စက်ဆုပ်ရွံရှာခဲ့ပြီး သူ့အား အနာကြီးရောဂါသည်အစုတွင် သွားရောက်လွှတ်ထားခဲ့ကြောင်းသိရှိရသည်။ ကျမ်းမြတ်ကုရ်အာန်က ဤသို့သော အကြောင်းတစ်စုံတစ်ရာကို မဖော်ပြချေ။ ကျမ်းမြတ်ကုရ်အာန်အရ တမန်တော်အိုက်ယ္ဘတ်ဘ်အား အလ္လာဟ်အရှင်မြတ်က အခက်များပါသောသစ်ကိုင်းဖြင့် မိမိ၏အစီးအနင်းကိုမောင်းနှင်ရန် အမိန့်ရှိခဲ့ပြီး မိမိ၏ကျိန်ဆိုမှုကတိကဝတ်ကို မဖောက်ဖျက်ရန် လမ်းညွှန်တော်မူခဲ့ကြောင်းသိရသည်။ ဤသည်နှင့်စပ်လျဉ်း၍လည်း ဋီကာဆရာများက ဤနေရာတွင် မြင်းမကိုဆိုလိုသည်မဟုတ်မူဘဲ ဇနီးကြင်ရာကိုဆိုလိုကြောင်း၊ သူက မိမိဇနီးအား ကြာပွတ်ဖြင့်အချက်တစ်ရာရိုက်မည်ဟု ကျိန်ဆိုခဲ့ကြောင်း၊ သို့ကြောင့် အလ္လာဟ်အရှင်မြတ်က တံမြက်စည်းဖြင့်ရိုက်ရန် အမိန့်ရှိတော်မူကြောင်း၊ အကြောင်းမူ ယင်း(တံမြက်စည်း)၌ တံမြက်ရိုးအချောင်းတစ်ရာပါမည်ဆိုလျှင် သူ၏ကျိန်ဆိုမှုပြည့်မြောက်သွားမည်ဖြစ်ကြောင်း စသဖြင့် အံ့ဩလောက်စရာ ပုံပြင်များကို ဖန်တီးထားကြသည်။ သို့သော် ဤပုံပြင်မှာ ထင်မြင်ချက်သက်သက်မျှဖြစ်၏။ တမန်တော်များ၏ ဇနီးကြင်ရာများအနက် တမန်တော်များကို ပုန်ကန်ခဲ့သူများတွင် တမန်တော် 'အိုက်ယ္ဘတ်ဘ်'၏ဇနီးလည်းပါဝင်သည်ဟူ၍ မည်သည့်နေရာတွင်မျှ မတွေ့ရချေ။ သို့ကြောင့် သူ့အား ပျောက်ကင်းသက်သာမှုကို ရရှိစေမည့် ရေရှိရာသို့ပို့ဆောင်ပေးမည်ဖြစ်သော အစီးအနင်းကို ضِغْثًا (သစ်ခက်)ဖြင့်ရိုက်၍မောင်းနှင်ရန် အမိန့်ပေးခြင်းသာဖြစ်သည်။

အလ္လာဟ်အရှင်မြတ်က တမန်တော်အိုက်ယ္ဘတ်ဘ်အား ရောဂါဝေဒနာများမှ ပျောက်ကင်းသက်သာစေတော်မူလိုက်သောအခါ တမန်တော်အား ပြုစုစောင့်ရှောက်ရန် မိသားစုကိုပေးသနားခဲ့ရုံမျှမက ၎င်းတို့ကဲ့သို့သော သစ္စာခံအဖွဲ့ကိုလည်း ပေးသနားချီးမြှင့်တော်မူခဲ့လေသည်။

هٰذَا ذِكْرٌ ؕ وَاِنَّ لِلْمُتَّقِيْنَ لَحُسْنَ مَاٰبٍ ۙ﴿۴۹﴾

၅၀။ ဤသည် အလွန်တရာကြီးကျယ်သည့် 'ဇကီရ်'အဆုံးအမ ဖြစ်၏။ ထို့ပြင် ဧကန်မလွဲ 'မွတ္တကီ'တို့အတွက် အလွန်ကောင်းသည့် နေရာဌာနရှိပေအံ့။

جَنّٰتِ عَدْنٍ مُّفَتَّحَةً لَّهُمُ الْاَبْوَابُ ۚ﴿۵۰﴾

၅၁။ ဆိုလိုသည်မှာ အမြဲထာဝရတည်မည့် ဥယျာဉ်တော်များဖြစ်ပေအံ့။ သူတို့အတွက် တံခါးများကို ကောင်းစွာ ဖွင့်လှစ်ထားခြင်းခံကြရပေလိမ့်မည်။

مُتَّكِـِٕيْنَ فِيْهَا يَدْعُوْنَ فِيْهَا بِفَاكِهَةٍ كَثِيْرَةٍ وَّشَرَابٍ ۝﴿۵۱﴾

၅၂။ ယင်း၌ သူတို့သည် မှီအုံးများအပေါ်မှီလျက် ရှိနေကြပေအံ့။ (ထို့ပြင်) ထိုနေရာတွင် အမျိုးမျိုးသော သစ်သီးဝလံအမြောက်အများနှင့် သောက်သုံးဖွယ်ရာများကို မှာယူတောင်းခံလျက် ရှိကြပေလတ္တံ့။

وَعِنْدَهُمْ قٰصِرٰتُ الطَّرْفِ اَتْرَابٌ ۝﴿۵۲﴾

၅၃။ ထို့ပြင် သူတို့ထံတွင် (ကွန္ဒြေစောင့်စည်း၍) မျက်လွှာများအောက်ချထားသည့် အရွယ်တူအပေါင်းအဖော်များ ရှိကြလိမ့်မည်။ ۝

هٰذَا مَا تُوْعَدُوْنَ لِيَوْمِ الْحِسَابِ ۝﴿۵۳﴾

၅၄။ ဤသည်ပင် စာရင်းစစ်ကြောမည့်နေ့တော်ကြီးတွင် အသင်တို့အတွက် ကတိပေးခြင်းခံရသည့်အရာ ဖြစ်ပေသည်။

اِنَّ هٰذَا لَرِزْقُنَا مَا لَهٗ مِنْ نَّفَادٍ ۝﴿۵۴﴾

၅၅။ စင်စစ် ဤသည် ငါတို့၏'ရိဇက်'ပေးကမ်းမှုဖြစ်သည်။ ယင်းသည်ကုန်ခန်းခြင်း အလျှင်းမရှိပြီ။

هٰذَا ؕ وَاِنَّ لِلطّٰغِيْنَ لَشَرَّ مَاٰبٍ ۙ﴿۵۵﴾

၅၆။ ဤသို့ပင်ဖြစ်ရမည်။ ထို့ပြင် ဧကန်ပင် ပုန်ကန်ဆိုးသွမ်းသူများအဖို့ အမှန်ပင် အဆိုးရွားဆုံးသော ပြန်သွားရမည့်နေရာရှိ၏။

جَهَنَّمَ ۚ يَصْلَوْنَهَا ۚ فَبِئْسَ الْمِهَادُ ۝﴿۵۶﴾

၅၇။ 'ဂျဟန္နမ်'ငရဲ၊ ၎င်းတို့သည် ယင်းသို့ ဝင်ရောက်ကြရပေမည်။ သို့ဖြစ်ရာ အဘယ်မျှဆိုးရွားသော နေရာထိုင်ခင်း ဖြစ်ဘိသနည်း။

هٰذَا ۙ فَلْيَذُوْقُوْهُ حَمِيْمٌ وَّغَسَّاقٌ ۝﴿۵۷﴾

၅၈။ ဤသို့ အမှန်ပင်ဖြစ်ပေအံ့။ သို့ဖြစ်ရာ သူတို့သည် ယင်းအား မြည်းစမ်းကြရန်ဖြစ်၏။ (ဆိုလိုသည်မှာ) ပွက်ပွက်ဆူနေသော၊ ထို့ပြင် အေးခဲလွန်းသောရေ ဖြစ်၏။

وَّاٰخَرُ مِنْ شَكْلِهٖۤ اَزْوَاجٌ ۝﴿۵۸﴾

၅၉။ ထို့ပြင် ယင်းနှင့်အလားသဏ္ဌာန်တူသည့် အခြားအရာများလည်း ရှိကြပေမည်။

هٰذَا فَوْجٌ مُّقْتَحِمٌ مَّعَكُمْ ۚ لَا مَرْحَبًا بِهِمْ ؕ اِنَّهُمْ صَالُوا النَّارِ ۝﴿۵۹﴾

၆၀။ ဤသည် အသင်တို့နှင့်အတူ (ယင်း၌)ဝင်ရောက်မည့် ထိုတပ်ဖွဲ့ပင်ဖြစ်၏။ ၎င်းတို့အတွက် မည်သို့သော ကြိုဆိုခြင်းမျှမရှိချေ။ မုချဧကန် ၎င်းတို့သည် မီးအတွင်းသို့ ဝင်ရောက်ရမည့်သူများဖြစ်ကြ၏။

قَالُوْا بَلْ اَنْتُمْ ۖ لَا مَرْحَبًا بِكُمْ ؕ اَنْتُمْ

၆၁။ ထိုသူတို့က ('လော့အ်နတ်'ပို့သူအုပ်စုအား) ပြောကြား

قَدَّمْتُمُوْهُ لَنَا ۚ فَبِئْسَ الْقَرَارُ ۝

ကြမည်မှာ၊ စင်စစ်သော်ကား အသင်တို့သည်သာလျှင်(ကျိန်ဆဲခြင်းခံရသူများ)ဖြစ်ကြ၏။ အသင်တို့အတွက် မည်သို့သောကြိုဆိုခြင်းမျှမရှိ။ အသင်တို့သည်ပင် ငါတို့အတွက် ဤသည်ကို ရှေ့သို့ပို့နှင့်ခဲ့ကြပေသည်။ သို့ဖြစ်ရာ အဘယ်မျှ ဆိုးရွားသည့် နားခိုရာဌာနဖြစ်ပေသနည်း။

قَالُوْا رَبَّنَا مَنْ قَدَّمَ لَنَا هٰذَا فَزِدْهُ عَذَابًا ضِعْفًا فِي النَّارِ ۝

၆၂။ ယင်းတို့က ပြောကြမည်မှာ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးတို့အတွက် ဤသည်ကို ရှေ့သို့ပို့နှင့်ခဲ့သည့် အကြင်သူအတွက် မီးၭိ ပြစ်ဒဏ်နှစ်ဆပေးတော်မူပါ။

وَقَالُوْا مَا لَنَا لَا نَرٰى رِجَالًا كُنَّا نَعُدُّهُمْ مِّنَ الْاَشْرَارِ ۝

၆၃။ ထို့ပြင် ယင်းတို့ကပြောကြမည်မှာ ငါတို့မည်သို့ဖြစ်ခဲ့ရသနည်း။ ငါတို့က ဆိုးယုတ်သူများဟု ရေတွက်လေ့ရှိခဲ့သော အကြင်သူများအား ငါတို့မတွေ့မြင်ကြရပေ။

اَتَّخَذْنٰهُمْ سِخْرِيًّا اَمْ زَاغَتْ عَنْهُمُ الْاَبْصَارُ ۝

၆၄။ ငါတို့သည် ၎င်းတို့အား နိမ့်ကျသေးသိမ်သည်ဟု မှတ်ယူခဲ့ကြသလော။ သို့တည်းမဟုတ် ၎င်းတို့(အား သိမြင်ခြင်း)မှ ငါတို့၏မျက်စိများသည် ချွတ်ချော်သွားခဲ့ပြီလော။

اِنَّ ذٰلِكَ لَحَقٌّ تَخَاصُمُ اَهْلِ النَّارِ ۝ ۱۴

၆၅။ ဧကန်စင်စစ် ဤကဲ့သို့ ငရဲသားတို့၏ အငြင်းပွားမှုသည် အမှန်ပင်ဖြစ်သတည်း။

ရုကူ-၅

قُلْ اِنَّمَآ اَنَا مُنْذِرٌ ۖ وَّمَا مِنْ اِلٰهٍ اِلَّا اللّٰهُ الْوَاحِدُ الْقَهَّارُ ۝

၆၆။ အသင်ပြောကြားပါလေ။ ကျွန်ုပ်သည်ကား သတိပေးနှိုးဆော်သူတစ်ဦးမျှသာ ဖြစ်၏။ အလွှာဟ်မှတစ်ပါး အခြားဓဝပ်ကိုးကွယ်ရာမရှိ။ တစ်ပါးတည်းဖြစ်တော်မူ၍ တန်ခိုးအာဏာအရှိဆုံးသောအရှင် ဖြစ်တော်မူ၏။

رَبُّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا الْعَزِيْزُ الْغَفَّارُ ۝

၆၇။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့အပြင် ယင်းနှစ်ခု၏အကြားၭိရှိသည်တို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်၏။ အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ လွန်စွာ ခွင့်လွှတ်တော်မူသောအရှင် ဖြစ်တော်မူ၏။

قُلْ هُوَ نَبَؤٌا عَظِيْمٌ ۝

၆၈။ အသင်ပြောကြားပါလေ။ ဤသည် အလွန်ကြီးကျယ်သော သတင်းတစ်ရပ်ဖြစ်၏။

اَنْتُمْ عَنْهُ مُعْرِضُوْنَ ۝

၆၉။ အသင်တို့သည် ယင်းမှ မျက်နှာလွှဲဖယ်လျက်ရှိနေကြ၏။

مَا كَانَ لِيَ مِنْ عِلْمٍ بِالْمَلَاِ الْاَعْلٰى اِذْ يَخْتَصِمُوْنَ ۝

၇၀။ ကျွန်ုပ်သည် 'မလာအိလ်အာအ်လာ' ဂုဏ်ဒြပ်မြင့်မားသည့် ကောင်းကင်တမန်များနှင့်စပ်လျဉ်း၍ ၎င်းတို့ တစ်စုံတစ်ရာ ဆွေးနွေးနေသည်ကို မသိခဲ့ပါ။

اِنْ يُّوْحٰٓى اِلَيَّ اِلَّآ اَنَّمَآ اَنَا نَذِيْرٌ مُّبِيْنٌ ۝

၇၁။ ကျွန်ုပ်မှာမူကား ပွင့်လင်းထင်ရှားသော သတိပေးနှိုးဆော်သူတစ်ဦးသာဖြစ်ကြောင်း 'ဝဟီ'ဗျာဒိတ်ပို့ချခြင်းခံရ၏။

اِذْ قَالَ رَبُّكَ لِلْمَلٰٓئِكَةِ اِنِّيْ خَالِقٌۢ بَشَرًا مِّنْ طِيْنٍ ﴿٧١﴾

၇၂။ အကြင်အခါ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က ကောင်းကင်တမန်များအား မိန့်ကြားတော်မူသည်မှာ မုချဧကန် ငါသည် လူသားကို မြေဖြင့် ဖန်ဆင်းတော်မူမည့်အရှင် ဖြစ်တော်မူ၏။

فَاِذَا سَوَّيْتُهٗ وَنَفَخْتُ فِيْهِ مِنْ رُّوْحِيْ فَقَعُوْا لَهٗ سٰجِدِيْنَ ﴿٧٢﴾

၇၃။ သို့ဖြစ်ရာ အကြင်အခါဝယ် ငါအရှင်မြတ်က ၎င်းအား ပုံပန်းကျနစွာပြုလုပ်၍ ၎င်း၌ ငါ၏'ရူဟ်'ဝိညာဉ်တော်မှ အချို့ကိုမူတ်သွင်းတော်မူသောအခါ ၎င်း၏ရှေ့တွင် 'စဂျ်ဒါဟ်' ဦးချပျပ်ဝပ်ကြလေကုန်။

فَسَجَدَ الْمَلٰٓئِكَةُ كُلُّهُمْ اَجْمَعُوْنَ ﴿٧٣﴾

၇၄။ သို့ဖြစ်ရာ ကောင်းကင်တမန်အားလုံးတို့သည် 'စဂျ်ဒါဟ်' ဦးချခဲ့ကြပေသည်။

اِلَّآ اِبْلِيْسَ ؕ اِسْتَكْبَرَ وَكَانَ مِنَ الْكٰفِرِيْنَ ﴿٧٤﴾

၇၅။ သို့ရာတွင် 'အီဘလီစ်'သည် မပြုခဲ့ချေ။ ယင်းသည် မာန်မာနထောင်လွှားခဲ့၏။ ထို့ပြင် သူသည် မယုံကြည်ငြင်းပယ်သူ 'ကာဖိရ်'များအနက်မှသာ ဖြစ်ခဲ့ပေသည်။

قَالَ يٰٓاِبْلِيْسُ مَا مَنَعَكَ اَنْ تَسْجُدَ لِمَا خَلَقْتُ بِيَدَيَّ ؕ اَسْتَكْبَرْتَ اَمْ كُنْتَ مِنَ الْعَالِيْنَ ﴿٧٥﴾

၇၆။ အရှင်မြတ်မိန့်တော်မူသည်မှာ၊ အို-'အီဘလီစ်'၊ အသင့်အား မည်သည့်အရာသည် ငါအရှင်မြတ်က မိမိ၏(တန်ခိုးတော်၏)လက်နှစ်ဖက်ဖြင့် ဖန်ဆင်းခဲ့သည်ကို 'စဂျ်ဒါဟ်'ပြုခြင်းမှတားမြစ်ခဲ့ပါသနည်း။ အသို့နည်း၊ အသင်သည် မာန်မာနထောင်လွှားလျက်လုပ်ဆောင်ခဲ့သလော။ သို့တည်းမဟုတ် အသင်သည်အလွန်မြင့်မြတ်သောသူများအနက်မှဖြစ်သလော။

قَالَ اَنَا خَيْرٌ مِّنْهُ ؕ خَلَقْتَنِيْ مِنْ نَّارٍ وَّخَلَقْتَهٗ مِنْ طِيْنٍ ﴿٧٦﴾

၇၇။ ယင်းကပြောသည်မှာ ကျွန်ုပ်သည် သူ့ထက်ပို၍မြင့်မြတ်ပါ၏။ အရှင်မြတ်သည် ကျွန်တော်မျိုးအား မီးဖြင့် ဖန်ဆင်းတော်မူခဲ့ပြီး သူ့အား မြေဖြင့်ဖန်ဆင်းခဲ့ပါသည်။

قَالَ فَاخْرُجْ مِنْهَا فَاِنَّكَ رَجِيْمٌ ﴿٧٧﴾

၇၈။ အရှင်မြတ်မိန့်တော်မူသည်မှာ သို့ဖြစ်လျှင် ဤနေရာမှထွက်သွားလော့။ ဧကန်စင်စစ် အသင်သည် နှင်ထုတ်ခြင်းခံရသူဖြစ်၏။

وَّاِنَّ عَلَيْكَ لَعْنَتِيْٓ اِلٰى يَوْمِ الدِّيْنِ ﴿٧٨﴾

၇၉။ ထို့ပြင် အမှန်ပင် အသင့်အား ဆုလာဘ်နှင့် ပြစ်ဒဏ်စီရင်မည့်နေ့တိုင်အောင် ငါအရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးခြင်း 'လာ့အ်နတ်'သည်ကျရောက်ပေအံ့။

قَالَ رَبِّ فَاَنْظِرْنِيْٓ اِلٰى يَوْمِ يُبْعَثُوْنَ ﴿٧٩﴾

၈၀။ ယင်းက ပြောသည်မှာ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဤအခြေအနေတွင် ကျွန်တော်မျိုးအား (လူသားများ)ရှင်ပြန်ထမြောက်ကြရမည့်နေ့တော်ကြီးတိုင်အောင် ဆိုင်းငံ့ခွင့်ကို ပေးသနားတော်မူပါ။

قَالَ فَاِنَّكَ مِنَ الْمُنْظَرِيْنَ ﴿٨٠﴾

၈၁။ အရှင်မြတ် မိန့်တော်မူသည်မှာ သို့ဖြစ်ရာ ဧကန်စင်စစ် အသင်သည်ဆိုင်းငံ့ခွင့်ပေးခြင်းခံရသူများအနက်မှဖြစ်ပေသည်။

اِلٰى يَوْمِ الْوَقْتِ الْمَعْلُوْمِ ﴿٨١﴾

၈၂။ သိထားပြီးဖြစ်သည့် အချိန်တစ်ခု၏ နေ့တော်ကြီးတိုင်အောင်။

قَالَ فَبِعِزَّتِكَ لَأُغْوِيَنَّهُمْ أَجْمَعِينَ ﴿٨٢﴾

၈၃။ ယင်းကပြောသည်မှာ သို့ဖြစ်လျှင် အရှင်မြတ်၏ ဂုဏ်ဘုန်းအား တိုင်တည်ကျိန်ဆိုပါ၏။ ကျွန်တော်မျိုးသည် အမှန်ပင် ၎င်းတို့အားလုံးကို လမ်းလွဲအောင်ပြုပါမည်။

إِلَّا عِبَادَكَ مِنْهُمُ الْمُخْلَصِينَ ﴿٨٣﴾

၈၄။ ၎င်းတို့အနက် အရှင်မြတ်၏ ထိုရွေးချယ်ခြင်းခံရသည့် အစေတော်များမှတစ်ပါးဖြစ်၏။ ①

قَالَ فَالْحَقُّ وَالْحَقَّ أَقُولُ ﴿٨٤﴾

၈၅။ အရှင်မြတ် မိန့်တော်မူသည်မှာ သို့ဖြစ်လျှင် အမှန်တရားသည် ဤသည်ပင်ဖြစ်၏။ ထို့ပြင် ငါအရှင်မြတ်သည် မလွဲမသွေ အမှန်တရားကိုသာ မိန့်တော်မူ၏။

لَأَمْلَأَنَّ جَهَنَّمَ مِنْكَ وَمِمَّنْ تَبِعَكَ مِنْهُمْ أَجْمَعِينَ ﴿٨٥﴾

၈၆။ ငါအရှင်မြတ်သည် အမှန်ပင် 'ဂျဟန္နမ်'ငရဲကို အသင်နှင့် ၎င်းတို့အနက် အသင်၏နောက်သို့လိုက်သူအားလုံးတို့ဖြင့် ဖြည့်တင်းတော်မူမည်ဖြစ်၏။

قُلْ مَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ وَمَا أَنَا مِنَ الْمُتَكَلِّفِينَ ﴿٨٦﴾

၈၇။ အသင်ပြောကြားပါလေ။ ကျွန်ုပ်သည်အသင်တို့ထံမှ ဤ(ကိစ္စ)အတွက် မည်သည့်အဖိုးအခကိုမျှမတောင်းခံပါ။ ထို့ပြင် ကျွန်ုပ်သည် ဟိတ်ဟန်ထုတ်သူများအနက်မှလည်းမဟုတ်ပါ။

إِنْ هُوَ إِلَّا ذِكْرٌ لِلْعَالَمِينَ ﴿٨٧﴾

၈၈။ ဤသည်ကား တစ်လောကလုံးအတွက် အလွန်ကြီးကျယ်သည့် အဆုံးအမတစ်ရပ်မှတစ်ပါး အခြားဘာမျှမဟုတ်ခေ။

وَلَتَعْلَمُنَّ نَبَأَهُ بَعْدَ حِينٍ ﴿٨٨﴾

၈၉။ ထို့ပြင် အချိန်ကာလအနည်းငယ်ကြာပြီးနောက် အသင်တို့သည် ယင်း၏သဘောအမှန်ကို ဧကန်ပင် သိရှိကြရမည်ဖြစ်သတည်း။

❖ ❖ ❖

① အာယတ်တော်(၈၃-၈၄ထိ) ရှိုင်တန်အား အလ္လာဟ်အရှင်မြတ်က နှင်ထုတ်လိုက်သောအခါတွင် ယင်းက မိမိကိုယ်ကို အထင်ကြီးမှုအားလျော်စွာ အရှင့်ထံမှ ခွင့်တောင်းခံခဲ့သည်မှာ- အကြင်သူတို့အား အရှင်မြတ်က ကျွန်ုပ်ထက်သာလွန်မှုကိုပေးခဲ့ပါသည်။ အကယ်၍ ကျွန်ုပ်ကိုဆိုင်းငံ့ခွင့်ရရှိခဲ့ပါလျှင် ၎င်းတို့အား အမျိုးစုံသော လမ်းမှားစေမှုကိုပြုလျက် အရှင်မြတ်ထံတော်မှ လုယူကာ အရှင်မြတ်အစား ကျွန်ုပ်အားကိုးကွယ်အောင်ပြုလုပ်ပါမည်။ သို့သော် အရှင်မြတ်အတွက် လုံးလုံးလျားလျားဖြစ်သွားခဲ့သော အရှင်မြတ်၏ထိုအစေတော်များမှတစ်ပါးဖြစ်ပါသည်။ ၎င်းတို့အပေါ် ကျွန်ုပ်သည် တစ်စုံတစ်ရာတတ်စွမ်းနိုင်မည်မဟုတ်ပါ။

၃၉။ အလ်-ဇုမရ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် 'အာယတ်' မုက္ခပါဠ် တော်(၇၆)ပိုဒ်ပါရှိသည်။

ဤသည်ထက်အလျင်က ဆူရာဟ်၏နောက်ဆုံးပိုင်းတွင် ရှိုင်တန်၏'အေဘာဒတ်'ကို ငြင်းပယ် လျက် အလ္လာဟ်အရှင်မြတ်ကိုသာလျှင် 'အေဘာဒတ်'(ဝတ်ပြုကိုးကွယ်မှု)ပြုခြင်း၌သာ လုံးလုံးလျားလျား ဦးခိုက်လျက်ရှိကြကာ သာသနာ့အဆုံးအမများကို အလ္လာဟ်အတွက် သီးသန့်ထား၍ လိုက်နာကျင့်မူကြသော အစေတော်များအကြောင်းကိုဖော်ပြထားပေသည်။ ထို့ပြင် ယခု ဤဆူရာဟ်၏အစမှာပင် အို-တမန်တော် သာသနာ့အဆုံးအမကို အလ္လာဟ်အတွက် သီးသန့်ပြုလျက် ထိုအရှင့်အားသာ ဝတ်ပြုကိုးကွယ်ပါလေ။ မုချမလွဲ အလ္လာဟ်အရှင်မြတ်သည် သာသနာရေးကိုးကွယ်မှု သီးသန့်ဖြစ်ခြင်းကိုသာလျှင် သဘောတူ လက်ခံတော်မူသည်ဟု ဆိုထားတော်မူပေသည်။

ဤသည့်နောက်တွင် 'မုရှရိုက်'တို့မှ တင်ပြသောသက်သေပြချက်တစ်ရပ်ကို ပယ်ချရှင်းပြထား တော်မူသည်။ ၎င်းတို့က ဤရုပ်တုများမှာ ကျွန်ုပ်တို့အား အလ္လာဟ်၏အနီးအပါးသို့ ရောက်ရှိစေသော အကြောင်းခံမှုပြုပေးသည်ဟု ရုပ်တုကိုးကွယ်မှုအတွက်အများအားဖြင့် အကြောင်းပြကြလေသည်။ ထိုသို့အလျှင်းမဟုတ်ချေ။ အကြင်သူ၏ သာသနာသည် တမန်တော်မြတ်(ﷺ)ကဲ့သို့သော သန့်စင်ပြီး ယင်း၌ 'ရှရိုက်'၏အငွေ့အသက် တစ်စုံတစ်ရာမျှမရှိခြင်းသည်သာ အကြောင်းခံပေါင်းကူးစရာ ဖြစ်ထိုက် ပေသည်ဟု မိန့်ထားတော်မူပေသည်။

ထို့နောက်တွင် လူသားဘဝ၏အစပထမမှာ အသက်ဇီဝတစ်ခုတည်းမှ စတင်ခဲ့ကြောင်း၊ ထို့နောက် လူသားသည် မိခင်၏သားအိမ်တွင် သန္ဓေသားအသွင်မှသည် မိမိ၏ ဆင့်ကဲတိုးတက်ပြောင်း လဲမှုအဆင့်ဆင့်ကိုကျော်ဖြတ်ကာ ထိုသန္ဓေသားလောင်းကလေးမှာ အမှောင်ထုသုံးခုအုပ်မိုးထားလျက် ရှိခဲ့ကြောင်း၊ ပထမအမှောင်ထုမှာ မိခင်ဝမ်းဗိုက်အတွင်းမှ အမှောင်ဖြစ်ပြီး ယင်းသည် သားအိမ်ကို အုပ်မိုးဖုံးဖိထားခဲ့သည်။ ဒုတိယမှာ သန္ဓေသားပျိုးထောင်ပေးသော သားအိမ်၏အမှောင်ထုဖြစ်လျက် တတိယမှာ မိခင်၏သားအိမ်အတွင်း၌ သန္ဓေသားကိုရစ်ပတ်လျက်ထားရှိသော (Placenta)အချင်း၏ အမှောင်ထုတို့ဖြစ်ကြောင်းတို့ကို ထပ်၍တစ်ဖန်ဖော်ပြထားသည်။

ထို့နောက် မိန့်တော်မူသည်မှာ ကျွန်ုပ်မှာကား 'အေဘာဒတ်'ကို ထိုအရှင်မြတ်အတွက် သီးသန့် ဖြူစင်စွာပြုရန်ကိုသာ အမိန့်ပေးခြင်းခံရ၏ဟု တမန်တော်မြတ်အား ကြေညာရန် ဆင့်ဆိုတော်မူခဲ့သည်။ ဤသည့်နောက်အမိန့်ရှိပြန်သည်မှာ- အသင်ပြောကြားပါလေ ကျွန်ုပ်သည် အလ္လာဟ်အား ကိုးကွယ်မှုကို ထိုအရှင်အတွက်သက်သက်သာလျှင် (မိမိ၏)ယုံကြည်ချက်ကို ဖြူစင်သန့်ရှင်းစေလျက် ပြုလုပ်ရန် ကျွန်ုပ် အား အမိန့်ပေးခြင်းခံရ၏။ အသင်တို့သည် မိမိတို့အနေအထားအလျောက် ထိုအရှင်မြတ်အပြင် နှစ်သက်ရာကို ကိုးကွယ်လိုက ကိုးကွယ်ကြကုန်။

ထို့ပြင် ထိုသူတို့အား အသိပေးလိုက်ပါလေ။ ၎င်းတို့သည် အကယ်၍ ထိုသို့ပြုလုပ်ခဲ့လျှင် ဤသည် အလွန်ဆုံးရှုံးနစ်နာစေမည့် ရောင်းဝယ်ဖောက်ကားမှုဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် မိမိတို့အားလည်းကောင်း၊ မိမိတို့၏မျိုးဆက်သစ်များအားလည်းကောင်း ဤသည့်လွဲမှားမှုအားဖြင့် လမ်းလွဲစေသော အကြောင်းခံများအဖြစ်သို့ ရောက်ရှိမည်ဖြစ်သောကြောင့်ပင်။

ထိုသည့်နောက်တွင် ဤမေးခွန်းပုစ္ဆာကို ထုတ်ဆင့်ထားတော်မူပေသည်။ အသို့နည်း အကြင်သူ၏ ရင်ကို အလ္လာဟ်အရှင်မြတ်က မိမိအားသတိရတသခြင်း 'ဇိကီရ်'ပြုရန်အတွက် ကျယ်ပြောအောင်ပြုပေး တော်မူလိုက်သော ထိုပုဂ္ဂိုလ် သို့မဟုတ် တစ်နည်းဆိုရသော် ရင်တွင်းအသိ ကျယ်ပြောအောင်ပြုပေး တော်မူခြင်းခံရသော အကြင်ပုဂ္ဂိုလ်၊ ဤသည်၏အဖြေကို မြင်သာအောင်ဖော်ပြထားခြင်းမရှိသော်လည်း ဤသည့်မေးခွန်း၌ပင် ငုပ်လျှိုးဝှက်ကွယ်လျက်ရှိသည်။ ယင်းမှာ ဤသို့သော ပုဂ္ဂိုလ်ထက် သာလွန် ကောင်းမြတ်သူ အခြားတစ်ဦးတစ်ယောက်မျှမရှိနိုင်ချေဟူ၍ဖြစ်သည်။ သို့ဖြစ်ရာ မိမိတို့အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်အား သတိမရဘဲရှိကြသူတို့မှာကား အလွန်လျှင် ကံမွဲသူများဖြစ်ကြပေသည်။

ဤဆူရာဟ်၏ အာယတ်တော်(၂၄)တွင် ကြေညာထားတော်မူသည်မှာ- အလ္လာဟ်သည် အသင့်အား စိတ်နှလုံးအလွန်စွဲမက်စရာအကြောင်းအရာတစ်ခုကို မိန့်ကြားတော်မူ၏။ ယင်းမှာ အလ္လာဟ်က အသင့်အား အထပ်ထပ်အခါခါရွတ်ဖတ်ရသော ကျမ်းတော်ကို ချပေးတော်မူ၏။ ယင်း၌ အလင်္ကာမြောက် သွယ်ဝိုက်ဖွဲ့ဆိုထားသာ မုကျပါဒ်တော်များပါရှိပြီး ယင်းတို့သည် အပြန်အလှန်ဆက်စပ်မှုရှိကြသည်။ သို့သော် ယင်းအားဖွင့်ဆိုရာတွင် ယင်းနှင့် လုံးဝထပ်တူဆင်သော နောက်ထပ်အာယတ်တော်များရှိနေပြီး ၎င်းတို့က အမှန်တရားရှာဖွေဆည်းပူးသူတို့အတွက် 'မူတရှာဘီဟာတ်'အာယတ်တော်များကို သိရှိနားလည်နိုင်စွမ်းပေးလိမ့်မည်ဖြစ်သည်။ ဤသည် **يُـفَسِّرُ بَعْضُهُ بَعْضًا** (တစ်ခုနှင့်တစ်ခု အပြန်အလှန်ရှင်းလင်းဖော်ပြ၏)တွင်ဆိုထားသော အကြောင်းရပ်ပင်ဖြစ်သည်။

အခြားတစ်နေရာတွင် မိန့်ထားတော်မူသည်မှာ **رَاسِخُوْنَ فِى الْعِلْمِ** (ပညာအရာတွင် ရင့်ကျက်သူများ)ရှိကြပေရာ ၎င်းတို့၏ရှေ့တွင် 'အာယတ်'တစ်စုံတစ်ရာမျှ 'မူတရှာဘီဟာတ်'အဖြစ် မရှိတော့ချေ။

ဤဆူရာဟ်အတွင်းမှာပင် ကတိတော်ရမဆီဟ်သခင်(ﷺ)ထံသို့ 'အီလ်ဟာမ်'ဗျာဒိတ် ကျရောက်ခဲ့သော အာယတ်တော်ပါရှိသည်။ **'اَلَيْسَ اللّٰهُ بِكَافٍ عَبْدَه** "အလ္လာဟ်သည် မိမိ အစေတော်အတွက် မလုံလောက်ပေသလော။" ဤသည်ကို သခင်က လက်စွပ်တစ်ကွင်းတွင် ထွင်းလုပ်စေခဲ့သည်။ 'အဟ်မဒီ'တို့ကလည်း အမှတ်တရပြု၍ မင်္ဂလာယူသည့်အနေဖြင့်လည်းကောင်း၊ နိမိတ်ကောင်းယူသည့်အနေဖြင့်လည်းကောင်း မိမိတို့၏လက်ချောင်းကလေးများတွင် (လက်စွပ်ကွင်း၍) ဝတ်ဆင်ကြလေသည်။

ဤဆူရာဟ်၏ အာယတ်တော်(၃၄)တွင် ကြီးကျယ်ခံ့ညားလှသော လျှို့ဝှက်နက်နဲမှုတစ်ခုပေါ်မှ ကန့်လန့်ကာကို ဖွင့်တင်လိုက်ပေတော့သည်။ အိပ်စက်ခြင်းသည်လည်း တစ်မျိုးသော သေခြင်းသာဖြစ်သည်။ ယင်းတွင် အသက် သို့မဟုတ် အသိစိတ်သည် အဖန်ဖန် ငုပ်ကွယ်သွားလေသည်။ ထို့နောက်တွင် အလ္လာဟ်အရှင်မြတ်က သတ်မှတ်ထားသည့် တိကျသောအချိန်နာရီတစ်ခုတွင် ဦးနှောက်၏ အနက်ဆုံးအခြေထိ ရောက်ရှိရိုက်ခတ်လျက် ပြန်၍ပေါ်လာစေခဲ့သည်။ ခေတ်သစ်သိပ္ပံပညာရှင်များက ဤသည်ကို ရှာဖွေသုတေသနပြု၍ ဤဖြစ်ရပ်မှာ အိပ်ပျော်နေသောသူတွင် အဖန်ဖန်ဖြစ်ပေါ်လျက်ရှိကြောင်း ထိုသည့်သတ်မှတ်ချိန်ကို အဏုမြူနာရီဖြင့်လည်း ချိန်ကိုက်တိုင်းတာ၍ရနိုင်ကြောင်း၊ ထို့ပြင် ယင်းအခါသမယတွင် မည်ကဲ့သို့သော ကွဲလွဲမှုတစ်စုံတစ်ရာမျှ ပေါ်ပေါက်လိမ့်မည်မဟုတ်ကြောင်း ဖော်ပြကြလေသည်။ ထို့နောက်အလ္လာဟ်အရှင်မြတ်က ထိုအသက်ဝိညာဉ်ကို ငုပ်လျှိုးခြင်း၏နောက်တွင် ပြန်လည်၍(တက်လာအောင်) မလွတ်တော့သောအခါ ယင်းကို 'သေဆုံးခြင်း' သို့မဟုတ် 'မရဏ'ဟု အမည်တွင်စေသည်။

အကြောင်းမူကား ဤတွင် အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်ခစားကြရမည့်အကြောင်းနှင့် ဤလောကမှ ထာဝရခွဲခွာရမည့်အကြောင်း ဖော်ပြလာရှိနေပေရာ စစ်ကြောစီရင်ခြင်းခံရမည့်အရေးကို ကြောက်ရွံ့စိုးရိမ်နေကြသူတို့အား အလ္လာဟ်အရှင်မြတ်သည် အလုံးစုံသော အပြစ်ဒုစရိုက်များကို ခွင့်လွှတ်နိုင်သော စွမ်းအားရှင်ဖြစ်တော်မူ၏ဟူ၍ သတင်းကောင်းကို ပေးတော်မူလိုက်ခြင်းဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် လွန်စွာခွင့်လွှတ်ချမ်းသာပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ဖြစ်သောကြောင့်ပင်။ သို့ဖြစ်ပေရာ 'တောင်ဘာ' ဝန်ချတောင်းပန်ခြင်း မပြုမီအလျင် အသင်တို့၏သေခြင်းမရဏာ ဆိုက်ရောက်မလာစေလင့်။ ထို့ပြင် လူသားသည် ဝမ်းနည်းကြေကွဲစွာဖြင့် ငါသည် အလ္လာဟ်အရှင်မြတ်၏နံဘေး၌ (ဝါ) ထိုအရှင်မြတ်၏ ရှုစားမှုရှေ့မှောက်တွင် အပြစ်ဝရဲများကို ဤမျှရဲတင်းစွာမပြုခဲ့လျှင် ကောင်းလေစွဟုဆိုရလောက်သော 'အဇာဘ်'ပြစ်ဒဏ်သည် လာရောက်ဖမ်းဆီးခြင်းမပြုမီ အလ္လာဟ်၏ရှေ့တော်တွင် တိုးလျှိုးညွတ်တွားကြကာ ထိုအရှင်မြတ်ထံတွင် အပ်နှံပြီးသူများ ဖြစ်ကြကုန်။

ဤဆူရာဟ်၏ အမည်မှာ 'အလ်-ဇုမရ်'ဖြစ်သည်။ ထို့ပြင် နောက်ဆုံး၌ အာယတ်တော်နှစ်ခုတွင် **زُمَر** (အုပ်စု)ကို နှစ်စုနှစ်ဖွဲ့အဖြစ် ခွဲခြားထားတော်မူလေသည်။ တစ်ဖွဲ့မှာကား အစုလိုက်အဖွဲ့လိုက် 'ဂျဟန္နမ်'ငရဲသို့ ခေါ်ဆောင်သွားခြင်းကိုခံရမည်ဖြစ်ပြီး အခြားတစ်ဖွဲ့မှာမူ အစုလိုက်အဖွဲ့လိုက် 'ဂျန္နတ်' ဥယျာဉ်တော်များဆီသို့ ခေါ်ဆောင်ခြင်းကိုခံကြရမည်တည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဇုမရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၇၆)ပိုဒ် ရှုကူ (၈)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

تَنْزِيْلُ الْكِتٰبِ مِنَ اللّٰهِ الْعَزِيْزِ الْحَكِيْمِ ②

၂။ ဤပြီးပြည့်စုံသောကျမ်းတော်၏ပို့ချခြင်းသည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်(နှင့်) လွန်စွာ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသော အလ္လာဟ်၏ထံတော်မှ ဖြစ်၏။

اِنَّآ اَنْزَلْنَآ اِلَيْكَ الْكِتٰبَ بِالْحَقِّ فَاعْبُدِ اللّٰهَ مُخْلِصًا لَّهُ الدِّيْنَ ③

၃။ စင်စစ် ငါတို့သည် အသင့်ထံ (ဤ)ကျမ်းတော်ကို အမှန်တရားနှင့်တကွ ပို့ချတော်မူ၏။ သို့ဖြစ်ရာ အလ္လာဟ်အား ကိုးကွယ်မှုကို ထိုအရှင်မြတ်အတွက်သာလျှင် သာသနာတော်ကို သဒ္ဓါဖြူစင်စွာဖြင့် ပြုလုပ်ပါလေ။

اَلَا لِلّٰهِ الدِّيْنُ الْخَالِصُ ؕ وَالَّذِيْنَ اتَّخَذُوْا مِنْ دُوْنِهٖٓ اَوْلِيَآءَ ۘ مَا نَعْبُدُهُمْ اِلَّا لِيُقَرِّبُوْنَآ اِلَى اللّٰهِ زُلْفٰى ؕ اِنَّ اللّٰهَ يَحْكُمُ بَيْنَهُمْ فِيْ مَا هُمْ فِيْهِ يَخْتَلِفُوْنَ ؕ اِنَّ اللّٰهَ لَا يَهْدِيْ مَنْ هُوَ كٰذِبٌ كَفَّارٌ ④

၄။ သတိပြုကြကုန်၊ သဒ္ဓါဖြူစင်သော သာသနာသာလျှင် အလ္လာဟ်၏ဂုဏ်ကျက်သရေနှင့် ထိုက်တန်သင့်မြတ်ပေသည်။ အရှင်မြတ်မှတစ်ပါး အခြားသောအရာများကို မိမိတို့၏ အဆွေခင်ပွန်းများအဖြစ် ပြုလုပ်ခဲ့ကြသောသူတို့က (ပြောကြသည်မှာ) ယင်းတို့က ကျွန်ုပ်တို့အား အလ္လာဟ်နှင့်နီးစပ်အောင်ပြုလျက် နီးစပ်ခြင်း၏မြင့်မားသောအဆင့်သို့ ပို့ဆောင်ရန် ရည်ရွယ်ချက်ဖြင့်မှတစ်ပါး ကျွန်ုပ်တို့သည် ယင်းတို့အား ကိုးကွယ်ကြခြင်းမဟုတ်ချေ။ ဧကန်ပင် အလ္လာဟ်သည် ယင်းတို့၏အကြားတွင် ယင်းတို့ကွဲပြားခြားနားလေ့ရှိခဲ့သည့် ထိုအရာများအား စီရင်ဆုံးဖြတ်တော်မူမည်။ လိမ်ညာသူနှင့် လွန်စွာ ကျေးဇူးကန်းသူတို့ကို အလ္လာဟ်သည် အလျင်း လမ်းညွှန်တော်မမူချေ။

لَوْ اَرَادَ اللّٰهُ اَنْ يَّتَّخِذَ وَلَدًا لَّاصْطَفٰى مِمَّا يَخْلُقُ مَا يَشَآءُ ۙ سُبْحٰنَهٗ ؕ هُوَ اللّٰهُ الْوَاحِدُ الْقَهَّارُ ⑤

၅။ အကယ်၍ အလ္လာဟ်သည် သားတော်တစ်ပါးပါးကို မိမိအတွက်ပြုလုပ်လိုခဲ့လျှင် မိမိဖန်ဆင်းတော်မူသည့်အရာမှပင် အရှင်နှစ်သက်သူကို ပြုလုပ်တော်မူပေအံ့။ ထိုအရှင်မြတ်သည် အလွန်သန့်ရှင်းစင်ကြယ်တော်မူ၏။ ထိုအလ္လာဟ်သည်ကား တစ်ဆူတည်းဖြစ်တော်မူ၍ တန်ခိုးအာဏာအရှိဆုံးအရှင် ဖြစ်တော်မူ၏။

خَلَقَ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ ۚ يُكَوِّرُ الَّيْلَ عَلَى النَّهَارِ وَيُكَوِّرُ النَّهَارَ عَلَى الَّيْلِ

၆။ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ထိုက်သင့်မှန်ကန်စွာ ဖန်ဆင်းတော်မူ၏။ အရှင်မြတ်သည် 'နေ့'အပေါ် 'ညဉ့်'ကို ဖုံးလွှမ်းစေတော်မူ၏။ ထို့အပြင် 'ညဉ့်' အပေါ် 'နေ့'ကို ဖုံးလွှမ်းစေတော်မူ၏။ ထို့ပြင် အရှင်မြတ်သည်

وَسَخَّرَ الشَّمْسَ وَالْقَمَرَ ؕ كُلٌّ يَّجْرِىْ لِاَجَلٍ مُّسَمًّى ؕ اَلَا هُوَ الْعَزِيْزُ الْغَفَّارُ ۝

ပင် 'နေ'နှင့် 'လ'တို့ကို နာခံအလုပ်အကျွေးပြုစေတော်မူ၏။ အရာရာတိုင်းသည် မိမိတို့အတွက် သတ်မှတ်ထားသော ကာလအပိုင်းအခြားသို့တိုင် လှုပ်ရှားရုန်းကန်နေကြ၏။ သတိပြုကြကုန်။ ထိုအရှင်မြတ်သည်ပင် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်(နှင့်) လွန်စွာ ခွင့်လွှတ်တော်မူသော အရှင် ဖြစ်တော်မူ၏။

خَلَقَكُمْ مِّنْ نَّفْسٍ وَّاحِدَةٍ ثُمَّ جَعَلَ مِنْهَا زَوْجَهَا وَاَنْزَلَ لَكُمْ مِّنَ الْاَنْعَامِ ثَمٰنِيَةَ اَزْوَاجٍ ؕ يَخْلُقُكُمْ فِىْ بُطُوْنِ اُمَّهٰتِكُمْ خَلْقًا مِّنْۢ بَعْدِ خَلْقٍ فِىْ ظُلُمٰتٍ ثَلٰثٍ ؕ ذٰلِكُمُ اللّٰهُ رَبُّكُمْ لَهُ الْمُلْكُ ؕ لَاۤ اِلٰهَ اِلَّا هُوَ ۚ فَاَنّٰى تُصْرَفُوْنَ ۝

၇။ အရှင်မြတ်သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ထိုအရှင်မြတ်သည် ယင်းမှပင် သူ၏ကြင်ဖက်ကိုပြုလုပ်တော်မူ၏။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အတွက် ကျွဲနွားတိရစ္ဆာန်များအနက်မှ စုံတွဲရှစ်မျိုးကိုချပေးတော်မူ၏။ အရှင်မြတ်သည် အသင်တို့အား အသင်တို့၏ မိခင်များဝမ်းအတွင်း၌ အမှောင်ထုသုံးရပ်တွင် ဖန်ဆင်းမှုအဆင့်ဆင့်ကို ပေးသနားတော်မူလျက် ဖန်ဆင်းဖြစ်ထွန်းစေတော်မူခဲ့ပေသည်။ ဤကား အသင်တို့၏ဖန်ဆင်းမွေးမြူရှင် အလွှာဟ်ဖြစ်တော်မူ၏။ စိုးမိုးအုပ်ချုပ်မှုသည် ထိုအရှင်မြတ်၌သာလျှင်ရှိ၏။ ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ခြင်းခံထိုက်သူမရှိချေ။ သို့ဖြစ်ရာ အသင်တို့သည် အဘယ်သို့ ပြောင်းပြန်လှည့်၍ သွားကြပေသနည်း။ ②

اِنْ تَكْفُرُوْا فَاِنَّ اللّٰهَ غَنِىٌّ عَنْكُمْ ۖ وَلَا يَرْضٰى لِعِبَادِهِ الْكُفْرَ ۚ وَاِنْ تَشْكُرُوْا يَرْضَهُ لَكُمْ ؕ وَلَا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى ؕ ثُمَّ اِلٰى رَبِّكُمْ مَّرْجِعُكُمْ فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ؕ اِنَّهٗ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ۝

၈။ အကယ်၍ အသင်တို့သည် ငြင်းပယ်ကြလျှင် စင်စစ်အလွှာဟ်သည် အသင်တို့မှလိုလားခြင်းကင်းတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် မိမိ၏အစေတော်များအတွက် 'ကုဖ္ရ်' မယုံကြည်ငြင်းပယ်မှုကို နှစ်သက်တော်မမူချေ။ အကယ်၍ အသင်တို့သည် ကျေးဇူးသိတတ်ကြလျှင် အရှင်မြတ်သည် ထိုသည်ကို အသင်တို့အတွက် နှစ်သက်တော်မူပေမည်။ ထို့ပြင် မည်သည့်ဝန်ထုပ်ကိုထမ်းပိုးသူမျှ အခြားသူတစ်ဦး၏ဝန်ထုပ်ကို ထမ်းပိုးရလိမ့်မည်မဟုတ်ချေ။ ထို့နောက် အသင်တို့အားလုံးသည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ဘက်သို့ ပြန်လှည့်ကြရပေမည်။ ထိုအခါ အရှင်မြတ်သည် အသင်တို့အား အသင်တို့ပြုလုပ်လေ့

---

② **بِذَاتِ الصُّدُوْرِ** ဟူသော စကားလုံးမှာ ချပေးခြင်းအနက်ကိုဖော်ပြသော်လည်း ဤနေရာတွင် သာမန်မဟုတ်သော အကျိုးအာနိသင်ရှိသည့် အရာများကိုဖန်ဆင်းဖြစ်ထွန်းစေခြင်းအနက်သဘောဖြင့် သုံးနှုန်းထားပေသည်။ ရုပ်ပိုင်းအရ ကောင်းကင်ယံမှချပေးသည်ဆိုသော အဓိပ္ပာယ်ဖြင့်မဟုတ်ချေ။ ခြေလေးချောင်းသတ္တဝါများသည် ကောင်းကင်ယံမှ မိုးရွာချသည့်အလား ချပေးခြင်းမခံရကြောင်းကို တစ်လောကလုံးသိနားလည်ထားကြပေသည်။ သို့ပါလျက် ယင်းတို့အတွက် 'နုဇူလ်'ဟူသောစကားလုံးကို သုံးစွဲဖော်ပြရခြင်းမှာ ယင်းတို့သည် လူသားနွယ်ဝင်တို့အဖို့ မရေမတွက်နိုင်သော ကောင်းကျိုးများရှိသောကြောင့်ဖြစ်သည်။ ဤသည့် 'နုဇူလ်'ဟူသော စကားလုံးကိုပင် တမန်တော်အီစာ(عليه السلام) ဒုတိယအကြိမ် ကြွမြန်းလာမည့်အတွက်လည်း သုံးနှုန်းဖော်ပြထားပေသည်။ သို့ရာတွင် အားလုံးတို့ထက်ပို၍ တမန်တော်မြတ်(ﷺ)နှင့်စပ်လျဉ်း၍လည်း **مُنْزِلُوْن** ဟူသော စကားလုံးကို သုံးစွဲထားတော်မူ၏။ ဥပမာ **قَدْ اَنْزَلَ اللّٰهُ اِلَيْكُمْ ذِكْرًا رَّسُوْلًا** (ဆူရာဟ်-အလ်တွလားက်၊ အာယတ် ၁၁-၁၂)။ တမန်တော်မြတ်သည် ရုပ်ခန္ဓာဖြင့် ကောင်းကင်မှ ဆင်းသက်လာခဲ့သည်မဟုတ်ကြောင်း အိုလမာပညာရှင်အားလုံး တညီတညွတ်တည်း လက်ခံကြပေသည်။ ၎င်းတို့အနေဖြင့် တမန်တော်အီစာ(عليه السلام)၏'နုဇူလ်'နှင့်စပ်လျဉ်း၍လည်း မိမိတို့၏ယုံကြည်ချက်အပေါ် ဆန်းစစ်ဖို့လိုပေသည်။

ရှိခဲ့သည့်အကျင့်အမူများကို အသိပေးတော်မူပေမည်။ ဧကန်ပင် အရှင်မြတ်သည် ရင်များအတွင်း၌ရှိသည့် လျှို့ဝှက်ချက်များကို ကောင်းစွာသိရှိတော်မူ၏။

وَ اِذَا مَسَّ الْاِنْسَانَ ضُرٌّ دَعَا رَبَّهٗ مُنِيْبًا اِلَيْهِ ثُمَّ اِذَا خَوَّلَهٗ نِعْمَةً مِّنْهُ نَسِيَ مَا كَانَ يَدْعُوْٓا اِلَيْهِ مِنْ قَبْلُ وَ جَعَلَ لِلّٰهِ اَنْدَادًا لِّيُضِلَّ عَنْ سَبِيْلِهٖ ؕ قُلْ تَمَتَّعْ بِكُفْرِكَ قَلِيْلًا ۫ اِنَّكَ مِنْ اَصْحٰبِ النَّارِ ۝

၉။ ထို့ပြင် လူသားအား ဘေးဒုက္ခတစ်စုံတစ်ရာ သက်ရောက်သည့်အခါ သူသည် မိမိ၏ဖန်ဆင်းမွေးမြူရှင်ကို ထိုအရှင်မြတ် ဘက်သို့ယိမ်းညွတ်လျက် ဟစ်ခေါ်တမ်းတပေသည်။ ထို့နောက် အရှင်မြတ်က သူ့အား မိမိထံတော်မှ တစ်စုံတစ်ရာ 'နေ့အိမတ်'ကောင်းချီးဆုလာဘ်ကို ပေးသနားတော်မူသည့် အခါ အကြင်ကိစ္စအတွက် ယခင်က သူဆုတောင်းလျက်ရှိခဲ့သည်ကို မေ့လျော့၍သွားပေသည်။ ထို့ပြင် သူသည် အရှင်မြတ်၏လမ်းတော်မှ လွဲချော်စေရန်အတွက် အလ္လာဟ်နှင့် ယှဉ်တွဲကိုးကွယ်ရာကို ပြုလုပ်လေတော့၏။ အသင် ပြောကြားပါလေ။ မိမိ၏ငြင်းပယ်မှုဖြင့် အနည်းငယ်မျှသော ယာယီ အကျိုးကျေးဇူးကို ခံစားပါလေ။ စင်စစ် အသင်သည် ငရဲသားတို့တွင် အပါအဝင်ဖြစ်၏။

اَمَّنْ هُوَ قَانِتٌ اٰنَآءَ الَّيْلِ سَاجِدًا وَّ قَآئِمًا يَّحْذَرُ الْاٰخِرَةَ وَ يَرْجُوْا رَحْمَةَ رَبِّهٖ ؕ قُلْ هَلْ يَسْتَوِي الَّذِيْنَ يَعْلَمُوْنَ وَ الَّذِيْنَ لَا يَعْلَمُوْنَ ؕ اِنَّمَا يَتَذَكَّرُ اُولُوا الْاَلْبَابِ ۝

၁၀။ အသို့နည်း အကြင်သူသည် ညဉ့်အချိန်များတွင် 'အေဘာဒတ်'ဝတ်ပြုသူဖြစ်၏။ (တစ်ခါတစ်ရံ) 'စဂျဒါဟ်'ဦးချသည့် အခြေအနေတွင်ရှိပြီး (တစ်ခါတစ်ရံတွင်) 'ကယာမ်'ရပ်သည့် အခြေအနေဖြင့် နောင်တမလွန်ကို ကြောက်ရွံ့စိုးရိမ်လျက်ရှိ၏။ ထို့ပြင် မိမိအားဖန်ဆင်းမွေးမြူရှင်၏ ကရုဏာတော်ကို မျှော်လင့်၏(ပညာရှိသူမဟုတ်ပါသလော)။ အသင်မေးမြန်းပါလေ။ ပညာရှိသူနှင့် ပညာမဲ့သူသည် တူညီနိုင်မည်လော။ စင်စစ်သော်ကား အသိဉာဏ်ရှိသူများသာလျှင် အဆုံးအမကို ရယူကြပေသတည်း။

ရုကူး-၂

قُلْ يٰعِبَادِ الَّذِيْنَ اٰمَنُوا اتَّقُوْا رَبَّكُمْ ؕ لِلَّذِيْنَ اَحْسَنُوْا فِيْ هٰذِهِ الدُّنْيَا حَسَنَةٌ ؕ وَ اَرْضُ اللّٰهِ وَاسِعَةٌ ؕ اِنَّمَا يُوَفَّى الصّٰبِرُوْنَ اَجْرَهُمْ بِغَيْرِ حِسَابٍ ۝

၁၀။ အသင်ပြောကြားပါလေ၊ အို-သက်ဝင်ယုံကြည်ကြကုန်သော ငါ၏အစေတော်အပေါင်းတို့၊ မိမိတို့၏ဖန်ဆင်းမွေးမြူရှင်အား ကြောက်ရွံ့ခြင်း'တက္ကဝါ'ကို ကျင့်သုံးဆောက်တည်ကြကုန်။ ကောင်းမှုပြုသူများအတွက် ဤလောကတွင်လည်း ကောင်းမြတ်သော အကျိုးသည်ရှိ၏။ ထို့ပြင် အလ္လာဟ်၏မြေသည် ကျယ်ပြောလှပေ၏။ စင်စစ် သည်းခံသူများကိုသာလျှင် အတိုင်းအဆမရှိ ၎င်းတို့၏အကျိုးဆုလာဘ်ကို အပြည့်အဝ ပေးသနားတော်မူမည်ဖြစ်၏။

قُلْ اِنِّيْٓ اُمِرْتُ اَنْ اَعْبُدَ اللّٰهَ مُخْلِصًا لَّهُ الدِّيْنَ ۝

၁၂။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်သည် အလ္လာဟ်အား ဝတ်ပြုကိုးကွယ်ရာတွင် သာသနာကို ထိုအရှင်မြတ်အတွက် ဖြူစင်သန့်ရှင်းစေလျက်ပြုလုပ်ရန် ကျွန်ုပ်အား အမိန့်ပေးခြင်းခံရ၏။

وَ اُمِرْتُ لِاَنْ اَكُوْنَ اَوَّلَ الْمُسْلِمِيْنَ ﴿۱۲﴾

၁၃။ ထို့ပြင် ကျွန်ုပ်အား အမိန့်ပေးခြင်းခံရသည်မှာ၊ ကျွန်ုပ်သည် အမိန့်နာခံလိုက်နာသူအပေါင်းတွင် ဦးဆုံးပထမဖြစ်သွားရန် ဖြစ်၏။

قُلْ اِنِّيْٓ اَخَافُ اِنْ عَصَيْتُ رَبِّيْ عَذَابَ يَوْمٍ عَظِيْمٍ ﴿۱۳﴾

၁၄။ အသင်ပြောကြားပါလေ၊ အကယ်၍ ကျွန်ုပ်သည် မိမိ၏ဖန်ဆင်းမွေးမြူရှင်အားမနာခံပါလျှင် မုချ ကျွန်ုပ်သည် အလွန်ကြီးမားသောနေ့တစ်နေ့၏ အပြစ်ဒဏ်မှ ကြောက်ရွံ့စိုးထိတ်ပါ၏။

قُلِ اللّٰهَ اَعْبُدُ مُخْلِصًا لَّهٗ دِيْنِيْ ﴿۱۴﴾

၁၅။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်သည် ထိုအရှင်မြတ်အတွက်သာလျှင် (မိမိ၏)သာသနာကို ဖြူစင်သန့်ရှင်းစေလျက် အလွှာဟ်အား ဝတ်ပြုကိုးကွယ်ပါ၏။

فَاعْبُدُوْا مَا شِئْتُمْ مِّنْ دُوْنِهٖ ؕ قُلْ اِنَّ الْخٰسِرِيْنَ الَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ وَاَهْلِيْهِمْ يَوْمَ الْقِيٰمَةِ ؕ اَلَا ذٰلِكَ هُوَ الْخُسْرَانُ الْمُبِيْنُ ﴿۱۵﴾

၁၆။ သို့ဖြစ်ရာ အသင်တို့သည် အရှင်မြတ်မှတစ်ပါး နှစ်သက်သည်ကို ကိုးကွယ်ကြလေကုန်။ အသင်ပြောလော့၊ စင်စစ်အမှန်တကယ် ဆုံးရှုံးနစ်နာသူများသည်ကား မိမိတို့၏အသက်ဝိညာဉ်ကိုလည်းကောင်း၊ မိမိတို့၏ အိမ်သူအိမ်သားများကိုလည်းကောင်း 'ကေယာမတ်'နေ့တော်ကြီးတွင် ဆုံးရှုံးမှုခံ ထည့်သွင်းသူများဖြစ်ကြ၏။ သတိပြုကြကုန်၊ ဤသည်ပင်လျှင် အလွန်ထင်ရှားမြင်သာသည့် ဆုံးရှုံးနစ်နာမှုဖြစ်၏။

لَهُمْ مِّنْ فَوْقِهِمْ ظُلَلٌ مِّنَ النَّارِ وَمِنْ تَحْتِهِمْ ظُلَلٌ ؕ ذٰلِكَ يُخَوِّفُ اللّٰهُ بِهٖ عِبَادَهٗ ؕ يٰعِبَادِ فَاتَّقُوْنِ ﴿۱۶﴾

၁၇။ ၎င်းတို့အတွက် ၎င်းတို့၏အပေါ်၌ မီးဖြင့်ပြီးသောအိုးရှိပေလိမ့်မည်။ ထို့အပြင် အောက်တွင်လည်း (မီး၏)အခင်းသည်ရှိပေလိမ့်မည်။ (ဆိုလိုသည်မှာ မီးသည် အဘက်ဘက်မှ ရစ်ပတ်နှောင်ဖွဲ့မှုဖြင့် သိမ်းယူပေလိမ့်မည်)။ ဤသည် အလွှာဟ်က မိမိ၏အစေတော်များကို သတိပေးနှိုးဆော်နေသော ထိုအကြောင်းရပ်ဖြစ်ပေသည်။ သို့ဖြစ်ရာ အို-ငါ၏အစေတော်အပေါင်းတို့၊ ငါအရှင်မြတ်အား ကြောက်ရွံ့ခြင်း 'တက္ကဝါ'တရားကိုသာလျှင်ကျင့်သုံးဆောက်တည်ကြလေကုန်။

وَالَّذِيْنَ اجْتَنَبُوا الطَّاغُوْتَ اَنْ يَّعْبُدُوْهَا وَاَنَابُوْٓا اِلَى اللّٰهِ لَهُمُ الْبُشْرٰى ۚ فَبَشِّرْ عِبَادِ ﴿۱۷﴾

၁၈။ ထို့ပြင် အကြင်သူတို့သည် ရုပ်တုများအား ကိုးကွယ်ခြင်းမှ ရှောင်ကြဉ်ကြ၍ အလွှာဟ်ဘက်သို့ ယိမ်းညွတ်ကြကုန်၏။ သူတို့အတွက် ကြီးကျယ်သော သတင်းကောင်းသည်ရှိ၏။ သို့ဖြစ်ရာ ငါ၏အစေတော်များအား သတင်းကောင်းကိုပေးပါလေ။

الَّذِيْنَ يَسْتَمِعُوْنَ الْقَوْلَ فَيَتَّبِعُوْنَ اَحْسَنَهٗ ؕ اُولٰٓئِكَ الَّذِيْنَ هَدٰىهُمُ اللّٰهُ وَ اُولٰٓئِكَ هُمْ اُولُوا الْاَلْبَابِ ﴿۱۸﴾

၁၉။ စကားကိုကြားကြရသော ထိုသူတို့သည် ၎င်းတို့အနက် အကောင်းဆုံးကို လိုက်နာကျင့်ကြံကြကုန်၏။ ဤသူများသည်သာလျှင် အလွှာဟ်က လမ်းညွှန်တော်မူသောသူများဖြစ်၏။ ထို့အပြင် ဤသူများသည်သာလျှင် အသိဉာဏ်ရှိသူများဖြစ်ကြ၏။

اَفَمَنْ حَقَّ عَلَيْهِ كَلِمَةُ الْعَذَابِ ؕ اَفَاَنْتَ

၂၀။ သို့ဖြစ်ရာ အကြင်သူအပေါ် အပြစ်ဒဏ်၏အမိန့်တော်

تُنْقِذُ مَنْ فِي النَّارِ ﴿١٩﴾

ပြည့်စုံစွာသက်ရောက်ခဲ့ပါလျှင် (ထိုသူသည် လွတ်မြောက်နိုင်ပါမည်လော။) ငရဲမီးခိုနစ်မြုပ်နေသော အကြင်သူအားလည်း အသင်သည် လွတ်မြောက်အောင်ပြုနိုင်ပါမည်လော။

لٰكِنِ الَّذِيْنَ اتَّقَوْا رَبَّهُمْ لَهُمْ غُرَفٌ مِّنْ فَوْقِهَا غُرَفٌ مَّبْنِيَّةٌ ۙ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ ۭ وَعْدَ اللّٰهِ ۭ لَا يُخْلِفُ اللّٰهُ الْمِيْعَادَ ﴿٢٠﴾

၂၀။ သို့ရာတွင် မိမိတို့၏ ဖန်ဆင်းမွေးမြူရှင်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကိုကျင့်သုံးဆောက်တည်ကြကုန်သော အကြင်သူများအတွက် ဘုံမြင့်ဆောင်များရှိ၏။ ယင်း၏အထက်တွင် နောက်ထပ်မြင့်သော ဘုံမြင့်ဆောင်များကို ပြုလုပ်ထားရှိပေဦးမည်။ ယင်းတို့၏အခြေတွင် စမ်းချောင်းများစီးဆင်းနေပေအံ့။ (ဤသည်ကို) အလ္လာဟ်က ကတိပြုထားတော်မူ၏။ အလ္လာဟ်သည် ကတိတော်ကို လွှဲဖယ်တော်မမူချေ။

اَلَمْ تَرَ اَنَّ اللّٰهَ اَنْزَلَ مِنَ السَّمَاۗءِ مَاۗءً فَسَلَكَهٗ يَنَابِيْعَ فِي الْاَرْضِ ثُمَّ يُخْرِجُ بِهٖ زَرْعًا مُّخْتَلِفًا اَلْوَانُهٗ ثُمَّ يَهِيْجُ فَتَرٰىهُ مُصْفَرًّا ثُمَّ يَجْعَلُهٗ حُطَامًا ۭ اِنَّ فِيْ ذٰلِكَ لَذِكْرٰى لِاُولِي الْاَلْبَابِ ﴿٢١﴾ ع

၂၁။ အသင်သည် မရှုမမြင်လေသလော။ အလ္လာဟ်သည် မိုးကောင်းကင်မှရေကို ရွာသွန်းပေးတော်မူ၏။ ထို့နောက် ယင်းအား ကမ္ဘာမြေတွင် စမ်းချောင်းများအသွင်ဖြင့် စီးဆင်းစေတော်မူ၏။ ထို့နောက် အရှင်မြတ်သည် ယင်းမှ အရောင်အမျိုးမျိုးရှိသော ကောက်ပဲသီးနှံများကို ထုတ်ဆောင်တော်မူ၏။ ထို့နောက် ယင်းသည် (ရင့်မှည့်လျက် သို့မဟုတ် မရင့်ဘဲလျက်) ခြောက်သွေ့သွားသောအခါ အသင်သည် ယင်းအား အဝါရောင်ဖြစ်သွားသည်ကို မြင်တွေ့ရ၏။ ထို့နောက် အရှင်မြတ်သည် ယင်းအား အစိတ်စိတ်အမွှာမွှာပြုလုပ်လိုက်ပေ၏။ မုချဧကန် ယင်း၌ အသိဉာဏ်ရှိသူတို့အဖို့ ကြီးစွာသော အဆုံးအမရှိပေသတည်း။

ရုကူး-၃

اَفَمَنْ شَرَحَ اللّٰهُ صَدْرَهٗ لِلْاِسْلَامِ فَهُوَ عَلٰي نُوْرٍ مِّنْ رَّبِّهٖ ۭ فَوَيْلٌ لِّلْقٰسِيَةِ قُلُوْبُهُمْ مِّنْ ذِكْرِ اللّٰهِ ۭ اُولٰۗىِٕكَ فِيْ ضَلٰلٍ مُّبِيْنٍ ﴿٢٢﴾

၂၂။ သို့ဖြစ်ရာ အကြင်သူ၏ရင်ကို အလ္လာဟ်က အစွမ်းလာမ်အတွက် ဖွင့်ပေးတော်မူခဲ့၏။ တစ်ဖန် သူသည် မိမိ၏ ဖန်ဆင်းမွေးမြူရှင်ထံတော်မှ အလင်းရောင်တစ်ခုပေါ်၌(လည်း) ရပ်တည်နေ၏။ (သူသည် 'ဇိကီရ်'သတိရတသခြင်း ကင်းမဲ့နေသူများကဲ့သို့ ဖြစ်နိုင်ပါမည်လော)။ သို့ကြောင့် နှလုံးသားသည် အလ္လာဟ်အား သတိရတသမှု 'ဇိကီရ်'ပြုခြင်းမှ (ကင်းမဲ့လျက်) မာကျောသွားခဲ့သော အကြင်သူများအတွက် ပျက်စီးခြင်းဖြစ်စေသား။ ဤသူများသည်သာလျှင် ပွင့်လင်းထင်ရှားသော လမ်းလွဲမှု၌ရှိကြကုန်၏။

اَللّٰهُ نَزَّلَ اَحْسَنَ الْحَدِيْثِ كِتٰبًا مُّتَشَابِهًا مَّثَانِيَ ۤ تَقْشَعِرُّ مِنْهُ جُلُوْدُ الَّذِيْنَ يَخْشَوْنَ رَبَّهُمْ ۚ ثُمَّ تَلِيْنُ جُلُوْدُهُمْ وَقُلُوْبُهُمْ

၂၃။ အလ္လာဟ်သည် အကောင်းဆုံးသောဖော်ပြခြင်းကို ဆင်တူယိုးမှားဖြစ်သော၊ အကြိမ်ကြိမ်ဖတ်ရွတ်ရသော ကျမ်းတစ်စောင်အသွင်ဖြင့် ပို့ချတော်မူ၏။ ယင်းအားဖြင့် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ကို ကြောက်ရွံ့ကြသောသူတို့၏ အရေခွံ

اِلٰى ذِكْرِ اللّٰهِ ؕ ذٰلِكَ هُدَى اللّٰهِ يَهْدِىْ بِهٖ مَنْ يَّشَآءُ ؕ وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ هَادٍ ۝٢٣

များသည် တုန်ခါခဲ့လေသည်။ ထို့နောက် ၎င်းတို့၏ အရေခွံများနှင့် ၎င်းတို့၏နှလုံးသားတို့သည် အလွှာဟ်အား အောက်မေ့တသ သတိရခြင်းဘက်သို့(ယိမ်းညွတ်လျက်) နူးညံ့ပျော့ပြောင်းသွားကြသည်။ ဤသည် အလွှာဟ်၏လမ်းညွှန်တော်ဖြစ်၏။ အရှင်မြတ်သည် ဤသည်အားဖြင့် မိမိနှစ်လို့တော်မူသောသူအား လမ်းညွှန်တော်မူ၏။ ထို့ပြင် အကြင်သူအား အလွှာဟ်က လမ်းလွဲသူအဖြစ်သတ်မှတ်လျှင် ထိုသူအား လမ်းညွှန်မည့်သူ မည်သူမျှမရှိချေ။

اَفَمَنْ يَّتَّقِىْ بِوَجْهِهٖ سُوْٓءَ الْعَذَابِ يَوْمَ الْقِيٰمَةِ ؕ وَقِيْلَ لِلظّٰلِمِيْنَ ذُوْقُوْا مَا كُنْتُمْ تَكْسِبُوْنَ ۝٢٤

၂၅။ သို့ဖြစ်ရာ'ကေယာမတ်'နေ့တော်ကြီးတွင် ပြင်းထန်သော အပြစ်ဒဏ်မှ လွတ်မြောက်ရန်အတွက် မိမိ၏မျက်နှာကိုသာဒိုင်းလွှားအဖြစ်ပြုလုပ်မည့်သူသည် (လွတ်မြောက်နိုင်ပါမည်လော)။ ထို့ပြင် အမှားကျူးလွန်ကြသူတို့အား ပြောကြားခြင်းခံရမည်မှာ အသင်တို့ရှာဖွေရယူခဲ့သည်များကို မြည်းစမ်းကြကုန်လော့။

كَذَّبَ الَّذِيْنَ مِنْ قَبْلِهِمْ فَاَتٰىهُمُ الْعَذَابُ مِنْ حَيْثُ لَا يَشْعُرُوْنَ ۝٢٥

၂၆။ ထိုသူတို့အလျင်ကလည်း လူတို့သည် မဟုတ်မမှန်ဟုစွပ်စွဲငြင်းပယ်ခဲ့ကြပေရာ အပြစ်ဒဏ်သည် ယင်းတို့ မထင်မှတ်သောဘက်မှ ရောက်ရှိ၍လာခဲ့ပေသည်။

فَاَذَاقَهُمُ اللّٰهُ الْخِزْىَ فِى الْحَيٰوةِ الدُّنْيَا ۚ وَلَعَذَابُ الْاٰخِرَةِ اَكْبَرُ ۘ لَوْ كَانُوْا يَعْلَمُوْنَ ۝٢٦

၂၇။ သို့ဖြစ်ရာ အလွှာဟ်သည် ယင်းတို့အား ဤလောကီဘဝတွင်လည်း ဂုဏ်သရေယုတ်လျော့ခြင်း၏ အရသာကို မြည်းစမ်းစေတော်မူခဲ့၏။ အကယ်ပင် နောင်တမလွန်၏ အပြစ်ဒဏ်သည် ပို၍ကြီးမားလှ၏။ ၎င်းတို့သိကြလျှင်ကောင်းပေစွ။

وَلَقَدْ ضَرَبْنَا لِلنَّاسِ فِىْ هٰذَا الْقُرْاٰنِ مِنْ كُلِّ مَثَلٍ لَّعَلَّهُمْ يَتَذَكَّرُوْنَ ۝٢٧

၂၈။ ထို့ပြင် ဧကန်မုချ ငါတို့သည် ဤ'ကုရ်အာန်'ကျမ်းတော်၌ အမျိုးစုံသော ဥပမာများကို ဖော်ပြတော်မူခဲ့ပေသည်။ သို့ဖြင့် ယင်းတို့ သင်ခန်းစာရယူကြရန်ဖြစ်၏။

قُرْاٰنًا عَرَبِيًّا غَيْرَ ذِىْ عِوَجٍ لَّعَلَّهُمْ يَتَّقُوْنَ ۝٢٨

၂၉။ ဝေါဟာရကြွယ်၍ အဓိပ္ပာယ်နက်ရှိုင်းသော အလွန်ကြီးကျယ်လှသည့် 'ကုရ်အာန်'ကျမ်းတော်၊ ယင်း၌ မည်သည့်ကွေ့ကောက်မှုမျှ မပါရှိချေ။ သို့ဖြင့် ယင်းတို့သည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်သုံးဆောက်တည်ကြရန်ဖြစ်၏။

ضَرَبَ اللّٰهُ مَثَلًا رَّجُلًا فِيْهِ شُرَكَآءُ مُتَشٰكِسُوْنَ وَرَجُلًا سَلَمًا لِّرَجُلٍ ؕ هَلْ يَسْتَوِيٰنِ مَثَلًا ؕ اَلْحَمْدُ لِلّٰهِ ۚ بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ۝٢٩

၃၀။ အလွှာဟ်သည် ပုဂ္ဂိုလ်တစ်ဦး၏ဥပမာကို ဖော်ပြတော်မူ၏။ ထိုသူ၌ တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲ၍ မသင့်မြတ်သောသခင်များစွာရှိ၏။ ထို့ပြင် အခြားပုဂ္ဂိုလ်တစ်ဦးသည်ကား လုံးဝဥဿုံတစ်ဦးတည်းပိုင်ဖြစ်၏။ ထိုသူနှစ်ဦးတို့သည် မိမိတို့၏အခြေအနေအားဖြင့် တူညီနိုင်ကြပါမည်လော။ ပြီးပြည့်စုံသည့် ခီးမွမ်းထောမနာခြင်းဟူသမျှတို့သည် အလွှာဟ်အဖို့သာ

ဖြစ်၏။ (သို့ရာတွင်) အမှန်သော်ကား ယင်းတို့အနက်မှ အများစုသည် မသိရှိကြချေ။

اِنَّكَ مَيِّتٌ وَّ اِنَّهُمْ مَّيِّتُوْنَ ﴿۳۰﴾

၃၀။ ဧကန်ပင် အသင်သည်လည်း သေဆုံးရမည့်သူဖြစ်၏။ ထို့အတူ အမှန်ပင် ၎င်းတို့သည်လည်း သေဆုံးရမည့်သူများဖြစ်ကြ၏။

ثُمَّ اِنَّكُمْ يَوْمَ الْقِيٰمَةِ عِنْدَ رَبِّكُمْ تَخْتَصِمُوْنَ ﴿۳۱﴾ ع

၃၁။ ထို့နောက် ဧကန်မလွဲ အသင်တို့သည် 'ကယာမတ်' နေ့တွင် မိမိတို့၏ ဖန်ဆင်းမွေးမြူရှင်ရှေ့မှောက်တွင် တစ်ဦးနှင့်တစ်ဦး အငြင်းအခုန်ပြုကြပေအံ့သတည်း။

ရုကူး-၄

فَمَنْ اَظْلَمُ مِمَّنْ كَذَبَ عَلَى اللّٰهِ وَ كَذَّبَ بِالصِّدْقِ اِذْ جَآءَهٗ ؕ اَلَيْسَ فِيْ جَهَنَّمَ مَثْوًى لِّلْكٰفِرِيْنَ ﴿۳۲﴾

၃၂။ သို့ဖြစ်ရာ ထိုသူထက်ပို၍မတရားပြုသူ မည်သူရှိအံ့နည်း။ ထိုသူသည် အလ္လာဟ်အားအကြောင်းခံ၍ လိမ်ဆယ်ပြောဆို၏။ ထို့ပြင် အမှန်တရားသည် သူ့ထံသို့ ရောက်ရှိလာသောအခါ ယင်းကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်၏။ မယုံကြည်ငြင်းပယ်သူများအတွက် 'ဂျဟန္နမ်'ငရဲတွင် နေရာထိုင်ခင်းမရှိပေသလော။

وَالَّذِيْ جَآءَ بِالصِّدْقِ وَصَدَّقَ بِهٖٓ اُولٰٓئِكَ هُمُ الْمُتَّقُوْنَ ﴿۳۳﴾

၃၃။ ထို့ပြင် အကြင်သူသည် အမှန်တရားကို ယူဆောင်၍လာ၏။ ထို့ပြင် (အကြင်သူသည်) ယင်း(အမှန်တရား)ကို မှန်ကန်ကြောင်းထောက်ခံ၏။ ဤသူများသည်သာလျှင် ဖြူစင်ဖြောင့်မတ်သူ 'မွတ္တကီ'များဖြစ်ကြ၏။

لَهُمْ مَّا يَشَآءُوْنَ عِنْدَ رَبِّهِمْ ؕ ذٰلِكَ جَزٰٓؤُا الْمُحْسِنِيْنَ ﴿۳۴﴾

၃၄။ ၎င်းတို့အတွက် သူတို့၏ ဖန်ဆင်းမွေးမြူရှင်ထံတော်တွင် ၎င်းတို့အလိုရှိသမျှတို့သည် ရှိပေအံ့။ ဤသည် ကောင်းမြတ်သောအကျင့်သီလကို ကျင့်ကြံဆောက်တည်သူတို့အား တုံ့ပြန်အစားပေးခြင်းပင်ဖြစ်၏။

لِيُكَفِّرَ اللّٰهُ عَنْهُمْ اَسْوَاَ الَّذِيْ عَمِلُوْا وَيَجْزِيَهُمْ اَجْرَهُمْ بِاَحْسَنِ الَّذِيْ كَانُوْا يَعْمَلُوْنَ ﴿۳۵﴾

၃၅။ သို့မှသာ ၎င်းတို့ ကျင့်ကြံပြုလုပ်ခဲ့သည့် အဆိုးရွားဆုံးသော အကျင့်အကြံများ(၏သက်ရောက်မှုများ)အား အလ္လာဟ်သည် ၎င်းတို့ထံမှ ဖယ်ရှားပေးရန်နှင့် ၎င်းတို့ပြုလုပ်ခဲ့သည့် အကောင်းဆုံးသော အကျင့်သီလနှင့်လျော်ညီစွာ ၎င်းတို့အားယင်း၏အကျိုးဆုလာဘ်ကို ပေးကမ်းချီးမြှင့်နိုင်ရန်ဖြစ်၏။

اَلَيْسَ اللّٰهُ بِكَافٍ عَبْدَهٗ ؕ وَيُخَوِّفُوْنَكَ بِالَّذِيْنَ مِنْ دُوْنِهٖ ؕ وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ هَادٍ ﴿۳۶﴾

၃၆။ အလ္လာဟ်သည် မိမိ၏အစေတော်အတွက်မလုံလောက်ပေသလော။ ထို့ပြင် ထိုသူတို့က အရှင်မြတ်မှတစ်ပါးဖြစ်သော အရာများဖြင့် အသင့်အား ခြောက်လှန့်ကြ၏။ ထို့ပြင် အကြင်သူအား အလ္လာဟ်က လမ်းလွဲသူဟု သတ်မှတ်သော် ထိုသူအတွက် လမ်းညွှန်ပေးမည့်သူ မည်သူမျှမရှိချေ။

وَمَنْ يَّهْدِ اللّٰهُ فَمَا لَهٗ مِنْ مُّضِلٍّ ؕ اَلَيْسَ

၃၈။ ထို့ပြင် အကြင်သူအား အလ္လာဟ်က လမ်းညွှန်တော်မူလိုက်သော် ထိုသူအားမည်သူမျှလမ်းလွဲစေနိုင်မည်မဟုတ်ချေ။

اللّٰهُ بِعَزِيْزٍ ذِى انْتِقَامٍ ۝

အသို့နည်း၊ အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်(နှင့်) တုံ့ပြန်အပြစ်ပေးတော်မူသောအရှင် မဟုတ်ပေသလော။

وَلَئِنْ سَاَلْتَهُمْ مَّنْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ لَيَقُوْلُنَّ اللّٰهُ ؕ قُلْ اَفَرَءَيْتُمْ مَّا تَدْعُوْنَ مِنْ دُوْنِ اللّٰهِ اِنْ اَرَادَنِىَ اللّٰهُ بِضُرٍّ هَلْ هُنَّ كٰشِفٰتُ ضُرِّهٖۤ اَوْ اَرَادَنِىْ بِرَحْمَةٍ هَلْ هُنَّ مُمْسِكٰتُ رَحْمَتِهٖ ؕ قُلْ حَسْبِىَ اللّٰهُ ؕ عَلَيْهِ يَتَوَكَّلُ الْمُتَوَكِّلُوْنَ ۝

၃၉။ ထို့ပြင် အကယ်၍ အသင်သည် ယင်းတို့အား မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို မည်သူဖန်ဆင်းခဲ့သနည်းဟု မေးမြန်းပါလျှင် ယင်းတို့က 'အလ္လာဟ်'ဟု အမှန်ပင် ပြောကြပေလိမ့်မည်။ အသင်သည် ယင်းတို့အား ပြောပါလေ။ စဉ်းစားကြကုန်။ အကယ်၍ အလ္လာဟ်သည် ကျွန်ုပ်အား တစ်စုံတစ်ရာ ဆုံးရှုံးနစ်နာစေလိုတော်မူခဲ့လျှင် အသင်တို့က အလ္လာဟ်မှတစ်ပါး ဟစ်ခေါ်တမ်းတကြကုန်သောအရာတို့သည် အရှင်မြတ်(ဖြစ်ပွားစေတော်မူသော) ဘေးဒုက္ခကို ကင်းဝေးစေနိုင်ပါမည်လော။ သို့တည်းမဟုတ် အကယ်၍ အရှင်မြတ်သည် ကျွန်ုပ်နှင့်စပ်လျဉ်း၍ ကရုဏာတော်ကို လိုလားတော်မူပါလျှင် ယင်းတို့သည် ထိုအရှင်၏ကရုဏာတော်ကို တားဆီးနိုင်ကြပါမည်လော။ အသင်ပြောကြားပါလေ။ ကျွန်ုပ်အတွက် အလ္လာဟ်သည် လုံလောက်တော်မူ၏။ ထိုအရှင်မြတ်အားသာလျှင် ယုံပုံလွဲအပ်သူတို့သည် ယုံပုံလွဲအပ်ကြကုန်၏။

قُلْ يٰقَوْمِ اعْمَلُوْا عَلٰى مَكَانَتِكُمْ اِنِّىْ عَامِلٌ ۚ فَسَوْفَ تَعْلَمُوْنَ ۝

၄၀။ အသင်ပြောကြားပါလေ။ အို-ကျွန်ုပ်၏အမျိုးသားအပေါင်းတို့ အသင်တို့သည် မိမိတို့၏အခြေအနေတွင် လုပ်နိုင်သည်များကို လုပ်ကိုင်လျက်နေကြကုန်။ ကျွန်ုပ်သည်လည်း လုပ်ကိုင်လျက်နေမည်ဖြစ်၏။ သို့ဖြစ်ရာ အသင်တို့သည် မကြာမီ သိရှိကြရပေအံ့။

مَنْ يَّاْتِيْهِ عَذَابٌ يُّخْزِيْهِ وَ يَحِلُّ عَلَيْهِ عَذَابٌ مُّقِيْمٌ ۝

၄၀။ (ယင်းမှာ) အကြင်သူအား ဂုဏ်သရေယုတ်လျော့စေမည့်ပြစ်ဒဏ်သည် မည်သူထံ ဆိုက်ရောက်လာမည့်အကြောင်းနှင့် ရောက်ရှိတည်တံ့သွားမည့် ပြစ်ဒဏ်သည် မည်သူထံ ဆိုက်ရောက်လာမည့်အကြောင်းဖြစ်၏။

اِنَّاۤ اَنْزَلْنَا عَلَيْكَ الْكِتٰبَ لِلنَّاسِ بِالْحَقِّ ۚ فَمَنِ اهْتَدٰى فَلِنَفْسِهٖ ۚ وَمَنْ ضَلَّ فَاِنَّمَا يَضِلُّ عَلَيْهَا ۚ وَمَاۤ اَنْتَ عَلَيْهِمْ بِوَكِيْلٍ ۝

၄၁။ စင်စစ် ငါတို့သည် အသင့်အား လူသားများ၏ အကျိုးအတွက် အမှန်တရားနှင့်အတူ ကျမ်းတော်ကိုပို့ချတော်မူ၏။ သို့ဖြစ်ရာ အကြင်မည်သူမဆို လမ်းမှန်ကိုရရှိပါလျှင် မိမိ၏စိတ်ဝိညာဉ်၏ အကျိုးအတွက်သာလျှင် လမ်းမှန်ကိုရရှိခြင်းဖြစ်၏။ ထို့ပြင် အကြင်မည်သူမဆို လမ်းလွဲခဲ့ပါလျှင် ယင်း(စိတ်ဝိညာဉ်)အားဆန့်ကျင်လျက်သာ လမ်းလွဲခြင်းဖြစ်ပေသည်။ ထို့ပြင် အသင်သည် ၎င်းတို့အား စောင့်ကြပ်ရသူ မဟုတ်ချေတည်း။

ရုကူ-၅

اَللّٰهُ يَتَوَفَّى الْاَنْفُسَ حِيْنَ مَوْتِهَا وَالَّتِىْ

၄၂။ အလ္လာဟ်သည် အသက်ဝိညာဉ်များကို ၎င်းတို့သေဆုံး

لَمْ تَمُتْ فِيْ مَنَامِهَا ۚ فَيُمْسِكُ الَّتِيْ قَضٰى عَلَيْهَا الْمَوْتَ وَيُرْسِلُ الْاُخْرٰٓى اِلٰٓى اَجَلٍ مُّسَمًّى ۭ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّتَفَكَّرُوْنَ ۝

သောအချိန်တွင် နုတ်သိမ်းတော်မူ၏။ ထို့ပြင် မသေဆုံးရသေးသည့်သူများအား ၎င်းတို့၏ အိပ်စက်နေသည့်အခြေအနေတွင်(နုတ်သိမ်းတော်မူ၏)။ သို့ဖြစ်ရာ အကြင်သူအတွက် သေခြင်းကိုဆုံးဖြတ်တော်မူသော် ယင်းအား တားဆီးထားလိုက်ပေသည်။ ထို့ပြင် ကျန်သည်တို့ကို သတ်မှတ်ထားသည့်အချိန်ကာလတစ်ရပ်အတွက် (ပြန်လည်၍) လွှတ်ပေးတော်မူ၏။ စင်စစ် ယင်း၌ စဉ်းစားဆင်ခြင်သူများအတွက် များစွာသောနိမိတ်လက္ခဏာများသည်ရှိ၏။

اَمِ اتَّخَذُوْا مِنْ دُوْنِ اللّٰهِ شُفَعَاۗءَ ۭ قُلْ اَوَلَوْ كَانُوْا لَا يَمْلِكُوْنَ شَيْـــًٔا وَّلَا يَعْقِلُوْنَ ۝

၄၄။ ယင်းတို့သည် အလ္လာဟ်၏အလိုတော်နှင့်ဆန့်ကျင်လျက် ကြားဝင်လျှောက်လဲသူကို မိမိတို့အတွက် ထားရှိကြပေသလော။ အသင်ပြောကြားပါလေ၊ စင်စစ်သော်ကား ၎င်းတို့သည် မည်သည့်အရာကိုမျှမပိုင်ဆိုင်ကြသည့်အပြင် မည်သည့်အသိဉာဏ်ကိုမျှ မထားရှိကြသည့်အခြေအနေ၌ပင် (ကြားဝင်လျှောက်လဲစေမည်)လော။

قُلْ لِّلّٰهِ الشَّفَاعَةُ جَمِيْعًا ۭ لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ۭ ثُمَّ اِلَيْهِ تُرْجَعُوْنَ ۝

၄၅။ အသင်ပြောကြားပါလေ။ ကြားဝင်လျှောက်လဲအသနားခံခြင်း(၏အရေးကိစ္စ)အလုံးစုံတို့သည် အလ္လာဟ်၏အခွင့်အာဏာတွင်သာရှိပေသည်။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ စိုးမိုးအုပ်ချုပ်မှုအာဏာသည် အရှင်မြတ်အဖို့သာဖြစ်၏။ ထို့နောက် အသင်တို့သည် အရှင်မြတ်ထံတော်သို့သာလျှင် ပြန်လည်၍ သွားကြရပေအံ့။

وَاِذَا ذُكِرَ اللّٰهُ وَحْدَهُ اشْمَاَزَّتْ قُلُوْبُ الَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ ۚ وَاِذَا ذُكِرَ الَّذِيْنَ مِنْ دُوْنِهٖٓ اِذَا هُمْ يَسْتَبْشِرُوْنَ ۝

၄၆။ ထို့ပြင် အလ္လာဟ်တစ်ပါးတည်းကိုသာလျှင် သတိရတသခြင်း'ဇိကိရ်'ပြုလုပ်သည့်အခါ နောင်တမလွန်အား သက်ဝင်ယုံကြည်ခြင်းမရှိကြသောသူတို့၏ စိတ်နှလုံးများသည် မနှစ်မြို့ကြချေ။ သို့သော် ထိုအရှင်မြတ်မှတစ်ပါး အခြားသောအရာများအား သတိရတသသည့်အခါ ယင်းတို့သည် လွန်စွာဝမ်းမြောက်ပျော်ရွှင်ကြ၏။

قُلِ اللّٰهُمَّ فَاطِرَ السَّمٰوٰتِ وَالْاَرْضِ عٰلِمَ الْغَيْبِ وَالشَّهَادَةِ اَنْتَ تَحْكُمُ بَيْنَ عِبَادِكَ فِيْ مَا كَانُوْا فِيْهِ يَخْتَلِفُوْنَ ۝

၄၇။ အသင်ပြောကြားပါလေ။ အို-အလ္လာဟ်၊ မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူသောအရှင်၊ အကွယ်နှင့်မျက်မှောက်တို့ကို သိတော်မူသောအရှင်၊ အရှင်မြတ်သည် မိမိအစေတော်များ၏အကြားတွင် ၎င်းတို့ ကွဲပြားခြားနားမှုပြုကြသည့်အရေးကိစ္စ(တိုင်း)အား စီရင်ဆုံးဖြတ်တော်မူမည်ဖြစ်ပါ၏။

وَلَوْ اَنَّ لِلَّذِيْنَ ظَلَمُوْا مَا فِي الْاَرْضِ جَمِيْعًا وَّمِثْلَهٗ مَعَهٗ لَافْتَدَوْا بِهٖ مِنْ سُوْۗءِ الْعَذَابِ يَوْمَ الْقِيٰمَةِ ۭ وَبَدَا لَهُمْ مِّنَ اللّٰهِ

၄၈။ ထို့ပြင် မတရားကျူးလွန်ခဲ့ကြသောသူတို့သည် အကယ်၍ ၎င်းတို့တွင် ကမ္ဘာမြေပေါ်ရှိသမျှ အလုံးစုံတို့အပြင် ထိုမျှလောက် နောက်ထပ်ရှိပေငြားအံ့။ အမှန်ပင် သူတို့သည် ယင်းအား 'ကေယာမတ်'နေ့တော်ကြီး၏ ပြင်းထန်သောအပြစ်ဒဏ်

مَالَهُمْ يَكُوْنُوْا يَحْتَسِبُوْنَ ۝

မှ လွတ်မြောက်ရန်အတွက် 'ဖစ်ဒယာ'ရွေးယူရန် အဖိုးအခအ ဖြစ် ပေးကြမည်သာဖြစ်၏။ ထို့ပြင် ၎င်းတို့အတွက် အလ္လာဟ်၏ထံတော်မှ သူတို့ ထင်မှတ်လေ့မရှိခဲ့သည်များကို ထုတ်ဖော်တော်မူမည်ဖြစ်၏။

وَبَدَا لَهُمْ سَيِّاٰتُ مَا كَسَبُوْا وَحَاقَ بِهِمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ۝

၄၉။ ထို့ပြင် ၎င်းတို့ ရှာဖွေဆည်းပူးခဲ့သည်များ၏ မကောင်းမှုများသည် ၎င်းတို့အဖို့ ထင်ရှားပေါ်လွင်လာပေမည်။ ထို့ပြင် ၎င်းတို့ ပြောင်လှောင်လေ့ရှိခဲ့သည်များသည် ၎င်းတို့အား ဝန်းရံထားပေအံ့။

فَاِذَا مَسَّ الْاِنْسَانَ ضُرٌّ دَعَانَا ۫ ثُمَّ اِذَا خَوَّلْنٰهُ نِعْمَةً مِّنَّا ۬ قَالَ اِنَّمَآ اُوْتِيْتُهٗ عَلٰى عِلْمٍ ۭ بَلْ هِيَ فِتْنَةٌ وَّلٰكِنَّ اَكْثَرَهُمْ لَا يَعْلَمُوْنَ ۝

၅၀။ သို့ဖြစ်ရာ လူသားအား တစ်စုံတစ်ရာသော ဘေးဒုက္ခ ထိတွေ့သည့်အခါ ငါတို့အား ဟစ်ခေါ်တမ်းတကြ၏။ ထို့နောက် ငါတို့သည် သူ့အား မိမိထံတော်မှ တစ်စုံတစ်ရာသော ကောင်းချီးဆုလာဘ်ကို ပေးကမ်းချီးမြှင့်သည့်အခါ ဤသည် ကျွန်ုပ်အား ပညာတစ်ရပ်အပေါ် အခြေခံ၍သာ ပေးခြင်းဖြစ်သည်ဟုဆိုပေသည်။ အမှန်သော်ကား ဤသည် ကြီးမားသည့် စမ်းသပ်မှုတစ်ရပ်ပင်ဖြစ်၏။ သို့ရာတွင် ၎င်းတို့အနက်မှ အများစုသည် မသိကြချေ။

قَدْ قَالَهَا الَّذِيْنَ مِنْ قَبْلِهِمْ فَمَآ اَغْنٰى عَنْهُمْ مَّا كَانُوْا يَكْسِبُوْنَ ۝

၅၁။ ဧကန်မလွဲ ၎င်းတို့အလျင်ရှိခဲ့ကြကုန်သော သူတို့သည်လည်း ဤသည့်စကားကိုသာဆိုခဲ့ကြ၏။ သို့ဖြစ်ရာ ၎င်းတို့ ရှာဖွေဆည်းပူးခဲ့သည်များမှာ ၎င်းတို့အဖို့ မည်သို့မျှ အသုံးမဝင်ခဲ့ချေ။

فَاَصَابَهُمْ سَيِّاٰتُ مَا كَسَبُوْا ۭ وَالَّذِيْنَ ظَلَمُوْا مِنْ هٰٓؤُلَآءِ سَيُصِيْبُهُمْ سَيِّاٰتُ مَا كَسَبُوْا ۬ وَمَا هُمْ بِمُعْجِزِيْنَ ۝

၅၂။ သို့ဖြစ်ရာ ၎င်းတို့ရှာဖွေဆည်းပူးသည့် မကောင်းမှုများသည်ပင် ၎င်းတို့၌သက်ရောက်ခဲ့၏။ ထို့ပြင် ဤသူများအနက်မှ မတရားပြုကျင့်ကြကုန်သောသူများကိုလည်း သူတို့၏ အကျင့်အမူများ၏ ဆိုးရွားသောရလဒ်များသည် အမှန်ပင် သက်ရောက်ပေအံ့။ ထို့ပြင် ၎င်းတို့သည် (အလ္လာဟ်အား) မစွမ်းဆောင်နိုင်အောင် ပြုနိုင်ကြမည်မဟုတ်ချေ။

اَوَلَمْ يَعْلَمُوْٓا اَنَّ اللّٰهَ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ وَيَقْدِرُ ۭ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يُّؤْمِنُوْنَ ۝ ع

၅၃။ ၎င်းတို့ မသိကြပေသလော။ အလ္လာဟ်သည် မိမိ အလိုရှိတော်မူသောသူအတွက် 'ရီဇိုက်'ရိကွာကို ကျယ်ပြောအောင် ပြုလုပ်ပေးတော်မူ၏။ ထို့ပြင် ကျပ်တည်းစေတော်မူသည်လည်းရှိ၏။ ဧကန်ပင် ယင်း၌ သက်ဝင်ယုံကြည်သူတို့အတွက် ကြီးကျယ်သောနိမိတ်လက္ခဏာများရှိပေသတည်း။

ရုကူ-၆

قُلْ يٰعِبَادِيَ الَّذِيْنَ اَسْرَفُوْا عَلٰٓى اَنْفُسِهِمْ لَا تَقْنَطُوْا مِنْ رَّحْمَةِ اللّٰهِ ۭ اِنَّ اللّٰهَ

၅၄။ အသင်ပြောကြားပါလေ။ အို-မိမိတို့၏ အသက်ဝိညာဉ်များအပေါ် လွန်ကျူးမှုပြုခဲ့ကြကုန်သော ငါ၏အစေတော်အပေါင်းတို့၊ အလ္လာဟ်၏ကရုဏာတော်မှ စိတ်ပျက်လက်လျှော့ခြင်းမရှိကြကုန်လင့်။ ဧကန်မလွဲ အလ္လာဟ်သည် အပြစ်

يَغْفِرُ الذُّنُوْبَ جَمِيْعًا ۗ اِنَّهٗ هُوَ الْغَفُوْرُ الرَّحِيْمُ ﴿٥٣﴾

အလုံးစုံကို ခွင့်လွှတ်နိုင်တော်မူ၏။ ဧကန်ပင် အရှင်မြတ်သည် သာလျှင် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَاَنِيْبُوْٓا اِلٰى رَبِّكُمْ وَاَسْلِمُوْا لَهٗ مِنْ قَبْلِ اَنْ يَّاْتِيَكُمُ الْعَذَابُ ثُمَّ لَا تُنْصَرُوْنَ ﴿٥٤﴾

၅၅။ စင်စစ် အသင်တို့ထံ ပြစ်ဒဏ်ဆိုက်ရောက်မလာမီအလျင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ဘက်သို့ ညွတ်လျက် ထိုအရှင်မြတ်အား ကျိုးနွံနာခံကြကုန်လော့။ ထို့သည့်နောက်သော် အသင်တို့သည် အကူအညီ တစ်စုံတစ်ရာကိုမျှ ပေးခြင်းခံရလိမ့်မည်မဟုတ်ချေ။

وَاتَّبِعُوْٓا اَحْسَنَ مَآ اُنْزِلَ اِلَيْكُمْ مِّنْ رَّبِّكُمْ مِّنْ قَبْلِ اَنْ يَّاْتِيَكُمُ الْعَذَابُ بَغْتَةً وَّاَنْتُمْ لَا تَشْعُرُوْنَ ﴿٥٥﴾

၅၆။ ထို့ပြင် အသင်တို့ ခံစားသိမြင်ခြင်းပင်မရှိသည့်အချိန်၌ ပြစ်ဒဏ်သည် ရုတ်ခြည်းပင် အသင်တို့အား ဖမ်းဆီးခြင်းမပြုမီ အလျင် အသင်တို့ထံ အသင်တို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ပို့ချခဲ့သည်များမှ အကောင်းဆုံးသောအစိတ်အပိုင်းကို လိုက်နာကျင့်ကြံကြလေကုန်။

اَنْ تَقُوْلَ نَفْسٌ يّٰحَسْرَتٰى عَلٰى مَا فَرَّطْتُّ فِيْ جَنْۢبِ اللّٰهِ وَاِنْ كُنْتُ لَمِنَ السّٰخِرِيْنَ ﴿٥٦﴾

၅၇။ မည်သည့်ပုဂ္ဂိုလ်ကမျှ ဤသို့ပြောဆိုခြင်းမပြုရန်ဖြစ်၏။ အလ္လာဟ်၏နံဘေးတော်တွင် (အရှင့်မြင်ကွင်းရှေ့တော်မှောက်၌) ကျွန်ုပ်ပြုလုပ်နေခဲ့သည့် ထိုပေါ့လျော့လစ်ဟင်းမှုများအတွက် ဝမ်းနည်းဖွယ်ကောင်းလေစွ၊ ထို့ပြင် ကျွန်ုပ်သည်ကား လှောင်ပြောင်သရော်သူများအနက်မှသာ ဖြစ်ခဲ့ပေသည်။

اَوْ تَقُوْلَ لَوْ اَنَّ اللّٰهَ هَدٰىنِيْ لَكُنْتُ مِنَ الْمُتَّقِيْنَ ﴿٥٧﴾

၅၈။ သို့တည်းမဟုတ် အကယ်၍သာ အလ္လာဟ်ကကျွန်ုပ်အား လမ်းညွှန်တော်မူခဲ့ပါလျှင် ကျွန်ုပ်သည် အမှန်ပင် 'မွတ္တကီ' ဖြူစင်ဖြောင့်မတ်သူများအနက်မှဖြစ်ခဲ့ပါမည်ဟု ပြောဆိုခြင်းမှလည်းကောင်း။

اَوْ تَقُوْلَ حِيْنَ تَرَى الْعَذَابَ لَوْ اَنَّ لِيْ كَرَّةً فَاَكُوْنَ مِنَ الْمُحْسِنِيْنَ ﴿٥٨﴾

၅၉။ သို့တည်းမဟုတ် ထိုသူသည် အပြစ်ဒဏ်ကို မြင်တွေ့ရသည့်အခါ အကယ်၍ တစ်ကြိမ်ပြန်လှည့်သွားရန် ဖြစ်နိုင်လျှင်ကောင်းပေစွ။ ကျွန်ုပ်သည် အမှန်ပင် ကောင်းမှုပြုသူများအနက်မှဖြစ်ပေမည်ဟု ပြောဆိုခြင်းမှလည်းကောင်းဖြစ်၏။

بَلٰى قَدْ جَآءَتْكَ اٰيٰتِيْ فَكَذَّبْتَ بِهَا وَاسْتَكْبَرْتَ وَكُنْتَ مِنَ الْكٰفِرِيْنَ ﴿٥٩﴾

၆၀။ အဘယ့်ကြောင့် မဟုတ်ရမည်နည်း၊ စင်စစ်ဧကန်အသင့်ထံ ငါအရှင်မြတ်ထံတော်မှ နိမိတ်လက္ခဏာတော်များ ရောက်လာခဲ့၏။ ထို့ပြင် အသင်သည် ယင်းအား မဟုတ်မမှန်ဟုစွပ်စွဲငြင်းပယ်ခဲ့ပေသည်။ ထို့ပြင် မောက်မာထောင်လွှားခဲ့၏။ စင်စစ် အသင်သည် မယုံကြည်သူများအနက်မှ ဖြစ်ခဲ့ပေသည်။

وَيَوْمَ الْقِيٰمَةِ تَرَى الَّذِيْنَ كَذَبُوْا عَلَى اللّٰهِ وُجُوْهُهُمْ مُّسْوَدَّةٌ ۭ اَلَيْسَ فِيْ جَهَنَّمَ مَثْوًى لِّلْمُتَكَبِّرِيْنَ ﴿٦٠﴾

၆၁။ ထို့ပြင် 'ကေယာမတ်'နေ့တော်ကြီးတွင် အသင်သည် အလ္လာဟ်အပေါ် မုသားယိုးစွပ်သူများ၏ မျက်နှာများ မည်းနက်လျက်ရှိသည်ကို တွေ့ရပေအံ့။ အသို့နည်း၊ 'ဂျဟန္နမ်'ငရဲတွင် မာန်မာနထောင်လွှားသူများအတွက် နေရာထိုင်ခင်း မရှိပေသလော။

وَيُنَجِّي اللّٰهُ الَّذِيْنَ اتَّقَوْا بِمَفَازَتِهِمْ ۖ لَا يَمَسُّهُمُ السُّوْٓءُ وَلَا هُمْ يَحْزَنُوْنَ ۝

၆၂။ ထို့ပြင် အလ္လာဟ်သည် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်သုံးဆောက်တည်ကြကုန်သောသူတို့အား ၎င်းတို့၏ အောင်မြင်ခြင်းနှင့်အတူ ကယ်တင်တော်မူမည်ဖြစ်၏။ သူတို့အား တစ်စုံတစ်ရာသော ဆင်းရဲဒုက္ခမျှ သက်ရောက်လိမ့်မည်မဟုတ်။ ထို့ပြင် သူတို့သည် ကြေကွဲဝမ်းနည်းကြရမည်လည်းမဟုတ်ချေ။

اَللّٰهُ خَالِقُ كُلِّ شَيْءٍ ۫ وَّهُوَ عَلٰى كُلِّ شَيْءٍ وَّكِيْلٌ ۝

၆၃။ အလ္လာဟ်သည် အရာရာတိုင်းကို ဖန်ဆင်းတော်မူသော အရှင်ဖြစ်တော်မူ၏။ ထို့ပြင် အရှင်မြတ်သည် အရာရာတိုင်းအပေါ် စောင့်ကြပ်သူဖြစ်တော်မူ၏။

لَهٗ مَقَالِيْدُ السَّمٰوٰتِ وَالْاَرْضِ ۭ وَالَّذِيْنَ كَفَرُوْا بِاٰيٰتِ اللّٰهِ اُولٰۗىِٕكَ هُمُ الْخٰسِرُوْنَ ۝

၆၄။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏သော့များကို အရှင်မြတ်သည်သာ စိုးပိုင်တော်မူ၏။ စင်စစ် အလ္လာဟ်၏ နိမိတ်လက္ခဏာတော်များအား ငြင်းပယ်ကြသူများသာလျှင် ဆုံးရှုံးကြရမည့်သူများဖြစ်ကြကုန်သတည်း။

ရုကူး-၇

قُلْ اَفَغَيْرَ اللّٰهِ تَاْمُرُوْٓنِّيْٓ اَعْبُدُ اَيُّهَا الْجٰهِلُوْنَ ۝

၆၅။ အသင်ပြောကြားပါလေ။ အလ္လာဟ်မဟုတ်သည်ကို ကိုးကွယ်ကြရန် အသင်တို့သည် ကျွန်ုပ်အား အမိန့်ပေးကြသလော။ အို-အသိဉာဏ်ကင်းမဲ့သူအပေါင်းတို့။

وَلَقَدْ اُوْحِيَ اِلَيْكَ وَاِلَى الَّذِيْنَ مِنْ قَبْلِكَ ۚ لَىِٕنْ اَشْرَكْتَ لَيَحْبَطَنَّ عَمَلُكَ وَلَتَكُوْنَنَّ مِنَ الْخٰسِرِيْنَ ۝

၆၆။ ထို့ပြင် ဧကန်စင်စစ် အသင့်ထံသို့လည်းကောင်း အသင့်အလျင်ရှိခဲ့ကြကုန်သောသူတို့ထံသို့လည်းကောင်း 'ဝဟီ' ဗျာဒိတ်ပို့ချတော်မူခဲ့သည်မှာ အကယ်၍ အသင်သည် 'ရှိရိုက်' ယှဉ်တွဲကိုးကွယ်မှုကိုပြုလုပ်ခဲ့လျှင် အမှန်ပင် အသင်၏ကျင့်ကြံမှုသည် အချည်းနှီးအကျိုးမဲ့ဖြစ်ခဲ့ပေမည်။ ထို့ပြင် အသင်သည် အမှန်ပင် ဆုံးရှုံးသူများအနက်မှ ဖြစ်သွားပေလတ္တံ့။

بَلِ اللّٰهَ فَاعْبُدْ وَكُنْ مِّنَ الشّٰكِرِيْنَ ۝

၆၇။ ထိုသို့မဟုတ်မူဘဲ အလ္လာဟ်အားသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ ထို့ပြင် ကျေးဇူးသိတတ်သူများအနက်မှ ဖြစ်ကြလေကုန်။

وَمَا قَدَرُوا اللّٰهَ حَقَّ قَدْرِهٖ ۖ وَالْاَرْضُ جَمِيْعًا قَبْضَتُهٗ يَوْمَ الْقِيٰمَةِ وَالسَّمٰوٰتُ مَطْوِيّٰتٌۢ بِيَمِيْنِهٖ ۭ سُبْحٰنَهٗ وَتَعٰلٰى عَمَّا يُشْرِكُوْنَ ۝

၆၈။ ထို့ပြင် ယင်းတို့သည် အလ္လာဟ်အား အလေးထားထိုက်သည်နှင့်အညီ အလေးမထားခဲ့ကြချေ။ ထို့ပြင် 'ကေယာမတ်' နေ့တော်ကြီးတွင် ကမ္ဘာမြေသည် အရှင်မြတ်၏ ထိန်းချုပ်မှုအောက်၌သာ လုံးလုံးလျားလျား ရှိပေလိမ့်မည်။ ထို့ပြင် မိုးကောင်းကင်များသည် အရှင်မြတ်၏လက်ယာလက်၌ လိပ်ထားလျက်ရှိလိမ့်မည်။ ထိုအရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။ ထို့ပြင် ၎င်းတို့ ယှဉ်တွဲကိုးကွယ်သည်များမှ လွန်စွာမြင့်မားတော်မူ၏။ ۝۵

۝۵ ဤအာယတ်တော်တွင် 'ကေယာမတ်'ကမ္ဘာ့နောက်ဆုံးနေ့တော်ကြီး၏ ပုံရိပ်ကိုရေးဆွဲပြသထားသည်မှာ (၁) ကေယာမတ်နေ့တွင် ကမ္ဘာမြေသည် လုံးလုံးလျားလျား အလ္လာဟ်အရှင်မြတ်၏ချုပ်ကိုင်မှုတွင်ရှိနေမည်။ (၂) ကောင်းကင်ယံတစ်ဝှန်းလုံး (၀၁)

وَنُفِخَ فِي الصُّوْرِ فَصَعِقَ مَنْ فِي السَّمٰوٰتِ وَمَنْ فِي الْاَرْضِ اِلَّا مَنْ شَآءَ اللّٰهُ ؕ ثُمَّ نُفِخَ فِيْهِ اُخْرٰى فَاِذَا هُمْ قِيَامٌ يَّنْظُرُوْنَ ۝۶۸

၆၉။ ထို့ပြင် တံပိုးခရာမှုတ်သည့်အခါ မိုးကောင်းကင်များတွင်ရှိသူတို့သည်လည်းကောင်း၊ ကမ္ဘာမြေတွင်ရှိသူတို့သည်လည်းကောင်း၊ အလ္လာဟ်အလိုတော်ရှိသူမှအပ မေ့မြော်လျက်လဲကျသွားပေအံ့။ ထို့နောက် ယင်း၌ နောက်တစ်ကြိမ် မှုတ်သည့်အခါ ရုတ်တရက် ၎င်းတို့သည် မတ်တတ်ရပ်ကာ ငေးကြည့်လျက်ရှိနေကြပေလိမ့်မည်။

وَاَشْرَقَتِ الْاَرْضُ بِنُوْرِ رَبِّهَا وَوُضِعَ الْكِتٰبُ وَجِايْٓءَ بِالنَّبِيّٖنَ وَالشُّهَدَآءِ وَقُضِيَ بَيْنَهُمْ بِالْحَقِّ وَهُمْ لَا يُظْلَمُوْنَ ۝۶۹

၆၉။ ထို့အပြင် ကမ္ဘာမြေသည် မိမိ၏ဖန်ဆင်းမွေးမြူရှင်၏ရောင်ခြည်တော်ဖြင့် လင်းဝင်းတောက်ပလျက်ရှိပေအံ့။ ထို့ပြင် အကျင့်သီလများ၏မှတ်တမ်းကို (ရှေ့မှောက်) တင်ဆက်ခြင်းခံကြရပေအံ့။ ထို့ပြင် တမန်တော်အားလုံးနှင့် သက်သေခံသူများအား ခေါ်ဆောင်၍လာပေအံ့။ ထို့ပြင် ၎င်းတို့အကြားတွင် အမှန်တရားနှင့်အတူ စီရင်ဆုံးဖြတ်ပေအံ့။ ၎င်းတို့သည် မတရားပြုခြင်းကို ခံကြရမည်မဟုတ်ချေ။

وَوُفِّيَتْ كُلُّ نَفْسٍ مَّا عَمِلَتْ وَهُوَ اَعْلَمُ بِمَا يَفْعَلُوْنَ ۝۷۰ ۚ

၇၀။ ထို့ပြင် အသက်ဝိညာဉ်တိုင်းသည် ယင်းတို့ပြုကျင့်ခဲ့သည်ကို အပြည့်အဝ အစားပေးခြင်းခံကြရပေအံ့။ ထို့ပြင် အရှင်မြတ်သည် ယင်းတို့ပြုကျင့်သည်များကို အသိရှိဆုံးဖြစ်တော်မူသတည်း။

ရုကူး-၈

وَسِيْقَ الَّذِيْنَ كَفَرُوْٓا اِلٰى جَهَنَّمَ زُمَرًا ؕ حَتّٰٓى اِذَا جَآءُوْهَا فُتِحَتْ اَبْوَابُهَا وَقَالَ لَهُمْ خَزَنَتُهَآ اَلَمْ يَاْتِكُمْ رُسُلٌ مِّنْكُمْ يَتْلُوْنَ عَلَيْكُمْ اٰيٰتِ رَبِّكُمْ وَيُنْذِرُوْنَكُمْ لِقَآءَ يَوْمِكُمْ هٰذَا ؕ قَالُوْا بَلٰى وَلٰكِنْ حَقَّتْ كَلِمَةُ الْعَذَابِ عَلَى الْكٰفِرِيْنَ ۝۷۱

၇၂။ ထို့ပြင် ငြင်းပယ်ကြကုန်သော အကြင်သူတို့အား အစုအဖွဲ့လိုက် 'ဂျဟန္နမ်' ငရဲဆီသို့ မောင်းနှင်ခြင်းကို ခံကြရပေအံ့။ နောက်ဆုံး၌ ၎င်းတို့သည် ယင်း၏အနီးသို့ ရောက်လာကြသောအခါ ယင်း၏တံခါးများ ဖွင့်လှစ်ပေးခြင်းကို ခံကြရပေမည်။ ထို့ပြင် ယင်း၏အစောင့်များက ၎င်းတို့အား ပြောဆိုကြမည်မှာ အသင်တို့ထံ အသင်တို့အနက်မှပင် အသင်တို့အား ဖန်ဆင်းမွေးမြူရှင်၏ 'အာယတ်'တော်များကို ဖတ်ရွတ်ပြခဲ့ကြသည့် တမန်တော်များရောက်လာခဲ့ကြပြီး ဤနေ့တော်ကြီးနှင့် အသင်တို့တွေ့ဆုံရခြင်းမှ အသင်တို့အား သတိပေးနှိုးဆော်လေ့ရှိခဲ့သည်မဟုတ်လော။ ယင်းတို့က အဘယ့်ကြောင့် မဟုတ်ရမည်နည်းဟု ဆိုကြပေအံ့။ သို့ရာတွင် အပြစ်ဒဏ်၏အမိန့်တော်သည် မယုံကြည်ငြင်းပယ်သူများအပေါ် အမှန်ပင်ပြည့်စုံမှန်ကန်လာခဲ့ပြီဖြစ်၏။

➤ စကြဝဠာကမ္ဘာအပေါင်းသည် ထိုအရှင်မြတ်၏လက်ယာလက်တွင် လိပ်ထားလျက်ရှိနေမည်။ လက်ယာလက်ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ လက်ယာလက်ကိုဆိုလိုသည်မဟုတ်မူဘဲ တန်ခိုးအာနုဘော်ကို ဆိုခြင်းဖြစ်သည်။ ထို့ပြင် လိပ်ပတ်သိမ်းယူမည်ဟု ဖော်ပြလာရှိခြင်းမှာ မျက်မှောက်ခေတ်သိပ္ပံပညာ၏ သီအိုရီများအရ အထောက်အထား အတိအကျရရှိပေသည်။ ဆိုလိုသည်မှာ ကမ္ဘာမြေနှင့် ကောင်းကင်ယံတို့သည် တစ်ခုသော ချုပ်ငြိမ်းရာတွင်းနက် (Black Hole)အတွင်း လိပ်ထားလျက်အနေအထားဖြင့် ဝင်သွားစေလိမ့်မည်ဖြစ်သည်။ အခြားသောအာယတ်တော်များတွင် လိပ်ပတ်ခြင်းနှင့်ခိုင်းနှိုင်းရခြင်းသဘောကို ပို၍ရှင်းလင်းစွာဖော်ပြထားပေသည်။

قِيْلَ ادْخُلُوْٓا اَبْوَابَ جَهَنَّمَ خٰلِدِيْنَ فِيْهَا ۚ فَبِئْسَ مَثْوَى الْمُتَكَبِّرِيْنَ ۝

၇၃။ 'ဂျဟန္နမ်'ငရဲ၏ တံခါးပေါက်များမှ ဝင်ရောက်ကြလေကုန်။ ယင်း၌ အချိန်ကာလကြာရှည်စွာ နေထိုင်ကြရပေမည်ဟု ပြောကြားခြင်းခံကြရမည်ဖြစ်၏။ သို့ဖြစ်ရာ မာန်မာနထောင်လွှားသူတို့၏နေရာထိုင်ခင်းမှာ အဘယ်မျှဆိုးရွားလှဘိသနည်း။

وَسِيْقَ الَّذِيْنَ اتَّقَوْا رَبَّهُمْ اِلَى الْجَنَّةِ زُمَرًا ۭ حَتّٰٓى اِذَا جَاۗءُوْهَا وَفُتِحَتْ اَبْوَابُهَا وَقَالَ لَهُمْ خَزَنَتُهَا سَلٰمٌ عَلَيْكُمْ طِبْتُمْ فَادْخُلُوْهَا خٰلِدِيْنَ ۝

၇၄။ မိမိတို့၏ဖန်ဆင်းမွေးမြူရှင်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကိုကျင့်သုံးဆောက်တည်ကြကုန်သော အကြင်သူများကိုလည်း အုပ်စုလိုက် ထို'ဂျန္နတ်'ဥယျာဉ်တော်ဘက်သို့ခေါ်ဆောင်သွားခြင်းကိုခံကြရပေအံ့။ နောက်ဆုံးတွင် ၎င်းတို့သည် ယင်းဆီသို့ရောက်ခဲ့ကြသောအခါ ယင်း၏တံခါးများဖွင့်ပေးခြင်းခံကြရပေမည်။ ထိုအခါ ယင်းမှ အစောင့်များကသူတို့အားပြောကြားကြမည်မှာ အသင်တို့အပေါ် 'စလာမ်' ငြိမ်းချမ်းခြင်းသက်ရောက်ပါစေသား။ အသင်တို့သည် အလွန်တရာ ကောင်းမြတ်သည့်အခြေအနေသို့ရောက်ခဲ့ကြ၏။ သို့ဖြစ်ရာ ယင်း၌ အမြဲနေထိုင်သူများအဖြစ် ဝင်ရောက်ကြလော့။

وَقَالُوا الْحَمْدُ لِلّٰهِ الَّذِيْ صَدَقَنَا وَعْدَهٗ وَاَوْرَثَنَا الْاَرْضَ نَتَبَوَّاُ مِنَ الْجَنَّةِ حَيْثُ نَشَاۗءُ ۚ فَنِعْمَ اَجْرُ الْعٰمِلِيْنَ ۝

၇၅။ ထို့ပြင် ၎င်းတို့က ပြောဆိုကြမည်မှာ အလုံးစုံသောချီးမွမ်းထောမနာခြင်းဟူသမျှသည် အလ္လာဟ်အဖို့သာတည်း။ အရှင်မြတ်သည် မိမိ၏ကတိတော်ကို ကျွန်ုပ်တို့အပေါ် ဖြည့်ဆည်း၍ပေးတော်မူခဲ့ပေသည်။ ထို့ပြင် ကျွန်ုပ်တို့အား (ဤကတိတော်ထားရှိသည့်)မြေ၏ အမွေခံပြုလုပ်တော်မူလိုက်ပေသည်။ 'ဂျန္နတ်'ဥယျာဉ်တွင် နှစ်သက်သည့်နေရာ၌ ကျွန်ုပ်တို့နေရာလုပ်နိုင်ကြပေသည်။ သို့ဖြစ်ရာ ကျင့်ကြံအားထုတ်သူတို့၏အကျိုးဆုလာဘ်သည် မည်မျှကောင်းမြတ်ပေသနည်း။

وَتَرَى الْمَلٰۗىِٕكَةَ حَاۗفِّيْنَ مِنْ حَوْلِ الْعَرْشِ يُسَبِّحُوْنَ بِحَمْدِ رَبِّهِمْ ۚ وَقُضِيَ بَيْنَهُمْ بِالْحَقِّ وَقِيْلَ الْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ۝ ۧ

၇၆။ ကောင်းကင်တမန်များသည် 'အရ်ရှ်'ပလ္လင်တော်၏အနီးဝန်းကျင်၌ဝန်းရံလျက် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းနှင့်အတူ အရှင်၏သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို 'တာစ်ဘီ'ပြုလျက်ရှိကြမည်ကို အသင်တွေ့မြင်ရပေမည်။ ထို့ပြင် သူတို့၏အကြားတွင် အမှန်တရားဖြင့် စီရင်ဆုံးဖြတ်တော်မူပေလိမ့်မည်။ ၎င်းပြင် ပြောကြားခြင်းခံရမည်မှာ- ချီးမွမ်းထောမနာခြင်းဟူသမျှသည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အဖို့သာဖြစ်သတည်း။

❖ ❖ ❖

၄၀။ အလ်-မို့အ်မင်နိ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် 'အာယတ်'မုက္ခပါဠ်တော် (၈၆)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်ကို 'မိုကာတ္တီအတ်'သခ်ေပအက္ခရာစု 'ဟာမီမ်'ဖြင့်အစပြုထားပြီး ဤဆူရာဟ်၏ နောက် ဆူရာဟ်(၆)ပုဒ်တို့မှာလည်း ဤအက္ခရာစုစာလုံးဖြင့်ပင် အစပြုထားလေသည်။ 'ဟာမီမ်' အက္ခရာ စုစာလုံးများဖြင့် အစပြုထားသောဆူရာဟ်များမှာ ဤဆူရာဟ်အပါအဝင် စုစုပေါင်း ဆူရာဟ်(၇)ပုဒ် ဖြစ်သည်။ ဤဆူရာဟ်အားလုံးတို့သည် ဆူရာဟ် 'အလ်-ဖာတေဟာ'၏ အာယတ်တော်(၇)ပိုဒ်နှင့် ဆက်စပ်မှုရှိခဲ့လျှင် မည်သို့ရှိကြောင်းကို အလ္လာဟ်သာလျှင် အကောင်းဆုံးသိတော်မူပေမည်။

ပြီးခဲ့သော ဆူရာဟ်တွင် လူသားမျိုးဆက်ကို အမိန့်ရှိတော်မူသည်မှာ အလ္လာဟ်၏ မဟာကရုဏာ တော်မှ မျှော်လင့်ချက်ကင်းမဲ့ခြင်းမဖြစ်သင့်ပေ။ အမှန်သော်ကား မျှော်လင့်ချက်မဲ့ခြင်းမှာ 'အီဘလီစ်'၏ ဇာတိရုပ်ဖြစ်သည်။ စိတ်ထားမှန်ကန်စွာဖြင့် အလ္လာဟ်၏ကရုဏာတော်အား ယုံပုံလျက် မိမိအပြစ်ဒုစရိုက်များကို အမှန်တကယ် 'တောင်ဘာ'ပြု ဝန်ချတောင်းပန်လျှင် အလ္လာဟ်အရှင်မြတ်က အပြစ်အားလုံးကို ခွင့်လွှတ်ချမ်းသာပေးနိုင်တော်မူသော တန်ခိုးစွမ်းအားရှိတော်မူပေသည်။

ဤသို့နှယ်ပင် ပြီးခဲ့သော ဆူရာဟ်တွင် ကောင်းကင်တမန်များအား 'အရ်ရှ်'ပလ္လင်တော်၏ အဝန်းအဝိုင်းကို ပတ်ဝိုက်ခြံရံထားလျက်ရှိသော **حـآفّين** ဖြစ်ကြောင်း ဖော်ပြထားလေသည်။ သို့သော်ယခု ဤဆူရာဟ်တွင် ထပ်ဖြည့်မိန့်ကြားထားတော်မူသည်မှာ အသင်တို့၏ ခွင့်လွှတ်ချမ်းသာရခြင်းသည် အလ္လာဟ်၏ 'အရ်ရှ်'ပလ္လင်တော်ကိုထမ်းပိုး၍ထားကြသော ကောင်းကင်တမန်များ၏ 'ဒိုအာ'ဆုတောင်းများနှင့်လည်း ဆက်နွယ်နှောင်တည်းမှုရှိပေသည်။ အလ္လာဟ်အရှင်မြတ်သည် ပလ္လင်ပေါ်တွင် ထိုင်လျက်ရှိပြီး၊ ကောင်းကင်တမန်များက ထမ်းပိုး၍ထားရသော ရုပ်ဝတ္ထုပစ္စည်းတစ်ခု မဟုတ်ချေ။ အလ္လာဟ်သည် နေရာဌာနတိုင်းတွင် တည်ရှိတော်မူပြီး ထိုအရှင်မြတ်သည် စကြဝဠာကမ္ဘာအပေါင်းမှ အရာရာတိုင်းကို ပင့်မ၍ထားတော်မူ၏။ သို့ကြောင့် ဤနေရာတွင် ထိုအရှင်မြတ်၏ ချို့တဲ့မှုအပြစ်အနာအဆာများမှ ကင်းသန့်သော ဂုဏ်တော်များအကြောင်း ဖော်ပြခြင်းဖြစ်သည်။ စင်စစ် 'အရ်ရှ်'ဆိုသည်မှာ တမန်တော်မြတ်(ﷺ)၏သန့်ရှင်းမြင့်မြတ်သော 'ကလ်ဗ်'နှလုံးသားဖြစ်၏။ ယင်းမှာအလ္လာဟ်၏ ပလ္လင်တော်ဖြစ်၏။ ထို့ပြင် ကိုယ်တော်မြတ်၏နှလုံးသားကို အင်အားဖြည့်တင်းပေးရန်အတွက် ကောင်းကင်တမန်များက ယင်းကို လေးဘက်လေးတန်စလုံးမှ ခြံရံထားလျက် ရှိနေကြပေသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ အပြစ်သားအစေတော်(ဖန်ဆင်းခံ)များအတွက်လည်း ဆုတောင်းခြင်းကို ပြုနေကြရုံသာမက ၎င်းတို့၏ မျိုးဆက်များအတွက်ပါ ဆုတောင်းပေးလျက် ရှိကြပေသည်။ သို့ဖြစ်ရာ ဤသည်၏အလိုသဘောမှာ 'ကေယာမတ်' ကမ္ဘာ့နောက်ဆုံးနေ့တိုင်အောင် ရောက်ရှိလာကြမည့် (ဖန်ဆင်းခံ)အစေတော်များနှင့် ၎င်းတို့၏မျိုးဆက်သစ်များအတွက် တမန်တော်မြတ်(ﷺ)၏နှလုံးသား 'အရ်ရှ်'ပလ္လင်မှပေါ်ထွက်လာသည့် 'ဒိုအာ'ဆုတောင်းများသာဖြစ်သည်ဟု ယုံကြည်ပါသည်။

ဤဆူရာဟ်မှာပင် တမန်တော်မူစာ(عليه السلام)အား ဖိရ်အောင်က လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်သောအခါ တမန်တော်မူစာအား ယုံကြည်သစ္စာခံထားသော်လည်း ယုံကြည်မှုကို လျှို့ဝှက်ဖုံးကွယ်၍ ထားသော နန်းတွင်းသားတစ်ဦး အကြောင်းလာရှိပေသည်။ သို့သော် ၎င်း၏ရှေ့မှောက်တွင် တမန်

တော်မူစာအား လုပ်ကြံသတ်ဖြတ်ရန်အစီအမံများပြုလုပ်သောအခါ ထိုသူသည် ယင်းကို မထုတ်ဖော်ဘဲ မနေနိုင်တော့ချေ။ ထို့ပြင် မိမိအမျိုးသားတို့အား ကြီးကျယ်သော သတိပေးနှိုးဆော်မှုတစ်ရပ်ကို ပြုလေသည်။ အကယ်၍ တမန်တော်မူစာသည် လိမ်လည်သူဖြစ်ခဲ့လျှင် မုသာဝါဒီတို့မှာ အလိုအလျောက် ပျက်စီးချုပ်ငြိမ်းလေ့ရှိကြသည်ဖြစ်၍ သူ့အား ဥပေက္ခာပြုထားလိုက်ပါလေ။ သို့ရာတွင် အကယ်၍ သူ(မူစာ ﷺ)သည် မှန်ကန်သူဖြစ်ခဲ့ပါလျှင် သူက အသင်တို့အား သတိပေးနှိုးဆော်သော အကြင်အရာများမှ အချို့တို့မှာ အသင်တို့အား လာရောက်ဖမ်းဆီးပေလတ္တံ့။

ဤတွင် အမျိုးသားထုတိုင်းအတွက် အစဉ်ထာဝရအားဖြင့် အဆုံးအမ ဒေသနာတစ်ရပ်မှာ 'နဗူဝါတ်'တမန်တော်ဖြစ်ကြောင်း ကြေညာသူတို့၏ အရေးကိစ္စကို အလျှာဟ်အရှင်မြတ်ထံ လွှဲအပ်ထားကြရန်ဖြစ်သည်။ အကယ်၍ သူသည် လိမ်လည်လှည့်ဖြားသူဖြစ်ခဲ့လျှင် ထိုအရှင်မြတ်ကိုယ်တော်တိုင်က သူ့အား ပျက်စီးချုပ်ငြိမ်းစေတော်မူပေလိမ့်မည်။ သို့ရာတွင် သူသည် ဖြောင့်မတ်မှန်ကန်သူအဖြစ် ထင်ရှားပြီး အသင်တို့က သူ့အားငြင်းပယ်ကန့်ကွက်ကြပါလျှင် အသင်တို့သည် သူ(တမန်တော်)၏ သတိပေးစကားများအနက်အချို့ကို မိမိတို့ထံတွင် သက်ရောက်ပြည့်စုံမှုရှိလာကြောင်း ဧကန်ပင် မြင်တွေ့ကြရပေမည်။

ဤအာယတ်တော်များသည် တမန်တော်မြတ်(ﷺ)၏နောက်ပိုင်းတွင် တမန်တော်အဖြစ် ကြေညာသူများနှင့်လည်း နှီးနွှယ်ပတ်သက်မှုရှိနေသဖြင့် ၎င်းတို့နှင့်လည်း ဤသည်နှင့်ကိုက်ညီသော ဖြစ်ရပ်မျိုးဖြစ်ပျက်ခဲ့ကြောင်း ၎င်းတို့၏သမိုင်းက ပြဆိုလျက်ရှိ၏။ လိမ်ညာခဲ့သော တမန်တော်အတု အယောင်တိုင်းသည် ဖျက်ဆီးသုတ်သင်ခြင်းကိုခံကြရပြီး ၎င်းတို့၏အရိပ်လက္ခဏာမျှကိုပင် ရာဇဝင်သမိုင်းတွင် မမြင်မတွေ့ရတော့ချေ။

ဤသည်နှင့်ဆက်နွယ်လျက် တမန်တော်ယူဆူဖ်(ﷺ)နှင့်စပ်လျဉ်း၍လည်း သူ၏နောက်တွင် မည်သို့သော နဗီတမန်တော်တစ်ပါးတစ်လေမျှ လာရောက်တော့မည်မဟုတ်ဟု လူတို့၏ ပြောဆိုကြွေးကြော်နေမှုအကြောင်းကို ဖော်ပြထား၏။ (၄၀း၃၅)

အကယ်၍ ဤစကားသည် မှန်ကန်ခဲ့လျှင် တမန်တော် ယူဆူဖ်(ﷺ)၏နောက်တွင် တမန်တော်မြတ်(ﷺ)သည် အသို့လျှင်ပွင့်ပေါ်နိုင်မည်နည်း။ သို့ဖြစ်ရာ ဤသည်မှာ အလျှာဟ်၏ သတ်မှတ်ပြဋ္ဌာန်းသော 'တက္ကဒီရ်'ကို စိုးစဉ်းမျှပင် မသိနားမလည်ကြသူတို့၏စကားမျှသာ ဖြစ်ချေသည်။ အရာရာတိုင်းသည် ပိတ်သိမ်းခြင်းရှိနိုင်သော်လည်း အလျှာဟ်၏'ဖဇလ်'ကျေးဇူးတော်များ၏လမ်းသည်ကား အလျှင်း ပိတ်သိမ်းဖို့မရှိချေ။ ဤသည့် သတ်မှတ်ချက်ဖြင့်ပင် အလျှာဟ်အရှင်မြတ်က မဟုတ်မမှန်သူတို့အား ဖျက်ဆီးသုတ်သင်တော်မူခြင်း ဖြစ်သည်။ ဤတွင် ထိုအရှင်မြတ်သည် မှန်ကန်သူများအား ဧကန်မလွဲကူညီမှိုင်းမတော်မူကြောင်းကိုလည်း သတိပေးထားတော်မူသည်။ သို့ကြောင့် ဆန္ဒရှိသူတိုင်း အားအင်စိုက်ထုတ်ကြကုန်။ အသင်တို့သည်အလျှာဟ်အရှင်မြတ်၏ စစ်မှန်သော တမန်တော်အား မည်သည့်အခါတွင်မျှ ရှုံးနိမ့်၍အောင်ပွဲမရအောင် လုပ်နိုင်ကြမည်မဟုတ်ချေ။

အာယတ်တော်အမှတ် (၆၆)တွင် သာသနာတော်ကို သီးသန့်ပြုဖို့ရန် ထပ်လောင်း၍ မိန့်မှာတော်မူပြန်သည်မှာ- 'သက်ရှင်ထင်ရှားရှိတော်မူသော ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာမရှိသို့ဖြစ်၍ ထိုအရှင်မြတ်အဖို့သာ သာသနာတော်ကို သီးသန့်ဖြူစင်မှုသဒ္ဓါတရားထားလျက် ထိုအရှင်မြတ်ကိုသာ ဟစ်ခေါ်တမ်းတကြလေကုန်'ဟူ၍ ဖြစ်သတည်း။

♦ ♦ ♦

ဆူရောဟ် အလ်-မို့အ်မင်၌

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၈၆)ပိုဒ် ရှုကူ (၉)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

حٰمٓ ②

၂။ **حَمِيدٌ مَجِيدٌ** ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်၊ ဘုန်းကျက်သရေနှင့်ပြည့်စုံတော်မူသောအရှင်။

تَنْزِيْلُ الْكِتٰبِ مِنَ اللّٰهِ الْعَزِيْزِ الْعَلِيْمِ ③

၃။ ဤကျမ်းတော်၏ပို့ချခြင်းသည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်(နှင့်) ပြီးပြည့်စုံသော ဉာဏ်ပညာရှိတော်မူသောအရှင် အလ္လာဟ်၏ထံတော်မှဖြစ်သည်။

غَافِرِ الذَّنْۢبِ وَقَابِلِ التَّوْبِ شَدِيْدِ الْعِقَابِ ۙ ذِى الطَّوْلِ ؕ لَاۤ اِلٰهَ اِلَّا هُوَ ؕ اِلَيْهِ الْمَصِيْرُ ④

၄။ ထိုအရှင်မြတ်သည် အပြစ်များကို ခွင့်လွှတ်တော်မူသောအရှင်၊ 'တောင်ဘာ'ဝန်ခံတောင်းပန်ခြင်းကို လက်ခံတော်မူသောအရှင်၊ ဖမ်းဆီးရာတွင် ပြင်းထန်တော်မူ၍ ကျယ်ပြောစွာပေးကမ်းတော်မူသောအရှင် ဖြစ်တော်မူ၏။ အရှင်မြတ်မှတစ်ပါး၊ ကိုးကွယ်ခြင်းခံထိုက်သူ တစ်စုံတစ်ရာမျှမရှိ၊ အရှင်မြတ်ထံတော်သို့သာလျှင် ပြန်လည်၍သွားကြရပေမည်။

مَا يُجَادِلُ فِىْۤ اٰيٰتِ اللّٰهِ اِلَّا الَّذِيْنَ كَفَرُوْا فَلَا يَغْرُرْكَ تَقَلُّبُهُمْ فِى الْبِلَادِ ⑤

၅။ အလ္လာဟ်၏ နိမိတ်လက္ခဏာတော်များနှင့်စပ်လျဉ်း၍ မယုံကြည်ငြင်းပယ်သူများမှတစ်ပါး မည်သူမျှ အငြင်းအခုန်မပြုကြချေ။ သို့ဖြစ်ရာ ၎င်းတို့သည် တိုင်းပြည်၌ လွတ်လပ်စွာသွားလာနေခြင်းသည် အသင့်အား မည်သည့်လှည့်ဖြားခြင်းသို့မျှ မဆိုက်ရောက်စေလင့်။

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوْحٍ وَّالْاَحْزَابُ مِنْۢ بَعْدِهِمْ ۖ وَهَمَّتْ كُلُّ اُمَّةٍۢ بِرَسُوْلِهِمْ لِيَاْخُذُوْهُ وَجٰدَلُوْا بِالْبَاطِلِ لِيُدْحِضُوْا بِهِ الْحَقَّ فَاَخَذْتُهُمْ ۖ فَكَيْفَ كَانَ عِقَابِ ⑥

၆။ ၎င်းတို့အလျင် 'နူးဟ်'၏အမျိုးသားတို့သည်လည်းကောင်း၎င်းတို့၏နောက်တွင် အမျိုးမျိုးသောအုပ်စုများသည်လည်းကောင်း မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြ၏။ ထို့ပြင် မျိုးနွယ်တိုင်းသည် မိမိတို့၏တမန်တော်နှင့်စပ်လျဉ်း၍ သူ့အား ဖမ်းဆီးရန် ခိုင်မာသောရည်ရွယ်ချက်ကိုပြုခဲ့ကြ၏။ ၎င်းပြင် ယင်းတို့သည် မုသားကိုအကြောင်းပြု၍ အငြင်းအခုန်ပြုခဲ့ကြ၏။ သို့ဖြင့် ယင်းကိုအကြောင်းခံလျက် အမှန်တရားအား မုသားဟု စွပ်စွဲငြင်းပယ်ကြရန်ဖြစ်၏။ ထိုအခါ ငါအရှင်မြတ်သည် ယင်းတို့အား ဖမ်းဆီးတော်မူခဲ့ပေသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်၏အပြစ်ဒဏ် မည်သို့ရှိခဲ့သည်ကို (ကြည့်ကြလေကုန်)။

وَكَذٰلِكَ حَقَّتْ كَلِمَتُ رَبِّكَ عَلَى الَّذِيْنَ كَفَرُوْۤا اَنَّهُمْ اَصْحٰبُ النَّارِ ⑦ ۛ

၇။ ထို့ပြင် ဤကဲ့သို့ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အကြင် ငြင်းပယ်ကန့်ကွက်ကြကုန်သော သူများနှင့်ဆန့်ကျင်၍ ယင်းတို့သည် မီးဌာသက်ဆင်းကြရမည့်

သူများဖြစ်ကြ၏ဟူသည့်မိန့်ဆိုချက်သည် အမှန်ပင် မှန်ကန်ပြည့်စုံခဲ့ချေပြီ။

اَلَّذِيْنَ يَحْمِلُوْنَ الْعَرْشَ وَمَنْ حَوْلَهٗ يُسَبِّحُوْنَ بِحَمْدِ رَبِّهِمْ وَيُؤْمِنُوْنَ بِهٖ وَيَسْتَغْفِرُوْنَ لِلَّذِيْنَ اٰمَنُوْا ۚ رَبَّنَا وَسِعْتَ كُلَّ شَيْءٍ رَّحْمَةً وَّعِلْمًا فَاغْفِرْ لِلَّذِيْنَ تَابُوْا وَاتَّبَعُوْا سَبِيْلَكَ وَقِهِمْ عَذَابَ الْجَحِيْمِ ۝

၈။ 'အရ်ရှ်'ပလ္လင်တော်ကို ပင့်မထားကြသူများသည်လည်းကောင်း၊ ယင်း၏အနီးဝန်းကျင်၌ရှိနေကြကုန်သောသူတို့သည်လည်းကောင်း မိမိတို့၏ ဖန်ဆင်းမွေးမြူရှင်အား ချီးမွမ်းထောမနာပြုခြင်းနှင့်အတူ အရှင်မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်း 'တာစ်ဘီ'ပြုကြကုန်၏။ ထို့ပြင် အရှင်မြတ်အား သက်ဝင်ယုံကြည်ကြကုန်၏။ ထို့အပြင် သက်ဝင်ယုံကြည်သူတို့အတွက် ခွင့်လွှတ်ခြင်းကို တောင်းခံကြကုန်၏။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် အရာရာတိုင်းအပေါ် ကရုဏာတော်နှင့် ပညာဉာဏ်ဖြင့် လွှမ်းခြုံထားတော်မူပါ၏။ သို့ပါ၍ 'တောင်ဘာ' ဝန်ချတောင်းပန်ကြကုန်သောသူများနှင့် အရှင်မြတ်၏လမ်းကို လိုက်ကြကုန်သောသူတို့အား ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။ ထို့ပြင် သူတို့အား 'ဂျဟန္နမ်'ငရဲ၏ပြစ်ဒဏ်မှ ကယ်တင်တော်မူပါ။

رَبَّنَا وَاَدْخِلْهُمْ جَنّٰتِ عَدْنِ ِالَّتِيْ وَعَدْتَّهُمْ وَمَنْ صَلَحَ مِنْ اٰبَآئِهِمْ وَاَزْوَاجِهِمْ وَذُرِّيّٰتِهِمْ ۭ اِنَّكَ اَنْتَ الْعَزِيْزُ الْحَكِيْمُ ۝

၉။ ထို့ပြင် အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ သူတို့အား အရှင်မြတ်က သူတို့အတွက် ကတိပြုထားတော်မူခဲ့သည့် ထာဝရတည်မည့် 'ဂျန္နတ်'ဥယျာဉ်တော်များအတွင်းသို့ ဝင်ရောက်စေတော်မူပါ။ ထို့ပြင် သူတို့၏ အဘဘိုးဘေးများ၊ သူတို့၏အပေါင်းအဖော်များနှင့် သူတို့၏သားသမီးများအနက်မှ ကောင်းမှုကို ကျင့်သုံးဆောက်တည်သူများအားလည်း (ဝင်ရောက်စေတော်မူပါ)။ မုချဧကန် အရှင်မြတ်သည်သာလျှင် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသော အရှင်၊ အလွန်တရာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါ၏။

وَقِهِمُ السَّيِّاٰتِ ۭ وَمَنْ تَقِ السَّيِّاٰتِ يَوْمَىِٕذٍ فَقَدْ رَحِمْتَهٗ ۭ وَذٰلِكَ هُوَ الْفَوْزُ الْعَظِيْمُ ۝ ع

၁၀။ ထို့ပြင် ယင်းတို့အား မကောင်းမှုများမှ ကယ်တင်တော်မူပါ။ ထို့ပြင် အကြင်သူအား အရှင်မြတ်သည် ထိုနေ့တော်၌ မကောင်းမှုများ(၏ရလဒ်များ)မှ ကယ်တင်တော်မူပါလျှင် ဧကန်ပင် အရှင်မြတ်သည် ထိုသူ့အပေါ် အလွန်တရာ ကရုဏာပြုတော်မူခြင်း ဖြစ်ပါသည်။ ဤသည်ပင်လျှင် အလွန်ကြီးကျယ်လှသော အောင်မြင်မှုဖြစ်ပေသတည်း။

ရုကူး-၂

اِنَّ الَّذِيْنَ كَفَرُوْا يُنَادَوْنَ لَمَقْتُ اللّٰهِ اَكْبَرُ مِنْ مَّقْتِكُمْ اَنْفُسَكُمْ اِذْ تُدْعَوْنَ

၁၀။ စင်စစ်ဧကန် မယုံကြည်ငြင်းပယ်ကြကုန်သော အကြင်သူတို့အား ဟစ်အော်ပြောကြားခြင်းခံရမည်မှာ အလ္လာဟ်၏အမျက်တော်ရှခြင်းသည် အသင်တို့အချင်းချင်း အမျက်ထွက်

اِلَى الْاِيْمَانِ فَتَكْفُرُوْنَ ۝

ခြင်းများနှင့်ယှဉ်လျှင် ပို၍ကြီးမားခဲ့၏။ အကြင်အခါ အသင်တို့အား သက်ဝင်ယုံကြည်ခြင်းဘက်သို့ ဖိတ်ခေါ်လျက်ရှိခဲ့၏၊ သို့ဖြစ်လင့်ကစား ငြင်းပယ်ခဲ့ကြပေသည်။

قَالُوْا رَبَّنَآ اَمَتَّنَا اثْنَتَيْنِ وَاَحْيَيْتَنَا اثْنَتَيْنِ فَاعْتَرَفْنَا بِذُنُوْبِنَا فَهَلْ اِلٰى خُرُوْجٍ مِّنْ سَبِيْلٍ ۝

၁၂။ ယင်းတို့က ပြောကြမည်မှာ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည်ကျွန်တော်မျိုးတို့အား နှစ်ကြိမ်သေစေတော်မူ၍ နှစ်ကြိမ်ရှင်စေတော်မူခဲ့ပါသည်။ သို့ဖြစ်ရာ ကျွန်တော်မျိုးတို့သည် မိမိတို့၏ အပြစ်များကိုဝန်ခံကြပါ၏။ သို့ဖြစ်ရာ (ယင်းမှ လွတ်မြောက်)ထွက်သွားရန် တစ်စုံတစ်ရာ လမ်းရှိပါ၏လော။ ①

ذٰلِكُمْ بِاَنَّهٗٓ اِذَا دُعِىَ اللّٰهُ وَحْدَهٗ كَفَرْتُمْ ۚ وَاِنْ يُّشْرَكْ بِهٖ تُؤْمِنُوْا ۭ فَالْحُكْمُ لِلّٰهِ الْعَلِيِّ الْكَبِيْرِ ۝

၁၃။ အသင်တို့၏ ဤအခြေအနေဖြစ်ရခြင်းမှာ မည်သည့်အခါမဆို အလ္လာဟ်တစ်ပါးတည်းအား ဟစ်ခေါ်တမ်းတမှုပြုခဲ့လျှင် အသင်တို့သည် ထိုအရှင်မြတ်အား ငြင်းပယ်ခဲ့ကြပြီး အကယ်၍ အရှင်မြတ်၏ယှဉ်တွဲရာ သတ်မှတ်ခဲ့သောအခါ အသင်တို့သည် လက်ခံခဲ့ကြသောကြောင့်ဖြစ်၏။ သို့ဖြစ်ရာ စီရင်ဆုံးဖြတ်ခွင့်အာဏာသည် အလ္လာဟ်၌သာရှိ၏။ အရှင်မြတ်သည် အလွန် မြတ်ထွတ်တော်မူ၍ အလွန်ကြီးကဲတော်မူ၏။

هُوَ الَّذِىْ يُرِيْكُمْ اٰيٰتِهٖ وَيُنَزِّلُ لَكُمْ مِّنَ السَّمَآءِ رِزْقًا ۭ وَمَا يَتَذَكَّرُ اِلَّا مَنْ يُّنِيْبُ ۝

၁၄။ ထိုအရှင်မြတ်သည်သာလျှင် အသင်တို့အား မိမိ၏ နိမိတ်လက္ခဏာတော်များကို ပြသတော်မူ၏။ ထို့ပြင် အသင်တို့အတွက် မိုးကောင်းကင်မှ 'ရီဇိုက်'ရိက္ခာကို ချပေးတော်မူ၏။ သို့သော် ယိမ်းညွတ်ဝပ်တွားသူများမှအပ သင်ခန်းစာကို ရယူခြင်းမရှိကြပေ။

فَادْعُوا اللّٰهَ مُخْلِصِيْنَ لَهُ الدِّيْنَ وَلَوْ كَرِهَ الْكٰفِرُوْنَ ۝

၁၅။ သို့ဖြစ်ရာ မယုံကြည်ငြင်းပယ်သူများက မနှစ်မြို့စေကာမူ အလ္လာဟ်အား၊ ထိုအရှင်မြတ်အတွက် နာခံခြင်းကို သဒ္ဓါဖြူစင်စေလျက် ဟစ်ခေါ်တမ်းတကြလေကုန်။

رَفِيْعُ الدَّرَجٰتِ ذُو الْعَرْشِ ۚ يُلْقِى الرُّوْحَ مِنْ اَمْرِهٖ عَلٰى مَنْ يَّشَآءُ مِنْ عِبَادِهٖ لِيُنْذِرَ يَوْمَ التَّلَاقِ ۝

၁၆။ အရှင်မြတ်သည် ဂုဏ်အဆင့်အတန်းမြင့်မားတော်မူသောအရှင်၊ 'အရ်ရှ်'ပလ္လင်တော်၏အရှင်သခင်ဖြစ်တော်မူ၏။ မိမိ၏အစေတော်များအနက်မှ အရှင်နှစ်လို့တော်မူသောသူအား မိမိ၏အမိန့်တော်ဖြင့် 'ရူဟ်'ဝိညာဉ်တော်ကို ပို့ချတော်မူ၏။ သို့ဖြင့် သူသည် ဆုံတွေ့ရမည့်နေ့တော်ကြီးကို သတိပေးနှိုးဆော်ရန်ဖြစ်ပေသည်။

يَوْمَ هُمْ بٰرِزُوْنَ ۚ لَا يَخْفٰى عَلَى اللّٰهِ

၁၇။ အကြင်နေ့တော်ကြီးတွင် ယင်းတို့သည် ထွက်၍ရပ်ကြသည့်အခါ ယင်းတို့၏မည်သည့်အခြေအနေမှ အလ္လာဟ်၏ထံ

① အပေါ်ယံအမြင်အားဖြင့်ဆိုသော် လူသားသည် တစ်ကြိမ်တစ်ခါမျှသာ သေဆုံးကြရပေသည်။ သို့သော် ယင်း၏နှစ်ကြိမ်နှစ်ခါရှင်ရခြင်းကို နားလည်လာရပေသည်။ တစ်ခုမှာ ဤလောကီဘဝဖြစ်ပြီး နောက်တစ်ခုမှာ တမလွန်ဘဝဖြစ်သည်။ "اَمَتَّنَا اثْنَتَيْنِ" တွင် ပထမသေခြင်းမှာ လုံးလုံးလျားလျား မတည်ရှိခဲ့ခြင်းကိုဆိုလိုသည်။ သဘောမှာ အရှင်မြတ်က ကျွန်တော်မျိုးတို့အား ပထမအကြိမ်အားဖြင့် မရှိရာမှရှိရာသို့ ရောက်စေတော်မူခဲ့သောဟူ၏။

مِنْهُمْ شَيْءٌ ؕ لِمَنِ الْمُلْكُ الْيَوْمَ ؕ
لِلّٰهِ الْوَاحِدِ الْقَهَّارِ ﴿۱۶﴾

တော်တွင် ဖုံးကွယ်လျှို့ဝှက်စွာရှိနေမည်မဟုတ်ချေ။ ယနေ့ စိုးမိုးအုပ်ချုပ်မှုအာဏာသည် မည်သူ၌ရှိသနည်း။ အလွှာဟ်၌ သာရှိပေသည်။ အရှင်မြတ်သည် တစ်ပါးတည်းဖြစ်တော်မူလျက် တန်ခိုးအာဏာအရှိဆုံးသောအရှင် ဖြစ်တော်မူ၏။

اَلْيَوْمَ تُجْزٰى كُلُّ نَفْسٍ بِمَا كَسَبَتْ ؕ
لَا ظُلْمَ الْيَوْمَ ؕ اِنَّ اللّٰهَ سَرِيْعُ الْحِسَابِ ﴿۱۷﴾

၁၈။ ယနေ့ အသက်ဝိညာဉ်တိုင်းအတွက် ယင်းတို့ရှာဖွေဆည်းပူးခဲ့သည်၏ အစားပေးခြင်းကိုခံရပေမည်။ ယနေ့ တစ်စုံတစ်ရာသော မတရားမှုမျှ ရှိလိမ့်မည်မဟုတ်ချေ။ စင်စစ် အလွှာဟ်သည် စာရင်းစစ်ကြောရာတွင် အလွန် လျင်မြန်တော်မူ၏။

وَاَنْذِرْهُمْ يَوْمَ الْاٰزِفَةِ اِذِ الْقُلُوْبُ
لَدَى الْحَنَاجِرِ كٰظِمِيْنَ ؕ مَا لِلظّٰلِمِيْنَ
مِنْ حَمِيْمٍ وَّلَا شَفِيْعٍ يُّطَاعُ ﴿۱۸﴾

၁၉။ ထို့ပြင် ယင်းတို့အား နီးကပ်၍လာလျက်ရှိသော ပြစ်ဒဏ်၏နေ့ရက်ဖြင့် သတိပေးနှိုးဆော်ပါလေ။ ထိုအခါ စိတ်နှလုံးသည် ဝမ်းနည်းကြေကွဲမှုနှင့် ကြောက်ရွံ့မှုကြောင့် လည်မျိုသို့တိုင်အောင် ရောက်ရှိလာပေအံ့။ မတရားပြုသောသူတို့အတွက် မိတ်ဆွေရင်းချာ မည်သူမျှရှိမည်မဟုတ်၊ ထို့ပြင် စကားကိုလက်ခံခြင်းခံရမည့် ကြားဝင်လျှောက်လဲ အသနားခံပေးသူ တစ်ဦးတစ်ယောက်မျှလည်း ရှိလိမ့်မည်မဟုတ်ချေ။

يَعْلَمُ خَآئِنَةَ الْاَعْيُنِ وَمَا تُخْفِى
الصُّدُوْرُ ﴿۱۹﴾
وَاللّٰهُ يَقْضِىْ بِالْحَقِّ ؕ وَالَّذِيْنَ يَدْعُوْنَ
مِنْ دُوْنِهٖ لَا يَقْضُوْنَ بِشَىْءٍ ؕ اِنَّ اللّٰهَ هُوَ
السَّمِيْعُ الْبَصِيْرُ ﴿۲۰﴾ ع

၂၀။ ထိုအရှင်မြတ်သည် မျက်စိများ၏ အလွဲသုံးစားပြုခြင်းကိုလည်းကောင်း၊ ရင်များအတွင်း၌ ဖုံးကွယ်လျက်ရှိသည်တို့ကိုလည်းကောင်း သိရှိတော်မူ၏။

၂၁။ ထို့ပြင် အလွှာဟ်သည် အမှန်တရားနှင့်တကွ စီရင်ဆုံးဖြတ်တော်မူ၏။ ထိုအရှင်မြတ်မှလွဲ၍ ယင်းတို့ ဟစ်ခေါ်တမ်းတကြသည်တို့မှာ မည်သည့်အရာကိုမျှ စီရင်ဆုံးဖြတ်ကြသည်မဟုတ်။ စင်စစ် အလွှာဟ်သည်ပင် လွန်စွာကြားတော်မူသော အရှင်၊ နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရှုကူး-၃

اَوَلَمْ يَسِيْرُوْا فِى الْاَرْضِ فَيَنْظُرُوْا
كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ كَانُوْا مِنْ
قَبْلِهِمْ ؕ كَانُوْا هُمْ اَشَدَّ مِنْهُمْ قُوَّةً
وَّاٰثَارًا فِى الْاَرْضِ فَاَخَذَهُمُ اللّٰهُ
بِذُنُوْبِهِمْ ؕ وَمَا كَانَ لَهُمْ مِّنَ اللّٰهِ
مِنْ وَّاقٍ ﴿۲۱﴾
ذٰلِكَ بِاَنَّهُمْ كَانَتْ تَّاْتِيْهِمْ رُسُلُهُمْ

၂၂။ အသို့နည်း၊ ယင်းတို့သည် ကမ္ဘာမြေ၌လှည့်လည်သွားလာခြင်း မပြုကြသလော။ သို့ဖြင့် ယင်းတို့အလျင်ရှိခဲ့သူများ၏ရလဒ် မည်သို့ဖြစ်ခဲ့သည်ကို တွေ့မြင်ကြရပေအံ့။ ထိုသူများသည် ယင်းတို့ထက် စွမ်းအားအရာနှင့် ကမ္ဘာမြေတွင် အမှတ်လက္ခဏာချန်ထားမှုတို့၌ ပို၍ခိုင်မာခဲ့ကြပေသည်။ သို့ဖြစ်ရာ အလွှာဟ်သည် ၎င်းတို့ကိုလည်း ၎င်းတို့၏အပြစ်များကြောင့် ဖမ်းဆီးတော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အား အလွှာဟ်၏ထံတော်မှကယ်တင်မည့်သူ မည်သူမျှမရှိခဲ့ချေ။

၂၃။ ဤသို့ဖြစ်ရခြင်းမှာ ၎င်းတို့ထံ ၎င်းတို့၏ တမန်တော်များသည် ပွင့်လင်းထင်ရှားသော နိမိတ်လက္ခဏာများကို ယူ

بِالْبَيِّنٰتِ فَكَفَرُوْا فَاَخَذَهُمُ اللّٰهُ ؕ اِنَّهٗ
قَوِیٌّ شَدِیْدُ الْعِقَابِ ۝

ဆောင်၍လာလျက်ရှိခဲ့ပင်ငြားလည်း ၎င်းတို့သည် ငြင်းပယ်ခဲ့ကြပေသည်။ သို့ဖြစ်ရာ အလ္လာဟ်သည် ၎င်းတို့အား ဖမ်းဆီးတော်မူခဲ့၏။ စင်စစ်ဧကန် အရှင်မြတ်သည် အလွန်တန်ခိုးစွမ်းအားရှိတော်မူ၍ ပြစ်ဒဏ်ပေးရာတွင် ပြင်းထန်တော်မူ၏။

وَلَقَدْ اَرْسَلْنَا مُوْسٰی بِاٰیٰتِنَا وَسُلْطٰنٍ
مُّبِیْنٍ ۝

၂၄။ ထို့ပြင် ဧကန်မုချ ငါတို့သည် 'မူစာ'ကိုလည်း မိမိ၏ နိမိတ်လက္ခဏာတော်များနှင့် ပွင့်လင်းထင်ရှား၍ အောင်နိုင်သော သက်သေသာဓကနှင့်အတူ စေလွှတ်တော်မူခဲ့၏။

اِلٰی فِرْعَوْنَ وَهَامٰنَ وَقَارُوْنَ فَقَالُوْا
سٰحِرٌ كَذَّابٌ ۝

၂၅။ 'ဖီရ်အောင်'၊ 'ဟာမန်'နှင့် 'ကာရွန်' တို့ထံသို့။ သို့ဖြစ်ရာ ယင်းတို့ကပြောကြသည်မှာ ဤသူသည် မှော်ဆရာနှင့် လွန်စွာလိမ်လည်သူဖြစ်၏။

فَلَمَّا جَآءَهُمْ بِالْحَقِّ مِنْ عِنْدِنَا قَالُوا
اقْتُلُوْۤا اَبْنَآءَ الَّذِیْنَ اٰمَنُوْا مَعَهٗ
وَاسْتَحْیُوْا نِسَآءَهُمْ ؕ وَمَا كَیْدُ
الْكٰفِرِیْنَ اِلَّا فِیْ ضَلٰلٍ ۝

၂၆။ သို့ဖြစ်ရာ အကြင်အခါဝယ် သူသည် ငါတို့ထံမှ အမှန်တရားကိုယူဆောင်လျက် ယင်းတို့ထံ ရောက်ရှိလာသောအခါ ယင်းတို့က ပြောကြသည်မှာ သူနှင့်အတူ သက်ဝင်ယုံကြည်ကြသောသူတို့၏ သားများကိုသတ်ဖြတ်ကြပြီး ၎င်းတို့၏ အမျိုးသမီးများကို အရှင်ထားကြလော့။ ထို့ပြင် 'ကာဖိရ်' မယုံကြည်ငြင်းပယ်သူများ၏ ကြံစည်ကြိုးစားမှုသည် အချည်းနှီးဖြစ်သွားခြင်းမှတစ်ပါး မည်သည့်အဆင့်ကိုမျှမထားရှိချေ။

وَقَالَ فِرْعَوْنُ ذَرُوْنِیْۤ اَقْتُلْ مُوْسٰی
وَلْیَدْعُ رَبَّهٗ ۚ اِنِّیْۤ اَخَافُ اَنْ یُّبَدِّلَ
دِیْنَكُمْ اَوْ اَنْ یُّظْهِرَ فِی الْاَرْضِ
الْفَسَادَ ۝

၂၇။ ထို့ပြင် 'ဖီရ်အောင်'က ပြော၏။ ငါ့ကို လွှတ်လော့။ ငါသည် မူစာအား သတ်ဖြတ်ပေအံ့။ ထို့ပြင် သူသည် မိမိ၏ဖန်ဆင်းမွေးမြူရှင်အား ဟစ်ခေါ်တမ်းတပါစေ။ စင်စစ်ဧကန် သူသည် အသင်တို့၏သာသနာကို ပြောင်းလဲပစ်လိမ့်မည်ကိုလည်းကောင်း သို့တည်းမဟုတ် ကမ္ဘာမြေ၌ ဆူပူသောင်းကျန်းမှုအား ဖြန့်ခိုမည်ကိုလည်းကောင်း ငါ စိုးရိမ်မိ၏။

وَقَالَ مُوْسٰۤی اِنِّیْ عُذْتُ بِرَبِّیْ وَرَبِّكُمْ
مِّنْ كُلِّ مُتَكَبِّرٍ لَّا یُؤْمِنُ بِیَوْمِ الْحِسَابِ ۝ ۲۷

၂၈။ ထို့ပြင် 'မူစာ'ကပြောသည်မှာ ဧကန်စင်စစ် ကျွန်ုပ်သည် မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်နှင့် အသင်တို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်တွင် စာရင်းစစ်ကြောမည့် နေ့တော်ကြီးအပေါ် သက်ဝင်ယုံကြည်ခြင်းမရှိကြသည့် မာန်မာနထောင်လွှားကြသူတို့မှ ခိုလှုံပါ၏။

ရုကူး-၄

وَقَالَ رَجُلٌ مُّؤْمِنٌ ۚ مِّنْ اٰلِ فِرْعَوْنَ
یَكْتُمُ اِیْمَانَهٗۤ اَتَقْتُلُوْنَ رَجُلًا اَنْ
یَّقُوْلَ رَبِّیَ اللّٰهُ وَقَدْ جَآءَكُمْ بِالْبَیِّنٰتِ
مِنْ رَّبِّكُمْ ؕ وَاِنْ یَّكُ كَاذِبًا فَعَلَیْهِ

၂၉။ ထို့ပြင် ဖိရ်အောင်၏မျိုးနွယ်မှ မိမိ၏သက်ဝင်ယုံကြည်မှုအား ဖုံးကွယ်ထားလျက်ရှိသူ ယုံကြည်သူ အမျိုးသားတစ်ဦးကပြောသည်မှာ အသင်တို့သည် ပုဂ္ဂိုလ်တစ်ဦးအား ထိုသူကကျွန်ုပ်၏ဖန်ဆင်းမွေးမြူရှင်သည် 'အလ္လာဟ်'ဖြစ်ပါ၏ဟု ပြောဆိုပြီး သူသည် အသင်တို့ထံ အသင်တို့၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ပွင့်လင်းထင်ရှားသော နိမိတ်လက္ခဏာကိုယူဆောင်၍လာခဲ့ခြင်းကြောင့် သတ်ဖြတ်ပါမည်လော။ အကယ်၍ သူ

كَذِبُهٗ ۚ وَاِنْ يَّكُ صَادِقًا يُّصِبْكُمْ
بَعْضُ الَّذِيْ يَعِدُكُمْ ۗ اِنَّ اللّٰهَ لَا يَهْدِيْ
مَنْ هُوَ مُسْرِفٌ كَذَّابٌ ۝

သည် လိမ်ညာသူဖြစ်ခဲ့လျှင် ဧကန်ပင် သူ၏လိမ်လည်မှုသည် သူ့အပေါ်သို့သာသက်ရောက်ပေမည်။ ထို့ပြင် အကယ်၍ သူသည် မှန်ကန်သူဖြစ်ပါလျှင် အသင်တို့အား သူ သတိပေးနှိုးဆော်သည့်အရာများအနက်မှအချို့သည် အမှန်ပင် အသင်တို့အား လာရောက်ဖမ်းဆီးပေမည်။ စင်စစ် စည်းဘောင်ကို ချိုးဖောက်လွန်ကျူးပြီး လိမ်ညာသူအရင့်အမာအား အလ္လာဟ်သည် လမ်းညွှန်တော်မမူချေ။ ㉑

يٰقَوْمِ لَكُمُ الْمُلْكُ الْيَوْمَ ظٰهِرِيْنَ فِي
الْاَرْضِ ۗ فَمَنْ يَّنْصُرُنَا مِنْۢ بَاْسِ اللّٰهِ اِنْ
جَآءَنَا ۗ قَالَ فِرْعَوْنُ مَآ اُرِيْكُمْ اِلَّا
مَآ اَرٰى وَمَآ اَهْدِيْكُمْ اِلَّا سَبِيْلَ
الرَّشَادِ ۝

၃၀။ အို-ကျွန်ုပ်၏အမျိုးသားတို့ ယနေ့တွင်ကား အသင်တို့၏အုပ်ချုပ်ရေးအာဏာရှိပြီး ဤအခြေအနေ၌ အသင်တို့သည် ကမ္ဘာမြေပေါ်တွင် အောင်နိုင်လွှမ်းမိုးလာလျက် ရှိနေကြပေသည်။ သို့ရာတွင် အလ္လာဟ်၏ပြစ်ဒဏ်ဖမ်းဆီးမှုမှ အကယ်၍ ယင်းသည် ကျွန်ုပ်တို့ထံ ဆိုက်ရောက်လာပါလျှင် မည်သူသည် ကျွန်ုပ်တို့အား ကူညီပါအံ့နည်း။ 'ဖိရ်အောင်'က ပြောသည်မှာ ငါသိမြင်နားလည်သကဲ့သို့ပင် အသင်တို့အား ပြောပြနေခြင်းဖြစ်ပေသည်။ ထို့ပြင် ငါသည် မှန်ကန်သောလမ်းကိုမှလွဲ၍ အခြားဘက်သို့ အသင်တို့အား လမ်းညွှန်မှုပြုသည်မဟုတ်ချေ။

وَقَالَ الَّذِيْٓ اٰمَنَ يٰقَوْمِ اِنِّيْٓ اَخَافُ
عَلَيْكُمْ مِّثْلَ يَوْمِ الْاَحْزَابِ ۝

၃၁။ ထို့ပြင် သက်ဝင်ယုံကြည်ခဲ့သော ထိုသူက ပြောသည်မှာ အို-ကျွန်ုပ်၏အမျိုးသားတို့ အမှန်ပင် ကျွန်ုပ်သည် အသင်တို့အပေါ် 'အဟ်ဇာဘ်'အစုအဖွဲ့တို့၏ခေတ်ကာလမျိုး ဆိုက်ရောက်လာမည်ကို စိုးရိမ်မိ၏။

مِثْلَ دَاْبِ قَوْمِ نُوْحٍ وَّ عَادٍ وَّ ثَمُوْدَ
وَالَّذِيْنَ مِنْۢ بَعْدِهِمْ ۗ وَمَا اللّٰهُ يُرِيْدُ
ظُلْمًا لِّلْعِبَادِ ۝

၃၂။ ထို့ပြင် 'နူးဟ်'၏အမျိုးသားတို့၏ အခြေအနေကဲ့သို့သော ခေတ်ကာလမျိုးသည်လည်းကောင်း၊ 'အာဒ်'နှင့် 'ဆမူးဒ်'တို့ကဲ့သို့လည်းကောင်း၊ ယင်းတို့၏နောက်တွင် ရောက်လာကြသူများကဲ့သို့လည်းကောင်း ဖြစ်၏။ အလ္လာဟ်သည် အစေတော်တို့အပေါ်မတရားပြုရန် မည်သို့မျှရည်ရွယ်တော်မမူချေ။

وَيٰقَوْمِ اِنِّيْٓ اَخَافُ عَلَيْكُمْ يَوْمَ

၃၃။ ထို့ပြင် အို-ကျွန်ုပ်၏အမျိုးသားတို့ ကျွန်ုပ်သည် အသင်

㉑ ဤအာယတ်တော်တွင် ဖော်ပြထားသော ယုံကြည်သူအမျိုးသားမှာ 'ဖိရ်အောင်'နှင့်နီးစပ်သူ၊ ခေါင်းဆောင်အကြီးအကဲများအနက်မှ ဖြစ်ပေသည်။ 'အာစီယာ'သခင်မကဲ့သို့ပင် သူသည်လည်း တမန်တော် မူစာ ﷺ ကို သက်ဝင်ယုံကြည်ခဲ့သူဖြစ်သော်လည်း မိမိ၏ယုံကြည်ချက်ကို လျှို့ဝှက်ထားခဲ့သူဖြစ်သည်။

ဤအာယတ်တော်အားဖြင့် ထင်ရှားသည်မှာ- အကြင်အခါ 'ဖိရ်အောင်'နှင့် သူ၏ အကြီးအကဲများက တမန်တော် မူစာအား သတ်ဖြတ်ရန် စီရင်ဆုံးဖြတ်ကြသည့်အခါ ထိုအချိန်၌ ထိုပုဂ္ဂိုလ်သည် မိမိ လျှို့ဝှက်ထားခဲ့သော ယုံကြည်မှုကို ထုတ်ဖော်ပြသခဲ့ပေသည်။ သူသည် ၎င်းတို့အား ဤသို့ပြုလုပ်ခြင်းမှ နောက်ဆုတ်ရန် နားချပြောဆိုခဲ့ပြီး မိမိ၏ပြောကြားချက်အတွက် သက်သေအဖြစ် သူက တင်ပြသည်မှာ- အကယ်၍ သူ(မူစာ)သည် လိမ်ညာသူဖြစ်ပါလျှင် လိမ်ညာသူတို့၏ လိမ်လည်မှုသည် ၎င်းတို့အပေါ်၌သာ သက်ရောက်လေ့ရှိခဲ့ပေသည်။ အကြင်အရှင်မြတ်ဘက်သို့ သူသည် မဟုတ်မမှန် ယိုးစွပ်ပြောဆိုသည်ဆိုပါလျှင် ထိုအရှင်မြတ်ကိုယ်တိုင်ပင် သူ့အားဖမ်းဆီးတော်မူလိမ့်မည်။ သို့ရာတွင် အကယ်၍ သူ(မူစာ)သည် မှန်ကန်သူဖြစ်ပါမူ သူ ကြိုတင်ဗျာဒိတ်ပေးခဲ့သော ကပ်ဘေးများအနက်မှ အချို့သည် အသင်တို့နောက်သို့ မုချ တွယ်ကပ်လိုက်ပါလာလျက် အသင်တို့သည် ဖျက်ဆီးခြင်းခံကြရသည် အထိ ဖြစ်လိမ့်မည်ဟုတင်ပြခဲ့သည်။ ဤသည်မှာ စစ်မှန်သော တမန်တော်တစ်ပါးအတွက် ထာဝရအမှတ်လက္ခဏာဖြစ်ပြီး တမန်တော်စေလွှတ်ခြင်းခံရသော လူမျိုးအုပ်စုတိုင်းအတွက် ထာဝရဆုံးမစကားဖြစ်ပေသည်။

التَّنَادِ ﴿٣٢﴾

တို့အပေါ် တစ်ဦးကိုတစ်ဦး ကျယ်လောင်သောအသံဖြင့် ဟစ်ခေါ်ကြမည့်ခေတ်ကာလမျိုး ဆိုက်ရောက်လာမည်ကိုလည်း စိုးရိမ်မိ၏။

يَوْمَ تُوَلُّوْنَ مُدْبِرِيْنَ ۚ مَا لَكُمْ مِّنَ اللّٰهِ مِنْ عَاصِمٍ ۚ وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ هَادٍ ﴿٣٣﴾

၃၃။ ထို့နေ့တော်၌ အသင်တို့သည် ကျောခိုင်းလျက် ထွက်ပြေးသွားကြပေအံ့။ အသင်တို့အား အလ္လာဟ်၏ထံမှ ကယ်တင်မည့်သူ မည်သူမျှရှိမည်မဟုတ်။ ထို့ပြင် အကြင်သူအား အလ္လာဟ်က လမ်းလွဲသူဟုသတ်မှတ်တော်မူလျှင် သူ့အား လမ်းညွှန်မည့်သူ မည်သူမျှမရှိချေ။

وَلَقَدْ جَآءَكُمْ يُوْسُفُ مِنْ قَبْلُ بِالْبَيِّنٰتِ فَمَا زِلْتُمْ فِيْ شَكٍّ مِّمَّا جَآءَكُمْ بِهٖ ۭ حَتّٰٓى اِذَا هَلَكَ قُلْتُمْ لَنْ يَّبْعَثَ اللّٰهُ مِنْۢ بَعْدِهٖ رَسُوْلًا ۭ كَذٰلِكَ يُضِلُّ اللّٰهُ مَنْ هُوَ مُسْرِفٌ مُّرْتَابُۨ ﴿٣٤﴾

၃၄။ ထို့ပြင် ဧကန်ပင် အသင်တို့ထံ၌ ဤသည့်အလျင် 'ယူဆုဖ်'သည်လည်း ပွင့်လင်းထင်ရှားသည့် နိမိတ်လက္ခဏာများကို ယူဆောင်၍လာခဲ့ပေသည်။ သို့ရာတွင် အသင်တို့သည် ၎င်းက အသင်တို့ထံယူလာသည်နှင့်စပ်လျဉ်း၍ အစဉ်သဖြင့် သံသယပွားခဲ့ကြပေသည်။ နောက်ဆုံး သူကွယ်လွန်သည့်အခါတွင်မူ ယခုသူ၏နောက်တွင် အလ္လာဟ်သည် မည်သည့်တမန်တော်တစ်ပါးကိုမျှ အလျှင်းစေလွှတ်တော်မူမည်မဟုတ်ချေဟု အသင်တို့ ပြောလာခဲ့ကြ၏။ ဤသို့ဖြင့် အလ္လာဟ်သည် စည်းဘောင်ကို လွန်ကျူးချိုးဖောက်သူများနှင့် သံသယ၌ နစ်မွန်းနေသူများကို လမ်းလွဲသည်ဟု သတ်မှတ်တော်မူ၏။

اَلَّذِيْنَ يُجَادِلُوْنَ فِيْٓ اٰيٰتِ اللّٰهِ بِغَيْرِ سُلْطٰنٍ اَتٰىهُمْ ۭ كَبُرَ مَقْتًا عِنْدَ اللّٰهِ وَعِنْدَ الَّذِيْنَ اٰمَنُوْا ۭ كَذٰلِكَ يَطْبَعُ اللّٰهُ عَلٰي كُلِّ قَلْبِ مُتَكَبِّرٍ جَبَّارٍ ﴿٣٥﴾

၃၅။ ၎င်းတို့သည် သူတို့ထံရောက်လာသည့် အလ္လာဟ်၏အာယတ်တော်များနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ အောင်နိုင်သော သက်သေသာဓကမရှိပါဘဲလျက် အငြင်းအခုန်ပြုကြကုန်၏။ ဤသည် အလ္လာဟ်၏ရှေ့တော်တွင်လည်းကောင်း 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူများ၏ရှေ့တွင်လည်းကောင်း အလွန်ကြီးလေးသော အပြစ်ဖြစ်၏။ ဤသို့ဖြင့် အလ္လာဟ်သည် မာန်မာနထောင်လွှားသူ(နှင့်) လွန်စွာနိုင့်ထက်စီးနင်းပြုသူတိုင်း၏ နှလုံးသားတစ်ခုလုံးအပေါ် တံဆိပ်ခတ်နှိပ်တော်မူ၏။

وَقَالَ فِرْعَوْنُ يٰهَامٰنُ ابْنِ لِيْ صَرْحًا لَّعَلِّيْٓ اَبْلُغُ الْاَسْبَابَ ﴿٣٦﴾

၃၆။ ထို့ပြင် 'ဖိရ်အောင်'ကပြောသည်မှာ၊ အို-'ဟာမန်' ငါသည် ထိုလမ်းများသို့တိုင် သွားရောက်နိုင်စေရန်အလို့ငှာ ငါ့အတွက် နန်းမြင့်တစ်ဆောင်ကို တည်ဆောက်ပါလေ။

اَسْبَابَ السَّمٰوٰتِ فَاَطَّلِعَ اِلٰٓى اِلٰهِ مُوْسٰى وَاِنِّىْ لَاَظُنُّهٗ كَاذِبًا ۭ وَكَذٰلِكَ زُيِّنَ لِفِرْعَوْنَ سُوْۗءُ عَمَلِهٖ وَصُدَّ عَنِ السَّبِيْلِ ۭ وَمَا كَيْدُ فِرْعَوْنَ اِلَّا

၃၇။ အကြင် မိုးကောင်းကင်၏လမ်းများဖြင့်။ ငါသည် 'မူစာ'၏ကိုးကွယ်ရာအရှင်ကို လှမ်းမျှော်၍ကြည့်ပေအံ့။ သို့သော် အမှန်သော်ကား ငါသည် သူ့အားလိမ်ညာသူဟု ယူဆပေသည်။ ထို့ပြင် ဤကဲ့သို့ပင် 'ဖိရ်အောင်'အတွက် သူ၏ဆိုးယုတ်သော အကျင့်အမူကို လှပတင့်တယ်အောင်ပြု၍ ပြသခဲ့ပေသည်။ ထို့ပြင် သူသည် လမ်းမှတားမြစ်ပိတ်ပင်ခြင်းကို ခံခဲ့

فِيْ تَبَابٍ ﴿٣٧﴾

ရပေသည်။ ထို့ပြင် 'ဖိရ်အောင်'၏ကြံစည်ကြိုးစားမှုသည်ကား ၎င်းသည် အထမမြောက်ခြင်း၌ နစ်မြုပ်နေခဲ့ခြင်းမှတစ်ပါး အခြားဘာမျှမဟုတ်ချေတည်း။

ရှုကူး-၅

وَقَالَ الَّذِيْٓ اٰمَنَ يٰقَوْمِ اتَّبِعُوْنِ اَهْدِكُمْ سَبِيْلَ الرَّشَادِ ﴿٣٨﴾

၃၉။ ထို့ပြင် သက်ဝင်ယုံကြည်ခဲ့သူ ထိုပုဂ္ဂိုလ်ကပြောသည်မှာ အို- ကျွန်ုပ်၏အမျိုးသားတို့ ကျွန်ုပ်၏နောက်သို့ လိုက်ကြကုန်။ ကျွန်ုပ်သည် အသင်တို့အား လမ်းမှန်ကို ညွှန်ပြတော်မူပေအံ့။

يٰقَوْمِ اِنَّمَا هٰذِهِ الْحَيٰوةُ الدُّنْيَا مَتَاعٌ ۫ وَّاِنَّ الْاٰخِرَةَ هِيَ دَارُ الْقَرَارِ ﴿٣٩﴾

၄၀။ အို-ကျွန်ုပ်၏အမျိုးသားတို့ ဤလောကီဘဝသည်ကား ယာယီအကျိုးကျေးဇူးမျှသာဖြစ်၏။ ဧကန်စင်စစ် နောင်တမလွန်သည်သာလျှင် နေထိုင်ရန်ထိုက်တန်သော နေရာဌာနဖြစ်၏။

مَنْ عَمِلَ سَيِّئَةً فَلَا يُجْزٰٓى اِلَّا مِثْلَهَا ۚ وَمَنْ عَمِلَ صَالِحًا مِّنْ ذَكَرٍ اَوْ اُنْثٰى وَهُوَ مُؤْمِنٌ فَاُولٰٓئِكَ يَدْخُلُوْنَ الْجَنَّةَ يُرْزَقُوْنَ فِيْهَا بِغَيْرِ حِسَابٍ ﴿٤٠﴾

၄၁။ အကြင်မည်သူမဆို မကောင်းမှုကိုပြုလုပ်ခဲ့လျှင် ယင်းနှင့်တူသောအကျိုးမှတစ်ပါး သူ့အား အခြား အပြစ်ဒဏ်ပေးခြင်း ခံရမည်မဟုတ်။ ထို့ပြင် အမျိုးသားနှင့် အမျိုးသမီးတို့ အနက်မှ အကြင်မည်သူမဆို ကောင်းမှုကိုပြု၍ သက်ဝင်ယုံကြည်ခဲ့သော် ဤသူများသည်သာလျှင် 'ဂျန္နတ်'ဥယျာဉ်တော်သို့ ဝင်ရောက်ကြရပေမည်။ ယင်း၌ ၎င်းတို့သည် 'ရီဇိုက်'ရိက္ခာကို အတိုင်းအဆမရှိ ပေးသနားခြင်းခံကြရပေအံ့။

وَيٰقَوْمِ مَا لِيْٓ اَدْعُوْكُمْ اِلَى النَّجٰوةِ وَتَدْعُوْنَنِيْٓ اِلَى النَّارِ ﴿٤١﴾

၄၂။ အို-ကျွန်ုပ်၏အမျိုးသားတို့ ကျွန်ုပ်မည်သို့ဖြစ်ခဲ့ရပါသနည်း။ ကျွန်ုပ်သည် အသင်တို့အား ကယ်တင်ခြင်းဘက်သို့ ဖိတ်ခေါ်နေပါလျက် အသင်တို့သည် ကျွန်ုပ်အား (၎ရဲ)မီးဘက်သို့ ဖိတ်ခေါ်နေကြသည်။

تَدْعُوْنَنِيْ لِاَكْفُرَ بِاللّٰهِ وَاُشْرِكَ بِهٖ مَا لَيْسَ لِيْ بِهٖ عِلْمٌ ۡ وَّاَنَا اَدْعُوْكُمْ اِلَى الْعَزِيْزِ الْغَفَّارِ ﴿٤٢﴾

၄၃။ ကျွန်ုပ်က အလ္လာဟ်အားငြင်းပယ်ပြီး ယင်းနှင့်ပတ်သက်၍ ကျွန်ုပ်တွင် မည်သို့သော အသိပညာမျှမရှိသည့်အရာကို အရှင်မြတ်နှင့်ယှဉ်တွဲကိုးကွယ်ရာပြုလုပ်ရန် အသင်တို့သည် ကျွန်ုပ်အား ဆင့်ခေါ်နေကြပေသည်။ စင်စစ် ကျွန်ုပ်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ အကန့်အသတ်မရှိ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူသောအရှင်ဘက်သို့ ဖိတ်ခေါ်ပေသည်။

لَا جَرَمَ اَنَّمَا تَدْعُوْنَنِيْٓ اِلَيْهِ لَيْسَ لَهٗ دَعْوَةٌ فِي الدُّنْيَا وَلَا فِي الْاٰخِرَةِ وَاَنَّ مَرَدَّنَآ اِلَى اللّٰهِ وَاَنَّ الْمُسْرِفِيْنَ هُمْ اَصْحٰبُ النَّارِ ﴿٤٣﴾

၄၄။ အသင်တို့က ကျွန်ုပ်အား ဖိတ်ခေါ်မှုပြုသော အကြင်အရာအဖို့ ဤလောကတွင်လည်းကောင်း၊ နောင်တမလွန်တွင်လည်းကောင်း ဖိတ်ခေါ်ရန်အခွင့်အရေးမရှိခြင်း၌ မည်သို့မျှသံသယဖြစ်စရာမရှိချေ။ ထို့ပြင် ဧကန်ပင် ကျွန်ုပ်တို့၏ ပြန်လှည့်သွားရခြင်းသည်ကား အလ္လာဟ်ဘက်သို့သာ ဖြစ်ပေသည်။ ထို့ပြင် အမှန်ပင် စည်းဖောက်သူများသည်သာလျှင် (၎ရဲ)မီးသားများဖြစ်ကြပေအံ့။

فَسَتَذْكُرُوْنَ مَآ اَقُوْلُ لَكُمْ ۭ وَاُفَوِّضُ اَمْرِيْٓ اِلَى اللّٰهِ ۭ اِنَّ اللّٰهَ بَصِيْرٌۢ بِالْعِبَادِ ۝

၄၄။ သို့ဖြစ်ရာ အသင်တို့သည် ကျွန်ုပ်က အသင်တို့အားပြောသည့် ထိုစကားများကို အမှန်ပင် သတိရကြပေအံ့။ ထို့ပြင် ကျွန်ုပ်သည် မိမိ၏အရေးကိစ္စကို အလ္လာဟ်ထံလွှဲအပ်ပါ၏။ စင်စစ် အလ္လာဟ်သည် အစေတော်များအပေါ် နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။

فَوَقٰىهُ اللّٰهُ سَيِّاٰتِ مَا مَكَرُوْا وَحَاقَ بِاٰلِ فِرْعَوْنَ سُوْۗءُ الْعَذَابِ ۝

၄၆။ သို့ဖြစ်ရာ အလ္လာဟ်သည် သူ့အား ထိုသူတို့ပြုလုပ်သည့် ထိုကြံစည်မှုများ၏ ဆိုးကျိုးမှကယ်တင်တော်မူခဲ့၏။ ထို့ပြင် 'ဖိရ်အောင်'၏မျိုးနွယ်ကို အလွန်ဆိုးရွားသော ပြစ်ဒဏ်သည် ဝိုင်းရံလိုက်ပေသည်။

اَلنَّارُ يُعْرَضُوْنَ عَلَيْهَا غُدُوًّا وَّعَشِيًّا ۚ وَيَوْمَ تَقُوْمُ السَّاعَةُ ۣ اَدْخِلُوْٓا اٰلَ فِرْعَوْنَ اَشَدَّ الْعَذَابِ ۝

၄၇။ 'မီး'၊ ယင်း၌ သူတို့သည် နံနက်နှင့် ညနေတို့တွင် တင်ဆက်ခြင်းခံရ၏။ ထို့ပြင် 'ကေယာမတ်'နေ့တော်ကြီး ဖြစ်ပေါ်မည့်အခါ 'ဖိရ်အောင်'၏အနွယ်ကို အပြင်းထန်ဆုံးသော ပြစ်ဒဏ်၌ ပစ်ထည့်လော့(ဟု မိန့်ကြားခြင်းခံရမည်)။

وَاِذْ يَتَحَاۗجُّوْنَ فِي النَّارِ فَيَقُوْلُ الضُّعَفٰٓؤُا لِلَّذِيْنَ اسْتَكْبَرُوْٓا اِنَّا كُنَّا لَكُمْ تَبَعًا فَهَلْ اَنْتُمْ مُّغْنُوْنَ عَنَّا نَصِيْبًا مِّنَ النَّارِ ۝

၄၈။ ထို့ပြင် ယင်းတို့သည် မီး၌ရှိကြလျက် အငြင်းပွားနေကြမည့် အကြင်အခါဝယ် အင်အားချည့်နဲ့သူများက မာန်မာနထောင်လွှားသူများအား ပြောကြမည်မှာ ကျွန်ုပ်တို့သည် အမှန်ပင် အသင်တို့၏နောက်လိုက်များဖြစ်ခဲ့ကြ၏။ သို့ဖြစ်ရာ အသင်တို့သည် မီး၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို ကျွန်ုပ်တို့ထံမှ လွှဲဖယ်ပေးနိုင်ပါသလော။

قَالَ الَّذِيْنَ اسْتَكْبَرُوْٓا اِنَّا كُلٌّ فِيْهَآ ۙ اِنَّ اللّٰهَ قَدْ حَكَمَ بَيْنَ الْعِبَادِ ۝

၄၉။ မာန်မာနထောင်လွှားခဲ့ကြကုန်သော အကြင်သူများကပြောဆိုကြမည်မှာ စင်စစ် ကျွန်ုပ်တို့အားလုံးသည် ယင်း၌ ရှိနေကြပေသည်။ ဧကန်ပင် အလ္လာဟ်သည် အစေတော်များအကြား၌ စီရင်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပေသည်။

وَقَالَ الَّذِيْنَ فِي النَّارِ لِخَزَنَةِ جَهَنَّمَ ادْعُوْا رَبَّكُمْ يُخَفِّفْ عَنَّا يَوْمًا مِّنَ الْعَذَابِ ۝

၅၀။ ထို့ပြင် ငရဲမီး၌ရှိကြကုန်သော အကြင်သူများက 'ဂျဟန္နမ်'ငရဲ၏အစောင့်အား ပြောဆိုကြမည်မှာ ကျွန်ုပ်တို့ထံမှ တစ်နေ့နေ့လောက် အချို့သော ပြစ်ဒဏ်လျော့နည်းသွားစေရန် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ထံ လျှောက်ထားတောင်းခံပါလေ။

قَالُوْٓا اَوَلَمْ تَكُ تَاْتِيْكُمْ رُسُلُكُمْ بِالْبَيِّنٰتِ ۭ قَالُوْا بَلٰى ۭ قَالُوْا فَادْعُوْا ۚ وَمَا دُعٰۗؤُا الْكٰفِرِيْنَ اِلَّا فِيْ ضَلٰلٍ ۝ ۧ

၅၁။ ငင်းတို့က ပြောဆိုကြမည်မှာ သို့ဖြစ်လျှင် အသင်တို့ထံအသင်တို့၏တမန်တော်များသည် ပွင့်လင်းထင်ရှားသော နိမိတ်လက္ခဏာများနှင့်အတူလာလျက်ရှိခဲ့ကြသည် မဟုတ်ပါလော။ ယင်းတို့ကပြောမည်မှာ- မှန်ပါ၏၊ အဘယ့်ကြောင့် မဟုတ်ရမည်နည်း။ ငင်းတို့က အဖြေပေးကြမည်မှာ သို့ဖြစ်လျှင် ဆုတောင်းကြလော့။ သို့ရာတွင် မယုံကြည်ငြင်းပယ်သူများ၏'ဒိုအာ'ဆုတောင်းသည် အချည်းနှီးဖြစ်သွားခြင်းမှလွဲ၍ မည်သည့်အနေအထားတွင်မျှမရှိချေ။

ရှုကူး-၆

اِنَّا لَنَنْصُرُ رُسُلَنَا وَالَّذِيْنَ اٰمَنُوْا فِى الْحَيٰوةِ الدُّنْيَا وَيَوْمَ يَقُوْمُ الْاَشْهَادُ ﴿۵۱﴾

၅၁။ စင်စစ်ဧကန် ငါတို့သည် မိမိ၏တမန်တော်များနှင့် သက်ဝင်ယုံကြည်ကြသူတို့အား ဤလောကီဘဝ၌လည်းကောင်း၊ သက်သေများရပ်ကြမည့်နေ့တွင်လည်းကောင်း ကူညီစောင်မတော်မူပေအံ့။ ①

يَوْمَ لَا يَنْفَعُ الظّٰلِمِيْنَ مَعْذِرَتُهُمْ وَلَهُمُ اللَّعْنَةُ وَلَهُمْ سُوْٓءُ الدَّارِ ﴿۵۲﴾

၅၂။ ထိုနေ့တွင် မတရားပြုသူများအား ယင်းတို့၏ အပြစ်လွှတ်ရန် အကြောင်းပြပြောဆိုချက်သည် မည်သို့မျှအကျိုးရှိမည်မဟုတ်။ ထို့ပြင် ယင်းတို့အတွက် ကရုဏာတော်မှကင်းဝေးခြင်း 'လာ့အ်နတ်'သည်ရှိလိမ့်မည်။ ထို့ပြင် ယင်းတို့အတွက် လွန်စွာဆိုးရွားသော အိမ်ရှိပေအံ့။

وَلَقَدْ اٰتَيْنَا مُوْسَى الْهُدٰى وَاَوْرَثْنَا بَنِىٓ اِسْرَآءِيْلَ الْكِتٰبَ ﴿۵۳﴾

၅၃။ ထို့ပြင် မုချ ငါတို့သည် 'မူစာ'အား လမ်းညွှန်မှုကိုပေးတော်မူခဲ့၏။ ၎င်းပြင် အစ္စရာအီလ်အမျိုးသားတို့အား ကျမ်းဂန်၏အမွေခံများ ပြုလုပ်တော်မူခဲ့၏။

هُدًى وَّذِكْرٰى لِاُولِى الْاَلْبَابِ ﴿۵۴﴾

၅၄။ ယင်းသည် အသိဉာဏ်ရှိသူများအတွက် လမ်းညွှန်တော်နှင့် အဆုံးအမလည်း ဖြစ်ခဲ့ပေသည်။

فَاصْبِرْ اِنَّ وَعْدَ اللّٰهِ حَقٌّ وَّاسْتَغْفِرْ لِذَنْۢبِكَ وَسَبِّحْ بِحَمْدِ رَبِّكَ بِالْعَشِىِّ وَالْاِبْكَارِ ﴿۵۵﴾

၅၆။ သို့ဖြစ်ရာ သည်းခံစွဲမြဲလော့။ မုချဧကန် အလ္လာဟ်၏ကတိတော်သည် မှန်ကန်၏။ ထို့ပြင် မိမိ၏ မှားယွင်းမှေလျော့မှုများနှင့်စပ်လျဉ်း၍ ခွင့်လွှတ်ခြင်းကို တောင်းခံပါလေ။ ထို့ပြင် မိမိဖန်ဆင်းမွေးမြူရှင်အား ချီးမွမ်းခြင်းနှင့်အတူ အရှင်မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်း 'တာစ်ဘီ'ပြု ရင့်ကျူးခြင်းကို ညနေချမ်းတွင်လည်းကောင်း၊ နံနက်ခင်းတွင်လည်းကောင်း ပြုပါလေ။ ②

اِنَّ الَّذِيْنَ يُجَادِلُوْنَ فِىٓ اٰيٰتِ اللّٰهِ بِغَيْرِ سُلْطٰنٍ اَتٰىهُمْ ۙ اِنْ فِىْ صُدُوْرِهِمْ اِلَّا كِبْرٌ مَّا هُمْ بِبَالِغِيْهِ ۚ فَاسْتَعِذْ بِاللّٰهِ ۭ اِنَّهٗ هُوَ السَّمِيْعُ الْبَصِيْرُ ﴿۵۶﴾

၅၇။ စင်စစ် ထိုသူတို့သည် သူတို့ထံရောက်ရှိလာသည့် အလ္လာဟ်၏ 'အာယတ်'တော်များနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ပြတ်သားသည့်သက်သေသာဓကမရှိပါဘဲလျက် အငြင်းအခုန်ပြုကြကုန်၏။ သူတို့၏ စိတ်နှလုံးများတွင် သူတို့ မည်သည့်အခါတွင်မျှ ရရှိနိုင်မည်မဟုတ်သည့် ကြီးကျယ်မြင့်မြတ်ခြင်းမှလွဲ၍ မည်သည်မျှမရှိချေ။ သို့ဖြစ်ရာ အလ္လာဟ်ထံခိုလှုံခွင့်တောင်းခံပါလေ။ ဧကန်ပင် အရှင်မြတ်သည်သာလျှင် လွန်စွာကြားတော်မူသောအရှင်၊ နက်ရှိုင်းစွာ မြင်တွေ့တော်မူသော အရှင် ဖြစ်တော်မူ၏။

① အလ္လာဟ်အရှင်မြတ်က အရှင်၏တမန်တော်များအား မိမိအထံတော်မှ အသေအချာပင် ကူညီစောင်မခြင်းခံရသော ပုဂ္ဂိုလ်အဖြစ်သတ်မှတ်တော်မူပေသည်။ **يَوْمَ يَقُوْمُ الْاَشْهَاد** ၏သဘောမှာ 'ကေယာမတ်' (၀၊) ယင်းတွင် တရားခံများနှင့်ဆန့်ကျင်လျက် မငြင်းနိုင်အပ်သည့် သက်သေအထောက်အထားများစွာကို တင်ပြခြင်းခံရမည်ဖြစ်သော စီရင်ဆုံးဖြတ်ချက်ချမည့်နေ့တော်ဖြစ်သည်။

② တမန်တော်မြတ်ﷺဘက်သို့ **ذَنْب** ကို ရည်ညွှန်းထားသည်ဖြစ်၍ ဤတွင်အပြစ်ဒုစရိုက်မဟုတ်မူဘဲ မေ့လျော့ခြင်းကို ဆိုလိုပေသည်။

لَخَلْقُ السَّمٰوٰتِ وَالْاَرْضِ اَكْبَرُ مِنْ خَلْقِ النَّاسِ وَ لٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ۝٥٧

၅၇။ မလွဲဧကန် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ဖန်ဆင်းခြင်းသည် လူသားတို့၏ ဖန်ဆင်းခြင်းထက် ပိုမို၍ကြီးကျယ်လှပေသည်။ သို့ရာတွင် လူသားအများစုသည် မသိကြချေ။

وَمَا يَسْتَوِى الْاَعْمٰى وَالْبَصِيْرُ ۙ وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ وَلَا الْمُسِيْٓءُ ۭ قَلِيْلًا مَّا تَتَذَكَّرُوْنَ ۝٥٨

၅၈။ ထို့ပြင် မျက်စိကန်းသူနှင့် မြင်သူသည် တူညီနိုင်သည် မဟုတ်ချေ။ ဤကဲ့သို့ပင် သက်ဝင်ယုံကြည်ကြပြီးကောင်းမြတ်သည့် အကျင့်သီလများကို ကျင့်ကြံဆောက်တည်သူတို့သည် မကောင်းမှုကို ပြုကျင့်သူများနှင့် မတူညီနိုင်ချေ။ အနည်းငယ်မျှသာလျှင် အသင်တို့သင်ခန်းစာရယူကြ၏။

اِنَّ السَّاعَةَ لَاٰتِيَةٌ لَّا رَيْبَ فِيْهَا وَلٰكِنَّ اَكْثَرَ النَّاسِ لَا يُؤْمِنُوْنَ ۝٥٩

၅၉။ စင်စစ်ဧကန် 'ဆာအတ်' ကတိပြုထားသည့်အချိန်သည် အမှန်ပင် ရောက်ရှိလာပေအံ့။ ယင်း၌ မည်သို့သော သံသယပွားစရာမျှမရှိ။ သို့ရာတွင် လူအများစုသည် သက်ဝင်ယုံကြည်ခြင်းမရှိကြချေ။

وَقَالَ رَبُّكُمُ ادْعُوْنِيْٓ اَسْتَجِبْ لَكُمْ ۭ اِنَّ الَّذِيْنَ يَسْتَكْبِرُوْنَ عَنْ عِبَادَتِيْ سَيَدْخُلُوْنَ جَهَنَّمَ دٰخِرِيْنَ ۝٦٠

၆၀။ ထို့ပြင် အသင်တို့၏ဖန်ဆင်းမွေးမြူရှင်က မိန့်တော်မူသည်မှာ ငါ့အား ဟစ်ခေါ်တမ်းတကြကုန်။ ငါသည် အသင်တို့အား အဖြေပေးတော်မူပေအံ့။ မုချဧကန် ငါအရှင်မြတ်အား ဝတ်ပြုကိုးကွယ်ခြင်းမှ မိမိတို့ကိုယ်ကို ကြီးမြတ်သည်ဟု ထင်မြင်ယူဆကြကုန်သောသူတို့သည် 'ဂျဟန္နမ်'ငရဲတွင် အမှန်ပင် ဂုဏ်သိက္ခာညိုးနွမ်းလျက် ဝင်ရောက်ကြရပေအံ့။

ရုကူး-၇

اَللّٰهُ الَّذِيْ جَعَلَ لَكُمُ الَّيْلَ لِتَسْكُنُوْا فِيْهِ وَالنَّهَارَ مُبْصِرًا ۭ اِنَّ اللّٰهَ لَذُوْ فَضْلٍ عَلَى النَّاسِ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَشْكُرُوْنَ ۝٦١

၆၁။ အလ္လာဟ်သည် ထိုအရှင်မြတ်ဖြစ်၏။ ထိုအရှင်မြတ်သည် အသင်တို့အတွက် 'ညဉ့်'ကိုပြုလုပ်တော်မူရခြင်းမှာ အသင်တို့သည် ယင်း၌ စိတ်နှလုံးငြိမ်းချမ်းမှုရရှိစေရန်နှင့် 'နေ့'ကို ထင်ရှားဖော်ပြသောအရာ ပြုလုပ်တော်မူ၏။ စင်စစ် အလ္လာဟ်သည် လူသားတို့အပေါ် အလွန်ကျေးဇူးပြုတော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ရာတွင် လူသားအများစုသည် ကျေးဇူးမသိတတ်ကြချေ။

ذٰلِكُمُ اللّٰهُ رَبُّكُمْ خَالِقُ كُلِّ شَيْءٍ ۡ لَآ اِلٰهَ اِلَّا هُوَ ۚ فَاَنّٰى تُؤْفَكُوْنَ ۝٦٢

၆၂။ ဤသည်အလ္လာဟ်ဖြစ်၏။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရာအားလုံး၏ဖန်ဆင်းရှင်။ ထိုအရှင်မြတ်မှလွဲ၍ ခဝဝ်ကိုးကွယ်ခြင်းခံထိုက်သူမည်သူမျှမရှိ။ သို့ဖြစ်ရာ အသင်တို့သည် အဘယ်သို့ ဖြားယောင်းလှည့်စားခြင်းကို ခံနေရပေသနည်း။

كَذٰلِكَ يُؤْفَكُ الَّذِيْنَ كَانُوْا بِاٰيٰتِ اللّٰهِ يَجْحَدُوْنَ ۝٦٣

၆၃။ ဤကဲ့သို့ပင် အလ္လာဟ်၏'အာယတ်'တော်များကို ငြင်းပယ်ကြကုန်သော အကြင်သူများသည်လည်း လှည့်စားခြင်းကို ခံနေကြရပေသည်။

اَللّٰهُ الَّذِيْ جَعَلَ لَكُمُ الْاَرْضَ قَرَارًا

၆၄။ အလ္လာဟ်သည် ထိုအရှင်မြတ်ဖြစ်၏။ ထိုအရှင်သည်

وَّالسَّمَآءَ بِنَآءً وَّ صَوَّرَكُمْ فَاَحْسَنَ صُوَرَكُمْ وَرَزَقَكُمْ مِّنَ الطَّيِّبٰتِ ؕ ذٰلِكُمُ اللّٰهُ رَبُّكُمْ ۚ فَتَبٰرَكَ اللّٰهُ رَبُّ الْعٰلَمِيْنَ ﴿۶۴﴾

အသင်တို့အတွက် ကမ္ဘာမြေကြီးကို ရပ်တည်နေထိုင်ရာနေရာ ပြုလုပ်တော်မူ၏။ ထို့ပြင် မိုးကောင်းကင်ကို (အသင်တို့) တည်တံ့ရေး၏ အရင်းခံပြုလုပ်တော်မူ၏။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အား ပုံသဏ္ဌာန်ချီးမြှင့်တော်မူခဲ့ပြီး အသင်တို့၏ပုံပန်း သဏ္ဌာန်များအား အလွန်ကောင်းမွန်အောင် ပြုလုပ်တော်မူခဲ့ပေသည်။ ထို့ပြင် အသင်တို့အား သန့်ရှင်းစင်ကြယ်သောအရာများမှ 'ရိဇ်ကီ'ရိကျွာကိုချီးမြှင့်တော်မူခဲ့၏။ ဤသည် အသင်တို့၏ဖန်ဆင်းမွေးမြူရှင် အလ္လာဟ်ဖြစ်၏။ သို့ဖြစ်ရာ စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင် ထို'အလ္လာဟ်'တစ်ပါးတည်းသာလျှင် 'ဘာရ်ကတ်'မင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူသောအရှင်ဖြစ်ကြောင်း သက်သေရရှိပေသည်။

هُوَ الْحَیُّ لَاۤ اِلٰهَ اِلَّا هُوَ فَادْعُوْهُ مُخْلِصِيْنَ لَهُ الدِّيْنَ ؕ اَلْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ﴿۶۵﴾

၆၅။ ထိုအရှင်မြတ်သည်သာလျှင် အသက်ထင်ရှားရှိတော်မူ၏။ အရှင်မြတ်မှလွဲ၍ ကိုးကွယ်ခြင်းခံထိုက်သူမရှိ။ သို့ဖြစ်ရာ အရှင်မြတ်အတွက်သာလျှင် သာသနာတော်ကို သီးသန့်ပြုလုပ်လျက် အရှင်မြတ်အား ဟစ်ခေါ်တမ်းတကြလေကုန်။ ပြီးပြည့်စုံသော ချီးမွမ်းခြင်းသည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အဖို့သာဖြစ်ပေသည်။

قُلْ اِنِّیْ نُهِيْتُ اَنْ اَعْبُدَ الَّذِيْنَ تَدْعُوْنَ مِنْ دُوْنِ اللّٰهِ لَمَّا جَآءَنِیَ الْبَيِّنٰتُ مِنْ رَّبِّیْ ۪ وَاُمِرْتُ اَنْ اُسْلِمَ لِرَبِّ الْعٰلَمِيْنَ ﴿۶۶﴾

၆၆။ အသင်ပြောကြားပါလေ။ ဧကန်ပင် အလ္လာဟ်မှလွဲ၍ အသင်တို့ ဟစ်ခေါ်တမ်းတသည့်အရာများကို ဝတ်ပြုကိုးကွယ်ခြင်းမှ ကျွန်ုပ်အား တားမြစ်တော်မူ၏။ အမှန်သော်ကား ကျွန်ုပ်ထံသို့ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ပွင့်လင်းထင်ရှားသော နိမိတ်လက္ခဏာတော်များ ရောက်ရှိလာခဲ့ပေသည်။ ထို့ပြင် ကျွန်ုပ်သည် စကြဝဠာကမ္ဘာလောကအပေါင်း၏ ဖန်ဆင်းမွေးမြူရှင်အား အပြည့်အဝ ကျိုးနွံနာခံရန် ကျွန်ုပ်အား အမိန့်ပေးခြင်းခံရ၏။

هُوَ الَّذِیْ خَلَقَكُمْ مِّنْ تُرَابٍ ثُمَّ مِنْ نُّطْفَةٍ ثُمَّ مِنْ عَلَقَةٍ ثُمَّ يُخْرِجُكُمْ طِفْلًا ثُمَّ لِتَبْلُغُوْۤا اَشُدَّكُمْ ثُمَّ لِتَكُوْنُوْا شُيُوْخًا ۚ وَمِنْكُمْ مَّنْ يُّتَوَفّٰی مِنْ قَبْلُ وَلِتَبْلُغُوْۤا اَجَلًا مُّسَمًّی وَّ لَعَلَّكُمْ تَعْقِلُوْنَ ﴿۶۷﴾

၆၇။ ထိုအရှင်မြတ်သည်ပင် (ဦးစွာပထမ) အသင်တို့အား မြေကြီးမှဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ကလလရည်ကြည်ဖြင့်၊ ထို့နောက် အသားအစိုင်အခဲဖြင့်၊ ထို့နောက် အသင်တို့အား ကလေးပုံသဏ္ဌာန်ဖြင့် အပြင်သို့ထုတ်ဆောင်တော်မူ၏။ ထို့နောက် တစ်ဖန် အသင်တို့ လူလားမြောက်သည့် အသက်အရွယ်ရောက်ရှိရန် စွမ်းအားပေးတော်မူ၏။ သို့ဖြင့် တစ်ဖန် အသင်တို့သည် အိုမင်းမစွမ်းအရွယ်ဖြစ်သွားရန်နှင့် အသင်တို့၏ နောက်ဆုံးသတ်မှတ်ကာလတိုင်အောင်ရောက်ရှိကြစေရန်ဖြစ်၏။ သို့ရာတွင် အသင်တို့အနက်အချို့မှာ မူလကပင် သေဆုံးစေတော်မူခြင်းခံရသည်လည်းရှိ၏။ ထို့ပြင် (ဤနည်းစနစ်ရှိရခြင်းမှာ) အသင်တို့ စဉ်းစားဆင်ခြင်ကြအံ့သောငှာဖြစ်၏။

هُوَ الَّذِیْ یُحْیٖ وَ یُمِیْتُ ۚ فَاِذَا قَضٰۤی اَمْرًا فَاِنَّمَا یَقُوْلُ لَهٗ كُنْ فَیَكُوْنُ ۝۶۸

၆၉။ ထိုအရှင်မြတ်သည်ပင် အသက်ရှင်စေတော်မူ၏။ထို့ပြင် သေစေတော်မူ၏။ သို့ဖြစ်ရာ အရှင်မြတ်သည် တစ်စုံတစ်ရာ အရေးကိစ္စကို စီရင်ဆုံးဖြတ်သည့်အခါ ယင်းအား 'ဖြစ်စေ'ဟူ၍သာ မိန့်ဆိုလိုက်သည့်အခါ ယင်းသည် စတင်ဖြစ်ပေါ်လာပြီး ဆင့်ကဲဖြစ်ထွန်းလာလေသည်။

ရှူအ်-၈

اَلَمْ تَرَ اِلَى الَّذِیْنَ یُجَادِلُوْنَ فِیْۤ اٰیٰتِ اللّٰهِ ؕ اَنّٰى یُصْرَفُوْنَ ۝۶۹

၇၀။ အသို့နည်း၊ အသင်သည် အလ္လာဟ်၏ နိမိတ်လက္ခဏာတော်များနှင့်စပ်လျဉ်း၍ အငြင်းအခုန်ပြုကြသောသူများအား မကြည့်မမြင်ပါသလော။ ယင်းတို့သည် အဘယ်သို့ လှည့်၍ သွားနေကြပေသနည်း။

الَّذِیْنَ كَذَّبُوْا بِالْكِتٰبِ وَ بِمَاۤ اَرْسَلْنَا بِهٖ رُسُلَنَا ۟ فَسَوْفَ یَعْلَمُوْنَ ۝۷۰

၇၁။ အကြင်သူတို့သည် ကျမ်းတော်နှင့် ငါတို့က မိမိတမန်တော်များအား စေလွှတ်လေ့ရှိခဲ့သည့် ထိုအရေးကိစ္စများကို ငြင်းပယ်ကြကုန်၏။ သို့ဖြစ်ရာ ယင်းတို့သည် မကြာမြင့်မီ သိရှိသွားကြပေအံ့။

اِذِ الْاَغْلٰلُ فِیْۤ اَعْنَاقِهِمْ وَ السَّلٰسِلُ ؕ یُسْحَبُوْنَ ۝۷۱

၇၂။ အကြင်အခါ လည်ပတ်ကြိုးသည် ယင်းတို့၏လည်ပင်းများ၌ရှိပေအံ့။ ထို့ပြင် သံကြိုးများသည်လည်း (ငင်းဖြင့်) ယင်းတို့အား တရွတ်တိုက်ဆွဲခြင်းခံကြရပေအံ့။

فِی الْحَمِیْمِ ۙ ثُمَّ فِی النَّارِ یُسْجَرُوْنَ ۝۷۲

၇၃။ ဆူပွက်လျက်ရှိသည့်ရေတွင်၊ ထို့မှနောက်တွင် ယင်းတို့အား မီးခဲ့ပစ်ချခြင်းကိုခံကြရပေအံ့။

ثُمَّ قِیْلَ لَهُمْ اَیْنَ مَا كُنْتُمْ تُشْرِكُوْنَ ۝۷۳

၇၄။ ထို့နောက် ယင်းတို့အား မေးမြန်းခြင်းခံရမည်မှာ အသင်တို့ 'ရှရီက်'ယှဉ်တွဲရာ သတ်မှတ်လေ့ရှိခဲ့သည့်အရာများသည် အဘယ်မှာနည်း။

مِنْ دُوْنِ اللّٰهِ ؕ قَالُوْا ضَلُّوْا عَنَّا بَلْ لَّمْ نَكُنْ نَّدْعُوْا مِنْ قَبْلُ شَیْـًٔا ؕ كَذٰلِكَ یُضِلُّ اللّٰهُ الْكٰفِرِیْنَ ۝۷۴

၇၅။ အလ္လာဟ်မှတစ်ပါးဖြစ်၏။ ယင်းတို့က ပြောကြမည်မှာ ကျွန်ုပ်တို့ထံမှ ၎င်းတို့သည် ပျောက်ကွယ်သွားခဲ့ကြချေပြီ။ ထို့မျှမက ကျွန်ုပ်တို့သည်ကား ဤသည့်အလျင် မည်သည့်အရာကိုမျှ ဟစ်ခေါ်တမ်းတခြင်းမပြုခဲ့ကြပါ။ ဤသို့ဖြင့် အလ္လာဟ်သည် 'ကာဖိရ်'မယုံကြည်ခြင်းပယ်သူတို့အား လမ်းလွဲသည်ဟု သတ်မှတ်တော်မူ၏။

ذٰلِكُمْ بِمَا كُنْتُمْ تَفْرَحُوْنَ فِی الْاَرْضِ بِغَیْرِ الْحَقِّ وَ بِمَا كُنْتُمْ تَمْرَحُوْنَ ۝۷۵

၇၆။ ဤကဲ့သို့ဖြစ်ရခြင်းမှာ အသင်တို့သည် ကမ္ဘာမြေတွင် မတရားသဖြင့် ပျော်ပွဲရွှင်ပွဲကျင်းပခဲ့ကြခြင်းနှင့် အသင်တို့သည် မာန်မာနထောင်လွှားလေ့ရှိခဲ့ကြခြင်းကြောင့် ဖြစ်ပေသည်။

اُدْخُلُوْۤا اَبْوَابَ جَهَنَّمَ خٰلِدِیْنَ فِیْهَا ؕ فَبِئْسَ مَثْوَى الْمُتَكَبِّرِیْنَ ۝۷۶

၇၇။ 'ဂျဟန္နမ်'ငရဲ၏တံခါးများမှ ဝင်ရောက်ကြကုန်။ (အသင်တို့သည်) ယင်း၌ ရှည်လျားသည့်အချိန်ကာလတစ်ရပ်တိုင်အောင် နေရမည့်သူများဖြစ်ကြ၏။ သို့ဖြစ်ရာ မာန်မာနထောင်လွှားသူတို့၏နေရာဌာနမှာ အလွန်ဆိုးရွားလှပေသည်။

فَاصْبِرْ اِنَّ وَعْدَ اللّٰهِ حَقٌّ ۚ فَاِمَّا نُرِيَنَّكَ بَعْضَ الَّذِىْ نَعِدُهُمْ اَوْ نَتَوَفَّيَنَّكَ فَاِلَيْنَا يُرْجَعُوْنَ ﴿۷۸﴾

၇၈။ သို့ဖြစ်ရာ အသင်သည် သည်းခံပါလေ။ ဧကန်စင်စစ် အလ္လာဟ်၏ကတိတော်သည် မှန်ကန်၏။ ငါတို့အလိုရှိတော်မူပါလျှင် ငါတို့က ယင်းတို့အား သတိပေးနှိုးဆော်လေ့ရှိခဲ့သည့် ထိုသတိပေးချက်များမှ အချို့ကို အသင့်အားပြသတော်မူသော်၊ သို့တည်းမဟုတ် အသင့်အား သေဆုံးကွယ်လွန်စေခဲ့သော် မည်သို့ဆိုစေ ယင်းတို့သည် ငါတို့ဘက်သို့သာလျှင် ပြန်လှည့်ခြင်းခံကြရပေအံ့။

وَلَقَدْ اَرْسَلْنَا رُسُلًا مِّنْ قَبْلِكَ مِنْهُمْ مَّنْ قَصَصْنَا عَلَيْكَ وَمِنْهُمْ مَّنْ لَّمْ نَقْصُصْ عَلَيْكَ ۗ وَمَا كَانَ لِرَسُوْلٍ اَنْ يَّاْتِىَ بِاٰيَةٍ اِلَّا بِاِذْنِ اللّٰهِ ۚ فَاِذَا جَآءَ اَمْرُ اللّٰهِ قُضِىَ بِالْحَقِّ وَخَسِرَ هُنَالِكَ الْمُبْطِلُوْنَ ﴿۷۹﴾ ع

၇၉။ ထို့ပြင် ဧကန်မုချ ငါတို့သည် အသင့်အလျင်ကလည်း တမန်တော်များကို စေလွှတ်တော်မူခဲ့၏။ ယင်းတို့အနက်မှ အချို့နှင့်စပ်လျဉ်း၍ ငါတို့သည် အသင့်အား ဖော်ပြတော်မူခဲ့ပေသည်။ ထို့ပြင် ယင်းတို့အနက်မှ အချို့နှင့်စပ်လျဉ်း၍ ငါတို့သည် အသင့်အား ဖော်ပြတော်မမူခဲ့ချေ။ ထို့ပြင် မည်သည့်တမန်တော်အတွက်မျှ ၎င်းသည် အလ္လာဟ်၏ခွင့်ပြုချက်မရှိဘဲ နိမိတ်လက္ခဏာတစ်စုံတစ်ရာ ယူဆောင်လာရန်မဖြစ်နိုင်ချေ။ သို့ဖြစ်ရာ အလ္လာဟ်၏အမိန့်တော်ရောက်ရှိလာသည့်အခါ ထိုက်သင့်မှန်ကန်စွာ စီရင်ဆုံးဖြတ်တော်မူပေအံ့။ ထို့ပြင် ထို အချိန်တွင် မဟုတ်မမှန်ဟု စွပ်စွဲခြင်းပယ်ကြသူတို့မှာ ဆုံးရှုံးကြမည်သာတည်း။ ①

ရုကူး-၉

اَللّٰهُ الَّذِىْ جَعَلَ لَكُمُ الْاَنْعَامَ لِتَرْكَبُوْا مِنْهَا وَمِنْهَا تَاْكُلُوْنَ ﴿۸۰﴾

၈၀။ 'အလ္လာဟ်'သည် ထိုအရှင်ဖြစ်တော်မူ၏။ အရှင်မြတ်သည် အသင်တို့အတွက် ကွဲနွားတိရစ္ဆာန်များကို ပြုလုပ်ပေးတော်မူ၏။ သို့ဖြင့် အသင်တို့သည် ယင်းတို့အနက်အချို့တို့အပေါ် စီးနင်းရန်နှင့် ယင်းတို့အနက်မှပင် အချို့အား စားသုံးရန်အလို့ငှာ အသုံးပြုကြရန်ဖြစ်၏။

وَلَكُمْ فِيْهَا مَنَافِعُ وَلِتَبْلُغُوْا عَلَيْهَا حَاجَةً فِىْ صُدُوْرِكُمْ وَعَلَيْهَا وَعَلَى الْفُلْكِ تُحْمَلُوْنَ ﴿۸۱﴾

၈၁။ ထို့ပြင် အသင်တို့အတွက် ယင်းတို့၌ များစွာသော အကျိုးကျေးဇူးများသည်ရှိ၏။ ထို့ပြင် အသင်တို့သည် ယင်းတို့အပေါ်စီးနင်းကြလျက် အသင်တို့၏ ရင်များအတွင်း၌ရှိသည့် မိမိတို့၏ထိုရည်မှန်းရာသို့ ရောက်ရှိနိုင်ကြစေရန်ဖြစ်၏။ ထို့ပြင် ယင်း(တိရစ္ဆာန်များ)အပေါ်၊ ဤတွင်မက လှေသင်္ဘောများအပေါ်တွင် အသင်တို့သည် တင်ဆောင်ခြင်းခံကြရပေသည်။

① ဤအာယတ်တော်တွင် ဦးစွာဖော်ပြထားသောအကြောင်းအရာများမှာ မရေမတွက်နိုင်သော 'နဗီ'တမန်တော် (အလင်းပြပုဂ္ဂိုလ်)များအနက် တချို့ကိုသာ တမန်တော်မြတ်ﷺ၏နှုတ်တော်မှ မြွက်ဆိုစေတော်မူခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဤသည်မှာ တမန်တော်အားလုံး၏ အရေအတွက်မဟုတ်ချေ။ ဤသည် တမန်တော်အမျိုးမျိုးတို့အနက် အချို့ကိုသာ 'စံ'အနေဖြင့်ချပြတော်မူခြင်းဖြစ်သည်။ ထို့ပြင် ယင်းအားလုံး၏ တစုတစည်းတည်းသော 'စံ'အနေဖြင့် တမန်တော်မြတ်ﷺ၏အကြောင်းကိုဖော်ပြခြင်းဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်တွင် တမန်တော်မြတ်ﷺအပါအဝင် တမန်တော်စုစုပေါင်း နှစ်ဆယ့်ငါးပါးအကြောင်းကိုသာ ဖော်ပြထားသည်။ ပမာအားဖြင့် ဗျာဒိတ်ကျမ်း၏ အနာဂတ္တိဟောကိန်းတွင် ဖော်ပြထားသကဲ့သို့ဖြစ်သည်။ (ဗျာဒိတ်ကျမ်း ၄း၁-၄)

وَيُرِيْكُمْ اٰيٰتِهٖ ۚ فَاَیَّ اٰيٰتِ اللّٰهِ تُنْكِرُوْنَ ۝

၈၂။ ထို့ပြင် ထိုအရှင်မြတ်သည် အသင်တို့အား မိမိ၏နိမိတ်လက္ခဏာတော်များကို ပြသတော်မူ၏။ သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်၏ အဘယ်သို့သော နိမိတ်လက္ခဏာတော်များကို ငြင်းပယ်ကြဦးမည်နည်း။

اَفَلَمْ يَسِيْرُوْا فِي الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ مِنْ قَبْلِهِمْ ۭ كَانُوْٓا اَكْثَرَ مِنْهُمْ وَاَشَدَّ قُوَّةً وَّاٰثَارًا فِي الْاَرْضِ فَمَآ اَغْنٰى عَنْهُمْ مَّا كَانُوْا يَكْسِبُوْنَ ۝

၈၃။ သို့ဖြစ်ရာ ထိုသူတို့သည် သူတို့အလျင်ရှိခဲ့ကြသူတို့၏ ရလဒ်မည်သို့ရှိခဲ့သည်ကို ကမ္ဘာမြေတွင် လှည့်လည်၍ မကြည့်ကြသလော။ ၎င်းတို့သည် အရေအတွက်အားဖြင့်လည်းကောင်း၊ စွမ်းအားအရာ၌လည်းကောင်း သူတို့ထက် သာလွန်ခဲ့ကြပေသည်။ ထို့ပြင်တစ်ဝ ကမ္ဘာမြေတွင် (ဩဇာကြီးခြင်း၏) အရိပ်လက္ခဏာကို ချန်ထားရာ၌လည်း ပို၍အခိုင်အမာရှိလှပေသည်။ သို့တိုင်အောင်လည်း သူတို့ရှာဖွေဆည်းပူးခဲ့သည်များသည် သူတို့အတွက် မည်သို့မျှအသုံးမဝင်ခဲ့ချေ။

فَلَمَّا جَآءَتْهُمْ رُسُلُهُمْ بِالْبَيِّنٰتِ فَرِحُوْا بِمَا عِنْدَهُمْ مِّنَ الْعِلْمِ وَحَاقَ بِهِمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ۝

၈၄။ သို့ဖြစ်ရာ သူတို့ထံ သူတို့၏တမန်တော်များက ပွင့်လင်းထင်ရှားသည့် နိမိတ်လက္ခဏာကို ယူဆောင်၍လာကြသောအခါ သူတို့သည် သူတို့ထံ၌ရှိခဲ့သည့် ပညာပေါ်တွင်သာ ပြုံးပျော်နေခဲ့ကြပေသည်။ ထို့ပြင် သူတို့လှောင်ပြောင်လေ့ရှိခဲ့သည့် ထိုအကြောင်းရပ်ကပင်လျှင် သူတို့အား တားဆီးဝန်းရံလိုက်ပေသည်။

فَلَمَّا رَاَوْا بَاْسَنَا قَالُوْٓا اٰمَنَّا بِاللّٰهِ وَحْدَهٗ وَكَفَرْنَا بِمَا كُنَّا بِهٖ مُشْرِكِيْنَ ۝

၈၅။ သို့ဖြစ်ရာ ထိုသူတို့သည် ငါတို့၏ အပြစ်ဒဏ်ကို တွေ့မြင်ရသောအခါ ပြောကြသည်မှာ ကျွန်ုပ်တို့သည် တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အား သက်ဝင်ယုံကြည်ကြပါပြီ။ ထို့ပြင် ကျွန်ုပ်တို့သည် အရှင်မြတ်နှင့်ယှဉ်တွဲရာများအဖြစ် သတ်မှတ်လေ့ရှိခဲ့သည့် အကြောင်းကိစ္စအားလုံးတို့မှ ငြင်းပယ်ကြပါပြီ။

فَلَمْ يَكُ يَنْفَعُهُمْ اِيْمَانُهُمْ لَمَّا رَاَوْا بَاْسَنَا ۭ سُنَّتَ اللّٰهِ الَّتِيْ قَدْ خَلَتْ فِيْ عِبَادِهٖ ۚ وَخَسِرَ هُنَالِكَ الْكٰفِرُوْنَ ۝ ۧ

၈၆။ သို့ဖြစ်ရာ ထိုသူတို့သည် ငါတို့၏အပြစ်ဒဏ်ကို မြင်တွေ့လိုက်ရသည့်အချိန်တွင် သူတို့၏ သက်ဝင်ယုံကြည်ခြင်းသည် သူတို့အား မည်သို့မျှ အကျိုးမပေးနိုင်တော့ချေ။ အလ္လာဟ်အရှင်မြတ်၏အစေတော်များနှင့်စပ်လျဉ်း၍ လွန်ခဲ့ပြီးသော 'စွန္ဒတ်'အစဉ်အလာတော်အတိုင်းပင်ဖြစ်၏။ ထို့ပြင် ထိုအချိန်တွင် မယုံကြည်ငြင်းပယ်သူတို့သည် ကြီးစွာသောဆုံးရှုံးမှုကို ခံစားကြရပေသတည်း။

❖ ❖ ❖

၄၁။ ဟာမိမ် အလ်–စဂ်ဒါဟ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမိလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၅၅)ပိုဒ်ပါရှိသည်။

ဆူရာဟ် 'အလ်-မို့အ်မင်နိ်'၏နောက်တွင် ဆူရာဟ် 'ဟာမိမ် အလ်-စဂ်ဒါဟ်'လာရှိသည်။ ယင်းကို 'ဟာမိမ်'၏ 'မိုကာတ္တီအတ်'များဖြင့်သာ အစပြုထားပေသည်။ ဤဆူရာဟ်၏အဦးအစမှာပင် အကြောင်းအရာအား ပွင့်လင်းထင်ရှားစွာဖော်ပြသော ဝေါဟာရကြွယ်၍အဓိပ္ပာယ်နက်ရှိုင်းသည့် ဘာသာစကား (စာပေ)ဖြင့် ကျမ်းမြတ်ကုရ်အာန်ကို ပို့ချတော်မူကြောင်း ကြေညာထားတော်မူသည်။ သို့ရာတွင် မယုံကြည်ငြင်းပယ်သူတို့က ကျွန်ုပ်တို့၏ စိတ်နှလုံးတွင်အဖုံးအကာရှိ၏။ ကျွန်ုပ်တို့၏နားများတွင် တစ်ခုသောဝန်တင်ရှိထား၏။ ထို့ပြင် အသင်တို့နှင့် ကျွန်ုပ်တို့၏အကြားတွင် အကာအဆီးရှိပေသည်ဟု အဖြေပေးကြလေသည်။ ထို့ပြင် တမန်တော်အားရည်ညွှန်းလျက် အသင်သည် သံသယမဖြစ်ဘဲ ဆန္ဒရှိသလိုလုပ်ပါလေ။ ကျွန်ုပ်တို့သည်လည်း ရည်မျှော်ချက်တစ်ရပ်ဖြင့် မိမိတို့၏လုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိကြ၏ဟူ၍ စိန်ခေါ်ခဲ့ကြလေသည်။ ဤတွင် တမန်တော်များအား အတိုက်အခံပြုသူ ရန်သူများက အသင်ကြိုက်ရာ ဆောင်ရွက်ပါဟု လွတ်လပ်ခွင့်ပေးသည်ဟူ၍ မထင်မှတ်ကြဖို့လိုသည်။ ဆိုလိုရင်းသဘောမှာ အသင်သည် မိမိနေရာတွင် လုပ်စရာရှိသည်ကိုလုပ်နေပါ။ စင်စစ် ကျွန်ုပ်တို့ကလည်း ထိုလုပ်ငန်းများကို ဖျက်လိုဖျက်ဆီးပြုရန် အစဉ်အမြဲ ကြိုးပမ်းလျက်ရှိကြမည်ဟူ၍ဖြစ်သည်။

ယင်းအတွက် တမန်တော်မြတ်ﷺအား ဖြေကြားရန် သင်ပေးတော်မူသည်မှာ ကျွန်ုပ်သည် အသင်တို့ကဲ့သို့သော လူသားတစ်ဦးမျှသာဖြစ်သည်မှန်သော်လည်း ကျွန်ုပ်ထံသို့ 'ဝဟီ'ဗျာဒိတ်ပို့ချခြင်းခံရ၏။ ယင်း၏ရလဒ်အားဖြင့် အသင်တို့နှင့် ကျွန်ုပ်၏အကြားတွင် ကောင်းကင်နှင့်မြေကြီးတမျှ ကွဲပြားခြားနားခဲ့ပြီးဖြစ်သည်။

ဤဆူရာဟ်တွင် ဤသို့သော အာယတ်တော်များပါရှိပြီး ယင်းကိုသဘောမပေါက်သောကြောင့် လူအချို့က ဝေဖန်စောဒကပြုကြလေသည်။ ပမာအားဖြင့် အာယတ်တော်အမှတ် ၁၁ မှ ၁၃ နှင့် စပ်လျဉ်း၍ ၎င်းတို့က ရှေးဦးကာလများကတည်းက စကြဝဠာတစ်ဝှန်းလုံးသည် အခိုးအငွေ့ကဲ့သို့မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီးတို့၏အကြား ပြန့်ကြဲလျက်ရှိခဲ့သည်ကို ဖော်ပြနေခြင်းဖြစ်သည်ဟု သဘောပေါက်ကြပေသည်။ အမှန်သော်ကား ကမ္ဘာမြေ၏ ဖန်ဆင်းမှုမှာ ယင်းထက် အလွန် နောက်ကျပေသည်။

စင်စစ်မှာကား ဤတွင် ကမ္ဘာမြေ၌ စားနပ်ရိက္ခာစနစ်ကြီးသည် ခေတ်ကြီးလေးခေတ်တွင် ပြည့်စုံစေခဲ့ကြောင်းနှင့် တောင်များ၏တည်ရှိစေမှုဖြင့် ယင်းတွင် ဗဟိုအချက်အချာစနစ် ဖြစ်တည်လာရကြောင်းတို့ကို ဖော်ပြလျက်ရှိသည်။ တစ်ဖန် ထိုသည့်နောက်တွင် ယင်း၏အထက်မှ မိုးကောင်းကင်သည် တစ်ခုသောအခိုးအငွေ့များပုံစံဖြင့်ရှိခဲ့ကြောင်း ဤအခိုးအငွေ့များသည် စင်စစ်အားဖြင့် ကမ္ဘာမြေ၏အနီးမှ ကောင်းကင်ခုနစ်ထပ်ထက်ပင် အလွန်မြင့်မားစွာရှိသည့် တိမ်တိုက်ကြီးများသဏ္ဌာန်ဖြင့် ရှိခဲ့သည်။ ထို့ပြင် ထိုတိမ်တိုက်ကြီးများမှ ကမ္ဘာမြေပေါ်သို့ အဖန်တလဲလဲ မိုးရေများရွာချလျက်ရှိခဲ့သဖြင့် ပြင်းထန်လှသော အပူရှိန်ကိုအကြောင်းပြုလျက် တစ်ဖန်ပြန်၍ အခိုးအငွေ့ဖြစ်ကာမြင့်စွင့်သော ကောင်းကင်ယံများသို့ ပျံတက်သွားကြကြောင်း ဖော်ပြထားတော်မူပေသည်။

ကြာညောင်းလှသည့် ကာလတစ်ခုတိုင် ကမ္ဘာမြေ၏အနေအထားမှာ ဤသို့ပင်ရှိခဲ့ပြီး နောက်ဆုံးတွင် ထိုရေသည် ကမ္ဘာမြေသို့ ရွာသွန်းချပြီး ပင်လယ်သမုဒ္ဒရာကြီးများအသွင်ဖြင့် ကမ္ဘာအနှံ့ပြန့်ကြဲသွားလေသည်။ ယင်းမှ တိမ်တိုက်ကြီးများအသွင်ဖြင့် ပျံတက်၍ တောင်များနှင့်ရိုက်ခတ်မိကာ တစ်ဖန်ပြန်၍ ကမ္ဘာမြေသို့ ရွာသွန်းချပြန်၏။ ထိုသည့်နောက် ခေတ်ကာလကြီး(၂)ခုတွင် ကမ္ဘာနှင့်အနီးမှ မိုးခုနစ်ထပ်မှာ ပြည့်စုံစွာပြီးမြောက်ခဲ့ပြီး ကောင်းကင်ယံ၏အစိတ်အပိုင်းတိုင်းအား အသင်သည် ဤလုပ်ငန်းကို ထမ်းဆောင်ရမည်ဟု တိကျသော ဥပဒေကိုထုတ်ပြန်ခဲ့သယောင် ပြခဲ့လေသည်။

ယနေ့သိပ္ပံပညာရှင်များက ကမ္ဘာမြေ၏အနီး အဆင့်(၇)ဆင့်ဖြင့်ရှိနေသော မိုးကောင်းကင်အကြောင်း ဖော်ပြသောအခါတွင် ယင်း၏ နတ္ထိ(မရှိ)ဖြစ်ခြင်းဖြင့် ကမ္ဘာပေါ်တွင် လူသား၏ ရှင်သန်ရပ်တည်ဖို့ဖြစ်နိုင်စရာမရှိသော အဆင့်တိုင်း၏တစ်ခုသောသတ်မှတ်ချက်လုပ်ငန်းကို ဖော်ပြကြပေသည်။ ထို့ပြင် ဤအလုံးစုံသော ကောင်းကင်အထပ်ထပ်သည် ကမ္ဘာမြေနှင့် ကမ္ဘာသူ၊ ကမ္ဘာသားတို့အား လုံခြုံစေရန်အတွက်သာ ခန့်ထားခြင်းခံရပေသည်။

တမန်တော်မြတ်အား သင်ပြပေးခြင်းခံရသည့် အကြင် 'အိစ်တီကာမတ်' တည်ကြည်မြဲမြံမှု၏အကျယ်ဖွင့်ဆိုမှုနှင့် ယင်း၏ကြီးကျယ်သော အကျိုးကျေးဇူးတို့ကို နှစ်ပိုင်းခွဲ၍ဖော်ပြထားသည်။ ပထမအပိုင်းတွင် သက်ဝင်ယုံကြည်သူအားလုံးကို သတင်းကောင်းပေးထားသည်မှာ- အကယ်၍ ၎င်းတို့သည် ရန်သူတို့၏ မတရားညှဉ်းပန်းမှုကိုရင်ဆိုင်လျက် သည်းခံစွဲမြဲမှုကိုပြသပါလျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ထံသို့ ကောင်းကင်တမန်များကို သက်ဆင်းစေတော်မူမည်ဖြစ်ပြီး သူတို့သည် ၎င်းတို့နှင့် စကားပြောဆိုကြလိမ့်မည်။ ထို့ပြင် ၎င်းတို့အား 'ကျွန်ုပ်တို့သည် ဤလောကီဘဝတွင်လည်း အသင်တို့နှင့်အတူရှိပြီး နောင်တမလွန်တွင်လည်း အသင်တို့နှင့်အတူရှိကြပေမည်'ဟု အားပေးစကားပြောကြားမည်ဖြစ်သည်။

ထိုသည့်နောက် وَمَنْ اَحْسَنُ قَوْلًا مِمَّنْ دَعَا اِلَى اللّٰه ဖြင့်အစပြုထားသော အာယတ်တော်များတွင်ဤအကြောင်းရပ်ကို ထပ်လောင်း၍ ရှေ့ဆက်မိန့်တော်မူသည်မှာ အကယ်၍ တည်ကြည်မြဲမြံမှုအားဖြင့် မိမိ၏လုံခြုံမှုအပြင် အလ္လာဟ်အား ယုံကြည်အပ်နှံလျက် အသင်တို့သည် ယင်းတို့အား သည်းခံစောင့်စည်းခြင်းနှင့် ဉာဏ်ပညာအမြော်အမြင်တရားတို့ဖြင့် သတင်းကောင်းပေးပို့ရာတွင် ပေါ့တန်စွာမပြုခဲ့ပါလျှင် အသင်တို့၏ အသက်ကို ရန်ရှာလိုကြသော ရန်သူတို့သည် တစ်ချိန်ချိန်တွင် အသင်တို့အား အသက်ပေး၍ချစ်သော အဆွေခင်ပွန်းဖြစ်လာကြပေလတ္တံ့။

သို့သော် ဤအဲ့ဖွယ်နိမိတ်ကြီးမှာ အားလုံးသော ခန္ဓိပါရမီရှင်တို့ထက် ထူးကဲစွာ သည်းခံစောင့်စည်းခဲ့သူဖြစ်သော တမန်တော်မြတ်ﷺ၏ ဇာတိတော်အားဖြင့် မြင့်မားသော ဝိသေသလက္ခဏာတို့ဖြင့် ပြည့်စုံခဲ့ပေသည်။ ထို့ပြင် ကိုယ်တော်မြတ်ﷺအား 'ဆဘာရ်' သည်းခံမှုပါရမီအားဖြင့် ကြီးကျယ်လှသော ကံကောင်းထောက်မမှုတစ်ရပ်ကို ပေးသနားတော်မူခြင်းခံရ၏။ ထို့ပြင် ကိုယ်တော်မြတ်၏ဘဝတွင် ရန်သူအမြောက်အမြားတို့မှာ ကိုယ်တော်မြတ်ﷺအား အသက်ပေး၍ချစ်သောမိတ်ဆွေများအဖြစ်ပြောင်းလဲသွားခဲ့ကြလေသည်။

ဤဆူရာဟ်၏နိဂုံးပိုင်းတွင် ငါတို့သည် အလ္လာဟ်နှင့်တွေ့ဆုံရမည်ကို ငြင်းပယ်ကြကုန်သောသူတို့အား မိုးကုပ်စက်ဝိုင်းပေါ်တွင် ထင်ရှားပေါ်လွင်မည့် နိမိတ်လက္ခဏာများဖြင့်လည်းကောင်း၊ အလ္လာဟ်

အရှင်မြတ်က သူ(လူသား)၏ခန္ဓာကိုယ်အတွင်း ပုံစံချပေးထားတော်မူသည့်ရင်သပ်ရှုမော အံ့သြစရာဖြစ်သော လူဘဝစနစ်ဖြင့်လည်းကောင်း သက်သေလက္ခဏာများကို ပြသတော်မူမည်။ သို့ဖြစ်ရာ မိုးကုပ်စက်ဝိုင်းများပေါ်တွင်လည်းကောင်း၊ မိမိ၏အတွင်းအဖျတ္တသန္တာန်တွင်လည်းကောင်း ရှုမြင်သုံးသပ်ခွင့်ကို ရရှိသော လူသားက - **رَبَّنَا مَاخَلَقْتَ هٰذَا بَاطِلاً سُبْحَانَکَ فَقِنَا عَذَابَ النَّارِ** ဟူ၍သာ ကြေညာတော့မည်ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် ဟာမိမ် အလ်-စဂ်ဒါဟ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၅၅)ပိုဒ် ရှိကူ (၆)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

حٰمٓ ②

၂။ **حَمِيدٌ مَجِيدٌ** ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်၊ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသောအရှင်။

تَنْزِيْلٌ مِّنَ الرَّحْمٰنِ الرَّحِيْمِ ③

၃။ ယင်းအား ပို့ချခြင်းသည် 'ရာဟ်မန်'ကရုဏာတော်ရှင်နှင့် 'ရဟီးမ်' အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ထံတော်မှဖြစ်ပေသည်။

كِتٰبٌ فُصِّلَتْ اٰيٰتُهٗ قُرْاٰنًا عَرَبِيًّا لِّقَوْمٍ يَّعْلَمُوْنَ ④

၄။ ဤသည် ယင်း၏'အာယတ်'တော်များကို ပွင့်လင်းထင်ရှားစွာ ဖွင့်ချဖော်ပြထားသော ကျမ်းတစ်စောင်ဖြစ်၏။ အလွန်လျှင် ဝေါဟာရကြွယ်၍ အဓိပ္ပာယ်နက်ရှိုင်းသော 'ကုရ်အာန်'၏ပုံစံဖြင့်၊ အသိပညာရှိသူတို့အကျိုးငှာဖြစ်၏။

بَشِيْرًا وَّنَذِيْرًا ۚ فَاَعْرَضَ اَكْثَرُهُمْ فَهُمْ لَا يَسْمَعُوْنَ ⑤

၅။ သတင်းကောင်းနှင့် သတိပေးနှိုးဆော်ချက်အနေဖြင့် ဖြစ်၏။ သို့ရာတွင် ၎င်းတို့အနက် အများစုသည် မျက်နှာလွှဲဖယ်ခဲ့ကြပေသည်။ ထို့ပြင် ၎င်းတို့သည် နားမထောင်ကြချေ။

وَقَالُوْا قُلُوْبُنَا فِيْٓ اَكِنَّةٍ مِّمَّا تَدْعُوْنَآ اِلَيْهِ وَفِيْٓ اٰذَانِنَا وَقْرٌ وَّمِنْۢ بَيْنِنَا وَبَيْنِكَ حِجَابٌ فَاعْمَلْ اِنَّنَا عٰمِلُوْنَ ⑥ ۩

၆။ ထို့ပြင် ၎င်းတို့က ပြောကြမည်မှာ အသင်ဖိတ်ခေါ်သည့် အကြောင်ကိစ္စရပ်များမှ ကျွန်ုပ်တို့၏နှလုံးသားများသည် အကွယ်အကာ၌ရှိပေသည်။ ထို့ပြင် ကျွန်ုပ်တို့၏နားများ၌ ဝန်တစ်ခုသည်ရှိ၏။ ဤတွင်မက ကျွန်ုပ်တို့နှင့် အသင်တို့အကြားတွင် အကာအကွယ်တစ်ခုသည်ရှိ၏။ သို့ဖြစ်ရာ အသင် ပြုလုပ်လိုသည်ကို ပြုလုပ်ပါလေ။ မူချဇကန် ကျွန်ုပ်တို့သည်လည်း တစ်စုံတစ်ရာ လုပ်ဆောင်ကြမည့်သူများ ဖြစ်ကြ၏။

قُلْ اِنَّمَآ اَنَا بَشَرٌ مِّثْلُكُمْ يُوْحٰٓى اِلَيَّ اَنَّمَآ اِلٰهُكُمْ اِلٰهٌ وَّاحِدٌ فَاسْتَقِيْمُوْٓا اِلَيْهِ وَاسْتَغْفِرُوْهُ ۗ وَوَيْلٌ لِّلْمُشْرِكِيْنَ ⑦

၇။ အသင်ပြောကြားပါလေ။ ကျွန်ုပ်သည် အသင်တို့ကဲ့သို့ လူသားတစ်ဦးမျှသာ ဖြစ်၏။ ကျွန်ုပ်ထံသို့ 'ဝဟီ' ဗျာဒိတ်ပို့ချသည်မှာ အသင်တို့၏ကိုးကွယ်ရာအရှင်သည် တစ်ပါးတည်းသာဖြစ်တော်မူ၏။ သို့ဖြစ်ရာ အရှင်မြတ်၏ရှေ့တော်တွင် ခိုင်ခံ့မြဲမြံစွာ ရပ်ကြလေကုန်။ ထို့ပြင် အရှင်မြတ်ထံတော်တွင် ခွင့်လွှတ်ချမ်းသာခြင်းကို တောင်းခံကြလေကုန်။ စင်စစ် 'ရှရိုက်'တွဲဖက်ကိုးကွယ်မှုပြုသူများအတွက် ပျက်စီးခြင်းဖြစ်စေသား။

الَّذِيْنَ لَا يُؤْتُوْنَ الزَّكٰوةَ وَهُمْ بِالْاٰخِرَةِ هُمْ كٰفِرُوْنَ ⑧

၈။ ထိုသူတို့သည် 'ဇကာတ်'ကို ပေးဆောင်ခြင်းမပြုကြချေ။ ထို့ပြင် ထိုသူတို့သည်သာလျှင် နောင်တမလွန်ကို ငြင်းပယ်သူ

များဖြစ်ကြ၏။

اِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَهُمْ اَجْرٌ غَيْرُ مَمْنُوْنٍ ۝

၉။ ကောန်စင်စစ် သက်ဝင်ယုံကြည်ကြလျက် ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြသူတို့အဖို့ မပြတ်မစဲနိုင်သော အကျိုးဆုလာဘ်ရှိပေသတည်း။

ရုကူး-၂

قُلْ اَئِنَّكُمْ لَتَكْفُرُوْنَ بِالَّذِيْ خَلَقَ الْاَرْضَ فِيْ يَوْمَيْنِ وَتَجْعَلُوْنَ لَهٗٓ اَنْدَادًا ۭ ذٰلِكَ رَبُّ الْعٰلَمِيْنَ ۝

၁၀။ အသင်ပြောကြားပါလေ။ ကမ္ဘာမြေကို အချိန်ကာလ နှစ်ရပ်တွင် ဖန်ဆင်းတော်မူခဲ့သော အရှင်မြတ်အား အသင်တို့သည် ငြင်းပယ်ကြပါသလော။ ထို့ပြင် အသင်တို့သည် ထိုအရှင်မြတ်နှင့် 'ရှရီက်' ယှဉ်တွဲကိုးကွယ်ရာကို သတ်မှတ်ကြပါသလော။ ဤသည်ပင် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော ထိုအရှင်မြတ်ဖြစ်တော်မူ၏။

وَجَعَلَ فِيْهَا رَوَاسِيَ مِنْ فَوْقِهَا وَبٰرَكَ فِيْهَا وَقَدَّرَ فِيْهَآ اَقْوَاتَهَا فِيْٓ اَرْبَعَةِ اَيَّامٍ ۭ سَوَاۗءً لِّلسَّاۗىِٕلِيْنَ ۝

၁၁။ ထို့ပြင် ထိုအရှင်မြတ်သည် ယင်း၏ မြင့်သောအရပ်များတွင် တောင်များကို ပြုလုပ်စေ၏။ ထို့ပြင် အရှင်မြတ်သည် ယင်း၌ 'ဘာရ်ကတ်'ကောင်းချီးမင်္ဂလာကိုထားတော်မူ၏။ ထို့ပြင် ယင်း၌ ယင်းမှပင် ပေါက်ပွားလာသော စားသောက်ဖွယ်ရာများအား ကာလကြီးလေးရပ်တွင်စီမံထားတော်မူ၏။ ထိုသည့် အခြေအနေတွင် (အလုံးစုံသောလိုအပ်ချက်) တောင်းခံသူများအတွက် ၎င်းသည် တစ်ပြေးညီဖြစ်၏။

ثُمَّ اسْتَوٰٓى اِلَى السَّمَاۗءِ وَهِيَ دُخَانٌ فَقَالَ لَهَا وَلِلْاَرْضِ ائْتِيَا طَوْعًا اَوْ كَرْهًا ۭ قَالَتَآ اَتَيْنَا طَاۗىِٕعِيْنَ ۝

၁၂။ ထို့နောက် အရှင်မြတ်သည် မိုးကောင်းကင်ဘက်သို့ လှည့်တော်မူ၏။ ယင်းသည် အခိုးအငွေ့အဖြစ်ရှိနေခဲ့၏။ ထို့နောက် အရှင်မြတ်သည် ယင်းအား၊လည်း၊ကောင်း၊ ကမ္ဘာမြေကြီးအား၊လည်း၊ကောင်း မိန့်တော်မူသည်မှာ အသင်တို့နှစ်ခုသည် ဝမ်းမြောက်ကျေနပ်လျက်ဖြစ်စေ၊ မရောင်မလွှဲသာ၍ဖြစ်စေ လာကြကုန်လော့။ ၎င်းတို့နှစ်ခုကပြောကြားကြသည်မှာ ကျွန်ုပ်တို့သည် ဝမ်းမြောက်ကျေနပ်စွာဖြင့် လာရောက်ကြပါပြီ။

فَقَضٰىهُنَّ سَبْعَ سَمٰوَاتٍ فِيْ يَوْمَيْنِ وَاَوْحٰى فِيْ كُلِّ سَمَاۗءٍ اَمْرَهَا ۭ وَزَيَّنَّا السَّمَاۗءَ الدُّنْيَا بِمَصَابِيْحَ ۚ وَحِفْظًا ۭ ذٰلِكَ تَقْدِيْرُ الْعَزِيْزِ الْعَلِيْمِ ۝

၁၃။ သို့ဖြစ်ရာ အရှင်မြတ်သည် ၎င်းတို့အား ခေတ်ကာလနှစ်ရပ်တွင် မိုးကောင်းကင်ခုနစ်ထပ်ပုံစံဖြင့် ဖြန့်ကြက်စေတော်မူခဲ့၏။ ထို့ပြင် ကောင်းကင်တိုင်း၏ ဥပဒေသများကို ယင်း၌ 'ဝဟီ' ပြဋ္ဌာန်းတော်မူခဲ့၏။ ထို့ပြင် ငါတို့သည် လောက၏ကောင်းကင်ကို မီးအိမ်များနှင့် အကာအကွယ်ပြုရာ ဝတ္ထုပစ္စည်းများဖြင့် လှပတင့်တယ်စေခဲ့၏။ ဤသည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်(နှင့်) ဉာဏ်ပညာရှိတော်မူသောအရှင်၏ စီရင်ပြဋ္ဌာန်းချက်ပင်ဖြစ်၏။

فَاِنْ اَعْرَضُوْا فَقُلْ اَنْذَرْتُكُمْ صٰعِقَةً مِّثْلَ صٰعِقَةِ عَادٍ وَّثَمُوْدَ ۝

၁၄။ သို့ဖြစ်ရာ အကယ်၍ ယင်းတို့သည် မျက်နှာလွှဲဖယ်သွားခဲ့ကြလျှင် အသင်ပြောကြားပါလေ။ ကျွန်ုပ်သည် အသင်တို့အား 'အာဒ်'နှင့် 'ဆမူဒ်'အမျိုးသားတို့၏ အပြစ်ဒဏ်မျိုးကဲ့သို့

သော အပြစ်ဒဏ်မှ သတိပေးနှိုးဆော်ပါ၏။

اِذْ جَآءَتْهُمُ الرُّسُلُ مِنْۢ بَيْنِ اَيْدِيْهِمْ وَمِنْ خَلْفِهِمْ اَلَّا تَعْبُدُوْٓا اِلَّا اللّٰهَ ؕ قَالُوْا لَوْ شَآءَ رَبُّنَا لَاَنْزَلَ مَلٰٓئِكَةً فَاِنَّا بِمَآ اُرْسِلْتُمْ بِهٖ كٰفِرُوْنَ ۝

၁၅။ အကြင်အခါဝယ် ယင်းတို့ထံ ယင်းတို့၏ရှေ့မှောက်တွင်လည်းကောင်း၊ ယင်းတို့ထက် ရှေးကျသည့် ခေတ်ကာလများတွင်လည်းကောင်း တမန်တော်များ လာလေ့ရှိခဲ့ကြသည်မှာ အလွှာဟ်မှလွဲ၍ မည်သည်ကိုမျှမကိုးကွယ်ကြစေရန်ဖြစ်၏။ ထိုသူတို့က ပြောဆိုကြသည်မှာ အကယ်၍ ငါတို့၏ ဖန်ဆင်းမွေးမြူရှင် အလိုရှိတော်မူခဲ့ပါလျှင် အမှန်ပင် ကောင်းကင်တမန်များအား သက်ဆင်းစေတော်မူပေအံ့။ သို့ဖြစ်ရာ ငါတို့သည် အသင်တို့နှင့်အတူ ပေးပို့စေလွှတ်ခြင်းခံရသော ထိုသတင်းကို အမှန်ပင် ငြင်းပယ်သူများဖြစ်ကြ၏။

فَاَمَّا عَادٌ فَاسْتَكْبَرُوْا فِى الْاَرْضِ بِغَيْرِ الْحَقِّ وَقَالُوْا مَنْ اَشَدُّ مِنَّا قُوَّةً ؕ اَوَلَمْ يَرَوْا اَنَّ اللّٰهَ الَّذِىْ خَلَقَهُمْ هُوَ اَشَدُّ مِنْهُمْ قُوَّةً ؕ وَكَانُوْا بِاٰيٰتِنَا يَجْحَدُوْنَ ۝

၁၆။ သို့ဖြစ်ရာ 'အာဒ်'နှင့်စပ်လျဉ်း၍မူ ယင်းတို့သည် ကမ္ဘာမြေတွင် မတရားသဖြင့် မာန်မာနထောင်လွှားခဲ့ကြ၏။ ထို့ပြင် ပြောဆိုကြသည်မှာ စွမ်းအားအရာတွင်ငါတို့ထက်မည်သူသည် ပိုမို၍ ခိုင်မာပါသနည်း။ ထိုသူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်က သူတို့ထက်ပိုမို၍ စွမ်းအားရှိသည်ကို မရှုမြင်ကြပေသလော။ ထို့ပြင် ယင်းတို့သည် စဉ်ဆက်မပြတ် ငါတို့၏နိမိတ်လက္ခဏာတော်များကို ငြင်းပယ်နေကြ၏။

فَاَرْسَلْنَا عَلَيْهِمْ رِيْحًا صَرْصَرًا فِىْٓ اَيَّامٍ نَّحِسَاتٍ لِّنُذِيْقَهُمْ عَذَابَ الْخِزْىِ فِى الْحَيٰوةِ الدُّنْيَا ؕ وَلَعَذَابُ الْاٰخِرَةِ اَخْزٰى وَهُمْ لَا يُنْصَرُوْنَ ۝

၁၇။ သို့ဖြစ်ရာ ငါတို့သည် အလွန် အမင်္ဂလာဖြစ်သော နေ့ရက်များတွင် ယင်းတို့အပေါ် ပြင်းထန်သည့် မုန်တိုင်းတစ်ရပ်ကို တိုက်ခတ်စေတော်မူခဲ့၏။ သို့ဖြင့် ငါတို့သည် ယင်းတို့အား ဤလောကီဘဝတွင် ဂုဏ်သရေယုတ်လျော့ခြင်း၏ ပြစ်ဒဏ်ကို မြည်းစမ်းစေရန်ဖြစ်၏။ ထို့ပြင် ဧကန်ပင် နောင်တမလွန်၏ပြစ်ဒဏ်သည် ပိုမို၍ ဂုဏ်သရေယုတ်လျော့စေမည်ဖြစ်၏။ စင်စစ် ယင်းတို့သည် ကူညီစောင်မခြင်းကိုလည်း ခံကြရမည်မဟုတ်ချေ။

وَاَمَّا ثَمُوْدُ فَهَدَيْنٰهُمْ فَاسْتَحَبُّوا الْعَمٰى عَلَى الْهُدٰى فَاَخَذَتْهُمْ صٰعِقَةُ الْعَذَابِ الْهُوْنِ بِمَا كَانُوْا يَكْسِبُوْنَ ۝

၁၈။ ထို့ပြင် 'ဆမူဒ်'နှင့်ပတ်သက်၍မှာမူ ငါတို့သည် ၎င်းတို့အားလည်း လမ်းညွှန်တော်မူခဲ့၏။ သို့ရာတွင် ၎င်းတို့သည် မမြင်အကန်းဘဝကို နှစ်သက်မြတ်နိုးကြလျက် (ယင်းအား) လမ်းညွှန်တော်ထက်ပို၍ ဦးစားပေးခဲ့၏။ သို့ဖြစ်ရာ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်မည့် လျှပ်စစ်မိုးကြိုး၏ပြစ်ဒဏ်သည် ယင်းတို့ပြုလုပ်ဆည်းပူးလေ့ရှိခဲ့သည်များကြောင့် ယင်းတို့အား ဖမ်းဆီးခဲ့ပေသည်။

وَنَجَّيْنَا الَّذِيْنَ اٰمَنُوْا وَكَانُوْا يَتَّقُوْنَ ۝ ع

၁၉။ ထို့ပြင် ငါတို့သည် သက်ဝင်ယုံကြည်လျက် 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းတရားကို ကျင့်မူတည်ဆောက်သူတို့အား ကယ်တင်လွှတ်မြောက်ခြင်းကိုပြုပေးသနားတော်မူခဲ့ပေသတည်း။

ရုကူး-၃

وَيَوْمَ يُحْشَرُ اَعْدَآءُ اللّٰهِ اِلَى النَّارِ فَهُمْ يُوْزَعُوْنَ ﴿۱۹﴾

၂၀။ ထို့ပြင် အကြင်နေ့တော်ကြီးတွင် အလ္လာဟ်၏ ရန်သူများကို မီးဘက်သို့ဝန်းရံလျက် ခေါ်ဆောင်သွားခြင်းခံရပေအံ့။ ထို့ပြင် ထိုသူတို့အား အုပ်စုလိုက် အုပ်စုလိုက် ခွဲခြားခြင်းကို ခံကြရပေအံ့။

حَتّٰۤى اِذَا مَا جَآءُوْهَا شَهِدَ عَلَيْهِمْ سَمْعُهُمْ وَاَبْصَارُهُمْ وَجُلُوْدُهُمْ بِمَا كَانُوْا يَعْمَلُوْنَ ﴿۲۰﴾

၂၁။ နောက်ဆုံးတွင် ထိုသူတို့သည် ယင်း(မီး)အထိ ရောက်သွားကြသောအခါ သူတို့၏နားများ၊ သူတို့၏မျက်စိများနှင့် သူတို့၏အရေပြားများသည် သူတို့ မည်သို့မည်ပုံ ပြုမူကျင့်ကြံခဲ့ကြသည်ကို သူတို့နှင့်ဆန့်ကျင်၍ သက်သေခံကြပေလိမ့်မည်။

وَقَالُوْا لِجُلُوْدِهِمْ لِمَ شَهِدْتُّمْ عَلَيْنَا ؕ قَالُوْۤا اَنْطَقَنَا اللّٰهُ الَّذِىْۤ اَنْطَقَ كُلَّ شَىْءٍ وَّ هُوَ خَلَقَكُمْ اَوَّلَ مَرَّةٍ وَّ اِلَيْهِ تُرْجَعُوْنَ ﴿۲۱﴾

၂၂။ ထို့ပြင် ၎င်းတို့က မိမိတို့၏အရေပြားများအား မေးမြန်းကြမည်မှာ အသင်တို့သည် ငါတို့နှင့်ဆန့်ကျင်၍ အဘယ့်ကြောင့် သက်သေခံကြပေသနည်း။ ယင်းတို့က အဖြေပေးကြမည်မှာ အလ္လာဟ်သည် ကျွန်ုပ်တို့အားပြောနိုင်ရန် စွမ်းအားပေးတော်မူ၏။ ထိုအရှင်သည် အရာအားလုံးကို ပြောနိုင်စွမ်းပေးတော်မူ၏။ ထို့ပြင် ထိုအရှင်သည်ပင်လျှင် အသင်တို့အား ပထမအကြိမ် ဖန်ဆင်းတော်မူခဲ့၏။ စင်စစ် ထိုအရှင်မြတ်ထံတော်သို့သာလျှင် အသင်တို့သည် ပြန်လည်၍သွားကြရပေအံ့။

وَمَا كُنْتُمْ تَسْتَتِرُوْنَ اَنْ يَّشْهَدَ عَلَيْكُمْ سَمْعُكُمْ وَلَاۤ اَبْصَارُكُمْ وَلَا جُلُوْدُكُمْ وَلٰكِنْ ظَنَنْتُمْ اَنَّ اللّٰهَ لَا يَعْلَمُ كَثِيْرًا مِّمَّا تَعْمَلُوْنَ ﴿۲۲﴾

၂၃။ ထို့ပြင် အသင်တို့သည် အသင်တို့နှင့်ဆန့်ကျင်လျက် အသင်တို့၏အကြားအာရုံက သက်သေထွက်ဆိုခြင်းကိုလည်းကောင်း၊ အသင်တို့၏အမြင်အာရုံများနှင့် အရေပြားများက (သက်သေထွက်ဆိုခြင်း)ကိုလည်းကောင်း ဖုံးကွယ်နိုင်ခဲ့ကြမည်မဟုတ်ချေ။ သို့ရာတွင် အသင်တို့သည် အလ္လာဟ်က အသင်တို့၏ များစွာသော အကျင့်အကြံများကို အလျှင်းမသိဟူ၍ ထင်မြင်ယူဆနေခဲ့ကြပေသည်။ ①

وَذٰلِكُمْ ظَنُّكُمُ الَّذِىْ ظَنَنْتُمْ بِرَبِّكُمْ اَرْدٰىكُمْ فَاَصْبَحْتُمْ مِّنَ الْخٰسِرِيْنَ ﴿۲۳﴾

၂၄။ ထို့ပြင် အသင်တို့က မိမိတို့၏ ဖန်ဆင်းမွေးမြူရှင်နှင့် စပ်လျဉ်း၍ ယူဆလေ့ရှိခဲ့သည့် ထိုထင်မြင်ယူဆချက်သည် အသင်တို့အား ဖျက်ဆီးပစ်ခဲ့ပေသည်။ ထို့ပြင် အသင်တို့သည် ဆုံးရှုံးနစ်နာသူများအနက်မှ ဖြစ်ခဲ့ကြပေသည်။

① အာယတ်တော် ၂၁မှ ၂၃ထိ၊ ဤအာယတ်တော်များတွင် ပြစ်မှုကျူးလွန်သူများနှင့်ဆန့်ကျင်၍ ကေယာမတ်နေ့၌ သက်သေပြကြမည့်အကြောင်း ဖော်ပြရာများအနက် ပထမဦးဆုံးဖြစ်သည့် အံ့သြစရာအကောင်းဆုံးသက်သေပြချက်မှာ အရေပြား၏သက်သေပြချက်ပင်ဖြစ်သည်။ ထိုခေတ်ထိုအခါက အရေပြား၏သက်သေပြဆိုခြင်းကို နားလည်ခဲ့ကြလိမ့်မည်မဟုတ်ချေ။ သို့သော် မျက်မှောက်ခေတ်တွင် (Zoology)သတ္တဗေဒပညာရှင်များက လူသား၏အတွင်းနှင့်အပြင်ရုပ်ဆင်းသဏ္ဌာန်များကို အားလုံးထက်ပို၍ အရေပြားရှိကလာပ်စည်းကလေးများတွင် သင်္ကေတများထားရှိခဲ့ကြောင်း တိတိကျကျဖော်ထုတ်ခဲ့ပြီးဖြစ်သည်။ အဘယ်မျှဆိုသော် အကယ်၍ နှစ်သန်းပေါင်းများစွာအလျင်က တိရစ္ဆာန်တစ်ကောင်ကောင်သည် ၎င်း၏အရေခွံမှ Cell ကလာပ်စည်းများ လုံခြုံစွာရှိနေခဲ့လျှင် ယင်းတို့အတွက် ကလာပ်စည်းတစ်ခုမျှနှင့်ပင် လုံးဝနဂိုပုံစံအတိုင်း တိရစ္ဆာန်ကို ပြန်လည်၍ဖန်တီးနိုင်စွမ်းရှိ၏။ မျိုးရိုးဗီဇပညာရပ် (Genetic Engineering)ကိုအကြောင်းပြု၍၊ အရေပြား၏ (Cell) ကလာပ်စည်းများမှ သိုးများနှင့် လူသားများကို ပြန်လည်ပြုလုပ်ဖန်တီးနိုင်မှုသည် ဤသည့်ကျမ်းမြတ်ကုရ်အာန်၏သက်သေပြချက်ကို ထောက်ခံနေခြင်းဖြစ်ပေသည်။

فَاِنْ يَّصْبِرُوْا فَالنَّارُ مَثْوًى لَّهُمْ ۚ وَاِنْ يَّسْتَعْتِبُوْا فَمَا هُمْ مِّنَ الْمُعْتَبِيْنَ ﴿۲۴﴾

၂၄။ သို့ဖြစ်ရာ အကယ်၍ ယင်းတို့သည် သည်းခံကြလျှင်လည်း ယင်းတို့၏နေရာဌာနသည် မီးဖြစ်၏။ ထို့ပြင် အကယ်၍ ယင်းတို့သည် အကြောင်းပြလျှောက်ထားကြလျှင် ထိုအကြောင်းပြချက်သည် သဘောတူလက်ခံခြင်းကို ရရှိရာများအနက်မှ ဖြစ်လိမ့်မည်မဟုတ်ချေ။

وَقَيَّضْنَا لَهُمْ قُرَنَآءَ فَزَيَّنُوْا لَهُمْ مَّا بَيْنَ اَيْدِيْهِمْ وَمَا خَلْفَهُمْ وَحَقَّ عَلَيْهِمُ الْقَوْلُ فِيْٓ اُمَمٍ قَدْ خَلَتْ مِنْ قَبْلِهِمْ مِّنَ الْجِنِّ وَالْاِنْسِ ۚ اِنَّهُمْ كَانُوْا خٰسِرِيْنَ ﴿۲۵﴾

၂၅။ ထို့ပြင် ငါတို့သည် သူတို့အတွက် အချို့သော အပေါင်းအဖော်များအား သတ်မှတ်တော်မူခဲ့ပေသည်။ သို့ဖြစ်ရာ ၎င်းတို့သည် သူတို့အတွက် သူတို့၏ရှေ့တွင်ရှိသည်နှင့် သူတို့အလျင်ရှိခဲ့သည်တို့အား ကောင်းစွာအလှဆင်၍ ပြခဲ့ကြပေသည်။ သို့ဖြစ်ရာ သူတို့ထက်အလျင် လွန်ခဲ့ပြီးသော မျိုးနွယ်များအနက်မှ 'ဂျင်န်'နှင့် လူသားများအပေါ် ပြည့်စုံမှန်ကန်ခဲ့သော မိန့်ဆိုတော်မူချက်သည်ပင်လျှင် သူတို့အပေါ်၌လည်း ပြည့်စုံမှန်ကန်ခဲ့ပေသည်။ ဧကန်စင်စစ် သူတို့သည် ဆုံးရှုံးသူများအနက်မှ ဖြစ်ခဲ့ကြပေသတည်း။

ရုကူး-၄

وَقَالَ الَّذِيْنَ كَفَرُوْا لَا تَسْمَعُوْا لِهٰذَا الْقُرْاٰنِ وَالْغَوْا فِيْهِ لَعَلَّكُمْ تَغْلِبُوْنَ ﴿۲۶﴾

၂၆။ ငြင်းပယ်ကြကုန်သော အကြင်သူများက ပြောဆိုကြသည်မှာ ဤကုရ်အာန်အား နားထောင်ခြင်းမပြုကြကုန်လင့်၊ ထို့ပြင် ယင်းအား ဖတ်ရွတ်သရဇ္ဈာယ်နေစဉ်တွင် ဆူညံမှုကို ပြုလုပ်ကြလေကုန်။ သို့မှသာ အသင်တို့သည် အောင်နိုင်ကြရာ၏။

فَلَنُذِيْقَنَّ الَّذِيْنَ كَفَرُوْا عَذَابًا شَدِيْدًا ۙ وَّلَنَجْزِيَنَّهُمْ اَسْوَاَ الَّذِيْ كَانُوْا يَعْمَلُوْنَ ﴿۲۷﴾

၂၇။ သို့ဖြစ်ရာ ဧကန်စင်စစ် ငါတို့သည် ငြင်းပယ်ကြကုန်သော အကြင်သူတို့အား ပြင်းထန်သည့် ပြစ်ဒဏ်၏အရသာကို မြည်းစမ်းစေတော်မူပေအံ့။ ထို့ပြင် ယင်းတို့၏ အဆိုးဝါးဆုံးသော အကျင့်အမူ၏ အတုံ့အလှယ်ကို ယင်းတို့အား (မုချ) ပေးတော်မူမည်။

ذٰلِكَ جَزَآءُ اَعْدَآءِ اللّٰهِ النَّارُ ۚ لَهُمْ فِيْهَا دَارُ الْخُلْدِ ۭ جَزَآءًۢ بِمَا كَانُوْا بِاٰيٰتِنَا يَجْحَدُوْنَ ﴿۲۸﴾

၂၈။ ဤသည် ဖြစ်လာရမည့်အကြောင်းရပ်ပင်ဖြစ်၏။ အလ္လာဟ်၏ရန်သူများအတွက် အစားပေးခြင်းသည် မီးဖြစ်၏။ ၎င်းတို့အတွက် ယင်း၌ အခိုင်အကြာညောင်းစွာနေရမည့် အိမ်ရှိပေသည်။ ဤသည် ငါတို့၏အာယတ်တော်များအား သိမြင်လျက်နှင့် ငြင်းပယ်လေ့ရှိသူအတွက် အစားပေးခြင်းပင်ဖြစ်၏။

وَقَالَ الَّذِيْنَ كَفَرُوْا رَبَّنَآ اَرِنَا الَّذَيْنِ اَضَلّٰنَا مِنَ الْجِنِّ وَالْاِنْسِ نَجْعَلْهُمَا تَحْتَ اَقْدَامِنَا لِيَكُوْنَا مِنَ الْاَسْفَلِيْنَ ﴿۲۹﴾

၂၉။ ငြင်းပယ်ကြကုန်သောသူတို့က ပြောဆိုကြမည်မှာ အိုကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ 'ဂျင်န်'နှင့် လူသားများအနက်မှ ကျွန်တော်မျိုးတို့အား လမ်းလွဲအောင်ပြုသူ နှစ်ဦးစလုံးကို ကျွန်တော်မျိုးတို့အားပြသတော်မူပါ။ သို့ဖြင့် ကျွန်တော်မျိုးတို့သည် ယင်းတို့အား မိမိတို့၏ ခြေ

ဖဝါးများအောက်တွင် နင်းချေပစ်လျက် ယင်းတို့သည် အဆုံးစွန်တိုင်အောင် ဂုဏ်သိက္ခာညှိုးနွမ်းကြစေရန်ဖြစ်ပါသည်။

اِنَّ الَّذِيْنَ قَالُوْا رَبُّنَا اللّٰهُ ثُمَّ اسْتَقَامُوْا تَتَنَزَّلُ عَلَيْهِمُ الْمَلٰٓئِكَةُ اَلَّا تَخَافُوْا وَلَا تَحْزَنُوْا وَاَبْشِرُوْا بِالْجَنَّةِ الَّتِيْ كُنْتُمْ تُوْعَدُوْنَ ۝

၃၁။ မလွဲမကေန် အကြင်သူတို့က ပြောဆိုကြသည်မှာ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အလွှာဟ်ဖြစ်တော်မူ၏။ တစ်ဖန် တည်ကြည်မြဲမြံခြင်းကို ကျင့်သုံးဆောက်တည်ကြကုန်၏။ ယင်းတို့အပေါ် သို့ ကောင်းကင်တမန်တို့သည် အကြိမ်များစွာ သက်ဆင်းကြလျက် မကြောက်ကြကုန်လင့်၊ ဝမ်းနည်းကြေကွဲခြင်းလည်း မဖြစ်ကြလင့်၊ ထို့ပြင် အသင်တို့အား ကတိပေးခဲ့သည့် ထို'ဂျန္နတ်'ဥယျာဉ်တော်(အားရရှိခြင်း)ကြောင့် ဝမ်းမြောက်ပျော်ရွှင်ကြကုန်လော့။

نَحْنُ اَوْلِيٰٓؤُكُمْ فِي الْحَيٰوةِ الدُّنْيَا وَفِي الْاٰخِرَةِ ۚ وَلَكُمْ فِيْهَا مَا تَشْتَهِيْٓ اَنْفُسُكُمْ وَلَكُمْ فِيْهَا مَا تَدَّعُوْنَ ۝

၃၂။ ကျွန်ုပ်တို့သည် ဤလောကီဘဝတွင်လည်းကောင်း၊ နောင်တမလွန်တွင်လည်းကောင်း အသင်တို့၏ အပေါင်းအဖော်များဖြစ်ကြကုန်၏။ ထို့ပြင် ယင်း၌ အသင်တို့အတွက် အသင်တို့၏စိတ်ကလိုလားတောင့်တသည့် အရာမှန်သမျှရှိပေအံ့။ ထို့ပြင် ယင်း၌ အသင်တို့အတွက် အသင်တို့တောင်းခံသည့်အရာမှန်သမျှရှိပေအံ့။ ①

نُزُلًا مِّنْ غَفُوْرٍ رَّحِيْمٍ ۝

၃၃။ ဤသည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်(နှင့်) အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ထံတော်မှ ဧည့်ဝတ်ပြုခြင်းသဖွယ်ဖြစ်သတည်း။

ရုကူး-၅

وَمَنْ اَحْسَنُ قَوْلًا مِّمَّنْ دَعَآ اِلَى اللّٰهِ وَعَمِلَ صَالِحًا وَّقَالَ اِنَّنِيْ مِنَ الْمُسْلِمِيْنَ ۝

၃၃။ ထို့ပြင် စကားပြောဆိုရာတွင် ထိုသူထက် အဘယ်သူသည် ပိုမို၍ကောင်းမြတ်ပါမည်နည်း။ ထိုသူသည် အလွှာဟ်ဘက်သို့ဖိတ်ခေါ်၏။ ထို့ပြင် ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်၏။ ၎င်းပြင်ပြောဆိုသည်မှာ ဧကန်စင်စစ် ကျွန်ုပ်သည် ပြီးပြည့်စုံသော ကျိုးနွံနာခံသူများအနက်မှ ဖြစ်၏။

وَلَا تَسْتَوِي الْحَسَنَةُ وَلَا السَّيِّئَةُ ۭ اِدْفَعْ بِالَّتِيْ هِيَ اَحْسَنُ فَاِذَا الَّذِيْ بَيْنَكَ وَبَيْنَهٗ عَدَاوَةٌ كَاَنَّهٗ وَلِيٌّ حَمِيْمٌ ۝

၃၄။ ကောင်းမှုသည် မကောင်းမှုနှင့်လည်းကောင်း၊ မကောင်းမှုသည် ကောင်းမှုနှင့်လည်းကောင်း မတူညီနိုင်ချေ။ အကောင်းဆုံးသောနည်းဖြင့် တုံ့ပြန်ပါလေ။ ထိုအခါ ယင်းနှင့် အသင်၏အကြားတွင် ရန်ငြိုးရှိခဲ့သည့်သူသည် သို့ဖြင့် ရုတ်တရက် အသက်ပေးမည့်မိတ်ဆွေဖြစ်လာပေအံ့။

وَمَا يُلَقّٰىهَآ اِلَّا الَّذِيْنَ صَبَرُوْا ۚ وَمَا

၃၅။ စင်စစ် ဤဂုဏ်အဆင့်သည်ကား သည်းခံစောင့်စည်း

① အာယတ်တော် ၃၁ မှ ၃၂ထိ၊ ဤအာယတ်တော်များတွင် အလွှာဟ်အရှင်မြတ်အလိုဌာ သည်းခံစွဲမြဲမှုကို ကျင့်သုံးဆောက်တည်လျက် ဆင်းရဲဒုက္ခများတွင် မြဲမြံမြဲမြံရပ်တည်ကြသော ထိုသို့သော ပုဂ္ဂိုလ်များထံသို့ 'ဝဟီ'ဗျာဒိတ်သည် အစဉ်မပြတ် ကျရောက်လျက်ရှိမည်ဖြစ်ကြောင်း ဖော်ပြထားပေသည်။ ယင်း(ဝဟီ)ကို ကောင်းကင်တမန်များက ထိုပုဂ္ဂိုလ်များသို့ ပို့ချပေးလိမ့်မည်။ အကြင်ကောင်းကင်တမန်များသည် ထိုသူတို့ထံ သက်ဆင်း၍ သူတို့အား ကျွန်ုပ်တို့သည် ဤလောကတွင်လည်း အသင်တို့နှင့်အတူရှိပြီး နောင်တမလွန်တွင်လည်း အသင်တို့နှင့်အတူရှိပေအံ့။ ဤတွင်မက အသင်တို့၏ ကောင်းမြတ်သော ဆန္ဒအားလုံးကို ဖြည့်ဆည်းပေးစေရမည့်အကြောင်း ရည်ညွှန်းပြောဆိုကြလိမ့်မည်။

يَلْقُهَآ اِلَّا ذُوْ حَظٍّ عَظِيْمٍ ﴿۳۵﴾

နိုင်သူတို့မှတစ်ပါး ပေးသနားခြင်းမခံရချေ။ ထို့ပြင် ဤဂုဏ်အဆင့်သည်ကား ကုသိုလ်ကံထူးသူများမှတစ်ပါး ပေးသနားခြင်းမခံရချေ။

وَاِمَّا يَنْزَغَنَّكَ مِنَ الشَّيْطٰنِ نَزْغٌ فَاسْتَعِذْ بِاللّٰهِ ؕ اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ ﴿۳۶﴾

၃၇။ ထို့ပြင် အကယ်၍ အသင့်ထံ 'ရှိုင်တန်'ဘက်မှတစ်စုံတစ်ရာ လှည့်စားမှုပြုသည့် ကိစ္စရပ်ရောက်ရှိလာခဲ့လျှင် အလ္လာဟ်ထံ ခိုလှုံခွင့်ကိုတောင်းခံလော့။ ဧကန်စင်စစ် အရှင်မြတ်သည်ပင် လွန်စွာကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသော အရှင် ဖြစ်တော်မူ၏။

وَمِنْ اٰيٰتِهِ الَّيْلُ وَالنَّهَارُ وَالشَّمْسُ وَالْقَمَرُ ؕ لَا تَسْجُدُوْا لِلشَّمْسِ وَلَا لِلْقَمَرِ وَاسْجُدُوْا لِلّٰهِ الَّذِىْ خَلَقَهُنَّ اِنْ كُنْتُمْ اِيَّاهُ تَعْبُدُوْنَ ﴿۳۷﴾

၃၈။ ထို့ပြင် အရှင်မြတ်၏နိမိတ်လက္ခဏာတော်များတွင် 'ညဉ့်'နှင့် 'နေ့'၊ ထို့ပြင် 'နေ'နှင့် 'လ'တို့ရှိကြ၏။ 'နေ'အားလည်းကောင်း၊ 'လ'အားလည်းကောင်း 'စဂ်ဒါဟ်'ဦးချခြင်းကို မပြုကြကုန်လင့်။ ထို့ပြင် အကယ်၍ အသင်တို့သည် အရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်သူများဖြစ်ကြလျှင် ထိုအရာများကို ဖန်ဆင်းတော်မူသော အလ္လာဟ်အား 'စဂ်ဒါဟ်' ဦးချခြင်းကို ပြုကြလေကုန်။

فَاِنِ اسْتَكْبَرُوْا فَالَّذِيْنَ عِنْدَ رَبِّكَ يُسَبِّحُوْنَ لَهٗ بِالَّيْلِ وَالنَّهَارِ وَهُمْ لَا يَسْئَمُوْنَ ﴿۳۸﴾ ۩

၃၉။ သို့ဖြစ်ရာ အကယ်၍ ယင်းတို့သည် ထောင်လွှားခြင်းကိုပြုလျှင် (နားလည်ထားကြကုန်)။ အသင်၏ဖန်ဆင်းမွေးမြူရှင်ရှေ့တော်တွင်ရှိနေကြကုန်သောသူတို့သည် ညဉ့်ရောနေ့ပါအရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း ချီးမွမ်းခြင်း 'တာစ်ဘီ'ကို ပြုလျက်ရှိကြပြီး ၎င်းတို့သည် မမောပန်းကြချေ။

وَمِنْ اٰيٰتِهٖۤ اَنَّكَ تَرَى الْاَرْضَ خَاشِعَةً فَاِذَاۤ اَنْزَلْنَا عَلَيْهَا الْمَآءَ اهْتَزَّتْ وَرَبَتْ ؕ اِنَّ الَّذِىْۤ اَحْيَاهَا لَمُحْىِ الْمَوْتٰى ؕ اِنَّهٗ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ﴿۳۹﴾

၄၀။ ထို့ပြင် အရှင်မြတ်၏ နိမိတ်လက္ခဏာတော်များအနက် ဤသည်လည်းရှိ၏။ အသင်သည် ကမ္ဘာမြေကို ကျဆင်းသောအခြေအနေတွင်တွေ့ရ၏။ သို့ဖြစ်ရာ ငါတို့က ယင်းအပေါ် ရေကိုပို့ချသည့်အခါ ယင်းသည် (ဖွံ့ဖြိုးလျက်) လှုပ်ရှား၍လာ၏။ ထို့ပြင် သီးပွင့်လာပေသည်။ ဧကန်စင်စစ် ယင်းအား ရှင်သန်စေတော်မူသော အရှင်မြတ်သည် အမှန်ပင် သေသူများကို ရှင်စေတော်မူမည့်အရှင် ဖြစ်တော်မူ၏။ ဧကန်စင်စစ် အရှင်မြတ်သည် မိမိအလိုရှိသည့်အရာအားလုံးအပေါ် ထာဝရ တန်ခိုးစွမ်းအားရှိတော်မူသောအရှင် ဖြစ်တော်မူ၏။ ①

① ဤတွင်ကောင်းကင်ယံမှ မိုးရေရွာသွန်းပြီးသည်၏နောက်တွင် သေနေသောမြေကြီးသည် ရှင်သန်လာရကြောင်းကို ဖော်ပြထားပေသည်။ သို့ကြောင့် သေပြီးနောက် တမလွန်အကြောင်းသည်လည်း ဤအကြောင်းရပ်နှင့်ပင်ဆက်နွယ်ပေသည်။ အားလုံးသည် ဒုတိယအကြိမ် ရှင်ပြန်ထမြောက်ကြရမည်သာဖြစ်၏။ သို့သော် အမှန်တကယ် နာမ်တရားရေးရာဘဝကိုရရှိမည့်သူများမှာကား ကောင်းကင်ဆိုင်ရာရေကို ပို့ချလိုက်သောအခါ ယင်းမှ အကျိုးရယူသူကိုသာ ရရှိစေမည်ဖြစ်သည်။ တစ်နည်းဖော်ပြရသော် တမန်တော်များကို ယုံကြည်လက်ခံခြင်းနှင့် ၎င်းတို့၏ သင်ပြဆုံးမမှုကို လိုက်နာကျင့်မူသူများသာဖြစ်သည်။ ကောင်းကင်ဆိုင်ရာမိုးရေသည် ကမ္ဘာမြေပေါ်တွင် နေရာအနှံ့ရွာသွန်းချ၏။ သို့ရာတွင် ခြောက်သွေ့ပြီး ကျောက်ဖျာကဲ့သို့မာသော မြေများနှင့် မြေရိုင်းများကိုမူ တစ်စုံတစ်ရာအကျိုးဖြစ်ထွန်းစေနိုင်မည် မဟုတ်ချေ။ ရှင်သန်ခြင်း၏ဗီဇရှိသောမြေကြီးကိုသာ ရှင်သန်နိုးထလာအောင် ပြုပေးနိုင်မည်ဖြစ်သည်။

اِنَّ الَّذِيْنَ يُلْحِدُوْنَ فِيْٓ اٰيٰتِنَا لَا يَخْفَوْنَ عَلَيْنَا ۭ اَفَمَنْ يُّلْقٰى فِي النَّارِ خَيْرٌ اَمْ مَّنْ يَّاْتِيْٓ اٰمِنًا يَّوْمَ الْقِيٰمَةِ ۭ اِعْمَلُوْا مَا شِئْتُمْ ۙ اِنَّهٗ بِمَا تَعْمَلُوْنَ بَصِيْرٌ ۝

၄၀။ ဧကန်စင်စစ် ငါတို့၏အာယတ်တော်များနှင့်စပ်လျဉ်း၍ ကွေ့ကောက်လွဲမှားစွာ လုပ်ဆောင်ကြသောသူတို့သည် ငါတို့ထံမှ ကွယ်လျက်ရှိနေကြသည်မဟုတ်ချေ။ သို့ဖြစ်ရာ မီးဌာန်ထည့်သွင်းခြင်းခံရမည့်သူက ပိုမိုကောင်းမြတ်သလော။ သို့တည်းမဟုတ် 'ကေယာမတ်'ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် ဘေးကင်းရန်ကွာသည့်အခြေအနေတွင် ရောက်လာမည့်သူက ပိုမိုကောင်းမြတ်သလော။ အသင်တို့ အလိုရှိသည်တို့အား ပြုလုပ်လျက်ရှိကြလေကုန်။ ဧကန်ပင် အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှတို့ကို နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّ الَّذِيْنَ كَفَرُوْا بِالذِّكْرِ لَمَّا جَاۗءَهُمْ ۚ وَاِنَّهٗ لَكِتٰبٌ عَزِيْزٌ ۝

၄၂။ စင်စစ် အကြင်အခါဝယ် 'ဇိကီရ်' သတိပေးနှိုးဆော်ခြင်းသည် သူတို့ထံရောက်ရှိလာသည့်အခါ ငြင်းပယ်ကြသောသူတို့သည် (ပြစ်ဒဏ်ပေးခြင်းကို ခံကြရပေအံ့)။ အမှန်သော်ကား ယင်းသည် အလွန် လွမ်းမိုးအောင်နိုင်၍ ဂုဏ်ကျက်သရေရှိသော ကျမ်းတစ်စောင်အဖြစ်ဖြင့် ရောက်ရှိလာခဲ့ပေသည်။

لَا يَاْتِيْهِ الْبَاطِلُ مِنْۢ بَيْنِ يَدَيْهِ وَلَا مِنْ خَلْفِهٖ ۭ تَنْزِيْلٌ مِّنْ حَكِيْمٍ حَمِيْدٍ ۝

၄၃။ မုသားသည် ထို(ကျမ်း)သို့ အရှေ့မှလည်းကောင်း၊ အနောက်မှလည်းကောင်း ရောက်ရှိနိုင်လိမ့်မည်မဟုတ်ချေ။ ယင်းအား ပို့ချခြင်းသည် အလွန်အမြော်အမြင်ရှိတော်မူသော အရှင်နှင့် လွန်စွာ ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်ထံတော်မှဖြစ်၏။

مَا يُقَالُ لَكَ اِلَّا مَا قَدْ قِيْلَ لِلرُّسُلِ مِنْ قَبْلِكَ ۭ اِنَّ رَبَّكَ لَذُوْ مَغْفِرَةٍ وَّذُوْ عِقَابٍ اَلِيْمٍ ۝

၄၄။ အသင့်အလျင် တမန်တော်များအား ပြောဆိုခြင်းခံရသည်များကိုသာလျှင် အသင့်အား ပြောဆိုခြင်းကိုခံရခြင်းဖြစ်သည်။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်ဖြစ်လျက် နာကျင်ဖွယ် ပြစ်ဒဏ်ခတ်တော်မူသောအရှင်(လည်း) ဖြစ်တော်မူ၏။

وَلَوْ جَعَلْنٰهُ قُرْاٰنًا اَعْجَمِيًّا لَّقَالُوْا لَوْلَا فُصِّلَتْ اٰيٰتُهٗ ۭ ءَاَعْجَمِيٌّ وَّعَرَبِيٌّ ۭ قُلْ هُوَ لِلَّذِيْنَ اٰمَنُوْا هُدًى وَّشِفَاۗءٌ ۭ وَالَّذِيْنَ لَا يُؤْمِنُوْنَ فِيْٓ اٰذَانِهِمْ وَقْرٌ وَّهُوَ عَلَيْهِمْ عَمًى ۭ اُولٰۗىِٕكَ يُنَادَوْنَ مِنْ مَّكَانٍۢ بَعِيْدٍ ۝

၄၅။ ထို့ပြင် အကယ်၍ ငါတို့က ဤသည်ကို 'အာဂျမီ' ဝေါဟာရမကြွယ်သော ဘာသာစကား(စာပေ)ဖြင့် စီစဉ်ပြုလုပ်ခဲ့သော်၊ ထိုသူတို့က အဘယ့်ကြောင့် ယင်းအာယတ်မူကွဲပါဠိတော်များအား ပွင့်လင်းထင်ရှားစွာ (နားလည်လွယ်အောင်) မစီစဉ်ရပါသနည်းဟုပြောကြပေလိမ့်မည်။ 'အာဂျမီ'ဝေါဟာရမကြွယ်သော ဘာသာစကားနှင့် 'အာရဗီ' ဝေါဟာရကြွယ်၍ အဓိပ္ပာယ်နက်ရှိုင်းသောဘာသာစကားတို့သည် (တူညီနိုင်မည်လော)။ အသင်ပြောကြားပါလေ။ ထိုသည်ကား သက်ဝင်ယုံကြည်သူတို့အတွက် လမ်းညွှန်တော်နှင့် 'ရှေဖာ' ပျောက်ကင်းချမ်းသာစေခြင်းဖြစ်၏။ ထို့ပြင် မယုံကြည်သူတို့မှာမူကား သူတို့၏နားများတွင် နားပင်းမူဝေဒနာသည် ရှိနေ၏။ ယင်း၏ရလဒ်အဖြစ် ယင်း(ကုရ်အာန်)သည် ၎င်းတို့ထံမှ

မထင်မရှားကွယ်ဝှက်လျက်ရှိ၏။ စင်စစ် ဤသူများသည်ကား ဝေးလံသောအရပ်တစ်နေရာမှ ခေါ်ဆိုခြင်းခံရသူများ ဖြစ်ကြပေသတည်း။

ရုကူ-၆

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ فَاخْتُلِفَ فِيْهِ ؕ وَلَوْلَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ لَقُضِيَ بَيْنَهُمْ ؕ وَاِنَّهُمْ لَفِيْ شَكٍّ مِّنْهُ مُرِيْبٍ ﴿۴۵﴾

၄၅။ ထို့ပြင် ဧကန်စင်စစ် ငါတို့သည် 'မူစာ'အားလည်း ကျမ်းဂန်ကိုပေးတော်မူခဲ့၏။ သို့ဖြစ်ရာ ယင်း၌ကွဲပြားခြားနားမှုကို ပြုခဲ့ကြပေသည်။ ထို့ပြင် အကယ်၍ အသင်၏ ဖန်ဆင်းမွေးမြူရှင်ထံတော်မှ မိန့်မြွက်ချက်သည် မလွန်မြောက်ခဲ့သေးလျှင် ၎င်းတို့၏အကြား၌ အမှန်ပင် စီရင်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပေအံ့။ ထို့ပြင် မုချဧကန် ၎င်းတို့သည် ယင်းနှင့်စပ်လျဉ်း၍ မငြိမ်းချမ်းမှုကိုဖြစ်စေသည့် သံသယတစ်ရပ်တွင် နစ်မွန်းလျက်ရှိနေကြပေသည်။

مَنْ عَمِلَ صَالِحًا فَلِنَفْسِهٖ ۚ وَمَنْ اَسَآءَ فَعَلَيْهَا ؕ وَمَا رَبُّكَ بِظَلَّامٍ لِّلْعَبِيْدِ ﴿۴۶﴾

၄၆။ အကြင်မည်သူမဆို ကောင်းမြတ်သောအကျင့်သီလကို ကျင့်ကြံဆောက်တည်သော် မိမိ၏ဝိညာဉ်အတွက်သာလျှင် ဤသို့ပြုခြင်းဖြစ်၏။ ထို့ပြင် အကြင်မည်သူမဆို မကောင်းမှုကို ပြုကျင့်သော် သူနှင့်ဆန့်ကျင်၍သာ ပြုမူခြင်းဖြစ်၏။ ထို့ပြင် အသင်၏အရှင်သခင်သည် သနားစရာ အစေတော်တို့အား စိုးစဉ်းမျှ မတရားပြုတော်မူသောအရှင် မဟုတ်ချေ။

اِلَيْهِ يُرَدُّ عِلْمُ السَّاعَةِ ؕ وَمَا تَخْرُجُ مِنْ ثَمَرٰتٍ مِّنْ اَكْمَامِهَا وَمَا تَحْمِلُ مِنْ اُنْثٰى وَلَا تَضَعُ اِلَّا بِعِلْمِهٖ ؕ وَيَوْمَ يُنَادِيْهِمْ اَيْنَ شُرَكَآءِيْ ؕ قَالُوْۤا اٰذَنّٰكَ ۫ مَا مِنَّا مِنْ شَهِيْدٍ ﴿۴۷﴾

၄၇။ 'ကတိပြုထားသည့်အချိန်'၏အသိသည် ထိုအရှင်မြတ်ထံသို့သာလျှင် ပြန်လှည့်ရပေ၏။ ထို့ပြင် ထိုအရှင်မြတ် သိရှိတော်မူချက်နှင့်အညီမှတစ်ပါး သစ်သီးမျိုးအချို့သည် မိမိ၏အဖုံးအခွံမှ မထွက်ကြ၊ ထို့ပြင် မည်သည့် 'မ'သတ္တဝါမျှ ကိုယ်ဝန်ဆောင်ခြင်းကိုမပြုသည့်အပြင် ကလေးမွေးဖွားခြင်းကိုလည်း မပြုချေ။ ထို့ပြင် ထိုအရှင်မြတ်က မြင့်သောအသံဖြင့် ငါနှင့်တန်းတူထားရာ အဘယ်မှာနည်းဟု မေးမြန်းတော်မူမည့် ထိုနေ့ကို သတိရကြကုန်။ ထိုအခါ ၎င်းတို့က- ကျွန်တော်မျိုးတို့အနက် တစ်ဦးတစ်ယောက်မျှ သက်သေမဟုတ်ကြောင်း အရှင်မြတ်အား ကျွန်တော်မျိုးတို့ အသိပေးလျှောက်ထားပါ၏ဟု ပြောကြပေလိမ့်မည်။

وَضَلَّ عَنْهُمْ مَّا كَانُوْا يَدْعُوْنَ مِنْ قَبْلُ وَظَنُّوْا مَا لَهُمْ مِّنْ مَّحِيْصٍ ﴿۴۸﴾

၄၈။ ထို့ပြင် ဤသည့်အလျင် သူတို့ ဟစ်ခေါ်တမ်းတလေ့ရှိသည်များသည် သူတို့ထံမှ ပျောက်ကွယ်သွားပေလိမ့်မည်။ ထို့ပြင် သူတို့အတွက် ထွက်ပြေးရန် မည်သည့်နေရာမျှ မရှိကြောင်းကို သူတို့ သိရှိသွားကြပေအံ့။

لَا يَسْـَٔمُ الْاِنْسَانُ مِنْ دُعَآءِ الْخَيْرِ ۫ وَاِنْ مَّسَّهُ الشَّرُّ فَيَئُوْسٌ قَنُوْطٌ ﴿۴۹﴾

၄၉။ လူသားသည် ကောင်းခြင်းကိုတောင်းခံရာတွင် ပင်ပန်းနွမ်းနယ်သည်ဟူ၍မရှိချေ။ ထို့ပြင် အကယ်၍ သူ့အား အဆိုးသည် ထိတွေ့ပါလျှင် အလွန် စိတ်ဓာတ်ကျလျက် မျှော်လင့်

ချက်ကင်းမဲ့သွားပေတော့သည်။

وَلَئِنْ اَذَقْنٰهُ رَحْمَةً مِّنَّا مِنْۢ بَعْدِ ضَرَّآءَ مَسَّتْهُ لَيَقُوْلَنَّ هٰذَا لِيْ ۙ وَمَآ اَظُنُّ السَّاعَةَ قَآئِمَةً ۙ وَّلَئِنْ رُّجِعْتُ اِلٰى رَبِّيْٓ اِنَّ لِيْ عِنْدَهٗ لَلْحُسْنٰى ۚ فَلَنُنَبِّئَنَّ الَّذِيْنَ كَفَرُوْا بِمَا عَمِلُوْا ۬ وَلَنُذِيْقَنَّهُمْ مِّنْ عَذَابٍ غَلِيْظٍ ۝

၅၀။ ထို့ပြင် အကယ်၍ ငါတို့က သူ့အား တစ်စုံတစ်ရာသော ဘေးဒုက္ခသက်ရောက်ပြီးသည်၏နောက်တွင် မိမိ၏တစ်ခုခုသော 'ရာဟ်မတ်'ကရုဏာတော်ကို မြည်းစမ်းစေခဲ့လျှင် သူတို့က ဤသည် ကျွန်ုပ်အတွက်ဖြစ်၏။ ထို့ပြင် ကတိပြုထားသည့်အချိန်သည် ပေါ်ပေါက်လာလိမ့်မည်ဟု ကျွန်ုပ်မထင်ချေ။ ထို့ပြင် အကယ်၍ မိမိ၏ဖန်ဆင်းမွေးမြူရှင်ဘက်သို့ လှည့်၍ခေါ်ဆောင်ခြင်းကိုခံရလျှင်လည်း ဧကန်ပင် ကျွန်ုပ်အတွက် အရှင်မြတ်ထံတော်တွင် အလွန်အဆင့်မြင့်သည့် ကောင်းမြတ်ခြင်းသည်ရှိပေအံ့ဟု အမှန်ပင်ပြောဆိုကြ၏။ သို့ဖြစ်ရာ မယုံကြည်ငြင်းပယ်သူတို့အား ၎င်းတို့ ပြုလုပ်လေ့ရှိခဲ့သည့် အကြောင်းကိစ္စများကို အမှန်ပင် အသိပေးတော်မူပေအံ့။ ထို့ပြင် ငါတို့သည် ၎င်းတို့အား အမှန်ပင် ပြင်းထန်သည့် ပြစ်ဒဏ်၏အရသာကို မြည်းစမ်းစေတော်မူပေမည်။

وَاِذَآ اَنْعَمْنَا عَلَى الْاِنْسَانِ اَعْرَضَ وَنَاٰ بِجَانِبِهٖ ۚ وَاِذَا مَسَّهُ الشَّرُّ فَذُوْ دُعَآءٍ عَرِيْضٍ ۝

၅၁။ ထို့ပြင် ငါတို့က လူသားအပေါ် ကောင်းချီးဆုလာဘ်ကို ချီးမြှင့်တော်မူသည့်အခါ သူသည် မျက်နှာလွှဲဖယ်လိုက်၏။ ထို့ပြင် နောက်ဆုတ်လျက် အဝေးသို့ ဖယ်ခွာသွား၏။ ထို့ပြင် သူ့အား ဆိုးကျိုးသက်ရောက်သောအခါ ရှည်လျားစွာ 'ဒိုအာ' ဆုတောင်းသူ ဖြစ်သွားပေတော့သည်။

قُلْ اَرَءَيْتُمْ اِنْ كَانَ مِنْ عِنْدِ اللّٰهِ ثُمَّ كَفَرْتُمْ بِهٖ مَنْ اَضَلُّ مِمَّنْ هُوَ فِيْ شِقَاقٍۭ بَعِيْدٍ ۝

၅၂။ အသင် ပြောကြားလော့။ အကယ်၍ ယင်းသည် အလ္လာဟ်၏ဘက်တော်မှဖြစ်လျက်လည်း အသင်တို့သည် ယင်းအား ငြင်းလျက်ရှိကြသော် အဆုံးစွန်သောဆန့်ကျင်မှု၌ ဆိုက်ရောက်နေသော ထိုသူထက် မည်သူသည် ပို၍လမ်းလွဲနိုင်ကြောင်းကို ကျွန်ုပ်အား ပြောပြစမ်းပါလေ။

سَنُرِيْهِمْ اٰيٰتِنَا فِي الْاٰفَاقِ وَفِيْٓ اَنْفُسِهِمْ حَتّٰى يَتَبَيَّنَ لَهُمْ اَنَّهُ الْحَقُّ ۭ اَوَلَمْ يَكْفِ بِرَبِّكَ اَنَّهٗ عَلٰي كُلِّ شَيْءٍ شَهِيْدٌ ۝

၅၃။ သို့ကြောင့် ငါတို့သည် ယင်းမှာ အမှန်တရားဖြစ်ကြောင်း ကောင်းစွာ ပွင့်လင်းထင်ရှားလာသည်အထိ အမှန်ပင် သူတို့အား မိုးကုပ်စက်ဝိုင်းတွင်လည်းကောင်း သူတို့၏ စိတ်ဝိညာဉ်များအတွင်း၌လည်းကောင်း မိမိ၏ နိမိတ်လက္ခဏာတော်များကို ပြသတော်မူပေမည်။ အသင့်အား ဖန်ဆင်းမွေးမြူရှင်သည် အရာရာတိုင်းအပေါ် စောင့်ကြည့်လျက်ရှိတော်မူခြင်းက မလုံလောက်ပေသလော။

اَلَآ اِنَّهُمْ فِيْ مِرْيَةٍ مِّنْ لِّقَاۗءِ رَبِّهِمْ ۭ اَلَآ اِنَّهٗ بِكُلِّ شَيْءٍ مُّحِيْطٌ ۝ ع

၅၄။ သတိပြုကြကုန်။ ထိုသူတို့သည် မိမိတို့၏ ဖန်ဆင်းမွေးမြူရှင်အား တွေ့ဆုံရခြင်းနှင့်စပ်လျဉ်း၍ သံသယတွင် နစ်မွန်းလျက်ရှိကြ၏။ သတိပြုကြကုန်။ ဧကန်မလွဲ အရှင်မြတ်သည် အရာအားလုံးကို ဝန်းရံထားတော်မူသတည်း။

❖ ❖ ❖

၄၂။ အလ်-ရှူရာ

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ်တော် (၅၄)ပိုဒ်ပါရှိသည်။

ပြီးခဲ့သောဆူရာဟ်၏နောက်ဆုံးအာယတ်များတွင် 'နဗူဝါတ်'တမန်တော်စနစ်ဆိုင်ရာ ကောင်းချီးမင်္ဂလာတော်ကျရောက်သောအခါ လူတို့သည် ယင်းကို သဘောတူလက်ခံခြင်းမှ ရှောင်ရှားကြသည်။ သို့ရာတွင် ယင်း၏အကျိုးဆက်ရလဒ်အားဖြင့် ထိုသူတို့အား ဒုက္ခတစ်စုံတစ်ရာသည် ကပ်ငြိလေသောအခါ ထိုဘေးဒုက္ခမှလွတ်ကင်းရလေအောင် ရှည်လျားစွာ 'ဒိုအာ'ဆုတောင်းမှုပြုကြ၏ဟူ၍ နှိုးဆော်ထားတော်မူသည်။ သို့ကြောင့် ယင်းတို့အား သတိပေးနှိုးဆော်တော်မူသည်မှာ အလ္လာဟ်အရှင်မြတ်သည် ယင်းတို့ကို သဘာဝဓမ္မ၏အကြီးကျယ်ဆုံးဖြစ်သော လင်းပြမှုဖြစ်သည့် မိုးကုပ်စက်ဝိုင်းထက်မှ ထင်ရှားပြသသော အတိတ်ကြီးနိမိတ်ကြီးကိုလည်း ပြသတော်မူမည်။ ထို့ပြင် လူသားတိုင်း၏ အတွင်းအဖျဖွတ်မှ အလ္လာဟ်အရှင်မြတ်တည်ရှိတော်မူခြင်းကို သက်သေပြဖို့ရာတည်ရှိသော နိမိတ်လက္ခဏာများကိုလည်း ပြသတော်မူမည်ဟု သတိပေးထားတော်မူသည်။

ဤဆူရာဟ်တွင် သခ်ေပအက္ခရာများကိုဖော်ပြပြီးနောက် မိန့်တော်မူသည်မှာ ဤသည်ထက်အလျင်က 'ဝဟီ'ထုတ်ပြန်ပို့ချပေးတော်မူသောအခါ ယင်းကို ရှေးဦးလူတို့က ပေယျာလကန် ပြုခဲ့ကြဘိသကဲ့သို့ ယခုလည်း အသင့်အား ကြီးကျယ်ခမ်းနားလှသော ကောင်းကျိုးချမ်းသာဖြစ်သည့် 'ဝဟီ'ကို ထုတ်ပြန်ပို့ချပေးတော်မူပေသည်။ သို့ရာတွင် လောကသားတို့က ဤသည့် ကောင်းကင်ဆိုင်ရာ ကောင်းချီးမင်္ဂလာတော်ကို လက်ခံကြမည်မဟုတ်ချေ။ အကြောင်းမူကား ယင်းတို့သည် လောကီရေး ကောင်းကျိုးများကိုသာ အငမ်းမရ ရမ္မက်ကြီးနေသောကြောင့်ဖြစ်သည်။

ဤသည့်နောက် 'အာယတ်'မုက္ခပါဠ်တော် အမှတ်စဉ်(၈)တွင် တမန်တော်မြတ်ﷺအား ကမ္ဘာတစ်ဝှန်းလုံးကို သတိပေးနှိုးဆော်သူဟု ဖော်ပြထားပေသည်။ အဘယ့်ကြောင့်ဟူမူ မြို့ရွာအပေါင်း၏ မိခင်(ဝါ)မက္ကာ၊ ယင်းကို အလ္လာဟ်အရှင်မြတ်က ကမ္ဘာတစ်ဝှန်းလုံး၏ ဗဟိုဌာနဟုသတ်မှတ်ထားတော်မူသည်။ အကယ်၍ ထိုမြို့တော်ကို သတိပေးနှိုးဆော်သည်ရှိသော် ကမ္ဘာတစ်ဝှန်းကို သတိပေးနှိုးဆော်သကဲ့သို့ဖြစ်သည်။ ထို့ပြင် **وَمَنْ حَوْلَهَا** ဟူသော စကားပိုဒ်တွင် ကမ္ဘာတစ်ဝှန်းလုံးရှိမြို့ရွာများအားလုံး အကြုံးဝင်ပေသည်။ ထို့နောက် **يَـوْمُ الْجَمْعِ** ဟု ဖော်ပြခြင်းဖြင့်လည်း မက္ကာမြို့တော်ကို လူသားမျိုးနွယ်စုအားလုံး စုစည်းရာနေရာဌာနဟုဖော်ပြသကဲ့သို့ 'အာခေရတ်'(အနာဂတ်)တွင်လည်း လူသားမျိုးနွယ်ဝင်ခပ်သိမ်းတို့ကို ပေါင်းစည်းသော စုရုံးမှုတစ်ခုပြုလုပ်ဦးမည်ဖြစ်ကြောင်းကို ဖော်ညွှန်းနေပေသည်။

သို့ဖြစ်ရာ တမန်တော်မြတ်(ﷺ)၏ပွင့်ပေါ်ခြင်းကိုအကြောင်းပြု၍ လူသားခပ်သိမ်းတို့ကို တစ်စုတစ်ပေါင်းတည်းဖြစ်လာစေရေးအတွက် ကြိုးပမ်းအားထုတ်စေတော်မူခဲ့လင့်ကစား ဤလောကီသားတို့သည် ဤသည့်ကောင်းကျိုးချမ်းသာကိုပစ်ပယ်လျက် နဂိုမူလအတိုင်းပင် အချင်းချင်း ကွဲပြားလျက်သာရှိကြမည်ကို အလ္လာဟ်အရှင်မြတ်က သိတော်မူပြီးဖြစ်သည်။ အကြောင်းမူကား အလ္လာဟ်အရှင်မြတ်က မည်သူမည်ဝါကိုမှ တရားလမ်းမှန်ပေါ်သို့ အတင်းအဓမ္မ စုရုံးစေတော်မမူချေ။ သို့မဟုတ်လျှင် လူသားနွယ်ဝင်အားလုံးကို တစ်ခုတည်းသော သာသနာဝင်အုပ်စုအဖြစ် ပြုတော်မူခဲ့မည်ဖြစ်သည်။

ဤသည့်နောက်တွင် လွန်လေခဲ့ပြီးသော တမန်တော်များအပေါ် သို့ 'ဝဟီ'ထုတ်ပြန်ပို့ချပေးတော်မူရခြင်း၏ ရည်မျှော်ဦးတည်ချက်မှာ လူသားအပေါင်းကို တစုတရုံးတည်းဖြစ်အောင် ပြုလုပ်ရန်ဖြစ်ကြောင်း ဖော်ပြထားတော်မူပေသည်။ သို့ရာတွင် ယင်း(ဝဟီ)ကျရောက်လာသောအခါတိုင်း ကံမကောင်းအကြောင်းမလှစွာဖြင့် လူသားတို့သည် ဤကောင်းကျိုးချမ်းသာကို ငြင်းပယ်ကြကာ ပို၍ပင် ကွဲပြားခြင်း၏ သားကောင်များဖြစ်ခဲ့ကြလေသည်။ ထိုသူတို့ ကွဲပြားရခြင်း၏အခြေခံအကြောင်းရင်းကို ဖော်ပြတော်မူသည်မှာ အခြေခံဇစ်မြစ်ကိုလိုက်သော် ယင်း(ကွဲပြားရခြင်းအကြောင်း)မှာ တစ်ဦးနှင့်တစ်ဦး ရန်ငြိုးဖွဲ့ထားကြခြင်းကြောင့် ဖြစ်ပေသည်။

သို့ဖြစ်ရာ ယင်းသို့အစဉ်အဆက် မနာခံဖိဆန်မှုများရှိနေပြီး အဘယ့်ကြောင့် ပြဿနာ မငြိမ်းဘဲ ရှိနေရသနည်းဟူသော မေးခွန်းထွက်ပေါ်လာသည်။ ယင်းကို ဤသို့အဖြေပေးရှင်းပြထား၏။ ကမ္ဘာမြေတွင် လူသားတို့အစဉ်အဆက် စမ်းသပ်စုံစမ်းမှုအစဉ်အလာရှိနေဖို့ရန် 'တက္ကဒီရ်'သတ်မှတ်ချက်ရှိထားပေသည်။ သတ်မှတ်ထားသော အချိန်ထက်စော၍ ယင်းပြဿနာကို ဤတွင်ဖြေရှင်းဖို့ မရှိချေ။ အကယ်၍ အချိန်ကာလအားလျော်စွာ လူမျိုးတိုင်း၏ အငြင်းပွားမှုပြဿနာတိုင်းကို ယင်း၏ **اجلِ مسمّى** (သတ်မှတ်ထားသော အချိန်ကာလ)အတွင်း ဖြေရှင်းနိုင်ခဲ့ပင်ငြားလည်း ယင်း၏နောက်တွင် လူမျိုးဘာသာတစ်စုပြီးတစ်စုတို့မှာ လောကတွင် ပေါ်ပေါက်လျက်ရှိနေပြီး လူသား၏ အငြင်းအခုံပြဿနာသည် နောက်ဆုံးတွင် 'အဂျလေမူစမ်မာ' (သတ်မှတ်ထားသော အချိန်ကာလ)တွင် ဖြေရှင်းဆုံးဖြတ်မည်ဖြစ်သည်။

ယင်းနောက်တွင် တမန်တော်မြတ်ﷺအား မယုံကြည်ငြင်းပယ်သူတို့၏ ဝိရောဓိများနှင့် မနာခံမှုများကြောင့် မည်သို့မျှ သောကဖြစ်စရာမလိုကြောင်း အလေးအနက်မိန့်ကြားတော်မူသည်။ အကြင်အခါအလ္လာဟ်က ယင်းတို့အား စုရုံးစေရန်ဆုံးဖြတ်ခဲ့ပါလျှင် ယင်းတို့သည် အမှန်ပင် စုရုံးခြင်းကို ခံကြရပေမည်။ ထိုသည့် စုရုံးမှုအကြောင်း ကြီးကျယ်သော အနာဂတ်ဘျာဒိတ်တစ်ခု ဆူရာဟ် 'အလ်-ဂျုမုအဟ်'တွင်လည်း လာရှိထားပေသည်။

ဤဆူရာဟ်၏ အာယတ်တော်အမှတ်စဉ်(၂၄)ကို 'ရှီအာ'ဋီကာပညာရှင်များက ဝါကျတည်ဆောက်ပုံစံနစ်မှ ဖယ်ခွာလျက် မဟုတ်တမ်းတရား အဓိပ္ပာယ်ဖွင့်ဆိုမှု ပြုထားကြပေသည်။ ၎င်းတို့၏ အလိုသဘောတွင် 'အို-လူသားတို့၊ အသင်တို့ထံမှ ကျွန်ုပ်သည် တစ်စုံတစ်ရာသော အကျိုးရလဒ်ကို မတောင်းခံပါ။ သို့သော် ကျွန်ုပ်၏အနီးဆုံးဖြစ်သော ဆွေမျိုးသားချင်းတို့အား ဤသည့်ကောင်းမှုပြုခြင်း၏ အစား အကျိုးပြုကြကုန်'ဟု တမန်တော်မြတ်ﷺအား ပြောကြားခိုင်းထားတော်မူခြင်းခံရသည်ဟု ထင်မှတ်လျက်ရှိကြသည်။ အမှန်သော်ကား ဤအာယတ်တော်၏ဆိုလိုသောအဓိပ္ပာယ်မှာ ထိုသို့အလျှင်းမဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺသည် မိမိ၏ဆွေမျိုးနီးစပ်များအတွက် အကျိုးကျေးဇူးကို တောင်းခံခြင်းမှာလည်း တကယ်တော့ မိမိအတွက် အကျိုးတောင်းခံခြင်းသာ ဖြစ်သောကြောင့်ပင်။ ဤသည်၏ အမှန်သဘောမှာကား 'ကျွန်ုပ်၏အနွယ်တော်များနှင့် ရှေ့ဆက်လာကြမည့် ၎င်းတို့၏ မျိုးဆက်သစ်များကိုပါ 'ဆဒကာ'မပေးကြကုန်လင့်'ဟု တမန်တော်မြတ်ﷺက ပွင့်လင်းထင်ရှားစွာ မိန့်မှာထားခဲ့သည့်အတိုင်းပင် ကျွန်ုပ်သည် မိမိအတွက်ရော မိမိ၏အနွယ်တော်များအတွက်ပါ အသင်တို့ထံမှ အကျိုးကျေးဇူး တစ်စုံတစ်ရာကိုမျှ မတောင်းခံပါချေ။ သို့သော် အသင်တို့သည် အသင်တို့၏ ဆွေမျိုးသားချင်းတို့အား လျစ်လျူရှုမထားကြကုန်လင့်။ သူတို့၏လိုအပ်ချက်များအတွက် သုံးစွဲလျှဒါန်းကြရန် အသင်တို့တွင် 'ဖရာဇ်'တာဝန်ရှိသည်ဟူ၍ဖြစ်သည်။

ဤတွင် သူဆင်းရဲများနှင့် အကူအညီလိုအပ်ကြသူများ အထူးသဖြင့် ဆွေမျိုးနီးစပ်များအတွက် သုံးစွဲလျှဒါန်းကြဟူသောအကြောင်းရပ်ကို အစဖော်လိုက်သောကြောင့် ယင်းအတွက် သူတို့အား အလွှာဟ်အရှင်မြတ်ကိုယ်တိုင်က အဘယ့်ကြောင့် တိုက်ရိုက်မပေးမကမ်းရသနည်းဟူသော မေးခွန်းပုစ္ဆာ တစ်ရပ်ပေါ်ပေါက်လာပေသည်။ ယင်း၏အဖြေမှာ 'ရီဇီက်'စားနပ်ရိက္ခာ၏ ကျယ်ပြောမှု သို့မဟုတ် ကျဉ်းမြောင်းမှုဖြစ်ရခြင်းအကြောင်းရပ်မှာ အသိဉာဏ်အမြော်အမြင်နှင့် နှီးနွယ်ပတ်သက်ပေသည်။ အချို့အခါများတွင် 'ရီဇီက်'ပေါ်ကြွယ်ဝခြင်းဖြင့်စမ်းသပ်မှုကိုခံကြရပြီး အချို့အခါတွင် ကျဉ်းမြောင်းလျှော့နည်းခြင်းဖြင့် စမ်းသပ်မှုကိုခံရလေသည်။ စင်စစ် ပေါ်ကြွယ်ဝခြင်းအားဖြင့် စမ်းသပ်မှုကိုခံရသော အကြင်သူ၏အကြောင်းကို ပထမဖော်ပြသည်မှာ သူသည် ချောင်လည်ကြွယ်ဝလင့်ကစားလည်း အားနည်းချို့တဲ့သူများအား ဆွေမျိုးနီးစပ်များဖြစ်ကြပင်ငြားလည်း အလေးမမူ ဂရုမပြုကြချေ။

ယင်းနောက်တွင် အာယတ်တော်အမှတ်စဉ် (၃၀)တွင် ရင်သပ်အံ့ဩစရာကောင်းလောက်သော ဖွင့်ချမှုတစ်ရပ်ကိုပြုထားပေသည်။ ယင်း၏ပုံရိပ်ကိုလည်း တမန်တော်မြတ်(ﷺ)၏ ခေတ်ကာလရှိ မြေကြီးသား လူသားတစ်ဦးတစ်ယောက်ကိုသော်မှ မြင်နိုင်ဖို့ရာမရှိခဲ့ချေ။ ထိုခေတ်ထိုအချိန်တုန်းက မိုးကောင်းကင်များကို ပလပ်စတစ်အမျိုးအစားခုနစ်ဆင့်ဖြင့်ပြီးသောအရာဟုထင်မှတ်ကြကာ ယင်းတွင် အဝတ်(ပိတ်)စ ပေါ်တွင် ထိုး၍ချုပ်လုပ်ထားသကဲ့သို့ လနှင့်ကြယ်များကို မှန်စီရွှေချခြယ်သထားသည့်အလားရှိခဲ့သည်ဟု မှတ်ထင်ခဲ့ကြလေသည်။ ကမ္ဘာမြေကဲ့သို့ ထိုမိုးကောင်းကင်၌လည်း သွားလာလှုပ်ရှားလျက်ရှိကြသော ဖန်ဆင်းခံ (သက်ရှိ)များရှိလိမ့်မည်ဟု အဘယ်သူသည် အတတ်ပြောနိုင်ပါအံ့နည်း။ ကောင်းကင်ယံများတွင် ယင်းကဲ့သို့သော ဖန်ဆင်းခံများရှိကြောင်းကို အခိုင်အမာ သတင်းပေးထားမှုရှိရုံသက်သက်မျှ မဟုတ်မူဘဲ 'ဂျမာအ်'ဟူသောသဘောကို ဤသို့မိန့်လျက် ကောင်းကင်ယံများသို့တိုင် မြင့်စွင့်စေခဲ့ပေသည်။ ကမ္ဘာမြေမှ ဖန်ဆင်းခံများနှင့် ကောင်းကင်ယံတွင်ရှိကြကုန်သော ဖန်ဆင်းခံများသည် ဧကန်မလွဲ စုစည်းမှုများမှာ ရုပ်ပိုင်းအရလော သို့မဟုတ် အကြောင်းခံတစ်ရပ်အားဖြင့်လောဆိုသည်ကို အလွှာဟ်သာသိရှိတော်မူပေသည်။ သို့သော် ယနေ့ သိပ္ပံပညာရှင်တို့က မည်သည့်နည်းနှင့်မဆို မိုးကောင်းကင်ရှိသက်ရှိများနှင့် အဆက်အသွယ်ရရှိရန် ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။ ၎င်းတို့သည် ကမ္ဘာမြေ၏အပြင် အခြားသော ဂြိုဟ်များတွင်လည်း သွားလာလှုပ်ရှားလျက်ရှိသော သက်ရှိများရှိလိမ့်မည်ဟု မဖြစ်မနေ တွေးဆမျှော်ခေါ်နေကြပြီဖြစ်သည်။

'ရှူရာ'ဟူ၍ ခေါင်းစဉ်တပ်ထားသော ဤသည့်ဆူရာဟ်မှာပင် အခြားတစ်ခုသော စုရုံးပွဲကြီးအကြောင်းကိုလည်း ဖော်ပြထားပြန်သည်။ ဆိုလိုသည်မှာ မည်သည့်အခါမဆို မိမိတို့တွင် အရေးကြီးကိစ္စပေါ်ပေါက်လေတိုင်း တစုတရုံးတည်းဖြစ်ကြလျက် ထိုကိစ္စအတွက် စဉ်းစား၍အဖြေထုတ်ကြဖို့ရန် မွတ်စလင်တို့တွင် နည်းလမ်းတစ်ခုချမှတ်လိုက်ခြင်းဖြစ်သည်။

ဤဆူရာဟ်တွင် အခြားသော အာယတ်ငယ်ကလေးတစ်ပုဒ်ဖြစ်သော အမှတ်စဉ်(၄၁)သည် ရှေးယခင် သင်ပြချက်များအားလုံးထက် ကုရ်အာန်၏သင်ပြချက်မြင့်မားမှုကို သက်သေပြဆိုလိုက်ပေသည်။ မိန့်ကြားလျက်ရှိနေသည်မှာ အကယ်၍ လူတစ်ဦးသည် အနိုင်အထက်ပြုမူတစ်ခုခု၏ သားကောင်ဖြစ်နေခဲ့ပါလျှင် အနိုင်အထက်ပြုသော အတိုင်းအတာနှင့်လျော်ညီစွာ လက်စားချေတုံ့ပြန်ခွင့်ရှိပေသည်။ သို့သော် လက်စားချေရန်စိတ်ထက်သန်မှုဖြင့် ကိုယ်တိုင်က အနိုင်အထက်ပြုခြင်းသို့မရောက်ဖို့လိုသည်။

သို့ရာတွင် ယင်း၏အကျိုးရလဒ်အားဖြင့် ပြေငြိမ်းရေးကိုဖြစ်ပေါ်စေသော ခွင့်လွှတ်ခြင်းက ပို၍ ကောင်းမွန်ပေသည်။ အချို့အခါများတွင် ခွင့်လွှတ်မှုကို အမြတ်ထုတ်၍ လူတို့သည် ပို၍ပင် အတင့်ရဲလာတတ်ကြသည်။ သို့ဖြစ်၍ ဤကဲ့သို့သော ခွင့်လွှတ်ခြင်းမျိုးကိုခွင့်မပြုမူဘဲ အခြေအနေနှင့် အချိန်အခါအားလျော်စွာ ပြေငြိမ်းမှုကိုဖြစ်စေသော ခွင့်လွှတ်ခြင်းကို သင်ပြဆုံးမထားပေသည်။

အာယတ်တော် အမှတ်စဉ်(၅၂)တွင် 'ဝဟီ'၏ မတူကွဲပြားသောအမျိုးအစားများကို ဖော်ပြထားသည်။ ယင်းမှာ အလ္လာဟ်အရှင်မြတ်သည် မည်သည့်လူတစ်ဦးတစ်ယောက်နှင့်မျှ 'ဝဟီ'ကိုအကြောင်းပြုခြင်းမှတစ်ပါး စကားပြောရန်မဖြစ်နိုင်ချေ။ အချို့အခါတွင် 'ဝဟီ'သည် အကွယ်မှကျရောက်သည်။ ဆိုလိုသည်မှာ ပြောဆိုသူအား မမြင်ရသော်လည်း လူသား၏စိတ်နှလုံးက ထိုစကားကို ရှင်းလင်းစွာလက်ခံရယူပေသည်။ ထို့ပြင် အချို့အခါတွင် ကောင်းကင်တမန်တစ်ပါး၏အသွင်ဖြင့် အလ္လာဟ်အရှင်မြတ်၏ စေတမန်သည် ထိုသူထံ ဆင်းသက်လာခဲ့ပြီး အလ္လာဟ်က ၎င်းအား အမိန့်ပေးထားတော်မူသည်နှင့်အညီ ထိုသူအား 'ဝဟီ' ပို့ချပေသည်။ ထို့နောက် တမန်တော်မြတ်ﷺအားညွှန်းဆိုလျက် ၎အရှင်မြတ်ကလည်း အသင်၏အပေါ်သို့ 'ဝဟီ'ထုတ်ပြန်ပို့ချတော်မူ၏။ စင်စစ် မိမိ၏အမိန့်တော်ဖြင့် အသင့်အား ဘဝတစ်ခုကို ခရီးမြှင့်သော ဗျာဒိတ်စကားကို ပေးသနားတော်မူသည်။

ဤဆူရာဟ်၏ နောက်ဆုံးပိုင်း အာယတ်တော်များတွင် နောက်တစ်ဖန် ဤအကြောင်းရပ်ကို တကျော့ပြန်မိန့်တော်မူသည်မှာ ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်တို့အပြင် ယင်းတို့၏အကြားတွင် ရှိရှိသမျှတို့သည် အလ္လာဟ်၏ စိုးမိုးအုပ်ချုပ်မှုတွင်သာရှိကြ၏။ လုံးဝဥဿုံ အလုံးစုံသော ကိစ္စရပ်တိုင်းသည် အလ္လာဟ်၏ထံတော်သို့သာ ပြန်လည်၍သွားကြရမည်သာတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ရှူရာ

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၅၃)ပိုဒ် ရှူကူ (၅)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

حٰمٓ ②

၂။ **حٰمٓ** ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်၊ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသောအရှင်။

عٓسٓقٓ ③

၃။ **عٓسٓقٓ** လွန်စွာသိတော်မူသောအရှင်၊ လွန်စွာကြားတော်မူသောအရှင်၊ ပြည့်ဝသည့် တန်ခိုးစွမ်းအားရှိတော်မူသောအရှင်။

كَذٰلِكَ يُوْحِيْٓ اِلَيْكَ وَاِلَى الَّذِيْنَ مِنْ قَبْلِكَ ۙ اللّٰهُ الْعَزِيْزُ الْحَكِيْمُ ④

၄။ ဤသို့ပင် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင်၊ အလ္လာဟ်သည် အသင့်ထံသို့လည်းကောင်း၊ အသင့်အလျင် ရှိခဲ့ကြကုန်သောသူတို့ထံသို့လည်းကောင်း 'ဝဟီ'ဗျာဒိတ်ကို ပို့ချတော်မူပေသည်။

لَهٗ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ۭ وَهُوَ الْعَلِيُّ الْعَظِيْمُ ⑤

၅။ မိုးကောင်းကင်များတွင်ရှိသည်တို့နှင့် ကမ္ဘာမြေတွင်ရှိသည်တို့ကို အရှင်မြတ်သာလျှင် စိုးပိုင်တော်မူ၏။ ထို့ပြင် အရှင်မြတ်သည် အလွန်တရာ ဂုဏ်အဆင့်ကြီးမြင့်တော်မူသောအရှင်၊ ဂုဏ်ရှိန်မြင့်မားတော်မူသောအရှင် ဖြစ်တော်မူ၏။

تَكَادُ السَّمٰوٰتُ يَتَفَطَّرْنَ مِنْ فَوْقِهِنَّ وَالْمَلٰۗىِٕكَةُ يُسَبِّحُوْنَ بِحَمْدِ رَبِّهِمْ وَيَسْتَغْفِرُوْنَ لِمَنْ فِي الْاَرْضِ ۭ اَلَآ اِنَّ اللّٰهَ هُوَ الْغَفُوْرُ الرَّحِيْمُ ⑥

၆။ မိုးကောင်းကင်သည် မိမိအပေါ်မှ ပေါက်ကွဲလုမတတ်ပင်၊ ထို့ပြင် ကောင်းကင်တမန်များသည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်အား ချီးမွမ်းခြင်းနှင့်အတူ (အရှင်မြတ်)သန့်ရှင်းစင်ကြယ်တော်မူကြောင်း 'တာစ်ဘီ'ပြုလျက်ရှိကြကုန်၏။ ထို့ပြင် ကမ္ဘာမြေ၌ရှိကြကုန်သောသူတို့အတွက် ခွင့်လွှတ်ခြင်းကို တောင်းခံကြကုန်၏။ သတိပြုကြလော့၊ အမှန်ပင် အလ္လာဟ်သည်သာလျှင် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။ ①

وَالَّذِيْنَ اتَّخَذُوْا مِنْ دُوْنِهٖٓ اَوْلِيَاۗءَ اللّٰهُ حَفِيْظٌ عَلَيْهِمْ ۡ وَمَآ اَنْتَ عَلَيْهِمْ بِوَكِيْلٍ ⑦

၇။ ထိုအရှင်မြတ်မှလွဲ၍ အဆွေခင်ပွန်းဖွဲ့ထားကြကုန်သောသူတို့အားလည်း အလ္လာဟ်သည်သာ ကာကွယ်စောင့်ရှောက်တော်မူသောအရှင်ဖြစ်တော်မူ၏။ စင်စစ် အသင်သည် ယင်း

① လောကသားတို့အပေါ် ကောင်းကင်ယံမှကြီးမားလှသော ဘေးဒုက္ခအန္တရာယ်များကျရောက်သောအခါတွင် အလ္လာဟ်၏ သန့်ရှင်းသော အစေတော်များအတွက် ကောင်းကင်ဆိုင်ရာတမန်များကလည်း 'အိစ်တီဂ်ဖာရ်' (ခွင့်လွှတ်ရန်ဆုတောင်း)ကိုပြုကြလေသည်။ ကောင်းကင်တမန်တို့သည် မိမိတို့၏ ပင်ကိုဇာတိအားဖြင့် အပြစ်မဲ့သူများဖြစ်ကြသည်။ သို့ရာတွင် အလ္လာဟ်၏အစေတော်များအလို့ငှာ 'အိစ်တီဂ်ဖာရ်'(ခွင့်လွှတ်ရန်ဆုတောင်း)ကို ပြုပေးကြပေသည်။

တို့အပေါ် စောင့်ကြပ်သူမဟုတ်ချေ။

وَكَذٰلِكَ اَوْحَيْنَآ اِلَيْكَ قُرْاٰنًا عَرَبِيًّا لِّتُنْذِرَ اُمَّ الْقُرٰى وَمَنْ حَوْلَهَا وَتُنْذِرَ يَوْمَ الْجَمْعِ لَا رَيْبَ فِيْهِ ؕ فَرِيْقٌ فِى الْجَنَّةِ وَفَرِيْقٌ فِى السَّعِيْرِ ۝

၈။ ထို့ပြင် ဤသို့ပင်ငါတို့သည် အသင့်ထံသို့ အာရဗီဘာသာဖြင့် ကုရ်အာန်ကို 'ဝဟီ'ဗျာဒိတ်ပို့ချတော်မူ၏။ သို့ဖြင့် အသင်သည် မြို့ရွာများ၏မိခင်နှင့် ယင်း၏အနီးဝန်းကျင်၌ရှိသူတို့အား သတိပေးနှိုးဆော်ရန်နှင့် ယင်း၌ မည်သို့သော သံသယဖြစ်စရာမျှမရှိသည့် စုရုံးရမည့်နေ့တော်ကြီးကို သတိပေးနှိုးဆော်ရန်ဖြစ်၏။ အုပ်စုတစ်ခုသည် 'ဂျန္နတ်'ဥယျာဉ်တော်တွင် ရှိကြမည်ဖြစ်ပြီး၊ အုပ်စုတစ်ခုသည် တောက်လောင်လျက်ရှိသော မီးခဲ့(ရှိကြပေအံ့)။

وَلَوْ شَآءَ اللّٰهُ لَجَعَلَهُمْ اُمَّةً وَّاحِدَةً وَّلٰكِنْ يُّدْخِلُ مَنْ يَّشَآءُ فِىْ رَحْمَتِهٖ ؕ وَالظّٰلِمُوْنَ مَا لَهُمْ مِّنْ وَّلِىٍّ وَّلَا نَصِيْرٍ ۝

၉။ ထို့ပြင် အကယ်၍ အလ္လာဟ်အလိုရှိတော်မူပါလျှင် ယင်းတို့အား အုပ်စုတစ်ခုတည်း ပြုလုပ်တော်မူပေအံ့။ သို့ရာတွင် အရှင်မြတ်သည် နှစ်လို့တော်မူသောသူအား မိမိ၏ကရုဏာတော်အတွင်း ဝင်ရောက်စေတော်မူ၏။ ထို့ပြင် မတရားပြုသောသူများနှင့်စပ်လျဉ်း၍မူ ယင်းတို့အတွက် အဆွေခင်ပွန်းတစ်ဦးဦးသည်လည်းကောင်း၊ ကူညီစောင်မသူတစ်ဦးဦးသည်လည်းကောင်း မရှိချေ။

اَمِ اتَّخَذُوْا مِنْ دُوْنِهٖٓ اَوْلِيَآءَ ۚ فَاللّٰهُ هُوَ الْوَلِىُّ وَهُوَ يُحْىِ الْمَوْتٰى ۫ وَهُوَ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ۝ ع

၁၀။ အသို့နည်း ယင်းတို့သည် ထိုအရှင်မြတ်မှလွဲ၍ အဆွေခင်ပွန်းကို စွဲကိုင်ထားကြသလော။ သို့ဖြစ်ရာ အလ္လာဟ်သည် သာလျှင် အကောင်းဆုံးသော အဆွေခင်ပွန်းဖြစ်တော်မူ၏။ ထို့ပြင် အရှင်မြတ်သည်သာလျှင် သေသူများအား ရှင်စေတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် မိမိအလိုရှိတော်မူသည့် အရာအားလုံးအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူသတည်း။

ရုကူ-၂

وَمَا اخْتَلَفْتُمْ فِيْهِ مِنْ شَىْءٍ فَحُكْمُهٗٓ اِلَى اللّٰهِ ؕ ذٰلِكُمُ اللّٰهُ رَبِّىْ عَلَيْهِ تَوَكَّلْتُ ۚ وَاِلَيْهِ اُنِيْبُ ۝

၁၀။ ထို့ပြင် အသင်တို့သည် မည်သည့်အရာ၌ ကွဲပြားခြားနားသည်ဖြစ်စေ ယင်း၏စီရင်ဆုံးဖြတ်ချက်သည် အလ္လာဟ်၏လက်တော်အတွင်း၌သာရှိပေသည်။ ဤသည် အလ္လာဟ်ဖြစ်၏။ အကြင်အရှင်သည် ကျွန်ုပ်၏ ဖန်ဆင်းမွေးမြူရှင်ဖြစ်တော်မူ၏။ အရှင်မြတ်ကိုသာလျှင် ကျွန်ုပ်သည် ယုံပုံလွဲအပ်မှု ပြုပါ၏။ ထို့ပြင် အရှင်မြတ်ဘက်သို့သာလျှင် ကျွန်ုပ်သည် ယိမ်းညွတ်ပါ၏။

فَاطِرُ السَّمٰوٰتِ وَالْاَرْضِ ؕ جَعَلَ لَكُمْ مِّنْ اَنْفُسِكُمْ اَزْوَاجًا وَّمِنَ الْاَنْعَامِ اَزْوَاجًا ۚ يَذْرَؤُكُمْ فِيْهِ ؕ لَيْسَ كَمِثْلِهٖ شَىْءٌ ۚ وَهُوَ السَّمِيْعُ الْبَصِيْرُ ۝

၁၂။ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို မရှိခြင်းမှ ဖန်ဆင်းတော်မူသည့်အရှင်ဖြစ်တော်မူ၏။ အရှင်မြတ်သည် အသင်တို့အတွက် အသင်တို့အနက်မှပင် စုံတွဲများကိုလည်းကောင်း၊ ကျွဲနွားတိရစ္ဆာန်များ၏ စုံတွဲများကိုလည်းကောင်း ဖန်ဆင်းတော်မူ၏။ အရှင်မြတ်သည် ယင်း၌ အသင်တို့အား ပေါက်ရောက်ကြီးထွားစေတော်မူ၏။ အရှင်မြတ်နှင့်

ပမာပြုစရာ၊ တစ်စုံတစ်ရာမျှမရှိချေ။ အရှင်မြတ်သည် လွန်စွာကြားတော်မူသောအရှင်၊ နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။ ⓵

لَهٗ مَقَالِيْدُ السَّمٰوٰتِ وَالْاَرْضِ ۚ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ وَيَقْدِرُ ۚ اِنَّهٗ بِكُلِّ شَيْءٍ عَلِيْمٌ ⑫

၁၃။ အရှင်မြတ်၏ စိုးပိုင်တော်မူခြင်း၌သာလျှင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ သော့များရှိကြ၏။ အရှင်မြတ်သည် 'ရီဇိက်'ရိက္ခာကို အရှင်မြတ်နှစ်လို့တော်မူသောသူအတွက် ကျယ်ပြောအောင်ပြုပေးတော်မူ၏။ ထို့ပြင် ကျဉ်းမြောင်းအောင်လည်း ပြုလုပ်တော်မူပေသည်။ ဧကန်စင်စစ် အလ္လာဟ်သည် အရာအားလုံးကို ကောင်းစွာသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

شَرَعَ لَكُمْ مِّنَ الدِّيْنِ مَا وَصّٰى بِهٖ نُوْحًا وَّالَّذِيْٓ اَوْحَيْنَآ اِلَيْكَ وَمَا وَصَّيْنَا بِهٖٓ اِبْرٰهِيْمَ وَمُوْسٰى وَعِيْسٰٓى اَنْ اَقِيْمُوا الدِّيْنَ وَلَا تَتَفَرَّقُوْا فِيْهِ ۭ كَبُرَ عَلَى الْمُشْرِكِيْنَ مَا تَدْعُوْهُمْ اِلَيْهِ ۭ اَللّٰهُ يَجْتَبِيْٓ اِلَيْهِ مَنْ يَّشَآءُ وَيَهْدِيْٓ اِلَيْهِ مَنْ يُّنِيْبُ ⑬

၁၄။ အရှင်မြတ်သည် 'နူးဟ်'အား အလေးအနက် အမိန့်ပေးတော်မူခဲ့သကဲ့သို့ အသင်တို့အတွက် 'ဒီန်'သာသနာတော်မှ ထိုသည့်အမိန့်တော်များကို ပြဋ္ဌာန်းတော်မူ၏။ ထို့ပြင် ငါတို့က အသင့်ထံသို့ 'ဝဟီ'ဗျာဒိတ်ပေးခဲ့သည်များအား ငါတို့သည် 'အစ်ဗရာဟင်မ်'၊ 'မူစာ'နှင့် 'အီစာ'တို့ကိုလည်း အလေးအနက် အမိန့်ပေးတော်မူခဲ့ပေသည်။ ယင်းမှာ အသင်တို့သည် 'ဒီန်' သာသနာတော်ကို ခိုင်ခံ့မြဲမြံစွာ တည်ဆောက်ကြကုန်။ ယင်းနှင့် စပ်လျဉ်း၍ မည်သို့သော ကွဲပြားခြားနားမှုကိုမျှမပြုကြလင့်၊ အသင်က 'မူရှရိုက်'များအား ဖိတ်ခေါ်သည့်ကိစ္စရပ်သည် ယင်းတို့အပေါ် လွန်စွာ လေးလံလှပေသည်။ အလ္လာဟ်သည် မိမိအလိုရှိတော်မူသောသူအား မိမိအတွက် ရွေးချယ်တော်မူ၏။ ထို့ပြင် (အရှင်မြတ်ဘက်သို့) ယိမ်းညွတ်သူအား မိမိဘက်သို့ လမ်းညွှန်တော်မူပေသည်။

وَمَا تَفَرَّقُوْٓا اِلَّا مِنْۢ بَعْدِ مَا جَاۗءَهُمُ الْعِلْمُ بَغْيًۢا بَيْنَهُمْ ۭ وَلَوْلَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ اِلٰٓى اَجَلٍ مُّسَمًّى لَّقُضِيَ بَيْنَهُمْ ۭ وَاِنَّ الَّذِيْنَ اُوْرِثُوا الْكِتٰبَ مِنْۢ

၁၅။ ထို့ပြင် ၎င်းတို့သည် သူတို့ထံသို့ အသိပညာရောက်ရှိခဲ့ပြီးနောက်သော်မှ တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ပုန်ကန်၍ အချင်းချင်းကွဲပြားခြားနားမှုကို ပြုခဲ့ကြသည်။ ထို့ပြင် အသင်၏ ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ဤမိန့်တော်မူချက်သည် သတ်မှတ်ထားသော အချိန်ကာလတိုင်သည်အထိ ပြဋ္ဌာန်းခဲ့ပြီး မဟုတ်ပါလျှင် အမှန်ပင် ယင်းတို့၏အကြား၌ စီရင်ဆုံးဖြတ်တော်မူခဲ့ပြီးဖြစ်ပေအံ့။ ထို့ပြင် ဧကန်စင်စစ် ယင်းတို့၏နောက်

⓵ တမန်တော်မြတ်ﷺ ၏ခေတ်ကာလတွင် တိရစ္ဆာန်များ၏ အစုံအစုံရှိခြင်းကိုသိရှိခဲ့ကြပြီး သစ်ပင်များအနက် အချို့၏ အစုံအစုံရှိမှုကိုလည်း သိရှိခဲ့ကြပေသည်။ သို့သော် အရာဝတ္ထုတိုင်းကို အလ္လာဟ်အရှင်မြတ်က ဖိုနှင့် မ အစုံဖန်ဆင်းထားတော်မူကြောင်းကိုကား မသိနားမလည်ခဲ့ကြချေ။ ယခုခေတ်တွင်ကား ရုပ်ဝတ္ထု၏အစိတ်အပိုင်းတိုင်းသည်လည်း စုံတွဲများဖြင့် ရှိကြောင်းသက်သေရရှိခဲ့ပြီးဖြစ်သည်။ အခြားတစ်ခုမှာ ဤအာယတ်တော်တွင် လူသားအား ပေါက်ရောက်ကြီးထွားစေတော်မူကြောင်း ဖော်ပြထားသည်။ ဤသည်အားဖြင့် အသက်ဇီဝ၏အစ ရုက္ခအပင်များမှ ဆိုသည်ကို သိရှိနားလည်ရပေသည်။ ထို့ပြင် ဤသည်မှာ ယတိပြတ်မှန်ကန်သည်။ ဤတွင် ذَرَا ဟူသော စကားလုံးလာရှိထားသည်။ အခြားအာယတ်တော်များတွင် ဤဘာသာရပ်ကို အကျယ်တဝင့် ဖော်ပြထားသည်။ ဥပမာ (ဆူရာဟ်'နူးဟ်'၊ အာယတ်တော်-၁၈ တွင်) اَنْۢبَتَكُمْ مِّنَ الْاَرْضِ نَبَاتًا လူသား၏ ပေါက်ရောက်ကြီးထွားမှုမှာ ရုက္ခအပင်များနှယ်တည်းဟု ဖော်ပြထားတော်မူပေသည်။

بَعْدِهِمْ لَفِیْ شَكٍّ مِّنْهُ مُرِیْبٍ ۝١٤

တွင် ကျမ်းစာ၏အမွေခံများအဖြစ် ပြုလုပ်ခြင်းခံရသောသူတို့သည် ယင်းနှင့်စပ်လျဉ်း၍ မငြိမ်းချမ်းမှုဖြစ်စေသည့် သံသယတစ်ရပ်၌ ရှိနေကြပေသည်။

فَلِذٰلِكَ فَادْعُ ۚ وَاسْتَقِمْ كَمَاۤ اُمِرْتَ ۚ وَلَا تَتَّبِعْ اَهْوَآءَهُمْ ۚ وَقُلْ اٰمَنْتُ بِمَاۤ اَنْزَلَ اللّٰهُ مِنْ كِتٰبٍ ۚ وَاُمِرْتُ لِاَعْدِلَ بَیْنَكُمْ ؕ اَللّٰهُ رَبُّنَا وَرَبُّكُمْ ؕ لَنَاۤ اَعْمَالُنَا وَلَكُمْ اَعْمَالُكُمْ ؕ لَا حُجَّةَ بَیْنَنَا وَبَیْنَكُمْ ؕ اَللّٰهُ یَجْمَعُ بَیْنَنَا ۚ وَاِلَیْهِ الْمَصِیْرُ ۝١٥

၁၆။ သို့ဖြစ်ရာ အသင်သည် ဤသည်ကိုအခြေပြု၍ ယင်းတို့အားဖိတ်ခေါ်ပါလေ။ ထို့ပြင် အသင့်အား အမိန့်ပေးသည့်အတိုင်းပင် မိမိ၏ရပ်တည်မှု၌ ခိုင်ခံ့မြဲမြံစွာရပ်တည်ပါလေ။ ထို့ပြင် ယင်းတို့၏အလိုဆန္ဒများနောက်သို့ မလိုက်လင့်။ ထို့ပြင် ပြောလော့။ ကျွန်ုပ်သည်ကျမ်းတော်မှပင် အကြောင်းကိစ္စရပ်များမှ အလွာဟ်က ပို့ချခဲ့သည်များအား သက်ဝင်ယုံကြည်ခဲ့ပြီးဖြစ်၏။ ၎င်းပြင် ကျွန်ုပ်အားအမိန့်ပေးခြင်းခံရသည်မှာ ကျွန်ုပ်သည် အသင်တို့၏အကြားတွင် တရားမျှတစွာ ပြုမူဆက်ဆံရန်ပင်ဖြစ်၏။ အလွာဟ်သည်ပင် ကျွန်ုပ်တို့၏ ဖန်ဆင်းမွေးမြူရှင်နှင့် အသင်တို့၏ဖန်ဆင်းမွေးမြူရှင်လည်း ဖြစ်တော်မူ၏။ ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့၏အကျင့်အကြံရှိပြီး အသင်တို့အတွက် အသင်တို့၏ အကျင့်အကြံသည်ရှိ၏။ ကျွန်ုပ်တို့နှင့် အသင်တို့အကြား မည်သည့်အငြင်းပွားမှုမျှ (အသုံးဝင်မှ)မရှိ (နိုင်ချေ)။ အလွာဟ်သည် ကျွန်ုပ်တို့အား စုရုံးစေတော်မူပေအံ့။ ထို့ပြင် အရှင်မြတ်ဘက်သို့သာ ပြန်လည်၍သွားရပေမည်။

وَالَّذِیْنَ یُحَآجُّوْنَ فِی اللّٰهِ مِنْۢ بَعْدِ مَا اسْتُجِیْبَ لَهٗ حُجَّتُهُمْ دَاحِضَةٌ عِنْدَ رَبِّهِمْ وَعَلَیْهِمْ غَضَبٌ وَّلَهُمْ عَذَابٌ شَدِیْدٌ ۝١٦

၁၇။ ထို့ပြင် ထိုသူတို့သည် အလွာဟ်နှင့်စပ်လျဉ်း၍ ထိုအရှင်မြတ်အား လက်ခံပြီးသည့်နောက်တွင်လည်း အငြင်းအခုန် ပြုကြကုန်၏။ သူတို့၏ သက်သေသာဓကသည် သူတို့၏ဖန်ဆင်းမွေးမြူရှင်ရှေ့တော်၌ မှားယွင်းပေသည်။ ထို့ပြင် ၎င်းတို့သည်သာလျှင် အမျက်တော်ရှခြင်းခံကြရပေအံ့။ ထို့ပြင် ၎င်းတို့အတွက် ပြင်းထန်သော အပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

اَللّٰهُ الَّذِیْۤ اَنْزَلَ الْكِتٰبَ بِالْحَقِّ وَالْمِیْزَانَ ؕ وَمَا یُدْرِیْكَ لَعَلَّ السَّاعَةَ قَرِیْبٌ ۝١٧

၁၈။ အလွာဟ်သည် ထိုအရှင်ဖြစ်၏။ ထိုအရှင်မြတ်သည် အမှန်တရားနှင့်အတူ ကျမ်းတော်ကိုလည်းကောင်း၊ 'မီဇာန်' တရားသောချိန်ခွင်ကိုလည်းကောင်း ချပေးတော်မူ၏။ ထို့ပြင် အသင့်အား ထိုအချိန်သည် နီးကပ်လျက်ရှိကောင်းရှိနေမည်ကို မည်သည်က အသိပေးပါမည်နည်း။

یَسْتَعْجِلُ بِهَا الَّذِیْنَ لَا یُؤْمِنُوْنَ بِهَا ۚ وَالَّذِیْنَ اٰمَنُوْا مُشْفِقُوْنَ مِنْهَا ۙ وَیَعْلَمُوْنَ اَنَّهَا الْحَقُّ ؕ اَلَاۤ اِنَّ الَّذِیْنَ یُمَارُوْنَ فِی السَّاعَةِ لَفِیْ ضَلٰلٍۢ بَعِیْدٍ ۝١٨

၁၉။ ယင်းအားလျင်မြန်စွာထွက်ပေါ်လာစေရန် ယင်းအပေါ် သက်ဝင်ယုံကြည်ခြင်းမရှိသောသူများသာလျှင် တောင်းဆိုကြပေသည်။ ထို့ပြင် ယုံကြည်ကြသောသူတို့သည် ယင်းအားကြောက်ရွံ့ကြပြီး ယင်းသည် မှန်ကန်ကြောင်းကို သိရှိကြပေသည်။ သတိပြုကြကုန်။ ဧကန်စင်စစ် 'ကတိပြုထားသည့်အချိန်' နှင့်စပ်လျဉ်း၍ အငြင်းအခုန်ပြုကြကုန်သောသူတို့သည် အဆုံးစွန်သော လမ်းလွဲမှုတွင် ဆိုက်ရောက်လျက်ရှိကြပေသည်။

اَللّٰهُ لَطِيْفٌۢ بِعِبَادِهٖ يَرْزُقُ مَنْ يَّشَآءُ ۚ وَهُوَ الْقَوِيُّ الْعَزِيْزُ ۝١٩

၂၀။ အလ္လာဟ်သည် မိမိအစေတော်များ၏ အရေးကိစ္စတွင် နူးညံ့သိမ်မွေ့စွာဆက်ဆံတော်မူသောအရှင် ဖြစ်တော်မူ၏။ အရှင်မြတ်သည် နှစ်လို့တော်မူသောသူအား 'ရိဇ်ကီ'ရိကျွာကို ပေးသနားတော်မူ၏။ ထို့ပြင် အရှင်မြတ်သည်ပင် အလွန်တရာ စွမ်းအားရှိတော်မူသောအရှင်၊ အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသတည်း။

ရှူရာ-၄၂

مَنْ كَانَ يُرِيْدُ حَرْثَ الْاٰخِرَةِ نَزِدْ لَهٗ فِيْ حَرْثِهٖ ۚ وَمَنْ كَانَ يُرِيْدُ حَرْثَ الدُّنْيَا نُؤْتِهٖ مِنْهَا وَمَا لَهٗ فِي الْاٰخِرَةِ مِنْ نَّصِيْبٍ ۝٢٠

၂၁။ အကြင်သူသည် နောင်တမလွန်၏လယ်ယာကို နှစ်သက်လိုလားလျှင် ငါတို့သည် သူ့အတွက် သူ၏လယ်ယာ၌ တိုးပွားစေတော်မူ၏။ ထို့ပြင် အကြင်သူသည် လောကီ၏လယ်ယာကိုလိုလားလျှင် ငါတို့သည် ယင်းမှပင် သူ့အားပေးတော်မူ၏။ ထိုအခြေအနေ၌ နောင်တမလွန်တွင် သူ့အတွက် မည်သည့်ဝေစုမျှ ရှိလိမ့်မည်မဟုတ်ချေ။

اَمْ لَهُمْ شُرَكٰٓؤُا شَرَعُوْا لَهُمْ مِّنَ الدِّيْنِ مَا لَمْ يَاْذَنْۢ بِهِ اللّٰهُ ۭ وَلَوْلَا كَلِمَةُ الْفَصْلِ لَقُضِيَ بَيْنَهُمْ ۭ وَاِنَّ الظّٰلِمِيْنَ لَهُمْ عَذَابٌ اَلِيْمٌ ۝٢١

၂၂။ အသို့နည်း ယင်းတို့အား ကာကွယ်စောင့်ရှောက်သူသည် ဤသို့သော ယှဉ်တွဲကိုးကွယ်ရာများ ဖြစ်ကြပါသလော။ ၎င်းတို့သည် အလ္လာဟ်က သူတို့အတွက် အမိန့်တစ်စုံတစ်ရာ ချမှတ်ခြင်းမပြုခဲ့သည့်သာသနာရေးအမိန့်များအား ပြဋ္ဌာန်းခဲ့ပါသလော။ ထို့ပြင် အကယ်၍ စီရင်ဆုံးဖြတ်ခြင်း၏ အမိန့်နည်းလမ်းရှိမနေခဲ့ပါလျှင် ၎င်းတို့၏အကြားတွင် အရေးကိစ္စကို ချက်ချင်းပင် စီရင်ဆုံးဖြတ်တော်မူပေအံ့။ ထို့ပြင် ဧကန်မုချ မတရားပြုသူများအတွက် နာကျင်ဖွယ်သော ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

تَرَى الظّٰلِمِيْنَ مُشْفِقِيْنَ مِمَّا كَسَبُوْا وَهُوَ وَاقِعٌۢ بِهِمْ ۭ وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فِيْ رَوْضٰتِ الْجَنّٰتِ ۚ لَهُمْ مَّا يَشَاۗءُوْنَ عِنْدَ رَبِّهِمْ ۭ ذٰلِكَ هُوَ الْفَضْلُ الْكَبِيْرُ ۝٢٢

၂၃။ အသင်သည် မတရားပြုသူများအား ၎င်းတို့ရွာဖွေဆည်းပူးခဲ့သည်၏ရလဒ်ကြောင့် ကြောက်ရွံ့လျက်ရှိနေသည်ကို တွေ့ရပေအံ့။ အမှန်သော်ကား ယင်းသည် ၎င်းတို့နှင့်အတူဖြစ်လျက်သာရှိပေလိမ့်မည်။ ထို့ပြင် သက်ဝင်ယုံကြည်၍ ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြသောသူတို့သည် 'ဂျန္နတ်'၏ဥယျာဉ်များ၌ ရှိကြပေအံ့။ ယင်းတို့အား သူတို့၏ဖန်ဆင်းမွေးမြူရှင်၏ထံတွင် သူတို့ လိုလားတောင့်တလေ့ရှိခဲ့သည်များကို ရရှိပေလိမ့်မည်။ ဤသည်ပင် ထိုသည့် ကြီးကျယ်သော ကျေးဇူးတော်ဖြစ်ပေသည်။

ذٰلِكَ الَّذِيْ يُبَشِّرُ اللّٰهُ عِبَادَهُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ ۭ قُلْ لَّآ اَسْـَٔلُكُمْ عَلَيْهِ اَجْرًا اِلَّا الْمَوَدَّةَ فِي الْقُرْبٰى ۭ وَمَنْ

၂၄။ ဤသည်ပင် ထိုအရာဖြစ်၏။ ယင်းကို အလ္လာဟ်သည် သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်သော မိမိ၏အစေတော်များအား သတင်းကောင်းပေးတော်မူ၏။ အသင်ပြောကြားပါလေ၊ အချင်းချင်းနီးစပ်သူသားချင်းများပမာ ချစ်ခြင်းမေတ္တာကို တည်

يَّقْتَرِفْ حَسَنَةً نَّزِدْ لَهٗ فِيْهَا حُسْنًا ؕ اِنَّ اللّٰهَ غَفُوْرٌ شَكُوْرٌ ﴿۲۳﴾

ဆောက်ခြင်းမှတစ်ပါး ကျွန်ုပ်သည် ယင်းအတွက် အသင်တို့ထံမှ မည်သည့်အကျိုးဆုလာဘ်ကိုမျှ မတောင်းခံချေ။ ထို့ပြင် အကြင်သူသည် (ပျောက်ကွယ်နေသည့်) ကောင်းမှုတစ်စုံတစ်ရာကို ထင်ရှားစေတော်မူပါလျှင် ငါတို့သည် ယင်း၌ သူ့အတွက် လှပခြင်းကို တိုး၍ပေါက်ပွားစေတော်မူ၏။ ဧကန်စင်စစ် အလွန်ဘုရားခွင့်လွှတ်တော်မူသောအရှင်၊ ကျေးဇူးသိတတ်ခြင်းကို အလွန်တရာ သဘောတူလက်ခံတော်မူသောအရှင် ဖြစ်တော်မူ၏။

اَمْ يَقُوْلُوْنَ افْتَرٰى عَلَى اللّٰهِ كَذِبًا ۚ فَاِنْ يَّشَاِ اللّٰهُ يَخْتِمْ عَلٰى قَلْبِكَ ؕ وَيَمْحُ اللّٰهُ الْبَاطِلَ وَ يُحِقُّ الْحَقَّ بِكَلِمٰتِهٖ ؕ اِنَّهٗ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿۲۴﴾

၂၄။ အသို့နည်း၊ ယင်းတို့က သူသည် အလ္လာဟ်အား အကြောင်းခံ၍ လိမ်ဆယ်ခဲ့သည်ဟု ပြောဆိုကြပေသလော။ သို့ဖြစ်ရာ အကယ်၍ အလ္လာဟ်အလိုရှိတော်မူလျှင် အသင်၏ နှလုံးသားအပေါ်ဝယ် တံဆိပ်ခတ်နှိပ်တော်မူပေအံ့။ ထို့ပြင် အလ္လာဟ်သည် လိမ်လည်မှုကို ပယ်ဖျက်တော်မူလေ့ရှိပြီး အမှန်ကို မိမိ၏နှုတ်ကပါဋ်တော်များဖြင့် ထောက်ခံတော်မူ၏။ စင်စစ် ထိုအရှင်မြတ်သည် ရင်တွင်းရှိစကားများကို ကောင်းစွာသိရှိတော်မူ၏။

وَهُوَ الَّذِيْ يَقْبَلُ التَّوْبَةَ عَنْ عِبَادِهٖ وَيَعْفُوْا عَنِ السَّيِّاٰتِ وَيَعْلَمُ مَا تَفْعَلُوْنَ ﴿۲۵﴾

၂၅။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် မိမိ၏အစေတော်များဘက်မှ 'တောင်ဘာ'ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူပြီး မကောင်းမှုမျှားအား ဥပေက္ခာပြုတော်မူပြီ။ ထို့ပြင် အသင်တို့ပြုလုပ်သည်များအား သိရှိတော်မူ၏။

وَيَسْتَجِيْبُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ وَيَزِيْدُهُمْ مِّنْ فَضْلِهٖ ؕ وَالْكٰفِرُوْنَ لَهُمْ عَذَابٌ شَدِيْدٌ ﴿۲۶﴾

၂၆။ ထို့ပြင် အရှင်မြတ်သည် သက်ဝင်ယုံကြည်၍ ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကြံဆောက်တည်သူတို့၏ 'ဒိုအာ'ဆုတောင်းများကိုလက်ခံတော်မူသည့်အပြင် မိမိ၏ 'ဖဇ်လ်'ကျေးဇူးတော်ဖြင့် ယင်းတို့အား တိုးပွားစေတော်မူ၏။ စင်စစ် ငြင်းပယ်သောသူတို့အတွက်မူကား အလွန်ပြင်းထန်သော ပြစ်ဒဏ်(ကိုသတ်မှတ်ထား)ရှိလေသည်။

وَلَوْ بَسَطَ اللّٰهُ الرِّزْقَ لِعِبَادِهٖ لَبَغَوْا فِي الْاَرْضِ وَلٰكِنْ يُّنَزِّلُ بِقَدَرٍ مَّا يَشَآءُ ؕ اِنَّهٗ بِعِبَادِهٖ خَبِيْرٌۢ بَصِيْرٌ ﴿۲۷﴾

၂၇။ ထို့ပြင် အကယ်၍ အလ္လာဟ်သည် မိမိ၏အစေတော်များအနက် 'ရီဇိုက်'ရိက္ခာကိုကြွယ်ဝစေတော်မူလျှင် သူတို့သည် အမှန်ပင် ကမ္ဘာမြေပေါ်ဝယ် ပုန်ကန်မှုနည်းလမ်းကို ကျင့်သုံးကြပေအံ့။ သို့ရာတွင် အရှင်မြတ်သည် အတိုင်းအဆတစ်ရပ်ဖြင့် အရှင်နှစ်လို့တော်မူသည်ကို ချပေးတော်မူ၏။ မုချဧကန် အရှင်မြတ်သည် မိမိအစေတော်များ၏သတင်းကို အမြဲရတော်မူသောအရှင်(နှင့် ယင်းတို့အပေါ်) နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။ ﴿၃﴾

﴿၃﴾ အကယ်၍ အလ္လာဟ်အလိုရှိတော်မူလျှင် 'ရီဇိုက်'ကိုပေါ်ကြွယ်ဝအောင်ပြုပြီး သူဆင်းရဲတစ်ယောက်တစ်လေမျှမရှိအောင်ပြုတော်မူနိုင်၏။ သို့သော် ရိက္ခာကိုဝေငှပေးတော်မူရန် အချို့ကိုအများအပြား၊ အချို့ကိုအနည်းငယ်ပေးသနားတော်မူသည်။ထို့ပြင် နှစ်မျိုးသောအနေအထားသည်ပင် လူသားအား စမ်းသပ်စုံစမ်းရန်အကြောင်းခံဖြစ်ပေတော့သည်။ အချို့သော သူတို့မှာ 'ရီဇိုက်'ရိက္ခာ

وَهُوَ الَّذِیْ یُنَزِّلُ الْغَیْثَ مِنْۢ بَعْدِ مَا قَنَطُوْا وَیَنْشُرُ رَحْمَتَهٗ ؕ وَهُوَ الْوَلِیُّ الْحَمِیْدُ ۝۲۸

၂၉။ ထို့ပြင် အရှင်မြတ်သည်ပင် ယင်းတို့ စိတ်ပျက်လက် လျှော့ကြပြီးသည့်နောက် မိုးရေကိုချပေးတော်မူ၏။ ထို့ပြင် မိမိ၏ကရုဏာတော်ကို ဖြန့်ကြက်ပေးတော်မူ၏။ ထို့ပြင် အရှင် မြတ်သည်ပင် ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်(နှင့်) ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَمِنْ اٰیٰتِهٖ خَلْقُ السَّمٰوٰتِ وَالْاَرْضِ وَمَا بَثَّ فِیْهِمَا مِنْ دَآبَّةٍ ؕ وَهُوَ عَلٰی جَمْعِهِمْ اِذَا یَشَآءُ قَدِیْرٌ ۝۲۹

၃၀။ ထို့ပြင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ ဖန်ဆင်း ခြင်းသည်လည်းကောင်း ယင်းနှစ်ခုအကြားတွင် လှုပ်ရှားသွား လာနေကြသော သက်ရှိများကို ဖြန့်ကြဲထားရှိခြင်းသည်လည်း ကောင်း၊ အရှင်မြတ်၏နိမိတ်လက္ခဏာတော်များအနက်မှ ဖြစ် ၏။ ထို့ပြင် အရှင်မြတ်သည်အလိုရှိတော်မူလျှင် ယင်းတို့အား စုရုံးနိုင်ရန်လည်း ကောင်းစွာ စွမ်းအားရှိတော်မူပေသတည်း။

ရုကူး-၄

وَمَاۤ اَصَابَكُمْ مِّنْ مُّصِیْبَةٍ فَبِمَا كَسَبَتْ اَیْدِیْكُمْ وَیَعْفُوْا عَنْ كَثِیْرٍ ۝۳۰

၃၁။ ထို့ပြင် အသင်တို့အား မည်သည့်ဘေးဒုက္ခမဆို ဆိုက် ရောက်သည်ရှိသော် ယင်းသည် အသင်တို့ကိုယ်တိုင်၏ လက် များက ရှာဖွေဆည်းပူးခဲ့ခြင်းကြောင့်ပင်ဖြစ်ပေသည်။ စင်စစ် အရှင်မြတ်သည် များစွာသော ကိစ္စရပ်များကို ဥပေက္ခာပြု ထားတော်မူ၏။

وَمَاۤ اَنْتُمْ بِمُعْجِزِیْنَ فِی الْاَرْضِ ۚ وَمَا لَكُمْ مِّنْ دُوْنِ اللّٰهِ مِنْ وَّلِیٍّ وَّلَا نَصِیْرٍ ۝۳۱

၃၂။ ထို့ပြင် အသင်တို့သည် ကမ္ဘာမြေတွင် မစွမ်းဆောင်နိုင် အောင် ပြုလုပ်ကြသူများမဖြစ်နိုင်ကြချေ။ ထို့ပြင် အလ္လာဟ်မှ လွဲ၍ အသင်တို့၏ တစ်စုံတစ်ရာ ကာကွယ်စောင့်ရှောက်သူနှင့် ကူညီစောင်မသူမျှလည်းမရှိချေ။

وَمِنْ اٰیٰتِهِ الْجَوَارِ فِی الْبَحْرِ كَالْاَعْلَامِ ۝۳۲

၃၃။ ထို့ပြင် အရှင်မြတ်၏ နိမိတ်လက္ခဏာတော်များအနက် ပင်လယ်ပြင်၌ သွားလာသည့် တောင်များသဖွယ်(မြင့်မား သော) သင်္ဘောများရှိကြ၏။

اِنْ یَّشَاْ یُسْكِنِ الرِّیْحَ فَیَظْلَلْنَ رَوَاكِدَ عَلٰی ظَهْرِهٖ ؕ اِنَّ فِیْ ذٰلِكَ لَاٰیٰتٍ لِّكُلِّ صَبَّارٍ شَكُوْرٍ ۝۳۳

၃၄။ အကယ်၍ အရှင်မြတ်အလိုရှိတော်မူလျှင် 'လေ'ကို ရပ်တန့်သွားစေအံ့။ သို့ဖြစ်ရာ ယင်းသည် ထို(ပင်လယ်)၏ မျက်နှာပြင်ပေါ်တွင် ရပ်တန့်လျက်ပင် နေပေလိမ့်မည်။ စင်စစ် ဧကန် ဤအကြောင်းရပ်တွင် အလွန်သည်းခံကြသူတိုင်းနှင့် လွန်စွာ ကျေးဇူးသိတတ်ကြသူတိုင်းအဖို့ နိမိတ်လက္ခဏာတော် များရှိ၏။ ۝

➤ ပေါ်ကြွယ်ဝမှုကြောင့် လမ်းလွဲသွားကြပြီး အချို့မှာလည်း ဆင်းရဲနွမ်းပါးမှုကြောင့် كَادَ الْفَقْرُ اَنْ یَّكُوْنَ كُفْرًا (အဓိပ္ပာယ်) ဆင်းရဲ နွမ်းပါးမှုသည် 'ကုဖ်ရ်'(ဘုရားတရားကိုငြင်းပယ်သော)အခြေအနေထိရောက်ရှိရန်နီးစပ်၏ဟု တမန်တော်မြတ်(ﷺ)၏ မိန့်ထားချက်ရှိသကဲ့သို့ပင်ဖြစ်တတ်ကြ၏။ သို့ဖြစ်ရာ ဤတွင် နောက်ဆုံး၌ဆင်းရဲနွမ်းပါးခြင်းက အလ္လာဟ်အရှင်မြတ်ကိုပင်ငြင်းပယ်ခြင်းရလဒ်ကိုဖြစ်စေသော ကွန်မြူနစ်ဝါဒ(ပစ္စည်းမဲ့အာဏာရှင်စနစ်)အား ညွှန်းဆိုခဲ့ခြင်းဟုလည်း သဘောရရှိပေသည်။

۝ အာယတ်တော် ၃၃-၃၄၊ ဤတွင် အလ္လာဟ်အရှင်မြတ်၏နိမိတ်လက္ခဏာများအနက် တောင်များပမာမြင့်မားသော ကြီးမားသည့် ပင်လယ်ကူးသင်္ဘောများအကြောင်းလာရှိထားပေသည်။ တမန်တော်မြတ်(ﷺ)၏ခေတ်ကာလတွင် သာမန်ရွက်သင်္ဘောများသာ

اَوْ يُوْبِقْهُنَّ بِمَا كَسَبُوْا وَ يَعْفُ عَنْ كَثِيْرٍ ﴿۳۴﴾

၃၄။ သို့တည်းမဟုတ် ၎င်း(လှေသင်္ဘောများ)ကို ယင်း(စီးနင်းသူများ)၏ ပြုမူလျက်ရှိနေကြသည့် ဆည်းပူးမှုများကြောင့် ဖျက်ဆီးပစ်တော်မူပေအံ့။ ထို့ပြင် အရှင်မြတ်သည် များစွာသောကိစ္စရပ်များအား ခွင့်လွှတ်ဥပေက္ခာပြုတော်မူပေသည်။

وَّ يَعْلَمَ الَّذِيْنَ يُجَادِلُوْنَ فِيْۤ اٰيٰتِنَا ؕ مَا لَهُمْ مِّنْ مَّحِيْصٍ ﴿۳۵﴾

၃၅။ ထို့ပြင် ငါတို့၏ အာယတ်တော်များနှင့်စပ်လျဉ်း၍ အငြင်းအခုန်ပြုကြသောသူတို့သည် ယင်းတို့ထွက်ပြေးရန် မည်သည့်နေရာမျှမရှိကြောင်းကို သိရှိကြစေရန်ဖြစ်ပေသည်။

فَمَاۤ اُوْتِيْتُمْ مِّنْ شَيْءٍ فَمَتَاعُ الْحَيٰوةِ الدُّنْيَا ۚ وَ مَا عِنْدَ اللّٰهِ خَيْرٌ وَّ اَبْقٰى لِلَّذِيْنَ اٰمَنُوْا وَ عَلٰى رَبِّهِمْ يَتَوَكَّلُوْنَ ﴿۳۶﴾

၃၆။ သို့ဖြစ်ရာ အသင်တို့အား မည်သည့်အရာကိုပင် ပေးခဲ့သည်ဖြစ်စေ၊ ယင်းသည် လောကီဘဝ၏ ယာယီဝတ္ထုပစ္စည်းဖြစ်၏။ ထို့ပြင် အလ္လာဟ်၏ထံတော်၌ရှိသည့်အရာသည် ကောင်းမြတ်ပြီး၊ သက်ဝင်ယုံကြည်ကြလျက် မိမိ၏ဖန်ဆင်းမွေးမြူရှင်အား ယုံပုံလွဲအပ်သူများအဖို့ အားလုံးထက် ပိုမို၍ ကြွင်းကျန်နေမည့်အရာပင် ဖြစ်ပေသည်။

وَ الَّذِيْنَ يَجْتَنِبُوْنَ كَبٰٓئِرَ الْاِثْمِ وَ الْفَوَاحِشَ وَ اِذَا مَا غَضِبُوْا هُمْ يَغْفِرُوْنَ ﴿۳۷﴾

၃၇။ ထို့ပြင် သူတို့သည် ကြီးမားသောအပြစ်များနှင့် အရှက်မဲ့ဖွယ်ကိစ္စရပ်များမှ ရှောင်ကြဉ်ကြကုန်၏။ ထို့ပြင် သူတို့သည် အမျက်ဒေါသကြီးစွာဖြစ်သည့်အခါ ခွင့်လွှတ်ခြင်းကို ကျင့်သုံးကြ၏။

وَ الَّذِيْنَ اسْتَجَابُوْا لِرَبِّهِمْ وَ اَقَامُوا الصَّلٰوةَ ۪ وَ اَمْرُهُمْ شُوْرٰى بَيْنَهُمْ ۪ وَ مِمَّا رَزَقْنٰهُمْ يُنْفِقُوْنَ ﴿۳۸﴾

၃၈။ ထို့ပြင် သူတို့သည် မိမိတို့ ဖန်ဆင်းမွေးမြူရှင်၏အသံကို တုံ့ပြန်ဖြေကြားကြကုန်၏။ ထို့ပြင် 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြကုန်၏။ ထို့ပြင် သူတို့၏အရေးကိစ္စအား အချင်းချင်း တိုင်ပင်နှီးနှော၍ ဆုံးဖြတ်ကြကုန်၏။ ထို့ပြင် ငါတို့က သူတို့အား ချီးမြှင့်ပေးသနားထားသည်များမှ စွန့်ကြဲသုံးစွဲကြကုန်၏။

وَ الَّذِيْنَ اِذَاۤ اَصَابَهُمُ الْبَغْيُ هُمْ يَنْتَصِرُوْنَ ﴿۳۹﴾

၃၉။ ထို့မှတစ်ပါး ၎င်းတို့အပေါ် လွန်ကျူးမှုပြုသောအခါ ၎င်းတို့သည် လက်တုံ့ပြန်ကြ၏။

وَ جَزٰٓؤُا سَيِّئَةٍ سَيِّئَةٌ مِّثْلُهَا ۚ فَمَنْ عَفَا وَ اَصْلَحَ فَاَجْرُهٗ عَلَى اللّٰهِ ؕ اِنَّهٗ لَا يُحِبُّ الظّٰلِمِيْنَ ﴿۴۰﴾

၄၀။ ထို့ပြင် ဆုံးရှုံးနစ်နာမှုအတွက် တုံ့ပြန်ခြင်းသည် ကျူးလွန်ခဲ့သော နစ်နာမှုနှင့် ထပ်တူထပ်မျှသာဖြစ်၏။ သို့ရာတွင် အကြင်သူသည် အပြစ်လွှတ်လျက် ခြွင်းချက်အနေဖြင့် သင့်တင့်ပြေငြိမ်းမှုကိုပြုသူဖြစ်လျှင် သူ၏အကျိုးဆုလာဘ်သည် အလ္လာဟ်၏ထံတော်တွင်ရှိပေသည်။ ဧကန်စင်စစ် အလ္လာဟ်သည် မတရားကျူးလွန်သူတို့အား နှစ်သက်တော်မမူချေ။

وَ لَمَنِ انْتَصَرَ بَعْدَ ظُلْمِهٖ فَاُولٰٓئِكَ مَا عَلَيْهِمْ مِّنْ سَبِيْلٍ ﴿۴۱﴾

၄၁။ ထို့ပြင် အကြင်မည်သူမဆို မိမိအပေါ် မတရားကျူးလွန်ခံရပြီးသည့်နောက်တွင် တုံ့ပြန်ပါက ဤသူများအပေါ်တွင်သာလျှင် မည်သို့မျှ အပြစ်မဆိုထိုက်ချေ။

➤ မောင်းနှင်သွားလာလျက်ရှိသည်မှာ ထင်ရှားလှပေသည်။ သို့ကြောင့် ဤသည်မှာ ဧကန်မလွဲ နှောင်းခေတ်ဆိုင်ရာ ကြိုတင်နိမိတ်ဟောချက်သာဖြစ်ပြီး ယင်းမှာ ယနေ့ခေတ်တွင် ပြည့်စုံခြင်းသို့ရောက်ခဲ့ပြီဖြစ်၏။

اِنَّمَا السَّبِيْلُ عَلَى الَّذِيْنَ يَظْلِمُوْنَ النَّاسَ وَيَبْغُوْنَ فِى الْاَرْضِ بِغَيْرِ الْحَقِّ ؕ اُولٰٓئِكَ لَهُمْ عَذَابٌ اَلِيْمٌ ۝

၄၂။ အပြစ်ဆိုထိုက်သူတို့မှာကား လူသားများအပေါ် မတရား ကျူးလွန်ကြပြီး ကမ္ဘာမြေတွင် မတရားသဖြင့် ပုန်ကန်သောင်း ကျန်းကြသူများအတွက်သာဖြစ်၏။ ဤသူများအတွက်သာလျှင် နာကျင်ဖွယ်သောပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိပေသည်။

وَلَمَنْ صَبَرَ وَغَفَرَ اِنَّ ذٰلِكَ لَمِنْ عَزْمِ الْاُمُوْرِ ۝

၄၃။ ထို့ပြင် အကြင်သူသည် သည်းခံစောင့်စည်းလျက် ခွင့်လွှတ်ခြင်းကိုပြုလျှင် စင်စစ် ဤသည် မြင့်မားခိုင်မာသည့် ကိစ္စရပ်များအနက်မှ ဖြစ်ပေသတည်း။

ရုကူး-၅

وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ وَّلِىٍّ مِّنْۢ بَعْدِهٖ ؕ وَتَرَى الظّٰلِمِيْنَ لَمَّا رَاَوُا الْعَذَابَ يَقُوْلُوْنَ هَلْ اِلٰى مَرَدٍّ مِّنْ سَبِيْلٍ ۝

၄၄။ ထို့ပြင် အကြင်သူအား အလ္လာဟ်က လမ်းလွဲစေတော်မူလျှင် ထိုသည့်နောက်တွင် သူ့အတွက် မည်သည့်ကူညီစောင်မသူမျှ မရှိချေ။ ထို့ပြင် အသင်သည် မတရားပြုသူများအား တွေ့ရမည်မှာ၊ ယင်းတို့က ပြစ်ဒဏ်ကို ရင်ဆိုင်ရမည့်အခါဝယ် (ယင်းကို)လွှဲဖယ်ပစ်ရန် တစ်စုံတစ်ရာသော လမ်းရှိပါသလော ဟု ပြောကြပေမည်။

وَتَرٰىهُمْ يُعْرَضُوْنَ عَلَيْهَا خٰشِعِيْنَ مِنَ الذُّلِّ يَنْظُرُوْنَ مِنْ طَرْفٍ خَفِىٍّ ؕ وَقَالَ الَّذِيْنَ اٰمَنُوْٓا اِنَّ الْخٰسِرِيْنَ الَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ وَاَهْلِيْهِمْ يَوْمَ الْقِيٰمَةِ ؕ اَلَآ اِنَّ الظّٰلِمِيْنَ فِىْ عَذَابٍ مُّقِيْمٍ ۝

၄၅။ ထို့ပြင် အသင်သည် ယင်းတို့အား ထို(အပြစ်ဒဏ်)၏ ရှေ့မှောက်၌ တင်ဆက်ခြင်းခံရမည်ကို တွေ့မြင်ရပေလိမ့်မည်။ ဂုဏ်သရေယုတ်လျော့မှုကြောင့် အလွန်မှ နှိမ့်ချကျိုးနွံသည့် အခြေအနေ၌ ယင်းတို့သည် တိတ်တဆိတ်အကြည့်ဖြင့် (ယင်းအား) ကြည့်နေကြပေလိမ့်မည်။ ထို့ပြင် သက်ဝင်ယုံကြည်ကြကုန်သောသူတို့က ပြောဆိုကြမည်မှာ ဧကန်စင်စစ် ဆုံးရှုံးကြသူများမှာကား မိမိတို့ကိုယ်ကိုလည်းကောင်း၊ မိမိတို့၏ အိမ်သူအိမ်သားများကိုလည်းကောင်း 'ကေယာမတ်'နေ့တော်ကြီးတွင် ဆုံးရှုံးမှုခဲ့ထည့်သွင်းကြကုန်သောသူများသာ ဖြစ်ကြ၏။ သတိပြုကြကုန်။ စင်စစ် မတရားပြုသောသူတို့သည် တည်တံ့သွားမည့် ပြစ်ဒဏ်တစ်ရပ်တွင် နစ်မွန်းသွားကြပေအံ့။

وَمَا كَانَ لَهُمْ مِّنْ اَوْلِيَآءَ يَنْصُرُوْنَهُمْ مِّنْ دُوْنِ اللّٰهِ ؕ وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ سَبِيْلٍ ۝

၄၆။ ထို့ပြင် ယင်းတို့အား အလ္လာဟ်မှလွဲ၍ ကူညီစောင်မမည့် အဆွေခင်ပွန်း တစ်စုံတစ်ရာမျှမရှိချေ။ ထို့ပြင် အကြင်သူအား အလ္လာဟ်က လမ်းလွဲစေတော်မူလျှင် ထိုသူ့အတွက် မည်သည့် လမ်းမျှရှိလိမ့်မည် မဟုတ်ချေ။

اِسْتَجِيْبُوْا لِرَبِّكُمْ مِّنْ قَبْلِ اَنْ يَّاْتِىَ يَوْمٌ لَّا مَرَدَّ لَهٗ مِنَ اللّٰهِ ؕ مَا لَكُمْ مِّنْ مَّلْجَاٍ يَّوْمَئِذٍ وَّمَا لَكُمْ مِّنْ نَّكِيْرٍ ۝

၄၇။ ယင်းအားလွှဲဖယ်ရန်မှာ အလ္လာဟ်၏ထံတော်မှ မည်သည့် အခြေအနေတွင်မျှမဖြစ်နိုင်သော ထိုနေ့တော်ကြီးဆိုက်ရောက် မလာမီအလျင် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်၏ မိန့်ကြားချက်အား တုံ့ပြန်ဖြေကြားကြလေကုန်။ အသင်တို့အတွက် ထိုနေ့၌မည်သည့် ခိုလှုံရာမျှရှိလိမ့်မည်မဟုတ်ချေ။ ထို့ပြင် အသင်တို့အတွက်

ငြင်းပယ်ရန် မည်သည့်အခွင့်အရေးမျှရှိလိမ့်မည်မဟုတ်ချေ။

فَاِنْ اَعْرَضُوْا فَمَآ اَرْسَلْنٰكَ عَلَيْهِمْ حَفِيْظًا ؕ اِنْ عَلَيْكَ اِلَّا الْبَلٰغُ ؕ وَاِنَّآ اِذَآ اَذَقْنَا الْاِنْسَانَ مِنَّا رَحْمَةً فَرِحَ بِهَا ۚ وَاِنْ تُصِبْهُمْ سَيِّئَةٌ ۢ بِمَا قَدَّمَتْ اَيْدِيْهِمْ فَاِنَّ الْاِنْسَانَ كَفُوْرٌ ۝

၄၉။ သို့ဖြစ်ရာ အကယ်၍ ယင်းတို့သည် မျက်နှာလွှဲဖယ်သွားပါလျှင် ငါတို့သည် အသင့်အား ယင်းတို့အပေါ် စောင့်ကြပ်သူအဖြစ်စေလွှတ်တော်မမူချေ။ အသင့်အပေါ်တွင် သတင်းပို့ဆောင်ရန်မှတစ်ပါး အခြား တာဝန်မရှိချေ။ ထို့ပြင် စင်စစ် ငါတို့သည် မိမိထံတော်မှ 'ရာဟ်မတ်'ကရုဏာတော်ကို လူသားအား မြည်းစမ်းစေသည့်အခါ သူသည် ယင်းကြောင့် ပျော်ရွှင်သွားပေသည်။ ထို့ပြင် အကယ်၍ ယင်းတို့အား သူတို့ကိုယ်တိုင်၏လက်များက ပို့ထားနှင့်သော မကောင်းမှု သက်ရောက်သည့်အခါ အမှန်ပင် လူသားသည် ပြင်းထန်ဆိုးရွားသော ကျေးဇူးကန်းသူအဖြစ် ထင်ပေါ်၍လာပေသည်။

لِلّٰهِ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ؕ يَخْلُقُ مَا يَشَآءُ ؕ يَهَبُ لِمَنْ يَّشَآءُ اِنَاثًا وَّيَهَبُ لِمَنْ يَّشَآءُ الذُّكُوْرَ ۝

၅၀။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ စိုးမိုးအုပ်ချုပ်မှုအာဏာသည် အရှင်မြတ်အဖို့သာဖြစ်၏။အရှင်မြတ်သည် မိမိအလိုရှိရာကို ဖန်ဆင်းတော်မူ၏။ အလိုရှိတော်မူသောသူအား သမီးမိန်းကလေးများကိုပေးတော်မူ၏။ အလိုရှိတော်မူသောသူအား သားယောကျ်ားလေးများကို ပေးတော်မူ၏။

اَوْ يُزَوِّجُهُمْ ذُكْرَانًا وَّاِنَاثًا ۚ وَيَجْعَلُ مَنْ يَّشَآءُ عَقِيْمًا ؕ اِنَّهٗ عَلِيْمٌ قَدِيْرٌ ۝

၅၁။ သို့တည်းမဟုတ် တစ်ခါတစ်ရံတွင် ယင်းတို့အား အချို့သော အဖိုနှင့် အမကို ရောလျက်ပေးတော်မူ၏။ ထို့ပြင် အရှင်မြတ် အလိုရှိတော်မူသောသူအား အမြဲဖြစ်စေတော်မူ၏။ ဧကန်စင်စစ် အရှင်မြတ်သည် ထာဝရသိရှိတော်မူသောအရှင်၊ ထာဝရတန်ခိုးစွမ်းအားရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

وَمَا كَانَ لِبَشَرٍ اَنْ يُّكَلِّمَهُ اللّٰهُ اِلَّا وَحْيًا اَوْ مِنْ وَّرَآئِ حِجَابٍ اَوْ يُرْسِلَ رَسُوْلًا فَيُوْحِيَ بِاِذْنِهٖ مَا يَشَآءُ ؕ اِنَّهٗ عَلِيٌّ حَكِيْمٌ ۝

၅၂။ ထို့ပြင် အလ္လာဟ်သည် မည်သည့်လူသားနှင့်မျှ 'ဝဟီ'ဗျာဒိတ်အားဖြင့် သို့မဟုတ် အကာအကွယ်၏နောက်မှ သို့မဟုတ် သတင်းပို့ဆောင်သူတစ်ဦးဦးကိုစေလွှတ်တော်မူပြီး ၎င်းက အရှင်မြတ်၏အမိန့်တော်ဖြင့် အရှင်မြတ်အလိုရှိတော်မူသည်ကို 'ဝဟီ'ဗျာဒိတ်ပေးတော်မူသည်မှတစ်ပါး စကားပြောဆိုခြင်းမရှိချေ။ ဧကန်စင်စစ် အရှင်မြတ်သည် မြင့်မားသော ဂုဏ်တော်ရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူ၏။

وَكَذٰلِكَ اَوْحَيْنَآ اِلَيْكَ رُوْحًا مِّنْ اَمْرِنَا ؕ مَا كُنْتَ تَدْرِيْ مَا الْكِتٰبُ وَلَا الْاِيْمَانُ وَلٰكِنْ جَعَلْنٰهُ نُوْرًا نَّهْدِيْ بِهٖ مَنْ نَّشَآءُ مِنْ عِبَادِنَا ؕ وَاِنَّكَ لَتَهْدِيْٓ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ۝

၅၃။ ထို့ပြင် ဤကဲ့သို့ပင် ငါတို့သည် အသင့်ထံသို့ မိမိ၏အမိန့်တော်ဖြင့် ဘဝအသက်ကိုပေးသော မုက္ခပါဠိတော်တစ်ရပ်ကို 'ဝဟီ'ဗျာဒိတ်ပို့ချပေးတော်မူ၏။ အသင်သည် ကျမ်းစာအဘယ်နည်းဆိုသည်ကိုလည်းကောင်း၊ သက်ဝင်ယုံကြည်ခြင်း 'အီမာန်'ဟူသည် အဘယ်နည်းဆိုသည်ကိုလည်းကောင်း မသိခဲ့ချေ။ သို့ရာတွင် ငါတို့သည်ပင် ယင်းအား 'နူရ်'အလင်းအဖြစ် ပြုလုပ်တော်မူ၍ ယင်းအားဖြင့် ငါတို့သည် မိမိ၏

အစေတော်များအနက်မှ မိမိအလိုရှိတော်မူသောသူအား လမ်းညွှန်တော်မူ၏။ ထို့ပြင် ဧကန်မုချ အသင်သည် ဖြောင့်မတ်မှန်ကန်သောလမ်းဘက်သို့ လျှောက်လှမ်းစေ၏။

صِرَاطِ اللّٰهِ الَّذِیْ لَهٗ مَا فِی السَّمٰوٰتِ وَمَا فِی الْاَرْضِ ؕ اَلَاۤ اِلَی اللّٰهِ تَصِیْرُ الْاُمُوْرُ ۟

၅၃။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၌ရှိသမျှတို့ကို စိုးပိုင်တော်မူသော ထိုအလ္လာဟ်၏လမ်းတော်ဘက်သို့။ သတိပြုကြကုန်၊ အလ္လာဟ်၏ဘက်သို့သာလျှင် အလုံးစုံသော အရေးကိစ္စတို့သည် ပြန်လှည့်သွားကြရပေသတည်း။

❖ ❖ ❖

၄၃။ အလ်-ဇုခ်ရွတ်ဖ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုကွပါဠ် တော်(၉၀)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၏အစပိုင်းမှာပင် **أُمّ** ဟူသောစကားလုံးကို အထပ်ထပ်ဖော်ပြထားပေသည်။ ပြီးခဲ့သောဆူရာဟ်တွင် **أُمّ القُرىٰ** (အွမ်မွလ်ကုရာ)အကြောင်းဖော်ပြထားခဲ့သည်မှာ မက္ကာသည် မြို့ရွာ အပေါင်းတို့၏မိခင်ဖြစ်ပြီး ဤသည့်ကြီးကျယ်ခမ်းနားလှသော ဗျာဒိတ်စကားများ၏ မိခင်အနေအထား၌ ရှိသော ဆူရာဟ် 'အလ်-ဖာတေဟာ'အကြောင်းလည်း ဤတွင်ဖော်ပြလာရှိသည်။ ဆိုလိုသည်မှာ ကျမ်းမြတ် ကုရ်အာန်တစ်ကျမ်းလုံး၏ အကြောင်းရပ်များသည် ဤဆူရာဟ်အတွင်း၌ စုဆောင်း၍ထားပေသည်။ ပမာအားဖြင့် မိခင်၏သားအိမ်အတွင်း၌ လူသားအားမမွေးဖွားမီအလျင် သူ့အတွက် သတ်မှတ်ထားရှိ သော ဂုဏ်ပုဒ်များဖြင့် အသင့်စီစဉ်ထားသကဲ့သို့ဖြစ်သည်။

ထို့နောက် မိန့်ကြားတော်မူသည်မှာ အသင်(လူသား)သည် ပင်လယ်ရေကြောင်းခရီး သို့မဟုတ် ကုန်းလမ်းခရီးများထွက်ခွာသောအခါတွင် အသင်တို့စီးနင်းကြသော သမုဒ္ဒရာရေပြင်တွင် ခုတ်မောင်း လျက်ရှိသည့် သင်္ဘောကြီးများအားလည်းကောင်း၊ ကမ္ဘာမြေပြင်တွင် မောင်းနှင်လျက်ရှိသော တိရစ္ဆာန်များ အားလည်းကောင်း အသင်တို့အတွက် အလုပ်အကျွေးပြုရန် အသင့်စီစဉ်ထားသူမှာ အလ္လာဟ်သာ ဖြစ်ကြောင်းကိုအမှတ်ရပါလေ။ ထို့ပြင် အသင်တို့အနက်များစွာသောသူတို့မှာ ရည်စူးထွက်ခွာကြသော ပန်းတိုင်သို့ မရောက်စေနိုင်သော အဖြစ်အပျက်များ၏သားကောင်ဖြစ်လျက် ပန်းတိုင်သို့ ရောက်ရှိနိုင် ကြလိမ့်မည်မဟုတ်ချေ။ သို့သော် မှတ်သားရမည်မှာ နောက်ဆုံးအန္တိမစခန်းသည်ကား အသင်တို့သည် အလ္လာဟ်၏ရှေ့တော်တွင် ခစားကြရမည့်သူများဖြစ်ပေသည်။

ဤဆူရာဟ်၏ ပထမပိုင်း အာယတ်တော်များမှာ 'အဲဟ်လေကီတာဗ်' ကျမ်းရသူများအကြောင်း ကို ဖော်ပြသည်။ ထို့ပြင် နောက်ပိုင်းတွင်လာရှိသော အာယတ်တော်များမှာ 'မူရှရိက်'များအကြောင်းဖြစ် သည်။ သို့ကြောင့် အထူးသဖြင့် ယင်း၏နောက်တွင် 'မူရှရိက်'များထံသို့ စေလွှတ်ခြင်းခံခဲ့ရသော လွန်လေခဲ့ပြီးသော တမန်တော်များနှင့် ၎င်းတို့အား ငြင်းပယ်ကန့်ကွက်ကြသူများ ခံစားကြရသည့် ငြင်းပယ်ကန့်ကွက်ခြင်း၏ ရလဒ်အကြောင်းတို့ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်က ဤသည်ထက်အလျင်က လူသားနွယ်ဝင်အားလုံးတို့ကို တစ်စုတစ်စည်း တည်းဖြစ်စေတော်မူမည့်အကြောင်း ဖော်ပြလျက်ရှိတော်မူသည်။ ထို့ပြင် အကယ်၍ **ငါ**တို့က ယင်းသို့ပြု ရန်ရှိခဲ့ပါလျှင် ဤသည့်လောကီရေးတပ်မက်သူများအား တစ်စုတည်းဖြစ်အောင် နည်းလမ်းတစ်ခုတည်း သာ ရှိပေသည်။ ထိုသူတို့၏ အိမ်ယာများကို ရွှေ့ပြောင်းနှင့် အခြားကောင်းကျိုးချမ်းသာတို့ဖြင့် ပြည့်နှက် အောင်ပြုတော်မူပေမည်။ သို့ရာတွင် ဤသည်မှာ တစ်စုံတစ်ရာအနှစ်သဘောမပါသည့်အပြင် လောက၏ ရက်အနည်းငယ်မျှသော ယာယီစီးပွားချမ်းသာအဖြစ်ရရှိသည့် အပေါ်ယံစည်းစိမ်ချမ်းသာမျှသာ ဖြစ်ချေသည်။ သို့ရာတွင် နောင်တမလွန်သည်ကား 'မွတ္တကီ'(ဖြူစင်ဖြောင့်မတ်သူ)တို့ကိုသာ ကံကောင်း ထောက်မမှုရရှိသော ကောင်းကျိုးပြုရာဖြစ်ပေသည်။

ဤနေရာတွင် လူသားတို့အား တရားလမ်းမှန်ပေါ် စုရုံးဖို့ရာအကြောင်းခံတစ်ရပ်ကို ဤသို့လည်း

ဖော်ပြထားတော်မူသည်။ သူ၏အပေါင်းအဖော်မှာ သာသနာမဲ့သူဖြစ်ပြီး ၎င်း၏သက်ရောက်မှုအားလျော်စွာ သူသည်လည်း ဘုရားတရားမဲ့မှု၏ သားကောင်ဖြစ်သွားရသည်။ သို့ရာတွင် 'ကေယာမတ်' ရှင်ပြန်ထမြောက်ရသောနေ့တွင် ၎င်းတို့အနက် မကောင်းသော အပေါင်းအဖော်၏ လွှမ်းမိုးမှုကိုခံရသူတိုင်းက မိမိ၏ ထိုမကောင်းသော အပေါင်းအဖော်အား ရည်ညွှန်း၍ဦးတွားလျက်- 'ကျွန်ုပ်နှင့် အသင်၏ကြားတွင် အရှေ့နှင့် အနောက်ကဲ့သို့ ဝေးလံစွာရှိခဲ့လျှင် ကောင်းလေစွ၊ သို့ဖြင့် ဤသည့် ဆိုးရွားသောနိဂုံးရလဒ်သို့ ဆိုက်ရောက်ရမည်မဟုတ်ချေ'ဟု နောင်တကြီးစွာဖြစ်လိမ့်မည်။

ဤဆူရာဟ်တွင် နောက်ထပ်အရေးပါလှသည့် 'အာယတ်'တော်တစ်ပုဒ်က တမန်တော်အိစာ﵇သက်ဆင်းလာမည့်အခြေအနေကို ဖွင့်ပြထားပေသည်။ ဤတွင် ဖော်ပြထားတော်မူသည်မှာ တမန်တော်အိစာ﵇မှာ **مَثَـل** (စံ)တစ်ခုသာဖြစ်ခဲ့ကြောင်းနှင့် မူရရီက်များ၏ရှေ့မှောက်တွင် တမန်တော်အိစာ﵇အကြောင်းကိုပြောကြားခဲ့သောအခါ ၎င်းတို့က တမန်တော်မြတ်ﷺအားရည်ညွှန်းလျက် အကယ်၍ အလ္လာဟ်မှတစ်ပါးဖြစ်သော အရာများကိုသာ လက်ခံရမည်ဆိုပါလျှင် အခြားအမျိုးသားတို့၏ အလ္လာဟ်မဟုတ်သော အရာကိုလက်ခံမည့်အစား မိမိတို့အမျိုးသားထုအတွင်းမှ အလ္လာဟ်မဟုတ်သည့်အရာကို အဘယ်ကြောင့် လက်ခံခြင်းမပြုရပါသနည်းဟု ပြောဆိုကြလေသည်။ ထိုသူတို့မှာ တမန်တော်အိစာ﵇သည် ဘုရားသခင်မဟုတ်ကြောင်း၊ သူသည် အလ္လာဟ်၏ကောင်းချီးမင်္ဂလာတော်များကို ခံစားရရှိခဲ့သော အစေတော်တစ်ပါးသာဖြစ်ကြောင်းနှင့် သူ့ထံမှ မျှားစွာသော သင်ခန်းစာများကို ရယူနိုင်သည့် ၎င်းတို့အတွက် စံနမူနာတစ်ရပ်သာဖြစ်ကြောင်းတို့ကို မသိနားမလည်ခဲ့ကြချေ။

ထို့နောက်တစ်ဖန် ဤဆူရာဟ်မှာပင် နောင်တွင်လည်း **مَثَـل** (စံပြပုဂ္ဂိုလ်)အနေဖြင့် 'မဆီဟ်' (တမန်တော်အိစာ)သည် ကြီးကျယ်ခမ်းနားလှသည့် တော်လှန်ပြောင်းလဲသော အချိန်နာရီရောက်ရှိခဲ့ပြီဟူသော အတိတ်နိမိတ်ဖြင့် ကြွလာလိမ့်မည့်အကြောင်း ကြိုတင်နိမိတ်ဟောထားတော်မူပေသည်။

ဤဆူရာဟ်တွင် တမန်တော်မြတ်ﷺသည် အားလုံးထက် သာလွန်၍ အလ္လာဟ်အရှင်မြတ်၏ 'အေဘာဒတ်'ဝတ်ပြုကိုးကွယ်သူဖြစ်ကြောင်း ကိုယ်တော်မြတ်၏ ကြီးကျယ်ခမ်းနားလှသော ဂုဏ်ပုဒ်ကို ဖော်ပြထားတော်မူသည်။ အကယ်၍ အလ္လာဟ်အရှင်မြတ်ထံတွင် သားတော်တစ်ပါးပါး အမှန်တကယ်ရှိခဲ့ပါလျှင် တမန်တော်မြတ်သည် ထိုသားတော်အား ဝတ်ပြုကိုးကွယ်ခြင်းမှ အလျှင်း လွှဲဖယ်ခဲ့မည်မဟုတ်ချေ။ သို့ဖြစ်ရာ အလ္လာဟ်၏သားတော်ဟု ဖန်တီးထားသောအရာကို ကိုးကွယ်ခြင်းမှ တမန်တော်မြတ်ﷺ၏ ငြင်းပယ်မှုအားဖြင့် အလ္လာဟ်အရှင်မြတ်၌ သားတော်တစ်စုံတစ်ရာမရှိကြောင်းကို တမန်တော်မြတ်သည် ပြည့်စုံသော ယုံကြည်ခြင်း၌ ရပ်တည်လျက်ရှိခဲ့ကြောင်း သက်သေရရှိပေသတည်း။

♦ ♦ ♦

ဆူရောဟ် အလ်-ဒုခ်ၡတ်ဖ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၉၀)ပိုဒ် ရှိကူ (၇)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

حٰمٓ ①

၂။ **حَمِيْدٌ مَجِيْدٌ** ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်၊ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသောအရှင်။

وَالْكِتٰبِ الْمُبِيْنِ ②

۞

၃။ ပွင့်လင်းထင်ရှားစွာဖော်ပြသည့် ကျမ်းတော်အား သက်သေထူတော်မူ၏။

اِنَّا جَعَلْنٰهُ قُرْءٰنًا عَرَبِيًّا لَّعَلَّكُمْ تَعْقِلُوْنَ ③

၄။ ဧကန်အမှန် ငါတို့သည် ယင်းအား ဝေါဟာရကြွယ်၍ အဓိပ္ပာယ်နက်ရှိုင်းသော 'ကုရ်အာန်'အဖြစ် ပြုလုပ်တော်မူ၏။ သို့ဖြင့် အသင်တို့ စဉ်းစားဆင်ခြင်ကြရန်ဖြစ်၏။

وَاِنَّهٗ فِيْٓ اُمِّ الْكِتٰبِ لَدَيْنَا لَعَلِيٌّ حَكِيْمٌ ④

၅။ ထို့ပြင် စင်စစ် ဤ(ကုရ်အာန်)သည် 'အွမ်မွလ်ကီတာဘ်' ကျမ်းအပေါင်း၏မိခင်များအနက်မှဖြစ်၏။ (ထို့ပြင်)ငါတို့၏ထံတော်တွင် အမှန်ပင် ဂုဏ်ဒြပ်ကြီးမြင့်၍ ဉာဏ်ပညာအမြော်အမြင်နှင့်ပြည့်စုံသော ကျမ်းဖြစ်၏။

اَفَنَضْرِبُ عَنْكُمُ الذِّكْرَ صَفْحًا اَنْ كُنْتُمْ قَوْمًا مُّسْرِفِيْنَ ⑤

၆။ အသင်တို့သည် အတိုင်းထက်လွန်ကြူးသောအုပ်စုတစ်ခုဖြစ်ခြင်းကြောင့် ငါတို့က အသင်တို့အား သွန်သင်ဆုံးမခြင်းမှ ရပ်တန့်ရမည်လော။

وَكَمْ اَرْسَلْنَا مِنْ نَّبِيٍّ فِي الْاَوَّلِيْنَ ⑥

၇။ ထို့ပြင် အဘယ်မျှလောက်သော 'နဗီ'တမန်တော်များကို ငါတို့သည် ရှေးလူသားများတွင် စေလွှတ်တော်မူခဲ့ပေသနည်း။

وَمَا يَاْتِيْهِمْ مِّنْ نَّبِيٍّ اِلَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ⑦

၈။ ထို့ပြင် ၎င်းတို့ထံ တမန်တော်တစ်ပါးပါး ရောက်ရှိလာလေတိုင်း ၎င်းတို့သည် သူ့အား လှောင်ပြောင်သရော်ခဲ့ကြပေသည်။

فَاَهْلَكْنَآ اَشَدَّ مِنْهُمْ بَطْشًا وَّمَضٰى مَثَلُ الْاَوَّلِيْنَ ⑧

၉။ သို့ဖြစ်ရာ ငါတို့သည် ယင်းတို့ထက်ပင် ပိုမို၍စွမ်းအားရှိသူများအား ဖျက်ဆီးပစ်တော်မူခဲ့ပေသည်။ ထို့ပြင် ရှေးလူများ၏ ဥပမာသည် လွန်ခဲ့ချေပြီ။

وَلَئِنْ سَاَلْتَهُمْ مَّنْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ لَيَقُوْلُنَّ خَلَقَهُنَّ الْعَزِيْزُ الْعَلِيْمُ ⑨

၁၀။ ထို့ပြင် အကယ်၍ အသင်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို မည်သူဖန်ဆင်းခဲ့ပါသနည်းဟု ယင်းတို့အား မေးမြန်းပါလျှင် ယင်းတို့က အမှန်ပင်ပြောဆိုကြမည်မှာ ၎င်းတို့အား အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်ပညာနှင့်ပြည့်စုံတော်မူသော အရှင်မြတ်က ဖန်ဆင်းတော်မူခဲ့ပေသည်။

الَّذِیْ جَعَلَ لَكُمُ الْاَرْضَ مَهْدًا وَّ جَعَلَ
لَكُمْ فِیْهَا سُبُلًا لَّعَلَّكُمْ تَهْتَدُوْنَ ۙ﴿۱۰﴾
وَ الَّذِیْ نَزَّلَ مِنَ السَّمَآءِ مَآءًۢ بِقَدَرٍ ۚ
فَاَنْشَرْنَا بِهٖ بَلْدَةً مَّیْتًا ۚ كَذٰلِكَ
تُخْرَجُوْنَ ﴿۱۱﴾
وَ الَّذِیْ خَلَقَ الْاَزْوَاجَ كُلَّهَا وَ جَعَلَ لَكُمْ
مِّنَ الْفُلْكِ وَ الْاَنْعَامِ مَا تَرْكَبُوْنَ ۙ﴿۱۲﴾

لِتَسْتَوٗا عَلٰی ظُهُوْرِهٖ ثُمَّ تَذْكُرُوْا نِعْمَةَ
رَبِّكُمْ اِذَا اسْتَوَیْتُمْ عَلَیْهِ وَ تَقُوْلُوْا
سُبْحٰنَ الَّذِیْ سَخَّرَ لَنَا هٰذَا وَ مَا كُنَّا
لَهٗ مُقْرِنِیْنَ ﴿۱۳﴾

وَ اِنَّاۤ اِلٰی رَبِّنَا لَمُنْقَلِبُوْنَ ﴿۱۴﴾

وَ جَعَلُوْا لَهٗ مِنْ عِبَادِهٖ جُزْءًا ؕ اِنَّ
الْاِنْسَانَ لَكَفُوْرٌ مُّبِیْنٌ ﴿۱۵﴾ ع

اَمِ اتَّخَذَ مِمَّا یَخْلُقُ بَنٰتٍ وَّ اَصْفٰىكُمْ
بِالْبَنِیْنَ ﴿۱۶﴾

وَ اِذَا بُشِّرَ اَحَدُهُمْ بِمَا ضَرَبَ لِلرَّحْمٰنِ
مَثَلًا ظَلَّ وَجْهُهٗ مُسْوَدًّا وَّ هُوَ كَظِیْمٌ ﴿۱۷﴾

၁၀။ အရှင်မြတ်သည်အသင်တို့အတွက် ကမ္ဘာမြေကို အခင်း ပြုလုပ်တော်မူ၏။ ထို့ပြင် အသင်တို့ ယင်း၌ လမ်းမှန်ကို ရကြ စိမ့်သောငှာ လမ်းများကို ပြုလုပ်တော်မူ၏။

၁၂။ ထို့ပြင် ထိုအရှင်မြတ်သည် အချိန်အဆဖြင့် မိုးကောင်း ကင်မှ ရေကိုချပေးတော်မူ၏။ ထို့နောက် ငါတို့သည် ယင်းဖြင့် သေနေသောမြေကြီးကို ရှင်သန်စေတော်မူ၏။ ဤကဲ့သို့ပင် အသင်တို့သည် ထုတ်ဆောင်ခြင်းကိုခံကြရပေလိမ့်မည်။

၁၃။ ထို့ပြင် ထိုအရှင်မြတ်သည် အမျိုးမျိုးသော စုံတွဲများကို ပြုလုပ်တော်မူ၏။ ထို့ပြင် အသင်တို့အတွက် လှေသဘော်ဘ အမျိုးမျိုးနှင့် ကျွဲနွားတိရစ္ဆာန်များကို ဖန်ဆင်းတော်မူ၏။ ယင်း တို့အပေါ် အသင်တို့ စီးနင်းကြပေသည်။

၁၄။ သို့ဖြင့် အသင်တို့သည် ယင်းတို့၏ ကျောကုန်းများပေါ် တွင် စွဲမြဲစွာထိုင်နိုင်ကြရန်ဖြစ်၏။ ထို့နောက် အကြင်အခါဝယ် အသင်တို့သည် ယင်းတို့အပေါ်တွင် ကောင်းစွာ မြဲမြံသွားသည့် အခါ မိမိတို့အား ဖန်ဆင်းမွေးမြူရှင်၏ကျေးဇူးတော်ကို ဖော်ကျူး ကြလေကုန်။ ထို့ပြင် ပြောကြကုန်။ ယင်းအား ကျွန်ုပ်တို့အတွက် နာခံအလုပ်အကျွေးပြုစေတော်မူသော ထိုအရှင်မြတ်သည် သန့် ရှင်းစင်ကြယ်တော်မူပါ၏။ ထို့ပြင် ကျွန်တော်မျိုးတို့သည် ယင်း အား လက်အောက်ခံပြုလုပ်ရန် စွမ်းအားမရှိခဲ့ကြပါ။

၁၅။ ထို့ပြင် စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏ ဖန်ဆင်းမွေးမြူ ရှင်ဘက်သို့ ပြန်လှည့်၍ သွားကြရမည့်သူများဖြစ်ကြပါ၏။

၁၆။ ထို့ပြင် ယင်းတို့သည် အရှင်မြတ်၏အစေတော်များ အနက်မှ အချို့တို့ကို ထိုအရှင်မြတ်၏ အစိတ်အပိုင်းတစ်ရပ် အဖြစ် သတ်မှတ်လိုက်ကြပေသည်။ မုချမလွဲ လူသားသည် မြင်သာထင်ရှားသော ကျေးဇူးကန်းသူဖြစ်သတည်း။

ရုကူး-၂

၁၇။ အသို့နည်း အရှင်မြတ်သည် ဖန်ဆင်းတော်မူသည့် အရာများမှ သမီးတော်များကိုသာလျှင် နှစ်သက်ရွေးချယ် တော်မူပြီး အသင်တို့အား သားများအတွက် ရွေးချယ်ခဲ့ပါ သလော။

၁၈။ ထို့ပြင် အကြင်အခါဝယ် ၎င်းတို့အနက်မှ တစ်ဦးတစ် ယောက်အား ၎င်းတို့က 'ရာဟ်မန်'ကရုဏာတော်ရှင်နှင့်စပ် လျဉ်း၍ မြင့်မြတ်သောဥပမာတစ်ရပ်အဖြစ် တင်စားသည့်အရာ အား သတင်းကောင်းပေးသည့်အခါ သူ၏မျက်နှာသည် မည်း နက်သွားပေသည်။ ထိုစဉ် သူသည် ပြင်းထန်သည့် ပူဆွေးဝမ်း နည်းမှုအား ထိန်းချုပ်လျက်ရှိနေပေသည်။

اَوَمَنْ يُّنَشَّؤُا فِى الْحِلْيَةِ وَ هُوَ فِى الْخِصَامِ غَيْرُ مُبِيْنٍ ﴿۱۸﴾

၁၈။ ထို့ပြင် အကြင်အရာများသည် လက်ဝတ်ရတနာများဖြင့် မွေးထုတ်ခြင်းကိုခံရပြီး အငြင်းပွားသည့်အခါတွင် ထင်ရှားပေါ်လွင်သည့်စကားများကို(မျှ) မပြောနိုင်သည့် အရာများအား(အသင်တို့သည် အလ္လာဟ်၏ဝေစု၌ ထည့်သွင်းကြပေသလော။)

وَ جَعَلُوا الْمَلٰٓئِكَةَ الَّذِيْنَ هُمْ عِبٰدُ الرَّحْمٰنِ اِنَاثًا ؕ اَشَهِدُوْا خَلْقَهُمْ ؕ سَتُكْتَبُ شَهَادَتُهُمْ وَ يُسْـَٔلُوْنَ ﴿۱۹﴾

၁၉။ ထို့ပြင် ထိုသူတို့သည် 'ရာဟ်မန်' ကရုဏာတော်ရှင်၏ အစေတော်များဖြစ်သော ကောင်းကင်တမန်များအား အမျိုးသမီးများ (ဆိုလိုသည်မှာ ရုပ်တုများ) ပြုလုပ်ထားကြ၏။ သူတို့သည် ၎င်းတို့၏ ဖန်ဆင်းခြင်းအပေါ် သက်သေများဖြစ်ကြပါသလော။ ဧကန်စင်စစ် သူတို့၏ သက်သေခံခြင်းအား ရေးမှတ်ခြင်းခံကြရပေအံ့။ ထို့ပြင် သူတို့သည် စစ်ကြောမေးမြန်းခြင်းကို ခံရပေလိမ့်မည်။

وَقَالُوْا لَوْ شَآءَ الرَّحْمٰنُ مَا عَبَدْنٰهُمْ ؕ مَا لَهُمْ بِذٰلِكَ مِنْ عِلْمٍ ۚ اِنْ هُمْ اِلَّا يَخْرُصُوْنَ ﴿۲۰﴾

၂၀။ ထို့ပြင် သူတို့က ပြောဆိုကြသည်မှာ အကယ်၍ 'ရာဟ်မန်'ကရုဏာတော်ရှင်အလိုရှိတော်မူပါလျှင် ကျွန်ုပ်တို့သည် ယင်းတို့အားကိုးကွယ်ကြမည်မဟုတ်ချေ။ သူတို့သည် ထိုအကြောင်းကို ဘာမျှမသိကြချေ။ ၎င်းတို့သည်ကား ရော်ရမ်းမှန်းဆ ပြောဆိုနေကြခြင်းသာဖြစ်၏။

اَمْ اٰتَيْنٰهُمْ كِتٰبًا مِّنْ قَبْلِهٖ فَهُمْ بِهٖ مُسْتَمْسِكُوْنَ ﴿۲۱﴾

၂၁။ အသို့နည်း ငါတို့သည် ၎င်းတို့အား ဤသည့်အလျင် တစ်စုံတစ်ရာသော ကျမ်းစာကို ပေးခဲ့ပါသလော။ ယင်းအား ၎င်းတို့သည် ခိုင်မြဲစွာဖြင့် တွယ်ကပ်နေကြပေသည်။

بَلْ قَالُوْٓا اِنَّا وَجَدْنَآ اٰبَآءَنَا عَلٰٓى اُمَّةٍ وَّ اِنَّا عَلٰٓى اٰثٰرِهِمْ مُّهْتَدُوْنَ ﴿۲۲﴾

၂၂။ ထို့မဟုတ်ချေ။ ၎င်းတို့က ပြောဆိုကြသည်မှာကား ကျွန်ုပ်တို့သည် မိမိတို့၏အဘဘိုးဘေးများကို ထိုလမ်းစဉ်တစ်ရပ်၌ တွေ့ခဲ့ကြရပေသည်။ ထို့ပြင် ဧကန်မလွဲ ကျွန်ုပ်တို့သည် သူတို့၏ခြေရာအတိုင်း လမ်းညွှန်မှုကိုရရှိခဲ့ကြသူများဖြစ်၏။

وَكَذٰلِكَ مَآ اَرْسَلْنَا مِنْ قَبْلِكَ فِىْ قَرْيَةٍ مِّنْ نَّذِيْرٍ اِلَّا قَالَ مُتْرَفُوْهَآ ۙ اِنَّا وَجَدْنَآ اٰبَآءَنَا عَلٰٓى اُمَّةٍ وَّ اِنَّا عَلٰٓى اٰثٰرِهِمْ مُّقْتَدُوْنَ ﴿۲۳﴾

၂၃။ ထို့ပြင် ဤကဲ့သို့ပင် ငါတို့သည် အသင်၏အလျင်က မည်သည့်အခါမဆို မြို့ရွာတစ်ခုခုသို့ သတိပေးနှိုးဆော်သူတစ်ဦးဦးကို စေလွှတ်ခဲ့လေတိုင်း ယင်းမှ ကြွယ်ဝချမ်းသာသူတို့က ပြောဆိုကြသည်မှာ ဧကန်စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏ အဘဘိုးဘေးတို့အား ထူးခြားသော လမ်းစဉ်တစ်ရပ်တွင် တွေ့ခဲ့ကြ၏။ ထို့ပြင် မုချပင် ကျွန်ုပ်တို့သည် သူတို့၏ခြေရာကို နင်းမည့်သူများဖြစ်ကြ၏။

قٰلَ اَوَلَوْ جِئْتُكُمْ بِاَهْدٰى مِمَّا وَجَدْتُّمْ عَلَيْهِ اٰبَآءَكُمْ ؕ قَالُوْٓا اِنَّا بِمَآ اُرْسِلْتُمْ بِهٖ كٰفِرُوْنَ ﴿۲۴﴾

၂၄။ သူက ကျွန်ုပ်သည် အသင်တို့က မိမိတို့၏ အဘဘိုးဘေးများအား တွေ့ခဲ့ရသည်ထက် ပိုမိုကောင်းမြတ်သောအရာကို ယူဆောင်လာသည့်အခြေအနေတွင်လည်း(ထိုသို့ပြုမည်လော) ဟုဆို၏။ ၎င်းတို့က ပြောဆိုကြသည်မှာ မုချမလွဲ ကျွန်ုပ်တို့သည်

အသင်တို့နှင့်အတူ စေလွှတ်ခြင်းခံရသည့် အကြောင်းရပ်များအား ငြင်းပယ်ကန့်ကွက်ကြ၏။

فَانْتَقَمْنَا مِنْهُمْ فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِيْنَ ﴿٢٥﴾

၂၆။ ထိုအခါ ငါတို့သည် ၎င်းတို့အား တုံ့ပြန်တော်မူခဲ့ပေသည်။ သို့ဖြစ်ရာ မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သူတို့၏ရလဒ်မည်သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုကြကုန်။

ရုကူး-၃

وَاِذْ قَالَ اِبْرٰهِيْمُ لِاَبِيْهِ وَقَوْمِهٖٓ اِنَّنِيْ بَرَآءٌ مِّمَّا تَعْبُدُوْنَ ﴿٢٦﴾

၂၇။ ထို့ပြင် (သတိရကြကုန်) အကြင်အခါဝယ် 'အစ်ဗရာဟင်မ်'သည် သူ၏ဖခင်နှင့် သူ၏အမျိုးသားများအား ပြောဆိုခဲ့သည်မှာ ဧကန်စင်စစ် ကျွန်ုပ်သည် အသင်တို့ခဝပ်ကိုးကွယ်ကြသည့်အရာများအား လွန်စွာ မနှစ်မြို့ခြင်းဖြစ်ရ၏။

اِلَّا الَّذِيْ فَطَرَنِيْ فَاِنَّهٗ سَيَهْدِيْنِ ﴿٢٧﴾

၂၈။ သို့ရာတွင် ကျွန်ုပ်အား ဖန်ဆင်းတော်မူသော ထိုအရှင်မြတ်ကပင် ကျွန်ုပ်အား အမှန်ပင် လမ်းညွှန်တော်မူပေအံ့။

وَجَعَلَهَا كَلِمَةًۢ بَاقِيَةً فِيْ عَقِبِهٖ لَعَلَّهُمْ يَرْجِعُوْنَ ﴿٢٨﴾

၂၉။ ထို့ပြင်သူသည် ဤ(ကိစ္စ)ကို သူ၏နောက်တွင်လာမည့် အဆက်အနွယ်များ၌ ကျန်ရစ်နေမည့် ကြီးမားသောနိမိတ်လက္ခဏာတစ်ရပ်ပြုလုပ်ခဲ့၏။ သို့ဖြင့် ယင်းတို့ ပြန်လှည့်ကြစေရန်ဖြစ်၏။

بَلْ مَتَّعْتُ هٰٓؤُلَآءِ وَاٰبَآءَهُمْ حَتّٰى جَآءَهُمُ الْحَقُّ وَرَسُوْلٌ مُّبِيْنٌ ﴿٢٩﴾

၃၀။ အမှန်သော်ကား ငါအရှင်မြတ်သည် ယင်းတို့နှင့် ယင်းတို့၏ အဘဘိုးဘေးများကို ယာယီသက်သာလွယ်ကူမှုများအား ပေးသနားတော်မူခဲ့၏။ နောက်ဆုံး၌ ယင်းတို့ထံ အမှန်တရားနှင့် ပွင့်လင်းထင်ရှားစွာဖော်ပြသည့် တမန်တော် ရောက်ရှိလာခဲ့ပေသည်။

وَلَمَّا جَآءَهُمُ الْحَقُّ قَالُوْا هٰذَا سِحْرٌ وَّاِنَّا بِهٖ كٰفِرُوْنَ ﴿٣٠﴾

၃၁။ ထို့ပြင် နောက်ဆုံးတွင် ယင်းတို့ထံ အမှန်တရား ရောက်ရှိလာသည့်အခါဝယ်၊ ယင်းတို့ကပြောဆိုကြသည်မှာ ဤသည် မှော်အတတ်ဖြစ်၏။ ထို့ပြင် ဧကန်ပင် ကျွန်ုပ်တို့သည် ၎င်းအား ငြင်းပယ်သူများ ဖြစ်ကြပေသည်။

وَقَالُوْا لَوْلَا نُزِّلَ هٰذَا الْقُرْاٰنُ عَلٰى رَجُلٍ مِّنَ الْقَرْيَتَيْنِ عَظِيْمٍ ﴿٣١﴾

၃၂။ ထို့ပြင် ယင်းတို့က ပြောဆိုကြသည်မှာ အဘယ့်ကြောင့် ဤ'ကုရ်အာန်'ကို ထင်ရှားသောမြို့နှစ်မြို့မှ ပုဂ္ဂိုလ်ကြီးတစ်ဦးဦးထံ မပို့ချခဲ့ပါသနည်း။

اَهُمْ يَقْسِمُوْنَ رَحْمَتَ رَبِّكَ ۭ نَحْنُ قَسَمْنَا بَيْنَهُمْ مَّعِيْشَتَهُمْ فِي الْحَيٰوةِ الدُّنْيَا وَرَفَعْنَا بَعْضَهُمْ فَوْقَ بَعْضٍ دَرَجٰتٍ لِّيَتَّخِذَ بَعْضُهُمْ بَعْضًا سُخْرِيًّا ۭ وَرَحْمَتُ رَبِّكَ خَيْرٌ مِّمَّا يَجْمَعُوْنَ ﴿٣٢﴾

၃၃။ အသို့နည်း ယင်းတို့သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ကရုဏာတော်အား ခွဲဝေကြမည်လော။ ငါတို့သည်ပင် ယင်းတို့၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ပစ္စည်းများကို ယင်းတို့၏အကြားတွင် ဤလောကီဘဝ၌ ခွဲဝေပေးတော်မူ၏။ ထို့ပြင် ယင်းတို့အနက် အချို့သောသူများကို အခြားသူများထက် အဆင့်အတန်းအားဖြင့် သာလွန်မှုကို ငါတို့က ပေးတော်မူ၏။ သို့ဖြင့် ယင်းတို့အနက် အချို့သည် အခြားသူများအား လက်အောက်ခံများပြုလုပ်နိုင်ရန်ဖြစ်၏။

ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ကရုဏာတော်သည် ယင်းတို့ စုဆောင်းသည်များထက် ပိုမို၍ ကောင်းမြတ်ပေသည်။

وَلَوْلَاۤ اَنْ يَّكُوْنَ النَّاسُ اُمَّةً وَّاحِدَةً لَّجَعَلْنَا لِمَنْ يَّكْفُرُ بِالرَّحْمٰنِ لِبُيُوْتِهِمْ سُقُفًا مِّنْ فِضَّةٍ وَّ مَعَارِجَ عَلَيْهَا يَظْهَرُوْنَ ﴿۳۳﴾

၃၃။ ထို့ပြင် အကယ်၍ လူသားအားလုံးတို့သည် 'အမွှတ်' အုပ်စုတစ်ခုတည်းကဲ့သို့ဖြစ်ရန် အကြောင်းမရှိခဲ့ပါလျှင် ငါတို့သည် အမှန်ပင် 'ရာဟ်မန်'ကရုဏာတော်ရှင်အား ငြင်းပယ်ကြသောသူတို့အတွက် ယင်းတို့အိမ်များ၏ အမိုးများကိုလည်းကောင်း၊ (ဤကဲ့သို့ပင်) ယင်းတို့ တက်ကြွကုန်သော လှေကားများကိုလည်းကောင်း ငွေဖြင့်ပြုလုပ်တော်မူပေအံ့။

وَلِبُيُوْتِهِمْ اَبْوَابًا وَّ سُرُرًا عَلَيْهَا يَتَّكِـُٔوْنَ ﴿۳۴﴾

၃၄။ ထို့ပြင် ယင်းတို့၏ အိမ်များ၏တံခါးများကိုလည်းကောင်း၊ ယင်းတို့ မှီ၍ထိုင်နေကြသော ထိုင်ခုံများကိုလည်းကောင်း၊

وَزُخْرُفًا ؕ وَاِنْ كُلُّ ذٰلِكَ لَمَّا مَتَاعُ الْحَيٰوةِ الدُّنْيَا ؕ وَالْاٰخِرَةُ عِنْدَ رَبِّكَ لِلْمُتَّقِيْنَ ﴿۳۵﴾ ع

၃၅။ ထို့ပြင် ထို့ထက်ပင် ကြီးကျယ်ခမ်းနားမှုကို ချီးမြှင့်တော်မူပေအံ့။ သို့ရာတွင် ဤအရာအားလုံးတို့သည် အမှန်ပင် လောကီဘဝ၏ဝတ္ထုပစ္စည်းများသာလျှင်ဖြစ်၏။ ထို့ပြင် နောင်တမလွန်သည် အသင့်အား ဖန်ဆင်းမွေးမြူရှင်၏အထံတော်တွင် 'မွတ္တကီ'ဖြူစင်ဖြောင့်မတ်သူများအတွက်ဖြစ်ပေအံ့သတည်း။

ရုကူး-၄

وَمَنْ يَّعْشُ عَنْ ذِكْرِ الرَّحْمٰنِ نُقَيِّضْ لَهٗ شَيْطٰنًا فَهُوَ لَهٗ قَرِيْنٌ ﴿۳۶﴾

၃၆။ ထို့ပြင် အကြင်သူသည် 'ရာဟ်မန်' ကရုဏာတော်ရှင်အား သတိရတသခြင်းမှ မျက်နှာလွှဲဖယ်ပါလျှင် ငါတို့သည် သူ့အတွက် 'ရှိုင်တန်'တစ်ကောင်ကို ခန့်အပ်လိုက်ပေသည်။ သို့ဖြစ်ရာ ယင်းသည် သူ၏ အပေါင်းအဖော် ဖြစ်သွားပေသည်။

وَاِنَّهُمْ لَيَصُدُّوْنَهُمْ عَنِ السَّبِيْلِ وَيَحْسَبُوْنَ اَنَّهُمْ مُّهْتَدُوْنَ ﴿۳۷﴾

၃၇။ ထို့ပြင် ဧကန်စင်စစ် ယင်းသည် သူတို့အား လမ်းမှလွဲမှားအောင် ပြုလုပ်လိုက်ပေသည်။ ထိုစဉ် သူသည် လမ်းမှန်ကို ရရှိပြီးဖြစ်သည်ဟု ထင်မြင်ယူဆလျက်ရှိနေပေ၏။

حَتّٰۤى اِذَا جَآءَنَا قَالَ يٰلَيْتَ بَيْنِيْ وَبَيْنَكَ بُعْدَ الْمَشْرِقَيْنِ فَبِئْسَ الْقَرِيْنُ ﴿۳۸﴾

၃၈။ နောက်ဆုံးတွင်သူသည် ငါတို့၏ထံသို့ ရောက်ရှိလာသည့်အခါ (မိမိ၏အပေါင်းအဖော်ကိုဥန်းဆိုလျက်) ပြောကြားမည်မှာ ကျွန်ုပ်နှင့် အသင်၏အကြားတွင် အရှေ့နှင့်အနောက်အရပ်၏ ဝေးကွာခြင်းမျိုးရှိခဲ့လျှင် ကောင်းပေစွ။ သို့ဖြစ်ရာ ယင်းသည် အဘယ်မျှဆိုးရွားသော အပေါင်းအဖော်အဖြစ် ထင်ရှားမည်နည်း။

وَلَنْ يَّنْفَعَكُمُ الْيَوْمَ اِذْ ظَّلَمْتُمْ اَنَّكُمْ فِى الْعَذَابِ مُشْتَرِكُوْنَ ﴿۳۹﴾

၃၉။ ထို့ပြင် အသင်တို့သည် မတရားကျူးလွန်မှုကိုပြုခဲ့ကြသောကြောင့် ယနေ့တွင် ဤအကြောင်းရပ်သည် အသင်တို့အား မည်သို့မျှအကျိုးပေးလိမ့်မည်မဟုတ်။ အသင်တို့အားလုံးသည် အပြစ်ဒဏ်၌တွဲဖက်ပါဝင်သူများ ဖြစ်ကြပေသည်။

اَفَاَنْتَ تُسْمِعُ الصُّمَّ اَوْ تَهْدِى الْعُمْىَ وَمَنْ كَانَ فِىْ ضَلٰلٍ مُّبِيْنٍ ﴿٤٠﴾

၄၀။ သို့ဖြစ်ရာ အသင်သည် နားပင်းသူများအား ကြားအောင် ပြုလုပ်နိုင်မည်လော။ သို့တည်းမဟုတ် မျက်စိကန်းနေသူများအားလည်းကောင်း၊ ပွင့်လင်းထင်ရှားသောလမ်းလွဲမှု၌ ဆိုက်ရောက်နေသူအားလည်းကောင်း လမ်းညွှန်ပြနိုင်မည်လော။

فَاِمَّا نَذْهَبَنَّ بِكَ فَاِنَّا مِنْهُمْ مُّنْتَقِمُوْنَ ﴿٤١﴾

၄၂။ သို့ကြောင့် အကယ်၍ ငါတို့သည် အသင့်အား ခေါ်ဆောင်၍သွားလျှင်လည်း မည်သို့ဆိုစေ ငါတို့သည် သူတို့အား လက်စားချေမည့်အရှင်ဖြစ်၏။

اَوْ نُرِيَنَّكَ الَّذِىْ وَعَدْنٰهُمْ فَاِنَّا عَلَيْهِمْ مُّقْتَدِرُوْنَ ﴿٤٢﴾

၄၃။ သို့တည်းမဟုတ် ငါတို့က သူတို့အား ကတိပေးခဲ့သည်များအား အသင့်အား အမှန်ပင် ပြသတော်မူပေအံ့။ သို့ဖြစ်ရာ ဧကန်ပင် ငါတို့သည် ၎င်းတို့အပေါ် အပြည့်အဝ တန်ခိုးစွမ်းအားရှိတော်မူ၏။

فَاسْتَمْسِكْ بِالَّذِىْٓ اُوْحِىَ اِلَيْكَ ۚ اِنَّكَ عَلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٤٣﴾

၄၄။ သို့ဖြစ်ရာ အသင့်အပေါ် ဝဟီ'ဗျာဒိတ်ပို့ချသည်များအား ခိုင်မြဲစွာ စွဲကိုင်ထားပါလေ။ ဧကန်စင်စစ် အသင်သည် ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်တွင်ရှိ၏။

وَاِنَّهٗ لَذِكْرٌ لَّكَ وَلِقَوْمِكَ ۚ وَسَوْفَ تُسْـَٔلُوْنَ ﴿٤٤﴾

၄၅။ ထို့ပြင် ဧကန်မလွဲ ဤသည် အသင်နှင့် အသင်၏အမျိုးသားများအဖို့လည်း ကြီးကျယ်သော 'ဇိကီရ်' အမှတ်ရဖွယ်တစ်ရပ်ဖြစ်ပေသည်။ ထို့ပြင် အသင်တို့သည် အမှန်ပင် မေးမြန်းခြင်းကို ခံကြရပေအံ့။

وَسْـَٔلْ مَنْ اَرْسَلْنَا مِنْ قَبْلِكَ مِنْ رُّسُلِنَآ اَجَعَلْنَا مِنْ دُوْنِ الرَّحْمٰنِ اٰلِهَةً يُّعْبَدُوْنَ ﴿٤٥﴾

၄၆။ ထို့ပြင် ငါတို့က အသင့်အလျင် မိမိ၏တမန်တော်များအနက်မှ စေလွှတ်တော်မူခဲ့သူများအား မေးမြန်းပါလေ၊ ငါတို့သည် 'ရာဟ်မန်'ကရုဏာတော်ရှင်မှလွဲ၍ ကိုးကွယ်ခြင်းကို ခံရသည့် ကိုးကွယ်ရာတစ်စုံတစ်ရာကို ပြုလုပ်ခဲ့ပါသလော။

ရုကူ-၅

وَلَقَدْ اَرْسَلْنَا مُوْسٰى بِاٰيٰتِنَآ اِلٰى فِرْعَوْنَ وَمَلَا۟ئِهٖ فَقَالَ اِنِّىْ رَسُوْلُ رَبِّ الْعٰلَمِيْنَ ﴿٤٦﴾

၄၇။ ထို့ပြင် ဧကန်မုချ ငါတို့သည် 'မူစာ'အား 'ဖိရ်အောင်'နှင့် သူ၏အကြီးအကဲများထံ မိမိ၏နိမိတ်လက္ခဏာတော်များဖြင့် စေလွှတ်တော်မူခဲ့၏။ သို့ဖြစ်ရာ သူကပြောသည်မှာ ဧကန်မလွဲ ကျွန်ုပ်သည် စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ တမန်တော်ဖြစ်သည်။

فَلَمَّا جَآءَهُمْ بِاٰيٰتِنَآ اِذَا هُمْ مِّنْهَا يَضْحَكُوْنَ ﴿٤٧﴾

၄၈။ သို့ဖြစ်ရာ သူသည် ၎င်းတို့ထံ ငါတို့၏ နိမိတ်လက္ခဏာတော်များအား ယူဆောင်လာသည့်အခါ သူတို့သည် ရုတ်ခြည်းအမြန်ပင် သူ့အား လှောင်ပြောင်ခဲ့ကြပေသည်။

وَمَا نُرِيْهِمْ مِّنْ اٰيَةٍ اِلَّا هِىَ اَكْبَرُ مِنْ اُخْتِهَا ۖ وَاَخَذْنٰهُمْ بِالْعَذَابِ لَعَلَّهُمْ يَرْجِعُوْنَ ﴿٤٨﴾

၄၉။ ထို့ပြင် ငါတို့သည် ထိုသူတို့အား ရှေးအာယတ်တော်များထက် သာလွန်ထူးမြတ်သည်များမှတစ်ပါး မည်သည့် (လင်းဝင်းသော)အာယတ်နိမိတ်လက္ခဏာကိုမှ ပြသတော်မမူခဲ့ချေ။ ထို့ပြင် ငါတို့သည် ၎င်းတို့အား အပြစ်ဒဏ်အားဖြင့် ဖမ်းဆီးတော်မူရခြင်းမှာ ၎င်းတို့ ပြန်လှည့်ကြရန်ဖြစ်၏။

وَقَالُوْا يٰٓاَيُّهَ السّٰحِرُ ادْعُ لَنَا رَبَّكَ بِمَا عَهِدَ عِنْدَكَ ۚ اِنَّنَا لَمُهْتَدُوْنَ ﴿۴۹﴾

၅၀။ ထို့ပြင် ၎င်းတို့က ပြောကြသည်မှာ အို-မှော်ဆရာ၊ ကျွန်ုပ်တို့အတွက် မိမိ၏ဖန်ဆင်းမွေးမြူရှင်ထံဝယ် ထိုအရှင်မြတ်က အသင့်အား ကတိပြုခဲ့သည်ကိုတောင်းခံပါလော့။ စင်စစ်ဧကန်ကျွန်ုပ်တို့သည် လမ်းမှန်ကိုရရှိသူများဖြစ်သွားကြပေအံ့။

فَلَمَّا كَشَفْنَا عَنْهُمُ الْعَذَابَ اِذَا هُمْ يَنْكُثُوْنَ ﴿۵۰﴾

၅၁။ သို့ဖြစ်ရာ ငါတို့သည် ၎င်းတို့ထံမှ ပြစ်ဒဏ်ကို ကင်းဝေးအောင် ပြုလုပ်တော်မူလိုက်သည့်အခါ ၎င်းတို့သည် ချက်ချင်းပင် ပဋိညာဉ်ကိုချိုးဖောက်လိုက်ကြ၏။

وَنَادٰى فِرْعَوْنُ فِيْ قَوْمِهٖ قَالَ يٰقَوْمِ اَلَيْسَ لِيْ مُلْكُ مِصْرَ وَهٰذِهِ الْاَنْهٰرُ تَجْرِيْ مِنْ تَحْتِيْ ۚ اَفَلَا تُبْصِرُوْنَ ﴿۵۱﴾

၅၂။ ထို့ပြင် 'ဖိရိအောင်'သည် မိမိ၏အမျိုးသားများ၌ ကြေညာချက်ထုတ်၏။ (ထို့ပြင်) ပြောကြားသည်မှာ အို-ငါ၏ အမျိုးသားတို့ အီဂျစ်ပြည်သည် ငါ၏တိုင်းပြည်မဟုတ်ပါလော။ ထို့ပြင် ဤမြစ်ချောင်းများ အားလုံးတို့သည် ငါ၏ ဩဇာအာဏာအောက်တွင် စီးဆင်းနေကြ၏။ သို့ဖြစ်ရာ အသင်တို့သည် မတွေ့မမြင်ကြပေသလော။

اَمْ اَنَا خَيْرٌ مِّنْ هٰذَا الَّذِيْ هُوَ مَهِيْنٌ ۙ وَّلَا يَكَادُ يُبِيْنُ ﴿۵۲﴾

၅၃။ အမှန်သော်ကား ငါသည် အလျှင်း အဆင့်အတန်းမရှိသော၊ ထုတ်ဖော်တင်ပြနိုင်သည့် စွမ်းရည်လည်းမရှိသော ထိုသူထက်မြတ်၏။

فَلَوْلَآ اُلْقِيَ عَلَيْهِ اَسْوِرَةٌ مِّنْ ذَهَبٍ اَوْ جَآءَ مَعَهُ الْمَلٰٓئِكَةُ مُقْتَرِنِيْنَ ﴿۵۳﴾

၅၄။ သို့ဖြစ်ရာ အဘယ့်ကြောင့် သူ့အား ရွှေဖြင့်ပြီးသော လက်ဝတ်တန်ဆာကို မချပေးခဲ့သနည်း။ သို့တည်းမဟုတ် သူနှင့်အတူ ကောင်းကင်တမန်များ အစုအဖွဲ့လိုက် ရောက်မလာခဲ့သနည်း။

فَاسْتَخَفَّ قَوْمَهٗ فَاَطَاعُوْهُ ۭ اِنَّهُمْ كَانُوْا قَوْمًا فٰسِقِيْنَ ﴿۵۴﴾

၅၅။ သူသည် မိမိ၏အမျိုးသားတို့အား မည်သည့်ဂုဏ်သိက္ခာကိုမျှ မပေးခဲ့ချေ။ ထို့ပြင် ယင်းတို့သည် သူ့အား နာခံမှုပြုကြပေသည်။ ဧကန်မလွဲ ယင်းတို့သည် အကျင့်ဆိုးယုတ်သူများဖြစ်ကြ၏။

فَلَمَّآ اٰسَفُوْنَا انْتَقَمْنَا مِنْهُمْ فَاَغْرَقْنٰهُمْ اَجْمَعِيْنَ ﴿۵۵﴾

၅၆။ သို့ဖြစ်ရာ ယင်းတို့က ငါတို့အား အမျက်တော်ရှစေသည့်အခါ ငါတို့သည် ယင်းတို့အား တုံ့ပြန်တော်မူခဲ့ပေသည်။ ထို့ပြင် ယင်းတို့အားလုံးကို (စစ်တပ်နှင့်တကွ) နှစ်မြှုပ်ပစ်တော်မူခဲ့၏။

فَجَعَلْنٰهُمْ سَلَفًا وَّمَثَلًا لِّلْاٰخِرِيْنَ ﴿۵۶﴾ ع

၅၇။ သို့ဖြစ်ရာ ငါတို့သည် ယင်းတို့အား အတိတ်ကဖြစ်ရပ်နှင့် နောင်လာနောက်သားများအတွက် သင်ခန်းစာယူဖွယ်ရာအဖြစ် ပြုလုပ်တော်မူခဲ့သတည်း။

ရုကူး-၆

وَلَمَّا ضُرِبَ ابْنُ مَرْيَمَ مَثَلًا اِذَا قَوْمُكَ مِنْهُ يَصِدُّوْنَ ﴿۵۷﴾

၅၈။ ထို့ပြင် 'မရိယမ်၏သား'ကို ဥပမာအဖြစ် တင်ပြသည့်အခါ အသင်၏အမျိုးသားတို့သည် ယင်းအပေါ် ရုတ်တရက် ဆူညံအော်ဟစ်ကြလေသည်။

وَقَالُوْٓا ءَاٰلِهَتُنَا خَيْرٌ اَمْ هُوَ ۭ مَا ضَرَبُوْهُ لَكَ اِلَّا جَدَلًۢا ۭ بَلْ هُمْ قَوْمٌ خَصِمُوْنَ ۝

၅၉။ ထို့ပြင် ၎င်းတို့က ပြောကြသည်မှာ ငါတို့၏ကိုးကွယ်ရာ အရှင်က ပိုမို၍ကောင်းမြတ်သလော။ သို့တည်းမဟုတ် သူက ပိုမိုကောင်းမြတ်သလော။ ၎င်းတို့သည် ဤစကားကို အသင် နှင့် အငြင်းအခုန်ပြုရန်အတွက်သာလျှင် ပြောဆိုကြရုံမျှမဟုတ် မူဘဲ ၎င်းတို့သည် လွန်စွာ အငြင်းအခုန်ပြုကြသော အမျိုး သားများဖြစ်ကြ၏။

اِنْ هُوَ اِلَّا عَبْدٌ اَنْعَمْنَا عَلَيْهِ وَجَعَلْنٰهُ مَثَلًا لِّبَنِيْٓ اِسْرَآءِيْلَ ۝

၆၀။ သူသည်ကား အစေတော်တစ်ဦးမျှသာဖြစ်ခဲ့၏။ သူ့အား ငါတို့က ကောင်းချီးဆုလာဘ်ပေးတော်မူခဲ့၏။ ထို့ပြင် သူ့အား အစ္စရာအီလ်အမျိုးသားတို့အတွက် (လိုက်နာကျင့်ကြံထိုက် သော) 'စံ'တစ်ရပ် ပြုလုပ်တော်မူခဲ့၏။

وَلَوْ نَشَآءُ لَجَعَلْنَا مِنْكُمْ مَّلٰٓئِكَةً فِي الْاَرْضِ يَخْلُفُوْنَ ۝

၆၁။ ထို့ပြင် အကယ်၍ ငါတို့ အလိုရှိတော်မူလျှင် အသင်တို့ အနက်မှပင် ကောင်းကင်တမန်များ ဖန်ဆင်းတော်မူပေအံ့။ ယင်းတို့သည် ကမ္ဘာမြေတွင် ဆက်ခံသူများဖြစ်ကြပေအံ့။

وَاِنَّهٗ لَعِلْمٌ لِّلسَّاعَةِ فَلَا تَمْتَرُنَّ بِهَا وَاتَّبِعُوْنِ ۭ هٰذَا صِرَاطٌ مُّسْتَقِيْمٌ ۝

၆၂။ ထို့ပြင် ၎င်းသည်ကား ဧကန်ပင် 'ဆာအတ်' တော်လှန် ပြောင်းလဲမည့် အချိန်နာရီကို သိမှတ်စရာဖြစ်ပေအံ့။ သို့ဖြစ်ရာ အသင်သည် ယင်း(ဆာအတ်)ကို သံသယအလျှင်းမဖြစ်လင့်။ ထို့ပြင် ငါ၏ နောက်သို့လိုက်ကြကုန်။ ဤသည် ဖြောင့်မတ်မှန် ကန်သော လမ်းဖြစ်ပေသည်။

وَلَا يَصُدَّنَّكُمُ الشَّيْطٰنُ ۚ اِنَّهٗ لَكُمْ عَدُوٌّ مُّبِيْنٌ ۝

၆၃။ ထို့ပြင် 'ရှိုင်တန်'သည် အသင်တို့အား အလျှင်း မတား ဆီးနိုင်စေလင့်။ စင်စစ် သူသည် အသင်တို့၏ပွင့်လင်းထင်ရှား သော ရန်သူဖြစ်၏။

وَلَمَّا جَآءَ عِيْسٰى بِالْبَيِّنٰتِ قَالَ قَدْ جِئْتُكُمْ بِالْحِكْمَةِ وَلِاُبَيِّنَ لَكُمْ بَعْضَ الَّذِيْ تَخْتَلِفُوْنَ فِيْهِ ۚ فَاتَّقُوا اللّٰهَ وَاَطِيْعُوْنِ ۝

၆၄။ ထို့ပြင် 'အီစာ'သည် ပွင့်လင်းထင်ရှားသည့် နိမိတ် လက္ခဏာတော်များနှင့်အတူ ရောက်ရှိလာသောအခါ သူက ပြောကြားသည်မှာ စင်စစ် ကျွန်ုပ်သည် အသင်တို့ထံ ဉာဏ်ပညာ အမြော်အမြင်ကို ယူဆောင်လာခဲ့ပေသည်။ အသင်တို့ ကွဲပြား ခြားနားမှုပြုကြသည့် အချို့သောကိစ္စများကို အသင်တို့၏ရှေ့ တွင် ရှင်းလင်းစွာဖော်ပြရန် ရောက်လာခဲ့ခြင်းဖြစ်၏။ သို့ဖြစ် ရာ အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ကျင့်သုံးဆောက်တည်ကြကုန်။ ထို့ပြင် ကျွန်ုပ်အား နာခံကြကုန်။

اِنَّ اللّٰهَ هُوَ رَبِّيْ وَرَبُّكُمْ فَاعْبُدُوْهُ ۭ هٰذَا صِرَاطٌ مُّسْتَقِيْمٌ ۝

၆၅။ ဧကန်မုချ အလ္လာဟ်သည်ပင် ကျွန်ုပ်၏ ဖန်ဆင်းမွေးမြူ ရှင်လည်းဖြစ်၏။ထို့ပြင် အသင်တို့၏ ဖန်ဆင်းမွေးမြူရှင်လည်း ဖြစ်၏။ သို့ဖြစ်ရာ အရှင်မြတ်အား ခဝပ်ကိုးကွယ်ကြကုန်။ ဤသည် ဖြောင့်မတ်မှန်ကန်သောလမ်းဖြစ်၏။

فَاخْتَلَفَ الْاَحْزَابُ مِنْۢ بَيْنِهِمْ ۚ فَوَيْلٌ لِّلَّذِيْنَ ظَلَمُوْا مِنْ عَذَابِ يَوْمٍ اَلِيْمٍ ۝

၆၆။ သို့ဖြစ်ရာ ယင်းတို့၏အတွင်းမှပင် အုပ်စုများသည် ကွဲပြားခြားနားခဲ့ကြပေသည်။ သို့ကြောင့် မတရားပြုကြသော အကြင်သူတို့အတွက် နာကျင်ဖွယ်ကောင်းသောနေ့၏ အပြစ်

ဒဏ်ပုံစံဖြင့် ပျက်စီးခြင်းသည်ဖြစ်စေသား။

هَلْ يَنْظُرُوْنَ اِلَّا السَّاعَةَ اَنْ تَاْتِيَهُمْ بَغْتَةً وَّهُمْ لَا يَشْعُرُوْنَ ۝

၆၇။ အသို့နည်း ယင်းတို့က (ကေယာမတ်၏)အချိန်သည် သူတို့ထံ သူတို့ သိပင်မသိလိုက်ရဘဲ ရှောင်တခင်ရောက်ရှိလာခြင်းကို မှလွဲ၍ အခြားမည်သည်ကို စောင့်ဆိုင်းနေကြပါသနည်း။

اَلْاَخِلَّآءُ يَوْمَىِٕذٍۢ بَعْضُهُمْ لِبَعْضٍ عَدُوٌّ اِلَّا الْمُتَّقِيْنَ ۝۶۷

၆၈။ ထိုနေ့တော်ကြီးတွင် 'မွတ္တကီ'ဖြူစင်ဖြောင့်မတ်သူများမှလွဲ၍ အချို့သော မိတ်ဆွေရင်းချာတို့သည် ရန်သူများ ဖြစ်သွားကြပေအံ့သတည်း။

ရုကူး-၇

يٰعِبَادِ لَا خَوْفٌ عَلَيْكُمُ الْيَوْمَ وَلَآ اَنْتُمْ تَحْزَنُوْنَ ۝

၆၉။ အို-ငါ၏အစေတော်အပေါင်းတို့ ယနေ့ အသင်တို့အပေါ် မည်သည့်ကြောက်ရွံ့ထိတ်လန့်ခြင်းမျှရှိလိမ့်မည်မဟုတ်၊ ထို့ပြင် အသင်တို့သည် ဝမ်းနည်းပူဆွေးကြရမည်လည်း မဟုတ်ချေ။

اَلَّذِيْنَ اٰمَنُوْا بِاٰيٰتِنَا وَكَانُوْا مُسْلِمِيْنَ ۝

၇၀။ ငါတို့၏ အကြင်'အာယတ်'တော်များကို သက်ဝင်ယုံကြည်သူတို့သည်လည်းကောင်း၊ အမိန့်နာခံသူများအဖြစ် ရှိနေကြသူတို့သည်လည်းကောင်း။

اُدْخُلُوا الْجَنَّةَ اَنْتُمْ وَاَزْوَاجُكُمْ تُحْبَرُوْنَ ۝

၇၀။ အသင်တို့နှင့် အသင်တို့၏ အပေါင်းအဖော်တို့သည် အလွန် ပျော်ရွှင်စေခြင်းခံရသည့်အခြေအနေဖြင့် 'ဂျန္နတ်'သို့ ဝင်ရောက်ကြလေကုန်။

يُطَافُ عَلَيْهِمْ بِصِحَافٍ مِّنْ ذَهَبٍ وَّاَكْوَابٍ ۚ وَفِيْهَا مَا تَشْتَهِيْهِ الْاَنْفُسُ وَتَلَذُّ الْاَعْيُنُ ۚ وَاَنْتُمْ فِيْهَا خٰلِدُوْنَ ۝

၇၁။ ၎င်းတို့ထံ ရွှေလင်ပန်းများနှင့် ရေတကောင်းများကို ဆက်သခြင်းခံရပေလိမ့်မည်။ ထို့ပြင် ယင်း၌၎င်းတို့အတွက် ၎င်းတို့၏စိတ်နှလုံးများက လိုလားတောင့်တသည့်အရာ အားလုံးရှိပေလိမ့်မည်။ မျက်စိများသည် ယင်းအားဖြင့် အရသာကို ခံစားကြရပေအံ့။ ထို့ပြင် အသင်တို့သည် ယင်း၌ အမြဲထာဝရနေရမည့်သူများဖြစ်ကြ၏။

وَتِلْكَ الْجَنَّةُ الَّتِيْٓ اُوْرِثْتُمُوْهَا بِمَا كُنْتُمْ تَعْمَلُوْنَ ۝

၇၂။ ထို့ပြင် ဤသည် ထို'ဂျန္နတ်' ဥယျာဉ်တော်ပင်ဖြစ်၏။ အသင်တို့သည် ယင်းအား အသင်တို့ပြုမူကျင့်ကြံလေ့ရှိကြသည့် ထိုအကျင့်သီလများကြောင့် အမွေခံများအဖြစ် ပြုပေးခြင်းကို ခံကြရပေသည်။

لَكُمْ فِيْهَا فَاكِهَةٌ كَثِيْرَةٌ مِّنْهَا تَاْكُلُوْنَ ۝

၇၃။ အသင်တို့အတွက် ယင်း၌ သစ်သီးဝလံ အမြောက်အမြားရှိပေလိမ့်မည်။ ၎င်းမှ အသင်တို့ စားသုံးကြရပေအံ့။

اِنَّ الْمُجْرِمِيْنَ فِيْ عَذَابِ جَهَنَّمَ خٰلِدُوْنَ ۝

၇၄။ ဧကန်စင်စစ် အပြစ်ကျူးလွန်သူတို့သည် 'ဂျဟန္နမ်'ငရဲ၏ ပြစ်ဒဏ်၌ အချိန်ကာလကြာရှည်စွာနေရမည့်သူများဖြစ်ကြ၏။

لَا يُفَتَّرُ عَنْهُمْ وَهُمْ فِيْهِ مُبْلِسُوْنَ ۝

၇၆။ ထို(ပြစ်ဒဏ်)သည် ၎င်းတို့ထံမှ လျော့နည်းစေလိမ့်မည်မဟုတ်ချေ။ ထို့ပြင် ၎င်းတို့သည် ယင်း၌ စိတ်ပျက်လက်

လျှော့လျက် ရှိနေကြရပေလိမ့်မည်။

وَمَا ظَلَمْنٰهُمْ وَلٰكِنْ كَانُوْا هُمُ الظّٰلِمِيْنَ ۝٧٦

၇၆။ ထို့ပြင် ငါတို့သည် ထိုသူတို့အပေါ် မတရားမပြုခဲ့မူဘဲ သူတို့ကိုယ်တိုင်သည်ပင်လျှင် မတရားပြုသူများ ဖြစ်ခဲ့ကြပေသည်။

وَنَادَوْا يٰمٰلِكُ لِيَقْضِ عَلَيْنَا رَبُّكَ ؕ قَالَ اِنَّكُمْ مّٰكِثُوْنَ ۝٧٧

၇၇။ ထို့ပြင် ယင်းတို့က ဟစ်ခေါ်တမ်းတကြမည်မှာ အို-သခင် အသင်၏ ဖန်ဆင်းမွေးမြူရှင်သည် ကျွန်ုပ်တို့အား သေခြင်းကိုသာ ပေးလိုက်ပါလေ။ ၎င်းက ပြောမည်မှာ အသင်တို့သည် စင်စစ် (ဤနေရာ၌ပင်လျှင်) နေထိုင်ကြရမည့်သူများ ဖြစ်ပေသည်။

لَقَدْ جِئْنٰكُمْ بِالْحَقِّ وَلٰكِنَّ اَكْثَرَكُمْ لِلْحَقِّ كٰرِهُوْنَ ۝٧٨

၇၈။ မုချ ငါတို့သည် အသင်တို့ထံ အမှန်တရားနှင့်အတူ လာခဲ့ပေသည်။ သို့ရာတွင် အသင်တို့အနက်မှအများစုသည် အမှန်တရားကို မနှစ်သက်သူများဖြစ်ခဲ့ကြပေသည်။

اَمْ اَبْرَمُوْۤا اَمْرًا فَاِنَّا مُبْرِمُوْنَ ۝٧٩

၇၉။ ယင်းတို့သည် တစ်စုံတစ်ရာပြုလုပ်ရန် ဆုံးဖြတ်ချက်ချလိုက်ကြပါသလော။ သို့ဖြစ်လျှင် ဧကန်ပင် ငါတို့သည်လည်း တစ်စုံတစ်ရာပြုလုပ်ရန် ဆုံးဖြတ်ချက်ချလိုက်ပေပြီ။

اَمْ يَحْسَبُوْنَ اَنَّا لَا نَسْمَعُ سِرَّهُمْ وَنَجْوٰىهُمْ ؕ بَلٰى وَرُسُلُنَا لَدَيْهِمْ يَكْتُبُوْنَ ۝٨٠

၈၀။ ငါတို့သည် ယင်းတို့၏လျှို့ဝှက်ချက်နှင့် တိတ်တဆိတ်ဆွေးနွေးတိုင်ပင်မှုကိုမကြားရချေဟု ယင်းတို့က ထင်မြင်ယူဆနေကြသလော။ အဘယ့်ကြောင့် မဟုတ်ရမည်နည်း။ ငါတို့၏ စေတမန်များသည် ၎င်းတို့၏အပါး၌ပင် ရေးမှတ်လျက်ရှိနေကြ၏။

قُلْ اِنْ كَانَ لِلرَّحْمٰنِ وَلَدٌ ۖ فَاَنَا اَوَّلُ الْعٰبِدِيْنَ ۝٨١

၈၁။ အသင်ပြောကြားလိုက်ပါလေ။ အကယ်၍ 'ရာဟ်မန်' ကရုဏာတော်ရှင်တွင် သားတော်တစ်ပါးပါးရှိခဲ့ပါလျှင် ကျွန်ုပ်သည် ဝတ်ပြုကိုးကွယ်သူများအနက် အားလုံးထက် ဦးဆုံးဖြစ်ပေမည်။

سُبْحٰنَ رَبِّ السَّمٰوٰتِ وَالْاَرْضِ رَبِّ الْعَرْشِ عَمَّا يَصِفُوْنَ ۝٨٢

၈၂။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ ဖန်ဆင်းမွေးမြူရှင်၊ 'အရ်ရှ်'ပလ္လင်တော်၏အရှင်သည် ယင်းတို့ဖော်ပြသည်များမှ သန့်ရှင်းစင်ကြယ်တော်မူ၏။

فَذَرْهُمْ يَخُوْضُوْا وَيَلْعَبُوْا حَتّٰى يُلٰقُوْا يَوْمَهُمُ الَّذِيْ يُوْعَدُوْنَ ۝٨٣

၈၃။ သို့ဖြစ်ရာ သူတို့အား အချည်းနှီး အလဟဿစကားများပြောခြင်းနှင့် ဆော့ကစားခြင်းများ၌ နောက်ဆုံး သူတို့သည် သူတို့အား ကတိပြုခဲ့သည့် သူတို့၏ ထိုနေ့တော်ကြီးကို တွေ့ကြရသည့်တိုင်အောင် စွန့်၍ထားပါလေ။

وَهُوَ الَّذِيْ فِي السَّمَآءِ اِلٰهٌ وَّفِي الْاَرْضِ اِلٰهٌ ؕ وَهُوَ الْحَكِيْمُ الْعَلِيْمُ ۝٨٤

၈၄။ ထို့ပြင် ထိုအရှင်မြတ်သည်သာ မိုးကောင်းကင်၌လည်း ကိုးကွယ်ရာအရှင် ဖြစ်တော်မူ၏။ ထို့ပြင် ကမ္ဘာမြေ၌လည်း ကိုးကွယ်ရာအရှင်ဖြစ်တော်မူ၏။ ၎င်းအပြင် ထိုအရှင်မြတ်သည်ပင် လွန်စွာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်၊ ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

وَتَبٰرَكَ الَّذِىْ لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا ۚ وَعِنْدَهٗ عِلْمُ السَّاعَةِ ۚ وَاِلَيْهِ تُرْجَعُوْنَ ﴿۸۵﴾

၈၅။ ထို့ပြင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့အပြင် ယင်းနှစ်ခုအကြားရှိသည်တို့၏ စိုးမိုးအုပ်ချုပ်မှုအာဏာကို စိုးပိုင်တော်မူသော ထိုအရှင်မြတ်တစ်ပါးတည်းသာလျှင် ကောင်းချီးမင်္ဂလာတော်အရှင် ဖြစ်တော်မူကြောင်း သာဓကရရှိပေသည်။ ထို့ပြင် ထိုအရှင်မြတ်ထံတော်တွင် ထိုသည့် အထူးပြုသော အချိန်၏ အသိပညာသည်ရှိ၏။ ထို့ပြင် ထိုအရှင်မြတ်ထံတော်သို့သာလျှင် အသင်တို့သည် ပြန်လှည့်ခြင်းကိုခံကြရပေအံ့။

وَلَا يَمْلِكُ الَّذِيْنَ يَدْعُوْنَ مِنْ دُوْنِهِ الشَّفَاعَةَ اِلَّا مَنْ شَهِدَ بِالْحَقِّ وَهُمْ يَعْلَمُوْنَ ﴿۸۶﴾

၈၆။ ထို့ပြင် ထိုသူတို့က အရှင်မြတ်မှလွဲ၍ ဟစ်ခေါ်တမ်းတသည်များသည် 'ရှေဖာအတ်' ကြားဝင်အသနားခံပေးရန် တစ်စုံတစ်ရာ အခွင့်အရေးမရှိကြချေ။ သို့ရာတွင် မှန်ကန်သောစကားကို သက်သေခံကြသော ပညာရှိသောသူတို့မှ တစ်ပါးဖြစ်၏။

وَلَئِنْ سَاَلْتَهُمْ مَّنْ خَلَقَهُمْ لَيَقُوْلُنَّ اللّٰهُ فَاَنّٰى يُؤْفَكُوْنَ ﴿۸۷﴾

၈၇။ ထို့ပြင် အကယ်၍ အသင်သည် သူတို့အား မည်သူဖန်ဆင်းခဲ့ပါသနည်းဟု သူတို့အား မေးမြန်းခဲ့လျှင် သူတို့က 'အလ္လာဟ်'ဟု အမှန်ပင်ပြောကြပေအံ့။ ထို့နောက် သူတို့သည် မည်သည့်ဘက်သို့ လွဲချော်၍ သွားကြပေသနည်း။

وَقِيْلِهٖ يٰرَبِّ اِنَّ هٰٓؤُلَآءِ قَوْمٌ لَّا يُؤْمِنُوْنَ ﴿۸۸﴾

၈၈။ ထို့ပြင် သူ၏ ဤသို့ပြောဆိုသည့်အချိန်ကို သတိရပါလေ။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဤသူများသည် အလျှင်း သက်ဝင်ယုံကြည်လာကြမည့် သူများမဟုတ်ကြပါ။

فَاصْفَحْ عَنْهُمْ وَقُلْ سَلٰمٌ ۭ فَسَوْفَ يَعْلَمُوْنَ ﴿۸۹﴾

၈၉။ သို့ဖြစ်ရာ အသင်သည် ယင်းတို့အား ဥပေက္ခာပြု၍နေပါလေ။ ထို့ပြင် 'စလာမ်' ငြိမ်းချမ်းခြင်းသာဟု ပြောပါလေ။ သို့ဖြစ်ရာ ယင်းတို့သည် မကြာမြင့်မီ သိရှိကြရချိမ့်သတည်း။

❖ ❖ ❖

၄၄။ အလ်-ဒုခါန်း

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠိတော် (၆၀)ပိုဒ်ပါရှိသည်။

ဆူရာဟ် 'အလ်-ဒုခါန်း'၏ဦးဆုံးအကြောင်းအရာသည် ကျမ်းမြတ်ကုရ်အာန်မှ ဆူရာဟ်ငယ် တစ်ပုဒ်ဖြစ်သည့် 'အလ်-ကဒရ်'တွင်ပါရှိသော ငါတို့သည် ဤကျမ်းတော်ကို အလွန်မင်္ဂလာရှိသည့် ညဉ့်တစ်ညဉ့်တွင် ထုတ်ပြန်ပို့ချတော်မူခဲ့၏ဟူသောအကြောင်းအရာကို ရည်ညွှန်းနေကြောင်းထင်ရှားပေသည်။ အဘယ်ကြောင့်ဆိုသော် မှောင်မိုက်ခြင်း၏နောက်တွင် အလင်းရောင်ထွက်ပြူလာစမြဲပင်။ ထို့ကြောင့် ဤညဉ့်မြတ်တွင် ဉာဏ်ပညာအမြော်အမြင်တို့နှင့်ပြည့်စုံသော အကြောင်းအရာဟူသမျှကို စီရင်ဆုံးဖြတ်တော့မည်ဖြစ်သည်။

ပြီးခဲ့သော ဆူရာဟ်၏နောက်ဆုံးပိုင်းတွင် ဆန့်ကျင်သူတို့အား ကစားခုန်စားခြင်း၌ပင် တဝဲလည်လည်ရှိနေစေပြီး၊ သူတို့အား လျစ်လျူရှုထားပါလေ။ အမှန်နှင့်အမှားကို အထင်အရှားခွဲခြားပြမည့် အချိန်ကာလနီးကပ်လာပေပြီဟူသော အကြောင်းအရာကို ဖော်ပြထားတော်မူသည်။ သို့ဖြစ်၍ ဤဆူရာဟ်၏အစပိုင်းရှိ အာယတ်တော်များတွင် ထိုအကြောင်းရပ်များကို ဖော်ပြတော်မူထားပေသည်။

ဤဆူရာဟ်ကို 'ဒုခါန်း'ဟု အမည်ပေးရသည့် အကြီးဆုံးအကြောင်းတစ်ရပ်မှာ အမိုက်မှောင်၏သားကောင်ဖြစ်သွားသူတို့အဖို့ ထိုအမှောင်၏နောက်တွင် ကရုဏာတော် နံနက်ခင်းတစ်စုံတစ်ရာမျှ ထွက်ပေါ်လာရန်မရှိတော့ချေ။ ထိုအမိုက်မှောင်သည် ၎င်းတို့အတွက် 'ဒုခါန်း'ကဲ့သို့ရှိပြီး၊ ၎င်းတို့၏ပြစ်ဒဏ်ခတ်မှုကို ကြီးထွားစေသောအကြောင်းခံတစ်ရပ်ဖြစ်မည်ဖြစ်သောကြောင့်တည်း။

ဤတွင် 'ဒုခါန်း'ဆိုသည်မှာ ယင်း၏အရိပ်အောက်တွင် မည်သည့်ဝတ္ထုပစ္စည်းတစ်စုံတစ်ရာမှ လုံခြုံမှုမရှိတော့ရုံမျှမက ပျက်စီးဆုံးရှုံးမှု အမျိုးမျိုးတို့၏ သားကောင်ဖြစ်သွားနိုင်သော အဏုမြူအခိုးအငွေ့များကို ညွှန်းဆိုခြင်းလည်း ဖြစ်နိုင်ချေရှိသည်။

သို့ဖြစ်ရာ ခေတ်သစ်သိပ္ပံပညာရှင်တို့၏ ရှာဖွေတွေ့ရှိချက်များအရ အဏုမြူအခိုးအငွေ့များ၏အောက်ခြေတွင်ရှိသမျှသော အသက်ဇီဝများမှာ ပျောက်ဆုံးကြရမည်သာမက ကမ္ဘာမြေအတွင်း နစ်မြုပ်ကွယ်ပျောက်လျက်ရှိသော ပိုးမွှား(Bacteria)များသည်ပင် သေကြေပျက်သုဉ်းကုန်ကြလိမ့်မည်ဖြစ်ကြောင်း သိရှိရပေသည်။

ယင်းတို့ဖြစ်ပေါ်လာသောအခါ- အို-အလ္လာဟ်၊ ဤမျှကြောက်မက်ဖွယ် ပြစ်ဒဏ်ကို ကျွန်တော်မျိုးတို့ထံမှ လွှဲဖယ်ပေးတော်မူပါဟုဆိုလျက် အလ္လာဟ်အား သတိရအာရုံပြုကြမည်ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်က မိန့်ထားတော်မူသည်။

ဤကဲ့သို့သော ပြစ်ဒဏ်များမှာ အချိန်ခြား၍ရောက်လာမည်ဖြစ်ကြောင်း ဤတွင် ကြိုတင်နိမိတ်ရှိထား၏။ ဆိုလိုသည်မှာ ကမ္ဘာစစ်ကြီးတစ်ခု၏ သေကြေပျက်စီးဆုံးရှုံးမှုများ၏နောက် အချိန်ကာလအနည်းငယ် ဆိုင်းထားပေမည်။ ထို့နောက်တစ်ဖန် ကမ္ဘာစစ်ကြီးက အသစ်သောပျက်စီးဆုံးရှုံးမှုများကို သယ်ဆောင်လာလိမ့်မည်ဟူ၏။

ဆူရာဟ်'အလ်-ဒုခါန်း'နှင့်စပ်လျဉ်း၍ တမန်တော်မြတ်ﷺအား အသိပေးတော်မူခြင်းခံရသည်မှာ ဤအနာဂတ်ကိစ္စများ ထင်ရှားမည့်ကာလမှာ 'ဒဂျာလ်' ထွက်ပေါ်ခြင်းနှင့်ဆက်စပ်မှုရှိသည်ဟူ၍ ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဒုခါန်း

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၆၀)ပိုဒ် ရှုကူ (၃)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

حٰمٓ ①

၂။ **حَمِيْدٌ مَجِيْدٌ** ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်၊ ဘုန်းကျက်သရေနှင့်ပြည့်စုံတော်မူသောအရှင်။

وَالْكِتٰبِ الْمُبِيْنِ ②

၃။ ပွင့်လင်း၍ထင်ရှားသော ဤကျမ်းတော်ကို သက်သေထူတော်မူ၏။

اِنَّآ اَنْزَلْنٰهُ فِيْ لَيْلَةٍ مُّبٰرَكَةٍ اِنَّا كُنَّا مُنْذِرِيْنَ ③

၄။ မလွဲမကန် ငါတို့သည် ဤသည်ကို ကြီးကျယ်၍ ကောင်းချီးမင်္ဂလာတော်နှင့်ပြည့်စုံသော ညဉ့်တစ်ညဉ့်တွင် ထုတ်ပြန်ချပေးသနားတော်မူ၏။ မည်သည့်အခြေအနေတွင်မဆို ငါတို့သည် သတိပေးနှိုးဆော်သူများဖြစ်ခဲ့၏။

فِيْهَا يُفْرَقُ كُلُّ اَمْرٍ حَكِيْمٍ ④

၅။ ယင်း(ညဉ့်)တွင် ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံသော အရေးကိစ္စဟူသမျှကို စီရင်ဆုံးဖြတ်တော်မူခြင်းခံရ၏။

اَمْرًا مِّنْ عِنْدِنَا ؕ اِنَّا كُنَّا مُرْسِلِيْنَ ⑤

၆။ ငါတို့၏အထံတော်မှဖြစ်သော အမိန့်ပြဋ္ဌာန်းချက်အနေဖြင့်ဖြစ်၏။ ဧကန်မလွဲ ငါတို့သည်ပင် 'ရစူလ်'တမန်တော်ကို စေလွှတ်တော်မူသောအရှင်ဖြစ်တော်မူ၏။

رَحْمَةً مِّنْ رَّبِّكَ ؕ اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ ⑥

၇။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ထံတော်မှ ကရုဏာတော်အနေဖြင့်ဖြစ်၏။ ဧကန်မုချ ထိုအရှင်မြတ်သည်ပင် အလွန်ကြားတော်မူသောအရှင်(နှင့်) ထာဝရသိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

رَبِّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا ۘ اِنْ كُنْتُمْ مُّوْقِنِيْنَ ⑦

၈။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့အပြင် ယင်းနှစ်ခု၏အကြားတွင်ရှိသည်တို့ကို ဖန်ဆင်းပျိုးထောင်တော်မူသောအရှင်မြတ်၏အထံတော်မှဖြစ်သည်။ အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြသော်။

لَآ اِلٰهَ اِلَّا هُوَ يُحْيٖ وَيُمِيْتُ ؕ رَبُّكُمْ وَرَبُّ اٰبَآئِكُمُ الْاَوَّلِيْنَ ⑧

၉။ ထိုအရှင်မြတ်မှတစ်ပါး ကိုးကွယ်ခြင်းခံထိုက်သူတစ်စုံတစ်ရာမျှမရှိ။ ထိုအရှင်မြတ်သည် ရှင်စေတော်မူ၏ ထို့ပြင် သေစေတော်မူ၏။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်လည်းဖြစ်၏။ ထို့ပြင် အသင်တို့ရှေ့က အဘဘိုးဘေးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်လည်းဖြစ်၏။

بَلْ هُمْ فِيْ شَكٍّ يَّلْعَبُوْنَ ⑨

၁၀။ အမှန်သော်ကား ၎င်းတို့မှာ သံသယတစ်ခုတွင် နစ်မွန်းကာ ကစားခုန်စားပြုလျက်ရှိကြ၏။

فَارْتَقِبْ يَوْمَ تَأْتِي السَّمَآءُ بِدُخَانٍ مُّبِيْنٍ ۙ﴿۱۰﴾

၁၀။ သို့ဖြစ်ရာ ကောင်းကင်ယံက တစ်ခုသော ထင်ရှားသည့် အခိုးအငွေ့ကိုဆောင်လာမည့် ထိုနေ့ကို စောင့်မျှော်ပါလေ။

يَّغْشَى النَّاسَ ۭ هٰذَا عَذَابٌ اَلِيْمٌ ﴿۱۱﴾

၁၁။ ယင်းသည် လူသားတို့အား အုပ်မိုးလိုက်ပေအံ့။ ဤသည် လွန်စွာ နာကျင်ဖွယ်ကောင်းသော ပြစ်ဒဏ်ဖြစ်ချိမ့်မည်။

رَبَّنَا اكْشِفْ عَنَّا الْعَذَابَ اِنَّا مُؤْمِنُوْنَ ﴿۱۲﴾

၁၂။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ဤပြစ်ဒဏ်ကို ကျွန်တော်မျိုးတို့မှ ဝေးစေတော်မူပါ။ ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် သက်ဝင်ယုံကြည်ကြပါမည်။

اَنّٰى لَهُمُ الذِّكْرٰى وَ قَدْ جَآءَهُمْ رَسُوْلٌ مُّبِيْنٌ ﴿۱۳﴾

၁၃။ ၎င်းတို့ထံသို့ လင်းဝင်းသည့်အထောက်အထားနှင့် တမန်တော်တစ်ပါးသည် လာရောက်ခဲ့ပြီးဖြစ်ပါလျက် ယခု ၎င်းတို့အတွက် အဆုံးအမသည်ကား အဘယ်မှာလျှင်ရှိတော့အံ့နည်း။

ثُمَّ تَوَلَّوْا عَنْهُ وَقَالُوْا مُعَلَّمٌ مَّجْنُوْنٌ ﴿۱۴﴾

၁၄။ သို့ပါလျက်လည်း ၎င်းတို့သည် သူ့ထံမှ လွှဲဖယ်ကြ၏။ ထို့ပြင် သင်ပြပို့ချပေးထားခြင်းခံရသူ၊ (ထိုမျှမက) ရူးသွပ်သူဖြစ်သည်ဟု ဆိုကြ၏။

اِنَّا كَاشِفُوا الْعَذَابِ قَلِيْلًا اِنَّكُمْ عَآئِدُوْنَ ۘ﴿۱۵﴾

၁၅။ ငါတို့သည် အမှန်ပင် ပြစ်ဒဏ်ကို အတန်ငယ်ကာလအတွက် ဖယ်ရှားပေးတော်မူမည်။ ဧကန်မလွဲ အသင်တို့သည် (ဤအကြောင်းရပ်ကိုပင်) တစ်ဖန်ပြန်၍ ပြုလုပ်ကြဦးမည့် သူများဖြစ်ကြ၏။

يَوْمَ نَبْطِشُ الْبَطْشَةَ الْكُبْرٰى ۚ اِنَّا مُنْتَقِمُوْنَ ﴿۱۶﴾

၁၆။ အကြင်နေ့တွင် ငါတို့သည် အလွန်ပြင်းထန်စွာဖြင့် (အသင်တို့အား) လက်ရဖမ်းဆီးတော်မူပေအံ့။ ဧကန်မုချ ငါတို့သည် တုံ့ပြန်လက်စားချေမည့်သူများဖြစ်ကြ၏။

وَلَقَدْ فَتَنَّا قَبْلَهُمْ قَوْمَ فِرْعَوْنَ وَجَآءَهُمْ رَسُوْلٌ كَرِيْمٌ ﴿۱۷﴾

၁၇။ ထို့ပြင် ဧကန်မလွဲ ငါတို့သည် ထိုသူတို့ထက်အလျင်က 'ဖိရ်အောင်'၏အမျိုးသားတို့ကိုလည်း ၎င်းတို့ထံ ကြည်ညိုအပ်သော တမန်တော်တစ်ပါး လာရောက်ခဲ့စဉ်အခါက စမ်းသပ်ခဲ့ချေပြီ။

اَنْ اَدُّوْٓا اِلَيَّ عِبَادَ اللّٰهِ ۭ اِنِّىْ لَكُمْ رَسُوْلٌ اَمِيْنٌ ﴿۱۸﴾

၁၈။ (ဤသို့ပြောဆိုလျက်) အလ္လာဟ်၏အစေတော်များကို ကျွန်ုပ်အားအပ်နှင်းပါလေ မုချမလွဲ ကျွန်ုပ်သည် အသင်တို့အဖို့ရာ သစ္စာရှိသော တမန်တော်တစ်ပါးဖြစ်၏။

وَّاَنْ لَّا تَعْلُوْا عَلَى اللّٰهِ ۚ اِنِّىْٓ اٰتِيْكُمْ بِسُلْطٰنٍ مُّبِيْنٍ ﴿۱۹﴾

၁၉။ ထို့မှတစ်ပါး အလ္လာဟ်နှင့်ဆန့်ကျင်လျက် ဆိုးသွမ်းသောင်းကျန်းမှုကိုမပြုကြလင့်။ ဧကန်မလွဲ ကျွန်ုပ်သည် အသင်တို့ထံ ပွင့်လင်းထင်ရှား၍ လွှမ်းမိုးအောင်နိုင်သော သက်သေသာဓကတော်တစ်ရပ်ကို ယူဆောင်လာသူဖြစ်၏။

وَ اِنِّىْ عُذْتُ بِرَبِّىْ وَ رَبِّكُمْ اَنْ

၂၀။ စင်စစ်ဧကန် ကျွန်ုပ်အား အသင်တို့က ကျောက်ခဲဖြင့် ပေါက်၍ သတ်မည့်(အရေး)မှ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူ

تَرْجُمُوْنِ ﴿۲۰﴾

တော်မူသောအရှင်နှင့် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏အကာအကွယ်တွင် ဝင်ရောက်ခိုလှုံပါ၏။

وَاِنْ لَّمْ تُؤْمِنُوْا لِیْ فَاعْتَزِلُوْنِ ﴿۲۱﴾

၂၂။ ထို့ပြင် အကယ်၍ အသင်တို့သည် ကျွန်ုပ်အား မယုံကြည်ကြလျှင် ကျွန်ုပ်အား တစ်ကိုယ်တည်းစွန့်ထားခဲ့ကြကုန်။

فَدَعَا رَبَّهٗۤ اَنَّ هٰۤؤُلَآءِ قَوْمٌ مُّجْرِمُوْنَ ﴿۲۲﴾ ع

၂၃။ သို့ဖြင့် သူက မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကို ဟစ်ကြွေးလျှောက်ထားသည်မှာ ဤသည် အပြစ်ကျူးလွန်သော အမျိုးသားများဖြစ်ကြပါ၏။

فَاَسْرِ بِعِبَادِیْ لَیْلًا اِنَّكُمْ مُّتَّبَعُوْنَ ﴿۲۳﴾

၂၄။ သို့ဖြစ်ရာ အသင်သည် ငါအရှင်မြတ်၏ အစေတော်များအား အတူခေါ်ဆောင်၍ ညဉ့်အချိန်တွင် ထွက်ခွာပါလေ။ မုချမလွဲ အသင်တို့အား နောက်မှလိုက်လံခြင်းခံကြရပေအံ့။

وَاتْرُكِ الْبَحْرَ رَهْوًا ؕ اِنَّهُمْ جُنْدٌ مُّغْرَقُوْنَ ﴿۲۴﴾

၂၅။ ထို့ပြင် ပင်လယ်အားလုံး ငြိမ်သက်စွာရှိလာသည့်တိုင် စွန့်ထားခဲ့ပါလေ။ စင်စစ် ယင်းတို့သည် နှစ်မြှုပ်ခြင်းခံကြရမည့် တပ်ဖွဲ့ဖြစ်၏။

كَمْ تَرَكُوْا مِنْ جَنّٰتٍ وَّعُیُوْنٍ ﴿۲۵﴾

၂၆။ ထိုသူတို့သည် အဘယ်မျှသော ဥယျာဉ်များနှင့် စမ်းချောင်းများကို (နောက်တွင်) ချန်ရစ်စွန့်ထားခဲ့ကြပေသနည်း။

وَّزُرُوْعٍ وَّمَقَامٍ كَرِیْمٍ ﴿۲۶﴾

၂၇။ ထို့ပြင် လယ်ယာများကိုလည်းကောင်း ဂုဏ်ပြုလေးစားအပ်သော ဌာနများကိုလည်းကောင်း။

وَّنَعْمَةٍ كَانُوْا فِیْهَا فٰكِهِیْنَ ﴿۲۷﴾

၂၈။ ထို့ပြင် ထိုသူတို့ စည်းစိမ်ခံမြဲရှိခဲ့သော မွေ့လျော်စံပျော်ရာများကိုလည်းကောင်း။

كَذٰلِكَ ؕ وَاَوْرَثْنٰهَا قَوْمًا اٰخَرِیْنَ ﴿۲۸﴾

၂၉။ ဤသို့ပင်ဖြစ်၏။ ထို့ပြင် ငါတို့သည် အခြားတစ်ပါးသော အမျိုးသားတို့အား ဤသည်(စည်းစိမ်ချမ်းသာ)၏အမွေခံများပြုလုပ်လိုက်တော်မူ၏။

فَمَا بَكَتْ عَلَیْهِمُ السَّمَآءُ وَالْاَرْضُ وَمَا كَانُوْا مُنْظَرِیْنَ ﴿۲۹﴾ ع

၃၀။ သို့ဖြစ်ရာ ယင်းတို့အတွက် မိုးကောင်းကင်နှင့် ကမ္ဘာမြေတို့သည် ငိုကြွေးခြင်းမရှိခဲ့သည့်အပြင် ယင်းတို့သည် ဆိုင်းငံ့ခွင့်ပေးခြင်းကိုလည်း မခံခဲ့ကြရပေသတည်း။

ရုကူ-၂

وَلَقَدْ نَجَّیْنَا بَنِیْۤ اِسْرَآءِیْلَ مِنَ الْعَذَابِ الْمُهِیْنِ ﴿۳۰﴾

၃၀။ စင်စစ်ဧကန် ငါတို့သည်'ဘနီအစ္စရာအီလ်'တို့အား ကျိုးယုတ်ရှက်ရဖြစ်စေမည့်ပြစ်ဒဏ်တစ်ရပ်မှကယ်တင်တော်မူခဲ့၏။

مِنْ فِرْعَوْنَ ؕ اِنَّهٗ كَانَ عَالِیًا مِّنَ الْمُسْرِفِیْنَ ﴿۳۱﴾

၃၂။ ယင်းမှာ 'ဖိရ်အောင်'၏ထံမှဖြစ်ခဲ့၏။ ဧကန်ပင် ယင်းသည် စည်းကမ်းချိုးဖောက်ကျူးလွန်သူတို့အနက်မှ အလွန်ခက်ထန်ကြမ်းကြုတ်သူတစ်ဦး ဖြစ်ခဲ့၏။

وَلَقَدِ اخْتَرْنٰهُمْ عَلٰی عِلْمٍ عَلَی الْعٰلَمِیْنَ ﴿۳۲﴾ ۚ

၃၃။ ထို့ပြင် ဧကန်ပင် အသိပညာအချို့ကြောင့် တစ်လောကလုံးထက်ဝယ် သာလွန်မှုပြုပေးတော်မူခဲ့၏။

وَاٰتَیْنٰهُمْ مِّنَ الْاٰیٰتِ مَا فِیْهِ بَلٰٓؤٌا مُّبِیْنٌ ﴿۳۳﴾

၃၄။ ထို့မှတစ်ပါး ငါတို့သည် သူတို့အား အတိတ်နိမိတ်

အချို့ကို ပေးတော်မူခဲ့၏။ ယင်းတွင် ထင်ရှားသော စမ်းသပ်မှု ပါရှိခဲ့၏။

إِنَّ هَٰؤُلَاءِ لَيَقُولُونَ ﴿٣٤﴾

၃၄။ ဧကန်ပင် ဤသူတို့သည် ပြောဆိုကြကုန်၏။

إِنْ هِيَ إِلَّا مَوْتَتُنَا الْأُولَىٰ وَمَا نَحْنُ بِمُنشَرِينَ ﴿٣٥﴾

၃၅။ ကျွန်ုပ်တို့၏ ဤသည့် ပထမအကြိမ် သေဆုံးခြင်းမှတစ်ပါး အခြားမည်သည့် သေဆုံးခြင်းတစ်စုံတစ်ရာမျှမရှိ၊ စင်စစ် ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ကြရမည့်သူများ မဟုတ်ချေ။

فَأْتُوا بِآبَائِنَا إِن كُنتُمْ صَادِقِينَ ﴿٣٦﴾

၃၆။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် မှန်ကန်သူများ ဖြစ်ကြပါလျှင်၊ ကျွန်ုပ်တို့၏အဘဘိုးဘေးတို့အား တစ်ဖန်ပြန်၍ ခေါ်ယူလာပါလေ။

أَهُمْ خَيْرٌ أَمْ قَوْمُ تُبَّعٍ وَالَّذِينَ مِن قَبْلِهِمْ ۖ أَهْلَكْنَاهُمْ ۖ إِنَّهُمْ كَانُوا مُجْرِمِينَ ﴿٣٧﴾

၃၇။ ဤသူတို့သည် ပို၍ကောင်းပေသလော။ သို့တည်းမဟုတ် 'တွတ်ဘာ' အမျိုးသားများနှင့် ယင်းတို့ထက်အလျင်က ရှိခဲ့ကြသော အမျိုးသားတို့(ကပို၍ကောင်းသည်)လော။ ထိုသူတို့အား ငါတို့သည် ဖျက်ဆီးပစ်တော်မူခဲ့၏။ စင်စစ် ယင်းတို့(အားလုံး)သည် အပြစ်ကျူးလွန်သူများဖြစ်ခဲ့ကြ၏။

وَمَا خَلَقْنَا السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا لَاعِبِينَ ﴿٣٨﴾

၃၈။ ထို့ပြင် ငါတို့သည် မိုးကောင်းကင်များနှင့်ကမ္ဘာမြေ၊ ထို့အပြင် ယင်းတို့၏အကြားတွင်ရှိသမျှတို့ကို ကစားခုန်စားပြုရင်းနှင့် ဖန်ဆင်းတော်မူခဲ့သည်မဟုတ်ချေ။

مَا خَلَقْنَاهُمَا إِلَّا بِالْحَقِّ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٣٩﴾

၃၉။ ငါတို့သည် ယင်းတို့အား ထိုက်သင့်မှန်ကန်စွာဖြင့်မှတစ်ပါး ဖန်ဆင်းတော်မူသည် မဟုတ်ချေ။ သို့ရာတွင် ထိုသူတို့အနက် အများစုမှာ မသိနားမလည်ကြချေ။

إِنَّ يَوْمَ الْفَصْلِ مِيقَاتُهُمْ أَجْمَعِينَ ﴿٤٠﴾

၄၀။ ဧကန်စင်စစ် စီရင်ဆုံးဖြတ်တော်မူမည့်နေ့သည် ယင်းတို့အားလုံးအတွက်သတ်မှတ်ပြီးသောအချိန်ကာလတစ်ရပ်ဖြစ်၏။

يَوْمَ لَا يُغْنِي مَوْلًى عَن مَّوْلًى شَيْئًا وَلَا هُمْ يُنصَرُونَ ﴿٤١﴾

၄၁။ အကြင်နေ့တွင် မည်သည့် အဆွေခင်ပွန်းမျှ အခြားတစ်စုံတစ်ရာအပေါင်းအသင်းအတွက် အလျှင်းအသုံးဝင်လိမ့်မည်မဟုတ်ချေ။ ထို့ပြင် ၎င်းတို့သည် အကူအညီပေးခြင်းခံရမည်လည်းမဟုတ်။

إِلَّا مَن رَّحِمَ اللَّهُ ۚ إِنَّهُ هُوَ الْعَزِيزُ الرَّحِيمُ ﴿٤٢﴾ ع

၄၂။ အလ္လာဟ်က ကရုဏာပြုသူမှတစ်ပါးဖြစ်၏။ ဧကန်မလွဲထိုအရှင်မြတ်သည်သာ အကြင်းမဲ့ လွန်မိုးအောင်နိုင်တော်မူသောအရှင်(နှင့်) အဖန်တလဲလဲ သနားကြင်နာတော်မူသော အရှင် ဖြစ်တော်မူ၏။

ရုကူး-၃

إِنَّ شَجَرَتَ الزَّقُّومِ ﴿٤٣﴾

၄၃။ ဧကန်မလွဲ 'ဇက်ကွန်း‌မ်'ရှားစောင်းကြီးပင်သည်၊

طَعَامُ الْأَثِيمِ ﴿٤٤﴾

၄၄။ အပြစ်ကျူးလွန်သူ၏ အစားအစာဖြစ်၏။

كَالْمُهْلِ يَغْلِي فِي الْبُطُونِ ﴿٤٥﴾

၄၅။ (ယင်းမှာ) အရည်ကျိုထားသော ကြေးနီရည်ကဲ့သို့ဖြစ်၏။ ဝမ်းဗိုက်များအတွင်း၌ ပွက်ပွက်ဆူပေအံ့။

كَغَلْيِ الْحَمِيْمِ ﴿٤٥﴾

၄၅။ ရေနွေးပွက်ပွက်ဆူသကဲ့သို့ပင်၊

خُذُوْهُ فَاعْتِلُوْهُ اِلٰى سَوَآءِ الْجَحِيْمِ ﴿٤٦﴾

၄၆။ သူ့အားဖမ်းဆီးလော့၊ ထို့နောက် သူ့အား'ဂျဟန္နမ်'ငရဲ၏ အလယ်ဗဟိုသို့ တရွတ်ဆွဲခေါ်ဆောင်သွားလော့။

ثُمَّ صُبُّوْا فَوْقَ رَاْسِهٖ مِنْ عَذَابِ الْحَمِيْمِ ﴿٤٧﴾

၄၇။ ထို့နောက် ဦးခေါင်းပေါ်သို့ ပွက်ပွက်ဆူလျက်ရှိသော ရေနွေးပူအချို့၏ ပြစ်ဒဏ်ကိုသွန်းချလော့။

ذُقْ ۚ اِنَّكَ اَنْتَ الْعَزِيْزُ الْكَرِيْمُ ﴿٤٨﴾

၄၈။ မြည်းစမ်းပါလေ။ ဧကန်ပင် အသင်သည် အလွန်တရာ ကြီးမြတ်သူ(နှင့်) ဂုဏ်သရေရှိသူဖြစ်(လေဟန်ရှိ)ခဲ့၏။

اِنَّ هٰذَا مَا كُنْتُمْ بِهٖ تَمْتَرُوْنَ ﴿٤٩﴾

၄၉။ စင်စစ် အသင်တို့ ယုံမှားသံသယဖြစ်လေ့ရှိခဲ့ကြသော ထို(အကြောင်းရပ်)သည်ကား ဤသည်ပင်ဖြစ်၏။

اِنَّ الْمُتَّقِيْنَ فِيْ مَقَامٍ اَمِيْنٍ ﴿٥١﴾

၅၁။ မုချမလွဲ 'မွတ္တကီ'အပြစ်ရှောင်သူတို့သည် ငြိမ်းချမ်းခြင်း အတိုင်းသည့် နေရာဌာနတွင် ရှိကြပေအံ့။

فِيْ جَنّٰتٍ وَّعُيُوْنٍ ﴿٥٢﴾

၅၂။ ဥယျာဉ်များနှင့် စမ်းချောင်းများတွင်၊

يَّلْبَسُوْنَ مِنْ سُنْدُسٍ وَّ اِسْتَبْرَقٍ مُّتَقٰبِلِيْنَ ﴿٥٣﴾

၅၃။ နူးညံ့ပါးလွှာသည်နှင့် ထူပိန်းပိန်းရှိသည့် ပိုးထည်အဝတ်ကို ဝတ်စားဆင်ယင်လျက် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင် ထိုင်လျက်ရှိကြမည်။

كَذٰلِكَ ۗ وَزَوَّجْنٰهُمْ بِحُوْرٍ عِيْنٍ ﴿٥٤﴾

၅၄။ ဤသို့သာဖြစ်ပေအံ့၊ ထို့ပြင် ငါတို့သည် သူတို့အား မျက်ဝန်းကျယ်သော အပျိုစင်တို့၏အဖော်မွန်အဖြစ် ပြုပေးတော်မူပေလတ္တံ့။ ۞

يَدْعُوْنَ فِيْهَا بِكُلِّ فَاكِهَةٍ اٰمِنِيْنَ ﴿٥٥﴾

၅၅။ ထိုသူတို့သည် ယင်း၌ ငြိမ်းချမ်းစွာဖြင့် သစ်သီးဝလံမျိုးစုံကိုမှာယူလျက် ရှိနေကြပေအံ့။

لَا يَذُوْقُوْنَ فِيْهَا الْمَوْتَ اِلَّا الْمَوْتَةَ الْاُوْلٰى ۚ وَوَقٰهُمْ عَذَابَ الْجَحِيْمِ ﴿٥٦﴾

၅၆။ သူတို့သည် ယင်း၌ ပထမသေဆုံးခြင်းအပြင် အခြားမည်သည့်သေခြင်း၏ အရသာကိုမျှ မြည်းစမ်းကြရမည် မဟုတ်ချေ။ ထို့ပြင် ထိုအရှင်မြတ်က ထိုသူတို့အား 'ဂျဟန္နမ်' ငရဲ၏အပြစ်ဒဏ်မှ ကယ်တင်တော်မူပေမည်။

فَضْلًا مِّنْ رَّبِّكَ ۭ ذٰلِكَ هُوَ الْفَوْزُ الْعَظِيْمُ ﴿٥٧﴾

၅၇။ ဤသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အထံတော်မှ ကျေးဇူးတော်အနေဖြင့်ဖြစ်ပေလတ္တံ့။ ဤသည်သာလျှင် အလွန်ကြီးကျယ်သော အောင်မြင်မှုဖြစ်၏။

فَاِنَّمَا يَسَّرْنٰهُ بِلِسَانِكَ لَعَلَّهُمْ يَتَذَكَّرُوْنَ ﴿٥٨﴾

၅၈။ သို့ဖြစ်ရာ မုချမလွဲ ငါတို့သည် ဤသည်ကို အသင်၏နှုတ်ထက်တွင် လွယ်ကူစေတော်မူပြီ၊ သို့ဖြင့် သူတို့သည် တရားရစေရာ၏။

فَارْتَقِبْ اِنَّهُمْ مُّرْتَقِبُوْنَ ﴿٥٩﴾ ۩

၅၉။ သို့ဖြစ်ရာ အသင်သည်စောင့်ဆိုင်းပါလေ။ဧကန်ပင် ယင်းတို့သည်လည်း စောင့်ဆိုင်းလျက်ရှိသူများဖြစ်ကြပေသတည်း။

❖ ❖ ❖

۞ (အာယတ်တော် ၅၄-၅၅) ဤလောကရှိ လူသားများကြိုက်နှစ်သက်သောဝတ္ထုပစ္စည်းများကို ဤတွင် ဥပမာပေးလျက် ပုံဆောင်ဖော်ပြခြင်းဖြစ်သည်။ အမှန်သော်ကား ယင်း၏ပကတိအနေအထားကို မည်သူတစ်ဦးတစ်ယောက်မျှ မသိနားမလည်ချေ။

၄၅။ အလင်–ဂျာဆီယာဟ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠ်တော် (၃၈)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်မှ အာယတ်တော်(၁၄)တွင် ကမ္ဘာမြေနှင့် မိုးကောင်းကင်၌ ငုပ်လျှိုးလျက်ရှိသော လျှို့ဝှက်ဆန်းကြယ်မှုများကို ကန့်လန့်ကာလှပ်ပြထားတော်မူပေရာ ရှေးယခင် မည်သည့်ကျမ်းဂန်တွင်မျှ ယင်းနှင့်အလားတူ မုက္ခပါဠ်တော်မျိုး မပါရှိခဲ့ဖူးချေ။ မိန့်ထားသည်မှာ ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့တွင် ရှိရှိသမျှတို့မှာ လူသားအတွက် နာခံအလုပ်အကျွေးပြုရန်ဖြစ်၏။ သို့ကြောင့် ကောင်းကင်နက္ခတ်တို့၏ သက်ရောက်မှုများသည် လူသားအပေါ် စနစ်တကျရောက်ရှိနေကြောင်းကို စဉ်းစားတွေးခေါ်သူတို့ သိရှိကြလိမ့်မည်။ လူသားသည် ကမ္ဘာဂြိုဟ်အသေးစား (Micro Universe)သဖွယ်ဖြစ်၍ ဤသည့် ကျယ်ပြောလှသော စကြဝဠာ၏ ပုံစံငယ်ဖြစ်ပေသည်။

ထို့နောက် 'ကေယာမတ်'နေ့တော်ကြီး အမှန်တကယ် ရောက်ရှိလာမည်ဖြစ်ကြောင်း(နှင့်) 'ကေယာမတ်'၏ကြောက်မက်ဖွယ် အတိတ်နိမိတ်များကို မြင်တွေ့ကြရပြီး မိမိ၏ မကောင်းသော ရလဒ်ကို မိမိမျက်မှောက်တွင် မြင်တွေ့လိုက်ရသဖြင့် ယင်းသည် မြေပေါ်တွင် ဒုးထောက်လျက်သားရှိနေမည် ဖြစ်ကြောင်း (၀၁) အလ္လာဟ်အရှင်မြတ်၏ ဂုဏ်ဘုန်းတေဇာ၏ရှေ့တွင် ဦးညွှတ်နှိမ့်ချလျက် သူသည် ဤ'အဇာဘ်'ပြစ်ဒဏ်ကြီးမှ လွတ်မြောက်ခွင့်ရလျှင်ကောင်းလေစွဟု မျှော်လင့်ပေလိမ့်မည်။

ထို့နောက် အမျိုးသားထုတိုင်းကို ၎င်းတို့၏ကျမ်းဂန် (၀၁) ဥပဒေသနှင့်အညီ စီရင်ဆုံးဖြတ်တော်မူမည်ဟု မိန့်ကြားထားသည်။

ဤဆူရာဟ်၏ နောက်ဆုံးအာယတ်တော်က လူသား၏အာရုံကို ထိုအကြောင်းအရာဘက်သို့ တစ်ဖန်ပြန်၍လှည့်စေ၏။ ယင်းကား စကြဝဠာတစ်ခုလုံးသည် အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုလျက်ရှိကြ၏။ ထို့ပြင် ကြီးကျယ်မြင့်မြတ်မှုအပေါင်းသည် ထိုအရှင်မြတ်အဖို့သာလျှင်ဖြစ်ပြီး အရှင်မြတ်သည် အကြွင်းမဲ့ လွမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဘဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်ကြောင်း အရိပ်နိမိတ်တို့ဖြင့် ဖော်ကျူးလျက်ရှိကြကုန်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဂျာဆီယာဟ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၃၈)ပိုဒ် ရှုကူ (၄)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

حٰمٓ ②

၂။ **حَمِيْدٌ مَجِيْدٌ** ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်၊ ဘုန်းကျက်သရေနှင့်ပြည့်စုံတော်မူသောအရှင်။

تَنْزِيْلُ الْكِتٰبِ مِنَ اللّٰهِ الْعَزِيْزِ الْحَكِيْمِ ③

၃။ ဤကျမ်းတော်ကို ထုတ်ပြန်ပို့ချပေးတော်မူခြင်းမှာ အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်ထံတော်မှဖြစ်၏။

اِنَّ فِي السَّمٰوٰتِ وَالْاَرْضِ لَاٰيٰتٍ لِّلْمُؤْمِنِيْنَ ④

၄။ ကောန်မလွဲ သက်ဝင်ယုံကြည်သူတို့အတွက် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင် နိမိတ်လက္ခဏာတော်အများအပြားရှိ၏။

وَفِيْ خَلْقِكُمْ وَمَا يَبُثُّ مِنْ دَآبَّةٍ اٰيٰتٌ لِّقَوْمٍ يُّوْقِنُوْنَ ⑤

၅။ ထို့ပြင် အသင်တို့အား ဖန်ဆင်းခြင်းတွင်လည်းကောင်း၊ ထိုအရှင်မြတ်က သွားလာလှုပ်ရှားလျက်ရှိသမျှသော သက်ရှိသတ္တဝါတို့ကို ပျံ့နှံ့စေတော်မူခြင်းတွင်လည်းကောင်း ယုံကြည်ခြင်းရှိကြကုန်သော အမျိုးသားတစ်ရပ်အတွက် ကြီးကျယ်လှသော သက်သေလက္ခဏာများသည်ရှိ၏။

وَاخْتِلَافِ الَّيْلِ وَالنَّهَارِ وَمَآ اَنْزَلَ اللّٰهُ مِنَ السَّمَآءِ مِنْ رِّزْقٍ فَاَحْيَا بِهِ الْاَرْضَ بَعْدَ مَوْتِهَا وَتَصْرِيْفِ الرِّيٰحِ اٰيٰتٌ لِّقَوْمٍ يَّعْقِلُوْنَ ⑥

၆။ ထို့ပြင် ည၌နှင့် နေ့တို့၏ အပြောင်းအလဲဖြစ်ခြင်းတွင်လည်းကောင်း၊ အလ္လာဟ်က မိုးကောင်းကင်မှ 'ရိဇ်ကီ'ရိက္ခာတစ်မျိုးကို ချပေးတော်မူပြီးနောက် ထိုသည်အားဖြင့် ကမ္ဘာမြေကို ယင်း၏သေလွန်ပြီးနောက် ရှင်ပြန်စေတော်မူခြင်းတွင်လည်းကောင်း၊ လေများကို ဦးတည်ရာလှည့်ပြောင်း၍ တိုက်ခတ်စေခြင်းတွင်လည်းကောင်း အသိဉာဏ်ရှိသူအမျိုးသားတို့အဖို့ ကြီးကျယ်သော သက်သေလက္ခဏာများသည်ရှိ၏။

تِلْكَ اٰيٰتُ اللّٰهِ نَتْلُوْهَا عَلَيْكَ بِالْحَقِّ ۚ فَبِاَيِّ حَدِيْثٍۢ بَعْدَ اللّٰهِ وَاٰيٰتِهٖ يُؤْمِنُوْنَ ⑦

၇။ ဤကား ငါတို့က အသင်၏ရှေ့မှောက်တွင် တိကျမှန်ကန်စွာ ဖတ်ကြားနာယူစေတော်မူသော အလ္လာဟ်၏ 'အာယတ်'မှုကျပါဌ်တော်များဖြစ်၏။ သို့ဖြစ်ရာ အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ မုကျပါဌ်တော်များနောက်တွင် တစ်ဖန် မည်သည့်စကားအပေါ် ၎င်းတို့ယုံကြည်ပေဦးမည်နည်း။

وَيْلٌ لِّكُلِّ اَفَّاكٍ اَثِيْمٍ ⑧

၈။ လွန်စွာ လိမ်ညာသူနှင့် ကြီးကျယ်သော မုသားဆိုသူတိုင်းအပေါ် ပျက်စီးခြင်းဖြစ်စေသား။

يَّسْمَعُ اٰيٰتِ اللّٰهِ تُتْلٰى عَلَيْهِ ثُمَّ يُصِرُّ

၉။ ထိုသူသည် သူ့အား ဖတ်ကြားပြသော အလ္လာဟ်၏ 'အာယတ်'များကိုကြားရ၏။ သို့ပါလျက် သူသည် မကြား

مُسْتَكْبِرًا كَاَنْ لَّمْ يَسْمَعْهَا ۚ فَبَشِّرْهُ بِعَذَابٍ اَلِيْمٍ ۝

ရသကဲ့သို့ မာန်မာနထောင်လွှားလျက် (မိမိ၏ဇွတ်တရွတ်နိုင်မှုအပေါ်) ဆက်လက်တင်းမာ၍သာနေလေ၏။ သူ့အား နာကျင်ဖွယ်သောပြစ်ဒဏ်၏ သတင်းကိုပေးပါလေ။

وَ اِذَا عَلِمَ مِنْ اٰيٰتِنَا شَيْـًٔا اتَّخَذَهَا هُزُوًا ؕ اُولٰٓئِكَ لَهُمْ عَذَابٌ مُّهِيْنٌ ۝

၁၀။ ထို့မှတစ်ပါး ထိုသူသည် ငါတို့၏ နိမိတ်လက္ခဏာတော်များအနက် အချို့ကိုသိရှိသောအခါ ထိုသည်ကို ပြောင်လှောင်ပြက်ရယ်ပြုရာအဖြစ် ပြုလုပ်လေ၏။ ဤသူတို့သည်ပင် ယင်းတို့အဖို့ ကျိုးယုတ်ရှက်ရဖြစ်စေမည့် ပြစ်ဒဏ်သည်ရှိ၏။

مِنْ وَّرَآئِهِمْ جَهَنَّمُ ۚ وَلَا يُغْنِىْ عَنْهُمْ مَّا كَسَبُوْا شَيْـًٔا وَّلَا مَا اتَّخَذُوْا مِنْ دُوْنِ اللّٰهِ اَوْلِيَآءَ ۚ وَلَهُمْ عَذَابٌ عَظِيْمٌ ۝

၁၁။ (ထို့ပြင်) ယင်းတို့၏တစ်ဘက်တွင် 'ဂျဟန္နမ်'ငရဲသည်ရှိ၏။ ၎င်းပြင် ယင်းတို့ရှာဖွေဆည်းပူးခဲ့သမျှတို့သည် ဘာမျှအသုံးဝင်လိမ့်မည်မဟုတ်ချေ။ ထို့မှတစ်ပါး ယင်းတို့သည် အလ္လာဟ်မှလွဲ၍ အဆွေခင်ပွန်းဖွဲ့ထားကြသော အကြင်အရာသည်လည်း (ယင်းတို့အတွက်အသုံးဝင်မည်) မဟုတ်ချေ။ အမှန်သော်ကား ယင်းတို့အတွက် ကြီးလေးလှစွာသော ပြစ်ဒဏ်တစ်ရပ်သည် (စီမံထား)ရှိ၏။

هٰذَا هُدًى ۚ وَالَّذِيْنَ كَفَرُوْا بِاٰيٰتِ رَبِّهِمْ لَهُمْ عَذَابٌ مِّنْ رِّجْزٍ اَلِيْمٌ ۝

၁၂။ ဤကား ကြီးကျယ်လှစွာသော လမ်းညွှန်တော်တစ်ရပ်ဖြစ်၏။ ထို့ပြင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ 'အာယတ်'တော်များကို ငြင်းပယ်ကြကုန်သော သူတို့အတွက် တုန်လှုပ်ချောက်ချားဖွယ်ရာပြစ်ဒဏ်များအနက် နာကျင်ဖွယ်ပြစ်ဒဏ်တစ်ရပ်(ကို စီမံထား)ရှိပေသတည်း။

ရုကူး-၂

اَللّٰهُ الَّذِىْ سَخَّرَ لَكُمُ الْبَحْرَ لِتَجْرِىَ الْفُلْكُ فِيْهِ بِاَمْرِهٖ وَلِتَبْتَغُوْا مِنْ فَضْلِهٖ وَلَعَلَّكُمْ تَشْكُرُوْنَ ۝

၁၃။ အလ္လာဟ်၊ ထိုအရှင်မြတ်သည်ကား အရှင်မြတ်၏အမိန့်တော်ဖြင့် လှေသင်္ဘောများ သွားလာနိုင်စေရန်လည်းကောင်း၊ ယင်း၏အကျိုးဆက်ဖြင့် အသင်တို့သည် ထိုအရှင်မြတ်၏ 'ဖဇလ်'ကျေးဇူးတော်ကို ရှာဖွေနိုင်ကြစေရန်လည်းကောင်း၊ သမုဒ္ဒရာကိုအသင်တို့အဖို့အကျိုးဆောင်ခြင်းငှာ ပြုပေးထားတော်မူသောအရှင်ဖြစ်တော်မူ၏။ ထိုသို့ဖြင့် အသင်တို့သည် ကျေးဇူးသိကြစိမ့်သောငှာဖြစ်၏။

وَسَخَّرَ لَكُمْ مَّا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ جَمِيْعًا مِّنْهُ ؕ اِنَّ فِىْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّتَفَكَّرُوْنَ ۝

၁၄။ ဤတွင်မကထိုအရှင်မြတ်သည် မိုးကောင်းကင်များတွင်ရှိသမျှတို့နှင့် ကမ္ဘာမြေတွင်ရှိသမျှ အလုံးစုံတို့ကို အသင်တို့အတွက် အကျိုးဆောင်ရန် ပြုတော်မူထားပေပြီ၊ ဤတွင် စဉ်းစားတွေးခေါ်သူတို့အဖို့ ဧကန်ပင် ပေါ်လွင်ထင်ရှားလှစွာသော သက်သေလက္ခဏာများသည်ရှိ၏။

قُلْ لِّلَّذِيْنَ اٰمَنُوْا يَغْفِرُوْا لِلَّذِيْنَ لَا يَرْجُوْنَ اَيَّامَ اللّٰهِ لِيَجْزِىَ قَوْمًا بِمَا كَانُوْا يَكْسِبُوْنَ ۝

၁၅။ အသင်သည် သက်ဝင်ယုံကြည်ကြသောသူတို့အား အလ္လာဟ်၏နေ့တော်များကို မျှော်လင့်ခြင်းမရှိကြသူတို့အပေါ် ခွင့်လွှတ်ခြင်းဖြင့် ဆက်ဆံရန်ပြောကြားလိုက်ပါလေ။ သို့မှသာ ထိုအရှင်မြတ်ကိုယ်တော်တိုင် အကြင်အမျိုးသားတို့အား ယင်း

တို့ရှာဖွေဆည်းပူးလျက်ရှိသည်နှင့်အညီ အစားပေးရန်ဖြစ်၏။

مَنْ عَمِلَ صَالِحًا فَلِنَفْسِهٖ ۚ وَمَنْ اَسَآءَ فَعَلَيْهَا ۗ ثُمَّ اِلٰى رَبِّكُمْ تُرْجَعُوْنَ ۝١٥

၁၆။ အကြင်သူသည် ကောင်းမှုကိုကျင့်မူလေသော် မိမိအတွက်သာလျှင် ဤသို့ပြုခြင်းဖြစ်၏။ ထိုမှတစ်ပါး အကြင် မည်သူမဆို မကောင်းမှုပြုလေသော် မိမိကိုယ်တိုင်နှင့် ဆန့်ကျင်ခြင်းသာ။ ထိုမှတစ်ဖန် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အထံတော်သို့သာ ပြန်လှည့်၍ သွားကြရပေမည်။

وَلَقَدْ اٰتَيْنَا بَنِيْٓ اِسْرَآءِيْلَ الْكِتٰبَ وَالْحُكْمَ وَالنُّبُوَّةَ وَرَزَقْنٰهُمْ مِّنَ الطَّيِّبٰتِ وَفَضَّلْنٰهُمْ عَلَى الْعٰلَمِيْنَ ۝١٦

၁၇။ ထို့ပြင် ဧကန်ပင် ငါတို့သည် 'ဘနီအစ္စရာအီလ်'အမျိုးသားတို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်အမြော်အမြင်ကိုလည်းကောင်း၊ 'နဗူဝါတ်'တမန်တော်စနစ်ကိုလည်းကောင်း ပေးသနားချီးမြှင့်တော်မူ၏။ ထို့ပြင် သန့်စင်သောအရာများမှ သူတို့အား 'ရိဇ်ကီ'ရိကွာကိုပေးသနားတော်မူ၏။ ဤတွင်မက သူတို့အား တစ်လောကလုံးထက် ထူးကဲသာလွန်မှုကိုပေးသနားတော်မူ၏။ ①

وَاٰتَيْنٰهُمْ بَيِّنٰتٍ مِّنَ الْاَمْرِ ۚ فَمَا اخْتَلَفُوْٓا اِلَّا مِنْۢ بَعْدِ مَا جَآءَهُمُ الْعِلْمُ ۢ بَغْيًۢا بَيْنَهُمْ ۗ اِنَّ رَبَّكَ يَقْضِيْ بَيْنَهُمْ يَوْمَ الْقِيٰمَةِ فِيْمَا كَانُوْا فِيْهِ يَخْتَلِفُوْنَ ۝١٧

၁၈။ ထိုမှတစ်ပါး ငါတို့သည် ၎င်းတို့အား 'ရှရီအတ်'တရားတော်၏ ပွင့်လင်းထင်ရှားသောပညာရပ်များကို ပေးသနားတော်မူ၏။ သို့စင်လျက် ၎င်းတို့ထံ အသိပညာရောက်ရှိလာခဲ့ပြီးသည်၏နောက်သော်မှလည်း တစ်ဖက်နှင့် တစ်ဖက် ဆန့်ကျင်ပုန်ကန်၍မှတစ်ပါး ကွဲပြားခြင်းကို မပြုကြ။ ဧကန်မုချ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ၎င်းတို့ ကွဲပြားခြားနားလေ့ရှိခဲ့သောအရေးကိစ္စများနှင့်ပတ်သက်၍ 'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးတွင် ၎င်းတို့အကြား စီရင်ဆုံးဖြတ်တော်မူပေအံ့။

ثُمَّ جَعَلْنٰكَ عَلٰى شَرِيْعَةٍ مِّنَ الْاَمْرِ فَاتَّبِعْهَا وَلَا تَتَّبِعْ اَهْوَآءَ الَّذِيْنَ لَا يَعْلَمُوْنَ ۝١٨

၁၉။ နောက်တစ်ဖန် ငါတို့သည် အသင့်အားကြီးကျယ်သော 'ရှရီအတ်'တရားတော်၏ဥပဒေသတစ်ရပ်အပေါ် တည်တံ့စေတော်မူခဲ့၏။ သို့ဖြစ်ရာ ယင်းကိုလိုက်နာပါလေ။ ထို့ပြင် အသိပညာမရှိသောလူတို့၏ အလိုဆန္ဒများနောက်သို့ မလိုက်လင့်။ ②

اِنَّهُمْ لَنْ يُّغْنُوْا عَنْكَ مِنَ اللّٰهِ شَيْـًٔا ۗ وَاِنَّ

၂၀။ စင်စစ် ယင်းသည် အလ္လာဟ်နှင့်ယှဉ်လျက် အသင့်အတွက် မည်သို့မျှ အသုံးဝင်နိုင်လိမ့်မည်မဟုတ်ချေ။ ထို့ပြင်

① ဘနီအစ္စရာအီလ်တို့က 'အာလမီးန်'(တစ်လောကလုံး)ထက် ထူးကဲသာလွန်ခြင်းဆိုသည်မှာ ထိုခေတ်ကာလက သူတို့အသိဥာဏ်ရှိသော လောကသားတို့အနက် သာလွန်မှုကို သူတို့ရရှိခဲ့ကြသည်။ ကမ္ဘာလောကကြီးသည် အစိတ်အပိုင်းပေါင်းများစွာဖြင့် ကျယ်ပြန့်လျက်ရှိနေခဲ့ကြောင်း 'ဘနီအစ္စရာအီလ်'တို့သည် မသိရှိကြချေ။ သို့သော် ထိုစဉ်က 'ဘနီအစ္စရာအီလ်'အမျိုးသားတို့သိရှိထားသမျှသော လောကသားတို့အနက် ယင်းတို့အားလုံးထက် သူတို့အားသာလွန်မှုရှိစေတော်မူခဲ့ခြင်းဖြစ်သည်။

② တစ်ဖန် ယင်းတို့၏နောက်တွင် တမန်တော်မြတ်(ﷺ)အား 'ရှရီအတ်'ဓမ္မဥပဒေသကိုပေးသနားချီးမြှင့်တော်မူခဲ့လေသည်။ တမန်တော်မြတ်(ﷺ)သည် ကမ္ဘာ့စံပြတမန်တော်ဖြစ်သည့်အားလျော်စွာ ကိုယ်တော်မြတ်၏ 'ရှရီအတ်'သည်လည်း ကမ္ဘာတစ်ခုလုံးအတွက်ပင်ဖြစ်သည်။

الظّٰلِمِيْنَ بَعْضُهُمْ اَوْلِيَآءُ بَعْضٍ ۚ وَاللّٰهُ وَلِيُّ الْمُتَّقِيْنَ ﴿١٩﴾

စင်စစ်ဧကန် မတရားပြုသူတို့သည် အချင်းချင်းတစ်ဦးနှင့် တစ်ဦး အဆွေခင်ပွန်းများဖြစ်ကြ၏။ အမှန်သော်ကား အလ္လာဟ်သည် 'မွတ္တကီ'အပြစ်ရှောင်သူတို့၏ အဆွေခင်ပွန်းဖြစ်တော်မူ၏။

هٰذَا بَصَآئِرُ لِلنَّاسِ وَهُدًى وَّرَحْمَةٌ لِّقَوْمٍ يُّوْقِنُوْنَ ﴿٢٠﴾

၂၀။ ဤသည် လူသားတို့အဖို့ မြင်နိုင်စွမ်းကိုပေးသော အကြောင်းရပ်များဖြစ်၏။ ထို့ပြင် ယုံကြည်ခြင်းရှိသော အမျိုးသားတို့အဖို့ တရားလမ်းညွှန်တော်နှင့် 'ရာဟ်မတ်'ကရုဏာတော်ဖြစ်၏။

اَمْ حَسِبَ الَّذِيْنَ اجْتَرَحُوا السَّيِّاٰتِ اَنْ نَّجْعَلَهُمْ كَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ ۙ سَوَآءً مَّحْيَاهُمْ وَمَمَاتُهُمْ ۭ سَآءَ مَا يَحْكُمُوْنَ ﴿٢١﴾ ع

၂၁။ အသို့နည်း အမျိုးစုံသောအပြစ်များကို ရှာဖွေကျူးလွန်ကြကုန်သောသူတို့က ငါတို့သည် ယင်းတို့အား အကြင်သက်ဝင်ယုံကြည်၍ ကောင်းမှုဆောက်တည်ကြကုန်သောသူတို့ကဲ့သို့ ပြုတော်မူလိုက်မည်။ သို့ဖြင့် ယင်းတို့၏အသက်ရှင်ခြင်း၊ အသက်သေခြင်းတို့ကို တစ်မျိုးတစ်စားတည်း(ပမာ)ပြုတော်မူမည်ဟုထင်မှတ်ခဲ့ကြပြီလော။ ယင်းတို့ ဆုံးဖြတ်သည်မှာ အလွန်တရာ ဆိုးရွားလှဘိသတည်း။

ရုကူ-၃

وَخَلَقَ اللّٰهُ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ وَلِتُجْزٰى كُلُّ نَفْسٍ بِمَا كَسَبَتْ وَهُمْ لَا يُظْلَمُوْنَ ﴿٢٢﴾

၂၂။ ထို့ပြင် အလ္လာဟ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ထိုက်သင့်မှန်ကန်စွာ ဖန်ဆင်းတော်မူ၏။ သို့ဖြင့် သက်ရှိတိုင်းကို ယင်းတို့ရှာဖွေဆည်းပူးသည်များနှင့်အညီ အကျိုးပေးရန်အလို့ငှာဖြစ်၏။ ထို့ပြင် ယင်းတို့သည် မတရားပြုခြင်းကို ခံကြရမည်မဟုတ်ချေ။

اَفَرَءَيْتَ مَنِ اتَّخَذَ اِلٰهَهٗ هَوٰىهُ وَاَضَلَّهُ اللّٰهُ عَلٰى عِلْمٍ وَّخَتَمَ عَلٰى سَمْعِهٖ وَقَلْبِهٖ وَجَعَلَ عَلٰى بَصَرِهٖ غِشٰوَةً ۭ فَمَنْ يَّهْدِيْهِ مِنْۢ بَعْدِ اللّٰهِ ۭ اَفَلَا تَذَكَّرُوْنَ ﴿٢٣﴾

၂၃။ အသို့နည်း မိမိစိတ်အလိုဆန္ဒကိုသာ ကိုးကွယ်ရာပြုလျက်ရှိသောသူအားလည်းကောင်း၊ အလ္လာဟ်သည် ထိုသူအား သိတော်မူခြင်းတစ်ရပ်ရပ်အပေါ် လမ်းမှားသူအဖြစ် သတ်မှတ်လိုက်သူအားလည်းကောင်း၊ ထိုသူ၏ ကြားခြင်းအာရုံနှင့် ထိုသူ၏စိတ်နှလုံးအပေါ်သို့ တံဆိပ်ခတ်နှိပ်လိုက်သူအားလည်းကောင်း၊ ထိုသူ၏ မျက်စိများအပေါ်တွင် အဖုံးအကာကို ချထားလိုက်ပြီးဖြစ်သူအားလည်းကောင်း အသင် သည် မြင်တွေ့လေသလော။ သို့ဖြစ်ရာ အလ္လာဟ်၏နောက်တွင် ၎င်းအား အဘယ်သူသည် တရားလမ်းမှန်ကို ပြနိုင်ပါအုံးနည်း။ သို့ပါလျက်လည်း အသင်တို့သည် သင်ခန်းစာကို မရယူကြသလော။

وَقَالُوْا مَا هِيَ اِلَّا حَيَاتُنَا الدُّنْيَا نَمُوْتُ وَنَحْيَا وَمَا يُهْلِكُنَآ اِلَّا الدَّهْرُ ۚ وَمَا لَهُمْ بِذٰلِكَ مِنْ عِلْمٍ ۚ اِنْ هُمْ اِلَّا

၂၄။ ထို့မှတစ်ပါး ယင်းတို့က ဆိုကြ၏။ ဤ(ဘဝ)သည် ကျွန်ုပ်တို့၏ လောကီဘဝတာမှတစ်ပါး အခြားဘာမျှမဟုတ်ပြီ၊ ကျွန်ုပ်တို့သည် သေဆုံးကြသည်လည်းဖြစ်၏။ ထို့ပြင် အသက်ရှင်ကြသည်လည်း ဖြစ်၏။ ၎င်းပြင် ကျွန်ုပ်တို့အား ခေတ်

يَظُنُّوْنَ ﴿٣٢﴾

ကာလမှတစ်ပါး အခြားမည်သည့်အရာကမျှ ပျက်စီးစေသည် မဟုတ်၊ အမှန်သော်ကား ဤသည်နှင့်စပ်လျဉ်း၍ ယင်းတို့တွင် မည်သို့သောအသိပညာမျှမရှိကြချေ။ ယင်းတို့မှာကား အတွေး အထင်စကားများကိုသာ ပြောဆိုနေကြခြင်းဖြစ်၏။

وَاِذَا تُتْلٰى عَلَيْهِمْ اٰيٰتُنَا بَيِّنٰتٍ مَّا كَانَ حُجَّتَهُمْ اِلَّآ اَنْ قَالُوا ائْتُوْا بِاٰبَآئِنَآ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٣٣﴾

၂၆။ ဤတွင်မက ယင်းတို့အား ငါတို့၏ ပေါ်လွင်ထင်ရှားလှသော 'အာယတ်'တော်များကို ဖတ်ရွတ်သောအခါ ယင်းတို့က အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ခဲ့ကြလျှင် ကျွန်ုပ်တို့၏အဘဘိုးဘေးတို့အား ပြန်၍ခေါ်ဆောင်လာပါ လေဟုပြောဆိုကြခြင်းမှတစ်ပါး ယင်းတို့၏ အခြားဆင်ခြေ အထောက်အထားပြချက် ဘာမျှမရှိချေ။

قُلِ اللّٰهُ يُحْيِيْكُمْ ثُمَّ يُمِيْتُكُمْ ثُمَّ يَجْمَعُكُمْ اِلٰى يَوْمِ الْقِيٰمَةِ لَا رَيْبَ فِيْهِ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ﴿٣٤﴾ ع

၂၇။ အသင်ပြောကြားပါလေ။ အလ္လာဟ်သည်သာ အသင်တို့အား ရှင်စေတော်မူ၏။ တစ်ဖန် အသင်တို့အား သေဆုံးစေတော်မူ၏။ ထို့မှတစ်ဖန် အမှန်ပင် အကြင်'ကေယာမတ်' ရှင်ပြန်ထမြောက်ရမည့်နေ့သို့ အသင်တို့အား စုရုံး၍ခေါ်ဆောင် သွားတော်မူပေလိမ့်မည်။ သို့ရာတွင် များစွာသောသူတို့မှာ မသိကြပေ။

ရုကူး-၄

وَلِلّٰهِ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ؕ وَيَوْمَ تَقُوْمُ السَّاعَةُ يَوْمَئِذٍ يَّخْسَرُ الْمُبْطِلُوْنَ ﴿٣٥﴾

၂၈။ ထို့ပြင်တစ်ဝ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့၏ စိုးမိုးအုပ်ချုပ်မှုအာဏာသည် အလ္လာဟ်အဖို့သာဖြစ်၏။ ၎င်းပြင် 'ကေယာမတ်'ဖြစ်ပေါ်လာမည့်နေ့တွင် မုသားပြောဆိုသူများသည် ဆုံးရှုံးကြရမည်ဖြစ်၏။

وَتَرٰى كُلَّ اُمَّةٍ جَاثِيَةً ۛ كُلُّ اُمَّةٍ تُدْعٰٓى اِلٰى كِتٰبِهَا ؕ اَلْيَوْمَ تُجْزَوْنَ مَا كُنْتُمْ تَعْمَلُوْنَ ﴿٣٦﴾

၂၉။ ထို့ပြင် 'အွမ္မတ်'အုပ်စုတိုင်းက ဒူးထောက်လျက်ရှိနေကြသည်ကို အသင်သည် မြင်တွေ့ရပေအံ့။ အုပ်စုတိုင်းသည် မိမိတို့၏မှတ်တမ်းစာအုပ်ဆီသို့ ဆင့်ခေါ်ခြင်းခံကြရမည်။ ယနေ့အခါ၌ကား အသင်တို့ပြုလုပ်လေ့ရှိခဲ့သည်တို့၏ အကျိုးဆက်ကို ပေးခြင်းခံကြရပေလတ္တံ့။

هٰذَا كِتٰبُنَا يَنْطِقُ عَلَيْكُمْ بِالْحَقِّ ؕ اِنَّا كُنَّا نَسْتَنْسِخُ مَا كُنْتُمْ تَعْمَلُوْنَ ﴿٣٧﴾

၃၀။ ဤကား အသင်တို့နှင့် ဆန့်ကျင်လျက် တိကျမှန်ကန်စွာ ပြောဆိုမည့် ငါတို့၏ မှတ်တမ်းစာအုပ်ဖြစ်သည်။ အသင်တို့ ပြုမူခဲ့သမျှတို့ကို ငါတို့သည် ဧကန်ပင် ရေးမှတ်စေလျက် ရှိခဲ့ပေ၏။

فَاَمَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فَيُدْخِلُهُمْ رَبُّهُمْ فِيْ رَحْمَتِهٖ ؕ ذٰلِكَ هُوَ الْفَوْزُ الْمُبِيْنُ ﴿٣٨﴾

၃၁။ သို့ဖြစ်ရာ သက်ဝင်ယုံကြည်ကြလျက် ကုသိုလ်ကောင်းမှုကို ကျင့်မူဆောက်တည်ကြကုန်သော ထိုသူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က သူတို့အား မိမိ၏ 'ရာဟ်မတ်'ကရုဏာတော်အတွင်းသို့ ဝင်ရောက်စေတော်မူပေအံ့။ ဤသည်သာလျှင် ပေါ်လွင်ထင်ရှားလှစွာသော အောင်မြင်ထမြောက်ခြင်းဖြစ်ပေ၏။

وَاَمَّا الَّذِيْنَ كَفَرُوْا ۗ اَفَلَمْ تَكُنْ اٰيٰتِيْ تُتْلٰى عَلَيْكُمْ فَاسْتَكْبَرْتُمْ وَكُنْتُمْ قَوْمًا مُّجْرِمِيْنَ ۝

၃၁။ ထို့မှတစ်ပါး မယုံကြည်ခြင်းပယ်ကြကုန်သောသူတို့အား (မိန့်ကြားခြင်းခံရမည်မှာ)၊ အသင်တို့အပေါ် ငါအရှင်မြတ်၏'အာယတ်'တော်များကို ဖတ်ကြားနာယူစေခြင်း မခံခဲ့ကြရပေသလော။ သို့ပါလျက်လည်း အသင်တို့သည် ထောင်လွှားမောက်မာခြင်းကိုပြုခဲ့ကြ၏။ စင်စစ်မှာကား အသင်တို့သည် အပြစ်ကျူးလွန်သော အမျိုးသားများသာဖြစ်ခဲ့ကြလေပြီ။

وَاِذَا قِيْلَ اِنَّ وَعْدَ اللّٰهِ حَقٌّ وَّالسَّاعَةُ لَا رَيْبَ فِيْهَا قُلْتُمْ مَّا نَدْرِيْ مَا السَّاعَةُ ۙ اِنْ نَّظُنُّ اِلَّا ظَنًّا وَّمَا نَحْنُ بِمُسْتَيْقِنِيْنَ ۝

၃၂။ ဤတွင်မက ကောန်မုခ္ဓ အလ္လာဟ်၏ကတိတော်သည် အမှန်ဖြစ်၏။ ထို့ပြင် 'ဆာအတ်'ကတိပြုထားသည့်အချိန်နှင့် စပ်လျဉ်း၍ သံသယပွားစရာ မည်သည်မျှမရှိဟု ပြောဆိုခြင်းခံကြရသောအခါ အသင်တို့က ကတိပြုထားသည့်အချိန်အဘယ်နည်းဟူ၍ ကျွန်ုပ်တို့မသိကြပါ၊ ကျွန်ုပ်တို့သည် သက်ဝင်ယုံကြည်လာကြမည့်သူများ အလျှင်းမဟုတ်ကြပါဟု ပြောကြ၏။

وَبَدَا لَهُمْ سَيِّاٰتُ مَا عَمِلُوْا وَحَاقَ بِهِمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ۝

၃၃။ ထို့မှတစ်ပါး ယင်းတို့အား ယင်းတို့ပြုမူကြကုန်သော ထိုသည့် ကျင့်မူမှုများ၏ ဆိုးကျိုးများသည် ပေါ်လွင်လာခဲ့ပေလိမ့်မည်။ ထို့ပြင် ယင်းတို့ ပြက်ရယ်ပြုလျက်ရှိခဲ့ကြသော ထိုသည့် အရာများသည် ယင်းတို့အား ဝိုင်းရံထားပေလိမ့်မည်။

وَقِيْلَ الْيَوْمَ نَنْسٰىكُمْ كَمَا نَسِيْتُمْ لِقَآءَ يَوْمِكُمْ هٰذَا وَمَاْوٰىكُمُ النَّارُ وَمَا لَكُمْ مِّنْ نّٰصِرِيْنَ ۝

၃၄။ ထို့ပြင် ပြောဆိုမိန့်ကြားခြင်းခံကြရမည်မှာ အသင်တို့သည် မိမိတို့၏ ဤနေ့နှင့်တွေ့ဆုံရမည်ကို မေ့လျော့၍ထားခဲ့ကြသကဲ့သို့ ယနေ့ ငါတို့သည် အသင်တို့အား မေ့လျော့လိုက်ပေမည်။ ထို့ပြင် အသင်တို့၏ နေရာထိုင်ခင်းသည်ကား 'ဂျဟန္နမ်'ဂရဲ ဖြစ်ချိမ့်မည်။ ဤတွင်မက အသင်တို့အတွက် မည်သည့်ကူညီပံ့ပိုးသူမျှရှိလိမ့်မည်မဟုတ်ချေ။

ذٰلِكُمْ بِاَنَّكُمُ اتَّخَذْتُمْ اٰيٰتِ اللّٰهِ هُزُوًا وَّغَرَّتْكُمُ الْحَيٰوةُ الدُّنْيَا ۚ فَالْيَوْمَ لَا يُخْرَجُوْنَ مِنْهَا وَلَا هُمْ يُسْتَعْتَبُوْنَ ۝

၃၅။ ဤသို့ဖြစ်ရခြင်းကား အသင်တို့သည် အလ္လာဟ်၏နိမိတ်လက္ခဏာတော်များကို ပြောင်လှောင်ပြက်ရယ်စရာ ပြုခဲ့ကြသောကြောင့်လည်းကောင်း၊ လောကီဘဝက အသင်တို့အား လိမ်လည်ဖြားယောင်းမှုတွင် ထည့်သွင်းထားခဲ့သောကြောင့်လည်းကောင်း ဖြစ်ပေ၏။ သို့ကြောင့် ယနေ့ ယင်းတို့သည် ထိုသည့်(မီး)မှ ထုတ်ဆောင်ခြင်းကိုလည်း ခံကြရမည်မဟုတ်သည့်ပြင် ယင်းတို့၏ အကြောင်းပြချက်တစ်စုံတစ်ရာကိုလက်ခံခြင်းခံကြရမည်လည်း မဟုတ်ချေ။

فَلِلّٰهِ الْحَمْدُ رَبِّ السَّمٰوٰتِ وَرَبِّ الْاَرْضِ رَبِّ الْعٰلَمِيْنَ ۝

၃၆။ သို့ဖြစ်ရာ ချီးမွမ်းထောမနာခြင်းအပေါင်းသည် မိုးကောင်းကင်များကို ဖန်ဆင်းတော်မူသောအရှင်၊ ကမ္ဘာမြေကို ဖန်ဆင်းတော်မူသောအရှင် အလ္လာဟ်အဖို့သာဖြစ်၏။ (ထိုအရှင်မြတ်သည်ကား) လောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်တော်မူ၏။

وَلَهُ الْكِبْرِيَآءُ فِي السَّمٰوٰتِ وَ الْاَرْضِ ۚ وَهُوَ الْعَزِيْزُ الْحَكِيْمُ ۝

၃၆။ ဤတွင်မက မိုးကောင်းကင်တို့တွင်လည်းကောင်း၊ ကမ္ဘာမြေတွင်လည်းကောင်း အလုံးစုံသောထူးကဲကြီးမြတ်ခြင်း ဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်၏။ ထိုအရှင်မြတ်သည်သာ အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင် (နှင့်) ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင်ဖြစ်ပေသတည်း။

❖ ❖ ❖

၄၆။ အလင်–အာဟ်ကားဖ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၃၆)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၏အစပိုင်းမှာပင် ပြီးခဲ့သော ဆူရာဟ်၏နိဂုံးပိုင်းအာယတ်တော်များတွင် ဖော်ပြတော်မူခဲ့သော ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့မှအရာရာတိုင်းသည်လည်းကောင်း၊ ယင်းတို့တွင်ရှိကြသမျှတို့သည်လည်းကောင်း အလ္လာဟ်အားသာလျှင် ခြီးမွမ်းထောမနာပြုလျက်ရှိကြကုန်၏ဟူသော သဘောအမှန်ကို ပြန်လည်၍ပေါ်လွင်ထင်ရှားအောင် ပြုထားပေသည်။ ဤဆူရာဟ်၏အစ၌ မိန့်ကြားထားတော်မူသည်မှာ ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့အပြင် ယင်းတို့တွင်ရှိသမျှတို့သည် ဤသည့်အလျင်က ဖော်ပြပြီးသည့် အခြေအနေမှန်အတိုင်း တည်တံ့စွာရှိပေ၏။ စကြဝဠာတစ်ခုလုံးသည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားမည်သည်ကိုမျှ သက်သေမပြသယောင်ပင်ရှိ၏။ ဤသည့်နောက် တစ်ဆက်တည်း 'မူရှရိက်'များကို ရည်ညွှန်း၍ မိန့်ဆိုတော်မူသည်မှာ ဤအလုံးစုံသော ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့အပြင် ယင်းတို့အကြားရှိရှိသမျှတို့မှာ အလ္လာဟ်၏ဖန်ဆင်းခံများသာဖြစ်ကြပေသည်။ မည်သူမဆို မိမိတို့ပြုလုပ်ထားကြသော ဘုရားများ၏ဖန်ဆင်းရာများကိုလည်းပြသကြကုန်။ ဧကန်သော်ကား ဤသည်၌ ဖန်ဆင်းခံဟူသမျှတို့တွင် တစ်ပါးတည်းသောဖန်ဆင်းရှင်၏ သင်္ကေတသာရှိ၏ဆိုသော သာဓကပြချက်များမှာ လျှို့ဝှက်စွာပါရှိနေပေသည်။

ဤဆူရာဟ်တွင် အကြင်သူတို့အား 'အာဟ်ကားဖ်'အားဖြင့် သတိပေးနှိုးဆော်ခြင်းခံရသော လွန်လေခဲ့သော 'အာဒ်'အမျိုးသားတို့၏ပျက်သုဉ်းချုပ်ငြိမ်းခြင်းအကြောင်းကို ဖော်ပြနေခြင်းဖြစ်ပေငြားလည်း၊ လွန်လေခဲ့ပြီးသော အမျိုးသားတို့၏အကြောင်းကို ဖော်ပြခြင်းနှင့်အတူ နောင်တွင်ဖြစ်ပေါ်လာမည့် ယင်းနှင့်ဆင်တူယိုးမှားဖြစ်သော အခြေအနေများဘက်သို့လည်း အရိပ်အခြေပြတတ်သော ကျမ်းမြတ်ကုရ်အာန်၏ထုံးနည်းကို လျစ်လျူမပြုသင့်ချေ။

ဤဆူရာဟ်တွင် ထပ်၍တစ်ဖန် 'ဒုခါန်း'နှင့်ဆိုင်သော အကြောင်းအရာဘက်သို့ ညွှန်းဆိုတော်မူထားပြန်သည်မှာ ၎င်းတို့အပေါ်သို့ ကောင်းချီးမင်္ဂလာတော်များ ရွာသွန်းပေးတော့မည်ဟု ထင်မှတ်ခဲ့ကြလေသည်။ သို့ရာတွင် ထိုမိုးတိမ်များသည် ၎င်းတို့ထံသို့ရောက်ရှိလာသောအခါ ယင်းနှင့်အတူ အားလုံးသော အရာဝတ္ထုတို့ကို ဖျက်ဆီးပစ်လိုက်မည်ဖြစ်သော ရေဒီယိုသတ္တိကြွလှိုင်းများပါရောက်လာခဲ့သည်ကို သိရှိကြရပေမည်။ သို့ဖြစ်ရာ ၎င်းတို့သည် မိမိတို့၏နေအိမ်များ၏အပြင်ဘက်သို့ ထွက်ခွင့်ပင်မရလိုက်ဘဲ ရှိကြမည့်အပြင် ယင်းတို့၏ပျက်သုဉ်းလျက်ရှိသော အိမ်ယာများမှတစ်ပါး ယင်းတို့၏ တည်ရှိခဲ့မှုအတွက် တစ်စုံတစ်ရာ သက်သေပြစရာပင်ရှိလိမ့်မည်မဟုတ်ချေ။ နာဂါဆာကီနှင့် ဟီရိုရှီးမားမြို့ကြီး နှစ်မြို့မှာ ယင်း၏ ခိုင်းနှိုင်းသက်သေပြစရာပင်ဖြစ်သည်။

အာယတ်တော်(၃၄)တွင် ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့ကို ဖန်ဆင်းတော်မူရသဖြင့် အလ္လာဟ်သည် ပင်ပန်းနွမ်းနယ်ခြင်းမရှိသည်ကို ထိုသူတို့ မမြင်မတွေ့ကြပေသလောဟူသည့် အကြောင်းရပ်ကို ဖော်ပြလျက်ရှိသည်။ ထိုသည့်ခေတ်အခါက လူသားသည် အသို့လျှင် ဤသည်ကိုမြင်တွေ့နိုင်လိမ့်မည်နည်း။ သို့သော် ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့၏လျှို့ဝှက်ဆန်းကြယ်ရာများကို သိရှိနားလည်ဖို့ အားထုတ်လုံးပမ်းလျက်ရှိကြသော ယနေ့ခေတ် လူသားကား ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့သည် စဉ်ဆက်မပြတ်

မရှိရာအခြေအနေသို့ နစ်မြုပ်ပျောက်ကွယ်၍ တစ်ဖန် အသစ်သောဖန်ဆင်းဖြစ်ထွန်းမှုတစ်ရပ်ဖြင့် ဖွံ့ဖြိုး၍လာကြောင်း ဤသို့ ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့ကို အကြိမ်ကြိမ် ချုပ်ငြိမ်းစေပြီးနောက် ဖြစ်တည်မှုမျက်နှာစာတွင် တစ်ဖန်ပေါ်ထွက်လာစေခြင်းအမှုကို ထောက်ရှုခြင်းအားဖြင့် အလွှာဟ် အရှင်မြတ်၏ဖန်ဆင်းခြင်းကိစ္စတွင် မည်သည့်အခါမျှ ပင်ပန်းနွမ်းနယ်ခြင်းမရှိကြောင်းကို သိရှိနားလည် နိုင်ပေသည်။ သို့ဖြစ်ရာ လူသားအနေဖြင့် ၎င်းတို့ သေဆုံးကွယ်လွန်သည့်အခါ သူ့အား အသစ်တစ်ဖန် ရှင်ပြန်စေရန် အလွှာဟ်အရှင်မြတ်ထံတော်တွင် တတ်နိုင်စွမ်းမရှိပြီဟူ၍ အဘယ့်ကြောင့် တွေးထင်ရပေသနည်း။

♦ ♦ ♦

ဆူရာဟ် အလ်-အာဟ်ကာဖ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၃၆)ပိုဒ် ရှုကူ (၄)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

حٰمٓ ②

۲။ **حَمِيْدٌ مَجِيْدٌ** ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်၊ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသောအရှင်။

تَنْزِيْلُ الْكِتٰبِ مِنَ اللّٰهِ الْعَزِيْزِ الْحَكِيْمِ ③

۲။ ဤကျမ်းတော်ကို ထုတ်ပြန်ပို့ချပေးတော်မူခြင်းမှာ အကြွင်းမဲ့ လွမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်ထံတော်မှဖြစ်၏။

مَا خَلَقْنَا السَّمٰوٰتِ وَالْاَرْضَ وَمَا بَيْنَهُمَآ اِلَّا بِالْحَقِّ وَاَجَلٍ مُّسَمًّى ؕ وَالَّذِيْنَ كَفَرُوْا عَمَّآ اُنْذِرُوْا مُعْرِضُوْنَ ④

၃။ ငါတို့သည် မိုးကောင်းကင်များကိုလည်းကောင်း ကမ္ဘာမြေကြီးကိုလည်းကောင်း ယင်းနှစ်ခု၏စပ်ကြားတွင် ရှိရှိသမျှတို့ကိုလည်းကောင်း တိကျမှန်ကန်စွာဖြင့် သတ်မှတ်ပိုင်းခြားထားသောအချိန်ကာလတစ်ရပ်အတွက်မှတစ်ပါး ဖန်ဆင်းတော်မူသည်မဟုတ်ခေ။ စင်စစ်တစ်မူကား အကြင်သူတို့သည် မယုံကြည်ငြင်းပယ်ကြ၏။ ယင်းတို့အား သတိပေးနှိုးဆော်ခြင်းခံရသည်များမှ ယင်းတို့သည် မျက်နှာလွှဲဖယ်ကြကုန်၏။

قُلْ اَرَءَيْتُمْ مَّا تَدْعُوْنَ مِنْ دُوْنِ اللّٰهِ اَرُوْنِيْ مَاذَا خَلَقُوْا مِنَ الْاَرْضِ اَمْ لَهُمْ شِرْكٌ فِي السَّمٰوٰتِ ؕ اِيْتُوْنِيْ بِكِتٰبٍ مِّنْ قَبْلِ هٰذَآ اَوْ اَثٰرَةٍ مِّنْ عِلْمٍ اِنْ كُنْتُمْ صٰدِقِيْنَ ⑤

၄။ မေးစမ်းပါလေ။ အလ္လာဟ်၏အပြင် အသင်တို့ ဟစ်ခေါ်တမ်းတကြကုန်သော အကြင်အရာကို အသင်တို့မြင်တွေ့ကြရပေသလော။ ကျွန်ုပ်အားပြကြစမ်းပါလေ။ ယင်းတို့သည် ကမ္ဘာမြေကြီးမှ မည်သည်ကိုဖန်ဆင်းလေသနည်း၊ သို့တည်းမဟုတ် ယင်းတို့၏ဖက်စပ်ပါဝင်ခြင်း 'ရှုရိက်'သည် မိုးကောင်းကင်များ၌သာရှိပေသလော။ အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ခဲ့ကြလျှင် ဤသည်ထက်အလျင်က ကျမ်းတစ်စုံတစ်ရာကိုလည်းကောင်း အသိပညာဆိုင်ရာ သေးနုပ်သောအမှတ်လက္ခဏာတစ်စုံတစ်ရာကိုလည်းကောင်း ကျွန်ုပ်ထံ ယူဆောင်၍လာကြကုန်။

وَمَنْ اَضَلُّ مِمَّنْ يَّدْعُوْا مِنْ دُوْنِ اللّٰهِ مَنْ لَّا يَسْتَجِيْبُ لَهٗٓ اِلٰى يَوْمِ الْقِيٰمَةِ وَهُمْ عَنْ دُعَآئِهِمْ غٰفِلُوْنَ ⑥

၅။ ထို့ပြင် ဤသည်ထက်ပို၍ လမ်းမှားသူ မည်သူရှိအံ့နည်း။ အလ္လာဟ်မှလွဲ၍ 'ကယာမတ်'နေ့တိုင် သူတို့အား အဖြေမပေးနိုင်သော အကြင်အရာများကို ဟစ်ခေါ်တမ်းတခြင်းပြုကြ၏။ စင်စစ် ထိုအရာသည်ကား သူတို့၏ ဟစ်ခေါ်တမ်းတခြင်းကိုပင် အလျှင်းမသိပေ။

وَاِذَا حُشِرَ النَّاسُ كَانُوْا لَهُمْ اَعْدَآءً وَّكَانُوْا بِعِبَادَتِهِمْ كٰفِرِيْنَ ⑦

၆။ ထို့ပြင် လူသားတို့သည် စုရုံးခြင်းကိုခံကြရလေသောအခါ ယင်း(ထင်ရာကိုးကွယ်သောအရာများ)သည် ထိုသူတို့၏ ရန်သူများဖြစ်သွားလိမ့်မည်။ ထို့ပြင် သူတို့၏ ကိုးကွယ်ဆည်း

ကပ်မှုကို ငြင်းပယ်ကြပေလိမ့်မည်။

وَاِذَا تُتْلٰى عَلَيْهِمْ اٰيٰتُنَا بَيِّنٰتٍ قَالَ الَّذِيْنَ كَفَرُوْا لِلْحَقِّ لَمَّا جَآءَهُمْ ۙ هٰذَا سِحْرٌ مُّبِيْنٌ ۝

၈။ ထိုမှတစ်ပါး ၎င်းတို့အား ငါတို့၏ ပေါ်လွင်ထင်ရှားစွာသော 'အာယတ်'တော်များကို ဖတ်ကြားပြခြင်းခံကြရသောအခါ အမှန်တရားကို ငြင်းပယ်ကြသောသူတို့က ယင်းသည် ထိုသူတို့ထံသို့ ရောက်ရှိလေသော် ဤသည်မှာ ပေါ်လွင်ထင်ရှားစွာသော မှော်အတတ်သာဖြစ်၏ဟု ပြောကြကုန်၏။

اَمْ يَقُوْلُوْنَ افْتَرٰىهُ ۭ قُلْ اِنِ افْتَرَيْتُهٗ فَلَا تَمْلِكُوْنَ لِيْ مِنَ اللّٰهِ شَيْـــًٔا ۭ هُوَ اَعْلَمُ بِمَا تُفِيْضُوْنَ فِيْهِ ۭ كَفٰى بِهٖ شَهِيْدًۢا بَيْنِيْ وَبَيْنَكُمْ ۭ وَهُوَ الْغَفُوْرُ الرَّحِيْمُ ۝

၉။ အသို့နည်း ၎င်းတို့က ဤသူသည် ယင်းကို လိမ်လည်လှည့်ဖြားမှုပြုသည်ဟူ၍ ဆိုကြလေသလော။ အသင်ပြောကြားလိုက်ပါလေ။ အကယ်၍သာ ကျွန်ုပ်သည် ဤသည့် လိမ်လည်လှည့်ဖြားမှုကိုပြုခဲ့သည်ရှိသော် အလ္လာဟ်နှင့်ယှဉ်၍ အသင်တို့သည် ကျွန်ုပ်အား ကာကွယ်ကယ်တင်နိုင်ရန် မည်သို့မျှ စွမ်းအားရှိမည်မဟုတ်ချေ။ အသင်တို့ နစ်မွန်းလျက်ရှိသော အကြောင်းရပ်များကို ထိုအရှင်မြတ်သည် အားလုံးထက်သာလွန်၍ သိရှိတော်မူ၏။ ထိုအရှင်မြတ်သည် ကျွန်ုပ်နှင့် အသင်တို့၏အကြားတွင် သက်သေအဖြစ် လုံလောက်တော်မူ၏။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင်(နှင့်) အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

قُلْ مَا كُنْتُ بِدْعًا مِّنَ الرُّسُلِ وَمَآ اَدْرِيْ مَا يُفْعَلُ بِيْ وَلَا بِكُمْ ۭ اِنْ اَتَّبِعُ اِلَّا مَا يُوْحٰٓى اِلَيَّ وَمَآ اَنَا اِلَّا نَذِيْرٌ مُّبِيْنٌ ۝

၁၀။ အသင်ပြောကြားပါလေ။ ကျွန်ုပ်သည် တမန်တော်များအနက် ပထမဦးဆုံးကားမဟုတ်ချေ။ ထို့ပြင် ကျွန်ုပ်ကိုလည်းကောင်း၊ အသင်တို့ကိုလည်းကောင်း မည်သို့ပြုမူခြင်းခံရမည်ကို ကျွန်ုပ်မသိချေ။ ကျွန်ုပ်သည်ကား ကျွန်ုပ်ထံသို့ 'ဝဟီ' ဗျာဒိတ်ပို့ချသည်မျှကိုသာ လိုက်နာ၏။ ဤတွင်မက ကျွန်ုပ်သည် ပွင့်လင်းထင်ရှားစွာ သတိပေးနှိုးဆော်သူတစ်ဦးမှတစ်ပါး အခြားဘာမျှမဟုတ်ချေ။

قُلْ اَرَءَيْتُمْ اِنْ كَانَ مِنْ عِنْدِ اللّٰهِ وَكَفَرْتُمْ بِهٖ وَشَهِدَ شَاهِدٌ مِّنْۢ بَنِيْٓ اِسْرَاۗءِيْلَ عَلٰي مِثْلِهٖ فَاٰمَنَ وَاسْتَكْبَرْتُمْ ۭ اِنَّ اللّٰهَ لَا يَهْدِي الْقَوْمَ الظّٰلِمِيْنَ ۝ ع

၁၁။ အသင်မေးစမ်းပါလေ။ အသို့နည်း အကယ်၍ ယင်းသည် အလ္လာဟ်၏အထံတော်မှပင်ဖြစ်ခဲ့ပြီး အသင်တို့သည် သူ့အား ငြင်းပယ်ခဲ့ကြပြီးဖြစ်လျှင် (ယင်း၏အကျိုးဆက်ကို) အသင်တို့ စဉ်းစားမိကြသလော။ အမှန်သော်ကား 'အစ္စရာအီလ်'အမျိုးသားတို့အနက်မှ သက်သေခံသူတစ်ဦးသည် မိမိနှင့် လက္ခဏာတူမှုနှင့်စပ်လျဉ်း၍ သက်သေခံခဲ့ပေသည်။ သို့ဖြင့် သူသည်သက်ဝင်ယုံကြည်လာ၏။ သို့ပါလျက် အသင်တို့သည် မောက်မာထောင်လွှားမှုပြုခဲ့ကြ၏။ စင်စစ် အလ္လာဟ်သည် မတရားကျူးလွန်သော အမျိုးသားတို့အား တရားလမ်းမှန် ပြတော်မမူချေ။ ۝

۝ ဤနေရာတွင် **شاهد** ဟူသည် တမန်တော်မူစာ(ﷺ)ဖြစ်သည်။ ထို့ပြင် ၎င်းတို့၏ သက်ဝင်ယုံကြည်ခြင်းဆိုသည့်သဘောမှာ ကြွေးကော်လာမည့် 'နဗီ'တမန်တော်(ဝါ)တမန်တော်မြတ်(ﷺ)အား သက်ဝင်ယုံကြည်ရန်ဖြစ်သည်။ တမန်တော်မြတ်(ﷺ)

ရုကူး-၂

وَقَالَ الَّذِيْنَ كَفَرُوْا لِلَّذِيْنَ اٰمَنُوْا لَوْ كَانَ خَيْرًا مَّا سَبَقُوْنَآ اِلَيْهِ ۭ وَاِذْ لَمْ يَهْتَدُوْا بِهٖ فَسَيَقُوْلُوْنَ هٰذَآ اِفْكٌ قَدِيْمٌ ⑪

၁၂။ ထို့ပြင် မယုံကြည်ငြင်းပယ်သူတို့က သက်ဝင်ယုံကြည်သူတို့နှင့်စပ်လျဉ်း၍ပြောကြ၏။ အကယ်၍ ဤသည် ကောင်းမြတ်သောအကြောင်းရပ်ဖြစ်ခဲ့ပါလျှင် ဤသည်ကို လက်ခံရယူခြင်း၌ ဤသူတို့သည် ကျွန်ုပ်တို့ထက် သာလွန်ကြမည်မဟုတ်ချေ။ ထို့ပြင် ယခုမူကား ထိုသူတို့သည် လမ်းမှန်ရရှိခြင်း၌ အထမမြောက်ကြသည်ဖြစ်၍ ဤသည်ကား ရှေးဟောင်းမုသားတစ်ရပ်ပင်ဖြစ်၏ဟု အမှန်ပင် ဆိုကြလိမ့်မည်။

وَمِنْ قَبْلِهٖ كِتٰبُ مُوْسٰٓى اِمَامًا وَّرَحْمَةً ۭ وَهٰذَا كِتٰبٌ مُّصَدِّقٌ لِّسَانًا عَرَبِيًّا لِّيُنْذِرَ الَّذِيْنَ ظَلَمُوْا ۣ وَبُشْرٰى لِلْمُحْسِنِيْنَ ⑫

၁၃။ စင်စစ်တစ်မူကား ဤသည်ထက်အလျင်က 'မူစာ'၏ ကျမ်းဂန်သည် ရှေ့ဆောင်လမ်းပြတစ်ရပ်နှင့် ကရုဏာတော်အဖြစ်ဖြင့်ရှိခဲ့ချေပြီ။ ထို့ပြင် ဤသည် ဝေါဟာရကြွယ်၍ အဓိပ္ပာယ်နက်ရှိုင်းသော ဘာသာစကားဖြင့်ပြီးသည့် မှန်ကန်ကြောင်းထောက်ခံသော ကျမ်းတော်ဖြစ်၏။ သို့ဖြင့် မတရားကျူးလွန်သူတို့အား သတိပေးနှိုးဆော်ရန်လည်းကောင်း၊ ကောင်းမှုပြုသူတို့အဖို့ ဝမ်းမြောက်ဖွယ်သတင်းကောင်းအဖြစ်လည်းကောင်း ဖြစ်စေရာ၏။

اِنَّ الَّذِيْنَ قَالُوْا رَبُّنَا اللّٰهُ ثُمَّ اسْتَقَامُوْا فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ⑬

၁၄။ မုချမလွဲ အကြင်သူတို့က အလ္လာဟ်သည် ကျွန်ုပ်တို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်၏ဟု ပြောဆိုကြပြီး တစ်ဖန် (ယင်းအပေါ်တွင်) ခိုင်ခံ့မြဲမြံခြင်းကို ကျင့်မူဆောက်တည်ခဲ့ကြလေသော်၊ သူတို့အပေါ်၌ မည်သို့သော စိုးရိမ်ကြောက်ရွံ့မှုမျှရှိမည်မဟုတ်သည့်အပြင် သူတို့သည် ပူဆွေးသောကဖြစ်ကြရမည်လည်း မဟုတ်ချေ။

اُولٰۗىِٕكَ اَصْحٰبُ الْجَنَّةِ خٰلِدِيْنَ فِيْهَا ۚ جَزَاۗءًۢ بِمَا كَانُوْا يَعْمَلُوْنَ ⑭

၁၅။ ဤသူတို့သည်သာလျှင် 'ဂျန္နတ်'ဥယျာဉ်တော်သားများဖြစ်ကြ၏။ ယင်း၌ အစဉ်ထာဝရ နေကြရမည့်သူများဖြစ်ကြ၏။ ယင်းတို့ပြုလုပ်လေ့ရှိခဲ့သော ထိုသည့်အကျင့်အမူများအတွက် တုံ့ပြန်အစားပေးခြင်းဖြစ်၏။

وَوَصَّيْنَا الْاِنْسَانَ بِوَالِدَيْهِ اِحْسٰنًا ۭ حَمَلَتْهُ اُمُّهٗ كُرْهًا وَّوَضَعَتْهُ كُرْهًا ۭ وَحَمْلُهٗ وَفِصٰلُهٗ ثَلٰثُوْنَ شَهْرًا ۭ حَتّٰٓى اِذَا

၁၆။ ထို့မှတစ်ပါး ငါတို့သည် လူသားကို သူ၏မိဘတို့အားကောင်းမှုပြုရန် လေးနက်စွာဆုံးမတော်မူ၏။ သူ့အား သူ၏မိခင်မှာ ပင်ပန်းကြီးစွာ သယ်ပိုး၍လွယ်ထားပြီး ပင်ပန်းကြီးစွာဖြင့်ပင် သူ့အားမွေးဖွားပေး၏။ ထို့ပြင် သူ့အားသယ်ပိုးလွယ်

➤ပွင့်ပေါ်လာမည့်အကြောင်းကို တမန်တော်မူစာ(ﷺ)က "သူတို့အမျိုးသားချင်းတို့အထဲ၌ သင်နှင့်တူသောပရောဖက်တစ်ပါးကို သူတို့အတို့ ငါပေါ်ထွန်းစေ၍ ထိုပရောဖက်နှုတ်၌ ငါ့စကားကို ငါအပ်သဖြင့် ငါမှာထားသမျှတို့ကို သူတို့အား ဆင့်ဆိုလိမ့်မည်" (တရားဟောရာကျမ်း-၁၈း၁၈)ဟူ၍ သက်သေခံခဲ့လေသည်။

ဤနေရာတွင် اِسْتَكْبَرْتُمْ ဆိုသည်မှာ ဘနီအစ္စရာအီလ်တို့အနက် တမန်တော်မြတ်(ﷺ)အား ငြင်းပယ်ကန့်ကွက်သော မျိုးနွယ်ဝင်များကိုဆိုလိုခြင်းဖြစ်သည်။ ထိုသူတို့အား ဖျောင်းဖျတော်မူသည်မှာ အသင်တို့၏ ဘာသာရေးအစုအဖွဲ့(အွမ္မတ်)ကို အခြေခံတည်ထောင်သူက တမန်တော်မြတ်(ﷺ)အား သက်ဝင်ယုံကြည်ခဲ့၏ သို့သော် အသင်တို့မှာကား ငြင်းပယ်ကန့်ကွက်ကြလေသည်။ ပမာဆိုသော် မာန်မာနကြောင့် အသင်တို့ထံတွင် အစဉ်သဖြင့်ရှိခဲ့သော စရိုက်မှာကား ငြင်းပယ်ကန့်ကွက်ခြင်းသာဖြစ်၏။

بَلَغَ اَشُدَّهٗ وَبَلَغَ اَرْبَعِيْنَ سَنَةً ۙ قَالَ رَبِّ اَوْزِعْنِيْٓ اَنْ اَشْكُرَ نِعْمَتَكَ الَّتِيْٓ اَنْعَمْتَ عَلَيَّ وَعَلٰي وَالِدَيَّ وَاَنْ اَعْمَلَ صَالِحًا تَرْضٰىهُ وَاَصْلِحْ لِيْ فِيْ ذُرِّيَّتِيْ ۚ اِنِّيْ تُبْتُ اِلَيْكَ وَاِنِّيْ مِنَ الْمُسْلِمِيْنَ ⑮

ထားခြင်းနှင့် နို့ဖြတ်ခြင်း၏သက်တမ်းမှာ လပေါင်းသုံးဆယ် ဖြစ်ပေသည်။ နောက်ဆုံးတွင် သူသည် လူလားမြောက် ရင့်ကျက်၍ အနှစ်လေးဆယ်အရွယ်သို့ရောက်သောအခါ သူက အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် အရှင်မြတ်သည် ကျွန်တော်မျိုးနှင့် ကျွန်တော်မျိုး၏ မိဘတို့အား ပြုတော်မူထားသော အရှင်မြတ်၏ ထိုသည့် 'နေ့အ်မတ်' ကောင်းကျိုးချမ်းသာကို ကျွန်တော်မျိုးသည် ကျေးဇူးသိတတ် နိုင်ခြင်းကိုလည်းကောင်း၊ အရှင်မြတ် ကျေနပ်နှစ်သက်တော်မူမည့် ကောင်းသောကျင့်ကြံအားထုတ်မှုကို ကျင့်မူနိုင်စွမ်းကို လည်းကောင်း ကျွန်တော်မျိုးအားပေးသနားတော်မူပါ။ ထိုမှတစ်ပါး ကျွန်တော်မျိုးအတွက် ကျွန်တော်မျိုး၏ သားမြေးတို့ကိုလည်း ဖြောင့်မတ်အောင် ပြုပြင်ပေးတော်မူပါ။ မုချမလွဲ ကျွန်တော်မျိုးသည် အရှင်မြတ်၏ဘက်တော်သို့သာလျှင် ယိမ်းညွတ်ပါ၏။ ဤတွင်မက ဧကန်ပင် ကျွန်တော်မျိုးသည် အမိန့်နာခံသူများအနက်မှဖြစ်ပါ၏။

اُولٰٓئِكَ الَّذِيْنَ نَتَقَبَّلُ عَنْهُمْ اَحْسَنَ مَا عَمِلُوْا وَنَتَجَاوَزُ عَنْ سَيِّاٰتِهِمْ فِيْٓ اَصْحٰبِ الْجَنَّةِ ۭ وَعْدَ الصِّدْقِ الَّذِيْ كَانُوْا يُوْعَدُوْنَ ⑯

၁၇။ ဤသူတို့သာတည်း၊ အကြင်သူတို့ ပြုကျင့်လေသမျှ အကောင်းမြတ်ဆုံး(အကျင့်သီလများ)ကို ငါတို့သည် လက်ခံတော်မူမည်ဖြစ်ပြီး သူတို့၏မကောင်းမှုများကို ဥပေက္ခာပြုတော်မူမည်။ ထိုသူတို့သည် 'ဂျန္နတ်'ဥယျာဉ်တော်သားတို့အနက်မှဖြစ်ချိမ့်မည်။ ဤကား ထိုသူတို့အားပေးခဲ့သည့် မှန်ကန်သည့် ကတိသစ္စာဖြစ်၏။ ①

وَالَّذِيْ قَالَ لِوَالِدَيْهِ اُفٍّ لَّكُمَآ اَتَعِدٰنِنِيْٓ اَنْ اُخْرَجَ وَقَدْ خَلَتِ الْقُرُوْنُ مِنْ قَبْلِيْ ۚ وَهُمَا يَسْتَغِيْثٰنِ اللّٰهَ وَيْلَكَ اٰمِنْ ۡ اِنَّ وَعْدَ اللّٰهِ حَقٌّ ۚ فَيَقُوْلُ مَا هٰذَآ اِلَّآ اَسَاطِيْرُ الْاَوَّلِيْنَ ⑰

၁၈။ ထို့ပြင် အကြင်သူသည် သူ၏မိဘတို့အား ပြောဆိုသည်မှာ အသင်တို့နှစ်ဦးအဖို့ ဝမ်းနည်းဖွယ်ကောင်းပေစွ။ အသင်တို့သည် ကျွန်ုပ်အား ထုတ်ဆောင်ခြင်းခံရမည်ဟူသော အကြောင်းဖြင့် ခြောက်လှန့်ကြပါသလော။ အမှန်သော်ကား ကျွန်ုပ်အလျင် များစွာသောလူမျိုးနွယ်များ လွန်ခဲ့ပြီးဖြစ်ချေသည်။ ထို့ပြင် ယင်းတို့နှစ်ဦးသည် အလ္လာဟ်၏ထံတော်သို့ တိုင်တန်းလျှောက်ထားလျက် ပြောကြားကြသည်မှာ အသင့်အပေါ်သို့ ပျက်စီးခြင်းဖြစ်ပါစေ။ 'အီမာန်'သက်ဝင်ယုံကြည်ခြင်းရှိလော့။ ဧကန်ပင် အလ္လာဟ်၏ကတိတော်သည် မှန်ကန်၏။ ထိုအခါ ယင်းက ဤသည်ရှေးလူတို့၏ ပုံပြင်သက်သက်မျှသာဖြစ်သည်ဟုပြော၏။

اُولٰٓئِكَ الَّذِيْنَ حَقَّ عَلَيْهِمُ الْقَوْلُ فِيْٓ

၁၉။ ဤသူတို့သည်သာတည်း။ အကြင်သူတို့ထက်အလျင် 'ဂျင်န်'နှင့် လူသားတို့မှ လွန်ခဲ့ကြပြီးဖြစ်သော အမျိုးသားတို့

① اَحْسَنَ مَا عَمِلُوْا ၏သဘောမှာ အလ္လာဟ်အရှင်မြတ်သည် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့၏ ကောင်းမှုအနည်းအကျဉ်း၏ ဆက်စပ်မှုအားလျော်စွာမဟုတ်မူဘဲ ၎င်းတို့၏ ကျင့်ကြံအားထုတ်မှု၏ အကောင်းဆုံးအစိတ်အပိုင်းနှင့်လျော်ညီစွာ ၎င်းတို့အား ကောင်းကျိုးပြုတော်မူမည်ဟူ၏။

أُمَمٍ قَدْ خَلَتْ مِنْ قَبْلِهِمْ مِّنَ الْجِنِّ وَالْإِنْسِ ۖ إِنَّهُمْ كَانُوا خٰسِرِينَ ﴿٢٥﴾

အပေါ်သို့ မှန်ကန်ပြည့်စုံခဲ့သော အမိန့်တော်သည် ယင်းတို့အပေါ်တွင်လည်း မှန်ကန်ပြည့်စုံခဲ့ပေပြီ၊ အမှန်ပင် ဤသူအားလုံးတို့သည်ကား ဆုံးရှုံးနစ်နာသူများသာဖြစ်ကြ၏။

وَ لِكُلٍّ دَرَجٰتٌ مِّمَّا عَمِلُوْا ۚ وَ لِيُوَفِّيَهُمْ اَعْمَالَهُمْ وَ هُمْ لَا يُظْلَمُوْنَ ﴿٢٦﴾

၂၀။ ထို့ပြင် အားလုံးတို့အတွက် သူတို့ပြုကျင့်လျက်ရှိသည် များနှင့်လျော်ညီစွာ အဆင့်အတန်းများသည်ရှိ၏။ သို့ဖြင့် (အလ္လာဟ်သည်) သူတို့၏အကျင့်အမူများကို သူတို့အားအပြည့်အဝအကျိုးပေးတော်မူရန်ဖြစ်၏။ သူတို့သည် မတရားပြုခြင်းကိုခံကြရမည်မဟုတ်ချေ။

وَ يَوْمَ يُعْرَضُ الَّذِيْنَ كَفَرُوْا عَلَى النَّارِ ؕ اَذْهَبْتُمْ طَيِّبٰتِكُمْ فِيْ حَيَاتِكُمُ الدُّنْيَا وَاسْتَمْتَعْتُمْ بِهَا ۚ فَالْيَوْمَ تُجْزَوْنَ عَذَابَ الْهُوْنِ بِمَا كُنْتُمْ تَسْتَكْبِرُوْنَ فِي الْاَرْضِ بِغَيْرِ الْحَقِّ وَ بِمَا كُنْتُمْ تَفْسُقُوْنَ ﴿٢٦﴾ ع

၂၀။ ထိုမှတစ်ပါး ထိုနေ့ကိုသတိရကြကုန်။ အကြင်အခါဝယ် 'ကာဖိရ်'မယုံကြည်ငြင်းပယ်ကြကုန်သောသူတို့သည် မီး၏ရှေ့မှောက်တွင်တင်ဆက်ခြင်းကိုခံကြရသောအခါ အသင်တို့သည် မိမိတို့၏ကောင်းမြတ်သောအရာဟူသမျှကို မိမိတို့၏ လောကီဘဝ၌ပင် သုံးစွဲဖြုန်းတီးခဲ့ကြပြီး ယင်းတို့မှ ယာယီအကျိုးကိုခံစားခဲ့ကြပြီးဖြစ်၏။ သို့ဖြစ်ရာ ယနေ့အခါဝယ် အသင်တို့သည် ကမ္ဘာမြေတွင် မတရားသဖြင့် မောက်မာပလွှားခဲ့ကြသောကြောင့်လည်းကောင်း၊ အမိန့်တော်ကို ဖီဆန်ခဲ့ကြသောကြောင့်လည်းကောင်း အသင်တို့သည် ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် ပြစ်ဒဏ်ကို ပေးခြင်းခံကြရပေအံ့တည်း။

ရုကူ-၃

وَاذْكُرْ اَخَا عَادٍ ؕ اِذْ اَنْذَرَ قَوْمَهٗ بِالْاَحْقَافِ وَ قَدْ خَلَتِ النُّذُرُ مِنْۢ بَيْنِ يَدَيْهِ وَمِنْ خَلْفِهٖۤ اَلَّا تَعْبُدُوْۤا اِلَّا اللّٰهَ ؕ اِنِّيْۤ اَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ عَظِيْمٍ ﴿٢١﴾

၂၂။ ထို့ပြင် 'အာဒ်'၏ညီနောင်တော်ကို သတိရပါလေ။ အကြင်အခါဝယ် သူသည် မိမိ၏အမျိုးသားတို့အား သဲတောင်ကုန်းများအနီးတွင် သတိပေးနှိုးဆော်ခဲ့၏။ အမှန်သော်ကား ယင်းတို့၏ရှေ့မှောက်တွင်လည်းကောင်း ထိုသည်ထက်အလျင်ကလည်းကောင်း များစွာသော သတိပေးနှိုးဆော်ခြင်းများသည် လွန်ခဲ့ချေပြီ၊ ယင်းမှာ အသင်တို့သည် အလ္လာဟ်မှတစ်ပါး မည်သည်ကိုမျှ ကိုးကွယ်ဆည်းကပ်ခြင်းမပြုကြကုန်လင့်။ ဧကန်မုချ ကျွန်ုပ်သည် အသင်တို့အား အလွန်လျှင် ကြီးကျယ်လှစွာသော နေ့တစ်နေ့၏ ပြစ်ဒဏ်ဆိုက်ရောက်မည်ကို စိုးကြောက်ပေ၏။

قَالُوْۤا اَجِئْتَنَا لِتَاْفِكَنَا عَنْ اٰلِهَتِنَا ۚ فَاْتِنَا بِمَا تَعِدُنَاۤ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ﴿٢٢﴾

၂၃။ ၎င်းတို့က ပြောကြသည်မှာ အသင်သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ကိုးကွယ်ရာများမှ လွှဲဖယ်ပစ်ရန်အလို့ငှာ ကျွန်ုပ်တို့ထံသို့လာရောက်ပေသလော။ သို့ဖြစ်ပါက အကယ်၍ အသင်သည် မှန်ကန်သူတို့အနက်မှဖြစ်ခဲ့လျှင် အသင်သည် ကျွန်ုပ်တို့အား ခြောက်လှန့်သော ထိုအရာကို ယူဆောင်၍ လာပါလေ။

قَالَ اِنَّمَا الْعِلْمُ عِنْدَ اللّٰهِ ۫ وَ اُبَلِّغُكُمْ مَّاۤ اُرْسِلْتُ بِهٖ وَ لٰكِنِّیْۤ اَرٰىكُمْ قَوْمًا تَجْهَلُوْنَ ۝۲۳

၂၄။ သူကပြောကြား၏။ အသိပညာသည်ကား အလ္လာဟ်၏ အထံတော်၌သာရှိ၏။ ထို့ပြင် ကျွန်ုပ်သည်ကား မိမိနှင့်အတူ စေလွှတ်ခြင်းခံရသော ထိုသတင်းစကားကို အသင်တို့ထံ ပို့ဆောင်ခြင်းဖြစ်၏။ သို့သော် ကျွန်ုပ်သည် အသင်တို့အား လွန်စွာ အသိပညာကင်းမဲ့သော အမျိုးသားထုတစ်ရပ်အဖြစ် မြင်တွေ့နေရပေသည်။

فَلَمَّا رَاَوْهُ عَارِضًا مُّسْتَقْبِلَ اَوْدِيَتِهِمْ ۙ قَالُوْا هٰذَا عَارِضٌ مُّمْطِرُنَا ؕ بَلْ هُوَ مَا اسْتَعْجَلْتُمْ بِهٖ ؕ رِيْحٌ فِيْهَا عَذَابٌ اَلِيْمٌ ۝۲۴

၂၅။ သို့ဖြစ်ရာ ၎င်းတို့သည် ယင်းအား မိုးတိမ်တစ်ခုအသွင်ဖြင့် သူတို့၏တောင်ကြားများဘက်သို့ ရွေ့လျားလာသည်ကို မြင်တွေ့ကြရသောအခါ ဤသည် ငါတို့အပေါ်သို့ မိုးအဖြစ် ရွာသွန်းစေမည့် မိုးတိမ်ဖြစ်သည်ဟုဆိုကြ၏။ ထိုသို့ အလျှင်းမဟုတ် ဤသည်မှာ အသင်တို့အလျင်စလို တောင်းဆိုလေ့ရှိခဲ့သော ထိုအရာဖြစ်၏။ ဤကား လေပြင်းတစ်ခုဖြစ်ပြီး ယင်း၌ ပြင်းပြနာကျင်ဖွယ်ပြစ်ဒဏ်သည်ရှိ၏။

تُدَمِّرُ كُلَّ شَیْءٍۭ بِاَمْرِ رَبِّهَا فَاَصْبَحُوْا لَا يُرٰۤى اِلَّا مَسٰكِنُهُمْ ؕ كَذٰلِكَ نَجْزِی الْقَوْمَ الْمُجْرِمِيْنَ ۝۲۵

၂၆။ မိမိအားဖန်ဆင်းတော်မူသောအရှင်၏အမိန့်တော်ဖြင့် အရာရာတိုင်းကို ဖျက်ဆီးပစ်၏။ သို့ဖြစ်ရာ ထိုသူတို့မှာ သူတို့၏နေအိမ်များမှတစ်ပါး မည်သည်ကိုမျှ မမြင်မတွေ့ခဲ့ကြရလေအောင်(ပျက်စီးခြင်း)ဖြစ်ခဲ့ကြရလေသည်။ ဤသို့ပင် ငါတို့သည် အပြစ်ရှိသော အမျိုးသားတို့အား အစားပေးတော်မူလေ့ရှိ၏။

وَ لَقَدْ مَكَّنّٰهُمْ فِيْمَاۤ اِنْ مَّكَّنّٰكُمْ فِيْهِ وَ جَعَلْنَا لَهُمْ سَمْعًا وَّ اَبْصَارًا وَّ اَفْـِٕدَةً ۫ فَمَاۤ اَغْنٰى عَنْهُمْ سَمْعُهُمْ وَ لَاۤ اَبْصَارُهُمْ وَ لَاۤ اَفْـِٕدَتُهُمْ مِّنْ شَیْءٍ اِذْ كَانُوْا يَجْحَدُوْنَ ۠ بِاٰيٰتِ اللّٰهِ وَ حَاقَ بِهِمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ۝۲۶

၂၇။ ထို့ပြင် ၎ကန်မလွဲပင် ငါတို့သည် အသင်တို့အား ပေးတော်မမူခဲ့သည့် တန်ခိုးစွမ်းအားကို သူတို့အား ပေးသနားတော်မူခဲ့၏။ ထို့ပြင် ငါတို့သည် သူတို့အတွက် နား၊ မျက်စိများနှင့် နှလုံးသားကို ပြုလုပ်ပေးတော်မူခဲ့၏။ သို့ဖြစ်ရာ သူတို့က အလ္လာဟ်၏နိမိတ်လက္ခဏာတော်များကို အပြင်းအထန် ငြင်းပယ်ကြသောကြောင့် သူတို့၏နား၊ သူတို့၏မျက်စိများနှင့် သူတို့၏ နှလုံးသားတို့သည် သူတို့အတွက် မည်သို့မျှ အသုံးမဝင်ခဲ့တော့ချေ။ ထို့ပြင် သူတို့ လှောင်ပြောင်ပြက်ရယ်ပြုလေ့ရှိခဲ့သည်တို့က သူတို့အား ဝန်းရံလိုက်ပေသည်။

ရုကူ-၄

وَ لَقَدْ اَهْلَكْنَا مَا حَوْلَكُمْ مِّنَ الْقُرٰى وَ صَرَّفْنَا الْاٰيٰتِ لَعَلَّهُمْ يَرْجِعُوْنَ ۝۲۷

၂၈။ ထို့ပြင် ၎ကန်ပင် ငါတို့သည် အသင်တို့၏ ဝန်းကျင်၌ရှိသော မြို့ရွာများကိုလည်း ဖျက်ဆီးတော်မူခဲ့ပေပြီ၊ ထို့ပြင် ငါတို့သည် 'အာယတ်'သက်သေလက္ခဏာတော်များကို ၎င်းတို့ ပြန်လှည့်လာကြစိမ့်သောငှာ အနည်းနည်းအဖုံဖုံဖြင့် ဖော်ပြတော်မူ၏။

فَلَوْلَا نَصَرَهُمُ الَّذِيْنَ اتَّخَذُوْا مِنْ دُوْنِ

၂၉။ ထို့နောက် အလ္လာဟ်မှလွဲ၍ အကြင်အရာကိုနီးစပ်မှုရရှိစေခြင်းအလို့ငှာ ထိုသူတို့က ကိုးကွယ်ရာအဖြစ် ပြုထားခဲ့

اللّٰهِ قُرْبَانًا اٰلِهَةً ؕ بَلْ ضَلُّوْا عَنْهُمْ ۚ وَذٰلِكَ اِفْكُهُمْ وَمَا كَانُوْا يَفْتَرُوْنَ ﴿۲۸﴾

သောအရာများမှာ သူတို့အား အဘယ့်ကြောင့် မကူညီကြသနည်း။ အမှန်သော်ကား ယင်းတို့မှာ သူတို့ထံမှ ကွယ်ပျောက်၍သွားခဲ့လေသည်။ ထို့ပြင် ဤသည်မှာ ထိုသူတို့ လိမ်လည်လှည့်ဖြားလျက်ရှိခဲ့ကြသော သူတို့၏ မုသားလီဆယ်မှုအတွက် အကျိုးဆက်ဖြစ်ခဲ့၏။

وَاِذْ صَرَفْنَاۤ اِلَيْكَ نَفَرًا مِّنَ الْجِنِّ يَسْتَمِعُوْنَ الْقُرْاٰنَ ۚ فَلَمَّا حَضَرُوْهُ قَالُوْۤا اَنْصِتُوْا ۚ فَلَمَّا قُضِيَ وَلَّوْا اِلٰى قَوْمِهِمْ مُّنْذِرِيْنَ ﴿۲۹﴾

၂၀။ ထို့ပြင် အကြင်အခါ၀ယ် ငါတို့သည် 'ဂျင်န်'များအနက်မှ ကျမ်းမြတ်ကုရ်အာန်ကိုနားဆင်ခဲ့ကြလေသော အုပ်စုတစ်စုကို အသင့်ဘက်သို့ ဦးလှည့်စေတော်မူလိုက်၏။ ယင်းတို့သည် သူရှိရာသို့ရောက်ရှိလာကြလေသောအခါ ယင်းတို့က ခပ်မဆိတ်နေလိုက်ကြဟူ၍ ဆိုကြ၏။ ထို့နောက် အကြောင်းရပ်ပြီးဆုံးသွားလေသော် မိမိတို့၏ အမျိုးသားများထံသို့ သတိပေးနှိုးဆော်မှုပြုလျက် လှည့်ပြန်ခဲ့ကြလေ၏။ ①

قَالُوْا يٰقَوْمَنَاۤ اِنَّا سَمِعْنَا كِتٰبًا اُنْزِلَ مِنْۢ بَعْدِ مُوْسٰى مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ يَهْدِيْۤ اِلَى الْحَقِّ وَاِلٰى طَرِيْقٍ مُّسْتَقِيْمٍ ﴿۳۰﴾

၃၁။ ၎င်းတို့ကပြောကြသည်မှာ အို- ကျွန်ုပ်တို့၏ အမျိုးသားတို့ မုချဧကန် ကျွန်ုပ်တို့သည် မူစာ၏နောက်တွင် ချပေးတော်မူသော ကျမ်းတစ်စောင်ကို ကြားနာကြရပါ၏။ ယင်းက သူ၏ မျက်မှောက်တွင်ရှိခဲ့သည်ကို မှန်ကန်ကြောင်းထောက်ခံ၏။ ယင်းသည် အမှန်တရားဘက်သို့လည်းကောင်း၊ တရားလမ်းမှန်ဘက်သို့လည်းကောင်း လမ်းညွှန်လျက်ရှိခဲ့ပေသည်။ ②

يٰقَوْمَنَاۤ اَجِيْبُوْا دَاعِيَ اللّٰهِ وَاٰمِنُوْا بِهٖ يَغْفِرْ لَكُمْ مِّنْ ذُنُوْبِكُمْ وَيُجِرْكُمْ مِّنْ عَذَابٍ اَلِيْمٍ ﴿۳۱﴾

၃၂။ အို-ကျွန်ုပ်တို့၏အမျိုးသားတို့ အလ္လာဟ်ဘက်သို့ ဖိတ်ခေါ်သူကို အသင့်ရှိကြောင်း ဖြေကြားကြကုန်။ ထို့ပြင် သူအား သက်ဝင်ယုံကြည်ကြကုန်။ ထိုအရှင်မြတ်သည် အသင်တို့၏ အပြစ် (ဒုစရိုက်များ)ကို ခွင့်လွှတ်ချမ်းသာပေးသနားတော်မူမည်ဖြစ်၏။ ထို့ပြင် အသင်တို့အား ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်မှ ကာကွယ်ပေးတော်မူပေလိမ့်မည်။ ③

وَمَنْ لَّا يُجِبْ دَاعِيَ اللّٰهِ فَلَيْسَ بِمُعْجِزٍ فِي الْاَرْضِ وَلَيْسَ لَهٗ مِنْ دُوْنِهٖۤ اَوْلِيَآءُ ؕ

၃၃။ ထို့ပြင် အလ္လာဟ်၏ဘက်သို့ ဖိတ်ခေါ်သူအား တုံ့ပြန်ဖြေကြားခြင်းမရှိသော အကြင်သူသည် ကမ္ဘာမြေတွင် မစွမ်းဆောင်နိုင်အောင် ပြုသူမဖြစ်နိုင်ချေ။ ထို့ပြင် ထိုအရှင်မြတ်နှင့်ယှဉ်လျက် ထိုသူတို့အား ကာကွယ်စောင့်ရှောက်ရန် မည်သူမျှရှိမည်

① ဤအာယတ်တော်တွင်ဖော်ပြသော 'ဂျင်န်'ဟူသည် အများယူဆထားသည့် စိတ်ကူးယဉ် 'ဂျင်န်'များမဟုတ်မူဘဲ ကြီးကျယ်သော အမျိုးသားထုတစ်ခု၏ခေါင်းဆောင်များကိုဆိုခြင်းဖြစ်သည်။ သူတို့သည် တမန်တော်မြတ် ﷺ ၏ သတင်းကိုကြားသိခဲ့ရပြီး ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ တွေ့ဆုံဂါရဝပြုပြီးဆုံးဖြတ်ချက်ချရန်ရည်ရွယ်ခဲ့သူများဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် မိမိအမျိုးသားတို့ထံသို့ ပြန်ရောက်လာသောအခါ ၎င်းတို့အား တမန်တော်မြတ် မိုဟမ္မဒ် ﷺ ၏ မှန်ကန်မှုသတင်းကောင်းကိုပြောကြားခဲ့လေသည်။

② ဤအာယတ်တော်တွင် တမန်တော်မူစာ ﷺ နောက် ပြီးပြည့်စုံသော 'ရှရီအတ်'ဥပဒေကိုယူဆောင်လာသော တမန်တော်ပေါ်ထွန်းပြီဖြစ်ကြောင်းကို လုံးလုံးလျားလျားလင်းပြတော်မူလိုက်ပေသည်။

③ ၎င်းတို့သည် အမျိုးသားတို့ထံပြန်လာသောအခါ ဖော်ပြပါတင်ပြချက်၏နောက်တွင် ထိုသူတို့အား အထပ်ထပ်ဆုံးမသည်မှာ ဤကားစစ်မှန်သော 'နဗီ'တမန်တော်ဖြစ်၏။ သို့အတွက်ကြောင့် ထိုတမန်တော်အား သက်ဝင်ယုံကြည်ကြကုန်။ ဤသည်တွင် အသင်တို့အဖို့ ကောင်းမြတ်ခြင်းရှိ၏။ ထို့ပြင် သတိပေးနှိုးဆော်သည်မှာ အကြင်မည်သူမဆို အလ္လာဟ်၏ဘက်တော်သို့ ဖိတ်ခေါ်သူအား ငြင်းပယ်ကန့်ကွက်ပါလျှင် ထိုသူသည် တမန်တော်အား ဆုံးရှုံးနစ်နာအောင်ပြုနိုင်မည်မဟုတ်ချေ။

أُولَٰئِكَ فِي ضَلَٰلٍ مُّبِينٍ ﴿٣٠﴾

မဟုတ်ချေ။ ဤသူတို့သည်သာလျှင် ထင်ရှားသောလမ်းမှားတွင် ရှိကြကုန်၏။

أَوَلَمْ يَرَوْا أَنَّ اللَّهَ الَّذِي خَلَقَ السَّمَٰوَٰتِ وَالْأَرْضَ وَلَمْ يَعْيَ بِخَلْقِهِنَّ بِقَٰدِرٍ عَلَىٰ أَن يُحْيِيَ الْمَوْتَىٰ ۚ بَلَىٰ إِنَّهُ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٣١﴾

၃၄။ ထို့မှတစ်ပါး မိုးကောင်းကင်များကိုလည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း ဖန်ဆင်းတော်မူ၍၊ ယင်းတို့ကို ဖန်ဆင်းတော်မူခြင်းဖြင့် မောပန်းတော်မူခြင်းမရှိသော အလ္လာဟ်သည် သူသေတို့အားရှင်စေခြင်းကို စွမ်းနိုင်တော်မူသောအရှင်ဖြစ်တော်မူသည်ကို ၎င်းတို့သည် မသိမြင်ကြသလော။ အဘယ့်ကြောင့် မဟုတ်ရမည်နည်း၊ ဧကန်စင်စစ် ထိုအရှင်မြတ်သည် အလိုရှိတော်မူသော အရာခပ်သိမ်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။ ⓵

وَيَوْمَ يُعْرَضُ الَّذِينَ كَفَرُوا عَلَى النَّارِ ۖ أَلَيْسَ هَٰذَا بِالْحَقِّ ۖ قَالُوا بَلَىٰ وَرَبِّنَا ۖ قَالَ فَذُوقُوا الْعَذَابَ بِمَا كُنتُمْ تَكْفُرُونَ ﴿٣٤﴾

၃၅။ ထို့ပြင် ငြင်းပယ်ကြသောအကြင်သူတို့အား မီး၏ရှေ့သို့ ယူဆောင်လာခြင်းခံရသော ထိုနေ့ကိုသတိရကြကုန်။ ဤသည် အမှန်မဟုတ်လော။ သူတို့က အဘယ့်ကြောင့် မဟုတ်ရပါမည်နည်း၊ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်အား ကျိန်ဆိုသက်သေပြုပါ၏။ (ဤကား ဟုတ်မှန်ပါ၏)ဟု လျှောက်ထားကြပေလိမ့်မည်။ ထိုအရှင်မြတ်က သို့ဖြစ်လျှင် အသင်တို့သည် ငြင်းပယ်ကန့်ကွက်ခြင်းကို ပြုလေ့ရှိခဲ့ကြသောကြောင့် ပြစ်ဒဏ်ကိုမြည်းစမ်းကြကုန်ဟု ယင်းတို့အား မိန့်ကြားတော်မူမည်။

فَاصْبِرْ كَمَا صَبَرَ أُولُو الْعَزْمِ مِنَ الرُّسُلِ وَلَا تَسْتَعْجِل لَّهُمْ ۚ كَأَنَّهُمْ يَوْمَ يَرَوْنَ مَا يُوعَدُونَ لَمْ يَلْبَثُوا إِلَّا سَاعَةً مِّن نَّهَارٍ ۚ بَلَٰغٌ ۚ فَهَلْ يُهْلَكُ إِلَّا الْقَوْمُ الْفَاسِقُونَ ﴿٣٥﴾

၃၆။ သို့ဖြစ်ရာ စိတ်ဓာတ်ကြံ့ခိုင်သော တမန်တော်များ သည်းခံစောင့်စည်းကြသကဲ့သို့ သည်းခံစောင့်စည်းပါလေ။ ထို့ပြင် ထိုသူတို့နှင့်စပ်လျဉ်း၍ အလျင်စလိုမပြုလင့်။ အကြင်နေ့တွင် သူတို့အား သတိပေးနှိုးဆော်ခြင်းခံရသည့်အရာကို သူတို့မြင်တွေ့ရသောအခါ နေ့၏အချိန်တစ်ခုထက်ပို၍ သူတို့(စောင့်ဆိုင်းခြင်း)မရှိခဲ့သကဲ့သို့ ထင်မှတ်ကြလိမ့်မည်။ သတင်းပို့ဆောင်ပြီးဖြစ်၏။ သို့ဖြစ်ရာ အကျင့်ဆိုးယုတ်သူတို့မှတစ်ပါးလည်း အခြားတစ်ပါးသော အမျိုးသားတို့သည် ဖျက်ဆီးခြင်းကိုခံကြရပေသလော။

❖ ❖ ❖

⓵ ဤသည့်ဆုံးမစကား၏ နောက်တွင် 'နဗီ'တမန်တော်တိုင်းက မိမိတို့၏အမျိုးသားတို့အား သတိပေးခေါ်ဆောင်မှုပြုခဲ့သည့် သေပြီးနောက်ရှင်ပြန်ထမြောက်မှုကို သက်ဝင်ယုံကြည်ကြရန်နှင့် ယင်းမပါရှိလျှင် သက်ဝင်ယုံကြည်မှု ပြည့်စုံမည်မဟုတ်ဟူသည့် မဖောက်မပြန် မှန်ကန်သည့် အမှန်တရားဘက်သို့ သတိပေးနှိုးဆော်ထားလေသည်။

၄၇။ မိုဟမ္မဒ်

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် 'အာယတ်'မုက္ခပါဠိတော် (၃၉)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်တွင် အာယတ်တော်အရေအတွက်အားဖြင့် အလွန်နည်းပါးလင့်ကစား တမန်တော်မြတ် မိုဟမ္မဒ်သခင်ﷺသည် တမန်တော်အားလုံးတို့၏ ပေါ်လွင်ထင်ရှားရာဖြစ်သကဲ့သို့ လက်တွေ့အားဖြင့် ကျမ်းမြတ်ကုရ်အာန်၏ လွန်လေပြီးသော ဆူရာဟ်တော်အားလုံးတို့၏ အကျဉ်းချုပ်ကို ဖော်ပြတော်မူလိုက်ပေသည်။

ဤဆူရာဟ်၏ အာယတ်တော်(၁၉)တွင် တမန်တော်မြတ်ﷺသည် အကြင် ကြီးကျယ်ခမ်းနားလှသော နာမ်(ဝိညာဉ်)ပိုင်းဆိုင်ရာ 'ကေယာမတ်'အတွက် ပွင့်ပေါ်ခဲ့ခြင်းဖြစ်ပေရာ ထိုအရာပေါ်ပေါက်ရန် နီးကပ်မှုအတွက် အလုံးစုံသောလက္ခဏာရပ်များမှာ ပေါ်လွင်ထင်ရှားခဲ့ပြီးဖြစ်သည်။ သို့ကြောင့် ယင်းသည် ပေါ်ပေါက်ခဲ့ပြီးဖြစ်ခဲ့လျှင် ထိုကာလတွင် သံဝေဂရခြင်းမှာ အဘယ်သို့ အသုံးကျပေအံ့နည်းဟု ဖော်ပြ ထားပေသတည်း။

♦ ♦ ♦

ဆူရာဟ် မိုဟမ္မဒ်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၃၉)ပိုဒ် ရှုကူ (၄)ပုဒ်ပါရှိသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اَلَّذِيۡنَ كَفَرُوۡا وَصَدُّوۡا عَنۡ سَبِيۡلِ اللّٰهِ اَضَلَّ اَعۡمَالَهُمۡ ①

၂။ အကြင်သူတို့သည် မယုံကြည်ခြင်းပယ်ကြကုန်၏။ ထို့ပြင် အလ္လာဟ်၏လမ်းတော်မှပိတ်ပင်တားဆီးကြ၏။ ထိုအရှင်မြတ်သည် ထိုသူတို့၏ကျင့်ကြံအားထုတ်မှုများကို အချည်းနှီးဖြစ်စေတော်မူသည်။

وَالَّذِيۡنَ اٰمَنُوۡا وَعَمِلُوا الصّٰلِحٰتِ وَاٰمَنُوۡا بِمَا نُزِّلَ عَلٰى مُحَمَّدٍ وَّهُوَ الۡحَقُّ مِنۡ رَّبِّهِمۡ ۙ كَفَّرَ عَنۡهُمۡ سَيِّاٰتِهِمۡ وَاَصۡلَحَ بَالَهُمۡ ②

၃။ စင်စစ် ထိုသူတို့သည် သက်ဝင်ယုံကြည်၍ ကောင်းမှုကျင့်မူကြလျက် 'မိုဟမ္မဒ်'အပေါ်သို့ ချပေးတော်မူခြင်းခံရသည်ကို ယုံကြည်ကြကုန်၏။ ထို့ပြင် ထိုသည်ပင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ပြီးပြည့်စုံသောအမှန်တရားဖြစ်၏။ ထိုအရှင်မြတ်သည် သူတို့၏အပြစ်များကို ကင်းစင်စေတော်မူမည်။ ထို့ပြင် သူတို့၏အခြေအနေကို တည့်မတ်အောင်ပြုပြင်ပေးတော်မူမည်။

ذٰلِكَ بِاَنَّ الَّذِيۡنَ كَفَرُوا اتَّبَعُوا الۡبَاطِلَ وَاَنَّ الَّذِيۡنَ اٰمَنُوا اتَّبَعُوا الۡحَقَّ مِنۡ رَّبِّهِمۡ ؕ كَذٰلِكَ يَضۡرِبُ اللّٰهُ لِلنَّاسِ اَمۡثَالَهُمۡ ③

၄။ ဤသို့ဖြစ်ရခြင်းမှာ မယုံကြည်ခြင်းပယ်သူတို့သည် မုသားကိုလိုက်နာကြ၏။ ယုံကြည်သက်ဝင်သူတို့သည်ကား မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ထံတော်မှ ရောက်ရှိလာသော အမှန်တရားကို လိုက်နာကြကုန်၏။ ဤသို့ပင် အလ္လာဟ်သည် လူတို့၏ရှေ့တွင် ယင်းတို့၏ ဥပမာများကို ဖော်ပြတော်မူ၏။

فَاِذَا لَقِيۡتُمُ الَّذِيۡنَ كَفَرُوۡا فَضَرۡبَ الرِّقَابِ ؕ حَتّٰۤى اِذَاۤ اَثۡخَنۡتُمُوۡهُمۡ فَشُدُّوا الۡوَثَاقَ ۙ فَاِمَّا مَنًّا بَعۡدُ وَاِمَّا فِدَآءً حَتّٰى تَضَعَ الۡحَرۡبُ اَوۡزَارَهَا ۚ ذٰلِكَ ۛؕ وَلَوۡ يَشَآءُ اللّٰهُ لَانۡتَصَرَ مِنۡهُمۡ وَلٰكِنۡ لِّيَبۡلُوَ بَعۡضَكُمۡ بِبَعۡضٍ ؕ وَالَّذِيۡنَ قُتِلُوۡا فِىۡ سَبِيۡلِ اللّٰهِ فَلَنۡ يُّضِلَّ اَعۡمَالَهُمۡ ④

၅။ သို့ဖြစ်ရာ အသင်တို့သည် မယုံကြည်ခြင်းပယ်သူ'ကာဖိရ်'တို့နှင့် ထိပ်တိုက်ရင်ဆိုင်ရသောအခါ လည်ကုပ်များကို ခုတ်ပိုင်းကြ၊ နောက်ဆုံးတွင် အသင်တို့သည် ယင်းတို့အား အများအပြား သွေးမြေကျစေပြီးသော် ခိုင်ခံ့စွာတုတ်နှောင်ကြလေကုန်။ ထို့နောက်တစ်ဖန် ကျေးဇူးပြုသောအားဖြင့်သော်လည်းကောင်း လျော်ကြေးယူ၍သော်လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့်ပြုလော့။ နောက်ဆုံးတွင် စစ်ပွဲသည် လက်နက်ချချုပ်ငြိမ်းသည့်တိုင်ဖြစ်၏။ ဤကဲ့သို့ပင် ဖြစ်ရပေမည်။ ထို့ပြင် အကယ်၍ အလ္လာဟ်အလိုတော်ရှိခဲ့ပါမူ အရှင်မြတ်ကိုယ်တော်တိုင် လက်စားချေတော်မူမည်ဖြစ်၏။ သို့ရာတွင် အရှင်မြတ်သည် အသင်တို့အနက် အချို့ကို အခြားသောသူတို့ဖြင့် စမ်းသပ်စုံစမ်းတော်မူလိုသောကြောင့်ဖြစ်၏။ ထို့ပြင် အလ္လာဟ်၏လမ်းတော်တွင် ပြင်းထန်စွာဒုက္ခပေးခြင်းကိုခံကြရကုန်

သောသူတို့၏ ကျင့်ကြံအားထုတ်မှုများကို အချည်းနှီးဖြစ်စေတော်မမူချေ။ ②

سَيَهْدِيْهِمْ وَيُصْلِحُ بَالَهُمْ ۝٦

၆။ ထိုအရှင်မြတ်သည် ၎င်းတို့အား တရားလမ်းမှန်ကို ပြသတော်မူမည်။ ထို့ပြင် ၎င်းတို့၏အခြေအနေကိုတည့်မတ်အောင် ပြုပေးတော်မူမည်။

وَيُدْخِلُهُمُ الْجَنَّةَ عَرَّفَهَا لَهُمْ ۝٧

၇။ ထို့ပြင် သူတို့အတွက် ထိုအရှင်မြတ်က အလွန်မြင့်မား စွာ ပြုလုပ်ထားတော်မူသော 'ဂျန္နတ်'ဥယျာဉ်တော်သို့ သူတို့အား ဝင်ရောက်စေတော်မူမည်။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنْ تَنْصُرُوا اللّٰهَ يَنْصُرْكُمْ وَيُثَبِّتْ اَقْدَامَكُمْ ۝٨

၈။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် အလ္လာဟ်အား ကူညီပံ့ပိုးကြလျှင် ထိုအရှင်မြတ်သည် အသင်တို့အား ကူညီတော်မူပေအံ့။ ထို့ပြင် အသင်တို့၏ခြေအစုံကို ကြံ့ခိုင်မြဲမြံစေတော်မူလတ္တံ့။

وَالَّذِيْنَ كَفَرُوْا فَتَعْسًا لَّهُمْ وَاَضَلَّ اَعْمَالَهُمْ ۝٩

၉။ မယုံကြည်ငြင်းပယ်သူတို့အပေါ်သို့ ပျက်စီးခြင်းကျရောက်စေသား။ ထို့ပြင် (အလ္လာဟ်သည်) ယင်းတို့၏ ကျင့်မူအားထုတ်မှုများကို အချည်းနှီးဖြစ်စေတော်မူပြီ။

ذٰلِكَ بِاَنَّهُمْ كَرِهُوْا مَآ اَنْزَلَ اللّٰهُ فَاَحْبَطَ اَعْمَالَهُمْ ۝١٠

၁၀။ ဤသို့ဖြစ်ရခြင်းမှာ အလ္လာဟ်ပို့ချပေးသနားတော်မူသမျှကို ယင်းတို့သည် မနှစ်မြို့ကြသောကြောင့် ဖြစ်၏။ သို့ကြောင့် ထိုအရှင်မြတ်သည် ထိုသူတို့၏ ကျင့်ကြံအားထုတ်မှုများကို အချည်းနှီးဖြစ်စေတော်မူလိုက်၏။

اَفَلَمْ يَسِيْرُوْا فِى الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ مِنْ قَبْلِهِمْ ۭ دَمَّرَ اللّٰهُ عَلَيْهِمْ ۭ وَلِلْكٰفِرِيْنَ اَمْثَالُهَا ۝١١

၁၁။ သို့ဖြစ်ရာ ၎င်းတို့သည် ကမ္ဘာမြေတွင် လှည့်လည်ခြင်းမပြုကြသလော။ ယင်း၏ရလဒ်အားဖြင့် သူတို့ထက်အလျင်ကလူတို့၏ နောက်ဆုံးရလဒ် မည်သို့ရှိခဲ့သည်ကို ၎င်းတို့သည် မြင်ကြရပေအံ့။ အလ္လာဟ်သည် ယင်းတို့အပေါ် ပျက်စီးခြင်းပြစ်ဒဏ်ကိုပေးတော်မူခဲ့၏။ ထို့ပြင် (ဤသည့်) မယုံကြည်ငြင်းပယ်သူတို့ကိုလည်း ထိုကဲ့သို့ပင် ပြုမူဆက်ဆံပေလတ္တံ့။

ذٰلِكَ بِاَنَّ اللّٰهَ مَوْلَى الَّذِيْنَ اٰمَنُوْا وَاَنَّ الْكٰفِرِيْنَ لَا مَوْلٰى لَهُمْ ۝١٢ ع

၁၂။ ဤသို့ဖြစ်ရခြင်းကား အလ္လာဟ်သည် သက်ဝင်ယုံကြည်သူ'မို့အ်မင်န်'တို့အား ကာကွယ်စောင့်ရှောက်တော်မူသောအရှင် ဖြစ်သောကြောင့်တည်း။ စင်စစ် မယုံကြည်ငြင်းပယ်သူတို့၌မူ ကာကွယ်စောင့်ရှောက်သူ မည်သူမျှမရှိချေ။

② ဤအာယတ်တော်တွင် 'ဂျီဟာဒ်ဖီစဘီလီလ္လာဟ်'(အလ္လာဟ်၏လမ်းစဉ်တော်အတွက် ခုခံစစ်တိုက်ခိုက်ရခြင်း)၏ ဗဟိုအချက်အချာကျသောရှုထောင့်ကိုဖော်ပြလိုက်ခြင်းဖြစ်သည်။ ပထမသော် 'မို့အ်မင်န်'ယုံကြည်သူတို့နှင့်ဆန့်ကျင်လျက် မားလက်နက်ကို ကိုင်စွဲခဲ့ကြသော အကြင်အမျိုးသားတို့အား အောင်နိုင်လွှမ်းမိုးပြီး စစ်အဆုံးမသတ်မချင်း မဖြစ်မနေ ခိုင်ခံ့မြဲမြံစွာဖြင့် ကျစ်လျစ်စွာရှိကြရန်ဖြစ်သည်။ ဤသည့်နောက်တွင် လျော့ကြေးယူ၍ (သုံ့ပန်းများကို)လွှတ်ပေးရန် (သို့တည်းမဟုတ်) လျော်ကြေးမယူဘဲ ကောင်းမှုပြုသောအနေဖြင့် လွှတ်ပေးလိုက်လျှင်လည်း အလွန်ကောင်းမြတ်သောလုပ်ရပ်ဖြစ်ကြောင်း ဖော်ပြထားပေသည်။

အစွန်းလာမ်၏ ခံစစ်အဖြစ်တိုက်ခိုက်သောစစ်ပွဲများကို အတင်းအဓမ္မ မွတ်စလင်ပြုလုပ်ရန်အတွက် ထိုးစစ်ဆင်တိုက်ခိုက်သောစစ်ပွဲဟု ဆိုကြသောသူတို့အား ဤအာယတ်တော်က ပြင်းထန်စွာကန့်ကွက်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ဤသည် လက်ရဖမ်းဆီးထားသော သုံ့ပန်းများအား မွတ်စလင်အဖြစ်ပြုရန် အကောင်းဆုံးသော အခွင့်အရေးပင်ဖြစ်သည်။ သို့ရာတွင် မွတ်စလင်အဖြစ် ပြုလုပ်ရန်မဆိုထားနှင့် ၎င်းတို့အား ယုံကြည်သက်ဝင်ခြင်းမရှိသောအခြေအနေ၌ပင် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ☞

ရုကူး - ၂

اِنَّ اللّٰهَ يُدْخِلُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ ۭ وَالَّذِيْنَ كَفَرُوْا يَتَمَتَّعُوْنَ وَيَاْكُلُوْنَ كَمَا تَاْكُلُ الْاَنْعَامُ وَالنَّارُ مَثْوًى لَّهُمْ ⑫

၁၃။ ဧကန်မုချ အလ္လာဟ်သည် သက်ဝင်ယုံကြည်လျက် ကောင်းမှုပွားများသူတို့အား ဤသို့သော 'ဂျန္နတ်'ဥယျာဉ်များတွင် ဝင်ရောက်စေတော်မူပေအံ့။ ယင်း၏အခြေတွင် စမ်းချောင်းများစီးဆင်းလျက်ရှိ၏။ အမှန်သော်ကား မယုံကြည်ငြင်းပယ်သူတို့သည် ယာယီမျှသော အကျိုးကိုရယူလျက်ရှိကြ၏။ ထို့ပြင် ထိုသူတို့သည် ကျွဲနွားတိရစ္ဆာန်များစားကြသကဲ့သို့ စားကြကုန်၏။ စင်စစ်သော်ကား မီးသည် ယင်းတို့၏နေရာထိုင်ခင်းဖြစ်၏။

وَكَاَيِّنْ مِّنْ قَرْيَةٍ هِيَ اَشَدُّ قُوَّةً مِّنْ قَرْيَتِكَ الَّتِيْٓ اَخْرَجَتْكَ ۚ اَهْلَكْنٰهُمْ فَلَا نَاصِرَ لَهُمْ ⑬

၁၄။ ထို့ပြင် အသင့်အား နှင်ထုတ်ခဲ့သော (ဤ)မြို့ရွာထက် ပိုမိုအင်အားကြီးသော မြို့ရွာများ အဘယ်မျှရှိခဲ့လေပြီနည်း၊ ငါတို့သည် ယင်းတို့ကို ဖျက်ဆီးပစ်တော်မူခဲ့၏။ ထိုစဉ်က ယင်းတို့အား ကူညီရိုင်းပင်းသူ မည်သူမျှထွက်မလာခဲ့ချေ။

اَفَمَنْ كَانَ عَلٰي بَيِّنَةٍ مِّنْ رَّبِّهٖ كَمَنْ زُيِّنَ لَهٗ سُوْۗءُ عَمَلِهٖ وَاتَّبَعُوْٓا اَهْوَاۗءَهُمْ ⑭

၁၅။ သို့ဖြစ်ရာ မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်မှ ပေါ်လွင်ထင်ရှားလှစွာသော လမ်းညွှန်တော်တွင် ရှိသောသူသည်၊ အကြင်သူအား သူ၏မကောင်းသော အကျင့်အမူများက အကောင်းအဖြစ်မြင်စေခဲ့ပြီး မိမိ၏စိတ်အလိုဆန္ဒနောက်သို့လိုက်ခဲ့သူကဲ့သို့ ဖြစ်နိုင်ပါအံ့လော။

مَثَلُ الْجَنَّةِ الَّتِيْ وُعِدَ الْمُتَّقُوْنَ ۭ فِيْهَآ اَنْهٰرٌ مِّنْ مَّاۗءٍ غَيْرِ اٰسِنٍ ۚ وَاَنْهٰرٌ مِّنْ لَّبَنٍ لَّمْ يَتَغَيَّرْ طَعْمُهٗ ۚ وَاَنْهٰرٌ مِّنْ خَمْرٍ لَّذَّةٍ لِّلشّٰرِبِيْنَ ۚ وَاَنْهٰرٌ مِّنْ عَسَلٍ مُّصَفًّى ۭ وَلَهُمْ فِيْهَا مِنْ كُلِّ الثَّمَرٰتِ وَمَغْفِرَةٌ مِّنْ رَّبِّهِمْ ۭ كَمَنْ هُوَ خَالِدٌ فِي النَّارِ وَسُقُوْا مَاۗءً حَمِيْمًا فَقَطَّعَ اَمْعَاۗءَهُمْ ⑮

၁၆။ 'မွတ္တကီ'အပြစ်ရှောင်သူတို့အား ကတိကဝတ်ပြုထားခြင်းခံရသော 'ဂျန္နတ်'ဥယျာဉ်၏ ဥပမာကား (ဤသို့တည်း)။ ယင်းတွင် မည်သည့်အခါမျှ မပုပ်မနံသောရေရှိသည့် ချောင်းများရှိနေပေ၏။ ထို့ပြင် အရသာမပြောင်းလဲသော နို့ရည်ချောင်းများလည်းရှိ၏။ ထိုမှတစ်ပါး သောက်သုံးသူတို့အတွက် အရသာ အပြည့်အဝရှိသော ယမကာချောင်းများရှိ၏။ ဤတွင်မက ပျားရည်အစစ်ရှိသော ချောင်းများသည်ရှိကြ၏။ ထို့ပြင် သူတို့အတွက် ယင်း၌ သစ်သီးမျိုးစုံသည်လည်းရှိ၏။ ထိုမျှမက သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အထံတော်မှ ကြီးမြတ်သော ခွင့်လွှတ်ခြင်းသည်လည်းရှိ၏။ (ဤသို့သောသူတို့သည်) ထိုသူတို့ကဲ့သို့ ဖြစ်နိုင်ပါအံ့လော။ အကြင်သူတို့သည် မီးတွင် ကြာရှည်လေးမြင့်စွာနေကြရမည့်သူများဖြစ်ပြီး ယင်းတို့၏အူသိမ်အူမများကို ဖြတ်တောက်ပစ်ရန်အတွက် ဆူပွက်သောရေကိုတိုက်ကျွေးခြင်းခံရပေမည်။ ⑮

➤ အမိန့်ရှိထားရုံသာမက အကယ်၍ ယင်းတို့၏ လျော်ကြေးကိုမယူခြင်းသည်ပင် ပို၍ကောင်း၏ဟုဆိုထားသောကြောင့် ဖြစ်ပေသည်။

⑮ ဤအာယတ်တော်က ဥပမာပုံဆောင်ချက်များကို ဆက်တိုက်ဖော်ပြထားပေသည်။ အဘယ့်ကြောင့်ဆိုသော် ဤရုပ်လောကတွင် ရေသည်ရုပ်တန့်၍နေပြီး ပုပ်သိုးခြင်းမှ မလွတ်ကင်းနိုင်သကဲ့သို့ နို့ရည်သည်လည်း မပျက်စီးဘဲမရှိနိုင်သည့်နည်းတူ ⇗

وَمِنْهُمْ مَّنْ يَّسْتَمِعُ اِلَيْكَ ۚ حَتّٰٓى اِذَا خَرَجُوْا مِنْ عِنْدِكَ قَالُوْا لِلَّذِيْنَ اُوْتُوا الْعِلْمَ مَاذَا قَالَ اٰنِفًا ؕ اُولٰٓئِكَ الَّذِيْنَ طَبَعَ اللّٰهُ عَلٰى قُلُوْبِهِمْ وَاتَّبَعُوْٓا اَهْوَآءَهُمْ ⑯

၁၆။ ထို့ပြင် ထိုသူတို့အနက် (အပေါ်ယံအားဖြင့်) အသင့် ဘက်သို့ နားစွင့်သူများလည်းရှိကြ၏။ နောက်ဆုံးတွင် ထိုသူတို့သည် အသင့်ထံပါးမှ ထွက်သွားကြသောအခါ အသိပညာပေးသနားခြင်းကိုခံကြရသူတို့အား ယခုပင် ဤသူသည် မည်သည်ကိုပြောဆိုခဲ့ပါသနည်းဟု မေးမြန်းကြလေသည်။ ဤသူတို့သည်ပင်၊ အကြင်သူတို့၏နှလုံးသားများအပေါ်သို့ အလ္လာဟ်က တံဆိပ်ခတ်နှိပ်တော်မူလိုက်ပေသည်။ ထို့ပြင် ယင်းတို့သည် မိမိတို့၏စိတ်အလိုသို့လိုက်သူများဖြစ်ကြ၏။

وَالَّذِيْنَ اهْتَدَوْا زَادَهُمْ هُدًى وَّاٰتٰىهُمْ تَقْوٰىهُمْ ⑰

၁၈။ ထို့ပြင် တရားလမ်းမှန်ကိုရရှိသော အကြင်သူတို့ကိုမူကား ထိုအရှင်မြတ်သည် တရားလမ်းမှန်တွင် တိုးပွားစေတော်မူ၏။ ထို့ပြင် ထိုသူတို့အား သူတို့၏ 'တက္ကဝါ'အပြစ်ရှောင်ခြင်းတရားကို ပေးသနားတော်မူ၏။

فَهَلْ يَنْظُرُوْنَ اِلَّا السَّاعَةَ اَنْ تَاْتِيَهُمْ بَغْتَةً ۚ فَقَدْ جَآءَ اَشْرَاطُهَا ۚ فَاَنّٰى لَهُمْ اِذَا جَآءَتْهُمْ ذِكْرٰىهُمْ ⑱

၁၉။ သို့ဖြစ်ရာ ထိုသူတို့သည် သူတို့ထံသို့ ရုတ်တရက်ဆိုက်ရောက်လာမည့် ကတိပြုထားသည့်အချိန်ကိုသာလျှင် စောင့်မျှော်နေကြပေသလော။ သို့ဆိုလျှင် ယင်း၏အရိပ်လက္ခဏာများရောက်ရှိခဲ့ပြီးဖြစ်၏။ ထို့နောက် ယင်းသည်လည်း သူတို့ထံသို့ ဆိုက်ရောက်လေသော် ထိုအချိန်တွင် ထိုသူတို့၏ သတိသံဝေဂတရားရရှိခြင်းသည်သူတို့အဖို့ အဘယ်အကျိုးရှိမည်နည်း။

فَاعْلَمْ اَنَّهٗ لَآ اِلٰهَ اِلَّا اللّٰهُ وَاسْتَغْفِرْ لِذَنْۢبِكَ وَلِلْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ ؕ وَاللّٰهُ يَعْلَمُ مُتَقَلَّبَكُمْ وَمَثْوٰىكُمْ ⑲

၂၀။ သို့ဖြစ်ရာ အလ္လာဟ်မှတစ်ပါး မည်သည့်တစ်စုံတစ်ရာကိုးကွယ်ရာမျှမရှိကြောင်းကို နားလည်ထားပါလေ။ ထို့ပြင် မိမိ၏ ချွတ်ခြော်မှုအတွက်လည်းကောင်း သက်ဝင်ယုံကြည်သူအမျိုးသား၊ အမျိုးသမီးတို့အတွက်လည်းကောင်း ခွင့်လွှတ်ခြင်းကိုတောင်းခံပါလေ။ စင်စစ် အလ္လာဟ်သည် အသင်တို့၏ခရီးစခန်းများကိုလည်းကောင်း အမြဲနေသည့် နေရာများကိုလည်းကောင်း ကောင်းစွာသိရှိတော်မူပေသတည်း။

ရုကူး-၃

وَيَقُوْلُ الَّذِيْنَ اٰمَنُوْا لَوْلَا نُزِّلَتْ سُوْرَةٌ ۚ فَاِذَآ اُنْزِلَتْ سُوْرَةٌ مُّحْكَمَةٌ وَّذُكِرَ فِيْهَا الْقِتَالُ ۙ رَاَيْتَ الَّذِيْنَ فِىْ قُلُوْبِهِمْ

၂၁။ ထို့ပြင် သက်ဝင်ယုံကြည်သူတို့က အဘယ့်ကြောင့် 'ဆူရာဟ်'ကဏ္ဍာတစ်ခုကို မပို့ချသနည်းဟု ဆိုကြပေအံ့။ သို့ဖြစ်ရာ ခိုင်မာပြတ်သားသော ဆူရာဟ်တော်ကျရောက်၍ ယင်း၌စစ်တိုက်ရန်အကြောင်းဖော်ပြပါရှိသောအခါ စိတ်နှလုံး၌ရောဂါရှိသူတို့သည် သေဘေးကို ကြောက်ရွံ့တုန်လှုပ်နေသော

➤ အရသာကိုသာပေးပြီး မယစ်မမူးသော ယမကာဟူ၍ မရှိသောကြောင့်ဖြစ်သည်။ ဤတွင်မက ဤလောကတွင်မူကား အကယ်၍ ဤသို့သော ပစ္စည်းများချည်းသာရရှိနေခဲ့ပါလျှင် ထိုမျှလောက်ဖြင့် ကျေနပ်နိုင်ကြမည်မဟုတ်ချေ။ သို့ဖြစ်ရာ ဤသည် ဥပမာပုံဆောင်ချက်များသာဖြစ်ကြောင်း ထင်ရှားပေသည်။ ဤမျှသော အရာဝတ္ထုများကို ကောင်းမြတ်သည်ဟုမှတ်ယူသောသူများသို့မဟုတ် ဤသည်တို့ဖြင့် အကျိုးအမြတ်များနွယ်ယှက်မှုရှိသည်ဟု ရှုမြင်သူများအဖို့ သတင်းကောင်းပေးခြင်းဖြစ်ပေသည်။ ၎င်းတို့အား ၎င်းတို့၏အကျိုးငှာ အကောင်းမြတ်ဆုံးသောအရာများကို ပေးသနားတော်မူမည်ဖြစ်ပေသည်။

مَّرَضٌ يَّنْظُرُوْنَ اِلَيْكَ نَظَرَ الْمَغْشِيِّ عَلَيْهِ مِنَ الْمَوْتِ ۚ فَاَوْلٰى لَهُمْ ۝٢٠

သူ၏အကြည့်မျိုးဖြင့် အသင့်ဘက်သို့ ကြည့်နေကြသည်ကို အသင်မြင်တွေ့ရပေလိမ့်မည်။ သို့ဖြစ်ရာ ထိုသူတို့အတွက် ပျက်စီးခြင်းသည်ဖြစ်စေသား။

طَاعَةٌ وَّ قَوْلٌ مَّعْرُوْفٌ ۫ فَاِذَا عَزَمَ الْاَمْرُ ۫ فَلَوْ صَدَقُوا اللّٰهَ لَكَانَ خَيْرًا لَّهُمْ ۝٢١

၂၁။ နာခံလိုက်နာခြင်းနှင့် ကောင်းသောစကားကိုဆိုခြင်းသည် လိုအပ်ပေ၏။ သို့ဖြစ်ရာ ယခုအခါတွင် အမိန့်တော်သည် အခိုင်အမာရှိပြီးဖြစ်ပေရာ အကယ်၍ ထိုသူတို့သည် အလ္လာဟ်အား ဖြူစင်သောဆက်နွယ်မှုရှိလျှင် အမှန်ပင် သူတို့အဖို့ ပိုမိုကောင်းမြတ်ချေမည်။

فَهَلْ عَسَيْتُمْ اِنْ تَوَلَّيْتُمْ اَنْ تُفْسِدُوْا فِي الْاَرْضِ وَتُقَطِّعُوْٓا اَرْحَامَكُمْ ۝٢٢

၂၂။ အသို့နည်း အကယ်၍ အသင်တို့သည် အခွင့်အာဏာရှိသူများဖြစ်ခဲ့လျှင် ကမ္ဘာမြေတွင် ဆူပူသောင်းကျန်းရန်လည်းကောင်း မိမိတို့၏သားချင်းတော်စပ်သူများကို အဆက်ဖြတ်တောက်ရန်လည်းကောင်း အသင်တို့အဖို့ ဖြစ်နိုင်ပါမည်လော (အလျှင်းမဖြစ်နိုင်ချေ။)

اُولٰٓئِكَ الَّذِيْنَ لَعَنَهُمُ اللّٰهُ فَاَصَمَّهُمْ وَاَعْمٰٓى اَبْصَارَهُمْ ۝٢٣

၂၃။ ဤသူတို့သည်ပင် အကြင်သူများဖြစ်ကြ၏။ အလ္လာဟ်သည် ၎င်းတို့အပေါ် ကရုဏာတော်မှကင်းဝေးခြင်း 'လာ့အ်နတ်'ပြုတော်မူ၏။ ထို့ပြင် ၎င်းတို့အား နားပင်းစေတော်မူ၏။ ထို့ပြင် ၎င်းတို့၏မျက်စိများကိုလည်း ကန်းစေတော်မူ၏။

اَفَلَا يَتَدَبَّرُوْنَ الْقُرْاٰنَ اَمْ عَلٰى قُلُوْبٍ اَقْفَالُهَا ۝٢٤

၂၄။ သို့ဖြစ်ရာ ထိုသူတို့သည် ကျမ်းမြတ်ကုရ်အာန်ကို တွေးတောဆင်ခြင်ခြင်း မပြုကြလေသလော။ သို့တည်းမဟုတ် နှလုံးသားများအပေါ်တွင် ယင်း၏ သော့ခလောက်များ ရှိလေသလော။

اِنَّ الَّذِيْنَ ارْتَدُّوْا عَلٰٓى اَدْبَارِهِمْ مِّنْۢ بَعْدِ مَا تَبَيَّنَ لَهُمُ الْهُدَى ۙ الشَّيْطٰنُ سَوَّلَ لَهُمْ ۬ وَاَمْلٰى لَهُمْ ۝٢٥

၂၅။ ဧကန်စင်စစ် အကြင်သူတို့သည် ၎င်းတို့အဖို့ တရားလမ်းမှန်သည် မြင်သာထင်ရှားခဲ့ပြီးနောက်သော်မှ ကျောခိုင်း၍ 'မူရ်တဒ်'အယူတိမ်းသွားကြကုန်၏။ 'ရွိုင်တန်'သည် ထိုသူတို့အား (၎င်းတို့၏အကျင့်အမူများကို) လှပတင့်တယ်အောင်ပြု၍ ပြသခဲ့၏။ ထို့ပြင် ၎င်းတို့အား မဟုတ်မမှန်သော မျှော်လင့်ချက်များကိုပေးခဲ့၏။

ذٰلِكَ بِاَنَّهُمْ قَالُوْا لِلَّذِيْنَ كَرِهُوْا مَا نَزَّلَ اللّٰهُ سَنُطِيْعُكُمْ فِيْ بَعْضِ الْاَمْرِ ۚ وَاللّٰهُ يَعْلَمُ اِسْرَارَهُمْ ۝٢٦

၂၆။ ဤသို့ဖြစ်ရခြင်းမှာ ၎င်းတို့သည် အလ္လာဟ်ကချပေးတော်မူသည်ကို မနှစ်မြို့သောသူတို့အား အမှန်ပင် ကျွန်ုပ်တို့သည် အချို့သောကိစ္စရပ်များတွင် အသင်တို့အား လိုက်နာကြမည်ဟု ဆိုခဲ့ကြသောကြောင့်ပင်။ စင်စစ် အလ္လာဟ်သည် ၎င်းတို့၏ ဖုံးကွယ်သောလျှို့ဝှက်ချက်ကို သိရှိတော်မူ၏။

فَكَيْفَ اِذَا تَوَفَّتْهُمُ الْمَلٰٓئِكَةُ يَضْرِبُوْنَ وُجُوْهَهُمْ وَاَدْبَارَهُمْ ۝٢٧

၂၈။ အကြင်အခါဝယ် ကောင်းကင်တမန်များက ထိုသူတို့အား သေစေသည့်အခါ မည်သို့ဖြစ်ချိမ့်မည်နည်း။ ယင်း(ကောင်းကင်တမန်)တို့သည် ထိုသူတို့၏မျက်နှာများနှင့် ကျောကုန်းများကို ရိုက်နှက်ကြပေလိမ့်မည်။

ذٰلِكَ بِاَنَّهُمُ اتَّبَعُوْا مَآ اَسْخَطَ اللّٰهَ وَكَرِهُوْا رِضْوَانَهٗ فَاَحْبَطَ اَعْمَالَهُمْ ۝

၂၉။ ဤသို့ဖြစ်ရခြင်း အကျိုးဆက်ကား ထိုသူတို့သည် အလ္လာဟ်အား အမျက်တော်ရှစေသည့်အရာကို လိုက်နာကြ၏။ ထို့ပြင် ထိုအရှင်မြတ်၏ကျေနပ်ခြင်းကိုမနှစ်မြို့ခဲ့ပေ၊ သို့ဖြစ်ရာ ထိုအရှင်မြတ်သည် သူတို့၏ကျင့်ကြံအားထုတ်မှုများကို အချည်းနှီးဖြစ်စေတော်မူခဲ့ပေသတည်း။

ရုကူ-၄

اَمْ حَسِبَ الَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ اَنْ لَّنْ يُّخْرِجَ اللّٰهُ اَضْغَانَهُمْ ۝

၃၀။ အသို့နည်း၊ နှလုံးသားများတွင် ရောဂါရှိသူတို့က အလ္လာဟ်သည် သူတို့၏ ငြူစူရန်ငြိုးဖွဲ့မှုများကိုအပြင်သို့ ထုတ်ဖော်တော်မူမည်မဟုတ်ဟုထင်မှတ်ကြပေသလော။

وَلَوْ نَشَآءُ لَاَرَيْنٰكَهُمْ فَلَعَرَفْتَهُمْ بِسِيْمٰهُمْ ؕ وَلَتَعْرِفَنَّهُمْ فِيْ لَحْنِ الْقَوْلِ ؕ وَاللّٰهُ يَعْلَمُ اَعْمَالَكُمْ ۝

၃၁။ ထို့ပြင် အကယ်၍ ငါတို့သည် အလိုရှိတော်မူခဲ့လျှင် အသင့်အား ဧကန်ပင် ထိုသူတို့ကို မြင်စေတော်မူမည်ဖြစ်၏။ ထို့ပြင် အသင်သည် ထိုသူတို့အား သူတို့၏အမှတ်လက္ခဏာများဖြင့် အမှန်ပင်သိရှိမှတ်မိမည်ဖြစ်၏။ ထိုမှတစ်ပါး သူတို့အား သူတို့၏ပြောပုံဆိုပုံများဖြင့် ဧကန်ပင် သိရှိမှတ်မိပေလိမ့်မည်။ ထို့ပြင် အလ္လာဟ်သည် အသင်တို့၏ပြုမူဆောင်ရွက်ချက်များကို သိရှိတော်မူ၏။ ۝၁

وَلَنَبْلُوَنَّكُمْ حَتّٰى نَعْلَمَ الْمُجٰهِدِيْنَ مِنْكُمْ وَالصّٰبِرِيْنَ ۙ وَنَبْلُوَاَخْبَارَكُمْ ۝

၃၂။ ထို့ပြင် ငါတို့သည် ဧကန်မလွဲ အသင်တို့အနက် 'ဂျီဟာဒ်' အလ္လာဟ်၏လမ်းတော်၌ ကြိုးပမ်းသူများနှင့် သည်းခံမြဲမြံမှုရှိသူများအား ထင်ရှားကွဲပြားလာသည်အထိ စမ်းသပ်တော်မူပေမည်။ ထို့ပြင် အသင်တို့၏ အခြေအနေများကို စုံစမ်းစစ်ဆေးရန်ဖြစ်၏။

اِنَّ الَّذِيْنَ كَفَرُوْا وَصَدُّوْا عَنْ سَبِيْلِ اللّٰهِ وَشَآقُّوا الرَّسُوْلَ مِنْۢ بَعْدِ مَا تَبَيَّنَ لَهُمُ الْهُدٰى ۙ لَنْ يَّضُرُّوا اللّٰهَ شَيْـًٔا ؕ وَسَيُحْبِطُ اَعْمَالَهُمْ ۝

၃၃။ ဧကန်မလွဲ အကြင်သူတို့သည် မယုံကြည်ခြင်းပယ်ကြ၏။ ထို့ပြင် အလ္လာဟ်၏လမ်းတော်မှ တားဆီးပိတ်ပင်ကြ၏။ ထို့ပြင် တရားလမ်းညွှန်တော်သည် သူတို့အပေါ်သို့ ထင်ရှားခဲ့ပြီးဖြစ်သည်၏နောက်တွင်လည်း တမန်တော်အား ဆန့်ကျင်မှုပြုကြ၏။ ထိုသူတို့သည် အလ္လာဟ်အား စိုးစဉ်းမျှပင် နစ်နာအောင် အလျှင်းပြုနိုင်ကြလိမ့်မည်မဟုတ်ချေ။ ထို့ပြင် ဧကန်ပင် ထိုသူတို့၏ ကျင့်ကြံအားထုတ်မှုများကို အချည်းနှီးဖြစ်စေတော်မူမည်ဖြစ်၏။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اَطِيْعُوا اللّٰهَ وَاَطِيْعُوا الرَّسُوْلَ وَلَا تُبْطِلُوْۤا اَعْمَالَكُمْ ۝

၃၄။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အား နာခံကြကုန်။ ထို့ပြင် တမန်တော်အား နာခံကြကုန်။ ထိုမှတစ်ပါး မိမိတို့၏ ကျင့်ကြံအားထုတ်မှုများကို အချည်းနှီး အကျိုးမဲ့

---

၁ အာယတ်တော် ၃၀-၃၁၊ ဤအာယတ်တော်များတွင် 'မိုနာဖစ်'ယုံကြည်ဟန်ဆောင်သူတို့အား သတိပေးထားသည်မှာ ၎င်းတို့သည် မိမိတို့၏ရင်တွင်း၌ ရန်လိုမုန်းထားမှု မစ္ဆေရစိတ်များသည် ဖုံးကွယ်၍သာရှိမည်၊ မည်သူတစ်ဦးတစ်ယောက်မျှ သိရှိနိုင်လိမ့်မည်မဟုတ်ဟု ထင်မှတ်ကြသည်မှာ ဖြစ်နိုင်ချေမရှိပေ။ တမန်တော်မြတ်ﷺနှင့်စပ်လျဉ်း၍မိန့်တော်မူသည်မှာ အသင်သည် ထိုသူတို့၏မျက်နှာရိပ်နှင့် သူတို့၏ပြောပုံဆိုပုံများဖြင့်ပင် သိရှိသဘောပေါက်၏။ သို့ကြောင့် 'မိုနာဖစ်'များသည် သာမန်ရိုးသားသူတို့မှ ပုန်းလျှိုးနိုင်မည်ဖြစ်ကောင်းဖြစ်သော်လည်း တမန်တော်မြတ်ﷺအဖို့မူကား ထိုသူတို့၏အခြေအနေမှာ ကောင်းစွာမြင်သာထင်ရှားလျက်ရှိခဲ့ပေသည်။

မဖြစ်စေကြကုန်လင့်။

اِنَّ الَّذِيْنَ كَفَرُوْا وَصَدُّوْا عَنْ سَبِيْلِ اللّٰهِ ثُمَّ مَاتُوْا وَهُمْ كُفَّارٌ فَلَنْ يَّغْفِرَ اللّٰهُ لَهُمْ ۝

၃၅။ မုချကေန် အကြင်သူတို့သည် မယုံကြည်ခြင်းပယ်မှုကို ပြုကြ၏။ ထို့ပြင် အလ္လာဟ်၏လမ်းတော်မှ တားဆီးပိတ်ပင်၏။ ထို့ပြင် ၎င်းတို့သည် မယုံကြည်ခြင်းပယ်သူအခြေအနေနှင့်ပင် ကွယ်လွန်သေဆုံးခဲ့ကြ၏။ ထိုအခါ အလ္လာဟ်သည် ထိုသူတို့အား ခွင့်လွှတ်ခြင်းကို အလျှင်းပြုတော်မူမည်မဟုတ်ချေ။

فَلَا تَهِنُوْا وَتَدْعُوْٓا اِلَى السَّلْمِ ۚ وَاَنْتُمُ الْاَعْلَوْنَ ۚ وَاللّٰهُ مَعَكُمْ وَلَنْ يَّتِرَكُمْ اَعْمَالَكُمْ ۝

၃၆။ သို့ဖြစ်ရာ ပြေငြိမ်းရေးဘက်သို့ဖိတ်ခေါ်၍ အားလျော့မှုကိုမပြကြလင့်။ အမှန်သော်ကား အသင်တို့သည်သာလျှင် အောင်နိုင်မည့်သူများဖြစ်ကြ၏။ ထို့ပြင် အလ္လာဟ်သည် အသင်တို့နှင့်အတူတကွ ရှိတော်မူ၏။ ၎င်းအပြင် ထိုအရှင်မြတ်သည် အသင်တို့၏ကျင့်ကြံအားထုတ်မှု(၏အကျိုး)ကို အလျှင်း လျော့နည်းစေတော်မူမည်မဟုတ်ချေ။

اِنَّمَا الْحَيٰوةُ الدُّنْيَا لَعِبٌ وَّلَهْوٌ ۭ وَاِنْ تُؤْمِنُوْا وَتَتَّقُوْا يُؤْتِكُمْ اُجُوْرَكُمْ وَلَا يَسْـَٔلْكُمْ اَمْوَالَكُمْ ۝

၃၇။ ဧကန်မုချ လောကီဘဝသည်ကား ကြီးမြတ်သောရည်မှော်ချက်ကို မေ့လျော့ဥပေက္ခာပြုစေသော ကစားခုန်စားခြင်းနှင့် စိတ်၏ဆန္ဒတဏှာများကို ဖြည့်ဆည်းရာ၏ အကြောင်းတရားသက်သက်မျှသာ ဖြစ်ပေသည်။ ထိုမှတစ်ပါး အကယ်၍ အသင်တို့သည်သက်ဝင်ယုံကြည်ကြလျက် 'တက္ကဝါ'အပြစ်ရှောင်ခြင်းတရားကို ဆောက်တည်ကြသည်ရှိသော်၊ ထိုအရှင်မြတ်က အသင်တို့အား ကောင်းကျိုးဆုလာဘ်ကို ပေးသနားတော်မူပေအံ့။ ထို့ပြင် အသင်တို့ထံမှ အသင်တို့၏ပစ္စည်းဥစ္စာများကို တောင်းခံမည်မဟုတ်ချေ။

اِنْ يَّسْـَٔلْكُمُوْهَا فَيُحْفِكُمْ تَبْخَلُوْا وَيُخْرِجْ اَضْغَانَكُمْ ۝

၃၈။ အကယ်၍ ထိုအရှင်မြတ်က အသင်တို့ထံမှ ထိုသည်(ပစ္စည်းဥစ္စာများ)ကို တောင်းခံပြီး အသင်တို့အား မရမနေပြုသည်ရှိသော် အသင်တို့သည် တွန့်တိုခြင်းကို ပြုကြမည်ဖြစ်၏။ ဧကန်ပင် ထိုအရှင်မြတ်က အသင်တို့၏ ရန်လိုမုန်းထားမှုကို ထုတ်ဖော်တော်မူမည်ဖြစ်၏။

هٰٓاَنْتُمْ هٰٓؤُلَاۗءِ تُدْعَوْنَ لِتُنْفِقُوْا فِيْ سَبِيْلِ اللّٰهِ ۚ فَمِنْكُمْ مَّنْ يَّبْخَلُ ۚ وَمَنْ يَّبْخَلْ فَاِنَّمَا يَبْخَلُ عَنْ نَّفْسِهٖ ۭ وَاللّٰهُ الْغَنِيُّ وَاَنْتُمُ الْفُقَرَاۗءُ ۚ وَاِنْ تَتَوَلَّوْا يَسْتَبْدِلْ قَوْمًا غَيْرَكُمْ ۙ ثُمَّ لَا يَكُوْنُوْٓا اَمْثَالَكُمْ ۝

၃၉။ ကြည့်ကြကုန်လော့။ အသင်တို့သည် အလ္လာဟ်၏လမ်းတော်တွင် အသင်တို့အား စွန့်ကြဲသုံးစွဲရန် ဖိတ်ခေါ်ခြင်းခံကြရသူများဖြစ်၏။ ထို့နောက် အသင်တို့အနက် စေးနဲတွန့်တိုသူများလည်းရှိကြ၏။ အမှန်သော်ကား အကြင်သူသည် စေးနဲတွန့်တိုခြင်းကိုပြုသော် အမှန်ပင် ထိုသူသည် မိမိစိတ်ဝိညာဉ်အပေါ် စေးနဲတွန့်တိုမှုကိုပြုခြင်းဖြစ်၏။ အလ္လာဟ်သည် လိုလားတောင့်တခြင်း ကင်းတော်မူသောအရှင်ဖြစ်တော်မူ၍ အသင်တို့သာလျှင် ချို့တဲ့သူများဖြစ်ကြ၏။ အကယ်၍ အသင်တို့သည် ရှောင်လွှဲ၍ သွားခဲ့ကြပါမူ ထိုအရှင်မြတ်သည် အသင်

တို့မှတစ်ပါး ပြုပြင်ပြောင်းလဲပြီးဖြစ်သည့် အမျိုးသားတစ်စုကို ခေါ်ယူလာတော်မူမည်။ ထိုမှတစ်ဖန် ထိုသူတို့သည် အသင်တို့ကဲ့သို့ ဖြစ်ကြမည်မဟုတ်ချေတည်း။

❖ ❖ ❖

၄၈။ အလ်-ဖတာဟ်

ဤဆူရာဟ်သည် 'ဟိုဒိုင်ဘီယာ' စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုပြီးအပြန်တွင် ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠိတော် (၃၀)ပိုဒ်ပါရှိသည်။

ဆူရာဟ်'မိုဟမ္မဒ်'၏နောက်တွင် မဟာတမန်တော်မြတ် မိုဟမ္မဒ်သခင်ﷺ၏ အကန့်အသတ်မရှိ ကြီးမြင့်မြတ်သောဂုဏ်အဆင့်ကိုဖော်ပြထားသည့် ဆူရာဟ်'အလ်-ဖတာဟ်' လာရှိပေသည်။ အာယတ် အမှတ်စဉ်(၁၁)တွင် ဖော်ပြထားသည်မှာ တမန်တော်မြတ် မိုဟမ္မဒ်ﷺ၏ ဂုဏ်ဒြပ်အဆင့်အတန်းမှာ အဘယ်မျှမြင့်မားလိုက်သနည်းဆိုလျှင် တမန်တော်မြတ်သည် ပြည့်ဝသောသဘောဖြင့် အလ္လာဟ်အရှင်မြတ်၏ ပိုင်စိုးမှုဌာနရှိပေသည်။ ဤသည့်အတွက်ကြောင့်ပင် ကိုယ်တော်မြတ်ﷺ ကြွရောက်လာခြင်းသည် အလ္လာဟ်အရှင်မြတ် ကြွရောက်လာခြင်းကဲ့သို့ ဖြစ်ခဲ့ပေသည်။ ကိုယ်တော်မြတ်ﷺ၏လက်တွင် 'ဘိုင်အတ်'သစ္စာခံခြင်းသည် အလ္လာဟ်အရှင်မြတ်၏လက်တော်တွင် သစ္စာခံသည့်ပမာဖြစ်ပေသည်။

اِنَّ الَّـذِيْـنَ يُبَـايِـعُوْنَکَ اِنَّمَا يُبَايِعُوْنَ اللّٰهَ يَدُاللّٰهِ فَوْقَ اَيْدِيْهِم

"ဧကန်မုချ အသင့်ထံ 'ဘိုင်အတ်'သစ္စာဆိုကြသော သူတို့မှာ အလ္လာဟ်၏ထံတွင် သစ္စာဆိုခြင်းသာဖြစ်၏။ ထိုသူတို့၏ လက်ပေါ်တွင်ရှိသည်မှာ အလ္လာဟ်၏လက်တော်ဖြစ်၏။"(၄၈း၁၀)ဟု မိန့်ထားတော်မူဘိသကဲ့သို့ပင်။

အာယတ်တော်(၁၉)တွင် 'ဘိုင်အတ်'ကတိသစ္စာပြုခြင်းအကြောင်းရပ်ကို ထပ်၍တစ်ဖန် ဖော်ပြတော်မူပေသည်။ 'ဟိုဒိုင်ဘီယာ'စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုသောအခါသမယ၌ သစ်ပင်တစ်ပင်၏အောက်တွင် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့သည် တမန်တော်မြတ်ﷺ၏လက်ပေါ်တွင်(လက်တင်၍) 'ဘိုင်အတ်'ကတိသစ္စာကို ပြန်ပြောင်းရယူ သစ္စာခံနေခဲ့သောအချိန်ဖြစ်သည်။ ထို့ပြင် ယင်းနှင့်အတူ 'ဆွဟာဘာ'သာဝကကြီးများ၏ စိတ်နှလုံးတွင် 'ဟဂ်ျ'ဝတ်မပြုရသောကြောင့် ဖြစ်ပေါ်လျက်ရှိခဲ့သော စိတ်အနှောင့်အယှက်မှာ ဤသည့် 'ဘိုင်အတ်'သစ္စာခံမှု၏နောက်တွင် လုံးလုံးလျားလျား ဝေးကွာပပျောက်စေတော်မူကာ ပြီးပြည့်စုံသော စိတ်အေးချမ်းသာယာမှုကို ပေးသနားခြင်းခံရလေသည်။ ထို့ပြင် အပေါ်ယံအားဖြင့် ရှုံးနိမ့်ခဲ့ရသည်ဟုထင်မြင်ယူဆခဲ့သောအကြောင်းရပ် (၀၁) မက္ကာမြို့တော်သို့ မဝင်ရောက်နိုင်ခဲ့ခြင်းမှာ နောင်ကာလ၏အောင်ပွဲဟူသမျှအတွက် အခြေခံအုတ်မြစ်ဖြစ်ခဲ့လေသည်။ ယင်းတို့တွင် အနီးကပ်အောင်ပွဲများလည်းပါဝင်လျက် နောင်အခါမှရရှိသည့် အောင်ပွဲများလည်း ပါဝင်ပေသည်။

နောက်ဆုံးတွင် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့အား ကတိပေးတော်မူသည်မှာ တမန်တော်မြတ်ﷺအား မြင်မက်စေခဲ့သော အိပ်မက်သည် မုချမလွဲ တိကျမှန်ကန်စွာ ပြည့်စုံရလိမ့်မည်။ ထို့ပြင် 'ဆွဟာဘာ' သာဝကကြီးများသည် 'ဟဂ်ျ'၏ကျင့်ဝတ်များကိုဖြည့်ဆည်းရင်း မက္ကာမြို့တော်အတွင်းသို့ ဝင်ရောက်ကြရမည်။ ထို့ပြင် မက္ကာမြို့တော်အား ဤသို့အောင်ပွဲရမှုမှာ လူသားခပ်သိမ်းကို အောင်ပွဲရခြင်း၏ ရှေ့ပြေးနိမိတ်ဖြစ်ကြောင်း (ဆွဟာဘာများသည်) သက်သေများဖြစ်ကြရလိမ့်မည်။

ဆူရာဟ်'မိုဟမ္မဒ်'၏နောက်တွင် ဤဆူရာဟ်တွင်တစ်ဖန် တမန်တော်မြတ်ﷺ၏ နာမတော်ကို ဖော်ပြထားတော်မူပြန်သည်။ ထို့ပြင် တမန်တော်မူစာﷺ၏ဗျာဒိတ်ကိုလည်း ယတိပြတ်အနေအထားဖြင့် ဖော်ပြတော်မူလိုက်ပေသည်။ အကြင်နိမိတ်ဟောချက်တွင် တမန်တော်မြတ်ﷺပွင့်ပေါ်မည့်အကြောင်း

ကို မိုဟမ္မဒ်ﷺဟူသော ကိုယ်တော်၏အမည်နာမနှင့်တကွ ထင်ရှားစေတော်မူခဲ့သည်။ ၎င်းပြင် ဤသည့် ဂုဏ်ဘုန်းတေဇာကြီးမြင့်တော်မူသော တမန်တော်မြတ်နှင့် တမန်တော်မြတ်၏ သာဝကကြီးများ၏ သတ်မှတ်ပြီးဖြစ်သော ဂုဏ်ပုဒ်များကို ဖော်ပြထားတော်မူပေသည်။

ထို့နောက် 'အင်ဂျီလ်'ဓမ္မသစ်ကျမ်း၏ အနာဂတ္တိဗျာဒိတ်အကြောင်းကိုလည်း ဖော်ပြတော်မူသည်။ ဆိုလိုသည်မှာ တမန်တော်မြတ်ﷺ ပွင့်ပေါ်ခြင်းဆိုင်ရာ ကြိုတင်နိမိတ်သည် ဓမ္မဟောင်းကျမ်းတွင်မျှသာမဟုတ်မူဘဲ ဓမ္မသစ်ကျမ်းတွင်လည်း ကိုယ်တော်မြတ်ﷺ၏ သိမ်မွေ့လှပခြင်းဂုဏ်တော်ပေါ်လွင်ထင်ရှားရာဖြစ်သော တမန်တော်အီစာ(အလိ)၏နှုတ်မှ ဗျာဒိတ်တော်ထားရှိခဲ့ပေသည်။ ယင်းဗျာဒိတ်တော်၌ လယ်ယာတစ်ခုနှင့်ပုံဆောင်ဖော်ပြလျက် မည်သည့် မာန်မာနကြီးသူတစ်ဦးဦးက ယုတ်ညံ့သော ရည်ရွယ်ချက်များရှိခဲ့ပင်ငြားလည်း ယင်းအား နင်းခြေဖျက်ဆီးရာတွင် အောင်မြင်ထမြောက်လိမ့်မည်မဟုတ်ကြောင်း၊ ထို့ပြင် လယ်ယာစိုက်ပျိုးကြမည့် လယ်သမားသည် တစ်ဦးတည်းသာမဟုတ်ဘဲ အများအပြားရှိမည်ဖြစ်ကြောင်း ဖော်ပြထားတော်မူသတည်း။

♦ ♦ ♦

ဆူရောဟ် အလ်-ဖတာဟ်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၃၀)ပိုဒ် ရှူကူ (၄)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اِنَّا فَتَحْنَا لَكَ فَتْحًا مُّبِيْنًا ①

၂။ ဧကန်မလွဲ ငါတို့သည် အသင့်အား မြင်သာထင်ရှားလှသော အောင်မြင်မှုကို ပေးသနားတော်မူပြီ။

لِّيَغْفِرَ لَكَ اللّٰهُ مَا تَقَدَّمَ مِنْ ذَنْۢبِكَ وَمَا تَاَخَّرَ وَيُتِمَّ نِعْمَتَهٗ عَلَيْكَ وَيَهْدِيَكَ صِرَاطًا مُّسْتَقِيْمًا ②

၃။ သို့ဖြင့် အလ္လာဟ်သည် အသင့်အား အသင်၏ရှေးယခင်ရှိခဲ့သမျှနှင့် နောင်တွင်ဖြစ်ပေါ်လတ္တံ့သော ချွတ်ခြော်မှုဟူသမျှကို ခွင့်လွှတ်ချမ်းသာပေးတော်မူရန်လည်းကောင်း၊ အသင့်အပေါ်သို့ မိမိ၏'နေ့အ်မတ်'ကောင်းချီးဆုလာဘ်ကို ပြည့်ဝစုံလင်စေတော်မူရန်လည်းကောင်း၊ ဖြောင့်မှန်သောလမ်းပေါ်တွင် လျှောက်လှမ်းနိုင်စေရန်လည်းကောင်းဖြစ်၏။ ①

وَّيَنْصُرَكَ اللّٰهُ نَصْرًا عَزِيْزًا ③

၄။ ဤမျှသာမက အလ္လာဟ်သည် အသင့်အား ဂုဏ်သရေရှိပြီး လွှမ်းမိုးအောင်နိုင်မှုရှိသော အကူအညီဖြင့် ကူညီစောင်မတော်မူရန်ဖြစ်၏။

هُوَ الَّذِيْٓ اَنْزَلَ السَّكِيْنَةَ فِيْ قُلُوْبِ الْمُؤْمِنِيْنَ لِيَزْدَادُوْٓا اِيْمَانًا مَّعَ اِيْمَانِهِمْ ۗ وَلِلّٰهِ جُنُوْدُ السَّمٰوٰتِ وَالْاَرْضِ ۗ وَكَانَ اللّٰهُ عَلِيْمًا حَكِيْمًا ④

၅။ ထိုအရှင်မြတ်သည်ပင် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့၏ နှလုံးသားတွင် တည်ငြိမ်အေးချမ်းမှုကို ချပေးတော်မူသောအရှင်ဖြစ်၏။ သို့ဖြင့် ၎င်းတို့သည် မိမိတို့၏ ယုံကြည်ခြင်းနှင့်အတူ ထပ်မံ၍ ယုံကြည်မှုတိုးပွားစေရန်ဖြစ်၏။ ထို့ပြင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏တပ်များကို အလ္လာဟ်သည်သာ ပိုင်ဆိုင်တော်မူ၏။ စင်စစ် အလ္လာဟ်သည် ထာဝရ သိရှိတော်မူသောအရှင်(နှင့်) ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

لِّيُدْخِلَ الْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ جَنّٰتٍ

၆။ သို့ဖြင့် ထိုအရှင်မြတ်သည် သက်ဝင်ယုံကြည်သူယောကျ်ား၊ မိန်းမတို့အား အခြေတွင်စမ်းချောင်းများစီးဆင်းလျက်ရှိသော

---

① အာယတ်တော်(၂-၃)။ ဤသည့် ဦးဆုံးအာယတ်တော်များတွင် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့အား ကြိုးကျယ်ခမ်းနားလှသော အောင်ပွဲကိုရကြလိမ့်မည်ဟု သတင်းကောင်းပေးထားတော်မူသည်။

အာယတ်အမှတ်(၃)တွင် တမန်တော်မြတ်(ﷺ)အား ညွှန်းဆိုလျက် ذَنْب ဟူသော စကားလုံးကို ဖော်ပြထားပေသည်။ ယင်းမှာ အပြစ်ဒုစရိုက်ကို ဆိုလိုသည်မဟုတ်။ အသင်သည် ရှေးက အပြစ်များကိုပြုခဲ့သည့်နည်းတူ နောင်တွင်လည်း ပြုမြဲပြုလေသော်မှ အပြစ်ကိုခွင့်လွှတ်ခြင်းခံရမည်ဟု ဆိုလိုသည်မဟုတ်ချေ။ အဓိပ္ပာယ်အမှန်မှာ အသင်သည် ရှေးယခင်က ချွတ်ခြော်မှု၊ အပြစ်များမှ ကင်းသန့်ခဲ့သည့်နည်းတူ၊ ယင်းအတွက် ကိုယ်တော်မြတ်(ﷺ)၏ ဘဝတစ်ခုလုံးသည် သက်သေအဖြစ်ရှိသည့်အလား နောင်တွင်လည်း 'နေ့အ်မတ်'ကောင်းချီးဆုလာဘ်ကို ပြီးပြည့်စုံခြင်းသို့ရောက်သည်အထိ ကာကွယ်စောင့်ရှောက်တော်မူမည့်အကြောင်း အလ္လာဟ်အရှင်မြတ်က ကတိပေးတော်မူခြင်းဖြစ်သည်။ ဤနေရာတွင် 'နေ့အ်မတ်'ကောင်းချီးဆုလာဘ်ဆိုသည်မှာ 'နဗူဝါတ်'ဖြစ်ပေသည်။

تَجْرِیْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِیْنَ فِیْهَا وَ یُكَفِّرَ عَنْهُمْ سَیِّاٰتِهِمْ ؕ وَ كَانَ ذٰلِكَ عِنْدَ اللّٰهِ فَوْزًا عَظِیْمًا ۝۵

'ဂျန္နတ်'ဥယျာဉ်များတွင် ဝင်ရောက်စေတော်မူရန်ဖြစ်၏။ သူတို့သည် ယင်း၌ ထာဝရနေရမည့်သူများဖြစ်ကြလိမ့်မည်။ ထို့ပြင် ထိုအရှင်မြတ်သည် သူတို့၏မကောင်းမှုများကို ဖယ်ရှားပေးတော်မူရန်ဖြစ်၏။ ဧကန်ပင် ဤသည် အလ္လာဟ်၏အထံတော်တွင် အလွန်ကြီးကျယ်သောအောင်မြင်မှုတစ်ရပ်ဖြစ်၏။

وَّ یُعَذِّبَ الْمُنٰفِقِیْنَ وَ الْمُنٰفِقٰتِ وَ الْمُشْرِكِیْنَ وَ الْمُشْرِكٰتِ الظَّآنِّیْنَ بِاللّٰهِ ظَنَّ السَّوْءِ ؕ عَلَیْهِمْ دَآىِٕرَةُ السَّوْءِ ۚ وَ غَضِبَ اللّٰهُ عَلَیْهِمْ وَ لَعَنَهُمْ وَ اَعَدَّ لَهُمْ جَهَنَّمَ ؕ وَ سَآءَتْ مَصِیْرًا ۝۶

၇။ ထို့ပြင် ဤသို့ဖြင့် အလ္လာဟ်အား မကောင်းထင်မြင်ကြသော 'မိုနာဖစ်'အယောင်ဆောင် ယောကျ်ားများနှင့် အယောင်ဆောင် မိန်းမများအားလည်းကောင်း၊ 'မူရှရိုက်' တုဖက်ကိုးကွယ်သူ ယောကျ်ားများနှင့် တုဖက်ကိုးကွယ်သူ မိန်းမများအားလည်းကောင်း ထိုအရှင်မြတ်သည် ပြစ်ဒဏ်ပေးတော်မူရန်ဖြစ်၏။ ဘေးဒုက္ခများ၏ ဝဲသြဃသည် ၎င်းတို့အပေါ်၌သာလျှင် ကျရောက်ပေလတ္တံ့။ ထို့ပြင် အလ္လာဟ်သည် ၎င်းတို့အပေါ် အလွန်အမျက်ထွက်တော်မူ၏။ ထို့ပြင် ၎င်းတို့အား 'လာ့အ်နတ်' ကျိန်ခြင်းကိုပြုတော်မူ၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် ၎င်းတို့အတွက် 'ဂျဟန္နမ်'ငရဲကို အသင့်ပြင်ဆင်၍ထားတော်မူ၏။ စင်စစ် ယင်းသည် အလွန်ဆိုးရွားလှသော နေရာထိုင်ခင်းဖြစ်၏။

وَ لِلّٰهِ جُنُوْدُ السَّمٰوٰتِ وَ الْاَرْضِ ؕ وَ كَانَ اللّٰهُ عَزِیْزًا حَكِیْمًا ۝۷

၈။ ထို့ပြင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ တပ်များကို အလ္လာဟ်သည်သာ ပိုင်ဆိုင်တော်မူ၏။ စင်စစ် အလ္လာဟ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်(နှင့်) ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏။

اِنَّاۤ اَرْسَلْنٰكَ شَاهِدًا وَّ مُبَشِّرًا وَّ نَذِیْرًا ۝۸

၉။ ဧကန်မုချ ငါတို့သည် အသင့်အား သက်သေတော်အဖြစ်လည်းကောင်း သတင်းကောင်းပေးသူအဖြစ်လည်းကောင်း သတိပေးနှိုးဆော်သူတစ်ဦးအဖြစ်လည်းကောင်း စေလွှတ်တော်မူ၏။

لِّتُؤْمِنُوْا بِاللّٰهِ وَ رَسُوْلِهٖ وَ تُعَزِّرُوْهُ وَ تُوَقِّرُوْهُ ؕ وَ تُسَبِّحُوْهُ بُكْرَةً وَّ اَصِیْلًا ۝۹

၁၀။ သို့ဖြင့် အသင်တို့သည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်အား သက်ဝင်ယုံကြည်ကြရန်လည်းကောင်း သူ့အား ကူညီပံ့ပိုးကြရန်လည်းကောင်း သူ့အား ရိုသေလေးမြတ်မှုပြုကြရန်လည်းကောင်းဖြစ်၏။ ထို့ပြင် ထိုအရှင်မြတ်စင်ကြယ်သန့်ရှင်းတော်မူကြောင်း'တာစ်ဘီ'ကို နံနက်နှင့် ညနေချိန်တို့တွင် ရင့်ကျူးကြရန်ဖြစ်၏။

اِنَّ الَّذِیْنَ یُبَایِعُوْنَكَ اِنَّمَا یُبَایِعُوْنَ اللّٰهَ ؕ یَدُ اللّٰهِ فَوْقَ اَیْدِیْهِمْ ۚ فَمَنْ نَّكَثَ فَاِنَّمَا یَنْكُثُ عَلٰی نَفْسِهٖ ۚ وَ مَنْ اَوْفٰی بِمَا عٰهَدَ

၁၁။ ဧကန်မလွဲ အသင့်ထံ 'ဘိုင်အတ်'သစ္စာဆိုကြသောသူတို့မှာ အလ္လာဟ်ထံသစ္စာဆိုခြင်းသာဖြစ်၏။ ထိုသူတို့၏ လက်ပေါ်တွင်ရှိသည်မှာ အလ္လာဟ်၏လက်တော်ဖြစ်၏။ သို့ဖြစ်ရာ အကြင်မည်သူမဆို ကတိသစ္စာကို ချိုးဖျက်ခဲ့သည်ရှိသော် ထိုသူသည် မိမိအကျိုးနှင့်ဆန့်ကျင်၍ ကတိချိုးဖျက်ခြင်းသာဖြစ်

عَلَيْهُ اللّٰهَ فَسَيُؤْتِيْهِ اَجْرًا عَظِيْمًا ۝۱۰ ۚ

၏။ ထို့ပြင် ထိုသူသည် အလ္လာဟ်နှင့်ဖွဲ့ဆိုသော ကတိသစ္စာကို စောင့်ထိန်းဖြည့်ဆည်းသော် မုချပင် ထိုအရှင်မြတ်သည် ထိုသူအား အလွန်ကြီးကျယ်ခမ်းနားသော အကျိုးဆုလာဘ်ကို ပေးသနားတော်မူအံ့သတည်း။

ရုကူ-၂

سَيَقُوْلُ لَكَ الْمُخَلَّفُوْنَ مِنَ الْاَعْرَابِ شَغَلَتْنَاۤ اَمْوَالُنَا وَاَهْلُوْنَا فَاسْتَغْفِرْ لَنَا ۚ يَقُوْلُوْنَ بِاَلْسِنَتِهِمْ مَّا لَيْسَ فِيْ قُلُوْبِهِمْ ؕ قُلْ فَمَنْ يَّمْلِكُ لَكُمْ مِّنَ اللّٰهِ شَيْـًٔا اِنْ اَرَادَ بِكُمْ ضَرًّا اَوْ اَرَادَ بِكُمْ نَفْعًا ؕ بَلْ كَانَ اللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرًا ۝۱۱

၁၂။ ကန္တာရတွင် ကျက်စားကြကုန်သော 'အာအ်ရာဗ်' ကျေးတောသားတို့အနက် နောက်တွင်ချန်နေရစ်ခဲ့သော သူတို့က အသင့်အား အမှန်ပင်ပြောဆိုကြမည်မှာ ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းများနှင့် ကျွန်ုပ်တို့၏ အိမ်သူအိမ်သားများက မအားမလပ်အောင် ပြုထားကြပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့အဖို့ ခွင့်လွှတ်ခြင်းကိုပန်ကြားပေးပါ။ ထိုသူတို့သည် သူတို့၏ စိတ်နှလုံးများတွင်မရှိသည်ကို သူတို့၏နှုတ်ဖျားများဖြင့် ပြောဆိုကြပေ၏။ အသင်ပြောကြားပါလေ။ အကယ်၍ ထိုအရှင်မြတ်သည် အသင်တို့အား ဘေးဒုက္ခရောက်စေရန် သို့မဟုတ် အကျိုးကျေးဇူးပြုရန် ကြံရွယ်တော်မူခဲ့ပါလျှင် အလ္လာဟ်နှင့် အပြိုင်ပြုလျက် အသင်တို့၏အရေးတွင် အခွင့်အာဏာရှိသူ မည်သူရှိပေသနည်း။ အမှန်သော်ကား အသင်တို့ပြုသမျှတို့ကို အလ္လာဟ်သည် ကောင်းစွာသတင်းရရှိတော်မူသောအရှင်ဖြစ်တော်မူ၏။

بَلْ ظَنَنْتُمْ اَنْ لَّنْ يَّنْقَلِبَ الرَّسُوْلُ وَالْمُؤْمِنُوْنَ اِلٰۤى اَهْلِيْهِمْ اَبَدًا وَّزُيِّنَ ذٰلِكَ فِيْ قُلُوْبِكُمْ وَظَنَنْتُمْ ظَنَّ السَّوْءِ ۖ وَكُنْتُمْ قَوْمًۢا بُوْرًا ۝۱۲

၁၃။ သို့ပါလျက် တမန်တော်သည်လည်းကောင်း 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူတို့သည်လည်းကောင်း မိမိတို့၏ အိမ်သူအိမ်သားများထံသို့ ဘယ်သောအခါမှ ပြန်လာကြလိမ့်မည်မဟုတ်ဟု အသင်တို့ထင်မှတ်နေကြကုန်၏။ ထို့ပြင် ဤအကြောင်းရပ်သည် အသင်တို့၏ စိတ်နှလုံးများကို အကောင်းမြင်စေခဲ့၏။ ထို့ပြင် အသင်တို့သည် အထင်အမြင်လွဲမှားလျက်ရှိနေကြ၏။ ထို့ပြင် အသင်တို့သည် ပျက်စီးခြင်းဆိုက်ရောက်သော အမျိုးသားများဖြစ်ခဲ့ကြလေသည်။

وَمَنْ لَّمْ يُؤْمِنْۢ بِاللّٰهِ وَرَسُوْلِهٖ فَاِنَّاۤ اَعْتَدْنَا لِلْكٰفِرِيْنَ سَعِيْرًا ۝۱۳

၁၄။ ထို့ပြင် အကြင်သူတို့သည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ကို သက်ဝင်ယုံကြည်ခြင်းမရှိခဲ့သော် မုချမလွဲငါတို့သည် မယုံကြည်ငြင်းပယ်သူ 'ကာဖိရ်'တို့အတွက် တောက်လောင်လျက်ရှိသောမီးကို အသင့်ပြင်ဆင်၍ထားတော်မူ၏။

وَلِلّٰهِ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ؕ يَغْفِرُ لِمَنْ يَّشَآءُ وَيُعَذِّبُ مَنْ يَّشَآءُ ؕ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ۝۱۴

၁၅။ ထို့အပြင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့၏ စိုးမိုးအုပ်ချုပ်မှုသည် အလ္လာဟ်အတွက်သာဖြစ်၏။ ထိုအရှင်မြတ်သည် အကြင်နှစ်လို့သူအား ခွင့်လွှတ်ချမ်းသာပေးတော်မူ၏။ ထို့ပြင် အလိုရှိတော်မူသူအား ပြစ်ဒဏ်ပေးတော်မူ၏။ ဧကန်ပင် အလ္လာဟ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်၊

အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

سَيَقُوْلُ الْمُخَلَّفُوْنَ اِذَا انْطَلَقْتُمْ اِلٰى مَغَانِمَ لِتَاْخُذُوْهَا ذَرُوْنَا نَتَّبِعْكُمْ ۚ يُرِيْدُوْنَ اَنْ يُّبَدِّلُوْا كَلٰمَ اللّٰهِ ؕ قُلْ لَّنْ تَتَّبِعُوْنَا كَذٰلِكُمْ قَالَ اللّٰهُ مِنْ قَبْلُ ۚ فَسَيَقُوْلُوْنَ بَلْ تَحْسُدُوْنَنَا ؕ بَلْ كَانُوْا لَا يَفْقَهُوْنَ اِلَّا قَلِيْلًا ۝١٥

၁၆။ အသင်တို့သည် လက်ရပစ္စည်းများကိုရယူရန် သွားကြသောအခါ နောက်ချန်ရစ်ခြင်းခံရသူတို့က ကျွန်ုပ်တို့ကိုလည်း အသင်တို့၏နောက်သို့ လိုက်ပါခွင့်ပြုပါဟု အမှန်ပင် ဆိုကြပေအံ့။ ယင်းတို့သည် အလ္လာဟ်၏ မုက္ခပါဠိတော်ကို ပြောင်းလဲပစ်ရန် လိုလားကြ၏။ အသင်ပြောကြားပါလေ။ အသင်တို့သည် ကျွန်ုပ်တို့၏နောက်သို့ အလျှင်းလိုက်ရမည်မဟုတ်ချေ။ ဤကဲ့သို့ပင် အလ္လာဟ်သည် ယခင်ကလည်း မိန့်ထားတော်မူခဲ့ပေသည်။ ဤတွင် ယင်းတို့က ထိုသို့မဟုတ်ပါ၊ စင်စစ် အသင်တို့သည် ကျွန်ုပ်တို့အား မနာလိုဝန်တိုခြင်းပြုကြကုန်၏ဟု ဆိုကြပေလိမ့်မည်။ အမှန်သော်ကား ယင်းတို့သည် အလွန်နည်းပါးလှသူတို့မှတစ်ပါး နားလည်ခြင်းမရှိကြချေ။

قُلْ لِّلْمُخَلَّفِيْنَ مِنَ الْاَعْرَابِ سَتُدْعَوْنَ اِلٰى قَوْمٍ اُولِيْ بَاْسٍ شَدِيْدٍ تُقَاتِلُوْنَهُمْ اَوْ يُسْلِمُوْنَ ۚ فَاِنْ تُطِيْعُوْا يُؤْتِكُمُ اللّٰهُ اَجْرًا حَسَنًا ۚ وَاِنْ تَتَوَلَّوْا كَمَا تَوَلَّيْتُمْ مِّنْ قَبْلُ يُعَذِّبْكُمْ عَذَابًا اَلِيْمًا ۝١٧

၁၇။ ကန္တာရတွင် ကျက်စားသူတို့အနက် နောက်တွင်ချန်ရစ်ခြင်းခံရသူတို့အား ပြောကြားပါလေ။ အသင်တို့သည် မကြာမီအတွင်း အလွန်အမင်း စစ်မက်လိုလားကြသော အမျိုးသားတို့ဘက်သို့ ဖိတ်ခေါ်ခြင်းကိုခံကြရပေမည်။ အသင်တို့သည် ထိုသူတို့နှင့် တိုက်ခိုက်ကြရပေမည်။ သို့မဟုတ် ထိုသူတို့သည် 'မွတ်စလင်'များဖြစ်လာကြမည်။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် နာခံလိုက်နာကြလျှင် အလ္လာဟ်သည် အသင်တို့အား အလွန်လျှင်ကောင်းမြတ်သော အကျိုးဆုလာဘ်ကို ပေးသနားချီးမြှင့်တော်မူပေအံ့။ ထို့ပြင် အကယ်၍ ရှေးယခင်ကလည်း ကျောခိုင်းသွားခဲ့ကြသည့်နည်းတူ အသင်တို့သည် ကျောခိုင်း၍သွားကြလျှင် ထိုအရှင်မြတ်သည် အလွန်တရာနာကျင်ဖွယ်သောပြစ်ဒဏ်ကိုပေးတော်မူမည်။

لَيْسَ عَلَى الْاَعْمٰى حَرَجٌ وَّلَا عَلَى الْاَعْرَجِ حَرَجٌ وَّلَا عَلَى الْمَرِيْضِ حَرَجٌ ؕ وَمَنْ يُّطِعِ اللّٰهَ وَرَسُوْلَهٗ يُدْخِلْهُ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ ۚ وَمَنْ يَّتَوَلَّ يُعَذِّبْهُ عَذَابًا اَلِيْمًا ۝١٨ ع

၁၈။ မျက်စိကွယ်နေသူတို့အပေါ်၌ အပြစ်တစ်စုံတစ်ရာမရှိချေ။ ထို့ပြင် ခြေကျိုးမသန်မစွမ်းသူတို့အပေါ်၌လည်း အပြစ်တစ်စုံတစ်ရာမရှိသည့်အပြင် နာမကျန်းသူတို့အပေါ်တွင်လည်း အပြစ်တစ်စုံတစ်ရာမရှိချေ။ ထိုမှတစ်ပါး အကြင်သူသည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်အား နာခံလိုက်နာအံ့။ ထိုအရှင်မြတ်သည် ၎င်းအား အခြေတွင် စမ်းချောင်းများစီးဆင်းလျက်ရှိသော 'ဂျန္နတ်'ဥယျာဉ်တော်များတွင် ဝင်ရောက်စေတော်မူပေအံ့။ ထို့ပြင် အကြင်သူသည် ကျောခိုင်း၍လှည့်သွားပါမူ ထိုအရှင်မြတ်သည် ထိုသူအား အလွန်ပြင်းပြနာကျင်ဖွယ်ကောင်းသော အပြစ်ဒဏ်ကို ပေးတော်မူမည်ဖြစ်သတည်း။

ရုကူး-၃

لَقَدْ رَضِيَ اللّٰهُ عَنِ الْمُؤْمِنِيْنَ اِذْ يُبَايِعُوْنَكَ تَحْتَ الشَّجَرَةِ فَعَلِمَ مَا فِيْ قُلُوْبِهِمْ فَاَنْزَلَ السَّكِيْنَةَ عَلَيْهِمْ وَاَثَابَهُمْ فَتْحًا قَرِيْبًا ۙ﴿۱۸﴾

၁၉။ ဧကန်မလွဲ အလ္လာဟ်သည် 'မို့အ်မင်ဒ်န်'သက်ဝင်ယုံကြည်သူတို့အား ကျေနပ်နှစ်သက်တော်မူချေပြီ၊ အကြင်အခါဝယ် သူတို့သည် သစ်ပင်၏အောက်တွင် အသင့်အား 'ဘိုင်အတ်' သစ္စာခံလျက်ရှိကြ၏။ ထိုအရှင်မြတ်သည် သူတို့၏ နှလုံးသားများတွင်ရှိခဲ့သည်များကို သိရှိတော်မူ၏။ သို့ဖြစ်၍ ထိုအရှင်မြတ်သည် သူတို့အပေါ်သို့ တည်ငြိမ်အေးချမ်းခြင်းကို ချပေးတော်မူ၏။ ထို့ပြင် သူတို့အား နီးကပ်လှစွာသော အောင်မြင်မှုတစ်ရပ်ကို ပေးသနားချီးမြှင့်တော်မူ၏။

وَّمَغَانِمَ كَثِيْرَةً يَّاْخُذُوْنَهَا ۭ وَكَانَ اللّٰهُ عَزِيْزًا حَكِيْمًا ﴿۱۹﴾

၂၀။ ထို့ပြင် ရယူလျက်ရှိခဲ့ကြသော မြောက်မြားစွာသော လက်ရပစ္စည်းများကိုလည်းပေးသနားချီးမြှင့်တော်မူ၏။ ထို့ပြင် အလ္လာဟ်သည် အကြင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသော အရှင်(နှင့်) ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَعَدَكُمُ اللّٰهُ مَغَانِمَ كَثِيْرَةً تَاْخُذُوْنَهَا فَعَجَّلَ لَكُمْ هٰذِهٖ وَكَفَّ اَيْدِيَ النَّاسِ عَنْكُمْ ۚ وَلِتَكُوْنَ اٰيَةً لِّلْمُؤْمِنِيْنَ وَيَهْدِيَكُمْ صِرَاطًا مُّسْتَقِيْمًا ﴿۲۰﴾

၂၁။ အလ္လာဟ်သည် အသင်တို့အား များပြားလှစွာသော လက်ရပစ္စည်းများကို အသင်တို့ရယူကြရမည်ကို ကတိပေးတော်မူ၏။ သို့ဖြစ်၍ ဤသည်ကို အသင်တို့အား ထိုအရှင်မြတ်သည် အလျင်အမြန် ပေးသနားတော်မူ၏။ ထို့ပြင် လူတို့၏လက်ကို အသင်တို့မှ တားဆီးထားတော်မူလိုက်၏။ ထိုသို့ဖြင့် ယင်းသည် သက်ဝင်ယုံကြည်သူတို့အတွက် ကြီးကျယ်သော နိမိတ်လက္ခဏာတစ်ရပ်ဖြစ်သွားစေခြင်းငှာဖြစ်၏။ထို့ပြင် ထိုအရှင်မြတ်သည် အသင်တို့အား ဖြောင့်မှန်သော လမ်းဆီသို့ ညွှန်ပြတော်မူရန်ဖြစ်ပေသည်။

وَّاُخْرٰى لَمْ تَقْدِرُوْا عَلَيْهَا قَدْ اَحَاطَ اللّٰهُ بِهَا ۭ وَكَانَ اللّٰهُ عَلٰي كُلِّ شَيْءٍ قَدِيْرًا ﴿۲۱﴾

၂၂။ ဤတွင်မက ယခု အသင်တို့ မရရှိသေးသော အခြားသော (အောင်မြင်မှုများလည်း) ရှိပေသေး၏။ မုချဧကန် အလ္လာဟ်သည် ယင်းကိုလွှမ်းခြုံ၍ထားတော်မူလျက်ရှိ၏။ထို့ပြင် အလ္လာဟ်သည် မိမိအလိုရှိတော်မူသော အရာခပ်သိမ်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

وَلَوْ قٰتَلَكُمُ الَّذِيْنَ كَفَرُوْا لَوَلَّوُا الْاَدْبَارَ ثُمَّ لَا يَجِدُوْنَ وَلِيًّا وَّلَا نَصِيْرًا ﴿۲۲﴾

၂၃။ ထို့မှတစ်ပါး မယုံကြည်ငြင်းပယ်သူတို့သည် အကယ်၍ အသင်တို့နှင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြလျှင် ဧကန်ပင် ကျောခိုင်း၍သွားကြမည်သာ။ ထို့နောက် ယင်းတို့သည် မည်သည့်တစ်စုံတစ်ရာ အဆွေခင်ပွန်းကိုမျှရရှိကြမည်မဟုတ်သည့်အပြင် တစ်စုံတစ်ရာအကူအညီကိုမျှလည်းရရှိကြမည်မဟုတ်ချေ။

سُنَّةَ اللّٰهِ الَّتِيْ قَدْ خَلَتْ مِنْ قَبْلُ ۚ وَلَنْ

၂၄။ ဤသည် ရှေးကတည်းကရှိခဲ့ပြီးဖြစ်သော အလ္လာဟ်၏

تَجِدَ لِسُنَّةِ اللّٰهِ تَبْدِيْلًا ﴿٢٣﴾

'စွန္ခတ်'အစဉ်အလာတော်ဖြစ်၏။ ထို့ပြင် အသင်သည် အလ္လာဟ်၏'စွန္ခတ်'တော်တွင် တစ်စုံတစ်ရာသော အပြောင်းအလဲကိုမျှ အလျှင်းတွေ့ရှိရမည်မဟုတ်ချေ။

وَهُوَ الَّذِيْ كَفَّ اَيْدِيَهُمْ عَنْكُمْ وَاَيْدِيَكُمْ عَنْهُمْ بِبَطْنِ مَكَّةَ مِنْۢ بَعْدِ اَنْ اَظْفَرَكُمْ عَلَيْهِمْ ؕ وَكَانَ اللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرًا ﴿٢٤﴾

၂၅။ စင်စစ် ထိုအရှင်မြတ်သည်ပင် အသင်တို့အား ထိုသူတို့အပေါ် အောင်နိုင်မှုကိုပေးသနားတော်မူပြီးနောက်တွင် မက္ကာလွင်ပြင်၌ သူတို့၏လက်ကို အသင့်တို့ထံမှလည်းကောင်း၊ အသင်တို့၏လက်ကို သူတို့ထံမှလည်းကောင်း တားဆီးတော်မူခဲ့လေသည်။ စင်စစ် အလ္လာဟ်သည် အသင်တို့ပြုလေ့ရှိသည်တို့ကို နက်ရှိုင်းစွာမြင်တွေ့တော်မူသောအရှင်ဖြစ်တော်မူ၏။

هُمُ الَّذِيْنَ كَفَرُوْا وَصَدُّوْكُمْ عَنِ الْمَسْجِدِ الْحَرَامِ وَالْهَدْيَ مَعْكُوْفًا اَنْ يَّبْلُغَ مَحِلَّهٗ ؕ وَلَوْلَا رِجَالٌ مُّؤْمِنُوْنَ وَنِسَآءٌ مُّؤْمِنٰتٌ لَّمْ تَعْلَمُوْهُمْ اَنْ تَطَـُٔوْهُمْ فَتُصِيْبَكُمْ مِّنْهُمْ مَّعَرَّةٌۢ بِغَيْرِ عِلْمٍ ۚ لِيُدْخِلَ اللّٰهُ فِيْ رَحْمَتِهٖ مَنْ يَّشَآءُ ۚ لَوْ تَزَيَّلُوْا لَعَذَّبْنَا الَّذِيْنَ كَفَرُوْا مِنْهُمْ عَذَابًا اَلِيْمًا ﴿٢٥﴾

၂၆။ ဤသူတို့သည်ပင် မယုံကြည်ခြင်းပယ်ခဲ့ကြပြီး အသင်တို့အား 'မတ်စ်ဂျိဒေဟရာမ်'မြင့်မြတ်သောဝတ်ကျောင်းတော်မှ တားဆီးပိတ်ပင်ခဲ့ကြသူများဖြစ်၏။ ထို့ပြင် ကုရ်ဘာနီသားကောင်ကိုလည်း ၎င်း၏ကုရ်ဘာနီပြုရာဌာနသို့ ရောက်ရှိခြင်းမှ တားဆီးပိတ်ပင်ခဲ့ကြ၏။ ထို့ပြင် အကယ်၍ သက်ဝင်ယုံကြည်သူ ယောကျ်ားများနှင့် သက်ဝင်ယုံကြည်သူ မိန်းမများအား အသင်တို့သည် မသိသဖြင့် မိမိတို့၏ခြေဖြင့် နင်းခြေမိခဲ့သည်ရှိသော် သူတို့ဘက်မှမသိဘဲလျက် အသင်တို့အား တစ်စုံတစ်ရာဆုံးရှုံးမှုသက်ရောက်ခဲ့မည်ဖြစ်၏။ ဤသို့ဖြစ်ရခြင်းမှာ အလ္လာဟ်သည် အလိုရှိတော်မူသူအား မိမိ၏ ကရုဏာတော်အတွင်းသို့ ဝင်ရောက်ရစေခြင်းငှာဖြစ်၏။ အကယ်၍ ၎င်းတို့သည် စစ်ထုတ်ပြီး၊ တသီးတခြားဖြစ်ခဲ့သည်ရှိသော် အမှန်ပင် ငါတို့သည် သူတို့အနက်မှ မယုံကြည်ခြင်းပယ်သူတို့အား ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်ကိုပေးမည်သာ။

اِذْ جَعَلَ الَّذِيْنَ كَفَرُوْا فِيْ قُلُوْبِهِمُ الْحَمِيَّةَ حَمِيَّةَ الْجَاهِلِيَّةِ فَاَنْزَلَ اللّٰهُ سَكِيْنَتَهٗ عَلٰى رَسُوْلِهٖ وَعَلَى الْمُؤْمِنِيْنَ وَاَلْزَمَهُمْ كَلِمَةَ التَّقْوٰى وَكَانُوْۤا اَحَقَّ بِهَا وَاَهْلَهَا ؕ وَكَانَ اللّٰهُ بِكُلِّ شَيْءٍ عَلِيْمًا ﴿٢٦﴾ ع

၂၇။ အကြင်အခါဝယ် မယုံကြည်ခြင်းပယ်သူတို့က ၎င်းတို့၏နှလုံးသားများတွင် မခံချင်စိတ်ကို၊ ဆိုလိုသည်မှာ အမိုက်ခေတ်၏ အထိမခံမာနစိတ်ကို အရေးတယူပြုလျက်ရှိနေကြ၏။ ထိုအခါ အလ္လာဟ်သည် မိမိ၏တမန်တော်နှင့် သက်ဝင်ယုံကြည်သူတို့အပေါ် မိမိ၏အထံတော်မှ တည်ငြိမ်အေးချမ်းမှုကိုချပေးတော်မူ၏။ ထို့ပြင် သူတို့အား 'တက္ကဝါ' ဖြူစင်ဖြောင့်မတ်ခြင်းဟူသော စကားရပ်ဖြင့် ကပ်ငြိတည်မြဲအောင် ပြုထားတော်မူ၏။ စင်စစ် ထိုသူတို့သည်သာလျှင် ယင်းကို ပိုမို၍ ရပိုင်ခွင့်ရှိကြသူများနှင့် ထိုက်တန်သူများဖြစ်ခဲ့ကြ၏။ ဧကန်ပင် အလ္လာဟ်သည် အရာရာတိုင်းကို ကောင်းစွာသိရှိတော်မူပေသတည်း။

ရုကူး-၄

لَقَدْ صَدَقَ اللّٰهُ رَسُوْلَهُ الرُّءْيَا بِالْحَقِّ ۚ لَتَدْخُلُنَّ الْمَسْجِدَ الْحَرَامَ اِنْ شَآءَ اللّٰهُ اٰمِنِيْنَ ۙ مُحَلِّقِيْنَ رُءُوْسَكُمْ وَمُقَصِّرِيْنَ ۙ لَا تَخَافُوْنَ ۭ فَعَلِمَ مَا لَمْ تَعْلَمُوْا فَجَعَلَ مِنْ دُوْنِ ذٰلِكَ فَتْحًا قَرِيْبًا ۝

၂၈။ ဧကန်အမှန် အလ္လာဟ်သည် မိမိ၏တမန်တော်အား (ထိုအရှင်မြတ်၏)မှန်ကန်သော အိပ်မက်အားဖြင့် ပြည့်ဝစုံလင်အောင်ပြု၍ပြသတော်မူခဲ့၏။ အကယ်၍ အလ္လာဟ် အလိုရှိတော်မူခဲ့လျှင် မလွဲဧကန် အသင်တို့သည် 'မာစ်ဂ်ိဒေဟရာမ်'မြင့်မြတ်သောဝတ်ကျောင်းတော်အတွင်းသို့ ငြိမ်းချမ်းသောအနေအထားဖြင့် မိမိတို့၏ဦးခေါင်းများကို ရိတ်ကြလျက် ဆံပင်များကိုညှပ်ကြလျက် ကြောက်ရွံ့စိုးရိမ်ခြင်းမရှိသော အခြေအနေဖြင့် ဝင်ရောက်ကြရပေလိမ့်မည်။ သို့ဖြစ်ရာ ထိုအရှင်မြတ်သည် အသင်တို့ မသိနားမလည်သည်ကို သိတော်မူ၏။ သို့ဖြစ်၍ အရှင်မြတ်သည် ထိုသည့်အပြင် နီးကပ်လှစွာသော အခြားအောင်ပွဲတစ်ရပ်ကို သတ်မှတ်ထားရှိတော်မူ၏။

هُوَ الَّذِيْٓ اَرْسَلَ رَسُوْلَهٗ بِالْهُدٰى وَدِيْنِ الْحَقِّ لِيُظْهِرَهٗ عَلَى الدِّيْنِ كُلِّهٖ ۭ وَكَفٰى بِاللّٰهِ شَهِيْدًا ۝

၂၉။ ထိုအရှင်မြတ်သည်ပင် မိမိတမန်တော်အား လမ်းညွှန်တော်နှင့် မှန်ကန်သောသာသနာတော်တို့ဖြင့် စေလွှတ်တော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ဖြင့် ထိုအရှင်မြတ်သည် ယင်းကို သာသနာ(၏အကိုင်းအခက်အားလုံး)အပေါ် လုံးလုံးလျားလျား လွှမ်းမိုးအောင်နိုင်စေရန်ဖြစ်၏။ စင်စစ် အလ္လာဟ်သည် သက်သေတော်အဖြစ်အလွန်လုံလောက်တော်မူ၏။ ㉑

مُحَمَّدٌ رَّسُوْلُ اللّٰهِ ۭ وَالَّذِيْنَ مَعَهٗٓ اَشِدَّآءُ عَلَى الْكُفَّارِ رُحَمَآءُ بَيْنَهُمْ تَرٰىهُمْ رُكَّعًا سُجَّدًا يَّبْتَغُوْنَ فَضْلًا مِّنَ اللّٰهِ وَرِضْوَانًا ۡ سِيْمَاهُمْ فِيْ وُجُوْهِهِمْ مِّنْ اَثَرِ السُّجُوْدِ ۭ ذٰلِكَ مَثَلُهُمْ فِي التَّوْرٰىةِ ۚ وَمَثَلُهُمْ فِي الْاِنْجِيْلِ ۾ كَزَرْعٍ اَخْرَجَ شَطْــَٔهٗ فَاٰزَرَهٗ فَاسْتَغْلَظَ فَاسْتَوٰى عَلٰي سُوْقِهٖ يُعْجِبُ الزُّرَّاعَ لِيَغِيْظَ بِهِمُ الْكُفَّارَ ۭ وَعَدَ اللّٰهُ

၃၀။ အလ္လာဟ်၏ တမန်တော်'မိုဟမ္မဒ်'နှင့် သူနှင့်အတူရှိကြသူတို့မှာ မယုံကြည်ငြင်းပယ်သူတို့နှင့်ဆန့်ကျင်မှုတွင် အလွန်ပြင်းထန်ကြ၏။ (ထို့ပြင်) အချင်းချင်းတွင် အကန့်အသတ်မရှိ ကရုဏာထားကြ၏။ အသင်သည် သူတို့အား 'ရုကူး' ဦးညွှတ်လျက်ရှိနေသည်ကိုလည်းကောင်း၊ 'စဂ်ဒါ'ဦးချမူပြုလျက်ရှိနေသည်ကိုလည်းကောင်း မြင်တွေ့ရပေအံ့။ သူတို့သည် အလ္လာဟ်၏အထံတော်မှပင် 'ဖဇ်လ်'ကျေးဇူးတော်နှင့် ကျေနပ်နှစ်သက်ခြင်းကို လိုလားတောင့်တကြကုန်၏။ 'စဂ်ဒါ' ဦးချခြင်း၏သက်ရောက်မှုအားဖြင့် သူတို့၏မျက်နှာများအပေါ်တွင် ယင်း၏အမှတ်လက္ခဏာသည်ရှိ၏။ ဤကား 'တောင်ရတ်' ကျမ်းတွင်ပါရှိသည့် သူတို့၏ဥပမာပင်ဖြစ်သည်။ ထို့ပြင် 'အင်ဂျီလ်'ကျမ်းတွင် သူတို့၏ဥပမာကို လယ်ယာတစ်ခုနှင့် ပမာပြုထား၏။ ယင်းသည် မိမိ၏အစို့အညှောက်ကို ထွက်ပြူစေ၏။ ထို့နောက် ယင်းကို ခိုင်မာသန်စွမ်းစေခဲ့ပြီးနောက် တုတ်ခိုင်၍လာပြီးလျှင် မိမိ၏ရိုးတံပေါ်တွင် ထောင်တက်၍

㉑ ဤအာယတ်တော်တွင် အစ္စလာမ်သာသနာသည် ကမ္ဘာပေါ်ရှိ ဘာသာသာသနာအားလုံးတို့အပေါ် လွှမ်းမိုးအောင်နိုင်မည့် အကြောင်း အနာဂတ္တိဗျာဒိတ်ဟောထားခြင်းဖြစ်သည်။ ဤအာယတ်တော်ကျရောက်စဉ်ကာလမှာဖြင့် မက္ကာမြို့သားများကိုပင် အောင်ပွဲဆင်နိုင်ခွင့်မရှိခဲ့သေးချေ။ သို့ပါလျက် ထိုသို့သောကာလမှာပင် အစ္စလာမ်သည် ကမ္ဘာ့ဘာသာအယူဝါဒအားလုံးတို့အပေါ် အောင်ပွဲဆင်ရမည်ဟူသော ဤအနာဂတ္တိဗျာဒိတ်မှာ အနှိုင်းမဲ့ဂုဏ်ကျက်သရေကို ဆောင်လျက်ရှိပေသည်။

الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ مِنْهُمْ مَّغْفِرَةً وَّ اَجْرًا عَظِيْمًا ۝٢٩

လာစေကာ လယ်သမားတို့အား ပျော်ရွှင်စေခဲ့၏။ ထိုသို့ဖြင့် သူတို့ကြောင့် မယုံကြည်ခြင်းပယ်သူ'ကာဖိရ်'တို့အား ဒေါသ အမျက်ထွက်စေခြင်းငှာဖြစ်ပေသည်။ အလ္လာဟ်သည် သူတို့အ နက် သက်ဝင်ယုံကြည်လာကြပြီး ကောင်းမြတ်သောအကျင့် သီလကိုကျင့်ကြံအားထုတ်ကြသူတို့အား ခွင့်လွှတ်တော်မူခြင်း နှင့် ကြီးကျယ်ခမ်းနားသော ဆုလာဘ်ကို ကတိပြုထားတော်မူ ပေသတည်း။ ㉑

❖ ❖ ❖

㉑ ဤအာယတ်တော်တွင်ဖော်ပြသော တမန်တော်မြတ်ﷺ၏ဂုဏ်ပုဒ်များသည် ကိုယ်တော်မြတ်ﷺ၏ဇာတိတော်၌သာ အကန့် အသတ်ဖြင့်ရှိနေသည်မဟုတ်ဘဲ **وَالَّذِيْنَ مَعَهٗ** ကိုယ်တော်မြတ်ﷺ၏ဂုဏ်ပုဒ်များမှာ ကိုယ်တော်မြတ်ﷺနှင့်အတူတကွရှိကြသူ (သာဝကကြီး)များသို့တိုင် သက်ရောက်မှုရှိပေလိမ့်မည်ဟု မိန့်တော်မူထားသည်။ ဂုဏ်ပုဒ်များအနက် ပထမဦးဆုံး ဂုဏ်ပုဒ်မှာ **اَشِدَّآءُ عَلَى الْكُفَّارِ** ဤတွင် ၎င်းတို့သည် မိမိတို့၏ခက်ထန်သောစိတ်နှလုံးကြောင့် မယုံကြည်ခြင်းပယ်သူတို့အပေါ် ပြင်းထန်ကြ သည်မဟုတ်မူဘဲ၊ မယုံကြည်ခြင်းပယ်ခြင်း(ကုဖ္ဖရ်)၏သက်ရောက်မှုကို မခံယူသောအနေဖြင့် ပြင်းထန်မာကျောခြင်းကိုဆိုလိုပေသည်။ သို့ရာတွင် သူတို့၏စိတ်နှလုံးမှာ ကရုဏာတို့ဖြင့် ပြည့်သိပ်လျက်ရှိကြပေလိမ့်မည်။ ထိုသည့်အတွက်ကြောင့် 'မို့အ်မင်နိ်'သက်ဝင် ယုံကြည်သူတို့သည် တစ်ဦးကတစ်ဦးကို မေတ္တာကရုဏာတို့ဖြင့်ဆက်ဆံသူများ ဖြစ်ကြပေလိမ့်မည်။ ထိုမှတစ်ပါး သူတို့၏ 'ဂျိဟာဒ်'ပြု ရခြင်းရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ်၏ကျေနပ်နှစ်လို့တော်မူခြင်းအတွက်သက်သက်ဖြစ်ပြီး၊ လောကီဥစ္စာပစ္စည်းရှာဖွေရေး အတွက်မဟုတ်ချေ။ သို့ဖြစ်၍ ၎င်းတို့သည် အလ္လာဟ်၏ရှေ့တော်မှောက်တွင် 'ရှကူ'ဦးညွှတ်၍လည်းကောင်း 'စဂျဒ်'ဦးချ၍လည်း ကောင်း ဦးနှိမ်ရိုကျိုးစွာရှိကြမည်ဖြစ်ပြီး ထိုအရှင်မြတ်ထံတော်မှ အရှင့်ကျေနပ်သဘောတူမှုလည်းပါဝင်သော ကျေးဇူးတော်(ဝါ) လောကီပစ္စည်းဥစ္စာများကို တောင်းခံကြပေလိမ့်မည်။ ယင်းမှာ 'တောင်ရတ်'(ဓမ္မဟောင်း)ကျမ်းတွင်ဖော်ပြခဲ့ပြီးဖြစ်သော ၎င်းတို့ 'ဂျိဟာဒ်'ပြုရခြင်း၏ ဗဟိုအချက်အချာရှုထောင့်ဖြစ်ပေသည်။ ထို့ပြင် တမန်တော်မြတ်ﷺ၏'အွမ္မတ်'အုပ်စုတွင် နောက်ဆုံးခေတ်၌ ပွင့်ပေါ်ရန်ရှိသော 'မဆီဟ်'နှင့် သူ့အားယုံကြည်လက်ခံသူများနှင့်စပ်လျဉ်း၍ 'အင်ဂျိလ်'ဓမ္မသစ်ကျမ်းတွင် အဆင့်ဆင့်ဖွဲ့ဖြိုးလာ၍ မိမိ၏ပင်စည်နိုးတံများပေါ်တွင် အခိုင်အမာရှိလာခဲ့သော အစို့အညှောက် ထွက်ပြူလာသည့် လယ်ယာနှင့် ဥပမာပေးထားခဲ့လေသည်။ ယင်း(လယ်ယာ)အား ရှုမြင်ရသောအခါ ၎င်းကိုစိုက်ပျိုးခဲ့သော (ဝါ) သာသနာ့အလုပ်အကျွေးပြုမှုတွင် ပါဝင်ခဲ့သူတို့မှာ အလွန်တရာ ကြည်နူးဝမ်းမြောက်ကြရပေလိမ့်မည်။ ထို့ပြင် ယင်း၏အကျိုးဆက်အားဖြင့် မယုံကြည်သူတို့မှာ ၎င်းတို့အား ပို၍ပင် အမျက်ဒေါသ ဖြစ်ကြပေလိမ့်မည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်အား အမှန်တကယ် ယုံကြည်သက်ဝင်သူများနှင့် ထိုအရှင်မြတ်ထံတော်မှ ခွင့်လွှတ် ခြင်းကို လိုလားတောင့်တသူတို့အား အလ္လာဟ်အရှင်မြတ်သည် ကြီးကျယ်ခမ်းနားသော ခွင့်လွှတ်တော်မူခြင်းနှင့် ကောင်းကျိုးဆုလာဘ် တို့အတွက် သတင်းကောင်းချီးမြှင့်တော်မူပေသတည်း။

၄၉။ အလ်-ဟုဂျ္ဂရာတ်

ဤဆူရာဟ်သည် မက္ကာကိုအောင်ပွဲရပြီးနောက် မဒီနာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်' အပါအဝင် 'အာယတ်'မုက္ခပါဒ်ငါးတော် (၁၉)ပိုဒ်ပါရှိသည်။

ပြီးခဲ့သော ဆူရာဟ်တွင် တမန်တော်မြတ်ﷺ၏ ဂုဏ်ဘုန်းတေဇာကြီးမြတ်ခြင်းနှင့် လှုပခံ့ညားခြင်းတို့၏ ဂုဏ်ဒြပ်များကိုဖော်ပြခဲ့ပေရာ ယင်း၏နောက်တွင် ဤ(ဆူရာဟ်)၌ သာဝကကြီးများ၏ တာဝန်ဝတ္တရားများကို ဖော်ပြခြင်းခံရပေသည်။ ဤသည့် ကြီးကျယ်မြင့်မြတ်သော တမန်တော်၏ရှေ့မှောက်တွင် မော်ကြည့်၍စကားပြောခြင်းမှာ အသင်တို့အဖို့ မသင့်လျော်သကဲ့သို့ လေသံမြင့်မြင့်စကားပြောဆိုရန်မှာလည်း မလျော်ကန်ချေ။ သို့ကြောင့်လည်း တမန်တော်မြတ်ﷺအား ခပ်ဝေးဝေးမှ အသံပြု၍ ကိုယ်တော်မြတ်အားအိမ်တော်မှ အပြင်သို့ထွက်လာစေရန် ကရိကထများအောင် ပြုခဲ့ကြသော ထိုသူတို့အား အရှင်မြတ်သည် ပြင်းထန်စွာ အမျက်ရှတော်မူကြောင်း ဖော်ပြထားတော်မူပေသည်။

ဤသည့်နောက် အာယတ်တော်(၁၀)၌ နှောင်းခေတ်တွင် မွတ်စလင် အုပ်ချုပ်ရေးတို့၏ အချင်းချင်းအပြန်အလှန် ကွဲလွဲမှုအနေအထားဖြစ်ပေါ်လျှင် အကောင်းဆုံးသောနည်းလမ်းကို ဖော်ပြထားတော်မူသည်။ အလေးထားအပ်သော အကြောင်းရပ်မှာကား တမန်တော်မြတ်ﷺ၏ ခေတ်ကာလတွင် မွတ်စလင်တို့၏ အုပ်ချုပ်ရေး၌ အချင်းချင်း စစ်ပြိုင်တိုက်ခိုက်မှု တစ်စုံတစ်ရာမျှမရှိခဲ့ချေ။ သို့ကြောင့် ဤအာယတ်တော်၏ဆိုလိုရင်းအချက်မှာ မွတ်စလင်တို့ကိုသာမဟုတ် မွတ်စလင်မဟုတ်သူတို့အတွက်လည်း အမျိုးသားရေး ကွဲလွဲငြင်းခုံမှုများ ဖြစ်ပေါ်သောအခြေအနေတွင် ယင်းတို့အတွင်း ပြေငြိမ်းမှုပြုလုပ်နိုင်ခြင်းနှင့်စပ်လျဉ်းသော ကြီးကျယ်လှသည့် ပဋိညာဉ်(CHARTER)တစ်ခုကို ရေးဆွဲချပြထားခြင်းဖြစ်သည်။ ယင်း၏အခြေခံကျသောပုံစံများမှာ -

(၁) အကယ်၍ မွတ်စလင် အစိုးရများအချင်းချင်း အပြန်အလှန် ပဋိပက္ခဖြစ်သော် ကျန်ရှိသော မွတ်စလင်နိုင်ငံများက စုပေါင်းပြီး အထက်ပါနိုင်ငံနှစ်ခုလုံးကို ပဋိပက္ခချုပ်ငြိမ်းအောင် တားမြစ်ကြရန် တာဝန်ရှိကြ၏။ ထို့ပြင် အကယ်၍ ယင်းတို့အနက် တစ်ဘက်ဘက်မှ ညှိနှိုင်းမှုကိုလက်မခံခဲ့လျှင် စစ်ဗျူဟာအသုံးပြုလျက် ယင်းကို အဆုံးအဖြတ်ရယူပေးရမည်ဖြစ်သည်။

(၂) သို့ဖြစ်ရာ ထိုသည့် တိုက်ခိုက်ခြင်းကိုရပ်စဲလိုက်သည်ရှိသော် တစ်ဖန် ယင်းတို့ နှစ်ဘက်၏အကြား သင့်တင့်ပြေငြိမ်းမှုပြုလုပ်နိုင်ရန် ကြိုးပမ်းကြရမည်။

(၃) သို့သော် သင့်တင့်ပြေငြိမ်းမှုအတွက် ကြိုးပမ်းရာတွင်လည်း အပြည့်အဝ တရားမျှတမှုကို ကျင့်သုံးရမည်။ ထို့ပြင် နှစ်ဘက်စလုံးကို ဘက်မလိုက်ဘဲဆက်ဆံရမည်။ အကြောင်းမူ နောက်ဆုံးရလဒ်မှာကား အလွှာဟ်အရှင်မြတ်သည် တရားမျှတမှုကို ကျင့်သုံးသူတို့အား ချစ်ခင်နှစ်သက်တော်မူသောကြောင့်ဖြစ်ပြီး အကြင်သူအား အလွှာဟ်အရှင်မြတ်က ချစ်ခင်နှစ်သက်တော်မူလေသော် ထိုသူအား အလျှင်း အရေးနိမ့်စေတော်မူမည်မဟုတ်ချေ။

တစ်ကြိမ်ထပ်၍အာရုံပြုစေသည်မှာ ဤနေရာတွင် မွတ်စလင်တို့အား ရည်ညွှန်းမိန့်ဆိုနေသော်လည်း သူတို့အား ရှင်းပြနေသောလုပ်ထုံးလုပ်နည်းများမှာ လူသားနွယ်ဝင်အားလုံးတို့အဖို့ လိုက်နာကျင့်သုံးသင့်သည်။

ဤသည့်နောက်တွင် လူမျိုးနွယ်အမျိုးမျိုးတွင် ကွဲပြားခြားနားရမှု၏ အခြေခံအကြောင်းရင်းမှာ အမှန်တွင် လူမျိုးစွဲဝါဒကြောင့်ဖြစ်ကြောင်း ဖော်ပြထားတော်မူပေသည်။ အမျိုးသားတိုင်းက တစ်ပါးအမျိုးသားတို့အား လှောင်ပြောင်ကဲ့ရဲ့ကြလေသောအခါ မိမိကိုယ်မိမိ တသီးပုဂ္ဂလနှင့် မြင့်မြတ်သော မျိုးနွယ်ဝင်ဟုရည်မှတ်ခြင်းဖြင့် ထိုသို့ပြုလုပ်ခြင်းဖြစ်ပေသည်။

ဤသည့်နောက်တွင် စိတ်ဝမ်းကွဲပြားမှုကို ပေါ်ပေါက်စေသည့် အမျိုးမျိုးသော လူမှုရေးချွတ်ယွင်းချက်များကို ဖော်ပြလိုက်ပေသည်။

ထို့နောက်တွင် အလွှာဟ်အရှင်မြတ်က လူမျိုးနွယ်များကို အသွေးအရောင်အမျိုးမျိုးနှင့် မျိုးနွယ်ဆက်အသီးသီးဖြင့် ခွဲခြားထားတော်မူရခြင်းမှာ အဘယ့်ကြောင့်ဆိုသည်ကို ရှင်းပြထားတော်မူသည်။

ယင်း၏ ရည်မှော်ချက်မှာ တစ်ဦးနှင့်တစ်ဦး ဂုဏ်တုဂုဏ်ပြိုင်ပြုလုပ်ရန်မဟုတ်မူဘဲ တစ်ဦးနှင့်တစ်ဦး လွယ်ကူစွာမှတ်မိသိရှိနိုင်ရန်အတွက်သာဖြစ်ပေသည်။ ပမာအားဖြင့် ဤလူသည် အမေရိကန်လူမျိုးဖြစ်သည် သို့မဟုတ် ဤလူသည် ဂျာမန်လူမျိုးဖြစ်သည်ဟုဆိုရခြင်းမှာ အမေရိကန်လူမျိုးသည် အားလုံးတို့ထက် မြင့်မြတ်မှုရှိခြင်းကြောင့် သို့မဟုတ် ဂျာမန်လူမျိုးသည် လူမျိုးတကာထက် မြတ်သောကြောင့် ထိုသို့ခေါ်ဆိုကြသည်မဟုတ်ဘဲ မည်သည့်မျိုးနွယ်ဝင်ဖြစ်ကြောင်းသိရှိစေရန်အတွက်သာ ထိုသို့ခေါ်ဆိုဖော်ပြရခြင်းဖြစ်ပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဟူဂျုရာတ်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၁၈)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تُقَدِّمُوْا بَيْنَ يَدَيِ اللّٰهِ وَرَسُوْلِهٖ وَاتَّقُوا اللّٰهَ ؕ اِنَّ اللّٰهَ سَمِيْعٌ عَلِيْمٌ ①

၂။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ရှေ့မှောက်၌ ရှေ့ကြူးခြင်းမပြုကြလင့်။ ထို့ပြင် အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ကျင့်သုံးဆောက်တည်ကြကုန်။ စင်စစ် အလ္လာဟ်သည် လွန်စွာ ကြားတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသော အရှင် ဖြစ်တော်မူ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَرْفَعُوْٓا اَصْوَاتَكُمْ فَوْقَ صَوْتِ النَّبِيِّ وَلَا تَجْهَرُوْا لَهٗ بِالْقَوْلِ كَجَهْرِ بَعْضِكُمْ لِبَعْضٍ اَنْ تَحْبَطَ اَعْمَالُكُمْ وَاَنْتُمْ لَا تَشْعُرُوْنَ ①

၃။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ တမန်တော်၏အသံထက် မိမိတို့၏အသံများကို မမြင့်မကျယ်ကြစေလင့်။ ထို့ပြင် အသင်တို့အနက် အချို့သည် တစ်ဦးနှင့်တစ်ဦး ကျယ်လောင်စွာပြောဆိုကြသကဲ့သို့ တမန်တော်၏ရှေ့တွင် ကျယ်လောင်စွာ မပြောဆိုကြလင့်။ အသင်တို့၏ ပြုကျင့်မှုများသည် အသင်တို့မသိလိုက်ရဘဲ အချည်းနှီးဖြစ်သွားရခြင်းမျိုး မဖြစ်စေကြကုန်လင့်။

اِنَّ الَّذِيْنَ يَغُضُّوْنَ اَصْوَاتَهُمْ عِنْدَ رَسُوْلِ اللّٰهِ اُولٰٓئِكَ الَّذِيْنَ امْتَحَنَ اللّٰهُ قُلُوْبَهُمْ لِلتَّقْوٰى ؕ لَهُمْ مَّغْفِرَةٌ وَّاَجْرٌ عَظِيْمٌ ①

၄။ ဧကန်မလွဲ အလ္လာဟ်၏တမန်တော်ရှေ့တွင် မိမိတို့၏အသံများကိုနှိမ့်ချကြသူများကား ဤသူများသည်ပင်၊ အကြင်သူများ၏နှလုံးသားများကို အလ္လာဟ်သည် 'တက္ကဝါ'ဖြူစင်ဖြောင့်မတ်ခြင်းတရားအတွက် စမ်းသပ်တော်မူခဲ့ချေပြီ။ ထိုသူတို့အလို့ငှာ တစ်ခုသော ကြီးကျယ်ခမ်းနားသည့် ခွင့်လွှတ်တော်မူခြင်းနှင့် ကြီးစွာသော အကျိုးဆုလာဘ်သည်ရှိ၏။

اِنَّ الَّذِيْنَ يُنَادُوْنَكَ مِنْ وَّرَآءِ الْحُجُرٰتِ اَكْثَرُهُمْ لَا يَعْقِلُوْنَ ①

၅။ ဧကန်ပင် အသင့်အား အိမ်များ၏အပြင်ဘက်မှ အသံပြုဟစ်ခေါ်ကြသူများအနက် အများစုမှာ အသိဉာဏ်ကင်းမဲ့သူများဖြစ်ကြ၏။

وَلَوْ اَنَّهُمْ صَبَرُوْا حَتّٰى تَخْرُجَ اِلَيْهِمْ لَكَانَ خَيْرًا لَّهُمْ ؕ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ①

၆။ စင်စစ် အကယ်၍ ထိုသူတို့သည် အသင်ကိုယ်တိုင် သူတို့ထံသို့ ထွက်လာခဲ့သည့်တိုင်အောင် သည်းခံစောင့်ဆိုင်းခဲ့ကြလျှင် ဤသည် အမှန်ပင် သူတို့အတွက် ပို၍ကောင်းမြတ်ပေသည်။ ထို့ပြင် အလ္လာဟ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنْ جَآءَكُمْ فَاسِقٌ

၇။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ စာရိတ္တမကောင်းသူ

بِنَبَاٍ فَتَبَيَّنُوْٓا اَنْ تُصِيْبُوْا قَوْمًاۢ بِجَهَالَةٍ فَتُصْبِحُوْا عَلٰى مَا فَعَلْتُمْ نٰدِمِيْنَ ۝

တစ်ဦးဦးသည် အကယ်၍ အသင်တို့ထံ သတင်းတစ်စုံတစ်ရာယူဆောင်လာခဲ့လျှင် (ယင်းကို) စုံစမ်းစစ်ဆေးကြကုန်။ အသင်တို့သည် မသိမိုက်မဲစွာဖြင့် လူမျိုးစုတစ်စုကို ဆုံးရှုံးနစ်နာအောင် မပြုမိကြရန်ဖြစ်၏။ ထို့နောက် မိမိတို့၏လုပ်ရပ်အပေါ် နောင်တမရကြစေရန်ဖြစ်၏။ ①

وَاعْلَمُوْٓا اَنَّ فِيْكُمْ رَسُوْلَ اللّٰهِ ۭ لَوْ يُطِيْعُكُمْ فِيْ كَثِيْرٍ مِّنَ الْاَمْرِ لَعَنِتُّمْ وَلٰكِنَّ اللّٰهَ حَبَّبَ اِلَيْكُمُ الْاِيْمَانَ وَزَيَّنَهٗ فِيْ قُلُوْبِكُمْ وَكَرَّهَ اِلَيْكُمُ الْكُفْرَ وَالْفُسُوْقَ وَالْعِصْيَانَ ۭ اُولٰۗىِٕكَ هُمُ الرّٰشِدُوْنَ ۝

၈။ ထို့ပြင် သတိထားကြကုန်၊ အသင်တို့တွင် အလ္လာဟ်၏တမန်တော်သည်ရှိနေ၏။ အကယ်၍ သူသည် အသင်တို့၏အရေးကိစ္စများစွာတွင် အသင်တို့၏အလိုကိုလိုက်လျှင် အမှန်ပင် အသင်တို့သည်သာ ဒုက္ခဆင်းရဲ၌ ဆိုက်ရောက်ကြရပေမည်။ သို့ရာတွင် အလ္လာဟ်က အသင်တို့အတွက် 'အီမာန်' ယုံကြည်ခြင်းကို နှစ်သက်မြတ်နိုးစေ၍ ယင်းကို အသင်တို့၏နှလုံးသားများတွင် အလှဆင်ပေးတော်မူခဲ့၏။ ထို့ပြင် မယုံကြည်ငြင်းပယ်ခြင်း၊ မကောင်းမှုကျူးလွန်ခြင်းနှင့် နာခံမှုမရှိခြင်းတို့ကို အသင်တို့အဖို့ အလွန်မုန်းတီးစက်ဆုပ်မှုကို ဖြစ်စေတော်မူခဲ့၏။ ဤသို့သောသူတို့သည်ပင် တရားလမ်းမှန်ကို ရရှိပြီးကြသူများဖြစ်၏။

فَضْلًا مِّنَ اللّٰهِ وَنِعْمَةً ۭ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ۝

၉။ ဤသည် အလ္လာဟ်၏ထံတော်မှ ကြီးမြတ်လှသော ကျေးဇူးတော်နှင့် ကောင်းကျိုးချမ်းသာတစ်ရပ် ဖြစ်ပေ၏။ စင်စစ်အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ လွန်စွာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَاِنْ طَاۗىِٕفَتٰنِ مِنَ الْمُؤْمِنِيْنَ اقْتَتَلُوْا فَاَصْلِحُوْا بَيْنَهُمَا ۚ فَاِنْۢ بَغَتْ اِحْدٰىهُمَا عَلَي الْاُخْرٰى فَقَاتِلُوا الَّتِيْ تَبْغِيْ حَتّٰى تَفِيْۗءَ اِلٰٓى اَمْرِ اللّٰهِ ۚ فَاِنْ فَاۗءَتْ فَاَصْلِحُوْا بَيْنَهُمَا بِالْعَدْلِ وَاَقْسِطُوْا ۭ اِنَّ اللّٰهَ يُحِبُّ الْمُقْسِطِيْنَ ۝

၁၀။ ထို့ပြင် အကယ်၍ သက်ဝင်ယုံကြည်သူများမှ အစုအဖွဲ့နှစ်စုသည် အချင်းချင်း ခိုက်ရန်ဖြစ်ပွားကြလျှင် သူတို့၏အကြား သင့်မြတ်ပြေငြိမ်းအောင်ပြုပေးကြကုန်။ သို့ဖြစ်ရာအကယ်၍ သူတို့အနက် တစ်ဖက်မှ တစ်ဖက်အား ဆန့်ကျင်လျက် ကျူးလွန်သည်ရှိသော် ဖောက်ဖျက်ကျူးလွန်သော ထိုသူတို့အား အလ္လာဟ်၏အဆုံးအဖြတ်ဘက်သို့ လှည့်လာသည့်တိုင်အောင် (ဝိုင်းဝန်း)တိုက်ခိုက်ကြကုန်။ သို့ကြောင့် အကယ်၍ ၎င်းတို့သည် ပြန်လှည့်လာကြလေသော် ယင်းနှစ်စုလုံး၏အကြား တရားသဖြင့် စေ့စပ်ပြေငြိမ်းရေးကို ဆောင်ရွက်ပေးကြကုန်။ ထို့ပြင် တရားမျှတမှုရှိကြကုန်။ ဧကန်မလွဲ အလ္လာဟ်သည် တရားမျှတသူတို့အား ချစ်ခင်နှစ်သက်တော်မူ၏။

اِنَّمَا الْمُؤْمِنُوْنَ اِخْوَةٌ فَاَصْلِحُوْا

၁၀။ 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့မှာ ညီအစ်ကိုများသာဖြစ်ကြ၏။ သို့ဖြစ်၍ မိမိတို့ညီအစ်ကိုနှစ်ဦး၏အကြား သင့်တင့်

① မဒီနာတွင်များစွာသော ကောလာဟလဖြန့်ချိသူများသည် ဤသို့သော ကောလာဟလသတင်းများကို ဖြန့်ချိခဲ့ကြသည်။ ယင်း(စကားများ)ကို အမှန်ထင်ကြပြီး သံသယကိုအခြေခံမှုသက်သက်မျှဖြင့် အချို့သောသူတို့၏စိတ်များတွင် အခြားသူတို့အား စစ်တိုက်ရန် အတွေးပေါ် ပေါက်လာခဲ့လေသည်။ သို့ကြောင့် ထိုသူများအား ဤသို့အလျင်စလိုပြုမူများမှ တင်းကျပ်စွာ တားမြစ်တော်မူခြင်း ⇗

بَيْنَ اَخَوَيْكُمْ وَاتَّقُوا اللّٰهَ لَعَلَّكُمْ تُرْحَمُوْنَ ۝١٠

ပြေလည်မှုရှိအောင် ပြုပေးကြကုန်။ ထို့ပြင် အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ကျင့်သုံးဆောက်တည်ကြကုန်။ သို့မှသာ အသင်တို့အား သနားကရုဏာပြုပေးတော်မူခြင်း ခံကြရအံ့သတည်း။

ရုကူး - ၂

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا يَسْخَرْ قَوْمٌ مِّنْ قَوْمٍ عَسٰٓى اَنْ يَّكُوْنُوْا خَيْرًا مِّنْهُمْ وَلَا نِسَآءٌ مِّنْ نِّسَآءٍ عَسٰٓى اَنْ يَّكُنَّ خَيْرًا مِّنْهُنَّ ۚ وَلَا تَلْمِزُوْٓا اَنْفُسَكُمْ وَلَا تَنَابَزُوْا بِالْاَلْقَابِ ۭ بِئْسَ الِاسْمُ الْفُسُوْقُ بَعْدَ الْاِيْمَانِ ۚ وَمَنْ لَّمْ يَتُبْ فَاُولٰۗىِٕكَ هُمُ الظّٰلِمُوْنَ ۝١١

၁၂။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့(အသင်တို့အနက်) အမျိုးသားတစ်စုက အခြားအမျိုးသားတစ်စုကို ပြောင်လှောင်ပြက်ရယ်သမှု မပြုကြလင့်။ ထိုသူတို့သည် ဤသူတို့ထက်ပို၍ကောင်းမြတ်နိုင်ပေ၏။ ထို့ပြင် မိန်းမများသည် မိန်းမများအား (ပြောင်လှောင်ကဲ့ရဲ့မှု) မပြုကြလင့်။ ထိုသူမတို့သည် ဤသူမတို့ထက် သာ၍ကောင်းမြတ်နိုင်ကြရာ၏။ ၎င်းအပြင် မိမိလူတို့အပေါ် ပြစ်တင်စွပ်စွဲခြင်းမပြုကြလင့်။ ထိုမှတစ်ပါး တစ်ဦးကတစ်ဦးကို အမည်ပျက်ဖြင့်မခေါ်ကြလင့်။ 'အီမာန်' ယုံကြည်ခြင်းရှိပြီးနောက် ဆိုးယုတ်ခြင်း၏ အစွန်းအထင်းကျန်ရှိခြင်းသည် အလွန်ဆိုးရွားလှ၏။ ထို့ပြင် အကြင်သူသည် 'တောင်ဘာ'ဝန်ချတောင်းပန်ခြင်းကိုမပြုသော် ဤသို့သောသူတို့သည်သာ မတရားကျူးလွန်သူများဖြစ်ကြ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اجْتَنِبُوْا كَثِيْرًا مِّنَ الظَّنِّ ۡ اِنَّ بَعْضَ الظَّنِّ اِثْمٌ وَّلَا تَجَسَّسُوْا وَلَا يَغْتَبْ بَّعْضُكُمْ بَعْضًا ۭ اَيُحِبُّ اَحَدُكُمْ اَنْ يَّاْكُلَ لَحْمَ اَخِيْهِ مَيْتًا فَكَرِهْتُمُوْهُ ۭ وَاتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ تَوَّابٌ رَّحِيْمٌ ۝١٢

၁၃။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ထင်မြင်မှုတို့မှများစွာရှောင်ကြဉ်ကြကုန်။ ဧကန်မလွဲ အချို့သော ထင်မြင်ယူဆချက်များမှာ အပြစ်ထိုက်ပေသည်။ ထို့ပြင် စပ်စုခြင်းမပြုကြလင့်။ ဤတွင်မက အသင်တို့အနက် မည်သူတစ်ဦးတစ်ယောက်မျှ အခြားတစ်ပါးသောသူအား အတင်းအဖျင်းစကား မပြောကြလင့်။ အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မိမိညီအစ်ကို၏ အသေသားကိုစားသုံးရန် နှစ်သက်မည်လော။ သို့ဖြစ်ရာ အသင်တို့သည် ယင်းကို အလွန်လျင် စက်ဆုပ်ရွံရှာကြမည်သာဖြစ်၏။ ထို့ပြင် အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ' တရားကို ကျင့်သုံးဆောက်တည်ကြကုန်။ ဧကန်မလွဲ အလ္လာဟ်သည် 'တောင်ဘာ'ဝန်ချတောင်းပန်မှုကို အလွန်လက်ခံတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

يٰٓاَيُّهَا النَّاسُ اِنَّا خَلَقْنٰكُمْ مِّنْ ذَكَرٍ وَّاُنْثٰى وَجَعَلْنٰكُمْ شُعُوْبًا وَّقَبَاۗىِٕلَ لِتَعَارَفُوْا ۭ اِنَّ اَكْرَمَكُمْ عِنْدَ اللّٰهِ

၁၄။ အို-လူသားအပေါင်းတို့၊ ဧကန်စင်စစ် ငါတို့သည် အသင်တို့အား အဖိုနှင့် အမတို့မှ ဖန်ဆင်းတော်မူ၏။ ထို့မှတစ်ပါး အသင်တို့အား လူမျိုးများနှင့် မျိုးနွယ်အသွယ်သွယ်အား ဖြင့်ခွဲ၍ထားတော်မူ၏။ သို့မှသာ အသင်တို့သည် တစ်ဦးကို တစ်ဦး မှတ်မိသိရှိနိုင်ကြစေရန်ဖြစ်၏။ ဧကန်မလွဲ အလ္လာဟ်၏

➤ ဖြစ်သည်။ အကြောင်းမူကား ဤကဲ့သို့သော ကောလာဟလများကြောင့် အပြစ်မဲ့သူအချို့ကိုလည်း ကျူးလွန်ကောင်း ကျူးလွန်မိနိုင်ချေရှိသည့်အပြင် ယင်း၏ရလဒ်အားဖြင့် 'မို့အ်မင်န်'ယုံကြည်သူတို့အတွက် အရှက်ရစရာလည်းဖြစ်နိုင်သောကြောင့်ဖြစ်၏။

اَتْقٰىكُمْ ؕ اِنَّ اللّٰهَ عَلِيْمٌ خَبِيْرٌ ﴿۱۳﴾

အထံတော်တွင် အသင်တို့အနက် ဂုဏ်သိက္ခာအရှိဆုံးသော သူမှာကား အားလုံးထက်ပို၍ ဖြူစင်ဖြောင့်မတ်သူ 'မွတ္တကီ' သာဖြစ်၏။ ဧကန်ပင် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်(နှင့်) အမြဲ သတင်းရတော်မူသောအရှင် ဖြစ်တော်မူ၏။

قَالَتِ الْاَعْرَابُ اٰمَنَّا ؕ قُلْ لَّمْ تُؤْمِنُوْا وَلٰكِنْ قُوْلُوْٓا اَسْلَمْنَا وَلَمَّا يَدْخُلِ الْاِيْمَانُ فِيْ قُلُوْبِكُمْ ؕ وَاِنْ تُطِيْعُوا اللّٰهَ وَرَسُوْلَهٗ لَا يَلِتْكُمْ مِّنْ اَعْمَالِكُمْ شَيْـًٔا ؕ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿۱۴﴾

၁၅။ ကန္တာရတွင် ကျက်စားကြကုန်သော 'အာအ်ရာဗ်' ကျေးတောသားများက ကျွန်ုပ်တို့သည် 'အီမာန်'ယုံကြည်ခြင်း ရှိကြပါပြီဟုဆိုကြ၏။ အသင်ပြောကြားပါလေ။ အသင်တို့သည်'အီမာန်' ယုံကြည်ခြင်းမရှိကြသေးချေ။ သို့ရာတွင် ကျွန်ုပ်တို့သည် 'မွတ်စလင်' နာခံလိုက်နာသူများဖြစ်ခဲ့ကြပါပြီဟူ၍သာ ဆိုကြကုန်။ အမှန်သော်ကား ယခုထက်တိုင် 'အီမာန်'ယုံကြည်ခြင်းသည် အသင်တို့၏ နှလုံးသားများအတွင်း မဝင်ရောက်သေးချေ။ ထို့ပြင် အကယ်၍ အသင်တို့သည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်အား နာခံကြသော် ထိုအရှင်မြတ်သည် အသင်တို့၏ ကျင့်ကြံမှုများတွင် တစ်စုံတစ်ရာကိုမျှ လျော့နည်းစေတော်မူမည်မဟုတ်ချေ။ မုချ အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူ၏။ ②

اِنَّمَا الْمُؤْمِنُوْنَ الَّذِيْنَ اٰمَنُوْا بِاللّٰهِ وَرَسُوْلِهٖ ثُمَّ لَمْ يَرْتَابُوْا وَجٰهَدُوْا بِاَمْوَالِهِمْ وَاَنْفُسِهِمْ فِيْ سَبِيْلِ اللّٰهِ ؕ اُولٰٓئِكَ هُمُ الصّٰدِقُوْنَ ﴿۱۵﴾

၁၆။ 'မို့အ်မင်န်'ဟူသည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်အား ယုံကြည်၍ တစ်ဖန် ၎င်းတို့သည် မည်သည့်အခါမျှ သံသယမရှိကြသည့်အပြင် မိမိတို့၏ ဥစ္စာပစ္စည်းများနှင့် မိမိတို့၏အသက်များအားဖြင့် အလ္လာဟ်၏ လမ်းတော်တွင် 'ဂျီဟာဒ်'ကြိုးပမ်းအားထုတ်ကြသောသူများဖြစ်၏။ ဤသူများသည်သာ မှန်ကန်သူများဖြစ်ကြ၏။

قُلْ اَتُعَلِّمُوْنَ اللّٰهَ بِدِيْنِكُمْ ؕ وَاللّٰهُ يَعْلَمُ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ؕ وَاللّٰهُ بِكُلِّ شَيْءٍ عَلِيْمٌ ﴿۱۶﴾

၁၇။ မေးမြန်းပါလေ။ အသင်တို့သည် အလ္လာဟ်အား မိမိတို့၏ သာသနာကိုသင်ပြနေကြသလော။ အမှန်သော်ကား မိုးကောင်းကင်များတွင်ရှိသမျှတို့ကိုလည်းကောင်း ကမ္ဘာမြေတွင်ရှိသမျှကိုလည်းကောင်း အလ္လာဟ်သည် သိရှိတော်မူ၏။ ထို့ပြင် အလ္လာဟ်သည် အရာခပ်သိမ်းတို့ကို ကောင်းစွာသိရှိတော်မူ၏။

② ဤအာယတ်တော်တွင် 'အီမာန်'(သက်ဝင်ယုံကြည်ခြင်း)ကို 'အစ္စလာမ်'(နာခံခြင်း)နှင့် ခွဲခြားပြလိုက်သော 'အီမာန်'နှင့် 'အစ္စလာမ်'တို့၏ အခြေခံကျသော ရှင်းလင်းချက်ကိုဖော်ပြထားပေသည်။ မိမိ၏နှလုံးသားတွင် 'အီမာန်'ရှိသည်ဟု နှုတ်အားဖြင့် လူတိုင်းပြောနိုင်ကြသည်။ သို့ရာတွင် ၎င်းတို့အား အသင်တို့သည် အများဆုံး မိမိတို့ 'မွတ်စလင်'ဖြစ်ကြပါပြီဟူ၍သာ ပြောဆိုနိုင်ကြောင်းဖော်ပြထား၏။ ဆိုလိုသည်မှာ အကြင်သူသည် စိတ်နှလုံးအတွင်း၌ 'အီမာန်'ယုံကြည်ခြင်းမရှိပါလျှင်လည်း မိမိကိုယ်မိမိ 'မွတ်စလင်'ဖြစ်ကြောင်း ပြောခွင့်ရှိပေသည်။ ယင်းတို့အနက် အများစုမှာ မယုံကြည်ငြင်းပယ်ခြင်းအခြေအနေဖြင့်သာ သေဆုံးသွားကြမည်လည်းရှိ၏။ ထို့ပြင် အများစုကလည်း စိတ်နှလုံးအတွင်း ချက်ချင်းလက်ငင်းအားဖြင့် 'အီမာန်'ယုံကြည်ခြင်း မဝင်ရောက်သေးသော်လည်း ထိုသူတို့သည် အပြင်ပန်းအားဖြင့် အစ္စလာမ်ကိုလက်ခံလိုက်ပြီးသည့်နောက် အဆုံးတွင် မှန်သောစိတ်ထားဖြင့် 'မို့အ်မင်န်'ယုံကြည်သူများဖြစ်လာနိုင်ချေလည်းရှိပေသည်။

يَمُنُّوْنَ عَلَيْكَ اَنْ اَسْلَمُوْا ؕ قُلْ لَّا تَمُنُّوْا عَلَيَّ اِسْلَامَكُمْ ۚ بَلِ اللّٰهُ يَمُنُّ عَلَيْكُمْ اَنْ هَدٰىكُمْ لِلْاِيْمَانِ اِنْ كُنْتُمْ صٰدِقِيْنَ ۝١٧

၁၈။ ထိုသူတို့က 'မွတ်စလင်'များ ဖြစ်လာခဲ့ကြသဖြင့် ၎င်းတို့သည် အသင့်အပေါ် ကျေးဇူးရှိကြောင်း ဂုဏ်ဖော်နေကြ၏။ အသင်ပြောကြားပါလေ။ အသင်တို့၏ 'အစ္စလာမ်'နာခံခြင်းအတွက် ကျွန်ုပ်အပေါ် ကျေးဇူးရှိကြောင်း မဆိုကြကုန်လင့်။ စင်စစ်သော်ကား အလ္လာဟ်က အသင်တို့အား ယုံကြည်ခြင်းဘက်သို့ လမ်းညွှန်တော်မူလျက် အသင်တို့အား ကျေးဇူးပြုတော်မူခြင်းဖြစ်သည်။ အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် (ဤသည်ကို ဝန်ခံကြလေကုန်)။

اِنَّ اللّٰهَ يَعْلَمُ غَيْبَ السَّمٰوٰتِ وَالْاَرْضِ ؕ وَاللّٰهُ بَصِيْرٌۢ بِمَا تَعْمَلُوْنَ ۝١٨ ۧ

၁၉။ ဧကန်မလွဲ အလ္လာဟ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့၏ ကွယ်ဝှက်နေသည်များကို သိတော်မူ၏။ ထို့ပြင် အသင်တို့ ပြုကျင့်သည်တို့ကို နက်ရှိုင်းစွာမြင်တွေ့တော်မူသော အရှင် ဖြစ်ပေသတည်း။

❖ ❖ ❖

၅၀။ ကားဖ်

ဤဆူရာဟ်သည် မက္ကာမြို့ခေတ်ဦးပိုင်းတွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ်တော် (၄၆)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်ကို 'မိုကာတ္တီအတ်'သခန်ပအက္ခရာစုများမှ 'ق' အက္ခရာဖြင့် အစပြုထားသည်။ 'ق'ကားဖ်နှင့်စပ်လျဉ်း၍ အကျော်ဇေယျပညာရှင်များက قـديـر ဟူသော ဝေါဟာရ၏ အကျဉ်းသခန်ပ ဖြစ်သည်ဟု ယူဆကြပေသည်။ ထို့ပြင် ဤသည့်နောက်တွင် 'ق'အက္ခရာနှင့်ပင်အစပြုသော ကုရ်အာန် ဟူသည့် စကားလုံးလာရှိသည်။ ထိုသည့်နောက်တွင် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးစွမ်းအားတော်ကို ငြင်းပယ်သူများ၏အဆိုကို ဖော်ပြတော်မူသည်မှာ ကျွန်ုပ်တို့သေ၍ မြေကြီးဖြစ်သွားပြီးသည့်နောက် တစ်ဖန် 'ကေယာမတ်'နေ့တွင် စုရုံးမည်ဟူသော တန်ခိုးတော်သည် အလ္လာဟ်အရှင်မြတ်ထံတွင် အဘယ်မှ ရရှိခဲ့ပါသနည်း။ ထိုသူတို့အဖို့ ဤသည်အလွန်ဝေးသော အကြောင်းရပ်ဖြစ်ပေသည်။ ဆိုလိုသည်မှာ အသိဉာဏ်နှင့်အလှမ်းမမီရာဖြစ်သည်။ အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်မှာ ကမ္ဘာမြေကြီးအတွင်းမှ မည်သည်မည်ဝါတို့ကို လျော့နည်းအောင်ပြုနေကြောင်း ငါတို့သိရှိတော်မူ၏။ သို့ရာတွင် ထိုသို့ဖြစ်လင့်ကစား လည်း ယင်း၏ပြန့်ကြဲလျက်ရှိသော ဒြပ်စင်များကိုပင် တစ်စုတည်းဖြစ်အောင်ပြုလုပ်နိုင်သော တန်ခိုးစွမ်းအားသည် ငါတို့တွင်ရှိ၏။ မိုးကောင်းကင်၏ ကြီးမားကျယ်ပြန့်မှုဘက်သို့ ၎င်းတို့၏အာရုံများကို ကျက်စားစေခဲ့ပြီး ဤမျှကြီးကျယ်ခမ်းနားလှသော စကြဝဠာကြီးတွင် ချို့တဲ့မှုတစ်စုံတစ်ရာကိုမျှ ၎င်းတို့ မဖော်ပြနိုင်ကြပေ။ သို့ဖြစ်ပါက ယင်းတို့ကို ဖန်ဆင်းတော်မူသောအရှင်၏ တန်ခိုးစွမ်းအားတော်များကို ၎င်းတို့သည် အသို့လျှင်ငြင်းပယ်နိုင်ပါအံ့နည်း။

ထိုသည့်နောက် မိန့်တော်မူသည်မှာ ၎င်းတို့၏စိတ်နှလုံးတွင် ဖြစ်ပေါ်လျက်ရှိသော သံသယများ နှင့်စပ်လျဉ်း၍ ငါတို့သည် အပြည့်အဝ သတင်းရတော်မူ၏။ အကြောင်းမူကား ငါတို့သည် လူသား၏ လည်ချောင်းသွေးကြောထက်ပင်ပို၍ သူနှင့်နီးကပ်ပေ၏။

ထို့နောက် ဤသည့်ကြိုတင်နိမိတ်ကိုဟောတော်မူလေသည်။ အသင်တို့သည် ဧကန်မလွဲ ရှင်ပြန် ထမြောက်ကြရလိမ့်မည်။ ထို့ပြင် ရှင်ပြန်ထမြောက်ခြင်းခံရသူများနှင့်အတူ ၎င်းတို့အား မောင်းခေါ်သွား မည့်သူတစ်ဦးနှင့် သက်သေတော်တစ်ပါးရှိလိမ့်မည်။

'ဂျဟန္နမ်'ငရဲအကြောင်းဖော်ပြတော်မူရင်း မိန့်ကြားတော်မူသည်မှာ သာသနာမဲ့သော လူသား တစ်ဦးပြီးတစ်ဦး တစ်ဖွဲ့ပြီးတစ်ဖွဲ့တို့သည် 'ဂျဟန္နမ်'၏လောင်စာများ ဖြစ်ကြလိမ့်မည်။ မည်သည့်အခါမျှ ဝမ်းဗိုက်ပြည့်ခြင်းမရှိသော 'ဂျဟန္နမ်'ကို အလ္လာဟ်အရှင်မြတ်က ပမာဆောင်၍ အသင်၏ဝမ်းဗိုက်ပြည့်ပြီ လောဟု မေးတော်မူသောအခါ ယင်းက ဤသို့သောကံဆိုးသူများ နောက်ထပ်ရှိပါသေးသလော။ ကျွန်ုပ်အတွင်း၌ ယင်းတို့အတွက်လည်း နေရာရှိပါသေးသည်ဟု အရိပ်အခြေပြဖြေကြားပေလိမ့်မည်။

ထို့အပြင် ထိုသည်၏ဆန့်ကျင်ဘက်တွင် 'ဂျန္နတ်'ကို 'မွတ္တကီ'တို့၏အနီးဆုံးသို့ ပြုလုပ်ပေးခြင်း ခံကြရလိမ့်မည်။ غَيْـرَ بَـعِيْـد တွင် ဤအကြောင်းအရာသည် အသိဉာဏ်နှင့် အလှမ်းမမီရာ အလျှင်း မဟုတ်ကြောင်း အနက်တစ်ခုလည်းပါ၏။ သို့ကြောင့် တမန်တော်မြတ်(ﷺ)အား- ထိုသူတို့၏ ပြစ်တင် ရှုတ်ချမကောင်းပြောဆိုမှုများကို သည်းခံစောင့်စည်းလော့။ ကျမ်းမြတ်ကုရ်အာန်တွင် မိန့်တော်မူသော အနာဂတ္တိဗျာဒိတ်များမှာ မလွဲဧကန်ပြည့်စုံခြင်းသို့ ရောက်ပေလိမ့်မည်။ သို့ဖြစ်ရာ ကျမ်းမြတ်ကုရ်အာန်

အားဖြင့် အသင်သည် ငါအရှင်မြတ်၏နှိုးဆော်မှုကို ကြောက်စိတ်ရှိသောသူအား ဆုံးမစကားပြောဆိုလျက်ရှိပါလေဟု သင်ပြထားတော်မူပေသည်။

ဤတွင် တမန်တော်မြတ်ﷺက သတိပေးနှိုးဆော်မှုကို ကြောက်စိတ်ရှိသူများကိုသာ ရွေးချယ်ပြီး ဆုံးမရမည်ဟု ဆိုလိုသည်မဟုတ်ချေ။ ကိုယ်တော်မြတ်သည် လူသားမျိုးနွယ်အားလုံးကိုဆုံးမသြဝါဒပြုမြဲမပြတ်ရှိလေသည်။ သို့သော် ကြောက်ရွံ့စိတ်ရှိသောသူတို့သာလျှင် သတိပေးနှိုးဆော်မှုမှ အကျိုးကျေးဇူးကိုရယူကြမည်ဖြစ်သတည်း။

♦ ♦ ♦

ဆူရောဟ် ကာဖ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၄၆)ပိုဒ် ရှုကူ (၃)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

قٓ ۟ وَالْقُرْاٰنِ الْمَجِيْدِ ②

۲။ قٓ ပြီးပြည့်စုံသည့် တန်ခိုးစွမ်းအားရှိတော်မူသောအရှင်၊ ဂုဏ်သရေကြီးလှစွာသောမြတ်ကုရ်အာန်ကို သက်သေထူတော်မူ၏။

بَلْ عَجِبُوْٓا اَنْ جَآءَهُمْ مُّنْذِرٌ مِّنْهُمْ فَقَالَ الْكٰفِرُوْنَ هٰذَا شَيْءٌ عَجِيْبٌ ③

၃။ အမှန်သော်ကား သူတို့အနက်မှပင် သတိပေးနှိုးဆော်သူတစ်ဦးသည် သူတို့ထံသို့ရောက်ရှိလာသည်ကို ၎င်းတို့သည် ရင်သပ်အံ့သြခြင်းဖြစ်ကြ၏။ သို့ဖြစ်ရာ မယုံကြည်ငြင်းပယ်သူတို့က ဤသည် အံ့မခန်းဖွယ်ဖြစ်ရပ်ပင်ဟု ပြောဆိုကြ၏။

ءَاِذَا مِتْنَا وَكُنَّا تُرَابًا ۚ ذٰلِكَ رَجْعٌۢ بَعِيْدٌ ④

၄။ ကျွန်ုပ်တို့ သေဆုံးကြကာ မြေကြီးဖြစ်သွားခဲ့လျှင်သော်မှလော။ ထိုပြန်လှည့်ခြင်းမှာ အလွန်ဝေးလံသောအကြောင်းတစ်ရပ်ပင်ဖြစ်၏။

قَدْ عَلِمْنَا مَا تَنْقُصُ الْاَرْضُ مِنْهُمْ ۚ وَعِنْدَنَا كِتٰبٌ حَفِيْظٌ ⑤

၅။ မြေကြီးက ယင်းတို့အနက် မည်သည်ကို လျော့နည်းအောင်ပြုလုပ်လျက်ရှိသည်ကို ငါတို့သည် ကောင်းစွာသိရှိတော်မူ၏။ ထို့ပြင် ငါတို့ထံတွင် လုံခြုံစွာထိန်းသိမ်းထားရှိသောစာအုပ်တစ်အုပ်ရှိ၏။

بَلْ كَذَّبُوْا بِالْحَقِّ لَمَّا جَآءَهُمْ فَهُمْ فِيْٓ اَمْرٍ مَّرِيْجٍ ⑥

၆။ စင်စစ်တစ်မူကား သူတို့ထံသို့ အမှန်တရားရောက်ရှိလာသောအခါ သူတို့သည် ယင်းကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြ၏။ သို့ဖြစ်၍ ထိုသူတို့သည် ရှုပ်ထွေးခက်ခဲသောအကြောင်းကိစ္စတစ်ရပ်တွင် ဆိုက်ရောက်လျက်ရှိကြ၏။

اَفَلَمْ يَنْظُرُوْٓا اِلَى السَّمَآءِ فَوْقَهُمْ كَيْفَ بَنَيْنٰهَا وَزَيَّنّٰهَا وَمَا لَهَا مِنْ فُرُوْجٍ ⑦

၇။ အသို့နည်း ထိုသူတို့သည် သူတို့အထက်ရှိ မိုးကောင်းကင်ကို မကြည့်ကြပေသလော။ ငါတို့သည် ယင်းကို မည်သို့ပြုလုပ်ထားတော်မူသနည်း။ ထို့ပြင် ယင်းကို လှပတင့်တယ်အောင်ပြုပေးထားတော်မူ၏။ ထို့ပြင် ယင်း၌ မည်သို့သောအပေါက်အနာမျှမရှိချေ။

وَالْاَرْضَ مَدَدْنٰهَا وَاَلْقَيْنَا فِيْهَا رَوَاسِيَ وَاَنْۢبَتْنَا فِيْهَا مِنْ كُلِّ زَوْجٍۢ بَهِيْجٍ ⑧

၈။ ထို့ပြင် ငါတို့သည် မြေကြီးကိုဖြန့်ခင်းထားတော်မူ၏။ ထို့ပြင် ယင်း၌ ခိုင်ခံ့မြဲမြံစွာဖြင့် တောင်များကိုစိုက်ထူတော်မူလိုက်၏။ ဤတွင်မက ယင်း၌ အမျိုးစုံသောစိုပြေသည့် အစုံအတွဲများကို ပေါက်ရောက်စေတော်မူ၏။

تَبْصِرَةً وَّذِكْرٰى لِكُلِّ عَبْدٍ مُّنِيْبٍ ⑨

၉။ မျက်စိများ ပွင့်လင်းလာကြခြင်းအလို့ငှာလည်းကောင်း၊ အဖန်တလဲလဲ (အလ္လာဟ်၏ဘက်သို့) လှည့်ကြလေသော

အစေတော်တိုင်းအတွက် သတိတရားရရှိစေခြင်းငှာလည်း ကောင်း ဖြစ်၏။

وَنَزَّلْنَا مِنَ السَّمَآءِ مَآءً مُّبٰرَكًا فَاَنْۢبَتْنَا بِهٖ جَنّٰتٍ وَّحَبَّ الْحَصِيْدِ ۙ﴿۹﴾

၁၀။ ထို့ပြင် ငါတို့သည် မိုးကောင်းကင်မှ မင်္ဂလာရှိသော မိုးရေကို ရွာချပေးတော်မူ၏။ ထို့ပြင် ယင်းအားဖြင့် ဥယျာဉ်များနှင့် ရိတ်သိမ်းရမည့် ကောက်ပဲသီးနှံများ၏မျိုးစေ့ကို ပေါက်ရောက်စေတော်မူ၏။

وَالنَّخْلَ بٰسِقٰتٍ لَّهَا طَلْعٌ نَّضِيْدٌ ۙ﴿۱۰﴾

၁၁။ ထို့ပြင် မြင့်မားသောစွန်ပလွံပင်များ၊ ယင်း၌ အထပ်ထပ်သော အသီးအခိုင်များသည် ရှိနေ၏။

رِّزْقًا لِّلْعِبَادِ ۙ وَاَحْيَيْنَا بِهٖ بَلْدَةً مَّيْتًا ؕ كَذٰلِكَ الْخُرُوْجُ ﴿۱۱﴾

၁၂။ အစေတော်များအဖို့ ရိက္ခာအနေဖြင့်ဖြစ်၏။ ထို့ပြင် ငါတို့သည် ယင်း(မိုးရေ)အားဖြင့် သေနေသောနယ်မြေကို ရှင်ပြန်စေတော်မူခဲ့၏။ ဤနည်းအတိုင်းပင် ထွက်မြောက်ခြင်းသည် ဖြစ်ပေအံ့။

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوْحٍ وَّاَصْحٰبُ الرَّسِّ وَثَمُوْدُ ۙ﴿۱۲﴾

၁၃။ ထိုသူတို့အလျင် 'နူးဟ်'၏အမျိုးသားတို့သည်လည်းကောင်း၊ သတ္တုတွင်းတူးဖော်ကြသူတို့သည်လည်းကောင်း၊ 'ဆမူးဒ်'အမျိုးသားတို့သည်လည်းကောင်း မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြ၏။

وَعَادٌ وَّفِرْعَوْنُ وَاِخْوَانُ لُوْطٍ ۙ﴿۱۳﴾

၁၄။ ထို့ပြင် 'အာဒ်'အမျိုးသားတို့သည်လည်းကောင်း၊ 'ဖိရ်အောင်'သည်လည်းကောင်း၊ 'လူးတ်'၏ညီအစ်ကိုတို့သည်လည်းကောင်း။

وَّاَصْحٰبُ الْاَيْكَةِ وَقَوْمُ تُبَّعٍ ؕ كُلٌّ كَذَّبَ الرُّسُلَ فَحَقَّ وَعِيْدِ ﴿۱۴﴾

၁၅။ ထိုမှတစ်ပါး တောအုပ်၌နေထိုင်ကြသူတို့သည်လည်းကောင်း၊ 'တွတ်ဘာအ်'အမျိုးသားတို့သည်လည်းကောင်း အားလုံးတို့သည် တမန်တော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြ၏။ သို့ဖြစ်ရာ ငါအရှင်မြတ်၏ သတိပေးနှိုးဆော်ချက်သည် မှန်ကန်ကြောင်း သက်သေဖြစ်ခဲ့လေ၏။

اَفَعَيِيْنَا بِالْخَلْقِ الْاَوَّلِ ؕ بَلْ هُمْ فِيْ لَبْسٍ مِّنْ خَلْقٍ جَدِيْدٍ ﴿۱۵﴾ ع

၁၆။ ငါတို့သည် ပထမဖန်ဆင်းတော်မူခြင်းကြောင့် ပင်ပန်းနွမ်းနယ်ခဲ့ပေသလော။ ထိုသို့မဟုတ်ခဲ့ချေ။ ယင်းတို့မှာကား အသစ်တစ်ဖန် ဖန်ဆင်းခြင်းနှင့်စပ်လျဉ်း၍လည်း ယုံမှားသံသယတွင် နစ်မွန်းလျက်ရှိနေကြပေသတည်း။

ရုကူး-၂

وَلَقَدْ خَلَقْنَا الْاِنْسَانَ وَنَعْلَمُ مَا تُوَسْوِسُ بِهٖ نَفْسُهٗ ۚ وَنَحْنُ اَقْرَبُ اِلَيْهِ مِنْ حَبْلِ الْوَرِيْدِ ﴿۱۶﴾

၁၇။ စင်စစ် ငါတို့သည် လူသားကို ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် သူ၏ စိတ်ဝိညာဉ်က သူ့အားမည်သို့သော သံသယများ၌ထည့်သွင်းသည်ကို ငါတို့ သိတော်မူ၏။ ထို့ပြင် ငါတို့သည် သူ၏အသက်သွေးကြောထက်ပင် သူနှင့် ပို၍နီးကပ်စွာရှိတော်မူ၏။

اِذْ يَتَلَقَّى الْمُتَلَقِّيٰنِ عَنِ الْيَمِيْنِ وَعَنِ الشِّمَالِ قَعِيْدٌ ﴿١٧﴾

၁၈။ အကြင်အခါဝယ် အကြောင်းကိစ္စများကို မှတ်တမ်းပြု သူနှစ်ပါးက မှတ်တမ်းပြုကြ၏။ လက်ယာဘက်နှင့် လက်ဝဲဘက်တို့တွင် ထိုင်လျက်ရှိကြ၏။ ③

مَا يَلْفِظُ مِنْ قَوْلٍ اِلَّا لَدَيْهِ رَقِيْبٌ عَتِيْدٌ ﴿١٨﴾

၁၉။ ယင်း(လူသား)သည် တစ်စုံတစ်ရာစကားကို ပြောဆို လေတိုင်း သူ၏အပါးတွင် သူ့အား အခါမလပ် စောင့်ကြပ်နေ သူသည်ရှိ၏။

وَجَآءَتْ سَكْرَةُ الْمَوْتِ بِالْحَقِّ ؕ ذٰلِكَ مَا كُنْتَ مِنْهُ تَحِيْدُ ﴿١٩﴾

၂၀။ ထို့ပြင် အကြင်အခါဝယ် သေခြင်းမရဏာ၏ မိန်းမောခြင်းသည် အမှန်ပင် ရောက်ရှိလာပေအံ့။ ဤသည် အသင် တိမ်းရှောင်ခဲ့သောအရာဖြစ်၏။

وَنُفِخَ فِي الصُّوْرِ ؕ ذٰلِكَ يَوْمُ الْوَعِيْدِ ﴿٢٠﴾

၂၁။ ထို့ပြင် တံပိုးခရာမှုတ်သောအခါ၊ ဤသည်ပင် ထိုသည့် သတိပေးနှိုးဆော်ရာနေ့ဖြစ်၏။

وَجَآءَتْ كُلُّ نَفْسٍ مَّعَهَا سَآئِقٌ وَّشَهِيْدٌ ﴿٢١﴾

၂၂။ ထို့ပြင် အသက်ဝိညာဉ်တိုင်းသည် သူတို့နှင့်အတူ မောင်းနှင်သူတစ်ဦးနှင့် သက်သေတစ်ဦးပါသော အခြေအနေဖြင့် လာရောက်ကြရပေအံ့။

لَقَدْ كُنْتَ فِيْ غَفْلَةٍ مِّنْ هٰذَا فَكَشَفْنَا عَنْكَ غِطَآءَكَ فَبَصَرُكَ الْيَوْمَ حَدِيْدٌ ﴿٢٢﴾

၂၃။ စင်စစ်ကေန် အသင်သည် ဤသည်နှင့်စပ်လျဉ်း၍ မေ့လျော့မှုတွင်ရှိနေခဲ့၏။ သို့ဖြစ်ရာ ငါတို့သည် အသင့်ထံမှ အသင်၏အကွယ်အကာကို ဖယ်ရှားပစ်ခဲ့၏။ ထို့ကြောင့် ယနေ့ အသင်၏မြင်နိုင်စွမ်းသည် အလွန်စူးရှနေတော့သည်။

وَقَالَ قَرِيْنُهٗ هٰذَا مَا لَدَيَّ عَتِيْدٌ ﴿٢٣﴾

၂၄။ ထို့ပြင် သူ၏အဖော်က ပြောကြားမည်မှာ ဤသည်ပင် ကျွန်ုပ်ထံ၌အသင့်ရှိနေသောအရာဖြစ်၏။

اَلْقِيَا فِيْ جَهَنَّمَ كُلَّ كَفَّارٍ عَنِيْدٍ ﴿٢٤﴾

၂၅။ (အို-မောင်းနှင်သူနှင့် အို-သက်သေခံသူတို့) အသင်တို့ နှစ်ဦးသည် အလွန်တရာ ကျေးဇူးကန်းသူ(နှင့် အမှန်တရားကို) အပြင်းအထန်ဆန့်ကျင်သူအားလုံးကို 'ဂျဟန္နမ်'ငရဲသို့ ပစ်ထည့်ကြလော့။

مَّنَّاعٍ لِّلْخَيْرِ مُعْتَدٍ مُّرِيْبِ ﴿٢٥﴾

၂၆။ ကောင်းမှုကိစ္စတိုင်းကို ဟန့်တားသူ၊ စည်းကမ်းချိုးဖောက်ကျူးလွန်သူနှင့် သံသယတွင်နစ်မွန်းသူအားလုံးတို့ကို၊

الَّذِيْ جَعَلَ مَعَ اللّٰهِ اِلٰهًا اٰخَرَ فَاَلْقِيٰهُ فِي الْعَذَابِ الشَّدِيْدِ ﴿٢٦﴾

၂၇။ ထိုသူသည် အလ္လာဟ်နှင့်အတူ အခြားသော ကိုးကွယ်ရာကို ပြုလုပ်ထားရှိ၏။ သို့ဖြစ်ရာ အသင်တို့နှစ်ပါးသည် ထိုသူအား ပြင်းထန်သော အပြစ်ဒဏ်၌ ပစ်ထည့်ကြလော့။

قَالَ قَرِيْنُهٗ رَبَّنَا مَآ اَطْغَيْتُهٗ وَلٰكِنْ كَانَ

၂၈။ ထိုသူ၏အဖော်က အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးမှာ ထိုသူအား ပုန်ကန်

③ ဤတွင်လူသားတို့၏ ကျင့်ကြံမှုများကို စောင့်ကြပ်သူများအား ရည်ညွှန်းခြင်းဖြစ်သည်။ ဆိုလိုသည်မှာ သူ၏လက်ယာဘက်မှ ကောင်းကင်တမန်က သူ၏ကုသိုလ်ကောင်းမှုများကို ရေးမှတ်လျက်ရှိပြီး လက်ဝဲဘက်မှ ကောင်းကင်တမန်က အပြစ်ဒုစရိုက်မှုများကို ရေးမှတ်လျက်ရှိနေသည်။ ဤသည်မှာ ရုပ်မျက်စိဖြင့် မြင်တွေ့နိုင်သော တစ်စုံတစ်ရာသောကောင်းကင်တမန်မဟုတ်မူဘဲ အလ္လာဟ်အရှင်မြတ်၏ သက်သေပြစနစ်တစ်ခုကို ဆိုလိုခြင်းဖြစ်ပြီး ယင်းကို ညွှန်းဆိုဖော်ပြခြင်းဖြစ်ပေသည်။

فِيْ ضَلٰلٍۢ بَعِيْدٍ ﴿٢٥﴾

ဆိုးသွမ်းရန် မပြုခဲ့ပါ။ သို့ရာတွင် ထိုသူကိုယ်၌က ဝေးသော လမ်းလွဲမှုတစ်ရပ်တွင် ဆိုက်ရောက်နေခဲ့ပါသည်ဟူ၍ ပြောဆို လျှောက်ထားပေအံ့။

قَالَ لَا تَخْتَصِمُوْا لَدَيَّ وَقَدْ قَدَّمْتُ اِلَيْكُمْ بِالْوَعِيْدِ ﴿٢٨﴾

၂၉။ ထိုအရှင်မြတ်က မိန့်ကြားတော်မူမည်မှာ ငါအရှင်မြတ်၏ရှေ့တော်တွင် အငြင်းအခုန်မပြုကြလင့်။ ငါအရှင်မြတ်သည် ရှေးယခင်ကပင် သတိပေးနှိုးဆော်မှုကို အသင်တို့ထံ ပို့ခဲ့ပြီးဖြစ်ချေသည်။

مَا يُبَدَّلُ الْقَوْلُ لَدَيَّ وَمَآ اَنَا بِظَلَّامٍ لِّلْعَبِيْدِ ﴿٢٩﴾ ع

၃၀။ ငါအရှင်မြတ်၏အထံတော်၌ မိန့်ကြားချက်သည် ပြောင်းလဲခြင်းမရှိ။ စင်စစ် ငါအရှင်မြတ်သည် သနားစဖွယ် အစေတော်များအပေါ် မတရားပြုတော်မူသောအရှင် အလျှင်း မဟုတ်ချေတည်း။

ရုကူ-၃

يَوْمَ نَقُوْلُ لِجَهَنَّمَ هَلِ امْتَلَاْتِ وَتَقُوْلُ هَلْ مِنْ مَّزِيْدٍ ﴿٣٠﴾

၃၀။ (သတိရှိပါလေ) ထိုနေ့တွင် ငါတို့က 'ဂျဟန္နမ်' ငရဲအား အသင်သည် ပြည့်လေပြီလောဟုမေးတော်မူမည်။ ယင်းက နောက်ထပ်ကျန်ရှိပါသေးသလောဟု ဖြေကြားပေလိမ့်မည်။

وَاُزْلِفَتِ الْجَنَّةُ لِلْمُتَّقِيْنَ غَيْرَ بَعِيْدٍ ﴿٣١﴾

၃၂။ ထို့ပြင် 'ဂျန္နတ်'ဥယျာဉ်တော်သည် 'မွတ္တကီ' ဖြူစင်ဖြောင့်မတ်သူတို့အဖို့ နီးကပ်စွာပြုပေးခြင်းခံရလိမ့်မည်။ မည်သို့မျှ ဝေးလိမ့်မည်မဟုတ်ချေ။

هٰذَا مَا تُوْعَدُوْنَ لِكُلِّ اَوَّابٍ حَفِيْظٍ ﴿٣٢﴾

၃၃။ ဤသည်ပင် အရှင်မြတ်ဘက်သို့ ကိုင်းညွတ်သူ၊ စောင့်စည်းလျက်နေသူများဖြစ်ကြသော အသင်တို့အဖို့ရာ ကတိပေးတော်မူခြင်းခံရသည့်အရာဖြစ်၏။

مَنْ خَشِيَ الرَّحْمٰنَ بِالْغَيْبِ وَجَآءَ بِقَلْبٍ مُّنِيْبِ ﴿٣٣﴾

၃၄။ ထိုသူသည် ကရုဏာတော်ရှင်အား အကွယ်၌ပင် ကြောက်ရွံ့လျက်ရှိနေပြီး တစ်ခုသော ကိုင်းညွတ်သည့် စိတ်နှလုံးကို ယူဆောင်လျက်လာ၏။

ادْخُلُوْهَا بِسَلٰمٍ ۭ ذٰلِكَ يَوْمُ الْخُلُوْدِ ﴿٣٤﴾

၃၅။ ငြိမ်းချမ်းစွာဖြင့် ယင်းသို့ဝင်ရောက်ကြကုန်။ ဤသည်ပင် ထာဝရနေထိုင်ရမည့်နေ့တော်ဖြစ်၏။

لَهُمْ مَّا يَشَآءُوْنَ فِيْهَا وَلَدَيْنَا مَزِيْدٌ ﴿٣٥﴾

၃၆။ သူတို့အဖို့ ယင်း၌ သူတို့အလိုရှိသမျှရှိပေလိမ့်မည်။ ထို့ပြင် ငါတို့ထံတော်၌ ဤသည်ထက်ပင် ပို၍လည်းရှိသေး၏။

وَكَمْ اَهْلَكْنَا قَبْلَهُمْ مِّنْ قَرْنٍ هُمْ اَشَدُّ مِنْهُمْ بَطْشًا فَنَقَّبُوْا فِي الْبِلَادِ ۭ هَلْ مِنْ مَّحِيْصٍ ﴿٣٦﴾

၃၇။ စင်စစ် ငါတို့သည် ထိုသူတို့ထက်အလျင် ဖမ်းဆီးခံရမှု၌ သူတို့ထက် ပြင်းထန်သော အဘယ်မျှသော လူမျိုးတို့ကို ဖျက်ဆီးသုတ်သင်တော်မူခဲ့ပေသနည်း။ ထိုသူတို့သည် ကမ္ဘာမြေတွင် လိုက်ခေါင်းမျှားပြုလုပ်ခဲ့ကြ၏။ (သို့သော်) ခိုလှုံရန် နေရာတစ်စုံတစ်ရာရှိခဲ့ပေသလော။

اِنَّ فِیْ ذٰلِكَ لَذِكْرٰى لِمَنْ كَانَ لَهٗ قَلْبٌ اَوْ اَلْقَى السَّمْعَ وَ هُوَ شَهِیْدٌ ﴿۳۷﴾

၃၇။ ဧကန်မလွဲ အသိစိတ်ရှိသူအဖို့ သို့တည်းမဟုတ် ဂရုပြုနားစိုက်၍ ရှုမြင်သုံးသပ်သူ အကြင်သူအဖို့ အလွန်တရာကြီးမားလှသော တရားရစရာသင်ခန်းစာသည်ရှိ၏။

وَ لَقَدْ خَلَقْنَا السَّمٰوٰتِ وَ الْاَرْضَ وَ مَا بَیْنَهُمَا فِیْ سِتَّةِ اَیَّامٍ ۫ وَّ مَا مَسَّنَا مِنْ لُّغُوْبٍ ﴿۳۸﴾

၃၈။ ထို့ပြင် ဧကန်ပင် ငါတို့သည် မိုးကောင်းကင်များကိုလည်းကောင်း ကမ္ဘာမြေကိုလည်းကောင်း ယင်းတို့၏အကြားတွင်ရှိသည်တို့ကိုလည်းကောင်း ခြောက်ရက်အတွင်းဖန်ဆင်းတော်မူ၏။ ထို့ပြင် ငါတို့အပေါ် ပင်ပန်းမှုတစ်စုံတစ်ရာမျှ မသက်ရောက်ခဲ့ချေ။

فَاصْبِرْ عَلٰى مَا یَقُوْلُوْنَ وَ سَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوْعِ الشَّمْسِ وَ قَبْلَ الْغُرُوْبِ ﴿۳۹﴾

၃၉။ သို့ဖြစ်ရာ အသင်တို့သည် ထိုသူတို့ ပြောဆိုသည်များကို သည်းခံစောင့်စည်းပါလေ။ ထို့ပြင် မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ချီးမွမ်းထောမနာပြုခြင်းနှင့်အတူ (ထိုအရှင်မြတ်၏)သန့်ရှင်းမြင့်မြတ်ကြောင်း 'တာစ်ဘီ'ကို နေမထွက်မီလည်းကောင်း နေမဝင်မီလည်းကောင်း ရွတ်ဆိုပါလေ။

وَ مِنَ الَّیْلِ فَسَبِّحْهُ وَ اَدْبَارَ السُّجُوْدِ ﴿۴۰﴾

၄၀။ ထို့ပြင် ညဉ့်၏အစိတ်အပိုင်းတစ်ခုတွင်လည်းကောင်း 'စဂျဒါ'ဦးချခြင်းပြီးသည့်နောက်တွင်လည်းကောင်း ထိုအရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို 'တာစ်ဘီ'ရွတ်ဆိုပါလေ။

وَ اسْتَمِعْ یَوْمَ یُنَادِ الْمُنَادِ مِنْ مَّكَانٍ قَرِیْبٍ ﴿۴۱﴾

၄၁။ ထို့ပြင် သတိချပ်၍နားထောင်လော့။ အကြင်နေ့တွင် ဟစ်ခေါ်သူတစ်ဦးသည် နီးသောနေရာဌာနမှ ဟစ်ခေါ်ပေလတ္တံ့။

یَّوْمَ یَسْمَعُوْنَ الصَّیْحَةَ بِالْحَقِّ ؕ ذٰلِكَ یَوْمُ الْخُرُوْجِ ﴿۴۲﴾

၄၂။ ထိုနေ့တွင် ကြောက်မက်ဖွယ်ကောင်းသောအသံကို မုချအမှန်ပင် ကြားကြရပေအံ့။ ဤသည် ထွက်၍ရပ်ကြရမည့်နေ့ပင်။

اِنَّا نَحْنُ نُحْیٖ وَ نُمِیْتُ وَ اِلَیْنَا الْمَصِیْرُ ﴿۴۳﴾

၄၃။ ဧကန်မလွဲ ငါတို့သည်ပင် ရှင်စေတော်မူ၏။ ထို့ပြင် သေစေတော်မူ၏။ ထိုမှတစ်ပါး ငါတို့အထံတော်သို့သာ ပြန်လှည့်၍လာကြရမည်ဖြစ်၏။

یَوْمَ تَشَقَّقُ الْاَرْضُ عَنْهُمْ سِرَاعًا ؕ ذٰلِكَ حَشْرٌ عَلَیْنَا یَسِیْرٌ ﴿۴۴﴾

၄၄။ အကြင်နေ့တွင် ကမ္ဘာမြေကြီးသည် သူတို့၏အပေါ်မှ အလျင်အမြန် လှုပ်ခါမှုကြောင့် အက်ကွဲသွားပေလိမ့်မည်။ ဤသည် ငါတို့အဖို့ လွယ်ကူလှသော ထိုသည့်ကြီးကျယ်သော ရှင်ပြန်ထမြောက်ခြင်းဖြစ်၏။

نَحْنُ اَعْلَمُ بِمَا یَقُوْلُوْنَ وَ مَاۤ اَنْتَ عَلَیْهِمْ بِجَبَّارٍ ؕ فَذَكِّرْ بِالْقُرْاٰنِ مَنْ یَّخَافُ وَعِیْدِ ﴿۴۵﴾ ع

၄၅။ ငါတို့သည် ထိုသူတို့ ပြောဆိုသည်ကို အားလုံးထက်ပို၍ အသိဆုံးဖြစ်တော်မူ၏။ ထို့ပြင် အသင်သည် ထိုသူတို့အား အနိုင်အထက်ပြု၍ ပဲ့ပြင်ပေးရသူ အစောင့်အကြပ်မဟုတ်ချေ။ သို့ဖြစ်ရာ 'ကုရ်အာန်'အားဖြင့် ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုကို ကြောက်ရွံ့သူအား သင်ပြဆုံးမလျက်နေပါလေ။

❖ ❖ ❖

၅၁။ အလ်-ဇာရီယာတ်

ဤဆူရာဟ်သည် မက္ကာခေတ်ဦးပိုင်း ဆူရာဟ်များအနက်မှဖြစ်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠိတော် (၆၁)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၏အစမှာပင် 'ဂျန္နတ်'နှင့် 'ဂျဟန္နမ်'စသည်တို့၏ ရှေ့ဖြစ်နိမိတ်ဟောချက်များ ပါဝင်သော ပြီးခဲ့သည့်ဆူရာဟ်မှ အနာဂတ္တိဗျာဒိတ်တော်များကို ကျမ်းမြတ်ကုရ်အာန်၏ အညွှန်းခံပုဂ္ဂိုလ်သည် အပြန်အလှန်စကားပြောနေသည့်အလား ယုံကြည်စိတ်ချရလောက်စွာ ဖော်ပြထားတော်မူပေသည်။

ဤဆူရာဟ်၌ နှောင်းခေတ်တွင်ဖြစ်ပေါ်လာမည့် စစ်ပွဲများကို တစ်ဖန်ပြန်၍ သက်သေသာဓက အဖြစ် ထားရှိလေသည်။ သို့မှသာ အကြင်အခါ လူသားနွယ်ဝင်တို့အနေဖြင့် ဤသည့် ကြိုတင်နိမိတ်များကို ယုံကြည်စိတ်ချလောက်စွာ ပြည့်စုံခြင်းကို မြင်တွေ့လိုက်ကြရသောအခါတွင် အကြင်တမန်တော်အား သေပြီးနောက် တမလွန်၏ကိစ္စရပ်များဆိုင်ရာ အကွယ်မှအကြောင်းကို ဖွင့်ချပြသခြင်းခံရသည်မှာ ယင်းကို ယုံကြည်စိတ်ချရလောက်စွာဖြင့် 'အာလေမွလ်ဂိုက်ဘ်' အကွယ်သတင်းအလုံးစုံကိုသိမြင်တော်မူသော အလ္လာဟ်က ပြသတော်မူခြင်းဖြစ်သည်ကို တစ်စုံတစ်ရာသံသယမရှိကြစေရန်ဖြစ်ပေသည်။

မိန့်တော်မူသည်မှာ 'မျိုးစေ့များကိုကြဲပေးသူများအား ကျိန်ဆိုသက်သေထူတော်မူ၏။' ယခုအပေါ်ယံ ဗဟိဒ္ဓအားဖြင့်လည်း ဤကြိုတင်နိမိတ်ဟောချက်မှာ စကားလုံးတစ်ခုချင်း ပြည့်စုံခဲ့ပြီဖြစ်သည်။ အကြောင်းမူကား မျက်မှောက်ကာလ၌ အမှန်တကယ်ပင် လေယာဉ်များနှင့် ရဟတ်ယာဉ်များအားဖြင့် မျိုးစေ့များကြဲဖြန့်ခြင်းကို ပြုလျက်ရှိကြသည်။ ထို့ပြင် အလွန်ကြီးမားသော ဝန်များကို သယ်ပိုး၍ ယာဉ်များပျံသန်းကြသည်။ ထို့ပြင် ဝန်ထုပ်ကြီးများ ဖြစ်လင့်ကစားလည်း လျင်မြန်စွာဖြင့် မောင်းနှင်ကြသည်။ ၎င်းအပြင် အသီးသီးဖြစ်သော အောင်ပွဲရနိုင်ငံများကိုရော စစ်ရှုံးနိုင်ငံများနှင့် အခဲမကျေဖြစ်သောနိုင်ငံများသို့ပါ အရေးကြီးသော သတင်းအချက်အလက်များကို ထိုယာဉ်များအားဖြင့်ပင် ပို့ဆောင်လျက်ရှိကြသည်။ ယင်းတို့အားလုံးကို သက်သေထူလျက် အသင်တို့အား ကတိပေးခြင်းခံရသော ထိုအကြောင်းရပ်သည် မလွဲဧကန် ဖြစ်ကိုဖြစ်ရပေလိမ့်မည်။ ထို့ပြင် ဆုလာဘ်နှင့် ပြစ်ဒဏ်ပေးမည့်နေ့ (၀၇) အဆုံးအဖြတ်ပေးမည့်နေ့သည် လောကတွင် လောကီရှိ လူမျိုးအုပ်စုတိုင်းအတွက်လည်း ဖြစ်လိမ့်မည်။ ထို့ပြင် တမလွန်တွင် လူသားနွယ်ဝင်အားလုံးအတွက်လည်းဖြစ်ပေလိမ့်မည်ဟု အဖြေထုတ်ပြသတော်မူသည်။

ထို့နောက်တွင် ဤသည့် မျိုးစေ့ကြဲဖြန့်သူများနှင့် ဝန်ထုပ်ဝန်ပိုးများကို သယ်ဆောင်ကြသူများဆိုသည်မှာ တစ်စုံတစ်ရာဝန်ထုပ်ဝန်ပိုးများကိုသယ်ဆောင်၍ ကမ္ဘာမြေပေါ်တွင် သွားလာနေသောအရာများမဟုတ်မူဘဲ ကောင်းကင်ယံတွင် ပျံသန်းနေသောအရာများဖြစ်ကြောင်းကို လင်းပြလိုက်ပေသည်။ သို့ဖြစ်သောကြောင့် လေကြောင်းလမ်းများတည်ရှိသော ကောင်းကင်ယံကို သက်သေထူခဲ့ခြင်းဖြစ်သည်။ သို့ကြောင့် ယနေ့ ရှုမျှော်ကြည့်လိုက်လျှင် နေရာတိုင်းတွင် လေယာဉ်လမ်းကြောင်းများ၏လက္ခဏာကို မြင်တွေ့ရပေသည်။ သို့ဖြစ်ရာ ထိုသည့်အကြောင်းအချက်အလုံးစုံတို့ဖြင့် အကျိုးရလဒ်ထုတ်ပြတော်မူသည်မှာ အသင်တို့သည် နောင်တမလွန်ကိုငြင်းပယ်ကြလျက် ဆိုးဝါးလှသော လမ်းလွဲမှုတွင် နစ်မွန်းလျက်ရှိခဲ့ကြလေပြီ။ အကယ်၍သာ တမန်တော်မြတ်ﷺ မိန့်ကြားလျက်ရှိသော အကြောင်းအရာများမှာ (နအူဇုဘီလ္လာဟ်) ရော်ရမ်းမှန်းဆ ကြောင်းကျိုးမဲ့စကားများသာဖြစ်ခဲ့လျှင် ရော်ရမ်းမှန်းဆမှုများဖြင့်

လုပ်ကိုင်ကြသူအားလုံးတို့သည် ပျက်စီးခဲ့ကြရလေပြီ။ သို့သော် ဤတမန်တော်သည်ကား အစဉ်အမြဲ အတွက် တည်ရှိနေသူဖြစ်၏။

ဤစကားရပ်မှာ စာပေအလင်္ကာမြောက်ခြင်းတို့၏ အလှပြထားရာဖြစ်ပေသည်။ ကောင်းကင်ယံမှ မျိုးစေ့ကြဲသူများအကြောင်းဖော်ပြပြီးနောက် အသင်တို့အတွက် 'ရိဇီက်'ရိက္ခာများ၏ အလုံးစုံသော အကြောင်းတရားများမှာ ကောင်းကင်ယံမှသက်ဆင်းသည်ဖြစ်ကြောင်းကို အာရုံပြုစေတော်မူသည်။ သို့ရာတွင် တစ်မျိုးသောကောင်းကင်ဆိုင်ရာ ရိက္ခာများရှိပြီး ယင်း၏အနှစ်သဘောကို လူသားသည် နားမလည်နိုင်ချေ။ ထို့ပြင် ကောင်းကင်တမန်များကိုလည်း ထိုသည့် 'ရိဇီက်'ရိက္ခာကိုပင် ပေးခြင်းခံရ၏။ သို့ကြောင့် တမန်တော်'အစ်ဗရာဟင်မ်'ﷺ၏ ဧည့်သည်တော်များအကြောင်းကို ဖော်ပြတော်မူသည်။ ယင်းတို့မှာ ကောင်းကင်တမန်များဖြစ်ကြပြီး၊ လူသားအသွင်ဆောင်၍ တမန်တော် အစ်ဗရာဟင်မ်အား ကိုယ်ထင်ပြခဲ့သည်။ တမန်တော်အစ်ဗရာဟင်မ်က လူသားတို့၏ အသက်အတွက် အမှီပြုရာဖြစ်သော အကောင်းဆုံး 'ရိဇီက်'ရိက္ခာကို ၎င်းတို့၏ရှေ့တွင်ချပေးသောအခါ ၎င်းတို့သည် စားသုံးရန် ငြင်းဆန်လိုက်ကြသည်။ အကြောင်းမူကား ၎င်းတို့အားပေးသနားခြင်းခံရမည့် 'ရိဇီက်'ရိက္ခာမှာ သီးခြားဖြစ်ပေသည်။ တမန်တော်အစ်ဗရာဟင်မ်ﷺ၏အကြောင်းနောက်တွင် လွန်လေခဲ့ပြီးသော တမန်တော်များအကြောင်းကိုလည်း ဖော်ပြထားတော်မူပေသည်။

ဤသည့်နောက်တွင် အာယတ်တော်တစ်ပိုဒ်လာရှိပြီး ယင်း၌ ကောင်းကင်ယံသည် အစဉ်သဖြင့် ကျယ်ပြန့်လျက်ရှိနေကြောင်းဖော်ပြထားပေသည်။ ဤသည်နှင့်စပ်လျဉ်း၍ တမန်တော်မြတ်ﷺ၏ ခေတ်ကာလရှိ မည်သည့်လူသားတစ်ဦးတစ်လေကမျှ စိတ်ကူးမှဉ်ပင် မရှိသေးချေ။ မျက်မှောက်ခေတ်တွင် နက္ခတ္တဗေဒပညာရှင်များက ကောင်းကင်ယံသည် အစဉ်သဖြင့်ကျယ်ပြန့်လျက်ရှိနေပြီး **لِأَجَلٍ مُسَمًّى** သတ်မှတ်ထားသောဌာနအထိ ရောက်ရှိပြီးနောက် တစ်ဖန်ပြန်၍ ဗဟိုပြုရာတစ်နေရာသို့ ပြန်လှည့်လာကြလိမ့်မည်ဟူ၍ပင် သိပ္ပံတွေ့ရှိချက်ကို ဖော်ပြကြလေသည်။

'ရိဇီက်'အကြောင်းရပ်ကို ဤသို့သောအသွင်ဖြင့်လည်း ဖော်ပြထားတော်မူသည်။ မိန့်တော်မူသည်မှာ ခပ်သိမ်းသော လူသားနှင့် ကောင်းကင်တမန်တည်ရှိမှုတို့သည် မည်သို့ဆိုစေ တစ်မျိုးမဟုတ် တစ်မျိုးသောအနေအထားဖြင့် 'ရိဇီက်'ကိုအားထားကြရလေသည်။ မည်သို့သော 'ရိဇီက်'တစ်ခုတစ်လေကို သော်မှ မမှီခိုရသော တစ်ပါးတည်းသော ဇာတိတော်သည်ရှိ၏။ စင်စစ် ၎င်းမှာ ခပ်သိမ်းကုန်တို့အား 'ရိဇီက်' ရိက္ခာပေးတော်မူသော ဇာတိပကတိအားဖြင့် တည်တော်မူသော 'အလ္လာဟ်'ပင်ဖြစ်ပေသတည်း။

♦ ♦ ♦

ဆူရောဟ် အလ်-ဇာရိယာတ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၆၀)ပိုဒ် ရှုကူ (၃)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَالذّٰرِيٰتِ ذَرْوًا ②

၂။ (မှိုးစေ့)ကြဲဖြန့်ပေးသည့် အရာများကို သက်သေထူတော်မူ၏။

فَالْحٰمِلٰتِ وِقْرًا ③

၃။ ထို့ပြင် ဝန်ကိုသယ်ဆောင်ကြသောအရာများကိုလည်း ကောင်း။

فَالْجٰرِيٰتِ يُسْرًا ④

၄။ ထိုမှတစ်ပါး ပေါ့ပါးသွက်လက်လျင်မြန်စွာသွားလာသည့် အရာများကိုလည်းကောင်း။

فَالْمُقَسِّمٰتِ اَمْرًا ⑤

၅။ ဤတွင်မက အရေးပါသော အမိန့်တစ်စုံတစ်ရာအား ခွဲဝေ၍ပေးသူတို့ကိုလည်းကောင်း။

اِنَّمَا تُوْعَدُوْنَ لَصَادِقٌ ⑥

၆။ အသင်တို့ ကတိပေးခြင်းခံရသော ထိုအရာသည်သာ မုချအမှန်ဖြစ်၏။

وَّاِنَّ الدِّيْنَ لَوَاقِعٌ ⑦

၇။ ထို့ပြင် ဆုလာဘ်နှင့် ပြစ်ဒဏ်၏နေ့သည် ဧကန်ပင်ဖြစ်ပေါ်လာမည်သာ ဖြစ်၏။

وَالسَّمَآءِ ذَاتِ الْحُبُكِ ⑧

၈။ လမ်းကြောင်းများရှိသည့် မိုးကောင်းကင်အား သက်သေထူတော်မူ၏။

اِنَّكُمْ لَفِيْ قَوْلٍ مُّخْتَلِفٍ ⑨

၉။ ဧကန်မလွဲ အသင်တို့သည် တစ်ခုသောကွဲလွဲသည့်စကားရပ်တွင်ရှိနေကြ၏။

يُّؤْفَكُ عَنْهُ مَنْ اُفِكَ ⑩

၁၀။ ယင်းမှ လွှဲဖယ်ခြင်းခံရမည့်သူသာလျှင် လွှဲဖယ်ခြင်းကို ခံရပေအံ့။

قُتِلَ الْخَرّٰصُوْنَ ⑪

၁၁။ ထင်မိထင်ရာရော်ရမ်းမှန်းဆ ပြောဆိုသူတို့သည် ပျက်စီးကြလေပြီ။

الَّذِيْنَ هُمْ فِيْ غَمْرَةٍ سَاهُوْنَ ⑫

၁၂။ ထိုသူတို့သည် ၎င်းတို့၏မေ့လျော့ပေါ့ဆမှုတွင် တဝလည်လည်ဖြစ်နေကြ၏။

يَسْـَٔلُوْنَ اَيَّانَ يَوْمُ الدِّيْنِ ⑬

၁၃။ ထိုသူတို့က ဆုလာဘ်နှင့် ပြစ်ဒဏ်စီရင်မည့်နေ့သည် ဘယ်သောအခါဖြစ်မည်နည်းဟု မေးမြန်းကြ၏။

يَوْمَ هُمْ عَلَى النَّارِ يُفْتَنُوْنَ ⑭

၁၄။ အကြင်နေ့တွင် ထိုသူတို့သည် မီးတွင်ထည့်သွင်း ကင်ဖုတ်ခြင်းကို ခံနေကြရပေအံ့။

ذُوْقُوْا فِتْنَتَكُمْ ؕ هٰذَا الَّذِيْ

၁၅။ မိမိတို့၏ ပြဿနာဖန်တီးမှု၏ အရသာကို မြည်းစမ်း

كُنْتُمْ بِهٖ تَسْتَعْجِلُوْنَ ﴿١٤﴾

ကြကုန်။ ဤသည်ပင် အသင်တို့အလျင်စလိုတောင်းခံခဲ့ကြသောအရာဖြစ်၏။

اِنَّ الْمُتَّقِيْنَ فِيْ جَنّٰتٍ وَّعُيُوْنٍ ﴿١٥﴾

၁၆။ ဧကန်မလွဲ 'မွတ္တကီ'ဖြူစင်ဖြောင့်မတ်သူတို့သည် ဥယျာဉ်များနှင့် စမ်းချောင်းများ၏ အလယ်ဗဟိုတွင်ရှိကြပေလိမ့်မည်။

اٰخِذِيْنَ مَآ اٰتٰىهُمْ رَبُّهُمْ ۭ اِنَّهُمْ كَانُوْا قَبْلَ ذٰلِكَ مُحْسِنِيْنَ ﴿١٦﴾

၁၇။ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က သူတို့အားပေးသနားတော်မူသည်ကို သူတို့သည် လက်ခံရယူလျက်ရှိနေကြပေလတ္တံ့။ ဧကန်ပင် ဤသည်ထက်အလျင်က ၎င်းတို့သည် အလွန်ကောင်းမြတ်သော အကျင့်အကြံကို ကျင့်မူဆောက်တည်ခဲ့သူများဖြစ်ကြ၏။

كَانُوْا قَلِيْلًا مِّنَ الَّيْلِ مَا يَهْجَعُوْنَ ﴿١٧﴾

၁၈။ သူတို့သည် ညဉ့်အခါတွင် အနည်းငယ်မျှသာအိပ်စက်လေ့ရှိကြ၏။

وَبِالْاَسْحَارِ هُمْ يَسْتَغْفِرُوْنَ ﴿١٨﴾

၁၉။ ထို့ပြင် နံနက်ချိန်များတွင်လည်း သူတို့သည် 'အိစ်တီဂ်ဖာရ်'အပြစ်လွှတ်ရန်ဆုတောင်းမူပြုခြင်း၌ စွဲမြဲစွာရှိခဲ့ကြ၏။

وَفِيْٓ اَمْوَالِهِمْ حَقٌّ لِّلسَّاۗىِٕلِ وَالْمَحْرُوْمِ ﴿١٩﴾

၂၀။ ထို့ပြင် သူတို့၏ဥစ္စာပစ္စည်းများတွင် တောင်းရမ်းသူများနှင့် မတောင်းရမ်းသည့် လိုအပ်ချက်ရှိသူတို့အတွက်ပါ ရထိုက်သော ဝေစုတစ်စုသည်ရှိ၏။

وَفِي الْاَرْضِ اٰيٰتٌ لِّلْمُوْقِنِيْنَ ﴿٢٠﴾

၂၁။ ထိုမှတစ်ပါး ကမ္ဘာမြေတွင် ယုံကြည်သူတို့အတွက် များစွာသော နိမိတ်လက္ခဏာများသည်ရှိကြ၏။

وَفِيْٓ اَنْفُسِكُمْ ۭ اَفَلَا تُبْصِرُوْنَ ﴿٢١﴾

၂၂။ ထို့ပြင် အသင်တို့ကိုယ်တိုင်၏ စိတ်ဝိညာဉ်များအတွင်း၌လည်း(ရှိ၏)။ သို့ဖြစ်ရာ အသင်တို့သည် မကြည့်မမြင်ကြလေသလော။

وَفِي السَّمَاۗءِ رِزْقُكُمْ وَمَا تُوْعَدُوْنَ ﴿٢٢﴾

၂၃။ စင်စစ် မိုးကောင်းကင်၌ အသင်တို့၏ 'ရီဇိုက်'ရိက္ခာသည်ရှိ၏။ ထို့ပြင် အသင်တို့ကတိပေးခြင်းခံရသည့်အရာများလည်းရှိ၏။

فَوَرَبِّ السَّمَاۗءِ وَالْاَرْضِ اِنَّهٗ لَحَقٌّ مِّثْلَ مَآ اَنَّكُمْ تَنْطِقُوْنَ ﴿٢٣﴾

၂၄။ ထို့ကြောင့် မိုးကောင်းကင်နှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူသော အရှင်မြတ်အား သက်သေထူတော်မူ၏။ ဧကန်မလွဲ ဤသည် အသင်တို့(အချင်းချင်း) စကားစမြည်ပြောဆိုနေကြဘိသကဲ့သို့ပင် မှန်ကန်လှပေသတည်း။

ရုကူး-၂

هَلْ اَتٰىكَ حَدِيْثُ ضَيْفِ اِبْرٰهِيْمَ الْمُكْرَمِيْنَ ﴿٢٤﴾

၂၅။ အသင်တို့ထံ 'အစ်ဗရာဟင်မ်'၏ ဂုဏ်သရေရှိ ဧည့်သည်တော်များ၏ သတင်းစကားရောက်ရှိခဲ့ပေသလော။

اِذْ دَخَلُوْا عَلَيْهِ فَقَالُوْا سَلٰمًا ۭ قَالَ سَلٰمٌ ۚ قَوْمٌ مُّنْكَرُوْنَ ﴿٢٥﴾

၂၆။ ၎င်းတို့သည် သူ့ထံသို့ရောက်သောအခါ ၎င်းတို့က 'စလာမ်'ငြိမ်းချမ်းခြင်း သက်ရောက်ပါစေဟုဆိုကြ၏။ သူကလည်း 'စလာမ်'ဟုပြန်လည်၍ မေတ္တာပို့၏။ (ထို့ပြင် စိတ်တွင်း၌) သူစိမ်းများ(ဖြစ်တန်ရာ၏ဟု တွေးထင်မိ၏)။

فَرَاغَ اِلٰٓى اَهْلِهٖ فَجَآءَ بِعِجْلٍ سَمِيْنٍ ﴿٢٦﴾

၂၇။ သူသည် မိမိအိမ်သူအိမ်သားများထံ အလျင်အမြန်သွားရောက်၍ ဆူဖြိုးသော နွားကင်းကလေးတစ်ကောင်ကို ယူဆောင်လာခဲ့၏။

فَقَرَّبَهٗٓ اِلَيْهِمْ قَالَ اَلَا تَاْكُلُوْنَ ﴿٢٧﴾

၂၈။ ထို့နောက် ယင်းကို ထိုသူတို့၏ရှေ့တွင် တည်ခင်း၏။ (ထို့ပြင်) အသင်တို့ မစားကြပြီလောဟု မေးမြန်း၏။

فَاَوْجَسَ مِنْهُمْ خِيْفَةً ؕ قَالُوْا لَا تَخَفْ ؕ وَبَشَّرُوْهُ بِغُلٰمٍ عَلِيْمٍ ﴿٢٨﴾

၂၉။ ထိုအခါ ၎င်းတို့အား သူသည်ကြောက်ရွံ့သောစိတ် ဖြစ်ပေါ်လာ၏။ ၎င်းတို့က မကြောက်ရွံ့ပါလင့်ဟုဆို၍ ၎င်းတို့သည် သူ့အားအသိပညာနှင့်ပြည့်စုံသော သားတော်တစ်ပါး၏ သတင်းကောင်းကို ပေးခဲ့ကြလေသည်။

فَاَقْبَلَتِ امْرَاَتُهٗ فِىْ صَرَّةٍ فَصَكَّتْ وَجْهَهَا وَقَالَتْ عَجُوْزٌ عَقِيْمٌ ﴿٢٩﴾

၃၀။ ထိုအခါ သူ၏ဇနီးမှာ ရှေ့သို့တိုးလာခဲ့ပြီး မိမိ၏မျက်နှာပေါ်သို့ လက်ဖြင့်ပုတ်ကာ အသံကိုမြှင့်၍ (ကျွန်မသည်) သားသမီးမရနိုင်သော မိန်းမအိုတစ်ယောက်ဖြစ်ပါသည်ဟု ပြော၏။

قَالُوْا كَذٰلِكِ ۙ قَالَ رَبُّكِ ؕ اِنَّهٗ هُوَ الْحَكِيْمُ الْعَلِيْمُ ﴿٣٠﴾

၃၁။ ၎င်းတို့က ပြန်ကြားကြသည်မှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် မိန့်ကြားတော်မူသည့်အတိုင်းပင် (ဖြစ်လိမ့်မည်)။ မလွဲဧကန် ထိုအရှင်မြတ်သည်ပင် လွန်စွာဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင်၊ ထာဝရသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။

قَالَ فَمَا خَطْبُكُمْ اَيُّهَا الْمُرْسَلُوْنَ ﴿٣١﴾

၃၂။ သူ(အစ်ဗရာဟင်မ်)က အို-စေလွှတ်ခြင်းခံရသူတို့ အသင်တို့၏ဦးတည်ချက်ကား အဘယ်နည်းဟုမေးလေ၏။

قَالُوْٓا اِنَّآ اُرْسِلْنَآ اِلٰى قَوْمٍ مُّجْرِمِيْنَ ﴿٣٢﴾

၃၃။ ထိုသူတို့ကပြော၏။ ဧကန်ပင် ကျွန်ုပ်တို့အားအပြစ်ရှိသော အမျိုးသားတို့ထံ စေလွှတ်ခြင်းခံကြရပါသည်။

لِنُرْسِلَ عَلَيْهِمْ حِجَارَةً مِّنْ طِيْنٍ ﴿٣٣﴾

၃၄။ သို့ဖြင့် ကျွန်ုပ်တို့သည် မြေကျစ်ခဲများကို ထိုသူတို့ဘက်သို့ ပို့လွှတ်ရန်ဖြစ်၏။

مُّسَوَّمَةً عِنْدَ رَبِّكَ لِلْمُسْرِفِيْنَ ﴿٣٤﴾

၃၅။ ယင်း၌ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ထံတော်မှ လွန်ကျူးသူများအတွက် အမှတ်လက္ခဏာပါရှိ၏။

فَاَخْرَجْنَا مَنْ كَانَ فِيْهَا مِنَ الْمُؤْمِنِيْنَ ﴿٣٥﴾

၃၆။ ထို့နောက် ငါတို့သည် ထို(အရပ်)မှ သက်ဝင်ယုံကြည်သူတို့အားလုံးကို ထုတ်ဆောင်တော်မူ၏။

فَمَا وَجَدْنَا فِيْهَا غَيْرَ بَيْتٍ مِّنَ الْمُسْلِمِيْنَ ﴿٣٦﴾

၃၇။ သို့ဖြစ်ရာ ငါတို့သည် ယင်း၌ကျိုးနွံနာခံသူ၏ အိမ်တစ်အိမ်ကိုသာတွေ့ရှိတော်မူ၏။

وَتَرَكْنَا فِيْهَآ اٰيَةً لِّلَّذِيْنَ يَخَافُوْنَ الْعَذَابَ الْاَلِيْمَ ﴿٣٧﴾

၃၈။ ထို့ပြင် ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်ကို ကြောက်ရွံ့ကြကုန်သောသူတို့အဖို့ (သင်ခန်းစာရယူဖွယ်) ကြီးကျယ်လှသည့် နိမိတ်လက္ခဏာတစ်ရပ်ကို ယင်း၌ ထားရစ်စေတော်မူ၏။

وَفِىْ مُوْسٰٓى اِذْ اَرْسَلْنٰهُ اِلٰى فِرْعَوْنَ

၃၉။ ထို့မှတစ်ပါး မူစာ(၏ဖြစ်ရပ်)တွင်လည်း (ဤသို့ပင် နိမိတ်လက္ခဏာသည်)ရှိ၏။ အကြင်အခါဝယ် ငါတို့သည် သူ

بِسُلْطٰنٍ مُّبِيْنٍ ۝

အား 'ဖိရ်အောင်'ထံသို့ လင်းဝင်းသော သာဓကတော်တစ်ရပ် နှင့်တကွ စေလွှတ်တော်မူခဲ့၏။

فَتَوَلّٰى بِرُكْنِهٖ وَقَالَ سٰحِرٌ اَوْ مَجْنُوْنٌ ۝

၄၀။ သို့ပါလျက် သူသည် မိမိ၏ အားကိုးအားထားပြုရသူ များနှင့်တကွ မျက်နှာလွှဲခဲ့၏။ ထို့ပြင် မှော်ဆရာ သို့မဟုတ် ရူးသွပ်သူသာဖြစ်သည်ဟုဆိုခဲ့၏။

فَاَخَذْنٰهُ وَجُنُوْدَهٗ فَنَبَذْنٰهُمْ فِى الْيَمِّ وَهُوَ مُلِيْمٌ ۝

၄၁။ ထိုအခါ ငါတို့သည် သူနှင့် သူ၏တပ်ကို ဖမ်းဆီးတော် မူလျက် သူတို့အား ပင်လယ်တွင်းသို့ပစ်ချခဲ့၏။ ထို့ပြင် သူသည် ကဲ့ရဲ့ရွှတ်ချထိုက်သူဖြစ်ခဲ့၏။

وَفِىْ عَادٍ اِذْ اَرْسَلْنَا عَلَيْهِمُ الرِّيْحَ الْعَقِيْمَ ۝

၄၂။ ထို့ပြင် 'အာဒ်'အမျိုးသားတို့တွင်လည်း (နိမိတ်လက္ခဏာတစ်ပါး)ရှိခဲ့၏။ အကြင်အခါဝယ် ငါတို့သည် ယင်းတို့ အပေါ်သို့ ပျက်စီးဆိတ်သုဉ်းစေသည့် လေပြင်းမုန်တိုင်းတစ်ခု ကို တိုက်ခတ်စေတော်မူ၏။

مَا تَذَرُ مِنْ شَىْءٍ اَتَتْ عَلَيْهِ اِلَّا جَعَلَتْهُ كَالرَّمِيْمِ ۝

၄၃။ ၎င်းသည် အကြင်အရာပေါ်မှ ဖြတ်သန်းသည့်အခါ ယင်းအား ဆွေးမြေ့သောအရာကဲ့သို့ပြုလိုက်ခြင်းမှတစ်ပါး ယင်း မှ မည်သည့်တစ်စုံတစ်ခုကိုမျှ ချန်ထားရစ်ခဲ့သည်မရှိချေ။

وَفِىْ ثَمُوْدَ اِذْ قِيْلَ لَهُمْ تَمَتَّعُوْا حَتّٰى حِيْنٍ ۝

၄၄။ ထို့ပြင် 'ဆမူဒ်'အမျိုးသားတို့တွင်လည်း (နိမိတ်လက္ခဏာတစ်ပါး)ရှိခဲ့၏။ အကြင်အခါဝယ် သူတို့အား အချိန် ကာလတစ်ရပ်တိုင်အောင် အကျိုးရယူခံစားကြကုန်ဟု ပြော ကြားခြင်းကိုခံရ၏။

فَعَتَوْا عَنْ اَمْرِ رَبِّهِمْ فَاَخَذَتْهُمُ الصّٰعِقَةُ وَهُمْ يَنْظُرُوْنَ ۝

၄၅။ သို့ဖြစ်ရာ ထိုသူတို့သည် မိမိတို့အားဖန်ဆင်းမွေးမြူ တော်မူသောအရှင်၏အမိန့်တော်ကို ဖီဆန်ကြလေရာ သူတို့ အား ကောင်းကင်၏လျှပ်စီးသည် လာရောက်ဖမ်းဆီးခဲ့လေ သည်။ ထိုစဉ် သူတို့သည် ငေးကြည့်လျက်သာနေခဲ့ကြ၏။

فَمَا اسْتَطَاعُوْا مِنْ قِيَامٍ وَّمَا كَانُوْا مُنْتَصِرِيْنَ ۝

၄၆။ ထိုအခါ သူတို့သည် မတ်တတ်ရပ်နေရန်မျှပင် အင် အားမရှိကြသည့်အပြင် သူတို့သည် လက်တုံ့ပြန်နိုင်စွမ်းလည်း မရှိခဲ့ကြချေ။

وَقَوْمَ نُوْحٍ مِّنْ قَبْلُ ۭ اِنَّهُمْ كَانُوْا قَوْمًا فٰسِقِيْنَ ۝ ۚ

၄၇။ ထို့ပြင် ဤသည်ထက်အလျင်က 'နူးဟ်'၏အမျိုးသား တို့ကလည်း (သံဝေဂရဖွယ်ရာနိမိတ်လက္ခဏာတစ်ရပ် ဖြစ်ခဲ့ ၏။) ဧကန်ပင် ထိုသူတို့သည် မနာခံဆိုးသွမ်းသော အမျိုးသား တစ်စုဖြစ်ခဲ့ကြ၏။

ရုကူး-၃

وَالسَّمَآءَ بَنَيْنٰهَا بِاَيْىدٍ وَّاِنَّا لَمُوْسِعُوْنَ ۝

၄၈။ ထို့ပြင် ငါတို့သည် မိုးကောင်းကင်ကို ထူးခြားသော တန် ခိုးတော်တစ်ရပ်ဖြင့် ပြုလုပ်တော်မူ၏။ ထို့ပြင် ဧကန်မလွဲ ငါတို့ သည် ကျယ်ပြန့်မှုကိုပေးတော်မူသောအရှင်ဖြစ်တော်မူ၏။ ۝

۝ ဤအာယတ်တော်တွင် بِاَيْىدٍ ဟူသည့်စကားလုံးက အလ္လာဟ်အရှင်မြတ်က မိုးကောင်းကင်ကို ဖန်ဆင်းတော်မူသော

وَالْاَرْضَ فَرَشْنٰهَا فَنِعْمَ الْمٰهِدُوْنَ ﴿۴۸﴾

၄၉။ ထို့မှတစ်ပါး ငါတို့သည် ကမ္ဘာမြေကိုပြန့်ပြူးအောင် ပြုထားတော်မူ၏။ သို့ဖြစ်ရာ အဘယ်မျှကောင်းမွန်သော အခင်းကမွလာကို ပြုလုပ်တော်မူသောအရှင်ဖြစ်ဘိသနည်း။

وَمِنْ كُلِّ شَیْءٍ خَلَقْنَا زَوْجَیْنِ لَعَلَّكُمْ تَذَكَّرُوْنَ ﴿۴۹﴾

၅၀။ ထို့ပြင် ငါတို့သည် အရာဝတ္ထုတိုင်းတွင် အစုံအတွဲများကို ဖန်ဆင်းတော်မူ၏။ သို့မှသာ အသင်တို့ သင်ခန်းစာရယူနိုင်ကြမည်ဖြစ်၏။

فَفِرُّوْۤا اِلَى اللّٰهِ ؕ اِنِّیْ لَكُمْ مِّنْهُ نَذِیْرٌ مُّبِیْنٌ ۚ﴿۵۰﴾

၅၁။ သို့ဖြစ်ရာ အလ္လာဟ်၏ထံတော်သို့ အလျင်အမြန် ပြေးကြလေကုန်။ မုချပင် ကျွန်ုပ်သည် ထိုအရှင်မြတ်ထံတော်မှ အသင်တို့အား ပွင့်လင်းထင်ရှားသော သတိပေးနှိုးဆော်သူတစ်ဦးဖြစ်၏။

وَلَا تَجْعَلُوْا مَعَ اللّٰهِ اِلٰهًا اٰخَرَ ؕ اِنِّیْ لَكُمْ مِّنْهُ نَذِیْرٌ مُّبِیْنٌ ۚ﴿۵۱﴾

၅၂။ ထို့မှတစ်ပါး အလ္လာဟ်နှင့်အတူ တစ်စုံတစ်ရာ ကိုးကွယ်ရာကိုမျှပြုမထားကြလင့်။ ဧကန်မလွဲ ကျွန်ုပ်သည် ထိုအရှင်မြတ်ထံတော်မှ အသင်တို့အား ပွင့်လင်းထင်ရှားသော သတိပေးနှိုးဆော်သူဖြစ်၏။

كَذٰلِكَ مَاۤ اَتَى الَّذِیْنَ مِنْ قَبْلِهِمْ مِّنْ رَّسُوْلٍ اِلَّا قَالُوْا سَاحِرٌ اَوْ مَجْنُوْنٌ ۚ﴿۵۲﴾

၅၃။ ဤကဲ့သို့ပင် ထိုသူတို့အလျင်က လူတို့ထံသို့လည်း တမန်တော်တစ်ပါးပါး လာရောက်ခဲ့လေတိုင်း ထိုသူတို့က ဤသည် တစ်ဦးသော မှော်ဆရာ သို့မဟုတ် ရူးသွပ်သူသာဖြစ်၏ဟု ဆိုကြလေသည်။

اَتَوَاصَوْا بِهٖ ۚ بَلْ هُمْ قَوْمٌ طَاغُوْنَ ۚ﴿۵۳﴾

၅၄။ ထိုသူတို့သည် တစ်ဦးကတစ်ဦးကို ဤသည်ကိုသာ သင်ပြခဲ့ကြလေသလော။ ထိုသို့မဟုတ်မူဘဲ ဤ(သူတို့)သည် ပုန်ကန်ခြားနားသော အမျိုးသားတစ်စုဖြစ်ကြ၏။

فَتَوَلَّ عَنْهُمْ فَمَاۤ اَنْتَ بِمَلُوْمٍ ۘ﴿۵۴﴾

၅၅။ သို့ဖြစ်ရာ ထိုသူတို့ထံမှ မျက်နှာလွှဲလိုက်ပါလေ။ အသင်သည် မည်သည့်ပြစ်တင်ခြင်းကိုမျှခံရထိုက်သူ အလျှင်းမဟုတ်ချေ။

وَّذَكِّرْ فَاِنَّ الذِّكْرٰى تَنْفَعُ الْمُؤْمِنِیْنَ ﴿۵۵﴾

၅၆။ ထို့ပြင် အသင်သည် ဆုံးမသြဝါဒပေးလျက်နေပါလေ။ မည်သို့ဆိုစေ ဧကန်ပင် ဆုံးမခြင်းသည် သက်ဝင်ယုံကြည်သူတို့အား အကျိုးသက်ရောက်စေ၏။

وَمَا خَلَقْتُ الْجِنَّ وَ الْاِنْسَ اِلَّا

၅၇။ ထို့မှတစ်ပါး ငါအရှင်မြတ်သည် 'ဂျင်န်'နှင့်'အင်စာန်' လူသားကို ငါအရှင်မြတ်၏ 'အေဘာဒတ်' ဝတ်ပြုကိုးကွယ်မှု

➤ အခါ၌ ယင်းတွင် မရေမတွက်နိုင်သောအကျိုးပြုရာများကိုထားရှိပေးတော်မူခဲ့ခြင်းဘက်သို့ ညွှန်းဆိုဖော်ပြတော်မူခြင်းဖြစ်သည်။ ထို့ပြင် ယင်းနှင့်တစ်ဆက်တည်း ဖော်ပြတော်မူသည်မှာ 'ငါတို့သည် ယင်း(မိုးကောင်းကင်)အား ကျယ်ပြန့်သည်ထက် ကျယ်ပြန့်အောင် ပြုမြဲမပြတ်ရှိစေတော်မူမည်'ဆိုသည့်အပိုင်းမှာ အလွန်ကြီးကျယ်ခမ်းနားသော အံ့ဖွယ်စကားရပ်တစ်ခုဖြစ်ပြီး အာရေဗျမှ 'အွမ်မီ'တမန်တော်တစ်ပါးအနေဖြင့် ဤအကြောင်းအရာကို မိမိသဘောဖြင့် ဖော်ပြပြောဆိုနိုင်မည် အလျှင်းမဟုတ်ချေ။ ဤကိစ္စကို ခေတ်သစ်သိပ္ပံပညာရှင်များက ခေတ်မီဆန်းသစ်သောကိရိယာများ၏ အထောက်အကူဖြင့် ဤစကြဝဠာကြီးသည် အချိန်နှင့်တစ်ပြေးညီ ကျယ်ပြန့်လျက်ရှိနေကြောင်း ယခုအခါတွင် ရှာဖွေတွေ့ရှိခဲ့ပေပြီ။ တမန်တော်မြတ်(ﷺ)၏ ခေတ်ကာလတွင်မူ လူသားတိုင်းက ဤသည်ကို လှုပ်ရှားခြင်းမရှိ ရပ်တန့်နေသော စကြဝဠာဟူ၍သာ မြင်ခဲ့ကြလေသည်။

لِيَعْبُدُوْنِ ﴿٥٦﴾

ပြုရန်မှတစ်ပါး အခြားအတွက် ဖန်ဆင်းတော်မူသည် မဟုတ်ချေ။ ۞

مَآ اُرِيْدُ مِنْهُمْ مِّنْ رِّزْقٍ وَّ مَآ اُرِيْدُ اَنْ يُّطْعِمُوْنِ ﴿٥٧﴾

၅၇။ ငါအရှင်မြတ်သည် သူတို့ထံမှ တစ်စုံတစ်ရာသော 'ရိဇ်ကီ'ရိကွာကိုမျှ လိုလားတော်မမူချေ။ ဤတွင်မက သူတို့သည် ငါ့အား ကျွေးမွေးရန်ကိုလည်း မလိုချေ။

اِنَّ اللّٰهَ هُوَ الرَّزَّاقُ ذُو الْقُوَّةِ الْمَتِيْنُ ﴿٥٨﴾

၅၈။ စင်စစ်ဧကန် အလ္လာဟ်သည်သာလျှင် 'ရိဇ်ကီ'ရိကွာ အများအပြား ပေးသနားတော်မူသောအရှင်၊ ဘုန်းတန်ခိုးရှင် (နှင့်) ခိုင်မာသော ဂုဏ်တော်များရှင်ဖြစ်တော်မူ၏။

فَاِنَّ لِلَّذِيْنَ ظَلَمُوْا ذَنُوْبًا مِّثْلَ ذَنُوْبِ اَصْحٰبِهِمْ فَلَا يَسْتَعْجِلُوْنِ ﴿٥٩﴾

၅၉။ သို့ဖြစ်ရာ မုချမလွဲ မတရားကျူးလွန်သူတို့အတွက် မတရားကျူးလွန်မှု၏အပြစ်မှာ ၎င်းတို့နှင့်စရိုက်တူသောသူတို့ကဲ့သို့ပင် ဝေစုသည်ရှိ၏။ ထို့ကြောင့် ၎င်းတို့သည် ငါအရှင်မြတ်ထံတော်မှ (ယင်းကို) တောင်းဆိုခြင်း၌ အစောတလျင် မပြုကြလင့်။

فَوَيْلٌ لِّلَّذِيْنَ كَفَرُوْا مِنْ يَّوْمِهِمُ الَّذِيْ يُوْعَدُوْنَ ﴿٦٠﴾ ع

၆၀။ သို့ဖြစ်ရာ မယုံကြည်သူတို့အဖို့ ၎င်းတို့အား ကတိပေးခြင်းခံရသော ထိုသည့်နေ့တွင် ပျက်စီးခြင်းသည် ဖြစ်လိမ့်မည်တည်း။

❖ ❖ ❖

۞ ဤတွင် 'ဂျင်န်'နှင့်'အင်စာန်'ဟူသည် ကြီးမြတ်သူ၊ နိမ့်ပါးသူ၊ လူမျိုးကြီး၊ လူမျိုးငယ် လူတန်းစားနှစ်ရပ်ကို ဆိုလိုခြင်းဖြစ်သည်။ နှစ်မျိုးစလုံးကို ဖန်ဆင်းတော်မူရခြင်း၏ ဦးတည်ရည်မှန်းချက်မှာ အလ္လာဟ်အရှင်မြတ်အား 'အေဘာဒတ်'ဝတ်ပြုကြရန်ဖြစ်သည်။ အကယ်၍ 'ဂျင်န်'ဆိုသည်ကို အများသုံးစွဲနေကျ 'ဂျင်န်'ဟုအဓိပ္ပာယ်ယူပါလျှင် ယင်းတို့လည်း 'အေဘာဒတ်'၏အကျိုးကိုရရှိဖို့ လိုပေသည်။ ဆိုလိုသည်မှာ ၎င်းတို့အားလည်း 'ဂျန္နတ်'ဥယျာဉ်တော်သို့ ဝင်ရောက်နိုင်ရေးအတွက် သတင်းကောင်းပေးဖို့လိုသည်။ သို့ရာတွင် (ထိုကဲ့သို့သော) 'ဂျင်န်'များအား 'ဂျန္နတ်'သို့ဝင်ရောက်နိုင်ရေးအတွက် ဖော်ပြချက်ကိုမည်သည့်နေရာတွင်မျှ မတွေ့ရချေ။

၅၂။ အလ်-တူးရ်

ဤဆူရာဟ်သည် မက္ကာမြို့နေရှေ့ပိုင်းကာလတွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်' အပါအဝင် 'အာယတ်'မုက္ခပါဠိတော် (၅၀)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၏အစပိုင်းကိုလည်း ကောင်းကင်ဆိုင်ရာသက်သေထူချက်များဖြင့် အစပြုထားသည်။ ဦးဆုံးအနေဖြင့် တမန်တော်မူစာ ﷺ အား ၎င်းထက်အလွန်တရာ မြင့်မြတ်သောတမန်တော် (၀ါ) တမန်တော်မြတ် မိုဟမ္မဒ်သခင် ﷺ ၏သတင်းကိုပေးတော်မူခြင်းခံရသော 'တူရ်'တောင်ကို သက်သေထူချက်ပါရှိသည်။ ထို့နောက် သားရေချပ်၏ပွင့်လျက်ရှိသော စာချပ်များတွင် ရေးသားထားသောကျမ်းကို သက်သေထူထားတော်မူသည်။ အကြောင်းမူ ရှေးခေတ်ဟောင်းကာလများက သားရေချပ်များပေါ်တွင် ရေးသားလေ့ရှိခဲ့သောကြောင့်ဖြစ်သည်။ သို့ကြောင့် ထိုကျမ်းကိုသားရေချပ်များ၏ စာချပ်များတွင် ရေးသားထားကြောင်း ပြဆိုထားတော်မူသည်။ ထို့ပြင် ယင်းကျမ်း၌ပင် 'မွတ္တကီ' အပြစ်ရှောင်သူများနှင့် နာမ်တရားတို့ဖြင့်ပြည့်လျက်ရှိမည်ဖြစ်သော 'ဗိုင်တွလ္လာဟ်'အလ္လာဟ်၏အိမ်တော်အကြောင်း ကြိုတင်နိမိတ်ဟောချက်ပါရှိထားပေသည်။ ထို့နောက် မြင့်စွင့်သော 'အမိုး'ဖြစ်သည့် ကောင်းကင်ယံကို တစ်ဖန်ထပ်၍ သက်သေထူတော်မူပြီး လှိုင်းထန်လျက်ရှိသော သမုဒ္ဒရာကိုလည်း သက်သေထူတော်မူ၏။ ၎င်းတို့နှစ်ခု၏အကြားတွင် ရေကို နာခံအလုပ်အကျွေးပြုစေတော်မူပြီး ယင်းသည် ဘဝအသက်ရှင်ရပ်တည်ရေးအတွက် အမှီပြုအားထားရာ ဖြစ်ပေသည်။

ထိုသည့် ကောင်းကင်ဆိုင်ရာသက်သေထူချက်များကို ဖော်ပြပြီးနောက်တွင် အလ္လာဟ်အရှင်မြတ်က ဤသို့သတိပေးနှိုးဆော်တော်မူပေသည်။ အကြင်နေ့တွင် မိုးကောင်းကင်သည် ပြင်းထန်စွာတုန်လှုပ်ပေမည်။ ထို့ပြင် တောင်များကဲ့သို့ လောကီဆိုင်ရာ ကြီးမားခိုင်ခံ့သောစွမ်းအားကြီးများမှာ နုတ်၍လွင့်ပစ်ခြင်းကိုခံကြရမည့်အပြင် တစ်လောကလုံးတွင် ပြန့်ကြဲလျက်ရှိပေလိမ့်မည်။ ထိုနေ့တွင် မဟုတ်မမှန်ဟု စွပ်စွဲခြင်းပယ်သူတို့အတွက် ကမ္ဘာလောကမှာပင် အလွန်ကြီးကျယ်သော ဆုံးရှုံးနစ်နာမှုဆိုက်ရောက်ပေလိမ့်မည်။

ထိုသည့်နောက် အပြစ်ရှိသူတို့ကို 'ဂျဟန္နမ်'အကြောင်း သတိပေးတော်မူပြီး 'မွတ္တကီ' အပြစ်ရှောင်သူတို့အား 'ဂျန္နတ်'၏သတင်းကောင်းကိုပေးသနားတော်မူလေသည်။ သို့ဖြစ်ရာ တမန်တော်မြတ် ﷺ အား အစဉ်မပြတ် ဆုံးမသြဝါဒပေးမြဲပေးသွားရန် အမိန့်ရှိတော်မူလျက် အလ္လာဟ်အရှင်မြတ်က 'အို-တမန်တော်' အသင်၏စကားများသည် ပေဒင်ဟူးရားဆရာတို့၏စကားများကဲ့သို့ လှည့်ဖြားလိမ်ညာမှုမရှိချေ။ ထို့ပြင် အသင်သည်ရူးသွပ်သူမဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် အသင်၏စကားနှင့် အသင့်အပေါ်ချပေးသော (ဗျာဒိတ်)စကားတို့မှာ ဖော်ပြပါအကြောင်းရပ်နှစ်ခုလုံးကို ယတိပြတ်အားဖြင့် ဆန့်ကျင်သောကြောင့် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်၏အမိန့်တော်ကို ပို့ဆောင်ရန် အတွက် အရှင်မြတ်အလို့ငှာ သည်းခံစောင့်စည်းပါလေ။ အသင်သည် ငါတို့၏ မျက်စိများရှေ့မှာပင်ရှိ၏။ (၀ါ) အချိန်တိုင်း၌ ငါတို့၏ စောင့်ရှောက်မှုတွင်ရှိသည်။ ထို့ပြင် အသင်သည်နေ့အချိန်၏ ဝတ်ပြုမှုအတွက် မတ်တတ်ရပ်လျှင်ဖြစ်စေ၊ ညဉ့်အချိန်၏ဝတ်ပြုမှုအတွက် မတ်တတ်ရပ်လျှင်ဖြစ်စေ အလ္လာဟ်အရှင်မြတ်အား ခီးမွမ်းထောမနာပြုခြင်းနှင့်အတူ အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း 'တာစ်ဘီ'ပြု ရွတ်ဆိုလျက်နေပါလေ။ ထို့ပြင် ကြယ်များကွယ်ပျောက်သွားသည့် နောက်ပိုင်းတွင်လည်း မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်အား 'အေဘာဒတ်'ဝတ်ပြုဆည်းကပ်ခြင်း၌ အာရုံပြုလျက်ရှိပါလေ။

♦ ♦ ♦

ဆူရာဟ် အလ်-တူးရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၅၀)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَالطُّوْرِ ①

၂။ 'တူရ်'တောင်ကို သက်သေထူတော်မူ၏။

وَكِتٰبٍ مَّسْطُوْرٍ ②

၃။ ထို့ပြင် ရေးသားထားသော ကျမ်းကိုလည်းကောင်း၊

فِيْ رَقٍّ مَّنْشُوْرٍ ③

၄။ (ယင်းမှာ) သားရေချပ်၏ ပွင့်လျက်ရှိသော စာချပ်များတွင်(ရှိ၏)။

وَّالْبَيْتِ الْمَعْمُوْرِ ④

၅။ ထို့ပြင် စည်ကားသိုက်မြိုက်သော အိမ်တော်ကိုလည်းကောင်း၊

وَالسَّقْفِ الْمَرْفُوْعِ ⑤

၆။ ထို့ပြင် မြင့်စွင့်စွာပြုထားသော အမိုးကိုလည်းကောင်း၊

وَالْبَحْرِ الْمَسْجُوْرِ ⑥

၇။ ထို့ပြင် လှိုင်းထန်လှုပ်ရှားလျက်ရှိသော ပင်လယ်ကိုလည်းကောင်း။

اِنَّ عَذَابَ رَبِّكَ لَوَاقِعٌ ⑦

၈။ မုချကောန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ပြစ်ဒဏ်သည် ဖြစ်ပေါ်လာရမည်သာဖြစ်၏။

مَّا لَهٗ مِنْ دَافِعٍ ⑧

၉။ ယင်းကို လွှဲဖယ်နိုင်သူတစ်စုံတစ်ဦးမျှမရှိချေ။

يَّوْمَ تَمُوْرُ السَّمَآءُ مَوْرًا ⑨

၁၀။ ထိုနေ့တွင် မိုးကောင်းကင်သည် ပြင်းထန်စွာတုန်လှုပ်ပေအံ့။

وَّتَسِيْرُ الْجِبَالُ سَيْرًا ⑩

၁၁။ ထို့ပြင် တောင်များသည် များစွာလှုပ်ရှားရွေ့လျားသွားကြပေအံ့။

فَوَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ⑪

၁၂။ သို့ဖြစ်ရာ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲသူတို့အတွက် ပျက်စီးခြင်းသည်ဖြစ်စေသား။

الَّذِيْنَ هُمْ فِيْ خَوْضٍ يَّلْعَبُوْنَ ⑫ ۛ

၁၃။ အချည်းနှီးအလဟဿကိစ္စများတွင် နစ်မွန်းပျော်ပိုက်လျက်ရှိနေကြသောသူများ။

يَوْمَ يُدَعُّوْنَ اِلٰى نَارِ جَهَنَّمَ دَعًّا ⑬

၁၄။ ထိုနေ့တွင် သူတို့သည် 'ဂျဟန္နမ်၏မီး'ဆီသို့ အားနှင့်တွန်းပို့ခြင်းကိုခံကြရလိမ့်မည်။

هٰذِهِ النَّارُ الَّتِيْ كُنْتُمْ بِهَا تُكَذِّبُوْنَ ⑭

၁၅။ ဤသည်ကား အသင်တို့ မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်လေ့ရှိခဲ့သော ထိုသည့်မီးပင်ဖြစ်ချေ၏။

اَفَسِحْرٌ هٰذَآ اَمْ اَنْتُمْ لَا تُبْصِرُوْنَ ⑮

၁၆။ သို့ဖြစ်ရာ ဤသည် မှော်အတတ်ပေလော။ သို့တည်း မဟုတ် အသင်တို့သည် မြင်နိုင်စွမ်းကိုအသုံးမချခဲ့ကြပေသလော။

اِصْلَوْهَا فَاصْبِرُوْٓا اَوْ لَا تَصْبِرُوْا ۚ

၁၇။ ယင်းသို့ ဝင်ရောက်ကြလေကုန်။ ထိုမှတစ်ဖန် သည်းခံ

سَوَآءٌ عَلَيْكُمْ ۖ اِنَّمَا تُجْزَوْنَ مَا كُنْتُمْ تَعْمَلُوْنَ ۝١٦

သည်ဖြစ်စေ သည်းမခံကြသည်ဖြစ်စေ အသင်တို့အဖို့ (အကြောင်းမထူး) အတူတူပင်။ အသင်တို့သည် အသင်တို့ ကျင့်မူလေ့ရှိခဲ့သမျှကိုသာ အစားပေးခြင်း ခံကြရပေအံ့။

اِنَّ الْمُتَّقِيْنَ فِيْ جَنّٰتٍ وَّ نَعِيْمٍ ۝١٧

၁၈။ ဧကန်မလွဲ 'မွတ္တကီ'ဖြူစင်ဖြောင့်မတ်သူတို့သည် 'ဂျန္နတ်' ဥယျာဉ်တော်နှင့် 'နေ့အ်မတ်'ကောင်းချီးဆုလာဘ်များ၌ ရှိကြပေအံ့။

فٰكِهِيْنَ بِمَآ اٰتٰىهُمْ رَبُّهُمْ ۚ وَ وَقٰىهُمْ رَبُّهُمْ عَذَابَ الْجَحِيْمِ ۝١٨

၁၉။ ထိုသူတို့သည်၊ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က သူတို့ကိုပေးသနားတော်မူသည်များအပေါ် ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြပေအံ့။ ထိုမှတစ်ပါး သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က သူတို့ကို 'ဂျဟန္နမ်'၏ပြစ်ဒဏ်မှ ကာကွယ်ကယ်တင်တော်မူပေမည်။

كُلُوْا وَاشْرَبُوْا هَنِيْٓـًٔا بِمَا كُنْتُمْ تَعْمَلُوْنَ ۝١٩

၂၀။ အသင်တို့ ကျင့်မူလေ့ရှိခဲ့ကြသော၊ ထိုသည့် ကျင့်ကြံအားထုတ်မှုများ၏ အကျိုးရလဒ်အားဖြင့် အရသာခံလျက်စားကြ၊ သောက်ကြကုန်။

مُتَّكِـِٕيْنَ عَلٰى سُرُرٍ مَّصْفُوْفَةٍ ۚ وَ زَوَّجْنٰهُمْ بِحُوْرٍ عِيْنٍ ۝٢٠

၂၁။ သူတို့သည် အစီအရီခင်းကျင်း၍ထားသော ပလ္လင်များပေါ်တွင်မှီလျက် ထိုင်နေကြပေလိမ့်မည်။ ထို့ပြင် ငါတို့သည် သူတို့အား မျက်ဝန်းကျယ်သော အပျိုစင်တို့၏အဖော်မွန်အဖြစ် ပြုပေးတော်မူမည်။

وَالَّذِيْنَ اٰمَنُوْا وَاتَّبَعَتْهُمْ ذُرِّيَّتُهُمْ بِاِيْمَانٍ اَلْحَقْنَا بِهِمْ ذُرِّيَّتَهُمْ وَمَآ اَلَتْنٰهُمْ مِّنْ عَمَلِهِمْ مِّنْ شَيْءٍ ۭ كُلُّ امْرِئٍۢ بِمَا كَسَبَ رَهِيْنٌ ۝٢١

၂၂။ ထို့ပြင် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြ၏။ ထို့ပြင် သူတို့၏သားမြေးများသည် 'အီမာန်' သက်ဝင်ယုံကြည်ခြင်း၏ထောက်မမှုဖြင့် သူတို့၏နောက်သို့ လိုက်ကြလေသည်။ သူတို့နှင့်အတူ ငါတို့သည် သူတို့၏သားမြေးတို့ကိုပါ ပေါင်းစည်းစေတော်မူမည်ဖြစ်၏။ သူတို့၏ကျင့်ကြံအားထုတ်မှုများမှ သူတို့အား တစ်စုံတစ်ရာကိုမျှ လျော့နည်း၍ပေးတော်မူမည်မဟုတ်ချေ။ လူတိုင်းပင် မိမိတို့ ရွာဖွေဆည်းပူးခဲ့သမျှ၏တာဝန်ခံဖြစ်ကြ၏။

وَاَمْدَدْنٰهُمْ بِفَاكِهَةٍ وَّ لَحْمٍ مِّمَّا يَشْتَهُوْنَ ۝٢٢

၂၃။ ထို့ပြင် ငါတို့သည် သူတို့အား ကူညီမှီငြိမ်းမတော်မူမည်။ ထို့ပြင် သူတို့အား သူတို့ဆန္ဒရှိသည်များမှ တစ်မျိုးသော အသီးနှင့် တစ်မျိုးသောအသားကို ပေးသနားတော်မူမည်။

يَتَنَازَعُوْنَ فِيْهَا كَاْسًا لَّا لَغْوٌ فِيْهَا وَلَا تَاْثِيْمٌ ۝٢٣

၂၄။ သူတို့သည် ယင်း(ဂျန္နတ်)၌ (ဂုဏ်ယူဝင့်ကြွားလျက်) ခွက်၊ ဖလားများကို အလုအယက် ယူငင်ကြလိမ့်မည်။ ယင်း၌ အချည်းနှီးသောစကား ပြောဆိုခြင်းရှိမည်မဟုတ်၊ အပြစ်ရှိသော အကြောင်းတို့သည်လည်း ရှိမည်မဟုတ်ချေ။

وَيَطُوْفُ عَلَيْهِمْ غِلْمَانٌ لَّهُمْ كَاَنَّهُمْ لُؤْلُؤٌ مَّكْنُوْنٌ ۝٢٤

၂၅။ ဤတွင်မက ဖုံးအုပ်၍ထားရှိသော ပုလဲများသဖွယ် (တောက်ပလျက်)ရှိသည့် သူတို့၏ လုလင်ပျိုတို့သည် သူတို့၏အပါးတွင် လှည့်ပတ်သွားလာလျက်ရှိနေကြလိမ့်မည်။ ①

① ဤအာယတ်တော်တွင်လည်း 'ဂျန္နတ်'၏ကောင်းကျိုးချမ်းသာများကို ဥပမာဆောင်သောအသွင်ဖြင့်ဖော်ပြထားပေသည်။

وَاَقْبَلَ بَعْضُهُمْ عَلٰى بَعْضٍ يَّتَسَآءَلُوْنَ ﴿۲۷﴾

၂၆။ ထို့ပြင် သူတို့အနက် တစ်ဦးသည်တစ်ဦး၏ဘက်သို့ အခြေအနေကိုမေးမြန်းလျက် အာရုံပြုကြပေလိမ့်မည်။

قَالُوْٓا اِنَّا كُنَّا قَبْلُ فِيْٓ اَهْلِنَا مُشْفِقِيْنَ ﴿۲۸﴾

၂၇။ သူတို့ပြောဆိုကြမည်မှာ ဧကန်ပင် ကျွန်ုပ်တို့သည် ဤသည်ထက်အလျင်က မိမိအိမ်သားတို့တွင် အလွန်ကြောက်ရွံ့စိုးရိမ်စွာဖြင့်နေထိုင်ခဲ့ကြလေသည်။

فَمَنَّ اللّٰهُ عَلَيْنَا وَوَقٰىنَا عَذَابَ السَّمُوْمِ ﴿۲۹﴾

၂၈။ သို့ဖြစ်ရာ အလ္လာဟ်သည် ကျွန်ုပ်တို့အား ကျေးဇူးပြုတော်မူခဲ့၏။ ထို့ပြင် ကျွန်ုပ်တို့အား လောင်ကျွမ်းသွားစေမည့် အပြစ်ဒဏ်မှကယ်တင်တော်မူခဲ့၏။

اِنَّا كُنَّا مِنْ قَبْلُ نَدْعُوْهُ ۭ اِنَّهٗ هُوَ الْبَرُّ الرَّحِيْمُ ﴿۲۸﴾ ع

၂၉။ ဧကန်အမှန် ကျွန်ုပ်တို့သည် ရှေးယခင်ကလည်း ထို အရှင်မြတ်ကိုသာ ဟစ်ခေါ်တမ်းတလေ့ရှိခဲ့၏။ မလွဲဧကန် ထို အရှင်မြတ်သည်ပင်လျှင် အလွန်တရာ ကောင်းမြတ်စွာ ဆက်ဆံတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ရှကူ–၂

فَذَكِّرْ فَمَآ اَنْتَ بِنِعْمَتِ رَبِّكَ بِكَاهِنٍ وَّلَا مَجْنُوْنٍ ﴿۲۹﴾

၃၀။ အချုပ်ဆိုသော် အသင်သည် သတိပေးဆုံးမမြဲ ဆုံးမလျက်သာနေပါလေ။ သို့ဖြစ်ရာ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကောင်းကျိုးချမ်းသာပေးမှု အားလျော်စွာ အသင်သည် ဗေဒင်ဟူးရား ဆရာလည်းမဟုတ်၊ ရူးသွပ်သူလည်း မဟုတ်ချေ။

اَمْ يَقُوْلُوْنَ شَاعِرٌ نَّتَرَبَّصُ بِهٖ رَيْبَ الْمَنُوْنِ ﴿۳۰﴾

၃၁။ အသို့နည်း၊ ထိုသူတို့က ဤသူသည် ကဗျာလက်ာဆရာတစ်ဦးဖြစ်၏။ ကျွန်ုပ်တို့သည် ထိုသူနှင့်စပ်လျဉ်း၍ ဘေးဆိုးဆိုက်ရောက်မည့်ကာလကို စောင့်မျှော်နေကြ၏ဟု ပြောဆိုကြပေသလော။

قُلْ تَرَبَّصُوْا فَاِنِّيْ مَعَكُمْ مِّنَ الْمُتَرَبِّصِيْنَ ﴿۳۱﴾

၃၂။ အသင်ပြောကြားပါလေ။ စောင့်မျှော်၍နေကြလေကုန်။ မုချ ကျွန်ုပ်သည်လည်း အသင်တို့နှင့်အတူ စောင့်မျှော်နေသူတို့အနက်မှဖြစ်၏။

اَمْ تَاْمُرُهُمْ اَحْلَامُهُمْ بِهٰذَآ اَمْ هُمْ قَوْمٌ طَاغُوْنَ ﴿۳۲﴾

၃၃။ အသို့နည်း၊ ယင်းတို့၏ ပျံ့လွင့်နေသော အတွေးများကယင်းတို့အား ဤသည်ကို အမိန့်ပေးလေသလော။ သို့မဟုတ် ယင်းတို့သည်ပင် ပုန်ကန်ဆိုးသွမ်းသူများ ဖြစ်ကြလေသလော။

اَمْ يَقُوْلُوْنَ تَقَوَّلَهٗ ۚ بَلْ لَّا يُؤْمِنُوْنَ ﴿۳۳﴾

၃၄။ အသို့နည်း၊ ယင်းတို့က သူသည် ဤအရာကို လိမ်ဆယ်ဖန်တီးခဲ့သည်ဟု ပြောဆိုကြသလော။ စင်စစ်သော်ကား၊ ယင်းတို့သည် (မည်သည့်နည်းနှင့်မျှ) သက်ဝင်ယုံကြည်လာကြမည့်သူများ မဟုတ်ချေ။

➤ ထို'ဂျန္နတ်'ဥယျာဉ်တော်သားတို့အား အလုပ်အကျွေးပြုပေးရန်အတွက် 'ဖုံးအုပ်၍ထားသောပုလဲများသဖွယ်'ရှိသည့် လုလင်ပျိုများကို ခန့်ထားပေးတော်မူမည်ဖြစ်သည်။ ဤစကားရပ်အားလုံးတို့မှာ ဥပမာပုံဆောင်ချက်များဖြစ်ကြောင်း ဤသည့်စကားလုံးများကပင် သက်သေပြလျက်ရှိသည်။

فَلْيَأْتُوْا بِحَدِيْثٍ مِّثْلِهٖٓ اِنْ كَانُوْا صٰدِقِيْنَ ۝

၃၄။ သို့ဖြစ်လျှင် အကယ်၍ ယင်းတို့သည် မှန်ကန်ကြပါလျှင်၊ ဤကဲ့သို့သော မုကွပါဠိစကားကိုယူဆောင်၍ ပြကြပါလေ။

اَمْ خُلِقُوْا مِنْ غَيْرِ شَيْءٍ اَمْ هُمُ الْخٰلِقُوْنَ ۝

၃၅။ အသို့နည်း၊ ယင်းတို့သည် မည်သည့် တစ်စုံတစ်ရာမျှ မရှိဘဲ(အလိုအလျောက်) ဖန်ဆင်းခြင်းခံခဲ့ကြရပေသလော။ သို့တည်းမဟုတ် ယင်းတို့သည်ပင်လျှင် ဖန်ဆင်းသူများဖြစ်ကြပေသလော။

اَمْ خَلَقُوا السَّمٰوٰتِ وَالْاَرْضَ ۚ بَلْ لَّا يُوْقِنُوْنَ ۝

၃၆။ အသို့နည်း၊ ယင်းတို့သည်ပင်လျှင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကြီးကို ဖန်ဆင်းလေသလော။ စင်စစ်သော်ကား၊ ယင်းတို့သည် (မည်သည့်နည်းနှင့်မျှ) သက်ဝင်ယုံကြည်လာကြမည့်သူများမဟုတ်ခေ။

اَمْ عِنْدَهُمْ خَزَآئِنُ رَبِّكَ اَمْ هُمُ الْمُصَيْطِرُوْنَ ۝

၃၇။ အသို့နည်း၊ သူတို့ထံတွင် အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ဘဏ္ဍာတော်များရှိပေသလော။ သို့တည်းမဟုတ် သူတို့သည် (ယင်းကို) ကွပ်ကဲအုပ်ချုပ်သူများဖြစ်ကြပေသလော။

اَمْ لَهُمْ سُلَّمٌ يَّسْتَمِعُوْنَ فِيْهِ ۚ فَلْيَاْتِ مُسْتَمِعُهُمْ بِسُلْطٰنٍ مُّبِيْنٍ ۝

၃၈။ အသို့နည်း၊ သူတို့၌ လှေကားတစ်စုံတစ်ရာရှိနေ၍ သူတို့သည် ထိုလှေကားဖြင့်(တက်၍) စကားများကိုနားထောင်ကြသလော၊ သို့ဖြစ်လျှင် သူတို့အနက်မှ နားထောင်သူသည် ထင်ရှားရှင်းလင်းသော သက်သေသာဓက တစ်စုံတစ်ရာကိုယူဆောင်လာသင့်ပေသည်။

اَمْ لَهُ الْبَنٰتُ وَلَكُمُ الْبَنُوْنَ ۝

၃၉။ အသို့နည်း၊ ထိုအရှင်မြတ်အတွက် သမီးမိန်းကလေးများသာဖြစ်ပြီး အသင်တို့အတွက်မူ သားယောကျ်ားကလေးများ ဖြစ်ကြသလော။

اَمْ تَسْـَٔلُهُمْ اَجْرًا فَهُمْ مِّنْ مَّغْرَمٍ مُّثْقَلُوْنَ ۝

၄၀။ အသင်သည်၊ သူတို့ထံမှ အဖိုးအခတစ်စုံတစ်ရာကို တောင်းဆိုသလော၊ ယင်း(တောင်းဆိုမှု)ကြောင့် သူတို့၌ ဒဏ်ပိုနေကြသလော။

اَمْ عِنْدَهُمُ الْغَيْبُ فَهُمْ يَكْتُبُوْنَ ۝

၄၁။ သို့တည်းမဟုတ် သူတို့ထံတွင် 'ဂိုက်ဘ်'အကွယ်(၏အသိ)ရှိ၍ ထိုအရာများကို ရေးမှတ်ထားကြပေသလော။

اَمْ يُرِيْدُوْنَ كَيْدًا ۭ فَالَّذِيْنَ كَفَرُوْا هُمُ الْمَكِيْدُوْنَ ۝

၄၂။ အသို့နည်း၊ သူတို့သည် တစ်စုံတစ်ရာကြံစည်မှုကို ပြုလုပ်လိုကြသလော၊ သို့ဖြစ်လျှင် မယုံကြည်ငြင်းပယ်သူတို့သည်ပင် ကြံစည်ခြင်းကိုခံကြရလိမ့်မည်။

اَمْ لَهُمْ اِلٰهٌ غَيْرُ اللّٰهِ ۭ سُبْحٰنَ اللّٰهِ عَمَّا يُشْرِكُوْنَ ۝

၄၃။ အသို့နည်း၊ သူတို့အတွက် အလ္လာဟ်မှတစ်ပါး အခြားကိုးကွယ်ရာ တစ်စုံတစ်ရာရှိသလော၊ အလ္လာဟ်သည် သူတို့၏'ရှရိုက်'ယှဉ်တွဲကိုးကွယ်သောအရာမှ ကင်းရှင်းသန့်စင်တော်မူ၏။

وَاِنْ يَّرَوْا كِسْفًا مِّنَ السَّمَآءِ سَاقِطًا يَّقُوْلُوْا سَحَابٌ مَّرْكُوْمٌ ﴿۴۴﴾

၄၄။ ထို့ပြင် အကယ်၍ သူတို့သည် မိုးကောင်းကင်မှ အစိတ်အပိုင်းတစ်စုံတစ်ရာ ကျရောက်လျက်ရှိသည်ကို မြင်တွေ့ရပါလျှင် (ဤသည်) အထပ်ထပ်ဖြစ်သော မိုးတိမ်တစ်ခုသာလျှင် ဖြစ်သည်ဟု ဆိုကြပေလိမ့်မည်။

فَذَرْهُمْ حَتّٰى يُلٰقُوْا يَوْمَهُمُ الَّذِىْ فِيْهِ يُصْعَقُوْنَ ﴿۴۵﴾

၄၅။ သို့ဖြစ်ရာ အသင်သည် သူတို့အား စွန့်ထားပါလေ။ နောက်ဆုံးတွင် သူတို့အပေါ် မိုးကြိုးပစ်ခြင်းခံရမည်ဖြစ်သော ထိုနေ့ကို သူတို့သည် မြင်တွေ့ကြရပေအံ့။

يَوْمَ لَا يُغْنِىْ عَنْهُمْ كَيْدُهُمْ شَيْـًٔا وَّلَا هُمْ يُنْصَرُوْنَ ﴿۴۶﴾

၄၆။ ထိုနေ့တွင် သူတို့၏ မည်သည့်ကြံစည်အားထုတ်မှုမျှ သူတို့အတွက် မည်သို့မျှ အသုံးဝင်လိမ့်မည်မဟုတ်ချေ။ ထို့ပြင် သူတို့သည် ကူညီစောင်မခြင်းကိုလည်း ခံကြရမည်မဟုတ်ချေ။

وَاِنَّ لِلَّذِيْنَ ظَلَمُوْا عَذَابًا دُوْنَ ذٰلِكَ وَلٰكِنَّ اَكْثَرَهُمْ لَا يَعْلَمُوْنَ ﴿۴۷﴾

၄၈။ ထို့ပြင် ဧကန်မုချ မတရားကျူးလွန်သောသူတို့အဖို့ရာ ယင်းအပြင် နောက်ထပ်ပြစ်ဒဏ်ရှိပေလိမ့်ဦးမည်။ သို့ရာတွင် ၎င်းတို့အနက် အများစုမှာမသိကြချေ။

وَاصْبِرْ لِحُكْمِ رَبِّكَ فَاِنَّكَ بِاَعْيُنِنَا وَسَبِّحْ بِحَمْدِ رَبِّكَ حِيْنَ تَقُوْمُ ﴿۴۸﴾

၄၉။ သို့ဖြစ်ပေရာ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော်ကို သည်းခံစောင့်ဆိုင်းပါလေ။ သို့ဖြစ်ရာ ဧကန်ပင် အသင်သည် ငါတို့၏ မျက်စိရှေ့တွင် (ရှိနေ၏)၊ ထိုမှတစ်ပါး အသင်သည် နိုးထသောအခါတွင် မိမိဖန်ဆင်းရှင်အား ချီးမွမ်းထောမနာပြုခြင်းနှင့်အတူ 'တာစ်ဘီ' သန့်ရှင်းစင်ကြယ်တော်မူကြောင်း မြွက်ဆိုပါလေ။

وَمِنَ الَّيْلِ فَسَبِّحْهُ وَاِدْبَارَ النُّجُوْمِ ﴿۴۹﴾

၅၀။ ဤတွင်မက ည၌တွင်လည်းကောင်း၊ ကြယ်မျှားကွယ်ပျောက်သွားသည့် နောက်ပိုင်းတွင်လည်းကောင်း ထိုအရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း 'တာစ်ဘီ'ပြု ရင့်ကျူးပါလေ။

❖ ❖ ❖

၅၃။ အလ်-နဂျ်မ်

ဤဆူရာဟ်မှာ အဘီဆီးနီးယား(ယခုအီသီယိုပီးယား)သို့ ဟစ်ဂျရတ်ရွှေ့ပြောင်းခြင်းပြီးလျှင်ပြီး ချင်း နဗဒီ(၅)ခုနှစ်တွင် ကျရောက်ခဲ့ပေသည်။ 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ်တော် (၆၃)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၏အမည်မှာ 'အလ်-နဂျ်မ်'ဖြစ်သည်။ ထို့ပြင် ရှေ့ကဆူရာဟ်၏ နောက်ဆုံးပိုင်းတွင်လည်း **اِذْبَـارَ الـنُّجُوم** အကြောင်းကိုဖော်ပြထားပေသည်။ ထိုသည့်နောက်တွင် အကြောင်းအရာကို 'မူရှရိက်'များဘက်သို့လှည့်လိုက်ပြီး ၎င်းတို့ပူဇော်ပသသော ထိုသည့်ကြယ်တာရာမှာ ကြွေကျသွားလိမ့်မည်ဖြစ်ကြောင်း ကြိုတင်ဗျာဒိတ်ပေးထားခြင်းဖြစ်သည်။ ထိုမှတစ်ပါး မိန့်တော်မူသည်မှာ ဤသည် တမန်တော်မြတ်ﷺက မိမိဘက်မှ ဖန်တီးပြောဆိုသောစကား မဟုတ်ချေ။ အကြောင်းမူ ကိုယ်တော်မြတ်ﷺသည် မည်သည့်အခါကမျှ မိမိ၏စိတ်အလိုဆန္ဒဖြင့် စကားဆိုလေ့မရှိခဲ့သောကြောင့်ပင်။

ရှေ့ပိုင်းက ဆူရာဟ် 'အလ်-ဇာရီယာတ်'၏နိဂုံးပိုင်းတွင် အလ္လာဟ်အရှင်မြတ်အား **اَلْـقُوَّةِ الْمَتِيْنُ** ဟူ၍လည်းကောင်း၊ **الرَّزَّاق**ဟူ၍လည်းကောင်း ဖော်ပြတော်မူခဲ့ပေရာ ထိုသည့်အလ္လာဟ်၏အကြောင်းကို ဖော်ပြတော်မူလျက် ယခုဆူရာဟ်တွင် **شَـدِيْدُ الْقُوٰى** နှင့် **ذُوْ مِرَّة** ဟူ၍ဖော်ပြထားပေသည်။ ဆိုလိုသည်မှာ အလွန်စွမ်းအားကြီးမားသော ဂုဏ်တော်များရှင်နှင့် တုန့်ပြန်မဲ့ဉာဏ်တော်ရှင်ဟူ၍ဖြစ်၏။

ထို့နောက် 'မေ့အ်ရာဂျ်'ဖြစ်ရပ်အကြောင်းကို ဖော်ပြချက်စတင်ပေသည်။ သို့ဖြစ်ရာ တမန်တော်မြတ်ﷺသည် မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံနီးကပ်သွားပြီး အလ္လာဟ်သည်ကိုယ်တော်မြတ်ﷺဘက်သို့ ကရုဏာတော်နှင့်တကွ ကိုင်းညွတ်တော်မူခဲ့ပေရာ ပမာအားဖြင့် လေးကိုင်းနှစ်ကိုင်း၏ လေးညှို့တစ်ခုတည်းပမာ ဖြစ်သွားခဲ့ပေသည်။ ဤသည်မှာ လွန်စွာမှခက်ခဲနက်နဲသော အာယတ်တော်များမှဖြစ်ပြီး ယင်းကို ပုံစံအမျိုးမျိုးဖြင့် အကျယ်ဖွင့်ဆိုရှင်းပြရန် ကြိုးစားခဲ့ကြလေသည်။ စင်စစ်မှာကား ဤဖြစ်ရပ်တွင် မည်သို့သော ရုပ်ပိုင်းဆိုင်ရာ မိုးကောင်းကင်အကြောင်းကိုမှ ဖော်ပြခြင်းမဟုတ်ဘဲ ဤသည် 'မိုဟမ္မဒ်မူစ်တဖာ'ﷺ၏ အဇ္ဈတ္တသဏ္ဌာန်တွင် သက်ရောက်ခဲ့သော ထူးခြားသည့်ဖြစ်ရပ်ဆန်းတစ်ခုအကြောင်း ဖော်ပြချက်ပင်ဖြစ်သည်။ အခြား'နဗီ'တမန်တော်တစ်ပါးကိုမျှ ပမာပြုဖော်ပြစရာမရှိသော 'ကရှ်ဖ်'ရူပါရုံဗျာဒိတ်တစ်ခုဖြစ်ပေသည်။ ကိုယ်တော်မြတ်ﷺ၏ နှလုံးသားသည် အလ္လာဟ်အား ချစ်ခြင်းအဟုန်ဖြင့် မိုးကုပ်စက်ဝိုင်းဆီသို့ မြင့်တက်သွားပြီး အလ္လာဟ်က မိမိအစေတော်အား ချစ်ခြင်းအားဖြင့် သူ၏နှလုံးအိမ်သို့ ဆင်းသက်လာခဲ့ပေသည်။ ပြီးနောက် **قَـابَ قَـوْسَيْـن** ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ် မိုဟမ္မဒ်ﷺတို့၏ လေးကိုင်းနှစ်ကိုင်းအကြားတွင် လေးညှို့တစ်ခုတည်းသာရှိပြီး တမန်တော်မြတ်သည် ထိုသည့် လေးညှို့ဖြစ်ခဲ့ရပေသည်။ တစ်နည်းဆိုသော် တမန်တော်မြတ်ﷺ၏လေးတော်မှ ပစ်လွှတ်လိုက်သောမြားသည် အလ္လာဟ်အရှင်မြတ်၏လေးတော်မှ ပစ်လွှတ်လိုက်ခြင်းပင်ဖြစ်ပေသည်။ ဤဖွင့်ဆိုချက်သည် ကျမ်းမြတ်ကုရ်အာန်မှ အာယတ်မုက္ခပါဠ်တော် (စး၁၈) **وَمَـا رَمَيْـتَ اِذْ رَمَيْـتَ وَ لٰكِنَّ اللّٰهَ رَمٰى** နှင့် လုံးဝကိုက်ညီပေသည်။ ထို့ကြောင့် ဤဖွင့်ဆိုချက်ကို လိုရာဆွဲဖွင့်ဆိုသော 'တာဖ်ဆီရ်'ဟု ပြော၍မရနိုင်ချေ။

ထို့နောက် 'မေ့အ်ရာဂျ်'မှာ ရုပ်ပိုင်းဆိုင်ရာဖြစ်သည်ဆိုခြင်းကို လုံးလုံးလျားလျား ပယ်ချလိုက်ပေ

သည်။ **مَا كَذَبَ الْفُؤَادُ مَا رَأَى** ရုပ်ပိုင်းဆိုင်ရာ မျက်လုံးများက အလွှာဟ်အား ဖူးမြော်ခဲ့သည်မဟုတ်မူ၍ တမန်တော်မြတ် မိုဟမ္မဒ်သခင်ﷺ၏ နှလုံးသားစက္ခုများက အလွှာဟ်အား ဖူးမြော်ခဲ့ရခြင်းဖြစ်ပြီး ထိုနှလုံးသားက ယင်းအားဖော်ပြရာတွင် မုသားတစ်စုံတစ်ရာ ပြောဆိုခြင်းမရှိချေ။

ထိုသည့်နောက်တွင် **سِدْرَة** အကြောင်းလာရှိပေသည်။ ယင်းမှာ အလွှာဟ်အရှင်မြတ်နှင့် အစေတော်လူသားတို့၏အကြားရှိ နယ်ခြားစည်းအဖြစ် ပိုင်းခြားပေးသော ကန့်သတ်မျဉ်းတစ်ခုပမာ ဖြစ်သည်။ အမှန်တကယ်လည်း ရှေးယခင်က အာရေဗျလူမျိုးတို့တွင် အစဉ်အလာရှိခဲ့ပြီး ယခုလည်း ထိုထုံးတမ်းစဉ်လာကို မြင်တွေ့နိုင်ပေသည်။ မြေရှင်တစ်ဦး၏မြေပိုင်နက်အဆုံးသို့ရောက်သည့်အခါ အခြားသောမြေရှင်နှင့် သူ၏ပိုင်နက်ကြားတွင် နယ်နိမိတ်သတ်မှတ်သည့်သဘောဖြင့် ဆူးခက်များပါသည့် ဆီးပင်များကိုစိုက်ထားတတ်ကြပေသည်။ ထို့ကြောင့် တမန်တော်မြတ်ﷺ ဖြတ်သန်းမသွားနိုင်စေရန် မိုးကောင်းကင်တွင် မည်သို့သောဆီးပင်မျှ စိုက်ထားခဲ့သည် အလျှင်းမဟုတ်ချေ။ ဤသည်မှာ အလယ်ခေတ်မှ အချို့သောဋီကာဆရာများက ဖွင့်ဆိုခဲ့သော ပြက်ရယ်ပြုခံရဖွယ် ဖွင့်ဆိုချက်သာဖြစ်ပေသည်။ စင်စစ် ဆိုလိုရင်းမှာကား ဤမျှသာဖြစ်သည်။ တမန်တော်မြတ်ﷺသည် အလွှာဟ်အရှင်မြတ်နှင့် နီးစပ်မှုဌ် အလွန်မြင့်မားသော အဆုံးစွန်အဆင့်သို့တိုင်ရောက်ရှိခဲ့ပြီး ထိုအဆင့်၏ဟိုမှာဘက်သို့ကား မည်သည့် လူသားမျှ ဖြတ်သန်းဝင်ရောက်ရန်မဖြစ်နိုင်တော့ချေ။ အဘယ့်ကြောင့်ဆိုသော် ယင်း၏နောက်တွင် အလွှာဟ်အရှင်မြတ်၏ သန့်ရှင်းစင်ကြယ်၍ ချို့တဲ့ခြင်းကင်းသော ဂုဏ်တော်များဆိုင်ရာ အကြောင်းအရာကို တစ်ဖန်ပြန်၍ ဖော်ပြထားသောကြောင့်ဖြစ်သည်။

ထို့နောက် မယုံကြည်ငြင်းပယ်သူတို့၏ အတုအယောင် ဘုရားများအကြောင်းကို ဖော်ပြရင်း မိန့်ကြားတော်မူသည်မှာ ယင်းတို့တည်ရှိကြောင်း တစ်စုံတစ်ရာသော အထောက်အထားသည် သူတို့ထံတွင် မရှိချေ။ ရော်ရမ်းမှန်းဆလျက် စိတ်ထင်ရာများဖြင့်သာ လုပ်ဆောင်နေကြခြင်းဖြစ်သည်။ သို့ကြောင့် ဤသည် သူတို့ထံတွင်ရှိသော အသိပညာအကုန်ပင်ဖြစ်သည်။

ဤတွင် **شِعْرٰى** ဟူသည် **النَّجم** ပင်ဖြစ်သည်။ ယင်းကို 'မူရှရိက်'များက ဘုရားအဖြစ် ပြုခဲ့ကြပေသည်။ (၅၃း၅၀)

ထို့နောက် လွန်လေခဲ့ကြပြီးသော 'မူရှရိက်'အမျိုးသားတို့သည် 'ရှရိက်'ပြုခြင်း၏ ရလဒ်အားဖြင့် ဆိုးရွားသော နိဂုံးသို့ရောက်ခဲ့ကြရကြောင်းကို သင်ခန်းစာယူကြစေခြင်းငှာ အကျဉ်းချုံးဖော်ပြချက် လာရှိပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-နဂ်ျမ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၆၃)ပိုဒ် ရှုကူ (၃)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

وَالنَّجْمِ اِذَا هَوٰى ①

၂။ ကြယ်နက္ခတ်ကိုသက်သေထူတော်မူ၏၊ ယင်းသည် ကြွေကျသွားသောအခါ။

مَا ضَلَّ صَاحِبُكُمْ وَمَا غَوٰى ②

၃။ အသင်တို့၏အဖော်သည် လမ်းလွဲခဲ့သည်လည်းမဟုတ်၊ အထမမြောက် မအောင်မြင်သည်လည်းမဟုတ်ချေ။

وَمَا يَنْطِقُ عَنِ الْهَوٰى ③

၄။ ထို့ပြင် သူသည် စိတ်အလိုဆန္ဒဖြင့် စကားပြောဆိုခြင်းမပြုချေ။

اِنْ هُوَ اِلَّا وَحْيٌ يُّوْحٰى ④

၅။ ဤသည် ပို့ချခြင်းခံနေရသော 'ဝဟီ'ဗျာဒိတ်တော်သာလျှင်ဖြစ်၏။

عَلَّمَهٗ شَدِيْدُ الْقُوٰى ⑤

၆။ သူ့အား ကြံ့ခိုင်သောစွမ်းအားများရှင်က သင်ကြားပို့ချပေးတော်မူ၏။

ذُوْ مِرَّةٍ ؕ فَاسْتَوٰى ⑥

၇။ ကြီးကျယ်သော ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံသူဖြစ်၏။ သို့ဖြင့် သူသည် တည်တံ့စိုးမိုးလေ၏။

وَهُوَ بِالْاُفُقِ الْاَعْلٰى ⑦

၈။ ထိုအခါဝယ် သူသည် အမြင့်မားဆုံးသော မိုးကုပ်စက်ဝိုင်းပေါ်တွင်ရှိခဲ့၏။

ثُمَّ دَنَا فَتَدَلّٰى ⑧

၉။ ထို့နောက် သူသည် အနီးသို့ချဉ်းကပ်၏။ ထို့နောက် သူသည် အောက်သို့ဆင်းသက်၍လာ၏။

فَكَانَ قَابَ قَوْسَيْنِ اَوْ اَدْنٰى ⑨

၁၀။ သို့ဖြစ်ရာ သူသည် လေးကိုင်းနှစ်ကိုင်း၏လေးကြိုးကဲ့သို့ဖြစ်သွားခဲ့၏။ သို့မဟုတ် ယင်းထက်ပင်ပို၍နီးကပ်လှသည်။

فَاَوْحٰۤى اِلٰى عَبْدِهٖ مَاۤ اَوْحٰى ⑩

၁၁။ သို့ဖြစ်ရာ ထိုအရှင်သည် မိမိအစေတော်ထံသို့ 'ဝဟီ'ပို့ချမည့်အရာကို ဗျာဒိတ်ပေးတော်မူ၏။

مَا كَذَبَ الْفُؤَادُ مَا رَاٰى ⑪

၁၂။ ထို့ပြင် သူမြင်တွေ့ခဲ့သည်ကို နှလုံးသားက လိမ်လည်ဖော်ပြခြင်းမပြုခဲ့ချေ။

اَفَتُمٰرُوْنَهٗ عَلٰى مَا يَرٰى ⑫

၁၃။ သို့ဖြစ်ရာ အသင်တို့သည် သူမြင်တွေ့ခဲ့သည်နှင့်စပ်လျဉ်း၍ သူနှင့်အငြင်းအခုံပြုကြပေသလော။

وَلَقَدْ رَاٰهُ نَزْلَةً اُخْرٰى ⑬

၁၄။ ထို့ပြင် သူသည် ယင်းကို အခြား အခြေအနေတစ်ရပ်တွင်လည်း တွေ့မြင်ခဲ့ပြီးဖြစ်၏။

عِنْدَ سِدْرَةِ الْمُنْتَهٰى ⑭

၁၅။ အဆုံးစွန်သောနယ်နိမိတ်တွင်ရှိသည့်ဆီးပင်၏အနီးတွင်၊

عِنْدَهَا جَنَّةُ الْمَاْوٰى ﴿١٥﴾

၁၆။ ယင်း၏အနီး၌ပင် ခိုလှုံမှုကိုပေးသော 'ဂျန္နတ်' ဥယျာဉ်တော်သည်ရှိ၏။

اِذْ يَغْشَى السِّدْرَةَ مَا يَغْشٰى ﴿١٦﴾

၁၇။ အကြင်အခါဝယ် ဆီးပင်ကို ဖုံးအုပ်သည့်အရာက ဖုံးအုပ်လိုက်လေ၏။

مَا زَاغَ الْبَصَرُ وَمَا طَغٰى ﴿١٧﴾

၁၈။ အမြင်အာရုံသည် တိမ်းစောင်းခြင်းမရှိ၊ ထို့ပြင် အတိုင်းအတာထက်လည်း ကျော်လွန်ခဲ့ခြင်းမရှိချေ။

لَقَدْ رَاٰى مِنْ اٰيٰتِ رَبِّهِ الْكُبْرٰى ﴿١٨﴾

၁၉။ ဧကန်ပင် သူသည် မိမိအားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ နိမိတ်လက္ခဏာတော်များမှ အကြီးကျယ်ဆုံးသော နိမိတ်လက္ခဏာတော်ကို မြင်တွေ့ခဲ့လေသည်။

اَفَرَءَيْتُمُ اللّٰتَ وَالْعُزّٰى ﴿١٩﴾

၂၀။ သို့ဖြစ်ရာ အသင်တို့သည် 'လားတ်'နှင့် 'အွတ်ဇ'ကို မြင်တွေ့ကြသလော။

وَمَنٰوةَ الثَّالِثَةَ الْاُخْرٰى ﴿٢٠﴾

၂၁။ ထို့ပြင် (ယင်းတို့မှ) တတိယမြောက်ဖြစ်သော 'မနားတ်'ကိုလည်း (မြင်တွေ့ကြသလော)။

اَلَكُمُ الذَّكَرُ وَلَهُ الْاُنْثٰى ﴿٢١﴾

၂၂။ အသို့နည်း အသင်တို့အတွက် သားယောကျ်ားများဖြစ်ကြပြီး ထိုအရှင်မြတ်အတွက်မူ သမီးမိန်းကလေးများ ဖြစ်ကြပေသလော။

تِلْكَ اِذًا قِسْمَةٌ ضِيْزٰى ﴿٢٢﴾

၂၃။ သို့ဖြစ်လျှင် ဤသည် အလွန်တရာ အပြစ်မကင်းသော ဝေခြမ်းမှုပင်ဖြစ်၏။

اِنْ هِىَ اِلَّاۤ اَسْمَآءٌ سَمَّيْتُمُوْهَاۤ اَنْتُمْ وَاٰبَآؤُكُمْ مَّاۤ اَنْزَلَ اللّٰهُ بِهَا مِنْ سُلْطٰنٍ ؕ اِنْ يَّتَّبِعُوْنَ اِلَّا الظَّنَّ وَمَا تَهْوَى الْاَنْفُسُ ۚ وَلَقَدْ جَآءَهُمْ مِّنْ رَّبِّهِمُ الْهُدٰى ﴿٢٣﴾

၂၃။ ဤသည်မှာ အသင်တို့ကလည်းကောင်း၊ အသင်တို့၏ အဘဘိုးဘေးတို့ကလည်းကောင်း ယင်းတို့အား မှည့်ခေါ်ထားခဲ့သော အမည်နာမများသာဖြစ်၏။ အလ္လာဟ်သည် ယင်းတို့ကိုထောက်ခံလျက် အောင်နိုင်သော သက်သေသာဓကတစ်စုံတစ်ရာကိုမျှ ချပေးတော်မမူချေ။ ထိုသူတို့သည် ရမ်းဆတွေးထင်ချက်နှင့် မိမိတို့၏ စိတ်အလိုဆန္ဒများနောက်သို့သာ လိုက်နေကြခြင်းဖြစ်၏။ အမှန်သော်ကား ယင်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အထံတော်မှ ဧကန်ပင် ယင်းတို့ထံသို့ လမ်းညွှန်တော်သည်ရောက်ရှိခဲ့ပြီးဖြစ်၏။

اَمْ لِلْاِنْسَانِ مَا تَمَنّٰى ﴿٢٤﴾

၂၄။ အသို့နည်း၊ လူသားသည် ဆန္ဒအာသီသထားရှိသည့် အတိုင်း ရရှိတတ်ပေသလော။

فَلِلّٰهِ الْاٰخِرَةُ وَالْاُوْلٰى ﴿٢٥﴾ ع

၂၅။ သို့ဖြစ်ရာ 'အာခေရတ်'အနာဂတ်နှင့် အဦးအစနှစ်ခုစလုံးပင် အလ္လာဟ်၏လက်တော်တွင်ရှိပေသတည်း။

ရုကူး-၂

وَكَمْ مِّنْ مَّلَكٍ فِى السَّمٰوٰتِ لَا تُغْنِىْ شَفَاعَتُهُمْ شَيْـًٔا اِلَّا مِنْۢ بَعْدِ اَنْ يَّاْذَنَ اللّٰهُ

၂၆။ ထို့ပြင် မိုးကောင်းကင်များတွင် အဘယ်မျှလောက်သော ကောင်းကင်တမန်များရှိသနည်း၊ အလ္လာဟ်အလိုရှိတော်မူပြီး ကျေနပ်နှစ်သက်တော်မူသောသူအား ခွင့်ပြုတော်မူသည်၏

لِمَنْ يَّشَآءُ وَيَرْضٰى ﴿٢٦﴾

နောက်မှတစ်ပါး ၎င်းတို့၏ ကြားဝင်အသနားခံခြင်းမှာ တစ်စုံတစ်ရာ အသုံးမဝင်ချေ။

اِنَّ الَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ لَيُسَمُّوْنَ الْمَلٰٓئِكَةَ تَسْمِيَةَ الْاُنْثٰى ﴿٢٧﴾

၂၈။ ဧကန်မုချ နောင်တမလွန်ကို မယုံကြည်သောသူတို့သည် (ယင်းတို့အနက်မှပင်) ကောင်းကင်တမန်များအား မိန်းမအမည်များကို မရမကပေးကြ၏။

وَمَا لَهُمْ بِهٖ مِنْ عِلْمٍ ؕ اِنْ يَّتَّبِعُوْنَ اِلَّا الظَّنَّ ۚ وَاِنَّ الظَّنَّ لَا يُغْنِيْ مِنَ الْحَقِّ شَيْـًٔا ﴿٢٨﴾

၂၉။ အမှန်သော်ကား၊ ၎င်းတို့၌ ထိုသည်၏အသိပညာစိုးစဉ်းမျှမရှိကြချေ။ ၎င်းတို့သည် ရမ်းဆထင်မြင်မှုမှအပ မည်သည်ကိုမျှ လိုက်နာကြသည်မဟုတ်။ ထို့ပြင် ဧကန်စင်စစ် ရမ်းဆထင်မြင်ခြင်းသည် အမှန်တရားနှင့်ယှဉ်လျှင် မည်သို့မျှ အသုံးမဝင်ချေ။

فَاَعْرِضْ عَنْ مَّنْ تَوَلّٰى ۙ عَنْ ذِكْرِنَا وَلَمْ يُرِدْ اِلَّا الْحَيٰوةَ الدُّنْيَا ﴿٢٩﴾

၃၀။ သို့ဖြစ်ရာ ငါတို့အား သတိရခြင်းမှရှောင်လွဲပြီး လောကီဘဝမှတစ်ပါး အခြားမည်သည်ကိုမျှ မလိုလားသောသူအား အသင်သည် မျက်နှာလွှဲပါလေ။

ذٰلِكَ مَبْلَغُهُمْ مِّنَ الْعِلْمِ ؕ اِنَّ رَبَّكَ هُوَ اَعْلَمُ بِمَنْ ضَلَّ عَنْ سَبِيْلِهٖ ۚ وَهُوَ اَعْلَمُ بِمَنِ اهْتَدٰى ﴿٣٠﴾ ۩

၃၁။ ဤသည် ယင်းတို့အသိပညာ၏ အရင်းအနှီး အကုန်ပင်ဖြစ်၏။ ဧကန်မုချ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည်သာလျှင် ထိုအရှင်မြတ်၏လမ်းတော်မှ လွဲချော်သွားသောသူအား အသိရှိဆုံးဖြစ်တော်မူ၏။ ထို့ပြင် ထိုအရှင်မြတ်သည်ပင်လျှင် တရားလမ်းမှန်ကိုရရှိသူအားသိတော်မူဆုံးဖြစ်၏။

وَلِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ۙ لِيَجْزِيَ الَّذِيْنَ اَسَآءُوْا بِمَا عَمِلُوْا وَيَجْزِيَ الَّذِيْنَ اَحْسَنُوْا بِالْحُسْنٰى ﴿٣١﴾

၃၂။ ထို့ပြင် မိုးကောင်းကင်များတွင်ရှိသည်တို့နှင့် ကမ္ဘာမြေတွင်ရှိသည်တို့ကို အလွှာဟ်သည်သာ ပိုင်ဆိုင်တော်မူ၏။ သို့ဖြင့် အရှင်မြတ်သည် မကောင်းမှုကိုကျူးလွန်သူတို့အား၊ သူတို့အကျင့်အကြံ၏အကျိုးဆက်ကို ပေးတော်မူ၏။ အကောင်းဆုံးသော အကျင့်အမူကိုပြုကျင့်သူတို့အား အကောင်းဆုံးသော အကျိုးဆက်ကိုပေးတော်မူ၏။

اَلَّذِيْنَ يَجْتَنِبُوْنَ كَبٰٓئِرَ الْاِثْمِ وَالْفَوَاحِشَ اِلَّا اللَّمَمَ ؕ اِنَّ رَبَّكَ وَاسِعُ الْمَغْفِرَةِ ؕ هُوَ اَعْلَمُ بِكُمْ اِذْ اَنْشَاَكُمْ مِّنَ الْاَرْضِ وَاِذْ اَنْتُمْ اَجِنَّةٌ فِيْ بُطُوْنِ اُمَّهٰتِكُمْ ۚ فَلَا تُزَكُّوْٓا اَنْفُسَكُمْ ؕ هُوَ اَعْلَمُ بِمَنِ اتَّقٰى ﴿٣٢﴾ ۧ

၃၃။ (ဤသည့်ကောင်းမှုပြုကျင့်သော) ထိုသူတို့မှာ အပေါ်ယံအမှတ်မဲ့ တိမ်းချော်မှုမှတစ်ပါး ကြီးလေးသော အပြစ်များနှင့် အရှက်ကင်းမဲ့သောညစ်ညမ်းဖွယ်ရာများမှ ရှောင်ကြဉ်ကြကုန်၏။ ဧကန်ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ကျယ်ပြောလှစွာ ခွင့်လွှတ်တော်မူသောအရှင်ဖြစ်၏။ ထိုအရှင်မြတ်သည် အကြင်အခါဝယ် အသင်တို့အား ကမ္ဘာမြေမှ ဖွံ့ဖြိုးတိုးတက်စေသောအခါတွင်လည်းကောင်း၊ အသင်တို့သည် မိမိတို့၏မိခင်များ၏ ဝမ်းဗိုက်များအတွင်း သန္ဓေသားလောင်းအဖြစ်သာရှိခဲ့သည့်အခါတွင်လည်းကောင်း၊ ထိုအရှင်မြတ်သည် အသင်တို့အား အားလုံးထက်ပို၍ သိတော်မူ၏။ သို့ဖြစ်ရာ မိမိကိုယ်မိမိ (အကြောင်းမဲ့) စင်ကြယ်သန့်ရှင်းသည်ဟု မမှတ်ယူကြလင့်။ ထိုအရှင်မြတ်သည်သာလျှင် 'မွတ္တကီ'

ဖြူစင်ဖြောင့်မတ်သူ မည်သူဖြစ်ကြောင်းကို အသိဆုံးဖြစ်တော်မူပေသတည်း။

ရုကူး-၃

اَفَرَءَيْتَ الَّذِىْ تَوَلّٰى ﴿٣٣﴾

၃၃။ အသို့နည်း၊ အသင်သည် ကျောခိုင်းသွားသူအား မရှုမြင်လေသလော။

وَاَعْطٰى قَلِيْلًا وَّاَكْدٰى ﴿٣٤﴾

၃၄။ ထို့ပြင် အနည်းငယ်မျှသာ ပေးကမ်းလျက် လက်ကိုရုပ်ခဲ့လေသည်။

اَعِنْدَهٗ عِلْمُ الْغَيْبِ فَهُوَ يَرٰى ﴿٣٥﴾

၃၅။ သူ၏ထံတွင် 'ဂိုက်ဘ်'အကွယ်၏အသိပညာရှိနေသောကြောင့် သူသည် အမှန်ကို မြင်တွေ့နေရသလော။

اَمْ لَمْ يُنَبَّاْ بِمَا فِىْ صُحُفِ مُوْسٰى ﴿٣٦﴾

၃၆။ သို့တည်းမဟုတ်၊ ထိုသူအား 'မူစာ'၏ ကျမ်းတွင်လာရှိသောသတင်းကို ပေးခြင်းမခံရပေသလော။

وَاِبْرٰهِيْمَ الَّذِىْ وَفّٰٓى ﴿٣٧﴾

၃၇။ ထို့ပြင် ကတိကဝတ်ကို ဖြည့်ဆည်းသော 'အစ်ဗရာဟင်မ်'(၏ကျမ်းတွင်)၊

اَلَّا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى ﴿٣٨﴾

၃၈။ ယင်းမှာ ဝန်ထုပ်ဝန်ပိုးကို သယ်ပိုးရသူ မည်သူတစ်ဦးတစ်ယောက်မျှ သူတစ်ပါး၏ဝန်ကို သယ်ပိုးရမည်မဟုတ်ချေ။

وَاَنْ لَّيْسَ لِلْاِنْسَانِ اِلَّا مَا سَعٰى ﴿٣٩﴾

၃၉။ ထို့ပြင် လူသားအဖို့ သူ၏ကြိုးပမ်းဆောင်ရွက်ခဲ့သည့်မှတစ်ပါး အခြားဘာမျှရှိမည်မဟုတ်၊

وَاَنَّ سَعْيَهٗ سَوْفَ يُرٰى ﴿٤٠﴾

၄၀။ ထို့ပြင် သူ၏ကြိုးပမ်းအားထုတ်ခြင်းကို အမှန်ပင် ဂရုပြုခြင်းခံရလိမ့်မည်။

ثُمَّ يُجْزٰىهُ الْجَزَآءَ الْاَوْفٰى ﴿٤١﴾

၄၁။ ထို့နောက် သူ့အား ယင်း(ကြိုးပမ်းမှု)ကို အပြည့်အဝ အစားပေးခြင်းခံရမည်။

وَاَنَّ اِلٰى رَبِّكَ الْمُنْتَهٰى ﴿٤٢﴾

၄၂။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏အထံတော်သို့သာ နောက်ဆုံးတွင် ရောက်ကြရမည်ဖြစ်၏။

وَاَنَّهٗ هُوَ اَضْحَكَ وَاَبْكٰى ﴿٤٣﴾

၄၃။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် ရယ်ရွှင်စေတော်မူ၏။ ထို့ပြင် ငိုကြွေးစေတော်မူ၏။

وَاَنَّهٗ هُوَ اَمَاتَ وَاَحْيَا ﴿٤٤﴾

၄၄။ ထို့မှတစ်ပါး ထိုအရှင်မြတ်သည်ပင် သေစေတော်မူ၏။ ထို့ပြင် ရှင်စေတော်မူ၏။

وَاَنَّهٗ خَلَقَ الزَّوْجَيْنِ الذَّكَرَ وَالْاُنْثٰى ﴿٤٥﴾

၄၅။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် စုံတွဲ၊ 'ဖို'နှင့် 'မ'ကို ဖန်ဆင်းတော်မူ၏။

مِنْ نُّطْفَةٍ اِذَا تُمْنٰى ﴿٤٦﴾

၄၆။ ကလလရည်ကြည်မှ၊ ယင်းသည် ထည့်သွင်းခြင်းကိုခံရသောအခါ။

وَاَنَّ عَلَيْهِ النَّشْاَةَ الْاُخْرٰى ﴿٤٧﴾

၄၇။ ထို့မှတစ်ပါး ဒုတိယအကြိမ်ထမြောက်စေခြင်းမှာ ထိုအရှင်မြတ်၏တာဝန်သာဖြစ်၏။

وَاَنَّهٗ هُوَ اَغْنٰى وَاَقْنٰى ﴿۴۸﴾

၄၈။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် ကုံလုံပြည့်စုံစေတော်မူ၏။ ထို့ပြင် ဥစ္စာပစ္စည်းပေးသနားတော်မူ၏။

وَاَنَّهٗ هُوَ رَبُّ الشِّعْرٰى ﴿۴۹﴾

၄၉။ စင်စစ်တစ်မူကား ထိုအရှင်မြတ်သည်ပင် 'ရွေ့အ်ရာ' ကြယ်ကို ဖန်ဆင်းတော်မူသောအရှင်ဖြစ်၏။

وَاَنَّهٗۤ اَهْلَكَ عَادَا ۨ الْاُوْلٰى ﴿۵۰﴾

၅၀။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် ရှေးဦးပထမရှိ 'အာဒ်' အမျိုးသားတို့ကို ဖျက်ဆီးတော်မူခဲ့၏။

وَثَمُوْدَا ۡ فَمَاۤ اَبْقٰى ﴿۵۱﴾

၅၁။ ထို့ပြင် 'ဆမူးဒ်'အမျိုးသားတို့ကိုလည်း (ဖျက်ဆီးပစ်တော်မူခဲ့၏)။ သို့ဖြစ်ရာ (ထိုသူတို့၏) မည်သည့်တစ်စုံတစ်ရာကိုမျှ ခြွင်းချန်ထားရစ်တော်မမူခဲ့ချေ။

وَقَوْمَ نُوْحٍ مِّنْ قَبْلُ ؕ اِنَّهُمْ كَانُوْا هُمْ اَظْلَمَ وَاَطْغٰى ﴿۵۲﴾

၅၂။ ဤတွင်မက ထို့ထက်အလျင်က 'နူးဟ်'၏အမျိုးသားတို့ကိုလည်း (ဖျက်ဆီးပစ်တော်မူခဲ့၏)။ စင်စစ်ကေန် သူတို့သည်ပင် အားလုံးထက်သာ၍ မတရားမှုပြုသူများနှင့် အားလုံးထက်သာ၍ ပုန်ကန်သောင်းကျန်းသူများဖြစ်ခဲ့ကြ၏။

وَالْمُؤْتَفِكَةَ اَهْوٰى ﴿۵۳﴾

၅၃။ ထို့မှတစ်ပါး ထက်အောက်ပြောင်းပြန်လှန်ခြင်းခံရသော မြို့ရွာများကိုလည်း ထိုအရှင်မြတ်သည် ကိုင်ပေါက်တော်မူခဲ့၏။

فَغَشّٰىهَا مَا غَشّٰى ﴿۵۴﴾

၅၄။ သို့ဖြစ်ရာ ဖုံးလွှမ်းသောအရာသည် ယင်း(မြို့ရွာများ)ကို ဖုံးလွှမ်းအုပ်မိုးလိုက်လေသည်။

فَبِاَيِّ اٰلَآءِ رَبِّكَ تَتَمَارٰى ﴿۵۵﴾

၅၅။ သို့ဖြစ်ပေရာ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အဘယ်အဘယ်သော ကောင်းကျိုးချမ်းသာများနှင့်စပ်လျဉ်း၍ အငြင်းအခုံပြုပေမည်နည်း။

هٰذَا نَذِيْرٌ مِّنَ النُّذُرِ الْاُوْلٰى ﴿۵۶﴾

၅၆။ ဤကား ရှေးယခင်သတိပေးနှိုးဆော်ချက်များနည်းတူ သတိပေးနှိုးဆော်ချက်တစ်ရပ်ဖြစ်၏။ ★

اَزِفَتِ الْاٰزِفَةُ ﴿۵۷﴾

၅၇။ နီးကပ်၍လာမည့်အရာသည် နီးကပ်၍လာခဲ့လေပြီ။

لَيْسَ لَهَا مِنْ دُوْنِ اللّٰهِ كَاشِفَةٌ ﴿۵۸﴾

၅၈။ အလ္လာဟ်၏အလိုတော်နှင့်ဆန့်ကျင်၍ ယင်းကို ဖယ်ရှားနိုင်သူ မည်သူတစ်ဦးတစ်ယောက်မျှမရှိချေ။

اَفَمِنْ هٰذَا الْحَدِيْثِ تَعْجَبُوْنَ ﴿۵۹﴾

၅၉။ သို့ဖြစ်ရာ အသင်တို့သည် ဤသည့်ဖော်ပြချက်အပေါ် အံ့သြ၍နေကြပေသလော။

وَتَضْحَكُوْنَ وَلَا تَبْكُوْنَ ﴿۶۰﴾

၆၀။ ထို့ပြင် ရယ်မော၍နေကြလျက် ငိုကြွေးခြင်းကို မပြုကြလေသလော။

وَاَنْتُمْ سٰمِدُوْنَ ﴿۶۱﴾

၆၁။ ထို့ပြင် အသင်တို့မှာ ဂရုမမူပေါ့ဆသူများဖြစ်ကြ၏။

فَاسْجُدُوْا لِلّٰهِ وَاعْبُدُوْا ﴿۶۲﴾ ۩

၆၂။ သို့ဖြစ်ပေရကား၊ အလ္လာဟ်၏ရှေ့တော်မှောက်တွင် ပျပ်ဝပ်ဦးချ 'စဂျ်ဒါ'ပြုကြကုန်။ ထို့ပြင် 'အေဘာဒတ်' ဝတ်ပြုကိုးကွယ်ခြင်းပြုကြကုန်။

★ **نذير** ဟူသည် **اِنذار** သတိပေးနှိုးဆော်ခြင်းဟု အဓိပ္ပာယ်ရသည်။ (အလ်မွန်ဂျိဒ် အဘိဓာန်ရှု)

၅၄။ အလ်-ကမရ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုကွပါဠ်တော် (၅၆)ပိုဒ်ပါရှိသည်။

ဤသည်၏ရှေ့ဆူရာဟ်တွင် 'မူရှရိုက်'တို့၏ ဖန်တီးကိုးကွယ်ရာဖြစ်သော شِـعْـرٰى ကြယ်ကြွေခြင်းအကြောင်းလာရှိထားသည်။ 'ရှရိုက်'(ယှဉ်တွဲကိုးကွယ်မှု)သည် ယင်း၏ဘုရားတုများ အပါအဝင် အမှန်ပင် ပျက်စီးချုပ်ငြိမ်းစေတော်မူခြင်းခံရမည်ဟု အနာဂတ်တိဗျာဒိတ်ဟောထားသယောင်ဖြစ်နေသည်။

ယခု ဆူရာဟ် 'အလ်-ကမရ်'၏ ကနဦးပိုင်းမှာပင် ထိုအချိန်နာရီသည်ရောက်ရှိလာခဲ့ပြီ၊ ထို့ပြင် ယင်းအတွက် 'လ'သည် နှစ်ခြမ်းကွဲလျက် သက်သေခံခဲ့လေပြီဟူ၍ သတင်းပေးထားခဲ့ပြီးဖြစ်သည်။ 'လ'ဟူသည်မှာ အာရေဗျလူမျိုးတို့၏ မင်းစိုးရာဇာခေတ်ကိုရည်ညွှန်းသည်။ ထို့ပြင် 'လ'၏ ဤအကျယ်ဖွင့်ရှင်းလင်းချက်မှာလည်း တမန်တော်မြတ်ﷺကိုယ်တော်တိုင်၏ (ရေဝါယတ်)ဆင့်ပြန်ချက် ရှိထားပေသည်။ သို့ဖြစ်ရာ ယခုမှစ၍ 'မူရှရိုက်'တို့၏ အုပ်ချုပ်မှုအာဏာတည်သောခေတ်သည် အစဉ်သဖြင့် အဆုံးသတ်ပြီဖြစ်သည်။ ထို့ပြင် တမန်တော်မြတ် မိုဟမ္မဒ်သခင်ﷺ ပွင့်ပေါ်ခြင်းနှင့်အတူ အခြေတည်ခဲ့ပြီးဖြစ်သော တော်လှန်ပြောင်းလဲမှု၏အချိန်နာရီသည် ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်းကိုဆိုလိုသည်။

ထို့နောက်တွင် ဤသို့သော 'အာယတ်'တော်တစ်ပိုဒ်လာရှိထားသည်။ ယင်းအားဖြင့် ထိုအချိန်က 'မူရှရိုက်'များသည် အမှန်တကယ်ပင် 'လ'နှစ်ခြမ်းကွဲသည်ကို စက္ကန့်အနည်းငယ်မျှမြင်တွေ့ခဲ့ရကြောင်း အတိအကျသက်သေရယူနိုင်ပေသည်။ ဤသည်နှင့်စပ်လျဉ်း၍ ဋီကာပညာရှင်များက အမှား သို့မဟုတ် အမှန် ဋီကာဖွင့်ဆိုချက်အမြောက်အမြားကို ပြုထားခဲ့ကြသည်။ သို့ရာတွင် ဤသည့်အဖြစ်မှန်ကိုတော့ ငြင်းပယ်နိုင်လိမ့်မည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် အကယ်၍သာ 'မူရှရိုက်'များက 'လ'နှစ်ခြမ်းကွဲသည့်မြင်ကွင်းကို မမြင်မတွေ့ခဲ့ရပါလျှင် ရုတ်ခြည်းပင် ယင်းဖြစ်ရပ်၏ဖြစ်ပေါ်ထင်ရှားခဲ့ခြင်းကို ငြင်းဆိုခဲ့ကြမည်ဖြစ်ပြီး၊ 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့သည်လည်း မိမိတို့၏ယုံကြည်မှုမှ လွှဲဖယ်သွားခဲ့ကြမည်ဖြစ်သောကြောင့်ပင်။ အကြောင်းမူကား 'အီမာန်'ယုံကြည်ခြင်း၏ အလုံးစုံသော အခြေတည်မှုများမှာ တမန်တော်မြတ် မိုဟမ္မဒ်သခင်ﷺ၏ မှန်ကန်မှုပေါ်တွင် အခြေတည်ထားသောကြောင့်ဖြစ်သည်။ سِـحْـرٌ مُسْتَمِـرٌ ဟုဆိုကြကာ မက္ကာမှ 'မူရှရိုက်'တို့က 'ဖြစ်ရပ်ကတော့ အမှန်တကယ်ဖြစ်ခဲ့သည်။ သို့ရာတွင် မှော်အတတ်ဖြင့် လှည့်စားခြင်းဖြစ်သည့်အပြင် မိုဟမ္မဒ်ﷺသည် ဤကဲ့သို့သော မှော်အတတ်ကို အမြဲပြသလေ့ရှိသည်'ဟူ၍ သက်သေခံခဲ့ကြလေသည်။

ထိုသည့်နောက်သော် တစ်ကြိမ်ထပ်မံ၍ လွန်လေခဲ့ပြီးသော 'မူရှရိုက်'အမျိုးသားတို့၏အကြောင်းလာရှိသည်မှာ ထိုသူတို့အဆက်ဆက်တိုင်းက သူတို့၏ခေတ်မှ တမန်တော်ကို ရှုးသွပ်သူဟု သတ်မှတ်ခဲ့ကြသည်။ ထို့ပြင် ထိုသူတို့သည် တစ်ဆက်ပြီးတစ်ဆက် သူတို့၏ငြင်းပယ်ကန့်ကွက်မှုနှင့် ရိုင်းပျစော်ကားမှုများ၏ရလဒ်အားဖြင့် ပျက်စီးချုပ်ငြိမ်းအောင် ပြုတော်မူခြင်းခံကြရလေသည်။

ဤဆူရာဟ်တော်တွင် 'ငါတို့သည် ကျမ်းမြတ်ကုရ်အာန်ကို သင်ခန်းစာရယူနိုင်ကြစိမ့်သောငှာ လွယ်ကူအောင်ပြုထားပေးတော်မူ၏'ဟူသောအာယတ်တော်တစ်ပိုဒ်ကို အကြိမ်ကြိမ်ထပ်တလဲလဲ ဖော်ပြထားလေသည်။ ဆိုလိုသည်မှာ လွန်လေခဲ့ပြီးသော အမျိုးသားတို့၏အခြေအနေများကို သာမန်စဉ်းစားရုံမျှဖြင့် ကမ္ဘာလောကတွင် အကြီးကျယ်ဆုံးသော ပျက်စီးဆုံးရှုံးမှုကို 'ရှရိုက်'က ဖြန့်ချိလျက်ရှိနေ

ကြောင်းကို လွယ်လင့်တကူ နားလည်လာနိုင်မည်ဖြစ်သည်။ သို့ရာတွင် သင်ခန်းစာရယူမည့်သူ တစ်ဦး တစ်ယောက်မျှရှိလေသလော။ ရှေးဦးသူတို့အနက် အမျှားစုသည် တရားမရခဲ့ကြသလို နှောင်းလူတို့တွင်လည်း အမျှားစုတို့မှာ တရားရယူခြင်းမရှိကြပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ကမရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၅၆)ပိုဒ် ရှုကူ (၃)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اِقْتَرَبَتِ السَّاعَةُ وَانْشَقَّ الْقَمَرُ ①

၂။ ကတိပြုထားသည့် အချိန်သည် နီးကပ်၍လာခဲ့ပြီ။ လသည်လည်း အက်ကွဲခဲ့လေပြီ။

وَاِنْ يَّرَوْا اٰيَةً يُّعْرِضُوْا وَيَقُوْلُوْا سِحْرٌ مُّسْتَمِرٌّ ①

၃။ ထို့ပြင် ထိုသူတို့သည် အကယ်၍ နိမိတ်လက္ခဏာတစ်စုံတစ်ရာကိုမြင်တွေ့ကြလျှင် မျက်နှာလွှဲကြသည့်အပြင် (ဤသည်) အမြဲပြုလုပ်နေကြ မှော်အတတ်ပင်ဖြစ်သည်ဟု ဆိုကြ၏။

وَكَذَّبُوْا وَاتَّبَعُوْٓا اَهْوَآءَهُمْ وَكُلُّ اَمْرٍ مُّسْتَقِرٌّ ①

၄။ ထို့ပြင် သူတို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲကြပြီး မိမိတို့၏အလိုဆန္ဒများနောက်သို့လိုက်ခဲ့ကြ၏။ (ထို့ပြင် အလျင်စလိုပြုခဲ့ကြ၏) အမှန်သော်ကား အရေးကိစ္စတိုင်းသည် (အချိန်တန်လျှင်)ဖြစ်၍လာမည်သာဖြစ်၏။

وَلَقَدْ جَآءَهُمْ مِّنَ الْاَنْۢبَآءِ مَا فِيْهِ مُزْدَجَرٌ ۙ ④

၅။ ထို့ပြင် သူတို့ထံ ပြင်းထန်သော ပြစ်တင်သတိပေးချက်ပါရှိသည့် သတင်းများသည် ရောက်ရှိခဲ့ပြီးဖြစ်ချေသည်။

حِكْمَةٌۢ بَالِغَةٌ فَمَا تُغْنِ النُّذُرُ ۙ ⑤

၆။ ပြီးပြည့်စုံသော ဉာဏ်ပညာအမြော်အမြင်တရား ဖြစ်၏။ သို့ပါလျက် သတိပေးနှိုးဆော်ချက်သည် မည်သို့မျှအကျိုးမထင်အချည်းနှီးဖြစ်ခဲ့၏။

فَتَوَلَّ عَنْهُمْ ۘ يَوْمَ يَدْعُ الدَّاعِ اِلٰى شَيْءٍ نُّكُرٍ ۙ ⑥

၇။ သို့ဖြစ်ရာ ထိုသူတို့မှ မျက်နှာလွှဲ၍နေပါလေ။ (၎င်းတို့သည် မြင်တွေ့ကြရပေအံ့) ထိုနေ့တွင် ဆင့်ခေါ်သူက အလွန်မနှစ်မြို့ဖွယ်ဖြစ်သောအရာဘက်သို့ ဆင့်ခေါ်ပေလိမ့်မည်။

خُشَّعًا اَبْصَارُهُمْ يَخْرُجُوْنَ مِنَ الْاَجْدَاثِ كَاَنَّهُمْ جَرَادٌ مُّنْتَشِرٌ ۙ ⑦

၈။ ၎င်းတို့၏မျက်စိများသည် ဂုဏ်သရေယုတ်လျော့မှုကြောင့် အောက်စိုက်လျက်ရှိနေကြပေလိမ့်မည်။ ၎င်းတို့သည် (အဘက်ဘက်တွင်) ပြန့်ကြဲလျက်ရှိသော ကျိုင်းကောင်များပမာ သင်္ချိုင်းများမှထွက်လာကြပေလိမ့်မည်။

مُّهْطِعِيْنَ اِلَى الدَّاعِ ۭ يَقُوْلُ الْكٰفِرُوْنَ هٰذَا يَوْمٌ عَسِرٌ ⑧

၉။ ၎င်းတို့သည် ဆင့်ခေါ်သူထံသို့ ပြေးလွှားလျက်ရှိနေကြပေလိမ့်မည်။ မယုံကြည်ငြင်းပယ်သူ 'ကာဖိရ်'တို့က ဤသည် အလွန်တရာ ခက်ထန်လှသောနေ့ဖြစ်၏ဟု ပြောဆိုလျက်ရှိနေကြပေလတ္တံ့။

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوْحٍ فَكَذَّبُوْا عَبْدَنَا وَقَالُوْا مَجْنُوْنٌ وَّازْدُجِرَ ⑨

၁၀။ ၎င်းတို့၏အလျင် 'နူးဟ်'၏အမျိုးသားတို့သည်လည်း မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြ၏။ သို့ဖြစ်ရာ သူတို့သည် ငါတို့၏ အစေတော်ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲခဲ့ကြပြီး

ရူးသွပ်သူ၊ နှင်ထုတ်ခြင်းခံရသူဟု ပြောဆိုကြ၏။

فَدَعَا رَبَّهٗۤ اَنِّیْ مَغْلُوْبٌ فَانْتَصِرْ ﴿۱۰﴾

၁၀။ ထိုအခါ သူသည် မိမိအားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ဟစ်ခေါ်တမ်းတ၍ ကျွန်တော်မျိုးသည် ဧကန်ပင် ရှုံးနိမ့်ခြင်းခံရသူဖြစ်ပါ၏။ သို့ကြောင့် ကျွန်တော်မျိုးအား ကူညီစောင်မတော်မူပါဟု ပန်ကြားခဲ့လေသည်။

فَفَتَحْنَاۤ اَبْوَابَ السَّمَآءِ بِمَآءٍ مُّنْهَمِرٍ ﴿۱۱﴾

၁၁။ ထိုအခါ ငါတို့သည် အဆက်မပြတ်ရွာသွန်းစေတော်မူသော မိုးရေအသွင်ဖြင့် ကောင်းကင်တံခါးများကို ဖွင့်ချလိုက်တော်မူ၏။

وَّ فَجَّرْنَا الْاَرْضَ عُیُوْنًا فَالْتَقَی الْمَآءُ عَلٰۤی اَمْرٍ قَدْ قُدِرَ ﴿۱۲﴾

၁၂။ ထို့ပြင် ငါတို့သည် ကမ္ဘာမြေပြင်မှ စမ်းရေများကို ခွဲထွက်စေတော်မူ၏။ သို့ဖြစ်ရာ ရေသည် ကြိုတင်သတ်မှတ်ပြဋ္ဌာန်းခဲ့သော အမိန့်တော်အတိုင်းစုစည်း၍ သွားခဲ့လေသည်။

وَ حَمَلْنٰهُ عَلٰی ذَاتِ اَلْوَاحٍ وَّ دُسُرٍ ﴿۱۳﴾

၁၃။ ထို့ပြင် သူ(နူးဟ်)အား ငါတို့သည် ပျဉ်ချပ်များနှင့် သံများဖြင့်ပြီးသည့် (လှေသင်္ဘော)ပေါ်သို့ စီးနင်းစေတော်မူ၏။

تَجْرِیْ بِاَعْیُنِنَا ۚ جَزَآءً لِّمَنْ كَانَ كُفِرَ ﴿۱۴﴾

၁၄။ ယင်းသည် ငါတို့၏မျက်မှောက်တွင် သွားလာလျက်ရှိခဲ့၏။ ငြင်းပယ်ခြင်းကိုခံခဲ့ရသူအတွက် အစားပေးမှုသဖွယ်ဖြစ်၏။

وَ لَقَدْ تَّرَكْنٰهَاۤ اٰیَةً فَهَلْ مِنْ مُّدَّكِرٍ ﴿۱۵﴾

၁၅။ ထို့ပြင် ဧကန်မုချ ငါတို့သည် ဤ(သင်္ဘော)ကို ကြီးကျယ်သော သက်သေလက္ခဏာတော်တစ်ပါးအဖြစ်ဖြင့် ကျန်ရစ်စေတော်မူ၏။ သို့ဖြစ်ရာ သင်ခန်းစာရယူသူ တစ်စုံတစ်ဦးမျှ ရှိပါသလော။ ۞

فَكَیْفَ كَانَ عَذَابِیْ وَ نُذُرِ ﴿۱۶﴾

၁၆။ သို့ဖြစ်ရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုသည် မည်သို့ရှိခဲ့ပေသနည်း။

وَ لَقَدْ یَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ ﴿۱۷﴾

၁၇။ ထို့ပြင် ဧကန်စင်စစ် ငါတို့သည် ကျမ်းမြတ်ကုရ်အာန်ကို အဆုံးအမ ရယူနိုင်စိမ့်သောငှာ လွယ်ကူအောင်ပြုတော်မူခဲ့၏။ သို့ဖြစ်ရာ အဆုံးအမ သင်ခန်းစာရယူသူ တစ်စုံတစ်ဦးမျှ ရှိပါသလော။

۞ အာယတ်တော်-၁၃မှ၁၆ထိ၊ ဤအာယတ်တော်များတွင် ပျဉ်ချပ်များနှင့် သံများဖြင့် တည်ဆောက်ထားသော တမန်တော် နူးဟ်ﷺ၏လှေသင်္ဘောအကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် တမန်တော်နူးဟ်ﷺ၏ခေတ်တွင် လူနေမှုဘဝသည် တိုးတက်နေခဲ့ပြီးဖြစ်၍ ၎င်းတို့သည် သံကိုနိုင်နင်းစွာအသုံးပြုခဲ့ကြပြီး သစ်လုံးများမှ ပျဉ်ချပ်များဖြတ်ယူရန်အတွက် သံလွှများကိုပင် ပြုနိုင်ခဲ့ကြသည်အထိဖြစ်သည်။

ဤလှေသင်္ဘောနှင့်စပ်လျဉ်း၍ မိန့်တော်မူသည်မှာ သင်ခန်းစာအဆုံးအမရယူကြသူတို့အတွက် ယုံကြည်မှုထွန်းလင်းခြင်းကို ဖြစ်စေမည့် တစ်ခုသောနိမိတ်လက္ခဏာဖြစ်ပေသည်။ ဤသည်အားဖြင့် တမန်တော်နူးဟ်၏လှေသင်္ဘောမှာ နောင်လာမည့် မျိုးဆက်သစ်များအတွက် နိမိတ်လက္ခဏာတစ်ခုအနေဖြင့် လုံခြုံစွာထိန်းသိမ်းထားတော်မူခဲ့ပေသည်။ ခရစ်ယာန်ဘာသာဝင်များအနေဖြင့် ကျမ်းမြတ်ကုရ်အာန်မှ ဤဖော်ပြချက်ကို တစ်စုံတစ်ရာ သိထားခြင်းမရှိခဲ့သော်လည်း 'တမန်တော်နူးဟ်'(နောဧ)၏လှေသင်္ဘောသည် တစ်နေရာရာတွင် နိမိတ်လက္ခဏာတစ်ခုအဖြစ် ထိန်းသိမ်းခြင်းခံထားရကြောင်းကို နားလည်ထားကြလျက်ယင်းကိုနေရာတိုင်းတွင်ရှာဖွေလျက်ရှိပေသည်။ 'အဟ်မဒီယာမွတ်စလင်ဂျမာအတ်'ဘက်မှလည်း အချို့က ကုရ်အာန်အထောက်အထားများအရ ယင်းလှေသင်္ဘောကို သဲလွန်စရှာဖွေမှုပြုရာတွင် အာရုံစူးစိုက်လုပ်ဆောင်လျက်ရှိကြသည်။ ကျွန်ုပ်၏လေ့လာမှုအရ ယင်းလှေသင်္ဘောမှာ ပင်လယ်သေအောက်တွင်ရှိမည်ဖြစ်ပြီး အချိန်တန်သည့်အခါ ထုတ်ဖော်နိုင်ကြလိမ့်မည်ဖြစ်သည်။

كَذَّبَتْ عَادٌ فَكَيْفَ كَانَ عَذَابِيْ وَنُذُرِ ﴿١٨﴾

၁၉။ 'အာဒ်'(အမျိုးသား)တို့သည်လည်း မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြ၏။ သို့ဖြစ်ရာ ငါအရှင်မြတ်၏ အပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုသည် မည်သို့ရှိခဲ့ပေသနည်း။

اِنَّآ اَرْسَلْنَا عَلَيْهِمْ رِيْحًا صَرْصَرًا فِيْ يَوْمِ نَحْسٍ مُّسْتَمِرٍّ ﴿١٩﴾

၂၀။ ဧကန်မုချ ငါတို့သည် ကြာရှည်စွာတည်တံ့မည့် အမင်္ဂလာနေ့တစ်ခုတွင် ၎င်းတို့အပေါ် အလွန်ပြင်းထန်စွာတိုက်ခတ်သောလေကို စေလွှတ်တော်မူခဲ့၏။

تَنْزِعُ النَّاسَ ۙ كَاَنَّهُمْ اَعْجَازُ نَخْلٍ مُّنْقَعِرٍ ﴿٢٠﴾

၂၁။ ယင်းသည် လူတို့အား လွင့်စင်လဲကျစေခဲ့ရာ ၎င်းတို့သည် အမြစ်မှနုတ်၍ထားသော စွန်ပလွံပင်များနှယ် ဖြစ်သွားခဲ့ကြ၏။

فَكَيْفَ كَانَ عَذَابِيْ وَنُذُرِ ﴿٢١﴾

၂၂။ သို့ဖြစ်ရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုသည် မည်သို့ရှိခဲ့ပေသနည်း။

وَلَقَدْ يَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ ﴿٢٢﴾

၂၃။ ထို့ပြင် ဧကန်စင်စစ် ငါတို့သည် ကျမ်းမြတ်ကုရ်အာန်ကို အဆုံးအမရယူနိုင်စိမ့်သောငှာ လွယ်ကူအောင်ပြုတော်မူခဲ့၏။ သို့ဖြစ်ရာ အဆုံးအမသင်ခန်းစာရယူသူ တစ်စုံတစ်ဦးမျှရှိပါသလော။

ရုကူး–၂

كَذَّبَتْ ثَمُوْدُ بِالنُّذُرِ ﴿٢٣﴾

၂၄။ 'ဆမူဒ်'(အမျိုးသား)တို့သည်လည်း သတိပေးနှိုးဆော်သူများကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြ၏။

فَقَالُوْٓا اَبَشَرًا مِّنَّا وَاحِدًا نَّتَّبِعُهٗٓ ۙ اِنَّآ اِذًا لَّفِيْ ضَلٰلٍ وَّسُعُرٍ ﴿٢٤﴾

၂၅။ သို့ဖြင့် ၎င်းတို့က ငါတို့သည် မိမိတို့အထဲမှပင်ဖြစ်သော လူတစ်ဦး၏နောက်သို့လိုက်ကြရမည်လော၊ သို့ဖြစ်လျှင် ငါတို့သည် အမှန်ပင် လမ်းလွဲမှုနှင့် ရူးသွပ်မှုတွင် နစ်မွန်းကြရပေလိမ့်မည်ဟုဆိုကြကုန်၏။

ءَاُلْقِيَ الذِّكْرُ عَلَيْهِ مِنْۢ بَيْنِنَا بَلْ هُوَ كَذَّابٌ اَشِرٌ ﴿٢٥﴾

၂၆။ အသို့နည်း ကျွန်ုပ်တို့အနက်မှ ဤသူတစ်ဦးတည်းကို သာ 'ဇိကိရ်'အဆုံးအမ ပို့ချခြင်းခံရပေသလော။ ထိုသို့မဟုတ်ချေ။ ဤသူကား လွန်စွာ မုသားပြောဆိုသူနှင့် မောက်မာကြွားဝါသူသာဖြစ်ပေသည်။

سَيَعْلَمُوْنَ غَدًا مَّنِ الْكَذَّابُ الْاَشِرُ ﴿٢٦﴾

၂၇။ ဆိုက်ရောက်လာတော့မည့် နက်ဖြန်တွင် မည်သူသည် လွန်စွာမုသားပြောဆိုသူနှင့် ဝင့်ဝါမောက်ကြွားသူဖြစ်ကြောင်းကို ထိုသူတို့ အမှန်ပင် သိရှိကြရပေလိမ့်မည်။

اِنَّا مُرْسِلُوا النَّاقَةِ فِتْنَةً لَّهُمْ فَارْتَقِبْهُمْ وَاصْطَبِرْ ﴿٢٧﴾

၂၈။ ဧကန်မုချ ငါတို့သည် ၎င်းတို့ကို စမ်းသပ်စစ်ဆေးတော်မူရန် ကုလားအုတ်မတစ်ကောင်ကို စေလွှတ်တော်မူပေအံ့။ သို့ဖြစ်ရာ (အိုး-ဆွာလေဟ်) အသင်သည် ၎င်းတို့ကို စောင့်ကြည့်၍နေပါလေ။ ထို့ပြင် သည်းခံစောင့်စည်းပါလေ။

وَنَبِّئْهُمْ اَنَّ الْمَآءَ قِسْمَةٌۢ بَيْنَهُمْ ۚ كُلُّ

၂၉။ ထို့ပြင် ၎င်းတို့အား အသိပေးလိုက်ပါလေ။ ရေသည်

شُرُبٍ مُّحْتَضَرٌ ﴿٢٨﴾

ၾင်းတို့၏အကြားတွင် (အချိန်ဖြင့်) ခွဲဝေခဲ့ပြီးဖြစ်၏။ ရေသောက်သုံးရန်အတွက် သတ်မှတ်ထားသော အချိန်အတိုင်းသာ ရောက်ရှိရန်လိုအပ်ပေသည်။

فَنَادَوْا صَاحِبَهُمْ فَتَعَاطٰى فَعَقَرَ ﴿٢٩﴾

၃၀။ ထိုအခါ ၾင်းတို့သည် မိမိတို့၏အဖော်အားခေါ်၏။ ထိုသူသည် (ထိုကုလားအုတ်မကို)ဖမ်းဆီးလိုက်ပြီး တံကောက်ကြောများကို ဖြတ်တောက်ပစ်လိုက်လေ၏။

فَكَيْفَ كَانَ عَذَابِىْ وَنُذُرِ ﴿٣٠﴾

၃၀။ သို့ဖြစ်ရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏သတိပေးနှိုးဆော်မှုသည် မည်သို့ရှိခဲ့ပေသနည်း။

اِنَّآ اَرْسَلْنَا عَلَيْهِمْ صَيْحَةً وَّاحِدَةً فَكَانُوْا كَهَشِيْمِ الْمُحْتَظِرِ ﴿٣١﴾

၃၂။ ၎ကန်မုခ္ဒ ငါတို့သည် ၾင်းတို့အပေါ်သို့ ကျယ်လောင်လှသည့် အသံတစ်ခုကိုသာလျှင် စေလွှတ်တော်မူခဲ့ရာ ၾင်းတို့သည် ခြေဖြင့်နင်းခြေခံခဲ့ရသည့် စည်းရိုးမှ ဖြတ်တောက်ပစ်သော အပိုင်းအစများသဖွယ် ဖြစ်ခဲ့ပေသည်။

وَلَقَدْ يَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ ﴿٣٢﴾

၃၃။ ထို့ပြင် ၎ကန်ပင် ငါတို့သည် ကျမ်းမြတ်ကုရ်အာန်ကို အဆုံးအမရယူနိုင်စိမ့်သောငှာ လွယ်ကူအောင်ပြုတော်မူခဲ့၏။ သို့ဖြစ်ရာ အဆုံးအမသင်ခန်းစာရယူသူ တစ်စုံတစ်ဦးမျှရှိပါသလော။

كَذَّبَتْ قَوْمُ لُوْطٍ بِالنُّذُرِ ﴿٣٣﴾

၃၄။ 'လူးတ်'၏အမျိုးသားတို့သည်လည်း သတိပေးနှိုးဆော်သူများကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြ၏။

اِنَّآ اَرْسَلْنَا عَلَيْهِمْ حَاصِبًا اِلَّآ اٰلَ لُوْطٍ ؕ نَجَّيْنٰهُمْ بِسَحَرٍ ﴿٣٤﴾

၃၅။ ၎ကန်ပင် ငါတို့သည် ၾင်းတို့အပေါ်သို့ ခဲမိုးရွာချတော်မူ၏။ 'လူးတ်'၏အိမ်သူအိမ်သားတို့မှတစ်ပါးဖြစ်၏။ ငါတို့သည် သူတို့အား အရုဏ်ဦးအချိန်တွင် ကယ်တင်တော်မူခဲ့၏။

نِّعْمَةً مِّنْ عِنْدِنَا ؕ كَذٰلِكَ نَجْزِىْ مَنْ شَكَرَ ﴿٣٥﴾

၃၆။ မိမိအထံတော်မှ 'နေ့အိမတ်'ကောင်းကျိုးချမ်းသာတော်တစ်ရပ်အဖြစ်ဖြင့်၊ ဤကဲ့သို့ပင် ငါတို့သည် ကျေးဇူးသိတတ်သူအား ဆုလာဘ်ပေးတော်မူ၏။

وَلَقَدْ اَنْذَرَهُمْ بَطْشَتَنَا فَتَمَارَوْا بِالنُّذُرِ ﴿٣٦﴾

၃၇။ ထို့ပြင် သူ(လူးတ်)သည်လည်း ငါတို့၏ ဖမ်းဆီးတော်မူခြင်းကို ၾင်းတို့အား သတိပေးခဲ့ပေသည်။ သို့ပါလျက် ၾင်းတို့သည် သတိပေးချက်နှင့်စပ်လျဉ်း၍ ယုံမှားသံသယရှိခဲ့ကြ၏။ ★

وَلَقَدْ رَاوَدُوْهُ عَنْ ضَيْفِهٖ فَطَمَسْنَآ اَعْيُنَهُمْ فَذُوْقُوْا عَذَابِىْ وَنُذُرِ ﴿٣٧﴾

၃၈။ ထို့ပြင် ၾင်းတို့သည် သူအား သူ၏ဧည့်သည်များနှင့် စပ်လျဉ်း၍ လှည့်ဖြားလိုခဲ့ကြပေရာ ငါတို့သည် ၾင်းတို့၏မျက်စိများကို အလင်းမဲ့အောင်ပြုတော်မူခဲ့၏။ သို့ဖြစ်ရာ ငါအရှင်မြတ်၏ပြစ်ဒဏ်နှင့် ငါအရှင်မြတ် သတိပေးနှိုးဆော်မှု၏အရသာကို မြည်းစမ်းကြလေကုန်။

وَلَقَدْ صَبَّحَهُمْ بُكْرَةً عَذَابٌ مُّسْتَقِرٌّ ﴿٣٨﴾

၃၉။ ထို့ပြင် ၎ကန်မလွဲ ၾင်းတို့ထံသို့ တည်တံ့သွားမည့် ပြစ်ဒဏ်တစ်ရပ်သည် နံနက်စောစောအချိန်၌ပင် ရောက်ရှိလာ

★ تَمَارَوْا 'ၾင်းတို့သည် ယုံမှားသံသယရှိခဲ့ကြ၏'ဟူသော အဓိပ္ပာယ်ပြန်ဆိုမှုကို လီဆာန္နလ်အာရဗ်အဘိဓာန်၌။

ခဲ့ပေသည်။

فَذُوْقُوْا عَذَابِیْ وَنُذُرِ ﴿۳۰﴾

၄၀။ သို့ဖြစ်ရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှု၏အရသာကို မြည်းစမ်းကြလေကုန်။

وَلَقَدْ یَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ ﴿۴۰﴾ ع

၄၁။ ထို့ပြင် ကောန်ပင် ငါတို့သည် ကျမ်းမြတ်ကုရ်အာန်ကို အဆုံးအမရယူနိုင်စိမ့်သောငှာ လွယ်ကူအောင်ပြုတော်မူခဲ့၏။ သို့ဖြစ်ရာ အဆုံးအမသင်ခန်းစာရယူသူ တစ်စုံတစ်ဦးမျှ ရှိပါသလော။

ရုကူး-၃

وَلَقَدْ جَآءَ اٰلَ فِرْعَوْنَ النُّذُرُ ﴿۴۱﴾

၄၂။ ထို့ပြင် ကောန်ပင် 'ဖိရ်အောင်'၏ ခြွေရံသင်းပင်းတို့ထံ သို့လည်း သတိပေးနှိုးဆော်သူများရောက်လာခဲ့၏။

كَذَّبُوْا بِاٰیٰتِنَا كُلِّهَا فَاَخَذْنٰهُمْ اَخْذَ عَزِیْزٍ مُّقْتَدِرٍ ﴿۴۲﴾

၄၃။ ၎င်းတို့သည် ငါတို့၏ နိမိတ်လက္ခဏာအားလုံးတို့ကို ငြင်းပယ်ခဲ့ကြလေသည်။ သို့ဖြစ်ရာ ငါတို့သည် ၎င်းတို့အား အကြွင်းမဲ့အောင်နိုင်၍ တန်ခိုးစွမ်းအားရှိသူ၏ ဖမ်းဆီးပုံမျိုးဖြင့် ဖမ်းဆီးတော်မူခဲ့၏။

اَكُفَّارُكُمْ خَیْرٌ مِّنْ اُولٰٓئِكُمْ اَمْ لَكُمْ بَرَآءَةٌ فِی الزُّبُرِ ﴿۴۳﴾

၄၄။ အသို့နည်း၊ အသင်တို့၏(ခေတ်တွင်ရှိသော) မယုံကြည်ငြင်းပယ်သူတို့မှာ ယင်းတို့ထက်သာ၍ ကောင်းမြတ်ပေသလော။ သို့တည်းမဟုတ် ကျမ်းဂန်များ၌ အသင်တို့အဖို့ အပြစ်မှလွတ်ငြိမ်းရန် တစ်စုံတစ်ရာအာမခံချက်ရှိသလော။

اَمْ یَقُوْلُوْنَ نَحْنُ جَمِیْعٌ مُّنْتَصِرٌ ﴿۴۴﴾

၄၅။ အသို့နည်း၊ ကျွန်ုပ်တို့သည် လက်စားချေမည့်အုပ်စုဖြစ်သည်ဟု ပြောဆိုကြသလော။

سَیُهْزَمُ الْجَمْعُ وَ یُوَلُّوْنَ الدُّبُرَ ﴿۴۵﴾

၄၆။ အမှန်ပင် ဤများပြားလှစွာသော အုပ်စုသည် အရေးရှုံးနိမ့်အောင်ပြုခြင်းခံရပေမည်။ ထို့ပြင် ယင်းတို့သည် ကျောခိုင်းထွက်သွားကြပေလိမ့်မည်။ ۞

بَلِ السَّاعَةُ مَوْعِدُهُمْ وَالسَّاعَةُ اَدْهٰی وَ اَمَرُّ ﴿۴۶﴾

၄၇။ စင်စစ်တစ်မူကား၊ တော်လှန်ပြောင်းလဲမှု၏အချိန်ကို ယင်းတို့အား ကတိပြုခဲ့ပြီးဖြစ်၏။ ထို့ပြင် ထိုအချိန်သည်ကား လွန်စွာပြင်းထန်၍ အလွန်ပင်ခါးသီးဖွယ်ဖြစ်လိမ့်မည်။

اِنَّ الْمُجْرِمِیْنَ فِیْ ضَلٰلٍ وَّسُعُرٍ ﴿۴۷﴾ ع

၄၈။ မုချပင် ပြစ်မှုကျူးလွန်သူတို့သည် ပျက်စီးခြင်းနှင့် ရူးသွပ်ခြင်း(အခြေအနေ)တွင်ရှိကြပေလိမ့်မည်။

یَوْمَ یُسْحَبُوْنَ فِی النَّارِ عَلٰی وُجُوْهِهِمْ ؕ ذُوْقُوْا مَسَّ سَقَرَ ﴿۴۸﴾

၄၉။ ထိုနေ့၌ ၎င်းတို့သည် မီးတွင် မိမိတို့၏မျက်နှာများကို မှောက်လျက် တရွတ်တိုက်ဆွဲသွားခြင်းကိုခံကြရပေလိမ့်မည်။ ငရဲ၏အရသာကိုမြည်းစမ်းကြလေကုန်။

اِنَّا كُلَّ شَیْءٍ خَلَقْنٰهُ بِقَدَرٍ ﴿۴۹﴾

၅၀။ ကောန်မှု၌ ငါတို့သည် အရာရာတိုင်းကို အချိန်အဆအတိုင်းအတာနှင့်လျော်ညီစွာ ဖန်ဆင်းတော်မူ၏။

۞ အာယတ်တော် (၄၅-၄၆)။ ဤသည့်အာယတ်တော်များတွင် ရှေးဦးမက္ကာမြို့ကျ အာယတ်တော်များအနက်မှဖြစ်သော 'အဟ်ဇာဗ်'စစ်ပွဲအကြောင်း နိမိတ်ဟောထားခြင်းဖြစ်သည်။ ယင်းမှာ မယုံကြည်ငြင်းပယ်သူတို့၏ များစွာသောတပ်သားတို့သည် မွတ်စလင်တို့အား ကျောခိုင်း၍ပြေးကြမည်ဟူ၏။

وَمَآ اَمۡرُنَآ اِلَّا وَاحِدَةٌ كَلَمۡحٍۭ بِالۡبَصَرِ ﴿۵۰﴾

၅၀။ ထို့ပြင် ငါတို့၏အမိန့်တော်မှာ မျက်စိတစ်မှိတ်အတွင်း တစ်မုဟုတ်ချင်း (ရောက်လာ၏)။

وَلَقَدۡ اَهۡلَكۡنَآ اَشۡيَاعَكُمۡ فَهَلۡ مِنۡ مُّدَّكِرٍ ﴿۵۱﴾

၅၁။ ထို့မှတစ်ပါး ဧကန်စင်စစ် ငါတို့သည် အသင်တို့ကဲ့သို့ သောသူများကို (ယခင်ကလည်း) ဖျက်ဆီးတော်မူခဲ့ပြီဖြစ်၏။ သို့ဖြစ်ရာ အဆုံးအမသင်ခန်းစာရယူသူ တစ်စုံတစ်ဦးမျှရှိပါသ လော။

وَكُلُّ شَىۡءٍ فَعَلُوۡهُ فِى الزُّبُرِ ﴿۵۲﴾

၅၂။ ထို့ပြင် ယင်းတို့၏ ပြုကျင့်ခဲ့သမျှတို့သည် စာအုပ်များ တွင်ရှိ၏။

وَكُلُّ صَغِيۡرٍ وَّكَبِيۡرٍ مُّسۡتَطَرٌ ﴿۵۳﴾

၅၃။ ထို့ပြင် အသေး၊ အကြီးဟူသမျှကို ရေးမှတ်ထားရှိ၏။

اِنَّ الۡمُتَّقِيۡنَ فِىۡ جَنّٰتٍ وَّنَهَرٍ ﴿۵۴﴾

၅၄။ မုချမလွဲ 'မွတ္တကီ' ဖြူစင်ဖြောင့်မတ်သူတို့သည် 'ဂျန္နတ်' ဥယျာဉ်တော်များနှင့် ပေါကြွယ်ဝသော အခြေအနေတို့တွင် ရှိကြပေလိမ့်မည်။

فِىۡ مَقۡعَدِ صِدۡقٍ عِنۡدَ مَلِيۡكٍ مُّقۡتَدِرٍ ﴿۵۵﴾

၅၅။ တန်ခိုးစွမ်းအားနှင့်ပြည့်စုံတော်မူသော ရှင်ဘုရင်၏ရှေ့ တော်မှောက် အမှန်တရား၏ထိုင်ခင်းပေါ်တွင်တည်း။

❖ ❖ ❖

၅၅။ အလ်-ရာဟ်မာန်

ဤဆူရာဟ်သည် ရှေးဦးမက္ကာခေတ်တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ်တော်(၇၉)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်တွင် လူသားနှင့် ကျမ်းမြတ်ကုရ်အာန်တို့နှင့်စပ်လျဉ်း၍ သီးခြားဖြစ်သော အဓိပ္ပာယ် ထူးစကားစုနှစ်ခုကို သုံးနှုန်းထားတော်မူသည်။ ကျမ်းမြတ်ကုရ်အာန်နှင့်စပ်လျဉ်းပြီး **خَلْق** ဟူ၍ မည်သည့် နေရာတွင်မျှ သုံးစွဲထားခြင်းမရှိပေ။ သို့ရာတွင် လူသားအတွက် **خَلْق** ကို သုံးနှုန်းထားပေသည်။ သို့ဖြစ်ရာ ဤသည့်ဆူရာဟ်ကို သတိမမူခဲ့ခြင်းအကျိုးကြောင့် အလယ်ခေတ်တွင် မွတ်စလင်အချို့က ကျမ်းမြတ် ကုရ်အာန်ကို 'မာခ်လူးက်'(ဖန်ဆင်းခံ)ဟူ၍ လက်ခံလာခဲ့ကြသလို အချို့ကလည်း ဖန်ဆင်းခံမဟုတ်ဟု ဆိုကြသည်။ ထို့ပြင် ဤသည့်အတွက်ကြောင့်ပင် ထိုသည့် မွတ်စလင်တို့တွင် အများအပြားပင် တိုက်ခိုက် သတ်ဖြတ်မှုများ ဖြစ်ပွားခဲ့လေသည်။

ဤဆူရာဟ်တွင် **ميـــزان** အကြောင်းလည်းပါရှိပြီး ကောင်းကင်ယံတစ်ဝန်းလုံးတွင် တစ်ခုသော ဟန်ချက်ညီမျှခြင်းကို မြင်တွေ့ကြရမည်ဖြစ်ကြောင်းနှင့် အကယ်ပင် မြင့်စွင့်မှုဟူသမျှတို့သည် ထိုသည့် ဟန်ချက်ညီမှုကိုလိုအပ်ကြောင်း ဖော်ပြထားတော်မူသည်။ သို့ဖြစ်ရာ အကယ်၍ အလ္လာဟ်အရှင်မြတ်၏ ယုံကြည်ခြင်းသဒ္ဓါတရားရှိသော အစေတော်လူသားကလည်း အစဉ်သဖြင့် ထိုသည့်ဟန်ချက်ညီမှုကို စောင့်ထိန်းလျက် တရားမျှတမှုနှင့်ဆန့်ကျင်သော စကားတစ်စုံတစ်ရာကို မည်သည့်အခါတွင်မျှ ပြောဆို ခြင်းမပြုပါက အလ္လာဟ်အရှင်မြတ်သည် ထိုသူအားလည်း ကြီးကျယ်ခမ်းနားလှစွာသော မြင့်မားမှုများကို ချီးမြှင့်တော်မူမည်ဖြစ်သည်။

ဤသည့်နောက်တွင် 'ဂျင်နှင့် အင်နှစ်'ကိုရည်ညွှန်းလျက် အသင်တို့နှစ်ဦးသည် နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်၏ အဘယ်အဘယ်သော ကောင်းကျိုးချမ်းသာကို ငြင်းပယ်ဦးမည်နည်းဟူသည့် စကားကို အထပ်ထပ်အခါခါ အကြိမ်ပေါင်းများစွာဖော်ပြလာရှိထားသည်။ ထို့ပြင် ဤသည်နှင့်ဆက်စပ် လျက် 'ဂျင်နှင့် အင်နှစ်'(လူသား)တို့၏ ပေါက်ဖွားပုံခြင်း မတူခြားနားမှုကိုလည်း ဖော်ပြလိုက်ပေသည်။ 'ဂျင်နှ'ကို မီးလျှံဖြင့် ဖန်ဆင်းခြင်းခံရ၏။ မျက်မှောက်ခေတ်တွင် 'ဂျင်နှ'ဆိုသောစကားလုံးကို အမျိုးမျိုး ရှင်းလင်းဖော်ပြကြပေသည်။ သို့ရာတွင် ဤနေရာ၌ 'ဂျင်နှ'၏ရှင်းလင်းချက်တစ်မျိုးမှာ (Virus) ဗိုင်းရပ်စ် နှင့် (Bacteria) ဘက်တီးရီးယားတို့သည်လည်း 'ဂျင်နှ'များပင်ဖြစ်ကြပြီး ယင်းတို့သည် ကမ္ဘာဦးအစတွင် ကောင်းကင်ယံမှကျရောက်သော မီးလျှံများမှ ရေဒီယိုသတ္တိကြွလိုင်းများ၏သက်ရောက်မှုဖြင့် ပေါက်ဖွား လာခဲ့ကြခြင်းဖြစ်သည်။ ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ်များသည် မီးမှ အင်အားရယူလျက် ဖြစ်ထွန်းတည်ရှိ လာခဲ့ကြခြင်းဖြစ်သည်ဟူသောအချက်တွင် ခေတ်သစ်သိပ္ပံပညာရှင်အားလုံးက တညီတညွတ်တည်းရှိခဲ့ပြီး ဖြစ်သည်။

ထို့နောက် လူသားနှင့်စပ်လျဉ်း၍ ကြီးကျယ်လှသော အသိဉာဏ်အမြော်အမြင်နှင့် ဖန်ဆင်း ဖြစ်ထွန်းစေခြင်းတို့၏ နက်ရှိုင်းသောလျှို့ဝှက်ရာများကို ဖွင့်ချလိုက်သော နိဓိတ်ဟောချက်တစ်ရပ်ကို လည်းဖော်ပြတော်မူသည်။ စိုစွတ်သောမြေဖြင့် လူသားအား ဖန်ဆင်းမှု အတွေးအမြင်ကို ရှေးကျမ်း အားလုံးတို့တွင် လာရှိခဲ့ပြီးဖြစ်သည်။ သို့ရာတွင် လူသားအား အသံမြည်သော ရွှံ့ပုပ်ခြောက်မှ ဖန်ဆင်း ဖြစ်ပေါ်စေခြင်းမှာ ကျမ်းမြတ်ကုရ်အာန်၏အလျင် မည်သည့်ကျမ်းကမျှ မဖော်ပြခဲ့ဖူးသော အတွေး အခေါ်တစ်ရပ်ဖြစ်ပေသည်။ ဤတွင် အကျယ်ဖွင့်ရှင်းပြရန်အခါမဟုတ်ပါ။ သို့သော် ဖန်ဆင်းခြင်း၏

ကာလတစ်လျှောက်တွင် ဖန်ဆင်းဖြစ်ပေါ်မှုဆိုင်ရာ ရုပ်ဒြပ်များကို အသံမြည်သော မြေကြီးခဲများ၏ ပုံစံဖြင့် ခြောက်သွေ့ခြင်းကိုပြုခဲ့ရကြောင်း သိပ္ပံပညာရှင်များက နားလည်ကြပေသည်။ ထိုသည့်နောက်မှ တစ်ဖန် ပင်လယ်သမုဒ္ဒရာကြီးက ထိုသည့်ခြောက်သွေ့သောဒြပ်ကို မိမိ၏လှိုင်းများဖြင့် ရစ်ပတ်ထွေးပိုက်လိုက်ပြီး လူသား၏ဓာတုတိုးတက်မှုဖြစ်စဉ် စတင်ပေတော့သည်။ ယင်းတွင် လူသားဖြစ်ထွန်းရန် အတွက် ဓာတုစနစ်သည် အဖန်တလဲလဲ မိမိ၏နဂိုအနေအထားသို့ ပြန်မလှည့်စေရန် အရေးကြီးပေသည်။

ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ပင်လယ်ကြီးနှစ်စင်း၏အကြားတွင် နယ်နိမိတ်အပိုင်းအခြားကို ချုပ်ငြိမ်းပပျောက်စေတော်မူပြီး ယင်းတို့သည် တစ်ခုနှင့်တစ်ခုပေါင်းစည်းသွားမည့်အကြောင်းကို နိမိတ်ဟောထားတော်မူသည်။

ထို့နောက် နောက်ထပ်အာယတ်တော်တစ်ပုဒ်ရှိပြန်သည်မှာ ကျမ်းမြတ်ကုရ်အာန်၏ 'ဝဟီ'ချပေးတော်မူသည့်ခေတ်ကာလတွင် မည်သည့်လူသားတစ်ဦးတစ်ယောက်မျှ စဉ်းစားတွေးဆမိခဲ့မည်မဟုတ်ချေ။ လူသားမှာ တစ်ကိုက်၊ နှစ်ကိုက်မျှသောအမြင့်ကိုပင်ခုန်ရန် အစွမ်းမရှိခဲ့ပေရာ ကြီးသူမျှားရော ငယ်သူမျှားပါ **اَقْطَارُ السَّمٰوٰتِ وَالْاَرْضِ** မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့၏ နယ်နိမိတ်မှအပြင်ဘက်သို့ ခုန်နိုင်ဖို့ရန် ကြိုးပမ်းကြလိမ့်မည်ဟု အဘယ်သူသည် စဉ်းစားနိုင်အံ့နည်း။ ဤကြိုးပမ်းမှုကို လူသားသည် 'လ'ကမ္ဘာသို့ ရောက်ရှိခြင်းဖြင့်အစပြုခဲ့ပြီး ဖြစ်ပေသည်။ ထို့ပြင် ယင်းထက်ပို၍မြင့်သော ဂြိုဟ်များသို့ရောက်ရှိနိုင်ရန် ကြိုးပမ်းမပြတ်ရှိနေကြသည်။ သို့ရာတွင် ကျမ်းမြတ်ကုရ်အာန်က ကြိုတင်နိမိတ်ဟောထားသည်မှာ လူသားသည် **سُلْطَان** (ဝါ) ကြီးကျယ်ခမ်းနားဆုံးသော အထောက်အထားပြနိုင်ခြင်းမှတစ်ပါး နယ်နိမိတ်အကန့်အသတ်ကို ခုန်ကျော်နိုင်လိမ့်မည်မဟုတ်ချေ။ ထို့ပြင် ရုပ်ပိုင်းဆိုင်ရာအားဖြင့် ခုန်ကျော်ဖို့ရန် ကြိုးပမ်းလေတိုင်း ၎င်းတို့အပေါ်သို့ မီးနှင့်ကြိုချက်ထားသော ကြေးနီရည်တို့ဖြင့် (မီးမိုး၊ ကြေးရည်မိုးများ) ရွာချခြင်းခံရမည်။ သိပ္ပံပညာရှင်တို့သည် ကောင်းကင်ယံဂြိုဟ်နက္ခတ်များမှ ကျောက်ခဲမိုးရွာချခြင်းအတွက် အကာအကွယ်ယူဖို့ရန် ဖြစ်နိုင်ချေရှိသမျှသော ကာကွယ်မှုအစီအမံများကို ပြင်ဆင်ထားခြင်းမရှိပါလျှင် ၎င်းတို့သည် ဒုံးပျံပေါ်တွင်ထိုင်၍ အာကာသခရီးနှင်မည်မဟုတ်ကြောင်း တစ်စုံတစ်ရာ သံသယဖြစ်စရာမလိုချေ။

'ဂျဟန္နမ်' ငရဲဘုံ၏ ခိုင်းနှိုင်းပမာပြုချက်ကို ဖော်ပြတော်မူပြီးနောက်တွင် တစ်ဖန် 'ဂျန္နတ်'၏ ပမာပြုခိုင်းနှိုင်းချက်ကို စတင်ထားတော်မူသည်။ စာရှုသူများအဖို့ ဤဖော်ပြလာရှိချက်များအား အပေါ်ယံဗဟိဒ္ဓအဓိပ္ပာယ်ကို အလျှင်းမယူမိကြရန်သတိရှိဖို့လိုပေသည်။ ဤ(ဖော်ပြချက်)အလုံးစုံတို့မှာ ပုံဆောင်တင်စားချက်များသာဖြစ်သည်။ ဤသည်ကို စဉ်းစားတွေးခေါ်ခြင်းဖြင့် တွေးခေါ်မြော်မြင်သူပုဂ္ဂိုလ်အားဉာဏ်စဉ်အသိထူး၏ သစ်လွင်သော ပုလဲလုံးများကို ရရှိနိုင်လိမ့်မည်ဖြစ်သည်။ သို့မဟုတ်ပါက ထိုသူ၏ဦးနှောက်အသိဉာဏ်သည် ချော်ထွက်သွားမည်ဖြစ်သည်။ ထို့ပြင် ၎င်းအဖို့ 'ဂျန္နတ်'နှင့်ပတ်သက်၍ အဖြေမရနိုင်သည့် မျှားစွာသော ရုပ်ပိုင်းအတွေးအမြင်မှတစ်ပါး ဘာတစ်ခုမျှရရှိမည်မဟုတ်ချေ။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်၏နာမတော်မှာ အကန့်အသတ်မရှိသော ကောင်းချီးမင်္ဂလာတော်အရှင်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်၏ ကောင်းချီးမင်္ဂလာများကို ရေတွက်၍ကား ရနိုင်မည်မဟုတ်။ ထိုအရှင်မြတ်သည် **ذُوالْجَلَالِ وَالْاِكْرَام** ဖြစ်တော်မူပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ရာဟ်မာန်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၇၈)ပိုဒ် ရှုကူ (၃)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اَلرَّحْمٰنُ ②

၂။ အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်။

عَلَّمَ الْقُرْاٰنَ ③

၃။ ထိုအရှင်မြတ်သည် ကုရ်အာန်၏အသိပညာကို ပေးတော်မူ၏။

خَلَقَ الْاِنْسَانَ ④

၄။ လူသားကို ဖန်ဆင်းတော်မူ၏။

عَلَّمَهُ الْبَيَانَ ⑤

၅။ သူ့အားရှင်းလင်းပြောဆိုနိုင်သော အတတ်ကိုသင်ပေးတော်မူ၏။

اَلشَّمْسُ وَالْقَمَرُ بِحُسْبَانٍ ⑥

၆။ နေနှင့်လသည် တိုင်းတာတွက်ချက်မှုတစ်ရပ်ဖြင့် (နာခံအကျိုးပြုလျက်)ရှိ၏။ ①

وَّالنَّجْمُ وَالشَّجَرُ يَسْجُدٰنِ ⑦

၇။ ထို့ပြင် ကြယ်များနှင့် သစ်ပင်တို့သည် ပျပ်ဝပ်နာခံလျက်ရှိကြ၏။ ②

وَالسَّمَآءَ رَفَعَهَا وَوَضَعَ الْمِيْزَانَ ⑧

၈။ ၎င်းပြင် မိုးကောင်းကင်သည် အဘယ်မျှဂုဏ်ကျက်သရေရှိပေသနည်း။ ထိုအရှင်မြတ်သည် ယင်း(မိုးကောင်းကင်)အား မြင့်မားခြင်းကို ပေးသနားတော်မူ၍ မျှတခြင်း၏စံနမူနာပြုလုပ်ထားတော်မူ၏။ ③

اَلَّا تَطْغَوْا فِي الْمِيْزَانِ ⑨

၉။ သို့ဖြင့် အသင်တို့သည် အတိုင်းအတာအချိန်အတွယ်၌ မလွန်ကျူးကြေစေရန်ဖြစ်၏။

وَاَقِيْمُوا الْوَزْنَ بِالْقِسْطِ وَلَا تُخْسِرُوا

၁၀။ ထို့ပြင် အလေးချိန်၌ တရားမျှတမှုကို တည်ဆောက်ကြကုန်။ ထို့ပြင် ချိန်တွယ်ရာတွင် တစ်စုံတစ်ရာ လျော့နည်း

---

① ဤနေရာတွင် بِحُسْبَانٍ ဖြင့် ဤသည် စာရင်းဇယားတွက်ချက်မှုအတွက် အကြောင်းခံဖြစ်သည်ဟုလည်း အဓိပ္ပာယ်တစ်မျိုးရရှိသည်။ ကမ္ဘာပေါ်တွင်ဖြစ်ပေါ်ခဲ့သော တိုးတက်ခဲ့လေသမျှတို့မှာ သချိုင်္ကပညာရပ်အားဖြင့်သာဖြစ်သည်။ ထို့ပြင် သချိုင်္ကပညာရပ်သည် ခေတ်သစ်သိပ္ပံပညာရှင်တို့အဖို့ နေနှင့်လတို့လည်ပတ်မှု၏အကျိုးဆက်ဖြင့် ပြတ်သားစွာ သိရှိခဲ့ကြလေသည်။

② ဤနေရာတွင် نَجْم ဟူသည် ပြီးခဲ့သောအာယတ်တော်တွင်ဖော်ပြသည့် စာရင်းဇယားနှင့် နီးနွှယ်ပတ်သက်မှုရှိသော ကြယ်ဟုလည်း အဓိပ္ပာယ်ရရှိသည်။ ထို့ပြင် သစ်မြစ်သစ်နွယ်များဟုလည်း ဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်း၏နောက်တွင် شَجَر (သစ်ပင်)အကြောင်းကိုဖော်ပြထားသောကြောင့်ဖြစ်သည်။ ဤသည် ကုရ်အာန်ကျမ်းမြတ်၏ စာပေအလင်္ကာမြောက်ခြင်းဖြစ်သည်။ အာယတ်မှတ္ခပါဠိတော်တိုင်းပင် အဘက်ဘက်မှ နှောင်တည်းဖွဲ့တည်မှုရှိလေသည်။

③ ဤသည့်နောက် မိုးကောင်းကင်၏ မြင့်မားမှုအကြောင်းလာရှိသည်။ ယင်းမှာ အမှန်တွင် ပြီးခဲ့သော အာယတ်တော်များ၏ အနှစ်ချုပ်အကြောင်းရပ်ပင်ဖြစ်သည်။ စာရင်းဇယားများအားဖြင့်သာလျှင် အချိန်အတွယ် အတိုင်းအတာကို သတ်မှတ်ကြရလေသည်။ ထို့ပြင် မြင့်မားမှုကိုရရှိထားသော မိုးကောင်းကင်သည် ဤမျှ ဟန်ချက်ညီညီရှိခဲ့သဖြင့် ယင်းမှ အစေတော်လူသားသည် တရားမျှတမှုနှင့် ချိန်ခွင်လျှာညီမျှမှုကိုတည်ဆောက်ရန် နည်းလမ်းကိုသင်ယူနိုင်ပေသည်။

الْمِيْزَانَ ۝٧

စေခြင်းကိုမပြုကြလင့်။

وَالْاَرْضَ وَضَعَهَا لِلْاَنَامِ ۝١٠

၁၀။ ထို့ပြင် ကမ္ဘာမြေသည် အဘယ်မျှဂုဏ်ကျက်သရေရှိပေသနည်း။ ထိုအရှင်မြတ်သည် ယင်းကို ဖန်ဆင်းခဲ့တို့အဖို့ (မှီခိုအားထားရာ) ပြုလုပ်ထားတော်မူ၏။

فِيْهَا فَاكِهَةٌ ۙ وَّالنَّخْلُ ذَاتُ الْاَكْمَامِ ۝١١

၁၂။ ယင်း၌ သစ်သီးဝလံအမျိုးမျိုးနှင့် စွန်ပလွံခိုင်များသည်လည်းကောင်း။

وَالْحَبُّ ذُو الْعَصْفِ وَالرَّيْحَانُ ۝١٢

၁၃။ အခွံပါသော ကောက်ပဲသီးနှံများနှင့် မွှေးကြိုင်သော အပင်ငယ်များသည်လည်းကောင်းရှိကြ၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ۝١٣

၁၄။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

خَلَقَ الْاِنْسَانَ مِنْ صَلْصَالٍ كَالْفَخَّارِ ۝١٤

၁၅။ ထိုအရှင်မြတ်သည် လူသားကို ဖုတ်ထားသောအိုးကဲ့သို့ ခြောက်သွေ့၍အသံမြည်သောမြေကြီးမှ ဖန်ဆင်းတော်မူ၏။ ①

وَخَلَقَ الْجَآنَّ مِنْ مَّارِجٍ مِّنْ نَّارٍ ۝١٥

၁၆။ 'ဂျင်န်'ကို မီး၏မီးတောက်မီးလျှံများဖြင့် ဖန်ဆင်းတော်မူပေ၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ۝١٦

၁၇။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကိုငြင်းပယ်ကြပါမည်နည်း။

رَبُّ الْمَشْرِقَيْنِ وَرَبُّ الْمَغْرِبَيْنِ ۝١٧

၁၈။ အရှေ့အရပ်နှစ်ခုစလုံးကို ဖန်ဆင်းတော်မူသောအရှင်၊ အနောက်အရပ်နှစ်ခုစလုံးကို ဖန်ဆင်းတော်မူသောအရှင်။ ②

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ۝١٨

၁၉။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့နှစ်ဦးစလုံးသည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

مَرَجَ الْبَحْرَيْنِ يَلْتَقِيٰنِ ۝١٩

၂၀။ ထိုအရှင်မြတ်သည် ပင်လယ်နှစ်ခုကိုပေါင်းဆုံစေတော်မူမည်။ ယင်း(ပင်လယ်နှစ်ခု)တို့သည် ရှေ့သို့တိုး၍ တိုး၍ တစ်ခုနှင့်တစ်ခု ပေါင်းဆုံကြလိမ့်မည်။

بَيْنَهُمَا بَرْزَخٌ لَّا يَبْغِيٰنِ ۝٢٠

၂၁။ (ယခုမူကား) ယင်းတို့နှစ်ခု၏အကြား၌ အတားအဆီးတစ်ခုသည်ရှိနေ၏။ ယင်းတို့သည် (ထိုအတားအဆီးမှ)ကျော်လွန်ခြင်းကိုမပြုနိုင်ကြပေ။

---

① **صَلْصَال** (ဆွလ်ဆွားလ်)၏အနက်မှာ ခြောက်သွေ့၍ အသံမြည်သောမြေကြီးဖြစ်သည်။ အလ်မွန်ဂျိဒ်နှင့် ဃရီဘွလ်ကုရ်အာန် အဘိဓာန်ကျမ်းများရှု။

② ဤအာယတ်တော်တွင် အရှေ့အရပ်(၂)ခုနှင့် အနောက်အရပ်(၂)ခုအကြောင်းလာရှိထားသည်။ အမှန်သော်ကား တမန်တော်မြတ်ﷺ၏ခေတ်ကာလတွင် လူသားသည် အရှေ့အရပ်တစ်ခုနှင့် အနောက်ရပ်တစ်ခုတို့ကိုသာ သိရှိခဲ့ကြ၏။ ဤသည့် အလွန်တိုတောင်းသေးငယ်သော အာယတ်တော်တွင် နှောင်းခေတ်၏ ကြီးကျယ်ခမ်းနားလှပသော စူးစမ်းရှာဖွေမှုများနှင့်စပ်လျဉ်း၍ အနာဂတ္တိဗျာဒိတ်ပင်ဖြစ်သည်။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۱۲﴾

၂၂။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့နှစ်ဦးစလုံးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

يَخْرُجُ مِنْهُمَا اللُّؤْلُؤُ وَالْمَرْجَانُ ﴿۲۲﴾

၂၃။ ယင်း(ပင်လယ်)နှစ်ခုစလုံးမှ ပုလဲနှင့် သန္ဘာကျောက်များ ထွက်ရှိ၏။ ⑨

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۲۳﴾

၂၄။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

وَلَهُ الْجَوَارِ الْمُنْشَـَٔاتُ فِى الْبَحْرِ كَالْاَعْلَامِ ﴿۲۴﴾

၂၅။ ထို့ပြင် ပင်လယ်သမုဒ္ဒရာတွင် တောင်များပမာမြင့်မားအောင်ပြုခြင်းခံရမည့် ထိုလှေသင်္ဘောများသည်လည်း အရှင်မြတ်၏ (အတတ်ပညာ)ပင်ဖြစ်၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۲۵﴾ ع

၂၆။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့နှစ်ဦးစလုံးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

ရုကူး-၂

كُلُّ مَنْ عَلَيْهَا فَانٍ ﴿۲۶﴾

၂၇။ ယင်း(လောက)တွင် ရှိရှိသမျှအရာအားလုံးတို့သည် ပျက်စီးချုပ်ငြိမ်းကြရမည်သာဖြစ်၏။

وَّيَبْقٰى وَجْهُ رَبِّكَ ذُو الْجَلٰلِ وَالْاِكْرَامِ ﴿۲۷﴾

၂၈။ သို့ရာတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ဂုဏ်ရှိန်ကြီးမြင့်၍ ရှိသေလေးမြတ်ထိုက်သောအရှင်၏ ဘုန်းကျက်သရေတော်သည်သာလျှင် ကျန်ရှိနေပေလိမ့်မည်။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۲۸﴾

၂၉။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

يَسْـَٔلُهٗ مَنْ فِى السَّمٰوٰتِ وَالْاَرْضِ ؕ كُلَّ يَوْمٍ هُوَ فِىْ شَاْنٍ ﴿۲۹﴾

၃၀။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင် ရှိရှိသမျှတို့သည် ထိုအရှင်မြတ်အထံတော်၌သာ တောင်းခံကြ၏။ အချိန်တိုင်းတွင် ထိုအရှင်မြတ်သည် သစ်လွင်သော ဂုဏ်အရှိန်အဝါတစ်ရပ်တွင်ရှိနေတော်မူ၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۳۰﴾

၃၁။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

⑨ အာယတ်တော် ၂၀မှ၂၃ထိ။ ဤအာယတ်တော်များတွင် ပုလဲများနှင့် သန္ဘာကျောက်များထွက်ရှိသော ပင်လယ်သမုဒ္ဒရာကြီးနှစ်စင်းအကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ ယင်းတို့နှစ်ခုလုံးသည် ရောနှောပစ်ခြင်းကိုခံရပေလိမ့်မည်။ **ယַلْتَقِيَان** တွင် နောင်ကာလများ၌ ယင်းတို့ပေါင်းဆုံကြမည်ကို ဆိုလိုခြင်းဖြစ်သည်။ အမှန်သော်ကား တမန်တော်မြတ်ﷺ၏ခေတ်ကာလတွင် ဤသို့သော ပင်လယ်သမုဒ္ဒရာကြီးနှစ်စင်းအကြောင်းကို လူအများမသိရှိခဲ့ကြသည့်အပြင် ယင်းတို့ တစ်ခုနှင့်တစ်ခု ပေါင်းဆုံကြမည့်အကြောင်း နိမိတ်ဟောနိုင်ခြင်းလည်းမရှိချေ။ ဤတွင် ပင်လယ်နီနှင့် မြေထဲပင်လယ်တို့ကို ဆိုလိုခြင်းဖြစ်သည်။ ယင်းကို စူးအက်တူးမြောင်းဖောက်လုပ်ခြင်းဖြင့် ပေါင်းစည်းစေခဲ့ပေသည်။

سَنَفْرُغُ لَكُمْ اَيُّهَ الثَّقَلٰنِ ﴿٣١﴾

၃၁။ အို- အင်အားကြီးနှစ်ရပ်တို့၊ ငါတို့သည် မုချပင် အသင်တို့အား အပြည့်အဝစီရင်ဆုံးဖြတ်တော်မူမည်။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٣٢﴾

၃၂။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

يٰمَعْشَرَ الْجِنِّ وَالْاِنْسِ اِنِ اسْتَطَعْتُمْ اَنْ تَنْفُذُوْا مِنْ اَقْطَارِ السَّمٰوٰتِ وَالْاَرْضِ فَانْفُذُوْا ؕ لَا تَنْفُذُوْنَ اِلَّا بِسُلْطٰنٍ ﴿٣٣﴾

၃၃။ အို-ဂျင်နှင့် လူသားအုပ်စုတို့၊ အကယ်၍အသင်တို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့၏နယ်နိမိတ်မှ အပြင်သို့ ထွက်ခွာနိုင်စွမ်းရှိခဲ့ကြလျှင် ထွက်သွားကြကုန်။ အသင်တို့သည် တစ်ခုသော လွှမ်းမိုးအောင်နိုင်သည့် သက်သေပြချက်အားဖြင့်မှတစ်ပါး ထွက်နိုင်ကြမည်မဟုတ်ချေ။ ①

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٣٤﴾

၃၄။ သို့ဖြစ်ရာ (အို- ဂျင်နှင့်လူသား) အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

يُرْسَلُ عَلَيْكُمَا شُوَاظٌ مِّنْ نَّارٍ ۙ وَّنُحَاسٌ فَلَا تَنْتَصِرٰنِ ﴿٣٥﴾

၃၅။ အသင်တို့နှစ်ဦးစလုံးအပေါ်သို့ မီးတောက်မီးလျှံများကိုလည်းကောင်း၊ တစ်မျိုးသောအခိုးအငွေ့များကိုလည်းကောင်း၊ ရွာသွန်းစေတော်မူမည်။ သို့ဖြစ်ရာ အသင်တို့နှစ်ဦးစလုံးသည် လက်တုံ့ပြန်နိုင်ကြလိမ့်မည်မဟုတ်ချေ။ ②

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٣٦﴾

၃၆။ သို့ဖြစ်ရာ (အို- ဂျင်နှင့်လူသား) အသင်တို့နှစ်ဦးစလုံးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

فَاِذَا انْشَقَّتِ السَّمَآءُ فَكَانَتْ وَرْدَةً كَالدِّهَانِ ﴿٣٧﴾

၃၇။ သို့ဖြစ်ရာ အကြင်အခါဝယ် မိုးကောင်းကင်သည် အက်ကွဲ၍သွားပေလိမ့်မည်။ ထို့ပြင် အရောင်ဆိုး၍ထားသော သားရေချပ်ကဲ့သို့ နီရဲလာပေလိမ့်မည်။ ③

① ဤအာယတ်တော်တွင် **يَا مَعْشَرَ الْجِنِّ وَالْاِنْسِ** ဟူ၍ဖော်ပြထားတော်မူသည်။ **جِنّ** ဆိုသည်ကို ထူးဆန်းအံ့သြဖွယ်ကောင်းသော ဖန်ဆင်းခံဟု သဘောမှတ်ယူထားခဲ့ကြသည်။ ယင်းနှင့်စပ်လျဉ်း၍ ထိုခေတ်ထိုအခါက ၎င်းတို့သည် **اَقْطَارُ السَّمٰوٰتِ وَالْاَرْضِ** မှထွက်နိုင်ရန် လုံ့လစိုက်ထုတ်ကြမည်ဟု ဆိုနိုင်ခဲ့သော်ငြားလည်း **اِنس** နှင့်ပတ်သက်၍မူ ၎င်းတို့သည် **اَقْطَارُ السَّمٰوٰتِ وَالْاَرْضِ** အပြင်သို့ထွက်ခွာနိုင်အောင် ကြိုးပမ်းကြလိမ့်မည်ဟူ၍ တွေးဆဖို့ရာအကြောင်းမရှိချေ။ ဤနေရာတွင် အထူးစဉ်းစားရမည့်အကြောင်းမှာ **اَقْطَارُ الْاَرْض** ဟူ၍မျှသာ မိန့်ထားတော်မူခြင်းမဟုတ်ဘဲ **اَقْطَارُ السَّمٰوٰتِ وَالْاَرْضِ** ဟု မိန့်ထားတော်မူပေသည်။ ဆိုလိုသည်မှာ စကြဝဠာတစ်ဝန်းလုံးကို တစ်ချက်တည်းခုန်လျက်ကျော်လွှားသွားနိုင်ရန် လုံ့လစိုက်ထုတ်ကြမည်ဟူ၏။ **اِلَّا بِسُلْطٰنٍ** ဟူသည် ၎င်းတို့သည် ကြိုးစားကြလိမ့်မည်။ သို့သော် ခိုင်မာသောအထောက်အထားများဖြင့်သာအောင်မြင်မှုရရှိကြလိမ့်မည်။ ယခုခေတ်တွင် ဤသည့်အခြေအနေ၌သာရှိကြပေသည်။ ကမ္ဘာမြေနှင့်မိုးကောင်းကင်တို့ကို စူးစမ်းလေ့လာကြသော သိပ္ပံပညာရှင်တို့သည် အလင်းနှစ်ပေါင်း (၂၀)ဘီလီယံအထိ အဝေးမှသတင်းအချက်အလက်များကို မိမိတို့၏ဩဇာကြီးသော အထောက်အထားများအားဖြင့်သာ သိရှိလိုက်ကြလေသည်။ ဤသည်မှာ ရုပ်ပိုင်းအရ ၎င်းတို့အတွက် ဖြစ်နိုင်စရာမရှိချေ။

② အာကာသသူရဲကောင်းသိပ္ပံပညာရှင်များသည် ဒုံးပျံတွင်လိုက်ပါ၍ ကောင်းကင်နှင့်မြေကြီးကို ဖြတ်ကျော်နိုင်ရန် ကြိုးပမ်းအားထုတ်ကြသောအခါ ၎င်းတို့အပေါ်သို့ ဤကဲ့သို့ပင် မီးလျှံများနှင့် တစ်မျိုးသောအခိုးအငွေ့များသည် မိုးရွာသကဲ့သို့ရွာချပေသည်။

③ ဤသည်မှာ ဥပမာခိုင်းနှိုင်းပြဆိုချက်သာဖြစ်သည်။ ဤတွင် နက္ခတ္တဗေဒပညာရပ်၏ တစ်မူထူးခြားသော တိုးတက်မှုအကြောင်းကိုဖော်ပြထားခြင်းဖြစ်ပြီး ကြောက်ရွံ့စရာကောင်းလှသော လေကြောင်းတိုက်ခိုက်မှုမျှားဘက်သို့ အရိပ်အမြွက်ပြဆိုထားခြင်းလည်းဖြစ်နိုင်သည်။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿١٣﴾

၃၉။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့နှစ်ဦးစလုံးသည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

فَيَوْمَئِذٍ لَّا يُسْـَٔلُ عَنْ ذَنْۢبِهٖٓ اِنْسٌ وَّلَا جَآنٌّ ﴿١٤﴾

၄၀။ ထိုနေ့တွင် မည်သည့် ဂျင်နှင့်လူသားမျှ မိမိတို့၏ ဆွတ်ချော်မှုနှင့်စပ်လျဉ်း၍ မေးမြန်းစစ်ကြောခြင်းကိုခံကြရမည် မဟုတ်ချေ။ ①

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿١٥﴾

၄၁။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

يُعْرَفُ الْمُجْرِمُوْنَ بِسِيْمٰهُمْ فَيُؤْخَذُ بِالنَّوَاصِيْ وَالْاَقْدَامِ ﴿٤١﴾

၄၂။ အပြစ်ရှိသူအားလုံးတို့သည် သူတို့၏အမှတ်လက္ခဏာများဖြင့် မှတ်မိသိရှိခြင်းခံကြရပေလတ္တံ့။ သို့ကြောင့် ယင်းတို့သည် ဦးထိပ်ဆံဖျားနှင့် ခြေထောက်များကို ဆွဲကိုင်ဖမ်းဆီးခြင်းကိုခံကြရပေအံ့။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿١٦﴾

၄၃။ သို့ဖြစ်ရာ (အို-ဂျင်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

هٰذِهٖ جَهَنَّمُ الَّتِيْ يُكَذِّبُ بِهَا الْمُجْرِمُوْنَ ﴿٤٣﴾ ۚ

၄၄။ ဤသည်ပင် အပြစ်ရှိသူများက ငြင်းပယ်လေ့ရှိခဲ့သော 'ဂျဟန္နမ်'ငရဲဖြစ်၏။

يَطُوْفُوْنَ بَيْنَهَا وَبَيْنَ حَمِيْمٍ اٰنٍ ﴿٤٤﴾

၄၅။ ယင်းတို့သည် ထို(ငရဲ)နှင့် ပွက်ပွက်ဆူလျက်ရှိသောရေ၏အကြားတွင် လှည့်ပတ်ကြရပေလိမ့်မည်။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٤٥﴾ ۚ

၄၆။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

ရုကူ-၃

وَلِمَنْ خَافَ مَقَامَ رَبِّهٖ جَنَّتٰنِ ﴿٤٦﴾

၄၇။ အကြင်မည်သူမဆို မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ဂုဏ်အဆင့်ကို ကြောက်ရွံ့၏။ ထိုသူအဖို့ 'ဂျန္နတ်'ဥယျာဉ်နှစ်ခုရှိ၏။ ②

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٤٧﴾

၄၈။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံး

① ဤအာယတ်တော်တွင် ထိုနေ၌ ဂျင်နှင့် အင်စာန်တို့ထံမှ ၎င်းတို့၏ ဆွတ်ချော်အားနည်းချက်များနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာစုံစမ်းစစ်ဆေးခြင်းရှိမည်မဟုတ်ဟု ဖော်ပြထားတော်မူခြင်းဖြစ်သည်။ 'ကေယာမတ်'(ရှင်ပြန်ထမြောက်ရသော)နေ့တော်တွင် အပြစ်ရှိသူများသည် ၎င်းတို့၏အရိပ်လက္ခဏာများအားဖြင့်ပင် သိရှိရမည်ဖြစ်သည်။ သို့ကြောင့် စစ်ကြောမေးမြန်းရန်မလိုချေ။ ကမ္ဘာစစ်ကြီးများတွင်လည်း အင်အားကြီးသူတို့က အင်အားနည်းသူတို့အား တစ်စုံတစ်ရာမေးမြန်းစုံစမ်းခြင်းမရှိခဲ့ကြသလို အင်အားနည်းသော ဆိုရှယ်လစ်ဝါဒီတို့က အင်အားကြီးသော ဓနရှင်တို့အား တစ်စုံတစ်ရာမေးမြန်းစုံစမ်းခြင်းမရှိကြချေ။ အနာဂတ်ဘုဒ္ဓဗေဒ၏ ဤအစိတ်အပိုင်းမှာ ဤသည်ထက် ပိုမို၍ ထင်သာမြင်သာဖြစ်ဖို့ရန် (အကြောင်းအချက်များ)ကျန်ရှိပေသေးသည်။

② အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကို ကျင့်သုံးဆောက်တည်သော အကြင်သူအဖို့ လောက၏'ဂျန္နတ်'နှင့် တမလွန်၏'ဂျန္နတ်'ကိုလည်း ရရှိပေလိမ့်မည်။ လောက၏'ဂျန္နတ်'ဟူသည် **اَلَا بِذِكْرِ اللّٰهِ تَطْمَئِنُّ الْقُلُوْب** ဟူသော 'ဂျန္နတ်'ဖြစ်တန်ရာသည်။

သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

ذَوَاتَآ اَفْنَانٍ ﴿٤٨﴾

၄၉။ နှစ်ခုစလုံးတွင် အကိုင်းအခက်များ ပေါများဝေဆာလျက်ရှိ၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٤٩﴾

၅၀။ သို့ဖြစ်ရာ (အို- ဂျင်န်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံး သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

فِيْهِمَا عَيْنٰنِ تَجْرِيٰنِ ﴿٥٠﴾

၅၁။ ယင်းနှစ်ခုစလုံးတွင် စမ်းချောင်းနှစ်ခုစီးဆင်းလျက်ရှိ၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٥١﴾

၅၂။ သို့ဖြစ်ရာ (အို- ဂျင်န်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံး သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကိုငြင်းပယ်ကြပါမည်နည်း။

فِيْهِمَا مِنْ كُلِّ فَاكِهَةٍ زَوْجٰنِ ﴿٥٢﴾

၅၃။ ယင်းနှစ်ခုစလုံးတွင် အမျိုးမျိုးသော သစ်သီးဝလံများသည် အစုံအစုံလိုက်ရှိကြ၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٥٣﴾

၅၄။ သို့ဖြစ်ရာ (အို- ဂျင်န်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံး သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

مُتَّكِـِٕيْنَ عَلٰى فُرُشٍۭ بَطَآئِنُهَا مِنْ اِسْتَبْرَقٍ ؕ وَجَنَا الْجَنَّتَيْنِ دَانٍ ﴿٥٤﴾

၅၅။ သူတို့သည် ထူထဲသောပိုးထည်များဖြင့် အနားကွပ်ထားသော အခင်းများပေါ်တွင် မှီအုံးများကိုမှီလျက် ရှိကြပေလိမ့်မည်။ ထို့ပြင် 'ဂျန္နတ်'ဥယျာဉ်နှစ်ခုစလုံးရှိ ရင့်မှည့်နေသော အသီးတို့သည် လေးပင်မူဖြင့်ကိုင်းညွတ်လျက်ရှိနေကြ၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٥٥﴾

၅၆။ သို့ဖြစ်ရာ (အို- ဂျင်န်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံး သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

فِيْهِنَّ قٰصِرٰتُ الطَّرْفِ ۙ لَمْ يَطْمِثْهُنَّ اِنْسٌ قَبْلَهُمْ وَلَا جَآنٌّ ﴿٥٦﴾

၅၇။ ယင်းတို့တွင် မျက်လွှာချထားသောအပျိုစင်များရှိကြ၏။ သူမတို့အား ထိုသူ(ဂျန္နတ်သားများ)တို့အလျင် ဂျင်န်နှင့် လူသားတို့အနက် မည်သူမျှထိတွေ့ခြင်းမရှိခဲ့ချေ။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٥٧﴾

၅၈။ သို့ဖြစ်ရာ (အို- ဂျင်န်နှင့် လူသား) အသင်တို့နှစ်ဦးစလုံး သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

كَاَنَّهُنَّ الْيَاقُوْتُ وَالْمَرْجَانُ ﴿٥٨﴾

၅၉။ ထိုသူမတို့သည် ပတ္တမြားနှင့် သန္လာကျောက်များသဖွယ်ဖြစ်၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٥٩﴾

၆၀။ သို့ဖြစ်ရာ (အို- ဂျင်န်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံး သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

هَلْ جَزَآءُ الْاِحْسَانِ اِلَّا الْاِحْسَانُ ﴿٦٠﴾

၆၀။ အသို့နည်း။ ကောင်းမှု၏အကျိုးဆက်သည် ကောင်းကျိုးသုခမှတစ်ပါး အခြားဖြစ်နိုင်ပါမည်လော။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٦١﴾

၆၂။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

وَمِنْ دُوْنِهِمَا جَنَّتٰنِ ﴿٦٢﴾

၆၃။ ထို့ပြင် ထိုနှစ်ခု(သော 'ဂျန္နတ်')အပြင် အခြား 'ဂျန္နတ်' ဥယျာဉ်တော်နှစ်ခုရှိပေသေး၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٦٣﴾

၆၄။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့နှစ်ဦးစလုံးသည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

مُدْهَآمَّتٰنِ ﴿٦٤﴾

၆၅။ (ဥယျာဉ်)နှစ်ခုစလုံးသည်အလွန်တရာစိမ်းလန်းစိုပြေ၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٦٥﴾

၆၆။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့နှစ်ဦးစလုံးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

فِيْهِمَا عَيْنٰنِ نَضَّاخَتٰنِ ﴿٦٦﴾

၆၇။ ယင်းနှစ်ခုစလုံးတွင် အရှိန်ဖြင့်ပန်းထွက်နေသော စမ်းနှစ်ခုရှိ၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٦٧﴾

၆၈။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

فِيْهِمَا فَاكِهَةٌ وَّنَخْلٌ وَّرُمَّانٌ ﴿٦٨﴾

၆၉။ ယင်းနှစ်ခုစလုံးတွင်အမျိုးမျိုးသော သစ်သီးဝလံများ၊ စွန်ပလွံသီးများနှင့် သလဲသီးများရှိကြ၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٦٩﴾

၇၀။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

فِيْهِنَّ خَيْرٰتٌ حِسَانٌ ﴿٧٠﴾

၇၁။ ယင်းတို့၌ အကျင့်သီလအလွန်ကောင်းမြတ်သော အပျိုစင်များရှိကြ၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٧١﴾

၇၂။ သို့ဖြစ်ရာ (အို- ဂျင်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံးသည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

حُوْرٌ مَّقْصُوْرٰتٌ فِي الْخِيَامِ ﴿٧٢﴾

၇၃။ အုတ်ကျောက်ဖြင့်မဟုတ်သည့် နန်းတော်များကဲ့သို့ အဆောင်များတွင်နေထိုင်စေသော'ဟူရ်'များဖြစ်ကြ၏။ ★

★ **اَلْخَيْمَةُ: كُلُّ بَيْتٍ لَيْسَ مِنْ حِجَارَةٍ اَوْ مَا يَقُوْمُ مَقَامَهَا (المنجد).** 'အလ်ခိုင်းမသု' ဟူသည် အုတ်ကျောက်ခဲနှင့်မြေကြီး စသည်တို့ဖြင့် မဆောက်မလုပ်သော အိမ်အဆောင်တိုင်းကိုဆိုသည်။ (အလ်မွန်ဂျိဒ်အဘိဓါန်)။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿١٣﴾

၃၄။ သို့ဖြစ်ရာ (အို- ဂျင်န်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံး သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

لَمْ يَطْمِثْهُنَّ اِنْسٌ قَبْلَهُمْ وَلَا جَآنٌّ ﴿٧٤﴾

၃၅။ သူမတို့အား ယင်း(ဂျန္နတ်သား)တို့ထက်အလျင် ဂျင်န် နှင့် လူသားတို့အနက် မည်သူမျှထိတွေ့ခြင်းမရှိခဲ့ချေ။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿١٥﴾

၃၆။ သို့ဖြစ်ရာ (အို- ဂျင်န်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံး သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

مُتَّكِـِٕيْنَ عَلٰى رَفْرَفٍ خُضْرٍ وَّعَبْقَرِيٍّ حِسَانٍ ﴿٧٦﴾

၃၇။ ယင်းတို့သည် အစိမ်းရောင်ကော်ဇောများပေါ်တွင် လည်းကောင်း၊ အလွန် ကောင်းမြတ်အဖိုးထိုက်၍ ဂုဏ်ယူဖွယ် ဖြစ်သောအခင်းများပေါ်တွင်လည်းကောင်း မှီအုံးများကို မှီ လျက်ရှိနေကြ၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿١٧﴾

၃၈။ သို့ဖြစ်ရာ (အို- ဂျင်န်နှင့် လူသား) အသင်တို့ နှစ်ဦးစလုံး သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို ငြင်းပယ်ကြပါမည်နည်း။

تَبٰرَكَ اسْمُ رَبِّكَ ذِى الْجَلٰلِ وَالْاِكْرَامِ ﴿٧٨﴾

၃၉။ ဂုဏ်အရှိန်အဝါ ကြီးမြင့်တော်မူသော၊ ရှိသမြဖြင့်နိုး အလေးအမြတ်ထားထိုက်တော်မူသော အသင့်အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်၏ နာမတော်သာလျှင် ကျက်သရေ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြောင်း သာဓကရရှိပေသတည်း။

❖ ❖ ❖

၅၆။ အလင်္ကာ

ဤဆူရာဟ်သည် မက္ကာခေတ်ဦးပိုင်းတွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠိတော် (၉၇)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၏အစမှာပင်ဖော်ပြတော်မူသည်မှာ ကြီးကျယ်သော ကြိုတင်နိမိတ်ဟောချက်များကို ပြုနေသည့် ပြီးခဲ့သောဆူရာဟ်၌လာရှိသည်တို့မှာ မဖြစ်မနေ ပြည့်စုံခြင်းသို့ ရောက်လိမ့်မည်ဖြစ်သည်။ အထူးသဖြင့် သေပြီးနောက်ရှင်ပြန်ထမြောက်ခြင်း၏ သတင်းများမှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပေါ်မည့်အကြောင်း ဤဆူရာဟ်တွင် ဖော်ပြထားတော်မူသည်။

ဤသည့်နောက် အစ္စလာမ့်ပထမခေတ်ဦးပိုင်းတွင် စွန့်လွှတ်အနစ်နာခံခြင်း 'ကုရ်ဘာနီ' ပြုခဲ့သူများနှင့် နှောင်းပိုင်းခေတ်တွင် 'ကုရ်ဘာနီ'ပြုခဲ့သူများ၏ ခိုင်ထိုးန့ိုင်းယှဉ်မှုကို ပြထားတော်မူသည်။ ယင်းအားဖြင့် သိရှိရသည်မှာ ခေတ်ဦးပိုင်းတွင် သာသနာတော်အတွက် 'ကုရ်ဘာနီ'တင်ဆက်ခဲ့ကြသူများနှင့် နှောင်းခေတ်တွင် 'ကုရ်ဘာနီ'တင်ဆက်ကြသူများတွင် အများအားဖြင့် ၎င်းတို့၏ 'ကုရ်ဘာနီ'များသည် အပြန်အလှန် ထပ်တူဆင်ပေလိမ့်မည်။ ထို့ပြင် ၎င်းတို့အား ထပ်တူထပ်မျှဖြစ်သော ဂုဏ်ဒြပ်အဆင့်အတန်းများကို ချီးမြှင့်ခြင်းခံကြရပေလိမ့်မည်။ သို့ရာတွင် ခေတ်ဦးပိုင်းမှ 'ကုရ်ဘာနီ'အမြောက်အများပြုခဲ့ကြသူတို့၏ စွန့်လွှတ်စတေးမှုများမှာ နောက်မှလာခဲ့ကြသူတို့ထက် အရည်အတွက်နှင့် အဆင့်အတန်းအားလျော်စွာ သာလွန်မှုရရှိကြပေလိမ့်မည်။ သို့သော် နှောင်းခေတ်တွင်လည်း ခေတ်ဦးပိုင်းမှ ပုဂ္ဂိုလ်များအား ပေးသနားခဲ့သောအဆင့်အတန်းနှင့် ကျေးဇူးတော်များအချို့ကို မပျက်မကွက်ရမည်မှာ သေချာ၏။

ထို့နောက် ခေတ်နှစ်ခေတ်လုံးမှ ကံဆိုးသူများ၏အကြောင်းလည်း လာရှိပေသည်။ ယင်းတို့အား လက်ဝဲဘက်သားများအဖြစ် သတ်မှတ်ခြင်းခံရ၏။ လက်ဝဲဘက်သားများဆိုသည်မှာ ဆိုးသွမ်းသူများကို ဆိုခြင်းဖြစ်သည်။ ထိုသူတို့အား ငရဲသားများအဖြစ်သို့ ရောက်စေခဲ့သော သူတို့၏ စရိုက်လက္ခဏာများကို ဖော်ပြထားတော်မူသည်။

ထို့နောက် ဤဆူရာဟ်တွင် ဥပမာခိုင်းန့ိုင်းပြသောအနေဖြင့် 'ဂျာန္နမ်'ငရဲသားများအကြောင်းကိုဖော်ပြထားပြီး 'ဂျန္နတ်'သားတို့၏ အကြောင်းကိုလည်း ဖော်ပြထားသည်။ ထို့ပြင် အသင်တို့သည် ဤသည့် ရုပ်ခန္ဓာနှင့်အတူ အလျှင်းရှင်ပြန်ထမြောက်ကြရမည်မဟုတ်မူ၍ အသင်တို့တွေးဆရုပ်လုံးဖော်နိုင်မည်ပင်မဟုတ်သော ပြောင်းလဲပြီးဖြစ်သည့် မွေးဖွားခြင်းအသွင်ဖြင့် ရှင်ပြန်ထမြောက်စေခြင်းကို ခံကြရမည်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားတော်မူသည်။

အာယတ်တော်အမှတ်စဉ်(၆၁-၆၂)တို့တွင် ဤသည့် ကြိုတင်နိမိတ်ကို ဟောထားတော်မူသည်မှာ အသင်တို့သည် ကမ္ဘာ့နောက်ဆုံးနေ့များ၏ ပြန်လည်ဆန်းသစ်လာချိန်တွင် အလ္လာဟ်အရှင်မြတ်က အသင်တို့အား ရှင်ပြန်ထမြောက်စေမည့် အကြင်ပုံစံအနေအထားနှင့်ပတ်သက်၍ အသင်တို့တွင် အသိတစ်စုံတစ်ရာမျှမရှိချေ။ စဉ်းစားစရာအချက်မှာ အပေါ်ယံဗဟိဒ္ဓအားဖြင့် ယင်းအကြောင်းကို အသိပေးထားလေသည်။ ထို့ပြင် အမှန်သော်ကား ဤသည် သတိပေးန့ိုးဆော်မှုသာဖြစ်ပြီး စကားလုံးများကို ရုပ်သဘောအရ တိုက်ရိုက်မမှတ်ယူအပ်ချေ။ ဤသည် ဥပမာခိုင်းန့ိုင်းချက်မျှသာဖြစ်ပြီး အနှစ်သဘောကို အသင်တို့သည် တစ်စုံတစ်ရာသိရှိခြင်းမရှိကြချေ။

ထို့နောက် အကယ်၍ အကြောင်အရာနှင့်စပ်လျဉ်း၍ စဉ်းစားကြည့်လျှင် ဘက်လိုက်မှုမရှိသူတို့၏ စိတ်နှလုံးမှ အလွှာဟ်အရှင်မြတ်အပြင် မည်သူတစ်ဦးတစ်ယောက်ကမျှ ဤသည့်ရုပ်ဝတ္ထုပစ္စည်းများကို ဖန်ဆင်းနိုင်စွမ်းမရှိပါဟု အမှန်ပင် ပြောဆိုလာမည်ဖြစ်သော လေးမျိုးသော အကြောင်းအချက်များကို ဖော်ပြထားပေသည်။

ပထမ-လူသားမွေးဖွားလာမှု၏အစဖြစ်ခဲ့သော ထိုရုပ်ဒြပ်နှင့်ယင်းတွင် အကန့်အသတ်မရှိသော နောက်ပိုင်းမှ ပေါ်လွင်ထင်ရှားမည်ဖြစ်သည့် ခက်ခဲရှုပ်ထွေးသော အနုစိတ်လှသည့် အရည်အချင်းအနန္တ ကို စုဆောင်းထားရှိလေသည်။ ဥပမာ- မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ အာခေါင်နှင့် ပုံပန်းသဏ္ဌာန်စသည် တို့ကို အစိတ်အပိုင်းတစ်ခုစီက မည်သည့်အတိုင်းအတာအထိ ဖွံ့ဖြိုးရမည်၊ မည်သည့်အတိုင်းအတာသို့ ရောက်လျှင် ဖွံ့ဖြိုးကြီးထွားမှု ရပ်ဆိုင်းရမည်ဟူ၍ လမ်းညွှန်ချက်များရှိထားလေသည်။ သွားများကိုကြည့် လျှင်လည်း ငယ်သွားများသည် အချိန်တစ်ခု၏နောက်တွင် ထွက်ပေါ်လာခဲ့ပြီး တစ်ခုသောကာလအထိရှိ နေလျက် ကျိုးသွားကြကုန်၏။ ငယ်ရွယ်စဉ်အခါတွင် ကလေးများသည် သွား၏ကျန်းမာရေးကို ဂရုမစိုက် နိုင်သောကြောင့် ယင်း၏ ဆိုးဝါးသောသက်ရောက်မှုမှ သူတို့အား ကာကွယ်ထားလိုက်ခြင်းဖြစ်သည်။ ထို့နောက် အရွယ်ရောက်ချိန် ပေါက်သောသွားများ (ကြီးသွားများ)ရှိကြလေသည်။ ယင်းတို့ထွက်ပေါ်ပြီး နောက်တွင် လူသား၌ ယင်းတို့ကို စောင့်ရှောက်ရန် တာဝန်ရှိလေသည်။ တစ်ဖန် ယင်းသွားများသည် အတိုင်းအတာတစ်ခုအထိကြီးထွားခဲ့ပြီး အဘယ့်ကြောင့် ရပ်ဆိုင်းသွားရပါသနည်း။ ထိုသွားများကို ရှေ့သို့ ဆက်မတိုး(မကြီးထွား)ရအောင် မည်သည့်အရာက ရပ်ဆိုင်းစေခဲ့ပါသနည်း။ ဤသည် လူသား၏ (DNA) တွင်ပါရှိသော ကွန်ပျူတာနည်းကျ (Computerized) စနစ်တစ်ခုဖြစ်ပြီး ယင်းအားဖြင့် အလွှာဟ်အရှင် မြတ်၏သတ်မှတ်ချက်နှင့်အညီ ထိုသွားသည် အလုပ်လုပ်ရခြင်းဖြစ်ပေသည်။ သိပ္ပံပညာရှင်များက ဖော်ပြသည်မှာ ယင်း(သွားများ)သည် အမြစ်တွယ်နေသောစံနှုန်းနှင့်အညီ အထက်သို့ကြီးထွားလျက် ရှိနေပေသည်။ အကယ်၍ ကြီးထွားရှည်ထွက်မြဲသာရှိခဲ့ပြီး ရပ်တန့်စေရန် မည်သို့သော စနစ်မျှမရှိခဲ့ပါလျှင် လူသား၏အောက်သွားများသည် ဦးနှောက်ကိုဖောက်ထွက်လျက် ဦးခေါင်း၏အထက်ဘက်သို့ အလွန် ရှည်ထွက်သွားနိုင်ပေသည်။ ထို့ပြင် အထက်သွားများသည်လည်း အာခေါင်ရိုးများကို ဖောက်ထွင်း၍ ရင်ဘတ်ကို ပျက်စီးအောင်ပြုနိုင်ချေရှိသည်။ ထို့ကြောင့် မိန့်ကြားတော်မူသည်မှာ အသင်(လူသား)တို့သည် ဤသည့်မျိုးစိတ်များ၏စွမ်းပကားများကို ကိုယ်တိုင်ပြုလုပ်ထားကြသည်ဖြစ်သလော။ ထင်ရှားသည်မှာ အဖြေနတ္ထိသာ။

ဤသည့်အတိုင်းပင် အပေါ်ယံအားဖြင့် လူသားက ငါတို့သည် ကမ္ဘာမြေကြီးပေါ်တွင် မျိုးစေ့ကြဲခဲ့ သည်ဟု ထင်မှတ်ကြလေသည်။ သို့ရာတွင် မြေကြီးမှ ထိုသည့်မျိုးစေ့များကို သစ်ပင်များ၊ ဟင်းသီးဟင်း ရွက်များနှင့် သစ်သီးဝလံများ၏ပုံစံဖြင့် ပေါက်ရောက်စေသောစနစ်မှာလည်း အလွန်ရှုပ်ထွေးပွေလီသော စနစ်တစ်ခုဖြစ်ပြီး ယင်းမှာ အလိုအလျောက်ပေါက်ဖွားလာနိုင်သည်တော့ မဟုတ်ချေ။

ဤကဲ့သို့ပင် ဘဝတာဟူသမျှကို အထောက်အကူပြုပေးရန်အလို့ငှာ ကောင်းကင်ယံမှ မိုးရွာသွန်း လေသည်။ ယင်းစနစ်တွင်လည်း လူသား၏တစ်စုံတစ်ရာပါဝင်ပတ်သက်မှုမရှိချေ။ ထို့ပြင် လူသားသည် အကြောင်အရာပေါ်စီးနင်းလျက် ကောင်းကင်သို့သွားရန်ကြိုးစားသော ထိုသည့်မီးလျှံသည်လည်း အလွှာဟ်အရှင်မြတ်၏ သတ်မှတ်ပြဋ္ဌာန်းချက်ကို လိုက်နာ၍ အလုပ်လုပ်ရပေသည်။ သို့မဟုတ်ပါလျှင်

ထိုသည့် မီးကပင် ယင်း(လူသား)ကို အထွတ်အထိပ်သို့ ပို့ဆောင်ပေးရမည့်အစား ပြာကျသွားအောင် လုပ်နိုင်ပေသည်။ ဤသည်နှင့်ဆက်စပ်ပြီး ကောင်းကင်ယံသို့ ပျံသန်းကြမည့်လေယာဉ်ပျံများနှင့်စပ်လျဉ်း၍ တမန်တော်မြတ်ﷺ၏ကြိုတင်ဗျာဒိတ်လာရှိထားသည်မှာ ယင်းတို့သည် မီးဖြင့်(ပျံသန်း)သွားလာသော အစီးအနင်းများဖြစ်ပေလိမ့်မည်။ သို့သော် ထိုမီးသည် ယင်း၌လိုက်ပါစီးနင်းကြမည့် ခရီးသည်များကို တစ်စုံတစ်ရာထိခိုက်နစ်နာစေမည်မဟုတ်ချေ။

ထို့နောက် *مواقع النجوم* အား သက်သေပြုထားတော်မူသည်။ ထိုအချိန်တုန်းက လူသားသည် ကြယ်တာရာများမှာ သေးသေးငယ်ငယ်မှိတ်တုတ်မှိတ်တုတ်လင်းနေသော ပုလဲ သို့မဟုတ် ကျောက်များသာ ဖြစ်သည်ဟု ထင်မှတ်ခဲ့ကြလေသည်။ သို့ရာတွင် အလွှာဟ်အရှင်မြတ်က မိန့်တော်မူသည်မှာ ထိုသည့် သေးသေးငယ်ငယ်အနေဖြင့် မြင်တွေ့ကြရသော ကြယ်များမှာ အဘယ်သို့သောအရာဖြစ်ကြောင်းကို အကယ်၍သာ အသင်တို့သိခဲ့ကြလျှင် အံ့သြငေးမောသွားကြပေလိမ့်မည်။ ထိုသည့်ကြယ်များမှာ အဘယ်မျှကြီးမားသနည်းဆိုလျှင် နေ၊ လ၊ ကမ္ဘာနှင့် အခြားဂြိုဟ်များကို ယင်း၏ထောင့်တစ်နေရာ၌ စုဝေးထားရှိနိုင်လောက်သည်အထိဖြစ်သည်။ သို့ဖြစ်ရာ ငါတို့ချပြနေသော ဤသက်သေထူချက်မှာ အလွန်ကြီးကျယ်လှသော သက်သေထူချက်ဖြစ်၏ဟု မိန့်တော်မူခြင်းဖြစ်သည်။

ဤသည့် သက်သေထူချက်များ၏နောက်တွင် ကျမ်းမြတ်ကုရ်အာန်သည်လည်း ဖုံးကွယ်လျက်ရှိသော စာအုပ်တစ်အုပ်ဖြစ်သည်ဟု ဖော်ပြထားတော်မူသည်။ ကြယ်တာရာများသည် ဝေးလံသောကြောင့် အသင်တို့၏အမြင်တွင် ပျောက်ကွယ်လျက်ရှိသကဲ့သို့ ကျမ်းမြတ်ကုရ်အာန်၏ မြင့်မားမှုများကိုလည်း အသင်တို့သည် မြင်တွေ့နိုင်မည်မဟုတ်ချေ။ ထို့ပြင် အသင်တို့က ၎င်းကိုသေးငယ်လှသော ကျမ်းစာအုပ်အဖြစ် ရှုမြင်ကြပေသည်။ ထိုမှတစ်ဖန် ဤသို့လည်း မိန့်တော်မူ၏။ လက်တွေ့အားဖြင့် အသင်တို့သည် ၎င်းကို ထိနိုင်ကိုင်နိုင်ခြင်းလည်းရှိကြပေသည်။ ဆိုလိုသည်မှာ အသင်တို့သည် ယင်း(ကုရ်အာန်)အား လက်နှင့်ထိတွေ့နိုင်သည်အထိပင် အလွန်နီးကပ်စွာ ရှိကြလေသည်။ သို့ရာတွင် အလွှာဟ်အရှင်မြတ်က တစ်ဦးတစ်ယောက်၏ နှလုံးသားကို သန့်ရှင်းစင်ကြယ်အောင်ပြုပေးတော်မူခြင်းခံရသည်မှတစ်ပါး ထိုသူသည် ယင်း(ကုရ်အာန်)၏ အကြောင်းအရာဘာသာရပ်များကို ထိတွေ့ချဉ်းကပ်နိုင်လိမ့်မည် မဟုတ်ချေတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဝါကိအဟ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၉၇)ပိုဒ် ရှုကူ (၃)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اِذَا وَقَعَتِ الْوَاقِعَةُ ②

၂။ အကြင်အခါဝယ် ဖြစ်ပေါ်လာမည့်အရာသည် ဖြစ်ပေါ်၍လာပေလိမ့်မည်။

لَيْسَ لِوَقْعَتِهَا كَاذِبَةٌ ③

၃။ ထိုအရာ အမှန်တကယ်ဖြစ်ပေါ်မည်ကို မဟုတ်မမှန်ဟူ၍ မည်သည့်(အသက်ဝိညာဉ်)ကမျှ စွပ်စွဲနိုင်လိမ့်မည်မဟုတ်ချေ။

خَافِضَةٌ رَّافِعَةٌ ④

၄။ ယင်းသည် (အချို့ကို)နိမ့်ကျစေ၍ (အချို့ကို) မြင့်တင်ပေးမည်ဖြစ်၏။

اِذَا رُجَّتِ الْاَرْضُ رَجًّا ⑤

၅။ အကြင်အခါဝယ် ကမ္ဘာမြေသည် ပြင်းထန်စွာလှုပ်ခါခြင်းကိုခံရပေလိမ့်မည်။

وَّبُسَّتِ الْجِبَالُ بَسًّا ⑥

၆။ ထို့ပြင် တောင်များသည် အစိတ်စိတ်အမွှာမွှာပြုခြင်းကိုခံရပေလိမ့်မည်။

فَكَانَتْ هَبَآءً مُّنْۢبَثًّا ⑦

၇။ သို့ဖြင့် ယင်း(တောင်)တို့သည် ပြန့်ကြဲလျက်ရှိသော မြေမှုန်များပမာ ဖြစ်သွားပေလိမ့်မည်။

وَّكُنْتُمْ اَزْوَاجًا ثَلٰثَةً ⑧

၈။ ထိုအခါ အသင်တို့သည် အုပ်စုသုံးစုအဖြစ် ခွဲခြင်းခံရပေလိမ့်မည်။

فَاَصْحٰبُ الْمَيْمَنَةِ ۙ مَآ اَصْحٰبُ الْمَيْمَنَةِ ⑨

၉။ သို့ဖြစ်ရာ လက်ယာဘက်တွင်ရှိကြသူများ၊ လက်ယာဘက်တွင်ရှိကြသူများကား အဘယ်နည်း။

وَاَصْحٰبُ الْمَشْئَمَةِ ۙ مَآ اَصْحٰبُ الْمَشْئَمَةِ ⑩

၁၀။ ထို့ပြင် လက်ဝဲဘက်တွင်ရှိကြသူများ၊ လက်ဝဲဘက်တွင်ရှိကြသူများကား အဘယ်နည်း။

وَالسّٰبِقُوْنَ السّٰبِقُوْنَ ⑪

၁၁။ ထို့ပြင် ရှေ့သို့ရောက်သူများသည် အားလုံးတို့ကိုကျော်တက်သွားကြလိမ့်မည်။

اُولٰٓئِكَ الْمُقَرَّبُوْنَ ⑫

၁၂။ ဤသူတို့သည်ပင် နီးကပ်သူများဖြစ်ကြ၏။

فِيْ جَنّٰتِ النَّعِيْمِ ⑬

၁၃။ ကောင်းချီးဆုလာဘ်များနှင့်ပြည့်စုံသော 'ဂျန္နတ်'ဥယျာဉ်တော်များတွင်။

ثُلَّةٌ مِّنَ الْاَوَّلِيْنَ ⑭

၁၄။ ရှေးလူများအနက်မှ ကြီးမားသော အုပ်စုကြီးတစ်ခု။

وَقَلِيْلٌ مِّنَ الْاٰخِرِيْنَ ⑮

၁၅။ ထို့ပြင် နှောင်းလူတို့အနက်မှ အနည်းငယ်မျှသောသူများ။

عَلٰى سُرُرٍ مَّوْضُوْنَةٍ ⑯

၁၆။ ကျောက်သံပတ္တမြားစီခြယ်ထားသော သလွန်များထက်ဝယ်။

مُتَّكِـِٕيْنَ عَلَيْهَا مُتَقٰبِلِيْنَ ۝١٦

၁၇။ ယင်း (သလွန်များ)ထက်ဝယ် မျက်နှာချင်းဆိုင် မှီအုံးများမှီလျက်။

يَطُوْفُ عَلَيْهِمْ وِلْدَانٌ مُّخَلَّدُوْنَ ۝١٧

၁၈။ သူတို့အား (အလုပ်အကျွေးပြုသည့်) ထာဝရတည်တံ့မည့် ငယ်ရွယ်သူ လုလင်ပျိုများသည် လှည့်ပတ်သွားလာလျက် ရှိနေကြပေလိမ့်မည်။

بِاَكْوَابٍ وَّاَبَارِيْقَ ۙ وَكَاْسٍ مِّنْ مَّعِيْنٍ ۝١٨

၁၉။ ရေဖလားများ၊ ရေတကောင်းများနှင့် သန့်ရှင်းကြည်လင်သော ရေအပြည့်ရှိသည့် ခွက်များကိုယူဆောင်လျက်။

لَا يُصَدَّعُوْنَ عَنْهَا وَلَا يُنْزِفُوْنَ ۝١٩

၂၀။ ယင်း၏အကျိုးကြောင့် သူတို့သည် ခေါင်းခဲခြင်းကိုလည်း ခံစားကြရမည်မဟုတ်၊ ချွတ်ချော်လွဲမှားသည့်စကားများကိုလည်း ပြောဆိုကြမည်မဟုတ်ချေ။

وَفَاكِهَةٍ مِّمَّا يَتَخَيَّرُوْنَ ۝٢٠

၂၁။ ထို့ပြင် အမျိုးမျိုးသော သစ်သီးဝလံများကို ယူဆောင်လာလျက် ယင်းမှ သူတို့နှစ်သက်သည်များကို ရွေးချယ်ကြပေလိမ့်မည်။

وَلَحْمِ طَيْرٍ مِّمَّا يَشْتَهُوْنَ ۝٢١

၂၂။ ထို့ပြင် တစ်မျိုးသောငှက်တို့၏အသားများ၊ ယင်းမှ မည်သည်ကိုပင် သူတို့ဆန္ဒရှိသည်ဖြစ်စေ။

وَحُوْرٌ عِيْنٌ ۝٢٢

၂၃။ ဤတွင်မက မျက်ဝန်းကျယ်သောအပျိုစင်များ။

كَاَمْثَالِ اللُّؤْلُؤِ الْمَكْنُوْنِ ۝٢٣

၂၄။ ဖုံးအုပ်၍ထားရှိသော ပုလဲများသဖွယ်။

جَزَآءًۢ بِمَا كَانُوْا يَعْمَلُوْنَ ۝٢٤

၂၅။ သူတို့ ပြုမူကျင့်ကြံလေ့ရှိခဲ့ကြသည်တို့အတွက် အစားပေးတော်မူခြင်းပင် ဖြစ်၏။

لَا يَسْمَعُوْنَ فِيْهَا لَغْوًا وَّلَا تَاْثِيْمًا ۝٢٥

၂၆။ သူတို့သည် ယင်း၌ တစ်စုံတစ်ရာသော အချည်းနှီးအလဟဿအကြောင်းကိုသော်လည်းကောင်း၊ အပြစ်ထိုက်သော စကားကိုသော်လည်းကောင်း ကြားကြရမည်မဟုတ်ချေ။

اِلَّا قِيْلًا سَلٰمًا سَلٰمًا ۝٢٦

၂၇။ သို့ရာတွင် 'စလာမ်'၊ 'စလာမ်' (ငြိမ်းချမ်းပါစေ၊ ငြိမ်းချမ်းပါစေ)ဟူသော စကားကိုသာလျှင်(ကြားကြရပေမည်)။

وَاَصْحٰبُ الْيَمِيْنِ ۙ مَآ اَصْحٰبُ الْيَمِيْنِ ۝٢٧

၂၈။ ထို့ပြင် လက်ယာဘက်သားများ၊ ထိုလက်ယာဘက်သားများကား မည်သူတို့နည်း။

فِيْ سِدْرٍ مَّخْضُوْدٍ ۝٢٨

၂၉။ ဆူးများမရှိသော၊ ဆီးပင်များရှိရာတွင်။

وَّطَلْحٍ مَّنْضُوْدٍ ۝٢٩

၃၀။ ထို့ပြင် အထပ်ထပ်အခိုင်လိုက် (သီးနေသော) ငှက်ပျောပင်များ(၏ ဥယျာဉ်များ)အလယ်တွင်။

وَّظِلٍّ مَّمْدُوْدٍ ۝٣٠

၃၁။ ဤတွင်မက အဝေးသို့တိုင် ဖြန့်ကြက်ထားရှိသော အရိပ်အာဝါသများတွင်။

وَّمَآءٍ مَّسْكُوْبٍ ۝٣١

၃၂။ ထို့ပြင် သွန်းဖြိုးရွှာချမည်ဖြစ်သောရေရှိရာတွင်။

وَّفَاكِهَةٍ كَثِيْرَةٍ ۝٣٢

၃၃။ ထို့ပြင် မြောက်မြားလှစွာသောသစ်သီးဝလံများရှိရာတွင်။

لَّا مَقْطُوْعَةٍ وَّلَا مَمْنُوْعَةٍ ۝٣٣

၃၄။ ယင်းတို့သည် ကုန်ဆုံးမျိုးတုံးသွားအောင်ပြုခြင်းလည်း

ခံရမည်မဟုတ်၊ ပိတ်ပင်တားဆီးခြင်းကိုလည်းခံရမည်မဟုတ်ချေ။

وَّفُرُشٍ مَّرْفُوْعَةٍ ﴿٣٤﴾

၃၅။ ထို့ပြင် မြင့်စွင့်စွာခင်းကျင်းထားသောအခင်းများပေါ်တွင်။

اِنَّاۤ اَنْشَاْنٰهُنَّ اِنْشَآءً ﴿٣٥﴾

၃၆။ အမှန်ပင် ငါတို့သည် သူတို့(၏ကြင်ဖော်များ)ကို အလွန်မြင့်မားသောနည်းဖြင့် ဖန်ဆင်းတော်မူ၏။

فَجَعَلْنٰهُنَّ اَبْكَارًا ﴿٣٦﴾

၃၇။ သို့ဖြင့် ငါတို့သည် ယင်းတို့ကို အနှိုင်းမဲ့ပြုတော်မူ၏။ ★

عُرُبًا اَتْرَابًا ﴿٣٧﴾

၃၈။ စိတ်ကိုဆွဲဆောင်မှုရှိသော၊ သက်တူရွယ်တူ၊

لِّاَصْحٰبِ الْيَمِيْنِ ﴿٣٨﴾

၃၉။ လက်ယာဘက်သားများအဖို့တည်း။

ရုကူး-၂

ثُلَّةٌ مِّنَ الْاَوَّلِيْنَ ﴿٣٩﴾

၄၀။ ရှေးလူများအနက်မှ ကြီးမားသောအုပ်စုကြီးတစ်ခုရှိ၏။

وَثُلَّةٌ مِّنَ الْاٰخِرِيْنَ ﴿٤٠﴾

၄၁။ ထို့ပြင် နှောင်းလူတို့အနက်မှလည်း ကြီးမားသောအုပ်စုကြီးတစ်ခုရှိ၏။

وَاَصْحٰبُ الشِّمَالِ ۙ مَاۤ اَصْحٰبُ الشِّمَالِ ﴿٤١﴾

၄၂။ ထို့ပြင်လက်ဝဲဘက်သားများ၊ လက်ဝဲဘက်သားများကားမည်သူတို့နည်း။

فِيْ سَمُوْمٍ وَّحَمِيْمٍ ﴿٤٢﴾

၄၃။ လောင်ကျွမ်းစေသောလေနှင့် ပွက်ပွက်ဆူလျက်ရှိသောရေတွင်။

وَّظِلٍّ مِّنْ يَّحْمُوْمٍ ﴿٤٣﴾

၄၄။ ထို့ပြင် မည်းမှောင်နေသော အခိုးအငွေ့၏အရိပ်တွင်။

لَّا بَارِدٍ وَّلَا كَرِيْمٍ ﴿٤٤﴾

၄၅။ အေးမြခြင်းလည်းမရှိ၊ ကျေးဇူးပြုခြင်းလည်းမရှိချေ။

اِنَّهُمْ كَانُوْا قَبْلَ ذٰلِكَ مُتْرَفِيْنَ ﴿٤٥﴾

၄၆။ ဤသည်ထက်အလျင်က ဧကန်ပင်ယင်းတို့သည်အလွန်စည်းစိမ်ချမ်းသာကြွယ်ဝသော အခြေအနေ၌ရှိခဲ့ကြ၏။

وَكَانُوْا يُصِرُّوْنَ عَلَى الْحِنْثِ الْعَظِيْمِ ﴿٤٦﴾

၄၇။ ထို့ပြင်ကြီးလေးသော အပြစ်ကို ဇွတ်တိုး၍ပြုလေ့ရှိခဲ့ကြ၏။

وَكَانُوْا يَقُوْلُوْنَ ۚ اَئِذَا مِتْنَا وَكُنَّا تُرَابًا وَّعِظَامًا ءَاِنَّا لَمَبْعُوْثُوْنَ ﴿٤٧﴾

၄၈။ ၎င်းပြင်ပြောဆိုလေ့ရှိခဲ့ကြ၏။ ကျွန်ုပ်တို့သည် သေဆုံးပြီးနောက် မြေကြီးနှင့် အရိုးများဖြစ်သွားပေမည်။ သို့တိုင် အောင်လည်း ကျွန်ုပ်တို့သည် အမှန်ပင်ရှင်ပြန်ထမြောက်ကြရပါမည်လော။

اَوَاٰبَآؤُنَا الْاَوَّلُوْنَ ﴿٤٨﴾

၄၉။ အသို့နည်း၊ ကျွန်ုပ်တို့၏ ရှေးက အဘဘိုးဘေးတို့သည်လည်း (ရှင်ပြန်ထမြောက်ကြရပါမည်လော)။

قُلْ اِنَّ الْاَوَّلِيْنَ وَالْاٰخِرِيْنَ ﴿٤٩﴾

၅၀။ အသင်ပြောကြားပါလေ။ ဧကန်ပင် ရှေးလူများနှင့် နှောင်းလူများအားလုံးတို့ပင်။

لَمَجْمُوْعُوْنَ ۙ اِلٰى مِيْقَاتِ يَوْمٍ مَّعْلُوْمٍ ﴿٥٠﴾

၅၁။ သတ်မှတ်ထားသောကာလ၏ သတ်မှတ်ထားသော အချိန်တစ်ရပ်ဆီသို့ မုချပင် စုရုံးခြင်းကိုခံကြရပေမည်။

★ **اَبْكَار** ၏အဓိပ္ပာယ်မှာ 'အနှိုင်းမဲ့'ဖြစ်ခြင်း၊ အလ်မွန်ဂိုဒ် အဘိဓာန်တွင်ရှု။

ثُمَّ اِنَّكُمْ اَيُّهَا الضَّآلُّوْنَ الْمُكَذِّبُوْنَ ﴿۵۱﴾

၅၁။ ထို့နောက် ဧကန်မုချ အသင်တို့သည်(ပင်) အို-အလွန်အမင်းလမ်းလွဲနေကြသူတို့။ မဟုတ်မမှန်ဟူ၍ လွန်စွာ စွပ်စွဲငြင်းပယ်သူတို့။

لَاٰكِلُوْنَ مِنْ شَجَرٍ مِّنْ زَقُّوْمٍ ﴿۵۲﴾

၅၂။ အမှန်ပင် (အသင်တို့သည်) 'ဇက်ကွန်းမ်' ရှားစောင်းကြီးပင်မှ စားကြရမည့်သူများဖြစ်၏။

فَمَالِـُٔوْنَ مِنْهَا الْبُطُوْنَ ﴿۵۳﴾

၅၃။ တစ်ဖန် ယင်းမှပင် ဝမ်းဗိုက်ပြည့်မည့်သူများဖြစ်ကြ၏။

فَشٰرِبُوْنَ عَلَيْهِ مِنَ الْحَمِيْمِ ﴿۵۴﴾

၅၄။ ယင်း၌ ပွက်ပွက်ဆူလျက်ရှိသော ရေကိုလည်း သောက်ရမည့်သူများဖြစ်ကြ၏။

فَشٰرِبُوْنَ شُرْبَ الْهِيْمِ ﴿۵۵﴾

၅၅။ သို့ဖြစ်ရာ အလွန်အမင်းရေငတ်နေသော ကုလားအုတ်များ ရေသောက်သကဲ့သို့ သောက်ရမည့်သူများဖြစ်ကြ၏။

هٰذَا نُزُلُهُمْ يَوْمَ الدِّيْنِ ﴿۵۶﴾

၅၆။ ဤသည်ကား ဆုလာဘ်နှင့် ပြစ်ဒဏ်စီရင်မည့်နေ့တွင် ယင်းတို့အား ကျွေးခံခြင်းဖြစ်ပေမည်။

نَحْنُ خَلَقْنٰكُمْ فَلَوْلَا تُصَدِّقُوْنَ ﴿۵۷﴾

၅၇။ ငါတို့သည်ပင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့၏။ သို့ပါလျက် အသင်တို့သည် အဘယ့်ကြောင့် ဟုတ်မှန်ကြောင်း မထောက်ခံကြသနည်း။

اَفَرَءَيْتُمْ مَّا تُمْنُوْنَ ﴿۵۸﴾

၅၈။ (မိန်းမတို့၏သားအိမ်တွင်) အသင်တို့ထည့်လိုက်သော ကလလရည်ကြည်နှင့်စပ်လျဉ်း၍ ပြောပြကြကုန်။

ءَاَنْتُمْ تَخْلُقُوْنَهٗۤ اَمْ نَحْنُ الْخٰلِقُوْنَ ﴿۵۹﴾

၅၉။ အသို့နည်း ယင်းကို အသင်တို့သည်ပင် ဖန်ဆင်းကြသလော၊ သို့တည်းမဟုတ် ငါတို့သည် ဖန်ဆင်းသူဖြစ်သလော။

نَحْنُ قَدَّرْنَا بَيْنَكُمُ الْمَوْتَ وَمَا نَحْنُ بِمَسْبُوْقِيْنَ ﴿۶۰﴾

၆၀။ ငါတို့သည်ပင်လျှင် အသင်တို့အကြားတွင် သေခြင်းတရားကို သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့၏။ ငါတို့အား တားဆီးဟန့်တားနိုင်မည်မဟုတ်ချေ။

عَلٰۤى اَنْ نُّبَدِّلَ اَمْثَالَكُمْ وَ نُنْشِئَكُمْ فِيْ مَا لَا تَعْلَمُوْنَ ﴿۶۱﴾

၆၁။ အသင်တို့၏ ရုပ်သဏ္ဌာန်များကို ပြောင်းလဲစေတော်မူခြင်းနှင့် အသင်တို့အား အသင်တို့ မသိရှိသော ရုပ်သဏ္ဌာန်ဖြင့် ရှင်ပြန်ထမြောက်စေတော်မူခြင်းတို့မှဖြစ်၏။

وَلَقَدْ عَلِمْتُمُ النَّشْاَةَ الْاُوْلٰى فَلَوْلَا تَذَكَّرُوْنَ ﴿۶۲﴾

၆၂။ ထို့ပြင် ဧကန်ပင် အသင်တို့သည် ပထမဖန်ဆင်းခြင်းကို သိရှိခဲ့ကြပြီးဖြစ်၏။ သို့ပါလျက် အဘယ့်ကြောင့် သင်ခန်းစာ ရယူခြင်းမရှိကြပါသနည်း။

اَفَرَءَيْتُمْ مَّا تَحْرُثُوْنَ ﴿۶۳﴾

၆၃။ ကောင်းပေစွ။ အသင်တို့စိုက်ပျိုးသည်များနှင့်စပ်လျဉ်း၍ ပြောပြကြကုန်။

ءَاَنْتُمْ تَزْرَعُوْنَهٗۤ اَمْ نَحْنُ الزّٰرِعُوْنَ ﴿۶۴﴾

၆၄။ အသို့နည်း၊ ယင်းကို အသင်တို့သည်ပင် ပေါက်ရောက်စေသလော။ သို့တည်းမဟုတ် ငါတို့သည် ပေါက်ရောက်စေတော်မူသောအရှင် ဖြစ်သလော။

لَوْ نَشَآءُ لَجَعَلْنٰهُ حُطَامًا فَظَلْتُمْ

၆၅။ အကယ်၍ ငါတို့ အလိုရှိတော်မူပါလျှင် အမှန်ပင် ယင်း

تَفَكَّهُوْنَ ﴿٦٥﴾

ကို အပိုင်းပိုင်းအစစ ဖြစ်စေတော်မူမည်။ ထိုအခါ အသင်တို့သည် အမျိုးမျိုးပြောဆို ညည်းတွားလျက်ရှိကြမည်မှာ၊

اِنَّا لَمُغْرَمُوْنَ ﴿٦٦﴾

၆၇။ ဧကန်ပင် ကျွန်ုပ်တို့သည် ဒဏ်ပိနေကြပေပြီ။

بَلْ نَحْنُ مَحْرُوْمُوْنَ ﴿٦٧﴾

၆၈။ ဤတွင်မက အမှန်ဆိုသော် ကျွန်ုပ်တို့သည်လုံးလုံးပင် လက်လွတ်ဆုံးရှုံးခဲ့ရချေပြီ။

اَفَرَءَيْتُمُ الْمَآءَ الَّذِىْ تَشْرَبُوْنَ ﴿٦٨﴾

၆၉။ အသို့နည်း၊ အသင်တို့သည် အသင်တို့သောက်သုံးသောရေကိုရှုမြင်သုံးသပ်ကြသလော။

ءَاَنْتُمْ اَنْزَلْتُمُوْهُ مِنَ الْمُزْنِ اَمْ نَحْنُ الْمُنْزِلُوْنَ ﴿٦٩﴾

၇၀။ အသို့နည်း၊ အသင်တို့သည်ပင် ယင်းကိုမိုးတိမ်များမှသွန်းချသလော။ သို့တည်းမဟုတ် ငါတို့သည် သွန်းချသူဖြစ်သလော။

لَوْ نَشَآءُ جَعَلْنٰهُ اُجَاجًا فَلَوْلَا تَشْكُرُوْنَ ﴿٧٠﴾

၇၁။ အကယ်၍ ငါတို့ အလိုရှိတော်မူပါလျှင် ယင်းကို ငန်အောင်ပြုလုပ်တော်မူပေအံ့။ သို့ဖြစ်ရာ အသင်တို့သည် အဘယ့်ကြောင့် ကျေးဇူးမသိကြပေသနည်း။

اَفَرَءَيْتُمُ النَّارَ الَّتِىْ تُوْرُوْنَ ﴿٧١﴾

၇၂။ အသင်တို့ လင်းဝင်းအောင်ပြုကြသော မီးနှင့်စပ်လျဉ်း၍ ပြောပြကြကုန်။

ءَاَنْتُمْ اَنْشَاْتُمْ شَجَرَتَهَآ اَمْ نَحْنُ الْمُنْشِـُٔوْنَ ﴿٧٢﴾

၇၃။ အသို့နည်း၊ အသင်တို့သည် ယင်း၏သစ်ပင်(ကဲ့သို့သောမီးတောက်)ကို ပင့်မလေသလော။ သို့တည်းမဟုတ် ငါတို့သည် ယင်း၏ပင့်မသူဖြစ်သလော။ ★

نَحْنُ جَعَلْنٰهَا تَذْكِرَةً وَّ مَتَاعًا لِّلْمُقْوِيْنَ ﴿٧٣﴾

၇၄။ ငါတို့သည် ယင်းကို သတိတရားရစေရန် အကြောင်းအဖြစ်လည်းကောင်း၊ ခရီးသွားတို့အတွက် အကျိုးရစေရာအဖြစ်လည်းကောင်း ပြုထားတော်မူ၏။

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيْمِ ﴿٧٤﴾ ع

၇၅။ သို့ဖြစ်ပေရာ ကြီးမြတ်တော်မူသော မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏နာမတော်ဖြင့် ထိုအရှင်မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို 'တာစ်ဘီ'ပြုတသပါလေ။

ရုကူး-၃

فَلَآ اُقْسِمُ بِمَوٰقِعِ النُّجُوْمِ ﴿٧٥﴾

၇၆။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် အမှန်ပင် ကြယ်စုကြီးများကို သက်သေအဖြစ်ဖော်ပြတော်မူ၏။

وَ اِنَّهٗ لَقَسَمٌ لَّوْ تَعْلَمُوْنَ عَظِيْمٌ ﴿٧٦﴾

၇၇။ ထို့ပြင် ဧကန်ပင် ဤသည် အလွန်တရာကြီးမားလှသော သက်သေပြချက်တစ်ရပ် ဖြစ်ပေသည်။ အသင်တို့ သိနားလည်ကြလျှင်ကောင်းပေစွ။

اِنَّهٗ لَقُرْاٰنٌ كَرِيْمٌ ﴿٧٧﴾

၇၈။ ဧကန်စင်စစ် ဤသည် ဂုဏ်ကျက်သရေနှင့်ပြည့်စုံသော ကျမ်းတော်မြတ်ကုရ်အာန်ဖြစ်၏။

فِىْ كِتٰبٍ مَّكْنُوْنٍ ﴿٧٨﴾

၇၉။ ဖုံးကွယ်လျက်ရှိသော စာအုပ်တစ်အုပ်တွင်(လုံခြုံစွာရှိ၏)။

★ شَجَرَةُ النَّار ၏ ဤအဓိပ္ပာယ်ဖော်ပြချက်အတွက် တာဖ်ဆီရေကဗီးရ်ရာဇီရှု။

لَا يَمَسُّهٗۤ اِلَّا الْمُطَهَّرُوْنَ ﴿۷۹﴾

၈၀။ ယင်းကို သန့်ရှင်းစင်ကြယ်အောင်ပြုပေးခြင်းခံရသူတို့မှ တစ်ပါး မည်သူမျှပင် ထိတွေ့နိုင်မည်မဟုတ်ချေ။ ③

تَنْزِيْلٌ مِّنْ رَّبِّ الْعٰلَمِيْنَ ﴿۸۰﴾

၈၁။ (ယင်း ကျမ်းမြတ်ကုရ်အာန်သည်) စကြဝဠာကမ္ဘာအ ပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အထံတော် မှ ပို့ချခြင်းဖြစ်၏။

اَفَبِهٰذَا الْحَدِيْثِ اَنْتُمْ مُّدْهِنُوْنَ ﴿۸۱﴾

၈၂။ သို့ဖြစ်ရာ ဤဖော်ပြချက်နှင့်စပ်လျဉ်း၍ အသင်တို့သည် အကြိုက်လိုက်မြောက်ပင့်သောစကားများကိုဆိုကြပေသလော။

وَتَجْعَلُوْنَ رِزْقَكُمْ اَنَّكُمْ تُكَذِّبُوْنَ ﴿۸۲﴾

၈၃။ ထို့ပြင် အသင်တို့သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ် ကြ၍ ယင်းကိုအခြေခံကာ အသင်တို့သည် မိမိတို့၏ 'ရိဇ်ကီ' ရိက္ခာကို ပြုလုပ်ကြပါသလော။

فَلَوْلَاۤ اِذَا بَلَغَتِ الْحُلْقُوْمَ ﴿۸۳﴾

၈၄။ သို့ဖြစ်လျှင် (အသက်သည်) လည်မျိုသို့တိုင်ရောက်ရှိ သောအခါတွင်မူကား အဘယ့်ကြောင့်မဖြစ်ရသနည်း။

وَاَنْتُمْ حِيْنَىِٕذٍ تَنْظُرُوْنَ ﴿۸۴﴾

၈၅။ ထို့ပြင် အသင်တို့သည် ထိုအချိန်တွင် (မိမိတို့အဖို့ တစ်စုံ တစ်ရာ ပြုလုပ်နိုင်ကြရန်အလို့ငှာ) ဘက်ပေါင်းစုံသို့ကြည့်ရှု ရှာ ဖွေလျက်ရှိခဲ့ကြ၏။

وَنَحْنُ اَقْرَبُ اِلَيْهِ مِنْكُمْ وَلٰكِنْ لَّا تُبْصِرُوْنَ ﴿۸۵﴾

၈၆။ ၎င်းပြင် (ထိုအချိန်တွင်) ငါတို့သည် အသင်တို့ထက်ပိုမို ၍ ယင်း(သေဆုံးသူ)နှင့် နီးကပ်စွာရှိနေတော်မူခဲ့၏။ သို့ရာတွင် အသင်တို့သိမြင်ခြင်းမရှိခဲ့ကြချေ။

فَلَوْلَاۤ اِنْ كُنْتُمْ غَيْرَ مَدِيْنِيْنَ ﴿۸۶﴾

၈၇။ အကယ်၍ အသင်တို့သည် ပေးဆပ်ရန်ရှိသူများမဟုတ် ခဲ့ပါလျှင် အဘယ့်ကြောင့် မဖြစ်ရသနည်း။

تَرْجِعُوْنَهَاۤ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۸۷﴾

၈၈။ အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် အသင်တို့သည် ယင်း(အသက်)ကိုပြန်လည်၍ ယူဆောင်လာ နိုင်ပါသလော။

فَاَمَّاۤ اِنْ كَانَ مِنَ الْمُقَرَّبِيْنَ ﴿۸۸﴾

၈၉။ သို့ရာတွင် အကယ်၍ ယင်း(သေဆုံးသူ)သည် နီးစပ်သူ တို့အနက်မှဖြစ်ပါလျှင်၊

فَرَوْحٌ وَّرَيْحَانٌ ۙ وَّجَنَّتُ نَعِيْمٍ ﴿۸۹﴾

၉၀။ သို့ဖြစ်လျှင် (ထိုသူအတွက်)သက်တောင့်သက်သာရှိမှု သည်လည်းကောင်း၊ သင်းပျံ့မွှေးကြိုင်ပြန့်ပျံသော နေရာထိုင် ခင်းသည်လည်းကောင်း၊ ကြီးမားသော ကောင်းချီးဆုလာဘ် များရှိသည့် 'ဂျန္နတ်'ဥယျာဉ်တော်သည်လည်းကောင်း (ရှိ၏)။

وَاَمَّاۤ اِنْ كَانَ مِنْ اَصْحٰبِ الْيَمِيْنِ ﴿۹۱﴾

၉၁။ ထို့ပြင်အကယ်၍ ထိုသူသည် လက်ယာဘက်သားတို့ အနက်မှဖြစ်လျှင်၊

---

③ အာယတ်တော် ၇၈ မှ ၈၀ ထိ။ ကျမ်းမြတ်ကုရ်အာန်သည် ဖွင့်ထားသောကျမ်းလည်းဖြစ်သကဲ့သို့ ဖုံးကွယ်လျက်ရှိသောကျမ်း လည်းဖြစ်ပေသည်။ အပေါ်ယံဗဟိဒ္ဓအားဖြင့် ၎င်း(ကျမ်းတော်)ကို မကောင်းသူရောကောင်းသူပါ အားလုံးဖတ်ရွတ်နိုင်ကြပေသည်။ သို့ရာတွင် ၎င်း၏မြင့်မားသောအဆင့်ဖြင့် ဖုံးကွယ်လျက်ရှိသော လျှို့ဝှက်နက်နဲရာများမှာမူကား အလွှာတ်အရှင်မြတ်ထံတော်မှ သန့်ရှင်းစင်ကြယ်အောင်ပြုပေးခြင်းခံရသောပုဂ္ဂိုလ်များကိုသာလျှင် ထင်ရှားစေတော်မူပေသည်။

فَسَلٰمٌ لَّكَ مِنْ اَصْحٰبِ الْيَمِيْنِ ﴿٩١﴾

၉၁။ သို့ဖြစ်လျှင် အို-လက်ယာဘက်သားတို့တွင် အပါအဝင်ဖြစ်သောသူ၊ အသင့်အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေသား။

وَاَمَّآ اِنْ كَانَ مِنَ الْمُكَذِّبِيْنَ الضَّآلِّيْنَ ﴿٩٢﴾

၉၂။ သို့ရာတွင် အကယ်၍ ယင်း(သေဆုံးသူ)သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သူ၊ လမ်းလွဲသူတို့အနက်မှဖြစ်လျှင်၊

فَنُزُلٌ مِّنْ حَمِيْمٍ ﴿٩٣﴾

၉၃။ သို့ဖြစ်လျှင် တစ်မျိုးသော ပွက်ပွက်ဆူနေသည့် ရေသည် (သူ၏)ဆင်းသက်ရာနေရာဖြစ်လိမ့်မည်။ ★

وَّتَصْلِيَةُ جَحِيْمٍ ﴿٩٤﴾

၉၄။ ထို့ပြင် ငရဲမီးတွင် ကင်ဖုတ်ခြင်းကို ခံရပေအံ့။

اِنَّ هٰذَا لَهُوَ حَقُّ الْيَقِيْنِ ﴿٩٥﴾

၉၅။ ဧကန်စင်စစ် ရှင်းလင်းပြတ်သားသည်အထိရောက်ရှိသော ယုံကြည်ချက်သည် ဤသည်ပင်ဖြစ်၏။

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيْمِ ﴿٩٦﴾

၉၆။ သို့ဖြစ်ရာ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသည့် လွန်စွာကြီးမြတ်တော်မူသော အရှင်မြတ်၏နာမတော်ဖြင့် (ထိုအရှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို 'တာစ်ဘီ'ပြု တသပါလေ။

❖ ❖ ❖

★ اَلنُّزُلُ: اَلْمَنْزِلُ (အလ်-မွန်ဂျိဒ် အဘိဓာန်ကျမ်းရှု)

၅၇။ အလ်-ဟဒိဒ်

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠ်တော် (၃၀)ပိုဒ်ပါရှိသည်။

ကမ္ဘာမြေနှင့် မိုးကောင်းကင်များအပြင် ယင်းတို့တွင်ရှိရှိသမျှ အလုံးစုံတို့သည် အလ္လာဟ်အား သာလျှင် သန့်ရှင်းစင်ကြယ်တော်မူကြောင်း 'တာစ်ဘီ'ပြုလျက်ရှိကြသည်။ ထို့ပြင် ထိုအရှင်သည်ပင် အဦးအစ၊ ထိုအရှင်သည်ပင် နောက်ဆုံး၊ ထိုအရှင်သည်ပင် ပေါ်လွင်ထင်ရှားတော်မူသောအရှင်၊ ထိုအရှင်သည်ပင် လျှို့ဝှက်နက်နဲသောအရှင် ဖြစ်တော်မူ၏။ ဆိုလိုသည်မှာ ထိုအရှင်၏ ထွန်းလင်းခြင်းမှာ ထင်သာမြင်သာ ရှိပေ၏။ သို့သော် ထိုအရှင်အား မမြင်မတွေ့နိုင်သော မျက်စိအတွက် ထိုအရှင်သည် ထာဝရလျှို့ဝှက်ရာအဖြစ်ရှိမည်ဖြစ်သည်ဟူသောကြေညာချက်ဖြင့် ဤဆူရာဟ်ကို အစပြုထားပေသည်။

ဤဆူရာဟ်၌ အာယတ်တော်တစ်ပိုဒ်တွင် လောကီဘဝ၏ ဥပမာပုံဆောင်ချက်ကိုဖော်ပြရင်း မိန့်တော်မူသည်မှာ ဤသည်ကား ကစားခုန်စားခြင်းသက်သက်နှင့် အချည်းနှီး အလဟဿသာဖြစ်၏။ ဤသည်မှာ တည်တံ့လျက်ရှိနေမည့်အရာမဟုတ်ချေဟူ၍ မိန့်တော်မူထားပေသည်။ လူသားသည် သူ၏သေဆုံးချိန်အနီးသို့ရောက်ရှိသောအခါ သူသည် ရက်အနည်းငယ်မျှသာနေထိုင်ခဲ့ကြောင်း အမှန်ပင် ဝန်ခံလိမ့်မည်ဖြစ်သည်။

ထို့နောက် ဤသည့် ဆူရာဟ်မှာပင် 'ဂျန္နတ်'နှင့် 'ဂျဟန္နမ်'တို့အား အပေါ်ယံရုပ်ပိုင်းသဘောတွေးမြင်ခြင်းမှာ မမှန်ကန်ကြောင်း သက်သေရသည့် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်ﷺအား ဖွင့်ချပြသတော်မူသော ကြီးကျယ်သည့် အာယတ်တော်တစ်ပုဒ်လည်း လာရှိထားပေသည်။ သို့ဖြစ်၍ အာယတ်တော်အမှတ်စဉ်(၂၂)တွင် မိန့်ထားတော်မူသည်မှာ အလ္လာဟ်အရှင်မြတ်၏ အပြစ်လွှတ်တော်မူခြင်းနှင့် ထိုအရှင်မြတ်၏ 'ဂျန္နတ်'ဥယျာဉ်တော်ဘက်သို့ တစ်ဦးထက်တစ်ဦး သာလွန်အောင် ကြိုးပမ်းအားထုတ်ကြလေကုန်။ ထို 'ဂျန္နတ်'၏အကျယ်အဝန်းမှာ မိုးနှင့် မြေတို့အပေါ် လွှမ်းမိုးဖြန့်ကြက်လျက်ရှိ၏။ တမန်တော်မြတ်ﷺက ဤအာယတ်တော်ကိုရွတ်ဖတ်သောအခါ သာဝကတစ်ဦးက အို-တမန်တော်မြတ်ﷺ အကယ်၍ 'ဂျန္နတ်'က စကြဝဠာတစ်ဝန်းလုံးသို့ ဖြန့်ကြက်လျက်ရှိနေပါလျှင် 'ဂျဟန္နမ်'က အဘယ်မှာ ရှိပါသနည်းဟု မေးလျှောက်ခဲ့လေသည်။ တမန်တော်မြတ်က ယင်းသည်လည်း ထိုမှာ၌ပင်ရှိမည်ဟု ဖြေကြားတော်မူခဲ့သည်။ ဆိုလိုသည်မှာ 'ဂျန္နတ်'တည်ရှိသော စကြဝဠာ၏ အကျယ်အဝန်းအတွင်း၌ပင် ရှိပေမည်။ သို့ရာတွင် ဤသည် အဘယ်သို့ဖြစ်နိုင်မည်ဆိုသော အကြောင်းရပ်ကို အသင်တို့မသိနားမလည်ချေဟူ၍ဖြစ်သည်။ တစ်နေရာ တစ်ဌာနတည်းမှာပင် 'ဂျန္နတ်'နှင့် 'ဂျဟန္နမ်'တို့သည် ရှိနေကြသည်။ ထို့ပြင် တစ်ခုနှင့်အခြားတစ်ခုတွင် တစ်စုံတစ်ရာပတ်သက်မှုမရှိချေ။ ဤသည်အားဖြင့် ထိုခေတ်ထိုအခါက တမန်တော်မြတ်ﷺအား (Relativity) နိူင်းရသီအိုရီ သဘောတရားတစ်ခုကို အသိပေးတော်မူခြင်း ခံခဲ့ရကြောင်း ထင်ရှားစွာ သက်သေရရှိပေသည်။ ဆိုလိုသည်မှာ တစ်နေရာတည်းမှာပင် ရှိနေပါလျက် Dimension (ရှုထောင့်)ပြောင်းသည်နှင့် အရာဝတ္ထုနှစ်ခုကြားတွင် ဆက်နွယ်မှုတစ်စုံတစ်ရာမျှ မရှိတော့ချေ။

ဆူရာဟ် 'အလ်-ဟဒိဒ်'၏ဗဟိုချက်ဖြစ်သော အာယတ်တော်မှာ **ငါတို့**သည် သံကို ချပေးတော်မူ၏ဟု ကြေညာထားသော အာယတ်တော်ဖြစ်ပေသည်။ **نـزول** ဟူသော စကားလုံးကို သာမန်လူများ

ဘာသာပြန်ဆိုချက်အရဆိုလျှင် သံသည် မိုးကောင်းကင်မှ သက်ဆင်းကျရောက်ခဲ့သယောင်ဖြစ်နေသည်။ အမှန်သော်ကား ယင်းသည် မြေကြီး၏အနက်ရှိုင်းဆုံးနေရာများမှ တူးဖော်ထုတ်ယူခဲ့ရခြင်းသာဖြစ်သည်။ ဤအာယတ်တော်အရ ပင်ကိုဇာတိအားဖြင့် အလုံးစုံတို့ထက် အကျိုးပြုသောအရာဝတ္ထုဖြစ်ခြင်းကြောင့် ကျမ်းမြတ်ကုရ်အာန်က 'နုဇူလ်'ဟူသည့် ဝေါဟာရကိုသုံးနှုန်းရခြင်းဖြစ်ကြောင်း ရင်းမြစ်စစ်မှန်သဘောကို သိရှိရပေသည်။ သို့ကြောင့် ဤသည့်ရှုထောင့်အားဖြင့် ကျွန်ုပ်တို့ရဆွာန်များနှင့်ပတ်သက်၍လည်း 'နုဇူလ်'ဟူသည့် ဝေါဟာရလာရှိထားခြင်းဖြစ်သည်။ ဝတ်စားတန်ဆာနှင့်ပတ်သက်၍လည်း 'နုဇူလ်'ဆိုသည့်ဝေါဟာရကို သုံးစွဲထားသည်။ ထို့ပြင် အားလုံးထက်ပိုမိုလျက် တမန်တော်မြတ်ﷺနှင့်စပ်လျဉ်း၍ **قَدْ اَنْزَلَ اللّٰهُ اِلَيْكُمْ ذِكْرًا رَّسُوْلًا** 'မုချကေန် အလ္လာဟ်သည် အသင်တို့ထံသို့ 'ဇိက္ကရေအီလာဟီ' (အလ္လာဟ်အား သတိရမှု)၏ပြယုဂ်ဖြစ်သော တမန်တော်ကိုချပေးတော်မူ၏။' (၆၅း၁၀-၁၂) ကိုယ်တော်မြတ်ﷺသည် ထင်ရှားသောရုပ်ခန္ဓာအားဖြင့် ကောင်းကင်ယံမှ ဆင်းလာခြင်းမဟုတ်သည်ကို အိုလမာသာသနာ့ပညာရှင်အားလုံး တညီတညွတ်တည်း လက်ခံကြပေသည်။ သို့ဖြစ်ရာ အားလုံးသောတမန်တော်တို့တွင် လူသားနွယ်ဝင်အပေါင်းတို့ကို အကျိုးအပြုဆုံးတမန်တော်မှာ တမန်တော်မြတ် မိုဟမ္မဒ်သခင်ﷺသာလျှင်ဖြစ်သည်ဟူသောအဓိပ္ပာယ်မှတစ်ပါး အခြားမရှိချေ။

ထို့နောက် ဤဆူရာဟ်၌ပင် 'ဆွဟာဘာ'(သာဝက)များနှင့်စပ်လျဉ်း၍ ဖော်ပြထားသည်မှာ ၎င်းတို့၏ 'နူရ်'အလင်းသည် ၎င်းတို့၏ရှေ့ဘက်မှလည်းကောင်း၊ လက်ယာဘက်မှလည်းကောင်း (ဦးဆောင်)သွားလျက်ရှိခဲ့ပေသည်။ တစ်နည်းဆိုရလျှင် ၎င်းတို့သည် မိမိတို့၏ 'နူရ်'အလင်းဖြင့် မိမိတို့၏လမ်းတော်ကို ကြည့်မြင်လျက်ရှိနေခဲ့ကြသကဲ့သို့ ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဟဒီဒ်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၃၀)ပိုဒ် ရှုကူ (၄)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

سَبَّحَ لِلّٰهِ مَا فِى السَّمٰوٰتِ وَالْاَرْضِ ۚ وَهُوَ الْعَزِيْزُ الْحَكِيْمُ ①

၂။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသမျှတို့သည် အလ္လာဟ်အားသာလျှင် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုခြီးမွမ်းကြကုန်၏။ ထိုအရှင်မြတ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ۚ يُحْىٖ وَيُمِيْتُ ۚ وَهُوَ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ①

၃။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏စိုးမိုးအုပ်ချုပ်မှုအာဏာသည် ထိုအရှင်မြတ်၌သာရှိ၏။ ထိုအရှင်မြတ်သည် ရှင်စေတော်မူ၏။ ထို့ပြင် သေစေတော်မူ၏။ ထို့ပြင် ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသော အရာအားလုံးအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

هُوَ الْاَوَّلُ وَالْاٰخِرُ وَالظَّاهِرُ وَالْبَاطِنُ ۚ وَهُوَ بِكُلِّ شَىْءٍ عَلِيْمٌ ①

၄။ ထိုအရှင်မြတ်သည်ပင် အဦးအစနှင့် ထိုအရှင်မြတ်သည်ပင် အဆုံးစွန်၊ ထိုအရှင်မြတ်သည်ပင် ပေါ်လွင်ထင်ရှားသောအရှင်နှင့် ထိုအရှင်မြတ်သည်ပင် လျှို့ဝှက်နက်နဲသောအရှင် ဖြစ်တော်မူ၏။ ထို့ပြင် ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ထာဝရသိရှိတော်မူ၏။

هُوَ الَّذِىْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ فِىْ سِتَّةِ اَيَّامٍ ثُمَّ اسْتَوٰى عَلَى الْعَرْشِ ؕ يَعْلَمُ مَا يَلِجُ فِى الْاَرْضِ وَمَا يَخْرُجُ مِنْهَا وَمَا يَنْزِلُ مِنَ السَّمَآءِ وَمَا يَعْرُجُ فِيْهَا ؕ وَهُوَ مَعَكُمْ اَيْنَ مَا كُنْتُمْ ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرٌ ①

၅။ ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ကာလခြောက်ခုတွင် ဖန်ဆင်းတော်မူ၏။ ထို့နောက် ထိုအရှင်မြတ်သည် 'အရ်ရှ်'ပလ္လင်ထက်ဝယ် တည်တံ့စိုးမိုးတော်မူ၏။ ထိုအရှင်မြတ်သည် ကမ္ဘာမြေ၌ဝင်ရောက်သည်ကိုလည်းကောင်း၊ ထိုမှထွက်မြောက်သည်ကိုလည်းကောင်း၊ မိုးကောင်းကင်မှ သက်ဆင်းသည်ကိုလည်းကောင်း၊ ယင်းသို့တက်ရောက်သွားသည်ကိုလည်းကောင်း သိရှိတော်မူ၏။ ဤတွင်မက မည်သည့်နေရာ၌မဆို အသင်တို့ရှိနေလျှင် ထိုအရှင်မြတ်သည် အသင်တို့နှင့်အတူတကွရှိနေတော်မူ၏။ ထို့ပြင် အလ္လာဟ်သည် အသင်တို့ပြုမူလုပ်ဆောင်သည်တို့ကို အစဉ်သဖြင့် နက်ရှိုင်းစွာရှုစားလျက်ရှိတော်မူ၏။ ①

---

① အလ္လာဟ်အရှင်မြတ်သည် 'အရ်ရှ်'တော်ပေါ်တွင် **استواء** ပြုတော်မူခြင်း၏ ဆိုလိုရင်းမှာ ထိုအရှင်မြတ်သည် စကြဝဠာကမ္ဘာအပေါင်း၏ အလုံးစုံသောလုပ်ငန်းများကို ပြီးပြည့်စုံစွာ ပြုလုပ်တော်မူပြီးသည်၏နောက်တွင် အားလပ်သွားသည်မဟုတ်မူဘဲ ယင်းတို့အလုံးစုံကို စောင့်ကြပ်ထိန်းသိမ်းရန်အတွက်'အရ်ရှ်'ပေါ်တွင် တည်တံ့စိုးမိုးတော်မူခြင်းကို ဆိုလိုပေသည်။ လောကတွင် လည်ပတ်နေသည့် လုပ်ငန်းဟူသမျှကို အပေါ်ယံအမြင်အားဖြင့် သူ့အလိုအလျောက်ဖြစ်ပေါ်နေသည်ဟု ကျွန်ုပ်တို့မြင်တွေ့ရသော်လည်း

لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ؕ وَ اِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ۝

၆။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏စိုးမိုးအုပ်ချုပ်မှုအာဏာသည် ထိုအရှင်မြတ်၌သာရှိ၏။ ထို့ပြင် အလုံးစုံသော အရေးကိစ္စဟူသမျှတို့သည် အလ္လာဟ်၏အထံတော်သို့သာ ပြန်လှည့်ခြင်း ခံကြရပေသည်။

يُوْلِجُ الَّيْلَ فِى النَّهَارِ وَيُوْلِجُ النَّهَارَ فِى الَّيْلِ ؕ وَهُوَ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ۝

၇။ ထိုအရှင်မြတ်သည် ညဉ့်ကို နေ့တွင် ထည့်သွင်းတော်မူ၏။ ထို့ပြင် နေ့ကိုညဉ့်တွင်ထည့်သွင်းတော်မူ၏။ ထိုအရှင်မြတ်သည် ရင်များတွင်ရှိသည့်အကြောင်းများကိုလည်း ထာဝရသိရှိတော်မူ၏။

اٰمِنُوْا بِاللّٰهِ وَرَسُوْلِهٖ وَاَنْفِقُوْا مِمَّا جَعَلَكُمْ مُّسْتَخْلَفِيْنَ فِيْهِ ؕ فَالَّذِيْنَ اٰمَنُوْا مِنْكُمْ وَاَنْفَقُوْا لَهُمْ اَجْرٌ كَبِيْرٌ ۝

၈။ အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ 'ရစူလ်'တမန်တော်အား သက်ဝင်ယုံကြည်ကြကုန်။ ထိုအရှင်မြတ်က အသင်တို့အား ဆက်ခံစေတော်မူသည်များမှ စွန့်ကြဲသုံးစွဲကြကုန်။ သို့ဖြစ်ရာ အသင်တို့အနက် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြ၏။ ထို့ပြင် (အလ္လာဟ်၏လမ်းတော်တွင်) စွန့်ကြဲသုံးစွဲကြ၏။ ထိုသူတို့အတွက် အလွန်ကြီးမားသော အကျိုးဆုလာဘ်သည်ရှိ၏။

وَمَا لَكُمْ لَا تُؤْمِنُوْنَ بِاللّٰهِ ۚ وَالرَّسُوْلُ يَدْعُوْكُمْ لِتُؤْمِنُوْا بِرَبِّكُمْ وَقَدْ اَخَذَ مِيْثَاقَكُمْ اِنْ كُنْتُمْ مُّؤْمِنِيْنَ ۝

၉။ အသင်တို့သည် အလ္လာဟ်အား သက်ဝင်ယုံကြည်ခြင်းမရှိကြသည်မှာ၊ အသင်တို့ အဘယ်သို့ဖြစ်သွားကြသနည်း။ ထို့ပြင် 'ရစူလ်'တမန်တော်က၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား သက်ဝင်ယုံကြည်ကြရန် အသင်တို့ကိုခေါ်လျက်ရှိပေ၏။ စင်စစ်သော်ကား (အို-အာဒမ်၏ သားမြေးတို့) ထိုအရှင်မြတ်သည် အသင်တို့ထံမှ ပဋိညာဉ်ကတိခံဝန်ချက်ကို ရယူထားခဲ့ပြီဖြစ်၏။ အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်သူများဖြစ်လျှင် (ပိုမိုကောင်းမြတ်ပေမည်)။

هُوَ الَّذِىْ يُنَزِّلُ عَلٰى عَبْدِهٖۤ اٰيٰتٍۢ بَيِّنٰتٍ لِّيُخْرِجَكُمْ مِّنَ الظُّلُمٰتِ اِلَى النُّوْرِ ؕ وَ اِنَّ اللّٰهَ بِكُمْ لَرَءُوْفٌ رَّحِيْمٌ ۝

၁၀။ အရှင်မြတ်သည်ပင် မိမိအစေတော်အား လင်းဝင်းထင်ရှားသော 'အာယတ်'မုက္ခပါဠိတော်များကို ထုတ်ပြန်ပို့ချပေးတော်မူ၏။ သို့ဖြင့် အရှင်မြတ်သည် အသင်တို့အား အမှောင်ထုများမှ အလင်းရောင်ဘက်ဆီသို့ ထုတ်ဆောင်ရန်ဖြစ်၏။ ဧကန်စင်စစ် အလ္လာဟ်သည် အသင်တို့အပေါ်ဝယ် လွန်စွာ

➤ ယင်းတို့အားလုံးအပေါ် မရေမတွက်နိုင်သော ကောင်းကင်တမန်များကိုခန့်ထားပြီး ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ဖြင့် စောင့်ကြပ်လျက်ရှိနေကြပေသည်။

يَعْلَمُ مَا يَلِجُ فِى الْاَرْضِ وَ مَا يَخْرُجُ مِنْهَا ကမ္ဘာမြေမှ အချိန်နှင့်တစ်ပြေးညီ တစ်ခုမဟုတ်တစ်ခုသည် ကောင်းကင်ယံသို့ တက်သွားမြဲရှိနေကြပြီး တစ်ခုမဟုတ်တစ်ခုသည် အောက်သို့သက်ဆင်းလျက်ရှိကြပေသည်။ တချို့မှာ ကမ္ဘာမြေကြီးဘက်သို့ အခိုးအငွေ့များကို ပြန်လည်ပို့လွှတ်ပေသည်။ သို့ရာတွင် အချို့သော ရေဒီယိုသတ္တိကြွလှိုင်းများနှင့် သံလိုက်လှိုင်းများသည် မြင့်တက်သွားကြလျက် ကမ္ဘာမြေ၏အဝန်းအဝိုင်းမှ ထွက်ခွာသွားတတ်ကြပေသည်။ ဤကဲ့သို့ပင် ကောင်းကင်ယံမှ Meteors ဥက္ကာ(ကြယ်)ပျံများနှင့် ရေဒီယိုသတ္တိကြွလှိုင်းများသည် ကမ္ဘာမြေသို့ အစဉ်မပြတ်ကျဆင်းလျက်ရှိနေပေသည်။ ဤသည်ကိုလည်း ကွင်းဆက်မပြတ် သုတေသနပြုလျက်ရှိကြသည်။ ထို့ပြင် အကြောင်းအရာအတော်များများကို သိရှိထားပြီးဖြစ်သော်လည်း ကောင်းကင်ယံမှ သက်ဆင်းလျက်ရှိသော များစွာသော အလင်းတန်းတို့ကို သိပ္ပံပညာရှင်များက နားလည်နိုင်ခြင်းမရှိသေးချေ။ ဤအကြောင်းအရာသည်လည်း တမန်တော်မြတ်ﷺ၏ ခေတ်ကာလတွင် မည်သည့်လူသားတစ်ဦးတစ်ယောက်၏ အတွေးအမြင်၌မျှ ဝင်လာနိုင်ရန်မရှိခဲ့ချေ။

ကျေးဇူးပြုတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَمَا لَكُمْ اَلَّا تُنْفِقُوْا فِىْ سَبِيْلِ اللّٰهِ وَلِلّٰهِ مِيْرَاثُ السَّمٰوٰتِ وَالْاَرْضِ ؕ لَا يَسْتَوِىْ مِنْكُمْ مَّنْ اَنْفَقَ مِنْ قَبْلِ الْفَتْحِ وَقٰتَلَ ؕ اُولٰٓئِكَ اَعْظَمُ دَرَجَةً مِّنَ الَّذِيْنَ اَنْفَقُوْا مِنْۢ بَعْدُ وَقٰتَلُوْا ؕ وَكُلًّا وَّعَدَ اللّٰهُ الْحُسْنٰى ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ۝١٠ ع ١٤

၁၀။ ထို့ပြင် အသင်တို့သည် အလ္လာဟ်၏လမ်းတော်တွင် သုံးစွဲခြင်းမပြုကြသည်မှာ အသင်တို့သည် အဘယ်သို့ဖြစ်သွားကြသနည်း။ ဧကန်စင်စစ် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏အမွေကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ အသင်တို့အနက် မည်သူတစ်ဦးတစ်ယောက်မျှပင် အောင်ပွဲမရမီအလျင် သုံးစွဲလှူဒါန်း၍ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သောသူနှင့်မတူညီနိုင်ချေ။ ဤသူတို့သည်ကား နောက်ပိုင်းတွင်မှ သုံးစွဲလှူဒါန်း၍ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သောသူတို့ထက် အဆင့်အတန်း အလွန်မြင့်မားကြပေသည်။ အမှန်ပင် အလ္လာဟ်သည် အားလုံးတို့နှင့် အကောင်းဆုံးသော (အကျိုးဆုလာဘ်ကို) ကတိပြုတော်မူခဲ့၏။ ထို့ပြင် အလ္လာဟ်သည် အသင်တို့ကျင့်ကြံသည်တို့ကို အစဉ်ထာဝရ သတင်းရတော်မူ၏။

ရုကူး - ၂

مَنْ ذَا الَّذِىْ يُقْرِضُ اللّٰهَ قَرْضًا حَسَنًا فَيُضٰعِفَهٗ لَهٗ وَلَهٗۤ اَجْرٌ كَرِيْمٌ ۝١١

၁၂။ အဘယ်သူသည် အလ္လာဟ်အား ကောင်းမြတ်သောကြွေးမြီကိုချေးငှားမည်နည်း၊ သို့ဖြင့် ယင်းကို သူ့အတွက် တိုးပွားစေတော်မူမည်။ ထို့ပြင် ထိုသူအတွက် ဂုဏ်သရေကြီးမြတ်လှသော ဆုလာဘ်၏အစားပေးခြင်းသည်လည်းရှိ၏။

يَوْمَ تَرَى الْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ يَسْعٰى نُوْرُهُمْ بَيْنَ اَيْدِيْهِمْ وَبِاَيْمَانِهِمْ بُشْرٰىكُمُ الْيَوْمَ جَنّٰتٌ تَجْرِىْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ؕ ذٰلِكَ هُوَ الْفَوْزُ الْعَظِيْمُ ۝١٢

၁၃။ ထိုနေ့တွင်အသင်သည် သက်ဝင်ယုံကြည်သူအမျိုးသားတို့နှင့် သက်ဝင်ယုံကြည်သူအမျိုးသမီးတို့အား မြင်တွေ့ရပေအံ့။ သူတို့၏ 'နူရ်'အလင်းသည် သူတို့၏ရှေ့နှင့် သူတို့၏လက်ယာဘက်မှ လျင်မြန်စွာသွားလျက်ရှိ၏။ ဤနေ့သည် အသင်တို့အဖို့ မင်္ဂလာရှိစေသား။ အခြေတွင် စမ်းချောင်းများစီးဆင်းလျက်ရှိသော 'ဂျန္နတ်'ဥယျာဉ်များသည်ရှိ၏။ သူတို့သည် ယင်း၌ အစဉ်သဖြင့် နေထိုင်ကြရမည့်သူများဖြစ်ကြ၏။ ဤသည် အလွန်တရာ ကြီးကျယ်လှစွာသော အောင်မြင်မှုဖြစ်၏။ ①

يَوْمَ يَقُوْلُ الْمُنٰفِقُوْنَ وَالْمُنٰفِقٰتُ لِلَّذِيْنَ اٰمَنُوا انْظُرُوْنَا نَقْتَبِسْ مِنْ نُّوْرِكُمْ ۚ قِيْلَ ارْجِعُوْا وَرَآءَكُمْ فَالْتَمِسُوْا نُوْرًا ؕ فَضُرِبَ بَيْنَهُمْ بِسُوْرٍ لَّهٗ بَابٌ ؕ بَاطِنُهٗ فِيْهِ الرَّحْمَةُ

၁၄။ ထိုနေ့တွင် 'မိုနာဖစ်'အယောင်ဆောင် ယောကျ်ားများနှင့် 'မိုနာဖစ်'အယောင်ဆောင်မိန်းမများက သက်ဝင်ယုံကြည်ခဲ့သူတို့အား ကျွန်ုပ်တို့သည်လည်း အသင်တို့၏ 'နူရ်'အလင်းရောင်မှ အချို့သော အကျိုးရယူနိုင်ရန် ကျွန်ုပ်တို့ကိုလည်း ကြည့်ကြပါဦးဟု ဆိုကြပေလိမ့်မည်။ မိမိတို့၏နောက်ဘက်သို့ ပြန်လှည့်၍ သွားကြကာ အလင်းတစ်စုံတစ်ရာကို ဖွေရှာကြကုန်ဟု ပြောဆိုခြင်းကိုခံကြရပေအံ့။ ထိုအခါ သူတို့၏အကြားတွင် တံခါးပေါက်တစ်ခုရှိသော တံတိုင်းတစ်ခုကို ကာဆီးလိုက်ပေလိမ့်မည်။

① 'မိုအ်မင်္ဂန်'ယုံကြည်သူတို့အား ၎င်းတို့၏တရားလမ်းမှန်ရရှိထားခြင်း၏ရလဒ်အနေဖြင့် 'နူရ်'အလင်းကိုရရှိကြခြင်းဖြစ်သည်။ ထို့ပြင် လက်ယာလက်ဟူသည် တရားလမ်းမှန်ရရှိခြင်းကိုပင် ဆိုလိုပေသည်။

وَظَاهِرُهٗ مِنْ قِبَلِهِ الْعَذَابُ ⑬

ယင်း၏အတွင်းပိုင်းတွင် ကရုဏာတရားသည် ရှိပေလိမ့်မည်။ အပြင်ဘက်၏ရှေ့၌မူကား 'အဇာဘ်'ပြစ်ဒဏ်ရှိပေလိမ့်မည်။

يُنَادُوْنَهُمْ اَلَمْ نَكُنْ مَّعَكُمْ ؕ قَالُوْا بَلٰى وَلٰكِنَّكُمْ فَتَنْتُمْ اَنْفُسَكُمْ وَتَرَبَّصْتُمْ وَارْتَبْتُمْ وَغَرَّتْكُمُ الْاَمَانِيُّ حَتّٰى جَآءَ اَمْرُ اللّٰهِ وَغَرَّكُمْ بِاللّٰهِ الْغَرُوْرُ ⑭

၁၄။ ယင်းတို့က ထိုသူတို့အား၊ ကျွန်ုပ်တို့သည် အသင်တို့နှင့် အတူမရှိခဲ့ပါသလောဟု ကျယ်လောင်သောအသံဖြင့် အော်ဟစ်ပြောဆိုကြပေလိမ့်မည်။ သူတို့က အဘယ့်ကြောင့်မဟုတ် ရပါမည်နည်း။ သို့ရာတွင် အသင်တို့ကိုယ်၌ကပင် မိမိတို့ကိုယ်ကို ပြဿနာအတွင်းသို့ ထည့်သွင်းလိုက်ကြပြီး စောင့်ဆိုင်းလျက် နေကြရကား သံသယ၌နစ်မွန်းခဲ့ကြပေသည်။ ထို့ပြင် အလ္လာဟ်၏အဆုံးအဖြတ်ရောက်လာသည့်တိုင်အောင် အသင်တို့အား ဆန္ဒများက လှည့်ဖြားခဲ့ပေသည်။ အမှန်သော်ကား အသင်တို့အား 'ရှိုင်တန်'သည် အလ္လာဟ်နှင့်စပ်လျဉ်း၍ ပြင်းထန်သော လှည့်ဖြားမှုတွင် နစ်မွန်းစေခဲ့ပေသည်။

فَالْيَوْمَ لَا يُؤْخَذُ مِنْكُمْ فِدْيَةٌ وَّلَا مِنَ الَّذِيْنَ كَفَرُوْا ؕ مَاْوٰىكُمُ النَّارُ ؕ هِيَ مَوْلٰىكُمْ ؕ وَبِئْسَ الْمَصِيْرُ ⑮

၁၅။ သို့ဖြစ်ရကား၊ ယနေ့ အသင်တို့ထံမှလည်းကောင်း၊ မယုံကြည်သူတို့ထံမှလည်းကောင်း မည်သည့်လျော်ကြေးမျှယူမည် မဟုတ်။ အသင်တို့၏နေရာထိုင်ခင်းမှာ မီးဖြစ်၏။ ဤသည်ပင် အသင်တို့၏အဆွေခင်ပွန်းဖြစ်၏။ အဘယ်မျှ ဆိုးယုတ်လှသော နေရာထိုင်ခင်းဖြစ်ပေသနည်း။

اَلَمْ يَاْنِ لِلَّذِيْنَ اٰمَنُوْٓا اَنْ تَخْشَعَ قُلُوْبُهُمْ لِذِكْرِ اللّٰهِ وَمَا نَزَلَ مِنَ الْحَقِّ ۙ وَلَا يَكُوْنُوْا كَالَّذِيْنَ اُوْتُوا الْكِتٰبَ مِنْ قَبْلُ فَطَالَ عَلَيْهِمُ الْاَمَدُ فَقَسَتْ قُلُوْبُهُمْ ؕ وَكَثِيْرٌ مِّنْهُمْ فٰسِقُوْنَ ⑯

၁၆။ အသို့နည်း၊ သက်ဝင်ယုံကြည်သူတို့အဖို့ အလ္လာဟ်အား သတိရခြင်း၊ ချပေးသနားတော်မူသည့် ထိုအမှန်တရား(ကို ကြောက်သောစိတ်ဖြင့်) သူတို့၏စိတ်နှလုံးသည် အက်ကွဲလဲပြို့ စေရန်နှင့် သူတို့သည် ရှေးယခင်ကျမ်းဂန်ကိုပေးသနားခြင်းခံရ သောသူတို့ကဲ့သို့ မဖြစ်ကြစေရန် အချိန်တန်ပြီမဟုတ်လော။ သို့ဖြစ်ရာ ၎င်းတို့အပေါ် အချိန်ကာလကြာညောင်းသွားခဲ့လေ သောအခါ သူတို့၏စိတ်နှလုံးသည် မာကျောလာခဲ့လေ၏။ ထို့ပြင် ယင်းတို့အနက် များစွာသောသူတို့မှာ ကတိသစ္စာ ဖောက်ဖျက်သူများ ဖြစ်ခဲ့ကြ၏။

اِعْلَمُوْٓا اَنَّ اللّٰهَ يُحْيِ الْاَرْضَ بَعْدَ مَوْتِهَا ؕ قَدْ بَيَّنَّا لَكُمُ الْاٰيٰتِ لَعَلَّكُمْ تَعْقِلُوْنَ ⑰

၁၇။ သိထားကြကုန်။ အလ္လာဟ်သည် ကမ္ဘာမြေကြီးကို သေပြီးနောက် အမှန်ပင် ရှင်စေတော်မူ၏။ ငါတို့သည် သက်သေ လက္ခဏာတော်များကို အသင်တို့အဖို့ ပေါ်လွင်ထင်ရှားစွာ ဖော်ပြတော်မူခဲ့ပြီး ဖြစ်၏။ ထိုသို့ဖြင့် အသင်တို့ စဉ်းစားဆင်ခြင်ကြစိမ့်သောဌာဖြစ်၏။

اِنَّ الْمُصَّدِّقِيْنَ وَالْمُصَّدِّقٰتِ وَاَقْرَضُوا اللّٰهَ قَرْضًا حَسَنًا يُّضٰعَفُ لَهُمْ وَلَهُمْ اَجْرٌ كَرِيْمٌ ⑱

၁၈။ ဧကန်မုချ 'ဆဒကာ'အလှူပေးသော ယောကျ်ားများနှင့် အလှူပေးသော မိန်းမများ။ ထို့ပြင် အလ္လာဟ်အား ကောင်းမြတ်တင့်တယ်သောကြွေးမြီကို ချေးငှားကြသည့် အကြင်သူတို့၊ ထိုသူတို့အဖို့ ယင်းကို တိုးပွားစေတော်မူပေအံ့။ ထို့မှတစ်ပါး သူတို့အတွက် တစ်ခုသော ဂုဏ်သရေရှိသည့် အကျိုးဆုလာဘ် တစ်ရပ်သည်ရှိ၏။

وَالَّذِيْنَ اٰمَنُوْا بِاللّٰهِ وَرُسُلِهٖٓ اُولٰٓئِكَ هُمُ الصِّدِّيْقُوْنَ ۚ وَالشُّهَدَآءُ عِنْدَ رَبِّهِمْ ۭ لَهُمْ اَجْرُهُمْ وَنُوْرُهُمْ ۭ وَالَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِاٰيٰتِنَآ اُولٰٓئِكَ اَصْحٰبُ الْجَحِيْمِ ۝

၂၀။ ထို့ပြင် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်များကို သက်ဝင်ယုံကြည်ကြသော အကြင်သူတို့သည်ကား မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အထံတော်တွင် 'ဆစ်ဒီးက်'ဖြောင့်မတ်မှန်ကန်သူနှင့် 'ရှဟီးဒ်'သာသနာ့အာဇာနည်များဖြစ်ကြ၏။ သူတို့အဖို့ သူတို့၏အကျိုးဆုလာဘ်နှင့် သူတို့၏ 'နူရ်'အလင်းသည်ရှိ၏။ ထို့ပြင် မယုံကြည်ငြင်းပယ်သူတို့နှင့် ငါတို့၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲကြကုန်သော ဤသူတို့သည်ကား 'ဂျဟန္နမ်'ငရဲသားများ ဖြစ်ကြပေသတည်း။

ရုကူး-၃

اِعْلَمُوْٓا اَنَّمَا الْحَيٰوةُ الدُّنْيَا لَعِبٌ وَّلَهْوٌ وَّزِيْنَةٌ وَّتَفَاخُرٌۢ بَيْنَكُمْ وَتَكَاثُرٌ فِي الْاَمْوَالِ وَالْاَوْلَادِ ۭ كَمَثَلِ غَيْثٍ اَعْجَبَ الْكُفَّارَ نَبَاتُهٗ ثُمَّ يَهِيْجُ فَتَرٰىهُ مُصْفَرًّا ثُمَّ يَكُوْنُ حُطَامًا ۭ وَفِي الْاٰخِرَةِ عَذَابٌ شَدِيْدٌ ۙ وَّمَغْفِرَةٌ مِّنَ اللّٰهِ وَرِضْوَانٌ ۭ وَمَا الْحَيٰوةُ الدُّنْيَآ اِلَّا مَتَاعُ الْغُرُوْرِ ۝

၂၁။ သိထားကြလေကုန်။ လောကီဘဝသည်ကား ကစားခုန်စားခြင်းသက်သက်နှင့် မြင့်မားသောရည်ရွယ်ချက်ကို မေ့ပျောက်စေသော၊ စိတ်၏စေစားရာကို ဖြည့်ဆည်းပေးရန် အကြောင်းအချက်ဖြစ်၍ တန်ဆာဆင်ခြင်း၊ တစ်ဦးနှင့် တစ်ဦး ဂုဏ်တုဂုဏ်ပြိုင်ပြခြင်းနှင့် ပစ္စည်းဥစ္စာများနှင့် သားသမီးများဖြင့် တစ်ဦးနှင့်တစ်ဦး သာလွန်အောင် ကြိုးပမ်းခြင်းတို့သာဖြစ်၏။ (ဤလောကီဘဝသည်)ထိုမိုးနှင့်ပမာတူ၏။ ယင်း(မိုး၏)ကြောင့် သစ်ပင်များပေါက်ရောက်စိမ်းစိုမှုသည် မယုံကြည်သူတို့(၏ စိတ်နှလုံး)ကို နှစ်သက်ရွှင်လန်းစေ၏။ သို့ဖြင့် ယင်းသည် လျင်မြန်စွာ ကြီးထွားလာ၏။ ထို့နောက် အသင်သည် ယင်းအား ဝါ၍နေသည်ကိုမြင်တွေ့ရပြီးနောက် ယင်းသည် အစိတ်စိတ်အမွှာမွှာဖြစ်၍ သွားပေတော့သည်။ ထိုမှတစ်ပါး တမလွန်တွင်မူကား ပြင်းထန်လှစွာသော ပြစ်ဒဏ်သည် (သတ်မှတ်ထား)ရှိ၏။ ဤတွင်မက အလ္လာဟ်၏အထံတော်မှ ခွင့်လွှတ်ခြင်းနှင့် ကျေနပ်နှစ်မြို့တော်မူခြင်းသည်လည်းရှိပေ၏။ အမှန်သော်ကား လောကီဘဝသည် လှည့်ဖြားခြင်း၏ ယာယီမျှဖြစ်သော ဝတ္ထုပစ္စည်းသာဖြစ်၏။

سَابِقُوْٓا اِلٰى مَغْفِرَةٍ مِّنْ رَّبِّكُمْ وَجَنَّةٍ عَرْضُهَا كَعَرْضِ السَّمَآءِ وَالْاَرْضِ ۙ اُعِدَّتْ لِلَّذِيْنَ اٰمَنُوْا بِاللّٰهِ وَرُسُلِهٖ ۭ ذٰلِكَ فَضْلُ اللّٰهِ يُؤْتِيْهِ مَنْ يَّشَاۗءُ ۭ وَاللّٰهُ ذُو الْفَضْلِ الْعَظِيْمِ ۝

၂၂။ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အပြစ်လွှတ်တော်မူခြင်းသို့လည်းကောင်း၊ အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်အား သက်ဝင်ယုံကြည်သောသူတို့အတွက် အသင့်ပြင်ဆင်ခြင်းခံရသော မိုးမြေတမျှ ကျယ်ဝန်းသော ထိုသည့် 'ဂျန္နတ်'ဘက်သို့လည်းကောင်း၊ တစ်ဦးထက်တစ်ဦး သာလွန်အောင်ရှေ့သို့တက်လှမ်းကြလေကုန်။ ဤသည် အလ္လာဟ်၏ 'ဖဇ်လ်'ကျေးဇူးတော်ဖြစ်၏။ ထိုအရှင်မြတ်သည် ယင်းကို မိမိနှစ်လို့တော်မူသူအား ပေးသနားတော်မူ၏။ ဧကန်ပင် အလ္လာဟ်သည် ကြီးကျယ်မြင့်မြတ်လှစွာသော 'ဖဇ်လ်'ကျေးဇူးတော်ရှင်ဖြစ်တော်မူ၏။

مَآ اَصَابَ مِنْ مُّصِيْبَةٍ فِى الْاَرْضِ وَلَا فِىْٓ اَنْفُسِكُمْ اِلَّا فِىْ كِتٰبٍ مِّنْ قَبْلِ اَنْ نَّبْرَاَهَا ۭ اِنَّ ذٰلِكَ عَلَى اللّٰهِ يَسِيْرٌ ۝

၂၃။ မည်သည့်ဘေးဒုက္ခမျှပင် ကမ္ဘာမြေပေါ်တွင်လည်းကောင်း၊ အသင်တို့၏အသက်ဝိညာဉ်များအပေါ်၌လည်းကောင်း မဆိုက်ရောက်ပေ။ သို့ရာတွင် ငါတို့သည် ယင်းကို မဖော်ထုတ်မီအလျင်က စာအုပ်တစ်အုပ်တွင် (ဖုံးအုပ်၍)ထားရှိပေ၏။ ဧကန်မုချ ဤသည် အလ္လာဟ်အဖို့ အလွန်လွယ်ကူပေ၏။

لِّكَيْلَا تَاْسَوْا عَلٰي مَا فَاتَكُمْ وَلَا تَفْرَحُوْا بِمَآ اٰتٰىكُمْ ۭ وَاللّٰهُ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُوْرِۨ ۝

၂၄။ (မှတ်သားကြကုန်၊ ဤသည် အလ္လာဟ်၏သတ်မှတ်ချက်အစီအမံဖြစ်ပေ၏။) ထိုသို့ဖြင့် အသင်တို့သည် အသင်တို့မှ လက်လွတ်ဆုံးရှုံးသွားခြင်းခံရသည့်အရာအပေါ် ပူဆွေးခြင်း မရှိကြရန်လည်းကောင်း၊ ထိုအရှင်မြတ်က အသင်တို့အား ပေးသနားတော်မူသည့်အရာအပေါ် ဝင့်ဝါမောက်ကြွားခြင်း မပြုကြရန်လည်းကောင်းဖြစ်၏။ အလ္လာဟ်သည် မာန်မာနထောင်လွှားသူနှင့် လွန်စွာ ဝင့်ကြွားသူတို့ကို ချစ်ခင်နှစ်သက်တော်မမူချေ။

الَّذِيْنَ يَبْخَلُوْنَ وَيَاْمُرُوْنَ النَّاسَ بِالْبُخْلِ ۭ وَمَنْ يَّتَوَلَّ فَاِنَّ اللّٰهَ هُوَ الْغَنِيُّ الْحَمِيْدُ ۝

၂၅။ (ဆိုလိုသည်ကား) ထိုသူတို့သည် စေးနဲ့တွန့်တိုကြကုန်၏။ ထို့ပြင် လူတို့အား စေးနဲ့တွန့်တိုရန်သင်ပေးကြ၏။ ထို့ပြင် အကြင်သူသည် မျက်နှာလွှဲဖယ်လိုက်ပါလျှင် (ထိုသူနားလည်ထားရမည်မှာ) ဧကန်ပင် အလ္လာဟ်သည်သာ လိုလားတောင့်တခြင်းကင်းတော်မူသောအရှင်၊ ချီးမွမ်းထောမနာခြင်းအပေါင်းကို ခံထိုက်တော်မူသောအရှင်ဖြစ်တော်မူ၏။

لَقَدْ اَرْسَلْنَا رُسُلَنَا بِالْبَيِّنٰتِ وَاَنْزَلْنَا مَعَهُمُ الْكِتٰبَ وَالْمِيْزَانَ لِيَقُوْمَ النَّاسُ بِالْقِسْطِ ۚ وَاَنْزَلْنَا الْحَدِيْدَ فِيْهِ بَاْسٌ شَدِيْدٌ وَّمَنَافِعُ لِلنَّاسِ وَلِيَعْلَمَ اللّٰهُ مَنْ يَّنْصُرُهٗ وَرُسُلَهٗ بِالْغَيْبِ ۭ اِنَّ اللّٰهَ قَوِيٌّ عَزِيْزٌ ۝

၂၆။ ငါတို့သည် မုချဧကန် မိမိ၏တမန်တော်များကို ထင်ရှားသော သက်သေလက္ခဏာတော်များဖြင့် စေလွှတ်တော်မူပေ၏။ ထို့ပြင် သူတို့နှင့်အတူ ကျမ်းဂန်နှင့် တရားမျှတခြင်းချိန်ခွင်ကို လည်းချပေးတော်မူ၏။ သို့ဖြင့် လူတို့သည် တရားမျှတမှုအပေါ်တွင် ရပ်တည်နိုင်ကြစေခြင်းငှာဖြစ်ပေ၏။ ထို့ပြင် ငါတို့သည် သံကိုချပေးတော်မူ၏။ ယင်း၌ ကြီးကျယ်ပြင်းထန်လှစွာသော စစ်လက်နက်ပစ္စည်းပြုလုပ်ဖို့ရာနှင့် လူသားတို့အဖို့ များစွာသော အကျိုးကျေးဇူးရှိ၏။ သို့ဖြင့် အလ္လာဟ်သည် အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်များကို အကွယ်၌လည်း ကူညီသူတို့အား သိရှိ၏။ ဧကန်မုချ အလ္လာဟ်သည် အလွန်လျှင် စွမ်းပကားကြီးမားတော်မူသောအရှင်၊ အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူ၏။

ရုကူး-၄

وَلَقَدْ اَرْسَلْنَا نُوْحًا وَّاِبْرٰهِيْمَ وَجَعَلْنَا فِيْ ذُرِّيَّتِهِمَا النُّبُوَّةَ وَالْكِتٰبَ فَمِنْهُمْ

၂၇။ ထိုမှတစ်ပါး၊ ဧကန်ပင် ငါတို့သည် 'နူးဟ်'နှင့် 'အစ်ဗရာဟင်မ်'ကို(လည်း) စေလွှတ်တော်မူပေ၏။ ထို့ပြင် နှစ်ဦးစလုံး၏သားမြေးအဆက်အနွယ်များတွင် 'နဗူဝါတ်' တမန်တော်ဖြစ်

مُّهْتَدٍ ۚ وَكَثِيْرٌ مِّنْهُمْ فٰسِقُوْنَ ﴿٢٧﴾

ခြင်းနှင့် ကျမ်းဂန်(ပေးသနားတော်မူခြင်း)ကိုထားရှိ၏။ သို့ဖြစ်ရာ ယင်းတို့အနက် တရားလမ်းမှန်ရသွားသူတို့လည်းရှိခဲ့ကြ၏။ သို့စင်လျက် ယင်းတို့အနက် မြောက်များစွာသော အရေအတွက် တစ်စုသည်ကား လမ်းလွဲသူများဖြစ်ခဲ့ကြ၏။ ★

ثُمَّ قَفَّيْنَا عَلٰٓى اٰثَارِهِمْ بِرُسُلِنَا وَقَفَّيْنَا بِعِيْسَى ابْنِ مَرْيَمَ وَاٰتَيْنٰهُ الْاِنْجِيْلَ ۙ وَجَعَلْنَا فِىْ قُلُوْبِ الَّذِيْنَ اتَّبَعُوْهُ رَاْفَةً وَّرَحْمَةً ۙ وَرَهْبَانِيَّةً ۨ ابْتَدَعُوْهَا مَا كَتَبْنٰهَا عَلَيْهِمْ اِلَّا ابْتِغَآءَ رِضْوَانِ اللّٰهِ فَمَا رَعَوْهَا حَقَّ رِعَايَتِهَا ۚ فَاٰتَيْنَا الَّذِيْنَ اٰمَنُوْا مِنْهُمْ اَجْرَهُمْ ۚ وَكَثِيْرٌ مِّنْهُمْ فٰسِقُوْنَ ﴿٢٧﴾

၂၈။ ထို့နောက် ငါတို့သည် ၎င်းတို့၏အမှတ်လက္ခဏာများအပေါ် ဖဝါးထက်ကြပ် မိမိ၏တမန်တော်များအား အဆက်မပြတ် စေလွှတ်တော်မူခဲ့၏။ ထို့ပြင် မရိယမ်၏သား 'အီစာ'ကို နောက်မှလာရောက်စေတော်မူ၏။ ၎င်းပြင် သူ့အား ငါတို့သည် 'အင်ဂျီလ်'ကိုပေးသနား၏။ ထို့ပြင် သူ့အား နောက်လိုက်နာခံကြသူတို့၏စိတ်နှလုံးများတွင် နူးညံ့သိမ်မွေ့ခြင်းနှင့် ကရုဏာတရားကို ထည့်ပေးတော်မူ၏။ ထိုမှတစ်ပါး ထိုသူတို့ အသစ်တီထွင်ပြုလုပ်ကြသော ရဟန်းပြုခြင်းစံနစ်ကို ငါတို့သည် သူတို့အပေါ် သို့ ပြဋ္ဌာန်းသတ်မှတ်ခြင်းပြုတော်မမူခဲ့ချေ။ သို့ရာတွင် အလ္လာဟ်၏ကျေနပ်နှစ်သက်မှုကို ရှာဖွေခြင်းကိုသာ (သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့၏)။ သို့ဖြစ်ရာ ၎င်းတို့သည် ထို(စံနစ်)၏ စောင့်စည်းအပ်သောဝတ်ကို မဖြည့်ခဲ့ကြချေ။ ထိုအခါ ငါတို့သည် ၎င်းတို့အနက်မှ သက်ဝင်ယုံကြည်(ကောင်းမှုကျင့်ကြံအားထုတ်)သူတို့အား ယင်း၏အကျိုးဆုလာဘ်ကို ပေးသနားတော်မူ၏။ သို့ရာတွင် ၎င်းတို့အနက် မြောက်များစွာသော အရေအတွက်တစ်စုသည်ကား အကျင့်ဆိုးယုတ်သူများဖြစ်ခဲ့ကြ၏။ ①

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ وَاٰمِنُوْا بِرَسُوْلِهٖ يُؤْتِكُمْ كِفْلَيْنِ مِنْ رَّحْمَتِهٖ وَيَجْعَلْ لَّكُمْ نُوْرًا تَمْشُوْنَ بِهٖ وَيَغْفِرْ لَكُمْ ۚ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿٢٨﴾

၂၉။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အားကြောက်ရွံ့ရိုကျိုးခြင်း'တက္ကဝါ'တရားကို ကျင့်သုံးဆောက်တည်ကြလေကုန်။ ထို့ပြင် ထိုအရှင်မြတ်၏တမန်တော်အား သက်ဝင်ယုံကြည်ကြကုန်။ ထိုအရှင်မြတ်သည် အသင်တို့အား မိမိကရုဏာတော်မှ နှစ်ဆကို ချီးမြှင့်ပေးသနားတော်မူပေလိမ့်မည်။ ထို့ပြင် အသင်တို့အား 'နူရ်'အလင်းကို ပေးသနားတော်မူပေမည်။ ယင်းအားဖြင့် အသင်တို့သည် လျှောက်လှမ်းကြရပေအံ့။ ထိုမှတစ်ပါး အသင်တို့အား အပြစ်လွှတ်တော်မူပေမည်။ ထို့ပြင် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

★ 'ဖာဆီက်'မှာ လမ်းလွဲသူဟု အဓိပ္ပာယ်ရသည်။ (အလ်-မွန်ဂျိဒ်အဘိဓာန်ရှု)

① ဤအာယတ်တော်တွင် အထူးသဖြင့် မျက်မှောက်ခေတ်ရှိ ခရစ်ယာန်ရဟန်းများနှင့် သီလရှင်တို့တွင် ရာသက်ပန်အပျိုလူပျိုဘဝဖြင့်နေကြသော ဘာသာရေးဆိုင်ရာ အသစ်တီထွင်မှုပုံစံဖြင့် ကျင့်သုံးနေကြသော ရဟန်းဝါဒအကြောင်းကို ဖော်ပြထားပေသည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ရည်မှော်ဦးတည်ချက် အလျှင်းမဟုတ်ချေ။ ၎င်းတို့အား 'တက္ကဝါ'အပြစ်ရှောင်၍ ဖြူစင်ဖြောင့်မတ်ခြင်းတရား ကျင့်သုံးသောဘဝကိုတည်ဆောက်ရန် လမ်းညွှန်တော်မူခြင်းဖြစ်ပြီး၊ ယင်းအပေါ် ခေတ်ဦး ခရစ်ယာန်ဘာသာဝင်တို့ကာတာဝန်ရှိသည်နှင့်အညီကျင့်သုံးခဲ့ကြပေသည်။ သို့ရာတွင် နောက်ပိုင်းကာလများ၌ လွန်ကဲသောအကျင့်များကို ရောပွမ်းကျင့်သုံးကြကာ ရဟန်းဝါဒသစ်တစ်ခုကို တီထွင်ခဲ့ကြခြင်းဖြစ်သည်။

لِّئَلَّا يَعْلَمَ اَهْلُ الْكِتٰبِ اَلَّا يَقْدِرُوْنَ
عَلٰى شَيْءٍ مِّنْ فَضْلِ اللّٰهِ وَاَنَّ الْفَضْلَ
بِيَدِ اللّٰهِ يُؤْتِيْهِ مَنْ يَّشَآءُ ۚ وَ اللّٰهُ
ذُو الْفَضْلِ الْعَظِيْمِ ۝٢٩

၂၀။ သို့ဖြင့် ကျမ်းရသူတို့က (ထို)သက်ဝင်ယုံကြည်သူတို့သည် အလ္လာဟ်၏ 'ဖဇ်လ်'ကျေးဇူးတော်ကိုရယူရန်အတွက် မည်သို့မျှ စွမ်းအားမရှိဟူ၍ မထင်မှတ်ကြစေခြင်းအလို့ငှာဖြစ်၏။ အမှန်သော်ကား၊ ဧကန်မုချ အလုံးစုံသောကျေးဇူးတော်သည် အလ္လာဟ်၏လက်တော်အတွင်း၌သာရှိ၏။ ထို့ပြင် ထိုအရှင်မြတ်သည် ယင်းကို နှစ်လို့တော်မူသောသူအား ပေးသနားတော်မူ၏။ ဧကန်ပင် အလ္လာဟ်သည် အလွန်လျှင် ကြီးကျယ်လှစွာသော ကျေးဇူးတော်ရှင်ဖြစ်တော်မူပေသတည်း။

❖ ❖ ❖

၅၈။ အလ်-မူဂျာဒလာဟ်

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠ်တော် (၂၃)ပိုဒ်ပါရှိသည်။

ဆူရာဟ် 'အလ်-မူဂျာဒလာဟ်'တွင် ဗဟိုအချက်အချာကျသော အကြောင်းရပ်အဖြစ် ဤသည်ကို ဖော်ပြထားတော်မူသည်။ အာရေဗျ၌ ဇနီးမယားများကို စိတ်ဆိုးသည့်အခါ 'အမေ'ဟုခေါ်လျက် မိမိတို့အတွက် 'ဟရာမ်'တားမြစ်ရာအဖြစ်ပြုခဲ့ကြသောဓလေ့မှာ အဓိပ္ပာယ်မရှိချေ။ မွေးဖွားသန့်စင်ပေးသူသာလျှင် 'အမေ'ဖြစ်ပေသည်။ ထို့နောက် ယင်းအဓိပ္ပာယ်မဲ့အကြောင်းရပ်များအတွက် 'ကပ္ပာရာ' (အပြစ်ဖြေမှု)ပြုကြရမည်။ ထို့ပြင် ထိုသည့်အချည်းနှီးကိစ္စများမှ ရှောင်ကြဉ်ကြလျက် မိမိတို့၏ ဇနီးမယားများထံ ပြန်လှည့်ကြရမည်။

ဆူရာဟ်'အလ်-ဟဒီဒ်'တွင် 'ဟဒီဒ်'(သံ)အကြောင်း ဖော်ပြထားသည်။ ထို့ပြင် ဖြတ်တောက်ခုတ်ထစ်ရန်အတွက် ဟဒီဒ်(သံ)ကိုပင် အသုံးချကြရသည်။ သို့သော် ဤသည်မှာ ယင်းသံကို ရုပ်ပိုင်းအရ အသုံးချမှုသာဖြစ်သည်။ သို့ရာတွင် ဆူရာဟ် 'အလ်-မူဂျာဒလာဟ်'တွင် **يُحَآدُّوْنَ** နှင့် **حَآدَّ** ကို အကြိမ်ကြိမ် ဖော်ပြထားတော်မူသည်။ ဤသည်မှာ နာမ်ပိုင်းဆိုင်ရာအရ တစ်ဦးနှင့်တစ်ဦး ပိုင်းဖြတ်ခြင်းကို ဆိုလိုပေသည်။ သို့ကြောင့် စဉ်ဆက်မပြတ်ဖော်ပြထားသည်မှာ အကြင်သူတို့သည် တမန်တော်မြတ် မိုဟမ္မဒ်သခင်ﷺအား နာမ်ပိုင်းဆိုင်ရာ အနာတရဖြစ်အောင်ပြုကြပြီး၊ သာဝကများအကြားတွင် ကွဲလွဲမှုပေါ်ပေါက်စေရန် ကြိုးပမ်းကြ၏။ ထို့ပြင် ဤသည့်ရည်ရွယ်ချက်ဖြင့် လှို့ဝှက်တိုင်ပင်မှုများပြုကြ၏။ ၎င်းတို့အားလုံးသည် မိမိတို့ကိုယ်ကို ပျက်စီးစေမည့်စကားများကို ပြောဆိုနေကြခြင်းသာဖြစ်၏။ မိန့်တော်မူသည်မှာ- မည်သူမဆို အလ္လာဟ်နှင့် တမန်တော်အား ကဲ့ရဲ့ပြစ်တင်မှုဖြင့် ထိခိုက်အောင်ပြုလျှင် ထိုသူသည် အောင်မြင်ထမြောက်လိမ့်မည်မဟုတ်။ ဤတွင်မက အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်သည် မြေကြီးလက်ခတ်မလွဲ အောင်နိုင်လွှမ်းမိုးရမည်ဟု အရှင်မြတ်သည် တာဝန်ယူထားပြီးဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-မူဂျာဒလာဟ်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၂၃)ပိုဒ် ရှုကူ (၃)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

قَدْ سَمِعَ اللّٰهُ قَوْلَ الَّتِيْ تُجَادِلُكَ فِيْ زَوْجِهَا وَتَشْتَكِيْٓ اِلَى اللّٰهِ ۖ وَاللّٰهُ يَسْمَعُ تَحَاوُرَكُمَا ۭ اِنَّ اللّٰهَ سَمِيْعٌۢ بَصِيْرٌ ①

၂။ မိမိလင်ယောကျ်ားနှင့်စပ်လျဉ်း၍ အသင်နှင့် အချေအတင် ပြောဆိုပြီး အလ္လာဟ်ထံ တိုင်တန်းလျက်ရှိသော ထိုသူမ၏ စကားကို အလ္လာဟ်သည် ဧကန်မုချ ကြားတော်မူခဲ့ပြီးဖြစ်၏။ အမှန်သော်ကား အလ္လာဟ်သည် အသင်တို့နှစ်ဦးစလုံး၏ အပြန်အလှန်ပြောဆိုချက်ကို ကြားနာလျက်ရှိတော်မူခဲ့၏။ စင်စစ် အလ္လာဟ်သည် ထာဝရကြားတော်မူသောအရှင်၊ နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင် ဖြစ်တော်မူ၏။

اَلَّذِيْنَ يُظٰهِرُوْنَ مِنْكُمْ مِّنْ نِّسَاۗىِٕهِمْ مَّا هُنَّ اُمَّهٰتِهِمْ ۭ اِنْ اُمَّهٰتُهُمْ اِلَّا الّٰۗـِٔيْ وَلَدْنَهُمْ ۭ وَاِنَّهُمْ لَيَقُوْلُوْنَ مُنْكَرًا مِّنَ الْقَوْلِ وَزُوْرًا ۭ وَاِنَّ اللّٰهَ لَعَفُوٌّ غَفُوْرٌ ②

၃။ အသင်တို့အနက် အကြင်သူတို့သည် မိမိတို့၏ဇနီးမယားများကို 'အမေ'ဟူ၍ ပြောဆိုလိုက်ကြ၏။ သူမတို့သည် သူတို့၏ မိခင်များမဖြစ်နိုင်ချေ။ သူတို့၏မိခင်များသည်ကား သူတို့ကို မွေးဖွားကြသူများသာ ဖြစ်ပေသည်။ ထို့ပြင် ဧကန်ပင် သူတို့သည် အလွန်လျှင် စက်ဆုပ်ဖွယ်ရာနှင့် မုသားစကားကို ပြောဆိုကြခြင်းဖြစ်ပေသည်။ သို့သော် ဧကန်မုချ အလ္လာဟ်သည် (အပြစ်များကို) လွန်စွာ ဥပေက္ခာပြုတော်မူသောအရှင်၊ အလွန်တရာခွင့်လွှတ်တော်မူသောအရှင် ဖြစ်တော်မူ၏။

وَالَّذِيْنَ يُظٰهِرُوْنَ مِنْ نِّسَاۗىِٕهِمْ ثُمَّ يَعُوْدُوْنَ لِمَا قَالُوْا فَتَحْرِيْرُ رَقَبَةٍ مِّنْ قَبْلِ اَنْ يَّتَمَاۗسَّا ۭ ذٰلِكُمْ تُوْعَظُوْنَ بِهٖ ۭ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ③

၄။ ထို့ပြင် အကြင်သူတို့သည် မိမိတို့၏ဇနီးမယားများကို 'အမေ'ဟူ၍ ပြောဆိုလိုက်ကြ၏။ ထို့နောက် အကြင်ပြောဆိုမှုကို ပြန်လည်ရုပ်သိမ်းလိုက်သောအခါ သူတို့နှစ်ဦး၊ တစ်ဦးနှင့်တစ်ဦး မထိတွေ့ကြသေးမီ၊ လည်ကုပ်တစ်ခု(ကျွန်တစ်ဦး)ကို လွတ်မြောက်စေကြရမည်။ ဤသည် အသင်တို့အား ဆုံးမသည့် အဆုံးအမဖြစ်သည်။ ထို့ပြင် အလ္လာဟ်သည် ဧကန်ပင် အသင်တို့ပြုမူကျင့်ကြံသမျှကို ထာဝစဉ် သတင်းရလျက်ရှိတော်မူ၏။

فَمَنْ لَّمْ يَجِدْ فَصِيَامُ شَهْرَيْنِ مُتَتَابِعَيْنِ مِنْ قَبْلِ اَنْ يَّتَمَاۗسَّا ۚ فَمَنْ لَّمْ يَسْتَطِعْ فَاِطْعَامُ سِتِّيْنَ مِسْكِيْنًا ۭ ذٰلِكَ لِتُؤْمِنُوْا بِاللّٰهِ وَرَسُوْلِهٖ ۭ وَتِلْكَ حُدُوْدُ اللّٰهِ ۭ وَلِلْكٰفِرِيْنَ عَذَابٌ اَلِيْمٌ ④

၅။ သို့ဖြစ်ရာ အကြင်သူသည် (ယင်းကို) တတ်နိုင်စွမ်းမရှိခဲ့သော်၊ သူတို့နှစ်ဦး တစ်ဦးနှင့်တစ်ဦး မထိတွေ့ကြမီ နှစ်လတိုင်အောင် အဆက်မပြတ် ဥပုသ်စောင့်ထိန်းရမည်။ သို့ပါလျက် အကြင်သူသည် (ယင်းကိုလည်း) တတ်နိုင်စွမ်းမရှိခဲ့လျှင် သူဆင်းရဲခြောက်ဆယ်ဦးကို ထမင်းကျွေးရပေမည်။ ဤသည် အသင်တို့အား အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ထံမှ အေးချမ်းငြိမ်သက်မှုကို ရရှိစေရန်အတွက်ဖြစ်၏။ ဤသည်

အလ္လာဟ်၏စည်းကမ်းချက်များဖြစ်၏။ ထို့ပြင် မယုံကြည်ခြင်းပယ်သူ 'ကာဖိရ်'တို့အတွက် ပြင်းပြနာကျင်ဖွယ်သောပြစ်ဒဏ်ကို (သတ်မှတ်)ထားရှိ၏။ ★

إِنَّ الَّذِيْنَ يُحَآدُّوْنَ اللّٰهَ وَرَسُوْلَهٗ كُبِتُوْا كَمَا كُبِتَ الَّذِيْنَ مِنْ قَبْلِهِمْ وَ قَدْ اَنْزَلْنَآ اٰيٰتٍۭ بَيِّنٰتٍ ؕ وَ لِلْكٰفِرِيْنَ عَذَابٌ مُّهِيْنٌ ۝

၆။ ငါတို့သည် ပေါ်လွင်ထင်ရှားလှစွာသော သက်သေလက္ခဏာတော်များကို ချပေးခဲ့ပြီးဖြစ်လျက် ၎င်းတို့သည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်အား ဆန့်ကျင်ကြ၏။ ၎င်းတို့ထက်အလျင်ကလူတို့သည် ဖျက်ဆီးခြင်းခံခဲ့ကြရသည့်အလားဧကန်ပင် ၎င်းတို့သည်လည်း ဖျက်ဆီးခြင်းကိုခံကြရပေလတ္တံ့။ ထို့ပြင် မယုံကြည်ခြင်းပယ်သူ 'ကာဖိရ်'တို့အတွက် အလွန်တရာဂုဏ်သရေညှိုးနွမ်းရစေသော ပြစ်ဒဏ်တစ်ရပ်(ကို သတ်မှတ်ထား)ရှိ၏။

يَوْمَ يَبْعَثُهُمُ اللّٰهُ جَمِيْعًا فَيُنَبِّئُهُمْ بِمَا عَمِلُوْا ؕ اَحْصٰىهُ اللّٰهُ وَنَسُوْهُ ؕ وَاللّٰهُ عَلٰى كُلِّ شَيْءٍ شَهِيْدٌ ۝

၇။ ထိုနေ့တွင် အလ္လာဟ်သည် ၎င်းတို့ကို အစုအဖွဲ့တစ်ရပ်အနေဖြင့် ရှင်ပြန်ထမြောက်စေတော်မူမည်။ ထို့နောက် ၎င်းတို့အား သူတို့ပြုမူလေ့ရှိခဲ့သည်တို့ကို အသိပေးတော်မူပေအံ့။ အလ္လာဟ်သည် ၎င်းတို့မေ့ပျောက်နေခဲ့ကြလေသော ယင်း(အကျင့်အမူ)ကို ရေတွက်မှတ်သားထားရှိတော်မူ၏။ ထို့ပြင် အလ္လာဟ်သည် အရာရာတိုင်းအပေါ် သက်သေဖြစ်တော်မူ၏။

ရုကူး-၂

اَلَمْ تَرَ اَنَّ اللّٰهَ يَعْلَمُ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ؕ مَا يَكُوْنُ مِنْ نَّجْوٰى ثَلٰثَةٍ اِلَّا هُوَ رَابِعُهُمْ وَلَا خَمْسَةٍ اِلَّا هُوَ سَادِسُهُمْ وَلَآ اَدْنٰى مِنْ ذٰلِكَ وَلَآ اَكْثَرَ اِلَّا هُوَ مَعَهُمْ اَيْنَ مَا كَانُوْا ۚ ثُمَّ يُنَبِّئُهُمْ بِمَا عَمِلُوْا يَوْمَ الْقِيٰمَةِ ؕ اِنَّ اللّٰهَ بِكُلِّ شَيْءٍ عَلِيْمٌ ۝

၈။ အသို့နည်း၊ အလ္လာဟ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသည်တို့အား သိရှိတော်မူကြောင်းကို အသင်သည် သိမြင်ခဲ့ပြီမဟုတ်ပါလော။ မည်သည့်သုံးဦးမျှ လျှို့ဝှက်တိုင်ပင်ကြသည်မဟုတ်၊ သို့သော် ထိုအရှင်မြတ်သည် ယင်းတို့၏စတုတ္ထမြောက်ဖြစ်တော်မူ၏။ ထို့ပြင် မည်သည့် ငါးဦးမျှသည်လည်း ထိုသို့(လျှို့ဝှက်တိုင်ပင်ခြင်း)မရှိ။ သို့သော် ထိုအရှင်မြတ်သည် ယင်းတို့၏ဆဋ္ဌမမြောက်ဖြစ်တော်မူ၏။ ထိုမှတစ်ပါး ယင်းထက်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ယင်းတို့ မည်သည့်နေရာတွင်ရှိသည်ဖြစ်စေ၊ အရှင်မြတ်သည် ယင်းတို့နှင့်အတူရှိနေတော်မူ၏။ ထို့နောက် ထိုအရှင်မြတ်သည် ယင်းတို့အား ရှင်ပြန်ထမြောက်သောနေ့တွင်၊ ယင်းတို့ပြုမူလေ့ရှိခဲ့သည်တို့ကို အသိပေးတော်မူပေအံ့။ ဧကန်ပင် အလ္လာဟ်သည် အရာရာတိုင်းကို ကောင်းစွာသိရှိတော်မူ၏။

اَلَمْ تَرَ اِلَى الَّذِيْنَ نُهُوْا عَنِ النَّجْوٰى ثُمَّ يَعُوْدُوْنَ لِمَا نُهُوْا عَنْهُ وَيَتَنٰجَوْنَ بِالْاِثْمِ وَ الْعُدْوَانِ وَ مَعْصِيَتِ

၉။ အသို့နည်း၊ လျှို့ဝှက်စွာတိုင်ပင်ကြခြင်းကို တားမြစ်ထားသော်လည်း ထိုတားမြစ်ချက်ကိုပင် ထပ်မံ၍ပြုလုပ်ကြသောသူတို့ဘက်သို့ အသင်သည် ရှုမြင်သုံးသပ်ခြင်းမပြုသလော။ စင်စစ် ယင်းတို့သည် အပြစ်ကျူးလွန်ရန်၊ ဆူပူသောင်းကျန်းရန်နှင့်

★ **الایمان** ၏အနက်ကို မူဖရီဒါတ်ဖီဂရီဘွလ်ကုရ်အာန်၊ အလ်-အေမာမ်အလ်ရာယိဗ်၊ အလ်-အတ်ဆွဖဟာနီ (အဘိဓာန်)၌။

الرَّسُوْلِ ۘ وَ اِذَا جَآءُوْكَ حَيَّوْكَ بِمَا لَمْ يُحَيِّكَ بِهِ اللّٰهُ ۙ وَيَقُوْلُوْنَ فِيْٓ اَنْفُسِهِمْ لَوْلَا يُعَذِّبُنَا اللّٰهُ بِمَا نَقُوْلُ ؕ حَسْبُهُمْ جَهَنَّمُ ۚ يَصْلَوْنَهَا ۚ فَبِئْسَ الْمَصِيْرُ ۝

တမန်တော်ကို နာခံခြင်းမပြုရန် အချင်းချင်း တိတ်တဆိတ် လျှို့ဝှက်တိုင်ပင်ကြကုန်၏။ ထို့ပြင် ယင်းတို့သည် အသင့်ထံ လာရောက်ကြသောအခါ အလ္လာဟ်က အသင့်အား 'စလာမ်' မေတ္တာပို့သောနည်းမျိုးဖြင့်မဟုတ်ဘဲ (အခြားနည်းမျိုးဖြင့်) ယင်းတို့သည် အသင့်အား နှုတ်ခွန်းဆက်ကြ၏။ ထို့ပြင် ယင်းတို့သည် မိမိတို့၏စိတ်တွင်းမှပြောဆိုကြသည်မှာ အလ္လာဟ်က ဤအတွက် ငါတို့အား အဘယ့်ကြောင့် အပြစ်မပေးလေသနည်း။ ယင်းတို့(အား)အဆုံးအဖြတ်ပေးရန်)အတွက် 'ဂျဟန္နမ်'ငရဲသည် လုံလောက်ပေလိမ့်မည်။ ထိုသူတို့သည် ယင်းသို့ဝင်ရောက်ကြရပေလတ္တံ့။ သို့ဖြစ်ရာ အဘယ်မျှဆိုးရွားလှသော နေရာထိုင်ခင်းဖြစ်ဘိသနည်း။ ②

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا تَنَاجَيْتُمْ فَلَا تَتَنَاجَوْا بِالْاِثْمِ وَالْعُدْوَانِ وَمَعْصِيَتِ الرَّسُوْلِ وَتَنَاجَوْا بِالْبِرِّ وَالتَّقْوٰى ؕ وَاتَّقُوا اللّٰهَ الَّذِيْٓ اِلَيْهِ تُحْشَرُوْنَ ۝

၁၀။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အချင်းချင်းလျှို့ဝှက်တိုင်ပင်ကြသောအခါ အပြစ်ကျူးလွန်ခြင်း၊ ဆူပူသောင်းကျန်းခြင်းနှင့် တမန်တော်ကို မနာခံခြင်းပြုရန် အပေါ်အခြေခံ၍ တိုင်ပင်နှီးနှောခြင်းမပြုကြကုန်လင့်။ သို့ရာတွင် ကောင်းမှုနှင့် 'တက္ဝါ'ဖြူစင်ဖြောင့်မတ် အပြစ်ရှောင်ခြင်းနှင့် စပ်လျဉ်း၍မူကား တိုင်ပင်နှီးနှောကြလေကုန်။ ထို့ပြင် အလ္လာဟ်အား ကြောက်ရွံ့ကြကုန်၊ အရှင်မြတ်၏အထံတော်သို့ အသင်တို့အားလုံး စုရုံးခြင်းခံကြရလိမ့်မည်။

اِنَّمَا النَّجْوٰى مِنَ الشَّيْطٰنِ لِيَحْزُنَ الَّذِيْنَ اٰمَنُوْا وَلَيْسَ بِضَآرِّهِمْ شَيْـًٔا اِلَّا بِاِذْنِ اللّٰهِ ؕ وَعَلَى اللّٰهِ فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ ۝

၁၀။ လျှို့ဝှက်ကြံစည်မှုများသည်ကား 'ရှိုင်တန်'၏ထံမှသာ ဖြစ်ပေ၏။ ထိုသို့ဖြင့် ယင်းသည် အကြင်သက်ဝင်ယုံကြည်သူတို့အား ဝမ်းနည်းပူဆွေးမှုအတွင်း နစ်မွန်းသွားစေရန် ဖြစ်၏။ စင်စစ် ယင်းသည် သူတို့အား အလ္လာဟ်၏အမိန့်တော်ဖြင့်မှတစ်ပါး စိုးစဉ်းမျှပင် ဆုံးရှုံးနစ်နာမှုသက်ရောက်စေနိုင်မည်မဟုတ်ချေ။ သို့ဖြစ်ရာ'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့သည် အလ္လာဟ်အားသာလျှင် ယုံပုံလွဲအပ်ကြရာ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا قِيْلَ لَكُمْ تَفَسَّحُوْا فِى الْمَجٰلِسِ فَافْسَحُوْا يَفْسَحِ اللّٰهُ لَكُمْ ۚ وَاِذَا قِيْلَ انْشُزُوْا فَانْشُزُوْا يَرْفَعِ اللّٰهُ

၁၂။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကြင်အခါဝယ် အသင်တို့အား အစည်းအဝေးများတွင် (အခြားသူတို့အဖို့) နေရာလုပ်၍ပေးကြလော့ဟု ပြောခြင်းခံကြရလေသော် နေရာလုပ်ပေးကြကုန်။ အလ္လာဟ်သည် အသင်တို့အား ကျယ်ဝန်းမှုကို ပေးသနားချီးမြှင့်တော်မူပေအံ့။ ထို့ပြင် အကြင်အခါဝယ်

② ဤအာယတ်တော်တွင် ဦးစွာပထမ တစ်ခုသော نَجْوٰى (ဝါ) တိတ်တဆိတ် တိုင်ပင်နှီးနှောခြင်းအကြောင်းကို ဖော်ပြထားပေသည်။ မတရားမှုဘက်သို့ဦးတည်သော ဆွေးနွေးမှု၊ အလ္လာဟ်နှင့်တမန်တော်တို့အားဆန့်ကျင်သော ဆွေးနွေးတိုင်ပင်မှုတို့မှတစ်ပါး လျှို့ဝှက်တိုင်ပင်ဆွေးနွေးမှုသည် အပြစ်ထိုက်သောကိစ္စမဟုတ်ပေ။ ဤသူတို့နှင့်စပ်လျဉ်း၍ ထပ်လောင်းအသိပေးဖော်ပြထားသည်မှာ အကြင်အခါ ၎င်းတို့သည် တမန်တော်၏ရှေ့မှောက်ခစားကြသောအခါ 'စလာမ်'ဆိုနှုတ်ခွန်းဆက်သ၍ စိတ်နှလုံးအတွင်းမှ မကောင်းသောစကားကို ဆိုကြ၏။ ထို့နောက်တစ်ဖန် စိတ်အတွင်းမှပင် ငါတို့သည် ယင်း၏ရလဒ်အဖြစ် တစ်စုံတစ်ရာ ပြစ်ဒဏ်မခံကြရပါဟု ထင်မှတ်ကြလေသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့၏ စိတ်နှလုံးမှအခြေအနေကို သိရှိတော်မူ၏။ ထို့ပြင် ဧကန်စင်စစ် ထိုသူတို့သည် 'ဂျဟန္နမ်'ငရဲသို့ ထည့်သွင်းခြင်းခံကြရမည်။

اَلَّذِيْنَ اٰمَنُوْا مِنْكُمْ ۙ وَالَّذِيْنَ اُوْتُوا الْعِلْمَ دَرَجٰتٍ ۭ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ⑪

မတ်တတ်ထပေးကြလော့ဟု အပြောခံရလေသော် ထ၍ရပ်ကြကုန်။ အလ္လာဟ်သည် အသင်တို့အနက် အကြင်သက်ဝင်ယုံကြည်သူများနှင့် အထူးသဖြင့် အသိဉာဏ်ပညာကို ပေးသနားတော်မူခြင်းခံကြရသူတို့၏ အဆင့်များကို မြှင့်တင်ပေးတော်မူမည်။ စင်စစ် အလ္လာဟ်သည် အသင်တို့ပြုမူသည်တို့ကို ထာဝစဉ် သတင်းရတော်မူ၏။ ★

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا نَاجَيْتُمُ الرَّسُوْلَ فَقَدِّمُوْا بَيْنَ يَدَيْ نَجْوٰىكُمْ صَدَقَةً ۭ ذٰلِكَ خَيْرٌ لَّكُمْ وَاَطْهَرُ ۭ فَاِنْ لَّمْ تَجِدُوْا فَاِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ⑫

၁၃။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် တမန်တော်နှင့် (တစ်စုံတစ်ရာ ကိုယ်ရေးကိုယ်တာကိစ္စ)ကို ဆွေးနွေးတိုင်ပင် အကြံဉာဏ်ရယူလိုသော်၊ ထိုသို့တိုင်ပင်ခြင်းမပြုမီအလျင် 'ဆဒကာ'အလှူပေးလော့။ ဤအကြောင်းအရာသည် အသင်တို့အဖို့ ပိုမိုကောင်းမြတ်၍ ပိုမိုစင်ကြယ် သန့်ရှင်းပေ၏။ အကယ်၍ အသင်တို့သည် (မိမိတို့ထံတွင်) တစ်စုံတစ်ရာမရှိလျှင် ဧကန်ပင် အလ္လာဟ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

ءَاَشْفَقْتُمْ اَنْ تُقَدِّمُوْا بَيْنَ يَدَيْ نَجْوٰىكُمْ صَدَقٰتٍ ۭ فَاِذْ لَمْ تَفْعَلُوْا وَتَابَ اللّٰهُ عَلَيْكُمْ فَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ وَاَطِيْعُوا اللّٰهَ وَرَسُوْلَهٗ ۭ وَاللّٰهُ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ⑬ ع

၁၄။ အသို့နည်း၊ အသင်တို့သည် မိမိတို့၏ (ကိုယ်ရေးကိုယ်တာကိစ္စ)ကို ဆွေးနွေးတိုင်ပင်ခြင်းမပြုမီအလျင် အလှူပေးရမည်ကို ကြောက်ရွံ့သွားကြပါသလော။ သို့ဖြစ်ရာ အသင်တို့သည် ဤသို့မပြုနိုင်သောအခါ၊ အလ္လာဟ်သည် အသင်တို့၏ 'တောင်ဘာ'ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူပြီဖြစ်ရာ 'ဆွလာတ်'ဝတ်ပြုမှုကို တည်ဆောက်ကြကုန်။ 'ဇကားတ်'အလှူပေးဆောင်ကြကုန်။ အလ္လာဟ်နှင့် ထိုအရှင်၏တမန်တော်ကို နာခံကြကုန်။ စင်စစ် အလ္လာဟ်သည် အသင်တို့ ပြုမူကြသည်တို့ကိုအစဉ်သတင်းရနေတော်မူ၏။

ရုကူး-၃

اَلَمْ تَرَ اِلَى الَّذِيْنَ تَوَلَّوْا قَوْمًا غَضِبَ اللّٰهُ عَلَيْهِمْ ۭ مَا هُمْ مِّنْكُمْ وَلَا مِنْهُمْ ۙ وَيَحْلِفُوْنَ عَلَى الْكَذِبِ وَهُمْ يَعْلَمُوْنَ ⑭

၁၅။ အသို့နည်း၊ အသင်သည် အလ္လာဟ်၏အမျက်တော်ရှိခြင်းခံရသူများနှင့် အဆွေခင်ပွန်းဖွဲ့သူတို့အား ရှုမြင်သုံးသပ်ခြင်းမပြုပါသလော။ ထိုသူတို့သည်ကား အသင်တို့အနက်မှလည်း မဟုတ်၊ ၎င်းတို့အနက်မှလည်း မဟုတ်ကြချေ။ ထိုသူတို့သည် သိလျက်နှင့် မုသားအတွက် ကျိန်ဆိုကြ၏။

اَعَدَّ اللّٰهُ لَهُمْ عَذَابًا شَدِيْدًا ۭ اِنَّهُمْ سَاۗءَ مَا كَانُوْا يَعْمَلُوْنَ ⑮

၁၆။ ယင်းတို့အဖို့ အလ္လာဟ်သည် ပြင်းထန်သော ပြစ်ဒဏ်ကို စီမံထားတော်မူ၏။ ဧကန်ပင် ယင်းတို့ ပြုမူလျက်ရှိသည်တို့မှာ အလွန်လျှင် ဆိုးယုတ်လှပေသည်။

اِتَّخَذُوْٓا اَيْمَانَهُمْ جُنَّةً فَصَدُّوْا عَنْ

၁၇။ ယင်းတို့သည် မိမိတို့၏ကျိန်ဆိုချက်များကို အကာအ

★ تَفَسَّحَ لَهُ وَسَّعَ အခြားတစ်ပါးသောသူများအတွက် နေရာထိုင်ခင်းပြုပေးသည်။ (အလ်မုန်ဂျိဒ်အဘိဓာန်)

سَبِيْلِ اللّٰهِ فَلَهُمْ عَذَابٌ مُّهِيْنٌ ۝١٧

ကွယ် ဒိုင်းလွှားပြုလုပ်လိုက်ကြပေသည်။ သို့ဖြင့် ယင်းတို့သည် အလ္လာဟ်၏လမ်းတော်မှ တားဆီးထားကြ၏။ ရလဒ်အဖြစ် သူတို့အတွက် ဂုဏ်သရေညှိုးနွမ်းစေမည့်ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။

لَنْ تُغْنِيَ عَنْهُمْ اَمْوَالُهُمْ وَلَآ اَوْلَادُهُمْ مِّنَ اللّٰهِ شَيْـًٔا ؕ اُولٰٓئِكَ اَصْحٰبُ النَّارِ ؕ هُمْ فِيْهَا خٰلِدُوْنَ ۝١٨

၁၈။ သူတို့၏ပစ္စည်းများနှင့် သူတို့၏သားသမီးများသည် အလ္လာဟ်နှင့်ယှဉ်လျက် သူတို့အတွက် မည်သို့မျှအသုံးဝင်လိမ့်မည်မဟုတ်ချေ။ ဤသူတို့သည်သာ မီးခဲ့နေရမည့်သူများဖြစ်ကြ၏။ ထိုသူတို့သည် ယင်းခဲ့အချိန်ကာလကြာရှည်စွာ နေထိုင်ရမည့်သူများဖြစ်ကြ၏။

يَوْمَ يَبْعَثُهُمُ اللّٰهُ جَمِيْعًا فَيَحْلِفُوْنَ لَهٗ كَمَا يَحْلِفُوْنَ لَكُمْ وَيَحْسَبُوْنَ اَنَّهُمْ عَلٰى شَيْءٍ ؕ اَلَآ اِنَّهُمْ هُمُ الْكٰذِبُوْنَ ۝١٩

၁၉။ ထိုနေ့တွင် အလ္လာဟ်သည် ၎င်းတို့ကို စုစည်း၍ထမြောက်စေမည့်အခါ ၎င်းတို့သည် အသင်တို့၏ရှေ့တွင် ကျိန်ဆိုကြဘိသကဲ့သို့ ထိုအရှင်မြတ်၏ရှေ့တော်တွင်လည်း ကျိန်ဆိုကြပေအံ့။ ထို့ပြင် ၎င်းတို့သည် တစ်စုံတစ်ခုသောရပ်တည်ရာပေါ်တွင် (ရပ်တည်လျက်)ရှိကြသည်ဟူ၍ ထင်မှတ်နေကြပေလိမ့်မည်။ သတိပြုကြကုန်၊ ဤသူတို့သည်ပင် လိမ်လည်သူများဖြစ်ကြ၏။

اِسْتَحْوَذَ عَلَيْهِمُ الشَّيْطٰنُ فَاَنْسٰىهُمْ ذِكْرَ اللّٰهِ ؕ اُولٰٓئِكَ حِزْبُ الشَّيْطٰنِ ؕ اَلَآ اِنَّ حِزْبَ الشَّيْطٰنِ هُمُ الْخٰسِرُوْنَ ۝٢٠

၂၀။ 'ရှိုင်တန်'သည် ထိုသူတို့အပေါ် လွှမ်းမိုးအောင်နှိုင်ခဲ့ချေပြီ။ သို့ဖြစ်ရာ ယင်းသည် သူတို့အား အလ္လာဟ်၏ 'ဇိကရ်'သတိရခြင်းကို မေ့လျော့စေခဲ့၏။ ဤသူတို့ပင် 'ရှိုင်တန်'၏အုပ်စုဖြစ်၏။ သတိပြုကြကုန်။ 'ရှိုင်တန်'၏ အုပ်စုဝင်များသည်သာ အမှန်ပင် ဆုံးရှုံးကြရမည့်သူများဖြစ်ကြ၏။

اِنَّ الَّذِيْنَ يُحَآدُّوْنَ اللّٰهَ وَرَسُوْلَهٗٓ اُولٰٓئِكَ فِي الْاَذَلِّيْنَ ۝٢٠

၂၁။ ဧကန်မုချ အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ကို ဆန့်ကျင်ကြကုန်သောသူတို့သည်ပင် အဆုံးစွန်သော ဂုဏ်သရေယုတ်လျော့သူများအနက်မှ ဖြစ်ကြပေသည်။

كَتَبَ اللّٰهُ لَاَغْلِبَنَّ اَنَا وَرُسُلِيْ ؕ اِنَّ اللّٰهَ قَوِيٌّ عَزِيْزٌ ۝٢١

၂၂။ အလ္လာဟ်ရေးမှတ်ထားတော်မူသည်မှာ မလွဲဧကန် ငါအရှင်မြတ်နှင့် ငါအရှင်မြတ်၏တမန်တော်သည် အောင်နိုင်ပေလိမ့်မည်။ စင်စစ် အလ္လာဟ်သည် အလွန်တရာ စွမ်းအားရှိတော်မူ၍ အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူ၏။

لَا تَجِدُ قَوْمًا يُّؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ يُوَآدُّوْنَ مَنْ حَآدَّ اللّٰهَ وَرَسُوْلَهٗ وَلَوْ كَانُوْٓا اٰبَآءَهُمْ اَوْ اَبْنَآءَهُمْ اَوْ اِخْوَانَهُمْ اَوْ عَشِيْرَتَهُمْ ؕ اُولٰٓئِكَ كَتَبَ فِيْ قُلُوْبِهِمُ الْاِيْمَانَ وَاَيَّدَهُمْ بِرُوْحٍ

၂၃။ အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကြီးကို သက်ဝင်ယုံကြည်သူတို့သည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ကို ရန်ပြုသူတို့အား သူတို့၏အဘဘိုးဘေးများဖြစ်စေ၊ သားမြေးများဖြစ်စေ၊ ညီအစ်ကိုများဖြစ်စေ၊ တစ်မျိုးနွယ်တည်းမှဖြစ်စေ၊ ထိုသို့သောသူတို့နှင့် အဆွေခင်ပွန်းဖွဲ့သည်ကို အသင်သည်တွေ့ရလိမ့်မည်မဟုတ်ချေ။ ဤသူတို့သည်ပင် (စောင့်သိရန် စိတ်သန်သူများဖြစ်ကြပြီး) သူတို့၏စိတ်နှလုံးတွင် အလ္လာဟ်သည် 'အီမာန်'ယုံကြည်ခြင်းကိုကမ္ဘည်းထိုးထားပြီးဖြစ်၏။ ထို့ပြင်

مِّنْهُ ۙ وَيُدْخِلُهُمْ جَنّٰتٍ تَجْرِيْ مِنْ
تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ۭ رَضِيَ اللّٰهُ
عَنْهُمْ وَرَضُوْا عَنْهُ ۭ اُولٰۗىِٕكَ حِزْبُ اللّٰهِ ۭ
اَلَآ اِنَّ حِزْبَ اللّٰهِ هُمُ الْمُفْلِحُوْنَ ۝ۧ

ထိုသူတို့အား ထိုအရှင်မြတ်သည် မိမိအမိန့်တော်ဖြင့် ကူညီစောင်မတော်မူ၏။ ထို့မှတစ်ပါး ထိုအရှင်မြတ်သည် ထိုသူတို့အား အခြေတွင်စမ်းချောင်းများ စီးဆင်းလျက်ရှိသော 'ဂျန္နတ်' ဥယျာဉ်များအတွင်းသို့ ဝင်ရောက်စေတော်မူပေမည်။ သူတို့သည် ယင်း၌ အစဉ်ထာဝရနေထိုင်မြဲနေထိုင်ရလိမ့်မည်။ အလ္လာဟ်သည် သူတို့အား ကျေနပ်နှစ်သက်တော်မူပြီး သူတို့ကလည်း အလ္လာဟ်နှင့်ကျေနပ်နှစ်သက်ခဲ့ကြပြီ။ ဤသူတို့သည်ပင် အလ္လာဟ်၏အုပ်စုဝင်များဖြစ်ကြ၏။ သတိပြုကြကုန်၊ အလ္လာဟ်၏ အုပ်စုဝင်များသည်သာလျှင် အောင်မြင်မည့်သူများဖြစ်ကြ၏။ ۝၁

❖ ❖ ❖

۝၁ اَيَّدَهُمْ بِرُوْحٍ مِّنْهُ တွင် هُمْ ၏နာမ်စားမှာ 'ဆွဟာဘာ'သာဝကတော်များအား ညွှန်းပေသည်။ ထို့ပြင် ဆွဟာဘာများထံသို့ 'ရူဟွလ်ကွတ်ဒှုးစ်'သက်ဆင်းခဲ့ကြောင်း မိန့်တော်မူခြင်းဖြစ်သည်။ ဤရှုထောင့်အားဖြင့် မဆီဟ်(ယေရှု)ထံသို့ သန့်ရှင်းသောဝိညာဉ်တော်(ရူဟွလ်ကွတ်ဒှုးစ်)ဆင်းသက်ခဲ့ခြင်းကြောင့် ခရစ်ယာန်တို့အတွက် ဂုဏ်မောက်စရာ တစ်စုံတစ်ရာမျှမရှိတော့ချေ။ ယင်း(သန့်ရှင်းသောဝိညာဉ်တော်)မှာ တမန်တော်မြတ် မိုဟမ္မဒ်သခင်ﷺ၏ တပည့်သာဝကများထံသို့ပင် သက်ဆင်းခဲ့ပြီး ၎င်းတို့အား ကူညီသူအဖြစ် ရှိခဲ့လေသည်။

၅၉။ အလ်-ဟရှ်

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် အာယတ်တော် (၂၅)ပိုဒ် ပါရှိသည်။

ဤဆူရာဟ်၏အစပိုင်းမှာလည်း 'ဟရှရ်'စုရုံးစီရင်မှုအကြောင်းဖော်ပြထားပြီး ယင်း၏ နိဂုံးပိုင်း တွင်လည်း ကြီးကျယ်ခမ်းနားသော စုရုံးစီရင်မှုကြီးတစ်ခုအကြောင်း ဖော်ပြထားသည်။ 'အောင်ဝါလွှလ် ဟရှရ်'ဟု သတ်မှတ်ခြင်းခံရသည်မှာ ပထမဟရှရ်ဖြစ်ပြီး ယင်းတွင် ရဟူဒီများကို ပြစ်ဒဏ်ချမှတ်ခြင်း ခံရသည်။ ယင်းအားဖြင့် ထိုသူတို့အဖို့ ပထမ'ဟရှရ်'ဖြစ်ခဲ့သယောင်ရှိသည်။ ထို့ပြင် လူတိုင်းကို သူတို့၏ အပြစ်ဒုစရိုက်များအားလျော်စွာ ပြစ်ဒဏ်ပေးခြင်းခံကြရလေသည်။ အချို့သူတို့အတွက် ပြည်နှင်ဒဏ် ပေးခြင်းခံခဲ့ကြရပြီး အချို့မှာ မိမိတို့ကိုယ်တိုင်၏လက်များဖြင့် မိမိတို့၏နေအိမ်များကို ဖျက်ဆီးကြရသော ပြစ်ဒဏ်ကို သတ်မှတ်ခြင်းခံခဲ့ကြရသည်။ သို့ဖြစ်ရာ ဤသည်မှာ ပြစ်ဒဏ်များအကြောင်းဖော်ပြလာရှိ သည့် ပထမ'ဟရှရ်'ဖြစ်သည်။ ထို့ပြင် ဤဆူရာဟ်၏ နိဂုံးပိုင်းတွင်ဖော်ပြထားသော'ဟရှရ်'တွင် အလ္လာဟ် အားသတိရတမ်းတမှုကို မေ့ထားလိုက်ကြသူများနှင့် မိမိတို့စိတ်ဝိညာဉ်၏အဖြူအမည်းကို လျစ်လျူရှုထား ကြသူများအား ပြစ်ဒဏ်ခတ်ခြင်းခံရမည့်အကြောင်း ဖော်ပြထားသည်။ သို့ရာတွင် ထိုသူတို့အပြင် အခြေ အနေတိုင်း၌ အလ္လာဟ်အား သတိရလျက်ရှိကြပြီး မိမိတို့သည် မည်ကဲ့သို့သောအကျင့်အမူများကို ရှေ့သို့ ပို့လျက်ရှိကြောင်း ရှုမြင်သုံးသပ်နေကြသူများလည်းရှိကြ၏။ ထိုသူတို့အား ကြီးကျယ်ခမ်းနားလှသော အကျိုးကို ပေးသနားတော်မူခြင်းခံကြရပေလိမ့်မည်။

'တာစ်ဘီ' (အရှင်မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်း ရွတ်ဆိုခြင်း) အကြောင်းအရာသည် ရှေ့ပိုင်းက ဆူရာဟ်များနှင့် ဤဆူရာဟ်၏အစပိုင်းတွင် လာရှိထားသည်။ ယခု ဆူရာဟ်၏နိဂုံးပိုင်းတွင် ယင်းအကြောင်းရပ်သည် အထွတ်အထိပ်သို့ရောက်လေသည်။ **هُوَ اللّٰهُ الَّذِیْ لَآ اِلٰهَ اِلَّا هُوَ** ဖြင့်အစပြု ထားသောအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်၏ကြီးမြတ်လှသော ဂုဏ်တော်များဖြစ်သည့် **اَسْمَاءِ حُسْنٰی** ကို ဖော်ပြထားတော်မူသည်။ ထို့ပြင် **لَهُ الْاَسْمَاءُ الْحُسْنٰی** ဟု မိန့်တော်မူလျက် အရှင် မြတ်ထံတော်တွင်ဖော်ပြပါ **اَسماء** (နာမတော်များ)ဖြင့်သာ ရပ်ဆိုင်းသွားသည်မဟုတ်ဘဲ အလုံးစုံသော **اَسماءِ حسنٰی** (သိမ်မွေ့လှပသောနာမတော်များ)သည် ထိုအရှင်မြတ်အဖို့သာဖြစ်ကြောင်း ဖော်ပြထား တော်မူပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဟရှ်ရ်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၂၄)ပိုဒ် ရှုကူ (၃)ပုဒ်ပါရှိသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

سَبَّحَ لِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الۡاَرۡضِ‌ۚ وَهُوَ الۡعَزِيۡزُ الۡحَكِيۡمُ ①

၂။ မိုးကောင်းကင်များတွင်ရှိသည်တို့နှင့် ကမ္ဘာမြေတွင် ရှိသမျှတို့မှာ အလ္လာဟ်သည် စင်ကြယ်သန့်ရှင်းတော်မူကြောင်း 'တာစ်ဘီ'ပြုကြကုန်၏။ ထို့ပြင် ထိုအရှင်မြတ်သည် အကြင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

هُوَ الَّذِىۡۤ اَخۡرَجَ الَّذِيۡنَ كَفَرُوۡا مِنۡ اَهۡلِ الۡكِتٰبِ مِنۡ دِيَارِهِمۡ لِاَوَّلِ الۡحَشۡرِ‌ؕ مَا ظَنَنۡتُمۡ اَنۡ يَّخۡرُجُوۡا وَظَنُّوۡۤا اَنَّهُمۡ مَّانِعَتُهُمۡ حُصُوۡنُهُمۡ مِّنَ اللّٰهِ فَاَتٰٮهُمُ اللّٰهُ مِنۡ حَيۡثُ لَمۡ يَحۡتَسِبُوۡا‌ۗ وَقَذَفَ فِىۡ قُلُوۡبِهِمُ الرُّعۡبَ يُخۡرِبُوۡنَ بُيُوۡتَهُمۡ بِاَيۡدِيۡهِمۡ وَاَيۡدِى الۡمُؤۡمِنِيۡنَ فَاعۡتَبِرُوۡا يٰۤاُولِى الۡاَبۡصَارِ ②

၃။ ထိုအရှင်မြတ်သည်ပင်၊ ရှေးကျမ်းရသူတို့အနက်မှ မယုံကြည်ငြင်းပယ်သူတို့အား ပထမအကြိမ် 'ဟရှရ်'စုရုံးခြင်းကာလ၌ သူတို့၏နေအိမ်များမှ နှင်ထုတ်တော်မူခဲ့၏။ အသင်တို့သည် သူတို့ထွက်သွားကြလိမ့်မည်ဟူ၍ မထင်ခဲ့ကြချေ။ အမှန်ပင် ထိုသူတို့သည် သူတို့၏ခံတပ်များက သူတို့အား အလ္လာဟ့်ထံမှ အကာအကွယ်ပေးလိမ့်မည်ဟူ၍ ထင်မှတ်ခဲ့ကြလေသည်။ သို့ဖြစ်ရာ အလ္လာဟ်သည် သူတို့အတွေးၭပင် မရှိခဲ့သောနေရာမှ သူတို့ထံ ရောက်ရှိလာခဲ့၏။ ထို့ပြင် ထိုအရှင်မြတ်သည် သူတို့၏စိတ်နှလုံးများအတွင်းသို့ ကြောက်ရွံ့စိုးရိမ်မှုကိုထည့်သွင်းတော်မူလိုက်၏။ သူတို့ကိုယ်တိုင်ကပင် မိမိတို့၏လက်များဖြင့်လည်းကောင်း၊ သက်ဝင်ယုံကြည်သူ 'မို့အ်မင်နှ်'တို့၏လက်များဖြင့်လည်းကောင်း မိမိတို့၏နေအိမ်များကို ဖျက်ဆီးကြ၏။ သို့ဖြစ်ရာ၊ အို-အမြော်အမြင်ရှိသူအပေါင်းတို့၊ သင်ခန်းစာရယူကြလေကုန်။ ②

وَلَوۡلَاۤ اَنۡ كَتَبَ اللّٰهُ عَلَيۡهِمُ الۡجَلَآءَ لَعَذَّبَهُمۡ فِى الدُّنۡيَا‌ ؕ وَلَهُمۡ فِى الۡاٰخِرَةِ عَذَابُ النَّارِ ③

၄။ ထို့ပြင် အကယ်၍ အလ္လာဟ်သည် ၎င်းတို့အတွက် ပြည်နှင်ဒဏ်ခတ်ရန် သတ်မှတ်တော်မူထားခြင်းမရှိခဲ့လျှင် ၎င်းတို့အား ဤလောကမှာပင် ပြစ်ဒဏ်ပေးစီရင်တော်မူမည်ဖြစ်၏။ (မည်သို့ဆိုစေ) တမလွန်တွင်မူကား ၎င်းတို့အဖို့ ငရဲမီး၏ပြစ်ဒဏ်ကို (သတ်မှတ်ထား)ရှိ၏။

ذٰلِكَ بِاَنَّهُمۡ شَآقُّوا اللّٰهَ وَرَسُوۡلَهٗ‌ۚ وَمَنۡ يُّشَآقِّ اللّٰهَ فَاِنَّ اللّٰهَ شَدِيۡدُ الۡعِقَابِ ④

၅။ ဤသို့ဖြစ်ရခြင်းကား၊ ၎င်းတို့သည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့ကြ၏။ စင်စစ် အကြင်သူသည် အလ္လာဟ်နှင့်ဆန့်ကျင်ဘက်ပြုသော်ဧကန်ပင် အလ္လာဟ်သည် ပြစ်ဒဏ်ခတ်တော်မူရာတွင် လွန်စွာပြင်းထန်လှပေ၏။

② ဤအာယတ်တော်တွင် **بَنونضير** (ဗနူနဿီရ်)မျိုးနွယ်ဝင်တို့အား ပြည်နှင်ဒဏ်ခတ်ခြင်းခံရသောဖြစ်ရပ်ကို ဖော်ပြခြင်းဖြစ်သည်။

مَا قَطَعْتُمْ مِّنْ لِّيْنَةٍ اَوْ تَرَكْتُمُوْهَا قَآئِمَةً عَلٰٓى اُصُوْلِهَا فَبِاِذْنِ اللّٰهِ وَلِيُخْزِيَ الْفٰسِقِيْنَ ۝

၅။ အသင်တို့သည် မည်သည့်စွန်ပလွံပင်များကို ခုတ်ပစ်သည်ဖြစ်စေ၊ သို့မဟုတ် ယင်းကို မိမိတို့၏အမြစ်များအပေါ်တွင် ရပ်တည်နေစေခဲ့သည်ဖြစ်စေ၊ ယင်းမှာ အလ္လာဟ်၏ အမိန့်တော်ဖြင့် ဤသို့ပြုကြခြင်းဖြစ်၏။ ဤသို့ပြုရခြင်းကား ထိုအရှင်မြတ်သည် ပုန်ကန်ခြားနားသူတို့အား ဂုဏ်သရေ ယုတ်လျော့စေရန်ဖြစ်၏။

وَمَآ اَفَآءَ اللّٰهُ عَلٰى رَسُوْلِهٖ مِنْهُمْ فَمَآ اَوْجَفْتُمْ عَلَيْهِ مِنْ خَيْلٍ وَّلَا رِكَابٍ وَّلٰكِنَّ اللّٰهَ يُسَلِّطُ رُسُلَهٗ عَلٰى مَنْ يَّشَآءُ ۚ وَاللّٰهُ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ۝

၆။ ထို့ပြင် အလ္လာဟ်သည် ၎င်းတို့(၏ပစ္စည်းဥစ္စာများ)မှ မိမိတမန်တော်အား လက်ရပစ္စည်းအဖြစ် ပေးသနားတော်မူရာတွင် ယင်းအတွက် အသင်တို့သည် မြင်းများ၊ ကုလားအုတ်များကို မောင်းနှင်ခြင်းမရှိခဲ့ကြပေ။ သို့ရာတွင် အလ္လာဟ်သည် မိမိတမန်တော်များအား အလိုရှိတော်မူသူတို့အပေါ် နိုင်နင်းလွှမ်းမိုးစေတော်မူလိုက်ပေသည်။ ဧကန်သော်ကား အလ္လာဟ်သည် အရာရာတိုင်းအပေါ် မိမိအလိုရှိသည်အတိုင်း အစဉ်ထာဝရ ပြုစွမ်းနိုင်တော်မူ၏။

مَآ اَفَآءَ اللّٰهُ عَلٰى رَسُوْلِهٖ مِنْ اَهْلِ الْقُرٰى فَلِلّٰهِ وَلِلرَّسُوْلِ وَلِذِي الْقُرْبٰى وَالْيَتٰمٰى وَالْمَسٰكِيْنِ وَابْنِ السَّبِيْلِ ۙ كَيْ لَا يَكُوْنَ دُوْلَةً ۢ بَيْنَ الْاَغْنِيَآءِ مِنْكُمْ ۭ وَمَآ اٰتٰىكُمُ الرَّسُوْلُ فَخُذُوْهُ ۤ وَمَا نَهٰىكُمْ عَنْهُ فَانْتَهُوْا ۚ وَاتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ شَدِيْدُ الْعِقَابِ ۝

၇။ အလ္လာဟ်က အချို့သော မြို့ရွာများတွင်နေထိုင်ကြသူတို့(၏ပစ္စည်းဥစ္စာများ)မှ၊ မိမိတမန်တော်အား လက်ရပစ္စည်းအဖြစ် ပေးသနားတော်မူသည်ရှိသော်၊ ယင်းသည် အလ္လာဟ်အတွက်လည်းကောင်း၊ တမန်တော်အတွက်လည်းကောင်း နီးစပ်သူသားချင်းများ၊ မိဘမဲ့များ၊ သူဆင်းရဲများနှင့် ခရီးသည်များအတွက်ဖြစ်၏။ သို့ဖြင့် ဤ(လက်ရပစ္စည်း)သည် အသင်တို့မှ ကြွယ်ဝချမ်းသာသူတို့၏အဝန်းအဝိုင်း၌သာ လည်ပတ်၍နေလျက်မရှိစေခြင်းငှာဖြစ်၏။ ထို့ပြင် တမန်တော်က အသင်တို့အား အကြင်အရာကိုပေးလျှင် ယင်းကိုရယူကြကုန်။ ထို့ပြင် အသင်တို့အား အကြင်အရာမှ တားမြစ်လျှင် ယင်းမှ ရပ်တန့်ရှောင်ရှားပါလေ။ ထိုမှတစ်ပါး အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ' တရားကို ဆောက်တည်ကြကုန်။ ဧကန်မုချ အလ္လာဟ်သည် ပြစ်ဒဏ်ပေးတော်မူရာတွင် အလွန်လျင်ပြင်းထန်တော်မူ၏။

لِلْفُقَرَآءِ الْمُهٰجِرِيْنَ الَّذِيْنَ اُخْرِجُوْا مِنْ دِيَارِهِمْ وَاَمْوَالِهِمْ يَبْتَغُوْنَ فَضْلًا مِّنَ اللّٰهِ وَرِضْوَانًا وَّيَنْصُرُوْنَ اللّٰهَ وَرَسُوْلَهٗ ۭ اُولٰۗىِٕكَ هُمُ الصّٰدِقُوْنَ ۝

၈။ မိမိတို့၏ နေအိမ်များမှလည်းကောင်း၊ မိမိတို့၏ ပစ္စည်းဥစ္စာများမှလည်းကောင်း နှင်ထုတ်စွန့်ခွာခြင်းခံခဲ့ရသော အဆင်းရဲခံ 'မူဟာဂျိရ်'များအတွက်လည်းဖြစ်၏။ ထိုသူတို့သည် အလ္လာဟ်၏'ဖဇ်လ်'ကျေးဇူးတော်နှင့် ထိုအရှင်မြတ်၏ ကျေနပ်နှစ်သက်တော်မူခြင်းကိုသာလျှင် လိုလားကြကုန်၏။ ဤတွင်မက အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်အား ကူညီကြကုန်၏။ ဤသူတို့သည်သာလျှင် ဖြောင့်မတ်မှန်ကန်သူများ ဖြစ်ကြကုန်၏။

وَالَّذِيْنَ تَبَوَّؤُ الدَّارَ وَالْاِيْمَانَ مِنْ

၉။ ထို့ပြင် အကြင်သူတို့မှာကား ယင်း'မူဟာဂျိရ်'တို့၏အလျင်ကတည်းကပင် နေအိမ်များကို အသင့်ပြင်ဆင်ထားခဲ့ကြ၏။

قَبْلِهِمْ يُحِبُّوْنَ مَنْ هَاجَرَ اِلَيْهِمْ وَلَا يَجِدُوْنَ فِيْ صُدُوْرِهِمْ حَاجَةً مِّمَّآ اُوْتُوْا وَيُؤْثِرُوْنَ عَلٰٓى اَنْفُسِهِمْ وَلَوْ كَانَ بِهِمْ خَصَاصَةٌ ۗ وَمَنْ يُّوْقَ شُحَّ نَفْسِهٖ فَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ۝

ထို့ပြင် 'အီမာန်'ယုံကြည်ခြင်းကို (စိတ်နှလုံးများတွင်) နေရာပေးခဲ့ကြ၏။ သူတို့သည် 'ဟစ်ဂျရတ်'ပြုပြောင်းရွှေ့၍ သူတို့ထံသို့ လာရောက်သူတို့အား ချစ်ခင်မြတ်နိုးကြကုန်၏။ ထို့ပြင် မိမိတို့၏ ရင်များအတွင်းဝယ်၊ ထို (မူဟာဂျိရ်များ)ကိုပေးခြင်းအတွက် တစ်စုံတစ်ရာ မျှော်လင့်ချက်မထားရှိခဲ့ကြချေ။ ထို့မှတစ်ပါး သူတို့ကိုယ်တိုင် ကျပ်တည်းမှုဖြင့် ရင်ဆိုင်ခဲ့ကြရလင့်ကစား မိမိတို့ကိုယ်တိုင်ထက် အခြားသူတို့ကို ဦးစားပေးအလေးထားကြကုန်၏။ သို့ဖြစ်ရာ အကြင်မည်သူမဆို စိတ်၏နိမ့်ကျတွန့်တိုခြင်းမှ ကယ်တင်ခြင်းကိုခံရလျှင် ထိုသူတို့သည်ပင် အောင်မြင်မည့်သူများဖြစ်ကြ၏။

وَالَّذِيْنَ جَآءُوْ مِنْۢ بَعْدِهِمْ يَقُوْلُوْنَ رَبَّنَا اغْفِرْ لَنَا وَلِاِخْوَانِنَا الَّذِيْنَ سَبَقُوْنَا بِالْاِيْمَانِ وَلَا تَجْعَلْ فِيْ قُلُوْبِنَا غِلًّا لِّلَّذِيْنَ اٰمَنُوْا رَبَّنَآ اِنَّكَ رَءُوْفٌ رَّحِيْمٌ ۝

၁၀။ ထို့ပြင် သူတို့၏နောက်မှလာကြသောသူတို့က ဆိုကြသည်မှာ၊ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ကျွန်တော်မျိုးတို့အားလည်းကောင်း 'အီမာန်'ယုံကြည်ခြင်းတွင် ကျွန်တော်မျိုးတို့ထက် ရှေ့ဦးခဲ့ကြသော ထိုညီနောင်များအားလည်းကောင်း ခွင့်လွှတ်တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့၏စိတ်နှလုံးများတွင် သက်ဝင်ယုံကြည်သူတို့အတွက်လည်း မည်သို့သော ငြူစူမှုအာဃာတကိုမျှ မရှိပါစေလင့်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဧကန်ပင် အရှင်မြတ်သည် အလွန်တရာချစ်ခင်သနားတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူပါ၏။ ①

ရှကူ-၂

اَلَمْ تَرَ اِلَى الَّذِيْنَ نَافَقُوْا يَقُوْلُوْنَ لِاِخْوَانِهِمُ الَّذِيْنَ كَفَرُوْا مِنْ اَهْلِ الْكِتٰبِ لَئِنْ اُخْرِجْتُمْ لَنَخْرُجَنَّ مَعَكُمْ وَلَا نُطِيْعُ فِيْكُمْ اَحَدًا اَبَدًا ۙ

၁၂။ အသင်သည် အယောင်ဆောင်မှုကိုပြုသောသူတို့ဘက်သို့ ရှုမြင်သုံးသပ်ခြင်းမပြုပေသလော။ ယင်းတို့သည် ရှေးကျမ်းရသူတို့မှ မယုံကြည်ငြင်းပယ်ခြင်းကိုပြုသော မိမိတို့၏ ညီနောင်များအား ပြောဆိုကြသည်မှာ၊ အကယ်၍ အသင်တို့ကို နှင်ထုတ်ခြင်းခံခဲ့ရလျှင် အသင်တို့နှင့်အတူ ကျွန်ုပ်တို့သည်လည်း အမှန်တကယ် ထွက်ကြမည်ဖြစ်ပြီး အသင်တို့နှင့်စပ်လျဉ်း၍ မည်

① အာယတ်တော် ၉ မှ ၁၁ ထိ။ ဤအာယတ်တော်များမှာ အန်ဆာရ်နှင့် မူဟာဂျိရင်န် များ၏ 'အီမာန်'ယုံကြည်ခြင်းနှင့် မြင့်မားသောဝိညာဉ်ပိုင်းဆိုင်ရာ ဂုဏ်ဖြပ်အဆင့်အတန်းများကို ဖော်ပြတော်မူခြင်းဖြစ်သည်။ ဟာဇရတ်အေမာမ် ဇိုင်နွလ်အာဘေဒီးန်၏ ရှေ့တော်သို့ တစ်ခါက အီရတ်မှ 'ရာဖီဒိုဒိုဏ်းမှ ကိုယ်စားလှယ်တစ်စုရောက်ရှိလာပြီး ၎င်းတို့သည် သာဝကကြီး အဘူဘက္ကရ်၊ အွမ္မရ်နှင့် အွတ်စမန်တို့နှင့်ဆန့်ကျင်သောစကားများကိုဆိုကြလေသည်။ ထိုအခါ သခင်က ၎င်းတို့အား 'အသင်တို့သည် (အာယတ်တော် ၉ တွင်လာရှိထားသည့်) မူဟာဂျိရင်န်များအနက်မှလော'ဟူ၍မေးသည်။ ၎င်းတို့က 'မဟုတ်ပါ'ဟုဖြေကြားကြသည်။ ထို့နောက် သခင်က 'အသင်တို့သည် (အာယတ်တော် ၁၀ တွင်လာရှိထားသည့်) အန်ဆာရ်များမှဖြစ်ပေသလော'ဟု မေးပြန်သည်။ ၎င်းတို့က 'မဟုတ်ရပါ'ဟု ပြန်လည်ဖြေကြားကြသည်။ ထိုအခါ သခင်က 'သို့ဖြစ်လျှင် အသင်တို့သည် (အာယတ်တော် ၁၁ တွင်လာရှိသည့်) **وَالَّذِيْنَ جَاءُوْ مِنْۢ بَعْدِهِمْ يَقُوْلُوْنَ رَبَّنَا اغْفِرْ لَنَا وَلِاِخْوَانِنَا الَّذِيْنَ سَبَقُوْنَا بِالْاِيْمَانِ ..... الآية.** ထိုသူတို့အနက်မှလည်း မဟုတ်ကြကြောင်းကို ကျွန်ုပ်သက်သေခံ၏'ဟု မိန့်ကြားတော်မူခဲ့လေသည်။ (ကရှဖွလ်ဂမ္ဘာဟ် ဖီမာအ်ရိဖတွလ်အာအင်မာ၊ အခန်း-၂၊ စာ-၂၉၀၊ အလ်-အစ္စလာမီ ဘေရွတ် ၁၄၀၁-ခု ဟစ်ဂျရီထုတ်တွင်ရှု)။

وَ اِنْ قُوْتِلْتُمْ لَنَنْصُرَنَّكُمْ ؕ وَ اللّٰهُ يَشْهَدُ اِنَّهُمْ لَكٰذِبُوْنَ ⑪

သည့်အခါပင်မဆို မည်သူတစ်ဦးတစ်ယောက်ကိုမျှ နာခံလိုက်နာကြမည်မဟုတ်။ ထို့ပြင် အကယ်၍ အသင်တို့နှင့်ဆန့်ကျင်လျက် တိုက်ခိုက်ခြင်းကိုခံခဲ့ကြရလျှင် ကျွန်ုပ်တို့သည် အမှန်ပင် အသင်တို့အား ကူညီရိုင်းပင်းကြမည်။ ထို့ပြင် ဧကန်မုချ ယင်းတို့သည် လိမ်ညာသူများသာဖြစ်ကြောင်း အလ္လာဟ်သက်သေခံတော်မူ၏။

لَئِنْ اُخْرِجُوْا لَا يَخْرُجُوْنَ مَعَهُمْ ۚ وَ لَئِنْ قُوْتِلُوْا لَا يَنْصُرُوْنَهُمْ ۚ وَ لَئِنْ نَّصَرُوْهُمْ لَيُوَلُّنَّ الْاَدْبَارَ ۫ ثُمَّ لَا يُنْصَرُوْنَ ⑫

၁၃။ အကယ်၍ ၎င်းတို့သည် နှင်ထုတ်ခြင်းကိုခံခဲ့ကြရသော် ၎င်းတို့နှင့်အတူ ဤသူတို့ကား ထွက်ခွာကြမည်မဟုတ်ချေ။ ထို့ပြင် အကယ်၍ ၎င်းတို့နှင့်တိုက်ခိုက်ခြင်းကိုခံခဲ့ကြရလျှင်လည်း ဤသူတို့မှာ ၎င်းတို့အား မည်သည့်အခါမျှ ကူညီကြမည်မဟုတ်။ ထို့မှတစ်ပါး ဤသူတို့အနေဖြင့် အကယ်၍ ကူညီကြလျှင်လည်း ဧကန်မလွဲ ကျောခိုင်း၍သွားကြမည်သာ။ ထို့နောက် ၎င်းတို့သည် မည်သည့်အကူအညီကိုမျှ ပေးခြင်းခံကြရမည်မဟုတ်ချေ။

لَاَنْتُمْ اَشَدُّ رَهْبَةً فِيْ صُدُوْرِهِمْ مِّنَ اللّٰهِ ؕ ذٰلِكَ بِاَنَّهُمْ قَوْمٌ لَّا يَفْقَهُوْنَ ⑬

၁၄။ ဧကန်မုချ အသင်တို့သည် ထိုသူတို့၏ ရင်တွင်း၌ ကြောက်ရွံ့စိတ်ဖြစ်ပေါ်စေရာတွင် အလ္လာဟ်အား ကြောက်ရွံ့ခြင်းထက်ပင်ပို၍ ပြင်းထန်(သည်ဟုမြင်ရ)၏။ ဤသို့ဖြစ်ရခြင်းကား ယင်းတို့သည် နားမလည်သူများဖြစ်ကြသောကြောင့်ပင်။

لَا يُقَاتِلُوْنَكُمْ جَمِيْعًا اِلَّا فِيْ قُرًى مُّحَصَّنَةٍ اَوْ مِنْ وَّرَآءِ جُدُرٍ ؕ بَاْسُهُمْ بَيْنَهُمْ شَدِيْدٌ ؕ تَحْسَبُهُمْ جَمِيْعًا وَّ قُلُوْبُهُمْ شَتّٰى ؕ ذٰلِكَ بِاَنَّهُمْ قَوْمٌ لَّا يَعْقِلُوْنَ ⑭

၁၅။ သူတို့သည် အသင်တို့အား ခံတပ်ကာဆီးထားသော မြို့ရွာများတွင် သို့မဟုတ် တံတိုင်းများ၏နောက်ဖက်မှတစ်ပါး တစုတစည်းဖြင့် တိုက်ခိုက်ကြမည်မဟုတ်ချေ။ သူတို့အချင်းချင်း တိုက်ခိုက်ခြင်းမှာ အလွန်ပြင်းထန်လှ၏။ အသင်သည် သူတို့အား တစည်းတလုံးတည်းဟု ထင်မှတ်နေ၏။ သို့ရာတွင် သူတို့၏စိတ်နှလုံးများကား အစိတ်စိတ်ကွဲလျက်ရှိ၏။ ဤသို့ဖြစ်ရခြင်းကား သူတို့သည် အသိဉာဏ်ကို အသုံးမပြုကြသူများဖြစ်ကြသောကြောင့်ပင်။ ⑨

كَمَثَلِ الَّذِيْنَ مِنْ قَبْلِهِمْ قَرِيْبًا ذَاقُوْا وَبَالَ اَمْرِهِمْ ۚ وَ لَهُمْ عَذَابٌ اَلِيْمٌ ⑮

၁၆။ (ဤသူတို့သည်) ထိုသူတို့ပမာ(ဖြစ်ကြ၏)၊ အကြင်သူတို့မှာ သူတို့ထက် အချိန်ကာလအတန်ငယ်အလျင်က မိမိတို့အကျင့်အမူများ၏ပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြပြီးဖြစ်၏။ ထို့ပြင် ယင်းတို့အတွက် ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် (သတ်မှတ်ထား)ရှိ၏။

⑨ ဤသည် ကေယာမတ်(ကမ္ဘာ့နောက်ဆုံးနေ့)တိုင် ဤကဲ့သို့ပင်ပြည့်စုံနေမည့် ရဟူဒီတို့နှင့်ပတ်သက်သော အနာဂတ်ဗျာဒိတ်တစ်ရပ် ဖြစ်ပေသည်။ ခေတ်ကာလတိုင်း၏ အခြေအနေများနှင့်အညီ ပြောင်းလဲလျက်ရှိသော ခိုင်မာသည့်ခံတပ်မရှိသမျှ၊ ထို့ပြင် ယင်းတို့အားဖြင့် ၎င်းတို့သည် မိမိတို့၏ အင်အားတောင့်တင်းမှုအတွက် ယုံကြည်ချက်မရှိလေသမျှ တစ်ဘက်ရန်သူနှင့် မည်သည့်အခါမှ တိုက်ခိုက်ကြမည်မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့၏စိတ်နှလုံးများသည် အချင်းချင်းတစုတစည်းတည်း ရှိကြသည်ဟူသောသဘောမဟုတ်ချေ။ ဗဟိဒ္ဓအမြင်အားဖြင့် ၎င်းတို့သည် ၎င်းတို့၏ရန်သူများနှင့် ထိပ်တိုက်ရှိမှုတွင် တစုတစည်းတည်းရှိနေသည်ဟု မြင်ကြရသော်လည်း အမြဲလိုပင် သူတို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲလျက်ရှိနေကြပေသည်။ ယနေ့ခေတ်တွင် တမန်တော်မြတ်ﷺက ရဟူဒီတို့နှင့်အလားတူဖြစ်မည်ဟု သတ်မှတ်တော်မူခဲ့သော ထိုသူတို့သည်လည်း တစ်ပုံစံတည်းသောအခြေအနေတွင် ရှိကြပေသည်။

كَمَثَلِ الشَّيْطٰنِ اِذْ قَالَ لِلْاِنْسَانِ اكْفُرْ ۚ فَلَمَّا كَفَرَ قَالَ اِنِّيْ بَرِيْٓءٌ مِّنْكَ اِنِّيْٓ اَخَافُ اللّٰهَ رَبَّ الْعٰلَمِيْنَ ۝١٧

၁၇။ 'ရှိုင်တန်'၏ဥပမာကဲ့သို့ပင်။ အကြင်အခါဝယ်၊ ယင်းသည် လူသားအား ငြင်းပယ်ပါလေဟုဆို၏။ သို့ဖြစ်ရာ သူသည် ငြင်းပယ်လိုက်လေသောအခါ ဧကန်ပင် ကျွန်ုပ်သည် အသင်မှတာဝန်ကင်းသူဖြစ်သည်။ ဧကန်အမှန် ကျွန်ုပ်မှာမူကား စကြဝဠာအပေါင်းကို ဖန်ဆင်းပျိုးထောင်တော်မူသောအရှင် အလ္လာဟ်အား ကြောက်ရွံ့ပါသည်ဟုပြောလေ၏။

فَكَانَ عَاقِبَتَهُمَآ اَنَّهُمَا فِي النَّارِ خَالِدَيْنِ فِيْهَا ۭ وَذٰلِكَ جَزٰۗؤُا الظّٰلِمِيْنَ ۝١٧ۚ

၁၈။ သို့ဖြစ်ရာ ယင်းတို့နှစ်ဦးစလုံး၏ နောက်ဆုံးရလဒ်အဖြစ် ယင်းတို့နှစ်ဦးစလုံးပင် မီးတွင်းသို့ ရောက်ရှိကြပေလတ္တံ့။ နှစ်ဦးစလုံးပင် ယင်း၌အချိန်ရှည်ကြာစွာ နေကြရမည့်သူများဖြစ်ကြလိမ့်မည်။ အမှားကျူးလွန်သူတို့သည် ဤသို့သာ အစားပေးခြင်းခံကြရပေသတည်း။

ရုကူး-၃

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ وَلْتَنْظُرْ نَفْسٌ مَّا قَدَّمَتْ لِغَدٍ ۚ وَاتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ۝١٨

၁၉။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အား ကြောက်ရွံ့ခြင်း 'တက္ကဝါ'တရားကို ကျင့်သုံးကြလေကုန်။ ထို့ပြင် ဝိညာဉ်တိုင်းပင် နက်ဖြန်အတွက် မည်သည့်အရာကို ပို့နှင့်လျက်ရှိကြောင်း ကြည့်ရှုကြလေကုန်။ ထိုမှတစ်ပါး အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း 'တက္ကဝါ'တရားကိုဆောက်တည်ကြကုန်။ ဧကန်ပင် အလ္လာဟ်သည် အသင်တို့ ပြုမူကျင့်ကြံလျက်ရှိသည်တို့ကို အစဉ်ထာဝရသတင်းရလျက်ရှိတော်မူ၏။

وَلَا تَكُوْنُوْا كَالَّذِيْنَ نَسُوا اللّٰهَ فَاَنْسٰىهُمْ اَنْفُسَهُمْ ۭ اُولٰۗىِٕكَ هُمُ الْفٰسِقُوْنَ ۝١٩

၂၀။ ထို့ပြင် ထိုသူများကဲ့သို့ ဖြစ်မသွားကြကုန်လင့်။ သူတို့သည် အလ္လာဟ်အားမေ့ပစ်လိုက်ကြ၏။ ထိုအခါ အလ္လာဟ်သည် သူတို့အား မိမိတို့ကိုယ်ကိုပင် မေ့လျော့စေတော်မူ၏။ ဤသူတို့သည်ပင် အကျင့်ဆိုးယုတ်သူများဖြစ်ကြ၏။

لَا يَسْتَوِيْٓ اَصْحٰبُ النَّارِ وَاَصْحٰبُ الْجَنَّةِ ۭ اَصْحٰبُ الْجَنَّةِ هُمُ الْفَاۗىِٕزُوْنَ ۝٢٠

၂၁။ မီးခဲ့နေရသူများနှင့် 'ဂျန္နတ်'ဥယျာဉ်တော်၌ နေရသူတို့သည် မည်သည့်အခါမျှ တူညီနိုင်ကြမည်မဟုတ်ချေ။ 'ဂျန္နတ်'ဥယျာဉ်တော်၌နေရသူများသည်သာလျှင် အောင်မြင်မည့်သူများဖြစ်ကြ၏။

لَوْ اَنْزَلْنَا هٰذَا الْقُرْاٰنَ عَلٰي جَبَلٍ لَّرَاَيْتَهٗ خَاشِعًا مُّتَصَدِّعًا مِّنْ خَشْيَةِ اللّٰهِ ۭ وَتِلْكَ الْاَمْثَالُ نَضْرِبُهَا لِلنَّاسِ لَعَلَّهُمْ يَتَفَكَّرُوْنَ ۝٢١

၂၂။ အကယ်၍ ငါတို့သည် ဤ'ကုရ်အာန်'ကျမ်းကို တောင်တစ်ခုခုပေါ်သို့ ချပေးတော်မူခဲ့လျှင် ယင်းသည် အလ္လာဟ်အားကြောက်ရွံ့ပြီးကျိုးနွံနှိမ့်ချလျက် အစိတ်စိတ်အပိုင်းပိုင်းဖြစ်သွားသည်ကို မုချပင် အသင်မြင်တွေ့ရပေအံ့။ ဤသည် ငါတို့ကလူတို့အတွက် စဉ်းစားဆင်ခြင်နိုင်ကြစိမ့်သောငှာ ဖော်ပြသော ဥပမာပုံဆောင်ချက်များဖြစ်၏။ ①

① ဤအာယတ်တော်တွင် ဖော်ပြထားသော တောင်များဟူသည် ကမ္ဘာပေါ်ရှိ တောင်တန်းများမဟုတ်မူဘဲ တောင်များကဲ့သို့သော ဂုဏ်ရှိန်မြင့်မားသည့် လူပုဂ္ဂိုလ်များကိုဆိုလိုခြင်းဖြစ်သည်။ ပမာအားဖြင့် ဤအာယတ်တော်၏နောက်ဆုံးတွင် ဤသည်တို့မှာ လူသားတို့စဉ်းစားဆင်ခြင်နိုင်ကြစိမ့်သောငှာဖော်ပြသော ဥပမာပုံဆောင်ချက်များသာဖြစ်ကြောင်း အဖြေထုတ်ပြထားတော်မူပေသည်။

هُوَ اللّٰهُ الَّذِیْ لَاۤ اِلٰهَ اِلَّا هُوَ ۚ عٰلِمُ الْغَیْبِ وَالشَّهَادَةِ ۚ هُوَ الرَّحْمٰنُ الرَّحِیْمُ ﴿۲۲﴾

၂၃။ ထိုသည်ပင် အလ္လာဟ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှ တစ်ပါး တစ်စုံတစ်ရာသော ကိုးကွယ်ရာမျှမရှိ။ 'ဂိုက်ဘ်' ဖုံးကွယ်လျက်ရှိသည်တို့ကိုလည်းကောင်း၊ ပေါ်လွင်ထင်ရှားစွာရှိသည်တို့ကိုလည်းကောင်း သိတော်မူသောအရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည်ပင် အကန့်အသတ်မရှိ ကရုဏာထားတော်မူသောအရှင်(နှင့်) အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

هُوَ اللّٰهُ الَّذِیْ لَاۤ اِلٰهَ اِلَّا هُوَ ۚ اَلْمَلِكُ الْقُدُّوْسُ السَّلٰمُ الْمُؤْمِنُ الْمُهَیْمِنُ الْعَزِیْزُ الْجَبَّارُ الْمُتَكَبِّرُ ؕ سُبْحٰنَ اللّٰهِ عَمَّا یُشْرِكُوْنَ ﴿۲۳﴾

၂၄။ ထိုသည်ပင် အလ္လာဟ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှ တစ်ပါး တစ်စုံတစ်ရာသောကိုးကွယ်ရာမျှမရှိ။ ထိုအရှင်မြတ်သည် ရှင်ဘုရင်ဖြစ်တော်မူ၏။ စင်ကြယ်သန့်ရှင်းတော်မူ၏။ ငြိမ်းချမ်းခြင်းဖြစ်တော်မူ၏။ လုံခြုံမှုကို ပေးတော်မူသောအရှင် ဖြစ်တော်မူ၏။ ကာကွယ်စောင့်ရှောက်တော်မူသောအရှင် ဖြစ်တော်မူ၏။ အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူ၏။ ပျက်ယွင်းသည်ကို ပြန်၍ဖြစ်စေတော်မူသောအရှင်(နှင့်) ကြီးမြင့်ထွတ်မြတ်တော်မူသောအရှင် ဖြစ်တော်မူ၏။ အလ္လာဟ်သည် ယင်းတို့ 'ရှရိက်'ပြု ယှဉ်ထားကိုးကွယ်ကြသည်တို့မှ စင်ကြယ်သန့်ရှင်းတော်မူ၏။

هُوَ اللّٰهُ الْخَالِقُ الْبَارِئُ الْمُصَوِّرُ لَهُ الْاَسْمَآءُ الْحُسْنٰى ؕ یُسَبِّحُ لَهٗ مَا فِی السَّمٰوٰتِ وَ الْاَرْضِ ۚ وَ هُوَ الْعَزِیْزُ الْحَكِیْمُ ﴿۲۴﴾

၂၅။ ထိုသည်ပင် အလ္လာဟ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် ဖန်ဆင်းတော်မူသောအရှင်၊ ဖန်ဆင်းခြင်းကို စတင်တော်မူသောအရှင်၊ ပုံသဏ္ဌာန်ပြုလုပ်တော်မူသောအရှင် ဖြစ်တော်မူ၏။ အလှုံးစုံသောလှပသည့် နာမတော်ဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်၏။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသည်တို့သည် ထိုအရှင်မြတ်ကိုသာလျှင် စင်ကြယ်သန့်ရှင်းကြောင်း 'တာစ်ဘီ'ပြုခြိုးမွှမ်းလျက်ရှိကြကုန်၏။ ထို့ပြင် ထိုအရှင်မြတ်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်နှင့် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

❖ ❖ ❖

၆၀။ အလ်-မွမ်တာဟီနာဟ်

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ်တော် (၁၄)ပိုဒ်ပါရှိသည်။

ဤသည်ထက်အလျင်က ဆူရာဟ်တွင် ရဟူဒီတို့၏ 'ဟရှရ်'အကြောင်းဖော်ပြထားတော်မူသည်။ ယခုဤဆူရာဟ်တွင် အလ္လာဟ်နှင့်တမန်တော်တို့ကို ရန်လိုမုန်းထားသူများအား အလျှင်းအဆွေခင်ပွန်းမဖွဲ့ကြရန် မွတ်စလင်တို့အား သတိပေးထားတော်မူသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့သည် အပေါ်ယံအားဖြင့် မိတ်ဆွေဖွဲ့ကြလျှင်လည်း သူတို့၏ရင်တွင်း၌ အာဃာတစိတ် ပြည့်သိပ်လျက်ရှိပြီး၊ အသင်တို့အား လုပ်ကြံဖျက်ဆီးရန်အတွက် အချိန်တိုင်း၌ အစီအစဉ်များရေးဆွဲလျက်ရှိကြသည်။

ဤသည့်နောက်တွင် တမန်တော် အစ်ဗရာဟင်မ်ﷺ၏ လှပသိမ်မွေ့သော'စံ'နမူနာအကြောင်းလာရှိသည်မှာ ၎င်း၏အဆွေခင်ပွန်းဖွဲ့ခြင်းဟူသမျှတို့မှာ အလ္လာဟ်အရှင်မြတ်အတွက်သာဖြစ်ခဲ့ပြီး ခပ်သိမ်းသော ရန်သူများသည်လည်း အလ္လာဟ်၏အလိုဌာသာ ဖြစ်ခဲ့ကြပေသည်။ သို့ကြောင့် အသင်တို့၏ နီးစပ်သော ဆွေမျိုးများ၊ အမိအဖများနှင့် သားသမီးများမှာ အသင်တို့အတွက် မည်သို့မျှ အသုံးဝင်နိုင်စရာမရှိပေ။ မည်သို့ဆိုစေ အသင်တို့အဖို့ မိမိတို့၏ဆက်နွယ်နှောင်တည်းမှုများကို အလ္လာဟ်၏အဖို့သာခိုင်မြဲအောင်ပြုကြရမည်ဖြစ်ပြီး အလ္လာဟ့်အတွက်သာလျှင် ဖြတ်တောက်ရမည်ဖြစ်သည်။ သို့ရာတွင် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူတို့အား တစ်ပါတည်းမိန့်မှာထားတော်မူသည်မှာ အသင်တို့ကို ဆင်းရဲဒုက္ခဖြစ်စေမှုတွင် ဦးစွာမပြုသောသူတို့အား ၎င်းတို့ကို ဒုက္ခဗျာပါဒရောက်စေမှုတွင် ပထမဦးစွာပြုဖို့ရန် အသင်တို့တွင် အလျှင်းလုပ်ပိုင်ခွင့်မရှိ။ ၎င်းတို့က အသင်တို့အား မိတ်ဆွေဝတ်ပြုနေသမျှ အသင်တို့ကလည်း မိတ်ဆွေဝတ်ကို ပြုမြဲမပြတ်ရှိကြရမည်ဖြစ်ပြီး ဤသည်မှာ မြင့်မားသောတရားမျှတမှု၏ တောင်းဆိုချက်ဖြစ်သည်။

ဤဆူရာဟ်သည် မွတ်စလင်တို့အား ရဟူဒီများအပြင် အခြားသော 'မူရှရိုက်'များနှင့်လည်း မိမိတို့၏ကာကွယ်ရေးအတွက် ခံစစ်တိုက်ခိုက်ရန် ခွင့်ပြုထားတော်မူခဲ့သောအချိန်ကာလက အကြောင်းကို ဖော်ပြနေခြင်းဖြစ်သောကြောင့် စစ်မက်တိုက်ခိုက်ခြင်း၏ရလဒ်အားဖြင့် ပေါ်ပေါက်လာနိုင်သည့် များစွာသော ပြဿနာများအကြောင်းကို ဖော်ပြထားတော်မူလျက် ဤသို့သောအနေအထားတွင် သင့်မြတ်မှန်ကန်သောနည်းစဉ် အဘယ်သို့ရှိရမည်ကို ချပြထားပေသည်။ ဥပမာအားဖြင့် မယုံကြည်ခြင်းပယ်သူ'ကာဖိရ်'များ၏ ဇနီးအချို့သည် အကယ်၍ သက်ဝင်ယုံကြည်ကြလျက် 'ဟစ်ဂျရတ်'ပြုပြောင်းရွှေ့လာခဲ့ကြသည်ရှိသော် သူမတို့၏ ယုံကြည်ခြင်းကို အပြည့်အဝစစ်ဆေးကြရမည်ဖြစ်ပြီး အကယ်၍ သူမတို့သည် အမှန်တကယ် မိမိတို့၏စိတ်ဆန္ဒအလျောက် ယုံကြည်သက်ဝင်လာခဲ့ကြခြင်းဖြစ်သော်၊ သူမတို့အား မယုံကြည်သူတို့ထံသို့ အလျှင်းပြန်မလွှတ်ကြကုန်လင့်။ အကြောင်းမူကား သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး 'ဟလာလ်'ပိုင်ခွင့်မရှိတော့သောကြောင့်ဖြစ်သည်။ သို့စင်လျက် သူမတို့၏ 'ဝလီ'အုပ်ထိန်းသူများအား သူမတို့အပေါ် သုံးစွဲပေးခဲ့ပြီးဖြစ်သော ကုန်ကျစရိတ်များကို ပေးကြကုန်ဟူ၏။

ထိုသည့်နောက် နိဂုံးပိုင်းတွင် 'ကာဖိရ်'မယုံကြည်သူတို့ဘက်မှ ရွှေ့ပြောင်းခြင်း 'ဟစ်ဂျရတ်'ပြုလာကြသူများဖြစ်သည့် 'မို့အ်မင်န်'ယုံကြည်သူ အမျိုးသမီးအားလုံးထံမှ 'ဘိုင်အတ်'ကတိသစ္စာပြု

ချက်လက်ခံခြင်းအကြောင်းကို ဖော်ပြတော်မူသည်။ ထို့ပြင် 'ဘိုင်အတ်'သစ္စာခံလိုသူများဖြစ်ကြသည့် အခြားသော'မို့အ်မင်န်'ယုံကြည်သူ အမျိုးသမီးတို့ထံမှလည်း သစ္စာဆိုကတိရယူရမည်တည်း။

♦ ♦ ♦

ဆူရာဟ် အလ်-မွမ်တာဟိနာဟ်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၄)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوْا عَدُوِّيْ وَعَدُوَّكُمْ اَوْلِيَآءَ تُلْقُوْنَ اِلَيْهِمْ بِالْمَوَدَّةِ وَقَدْ كَفَرُوْا بِمَا جَآءَكُمْ مِّنَ الْحَقِّ ۚ يُخْرِجُوْنَ الرَّسُوْلَ وَاِيَّاكُمْ اَنْ تُؤْمِنُوْا بِاللّٰهِ رَبِّكُمْ ۭ اِنْ كُنْتُمْ خَرَجْتُمْ جِهَادًا فِيْ سَبِيْلِيْ وَابْتِغَآءَ مَرْضَاتِيْ ۚ تُسِرُّوْنَ اِلَيْهِمْ بِالْمَوَدَّةِ ۚ وَاَنَا اَعْلَمُ بِمَآ اَخْفَيْتُمْ وَمَآ اَعْلَنْتُمْ ۭ وَمَنْ يَّفْعَلْهُ مِنْكُمْ فَقَدْ ضَلَّ سَوَآءَ السَّبِيْلِ ①

၂။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ငါအရှင်မြတ်၏ ရန်သူနှင့် မိမိတို့၏ရန်သူကို မည်သည့်အခါမျှ အဆွေခင်ပွန်းမပြုကြကုန်လင့်။ အသင်တို့သည် ယင်းတို့ထံသို့မေတ္တာဖြင့် သတင်းကိုပေးကြ၏။ စင်စစ် ယင်းတို့သည် အသင်တို့ထံရောက်ရှိလာသော ထိုအမှန်တရားကို ငြင်းပယ်ခဲ့ကြပြီးဖြစ်၏။ ယင်းတို့သည် တမန်တော်အားလည်းကောင်း၊ အသင်တို့အားလည်းကောင်း၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အား သက်ဝင်ယုံကြည်ခြင်းသက်သက်ကြောင့် (နေရပ်မှ)နှင်ထုတ်ကြ၏။ အကယ်၍ အသင်တို့သည် ငါအရှင်မြတ်၏လမ်းတော်တွင်လည်းကောင်း၊ ငါအရှင်မြတ်၏ နှစ်မြို့ခြင်းကို လိုလားကြလျက်လည်းကောင်း 'ဂျိဟာဒ်'သက်စွန့်ကြိုးပမ်းဆောင်ရွက်ခြင်းငှာ ထွက်ခဲ့ကြခြင်းနှင့်အတူ ယင်းတို့အားလျှို့ဝှက်သော မေတ္တာသတင်းစကားကိုလည်းပေးပို့နေကြ၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် အသင်တို့ ကွယ်ဝှက်ကြသည်ကိုလည်းကောင်း၊ ပေါ်လွင်ထင်ရှားစေသည်ကိုလည်းကောင်း အားလုံးထက်ပို၍ သိတော်မူ၏။ (သို့ကြောင့် အသင်တို့၏ ဤသည့်ကွယ်ဝှက်မှုမှာ အချည်းနှီးဖြစ်၏။) ထို့ပြင် အသင်တို့အနက်မှ မည်သူမဆို ဤသို့ပြုမူသော် ထိုသူသည် ဖြောင့်မှန်သောလမ်းမှ တိမ်းပါးသွားပြီဖြစ်၏။

اِنْ يَّثْقَفُوْكُمْ يَكُوْنُوْا لَكُمْ اَعْدَآءً وَّيَبْسُطُوْٓا اِلَيْكُمْ اَيْدِيَهُمْ وَاَلْسِنَتَهُمْ بِالسُّوْۗءِ وَوَدُّوْا لَوْ تَكْفُرُوْنَ ②

၃။ အကယ်၍ ယင်းတို့သည် အသင်တို့အား မည်သည့်နေရာ၌မဆိုတွေ့ပါလျှင် အသင်တို့၏ရန်သူအဖြစ်သာရှိကြပေလိမ့်မည်။ ထို့ပြင် မိမိတို့၏ လက်နှင့် နှုတ်ပါးစပ်များသည် မကောင်းသောရည်ရွယ်ချက်ဖြင့် အသင်တို့အပေါ်သို့ ဆန့်တန်းကြပေအံ့။ ထို့ပြင် အသင်တို့သည်လည်း မယုံကြည်ငြင်းပယ်ကြလျှင် ကောင်းပေစွတ်ဟူ၍ လိုလားကြပေလိမ့်မည်။

لَنْ تَنْفَعَكُمْ اَرْحَامُكُمْ وَلَآ اَوْلَادُكُمْ ۚ يَوْمَ الْقِيٰمَةِ ۚ يَفْصِلُ بَيْنَكُمْ ۭ وَاللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرٌ ③

၄။ အသင်တို့၏ သွေးချင်းများသည်လည်းကောင်း၊ သားသမီးများသည်လည်းကောင်း၊ ရှင်ပြန်ထမြောက်မည့်နေ့တွင် အသင်တို့အား တစ်စုံတစ်ရာသောအကျိုးကိုမျှ အလျှင်းပြုနိုင်ကြလိမ့်မည်မဟုတ်ချေ။ ထိုအရှင်မြတ်သည် အသင်တို့၏အကြားတွင် ကွဲကွာမှုကို ထည့်သွင်းတော်မူပေလိမ့်မည်။ ထို့ပြင် အသင်တို့

ပြုမူကျင့်ကြံသည်များအပေါ်၌ အလ္လာဟ်သည် အမြဲထာဝစဉ်ကြည့်မြင်လျက်ရှိတော်မူ၏။

قَدْ كَانَتْ لَكُمْ اُسْوَةٌ حَسَنَةٌ فِيْٓ اِبْرٰهِيْمَ وَالَّذِيْنَ مَعَهٗ ۚ اِذْ قَالُوْا لِقَوْمِهِمْ اِنَّا بُرَءٰٓؤُا مِنْكُمْ وَمِمَّا تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ ۫ كَفَرْنَا بِكُمْ وَبَدَا بَيْنَنَا وَبَيْنَكُمُ الْعَدَاوَةُ وَالْبَغْضَآءُ اَبَدًا حَتّٰى تُؤْمِنُوْا بِاللّٰهِ وَحْدَهٗٓ اِلَّا قَوْلَ اِبْرٰهِيْمَ لِاَبِيْهِ لَاَسْتَغْفِرَنَّ لَكَ وَمَآ اَمْلِكُ لَكَ مِنَ اللّٰهِ مِنْ شَيْءٍ ۭ رَبَّنَا عَلَيْكَ تَوَكَّلْنَا وَاِلَيْكَ اَنَبْنَا وَاِلَيْكَ الْمَصِيْرُ ۝

၅။ အသင်တို့အတွက် 'အစ်ဗရာဟင်မ်'နှင့် သူနှင့်အတူ ရှိခဲ့ကြသောသူတို့တွင် မွန်မြတ်သော စံနမူနာတစ်ရပ်ရှိ၏။ အကြင်အခါဝယ် သူတို့သည် မိမိတို့၏အမျိုးသားတို့အား ပြောကြားကြသည်မှာ ကျွန်ုပ်တို့သည်အသင်တို့အားလည်းကောင်း၊ အလ္လာဟ်မှတစ်ပါး အသင်တို့ ကိုးကွယ်နေကြသည်များအားလည်းကောင်း နှစ်မြို့ခြင်းမရှိကြပါ။ ကျွန်ုပ်တို့သည် အသင်တို့အားငြင်းပယ်ကြ၏။ ထို့ပြင် အသင်တို့သည် အလ္လာဟ်တစ်ပါးတည်းကို သက်ဝင်ယုံကြည်လာကြသည်အထိ ကျွန်ုပ်တို့နှင့်အသင်တို့၏အကြား အစဉ်သဖြင့် ရန်ငြိုးနှင့်မုန်းတီးမှုသည် ပေါ်လွင်ခဲ့ပြီဖြစ်၏။ မိမိ၏ဖခင်အတွက် (ခြွင်းချက်တစ်ခုဖြစ်သော) 'အစ်ဗရာဟင်မ်'၏ စကားတစ်ခွန်းမှတစ်ပါးဖြစ်၏။ (ယင်းမှာ) ကျွန်ုပ်သည် ဖခင်အတွက် ခွင့်လွှတ်ရန်ဆုတောင်းပါမည်၊ အမှန်သော်ကား ကျွန်ုပ်သည် ဖခင်နှင့်စပ်လျဉ်း၍ အလ္လာဟ်၏ထံတော်တွင် တစ်စုံတစ်ရာ အခွင့်မရှိပါ။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်ကိုသာလျှင် ကျွန်တော်မျိုးတို့သည် ယုံပုံကိုးစားကြပါ၏။ ထို့ပြင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်ဘက်တော်သို့သာလျှင် ညွှတ်တွားကြပါ၏။ ထိုမှတစ်ပါး အရှင်မြတ်အထံတော်သို့သာ ပြန်လည်၍ သွားကြရပါမည်။

رَبَّنَا لَا تَجْعَلْنَا فِتْنَةً لِّلَّذِيْنَ كَفَرُوْا وَاغْفِرْ لَنَا رَبَّنَا ۚ اِنَّكَ اَنْتَ الْعَزِيْزُ الْحَكِيْمُ ۝

၆။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အား မယုံကြည်ငြင်းပယ်သူများအတွက် စမ်းသပ်စစ်ဆေးရာ ပြုတော်မမူပါလင့်။ ထို့ပြင် အို- ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော်မူပါ။ ဧကန်စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်(နှင့်) ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါ၏။

لَقَدْ كَانَ لَكُمْ فِيْهِمْ اُسْوَةٌ حَسَنَةٌ لِّمَنْ كَانَ يَرْجُوا اللّٰهَ وَالْيَوْمَ الْاٰخِرَ ۭ وَمَنْ يَّتَوَلَّ فَاِنَّ اللّٰهَ هُوَ الْغَنِيُّ الْحَمِيْدُ ۝ ع

၇။ ဧကန်မုချ အသင်တို့အတွက် ထိုသည်၌ 'မွန်မြတ်သော စံနမူနာ'တစ်ရပ်သည်ရှိ၏။ ဤသည် အလ္လာဟ်နှင့် နောက်ဆုံးနေ့ကို မျှော်လင့်ချက်ထားကြသူတို့အတွက်ဖြစ်၏။ စင်စစ် အကြင်သူသည် မျက်နှာလွှဲသွားလေသော် (သိထားရမည်မှာ) ဧကန်ပင် ထိုအလ္လာဟ်သည်သာလျှင် လိုလားတောင့်တခြင်းကင်းတော်မူသောအရှင်(နှင့်) ချီးမွမ်းထောမနာခြင်းအပေါင်းကို ခံထိုက်တော်မူသောအရှင် ဖြစ်သတည်း။

ရှုကူး-၂

عَسَى اللّٰهُ اَنْ يَّجْعَلَ بَيْنَكُمْ وَبَيْنَ الَّذِيْنَ عَادَيْتُمْ مِّنْهُمْ مَّوَدَّةً ؕ وَاللّٰهُ قَدِيْرٌ ؕ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ۝

၇။ အလ္လာဟ်သည် အသင်တို့နှင့် အသင်တို့ အပြန်အလှန် ရန်ငြိုးထားခဲ့ကြသော ထိုသူတို့အကြားတွင် ချစ်ခင်မှုကို ထည့်သွင်းပေးတော်မူရန် နီးစပ်လှပေသည်။ အလ္လာဟ်သည် အစဉ်ထာဝရ တန်ခိုးစွမ်းအားရှိတော်မူသောအရှင် ဖြစ်တော်မူ၏။ ထို့ပြင် အလ္လာဟ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

لَا يَنْهٰىكُمُ اللّٰهُ عَنِ الَّذِيْنَ لَمْ يُقَاتِلُوْكُمْ فِى الدِّيْنِ وَلَمْ يُخْرِجُوْكُمْ مِّنْ دِيَارِكُمْ اَنْ تَبَرُّوْهُمْ وَتُقْسِطُوْٓا اِلَيْهِمْ ؕ اِنَّ اللّٰهَ يُحِبُّ الْمُقْسِطِيْنَ ۝

၈။ အသင်တို့အား သာသနာရေးကိစ္စများတွင် တိုက်ခိုက်ခြင်းမပြု၊ ထို့ပြင် အသင်တို့အား မိမိတို့၏နေအိမ်များမှ နှင်ထုတ်ခြင်းလည်းမပြု။ ထိုသူတို့အား ကောင်းမှုပြုခြင်း၊ တရားမျှတစွာ ဆက်ဆံခြင်းတို့မှ အလ္လာဟ်သည် အသင်တို့အား တားမြစ်တော်မမူချေ။ အမှန်ပင် အလ္လာဟ်သည် တရားမျှတမှုရှိကြသူတို့အား ချစ်ခင်နှစ်သက်တော်မူ၏။ ②

اِنَّمَا يَنْهٰىكُمُ اللّٰهُ عَنِ الَّذِيْنَ قٰتَلُوْكُمْ فِى الدِّيْنِ وَ اَخْرَجُوْكُمْ مِّنْ دِيَارِكُمْ وَظٰهَرُوْا عَلٰٓى اِخْرَاجِكُمْ اَنْ تَوَلَّوْهُمْ ۚ وَمَنْ يَّتَوَلَّهُمْ فَاُولٰٓئِكَ هُمُ الظّٰلِمُوْنَ ۝

၉။ အသင်တို့အား သာသနာရေးကိစ္စများတွင် အသင်တို့အား တိုက်ခိုက်ခြင်းပြု၍။ ထို့ပြင် အသင်တို့အား မိမိတို့၏နေအိမ်များမှ နှင်ထုတ်ကြ၏။ အသင်တို့ကို နှင်ထုတ်ရာတွင် တစ်ဦးကတစ်ဦးကိုကူညီကြ၏။ ထိုသို့သောသူများနှင့်စပ်လျဉ်း၍သာ အဆွေခင်ပွန်းဖွဲ့ခြင်းကို အလ္လာဟ်သည် အသင်တို့အား တားမြစ်တော်မူ၏။ အကြင်သူတို့သည် ယင်းတို့အား အဆွေခင်ပွန်းဖွဲ့ကြ၏။ ထိုသူများသည်ပင် အမှားကျူးလွန်သူများ ဖြစ်ကြ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا جَآءَكُمُ الْمُؤْمِنٰتُ مُهٰجِرٰتٍ فَامْتَحِنُوْهُنَّ ؕ اَللّٰهُ اَعْلَمُ بِاِيْمَانِهِنَّ ۚ فَاِنْ عَلِمْتُمُوْهُنَّ مُؤْمِنٰتٍ فَلَا تَرْجِعُوْهُنَّ اِلَى الْكُفَّارِ ؕ لَا هُنَّ حِلٌّ لَّهُمْ وَلَا هُمْ يَحِلُّوْنَ لَهُنَّ ؕ وَاٰتُوْهُمْ

၁၀။ အကြင်သူတို့သည် သာသနာရေးကိစ္စများတွင် အသင်တို့အား တိုက်ခိုက်ခြင်းပြု၏။ ထို့ပြင် အသင်တို့အား မိမိတို့၏နေအိမ်များမှ နှင်ထုတ်ကြ၏။ အသင်တို့ကို နှင်ထုတ်ရာတွင် တစ်ဦးကတစ်ဦးကိုကူညီကြ၏။ ထိုသို့သောသူများနှင့်စပ်လျဉ်း၍သာ အဆွေခင်ပွန်းဖွဲ့ခြင်းကို အလ္လာဟ်သည် အသင်တို့အား တားမြစ်တော်မူ၏။ အကြင်သူတို့သည် ယင်းတို့အား အဆွေခင်ပွန်းဖွဲ့ကြ၏။ ထိုသူများသည်ပင် အမှားကျူးလွန်သူများ ဖြစ်ကြ၏။

၁၁။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကြင်အခါဝယ် အသင်တို့ထံသို့ ယုံကြည်သူအမျိုးသမီးတို့သည် 'မူဟာဂျိရ်' ရွှေ့ပြောင်းလာသူများအဖြစ်နှင့်ရောက်ရှိလာသော် သူမတို့အား စစ်ဆေးကြလေကုန်။ အလ္လာဟ်သည် သူမတို့၏ 'အီမာန်' ယုံကြည်ခြင်းကို အားလုံးထက်ပို၍ သိတော်မူ၏။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် သူမတို့မှာ သက်ဝင်ယုံကြည်သူအမျိုးသမီးများဖြစ်သည်ကို ကောင်းစွာသိရှိရသော် မယုံကြည်ငြင်းပယ်သူတို့ထံသို့ ပြန်၍မပို့ကြကုန်လင့်။ ဤသူမတို့သည်

② ဤအာယတ်တော်မှာ အဓမ္မထိုးစစ်ဆင်တိုက်ခိုက်သော စစ်ပွဲအယူအဆများကို အမြစ်လှန်ပစ်ခဲ့ပေသည်။ ထို့ပြင် မွတ်စလင်တို့နှင့် ဘာသာရေး ယုံကြည်ချက်ကွဲလွဲမှုကြောင့် ပဋိပက္ခမပြုသူများ၊ အပြစ်မဲ့မွတ်စလင်တို့အားနေအိမ်များမှ မောင်းနှင်ထုတ်ခြင်းမပြုကြသူတို့နှင့် ကောင်းမွန်စွာဆက်ဆံခြင်း၊ အဆွေခင်ပွန်းဖွဲ့ခြင်းတို့ကို တားမြစ်ပိတ်ပင်ခြင်းမပြုပေ။

'မွတ်စလင်'မဟုတ်သူ အားလုံးတို့နှင့် အဆွေခင်ပွန်းဖွဲ့ခြင်းကို တားမြစ်ပိတ်ပင်ထားသည်ဟု အခြားအာယတ်တော်အချို့ဖြင့် မှားယွင်းစွာကောက်နုတ်ထောက်ပြကြလေသည်။ သို့သော် ယခုဖော်ပြလျက်ရှိသော အာယတ်တော်အားဖြင့်မူ ဘာသာရေးယုံကြည်ချက်ခြင်း မတူကွဲပြားမှုကြောင့် မွတ်စလင်တို့နှင့်ဆန့်ကျင်လျက် မတရားသဖြင့်ပြုမူဆက်ဆံခြင်းမပြုကြသူတို့နှင့် မိတ်ဆွေဖွဲ့ရန် ခွင့်ပြုချက်ရှိရုံမျှမက ကောင်းမွန်သိမ်မွေ့စွာဆက်ဆံကြရန်ကိုပင် သင်ပြထားတော်မူပေသည်။

مَآ اَنْفَقُوْا ۭ وَلَا جُنَاحَ عَلَيْكُمْ اَنْ
تَنْكِحُوْهُنَّ اِذَآ اٰتَيْتُمُوْهُنَّ اُجُوْرَهُنَّ ۭ
وَلَا تُمْسِكُوْا بِعِصَمِ الْكَوَافِرِ وَسْـَٔـلُوْا
مَآ اَنْفَقْتُمْ وَلْيَسْـَٔـلُوْا مَآ اَنْفَقُوْا ۭ ذٰلِكُمْ
حُكْمُ اللّٰهِ ۭ يَحْكُمُ بَيْنَكُمْ ۭ وَاللّٰهُ
عَلِيْمٌ حَكِيْمٌ ⑩

ယင်းတို့အတွက် တရားမဝင် 'ဟလာလ်'မဟုတ်သည့်နည်းတူ ယင်းတို့သည်လည်း ဤသူမတို့အတွက် တရားမဝင် 'ဟလာလ်' မဟုတ်ချေ။ ထို့ပြင် သူမတို့(၏ 'ဝလီ'အုပ်ထိန်းသူများ)ကို သူတို့ကုန်ကျခံခဲ့သော စရိတ်အားပေးဆပ်ကြကုန်။ အသင်တို့သည် သူမတို့အား 'မဟာရ်'ပေးပြီးဖြစ်လျှင် သူမတို့နှင့် 'နေကာဟ်'ထိမ်းမြားမှုပြုခြင်းမှာ အသင်တို့အပေါ် သို့ မည်သို့မျှ အပြစ်မရှိချေ။ ထို့ပြင် မယုံကြည်သူမိန်းမများ၏ ထိမ်းမြားခြင်းကိစ္စကို မိမိတို့၏လုပ်ပိုင်ခွင့်၌ မထည့်သွင်းကြလင့်။ ထိုမှတစ်ပါး အသင်တို့သည် သူမတို့အတွက် အကုန်အကျခံထားသည်ကို သူတို့ထံမှတောင်းယူကြကုန်။ ၎င်းပြင် ယင်းတို့ အကုန်အကျခံထားသည်ကိုလည်း ယင်းတို့သည် အသင်တို့ထံမှ တောင်းယူကြစေ။ ဤသည် အလ္လာဟ်၏အမိန့်တော်ဖြစ်၏။ ထိုအရှင်မြတ်သည် အသင်တို့၏အကြား စီရင်ဆုံးဖြတ်တော်မူ၏။ ဧကန်ပင် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်၊ လွန်စွာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

وَاِنْ فَاتَكُمْ شَيْءٌ مِّنْ اَزْوَاجِكُمْ اِلَى
الْكُفَّارِ فَعَاقَبْتُمْ فَاٰتُوا الَّذِيْنَ ذَهَبَتْ
اَزْوَاجُهُمْ مِّثْلَ مَآ اَنْفَقُوْا ۭ وَاتَّقُوا اللّٰهَ
الَّذِيْٓ اَنْتُمْ بِهٖ مُؤْمِنُوْنَ ⑫

၁၂။ ထို့ပြင် အကယ်၍ အသင်တို့၏ဇနီးမယားများမှ တစ်ဦးဦးသည် အသင်တို့ထံမှ မယုံကြည်သူများထံသို့ ထွက်သွားခဲ့ကြလျှင် ထို့ပြင် အသင်တို့သည် လျော်ကြေးရယူပြီးခဲ့ကြလျှင်၊ ဇနီးမယားများထွက်သွားခဲ့ကြသော 'မို့အ်မင်န်' ယုံကြည်သူတို့အား သူတို့အကုန်အကျခံခဲ့ကြသည်နှင့်အညီအမျှ ပေးဆပ်ကြကုန်။ ထိုမှတစ်ပါး အသင်တို့ သက်ဝင်ယုံကြည်ကြသော အလ္လာဟ်အား ကြောက်ရွံ့ကြကုန်။

يٰٓاَيُّهَا النَّبِيُّ اِذَا جَاۗءَكَ الْمُؤْمِنٰتُ
يُبَايِعْنَكَ عَلٰٓى اَنْ لَّا يُشْرِكْنَ بِاللّٰهِ شَيْـــًٔا
وَّلَا يَسْرِقْنَ وَلَا يَزْنِيْنَ وَلَا يَقْتُلْنَ
اَوْلَادَهُنَّ وَلَا يَاْتِيْنَ بِبُهْتَانٍ يَّفْتَرِيْنَهٗ
بَيْنَ اَيْدِيْهِنَّ وَاَرْجُلِهِنَّ وَلَا يَعْصِيْنَكَ
فِيْ مَعْرُوْفٍ فَبَايِعْهُنَّ وَاسْتَغْفِرْ لَهُنَّ
اللّٰهَ ۭ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ⑬

၁၃။ အို-တမန်တော်၊ အကြင်အခါဝယ် သက်ဝင်ယုံကြည်သူ အမျိုးသမီးများသည် အသင့်ထံသို့လာ၍ သူမတို့သည် မည်သည်ကိုမျှ အလ္လာဟ်နှင့်တန်းတူထား 'ရှိရိက်'ပြုကြမည်မဟုတ်ပါ။ ခိုးဝှက်ခြင်းကိုလည်းပြုကြမည်မဟုတ်ပါ။ မတရားကာမမှုကိုလည်းမပြုကြပါ။ မိမိတို့၏သားသမီးများကိုလည်း မသတ်ဖြတ်ကြပါ။ (မည်သူတစ်ဦးတစ်ယောက်ကိုမျှ) မိမိတို့၏ လက်များ၊ ခြေများ၏ရှေ့တွင် လီဆယ်လုပ်ကြံ၍ မည်သို့သော မဟုတ်တမ်းတရားစွပ်စွဲမှုကိုမျှ မပြုလုပ်ကြပါ။ ထို့ပြင် ကောင်းမြတ်သောအမှု(ကိစ္စများ)၌ အသင့်အား မနာခံဖီဆန်ခြင်းကို မပြုကြပါဟူ၍ အသင့်ထံ 'ဘိုင်အတ်'သစ္စာခံကြလျှင် အသင်သည် သူမတို့၏ သစ္စာခံခြင်းကို လက်ခံပါလေ။ ထို့ပြင် အလ္လာဟ်၏ထံတွင် သူမတို့အတွက် ခွင့်လွှတ်ခြင်းကိုပန်ကြားပါလေ။ မလွဲဧကန် အလ္လာဟ်သည် လွန်စွာ ခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَوَلَّوْا قَوْمًا
غَضِبَ اللّٰهُ عَلَيْهِمْ قَدْ يَئِسُوْا مِنَ
الْاٰخِرَةِ كَمَا يَئِسَ الْكُفَّارُ مِنْ
اَصْحٰبِ الْقُبُوْرِ ۝١٣ ع

၁၃။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်၏ ပြင်းထန်စွာ အမျက်တော်ရှခြင်းခံရသော အမျိုးသားတို့ကို အဆွေခင်ပွန်း မဖွဲ့ကြကုန်လင့်။ မယုံကြည်ငြင်းပယ်သူတို့သည် သင်္ချိုင်းများအတွင်း၌ရှိကြသူများကို မျှော်လင့်ချက်ကုန်ခန်းသွားကြသကဲ့သို့ ထိုသူတို့သည် 'အာခေရတ်'တမလွန်ကို မျှော်လင့်ချက်ကင်းမဲ့သွားခဲ့ကြချေပြီတည်း။

❖ ❖ ❖

၆၁။ အလ်-ဆွာဖ်

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ်တော် (၁၅)ပိုဒ်ပါရှိသည်။

ပြီးခဲ့သောဆူရာဟ်၏နောက်ဆုံးပိုင်းတွင် 'ဘိုင်အတ်' ကတိသစ္စာပြုချက်အကြောင်းပါရှိရာ ယင်း၌ယုံကြည်သူအမျိုးသမီးတို့၏ တာဝန်များအကြောင်းကိုဖော်ပြထားသည်သာမက 'မို့အ်မင်နဲ်' အမျိုးသားတို့သည်လည်း 'ဘိုင်အတ်'ကတိသစ္စာကိုအကြောင်းပြု၍ ဤသည့်ပုံစံဖြင့် နာမ်(ဝိညာဉ်)ပိုင်းဆိုင်ရာ ရောဂါဘယများမှရှောင်ရှားကြရန် သစ္စာဆိုကြခြင်းဖြစ်သည်။ သို့ဖြစ်ရာ နှစ်ဦးလုံးကို ဆူရာဟ် 'အလ်-ဆွာဖ်'၏အစမှာပင် မိမိတို့၏ကတိသစ္စာပြုချက်တွင် အယောင်ဆောင်သီလကြောင်များမဖြစ်ကြရန်၊ သူတစ်ပါးကိုမူဆုံးမကြလျက် မိမိကိုယ်တိုင်က ယင်းကိုပြုလုပ်ဆောင်ရွက်ခြင်းမရှိသူမဖြစ်ကြရန်နှင့် အကယ်၍သာ အသင်တို့က ဖြူစင်သောသဒ္ဓါတရားဖြင့် 'ဘိုင်အတ်' ကတိသစ္စာအပေါ် တည်မြဲခဲ့ကြလျှင် အလ္လာဟ်အရှင်မြတ်က အသင်တို့၏စိတ်နှလုံးများကို ခဲရေသွန်းလောင်းထားသည့် တံတိုင်းတစ်ခုပမာ ရန်သူတို့ရှေ့တွင် မားမားမတ်မတ်တည်လျက်ရှိသကဲ့သို့ တွဲစပ်ကပ်ငြိလျက်ရှိစေတော်မူမည်ဟု အသေအချာဆုံးမထားတော်မူပေသည်။

ဤသည့်ဆူရာဟ်တွင် တမန်တော်မြတ် မိုဟမ္မဒ်မူစ်တဖာ ﷺ နှင့်စပ်လျဉ်း၍ တမန်တော်အီစာ ﷺ ဟောထားခဲ့သော ရှေ့ဖြစ်နိမိတ်အကြောင်းလည်းပါရှိပေသည်။ ယင်း၌ တမန်တော်မြတ် ﷺ ၏ အခြားတစ်မျိုးသောနာမတော်ဖြစ်သည့် သိမ်မွေ့ခြင်းဂုဏ်ကိုဖော်ကျူးရာဖြစ်သော **'အဟ်မဒ်'**အမည်အကြောင်း ဖော်ပြထားတော်မူသည်။ **'အဟ်မဒ်'**နှင့်ဆက်စပ်သောအားဖြင့် ယင်း၏နောက်တွင် ဖော်ပြချက်များအရ တမန်တော်မြတ် ﷺ ၏သိမ်မွေ့ခြင်းကိုဖော်ကျူးရာတစ်ပါးသည် آخرين နှောင်းလူတို့၏ ခေတ်တွင် ပေါ်ထွန်းလာမည့်အကြောင်းသိရှိရလေသည်။ ထိုခေတ်တွင် အစ္စလာမ်၏လှုပသိမ်မွေ့မှု 'ဂျမာလီ'အသွင်ဖြင့် အလုပ်အကျွေးပြုရန် ထိုပုဂ္ဂိုလ်နှင့် ၎င်း၏နောက်လိုက်များအား အခွင့်အရေးရရှိပေလိမ့်မည်။ ဤသည် နှောင်း(ခေတ်)အတွက် နိမိတ်ဟောချက်ဖြစ်ကြောင်း ထိုပုံစံက ဖော်ကျူးပြသလျက်ရှိပေသည်။

ဤဆူရာဟ်၏နိဂုံးတွင် တမန်တော်အီစာ ﷺ နှင့် တမန်တော်အီစာ၏ရှေ့ဖြစ် နိမိတ်ဟောချက်များအကြောင်း ဖော်ပြနေသည်ဖြစ်၍ တမန်တော်အီစာက အလ္လာဟ်အတွက် မိမိအားကူညီမည့်သူကား အဘယ်သူနည်းဟု ကြေညာဘိသကဲ့သို့ နှောင်းခေတ်တွင် ဒုတိယအကြိမ် ကြေညာချက်ထုတ်ပြန်မှုရှိသော် ဖော်ပြပါကြိုတင်နိမိတ်အပေါ် စစ်မှန်သောစိတ်နှလုံးဖြင့် ယုံကြည်ခဲ့ကြသော မွတ်စလင်အပေါင်းတို့ကလည်း ကျွန်ုပ်တို့သည် တမန်တော်မြတ် ﷺ ချမှတ်ခဲ့သော 'ဒီန်'သာသနာတော်ကို နည်းလမ်းပေါင်းစုံမှ အကူအညီပေးကြရန်အတွက် မဆီဟ်မိုဟမ္မဒီ၏ သာသနာ့အကျိုးဆောင်လုပ်ငန်းများတွင် ကူညီသူများဖြစ်ကြပါမည်ဟု ကြေညာကြလျက် မဆီဟ်မိုဟမ္မဒီ၏အလံတော်အောက်သို့ စုရုံးဝင်ရောက်ကြရန် တာဝန်ရှိပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဆွာဖ်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၅)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

سَبَّحَ لِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ۚ وَهُوَ الْعَزِيْزُ الْحَكِيْمُ ①

၂။ မိုးကောင်းကင်များတွင်ရှိသည်တို့နှင့် ကမ္ဘာမြေတွင်ရှိသည်တို့သည် အလ္လာဟ်အားသာလျှင် စင်ကြယ်သန့်ရှင်းတော်မူကြောင်း 'တာစ်ဘီ'ပြုတသလျက်ရှိကြ၏။ ထို့ပြင် ထိုအရှင်မြတ်သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لِمَ تَقُوْلُوْنَ مَا لَا تَفْعَلُوْنَ ①

၃။ အို- သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ မပြုလုပ်ကြသည်ကို အဘယ့်ကြောင့်ပြောဆိုကြသနည်း။

كَبُرَ مَقْتًا عِنْدَ اللّٰهِ اَنْ تَقُوْلُوْا مَا لَا تَفْعَلُوْنَ ①

၄။ အသင်တို့မပြုလုပ်သည်ကို ပြောဆိုခြင်းမှာ အလ္လာဟ်၏ထံတော်ဝယ် အလွန်ကြီးလေးသောအပြစ်ဖြစ်၏။

اِنَّ اللّٰهَ يُحِبُّ الَّذِيْنَ يُقَاتِلُوْنَ فِىْ سَبِيْلِهٖ صَفًّا كَاَنَّهُمْ بُنْيَانٌ مَّرْصُوْصٌ ①

၅။ ဧကန်ပင် အလ္လာဟ်သည် အရှင်မြတ်၏လမ်းတော်တွင် ခဲရည်သွန်းလောင်းထားသော တံတိုင်းတစ်ခုသဖွယ် စီတန်း၍ တိုက်ခိုက်ကြသောသူတို့အား ချစ်ခင်နှစ်သက်တော်မူ၏။

وَاِذْ قَالَ مُوْسٰى لِقَوْمِهٖ يٰقَوْمِ لِمَ تُؤْذُوْنَنِىْ وَقَدْ تَّعْلَمُوْنَ اَنِّىْ رَسُوْلُ اللّٰهِ اِلَيْكُمْ ۖ فَلَمَّا زَاغُوْٓا اَزَاغَ اللّٰهُ قُلُوْبَهُمْ ۗ وَاللّٰهُ لَا يَهْدِى الْقَوْمَ الْفٰسِقِيْنَ ①

၆။ ထို့ပြင် (သတိရကြလေကုန်)၊ အကြင်အခါဝယ် မူစာက မိမိအမျိုးသားတို့အား၊ အို-ကျွန်ုပ်၏အမျိုးသားတို့၊ အသင်တို့သည် ကျွန်ုပ်အား အဘယ့်ကြောင့် ဒုက္ခပေးကြသနည်း။ အမှန်သော်ကား ကျွန်ုပ်သည် အသင်တို့ထံသို့ အလ္လာဟ်၏ (ထံမှ) တမန်တော်ဖြစ်သည်ကို အသင်တို့သိရှိကြကုန်၏။ သို့ဖြစ်ရာ ထိုသူတို့သည် တိမ်းချော်သွားကြသောအခါ အလ္လာဟ်သည် သူတို့၏ စိတ်နှလုံးများကို တိမ်းချော်လွဲမှားစေတော်မူ၏။ အလ္လာဟ်သည် မနာခံဖီဆန်သော အမျိုးသားတို့အား လမ်းညွှန်တော်မမူချေ။

وَاِذْ قَالَ عِيْسَى ابْنُ مَرْيَمَ يٰبَنِىْٓ اِسْرَآءِيْلَ اِنِّىْ رَسُوْلُ اللّٰهِ اِلَيْكُمْ مُّصَدِّقًا لِّمَا بَيْنَ يَدَىَّ مِنَ التَّوْرٰىةِ وَمُبَشِّرًا بِرَسُوْلٍ يَّاْتِىْ مِنْۢ بَعْدِى اسْمُهٗٓ اَحْمَدُ ۖ فَلَمَّا جَآءَهُمْ بِالْبَيِّنٰتِ قَالُوْا

၇။ ထိုမှတစ်ပါး (သတိရကြကုန်) အကြင်အခါဝယ် 'မရ်ယမ်'၏သား 'အီစာ'ကပြောကြားသည်မှာ၊ အို-အစ္စရာအီလ်မျိုးနွယ်ဝင်အပေါင်းတို့၊ ဧကန်စင်စစ် ကျွန်ုပ်သည် အသင်တို့ထံသို့ အလ္လာဟ်၏(ထံမှ) တမန်တော်ဖြစ်၏။ အကြင် 'တောင်ရတ်'ကျမ်းမှ ကျွန်ုပ်၏ရှေ့မှောက်တွင်ရှိသည်ကို မှန်ကန်ကြောင်း ထောက်ခံရန်လည်းကောင်း၊ ကျွန်ုပ်၏နောက်တွင် 'အဟ်မဒ်'ဟူသောအမည်ဖြင့် ပွင့်ပေါ်လာရောက်မည့် ကြီးမြတ်သော တမန်တော်တစ်ပါး၏ ဝမ်းမြောက်ဖွယ်သတင်းကောင်းကို

هٰذَا سِحْرٌ مُّبِيْنٌ ۝٧

ဆောင်ယူ၍လည်းကောင်း ပွင့်ပေါ်လာရောက်ခြင်းဖြစ်၏။ သို့ပါလျက် ထိုတမန်တော်သည် ထင်ရှားလှသော သက်သေလက္ခဏာတော်များဖြင့် သူတို့ထံသို့ ရောက်ရှိလာသောအခါ သူတို့က ဤသည်မှာ ပွင့်လင်းထင်ရှားလှစွာသော မှော်အတတ်တစ်ရပ်ပင်ဖြစ်သည်ဟု ပြောဆိုကြ၏။ ②

وَمَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَى اللّٰهِ الْكَذِبَ وَ هُوَ يُدْعٰٓى اِلَى الْاِسْلَامِ ؕ وَ اللّٰهُ لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ ۝٧

၈။ ထို့ပြင် အလ္လာဟ်အား အကြောင်းခံ၍ မဟုတ်မမှန်လိမ်ဆယ်ပြောဆိုသူထက် ပို၍မတရားသောသူ အဘယ်သူရှိနိုင်အံ့နည်း။ စင်စစ်သော်ကား သူ့အား အစွမ်းလာမ်ဘက်သို့ ဖိတ်ခေါ်ခြင်းခံရပေသည်။ ထို့ပြင် အလ္လာဟ်သည် မတရားသောလူမျိုးနွယ်တို့ကို လမ်းညွှန်တော်မမူချေ။

يُرِيْدُوْنَ لِيُطْفِـُٔوْا نُوْرَ اللّٰهِ بِاَفْوَاهِهِمْ وَاللّٰهُ مُتِمُّ نُوْرِهٖ وَلَوْ كَرِهَ الْكٰفِرُوْنَ ۝٨

၉။ ထိုသူတို့သည် အလ္လာဟ်၏'နူရ်'အလင်းကို မိမိတို့ပါးစပ်ဖြင့်မှုတ်၍ ငြိမ်းသတ်လိုကြ၏။ အမှန်သော်ကား မယုံကြည်ငြင်းပယ်သူ'ကာဖိရ်'များ မည်မျှပင် မနှစ်မြို့ခြင်းဖြစ်စေကာမူ အလ္လာဟ်သည် မိမိ၏'နူရ်'အလင်းကို ပြည့်ဝစုံလင်အောင် ပြုတော်မူမည့်အရှင် ဖြစ်တော်မူ၏။ ③

هُوَ الَّذِىْٓ اَرْسَلَ رَسُوْلَهٗ بِالْهُدٰى وَدِيْنِ الْحَقِّ لِيُظْهِرَهٗ عَلَى الدِّيْنِ كُلِّهٖ ۙ وَلَوْ كَرِهَ الْمُشْرِكُوْنَ ۝٩

၁၀။ ထိုအရှင်မြတ်သည်ပင် မိမိတမန်တော်အား လမ်းညွှန်တော်နှင့် စစ်မှန်သော သာသနာတော်တို့ဖြင့် စေလွှတ်တော်မူပေ၏။ သို့ဖြင့် 'မူရှရိုက်'တို့ မည်မျှပင်မနှစ်မြို့ခြင်းဖြစ်စေကာမူ ထိုအရှင်မြတ်သည် ယင်းကို သာသနာ(၏အကိုင်းအခက် အဖြာဖြာ)အပေါ် လုံးဝဥဿုံ လွှမ်းမိုးအောင်မြင်စေတော်မူရန်ဖြစ်၏။ ④

ရှက်-၂

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا هَلْ اَدُلُّكُمْ عَلٰى

၁၁။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အား ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်တစ်ရပ်မှ ကယ်တင်လွှတ်

① ဤအာယတ်တော်တွင် တမန်တော်မြတ်ﷺ၏ 'အဟ်မဒီယတ်'ဂုဏ်တော်ပေါ်လွင်ထင်ရှားခြင်းဆိုင်ရာ အနာဂတ္တိဗျာဒိတ်ကို ဖော်ပြတော်မူခြင်းဖြစ်သည်။ တမန်တော်မြတ်ﷺသည် တမန်တော်မူစာ ကြိုတင်နိမိတ်ဟောခဲ့သည့်အတိုင်း 'မိုဟမ္မဒ်'အသွင်ဖြင့်ပေါ်လွင်ထင်ရှားခဲ့သည်။ ထို့ပြင် တမန်တော်အီစာﷺဟောကြားခဲ့သော ကြိုတင်နိမိတ်ဟောချက်နှင့်အညီ 'အဟ်မဒ်'အသွင်ဖြင့်လည်း ထင်ရှားခဲ့လေသည်။

② ဟာဇရတ် မဆီဟ်မော်အူးဒ်ﷺမိန့်ကြားတော်သည်မှာ-

'ဤအာယတ်တော်တွင် ရှင်းလင်းစွာ နားလည်စေသည်မှာ မဆီဟ်မော်အူးဒ်သည် တစ်ဆယ့်လေးရာစုတွင် မွေးဖွားလိမ့်မည်။ အကြောင်းမူ အလင်းရောင်ပြည့်ဝရန်အတွက် တစ်ဆယ့်လေးရက်ည၌်ကို သတ်မှတ်ထားရှိသောကြောင့်ဖြစ်သည်။' (တို့ဟ်ဖွာဂိုလရ်ဝီယာဟ်ကျမ်း၊ ရှုဟာနီခဇာအင်္ဂန်၊ တွဲ-၁၇၊ စာ-၁၂၄။)

③ ဤအာယတ်တော်တွင် တမန်တော်မြတ်ﷺမှာ ကမ္ဘာလုံးဆိုင်ရာ တမန်တော်ဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြချက်ပါရှိလေသည်။ ဆိုလိုသည်မှာ ကိုယ်တော်မြတ်သည် ဘာသာတစ်ခုကိုယုံကြည်သူ အုပ်စုတစ်စုတည်းထံသို့ ပွင့်ပေါ်ခြင်းမဟုတ်မူ၍ ကမ္ဘာနှင့်အဝန်းတွင် ထင်ရှားခဲ့သမျှသော ဘာသာသာသနာများ၏နောက်လိုက်သူအားလုံးထံသို့ စေလွှတ်ခြင်းခံရသည့်အပြင် ၎င်းတို့အပေါ် အောင်မြင်လွှမ်းမိုးမည်ဖြစ်သည်။

ဟာဇရတ် မဆီဟ်မော်အူးဒ်ﷺမိန့်ကြားတော်မူသည်မှာ- 'ဤသည် ကုရ်အာန်ကျမ်းမြတ်၏ ကြီးကျယ်ခမ်းနားသော အနာဂတ္တိဗျာဒိတ်တစ်ပုဒ်ဖြစ်ပေသည်။ ယင်းနှင့်စပ်လျဉ်း၍ ဤသည်မှာ မဆီဟ်မော်အူးဒ်၏လက်ထက်တွင် ပြည့်စုံလိမ့်မည်ဟု သုတေသီသာသနာ့ပညာရှင်တို့၏ တညီတညွတ်တည်းသောအတည်ပြုချက်ရှိပေသည်။' (တရ်ယာကွလ်ကူလူးဘ်၊ ရှုဟာနီခဇာအင်္ဂန်၊ တွဲ-၁၅၊ စာ-၂၃၂)

تِجَارَةٍ تُنْجِيْكُمْ مِّنْ عَذَابٍ اَلِيْمٍ ۝١٠

မြောက်စေမည့် ရောင်းဝယ်ဖောက်ကားမှုတစ်ရပ်ကို ငါအရှင် မြတ်သည် အသင်တို့အား ဖော်ပြရမည်လော။

تُؤْمِنُوْنَ بِاللّٰهِ وَ رَسُوْلِهٖ وَ تُجَاهِدُوْنَ فِيْ سَبِيْلِ اللّٰهِ بِاَمْوَالِكُمْ وَاَنْفُسِكُمْ ؕ ذٰلِكُمْ خَيْرٌ لَّكُمْ اِنْ كُنْتُمْ تَعْلَمُوْنَ ۝١١

၁၂။ အသင်တို့သည် (အကြင်)အလ္လာဟ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏တမန်တော်အားလည်းကောင်း သက်ဝင်ယုံကြည်ကြကုန်၏။ ထို့ပြင် အလ္လာဟ်၏လမ်းတော်တွင် မိမိတို့၏ ပစ္စည်းဥစ္စာများဖြင့်လည်းကောင်း၊ မိမိတို့၏အသက်များဖြင့် လည်းကောင်း 'ဂျိဟာဒ်'ကြိုးပမ်းအားထုတ်ကြကုန်၏။ အကယ်၍ အသင်တို့ သိရှိကြလျှင် ဤသည် အသင်တို့အဖို့ လွန်စွာ ကောင်းမြတ်လှပေ၏။ ★

يَغْفِرْ لَكُمْ ذُنُوْبَكُمْ وَيُدْخِلْكُمْ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ وَمَسٰكِنَ طَيِّبَةً فِيْ جَنّٰتِ عَدْنٍ ؕ ذٰلِكَ الْفَوْزُ الْعَظِيْمُ ۝١٢

၁၃။ ထိုအရှင်မြတ်သည် အသင်တို့၏အပြစ်များကို ခွင့်လွှတ်တော်မူမည်။ ထို့ပြင် အသင်တို့အား အခြေတွင် စမ်းချောင်းများ စီးဆင်းလျက်ရှိသော 'ဂျန္နတ်'ဥယျာဉ်တော်များအတွင်းသို့လည်းကောင်း၊ အစဉ်ထာဝရနေထိုင်ကြရမည့် 'ဂျန္နတ်'များအတွင်း ရှိသန့်ရှင်းသောနေအိမ်များတွင်လည်းကောင်း ဝင်ရောက်စေတော်မူမည်။ ဤကား အလွန်ကြီးကျယ်သော အောင်မြင်မှုဖြစ်၏။

وَ اُخْرٰى تُحِبُّوْنَهَا ؕ نَصْرٌ مِّنَ اللّٰهِ وَفَتْحٌ قَرِيْبٌ ؕ وَبَشِّرِ الْمُؤْمِنِيْنَ ۝١٣

၁၄။ ထို့ပြင် အသင်တို့ လွန်စွာလိုလားနှစ်သက်ကြကုန်သော အခြားတစ်ခု(သော သတင်းကောင်းလည်း)ရှိ၏။ အလ္လာဟ်၏အထံတော်မှ ကူညီစောင်မတော်မူခြင်းနှင့် နီးကပ်သော အောင်မြင်မှုပင်ဖြစ်၏။ သို့ဖြစ်ရာ အသင်သည် သက်ဝင်ယုံကြည်သူတို့အား ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ပေးပါလော။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا كُوْنُوْۤا اَنْصَارَ اللّٰهِ كَمَا قَالَ عِيْسَى ابْنُ مَرْيَمَ لِلْحَوَارِيّٖنَ مَنْ اَنْصَارِيْۤ اِلَى اللّٰهِ ؕ قَالَ الْحَوَارِيُّوْنَ نَحْنُ اَنْصَارُ اللّٰهِ فَاٰمَنَتْ طَّآئِفَةٌ مِّنْ بَنِيْۤ اِسْرَآءِيْلَ وَ كَفَرَتْ طَّآئِفَةٌ ۚ فَاَيَّدْنَا الَّذِيْنَ اٰمَنُوْا عَلٰى عَدُوِّهِمْ فَاَصْبَحُوْا ظٰهِرِيْنَ ۝١٤

၁၅။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်၏ထံတော်သို့ လမ်းညွှန်မှုပြုရာတွင် ကျွန်ုပ်အား ကူညီမည့်သူ အဘယ်သူနည်းဟု 'မရ်ယမ်'၏သား'အီစာ'က 'ဟဝါရီ'သာဝကတော်များအား ပြောကြားခဲ့ရာ 'ဟဝါရီ'များက ကျွန်ုပ်တို့သည် အလ္လာဟ်၏ 'အာန်ဆွာရ်'အကူအညီပေးသူများ ဖြစ်ကြပါ၏'ဟု ဆိုကြဘိသကဲ့သို့ (အသင်တို့သည်) အလ္လာဟ်အား အကူအညီပေးသူ 'အာန်ဆွာရ်'များဖြစ်ကြကုန်။ သို့ဖြစ်ရာ အစ္စရာအီလ်မျိုးနွယ်များအနက် အုပ်စုတစ်စုသည် သက်ဝင်ယုံကြည်လာကြပြီး အုပ်စုတစ်စုသည်ငြင်းပယ်လိုက်ကြလေသည်။ သို့ကြောင့် ငါတို့သည် ထိုသက်ဝင်ယုံကြည်သူတို့အား သူတို့၏ရန်သူများနှင့်ဆန့်ကျင်လျက် အကူအညီပေးတော်မူခဲ့ရာ သူတို့သည် လွှမ်းမိုးအောင်နိုင်ခဲ့ကြပေသတည်း။

❖ ❖ ❖

★ ဤဘာသာပြန်နည်းစနစ်ကို **املاء ما منَ به الرحمن** ကျမ်းမှ မှီးထားသည်။

၆၂။ အလ်-ဂျူမုအဟ်

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး 'ဗစ္စမိလ္လာဟ်'အပါအဝင် 'အာယတ်' မုဂ္ဂပါဠိတော် (၁၂)ပိုဒ် ပါရှိသည်။

ဤဆူရာဟ်သည် ပြီးခဲ့သောဆူရာဟ်တွင်ဖော်ပြထားသည့် အလုံးစုံသော အနာဂတ်တို့ဗျာဒိတ်တော်များ၏ စုစည်းရာဖြစ်သည်။ ထို့ပြင် ဤတွင် **جمع** ပေါင်းစုံစုစည်းမှု၏ အနက်အဓိပ္ပာယ်အားလုံးကို ဖော်ပြတော်မူသည်။ ဆိုလိုသည်မှာ တမန်တော်မြတ်ﷺသည် 'အာခရိန်'(နှောင်းလူ)တို့ကို 'အောင်ဝါလိန်'(ရှေးလူ)တို့နှင့်ပေါင်းစည်းပေးရာ ပေါင်းကူးဖြစ်ပေလိမ့်မည်။ ထို့ပြင် မိမိ၏'ဂျလာလီ' ဘုန်းတော်နှင့် 'ဂျမာလီ'သိမ်မွေ့လှပသောဂုဏ်တော်များ ထွန်းပခြင်းကိုလည်း ပေါင်းစုံစုစည်းစေတော်မူမည်။ ထို့ပြင် သောကြာနေ့တွင် မွတ်စလင်တို့သည် အပတ်စဉ် စုစည်းကြရပေရာ ယင်းကိုလည်း ဤဆူရာဟ်၌ပင် ဖော်ပြထားပေသည်။

ထို့ပြင် ဤသည်၏နိဂုံးပိုင်းတွင် နောက်ပိုင်း(ကာလများ)တွင် ရောက်ရှိလာကြမည့် မွတ်စလင်များသည် ဥစ္စာရှာဖွေရေးနှင့် စီးပွားရေးကိစ္စများ၌ အလုပ်များလျက်ရှိပြီး တမန်တော်မြတ်ﷺအား အထီးကျန်ပစ်ထားလိုက်ကြမည်ဆိုသည့် ကြိုတင်နိမိတ်ကိုလည်း ဖော်ပြတော်မူသည်။ ဤအာယတ်တော်နှင့်စပ်လျဉ်း၍ အချို့သော အိုလမာများက တမန်တော်မြတ်ﷺ၏ခေတ်ကာလတွင် ဤသို့ဖြစ်လေ့ရှိခဲ့ကြောင်းနှင့် အန္တရာယ်ကြီးမားလှသော စစ်ပွဲများ၌သော်မှ တမန်တော်မြတ်ﷺအား တစ်ဦးတည်း အထီးကျန်မထားရစ်ခဲ့ကြသော 'ဆွဟာဘာ'သာဝကကြီးများက ခရီးသွားကုန်သည်အုပ်စု၏ သတင်းကိုရရှိသောအခါ ကိုယ်တော်မြတ်ﷺအားစွန့်ထားပြီး ယင်းတို့ဘက်သို့ ပြေးသွားလေ့ရှိခဲ့ကြသည်ဟု ဖွင့်ဆိုဖော်ပြခဲ့ကြသည်။ ဤသည် တမန်တော်မြတ်ﷺ၏ သာဝကတော်များအား ယိုးစွပ်မှုတစ်ခုသာ ဖြစ်သည်။

ဤတွင် လက်တွေ့ပိုင်းအရ မိမိတို့၏'ဒီန်'သာသနာတော်ကို မေ့ပျောက်လျက်ရှိနေကြပြီး တမန်တော်မြတ်ﷺပို့ချခဲ့သော သတင်းကောင်းနှင့် တစ်စုံတစ်ရာပတ်သက်မှုမရှိကြတော့သည့် 'အာခရိန်' နှောင်းခေတ်မွတ်စလင်တို့၏ခေတ်ကာလအကြောင်းကို အမှန်တကယ် ဖော်ပြထားခြင်းသာဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဂျုမုအဟ်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၂)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

يُسَبِّحُ لِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ الْمَلِكِ الْقُدُّوْسِ الْعَزِيْزِ الْحَكِيْمِ ①

၂။ မိုးကောင်းကင်များတွင်ရှိသည်တို့နှင့် ကမ္ဘာမြေဝယ်ရှိသည်တို့သည် အလ္လာဟ်အားသာလျှင် သန့်ရှင်းစင်ကြယ်တော်မူကြောင်း 'တာစ်ဘီ'ပြု တသကြကုန်၏။ ထိုအရှင်မြတ်သည် ရှင်ဘုရင်ဖြစ်တော်မူ၏။ သန့်ရှင်းစင်ကြယ်တော်မူ၏။ အကြင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

هُوَ الَّذِيْ بَعَثَ فِي الْاُمِّيّٖنَ رَسُوْلًا مِّنْهُمْ يَتْلُوْا عَلَيْهِمْ اٰيٰتِهٖ وَيُزَكِّيْهِمْ وَيُعَلِّمُهُمُ الْكِتٰبَ وَالْحِكْمَةَ ۗ وَاِنْ كَانُوْا مِنْ قَبْلُ لَفِيْ ضَلٰلٍ مُّبِيْنٍ ②

၃။ ထိုအရှင်မြတ်သည်ပင်၊ 'အွမ္မီ'တို့တွင် သူတို့အနက်မှပင် ကြီးမြတ်သော တမန်တော်တစ်ပါးကို စေလွှတ်ပွင့်ပေါ်စေတော်မူ၏။ သူသည် ထိုသူတို့အား ထိုအရှင်မြတ်၏'အာယတ်'မုကွပါဠိတော်များကို ဖတ်ရွတ်ပြ၏။ ထို့ပြင် သူတို့အား သန့်ရှင်းစင်ကြယ်အောင်ပြုလုပ်၏။ ထို့ပြင် သူတို့အား ကျမ်းတော်နှင့် ဉာဏ်အမြော်အမြင်၏ပညာကို သင်ပေး၏။ စင်စစ်မှာမူ သူတို့သည် ထို့ထက်အလျင်က ပွင့်လင်းထင်ရှားသော လမ်းလွဲမှုဌ်ရှိခဲ့ကြပေသည်။ ②

وَّاٰخَرِيْنَ مِنْهُمْ لَمَّا يَلْحَقُوْا بِهِمْ ۗ وَهُوَ الْعَزِيْزُ الْحَكِيْمُ ①

၄။ ဤတွင်မက သူတို့အနက်မှ သူတို့နှင့် ယခုတိုင်ပေါင်းစည်းခြင်းမရှိသေးသော အခြားသူများထံသို့လည်း (သူအား ပွင့်ပေါ်စေတော်မူ၏)၊ ထိုအရှင်မြတ်သည် အကြင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်

---

② ဤအာယတ်တော်တွင် တမန်တော်မြတ်ﷺ၏တစ်မူထူးခြားသော ဂုဏ်ရှိန်များကိုဖော်ပြထားပေသည်။ ယင်းတို့မှာ ကိုယ်တော်မြတ်ﷺသည် မိမိအပေါ် ယုံကြည်သက်ဝင်ခြင်းရှိကြသူတို့အား 'အာယတ်'မုကွပါဠိတော်များကို ဖတ်ရွတ်ပြသခြင်းနှင့်အတူ ၎င်းတို့အား ကျမ်းတော်၏အသိပညာ သို့မဟုတ် 'ဟီက်မတ်'တွေးခေါ်မြော်မြင်မှုပညာကိုမသင်ပြမီ ၎င်းတို့အား အပြစ်ကင်းသန့်စင်အောင် ပြုပေးတော်မူခဲ့၏။ ဤသည်ထက်အလျင် ဆူရာဟ်'အလ်ဘကရာဟ်'၊ အာယတ်တော်(၁၃၀)တွင် တမန်တော်မြတ်ﷺပွင့်ပေါ်ခြင်းနှင့် ဆက်နွယ်သော တမန်တော်အစ်ဗရာဟင်မ်ﷺ၏ 'ဒိုအာ'အကြောင်းဖော်ပြထားသည်။ အလ္လာဟ်၏အာယတ်တော်များကို ထိုသူတို့အား ရွတ်ဆိုပြသခြင်း၊ ထို့နောက် ထိုသူတို့ကို အသိပညာနှင့်အမြော်အမြင်တရားကို သင်ကြားပို့ချခြင်းနှင့် ယင်း၏အကျိုးဆက်အားဖြင့် ၎င်းတို့အား စင်ကြယ်သန့်ရှင်းအပြစ်ကင်းအောင်ပြုပေးခြင်းတို့ကိုဆောင်ရွက်မည့် တမန်တော်ကို စေလွှတ်ပွင့်ပေါ်စေတော်မူပါရန် တမန်တော်ကြီးက ဆုတောင်းခဲ့လေသည်။ ဤဆုတောင်းပန်ထွာချက်၏ပြည့်စုံခြင်းကို နေရာ(၃)ခုတွင်ဖော်ပြထားသည်။ သို့သော် ယင်းနေရာ(၃)ခုစလုံးတွင် တမန်တော်မြတ်ﷺသည် အာယတ်တော်များကို ရွတ်ဖတ်ပြသခြင်းနှင့်အတူ အပြစ်ကင်းသန့်စင်အောင် ပြုတော်မူခဲ့ခြင်းနှင့် ကျမ်းတော်နှင့်ဉာဏ်ပညာအမြော်အမြင်သင်ပြခဲ့ကြောင်း ဖော်ပြလာရှိထားပေသည်။ ဤသည်မှာ ကျမ်းမြတ်ကုရ်အာန်၏ ကြီးကျယ်ခမ်းနားလှပသော 'မိဂျဇ'တန်ခိုးနိမိတ်ပင်ဖြစ်ပေသည်။ သို့ဖြစ်ရာ(၂၃)နှစ်ကြာကာလတွင် ကျရောက်သော်လည်း ထိုကျမ်းတော်၏ အာယတ်တော်များတွင် မည်သည့်နေရာတွင်မျှ ဝိရောဓိမရှိခြင်းကပင် ကျမ်းမြတ်ကုရ်အာန်၏ ဝိသေသထူးလှသော အံ့ဖွယ်နိမိတ်ပင်ဖြစ်ပေသည်။

ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏။ ①

ذٰلِكَ فَضْلُ اللّٰهِ يُؤْتِيْهِ مَنْ يَّشَآءُ ؕ وَاللّٰهُ ذُو الْفَضْلِ الْعَظِيْمِ ①

၅။ ဤသည် အလ္လာဟ်၏ 'ဖဇ်လ်'ကျေးဇူးတော်ဖြစ်၏။ ထိုအရှင်မြတ်သည် ယင်းကို မိမိနှစ်လို့တော်မူသောသူအား ပေးသနားတော်မူ၏။ ထို့ပြင် အလ္လာဟ်သည် အလွန်ကြီးကျယ်သော ကျေးဇူးတော်ရှင် ဖြစ်တော်မူ၏။ ②

مَثَلُ الَّذِيْنَ حُمِّلُوا التَّوْرٰىةَ ثُمَّ لَمْ يَحْمِلُوْهَا كَمَثَلِ الْحِمَارِ يَحْمِلُ اَسْفَارًا ؕ بِئْسَ مَثَلُ الْقَوْمِ الَّذِيْنَ كَذَّبُوْا بِاٰيٰتِ اللّٰهِ ؕ وَاللّٰهُ لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ ①

၆။ 'တောင်ရတ်'ကျမ်းတော်၏တာဝန်ကို ပေးခြင်းခံရပြီးမှ ယင်း(တာဝန်)ကို (ထိုက်သင့်မှန်ကန်စွာ) ထမ်းဆောင်ခြင်းမရှိကြသော ထိုသူတို့၏ဥပမာကား ကျမ်းစာအုပ်များ၏ဝန်ကို ထမ်းပိုးထားသော မြည်းသတ္တဝါကဲ့သို့ဖြစ်၏။ အလ္လာဟ်၏ 'အာယတ်'မုကွပါဠိတော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြသောသူတို့၏ဥပမာကား အဘယ်မျှ ဆိုးရွားလှပေသနည်း။ စင်စစ် အလ္လာဟ်သည် အမှားကျူးလွန်သော အမျိုးသားတို့အား လမ်းညွှန်တော်မမူချေ။

قُلْ يٰٓاَيُّهَا الَّذِيْنَ هَادُوْٓا اِنْ زَعَمْتُمْ اَنَّكُمْ اَوْلِيَآءُ لِلّٰهِ مِنْ دُوْنِ النَّاسِ فَتَمَنَّوُا الْمَوْتَ اِنْ كُنْتُمْ صٰدِقِيْنَ ①

၇။ အသင်ပြောကြားပါလေ။ အို-ရဗ္ဗီဖြစ်ကြသောသူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် လူသားအားလုံးတို့မှ တစ်ပါး အသင်တို့သည်သာ အလ္လာဟ်၏အဆွေခင်ပွန်းဖြစ်သည်ဟုထင်မှတ်ကြလျှင် အသင်တို့သည် မှန်ကန်သူများ

---

① ဤအာယတ်တော်တွင် آخـرين နောင်းပိုင်းအစုဝင်များအကြောင်းဖော်ပြထားပေရာ ယင်းတွင် ပြီးခဲ့သော အာယတ်တော်၌ ဖော်ပြပြီးဖြစ်သော တမန်တော်ကိုပင် ပွင့်ပေါ်စေတော်မူမည့်အကြောင်းလာရှိထားပေသည်။ **(هُوَ الَّذِىْ بَعَثَ فِى الْاُمِّيّٖنَ رَسُوْلًا)** သို့ရာတွင် အာယတ်အမှတ်(၂)၏နောက်ဆုံးတွင်ဖော်ပြထားသော ဂုဏ်တော်(၄)ပါးကို ယခုအာယတ်တော်၏အဆုံးတွင် ဖော်ပြထားခြင်းမရှိမူဘဲ 'အဇီးဇ်'နှင့် 'ဟကီးမ်'ဂုဏ်တော်နှစ်ပါးတည်းကိုသာ ပြန်လည်ဖော်ပြထားပေသည်။ ယင်းအားဖြင့်သိရှိရသည်မှာ အစပထမတွင်ဖော်ပြထားသော ထိုတမန်တော်မြတ်သည်ပင် ဒုတိယအကြိမ်ပွင့်ပေါ်လိမ့်မည်မဟုတ်မူ၍ 'ရှရီအတ်'ရ တမန်တော်မဟုတ်သော အထက်ဖော်ပြပါတမန်တော်၏ 'ဇီလ်'ပုံရိပ်သဖွယ်ဖြစ်သူအား ပွင့်ပေါ်စေတော်မူမည်ဖြစ်ပေသည်။ တမန်တော်အီစာ ﷺ နှင့် စပ်လျဉ်း၍လည်း စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ ဤသည့်ဂုဏ်တော်(၂)ပါးကိုပင် ဖော်ပြထားတော်မူခြင်းဖြစ်သည်။ အာယတ်တော်လာရှိသည်မှာ- **بَلْ رَّفَعَهُ اللّٰهُ اِلَيْهِ وَكَانَ اللّٰهُ عَزِيْزًا حَكِيْمًا** (၄း၁၅၉-ရှ)

② ဤအာယတ်တော်အားဖြင့်သာဓကရရှိသည်မှာ ဤစကားရပ်သည် တမန်တော်မြတ် ﷺ ၏ကနဦးပွင့်ပေါ်ခြင်းနှင့် မသက်ဆိုင်ချေ။ သို့မဟုတ်လျှင် **يُؤْتِيْهِ مَنْ يَّشَآءُ** ဟု မိန့်တော်မူရန်မလိုအပ်ပေ။ သို့သော် ဤသည်၏ဆိုလိုရင်းမှာ ကိုယ်တော်မြတ် ﷺ ၏ ဒုတိယအကြိမ်ကြွမြန်းခြင်းဖြစ်ပြီး ယင်းသည် ကိုယ်တော်မြတ်အား နောက်လိုက်နာခံခြင်းဖြင့် ပေါ်ထွန်းမည်ဖြစ်သော 'အွမ္မတီနဗီ'(တပည့်သားအတွင်းမှ တမန်တော်)တစ်ပါး၏အသွင်ဖြင့်ဖြစ်မည်ကို ဆိုလိုခြင်းဖြစ်သည်။ စင်စစ် ဤဂုဏ်သိက္ခာမှာ အလ္လာဟ်က မိမိနှစ်လို့သူအားပေးသနားတော်မူလိုက်သော 'ဖဇ်လ်'ကျေးဇူးတော်တစ်ရပ်ပင်ဖြစ်သည်။ ထိုအရှင်မြတ်သည် အလွန်တရာ ကျေးဇူးပြုတော်မူ၍ သူကောင်းပြုတော်မူသော အရှင်ဖြစ်ပေသည်။ ဤသည့်အနက်ဖွင့်ဆိုချက်ကို ဆွဟီဟ်ဘူခါရီမှ ဟဒီးဆ်တော်အားဖြင့်လည်း အထောက်အကူရရှိပေသည်။ ဤအာယတ်တော်ကို ရွတ်ဖတ်သည်တွင် 'ဆွဟာဘာ'သာဝကတော်များက **مَنْ هُمْ يَارَسُوْلَ اللّٰه** ဟု မေးမြန်းလျှောက်ထားခဲ့ကြသည်။ မည်သူပွင့်ပေါ်ပါမည်နည်းဟုမေးမြန်းလျှောက်ထားခြင်းမပြုမူဘဲ၊ ထို(အရှင်သူမြတ်)သည် မည်သူတို့ထံသို့ကြွရောက်ပွင့်ပေါ်ပါမည်နည်းဟု မေးမြန်းလျှောက်ထားကြလေသည်။ ထိုအခါ တမန်တော်မြတ် ﷺ က သာဝကကြီး စလ်မန်ဖာရစီ ﷺ ၏ပုခုံးထက်ဝယ် လက်တော်ကိုတင်လျက် မိန့်ကြားသည်မှာ အကယ်၍ 'အီမာန်'ယုံကြည်ခြင်းသည် ကြတ္တိကာနက္ခတ်သို့ပင် ရောက်သွားခဲ့သည်ရှိသော်လည်း ဤသူတို့အနက်မှ အမျိုးသားတစ်ဦး သို့မဟုတ် အမျိုးသားအချို့သည် ယင်း(အီမာန်)ကို ကြတ္တိကာနက္ခတ်မှကမ္ဘာမြေသို့ ပြန်လည်ယူဆောင်လာကြလိမ့်မည်။ ဤသည်အားဖြင့် တမန်တော်မြတ်ကိုယ်တော်တိုင် ဒုတိယမွိပွင့်ပေါ်လာမည်မဟုတ်မူ၍ **رجل فارسى** (ပါရှင်နွယ်ဝင်အမျိုးသား) **الاصل** အာရေဗျအမျိုးသားမဟုတ်သော 'အာအ်ဂျမီ'အမျိုးသားများအနက်မှ ကိုယ်တော်မြတ် ﷺ ၏တပည့်ရင်းတစ်ဦး ပွင့်ပေါ်မည့်အကြောင်း ပြတ်သားသောအထောက်အထားကိုရရှိပေသည်။

ဖြစ်ကြလေသော် သေခြင်းတရားကို တောင့်တကြကုန်။

وَلَا يَتَمَنَّوْنَهٗۤ اَبَدًۢا بِمَا قَدَّمَتْ اَيْدِيْهِمْ ؕ وَاللّٰهُ عَلِيْمٌۢ بِالظّٰلِمِيْنَ ۝

၈။ စင်စစ်တစ်မူကား ထိုသူတို့သည် သူတို့၏လက်များက ရှေ့သို့ပို့ထားနှင့်သည်များကြောင့် ယင်းကို အလျှင်းတောင့်တကြလိမ့်မည်မဟုတ်ချေ။ ထို့ပြင် အလ္လာဟ်သည် အမှားကျူးလွန်သူတို့အား ကောင်းစွာသိရှိတော်မူ၏။

قُلْ اِنَّ الْمَوْتَ الَّذِيْ تَفِرُّوْنَ مِنْهُ فَاِنَّهٗ مُلٰقِيْكُمْ ثُمَّ تُرَدُّوْنَ اِلٰى عٰلِمِ الْغَيْبِ وَالشَّهَادَةِ فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ۝۸ ۧ

၉။ အသင်ပြောကြားပါလေ။ ဧကန်မုချ အသင်တို့ ပြေးရှောင်လျှက်ရှိသော သေခြင်းတရားသည် မုချပင် အသင်တို့ထံ ရောက်လာပေလိမ့်မည်။ ထို့နောက် အသင်တို့သည် အကွယ်တွင်ရှိသည်တို့ကိုလည်းကောင်း အထင်အရှားရှိသည်တို့ကိုလည်းကောင်း ထာဝရသိရှိတော်မူသောအရှင်မြတ်၏အထံတော်သို့ ပြန်လှည့်ခြင်းကို ခံကြရပေလိမ့်မည်။ သို့ဖြစ်ရာ ထို အရှင်မြတ်သည် အသင်တို့အား အသင်တို့ပြုမူလေ့ရှိခဲ့ကြသည်တို့ကို အသိပေးတော်မူမည်ဖြစ်၏။

ရုကူး-၂

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اِذَا نُوْدِيَ لِلصَّلٰوةِ مِنْ يَّوْمِ الْجُمُعَةِ فَاسْعَوْا اِلٰى ذِكْرِ اللّٰهِ وَذَرُوا الْبَيْعَ ؕ ذٰلِكُمْ خَيْرٌ لَّكُمْ اِنْ كُنْتُمْ تَعْلَمُوْنَ ۝۹

၁၀။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ 'ဂျွမွာ'သောကြာနေ့၏ အစိတ်အပိုင်းတစ်ခုတွင် 'ဆွလာတ်'ဝတ်ပြုရန် ဖိတ်ခေါ်ခြင်းခံရသောအခါ၊ အလ္လာဟ်အား 'ဇိကီရ်'သတိရတသမှုဘက်သို့ အလျင်အမြန်သွားကြကုန်။ ထို့ပြင် ရောင်းဝယ်ဖောက်ကားမှုကို စွန့်ထားခဲ့ကြကုန်။ အကယ်၍ အသင်တို့သည်သိရှိကြပါလျှင် ဤသည် အသင်တို့အတွက် ပိုမိုကောင်းမြတ်ပေသည်။

فَاِذَا قُضِيَتِ الصَّلٰوةُ فَانْتَشِرُوْا فِى الْاَرْضِ وَابْتَغُوْا مِنْ فَضْلِ اللّٰهِ وَاذْكُرُوا اللّٰهَ كَثِيْرًا لَّعَلَّكُمْ تُفْلِحُوْنَ ۝۱۰

၁၁။ ထို့နောက် 'ဆွလာတ်'ဝတ်ပြုတည်ဆောက်မှုပြီးသောအခါ ကမ္ဘာမြေဝယ် ဖြန့်ကြက်သွား၍ အလ္လာဟ်၏'ဖဇလ်'ကျေးဇူးတော်မှအချို့ကို ရှာဖွေကြလေကုန်။ ထို့ပြင် အလ္လာဟ်အား များစွာသတိရကြကုန်။ သို့မှသာ အသင်တို့သည် အောင်မြင်ကြရာ၏။

وَاِذَا رَاَوْا تِجَارَةً اَوْ لَهْوَا ِۨانْفَضُّوْۤا اِلَيْهَا وَتَرَكُوْكَ قَآئِمًا ؕ قُلْ مَا عِنْدَ اللّٰهِ خَيْرٌ مِّنَ اللَّهْوِ وَمِنَ التِّجَارَةِ ؕ وَاللّٰهُ خَيْرُ الرّٰزِقِيْنَ ۝۱۱ ۧ

၁၂။ ထို့ပြင် သူတို့သည် တစ်စုံတစ်ရာရောင်းဝယ်ဖောက်ကားခြင်းကိုသော်လည်းကောင်း၊ စိတ်နှလုံးရွှင်မြူးစရာကိုလည်းကောင်း မြင်တွေ့ကြသောအခါ ယင်းသို့ အပြေးအလွှားသွားကြပြီး အသင့်အား တစ်ဦးတည်း မတ်တတ်ထား စွန့်ခွာကြလိမ့်မည်။ အသင်ပြောကြားပါလေ။ အလ္လာဟ်၏အထံတော်တွင်ရှိသောအရာသည် စိတ်နှလုံးရွှင်မြူးစရာနှင့် ရောင်းဝယ်ဖောက်ကားမှုတို့ထက် အလွန်လျှင် ပိုမိုကောင်းမြတ်၏။ ထို့ပြင် အလ္လာဟ်သည် 'ရိဇ်ကီ'ရိက်ခွာပေးသူတို့အနက် အားလုံးထက် အကောင်းဆုံး ဖြစ်တော်မူပေသတည်း။

❖ ❖ ❖

၆၃။ အလ်–မို့နာဖီကွန်း

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် 'အာယတ်' မုက္ခပါဠ်တော် (၁၂)ပိုဒ် ပါရှိသည်။

ဤခေတ်ကာလတွင် 'မိုနာဖစ်'(ယုံကြည်ဟန်ဆောင်သူ)အချို့က အသင်သည် ဧကန်အမှန် အလ္လာဟ်၏တမန်တော်ဖြစ်ပါသည်ဟု ကျိန်ဆိုသက်သေပြုကြ၏။ အမှန်တကယ်ပင် အသင်သည် အလ္လာဟ်၏တမန်တော်ဖြစ်ကြောင်းကို အလ္လာဟ်သည် ကောင်းစွာသိတော်မူ၏။ သို့ရာတွင် 'မိုနာဖစ်' (ယုံကြည်ဟန်ဆောင်သူ)တို့သည် လိမ်လည်သူများဖြစ်ကြောင်း အလ္လာဟ်သက်သေထူတော်မူ၏။ ထိုကဲ့သို့ပင် 'အာခရီန်'နှောင်းခေတ်တွင် မွတ်စလင်တို့အနက် အများအပြားသည် ဤသို့သော အခြေအနေတွင်ရှိပြီးဖြစ်ကြလိမ့်မည်။ ၎င်းတို့သည် တမန်တော်မြတ်ﷺ၏ 'ရေစာလတ်' (တမန်တော်ဖြစ်ခြင်း)အပေါ် သက်ဝင်ယုံကြည်ကြောင်းထုတ်ဖော်ပြသရာတွင် ကျိန်ဆိုသက်သေပြုကြမည်ဖြစ်သော်လည်း ၎င်းတို့သည် ပါးစပ်ဖျားမှကျိန်ဆိုသက်သေပြုခြင်းသက်သက်မျှဖြစ်ပြီး 'အီမာန်'ယုံကြည်ခြင်း၏ အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းကြသည်မဟုတ်ကြောင်း အလ္လာဟ်အရှင်မြတ် သက်သေခံတော်မူမည်။

ဤသည့်ဆူရာဟ်မှာပင် တမန်တော်မြတ်ﷺ၏ဘဝတွင် ပေါက်ဖွားခဲ့သော 'မိုနာဖစ်'တို့၏ ခေါင်းဆောင်(၀ါ)အဗ္ဒုလ္လာဟ်ဘင်နှ်အုဘိုင်းဘင်နှ်စုလူးလ်၏အကြောင်းလည်း လာရှိပေသည်။ သူသည် စစ်ပွဲတစ်ပွဲမှအပြန်တွင် တမန်တော်မြတ်ﷺအား အထင်အရှား ရိုင်းပျစော်ကားမှုပြုခဲ့သည်။ အဘယ်မျှဟူမူ သူက မိမိနှင့်စပ်လျဉ်း၍ မဒီနာမြို့သားတို့အနက် ဂုဏ်သရေအရှိဆုံးသူဖြစ်ကြောင်းကြေညာပြီး ယင်း၏ဆန့်ကျင်ဘက်တွင် တမန်တော်မြတ်ﷺနှင့်စပ်လျဉ်း၍ ရိုင်းပျသော အသုံးအနှုန်းများကိုသုံးစွဲလျက် မိမိသည် မဒီနာမြို့သို့ရောက်လတ်သော် တမန်တော်မြတ်ﷺအား မဒီနာမြို့မှနှင်ထုတ်မည်ဟူသည်အထိ ပြောဆိုကြေညာခဲ့လေသည်။ အလ္လာဟ်အရှင်မြတ်၏ ကံကြမ္မာသတ်မှတ်ချက်က ထုတ်ဖော်ပြသမှုသည်ကား ယင်းနှင့်လုံးဝဆန့်ကျင်ဘက်ဖြစ်ခဲ့ပေသည်။ တမန်တော်မြတ်ﷺသည် သည်းခံခွင့်လွှတ်ခြင်း၏ 'စံ'ကိုပြသပြီး၊ စွမ်းအားရှိပါလျက်နှင့် သူ့အား မဒီနာမြို့မှ နှင်ထုတ်ခြင်းမပြုရုံသာမက သူသေဆုံးကွယ်လွန်ချိန်အထိ သူ့အတွက် 'အိစ်တီဂ်ဖာရ်'ခွင့်လွှတ်ရန် ဆုတောင်းကိုပြုပေးလျက်ရှိခဲ့၏။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်က နောင်တွင် ထိုသူ၏ဂူသချိုင်းတွင်ရပ်လျက် ထိုသူအတွက် ခွင့်လွှတ်ခြင်းကို တောင်းခံမှုမပြုရန် အမိန့်ပေးတားမြစ်တော်မူခဲ့ရသည်အထိပင်တည်း။

♦ ♦ ♦

ဆူရောဟ် အလ်-မိုနာဖိကွန်း

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၂)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اِذَا جَآءَكَ الْمُنٰفِقُوْنَ قَالُوْا نَشْهَدُ اِنَّكَ لَرَسُوْلُ اللّٰهِ ۘ وَاللّٰهُ يَعْلَمُ اِنَّكَ لَرَسُوْلُهٗ ؕ وَاللّٰهُ يَشْهَدُ اِنَّ الْمُنٰفِقِيْنَ لَكٰذِبُوْنَ ۚ ①

၂။ 'မိုနာဖစ်'အယောင်ဆောင်တို့သည် အသင့်ထံလာရောက်ကြသောအခါ အသင်သည်မုချဧကန် အလ္လာဟ်၏တမန်တော်ဖြစ်သည်ကို ကျွန်ုပ်တို့သက်သေခံကြပါ၏ဟု ဆိုကြလေသည်။ ထို့ပြင် အသင်သည် ဧကန်ပင် ထိုအရှင်မြတ်၏ တမန်တော်ဖြစ်သည်ကို အလ္လာဟ်သည် သိရှိတော်မူ၏။ သို့ပါလျက် အယောင်ဆောင်သူတို့သည် ဧကန်စင်စစ် လိမ်လည်သူများဖြစ်ကြသည်ကို အလ္လာဟ်သည် သက်သေခံတော်မူ၏။ ①

اِتَّخَذُوْٓا اَيْمَانَهُمْ جُنَّةً فَصَدُّوْا عَنْ سَبِيْلِ اللّٰهِ ؕ اِنَّهُمْ سَآءَ مَا كَانُوْا يَعْمَلُوْنَ ②

၃။ ယင်းတို့မှာ မိမိတို့၏ကျိန်ဆိုခြင်းများကို ဒိုင်းလွှားအကာအရံပြုလုပ်၍ ထားကြ၏။ သို့ဖြင့် ယင်းတို့သည် အလ္လာဟ်၏လမ်းတော်မှ ပိတ်ပင်တားဆီးကြ၏။ ဧကန်မုချ ယင်းတို့ ပြုမူကြသည်တို့မှာ လွန်စွာ ဆိုးရွားလှပေ၏။

ذٰلِكَ بِاَنَّهُمْ اٰمَنُوْا ثُمَّ كَفَرُوْا فَطُبِعَ عَلٰى قُلُوْبِهِمْ فَهُمْ لَا يَفْقَهُوْنَ ③

၄။ ဤသို့ဖြစ်ရခြင်းမှာ ယင်းတို့သည် သက်ဝင်ယုံကြည်လာခဲ့ကြပြီးမှတစ်ဖန် ငြင်းပယ်ကြ၏။ ထို့ကြောင့် ယင်းတို့၏ စိတ်နှလုံးများအပေါ်သို့ 'တံဆိပ်'ခတ်နှိပ်ခြင်းကို ခံကြရလေသည်။ သို့ဖြစ်ရာ ယင်းတို့သည် နားလည်ခြင်းမရှိကြချေ။

وَاِذَا رَاَيْتَهُمْ تُعْجِبُكَ اَجْسَامُهُمْ ؕ وَاِنْ يَّقُوْلُوْا تَسْمَعْ لِقَوْلِهِمْ ؕ كَاَنَّهُمْ خُشُبٌ مُّسَنَّدَةٌ ؕ يَحْسَبُوْنَ كُلَّ صَيْحَةٍ عَلَيْهِمْ ؕ هُمُ الْعَدُوُّ فَاحْذَرْهُمْ ؕ قٰتَلَهُمُ اللّٰهُ ۚ اَنّٰى يُؤْفَكُوْنَ ④

၅။ ထို့ပြင် အသင်သည် ယင်းတို့အား မြင်တွေ့ရသောအခါ ယင်းတို့၏ကိုယ်ခန္ဓာသည် အသင်၏စိတ်နှလုံးကို နှစ်သက်ဆွဲဆောင်မှုရှိ၏။ ထို့ပြင် အကယ်၍ ယင်းတို့သည် တစ်စုံတစ်ရာကိုပြောဆိုကြသောအခါ အသင်သည် ယင်းတို့၏စကားကို နားဆင်လေ၏။ ယင်းတို့သည်ကား တစ်ခုနှင့်တစ်ခု အမှီပြုနေရသော သစ်သားခြောက်များသဖွယ်ဖြစ်၏။ ယင်းတို့သည် မိုးချုန်းသံဟူသမျှကို မိမိတို့အပေါ်သို့သာ(မြည်ဟည်းသယောင်) ထင်မှတ်ကြကုန်၏။ ထိုသူတို့သည်ပင် ရန်သူများဖြစ်ကြ၏။ သို့ဖြစ်ရာ ယင်းတို့(၏ရန်)မှ ရှောင်ကြဉ်ကြကုန်။ ယင်းတို့အပေါ်သို့ အလ္လာဟ်၏ 'လာအ်နတ်'ကျိန်ခြင်းသက်ရောက်ပါစေ။ ယင်းတို့သည် အဘယ်သို့ပြောင်းပြန်လှည့်ခြင်းကို ခံကြရပေသနည်း။

① လူအချို့သည် နှုတ်အားဖြင့်ထောက်ခံကြသည်။ ယင်းသည် အမှန်တကယ် ဖြစ်ရပ်ပင်ဖြစ်သော်ငြားလည်း ထိုသူတို့၏စိတ်နှလုံးတွင် မုသားပါရှိလေသည်။ သို့ကြောင့် အလ္လာဟ်အရှင်မြတ်က 'မှန်သောစကားကို ပြောဆိုကြသည်ဖြစ်သော်လည်း ၎င်းတို့၏စိတ်နှလုံးက လိမ်လည်မှုပြုနေကြ၏'ဟူ၍ တမန်တော်မြတ်ﷺအား အသိပေးတော်မူခြင်းဖြစ်သည်။

وَاِذَا قِيْلَ لَهُمْ تَعَالَوْا يَسْتَغْفِرْ لَكُمْ
رَسُوْلُ اللّٰهِ لَوَّوْا رُءُوْسَهُمْ وَرَاَيْتَهُمْ
يَصُدُّوْنَ وَهُمْ مُّسْتَكْبِرُوْنَ ۝

၆။ ထို့ပြင် ယင်းတို့အား လာကြကုန်၊ အလ္လာဟ်၏တမန်တော်သည် အသင်တို့အတွက် ခွင့်လွှတ်ရန်ပန်ကြားပေးမည်ဟု ပြောဆိုသောအခါ ယင်းတို့သည် မိမိတို့၏ဦးခေါင်းကို လှည့်လိုက်ကြ၏။ ယင်းတို့သည် မာန်မာနထောင်လွှားလျက် (အမှန်တရားကို လက်ခံခြင်းမှ) ရပ်တန့်သွားကြသည်ကို အသင်သည် မြင်တွေ့ရ၏။

سَوَآءٌ عَلَيْهِمْ اَسْتَغْفَرْتَ لَهُمْ اَمْ لَمْ
تَسْتَغْفِرْ لَهُمْ ؕ لَنْ يَّغْفِرَ اللّٰهُ لَهُمْ ؕ
اِنَّ اللّٰهَ لَا يَهْدِى الْقَوْمَ الْفٰسِقِيْنَ ۝

၇။ အသင်သည် ယင်းတို့အဖို့ ခွင့်လွှတ်ရန်ပန်ကြားသည်ဖြစ်စေ၊ ယင်းတို့အဖို့ ခွင့်လွှတ်ရန်ပန်ကြားခြင်းမပြုသည်ဖြစ်စေ ယင်းတို့အတွက် အတူတူပင်ဖြစ်၏။ အလ္လာဟ်သည် ယင်းတို့အား အလျှင်းခွင့်လွှတ်တော်မူမည်မဟုတ်။ ဧကန်မလွဲ အလ္လာဟ်သည် မနာခံဖိဆန်သောသူတို့အား လမ်းညွှန်တော်မမူချေ။

هُمُ الَّذِيْنَ يَقُوْلُوْنَ لَا تُنْفِقُوْا عَلٰى مَنْ
عِنْدَ رَسُوْلِ اللّٰهِ حَتّٰى يَنْفَضُّوْا ؕ وَلِلّٰهِ
خَزَآئِنُ السَّمٰوٰتِ وَالْاَرْضِ وَلٰكِنَّ
الْمُنٰفِقِيْنَ لَا يَفْقَهُوْنَ ۝

၈။ ဤသူတို့သည်ပင် အလ္လာဟ်၏တမန်တော်ထံတွင် နေကြသောသူတို့အတွက်၊ သူတို့သည် ထွက်ပြေးသွားကြသည့်တိုင်အောင် သုံးစွဲခြင်းကို မပြုကြလင့်ဟူ၍ ပြောဆိုကြသူများဖြစ်ကြ၏။ အမှန်သော်ကား မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့၏ ဘဏ္ဍာတော်များကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။ သို့ရာတွင် 'မိုနာဖစ်'အယောင်ဆောင်တို့မှာ နားလည်ခြင်းမရှိကြချေ။

يَقُوْلُوْنَ لَئِنْ رَّجَعْنَاۤ اِلَى الْمَدِيْنَةِ
لَيُخْرِجَنَّ الْاَعَزُّ مِنْهَا الْاَذَلَّ ؕ وَلِلّٰهِ
الْعِزَّةُ وَلِرَسُوْلِهٖ وَلِلْمُؤْمِنِيْنَ وَلٰكِنَّ
الْمُنٰفِقِيْنَ لَا يَعْلَمُوْنَ ۝ ع

၉။ ယင်းတို့က ပြောဆိုကြ၏။ အကယ်၍ ကျွန်ုပ်တို့သည် မဒီနာမြို့သို့ပြန်၍ သွားခဲ့ကြလျှင်၊ အမှန်ပင် ဂုဏ်သရေအရှိဆုံးသောသူသည် အနိမ့်ကျဆုံးသောသူအား ယင်းမှ နှင်ထုတ်ပစ်လိုက်ပေမည်။ အမှန်သော်ကား အလုံးစုံသော ဂုဏ်ကျက်သရေအပေါင်းကို အလ္လာဟ်၊ ထိုအရှင်မြတ်၏တမန်တော်နှင့် သက်ဝင်ယုံကြည်သူတို့သာ ပိုင်ဆိုင်ပေ၏။ သို့ရာတွင် အယောင်ဆောင်သူတို့သည် မသိကြချေ။

ရုကူး-၂

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تُلْهِكُمْ اَمْوَالُكُمْ
وَلَاۤ اَوْلَادُكُمْ عَنْ ذِكْرِ اللّٰهِ ۚ وَمَنْ
يَّفْعَلْ ذٰلِكَ فَاُولٰٓئِكَ هُمُ الْخٰسِرُوْنَ ۝

၁၀။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အား အသင်တို့၏ပစ္စည်းဥစ္စာများနှင့် အသင်တို့၏သားသမီးများသည် အလ္လာဟ်၏'ဇိကီရ်'သတိရတသခြင်းမှ မေ့လျော့ပေါ့ဆခြင်း မဖြစ်စေလင့်။ အကြင်မည်သူမဆို ထိုသို့ပြုလုပ်လျှင် ဤသူတို့သည်သာလျှင် ဆုံးရှုံးနစ်နာမည့်သူများဖြစ်ကြကုန်၏။

وَاَنْفِقُوْا مِنْ مَّا رَزَقْنٰكُمْ مِّنْ قَبْلِ اَنْ يَّاْتِىَ
اَحَدَكُمُ الْمَوْتُ فَيَقُوْلَ رَبِّ لَوْلَاۤ
اَخَّرْتَنِىْۤ اِلٰۤى اَجَلٍ قَرِيْبٍ ۙ فَاَصَّدَّقَ

၁၁။ ထိုမှတစ်ပါး အသင်တို့အနက် တစ်စုံတစ်ယောက်ထံသို့ သေခြင်းတရားဆိုက်ရောက်မလာမီ၊ ငါတို့က အသင်တို့အား ပေးသနားတော်မူထားသည်မှ လျှုဒါန်းသုံးစွဲကြကုန်။ ထိုအခါ ထိုသူသည် အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား

وَاَكُنْ مِّنَ الصّٰلِحِيْنَ ۝١٠

အချိန်ကာလအနည်းငယ်မျှ ဆိုင်းငံ့ခွင့်ပေးတော်မူပါလျှင် ကောင်းပေစ၊ ထိုအခါ ကျွန်တော်မျိုးသည် ဧကန်ပင် 'ဆဒကာ' အလှူဒါနများပြုပြီး သူတော်စင်တို့တွင် အပါအဝင်ဖြစ်သွားပါမည်ဟု လျှောက်ထားပေမည်။

وَلَنْ يُّؤَخِّرَ اللّٰهُ نَفْسًا اِذَا جَآءَ اَجَلُهَا ؕ وَاللّٰهُ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ۝١١

၁၂။ စင်စစ် အလ္လာဟ်သည် မည်သည့် အသက်ဝိညာဉ်ကိုမျှ သူ၏သတ်မှတ်ထားသောအချိန်ကာလ ဆိုက်ရောက်လာသောအခါ ဆိုင်းငံ့ခွင့်အလျှင်းပေးတော်မမူချေ။ ထိုမှတစ်ပါး အလ္လာဟ်သည် အသင်တို့ပြုကျင့်သည်တို့ကို အမြဲထာဝစဉ် သတင်းရတော်မူပေသတည်း။

❖ ❖ ❖

၆၄။ အလ်–တဂါဘွန်း

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဓပါဠိတော် (၁၉)ပိုဒ်ပါရှိသည်။ ဤဆူရာဟ်၏ပဏာမအစသည်လည်း ဆူရာဟ်'အလ်-ဂျုမုအဟ်'ကဲ့သို့ပင်-

يُسَبِّحُ لِلّٰهِ مَا فِى السَّمٰوٰتِ وَ مَا فِى الْاَرْضِ ဟူသော စကားလုံးများဖြင့် စတင်ထားပေသည်။ ဤဆူရာဟ်တွင်လည်း အလ္လာဟ်အရှင်မြတ်အား 'တာစ်ဘီ'ပြုခြင်းအကြောင်းကိုဖော်ပြတော်မူလျက် ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့အပြင် ယင်းတို့တွင်ရှိရှိသမျှတို့သည် အလ္လာဟ်အား 'တာစ်ဘီ'ပြုလျက်ရှိကြကြောင်းနှင့် 'တာစ်ဘီ'ပြုသူအားလုံးထက်ပိုမို၍ တမန်တော်မြတ် မိုဟမ္မဒ်သခင်ﷺက အလ္လာဟ်အရှင်မြတ်၏ ချို့တဲ့ခြင်းဟူသမျှမှ သန့်ရှင်းတော်မူကြောင်း 'တာစ်ဘီ'ကို ပြုခဲ့ကြောင်း ဖော်ပြထားလေသည်။ သို့ဖြစ်ရာ ဤသည့် **مُسَبِّحِ اسْمَ رَبِّكَ الْاَعْلَى** အကြီးမြတ်ဆုံးသော 'တာစ်ဘီ'ပြုသူအား ဂုဏ်သရေရှိမ့်ချသူ မည်သူကိုမဆို ထိုအရှင်မြတ်သည် မိမိ၏အမျက်တော်ရှခြင်းကိုခံထိုက်သူအဖြစ် မပြုဘဲရှိပါမည်လော။

ဆူရာဟ် 'အလ်-ဂျုမုအဟ်'တွင် နှောင်းကာလ၏ စုရုံးမှုအကြောင်းလာရှိထားပေရာ ယင်းနှင့်စပ်လျဉ်း၍ ယင်းသည် **تَغَابُن** အစစ်နှင့်အတုတို့အကြား ကွဲပြားအောင်ခွဲခြားစိစစ်မည့်နေ့ဖြစ်ကြောင်းကို ဤတွင် အနာဂတ္တိနိမိတ်ကိုလည်း ဖော်ပြထားတော်မူခဲ့သည်။

သာသနာတော်အား ကူညီစောင်မရန်အလို့ငှာ ပစ္စည်းဥစ္စာအများအပြားကို ပေးလှူကြမည့်ကာလဖြစ်သော ထိုခေတ်ကာလတွင် ငွေကြေးဥစ္စာပေးကမ်းလှူဒါန်းသူအားလုံးတို့ကို သတင်းကောင်းပါးထားသည်မှာ- မည်သည့်အရာကိုမဆို ဖြူစင်သောသဒ္ဓါတရားဖြင့် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် သုံးစွဲလှူဒါန်းသော ထိုသူ၏အလှူဒါနကို အလ္လာဟ်အရှင်မြတ်သည် သဘောတူလက်ခံတော်မူလျက် ယင်းအတွက် အလွန်ကြီးကျယ်သော အကျိုးဆုလာဘ်ကို ပေးသနားတော်မူမည်ဟူ၍တည်း။

♦ ♦ ♦

ဆူရာဟ် အလ်-တဂါဘုန်း

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၉)ပိုဒ် ရှူကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

يُسَبِّحُ لِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ۚ لَهُ الْمُلْكُ وَلَهُ الْحَمْدُ ۚ وَهُوَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ①

၂။ မိုးကောင်းကင်များတွင်ရှိသည်တို့နှင့် ကမ္ဘာမြေတွင်ရှိသည်တို့သည် အလ္လာဟ်အားသာလျှင် စင်ကြယ်သန့်ရှင်းတော်မူကြောင်း 'တာစ်ဘီ'ပြု တသလျက်ရှိကြကုန်၏။ စိုးမိုးအုပ်ချုပ်မှုအာဏာကို ထိုအရှင်မြတ်သည်သာ ပိုင်သတော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းသည်လည်း ထိုအရှင်မြတ်အဖို့သာ ဖြစ်၏။ ထို့ပြင် အရှင်မြတ်သည် မိမိအလိုရှိတော်မူသော အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူပေ၏။

هُوَ الَّذِيْ خَلَقَكُمْ فَمِنْكُمْ كَافِرٌ وَّمِنْكُمْ مُّؤْمِنٌ ۭ وَاللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرٌ ①

၃။ ထိုအရှင်မြတ်သည်သာလျှင် အသင်တို့ကို ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ပါလျက် အသင်တို့အနက် မယုံကြည်ငြင်းပယ်သူလည်းရှိကြ၏။ ထို့ပြင် သက်ဝင်ယုံကြည်သူလည်းရှိကြ၏။ ထို့ပြင် အလ္လာဟ်သည် အသင်တို့ပြုမူသည်တို့ကို နက်ရှိုင်းစွာ မြင်တွေ့တော်မူသောအရှင်ဖြစ်တော်မူ၏။

خَلَقَ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ وَصَوَّرَكُمْ فَاَحْسَنَ صُوَرَكُمْ ۚ وَاِلَيْهِ الْمَصِيْرُ ①

၄။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့အား ထိုက်သင့်မှန်ကန်စွာဖြင့် ဖန်ဆင်းတော်မူ၏။ ထို့ပြင် အသင်တို့အား ပုံသဏ္ဌာန်ကိုပေးတော်မူ၏။ ထို့ပြင် အသင်တို့၏ ပုံသဏ္ဌာန်များကို အလွန်ကောင်းမွန်လှပစွာ ပြုလုပ်တော်မူ၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်အထံတော်သို့သာ ပြန်လည့်၍ သွားကြရပေမည်။

يَعْلَمُ مَا فِي السَّمٰوٰتِ وَالْاَرْضِ وَيَعْلَمُ مَا تُسِرُّوْنَ وَمَا تُعْلِنُوْنَ ۭ وَاللّٰهُ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ①

၅။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသည်တို့ကိုလည်းကောင်း၊ အသင်တို့ဝှက်ကွယ်၍ထားသည်နှင့် ပေါ်လွင်ထင်ရှားစေသည်တို့ကိုလည်းကောင်း သိရှိတော်မူ၏။ ဤတွင်မက အလ္လာဟ်သည် ရင်တွင်း၌ရှိသည့်အရာများကို အမြဲထာဝစဉ်သိရှိတော်မူ၏။

اَلَمْ يَاْتِكُمْ نَبَؤُا الَّذِيْنَ كَفَرُوْا مِنْ قَبْلُ ۡ فَذَاقُوْا وَبَالَ اَمْرِهِمْ وَلَهُمْ عَذَابٌ اَلِيْمٌ ①

၆။ အသို့နည်း၊ အသင့်ထံသို့ ရှေးယခင်က မယုံကြည်ငြင်းပယ်ခဲ့ကြလေသောသူတို့၏ သတင်းမရောက်ခဲ့ပါသလော။ သို့ဖြစ်ရာ ထိုသူတို့သည် မိမိတို့ဆုံးဖြတ်ချက်၏ ပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြလေပြီ။ ထို့ပြင် သူတို့အတွက် အလွန်နာကျင်ဖွယ်ပြစ်ဒဏ်ကို (သတ်မှတ်)ထားရှိ၏။

ذٰلِكَ بِاَنَّهٗ كَانَتْ تَّاْتِيْهِمْ رُسُلُهُمْ بِالْبَيِّنٰتِ فَقَالُوْٓا اَبَشَرٌ يَّهْدُوْنَنَا ۫ فَكَفَرُوْا وَتَوَلَّوْا وَّاسْتَغْنَى اللّٰهُ ؕ وَاللّٰهُ غَنِيٌّ حَمِيْدٌ ۝

၇။ ဤသို့ဖြစ်ရခြင်းမှာ သူတို့ထံသို့ သူတို့၏ တမန်တော်များသည် ထင်ရှားလှစွာသော သက်သေလက္ခဏာများနှင့် တကွ လာရောက်လေ့ရှိခဲ့ကြသောအခါ၊ သူတို့က ကျွန်ုပ်တို့အား လူသားက တရားလမ်းမှန်ကိုပြသမည်လောဟု ပြောဆိုခဲ့ကြလေသည်။ သို့ဖြစ်ရာ သူတို့သည် ငြင်းပယ်ကြပြီး မျက်နှာလွှဲဖယ်ခဲ့ကြ၏။ ထို့ကြောင့် အလ္လာဟ်သည်လည်း သူတို့အား အရေးမစိုက်တော့ချေ။ စင်စစ် အလ္လာဟ်သည် လိုလားတောင့်တခြင်းကင်းတော်မူသောအရှင်(နှင့်) ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူ၏။

زَعَمَ الَّذِيْنَ كَفَرُوْٓا اَنْ لَّنْ يُّبْعَثُوْا ؕ قُلْ بَلٰى وَرَبِّيْ لَتُبْعَثُنَّ ثُمَّ لَتُنَبَّؤُنَّ بِمَا عَمِلْتُمْ ؕ وَذٰلِكَ عَلَى اللّٰهِ يَسِيْرٌ ۝

၈။ မယုံကြည်ငြင်းပယ်သူတို့က သူတို့သည် အလျှင်း ရှင်ပြန်ထမြောက်စေခြင်းကိုခံကြရမည်မဟုတ်ဟု ထင်မြင်ယူဆနေခဲ့ကြပေသည်။ အသင်ပြောကြားပါလေ၊ အဘယ့်ကြောင့် မဟုတ်ရမည်နည်း။ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို တိုင်တည်ကျိန်ဆိုပါ၏။ အသင်တို့သည် အမှန်ပင် ရှင်ပြန်ထမြောက်စေခြင်းကိုခံကြရပေလိမ့်မည်။ ထို့နောက် အသင်တို့ပြုကျင့်ခဲ့သည်တို့၏သတင်းကို အမှန်ပင် အသိပေးခြင်းခံကြရပေလိမ့်မည်။ စင်စစ် အလ္လာဟ်အဖို့ ဤသည် လွန်စွာလွယ်ကူလှပေသည်။

فَاٰمِنُوْا بِاللّٰهِ وَرَسُوْلِهٖ وَالنُّوْرِ الَّذِيْٓ اَنْزَلْنَا ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ۝

၉။ သို့ဖြစ်ရကား အလ္လာဟ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏တမန်တော်အားလည်းကောင်း၊ ငါတို့ချပေးတော်မူသော ထို'နူရ်'အလင်းကိုလည်းကောင်း သက်ဝင်ယုံကြည်ကြကုန်။ ထို့ပြင် အလ္လာဟ်သည် အသင်တို့ပြုမူသည်တို့ကို ထာဝစဉ်သတင်းရတော်မူ၏။

يَوْمَ يَجْمَعُكُمْ لِيَوْمِ الْجَمْعِ ذٰلِكَ يَوْمُ التَّغَابُنِ ؕ وَمَنْ يُّؤْمِنْۢ بِاللّٰهِ وَيَعْمَلْ صَالِحًا يُّكَفِّرْ عَنْهُ سَيِّاٰتِهٖ وَيُدْخِلْهُ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ اَبَدًا ؕ ذٰلِكَ الْفَوْزُ الْعَظِيْمُ ۝

၁၀။ ထိုနေ့၊ အရှင်မြတ်က အသင်တို့အား စုရုံးမည့်နေ့တွင် (ရှေ့တော်မှောက်ရောက်ရှိရန်)အလို့ငှာ စုရုံးတော်မူမည်။ ဤသည်ပင် ထိုသည့် အရုံးအနိုင်၏နေ့တော်ဖြစ်၏။ ထို့ပြင် အကြင်သူသည် အလ္လာဟ်အား သက်ဝင်ယုံကြည်၍ ကောင်းသောအကျင့်အမူကို ကျင့်ကြံဆောက်တည်လျှင် ထိုအရှင်မြတ်သည် ထိုသူ၏မကောင်းမှုမျှားကို ကင်းဝေးပပျောက်စေတော်မူပြီး ထိုသူအား အခြေတွင် စမ်းချောင်းများ စီးဆင်းလျက်ရှိသော 'ဂျန္နတ်'ဥယျာဉ်များတွင် ဝင်ရောက်စေတော်မူမည်ဖြစ်၏။ သူတို့သည် ယင်း၌ အစဉ်သဖြင့်နေကြပေလတ္တံ့။ ဤသည် အလွန်ကြီးကျယ်လှသော အောင်မြင်မှုဖြစ်၏။

وَالَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِاٰيٰتِنَآ اُولٰٓئِكَ اَصْحٰبُ النَّارِ خٰلِدِيْنَ فِيْهَا ؕ

၁၁။ စင်စစ်တစ်မူကား အကြင်သူတို့သည် မယုံကြည်ငြင်းပယ်ကြ၏။ ထို့ပြင် ငါတို့၏ 'အာယတ်'မုဂ္ဓပါဠိတော်များကို မဟုတ်မမှန်ဟု စွပ်စွဲကြ၏။ ဤသူတို့သည်သာလျှင် မီးခဲ၌နေကြရမည့်သူများဖြစ်၏။ ယင်းတို့သည် ရှည်ကြာစွာသော

وَ بِئْسَ الْمَصِيْرُ ﴿١٠﴾ ۝ ၁၀

အချိန်ကာလအထိ ယင်း၌နေကြရလိမ့်မည်။ ထို့ပြင် (ယင်းသည်) အလွန်ဆိုးရွားလှသောနေရာထိုင်ခင်းဖြစ်ပေသတည်း။

ရှကူ-၂

مَآ اَصَابَ مِنْ مُّصِيْبَةٍ اِلَّا بِاِذْنِ اللّٰهِ ؕ وَ مَنْ يُّؤْمِنْۢ بِاللّٰهِ يَهْدِ قَلْبَهٗ ؕ وَ اللّٰهُ بِكُلِّ شَيْءٍ عَلِيْمٌ ﴿١١﴾

၁၂။ မည်သည့်ဘေးဒုက္ခမျှ အလ္လာဟ်၏အမိန့်တော်မရှိဘဲ မသက်ရောက်နိုင်ချေ။ ထို့ပြင် အကြင်သူသည် အလ္လာဟ်အား သက်ဝင်ယုံကြည်အံ့။ ထိုအရှင်မြတ်သည် ထိုသူ၏စိတ်နှလုံးကို လမ်းညွှန်တော်မူ၏။ အလ္လာဟ်သည် အရာရာတိုင်းကို အစဉ်ထာဝရ သိရှိတော်မူ၏။

وَ اَطِيْعُوا اللّٰهَ وَ اَطِيْعُوا الرَّسُوْلَ ۚ فَاِنْ تَوَلَّيْتُمْ فَاِنَّمَا عَلٰى رَسُوْلِنَا الْبَلٰغُ الْمُبِيْنُ ﴿١٢﴾

၁၃။ ထို့မှတစ်ပါး အလ္လာဟ်အားနာခံကြကုန်။ ထို့ပြင် တမန်တော်အား နာခံကြကုန်။ သို့သော် အကယ်၍ အသင်တို့သည် မျက်နှာလွှဲဖယ်ကြပါလျှင် (သိထားရမည်မှာ) ငါတို့၏ တမန်တော်အပေါ်ဝယ် သတင်းကိုရှင်းလင်းစွာ ပို့ဆောင်ရန်မျှသာ ဖြစ်၏။

اَللّٰهُ لَاۤ اِلٰهَ اِلَّا هُوَ ؕ وَ عَلَى اللّٰهِ فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ ﴿١٣﴾

၁၄။ အလ္လာဟ် (ထိုအရှင်ဖြစ်တော်မူ၏၊ ထိုအရှင်)မှတစ်ပါး မည်သည့်ကိုးကွယ်ခြင်းခံထိုက်ရာမျှမရှိချေ။ သို့ဖြစ်ရာ သက်ဝင်ယုံကြည်သူတို့သည် အလ္လာဟ်အားသာလျှင် ယုံပုံကိုးစားအားထားကြရာ၏။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اِنَّ مِنْ اَزْوَاجِكُمْ وَ اَوْلَادِكُمْ عَدُوًّا لَّكُمْ فَاحْذَرُوْهُمْ ۚ وَ اِنْ تَعْفُوْا وَ تَصْفَحُوْا وَ تَغْفِرُوْا فَاِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿١٤﴾

၁၅။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ဇနီးများအနက်မှလည်းကောင်း၊ အသင်တို့၏ သားသမီးများအနက်မှလည်းကောင်း အချို့သည် ဧကန်ပင် အသင်တို့၏ ရန်သူများဖြစ်ကြ၏။ သို့ဖြစ်ရာ ယင်းတို့မှ ရှောင်ရှား၍နေပါလေ။ ထို့ပြင် အကယ်၍ အသင်တို့သည် အပြစ်လွှတ်ကြလျှင် သော်လည်းကောင်း၊ ဥပက္ခာပြုကြလျှင်သော်လည်းကောင်း၊ ခွင့်လွှတ်ကြလျှင်သော်လည်းကောင်း၊ ဧကန်ပင် အလ္လာဟ်သည် အလွန်တရာခွင့်လွှတ်တော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اِنَّمَاۤ اَمْوَالُكُمْ وَ اَوْلَادُكُمْ فِتْنَةٌ ؕ وَ اللّٰهُ عِنْدَهٗۤ اَجْرٌ عَظِيْمٌ ﴿١٥﴾

၁၆။ အသင်တို့၏ပစ္စည်းဥစ္စာများနှင့် အသင်တို့၏ သားသမီးများသည် စမ်းသပ်စုံစမ်းရာသာဖြစ်၏။ သို့သော် အလ္လာဟ်၏ ထံတော်၌သာလျှင် လွန်စွာကြီးမားသော အကျိုးဆုလာဘ်သည်ရှိ၏။ ①

فَاتَّقُوا اللّٰهَ مَا اسْتَطَعْتُمْ وَ اسْمَعُوْا وَ اَطِيْعُوْا وَ اَنْفِقُوْا خَيْرًا لِّاَنْفُسِكُمْ ؕ

၁၇။ သို့ဖြစ်ရာ အသင်တို့စွမ်းအားရှိသ၍ အလ္လာဟ်အားကြောက်ရွံ့ခြင်း 'တက္ကဝါ'တရားကို ဆောက်တည်ကြကုန်၊ ထို့ပြင် နားထောင်ကြကုန်၊ လိုက်နာကြကုန်၊ စွန့်ကြဲသုံးစွဲကြကုန်။

① ဤအာယတ်တော်တွင် သားသမီးများအား 'ဖိတ်နာဟ်'ဟုဖော်ပြထားပြီး ဤသည်မှာ ၎င်းတို့သည် လူသိရှင်ကြား ပြဿနာဖန်တီးကြလိမ့်မည်ဟူသည့် အဓိပ္ပာယ်မဟုတ်ချေ။ စင်စစ် ဇနီးသားသမီးများအားဖြင့် လူသားသည် စမ်းသပ်ခြင်းခံရပြီး ထိုသို့စမ်းသပ်ခံရမှုတွင် ရှုံးနိမ့်သွားသူသည် အခက်အခဲပြဿနာ၌ နစ်မွန်းသွားကြရသည်ဆိုသည့်သဘောဖြစ်သည်။

وَمَنْ يُّوْقَ شُحَّ نَفْسِهٖ فَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ۝١٧

(ဤသည်) အသင်တို့အဖို့ပိုမိုကောင်းမြတ်ပေမည်။ ထိုမှတစ်ပါး အကြင်မည်သူမဆို စိတ်၏နိမ့်ကျတွန့်တိုခြင်းမှ ကယ်တင်ခြင်းကိုခံရလျှင် ထိုသူတို့သည်ပင် အောင်မြင်မည့်သူများ ဖြစ်ကြ၏။

اِنْ تُقْرِضُوا اللّٰهَ قَرْضًا حَسَنًا يُّضٰعِفْهُ لَكُمْ وَيَغْفِرْ لَكُمْ ۭ وَاللّٰهُ شَكُوْرٌ حَلِيْمٌ ۝١٨

၁၈။ အကယ်၍ အသင်တို့သည် အလ္လာဟ်အား ကောင်းမြတ်သော ကြွေးမြီကိုပေးမည်(ဆိုပါလျှင်) ထိုအရှင်မြတ်သည် ယင်းကို အသင်တို့အဖို့ တိုးပွားစေတော်မူပေမည်။ ထို့ပြင် အသင်တို့ကို ခွင့်လွှတ်တော်မူမည်။ စင်စစ် အလ္လာဟ်သည် အလွန်လျှင် ကျေးဇူးသိခြင်းကိုတန်ဖိုးထားတော်မူသောအရှင်၊ ထောက်ထားညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။

عٰلِمُ الْغَيْبِ وَالشَّهَادَةِ الْعَزِيْزُ الْحَكِيْمُ ۝١٩

၁၉။ အကွယ်တွင်ရှိသည်တို့ကိုလည်းကောင်း၊ အထင်အရှားရှိသည်တို့ကိုလည်းကောင်း ထာဝရသိရှိတော်မူသောအရှင်၊ အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်(နှင့်) ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

❖ ❖ ❖

၆၅။ အလ်–တွလားက်

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် 'အာယတ်' မုက္ခပါဠိတော် (၁၃)ပိုဒ် ပါရှိသည်။

ဤဆူရာဟ်၏အမည်မှာ ဆူရာဟ် 'အလ်-တွလားက်'ဖြစ်သည်။ ဤတွင် အစမှသည်အဆုံးအထိ 'တွလားက်'(အကြင်လင်မယားကွာရှင်းခြင်း)နှင့်စပ်လျဉ်းသော ပုစ္ဆာအမျိုးမျိုးကို ဖော်ပြထားသည်။

ပြီးခဲ့သောဆူရာဟ်နှင့် ယခု ဤဆူရာဟ်တို့၏ ဗဟိုပြုနှီးနွှယ်ပတ်သက်မှုမှာကား ဤဆူရာဟ်တွင် အမိုက်မှောင်မှ အလင်းရောင်ဆီသို့ ထုတ်ဆောင်ပေးသော အလင်းတစ်ခုအနေဖြင့် တမန်တော်မြတ်ﷺ အား ချပြထားတော်မူပေသည်။ ထို့ပြင် ဤသည်ပင်လျှင် 'အာခရီန်'နှောင်းလူတို့၏ ခေတ်ကာလတွင် တမန်တော်မြတ်ﷺ၏'အွမ္မတ်'မှ လောကီရေးအမိုက်မှောင်အတွင်း တဝဲလည်လည်ရှိနေကြမည့်သူတို့အား တစ်ကြိမ်ထပ်မံ၍ အမိုက်မှောင်မှအလင်းရောင်ဘက်သို့ ထုတ်ဆောင်မည့် 'နူရ်'အလင်း ဖြစ်ပေသည်။ စင်စစ်တစ်မူကား အမိုက်မှောင်မှထုတ်ဆောင်ခြင်းအကြောင်းရပ်တွင် မကောင်းမှုဒုစရိုက်ကိုပြုလုပ်သော ဘဝမှထွက်ခွာ၍ အပြစ်ကင်းစင်သောဘဝသို့ဝင်ရောက်ခြင်းဟူသော အဓိပ္ပာယ်သဘောမှာ အလွန်လျှင်သင့်မြတ်အရေးပါလှပေသည်။ ဆိုလိုသည်မှာ ယင်းသည်အစွဲဥပါဒါန်၏ အမှောင်အမိုက်များမှလည်း ထုတ်ဆောင်ပေးမည်ဖြစ်ပြီး အကျင့်အမူ၏ အမိုက်မှောင်များမှလည်း ထုတ်ဆောင်ပေးမည်ဖြစ်ပေသည်။ သို့ကြောင့် ဆူရာဟ် 'အလ်-တွလားက်'တွင် တမန်တော်မြတ်ﷺနှင့်စပ်လျဉ်း၍ မိန့်ထားတော်မူသည်မှာ ဤတမန်တော်မှာကား 'ဇီကီရ်'၏ပကတိပြယုဂ်ဖြစ်ပြီး 'ဇီကီရ်'၏အကျိုးဆက်အားဖြင့် 'နူရ်'အလင်းကို ရရှိသည်။ ထို့ပြင် 'ဇီက်ရေအီလာဟီ' အလ္လာဟ်အား သတိရတမ်းတမှု၏ရလဒ်အားဖြင့်ပင် အလ္လာဟ်အရှင်မြတ်က ကိုယ်တော်မြတ်ﷺအား ဤသည့်ကြီးမြတ်သော ဂုဏ်အဆင့်ကိုပေးသနားတော်မူ၍ ကိုယ်တော်မြတ်သည် 'နူရ်'အလင်းတို့ဖြင့်ပြည့်ဝသူဖြစ်ကာ မိမိ၏ စစ်မှန်သော တပည့်ရင်းတို့အားလည်း အမိုက်မှောင်ဟူသမျှမှ အလင်းရောင်ဘက်ဆီသို့ ထုတ်ဆောင်နိုင်လေသည်။

ဤဆူရာဟ်တွင် ကမ္ဘာမြေနှင့်မိုးကောင်းကင်တို့၏ လှို့ဝှက်ချက်များကို အံ့ဩဖွယ်ကောင်းလောက်စွာ လှစ်ဟပြသထားသော အာယတ်တော်တစ်ပုဒ်လာရှိထားသည်။ တမန်တော်မြတ်ﷺကိုယ်တော်တိုင်သည် အမိုက်အမှောင်မှ ထုတ်ဆောင်ပေးသူဖြစ်သကဲ့သို့ပင် လောကရှိအမှောင်ထုနှင့် လှို့ဝှက်ချက်များမှ အဖုံးအကာကို လှပ်ပြပေးသောဗျာဒိတ်စကားကို ပို့ချပေးတော်မူခြင်းခံရလေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် မိုးကောင်းကင်ခုနစ်ထပ်အကြောင်း မကြာခဏလာရှိလေတိုင်း မိုးကောင်းကင် ခုနစ်ခုနှင့်အညီ ကမ္ဘာမြေကြီးကိုလည်း ခုနစ်ခုဖန်ဆင်းတော်မူကြောင်းကို မိန့်ထားတော်မူပေသည်။ သို့ရာတွင် ထိုသည့်ကမ္ဘာမြေကြီးများတွင် နေထိုင်ကျက်စားကြသူတို့အား အဘယ်ပုံအဘယ်နည်းဖြင့် 'ဝဟီ'ဗျာဒိတ်တော်ချပေးလျက် မည်သို့သောအမိုက်မှောင်များမှ ကယ်တင်တော်မူကြောင်းကို အလ္လာဟ်သာလျှင် အသိဆုံးဖြစ်ပေမည်။ ယခုထက်တိုင် ကောင်းကင်ယံတွင် လုံးပမ်းလျက်ရှိကြသော သိပ္ပံပညာရှင်တို့သည် ဤဘာသာရပ်၏အစပိုင်းကိုပင် ချဉ်းကပ်နိုင်ခြင်းမရှိသေးချေ။ သို့ရာတွင် အကြိမ်ကြိမ် သက်သေပြချက်ရရှိခဲ့ပြီးဖြစ်သည့်အတိုင်း ကျမ်းမြတ်ကုရ်အာန်၏ အသိပညာများမှာ **ကော်ဇ်**'ကောင်ဆရ်' အလား အကန့်အသတ်မရှိချေ။ သို့ကြောင့် နောင်ကာလရှိ သိပ္ပံပညာရှင်တို့က ဤပညာရပ်၏ အခြေအနေတစ်ရပ်ရပ်ကို မုချပင် သိရှိကြလိမ့်မည်ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-တွလားက်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၃)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

يٰٓاَيُّهَا النَّبِيُّ اِذَا طَلَّقْتُمُ النِّسَآءَ فَطَلِّقُوْهُنَّ لِعِدَّتِهِنَّ وَاَحْصُوا الْعِدَّةَ ۚ وَاتَّقُوا اللّٰهَ رَبَّكُمْ ۚ لَا تُخْرِجُوْهُنَّ مِنْۢ بُيُوْتِهِنَّ وَلَا يَخْرُجْنَ اِلَّآ اَنْ يَّاْتِيْنَ بِفَاحِشَةٍ مُّبَيِّنَةٍ ۭ وَتِلْكَ حُدُوْدُ اللّٰهِ ۭ وَمَنْ يَّتَعَدَّ حُدُوْدَ اللّٰهِ فَقَدْ ظَلَمَ نَفْسَهٗ ۭ لَا تَدْرِيْ لَعَلَّ اللّٰهَ يُحْدِثُ بَعْدَ ذٰلِكَ اَمْرًا ①

၂။ အို-'နဗီ'တမန်တော်၊ အသင်(တို့)သည် မိမိဇနီးမယားတို့အား ကွာရှင်းမှုပြုလျှင် သူမတို့အား သူမတို့၏ (ကွာရှင်းခြင်း၏) 'အစ်ဒတ်'စောင့်ထိန်းကာလနှင့်လျော်ညီစွာ ကွာရှင်းကြကုန်။ ထို့ပြင် 'အစ်ဒတ်'ကာလကိုရေတွက်ကြကုန်။ ၎င်းပြင် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အား ကြောက်ရွံ့ကြကုန်။ သူမတို့သည် ထင်ရှားစွာသော အရှက်မဲ့ခြင်းကို ကျူးလွန်ကြသည်မှတစ်ပါး သူမတို့အား သူမတို့၏ နေအိမ်များမှ နှင်ထုတ်ခြင်းမပြုကြလင့်။ ထို့ပြင် သူမတို့ကိုယ်တိုင်ကလည်း ထွက်ခွာမသွားကြလင့်။ စင်စစ် ဤသည် အလ္လာဟ်၏စည်းကမ်းသတ်မှတ်ချက်များဖြစ်၏။ အကြင်မည်သူမဆို အလ္လာဟ်၏စည်းကမ်းကိုချိုးဖောက်လျှင် ထိုသူသည် ဧကန်ပင် မိမိအသက်ဝိညာဉ်ကို မတရားကျူးလွန်ခြင်းဖြစ်၏။ ထိုသည့်နောက်တွင် အလ္လာဟ်သည် တစ်စုံတစ်ရာအဆုံးအဖြတ်(အသစ်)ကို ပေါ်လွင်လာအောင် ပြုကောင်းပြုတော်မူမည်ကို အသင်မသိချေ။

فَاِذَا بَلَغْنَ اَجَلَهُنَّ فَاَمْسِكُوْهُنَّ بِمَعْرُوْفٍ اَوْ فَارِقُوْهُنَّ بِمَعْرُوْفٍ وَّاَشْهِدُوْا ذَوَيْ عَدْلٍ مِّنْكُمْ وَاَقِيْمُوا الشَّهَادَةَ لِلّٰهِ ۭ ذٰلِكُمْ يُوْعَظُ بِهٖ مَنْ كَانَ يُؤْمِنُ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ۙ وَمَنْ يَّتَّقِ اللّٰهَ يَجْعَلْ لَّهٗ مَخْرَجًا ②

၃။ သို့ဖြစ်ရာ သူမတို့သည် ၎င်းတို့အတွက် သတ်မှတ်ထားသောအချိန်ကာလသို့ရောက်သွားသောအခါ တစ်ဖန် သူမတို့အား ကောင်းမြတ်သောနည်းလမ်းဖြင့်တားကြကုန်။ သို့တည်းမဟုတ် သူမတို့အား ကောင်းမြတ်သော နည်းလမ်းဖြင့် ခွဲခွာကြကုန်။ ထို့ပြင် မိမိတို့အနက်မှ တရားမျှတမှုရှိသော (ပုဂ္ဂိုလ်)နှစ်ဦးကို သက်သေအဖြစ်ထားလော့။ ၎င်းပြင် အလ္လာဟ်အတွက် သက်သေခံခြင်းကိုတည်ဆောက်ကြကုန်။ ဤသည် အလ္လာဟ်နှင့် နောက်ဆုံးနေ့တော်ကို ယုံကြည်ကြကုန်သောသူတိုင်းအတွက် ဆုံးမသြဝါဒပေးခြင်းဖြစ်၏။ ထိုမှတစ်ပါး အကြင်သူသည် အလ္လာဟ်အားကြောက်ရွံ့လျှင် အရှင်မြတ်သည် ထိုသူအတွက် ကယ်တင်ခြင်း၏ တစ်စုံတစ်ရာသောလမ်းကို ပြုလုပ်ပေးတော်မူ၏။

وَّيَرْزُقْهُ مِنْ حَيْثُ لَا يَحْتَسِبُ ۭ وَمَنْ يَّتَوَكَّلْ عَلَي اللّٰهِ فَهُوَ حَسْبُهٗ ۭ اِنَّ اللّٰهَ

၄။ ထို့ပြင် အရှင်မြတ်သည် သူ့အား သူထင်မှတ်မထားသောနေရာမှ 'ရိဇ်ဂ်'ရိကျွေကို ပေးသနားတော်မူ၏။ ထို့ပြင် အကြင်သူသည် အလ္လာဟ်အား ယုံပုံအားထားပါလျှင် အရှင်

بَالِغُ اَمْرِهٖ ؕ قَدْ جَعَلَ اللّٰهُ لِكُلِّ شَیْءٍ قَدْرًا ۝

မြတ်သည် ထိုသူအတွက် လုံလောက်တော်မူ၏။ ဧကန်မုချ အလ္လာဟ်သည် မိမိ၏ဆုံးဖြတ်ချက်ကို ပြီးမြောက်အောင်ပြုမြဲ ဖြစ်တော်မူ၏။ အလ္လာဟ်သည် အရာခပ်သိမ်းတို့အတွက် အစီအမံတစ်ရပ်ကို ပြုလုပ်၍ ထားတော်မူ၏။

وَالّٰٓـِٔیْ یَئِسْنَ مِنَ الْمَحِیْضِ مِنْ نِّسَآىِٕكُمْ اِنِ ارْتَبْتُمْ فَعِدَّتُهُنَّ ثَلٰثَةُ اَشْهُرٍ ۙ وَّالّٰٓـِٔیْ لَمْ یَحِضْنَ ؕ وَ اُولَاتُ الْاَحْمَالِ اَجَلُهُنَّ اَنْ یَّضَعْنَ حَمْلَهُنَّ ؕ وَمَنْ یَّتَّقِ اللّٰهَ یَجْعَلْ لَّهٗ مِنْ اَمْرِهٖ یُسْرًا ۝

၅။ ထို့ပြင်တဝ အသင်တို့၏ဇနီးမယားများအနက် ဓမ္မတာပေါ်ခြင်းမှ မျှော်လင့်ချက်ကင်းခဲ့ပြီဖြစ်သောသူတို့အတွက် အကယ်၍ အသင်တို့သံသယဖြစ်သော် သူမတို့၏ 'အစ်ဒတ်' အချိန်မှာ သုံးလဖြစ်၏။ ထို့ပြင် ဓမ္မတာမပေါ်သူများအတွက်လည်း(သုံးလပင်)ဖြစ်၏။ ထိုမှတစ်ပါး ကိုယ်ဝန်ရှိသူမိန်းမများနှင့်စပ်လျဉ်း၍ကား သူမတို့အတွက် 'အစ်ဒတ်'အချိန်မှာ ကိုယ်ဝန်ကို မွေးဖွားသည့်တိုင်အောင်ဖြစ်၏။ ထို့ပြင် အကြင်သူသည် အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း'တက္ကဝါ'တရားကိုတည်ဆောက်သော် အလ္လာဟ်သည် မိမိ၏အမိန့်တော်ဖြင့် ထိုသူ့အတွက် လွယ်ကူမှုကိုပြုလုပ်ပေးတော်မူမည်ဖြစ်၏။

ذٰلِكَ اَمْرُ اللّٰهِ اَنْزَلَهٗۤ اِلَیْكُمْ ؕ وَمَنْ یَّتَّقِ اللّٰهَ یُكَفِّرْ عَنْهُ سَیِّاٰتِهٖ وَ یُعْظِمْ لَهٗۤ اَجْرًا ۝

၆။ ဤသည် အလ္လာဟ်၏အမိန့်တော်ဖြစ်၏။ ယင်းကို အရှင်မြတ်သည် အသင်တို့ထံချပေးတော်မူ၏။ အကြင်သူသည် အလ္လာဟ်အားကြောက်ရွံ့ပါလျှင် ထိုအရှင်မြတ်သည် သူ၏မကောင်းမှုများကို သူ့ထံမှဝေးကွာအောင် ပြုပေးတော်မူ၏။ ထို့ပြင် သူ၏အကျိုးဆုလာဘ်ကို များစွာတိုးပွားစေတော်မူ၏။

اَسْكِنُوْهُنَّ مِنْ حَیْثُ سَكَنْتُمْ مِّنْ وُّجْدِكُمْ وَلَا تُضَآرُّوْهُنَّ لِتُضَیِّقُوْا عَلَیْهِنَّ ؕ وَاِنْ كُنَّ اُولَاتِ حَمْلٍ فَاَنْفِقُوْا عَلَیْهِنَّ حَتّٰی یَضَعْنَ حَمْلَهُنَّ ۚ فَاِنْ اَرْضَعْنَ لَكُمْ فَاٰتُوْهُنَّ اُجُوْرَهُنَّ ۚ وَاْتَمِرُوْا بَیْنَكُمْ بِمَعْرُوْفٍ ۚ وَاِنْ تَعَاسَرْتُمْ فَسَتُرْضِعُ لَهٗۤ اُخْرٰی ۝

၇။ အသင်တို့(ကိုယ်တိုင်) မိမိတို့၏အခြေအနေနှင့်လျော်ညီစွာနေထိုင်ကြသောနေရာတွင် သူမတို့အား နေရာထိုင်ခင်းကို စီစဉ်ပေးကြကုန်။ ထို့ပြင် သူမတို့၏ဘဝအကျပ်အတည်းဖြစ်စေခြင်းငှာ သူမတို့အား ဒုက္ခမပေးကြကုန်လင့်။ ထိုမှတစ်ပါး အကယ်၍ သူမတို့သည် ကိုယ်ဝန်ဆောင်များဖြစ်လျှင် ကိုယ်ဝန်ကိုဖွားမြင်သည့်တိုင် သူမတို့အတွက် သုံးစွဲလျက်နေကြကုန်။ ထို့နောက် အကယ်၍ သူမတို့သည် အသင်တို့အလို့ငှာ နို့တိုက်ကျွေးခဲ့ကြရလျှင် သူမတို့၏အဖိုးအခကို သူမတို့အား ပေးကြကုန်။ ဤတွင်မက မိမိတို့အကြားတွင် ထိုက်သင့်သည့်နှင့်လျော်ညီစွာ သင့်မြတ်ညီညွတ်သော အခြေအနေကို ဖန်တီးကြကုန်။ ထို့ပြင် အကယ်၍ အသင်တို့သည် တစ်ဦးနှင့် တစ်ဦး(နားလည်မှုရရှိရေး)တွင် အကျပ်အတည်းရှိခဲ့သော် ထို(ဖခင်ဖြစ်)သူအလို့ငှာ အခြား(နို့တိုက်ကျွေးသူ)တစ်ဦးဦးက နို့တိုက်ကျွေးရမည်။

لِیُنْفِقْ ذُوْ سَعَةٍ مِّنْ سَعَتِهٖ ؕ وَمَنْ قُدِرَ عَلَیْهِ رِزْقُهٗ فَلْیُنْفِقْ مِمَّاۤ اٰتٰىهُ اللّٰهُ ؕ لَا

၈။ ကြွယ်ဝသူသည် မိမိတတ်နိုင်သည့်အလျောက် သုံးစွဲရမည်။ အကြင်သူအား 'ရိဇ်ကီ'ရိက္ခာကို နည်းပါးစေခြင်းခံရလျှင် သူသည် အလ္လာဟ်က မိမိအား ပေးထားသည်များမှ သုံးစွဲပါလေ။ အလ္လာဟ်သည် မည်သည့်အသက်ဝိညာဉ်ကိုမျှ မိမိ ပေးသနား

يُكَلِّفُ اللّٰهُ نَفْسًا اِلَّا مَآ اٰتٰىهَا ؕ سَيَجْعَلُ اللّٰهُ بَعْدَ عُسْرٍ يُّسْرًا ۝٧

ထားတော်မူသည်ထက်ပိုသောဒုက္ခကို အလျှင်းပေးတော်မမူခဲ့။ အလ္လာဟ်သည် အမှန်ပင် ကျပ်တည်းမှုတိုင်း၏နောက်တွင် လွယ်ကူမှုတစ်ရပ်ကို ဖန်တီးပေးတော်မူပေသတည်း။

ရုကူး-၂

وَكَاَيِّنْ مِّنْ قَرْيَةٍ عَتَتْ عَنْ اَمْرِ رَبِّهَا وَرُسُلِهٖ فَحَاسَبْنٰهَا حِسَابًا شَدِيْدًا ۙ وَّعَذَّبْنٰهَا عَذَابًا نُّكْرًا ۝٨

၉။ ထို့ပြင် ဤကဲ့သို့သော မြို့ရွာများ အဘယ်မျှလောက်ရှိခဲ့ပေသနည်း၊ ယင်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်တော်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏တမန်တော်များကိုလည်းကောင်း မနာခံဖီဆန်ကြလေရာ ငါတို့သည် ယင်းတို့အား အလွန်ပြင်းထန်သော စာရင်းစစ်ကြောမှုတစ်ရပ်ကိုပြုခဲ့၏။ လွန်စွာ အတိဒုက္ခရောက်စေသော ပြစ်ဒဏ်တွင် နစ်မွန်းစေတော်မူခဲ့ပေသည်။

فَذَاقَتْ وَبَالَ اَمْرِهَا وَكَانَ عَاقِبَةُ اَمْرِهَا خُسْرًا ۝٩

၁၀။ သို့ဖြစ်ရာ ယင်းတို့သည် မိမိတို့ဆုံးဖြတ်ချက်၏ ဆိုးကျိုးပြစ်ဒဏ်ကို မြည်းစမ်းလိုက်ကြရ၏။ ထို့ပြင် ယင်းတို့လုပ်ရပ်၏နောက်ဆုံးရလဒ်ကား ဆုံးရှုံးခြင်းသာဖြစ်ခဲ့၏။

اَعَدَّ اللّٰهُ لَهُمْ عَذَابًا شَدِيْدًا ۙ فَاتَّقُوا اللّٰهَ يٰٓاُولِى الْاَلْبَابِ ۚ الَّذِيْنَ اٰمَنُوْا ۛ قَدْ اَنْزَلَ اللّٰهُ اِلَيْكُمْ ذِكْرًا ۝١٠

၁၁။ အလ္လာဟ်သည် ယင်းတို့အဖို့ ပြင်းထန်လှစွာသော ပြစ်ဒဏ်ကို စီစဉ်ထားရှိတော်မူ၏။ သို့ဖြစ်ရာ အို-သက်ဝင်ယုံကြည်ကြကုန်သော အသိဉာဏ်ရှိသူအပေါင်းတို့၊ အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်း'တက္ကဝါ'တရားကို တည်ဆောက်ကြကုန်။ အလ္လာဟ်သည် အသင်တို့ထံသို့ တစ်ခုသော ကြီးကျယ်သည့် 'ဇိကီရ်'ကို ချပေးတော်မူ၏။

رَّسُوْلًا يَّتْلُوْا عَلَيْكُمْ اٰيٰتِ اللّٰهِ مُبَيِّنٰتٍ لِّيُخْرِجَ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ مِنَ الظُّلُمٰتِ اِلَى النُّوْرِ ؕ وَمَنْ يُّؤْمِنْۢ بِاللّٰهِ وَيَعْمَلْ صَالِحًا يُّدْخِلْهُ جَنّٰتٍ تَجْرِىْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ اَبَدًا ؕ قَدْ اَحْسَنَ اللّٰهُ لَهٗ رِزْقًا ۝١١

၁၂။ တမန်တော်တစ်ပါးအဖြစ်ဖြင့်၊ သူသည် အသင်တို့အား အလ္လာဟ်၏ လင်းဝင်းစေသည့် 'အာယတ်'မုက္ခပါဠိတော်များကို ဖတ်ကြားပြလေ၏။ သို့ဖြင့် အကြင် သက်ဝင်ယုံကြည်၍ ကောင်းမှုကိုကျင့်ကြံအားထုတ်သောသူတို့အား အမှိုက်မျှောင်ထုများမှ အလင်းဘက်ဆီသို့ ထုတ်ဆောင်အံ့သောဌာဖြစ်၏။ ထိုမှတစ်ပါး အကြင်သူသည် အလ္လာဟ်အား သက်ဝင်ယုံကြည်၍ ကောင်းမှုပြုအံ့၊ ထိုအရှင်မြတ်သည် ထိုသူအား အခြေတွင် စမ်းချောင်းအသွယ်သွယ် စီးဆင်းနေသော 'ဂျန္နတ်'ဥယျာဉ်တော်များတွင် ဝင်ရောက်စေတော်မူမည်ဖြစ်၏။ ထိုသူတို့သည် ယင်း၌ အစဉ်ထာဝရနေရမည့်သူများဖြစ်ကြ၏။ (ကောင်းမှုကုသိုလ်ကျင့်မူသော) ထိုသူ(တိုင်း)အဖို့ အလ္လာဟ်သည် အလွန်လျှင် ကောင်းမြတ်သော 'ရိဇိက်'ရိကျွာကိုစီစဉ်ထားတော်မူ၏။ ①

① အာယတ်တော် ၁၀-၁၂။ **နေ့ရုလ်** (နုဇူလ်)ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ရုပ်ခန္ဓာနှင့်တကွ မိုးကောင်းကင်မှ ဆင်းသက်လာခြင်းကိုမဆိုလိုကြောင်း ဤအာယတ်တော်များအားဖြင့်ပြတ်သားသောအထောက်အထားရရှိပေသည်။ 'နုဇူလ်'၏သဘောမှာ အလ္လာဟ်အရှင်မြတ်ထံတော်မှ အကောင်းဆုံးသော 'နေ့အ်မတ်'ကောင်းချီးဆုလာဘ်ကို ပေးသနားတော်မူခြင်းကိုဆိုသည်။ ဤသည့် ရှုထောင့်အားဖြင့် တမန်တော်မြတ်ﷺအား 'ဇိကီရ်'၏ပြယုဂ်အဖြစ်ဖော်ပြတော်မူလျက် ကိုယ်တော်မြတ်ﷺသည် အခြားတမန်တော်အားလုံးတို့ထက် ဂုဏ်ဒြပ်မြင့်မားကြောင်း သက်သေဖော်ထုတ်ပြသခြင်းဖြစ်ပေသည်။

اَللّٰهُ الَّذِیْ خَلَقَ سَبْعَ سَمٰوٰتٍ وَّ مِنَ
الْاَرْضِ مِثْلَهُنَّ ؕ یَتَنَزَّلُ الْاَمْرُ بَیْنَهُنَّ
لِتَعْلَمُوْۤا اَنَّ اللّٰهَ عَلٰی كُلِّ شَیْءٍ قَدِیْرٌ ۙ
وَّ اَنَّ اللّٰهَ قَدْ اَحَاطَ بِكُلِّ شَیْءٍ عِلْمًا ﴿۱۲﴾ ع ۱۲

၁၃။ အလ္လာဟ်သည်ကား၊ မိုးကောင်းကင်ခုနစ်ထပ်ကို ဖန်ဆင်းတော်မူ၏။ ထို့ပြင် ကမ္ဘာမြေများအနက်မှလည်း ယင်းကဲ့သို့ပင် (ဖန်ဆင်းတော်မူ၏)။ (ထိုအရှင်မြတ်၏) အမိန့်တော်သည် ယင်းတို့၏အကြားဝယ် များပြားစွာ ကျရောက်လေ၏။ ထိုသို့ဖြင့် အလ္လာဟ်သည် မိမိနှစ်လို့တော်မူသော အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားထားရှိတော်မူကြောင်းနှင့် အလ္လာဟ်သည် ပညာအားဖြင့် အရာခပ်သိမ်းအပေါ် လွှမ်းခြုံလျက်ရှိတော်မူကြောင်း အသင်တို့ သိကြစေရန်ဖြစ်သတည်း။

❖ ❖ ❖

၆၆။ အလ်–တာဟ်ရင်း(မ်)

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် 'အာယတ်'မုက္ခပါဠိတော် (၁၃)ပိုဒ်ပါရှိသည်။

ပြီးခဲ့သောဆူရာဟ်တွင် တမန်တော်မြတ်ﷺထံသို့ ပို့ချပေးတော်မူသောကျမ်းတော်၌ ဖွင့်လှစ်ခြင်း ခံရသော ကြီးကျယ်ခမ်းနားလှသည့် စကြဝဠာ၏လျှို့ဝှက်ချက်များအကြောင်း ပါရှိလေသည်။ ယခု ဤဆူရာဟ်တွင် အချို့သောသေးငယ်သည့် လျှို့ဝှက်ချက်များကိုလည်း ဖော်ပြထားသည်။ ကြီးကျယ်သော လျှို့ဝှက်နက်နဲမှုများကိုလည်း တမန်တော်မြတ်ﷺထံသို့ 'အာလေမွလ်ဂိုက်ဘ်' (အကွယ်အလုံးစုံကို သိမြင်တော်မူသောအရှင်)ထံတော်မှ ဖွင့်ပေးတော်မူသကဲ့သို့ သေးငယ်သော လျှို့ဝှက်နက်နဲရာများကို လည်း 'အာလေမွလ်ဂိုက်ဘ်'အရှင်၏ထံတော်မှပင် ကိုယ်တော်မြတ်အား အသိပေးဖွင့်ချပေးတော်မူ ပေသည်။ သို့ဖြစ်ရာ ဤသည့်အနက်သဘောဖြင့် ဤဆူရာဟ်သည် ပြီးခဲ့သောဆူရာဟ်နှင့် ဆက်စပ်မှု တည်ဆောက်ထားသည်မှာ- **مَـا لِهٰـذَاالْـكِتَـابِ لَا يُـغَادِرُ صَغِيْرَةً وَّلَا كَبِيْرَةً اِلَّا اَحْصٰهَا** ဤသည် အသေး တကာ့အသေးဆုံးသော လျှို့ဝှက်ရာများကိုလည်းကောင်း၊ အကြီးဆုံးသော လျှို့ဝှက်နက်နဲရာများကို လည်းကောင်း လွှမ်းခြုံထားသည့် အံ့ဖွယ်ကျမ်းတော်ဖြစ်ပေသည်။

ဤဆူရာဟ်တွင် **تـوبةالنَّـصوح** အကြောင်း ဖော်ပြထားတော်မူပြီး အကယ်၍ ၎င်းတို့သည် စိတ်ဖြူစင်စွာဖြင့် 'တောင်ဘာ'ဝန်ချတောင်းပန်ကြလျှင် ၎င်းတို့၏ အပြစ်ကြီးငယ်ဟူသမျှကို အလွှာဟ် အရှင်မြတ်သည် ခွင့်လွှတ်ချမ်းသာပေးနိုင်သည့် တန်ခိုးစွမ်းအားရှိတော်မူသောအရှင်ဖြစ်ကြောင်း တမန်တော်မြတ်ﷺ၏နောက်လိုက်များအား အလေးအနက်မိန့်ထားတော်မူပေသည်။ ဤ 'တောင်ဘာ' ဝန်ချခြင်းကို သဘောတူလက်ခံတော်မူသည့်လက္ခဏာကို ဖော်ပြတော်မူသည်မှာ ဤသို့ 'တောင်ဘာ'ပြု သူတို့၏ ပြုပြင်ပြောင်းလဲရေးစတင်ဖြစ်ပေါ်လာပြီး တစ်နေ့ထက်တစ်နေ့ အပြစ်ဒုစရိုက်များကို ဖယ်ထုတ် ရှောင်ရှားနိုင်သော အစွမ်းသတ္တိကို ခံစားသိရှိလာရကာ ထိုသူ၏မကောင်းမှုဟူသမျှကို အလွှာဟ် အရှင်မြတ်က ထိုသူထံမှ ကင်းဝေးအောင်ပြုပေးတော်မူပေလိမ့်မည်။ ဤသည့် မကောင်းမှုများကို ကင်းဝေးစေသော အချိန်ကာလမှာ အမှန်ပင် သူ့အားပေးသနားခြင်းခံရသော 'နူရ်'အလင်းရောင် အားဖြင့်ဖြစ်လိမ့်မည်။ အမှောင်တွင်သွားလာနေသူသည် အလင်းရောင်အားဖြင့် မည်သို့သော အန္တရာယ် ခလုတ်တံသင်းများရှိကြောင်းကို သိရှိလိုက်ရသည့်ပမာဖြစ်၏။ သို့ဖြစ်ရာ **نُـوْرُهُـمْ يَسْـعٰى بَيْنَ اَيْدِيْهِمْ** ၏သဘောမှာ ယင်း('နူရ်'အလင်း)က ထိုသူအား လမ်းညွှန်တော်မူသွားမည်ဟူ၍ဖြစ်သည်။ ထို့ပြင် **وَبِـاَيْـمَانِهِمْ** ဟူသောစကားလုံးများတွင် လက်ဝဲဘက်သားများဟုခေါ်ဆိုခြင်းခံရသော မကောင်းမှုဒုစရိုက် သားတို့အား တစ်စုံတစ်ရာသော 'နူရ်'အလင်းကို ပေးသနားခြင်းမခံရကြောင်း ညွှန်းဆိုခြင်းဖြစ်သည်ဟု သိရှိရပေသည်။ အစဉ်သဖြင့် မကောင်းမှုဟူသမျှ၏ ဆန့်ကျင်ဘက်တွင် ကောင်းမှုကိုအလေးပေးကြသော သူတို့ကိုသာလျှင် ဤသည့် 'နူရ်'အလင်းကို ပေးသနားတော်မူလေသည်။ ထို့ပြင် ဤသူတို့သာလျှင် ထို'နူရ်'အလင်းကိုရရှိကြမည်ဖြစ်ပြီး ယင်းက သူတို့အား ကောင်းမှုကုသိုလ်တွင် တည်တံ့စွာရပ်တည်နိုင်ရန် အတွက် ခိုင်ခံ့မြဲမြံမှုကို ပေးသနားတော်မူမည်ဖြစ်သည်။

ဤဆူရာဟ်၏နိဂုံးတွင် အပေါ်ယံအားဖြင့် တမန်တော်တို့၏ကြင်ရာများအဖြစ်ရှိခဲ့ကြသော်

လည်း လက်တွေ့အားဖြင့်မူ ၎င်းတို့၏တာဝန်များကို ဖြည့်ဆည်းရာတွင် အလွဲသုံးစားပြုခဲ့ကြသော ကံမကောင်းအကြောင်းမလှသည့် အမျိုးသမီးနှစ်ဦး၏ဥပမာကိုဖော်ပြထားသည်။ ထို့နောက် ထိုသူမ နှစ်ယောက်နှင့်ဆန့်ကျင်ဘက်တွင် အလွန်မွန်မြတ်သန့်စင်သော အမျိုးသမီးနှစ်ဦးအကြောင်းကိုလည်း (စံပြ)ဖော်ပြထားပေသည်။ ၎င်းတို့အနက်တစ်ဦးမှာ အလ္လာဟ်၏ရန်သူဖြစ်သော အလွန်အမင်း မတရားပြု၍ ရက်စက်ကြမ်းကြုတ်သူ၏ ကြင်ဘက်ဖြစ်သည်။ သို့စင်လျက် သူမသည် မိမိ၏ယုံကြည်သက်ဝင်မှုကို လုံခြုံစွာစောင့်ထိန်းခဲ့လေသည်။ ထို့ပြင် အခြားတစ်ဦးမှာ သူမအား အလ္လာဟ်အရှင်မြတ်က မည်သည့် စိတ်အလိုဆန္ဒကြောင့်မှမဟုတ်ဘဲ 'မဆီဟ်'၏ပုံသဏ္ဌာန်ဖြင့် အံ့ဖွယ်နိမိတ်တစ်ပါးကို ချီးမြှင့်ခြင်းခံရသော 'မရ်ယမ်'သခင်မအကြောင်းဖြစ်ပေသည်။ ထို့နောက် နောက်ဆုံးအာယတ်တော်တွင် ဖော်ပြတော်မူသည်မှာ တမန်တော်မြတ် မိုဟမ္မဒ်ﷺသခင်၏ 'အွမ္မတ်'(သာသနာ့အုပ်စုဝင်များ)အတွင်း၌ မွေးဖွားသန့်စင်လာမည့် မှန်ကန်၍ သန့်စင်သော ပုဂ္ဂိုလ်တစ်ဦးသည်လည်း ဤသည့်အံ့ဖွယ်နိမိတ်ကို ဖော်ပြဦးမည့်အကြောင်း၊ ထိုသို့ဖြစ်ခဲ့လင့်ကစား ၎င်းသည် နာမ်တရားဆိုင်ရာ မြင့်မားသော အဆင့်အတန်းဂုဏ်သိက္ခာကို ရယူဖို့ရာ တစ်စုံတစ်ရာ ဆန္ဒအာသီသမရှိမူဘဲ ထိုပုဂ္ဂိုလ်ထံ အရှင်မြတ်၏ဝိညာဉ်တော်ကို မှုတ်သွင်းတော်မူလျက် ယင်း၏အကျိုးဆက်အားဖြင့် တမန်တော်အီစာ﵇နှင့်နှိုင်းယှဉ်ခံရသော နာမ်တရားဆိုင်ရာ ရုပ်ခန္ဓာကို ချီးမြှင့်တော်မူပေလိမ့်မည်။ သို့ကြောင့် **فَنَفَخْنَا فِيْهِ مِنْ رُّوْحِنَا** အလ္လာဟ်အရှင်မြတ်က ထိုသည့် သက်ဝင်ယုံကြည်မှုရှိသော 'မို့အ်မင်န်'ယောကျ်ားမြတ်အား အရှင်မြတ်၏'ရူဟ်'ကို မှုတ်သွင်းတော်မူမည်ဟု မိန့်တော်မူခြင်းဖြစ်ပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-တာဟ်ရိင်း(မ်)

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၁၃)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

يٰٓاَيُّهَا النَّبِيُّ لِمَ تُحَرِّمُ مَآ اَحَلَّ اللّٰهُ لَكَ ۚ تَبْتَغِيْ مَرْضَاتَ اَزْوَاجِكَ ۭ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ①

၂။ အို-'နဗီ'တမန်တော်၊ အလ္လာဟ်က အသင့်အတွက် 'ဟလာလ်'တရားဝင်ခွင့်ပြုထားသည်ကို အသင်သည် အဘယ့်ကြောင့် 'ဟရာမ်'တားမြစ်သောအရာဟူ၍ပြုနေရပေသနည်း။ အသင်သည် မိမိဇနီးကြင်ရာများ၏ ကျေနပ်နှစ်သက်ခြင်းကို အလိုရှိပေ၏။ ဧကန်ပင် အလ္လာဟ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။ ①

قَدْ فَرَضَ اللّٰهُ لَكُمْ تَحِلَّةَ اَيْمَانِكُمْ ۚ وَاللّٰهُ مَوْلٰىكُمْ ۚ وَهُوَ الْعَلِيْمُ الْحَكِيْمُ ②

၃။ အလ္လာဟ်သည် အသင်တို့အား မိမိတို့၏ ကျိန်ဆိုမှုများအား ချေဖျက်ရန်ပြဋ္ဌာန်းတော်မူ၏။ ဧကန်ပင် အလ္လာဟ်သည် အသင်တို့၏ အရှင်သခင်ဖြစ်တော်မူ၏။ ထို့ပြင် ထိုအရှင်မြတ်သည် ထာဝရသိရှိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။ ②

وَاِذْ اَسَرَّ النَّبِيُّ اِلٰى بَعْضِ اَزْوَاجِهٖ حَدِيْثًا ۚ فَلَمَّا نَبَّاَتْ بِهٖ وَاَظْهَرَهُ اللّٰهُ عَلَيْهِ عَرَّفَ بَعْضَهٗ وَاَعْرَضَ عَنْۢ بَعْضٍ ۚ فَلَمَّا نَبَّاَهَا بِهٖ قَالَتْ مَنْ اَنْۢبَاَكَ

၄။ ထိုမှတစ်ပါး အကြင်အခါဝယ် တမန်တော်သည် မိမိဇနီးကြင်ရာများအနက်တစ်ဦးအား လျှို့ဝှက်ပုံစံဖြင့် စကားရပ်တစ်ခုကိုပြော၏။ ထို့နောက် သူမသည် ထိုစကားကို ဖွင့်ပြောပြလိုက်၏။ ထို့ပြင် အလ္လာဟ်သည် သူ(တမန်တော်)အား ယင်း(အကြောင်းကိစ္စ)ကို အသိပေးဖော်ပြတော်မူလိုက်ရာ သူသည် အချို့ကို ယင်း(ကြင်ရာတော်)အား အသိပေးပြီး အချို့

---

① အလ္လာဟ်၏တမန်တော်ﷺက သူမတို့အတွက် မိမိအဖို့ 'ဟရာမ်'အဖြစ်ပြုလုပ်ရသည်အထိ ကြင်ရာတော်များတွင် မည်သည့်အရာကို မနှစ်သက်မှုရှိကြသနည်းဆိုသည့်ကိစ္စအတွက် ဆွေးနွေးငြင်းခုံရန်မလိုအပ်ပေ။ သို့စင်လျက် ထိုအရာသည် မည်သည့်အရာပင်ဖြစ်ပါစေ အလ္လာဟ်အရှင်မြတ်က ယင်းကို 'ဟလာလ်'တရားဝင်သည်ဟု သတ်မှတ်ထားတော်မူသည်။ တစ်နည်းအားဖြင့် အလ္လာဟ်အရှင်မြတ်က အကြင်မည်သည့်အရာကိုမဆို အထင်အရှား 'ဟရာမ်' သို့မဟုတ် 'ဟလာလ်'အဖြစ်ပြုတော်မူခဲ့လျှင် ယင်းကိုပြောင်းလဲဖို့ရာ မည်သည့်လူသားတွင်မျှ အခွင့်မရှိဟု မိန့်ကြားချက်ရှိထားပေသည်။ သာမန်လူသားတို့အဖို့မူကား မိမိကြိုက်သည်၊ မကြိုက်သည်ပေါ်မူတည်၍ အချို့သောအရာများကို မိမိအတွက် 'ဟရာမ်'ကဲ့သို့ ပြုလိုက်နိုင်ခွင့်ရှိသော်လည်း ထိုသူတို့သည် အခြားသူများအတွက် 'စံ'ထားစရာမဟုတ်ချေ။ တမန်တော်မြတ်ﷺအား အထူးပြု၍ ဤသို့မိန့်ကြားရခြင်းမှာ ကိုယ်တော်သည် 'အွမ္မတ်'တစ်ခုလုံးအတွက် 'စံ'ထားအပ်သူဖြစ်သောကြောင့်တည်း။

② ဤတွင် ကျိန်ဆိုတိုင်တည်မှုများကို ဖျက်ပစ်စေခြင်းသဘောမှာ အကြင်သူသည် တစ်ဦးတစ်ယောက်အား အလေးအနက်ထား၍ ကတိကဝတ်အလို့ငှာ လိုအပ်သောကျိန်ဆိုမှုကိုပြုခဲ့လျှင် ယင်းကိုလည်း အသင်တို့သည် သံသယမရှိ ဖျက်ပယ်ပစ်နိုင်သည်ဟု ဆိုလိုသည်မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ် မိန့်ဆိုထားပြီးဖြစ်သော 'ဟလာလ်'နှင့်'ဟရာမ်'တို့မှ တစ်ခုခုကို အကယ်၍ ပြောင်းလဲဖို့ရာ ကျိန်ဆိုမိသည်ရှိသော် ယင်းကို ဖျက်ပစ်ရမည်ဟု ဆိုလိုခြင်းမျှသာဖြစ်သည်။ သို့သော် ထိုသည့်အတွက်လည်း 'ဖစ်ဒယာ' (အစားပေးခေမှု)ပြုရပေမည်။

هٰذَا ؕ قَالَ نَبَّاَنِیَ الْعَلِیْمُ الْخَبِیْرُ ۝

ကိုမူကား မသိကျိုးကျွန်ပြု၏။ သို့ဖြစ်ရာ သူသည် ယင်း(ကြင်ရာတော်)ကို ဤသတင်းကိုပေးသောအခါ သူမက ကိုယ်တော့်အား အဘယ်သူက ပြောပါသနည်းဟုမေးလေ၏။ သူ (တမန်တော်)က လွန်စွာသိတော်မူသောအရှင်၊ လွန်စွာသတင်းရတော်မူသောအရှင်က ကျွန်ုပ်အား အသိပေးတော်မူသည်ဟု ပြောခဲ့လေသည်။

اِنْ تَتُوْبَاۤ اِلَی اللّٰهِ فَقَدْ صَغَتْ قُلُوْبُكُمَا ۚ وَ اِنْ تَظٰهَرَا عَلَیْهِ فَاِنَّ اللّٰهَ هُوَ مَوْلٰىهُ وَ جِبْرِیْلُ وَ صَالِحُ الْمُؤْمِنِیْنَ ۚ وَ الْمَلٰٓئِكَةُ بَعْدَ ذٰلِكَ ظَهِیْرٌ ۝

၅။ အကယ်၍ အသင်တို့နှစ်ဦးသည် အလ္လာဟ်၏အထံတော်သို့ 'တောင်ဘာ'ဝန်ချတောင်းပန်လျက် ယိမ်းညွတ်ကြလျှင် (ဤသည်တင့်တယ်ပေ၏၊ အကြောင်းမူ) အသင်တို့နှစ်ဦး၏စိတ်နှလုံးသည် (အပြစ်သို့) ယိမ်းညွတ်ခဲ့ကြသောကြောင့်ပင်။ ထို့ပြင် အကယ်၍ အသင်တို့နှစ်ဦးသည် သူနှင့်ဆန့်ကျင်ဘက်ပြု၍ တစ်ဦးနှင့်တစ်ဦးကူညီခဲ့ကြလျှင် ဧကန်မလွဲ အလ္လာဟ်သည်သာလျှင် သူ၏အရှင်သခင်ဖြစ်တော်မူ၏။ ထို့ပြင် ကောင်းကင်တမန် 'ဂျိဗရာအီလ်'နှင့် သက်ဝင်ယုံကြည်သူ 'မို့အ်မင်န်'တို့အနက် သူတော်စင်တိုင်းသည်လည်းကောင်း၊ ထို့ပြင် ကောင်းကင်တမန်တို့သည်လည်းကောင်း သူ့အား ရိုင်းပင်းကူညီသူများဖြစ်ကြ၏။ ②

عَسٰی رَبُّهٗۤ اِنْ طَلَّقَكُنَّ اَنْ یُّبْدِلَهٗۤ اَزْوَاجًا خَیْرًا مِّنْكُنَّ مُسْلِمٰتٍ مُّؤْمِنٰتٍ قٰنِتٰتٍ تٰٓئِبٰتٍ عٰبِدٰتٍ سٰٓئِحٰتٍ ثَیِّبٰتٍ وَّ اَبْكَارًا ۝

၆။ အကယ်၍ သူ(တမန်တော်)သည် အသင်တို့အား ကွာရှင်းခဲ့လျှင်၊ သူ့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က အသင်တို့အစား သူ့အတွက် အသင်တို့ထက် ပို၍ကောင်းမြတ်သော ဇနီးကြင်ရာများကို ပေးသနားတော်မူရန် နီးစပ်လှပေ၏။ သူမတို့သည် မွတ်စလင်အမျိုးသမီးများ၊ သက်ဝင်ယုံကြည်သူအမျိုးသမီးများ၊ နာခံသူအမျိုးသမီးများ၊ 'တောင်ဘာ'ဝန်ချတောင်းပန်သောအမျိုးသမီးများ၊ ဝတ်ပြုသောအမျိုးသမီးများ၊ ဥပုသ်ဆောက်တည်သူအမျိုးသမီးများ၊ မုဆိုးမများသော်လည်းကောင်း၊ အပျိုစင်သော်လည်းကောင်း ဖြစ်ကြ၏။

یٰۤاَیُّهَا الَّذِیْنَ اٰمَنُوْا قُوْۤا اَنْفُسَكُمْ وَ اَهْلِیْكُمْ نَارًا وَّ قُوْدُهَا النَّاسُ وَ الْحِجَارَةُ عَلَیْهَا مَلٰٓئِكَةٌ غِلَاظٌ شِدَادٌ لَّا یَعْصُوْنَ اللّٰهَ مَاۤ اَمَرَهُمْ وَ یَفْعَلُوْنَ مَا یُؤْمَرُوْنَ ۝

၇။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ မိမိတို့ကိုယ်တိုင်ကိုလည်းကောင်း၊ မိမိတို့၏မိသားစုကိုလည်းကောင်း မီးမှ ကယ်တင်ကြကုန်။ ယင်း(မီး)၏လောင်စာကား လူသားနှင့် ကျောက်ခဲများဖြစ်ကြ၏။ ယင်းအား လွန်စွာခက်ထန်၍ အင်အားကြီးမားသော ကောင်းကင်တမန်များသည် (အုပ်ချုပ်လျက်) ရှိကြပေ၏။ သူတို့သည် ထိုအရှင်မြတ်က သူတို့အား ပေးတော်မူသော အလ္လာဟ်၏အမိန့်တော်နှင့်စပ်လျဉ်း၍ မနာခံခြင်းမပြုကြချေ။ ဤတွင်မက သူတို့အား အမိန့်ပေးတော်မူခြင်းခံရ

② ဤအာယတ်တော်တွင် တမန်တော်မြတ်ﷺမှ လျှို့ဝှက်သောစကားတစ်ခုကိုပြောပြတော်မူပြီး၊ ၎င်းက နောက်တစ်ဦးကို ပြောပြခဲ့သော တမန်တော်မြတ်၏ကြင်ရာတော်နှစ်ပါး၏ အမည်နာမများကိုဖော်ပြမထားချေ။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်က လျှို့ဝှက်ထားတော်မူသော အကြောင်းအရာတစ်ခုကို ကြံစည်စဉ်းစားရန် လူသား၌ အခွင့်မရှိချေ။

သည်ကိုသာ လုပ်ဆောင်ကြ၏။

يَٰٓأَيُّهَا ٱلَّذِينَ كَفَرُوا۟ لَا تَعْتَذِرُوا۟ ٱلْيَوْمَ ۖ إِنَّمَا تُجْزَوْنَ مَا كُنتُمْ تَعْمَلُونَ ۝٧

၈။ အို-မယုံကြည်ခြင်းပယ်သူတို့၊ ယနေ့တွင် အကြောင်းပြချက်ကို မတင်ပြကြကုန်လင့်။ ကောန်မလွဲ အသင်တို့အား အသင်တို့ ပြုကျင့်လျက်ရှိနေခဲ့သည်ကိုသာလျှင် အစားပေးခြင်း ခံကြရမည်တည်း။

ရုကူး-၂

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ تُوبُوٓا۟ إِلَى ٱللَّهِ تَوْبَةً نَّصُوحًا ۚ عَسَىٰ رَبُّكُمْ أَن يُكَفِّرَ عَنكُمْ سَيِّـَٔاتِكُمْ وَيُدْخِلَكُمْ جَنَّٰتٍ تَجْرِى مِن تَحْتِهَا ٱلْأَنْهَٰرُ ۙ يَوْمَ لَا يُخْزِى ٱللَّهُ ٱلنَّبِىَّ وَٱلَّذِينَ ءَامَنُوا۟ مَعَهُۥ ۖ نُورُهُمْ يَسْعَىٰ بَيْنَ أَيْدِيهِمْ وَبِأَيْمَٰنِهِمْ يَقُولُونَ رَبَّنَآ أَتْمِمْ لَنَا نُورَنَا وَٱغْفِرْ لَنَآ ۖ إِنَّكَ عَلَىٰ كُلِّ شَىْءٍ قَدِيرٌ ۝٨

၉။ အို-'မို့အ်မင်န်'သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်၏ဘက်တော်သို့ သဒ္ဓါဖြူစင်စွာ 'တောင်ဘာ'ဝန်ချတောင်းပန်ခြင်းပြုလျက် ယိမ်းညွတ်ကြကုန်။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသင်တို့ထံမှ အသင်တို့၏မကောင်းမှုများကို ကင်းဝေးအောင်ပြုပေးတော်မူရန်နှင့် အသင်တို့အား အခြေတွင် စမ်းချောင်းများစီးဆင်းလျက်ရှိသော 'ဂျန္နတ်'ဥယျာဉ်တော်များတွင် ဝင်ရောက်စေတော်မူရန် မဝေးတော့ပြီ။ ထိုနေ့တွင် အလ္လာဟ်သည် 'နဗီ'တမန်တော်နှင့် ထိုသည့်(တမန်တော်)နှင့်အတူ သက်ဝင်ယုံကြည်ကြသောသူတို့အား ဂုဏ်သရေညှိုးနွမ်းအောင် ပြုတော်မူမည်မဟုတ်ချေ။ သူတို့၏ 'နူရ်'အလင်းသည် သူတို့၏ ရှေ့မှလည်းကောင်း၊ သူတို့၏လက်ယာဘက်မှလည်းကောင်း လျင်မြန်စွာပြေးလျက်ရှိပေလတ္တံ့။ သူတို့က အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အဖို့ ကျွန်တော်မျိုးတို့၏ 'နူရ်'အလင်းကို ပြည့်ဝစုံလင်စေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော်မူပါ။ ကောန်အမှန် အရှင်မြတ်သည် မိမိအလိုရှိသည့် အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူပါ၏။

يَٰٓأَيُّهَا ٱلنَّبِىُّ جَٰهِدِ ٱلْكُفَّارَ وَٱلْمُنَٰفِقِينَ وَٱغْلُظْ عَلَيْهِمْ ۚ وَمَأْوَىٰهُمْ جَهَنَّمُ ۖ وَبِئْسَ ٱلْمَصِيرُ ۝٩

၁၀။ အို-တမန်တော်၊ မယုံကြည်ခြင်းပယ်သူ 'ကာဖိရ်'တို့နှင့် 'မိုနာဖစ်'အယောင်ဆောင်တို့အား 'ဂျီဟာဒ်'ပြုပါလေ။ ထို့ပြင် ယင်းတို့အပေါ်တွင် ခက်ထန်ပါလေ။ ယင်းတို့၏ နေရာထိုင်ခင်းမှာ 'ဂျဟန္နမ်'ငရဲဖြစ်၏။ ယင်းသည် အလွန်တရာဆိုးရွားလှသော နေရာထိုင်ခင်းဖြစ်၏။ ۞

ضَرَبَ ٱللَّهُ مَثَلًا لِّلَّذِينَ كَفَرُوا۟ ٱمْرَأَتَ

၁၁။ အလ္လာဟ်သည် မယုံကြည်ခြင်းပယ်ကြကုန်သောသူတို့အတွက် 'နူးဟ်'၏ဇနီးနှင့် 'လူးတ်'၏ဇနီး၏ဥပမာကို ဖော်ပြ

۞ မိမိအတွက်မဟုတ်မူဘဲ အလ္လာဟ်အရှင်မြတ်အတွက်မျှသာပြုလုပ်သော 'ဂျီဟာဒ်'တွင် ရန်သူများနှင့် စစ်မက်တိုက်ခိုက်ရန် ရင်ဆိုင်ရသောအခါ စိတ်နှလုံးမည်မျှပင်နူးညံ့ပါစေ ခက်ထန်မှုပြုရန် အမိန့်ရှိထားခြင်းဖြစ်သည်။ အခြားသော အာယတ်တော်တစ်ပုဒ်အားဖြင့် ဤသည့်ခက်ထန်မှု၏ အကျိုးဆက်ကိုသိရှိရသည်မှာ ယင်း၏ရလဒ်အားဖြင့် စစ်ပွဲတွင်မပါဝင်သူများမှာလည်း ထိတ်လန့်ကြောက်ရွံ့သွားကြမည်ဖြစ်ပြီး فَشَرِّدْ بِهِم مَّنْ خَلْفَهُمْ 'သူတို့(၏အုံကြွမှု)ကြောင့် သူတို့၏နောက်တန်းများကိုလည်း ကစဉ့်ကလျားဖြစ်အောင်ပြုလုပ်ကြကုန်'(စ၊၅၈)ဟူ၍ ဖော်ပြထားတော်မူသည့်အတိုင်း ၎င်းတို့သည် မွတ်စလင်တို့အား မတရားသဖြင့် စစ်ဆင်နွှဲကြတော့မည်မဟုတ်ချေ။

نُوْحٍ وَّامْرَاَتَ لُوْطٍ ؕ كَانَتَا تَحْتَ
عَبْدَيْنِ مِنْ عِبَادِنَا صَالِحَيْنِ فَخَانَتٰهُمَا
فَلَمْ يُغْنِيَا عَنْهُمَا مِنَ اللّٰهِ شَيْـًٔا وَّ قِيْلَ
ادْخُلَا النَّارَ مَعَ الدّٰخِلِيْنَ ۝١٠

တော်မူ၏။ သူမတို့နှစ်ဦးစလုံးသည် ငါတို့၏ သူတော်စင်အစေတော်နှစ်ပါး၏လက်အောက်တွင်ရှိခဲ့ကြ၏။ သို့ဖြစ်ရာ သူမတို့နှစ်ဦးသည် ထိုသူတော်စင်တို့အပေါ် သစ္စာမတည်မှုဖြစ်ခဲ့ကြပေရာ သူတို့သည် သူမတို့ကို အလ္လာဟ်၏ဖမ်းဆီးခြင်းမှ စိုးစဉ်းမျှပင် ကယ်တင်ခြင်းငှာ မစွမ်းနိုင်ခဲ့ကြပေ။ ထိုမှတစ်ပါး အသင်မတို့ နှစ်ဦးစလုံးသည် ဝင်ရောက်ကြမည့်သူများနှင့်အတူ မီးထဲသို့ ဝင်ရောက်ကြကုန်ဟုပြောခြင်းကိုခံကြရပေ၏။

وَضَرَبَ اللّٰهُ مَثَلًا لِّلَّذِيْنَ اٰمَنُوا امْرَاَتَ
فِرْعَوْنَ ۘ اِذْ قَالَتْ رَبِّ ابْنِ لِيْ عِنْدَكَ
بَيْتًا فِي الْجَنَّةِ وَنَجِّنِيْ مِنْ فِرْعَوْنَ
وَعَمَلِهٖ وَنَجِّنِيْ مِنَ الْقَوْمِ الظّٰلِمِيْنَ ۝١١

၁၂။ ထိုမှတစ်ပါး အလ္လာဟ်သည် သက်ဝင်ယုံကြည်သူတို့အတွက် 'ဖိရ်အောင်'၏ဇနီး၏ဥပမာကိုဖော်ပြတော်မူ၏။ အကြင်အခါဝယ် သူမသည် အို-ကျွန်တော်မျိုးမအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးမအဖို့ အရှင့်ထံတော်၌ 'ဂျန္နတ်'တွင် အိမ်တစ်ဆောင်ပြုလုပ်ပေးတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးမအား 'ဖိရ်အောင်'မှလည်းကောင်း၊ သူ၏ ပြုမူချက်မှလည်းကောင်း လွတ်မြောက်စေတော်မူပါ။ ထိုမှတစ်ပါး ကျွန်တော်မျိုးမအား ထိုသည့်မတရားသောသူတို့မှ ကယ်တင်တော်မူပါဟု ပန်ကြားလျှောက်ထားလေ၏။

وَمَرْيَمَ ابْنَتَ عِمْرٰنَ الَّتِيْٓ اَحْصَنَتْ
فَرْجَهَا فَنَفَخْنَا فِيْهِ مِنْ رُّوْحِنَا
وَصَدَّقَتْ بِكَلِمٰتِ رَبِّهَا وَكُتُبِهٖ وَكَانَتْ
مِنَ الْقٰنِتِيْنَ ۝١٢

၁၃။ ထို့ပြင်တဝ 'အင်မ်ရာန်'၏သမီး 'မရ်ယမ်'၏(ဥပမာကိုပေးတော်မူ၏)။ သူမသည် မိမိ၏ကာယိန္ဒြေကို ကောင်းစွာစောင့်စည်းထိန်းသိမ်းခဲ့ပေရာ ငါတို့သည် ယင်း(ကလေး)၌ ငါတို့၏'ရူဟ်'မှအချို့ကိုမှုတ်သွင်းတော်မူ၏။ သူ(၏အမိ)သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ နှုတ်ကပါဌ်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ကျမ်းတော်များကိုလည်းကောင်း ယုံကြည်ထောက်ခံခဲ့၏။ အမှန်စင်စစ် သူမသည် ကျိုးနွံနာခံသူတို့အနက်မှဖြစ်ခဲ့ပေသတည်း။ ۝١٠

❖ ❖ ❖

۝١٠ ဤအကြောင်းရပ်မျိုး အခြားအာယတ်တော်တစ်ပုဒ်တွင် فَنَفَخْنَا فِيْهَا مِنْ رُّوْحِنَا ဟူ၍ ဖော်ပြမိန့်ကြားထားတော်မူပေသည်။ ယခုအာယတ်တော်တွင် فِيْهِ ဟုမိန့်လျက် 'မို့အ်မင်န်'ယုံကြည်သူသည် နာမ်ပိုင်းသဘောအရ 'မရ်ယမ်'၏အခြေအနေမျိုးဖြင့် နေထိုင်ကျင့်ကြံပါလျှင် သူ၏အတွင်းသို့လည်း نَفْخِ رُوح ('ရူဟ်'မှုတ်သွင်းခြင်းအခြေအနေ) ဖြစ်ပေါ်လိမ့်မည်ဟူသောဘာက်သို့ ဦးတည်ရည်ညွှန်းခြင်းဖြစ်သည်။ တစ်နည်းဆိုသော် ထိုသူသည် ပုံဆောင်ချက်အားဖြင့် မိမိခေတ်ကာလ၏ 'အီစာ'အဖြစ် ပြုပေးတော်မူခြင်းခံရမည်ဖြစ်သည်။

၆၇။ အလ်–မွလ်ခ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုကွပါဠ်တော် (၃၁)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်ကို تَبَارَكَ الَّذِىْ بِيَدِهِ الْمُلْكُ 'အလ္လာဟ်အရှင်မြတ်သည် လုံးဝဥဿုံ အလုံးစုံတို့၏ပိုင်ရှင်ဖြစ်တော်မူပြီး အလိုရှိရာကို ပြုစွမ်းနိုင်သောအရှင်ဖြစ်တော်မူ၏'ဟူသည့် အာယတ်တော်ဖြင့် အစပြုထားသည်။ သို့ဖြစ်ရာ ပြီးခဲ့သောဆူရာဟ်တွင် အလွန်ပင်အံ့ဩစရာကောင်းသော အကြောင်းအရာကို ဖော်ပြထားသည်ဖြစ်ရာ ထိုသည်ဘက်သို့ ရည်ညွှန်းနေသည်ဟုသိရှိနိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသည်၏နောက်တွင် အသေများမှ ဘဝဖြစ်ထွန်းပေါ်ပေါက်အောင်ပြုခြင်းအကြောင်းရပ်ကို စတင်ထားခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ရုပ်ပိုင်းဆိုင်ရာသေသူများမှ ရှင်သူများအဖြစ် ဖန်ဆင်းနိုင်သော စွမ်းအားရှိတော်မူဘိသကဲ့သို့ နာမ်(ဝိညာဉ်)ပိုင်းဆိုင်ရာ သေသူများကိုလည်း ပြန်၍ ရှင်အောင်ပြုနိုင်သော တန်ခိုးစွမ်းအားရှင်ဖြစ်တော်မူသည်ဟူသော ကြေညာချက်ပါရှိသည်။ ဤတွင် တမန်တော်မြတ်မိုဟမ္မဒ်သခင်ﷺ၏'အွမ္မတ်'အတွက် ကြီးကျယ်ခမ်းနားလှသော ဝမ်းမြောက်ဖွယ်သတင်းကောင်းတစ်ခုပါရှိလေသည်။

ယင်းနောက်တစ်ဆက်တည်းပင် စကြဝဠာကမ္ဘာအပေါင်းကို သုံးသပ်ကြည့်လော့၊ ယင်းတို့သည် တစ်ဆူတည်းသော ဖန်ဆင်းရှင်အတွက် သက်သေခံကြမည့်အပြင် ယင်းတွင် တစ်စုံတစ်ရာ အပြစ်အနာအဆာကို မြင်တွေ့ရမည်မဟုတ်ကြောင်း ဖော်ပြထားတော်မူသည်။ အကယ်၍ ဤသည့် စကြဝဠာကမ္ဘာအပေါင်းတို့သည် အလိုအလျောက် ပေါ်ပေါက်လာခဲ့သည်ရှိသော် တစ်နေရာရာတွင် ချို့တဲ့မှုတစ်ခုခု၏ အရိပ်အယောင်ကို မြင်တွေ့ရမည်ဖြစ်သည်။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်အပြင် ထိုသူတို့လုပ်ကြံထားကြသော 'ရှရီက်'များက ဤသည့်စကြဝဠာကို ပြုလုပ်ခဲ့သည်ရှိသော် သူတို့ပြုလုပ်ခဲ့သောစနစ်များသည် အလ္လာဟ်စီစဉ်ထားတော်မူသောစနစ်ကြီးနှင့် မဖြစ်မနေ ထိပ်တိုက်ဖြစ်ဖို့သာရှိပေသည်။ သို့ဖြစ်ရာ ဤသည့်ရှုထောင့်အားဖြင့် လူသားခပ်သိမ်းတို့အား စကြဝဠာကမ္ဘာလောက၏ လျှို့ဝှက်နက်နဲရာများအပေါ် ကြည့်ရှုသုံးသပ်ကြရန်၊ ထို့နောက် အထပ်ထပ်သုံးသပ်ကြရင်းဖြင့် မြင်နိုင်အားများလျော့နည်းမှေးမှိန်၍ ဝမ်းနည်းစွာဖြင့် ၎င်းတို့ဘက်သို့သာ ပြန်လှည့်ကြရမည်ဖြစ်ပေငြားလည်း၊ ကမ္ဘာလောကတစ်ဝန်းတွင် တစ်စုံတစ်ရာသော အပြစ်အနာအဆာကိုမျှ ရှာဖွေတွေ့ရှိလိမ့်မည်မဟုတ်ကြောင်း (သုတေသနပြု)ဝေဖန်သုံးသပ်ရေးအတွက် ဖိတ်ခေါ်ထားတော်မူပေသည်။

ဤဆူရာဟ်တွင် ကောင်းကင်ယံ၏ တစ်နံတစ်လျားကျယ်ပြောလှသော ဟင်းလင်းပြင်ကြီးတွင် အထွတ်အထိပ်သို့ ပျံဝဲနိုင်ခွင့်ရရှိထားကြသော နာမ်ပိုင်းဆိုင်ရာ ကျေးငှက်များအကြောင်းကိုလည်း ဖော်ပြထားသည်။ အလ္လာဟ်အရှင်မြတ်က ရုပ်ပိုင်းဆိုင်ရာကျေးငှက်သာရကာတို့အား ပျံသန်းနိုင်စွမ်းခြီးမြှင့်ထားတော်မူလျက် ကမ္ဘာမြေနှင့်ကောင်းကင်ယံတို့၏အကြား အမိန့်လိုက်နာရန်ပြုထားပေးတော်မူသည့်အတိုင်း အရှင်မြတ်၏ ယုံကြည်ခြင်းသဒ္ဓါတရားရှိသူ အစေတော်များကိုလည်း ထိုကဲ့သို့သော ပျံသန်းကျက်စားနိုင်သည့် စွမ်းပကားကို ပေးသနားထားတော်မူပေသည်။ ထိုသည်နှင့်ဆန့်ကျင်လျက် မျက်နှာအောက်စိုက်၍ သွားလာလျက်ရှိကြသော သတ္တဝါများကိုမူကား တစ်စုံတစ်ရာ ဝိညာဉ်ရေးဆိုင်ရာ မြင့်မားခွင့်ကို ရုပ်ပိုင်းအရရော နာမ်ပိုင်းအရပါ ပေးသနားတော်မူခြင်းမရှိချေ။

ဤဆူရာဟ်၏ နောက်ဆုံးအာယတ်တော်တွင် ကောင်းကင်ထက်မှရွာချပေးသော ဘဝအသက်၏ရေမှ အသင်တို့သည် အစဉ်အမြဲ အကျိုးရယူလျက်ရှိကြသည်။ သို့သော် အကယ်၍သာ ယင်းသည် အစဉ်အဆက်ခြောက်သွေ့သော ရာသီဖြစ်ပေါ်ခြင်း အကျိုးဆက်ဖြင့် အသင်တို့၏ ချဉ်းကပ်နိုင်စွမ်းထက်ဝေးလံသောမြေကြီး၏ နက်ရှိုင်းရာများသို့ မြုပ်သွားလေသော် အသင်တို့သည် သန့်စင်သောရေကြည်ကို အဘယ်မှယူဆောင်လာကြပါမည်နည်း။ သို့ဖြစ်ရာ ရုပ်ပိုင်းဆိုင်ရာ ရေကဲ့သို့ပင် နာမ်(ဝိညာဉ်)ပိုင်းဆိုင်ရာ ရေသည်လည်း အလ္လာဟ်အရှင်မြတ်၏ တစ်မူထူးခြားသော 'ဖဇလ်'ကျေးဇူးတော်ဖြင့်သာလျှင် လူသား၏ချဉ်းကပ်လျှောက်လှမ်းမှုတွင် တည်ပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-မွလ်က်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၃၁)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

تَبٰرَكَ الَّذِيْ بِيَدِهِ الْمُلْكُ ۡ وَهُوَ عَلٰى كُلِّ شَيْءٍ قَدِيْرُ ۙ ②

၂။ ထိုအရှင်မြတ်တစ်ပါးတည်းသာလျှင် ကောင်းချီးမင်္ဂလာတော်ရှင်ဖြစ်တော်မူကြောင်း သာဓကရရှိပေသည်။ အရှင်မြတ်၏တန်ခိုးတော်လွှမ်းမိုးမှုတွင် အလုံးစုံသော စိုးမိုးအုပ်ချုပ်မှုအာဏာသည်ရှိ၏။ ထို့ပြင် အရှင်မြတ်သည် မိမိအလိုရှိတော်မူသည့် အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအားရှိတော်မူ၏။

الَّذِيْ خَلَقَ الْمَوْتَ وَالْحَيٰوةَ لِيَبْلُوَكُمْ اَيُّكُمْ اَحْسَنُ عَمَلًا ۭ وَهُوَ الْعَزِيْزُ الْغَفُوْرُ ۙ ②

၃။ ထိုအရှင်မြတ်သည်ပင် သေခြင်းနှင့် ရှင်ခြင်းကို ဖန်ဆင်းထားတော်မူ၏။ သို့ဖြင့် အသင်တို့အနက် မည်သူသည် အကျင့်သီလအားဖြင့် အကောင်းဆုံးဖြစ်သည်ကို အရှင်မြတ်သည် အသင်တို့အား စမ်းသပ်စစ်ဆေးတော်မူရန်အလို့ငှာဖြစ်၏။ အရှင်မြတ်သည် အကြွင်းမဲ့လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်နှင့် အလွန်တရာခွင့်လွှတ်တော်မူသောအရှင်ဖြစ်တော်မူ၏။

الَّذِيْ خَلَقَ سَبْعَ سَمٰوٰتٍ طِبَاقًا ۭ مَا تَرٰى فِيْ خَلْقِ الرَّحْمٰنِ مِنْ تَفٰوُتٍ ۭ فَارْجِعِ الْبَصَرَ ۙ هَلْ تَرٰى مِنْ فُطُوْرٍ ③

၄။ ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်ခုနစ်ခုကို အဆင့်ဆင့်ဖန်ဆင်းတော်မူ၏။ အသင်သည် 'ရာဟ်မန်' ကရုဏာတော်ရှင်၏ဖန်ဆင်းခြင်းတွင် ဆန့်ကျင်မှု တစ်စုံတစ်ရာကိုမျှ မမြင်မတွေ့နိုင်ချေ။ သို့ဖြစ်ရာ အဘက်ဘက်သို့ ကြည့်ရှုလော့။ အသင်သည် တစ်စုံတစ်ရာ ကွာဟချက်ကို မြင်တွေ့နိုင်ပါသလော။ ①

ثُمَّ ارْجِعِ الْبَصَرَ كَرَّتَيْنِ يَنْقَلِبْ اِلَيْكَ الْبَصَرُ خَاسِئًا وَّهُوَ حَسِيْرٌ ④

၅။ နောက်တစ်ကြိမ်ထပ်မံ၍ အဘက်ဘက်သို့ကြည့်ဦးလော့၊ မျက်စိသာလျှင်ညောင်းပြီး မအောင်မြင်မောပန်းရှုံးနိမ့်ကာ အသင့်ထံ ပြန်လှည့်၍လာလိမ့်မည်။

وَلَقَدْ زَيَّنَّا السَّمَآءَ الدُّنْيَا بِمَصَابِيْحَ وَجَعَلْنٰهَا رُجُوْمًا لِّلشَّيٰطِيْنِ وَاَعْتَدْنَا لَهُمْ عَذَابَ السَّعِيْرِ ⑤

၆။ ထို့ပြင် ဧကန်စင်စစ် ငါတို့သည် နီးကပ်သော မိုးကောင်းကင်ကို မီးအိမ်များဖြင့် တန်ဆာဆင်ထားတော်မူ၏။ ထို့ပြင် ယင်းတို့အား 'ရှိုင်တန်'များကိုနှင်ထုတ်ရန် နည်းလမ်းပြုလုပ်တော်မူခဲ့၏။ ထို့ပြင် ငါတို့သည် ၎င်းတို့အတွက် တောက်လောင်လျက်ရှိသော မီး၏ပြစ်ဒဏ်ကို စီမံထားတော်မူ၏။

وَلِلَّذِيْنَ كَفَرُوْا بِرَبِّهِمْ عَذَابُ جَهَنَّمَ ۭ

၇။ ထို့ပြင် မိမိတို့၏ ဖန်ဆင်းရှင်အား မယုံကြည်ငြင်းပယ်ကြ

① ဤအာယတ်တော်တွင် လူသားအား စိန်ခေါ်ထားသည်မှာ အလုံးစုံသောစကြဝဠာကမ္ဘာအပေါင်းကို သဘောရှိသမျှ စဉ်းစားတွေးခေါ်ကြည့်လိုက်ပါလေ။ ဤစကြဝဠာကြီးတွင် စီမံတော်မူသောအရှင်တစ်ပါးတည်း၏ စီမံမှုကြောင့်ပင် မည်သို့သော ကွဲလွဲမှုကိုမျှ ရှာတွေ့မည်မဟုတ်ချေ။

وَبِئْسَ الْمَصِيْرُ ۝٦

သောသူတို့အတွက် 'ဂျဟန္နမ်'၏ပြစ်ဒဏ်သည်ရှိ၏။ စင်စစ်ယင်းသည်အလွန်ဆိုးရွားလှသောပြန်လှည့်ရမည့်နေရာဖြစ်၏။

اِذَآ اُلْقُوْا فِيْهَا سَمِعُوْا لَهَا شَهِيْقًا وَّهِيَ تَفُوْرُ ۝٧

၈။ သူတို့အား ထိုအထဲသို့ပစ်ထည့်ခြင်းခံရသောအခါ သူတို့သည် ယင်းမှ အော်သံကဲ့သို့ ကြားရပေလိမ့်မည်။ ထို့ပြင် ယင်းသည် ဆူပွက်၍နေပေလိမ့်မည်။

تَكَادُ تَمَيَّزُ مِنَ الْغَيْظِ ۭ كُلَّمَآ اُلْقِيَ فِيْهَا فَوْجٌ سَاَلَهُمْ خَزَنَتُهَآ اَلَمْ يَاْتِكُمْ نَذِيْرٌ ۝٨

၉။ ယင်းသည် ဒေါသမာန်ပြင်းထန်မှုကြောင့် ပေါက်ကွဲလုမတတ်ဖြစ်သွားပေမည်။ မည်သည့်အခါမဆို ထိုအထဲ၌ အုပ်စုတစ်ခုခုကို ထည့်ခြင်းခံရသောအခါ ယင်း၏အစောင့်များက သူတို့အား အသင်တို့ထံသတိပေးနှိုးဆော်သူတစ်စုံတစ်ဦး လာရောက်ခြင်းမရှိခဲ့ပေသလောဟု မေးမြန်းကြလိမ့်မည်။

قَالُوْا بَلٰى قَدْ جَاۗءَنَا نَذِيْرٌ ۙ فَكَذَّبْنَا وَقُلْنَا مَا نَزَّلَ اللّٰهُ مِنْ شَيْءٍ ۚ اِنْ اَنْتُمْ اِلَّا فِيْ ضَلٰلٍ كَبِيْرٍ ۝٩

၁၀။ ယင်းတို့က အဘယ့်ကြောင့် မရှိရမည်နည်း၊ ကျွန်ုပ်တို့ထံ သတိပေးနှိုးဆော်သူသည် အမှန်ပင် လာရောက်ခဲ့ပေသည်။ သို့သော် ကျွန်ုပ်တို့သည် (သူ့အား) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြ၏။ ထို့ပြင် ကျွန်ုပ်တို့က အလ္လာဟ်သည် မည်သည့်အရာကိုမျှ မပို့ချခဲ့၊ အသင်တို့သည် ကြီးစွာသောလမ်းလွဲမှုတွင် (နစ်မွန်းလျက်)ရှိနေ၏ဟု ပြောဆိုခဲ့ကြောင်း ဖြေကြားကြလိမ့်မည်။

وَقَالُوْا لَوْ كُنَّا نَسْمَعُ اَوْ نَعْقِلُ مَا كُنَّا فِيْٓ اَصْحٰبِ السَّعِيْرِ ۝١٠

၁၁။ ထို့ပြင် ၎င်းတို့က အကယ်၍ ကျွန်ုပ်တို့ (ဂရုတစိုက်) နားထောင်ခဲ့ပါလျှင် သို့မဟုတ် အသိဉာဏ်ကို အသုံးချခဲ့ပါလျှင် ကျွန်ုပ်တို့သည် မီးခဲ့ရှိမည့်သူများတွင် ပါဝင်ကြရလိမ့်မည်မဟုတ်ဟု ပြောဆိုကြလိမ့်မည်။

فَاعْتَرَفُوْا بِذَنْۢبِهِمْ ۚ فَسُحْقًا لِّاَصْحٰبِ السَّعِيْرِ ۝١١

၁၂။ သို့ဖြင့် ၎င်းတို့သည် မိမိတို့၏အပြစ်ကိုဝန်ခံကြ၏။ သို့ဖြစ်ရာ မီးခဲ့ရှိမည့်သူများအပေါ် ပျက်စီးခြင်းသည်ဖြစ်စေသား။

اِنَّ الَّذِيْنَ يَخْشَوْنَ رَبَّهُمْ بِالْغَيْبِ لَهُمْ مَّغْفِرَةٌ وَّاَجْرٌ كَبِيْرٌ ۝١٢

၁၃။ ဧကန်စင်စစ် မိမိတို့၏ ဖန်ဆင်းရှင်အား အကွယ်၌ကြောက်ရွံ့သူတို့အတွက် အပြစ်မှခွင့်လွှတ်ခြင်းနှင့် လွန်စွာကြီးမားသော အကျိုးဆုလာဘ်သည်ရှိ၏။

وَاَسِرُّوْا قَوْلَكُمْ اَوِ اجْهَرُوْا بِهٖ ۭ اِنَّهٗ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ۝١٣

၁၄။ ထို့ပြင် အသင်တို့သည် မိမိစကားကို ဖုံးကွယ်ထားသည်ဖြစ်စေ၊ ထုတ်ဖော်သည်ဖြစ်စေ ဧကန်မလွဲ ထိုအရှင်မြတ်သည် ရင်များတွင်ရှိသည်တို့ကို ထာဝရသိရှိတော်မူ၏။

اَلَا يَعْلَمُ مَنْ خَلَقَ ۭ وَهُوَ اللَّطِيْفُ الْخَبِيْرُ ۝١٤

၁၅။ အသို့နည်း၊ ဖန်ဆင်းတော်မူသောအရှင်က မသိပါသလော။ အမှန်သော်ကား ထိုအရှင်မြတ်သည် အနုစိတ်အကျဆုံးသောအရာများအပေါ် ရှုမြင်တော်မူသောအရှင် (နှင့်) ထာဝရသတင်းရတော်မူသောအရှင် ဖြစ်တော်မူ၏။

ရုကူး-၂

هُوَ الَّذِيْ جَعَلَ لَكُمُ الْاَرْضَ ذَلُوْلًا

၁၆။ ထိုအရှင်မြတ်သည်ပင်လျှင် ကမ္ဘာမြေကို အသင်တို့၏

فَامْشُوْا فِيْ مَنَاكِبِهَا وَكُلُوْا مِنْ رِّزْقِهٖ ؕ وَ اِلَيْهِ النُّشُوْرُ ۝١٥

လက်အောက်ခံပြုလုပ်တော်မူ၏။ သို့ဖြစ်ရာ အရှင်မြတ်၏ လမ်းများတွင် လျှောက်လှမ်းကြကုန်၊ ထို့ပြင် ထို(အလ္လာဟ်)၏ 'ရိဇ်ကျ်'ရိက္ခာမှစားသုံးကြကုန်၊ ထို့ပြင် ထိုအရှင်မြတ်ဘက်သို့ သာလျှင် ရှင်ပြန်ထမြောက်ခြင်းကို ခံကြရပေအံ့။

ءَاَمِنْتُمْ مَّنْ فِي السَّمَآءِ اَنْ يَّخْسِفَ بِكُمُ الْاَرْضَ فَاِذَا هِيَ تَمُوْرُ ۝١٦

၁၇။ အသို့နည်း၊ အသင်တို့သည် မိုးကောင်းကင်ရှိ ထိုအရှင်က အသင်တို့အား ကမ္ဘာမြေကြီး၌ နစ်မြုပ်စေခြင်းမှ လုံခြုံမှု ရှိကြပါမည်လော။ ထိုသောအခါ ယင်း(ကမ္ဘာမြေကြီး)သည် ရုတ်တရက် တုန်လှုပ်လာပေသည်။

اَمْ اَمِنْتُمْ مَّنْ فِي السَّمَآءِ اَنْ يُّرْسِلَ عَلَيْكُمْ حَاصِبًا ؕ فَسَتَعْلَمُوْنَ كَيْفَ نَذِيْرِ ۝١٧

၁၈။ သို့မဟုတ် အသို့နည်း၊ အသင်တို့သည် မိုးကောင်းကင်ရှိ အရှင်ထံမှ ထိုအရှင်သည် အသင်တို့အပေါ် ခဲမိုးရွာစေသည့် မုန်တိုင်းတိုက်ခတ်စေတော်မူပါလျှင် လုံခြုံမှုရှိကြပါမည်လော။ သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုသည် မည်သို့ရှိခဲ့သည်ကို အသင်တို့ အမှန်ပင်သိကြပေလိမ့်မည်။

وَلَقَدْ كَذَّبَ الَّذِيْنَ مِنْ قَبْلِهِمْ فَكَيْفَ كَانَ نَكِيْرِ ۝١٨

၁၉။ ထို့ပြင် ဧကန်စင်စစ် ၎င်းတို့အလျင်ကရှိခဲ့သူများသည်လည်း မဟုတ်မမှန်ဟုစွပ်စွဲငြင်းပယ်ခဲ့ကြလေသည်၊ ထို့ကြောင့် ငါအရှင်မြတ်၏ပြစ်ဒဏ်သည် အဘယ်မျှပြင်းထန်ခဲ့လေသနည်း။

اَوَلَمْ يَرَوْا اِلَى الطَّيْرِ فَوْقَهُمْ صٰٓفّٰتٍ وَّ يَقْبِضْنَ ۛ مَا يُمْسِكُهُنَّ اِلَّا الرَّحْمٰنُ ؕ اِنَّهٗ بِكُلِّ شَيْءٍۭ بَصِيْرٌ ۝١٩

၂၀။ အသို့နည်း၊ ၎င်းတို့သည် ငှက်များကို မိမိတို့အပေါ် တောင်ပံကိုဖြန့်ခြင်း၊ စုခြင်းပြုသည်ကို မမြင်တွေ့ကြလေသလော၊ 'ရာဟ်မန်'ကရုဏာတော်ရှင်မှလွဲ၍ အခြားမည်သူမျှ ယင်းတို့အား ဟန့်တားထားသည်မဟုတ်ချေ။ ဧကန်စင်စစ် ထိုအရှင်မြတ်သည် အရာရာတိုင်းကို နက်ရှိုင်းစွာ မြင်တွေ့တော်မူ၏။ ⑨

اَمَّنْ هٰذَا الَّذِيْ هُوَ جُنْدٌ لَّكُمْ يَنْصُرُكُمْ مِّنْ دُوْنِ الرَّحْمٰنِ ؕ اِنِ الْكٰفِرُوْنَ اِلَّا فِيْ غُرُوْرٍ ۝٢٠

၂၁။ သို့မဟုတ် အသင်တို့၏စစ်တပ်အဖြစ် အသင်တို့အား 'ရာဟ်မန်'ကရုဏာတော်ရှင်နှင့်ယှဉ်၍ အကူအညီပေးမည့် ဤသူတို့သည် မည်သူများနည်း၊ မယုံကြည်ငြင်းပယ်သူတို့သည် ကြီးမားသော လှည့်စားမှုတစ်ရပ်တွင်ရှိကြ၏။

اَمَّنْ هٰذَا الَّذِيْ يَرْزُقُكُمْ اِنْ اَمْسَكَ رِزْقَهٗ ؕ بَلْ لَّجُّوْا فِيْ عُتُوٍّ وَّ نُفُوْرٍ ۝٢١

၂၂။ သို့တည်းမဟုတ် အကယ်၍သာ ထိုအရှင်မြတ်က မိမိ၏ 'ရိဇ်ကျ်'ရိက္ခာကို တားထားတော်မူပါလျှင် အသင်တို့အား 'ရိဇ်ကျ်'ရိက္ခာကိုပေးရအောင် ဤသည်တို့ကား အဘယ်အရာ

⑨ ငှက်များ ကောင်းကင်ယံတွင်ပျံသန်းခြင်းနှင့် **جوّ** တွင် နာခံအလုပ်အကျွေးပြုနေခြင်းတို့နှင့်စပ်လျဉ်း၍ ဤအာယတ်တော်မှာ နက်ရှိုင်းသောအနက်အဓိပ္ပာယ်ကို ဆောင်ထားပေသည်။ ကျေးငှက်များအား ဖန်ဆင်းဖြစ်တည်ထားစေမှုမှာ ဟင်းလင်းပြင်တွင် ပျံသန်းနိုင်ရန်အတွက် မတော်တဆတိုက်ဆိုင်မှုဖြင့်မဟုတ်ဘဲ ထူးခြားသောအခြေခံအချက်များနှင့်အညီ ပြုလုပ်ဖန်ဆင်းထားခြင်းဖြစ်သည်။ အချို့သော အမဲလိုက်ငှက်များ၏အမြန်နှုန်းမှာ တစ်နာရီလျှင် မိုင်(၂၀၀)အထိပင် ရောက်ရှိလေသည်။ ထို့ပြင် ဤသို့မြန်လွန်းသဖြင့် ယင်းတို့အား တစ်စုံတစ်ရာသော ဆုံးရှုံးနစ်နာစေမှုမျိုးကို မသက်ရောက်ရလေအောင် ဖန်ဆင်းထားရှိပေသည်။ အကြောင်းမူလေသည် နှုတ်သီးနှင့် ဦးခေါင်းတို့ကိုတိုက်လျက် လေးဘက်လေးတန်သို့ ပြန့်ကြဲသွားသောကြောင့်ဖြစ်သည်။ ထို့ပြင် ဤသည့် အမြန်နှုန်းဖြင့်ပင် ပျံသန်းကြလျက် ငှက်များကို ထိုးသုတ်ခြင်းပြုကြလေသည်။

များနည်း။ အမှန်သော်ကား ယင်းတို့သည် မနာခံပုန်ကန်မှုနှင့် မုန်းတီးမှုတွင် တိုးပွားလျက်ရှိနေကြ၏။

اَفَمَنْ يَّمْشِيْ مُكِبًّا عَلٰى وَجْهِهٖٓ اَهْدٰٓى اَمَّنْ يَّمْشِيْ سَوِيًّا عَلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٢٢﴾

၂၃။ သို့ဖြစ်ရာ မိမိ၏ မိုက်မဲမှုနှင့် အံ့ဩြတွေဝေမှု၌ ဦးစိုက် လျှောက်လှမ်းသူက ပို၍လမ်းမှန်ကိုရရှိသူဖြစ်သလော၊ သို့တည်းမဟုတ် ဖြောင့်မတ်မှန်ကန်သောလမ်းပေါ်တွင် တန်းတန်းမတ်မတ် လျှောက်လှမ်းသူကလော။

قُلْ هُوَ الَّذِيْٓ اَنْشَاَكُمْ وَجَعَلَ لَكُمُ السَّمْعَ وَالْاَبْصَارَ وَالْاَفْـِٕدَةَ ؕ قَلِيْلًا مَّا تَشْكُرُوْنَ ﴿٢٣﴾

၂၄။ ပြောကြားပါလေ၊ ထိုအရှင်မြတ်သည်ပင် အသင်တို့ကို ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် အသင်တို့အတွက် နားများ၊ မျက်စိများနှင့် စိတ်နှလုံးများကို ပြုလုပ်တော်မူ၏။ အသင်တို့၏ ကျေးဇူးတင်မှုကား လွန်စွာနည်းပါးလှပေသည်။

قُلْ هُوَ الَّذِيْ ذَرَاَكُمْ فِى الْاَرْضِ وَاِلَيْهِ تُحْشَرُوْنَ ﴿٢٤﴾

၂၅။ ပြောကြားပါလေ၊ ထိုအရှင်မြတ်သည်ပင်လျှင် ကမ္ဘာမြေ၌ အသင်တို့အား မျိုးစေ့ချတော်မူခဲ့၏။ ထို့ပြင် ထိုအရှင်မြတ်ထံတော်သို့သာ အသင်တို့စုရုံးခြင်းခံကြရလိမ့်မည်။

وَيَقُوْلُوْنَ مَتٰى هٰذَا الْوَعْدُ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٢٥﴾

၂၆။ ထို့ပြင် ယင်းတို့က အကယ်၍ အသင်တို့သည် မှန်ကန်ကြပါလျှင် ဤကတိတော်သည် မည်သည့်အခါ(ပြည့်စုံ) ဖြစ်ပေါ်မည်နည်းဟု မေးမြန်းကြ၏။

قُلْ اِنَّمَا الْعِلْمُ عِنْدَ اللّٰهِ ۖ وَ اِنَّمَآ اَنَا نَذِيْرٌ مُّبِيْنٌ ﴿٢٦﴾

၂၇။ အသင်ပြောကြားပါလေ၊ ပြီးပြည့်စုံသော အသိပညာသည် အလ္လာဟ်၏ထံတော်၌ရှိ၏။ ထို့ပြင် ကျွန်ုပ်သည်ကား ပွင့်လင်းထင်ရှားသော သတိပေးနှိုးဆော်သူမျှသာဖြစ်၏။

فَلَمَّا رَاَوْهُ زُلْفَةً سِيْٓـَٔتْ وُجُوْهُ الَّذِيْنَ كَفَرُوْا وَقِيْلَ هٰذَا الَّذِيْ كُنْتُمْ بِهٖ تَدَّعُوْنَ ﴿٢٧﴾

၂၈။ သို့ဖြစ်ရာ သူတို့သည် ယင်းအား အနီးကပ်တွေ့ရမည့် အခါ မယုံကြည်ငြင်းပယ်သောသူတို့၏ မျက်နှာများမှာ ပျက်သွားကြပေလိမ့်မည်။ ထို့ပြင် ဤသည်ပင်လျှင် အသင်တို့တောင်းခံလေ့ရှိခဲ့သည့်အရာဖြစ်ပေသည်ဟု ပြောကြားခြင်းခံရပေလိမ့်မည်။

قُلْ اَرَءَيْتُمْ اِنْ اَهْلَكَنِيَ اللّٰهُ وَمَنْ مَّعِيَ اَوْ رَحِمَنَا ۙ فَمَنْ يُّجِيْرُ الْكٰفِرِيْنَ مِنْ عَذَابٍ اَلِيْمٍ ﴿٢٨﴾

၂၉။ ပြောကြားပါလေ၊ အကယ်၍ အလ္လာဟ်သည် ကျွန်ုပ်အားလည်းကောင်း၊ ကျွန်ုပ်နှင့်အတူရှိသူတို့အားလည်းကောင်း ဖျက်ဆီးပစ်တော်မူပါလျှင် သို့မဟုတ် ကျွန်ုပ်တို့အပေါ် သနားကြင်နာမှုပြုတော်မူပါလျှင် မယုံကြည်ငြင်းပယ်သူများကို နာကျင်ဖွယ်ပြစ်ဒဏ်မှ မည်သူသည် လုံခြုံမှုပေးမည်ကိုပြောပါလေ။

قُلْ هُوَ الرَّحْمٰنُ اٰمَنَّا بِهٖ وَعَلَيْهِ تَوَكَّلْنَا ۚ فَسَتَعْلَمُوْنَ مَنْ هُوَ فِيْ ضَلٰلٍ مُّبِيْنٍ ﴿٢٩﴾

၃၀။ ပြောကြားပါလေ၊ အရှင်မြတ်သည်ပင် 'ရာဟ်မန်' ကရုဏာတော်ရှင်ဖြစ်၏။ ကျွန်ုပ်တို့သည် ထိုအရှင်မြတ်ကိုသာ သက်ဝင်ယုံကြည်ကြ၏၊ ထို့ပြင် ထိုအရှင်မြတ်အပေါ်၌သာ ကျွန်ုပ်တို့သည် အားကိုးအားထားပြုပါ၏။ သို့ဖြစ်ရာ မည်သူသည် ပွင့်လင်းထင်ရှားသောလမ်းလွဲမှုတွင် နစ်မွန်းနေသည်ကို အသင်တို့ မကြာမီသိရှိသွားကြပေအံ့။

قُلْ اَرَءَيْتُمْ اِنْ اَصْبَحَ مَآؤُكُمْ غَوْرًا
فَمَنْ يَّأْتِيْكُمْ بِمَآءٍ مَّعِيْنٍ ۝٣٠

၃၀။ အသင်ပြောကြားပါလေ၊ အကယ်၍ အသင်တို့၏ ရေသည် နက်ရှိုင်းရာသို့ ကျဆင်းသွားပါလျှင် မည်သူသည် အသင်တို့ထံ စမ်းချောင်းများမှရေကို ယူဆောင်လာမည်နည်း။

❖ ❖ ❖

၆၈။ အလ်–ကလမ်

ဤဆူရာဟ်သည် မက္ကာမြို့ခေတ်ဦးပိုင်းတွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်' အပါအဝင် 'အာယတ်' မုက္ခပါဠ်တော် (၅၃)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်သည် သခ်ေပအက္ခရာစုနှင့် စတင်သည်တို့အနက် နောက်ဆုံးဆူရာဟ်ဖြစ်သည်။ ဤဆူရာဟ်မှာ **ن** (နူးန်)အက္ခရာဖြင့် အစပြုထားတော်မူသည်။ ယင်း၏အနက်မှာ 'မင်'ဖြစ်သည်။ ထို့ပြင် ကလောင်တံဖြင့် ရေးသားရသမျှတို့မှာ ယင်း(မင်)ကို အားကိုးကြရသည်။ ထိုမှတစ်ပါး လူသား၏ ခပ်သိမ်းသောတိုးတက်မှုဖြစ်စဉ်ကြီးသည် ကလောင်တံ၏စိုးမိုးမှုဖြင့်သာ စတင်ခဲ့ခြင်းဖြစ်ပေသည်။ အကယ်၍သာ လူသား၏တိုးတက်မှုများအနက် ရေးသားကမွဉ်းတင်မှုအခန်းကဏ္ဍကို ဖယ်လိုက်လေသော် လူသားသည် စာပေမတတ်သော လူဗာလဘဝသို့ နောက်ပြန်လှည့်ပြီး တစ်ဖန် မည်သည့်အခါတွင်မှ ထိုလူသားအား တစ်စုံတစ်ရာပညာရေးဆိုင်ရာ တိုးတက်မှုကို ရရှိနိုင်တော့မည်မဟုတ်ချေ။

ن ၏ ဒုတိယအဓိပ္ပာယ်သဘောမှာ **ذوالنون** ဟူ၍ခေါ်စမှတ်ပြုခြင်းခံရသော (ဝါ) တမန်တော်ယူနုတ်စ်ﷺကိုဆိုလိုခြင်းဖြစ်သည်။ ထိုတမန်တော်သည် မည်သည့်ဖြစ်ရပ်ကိုကြုံတွေ့ခဲ့ရကြောင်းကိုလည်း ဤသည့်ဆူရာဟ်၌ပင် ဖော်ပြထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။ အကြင်ဖြစ်ရပ်ကြောင့် သူသည် မိမိအမျိုးသားတို့အား သတိပေးနှိုးဆော်ထားခဲ့ပြီးဖြစ်သော်လည်း ထိုအမျိုးသားတို့အပေါ် ပြစ်ဒဏ်မကျရောက်လာခဲ့သည့်အတွက် စိတ်တွင်အလွန်တရာလေးလံစွာဖြင့် မိမိသည် ဤအမျိုးသားတို့အား ဘယ်သောအခါမှ မျက်နှာပြစရာပင် မထိုက်တော့ချေဟူသော ထင်မြင်ချက်ဖြင့် ထိုမြို့ရွာကို စွန့်သွားခဲ့လေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်က တမန်တော်ယူနုတ်စ်ﷺအား အရှင်မြတ်၏ သတိပေးနှိုးဆော်ချက်သည် တစ်ခါတစ်ရံတွင် 'တောင်ဘာ'၊ 'အိစ်တီဂ်ဖာရ်'တို့ဖြင့်လွဲဖယ်သွားနိုင်ကြောင်း သင်ခန်းစာပေးတော်မူခဲ့လေသည်။ ထို့ပြင် ထိုသည့်အတွက် ၎င်း(တမန်တော်)အား- **لَآ اِلٰهَ اِلَّا اَنْتَ سُبْحَانَكَ اِنِّى كُنْتُ مِنَ الظّٰلِمِيْنَ** ဟူသော 'ဒိုအာ'ကိုလည်း သင်ကြားပေးတော်မူခဲ့လေသည်။ အရှင်မြတ်အပြင် ကိုးကွယ်ရာမရှိပါ။ အရှင်မြတ်သည် ချို့တဲ့မှုဟူသမျှမှ ကင်းရှင်းသန့်စင်တော်မူပါ၏။ ကျွန်တော်မျိုးသည်သာ 'တောင်ဘာ' ဝန်ချတောင်းပန်သော အမျိုးသားတို့အပေါ် ပြစ်ဒဏ်ဆိုက်ရောက်စေလိုသောဆန္ဒထားမိသည့် အမှားကျူးလွန်သူဖြစ်ခဲ့ပါသည်။

ဤဆူရာဟ်တွင် **ن** အက္ခရာကို ဤဆူရာဟ်၏အကြောင်းရပ်များနှင့် ပြည့်စုံသော ဆက်နွယ်နှောင်တည်းမှုရှိကြောင်း အဖန်ဖန်ဖော်ပြထားသည်။ တစ်နေရာ၌သော်မှ အကြောင်းအရာနှင့် **ن** အက္ခရာတို့၏ တစ်စုံတစ်ရာဆက်စပ်မှုမရှိသည်ကို မမြင်မတွေ့ရချေတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ကလမ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၅၃)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

نٓ وَالۡقَلَمِ وَمَا يَسۡطُرُوۡنَ ②

၂။ 'နူးန်'၊ ကလောင်ကိုလည်းကောင်း ရေးသားသည်များကိုလည်းကောင်း သက်သေထူတော်မူ၏။

مَاۤ اَنۡتَ بِنِعۡمَةِ رَبِّكَ بِمَجۡنُوۡنٍ ③

၃။ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ကောင်းချီးမင်္ဂလာတော်အားဖြင့် ရူးသွပ်သူမဟုတ်ပေ။

وَ اِنَّ لَكَ لَاَجۡرًا غَيۡرَ مَمۡنُوۡنٍ ④

၄။ ထို့ပြင် ဧကန်စင်စစ် အသင့်အတွက် အဆုံးမရှိသော ဆုလာဘ်တော်တစ်ရပ်သည်ရှိ၏။

وَ اِنَّكَ لَعَلٰى خُلُقٍ عَظِيۡمٍ ⑤

၅။ ထို့ပြင် ဧကန်စင်စစ် အသင်သည် အလွန်ကြီးမြင့်သောကိုယ်ကျင့်တရားထက်တွင်ရှိနေ၏။

فَسَتُبۡصِرُ وَيُبۡصِرُوۡنَ ⑥

၆။ သို့ဖြစ်ပေရာ အသင်သည် မြင်တွေ့ရလိမ့်မည်။ ထို့ပြင် သူတို့သည်လည်း မြင်တွေ့ကြရလိမ့်မည်။

بِاَيِّىٰكُمُ الۡمَفۡتُوۡنُ ⑦

၇။ အသင်တို့အနက် မည်သူသည် ရူးသွပ်သူဖြစ်သည်ကို၊

اِنَّ رَبَّكَ هُوَ اَعۡلَمُ بِمَنۡ ضَلَّ عَنۡ سَبِيۡلِهٖ ۖ وَهُوَ اَعۡلَمُ بِالۡمُهۡتَدِيۡنَ ⑧

၈။ ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူရှင်သည်ပင်၊ အရှင်၏လမ်းတော်မှ ချွတ်ချော်သွားသူကို အသိဆုံးဖြစ်တော်မူ၏။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် လမ်းမှန်ရရှိသူတို့ကိုလည်း အသိဆုံးဖြစ်တော်မူ၏။

فَلَا تُطِعِ الۡمُكَذِّبِيۡنَ ⑨

၉။ သို့ဖြစ်ပေရာ အသင်သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သူတို့အား နာခံခြင်းမပြုလင့်။

وَدُّوۡا لَوۡ تُدۡهِنُ فَيُدۡهِنُوۡنَ ⑩

၁၀။ သူတို့ဆန္ဒရှိသည်ကား အကယ်၍ အသင်သည် ပျော့ပျောင်းပါလျှင် သူတို့သည်လည်း ပျော့ပျောင်းရန်လိုလားကြ၏။

وَلَا تُطِعۡ كُلَّ حَلَّافٍ مَّهِيۡنٍ ⑪

၁၁။ ထို့ပြင် အသင်သည် လွန်စွာကျိန်ဆိုသူ၊ ဂုဏ်သရေယုတ်လျော့သူ၏စကားကို အလျှင်းလက်မခံလင့်။

هَمَّازٍ مَّشَّآءٍۭ بِنَمِيۡمٍ ⑫

၁၂။ (ထိုသူသည်) အလွန်တရာ အပြစ်ရှာသူ(နှင့်) ကုန်းချောမှုကို များစွာပြုသူဖြစ်၏။

مَّنَّاعٍ لِّلۡخَيۡرِ مُعۡتَدٍ اَثِيۡمٍ ⑬

၁၃။ (ထို့ပြင်) ကောင်းမှုကို လွန်စွာတားမြစ်သူ၊ စည်းဘောင်ကို လွန်ကျူးသူနှင့် ဆိုးရွားစွာ အပြစ်ကျူးလွန်သူဖြစ်၏။

عُتُلٍّۭ بَعۡدَ ذٰلِكَ زَنِيۡمٍ ⑭

၁၄။ အရေးယူခြင်း၌ လွန်စွာပြင်းထန်သူ၊ ထို့ပြင် မျိုးမစစ်သူဖြစ်၏။

اَنْ كَانَ ذَا مَالٍ وَّ بَنِيْنَ ۝١٤

၁၄။ ထိုသူသည် ဥစ္စာပစ္စည်းကြွယ်ဝ၍ (ကြီးမားသော) သားသမီးအဆက်အနွယ်ရှိသူဖြစ်၏။ (ဤအတွက်ကြောင့်ပင် ထိုသူသည် ထောင်လွှားပါသလော)

اِذَا تُتْلٰى عَلَيْهِ اٰيٰتُنَا قَالَ اَسَاطِيْرُ الْاَوَّلِيْنَ ۝١٥

၁၅။ အကြင်အခါဝယ် သူ၏ရှေ့တွင် ငါအရှင်မြတ်၏ မှတ္ထုပါဠိတော်များကို ဖတ်ရွတ်ပြသောအခါ ရှေးလူတို့၏ ပုံပြင်ဒဏ္ဍာရီများသာဖြစ်သည်ဟု ပြောဆို၏။

سَنَسِمُهٗ عَلَى الْخُرْطُوْمِ ۝١٦

၁၆။ ဧကန်စင်စစ် ငါတို့သည် သူ့အား မျက်ခွက်ပေါ်တွင် တံဆိပ်ခတ်နှိပ်တော်မူမည်။ ★

اِنَّا بَلَوْنٰهُمْ كَمَا بَلَوْنَاۤ اَصْحٰبَ الْجَنَّةِ ۚ اِذْ اَقْسَمُوْا لَيَصْرِمُنَّهَا مُصْبِحِيْنَ ۝١٧

၁၇။ ငါတို့သည် သူတို့အား ထူထပ်သောဥယျာဉ်ပိုင်ရှင်တို့ကို စမ်းသပ်တော်မူခဲ့သကဲ့သို့ စမ်းသပ်တော်မူ၏၊ အကြင်အခါဝယ် ၎င်း(ဥယျာဉ်ပိုင်ရှင်)တို့က နံနက်အလင်းရောက်ချိန်တွင် အသီးအနှံများကို မလွဲဧကန်ရိတ်သိမ်းကြမည်ဟု အဓိဋ္ဌာန်ပြုကြ၏။

وَلَا يَسْتَثْنُوْنَ ۝١٨

၁၈။ သို့သော် သူတို့သည် မည်သည့် ခြွင်းချက်ကိုမျှ မပြုခဲ့ကြချေ။ (ဆိုလိုသည်မှာ 'အင်န်ရှာအလ္လာဟ်' အလ္လာဟ် အလိုတော်တူပါလျှင်ဟု မပြောခဲ့ကြချေ။)

فَطَافَ عَلَيْهَا طَآئِفٌ مِّنْ رَّبِّكَ وَهُمْ نَآئِمُوْنَ ۝١٩

၁၉။ သို့ဖြစ်ပေရာ သူတို့အိပ်ပျော်လျက်ရှိစဉ် အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်မှ ထို(ဥယျာဉ်)ပေါ် သို့လည့်ပတ်နေသော(ပြစ်ဒဏ်) သက်ရောက်ခဲ့လေ၏။

فَاَصْبَحَتْ كَالصَّرِيْمِ ۝٢٠

၂၀။ သို့ဖြစ်ပေရာ ထို(ဥယျာဉ်)သည် ရိတ်သိမ်းထားပြီးသည့် အလားဖြစ်သွားခဲ့လေ၏။

فَتَنَادَوْا مُصْبِحِيْنَ ۝٢١

၂၁။ သို့ဖြင့် သူတို့သည် နံနက်စောစောတွင် တစ်ဦးကိုတစ်ဦး ဟစ်ခေါ်ကြပေတော့သည်။

اَنِ اغْدُوْا عَلٰى حَرْثِكُمْ اِنْ كُنْتُمْ صٰرِمِيْنَ ۝٢٢

၂၂။ (ယင်းမှာ) အကယ်၍ အသင်တို့သည် ကောက်ပဲသီးနှံကို ရိတ်သိမ်းကြမည့်သူများဖြစ်ကြလျှင် မိမိတို့၏ လယ်ယာသို့ နံနက်စောစောအရောက်သွားကြကုန်။

فَانْطَلَقُوْا وَهُمْ يَتَخَافَتُوْنَ ۝٢٣

၂၃။ သူတို့သည် ထွက်ခွာခဲ့ကြ၏။ ဤသို့ဖြင့် သူတို့သည် အချင်းချင်းတီးတိုးပြောဆိုလျက် ထွက်ခွာခဲ့ကြ၏။

اَنْ لَّا يَدْخُلَنَّهَا الْيَوْمَ عَلَيْكُمْ مِّسْكِيْنٌ ۝٢٤

၂၄။ ယနေ့ အသင်တို့၏အကျိုးကို ဆန့်ကျင်၍ မည်သည့် သူဆင်းရဲတစ်ဦးတစ်ယောက်ကိုမျှ ယင်းအတွင်းသို့မဝင်စေရ။

وَّغَدَوْا عَلٰى حَرْدٍ قٰدِرِيْنَ ۝٢٥

၂၅။ သူတို့သည် မည်သူ့ကိုမျှ မည်သည့်အရာမျှ မပေးရန် ကြံစည်ဆုံးဖြတ်လျက် သွားရောက်ခဲ့ကြလေ၏။

فَلَمَّا رَاَوْهَا قَالُوْۤا اِنَّا لَضَآلُّوْنَ ۝٢٦

၂၆။ သို့သော် သူတို့သည် ယင်းကို မြင်ရသောအခါ အမှန်ပင်

★ **خرطوم** မြင်း (သို့မဟုတ်) ကုလားအုတ်၏နှာနုရိုး (လိဆာန္ဒလ်အာရစ်အဘိဓာန်)

ကျွန်ုပ်တို့ သေရလေပြီဟု ဆိုကြ၏။ ★

بَلْ نَحْنُ مَحْرُوْمُوْنَ ﴿٢٧﴾

၂၈။ ထိုသို့မဟုတ် စင်စစ် ကျွန်ုပ်တို့သည်ကား လက်လွတ်ဆုံးရှုံး(ခဲ့ရ)လေပြီ။

قَالَ اَوْسَطُهُمْ اَلَمْ اَقُلْ لَّكُمْ لَوْلَا تُسَبِّحُوْنَ ﴿٢٨﴾

၂၉။ သူတို့အနက် အကောင်းဆုံးသောပုဂ္ဂိုလ်က ပြောကြားသည်မှာ အသင်တို့သည် အဘယ့်ကြောင့် အလွှာဟ်ကိုသတိရတသခြင်း 'တာစ်ဘီ'မပြုကြသနည်းဟု အသင်တို့အား ကျွန်ုပ်ပြောခဲ့သည်မဟုတ်လော။

قَالُوْا سُبْحٰنَ رَبِّنَآ اِنَّا كُنَّا ظٰلِمِيْنَ ﴿٢٩﴾

၃၀။ ထိုအခါ သူတို့က ပြောကြားသည်မှာ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူရှင်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ဧကန်စင်စစ် ကျွန်ုပ်တို့သည်သာ အမှားကျူးလွန်သူများဖြစ်ခဲ့ကြပေသည်။

فَاَقْبَلَ بَعْضُهُمْ عَلٰى بَعْضٍ يَّتَلَاوَمُوْنَ ﴿٣٠﴾

၃၁။ ဤသို့ဖြင့် ယင်းတို့သည် တစ်ဦးအပေါ် တစ်ဦး ပြစ်တင်လျက် ထွက်သွားကြလေသည်။

قَالُوْا يٰوَيْلَنَآ اِنَّا كُنَّا طٰغِيْنَ ﴿٣١﴾

၃၂။ ပြောဆိုကြသည်မှာ အို-ကျွန်ုပ်တို့ပျက်စီးရလေပြီ၊ အမှန်စင်စစ် ကျွန်ုပ်တို့သည်ပင် ပုန်ကန်ထောင်လွှားခဲ့ကြ၏။

عَسٰى رَبُّنَآ اَنْ يُّبْدِلَنَا خَيْرًا مِّنْهَآ اِنَّآ اِلٰى رَبِّنَا رٰغِبُوْنَ ﴿٣٢﴾

၃၃။ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူရှင်သည် ကျွန်ုပ်တို့အား ဤသည်ထက် သာလွန်ကောင်းမွန်သည်ကို အစားပေးတော်မူတန်ရာ၏။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏ ဖန်ဆင်းမွေးမြူရှင်ဘက်သို့ တိမ်းညွတ်သူများဖြစ်ကြပေသည်။

كَذٰلِكَ الْعَذَابُ ۭ وَلَعَذَابُ الْاٰخِرَةِ اَكْبَرُ ۘ لَوْ كَانُوْا يَعْلَمُوْنَ ﴿٣٣﴾ ۧ

၃၄။ အပြစ်ဒဏ်သည် ထိုကဲ့သို့ပင်ဖြစ်၏။ စင်စစ် နောင်တမလွန်၏ပြစ်ဒဏ်သည်ကား အကြီးမားဆုံးဖြစ်ပေမည်။ ယင်းတို့သိကြလျှင် ကောင်းပေစွ။

ရုကူး-၂

اِنَّ لِلْمُتَّقِيْنَ عِنْدَ رَبِّهِمْ جَنّٰتِ النَّعِيْمِ ﴿٣٤﴾

၃၅။ ဧကန်စင်စစ် ဖြူစင်ဖြောင့်မတ်သူ 'မွတ္တကီ'များအတွက် သူတို့၏ ဖန်ဆင်းမွေးမြူရှင်ထံတော်တွင် ကောင်းချီးဆုလာဘ်များရှိသည့် 'ဂျန္နတ်'ဥယျာဉ်တော်များသည်ရှိ၏။

اَفَنَجْعَلُ الْمُسْلِمِيْنَ كَالْمُجْرِمِيْنَ ﴿٣٥﴾

၃၆။ သို့ဖြစ်ရာ အဘယ်သို့နည်း၊ ငါတို့သည် အမိန့်နာခံကြသူများကို အပြစ်ကျူးလွန်သူများကဲ့သို့ ပြုလုပ်ရမည်လော။

مَا لَكُمْ ۪ كَيْفَ تَحْكُمُوْنَ ﴿٣٦﴾

၃၇။ အသင်တို့ မည်သို့ဖြစ်သွားကြသနည်း၊ မည်သို့ဆုံးဖြတ်ကြသနည်း။

اَمْ لَكُمْ كِتٰبٌ فِيْهِ تَدْرُسُوْنَ ﴿٣٧﴾

၃၈။ အသို့နည်း၊ အသင်တို့အတွက် အသင်တို့ဖတ်ရွတ်ရန် ကျမ်းစာတစ်စောင်ရှိပါသလော။

اِنَّ لَكُمْ فِيْهِ لَمَا تَخَيَّرُوْنَ ﴿٣٨﴾

၃၉။ စင်စစ် ယင်း၌ အသင်တို့အတွက် အသင်တို့ပိုမိုနှစ်သက်

★ ضَلَّ الرجلُ : مات ထိုသူသေဆုံးခဲ့ပြီ။ (အလ်-မွန်ဂျိဒ်အဘိဓာန်)

သည်များရှိပေလိမ့်မည်။

اَمْ لَكُمْ اَيْمَانٌ عَلَيْنَا بَالِغَةٌ اِلٰى يَوْمِ الْقِيٰمَةِ ۙ اِنَّ لَكُمْ لَمَا تَحْكُمُوْنَ ﴿۳۹﴾

၄၀။ အသို့နည်း၊ အသင်တို့အတွက် အသင်တို့နှစ်သက်သည်ကို စီရင်ဆုံးဖြတ်ရန် ငါတို့က 'ကေယာမတ်'နေ့တိုင်အောင် လိုက်နာရမည့် တစ်စုံတစ်ရာကျိန်ဆိုခြင်းမျိုး ငါတို့အပေါ်၌ ရှိပါသလော။

سَلْهُمْ اَيُّهُمْ بِذٰلِكَ زَعِيْمٌ ﴿۴۰﴾

၄၁။ အသင်သည် ၎င်းတို့အား မေးမြန်းပါလေ၊ သူတို့အနက် မည်သူသည် ထိုအကြောင်းကိစ္စအတွက် တာဝန်ယူအာမခံသူဖြစ်ပါသနည်း။

اَمْ لَهُمْ شُرَكَآءُ ۚ فَلْيَاْتُوْا بِشُرَكَآئِهِمْ اِنْ كَانُوْا صٰدِقِيْنَ ﴿۴۱﴾

၄၂။ အသို့နည်း၊ သူတို့အတွက် တစ်စုံတစ်ရာ ယှဉ်တွဲကိုးကွယ်ရာရှိပါသလော။ ထိုသို့ရှိပါလျှင် အကယ်၍ သူတို့သည် မှန်ကန်ကြပါလျှင် မိမိတို့ယှဉ်တွဲကိုးကွယ်သည်များကို ခေါ်ဆောင်လာကြပါလေ။

يَوْمَ يُكْشَفُ عَنْ سَاقٍ وَّيُدْعَوْنَ اِلَى السُّجُوْدِ فَلَا يَسْتَطِيْعُوْنَ ﴿۴۲﴾

၄၃။ အကြင်နေ့တော်ကြီးတွင် ပြင်းထန်သော ကြောက်ရွံ့ဖွယ်ရာကို ရင်ဆိုင်တွေ့ဆုံရပေလိမ့်မည်။ ထို့ပြင် သူတို့အား 'စဂ်ဒါဟ်'ဦးချရန်ဖိတ်ခေါ်ခြင်းခံရပေလိမ့်မည်။ သို့သော်(ဦးချ)နိုင်စွမ်းရှိကြမည်မဟုတ်ချေ။

خَاشِعَةً اَبْصَارُهُمْ تَرْهَقُهُمْ ذِلَّةٌ ۭ وَقَدْ كَانُوْا يُدْعَوْنَ اِلَى السُّجُوْدِ وَهُمْ سٰلِمُوْنَ ﴿۴۳﴾

၄၄။ ထိုသို့သောအခြေအနေတွင် သူတို့၏မျက်စိများသည် အောက်သို့စိုက်လျက်ရှိနေပေလိမ့်မည်။ သူတို့အပေါ် ဂုဏ်သရေယုတ်လျော့ခြင်းသည် လွှမ်းမိုးနေပေလိမ့်မည်။ ထို့ပြင် ဧကန်စင်စစ် သူတို့အေးချမ်းစွာရှိခဲ့ကြစဉ် သူတို့အား 'စဂ်ဒါဟ်'ဦးချခြင်းဘက်သို့ ဖိတ်ခေါ်ခြင်းခံခဲ့ကြရပေသည်။

فَذَرْنِيْ وَمَنْ يُّكَذِّبُ بِهٰذَا الْحَدِيْثِ ۭ سَنَسْتَدْرِجُهُمْ مِّنْ حَيْثُ لَا يَعْلَمُوْنَ ﴿۴۴﴾

၄၅။ သို့ဖြစ်ပေရာ အသင်သည် ဤဖော်ပြချက်ကို မဟုတ်မမှန်ဟု စွပ်စွဲသူကို ငါအရှင်မြတ်နှင့်ပင် လွှတ်ထားပါလေ။ ငါတို့သည် ၎င်းတို့အား တဖြည်းဖြည်း ဖမ်းဆီးမည်ဖြစ်ရာ ၎င်းတို့သည် ဘာမျှသိလိုက်မည်ပင်မဟုတ်ချေ။

وَاُمْلِيْ لَهُمْ ۭ اِنَّ كَيْدِيْ مَتِيْنٌ ﴿۴۵﴾

၄၆။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား ဆိုင်းငံ့ခွင့်ပေးတော်မူ၏။ ငါအရှင်မြတ်၏ အစီအမံသည် ဧကန်စင်စစ် အလွန်လျှင် ခိုင်ခံ့လှပေသည်။

اَمْ تَسْـَٔلُهُمْ اَجْرًا فَهُمْ مِّنْ مَّغْرَمٍ مُّثْقَلُوْنَ ﴿۴۶﴾

၄၇။ အသို့နည်း၊ အသင်သည် သူတို့ထံမှ တစ်စုံတစ်ရာ အဖိုးအခတောင်းခံသောကြောင့် သူတို့သည် ဒဏ်ငွေ၏ဝန်ထုပ်အောက်တွင် ပိနေကြသလော။

اَمْ عِنْدَهُمُ الْغَيْبُ فَهُمْ يَكْتُبُوْنَ ﴿۴۷﴾

၄၈။ အသို့နည်း၊ သူတို့ထံတွင် 'ဂိုက်ဘ်' အကွယ်(၏အသိ)ရှိသောကြောင့် သူတို့သည် (ယင်းကို)ရေးမှတ်ကြသလော။

فَاصْبِرْ لِحُكْمِ رَبِّكَ وَلَا تَكُنْ كَصَاحِبِ الْحُوْتِ ۘ اِذْ نَادٰى وَهُوَ مَكْظُوْمٌ ﴿۴۸﴾

၄၉။ သို့ဖြစ်ရာ မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်၏စီရင်ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းလျက် သည်းခံ၍နေပါ

လေ။ ထို့ပြင် 'ငါးရှင်'ကဲ့သို့မဖြစ်လင့်။ အကြင်အခါဝယ် သူသည် (မိမိ၏ဖန်ဆင်းရှင်အား) ပူဆွေးသောကအပြည့်ဖြင့် ဟစ်ခေါ်(တမ်းတ)ခဲ့လေသည်။

لَوْلَآ اَنْ تَدٰرَكَهٗ نِعْمَةٌ مِّنْ رَّبِّهٖ لَنُبِذَ بِالْعَرَآءِ وَهُوَ مَذْمُوْمٌ ۝

၅၀။ အကယ်၍သာ သူ၏ဖန်ဆင်းမွေးမြူရှင်ထံတော်မှ ထူးခြားသော ကောင်းကျိုးချမ်းသာသည် သူ့အား ကယ်တင်မှုမပြုခဲ့ပါလျှင် သူသည် လွန်စွာပြစ်တင်ရှုတ်ချခြင်းခံရသည့် အခြေအနေဖြင့် လွင်တီးခေါင်တွင် စွန့်ပစ်ခြင်းကိုခံရပေမည်။

فَاجْتَبٰىهُ رَبُّهٗ فَجَعَلَهٗ مِنَ الصّٰلِحِيْنَ ۝

၅၁။ သို့ဖြစ်ရာ သူ့အားဖန်ဆင်းမွေးမြူရှင်သည် သူ့အား ရွေးချယ်တော်မူခဲ့၏။ ထို့ပြင် သူ့အား သူတော်စင်များအနက်မှ ရေတွက်တော်မူခဲ့ပေသည်။

وَاِنْ يَّكَادُ الَّذِيْنَ كَفَرُوْا لَيُزْلِقُوْنَكَ بِاَبْصَارِهِمْ لَمَّا سَمِعُوا الذِّكْرَ وَيَقُوْلُوْنَ اِنَّهٗ لَمَجْنُوْنٌ ۝ ۘ

၅၂။ ဧကန်စင်စစ် 'ကာဖိရ်'မယုံကြည်ငြင်းပယ်သူတို့သည် 'ဇိကီရ်'အဆုံးအမတော်ကိုကြားရသည့်အခါ သူတို့သည် အသင့်အား မိမိတို့၏အကြည့်(ဒေါသ)ဖြင့် ကျဆင်းအောင် ကြိုးစားကြမည်မှာ နီးစပ်လှပေသည်။ ထို့ပြင် သူတို့က ဤသူသည်ကား အမှန်စင်စစ် ရူးသွပ်သူသာဖြစ်၏ဟုပြောဆိုကြ၏။

وَمَا هُوَ اِلَّا ذِكْرٌ لِّلْعٰلَمِيْنَ ۝ ۧ

၅၃။ အမှန်သော်ကား ယင်းသည် လောကအပေါင်းအတွက် သွန်သင်ဆုံးမမှုမှတစ်ပါး အခြားမဟုတ်ချေတည်း။

❖ ❖ ❖

၆၉။ အလ်-ဟာကာဟ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုဂ္ဂပါဠိတော် (၅၃)ပိုဒ်ပါရှိသည်။

ဆူရာဟ် 'အလ်-ကလမ်'တွင် 'ငါတို့'သည် တမန်တော်တို့၏ရန်သူများကို အချိန်ပေးဆိုင်းငံ့ခြင်းမှာ ထိုသူတို့၏အပြစ်များသည် များပြားပြည့်လျှံလာစေရန်အတွက်ဖြစ်ပြီး ထို့နောက်တွင် အလ္လာဟ်အရှင်မြတ်၏ဖမ်းဆီးမှုမှ သူတို့အား မည်သူတစ်ဦးတစ်ယောက်မျှကယ်တင်နိုင်မည်မဟုတ်' ဟူသည့်အကြောင်းရပ်ကို ဖော်ပြထားတော်မူခဲ့ပေသည်။ ဤဆူရာဟ်တွင်လည်း အကြင်သူတို့အား အလ္လာဟ်အရှင်မြတ်ထံတော်မှ အထပ်ထပ်အခါခါ အချိန်ပေးဆိုင်းငံ့တော်မူခဲ့ပြီးဖြစ်သော်လည်း သူတို့၏ပြစ်မှုဒုစရိုက်များမှာ အတိုင်းအတာပမာဏ ကျော်လွန်လာသောအခါ အရှင်မြတ်၏ဖမ်းဆီးမှု အချိန်ရောက်ရှိလာခဲ့သော အမျိုးသားတို့၏အကြောင်း လာရှိထားပေသည်။

တမန်တော်မြတ်ﷺအား အလ္လာဟ်အရှင်မြတ်က အလွန်တရာကြီးကျယ်လှသော 'အဇာဘ်' အပြစ်ဒဏ်ဖြင့် လူသားနွယ်ဝင်တို့အား သတိပေးနှိုးဆော်ရန် အမိန့်ပေးတော်မူထားသည်မှာ ယင်းသည် ကမ္ဘာလောကရှိ ဘာသာရေးအစုအဖွဲ့တစ်ခုနှင့်သာ နှီးနွှယ်ပတ်သက်နေသည်မဟုတ်မူဘဲ လူသားနွယ်ဝင်အားလုံးကို သတိပေးစေတော်မူခြင်းဖြစ်သည်။ ထိုဖြစ်ရပ်ကြီး ပေါ်ပေါက်လာသောအခါတွင် လောကီဘဝ၌လည်း လူသားသည် ကမ္ဘာမြေကြီးနှင့်မိုးကောင်းကင်သည် ၎င်းတို့အပေါ်သို့ အက်ကွဲပြိုပျက်၍ ကျရောက်လျက်ရှိသည်ဟု ထင်မှတ်ကြပေလိမ့်မည်။ လူသား၏ရှင်ပြန်ထမြောက်ခြင်းနေ့တွင်လည်း ဤသည့် သတိပေးနှိုးဆော်ချက်သည် တစ်ဖန်ထပ်၍ ပြည့်စုံခြင်းသို့ရောက်ပေလိမ့်မည်။ သူတို့ကိုတစ်စုံတစ်ရာသောကမ္ဘာမြေ၏ အဆက်အသွယ်သည်လည်းကောင်း ကောင်းကင်ယံ၏ အဆက်အသွယ်သည်လည်းကောင်း ကယ်တင်နိုင်မည်မဟုတ်သည့်အပြင် 'ဂျဟန္နမ်'ငရဲသည် ထိုသူတို့၏ နိဂုံးစခန်းဖြစ်လိမ့်မည်။

ဤသည့်နောက်တွင် အလ္လာဟ်အရှင်မြတ်က လူသားတို့အတိုင်းအတာတစ်ခုအထိ မြင်တွေ့ရလျက်ရှိသော သို့မဟုတ် မြင်တွေ့စပြုလျက်ရှိသောအကြောင်းကိစ္စတို့သည် ပြည့်စုံခြင်းသို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် ထိုလူသား၏အမြင်အာရုံမရောက်နိုင်သော အကြောင်းကိစ္စတို့သည် ပြည့်စုံခြင်းသို့ရောက်မည်ဖြစ်ကြောင်း ကြီးကျယ်လှသောသက်သေပြချက်တစ်ရပ်ကို ချပြထားတော်မူပေသည်။ ဆိုလိုသည်မှာ တမန်တော်မြတ်မိုဟမ္မဒ်သခင်ﷺ၏စကားများမှာ ဂုဏ်သရေရှိ **اٰمیـــن** (သစ္စာရှင်) တမန်တော်တစ်ပါး၏စကားများဖြစ်ပြီး၊ ကဗျာဆရာတစ်ဦး၏လှည့်စားထားသော အဆိုများမဟုတ်သလို အနာဂတ်ဟောဆရာတစ်ဦး၏ ရော်ရမ်းမှန်းဆမှုလည်းမဟုတ်ချေ။ ဤသည်ကား ကမ္ဘာလောကတစ်ဝန်းလုံးကို ဖန်ဆင်းပျိုးထောင်တော်မူသောအရှင်ထံတော်မှ ပို့ချတော်မူရာဖြစ်ပေသည်။

ဤဆူရာဟ်၏ နောက်ဆုံးအာယတ်တော်များတွင် တမန်တော်မြတ်ﷺ၏မှန်ကန်မှုအတွက် မည်သည့်ရန်သူတစ်ဦးတစ်ယောက်ဘက်ကမျှ ငြင်းဆိုပယ်ချနိုင်မည်မဟုတ်သော တိုင်းတာစရာ စံနှုန်းတစ်ခုကိုချပြထားတော်မူပေသည်။ ရန်သူတို့အား အသိပေးတော်မူသည်မှာ ဤသည့်မြတ်သော ကျမ်းတော်ကို ဤတမန်တော်က မိမိစိတ်သဘောဖြင့် ရေးဖွဲ့ထားသည်ဟု အသင်တို့က သတ်မှတ်ကြလေသည်။ အမှန်သော်ကား အကယ်၍သာ ထိုတမန်တော်သည် အလ္လာဟ်အရှင်မြတ်အား အကြောင်းခံ၍ အသေး

တကာ့အသေးငယ်ဆုံးသော လိမ်ညာလီဆယ်မှုကိုပင်ပြုခဲ့သည်ရှိသော် ဧကန်မလွဲ သူ့အားလည်းကောင်း၊ သူ၏လှုပ်ရှားမှုအဖွဲ့အစည်းကိုလည်းကောင်း ဖျက်ဆီးချိုးနှိမ်ပစ်တော်မူပေမည်။ ထို့ပြင် အကယ်၍သာ အလ္လာဟ်က ဤသည့်ဆုံးဖြတ်ချက်ကို ချမှတ်လိုက်လျှင် အသင်တို့သည် မည်သည့်နည်းနှင့်မျှ ၎င်း(တမန်တော်မြတ်)အား အကာအကွယ်ပေးနိုင်ကြမည်မဟုတ်ပေ။ တစ်နည်းဆိုသော် အသင်တို့၏ အလုံးစုံသောစွမ်းပကားတို့နှင့်ရင်ဆိုင်ယှဉ်ပြိုင်လျက် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်ﷺအား ကူညီမှိုင်းမတော်မူလျက်ရှိပြီး၊ အကာအကွယ်ပေးတော်မူလျက်ရှိပေရာ ယင်းသည် အမှန်တကယ်အားဖြင့် အလ္လာဟ်၏တမန်တော်ဖြစ်ကြောင်း သက်သေသာဓကပင်ဖြစ်ပေသည်။ ဆိုလိုသည်မှာ-

كَتَبَ اللّٰهُ لَاَغْلِبَنَّ اَنَا وَرُسُلِى (၅၈း၂၂)ဟူသော အလ္လာဟ်၏မုဏ္ဍပါဠိတော်မှာ ရှင်းလင်းပြတ်သားစွာဖြင့် တစ်ဖန်ပြန်၍ တမန်တော်မြတ်ﷺနှင့် ထိုက်တန်စွာပြည့်စုံခြင်းသို့ ရောက်ရှိလေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဟာက္ကာဟ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၅၃)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اَلْحَآقَّةُ ②

၂။ မလွဲမသွေဖြစ်ပေါ်လာမည့်အရာ။

مَا الْحَآقَّةُ ③

၃။ မလွဲမသွေဖြစ်ပေါ်လာမည့်အရာသည် အဘယ်နည်း။

وَمَآ اَدْرٰىكَ مَا الْحَآقَّةُ ④

၄။ မလွဲမသွေဖြစ်ပေါ်လာမည့်အရာ မည်သည်ဖြစ်သည်ကို အသင့်အား မည်သို့ရှင်းပြရမည်နည်း။

كَذَّبَتْ ثَمُوْدُ وَعَادٌۢ بِالْقَارِعَةِ ⑤

၅။ 'ဆမူဒ်'နှင့် 'အာဒ်'အမျိုးသားတို့သည် (စိတ်နှလုံးများကို) တုန်လှုပ်ချောက်ချားသွားစေမည့် အတိဒုက္ခကိုမဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြ၏။

فَاَمَّا ثَمُوْدُ فَاُهْلِكُوْا بِالطَّاغِيَةِ ⑥

၆။ သို့ဖြစ်ပေရာ 'ဆမူဒ်'နှင့်စပ်လျဉ်း၍ ယင်းတို့သည် အတိုင်းထက်အလွန် ကြီးမားသောဘေးဒုက္ခဖြင့် ဖျက်ဆီးခြင်းကို ခံခဲ့ကြရ၏။

وَاَمَّا عَادٌ فَاُهْلِكُوْا بِرِيْحٍ صَرْصَرٍ عَاتِيَةٍ ⑦

၇။ ထို့ပြင် 'အာဒ်'တို့သည်ကား အဆက်မပြတ် အရှိန်ပြင်းစွာတိုက်ခတ်လျက်ရှိသောလေမုန်တိုင်းဖြင့် ဖျက်ဆီးခြင်းကိုခံခဲ့ရ၏။

سَخَّرَهَا عَلَيْهِمْ سَبْعَ لَيَالٍ وَّ ثَمٰنِيَةَ اَيَّامٍ ۙ حُسُوْمًا ۙ فَتَرَى الْقَوْمَ فِيْهَا صَرْعٰى ۙ كَاَنَّهُمْ اَعْجَازُ نَخْلٍ خَاوِيَةٍ ⑧

၈။ ထိုအရှင်မြတ်သည် ယင်း(လေပြင်း)ကို ၎င်းတို့အား အမြစ်မှနုတ်၍လွှင့်ပစ်လျက်ရှိသောအခြေအနေဖြင့် ခုနစ်ညဉ့်နှင့် ရှစ်ရက်တိုင်တိုင် ၎င်းတို့အပေါ်တိုက်ခတ်စေတော်မူခဲ့၏။ သို့ဖြင့် အသင်သည် ထိုမျိုးနွယ်အုပ်စုကို လဲကျနေသော စွန်ပလွံပင်များ၏ပင်စည်များသဖွယ်ပက်လက်လဲကျနေသည်ကိုမြင်တွေ့ရ၏။

فَهَلْ تَرٰى لَهُمْ مِّنْۢ بَاقِيَةٍ ⑨

၉။ သို့ဖြစ်ရာ အသင်သည် ၎င်းတို့အနက် ကြွင်းကျန်သူ တစ်စုံတစ်ဦးကို မြင်တွေ့ပါသလော။

وَجَآءَ فِرْعَوْنُ وَمَنْ قَبْلَهٗ وَالْمُؤْتَفِكٰتُ بِالْخَاطِئَةِ ⑩

၁၀။ ထို့ပြင် 'ဖိရ်အောင်'လည်းလာခဲ့၏၊ ထို့ပြင် သူ၏အလျင်ရှိခဲ့ကြသူများနှင့် အလွန်ကြီးလေးသော အပြစ်တစ်ခုကြောင့် ထက်အောက်ပြောင်းပြန်လှန်ခြင်းခံရသော မြို့ရွာများသည်လည်း(ရှိခဲ့၏)။

فَعَصَوْا رَسُوْلَ رَبِّهِمْ فَاَخَذَهُمْ اَخْذَةً رَّابِيَةً ⑪

၁၁။ သို့ဖြစ်ရာ ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ တမန်တော်ကို မနာခံဖီဆန်ခဲ့ကြပေရာ၊ အရှင်မြတ်သည် သူတို့အား အပြင်းထန်ဆုံး ဖမ်းဆီးခြင်းတစ်ရပ်ဖြင့် ဖမ်းဆီးတော်မူခဲ့၏။

اِنَّا لَمَّا طَغَا الْمَآءُ حَمَلْنٰكُمْ فِى

၁၂။ ဧကန်စင်စစ် အကြင်အခါဝယ် ရေသည် လှိုင်းတံပိုး ပြင်း

الْجَارِيَةِ ﴿١١﴾

ထန်စွာထလာသောအခါ ငါတို့သည် အသင်တို့အား လှေသင်္ဘောပေါ် တင်ဆောင်တော်မူခဲ့၏။

لِنَجْعَلَهَا لَكُمْ تَذْكِرَةً وَّتَعِيَهَآ اُذُنٌ وَّاعِيَةٌ ﴿١٢﴾

၁၃။ သို့ဖြင့် ငါတို့သည် ယင်းကို အသင်တို့အတွက် ဖော်ပြထိုက်သော နိမိတ်လက္ခဏာတစ်ရပ်ပြုလုပ်ရန်ဖြစ်ပြီး ထိန်းသိမ်းသိုမှီးထားမည့် နားများသည် ယင်းကို မှတ်သားထားကြရန်ဖြစ်၏။

فَاِذَا نُفِخَ فِي الصُّوْرِ نَفْخَةٌ وَّاحِدَةٌ ﴿١٣﴾

၁၄။ သို့ဖြစ်ပေရာ အကြင်အခါဝယ် တံပိုးခရာ၌ အားပြင်းစွာ တစ်ချက်မှုတ်သွင်းခြင်းခံရပေမည်။

وَحُمِلَتِ الْاَرْضُ وَالْجِبَالُ فَدُكَّتَا دَكَّةً وَّاحِدَةً ﴿١٤﴾

၁၅။ ထို့ပြင် ကမ္ဘာမြေကြီးနှင့် တောင်များသည် ပင့်မခြင်းခံကြရလိမ့်မည်၊ ထို့ပြင် တစ်ချက်တည်း အစိတ်စိတ်အမွှာမွှာဖြစ်အောင် ပြုခြင်းကိုခံကြရပေမည်။

فَيَوْمَئِذٍ وَّقَعَتِ الْوَاقِعَةُ ﴿١٥﴾

၁၆။ သို့ဖြစ်ပေရာ ထိုနေ့တွင် မလွဲမသွေ ဖြစ်ပေါ်လာရမည့် အရာသည် ဖြစ်ပေါ်၍လာပေလိမ့်မည်။

وَانْشَقَّتِ السَّمَآءُ فَهِيَ يَوْمَئِذٍ وَّاهِيَةٌ ﴿١٦﴾

၁၇။ ထို့ပြင် မိုးကောင်းကင်သည် အက်ကွဲသွားပေလိမ့်မည်၊ သို့ဖြင့် ထိုနေ့တွင် ယင်းသည် ချည့်နဲ့ပျက်ယွင်းသွားပြီးဖြစ်ပေလိမ့်မည်။

وَّالْمَلَكُ عَلٰٓى اَرْجَآئِهَا ۚ وَيَحْمِلُ عَرْشَ رَبِّكَ فَوْقَهُمْ يَوْمَئِذٍ ثَمٰنِيَةٌ ﴿١٧﴾

၁၈။ ထို့ပြင် ကောင်းကင်တမန်များသည် ယင်း၏ အစွန်အဖျားများတွင်ရှိကြလိမ့်မည်၊ ထို့ပြင် ထိုနေ့တွင် အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ 'အရှ်ရှ်'ပလ္လင်တော်သည် ယင်းတို့အားလုံး၏အထက်ဝယ် ရှစ်မျိုး(သော ဂုဏ်ရည်)ကို ဆောင်လျက်ရှိပေလိမ့်မည်။ ②

يَوْمَئِذٍ تُعْرَضُوْنَ لَا تَخْفٰى مِنْكُمْ خَافِيَةٌ ﴿١٨﴾

၁၉။ ထိုနေ့၌ အသင်တို့သည် ရှေ့တော်သွင်းခြင်းခံရလိမ့်မည်၊ မည်သည့်ဖုံးကွယ်နေသည့်အရာမျှ အသင်တို့ထံမှ ကွယ်ဝှက်နေမည်မဟုတ်ချေ။

فَاَمَّا مَنْ اُوْتِيَ كِتٰبَهٗ بِيَمِيْنِهٖ ۙ فَيَقُوْلُ هَآؤُمُ اقْرَءُوْا كِتٰبِيَهْ ﴿١٩﴾

၂၀။ သို့ဖြစ်ပေရာ မိမိ၏အကျင့်သီလမှတ်တမ်းကို လက်ယာလက်တွင်ပေးခြင်းခံရမည့်သူက ပြောကြားမည်မှာ၊ လာလော့ ကျွန်ုပ်၏အကျင့်သီလမှတ်တမ်းကိုကိုင်၍ ဖတ်ပါလော့။ ★

② ဤအာယတ်တော်အားဖြင့် ကောင်းကင်တမန်များသည် ရုပ်ပိုင်းဆိုင်ရာစွမ်းအားများရရှိထားသယောင်ရှိပြီး၊ ယင်းအားဖြင့် ၎င်းတို့သည် အလ္လာဟ်၏'အရှ်ရှ်'ပလ္လင်တော်ကို ပင့်မ၍ထားကြခြင်းဖြစ်သည်ဟု မထင်မှတ်ကြစေလိုပါ။ 'အရှ်ရှ်'သည် ရုပ်ဝတ္ထုတစ်စုံတစ်ရာမဟုတ်သောကြောင့် ယင်းကို ပင့်မထားဖို့လည်း ရုပ်ပိုင်းဆိုင်ရာအင်အားမလိုအပ်ပေ။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည်သာလျှင် အရာခပ်သိမ်းတို့ကို ပင့်မထားတော်မူလျက်ရှိသည်။ တစ်နည်းဆိုသော် အရာရာတိုင်းသည် ထိုအရှင်မြတ်၏ အထောက်အပံ့ဖြင့် ရပ်တည်နေရခြင်းဖြစ်သည်။ ဟာဇရတ်မဆီဟ်မော်အူးဒ်ﷺသခင်က မိန့်ကြားတော်မူသည်မှာ- 'အရှ်ရှ်'သည် အလ္လာဟ်အရှင်မြတ်၏ ချို့တဲ့ခြင်းကင်း၍ သန့်ရှင်းစင်ကြယ်မြင့်မြတ်ခြင်း ဂုဏ်အဆင့်၏အမည်နာမဖြစ်သည်။ ထို့ပြင် ယင်းသည် သိမ်မွေ့နက်ရှိုင်းဆုံးသော အခြေအနေတွင်ရှိ၏။ ဆူရာဟ် 'အလ်-ဖာတေဟာ'တွင်လာရှိသော ဂုဏ်တော်(၄)ပါး (၀ါ) 'ရဗ်၊ ရာဟ်မန်၊ ရဟီးမ်နှင့် မာလိကိယောင်းမစ်ဒင်းန်' ဂုဏ်တော်များကို ကောင်းကင်တမန်(၄)ပါးအဖြစ် ဖော်ပြခြင်းဖြစ်သည်။ 'ဤဂုဏ်တော်(၄)ပါးက ထိုအရှင်မြတ်၏ 'အရှ်ရှ်'ပလ္လင်တော်ကို ထမ်းပိုးလျက်ရှိကြ၏။ ဆိုလိုသည်မှာ ကွယ်ဝှက်လျက်ရှိသော ထိုအရှင်မြတ်ကို ဤဂုဏ်တော်များအားဖြင့်

★ هَاؤُمُ هَاؤُمُ: هَاكَلِمَةٌ فِيْ مَعْنَى الأَخْذِ، وَ يُقَالُ هَاؤُمُ وَ هَاؤُمُوا ၏အဓိပ္ပာယ်မှာ 'ကိုင်ထားပါ' ဟူ၏။ (မူဖရီဒါတ် အေမာမ်ရာယိဗ်)

اِنِّیْ ظَنَنْتُ اَنِّیْ مُلٰقٍ حِسَابِیَهْ ۚ﴿۲۰﴾

၂၀။ စင်စစ် ကျွန်ုပ်သည် မိမိ၏စာရင်းမှတ်တမ်းကို မျက်ဝါး ထင်ထင် တွေ့မြင်ရမည်ဖြစ်ကြောင်း မျှော်လင့်ထားခဲ့ပေသည်။

فَهُوَ فِیْ عِیْشَةٍ رَّاضِیَةٍ ۙ﴿۲۱﴾

၂၁။ သို့ဖြင့် ယင်းသည် နှစ်မြို့ဖွယ်ကောင်းသောဘဝ၌ ရှိပေလိမ့်မည်။

فِیْ جَنَّةٍ عَالِیَةٍ ۙ﴿۲۲﴾

၂၂။ မြင့်မားသော 'ဂျန္နတ်'ဥယျာဉ်တော်တစ်ခုတွင်၊

قُطُوْفُهَا دَانِیَةٌ ۚ﴿۲۳﴾

၂၃။ ယင်း၏အသီးအခိုင်များသည် ညွတ်ကျလျက်ရှိနေပေလိမ့်မည်။

كُلُوْا وَاشْرَبُوْا هَنِیْٓـًٔا بِمَآ اَسْلَفْتُمْ فِی الْاَیَّامِ الْخَالِیَةِ ۚ﴿۲۴﴾

၂၄။ အသင်တို့ လွန်လေပြီးသောနေ့ရက်များ၌ ကျင့်ကြံခဲ့ကြသော ထို(အကျင့်သီလများ)၏အစားပေးခြင်းအဖြစ် အရသာရှိရှိ မြိန်ရှက်စွာစားကြကုန်၊ သောက်ကြကုန်။

وَاَمَّا مَنْ اُوْتِیَ كِتٰبَهٗ بِشِمَالِهٖ ۙ

၂၅။ ထို့ပြင် မိမိ၏အကျင့်သီလမှတ်တမ်းကို လက်ဝဲဘက်တွင် ပေးခြင်းခံရလျှင် ယင်းကပြောကြားမည်မှာ ငါ၏အကျင့်သီလမှတ်တမ်းကို ငါ့အားမပေးခဲ့လျှင် ကောင်းပေစွ။

فَیَقُوْلُ یٰلَیْتَنِیْ لَمْ اُوْتَ كِتٰبِیَهْ ۚ﴿۲۵﴾

وَلَمْ اَدْرِ مَا حِسَابِیَهْ ۚ﴿۲۶﴾

၂၆။ ထို့ပြင် ငါ၏စာရင်း မည်သို့ရှိသည်ကို ငါမသိချေ။

یٰلَیْتَهَا كَانَتِ الْقَاضِیَةَ ۚ﴿۲۷﴾

၂၇။ ထို(အခို်န်)သည် စီရင်ဆုံးဖြတ်ပြီးဖြစ်လျှင် ကောင်းလေစွ။

مَآ اَغْنٰی عَنِّیْ مَالِیَهْ ۚ﴿۲۸﴾

၂၈။ ငါ၏ပစ္စည်းဥစ္စာသည် ငါ့အတွက် မည်သို့မျှ အသုံးမဝင်ပါတကား။

هَلَكَ عَنِّیْ سُلْطٰنِیَهْ ۚ﴿۲۹﴾

၂၉။ ငါ၏ဩဇာအာဏာတို့သည် ငါ့ထံမှ ပျက်စီးလွင့်ပါးသွားခဲ့ချေပြီ။

خُذُوْهُ فَغُلُّوْهُ ۙ﴿۳۰﴾

၃၀။ သူ့အား ဖမ်းဆီးကြကုန်၊ ထို့ပြင် သူ့အား လည်ပတ်ကြိုး တပ်ပေးကြကုန်။

ثُمَّ الْجَحِیْمَ صَلُّوْهُ ۙ﴿۳۱﴾

၃၂။ ထို့နောက် သူ့အား 'ဂျဟန္နမ်'ငရဲတွင် ထည့်သွင်းကြကုန်။

ثُمَّ فِیْ سِلْسِلَةٍ ذَرْعُهَا سَبْعُوْنَ ذِرَاعًا فَاسْلُكُوْهُ ۚ﴿۳۲﴾

၃၂။ တစ်ဖန် နောက်ဆုံး သူ့အား အတောင်ခုနစ်ဆယ်ရှိသော သံကြိုးဖြင့် တုပ်နှောင်ကြကုန်။

اِنَّهٗ كَانَ لَا یُؤْمِنُ بِاللّٰهِ الْعَظِیْمِ ۙ﴿۳۳﴾

၃၃။ စင်စစ် ထိုသူသည် ကြီးမြတ်တော်မူသော အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ခြင်းမရှိခဲ့ပေ။

وَلَا یَحُضُّ عَلٰی طَعَامِ الْمِسْكِیْنِ ۚ﴿۳۴﴾

၃၄။ ထို့ပြင် သူဆင်းရဲအားကျွေးမွေးရန် တိုက်တွန်းနှိုးဆော်ခြင်းမပြုခဲ့ချေ။

فَلَیْسَ لَهُ الْیَوْمَ هٰهُنَا حَمِیْمٌ ۙ﴿۳۵﴾

၃၅။ သို့ဖြစ်ရာ ဤနေ့ဤနေရာတွင် သူ့အတွက် အသက်စွန့်မည့် မိတ်ဆွေမည်သူမျှရှိမည်မဟုတ်။

وَّلَا طَعَامٌ اِلَّا مِنْ غِسْلِیْنٍ ۙ﴿۳۶﴾

၃၆။ ထို့ပြင် အနာကိုဆေးကြောသည့်အခါထွက်သော အရည်

➤ ဤလောကတွင်သိရှိနိုင်စေသည်။ ထို့ပြင် ဤအသိဉာဏ်စဉ်သည် 'အာခေရတ်'နောင်တမလွန်တွင် နှစ်ဆဖြစ်သွားပေမည်။ တစ်နည်းဆိုသော် လေးပါးမဟုတ်တော့ဘဲ ရှစ်ပါးဖြစ်ပေလိမ့်မည်။' (ကျရှ်မာအေမာအ်ရီဖတ်၊ ရူဟာနီခဇာအင်န်၊ တွဲ-၂၃၊စာ-၂၇၉)။

မှတစ်ပါး အခြားမည်သည့်အစားအစာမျှ ရှိမည်မဟုတ်။ ★

۞ لَا يَاْكُلُهٗۤ اِلَّا الْخَاطِـُٔوْنَ ۝۳۷ ۞

၃၇။ ယင်းကို အပြစ်ရှိသူတို့မှတစ်ပါး မည်သူမျှမစားရချေ။

ရုကူး–၂

فَلَاۤ اُقْسِمُ بِمَا تُبْصِرُوْنَ ۝۳۸

၃၈။ သို့ဖြစ်ရာ သတိပြုကြကုန်၊ အသင်တို့မြင်တွေ့ရသည်ကို ငါအရှင်မြတ် သက်သေထူတော်မူ၏။

وَمَا لَا تُبْصِرُوْنَ ۝۳۹

၃၉။ ထို့ပြင် အသင်တို့ မတွေ့မမြင်ရသည်ကိုလည်း၊

اِنَّهٗ لَقَوْلُ رَسُوْلٍ كَرِيْمٍ ۝۴۰

၄၀။ ဧကန်စင်စစ် ဤသည် ဂုဏ်သိက္ခာရှိသော တမန်တော်၏ စကားဖြစ်သည်။

وَّ مَا هُوَ بِقَوْلِ شَاعِرٍ ؕ قَلِيْلًا مَّا تُؤْمِنُوْنَ ۝۴۱

၄၂။ ထို့ပြင် ဤသည် ကဗျာဆရာတစ်ဦးတစ်ယောက်၏ စကားမဟုတ်ချေ၊ အသင်တို့သည် အနည်းငယ်မျှသာလျှင် သက်ဝင်ယုံကြည်ကြ၏။

وَّلَا بِقَوْلِ كَاهِنٍ ؕ قَلِيْلًا مَّا تَذَكَّرُوْنَ ۝۴۲

၄၃။ ထို့ပြင် (ဤသည်) ဗေဒင်ဟူးရားဆရာ တစ်ဦးတစ်ယောက်၏စကားလည်းမဟုတ်ချေ။ အသင်တို့သည် အနည်းငယ်မျှသာလျှင် သင်ခန်းစာရယူကြ၏။

تَنْزِيْلٌ مِّنْ رَّبِّ الْعٰلَمِيْنَ ۝۴۳

၄၄။ စကြဝဠာကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်မှ ပို့ချချက်တစ်ရပ်ဖြစ်၏။

وَلَوْ تَقَوَّلَ عَلَيْنَا بَعْضَ الْاَقَاوِيْلِ ۝۴۴

၄၅။ ထို့ပြင် အကယ်၍သာ သူသည် အချို့သောစကားများကို လိမ်လည်လျက် ငါတို့ဘက်သို့ရည်ညွှန်းခဲ့လျှင်၊

لَاَخَذْنَا مِنْهُ بِالْيَمِيْنِ ۝۴۵

၄၆။ ငါတို့သည် သူ့အား လက်ယာလက်ဖြင့် ဖမ်းဆီးတော်မူပေအံ့။

ثُمَّ لَقَطَعْنَا مِنْهُ الْوَتِيْنَ ۝۴۶

၄၇။ ထို့နောက် ငါတို့သည် အမှန်ပင် သူ၏အသက်သွေးကြောကို ဖြတ်တောက်ပစ်တော်မူပေမည်။

فَمَا مِنْكُمْ مِّنْ اَحَدٍ عَنْهُ حٰجِزِيْنَ ۝۴۷

၄၈။ ပြီးနောက် အသင်တို့အနက် မည်သူမျှ ယင်းမှ (ငါတို့အား) ဟန့်တားနိုင်မည့်သူရှိမည်မဟုတ်။ ②

وَ اِنَّهٗ لَتَذْكِرَةٌ لِّلْمُتَّقِيْنَ ۝۴۸

၄၉။ ထို့ပြင် အမှန်ပင် ဤသည် ဖြူစင်ဖြောင့်မတ်သူ'မွတ္တကီ'

★ What comes forth from any waund or sare when it is washed. (E.W.Lane)

② အာယတ်တော် ၄၅ မှ ၄၈ထိ။ ဤအာယတ်တော်များတွင် အလ္လာဟ်အရှင်မြတ်ထံတော်မှ 'ဝဟီ'ရရှိကြောင်း ရည်ညွှန်းပြောဆိုသူအား လောကီစွမ်းအားတစ်စုံတစ်ရာက အကာအကွယ်ပေးနိုင်သည်ဟူသော ဖောက်ပြန်သည့်အတွေးအမြင်များကို ကန့်ကွက်ပယ်ချထားတော်မူသည်။ ဖြစ်ရပ်မှန်မှာ မဟုတ်မမှန်လီဆယ်၍ ကြေညာသူတို့၏နောက်ကွယ်တွင် လောကီစွမ်းအားတစ်ခုခုသည် မုချရှိပေသည်။ ထိုသို့ရှိလင့်ကစား ၎င်းတို့နှင့် ၎င်းတို့အား ကူညီပံ့ပိုးသူတို့မှာ ဖျက်ဆီးသုတ်သင်ခြင်းခံကြရသည်ချည်းဖြစ်သည်။ သို့ဖြစ်ရာ ဤသည် တမန်တော်မြတ်ﷺ၏မှန်ကန်မှုအတွက် ကြီးကျယ်ခမ်းနားလှသော သက်သေပြချက်ပင်ဖြစ်သည်။ အကြောင်းမူကား ကိုယ်တော်မြတ်က (ဝဟီရကြောင်း) ကြေညာပြီးနောက်တွင် အာရေဗျလူမျိုးအားလုံးတို့သည် ကိုယ်တော်မြတ်ﷺအား ဆန့်ကျင်သူများဖြစ်ခဲ့ကြသောကြောင့်ပင်။ ဤအာယတ်တော်၌ အကယ်၍သာ အာရေဗျတစ်ခုလုံးသည် ကိုယ်တော်မြတ်အား ဆန့်ကျင်သူများမဖြစ်ကြမူဘဲ ကူညီပံ့ပိုးရန်ထွက်ရပ်ကြပါလျှင်လည်း အကယ်၍ ၎င်းတမန်တော်သည် သာမန်ဖြစ်သော မုသားတစ်ခုမျှကိုပင် အလ္လာဟ်အား အကြောင်းခံ၍ ပြောခဲ့သည်ရှိသော်၊ ထိုတမန်တော်အား အလ္လာဟ်၏ဖမ်းဆီးမှုမှ အကာအကွယ်ပေးနိုင်ကြမည်မဟုတ်ချေဟူ၍ အလွန်လျှင် သိမ်မွေ့လှသောအခြေခံအချက်ကို ဖော်ပြထားတော်မူပေသည်။

များအတွက် ကြီးမားသော သွန်သင်ဆုံးမချက်တစ်ရပ်ဖြစ်၏။

وَ اِنَّا لَنَعْلَمُ اَنَّ مِنْكُمْ مُّكَذِّبِيْنَ ۝

၅၀။ ထို့ပြင် ဧကန်စင်စစ် ငါတို့သည် အသင်တို့အနက် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သူများရှိနေကြောင်း ငါတို့သိတော်မူ၏။

وَ اِنَّهٗ لَحَسْرَةٌ عَلَى الْكٰفِرِيْنَ ۝

၅၁။ ထို့ပြင် စင်စစ် ဤသည် 'ကာဖိရ်'မယုံကြည်ငြင်းပယ်သူများအတွက် ကြီးမားသော ကြေကွဲဝမ်းနည်းမှုတစ်ရပ်ပင်ဖြစ်၏။

وَ اِنَّهٗ لَحَقُّ الْيَقِيْنِ ۝

၅၂။ ထို့ပြင် စင်စစ်ဧကန် ဤသည် ဒိဋ္ဌအမှန်သို့တိုင် ရောက်ရှိသည့် ယုံကြည်ချက်ဖြစ်၏။

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيْمِ ۝ ع

၅၃။ သို့ဖြစ်ပေရာ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော ကြီးကျယ်မြင့်မြတ်တော်မူသည့် အရှင်၏နာမတော်သည် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို 'တာစ်ဘီ'ပြု ရင့်ကျူးပါလေ။

❖ ❖ ❖

၇၀။ အလ်-မအာရိန်(၇)

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠိတော် (၄၅)ပိုဒ်ပါရှိသည်။

ဤသည်၏ဦးဆုံးအာယတ်တော်မှာပင် 'ကာဖဲရ်'မယုံကြည်သူများ ဟန့်တားပိတ်ပင်နိုင်စွမ်း မရှိသော 'အဇာဘ်'အပြစ်ဒဏ်တစ်ခုအကြောင်းကို အလ္လာဟ်အရှင်မြတ်က သတိပေးထားတော်မူပေ သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်အား **ذى المعارج** ဟူ၍ ခေါ်ဆိုသတ်မှတ်ထားပေသည်။ ဆိုလို သည်မှာ တစ်ဆင့်ပြီးတစ်ဆင့်ရှိသော မိုးကောင်းကင်အားစူးစမ်းလေသော် ထိုအရှင်မြတ်၏ မြင့်မားတော် မူခြင်းကို အတိုင်းအတာတစ်ခုအထိ သိရှိနားလည်နိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက ထိုအရှင်မြတ်၏ မြင့်မားထွတ်မြတ်မှုများကို မည်သူတစ်ဦးတစ်ယောက်မျှ သိရှိနားလည်နိုင်မည်မဟုတ်ချေ။ ယခု ဤတွင် အကြင်မြင့်မားမှုအကြောင်းဖော်ပြထားပေရာ ယင်းအတွက် သိပ်ပံနည်းကျ သာဓကတစ်ရပ်ရရှိ သည်မှာ ယင်းကို ဤဆူရာဟ်တော်တွင် **خَمْسِيْنَ اَلْفَ سَنَةٍ** ကောင်းကင်တမန်များသည် ထိုအရှင်မြတ်ထံတော် သို့ နှစ်ပေါင်းငါးသောင်းတွင် ပျံတက်ရောက်ရှိလေသည်ဟူ၍ အာယတ်တော်တွင် ဖော်ပြလာရှိထားပေ သည်။ ယခုနှစ်ပေါင်းငါးသောင်းတွင် တက်ရောက်ခြင်းအတွက် အဓိပ္ပာယ်နှစ်မျိုးရရှိနိုင်သည်။ ပထမ မြင်သာသော နှစ်ပေါင်းငါးသောင်း။ အကယ်၍ ဤသည့် အဓိပ္ပာယ်ကိုယူပါလျှင် ကမ္ဘာပေါ်တွင် နှစ်ပေါင်း ငါးသောင်း၏နောက်တွင် ကုန်းမြေအားလုံးတို့သည် ရေခဲပြင်များဖြင့် ဖုံးလွှမ်းသွားသော ရာသီဥတု ပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည်။ ထို့နောက် ဖန်ဆင်းမှုကို အသစ်တစ်ဖန် စတင်ပေတော့သည်။

ဒုတိယ- ဤတွင် **مِمَّا تَعُدُّوْنَ** ဟု ဖော်ပြမထားခြင်းမှာ ဂရုစိုက်ကြည့်ရှုရမည့် အကြောင်းအရာ ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်၏ အခြားအာယတ်တော်တစ်ပိုဒ်တွင် နှစ်ပေါင်းတစ်ထောင်အကြောင်း လာရှိထားသည်။ ယင်းကို ဤသည်နှင့်ပေါင်းစပ်၍ဖတ်ရှုပါလျှင် အဓိပ္ပာယ်ထွက်ပေါ်လာမည်မှာ- အသင်တို့၏ ရေတွက်မှုအရ အကယ်၍ နှစ်ပေါင်းတစ်ထောင်အဖြစ်ယူပါက အလ္လာဟ်အရှင်မြတ်၏ နေ့ရက်တိုင်းသည် ထိုနှစ်ပေါင်းတစ်ထောင်နှင့်ညီမျှပေမည်။ တစ်ဖန် ထိုနေ့ရက်တိုင်းကို တစ်နှစ်တာ ရှိနေ့ရက်များနှင့်မြှောက်ပြီး တစ်ဖန် ယင်းကို နှစ်ပေါင်းငါးသောင်းနှင့်မြှောက်လိုက်ပါလျှင် ထွက်ပေါ် လာမည့်အရေအတွက်မှာ အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူသည့်နေ့များ၏ အတိုင်းအတာကို ဖော်ပြပေလိမ့်မည်။ သို့ဖြစ်ရာ ဤတွက်ချက်မှုအားဖြင့် အလ္လာဟ်အရှင်မြတ်၏ နှစ်ပေါင်းငါးသောင်းကို မြှောက်ကြည့်ပါလျှင် နှစ်ပေါင်း ၁၈ ဘီလီယံမှ ၂၀ ဘီလီယံအထိ ဖြစ်သွားမည်ဖြစ်ပြီး ယင်းသည် သိပ်ပံပညာရှင်တို့၏အလိုအရ ကမ္ဘာမြေ၏သက်တမ်းဖြစ်ပေသည်။

(၁၀၀၀ × ၅၀၀၀၀ × ၃၆၅ = ၁၈၂၅၀၀၀၀၀၀)

ဆိုလိုသည်မှာ စကြဝဠာတိုင်းသည် ဤသက်တမ်းသို့ရောက်ရှိပြီး တစ်ဖန် မရှိခြင်းအဖြစ်သို့ ဆိုက်ရောက်လျက် ယင်းနောက်မှတစ်ဖန် တည်ရှိခြင်းအဖြစ်သို့ ရောက်စေပေသည်။

ဤသည်မှာ လူတို့က အလွန်တရာ ဝေးကွာသောအကြောင်းအရာဟု ထင်မှတ်ရသော ရှည်လျားလှသည့်အချိန်ကာလကြီးဖြစ်ပေသည်။ သို့ရာတွင် 'အဇာဘ်'အပြစ်ဒဏ် ဆိုက်ရောက်လေသော် ထိုအချိန်ကာလမှာ လုံးဝနီးကပ်သည်ဟု မြင်ရပေလိမ့်မည်။ ယင်းသည် အဘယ်မျှနည်းဟူမူ လူသားသည် မိမိ၏အနီးစပ်ဆုံးဖြစ်သော ဆွေမျိုးရင်းချာများကိုလည်းကောင်း၊ မိမိ၏အသက်စည်းစိမ်ဥစ္စာတို့နှင့် အရာရာတိုင်းကိုလည်းကောင်း ယင်းအတွက် ပေးလျော်လျက် ယင်း'အဇာဘ်'မှ လွတ်ကင်းမှုကို လိုလား ပေလိမ့်မည်။ သို့သော် ဤသို့ဖြစ်နိုင်မည်မဟုတ်ချေ။ အကယ်၍ အပြစ်ဒဏ်မကျရောက်မီအလျင်

ယုံကြည်သက်ဝင်သူ 'မို့အ်မင်န်'တို့သည် ဝတ်ပြုဆုတောင်းမှုတွင်တည်မြဲလျက်ရှိကြပြီး အစဉ်အမြဲ သတိတရသောကထားလျက် ဖြည့်ဆည်းကြခြင်း၊ ထို့ပြင် မိမိတို့၏အပြစ်ကင်းသန့်ရှင်းစင်ကြယ်မှုကို လုံခြုံမှုပေးရန်အတွက် မိမိတို့အပေါ် တင်ရှိစေတော်မူသော စည်းကမ်းချက်ဟူသမျှကို ဖြည့်ဆည်းကြခြင်းစသည့် ဂုဏ်ပုဒ်များရှိခဲ့ပါလျှင် ဤအပြစ်ဒဏ် 'အဇာဘ်'မှ သီးခြားဖယ်ရှားခြင်းခံရမည့် ကံထူးရှင်များဖြစ်ပေလိမ့်မည်။

အာယတ်တော်အမှတ်စဉ်(၄၂)တွင် ဤသည့်အကြောင်းအရာကို ထပ်၍တစ်ဖန် သတိပေးထားတော်မူသည်မှာ အလ္လာဟ်သည် အသင်တို့မှ လိုလားတောင့်တမှုကင်းတော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် မကောင်းမှုအကုသိုလ်များကို ရပ်တန့်ခြင်းမပြုပါလျှင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏နေရာတွင် အခြားတစ်ပါးသော ဖန်ဆင်းခံများကို ခေါ်ဆောင်၍လာနိုင်သော တန်ခိုးစွမ်းအားရှိတော်မူသောအရှင် ဖြစ်ပေသည်။ သို့ဖြင့် ဖြစ်ပေါ်လာမည်ဟု သတင်းပေးခြင်းခံရသော 'အဇာဘ်'ပြစ်ဒဏ်အကြောင်းဖြင့်သာ ဤဆူရာဟ်ကို အဆုံးသတ်ထားပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-မအာရိစ်(ဂျ်)

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၄၅)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

سَاَلَ سَآئِلٌۢ بِعَذَابٍ وَّاقِعٍ ②

၂။ မေးမြန်းသူတစ်ဦးသည် မလွဲမသွေ ဖြစ်ပေါ်လာမည့် ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ မေးမြန်း၏။

لِّلْكٰفِرِيْنَ لَيْسَ لَهٗ دَافِعٌ ③

၃။ 'ကာဖိရ်'မယုံကြည်ငြင်းပယ်သူများအား ယင်းမှ မည်သည့် အရာကမျှ ဖယ်ရှားနိုင်မည်မဟုတ်ချေ။

مِّنَ اللّٰهِ ذِى الْمَعَارِجِ ④

၄။ မြင့်မားထွတ်ခေါင်မှုအပေါင်း၏အရှင်သခင်၊ အလ္လာဟ်၏ထံတော်မှဖြစ်၏။

تَعْرُجُ الْمَلٰٓئِكَةُ وَالرُّوْحُ اِلَيْهِ فِىْ يَوْمٍ كَانَ مِقْدَارُهٗ خَمْسِيْنَ اَلْفَ سَنَةٍ ⑤

၅။ ကောင်းကင်တမန်များနှင့် ဝိညာဉ်သည် ယင်းဘက်သို့ အကြင်သို့သော နေ့တစ်နေ့တွင် တက်ရောက်ပေသည်။ ယင်း၏အရေအတွက်ပမာဏသည် နှစ်ပေါင်း၎ါးသောင်းဖြစ်၏။

فَاصْبِرْ صَبْرًا جَمِيْلًا ⑥

၆။ သို့ဖြစ်ပေရာ အကောင်းမြတ်ဆုံးသော သည်းခံမြဲမြံခြင်းကို ကျင့်သုံးပါလေ။

اِنَّهُمْ يَرَوْنَهٗ بَعِيْدًا ⑦

၇။ ၎င်းတို့သည် ဧကန်စင်စစ် ထိုအရာကို အလွန်ဝေးကွာသည်ဟု ရှုမြင်နေကြ၏။

وَّنَرٰىهُ قَرِيْبًا ⑧

၈။ သို့သော် ငါတို့သည် ယင်းကို နီးကပ်စွာမြင်တွေ့တော်မူ၏။

يَوْمَ تَكُوْنُ السَّمَآءُ كَالْمُهْلِ ⑨

၉။ ထိုနေ့တွင် မိုးကောင်းကင်သည် အရည်ပျော်နေသော ကြေးနီကဲ့သို့ ဖြစ်သွားပေလိမ့်မည်။

وَتَكُوْنُ الْجِبَالُ كَالْعِهْنِ ⑩

၁၀။ ထို့ပြင် တောင်များသည် ဖတ်ထားသော သိုးမွေးကဲ့သို့ ဖြစ်သွားပေလိမ့်မည်။

وَلَا يَسْـَٔلُ حَمِيْمٌ حَمِيْمًا ⑪

၁၁။ ထို့ပြင် မည်သည့်မိတ်ဆွေရင်းချာကမျှ အခြားသော မိတ်ဆွေရင်းချာ၏ (အခြေအနေကို)မေးမြန်းမည်မဟုတ်ပေ။

يُّبَصَّرُوْنَهُمْ يَوَدُّ الْمُجْرِمُ لَوْ يَفْتَدِىْ مِنْ عَذَابِ يَوْمِئِذٍۢ بِبَنِيْهِ ⑫

၁၂။ ယင်းတို့ကို သူတို့အား ကောင်းစွာပြသခြင်းခံရလိမ့်မည်၊ အပြစ်ရှိသူတို့သည် ထိုနေ့၏ပြစ်ဒဏ်မှ လွတ်မြောက်ရန်အတွက် မိမိတို့၏သားများကို အစားပေး၍ လွတ်မြောက်ခွင့်ရပါလျှင် ကောင်းပေစွဟု လိုလားတောင့်တကြပေလိမ့်မည်။

وَصَاحِبَتِهٖ وَاَخِيْهِ ⑬

၁၃။ ထို့ပြင် သူ၏ဇနီးနှင့် သူ၏ညီအစ်ကိုအားလည်းကောင်း၊

وَفَصِيْلَتِهِ الَّتِىْ تُـْٔوِيْهِ ⑭

၁၄။ ထို့ပြင် သူ့အားခိုလှုံခွင့်ကိုပေးခဲ့သည့် သူ၏မျိုးနွယ်စုအားလည်းကောင်း၊

وَمَنْ فِي الْاَرْضِ جَمِيْعًا ثُمَّ يُنْجِيْهِ ۙ﴿۱۴﴾

၁၅။ ထို့ပြင် ကမ္ဘာမြေဝယ် ရှိရှိသမျှအရာအားလုံးကိုလည်း ကောင်း (အစားပေး၍ ထိုပြစ်ဒဏ်မှ) လွတ်မြောက်မှုရပါလျှင် (ကောင်းပေစွတဲ့ လိုလားတောင့်တကြပေလိမ့်မည်)။

كَلَّا ۭ اِنَّهَا لَظٰى ﴿۱۵﴾

၁၆။ သတိပြုကြကုန်၊ ဧကန်စင်စစ် ယင်းသည် မီးခိုးမဲ့သော မီးတောက်မီးလျှံဖြစ်၏။

نَزَّاعَةً لِّلشَّوٰى ﴿۱۶﴾

၁၇။ အရေပြားကို ခွာပစ်မည့်အရာဖြစ်၏။

تَدْعُوْا مَنْ اَدْبَرَ وَتَوَلّٰى ﴿۱۷﴾

၁၈။ ယင်းသည် ကျောခိုင်း၍ မျက်နှာလွှဲဖယ်သွားသူတိုင်းကို ဖိတ်ခေါ်၏။

وَجَمَعَ فَاَوْعٰى ﴿۱۸﴾

၁၉။ စုဆောင်း၍ စုပုံထား၏။

اِنَّ الْاِنْسَانَ خُلِقَ هَلُوْعًا ﴿۱۹﴾

၂၀။ ဧကန်စင်စစ် လူသားသည် လောဘကြီးသူအဖြစ် ဖန် ဆင်းခြင်းခံခဲ့ရ၏။

اِذَا مَسَّهُ الشَّرُّ جَزُوْعًا ﴿۲۰﴾

၂၁။ အကြင်အခါဝယ် သူ့အား တစ်စုံတစ်ရာ ဘေးဒုက္ခ သက်ရောက်သောအခါ ပြင်းထန်စွာ ပူဆွေးသောကရောက်သူ ဖြစ်သွား၏။

وَّاِذَا مَسَّهُ الْخَيْرُ مَنُوْعًا ﴿۲۱﴾

၂၂။ သို့သော် သူ့အား တစ်စုံတစ်ရာ ကောင်းကျိုးသက် ရောက်သောအခါ လွန်စွာစေးနဲ့တွန့်တိုသူဖြစ်သွား၏။

اِلَّا الْمُصَلِّيْنَ ﴿۲۲﴾

၂၃။ သို့ရာတွင် 'ဆွလာတ်'ဝတ်ပြုသူတို့၏ အရေးကိစ္စကား ထိုသို့မဟုတ် သီးခြားဖြစ်၏။

الَّذِيْنَ هُمْ عَلٰي صَلَاتِهِمْ دَاۗىِٕمُوْنَ ﴿۲۳﴾

၂၄။ ထိုသူတို့သည် မိမိတို့၏ 'ဆွလာတ်'ဝတ်ပြုမှုကို စွဲမြဲစွာ တည်ဆောက်ကြ၏။

وَالَّذِيْنَ فِيْٓ اَمْوَالِهِمْ حَقٌّ مَّعْلُوْمٌ ﴿۲۴﴾

၂၅။ ထို့ပြင် ထိုသူတို့၏ ပစ္စည်းဥစ္စာများ၌ သတ်မှတ်ထားသော ရပိုင်ခွင့်အခွင့်အရေးသည်ရှိ၏။

لِّلسَّاۗىِٕلِ وَالْمَحْرُوْمِ ﴿۲۵﴾

၂၆။ တောင်းရမ်းသူများအတွက်နှင့် လက်လွတ်ဆုံးရှုံးနေသူ များအတွက်။

وَالَّذِيْنَ يُصَدِّقُوْنَ بِيَوْمِ الدِّيْنِ ﴿۲۶﴾

၂၇။ ထို့ပြင် ထိုသူတို့သည် ဆုလာဘ်နှင့် ပြစ်ဒဏ်ပေးမည့် နေ့တော်ကြီးကို မှန်ကန်ကြောင်းထောက်ခံကြ၏။

وَالَّذِيْنَ هُمْ مِّنْ عَذَابِ رَبِّهِمْ مُّشْفِقُوْنَ ﴿۲۷﴾

၂၈။ ထို့ပြင် ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော် မူသောအရှင်၏ ပြစ်ဒဏ်ကို ကြောက်ရွံ့သူများဖြစ်ကြ၏။

اِنَّ عَذَابَ رَبِّهِمْ غَيْرُ مَاْمُوْنٍ ﴿۲۸﴾

၂၉။ ဧကန်စင်စစ် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၏ ပြစ်ဒဏ်ဟူသည်ကား ယင်းမှလွတ်မြောက်နိုင်စွမ်း ရှိမည်မဟုတ်ချေ။

وَالَّذِيْنَ هُمْ لِفُرُوْجِهِمْ حٰفِظُوْنَ ﴿۲۹﴾

၃၀။ ထို့ပြင် ထိုသူတို့သည် မိမိတို့၏အရှက်အင်္ဂါကို ကာ ကွယ်ထိန်းသိမ်းသူများဖြစ်ကြ၏။

اِلَّا عَلٰٓى اَزْوَاجِهِمْ اَوْ مَا مَلَكَتْ

၃၁။ မိမိတို့၏ဇနီးမိန်းမများ၊ သို့မဟုတ် မိမိတို့၏ လက်ယာ

اَيۡمَانُهُمۡ فَاِنَّهُمۡ غَيۡرُ مَلُوۡمِيۡنَ ۞

လက်မှပိုင်ဆိုင်သော ထို(အမျိုးသမီးများ)မှတစ်ပါးဖြစ်၏။ သို့ဖြစ်ရာ ၎င်းတို့သည် ပြစ်တင်ရှုတ်ချခြင်းကို မခံထိုက်ချေ။

فَمَنِ ابۡتَغٰى وَرَآءَ ذٰلِكَ فَاُولٰٓئِكَ هُمُ الۡعٰدُوۡنَ ۞

၃၂။ သို့ဖြစ်ရာ အကြင်သူတို့သည် ထိုသည်မှလွဲ၍ (တစ်စုံတစ်ရာကို)လိုလားပါလျှင် ထိုသူတို့သည် စည်းဘောင်ကို ကျော်သူများဖြစ်ကြ၏။

وَالَّذِيۡنَ هُمۡ لِاَمٰنٰتِهِمۡ وَعَهۡدِهِمۡ رٰعُوۡنَ ۞

၃၃။ ထို့ပြင် ထိုသူတို့သည် မိမိတို့အား ယုံကြည်လွှဲအပ်ခြင်းခံရသည်များနှင့် မိမိတို့၏ကတိသစ္စာများကို ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ကြ၏။

وَالَّذِيۡنَ هُمۡ بِشَهٰدٰتِهِمۡ قَآئِمُوۡنَ ۞

၃၄။ ထို့ပြင် ထိုသူတို့သည် မိမိတို့၏သက်သေပြချက်များအပေါ် တည်တံ့ခိုင်မြဲစွာရှိကြ၏။

وَالَّذِيۡنَ هُمۡ عَلٰى صَلَاتِهِمۡ يُحَافِظُوۡنَ ۞

၃၅။ ထို့ပြင် ထိုသူတို့သည် မိမိတို့၏ 'ဆွလာတ်' ဝတ်ပြုမှုအပေါ် အမြဲမပြတ် စောင့်ထိန်းလျက်ရှိကြ၏။

اُولٰٓئِكَ فِىۡ جَنّٰتٍ مُّكۡرَمُوۡنَ ۞

၃၆။ ဤသူများသည်ပင်၊ 'ဂျန္နတ်'ဥယျာဉ်တော်များတွင် ဂုဏ်သိက္ခာပေး ဆက်ဆံခြင်းကို ခံကြရမည်တည်း။

ရုကူး-၂

فَمَالِ الَّذِيۡنَ كَفَرُوۡا قِبَلَكَ مُهۡطِعِيۡنَ ۞

၃၇။ သို့ဖြစ်ရာ ငြင်းပယ်ခဲ့ကြသောသူတို့သည် မည်သို့ဖြစ်သွားလေသနည်း။ ၎င်းတို့သည် အသင့်ဘက်သို့ လျင်မြန်စွာပြေးလာလျက်ရှိခဲ့ကြ၏။

عَنِ الۡيَمِيۡنِ وَعَنِ الشِّمَالِ عِزِيۡنَ ۞

၃၈။ လက်ယာဘက်မှလည်းကောင်း၊ လက်ဝဲဘက်မှလည်းကောင်း အုပ်စုများကွဲလျက်၊

اَيَطۡمَعُ كُلُّ امۡرِئٍ مِّنۡهُمۡ اَنۡ يُّدۡخَلَ جَنَّةَ نَعِيۡمٍ ۞

၃၉။ ၎င်းတို့အနက် လူတိုင်းသည် ကောင်းချီးဆုလာဘ်များပြည့်ဝသော 'ဂျန္နတ်'ဥယျာဉ်တော်သို့ ဝင်ရောက်ရမည်ဟု မျှော်လင့်လျက်ရှိနေကြသလော။

كَلَّا ؕ اِنَّا خَلَقۡنٰهُمۡ مِّمَّا يَعۡلَمُوۡنَ ۞

၄၀။ အလျှင်းမဟုတ်ချေ။ စင်စစ် ငါတို့သည် ၎င်းတို့အား သူတို့သိသည့်အရာဖြင့် ဖန်ဆင်းတော်မူခဲ့ပေသည်။

فَلَاۤ اُقۡسِمُ بِرَبِّ الۡمَشٰرِقِ وَالۡمَغٰرِبِ اِنَّا لَقٰدِرُوۡنَ ۞

၄၁။ သို့ဖြစ်၍ သတိပြုကြကုန်၊ ငါသည် အရှေ့အရပ်များနှင့် အနောက်အရပ်များကို ဖန်ဆင်းတော်မူသောအရှင်အား တိုင်တည်ကျိန်ဆိုတော်မူ၏။ အမှန်ပင် ငါတို့၌ စွမ်းအားရှိတော်မူ၏။

عَلٰٓى اَنۡ نُّبَدِّلَ خَيۡرًا مِّنۡهُمۡ ۙ وَمَا نَحۡنُ بِمَسۡبُوۡقِيۡنَ ۞

၄၂။ ယင်းမှာ ငါတို့သည် ၎င်းတို့အား အစားထိုးပြောင်းလဲ၍ ယင်းတို့ထက်သာလွန်သောသူများအား ယူဆောင်လာရန်ဖြစ်သည်။ ထို့ပြင် ငါတို့ထက် သာလွန်ကျော်တက်သွားနိုင်မည်မဟုတ်ချေ။ ۞

۞ အာယတ်တော် ၄၁-၄၂။ ဤအာယတ်တော်များတွင် အရှေ့အရပ်နှစ်ခုနှင့် အနောက်အရပ်နှစ်ခုကို ဖန်ဆင်းတော်မူသော အရှင်အား သက်သေထူထားပေသည်။ ဆိုလိုသည်မှာ တစ်ခေတ်တစ်ခါ ရောက်ရှိလာပေလိမ့်မည်။

فَذَرْهُمْ يَخُوْضُوْا وَيَلْعَبُوْا حَتّٰى يُلٰقُوْا يَوْمَهُمُ الَّذِيْ يُوْعَدُوْنَ ﴿٤٢﴾

၄၃။ သို့ဖြစ်ရာ သူတို့အား ကတိပေးထားတော်မူသည့်နေ့ကို မြင်တွေ့ကြရသည့်နေ့တိုင်အောင် သူတို့အား အချည်းနှီးသော စကားများတွင် နစ်မွန်းလျက်လည်းကောင်း၊ ကစားခုန်စားခြင်း၌ လည်းကောင်း လွှတ်ထားပါလေ။

يَوْمَ يَخْرُجُوْنَ مِنَ الْاَجْدَاثِ سِرَاعًا كَاَنَّهُمْ اِلٰى نُصُبٍ يُّوْفِضُوْنَ ﴿٤٣﴾

၄၄။ ထိုနေ့တွင် ၎င်းတို့သည် 'ကုရ်ဘာနီ' ပြုရာနေရာများဘက်သို့ ပြေးလွှားသွားနေကြသည့်သဖွယ် သချိုင်းများမှ အလျင်အမြန်ထွက်လာကြလိမ့်မည်။

خَاشِعَةً اَبْصَارُهُمْ تَرْهَقُهُمْ ذِلَّةٌ ؕ ذٰلِكَ الْيَوْمُ الَّذِيْ كَانُوْا يُوْعَدُوْنَ ﴿٤٤﴾

၄၅။ ထိုအခါ ၎င်းတို့၏မျက်စိများသည် အောက်သို့စိုက်လျက်ရှိနေကြပေလိမ့်မည်။ ၎င်းတို့အပေါ် ဂုဏ်သရေယုတ်လျော့ခြင်းသည် လွှမ်းခြုံလျက်ရှိနေပေလိမ့်မည်။ ဤသည်ကား ၎င်းတို့အား ကတိထားတော်မူခဲ့သည့် ထိုနေ့ပင်ဖြစ်သတည်း။

❖ ❖ ❖

➤ ထိုအခိုန်တွင် အရှေ့အလယ်ပိုင်း၊ နီးသောအရှေ့အရပ်၊ အရှေ့ဖျားဒေသစသည်ဖြင့် အရှေ့အရပ်၊ အနောက်အရပ်တို့အား လူတို့၏အမိပ္ပာယ်ထူးစကားလုံးများတွင် ထည့်သွင်းပြောဆိုသုံးနှုန်းကြမည်ဖြစ်ကြောင်း ကြိုတင်နိမိတ်ဟောချက်ဖြစ်သည်။

ဒုတိယအချက်မှာ အကယ်၍ အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူပါလျှင် အရှင်မြတ်သည် လူသားတို့ထက် ပို၍ကောင်းမြတ်သော ဖန်ဆင်းခံကို ဤလောကတွင်ခေါ်ဆောင်လာနိုင်သော တန်ခိုးတော်ရှင် ဖြစ်တော်မူ၏ဟူသော အံ့ဩစရာကောင်းလှသည့်အချက်ကို ဤတွင် မိန့်ကြားဖော်ပြထားတော်မူပေသည်။

၇၁။ နူးဟ်

ဤဆူရာဟ်သည် မက္ကာမြို့၏ခေတ်ဦးပိုင်းကာလတွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်' အပါအဝင် 'အာယတ်'မုက္ခပါဠိတော် (၂၉)ပိုဒ်ပါရှိသည်။

ပြီးခဲ့သော ဆူရာဟ်၏နောက်ဆုံးတွင် ငါတို့သည် အသင်တို့ထက် ပို၍ကောင်းမြတ်သူတို့ကို ဖန်ဆင်းတော်မူရန် တန်ခိုးစွမ်းအားရှိတော်မူသောအရှင်ဖြစ်၏ဟု ဖော်ပြထားခဲ့ပေသည်။ ယခု ဤဆူရာဟ်တွင် တမန်တော် နူးဟ်ﷺ၏အမျိုးသားတို့အား 'အဇာဘ်' ပေးရာတွင် သေးငယ်သော အတိုင်းအတာအရ ဤသည့်ပုံစံအနေအထားသာရှိပြီး၊ တမန်တော် နူးဟ်ﷺ၏ လေ့သင်္ဘောပေါ်တွင် ခိုလှုံခဲ့ကြသူ အချို့မှ တစ်ပါး ကျန်အမျိုးသားအားလုံးတို့ကို ရေနစ်စေတော်မူခဲ့ကြောင်း ဖော်ပြထားပေသည်။ ထိုသည့်နောက်မှ တစ်ဖန် တမန်တော်နူးဟ်ﷺနှင့် အတူတကွရှိခဲ့ကြသူများအားဖြင့် ပို၍ကောင်းမွန်သော မျိုးဆက်သစ်တစ်ရပ်ကို စတင်စေတော်မူခဲ့ပေသည်။

အာယတ်တော်အမှတ်စဉ်(၅)တွင် တစ်ဖန်ပြန်၍ အလ္လာဟ်၏သတ်မှတ်ထားသောအချိန်အကြောင်းဖော်ပြထားသည်မှာ ယင်း(အချိန်)သည်ရောက်ရှိလာသောအခါ အသင်တို့သည် ယင်းကို လွဲဖယ်နိုင်ကြလိမ့်မည်မဟုတ်ချေ။ ဤသည် ပြီးခဲ့သောဆူရာဟ်၏အကြောင်းအရာကို တစ်ကျော့ပြန်ထားခြင်း ဖြစ်သည်။

ဤသည့်နောက်တွင် တမန်တော်နူးဟ်ﷺ၏ ပူဆွေးသောကရောက်ရမှုနှင့် (သာသနာ) ဖြန့်ချိပို့ဆောင်မှုအကြောင်း ဖော်ပြထားသည်မှာ သတင်းပို့ဆောင်ရုံမျှဖြင့် မလုံလောက်ဘဲ ထိုသတင်းစကားကို ရှင်းလင်းပြောကြားရန်အတွက် 'နဗီ'တမန်တော်တစ်ပါးအဖို့ မိမိအသက်ကိုပင် ပျက်စီးသွားစေရသည့် အလား ပြုရပေသည်။ သူသည် အမျိုးသားထုမှ ကြီးသူရော ငယ်သူတို့ကိုပါ သင်ပြဟောကြားနိုင်စေသော အကြောင်းအချက်တစ်စုံတစ်ရာကိုမျှ အလွတ်မထားခဲ့ပေ။ အမျိုးသားထုအနက်မှ ဂုဏ်မောက်သူများက သာမန်လူတို့၏ ရှေ့မှောက်တွင် အမှန်တရားကို လက်ခံခြင်းဖြင့် ရှက်ရွံ့ရခြင်း မခံစားရလေအောင် အချို့အခါများတွင် တိုးလျှိုး၍လည်းကောင်း၊ တိတ်တဆိတ်လည်းကောင်း ပို့ဆောင်၏။ အချို့သော အခါများတွင် သာမန်လူတို့၏အကြီးအကဲများက သတင်းစကားကို ပြင်ဆင်ပြောင်းလဲ၍ မတင်ပြရလေအောင်နှင့် 'နဗီ'တမန်တော်၏ သတင်းစကားကို သာမန်လူတို့ထံ တိုက်ရိုက်ပို့ဆောင်နိုင်စေခြင်းအလို့ငှာ အများသိအောင်ကြေညာခြင်းကိုလည်းပြုကြပေသည်။ တစ်ဖန် တစ်ခါတစ်ရံတွင် 'ကြည့်ကြကုန်၊ အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်ခဲ့ကြလျှင် ကောင်းကင်ယံက အသင်တို့အပေါ်သို့ များပြားသော ကရုဏာတော်မိုး သွန်းဖြိုးစေတော်မူပေလိမ့်မည်'ဟူ၍ မျှော်လင့်ချက်များပေး၍လည်းကောင်း၊ တစ်ခါတစ်ရံတွင် 'အကယ်၍ အသင်တို့သည် ယုံကြည်သက်ဝင်ခြင်းမပြုကြလျှင် ကောင်းကင်ယံမှ ကရုဏာမိုးအစား အလွန်တရာပျက်စီးမှုများပြားမည့် မိုးကြိုးရွာချမည်ဖြစ်ပြီး ကမ္ဘာမြေကြီးသည်လည်း အသင်တို့အား တစ်စုံတစ်ရာ ကူညီဖေးမမှုမပြုနိုင်ရုံသာမက မြေကြီးအတွင်းမှပင် ပျက်စီးချုပ်ငြိမ်းစေမည့် စမ်းတွင်းကြီးများ ပေါက်ထွက်လာလိမ့်မည်'ဟု သတိပေးခြောက်လှန့်၍လည်းကောင်း ပို့ဆောင်ကြရပေသည်။ ဤသည်၏အမည်ကိုပင် ပြီးပြည့်စုံသော သက်သေထူခြင်းဟုခေါ်ပေသည်။ ဤသို့ ပြီးပြည့်စုံစွာ သက်သေထူပြီး နောက်ဆုံးတွင် ထိုသူတို့အား ဖျောက်ဖျက်ပစ်ကာ အမျိုးသားထုအသစ်တစ်စု၏ အရင်းအမြစ်ကို စိုက်ထူတော်မူလေသည်။

သို့ဖြစ်ရာ တမန်တော်နူးဟ်ﷺက 'ကာဖိရ်'မယုံကြည်ခြင်းပယ်သူတို့အနက် တစ်ဦးတစ်ယောက်မျှကိုပင်မလွတ်စေဘဲ ဖျက်ဆီးပစ်တော်မူပါဟု 'ဒိုအာ'ဆုတောင်းခဲ့သည်မှာ ဤသည့်အခြေခံအချက်ဖြင့် တောင်းခံခဲ့ခြင်းဖြစ်ပေသည်။ ယခု အကယ်၍ ဤသူများကို အသက်ရှင်လျက်ရှိနေစေခဲ့လျှင် ဆိုးသွမ်းပုန်ကန်သော လူဆိုးလူမိုက်များကိုသာ မွေးဖွားစေကြလိမ့်မည်။ ထိုသူတို့၏ မျိုးဆက်များမှ 'မို့အ်မင်နဲ်' ယုံကြည်ခြင်းရှိသူအား မွေးထုတ်ပေးနိုင်ခြင်း မျှော်လင့်ချက်သည် ပြတ်တောက်ခဲ့လေပြီဟူသောအသိကို အလ္လာဟ်အရှင်မြတ်က တမန်တော်နူးဟ်ﷺအား ပေးခဲ့သောကြောင့်ဖြစ်ပေသည်။ သို့ဖြစ်ရာ အလ္လာဟ်နှင့်စပ်ဆိုင်သောအဖွဲ့အစည်း (ဂျမာအတ်)များသည် သက်သေသာဓကတင်ပြမှုကို ပြီးပြည့်စုံစွာ ပြုကြရပေသည်။ ထိုအခါတွင်မှ ဆန့်ကျင်ရန်ပြုသူများကျဆုံးစေဖို့ရာ သူတို့ထံတွင် 'ဒိုအာ' ဆုတောင်းပိုင်ခွင့်ရှိလာပေတော့သည်။

ထိုမျှသာမက ဤဆူရာဟ်တွင် ဤအကြောင်းကိုလည်း ဖော်ပြထားပေသည်။ တမန်တော်နူးဟ်ﷺက မိမိ၏အမျိုးသားတို့အား အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို သည်းခံစိတ်ရှည်တော်မူသောအရှင်အဖြစ် အဘယ့်ကြောင့် လက်မခံကြလေသနည်း။ ထိုအရှင်မြတ်ကပင် အသင်တို့အားလည်း တစ်ဆင့်ပြီး တစ်ဆင့် ရှေ့သို့တက်လှမ်းစေခဲ့ပြီး ပြည့်စုံသောစခန်းသို့တိုင် ရောက်ရှိစေတော်မူလေသည်။ ထို့ပြင် ဤသည့်အရာကို မိုးကောင်းကင်၏အဆင့်ဆင့်သောမြင့်စွင့်မှုများဖြင့် သက်သေရရှိ၏။ ဤအကြောင်းရပ်သည် အတိုင်းအတာတစ်ခုအထိ ထိုအမျိုးသားတို့အဖို့ ဉာဏ်မီနိုင်မည်မဟုတ်ပေ။ ယင်းတို့သည် မိမိတို့၏အတိတ်အကြောင်းဖြစ်သော မည်ကဲ့သို့အဆင့်ဆင့်ပေါက်ဖွားဖြစ်ထွန်းလာခဲ့ကြောင်းကို မသိနားမလည်ကြ သလို မိမိတို့၏အနာဂတ်အရေးကိုလည်း သိရှိနားလည်ခြင်း မရှိကြပေ။ ယင်းတို့သည် မိုးကောင်းကင်၏ အဆင့်ဆင့်မြင့်စွင့်မှုများအကြောင်းကိုလည်း သိရှိထားခြင်းမရှိချေ။ ထို့ကြောင့် ဤသည် ကြိုတင်နိမိတ်ပေးချက်ဖြစ်ရန် နီးစပ်ပေသည်။ အနာဂတ်ကာလတွင် 'နူးဟ်၏လှေသင်္ဘော'အသစ်တစ်ခုကို တည်ဆောက်မည်ဖြစ်ပြီး ထိုခေတ်ကာလရှိလူသားတို့သည် အထက်ပါအကြောင်းရပ်အားလုံးနှင့်စပ်လျဉ်း၍ သိရှိပြီးဖြစ်ကြလိမ့်မည်။ သို့သော် ထိုသူတို့သည် 'ရှရိက်'ဖြန့်ချိမှုကို မရပ်တန့်ကြလျှင်၊ တစ်ဖန် သူတို့အပေါ် ဘက်ပေါင်းစုံမှသက်သေထူခြင်းကိုလည်း ပြီးပြည့်စုံစေခဲ့ပြီးဖြစ်လျှင် နောက်ဆုံးတွင် ထိုသူတို့အဖို့ **وَلَا تَذَرْ عَلَى الْأَرْضِ مِنَ الْكَافِرِيْنَ شَرِيْراً** နှင့် **فَسَحْقًا لِّقَوْمٍ لَّا يُؤْمِنُوْنَ** ဟူသော ဆုတောင်းစကားများသည် ပြည့်စုံလျက်ရှိမည်ဖြစ်ပေသတည်း။

♦ ♦ ♦

ဆူရာဟ် နူးဟ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၂၉)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اِنَّآ اَرْسَلْنَا نُوْحًا اِلٰى قَوْمِهٖٓ اَنْ اَنْذِرْ قَوْمَكَ مِنْ قَبْلِ اَنْ يَّاْتِيَهُمْ عَذَابٌ اَلِيْمٌ ①

၂။ ဧကန်စင်စစ် ငါတို့သည် 'နူးဟ်'ကို သူ၏အမျိုးသားတို့ထံစေလွှတ်တော်မူခဲ့၏။ အသင်သည် မိမိ၏အမျိုးသားတို့အား ယင်းတို့ထံ နာကျင်ဖွယ်သောပြစ်ဒဏ် မဆိုက်ရောက်မီ သတိပေးနှိုးဆော်ပါလေ။

قَالَ يٰقَوْمِ اِنِّيْ لَكُمْ نَذِيْرٌ مُّبِيْنٌ ②

၃။ သူက ပြောကြားသည်မှာ၊ အို-ကျွန်ုပ်၏အမျိုးသားတို့၊ ဧကန်စင်စစ် ကျွန်ုပ်သည် အသင်တို့အတွက် ပွင့်လင်းထင်ရှားသော သတိပေးနှိုးဆော်သူတစ်ဦးဖြစ်၏။

اَنِ اعْبُدُوا اللّٰهَ وَاتَّقُوْهُ وَاَطِيْعُوْنِ ③

၄။ ယင်းမှာ အလ္လာဟ်အား ခဝပ်ကိုးကွယ်ကြကုန်၊ ထို့ပြင် အရှင်မြတ်အား ကြောက်ရွံ့ခြင်း'တက္ကဝါ'တရားကို ကျင့်သုံးဆောက်တည်ကြကုန်။ ထို့ပြင် ကျွန်ုပ်အား နာခံကြကုန်။

يَغْفِرْ لَكُمْ مِّنْ ذُنُوْبِكُمْ وَيُؤَخِّرْكُمْ اِلٰٓى اَجَلٍ مُّسَمًّى ۭ اِنَّ اَجَلَ اللّٰهِ اِذَا جَاۗءَ لَا يُؤَخَّرُ ۘ لَوْ كُنْتُمْ تَعْلَمُوْنَ ④

၅။ ထိုအရှင်မြတ်သည် အသင်တို့၏အပြစ်များကို ခွင့်လွှတ်တော်မူပေလိမ့်မည်။ ထို့ပြင် သတ်မှတ်ထားသော အချိန်ကာလတစ်ရပ်အထိ ဆိုင်းငံ့ခွင့်ကိုပေးပေလိမ့်မည်။ အမှန်ပင် အလ္လာဟ်၏ (သတ်မှတ်ထားသော)အချိန်ကာလ ဆိုက်ရောက်လာသည့်အခါ၊ ယင်းကို ရွှေ့ဆိုင်းနိုင်မည်မဟုတ်ပေ။ အသင်တို့သိကြလျှင်ကောင်းပေစွ။

قَالَ رَبِّ اِنِّيْ دَعَوْتُ قَوْمِيْ لَيْلًا وَّنَهَارًا ⑤

၆။ သူက လျှောက်ထားသည်မှာ၊ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးသည် မိမိ၏အမျိုးသားတို့ကို ည၌အချိန်၌လည်းကောင်း၊ နေ့အချိန်၌လည်းကောင်း ဖိတ်ခေါ်မှုပြုခဲ့ပါသည်။

فَلَمْ يَزِدْهُمْ دُعَاۗءِيْٓ اِلَّا فِرَارًا ⑥

၇။ သို့သော် ကျွန်တော်မျိုး၏ဖိတ်ခေါ်ခြင်းသည် သူတို့အား ထွက်ပြေးစေခြင်းမှအပ အခြားမည်သည့်အရာတွင်မျှ မတိုးပွားစေပါ။

وَاِنِّيْ كُلَّمَا دَعَوْتُهُمْ لِتَغْفِرَ لَهُمْ جَعَلُوْٓا اَصَابِعَهُمْ فِيْٓ اٰذَانِهِمْ وَاسْتَغْشَوْا ثِيَابَهُمْ وَاَصَرُّوْا وَاسْتَكْبَرُوا اسْتِكْبَارًا ⑦

၈။ ထို့ပြင် အမှန်ပင် အရှင်မြတ်က သူတို့အား ခွင့်လွှတ်တော်မူရန်အလို့ငှာ ကျွန်တော်မျိုးသည် သူတို့အား ဖိတ်ခေါ်သည့်အခါ၊ ၎င်းတို့သည် မိမိတို့၏လက်ချောင်းများကို မိမိတို့၏နားများတွင် ထည့်သွင်းကြပေသည်။ ထို့ပြင် မိမိတို့၏အဝတ်များကို ဆွဲလိပ်လိုက်ကြ၏။ ထို့ပြင် လွန်စွာ ခေါင်းမာခဲ့ကြ၏။ ထို့ပြင် အလွန်တရာ မာန်မာနထောင်လွှားခဲ့ကြသည်။

ثُمَّ اِنِّیْ دَعَوْتُهُمْ جِهَارًا ۙ﴿۸﴾

၉။ ထို့နောက် ကျွန်တော်မျိုးသည် ၎င်းတို့အား အသံကျယ်လောင်စွာဖြင့်လည်း ဖိတ်ခေါ်ခဲ့ပါသည်။

ثُمَّ اِنِّیْۤ اَعْلَنْتُ لَهُمْ وَاَسْرَرْتُ لَهُمْ اِسْرَارًا ۙ﴿۹﴾

၁၀။ ပြီးနောက်တစ်ဖန် ကျွန်တော်မျိုးသည် ၎င်းတို့အတွက် ကြေညာခြင်းလည်းပြုခဲ့၏။ ထို့ပြင် အလွန် တိတ်တဆိတ် လျှို့ဝှက်စွာလည်း လုပ်ဆောင်ခဲ့ပါ၏။

فَقُلْتُ اسْتَغْفِرُوْا رَبَّكُمْ ؕ اِنَّهٗ كَانَ غَفَّارًا ۙ﴿۱۰﴾

၁၁။ သို့ဖြစ်ရာ ကျွန်တော်မျိုးပြောခဲ့သည်မှာ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံ အပြစ်လွတ်ငြိမ်းခွင့် တောင်းခံကြကုန်၊ အမှန်ပင် ထိုအရှင်မြတ်သည် အလွန်တရာခွင့်လွှတ်တော်မူသောအရှင် ဖြစ်တော်မူ၏။

یُّرْسِلِ السَّمَآءَ عَلَیْكُمْ مِّدْرَارًا ۙ﴿۱۱﴾

၁၂။ ထိုအရှင်မြတ်သည် အသင်တို့အပေါ် အဆက်မပြတ် ရွာသွန်းချမည့် မိုးတိမ်ကို စေလွှတ်တော်မူပေအံ့။

وَّ یُمْدِدْكُمْ بِاَمْوَالٍ وَّ بَنِیْنَ وَ یَجْعَلْ لَّكُمْ جَنّٰتٍ وَّ یَجْعَلْ لَّكُمْ اَنْهٰرًا ؕ﴿۱۲﴾

၁၃။ ထို့ပြင် ထိုအရှင်မြတ်သည် အသင်တို့အား ဥစ္စာပစ္စည်းများနှင့် သားသမီးတို့ဖြင့် ကူညီစောင်မတော်မူပေအံ့။ ထို့ပြင် အသင်တို့အတွက် ဥယျာဉ်ခြံများကို ပြုလုပ်တော်မူပေအံ့။ ထို့ပြင် အသင်တို့အတွက် စမ်းချောင်းများကို စီးဆင်းစေတော်မူပေအံ့။

مَا لَكُمْ لَا تَرْجُوْنَ لِلّٰهِ وَقَارًا ۚ﴿۱۳﴾

၁၄။ အသင်တို့ မည်သို့ဖြစ်သွားကြသနည်း၊ အသင်တို့သည် အလ္လာဟ်၏ထံတော်မှ လေးနက်တည်ကြည်သော ဂုဏ်သိက္ခာတစ်ခုတစ်လေကိုမျှ မျှော်လင့်ချက်မထားကြပါသလော။

وَ قَدْ خَلَقَكُمْ اَطْوَارًا ﴿۱۴﴾

၁၅။ အမှန်သော်ကား အရှင်မြတ်သည် အသင်တို့အား မတူကွဲပြားသော နည်းလမ်းများစွာဖြင့် ဖန်ဆင်းထားတော်မူ၏။

اَلَمْ تَرَوْا كَیْفَ خَلَقَ اللّٰهُ سَبْعَ سَمٰوٰتٍ طِبَاقًا ۙ﴿۱۵﴾

၁၆။ အသို့နည်း၊ အလ္လာဟ်သည် မိုးကောင်းကင် ခုနစ်ခုကို အထပ်ထပ်ဖန်ဆင်းထားတော်မူသည်ကို အသင်တို့ မမြင်မတွေ့ကြသလော။

وَّ جَعَلَ الْقَمَرَ فِیْهِنَّ نُوْرًا وَّ جَعَلَ الشَّمْسَ سِرَاجًا ﴿۱۶﴾

၁၇။ ထို့ပြင် အရှင်မြတ်သည် ယင်း၌ လကို 'နူရ်'အလင်းပြုလုပ်တော်မူ၏။ ထို့ပြင် နေကို လင်းဝင်းတောက်ပသောမီးအိမ်ပြုလုပ်တော်မူ၏။

وَ اللّٰهُ اَنْۢبَتَكُمْ مِّنَ الْاَرْضِ نَبَاتًا ۙ﴿۱۷﴾

၁၈။ ထို့ပြင် အလ္လာဟ်သည် အသင်တို့အား ကမ္ဘာမြေကြီးမှ အပင်များကဲ့သို့ ပေါက်ရောက်စေတော်မူခဲ့၏။

ثُمَّ یُعِیْدُكُمْ فِیْهَا وَ یُخْرِجُكُمْ اِخْرَاجًا ﴿۱۸﴾

၁၉။ ထို့နောက် အရှင်မြတ်သည် အသင်တို့အား ယင်း(မြေကြီး)သို့ ပြန်ပို့တော်မူပေမည်။ ထို့နောက်တစ်ဖန် အသင်တို့အား အသွင်သဏ္ဌာန်အသစ်ဖြင့် ထုတ်ဆောင်တော်မူပေမည်။ ۞

۞ အာယတ်တော် ၁၄ မှ ၁၉ ထိတွင် လူသား၏အဆင့်ဆင့်သော ကွဲပြားခြားနားသည့် တိုးတက်ပြောင်းလဲမှုဆင့်ကဲဖြစ်စဉ်၏ ခေတ်အဆက်ဆက်ကို ကျော်ဖြတ်လျက်ပေါက်ဖွားဖြစ်ထွန်းလာပုံအကြောင်းကို ဖော်ပြထားသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလုံးစုံတို့ကို တစ်ချိန်တည်းတစ်ခါတည်း ဖြစ်ပေါ်လာစေတော်မူခဲ့သည်ဟု ထင်မှတ်ကြသော ထိုသူတို့မှာ အလ္လာဟ်အရှင်မြတ်အား သည်းခံစိတ်ရှည်တော်မူသောအရှင်ဖြစ်ခြင်းကို ငြင်းပယ်ခြင်းသာဖြစ်သည်။ အကြောင်းမူကား သည်းခံစိတ်ရှည်သော အရှင်မြတ်အဖို့

وَاللّٰهُ جَعَلَ لَكُمُ الْاَرْضَ بِسَاطًا ۙ﴿۲۰﴾

၂၀။ ထို့ပြင် အလ္လာဟ်သည် ကမ္ဘာမြေကို အသင်တို့အတွက် အခင်းအဖြစ်ပြုထားတော်မူ၏။

لِّتَسْلُكُوْا مِنْهَا سُبُلًا فِجَاجًا ۚ﴿۲۰﴾

၂၀။ ဤသို့ဖြင့် အသင်တို့သည် ယင်း၏ ကျယ်ပြောသော လမ်းများတွင် သွားလာကြရန်အလို့ငှာဖြစ်၏။

ရုကူး-၂

قَالَ نُوْحٌ رَّبِّ اِنَّهُمْ عَصَوْنِيْ وَاتَّبَعُوْا مَنْ لَّمْ يَزِدْهُ مَالُهٗ وَوَلَدُهٗۤ اِلَّا خَسَارًا ﴿۲۱﴾

၂၁။ 'နူးဟ်'က လျှောက်ထားသည်မှာ၊ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဧကန်စင်စစ် ယင်းတို့သည် ကျွန်တော်မျိုးအား မနာခံဖီဆန်ကြပြီး ထိုသူ၏နောက်သို့ လိုက်ကြပါ၏။ ထိုသူ၏ ဥစ္စာပစ္စည်းနှင့် သားသမီးများသည် သူ့အား ဆုံးရှုံးစေခြင်းမှလွဲ၍ အခြားမည်သည့်အရာတွင်မျှ မတိုးပွားစေပါ။

وَمَكَرُوْا مَكْرًا كُبَّارًا ﴿۲۲﴾

၂၂။ ထို့ပြင် ယင်းတို့သည် အလွန်လျှင် ကြီးမားသော ကြံစည်မှုကို ပြုခဲ့ကြပေသည်။

وَقَالُوْا لَا تَذَرُنَّ اٰلِهَتَكُمْ وَلَا تَذَرُنَّ وَدًّا وَّلَا سُوَاعًا ۙ وَّلَا يَغُوْثَ وَيَعُوْقَ وَنَسْرًا ﴿۲۳﴾

၂၃။ ထို့ပြင် ယင်းတို့က ပြောကြားသည်မှာ၊ မိမိတို့၏ ကိုးကွယ်ရာများကို အလျှင်း မစွန့်လွှတ်ကြကုန်လင့်၊ 'ဝါဒ်'၊ 'ဆို့ဝ်'၊ 'ယာဂူဆ်'၊ 'ယာအူးက်'၊ 'နဆရ်' ရုပ်တုများကို မစွန့်လွှတ်ကြကုန်လင့်။

وَقَدْ اَضَلُّوْا كَثِيْرًا ۚ وَلَا تَزِدِ الظّٰلِمِيْنَ اِلَّا ضَلٰلًا ﴿۲۴﴾

၂၄။ ထို့ပြင် ယင်းတို့သည် များစွာသောသူတို့ကို လမ်းလွဲစေခဲ့ကြ၏။ ထို့ပြင် အရှင်မြတ်သည် မတရားကျူးလွန်သူများကို ဆုံးရှုံးမှုမှလွဲ၍ အခြားမည်သည့်အရာတွင်မျှ တိုးပွားစေခြင်းပြုတော်မမူပါလင့်။

مِمَّا خَطِيْٓـٰٔتِهِمْ اُغْرِقُوْا فَاُدْخِلُوْا نَارًا ۙ فَلَمْ يَجِدُوْا لَهُمْ مِّنْ دُوْنِ اللّٰهِ اَنْصَارًا ﴿۲۵﴾

၂၅။ ယင်းတို့သည် မိမိတို့၏အပြစ်များကြောင့် နှစ်မြုပ်ခြင်းခံခဲ့ရပေသည်။ ပြီးနောက် မီးထဲထည့်သွင်းခြင်းခံခဲ့ရ၏။ သို့ဖြစ်ရာ ယင်းတို့သည် အလ္လာဟ်ကို စွန့်လွှတ်၍ မိမိတို့အတွက် မည်သည့် ကူညီစောင်မသူကိုမျှ မတွေ့ခဲ့ကြချေ။

وَقَالَ نُوْحٌ رَّبِّ لَا تَذَرْ عَلَى الْاَرْضِ

၂၆။ ထို့ပြင် 'နူးဟ်'က ပြောကြားသည်မှာ၊ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ 'ကာဖရ်'မယုံကြည်

➤ အလျင်လိုခြင်းမရှိချေ။ ထိုအရှင်မြတ်သည် အရာရာတိုင်းကို အဆင့်ဆင့်တိုးတက်စေလျက် အမြင့်ဆုံးသို့ ပြုပေးတော်မူပေသည်။ ဤကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်က မိုးကောင်းကင်များကိုလည်း အဆင့်တစ်ဆင့်ပြီးတစ်ဆင့် ဖန်ဆင်းထားတော်မူပေသည်။

ဤအာယတ်တော်များ၏အဆုံးတွင် **اَنْبَتَكُمْ مِنَ الْاَرْضِ نَبَاتًا** ဟု မိန့်တော်မူလေသည်။ ဤသည် ဆိုရိုးစကားသက်သက်မျှမဟုတ်ဘဲ အမှန်ပင် လူသား၏ဖန်ဆင်းဖြစ်ပေါ်မှုသည် အပင်တို့၏ ပုံစံအနေအထားသက်သက်ဖြင့်ရှိခဲ့ရသော ခေတ်ကြီး တစ်ခေတ်ကို ဖြတ်သန်းကျော်လွှားခဲ့ရပေသည်။ ထို့ပြင် အခြားအာယတ်တော်များတွင် ဤသည့်အမြင်ကို ယခုကဲ့သို့ဖော်ပြထားပေသည်။ **لَمْ يَكُنْ شَيْـًٔا مَّذْكُوْرًا** ၊ လူသားသည် မိမိ၏ဖန်ဆင်းဖြစ်တည်မှုတွင် သူသည် တစ်စုံတစ်ရာဖော်ပြထိုက်သော အရာဝတ္ထုမဟုတ်ခဲ့သည့် အဆင့်ကိုဖြတ်ကျော်ခဲ့ရပေသည်။ (၇၆း၂) ဤတွင် သိမ်မွေ့နက်ရှိုင်းစွာ ညွှန်းဆိုပြသနေသည်မှာ လူသား၏ဖန်ဆင်းဖြစ်ထွန်းမှုသည် အပင်ဘဝကို ဖြတ်ကျော်ခဲ့ရစဉ်ကာလတွင် ယင်း၌ အသံထွက်စေခြင်းနှင့် အသံနားထောင်နိုင်ခြင်းအာရုံများ ပေါက်ဖွားခဲ့ခြင်းပင်မရှိသေးချေ။ ထိုသည့် အပင်ဘဝဖြစ်တည်မှုတွင် ဆိတ်ငြိမ်မှုက လုံးလုံးလျားလျားလွှမ်းမိုးခဲ့ပေသည်။

مِنَ الْكٰفِرِيْنَ دَيَّارًا ۝

ငြင်းပယ်သူများအနက် မည်သူကိုမျှ ကမ္ဘာမြေပေါ်တွင် နေထိုင်ရန်ထားတော်မမူပါလင့်။

اِنَّكَ اِنْ تَذَرْهُمْ يُضِلُّوْا عِبَادَكَ وَلَا يَلِدُوْٓا اِلَّا فَاجِرًا كَفَّارًا ۝

၂၈။ အမှန်စင်စစ် အကယ်၍သာ အရှင်မြတ်သည် ယင်းတို့အား လွှတ်ထားတော်မူပါလျှင် ယင်းတို့သည် အရှင်မြတ်၏ အစေတော်များအား လမ်းလွဲစေကြပါလိမ့်မည်။ ထို့ပြင် သူတို့သည် အကျင့်ဆိုးယုတ်သူနှင့် လွန်စွာကျေးဇူးကန်းသူများမှလွဲ၍ အခြားသူများကို မွေးဖွားကြမည်မဟုတ်ပါ။ ۝၁

رَبِّ اغْفِرْ لِيْ وَلِوَالِدَيَّ وَلِمَنْ دَخَلَ بَيْتِيَ مُؤْمِنًا وَّلِلْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ ۭ وَلَا تَزِدِ الظّٰلِمِيْنَ اِلَّا تَبَارًا ۝ ۧ

၂၉။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘနှစ်ပါးအားလည်းကောင်း၊ ကျွန်တော်မျိုး၏အိမ်တွင် 'မို့အ်မင််န်' အဖြစ် ဝင်ရောက်သူများအားလည်းကောင်း၊ 'မို့အ်မင််န်' ယုံကြည်သူအမျိုးသားအားလုံးနှင့် 'မို့အ်မင််န်' ယုံကြည်သူအမျိုးသမီး အားလုံးကိုလည်းကောင်း ခွင့်လွှတ်တော်မူပါ။ ထို့ပြင် အရှင်မြတ်သည် မတရားကျူးလွန်သူများကို ပျက်စီးခြင်းမှလွဲ၍ အခြားမည်သည့်အရာတွင်မျှ တိုးပွားစေတော်မမူပါလင့်။

❖ ❖ ❖

۝၁ အာယတ်တော် ၂၇-၂၈။ တမန်တော်'နူးဟ်'ﷺက မိမိအမျိုးသားတို့အား 'ဘတ်ဒိုအာ'ပြု ကျိန်ဆဲခြင်းအကြောင်း ဖော်ပြထားပေရာ ယင်းမှာ အလွန်အရှင်မြတ်က တမန်တော်'နူးဟ်'ﷺအား ယခု ဤအမျိုးသားတို့သည် သို့မဟုတ် ယင်းတို့၏ မျိုးဆက်များသည် မည်သည့်အခါမျှ ယုံကြည်သက်ဝင်လာကြလိမ့်မည်မဟုတ်ဟု သတိပေးထားတော်မူခြင်းအပေါ် အခြေခံခြင်းဖြစ်သည်။ တမန်တော်'နူးဟ်'ﷺသည် ပင်ကိုသဘောအားဖြင့် ယင်းကို သိနိုင်စရာမရှိခဲ့ပေ။ ဧကန်မလွဲ အလွန်အရှင်မြတ်ထံတော်မှ အသိရရှိပြီး ဤသို့'ဘတ်ဒိုအာ'ပြုခဲ့ခြင်းဖြစ်ပေသည်။

၇၂။ အလံ–ဂျင်နှ

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ်တော် (၂၉)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်နှင့် ဆူရာဟ်'နူးဟ်'အကြား ဆက်နွယ်မှုတစ်ခုမှာ ဤတွင်လည်း အမျိုးသားထုအား အကယ်၍ အသင်တို့သည် ဤသတင်းစကားကို လက်ခံလိုက်ကြသည်ရှိသော် အသင်တို့အပေါ် သို့ကောင်းကင်ယံမှ ကရုဏာတော်မိုးကို ရွာသွန်းချပေးတော်မူမည်။ ထို့ပြင် အကယ်၍ လက်မခံကြလျှင် အသင်တို့အား အစဉ်သဖြင့် တိုးပွားလျက်ရှိသော 'အဇာဘ်' ပြစ်ဒဏ်တစ်ရပ်တွင် ထည့်သွင်းခြင်းခံရပေလိမ့်မည်ဟု သတင်းစကားပေးထားသည်။ ဆူရာဟ်'နူးဟ်'တွင် ဖျက်ဆီးဖြိုခွင်းမည့်ရေလွှမ်းမှုကြီးအကြောင်းလာရှိပေရာ ယင်းသည်လည်း စဉ်ဆက်မပြတ်တိုးပွားလျက်ရှိခဲ့သော ရေလွှမ်းမှုကြီးတစ်ရပ်ပင်ဖြစ်ခဲ့ပေသည်။

ယခု ကျွန်ုပ်တို့အနေဖြင့် ဤဆူရာဟ်၏အကြောင်းရပ်ကို ယေဘုယျအမြင်ဖြင့် ရှုစားကြပါလျှင် ဤတွင် 'ဂျင်နှ'များကို အကြောင်းပြု၍ အလွန်တရာအရေးပါသော အကြောင်းရပ်ကို ဖော်ပြထားသည်။ သာမန်အိုလမာများက ဤတွင်ဖော်ပြသော 'ဂျင်နှ'များမှာ မီးဖြင့်ဖန်ဆင်းထားသည့်မမြင်ရသော ဖန်ဆင်းခံ တစ်စုံတစ်ရာဖြစ်သည်ဟုယူဆကြသည်။ အမှန်သော်ကား ယုံကြည်စိတ်ချရသော ဟဒီးစ်တော်များအားဖြင့် သက်သေရရှိသည်မှာ အမျိုးသားတို့၏အကြီးအကဲများဖြစ်ခြင်းအားလျော်စွာ 'ဂျင်နှ'ဟူ၍ အဓိပ္ပာယ်ရသော ကိုယ်စားလှယ်တစ်စုသည်ရောက်ရှိလာကြသဖြင့် တမန်တော်မြတ်ﷺက လက်ခံတွေ့ဆုံတော်မူခဲ့လေသည်။ ထိုအခါ ၎င်းတို့သည် မိမိတို့၏ အစားအသောက်များကို စနစ်တကျ ချက်ပြုတ်ရန် အတွက် ထိုနေရာ၌ မီးမွှေးကြလေသည်။ သို့ဖြစ်သောကြောင့် ဤတွင် စိတ်ကူးယဉ် 'ဂျင်နှ' တစ်စုံတစ်ရာအကြောင်းကို အလျှင်းဖော်ပြနေခြင်းမဟုတ်ချေ။

ဤတွင်မက ၎င်းတို့သည် အရေးပါသော အကြောင်းကိစ္စများကို ဆွေးနွေးပြောဆိုခဲ့ကြပြီး၊ ယင်းတို့အနက် ၎င်းတို့ပြောဆိုသောစကားတစ်ခုမှာ 'ကျွန်ုပ်တို့အနက်မှ လူဗာလ တချို့သည် အသိတရားမဲ့သောစကားများကို အလွှာဟ်အရှင်မြတ်ဘက်သို့ ရည်ညွှန်းပြောဆိုလေ့ရှိကြ၏။ ထို့ပြင် အလွှာဟ်အရှင်မြတ်သည် မည်သို့သောတမန်တော်ကိုမျှ စေလွှတ်တော်မူတော့မည်မဟုတ်ဟူသော ယုံကြည်ချက်သည်လည်း ကျွန်ုပ်တို့အတွင်း၌ စွဲသွားခဲ့လေပြီ။' ၎င်းတို့က ဤယုံကြည်ချက်ကို မှားယွင်းသည်ဟု သတ်မှတ်ရခြင်းမှာ သူတို့ကိုယ်တိုင်ကပင် အလွန်ကြီးကျယ်သော တမန်တော်တစ်ပါးကို မိမိတို့မျက်စိမှားဖြင့် တပ်အပ်ဖူးတွေ့ခဲ့ရသောကြောင့် ဖြစ်ပေသည်။

ထိုသည့်နောက်တွင် 'မတ်စ်ဂျိဒ်'ဝတ်ပြုရာကျောင်းများနှင့်စပ်လျဉ်း၍ မိန့်တော်မူသည်မှာ ယင်း(မတ်စ်ဂျိဒ်)တို့ကို အလွှာဟ်အတွက် သီးသန့်တည်ဆောက်ထားခြင်းဖြစ်သည်။ ယင်း၌ အခြားတစ်စုံတစ်ရာကို ကိုးကွယ်ဆည်းကပ်ခွင့်မရှိချေ။ ထို့နောက် တမန်တော်မြတ်ﷺ၏ ဝတ်ပြုခြင်းအကြောင်းလာရှိသည်မှာ ဝတ်ပြုစဉ်အချိန်များတွင် ကိုယ်တော်မြတ်ﷺအား နည်းအမျိုးမျိုးဖြင့် ပူဆွေးစရာ၊ ဝမ်းနည်းစရာများနှင့် သောကဗျာပါရများက ဝန်းရံထားခဲ့ပြီး၊ အာရုံလွှဲရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့ကြလေသည်။ သို့သော် ထိုသို့ဖြစ်လင့်ကစား ကိုယ်တော်မြတ်ﷺ၏အာရုံမှာ လုံးလုံးလျားလျား အလွှာဟ်၏အတွက်သာ သီးသန့်ရှိနေခဲ့လေသည်။ လူသားသည် ဝမ်းမြောက်ပျော်ရွှင်မှုများ၊ ဝမ်းနည်းပူဆွေးစရာများကို နေ့စဉ်ကြုံဆုံ

နေရပြီး ယင်းတို့က သူ၏ဝတ်ပြုမှုမှ အာရုံစူးစိုက်မှုကို ဖယ်ရှားရာတွင် အများအားဖြင့် အောင်မြင်သွားတတ်ကြပေသည်။

ဤတွင် နောက်တစ်ကြိမ်ထပ်မံပြီး ဖော်ပြထားတော်မူသည်မှာ အကြင်'အဇာဘ်' ပြစ်ဒဏ်ကို အသင်တို့က အလွန်ဝေးသည်ဟု ယူဆနေကြပေသည်။ ယင်း၏ ဝေးသည်၊ နီးသည်ကို မည်သူမျှ မပြောဆိုနိုင်ပေ။ အပြစ်ဒဏ်ရောက်ရှိလာသောအခါ ယင်းကိုလူသားသည် မည်မျှပင်ဝေးသည်ဟု ထင်မှတ်သော်လည်း ယင်းကို မဖြစ်မနေ အနီးတွင်မြင်တွေ့ကြရသည်။

တမန်တော်မြတ်ﷺအား အများအပြားပင် 'ဂိုက်ဘ်'အကွယ်အရာကို သိရှိခွင့်ရခဲ့သည်။ တမန်တော်မြတ်ﷺကိုယ်တိုင်မှာမူ 'အာလေမွလ်ဂိုက်ဘ်'မဟုတ်မူဘဲ အလ္လာဟ်အရှင်မြတ်သည် 'ဂိုက်ဘ်' အကွယ်မှ အသိပညာများကို မိမိ၏တမန်တော်များကိုသာ အစဉ်အမြဲ အသိပေးတော်မူလေ့ရှိပြီး ၎င်းတို့သည် ပင်ကိုအားဖြင့် အကွယ်မှအကြောင်းအရာများကို သိရှိထားကြသည်မဟုတ်ချေ။ သို့ရာတွင် သူတို့အား ပြောကြားခြင်းခံရသော အကွယ်မှသတင်းများသည် မုချပြည့်စုံရသည်ချည်းဖြစ်သည်။ ဤကဲ့သို့ပင် တမန်တော်များဆိုင်ရာ 'ဝဟီ'ဗျာဒိတ်တော်ကိုယူဆောင်လာသော ကောင်းကင်တမန်တို့သည် 'ရှင်တန်' အဖျက်အင်အားက မည်ကဲ့သို့သော အပြောင်းအလဲကိုမျှ မပြုလုပ်နိုင်ကြစေအံ့သောဌာ ရှေ့မှရောနောက်မှပါ လုံခြုံမှုပေးလျက်ရှိကြပေသည်။ သို့ဖြစ်ရာ အလ္လာဟ်၏ကြီးမြတ်သော တမန်တော်များ၏ နောက်တွင်လည်း ထိုတမန်တော်ကြီးများ၏ နာခံနောက်လိုက်သူဖြစ်သော တမန်တော်များစွာတို့သည် ပွင့်ပေါ်လေ့ရှိပြီး ထိုသည့်'ဝဟီ'ဗျာဒိတ်၏ အနက်သဘောကို စောင့်ရှောက်ရန်အလို့ငှာ စေလွှတ်ခြင်းခံကြရပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဂျင်နှ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၂၉)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

قُلْ اُوْحِيَ اِلَيَّ اَنَّهُ اسْتَمَعَ نَفَرٌ مِّنَ الْجِنِّ فَقَالُوْٓا اِنَّا سَمِعْنَا قُرْاٰنًا عَجَبًا ②

၂။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်ထံ 'ဝဟီ'ဗျာဒိတ် ပို့ချခြင်းခံရသည်မှာ 'ဂျင်နှ်'များအနက်မှ အုပ်စုတစ်စုသည် (ကုရ်အာန်ကို) အာရုံစူးစိုက်စွာ နားထောင်ကြသည့်အခါ၊ ၎င်းတို့က ပြောကြားကြသည်မှာ အမှန်ပင် ကျွန်ုပ်တို့သည် အံ့ဖွယ် 'ကုရ်အာန်'ကို ကြားနာခဲ့ကြရ၏။

يَّهْدِيْٓ اِلَى الرُّشْدِ فَاٰمَنَّا بِهٖ ؕ وَلَنْ نُّشْرِكَ بِرَبِّنَآ اَحَدًا ③

၃။ ယင်းသည် ကောင်းမှုဘက်သို့ လမ်းညွှန်ထား၏။ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် ယင်းအပေါ် သက်ဝင်ယုံကြည်ကြ၏။ ထို့ပြင် ကျွန်ုပ်တို့သည် မည်သည့်အရာကိုမျှ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်နှင့် အလျှင်း 'ရှရိုက်'တုဖက်ခြင်း ပြုလုပ်လိမ့်မည်မဟုတ်ပေ။

وَّاَنَّهٗ تَعٰلٰى جَدُّ رَبِّنَا مَا اتَّخَذَ صَاحِبَةً وَّلَا وَلَدًا ④

၄။ ထို့ပြင် (ပြောကြားသည်မှာ) အမှန်ပင် ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်သည် မြင့်မားသော ဂုဏ်တော်ရှင်ဖြစ်ပါ၏။ ထိုအရှင်မြတ်သည် မိမိအတွက် ဇနီးကြင်ရာ တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ သားတစ်ပါးတစ်လေကိုသော်လည်းကောင်း မပြုလုပ်ခဲ့ချေ။

وَّاَنَّهٗ كَانَ يَقُوْلُ سَفِيْهُنَا عَلَى اللّٰهِ شَطَطًا ⑤

၅။ ထို့ပြင် ဤသို့ဖြစ်၏။ အမှန်ပင် ကျွန်ုပ်တို့မှ အသိဉာဏ်မဲ့သူတစ်ဦးသည် အလ္လာဟ်နှင့်စပ်လျဉ်း၍ မလျော်မကန် ပြောဆိုလေ့ရှိခဲ့၏။

وَّاَنَّا ظَنَنَّآ اَنْ لَّنْ تَقُوْلَ الْاِنْسُ وَالْجِنُّ عَلَى اللّٰهِ كَذِبًا ⑥

၆။ ထို့ပြင် ကျွန်ုပ်တို့က လူသားနှင့် ဂျင်နှ်တို့သည် အလ္လာဟ်နှင့်စပ်လျဉ်း၍ အလျှင်း လိမ်ညာပြောဆိုကြမည်မဟုတ်ဟု အကယ်ပင် တွေးခဲ့ကြ၏။

وَّاَنَّهٗ كَانَ رِجَالٌ مِّنَ الْاِنْسِ يَعُوْذُوْنَ بِرِجَالٍ مِّنَ الْجِنِّ فَزَادُوْهُمْ رَهَقًا ⑦

၇။ ထို့ပြင် အမှန်စင်စစ် သာမန်လူတို့အနက် များစွာသော သူတို့သည် အကြီးအကဲများထံတွင် ခိုလှုံကြ၏။ ဤသို့ဖြင့် ယင်းတို့သည် သူတို့အား မကောင်းသောအကျင့်နှင့် အသိတရားမဲ့မှုတွင် တိုးပွားစေခဲ့ကြ၏။

وَّاَنَّهُمْ ظَنُّوْا كَمَا ظَنَنْتُمْ اَنْ لَّنْ يَّبْعَثَ اللّٰهُ اَحَدًا ⑧

၈။ ထို့ပြင် ၎င်းတို့သည်လည်း အသင်တို့ ထင်မြင်ယူဆခဲ့ကြသည့်အတိုင်း အလ္လာဟ်သည် မည်သူ့ကိုမျှ အလျှင်း စေလွှတ်ပွင့်ပေါ် စေတော်မူမည်မဟုတ်ဟု ထင်မြင်ယူဆခဲ့ကြ၏။

وَّاَنَّا لَمَسْنَا السَّمَآءَ فَوَجَدْنٰهَا مُلِئَتْ

၉။ ထို့ပြင် အမှန်ပင် ကျွန်ုပ်တို့သည် မိုးကောင်းကင်ကို ထိတွေ့

حَرَسًا شَدِيْدًا وَّشُهُبًا ۝٨

သည့်အခါ ယင်းတွင် သန်မာသောစောင့်ကြပ်သူများနှင့် မီးတောက်မီးလျှံတို့ဖြင့် ပြည့်နှက်လျက်ရှိသည်ကို တွေ့ခဲ့ရ၏။

وَّاَنَّا كُنَّا نَقْعُدُ مِنْهَا مَقَاعِدَ لِلسَّمْعِ ؕ فَمَنْ يَّسْتَمِعِ الْاٰنَ يَجِدْ لَهٗ شِهَابًا رَّصَدًا ۝٩

၁၀။ ထို့ပြင် အမှန်ပင် ကျွန်ုပ်တို့သည် နားထောင်ရန်အတွက် ယင်း၏ နက္ခတ်မျှော်စင်များ၌ ထိုင်နေခဲ့ကြ၏။ သို့ဖြစ်ရာ ယခုအခါ အကြင်သူသည် နားထောင်ရန်ကြိုးစားပါလျှင် သူ့အား မီးတောက်မီးလျှံတစ်ခုက ပုန်းအောင်းစောင့်စားလျက်ရှိသည်ကို တွေ့ရပေမည်။ ①

وَّاَنَّا لَا نَدْرِيْٓ اَشَرٌّ اُرِيْدَ بِمَنْ فِي الْاَرْضِ اَمْ اَرَادَ بِهِمْ رَبُّهُمْ رَشَدًا ۝١٠

၁၁။ ထို့ပြင် ဧကန်စင်စစ် ကမ္ဘာမြေ၌ရှိသမျှသောသူတို့အတွက် မကောင်းမှုကိုလိုလားသလော၊ သို့တည်းမဟုတ် ယင်းတို့၏ ဖန်ဆင်းမွေးမြူရှင်က ယင်းတို့အတွက် ကောင်းကျိုးကို ရည်ရွယ်တော်မူသလော၊ ဤသည်ကို ကျွန်ုပ်တို့မသိခဲ့ချေ။

وَّاَنَّا مِنَّا الصّٰلِحُوْنَ وَمِنَّا دُوْنَ ذٰلِكَ ؕ كُنَّا طَرَآئِقَ قِدَدًا ۝١١

၁၂။ ထို့ပြင် ဧကန်စင်စစ် ကျွန်ုပ်တို့အတွင်း၌ အချို့သူတော်ကောင်းများရှိကြ၏။ ထို့ပြင် ကျွန်ုပ်တို့အနက် ထိုမှတစ်ပါးသော သူအချို့လည်းရှိကြ၏။ ထို့ပြင် ကျွန်ုပ်တို့သည် အမျိုးမျိုးသော လမ်းစဉ်များတွင် ကွဲပြားခြားနားလျက်ရှိခဲ့ကြ၏။

وَّاَنَّا ظَنَنَّآ اَنْ لَّنْ نُّعْجِزَ اللّٰهَ فِي الْاَرْضِ وَلَنْ نُّعْجِزَهٗ هَرَبًا ۝١٢

၁၃။ ထို့ပြင် အမှန်ပင် ကျွန်ုပ်တို့ယုံကြည်ခဲ့ကြ၏။ ကျွန်ုပ်တို့သည် ကမ္ဘာမြေတွင် အလွှာဟ်အား မစွမ်းနိုင်အောင် လုံးဝပြုလုပ်နိုင်ကြမည်မဟုတ်၊ ထို့ပြင် ကျွန်ုပ်တို့သည် ပြေးလွှားရာ၌လည်း ထိုအရှင်မြတ်ကို ရှုံးနိမ့်အောင်ပြုနိုင်ကြမည်မဟုတ်ချေ။

وَّاَنَّا لَمَّا سَمِعْنَا الْهُدٰٓى اٰمَنَّا بِهٖ ؕ فَمَنْ يُّؤْمِنْۢ بِرَبِّهٖ فَلَا يَخَافُ بَخْسًا وَّلَا رَهَقًا ۝١٣

၁၄။ ထို့ပြင် ဧကန်စင်စစ် ကျွန်ုပ်တို့သည် လမ်းညွှန်မှု(၏စကား)ကို နားထောင်ရသောအခါ ယင်းအပေါ် သက်ဝင်ယုံကြည်ခဲ့ကြ၏။ သို့ဖြစ်ရာ အကြင်မည်သူမဆို၊ မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကို သက်ဝင်ယုံကြည်ပါလျှင် ထိုသူသည် မည်သည့်လျော့နည်းမှုကိုသော်လည်းကောင်း၊ များပြားမှုကိုသော်လည်းကောင်း စိုးရိမ်ရမည်မဟုတ်ပေ။

وَّاَنَّا مِنَّا الْمُسْلِمُوْنَ وَمِنَّا الْقٰسِطُوْنَ ؕ

၁၅။ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့အနက် အမိန့်နာခံသူများ

① အာယတ်တော် ၂ မှ ၁၀ ထိ။ ဤအာယတ်တော်များမှအကြောင်းအရာနှစ်ခုမှာ အထူးပြုရှင်းလင်းတင်ပြထိုက်ပေသည်။ တမန်တော်မြတ်ﷺ၏ရှေ့တော်တွင် ခစားခဲ့ကြသော ဤသည့် 'ဂျင်န်'များမှာ ၎င်းတို့အမျိုးသားထု၏ အကြီးအကဲများဖြစ်ကြသည်။ ထို့ပြင် ၎င်းတို့မှာ စိတ်ကူးယဉ်အတွေးနယ်ထဲမှ 'ဂျင်န်'များမဟုတ်ခဲ့ကြပါ။ သို့ကြောင့် ၎င်းတို့က မိမိတို့၏စားသောက်ဖွယ်ရာများကို ချက်ပြုတ်ရန်အတွက် ထိုနေရာတွင် မီးလည်းမွှေးခဲ့ကြပြီး၊ ထိုသည့်နောက်တွင် 'ဆွဟာဘာ'သာဝကတော်များက ထိုနေရာတွင် ငြိမ်းသတ်ထားသော မီးကြွင်းများနှင့် အစားအသောက်စီစဉ်ခဲ့ကြသည့် လက္ခဏာများကိုလည်း မြင်တွေ့ခဲ့ကြလေသည်။ ဤသည်နှင့်စပ်လျဉ်း၍ သေချာသော အတွေးအမြင်ရှိသည်မှာ- ဤသည် အာဖဂန်နစ္စတန်တွင် နေထိုင်ကြသော 'ဘနီအစ္စရာအီလ်'မျိုးနွယ်မှ မျိုးနွယ်စုတို့၏ခေါင်းဆောင်အကြီးအကဲများ (၀၊၁) 'ဂျင်န်'များဖြစ်ကြသော ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသည်။ ၎င်းတို့သည် တမန်တော်မြတ်ﷺ ပွင့်ပေါ်ကြောင်း သတင်းကြားနာကြရပြီး ကိုယ်တိုင်ကိုယ်ကျ စုံစမ်းလေ့လာရန် ဆုံးဖြတ်ခဲ့ကြသည်။ ၎င်းတို့သည် ကြာရှည်စွာ အခြေအတင်ဆွေးနွေးမှုပြုပြီးနောက်တွင် တမန်တော်မြတ်ﷺအား စိတ်နှလုံးတွင်းမှ မှန်ကန်ကြောင်း လက်ခံခဲ့ကြရုံမျှမက ၎င်တို့သည် မသိမိုက်မဲသူတချို့ကဲ့သို့ ယခုအခါ အလွှာဟ်သည် တမန်တော်တစ်ပါးပါးကိုသော်မှ စေလွှတ်ပွင့်ပေါ်စေတော့မည်မဟုတ်ဟူ၍ ထင်မှတ်ထားခဲ့၏၊ဟုဆိုကာ ထိုဖောက်ပြန်သော ယုံကြည်ချက်ကို ငြင်းပယ်ခဲ့ကြလေသည်။ ထိုသည့်နောက်တွင် ဤသူတို့သည် မိမိတို့၏ အမျိုးသားများဆီသို့ပြန်လာခဲ့ကြပြီး ထိုစဉ်က အာဖဂန်နစ္စတန်တစ်ခုလုံးကို မွတ်စလင်များဖြစ်လာစေခဲ့ကြပေသည်။

فَمَنْ اَسْلَمَ فَاُولٰٓئِكَ تَحَرَّوْا رَشَدًا ﴿١٤﴾

ရှိခဲ့ကြ၏။ ကျွန်ုပ်တို့အနက်မှပင် အမှားကျူးလွန်သူများလည်း (ရှိခဲ့ကြ၏)၊ သို့ဖြစ်ရာ အကြင်မည်သူမဆို အမိန့်နာခံပါလျှင် ထိုသို့သောသူတို့သည်သာလျှင် လမ်းမှန်ကိုရှာဖွေသူများ ဖြစ်ကြ၏။

وَاَمَّا الْقٰسِطُوْنَ فَكَانُوْا لِجَهَنَّمَ حَطَبًا ﴿١٥﴾

၁၆။ သို့သော် အမှားကျူးလွန်ခဲ့ကြသောသူတို့သည်ကား 'ဂျဟန္နမ်'ငရဲ၏ လောင်စာများဖြစ်သွားကြ၏။

وَّ اَنْ لَّوِ اسْتَقَامُوْا عَلَى الطَّرِيْقَةِ لَاَسْقَيْنٰهُمْ مَّآءً غَدَقًا ﴿١٦﴾

၁၇။ ထို့ပြင် အကယ်၍ သူတို့သည် စစ်မှန်သော လမ်းစဉ်ပေါ်၌ စွဲမြဲတည်ကြည်ကြလျှင် ငါတို့သည် အမှန်ပင် သူတို့အား ပေါကြွယ်ဝသောရေကို အဝတိုက်ကျွေးတော်မူမည်ဖြစ်၏။

لِّنَفْتِنَهُمْ فِيْهِ ؕ وَمَنْ يُّعْرِضْ عَنْ ذِكْرِ رَبِّهٖ يَسْلُكْهُ عَذَابًا صَعَدًا ﴿١٧﴾

၁၈။ သို့ဖြင့် သူတို့အား ယင်းအားဖြင့် စမ်းသပ်စစ်ဆေးတော်မူရန်ဖြစ်၏။ ထို့ပြင် အကြင်သူသည် မိမိ၏ ဖန်ဆင်းမွေးမြူရှင်အား သတိရတသခြင်း 'ဇိကိရ်'မှ လွှဲဖယ်ပါလျှင် အရှင်မြတ်သည် သူ့အား အစဉ်အမြဲတိုးပွားလျက်ရှိနေမည့် ပြစ်ဒဏ်၌ ပစ်ထည့်တော်မူမည်။

وَّ اَنَّ الْمَسٰجِدَ لِلّٰهِ فَلَا تَدْعُوْا مَعَ اللّٰهِ اَحَدًا ﴿١٨﴾

၁၉။ ထို့ပြင် အမှန်ပင် 'မတ်စ်ဂျိဒ်'ဝတ်ကျောင်းတော်များသည် အလ္လာဟ်အတွက်သာဖြစ်၏။ သို့ဖြစ်ရာ အလ္လာဟ်နှင့်တွဲဖက်၍ အခြားမည်သည့်တစ်စုံတစ်ဦးကိုမျှ ဟစ်ခေါ်တမ်းတခြင်း မပြုကြလင့်။

وَّ اَنَّهٗ لَمَّا قَامَ عَبْدُ اللّٰهِ يَدْعُوْهُ كَادُوْا يَكُوْنُوْنَ عَلَيْهِ لِبَدًا ﴿١٩﴾ ۛ

၂၀။ ထို့ပြင် ဧကန်စင်စစ် မည်သည့်အခါတွင်မဆို အလ္လာဟ်၏ အစေတော်သည် အရှင်မြတ်အား ဟစ်ခေါ်တမ်းတလျက် မတ်တတ်ရပ်သောအခါ အနီးဘ၌ရှိသူတို့သည် သူ့အပေါ် စုပြုံဝိုင်းအုံလာကြ၏။ ★

ရုကူး-၂

قُلْ اِنَّمَآ اَدْعُوْا رَبِّيْ وَلَآ اُشْرِكُ بِهٖٓ اَحَدًا ﴿٢٠﴾

၂၁။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကိုသာလျှင် ဟစ်ခေါ်တမ်းတပေမည်၊ ထို့ပြင် အရှင်မြတ်နှင့်အတူ အခြားမည်သည့်အရာကိုမျှ 'ရှရီက်'ယှဉ်တွဲရာအဖြစ် မသတ်မှတ်ချေ။

قُلْ اِنِّيْ لَآ اَمْلِكُ لَكُمْ ضَرًّا وَّلَا رَشَدًا ﴿٢١﴾

၂၂။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်သည် အသင်တို့အတွက် ဆိုးကျိုးကိုလည်းကောင်း၊ ကောင်းကျိုးကိုလည်းကောင်း (ပြုစွမ်းပေးနိုင်သည့်) အရှင်သခင်မဟုတ်ချေ။

قُلْ اِنِّيْ لَنْ يُّجِيْرَنِيْ مِنَ اللّٰهِ اَحَدٌ ۙ وَّلَنْ اَجِدَ مِنْ دُوْنِهٖ مُلْتَحَدًا ﴿٢٢﴾

၂၃။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်အား အလ္လာဟ်နှင့်ယှဉ်လျက် မည်သူတစ်ဦးတစ်ယောက်မျှ ကာကွယ်စောင့်ရှောက်မှုကို အလျှင်းပေးနိုင်မည် မဟုတ်ချေ။ ထို့ပြင် ကျွန်ုပ်သည် အရှင်မြတ်ကိုစွန့်၍ မည်သည့်ခိုလှုံရာနေရာကိုမျှ အလျှင်းတွေ့နိုင်မည်

★ لِبَدًا ၏ဖော်ပြပါအဓိပ္ပာယ်အတွက် မူဖရီဒါတ်အေမာမ်ရာယိဗ် အဘိဓာန်ရှု။

မဟုတ်ချေ။

إِلَّا بَلٰغًا مِّنَ اللّٰهِ وَ رِسٰلٰتِهٖ ؕ وَ مَنْ يَّعْصِ اللّٰهَ وَ رَسُوْلَهٗ فَاِنَّ لَهٗ نَارَ جَهَنَّمَ خٰلِدِيْنَ فِيْهَآ اَبَدًا ﴿۲۳﴾

၂၄။ သို့သော် အလ္လာဟ်၏ဘက်တော်မှ သာသနာပြုလျက်၊ ထို့ပြင် အရှင်မြတ်၏သတင်းစကားများကို ပို့ဆောင်လျက်(မှတစ်ပါး ဖြစ်၏) ထို့ပြင် အကြင်သူသည် အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်ကို မနာခံလျှင် ဧကန်အမှန် သူအတွက် 'ဂျဟန္နမ်' ငရဲ၏မီးသည်ရှိလိမ့်မည်။ ထိုသူသည် ယင်း(ငရဲ)၌ အချိန်ကာလ ကြာရှည်စွာနေရမည့်သူဖြစ်၏။ ★

حَتّٰٓى اِذَا رَاَوْا مَا يُوْعَدُوْنَ فَسَيَعْلَمُوْنَ مَنْ اَضْعَفُ نَاصِرًا وَّ اَقَلُّ عَدَدًا ﴿۲۴﴾

၂၅။ နောက်ဆုံးတွင် သူတို့အား သတိပေးနှိုးဆော်ခဲ့သည့် အရာကို သူတို့မြင်တွေ့ရသောအခါ၊ ကူညီစောင်မသူအနေဖြင့် မည်သူသည် အင်အားအချည့်နဲ့ဆုံးဖြစ်သည်ကိုလည်းကောင်း၊ အရေအတွက်အားဖြင့် အနည်းဆုံးဖြစ်သည်ကိုလည်းကောင်း အမှန်ပင် သူတို့သိရှိသွားကြလိမ့်မည်။

قُلْ اِنْ اَدْرِيْٓ اَقَرِيْبٌ مَّا تُوْعَدُوْنَ اَمْ يَجْعَلُ لَهٗ رَبِّيْٓ اَمَدًا ﴿۲۵﴾

၂၆။ အသင်ပြောကြားပါလေ၊ အသင်တို့အား သတိပေးနှိုးဆော်ခဲ့သည့်အရာသည် နီးကပ်လျက်ရှိသလော၊ သို့တည်း မဟုတ် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ယင်း၏အချိန်ကာလကို ရှည်လျားအောင်ပြုလုပ်တော်မူမည် လောဆိုသည်ကို ကျွန်ုပ်မသိချေ။

عٰلِمُ الْغَيْبِ فَلَا يُظْهِرُ عَلٰى غَيْبِهٖٓ اَحَدًا ﴿۲۶﴾

၂၇။ အရှင်မြတ်သည် 'ဂိုက်ဘ်'အကွယ်ကို သိရှိတော်မူသော အရှင် ဖြစ်တော်မူ၏။ သို့ဖြစ်ရာ အရှင်မြတ်သည် မည်သူကိုမျှ မိမိ၏'ဂိုက်ဘ်'အပေါ် လွှမ်းမိုးမှုပေးတော်မမူချေ။

اِلَّا مَنِ ارْتَضٰى مِنْ رَّسُوْلٍ فَاِنَّهٗ يَسْلُكُ مِنْۢ بَيْنِ يَدَيْهِ وَ مِنْ خَلْفِهٖ رَصَدًا ﴿۲۷﴾

၂၈။ မိမိရွေးချယ်တော်မူသော တမန်တော်မှတစ်ပါးဖြစ်၏၊ သို့ဖြစ်ရာ ဧကန်စင်စစ် အရှင်မြတ်သည် သူ၏ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း ကာကွယ်စောင့်ရှောက်တော်မူလျက် သူ့အား လျှောက်လှမ်းစေတော်မူ၏။

لِّيَعْلَمَ اَنْ قَدْ اَبْلَغُوْا رِسٰلٰتِ رَبِّهِمْ وَ اَحَاطَ بِمَا لَدَيْهِمْ وَ اَحْصٰى كُلَّ شَيْءٍ عَدَدًا ﴿۲۸﴾

၂၉။ ဤသို့ဖြင့် သူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၏ သတင်းစကားများကို သေချာရှင်းလင်းစွာဖြင့် ပို့ဆောင်ပြီးဖြစ်ကြောင်းကို အရှင်မြတ်သိတော်မူရန်ဖြစ်၏။ စင်စစ် အရှင်မြတ်သည် သူတို့အနီးတွင်ရှိသည်များကို ဝန်းရံ၍ထားတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အရေအတွက်အားဖြင့် ရေတွက်၍ထားရှိတော်မူပေသတည်း။

❖ ❖ ❖

★ 'တာဖ်စီရေကဗီးရ် ရာဇီ'တွင်ရှု။

၇၃။ အလ်-မုဇမ်မိလ်

ဤဆူရာဟ်သည် မက္ကာမြို့၏ခေတ်ဦးပိုင်းတွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ်တော်(၂၁)ပိုဒ်ပါရှိသည်။

ဤသည်ထက်အလျင်က ဆူရာဟ်တွင် တမန်တော်မြတ်ﷺ၏ 'အေဘာဒတ်'အနေအထားကို ဖော်ပြခဲ့ပေရာ ယင်း၏အကျယ်ကို ဤဆူရာဟ်၏အစမှာပင် ဖော်ပြလိုက်ပေသည်။ အနှစ်ချုပ်ဖော်ပြချက်မှာ ကိုယ်တော်မြတ်ﷺသည် ညဥ့်အခါများတွင် နိုးထခဲ့ပြီး ယင်း၏အစိတ်အပိုင်းအများစုကို ပျပ်ဝပ်ငိုကြွေးခြင်း၌ ကုန်လွန်စေခဲ့သည်။ မိမိစိတ်၏ဆန္ဒရမ္မက်များကို နင်းခြေဖို့ရာ ဤသည်ထက်ပို၍ကောင်းသော နည်းနိဿယမရှိတော့ချေ။ လူသားသည် ညဥ့်အခါများတွင်နိုးထလျက် 'အေဘာဒတ်' ဝတ်ပြုခြင်းဖြင့် မိမိ၏စိတ်အလိုဆန္ဒများကို နင်းခြေဖျက်ဆီးပစ်ရပေမည်။

ဤသည့်ဆူရာဟ်တွင် တစ်ကြိမ်ထပ်မံ၍ တမန်တော်မူစာﷺနှင့် တမန်တော်မြတ်ﷺတို့၏တူညီမှုအကြောင်းကိုဖော်ပြလျက် ကိုယ်တော်မြတ်ﷺသည်လည်း 'ရှရီအတ်' ဓမ္မဥပဒေရရှိသော တမန်တော်နှင့် ဂုဏ်ရှိန်ကြီးမြင့်သော တမန်တော်တစ်ပါးဖြစ်ကြောင်း ဖော်ပြထားပေသည်။ သို့ဖြစ်ရာ တမန်တော်မြတ်ﷺ၏ မျက်မှောက်ရှိသူတို့အား သတိပေးထားသည်မှာ- တမန်တော်မူစာထက် သာလွန်၍ ဂုဏ်ဘုန်းရှိန်ဝါကြီးမြင့်သော တမန်တော်သည် ပေါ်ထွန်းခဲ့ပြီဖြစ်၏။ အလွန်တရာ ရက်စက်ကြမ်းကြုတ်လွန်းလှသူတစ်ဦးက တမန်တော်မူစာﷺအား ဆန့်ကျင်လျက် ထိုတမန်တော်၏ သတင်းပို့ဆောင်မှုကို ပစ်ပယ်ရန် သတ္တိပြခဲ့သဖြင့် ဖျက်ဆီးခြင်းကိုခံခဲ့ရသည့်အလား ဤတမန်တော်မြတ်ﷺအား ဆန့်ကျင်ခြင်း၏ ရလဒ်အဖြစ် အသင်တို့သည် ပျက်စီးချုပ်ငြိမ်းခြင်း၌ နစ်မွန်းစေသောအကျိုးဆက်မှတစ်ပါး အခြားရလဒ်ထွက်ပေါ်လိမ့်မည် မဟုတ်ချေတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-မုဇ္ဇမ္မိလ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၂၁)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

يٰٓاَيُّهَا الْمُزَّمِّلُ ②

၂။ အို- ကောင်းစွာစောင်ခြုံလျက်ရှိသောသူ။

قُمِ الَّيْلَ اِلَّا قَلِيْلًا ③

၃။ ညဉ့်အချိန်၌ မတ်တတ်ရပ်လော့၊ သို့သော် အနည်းငယ်သာ။

نِّصْفَهٗٓ اَوِ انْقُصْ مِنْهُ قَلِيْلًا ④

၄။ ယင်း၏ထက်ဝက် သို့တည်းမဟုတ် ယင်း(အချိန်)မှ အနည်းငယ်မျှ လျှော့ပါလေ။

اَوْ زِدْ عَلَيْهِ وَرَتِّلِ الْقُرْاٰنَ تَرْتِيْلًا ⑤

၅။ သို့တည်းမဟုတ် ယင်း(အချိန်)ထက် (အနည်းငယ်မျှ) ပိုပါလေ၊ ထို့ပြင် ကုရ်အာန်ကို ရှင်းလင်းစွာ စနစ်တကျ ဖတ်ရွတ်ပါလေ။

اِنَّا سَنُلْقِيْ عَلَيْكَ قَوْلًا ثَقِيْلًا ⑥

၆။ ဧကန်အမှန် ငါတို့သည် အသင့်အပေါ် အလေးစီးသော အမိန့်တော်တစ်ရပ်ကို ပို့ချတော်မူမည်။

اِنَّ نَاشِئَةَ الَّيْلِ هِيَ اَشَدُّ وَطْـًٔا وَّاَقْوَمُ قِيْلًا ⑦

၇။ ညဉ့်အချိန်တွင် နိုးထခြင်းသည် အမှန်ပင် (အတွစိတ်ကို) နှိမ့်ချနင်းခြေရန် ပိုမိုပြင်းထန်အားကောင်းသည့်အပြင် စကားဆိုရာတွင် ပိုမို၍ ခိုင်မာတည်ကြည်မှုရှိပေသည်။

اِنَّ لَكَ فِي النَّهَارِ سَبْحًا طَوِيْلًا ⑧

၈။ အမှန်စင်စစ် အသင့်အတွက် နေ့အချိန်တွင် အလွန်ရှည်လျားများပြားသော အလုပ်တာဝန်များရှိ၏။

وَاذْكُرِ اسْمَ رَبِّكَ وَتَبَتَّلْ اِلَيْهِ تَبْتِيْلًا ⑨

၉။ သို့ဖြစ်ရာ မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ နာမတော်ကို 'ဇိကိရ်'ပြု တသပါလေ။ ထို့ပြင် အပြည့်အဝ (အာရုံ)ဖြတ်တောက်ပြီးသူဖြစ်လျက် အရှင်မြတ်ဘက်တော်သို့ သီးသန့်ဖြစ်ပါလေ။

رَبُّ الْمَشْرِقِ وَالْمَغْرِبِ لَآ اِلٰهَ اِلَّا هُوَ فَاتَّخِذْهُ وَكِيْلًا ⑩

၁၀။ ထိုအရှင်မြတ်သည် အရှေ့နှင့် အနောက်အရပ်တို့၏ ဖန်ဆင်းပျိုးထောင်တော်မူသောအရှင်ဖြစ်၏။ ထိုအရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ခြင်းခံထိုက်ရာမရှိချေ။ သို့ဖြစ်ရာ ထိုအရှင်မြတ်ကိုသာလျှင် မိမိ၏ကာကွယ်စောင့်ရှောက်သူအရှင်အဖြစ် ပြုပါလေ။

وَاصْبِرْ عَلٰى مَا يَقُوْلُوْنَ وَاهْجُرْهُمْ هَجْرًا جَمِيْلًا ⑪

၁၁။ ထို့ပြင် ယင်းတို့ပြောသည်များကို သည်းခံစောင့်စည်းပါလေ၊ ထို့ပြင် ယင်းတို့ထံမှ ကောင်းသော အနေအထားဖြင့်ခွဲခွာသွားပါလေ။

وَذَرْنِيْ وَالْمُكَذِّبِيْنَ اُولِي النَّعْمَةِ

၁၂။ ထို့ပြင် စည်းစိမ်ချမ်းသာမှုဥစ္စာရှိ၍ မဟုတ်မမှန်ဟု စွပ်စွဲ

وَمَهِّلْهُمْ قَلِيْلًا ⑪

ငြင်းပယ်ကြသူများကို ငါအရှင်မြတ်နှင့် (သီးသန့်)လွှတ်ထားပါလေ၊ ထို့ပြင် သူတို့အား အနည်းငယ်မျှအချိန်ပေးဆိုင်းငံ့ပါလေ။

اِنَّ لَدَيْنَآ اَنْكَالًا وَّجَحِيْمًا ⑫

၁၃။ အမှန်ပင် ငါတို့ထံ၌ သံဝေဂရဖွယ်များစွာသော ဝတ္ထုပစ္စည်းများရှိ၏။ ထို့ပြင် 'ဂျဟန္နမ်'ငရဲလည်းရှိ၏။

وَّطَعَامًا ذَا غُصَّةٍ وَّعَذَابًا اَلِيْمًا ⑬

၁၄။ ထို့ပြင် လည်မျိုတွင် တစ်ဆို့နေမည့် အစားအစာတစ်မျိုးနှင့် နာကျင်ဖွယ်သော ပြစ်ဒဏ်လည်းရှိ၏။

يَوْمَ تَرْجُفُ الْاَرْضُ وَالْجِبَالُ وَكَانَتِ الْجِبَالُ كَثِيْبًا مَّهِيْلًا ⑭

၁၅။ ထိုနေ့တွင် ကမ္ဘာမြေကြီးနှင့် တောင်များသည် ပြင်းထန်စွာလှုပ်ခါ၍ တောင်များသည် ပြန့်ကြဲနေသော မြေအစုအပုံများကဲ့သို့ ဖြစ်ပေလိမ့်မည်။

اِنَّآ اَرْسَلْنَآ اِلَيْكُمْ رَسُوْلًا شَاهِدًا عَلَيْكُمْ كَمَآ اَرْسَلْنَآ اِلٰى فِرْعَوْنَ رَسُوْلًا ⑮

၁၆။ ငါတို့သည် 'ဖိရ်အောင်'ထံသို့လည်း တမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့သကဲ့သို့ အသင်တို့ထံသို့လည်း တမန်တော်တစ်ပါးကို အသင်တို့အား စောင့်ကြပ်ရန် အမှန်ပင် စေလွှတ်တော်မူ၏။

فَعَصٰى فِرْعَوْنُ الرَّسُوْلَ فَاَخَذْنٰهُ اَخْذًا وَّبِيْلًا ⑯

၁၇။ သို့သော် 'ဖိရ်အောင်'သည် ထိုတမန်တော်အား မနာခံဖီဆန်ခဲ့ပေရာ ငါတို့သည် ယင်းအား ပြင်းထန်သော ဖမ်းဆီးခြင်းတစ်ရပ်ဖြင့် ဖမ်းဆီးတော်မူခဲ့၏။

فَكَيْفَ تَتَّقُوْنَ اِنْ كَفَرْتُمْ يَوْمًا يَّجْعَلُ الْوِلْدَانَ شِيْبًا ⑰

၁၈။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် မယုံကြည်ငြင်းပယ်ကြလျှင်၊ ကလေးများကို အိုမင်းရင့်ရော်သွားစေမည့် ထိုနေ့မှ အသင်တို့ မည်သို့လွတ်မြောက်နိုင်မည်နည်း။

السَّمَآءُ مُنْفَطِرٌ بِهٖ كَانَ وَعْدُهٗ مَفْعُوْلًا ⑱

၁၉။ မိုးကောင်းကင်သည် ယင်း(၏ကြောက်လန့်မှုဖြင့်) အက်ကွဲသွားပေလိမ့်မည်။ မည်သို့ဆိုစေ အရှင်မြတ်၏ (ဤ)ကတိတော်သည် ပြည့်စုံခြင်းသို့ရောက်မည်သာဖြစ်၏။

اِنَّ هٰذِهٖ تَذْكِرَةٌ ۚ فَمَنْ شَآءَ اتَّخَذَ اِلٰى رَبِّهٖ سَبِيْلًا ⑲

၂၀။ ဧကန်စင်စစ် ဤသည် သင်ခန်းစာရယူဖွယ် ကြီးမားသော ဆုံးမသြဝါဒတစ်ရပ်ဖြစ်၏။ သို့ဖြစ်ရာ အကြင်သူသည် လိုလားလျှင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံသို့ (သွားသည့်)လမ်းကို စွဲကိုင်ပါလေ။

ရုကူး-၂

اِنَّ رَبَّكَ يَعْلَمُ اَنَّكَ تَقُوْمُ اَدْنٰى مِنْ ثُلُثَيِ الَّيْلِ وَنِصْفَهٗ وَثُلُثَهٗ وَطَآئِفَةٌ مِّنَ الَّذِيْنَ مَعَكَ ؕ وَاللّٰهُ يُقَدِّرُ الَّيْلَ وَالنَّهَارَ ؕ عَلِمَ اَنْ لَّنْ تُحْصُوْهُ فَتَابَ عَلَيْكُمْ فَاقْرَءُوْا مَا تَيَسَّرَ مِنَ الْقُرْاٰنِ ؕ عَلِمَ اَنْ سَيَكُوْنُ مِنْكُمْ

၂၁။ ဧကန်စင်စစ် အသင်သည်လည်းကောင်း၊ အသင်နှင့်အတူရှိကြသော ထိုသူတို့အနက်မှ အုပ်စုတစ်စုသည်လည်းကောင်း ညဉ့်၏သုံးပုံနှစ်ပုံနီးပါး သို့တည်းမဟုတ် ညဉ့်တစ်ဝက်၊ သို့တည်းမဟုတ် ညဉ့်၏သုံးပုံတစ်ပုံ မတ်တတ်ရပ်သည်ကို အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် သိရှိတော်မူ၏။ ထို့ပြင် အလ္လာဟ်သည် ညဉ့်နှင့် နေ့အချိန်ကိုလျော့ခြင်း၊ တိုးခြင်းပြုလုပ်တော်မူ၏။ ထို့ပြင် အသင်တို့သည် ဤ(နည်းစနစ်)ကို အလျှင်းကျင့်သုံးနိုင်မည်မဟုတ်ကြောင်းကို အရှင်မြတ်

مَّرْضٰى ۙ وَاٰخَرُوْنَ يَضْرِبُوْنَ فِى الْاَرْضِ
يَبْتَغُوْنَ مِنْ فَضْلِ اللّٰهِ ۙ وَاٰخَرُوْنَ
يُقَاتِلُوْنَ فِىْ سَبِيْلِ اللّٰهِ ۖ فَاقْرَءُوْا مَا تَيَسَّرَ
مِنْهُ ۙ وَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ
وَاَقْرِضُوا اللّٰهَ قَرْضًا حَسَنًا ۭ وَمَا تُقَدِّمُوْا
لِاَنْفُسِكُمْ مِّنْ خَيْرٍ تَجِدُوْهُ عِنْدَ اللّٰهِ هُوَ
خَيْرًا وَّاَعْظَمَ اَجْرًا ۭ وَاسْتَغْفِرُوا اللّٰهَ ۭ
اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ۝ ۲۰

သိတော်မူ၏။ သို့ဖြစ်ရာ အရှင်မြတ်သည် အသင်တို့အပေါ် ခွင့်လွှတ်ခြင်းနှင့်အတူ လှည့်တော်မူ၏။ သို့ဖြစ်၍ 'ကုရ်အာန်'မှ တတ်နိုင်သမျှ ဖတ်ရွတ်ပါလေ။ အသင်တို့အနက် ရောဂါသည်များ၊ ကမ္ဘာမြေတွင် အလ္လာဟ်၏ကျေးဇူးတော်ကို တောင့်တလျက် ခရီးသွားကြသူများ၊ ထို့ပြင် အလ္လာဟ်၏လမ်းတော်တွင် တိုက်ပွဲဝင်ကြသူများရှိကြမည်ကို အရှင်မြတ်သိရှိတော်မူ၏။ သို့ဖြစ်ရာ ယင်း(ကုရ်အာန်)မှ တတ်နိုင်သမျှဖတ်ရွတ်ပါလေ။ ထို့ပြင် 'ဆွလာတ်'ကိုဝတ်ပြုတည်ဆောက်ကြကုန်။ 'ဇကားတ်' ပေးဆောင်ကြကုန်။ ထို့ပြင် အလ္လာဟ်အား ကောင်းမြတ်သော ကြွေးမြီကိုပေးကြကုန်။ ထို့ပြင် ကောင်းမြတ်သောအရာများမှ မည်သည်ကိုပင် အသင်တို့သည် မိမိတို့အတွက် တင်ကြိုပို့ထားနှင့်ပါလျှင် ယင်းကို အလ္လာဟ်၏ထံတော်တွင် သာလွန်ကောင်းမြတ်၍ ဆုလာဘ်အနေဖြင့် အကြီးမြတ်ဆုံးရရှိပေလိမ့်မည်။ သို့ဖြစ်ရကား အလ္လာဟ်၏ထံတော်မှ ခွင့်လွှတ်ခြင်းကိုတောင်းခံပါလေ။ ဧကန်စင်စစ် အလ္လာဟ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်(နှင့်) အဖန်တလဲလဲ သနားကြင်နာတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။

❖ ❖ ❖

၇၄။ အလ်-မုဒ္ဒတ်ဆိရ်

ဤဆူရာဟ်သည် မက္ကာမြို့၏ခေတ်ဦးပိုင်းတွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်' အပါအဝင် 'အာယတ်' မုက္ခပါဒ်တော် (၅၇)ပိုဒ်ပါရှိသည်။

ယခင်ဆူရာဟ်တွင် တမန်တော်မြတ်ﷺအား **مُـزَّمِّل** 'မိမိကိုယ်မိမိ စောင်တစ်ထည်ဖြင့် ခိုင်မြဲစွာရစ်ပတ်ခြုံထားလိုက်သူ'ဟု သတ်မှတ်ခြင်းခံရသည့်အလား ဤဆူရာဟ်တွင်လည်း ဤသည့်အကြောင်းရပ်ပင် လာရှိထားသည်။ ထို့ပြင် 'နဗီ'တမန်တော်က ခိုင်မြဲစွာရစ်ပတ်ထားပြီး၊ သန့်ရှင်းစင်ကြယ်အောင်ပြုလျက်ရှိသော ထိုအဝတ်သည်ကား အဘယ်သို့သော အဝတ်အထည်ဖြစ်သည်ကို ရှင်းပြထားပေသည်။ ဤတွင် ရုပ်ပိုင်းဆိုင်ရာအဝတ်အထည်ကို ဆိုလိုခြင်းအလျှင်းမဟုတ်ဘဲ 'ဆွဟာဘာ'သာဝကတော်များအကြောင်းကို ဖော်ပြခြင်းသာဖြစ်သည်။ ထိုသာဝကများသည် တမန်တော်မြတ်ﷺ၏အနီးအပါးတွင် နေထိုင်ကြလျက် ကိုယ်တော်မြတ်ﷺ၏ **مُـطَهِّـر** (စင်ကြယ်အောင်ပြုပေးသူ)ဂုဏ်တော်နှင့် နီးစပ်ခွင့်ရခြင်းအားဖြင့် စဉ်ဆက်မပြတ် စင်ကြယ်သန့်ရှင်းအောင်ပြုပေးခြင်းခံကြရ၏။ ထို့ပြင် ၎င်းတို့သည် **رُجْز** (မစင်ကြယ်မှု)ကို စွန့်မြဲစွန့်လွှတ်လျက်ရှိကြပြီး၊ အမှန်ပင် ဤသည်ထက်အလျင်က ၎င်းတို့အနက်မှ အများစုအတွက် **رُجْز** (မစင်ကြယ်မှု)မှ ရှောင်ဖယ်ရန်ဖြစ်နိုင်ခြေမရှိခဲ့ကြပေ။

ထို့ပြင်တဝ **رُجْز** သည် မက္ကာမြို့မှ မူရ္ဒရိက်များကိုဆိုလိုခြင်းဖြစ်ပြီး၊ ထိုသူတို့မှ လုံးလုံးလျားလျားအဆက်အသွယ်ဖြတ်တောက်ရန် မိန့်တော်မူခြင်းလည်းဖြစ်နိုင်သည်။

ဤဆူရာဟ်တွင် အပြစ်ဒုစရိုက်သားတို့အား အပြစ်ပေးရာတွင် တစ်စုံတစ်ရာ နူးညံ့ပျော့ပျောင်းမှုကို ပြသမည်မဟုတ်သော ခက်ထန်သည့် ကောင်းကင်တမန်တစ်ဆယ့်ကိုးပါး အကြောင်းလာရှိထားပေသည်။ ဤတွင် တစ်ဆယ့်ကိုးခုသော အရေအတွက်မှာ လူသား၏ တချို့သော အစွမ်းသတ္တိများဘက်သို့ ညွှန်းဆိုထားခြင်းဖြစ်ပြီး၊ ယင်းကို မှားယွင်းစွာ အသုံးချခြင်း၏အကျိုးဆက်အားဖြင့် ထိုသူအား 'ဂျဟန္နမ်'ငရဲသို့ ကျရောက်သွားစေနိုင်သည်။ ဦးခေါင်းမှသည် ခြေဖျားအထိ အလ္လာဟ်အရှင်မြတ်ကလူသားအားချီးမြှင့်တော်မူထားသော အစိတ်အပိုင်းများကို ထိုက်တန်စွာ အသုံးပြုခြင်းဖြင့် လူသားသည် အပြစ်ဒုစရိုက်များနှင့် အမှားအယွင်းများမှ ကင်းလွတ်နိုင်မည်ဖြစ်သည်။ ယင်းအစိတ်အပိုင်းများ၏ အရေအတွက်မှာ တစ်ဆယ့်ကိုးခုမျှ ရှိပေသည်။ သို့ရာတွင် အရေအတွက်မည်မျှပင်ဖြစ်စေ၊ ဤဆူရာဟ်က ဖော်ပြနေသော အကြောင်းတစ်ရပ်မှာ အလ္လာဟ်အရှင်မြတ်၏ တပ်မဟာသည် မရေမတွက်နိုင်အောင် များပြားလှ၏။ သို့ဖြစ်ရာ တစ်ဆယ့်ကိုးဂဏန်းတွင်ရပ်လျက် ကောင်းကင်တမန်တစ်ဆယ့်ကိုးပါးသာရှိသည်ဟု မယူဆလေနှင့်၊ အလ္လာဟ်အရှင်မြတ်ထံမှ အပြစ်ဒဏ်ပေးရန် ခန့်အပ်ထားသော ကောင်းကင်တမန်များမှာ မရေမတွက်နိုင်အောင်ရှိပြီး၊ အခြေအနေအားလျော်စွာ လူသားအား အပြစ်ပေးစီရင်ရန် ခန့်အပ်ခြင်းခံကြရ၏။

ဤသည့်ဆူရာဟ်တွင် နေဝန်း၏နောက်တွင် ယင်းအားနောက်လိုက်ခြင်းပြုလျက် ထွက်ပြူလာမည့်လတစ်စင်း၏ ကြိုတင်နိမိတ်ကိုလည်း မိန့်ထားတော်မူပေသည်။ ဤသည်မှာလည်း အလွန်လျှင်အဓိပ္ပာယ်လေးနက်သော ဗျာဒိတ်စကားဖြစ်ပေသည်။ ဤသည့်အကြောင်းရပ်ကို ဆူရာဟ် 'အလ်-ရှမ်စ်'တွင်လည်း ဖော်ပြထားပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-မုဒ္ဒဿိရ်ဆိရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၅၆)ပိုဒ် ရှိကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲ သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

يٰٓاَيُّهَا الْمُدَّثِّرُ ②

၂။ အို- အဝတ်ခြုံထားသူ၊

قُمْ فَاَنْذِرْ ③

၃။ ထ၍ရပ်လော့၊ ထို့နောက် သတိပေးနှိုးဆော်လော့။

وَرَبَّكَ فَكَبِّرْ ④

၄။ ထို့ပြင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ကြီးကဲမြင့်မြတ်မှုကို ဖော်ကျူးလော့။

وَثِيَابَكَ فَطَهِّرْ ⑤

၅။ ထို့ပြင် အသင်၏အဝတ်များ (ဆိုလိုသည်မှာ နီးစပ်သော အပေါင်းအဖော်များ)နှင့်စပ်လျဉ်း၍မှာမူ အသင်သည် (၎င်းတို့အား) ကောင်းစွာသန့်စင်အောင်ပြုပါလေ။

وَالرُّجْزَ فَاهْجُرْ ⑥

၆။ ထို့ပြင် မစင်ကြယ်မှုနှင့်စပ်လျဉ်း၍မူ အသင်သည် ယင်းမှလုံးလုံးလျားလျား ဖယ်ခွာ၍နေပါလေ။

وَلَا تَمْنُنْ تَسْتَكْثِرُ ⑦

၇။ ထို့ပြင် ပိုမိုရယူလိုသောအားဖြင့် ကောင်းကျိုးဆောင်ခြင်းမပြုလင့်။

وَلِرَبِّكَ فَاصْبِرْ ⑧

၈။ ထို့ပြင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်အတွက် သာလျှင် သည်းခံပါလေ။

فَاِذَا نُقِرَ فِي النَّاقُوْرِ ⑨

၉။ သို့ဖြစ်ရာ တံပိုးခရာမှုတ်သောအခါ၊

فَذٰلِكَ يَوْمَئِذٍ يَّوْمٌ عَسِيْرٌ ⑩

၁၀။ ထိုနေ့သည် လွန်စွာ ပြင်းထန်သောနေ့ပင် ဖြစ်လိမ့်မည်။

عَلَى الْكٰفِرِيْنَ غَيْرُ يَسِيْرٍ ⑪

၁၁။ မယုံကြည်ငြင်းပယ်သူ'ကာဖိရ်'တို့အပေါ် သနားကြင်နာခြင်းရှိမည်မဟုတ်။

ذَرْنِيْ وَمَنْ خَلَقْتُ وَحِيْدًا ⑫

၁၂။ ငါအရှင်မြတ်ဖန်ဆင်းတော်မူသောသူအား ငါအရှင်မြတ်နှင့် တစ်ဦးချင်းလွှတ်ထားပါလေ။

وَّجَعَلْتُ لَهٗ مَالًا مَّمْدُوْدًا ⑬

၁၃။ ငါအရှင်မြတ်သည် သူ့အတွက် ပစ္စည်းဥစ္စာ အမြောက်အမြား ပြုပေးတော်မူခဲ့၏။

وَّبَنِيْنَ شُهُوْدًا ⑭

၁၄။ ထို့ပြင် မျက်စိရှေ့တွင်ရှိနေသည့် သားသမီးများ၊

وَّمَهَّدْتُّ لَهٗ تَمْهِيْدًا ⑮

၁၅။ ထို့ပြင် ငါအရှင်မြတ်သည် သူ့အတွက် (ကမ္ဘာမြေကို) အကောင်းဆုံးသော ပြုစုပျိုးထောင်ရာ ပြုလုပ်တော်မူခဲ့၏။

ثُمَّ يَطْمَعُ اَنْ اَزِيْدَ ⑯

၁၆။ သို့တိုင်အောင် သူသည် ငါအရှင်မြတ်က ပိုမို၍ ပေးတော်မူရန် လိုလားလောဘတက်၏။

كَلَّا ؕ اِنَّهٗ كَانَ لِاٰيٰتِنَا عَنِيْدًا ⑰

၁၇။ ထိုသို့ အလျှင်းမဟုတ်၊ ဧကန်စင်စစ် သူသည် ငါတို့၏

နိမိတ်လက္ခဏာတော်များ၏ရန်သူဖြစ်ခဲ့၏။

سَاُرْهِقُهٗ صَعُوْدًا ﴿۱۷﴾

၁၈။ ငါအရှင်မြတ်သည် အမှန်ပင် သူ့အပေါ် တိုးပွား၍ လာနေမည့် ဘေးဒုက္ခကို ဆောင်ကြဉ်းကျရောက်စေတော်မူမည်။

اِنَّهٗ فَكَّرَ وَقَدَّرَ ﴿۱۸﴾

၁၉။ ဧကန်စင်စစ် သူသည် သေချာစွာ စဉ်းစားသုံးသပ်၍ ခန့်မှန်းချက်တစ်ရပ်ကို ပြုလုပ်ခဲ့၏။

فَقُتِلَ كَيْفَ قَدَّرَ ﴿۱۹﴾

၂၀။ သို့ဖြစ်ရာ သူ့အပေါ် ပျက်စီးခြင်းဖြစ်စေသား၊ သူသည် အဘယ်ကဲ့သို့ ခန့်မှန်းတွက်ဆခဲ့ပေသနည်း။

ثُمَّ قُتِلَ كَيْفَ قَدَّرَ ﴿۲۰﴾

၂၁။ ထိုသူအပေါ် တစ်ဖန်ထပ်မံ၍ ပျက်စီးခြင်းဖြစ်စေသား၊ သူသည် အဘယ်ကဲ့သို့ ခန့်မှန်းတွက်ဆခဲ့ပေသနည်း။

ثُمَّ نَظَرَ ﴿۲۱﴾

၂၂။ ထို့နောက် သူသည် ကြည့်ရှုသုံးသပ်လေ၏။

ثُمَّ عَبَسَ وَبَسَرَ ﴿۲۲﴾

၂၃။ ထို့နောက် မျက်မှောင်ကြုတ်၍ နဖူးတွန့်လိုက်၏။

ثُمَّ اَدْبَرَ وَاسْتَكْبَرَ ﴿۲۳﴾

၂၄။ ထို့နောက် ကျောခိုင်းထွက်သွားကာ မာန်မာနထောင်လွှားခဲ့၏။

فَقَالَ اِنْ هٰذَآ اِلَّا سِحْرٌ يُّؤْثَرُ ﴿۲۴﴾

၂၅။ ထိုအခါ ပြောဆိုသည်မှာ ဤသည် ကျင့်သုံးလျက်ရှိသည့် မှော်အတတ်တစ်ခုမျှသာဖြစ်၏။

اِنْ هٰذَآ اِلَّا قَوْلُ الْبَشَرِ ﴿۲۵﴾

၂၆။ ဤသည် လူသား၏ စကားမှလွဲ၍ အခြားမဟုတ်ချေ။

سَاُصْلِيْهِ سَقَرَ ﴿۲۶﴾

၂၇။ ငါအရှင်မြတ်သည် အမှန်ပင် သူ့အား 'ဆကရ်'တွင် ထည့်သွင်းတော်မူမည်။

وَمَآ اَدْرٰىكَ مَا سَقَرُ ﴿۲۷﴾

၂၈။ 'ဆကရ်'သည် မည်သည်ဖြစ်သည်ကို အသင့်အား မည်သို့ ရှင်းပြရမည်နည်း။

لَا تُبْقِيْ وَلَا تَذَرُ ﴿۲۸﴾

၂၉။ ယင်းသည် မည်သည့်အရာကိုမျှ ခြွင်းချန်မထားချေ။ လုံးဝအလွတ်မပေးချေ။

لَوَّاحَةٌ لِّلْبَشَرِ ﴿۲۹﴾

၃၀။ မျက်နှာကို လောင်ကျွမ်းစေမည့်အရာဖြစ်၏။

عَلَيْهَا تِسْعَةَ عَشَرَ ﴿۳۰﴾

၃၁။ ယင်းအပေါ် (ကြီးကြပ်သူ) တစ်ဆယ့်ကိုးဦးရှိ၏။

وَمَا جَعَلْنَآ اَصْحٰبَ النَّارِ اِلَّا مَلٰٓئِكَةً ۙ وَّمَا جَعَلْنَا عِدَّتَهُمْ اِلَّا فِتْنَةً لِّلَّذِيْنَ كَفَرُوْا ۙ لِيَسْتَيْقِنَ الَّذِيْنَ اُوْتُوا الْكِتٰبَ وَيَزْدَادَ الَّذِيْنَ اٰمَنُوْٓا اِيْمَانًا وَّلَا يَرْتَابَ الَّذِيْنَ اُوْتُوا الْكِتٰبَ وَالْمُؤْمِنُوْنَ ۙ وَلِيَقُوْلَ الَّذِيْنَ فِيْ

၃၁။ ထို့ပြင် ငါတို့သည် ကောင်းကင်တမန်များမှလွဲ၍ အခြားမည်သူကိုမျှ 'ဂျဟန္နမ်'ငရဲ၏စောင့်ကြပ်သူအဖြစ် ပြုလုပ်ထားတော်မူသည်မဟုတ်ချေ။ ထို့ပြင် ငါတို့သည် မယုံကြည်ငြင်းပယ်သူတို့အား စမ်းသပ်စစ်ဆေးရန်မှအပ ယင်းတို့၏ အရေအတွက်ကို သတ်မှတ်ထားတော်မမူချေ။ ဤသို့ဖြင့် ကျမ်းစာပေးခြင်းခံခဲ့ကြရသောသူတို့ ယုံကြည်သက်ဝင်လာကြရန်နှင့် သက်ဝင်ယုံကြည်သူတို့သည် ယုံကြည်မှုခိုင်မာပွားကြစေရန်၊ ကျမ်းစာပေးခြင်းခံခဲ့ကြရသူတို့နှင့် သက်ဝင်ယုံကြည်သူတို့သည် မည်သည့်သံသယတွင်မျှ မရှိကြစေရန်ဖြစ်၏။ ထို့ပြင် ဤသို့ဖြင့် စိတ်နှလုံး

قُلُوْبِهِمْ مَّرَضٌ وَّالْكٰفِرُوْنَ مَاذَآ اَرَادَ
اللّٰهُ بِهٰذَا مَثَلًا ۭ كَذٰلِكَ يُضِلُّ اللّٰهُ مَنْ
يَّشَاۗءُ وَيَهْدِيْ مَنْ يَّشَاۗءُ ۭ وَمَا يَعْلَمُ جُنُوْدَ
رَبِّكَ اِلَّا هُوَ ۭ وَمَا هِيَ اِلَّا ذِكْرٰى
لِلْبَشَرِ ۝ ۧ

များတွင် ရောဂါရှိသူတို့နှင့် မယုံကြည်ခြင်းပယ်သူတို့က နောက်ဆုံးတွင် အလ္လာဟ်သည် ဤဥပမာအားဖြင့် မည်သည်ကို ရည်ရွယ်တော်မူပါသနည်းဟု ဆိုကြစေခြင်းငှာဖြစ်၏။ ဤကဲ့သို့ပင် အလ္လာဟ်သည် အလိုရှိတော်မူသောသူအား လမ်းလွဲစေတော်မူ၏၊ နှစ်လို့တော်မူသောသူအား လမ်းညွှန်တော်မူ၏။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ တပ်သားများကို အရှင်မြတ်မှလွဲ၍ မည်သူမျှမသိချေ။ ထို့ပြင် ဤသည် လူသားတို့အတွက် ကြီးကျယ်သော အဆုံးအမတစ်ရပ်မှတစ်ပါး အခြားမဟုတ်ချေ။

ရုကူး-၂

كَلَّا وَالْقَمَرِ ۝
وَالَّيْلِ اِذْ اَدْبَرَ ۝
وَالصُّبْحِ اِذَآ اَسْفَرَ ۝
اِنَّهَا لَاِحْدَى الْكُبَرِ ۝
نَذِيْرًا لِّلْبَشَرِ ۝
لِمَنْ شَاۗءَ مِنْكُمْ اَنْ يَّتَقَدَّمَ اَوْ يَتَاَخَّرَ ۝
كُلُّ نَفْسٍۢ بِمَا كَسَبَتْ رَهِيْنَةٌ ۝
اِلَّآ اَصْحٰبَ الْيَمِيْنِ ۝
فِيْ جَنّٰتٍ ۛ يَتَسَاۗءَلُوْنَ ۝
عَنِ الْمُجْرِمِيْنَ ۝
مَا سَلَكَكُمْ فِيْ سَقَرَ ۝
قَالُوْا لَمْ نَكُ مِنَ الْمُصَلِّيْنَ ۝
وَلَمْ نَكُ نُطْعِمُ الْمِسْكِيْنَ ۝
وَكُنَّا نَخُوْضُ مَعَ الْخَاۗىِٕضِيْنَ ۝

၃၁။ သတိပြုကြကုန်။ 'လ'ကို သက်သေထူတော်မူ၏။

၃၂။ ထို့ပြင် ညဉ့်ကိုလည်းကောင်း၊ ယင်းသည် ကျော်ခိုင်းခဲ့ပြီးဖြစ်သောအခါ။

၃၃။ ထို့ပြင် နံနက်ခိုနှက်ကိုလည်းကောင်း၊ ယင်းသည် လင်းဝင်းလာသောအခါ။

၃၆။ အမှန်ပင် ယင်းသည် ကြီးကျယ်သော အကြောင်းကိစ္စရပ်များအနက်မှ တစ်ခုဖြစ်၏။

၃၇။ လူသားကို သတိပေးနှိုးဆော်ရာဖြစ်၏။

၃၈။ သို့ဖြင့် အသင်တို့အနက် ရှေ့သို့တိုးလိုသူသည် တိုးနိုင်ပြီး၊ နောက်ချန်ကျန်ရစ်လိုသူသည် ကျန်ရစ်နိုင်၏။

၃၉။ အသက်ဝိညာဉ်တိုင်းသည် အကြင်ရှာဖွေဆည်းပူးရာများ၏ ချုပ်နှောင်ခံရသူဖြစ်၏။

၄၀။ လက်ယာဘက်တော်သားများမှတစ်ပါး၊

၄၁။ 'ဂျန္နတ်'ဥယျာဉ်တော်များတွင်ရှိကြမည့်သူတို့သည် တစ်ဦးနှင့်တစ်ဦး မေးမြန်းလျက်ရှိနေကြလိမ့်မည်။

၄၂။ အပြစ်ရှိသူများနှင့်စပ်လျဉ်း၍၊

၄၃။ အသင်တို့အား မည်သည့်အရာက 'ဂျဟန္နမ်'ငရဲသို့ ဝင်ရောက်စေပါသနည်း။

၄၄။ ယင်းတို့က ပြောကြမည်မှာ ကျွန်ုပ်တို့သည် 'ဆွလာတ်' ဝတ်ပြုသူတို့တွင် မပါဝင်ခဲ့ကြပါ။

၄၅။ ထို့ပြင် ကျွန်ုပ်တို့သည် သူဆင်းရဲများအား ကျွေးမွေးခြင်း မပြုခဲ့ကြပါ။

၄၆။ ထို့ပြင် ကျွန်ုပ်တို့သည် အချည်းနှီး အကြောင်းကိစ္စများကို ပြုလုပ်လျက်ရှိနေကြသူတို့နှင့်အတူ နစ်မွန်းလေ့ရှိခဲ့ကြပေသည်။

وَكُنَّا نُكَذِّبُ بِيَوْمِ الدِّيْنِ ۙ﴿۴۶﴾

၄၇။ ထို့ပြင် ကျွန်ုပ်တို့သည် ဆုလာဘ်နှင့် ပြစ်ဒဏ်၏ နေ့တော်ကြီးကို ငြင်းပယ်လျက်ရှိခဲ့ကြ၏။

حَتّٰٓى اَتٰىنَا الْيَقِيْنُ ۙ﴿۴۷﴾

၄၈။ နောက်ဆုံးတွင် သေခြင်းတရားသည် ကျွန်ုပ်တို့ထံ ရောက်ရှိလာခဲ့သည်။

فَمَا تَنْفَعُهُمْ شَفَاعَةُ الشّٰفِعِيْنَ ﴿۴۸﴾

၄၉။ သို့ဖြစ်ရာ ကြားဝင်လျှောက်လဲ အသနားခံပေးသူတို့၏ ကြားဝင်လျှောက်လဲခြင်းသည် ယင်းတို့အား မည်သို့မျှ အကျိုးပေးမည်မဟုတ်ခဲ့။

فَمَا لَهُمْ عَنِ التَّذْكِرَةِ مُعْرِضِيْنَ ۙ﴿۴۹﴾

၅၀။ သို့ဖြစ်ရကား အဆုံးအမရယူဖွယ် စကားများမှ ကျော ခိုင်းထွက်သွားကြသည်မှာ သူတို့ အဘယ်သို့ ဖြစ်သွားကြသနည်း။

كَاَنَّهُمْ حُمُرٌ مُّسْتَنْفِرَةٌ ۙ﴿۵۰﴾

၅၁။ သူတို့ကား ကြောက်လန့်နေသော မြည်းသတ္တဝါများသဖွယ်၊

فَرَّتْ مِنْ قَسْوَرَةٍ ؕ﴿۵۱﴾

၅၂။ ခြင်္သေ့အား (ကြောက်ရွံ့၍) ပြေးနေသည့်ပမာဖြစ်၏။

بَلْ يُرِيْدُ كُلُّ امْرِئٍ مِّنْهُمْ اَنْ يُّؤْتٰى صُحُفًا مُّنَشَّرَةً ۙ﴿۵۲﴾

၅၃။ သို့သော် သူတို့အနက် လူတိုင်းသည် အမြောက်အများ ဖြန့်ချိမှုပြုမည့်ကျမ်းများကို (မိမိတို့၏အယူဝါဒကို ဖြန့်ချိရန်အတွက်) ပေးကြ၏။ ★

كَلَّا ؕ بَلْ لَّا يَخَافُوْنَ الْاٰخِرَةَ ؕ﴿۵۳﴾

၅၄။ အလျှင်းမဖြစ်နိုင်ချေ။ သို့သော် ယင်းတို့သည် နောင်တမလွန်ကို မကြောက်ရွံ့ကြချေ။

كَلَّاۤ اِنَّهٗ تَذْكِرَةٌ ۚ﴿۵۴﴾

၅၅။ သတိပြုကြကုန်။ ဧကန်ပင် ဤသည် ကြီးမားသော ဆုံးမဩဝါဒတစ်ရပ်ဖြစ်၏။

فَمَنْ شَآءَ ذَكَرَهٗ ﴿۵۵﴾

၅၆။ သို့ဖြစ်ရာ အလိုရှိသူသည် ယင်းကိုမှတ်သားထားပါလေ။

وَمَا يَذْكُرُوْنَ اِلَّاۤ اَنْ يَّشَآءَ اللّٰهُ ؕ هُوَ اَهْلُ التَّقْوٰى وَاَهْلُ الْمَغْفِرَةِ ۧ﴿۵۶﴾

၅၇။ စင်စစ်တစ်မူကား အလ္လာဟ်အလိုတော်ရှိသည်မှတစ်ပါး ထိုသူတို့သည် အဆုံးအမကို ရယူကြလိမ့်မည်မဟုတ်ချေ၊ အရှင်မြတ်သည်သာလျှင် ကြောက်ရွံ့ရိုကျိုးထိုက်သောအရှင်၊ ခွင့်လွှတ်ချမ်းသာပေးရန် တတ်စွမ်းနိုင်တော်မူသောအရှင်ဖြစ်တော်မူသတည်း။

❖ ❖ ❖

★ ဤအကြောင်းအရာသည် အာယတ်တော် وَ اِذَا الصُّحُفُ نُشِرَتْ (၈၁း၁၀)နှင့် ဆက်နွယ်မှုရှိပေသည်။

၇၅။ အလ်-ကီယာမတ်

ဤဆူရာဟ်သည် မက္ကာမြို့၏ခေတ်ဦးပိုင်းတွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ်တော် (၄၁)ပိုဒ်ပါရှိသည်။

ပြီးခဲ့သောဆူရာဟ်တွင် 'ဂျဟန္နမ်'ငရဲသားများက ၎င်းတို့အား ငရဲ၏ပြစ်ဒဏ်ကို ရရှိကြခြင်းမှာ 'အာခေရတ်'နောင်တမလွန်ကို ငြင်းပယ်ခဲ့ကြသောကြောင့်ဖြစ်သည်ဟု ဝန်ခံခဲ့ကြကြောင်း ပါရှိလေသည်။ နောင်တမလွန်ကို ငြင်းပယ်ခြင်း၏ရလဒ်အားဖြင့် အတိုင်းမရှိသော အကုသိုလ်များကို ပေါက်ဖွားစေသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်း၌ ဆူပူသောင်းကျန်းမှုများဖြင့် ပြည့်နှက်သွားပေတော့သည်။ သို့ဖြစ်ရာ ဤဆူရာဟ်၏ ကနဦးအစမှာပင် 'ကေယာမတ်'(ရှင်ပြန်ထမြောက်ရမည့်)နေ့ကိုပင် သက်သေထူထားပြီး အဖန်တလဲလဲ မိမိကိုယ်မိမိ ပြစ်တင်ဝေဖန်သောစိတ်ဝိညာဉ်ကိုလည်း သက်သေထူထားလေသည်။ အကယ်၍သာ လူသားသည် ဤသည့် ပြစ်တင်ဝေဖန်ခြင်းမှ အကျိုးရယူခဲ့ပါလျှင် မြောက်မြားစွာသော အပြစ်အကုသိုလ်မျိုးစုံတို့မှ ကင်းလွတ်နိုင်ကြမည်ဖြစ်သည်။

'ကေယာမတ်'နှင့်စပ်လျဉ်း၍ ငြင်းပယ်သူတို့၏ ငြင်းပယ်ရခြင်းအကြောင်းရင်းကို ဤသို့ဖော်ပြထားတော်မူပေသည်။ ရုပ်ပိုင်းအရ မိမိတို့၏ကိုယ်ခန္ဓာအစိတ်အပိုင်းများအားလုံးသည် တစ်စစီဖြစ်သွားပြီးသော်မှ အလ္လာဟ်အရှင်မြတ်က ထိုအရာများကို အဘယ်ကဲ့သို့ တစ်စုတစ်စည်းတည်း ပြုလုပ်နိုင်ပါမည်နည်းဟု ၎င်းတို့က မှတ်ယူထားခဲ့ကြသည်။ ဤသည်မှာ သူတို့၏ အသိတရားနည်းပါးမှုသာဖြစ်သည်။ အကြောင်းမူ ကျမ်းမြတ်ကုရ်အာန်က ဤအကြောင်းကို မကြာခဏ အလွန်ရှင်းလင်းစွာဖော်ပြခဲ့ပြီးဖြစ်သည်မှာ အသင်တို့၏ အပေါ်ယံရုပ်ခန္ဓာကို စုစည်းမည်မဟုတ်မူဘဲ နာမ်ခန္ဓာကိုသာ ပေါင်းဖွဲ့စုစည်းစေတော်မူမည်ဖြစ်သည်။ သို့သော် ဆန့်ကျင်ရန်ပြုသူများက ခေတ်ကာလရှိတမန်တော် (အလင်းပြုပုဂ္ဂိုလ်)အား ပြက်ရယ်ပြုနိုင်ကြရန်နှင့် တမလွန်ကို ငြင်းပယ်ရာတွင် မိမိတို့စိတ်အထင်၌ ယုတ္တိရှိသော အကြောင်းပြချက်ကို တင်ပြနိုင်ရန်အတွက် မိမိတို့၏ အဆိုပါတစ်ယူသန်အစွဲပေါ်တွင် ရုပ်တည်လျက်ရှိခဲ့ကြသည်။

فَإِذَا بَرِقَ الْبَصَرُ وَخَسَفَ الْقَمَرُ وَجُمِعَ الشَّمْسُ وَالْقَمَرُ ဤမုက္ခပါဠ်တော်တွင်လာရှိသော အကြောင်းကိစ္စကို 'ကေယာမတ်'နှင့်တွဲစပ်ခြင်းမှာ တော်တည့်မှန်ကန်ခြင်းမရှိချေ။ ဤကိစ္စမှာ 'ကေယာမတ်' ဖြစ်ရပ်များမဟုတ်ဘဲ 'ကေယာမတ်'နှင့်နီးသော(ခေတ်ကာလများ၏) နိမိတ်ကြီးများမှဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် 'ကေယာမတ်'နေ့တွင် ဤသည့်စကြဝဠာစနစ်ကြီးတစ်ခုလုံးမှာ လုံးလုံးလျားလျား ပျက်စီးချုပ်ငြိမ်းခဲ့မည်ဖြစ်သောကြောင့်ပင်။ 'နေ'လည်းရှိတော့မည်မဟုတ်၊ 'လ'လည်းရှိတော့မည်မဟုတ်သကဲ့သို့ ယင်းတို့၏လှည့်ပတ်သွားလာမှုစနစ်များလည်း တည်ရှိတော့မည်မဟုတ်သည့်အပြင် ယင်းတို့ကို ရှုမျှော်ကြည့်ရှုမည့်သူများလည်း ရှိမည်မဟုတ်တော့ချေ။

فَإِذَا بَرِقَ الْبَصَرُ 'မျက်စိပြာဝေသွားသည့်အခါ'ဆိုသည်မှာ ထိုနေ့များတွင် ကမ္ဘာလောကတွင် ကြောက်မက်ဖွယ် 'အဇာဘ်'ပြစ်ဒဏ်ကျရောက်လာပေလိမ့်မည်ဟူ၍ဖြစ်သည်။

ရှေ့ဆက်ပြီး ထိုနေ့တွင်မဟုတ်မမှန်ဟု စွပ်စွဲသူအတွက် ပြေးစရာနေရာရှိလိမ့်မည်မဟုတ်ဟု မိန့်ထားတော်မူပေသည်။ သို့ဖြင့် နေ၊ လကြတ်ခြင်းစသည့် နိမိတ်လက္ခဏာများမှာ အလ္လာဟ်အရှင်မြတ်၏

موعود ကတိတော်လာရှိထားသော အကြင်ပုဂ္ဂိုလ်တစ်ဦး၏ မှန်ကန်ကြောင်း သက်သေပြဖို့ရာအတွက် ငြင်းပယ်သူတို့အပေါ် သက်သေပြချက် ပြည့်စုံစေခြင်းအလို့ငှာဖြစ်ကြောင်း သိသာထင်ရှားပေသည်။

'နေ'နှင့်'လ'ကြတ်ခြင်းသည် မည်သည့်အခါတွင်တစ်ပေါင်းတည်း ဖြစ်လိမ့်မည်နည်း။ ဤသည်၏ ရှင်းလင်းချက်ကို တမန်တော်မြတ် မိုဟာမ္မဒ်သခင်ﷺ မိန့်မှာထားချက်အရ သတ်မှတ်ထားသော (နေကြတ်ခြင်း၊ လကြတ်ခြင်းဖြစ်ရမည့်)နေ့များတွင် 'ရမ်ဇန်'ဟုအမည်ရသော လမြတ်တွင် လနှင့်နေတို့၏ လကြတ်ခြင်းနှင့် နေကြတ်ခြင်းတို့သည်ဖြစ်ပေါ်လိမ့်မည်။ ထို့ပြင် တမန်တော်မြတ်၏မိန့်မှာချက်နှင့်ကိုက်ညီစွာ ဤဖြစ်ရပ်မှာ တမန်တော်မြတ်၏'မဟ်ဒီ' မှန်ကန်မှုအတွက် နိမိတ်လက္ခဏာဖြစ်ပေသည်။ သို့ဖြစ်ရာ ဤသည့်ဖြစ်ရပ်ကြီးမှာ ထင်ရှားခဲ့ပြီးဖြစ်ပေသည်။ ဤသည့်အကြောင်းရပ်၏ အနာဂတ္တိဗျာဒိတ်တစ်ရပ်ကို တမန်တော်အီစာ؈ကလည်း မိန့်ထားခဲ့လေသည်။

ဤသည့်နောက်တွင် တမန်တော်မြတ်ﷺ၏ မိုဂျေဇနောက်တစ်ခုကို ဖော်ပြတော်မူသည်။ ဤမှ ကြီးကျယ်သော ကျမ်းမြတ်ကုရ်အာန်ကို နှစ်ဆယ့်သုံးနှစ်တာကာလအတွင်း ကျရောက်စေခဲ့သည်။ ထို့ပြင် ကျရောက်နေစဉ်ကာလတွင် ကိုယ်တော်မြတ်ﷺက ငါသည် ဤသည်ကို မမေ့မပျောက်ဘဲရှိစေရမည်ဟူ၍ သောကပွားလျက်ရှိပြီး၊ မိမိ၏နှုတ်ပါးစပ်ကို အလျင်အမြန် လှုပ်ရှားနေစေခဲ့သည်။ သို့သော် အလ္လာဟ်အရှင်မြတ်က ကိုယ်တော်မြတ်အား 'ငါအရှင်သည်ပင် ဤကုရ်အာန်ကို ပို့ချပေးတော်မူ၏၊ ထို့ပြင် **ငါတို့**ကပင် ယင်းကို စုစည်းရန် တန်ခိုးစွမ်းအားရှိတော်မူ၏'ဟူ၍ ယုံကြည်စေတော်မူလေသည်။ သို့ဖြစ်ရာ 'အွမ်မီ'တစ်ဦးပေါ်သို့ နှစ်ဆယ့်သုံးနှစ်တာကာလတစ်လျှောက် ပို့ချပေးခြင်းခံရသော 'ကုရ်အာန်'မှာ လုံခြုံစွာဖြင့် တစ်စုတစ်ပေါင်းတည်း စုစည်းပြီးရှိခဲ့လေသည်။ မဆီဟ်မော်အူးဒ်؈သခင်က ဤအချက်ကို ကြီးကျယ်ခမ်းနားလှသော 'မိုဂျေဇ'အံ့ဖွယ်နိမိတ်ကြီးတစ်ရပ်အဖြစ် သတ်မှတ်လေသည်။ ဤသည့် နှစ်ဆယ့်သုံးနှစ်တာကာလတွင် တမန်တော်မြတ်ﷺအား ရန်သူများက နည်းမျိုးစုံဖြင့် ရန်သတ္တုရုပြုကြပြီး ကိုယ်တော်မြတ်ﷺအား လုပ်ကြံဖို့ပင် ကြံစည်ကြိုးပမ်းခဲ့ကြသည်။ အကယ်၍ အနည်းငယ်မျှသာ ကျမ်းမြတ်ကုရ်အာန် ကျရောက်ပြီးနောက် ကိုယ်တော်မြတ်ﷺအား ရန်သူများက လုပ်ကြံသတ်ဖြတ်မှုတွင် အောင်မြင်သွားခဲ့ပါလျှင် (نعوذ بالله) ကျမ်းမြတ်ကုရ်အာန်၏ ပြီးပြည့်စုံသည့်ကျမ်းဟူသော ကြေညာချက်မှာ မပြည့်စုံရုံသာမက လုံးဝအဓိပ္ပာယ်မဲ့သွားမည်ဖြစ်ပေသည်။

ထိုသည့်နောက်တွင် လူသားဖန်ဆင်းခြင်းအဆင့်များကိုဖော်ပြပြီး ထို(လူသား)သည် ဆင့်ကဲတိုးတက်လျက်ရှိနေကြောင်း မိန့်တော်မူလေသည်။ သို့ဖြစ်ရာ ၎င်းသည် နောက်ဆုံးတွင် အလ္လာဟ်၏ရှေ့တော်သို့အသွင်းမခံရသည့်အပြင် မိမိတို့၏ကျင့်ကြံမှုများအတွက် စစ်ဆေးခြင်းခံရသူ မဖြစ်ဘဲရှိနိုင်ပါအံ့လော။

♦ ♦ ♦

ဆူရာဟ် အလ်-ကီယာမတ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၄၁)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

لَآ اُقْسِمُ بِيَوْمِ الْقِيٰمَةِ ②

၂။ သတိပြုကြကုန်၊ ငါအရှင်မြတ်သည် 'ကေယာမတ်'ရှင်ပြန်ထမြောက်ရမည့်နေ့တော်ကြီးကို သက်သေထူတော်မူ၏။

وَلَآ اُقْسِمُ بِالنَّفْسِ اللَّوَّامَةِ ③

၃။ ထို့ပြင် သတိပြုကြကုန်၊ ငါအရှင်မြတ်သည် (မိမိကိုယ်မိမိ) ပြင်းထန်စွာ ပြစ်တင်သော စိတ်ဝိညာဉ်ကိုလည်း သက်သေထူတော်မူ၏။

اَيَحْسَبُ الْاِنْسَانُ اَلَّنْ نَّجْمَعَ عِظَامَهٗ ④

၄။ အသို့နည်း၊ လူသားသည် သူ၏အရိုးများကို အလျင်းစုစည်းလိမ့်မည်မဟုတ်ဟု ထင်မြင်ယူဆလေသလော။

بَلٰى قٰدِرِيْنَ عَلٰٓى اَنْ نُّسَوِّيَ بَنَانَهٗ ⑤

၅။ အဘယ့်ကြောင့် မဟုတ်ရမည်နည်း၊ ငါတို့သည် သူ၏အရိုးအဆစ်တိုင်းကို အကောင်းပကတိပြုလုပ်ရန် အလွန်လျင်တန်ခိုးစွမ်းအားရှိတော်မူ၏။

بَلْ يُرِيْدُ الْاِنْسَانُ لِيَفْجُرَ اَمَامَهٗ ⑥

၆။ အမှန်သော်ကား လူသားသည် ယင်း၏ရှေ့တွင်(လည်း) အပြစ်ကျူးလွန်လျက်နေရန် လိုလားပေသည်။

يَسْـَٔلُ اَيَّانَ يَوْمُ الْقِيٰمَةِ ⑦

၇။ ထိုသူက 'ကေယာမတ်'နေ့တော်ကြီးသည် အဘယ်အခါဖြစ်လာမည်နည်းဟု မေးမြန်း၏။

فَاِذَا بَرِقَ الْبَصَرُ ⑧

၈။ အသင်(ဖြေကြားလိုက်ပါလေ)၊ မျက်စိပြာဝေသွားသည့်အခါ၊

وَخَسَفَ الْقَمَرُ ⑨

၉။ ထို့ပြင် လကြတ်သွားသောအခါ၊

وَجُمِعَ الشَّمْسُ وَالْقَمَرُ ⑩

၁၀။ ထို့ပြင် နေနှင့် လသည် စုစည်းခြင်းကို ခံရပေလိမ့်မည်။

يَقُوْلُ الْاِنْسَانُ يَوْمَئِذٍ اَيْنَ الْمَفَرُّ ⑪

၁၁။ ထိုနေ့၌ လူသားသည် ပြေးရန်လမ်း အဘယ်မှာရှိသနည်းဟု ပြောဆိုလိမ့်မည်။

كَلَّا لَا وَزَرَ ⑫

၁၂။ သတိပြုကြကုန်၊ ခိုလှုံရာဟူ၍ အလျင်းရှိမည်မဟုတ်။

اِلٰى رَبِّكَ يَوْمَئِذِ ِالْمُسْتَقَرُّ ⑬

၁၃။ ထိုနေ့တော်ကြီးတွင် အသင့်အား ဖန်ဆင်းမွေးမြူရှင်ထံတော်၌သာလျှင် ခိုလှုံရာနေရာရှိပေလိမ့်မည်။

يُنَبَّؤُا الْاِنْسَانُ يَوْمَئِذٍ بِمَا قَدَّمَ وَاَخَّرَ ⑭

၁၄။ ထိုနေ့တော်ကြီးတွင် လူသားသည် ရှေ့သို့မိမိပို့ထားသည်ကိုလည်းကောင်း၊ နောက်တွင်ချန်ထားခဲ့သည်ကိုလည်းကောင်း အသိပေးခြင်းခံရပေလိမ့်မည်။

بَلِ الْاِنْسَانُ عَلٰى نَفْسِهٖ بَصِيْرَةٌ ⑮

၁၅။ အမှန်သော်ကား လူသားသည် မိမိ၏အတွင်းစိတ်ကို

အလွန်သိမြင်သူဖြစ်၏။

وَلَوْ اَلْقٰى مَعَاذِيْرَهٗ ﴿۱۵﴾

၁၆။ အကယ်၍ သူသည် မိမိ၏ကြီးမားသော အကြောင်းပြချက်များကို တင်ပြသော်ငြားလည်း၊

لَا تُحَرِّكْ بِهٖ لِسَانَكَ لِتَعْجَلَ بِهٖ ﴿۱۶﴾

၁၇။ အသင်သည် ယင်းကိုဖတ်ရွတ်သောအခါ အလျင်အမြန်ကျက်မှတ်ရန်အတွက် မိမိ၏လျှာကို အလျင်စလိုမလှုပ်ရှားလင့်။

اِنَّ عَلَيْنَا جَمْعَهٗ وَقُرْاٰنَهٗ ﴿۱۷﴾

၁၈။ အမှန်စင်စစ် ယင်းအားစုစည်းရန်နှင့် ယင်းအား ဖတ်ရွတ်စေရန်မှာ ငါတို့၏တာဝန်ဖြစ်၏။

فَاِذَا قَرَاْنٰهُ فَاتَّبِعْ قُرْاٰنَهٗ ﴿۱۸﴾

၁၉။ ထို့ကြောင့် ယင်းကို ငါတို့ဖတ်ရွတ်ပြီးသောအခါ အသင်သည် ထိုအတိုင်းလိုက်၍ရွတ်ဖတ်ပါလေ။

ثُمَّ اِنَّ عَلَيْنَا بَيَانَهٗ ﴿۱۹﴾

၂၀။ ထို့နောက် မုချမလွဲ ယင်းကိုရှင်းလင်းဖော်ပြရန်မှာ ငါတို့၏တာဝန်သာဖြစ်၏။

كَلَّا بَلْ تُحِبُّوْنَ الْعَاجِلَةَ ﴿۲۰﴾

၂၁။ သတိပြုလော့၊ စင်စစ် အသင်တို့သည် ဤလောကီဘဝကိုသာ နှစ်သက်မက်မောကြ၏။ ★

وَتَذَرُوْنَ الْاٰخِرَةَ ﴿۲۱﴾

၂၂။ နောင်တမလွန်ကို ဂရုမမူဥပေက္ခာပြုထားကြ၏။

وُجُوْهٌ يَّوْمَئِذٍ نَّاضِرَةٌ ﴿۲۲﴾

၂၃။ ထိုနေ့တော်ကြီးတွင် အချို့သော မျက်နှာများသည် ရွှင်လန်းလျက်ရှိကြလိမ့်မည်။

اِلٰى رَبِّهَا نَاظِرَةٌ ﴿۲۳﴾

၂၄။ မိမိတို့၏ ဖန်ဆင်းရှင်ဘက်တော်သို့ ဖူးမြော်ကြည့်ရှုလျက်၊

وَوُجُوْهٌ يَّوْمَئِذٍ بَاسِرَةٌ ﴿۲۴﴾

၂၅။ ထိုစဉ် အချို့သော မျက်နှာများမှာ လွန်စွာညှိုးနွမ်းပျက်ယွင်းလျက်ရှိပေလိမ့်မည်။

تَظُنُّ اَنْ يُّفْعَلَ بِهَا فَاقِرَةٌ ﴿۲۵﴾

၂၆။ သူတို့အား ခါးကျိုးစေမည့် ဆက်ဆံမှုမျိုးပြုလုပ်မည်ကို သူတို့ယုံကြည်သွားကြပေလိမ့်မည်။

كَلَّاۤ اِذَا بَلَغَتِ التَّرَاقِيَ ﴿۲۶﴾

၂၇။ သတိပြုကြကုန်၊ အသက်ဝိညာဉ်သည် ညှပ်ရိုးများသို့တိုင်ရောက်ရှိသွားသောအခါ၊

وَقِيْلَ مَنْ ۜ رَاقٍ ﴿۲۷﴾

၂၈။ မန်းမှုတ်မည့်သူ မည်သူနည်းဟုပြောခြင်းခံရလိမ့်မည်။

وَّظَنَّ اَنَّهُ الْفِرَاقُ ﴿۲۸﴾

၂၉။ ထိုအခါ သူသည် ယခုခွဲခွာရမည့် (အချိန်)ဖြစ်၏ဟု ခန့်မှန်းမိလိမ့်မည်။

وَالْتَفَّتِ السَّاقُ بِالسَّاقِ ﴿۲۹﴾

၃၀။ ထို့ပြင် ခြေသလုံးသည် ခြေသလုံးနှင့် ပွတ်တိုက်နေလိမ့်မည်။

اِلٰى رَبِّكَ يَوْمَئِذِ ِۨالْمَسَاقُ ﴿۳۰﴾ ع

၃၁။ ထိုနေ့တော်ကြီးတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်သို့သာ မောင်းနှင်ခြင်းခံရလိမ့်မည်။

ရှုကူး-၂

فَلَا صَدَّقَ وَلَا صَلّٰى ﴿۳۱﴾

၃၂။ အကြောင်းမူ သူသည် မှန်ကန်ကြောင်း ထောက်ခံခြင်း

★ **اَلْعَاجِلَةَ**: 'အလ်အာဂျိလာဟ်'ဆိုသည်မှာ- 'ဒွန္နယာ'လောက။ (အလ်မွန်ဂျိဒ်အဘိဓာန်)

ကိုလည်းမပြု၊ 'ဆွလာတ်'ဝတ်ပြုခြင်းလည်းမပြုခဲ့ချေ။

وَلٰكِنْ كَذَّبَ وَتَوَلّٰى ﴿٣١﴾

၃၃။ အမှန်သော်ကား မဟုတ်မမှန်ဟုစွပ်စွဲငြင်းပယ်၍ မျက်နှာလွှဲခဲ့ပေသည်။

ثُمَّ ذَهَبَ اِلٰٓى اَهْلِهٖ يَتَمَطّٰى ﴿٣٣﴾

၃၄။ ထို့နောက် မိမိအိမ်သူအိမ်သားများထံသို့ မောက်မာလျက်ထွက်သွားခဲ့လေသည်။

اَوْلٰى لَكَ فَاَوْلٰى ﴿٣٤﴾

၃၅။ အသင့်အပေါ် ပျက်စီးခြင်းဖြစ်စေသား၊ ထို့နောက် တစ်ဖန် ပျက်စီးခြင်းဖြစ်စေသား။

ثُمَّ اَوْلٰى لَكَ فَاَوْلٰى ﴿٣٥﴾

၃၆။ အသင့်အပေါ် တစ်ဖန် ပျက်စီးခြင်းဖြစ်စေသား၊ တစ်ဖန် ပျက်စီးခြင်းဖြစ်စေသား။

اَيَحْسَبُ الْاِنْسَانُ اَنْ يُّتْرَكَ سُدًى ﴿٣٦﴾

၃၇။ အသို့နည်း၊ လူသားသည် မိမိမှာ အထိန်းအကွပ်မရှိလွတ်ထားခြင်းခံရမည်ဟု ထင်မှတ်နေသလော။

اَلَمْ يَكُ نُطْفَةً مِّنْ مَّنِيٍّ يُّمْنٰى ﴿٣٧﴾

၃၈။ အသို့နည်း၊ စင်စစ် သူသည် ထည့်သွင်းခြင်းခံရသောကလလရည်ကြည်တစ်စက်မျှသာ မဟုတ်ပေသလော။

ثُمَّ كَانَ عَلَقَةً فَخَلَقَ فَسَوّٰى ﴿٣٨﴾

၃၉။ ထိုအခါ သူသည် သွေးခဲတစ်ခဲဖြစ်လာ၏။ အရှင်မြတ်သည် သူ့အား ဖန်ဆင်းတော်မူ၏။ ထို့နောက် သူ့အား ဟန်ချက်ညီမှုကို (ပြု)ပေးသနားတော်မူ၏။

فَجَعَلَ مِنْهُ الزَّوْجَيْنِ الذَّكَرَ وَالْاُنْثٰى ﴿٣٩﴾

၄၀။ ထို့နောက် ယင်းမှ အဖိုအမစုံတွဲ နှစ်ခုကိုပြုလုပ်တော်မူခဲ့၏။

اَلَيْسَ ذٰلِكَ بِقٰدِرٍ عَلٰٓى اَنْ يُّحْيِۦَ الْمَوْتٰى ﴿٤٠﴾

၄၁။ အသို့နည်း၊ ထိုအရှင်မြတ်သည် သေသူတို့အား အသက်ရှင်အောင်ပြုလုပ်ရန် စွမ်းအားမရှိပေသလော။

❖ ❖ ❖

၇၆။ အလ်-ဒဟရ်

ဤဆူရာဟ်သည် မက္ကာမြို့ ခေတ်ဦးပိုင်းတွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်' အပါအဝင် 'အာယတ်' မုက္ခပါဠ်တော် (၃၂)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၌ လူသားအား သူ၏မူလအစဘက်သို့ သတိပေးအာရုံပြုစေကာ သူတို့သည် ဤသို့သော ခေတ်ကြီးတစ်ခေတ်ကို ဖြတ်ကျော်ခဲ့ရပြီး ထိုစဉ်က သူတို့သည် တစ်စုံတစ်ရာပြောပလောက်သည့် အရာဝတ္ထုမျှပင် မဟုတ်ခဲ့ချေဟု မိန့်ထားလေသည်။ အမှန်သော်ကား လူသားသည် ရုပ်ခန္ဓာဖြင့် ရုပ်လုံးပေါ်လာသောအခါတွင် ဖန်ဆင်းခံအားလုံးတို့အနက် ပိုမို၍ အလေးထားခံထိုက်သူတို့မှာ ၎င်းတို့ပင်ဖြစ်ခဲ့သည်။ သို့ကြောင့် ဤနေရာတွင် လူသား၏ မူလအခြေအနေများအကြောင်းကို ဖော်ပြထားခြင်းဖြစ်ပြီး၊ လူသားသည် အဦးအစနှင့် ဆင့်ကဲတိုးတက်မှုဖြစ်စဉ်များကို ဖြတ်သန်းခဲ့ရပြီး ထိုစဉ်အခါက သူသည် ပြောစမှတ်ပြုထိုက်သော အခြေအနေ၌ပင် အလျှင်းမရှိခဲ့ချေ။ ဤသည် ၄င်းမျှား၌ပင် အော်မြည်နိုင်သည့် အစွမ်းသတ္တိမရရှိခဲ့သေးသော လုံးဝဆိတ်ငြိမ်မှုတစ်ခုက ကမ္ဘာမြေကြီးကို လွှမ်းမိုးထားသည့် အချိန်ကာလ ဖြစ်ဟန်တူသည်။ ဤသည့် (အခြေအနေ)ဖြင့် လူသားအား ဖန်ဆင်းတော်မူပြီး တစ်ဖန် သူသည် **سميعاً بصيراً** ကြားရသူအဖြစ်လည်းကောင်း၊ မြင်ရသူအဖြစ်လည်းကောင်း ပြုပေးတော်မူခြင်းခံရလေသည်။ သို့ကြောင့် မြေကြီး(လူသား)ကို ကြားနာနိုင်၊ ကြည့်မြင်နိုင်စွမ်းများ ချီးမြှင့်တော်မူသော အလ္လာဟ်သည် ယင်း(လူသား)အား ပြန်လည်ဖန်ဆင်း၍ သူ၏အကြားအမြင်များနှင့် စပ်လျဉ်း၍ စာရင်းစစ်ဆေးတော်မူရန်လည်း တန်ခိုးစွမ်းအားရှိတော်မူပေသည်။

ထိုသည့်နောက်တွင် 'ဂျန္နတ်'(ဥယျာဉ်တော်)သားတို့၏ ဝိသေသထူးသောဂုဏ်ပုဒ်များအကြောင်းလာရှိထားသည်မှာ သူတို့သည် တစ်ဦးတစ်ယောက်အား ကောင်းကျိုးပြုသည်မှာ ယင်း၏ အတုံ့အလှည့်အားဖြင့် မိမိတို့၏ဥစ္စာပစ္စည်းများတိုးပွားရန်အလို့ငှာမဟုတ်ချေ။ ထိုသူတို့သည် တစ်ဦးတစ်ယောက်အား ကောင်းမွန်စွာဆက်ဆံကြသောအခါ ကျွန်ုပ်တို့မှာကား အလ္လာဟ်၏ကျေနပ်နှစ်မြို့မှုအလို့ငှာ ဤသည်ကို ပြုကြခြင်းဖြစ်သည်။ ဤသည်၏ အတုံ့အလှည့်အဖြစ် ကျွန်ုပ်တို့သည် အသင်တို့ထံမှ မည်သည့်အကျိုးကျေးဇူးကိုမျှ အလျှင်း မမျှော်လင့်ကြချေဟူ၍ ဆိုကြကုန်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဒဟရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၃၂)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

هَلْ اَتٰى عَلَى الْاِنْسَانِ حِيْنٌ مِّنَ الدَّهْرِ لَمْ يَكُنْ شَيْـًٔا مَّذْكُوْرًا ①

၂။ အသို့နည်း၊ ခေတ်ကာလများအနက် လူသားသည် မည်သို့မျှဖော်ပြခြင်းမခံထိုက်သောအရာဖြစ်ခဲ့သည့် အချိန်တစ်ချိန်သည် ဆိုက်ရောက်ခဲ့သည်မဟုတ်လော။

اِنَّا خَلَقْنَا الْاِنْسَانَ مِنْ نُّطْفَةٍ اَمْشَاجٍ ۖ نَّبْتَلِيْهِ فَجَعَلْنٰهُ سَمِيْعًا بَصِيْرًا ①

၃။ အမှန်စင်စစ် ငါတို့သည် လူသားကို ပေါင်းစပ်ထားသော ကလလရည်ကြည်တစ်စက်မှ ဖန်ဆင်းတော်မူခဲ့၏။ ယင်းအား ငါတို့သည် အမျိုးမျိုးသော ပုံစံများချတော်မူ၍ တစ်ဖန် ငါတို့သည် သူ့အား ကြားရသူနှင့် မြင်ရသူပြုလုပ်လိုက်တော်မူ၏။

اِنَّا هَدَيْنٰهُ السَّبِيْلَ اِمَّا شَاكِرًا وَّ اِمَّا كَفُوْرًا ①

၄။ (ယင်းသည်) ကျေးဇူးသိတတ်လျက်ဖြစ်စေ၊ ကျေးဇူးကန်းလျက် (လျှောက်လှမ်းသည်)ဖြစ်စေ၊ အမှန်ပင် ငါတို့သည် သူ့အား ဖြောင့်မှန်သောလမ်းဘက်သို့ လမ်းညွှန်တော်မူခဲ့၏၊

اِنَّـآ اَعْتَدْنَا لِلْكٰفِرِيْنَ سَلٰسِلَا۠ وَاَغْلٰلًا وَّسَعِيْرًا ①

၅။ ဧကန်စင်စစ် ငါတို့သည် မယုံကြည်ငြင်းပယ်သူများအတွက် အမျိုးစုံသော သံကြိုးများ၊ လည်ပတ်ကြိုးနှင့် တောက်လောင်လျက်ရှိသော မီးတို့ကို အသင့်စီမံထားတော်မူ၏။

اِنَّ الْاَبْرَارَ يَشْرَبُوْنَ مِنْ كَاْسٍ كَانَ مِزَاجُهَا كَافُوْرًا ⑥

၆။ မလွဲကေန် သူတော်ကောင်းတို့သည် အကြင်သို့သော ခွက်များမှ သောက်သုံးကြရပေမည်၊ ယင်းသည် ပရုပ်၏ဂုဏ်သတ္တိရှိလိမ့်မည်။

عَيْنًا يَّشْرَبُ بِهَا عِبَادُ اللّٰهِ يُفَجِّرُوْنَهَا تَفْجِيْرًا ⑦

၇။ အလ္လာဟ်၏အစေတော်များသည် အကြင်သို့သော စမ်းတစ်ခုမှ သောက်သုံးကြရမည်၊ ယင်းအား သူတို့သည် တူးယက်၍ ကျယ်ဝန်းအောင် ပြုနေကြပေလိမ့်မည်။

يُوْفُوْنَ بِالنَّذْرِ وَيَخَافُوْنَ يَوْمًا كَانَ شَرُّهٗ مُسْتَطِيْرًا ⑧

၈။ သူတို့သည် (မိမိတို့၏)ရည်စူးချက်ကို ဖြည့်ဆည်းကြ၏၊ ထို့ပြင် မကောင်းမှုပြန့်ပွားသွားမည့် နေ့တော်ကြီးကို ကြောက်ရွံ့ကြ၏။

وَيُطْعِمُوْنَ الطَّعَامَ عَلٰى حُبِّهٖ مِسْكِيْنًا وَّيَتِيْمًا وَّاَسِيْرًا ⑧

၉။ ထို့ပြင် သူတို့သည် အစားအစာကို သူတို့၏ ခုံမင်နှစ်သက်ရာဖြစ်ပါလျက်နှင့်ပင် သူဆင်းရဲများ၊ မိဘမဲ့များနှင့် အကျဉ်းကျနေသူများကို ပေးကျွေးကြ၏။

اِنَّمَا نُطْعِمُكُمْ لِوَجْهِ اللّٰهِ لَا نُرِيْدُ مِنْكُمْ جَزَآءً وَّلَا شُكُوْرًا ⑨

၁၀။ ကျွန်ုပ်တို့သည် အသင်တို့အား အလ္လာဟ်၏နှစ်သက်ကျေနပ်မှုကို ရည်မျှော်လျက်သာ ကျွေးမွေးကြပါ၏၊ ကျွန်ုပ်တို့သည် အသင်တို့ထံမှ တစ်စုံတစ်ရာ တုံ့ပြန်ခြင်းကိုသော်လည်းကောင်း၊ တစ်စုံတစ်ရာ ကျေးဇူးတင်ခြင်းကိုသော်လည်းကောင်း

အလျှင်းလိုလားကြသည် မဟုတ်ချေ။

اِنَّا نَخَافُ مِنْ رَّبِّنَا يَوْمًا عَبُوْسًا قَمْطَرِيْرًا ⑩

၁၀။ အမှန်ပင် ကျွန်ုပ်တို့သည် မိမိတို့၏ ဖန်ဆင်းရှင်ထံတော်မှ (ရောက်ရှိလာမည့်) မျက်မှောင်ကြုတ်လျက် လွန်စွာပြင်းထန်သော နေ့ကို ကြောက်ရွံ့ကြပါ၏။

فَوَقٰىهُمُ اللّٰهُ شَرَّ ذٰلِكَ الْيَوْمِ وَلَقّٰىهُمْ نَضْرَةً وَّسُرُوْرًا ⑪

၁၁။ သို့ဖြစ်ရာ အလ္လာဟ်သည် သူတို့အား ထိုနေ့၏ပြဿနာများမှ ကယ်တင်တော်မူ၏၊ ထို့ပြင် သူတို့အား လန်းဆန်းမှုနှင့် ပျော်ရွှင်မှုကို ပေးသနားတော်မူခဲ့၏။

وَجَزٰىهُمْ بِمَا صَبَرُوْا جَنَّةً وَّحَرِيْرًا ⑫

၁၂။ ထို့ပြင် ထိုအရှင်မြတ်သည် သူတို့အား သူတို့၏ သည်းခံစောင့်စည်းမှုကြောင့် 'ဂျန္နတ်'ဥယျာဉ်တော်တစ်ခုနှင့် တစ်မျိုးသောပိုးထည်ကိုအစားပေးတော်မူ၏။

مُّتَّكِـِٕيْنَ فِيْهَا عَلَى الْاَرَآئِكِ ۚ لَا يَرَوْنَ فِيْهَا شَمْسًا وَّلَا زَمْهَرِيْرًا ⑬

၁၃။ သူတို့သည် ထို(ဂျန္နတ်)၌ ပလ္လင်များထက်ဝယ် မှီအုံးများမှီလျက် ထိုင်နေကြပေလိမ့်မည်၊ ထို(ဂျန္နတ်)၌ သူတို့သည် ပြင်းထန်သောနေပူရှိန်ကိုလည်းကောင်း၊ ပြင်းထန်သောချမ်းအေးမှုကိုလည်းကောင်း တွေ့ရလိမ့်မည်မဟုတ်ချေ။

وَدَانِيَةً عَلَيْهِمْ ظِلٰلُهَا وَذُلِّلَتْ قُطُوْفُهَا تَذْلِيْلًا ⑭

၁၄။ ထို့ပြင် ယင်း၏အရိပ်အာဝါသသည် သူတို့အပေါ် ညွတ်လျက်ရှိမည်၊ ထို့ပြင် ယင်း၏အသီးများကို အပြည့်အဝ ညွတ်ကိုင်း၍ ထားရှိပေလိမ့်မည်။

وَيُطَافُ عَلَيْهِمْ بِاٰنِيَةٍ مِّنْ فِضَّةٍ وَّاَكْوَابٍ كَانَتْ قَوَارِيْرَا ⑮

၁၅။ ထို့ပြင် သူတို့အား ငွေခွက်များနှင့် ဖန်ဖြင့်ပြုလုပ်ထားသော ခွက်များသည် လှည့်ပတ်နေပေလိမ့်မည်။

قَوَارِيْرَا مِنْ فِضَّةٍ قَدَّرُوْهَا تَقْدِيْرًا ⑯

၁၆။ ဖန်ထည်တမျှကြည်လင်သော ငွေဖလားများ၊ သူတို့သည် ယင်းတို့အား အလွန်ကျွမ်းကျင်စွာဖြင့် စီမံထားကြပေလိမ့်မည်။

وَيُسْقَوْنَ فِيْهَا كَاْسًا كَانَ مِزَاجُهَا زَنْجَبِيْلًا ⑰

၁၇။ ထို့ပြင် သူတို့သည် ယင်း၌ ချင်း(ဂျင်း)ရောစပ်ထားသော ဖျော်ရည်ခွက်များမှ တိုက်ကျွေးခြင်းခံရပေလိမ့်မည်။

عَيْنًا فِيْهَا تُسَمّٰى سَلْسَبِيْلًا ⑱

၁၈။ ယင်း၌ 'စလ်စဗီလ်'ဟုခေါ်တွင်မည့် အံ့ဖွယ်ရာ စမ်းချောင်းတစ်ခုရှိမည်။

وَيَطُوْفُ عَلَيْهِمْ وِلْدَانٌ مُّخَلَّدُوْنَ ۚ اِذَا رَاَيْتَهُمْ حَسِبْتَهُمْ لُؤْلُؤًا مَّنْثُوْرًا ⑲

၁၉။ ထို့ပြင် သူတို့(အားပြုစုရန်)အတွက် အစဉ်အမြဲပေးထားသော ကလေးများသည် လှည့်ပတ်နေကြလိမ့်မည်၊ အသင်သည် ၎င်းတို့အား မြင်တွေ့သောအခါ ၎င်းတို့အား ကြဲဖြန့်ထားသော ပုလဲများဟု ထင်မှတ်ပေလိမ့်မည်။

وَ اِذَا رَاَيْتَ ثَمَّ رَاَيْتَ نَعِيْمًا وَّ مُلْكًا كَبِيْرًا ⑳

၂၀။ ထို့ပြင် အသင်သည် ရှုမြင်သုံးသပ်ပါလျှင် ထိုနေရာ၌ ကြီးကျယ်သော 'နေ့အ်မတ်' ကောင်းချီးဆုလာဘ်တစ်ရပ်နှင့် အလွန်ကြီးမားသော နိုင်ငံတစ်ခုကို မြင်တွေ့ရပေလိမ့်မည်။

عٰلِيَهُمْ ثِيَابُ سُنْدُسٍ خُضْرٌ وَّ اِسْتَبْرَقٌ ۫ وَّحُلُّوْۤا اَسَاوِرَ مِنْ فِضَّةٍ ۚ وَسَقٰىهُمْ رَبُّهُمْ شَرَابًا طَهُوْرًا ﴿۲۱﴾

၂၁။ ထိုသူတို့အပေါ်၌ ပါးလွှာသော အစိမ်းရောင်ပိုးထည်သည်လည်းကောင်း၊ ထူထဲသောပိုးထည်သည်လည်းကောင်း ရှိလိမ့်မည်၊ ထို့ပြင် သူတို့သည် ငွေလက်ကောက်များကို ဆင်ယင်ပေးထားခြင်းခံရလိမ့်မည်၊ ထို့ပြင် သူတို့၏ ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် သူတို့အား သန့်စင်သော အဖျော်ယမကာကို တိုက်ကျွေးတော်မူလိမ့်မည်။

اِنَّ هٰذَا كَانَ لَكُمْ جَزَآءً وَّكَانَ سَعْيُكُمْ مَّشْكُوْرًا ﴿۲۲﴾

၂၂။ ဧကန်စင်စစ် ဤသည် အသင်တို့အတွက် အစားပေးခြင်းသဖွယ်ဖြစ်ပေလိမ့်မည်၊ ထို့ပြင် အသင်တို့၏ကြိုးပမ်းမှု အကျိုးကျေးဇူးသည် အသိအမှတ်ပြုခံရဖွယ်ရာ ဖြစ်ပေလိမ့်မည်။

ရုကူး-၂

اِنَّا نَحْنُ نَزَّلْنَا عَلَيْكَ الْقُرْاٰنَ تَنْزِيْلًا ﴿۲۳﴾

၂၃။ ဧကန်မလွဲ ငါတို့သည် အသင့်အား 'ကုရ်အာန်'ကို ဂုဏ်ရှိန်ပြည့်ဝစွာဖြင့် တဖြည်းဖြည်း အဆင့်ဆင့်ပို့ချတော်မူ၏။

فَاصْبِرْ لِحُكْمِ رَبِّكَ وَلَا تُطِعْ مِنْهُمْ اٰثِمًا اَوْ كَفُوْرًا ﴿۲۴﴾

၂၄။ သို့ဖြစ်ရာ မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ အမိန့်တော်(ကို လိုက်နာကျင့်သုံးရန်)အတွက် ခိုင်မြဲစွာရပ်တည်ပါလေ။ ထို့ပြင် ယင်းတို့အနက် အပြစ်ကျူးလွန်သူ၊ အလွန်ကျေးဇူးကန်းသူ တစ်စုံတစ်ဦးကိုမျှ မလိုက်နာလင့်။

وَاذْكُرِ اسْمَ رَبِّكَ بُكْرَةً وَّاَصِيْلًا ﴿۲۵﴾

၂၅။ ထို့ပြင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ နာမတော်ကို နံနက်အချိန်၌လည်းကောင်း၊ ညနေအချိန်၌လည်းကောင်း 'ဇိကီရ်'တသခြင်းပြုပါလေ။

وَمِنَ الَّيْلِ فَاسْجُدْ لَهٗ وَسَبِّحْهُ لَيْلًا طَوِيْلًا ﴿۲۶﴾

၂၆။ ထို့ပြင် ညဉ့်၏အချိန်ပိုင်းတစ်ခုတွင် အရှင်မြတ်၏ ရှေ့တော်ဝယ် 'စဂ်ဒါဟ်' ပျဉ်ဝပ်ဦးချလျက်နေပါလေ၊ ထို့ပြင် ညဉ့်၏အချိန်တိုင်း၌ အရှင်မြတ်သန့်ရှင်းစင်ကြယ်ကြောင်းကို 'တာစ်ဘီ'ပြု တသ၍နေပါလေ။

اِنَّ هٰٓؤُلَآءِ يُحِبُّوْنَ الْعَاجِلَةَ وَيَذَرُوْنَ وَرَآءَهُمْ يَوْمًا ثَقِيْلًا ﴿۲۷﴾

၂၇။ စင်စစ်အားဖြင့် ထိုသူတို့သည် လောကီဘဝကို ချစ်ခင်နှစ်သက်ကြ၏၊ ထို့ပြင် မိမိတို့၏ မျက်ကွယ်၌ရှိသော၊ လေးလံလှသောနေ့တစ်နေ့ကို လျစ်လျူရှုထားကြ၏။

نَحْنُ خَلَقْنٰهُمْ وَشَدَدْنَاۤ اَسْرَهُمْ ۚ وَاِذَا شِئْنَا بَدَّلْنَاۤ اَمْثَالَهُمْ تَبْدِيْلًا ﴿۲۸﴾

၂၈။ ငါတို့သည် ယင်းတို့ကို ဖန်ဆင်းဖြစ်တည်စေတော်မူခဲ့၏၊ ထို့ပြင် ယင်းတို့၏ (ခန္ဓာကိုယ်)အစိတ်အပိုင်း အရိုးအဆစ်တို့ကို ခိုင်ခံ့စေတော်မူခဲ့၏၊ ထို့ပြင် ငါတို့အလိုရှိတော်မူပါလျှင် ယင်းတို့၏ ပုံပန်းသဏ္ဌာန်ကို လုံးလုံးလျားလျား ပြောင်းလဲပစ်တော်မူပေမည်။

اِنَّ هٰذِهٖ تَذْكِرَةٌ ۚ فَمَنْ شَآءَ اتَّخَذَ اِلٰى رَبِّهٖ سَبِيْلًا ﴿۲۹﴾

၂၉။ အမှန်ပင် ဤသည် ကြီးမားသော သင်ခန်းစာရယူဖွယ်အဆုံးအမတစ်ရပ်ဖြစ်၏၊ သို့ဖြစ်ရာ အကြင်သူသည် အလိုရှိပါလျှင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဘက်သို့ (သွားသည့်)လမ်းကို ကျင့်သုံးပါလေ။

وَمَا تَشَآءُوْنَ اِلَّآ اَنْ يَّشَآءَ اللّٰهُ ؕ اِنَّ اللّٰهَ كَانَ عَلِيْمًا حَكِيْمًا ۝۳۰

၃၀။ စင်စစ် အသင်တို့သည် 'အလ္လာဟ်'အလိုရှိတော်မူသော အရာမှအပ မည်သည့်အရာကိုမျှ (ဖြစ်လာရန်) ဆန္ဒမထားနိုင်ကြချေ။ ဧကန်စင်စစ် အလ္လာဟ်သည် ထာဝရသိရှိတော်မူသောအရှင်(နှင့်) ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူ၏။

يُّدْخِلُ مَنْ يَّشَآءُ فِيْ رَحْمَتِهٖ ؕ وَالظّٰلِمِيْنَ اَعَدَّ لَهُمْ عَذَابًا اَلِيْمًا ۝۳۱

၃၁။ အရှင်မြတ်သည် အလိုရှိတော်မူသောသူကို မိမိ၏ 'ရာဟ်မတ်'ကရုဏာတော်အတွင်း ဝင်ရောက်စေတော်မူ၏။ သို့သော် မတရားကျူးလွန်သူများနှင့်စပ်လျဉ်း၍မူ ယင်းတို့အတွက် နာကျင်ဖွယ်သောပြစ်ဒဏ်ကို စီမံထားရှိတော်မူသတည်း။

❖ ❖ ❖

၇၇။ အလ်–မွရ်စလာတ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ်တော် (၅၁)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၏ပဏာမအစမှာပင် ကမ္ဘာ့နှောင်းခေတ်နှင့်စပ်ဆိုင်သော အနာဂတ်ဖြစ်ရပ်များကို တစ်ဖန်ပြန်၍ဖော်ပြထားတော်မူသည်။ ထို့ပြင် ယခုခေတ်ကာလရှိ သိပ္ပံတိုးတက်မှုအကြောင်းကို သက်သေထူထားသည်မှာ ထိုသည့်အကွယ်မှအကြောင်းကိစ္စများကို သတင်းပေးတော်မူသော ထိုအလ္လာဟ်သည် တော်လှန်ပြောင်းလဲမှုအမျိုးစုံတို့ကို ပေါ်ပေါက်အောင်ပြုလုပ်နိုင်စွမ်းရှိတော်မူသည်။ သို့ကြောင့် အစပထမတွင် ဖြည်းဖြည်းချင်း ပျံသန်းရာမှ ပြင်းထန်သော မုန်တိုင်းအသွင်ကို ရယူလိုက်သော ပျံသန်းရာများအကြောင်းကို ဖော်ပြထားသည်။ မျက်မှောက်ခေတ်ရှိ အလျင်မြန်ဆုံးလေယာဉ်များသည်လည်း တဖြည်းဖြည်းထွက်ခွာရာမှ တစ်ဖန် ယင်း၏အလျင်သည် အတိုင်းမရှိသော မြန်နှုန်းသို့ရောက်ရှိသွားပေမည်။ ထို့ပြင် လေယာဉ်များကို အကြောင်းပြုကာ ရန်သူနှင့် တိုက်ခိုက်သောကာလများတွင် ကြေညာစာအမြောက်အများကို ကြဲချလျက် အကယ်၍ အသင်တို့သည် ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းပါလျှင် ကျွန်ုပ်တို့က အသင်တို့အား အကူအညီပေးသူများအဖြစ်ရှိကြမည်၊ သို့မဟုတ်ပါက ကျွန်ုပ်တို့၏ ဖမ်းဆီးပိတ်ဆို့မှုမှ အသင်တို့အား တစ်စုံတစ်ရာကမျှ ကာကွယ်ကယ်တင်နိုင်မည်မဟုတ်ဟူ၍ ခြားနားချက်ကို ဖော်ပြကြလေသည်။

ထို့နောက် လာရှိသည်မှာ- အကြင်အခါဝယ် ကောင်းကင်မှကြယ်များ မှေးမှိန်သွားကြလတ္တံ့။ ထို့ပြင် လူသားသည် ကောင်းကင်သို့တက်ရန် နည်းလမ်းမျိုးစုံကို ကြံစည်လုပ်ဆောင်ကြမည်။ ဤနေရာတွင် ကြယ်များမှေးမှိန်ခြင်းဆိုသည်မှာ 'ဆွဟာဘာ'သာဝကတော်များ၏ ခေတ်ကာလကုန်လွန်သွားသည့်အခါ ထိုသည့် ကြယ်တာရာများမှ တစ်ဆင့် တမန်တော်မြတ်ﷺ၏ 'အွမ္မတ်'အုပ်စုအားရရှိနေသော အလင်းရောင်သည်လည်း ကွယ်ပျောက်သွားလိမ့်မည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့နောက် တောင်များကဲ့သို့ ကြီးမားလှသော စွမ်းအားများကို အမြစ်မှနုတ်ပစ်ခြင်းကို ခံရသောအခါ၊ ထို့ပြင် 'တမန်တော်အပေါင်းကို စေလွှတ်ပွင့်ပေါ်စေတော်မူသောအခါ'ဟူ၍ မိန့်တော်မူပြန်သည်။ ဤအာယတ်နှင့်စပ်လျဉ်း၍ 'အိုလမာ'များက ဤသည် 'ကေယာမတ်'၏မြင်ကွင်းဖြစ်သည်ဟူ၍ အယူအဆများကိုသွတ်သွင်းရန် ကြိုးစားကြသည်။ သို့ရာတွင် (နားလည်ထားကြရမည်မှာ) 'ကေယာမတ်'နေ့တွင် တောင်များကို အမြစ်မှနုတ်၍ ဖြိုလဲ့ခြင်းအမှုကို ပြုလုပ်ခြင်းမရှိသကဲ့သို့ တမန်တော်များမှာလည်း စေလွှတ်ခံရခြင်းမျိုးမရှိပေ။ တမန်တော်များသည် ဤလောကၦသာ စေလွှတ်ခြင်းခံကြရလေသည်။ သို့ကြောင့် ဆိုလိုရင်းအဓိပ္ပာယ်မှာ ကျမ်းမြတ်ကုရ်အာန်၏ ကြိုတင်နိမိတ်ဟောချက်များနှင့်အညီ တမန်တော်တစ်ပါးပွင့်ပေါ်လာမည်ဖြစ်ပြီး သူ၏လာရောက်ခြင်းသည် ရှေးအတိတ်က တမန်တော်အားလုံး ကြွမြန်းရောက်ရှိလာသကဲ့သို့ရှိလိမ့်မည်။ ဆိုလိုသည်မှာ သူ၏ကြိုးပမ်းမှုဖြင့် ရှေးယခင် တမန်တော်အားလုံး၏ 'အွမ္မတ်' အုပ်စုများသည် တမန်တော်မြတ်ﷺ၏ 'အွမ္မတ်'အုပ်စုအတွင်းသို့ ဝင်ရောက်လာကြမည်ဖြစ်သည်။

အကြင်အနာဂတ်စစ်ပွဲများအကြောင်း ဖော်ပြထားပေရာ ယင်း၏လက္ခဏာတစ်ရပ်မှာ ၎င်းသည် အကိုင်းအခက်သုံးခုရှိရာဖြစ်လိမ့်မည်။ ဆိုလိုသည်မှာ ကြည်း၊ ရေ၊ လေ။ ထို့ပြင် ကောင်းကင်ယံမှ ရဲတိုက်ကြီးများသဖွယ်ဖြစ်သော မီးလျှံများကို သွန်းချပေလိမ့်မည်။ ယင်းသည် မြေနီစေးရောင်ရှိသော

ကုလားအုတ်အလားရှိမည်။ ယခုဖော်ပြလျက်ရှိသော အကြောင်းအရာများမှာ ပုံဆောင်ခိုင်းနှိုင်းချက် သဘောဖြင့် ပြဆိုနေကြောင်း ဤသည့် အာယတ်တော်နှစ်ခုက ပြတ်သားစွာသက်သေပြလိုက်ပေသည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺ၏ခေတ်တွင် ကောင်းကင်ယံမှ မီးမိုးရွာချသော စစ်ပွဲမျိုး တစ်ခုတစ်လေမျှပင် မရှိခဲ့သောကြောင့်ဖြစ်သည်။ ထို့ကြောင့် မုချဧကန် ဤသည်မှာ ထိုသည့် အနာဂတ် အခြေအနေများကိုပါသိတော်မူသော၊ သတင်းရလျက်ရှိတော်မူသောအရှင်မြတ်ထံတော်မှ ဗျာဒိတ်တစ်ရပ် ဖြစ်ပေသည်။

'ကေယာမတ်'နေ့တွင် ကောင်းကင်ယံမှ မီးမိုးရွာချလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် ဤသည် 'ကေယာမတ်'နေ့နှင့်သက်ဆိုင်သော သတင်းဖြစ်သည်ဟု ယူဆမှုမှာလည်း မှားပေသည်။ ဤနေရာတွင် အဏုမြူစစ်ပွဲကြီးတစ်ခုအတွက် ကြိုတင်ဗျာဒိတ်ပေးချက်တစ်ရပ်ဖြစ်ကြောင်း သိရှိရသည်။ ထိုသည့် အကြောင်းကို ဆူရာဟ်'ဒုခါန်း'(ဆူရာဟ်အမှတ်စဉ်-၄၄)တွင်လည်း လာရှိထားပေသည်။ ထိုနေ့တွင် ကောင်းကင်ယံမှ ၎င်းတို့အပေါ်သို့ ရေဒီယိုသတ္တိကြွလှိုင်းများကို သွန်းချမည်ဖြစ်ပြီး ယင်း၏အရိပ်အောက်တွင် ငြိမ်းချမ်းမှုဟူသမျှကို ဆုံးရှုံးကြရမည်ဖြစ်သည်။

ထိုသည့်နောက်တွင် တစ်ဖန် 'အာခေရတ်'တမလွန်ဘက်သို့ ညွှန်းဆိုဖော်ပြတော်မူသည်မှာ ကုရ်အာန်၏ ကြိုတင်နိမိတ်ဟောချက်များနှင့်အညီ ကမ္ဘာလောကတွင် ဤသည့် နိမိတ်လက္ခဏာများ ပေါ်ထွန်းလာသည့်အခါတွင် နောင်တမလွန်တစ်ခုရှိကြောင်းကိုလည်း ယုံကြည်ထားကြစေရန်ဖြစ်သည်။ အကယ်၍ ဤလောကတွင် အသင်တို့သည် အလွှာဟ်အရှင်မြတ်အား နာခံလိုက်နာခြင်းမပြုပါလျှင် ထိုသည့်လောကတွင် ဒဏ်ခတ်သောအနေဖြင့် ကြီးကျယ်သော 'အဇာဘ်'ပြစ်ဒဏ်ကိုခံရလိမ့်မည်တည်း။

♦ ♦ ♦

ဆူရာဟ် အလ်-မွရ်စလာတ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၅၁)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَالۡمُرۡسَلٰتِ عُرۡفًا ①

၂။ အစဉ်အဆက် စေလွှတ်ခြင်းခံရသည်များအား သက်သေထူတော်မူ၏။

فَالۡعٰصِفٰتِ عَصۡفًا ②

၃။ ထို့နောက် အရှိန်အဟုန် လွန်စွာ ပြင်းထန်သွားသည့် အရာများ။

وَّالنّٰشِرٰتِ نَشۡرًا ③

၄။ ထို့ပြင် (သတင်းစကားကို) ကောင်းစွာဖြန့်ချိသည့် အရာများ။

فَالۡفٰرِقٰتِ فَرۡقًا ④

၅။ ထို့နောက် ရှင်းလင်းထင်ရှားစွာ ခွဲခြားသည့်အရာများ၊

فَالۡمُلۡقِيٰتِ ذِكۡرًا ⑤

၆။ ထိုမှတစ်ဖန် သတိပေးနှိုးဆော်လျက် (စာများကို) ကြဲချသောအရာများ၊

عُذۡرًا اَوۡ نُذۡرًا ⑥

၇။ သာဓကပြချက် သို့မဟုတ် သတိပေးနှိုးဆော်ချက်အဖြစ်၊

اِنَّمَا تُوۡعَدُوۡنَ لَوَاقِعٌ ⑦

၈။ ဧကန်စင်စစ် အသင်တို့အား သတိပေးနှိုးဆော်ခြင်းခံရသောအရာသည် မလွဲမသွေ ဖြစ်ပေါ်လာမည်သာဖြစ်၏။

فَاِذَا النُّجُوۡمُ طُمِسَتۡ ⑧

၉။ သို့ဖြစ်ရာ ကြယ်များမှေးမှိန်သွားကြသောအခါ။

وَاِذَا السَّمَآءُ فُرِجَتۡ ⑨

၁၀။ ထို့ပြင် အကြင်အခါ မိုးကောင်းကင်တွင် (အမျိုးမျိုးသော) အပေါက်များ ပြုလုပ်ခြင်းခံရလေသောအခါ။

وَاِذَا الۡجِبَالُ نُسِفَتۡ ⑩

၁၁။ ထို့ပြင် တောင်များသည် အမြစ်မှ ဆွဲနုတ်ယူခြင်းခံရသောအခါ။

وَاِذَا الرُّسُلُ اُقِّتَتۡ ⑪

၁၂။ ထို့ပြင် တမန်တော်များကို သတ်မှတ်ထားသည့် အချိန်တွင် ခေါ်ဆောင်လာခြင်းခံရလေသောအခါ။

لِاَىِّ يَوۡمٍ اُجِّلَتۡ ⑫

၁၃။ မည်သည့်နေ့အတွက် ယင်းတို့၏အချိန်ကို သတ်မှတ်ထားခဲ့ပါသနည်း။

لِيَوۡمِ الۡفَصۡلِ ⑬

၁၄။ စီရင်ဆုံးဖြတ်မည့် နေ့တော်ကြီးအတွက်ဖြစ်၏။

وَمَاۤ اَدۡرٰىكَ مَا يَوۡمُ الۡفَصۡلِ ⑭

၁၅။ ထို့ပြင် စီရင်ဆုံးဖြတ်မည့်နေ့သည် မည်သည်ဖြစ်သည်ကို အသင့်အား မည်သို့ရှင်းပြရမည်နည်း။

وَيۡلٌ يَّوۡمَئِذٍ لِّلۡمُكَذِّبِيۡنَ ⑮

၁၆။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူများအပေါ် ပျက်စီးခြင်းသည်ရှိ၏။

اَلَمۡ نُهۡلِكِ الۡاَوَّلِيۡنَ ⑯

၁၇။ အသို့နည်း၊ ငါတို့သည် ရှေးလူဟောင်းတို့ကို ဖျက်ဆီး

သုတ်သင်တော်မူခဲ့သည် မဟုတ်လော။

ثُمَّ نُتْبِعُهُمُ الْاٰخِرِيْنَ ﴿١٧﴾

၁၈။ ထို့နောက် တစ်ဖန် ငါတို့သည် နောက်မှလာသောသူများကို ထိုသူတို့၏နောက်သို့ လိုက်စေတော်မူပေမည်။

كَذٰلِكَ نَفْعَلُ بِالْمُجْرِمِيْنَ ﴿١٨﴾

၁၉။ ငါတို့သည် အပြစ်ကျူးလွန်သူတို့ကို ဤနည်းအတိုင်းပင် ဆက်ဆံတော်မူလေ့ရှိ၏။

وَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ﴿١٩﴾

၂၀။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူများအပေါ် ပျက်စီးခြင်းသည်ရှိ၏။

اَلَمْ نَخْلُقْكُّمْ مِّنْ مَّآءٍ مَّهِيْنٍ ﴿٢٠﴾

၂၁။ အသို့နည်း၊ ငါတို့သည် အသင်တို့အား သေးသိမ်နိမ့်ကျသောအရည်မှ ဖန်ဆင်းခဲ့သည်မဟုတ်လော။

فَجَعَلْنٰهُ فِيْ قَرَارٍ مَّكِيْنٍ ﴿٢١﴾

၂၂။ ထို့နောက် တစ်ဖန် ငါတို့သည် ယင်းအား တည်တံ့၍ လုံခြုံသောနေရာတစ်ခုတွင် ထားခဲ့သည်မဟုတ်လော။

اِلٰى قَدَرٍ مَّعْلُوْمٍ ﴿٢٢﴾

၂၃။ သတ်မှတ်ထားသော အတိုင်းအဆတစ်ရပ်အထိ၊

فَقَدَرْنَا ۟ فَنِعْمَ الْقٰدِرُوْنَ ﴿٢٣﴾

၂၄။ ထို့နောက်တစ်ဖန် ငါတို့သည် (ယင်းအား) စီမံတော်မူ၏၊ သို့ဖြစ်ရကား ငါတို့သည် အဘယ်မျှကောင်းမြတ်စွာ စီမံမှုပြုပေးတော်မူသည့်အရှင် ဖြစ်တော်မူပေသနည်း။

وَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ﴿٢٤﴾

၂၅။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူများအပေါ် ပျက်စီးခြင်းသည်ရှိ၏။

اَلَمْ نَجْعَلِ الْاَرْضَ كِفَاتًا ﴿٢٥﴾

၂၆။ အသို့နည်း၊ ငါတို့သည် ကမ္ဘာမြေကြီးကို စုစည်းသောအရာ မပြုလုပ်ခဲ့ပါသလော။

اَحْيَآءً وَّاَمْوَاتًا ﴿٢٦﴾

၂၇။ အသက်ရှင်သူများကိုလည်းကောင်း၊ သေဆုံးသူများကိုလည်းကောင်း၊

وَّجَعَلْنَا فِيْهَا رَوَاسِيَ شٰمِخٰتٍ وَّاَسْقَيْنٰكُمْ مَّآءً فُرَاتًا ﴿٢٧﴾

၂၈။ ထို့ပြင် ငါတို့သည် ယင်း၌ မြင့်စွင့်မို့မောက်သောတောင်များကိုပြုလုပ်ထားတော်မူ၏၊ ထို့ပြင် အသင်တို့အား ရေချိုကို ဖောသီစွာဖြင့် ဝလင်စေတော်မူ၏။

وَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ﴿٢٨﴾

၂၉။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူများအပေါ် ပျက်စီးခြင်းသည်ရှိ၏။

اِنْطَلِقُوْٓا اِلٰى مَا كُنْتُمْ بِهٖ تُكَذِّبُوْنَ ﴿٢٩﴾

၃၀။ အသင်တို့မဟုတ်မမှန်ဟု စွပ်စွဲလေ့ရှိခဲ့သည့်အရာဘက်သို့ သွားကြလေကုန်။

اِنْطَلِقُوْٓا اِلٰى ظِلٍّ ذِيْ ثَلٰثِ شُعَبٍ ﴿٣٠﴾

၃၁။ အကိုင်းအခက်သုံးခုရှိသော အရိပ်ဘက်သို့သွားကြကုန်။

لَّا ظَلِيْلٍ وَّلَا يُغْنِيْ مِنَ اللَّهَبِ ﴿٣١﴾

၃၂။ ယင်းသည် စိတ်၏အေးငြိမ်းမှုကို ပေးစွမ်းနိုင်မည်မဟုတ်၊ မီးတောက်မီးလျှံများမှလည်း ကာကွယ်နိုင်မည်မဟုတ်ချေ။

اِنَّهَا تَرْمِيْ بِشَرَرٍ كَالْقَصْرِ ﴿٣٢﴾

၃၃။ အမှန်စင်စစ် ယင်းသည် ရဲတိုက်ကြီးတစ်ခုပမာရှိသော မီးလျှံကြီးကို ပစ်ချ၏။

كَاَنَّهٗ جِمٰلَتٌ صُفْرٌ ﴿۳۳﴾

၃၄။ ယင်းသည် မြေနီစေးရောင်ရှိသော ကုလားအုတ်များပမာ ဖြစ်၏။

وَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ﴿۳۴﴾

၃၅။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူများအပေါ် ပျက်စီးခြင်းသည်ရှိ၏။

هٰذَا يَوْمُ لَا يَنْطِقُوْنَ ﴿۳۵﴾

၃၆။ ဤနေ့သည်ကား ယင်းတို့ ဆွံ့အသွားကြမည့် နေ့ပင် ဖြစ်၏။

وَلَا يُؤْذَنُ لَهُمْ فَيَعْتَذِرُوْنَ ﴿۳۶﴾

၃၇။ ထို့ပြင် ယင်းတို့သည် မိမိတို့၏အကြောင်းပြချက်များကို တင်ပြလျှောက်လဲရန် ခွင့်ပြုချက်ပေးခြင်းခံရလိမ့်မည်မဟုတ် ချေ။

وَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ﴿۳۷﴾

၃၈။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူများအပေါ် ပျက်စီးခြင်းသည်ရှိ၏။

هٰذَا يَوْمُ الْفَصْلِ ۚ جَمَعْنٰكُمْ وَالْاَوَّلِيْنَ ﴿۳۸﴾

၃၉။ ဤသည် စီရင်ဆုံးဖြတ်သည့်နေ့ပင်ဖြစ်၏။ ယင်းအတွက် ငါတို့သည် အသင်တို့အားလည်းကောင်း၊ ရှေးလူတို့အားလည်း ကောင်း စုစည်းတော်မူ၏။

فَاِنْ كَانَ لَكُمْ كَيْدٌ فَكِيْدُوْنِ ﴿۳۹﴾

၄၀။ သို့ဖြစ်ရာ အကယ်၍ အသင်တို့ထံတွင် တစ်စုံတစ်ရာကြံစည်မှုရှိခဲ့လျှင် ငါအရှင်မြတ်အား စမ်းသပ်ကြည့်ကြကုန်။

وَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ﴿۴۰﴾

۴၁။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူများအပေါ် ပျက်စီးခြင်းသည်ရှိ၏။

ရုကူး-၂

اِنَّ الْمُتَّقِيْنَ فِيْ ظِلٰلٍ وَّعُيُوْنٍ ﴿۴۱﴾

၄၂။ ကောန်စင်စစ် ဖြူစင်ဖြောင့်မတ်သူ 'မွတ္တကီ'တို့သည် အရိပ်အာဝါသများနှင့် စမ်းချောင်းများ(ရှိသော 'ဂျန္နတ်'ဥယျာဉ်တော်)တွင် ရှိကြလိမ့်မည်။

وَّفَوَاكِهَ مِمَّا يَشْتَهُوْنَ ﴿۴۲﴾

၄၃။ ထို့ပြင် သူတို့ အလိုဆန္ဒရှိသော သစ်သီးဝလံများ၌ (ရှိလိမ့်မည်)။

كُلُوْا وَاشْرَبُوْا هَنِيْٓـًٔا بِمَا كُنْتُمْ تَعْمَلُوْنَ ﴿۴۳﴾

၄၄။ အသင်တို့ ကျင့်ကြံခဲ့သည်များကြောင့် မြိန်ရှက်စွာ စားကြကုန်၊ သောက်ကြကုန်။

اِنَّا كَذٰلِكَ نَجْزِي الْمُحْسِنِيْنَ ﴿۴۴﴾

၄၅။ အမှန်ပင် ငါတို့သည် ကောင်းမှုပွားများသူတို့ကို ဤသို့ပင် အစားပေးတော်မူ၏။

وَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ﴿۴۵﴾

၄၆။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူများအပေါ် ပျက်စီးခြင်းသည်ရှိ၏။

كُلُوْا وَتَمَتَّعُوْا قَلِيْلًا اِنَّكُمْ مُّجْرِمُوْنَ ﴿۴۶﴾

၄၇။ စားကြကုန်၊ ထို့ပြင် အခိုန်အနည်းငယ်မျှ သာမန်အကျိုးကျေးဇူးကို ခံစားကြကုန်၊ အမှန်စင်စစ် အသင်တို့သည် အပြစ်ရှိသူများဖြစ်ကြ၏။

وَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ﴿۴۷﴾

၄၈။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူများအပေါ်

ပျက်စီးခြင်းသည်ရှိ၏။

وَ اِذَا قِيْلَ لَهُمُ ارْكَعُوْا لَا يَرْكَعُوْنَ ۝٤٨

၄၉။ ထို့ပြင် ၎င်းတို့အား ဦးညွှတ်ကြကုန်ဟုပြောသောအခါ ၎င်းတို့သည် ဦးညွှတ်ခြင်းမပြုခဲ့ကြချေ။

وَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ۝٤٩

၅၀။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူများအပေါ် ပျက်စီးခြင်းသည်ရှိ၏။

فَبِاَيِّ حَدِيْثٍۢ بَعْدَهٗ يُؤْمِنُوْنَ ۝٥٠ ع

၅၁။ သို့ဖြစ်ရာ ဤသည့်နောက်တွင် ၎င်းတို့သည် မည်သည့် အဆိုအမိန့်ကို သက်ဝင်ယုံကြည်ကြအုံးနည်း။

❖ ❖ ❖

၇၈။ အလ်-နဗ္ဘ

ဤဆူရာဟ်သည် ခေတ်ဦးကာလမက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠိတော် (၄၁)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်ထက်အလျင် ဆူရာဟ်'မွရ်စလာတ်'တွင် အစစ်အမှန်နှင့် အတုအယောင်တို့ကို ကွဲပြားခြားနားစေမည့် **يوم الفصل** (စီရင်ဆုံးဖြတ်မည့်နေ့) ဘယ်သောအခါ ဆိုက်ရောက်လာမည်နည်းဟူ၍ မယုံကြည်သူ 'ကာဖိရ်'များဘက်မှ အခြေခံကျသောမေးခွန်းတစ်ခုကို မေးမြန်းထားကြပေသည်။ ဆူရာဟ် 'အလ်-နဗ္ဘ'တွင် ယင်းကိုဖြေကြားလျက် **نَبَإٍ عظيم** (အလွန်လျှင် ကြီးကျယ်သောသတင်း) ထုတ်ပြန်တော်မူသည်မှာ ထိုသည့် **يوم الفصل** သည် ရောက်လာခဲ့ပြီးဖြစ်၏။ ဤသည့်ဆူရာဟ်၌ပင် အကြင်သတ်မှတ်ထားသောအချိန်တွင် မဖြစ်မနေ ပြည့်စုံရန်ရှိခဲ့ပြီးဖြစ်သော **يوم الفصل** သည်ကား ပြောင်းလဲစရာမရှိသော ယတိပြတ် ကတိတော်တစ်ရပ်ဖြစ်သည်ဟူ၍ မိန့်ထားတော်မူပေသည်။

ထို့နောက် **يوم الفصل** ၏အနေအထားအမျိုးမျိုးကို ဤသည့်ကြီးကျယ်ခန့်ညားလှသော ဆူရာဟ်တွင် ဖော်ပြထားတော်မူပေသည်။ ဦးဆုံးအနေဖြင့် ကောင်းကင်ယံမှ မိုးရွာသွန်းခြင်းနှင့် ကမ္ဘာမြေမှ စားနပ်ရိက္ခာများ ပေါက်ရောက်စေခြင်းစနစ်ကို ထပ်မံဖော်ပြထားသည်။ ထို့နောက်တစ်ဖန် ဤသည်အား‌ဖြင့် လူသားမျိုးနွယ်ဝင်တို့သည် အကျိုးမရယူကြသည့်အပြင် ကောင်းကင်ယံမှ မိုးရေ အစစ်အမှန်သည်ကား နာမ်တရားဆိုင်ရာ တရားလမ်းမှန်ပြသခြင်း မိုးရေသာဖြစ်ကြောင်း ၎င်းတို့ မစဉ်းစားကြသည်ကို ဂရုပြုအာရုံစိုက်စေသည်။ ဤသို့ငြင်းပယ်ခြင်း၏ရလဒ်အနေဖြင့် ၎င်းတို့အပေါ် ကျရောက်ခဲ့သော သို့တည်းမဟုတ် ကျရောက်လာမည့် အတိဒုက္ခများအကြောင်းကို ယခု ဤဆူရာဟ်၌ တွေ့ရှိရပေသည်။

ဤဆူရာဟ်၏နောက်ဆုံးပိုင်းတွင် အကယ်၍သာ လူသားသည် ဤသို့ သတိလက်လွတ်အခြေအနေဖြင့် ဘဝကိုကုန်လွန်စေခဲ့သဖြင့် နိဂုံးအချိန်တွင် ၎င်းသည် ဤသည်ထက်အလျင်က ငါသည် မြေကြီးဖြစ်ခဲ့လျှင် ကောင်းပေစွ၊ မြေကြီးဖြစ်ခြင်းဖြင့် လူသား၏ပုံစံဖြင့် ရှင်ပြန်ထမြောက်ရမည် မဟုတ်ပါဟူ၍ ပြင်းပြနာကျင်စွာဖြင့် ဝမ်းနည်းပူဆွေးမှုကို ထုတ်ဖော်ရပေလိမ့်မည်ဟု အလွန်ကြီးကျယ်သော သတိပေးမှုတစ်ရပ်ကို ပြုတော်မူထားပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-နဗဒ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၄၁)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

عَمَّ يَتَسَآءَلُوْنَ ②

۲။ ထိုသူတို့သည် မည်သည်နှင့်စပ်လျဉ်း၍ တစ်ဦးနှင့်တစ်ဦး မေးမြန်းနေကြသနည်း။

عَنِ النَّبَاِ الْعَظِيْمِ ②

၃။ အလွန်ကြီးကျယ်သော သတင်းတစ်ရပ်နှင့်စပ်လျဉ်း၍။

الَّذِىْ هُمْ فِيْهِ مُخْتَلِفُوْنَ ③

၄။ (ဤသည်) ထိုသည့်(သတင်း)ပင်ဖြစ်၏၊ ယင်းနှင့်စပ်လျဉ်း၍ သူတို့အချင်းချင်း ကွဲလွဲလျက်ရှိနေကြ၏။

كَلَّا سَيَعْلَمُوْنَ ④

၅။ သတိပြုကြကုန်၊ သူတို့သည် မလွဲမသွေ သိကြရလိမ့်မည်။

ثُمَّ كَلَّا سَيَعْلَمُوْنَ ⑤

၆။ ထို့နောက် သတိပြုကြကုန်၊ သူတို့သည် မလွဲမသွေ သိကြရလိမ့်မည်။

اَلَمْ نَجْعَلِ الْاَرْضَ مِهٰدًا ⑥

၇။ အသို့နည်း၊ ငါတို့သည် ကမ္ဘာမြေကို အခင်းအဖြစ် ပြုလုပ်ထားတော်မူသည်မဟုတ်လော။

وَّالْجِبَالَ اَوْتَادًا ⑦

၈။ ထို့ပြင် တောင်များကို စွဲမြဲသော သံငုတ်များသဖွယ်၊

وَّخَلَقْنٰكُمْ اَزْوَاجًا ⑧

၉။ ထို့ပြင် ငါတို့သည် အသင်တို့အား စုံတွဲ၊ စုံတွဲ ဖန်ဆင်းတော်မူ၏။

وَّجَعَلْنَا نَوْمَكُمْ سُبَاتًا ⑨

၁၀။ ထို့ပြင် ငါတို့သည် အသင်တို့၏ အိပ်စက်ခြင်းကို အေးချမ်းသာယာစေမှုအဖြစ် ပြုထားတော်မူ၏။

وَّجَعَلْنَا الَّيْلَ لِبَاسًا ⑩

၁၁။ ထို့ပြင် ငါတို့သည် ညဉ့်ကို ဝတ်ရုံပြုလုပ်ထားတော်မူ၏။

وَّجَعَلْنَا النَّهَارَ مَعَاشًا ⑪

၁၂။ ထို့ပြင် ငါတို့သည် နေ့ကို အသက်မွေးဝမ်းကြောင်းမှု၏ အကြောင်းခံတစ်ခုအဖြစ် ပြုထားတော်မူ၏။

وَّبَنَيْنَا فَوْقَكُمْ سَبْعًا شِدَادًا ⑫

၁၃။ ထို့ပြင် ငါတို့သည် အသင်တို့အပေါ် အလွန်ခိုင်ခံ့သော မိုးခုနစ်ထပ်ကိုပြုလုပ်ထားတော်မူ၏။ ①

وَّجَعَلْنَا سِرَاجًا وَّهَّاجًا ⑬

၁၄။ ထို့ပြင် ငါတို့သည် အလွန်တောက်ပသော မီးအိမ်တစ်ခုကို ပြုလုပ်ထားတော်မူ၏။

وَّاَنْزَلْنَا مِنَ الْمُعْصِرٰتِ مَآءً ثَجَّاجًا ⑭

၁၅။ ထို့ပြင် ငါတို့သည် ရေပြည့်သော မိုးတိမ်များမှ မိုးရေကို များစွာရွာသွန်းစေတော်မူ၏။

لِّنُخْرِجَ بِهٖ حَبًّا وَّنَبَاتًا ⑮

၁၆။ ဤသို့ဖြင့် ငါတို့သည် ယင်း(မိုးရေ)အားဖြင့် ကောက်ပဲသီးနှံများနှင့် အပင်များကို ပေါက်ရောက်စေတော်မူရန်ဖြစ်၏။

① ဤတွင် မိုးကောင်းကင်ဟူသည့် စကားလုံးသည် ဖော်ပြပါအကြောင်းရပ်တွင် အပါအဝင်ဖြစ်သည်။ အသုံးများခဲ့မှုကြောင့် မြို့ပ်ထားခြင်းဖြစ်သည်။ သို့ကြောင့် ဘာသာပြန်တွင် ယင်း(စကားလုံး)ကိုထည့်သွင်းဖော်ပြလိုလျှင် လက်သဲကွင်းထည့်ရန်မလိုပါ။

وَّجَنّٰتٍ اَلْفَافًا ﴿١٦﴾

၁၇။ ထို့ပြင် ထူထပ်သောဥယျာဉ်များ။

اِنَّ يَوْمَ الْفَصْلِ كَانَ مِيْقَاتًا ﴿١٧﴾

၁၈။ ဧကန်မလွဲ စီရင်ဆုံးဖြတ်မည့်နေ့တော်ကြီးသည် သတ်မှတ်ထားသောအချိန်တစ်ခုဖြစ်၏။

يَّوْمَ يُنْفَخُ فِي الصُّوْرِ فَتَاْتُوْنَ اَفْوَاجًا ﴿١٨﴾

၁၉။ ထိုနေ့တွင် တံပိုးခရာမှုတ်လိမ့်မည်၊ ထိုအခါ အသင်တို့သည် အစုလိုက်အဖွဲ့လိုက် လာရောက်ကြလိမ့်မည်။

وَّفُتِحَتِ السَّمَآءُ فَكَانَتْ اَبْوَابًا ﴿١٩﴾

၂၀။ ထို့ပြင် မိုးကောင်းကင်သည် ဖွင့်ခြင်းကိုခံရလိမ့်မည်၊ သို့ဖြင့် ယင်းသည် တံခါးပေါက်များစွာရှိသည့်အရာဖြစ်သွားပေလိမ့်မည်။

وَّسُيِّرَتِ الْجِبَالُ فَكَانَتْ سَرَابًا ﴿٢٠﴾

၂၁။ ထို့ပြင် တောင်များသည် ရွှေ့လျားခြင်းခံရလိမ့်မည်၊ ထိုအခါ ယင်းတို့သည် နိမ့်ရာသို့ ရွှေ့လျားသက်ဆင်းသွားပေလိမ့်မည်။ ۞

اِنَّ جَهَنَّمَ كَانَتْ مِرْصَادًا ﴿٢١﴾

၂၂။ ဧကန်စင်စစ် ငရဲသည် ချောင်းမြောင်းလျက်ရှိ၏။

لِّلطّٰغِيْنَ مَاٰبًا ﴿٢٢﴾

၂၃။ မနာခံပုန်ကန်သူများအတွက် ပြန်လည်သွားရောက်ရမည့်နေရာဖြစ်၏။

لّٰبِثِيْنَ فِيْهَآ اَحْقَابًا ﴿٢٣﴾

၂၄။ ၎င်းတို့သည် ယင်း၌ ရာစုနှစ်များစွာ(တိုင်အောင်) နေကြရမည့်သူများဖြစ်၏။

لَا يَذُوْقُوْنَ فِيْهَا بَرْدًا وَّلَا شَرَابًا ﴿٢٤﴾

၂၅။ သူတို့သည် ယင်း၌ တစ်စုံတစ်ရာ အေးမြသည့်အရာကိုလည်းကောင်း၊ တစ်စုံတစ်ရာ သောက်သုံးဖွယ်ရာကိုလည်းကောင်း မြည်းစမ်းကြရမည်မဟုတ်ချေ။

اِلَّا حَمِيْمًا وَّغَسَّاقًا ﴿٢٥﴾

၂၆။ ပွက်ပွက်ဆူနေသောရေနှင့် အနာကို ဆေးကြောသည့်အခါထွက်သောအရည်မှတစ်ပါး၊ ۞

جَزَآءً وِّفَاقًا ﴿٢٦﴾

၂၇။ ဤသည် ဆီလျော်သော အစားပေးခြင်းပင်ဖြစ်၏။

اِنَّهُمْ كَانُوْا لَا يَرْجُوْنَ حِسَابًا ﴿٢٧﴾

၂၈။ ၎င်းတို့သည် စာရင်းစစ်ကြောခြင်းခံရမည်ကို အလျှင်းမမျှော်လင့်ခဲ့ကြပေ။

وَّكَذَّبُوْا بِاٰيٰتِنَا كِذَّابًا ﴿٢٨﴾

၂၉။ ထို့ပြင် ၎င်းတို့သည် ငါတို့၏ နိမိတ်လက္ခဏာတော်များကို မဟုတ်မမှန်ဟု ပြင်းထန်စွာစွပ်စွဲခဲ့ကြ၏။

وَكُلَّ شَيْءٍ اَحْصَيْنٰهُ كِتٰبًا ﴿٢٩﴾

၃၀။ ထို့ပြင် အရာရာတိုင်းကို ငါတို့သည် စာအုပ်တစ်အုပ်အသွင်ဖြင့် လုံခြုံစွာထိန်းသိမ်းထားတော်မူ၏။

فَذُوْقُوْا فَلَنْ نَّزِيْدَكُمْ اِلَّا عَذَابًا ﴿٣٠﴾ ع

၃၁။ သို့ဖြစ်ရာ မြည်းစမ်းကြလော့၊ ငါတို့သည် အသင်တို့အား 'အဇာဘ်'ပြစ်ဒဏ်မှလွဲ၍ အခြားမည်သည့်အရာကိုမျှ အလျှင်းတိုးပွားစေတော်မူမည်မဟုတ်ပေ။

۞ ၁ اَلسَّرَابُ: اَلذَّهَابُ فِيْ حُدُوْرٍ အရာဝတ္ထုတစ်ခုခု၏ နိမ့်လျှောရာဘက်သို့ ဆင်းသက်ခြင်း။ (မူဖရီဒါတ် အေမာမ်ရာယိဒ်)

۞ ٢ اَلْغَسَّاقُ: مَا يَقْطُرُ مِنْ جُلُوْدِ اَهْلِ النَّارِ ငရဲသားတို့၏အရေပြားမှ ယိုစီးကျသော မန်းရည်များ။ (မူဖရီဒါတ် အေမာမ်ရာယိဒ်)

ရုကူး-၂

اِنَّ لِلْمُتَّقِيْنَ مَفَازًا ﴿۳۱﴾

၃၁။ ဧကန်စင်စစ် ဖြူစင်ဖြောင့်မတ်သူ 'မွတ္တကီ'များအတွက် အလွန်ကြီးမားသော အောင်မြင်မှုတစ်ရပ်သည် (သတ်မှတ်ထား) ရှိ၏။

حَدَآئِقَ وَ اَعْنَابًا ﴿۳۲﴾

၃၂။ ဥယျာဉ်များနှင့် စပျစ်နွယ်ပင်များ၊ ①

وَّ كَوَاعِبَ اَتْرَابًا ﴿۳۳﴾

၃၃။ ထို့ပြင် သက်တူရွယ်တူ အပျိုစင်များ၊

وَّ كَاْسًا دِهَاقًا ﴿۳۴﴾

၃၄။ ထို့ပြင် ပြည့်လျှံနေသော ခွက်များ၊

لَا يَسْمَعُوْنَ فِيْهَا لَغْوًا وَّ لَا كِذّٰبًا ﴿۳۵﴾

၃၅။ ထိုသူတို့သည် ယင်း၌ တစ်စုံတစ်ရာ အချည်းနှီး(စကား)ကိုသော်လည်းကောင်း၊ စိုးစဉ်းမျှသော လိမ်ညာမှုကိုသော်လည်းကောင်း ကြားကြရလိမ့်မည်မဟုတ်ပေ။

جَزَآءً مِّنْ رَّبِّكَ عَطَآءً حِسَابًا ﴿۳۶﴾

၃၆။ အသင့်အား ဖန်ဆင်းမွေးမြူရှင်ထံတော်မှ တိကျမှန်ကန်သော ဆုလာဘ်တော်ဖြစ်၏။

رَّبِّ السَّمٰوٰتِ وَ الْاَرْضِ وَ مَا بَيْنَهُمَا الرَّحْمٰنِ لَا يَمْلِكُوْنَ مِنْهُ خِطَابًا ﴿۳۷﴾

၃၇။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၊ ထို့ပြင် ယင်းနှစ်ခုစပ်ကြားရှိ အရာများအားလုံး၏ ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အကန့်အသတ်မရှိ ကရုဏာထားတော်မူသောအရှင်၏ ထံတော်မှ(ဖြစ်၏)၊ ယင်းတို့သည် ထိုအရှင်မြတ်နှင့် မည်သို့သော စကားကိုမျှ ပြောဆိုနိုင်စွမ်းရှိကြမည်မဟုတ်ချေ။

يَوْمَ يَقُوْمُ الرُّوْحُ وَ الْمَلٰٓئِكَةُ صَفًّا ۙ لَّا يَتَكَلَّمُوْنَ اِلَّا مَنْ اَذِنَ لَهُ الرَّحْمٰنُ وَ قَالَ صَوَابًا ﴿۳۸﴾

၃၈။ ထိုနေ့တွင် သန့်ရှင်းသော ဝိညာဉ်တော် 'ရူဟွလ်ကွတ်ဒူစ်'နှင့် ကောင်းကင်တမန်များသည် အတန်းလိုက်စီ၍ ရပ်ကြပေလိမ့်မည်၊ 'ရာဟ်မန်'ကရုဏာတော်ရှင်က ခွင့်ပြုသူမှလွဲ၍ ယင်းတို့သည် စကားပြောဆိုကြလိမ့်မည်မဟုတ်၊ ထို(ခွင့်ရ)သူသည် မှန်သောစကားကိုသာ ပြောဆိုပေလိမ့်မည်။ ②

ذٰلِكَ الْيَوْمُ الْحَقُّ ۚ فَمَنْ شَآءَ اتَّخَذَ اِلٰى رَبِّهٖ مَاٰبًا ﴿۳۹﴾

၃၉။ ထိုနေ့တော်သည် အမှန်(ဆိုက်ရောက်မည်)ဖြစ်၏၊ ထို့ကြောင့် အကြင်မည်သူမဆို လိုလားပါလျှင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံသို့ ပြန်လှည့်ရမည့်နေရာကို စီစဉ်ပါလေ။

اِنَّاۤ اَنْذَرْنٰكُمْ عَذَابًا قَرِيْبًا ۚ يَّوْمَ يَنْظُرُ الْمَرْءُ مَا قَدَّمَتْ يَدٰهُ وَ يَقُوْلُ الْكٰفِرُ يٰلَيْتَنِيْ كُنْتُ تُرٰبًا ﴿۴۰﴾ ع

၄၀။ ဧကန်အမှန် ငါတို့သည် အသင်တို့အား နီးကပ်လှသော ပြစ်ဒဏ်တစ်ရပ်ဖြင့် သတိပေးနှိုးဆော်ခဲ့၏၊ ထိုနေ့တွင် လူသားသည် မိမိလက်နှစ်ဖက်က ကြိုတင်ပို့နှင့်ထားသော အရာများကို မြင်တွေ့ရလိမ့်မည်၊ ထို့ပြင်'ကာဖိရ်'မယုံကြည်သူက ကျွန်ုပ်သည် မြေကြီးဖြစ်သွားခဲ့လျှင် ကောင်းပေစွဟု ပြောဆိုလိမ့်မည်တည်း။

---

① မုဖရီဒါတ်အေမာမ်ရာယိဗ် عِنَبٌ အက္ခရာရှု။

② ကေယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်၏ခွင့်ပြုချက်မရှိဘဲ တစ်စုံတစ်ရာသော 'ရှေဖာအတ်'ပေးခွင့်ကို မည်သူကိုမျှ ရရှိမည်မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်၏ ဘုန်းတန်ခိုးအရှိန်အဝါကြောင့် လုံးဝဆိတ်ငြိမ်မှု လွှမ်းမိုးလျက်ရှိမည်။ ထို့ပြင် အကြင်မည်သူမဆို စကားပြောဆိုလျှင် အမှန်ချည်းသာဖြစ်မည်။ အလ္လာဟ်၏ရှေ့တော်မှောက်တွင် မဟုတ်မမှန်ပြောဆိုရန် မည်သူတစ်ဦးတစ်ယောက်မျှ ရဲတင်းလိမ့်မည်မဟုတ်ချေ။

၇၉။ အလ်-နာဇိအာတ်

ဤဆူရာဟ်သည် ခေတ်ဦးကာလမက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠိတော် (၄၇)ပိုဒ်ပါရှိသည်။

ကျမ်းမြတ်ကုရ်အာန်၏ ပုံစံအနေအထားနှင့်လိုက်လျောညီစွာ တစ်ကြိမ်ပြန်ပြောင်း၍ ဤဆူရာဟ်တွင် လောကီရေးဆိုင်ရာ ပြစ်ဒဏ်ခတ်ခြင်းများနှင့် စစ်မက်တိုက်ခိုက်ခြင်းများ အကြောင်းလာရှိပြန်သည်။ ထို့ပြင် ယင်းစစ်ပွဲများတွင် ရေငုပ်သင်္ဘောများကို အသုံးပြုမည့်အကြောင်း ရှင်းလင်းစွာ ဖော်ပြထားပေသည်။ **وَالنَّازِعَاتِ غَرْقًا** ၏အဓိပ္ပာယ်တစ်မျိုးမှာ ထိုစစ်ပွဲဆင်နွှဲကြသူများသည် ရန်သူများအား နစ်မြုပ်သွားအောင်ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့်(ရေ)ငုပ်၍ တိုက်ခိုက်ကြလေသည်။ ထို့နောက် ၎င်းတို့၏အောင်ပွဲအတွက် ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ခံစားကြသည်။ ထို့ပြင် ဤသည့်နည်းဖြင့် စစ်မက်ဆင်နွှဲခြင်းမှာ တစ်ဘက်ကတစ်ဘက်ကို အသာစီးရရှိလေအောင် ကြိုးပမ်းခြင်းတွင် ပြိုင်ဆိုင်လျက်ရှိကြကာ နှစ်ဘက်စလုံးမှ ရန်ဘက်များသည် အလွန်ကြီးကျယ်လှသော အကြံအစည်များကို အသုံးချကြလေသည်။

وَالسَّابِحَاتِ سَبْحًا ဟူသည် ၎င်းတို့သည် ပင်လယ်ရေအောက်တွင် ငုပ်လျှိုး၍ ကူးခတ်ကြသည်ဖြစ်စေ၊ ပင်လယ်ရေမျက်နှာပြင်တွင် ကူးခပ်ကြသည်ဖြစ်စေ ရေတွင်ကူးခပ်သူများဟု အဓိပ္ပာယ်ရသည်။ ထို့ပြင် များသောအားဖြင့် ရေငုပ်သင်္ဘောများသည် အောင်ပွဲရပြီးနောက် ပင်လယ်ရေမျက်နှာပြင်ပေါ်သို့ တက်လာလေ့ရှိကြသည်။

အချုပ်ဆိုရသော် ထိုသည့် စစ်ပွဲများကြောင့် စိတ်နှလုံးသည် ကြောက်ရွံ့မှုဖြင့် တုန်လှုပ်ချောက်ချားလျက် မျက်လုံးများရီဝေသွားကြရသည်။ ဤသည် လောကီရေးဘဝ ပျက်စီးချုပ်ငြိမ်းမှု၏နောက်တွင် လူသား၏အသိစိတ်က ငါတို့၏အရိုးများ ဆွေးမြေ့ပျက်စီးခဲ့ပြီးဖြစ်ပါလျက်လည်း သေပြီးကာမှ ပြန်လည်ရှင်ထကြရပါဦးမည်လောဟု မေးခွန်းပုစ္ဆာများ ထွက်ပေါ်လာပေသည်။ မိန့်တော်မူသည်မှာ မြေကြီးလက်ခတ်မလွဲ ဤသို့ပင်ဖြစ်လိမ့်မည်။ ထို့ပြင် အလွန်ကြီးကျယ်သော သတိပေးချက်အသံတစ်ခုထွက်ပေါ်မြည်ဟည်းလာသောအခါ ၎င်း(လူသား)သည် ရုတ်ခြည်းပင် စီရင်ဆုံးဖြတ်ချက်ချခြင်းခံရမည့် အုပ်စုကြီးရှိရာ ကွင်းပြင်ကျယ်တွင် မိမိကိုယ်ကို မြင်တွေ့ရပေလတ္တံ့။

ထိုသည့်နောက်တွင် တမန်တော်မူစာ ﷺ၏အကြောင်းကို အစပြုတော်မူလေသည်။ အကြောင်းမူကား မိမိကိုယ်ကို ဘုရားအဖြစ်ကြေညာပြီး နောင်တမလွန်ကို အပြင်းအထန် ငြင်းပယ်သူဖြစ်ခဲ့သော 'ဖိရ်အောင်'ထံသို့ တမန်တော်မူစာ ﷺအား စေလွှတ်ခြင်းခံရသောကြောင့်ပင်။ တမန်တော်မူစာ ﷺက သူ့အား သတင်းကောင်းတင်ပြသောအခါ သူက မောက်မာပလွားလျက် အသင်၏ကြီးမြတ်သော ဖန်ဆင်းမွေးမြူရှင်မှာ ငါသာလျှင်ဖြစ်သည်ဟု ဖြေကြားလေ၏။ သို့ဖြစ်၍ အလွှာဟ်အရှင်မြတ်သည် သူ့အား ရှေးလူနှင့်နှောင်းလူတို့အတွက် သံဝေဂယူစရာတစ်ခုဖြစ်သွားရသည်အထိ ဖမ်းဆီးတော်မူပေသည်။ ရှေးလူများက သူနှင့် သူ၏တပ်သားများအား ရေနစ်မြုပ်သည်ကို မြင်တွေ့ခဲ့ကြရပြီး၊ နှောင်းလူများက သူ၏ရေနစ်ခြင်းခံရသော ခန္ဓာကိုယ်ကိုမြင်တွေ့ကြရသည်။ အလွှာဟ်အရှင်မြတ်က သူ့အား သတိသံဝေဂရစေခြင်းအလို့ငှာ ရုပ်ပိုင်းဆိုင်ရာသေခြင်းမှ ကယ်တင်လျက် အိုမင်းသည်အထိ ရှင်ခြင်းနှင့်သေခြင်း

အခြေအနေနှစ်ခုကြားတွင် လွန်ဆွဲနေရသည့်ဘဝမျိုးဖြင့် ရှင်စေခဲ့ပြီး၊ သေဆုံးသွားသည့်အခါတွင်လည်း သူ၏ရုပ်အလောင်းကို နောင်လာနောက်သားတို့ သတိသံဝေဂယူစရာအဖြစ် မမ်မီရုပ်ပုံစံဖြင့် ထိန်းသိမ်းခြင်းခံရပေသည်။

ဤသည့်နောက်တွင် 'သို့ဖြစ်ပါက ထိုသည့် ကေယာမတ်အချိန်အခါသည် မည်သည့်အခါ၊ မည်သည့်ပုံစံဖြင့်ရောက်လာမည်နည်း'ဟူသော ထိုသူတို့၏ မေးခွန်းထုတ်သောအကြောင်းအရာဖြင့် ဤဆူရာဟ်ကိုအဆုံးသတ်ထားပေသည်။ မိန့်ကြားတော်မူသည်မှာ- ထိုအရာသည် ရောက်ရှိလာသော အခါ အရာဝတ္ထုတိုင်း၏အဆုံးစွန်သည် ယင်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံသို့သာ ဖြစ်ကြောင်း ကောင်းစွာရှင်းလင်းသွားလိမ့်မည်။ ထို့ပြင် အို-တမန်တော်၊ အသင်သည်ကား ဤသည့် ကြောက်ရွံ့စိုးရိမ်ဖွယ်ရာသော အချိန်နာရီကို စိုးထိတ်သောသူတို့ကိုသာလျှင် သတိပေးနှိုးဆော်နိုင်မည် ဖြစ်သည်။ ထို့ပြင် အကြင်နေ့တော်တွင် ထိုသူတို့သည် ယင်းကို မြင်တွေ့ကြသောအခါ လောကီဘဝသည် ခေတ္တခဏမျှထက်မပိုခဲ့ချေဟု ခံစားသိရှိကြရလိမ့်မည်တည်း။

♦ ♦ ♦

ဆူရာဟ် အလ်-နာဇိအာတ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၄၇)ပိုဒ် ရှုကူ (၂)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَالنّٰزِعٰتِ غَرْقًا ①

၂။ နစ်မြုပ်၍ ဆွဲငင်ယူသောသူများ (သို့မဟုတ်) နစ်မြုပ်စေရန် ဆွဲငင်သူများအား သက်သေထူတော်မူ၏။

وَّالنّٰشِطٰتِ نَشْطًا ②

၃။ ထို့ပြင် လွန်စွာပျော်ရွှင်မြူးထူးသောသူများအားလည်းကောင်း၊

وَّالسّٰبِحٰتِ سَبْحًا ③

၄။ ထို့ပြင် ကောင်းစွာကူးခပ်သူများအားလည်းကောင်း၊

فَالسّٰبِقٰتِ سَبْقًا ④

၅။ ထို့နောက် တစ်ဦးထက်တစ်ဦး သာလွန်သွားကြသူများအားလည်းကောင်း၊

فَالْمُدَبِّرٰتِ اَمْرًا ⑤

၆။ တစ်ဖန် အရေးပါသောအလုပ်ကို စီမံခန့်ခွဲသူများအားလည်းကောင်း။

يَوْمَ تَرْجُفُ الرَّاجِفَةُ ⑥

၇။ ထိုနေ့တွင် တုန်လှုပ်ချောက်ချားသူသည် ပြင်းထန်စွာတုန်လှုပ်ချောက်ချားပေလိမ့်မည်။

تَتْبَعُهَا الرَّادِفَةُ ⑦

၈။ နောက်မှရောက်လာသောအရာသည် ယင်း၏နောက်သို့ လိုက်ပေလိမ့်မည်။

قُلُوْبٌ يَّوْمَئِذٍ وَّاجِفَةٌ ⑧

၉။ ထိုနေ့တွင် နှလုံးသားသည် လွန်စွာတုန်လှုပ်နေလိမ့်မည်။

اَبْصَارُهَا خَاشِعَةٌ ⑨

၁၀။ ၎င်းတို့၏မျက်စိများသည် အောက်စိုက်လျက်ရှိနေပေမည်။

يَقُوْلُوْنَ ءَاِنَّا لَمَرْدُوْدُوْنَ فِي الْحَافِرَةِ ⑩

၁၁။ ယင်း(လူ)တို့က ပြောကြမည်မှာ- ငါတို့သည် မူလအခြေအနေဘက်သို့ အမှန်ပင် ပြန်လှည့်ခြင်းကို ခံကြရမည်လော။

ءَاِذَا كُنَّا عِظَامًا نَّخِرَةً ⑪

၁၂။ အသို့နည်း၊ ငါတို့သည် ဆွေးမြေ့သောအရိုးများဖြစ်သွားပြီးသည့်တိုင်။

قَالُوْا تِلْكَ اِذًا كَرَّةٌ خَاسِرَةٌ ⑫

၁၃။ ယင်းတို့က ပြောဆိုကြမည်မှာ- ထိုသို့ဆိုပါလျှင် ဤကဲ့သို့ပြန်လှည့်သွားရခြင်းမှာ လွန်စွာ ဆုံးရှုံးခြင်းပင်ဖြစ်ပေမည်။

فَاِنَّمَا هِيَ زَجْرَةٌ وَّاحِدَةٌ ⑬

၁၄။ သို့ဖြစ်ရာ (နားစွင့်ကြကုန်) ဤသည်ကား အမှန်ပင် ကြီးကျယ်သော ခြိမ်းခြောက်မှု(၏အသံ)တစ်ခုမျှသာ ဖြစ်ပေလိမ့်မည်။

فَاِذَا هُمْ بِالسَّاهِرَةِ ⑭

၁၅။ ထိုသောအခါ ယင်းတို့သည် ရုတ်တရက် ကွင်းပြင်ကျယ်ကြီးတွင် ရှိနေကြလိမ့်မည်။

هَلْ اَتٰىكَ حَدِيْثُ مُوْسٰى ۝ ۱۵ ۝ ۱۵။ အသို့နည်း၊ အသင့်ထံ မူစာ၏ သတင်းစကား ရောက်ခဲ့ပါသလော။

اِذْ نَادٰىهُ رَبُّهٗ بِالْوَادِ الْمُقَدَّسِ طُوًى ۝ ۱۶ ۝ ۱۶။ အကြင်အခါဝယ် သူ၏ဖန်ဆင်းမွေးမြူရှင်သည် သူ့အား သန့်ရှင်းမြင့်မြတ်သော 'တုဝါ'တောင်ကြား၌ အသံပြုခေါ်တော်မူခဲ့၏။

اِذْهَبْ اِلٰى فِرْعَوْنَ اِنَّهٗ طَغٰى ۝ ۱۷ ۝ ၁၇။ (ယင်းမှာ) ဖိရ်အောင်ထံသွားလော့၊ ဧကန်အမှန် သူသည် ပုန်ကန်ခြားနားလေပြီ။

فَقُلْ هَلْ لَّكَ اِلٰٓى اَنْ تَزَكّٰى ۝ ۱۸ ۝ ၁၈။ သို့ဖြစ်ရာ မေးမြန်းပါလော၊ အသင်သည် သန့်ရှင်းစင်ကြယ်မှုကိုဆောက်တည်ရန်ဖြစ်နိုင်မည်လော။

وَاَهْدِيَكَ اِلٰى رَبِّكَ فَتَخْشٰى ۝ ۱۹ ۝ ၁၉။ အသင် အကြောက်တရားရရှိစိမ့်သောငှာ ကျွန်ုပ်သည် အသင်၏ဖန်ဆင်းမွေးမြူရှင်ထံသို့ အသင့်အား လမ်းညွှန်ရပါမည်လော။

فَاَرٰىهُ الْاٰيَةَ الْكُبْرٰى ۝ ۲۰ ۝ ၂၀။ ထို့နောက် သူသည် ၎င်းအား အလွန်ကြီးမားသော နိမိတ်လက္ခဏာတစ်ရပ်ကို ပြခဲ့လေသည်။

فَكَذَّبَ وَعَصٰى ۝ ۲۱ ۝ ၂၁။ ထိုအခါ ၎င်းသည် မဟုတ်မမှန်ဟုစွပ်စွဲပြီး မနာခံဖီဆန်ခဲ့လေသည်။

ثُمَّ اَدْبَرَ يَسْعٰى ۝ ۲۲ ۝ ၂၂။ ထို့နောက် အလျင်စလိုဖြင့် ကျောခိုင်းသွားခဲ့လေ၏။

فَحَشَرَ فَنَادٰى ۝ ۲۳ ۝ ၂၃။ ထို့နောက် သူသည် (လူများကို)စုရုံးစေ၍ ဟစ်ကြွေးကြေညာခဲ့၏။

فَقَالَ اَنَا رَبُّكُمُ الْاَعْلٰى ۝ ۲۴ ۝ ၂၄။ ငါသည်သာ အသင်တို့၏ မြင့်မြတ်သောအရှင်သခင်ဖြစ်၏ဟု ပြောကြားလေသည်။

فَاَخَذَهُ اللّٰهُ نَكَالَ الْاٰخِرَةِ وَالْاُوْلٰى ۝ ۲۵ ۝ ၂၅။ ထို့ကြောင့် အလ္လာဟ်သည် သူ့အား နောင်တမလွန်နှင့် လောက၏သင်ခန်းစာရယူဖွယ် ပြစ်ဒဏ်တစ်ရပ်ဖြင့် ဖမ်းဆီးတော်မူခဲ့၏။

اِنَّ فِيْ ذٰلِكَ لَعِبْرَةً لِّمَنْ يَّخْشٰى ۝ ۲۶ ۝ ۲۶။ စင်စစ် ဤအကြောင်းအရာတွင် ကြောက်ရွံ့သူအတွက် အမှန်ပင် ကြီးကျယ်သော သင်ခန်းစာတစ်ရပ်ရှိပေသည်။

ရုကူး–၂

ءَاَنْتُمْ اَشَدُّ خَلْقًا اَمِ السَّمَآءُ ۭ بَنٰىهَا ۝ ۲۷ ۝ ၂၇။ အသို့နည်း၊ ဖန်ဆင်းခံရမှုတွင် အသင်တို့က ပိုမို၍ ခဲယဉ်းကြသလော၊ သို့တည်းမဟုတ် အရှင်မြတ်က ဖန်ဆင်းတော်မူသော မိုးကောင်းကင်လော။ ①

① အလ္လာဟ်အရှင်မြတ်သည် ဤမျှရင်သပ်ရှုမောအံ့ဩဖွယ်ရာနှင့် ကြီးကျယ်ခံ့ညားလှစွာသော တန်ခိုးစွမ်းအားတော်များဖြင့်ပြည့်လျက်ရှိသည့် မိုးကောင်းကင်ကို ဖန်ဆင်းတော်မူ၏။ ယင်းနှင့်ယှဉ်ကြည့်လျှင် လူသား၏တီထွင်ဖန်တီးမှုသည်ကား ဒုံးပျံသော်လည်းကောင်း၊ လေယာဉ်ပျံသော်လည်းကောင်း၊ ရေငုပ်သင်္ဘောများသော်လည်းကောင်း တီထွင်ဖန်တီးကြပါစေ တစ်စုံတစ်ရာပြောပလောက်သည်မဟုတ်ချေ။ ထိုသို့ပင် လူသားအား ဖန်ဆင်းမှုမှာလည်း အဘယ်မျှအံ့မခန်းဖြစ်သနည်းဆိုလျှင် ယင်းကို စဉ်းစားသုံးသပ်သည်နှင့်အမျှ အလ္လာဟ်အရှင်မြတ်၏ ထုဆစ်ပုံဖော်မှုနှင့် စွမ်းအားများ၏အဆုံးမရှိသောမြင်ကွင်းများကို တွေ့ရှိလာရပေမည်။

رَفَعَ سَمْكَهَا فَسَوّٰىهَا ﴿۲۸﴾

၂၉။ ယင်း၏အမြင့်ကို အရှင်မြတ်သည် လွန်စွာမြင့်စွင့်စေတော်မူခဲ့၏၊ ထို့နောက် ယင်းကို ချို့ယွင်းချက်မရှိ စနစ်တကျ ပြုလုပ်ထားတော်မူ၏။

وَاَغْطَشَ لَيْلَهَا وَاَخْرَجَ ضُحٰىهَا ﴿۲۹﴾

၃၀။ ထို့ပြင် ယင်း၏ ညဉ့်ကို ဖုံးအုပ်တော်မူ၍ ယင်း၏နံနက်ကို ထုတ်ဆောင်တော်မူ၏။

وَالْاَرْضَ بَعْدَ ذٰلِكَ دَحٰىهَا ﴿۳۰﴾

၃၁။ ထို့နောက် ကမ္ဘာမြေပြင်ကို ညီညာပြေပြစ်အောင်ပြုလုပ်တော်မူ၏။

اَخْرَجَ مِنْهَا مَآءَهَا وَمَرْعٰىهَا ﴿۳۱﴾

၃၂။ ထို့နောက် ထိုအရှင်မြတ်သည် ယင်းမှ ယင်း၏ရေနှင့် ယင်းမှ ပေါက်ရောက်သော စားကျက်ပင်များကို ထွက်ပေါ်စေတော်မူ၏။ ①

وَالْجِبَالَ اَرْسٰىهَا ﴿۳۲﴾

၃၃။ ထို့ပြင် အရှင်မြတ်သည် တောင်များကို နက်ရှိုင်းစွာ စိုက်ထူတော်မူ၏။

مَتَاعًا لَّكُمْ وَلِاَنْعَامِكُمْ ﴿۳۳﴾

၃၄။ အသင်တို့အတွက်နှင့် အသင်တို့၏ကျွဲနွားတိရစ္ဆာန်များအတွက် အသက်မွေးရန်အကြောင်းခံအဖြစ်။ ②

فَاِذَا جَآءَتِ الطَّآمَّةُ الْكُبْرٰى ﴿۳۴﴾

၃၅။ ထို့ကြောင့် အကြင်အခါ အကြီးမားဆုံးသော အတိဒုက္ခရောက်ရှိလာသောအခါ၊

يَوْمَ يَتَذَكَّرُ الْاِنْسَانُ مَا سَعٰى ﴿۳۵﴾

၃၆။ ထိုနေ့တွင် လူသားသည် မိမိကြိုးပမ်းခဲ့သည်ကို သတိရပေလိမ့်မည်။

وَبُرِّزَتِ الْجَحِيْمُ لِمَنْ يَّرٰى ﴿۳۶﴾

၃၇။ ထို့ပြင် (ယခုတိုင် စိတ်ကူးမျက်စိဖြင့်သာ မြင်ယောင်ခဲ့သော) 'ဂျဟန္နမ်'ငရဲသည် သူ့အတွက် ထင်ရှားစေခြင်းကို ခံရပေမည်။

فَاَمَّا مَنْ طَغٰى ﴿۳۷﴾

၃၈။ ထို့ကြောင့် သူသည် ပုန်ကန်ခြားနားမှုကိုပြုလျှင်၊

وَاٰثَرَ الْحَيٰوةَ الدُّنْيَا ﴿۳۸﴾

၃၉။ ထို့ပြင် လောကီဘဝကို ဦးစားပေးလျှင်၊

فَاِنَّ الْجَحِيْمَ هِيَ الْمَاْوٰى ﴿۳۹﴾

၄၀။ သို့ဖြစ်ပါက အမှန်ပင် 'ဂျဟန္နမ်'ငရဲသည်သာ (သူ၏) နေရာထိုင်ခင်း ဖြစ်လိမ့်မည်။

وَاَمَّا مَنْ خَافَ مَقَامَ رَبِّهٖ وَنَهَى النَّفْسَ

၄၁။ သို့ရာတွင် အကြင်သူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ဂုဏ်အဆင့်ကို ခန့်ညားကြောက်ရွံ့၏၊ ထို့ပြင် သူသည် မိမိဆန္ဒရမ္မက်စိတ်ကို ထိန်းချုပ်၏။

عَنِ الْهَوٰى ﴿۴۰﴾

فَاِنَّ الْجَنَّةَ هِيَ الْمَاْوٰى ﴿۴۱﴾

၄၂။ သို့ဖြစ်လျှင် ဧကန်စင်စစ် 'ဂျန္နတ်' ဥယျာဉ်တော်သည် (သူ၏)နေရာထိုင်ခင်း ဖြစ်လိမ့်မည်။

يَسْـَٔلُوْنَكَ عَنِ السَّاعَةِ اَيَّانَ مُرْسٰىهَا ﴿۴۲﴾

၄၃။ သူတို့သည် 'ကေယာမတ်'၏အချိန်နှင့်စပ်လျဉ်း၍ ယင်း

① **مَرْعٰى** ၏ဖော်ပြပါအဓိပ္ပာယ်ကို မူဖရီဒါတ်အေမာမ်ရာယိဗ် အဘိဓာန်တွင်ရှု။

② တောင်များကို ကမ္ဘာမြေတွင် ခိုင်ခံ့စွာ စိုက်ထူထားသည့်အကြောင်း ဖော်ပြထားရခြင်းအကြောင်းတစ်ရပ်မှာ ထိုသည့်တောင်များဖြင့်ပင် လူနှင့်တိရစ္ဆာန်တို့၏ အသက်မွေးဝမ်းကြောင်းမှုသည် နွယ်ယှက်နှောင်တည်းထားသောကြောင့်ဖြစ်သည်။

သည် မည်သည့်အချိန်တွင် ဖြစ်ပေါ်လာမည်နည်းဟု အသင့်ထံမေးမြန်းကြ၏။

فِيْمَ اَنْتَ مِنْ ذِكْرٰىهَا ﴿۴۳﴾

၄၄။ ယင်းအားဖော်ပြခြင်းတွင် အသင်သည် မည်သို့သဘောရှိသနည်း။

اِلٰى رَبِّكَ مُنْتَهٰىهَا ﴿۴۴﴾

၄၅။ အသင့်အား ဖန်ဆင်းမွေးမြူရှင်အထံတော်၌သာ ယင်း၏အဆုံးစွန်သည်ရှိ၏။

اِنَّمَآ اَنْتَ مُنْذِرُ مَنْ يَّخْشٰىهَا ﴿۴۵﴾

၄၆။ အသင်သည် ယင်းအား ကြောက်ရွံ့သူကိုသာလျှင် သတိပေးနှိုးဆော်နိုင်၏။

كَاَنَّهُمْ يَوْمَ يَرَوْنَهَا لَمْ يَلْبَثُوْٓا اِلَّا عَشِيَّةً اَوْ ضُحٰىهَا ﴿۴۶﴾ ع

၄၇။ အကြင်အခါဝယ် ထိုသူတို့သည် ၎င်းကို မြင်တွေ့ရသောအခါ သူတို့သည် (ဤလောကတွင်) တစ်ညနေခင်း သို့မဟုတ် ယင်း၏နံနက်မျှသာ နေထိုင်ခဲ့သည်(ဟု ထင်မြင်ယူဆကြလိမ့်မည်တည်း)။

❖ ❖ ❖

၈၀။ အာဘာဆ

ဤဆူရာဟ်သည် ရှေးဦးမက္ကာကာလတွင်ကျရောက်သော ဆူရာဟ်ဖြစ်ပြီး 'ဗစ္စမီလ္လာဟ်' အပါအဝင် 'အာယတ်'မုက္ခပါဠိတော် (၄၃)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်တွင်လည်း တမန်တော်မြတ်ﷺထံသို့ မေးခွန်းထုတ်စော်ဒကဝင်ရန် ရောက်ရှိလာခဲ့သော တမန်တော်မြတ်ﷺ၏ခေတ်မှ မာန်မာနထောင်လွှားသော ငြင်းပယ်သူတစ်ယောက်အကြောင်း ဖော်ပြလာရှိထားပေသည်။ တမန်တော်မြတ်ﷺသည် မည်သို့ဖြစ်စေ တစ်ဦးတစ်ယောက် တရားလမ်းမှန်ရသွားစေရန် ဆန္ဒပြင်းပြလျက်ရှိနေခဲ့သဖြင့် ထိုသူသည် ပလွှားမောက်မာမှုရှိခဲ့ပင်ငြားလည်း သူ့ဘက်သို့ ပျူငှာမှုအပြည့်ဖြင့် ဂရုတစိုက်ရှိနေပေသည်။ အဘယ်မျှထိဆိုလျှင် ထိုစဉ်၌ ယုံကြည်သူ မျက်မမြင်တစ်ဦးသည် ကိုယ်တော်မြတ်ﷺထံ တစ်စုံတစ်ရာ မေးမြန်းလျှောက်ထားရန်အတွက် ရှေ့တော်သို့ဝင်လာရာ တမန်တော်မြတ်ﷺက ထိုအချိန်အခါ၌ ထိုပုဂ္ဂိုလ်၏ကြားဝင်မှုကို မနှစ်မမြို့ဖြစ်သည်အထိရှိခဲ့ပေသည်။ သို့ရာတွင် ယင်းအတွက် တမန်တော်မြတ်ﷺသည် မိမိ၏မနှစ်မြို့မှုကိုဖော်ပြခဲ့သည်မှာ ယင်းကို တမန်တော်မြတ်နှင့် စကားအခြေအတင်ပြောဆိုနေသော ပုဂ္ဂိုလ်ကသာမြင်တွေ့နိုင်ပြီး၊ မျက်မမြင် ပုဂ္ဂိုလ်မှာမူ အခြေအနေကိုမမြင်ရသည့်အတွက် သူ့အား စိတ်ထိခိုက်မှုမဖြစ်စေခဲ့ပေ။ ဤသည့်အကြောင်းကို ဖော်ပြပြီးနောက် အလ္လာဟ်အရှင်မြတ်က ဖြူစင်မှုသဒ္ဓါတရားနှင့် စိတ်အားအပြည့်ဖြင့် အသင့်ထံရောက်ရှိလာသူအား ဘယ်သောအခါမျှ အလေးမထားခြင်းမပြုလင့်၊ ထို့ပြင် ပလွှားဝင့်ဝါစွာ ပြုမူဆက်ဆံသူက တရားရှာရန်ရောက်လာလျှင် ထိုသူသည် လောကီရေးဆိုင်ရာ ကြီးကျယ်သူပင်ဖြစ်လင့်ကစား သူ့အား ဖြူစင်မှုသဒ္ဓါတရားရှိသော နွမ်းပါးသူထက် မည်သို့မျှဦးစားမပေးလင့်ဟူ၍ သွန်သင်မိန့်ကြားတော်မူသည်။

ထိုသည့်နောက်တွင် ကျမ်းမြတ်ကုရ်အာန်၏ ကြီးကျယ်မြင့်မြတ်သော ဂုဏ်ရှိန်ကို ဖော်ပြတော်မူသည်မှာ ဤကျမ်းတော်သည် စကြဝဠာ၏ဖန်ဆင်းခြင်းအစ လျှို့ဝှက်နက်နဲမှုများကို ကန့်လန့်ကာလှပ်ပြသလို ယင်း၏နိဂုံးနှင့် ကမ္ဘာ့နောက်ဆုံးနေ့များတွင်ဖြစ်ပျက်မည့် ကြီးကျယ်သော ဖြစ်ရပ်များအကြောင်းကိုလည်း ဖော်ပြထားပေသတည်း။

♦ ♦ ♦

ဆူရာဟ် အာဘာဆ

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၄၃)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

عَبَسَ وَتَوَلّٰى ②

၂။ သူသည် မျက်မှောင်ကြုတ်လျက် မျက်နှာလွှဲဖယ်သွား၏။

اَنْ جَآءَهُ الْاَعْمٰى ③

၃။ အကြောင်းမူ သူထံ မျက်မမြင်တစ်ဦး ရောက်လာ၍။

وَمَا يُدْرِيْكَ لَعَلَّهٗ يَزَّكّٰٓى ④

၄။ ထိုသူသည် အလွန်တရာ သန့်ရှင်းကောင်း သန့်ရှင်းသွားလိမ့်မည်ကို အသင့်အား မည်သို့နားလည်စေမည်နည်း။

اَوْ يَذَّكَّرُ فَتَنْفَعَهُ الذِّكْرٰى ⑤

၅။ သို့တည်းမဟုတ် ဆုံးမစကားအပေါ် စဉ်းစားသုံးသပ်ခြင်းဖြင့် ထိုဆုံးမစကားသည် ထိုသူအား အကျိုးရှိစေနိုင်၏။

اَمَّا مَنِ اسْتَغْنٰى ⑥

၆။ အကြင်သူသည် အလေးမမူ ဂရုမပြုခဲ့ချေ။

فَاَنْتَ لَهٗ تَصَدّٰى ⑦

၇။ အသင်သည် ထိုသူဘက်သို့ အာရုံရှိနေ၏။

وَمَا عَلَيْكَ اَلَّا يَزَّكّٰى ⑧

၈။ အမှန်သော်ကား ထိုသူသည် သန့်ရှင်းစင်ကြယ်မှုကို မကျင့်သုံးလျှင်လည်း အသင်၌ မည်သို့မျှတာဝန်မရှိပေ။ ★

وَاَمَّا مَنْ جَآءَكَ يَسْعٰى ⑨

၉။ ထို့ပြင် အသင့်ထံ လွန်စွာကြိုးစား၍ လာရောက်ခဲ့သော ထိုသူ၊

وَهُوَ يَخْشٰى ⑩

၁၀။ ထို့ပြင် သူသည် ကြောက်ရွံ့နေခဲ့ပေသည်၊

فَاَنْتَ عَنْهُ تَلَهّٰى ⑪

၁၁။ သို့ပါလျက် အသင်သည် သူ့အား အလေးမမူခဲ့ပေ။

كَلَّآ اِنَّهَا تَذْكِرَةٌ ⑫

၁၂။ သတိပြုလော့၊ ဧကန်စင်စစ် ဤသည် ကြီးကျယ်လှစွာသော ဆုံးမစကားဖြစ်၏။

فَمَنْ شَآءَ ذَكَرَهٗ ⑬

ع ၁၃။ သို့ဖြစ်ရာ အကြင်သူသည် ဆန္ဒရှိလျှင် ယင်းအား မှတ်၍ထားပါလေ။

فِيْ صُحُفٍ مُّكَرَّمَةٍ ⑭

၁၄။ ဂုဏ်ကျက်သရေနှင့်ပြည့်စုံသော ကျမ်းစောင်များတွင်ရှိ၏။

مَّرْفُوْعَةٍ مُّطَهَّرَةٍ ⑮

၁၅။ ယင်းကို လွန်စွာမြင့်မားထွတ်မြတ်၍ အလွန်တရာမှသန့်ရှင်းစင်ကြယ်စွာထားရှိပေသည်။

بِاَيْدِيْ سَفَرَةٍ ⑯

၁၆။ ရေးသားသူများ၏ လက်များတွင်ရှိ၏။

كِرَامٍ بَرَرَةٍ ⑰

၁၇။ (ယင်းတို့သည်) အလွန်လျှင် ဂုဏ်သရေရှိသော၊ (ထို့ပြင်) အလွန်မှ ကောင်းမြတ်သူများဖြစ်ကြ၏။

★ غريب القرآن ၌။

قُتِلَ الْاِنْسَانُ مَآ اَكْفَرَهٗ ﴿۱۷﴾

၁၈။ လူသားအပေါ် ပျက်စီးခြင်းသက်ရောက်စေသား၊ သူသည် အဘယ်မျှ ကျေးဇူးကန်းသူဖြစ်ပေသနည်း။

مِنْ اَیِّ شَیْءٍ خَلَقَهٗ ﴿۱۸﴾

၁၉။ သူ့အား ထိုအရှင်မြတ်သည် မည်သည့်အရာဖြင့် ဖန်ဆင်းခဲ့ပါသနည်း။

مِنْ نُّطْفَةٍ ؕ خَلَقَهٗ فَقَدَّرَهٗ ﴿۱۹﴾

၂၀။ ကလလရည်ကြည်ဖြင့်၊ သူ့အား ဖန်ဆင်းခဲ့၏။ ထို့နောက် သူ့အား အချိုးအစားကျနအောင် ပြုလုပ်တော်မူ၏။

ثُمَّ السَّبِیْلَ یَسَّرَهٗ ﴿۲۰﴾

၂၁။ ထို့နောက် သူ့အတွက် လမ်းကို လွယ်ကူစေတော်မူ၏။

ثُمَّ اَمَاتَهٗ فَاَقْبَرَهٗ ﴿۲۱﴾

၂၂။ ထို့နောက် သူ့အား သေစေတော်မူပြီး 'ကဘရ်'သချိုင်းတွင် ထည့်သွင်းတော်မူ၏။ ۝

ثُمَّ اِذَا شَآءَ اَنْشَرَهٗ ﴿۲۲﴾

၂၃။ ထို့နောက် အရှင်မြတ်သည် အလိုရှိတော်မူသောအခါ သူ့အား ရှင်ပြန်ထမြောက်စေတော်မူလိမ့်မည်။

كَلَّا لَمَّا یَقْضِ مَآ اَمَرَهٗ ﴿۲۳﴾

၂၄။ သတိပြုကြကုန်၊ အရှင်မြတ်က သူ့အား အမိန့်ပေးထားတော်မူသည်ကို သူသည် ယခုထိ ကျေပွန်အောင် မဆောင်ရွက်နိုင်ခဲ့ပေ။

فَلْیَنْظُرِ الْاِنْسَانُ اِلٰی طَعَامِهٖۤ ﴿۲۴﴾

၂၅။ သို့ဖြစ်ရာ လူသားသည် မိမိ၏အစားအစာဘက်သို့ ကြည့်ပါလေ။

اَنَّا صَبَبْنَا الْمَآءَ صَبًّا ﴿۲۵﴾

၂၆။ ယင်းမှာ ငါတို့သည် ရေကို ကောင်းစွာ ရွာသွန်းစေတော်မူ၏။

ثُمَّ شَقَقْنَا الْاَرْضَ شَقًّا ﴿۲۶﴾

၂၇။ ထို့နောက် ငါတို့သည် ကမ္ဘာမြေကြီးကို ကောင်းစွာ ခွဲတော်မူ၏။

فَاَنْۢبَتْنَا فِیْهَا حَبًّا ﴿۲۷﴾

၂၈။ ထို့နောက် ယင်း၌ ငါတို့သည် ကောက်ပဲသီးနှံများကို ပေါက်ရောက်စေတော်မူ၏။

وَّعِنَبًا وَّقَضْبًا ﴿۲۸﴾

၂၉။ ထို့ပြင် စပျစ်သီးနှင့် ဟင်းသီးဟင်းရွက်များ၊

وَّزَیْتُوْنًا وَّنَخْلًا ﴿۲۹﴾

၃၀။ ထို့ပြင် သံလွင်ပင်နှင့် စွန်ပလွံပင်များ၊

وَّحَدَآئِقَ غُلْبًا ﴿۳۰﴾

၃၁။ ထို့ပြင် ထူထပ်သောဥယျာဉ်များ၊

وَّفَاكِهَةً وَّاَبًّا ﴿۳۱﴾

၃၂။ ထို့ပြင် အမျိုးစုံသော သစ်သီးဝလံများနှင့် စားကျက်ပင်များ၊

مَّتَاعًا لَّكُمْ وَلِاَنْعَامِكُمْ ﴿۳۲﴾

၃၃။ ထိုအရာများသည် အသင်တို့အတွက်နှင့် အသင်တို့၏ ကျွဲနွားတိရစ္ဆာန်များအတွက် အကျိုးရှိသောအရာများပင် ဖြစ်၏။

۝ လူပုဂ္ဂိုလ်တစ်ဦးစီအတွက် ရုပ်ပိုင်းဆိုင်ရာ 'ကဘရ်'သချိုင်းဂူတစ်ခုစီ မလွဲမသွေရှိရမည်ဟူ၍မဟုတ်ချေ။ များစွာသောလူတို့သည် ရေနစ်၍လည်းကောင်း၊ သားရဲတိရစ္ဆာန်တို့၏အစာအဖြစ်လည်းကောင်း သေဆုံးကြရလေသည်။ သို့ဖြစ်ရာ ဤတွင် 'ကဘရ်'ဟု ဖော်ပြခြင်းမှာ နောက်ဆုံးရှင်ပြန်ထမြောက်ခြင်းမတိုင်မီအခါကာလကို ဆိုလိုခြင်းဖြစ်သည်။ တစ်နည်းဆိုသော် လူသားတိုင်း၏ 'ရူဟ်'အတွက် 'ကဘရ်'ကဲ့သို့သော အချိန်တစ်ခုဆိုက်ရောက်လာပေမည်။

فَاِذَا جَآءَتِ الصَّآخَّةُ ﴿۳۳﴾

၃၃။ သို့ဖြစ်ပေရာ အကြင်အခါဝယ် မိုးချုန်းသံတမျှသော အသံကြီးရောက်ရှိလာလိမ့်မည်။

يَوْمَ يَفِرُّ الْمَرْءُ مِنْ اَخِيْهِ ﴿۳۴﴾

၃၄။ ထိုနေ့တွင် လူသားသည် မိမိ၏ညီအစ်ကိုထံမှလည်း ထွက်ပြေးလိမ့်မည်။

وَ اُمِّهٖ وَ اَبِيْهِ ﴿۳۵﴾

၃၆။ ထို့ပြင် မိမိ၏မိခင်နှင့် မိမိ၏ဖခင်ထံမှလည်းကောင်း၊

وَ صَاحِبَتِهٖ وَ بَنِيْهِ ﴿۳۶﴾

၃၇။ ထို့ပြင် မိမိ၏ဇနီးနှင့် မိမိ၏သားသမီးများထံမှလည်း ကောင်း။

لِكُلِّ امْرِئٍ مِّنْهُمْ يَوْمَئِذٍ شَاْنٌ يُّغْنِيْهِ ﴿۳۷﴾

၃၈။ ထိုနေ့တွင် ယင်းတို့အနက် လူတိုင်းသည် (အလုံးစုံကို) အရေးမထားနိုင်သည့် အခြေအနေတစ်ခုတွင်ရှိပေလိမ့်မည်။

وُجُوْهٌ يَّوْمَئِذٍ مُّسْفِرَةٌ ﴿۳۸﴾

၃၉။ ထိုနေ့တွင် အချို့သောမျက်နှာများသည် လင်းဝင်း တောက်ပနေလိမ့်မည်။

ضَاحِكَةٌ مُّسْتَبْشِرَةٌ ﴿۳۹﴾

၄၀။ ရယ်မောရွှင်ပျလျက်၊

وَ وُجُوْهٌ يَّوْمَئِذٍ عَلَيْهَا غَبَرَةٌ ﴿۴۰﴾

၄၁။ ထို့ပြင် ထိုနေ့တွင် အချို့သောမျက်နှာများမှာမူ မြေမျှား ပေကျံနေပေလိမ့်မည်။

تَرْهَقُهَا قَتَرَةٌ ﴿۴۱﴾

၄၂။ ယင်းတို့အပေါ်၌ မှောင်မည်းခြင်းသည် ဖုံးလွှမ်းနေပေ လိမ့်မည်။

اُولٰٓئِكَ هُمُ الْكَفَرَةُ الْفَجَرَةُ ﴿۴۲﴾

၄၃။ ဤသူတို့သည်ပင် ကျေးဇူးကန်းသော ဆိုးသွမ်းသူများ ဖြစ်ကြပေသတည်း။

❖ ❖ ❖

၈၁။ အလ်–တက္ကဝိရ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဒ်ငါးတော်ပေါင်း (၃၀)ပိုဒ်ပါရှိသည်။

'ကေယာမတ်'၏အချိန်နာရီကို သက်သေဖြစ်စေမည့် လောကတွင် ထင်ရှားမည်ဖြစ်သော ကြီးကျယ်သည့် ဖြစ်ရပ်များကို ကျမ်းမြတ်ကုရ်အာန်က တစ်ကြိမ်ထပ်မံ၍ သတင်းပေးထားပြန်သည်။ ထို့ပြင် ဖုံးကွယ်ခြင်းခံလိုက်ရမည်ဖြစ်သောနေဝန်းကို သက်သေထူထားပေသည်။ ဆိုလိုသည်မှာ ထိုခေတ်ကာလရှိ ရန်သူများက လူသားခပ်သိမ်းတို့အား တမန်တော်မြတ်ﷺ၏အလင်းရောင်မှ အကျိုးခံစားခွင့်ပြုမည်မဟုတ်သည့်ပြင် ၎င်းတို့၏ မနှစ်မြို့ဖွယ် ဝါဒဖြန့်မှုများက ကြားတွင် ကာဆီးသွားပေလိမ့်မည်။ ထို့ပြင် ရန်သူတို့က 'ဆွဟာဘာ'သာဝကတော်များ၏အလင်းကိုလည်း ညစ်ထေးမှေးမှိန်အောင် ပြုထားကြပေလိမ့်မည်။ နေဝန်း၏နောက်တွင် ကြယ်တာရာများက တစ်ခုသော အတိုင်းအတာထိ အလင်းရောင်ပေးကြသည်ဖြစ်၍ သာဝကတော်များ၏အလင်းရောင်ကိုလည်း လူသားတို့၏မြင်ကွင်းမှ ဝေးကွာသွားအောင် ပြုခြင်းခံရလိမ့်မည်။ ဤသည် ကြီးမားမြင့်စွင့်လှသော တောင်များအား ရွှေ့လျားသွားအောင် ပြုခြင်းခံရမည့် ခေတ်ကာလဖြစ်ပေလိမ့်မည်။ ဆိုလိုသည်မှာ တောင်များကဲ့သို့ ကြီးမားလှသည့် ပင်လယ်ကူး သင်္ဘောကြီးများကိုလည်းကောင်း၊ လေယာဉ်ပျံများကိုလည်းကောင်း၊ ခရီးသည်တင်ရန်နှင့် ကုန်စည်များတင်ဆောင်ရန်အတွက် အသုံးပြုကြလိမ့်မည်။ ထိုမှတစ်ပါး ကုလားအုတ်မများသည် ယင်းတို့နှင့် ယှဉ်လိုက်လျှင် အသုံးမဝင်ရာများသဖွယ် စွန့်ပစ်ခြင်းကို ခံရလိမ့်မည်။ ဤသည် တိရစ္ဆာန်ရုံအများအပြား ပြုလုပ်ကြမည့်ကာလဖြစ်လိမ့်မည်။ သိသာထင်ရှားသည်မှာ တမန်တော်မြတ်ﷺ၏ ခေတ်ကာလတွင် ယင်း၏အရိပ်အယောင်မျှပင် မရှိခဲ့သေးချေ။ ထို့ပြင် ဤမျှကြီးမားသော တိရစ္ဆာန်များကို ပင်လယ်ကူး သင်္ဘောများ၊ လေယာဉ်ပျံများဖြင့် သယ်ယူရွှေ့ပြောင်းကြရမည်ဖြစ်ရာ ယင်းကိုထိုခေတ်ကာလရှိ လူသားတို့မှာ အတွေးစိတ်ကူးမျှပင်ရှိခဲ့မည်မဟုတ်ကြောင်းကို ယနေ့ခေတ်ရှိ တိရစ္ဆာန်ရုံများက သက်သေခံလျက်ရှိပေသည်။

ထို့နောက် ရေကြောင်းတိုက်ပွဲများဘက်သို့ ကျွန်ုပ်တို့၏အာရုံကို ပြောင်းပေးလိုက်သကဲ့သို့ ပင်လယ်ပြင်တွင် ပင်လယ်ကူး(စစ်)သင်္ဘောကြီးများသည် မင်းမူလျက်ရှိနေပြီး ယင်း၏အကျိုးအားဖြင့် ရပ်ဝေးမှလူများအား ပေါင်းစည်းစေကြလိမ့်မည်။ ဆိုလိုသည်မှာ တိရစ္ဆာန်များကိုသာ တစ်စုတစ်စည်းတည်းရှိစေမည်မဟုတ်မူဘဲ လူသားနွယ်ဝင်များသည်လည်း စုပေါင်းခြင်းခံကြရလိမ့်မည်။ ထိုခေတ်ကာလသည် ဥပဒေ၏အချိန်ကာလ ဖြစ်လိမ့်မည်။ တစ်နည်းဆိုသော် လူသားသည် မိမိ၏သားသမီးများကိုပင် မတရားသဖြင့် ပြုမူပိုင်ခွင့်မရှိသည်အထိ ကမ္ဘာလောကတစ်ဝန်းလုံးတွင် ဥပဒေက စိုးမိုးပေလိမ့်မည်။ အပေါ်ယံဗဟိဒ္ဓအားဖြင့် ကမ္ဘာနှင့်အဝန်းတွင် ဥပဒေကစိုးမိုးလျက်ရှိသော်လည်း အလ္လာဟ်အရှင်မြတ်၏ဥပဒေကို ငြင်းပယ်သောအကျိုးဆက်ကြောင့် လောက၏ဥပဒေသည်လည်း နိုင်ငံတစ်နိုင်ငံ၏ ဆူပူသောင်းကျန်းမှုကိုပင် ကင်းဝေးအောင်ပြုလုပ်နိုင်မည်မဟုတ်ပေ။ ထိုသည့်ကာလသည် စာအုပ်စာပေ အမြောက်အမြား ဖြန့်ချိမည့်အချိန်ကာလဖြစ်လိမ့်မည်။ မိုးကောင်းကင်၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ရန် ကြိုးစားသူတို့သည် ကောင်းကင်၏အရေခွံကိုခွာလိုက်သည့်ပမာ ပြုလုပ်ကြပေလိမ့်မည်။ ထိုနေ့တွင် စစ်မီးတောက်လောင်မှုနှင့် ကောင်းကင်ဆိုင်ရာအမျက်တော်ရှခြင်း၏ ငရဲမီးတို့သည် တောက်

လောင်လိမ့်မည်။ ထိုသို့ရှိလင့်ကစား အလွှာဟ်အရှင်မြတ်၏ သွန်သင်ချက်များကို လိုက်နာကြကာ ထိုသည့် အပေါ် ခိုင်မြဲစွာရပ်တည်ကြကုန်သောသူတို့အတွက်မှာမူကား 'ဂျန္ဒတ်'ဥယျာဉ်တော်ကို နီးကပ်အောင် ပြုပေးတော်မူခြင်းခံကြရပေမည်။ လူပုဂ္ဂိုလ်တိုင်းက သူသည် မိမိအဖို့ ရှေ့သို့မည်သည်ကို ပို့ထားခဲ့ကြကြောင်း သိရှိကြမည်ဖြစ်သည်။

အာယတ်တော် အမှတ်စဉ် ၁၆ နှင့် ၁၇ များတွင် လျှို့ဝှက်လုပ်ငန်းများ လုပ်ကိုင်ကြပြီး လှည့်ထွက်သွားကြသည့် လေ့သင်္ဘောများအား သက်သေထူထားတော်မူပေသည်။ ယင်းတို့သည် စစ်ဆင်ရေးပြီးဆုံးသည့်အခါ ၎င်းတို့၏သတ်မှတ်ရာစခန်းများတွင် သွားရောက်ပုန်းခိုလျက်ရှိကြပေသည်။ ဤသည်ကို အထပ်ထပ်မိန့်ဆိုရခြင်းအကြောင်းမှာ ဤတွင် ယခုအခါ နာမ်ပိုင်းဆိုင်ရာအရ လူသား၏ စိတ်ဝိညာဉ်ကို တိုက်ခိုက်ပြီးနောက် ပျောက်ကွယ်သွားသော 'ရှိုင်တန်'မိစ္ဆာမိုက်၏ အတွေးအမြင်များ အကြောင်းကို ဖော်ပြလိုခြင်းဖြစ်ပေသည်။ ထို့ပြင် နောက်ဆုံးပင့်သက်ကို ရှူသွင်းလျက်ရှိပြီး 'ဖဂျရ်' မိုးသောက်ယံ၏ အရိပ်လက္ခဏာကို ပြသထင်ရှားစေတော့မည့် ထိုသည့်ညဉ့်ကို သက်သေထူထားတော်မူသည်။ နောက်ဆုံးတွင် ထိုသည့် မှောင်မိုက်သောညည့်သည်ကား အစ္စလာမ့်အရဏ်ဦးအချိန်သို့ မြေကြီးလက်ခတ်မလွဲ ရောက်ရှိလာမည်ဖြစ်ပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-တက္ကဝီရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၃၀)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اِذَا الشَّمْسُ كُوِّرَتْ ②

၂။ နေသည်ခေါက်လိပ်ခြင်းကို ခံရသည့်အခါ၊

وَاِذَا النُّجُوْمُ انْكَدَرَتْ ③

၃။ ထို့ပြင် ကြယ်များမှေးမှိန်သွားသည့်အခါ၊

وَاِذَا الْجِبَالُ سُيِّرَتْ ④

၄။ ထို့ပြင် တောင်များရွှေ့လျားခြင်းခံရသည့်အခါ၊

وَاِذَا الْعِشَارُ عُطِّلَتْ ⑤

၅။ ထို့ပြင် ကိုယ်ဝန်ဆယ်လရှိသော ကုလားအုတ်မများအား ထိန်းကျောင်းမှုမရှိဘဲ စွန့်လွှတ်ထားခြင်းခံရသောအခါ၊

وَاِذَا الْوُحُوْشُ حُشِرَتْ ⑥

၆။ ထို့ပြင် အရိုင်းအစိုင်းများသည် စုစည်းခြင်းခံရသောအခါ၊

وَاِذَا الْبِحَارُ سُجِّرَتْ ⑦

၇။ ထို့ပြင် ပင်လယ်သမုဒ္ဒရာသည် ခွဲခြားခြင်းခံရသောအခါ၊

وَاِذَا النُّفُوْسُ زُوِّجَتْ ⑧

၈။ ထို့ပြင် သက်ရှိများသည် ပေါင်းစည်းခြင်းကို ခံရသောအခါ၊

وَاِذَا الْمَوْءٗدَةُ سُئِلَتْ ⑨

၉။ ထို့ပြင် အရှင်လတ်လတ် မြေမြှုပ်ခြင်းခံရသော သူမ (နှင့်စပ်လျဉ်း၍) မေးမြန်းခြင်းခံရသောအခါ၊

بِاَيِّ ذَنْۢبٍ قُتِلَتْ ⑩

၁၀။ (ယင်းမှာ) မည်သည့်အပြစ်ကြောင့် သတ်ဖြတ်ခြင်းကို ခံခဲ့ရသနည်း။ ①

وَاِذَا الصُّحُفُ نُشِرَتْ ⑪

၁၁။ ထို့ပြင် စာအုပ်စာစောင်များ ဖြန့်ချိခြင်းခံရသောအခါ၊

وَاِذَا السَّمَآءُ كُشِطَتْ ⑫

၁၂။ ထို့ပြင် မိုးကောင်းကင်သည် အရေခွာခြင်းကိုခံရသောအခါ၊

وَاِذَا الْجَحِيْمُ سُعِّرَتْ ⑬

၁၃။ 'ဂျဟန္နမ်'ငရဲကို မီးမွှေး၍တောက်လောင်စေသောအခါ၊

وَاِذَا الْجَنَّةُ اُزْلِفَتْ ⑭

၁၄။ ထို့ပြင် 'ဂျန္နတ်'သုခဥယျာဉ်ကို နီးကပ်အောင် ပြုလုပ်ခြင်းခံရသောအခါ၊

عَلِمَتْ نَفْسٌ مَّآ اَحْضَرَتْ ⑮

၁၅။ အသက်ဝိညာဉ်တိုင်းသည် ၎င်းတို့ ယူဆောင်လာသည်များကို သိရှိသွားကြလိမ့်မည်။

فَلَآ اُقْسِمُ بِالْخُنَّسِ ⑯

၁၆။ သို့ဖြစ်ရာ သတိပြုကြကုန်၊ ငါအရှင်မြတ်သည် လျှို့ဝှက်ကြံစည်မှုများပြုကြပြီး ပြန်လှည့်သွားသူများကို ကျိန်ဆိုသက်သေထူတော်မူ၏။

---

① အာယတ်တော် ၉၊၁၀။ ဤအာယတ်တော်များတွင် မိမိတို့၏ကလေးများအပေါ် မှာပင် မိဘများ၏လုပ်ပိုင်ခွင့်ကို ငြင်းဆိုပယ်ဖျက်မည့် ကမ္ဘာ့နှောင်းခေတ်များရှိ ခေတ်မီယဉ်ကျေးမှုရှိသော အုပ်ချုပ်ရေးများအကြောင်းဖော်ပြခြင်းဖြစ်သည်။ ပင်ကိုအားဖြင့် ကျယ်ပြန့်လေးနက်သော ဤအာယတ်တော်များသည် အနက်အဓိပ္ပာယ် အလွန်ခုံညားစွာဖြင့် ဤသို့ပြည့်စုံခဲ့ပေသည်။ သို့ဖြင့် (ကလေးများကို) သတ်ဖြုံရာမဆိုထားနှင့် မိဘများက မိမိတို့၏သားသမီးများကို တစ်နည်းနည်းဖြင့် လွန်ကျူးမှုကိုပြုခဲ့သည်ရှိသော် အာဏာပိုင်များက ၎င်းတို့၏သားသမီးများကို အစိုးရ၏အုပ်ထိန်းစောင့်ရှောက်မှုအောက်တွင် လွှဲပြောင်းရယူထားလိုက်သည်အထိဖြစ်သည်။

الْجَوَارِ الْكُنَّسِ ﴿١٦﴾

၁၆။ ယင်းမှာ လှေသင်္ဘောများသည် ပုန်းလျှိုးရမည့် အချိန် (သို့မဟုတ် ပုန်းလျှိုးရမည့်နေရာများတွင်) ပုန်းလျှိုးလိုက်ကြ၏။

وَالَّيْلِ اِذَا عَسْعَسَ ﴿١٧﴾

၁၇။ ထို့ပြင် ညဉ့်ကိုလည်းကောင်း၊ ယင်းသည် ရောက်ရှိလာ၍ ကျော်ခိုင်းသွားမည်ဖြစ်သောအခါ။ ۞

وَالصُّبْحِ اِذَا تَنَفَّسَ ﴿١٨﴾

၁၈။ ထို့ပြင် နံနက်ကိုလည်းကောင်း၊ ယင်းသည် စတင်၍ ပင့်သက်ရှူမည်ဖြစ်သောအခါ။

اِنَّهٗ لَقَوْلُ رَسُوْلٍ كَرِيْمٍ ﴿١٩﴾

၁၉။ ဧကန်စင်စစ် ဤသည် (ဤကဲ့သို့သော) ဂုဏ်သရေရှိ တမန်တော်တစ်ပါး၏စကားဖြစ်သည်။

ذِىْ قُوَّةٍ عِنْدَ ذِى الْعَرْشِ مَكِيْنٍ ﴿٢٠﴾

၂၀။ (၎င်းသည်) စွမ်းအားရှိသူဖြစ်၏၊ 'အရ်ရှ်'ပလ္လင်တော်၏ အရှင်သခင်ရှေ့ဝယ် အလွန်လျှင် ဂုဏ်အဆင့်ရှိသူဖြစ်၏။

مُّطَاعٍ ثَمَّ اَمِيْنٍ ﴿٢١﴾

၂၁။ အလွန်တရာနာခံထိုက်သူ၊ (၎င်းသည်) ထိုနေရာတွင် ('အရ်ရှ်'ပလ္လင်တော်၏အရှင်သခင်ရှေ့) ယုံကြည်စိတ်ချရသူ သစ္စာရှင်လည်းဖြစ်၏။

وَمَا صَاحِبُكُمْ بِمَجْنُوْنٍ ﴿٢٢﴾

၂၂။ ထို့ပြင် (အမှန်စင်စစ်) အသင်တို့၏ အပေါင်းအဖော်သည် ရူးသွပ်သူမဟုတ်ချေ။

وَلَقَدْ رَاٰهُ بِالْاُفُقِ الْمُبِيْنِ ﴿٢٣﴾

၂၃။ ထို့ပြင် သူသည် အမှန်ပင် ယင်းအား လင်းဝင်းတောက်ပသော မိုးကုပ်စက်ဝိုင်း၌ မြင်တွေ့ခဲ့ပြီးဖြစ်၏။ ۝

وَمَا هُوَ عَلَى الْغَيْبِ بِضَنِيْنٍ ﴿٢٤﴾

၂၄။ ထို့ပြင် သူသည် အကွယ်တွင်ရှိသည်နှင့်စပ်လျဉ်း၍ (ဖော်ပြရာတွင်) စေးနဲ့တွန့်တိုခြင်းမရှိပေ။

وَمَا هُوَ بِقَوْلِ شَيْطٰنٍ رَّجِيْمٍ ﴿٢٥﴾

၂၅။ ထို့ပြင် ယင်းသည် မောင်းနှင်ထုတ်ခြင်းခံရသော 'ရှိုင်တန်' တစ်ဦးဦး၏စကားမဟုတ်ပေ။

فَاَيْنَ تَذْهَبُوْنَ ﴿٢٦﴾

၂၆။ သို့ဖြစ်ရာ အသင်တို့သည် အဘယ်သို့ သွားနေကြသနည်း။

اِنْ هُوَ اِلَّا ذِكْرٌ لِّلْعٰلَمِيْنَ ﴿٢٧﴾

၂၇။ ယင်းသည်ကား ကမ္ဘာလောကအားလုံးအတွက် ကြီးမားသော ဆုံးမဩဝါဒမှတစ်ပါး အခြားမဟုတ်ချေ။

لِمَنْ شَآءَ مِنْكُمْ اَنْ يَّسْتَقِيْمَ ﴿٢٨﴾

၂၈။ အသင်တို့အနက် တည်ကြည်စွဲမြဲမှုကို ပြသလိုကြသော သူတို့အတွက်ဖြစ်၏။

وَمَا تَشَآءُوْنَ اِلَّآ اَنْ يَّشَآءَ اللّٰهُ رَبُّ الْعٰلَمِيْنَ ﴿٢٩﴾ ع

၂၉။ ထို့ပြင် စကြဝဠာအလုံးစုံကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်၏အလိုတော်မှလွဲ၍ အသင်တို့သည် မည်သည်ကိုမျှ အလိုဆန္ဒပြုနိုင်ကြမည်မဟုတ်ချေတည်း။

❖ ❖ ❖

۞ عَسْعَسَ اللَّيْلُ: أَيْ أَقْبَلَ وَ أَدْبَرَ ညဉ့်(ကာလ)ရောက်ရှိလာပြီး ကျော်ခိုင်းသွားသည်။ (မူဖရီဒါတ်အေမာမ်ရာယိဗ်အဘိဓာန်)

۝ အာယတ်တော် ၂၃-၂၄။ ဤသည့်သဘောမှာ တမန်တော်မြတ်ﷺသည် အကြောင်းအရာများကို မိမိအလိုကျ စီစဉ်သည်မဟုတ်မူဘဲ ကိုယ်တော်မြတ်ﷺသည် 'ဂျိဗရာအီလ်'ကောင်းကင်တမန်အား တစ်ခုသော လင်းဝင်းသည့် မိုးကုပ်စက်ဝိုင်းပေါ်တွင် မြင်တွေ့ခဲ့ရခြင်းဖြစ်သည်။

၈၂။ အလ်-အင်နှိဖတ္ဟာ၏

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၂၀)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၏အစတွင် ကြယ်တာရာများအကြောင်းဖော်ပြပါရှိသော်လည်း ယင်းတို့ မှေးမှိန်သွားမည့်အကြောင်းမဟုတ်မူဘဲ ကြွေကျသွားမည့်အကြောင်းလာရှိထားသည်မှာ လူသားသည် ညဉ့်ကာလ၏အမှောင်ထုများတွင် ကြယ်နက္ခတ်တို့၏အလင်းရောင်ကိုပင် လုံးဝဥဿုံဆုံးရှုံးရလေအောင် ပြုခြင်းခံရမည့်အကြောင်းဖော်ပြခြင်းဖြစ်သည်။ ထိုမှနောက်တွင် ပင်လယ်သမုဒ္ဒရာအကြောင်းကိုဖော်ပြရင်း သမုဒ္ဒရာရေပြင်၌ မျှားပြားလှသော သင်္ဘောကြီးများ မင်းမူလျက် ယင်း(သမုဒ္ဒရာ)၏လှိုင်းဂုက်ချက်များကို စူးစမ်းလေ့လာရန် ယင်း(သမုဒ္ဒရာ)ကိုသာ ခွဲကြမည်မဟုတ်မူဘဲ၊ ကုန်းမြေ၌လည်း ရှေးဟောင်းသုတေသီများသည် တိမ်မြုပ်လျက်ရှိသော ရှေးခေတ်ယဉ်ကျေးမှုများ၏ဂူသဈေးများကိုပါ တူးဖော်ကြမည်ဖြစ်သည်။ ထိုနေ့တွင် လူသားသည် ဤသည့်အလျင်က လူသားတို့သည် မည်သည်ကို ရှေ့သို့ပို့ထားခဲ့ကြကြောင်းနှင့် နောက်ပိုင်းခေတ် လူသားများသည် မည်သည်တို့ကိုရှေ့သို့ ပို့ဆောင်ကြမည်ဖြစ်ကြောင်း သိကြရလိမ့်မည်။

ဤဆူရာဟ်၏အဆုံးတွင် တစ်ဖန် ကမ္ဘာ့နှောင်းခေတ်အကြောင်းကိုဖော်ပြထားသော အာယတ်တော်တစ်ပုဒ်တွင် ကမ္ဘာလောကၦ အစစ်အမှန် ပိုင်ဆိုင်စိုးမိုးမှုမှာ ယာယီအရှင်သခင်များ၏ စိုးမိုးပိုင်ဆိုင်မှုမဟုတ်မူဘဲ အမှန်တကယ်ပိုင်ဆိုင်သောအရှင်သခင်မှာ အလ္လာဟ်အရှင်မြတ်သာ ဖြစ်တော်မူကြောင်း၊ **يوم الدين** (ဆုလာဘ်နှင့် ပြစ်ဒဏ်၏နေ့တော်ကြီး)၌ စိုးမိုးပိုင်ဆိုင်မှုဟူသမျှတို့သည် ထိုအရှင်မြတ်ထံတော်သို့သာ စုဝေးကြရမည်ဖြစ်ပြီး၊ အခြားတစ်ပါးသူတို့သည် ပိုင်ဆိုင်စိုးမိုးမှုမှ လုံးလုံးလျားလျားလက်မဲ့အဖြစ်သို့ ရောက်ကြရမည်ဖြစ်ကြောင်း ဖော်ပြထားတော်မူပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-အင်နှိပ်တွာရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၂၀)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

اِذَا السَّمَآءُ انْفَطَرَتْ ②

၂။ မိုးကောင်းကင်သည် အက်ကွဲသွားမည့်အခါ၊

وَ اِذَا الْكَوَاكِبُ انْتَثَرَتْ ③

၃။ ထို့ပြင် ကြယ်များ ကြွေလွင့်သွားသောအခါ၊

وَ اِذَا الْبِحَارُ فُجِّرَتْ ④

၄။ ထို့ပြင် ပင်လယ်သမုဒ္ဒရာများ ခွဲခြမ်းခြင်းခံရသောအခါ၊

وَ اِذَا الْقُبُوْرُ بُعْثِرَتْ ⑤

၅။ ထို့ပြင် သချိုင်းများ တူးဖော်ဖယ်ရှားခြင်းခံရသောအခါ၊

عَلِمَتْ نَفْسٌ مَّا قَدَّمَتْ وَ اَخَّرَتْ ⑥

၆။ အသက်ဝိညာဉ်တိုင်းသည် မိမိတို့ မည်သည်ကို ရှေ့သို့တင်ကြိုပို့ထားနှင့်သည်နှင့် မည်သည်ကို နောက်ချန်ထားခဲ့သည်ကို သိရှိသွားကြလိမ့်မည်။

يٰۤاَيُّهَا الْاِنْسَانُ مَا غَرَّكَ بِرَبِّكَ الْكَرِيْمِ ⑦

၇။ အို-လူသား၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောကျေးဇူးတော်ရှင်နှင့်စပ်လျဉ်း၍ မည်သည့်အရာသည် အသင့်အား လှည့်ဖြားမှု၌ ထည့်သွင်းခဲ့ပေသနည်း။

الَّذِيْ خَلَقَكَ فَسَوّٰىكَ فَعَدَلَكَ ⑧

၈။ ထိုအရှင်မြတ်သည် အသင့်အား ဖန်ဆင်းတော်မူခဲ့၏၊ ထို့နောက် အသင့်အား အချိုးအစားကျနအောင်ပြုတော်မူခဲ့၏။ ပြီးနောက်တွင် အသင့်အား ညီညွတ်မျှတမှုကိုပေးတော်မူ၏။

فِيْۤ اَيِّ صُوْرَةٍ مَّا شَآءَ رَكَّبَكَ ⑨

၉။ အလိုရှိတော်မူသော ပုံသဏ္ဌာန်၌ အသင်တို့အား စီစဉ်ပြုလုပ်တော်မူ၏။

كَلَّا بَلْ تُكَذِّبُوْنَ بِالدِّيْنِ ⑩

၁၀။ သတိပြုကြကုန်၊ ထိုမျှမက အသင်တို့သည်ကား ဆုလာဘ်နှင့် ပြစ်ဒဏ်ကိုပင်လျှင် ငြင်းပယ်နေကြ၏။

وَ اِنَّ عَلَيْكُمْ لَحٰفِظِيْنَ ⑪

၁၁။ စင်စစ် အသင်တို့အပေါ်၌ စောင့်ကြပ်သူများကို အမှန်ပင် ခန့်အပ်ထားတော်မူ၏။

كِرَامًا كَاتِبِيْنَ ⑫

၁၂။ ဂုဏ်သရေရှိ ရေးမှတ်သူများ၊

يَعْلَمُوْنَ مَا تَفْعَلُوْنَ ⑬

၁၃။ သူတို့သည် အသင်တို့ပြုလုပ်သည်တို့ကိုသိရှိကြ၏။

اِنَّ الْاَبْرَارَ لَفِيْ نَعِيْمٍ ⑭

၁၄။ မလွဲမကန် ကောင်းမြတ်သောသူတို့သည် အမှန်ပင် သုခချမ်းသာ၌ရှိကြလိမ့်မည်။

وَ اِنَّ الْفُجَّارَ لَفِيْ جَحِيْمٍ ⑮

၁၅။ ထို့ပြင် မလွဲမကန် ဆိုးသွမ်းသူတို့သည် အမှန်ပင် 'ဂျဟန္နမ်'ငရဲ၌ ရှိကြပေလိမ့်မည်။

يَّصْلَوْنَهَا يَوْمَ الدِّيْنِ ⑯

၁၆။ သူတို့သည် ယင်း၌ ဆုလာဘ်နှင့်ပြစ်ဒဏ်၏ နေ့တော်

ကြီးတွင် ဝင်ရောက်ကြရလိမ့်မည်။

وَمَآ أَدْرَىٰكَ مَا يَوْمُ ٱلدِّينِ ﴿١٧﴾

၁၇။ ထို့ပြင် သူတို့သည် ယင်းမှ လုံးဝပျက်ကွက်ခြင်းပြုနိုင်ကြမည်မဟုတ်ချေ။

ثُمَّ مَآ أَدْرَىٰكَ مَا يَوْمُ ٱلدِّينِ ﴿١٨﴾

၁၈။ ထို့ပြင် ဆုလာဘ်နှင့် ပြစ်ဒဏ်၏ နေ့တော်ကြီးသည် မည်သည်ဖြစ်ကြောင်း အသင့်အား မည်သို့ပြောရပါမည်နည်း။

يَوْمَ لَا تَمْلِكُ نَفْسٌ لِّنَفْسٍ شَيْـًٔا ۖ وَٱلْأَمْرُ يَوْمَئِذٍ لِّلَّهِ ﴿١٩﴾

၁၉။ တစ်ဖန် ဆုလာဘ်နှင့် ပြစ်ဒဏ်၏ နေ့တော်ကြီးသည် မည်သည်ဖြစ်ကြောင်း အသင့်အား မည်သို့ပြောရပါမည်နည်း။

၂၀။ ထိုနေ့တော်ကြီးတွင် မည်သည့် အသက်ဝိညာဉ်မှ အခြားအသက်ဝိညာဉ်အတွက် မည်သည့်အရာကိုမျှ စီးပိုင်ခြင်းရှိမည်မဟုတ်၊ ထို့ပြင် ထိုနေ့တော်ကြီးတွင် စီရင်ဆုံးဖြတ်ခြင်းသည် လုံးလုံးလျားလျား အလ္လာဟ်၏အဖို့သာ ဖြစ်ပေလိမ့်သတည်း။

❖ ❖ ❖

၈၃။ အလ်–မူတွဖ်ဖီဖင်းန်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠ်တော် (၃၇)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်တွင် တစ်ဖန်ပြန်၍ **ميزان** ဘက်သို့ လူသားအား အာရုံပြုစေတော်မူသည်မှာ-အသင်တို့သည် တရားမျှတမှုတွင်ရပ်တည်မှသာ အောင်ပွဲရကြလိမ့်မည်။ ယူသောအခါတွင် အချိန်အတွယ်တစ်မျိုးဖြစ်ပြီး ပေးသောအခါ အချိန်အတွယ်တစ်မျိုးမဖြစ်စေရ။ ယင်း၌ ဤခေတ်၏ ရောင်းဝယ်ဖောက်ကားမှုကိုလည်း ရှင်းလင်းဖော်ပြထားတော်မူသည်။ အလွန်ချမ်းသာကြွယ်ဝသည့် အုပ်စုများသည် ဆင်းရဲသောအုပ်စုများနှင့် အရောင်းအဝယ်ပြုလုပ်ကြသောအခါ ထိုသို့ရောင်းဝယ်ဖောက်ကားမှုတွင် ဆင်းရဲနုံချာသော အမျိုးသားတို့ဘက်မှ အမြဲပင် ဆုံးရှုံးနစ်နာကြရသည်။ အလွန်ကြီးကျယ်သော စာရင်းစစ်ဆေးမည့်နေ့တွင် ၎င်းတို့၏ လောကီစီးပွားရေးဆိုင်ရာများကိုလည်း စစ်ဆေးရန်အတွက် စုရုံးကြရမည်ကို ထိုသူတို့သည် မစဉ်းစားကြပေသလောဟု မိန့်ထားတော်မူသည်။ ဤသည်ကား ပြီးခဲ့သော ဆူရာဟ်တော်၏ နိဂုံးပိုင်းတွင်ဖော်ပြခဲ့သော **يوم الدين** (ဆုလာဘ်နှင့်ပြစ်ဒဏ်၏ နေ့တော်ကြီး)ပင်ဖြစ်သည်။

ဤသည့်နောက်အာယတ်တော်များတွင် **يوم الدين** (ဆုလာဘ်နှင့်ပြစ်ဒဏ်၏ နေ့တော်ကြီး) အကြောင်းကို ထင်သာမြင်သာအောင်ဖော်ပြတော်မူလျက် **يوم الدين** ကို ငြင်းပယ်သူတို့သည် ရှေးခေတ်များတွင်လည်း ဖျက်ဆီးခြင်းကိုခံခဲ့ကြရပြီး နှောင်းခေတ်တွင်လည်း ဆိုးရွားသောနိဂုံးသို့ရောက်ကြရမည်ဟူ၍ သတိပေးထားတော်မူသည်။

ဤသည့်နောက်မှ အာယတ်တော်များတွင် 'ဂျဟန္နမ်'ငရဲသားများနှင့် 'ဂျန္နတ်'ဥယျာဉ်တော်သားတို့၏ မတူညီသောစစ်တမ်းကိုချပြတော်မူထားပေသည်။ ထို့ပြင် ထိုနေ့၌ ဤလောကတွင် ပြက်ရယ်ပြုလှောင်ပြောင်ဟစ်အော်ခြင်းခံကြရပြီး၊ မျက်ရိပ်မျက်ကဲများဖြင့် နှိမ့်ချကဲ့ရဲ့လျက် 'ကာဖိရ်'ဟူ၍ စွပ်စွဲခြင်းခံရသူတို့သည် ထိုသည့် မယုံကြည်ငြင်းပယ်သူတို့အား 'ပြောစမ်းပါလေ၊ ယခု အသင်တို့၏အခြေအနေမည်သို့ရှိသနည်း'ဟူ၍ ရယ်မောကြပေလိမ့်မည်ဟု သတိပေးထားတော်မူပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-မူတ္ဖ်ိဖ်ိဖင်းန်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၃၇)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَيْلٌ لِّلْمُطَفِّفِيْنَ ②

၂။ ချိန်တွယ်ရာ၌ မမျှမတပြုလုပ်သူတို့အတွက် ပျက်စီးခြင်းသည်ရှိ၏။

الَّذِيْنَ اِذَا اكْتَالُوْا عَلَى النَّاسِ يَسْتَوْفُوْنَ ③

၃။ ထိုသူတို့သည်ကား လူအများထံမှ ချိန်တွယ်ယူသောအခါ အပြည့်အဝ (အချိန်အတွယ်များဖြင့်) ရယူကြပေသည်။

وَ اِذَا كَالُوْهُمْ اَوْ وَّزَنُوْهُمْ يُخْسِرُوْنَ ④

၄။ သို့သော် ယင်းတို့အား တိုင်းထွာ၍လည်းကောင်း သို့မဟုတ် ချိန်တွယ်၍လည်းကောင်း ပေးရသောအခါ လျှော့၍ပေးကြ၏။

اَلَا يَظُنُّ اُولٰٓئِكَ اَنَّهُمْ مَّبْعُوْثُوْنَ ⑤

၅။ အသို့နည်း၊ ဤသူတို့သည် မလွဲမကန် ရှင်ပြန်ထမြောက်ရမည်ကို မယုံကြည်ကြပါသလော။

لِيَوْمٍ عَظِيْمٍ ⑥

၆။ အလွန်ကြီးကျယ်သော နေ့တစ်ခု(နှင့်ကြုံဆုံရန်)အတွက်၊

يَّوْمَ يَقُوْمُ النَّاسُ لِرَبِّ الْعٰلَمِيْنَ ⑦

၇။ ထိုနေ့တော်ကြီးတွင် လူအပေါင်းတို့သည် စကြဝဠာအလုံးစုံကို ဖန်ဆင်းတော်မူသောအရှင်၏ ရှေ့တော်ဝယ် ရပ်ကြရပေလိမ့်မည်။

كَلَّآ اِنَّ كِتٰبَ الْفُجَّارِ لَفِيْ سِجِّيْنٍ ⑧

၈။ သတိပြုကြကုန်၊ ဧကန်စင်စစ် ဆိုးသွမ်းသူတို့၏ ကျင့်ကြံမှုမှတ်တမ်းသည် 'စစ်ဂျင်း'၌ရှိ၏။

وَمَآ اَدْرٰىكَ مَا سِجِّيْنٌ ⑨

၉။ 'စစ်ဂျင်း'သည် မည်သည်ဖြစ်သည်ကို အသင့်အား မည်သို့ ရှင်းပြရမည်နည်း။

كِتٰبٌ مَّرْقُوْمٌ ⑩

၁၀။ ရေးမှတ်ထားသော စာအုပ်တစ်အုပ်ဖြစ်၏။

وَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ⑪

၁၁။ ထိုနေ့တော်ကြီးတွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲသူတို့အတွက် ပျက်စီးခြင်းသည်ရှိ၏။

الَّذِيْنَ يُكَذِّبُوْنَ بِيَوْمِ الدِّيْنِ ⑫

၁၂။ အကြင်သူတို့သည် ဆုလာဘ်နှင့် ပြစ်ဒဏ်ပေးမည့်နေ့ကို မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြ၏။

وَمَا يُكَذِّبُ بِهٖٓ اِلَّا كُلُّ مُعْتَدٍ اَثِيْمٍ ⑬

၁၃။ စင်စစ်တစ်မူကား ထိုနေ့တော်အား စည်းဘောင်ကို ချိုးဖောက်၍ ဆိုးရွားသော အပြစ်ကျူးလွန်သူများမှအပ မည်သူမျှ မဟုတ်မမှန်ဟူ၍ မစွပ်စွဲချေ။

اِذَا تُتْلٰى عَلَيْهِ اٰيٰتُنَا قَالَ اَسَاطِيْرُ الْاَوَّلِيْنَ ⑭

၁၄။ ထိုသူ့ရှေ့ဝယ် ငါတို့၏ 'အာယတ်'မုက္ခပါဠိတော်များကို ဖတ်ရွတ်ပြသောအခါ၊ ရှေးလူတို့၏ ပုံပြင်များသာဖြစ်သည်ဟု သူကပြော၏။

كَلَّا بَلْ ۜ رَانَ عَلٰى قُلُوْبِهِمْ مَّا كَانُوْا يَكْسِبُوْنَ ۝١٤

၁၄။ သတိပြုကြကုန်၊ အမှန်သော်ကား ၎င်းတို့ ပြုလုပ်လေ့ရှိခဲ့သည့် ထိုရှာဖွေဆည်းပူးမှုများက ၎င်းတို့၏နှလုံးသားများ အပေါ်ဝယ် ချေးညှော်ကပ်ငြိစေခဲ့လေပြီ။

كَلَّآ اِنَّهُمْ عَنْ رَّبِّهِمْ يَوْمَئِذٍ لَّمَحْجُوْبُوْنَ ۝١٥

၁၅။ သတိပြုကြကုန်၊ မလွဲမကန် ထိုနေ့တော်ကြီးတွင် ၎င်းတို့သည် မိမိတို့၏ ဖန်ဆင်းမွေးမြူရှင်ထံမှ ကာဆီးထားခြင်းကို ခံကြရမည် (သူတို့သည် အရှင်မြတ်အား ဖူးတွေ့ခြင်းမှ လက်လွတ်ဆုံးရှုံးအောင်ပြုခြင်းခံရပေမည်)။

ثُمَّ اِنَّهُمْ لَصَالُوا الْجَحِيْمِ ۝١٦

၁၆။ ထို့နောက် ထိုသူတို့သည် မလွဲမကန် 'ဂျဟန္နမ်'ငရဲသို့ ဝင်ရောက်ကြရပေမည်။

ثُمَّ يُقَالُ هٰذَا الَّذِىْ كُنْتُمْ بِهٖ تُكَذِّبُوْنَ ۝١٧

၁၇။ ထို့နောက် တစ်ဖန် ပြောကြားခြင်းခံရမည်မှာ ဤသည်ပင် အသင်တို့ မဟုတ်မမှန်ဟု စွပ်စွဲလေ့ရှိခဲ့သောအရာပင် ဖြစ်၏။

كَلَّآ اِنَّ كِتٰبَ الْاَبْرَارِ لَفِىْ عِلِّيِّيْنَ ۝١٨

၁၈။ သတိပြုကြကုန်၊ ဧကန်စင်စစ် ကောင်းမြတ်သူတို့၏ ကျင့်ကြံမှုမှတ်တမ်းသည် အမှန်ပင် 'အိလ်လီယီးန်'တွင်ရှိ၏။

وَمَآ اَدْرٰىكَ مَا عِلِّيُّوْنَ ۝١٩

၁၉။ 'အိလ်လီယီးန်'သည် မည်သည်ဖြစ်သည်ကို အသင့်အား မည်သို့ရှင်းပြရမည်နည်း။

كِتٰبٌ مَّرْقُوْمٌ ۝٢٠

၂၀။ ရေးမှတ်ထားသော စာအုပ်တစ်အုပ်ဖြစ်၏။

يَّشْهَدُهُ الْمُقَرَّبُوْنَ ۝٢١

၂၁။ နီးကပ်စွာရှိသူတို့သည် ယင်းအား (မိမိတို့၏ မျက်စိများဖြင့်) မြင်တွေ့ကြရပေမည်။

اِنَّ الْاَبْرَارَ لَفِىْ نَعِيْمٍ ۝٢٢

၂၂။ ဧကန်မလွဲ ကောင်းမြတ်သူတို့သည် အမှန်ပင် သုခချမ်းသာ၌ရှိကြလိမ့်မည်။

عَلَى الْاَرَآئِكِ يَنْظُرُوْنَ ۝٢٣

၂၃။ မွမ်းမံခြယ်သထားသော ပလ္လင်များပေါ်တွင် စံမြန်း၍ ရှုစားလျက်ရှိနေကြလိမ့်မည်။

تَعْرِفُ فِىْ وُجُوْهِهِمْ نَضْرَةَ النَّعِيْمِ ۝٢٤

၂၄။ အသင်သည် ၎င်းတို့၏မျက်နှာများပေါ်တွင် စည်းစိမ်ချမ်းသာ၏ ရွှင်လန်းမှုပီတိကို မြင်တွေ့သိရှိရပေလိမ့်မည်။

يُسْقَوْنَ مِنْ رَّحِيْقٍ مَّخْتُوْمٍ ۝٢٥

၂၅။ ၎င်းတို့သည် ခိုပ်တံဆိပ် ခတ်နှိပ်ထားသော ယမကာမှတိုက်ကျွေးခြင်းခံရလိမ့်မည်။

خِتٰمُهٗ مِسْكٌ ۭ وَفِىْ ذٰلِكَ فَلْيَتَنَافَسِ الْمُتَنَافِسُوْنَ ۝٢٦

၂၆။ ယင်း၏တံဆိပ်မှာ ကတိုးဖြစ်လိမ့်မည်၊ သို့ဖြစ်၍ ဤသည့်(အကြောင်းကိစ္စတွင်) ယှဉ်ပြိုင်ရန်ဆန္ဒရှိကြသောသူတို့သည် တစ်ဦးထက်တစ်ဦးပို၍ ဆန္ဒထားရှိကြလေကုန်။

وَمِزَاجُهٗ مِنْ تَسْنِيْمٍ ۝٢٧

၂၇။ ယင်း၏အရသာမှာ 'သာစ်နီးမ်'ဖြင့် (ရောစပ်ထားခြင်း) ဖြစ်မည်။

عَيْنًا يَّشْرَبُ بِهَا الْمُقَرَّبُوْنَ ۝٢٨

၂၈။ ထိုသို့သော စမ်းချောင်းတစ်ခုဖြစ်ပြီး နီးကပ်သူတို့သည်

ယင်းမှသောက်သုံးကြရပေလိမ့်မည်။

إِنَّ الَّذِيْنَ اَجْرَمُوْا كَانُوْا مِنَ الَّذِيْنَ اٰمَنُوْا يَضْحَكُوْنَ ۝

၃၀။ ဧကန်မလွဲ ပြစ်မှုကျူးလွန်သောသူတို့သည်၊ သက်ဝင်ယုံကြည်သူတို့အား ပြောင်လှောင်ရယ်မောမှုပြုလေ့ရှိခဲ့ကြ၏။

وَإِذَا مَرُّوْا بِهِمْ يَتَغَامَزُوْنَ ۝

၃၁။ ထို့ပြင် သူတို့အနားမှ ဖြတ်သန်းသွားသောအခါ အချင်းချင်း အရိပ်အကဲပြကြ၏။

وَإِذَا انْقَلَبُوْٓا اِلٰٓى اَهْلِهِمُ انْقَلَبُوْا فَكِهِيْنَ ۝

၃၂။ ထို့ပြင် မိမိတို့၏အိမ်သူအိမ်သားများဘက်သို့ ပြန်သွားကြသောအခါ အချည်းနှီးစကားများကို ဖန်တီးပြောဆိုလျက် ပြန်သွားကြ၏။

وَإِذَا رَاَوْهُمْ قَالُوْٓا اِنَّ هٰٓؤُلَآءِ لَضَآلُّوْنَ ۝

၃၃။ ထို့ပြင် မည်သည့်အခါမဆို သူတို့အားတွေ့သည်နှင့် အမှန်ပင် ဤသူများသည်ပင် လမ်းလွဲသူအရင့်အမာများဖြစ်ကြ၏ဟု ပြောဆိုကြ၏။

وَمَآ اُرْسِلُوْا عَلَيْهِمْ حٰفِظِيْنَ ۝

၃၄။ အမှန်သော်ကား ထိုသူတို့အား ယင်းတို့အပေါ် စောင့်ကြပ်သူများအဖြစ်ပြုလျက် စေလွှတ်ခြင်းမခံခဲ့ရပေ။

فَالْيَوْمَ الَّذِيْنَ اٰمَنُوْا مِنَ الْكُفَّارِ يَضْحَكُوْنَ ۝

၃၅။ သို့ဖြစ်ရာ ဤနေ့တွင် သက်ဝင်ယုံကြည်သူတို့သည် 'ကာဖိရ်'မယုံကြည်ငြင်းပယ်သူများအပေါ် ရယ်မောကြလိမ့်မည်။

عَلَى الْاَرَآئِكِ يَنْظُرُوْنَ ۝

၃၆။ မွမ်းမံခြယ်သထားသော ပလ္လင်များပေါ်တွင် စံမြန်း၍ ရှုစားလျက်ရှိနေကြပေလိမ့်မည်။

هَلْ ثُوِّبَ الْكُفَّارُ مَا كَانُوْا يَفْعَلُوْنَ ۝ ع

၃၇။ အသို့နည်း၊ 'ကာဖိရ်'မယုံကြည်ငြင်းပယ်သူတို့သည် ယင်းတို့ပြုလုပ်လေ့ရှိခဲ့ကြသည်၏ အပြည့်အဝ အစားပေးခြင်းကို ခံကြရပြီမဟုတ်လော။

❖ ❖ ❖

၈၄။ အလ်–အင်(နှ်)ရှေကားက်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠ်တော် (၂၆)ပိုဒ်ပါရှိသည်။

ဆူရာဟ်များ၏ ပြီးခဲ့သော နည်းစဉ်များကို တည်တံ့စေလျက် နောက်တစ်ဖန် ပြန်လည်၍ ကမ္ဘာလောကတွင် ပေါ်လွင်ထင်ရှားမည့် ကြီးကျယ်လှသော တော်လှန်ပြောင်းလဲမှုများကို 'အာခေရတ်' နှောင်းကာလအတွက် သက်သေပြထားပေသည်။ နောက်ထပ်တစ်ဖန် မိုးကောင်းကင်၏ အက်ကွဲမှု အကြောင်းကိုဖော်ပြထားသည်။ ယင်း၏ အဓိပ္ပာယ်တစ်မျိုးမှာ ဒုက္ခဆင်းရဲမှုအမျိုးမျိုး ကျရောက်မည်ဟူ၍ဖြစ်သည်။

ထိုသည့်နောက်တွင် ကမ္ဘာမြေကြီးကို ဖြန့်ကြက်ကျယ်ပြန့်အောင်ပြုခြင်းခံရမည့်အကြောင်း လာရှိထားသည်။ သာမန်အနေအထားအားဖြင့်မူ ကမ္ဘာမြေကြီးကို ကျယ်ပြန့်အောင်ပြုထားသည်ဟု မမြင်ရပေ။ သို့ရာတွင် ကျမ်းမြတ်ကုရ်အာန်ကို ပို့ချခဲ့စဉ်ကာလက လူသား၏အသိဉာဏ်တွင် ကမ္ဘာတစ်ခြမ်းသာရှိခဲ့သည်။ ကျန်ကမ္ဘာတစ်ခြမ်းကိုမူ အမေရိက စသည်ကို ရှာဖွေတွေ့ရှိခြင်းအားဖြင့် ကျယ်ပြန့်လာသည်ဟု အဓိပ္ပာယ်အရပေါ်လွင်ခဲ့သည်။ ထို့ပြင် ကမ္ဘာမြေကြီးသည် ယင်း၌မြုပ်နှံထားသည့် လျှို့ဝှက်ဖုံးကွယ်ရာများကို ပြင်ပသို့အန်ထုတ်ပြီး အတွင်း၌ ဘာမျှမရှိတော့သယောင်ဖြစ်သွားမည့်ကာလမှာ ဤခေတ်ကာလပင် ဖြစ်သည်။ ဤခေတ်သစ်သိပ္ပံတိုးတက်မှုခေတ်ကြီးမှာ အမေရိကကိုရှာဖွေတွေ့ရှိခြင်းမှ စတင်လာခဲ့ပေသည်။

ဤသည့်နောက်တွင် အကြင်အခါ နေ့သည် အမှောင်သို့ ပြောင်းလဲသွားပြီး တစ်ဖန် ညဉ့်သည် ဖြန့်ကြက်အုပ်မိုးသွားပေလိမ့်မည်။ နောက်တစ်ကြိမ်ထပ်မံ၍ အစ္စလာမ်၏ 'လမင်း'သည် ထွက်ပေါ်လာပေမည်။ ထိုနေ့ထိုအခါတွင် အသင်တို့သည် တိုးတက်မှု၏ အဆုံးစွန်သောစခန်းများကို အဆင့်ဆင့် ဖြတ်သန်းလျက်ရှိနေကြမည်ဟု ကြိုတင်ဗျာဒိတ်ပေးထားတော်မူပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-အင်(နှ်)ရှေ့ကားက်

မက္ကာမြို့တွင်ကျရောက်ပြီး ၀စ္စမီလ္လာဟ်အပါအ၀င် အာယတ်တော် (၂၆)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اِذَا السَّمَآءُ انْشَقَّتْ ①

၂။ မိုးကောင်းကင်သည် အက်ကွဲလေသောအခါ၊

وَاَذِنَتْ لِرَبِّهَا وَحُقَّتْ ②

၃။ ထို့ပြင် မိမိ၏ဖန်ဆင်းရှင်ဘက်သို့ နားစွင့်ကြပေလိမ့်မည်၊ ထို့ပြင် ဤသည်ကိုပင် သူ့အပေါ် တာဝန်ချမှတ်ခြင်းခံရ၏။

وَاِذَا الْاَرْضُ مُدَّتْ ③

၄။ ထို့ပြင် ကမ္ဘာမြေကြီးသည် ကျယ်ပြန့်အောင်ပြုခြင်းခံရသောအခါ၊

وَاَلْقَتْ مَا فِيْهَا وَتَخَلَّتْ ④

၅။ ထို့ပြင် ယင်း၌ရှိရှိသမျှကို ထုတ်၍ပစ်လိမ့်မည်၊ သို့ဖြင့် ကုန်ခန်းသွားလိမ့်မည်။

وَاَذِنَتْ لِرَبِّهَا وَحُقَّتْ ⑤

၆။ ထို့ပြင် မိမိ၏ဖန်ဆင်းမွေးမြူရှင်ဘက်သို့ နားစွင့်နေလိမ့်မည်၊ ထို့ပြင် ဤသည်ကိုပင် သူ့အပေါ် တာဝန်ချမှတ်ခြင်းခံရ၏။

يٰٓاَيُّهَا الْاِنْسَانُ اِنَّكَ كَادِحٌ اِلٰى رَبِّكَ كَدْحًا فَمُلٰقِيْهِ ⑥

၇။ အို-လူသား၊ အသင်သည် အမှန်ပင် မိမိ၏ဖန်ဆင်းမွေးမြူရှင်ဘက်သို့ အပြင်းအထန် ကြိုးပမ်းဆောင်ရွက်သူဖြစ်ရမည်၊ သို့ဖြင့် (မည်သို့ဆိုစေ) အသင်သည် ထိုအရှင်မြတ်အားမျက်၀ါးထင်ထင်ဖူးတွေ့ရမည့်သူဖြစ်၏။

فَاَمَّا مَنْ اُوْتِيَ كِتٰبَهٗ بِيَمِيْنِهٖ ⑦

၈။ သို့ဖြစ်ရာ အကြင်သူသည် မိမိ၏ကျင့်ကြံအားထုတ်မှုမှတ်တမ်းကို သူ၏လက်ယာလက်တွင်ပေးခြင်းခံရလျှင်၊

فَسَوْفَ يُحَاسَبُ حِسَابًا يَّسِيْرًا ⑧

၉။ ဧကန်စင်စစ် ထိုသူသည် လွယ်ကူစွာ စစ်ကြောခြင်းကို ခံရလိမ့်မည်။

وَّيَنْقَلِبُ اِلٰٓى اَهْلِهٖ مَسْرُوْرًا ⑨

၁၀။ ထို့ပြင် သူသည် မိမိ၏အိမ်သူအိမ်သားများထံ ပျော်ရွှင်၀မ်းမြောက်စွာ ပြန်ရပေလိမ့်မည်။

وَاَمَّا مَنْ اُوْتِيَ كِتٰبَهٗ وَرَآءَ ظَهْرِهٖ ⑩

၁၁။ ထို့ပြင် အကြင်သူသည် မိမိ၏နောက်ကွယ်တွင် ပြုကျင့်ခဲ့သော ကျင့်ကြံမှု၏စာရင်းကို ပေးခြင်းခံရပေလိမ့်မည်။

فَسَوْفَ يَدْعُوْا ثُبُوْرًا ⑪

၁၂။ သူသည် ဧကန်ပင် (မိမိအတွက်) ပျက်စီးခြင်းကို ဆုတောင်းပေလိမ့်မည်။

وَّيَصْلٰى سَعِيْرًا ⑫

၁၃။ ထို့ပြင် တောက်လောင်နေသော မီးတွင်၀င်ရောက်ရလိမ့်မည်။

اِنَّهٗ كَانَ فِيْٓ اَهْلِهٖ مَسْرُوْرًا ⑬

၁၄။ အမှန်ပင် သူသည် မိမိအိမ်သူအိမ်သားများတွင် ပျော်ရွှင်၀မ်းမြောက်စွာရှိနေခဲ့၏။

اِنَّهٗ ظَنَّ اَنْ لَّنْ يَّحُوْرَ ۚ ﴿١٤﴾

၁၅။ သူသည် ဧကန်ပင် အလျှင်း ရှင်ပြန်ထမြောက်ခြင်း ခံရမည်မဟုတ်ဟု ထင်မြင်ယူဆခဲ့ပေသည်။ ۞

بَلٰٓى ۚ اِنَّ رَبَّهٗ كَانَ بِهٖ بَصِيْرًا ﴿١٥﴾

၁၆။ အဘယ့်ကြောင့် မဟုတ်ရမည်နည်း၊ ဧကန်စင်စစ် သူ၏ ဖန်ဆင်းမွေးမြူရှင်သည် သူ့အပေါ် အမြဲထာဝစဉ် နက်ရှိုင်းစွာ ရှုစားနေတော်မူခဲ့သောအရှင်ဖြစ်တော်မူ၏။

فَلَآ اُقْسِمُ بِالشَّفَقِ ﴿١٦﴾

၁၇။ သို့ဖြစ်ရာ သတိပြုကြကုန်၊ ငါအရှင်မြတ်သည် နေဝင်ဆည်းဆာအချိန်ကို သက်သေထူတော်မူ၏။

وَالَّيْلِ وَمَا وَسَقَ ﴿١٧﴾

၁၈။ ထို့ပြင် ညဉ့်ကိုလည်းကောင်း၊ ယင်းက သိမ်းယူသော အရာများကိုလည်းကောင်း၊

وَالْقَمَرِ اِذَا اتَّسَقَ ﴿١٨﴾

၁၉။ ထို့ပြင် လစန္ဒာကိုလည်းကောင်း၊ ယင်းသည် အလင်းရောင်ဖြင့် ပြည့်ဝန်းသွားသည့်အခါ၊

لَتَرْكَبُنَّ طَبَقًا عَنْ طَبَقٍ ﴿١٩﴾

၂၀။ ဧကန်စင်စစ် အသင်တို့သည် အမှန်ပင် တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်ကြပေလိမ့်မည်။ ۞

فَمَا لَهُمْ لَا يُؤْمِنُوْنَ ﴿٢٠﴾

၂၁။ သို့ပါလျက် ၎င်းတို့ အဘယ်သို့ဖြစ်သွားကြလေသနည်း၊ (၎င်းတို့သည်) သက်ဝင်ယုံကြည်ခြင်းမရှိကြချေ။

وَاِذَا قُرِئَ عَلَيْهِمُ الْقُرْاٰنُ لَا يَسْجُدُوْنَ ﴿٢١﴾ ۩

၂၂။ ထို့ပြင် ၎င်းတို့အား 'ကုရ်အာန်'ကိုရွတ်ဖတ်ပြသောအခါ 'စဂျ်ဒါဟ်'ပျဉ်ဝပ်ဦးချခြင်းမပြုကြချေ။

بَلِ الَّذِيْنَ كَفَرُوْا يُكَذِّبُوْنَ ﴿٢٢﴾

၂၃။ အမှန်သော်ကား ၎င်းပယ်မှုကိုပြုကြသော ထိုသူတို့သည် မဟုတ်မမှန်ဟုစွပ်စွဲကြလေသည်။

وَاللّٰهُ اَعْلَمُ بِمَا يُوْعُوْنَ ﴿٢٣﴾

၂၄။ ထို့ပြင် အလ္လာဟ်သည် ထိုသူတို့ သိုမှီးထားရှိသည်များကို အားလုံးထက်ပို၍သိတော်မူ၏။

فَبَشِّرْهُمْ بِعَذَابٍ اَلِيْمٍ ﴿٢٤﴾

၂၅။ သို့ဖြစ်ရာ ထိုသူတို့အား နာကျင်ဖွယ်သော ပြစ်ဒဏ်၏ သတင်းကိုပေးလိုက်ပါလေ။

اِلَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَهُمْ اَجْرٌ غَيْرُ مَمْنُوْنٍ ﴿٢٥﴾ ۝٤

၂၆။ သက်ဝင်ယုံကြည်၍ ကောင်းမြတ်သောအကျင့်သီလကို တည်ဆောက်သူတို့မှတစ်ပါးဖြစ်၏။ သို့ဖြစ်ရာ ၎င်းတို့အတွက် မပြတ်သော အကျိုးဆုလာဘ်သည်ရှိပေသတည်း။

❖ ❖ ❖

۞ **لَنْ يَّحُوْرَ : اَيْ لَنْ يُّبْعَثَ** 'လိုင်ယဟူးရ်'ဟူသည် 'အလျှင်းရှင်ပြန်ထမြောက်ခြင်းခံရမည်မဟုတ်'ဖြစ်၏။ (မူဖရီဒါတ်အေမာမ်ရာယိဒ်)

۞ အာယတ်တော် ၁၇-၂၀။ **فَــلَا** ဟူသည် ဤနေရာတွင် ငါသည် ကျိန်ဆိုခြင်းမပြုဟူသောသဘောမဟုတ်မူဘဲ ဤသည်အားဖြင့် ခေတ်ကာလအစဉ်အလာ၏ အတွေးအမြင်အယူအဆကို ငြင်းပယ်သည့်သဘောဖြစ်သည်။ အလ္လာဟ်အရှင်မြတ်က နေဝင်ချိန်ကို သက်သေထူတော်မူသည်။ ထို့ပြင် ဤသည့်နောက်တွင် ညဉ့်နက်သွားသော ထိုအခါတွင်လည်း အလ္လာဟ်အရှင်မြတ်က အလင်းရောင် လုံးဝမရရှိအောင်မပြုမူဘဲ လစန္ဒာအား နေဝန်း၏အလင်းရောင်ကို ရောင်ပြန်ဟပ်ယူဖို့ရာ စေလွှတ်လိုက်ပေသည်။ သို့ဖြင့် 'လ' သည်လည်း ချက်ချင်းအလင်းရောင် အပြည့်အဝဖြင့် လင်းဝင်းတောက်ပမှုကိုမပြုပေ။ တစ်နည်းဆိုသော် တစ်ပြိုင်တည်းနှင့် တစ်ဆယ့်လေးရက်လ မဖြစ်လာဘဲ တဖြည်းဖြည်း တိုးတက်ပြည့်ဝလာပေသည်။ ဤသည်နှင့်ထပ်တူ တစ်ဆယ့်လေးရာစုတွင် ကြွရောက်လာမည့် 'မူဂျဒ်ဒဒ်' (အလင်းပြုပုဂ္ဂိုလ်)သည်လည်း 'မူဂျဒ်ဒ်'စနစ်၏ **طَبَقًا عَنْ طَبَقٍ** (တစ်ဆင့်မှတစ်ဆင့်သို့) ဆင့်ကဲတိုးတက်ပြီးသကာလ လပြည့်ဝန်းကြီးပမာ ပွင့်ထွန်းပေါ်ပေါက်လာချိမ့်သတည်း။

၈၅။ အလ်–ဘူးရွှေး၏

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၂၃)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်သည် ပြီးခဲ့သောဆူရာဟ်နှင့် ဤသို့နှီးနွယ်ပတ်သက်မှုများရှိ၏။ ရှေ့၌ အစ္စလာမ်၏ 'လမင်း'သည် အသစ်တစ်ဖန် ထွန်းပမည့်အကြောင်းလာရှိခဲ့သည်။ ဤသည့်ဖြစ်ရပ် ဘယ်သောအခါ ဖြစ်မည်နည်း။ ထို့ပြင် ယင်း၏ရည်ရွယ်ချက်က အဘယ်သို့ရှိမည်နည်း။ မှတ်သားထားရမည်မှာ ကောင်းကင်ယံတွင် ဂြိုဟ်နက္ခတ် တစ်ဆယ့်နှစ်လုံးရှိသည်ဖြစ်၍ တစ်နည်းအားဖြင့် တစ်ဆယ့်နှစ်ရာစု နောက်ပိုင်းတွင် ထိုသည့် ရှေ့ဖြစ်နိမိတ်ပေါ်လွင်ထင်ရှားရာ အချိန်ရောက်ရှိလာလိမ့်မည်။ ထို့ပြင် 'လ'က 'နေ'ကို သက်သေခံသကဲ့သို့ ပွင့်ပေါ်ကြွရောက်လာရန်ရှိသော 'ရှာဟစ်ဒ်'(သက်သေခံသူ)တစ်ပါးက မိမိ၏ကြီးကျယ်လှသော 'မရှ်ဟူးဒ်'(သက်သေပြုခြင်းခံရသူ) တစ်နည်းဆိုသော် တမန်တော်မြတ် မိုဟမ္မဒ်သခင်အတွက် သက်သေခံလိမ့်မည်။ ထို့ပြင် ဤသို့သက်သေခံခြင်း၌ သူ၏စစ်မှန်သောနာခံနောက်လိုက်သူများလည်း ပါဝင်ပေလိမ့်မည်။ ၎င်းတို့သည် ကြွရောက်ပွင့်ပေါ်လာသူအား ယုံကြည်ခြင်းအတွက်မှတစ်ပါး အခြားအပြစ်မရှိကြချေ။ သို့ရာတွင် ဤသို့ရှိလင့်ကစား ၎င်းတို့အား အဆုံးစွန်သော မတရားပြုညှဉ်းပန်းမှုများကိုပြုကြပြီး မီးခဲ့ထည့်သွင်းကြလျက် ကြည့်ရှုသူများက ငြိမ်းအေးသက်သာစွာဖြင့် ပွဲကြည့်ကြပေလိမ့်မည်။ ဤသည့်အလုံးစုံသော ဖြစ်ရပ်များသည် ပါကစ္စတန်နိုင်ငံရှိ ဖြူစင်သော 'အဟ်မဒီမွတ်စလင်'တို့အပေါ် စဉ်ဆက်မပြတ်ပြုလျက် ရှိနေပေသည်။

ဤဆူရာဟ်၏အဆုံးပိုင်းတွင် ပြင်းပြင်းထန်ထန် ဖိအားပေး၍ သတိပေးနှိုးဆော်ထားသည်မှာ ရှေးယခင်က အမျိုးသားတို့သည်လည်း ဤကဲ့သို့သော မတရားမှုကိုပြုခဲ့ကြသောကြောင့် သူတို့၏ ညှဉ်းပန်းနှိပ်စက်မှုက သူတို့အား ဝန်းရံဖမ်းဆီးခဲ့ပေသည်။ သို့ဖြစ်ရာ အသင်တို့သည်လည်း မိမိတို့ပြုသော အပြစ်ဒုစရိုက်မှုများ၏ပြစ်ဒဏ်ကိုခံကြရမည်ဖြစ်ကြောင်း 'လောင်ဟေမာဟ်ဖူးဇ်'တွင်ရှိသော ကျမ်းမြတ်ကုရ်အာန်ကို သက်သေထူတော်မူပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဘုရူးဂ််

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၂၃)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَالسَّمَآءِ ذَاتِ الْبُرُوْجِ ①

၂။ ကြယ်နက္ခတ်စုများရှိသော မိုးကောင်းကင်ကို သက်သေထူတော်မူ၏။

وَالْيَوْمِ الْمَوْعُوْدِ ②

၃။ ထို့ပြင် ကတိတော်ထားရှိသည့် နေ့တော်ကြီးကိုလည်းကောင်း၊

وَشَاهِدٍ وَّمَشْهُوْدٍ ③

၄။ ထို့ပြင် သက်သေခံမည့်သူတစ်ဦးကိုလည်းကောင်း၊ သက်သေထွက်ဆိုခံရသောသူကိုလည်းကောင်း (သက်သေထူတော်မူ၏)။

قُتِلَ اَصْحٰبُ الْاُخْدُوْدِ ④

၅။ ကျိုးရှင်များသည် ဖျက်ဆီးခြင်းကိုခံရမည်သာတည်း။

النَّارِ ذَاتِ الْوَقُوْدِ ⑤

၆။ ယင်းမှာ လောင်စာများစွာရှိသော ထိုမီးပိုင်ရှင်ဖြစ်၏။

اِذْ هُمْ عَلَيْهَا قُعُوْدٌ ⑥

၇။ အကြင်အခါဝယ် ၎င်းတို့သည် ယင်း(မီး)၏အနီးတွင်ထိုင်နေကြလိမ့်မည်။

وَّهُمْ عَلٰى مَا يَفْعَلُوْنَ بِالْمُؤْمِنِيْنَ شُهُوْدٌ ⑦

၈။ ထို့ပြင် ၎င်းတို့သည် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့အပေါ်ပြုမူမည်တို့အား သက်သေဖြစ်ကြလိမ့်မည်။ ①

وَمَا نَقَمُوْا مِنْهُمْ اِلَّآ اَنْ يُّؤْمِنُوْا بِاللّٰهِ الْعَزِيْزِ الْحَمِيْدِ ⑧

၉။ ထို့ပြင် ၎င်းတို့သည် ထိုသူတို့အပေါ် ရန်လိုကြသည်မှာ သူတို့သည် အကြွင်းမဲ့ လွှမ်းမိုးအောင်နိုင်တော်မူသောအရှင်၊ ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူသော အလ္လာဟ်အား သက်ဝင်ယုံကြည်ခြင်းကြောင့်မှတစ်ပါး အခြားမရှိပေ။

الَّذِىْ لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ؕ

၁၀။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ စိုးမိုးအုပ်ချုပ်မှုအာဏာသည် အရှင်မြတ်အဖို့သာဖြစ်၏၊ ထို့ပြင် အလ္လာဟ်သည်

① အာယတ်တော် ၅ မှ ၈ထိ။ ဤအာယတ်တော်များတွင် ကျိုးမြောင်းများအတွင်း မီးရှို့ခဲ့ကြပြီး ယင်း၌ 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူများအား ပစ်ချကြလျက် ထိုင်၍ပွဲကြည့်ခဲ့သူများအား ပျက်စီးချုပ်ငြိမ်းကြရမည့်အကြောင်း ကြိုတင်နိမိတ်ဟောထားတော်မူသည်။ ဤအာယတ်တော်များတွင် ဤသည့်ဖြစ်ရပ်သည် နောင်ကာလတွင်လည်းဖြစ်မည့်အကြောင်းနှင့် ထိုကာလမှာ 'မော်အူဒ်'(ကျမ်းချက်ကတိတော်လာရှိထားသော)ခေတ်ကာလဖြစ်မည့်အကြောင်း ကြိုတင်နိမိတ်ဟောချက်လည်း ပုက်ကွယ်၍ပါရှိနေပေသည်။ သို့ဖြစ်ရာ ဤသည် နေအိမ်များတွင် အရှင်လတ်လတ်မီးရှို့ခြင်းခံကြရသော ညှဉ်းနှိပ်စက်ခံ'အဟ်မဒီ'တို့နှင့် မဖြစ်မနေနှိုးနွှယ်ဆက်စပ်နေပေသည်။ ထို့ပြင် **قُعُوْد** ဟူသည့် စကားလုံးကပြဆိုနေသည်မှာ လူအများသည် ယင်းဖြစ်ရပ်များကို ထိုင်လျက်ပွဲကြည့်နေကြမည်ဖြစ်ပြီး မတရားကျူးလွန်သူတို့နှင့်ဆန့်ကျင်၍ တစ်စုံတစ်ရာအရေးယူဆောင်ရွက်ကြမည်မဟုတ်ချေ။ သို့ဖြစ်ရာ ဤသည့်ကြီးကျယ်ခမ်းနားလှသော ကြိုတင်နိမိတ်မှာ ဤသို့သောပုံစံဖြင့် အကြိမ်များစွာ ပြည့်စုံခြင်းသို့ရောက်ခဲ့ပေသည်။ ရဲများ၏အစောင့်အကြပ်ဖြင့် ဆူပူသောင်းကျန်းသူများသည် အပြစ်မဲ့သော အဟ်မဒီများအား အရှင်လတ်လတ်မီးတင်ရှို့ရန်ကြိုးပမ်းခဲ့ကြရာ အကြိမ်ကြိမ်အောင်မြင်ခဲ့ကြပြီး အချို့အခါများတွင် မအောင်မြင်ခဲ့သည်လည်းရှိ၏။

وَاللّٰهُ عَلٰى كُلِّ شَیْءٍ شَهِیْدٌ ۝

အရာခပ်သိမ်းကုန်တို့အပေါ် သက်သေဖြစ်တော်မူ၏။

اِنَّ الَّذِیْنَ فَتَنُوا الْمُؤْمِنِیْنَ وَالْمُؤْمِنٰتِ ثُمَّ لَمْ یَتُوْبُوْا فَلَهُمْ عَذَابُ جَهَنَّمَ وَلَهُمْ عَذَابُ الْحَرِیْقِ ۝

၁၀။ ဧကန်စင်စစ် အကြင်သူတို့သည် ယုံကြည်သူယောကျ်ားများနှင့် ယုံကြည်သူ မိန်းမတို့ကို အခက်အခဲဒုက္ခ၌ ထည့်သွင်းကြ၏၊ ထို့နောက် ဝန်ချတောင်းပန်ခြင်းမပြုကြလျှင် ယင်းတို့အတွက် 'ဂျဟန္နမ်'၏ ပြစ်ဒဏ်သည်ရှိ၏။ ထို့ပြင် ယင်းတို့အတွက် မီး၏ပြစ်ဒဏ်(ကို သတ်မှတ်ထား)ရှိ၏။ ★

اِنَّ الَّذِیْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَهُمْ جَنّٰتٌ تَجْرِیْ مِنْ تَحْتِهَا الْاَنْهٰرُ ؕ ذٰلِكَ الْفَوْزُ الْكَبِیْرُ ۝

၁၂။ မလွဲဧကန် အကြင်သူတို့သည် ယုံကြည်၍ ကောင်းမှုပွားများ၏၊ ထိုသူတို့အတွက် အခြေတွင်စမ်းချောင်းများ စီးဆင်းနေသော 'ဂျန္နတ်'ဥယျာဉ်တော်များရှိ၏၊ ဤသည် အလွန်လျှင် ကြီးကျယ်သော အောင်မြင်မှုဖြစ်၏။

اِنَّ بَطْشَ رَبِّكَ لَشَدِیْدٌ ۝

၁၃။ ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၏ဖမ်းဆီးမှုသည် အလွန်ပြင်းထန်၏။

اِنَّهٗ هُوَ یُبْدِئُ وَیُعِیْدُ ۝

၁၄။ ဧကန်စင်စစ် ထိုအရှင်မြတ်သည်ပင် အစပြုတော်မူ၏၊ ထို့ပြင် တစ်ဖန်ပြန်၍ ပြုလုပ်တော်မူ၏။

وَهُوَ الْغَفُوْرُ الْوَدُوْدُ ۝

၁၅။ သို့ဖြစ်သော်ငြားလည်း ထိုအရှင်မြတ်သည် အလွန်တရာ အပြစ်လွှတ်တော်မူသောအရှင်(နှင့်) အလွန်လျှင် ချစ်ခင်မြတ်နိုးတော်မူသောအရှင် ဖြစ်တော်မူ၏။

ذُو الْعَرْشِ الْمَجِیْدُ ۝

၁၆။ 'အရ်ရှ်'ပလ္လင်တော်၏အရှင်သခင်၊ ဂုဏ်ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

فَعَّالٌ لِّمَا یُرِیْدُ ۝

၁၇။ အလိုရှိတော်မူသောအရာကို မလွဲမသွေ ပြုလုပ်တော်မူ၏။

هَلْ اَتٰىكَ حَدِیْثُ الْجُنُوْدِ ۝

၁၈။ အသို့နည်း၊ အသင့်ထံ တပ်ဖွဲ့များ၏ သတင်းစကား ရောက်ခဲ့ပါသလော။

فِرْعَوْنَ وَثَمُوْدَ ۝

၁၉။ 'ဖိရ်အောင်'နှင့် 'ဆမူဒ်'တို့၏(တပ်များ)၊

بَلِ الَّذِیْنَ كَفَرُوْا فِیْ تَكْذِیْبٍ ۝

၂၀။ အမှန်သော်ကား မယုံကြည်ငြင်းပယ်သူတို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲခြင်း၌သာလျှင် (စွဲမြဲ)နေကြကုန်၏။

وَّاللّٰهُ مِنْ وَّرَآىِٕهِمْ مُّحِیْطٌ ۝

၂၁။ စင်စစ် အလ္လာဟ်သည် ၎င်းတို့အား ရှေ့နောက်တို့မှ ဝန်းရံထားတော်မူ၏။

بَلْ هُوَ قُرْاٰنٌ مَّجِیْدٌ ۝

၂၂။ အမှန်သော်ကား ထိုသည်မှာ ဂုဏ်ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူသော 'ကုရ်အာန်' ကျမ်းတော်ဖြစ်၏။

فِیْ لَوْحٍ مَّحْفُوْظٍ ۝ ۧ

၂၃။ လုံခြုံစွာ ထိန်းသိမ်းထားသည့် တစ်ခုသော သင်ပုန်းချပ်တွင်တည်း။

❖ ❖ ❖

★ اَلْحَرِیْقُ: اَلنَّارُ (မူဖရီဒါတ်အေမာမ်ရာယိဒ်)

၈၆။ အလ်-တွာရီက်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၁၈)ပိုဒ်ပါရှိသည်။

ဤတွင် ဆူရာဟ် 'အလ်-ဘုရူးဂျ်'၏အကြောင်းရပ်ကိုပင် ရှေ့ဆက်ထားပေသည်။ ထို့ပြင် ကြိုတင်နိမိတ်လာရှိထားသည်မှာ ဤသည့်မှောင်မိုက်သောညဉ့်တွင် အလ္လာဟ်အရှင်မြတ်သည် ညှဉ်းပန်းနှိပ်စက်ခံအစေတော်များအား ကူညီမှိုင်းမတော်မူရန် အရှင်မြတ်၏လုံခြုံမှုပေးသူများအား ခန့်ထားတော်မူပေမည်။ လူသားသည် ပန်းထွက်သောအရာနှင့် မောက်မာပလွားသောအရာတစ်ခုအဖြစ်သာရှိခဲ့ကြောင်းကို အဘယ့်ကြောင့် မစဉ်းစားမသုံးသပ်ကြရလေသနည်း။ သို့ဖြစ်၍ နောက်ဆုံးတွင် ယင်းတို့သည် မိမိတို့၏မလျော်ကန်သော ပြုကျင့်မှုများ၏ရလဒ်အဖြစ် ဖမ်းဆီးခြင်းကိုခံကြရလိမ့်မည်။ ထိုမှတစ်ပါး တမန်တော်မြတ်ﷺနှင့် ကိုယ်တော်မြတ်၏ ယခုခေတ်ကာလရှိ တပည့်နောက်လိုက်တို့အား လမ်းညွှန်ထားတော်မူသည်မှာ- ဤသူတို့သည် အတန်ငယ်ကြာသည်အထိ ဆိုးသွမ်းမှုကိုပြုကြပါစေ။ နောက်ဆုံး၌ ဤသူတို့သည် ဖမ်းဆီးခြင်းကိုခံကြရလိမ့်မည်။ သို့ဖြစ်ရာ စောင့်ဆိုင်း၍နေကြကုန်။ ထို့ပြင် ၎င်းတို့အား အနည်းငယ်မျှ ဆိုင်းငံ့ခွင့်ပေးကြလေကုန်ဟူ၍ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-တွာရိုက်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၁၈)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَالسَّمَآءِ وَالطَّارِقِ ②

၂။ မိုးကောင်းကင်ကိုလည်းကောင်း၊ ထို့ပြင် ည၌အချိန်၌ ထွက်ပေါ်သည့်အရာကိုလည်းကောင်း သက်သေထူတော်မူ၏။ ②

وَمَآ اَدْرٰىكَ مَا الطَّارِقُ ③

၃။ ထို့ပြင် ည၌အချိန်၌ ထွက်ပေါ်သည့်အရာသည် မည်သည်ဖြစ်သည်ကို အသင့်အား မည်သို့ပြောပြရမည်နည်း။

اَلنَّجْمُ الثَّاقِبُ ④

၄။ အလွန်တရာ တောက်ပသောကြယ်၊

اِنْ كُلُّ نَفْسٍ لَّمَّا عَلَيْهَا حَافِظٌ ⑤

၅။ ထိန်းသိမ်းစောင့်ရှောက်သူမရှိသော မည်သည့်အသက်ဝိညာဉ်(တစ်ခု)မျှပင် မရှိချေ။

فَلْيَنْظُرِ الْاِنْسَانُ مِمَّ خُلِقَ ⑥

၆။ သို့ဖြစ်ရာ လူသားသည် သူ့အား မည်သည့်အရာဖြင့် ဖန်ဆင်းတော်မူသည်ကို စဉ်းစားသုံးသပ်ပါလေ။

خُلِقَ مِنْ مَّآءٍ دَافِقٍ ⑦

၇။ ပန်းထွက်သောအရည်ဖြင့် ဖန်ဆင်းတော်မူ၏။

يَّخْرُجُ مِنْۢ بَيْنِ الصُّلْبِ وَالتَّرَآئِبِ ⑧

၈။ ယင်းသည် ကျောကုန်းနှင့် နံရိုးများကြားမှထွက်ပေါ်၏။

اِنَّهٗ عَلٰى رَجْعِهٖ لَقَادِرٌ ⑨

၉။ ဧကန်စင်စစ် ထိုအရှင်မြတ်သည် သူ့အား ပြန်လည်ယူဆောင်သွားရန် အမှန်ပင် စွမ်းဆောင်နိုင်တော်မူ၏။

يَوْمَ تُبْلَى السَّرَآئِرُ ⑩

၁၀။ ထိုနေ့တော်တွင် ဖုံးကွယ်လျက်ရှိသောအကြောင်းများကို ဖော်ထုတ်ခြင်းခံရပေအံ့။

فَمَا لَهٗ مِنْ قُوَّةٍ وَّلَا نَاصِرٍ ⑪

၁၁။ သို့ဖြစ်ရာ သူ့အား တစ်စုံတစ်ရာ စွမ်းအားရရှိလိမ့်မည်မဟုတ်၊ ထို့ပြင် ကူညီစောင်မသူလည်းရှိမည် မဟုတ်ချေ။

وَالسَّمَآءِ ذَاتِ الرَّجْعِ ⑫

၁၂။ မိုးသည်းထန်စွာ ရွာသွန်းသော ကောင်းကင်ကို သက်သေထူတော်မူ၏။ ①

وَالْاَرْضِ ذَاتِ الصَّدْعِ ⑬

၁၃။ ထို့ပြင် အပင်များပေါက်ရောက်စေသော ပထဝီမြေကြီးကို လည်းကောင်း၊ ②

اِنَّهٗ لَقَوْلٌ فَصْلٌ ⑭

၁၄။ ဧကန်စင်စစ် ယင်းသည် တိကျပြတ်သားစွာ စီရင်ဆုံးဖြတ်သော နှုတ်ကပါဌ်တော်ဖြစ်၏။

---

① ဤဆူရာဟ်၏အဦးအစမှာပင် ည၌အခါတွင်ရောက်ရှိလာမည့် နိမိတ်လက္ခဏာကို သက်သေထူထားတော်မူပေသည်။ ဤသည့်နောက်ရှိ အာယတ်တော်များဖြင့် ရှင်းလင်းချက်ရရှိသည်မှာ ယင်းသည် **اَلنَّجْمُ الثَّاقِبُ** ဖြစ်လိမ့်မည်။ **اَلنَّجْمُ الثَّاقِبُ** အားဖြင့် မီးပိုးရွာချမည့် မီးတောက်ကြီးသည် ကောင်းကင်ယံမှ ကျရောက်လာမည်ဖြစ်ကြောင်း သိရှိရသည်။

① **اَلرَّجْعُ : اَلْمَطَرُ بَعْدَ الْمَطَرِ** သဲသဲမဲမဲရွာသောမိုး။ (အလ်-မွန်ဂျိဒ်အဘိဓာန်၌)

② **اَلصَّدْعُ : نَبَاتُ الْأَرْضِ** မြေကြီးမှ အပင်များပေါက်ရောက်ခြင်း။ (အလ်အက္ကရဲဒ်)

وَّمَا هُوَ بِالْهَزْلِ ﴿١٤﴾

၁၅။ ထို့ပြင် ယင်းသည် အချည်းနှီးသောစကား အလျှင်း မဟုတ်ချေ။

اِنَّهُمْ يَكِيْدُوْنَ كَيْدًا ﴿١٥﴾

၁၆။ အမှန်ပင် ထိုသူတို့သည် ကြံစည်မှုတစ်ခုခုကို ပြုကြလိမ့်မည်။

وَّاَكِيْدُ كَيْدًا ﴿١٦﴾

၁၇။ ငါအရှင်မြတ်သည်လည်း ကြံစည်မှုတစ်ခုကို ပြုလုပ်တော်မူပေအံ့။

فَمَهِّلِ الْكٰفِرِيْنَ اَمْهِلْهُمْ رُوَيْدًا ﴿١٧﴾

၁၈။ သို့ဖြစ်ရာ မယုံကြည်သူ 'ကာဖိရ်'များကို အချိန်ပေးလိုက်ပါလော၊ ယင်းတို့အား ကာလတစ်ခုအထိ ဆိုင်းငံ့ခွင့်ပေးလိုက်ပါလော။

❖ ❖ ❖

၈၇။ အလ်–အာအဲလာ

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မှကွပါဒ်တော် (၂၀)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၏အစမှာပင် အလ္လာဟ်အရှင်မြတ်၏နာမတော်နှင့် အလ္လာဟ်၏ဘက်တော်သားတို့၏ အမည်နာမများသာလျှင် လွှမ်းမိုးရသည်ဖြစ်ကြောင်း သက်သေရရှိလိမ့်မည်ဟု ဝမ်းမြောက်ဖွယ်သတင်းကောင်းပေးထားတော်မူပေသည်။ သို့ဖြစ်ရာ သွန်သင်ဆုံးမတော်မူသည်မှာ ဆုံးမဩဝါဒပေးလျက်သာနေပါလေ။ ဧကန်စင်စစ် ဆုံးမဩဝါဒသည် အစပိုင်းတွင် အမြင်အားဖြင့် အထမမြောက်ဟု မြင်ရလင့်ကစား နောက်ဆုံးတွင် အကျိုးပေးလိမ့်မည်ဟု သင်ပြဆုံးမထားတော်မူသည်။ ထို့နောက် လူသားအားညွှန်ဆိုမိန့်မှာတော်မူသည်မှာ အသင်တို့သည် အဆုံးအမဩဝါဒများမှ သတိလက်လွတ်ဖြစ်ရခြင်းမှာ အသင်တို့သည် လောကီဘဝကို လောကုတ္တရာဘဝထက် ဦးစားပေးအလေးထားကြသောကြောင့်ဖြစ်၏။ အမှန်သော်ကား 'အာခေရတ်'နောင်တမလွန်သည်သာလျှင် ကောင်းမွန်၍ ထာဝရစံမြန်းရာဖြစ်ပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-အာအ်လာ

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၂၀)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

سَبِّحِ اسْمَ رَبِّكَ الْاَعْلَى ②

၂။ ကြီးကျယ်မြင့်မြတ်တော်မူသော ဖန်ဆင်းမွေးမြူရှင်၏ နာမတော်အား ချို့တဲ့ခြင်းအပေါင်းမှ ကင်းရှင်းသန့်စင်တော်မူကြောင်းကို ဖော်ပြပါလေ။

الَّذِىْ خَلَقَ فَسَوّٰى ③

၃။ ထိုအရှင်မြတ်သည် ဖန်ဆင်းတော်မူ၏၊ ထို့နောက် အချိုးအစားကျနအောင် ပြုလုပ်တော်မူ၏။

وَالَّذِىْ قَدَّرَ فَهَدٰى ④

၄။ ထို့ပြင် ထိုအရှင်မြတ်သည် (ဒြပ်မျှားကို) ပေါင်းစုဖြစ်ထွန်းစေတော်မူ၏၊ ထို့နောက် လမ်းညွှန်တော်မူ၏။

وَالَّذِىْٓ اَخْرَجَ الْمَرْعٰى ⑤

၅။ ထို့ပြင် အရှင်မြတ်သည် ဘဝ၏လုံခြုံရေးအတွက် စိမ်းလန်းစိုပြည်သောအပင်မျှားကို ထွက်ပေါ်စေတော်မူ၏။ ①

فَجَعَلَهٗ غُثَآءً اَحْوٰى ⑥

၆။ ပြီးနောက်တစ်ဖန် ယင်းအား (အလေးမထားသူမျှားအတွက်) ညိုမည်းသော အမှိုက်သရိုက်ဖြစ်စေတော်မူခဲ့၏။

سَنُقْرِئُكَ فَلَا تَنْسٰٓى ⑦

၇။ ငါတို့သည် အသင့်အား အမှန်ပင် ဖတ်ရွတ်ခြင်းကို သင်ပေးတော်မူမည်၊ သို့ဖြင့် အသင်သည် မေ့လျော့လိမ့်မည် မဟုတ်ချေ။

اِلَّا مَا شَآءَ اللّٰهُ ؕ اِنَّهٗ يَعْلَمُ الْجَهْرَ وَمَا يَخْفٰى ⑧

၈။ အလ္လာဟ်အလိုတော်ရှိခြင်းမှအပဖြစ်၏။ ဧကန်စင်စစ် ထိုအရှင်မြတ်သည် ထင်ပေါ်လျက်ရှိသည်ကိုလည်းကောင်း၊ ဖုံးကွယ်လျက်ရှိသည်ကိုလည်းကောင်း သိရှိတော်မူ၏။ ②

وَنُيَسِّرُكَ لِلْيُسْرٰى ⑨

၉။ ထို့ပြင် ငါတို့သည် အသင့်အား လွယ်ကူမှုကို စီစဉ်ပေးတော်မူမည်။

فَذَكِّرْ اِنْ نَّفَعَتِ الذِّكْرٰى ⑩

၁၀။ သို့ဖြစ်ရာ သွန်သင်ဆုံးမပါလေ၊ သွန်သင်ဆုံးမခြင်းသည် မည်သို့ဆိုစေ အကျိုးရှိပေသည်။

سَيَذَّكَّرُ مَنْ يَّخْشٰى ⑪

၁၁။ အကြောက်တရားရှိသူသည် အမှန်ပင် သင်ခန်းစာရယူပေလိမ့်မည်။

---

① ဤသည်အတွက် အနက်အဓိပ္ပာယ်ကို 'မူဖရီဒါတ် အေမာမ်ရာယိမ်' အတိဓာန်၌။

② အာယတ်တော် ၇-၈။ ဤတွင်ဖော်ပြထားသော မေ့လျော့မှုများအကြောင်းမှာ တမန်တော်မြတ်ﷺသည် ကျမ်းမြတ်ကုရ်အာန်ကို မေ့လျော့မှုရှိခဲ့သည်ဟု ဆိုလိုသည်မဟုတ်မူဘဲ 'ဆွလာတ်'ဝတ်ပြုစဉ်တွင် တစ်ခါတစ်ရံဖြစ်လေ့ရှိသော အခိုက်အတန့်အားဖြင့် မေ့လျော့မှုကို ဆိုလိုခြင်းသာဖြစ်သည်။ ယင်းအတွက် မိန့်ထားတော်မူသည်မှာ အကယ်၍ တစ်စုံတစ်ရာသော စကားလုံးကို မေ့လျော့၍ မှားဖတ်မိခဲ့လျှင် နောက်တန်းတွင်ရပ်နေသော ဝတ်ပြုသူများက ယင်းကို ပြင်ပေးကြရမည်ဖြစ်သည်။

وَيَتَجَنَّبُهَا الْاَشْقَى ﴿١١﴾

၁၂။ သို့သော် အလွန်ကံဆိုးလှသူသည် ယင်းမှ လွှဲရှောင်သွားပေလိမ့်မည်။

الَّذِىْ يَصْلَى النَّارَ الْكُبْرٰى ﴿١٢﴾

၁၃။ ထိုသူသည် အလုံးစုံတို့ထက် ကြီးကျယ်သောမီးတွင် ဝင်ရောက်ရလိမ့်မည်။

ثُمَّ لَا يَمُوْتُ فِيْهَا وَلَا يَحْيٰى ﴿١٣﴾

၁၄။ ထို့နောက် သူသည် ယင်း၌ သေမည်လည်းမဟုတ်၊ ရှင်မည်လည်း မဟုတ်ချေ။

قَدْ اَفْلَحَ مَنْ تَزَكّٰى ﴿١٤﴾

၁၅။ ဧကန်စင်စစ် သန့်ရှင်းပြီဖြစ်သောသူသည် အောင်မြင်ခဲ့လေပြီ။

وَذَكَرَ اسْمَ رَبِّهٖ فَصَلّٰى ﴿١٥﴾

၁၆။ မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ နာမတော်ကို သတိရတသ 'ဇိကိရ်'ပြုလုပ်၏၊ ထို့ပြင် 'ဆွလာတ်'ဝတ်ပြု၏။

بَلْ تُؤْثِرُوْنَ الْحَيٰوةَ الدُّنْيَا ﴿١٦﴾

၁၇။ စင်စစ်သော်ကား အသင်တို့သည် လောကီဘဝကို ဦးစားပေးကြပေသည်။

وَالْاٰخِرَةُ خَيْرٌ وَّاَبْقٰى ﴿١٧﴾

၁၈။ အမှန်သော်ကား နောင်တမလွန်သည် ပိုမိုကောင်းမြတ်ပြီး အမြဲထာဝရတည်နေမည့်အရာဖြစ်၏။

اِنَّ هٰذَا لَفِى الصُّحُفِ الْاُوْلٰى ﴿١٨﴾

၁၉။ ဧကန်စင်စစ် ဤသည် ရှေးကျမ်းများတွင်လည်း အမှန်ပင်ရှိ၏။

صُحُفِ اِبْرٰهِيْمَ وَمُوْسٰى ﴿١٩﴾

၂၀။ 'အစ်ဗရာဟင်မ်'နှင့် 'မူစာ'တို့၏ကျမ်းများတွင်(ဖြစ်သတည်း)။ ۞

❖ ❖ ❖

۞ အာယတ်တော် ၁၉-၂၀။ ဤတွင် ကျမ်းမြတ်ကုရ်အာန်နှင့်စပ်လျဉ်း၍ မိန့်ထားတော်မူသည်မှာ ဤ(ကုရ်အာန်)သည် လွန်လေခဲ့ပြီးသော ကျမ်းအဆူဆူတို့၏ အကောင်းမြတ်ဆုံးသော သင်ပြချက်အားလုံးကို မိမိအတွင်း၌ စုစည်းထားပေသည်။ တမန်တော် 'အစ်ဗရာဟင်မ်'ﷺ၏ 'ဆွဟီဖာဟ်'ကျမ်းစာမှလည်းကောင်း၊ တမန်တော် 'မူစာ'ﷺ၏ ကျမ်းဂန်မှလည်းကောင်း အကောင်းမြတ်ဆုံးသော သင်ပြချက်များပါရှိပေသည်။

၈၈။ အလ်-ယာရ်ဖိယာဟ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၂၇)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်တွင် ဖုံးအုပ်လွှမ်းခြုံသွားမည်ဖြစ်သော စဉ်ဆက်မပြတ်ရောက်ရှိလာမည့် 'အဇာဘ်' ပြစ်ဒဏ်များအကြောင်းကို ဖော်ပြထားပေသည်။ ထိုနေ့တွင် မျက်နှာများသည် ပြင်းထန်စွာကြောက်ရွံ့ ထိတ်လန့်နေကြလိမ့်မည်။ ထို့ပြင် လွန်စွာခက်ခဲပင်ပန်းမှုဒုက္ခရှိကြလိမ့်မည်ဖြစ်ပြီး၊ မောပန်းကာ အင်အား ကုန်ခန်းသွားကြပေလိမ့်မည်။ ထိုသူတို့သည် အရှိန်ရဲရဲဖြင့် တောက်လောင်နေသော မီးတွင်ဝင်ရောက်ကြ ရမည်ဖြစ်ပြီး သူတို့၏ အစားအစာမှာ သူတို့အား ဝဖြိုးစေမည်လည်းမဟုတ် မွတ်သိပ်မှုကို ပြေပျောက် စေမည်လည်းမဟုတ်သော ရှားစောင်းပင်မှတစ်ပါး အခြားမည်သည့်အရာမျှရှိလိမ့်မည်မဟုတ်ချေ။ ဤသည် ပုံဆောင်ချက်သာဖြစ်ပြီး ယင်းမှာ ရှားစောင်းပင်၌သီးပြီး အမြင်အားဖြင့် ချိုမြိန်သောအသီးသည် စားသုံးသူကို နောက်ဆုံးတွင် အလွန်တရာဒုက္ခဖြစ်စေသော အကျိုးဆက်ရလဒ်ဘက်သို့ တိတိကျကျ ရည်ညွှန်းထားခြင်းဖြစ်သည်။

ဤသည့်နောက်တွင် ဆူရာဟ်တစ်ခုလုံး၌ နှောင်းခေတ်တွင်ဖြစ်ပေါ်လတ္တံ့သော ဖြစ်ရပ်များ အကြောင်းကိုဖော်ပြလျက် နောက်ဆုံးတွင် လူသားသည် မုချဧကန် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော် မှောက်အသွင်းခံရမည့် စာရင်းစစ်ဆေးခြင်းအကြောင်းကို ဖော်ပြထားသည်။

ဤဆူရာဟ်၏ နောက်ဆုံးအာယတ်တော်တွင် တမန်တော်မြတ်ﷺ၏ 'စွန့်တ်'လမ်းစဉ်တော် နှင့်အညီ 'ဆွလာတ်'ဝတ်ပြုမှုတွင် လိုက်ပါဝတ်ပြုကြသူအားလုံးက အနည်းငယ်အသံမြှင့်လျက် 'အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့အား စာရင်းစစ်ဆေးသောအခါ လွယ်လင့်တကူဖြစ်စေတော်မူပါ' ဟူသည့် 'ဒိုအာ'ဆုတောင်းကို ပြုစေတော်မူထားပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ယာရှီယာဟ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၂၇)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

هَلْ اَتٰىكَ حَدِيْثُ الْغَاشِيَةِ ②

၂။ သတိလက်လွတ်ဖြစ်စေသည့် (အချိန်တော်၏) သတင်းသည် အသင့်ထံ ရောက်လာပါသလော။

وُجُوْهٌ يَّوْمَئِذٍ خَاشِعَةٌ ③ ①

၃။ ထိုနေ့တွင် အချို့သော မျက်နှာများသည် အပြင်းအထန် ကြောက်ရွံ့ချောက်ချားလျက်ရှိပေလိမ့်မည်။ ①

عَامِلَةٌ نَّاصِبَةٌ ④

၄။ (ယခင်က လောကီရှာဖွေမှုတွင်) ပြင်းထန်စွာ ကြိုးပမ်းအားထုတ်ကြသူများ(နှင့်) မောပန်းနွမ်းလျသွားသူများ၊

تَصْلٰى نَارًا حَامِيَةً ⑤

၅။ ထိုသူတို့သည် တောက်လောင်လျက်ရှိသော မီးတွင်ဝင်ရောက်ကြရပေလိမ့်မည်။

تُسْقٰى مِنْ عَيْنٍ اٰنِيَةٍ ⑥

၆။ သူတို့သည် ကျိုက်ကျိုက်ဆူနေသော စမ်းချောင်းမှ တိုက်ကျွေးခြင်းကိုခံရပေလိမ့်မည်။

لَيْسَ لَهُمْ طَعَامٌ اِلَّا مِنْ ضَرِيْعٍ ⑦

၇။ ထိုသူတို့အတွက် ရှားစောင်းပင်ဖြင့် ပြုလုပ်ထားသည်မှတစ်ပါး အခြားမည်သည့်စားစရာမျှရှိမည်မဟုတ်။

لَّا يُسْمِنُ وَلَا يُغْنِيْ مِنْ جُوْعٍ ⑧

၈။ ယင်းသည် ဝဖြိုးစေမည်လည်းမဟုတ်၊ ဆာလောင်မွတ်သိပ်ခြင်းမှ ကင်းဝေးစေမည်လည်းမဟုတ်ပေ။

وُجُوْهٌ يَّوْمَئِذٍ نَّاعِمَةٌ ⑨

၉။ ထိုနေ့တွင် အချို့သော မျက်နှာများသည် ရွှင်ပျလန်းဆန်းနေပေလိမ့်မည်။

لِّسَعْيِهَا رَاضِيَةٌ ⑩

၁၀။ မိမိတို့ ကြိုးစားမှုအပေါ် လွန်စွာ ကျေနပ်ပျော်ရွှင်ကြလျက်၊

فِيْ جَنَّةٍ عَالِيَةٍ ⑪

၁၁။ မြင့်မားထွတ်မြတ်သော 'ဂျန္နတ်'ဥယျာဉ်တော်တစ်ခုတွင်၊

لَّا تَسْمَعُ فِيْهَا لَاغِيَةً ⑫

၁၂။ အသင်သည် ယင်း၌ မည်သို့သော အချည်းနှီး စကားကိုမျှ ကြားရလိမ့်မည်မဟုတ်ချေ။

فِيْهَا عَيْنٌ جَارِيَةٌ ⑬

၁၃။ ယင်း၌ စီးဆင်းနေသည့် စမ်းချောင်းတစ်ခုရှိလိမ့်မည်။

فِيْهَا سُرُرٌ مَّرْفُوْعَةٌ ⑭

၁၄။ ယင်း၌ မြင့်စွင့်စွာခင်းကျင်းထားသော ပလ္လင်များရှိလိမ့်မည်။

وَّاَكْوَابٌ مَّوْضُوْعَةٌ ⑮

၁၅။ ထို့ပြင် သီးသန့်စီစဉ်ထားသော ခွက်များ၊

وَّنَمَارِقُ مَصْفُوْفَةٌ ⑯

၁၆။ ထို့ပြင် အတန်းလိုက်စီထားသော မှီအုံးများ၊

① خَاشِعَةٌ ၏အနက်ကို 'တာဂျွလ်အုရွတ်စ်'တွင်ရှု။

وَّزَرَابِيُّ مَبْثُوْثَةٌ ﴿١٦﴾

၁၇။ ထို့ပြင် ခင်းကျင်းထားသော အခင်းများ၊

اَفَلَا يَنْظُرُوْنَ اِلَى الْاِبِلِ كَيْفَ خُلِقَتْ ﴿١٧﴾

၁၈။ အသို့နည်း၊ ထိုသူတို့သည် ကုလားအုတ်များအား မည်သို့ဖန်ဆင်းထားသည်ကို မကြည့်ရှုကြပါသလော။

وَاِلَى السَّمَآءِ كَيْفَ رُفِعَتْ ﴿١٨﴾

၁၉။ ထို့ပြင် မိုးကောင်းကင်ဘက်သို့လည်းကောင်း၊ ယင်းအား မည်သို့ မြင့်မားစေတော်မူခဲ့သနည်း။

وَاِلَى الْجِبَالِ كَيْفَ نُصِبَتْ ﴿١٩﴾

၂၀။ ထို့ပြင် တောင်များဘက်သို့လည်းကောင်း၊ ယင်းတို့သည် မည်သို့စွဲမြဲစွာစိုက်ထူထားခြင်းခံရသနည်း။

وَاِلَى الْاَرْضِ كَيْفَ سُطِحَتْ ﴿٢٠﴾

၂၁။ ထို့ပြင် ကမ္ဘာမြေပြင်ဘက်သို့လည်းကောင်း၊ ယင်းအား မည်သို့ညီညာပြေပြစ်စေတော်မူခဲ့သနည်း။

فَذَكِّرْ ۗ اِنَّمَآ اَنْتَ مُذَكِّرٌ ﴿٢١﴾

၂၂။ သို့ဖြစ်ရာ များစွာသွန်သင်ဆုံးမမှုပြုပါလော၊ အသင်သည် အဖန်တလဲလဲ သွန်သင်ဆုံးမသူတစ်ဦးသာဖြစ်ပေသည်။

لَسْتَ عَلَيْهِمْ بِمُصَيْطِرٍ ﴿٢٢﴾

၂၃။ အသင်သည် ၎င်းတို့အပေါ် စောင့်ကြပ်သူ မဟုတ်ချေ။

اِلَّا مَنْ تَوَلّٰى وَكَفَرَ ﴿٢٣﴾

၂၄။ သို့ရာတွင် မည်သူမဆို ကျောခိုင်းလှည့်ထွက်၍ ငြင်းပယ်ခဲ့သော်။

فَيُعَذِّبُهُ اللّٰهُ الْعَذَابَ الْاَكْبَرَ ﴿٢٤﴾

၂၅။ အလ္လာဟ်သည် သူ့အား အကြီးမားဆုံး ပြစ်ဒဏ်ကို ပေးတော်မူမည်။

اِنَّ اِلَيْنَآ اِيَابَهُمْ ﴿٢٥﴾

၂၆။ ဧကန်စင်စစ် ငါတို့ဘက်သို့သာ ၎င်းတို့သည် ပြန်လှည့်ကြရမည်ဖြစ်၏။

ثُمَّ اِنَّ عَلَيْنَا حِسَابَهُمْ ﴿٢٦﴾

۞

၂၇။ ထို့နောက် အမှန်ပင် ၎င်းတို့၏စာရင်း(စစ်ကြောရန်)မှာလည်း ငါတို့ထံတွင်သာရှိပေသတည်း။

❖ ❖ ❖

၈၉။ အလ်-ဖဂျရ်

ဤဆူရာဟ်သည် မက္ကာမြို့ခေတ်ဦးပိုင်းတွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ်တော် (၃၁)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်၏အမည်မှာ 'အလ်-ဖဂျရ်'ဖြစ်ပြီး နံနက်အရုဏ်ဦးထွက်ပြုချိန်အတွက် ညဉ့်ဆယ်ညဉ့်ကို သက်သေထူထားပေသည်။ ထို့နောက် 'နှစ်'ကိုလည်းကောင်း၊ 'တစ်'ကိုလည်းကောင်း သက်သေထူတော်မူပြီး ဤသို့ဖြင့် စုစုပေါင်း'တစ်ဆယ့်သုံး'ဖြစ်ပေသည်။ ဤသည် မက္ကာမြို့၏ ခေတ်ဦးပိုင်းတစ်ဆယ့်သုံးနှစ်တာကာလနှင့် ယင်း၏နောက်တွင် 'ဟစ်ဂျရတ်'တည်းဟူသော 'ဖဂျရ်' အရုဏ်ဦးဖြစ်ရမည့်အကြောင်းကို ညွှန်းဆိုထားတော်မူခြင်းဖြစ်သည်။

ဤအာယတ်တော်များကို နောက်ထပ်ရှင်းလင်းချက်များလည်း ချပြထားတော်မူပေသည်။ ယင်း၌ကမ္ဘာ့နောက်ဆုံးနေ့များတွင် ထွက်ပြူဦးမည့် 'ဖဂျရ်'တစ်ခုဘက်သို့လည်း ရည်ညွှန်းချက်ပါရှိပေသည်။ သို့ရာတွင် အဦးဆုံး 'ဖဂျရ်'အကြောင်းမှာ တိတိပပလာရှိထားသည်ဖြစ်၍ ဤသည့်အကြောင်းဖော်ပြရင်းဖြင့် ကျေနပ်လောက်ပါသည်။

ဤဆူရာဟ်၏ ကျန်ရှိနေသော အာယတ်တော်များတွင် လူသားနွယ်ဝင်တို့အား အကျိုးဆောင်မှုကို အဖန်တလဲလဲအားကျစေတော်မူထားပေသည်။ ဆင်းရဲသားကျောမွဲများနှင့် မတရားပြုခြင်းခံရသော အမျိုးသားတို့အားလွတ်မြောက်ခွင့်ရရှိရေးလှုပ်ရှားမှုများတွင် မည်သို့သော လုံ့လစိုက်ထုတ်မှုကိုမဆိုပြုလျှင် ထိုသူသည် ကြီးကျယ်သော အကျိုးရလဒ်ကို ရရှိပေလိမ့်မည်ဟု ဝမ်းမြောက်ဖွယ်သတင်းကောင်းကို မိန့်ကြားထားတော်မူသည်။ ထို့ပြင် အလုံးစုံတို့ထက် ကြီးမြတ်သော ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို နောက်ဆုံးအာယတ်တော်တွင် ထုတ်ပြန်ထားတော်မူသည်မှာ ထိုသူသည် အလ္လာဟ်အရှင်မြတ်ကသူ၏အသက်ဝိညာဉ်ကို 'အို-ငါအရှင်မြတ်နှင့်စပ်လျဉ်း၍ လုံးလုံးလျားလျား ငြိမ်သက်အေးချမ်းခဲ့ပြီးဖြစ်သော စိတ်ဝိညာဉ်'ဟူ၍မိန့်တော်မူလျက် အရှင်မြတ်ဘက်သို့ ဖိတ်ခေါ်ခြင်းခံရသော အခြေအနေဖြင့် သေဆုံးကွယ်လွန်ရမည်ဖြစ်သည်။ သူသည် ကျေနပ်မှုရှိရုံသက်သက်မျှသာမဟုတ်ဘဲ **مَرۡضِيَّه** လည်းရှိပေမည်။ တစ်နည်းအားဖြင့် ထိုသူသည် ငါအရှင်မြတ်၏ကျေနပ်နှစ်သက်မှုကိုလည်း ရရှိခဲ့ပေသည်။ ယခု ငါအရှင်မြတ်၏ အစေတော်များတွင် ဝင်ရောက်ပါလေ။ ထို့ပြင် ငါအရှင်မြတ်၏ အစေတော်များ၏'ဂျန္နတ်'ဥယျာဉ်တော်သို့ ဝင်ရောက်ကြလေကုန်ဟူသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဖဂျ်ရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၃၁)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَالْفَجْرِ ①

၂။ နံနက်အချိန်ကို သက်သေထူတော်မူ၏။

وَلَيَالٍ عَشْرٍ ②

၃။ ထို့ပြင် ညဉ့်ဆယ်ညဉ့်ကိုလည်းကောင်း၊

وَّالشَّفْعِ وَالْوَتْرِ ③

၄။ 'စုံကိန်း'နှင့် 'မကိန်း'ကိုလည်းကောင်း၊

وَالَّيْلِ اِذَا يَسْرِ ④

၅။ ထို့ပြင် ညဉ့်အားလည်းကောင်း၊ ယင်းသည် ထွက်ခွာသွားသည့်အခါ။

هَلْ فِيْ ذٰلِكَ قَسَمٌ لِّذِيْ حِجْرٍ ⑤

၆။ အသို့နည်း၊ ဤသည်တို့၌ စဉ်းစားဉာဏ်ရှိသူတစ်ဦးအဖို့ တစ်စုံတစ်ရာ ကျိန်ဆိုသက်သေထူခြင်းရှိပါသလော။ ①

اَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِعَادٍ ⑥

၇။ အသို့နည်း၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် 'အာဒ်'အမျိုးသားတို့အား မည်သို့ပြုတော်မူခဲ့သည်ကို အသင်သည် မကြည့်မမြင်ပါသလော။

اِرَمَ ذَاتِ الْعِمَادِ ⑦

၈။ ကြီးမားသောတိုင်ကြီးများ ပိုင်ရှင်ဖြစ်ခဲ့ကြသော (အာဒ်၏ အနွယ်) 'အိရမ်'အမျိုးသားတို့အား၊

الَّتِيْ لَمْ يُخْلَقْ مِثْلُهَا فِي الْبِلَادِ ⑧

၉။ သူတို့ကဲ့သို့ တည်ဆောက်မှုမျိုး နိုင်ငံများတွင် မည်သည့် အခါကမျှ မရှိခဲ့ချေ။

وَثَمُوْدَ الَّذِيْنَ جَابُوا الصَّخْرَ بِالْوَادِ ⑨

၁၀။ ထို့ပြင် 'ဆမူဒ်'အမျိုးသားတို့အား၊ ယင်းတို့သည် တောင်ကြား၌ ကျောက်ဆောင်များကို ထွင်းခဲ့ကြ၏။

وَفِرْعَوْنَ ذِي الْاَوْتَادِ ⑩

၁၁။ ထို့ပြင် 'ဖိရ်အောင်'အား၊ သူသည် သံများ ဆူးများဖြင့်

---

① အာယတ်တော် ၂ မှ ၆ ထိ။ ဤအာယတ်တော်များတွင် အသိဉာဏ်ရှိသူတို့အတွက် အဆိုတစ်ရပ်ကို ဖော်ပြထားတော်မူသည်။ တမန်တော်မြတ်ﷺ၏ 'နဗီ'တမန်တော်ဖြစ်ခြင်းကိုကြေညာခဲ့ပြီးနောက် မက္ကာမြို့နေဘဝသည် တစ်ဆယ့်သုံးနှစ်တာမျှကြာခဲ့ပေသည်။ နောက်ဆုံးဆယ်စုနှစ်များတွင် ဒုက္ခဆင်းရဲခြင်း၏ အမှောင်ထုကြီးသည် ပိုမိုလာခဲ့ပြီး၊ ယင်း၏နောက်တွင် နံနက်မိုးသောက်ချိန်၏ သတင်းကောင်းကိုပေးတော်မူခဲ့ပေသည်။ ဤသည်မှာ မက္ကာမှ မယုံကြည်ငြင်းပယ်သူတို့သည် တမန်တော်မြတ်ﷺအား ညှဉ်းပန်းနှိပ်စက်မှုများတွင် အစဉ်အဆက် တိုးမြှင့်လျက်သာရှိနေခဲ့ကြပြီး နောက်ဆုံးတွင် 'ဟစ်ဂျရတ်' ပြုပြောင်းရွှေ့ရခြင်းတည်းဟူသော မိုးသောက်ယံရောက်ရှိလာခဲ့သည့်ခေတ်ကြီးဖြစ်ပေသည်။

ဤသည့်အကြောင်းရပ်ကို အချို့သော ဋီကာပညာရှင်များက **وَالشَّفْعِ وَالْوَتْرِ** 'စုံကိန်း'နှင့် 'မကိန်း'ဆိုသည်မှာ ပထမရာစုနှစ်သုံးခုဖြစ်သည်ဟု လင်းပြကြလေသည်။ တစ်နည်းဆိုသော် 'ဆွဟာဘာ'သာဝကတော်များ၊ 'သာဘေအင်ဂ်'များနှင့် 'သဘာ့အ်သာဘေအင်ဂ်'တို့၏ခေတ်ကာလဖြစ်သည်။ ယင်း၏နောက်တွင် ညဉ့်ဆယ်ညဉ့် (၀ါ)အစွယ်လာမ်အပေါ် အလွန်မှောင်မိုက်မှုလွှမ်းခြုံသော **فَجْرِ اَعْوَجَ** ၏ နှစ်ပေါင်းတစ်ထောင်ကာလရောက်ရှိပြီး တစ်ဖန် တမန်တော်မြတ်ﷺ၏မိန့်မှာချက်နှင့်အညီ 'ရှရီအတ်'ဓမ္မဥပဒေသကို ယူဆောင်လာခြင်းမရှိသော 'အွမ္မတီနဗီ'တမန်တော်တစ်ပါးပေါ်ထွန်းရန်ရှိပေသည်။ ဤခေတ်ကြီးမှာ ဟစ်ဂျရီတစ်ဆယ့်လေးရာစု၏ အစပိုင်းအထိ ဖြန့်ကြက်လျက်ရှိပြီး ယင်း၌ 'မဆီဟ်မော်အူးဒ်'(ကတိတော်ရမဆီဟ်)ပေါ်ထွန်းခဲ့ပေသည်။

တန်ဆာဆင်ထား၏။

الَّذِيْنَ طَغَوْا فِي الْبِلَادِ ﴿١١﴾

၁၂။ ထို့သူတို့သည်ကား တိုင်းနိုင်ငံများတွင် မနာခံပုန်ကန်မှုကို ပြုခဲ့ကြ၏။

فَاَكْثَرُوْا فِيْهَا الْفَسَادَ ﴿١٢﴾

၁၃။ ထို့ပြင် ယင်း၌ မငြိမ်မသက်ဆူပူမှုဖြစ်အောင် များစွာပြုလုပ်ခဲ့ကြ၏။

فَصَبَّ عَلَيْهِمْ رَبُّكَ سَوْطَ عَذَابٍ ﴿١٣﴾

၁၄။ သို့ဖြစ်ရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် ပြစ်ဒဏ်၏ကျာပွတ်ကို သူတို့အပေါ် သွန်းချတော်မူခဲ့၏။

اِنَّ رَبَّكَ لَبِالْمِرْصَادِ ﴿١٤﴾

၁၅။ ကေန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် အမှန်ပင် လျှို့ဝှက်စွာ စောင့်ကြည့်နေတော်မူခဲ့၏။

فَاَمَّا الْاِنْسَانُ اِذَا مَا ابْتَلٰىهُ رَبُّهٗ فَاَكْرَمَهٗ وَنَعَّمَهٗ ۙ فَيَقُوْلُ رَبِّيْٓ اَكْرَمَنِ ﴿١٥﴾

၁၆။ သို့ဖြစ်ရာ လူသား၏အခြေအနေကားဤသို့ရှိ၏။ အကြင်အခါဝယ် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် သူ့ကိုစမ်းသပ်တော်မူပြီးနောက် သူ့အား ဂုဏ်သိက္ခာပေးတော်မူ၏၊ ထို့ပြင် သူ့အား ကောင်းချီးဆုလာဘ်ပေးတော်မူ၏၊ ထိုအခါသူက ကျွန်ုပ်၏ဖန်ဆင်းရှင်သည် ကျွန်ုပ်အား ဂုဏ်သရေချီးမြှင့်တော်မူသည်ဟု ပြောဆို၏။

وَاَمَّآ اِذَا مَا ابْتَلٰىهُ فَقَدَرَ عَلَيْهِ رِزْقَهٗ ۙ فَيَقُوْلُ رَبِّيْٓ اَهَانَنِ ﴿١٦﴾

၁၇။ ထို့ပြင် ယင်းနှင့်ဆန့်ကျင်၍ အရှင်မြတ်သည် သူ့အား စမ်းသပ်တော်မူပြီး သူ၏ ‘ရီဇိုက်’ရိက္ခာကို သူ့အတွက် ကျပ်တည်းသွားစေသောအခါ သူက ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ကျွန်ုပ်အား ဂုဏ်သိက္ခာကျဆင်းစေတော်မူ၏ဟုပြော၏။

كَلَّا بَلْ لَّا تُكْرِمُوْنَ الْيَتِيْمَ ﴿١٧﴾

၁၈။ သတိပြုကြကုန်၊ အမှန်သော်ကား အသင်တို့သည် မိဘမဲ့များအား ဂုဏ်သိက္ခာမပေးကြချေ။

وَلَا تَحٰٓضُّوْنَ عَلٰى طَعَامِ الْمِسْكِيْنِ ﴿١٨﴾

၁၉။ ထို့ပြင် သူဆင်းရဲများကို ကျွေးမွေးဖို့ရာ တစ်ဦးနှင့်တစ်ဦး တိုက်တွန်းနှိုးဆော်မှုကိုလည်း မပြုကြချေ။

وَتَاْكُلُوْنَ التُّرَاثَ اَكْلًا لَّمًّا ﴿١٩﴾

၂၀။ ထို့ပြင် အသင်တို့သည် အမွေပစ္စည်းများအားလုံးကို ဝါးမျိုကြ၏။

وَّتُحِبُّوْنَ الْمَالَ حُبًّا جَمًّا ﴿٢٠﴾

၂၁။ ထို့ပြင် ပစ္စည်းဥစ္စာကို လွန်စွာ ချစ်ခင်မက်မောကြ၏။

كَلَّآ اِذَا دُكَّتِ الْاَرْضُ دَكًّا دَكًّا ﴿٢١﴾

၂၂။ သတိပြုကြကုန်၊ ကမ္ဘာမြေကြီးသည် ထုထောင်း၍ အစိတ်စိတ်အမွှာမွှာပြုခြင်းကိုခံရသောအခါ၊

وَّجَآءَ رَبُّكَ وَالْمَلَكُ صَفًّا صَفًّا ﴿٢٢﴾

၂၃။ ထို့ပြင် အသင်၏ ဖန်ဆင်းမွေးမြူရှင်သည်လည်းကောင်း၊ အတန်းလိုက်အတန်းလိုက်ရှိသော ကောင်းကင်တမန်များသည်လည်းကောင်း ရောက်လာတော်မူမည်။

وَجِايْٓءَ يَوْمَىِٕذٍ بِجَهَنَّمَ ۙ يَوْمَىِٕذٍ

يَتَذَكَّرُ الْاِنْسَانُ وَاَنّٰى لَهُ الذِّكْرٰى ﴿٢٣﴾

လိမ့်မည်၊ ထိုနေ့တွင် လူသားသည် အဆုံးအမကို ရယူလိုပေ လိမ့်မည်၊ သို့ရာတွင် ယခုအခါ အဆုံးအမကို ရယူရန်အတွက် သူ့အဖို့မည်သို့လျှင်ဖြစ်နိုင်ပါအံ့နည်း။

يَقُوْلُ يٰلَيْتَنِيْ قَدَّمْتُ لِحَيَاتِيْ ﴿٢٤﴾

၂၅။ ထိုအခါ ယင်းက ကျွန်ုပ်သည် မိမိဘဝအတွက် (တစ်စုံ တစ်ရာကို) ရှေ့သို့တင်ကြိုပို့ထားနှင့်ခဲ့ပါလျှင် ကောင်းလေစွဟု ပြောဆိုလိမ့်မည်။

فَيَوْمَئِذٍ لَّا يُعَذِّبُ عَذَابَهٗٓ اَحَدٌ ﴿٢٥﴾

၂၆။ သို့ဖြစ်ရာ ထိုနေ့တွင် ထိုကဲ့သို့သောပြစ်ဒဏ်ကို အခြား မည်သူမျှပေးလိမ့်မည်မဟုတ်ချေ။

وَّلَا يُوْثِقُ وَثَاقَهٗٓ اَحَدٌ ﴿٢٦﴾

၂၇။ ထို့ပြင် အခြားမည်သူမျှပင် ထိုကဲ့သို့သော ဖမ်းဆီးချုပ် နှောင်မှုမျိုးကို ပြုလုပ်လိမ့်မည်မဟုတ်ပေ။

يٰٓاَيَّتُهَا النَّفْسُ الْمُطْمَئِنَّةُ ﴿٢٧﴾

၂၈။ အို- ငြိမ်သက်အေးချမ်းခြင်း၌တည်သော စိတ်ဝိညာဉ်၊

ارْجِعِيْٓ اِلٰى رَبِّكِ رَاضِيَةً مَّرْضِيَّةً ﴿٢٨﴾

၂၉။ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော် သို့ ကျေနပ်စွာဖြင့်လည်းကောင်း၊ ကျေနပ်နှစ်သက်မှုကိုရရှိလျက် လည်းကောင်း ပြန်သွားပါလေ။

فَادْخُلِيْ فِيْ عِبٰدِيْ ﴿٢٩﴾

၃၀။ သို့ဖြစ်ရာ ငါအရှင်မြတ်၏အစေတော်များတွင် ဝင် ရောက်ပါလေ။

وَادْخُلِيْ جَنَّتِيْ ﴿٣٠﴾

۩

၃၁။ ထို့ပြင် ငါအရှင်မြတ်၏ 'ဂျန္နတ်'ဥယျာဉ်တော်သို့ ဝင် ရောက်ပါလေ။ ۞

❖ ❖ ❖

۞ အာယတ်တော် ၂၈ မှ ၃၀ထိ။ ဤအာယတ်တော်များတွင် ထိုသည့် 'မို့အ်မင်နဲ်'ယုံကြည်သူတို့အား ဝမ်းမြောက်ဖွယ် သတင်းကောင်းကို ပေးထားတော်မူသည်။ ၎င်းတို့အား ကွယ်လွန်အနိစ္စမရောက်မီ အလျှာဟ်အရှင်မြတ်ထံတော်မှ 'အို-ငြိမ်သက်အေးချမ်းသော စိတ်ဝိညာဉ်၊ မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ရှေ့တော်သို့ အသင်သည် အရှင်မြတ်အား ဝမ်းမြောက်ကျေနပ်စွာဖြင့် လည်းကောင်း၊ အရှင်မြတ်က အသင့်အား နှစ်မြို့ကျေနပ်စွာဖြင့်လည်းကောင်း ဝင်ရောက်ပါလေ' ဟုမိန့်ကြားတော်မူခြင်းခံရပေမည်။ ဤသည့်နောက်တွင် **فَادْخُلِيْ فِيْ عِبٰدِيْ** ဟုမိန့်လျက်ထင်ရှားစေသည်မှာ အမြင်အားဖြင့် 'မ'ကိန်းအက္ခရာကိုသုံးလျက် 'နဖ်စ်'(ဝါ) စိတ်ဝိညာဉ်ကို 'မ'ကိန်းအဖြစ်ဖော်ပြခဲ့သော်လည်း 'ရူဟ်'သည် 'ဖို့'လည်းမဟုတ်၊ 'မ'လည်းမဟုတ်ချေ။ ဤသည်ကိုပင် **فَادْخُلِيْ فِيْ عِبٰدِيْ** ငါအရှင်မြတ်၏အစေတော်တို့တွင် ဝင်ရောက်ကြကုန်၊ ထို့ပြင် ငါအရှင်မြတ်၏ အထူးပြုအစေတော်များအတွက် အသင့်ပြင်ဆင်ထားတော်မူသော 'ဂျန္နတ်'ဥယျာဉ်တော်သို့ ဝင်ရောက်ကြလေကုန်ဟု မိန့်တော်မူရခြင်းဖြစ်ပေသည်။

၉၀။ အလ်-ဘလဒ်

ဤဆူရာဟ်သည် မက္ကာမြို့၏ခေတ်ဦးပိုင်းတွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ်ဒေါ် (၂၁)ပိုဒ်ပါရှိသည်။

ပြီးခဲ့သော ဆူရာဟ်တွင် မက္ကာမြို့၏ အကြင်ညဉ့်များကို သက်သေထူတော်မူခဲ့ရာ ထိုသည့် မက္ကာအကြောင်းကိုပင် တစ်ဖန်ပြန်၍ အစပြုထားပေသည်။ အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား ရည်ညွှန်းလျက် မိန့်ကြားတော်မူသည်မှာ- ငါအရှင်မြတ်သည် ဤမြို့တော်ကို သက်သေထူတော်မူ၏။ အသင်သည် ဤတွင်ရှိနေသမျှကာလအထိဖြစ်၏။ အသင့်အား ဤမြို့မှ ထုတ်ဆောင်လိုက်သော အခါတွင်မူ ဤမြို့သည် တစ်ဖန် ငြိမ်းချမ်းရာအဖြစ်ရှိတော့မည်မဟုတ်ချေ။

ထိုသည့်နောက်တွင် နောင်လာမည့် မျိုးဆက်များကို သက်သေထူတော်မူသည်မှာ လူသား၏ ကံကြမ္မာတွင် စဉ်ဆက်မပြတ်ကြုံးပမ်းအားထုတ်ရန်ပင်ဖြစ်၏။ ယင်း(လူသား)အား 'နဗူဝါတ်' တမန်တော်စနစ်၏ရောင်ခြည်တော်ကို ပေးသနားတော်မူသောအခါ ယင်း၏ရှေ့မှောက်တွင် သာသနာရေးနှင့် လောကီရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် လမ်းနှစ်သွယ်ကို ဖွင့်လှစ်ပေးတော်မူလေသည်။ သို့ရာတွင် လူသားသည် ကြိုးပမ်းအားထုတ်ခြင်း၏လမ်းစဉ်ကို ကျင့်သုံးလျက် သာသနာရေးနှင့် လောကီရေးမြင့်မားမှုမျှားဆီသို့ တက်လှမ်းကြရမည့်အစား နိမ့်ကျသော အလွယ်လမ်းကိုကျင့်သုံးကြလျက် ကျဆင်းမှုဘက်သို့ သက်လျှောကြပေသည်။ ဤတွင် မြင့်စွင့်ရာမျှားသို့ တက်လှမ်းခြင်းဆိုင်ရာအကြောင်းကို ဖွင့်ချပြသလိုက်ပြီး ယင်းမှာ ရုပ်ပိုင်းဆိုင်ရာ တောင်တန်းတစ်ခုခုပေါ်သို့ တက်ရောက်ခြင်းကို ဆိုလိုသည်မဟုတ်ချေ။ ဆင်းရဲမွဲတေသော အမျိုးသားတို့အား အငတ်ဘေးဆိုက်ရောက်သောအခါနှင့် လူသားမျိုးနွယ်တို့အား ကျွန်ပြုခြင်းခံရသောအခါများတွင် အကယ်၍ တစ်စုံတစ်ဦးက ၎င်းတို့၏ လည်ကုပ်များကို လွတ်လပ်ခွင့်ရရန်အတွက် လုံ့လစိုက်၍ ငတ်မွတ်ခေါင်းပါးသူတို့အားလည်းကောင်း ပင်ပန်းဆင်းရဲသူတို့အားလည်းကောင်း သူတို့၏ခြေအစုံများပေါ်တွင် ရပ်တည်နိုင်အောင်ပြုပေးဖို့ရန် ကြိုးပမ်းအားထုတ်လျှင် ဤသူတို့သည်သာလျှင် မြင့်စွင့်ရာများဆီသို့ တက်လှမ်းကြသူများဖြစ်ကြပေသည်။ သို့ရာတွင် ဤပန်းတိုင်ကား တစ်ရက်နှစ်ရက်မျှဖြင့် ပြီးပြတ်မည်မဟုတ်ပေ။ ဤသည်အတွက် အစဉ်အဆက် သည်းခံစွဲမြဲမှုကို ကျင့်သုံးလျက် စိတ်ရှည်သည်းခံမှုကို ဆင့်ဆိုရမည်ဖြစ်သည်။ ထို့ပြင် စဉ်ဆက်မပြတ် မေတ္တာတရားကို ကျင့်သုံးပြီး မေတ္တာကရုဏာတရားကို ပြောဟောနေကြရမည်ဖြစ်ပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဗလဒ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၂၁)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

لَآ اُقْسِمُ بِهٰذَا الْبَلَدِ ②

၂။ သတိပြုကြကုန်၊ ငါအရှင်မြတ်သည် ထိုမြို့တော်ကို သက်သေထူတော်မူ၏။

وَاَنْتَ حِلٌّۢ بِهٰذَا الْبَلَدِ ③

၃။ စင်စစ် အသင်သည် ထိုမြို့တော်၌ (တစ်နေ့) ဆင်းသက်ရမည့်သူဖြစ်၏။

وَوَالِدٍ وَّمَا وَلَدَ ④

၄။ ထို့ပြင် ဖခင်ကိုလည်းကောင်း၊ သူက မွေးဖွားသည့် သားသမီးကိုလည်းကောင်း (သက်သေထူတော်မူ၏)။

لَقَدْ خَلَقْنَا الْاِنْسَانَ فِيْ كَبَدٍ ⑤

၅။ အမှန်ပင် ငါတို့သည် လူသားကို စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုတွင်(ရှိနေရန်အတွက်) ဖန်ဆင်းထားတော်မူ၏။

اَيَحْسَبُ اَنْ لَّنْ يَّقْدِرَ عَلَيْهِ اَحَدٌ ⑥

၆။ အသို့နည်း၊ သူသည် မိမိအပေါ် မည်သူမျှ လွှမ်းမိုးအောင်နိုင်မှုကို ရရှိနိုင်မည်မဟုတ်ဟု ထင်မြင်ယူဆပါသလော။

يَقُوْلُ اَهْلَكْتُ مَالًا لُّبَدًا ⑦

၇။ သူက ကျွန်ုပ်သည် ဥစ္စာပစ္စည်း အစုလိုက်အပုံလိုက် သုံးဖြုန်းပစ်လိုက်သည်ဟု ပြောဆို၏။

اَيَحْسَبُ اَنْ لَّمْ يَرَهٗٓ اَحَدٌ ⑧

၈။ အသို့နည်း၊ ထိုသူသည် သူ့အား မည်သူမျှမမြင်ဟုထင်မှတ်နေသလော။

اَلَمْ نَجْعَلْ لَّهٗ عَيْنَيْنِ ⑨

၉။ အသို့နည်း၊ ငါတို့သည် သူ့အတွက် မျက်စိနှစ်လုံးကို ပြုလုပ်ပေးထားသည်မဟုတ်လော။

وَلِسَانًا وَّشَفَتَيْنِ ⑩

၁၀။ ထို့ပြင် လျှာနှင့် နှုတ်ခမ်းနှစ်ခုကိုလည်းကောင်း။

وَهَدَيْنٰهُ النَّجْدَيْنِ ⑪

၁၁။ ထို့ပြင် ငါတို့သည် သူ့အားမြင့်မားသော လမ်းနှစ်သွယ်ဘက်သို့ ညွှန်ပြတော်မူ၏။

فَلَا اقْتَحَمَ الْعَقَبَةَ ⑫

၁၂။ သို့သော် သူသည် 'အကဗ'အပေါ် မတက်ရောက်ချေ။

وَمَآ اَدْرٰىكَ مَا الْعَقَبَةُ ⑬

၁၃။ 'အကဗ'သည် မည်သည်ဖြစ်သည်ကို အသင့်အား မည်သို့ ရှင်းပြရမည်နည်း။

فَكُّ رَقَبَةٍ ⑭

၁၄။ လည်ကုပ်ကို လွတ်မြောက်အောင်ပြုလုပ်ခြင်း၊

اَوْ اِطْعٰمٌ فِيْ يَوْمٍ ذِيْ مَسْغَبَةٍ ⑮

၁၅။ သို့မဟုတ် သာမန်ဝတ်မှတ်နေသောနေ့တွင် ကျွေးမွေးခြင်း၊

يَّتِيْمًا ذَا مَقْرَبَةٍ ⑯

၁၆။ နီးစပ်သောသားချင်း မိဘမဲ့များအားလည်းကောင်း၊

اَوْ مِسْكِيْنًا ذَا مَتْرَبَةٍ ﴿١٦﴾

၁၇။ သို့မဟုတ် ဖုံများပေကျံနေသော သူဆင်းရဲအားလည်း ကောင်း၊

ثُمَّ كَانَ مِنَ الَّذِيْنَ اٰمَنُوْا وَتَوَاصَوْا بِالصَّبْرِ وَتَوَاصَوْا بِالْمَرْحَمَةِ ﴿١٧﴾

၁၈။ ထို့နောက် သူသည် 'အီမာန်'ယုံကြည်ခြင်းရှိသူများ၊ သည်းခံမှု၌မြဲမြံလျက် တစ်ဦးနှင့်တစ်ဦး သည်းခံကြရန် တိုက် တွန်းနှိုးဆော်သူများနှင့် ကရုဏာတရားထားရှိခြင်း၌ မြဲမြံကာ တစ်ဦးကိုတစ်ဦး ကရုဏာတရားထားရှိရန် တိုက်တွန်းနှိုးဆော် သူများအနက်မှ ဖြစ်သွားရပေမည်။

اُولٰٓئِكَ اَصْحٰبُ الْمَيْمَنَةِ ﴿١٨﴾

၁၉။ ဤသူတို့သည်ပင် လက်ယာဘက်သားများဖြစ်ကြ၏။

وَالَّذِيْنَ كَفَرُوْا بِاٰيٰتِنَا هُمْ اَصْحٰبُ الْمَشْئَمَةِ ﴿١٩﴾

၂၀။ ထို့ပြင် ငါတို့၏ 'အာယတ်'မူကွပါဠိတော်များကို မယုံ ကြည်ငြင်းပယ်ကြသူတို့သည်ကား လက်ဝဲဘက်သားများဖြစ်ကြ ၏။

عَلَيْهِمْ نَارٌ مُّؤْصَدَةٌ ﴿٢٠﴾ ۩

၂၁။ ၎င်းတို့အပေါ်(တွယ်ကပ်ရန်အတွက်) ပိတ်ဆို့ထားသော မီးတစ်ခုကို(သတ်မှတ်)ထားရှိသတည်း။

❖ ❖ ❖

၉၁။ အလ်–ရှမ်စ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၁၆)ပိုဒ်ပါရှိသည်။

ဤတွင် နောက်တစ်ကြိမ်ထပ်မံ၍ ရှေ့ဖြစ်နိမိတ်ဟောထားတော်မူသည်မှာ အစ္စလာမ့် နေဝန်းကြီးသည် နောက်တစ်ကြိမ်ထွက်ပြူဦးမည်ဖြစ်ကြောင်း၊ ထို့ပြင် ဤသည့် နေဝန်းကြီးမှ အလင်းရောင်ဖြင့် အကျိုးကျေးဇူးရယူမည်ဖြစ်သော 'လ'စန္ဒာသည် ထပ်၍လင်းဝင်ဦးမည်ဖြစ်ကြောင်းနှင့် ထို့နောက်တစ်ဖန် နံနက်ခိုန်တစ်ခိုန် ထွန်းလင်းမည်။ ပြီးနောက် တစ်ဖန်ပြန်၍ မှောင်မိုက်သော ညဉ့်သည်ဖုံးလွှမ်းသွားမည် ဖြစ်ကြောင်းတို့တည်း။ တစ်နည်းအားဖြင့် နံနက်မိုးသောက်ခိုန်တိုင်း၏နောက်တွင် မှေလျော့ပျော့ဆခြင်း တည်းဟူသော အမိုက်အမှောင်သည် လူသားမျိုးနွယ်တို့အား တစ်ဖန်ပြန်၍ ဖုံးလွှမ်းတတ်စမြဲဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။

ထို့နောက် ဤသို့ကြီးကျယ်ခဲ့ညားသော ကြေညာချက်ရှိသည်မှာ 'နဖ်စ်' စိတ်ဝိညာဉ်တိုင်းကို အလ္လာဟ်အရှင်မြတ်က မျှတစွာဖြင့် ဖန်ဆင်းထားတော်မူပေသည်။ ထို့ပြင် သူ့အား ကောင်းခြင်းဆိုးခြင်းကို ခွဲခြားနိုင်ရန် 'အီလ်ဟာမ်'ဗျာဒိတ်ပေးတော်မူ၏။ အကြင်သူသည် မိမိအား ပေးအပ်ထားခြင်းခံရသော စွမ်းပကားများကို ဖွံ့ဖြိုးတိုးတက်စေလျှင် ထိုသူသည် အောင်မြင်ခြင်းသို့ရောက်ရှိလေသည်။ ထို့ပြင် အကြင်သူသည် မိမိရရှိထားသည့် အရည်အချင်းများကို မြေတွင်မြှုပ်နှံလိုက်ပါက ထိုသူသည် ပျက်စီးခြင်းသို့ ရောက်လိမ့်မည်ဖြစ်၏။

ဤသည့်နောက်တွင် 'ဆမူဒ်'အမျိုးသားများနှင့် ၎င်းတို့တမန်တော်၏ ကုလားအုတ်မအကြောင်း လာရှိသည်။ ဤတွင် တမန်တော် 'ဆွာလေဟ်'ﷺက သတင်းပို့ဆောင်ရန် အစီးအနင်းအဖြစ် အသုံးပြုခဲ့သော ကုလားအုတ်မ၏တံကောက်ကြောကို တမန်တော်၏အမျိုးသားများက ဖြတ်တောက်ပစ်လိုက်သော အခါ ထိုသူတို့အပေါ်သို့ အလွန်ကြီးလေးသောပျက်စီးခြင်း ဆိုက်ရောက်လာသောအကြောင်းအရာ ဘက်သို့ ညွှန်းဆိုဖော်ပြခြင်းဖြစ်နိုင်ပေသည်။ သို့ဖြစ်ရာ 'နဗီ'တမန်တော်များ၏ ရန်သူများက မည်သည့် အခါမဆို တရားလမ်းညွှန်တော်ပို့ဆောင်ရာဖြစ်သော သာသနာပြုအကြောင်းခံတစ်ခုခုကို ဖြတ်တောက်လိုက်သည့်အခါ ထိုသူတို့သည်လည်း အစဉ်သဖြင့် ဖျက်ဆီးခြင်းကိုခံကြရသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ရှမ်စ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၆)ပိုဒ် ရှိကူ (၁)ပုဒ်ပါရှိသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَالشَّمۡسِ وَضُحٰىهَا ②

၂။ နေကိုလည်းကောင်း၊ ယင်း၏ နေပူရှိန်ကိုလည်းကောင်း သက်သေထူတော်မူ၏။

وَالۡقَمَرِ اِذَا تَلٰىهَا ③

၃။ ထို့ပြင် 'လ'ကိုလည်းကောင်း၊ ယင်းသည် ထို(နေ)၏ နောက်မှလိုက်လာသောအခါ။

وَالنَّهَارِ اِذَا جَلّٰىهَا ④

၄။ ထို့ပြင် နေ့ကိုလည်းကောင်း၊ ယင်းသည် ထို(နေ)ကို ကောင်းစွာ လင်းဝင်းတောက်ပစေသောအခါ။

وَالَّيۡلِ اِذَا يَغۡشٰىهَا ⑤

၅။ ထို့ပြင် ည၌ကိုလည်းကောင်း၊ ယင်းသည် ထို(နေ့)ကို ဖုံးအုပ်လိုက်သောအခါ။

وَالسَّمَآءِ وَمَا بَنٰىهَا ⑥

၆။ ထို့ပြင် မိုးကောင်းကင်နှင့် ယင်းကို အရှင်မြတ်က ပြုလုပ်တော်မူထားသည်ကိုလည်းကောင်း၊

وَالۡاَرۡضِ وَمَا طَحٰىهَا ⑦

၇။ ထို့ပြင် ကမ္ဘာမြေနှင့် ယင်းအား အရှင်မြတ်က ခင်းကျင်းထားသည်ကိုလည်းကောင်း၊

وَنَفۡسٍ وَّمَا سَوّٰىهَا ⑧

၈။ ထို့ပြင် အသက်ဝိညာဉ်တိုင်းနှင့် အရှင်မြတ်က ယင်းကို အချိုးအစားကျနစွာပြုလုပ်ထားတော်မူသည်ကိုလည်းကောင်း (သက်သေထူတော်မူ၏)။

فَاَلۡهَمَهَا فُجُوۡرَهَا وَتَقۡوٰىهَا ⑨

၉။ သို့ဖြစ်ရာ ၎င်း၏ စည်းဖောက်ကျူးလွန်မှုများနှင့် စောင့်စည်းထိန်းသိမ်းမှုများအား (ခွဲခြားသိမြင်နိုင်သည့် အရည်အချင်း)ကို ၎င်း၏ ပင်ကိုသဘာဝတွင် ထည့်သွင်းထားတော်မူ၏။

قَدۡ اَفۡلَحَ مَنۡ زَكّٰىهَا ⑩

၁၀။ အမှန်စင်စစ် ယင်း('တက္ကဝါ'ဖြူစင်ဖြောင့်မတ်ခြင်းတရား)ကို ဖွံ့ဖြိုးတိုးတက်စေသူသည် အောင်မြင်ခဲ့လေပြီ။

وَقَدۡ خَابَ مَنۡ دَسّٰىهَا ⑪

၁၁။ ထို့ပြင် ယင်းကို မြေကြီးဌ်မြုပ်ပစ်သောသူသည်ကား ဆုံးရှုံးခဲ့ချေပြီ။

كَذَّبَتۡ ثَمُوۡدُ بِطَغۡوٰىهَآ ⑫

၁၂။ 'ဆမူဒ်'လူမျိုးတို့သည် မိမိတို့၏ မနာခံဖီဆန်မှုကြောင့် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြ၏။

اِذِ انۡۢبَعَثَ اَشۡقٰىهَا ⑬

၁၃။ အကြင်အခါဝယ် ထိုသူတို့အနက် အဆိုးသွမ်းဆုံးသောသူသည် ထ၍မတ်တတ်ရပ်ခဲ့၏။

فَقَالَ لَهُمْ رَسُوْلُ اللّٰهِ نَاقَةَ اللّٰهِ وَسُقْيٰهَا ﴿١٣﴾

၁၄။ ထိုအခါ အလ္လာဟ်၏တမန်တော်က သူတို့အား အလ္လာဟ်၏ ကုလားအုတ်မနှင့် ယင်း၏ရေသောက်ခွင့်ကို (မှတ်ထားကြကုန်)ဟု ပြောလေ၏။

فَكَذَّبُوْهُ فَعَقَرُوْهَا ۚ فَدَمْدَمَ عَلَيْهِمْ رَبُّهُمْ بِذَنْۢبِهِمْ فَسَوّٰىهَا ﴿١٤﴾

၁၅။ သို့သော် ၎င်းတို့သည် သူ့အား မဟုတ်မမှန်ဟု စွပ်စွဲငြင်းဆိုကြပြီးနောက် ယင်း(ကုလားအုတ်မ)၏ တံကောက်ကြောကို ဖြတ်တောက်ပစ်ခဲ့ကြ၏။ ထိုအခါ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်က ၎င်းတို့၏ပြစ်မှုကြောင့် ၎င်းတို့အား အဆင့်ဆင့်ရိုက်နှက်တော်မူ၏၊ ထို့ပြင် ယင်း(မြို့ရွာ)ကိုကြေညက်စေ၍ မြေနှင့်တစ်သားတည်းပြုလုပ်တော်မူခဲ့၏။

وَلَا يَخَافُ عُقْبٰهَا ﴿١٥﴾

၁၆။ ထိုစဉ် အရှင်မြတ်သည် ယင်း၏ရလဒ်ကို လုံးဝအရေးထားတော်မမူခဲ့ချေတည်း။

❖ ❖ ❖

၉၂။ အလ်–လိုင်းလ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠ်တော် (၂၂)ပိုဒ်ပါရှိသည်။

နေ့၏နောက်တွင် ညဉ့်ဆိုက်ရောက်လာလေ့ရှိသကဲ့သို့ ဆူရာဟ်'အလ်-ရှမ်စ်'၏နောက်တွင် ဆူရာဟ် 'အလ်-လိုင်းလ်'လာရှိပေသည်။ ထို့ပြင် ဤသည်မှာ ရုပ်ပိုင်းဆိုင်ရာညဉ့်ကို ဆိုလိုသည်မဟုတ်ဘဲ ဤသည့် ဆူရာဟ်တစ်ပုဒ်လုံးတွင် ညဉ့်အခါ၏ နာမ်(ဝိညာဉ်)ပိုင်းဆိုင်ရာရှုထောင့်ကို လှပသိမ်မွေ့သောနည်းဖြင့် ဖော်ပြထားတော်မူခြင်းဖြစ်သည်။ ထိုမှတစ်ပါး ညဉ့်ချိန်ခါရောက်ရှိလာခဲ့လျှင် နေ့အခါသည်လည်း အမှန်ပင်ရောက်ရှိလာရမည်ဖြစ်ကြောင်း တစ်ဆက်တည်း သတင်းကောင်းပါးထားပေသည်။ မိန့်ထားတော်မူသည်မှာ နေ့နှင့် ညဉ့်တို့၏ သက်ရောက်ပုံများမှာ သီးခြားစီဖြစ်သကဲ့သို့ လူသား၏ ကြိုးပမ်းအားထုတ်မှုများသည်လည်း ညဉ့်အခါကဲ့သို့ မှောင်မိုက်လျက်ရှိမည်၊ သို့မဟုတ် နေ့အခါကဲ့သို့ လင်းဝင်းလျက်ရှိမည်။ လူခပ်သိမ်းတို့အား ၎င်းတို့၏ ကိုယ်ပိုင်ကျင့်ကြံအားထုတ်မှုများနှင့် အယူအဆများအားလျော်စွာ အကျိုးရလဒ်ကို ပေးခြင်းခံကြရသည်။ သို့ကြောင့် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခန့်ညားခြင်း 'တက္ကဝါ'တရားကို ကျင့်သုံးဆောက်တည်လျက် ထိုအရှင်မြတ်၏လမ်းစဉ်တော်တွင်လည်းကောင်း၊ သူဆင်းရဲကျောမွဲတို့၏ ကောင်းစားရေးတွင်လည်းကောင်း စွန့်ကြဲသုံးစွဲကြမည်။ ထို့ပြင် သူတို့ထံရောက်ရှိလာသည့် ကောင်းမြတ်သောစကားကို ထောက်ခံကြမည်ဆိုပါမူ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့၏လမ်းများကို လွယ်ကူချောမွေ့စေတော်မူလေသည်။ ယင်းနှင့်ဆန့်ကျင်ဘက်တွင် အကြင်သူသည် စေးနဲ့တွန့်တိုခြင်းကိုပြုလျက် ယင်းအားဖြင့် မည်သို့သော အကျိုးဆက်ဖြစ်ပေါ်လာမည်ကို အလေးမထားသည့်အပြင် သူ့ထံသို့ရောက်ရှိလာသည့် ကောင်းမြတ်သောစကားကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်မည်ဆိုပါက ထိုသူ၏လမ်းခရီးကို ငါတို့သည် ခက်ခဲကြမ်းတမ်းအောင်ပြုတော်မူမည်ဖြစ်၏။

သို့ဖြစ်ရာ နောက်ဆုံး၌ အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သော အကုသိုလ်မှုများရှိသည့် အကျင့်ဆိုးယုတ်သူကို ထိုသူဝင်ရောက်ရမည့် အရှိန်ပြင်းစွာတောက်လောင်လျက်ရှိသော 'မီး'ဖြင့် သတိပေးထားတော်မူသည်။ ထို့ပြင် မိမိ၏ဥစ္စာပစ္စည်းများကို ကောင်းမြတ်သောလုပ်ငန်းများတွင် သုံးစွဲလျှဒါန်းလျက် အပြစ်ရှောင်ခြင်းတရား 'တက္ကဝါ'ကို ကျင့်သုံးဆောက်တည်သော ထိုသူတော်ကောင်းပုဂ္ဂိုလ်သည်ကား ဧကန်မလွဲ ကယ်တင်ခြင်းကိုခံရမည်ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-လိုင်းလ်

မက္ကာမြို့တွင်ကျရောက်ပြီး ၀စ္စမီလ္လာဟ်အပါအ၀င် အာယတ်တော် (၂၂)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَالَّيْلِ اِذَا يَغْشٰى ②

၂။ 'ည'ကိုသက်သေထူတော်မူ၏။ ယင်းသည် ဖုံးအုပ်လိုက်သောအခါ။

وَالنَّهَارِ اِذَا تَجَلّٰى ③

၃။ ထို့ပြင် 'နေ့'ကိုလည်းကောင်း၊ ယင်းသည် လင်းဝင်းတောက်ပသောအခါ။

وَمَا خَلَقَ الذَّكَرَ وَالْاُنْثٰٓى ④

၄။ ထို့ပြင် ထိုအရှင်သည် အဖိုနှင့်အမကို ဖန်ဆင်းထားတော်မူခြင်းကိုလည်းကောင်း (သက်သေထူတော်မူ၏)။

اِنَّ سَعْيَكُمْ لَشَتّٰى ⑤

၅။ အသင်တို့၏ ကြိုးစားအားထုတ်မှုသည် ဧကန်စင်စစ် တသီးတခြားစီဖြစ်၏။

فَاَمَّا مَنْ اَعْطٰى وَاتَّقٰى ⑥

၆။ သို့ဖြစ်ရာ အကြင်သူသည် (မှန်ကန်သောလမ်းတွင်) ပေးဆပ်လျက် ဖြူစင်ဖြောင့်မတ်ခြင်း 'တက္ကဝါ'တရားကို တည်ဆောက်၏။

وَصَدَّقَ بِالْحُسْنٰى ⑦

၇။ ထို့ပြင် အမွန်မြတ်ဆုံးသော ကောင်းမှုကို မှန်ကန်ကြောင်းထောက်ခံ၏။

فَسَنُيَسِّرُهٗ لِلْيُسْرٰى ⑧

၈။ သို့ဖြစ်လျှင် ငါတို့သည် သူ့အား ဧကန်ပင် လွယ်ကူကျယ်ပြောမှုကို ပေးသနားတော်မူမည်။

وَاَمَّا مَنْۢ بَخِلَ وَاسْتَغْنٰى ⑨

၉။ ထို့ပြင် ထိုသူနှင့်ပတ်သက်သမျှမူ၊ အကြင်သူသည် စေးနဲတွန့်တို၏၊ ထို့ပြင် မထီမဲ့မြင်ပြု၏။

وَكَذَّبَ بِالْحُسْنٰى ⑩

၁၀။ အမွန်မြတ်ဆုံးသော ကောင်းမှုကို မဟုတ်မမှန်ဟု စွပ်စွဲ၏။

فَسَنُيَسِّرُهٗ لِلْعُسْرٰى ⑪

၁၁။ သို့ဖြစ်လျှင် ငါတို့သည် သူ့အား မလွဲမသွေ ကျပ်တည်းမှုတွင် ထည့်သွင်းတော်မူပေအံ့။

وَمَا يُغْنِيْ عَنْهُ مَالُهٗٓ اِذَا تَرَدّٰى ⑫

၁၂။ ထို့ပြင် ထိုသူ၏ပစ္စည်းဥစ္စာသည် ပျက်စီးဆုံးရှုံးသွားသည့်အခါ သူ့အတွက် မည်သို့မျှ အသုံးဝင်လိမ့်မည်မဟုတ်ချေ။

اِنَّ عَلَيْنَا لَلْهُدٰى ⑬

၁၃။ ဧကန်စင်စစ် လမ်းညွှန်တော်မူရန်မှာ မည်သို့ပင်ဖြစ်စေ ငါတို့အပေါ် တာဝန်ရှိ၏။

وَاِنَّ لَنَا لَلْاٰخِرَةَ وَالْاُوْلٰى ⑭

၁၄။ ထို့ပြင် ဧကန်စင်စစ် နောက်ဆုံးရလဒ်သည်လည်းကောင်း၊ အဦးအစသည်လည်းကောင်း အမှန်ပင် ငါတို့၏ စိုးပိုင်မှုတွင်ရှိ၏။

فَاَنْذَرْتُكُمْ نَارًا تَلَظّٰى ﴿١٤﴾

၁၄။ သို့ဖြစ်ရာ ငါသည် အသင်တို့အား မီးတောက်မီးလျှံရှိသည့် မီးဖြင့်သတိပေးနှိုးဆော်တော်မူ၏။

لَا يَصْلٰىهَآ اِلَّا الْاَشْقَى ﴿١٥﴾

၁၆။ ယင်း၌ လွန်စွာ ကံမကောင်းအကြောင်းမလှသူမှအပ အခြားမည်သူမျှ ဝင်ရောက်ရမည်မဟုတ်ချေ။

الَّذِيْ كَذَّبَ وَتَوَلّٰى ﴿١٦﴾

၁၇။ ထိုသူသည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်လျက် ကျောခိုင်းသွား၏။

وَسَيُجَنَّبُهَا الْاَتْقَى ﴿١٧﴾

၁၈။ သို့ရာတွင် အားလုံးထက်ပို၍ 'မွတ္တကီ'တို့မှာမူ ယင်းမှ အမှန်ပင် ကယ်တင်ခြင်းခံရပေအံ့။

الَّذِيْ يُؤْتِيْ مَالَهٗ يَتَزَكّٰى ﴿١٨﴾

၁၉။ ထိုသူသည် သန့်ရှင်းစင်ကြယ်မှုကိုလိုလား၍ မိမိ၏ပစ္စည်းဥစ္စာကို ပေးကမ်းစွန့်ကြ၏။

وَمَا لِاَحَدٍ عِنْدَهٗ مِنْ نِّعْمَةٍ تُجْزٰٓى ﴿١٩﴾

၂၀။ သူ့အပေါ် တစ်စုံတစ်ဦး၏ကျေးဇူးရှိ၍ (သူ့ဘက်မှ) တုံ့ပြန်ပေးကမ်းနေခြင်း မဟုတ်ချေ။

اِلَّا ابْتِغَآءَ وَجْهِ رَبِّهِ الْاَعْلٰى ﴿٢٠﴾

၂၁။ (သူသည်) မိမိအား ဖန်ဆင်းမွေးမြူတော်မူသော မြင့်မြတ်ကြီးကျယ်သောအရှင်မြတ်၏ နှစ်သက်ကျေနပ်မှုကို လိုလား၍သာလျှင် (စွန့်ကြဲသုံးစွဲခြင်းဖြစ်၏)။

وَلَسَوْفَ يَرْضٰى ﴿٢١﴾

၂၂။ ထို့ပြင် ထိုအရှင်မြတ်သည် အမှန်ပင် ကျေနပ်နှစ်သက်တော်မူလိမ့်မည်တည်း။

❖ ❖ ❖

၉၃။ အလ်-ဒို့ဟာ

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၁၂)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်တွင် ကောင်းမွန်စွာ ထွန်းလင်းခဲ့ပြီးဖြစ်သော နေ့ကိုလည်းကောင်း၊ ယင်း၏ နောက်တွင်တစ်ဖန်ပြန်လာမည့် ညဉ့်ကိုလည်းကောင်း ထပ်၍ သတင်းကောင်းပေးထားတော်မူပေသည်။ တမန်တော်မြတ်ﷺအား ရည်ညွှန်းလျက် အလွန်အမင်းမိုက်မှောင်၍ အခက်အခဲများ ကျရောက်သော အခါများတွင် အလ္လာဟ်အရှင်မြတ်က အသင့်အား အထီးကျန်ပစ်ထားတော်မူမည်မဟုတ်ကြောင်းနှင့် အသင်၏နောက်တွင် လာရှိသမျှသော အချိန်နာရီတိုင်းသည် အတိတ်ကအချိန်များထက် ပို၍ကောင်းစေ မည်ဖြစ်ကြောင်း မိန့်ထားတော်မူသည်။ ထို့ပြင် အသင့်အား အလ္လာဟ်အရှင်မြတ်က အရာရာကို ဖောသီစွာ ပေးသနားတော်မူမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ မိဘမဲ့တို့အား ကောင်းမွန်စွာဆက်ဆံပါလေ။ တောင်းခံလာသူတို့အား ငေါက်ငမ်းခြင်းမပြုလင့်။ အသင်၏ ကောင်းကျိုးချမ်းသာများ ကုန်ခန်းသွား မည်ကိုစိုးရိမ်လျက် ယင်းတို့ကို လူတို့ထံမှ ဝှက်ကွယ်ထားခြင်းမပြုလင့်။ အသင်သည် အလ္လာဟ်အရှင် မြတ်၏လမ်းတော်တွင် သုံးစွဲလှူဒါန်းလေသမျှ အလ္လာဟ်အရှင်မြတ်သည် ယင်းအား ထပ်လောင်းတိုးပွား စေတော်မူမည်ဖြစ်ကြောင်း သတင်းကောင်းလာရှိပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဒ္ဒိဟာ

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၂)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَالضُّحٰى ①

၂။ ကောင်းစွာလင်းဝင်းတောက်ပခဲ့ပြီးဖြစ်သော 'နေ့'အခါကို သက်သေထူတော်မူ၏။

وَالَّيْلِ اِذَا سَجٰى ②

၃။ ထို့ပြင် 'ည'ကိုလည်းကောင်း၊ ယင်းသည် လုံးဝမှောင်မိုက်သွားသောအခါ။

مَا وَدَّعَكَ رَبُّكَ وَمَا قَلٰى ③

၄။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အသင့်အား စွန့်ပစ်၍ထားတော်မူသည်လည်းမဟုတ်၊ မနှစ်မြို့တော်မူသည်လည်း မဟုတ်ပေ။

وَلَلْاٰخِرَةُ خَيْرٌ لَّكَ مِنَ الْاُوْلٰى ④

၅။ ထို့ပြင် ဧကန်စင်စစ် 'အာခေရတ်'အနာဂတ်သည် အသင့်အတွက် မူလ(အခြေအနေ)ထက် ပိုမိုကောင်းမြတ်ပေ၏။ ①

وَلَسَوْفَ يُعْطِيْكَ رَبُّكَ فَتَرْضٰى ⑤

၆။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အသင့်အား အမှန်ပင် ချီးမြှင့်ပေးသနားတော်မူပေအံ့၊ သို့ဖြင့် အသင်သည် ကျေနပ်နှစ်သက်သွားပေလိမ့်မည်။

اَلَمْ يَجِدْكَ يَتِيْمًا فَاٰوٰى ⑥

၇။ အသို့နည်း၊ အရှင်မြတ်သည် အသင့်အား မိဘမဲ့အဖြစ်တွေ့ရှိတော်မူခဲ့သည်မဟုတ်လော၊ သို့ကြောင့် ခိုလှုံရာကို ပေးသနားတော်မူခဲ့၏။

وَوَجَدَكَ ضَآلًّا فَهَدٰى ⑦

၈။ ထို့ပြင် အသင့်အား အပူတပြင်း ရှာဖွေမှုတွင်တွေ့ရှိတော်မူခဲ့သည်(မဟုတ်လော)၊ သို့ကြောင့် လမ်းညွှန်တော်မူခဲ့ပေသည်။ ②

وَوَجَدَكَ عَآئِلًا فَاَغْنٰى ⑧

၉။ ထို့ပြင် အသင့်အား ကြီးသောမိသားစုအဖြစ် တွေ့ရှိတော်မူခဲ့သည်(မဟုတ်လော)၊ သို့ဖြင့် ကြွယ်ဝစေတော်မူခဲ့ပေသည်။

---

① ဤတွင် 'အာခေရတ်'အနာဂတ်သည် 'မူလ'အခြေအနေများထက်ပို၍ကောင်းမွန်မည်ဖြစ်ကြောင်း မိန့်ထားတော်မူပေရာ ဤသည်မှာ တမန်တော်မြတ်ﷺ၏ဘဝသက်တမ်းအတွင်း နောက်ပိုင်းရောက်ရှိလာသည့် အချိန်စက္ကန့်တိုင်းကိုဆိုလိုပြီး ယင်းမှာ ကုန်လွန်ခဲ့သမျှသော အချိန်စက္ကန့်တိုင်းထက် သာ၍ကောင်းမြတ်ခဲ့ပေသည်။ အကြောင်းမူကား ကိုယ်တော်မြတ်သည် အချိန်စက္ကန့်တိုင်းတွင် အလ္လာဟ်အရှင်မြတ်ဘက်သို့သာ ဈာန်ဝင်လျှောက်လှမ်းလျက်ရှိနေသောကြောင့်တည်း။

② အာယတ်တော် ၈-၉။ ဤအာယတ်တော်များတွင် **ضَآلًّا** ဟူသောစကားလုံးမှာ 'လမ်းလွဲခြင်း'အနက်သဘောဖြင့် လာရှိသည်မဟုတ်မူဘဲ အကြင်သူသည် အလ္လာဟ်အရှင်မြတ်အား မေတ္တာသက်ဝင်၍ အချစ်ကြီးချစ်မှုဌ် မိမိကိုယ်ကို လွှင့်မျောလျက်ရှိစေခြင်းအဓိပ္ပာယ်ကိုဆောင်ပေသည်။ ထို့ပြင် **عَآئِلًا** ဟူ၍ ကိုယ်တော်မြတ်ﷺအား ကိုယ်တော်မြတ်၏ ကျယ်ပြန့်များပြားသော 'အွမ္မတ်'သာသနာဝင်နောက်လိုက်များအားအခြေခံ၍ခေါ်ဆိုထားခြင်းဖြစ်သည်။ တမန်တော်မြတ်ﷺရရှိခဲ့သည့် ဤမျှများပြားကျယ်ပြန့်သော 'အွမ္မတ်'ကို အခြားမည်သည့်တမန်တော်မျှမရရှိခဲ့ချေ။

فَاَمَّا الْيَتِيْمَ فَلَا تَقْهَرْ ۝

၁၀။ သို့ဖြစ်ရာ မိဘမဲ့နှင့်စပ်လျဉ်းသမျှ အသင်သည် သူတို့အပေါ် တင်းမာစွာ ဆက်ဆံမှုမပြုလင့်။

وَاَمَّا السَّآئِلَ فَلَا تَنْهَرْ ۝

၁၁။ ထို့ပြင် တောင်းခံသူနှင့်စပ်လျဉ်းလေသမျှ အသင်သည် သူ့အား ငေါက်ငမ်းခြင်းမပြုလင့်။

وَاَمَّا بِنِعْمَةِ رَبِّكَ فَحَدِّثْ ۝ ۩

၁၂။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ကောင်းကျိုးချမ်းသာနှင့်စပ်လျဉ်းသမျှ အသင်သည် (ယင်းကို) အမြောက်အမြားဖော်ကျူးပါလေ။ ①

❖ ❖ ❖

① အလ္လာဟ်အရှင်မြတ်က ကိုယ်တော်မြတ်ﷺအား ပို့ချပေးသနားတော်မူခဲ့သော ကောင်းကျိုးချမ်းသာများနှင့် လောကီရေးဆိုင်ရာ ကျေးဇူးများကို လူသားနွယ်ဝင်တို့မှ ကွယ်ဝှက်မထားဘဲ၊ ပွင့်လင်းထင်ရှားစွာ ဖွင့်ဟဖော်ပြခဲ့ကြောင်းကို တမန်တော်မြတ်ﷺ၏ အဆိုအမိန့်များအားဖြင့် များပြားစွာသိရှိရပေသည်။ တမန်တော်မြတ်ﷺအား ပို့ချပေးသနားခြင်းခံရသော နာမ်ပိုင်းဆိုင်ရာ ကျေးဇူးတော်များကို အကယ်၍ အလ္လာဟ်က ကိုယ်တော်မြတ်ﷺအား ဤသည့်အမိန့်ကိုသာမပေးခဲ့ပါလျှင် ကိုယ်တော်မြတ်သည် မိမိထံ၌သာလျှို့ဝှက်ထားခဲ့မည်ဖြစ်သည်။

ကိုယ်တော်မြတ်အား ပေးသနားတော်မူခြင်းခံရသည့် လောကီရေးဆိုင်ရာ ကျေးဇူးတော်များအကြောင်းကို ဖော်ကျူးရန် လိုအပ်ရခြင်းမှာ- လိုအပ်ချက်ရှိသူသည် ကိုယ်တော်မြတ်ﷺထံချဉ်းကပ်ကာ ၎င်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်သောကြောင့်ပင်။ ထို့ပြင် ၎င်းတို့အပေါ် ကျေးဇူးပြုခြင်းသည်လည်း မိမိ၏အိမ်သူအိမ်သား သားသမီးများအားပြုသကဲ့သို့သာဖြစ်ပြီး တစ်စုံတစ်ရာ ကျေးဇူးတုံ့ပြန်မှုကို မျှော်လင့်၍မဟုတ်ချေ။

၉၄။ အလမ်နှင့်ရာဟ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုကျပါဠ်တော် (၉)ပိုဒ်ပါရှိသည်။

ဤကြီးကျယ်ခံ့ထည်လှသော ဆူရာဟ်တော်တွင် တမန်တော်မြတ်ﷺ၏ လှပတင့်တယ်သော သိက္ခာပုဒ်များကိုဖော်ပြပြီးနောက် မိန့်ထားတော်မူသည်မှာ အသို့နည်း ငါတို့သည် အသင်၏ရင်ကို ပြည့်စုံကုံလုံစွာဖွင့်ပေးတော်မူခဲ့သည်မဟုတ်လော။ ထို့ပြင် အသင်ထမ်းပိုးထားခဲ့ရသည့် 'အမာနတ်' ယုံကြည်အပ်နှံရာပစ္စည်းများ၏ဝန်ထုပ်ကြီးကို အလ္လာဟ်အရှင်မြတ်က အရှင့်ကျေးဇူးတော်ဖြင့် ယင်းတာဝန်ကို ကျေပွန်နိုင်ရန်အလို့ငှာ အသင့်အား အခွင့်အရေး ပေးသနားတော်မူခဲ့သည်မဟုတ်လော။ ထို့ပြင် အသင်၏ဂုဏ်သတင်းကို အထွတ်အထိပ်သို့ ရောက်စေခဲ့သည်မဟုတ်လော။ သို့ကြောင့် ဤသည့် မဖောက်မပြန်သော မှန်ကန်မှု(ထာဝရသစ္စာ)ကို သတိတရရှိရမည်မှာ အခက်အခဲတိုင်း၏နောက်တွင် လွယ်ကူချောမွေ့မှုသည် ပေါ်ပေါက်လာပေသည်။ အခက်အခဲတိုင်း၏နောက်တွင် တစ်ခုသော လွယ်ကူချောမွေ့မှုသည်ပေါ်ပေါက်လာရပေသည်။ ဆိုလိုသည်မှာ လောကီရေးအရလည်း ဤသည့်အခြေခံနည်းလမ်းရှိပြီး နာမ်တရားဆိုင်ရာတွင်လည်း ဤသည့် အခြေခံအချက်ပင်ရှိပေသည်။ သို့အတွက်ကြောင့် အသင်သည် တစ်နေ့တာ၏ လုပ်ငန်းတာဝန်များမှ အားလပ်မှုရသောအခါ ညဉ့်အချိန်တွင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ရှေ့တော်တွင် မတ်တတ်ရပ်လျက် ထိုအရှင်မြတ်၏ ချစ်ခြင်းမေတ္တာဖြင့် နှလုံးသား၏အေးငြိမ်းမှုကိုရယူပါလေဟူ၍ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလမ်နရှ်ရာဟ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၉)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اَلَمْ نَشْرَحْ لَكَ صَدْرَكَ ①

၂။ အသို့နည်း၊ ငါတို့သည် အသင့်အတွက် အသင်၏ရင်ကို ဖွင့်ပေးတော်မူခဲ့သည် မဟုတ်လော။

وَوَضَعْنَا عَنْكَ وِزْرَكَ ②

၃။ ထို့ပြင် ငါတို့သည် အသင့်ထံမှ အသင်၏ဝန်ထုပ်ကို ချပေးတော်မူခဲ့သည် မဟုတ်လော။

الَّذِيْٓ اَنْقَضَ ظَهْرَكَ ③

၄။ ယင်း(ဝန်ထုပ်)သည် အသင်၏ခါးကို ချိုးထားခဲ့ပေသည်။

وَرَفَعْنَا لَكَ ذِكْرَكَ ④

၅။ ထို့ပြင် ငါတို့သည် အသင့်အတွက် အသင်၏ဂုဏ်သတင်းကို မြင့်စေတော်မူခဲ့၏။

فَاِنَّ مَعَ الْعُسْرِ يُسْرًا ⑤

၆။ သို့ဖြစ်ရာ ကောန်စင်စစ် ခက်ခဲကျပ်တည်းမှုနှင့်အတူ လွယ်ကူမှုသည်ရှိ၏။

اِنَّ مَعَ الْعُسْرِ يُسْرًا ⑥

၇။ ကောန်စင်စစ် ခက်ခဲကျပ်တည်းမှုနှင့်အတူ လွယ်ကူမှုသည်ရှိ၏။

فَاِذَا فَرَغْتَ فَانْصَبْ ⑦

၈။ သို့ဖြစ်ရာ အသင်သည် အားလပ်သွားသောအခါ လုံ့လစိုက်ထုတ်ပါလေ။

وَاِلٰى رَبِّكَ فَارْغَبْ ⑧ ع

၉။ ထို့ပြင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဘက်သို့ အာရုံညွှတ်ထားပါလေ။

❖ ❖ ❖

၉၅။ အလ်-သီးန်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၉)ပိုဒ်ပါရှိသည်။

ဆူရာဟ် 'အလ်-အင်နှ်ရှီရာဟ်'၏နောက် ဆူရာဟ် 'အလ်-သီးန်'လာရှိပြီး ယင်းသည် အမှန်တွင် **فَاِنَّ مَعَ الْعُسْرِ يُسْرًا ۝ اِنَّ مَعَ الْعُسْرِ يُسْرًا ۝** ဟူသည့် အကြောင်းအရာ၏ အကျယ်ရှင်းလင်းချက်ပင် ဖြစ်သည်။

ဤတွင် အဆုံးမရှိသော တိုးတက်ပြောင်းလဲမှုဖြစ်စဉ်၏သတင်းကို ပို့ချထားခြင်းဖြစ်သည်။ ဤတွင် **تِيْـن** (သဖန်းပင်)နှင့် **زَيْتُـون** (သံလွင်ပင်)တို့ကို သက်သေထူထားတော်မူသည်။ တစ်နည်းဆိုသော် တမန်တော် အာဒမ်ﷺနှင့် တမန်တော် 'နူးဟ်'ﷺတို့ဖြစ်ပြီး၊ တစ်ဖန် အလ္လာဟ်အရှင်မြတ်၏ ရောင်ခြည်တော်ထွန်းပသော တမန်တော် 'မူစာ'ﷺ၏ **طُـوْرِ سِيْنِيْـن** (သိနာတောင်)ကိုလည်းကောင်း၊ ထို့နောက် တမန်တော်မြတ်ﷺ၏ အမှတ်လက္ခဏာထင်ရှားရာ ဗဟိုအချက်အချာဖြစ်သော **بَـلَدِ اَمِيْن** (လုံခြုံငြိမ်းချမ်းသောမြို့တော်)ကိုလည်းကောင်း သက်သေထူထားပေသည်။ ဤသည့် နာမ်တရားဆိုင်ရာ ဆင့်ကဲတိုးတက်ပြောင်းလဲမှုနှင့်အတူ ကြေညာတော်မူသည်မှာ ဤသို့လျှင် **ငါတို့**သည် လူသားအား နိမ့်ကျသေးသိမ်သော အခြေအနေများမှ ဖွံ့ဖြိုးတိုးတက်စေတော်မူလျက် လူသား၏အဆုံးစွန်သော တိုးတက်ပြောင်းလဲမှုစခန်းဆီသို့တိုင် ပို့ဆောင်ပေးတော်မူလေသည်။ သို့ရာတွင် ဤသည်မှ အကျိုးရယူခြင်း မပြုသော ကံမဲ့သူတို့ကိုမူကား **ငါတို့**သည် နိမ့်ကျသောအဆင့်ဘက်သို့ ပြန်လှည့်သူတို့တွင် အနိမ့်ဆုံး အဆင့်သို့ ပြန်လှည့်စေတော်မူပေသည်။ တစ်ခုသော အနန္တတိုးတက်မှုပုံရိပ်အကြောင်း ဖော်ပြနေသယောင်ပင်။ သို့ရာတွင် သက်ဝင်ယုံကြည်ခြင်းရှိပြီး ကောင်းမှုကုသိုလ်ကျင့်သုံးသော ထိုသူတို့သည်ကား သူတို့၏ နာမ်(ဝိညာဉ်)ပိုင်းဆိုင်ရာ တိုးတက်မှုများသည် အကန့်အသတ်မရှိဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ အကြင်သူသည် ထိုသည့်နောက်သော်မှ သာသနာရေးကိစ္စတွင် တမန်တော်မြတ်ﷺအား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုတမန်တော်၏အရေးကိစ္စတွင် အလုံးစုံတို့ထက် သာ၍ကောင်းမြတ်သော ဆုံးဖြတ်ချက်ကိုချတော်မူမည့်အရှင်ဖြစ်ပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-သီးန်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၉)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَالتِّيْنِ وَالزَّيْتُوْنِ ②

၂။ သဖန်းပင်ကိုလည်းကောင်း၊ သံလွင်ပင်ကိုလည်းကောင်း သက်သေထူတော်မူ၏။

وَطُوْرِ سِيْنِيْنَ ③

၃။ ထို့ပြင် သိနာတောင်ကိုလည်းကောင်း၊

وَهٰذَا الْبَلَدِ الْاَمِيْنِ ④

၄။ ထို့ပြင် လုံခြုံငြိမ်းချမ်းသော ဤမြို့တော်ကိုလည်းကောင်း။

لَقَدْ خَلَقْنَا الْاِنْسَانَ فِيْٓ اَحْسَنِ تَقْوِيْمٍ ⑤

၅။ ဧကန်အမှန် ငါတို့သည် လူသားကို အကောင်းဆုံးသော ဆင့်ကဲတိုးတက်ပြောင်းလဲခြင်း အခြေအနေတွင် ဖန်ဆင်းတော်မူခဲ့၏။ ①

ثُمَّ رَدَدْنٰهُ اَسْفَلَ سٰفِلِيْنَ ⑥

၆။ ထို့နောက် ငါတို့သည် သူ့အား နိမ့်သောအဆင့်ဘက်သို့ ပြန်လှည့်စေခြင်းခံရသူများတွင် အားလုံးထက် အနိမ့်ဆုံးသို့ ပြန်လှည့်စေတော်မူခဲ့၏။ ②

اِلَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فَلَهُمْ اَجْرٌ غَيْرُ مَمْنُوْنٍ ⑦

၇။ သက်ဝင်ယုံကြည်၍ ကောင်းမြတ်သောအကျင့်သီလကို တည်ဆောက်သူတို့မှတစ်ပါးဖြစ်၏။ သို့ဖြစ်ရာ ၎င်းတို့အတွက် မပြတ်သော အကျိုးဆုလာဘ်သည်ရှိ၏။

فَمَا يُكَذِّبُكَ بَعْدُ بِالدِّيْنِ ⑧

၈။ သို့ဖြစ်ရာ ထိုသည့်နောက်တွင် အသင့်အား သာသနာ့အရေးကိစ္စတွင် မဟုတ်မမှန်ဟု စွပ်စွဲပြောဆိုသည်ကား အဘယ်နည်း။

اَلَيْسَ اللّٰهُ بِاَحْكَمِ الْحٰكِمِيْنَ ⑨

၉။ အသို့နည်း၊ အလ္လာဟ်သည် စီရင်ဆုံးဖြတ်သူအားလုံးတို့တွင် အကောင်းဆုံး စီရင်ဆုံးဖြတ်တော်မူသောအရှင် မဟုတ်ပေလော။

---

① **تقويم** ၏ဖော်ပြပါအဓိပ္ပာယ်အတွက် 'မူဖရီဒါတ် အေမာမ်ရာယိဗ်'နှင့် 'အလ်-မွန်ဂျိဒ်'အဘိဓာန်များရှု။

② အာယတ်တော် ၅-၆။ ဤအာယတ်တော်များတွင် လူသားအား နိမ့်ကျသောအခြေအနေများမှထူမလျက် အမြင့်မားဆုံးသော ဂုဏ်အဆင့်အတန်းတွင် တင်မြှောက်၍ ထားတော်မူသော လူသား၏စဉ်ဆက်မပြတ် ဆင့်ကဲတိုးတက်မှုဖြစ်စဉ်အကြောင်းကို ဖော်ပြထားပေသည်။ အဘိဓာန်ကဆိုသော **تقويم** ၏အဓိပ္ပာယ်မှာ အရာဝတ္ထုတစ်ခုကို ပုံပန်းတကျဖြစ်စေလျက် ကောင်းသည်ထက်ကောင်းအောင် ပြုသွားခြင်းပင်ဖြစ်သည်။ ဤသည့်နောက်မိန့်တော်မူသည်မှာ- ထို့နောက် ငါတို့သည် သူ၏တိုးတက်မှုအစပြုခဲ့သောနေရာဖြစ်သည့် နိမ့်ကျ၍သိက္ခာမဲ့လွန်းသော အခြေအနေသို့ပိုင် ပြန်လှည့်စေတော်မူလိုက်ပေသည်။ ဤသည်မှာ အလ္လာဟ်အရှင်မြတ်အား ကျေးဇူးကန်း၍ ပုန်ကန်သောင်းကျန်းသော လူသားကိုသာဆိုလိုခြင်းဖြစ်သည်။ ထိုသူသည် လူသားစင်စစ်ဖြစ်ပါလျက်နှင့် ဖန်ဆင်းခံတို့တွင် အဆိုးရွားဆုံးအဖြစ်သို့ရောက်ရှိသွားလေသည်။ သို့သော် ဤသည့် ဆူရာဟ်၌ပင် အဆုံးမရှိသော ဖွံ့ဖြိုးတိုးတက်မှုအတွက် သတင်းကောင်းပေးခြင်းခံရသည့် 'မို့အ်မင်န်'သက်ဝင်ယုံကြည်သူတို့မှတစ်ပါးဖြစ်၏။ လူသားသည် အကောင်းမြတ်ဆုံးဖြစ်လင့်ကစား အဆိုးရွားဆုံးဖန်ဆင်းခံလည်းဖြစ်သွားနိုင်ကြောင်း ယုတ္တိသာဓကအဖြစ် တမန်တော်မြတ်ﷺ၏ အဆိုအမိန့်တစ်ခုရှိပေသည်။ 'ရောက်လာလတ္တံ့သော အဆိုးရွားဆုံးခေတ်ကာလတွင် ထိုသူတို့၏ 'အိုလမာ'များသည် **شَرُّ مَنْ تَحْتَ اَدِيمِ السَّمَآء** ဖြစ်ကြပေအံ့။ ဆိုလိုသည်မှာ 'မိုးကောင်းကင်အောက်တွင် အဆိုးရွားဆုံးသောဖန်ဆင်းခံဖြစ်လိမ့်မည်'ဟူ၍တည်း။ (မီရှ်ကာတ်ကျမ်း၊ ကီတာဘွလ်အိလ်မ်)

၉၆။ အလ်–အလာက်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး ပထမဦးဆုံးကျရောက်သောဆူရာဟ်ဖြစ်သည်။ 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠိတော် (၂၀)ပိုဒ်ပါရှိသည်။

'ဝဟီ'ဗျာဒိတ်တော်ပို့ချခြင်းကို ဤဆူရာဟ်ဖြင့် အစပြုထားသည်။ ယင်း၌ အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်ﷺ အား အရာခပ်သိမ်းကုန်တို့ကို ဖန်ဆင်းတော်မူသည့် ဖန်ဆင်းမွေးမြူရှင်၏နာမတော်ဖြင့် ဖတ်ရွတ်ရန် အမိန့်ပေးခိုင်းစေထားတော်မူသည်။ ထို့ပြင် ထပ်လောင်း၍ ဒုတိယအကြိမ် اِقْـرَاْ ဟု မိန့်တော်မူလျက် လူသား၏ အလုံးစုံသောဖွံ့ဖြိုးတိုးတက်မှုများ၏ လျှို့ဝှက်ချက်ကို ကလောင်တွင်တည် စေတော်မူထားသော၊ အားလုံးထက်ပို၍ ဂုဏ်သိက္ခာကြီးမြတ်တော်မူသော ဖန်ဆင်းမွေးမြူရှင်၏ နာမတော်ဖြင့် ဖတ်ရွတ်လော့ဟု ကြေညာတော်မူလေသည်။ အကယ်တန္တ 'ကလောင်'နှင့် ရေးသားနိုင်စွမ်းအရည်အချင်းကိုသာ လူသားအားပေးသနားခြင်းမခံရပါမူ တစ်စုံတစ်ရာသော ဖွံ့ဖြိုးတိုးတက်မှုမျှ ဖြစ်လာနိုင်စရာအကြောင်းမရှိချေ။

ဤသည့်နောက်တွင် 'အေဘာဒတ်'ဝတ်ပြုမှုလမ်းကြောင်းတွင် တားဆီးကြကုန်သော ထိုလူသားတိုင်းအား သတိပေးနှိုးဆော်ထားပေသည်။ ထိုသူတို့အား အကယ်၍သာ ယင်းတို့သည် မရပ်တန့်ကြပါလျှင် ငါတို့သည် လိမ်ညာဖောက်ပြန်သော အပြစ်ကျူးလွန်သူ၏ နဖူးမှဆံစကိုဆွဲလျက် ဖမ်းဆီးတော်မူမည်ဖြစ်သည်။ ထို့နောက် သူသည် မိမိအား အကူအညီပေးမည့်သူကို ခေါ်လိုကခေါ်ပါစေ။ ငါတို့ထံတွင်လည်း ပြင်းထန်စွာ အပြစ်ပေးမည့် 'ငရဲ'မှကောင်းကင်တမန်များရှိပေသည်ဟု သတိပေးထားတော်မူပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-အလာက်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၂၀)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اِقْرَاْ بِاسْمِ رَبِّكَ الَّذِىْ خَلَقَ ②

၂။ အကြင်ဖန်ဆင်းတော်မူသော၊ အသင့်အား ပြုစုပျိုးထောင်တော်မူသောအရှင်၏နာမတော်ဖြင့် ဖတ်ရွတ်လော့။

خَلَقَ الْاِنْسَانَ مِنْ عَلَقٍ ③

၃။ ထိုအရှင်မြတ်သည် လူသားကို တွယ်ကပ်နေသည့် သွေးခဲတစ်ခဲမှ ဖန်ဆင်းတော်မူ၏။

اِقْرَاْ وَرَبُّكَ الْاَكْرَمُ ④

၄။ ဖတ်ရွတ်လော့၊ အသင်၏ဖန်ဆင်းမွေးမြူရှင်သည် အားလုံးထက် ဂုဏ်သိက္ခာအရှိဆုံးဖြစ်တော်မူ၏။

الَّذِىْ عَلَّمَ بِالْقَلَمِ ⑤

၅။ ထိုအရှင်မြတ်သည် ကလောင်အားဖြင့် သင်ပေးတော်မူ၏။

عَلَّمَ الْاِنْسَانَ مَا لَمْ يَعْلَمْ ⑥

၆။ လူသားအား သူမသိသောအရာများကို သင်ပေးတော်မူ၏။

كَلَّآ اِنَّ الْاِنْسَانَ لَيَطْغٰٓى ⑦

၇။ သတိပြုကြကုန်၊ လူသားသည် အမှန်ပင် မနာခံပုန်ကန်မှုကိုပြု၏။

اَنْ رَّاٰهُ اسْتَغْنٰى ⑧

၈။ (အကြောင်းမူ) သူသည် မိမိကိုယ်မိမိ လိုလားတောင့်တခြင်း ကင်းမဲ့သည်ဟုထင်မြင်ယူဆ၏။

اِنَّ اِلٰى رَبِّكَ الرُّجْعٰى ⑨

၉။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်သို့သာလျှင် ပြန်လည်၍ သွားကြရမည်သာဖြစ်၏။

اَرَءَيْتَ الَّذِىْ يَنْهٰى ⑩

၁၀။ အသို့နည်း၊ အသင်သည် တားမြစ်သော ထိုသူအား ရှုမြင်သုံးသပ်ပါသလော၊

عَبْدًا اِذَا صَلّٰى ⑪

၁၁။ ကြီးကျယ်သော အစေတော်တစ်ဦး 'ဆွလာတ်'ဝတ်ပြုသောအခါ။ ۞

اَرَءَيْتَ اِنْ كَانَ عَلَى الْهُدٰٓى ⑫

၁၂။ အသို့နည်း၊ အကယ်၍ ၎င်း(ကြီးမြတ်သောအစေတော်)သည်လမ်းမှန်၌ရှိမည်ကို အသင်သည်ရှုမြင်သုံးသပ်ပါသလော။

اَوْ اَمَرَ بِالتَّقْوٰى ⑬

၁၃။ သို့တည်းမဟုတ် 'တက္ကဝါ'ဖြူစင်ဖြောင့်မတ်ခြင်းတရားကို တိုက်တွန်းနှိုးဆော်လျက်ရှိမည်ကို။

اَرَءَيْتَ اِنْ كَذَّبَ وَتَوَلّٰى ⑭

၁၄။ အသို့နည်း၊ အသင်သည် ရှုမြင်သုံးသပ်ပါသလော၊ အကယ်၍ ထို('ဆွလာတ်'ဝတ်ပြုခြင်းမှ တားမြစ်)သူသည်

۞ အာယတ်တော် ၁၀၊၁၁။ ဤအာယတ်တော်များတွင် အစ္စလာမ်ခေတ်ဦးပိုင်းတွင် ကံမကောင်းအကြောင်းမလှသူ (ကာဖိရ်)အချို့သည် တမန်တော်မြတ်ﷺအား 'ဆွလာတ်'ဝတ်ပြုမှုမှ မည်ကဲ့သို့ အဟန့်အတားပြုခဲ့ကြကြောင်းနှင့် ကိုယ်တော်မြတ်အား ပုံစံအမျိုးမျိုးဖြင့် ဆင်းရဲဒုက္ခရောက်စေခဲ့ကြကြောင်းကို ဖော်ပြခြင်းဖြစ်သည်။

(သို့)ပါလျက်လည်း) မဟုတ်မမှန်ဟု စွပ်စွဲခြင်းပယ်၍ ကျောခိုင်းသွား၏။

اَلَمۡ يَعۡلَمۡ بِاَنَّ اللّٰهَ يَرٰى ۝١٤

၁၄။ (သို့ဖြစ်လျှင်) ဧကန်စင်စစ် အလ္လာဟ်သည် ရှုမြင်လျက်ရှိတော်မူသည်ကို သူသည် မသိလေသလော။

كَلَّا لَئِنۡ لَّمۡ يَنۡتَهِ ۙ لَنَسۡفَعًۢا بِالنَّاصِيَةِ ۝١٥

၁၅။ သတိပြုကြကုန်၊ အကယ်၍ သူသည် မရပ်တန့်ပါလျှင် ငါတို့သည် အမှန်ပင် သူ၏နဖူးမှဆံစကို ကိုင်၍ဆွဲတော်မူမည်။

نَاصِيَةٍ كَاذِبَةٍ خَاطِئَةٍ ۝١٦

၁၆။ လိမ်ညာအပြစ်ကျူးလွန်သူ၏ နဖူးမှဆံပင်များကို၊

فَلۡيَدۡعُ نَادِيَهٗ ۝١٧

၁၇။ သို့ဖြစ်ရာ သူသည် မိမိ၏အပေါင်းအဖော်များကို ခေါ်ကြည့်ပါလေ။

سَنَدۡعُ الزَّبَانِيَةَ ۝١٨

၁၈။ ငါတို့သည် အမှန်ပင် 'ဇရဲ'၏ကောင်းကင်တမန်များကို ခေါ်တော်မူမည်။

كَلَّا لَا تُطِعۡهُ وَاسۡجُدۡ وَاقۡتَرِبۡ ۩ ۝١٩

၁၉။ သတိပြုကြကုန်၊ ယင်း၏နောက်သို့ မလိုက်လင့်၊ ထို့ပြင် 'စဂ်ဒါဟ်'ဦးချပျပ်ဝပ်ပါလေ၊ ထို့ပြင် နီးစပ်မှု(ရရှိစေရန်)အတွက် ကြိုးပမ်းပါလေ။

❖ ❖ ❖

၉၇။ အလ်-ကဒ်ရ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠ်တော် (၆)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်တွင် ဝမ်းမြောက်ဖွယ်သတင်းကောင်း ပေးထားတော်မူသည်မှာ ယခု စတင်ပို့ချလိုက်သော ကျမ်းမြတ်ကုရ်အာန်၏ 'ဝဟီ'သည် အမျိုးမျိုးသော မှောင်မိုက်သည့်ညဉ့်များကို လင်းဝင်းအောင်ပြုနိုင်စွမ်းရှိပေသည်။ သို့ကြောင့် ဤတွင် ကုန်းမြေနှင့် ရေပြင်တို့တွင် ဖောက်ပြန်ပျက်စီးမှုပျံ့နှံ့လျက်ရှိခဲ့သော တမန်တော်မြတ်ﷺပွင့်ပေါ်ခဲ့ရသည့် ခေတ်ကာလရှိ အဆုံးစွန်သော မှောင်မိုက်သည့်ညဉ့်အကြောင်းကို ဖော်ပြထားခြင်းဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အတွက် အလုံးစုံကိုပေးဆပ်ထားသူ (မြတ်တမန်)၏ မှောင်မိုက်ညဉ့်များတွင်ပြုခဲ့သော ဆုတောင်းများအားဖြင့် ဤသို့သော အရုဏ်ဦးအချိန်ရောက်ရှိလာခဲ့ပေသည်။ ဆိုလိုသည်မှာ ကျမ်းမြတ်ကုရ်အာန်ကျရောက်ခြင်းဖြစ်ပြီး ယင်း၏ အလင်းရောင်သည် 'ကေယာမတ်' ကမ္ဘာ့နောက်ဆုံးနေ့များတိုင် မပြတ်တည်ရှိနေပေမည်။ **هِيَ حَتّٰى مَطْلَعِ الْفَجْرِ** ၏ အဓိပ္ပာယ်မှာ အရုဏ်ဦးအချိန်သည် အပြည့်အဝထွန်းလင်းခြင်းသို့ရောက်သည့်တိုင် 'ဝဟီ'ဗျာဒိတ်ကျရောက်နေဦးမည် ဖြစ်သည်။ ထို့နောက်တစ်ဖန် ကြေညာထားတော်မူသည်မှာ အကယ်၍ မည်သူမဆို **ليلة القدر** အချိန်တစ်ချိန်ကို ကံကောင်းထောက်မစွာရရှိလိုက်ပါက ယင်းသည် လူပုဂ္ဂိုလ်တစ်ဦး၏ ဘဝတစ်သက်တာလုံး ကြိုးပမ်းအားထုတ်မှုထက် သာ၍မြတ်ကြောင်းပင်ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ကဒရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၆)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اِنَّآ اَنْزَلْنٰهُ فِيْ لَيْلَةِ الْقَدْرِ ۚ ②

၂။ ဧကန်မလွဲ ငါတို့သည် ယင်းအား 'ကဒရ်'၏ညဉ့် ချပေးတော်မူ၏။

وَمَآ اَدْرٰىكَ مَا لَيْلَةُ الْقَدْرِ ③

၃။ 'ကဒရ်'၏ညသည် မည်သည်ဖြစ်သည်ကို အသင့်အား မည်သို့ရှင်းပြရမည်နည်း။

لَيْلَةُ الْقَدْرِ ۙ خَيْرٌ مِّنْ اَلْفِ شَهْرٍ ④ ۝١

၄။ 'ကဒရ်'၏ညသည် လပေါင်းတစ်ထောင်ထက် ပိုမိုကောင်းမြတ်၏။

تَنَزَّلُ الْمَلٰٓئِكَةُ وَالرُّوْحُ فِيْهَا بِاِذْنِ رَبِّهِمْ ۚ مِنْ كُلِّ اَمْرٍ ۙ ⑤ ۝٢

၅။ ထို(ည)၌ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်တော်ဖြင့် ကောင်းကင်တမန်များနှင့် သန့်ရှင်းသောဝိညာဉ်တော် 'ရူဟုလ်ကွတ်ဒူစ်'တို့သည် အရေးကိစ္စတိုင်း၌ အမြောက်အများ သက်ဆင်းကြကုန်၏။

سَلٰمٌ ۛ هِيَ حَتّٰى مَطْلَعِ الْفَجْرِ ۝ ⑥ ۝٣

၆။ ငြိမ်းချမ်းခြင်းသည်ရှိ၏၊ ဤ(ဖြစ်စဉ်)သည် နံနက်အရုဏ်ပျိုးသည့်တိုင် မပြတ်ရှိနေသတည်း။

❖ ❖ ❖

၉၈။ အလ်–ဘိုင်ယေနာဟ်

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၉)ပိုဒ်ပါရှိသည်။

ပြီးခဲ့သော ဆူရာဟ်တွင်ဖော်ပြခဲ့သည်မှာ 'လိုင်လတွလ်ကဒရ်'တွင် ပို့ချတော်မူသော 'ဝဟီ'သည် နံနက်ချိန်၏ အလင်းထွန်းပသည်ကဲ့သို့ အရာရာတိုင်းကို အထင်အရှား လင်းဝင်းစွာ ဖော်ပြတော်မူမည် ဖြစ်သည်။ ယခုဆူရာဟ်၌လာရှိသည်မှာ ဤကဲ့သို့ပင် ငါတို့သည် လွန်လေခဲ့ပြီးသော တမန်တော်များကိုလည်း သေးငယ်သောပမာဏဖြင့် 'လိုင်လတွလ်ကဒရ်'များကို ပေးသနားတော်မူခဲ့ပေသည်။ သို့မဟုတ်ပါက ၎င်း(တမန်တော်)တို့သည် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုသက်သက်မျှဖြင့် ခေတ်ကာလ၏ အမိုက်မှောင်ကို နံနက်မိုးသောက်ချိန်သို့ ပြောင်းလဲနိုင်ခဲ့ကြမည်မဟုတ်ချေ။

ဤသည့်နောက်တွင် တမန်တော်မြတ်ﷺနှင့်စပ်လျဉ်း၍ ဖော်ပြလာရှိသည်မှာ လွန်လေခဲ့ပြီးသော တမန်တော်များထံသို့ ပို့ချတော်မူခဲ့သည့် ကျမ်းတော်အားလုံးမှ အနှစ်ချုပ် အကြောင်းရပ်သည် သင်၏ သင်ပြချက်တွင် ပါဝင်ထားစေတော်မူပြီးဖြစ်သည်။ ထို့ပြင် ၎င်းတို့၏သင်ပြချက်အနှစ်ချုပ်မှာ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အလို့ငှာ ထိုအရှင်မြတ်၏ သာသနာတော်ကို သဒ္ဓါတရားဖြူစင်စွာထားရှိလျက် ထိုအရှင်မြတ်အား ကိုးကွယ်ဆည်းကပ်ကြရန်၊ 'ဆွလာတ်'ဝတ်ပြုမှုကိုတည်ဆောက်ကြရန်နှင့် 'ဇကာတ်' (ဆင်းရဲသားဒါနကြေး)ပေးဆောင်ကြရန်တို့ဖြစ်သည်။ ဤသည် ကိုယ်တိုင်လည်း အစဉ်ခိုင်ခံ့မြဲမြံစွာရှိလျက် လူသားနွယ်ဝင်တို့ကိုလည်း ဖြောင့်မတ်မှန်ကန်သော လမ်းတော်တွင် တည်တံ့မြဲမြံအောင်ပြုထားမည့် သာသနာတော်ဖြစ်ပေသည်။

ဤသည့်နောက်တွင် 'ကာဖဲရ်'မယုံကြည်ခြင်းပယ်သူများ၏ အကုသိုလ်မကောင်းမှုနှင့် 'မို့အ်မင်န်' သက်ဝင်ယုံကြည်သူများ၏ ကုသိုလ်ကောင်းမှုဆိုင်ရာ အဆုံးသတ်ရလဒ်များ၏ သတင်းကိုပေးတော်မူထားသည်မှာ အကြင်အခါဝယ် دِينِ قَيِّم (ခိုင်ခံ့မြဲမြံသောသာသနာ) ရောက်ရှိလာခဲ့သော် လူပုဂ္ဂိုလ်တိုင်း၌ ယင်းအား နောက်လိုက်နာခံလိုက နာခံလျက် ကောင်းမြတ်သော နိဂုံးသို့ရောက်နိုင်ပြီး၊ ယင်းအားငြင်းပယ်လိုက ငြင်းပယ်လျက် နိဂုံးမကောင်းခြင်းသို့ရောက်နိုင်သော လွတ်လပ်ခွင့်ရှိပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဘိုင်ယေနာဟ်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၉)ပိုဒ် ရှိကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

لَمْ يَكُنِ الَّذِيْنَ كَفَرُوْا مِنْ اَهْلِ الْكِتٰبِ وَالْمُشْرِكِيْنَ مُنْفَكِّيْنَ حَتّٰى تَاْتِيَهُمُ الْبَيِّنَةُ ①

၂။ ကျမ်းရသူများနှင့် 'မူရှရီက်'တုဖက်ကိုးကွယ်သူများအနက်မှ ငြင်းပယ်ကြသူတို့သည် ၎င်းတို့ထံ ပွင့်လင်းထင်ရှားသောသက်သေလက္ခဏာတော် ရောက်ရှိလာခဲ့ပြီးသည့်နောက်တွင်လည်း အလျှင်းရပ်တန့်သွားကြမည့်သူများမဟုတ်ကြပေ။

رَسُوْلٌ مِّنَ اللّٰهِ يَتْلُوْا صُحُفًا مُّطَهَّرَةً ②

၃။ အလ္လာဟ်၏တမန်တော်သည် သန့်ရှင်းစင်ကြယ်အောင်ပြုပေးသောကျမ်းဂန်ကို ဖတ်ရွတ်ခဲ့၏။

فِيْهَا كُتُبٌ قَيِّمَةٌ ③

၄။ ယင်း၌ တည်မြဲ၍ တည်တံ့အောင်ထားရှိမည့် သွန်သင်ချက်များရှိ၏။

وَمَا تَفَرَّقَ الَّذِيْنَ اُوْتُوا الْكِتٰبَ اِلَّا مِنْۢ بَعْدِ مَا جَآءَتْهُمُ الْبَيِّنَةُ ④

၅။ ကျမ်းဂန်ကို ပေးသနားခြင်းခံရသောသူတို့သည် ၎င်းတို့ထံ လင်းဝင်းထင်ရှားသော သက်သေအထောက်အထား ရောက်ရှိလာပြီးသည့်နောက်မှသာ ကွဲပြားခြားနားမှုပြုကြ၏။

وَمَآ اُمِرُوْٓا اِلَّا لِيَعْبُدُوا اللّٰهَ مُخْلِصِيْنَ لَهُ الدِّيْنَ ۙ حُنَفَآءَ وَ يُقِيْمُوا الصَّلٰوةَ وَيُؤْتُوا الزَّكٰوةَ وَذٰلِكَ دِيْنُ الْقَيِّمَةِ ⑤

၆။ ထို့ပြင် ၎င်းတို့သည် သာသနာတော်ကို ထိုအရှင်မြတ်အတွက် သဒ္ဓါဖြူစင်စေလျက် အလ္လာဟ်အား 'အေဘာဒတ်' ဆည်းကပ်ကိုးကွယ်ရန် အရှင်မြတ်ဘက်တော်သို့ အမြဲယိမ်းညွတ်ကာ 'ဆွလာတ်'ဝတ်ပြုမှုကိုတည်ဆောက်၍ 'ဇကားတ်' ပေးဆောင်ရန်မှတစ်ပါး အခြားမည်သည့်အမိန့်ကိုမျှ ပေးခြင်းမခံခဲ့ရချေ။ ထို့ပြင် ဤသည်ပင် တည်တံ့လျက်ရှိပြီး တည်တံ့စေမည့် သွန်သင်ချက်များပါရှိသော သာသနာတော်ဖြစ်၏။

اِنَّ الَّذِيْنَ كَفَرُوْا مِنْ اَهْلِ الْكِتٰبِ وَالْمُشْرِكِيْنَ فِيْ نَارِ جَهَنَّمَ خٰلِدِيْنَ فِيْهَا ؕ اُولٰٓئِكَ هُمْ شَرُّ الْبَرِيَّةِ ⑥

၇။ ဧကန်စင်စစ် ကျမ်းဂန်ရရှိသူနှင့် 'မူရှရီက်'တုဖက်ကိုးကွယ်သူတို့အနက်မှ ငြင်းပယ်ကြသောသူတို့သည် 'ဂျဟန္နမ်'ငရဲမီးတွင် ရှိကြပေလိမ့်မည်။ သူတို့သည် ယင်း(ငရဲမီး)၌ အချိန်ကာလကြာညောင်းစွာ နေရမည့်သူများဖြစ်ကြမည်၊ ဤသူတို့သည်သာလျှင် အဆိုးရွားဆုံးသော ဖန်ဆင်းခံများဖြစ်ကြ၏။

اِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ ۙ اُولٰٓئِكَ هُمْ خَيْرُ الْبَرِيَّةِ ⑦

၈။ ဧကန်စင်စစ် အကြင်သူတို့သည် သက်ဝင်ယုံကြည်၍ ကောင်းမှုများကျင့်ကြံအားထုတ်ကြ၏။ ဤသူတို့သည်သာလျှင် အကောင်းဆုံးဖန်ဆင်းခံများဖြစ်ကြ၏။

جَزَآؤُهُمْ عِنْدَ رَبِّهِمْ جَنّٰتُ عَدْنٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ

၉။ သူတို့၏အကျိုးဆုလာဘ်မှာကား၊ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်တွင် ထာဝရတည်သည့်

اَبَدًا ؕ رَضِیَ اللّٰهُ عَنْهُمْ وَرَضُوْا عَنْهُ ؕ ۚ
ذٰلِكَ لِمَنْ خَشِیَ رَبَّهٗ ۝

‘ဂျန္နတ်’ဥယျာဉ်တော်များရှိ၏၊ ယင်း၏ အခြေတွင် စမ်းချောင်းများ စီးဆင်းလျက်ရှိ၏၊ သူတို့သည် ထိုနေရာ၌ အမြဲထာဝစဉ် နေရမည့်သူများဖြစ်ကြ၏၊ အလ္လာဟ်သည် သူတို့နှင့် ကျေနပ်နှစ်သက်တော်မူပြီး သူတို့သည်လည်း အရှင်မြတ်နှင့် ကျေနပ်နှစ်သက်ခဲ့ကြပေပြီ၊ ဤ(သို့ အကျိုးရရှိခြင်း)ကား သူတို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ကြောက်ရွံ့လျက်နေကြသောကြောင့် ဖြစ်သတည်း။

❖ ❖ ❖

၉၉။ အလ်–ဇီလ်ဇာလ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠ်တော် (၉)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်တွင် ကမ္ဘာ့နောက်ဆုံးနေ့များ၌ ပေါ်လွင်ထင်ရှားမည့် ပြောင်းလဲမှုများအကြောင်း လာရှိထားပေသည်။ ယင်း၏ရလဒ်အားဖြင့် လူသားက သူသည် သဘာဝနိယာမကို အကြီးအကျယ် အောင်ပွဲဆင်နိုင်ခဲ့ပြီဟု ထင်မှတ်ယူဆပေလိမ့်မည်။ အမှန်သော်ကား ထိုခေတ်ကာလတွင် ကမ္ဘာမြေကြီးက ယင်း၏လျှို့ဝှက်ထားသမျှကို ထုတ်ဖော်ပြသခြင်းမှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ အမိန့်ဖြင့်သာပြုရခြင်းဖြစ်သည်။ ထိုနေ့များတွင် လူသား၏ လောကီရေးဆိုင်ရာဆုလာဘ်နှင့် ပြစ်ဒဏ်ပေးသော အချိန်တစ်ချိန်လည်း ရောက်ရှိလာမည်ဖြစ်သည်။ ထိုအခါ ၎င်းတို့၏ လောကီရေးတိုးတက်အောင်မြင်မှုများက အချင်းချင်းအပြန်အလှန် စစ်မက်တိုက်ခိုက်ပဋိပက္ခမှုများတွင် နစ်မွန်းစေခဲ့ပြီး စိတ်မောကိုယ်မောအခြေအနေများမှတစ်ပါး ဘာတစ်ခုမျှပေးဆပ်ခဲ့ခြင်းမရှိကြောင်းကို ၎င်းတို့သည် မြင်တွေ့ကြရပေလိမ့်မည်။ သို့ဖြစ်ရာ ထိုနေ့များတွင် လူသားတိုင်းသည် မိမိတို့၏ အသေးငယ်ဆုံးသော ကုသိုလ်ကောင်းမှုအတွက်လည်း အကျိုးရလဒ်ကိုရရှိမည်ဖြစ်ပြီး အသေးတကာ့ အသေးငယ်ဆုံးသော အကုသိုလ် မကောင်းမှုအတွက်လည်း ဆိုးကျိုးကိုခံစားကြရမည်ဖြစ်သည်။

ဤဆူရာဟ်၏အစတွင် ကမ္ဘာမြေကြီးသည် ၎င်း၏ဝန်ထုပ်ကို အပြင်သို့ထုတ်ပစ်လိုက်မည့် အကြောင်း ဖော်ပြထားသည်။ ထို့ပြင် ဤသည်နှင့်နွယ်ယှက်လျက် နောက်ဆုံးတွင် မိန့်ထားတော်မူသည်မှာ လေးလံကြီးမားသော ကောင်းမှုမကောင်းမှုများကိုသာ စာရင်းစစ်ကြောမည်မဟုတ်မူဘဲ အကယ်၍ တစ်ဦးတစ်ယောက်က အသေးတကာ့အသေးနုပ်ဆုံး မြူမှုန်တမျှပင် ကောင်းမှုကို ဆောင်ရွက်ခဲ့သည်ရှိသော် ထိုသူသည် ယင်း၏အကျိုးရလဒ်ကို မြင်တွေ့ရမည်ဖြစ်ပြီး အသေးတကာ့အသေးနုပ်ဆုံးသော မြူတစ်မှုန်မျှပင် မကောင်းမှုကို အကယ်၍ ပြုလုပ်ခဲ့သည်ရှိသော် ထိုသူသည်လည်း ယင်း၏ပြစ်ဒဏ်ကို မြင်တွေ့ရမည်ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဇိလ်ဇာလ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၉)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اِذَا زُلْزِلَتِ الْاَرْضُ زِلْزَالَهَا ②

၂။ ကမ္ဘာမြေကြီးသည် ယင်း၏ ငလျင်လှုပ်ခြင်းဖြင့် လှုပ်ခါခြင်းကိုခံရသောအခါ၊

وَاَخْرَجَتِ الْاَرْضُ اَثْقَالَهَا ③

၃။ ထို့ပြင် ကမ္ဘာမြေကြီးသည် မိမိ၏ဝန်ထုပ်ကို ထုတ်ပစ်ပေလိမ့်မည်။

وَقَالَ الْاِنْسَانُ مَالَهَا ④

၄။ ထို့ပြင် လူသားက ယင်းသည် မည်သို့ဖြစ်ရလေသနည်းဟု ပြောဆိုလိမ့်မည်။

يَوْمَئِذٍ تُحَدِّثُ اَخْبَارَهَا ⑤

၅။ ထိုနေ့တွင် ယင်းသည် မိမိ၏သတင်းများကို ဖော်ပြပေအံ့။

بِاَنَّ رَبَّكَ اَوْحٰى لَهَا ⑥

၆။ အကြောင်းမူကား၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ယင်းအား 'ဝဟီ'ဗျာဒိတ်ပေးတော်မူသောကြောင့်ဖြစ်မည်။

يَوْمَئِذٍ يَّصْدُرُ النَّاسُ اَشْتَاتًا ۙ
لِّيُرَوْا اَعْمَالَهُمْ ⑦

၇။ ထိုနေ့တွင် လူများသည် ပြန့်ကြဲသည့်အခြေအနေတွင် ထွက်ရပ်ကြပေလိမ့်မည်၊ ဤသို့ဖြင့် သူတို့၏ကျင့်ကြံမှုများကို သူတို့အား ပြသခြင်းခံရစေရန်ဖြစ်၏။

فَمَنْ يَّعْمَلْ مِثْقَالَ ذَرَّةٍ خَيْرًا يَّرَهٗ ⑧

၈။ သို့ဖြစ်ရာ အကြင်မည်သူမဆို မြူမှုန်လောက်မျှပင် ကောင်းမှုပြုခဲ့သည်ရှိသော် သူသည် ထိုအရာကို မြင်တွေ့ရလိမ့်မည်။

وَمَنْ يَّعْمَلْ مِثْقَالَ ذَرَّةٍ شَرًّا يَّرَهٗ ⑨ ۧ

၉။ ထို့ပြင် အကြင်မည်သူမဆို မြူမှုန်လောက်ပင် မကောင်းမှုကို ပြုကျင့်ခဲ့သည်ရှိသော်၊ သူသည် ထိုအရာကို မြင်တွေ့ရလိမ့်မည်တည်း။ ⑨

❖ ❖ ❖

⑨ အာယတ်တော် ၈-၉။ ဤအာယတ်တော်နှစ်ပိုဒ်အားဖြင့် အကြင်မည်သူမဆို အသေးနုပ်ဆုံးသော ကောင်းမှု သို့မဟုတ် မကောင်းမှုကိုပင်မဆို ပြုလုပ်ပါလျှင် ယင်း၏တုံ့ပြန်အစားပေးခြင်းကိုခံရမည်ဖြစ်ကြောင်း သိရှိရပေသည်။ သို့ရာတွင် 'မာဂ်ဖိရတ်'ခွင့်လွှတ်တော်မူခြင်းအကြောင်းရပ်မှာ ယင်းသတ်မှတ်ချက်ထက် မြင့်မားပေသည်။ ကျမ်းမြတ်ကုရ်အာန်အားဖြင့်သိရှိရသည်မှာ အကယ်၍ အလ္လာဟ်အလိုရှိတော်မူပါလျှင် အကြီးတကာ့အကြီးဆုံး အကုသိုလ်ဒုစရိုက်မှုကိုပင် ခွင့်လွှတ်နိုင်တော်မူပေသည်။ အကြောင်းမူကား ထိုအရှင်မြတ်သည် နှလုံးသားများ၏အခြေအနေကိုသိတော်မူပြီး မည်သူသည် အပြစ်လွှတ်ရန်ထိုက်တန်ကြောင်းကို သိတော်မူသောကြောင့်တည်း။

၁၀၀။ အလ်–အာဒီယာတ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၁၂)ပိုဒ်ပါရှိသည်။

လောကရေးရာအတွက်ဖြစ်ပွားမည့် စစ်ပွဲများအကြောင်းကိုဖော်ပြပြီးနောက် ယခု ဂုဏ်ရှိန်ဟူသမျှတွင် လောကီရေးစစ်ပွဲများထက် တစ်မူထူးခြားကာ ကောင်းမြတ်သော နိဂုံးသို့ ရောက်စေသည့် တမန်တော်မြတ်ﷺနှင့် ကိုယ်တော်မြတ်၏ 'ဆွဟာဘာ'သာဝကတော်များမှ ခုခံတိုက်ခိုက်ခဲ့ရသော စစ်ပွဲများအကြောင်းကို ဖော်ပြတော်မူပေသည်။

အပြေးမြန်သောမြင်းများကို သက်သေထူထားပြီး ယင်းတို့သည် ပြင်းထန်စွာ ပင့်သက်ရှူလျက် ရန်သူအပေါ် ထိုးသုတ်သည်ဖြစ်၍ ယင်းတို့၏ခွာများမှ မီးပွင့်များ ဖြာထွက်နေပေသည်။ ယင်းတို့သည် နံနက်ခိုန်ခါများတွင်သာ ဝင်ရောက်တိုက်ခိုက်ကြပြီး ချောင်းမြောင်းတိုက်ခိုက်မှုမပြုကြချေ။ ဤသည်မှာ ကြီးမြတ်သောရဲရင့်စွန့်စားမှု၏ သင်္ကေတလက္ခဏာများ ဖြစ်ပေသည်။ သို့မဟုတ်ပါက လောကီရေးရာ လူမျိုးစုများအကြားဖြစ်ပွားသော စစ်ပွဲတိုင်းတွင် ၎င်းတို့သည် ပုန်းလျှိုး၍တိုက်ခိုက်ကြကြောင်းသာ ဖော်ပြနေကြပေသည်။

ထို့နောက် လူသားသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်အား လွန်စွာကျေးဇူးကန်းကြောင်းနှင့် ယင်းအတွက် သူကိုယ်တိုင်ပင်သက်သေဖြစ်ကြောင်း မိန့်ထားတော်မူသည်။ ဥစ္စာပစ္စည်းကို ခင်တွယ်မှုဌ သူသည် အလွန်တရာပြင်းထန်လွန်းသည်။ ဤတွင် လောကရှိ စစ်ပွဲဟူသမျှတို့သည် ဥစ္စာပစ္စည်းရလိုမှုဖြင့် တိုက်ခိုက်နေကြခြင်းဖြစ်ကြောင်းကို ညွှန်းဆိုခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကမ္ဘာမြေကြီးမှ လျှို့ဝှက်ထားရာဟူသမျှ အန်ထုတ်လိမ့်မည်ကိုလည်းကောင်း၊ လူတို့၏ရင်ဘတ်များအတွင်း ဖုံးကွယ်ထိမ်ချန်ထားသော အကြောင်းအရာများကို ဖွင့်ချကြမည်ကိုလည်းကောင်း၊ ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့၏အခြေအနေအရပ်ရပ်ကို ကောင်းစွာစောင့်ကြည့်သိရှိတော်မူသည်ကိုလည်းကောင်း သူတို့သည် မသိကြပေသလော။

♦ ♦ ♦

ဆူရာဟ် အလ်-အာဒီယာတ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၁၂)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَالْعٰدِيٰتِ ضَبْحًا ②

၂။ ရင်ခေါင်းထဲမှ အသံထွက်လျက် အပြေးမြန်သော မြင်းများအား သက်သေထူတော်မူ၏။

فَالْمُوْرِيٰتِ قَدْحًا ③

၃။ ထို့နောက် မီးပွင့်များဖြာထွက်စေလျက် မီးတောက်များမှုတ်ထုတ်သည့်အရာတို့အားလည်းကောင်း။

فَالْمُغِيْرٰتِ صُبْحًا ④

၄။ ထို့နောက် နံနက်အရုဏ်ဦးအချိန်တွင် စီးနင်းတိုက်ခိုက်သူများအားလည်းကောင်း (သက်သေထူတော်မူ၏)။

فَاَثَرْنَ بِهٖ نَقْعًا ⑤

၅။ ထို့နောက်တစ်ဖန် သူတို့သည် ယင်း(တိုက်ခိုက်မှု)နှင့်အတူ ဖုံတထောင်းထောင်းထစေကြ၏။

فَوَسَطْنَ بِهٖ جَمْعًا ⑥

၆။ ထို့နောက် သူတို့သည် ယင်း(ဖုံထမှု)နှင့်အတူ အုပ်စုကြီးတစ်ခု၏အလယ်သို့ ရောက်သွားကြ၏။

اِنَّ الْاِنْسَانَ لِرَبِّهٖ لَكَنُوْدٌ ⑦

၇။ ဧကန်စင်စစ် လူသားသည် မိမိအား ဖန်ဆင်းမွေးမြူရှင်အား အလွန်တရာ ကျေးဇူးကန်း၏။

وَ اِنَّهٗ عَلٰى ذٰلِكَ لَشَهِيْدٌ ⑧

၈။ ထို့ပြင် ဧကန်စင်စစ် သူသည် ယင်းအပေါ် အမှန်ပင် သက်သေဖြစ်၏။

وَ اِنَّهٗ لِحُبِّ الْخَيْرِ لَشَدِيْدٌ ⑨

၉။ ထို့ပြင် ဧကန်စင်စစ် သူသည် ဓနဥစ္စာကို ခုံမင်ခြင်း၌ လွန်စွာပြင်းထန်၏။

اَفَلَا يَعْلَمُ اِذَا بُعْثِرَ مَا فِي الْقُبُوْرِ ⑩

၁၀။ သို့ဖြစ်ရာ သူသည် မသိပါသလော၊ သချိုင်းများ၌ ရှိသည်တို့ကို ထုတ်ဆောင်ခြင်းခံရမည့်အခါ၊

وَحُصِّلَ مَا فِي الصُّدُوْرِ ⑪

၁၁။ ထို့ပြင် ရင်များအတွင်းရှိသည်တို့ကို ရယူခြင်းခံရပေလိမ့်မည်။ ①

اِنَّ رَبَّهُمْ بِهِمْ يَوْمَئِذٍ لَّخَبِيْرٌ ⑪ ع

၁၂။ ဧကန်မလွဲ ၎င်းတို့၏ ဖန်ဆင်းမွေးမြူရှင်သည် ထိုနေ့တွင် ၎င်းတို့ထံမှ အပြည့်အဝသတင်းရရှိတော်မူလိမ့်သတည်း။

---

① အာယတ်တော် ၁၀-၁၁။ ဤအာယတ်တော်များမှာ နောက်ဆုံးခေတ်ကာလ၏ ဖွံ့ဖြိုးတိုးတက်မှုများအကြောင်း ကြိုတင်နိမိတ်ဟောထားချက်များဖြစ်သည်။ **بُعْثِرَ مَا فِي الْقُبُوْرِ** ဟူသည် မြေအောက်တွင်တိမ်မြုပ်နေခဲ့ပြီးဖြစ်သော လူမျိုးနွယ်တို့၏အခြေအနေများကို သိရှိရန်ပြုလုပ်ကြလိမ့်မည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဤသည် မျက်မှောက်ခေတ်တွင် ကျွန်ုပ်တို့၏မျက်စိများရှေ့၌ပြည့်စုံလျက်ရှိသည့် ရှေးဟောင်းယဉ်ကျေးမှု သုတေသနဘာသာရပ် (Archaeology) ၏ထူးခြားဆန်းကျယ်သော တိုးတက်မှုအတွက် အနာဂတ်တွင်ဟုဒိတ်ဖြစ်ပေသည်။ ရှေးဟောင်းယဉ်ကျေးမှု တူးဖော်ရှာဖွေရေး ပညာရှင်တို့သည် ရှေးနှစ်ထောင်ပေါင်းများစွာက လွန်လေခဲ့ပြီးဖြစ်သော လူမျိုးစုတို့၏အခြေအနေများကို ၎င်းတို့၏ရုပ်ကြွင်းများအားအကြောင်းပြု၍ အံ့ဩြလောက်စွာဖြင့်သုတေသနပြုဖော်ထုတ်လိုက်ကြပေသည်။ **حُصِّلَ مَا فِي الصُّدُوْرِ** မျက်မှောက်ခေတ်တွင် စိတ်ဝေဒနာသည်အား သူ၏စိတ်နလုံးမှအခြေအနေကို သိရှိနားလည်အောင်

➤ မလုပ်လေသမျှ သက်သာပျောက်ကင်းအောင် မပြုလုပ်နိုင်ကြောင်းကို စိတ်ကုထုံးပညာရပ် (Psychotherapy) တွင် အလွန်အလေးပေးထားပေသည်။ ထိုဝေဒနာရှင်အား တစ်ဝက်မေ့ဆေးသုံးလျက် ဆရာဝန်က မေးခွန်းများမေးမြန်းပြီး ထိုသူ၏ရင်ထဲမှ လျှို့ဝှက်ဖုံးကွယ်ထားသမျှ ဖွင့်ပြောအန်ထုတ်စေပေသည်။

၁၀၁။ အလ်–ကာရီအာဟ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠ်တော် (၁၂)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်သည် ပြီးခဲ့သောဆူရာဟ်မှ သတိပေးနှိုးဆော်ချက်ကိုပင် ပြန်လည်နှိုးဆော်သည်မှာ တစ်ခါတစ်ရံတွင် လူသားအား မေ့လျော့ပေါ့ဆမှုမှ သတိဝင်လာစေရန်အတွက် ကြောက်မက်ဖွယ်ကောင်းသော အသံတစ်သံသည် လာရောက်၍ ထိုသူ၏တံခါးကို တီးခေါက်ပေလိမ့်မည်။ ထိုသည့် တီးခေါက်သော အသံကား အဘယ်အရာနည်း၊ ဤသည် အဘယ်အသံနည်းဟု ထပ်၍စဉ်းစားဦးလော့။ ကြောက်စရာကောင်းလှသော စစ်ပွဲကြီးများ၏ ပျက်စီးမှုအကျိုးဆက်ကြောင့် လူသားသည် ကျိုင်းကောင်များပမာ အစုလိုက်အပြုံလိုက်ပြန့်ကြဲလျက်ရှိနေပေလိမ့်မည်။ ထို့ပြင် တောင်များသော်မှ ဖတ်ထားသောသိုးမွေးများပမာ တစ်စစီဖြစ်အောင် ပြုထားခြင်းခံရလိမ့်မည်။ ဤတွင် တောင်များဟုဆိုရာ၌ ကြီးကျယ်သော လောကီစွမ်းအားများကို ဆိုလိုခြင်းဖြစ်သည်။ အကယ်ပင် နောင်တမလွန်တွင်ဖြစ်ပေါ်မည့် 'ကေယာမတ်' အကြောင်းတစ်စုံတစ်ရာကို ဖော်ပြနေခြင်းမဟုတ်ချေ။ အကြောင်းသော်ကား ထိုအချိန်၌ မည်သည့် တောင်တစ်ခုတစ်လေကိုမျှ ကြေမွအောင် ဖျက်ဆီးမည်မဟုတ်သောကြောင့်ပင်။ ထိုကာလတွင် စစ်လက်နက်ပစ္စည်း အများအပြားရှိသောအမျိုးသားတို့သည် အောင်ပွဲရကြလိမ့်မည်ဖြစ်ပြီး ၎င်းတို့နှင့်ယှဉ်၍ စစ်လက်နက်ပစ္စည်းချို့တဲ့နည်းပါးခဲ့ပါလျှင် စစ်မီးတောက် هـاويـه တွင် ကျရောက်ရစေမည်ဖြစ်သည်။ ဤကား ရဲရဲတောက်လောင်လျက်ရှိသော မီးဖြစ်ပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ကာရိအာဟ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၂)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اَلْقَارِعَةُ ②

၂။ (ပေါ့တန်စွာမေ့လျော့ခြင်း၌ အိပ်မောကျနေရာမှ လှုပ်နှိုးမည့်) ကြောက်မက်ဖွယ်ရာအသံ၊

مَا الْقَارِعَةُ ③

၃။ ထိုကြောက်မက်ဖွယ်ရာ အသံသည် အဘယ်နည်း။

وَمَآ اَدْرٰىكَ مَا الْقَارِعَةُ ④

၄။ ထိုကြောက်မက်ဖွယ်ရာ အသံသည် မည်သည်ဖြစ်သည်ကို အသင့်အား မည်သို့ရှင်းပြရမည်နည်း။

يَوْمَ يَكُوْنُ النَّاسُ كَالْفَرَاشِ الْمَبْثُوْثِ ⑤

၅။ ထိုနေ့တွင် လူတို့သည် ပြန့်ကြဲနေသော ကျိုင်းကောင်များပမာ ဖြစ်သွားကြပေလိမ့်မည်။

وَتَكُوْنُ الْجِبَالُ كَالْعِهْنِ الْمَنْفُوْشِ ⑥

၆။ ထို့ပြင် တောင်များသည် ဖတ်ထားသော သိုးမွေးကဲ့သို့ ဖြစ်သွားကြပေလိမ့်မည်။

فَاَمَّا مَنْ ثَقُلَتْ مَوَازِيْنُهٗ ⑦

၇။ သို့ဖြစ်ပေရာ အကြင်သူ၏ အလေးချိန်သည် စီးခဲ့လျှင်၊

فَهُوَ فِيْ عِيْشَةٍ رَّاضِيَةٍ ⑧

၈။ သို့ဖြစ်လျှင် သူသည် အမှန်ပင် နှစ်သက်ဖွယ်ကောင်းသော ဘဝတစ်ခု၌ ရှိပေလိမ့်မည်။

وَاَمَّا مَنْ خَفَّتْ مَوَازِيْنُهٗ ⑨

၉။ သို့သော် အကြင်သူ၏ အလေးချိန်သည် ပေါ့၍နေလျှင်၊

فَاُمُّهٗ هَاوِيَةٌ ⑩

၁၀။ သို့ဖြစ်လျှင် သူ၏မိခင်သည် 'ဟာဝီယာ'ငရဲ ဖြစ်လိမ့်မည်။

وَمَآ اَدْرٰىكَ مَا هِيَهْ ⑪

၁၁။ ထို့ပြင် ယင်းသည် မည်သည်ဖြစ်သည်ကို အသင့်အား မည်သို့ရှင်းပြရမည်နည်း။

نَارٌ حَامِيَةٌ ⑫

၁၂။ (ယင်းသည်)တောက်လောင်နေသောမီးဖြစ်သတည်း။ ① ၌

❖ ❖ ❖

① ဤဆူရာဟ်ပါ အကြောင်းရပ်များမှာ ဤလောကီဘဝနှင့်လည်းဆက်နွယ်မှုရှိသည်။ စစ်မက်တိုက်ခိုက်သောကာလတွင် အကြင်အမျိုးသားတို့၏ စစ်လက်နက်ကိရိယာ အရေးသာလျှင် ထိုသူတို့သာလျှင်အနိုင်ရရှိကြလေသည်။ ထို့ပြင် မိမိတို့၏ အောင်ပွဲရခြင်းကို အကြောင်းပြု၍ ပျော်ရွှင်ခမ်းမြေစွာ နေထိုင်နိုင်ရေးအတွက် ပစ္စည်းများကိုရယူကြလေသည်။ ထို့ပြင် အကြင်အမျိုးသားတို့သည် လက်နက်ကိရိယာ အရေးနိမ့်လျှင် ၎င်းတို့၏နိုင်ငံများမှာ စစ်မီးစစ်ဒဏ်ကို အလူးအလဲခံစားကြရလေသည်။

ဤအကြောင်းရပ်ကို 'ကေယာမတ်'နှင့်ချိတ်ဆက်ပါလျှင် အကြင်သူတို့၏ ကုသိုလ်ကောင်းမှု ကျင့်ကြံအားထုတ်ခြင်း ချိန်ခွင်ခွက်အလေးစီးသည်ရှိသော် ထိုသူတို့သည် 'ဂျန္နတ်'ဥယျာဉ်တော်တွင် စံစားကြရလိမ့်မည်။ ထို့ပြင် မကောင်းမှုအကုသိုလ်၏ ချိန်ခွင်ခွက်အလေးစီးသည်ရှိသော် ထိုသူတို့သည် ငရဲမီးတွင်ခံစားကြရမည်ဖြစ်သည်။

၁၀၂။ အလ်-သကာဆွ၏

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၉)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်တွင် လူသားအား သတိပေးထားသည်မှာ ၎င်းသည် ဥစ္စာပစ္စည်းအပေါ် ခင်တွယ်မြတ်နိုးမှု၏ရလဒ်အဖြစ် သရဲခြောက်များသို့တိုင်ရောက်ရှိပေလိမ့်မည်။ ဤတွင် တစ်နည်းဆိုသော် အင်အားကြီးလူမျိုးများအား သတိပေးနှိုးဆော်ထားသည်မှာ ၎င်းတို့သည် ဤသည့်ခေတ်ကာလ၏ အကျိုးဆက်အားဖြင့် ပျက်စီးဆုံးရှုံးခြင်းမှတစ်ပါး အခြားဘာမျှဖြစ်လာမည်မဟုတ်ပေ။ ထို့ပြင် အခြို့အင်အားနည်းပါးသော အမျိုးသားတို့၏အခြေအနေကိုလည်း ဖော်ပြထားသည်မှာ ၎င်းတို့သည် ဥစ္စာပစ္စည်းရှာဖွေရေးနှင့် ပြင်းပြသောအလိုဆန္ဒတို့ကို ပြည့်ဝအောင်ပြုလုပ်ရာတွင် ဂူသရဲခြောက်များကိုပါ ဖူးတွေ့ပူဇော်ခြင်းလုပ်ရပ်မှလည်း နောက်ဆုတ်ကြမည်မဟုတ်ချေ။ လောကီရေးဆိုင်ရာ လူအဖွဲ့အစည်းများကိုရော၊ စိတ်ထင်ရာကိုးကွယ်နေကြသည့် ဘာသာရေးဆိုင်ရာ လူအဖွဲ့အစည်းများကိုပါ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ပေါ်ပေါက်လာမည့် နောက်ဆုံးအကျိုးဆက်မှာ အသင်တို့အတွက် တောက်လောင်အောင်မွေးထားသော မီးတောက်ကို အသင်တို့သိရှိသွားကြရလိမ့်မည်။ ထိုမှတစ်ပါး အသင်တို့သည် ယင်းကို မိမိတို့၏ မျက်စိများရှေ့မှောက်တွင် မြင်တွေ့ကြရပေလိမ့်မည်။ ထို့နောက် ယင်း၌တွန်းချခြင်းခံရသောအခါ လောကီရေးကောင်းကျိုးများအတွက် မျက်ကန်းတောတိုးရယူလိုမှုက အသင်တို့အား အဘယ်အရာကို ပေးဆပ်ခဲ့လေသနည်းဟု မေးမြန်းခြင်းကိုခံကြရမည်ဖြစ်ကြောင်း လူသားအား နှစ်ကြိမ်နှစ်ခါ သတိပေးနှိုးဆော်ထားပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-သကာဆွရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၉)ပိုဒ် ရှိကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اَلْهٰىكُمُ التَّكَاثُرُ ②

၂။ တစ်ဦးနှင့်တစ်ဦးသာလွန်ရန် ပြိုင်ဆိုင်ပြေးလွှားခြင်းသည် အသင်တို့အား ပေါ့တန်စေခဲ့၏။

حَتّٰى زُرْتُمُ الْمَقَابِرَ ③

၃။ နောက်ဆုံးတွင် အသင်တို့သည် သချိုင်းများကိုပင် တွေ့ကြရ၏။

كَلَّا سَوْفَ تَعْلَمُوْنَ ④

၄။ သတိပြုကြကုန်၊ အသင်တို့သည် မလွဲမသွေ သိရှိကြရပေမည်၊

ثُمَّ كَلَّا سَوْفَ تَعْلَمُوْنَ ⑤

၅။ ထို့နောက် သတိပြုကြကုန်၊ အသင်တို့သည် မလွဲမသွေ သိရှိကြရပေမည်။

كَلَّا لَوْ تَعْلَمُوْنَ عِلْمَ الْيَقِيْنِ ⑥

၆။ သတိပြုကြကုန်၊ အကယ်၍ အသင်တို့သည် ယုံကြည်လောက်သောအသိပညာ၏အတိုင်းအတာထိ သိကြလေသော်၊

لَتَرَوُنَّ الْجَحِيْمَ ⑦

၇။ ထိုအခါ အမှန်ပင် 'ဂျဟန္နမ်'ငရဲကို တွေ့မြင်ကြရပေမည်။

ثُمَّ لَتَرَوُنَّهَا عَيْنَ الْيَقِيْنِ ⑧

၈။ ထို့နောက် အသင်တို့သည် အမှန်ပင် ယင်းအား မျက်စိဖြင့် မျက်ဝါးထင်ထင် မြင်တွေ့ရသော ယုံကြည်မှုမျိုးဖြင့် တွေ့မြင်ရပေလိမ့်မည်။

ثُمَّ لَتُسْـَٔلُنَّ يَوْمَئِذٍ عَنِ النَّعِيْمِ ⑧

۩

၉။ ထို့နောက်တစ်ဖန် ထိုနေ့တွင် အသင်တို့သည် စည်းစိမ်ချမ်းသာများနှင့်စပ်လျဉ်း၍ အမှန်ပင် မေးမြန်းစစ်ဆေးခြင်းကို ခံကြရလိမ့်မည်တည်း။

❖ ❖ ❖

၁၀၃။ အလ်-အဆ်ရ်

ဤဆူရာဟ်သည် မက္ကာမြို့၏ ခေတ်ဦးပိုင်းတွင်ကျရောက်ခဲ့ပြီး 'ဗစ္စမီလ္လာဟ်' အပါအဝင် 'အာယတ်'မုက္ခပါဠ်တော် (၄)ပိုဒ်ပါရှိသည်။

ပြီးခဲ့သောဆူရာဟ်များတွင် အကြင်သို့သော ပုံစံမျိုးရှိသည့် လူသားများအကြောင်းကို ဖော်ပြခဲ့ပြီး၊ အကြင်သို့သော လောကီရှာဖွေမှုမျိုးမှ သတိပေးခြင်းခံရပေသည်။ ယင်း၏အကျိုးဆက်ဖြင့် အချိန်တစ်ချိန်ဆိုက်ရောက်လာလိမ့်မည်။ ထိုအချိန်တွင် ယုံကြည်သက်ဝင်ပြီး ကောင်းမှုကုသိုလ်ပွားများလျက် အမှန်တရားပေါ်တွင်ရပ်တည်ကာ အမှန်တရားကို ဆင့်ဆိုဆုံးမမှုပြုသော သည်းခံခြင်းတရားကို တည်ဆောက်ကြလျက် သည်းခံစွဲမြဲမှုရှိကြရန် ဆင့်ဆိုကြသော လူတို့မှတစ်ပါး ထိုသို့သော လူသားများသည် ဆုံးရှုံးမှုဌာနရှိမည်ဖြစ်ကြောင်း ဤဆူရာဟ်တွင် ဖော်ပြထားပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-အဆ်ရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၄)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَالْعَصْرِ ①

၂။ ခေတ်ကာလကို သက်သေထူတော်မူ၏။

اِنَّ الْاِنْسَانَ لَفِیْ خُسْرٍ ②

၃။ ဧကန်စင်စစ် လူသားသည် ကြီးမားသော ဆုံးရှုံးမှု၌ရှိ၏။

اِلَّا الَّذِیْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ وَتَوَاصَوْا بِالْحَقِّ ۙ وَتَوَاصَوْا بِالصَّبْرِ ③ ۧ

၄။ ထိုသူတို့မှအပ၊ ယင်းတို့သည် သက်ဝင်ယုံကြည်ပြီး ကောင်းမှုပွားများကြ၏၊ ထို့ပြင် အမှန်တရားပေါ်တွင် ရပ်တည်ကြလျက် တစ်ဦးနှင့်တစ်ဦး အမှန်တရားကို ဆင့်ဆိုဆုံးမကြ၏၊ ထို့ပြင် သည်းခံမှုပေါ်တွင် ရပ်တည်ကြလျက် သည်းခံမှုရှိကြရန် တစ်ဦးနှင့်တစ်ဦး သွန်သင်ဆုံးမကြသတည်း။

❖ ❖ ❖

၁၀၄။ အလ်-ဟုမဇာဟ်

ဤဆူရာဟ်သည် မက္ကာမြို့၏ ခေတ်ဦးပိုင်းတွင်ကျရောက်ခဲ့ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၁၀)ပိုဒ်ပါရှိသည်။

ဆူရာဟ်'အလ်-အဆ်ရ်'၏နောက်တွင် ဆူရာဟ် 'အလ်-ဟုမဇာဟ်'လာရှိထားသည်။ ပစ္စည်းဥစ္စာရလိုမှု ရမ္မက်ကြီးသော အမျိုးသားတို့အတွက် ယခုထိဖော်ပြခဲ့လေသမျှသော သတိပေးနှိုးဆော်ချက်များအနက် အကြီးကျယ်ဆုံးသော သတိပေးနှိုးဆော်ချက်ဖြစ်သည်။ မိန့်ထားတော်မူသည်မှာ မျက်မှောက်ခေတ်ရှိ ကြီးကျယ်သောလူသားက သူ့ထံတွင် ပစ္စည်းဥစ္စာအများအပြား စုဆောင်းရရှိခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် သူသည် ယင်းဥစ္စာပစ္စည်းများကို မိမိ၏ကာကွယ်ရေးတွင် အဆီးအတားမရှိသုံးစွဲလျက်ရှိပြီး၊ ယခုမူ ဤလောကတွင် ရာသက်ပန် ကြီးမြတ်မှုကိုရရှိခဲ့လေပြီဟု တွေးထင်မှန်းဆမည်လော။ သတိထားလော့။ ထိုသူသည် အသေးတကာ့အသေးငယ်ဆုံးသော မြူမှုန့်များတွင် ပိတ်လှောင်ထားခြင်းခံရသော 'မီး'တွင် ထည့်သွင်းတွန်းချခြင်းခံရပေလိမ့်မည်။ ထို့ပြင် ယင်းသည် အဘယ်သို့သော မီးဖြစ်ကြောင်း အသင်သိပါ၏လော။

သေးငယ်သောမြူမှုန့်တွင် မီးကိုအဘယ်သို့ ပိတ်လှောင်ထားနိုင်ပါမည်နည်းဟူသော မေးခွန်းသည် အလိုအလျောက်ဖြစ်ပေါ်လာပေမည်။ စင်စစ်ဧကန် ဤတွင် ဖော်ပြထားသော မီးမှာ အဏုမြူအတွင်း ပိတ်ဆို့ထည့်သွင်းထားသော မီးဖြစ်ပေသည်။ ထို့ပြင် **حُطَمَة** (ဟုတွာမာ)နှင့် အက်တမ် (Atom)ဟူသော ဝေါဟာရနှစ်ခုမှာ အသံထွက်ခြင်း နီးစပ်တူညီမှုရှိပေသည်။ ဤသည် နှလုံးသားများကို လောင်ကျွမ်းစေ မည့် မီးဖြစ်သည့်အပြင် ယင်းအပေါ်သို့ ထိရောက်လောင်ကျွမ်းစေဖို့အတွက် ဆွဲဆန့်၍ ရှည်လျားအောင် ပြုခြင်းခံရသော တိုင်ကြီးများတွင် ဖွဲ့နှောင်ထားရှိပေသည်။

ဤသည့် အဏုမြူခေတ်ကြီး၏ အခြေအနေများသည် ၎င်းအဖို့ မြင်သာထင်ရှားခြင်း မရှိလေသမျှ လူသားသည် ဤဆူရာဟ်တစ်ပုဒ်လုံးကို အလျှင်း နားလည်နိုင်ဦးမည်မဟုတ်ချေ။ ဤသည့်မီးကို ပိတ်လှောင်ထားသော (အက်တမ်)အဏုမြူဗြုပ်မှာ မပေါက်ကွဲမီအလျင် **عَمَدٍ مُّمَدَّدَة** ၏ပုံစံကို ရယူထားပေသည်။ တစ်နည်းဆိုရသော် မြင့်တက်လျက်ရှိသော အတွင်းပိုင်းဖိအားကြောင့် ပျံ့နှံ့လျက်ရှိပြီး၊ ယင်း၏ မီးသည်လည်း လူသား၏ ခန္ဓာကိုယ်ကို မလောင်ကျွမ်းမီအလျင် လူ၏နှလုံးသားကိုစွဲလေသည်။ သို့ဖြင့် လူသားတို့၏ နှလုံးခုန်နှုန်းမှာ ရပ်တန့်သွားရသည်။ အဏုမြူဗုံးပေါက်ကွဲသည့်အခါ ဤသည့် အဖြစ်အပျက်အတိုင်း ထပ်တူထပ်မျှဖြစ်ပေါ်ထင်ရှားလာကြောင်းကို သိပ္ပံပညာရှင်အားလုံးက သက်သေခံကြပေသည်။ ယင်း၏ မီးလျှံကိုဖြစ်ပေါ်စေသော ဒြပ်စွမ်းအားမရောက်ရှိလာမီအလျင်မှာပင် အလွန်တရာစွမ်းအားကြီးသော ရေဒီယိုသတ္တိကြွလှိုင်းများက နှလုံးတုန်ခါမှုကို ရပ်စေလိုက်ခြင်းဖြစ်သည်။

ဤသည်၏ နောက်ထပ်အနက်သဘောတစ်မျိုးမှာ လူ့ခန္ဓာကိုယ်ရှိအမှုန်အမွှားကလေးများတွင်လည်း တစ်ခုသောမီးသည် ငုပ်လျှိုးလျက်ရှိသည်။ ယင်းထွက်ပေါ်လာသောအခါတွင် လူသား၏နှလုံးသားကို လောင်ကျွမ်းစေကာ သူ့အား သုံးမရတော့အောင် ပြုလိုက်မည်ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဟုမဇာဟ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၁၀)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

وَيْلٌ لِّكُلِّ هُمَزَةٍ لُّمَزَةٍ ②

၂။ အတင်းအဖျင်းပြော၍ လွန်စွာ အပြစ်ရှာသူတိုင်းအတွက် ပျက်စီးခြင်းဖြစ်စေသား။

الَّذِىْ جَمَعَ مَالًا وَّعَدَّدَهٗ ③

၃။ ထိုသူသည် ဥစ္စာပစ္စည်းကိုစုဆောင်း၍ ယင်းကို ရေတွက်လျက်ရှိနေ၏။

يَحْسَبُ اَنَّ مَالَهٗۤ اَخْلَدَهٗ ④

၄။ သူ၏ ဥစ္စာပစ္စည်းသည် သူ့အား တည်မြဲစေလိမ့်မည်ဟု သူသည် ထင်မြင်ယူဆ၏။

كَلَّا لَيُنْۢبَذَنَّ فِى الْحُطَمَةِ ⑤

၅။ သတိပြုကြကုန်၊ ထိုသူသည် အမှန်ပင် 'ဟုတ္တာမာ'၌ ပစ်ချခြင်းကိုခံရပေအံ့။

وَمَاۤ اَدْرٰىكَ مَا الْحُطَمَةُ ⑥

၆။ ယင်း 'ဟုတ္တာမာ'သည် မည်သည်ဖြစ်သည်ကို အသင့်အား မည်သို့ပြောပြရမည်နည်း။

نَارُ اللّٰهِ الْمُوْقَدَةُ ⑦

၇။ ထိုအရာသည် အလ္လာဟ်၏ တောက်လောင်လျက်ရှိသော မီးဖြစ်သည်။

الَّتِىْ تَطَّلِعُ عَلَى الْاَفْـِٕدَةِ ⑧

၈။ ယင်းသည် စိတ်နှလုံးများကို တွယ်ကပ်ပေလိမ့်မည်။

اِنَّهَا عَلَيْهِمْ مُّؤْصَدَةٌ ⑨

၉။ ဧကန်စင်စစ် ယင်းကို သူတို့နှင့်ဆန့်ကျင်ကာ ပိတ်လှောင်ထားခြင်းခံရ၏။

فِىْ عَمَدٍ مُّمَدَّدَةٍ ⑩

၁၀။ ဆွဲဆန့်၍ ရှည်လျားအောင်ပြုခြင်းခံရသော ကျောက်တိုင်ကြီးများ၌တည်း။

❖ ❖ ❖

၁၀၅။ အလ်-မီးလ်

ဤဆူရာဟ်သည် မက္ကာမြို့ခေတ်ဦးပိုင်းတွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ္ဍတော် (၆)ပိုဒ်ပါရှိသည်။

လောကီရေးဆိုင်ရာအမျိုးသားတို့၏ တိုးတက်အောင်မြင်မှုများသည် နောက်ဆုံးတွင် ထိုသည့် အထွတ်အထိပ်တွင် အဆုံးသတ်လိမ့်မည်။ အင်အားကြီးအုပ်စုများက အစွမ်းလာမ်ကို အစအနမကျန် ဖျောက်ဖျက်ပစ်ရန် လုပ်ဆောင်မှုများကို စတင်ခဲ့ပြီးချိန်ဖြစ်လိမ့်မည်။ ကျမ်းမြတ်ကုရ်အာန်က အတိတ်မှ ဖြစ်ရပ်တစ်ခုကိုဖော်ပြလျက် မိန့်ကြားတော်မူသည်မှာ ဤသည်ထက်အလျင်ကလည်း **أُمُّ الْقُرٰى** မက္ကာမြို့ အား ကြီးကျယ်သော အပေါ်ယံဂုဏ်ကြီးရှင် အမျိုးသားတို့က ဖျက်ဆီးဖြိုခွင်းပစ်ရန် ကြိုးပမ်းခဲ့ကြလေသည်။ ယင်းမှာ **اصحاب الفيل** ကြီးမားသော ဆင်တပ်ပိုင်ရှင်များဖြစ်ခဲ့ကြသည်။ သို့ရာတွင် ယင်းတို့သည် ကြီးမားတုတ်ခိုင်သောဆင်များဖြင့် မက္ကာမြို့သို့ မရောက်မီမှာပင် ယင်းတို့အပေါ်သို့ ပင်လယ်ကျောက် ဆောင်များရှိ လိုဏ်ခေါင်းများတွင် အသိုက်လုပ်ထားလေ့ရှိသော ပျံလွှားငှက်များက ကျောက်ရောဂါ ပိုးပါရှိသော ခဲများကို (ကိုက်ခဲ့ကြလာကာ) ခဲမိုးရွာချခဲ့ကြလေသည်။ သို့ဖြင့် တပ်တစ်တပ်လုံးတွင် ထိုသည့် ကြောက်မက်ဖွယ်ရောဂါဆိုးသည် ပျံ့နှံ့သွားခဲ့ပြီး ရုတ်တရက်ပင် ယင်းတို့သည် စားထားပြီးသော ဖွဲများ အဖြစ်သို့ရောက်လျက် အသေကောင်များထပ်သွားခဲ့လေသည်။ ယင်းတို့၏ ခန္ဓာကိုယ်များကို အသားစား ငှက်များက ကိုက်ဖြတ်၍ မြေကြီးပေါ်တွင် ရိုက်ကာရိုက်ကာ စားခဲ့ကြလေသည်။ သို့ကြောင့် နောင်အခါတွင် လည်း အကယ်၍ အုပ်စုတစ်ခုခုက စွမ်းအင်အားကိုးဖြင့် အစွမ်းလာမ် သို့မဟုတ် မက္ကာမြို့တော်အား သိက္ခာကျဆင်းစေရန်နှင့် ဖျက်လိုဖျက်ဆီးပြုရန် ရည်ရွယ်သည်ရှိသော် ယင်း(အမျိုးသားတို့)သည်လည်း ဖော်ပြပါကဲ့သို့ပင် ပျောက်ပျက်ချုပ်ငြိမ်းရမည်သာတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ဖီးလ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၆)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِاَصْحٰبِ الْفِيْلِ ②

၂။ အသို့နည်း၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် ဆင်ပိုင်ရှင်များအား မည်သို့ဆက်ဆံတော်မူခဲ့သည်ကို အသင်မသိသလော။

اَلَمْ يَجْعَلْ كَيْدَهُمْ فِيْ تَضْلِيْلٍ ③

၃။ အသို့နည်း၊ အရှင်မြတ်သည် ၎င်းတို့၏ ကြံစည်ကြိုးစားမှုများကို အချည်းနှီးဖြစ်အောင် ပြုလုပ်တော်မူခဲ့သည်မဟုတ်လော။

وَّاَرْسَلَ عَلَيْهِمْ طَيْرًا اَبَابِيْلَ ④

၄။ ထို့ပြင် ၎င်းတို့အပေါ် ငှက်များကို အုပ်စုလိုက်၊ အုပ်စုလိုက် စေလွှတ်တော်မူခဲ့သည်(မဟုတ်လော)။

تَرْمِيْهِمْ بِحِجَارَةٍ مِّنْ سِجِّيْلٍ ⑤

၅။ ယင်းတို့သည် သူတို့အပေါ် ကျောက်စရစ်ခဲရောစပ်ထားသည့် သွေ့ခြောက်သော မြေကြီးခဲများဖြင့် ပစ်ပေါက်လျက်ရှိခဲ့ကြ၏။

فَجَعَلَهُمْ كَعَصْفٍ مَّاْكُوْلٍ ⑥ ع

၆။ သို့ဖြစ်ရာ အရှင်မြတ်သည် ၎င်းတို့အား စားထားပြီးသော ဖွဲများကဲ့သို့ ပြုလုပ်တော်မူခဲ့သတည်း။

❖ ❖ ❖

၁၀၆။ ကုရိုက်ရှ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုကွပါဠ်တော် (၅)ပိုဒ်ပါရှိသည်။

ဆူရာဟ် 'အလ်-ဖီးလ်' ပြီးသည့်နောက် ယခုဤဆူရာဟ်တွင် သတင်းကောင်းပေးထားသည်မှာ ပမာအားဖြင့် ထိုဖြစ်ရပ်မဖြစ်မီအလျင် မက္ကာမြို့သားတို့၏ ခရီးသွားကုန်သည်အဖွဲ့ကြီးသည် နွေအခါများနှင့် ဆောင်းအခါများတွင် ခရီးထွက်ခဲ့ကြပြီး သစ်သီးဝလံအမျိုးမျိုးအားဖြင့် ငတ်မွတ်ခြင်းနှင့် စိုးရိမ်ပူပန်ခြင်းတို့မှ ငြိမ်းချမ်းသာယာမှုကို ပြုပေးခဲ့ကြလေသည်။ ဤအစဉ်အဆက်သည် နောင်တွင်လည်း ရှိနေဦးမည်ဖြစ်ပေသတည်း။

♦ ♦ ♦

ဆူရာဟ် ကုရိုက်ရှ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၅)ပိုဒ် ရှိကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

لِاِيْلٰفِ قُرَيْشٍ ②

၂။ 'ကုရိုက်ရှ်'မျိုးနွယ်တွင် အချင်းချင်း ချစ်ကြည်ရင်းနှီးမှုပေါက်ဖွားရန်အတွက်၊

اٖلٰفِهِمْ رِحْلَةَ الشِّتَآءِ وَالصَّيْفِ ③

၃။ (မှန်ပေ၏) ၎င်းတို့တွင် ချစ်ကြည်ရင်းနှီးမှု တိုးပွားစေရန်အတွက် (ငါတို့သည်) ဆောင်းရာသီနှင့် နွေရာသီခရီးကို ပြုလုပ်တော်မူ၏။

فَلْيَعْبُدُوْا رَبَّ هٰذَا الْبَيْتِ ④

၄။ သို့ဖြစ်ပေရာ ၎င်းတို့သည် ဤအိမ်တော်၏ ဖန်ဆင်းမွေးမြူတော်မူသောအရှင်အား ခဝပ်ကိုးကွယ်ကြရပေမည်။

الَّذِيْٓ اَطْعَمَهُمْ مِّنْ جُوْعٍ ۙ وَّاٰمَنَهُمْ مِّنْ خَوْفٍ ۝ ⑤

၅။ ထိုအရှင်မြတ်သည် ၎င်းတို့အား ဆာလောင်မွတ်သိပ်ခြင်းမှ (ကယ်တင်တော်မူလျက်) အစားအစာ ကျွေးမွေးတော်မူ၏။ ထို့ပြင် ၎င်းတို့အား ကြောက်ရွံ့စိုးရိမ်မှုမှ လုံခြုံငြိမ်းချမ်းမှုကို ပေးတော်မူပေသတည်း။

❖ ❖ ❖

၁၀၇။ အလ်–မာအူးန်

ဤဆူရာဟ်သည် မက္ကာမြို့ခေတ်ဦးပိုင်းတွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ်တော် (၈)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်သည် ပြီးခဲ့သောဆူရာဟ်နှင့် အမြင်အားဖြင့် ဤသို့ဆက်နွယ်မှုရှိနိုင်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် မွတ်စလင်တို့အား ကောင်းကျိုးချမ်းသာ အများအပြား ပေးသနားချီးမြှင့်တော်မူသောအခါ ၎င်းတို့သည် ထိုအရှင်မြတ်၏လမ်းတော်တွင် လျှဒါန်းသုံးစွဲရန် ရှောင်ဖယ်ခြင်းပြုကြမည်မဟုတ်သည့်အပြင် ကာ့အ်ဘာကျောင်းတော်၏ အရှင်သခင်က သင်ကြားပို့ချပေးတော်မူသော 'အေဘာဒတ်'ဝတ်ပြုကိုးကွယ်မှုများတွင်လည်း ပြစားမှုပြုကြမည် အလျှင်းမဟုတ်ချေ။ ထိုသို့မရှိပါက ၎င်းတို့၏ 'ဆွလာတ်'ဝတ်ပြုမှုများသည် ၎င်းတို့အတွက် ပျက်စီးမှုအကြောင်းခံဖြစ်သွားပေလိမ့်မည်။ အကြောင်းသော်ကား ထိုသို့သော 'ဆွလာတ်'ဝတ်ပြုမှုများမှာ ပြစားမှုအတွက်ဖြစ်သောကြောင့်ပင်။ ၎င်းတို့၏ စွန့်ကြဲသုံးစွဲမှုများသည်လည်း ပြစားမှုအတွက်ဖြစ်လိမ့်မည်။ ၎င်းတို့၏အခြေအနေမှာ အကြီးကျယ်ဆုံး လျှဒါန်းသုံးစွဲမှုများကို နာမည်ရကျော်ကြားဖို့ရန် သုံးစွဲလျှဒါန်းကြမည်ဖြစ်သော်လည်း သူဆင်းရဲကျောမွဲတို့အဖို့ အသေးအမွှားလိုအပ်ချက်တို့ကို ပေးကမ်းဖို့ရာတွန့်ဆုတ်ကြလိမ့်မည်တည်း။

♦ ♦ ♦

ဆူရာဟ် အလ်-မာအူးန်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၈)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူ၏။

اَرَءَيْتَ الَّذِىْ يُكَذِّبُ بِالدِّيْنِ ②

၂။ အသို့နည်း၊ အသင်သည် သာသနာတော်ကို မဟုတ်မမှန် ဟုပြောဆိုသော ထိုသူကို ရှုမြင်သုံးသပ်ပါသလော။

فَذٰلِكَ الَّذِىْ يَدُعُّ الْيَتِيْمَ ③

၃။ သို့ဖြစ်ပေရာ ထိုသူသည်ပင်လျှင် မိဘမဲ့ကိုမောင်းထုတ်၏။

وَلَا يَحُضُّ عَلٰى طَعَامِ الْمِسْكِيْنِ ④

၄။ ထို့ပြင် ဆင်းရဲနွမ်းပါးသူများကို အစားအစာကျွေးမွေးရန် တိုက်တွန်းနှိုးဆော်ခြင်းမပြုပေ။

فَوَيْلٌ لِّلْمُصَلِّيْنَ ⑤

၅။ သို့ဖြစ်ရာ ထို'ဆွလာတ်'ဝတ်ပြုသူများအပေါ် ပျက်စီးခြင်းသည်ဖြစ်စေသား။

الَّذِيْنَ هُمْ عَنْ صَلَاتِهِمْ سَاهُوْنَ ⑥

၆။ ၎င်းတို့သည် မိမိတို့(ဝတ်ပြုသော) 'ဆွလာတ်'၌ အာရုံစူးစိုက်မှုမရှိ ပေါ့ဆကြ၏။

الَّذِيْنَ هُمْ يُرَآءُوْنَ ⑦

၇။ ထိုသူတို့သည် ပြစားမှုပြုကြ၏။

وَيَمْنَعُوْنَ الْمَاعُوْنَ ⑧

ع

၈။ ထို့ပြင် နေ့စဉ်လိုအပ်သော အသုံးအဆောင်ပစ္စည်းများကိုလည်း (လူများမှ) တားမြစ်ပိတ်ပင်ထားကြပေသတည်း။

❖ ❖ ❖

၁၀၈။ အလ်-ကောင်ဆရ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုကွပါဠ်တော် (၄)ပိုဒ်ပါရှိသည်။

ဆူရာဟ်'အလ်-မာအူးန်'၏နောက် တစ်ဆက်တည်းပင် တမန်တော်မြတ်ﷺအား မည်သည့်အခါမျှ ကုန်ခန်းလိမ့်မည်မဟုတ်သော 'ကောင်ဆရ်'ကိုပေးသနားချီးမြှင့်တော်မူမည့်အကြောင်း သတင်းကောင်းပေးတော်မူပေသည်။ ဤသည်၏ တစ်ခုသောအဓိပ္ပာယ်သဘောမှာ အလ္လာဟ်၏လမ်းတော်တွင် လှူဒါန်းသုံးစွဲသော ထိုပစ္စည်းဥစ္စာများကို အကယ်၍ သူတို့သည် တွန့်ဆုတ်နှောင့်နှေးခြင်းမရှိဘဲ သုံးစွဲကြလျှင်လည်း အလ္လာဟ်အရှင်မြတ်က ထပ်လောင်း၍ များပြားစွာသောပစ္စည်းဥစ္စာများကို ပေးသနားတော်မူသွားမည်ဖြစ်သည်။ ထို့ပြင် အကြီးမြတ်ဆုံးဝမ်းမြောက်ဖွယ်ရာသတင်းကောင်းမှာကား တမန်တော်မြတ်အား ပေးသနားတော်မူခြင်းခံရသည့် ကျမ်းမြတ်ကုရ်အာန်၏အကြောင်းရပ်များသည် မည်သည့်အခါတွင်မျှ ကုန်ဆုံးသွားမည်မဟုတ်သော ဥစ္စာရတနာအလား 'ကယာမတ်'ကမ္ဘာ့နောက်ဆုံးနေ့များတိုင် လူသားနွယ်ဝင်အားလုံးတို့အတွက် အကျိုးဖြစ်ထွန်းမပြတ်ရှိနေမည်ဖြစ်သည်။ ယင်း(ကျမ်းမြတ်ကုရ်အာန်)၏ဘာသာရပ်များကို အဘယ်သူတစ်ဦးတစ်ယောက်သော်မျှ လွှမ်းမိုးထားနိုင်မည်မဟုတ်ချေတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ကောင်ဆရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၄)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اِنَّآ اَعْطَيْنٰكَ الْكَوْثَرَ ②

၂။ ဧကန်စင်စစ် ငါတို့သည် အသင့်အား 'ကောင်ဆရ်'ကို ပေးသနားတော်မူပြီ။

فَصَلِّ لِرَبِّكَ وَانْحَرْ ③

၃။ သို့ဖြစ်ရာ မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်အတွက် 'ဆွလာတ်'ဝတ်ပြုပါလေ၊ ထို့ပြင် 'ကုရ်ဘာနီ'စွန့်လှူပူဇော်ပါလေ။

اِنَّ شَانِئَكَ هُوَ الْاَبْتَرُ ④

၄။ ဧကန်မလွဲ အသင်၏ရန်သူသည်သာလျှင် 'အဗ်တာရ်' မျိုးဆက်ပြတ်သူဖြစ်မည်တည်း။ ①

❖ ❖ ❖

① တမန်တော်မြတ်ﷺအား မက္ကာမှ မယုံကြည်ခြင်းပယ်သူ'ကာဖိရ်'များက **ابتر** ဟူ၍ ပုတ်ခတ်ပြောဆိုလေ့ရှိခဲ့ကြသည်။ တစ်နည်းဆိုသော် ဆက်ခံမည့်သားသမီးအရင်းအချာမရှိသူဟူ၏။ ဤတွင် တမန်တော်မြတ်ﷺအား ဝမ်းမြောက်ဖွယ်သတင်းကောင်းပေးတော်မူသည်မှာ သားသမီးအရင်းအချာရှိကြောင်း ကြွေးကြော်နေကြသော ထိုသူတို့၏သားသမီးများကပင် ကိုယ်တော်မြတ်ﷺနှင့် နာမ်ပိုင်းဆိုင်ရာအားဖြင့် နှောင်တည်းဆက်နွယ်ရခြင်းကို ဂုဏ်ယူစရာဟုထင်မှတ်ကြပေလိမ့်မည်။ ထို့ပြင် ကံမကောင်းအကြောင်းမလှသော မိမိတို့၏မိဘများကို အဆက်ဖြတ်လိုက်ကြလိမ့်မည်။ သို့ကြောင့် 'အဘူဂျဟလ်'၏သား 'အီကရာမာ'ﷺနှင့်စပ်လျဉ်း၍ ဆင့်ပြန်ချက်တစ်ရပ်လာရှိသည်မှာ သူသည် အစွလာမ်သာသနာကိုခံယူလက်ခံပြီးသည့်နောက် မွတ်စလင်တစ်ဦးက သူ့အား 'အဘူဂျဟလ်'၏သားဖြစ်သည်ဟု ကဲ့ရဲ့စကားဆိုခဲ့ရာ သူက တမန်တော်မြတ်ﷺထံသို့ တိုင်တန်းခဲ့လေသည်။ သို့ကြောင့် ကိုယ်တော်မြတ်ﷺက ထိုမွတ်စလင်ပုဂ္ဂိုလ်အား နောက်နောင် သူ့အား အဘူဂျဟလ်၏သားဟုမခေါ်ရန် တားမြစ်တော်မူခဲ့လေသည်ဟူ၏။ (အွတ်စ်ဒွလ်ဂါဘာဟ်၊ အီကရာမာ အက္ခရာတွင်ရှု)။ သို့ဖြင့် 'အဘူဂျဟလ်'ကိုယ်တိုင်သည် 'အဗ်တာရ်'အဖြစ်ကိုခံယူပြီး သေဆုံးခဲ့ရကာ သားသမီးများက နာမ်ပိုင်းဆိုင်ရာအားဖြင့် တမန်တော်မြတ်ﷺနှင့် နီးနွယ်ခဲ့ကြပေတော့သတည်း။

၁၀၉။ အလ်–ကာဖိရွန်း(နှ)

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၇)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်တွင် ကျွန်ုပ်သည် မည်သည့်အခါမျှ အသင်တို့၏ သာသနာကို လိုက်နာမည်မဟုတ်။ အသင်တို့သည်လည်း မည်သည့်အခါမျှ ကျွန်ုပ်၏သာသနာကို လိုက်နာကြမည်မဟုတ်ခေ့။ သို့ဖြစ်ရာ အသင်တို့သည် မိမိတို့၏သာသနာတွင်လျှောက်လှမ်းကြကုန်။ ထို့ပြင် ကျွန်ုပ်သည်လည်း မိမိ၏သာသနာပေါ်တွင် လျှောက်လှမ်းလျက်ရှိနေမည်ဟူ၍ ထပ်ခါတလဲလဲ သတိပေးမိန့်ဆိုထားပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-ကာဖိရွန်း(နှ်)

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမိလ္လာဟ်အပါအဝင် အာယတ်တော် (၇)ပိုဒ် ရှိကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

قُلْ يٰٓاَيُّهَا الْكٰفِرُوْنَ ②

၂။ ပြောလော့၊ အို-'ကာဖိရ်'မယုံကြည်ငြင်းပယ်သူအပေါင်းတို့၊

لَآ اَعْبُدُ مَا تَعْبُدُوْنَ ③

၃။ ကျွန်ုပ်သည် အသင်တို့ ခဝပ်ကိုးကွယ်သည်ကို ခဝပ်ကိုးကွယ်မည်မဟုတ်၊

وَلَآ اَنْتُمْ عٰبِدُوْنَ مَآ اَعْبُدُ ④

၄။ ထို့ပြင် အသင်တို့သည် ကျွန်ုပ် ခဝပ်ကိုးကွယ်သည်ကို ခဝပ်ကိုးကွယ်ကြမည်မဟုတ်။

وَلَآ اَنَا عَابِدٌ مَّا عَبَدْتُّمْ ⑤

၅။ ထို့ပြင် ကျွန်ုပ်သည် အသင်တို့ ခဝပ်ကိုးကွယ်သည်ကို ခဝပ်ကိုးကွယ်မည့်သူ မည်သည့်အခါမျှဖြစ်လာမည်မဟုတ်ချေ။

وَلَآ اَنْتُمْ عٰبِدُوْنَ مَآ اَعْبُدُ ⑥

၆။ ထို့ပြင် အသင်တို့သည် ကျွန်ုပ် ခဝပ်ကိုးကွယ်သည်ကို ခဝပ်ကိုးကွယ်မည့်သူများဖြစ်လာကြမည်မဟုတ်ချေ။

لَكُمْ دِيْنُكُمْ وَلِيَ دِيْنِ ⑦

၇။ အသင်တို့အတွက် အသင်တို့၏သာသနာဖြစ်ပြီး ကျွန်ုပ်အတွက် ကျွန်ုပ်၏သာသနာဖြစ်သတည်း။

❖ ❖ ❖

၁၁၀။ အလ်-နဆ်ရ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုဂ္ဂပါဠိတော် (၄)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်တွင် စင်စစ် 'ကောင်ဆရ်'ကိုပင် အခြားပုံစံတစ်မျိုးဖြင့် မိန့်ထားခြင်းဖြစ်ပေသည်။ ဆိုလိုသည်မှာ ကျမ်းမြတ်ကုရ်အာန်ဆိုင်ရာ ကောင်းချီးဆုလာဘ်များသည်ကား မည်သည့်အခါမျှ ကုန်ဆုံးပြတ်တောက်သွားမည်မဟုတ်သကဲ့သို့ အစ္စလာမ့်အောင်ပွဲ အစဉ်အဆက်သည်လည်း အဆုံးမရှိသော ကွင်းဆက်ဖြင့်ရှိပေလိမ့်မည်။ ထို့ပြင် အစုလိုက်အဖွဲ့လိုက်သော အမျိုးသားတို့သည် အစ္စလာမ်သို့ မဖြစ်မနေ ဝင်ရောက်လာကြလိမ့်မည်။ ထိုသည့်ချိန်ခါသည်ကား အောင်ပွဲဆင်တီးမှုတ်ကခုံကြရမည့် အခါသမယ မဟုတ်မူ၍ 'အိစ်တီဂ်ဖာရ်' (တစ်စုံတစ်ရာချို့တဲ့မှုများအတွက် ခွင့်လွှတ်ရန်ဆုတောင်း) ကိုပြုကြရမည့် အခါအခွင့်ဖြစ်ပေသည်။ အကြောင်းမူကား အောင်ပန်းဆွတ်ခူးမှုအားဖြင့် ဂုဏ်မောက်မော်ကြွားမှုကို မပေါ်ပေါက်စေကြဘဲ မူလထက်ပင် ပိုမိုသော နှိမ့်ချကျိုးနွံမှုများဖြင့် ဤသည် အလ္လာဟ်၏ 'ဖဇ်လ်'ကျေးဇူးတော်သက်သက်ဖြင့် ကံကောင်းထောက်မစွာရရှိခြင်းဖြစ်ကြောင်း ယုံကြည်ချက်တွင် ခိုင်မြဲစွာ ရပ်တည်လျက်ရှိကြရန်လိုပေသည်။ သို့ကြောင့် ဤသို့သော အခါအခွင့်များတွင် မူလထက်ပို၍ အပြစ်လွှတ်ရန် ဆုတောင်းလျက်ရှိနေကြရပြီး နဂိုကထက်ပိုမို၍ အလ္လာဟ်အား ထောမနာပြုခြင်းကို သီဆိုနေကြရန် လိုအပ်ပေသတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-နဆ်ရ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၄)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

اِذَا جَآءَ نَصْرُ اللّٰهِ وَالْفَتْحُ ②

၂။ အလ္လာဟ်၏ကူညီစောင်မမှုနှင့် အောင်မြင်မှုရောက်ရှိလာသည့်အခါ၊

وَرَاَيْتَ النَّاسَ يَدْخُلُوْنَ فِيْ دِيْنِ اللّٰهِ اَفْوَاجًا ③

၃။ ထို့ပြင် လူတို့သည် အလ္လာဟ်၏သာသနာတော်သို့ အစုလိုက် အဖွဲ့လိုက် ဝင်ရောက်လာနေသည်ကို အသင်သည် မြင်တွေ့ရပေလိမ့်မည်။

فَسَبِّحْ بِحَمْدِ رَبِّكَ وَاسْتَغْفِرْهُ ؕ اِنَّهٗ كَانَ تَوَّابًا ④

ရုကူအ် ၁

၄။ သို့ဖြစ်ရာ မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်အား ချီးမွမ်းခြင်းနှင့်အတူ (အရှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို 'တာစ်ဘီ'ပြုပါလေ။ ထို့ပြင် အရှင်မြတ်ထံတော်မှ ခွင့်လွှတ်ခြင်းကို တောင်းခံပါလေ၊ အမှန်ပင် အရှင်မြတ်သည် 'တောင်ဘာ'ဝန်ချတောင်းပန်ခြင်းကို လွန်စွာလက်ခံတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။

❖ ❖ ❖

၁၁၁။ အလ်–လဟစ်

ဤဆူရာဟ်သည် မက္ကာမြို့ခေတ်ဦးပိုင်းဆူရာဟ်များမှဖြစ်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်' မုက္ခပါဠ္ဍတော် (၆)ပိုဒ်ပါရှိသည်။

'အဘူလဟဗ်'ဆိုသည်မှာ တမန်တော်မြတ်ﷺ၏ ဦးရီးတစ်ယောက်အမည်ဖြစ်ပြီး ကိုယ်တော်မြတ်ﷺနှင့်ဆန့်ကျင်လျက် နေရာတကာတွင် အမုန်းမီးကို တောက်လောင်စေခဲ့သူဖြစ်သည်။ ထို့ပြင် သူ၏ဇနီးမှာလည်း သူ၏လုပ်ရပ်များ၌ ကူညီအားပေးခဲ့သူဖြစ်သည်။ ယင်း၏လက်နှစ်ဖက်လုံး ဖြတ်တောက်ပစ်ခြင်းခံရပေအံ့ဟု မိန့်ထားတော်မူသည်။ တစ်နည်းဆိုသော် အစ္စလာမ်ကိုဆန့်ကျင်လျက် နောင်အခါတွင်လည်း စစ်မီးရှို့ကြမည့်သူများဖြစ်ကြသော လက်ယာဘက်သားဖြစ်စေ၊ လက်ဝဲဘက်သားဖြစ်စေ ကျိုးယုတ်ရှက်ရုံးနိမ့်မှုဖြစ်ရခြင်းမှတစ်ပါး အခြားဘာကိုမျှရရှိကြလိမ့်မည်မဟုတ်ချေ။ စစ်မီးလောင်စာအတွက် ၎င်းတို့အား ဝိုင်းဝန်းကူညီကြသော နောက်လိုက်နောက်ပါအုပ်စုများသည်လည်း ၎င်းတို့၏ကံကြမ္မာတွင် ကြိုးဆွဲချခံရမည့် ကြိုးဒဏ်မှအပ အခြားဘာမျှမရှိချေတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-လဟဗ်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၆)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူ၏။

تَبَّتْ يَدَآ اَبِيْ لَهَبٍ وَّتَبَّ ②

၂။ 'အဘူလဟဗ်'၏ လက်နှစ်ဖက်စလုံး ပျက်စီးလေပြီ၊ ထို့ပြင် သူသည်လည်း ပျက်စီးလေပြီ။

مَآ اَغْنٰى عَنْهُ مَالُهٗ وَمَا كَسَبَ ③

၃။ သူ၏ပစ္စည်းဥစ္စာသည်လည်းကောင်း၊ သူရှာဖွေဆည်းပူးခဲ့သည်များသည်လည်းကောင်း၊ သူ့အတွက် မည်သို့မျှ အသုံးမဝင်ချေ။

سَيَصْلٰى نَارًا ذَاتَ لَهَبٍ ④

၄။ သူသည် မလွဲမသွေ တောက်လောင်လျက်ရှိသောမီးတွင် ဝင်ရောက်ရပေလိမ့်မည်။

وَّامْرَاَتُهٗ ؕ حَمَّالَةَ الْحَطَبِ ⑤

၅။ ထို့ပြင် သူ၏မိန်းမသည်လည်း၊ သူမသည် များပြားလှစွာသော လောင်စာများကို သယ်ပိုးလျက်ရှိနေပေလိမ့်မည်။

فِيْ جِيْدِهَا حَبْلٌ مِّنْ مَّسَدٍ ⑥

۩

၆။ ထို(မိန်းမ)၏လည်ပင်းတွင် စွန်ပလွံလျှော်ဖြင့် ခိုင်ခံ့စွာကျစ်ထားသော ကြိုးကြီးရှိပေလိမ့်မည်တည်း။

❖ ❖ ❖

၁၁၂။ အလ်-အိခ်လာစ်

ဤဆူရာဟ်သည် မက္ကာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠ်တော် (၅)ပိုဒ်ပါရှိသည်။

ဤသည်မှာ အလွန်သေးငယ်တိုတောင်းလှသော ဆူရာဟ်ဖြစ်လင့်ကစား ခရစ်ယာန်ဝါဒနှင့် ယှဉ်၍ အစ္စလာမ်ကရရှိမည့် ကြီးကျယ်ခံ့ထည်လှသော အောင်ပွဲများ၏ ကတိတော်ကို ပေးထားပေသည်။ ထို့ပြင် အလ္လာဟ်၏ထံတွင်တစ်စုံတစ်ရာသော ဖခင်လည်းမရှိ၊ ထိုအရှင်မြတ်၏ သားတစ်ဦးတစ်လေမျှ လည်းရှိမည်မဟုတ်ဟူ၍ အသိပေးထားတော်မူသည်။ ဤသည့်ဝါကျတစ်ကြောင်းတည်းဖြင့် ခရစ်ယာန် ဝါဒ၏ အဆောက်အအုံတစ်ခုလုံးသည် ပြိုကျရပေတော့သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်ထံ တော်တွင် ဖခင်မရှိဘူးဆိုမှဖြင့် ထိုအရှင်မြတ်အဖို့ သားမွေးဖွားဖို့ရာ မည်သို့ရှိလာရပေသနည်း။ ထို့ပြင် အီစာ(အလိုရှိသူ့အသက်ကယ်တော်မူပါစေသတည်း)အား အလ္လာဟ်အရှင်မြတ်၏ သားတော်အဖြစ် စိတ်ကူးယဉ်ပြုလုပ်ထားသည်ဖြစ်ရာ သူ(အီစာ)သည် ဖခင်၏ ဤဂုဏ်သတ္တိမှ အဘယ့်ကြောင့် ဝေစုရယူခြင်းမပြုခဲ့ပါသနည်း။ အကယ်၍ ဖခင်က သားမွေးဖွားခဲ့လျှင် ရှေ့ဆက်လက်၍ အဘယ့်ကြောင့် သူ(အီစာ)၌ သားမမွေးဖွားရပါသနည်း။

ဤသည့်နောက်တွင် မိန့်ကြားတော်မူသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် **كُفُو** (တူညီသူ) ဟူ၍မရှိ။ သို့ကြောင့် ထိုကဲ့သို့သော အဓိပ္ပာယ်မဲ့သည့်စကားများမှာ တန်ခိုးရှိန်ဝါကြီးမြင့်တော်မူလှသော အလ္လာဟ် အရှင်မြတ်အတွက် ရိုင်းပျစော်ကားခြင်းမှတစ်ပါး အခြားမည်သည့် အကျိုးဆက်တစ်စုံတစ်ရာကိုမျှ ပေါ်ပေါက်စေလိမ့်မည် မဟုတ်ချေတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-အိခ်လာန်

မက္ကာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၅)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

قُلْ هُوَ اللّٰهُ اَحَدٌ ②

၂။ အသင်ပြောလိုက်ပါလေ၊ ထို'အလ္လာဟ်'သည် တစ်ပါးတည်းသာ ဖြစ်တော်မူ၏။

اَللّٰهُ الصَّمَدُ ③

၃။ အလ္လာဟ်သည် လိုလားတောင့်တခြင်းကင်းတော်မူ၏။

لَمْ يَلِدْ ۙ وَلَمْ يُوْلَدْ ④

၄။ အရှင်မြတ်သည် မည်သူ့ကိုမျှ မွေးဖွားသည်မဟုတ်၊ ထို့ပြင် အရှင်မြတ်သည် မွေးဖွားခြင်းခံရသည်လည်းမဟုတ်ပေ။

وَلَمْ يَكُنْ لَّهٗ كُفُوًا اَحَدٌ ⑤ ۚ

၅။ ထို့ပြင် အရှင်မြတ်နှင့်တူညီသူမည်သူမျှ၊ မည်သည့်အခါကမျှ မရှိခဲ့ချေတည်း။

❖ ❖ ❖

၁၁၃။ အလ်–ဗလာက်

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠ်တော် (၆)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်တွင် သတိပေးနှိုးဆော်ထားသည်မှာ အလုံးစုံသော ဖန်ဆင်းဖြစ်ထွန်းစေမှု၏ အကျိုးဆက်အားဖြင့် ကောင်းမြတ်ခြင်းအပြင် အဆိုးလည်း ပေါ်ပေါက်တတ်ပေသည်။ သို့ကြောင့် ယင်း၏ဆိုးကျိုးမှ အလွှာဟ့်ထံခိုလှုံခွင့်တောင်းခံလျက်ရှိကြလော့။ ထို့ပြင် တစ်ကြိမ်ထပ်မံ၍ ကမ္ဘာလောက အပေါ် ဖြန့်ကြက်ဖုံးလွှမ်းသွားမည်ဖြစ်သော ထိုသည့်မှောင်မိုက်သော ညဉ့်အခါ၏ ဆိုးကျိုးများမှလည်း အလွှာဟ်အရှင်မြတ်ထံ ခိုလှုံခွင့်ပန်ကြားလော့။

ထို့ပြင် လူသားအချင်းချင်း၊ မျိုးနွယ်စုအချင်းချင်း ခွဲခြားပစ်မည့် ထိုအုပ်စုများ၏ ရန်မှလည်း အရှင်မြတ်ထံ ခိုလှုံခွင့်တောင်းခံလော့။ ယင်းအုပ်စုများ၏ အခြေခံမူဝါဒကပင် (Divide and Rule) 'စိုးမိုးအုပ်ချုပ်လိုသည်ဆိုပါလျှင် လူမျိုးစုများအကြား ခွဲခြားမှုပြုရမည်' ဟူ၍ဖြစ်သည်။ ဤသည် အားလုံးမှာ ကမ္ဘာလောကကို သိမ်းပိုက်မည့် Imperialism နယ်ချဲ့ဝါဒ၏ အနှစ်ချုပ်ဖြစ်ပေသည်။ ဤသို့ရှိလင့်ကစား အစွလာမ်သည် မုချမသွေ တိုးတက်ထွန်းကားမည်သာဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ယင်း(အစွလာမ်)သည် အစအနမကျန် ပျက်သုဉ်းသွားမည်ဆိုပါက ယင်း(အစွလာမ်)ကို မနာလို မရှုဆိတ်ဖြစ်စရာ အကြောင်းမရှိချေ။ ဤသို့ မနာလိုမရှုဆိတ်ဖြစ်ခြင်းက ဖော်ပြနေသည်မှာ အစွလာမ်သည် အောင်မြင်တိုးတက်မည်ဖြစ်ပြီး၊ ထိုသို့ တိုးတက်ထွန်းကားမှုဖြစ်လေတိုင်း ရန်သူတို့သည် မလိုမုန်းထားမှုဖြစ်ကြလိမ့်မည်တည်း။

♦ ♦ ♦

ဆူရာဟ် အလ်–ဖလာက်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၆)ပိုဒ် ရှိကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

قُلْ اَعُوْذُ بِرَبِّ الْفَلَقِ ②

၂။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်သည် (အရာဝတ္ထုများကို)ခွဲ၍ (အသစ်သောအရာကို) ဖန်ဆင်းတော်မူသော၊ ဖန်ဆင်းမွေးမြူရှင်ထံတော်တွင် ခိုလှုံခွင့်ကိုတောင်းခံပါ၏။

مِنْ شَرِّ مَا خَلَقَ ③

၃။ ထိုအရှင်မြတ် ဖန်ဆင်းထားတော်မူသည်၏ ဆိုးကျိုးမှလည်းကောင်း၊

وَ مِنْ شَرِّ غَاسِقٍ اِذَا وَقَبَ ④

၄။ ထို့ပြင် အမှောင်ထုကိုပြုလုပ်သည့်အရာ ဖုံးလွှမ်းသွားသည့်အခါ ယင်း၏ဆိုးကျိုးမှလည်းကောင်း၊

وَ مِنْ شَرِّ النَّفّٰثٰتِ فِي الْعُقَدِ ⑤

၅။ ထို့ပြင် အထုံးအဖွဲ့များတွင် မှုတ်သွင်းသူတို့၏ဘေးရန်မှလည်းကောင်း၊ ①

وَ مِنْ شَرِّ حَاسِدٍ اِذَا حَسَدَ ⑥

၆။ ထို့ပြင် မနာလိုသူသည် မနာလို ငြူစူမှုပြုသောအခါ ယင်း၏ဘေးရန်မှလည်းကောင်း (ခိုလှုံပါ၏)။

❖ ❖ ❖

① ဤသည်၏အဓိပ္ပာယ်တစ်မျိုးကို မှော်ပညာဂါထာမန္တရားတို့ဖြင့် အချင်းချင်းနှောင်ဖွဲ့လျက်ရှိကြသော ကြိုးထုံများကို မန်းမှုတ်သူမိန်းမများဟု ပြန်ဆိုကြလေသည်။ သို့သော် ဤသည်မှာ အမှန်ပင် အလွန်တရာ ကြီးကျယ်လှသော ကြံတင်နိမိတ်တစ်ရပ်ဖြစ်ပေသည်။ Divide & Rule ကို အခြေခံထားကြသော အမျိုးသားများနှင့်ပတ်သက်၍ လာရှိထားခြင်းဖြစ်သည်။ တစ်နည်းဆိုသော် အမျိုးသားထုတစ်ရပ်အား အောင်ပွဲရလိုလျှင် ထိုသူတို့အချင်းချင်းအကြားတွင် တိုက်ခိုက်စေလျက် အင်အားမဲ့သွားအောင် ပြုလုပ်လိုက်ပြီး၊ ကိုယ်တိုင်ကမူ အုပ်ချုပ်သူများအဖြစ်ရှိကြလိမ့်မည်။ အထူးသဖြင့် အနောက်တိုင်းသားတို့သည် ကမ္ဘာတစ်ဝန်းကို ဤအခြေခံမူဝါဒဖြင့် နယ်ချဲ့စိုးမိုးခဲ့ကြလေသည်။

၁၁၄။ အလ်-နားစ်

ဤဆူရာဟ်သည် မဒီနာမြို့တွင်ကျရောက်ပြီး 'ဗစ္စမီလ္လာဟ်'အပါအဝင် 'အာယတ်'မုက္ခပါဠ်တော် (၇)ပိုဒ်ပါရှိသည်။

ဤဆူရာဟ်မှာ ရဟူဒီဝါဒနှင့် ခရစ်ယာန်ဝါဒတို့၏ စုပေါင်းဖွဲ့စည်းထားသည့် ကြိုးပမ်းအား ထုတ်မှုအလုံးစုံကို အကျဉ်းချုပ်ဖော်ပြထားခြင်းဖြစ်သည်။ ယင်း၏လက္ခဏာမှာ ၎င်းတို့သည် လူ့အန္တယ်ဝင်တို့၏ 'ရဒ်'ပြုစုပျိုးထောင်ရှင်များအဖြစ်ဆိုကြလိမ့်မည်။ ဆိုလိုသည်မှာ ထိုလူသားတို့၏ စီးပွားရေးနယ်ပယ်များတွင်လည်း အရှင်သခင်အဖြစ် ခြယ်လှယ်ကြလိမ့်မည်။ ထို့ပြင် ထိုသည့်အတိုင်းပင် 'မလီက်' အာဏာရှင်အဖြစ်လည်း ကြေညာကြလိမ့်မည်။ ဆိုလိုသည်မှာ နိုင်ငံရေးနယ်ပယ်ကိုလည်း ချုပ်ကိုင်လာကြလိမ့်မည်။ တစ်ဖန် ယင်းတို့သည် ကိုးကွယ်ခံအရှင်သခင်အဖြစ်ခံယူကြကာ ယင်းတို့အား ကိုးကွယ်ကြသူတို့ကို ယင်းတို့က ပေးကမ်းကြမည်ဖြစ်ပြီး ယင်းတို့အား ကိုးကွယ်ခြင်းမှ ငြင်းဆန်ကြလျှင် ထိုသူတို့အား ကျိုးယုတ်ရှက်ရဖြစ်စေကြလိမ့်မည်။

၎င်းတို့၏ အန္တရာယ်အကြီးဆုံးသောလက်နက်မှာ **خـنّاس** ကဲ့သို့ သံသယများကို ပေါက်ပွားအောင်ပြုရာဖြစ်လိမ့်မည်။ တစ်နည်းဆိုသော် စိတ်နှလုံးများ၌ ဒွိဟသံသယများကို ပေါက်ပွားစေလျက် အလိုအလျောက် ပျောက်ကွယ်သွားမည့်အရာဖြစ်သည်။ ဤသည့် အခြေအနေသည်ပင် ဤခေတ်ကာလရှိ မဟာအင်အားကြီးများ Capitalism (အရင်းရှင်စနစ်)တွင်လည်းရှိမည်ဖြစ်ပြီး ပစ္စည်းမဲ့အာဏာရှင်စနစ်(ဝါ) ကွန်မြူနစ်ဝါဒ (Communism) တွင်လည်းရှိပေမည်။ သို့ဖြစ်ရာ အကြင်မည်သူမဆို ထိုသည့် အလုံးစုံသော အကြောင်းကိစ္စများမှ အလ္လာဟ်အရှင်မြတ်၏ခိုလှုံမှုအောက်သို့ရောက်လာခဲ့သော် အလ္လာဟ် အရှင်မြတ်သည် ထိုသူအား အကာအကွယ်ပေးတော်မူမည်ဖြစ်သတည်း။

♦ ♦ ♦

ဆူရာဟ် အလ်-နားစ်

မဒီနာမြို့တွင်ကျရောက်ပြီး ဗစ္စမီလ္လာဟ်အပါအဝင် အာယတ်တော် (၇)ပိုဒ် ရှုကူ (၁)ပုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

၁။ အလ္လာဟ်၏နာမတော်ဖြင့်၊ ထိုအရှင်သည် အကန့်အသတ်မရှိ ကရုဏာထားတော်မူ၍ မတောင်းခံဘဲပေးသနားတော်မူသောအရှင်၊ အဖန်တလဲလဲသနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။

قُلْ اَعُوْذُ بِرَبِّ النَّاسِ ②

၂။ အသင်ပြောကြားပါလေ၊ ကျွန်ုပ်သည် လူသားတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်၌ ခိုလှုံခွင့်ကိုတောင်းခံပါ၏။

مَلِكِ النَّاسِ ③

၃။ လူသားတို့၏ ရှင်ဘုရင်ထံတော်၌လည်းကောင်း၊

اِلٰهِ النَّاسِ ④

၄။ လူသားတို့၏ ကိုးကွယ်ရာအရှင်ထံတော်၌လည်းကောင်း၊

مِنْ شَرِّ الْوَسْوَاسِ ۙ الْخَنَّاسِ ⑤

၅။ သံသယအမြောက်အများ ပေါက်ဖွားအောင် သံသယကို ထည့်သွင်းပြီး နောက်ဆုတ်ဖယ်ခွာသွားသူ၏ မကောင်းသောဘေးမှ၊

الَّذِيْ يُوَسْوِسُ فِيْ صُدُوْرِ النَّاسِ ⑥

၆။ ထိုသူသည် လူသားတို့၏နှလုံးသားများတွင် သံသယများကို ထည့်သွင်း၏။

مِنَ الْجِنَّةِ وَالنَّاسِ ⑦

۞

၇။ ထိုသူသည် 'ဂျင်န်'(အထက်တန်းလွှာ)များအနက်မှဖြစ်စေ၊ သာမန်လူသားများအနက်မှ(ဖြစ်စေ)။ ①

❖ ❖ ❖

① အာယတ် ၅ မှ ၇ ထိ။ ဤတွင် နှောင်းခေတ်၌ ရဟူဒီများနှင့် ခရစ်ယာန်အမျိုးသားတို့ထံမှ အခြားသူတို့၏ စိတ်နှလုံးများအတွင်း ဒွိဟသံသယများကို ထည့်သွင်းလိမ့်မည်ဖြစ်ကြောင်း ကြိုတင်နိမိတ်ပေးတော်မူခြင်းဖြစ်သည်။ **اَلْجِنَّة والنَّاس** ဟူသည် ကြီးကျယ်သောသူများ၏ စိတ်နှလုံးများအတွင်းသို့လည်း ထည့်သွင်းလိမ့်မည်ဖြစ်ပြီး ငယ်သောသူများ (ဝါ) သာမန်လူများ၏ စိတ်နှလုံးများအတွင်းသို့လည်းထည့်သွင်းလိမ့်မည်။ သို့ဖြစ်၍ အရင်းရှင်ဝါဒီများနှင့် ကွန်မြူနစ်ဝါဒီများ၏ စိတ်နှလုံးများအတွင်းသို့ 'ရှိုင်တန်'က ဒွိဟသံသယများထည့်သွင်းသောကြောင့် အုပ်စုနှစ်ခုလုံးသည် ဘုရားမဲ့ဝါဒဘက်သို့ ရောက်ရှိသွားကြလေသည်။ ဤသို့ အဓိပ္ပာယ်တစ်မျိုးအပြင် နောက်တစ်မျိုးမှာ ရဟူဒီရော၊ ခရစ်ယာန်တို့ပါ သံသယထည့်သွင်းကြသူများဖြစ်ကြပြီး၊ ၎င်းတို့၏ အုပ်ချုပ်ခြင်းကိုခံရသူတို့၏ ယုံကြည်ချက်များတွင် သံသယစိတ်များထည့်သွင်းကြလျက် ထိုသူတို့အား အင်အားချည့်နဲ့အောင်ပြုကြလေသည်။

دُعاءِ ختم القرآن

اَللّٰهُمَّ ارْحَمْنِیْ بِالْقُرْاٰنِ الْعَظِیْمِ وَاجْعَلْهُ لِیْۤ اِمَامًا وَّ نُوْرًا وَّ هُدًی وَّرَحْمَةً.
اَللّٰهُمَّ ذَكِّرْنِیْ مِنْهُ مَانَسِیْتُ وَعَلِّمْنِیْ مِنْهُ مَاجَهِلْتُ وَارْزُقْنِیْ تِلَاوَتَهٗۤ
اٰنَآءَ الَّیْلِ وَالنَّهَارِ وَاجْعَلْهُ لِیْ حُجَّةً یَّارَبَّ الْعَالَمِیْنَ.

ကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်ခြင်းပြီးစီးသောအခါ ဆုတောင်း 'ဒိုအာ'

အိုး- ကျွန်တော်မျိုး၏အလျှာဟ်၊ ကျွန်တော်မျိုးအား ကြီးမြတ်သော'ကုရ်အာန်'၏ ကောင်းချီးမင်္ဂလာတော်အားဖြင့် ကရုဏာပြုတော်မူပါ။ ထို့ပြင် ဤကျမ်းမြတ်ကုရ်အာန်အား ကျွန်တော်မျိုးအတွက် 'အေမာမ်'ရှေ့ဆောင်၊ 'နူရ်'အလင်း၊ 'ဟေဒါယတ်'လမ်းညွှန်တော်နှင့် 'ရာဟ်မတ်'ကရုဏာတော်ဖြစ်စေတော်မူပါ။ အိုး-ကျွန်တော်မျိုး၏အလျှာဟ်၊ ကျမ်းမြတ်ကုရ်အာန်မှ ကျွန်တော်မျိုးမေ့ခဲ့လေသမျှကို ကျွန်တော်မျိုးအား သတိပေးအမှတ်ရစေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုး မသိနားမလည်သည်များကို ကျွန်တော်မျိုးအား သင်ပြပေးတော်မူပါ။ ထို့ပြင် နေ့ရောညဥ့်ပါ ကျွန်တော်မျိုးအား ကျမ်းမြတ်ကုရ်အာန်ကို ဖတ်ရွတ်နိုင်ခွင့်ပေးသနားတော်မူပါ။ အိုး- စကြဝဠာကမ္ဘာအပေါင်းကို ဖန်ဆင်းတော်မူသောအရှင်၊ ယင်းကျမ်းမြတ်ကုရ်အာန်ကို ကျွန်တော်မျိုး၏အကျိုးငှာ သက်သေသာဓကအဖြစ် ပြုပေးသနားတော်မူပါ။

- အာမင်းန် -

♦ ♦ ♦

ကျမ်းညွှန်း

၁။ အကြောင်းအရာများ – ၁

၂။ အမည်နာမများ – ၉၄

၃။ နေရာဌာနများ – ၁၃၂

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
(က)		
ကျင့်ဝတ်များ		
တမန်တော်ကိုပြုအပ်သောဝတ်		
တမန်တော်မြတ်ﷺ၏ကြီးကဲ့ထွတ်မြတ်သော ဂုဏ်အဆင့်ကို မျက်မှောက်ပြုလျက် အလွန်ရိုသေလေးစားမှုဖြင့် ပြုမူဆက်ဆံရန်လမ်းညွှန်ချက်။		၇၃၅
အကယ်၍ တမန်တော်က စားသောက်ရန် ဖိတ်ကြားပါလျှင် ယင်းအတွက် လိုက်နာရမည့် ကျင့်ဝတ်များ။	၃၃း၅၄	၇၄၆
တမန်တော်မြတ်ﷺအား သာမန်လူတို့ကဲ့သို့ မခေါ်ရန်။	၂၄း၆၄	၆၁၃
တမန်တော်မြတ်ﷺ၏ရှေ့တွင် စကားပြောရှေ့စောခြင်းကို တားမြစ်ခြင်း။	၄၉း၂	၉၃၈
တမန်တော်မြတ်ﷺ၏ရှေ့တွင် အသံကျယ်လောင်မှုကို တားမြစ်ခြင်း။	၄၉း၃	၉၃၈
တမန်တော်မြတ်ﷺနှင့် တိုင်ပင်ဆွေးနွေးမှုမပြုမီ 'ဆဒကာ'ပေးလှူရန်။	၅၈း၁၃-၁၄	၁၀၁၃
တမန်တော်၏ဖိတ်ခေါ်မှုကို တုံ့ပြန်ဖြေကြားကြရန်။		၅၉၈
လူမှုရေးကျင့်ဝတ်များ		
စကားသံကို နှိမ့်ထားရန်။	၃၁း၂၀	၇၂၁
လူတို့အား ကောင်းသောစကားကိုဆိုရန်။	၂း၈၄	၂၁
ဆွေးနွေးပြောဆိုရာတွင် တရားမျှတမှုကိုကျင့်သုံးရန်။	၆း၁၅၃	၂၃၆
အသိမ်မွေ့ဆုံးနည်းဖြင့် မိမိကိုယ်ကို ကာကွယ်ရန်။	၄၁း၃၅	၈၆၀
မည်သည့်ပုဂ္ဂိုလ် (သို့) မည်သည့်အုပ်စုကိုမျှ ကဲ့ရဲ့ခြင်းမပြုရန်။	၄၉း၁၂	၉၄၀
လျှောက်လှမ်းပုံ နည်းစနစ်။	၃၁း၂၀	၇၂၁
'ရာဟ်မန်'ကရုဏာတော်ရှင်၏အစေတော်များသည် ကမ္ဘာမြေတွင် ကျိုးနွံနှိမ့်ချစွာ လျှောက်လှမ်းကြ၏။	၂၅း၆၄	၆၂၆
နေအိမ်များသို့ဝင်ရောက်ခွင့် လိုက်နာရမည့်ကျင့်ဝတ်။	၂း၁၉၀	၄၆
	၂၄း၂၈-၂၉	၆၀၃-၆၀၄
အစည်းအဝေးများတွင် ထိုင်ခြင်းဆိုင်ရာကျင့်ဝတ်။	၅၈း၁၂	၁၀၁၂-၁၃
စားခြင်းသောက်ခြင်း၌ အလယ်အလတ်ကျင့်သုံးရန်။	၇း၃၁	၂၄၈
လက်ဆောင်ပေးခြင်းနှင့် လက်ခံရယူခြင်းဆိုင်ရာကျင့်ဝတ်။	၄း၈၇	၁၄၂

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ခရီးဆိုင်ရာကျင့်ဝတ်များ		
ခရီးမထွက်မီ ခရီးဆောင်ကိစ္စအလေးထားရန်။	၂း၁၉၈	၄၈
အစီးအနင်းပေါ် တက်ရောက်စီးနင်းခြင်း ဆိုရသော'ဒိုအာ'။	၄၃း၁၄-၁၅	၈၈၃
လေယာဉ် သို့မဟုတ် လှေသင်္ဘော စီးနင်းခြင်း ဆိုရသော 'ဒိုအာ'။	၁၁း၄၂	၃၆၅
ကတိပြုထားသည့်အချိန် ('ဆာအတ်'တွင်ရှု)		
ကမ္ဘာမြေ		
ကမ္ဘာမြေကို ကာလခြောက်ခုတွင် ဖန်ဆင်းခဲ့ခြင်း။	၁၁း၈	၃၅၉
	၃၂း၅	၇၂၇
ကမ္ဘာမြေကို ကာလနှစ်ခုတွင် ဖန်ဆင်းခဲ့ခြင်း။	၄၁း၁၀	၈၅၆
ကမ္ဘာမြေသည် ငြိမ်သက်နေသည်မဟုတ်ဘဲ လှည့်ပတ်လှုပ်ရှားနေခြင်း။	၂၇း၈၉	၆၆၈
ကမ္ဘာမြေသည် လည်ပတ်ရာလမ်းကြောင်းပေါ်တွင် လှုပ်ရှားနေခြင်း။	၂၁း၃၄	၅၅၁
ကမ္ဘာမြေအား ဖြန့်ကြက်ခြင်းခံရမည့်အကြောင်း ကြိုတင်ဗျာဒိတ်။	၈၄း၄	၁၁၄၇
မိုးကောင်းကင်ခုနစ်ထပ်နည်းတူ ကမ္ဘာမြေလည်း ခုနစ်ထပ်ရှိ။		၁၀၄၇
နှောင်းခေတ်တွင် ကမ္ဘာမြေကြီးက မိမိ၏လျှို့ဝှက်ရာများကို အန်ထုတ်လိမ့်မည်။	၉၉း၃	၁၁၉၀
ကိုယ်ကျင့်သိက္ခာ		
တမန်တော်မြတ်ﷺသည် ကြီးကျယ်ထွတ်မြတ်သော ကိုယ်ကျင့်တရားရှင်။	၆၈း၅	၁၀၆၆
တမန်တော်မြတ်ﷺသည် အွမ္မတ်အတွက် စံပြပုဂ္ဂိုလ်။	၃၃း၂၂	၇၄၀
ကောင်းမြတ်သောကိုယ်ကျင့်တရား		
'အဒလ်'တရားမျှတမှု		
တရားမျှတမှုကိုကျင့်သုံးရန် အလ္လာဟ်က အမိန့်ပေးတော်မူ၏။	၁၆း၉၁	၄၅၇
အလ္လာဟ်သည် တရားမျှတသူတို့အား ချစ်ခင်နှစ်သက်တော်မူ၏။	၄၉း၁၀	၉၃၉
ဆွေမျိုးသားချင်းတို့နှင့်ဆန့်ကျင်ရသည်ဖြစ်စေ တရားမျှတမှုကိုကျင့်သုံးရန်။	၆း၁၅၃	၂၃၆
လူမျိုးနွယ်တစ်ခုခုအား ရန်ငြိုးထားခြင်းက အသင်တို့အား တရားမျှတမှုမှ အဟန့်အတားမဖြစ်စေလင့်။	၅း၉	၁၇၁
'မီဇာန်' ချိန်ခွင်လျှာညီမျှမှု သို့မဟုတ် တရားမျှတမှုပေါ်တွင် ရပ်တည်ခြင်း သာလျှင် အောင်မြင်မှုအတွက်အာမခံချက်။		၁၁၄၂

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
‘အဒလ်’နှင့် ‘အဲဟ်ဆာန်’ပြုရန်အမိန့်။	၁၆း၉၁	၄၅၇
‘အဒလ်’တရားမျှတမှုမှ တစ်ဆင့်တက်သော် ‘အဲဟ်ဆာန်’။	၁၆း၉၁	၄၅၇
‘အဒလ်’နှင့် ‘အဲဟ်ဆာန်’တို့ထက် တစ်ဆင့်တက်သော် ‘အီတာအိဇီလ် ကုရ်ဘာ’။	၁၆း၉၁	၄၅၇
‘အဲဟ်ဆာန်’ စေတနာအလျောက်ကျေးဇူးပြုခြင်း		
ဆွေမျိုးနီးစပ်တို့အပေါ် ကောင်းမှုပြုခြင်း။	၁၇း၂၇	၄၇၂
လျှို့ဝှက်စွာလည်းကောင်း ပွင့်လင်းစွာလည်းကောင်း ကောင်းမှုပြုရန်။	၁၃း၂၃	၄၀၉
မိမိနှစ်သက်ရာများကို ပေးလှူရန်။	၃း၉၃	၉၆
	၂း၂၆၈	၆၉
‘အဲဟ်ဆာန်’ကောင်းမှုပြုသူတို့အား အလွှာဟ်သည် ချစ်ခင်တော်မူ၏။	၂း၁၉၆	၄၇
ကျေးဇူးဂုဏ်မဖော်အပ်။	၂း၂၆၅	၆၈
‘အဲဟ်ဆာန်’ထက်အလျင် ‘အဒလ်’လို၏။	၁၆း၉၁	၄၅၇
ကောင်းမှုနှင့် ‘တက္ကဝါ’တရားတို့တွင် ကူညီကြရန်။	၅း၃	၁၆၈
ဆွေမျိုးသားချင်းတို့နှင့် ဆက်ဆံရေး။	၁၃း၂၂	၄၀၈-၄၀၉
	၂း၁၇၈	၄၂
	၃၀း၃၉	၇၁၀
	၁၇း၂၇	၄၇၂
မိဘများကို ကောင်းမွန်စွာဆက်ဆံရန်။	၄း၃၇	၁၃၀
	၁၇း၂၄	၄၇၁
	၃၁း၁၅	၇၁၉-၇၂၀
	၂၉း၉	၆၉၁
	၄၆း၁၆	၉၁၁
မိဘများအတွက် ‘ဒိုအာ’ဆုတောင်းရန်အမိန့်။	၁၇း၂၅	၄၇၁
	၄၆း၁၆	၉၁၁
သူဆင်းရဲတို့အား ကြည့်ရှုစောင့်ရှောက်ရန်။	၅၁း၂၀	၉၅၃
ဆာလောင်ငတ်မွတ်သူတို့အား ကျွေးမွေးရန်။	၉၀း၁၅	၁၁၆၆
	၇၆း၉-၁၀	၁၁၁၁
အိမ်နီးချင်းများနှင့် လက်အောက်ခံများအပေါ် ကောင်းမှုပြုခြင်း။	၄း၃၇	၁၃၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ခရီးသည်များကို ကောင်းမှုပြုခြင်း။	၂း၁၇စ	၄၂
	၁၇း၂၇	၄၇၂
	၃၀း၃၉	၇၁၀
ကိုယ်ကျိုးစွန့်ခြင်း	၅၉း၁၀	၁၀၁စ
ခွင့်လွှတ်ဥပေက္ခာပြုခြင်း		
	၂၄း၂၃	၆၀၂
ဒေါသကို မျိုသိပ်ခြင်းနှင့် သူတစ်ပါးအပေါ် အပြစ်မမြင်ခြင်း။	၃း၁၃၅	၁၀၃
ခွင့်လွှတ်ဥပေက္ခာပြုသူတို့၏အကျိုးမှာ အလွှာဟ်၏ထံတွင်ရှိ။	၄၂း၄၁	၈၇၆
ကတိတည်ခြင်း	၂း၁၇စ	၄၂
	၁၇း၃၅	၄၇၃
	၄၀း၉	၈၃စ
လူတို့အားပြုပြင်ခြင်း		
လူတို့အားပြုပြင်တည့်မတ်ခြင်း။	၄း၁၁၅	၁၄၉
ကောင်းမှုမျှားကိုစေ့ဆော်၍ မကောင်းမှုမျှားမှတားမြစ်ခြင်း။	၃း၁၀၁	၉၉
လူတို့အား သိမ်မွေ့စွာ ပြောဆိုဆက်ဆံရန်။	၂း၈၄	၂၁
ပြေငြိမ်းမှုတည်ဆောက်ခြင်း		
ပြေငြိမ်းမှုသည်သာ အကောင်းဆုံး။	၄း၁၂၉	၁၅၂
အကယ်၍ ရန်သူက ပြေငြိမ်းမှုအတွက်အသင့်ရှိလျှင် သင့်တင့်ပြေငြိမ်းမှုကိုတည်ဆောက်ရန်။	၈း၆၂	၂၉၉
အချင်းချင်း ငြိမ်းချမ်းမှုတည်ဆောက်ရန်။	၈း၂	၂၈၇
ယုံကြည်စိတ်ချရခြင်း		
'အမာနတ်'ယုံကြည်အပ်နှံမှုကို ထိုက်တန်သူအား ပေးအပ်ရန်။	၂း၂၈၄	၇၄
	၄း၁၉	၁၃၄-၁၃၅
'မို့အ်မင်န်'တို့သည် မိမိတို့၏ 'အမာနတ်'များကို ထိန်းသိမ်းကြ၏။	၇၀း၃၃	၁၀၈၂
	၂၃း၉	၅၈၃
အလွှာဟ်သည် အလွဲသုံးစားပြုသူတို့အား ချစ်ခင်နှစ်သက်တော်မမူ။	၈း၅၉	၂၉၈
	၄း၁၀၈	၁၄၈

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
တိုင်းတာချိန်တွယ်မှု မှန်ကန်ရမည်။	၁၇း၃၆	၄၇၃
လူတို့အား သူတို့၏ရပိုင်ခွင့်ထက်လျော့သော အရာဝတ္ထုများကို မပေးရ။	၂၆း၁၈၄	၆၄၅
မိဘမဲ့တို့၏ ကောင်းသောပစ္စည်းကို မကောင်းသောပစ္စည်းများဖြင့် လဲလှယ်ခြင်းမပြုရ။	၄း၃	၁၂၀
အချင်းချင်း ပစ္စည်းများကို လှည့်ဖြား၍မစားသုံးကြလင့်။	၂း၁၈၉	၄၆
ဖြောင့်မှန်ခြင်း		
ဖြောင့်မှန်သော ယောက်ျားနှင့် ဖြောင့်မှန်သော မိန်းမတို့၏ ဂုဏ်ပုဒ်များ။	၃၃း၃၆	၇၄၂
‘မို့အ်မင်န်’ယုံကြည်သူသည် မမှန်သော သက်သေထွက်ဆိုခြင်းမပြု။	၂၅း၇၃	၆၂၇
‘ကောင်လေဆဒီးဒ်’ ရှင်းလင်းဖြောင့်မတ်သောစကားကို ဆိုကြကုန်။	၃၃း၇၁	၇၅၀
လိမ်လည်မှုမှ ရှောင်ကြဉ်ရန်။	၂၂း၃၁	၅၇၁
မှန်သောသက်သေ (သက်သေလည်းရှု)		
သက်သေပြုရန်ခေါ်ဆိုခြင်းခံရပါက နှောင့်နှေးခြင်းမပြုအပ်။	၂၂၈း၃	၇၂
သက်သေခံချက်ကို ထိမ်ချန်ခြင်းသည် အပြစ်ဖြစ်၏။	၂၂၈း၄	၇၄
ဆွေမျိုးသားချင်းတို့နှင့်ဆန့်ကျင်၍ သက်သေထွက်ဆိုရမည်ဆိုပါကလည်း တရားမျှတစွာသက်သေထွက်ဆိုရမည်။	၆း၁၅၃	၂၃၆
မိဘနှင့် ဆွေမျိုးသားချင်းတို့နှင့်ဆန့်ကျင်၍ သက်သေထွက်ဆိုရမည်ဆိုပါကလည်း မဖြစ်မနေထွက်ဆိုရမည်။	၄း၁၃၆	၁၅၃
‘ဆဘာရ်’ သည်းခံမြဲမြံခြင်း		
သည်းခံမြဲမြံမှုဖြင့် ကူညီစောင်မမှုကိုတောင်းခံရန်။	၂း၄၆	၁၃
	၂း၁၅၄	၃၇
ဆင်းရဲဒုက္ခရောက်ချိန် သည်းခံမြဲမြံသူတို့အတွက် သတင်းကောင်း။	၂း၁၅-၁၅၈	၃၈
အခက်အခဲဒုက္ခများနှင့် စစ်ပွဲများတွင် သည်းခံမြဲမြံမှု။	၂း၁၇၈	၄၂
အလွှာဟ်၏ကျေနပ်နှစ်သက်မှုအတွက် သည်းခံခြင်း။	၁၃း၂၃	၄၀၉
တမန်တော် ‘အိုက်ယွတ်ဘ်’၏သည်းခံခြင်းတရား။	၃၈း၄၅	၈၁၃
တမန်တော်မြတ်ﷺ၏ သည်းခံမြဲမြံမှုကြောင့် အလွန်ကြီးကျယ်သောကံထူးမှုတစ်ရပ်ကို ပေးသနားခံရခြင်း။		၈၅၃
တမန်တော်မြတ်ﷺအား ပေးသနားခြင်းခံရသော ဉာဏ်ပညာအမြော်		

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အမြင်သို့တိုင် ရောက်ရှိရန်အတွက် လိုအပ်သောသည်းခံစောင့်စည်းမှုမျိုး တမန်တော် မူစာတွင် မရှိခဲ့။		၄၆၅
တမန်တော်မြတ်ﷺအား ရန်ဘက်ပြုသူတို့၏ ကဲ့ရဲ့ရှုတ်ချမှုများကို သည်းခံရန်အမိန့်။		၉၄၃
ကျေးဇူးသိတတ်ခြင်း		
ကောင်းကျိုးချမ်းသာအပေါ် ကျေးဇူးသိမှု၏အကျိုးအမြတ်မှာ လူသားကိုယ်တိုင်အတွက်ဖြစ်သည်။	၂၇း၄၁	၆၆၀
'နေ့အိမတ်'ကောင်းကျိုးချမ်းသာအပေါ် ကျေးဇူးသိလျှင် နောက်ထပ် 'နေ့အိမတ်'များရရှိမည်ဖြစ်ပြီး ကျေးဇူးမသိလျှင် အပြစ်ရှိမည်။	၁၄း၈	၄၁၇
'နေ့အိမတ်'ကောင်းကျိုးချမ်းသာအပေါ် ကျေးဇူးသိခွင့်ရရန် 'ဒိုအာ'။	၂၇း၂၀	၆၅၇
	၄၆း၁၆	၉၁၁-၉၁၂
ကျေးဇူးသိခြင်းသည် အလ္လာဟ်၏ ကျေနပ်နှစ်သက်မှုကိုရရှိစေရန် အကြောင်းခံ။	၃၉း၃၉	၈၂၈
'လွတ်က်မန်း'သခင်အား ပေးသနားခြင်းခံရသော ဉာဏ်ပညာအမြော်အမြင်၏ဗဟိုပြုရာမှာ 'ရှုကွရ်'ကျေးဇူးတော်ကိုသိတတ်ခြင်းဖြစ်၏။		၇၁၅
သည်းခံနိုင်စွမ်း		
အမျက်ဒေါသကို ချုပ်တည်းနိုင်ခြင်း။	၃း၁၃၅	၁၀၃
သန့်ရှင်းသပ်ရပ်ခြင်း		
အဝတ်အစားသန့်ရှင်းမှု	၇၄း၅	၁၁၀၁
မသန့်ရှင်းမှုမှ ရှောင်ကြဉ်ရန်။	၇၄း၆	၁၁၀၁
'မတ်စ်ဂျိဒ်'ဝတ်ကျောင်းများကို သန့်ရှင်းစင်ကြယ်စွာထားရှိရန်အမိန့်။	၂း၁၂၆	၃၁
	၂၂း၂၇	၅၇၁
အလ္လာဟ်သည် သန့်ရှင်းစင်ကြယ်သူတို့အား ချစ်ခင်နှစ်သက်တော်မူ၏။	၉း၁၀၈	၃၂၈
'မတ်စ်ဂျိဒ်'ဝတ်ကျောင်းသို့ သွားရောက်သည့်အခါ လှပတင့်တယ်မှုကို အတူဆောင်ယူသွားခြင်း၏ အနက်သဘော။	၇း၃၂	၂၄၈
ကိုယ်လက်နှီးနှောမှုပြုပြီးနောက် သန့်ရှင်းစင်ကြယ်မှုပြုရန်လို၏။	၅း၇	၁၇၀
စင်ကြယ်ခြင်း (ကိုယ်ကျင့်သိက္ခာကောင်းမြတ်ခြင်း)		
စင်ကြယ်သော ကိုယ်ကျင့်သီလ။	၂၃း၆-၈	၅၈၃

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
	၂၄း၆၁	၆၁၁
	၇၀း၃၀	၁၀၈၁
‘ဇနာ’၏အနီးအပါးသို့ပင် မချဉ်းကပ်လင့်။	၁၇း၃၃	၄၇၂
အိမ်ထောင်မပြုနိုင်သေးသူသည် မိမိကိုယ်ကို စောင့်ထိန်းရန်။	၂၄း၃၄	၆၀၅
‘မို့အ်မင်န်’အမျိုးသားနှင့် အမျိုးသမီးတို့သည် မျက်လွှာချထားကြရန်။	၂၄း၃၁-၃၂	၆၀၄
အလှအပဆင်ယင်ခြင်းသည် ‘ဟရာမ်’မဟုတ်။	၇း၃၃	၂၄၈
အမျိုးသမီးများ အလှအပကို အလွန်အကြူးမဖော်ပြအပ်။	၂၄း၃၂	၆၀၄
ကျိုးနွံနှိမ့်ချခြင်း		
	၃၁း၁၉	၇၂၀
‘ရာဟ်မန်’ကရုဏာတော်ရှင်၏အစေတော်များသည် ကမ္ဘာမြေပေါ်တွင် ကျိုးနွံနှိမ့်ချစွာ လျှောက်လှမ်းသွားလာကြ၏။	၂၅း၆၄	၆၂၆
အကောင်းမြင်တတ်ခြင်း	၄၉း၁၃	၉၄၀
မကောင်းသော အကျင့်စရိုက်များ		
ခိုးဝှက်ခြင်း	၅း၃၉	၁၇၈
လိမ်ညာခြင်း	၂၂း၃၁	၅၇၁
	၂၅း၇၃	၆၂၇
မကောင်းထင်မြင်ခြင်း	၄၉း၁၃	၉၄၀
	၁၇း၃၇	၄၇၃
အတင်းအဖျင်း	၄၉း၁၃	၉၄၀
	၆၈း၁၂	၁၀၆၆
	၁၀၄း၂	၁၂၀၁
ကုန်းချောခြင်း	၆၈း၁၁	၁၀၆၆
အပြစ်ရှာခြင်း	၄၉း၁၂	၉၄၀
	၆၈း၁၂	၁၀၆၆
	၁၀၄း၂	၁၂၀၁
ကဲ့ရဲ့လှောင်ပြောင်ခြင်း		
လူမျိုးတစ်မျိုး၊ လူပုဂ္ဂိုလ်တစ်ဦးအား သရော်သမှု မပြုရ။	၄၉း၁၂	၉၄၀
သူတစ်ပါးတို့အား အမည်မဖျက်ရ။	၄၉း၁၂	၉၄၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ပျော့ညံ့ခြင်း	၆၈း၁၀	၁၀၆၆
အချည်းနှီးကိစ္စများမှ ရှောင်ကြဉ်ရန်		
'မိုအ်မင်န်'တို့သည် အလဟဿကိစ္စများမှ ရှောင်ရှားကြ၏။	၂၃း၄	၅၈၃
ကရုဏာရှင်၏ အစေတော်များသည် အလဟဿကိစ္စများကို ရှောင်ရှားကြ၏။	၂၅း၃၃	၆၂၇
လွန်ကျူးခြင်း	၇း၃၂	၂၄၈
	၁၇း၂၇	၄၃၂
	၂၅း၆၈	၆၂၆
စေးနဲ့တွန့်တိုခြင်း	၄း၃၈	၁၃၀
	၅၇း၂၅	၁၀၀၆
	၅၉း၁၀	၁၀၁၈
	၆၄း၁၇	၁၀၄၅
	၄၇း၃၉	၉၂၄
'ခယာနတ်' အလွဲသုံးစားပြုခြင်း		
အလွှာဟ်အရှင်မြတ်သည် အလွဲသုံးစားပြုသူအား မချစ်မနှစ်သက်။	၄း၁၀၈	၁၄၈
မျက်စိများကို အလွဲသုံးစားပြုခြင်း။	၄၀း၂၀	၈၄၀
အလွဲသုံးစားပြုသူများဘက်မှ ရပ်တည်မှုကိုတားမြစ်ခြင်း။	၄း၁၀၆	၁၄၇
'ဟဆာဒ်' မနာလိုမရှုဆိတ်ဖြစ်ခြင်း။	၁၁း၆	၁၂၁၉
	၄း၅၅	၁၃၄
	၂း၁၁၀	၂၇
ကျမ်းမြတ်ကုရ်အာန်		
ကုရ်အာန်၏ အနာဂတ္တိဗျာဒိတ်များ။ (အနာဂတ္တိဗျာဒိတ်လည်းရှု)		
'လိုင်လတွလ်ကဒရ်'တွင် ပို့ချတော်မူခြင်း။	၉၇း၂	၁၁၈၅
'ရူဟွလ်အမီးန်'(ဂြိဗရာအီလ်)က ၎င်းကျမ်းတော်ကို တမန်တော်မြတ်ဖြစ်၏ နှလုံးအိမ်သို့ ချပေးခဲ့၏။	၂၆း၁၉၄	၆၄၆
	၁၆း၁၀၃	၄၅၉
'လောင်ဟေမာဟ်ဖူးဇ်'တွင်ရှိ၏။	၈၅း၂၃	၁၁၅၁

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ဂုဏ်ကျက်သရေနှင့်ပြည့်စုံပြီး လွန်စွာသန့်ရှင်းစင်ကြယ်သော စာရွက်များပေါ်တွင် မော်ကွန်းတင်ထား၏။	၈၀း၁၄-၁၅	၁၁၃၂
စကားလုံးတစ်ခုချင်းနှင့် အနက်အဓိပ္ပာယ်ကိုပါ လုံခြုံစွာစောင့်ရှောက်မည်ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်ထံမှ ကတိတော်။	၁၅း၁၀	၄၂၈
فِيْهَا كُتُبٌ قَيِّمَةٌ	၉၈း၄	၁၁၈၇
လွန်လေပြီးသော ကျမ်းစာများမှ အကောင်းဆုံးဖြစ်သော အဆုံးအမများကို ဤကျမ်းတော်တွင် စုစည်းထားခြင်း။	၈၇း၁၉-၂၀	၁၁၅၇
ဖုံးကွယ်လျက်ရှိသော စာအုပ်တစ်အုပ်တွင်ရှိခြင်း။	၅၆း၇၉	၉၉၆
ရေးသားထားသော ကျမ်းဖြစ်၏။	၅၂း၃	၉၅၉
'အလ်ဖူရ်ကာန်'ဖြစ်၏။	၂၅း၂	၆၀၇
'ဇီက်ရေမူဘာရက်'ဖြစ်၏။	၂၁း၅၁	၅၅၃
ဤကျမ်းတော်၏ ဆိုလိုရင်းနှင့် အနက်အဓိပ္ပာယ်တို့သည် ခေတ်ကာလ၏လိုအပ်ချက်နှင့်အညီ သက်ဆင်းကျရောက်လျက်ရှိ၏။	၁၅း၂၂	၄၃၀
အလ္လာဟ်အရှင်မြတ်က သန့်ရှင်းစင်ကြယ်သူဟု သတ်မှတ်ခံရသူတို့ထံတွင်သာ ကျမ်းမြတ်ကုရ်အာန်၏ အသိဉာဏ်စဉ်များ ဖွင့်လှစ်ခံရခြင်း။	၅၆း၈၀	၉၉၇
ဂုဏ်သရေရှိ၍ ကောင်းမြတ်သူတို့၏လက်တွင်ရှိသည်။	၈၀း၁၆-၁၇	၁၁၃၂
ကျမ်းမြတ်ကုရ်အာန်က မည်သည့်အရာကိုမျှ ဥပေက္ခာပြုထားခြင်းမရှိ။	၆း၃၉	၂၁၀
မိမိ၏အနက်အဓိပ္ပာယ်ကို ကောင်းစွာလင်းပြသောကျမ်း။	၄၃း၄	၈၈၂
ကုရ်အာန်၏ အစက်အပြောက်တစ်ခုသော်မျှ ပယ်ဖျက်ခြင်းမခံရ။	၂၊၁၀၇	၂၆
ကျမ်းမြတ်ကုရ်အာန်တွင် တိကျပြတ်သားသော မုက္ခပါဌ်တော်များနှင့် သွယ်ဝိုက်ဖွဲ့ဆိုထားသော မုက္ခပါဌ်တော်များရှိခြင်း။	၃း၈	၇၇
ကျမ်းမြတ်ကုရ်အာန်တွင် ကွဲလွဲမှုအလျှင်းမရှိ။	၄း၈၃	၁၄၁
'ဆူရာဟ်ဟူးဒ်က ကျွန်ုပ်အား အိုမင်းသွားစေခဲ့ပြီ'ဟူသော တမန်တော်မြတ်ﷺ၏ မိန့်ဆိုချက်။		၃၅၇
တမန်တော်မြတ်ﷺအား စိတ်ချမ်းမြေ့မှုဖြစ်စေသော အကောင်းဆုံးပုံဝတ္ထု။		၃၈၀
ဆူရာဟ် 'အလ်-ဂျုမုအဟ်'တွင် 'ဂျမာအ်'စုရုံးခြင်း၏ အနက်အဓိပ္ပာယ်အားလုံးကို ဖော်ပြခြင်း။		၁၀၃၄
ဆူရာဟ် 'အလ်-ဖဂျရ်'တွင် ၁၃ နှစ်ကြာ မက္ကာခေတ်ဦးကာလကို		

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ရည်ညွှန်းခြင်း။		၁၁၆၁
ကျမ်းမြတ်ကုရ်အာန်၏ နာမ်တရားဆိုင်ရာ ရတနာများကဲ့သို့ပင် လူဘဝ ရပ်တည်ရေးအတွက် ရုပ်တရားဆိုင်ရာ ရတနာသိုက်မှာလည်း မကုန်မခန်းနိုင်အောင်ရှိခြင်း။		၄၂၆
ကုရ်အာန်၏'ရှရီအတ်'ဘောင်အပြင်သို့ ထွက်သွားခြင်းအတွက်ရလဒ်။		၂၄၁
'အစ္စရာအီလ်'မျိုးနွယ်အချင်းချင်း ကွဲလွဲမှုများနှင့်စပ်လျဉ်း၍ ကျမ်းမြတ်ကုရ်အာန်က မှန်ကန်စွာ လမ်းညွှန်ထားခြင်း။	၂၇း၇၇	၆၆၆
'အဲဟ်လေကုရ်အာန်'အုပ်စုအတွက် အဖြေ။	၄း၁၅၁	၁၅၇
'ကုရ်အာန်'၏လုံခြုံရေး		
ကုရ်အာန်၏လုံခြုံရေးနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်၏ လေးနက်သော ကြေညာချက်။		၄၂၆
တမန်တော်မြတ်ﷺအား နောက်လိုက်နာခံခြင်းဖြင့် ကျမ်းမြတ်ကုရ်အာန်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အချိန်မလပ်ကြိုးပမ်းနေမည့် ပုဂ္ဂိုလ်များ စေလွှတ်ခြင်းခံကြရမည်။		၄၂၆
'ကုရ်အာန်'လုံခြုံရေးဆိုင်ရာ ရှုထောင့်တစ်ရပ်		
'အွမ်မီ'တစ်ဦးအပေါ် ၂၃ နှစ်တာကာလတွင် ကျရောက်ခဲ့သော ကုရ်အာန်သည် လုံခြုံစိတ်ချရလောက်စွာ စုစည်းနိုင်ခဲ့ခြင်း။		၁၁၀၆
'ကုရ်အာန်'တဖြည်းဖြည်းကျရောက်ခြင်းသည် ကြီးကျယ်သော တန်ခိုးပြာဋိဟာတစ်ရပ်ဖြစ်ခြင်း။		၆၁၅
စာပေအလင်္ကာမြောက်ခြင်း		
ဝေါဟာရကြွယ်၍အဓိပ္ပာယ်နက်ရှိုင်းသော ဘာသာစကားဖြင့် 'ကုရ်အာန်'ကို ပို့ချခြင်း။		၈၅၂
	၁၂း၃	၃၈၂
	၁၃း၃၈	၄၁၂
'ကုရ်အာန်'၏ကာရန်ညီညီ စာပေအလင်္ကာမြောက်ခြင်း စူးရောက်မှုဖြင့် ကဗျာဝိဓူများစွာတို့ပင် ကဗျာဖွဲ့ဆို့မှုကို စွန့်ခဲ့ကြခြင်း။		၆၂၉
စာပေအလင်္ကာမြောက်ခြင်းတို့၏ စုစည်းရာကျမ်း။		၉၅၁

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ရွတ်ဖတ်ရန် ကျင့်ဝတ်များ		
ဖတ်ရွတ်ခြင်းမပြုမီ ခိုလှုံခွင့်တောင်းခံခြင်း။	၁၆း၉၉	၄၅၉
တိတ်ဆိတ်ငြိမ်သက်စွာ နားဆင်ရန်။	၇း၂၀၅	၂၈၃
သန့်ရှင်းသောအနေအထားဖြင့် ကိုင်တွယ်ရန်။	၅၆း၈၀	၉၉၇
နံနက်မိုးသောက်ချိန်ဖတ်ရွတ်ခြင်းမှာ အထူးဂုဏ်အဆင့်ရှိခြင်း။	၁၇း၇၉	၄၈၀
ခေတ်တစ်ခေတ်တွင် မွတ်စလင်တို့သည် ကျမ်းမြတ်ကုရ်အာန်ကို စွန့်ပစ်ထားကြမည်ဆိုသည့် ကြိုတင်ဗျာဒိတ်။	၂၅း၃၀	၆၂၁
'မိုကာတွိအတ်' သဓေံပအက္ခရာစုများ		
'အလီဖ် လာမ် မီမ်'	၂း၂	၅
	၃း၂	၂၇
	၂၉း၂	၆၉၀
	၃၀း၂	၇၀၄
	၃၁း၂	၇၁၈
	၃၂း၂	၇၂၇
'အလီဖ် လာမ် မီမ် ရာ'	၁၃း၂	၄၀၄
'အလီဖ် လာမ် မီမ် ဆွာဒ်'	၇း၂	၂၄၃
'အလီဖ် လာမ် ရာ'	၁၀း၂	၃၃၆
	၁၁း၂	၃၅၈
	၁၂း၂	၃၈၂
'ဟာ မီမ်'	၄၀း၂	၈၃၇
	၄၁း၂	၈၅၅
	၄၃း၂	၈၈၂
	၄၄း၂	၈၉၄
	၄၅း၂	၉၀၀
	၄၆း၂	၉၀၉
	၄၂း၂	၈၆၉
'အိုင်န် ဆင်န် ကားဖ်'	၄၂း၂	၈၆၉
'ကားဖ် ဟာ ယာ အိုင်န် ဆွားဒ်'	၁၉း၂	၅၁၂

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
‘တွာ ဆင်နှ’	၂၇း၂	၆၅၅
‘တွာ ဆင်နှ မိမ်’	၂၆း၂	၆၃၀
	၂၈း၂	၆၇၂
‘ဆွားဒ်’	၃၈း၂	၈၀၇
‘ကားဖ်’	၅၀း၂	၉၄၅
		၉၄၃
‘နွန်(နှ်)’	၆၈း၂	၁၀၆၆
		၁၀၆၅
ကုရ်အာန်၏ ပမာဆောင်ချက်များ		
ခြင်ကောင်နှင့်ပမာဆောင်ဖော်ပြရခြင်း၏အနက်။	၂း၂၇	၈
‘မိုနာဖစ်’တို့၏ဥပမာ။	၂း၁၈	၇
အစ္စလာမ်နှင့် ဘာသာခြားတို့၏ ဥပမာ။	၁၄း၂၅-၂၇	၄၂၁
‘မူရှရီက်’နှင့် ‘မို့အ်မင်နှ်’တို့၏ဥပမာ။	၁၆း၇၆	၄၅၄
	၃၉း၃၀	၈၂၆
‘မို့အ်မင်နှ်’တို့အား ‘မရ်ယမ်’နှင့် ‘ဖီရ်အောင်၏ဇနီး’တို့ဖြင့်ပမာပြုခြင်း။	၆၆း၁၂-၁၃	၁၀၅၇
‘ကာဖဲရ်’တို့အား ‘နူးဟ်’ﷺနှင့် ‘လူးတ်’ﷺတို့၏ဇနီးများဖြင့်ပမာပြုခြင်း။	၆၆း၁၁	၁၀၅၆
‘အိပ်နေမရ်ယမ်’ နောက်တစ်ကြိမ်ပြန်လာမည့် ဥပမာ။	၄၃း၅၈	၈၈၈
မမှန်ကန်သော ကိုးကွယ်ခံတို့၏ ဥပမာ။	၂၂း၃၄	၅၃၉
အမှန်နှင့် အမှားတို့၏ ဥပမာ။	၁၃း၁၈	၄၀၈
တမန်တော်များကို ရန်ဘက်ပြုသူတို့၏ ဥပမာတစ်ရပ်။		၇၇၆
ကျေးကျွန်နှစ်ယောက်၏ဥပမာ အနက်သဘော။		၄၄၀
ဥယျာဉ်နှစ်ခု၏ဥပမာ။		၄၈၆
‘ကလေမာ တွိုင်ယေဘာ’နှင့် ‘ကလေမာ ခဘီဆာ’တို့၏ဥပမာ။	၁၄း၂၇	၄၂၁
မယုံကြည်ငြင်းပယ်သူတို့၏ နှစ်မျိုးသောဥပမာ။		၅၉၇-၅၉၈
ကတိကဝတ်		
အလ္လာဟ်နှင့်ပြုထားသောကတိကို ဖြည့်ဆည်းကြရန်။	၁၆း၉၂	၄၅၇
	၅း၂	၁၆၈
		၃၀၃

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
	၁၇း၃၅	၄၇၃
'ဘိုင်အတ်'ကတိပြုချက်အပေါ် သစ္စာရှိသူတို့အတွက် သတင်းကောင်း။	၉း၁၀၁	၃၂၉
ကတိသစ္စာစောင့်ထိန်းဖြည့်ဆည်းသူတို့၏ ဂုဏ်အဆင့်။	၃း၇၇	၉၂
ကတိစာချုပ်ကို ဖောက်ဖျက်သူတို့နှင့် ဆန့်ကျင်အရေးဆိုမှု။	၈း၅၇-၆၀	၂၉၈-၂၉၉
ကဘာရ်		
ثُمَّ اَمَاتَهُ فَاَقْبَرَهُ ၏ အလိုသဘော	၈၀း၂၂	၁၁၃၃
နောက်ဆုံးခေတ်ကာလတွင် ဂူသချိုင်းများ ဖွင့်ခြင်းခံရမည်။	၈၂း၅	၁၁၄၀
ဂူသချိုင်းများတွင် တိမ်မြုပ်လျက်ရှိသော လျှို့ဝှက်ချက်ကို ရှာဖွေသိရှိကြလိမ့်မည်။	၁၀၀း၁၀	၁၁၉၂ ၁၁၉၆
حَتّٰى زُرْتُمُ الْمَقَابِرَ ၏ ရှင်းလင်းချက်။		
ကစ်ဘလာ		
'ကစ်ဘလာ'ပြောင်းခြင်း အဓိန့်။	၂း၁၄၃	၃၅
ကြွေးမြီ		
ချေးငှားသောကြွေးမြီကို ပြန်ယူရာတွင် ငွေတိုးမယူရန်။	၂း၂၇၉	၇၂
ချေးငှားသူ၌ အခက်အခဲရှိလျှင် ရက်ဆိုင်းခွင့်ပေးရန်။	၂း၂၈၁	၇၂
ကြွေးမြီအပေးအယူကိစ္စကို စာဖြင့်ရေးသားချုပ်ဆိုရန်။	၂း၂၈၃	၇၂-၇၃
ကြွေးမြီအပေးအယူကိစ္စ ရေးသားချုပ်ဆိုရာတွင် သက်သေနှစ်ဦး၏လက်မှတ်လိုသည်။	၂း၂၈၃	၇၂-၇၃
စာချုပ်စာတမ်းရေးသူနှင့် သက်သေများအတွက် လမ်းညွှန်ချက်များ။	၂း၂၈၃	၇၂-၇၃
ကြွေးမြီချေးငှားစဉ် စာရေးမချုပ်ဆိုနိုင်လျှင် ပစ္စည်းတစ်စုံတစ်ရာကို အပေါင်ထားရမည်။	၂း၂၈၄	၇၃
ကလောင်တံ		
မင်ရည်နှင့် ကလောင်တံကို သက်သေထူတော်မူခြင်း။	၆၈း၂	၁၀၆၆
အလွှာဟ်သည် ကလောင်အားဖြင့် သင်ကြားပို့ချခြင်း။	၉၆း၅	၁၁၈၂
လူသား၏ အလုံးစုံသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လျှို့ဝှက်ချက်သည် ကလောင်၌ရှိ၏။		၁၁၈၁

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
လူသား၏ အလုံးစုံသော ဖွံ့ဖြိုးတိုးတက်မှုခေတ်သည် ကလောင်တံ၏ စိုးမိုးမှုမှ အစပြုခြင်း။		၁၀၆၅
အကယ်၍ ကမ္ဘာမြေပေါ်ရှိသမျှ သစ်ပင်အားလုံး ကလောင်တံဖြစ်သွားခဲ့လျှင်သော်မှ အလ္လာဟ်၏နှုတ်ကပါဌ်တော်များကို ရေးဖွဲ့၍မကုန်နိုင်။	၁၈း၁၁၀	၅၀၈
ကယာမတ်		
ထိုနေ့ရောက်လာမည်မှာ တစ်စုံတစ်ရာ သံသယဖြစ်ဖွယ်မရှိ။	၄း၈၈	၁၄၂
ထိုနေ့တွင် လူသားမျိုးနွယ်အားလုံးကို စုရုံးစေတော်မူမည်။	၄း၈၈	၁၄၂
	၆း၁၂၉	၂၃၀
လူသားတို့သည် တစ်ဦးချင်းစီ 'ဟရှရ်'ဖြစ်လိမ့်မည်။	၆း၉၅	၂၂၂
	၁၉း၉၆	၅၂၃
ကယာမတ်၏မြင်ကွင်းအမျိုးမျိုး။		၂၄၂
ကယာမတ်ကို ငြင်းဆိုရခြင်းအကြောင်းရင်း။		၁၁၀၅
ကောင်ဆရ်		
တမန်တော်မြတ်ﷺအား မည်သည့်အခါမျှ ကုန်ဆုံးသွားမည်မဟုတ်သော 'ကောင်ဆရ်'ကိုပေးသနားတော်မူမည့်အကြောင်း သတင်းကောင်း။		၁၂၀၈
(ခ)		
ခေလာဖတ် (ခလီဖာဟ်စနစ်)		
ခလီဖာဟ်၏ တာဝန်များ။	၃၈း၂၇	၈၁၀
ခလီဖာဟ်စနစ်၏ ကောင်းချီးမင်္ဂလာများ။	၂၄း၅၆	၆၁၀
တမန်တော်အာဒမ်ﷺကို ကမ္ဘာမြေတွင် ခလီဖာဟ်ခန့်အပ်ခြင်း။	၂း၃၁	၉-၁၀
တမန်တော်မူစာက အမျိုးသားတို့အတွင်းမှ မိမိခေတ္တာမရှိခိုက်တွင် တမန်တော် ဟာရွန်ကို ကိုယ်စားခန့်ထားခဲ့ခြင်း။	၇း၁၄၃	၂၆၉
တမန်တော်ဒါဝတ်ﷺအား ကမ္ဘာမြေတွင် ခလီဖာဟ်ခန့်ထားခြင်း။	၃၈း၂၇	၈၁၀
တမန်တော်မြတ်ﷺ၏ 'အွမ္မတ်'အုပ်စုအတွင်း ကုသိုလ်ကောင်းမှုပွားများသော ယုံကြည်သူတို့အတွက် ခလီဖာဟ်ခန့်ထားပေးမည့်အကြောင်းကတိတော်။	၂၄း၅၆	၆၁၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ခန္ဓာစ်ဟူသည်		
ပစ္စည်းမဲ့အာဏာရှင်စနစ် (ဝါ) ကွန်မြူနစ်ဝါဒသည် 'ခန္ဓာစ်'ဖြစ်ခြင်း။	၁၁၄း၅	၁၂၂၁
		၁၂၂၀
ခေတ်ကာလ		
'ယောင်းမ်'		
'ယောင်းမ်'(ညနှင့်ယှဉ်သော်)အဓိပ္ပာယ် 'နေ့'။	၃၄း၁၉	၇၅၈
	၆၉း၈	၁၀၇၃
'ယောင်းမ်' နေ့ညဟူသော အဓိပ္ပာယ်ဖြင့်။	၃း၄၂	၈၅
	၂၂း၂၉	၅၇၁
'ယောင်းမ်' အတိုင်းအတာတစ်ခုအတွင်းရှိသော ခေတ်ကာလအနက်ဖြင့်။	၆၉း၂၅	၁၀၇၅
'ယောင်းမ်' နှစ်ပေါင်းတစ်ထောင်အနက်ဖြင့်။	၂၂း၄၈	၅၇၅
	၃၂း၆	၇၂၇
'ယောင်းမ်' နှစ်ပေါင်းငါးသောင်း၏အနက်ဖြင့်။	၇၀း၅	၁၀၈၀
'ယောင်းမ်' ခေတ်/ ရှည်လျားသောကာလအနက်ဖြင့်။	၂၅း၆၀	၆၂၅
	၄၁း၁၁	၈၅၆
	၃၂း၅	၇၂၇
	၁၁း၈	၃၅၉
အလွာဟ်၏ထံတော်၌ တစ်နှစ်တွင် တစ်ဆယ့်နှစ်လရှိခြင်း။	၉း၃၆	၃၁၂
'နစီးအ်' (ဝါ) ထွတ်မြတ်သောလများကို ရှေ့နောက်ပြောင်းခြင်းမှာ 'ကုဖူရ်' လုပ်ရပ်ဖြစ်ခြင်း။	၉း၃၇	၃၁၃
(၈)		
၈၆၀ဒ် ('ဂျီဟာဒ်'လည်းရှု)		
အကယ်၍ စစ်မက်တိုက်ခိုက်သောနည်းဖြင့် တမန်တော်မြတ်၏ သာသနာကို အတင်းအဓမ္မပြောင်းလဲရန်မကြိုးစားခဲ့လျှင် ကိုယ်တော်မြတ်နှင့် ကိုယ်တော်၏နောက်လိုက်များသည်လည်း စစ်ဆင်နွှဲခဲ့ကြမည်မဟုတ်။		၂၈၅
သံ့ပန်းလက်ရပစ္စည်းများဆိုင်ရာ။	၈း၄၂	၂၉၅

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
၈၀၀–ဘဒါရ်		
'ဘဒါရ်'စစ်ပွဲတွင် မွတ်စလင်တို့သည် အလွန်အင်အားနည်းခဲ့ခြင်း။	၃း၁၂၄	၁၀၂
ထိုစဉ်က 'မိုနာဖစ်'တို့၏ရပ်တည်ချက်။	၈း၅၀-၅၁	၂၉၇
'မို့အ်မင်န်'တို့အား 'ကာဖဲရ်'များကို အရေအတွက်အနည်းငယ်အဖြစ် မြင်စေခြင်း၏သဘော။	၈း၄၄-၄၅	၂၉၅-၂၉၆
'ဘဒါရ်'စစ်ပွဲ အောင်ပွဲရခြင်းမှာ တမန်တော်မြတ်၏ 'ဒိုအာ'ဆုတောင်းများ၏ရလဒ်ဖြစ်။		၂၈၅
၈၀၀–အုဟွဒ်	၃း၁၅၃-၁၅၄	၁၀၇
တမန်တော်မြတ်က ဆွဟာဘာများကို စစ်မြေပြင်၏အချက်အချာနေရာများတွင် စခန်းချစေခြင်း။	၃း၁၂၂	၁၀၁
တမန်တော်အစ္စမာအီလ်၏ကုရ်ဘာနီကို အုဟွဒ်စစ်ပွဲတွင် တစ်ဖန် အမှတ်ရစေခြင်း။		၇၆
စစ်ပွဲကာလအတွင်း သာဝကများ သဘောထားကွဲလွဲခြင်းမှ ဆုံးရှုံးမှု။	၃း၁၅၃	၁၀၇
၈၀၀–အဟ်ဇာဘ် (ကျုံးမြောင်းစစ်ပွဲ)		
'ကာဖဲရ်'တို့သည် အဘက်ဘက်မှ တိုက်ခိုက်ခဲ့ခြင်း။	၃၃း၁၁	၇၃၈
လေကြမ်းတိုက်ခတ်ခြင်းက မယုံကြည်သူတို့ ရှုံးနိမ့်စေရန်အကြောင်းခံ။	၃၃း၁၀	၇၃၇
အလ္လာဟ်အရှင်မြတ်၏ အံ့ဖွယ်ကူညီစောင့်မမှု။		၇၃၃
အဟ်ဇာဘ်စစ်ပွဲတွင် အောင်ပွဲရမည့်အကြောင်း ကြိုတင်ဗျာဒိတ်။	၃၃း၂၃	၇၄၀
	၃၈း၁၂	၈၀၈
	၅၄း၄၆	၉၇၇
၈၀၀–တဘူးက်		
၈၀၀–ဟုနိုင်း		
အလ္လာဟ်၏အကူအညီ။	၉း၂၅	၃၁၀
တမန်တော်မြတ်နှင့် မို့အ်မင်န်တို့အပေါ် ငြိမ်းချမ်းမှုကျရောက်ခြင်း။	၉း၂၆	၃၁၀
အောင်ပွဲရခြင်း၏အကြောင်းအရာမှာ တမန်တော်မြတ်၏ 'ဒိုအာ'ဆုတောင်းပန်ထွာမှုကြောင့်သာ။		၃၀၃

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ဂိုက်ဘ်		
အလွာဟ်သည် မိမိ၏တမန်တော်များကိုသာ 'ဂိုက်ဘ်'အကွယ်ကို သိနားလည်ခွင့်ပေးတော်မူ၏။	၃း၁၈၀	၁၁၃
	၇၂း၂၇-၂၈	၁၀၉၅
ကမ္ဘာလောက၏လျှို့ဝှက်ချက်များမှ အဖုံးအကာကိုလှစ်ဟပြခြင်းမှာ စင်စစ် 'အာလေမူလ်ဂိုက်ဘ်'အရှင်ထံတော်မှသာ ဖြစ်နိုင်၏။		၄၀၂
အတိတ်နှင့်စပ်လျဉ်းသော အကွယ်၏အသိပညာ။		၃၈၀-၃၈၁
ဂျီဟာဒ်/စစ်ပွဲ (၈၀၀တ်လည်းရှု)		
ခုခံစစ်ကိုသာ ခွင့်ပြုထားခြင်း။	၂း၁၉၁-၁၉၂	၄၆
	၂၂း၄၀	၅၃၃
စစ်ဆင်နွှဲရခြင်းရည်ရွယ်ချက်မှာ ဘာသာရေးလွတ်လပ်ခွင့်အတွက်။	၂း၁၉၄	၄၃
စစ်ပွဲတွင် မည်သို့သော လွန်ကျူးမှုကိုမျှ ခွင့်မပြု။	၂း၁၉၁	၄၆
	၁၆း၁၂၃	၄၆၃
စစ်ပွဲတွင် ကတိကဝတ်များကို မဖြစ်မနေစောင့်ထိန်းရန်လိုအပ်ခြင်း။	၉း၄	၃၀၅
စစ်ပွဲတွင် ရန်သူနှင့်လည်း တရားမျှတမှုကို ကျင့်သုံးရန်လိုအပ်ခြင်း။	၅း၉	၁၇၁
အကယ်၍ ရန်သူက ပြေငြိမ်းမှုပြုလိုသော် ပြေငြိမ်းသင့်သည်။	၈း၆၂	၂၉၉
ကြောက်ရွံ့၍ပြေငြိမ်းမှုပြုခြင်းကို တားမြစ်ခြင်း။	၄၇း၃၆	၉၂၄
အုပ်စုနှစ်ခု၏စစ်ပွဲကိုဟန့်တားဖို့ စုပေါင်းကြိုးပမ်းရန် ညွှန်ကြားချက်။	၄၉း၁၀	၉၃၉
သွေးမြေကျတိုက်ပွဲများမှတစ်ပါး စစ်သုံ့ပန်းပြုရန်ခွင့်မရှိ။	၈း၆၈	၃၀၀
စစ်သုံ့ပန်းများကို စစ်လျော်ကြေးယူ၍ဖြစ်စေ ကျေးဇူးပြုသောအနေဖြင့်ဖြစ်စေ လွှတ်ပေးရန်။	၄၇း၅	၉၁၈
နိုင်ငံ၏နယ်နိမိတ်များတွင် နယ်ခြားစောင့်တပ်များချထားရန်။	၃း၂၀၁	၁၁၈
တတ်နိုင်သည်နှင့်အမျှ စစ်အတွက်ပြင်ဆင်မှုပြုထားရန်လိုအပ်။	၈း၆၁	၂၉၉
ရဲရင့်ပြတ်သားစွာ ရင်ဆိုင်တိုက်ပွဲဝင်ရမည်။	၈း၅၈	၂၉၈
အလွာဟ်၏လမ်းတော်တွင် တိုက်ခိုက်သောစစ်ပွဲ၌ ကျဆုံးသူတို့သည် 'ရှဟီးဒ်' သာသနာ့အာဇာနည်ဖြစ်၏။	၃း၁၄၁	၁၀၄
အလွာဟ်၏လမ်းတော်တွင် စစ်ဆင်နွှဲရာ၌ သည်းခံမြဲမြံမှုရှိရန် အလွန်အရေးကြီးခြင်း။	၃း၁၄၂	၁၀၄-၁၀၅

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အလ္လာဟ်၏လမ်းတော်တွင် 'ရှဟီးဒ်'ဖြစ်သူများ၏ဂုဏ်အဆင့်။	၂း၁၅၄	၃၇
	၃း၁၇၀	၁၁၁
ရန်သူတို့နှင့်ဖြစ်ပွားသော ကြောက်မက်ဖွယ်စစ်ပွဲများနှင့် ယင်းကို အကြောင်းပြု၍ ပေါ်ပေါက်လာသောအခက်အခဲများအတွက် ကုထုံး။		၁၁၉
တမန်တော်မြတ်ﷺနှင့် သာဝကတော်များ၏ ခုခံစစ်ပွဲများအကြောင်း။		၁၁၉၁
အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် ဂျီဟာဒ်ဆင်နွှဲရန်အမိန့်။	၂၂း၇၉	၅၈၀
စိတ်ဝိညာဉ်အပေါ်ပြုသော ဂျီဟာဒ်နှင့် ယင်း၏အသီးအပွင့်များ။	၂၉း၇၀	၇၀၁
'ကုရ်အာန်'ဖြင့် ဂျီဟာဒ်ပြုခြင်းသည် ကြီးကျယ်သော ဂျီဟာဒ်ဖြစ်၏။	၂၅း၅၃	၆၂၄
ပစ္စည်းဥစ္စာဖြင့်ပြုသော ဂျီဟာဒ်။	၈း၇၃	၃၀၁
ဓားလက်နက်ဖြင့်ပြုသော ဂျီဟာဒ်။	၂၂း၄၀	၅၇၃
		၅၆၄
စစ်တိုက်ရန် ပြဋ္ဌာန်းခြင်း။	၂း၂၁၇	၅၂
	၂၂း၇၉	၅၈၀
	၉း၇၃	၃၂၁
အလ္လာဟ်၏လမ်းတော်တွင် စစ်ပွဲဆင်နွှဲသူတို့အား အလ္လာဟ်သည် ချစ်ခင်နှစ်သက်တော်မူ၏။	၆၁း၅	၁၀၃၁
ဂျီဟာဒ်အတွက် စီစဉ်ထားသော မြင်းများ၏နဖူးပေါ်တွင် 'ကယာမတ်' တိုင်အောင် ကောင်းချီးမင်္ဂလာတော်များရှိခြင်း။		၈၀၅
ဂျီဟာဒ်တွင်ပါဝင်ရသော မြင်းများအကြောင်း။	၁၀၀း၂-၆	၁၁၉၂
စစ်တိုက်နေရသောအနေအထားတွင် ရန်သူသံ့ပန်းများကို ကျေးဇူးပြု၍ သို့မဟုတ် လျော်ကြေးယူ၍ လွှတ်ပေးရန်။	၄၇း၅	၉၁၈
စစ်ပွဲတွင် ဖမ်းဆီးခံရသူတို့နှင့်စပ်ဆိုင်သော တာဝန်များ။	၂၄း၃၃-၃၄	၆၀၅
သက်ဝင်ယုံကြည်သူတို့အား သာသနာတော်မှ စွန့်ခွာသွားစေရန် အတင်းအဓမ္မပြုသူတို့နှင့် စစ်ဆင်နွှဲခွင့်ပြုခြင်း။	၂း၁၉၄	၄၇
	၂း၂၁၈	၅၂
	၈း၄၀	၂၉၄
ထွတ်မြတ်သောလများတွင် ခုခံစစ်ကို ခွင့်ပြုခြင်း။	၂း၁၉၅	၄၇
	၂း၂၁၈	၅၂

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
'မတ်စ်ကျီဒေဟရာမ်'ဝတ်ကျောင်းတော်အနီး တိုက်ခိုက်ခြင်း။	၂း၁၉၂	၄၆
ဆင်းရဲနွမ်းပါးကြလင့်ကစား ဂျီဟာဒ်တွင်ပါဝင်ရန် သာဝကများ၏ စိတ်ဓာတ်အားမာန်။	၉း၉၂	၃၂၅
နေထိုင်မကောင်းသူများနှင့် မသန်မစွမ်းသူများအတွက် လွတ်ငြိမ်းခွင့်။	၄၈း၁၈	၉၃၁
တမန်တော်မြတ်ﷺအားငြင်းပယ်ကန့်ကွက်မှု၏ရလဒ်အဖြစ် ကြောက်မက်ဖွယ် စစ်ပွဲများဖြစ်ပွားမည့်အကြောင်း။		၅၆၃
လောက၏စစ်ပွဲဟူသမျှသည် ပစ္စည်းဥစ္စာအတွက်သာဖြစ်ခြင်း။		၁၁၉၆
ကမ္ဘာစစ်တစ်ခုပြီးလျှင် နောက်ကမ္ဘာစစ်တစ်ခုက ဖျက်ဆီးသုတ်သင်မှုအသစ်များကို ယူဆောင်လာလိမ့်မည်။		၈၉၃
အစ္စလာမ်ကိုဆန့်ကျင်၍ စစ်မီးမွှေးသူတို့သည် ကျိုးယုတ်ရှက်ရဖြစ်ကြရမည်။		၁၂၁၄
အနာဂတ်စစ်ပွဲများ		
နှောင်းခေတ်တွင်ရင်ဆိုင်ရမည့် စစ်ပွဲများကို သက်သေထူတော်မူခြင်း။	၅း၁-၄	၉၅၂
အနာဂတ်စစ်ပွဲများတွင် ရေငုပ်သင်္ဘောများအသုံးပြုခဲ့။	၃၉း၂-၅	၁၁၂၃ ၁၁၂၅
အဏုမြူစစ်ပွဲများတွင် ကောင်းကင်ယံမှ ရေဒီယိုသတ္တိကြွလှိုင်းများကျရောက်လိမ့်မည်။		၁၁၁၆
အနာဂတ်စစ်ပွဲများမှာ မျက်နှာသုံးဘက်ဖွင့် စစ်ပွဲများဖြစ်လိမ့်မည်။	၃၇း၃၁	၁၁၁၈ ၁၁၁၅
ဂျင်နီ		
ဂျင်နီနှင့် လူသားကို အလွှာဟ်က မိမိအား ဝတ်ပြုကိုးကွယ်ရန် ဖန်ဆင်းတော်မူခြင်းဖြစ်၏။	၅၁း၅၃	၉၅၆
'အီဘလိစ်'သည် 'ဂျင်နီ'များအနက်မှဖြစ်ခြင်း။	၁၈း၅၁	၄၉၈-၄၉၉
တမန်တော်မြတ်ﷺနှင့်တွေ့ဆုံရန် 'ဂျင်နီ'အဖွဲ့တစ်ဖွဲ့လာရောက်ခြင်း။	၄၆း၃၀	၉၁၅
တမန်တော်မြတ်ထံ 'ဂျင်နီ'များရောက်ရှိလာပြီး ကျမ်းမြတ်ကုရ်အာန်ကို နာကြားကြလျက် ခံစားချက်ဖြစ်ခဲ့ကြခြင်း။	၇၂း၂	၁၀၉၂
တမန်တော်မြတ်ထံလာရောက်တွေ့ဆုံခဲ့သော ဂျင်နီများမှာ မျိုးနွယ်စုတစ်စု၏ ခေါင်းဆောင်များဖြစ်ခြင်း။		၁၀၉၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ဂျင်နှတို့သည် မိမိတို့၏အမျိုးသားများထံ ပြန်ရောက်ကြလျက် သူတို့အား		
တမန်တော်မြတ်ဘုရားကို ယုံကြည်လက်ခံကြရန် နှိုးဆော်ခြင်း။	၄၆း၃၂-၃၃	၉၁၅
ယခုတွင် အလွှာဟ်အရှင်မြတ်သည် မည်သူကိုမျှ စေလွှတ်တော်မူမည်		
မဟုတ်တော့ဟု ဂျင်နှများ၌လည်း ယုံကြည်ချက်ရှိခဲ့ကြခြင်း။	၇း၈	၁၀၉၂
ဂျင်နှနှင့် လူသားတို့၏ လူမှုဘဝ။	၅၅း၃၄	၉၈၄
ဂျင်နှများမှ ကင်းလွတ်ရန် ခိုလှုံခြင်း 'ဒိုအာ'။	၁၁၄း၇	၁၂၂၁
တမန်တော်'ဒါဝတ်'ကိုနောက်လိုက်နာခံသော ဂျင်နှများ။	၂၇း၄၀	၆၆၀
တမန်တော် ဆူလိုင်မန်ကိုနောက်လိုက်နာခံသော ဂျင်နှများ။	၃၄း၁၃	၇၅၆
ဂျင်နှများနှင့် လူသားများ၏ အပြန်အလှန်ပတ်သက်မှု။	၆း၁၂၉	၂၃၀
ဂျင်နသည် အလွန်ပူပြင်းသော လေ၏မီးဖြင့် ဖန်ဆင်းခံရခြင်း။	၁၅း၂၈	၄၃၀
ဂျင်နှများဟူသည် ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ်များလည်းဖြစ်နိုင်။		၉၇၉
ဂျင်နှများဟူသည် လုံ့လစိုက်သော တောင်ပေါ်သားများ။	၂၇း၄၀	၆၆၀
ဂျန္ဒတ်		
ထာဝရဖြစ်၍ မပြတ်မစဲသောအရာ။	၁၁း၁၀၉	၃၇၇
ဂျန္ဒတ်နှင့် ဂျဟန္နမ်တို့ကို ရုပ်သဘောယူခြင်းမှာ မမှန်။		၉၉၉
ဂျန္ဒတ်သည် ကောင်းကင်ယံ၏ သီးခြားနေရာတွင်ရှိသည်မဟုတ်။	၃း၁၃၄	၁၀၃
အကယ်၍ ဂျန္ဒတ်သည် စကြဝဠာတစ်ခုလုံးတွင် ဖြန့်ကြက်နေသည်ဆို		
လျှင် 'ဂျဟန္နမ်'က အဘယ်မှာနည်း- တမန်တော်မြတ်၏အဖြေ။		၉၉၉
မောက်မာပလွားသူသည် ဂျန္ဒတ်သို့ ဝင်ရမည်မဟုတ်။	၇း၄၁	၂၅၀
ဂျန္ဒတ်မှ ထွက်ခွာရခြင်း၏ အနက်သဘောအမှန်။		၂၄၁
ငရဲသားနှင့် ဂျန္ဒတ်သားတို့ကို နှိုင်းယှဉ်သုံးသပ်ခြင်း။		၁၁၄၂
ဂျန္ဒတ်သားတို့၏ အထူးဂုဏ်ပုဒ်များ။		၁၁၁၀
ဂျန္ဒတ်သားတို့အား ပုံဆောင်ဖော်ပြချက်။		
ဂျန္ဒတ်ကို ပုံဆောင်ဖော်ပြခြင်း။		၉၈၀
နောက်ဆုံးခေတ်တွင် ဂျန္ဒတ်ကို 'မွတ္တကီ'တို့နှင့် နီးကပ်စေတော်မူမည်။	၅၀း၃၂	၉၄၈
ဂျဟန္နမ် (ငရဲ)		
ထာဝရမဟုတ်။	၁၁း၁၀၈	၃၇၇
နှလုံးသားများကို စွဲလောင်မည့်မီး။	၁၀၄း၇-၈	၁၂၀၁

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ယင်း၏လောင်စာမှာ လူသားနှင့် ကျောက်ခဲများဖြစ်အံ့။	၂း၂၅	၈
မမှန်သောကိုးကွယ်ခံများနှင့် ယင်းတို့အား ကိုးကွယ်သူတို့သည် ဂျဟန္နမ်၏ လောင်စာဖြစ်အံ့။	၂း၉၉	၂၄
ငရဲသားတို့၏ အစာနှင့် ယင်း၏လက္ခဏာများ။	၈း၇	၁၁၅၉
		၁၁၅၈
	၅၆း၅၃	၉၉၅
	၅၅း၄၅	၉၈၅
	၅၆း၅၄-၅၆	၉၉၅
	၆း၇၁	၂၁၆
	၄၇း၁၆	၉၂၀
	၆၉း၃၇	၁၀၇၅-၇၆
	၇း၂၅-၂၆	၁၁၂၃
ဂျဟန္နမ်၏ ကောင်းကင်တမန် တစ်ဆယ့်ကိုးပါး၏ အနက်သဘော။	၇၄း၃၁-၃၂	၁၁၀၂-၀၃
		၁၁၀၀
လူပုဂ္ဂိုလ်တိုင်း ဂျဟန္နမ်ကို ဖြတ်သန်းကြရမည်ဆိုသည့် အနက်သဘော။	၁၉း၇၂	၅၂၁
သူတော်ကောင်းများသည် ယင်း၏ တိုးညှင်းသောလေသံမျှကိုပင် ကြားရမည်မဟုတ်။	၂၁း၁၀၃	၅၆၁
ငရဲသားတို့သည် သေမည်လည်းမဟုတ်၊ ရှင်မည်လည်းမဟုတ်။	၇း၁၄	၁၁၂၂
ငရဲသားနှင့် ဂျန္နတ်သားတို့အား နှိုင်းယှဉ်သုံးသပ်ခြင်း။	၈၃း၈-၃၇	၁၁၄၃-၁၁၄၅
'ဂျန္နတ်'နှင့် 'ဂျဟန္နမ်'တို့ကို ရုပ်သဘောယူခြင်းမှာ မမှန်။		၉၉၉
'ဂျန္နတ်'သည် စကြဝဠာတစ်ခုလုံးတွင် ဖြန့်ကြက်လျက်ရှိသည်ဆိုပါက 'ဂျဟန္နမ်' အဘယ်မှာနည်း- တမန်တော်မြတ်၏အဖြေ။		၉၉၉
ငရဲသားတို့အကြောင်း ခိုင်းနှိုင်းဖော်ပြချက်။		၉၈၉
ဂျဟန္နမ်ကို ပုံဆောင်ဖော်ပြခြင်း။		၉၈၀
သာသနာမဲ့လူသားသည် ဂျဟန္နမ်၏လောင်စာဖြစ်ပေအံ့။		၉၄၃
عليها تسعة عشر ၏ ဆိုလိုရင်းသဘော။		၁၁၀၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
(ဃ)		
'ဂငယ်'အက္ခရာတွင်ရှု		
(င)		
ငရဲ (ဂျဟန္နမ်တွင်ရှု)		
ငှက်များ		
ငှက်များကို အလွန်အံ့သြဖွယ် ဖန်ဆင်းထားခြင်း။		၄၄၀
ငှက်များ၏ 'ဆွလာတ်'နှင့် 'တာစ်ဘီ'။	၂၄း၄၂	၆၀၇
နာမ်တရားဆိုင်ရာ ငှက်များအကြောင်း။		၁၀၅၈
တမန်တော် အစ်ဗရာဟင်မ်ﷺအား ငှက်လေးကောင်ကို ယဉ်ပါးအောင် သင်ပြရန်အမိန့်။	၂း၂၆၀	၆၇
တမန်တော်အီစာﷺက ငှက်များကိုဖန်ဆင်းခြင်း၏ အနက်သဘော။	၃း၅၀	၈၇
	၅း၁၁၀	၁၉၆
ဒါဝတ်ﷺအတွက် ငှက်များကို နာခံအလုပ်အကျွေးပြုစေခဲ့ခြင်း။	၃၈း၂၀	၈၀၉
	၂၁း၈၀	၅၅၇
ဆူလိုင်မန်ﷺ၏ ငှက်တပ်ဖွဲ့။	၂၇း၁၈	၆၅၇
ငှက်များ၏ဘာသာစကားဟူသည်။		၆၅၀
ကာအ်ဘာကျောင်းတော် လုံခြုံရေးငှာ 'အဘာဘီလ်'ငှက်များကို စေလွှတ်တော်မူခြင်း။	၁၀၅း၄	၁၂၀၃
ဂျန္နတ်သားတို့အတွက် ငှက်၏အသား။	၅၆း၂၂	၉၉၃
(စ)		
စကြဝဠာကမ္ဘာအပေါင်းကို ဖန်ဆင်းတော်မူခြင်း		
ကမ္ဘာမြေနှင့် မိုးကောင်းကင်		
ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့အပြင် ယင်းနှစ်ခုအကြားတွင်ရှိသည်တို့ကို ကစားခုံစားရာအဖြစ် ပြုလုပ်ထားသည်မဟုတ်။	၂၁း၁၇	၅၄၉
အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုနှင့် လူသား၏ တီထွင်ဖန်တီးမှုတွင် ကွာခြားချက်။	၅၆း၅၈-၇၄	၉၉၅-၉၉၆

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
		၉၈၉-၉၉၁
အလွှာဟ်အရှင်မြတ်သည် ကမ္ဘာမြေနှင့် မိုးကောင်းကင်ကို ဖန်ဆင်းခြင်းကြောင့် ပင်ပန်းသည်မရှိ။	၄၆း၃၄	၉၁၆
		၉၀၇
အလွှာဟ်သည် ဤကမ္ဘာလောကကဲ့သို့ နောက်ထပ် လောကများကို ဖန်ဆင်းရန် တန်ခိုးစွမ်းအားရှိ၏။	၁၇း၁၀၀	၄၈၃
မိုးကောင်းကင် ခုနစ်ထပ်နှင့် ကမ္ဘာမြေ ခုနစ်ထပ်။	၆၅း၁၃	၃၀၅၁
စကြဝဠာ၏ ကနဦးအခြေအနေ။	၂၁း၃၁	၅၅၁
	၄၁း၁၂	၈၅၆
မရှိရာမှ ရှိရာသို့။		၄၀၃
အစပိုင်းတွင် စကြဝဠာသည် ခိုင်ခဲ့စွာ အလုံပိတ်ထားသော ဘောလုံးတစ်ခုသဖွယ်ဖြစ်ခြင်း။	၂၁း၃၁	၅၅၁
စကြဝဠာသည် ထာဝစဉ် ပြန့်ကားဖြန့်ကြက်လျက်ရှိခြင်း။	၅၁း၄၈	၉၅၅-၉၅၆
မမြင်နိုင်သော ထောက်တိုင်များဖြင့် တည်ထားသည့် စကြဝဠာစနစ်။	၃၁း၁၁	၇၁၉
မိုးကောင်းကင် ခုနစ်ထပ်ကို အဆင့်ဆင့်ဖန်ဆင်းခြင်း။	၆၇း၄	၁၀၆၀
	၇၁း၁၆	၁၀၈၇
ခေတ်ကာလခြောက်ခုတွင် ဖန်ဆင်းခြင်း။	၇း၅၅	၂၅၃
	၁၀း၄	၃၃၆
	၁၁း၈	၃၅၉
	၂၅း၆၀	၆၂၅
	၃၂း၅	၇၂၇
	၅၇း၅	၁၀၀၁
မိုးကောင်းကင်ခုနစ်ထပ်ကို ခေတ်နှစ်ခေတ်တွင် ဖန်ဆင်းခြင်း။	၄၁း၁၃	၈၅၆
ကမ္ဘာမြေကြီးကို ခေတ်ကြီးနှစ်ခေတ်တွင်ဖန်ဆင်းခြင်း။	၄၁း၁၀	၈၅၆
ကောင်းကင်ယံကို မီးအိမ်များနှင့် လုံခြုံမှုပေးသော ပစ္စည်းများဖြင့် တန်ဆာဆင်ထားခြင်း။	၄၁း၁၃	၈၅၆
အနီးဆုံး ကောင်းကင်ယံကို ဂြိုဟ်နက္ခတ်များဖြင့် တန်ဆာဆင်ထားခြင်း။	၃၇း၇	၇၉၀
	၆၇း၆	၁၀၆၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ဂြိုဟ်နက္ခတ်တာရာများကို ဖန်ဆင်းခြင်း။	၂း၃၁	၅၅၁
ကောင်းကင်ဂြိုဟ်နက္ခတ်များ၏ လှည့်ပတ်သွားလာမှုစနစ်။	၃၆း၄၁	၇၈၂
မိုးကောင်းကင်၏ လမ်းများအကြောင်း ကြိုတင်ဗျာဒိတ်။	၅း၈	၉၅၂
		၉၅၀
မိုးကောင်းကင်ယံ၌ လမ်းကြောင်းခုနစ်သွယ်။	၂၃း၁၈	၅၈၄
နေနှင့် လ၊ နေ့နှင့် ညတို့ကို ဖန်ဆင်းခြင်း။	၂း၃၄	၅၅၁
အမှောင်နှင့် အလင်းကို ဖန်ဆင်းခြင်း။	၆း၂	၂၀၃
ညဉ့်နှင့် နေ့ အကူးအပြောင်းတွင် အသိညာဏ်ရှိသူတို့အတွက် နိမိတ်လက္ခဏာ။	၂း၁၆၅	၃၉
	၃း၁၉၁	၁၁၆
	၁၀း၇	၃၃၇
‘ရီဇီက်’ရိက္ခာသည် ကောင်းကင်နှင့်ဆက်စပ်နေခြင်း။	၁၀း၃၂	၃၄၂
မိုးကောင်းကင်များ ဖွင့်ခြင်းခံရမည်။	၇း၂၀	၁၁၂၃
မိုးကောင်းကင်တွင် အပေါက်များ။	၇၃း၁၀	၁၁၁၇
မိုးကောင်းကင် အက်ကွဲခြင်း။	၈၂း၂	၁၁၄၀
မိုးကောင်းကင် အရေခွာခြင်းခံရမည်ဆိုသည့် အနက်သဘော။	၈း၁၂	၁၁၃၇
		၁၁၃၅
ကောင်းကင်ယံတွင် အခိုးအငွေ့များထွက်ပေါ်လာလျက် ယင်းသည်လူတို့အား ဖုံးအုပ်လိုက်ပေမည်။	၄၄း၁၁-၁၂	၈၉၅
မိုးကောင်းကင်သည် ပြင်းထန်စွာ လှုပ်ခါလိမ့်မည်။	၅၂း၁၀	၉၅၉
ကြယ်နက္ခတ်စုများရှိသော မိုးကောင်းကင်။	၈၅း၂	၁၁၅၀
သည်းထန်စွာရွာသွန်းမည့် မိုးတိမ်များရှိသော ကောင်းကင်ယံ။	၆း၇	၂၀၄
	၈၆း၁၂	၁၁၅၃
အရာဝတ္ထုတိုင်းကို ဖန်ဆင်းခြင်းနှင့်အတူ အရည်အသွေးများလည်းထည့်သွင်းသတ်မှတ်ခြင်းခံရ၏။	၂၅း၃	၆၁၇
သက်ရှိဘဝဟူသမျှကို ရေဖြင့်အခြေခံထားခြင်း။	၁၁း၈	၃၅၉
အလွာဟ်၏ထံတော်တွင် လများ၏အရေအတွက်မှာ တစ်ဆယ့်နှစ်လဖြစ်၏။	၉း၃၆	၃၁၂

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ဤသည့် မဟာစကြဝဠာတွင် ချို့တဲ့မှု တစ်စုံတစ်ရာမျှမရှိ။	၆၇း၄	၁၀၆၀
		၁၀၅၈
		၅၄၄
		၉၄၃
စကြဝဠာ၏လျှို့ဝှက်နက်နဲမှုများကို သိပ္ပံပညာရှင်တို့အပေါ် ၎င်းတို့၏ ကြိုးပမ်းရှာဖွေမှုအရလည်းကောင်း တမန်တော်များအပေါ် အလ္လာဟ်၏ တိုက်ရိုက်အသိပေးမှုအရလည်းကောင်း ဖွင့်လှစ်ပေးခြင်းခံရ၏။	၆း၇၆	၂၁၈
စကြဝဠာ၏လျှို့ဝှက်ချက်များကို လှစ်ဟဖော်ပြခြင်းမှာ အကွယ်မှအရာ အလုံးစုံကိုသိတော်မူသောအရှင်ထံတော်မှသာ ဖြစ်နိုင်ပေသည်။		၄၀၂
စကြဝဠာ ဖြန့်ကြက်ခြင်း။		၉၉၀-၉၉၁
စကြဝဠာ၏အစွန်အဖျားရှိ ဂလက်စီများသည်လည်း လူသားအပေါ် တစ်နည်းတစ်ဖုံ သက်ရောက်မှုရှိခြင်း။		၇၁၅
ကုရ်အာန်တွင် စကြဝဠာ၏သက်တမ်း လျှို့ဝှက်ချက်ကို ရင်သပ်အံ့သြဖွယ်တွေ့ရှိရခြင်း။		၇၂၅
လက်ရှိ စကြဝဠာ၏သက်တမ်း။		၁၀၇၈
လောကရှိအရာဝတ္ထုဟူသမျှ ပျက်စီးချုပ်ငြိမ်းရမည်သာ။	၅၅း၂၇	၉၈၃
ဤစကြဝဠာကြီးသည် မရှိခြင်းအခြေအနေသို့ နစ်မြုပ်ပျောက်ကွယ်သွားမည်ဖြစ်ပြီး ယင်းမှတစ်ဖန် စကြဝဠာသစ် ဖန်ဆင်းခံရမည်။		၁၄၅
အလ္လာဟ်အရှင်မြတ်၏ယာလက်တွင် ကမ္ဘာလောက လိပ်သိမ်းခြင်းခံရမည်ဆိုသည်၏ အနက်သဘော။	၃၉း၆၈	၈၃၂-၈၃၃
ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့သည် မိမိတို့၏လမ်းကြောင်းပေါ်တွင် အလိုအလျောက် တည်နေကြသည်မဟုတ်။		၇၆၆
ကောင်းကင်တမန်တို့၏တောင်ပံများဟူသည် ဒြပ်တို့၏အခြေခံ Valencies လေးမျိုးဖြစ်သည်။		၇၆၅
လောကရှိအရာဝတ္ထုတိုင်းသည် အစုံလိုက်ရှိခြင်း။	၃၆း၃၇	၇၈၂
Matter ဒြပ်တို့တွင်လည်း ဖို/မ စုံတွဲရှိ၏။		၇၇၇
ဓာတုတုံ့ပြန်မှုများ၏ရလဒ်ဖြင့် သိပ္ပံပညာရှင်များက Carbon base life ဟုခေါ်သော ဘဝဖြစ်တည်မှုပေါ်ပေါက်လာ၏။		၇၆၅

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
စကြဝဠာတွင် သွားလာလှုပ်ရှားသော သက်ရှိများရှိနေပြီး တစ်ချိန်ချိန်တွင် ကမ္ဘာမြေမှသက်ရှိများနှင့် ပေါင်းစည်းခြင်းခံရလိမ့်မည်။	၄၂း၃၀	၈၇၅ ၈၆၇
မိုးကောင်းကင်နှင့် ပင်လယ်သမုဒ္ဒရာတို့၏အကြား ရေ၏နာခံအလုပ်အကျွေးပြုပုံ။		၉၅၈
ကမ္ဘာမြေတွင် ရေ၏အားကြီးသောစနစ်။		၄၀၂
ကမ္ဘာမြေမှ ရေခန်းခြောက်သွားမည့် အနေအထားနှစ်ရပ်။		၅၈၁
ဘဝ၏ပုံစံအနေအထားဟူသမျှ ကောင်းကင်မှ ရွာသွန်းသော မိုးရေဖြင့် အကျိုးခံစားရယူခြင်း။		၇၆၆
စကြဝဠာတွင် ဆွဲငင်အားစနစ်။		၄၀၂
တစ်ခုထက်ပိုသော အရှေ့အရပ်။	၇၀း၄၁	၁၀၈၂ ၇၈၈
ကမ္ဘာဦးက ဗိုင်းရပ်စ်နှင့် ဘက်တီးရီးယားများသည် ကောင်းကင်မှ ကျရောက်သော ရေဒီယိုသတ္တိကြွလှိုင်းများ၏ အကျိုးဆက်ဖြင့် ပေါက်ဖွားလာခဲ့ခြင်း။		၉၇၉
စီးပွားရေးစနစ် (လူမှုစီးပွားရှု)		
(ဆ)		
ဆစ်ဒရာဟ်		
တမန်တော်မြတ်ဟူသည် 'ဆစ်ဒရတွလ်မွန်တဟာ'အထိ ရောက်ရှိခြင်း။	၅၃း၁၅	၉၆၇
'ဆစ်ဒရတွလ် မွန်တဟာ'၏ အနက်သဘော။		၉၆၅
'ဆွလာတ်'ဝတ်ပြုမှု (ဒိုအာလည်းရှု)		
'ဆွလာတ်'ဝတ်ပြုတည်ဆောက်ရန် အမိန့်။	၂း၄၄ ၂း၁၁၀ ၁၄း၃၂	၁၂ ၂၇ ၄၂၂
သတ်မှတ်ထားသောအချိန်များကိုလိုက်နာ၍ 'ဆွလာတ်'ဝတ်ပြုရန် တာဝန်ပြဋ္ဌာန်းခြင်း။	၄း၁၀၄	၁၄၇
'မွတ္တကီ'တို့သည် 'ဆွလာတ်'ကို မြဲမြံစွာတည်ဆောက်ခြင်း။	၂း၄	၅

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
‘ဆွလာတ်’ဝတ်ပြုမှုသည် ကြီးမားသော ကုသိုလ်ကောင်းမှုဖြစ်ခြင်း။	၂း၁၇၈	၄၂
အလယ်အလတ်ကျသော ‘ဆွလာတ်’ကိုစောင့်ထိန်းရန်နှိုးဆော်ခြင်း။	၂း၂၃၉	၆၀
‘ဆွလာတ်’၏ဦးတည်ချက်မှာ ‘ဇီက္ကရေအီလာဟီ’ဖြစ်သည်။	၂၀း၁၅	၅၂၇
သည်းခံမြဲမြံခြင်းနှင့် ‘ဆွလာတ်’ဝတ်ပြုခြင်းတို့ဖြင့် (အရှင်မြတ်ထံတော်မှ) အကူအညီတောင်းခံရန်။	၂း၄၆	၁၃
	၂း၁၅၄	၃၇
စစ်မှန်သော ‘ဆွလာတ်’သည် အရှက်ကင်းမဲ့မှုနှင့် မနှစ်မြို့ဖွယ်ကိစ္စ ဟူသမျှမှ အဟန့်အတားပြုပေး၏။	၂၉း၄၆	၆၉၇
‘မို့အ်မင်န်’ယုံကြည်သူတို့၏ နာမ်တရားဆိုင်ရာဘဝသည် ‘ဆွလာတ်’ ဝတ်ပြုခြင်းပေါ်တွင်သာ လုံးလုံးလျားလျား တည်မှီ၏။		၇၁၅
စစ်မှန်သော‘မို့အ်မင်န်’တို့၏သင်္ကေတတစ်ခု- ‘ဆွလာတ်’စွဲမြဲမှု။	၇၀း၂၄	၁၀၈၁
‘မို့အ်မင်န်’တို့သည် မိမိတို့၏‘ဆွလာတ်’ကို စောင့်ထိန်းကြ၏။	၂၃း၁၀	၅၈၃
‘မို့အ်မင်န်’သည် ကျိုးနွံနှိမ့်ချစွာဖြင့် ‘ဆွလာတ်’ဝတ်ပြု၏။	၂၃း၃	၅၈၃
ရောင်းဝယ်ဖောက်ကားမှုက နာမ်တရားဆိုင်ရာ ကြီးမြတ်သော ပုဂ္ဂိုလ်တို့အား ‘ဆွလာတ်’ဝတ်ပြုမှုကို မေ့လျော့ပေါ်ဆအောင်မပြုနိုင်။	၂၄း၃၈	၆၀၆
မိန်းမော၍သတိမရှိသောအခြေအနေတွင် ‘ဆွလာတ်’ဝတ်မပြုရ။	၄း၄၄	၁၃၁
တမန်တော်အားလုံး ‘ဆွလာတ်’ဝတ်ပြုတည်ဆောက်ရန် အမိန့်ပေးခြင်း။	၂၁း၇၄	၅၅၆
တမန်တော် အစ်ဗရာဟင်မ်က မိမိ၏မျိုးဆက်အတွက် ‘ဆွလာတ်’ ဝတ်ပြုတည်ဆောက်ရန် ဒိအာ။	၁၄း၃၈	၄၂၃
	၁၄း၄၁	၄၂၃
‘အစ္စရာအီလ်’အမျိုးသားတို့ထံမှဆွလာတ်တည်ဆောက်ရန်ကတိယူခြင်း။	၅း၁၃	၁၇၂
	၁၀း၈၈	၃၅၁-၃၅၂
ရှိုင်တန်မိစ္ဆာက ‘ဆွလာတ်’ကိုရှောင်လွှဲရန်ကြိုးပမ်းခြင်း။	၅း၉၂	၁၉၁
‘ဆွလာတ်’ဝတ်ပြုခြင်းသည် ကျိုးနွံနှိမ့်ချသူများမှတစ်ပါး အခြားသူတို့အတွက် လေးလံ၏။	၂း၄၆	၁၃
‘ဆွလာတ်’ဝတ်ပြုရာတွင် ပျင်းရိခြင်းမှာ မိုနာဖစ်များ၏ လက္ခဏာ။	၄း၁၄၃	၁၅၅-၁၅၆
	၉း၅၄	၃၁၆-၃၁၇

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
‘အဲဟ်လေကီတာဘ်’တို့က မွတ်စလင်တို့၏ ‘အာဇာန်’ကို ပြောင်လျောင်ပြက်ရယ်ပြုခြင်း။	၅း၅၉	၁၈၃
‘ဆွလာတ်’ဝတ်မပြုသူသည် ငရဲ၏လောင်စာဖြစ်အံ့။	၇၄း၄၃-၄၄	၁၁၀၃
‘ဆွလာတ်’ဝတ်ပြုမှုကို အလေးမထားသူများနှင့် ပြစားမှုပြုသူများအတွက် ပျက်စီးမည်ဖြစ်ကြောင်း သတိပေးထား။	၁၀၇း၅-၇	၁၂၀၇
နေ့စဉ်‘ဆွလာတ်’အချိန်များ		
နေစောင်းချိန်မှ ညဉ့်လွှမ်းချိန်ထိ။	၁၇း၇၉	၄၈၀
နေ့၏အစွန်းနှစ်ဖက်နှင့် ညဉ့်၏အစိတ်အပိုင်းအချို့တွင် ဆွလာတ်တည်ဆောက်ရန်အမိန့်။	၁၁း၁၀၅	၃၇၈
နေ့နှင့် ညဉ့်တို့၏ ဆွလာတ်များအကြောင်း။		၅၂၅
‘ဆွလာတ်’စည်းကမ်းများ		
‘ဆွလာတ်’ဝတ်ပြုခြင်းမတိုင်မီ ဝုဇူပြုရန်အမိန့်။	၅း၇	၁၇၀
ဆွလာတ်ဝတ်ပြုမှုနည်းစဉ်များ ‘ကယာမ်၊ ရှုကူနှင့် စဂျဒါ’။	၂၂း၂၇	၅၇၁
အချို့အထူးပြုအပ်သောအခြေအနေများ ယင်း၌ ဆွလာတ်ဝတ်ပြုမှုမတိုင်မီ ရေချိုးသန့်စင်ရန်လိုအပ်ခြင်း။	၄း၄၄	၁၃၁-၁၃၂
	၅း၇	၁၇၀
ခြွင်းချက်အနေဖြင့် လိုအပ်ခဲ့လျှင် ‘တယမွမ်’ပြုခွင့်။	၄း၄၄	၁၃၁-၁၃၂
	၅း၇	၁၇၀
ခရီးသွားနေစဉ် လျှော့၍ဝတ်ပြုခွင့်။	၄း၁၀၂	၁၄၆
စစ်ပွဲ သို့မဟုတ် စိုးရိမ်ထိတ်လန့်ရချိန် ဆွလာတ်၏အနေအထား။	၄း၁၀၃	၁၄၆
‘ဂျမ်မာ’ဆွလာတ် ပညတ်ချက်။	၆၂း၁၀	၁၀၃၇
‘တာဟ်ဂျဒ်’ဆွလာတ်နှင့် ယင်းအတွက်ပညတ်ချက်။	၁၇း၈၀	၄၈၀
	၇၃း၃-၉	၁၀၉၇
‘ဆာအတ်’ ကတိပြုထားသည့်အချိန်		
‘ဆာအတ်’ရောက်ရှိလာမည့်အသိ အလွှာဟ်၌သာရှိ။	၇း၁၈၈	၂၈၀
	၃၁း၃၅	၇၂၄
	၃၃း၆၄	၇၄၉
‘ဆာအတ်’အနီးတွင်ရှိ။	၄၂း၁၈	၈၇၂

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
	၅၄း၂	၉၇၃
‘ဆာအတ်’သည် မုချရောက်လာမည်သာ။	၂၀း၁၆	၅၂၇
	၄၀း၆၀	၈၄၇
‘ဆာအတ်’ တော်လှန်ပြောင်းလဲမည့်အချိန်နာရီ၏ အနက်သဘောဖြင့်။		၉၇၁
ဆွီယာမ် (ရိဇာဥပုသ်တွင်ရှု)		
(ခ)		
ဇကားတ်		
ဇကားတ်ပေးဆောင်ရန်တာဝန်။	၂း၄၄	၁၂
	၂း၈၄	၂၁
	၂း၁၁၁	၂၇
	၉၈း၆	၁၁၈၇
	၂း၁၇၈	၄၂
ဇကားတ်သည် စိတ်ဝိညာဉ်နှင့် ဥစ္စာပစ္စည်းတို့ကို စင်ကြယ်အောင်ပြုပေးခြင်း အကြောင်းခံ။	၉း၁၀၃	၃၂၇
ဇကားတ်ကို အလွှာဟ်၏ကျေနပ်နှစ်မြို့မှုကို ရယူလိုသည့်အတွက်သာ ပေးဆောင်ရန်လို၏။	၃၀း၄၀	၇၁၀
စံပြ ‘မိုအ်မင်နှ်’ ယုံကြည်သူတို့အား ရောင်းဝယ်ဖောက်ကားမှုက ဇကားတ်ပေးလှူခြင်းကို မမှေမလျော့ရှိစေ၏။	၂၄း၃၈	၆၀၆-၆၀၇
ဇကားတ်ဖြန့်ဝေမှုစနစ်။	၂း၂၇၄	၇၁
	၉း၆၀	၃၁၇-၃၁၈
‘ဇေနာ’ မတရားကာမမှု (ပြစ်ဒဏ်ပေးခြင်းစည်းကမ်းချက်များရှု)		
(တ)		
‘တာဟ်ဂွဒ်’သန်းခေါင်ယံဝတ်ပြုခြင်း		
ဆန္ဒရမ္မက်များကို ဖိနှိပ်ချိုးနှိမ်ရန် အကောင်းဆုံးသောနည်းလမ်း။		၁၁၉၆
တာစ်ဘီ		
‘တာစ်ဘီ’ပြုခြင်းဆိုင်ရာ ယေဘုယျအမိန့်။	၅၆း၇၅	၉၉၆

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
	၆၉း၅၃	၁၀၇၇
နံနက်နှင့် ညနေများတွင် တာစ်ဘီပြုရန်အမိန့်။	၂၀း၁၃၁	၅၄၂
	၄၀း၅၆	၈၄၆
	၅၀း၄၀	၉၄၉
	၃း၄၂	၈၅
	၃၃း၄၂	၇၄၄
	၃၃း၄၃	၇၄၄
	၄၈း၁၀	၉၂၉
တမန်တော်မြတ်ﷺသည် 'တာစ်ဘီ'ပြုသူအားလုံးတို့ထက် သာလွန်၍ အလွှာဟ်အား တာစ်ဘီပြုခြင်း။		၁၀၄၂
ကမ္ဘာမြေနှင့် မိုးကောင်းကင်ရှိ အရာရာတိုင်းက အလွှာဟ်အား တာစ်ဘီပြုနေခြင်း။	၅၉း၂၅	၁၀၂၂
	၅၇း၂	၁၀၀၁
	၆၁း၂	၁၀၃၁
	၁၇း၄၅	၄၃၄
	၆၂း၂	၁၀၃၅
	၆၄း၂	၁၀၄၃
ကောင်းကင်တမန်များ တာစ်ဘီပြုခြင်း။	၂း၃၁	၉-၁၀
	၂၁း၂၁	၅၄၉
	၃၉း၇၆	၈၃၄
	၁၃း၁၄	၄၀၆
	၄၀း၈	၈၃၈
	၄၂း၆	၈၆၉
လျှပ်စစ်မိုးကြိုးသံများ၏ တာစ်ဘီပြုခြင်း။	၁၃း၁၄	၄၀၆
တောင်များ၏ တာစ်ဘီပြုခြင်း။	၂၁း၈၀	၅၅၇
	၃၈း၁၉	၈၀၉
ကျေးငှက်သာရကာတို့၏ တာစ်ဘီ။	၂၄း၄၂	၆၀၇

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
တမန်တော်ယူနွတ်စ်သည် အကယ်၍ တာစ်ဘီပြုသူမဖြစ်ခဲ့သော် ငါးကြီးဝမ်းထဲ၌ အစဉ်သဖြင့်နေရမည်သာ။	၃၇း၁၄၄	၈၀၁
တောင်များ		
တောင်များမှာ ငြိမ်သက်နေကြသည်မဟုတ်ဘဲ အစဉ်လှုပ်ရှားမပြတ်ရှိ၏။	၂၇း၈၉	၆၆၈
ဘဝရပ်တည်ရေးစနစ်သည် တောင်များကို အမှီပြုလျက်ရှိခြင်း။		၄၃၉
တောင်များသည် လူနှင့် တိရစ္ဆာန်တို့၏စားဖွယ်များအကြောင်းခံ။	၁၆း၁၆	၄၄၅
	၇၉း၃၃-၃၄	၁၁၂၉
	၂း၃၂	၅၅၁
	၃း၁၁	၇၁၉
	၄း၁၁	၈၅၆
တောင်များကိုအကြောင်းခံ၍ စားသောက်ဖွယ်ပစ္စည်းများကို ခေတ်လေးခေတ်တွင် စုံလင်စေခဲ့ခြင်း။	၄း၁၁	၈၅၆
'ဆွဖာ'နှင့် 'မရ်ဝါ'တောင်များသည် အလ္လာဟ်၏အမှတ်လက္ခဏာတော်များအနက်မှဖြစ်ခြင်း။	၂း၁၅၉	၃၈
'ဂျူဒီ'တောင်သည် တမန်တော် နူးဟ်၏လှေသင်္ဘောကျောက်ချသောနေရာ။	၁၁း၄၅	၃၆၆
'ဆိုင်းနိုင်း'တောင်နှင့် 'သိနာ'တောင်။	၂၃း၂၁	၅၈၄
	၅၂း၂	၉၅၉
	၉၅း၃	၁၁၈၀
တမန်တော်မြတ်ﷺသည် ကြီးမားသောတောင်နှင့်ပမာတူခြင်း။		၄၁၅
တမန်တော်မြတ်ﷺအား ပေးအပ်ခြင်းခံရသော 'အမာနတ်'တာဝန်၏အရှိန်အဝါကြောင့် တောင်များသည်ပင် အစိတ်စိတ်ကြေမွသွားနိုင်။	၃၃း၇၃	၇၅၀
တောင်များဟူသည် လုံ့လစိုက်သော တောင်ပေါ်သားများဖြစ်ခြင်း။		၇၅၁
တောင်များဆိုသည်မှာ ကမ္ဘာ့အင်အားကြီး အုပ်စုများ။		၁၁၉၄
ဒါဝတ်ﷺအတွက် တောင်များကို နာခံအလုပ်အကျွေးပြုစေခြင်း။	၂၁း၈၀	၅၅၇
	၃၈း၁၉	၈၀၉
တောင်များက ဒါဝတ်ﷺနှင့်အတူ 'တာစ်ဘီ'ပြုခြင်း။	၃၄း၁၁	၇၅၅
တောင်များကို အစိတ်စိတ်ကြေမွအောင်ပြုခြင်းခံရမည်။	၂၀း၁၀၆	၅၃၈

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အနာဂတ်ကာလတွင် တောင်များသည် သဲပွင့်များပမာ ဖြစ်သွားမည်ဆို		
သည့်သဘော။		၅၂၅
နောက်ဆုံးခေတ်ကာလတွင် တောင်များသည် ဖတ်ထားသော သိုးမွေး	၇၀း၁၀	၁၀၈၀
များနှယ် ဖြစ်သွားပေအံ့။	၁၀၁း၆	၁၁၉၅
'တောင်ဘာ' ဝန်ချတောင်းပန်ခြင်း		
အလ္လာဟ်သည် အသင်တို့၏ 'တောင်ဘာ'ကို လက်ခံလိုတော်မူ၏။	၄း၂၈	၁၂၈
သေအံ့စဲစဲအချိန်၏ 'တောင်ဘာ'ကိုလက်မခံ။	၄း၁၉	၁၂၅
မသိနားမလည်၍ မကောင်းမှုကျူးလွန်ခြင်းအတွက် 'တောင်ဘာ'ပြုခြင်း		
ကို မုချလက်ခံတော်မူခြင်း။	၄း၁၈	၁၂၅
'တောင်ဘာတွန် နဆူးဟ်'။	၆၆း၉	၁၀၅၆
အလ္လာဟ်သည် အလိုရှိသူ၏'တောင်ဘာ'ကို လက်ခံတော်မူ၏။	၉း၂၇	၃၁၀
အလ္လာဟ်သည် တောင်ဘာပြုသူများ၏ မကောင်းမှုများကို ကောင်းမှု		
အဖြစ်သို့ ပြောင်းပေးခြင်း။	၂၅း၇၁	၆၂၆-၆၂၇
တောင်ဘာပြုလုပ်သူများသည် ဂျန္နတ်သို့ ဝင်ကြရပေအံ့။	၁၉း၆၁	၅၁၉
တောင်ရတ်		
တောင်ရတ်ကျမ်းရသူတို့အား အစ္စလာမ်ကိုလက်ခံရန် ဖိတ်ခေါ်ခြင်း။	၅း၁၆-၂၀	၁၇၃-၁၇၄
ဘနီအစ္စရာအီလ်တို့အတွက်သာ တရားလမ်းညွှန်ဖြစ်ခြင်း။	၁၇း၃	၄၆၇
တောင်ရတ်သည် ၎င်း၏ခေတ်တွင် ရှေ့ဆောင်လမ်းပြနှင့် ကရုဏာတော်		
အဖြစ်ရှိခဲ့။	၄၆း၁၃	၉၁၁
	၁၁း၁၈	၃၆၁
တောင်ရတ်တွင် အလင်းနှင့် တရားလမ်းညွှန်တော်ရှိခဲ့။	၅း၄၅	၁၈၀
သူ့ခေတ်သူ့ကာလအတွက် ပြီးပြည့်စုံသော ရှရီအတ်ဖြစ်ခြင်း။	၆း၁၅၅	၂၃၇
အစ္စရာအီလ်အမျိုးသားတို့၏တမန်တော်အဆက်ဆက်သည် ယင်းကျမ်း		
ဖြင့် တရားစီရင်ခဲ့ကြ၏။	၅း၄၅	၁၈၀
ရဟူဒီတို့သည် တောင်ရတ်ကျမ်းတွင် ပြောင်းလဲမှုများပြုခဲ့ခြင်း။	၂း၇၆	၁၉
	၄း၄၇	၁၃၂
	၅း၁၄	၁၇၂
	၅း၄၂	၁၇၈-၁၇၉

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
တမန်တော်မြတ်ﷺနှင့်စပ်လျဉ်း၍ တောင်ရတ်ကျမ်းရှိ ဗျာဒိတ်များ။	၇း၁၅	၂၇၃
	၄၈း၃၀	၉၃၄
တောင်ဟီးဒ် (တစ်ဆူရှင်ဝါဒ)		
အလ္လာဟ်၌သားတော်ရှိသည်ဟု ပြောဆိုသူတို့အား ကြောက်မက်ဖွယ်စစ်ပွဲများဖြင့် ကြုံတွေ့စေတော်မူမည်။		၅၁၀-၅၁၁
အလ္လာဟ်တစ်ပါးတည်းဖြစ်ခြင်းအကြောင်းရပ်သည် တမန်တော်များအပေါ်သို့ မိုးရွာသွန်းသည့်အလား ကျရောက်ခဲ့ခြင်း။		၆၅၁-၆၅၂
အလ္လာဟ်အပြင် ကိုးကွယ်ရာပြုလုပ်ထားကြသူများနှင့် ထိုသို့ ယုံကြည်ချက်ထားရှိသူများ၏ မိုက်မဲမှု။	၂၉း၄၂	၆၉၇
အရှင်နှစ်ဆူမရှိနိုင်ကြောင်း အလွန်ကြီးကျယ်လှသော သက်သေ။	၂၁း၂၃	၅၄၉
တက္ကဝါ		
တက္ကဝါတည်ဆောက်ရန်မိန့်ထားခြင်း။	၄း၂	၁၂၀
	၂း၂၈၃	၇၂-၇၃
	၃း၂၀၁	၁၁၈
	၅း၁၂	၁၇၁
တက္ကဝါ၏ဝတ်ရုံသည်သာ အကောင်းဆုံး ဝတ်စားတန်ဆာဖြစ်ခြင်း။	၇း၂၇	၂၄၆-၂၄၇
မှန်ကန်သူနှင့် မှားယွင်းသူတို့အကြား ခွဲခြားပြသော အလွန်ကြီးကျယ်သည့်လက်နက်။		၂၈၅
တွာဂူးတ်		
တွာဂူးတ်မှ ရှောင်ရှားရန်အမိန့်။	၁၆း၃၇	၄၄၈
တွာဂူးတ်သည် ကာဖဲရ်တို့၏အဆွေခင်ပွန်း။	၂း၂၅၈	၆၅
ကျမ်းရအုပ်စုတို့က သူ့ကို ယုံကြည်ထားခြင်း။	၄း၅၂	၁၃၃
ကာဖဲရ်တို့က တွာဂူးတ်၏လမ်း၌ စစ်ဆင်နွှဲခြင်း။	၄း၇၇	၁၃၉
မိုနာဖစ်တို့က တွာဂူးတ်ထံမှ အဆုံးအဖြတ်ရယူလိုခြင်း။	၄း၆၁	၁၃၅-၁၃၆

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
(ခ)		
ဒဂျာလ်		
ဆူရာဟ် ဒုခါန်၏ အနာဂတ္တိဗျာဒိတ်များ ထင်ရှားလာခြင်းမှာ ဒဂျာလ် ပေါ်ထွန်းသော ခေတ်ကာလနှင့်နွယ်ယှက်နေခြင်း။		၈၉၃
ဒါဘတွလ်အရှ်ဒ္ဒ် (ပလိပ်ရောဂါလည်းရှု)		
'ဒါဘတွလ်အရှ်ဒ္ဒ်' ၏အနက်	၂၇း၈၃	၆၆၇
		၆၅၃
ဒါဘတွလ်အရှ်ဒ္ဒ်က တမန်တော်ဆူလိုင်မန်ကွယ်လွန်မည် သတိပေး။	၃၄း၁၅	၇၅၇
		၇၅၁
'ဒိုအာ'ဆုတောင်းခြင်း		
လူသားအတွက် 'ဒိုအာ' ဆုတောင်းခြင်းမှာ ပစ်ပယ်မရသောကိစ္စ။	၂၅း၇၈	၆၂၇
အလ္လာဟ်၏ထံမှ 'ဒိုအာ'ဆုတောင်းပြည့်စေမည့်ကတိတော်။	၄၀း၆၁	၈၄၇
ဒုက္ခဆင်းရဲအတွင်း ကျရောက်နေသူ၏'ဒိုအာ'	၂၇း၆၃	၆၆၄
ဆွလာတ်ကျင့်ဝတ်နှင့် 'ဒိုအာ'ဆုတောင်းခြင်း။	၁၇း၁၁၁	၄၈၅
ဘဝနိဂုံးကောင်းစေရန် 'ဒိုအာ'	၁၂း၁၀၂	၃၉၉
ငရဲမှ ကင်းလွတ်ခွင့်ရရန် 'ဒိုအာ'	၃း၁၉၂	၁၁၆
	၂၅း၆၆	၆၂၆
ကောင်းမှုကို မြတ်နိုး၍ 'ဂျန္နတ်'ရရှိရန် 'ဒိုအာ'	၂၆း၈၄-၈၆	၆၃၇-၆၃၈
ကောင်းကင်တမန်များက မို့အ်မင်န်များအတွက် ဆုပန်ခြင်း။	၄၀း၈-၉	၈၃၈
အရှင်မြတ်ထံခိုလှုံခွင့်တောင်းခြင်း ဒိုအာနှစ်ပုဒ် 'မအူဇတိုင်း'၏ စုံလင်ပြည့်ဝလှသော 'ဒိုအာ'များ။	၁၁၃	၁၂၁၉
	၁၁၄	၁၂၂၁
တမန်တော် အစ်ဟရာဟင်မ်ﷺ၏ 'ဒိုအာ'များ။	၂၆း၈၄	၆၃၇
အမျိုးသားတို့အပေါ် 'အဇာဘ်' ကျရောက်စေရန် တမန်တော်နူးဟ်၏ 'ဒိုအာ'။	၇၁း၂၇	၁၀၈၈
တမန်တော် ယာကွပ်၏ 'ဒိုအာ' اِنَّمَا اَشْكُوْ بَثِّیْ وَ حُزْنِیْ اِلَى اللّٰه ။	၁၂း၈၇	၃၉၇
တမန်တော်ယူဆူဖ်၏ 'ဒိုအာ' تَوَفَّنِیْ مُسْلِمًا وَّ اَلْحِقْنِیْ بِالصّٰلِحِیْنَ ။	၁၂း၁၀၂	၃၉၉
ဖိရ်အောင်ဇနီး၏ 'ဒိုအာ'။	၆၆း၁၂	၁၀၅၇

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
တမန်တော်မြတ်ﷺသည် တမန်တော် အစ်ဗရာဟင်မ်၏ 'ဒိုအာ'မှ အသီးအပွင့်။		၄၁၅
ဘဒါရိုစစ်ပွဲအခါ၌ တမန်တော်မြတ်ﷺ၏ လှိုက်လဲစွာ ငိုကြွေးတောင်းခံခဲ့သော 'ဒိုအာ'ဆုတောင်း။		၂၈၅
တမန်တော်မြတ်ﷺအား သင်ကြားပေးတော်မူသော 'ဒိုအာ'အချို့။	၃း၂၇	၈၁-၈၂
	၁၇း၂၅	၄၇၁
	၁၇း၈၁	၄၈၀
	၂၀း၁၀၅	၅၃၉
	၂၃း၉၈	၅၉၃
	၂၃း၁၀၉	၅၉၆
ဟုနိုင်းစစ်ပွဲတွင် အောင်ပွဲရခြင်းမှာ တမန်တော်မြတ်၏ 'ဒိုအာ'များကြောင့်သာဖြစ်။		၃၀၃
အပြစ်သားတို့အား အပြစ်လွှတ်ရန် 'ဒိုအာ'	၅း၁၁၉	၁၉၉
'ကာဖဲရ်'တို့၏ 'ဒိုအာ'အချည်းနှီးသာ။	၁၃း၁၅	၄၀၇
'ဒိုအာ'တောင်းဆုတော်များ		
ပြီးပြည့်စုံသောဒိုအာပေါင်းချုပ်။	၁း၁-၇	၂
သာသနာရေးနှင့် လောကီရေးဆိုင်ရာ ကောင်းမြတ်လှပမှုများရရှိရန် ဒိုအာ		
رَبَّنَا اٰتِنَا فِی الدُّنْیَا حَسَنَةً	၂း၂၀၁	၄၉
	၇း၁၅၇	၂၇၃
အလ္လာဟ်၏အကူအညီရရှိစေရန် 'ဒိုအာ'		
حَسْبُنَا اللّٰهُ وَ نِعْمَ الْوَكِیْلُ	၃း၁၇၄	၁၁၂
ကောင်းခြင်းဖြင့် အစပြု၍ ကောင်းခြင်းဖြင့်ဆုံးရန် ဒိုအာ		
رَبِّ اَدْخِلْنِیْ مُدْخَلَ صِدْقٍ وَّ اَخْرِجْنِیْ مُخْرَجَ صِدْقٍ	၁၇း၈၁	၄၈၀
ကောင်းခြင်းရရှိရန် 'ဒိုအာ'		
رَبِّ اِنِّیْ لِمَاۤ اَنْزَلْتَ اِلَیَّ مِنْ خَیْرٍ فَقِیْرٌ	၂၈း၂၄	၆၇၆
တရားလမ်းမှန်ပေါ်တွင် တည်မြဲစေရန် 'ဒိုအာ'		
رَبَّنَا لَا تُزِغْ قُلُوْبَنَا بَعْدَ اِذْ هَدَیْتَنَا	၃း၉	၇၈

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ရင်ကိုဖွင့်ပေး၍ အမြင်ရှင်းမှုရရှိစေရန် 'ဒိုအာ'		
رَبِّ اشْرَحْ لِیْ صَدْرِیْ	၂၀း၂၆-၂၉	၅၂၈
ပညာရေးတိုးတက်မြင့်မားရန် 'ဒိုအာ'		
رَبِّ زِدْنِیْ عِلْمًا	၂၀း၁၁၄	၅၃၉
တည်ကြည်ခိုင်မြဲစွာ ရပ်တည်နိုင်ရန် 'ဒိုအာ'		
رَبَّنَا اَفْرِغْ عَلَیْنَا صَبْرًا وَّ ثَبِّتْ اَقْدَامَنَا.....	၂း၂၅၀	၆၃
	၃း၁၄၈	၁၀၆
	၇း၁၂၇	၂၆၅
မိဘများအတွက် 'ဒိုအာ'		
رَبِّ ارْحَمْهُمَا كَمَا رَبَّیٰنِیْ صَغِیْرًا	၁၇း၂၅	၄၇၁
رَبِّ اغْفِرْلِیْ وَلِوَالِدَیَّ وَ لِمَنْ دَخَلَ...	၇၁း၂၉	၁၀၈၉
رَبَّنَا اغْفِرْلِیْ وَلِوَالِدَیَّ	၁၄း၄၂	၄၂၄
رَبِّ اجْعَلْنِیْ مُقِیْمَ الصَّلٰوةِ وَ مِنْ ذُرِّیَّتِیْ رَبَّنَا وَ تَقَبَّلْ دُعَاءِ	၁၄း၄၀-၄၂	၄၂၃-၄၂၄
ကောင်းမွန်လိမ္မာသော သားသမီးထွန်းကားရန် 'ဒိုအာ'		
رَبِّ هَبْ لِیْ مِنْ لَّدُنْكَ ذُرِّیَّةً طَیِّبَةً ..	၃း၃၉	၈၄
رَبِّ لَا تَذَرْنِیْ فَرْدًا وَّ اَنْتَ خَیْرُ الْوَارِثِیْنَ	၂၁း၉၀	၅၅၉
رَبِّ هَبْ لِیْ مِنَ الصَّالِحِیْنَ	၃၇း၁၀၁	၇၉၈
ဇနီး၊ သားသမီးများထံမှ မျက်စိအေးမြမှုရရန် 'ဒိုအာ'		
رَبَّنَاهَبْ لَنَا مِنْ اَزْوَاجِنَا وَ ذُرِّیّٰتِنَا قُرَّةَ اَعْیُنٍ	၂၅း၇၄	၆၂၇
သားသမီးအား ထိန်းကျောင်းပဲ့ပြင်ရန် 'ဒိုအာ'		
رَبِّ اَوْزِعْنِیْۤ اَنْ اَشْكُرَ نِعْمَتَكَ الَّتِیْۤ ...	၄၆း၁၆	၉၁၀-၉၁၂
မွန်မြတ်သူ 'ဆွာလေဟ်'ဖြစ်ရန် 'ဒိုအာ'		
رَبِّ اَوْزِعْنِیْۤ اَنْ اَشْكُرَ نِعْمَتَكَ الَّتِیْۤ ...	၂၇း၂၀	၆၅၇
အလ္လာဟ်၏ ကရုဏာတော်နှင့် လွယ်ကူမှုရရှိရန် 'ဒိုအာ'		
رَبَّنَا اٰتِنَا مِنْ لَّدُنْكَ رَحْمَةً وَّ هَیِّئْ لَنَا...	၁၈း၁၀	၄၉၀
ခွင့်လွှတ်ခြင်းနှင့် မာဂ်ဖိရတ်ရရှိရန် 'ဒိုအာ'		
رَبَّنَا لَا تُؤَاخِذْنَا اِنْ نَّسِیْنَا اَوْ اَخْطَاْنَا...	၂း၂၈၇	၇၅
رَبَّنَا فَاغْفِرْلَنَا ذُنُوْبَنَا وَ كَفِّرْعَنَّا سَیِّاٰتِنَا ...	၃း၁၉၄	၁၁၆

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
رَبَّنَا ظَلَمْنَا اَنْفُسَنَا وَ اِنْ لَّمْ تَغْفِرْلَنَا....	၇း၂၄	၂၄၆
فَاغْفِرْلَنَا وَارْحَمْنَا وَاَنْتَ خَيْرُالْغَافِرِيْنَ ...	၇း၁၅၆-၁၅၇	၂၃၂-၂၃၃
မိမိတို့၏အကြီးအကဲများနှင့် မိမိအတွက် အပြစ်လွှတ်ရန်နှင့် အာဃာတတရားမှ ကင်းဝေးရန် 'ဒိုအာ'		
رَبَّنَا اغْفِرْلَنَا وَ لِاِخْوَانِنَا الَّذِيْنَ سَبَقُوْنَا ...	၅၉း၁၀	၁၀၁၉
နာမ်တရားဆိုင်ရာ တိုးတက်မြင့်မားရေးနှင့် အလ္လာဟ်၏ထံတော်မှ အပြစ်လွှတ်ပေးရန် 'ဒိုအာ'		
رَبَّنَا اَتْمِمْ لَنَا نُوْرَنَا وَ اغْفِرْلَنَا	၆၆း၉	၁၀၅၆
ရောဂါဘယများမှ ဗျောက်ကင်းစေရန် 'ဒိုအာ'		
اَنِّیْ مَسَّنِیَ الضُّرُّ و اَنْتَ اَرْحَمُ	၂၁း၈၄	၅၅၈
ဆင်းရဲခြင်းဒုက္ခမှ ကင်းလွတ်ခွင့်ရရန် 'ဒိုအာ'		
لَا اِلٰهَ اِلَّا اَنْتَ سُبْحَانَکَ اِنِّیْ کُنْتُ	၂၁း၈၈	၅၅၉
ဒုက္ခအခက်အခဲကျရောက်စဉ် မို့အ်မင်နံတို့၏ 'ဒိုအာ'		
اِنَّا لِلّٰهِ و اِنَّا اِلَيْهِ رَاجِعُوْن	၂း၁၅၆	၃၈
အနိုင်အထက်ပြုခြင်းခံရသောအခြေအနေ၌ တောင်းခံရန် 'ဒိုအာ'		
رَبِّ اَنِّیْ مَغْلُوْبٌ فَانْتَصِرْ	၅၄း၁၀	၄၃၄
ရှိုင်တန်၏ သံသယသွတ်သွင်းမှုမှ လွတ်မြောက်ရန် 'ဒိုအာ'		
رَبِّ اَعُوْذُبِکَ مِنْ هَمَزَاتِ الشَّيَاطِيْنِ..	၂၃း၉၈-၉၉	၅၉၃-၅၉၄
အေဘာဒတ်နှင့် တောင်းဆုများ ပြည့်ဝရေးအတွက် 'ဒိုအာ'		
رَبَّنَا تَقَبَّلْ مِنَّا اِنَّکَ اَنْتَ السَّمِيْعُ ...	၂း၁၂၈	၃၁
(နှ)		
နမာဇ် ('ဆွလာတ်'တွင်ရှု)		
နဗူဝါတ်နှင့် ရေစာလတ် (ဝဟီလည်းရှု)		
နဗီနှင့် ရစူလ်မှာ ပုဂ္ဂိုလ်တစ်ပါးတည်း၏ ရာထူးနှစ်ခု။	၁၉း၅၅	၅၁၈
'နဗီ' မရှိမဖြစ်လိုအပ်ပုံ။	၂၈း၄၈	၆၈၀
မိုဟမ္မဒ်ﷺသည် အလ္လာဟ်၏တမန်တော်နှင့် ခါတမန်နဗီယီးန်းဖြစ်၏။	၃၃း၄၀	၇၄၄
ခါတမန်နဗီယီးန်၏ ရှင်းလင်းချက်။		၇၄၄

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
‘နဗူဝါတ်’၏ ကောင်းချီးဆုလာဘ်တော် ရပ်ဆိုင်းပြီဟူသည့် ခံယူချက်မှာ		၁၀၉၀
ယုတ္တိဗေဒမကျ။		၈၃၆
တမန်တော်အဖြစ် မည်သူ့အား မည်သည့်နေရာမှရွေးချယ်ရမည်ကို		
အလ္လာဟ်သာအသိဆုံး။	၆း၁၂၅	၂၂၉
တမန်တော်များသည် အလ္လာဟ်၏အမိန့်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်။	၂၁း၂၈	၅၅၀
တမန်တော်များသည် အလ္လာဟ်၏စကားမှ စိုးစဉ်းမျှ ပိုကဲမှုမပြု။	၅း၁၁၈	၁၉၈-၁၉၉
	၅၃း၄	၉၆၆
အလ္လာဟ်သည် အရှင့်ရွေးချယ်ခံတမန်တော်များအားဖြင့်သာ ‘ဂိုက်ဘ်’		
(အကွယ်)ကို ဖော်ပြတော်မူ၏။	၃း၁၈၀	၁၁၃
တမန်တော်အား အကွယ်မှ သတင်းအများအပြားကို သိရှိနိုင်ခွင့် ပေးသ		
နားခြင်းခံရ၏။	၇၂း၂၇-၂၈	၁၀၉၅
နဗီတမန်တော်အား သူ့အမျိုးသားတို့၏ ဘာသာစကားဖြင့် ‘ဝဟီ’ပို့ချ		
တော်မူ၏။	၁၄း၅	၄၁၆
ရစူလ်တမန်တော်၏ တာဝန်မှာ သတင်းပို့ရန်သာ။	၅း၁၀၀	၁၉၃
နဗီ၊ ရစူလ်တို့သည် လူတို့ထံမှ ဝတ္ထုပစ္စည်းတစ်စုံတစ်ရာကိုမျှ အကျိုး		
ဆောင်ခမတောင်း။	၁၁း၃၀	၃၆၃
	၁၁း၅၂	၃၆၇
လူမျိုးတိုင်းတွင် အလင်းပြပုဂ္ဂိုလ်ပွင့်ပေါ်၏။	၁၆း၃၇	၄၄၈
လူမျိုးတိုင်းတွင် အလ္လာဟ်၏လမ်းညွှန်တော်နှင့် သတိပေးနှိုးဆော်သူ လာ		
မြဲမပြတ်ရှိ။	၁၃း၈	၄၀၅
	၃၅း၂၅	၇၇၁
ရှရီအတ်-ဓမ္မဥပဒေသ မချမှတ်သော တမန်တော်များသည် ရှေးရှရီအတ်		
များနှင့်အညီ စီရင်ဆုံးဖြတ်လျက်ရှိခဲ့ကြ၏။	၅း၄၅	၁၈၀
တမန်တော်များတွင် အချို့က အချို့ထက် အဆင့်မြင့်မားခြင်း။	၂း၂၅၄	၆၄
	၁၇း၅၆	၄၇၆
ကျမ်းမြတ်ကုရ်အာန်တွင် တမန်တော်အချို့၏ အကြောင်းသာပါရှိ။	၄း၁၆၅	၁၆၁
	၄၀း၇၉	၈၅၀
နဗီ၊ ရစူလ်များသည် ‘ဘရှရ်’လူသားသာဖြစ်ကြ၏။	၁၄း၁၂	၄၁၈

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
	၁၇း၉၄	၄၈၂
	၁၈း၁၁	၅၀၈
တမန်တော်များသည် လူသား၏ လိုအပ်ချက်များနှင့်မလွတ်။	၂၁း၉	၅၄၈
	၁၃း၃၉	၄၁၂
	၂၅း၈	၆၁၈
	၂၅း၂၁	၆၂၀
‘မွန်ဆိလ်’စေလွှတ်ခြင်းခံရသူအပေါင်းတို့အပေါ် ‘စလာမ်’။	၃၇း၁၈၂	၈၀၄
အလင်းပြပုဂ္ဂိုလ်တို့၏ အရှေ့ဘက်အနောက်ဘက်တို့တွင် လုံခြုံရေးတမန်များရှိ။	၇၂း၂၈	၁၀၉၅
အလင်းပြပုဂ္ဂိုလ်တို့အား အလ္လာဟ်၏အကူအညီရရှိကြ၏။	၃၇း၁၇၃	၈၀၃
အလင်းပြပုဂ္ဂိုလ်တို့သည် နိဂုံး၌အောင်ပွဲရသည်ချည်းသာ။	၅၈း၂၂	၁၀၁၄
	၃၇း၁၇၄	၈၀၃
၎င်းပုဂ္ဂိုလ်တို့သည် အလ္လာဟ်မှတစ်ပါး မည်သည်ကိုမျှမကြောက်။	၃၃း၄၀	၇၄၄
နဗီတမန်တော်များအား သတ်ဖြတ်ခြင်းဆိုသည့်သဘော။	၂း၆၂	၁၅-၁၆
	၃း၂၂	၈၁
	၃း၁၁၃	၉၉
	၄း၁၅၆	၁၅၈
အလုံးစုံသော အလင်းပြပုဂ္ဂိုလ်ပွင့်ပေါ်ခြင်းဆိုင်ရာစနစ်သည် ‘ရာဟ်မာနီယတ်’ အကျိုးဆက်အနေဖြင့် ခိုးမြွှင့်ပေးသနားခြင်းဖြစ်။		၅၂၄
‘နဗူဝါတ်’တမန်တော်ဖြစ်ကြောင်း ကြေညာသူများ၏ကိစ္စကို အလ္လာဟ်အရှင်မြတ်ထံ လွှဲအပ်လိုက်ရန်သာရှိ။		၈၃၆
တမန်တော်တို့သည် မိမိတို့၏တာဝန်ကို မည်သည့်အတိုင်းအတာထိထမ်းရွက်ခဲ့ကြကြောင်း စစ်ကြောမေးမြန်းခြင်းခံရအံ့။		၂၄၀
တမန်တော်များ၏ ကြောင်းရာထုပ်ပတ်ဖော်ပြရခြင်းအကြောင်းရင်း။		၃၅၇
တမန်တော်၏သက်တမ်းအတွင်းမှာပင် ၎င်း၏နိမိတ်ဟောချက်အားလုံးပြည့်စုံရန်မလို။	၁၀း၄၇	၃၄၅

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
လူနှင့် 'ဂျင်န်'များမှ 'ရှိုင်တန်'အဖျက်သမားများသည် တမန်တော်တိုင်း၏ ရန်သူများဖြစ်ကြ၏။	၆း၁၀၃	၂၂၆-၂၂၇
'ရှိုင်တန်'မိစ္ဆာသည် တမန်တော်များ၏ အနီးသို့ပင် ချဉ်းကပ်ခွင့်မရှိ။		၅၆၄-၅၆၅
		၆၂၉
	၂၆း၂၁၂-၂၁၃	၆၄၈
တမန်တော်တိုင်းသည် စွပ်စွဲခြင်းပယ်ခြင်းခံရ။	၂၃း၄၅	၅၈၈
နဗီ၊ ရစူလ်အပေါင်းအား ပြက်ရယ်ပြုကြ၏။	၂၁း၄၂	၅၅၂
	၃၆း၃၁	၇၈၁
	၄၃း၈	၈၈၂
တမန်တော်အားလုံးကို တစ်မျိုးတစ်စားတည်းသော စောဒက။	၄၁း၄၄	၈၆၂
	၅၁း၅၃-၅၄	၉၅၆
နဗီတမန်တော်များ၏ ရန်သူများကို အလ္လာဟ်က ဆိုင်းငံ့ခွင့်ပေးထားရခြင်း၌ အမြော်အမြင်သဘော။	၃း၁၇၉	၁၁၃
	၆၈း၄၅-၄၆	၁၀၆၉
	၇း၁၈၅	၂၇၉
နဗီတမန်တော်များ၏ သာသနာပြုအထောက်အကူပစ္စည်းများကို ဖြတ်တောက်ဖြိုဖျက်ကြသော ရန်သူများ၏ ပျက်စီးဆုံးရှုံးမှု။		၁၁၆၈
နဗီတမန်တော်များအား ဆန့်ကျင်ရန်သတ္တရုပြုသော အမျိုးသားတို့၏ ပျက်စီးဆုံးရှုံးမှုနှင့် သုတေသနပညာရှင်များမှ ရှေးခေတ်အမျိုးသားတို့၏ ရုပ်ကြွင်းများ ရှာဖွေသုတေသနပြုချက်။		၆၈၈-၆၈၉
'အေမာမတ်'ရှေ့ဆောင်ပုဂ္ဂိုလ်၏အဆင့်မှာ 'နဗူဝါတ်'တမန်တော်အဆင့်ထက် မြင့်မြတ်သည်ဟူသော 'ရှီအာ'မိတ်ဆွေများ၏ မှားယွင်းသော ကောက်ချက်။	၂း၁၂၅	၃၀
တမန်တော် အလင်းပြပုဂ္ဂိုလ်တို့က မိမိတို့ကိုယ်ကို သို့မဟုတ် 'မလာအေကာ' ကောင်းကင်တမန်များအား ကိုးကွယ်ရာအဖြစ်သတ်မှတ်ရန် သင်ကြားပို့ချခြင်းမရှိ။	၃း၈၁	၉၃
ကမ္ဘာ့နောက်ဆုံးနေ့များတွင် တမန်တော်အပေါင်းကို စေလွှတ်တော်မူမည်ဆိုသည့် သဘောအမှန်။		၁၁၁၅

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
နဖ်စ် (ခိတ်ဝိညာဉ်)		
နဖ်စ်ကို သတ်ခြင်း၏သဘော။	၂း၅၅	၁၄
လူသား၏ နဖ်စ်ဆိုင်ရာ သုံးမျိုးသော အခြေအနေများ		
(နဖ်စ်အမွှာရာ) **نفس امّاره**	၁၂း၅၄	၃၉၁
(နဖ်စ် လောင်ဝါမာ) **نفس لوّامه**	၇၅း၃	၁၁၀၇
(နဖ်စ် မွတ္တမာအင်နာ) **نفس مطمئنه**	၈၉း၂၈-၃၁	၁၁၆၄
နဖ်စ်ကို စင်ကြယ်အောင်ပြုခြင်း၏ အကျိုးအားဖြင့်အောင်ပွဲ။	၉၁း၁၀-၁၁	၁၁၆၉
နာခံခြင်း (အေတ္ဘာအတ်)		
အလ္လာဟ်နှင့်ထိုအရှင်မြတ်၏ တမန်တော်တို့အား နာခံရန် 'ဖရာဇ်'။	၈း၄၇	၂၉၆
တမန်တော်အားစေလွှတ်ရခြင်း ရည်မျှော်ချက်မှာ အလ္လာဟ်၏အမိန့်တော်ဖြင့် တမန်တော်အား နာခံလိုက်နာရန်ဖြစ်။	၄း၆၅	၁၃၆
တမန်တော်မြတ်အား နာခံခြင်းမှာ အလ္လာဟ်အားနာခံခြင်းဖြစ်။	၄း၈၁	၁၄၀
တမန်တော်မြတ်အား နာခံခြင်းသည် အလ္လာဟ်၏အချစ်ကို ရရှိရန် အကြောင်းခံဖြစ်။	၃း၃၂	၈၃
တမန်တော်အား နာခံခြင်းမှာ တရားလမ်းမှန်ရရှိစေခြင်းငှာ။	၂၄း၅၅	၆၀၉-၆၁၀
အလ္လာဟ်နှင့် ဤသည့်တမန်တော်မြတ်အား နာခံခြင်း၏ ရလဒ်အားဖြင့် ဆွာလေဟ်၊ ရှဟီဒီ၊ ဆစ်ဒီဂ်အဆင့်များသာမက 'နဗူဝါတ်'အဆင့်သို့ပါ တက်လှမ်းရောက်ရှိနိုင်ခြင်း။	၄း၇၀	၁၃၇
အလ္လာဟ်နှင့် တမန်တော်တို့အား နာခံသူတို့သည်သာ ရည်မှန်းချက်ပြည့်ဝသူဖြစ်မည်။	၂၄း၅၃	၆၀၉
အလ္လာဟ်နှင့် တမန်တော်တို့အား နာခံခြင်းဖြင့် အနာဂတ်၏ကောင်းကျိုးချမ်းသာများနှင့် မနာခံခြင်းဖြင့် အပြစ်ဒဏ်။	၄း၁၄-၁၅	၁၂၃-၁၂၄
အလ္လာဟ်နှင့် တမန်တော်ကို နာခံခြင်း၏နောက်တွင် 'အုလွလ်အမရ်' အား နာခံခြင်း။	၄း၆၀	၁၃၅
နေလကြတ်ခြင်း	၇၅း၉-၁၀	၁၁၀၇
နုဇူလ်		
'နုဇူလ်'ဝေါဟာရကို သာမန်လူတို့ ဘာသာပြန်ချက်အတိုင်းယူသော် သံသတ္တုသည်လည်း ကောင်းကင်မှ ချပေးလေသယောင်ဖြစ်မည်။		၁၀၀၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ကုရ်အာန်ကို ‘နဂူလ်’ပို့ချခြင်း။	၇၆း၂၄	၁၁၁၃
တမန်တော်မြတ်ﷺသည် သတိပေးနှိုးဆော်သူအဖြစ် ‘နဂူလ်’ဖြစ်ခြင်း။	၆၅း၁၁-၁၂	၁၀၅၀
ကျွဲနွားတိရစ္ဆာန်များ၏ ‘နဂူလ်’။	၃၉း၇	၈၂၂
ဝတ်စားတန်ဆာများ၏ ‘နဂူလ်’။	၇း၂၇	၂၄၆-၂၄၇
နူးဟ်၏လေ့သင်ခန်း (တမန်တော်နူးဟ်လည်းရှု)		
အလ္လာဟ်၏ထံမှ‘ဝဟီ’အရ လေ့သင်ကြားတည်ဆောက်ခြင်း။	၁၁း၃၈	၃၆၄
	၂၃း၂၈	၅၈၅
ရှေးဟောင်းသုတေသနပညာရှင်များက နူဟ်၏လေ့သင်ကြားကိုတစ်နေ့ တူးဖော်ရရှိလိမ့်မည်ဟု ကြေညာထားခြင်း။		၆၈၈-၆၈၉
နှောင်းခေတ်တွင်လည်း ‘နူးဟ်၏လေ့သင်’တစ်ခုတည်ဆောက်အံ့။		၁၀၈၅
(ပ)		
ပဋိသန္ဓေတားခြင်း		
ဆင်းရဲမွဲတေမှုကို ကြောက်၍ဟူသော အကြောင်းပြချက်ဖြင့် အခွင့်မရှိ။	၆း၁၅၂	၂၃၆
	၁၇း၃၂	၄၇၂
ပလိပ်ရောဂါ		
ပလိပ်ရောဂါဖြစ်ရခြင်းမှာ ‘ဒါဘတွလ်အရိဒ်’ကြောင့် (ဒါဘတွလ် အရိဒ်-လည်းရှု)	၂၇း၈၃	၆၆၇
ပဋိညာဉ်တော် (‘မီဆားက်’ တွင်ရှု)		
ပင့်ကူ		
ပင့်ကူအိမ်ဥပမာ	၂၉း၄၂	၆၉၇
ပင့်ကူအိမ်နှင့် ဥပမာပြုရခြင်းအနှစ်သဘော။		၆၈၉
ပင့်ကူမျှင်တွင် အားသာချက်နှင့် ပင့်ကူအိမ်တွင်အားနည်းချက်ရှိ။		၆၈၉
ပြစ်ဒဏ်ပေးခြင်း စည်းကမ်းချက်များ		
လူသတ်မှု		
သူ့အသက် သတ်ခြင်းကိုတားမြစ်။	၁၇း၃၄	၄၇၂-၄၇၃
အသက်တစ်ခုကိုသတ်ခြင်းသည် လူသားထုတစ်ရပ်လုံးကိုသတ်ခြင်း မည်၏။	၅း၃၃	၁၇၆

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
လက်တုံ့ပြန်ခြင်း		
အသတ်ခံရသူအတွက် အစားပေးပြစ်ဒဏ်သတ်မှတ်။	၂း၁၇၉	၄၂
အသတ်ခံရသူ၏အမွေခံများက သတ်သူအားခွင့်လွှတ်ခွင့်ရှိ။	၂း၁၇၉	၄၂
မှားယွင်းစွာသတ်ဖြတ်မှုအတွက် သတ်ဖြတ်ခံရသူ၏အမွေခံများအား အစား(လျော်ကြေး)ပေးရမည်။	၄း၉၃	၁၄၃-၁၄၄
အမွေခံများက အစားပေး(လျော်ကြေး)ကိုလည်း ခွင့်လွှတ်လိုကလွှတ် နိုင်သည်။	၄း၉၃	၁၄၃-၁၄၄
စစ်ရေးပြစ်ဒဏ်		
နိုင်ငံတော်အတွင်း ဆူပူသောင်းကျန်းမှု မငြိမ်မသက်မှုဖြစ်စေသူကို အခြေအနေအားလျော်စွာ သေဒဏ်၊ ကားစင်တင်ခြင်းပြစ်ဒဏ်၊ ပြည်နှင်ဒဏ် သို့မဟုတ် ခြေလက်ဖြတ်တောက်ခြင်းပြစ်ဒဏ်များပေးနိုင်၏။	၅း၃၄	၁၇၇
'ဇေနာ' (မတရားကာမမှုရှု)		
'ဇေနာ'ကိုတားမြစ်ခြင်းနှင့် ယင်းအတွက်ပြစ်ဒဏ်	၂၄း၃-၄	၅၉၉
ကျေးကျွန်(သို့)ပန်း)မိန်းမများအတွက် ပြစ်ဒဏ်ထက်ဝက်သတ်မှတ်။	၄း၂၆	၁၂၇
လူအများရှေ့တွင် ပြစ်ဒဏ်ပေးရမည်။	၂၄း၃	၅၉၉
ယိုးစွပ်မှု		
စင်ကြယ်သူအမျိုးသမီးအား မကောင်းမှုကျူးလွန်သည်ဟု ယိုးစွပ်သူများအား ဥာလောကနှင့် နောင်တမလွန်တို့တွင် ကျိန်ခြင်းနှင့် ပြစ်ဒဏ်။	၂၄း၂၄	၆၀၃
သက်သေ(၄)ယောက်မပြနိုင်လျှင် မတရားစွပ်စွဲမှု၏ ပြစ်ဒဏ်မှာကြိမ်ဒဏ်(၈၀)။	၂၄း၅	၅၉၉
ယိုးစွပ်တတ်သူ၏ သက်သေခံမှုကို မည်သည့်အခါတွင်မျှ လက်မခံရန်။	၂၄း၅	၅၉၉
ခိုးဝှက်မှု		
ခိုးကျင့်ရနေသူအတွက် ပြစ်ဒဏ်မှာ လက်ဖြတ်ရန်။	၅း၃၉	၁၇၈
အရှက်ကင်းမဲ့မှု		
ယောကျ်ားနှစ်ယောက် လိင်တူအရှက်ကင်းမဲ့မှု ကျူးလွန်လျှင် အခြေအနေအားလျော်စွာ ပြစ်ဒဏ်သတ်မှတ်ရမည်။	၄း၁၇	၁၂၄
အရှက်ကင်းမဲ့မှု ကျူးလွန်သောမိန်းမအား အိမ်အပြင်သို့ ထွက်ခွင့်မှတားမြစ်ရန်။	၄း၁၆	၁၂၄

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အရှက်ကင်းမဲ့မှု လုပ်ရပ်ကို ဖြန့်ချိသူအတွက် ပြစ်ဒဏ်ကို အစိုးရက သတ်မှတ်နိုင်သည်။	၂၄း၂၀	၆၀၂
ပရိဒါ–ခြုံလွှာ။		
မျက်လွှာချခြင်းမှာ ယောကျ်ားမိန်းမနှစ်ဦးလုံးအတွက် အကျုံးဝင်။	၂၄း၃၁-၃၂	၆၀၄-၆၀၅
မွတ်စလင်အမျိုးသမီးတို့အတွက် 'ဂျီလ်ဘာဘ်' ခြုံထည်။	၃၃း၆၀	၇၄၈
'ခုမွန်ရ်'(ဦးခေါင်းခြုံလွှာ)ကို ရင်ဘတ်များအပေါ်ထိ ချထားရန်ပညတ်။	၂၄း၃၂	၆၀၄-၆၀၅
သက်ကြီးအမျိုးသမီးများအတွက် 'ပရ်ဒါ'တွင် လျှော့ပေါ့မှု။	၂၄း၆၁	၆၁၁
'ပရ်ဒါ'ပြုရမည့် အချိန်သုံးခု။	၂၄း၅၉	၆၁၁
အခြားသူများ၏ရှေ့တွင် မိမိတို့၏အလှအပကို မဖော်ပြရ။	၂၄း၃၂	၆၀၄-၆၀၅
ပျားကောင်		
ပျားကောင်များထံသို့ 'ဝဟီ'ပို့ချခြင်း။	၁၆း၆၉	၄၅၃
ပျားကောင်ပုံဆောင်ချက်ဖြင့် 'ဝဟီ'၏ဂုဏ်အဆင့်ဖော်ကျူးထား။		၄၃၉
ပျားရည်တွင် ရောဂါပျောက်ကင်းမှု။	၁၆း၇၀	၄၅၃
ပျားကောင်နှင့် ပျားရည်တို့တွင် လေ့လာလိုက်စားသူတို့အတွက် ထူးခြားချက်များစွာရှိ၏။	၁၆း၇၀	၄၅၃
ပျားကောင်တို့၏လောကသည် ကောင်းသောရိက္ခာကိုရရှိလျက် ထိုရိက္ခာအား အခြားရထိုက်သူတို့ကိုလည်းဝေမျှသော ပိုင်ဆိုင်မှုခွဲဝေပေးရေးစနစ်ပမာတည်း။		၄၃၉
(ဗ)		
ဗလီ ('မာစ်ဂျိဒ်' တွင်ရှု)		
(ဘ)		
ဘဝကူးပြောင်းခြင်း		
မရှိရာမှ ရှိရာသို့ရောက်ရှိလာခြင်း။		၄၀၂-၄၁၃
လူသားသည် မွေးဖွားဖြစ်ထွန်းလာမှုမရှိမီက ဘာမျှမဟုတ်ခဲ့ချေ။	၇၆း၂	၁၁၁၁
	၁၉း၁၀	၅၁၃
	၁၉း၆၈	၅၂၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ဘို့ဟ်တာန် (မဟုတ်တမ်းတရားယိုးစွပ်ခြင်း)		
'ဘိုင်အတ်'သစ္စာခံစဉ် အမျိုးသမီးများထံမှ မဟုတ်မမှန်ယိုးစွပ်မှုမပြုပါဟု ကတိယူရန်။	၆၀း၁၃	၁၀၂၈
စင်ကြယ်ခြင်း ကွန်ဒြေသိက္ခာရှိသော အမျိုးသမီးများအား မဟုတ်မမှန် စွပ်စွဲသူက သက်သေ(၄)ယောက်မပြနိုင်ခဲ့လျှင် ကြိမ်ဒဏ်အချက်(၈၀)။	၂၄း၅	၅၉၉
မဟုတ်တမ်းတရားစွပ်စွဲသူအတွက် လောကီနှင့် နောင်တမလွန်တို့တွင် လာအ်နတ်နှင့် အဇာဘ်။	၂၄း၂၄	၆၀၃
ရဟူဒီတို့က မရိယမ်သခင်မအား မဟုတ်တမ်းတရားယိုးစွပ်ခြင်း။	၄း၁၅၇	၁၅၈
ဘိုင်အတ် (သစ္စာခံခြင်း)		
တမန်တော်မြတ်ﷺထံ ဘိုင်အတ်သစ္စာခံယူသူသည် အလ္လာဟ်၏ထံတွင် သစ္စာခံခြင်းဖြစ်။	၄၈း၁၀	၉၂၉-၉၃၀
'ဘိုင်အတ်ရီဇ်ဝါန်'ခံယူသူတို့အတွက် အလ္လာဟ်၏ကျေနပ်နှစ်သက်မှု သတင်းကောင်း။	၄၈း၁၉	၉၃၂
အမျိုးသမီးများ၏ 'ဘိုင်အတ်'အတွက်အထူးမှတ်ချက်။	၆၀း၁၃	၁၀၂၈
(မ)		
မက္ကာမြို့အောင်ပွဲ		
မက္ကာမြို့အောင်ပွဲရမည့်အကြောင်း ကြိုတင်နိမိတ်။	၂၈း၈၆	၆၈၆
	၉၀း၃	၁၁၆၆
	၁၁၀း၂-၃	၁၂၁၃
'မတ်စ်ဂျိဒ်'--ဝတ်ပြုရာကျောင်းတော်		
မတ်စ်ဂျိဒ်သည် အလ္လာဟ်အား အေဘာဒတ်ပြုရန်သာဖြစ်ခြင်း။	၇၂း၁၉	၁၀၉၄
မတ်စ်ဂျိဒ်နှင့် အခြားသောဘုရားကျောင်းများ၏ မြင့်မြတ်ခြင်း။	၂၂း၄၁	၅၇၃
မတ်စ်ဂျိဒ်သို့သွားရောက်ရန်ကျင့်ဝတ်။	၇း၃၂	၂၄၈
မတ်စ်ဂျိဒ်များကို သန့်ရှင်းစင်ကြယ်စွာ ထားရှိကြရန်။	၂း၁၂၆	၃၁
မတ်စ်ဂျိဒ်မှ တားမြစ်ပိတ်ပင်ခြင်းမှာ အကြီးဆုံးပြစ်မှု။	၂း၁၀၅	၂၈
'မတ်စ်ဂျိဒေဟရာမ်'မှ 'မတ်စ်ဂျိဒေအက္ကဆာ'သို့ အစွမ်းအစ်ခရီး။	၁၇း၂	၄၆၇
'မတ်စ်ဂျိဒ်ဒွေရာရ်'ကိုဖြိုချရခြင်း၏ အမြော်အမြင်သဘော။	၉း၁၀၇	၃၂၈

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
'မိဆားက်' ကတိခံဝန်ချက်		
တမန်တော်များထံမှ ပဋိညာဉ်ယူတော်မူခြင်းအကြောင်း။	၃း၈၂	၉၃-၉၄
		၇၆
တမန်တော်မြတ်ﷺထံမှလည်း ပဋိညာဉ်ကတိခံဝန်ချက်ယူခဲ့ခြင်း။	၃၃း၈	၇၃၇
		၇၃၂-၇၃၃
ဘနီအစ္စရာအီလ်တို့ထံမှလည်း ပဋိညာဉ်ခံဝန်ချက်ယူခဲ့။	၂း၉၄	၂၃
မလာအေကာ		
မလာအေကာကို အီမာန်ယူရန်အရေးကြီး။	၂း၁၇၈	၄၂
မလာအေကာကို ငြင်းပယ်မှုမှာ လမ်းလွဲခြင်းဖြစ်၏။	၄း၁၃၇	၁၅၄
မလာအေကာသည် အလ္လာဟ်၏ အမိန့်ကို မဖီဆန်။	၆၆း၇	၁၀၅၅
အလ္လာဟ်၏ဖန်ဆင်းခံ။	၃၇း၁၅၁	၈၀၂
ရုပ်မျက်စိဖြင့် မမြင်နိုင်။	၆း၉-၁၀	၂၀၄
ဖို့ မ လိုင်မရှိ။	၃၇း၁၅၁	၈၀၂
အရေအတွက်မဲ့ အများအပြား။	၇၄း၃၂	၁၁၀၂-၀၃
အလ္လာဟ်ချီးမြှင့်ထားသလောက်သာ အသိပညာရှိ။	၂း၃၃	၁၀
မတူညီသော စွမ်းအားကိုယ်စီရှိခြင်း။	၃၅း၂	၇၆၇
တောင်ပံ(၄)ခုဟူသည် ဖြပ်/ရုပ်၏ လေးမျိုးသောအခြေခံ Valencies		၇၆၅
ဂျစ်ဗရီးလ် (ဂျီဗရာအီလ် အလ်-ရူဟွလ်အမီးန်)	၂း၉၈-၉၉	၂၄
	၂၆း၁၉၄	၆၄၆
မီကာအီလ်။	၂း၉၉	၂၄
အလ္လာဟ်အား တာစ်ဘီနှင့် ချို့တဲ့ခြင်းကင်းကြောင်းဖော်ကျူးခြင်း။	၃၉း၇၆	၈၃၄
မလာအေကာများက အချိန်နှင့်အမျှ အလ္လာဟ်၏ရှေ့တော်တွင် ဦးချ		
'စဂျဒါ'ပြုလျက်ရှိရခြင်းအကြောင်းရင်း။		၄၃၉
မလာအေကာများက တမန်တော်မြတ်ﷺအား ဒရူးဒ်နှင့် စလာမ် ပို့သ။	၃၃း၅၇	၇၄၇
မို့အ်မင်နှ်တို့အတွက် အိစ်တီဂ်ဖာရ်ပြုပေးခြင်း။	၄၀း၈	၈၃၈
'အရ်ရှ်'ကို ပင့်မ၍ထားခြင်း။	၄၀း၈	၈၃၈
'အရ်ရှ်'ကို ပင့်မထားခြင်း၏အလိုသဘော။		၈၃၅

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ပင့်မထားသော 'မလာအေကာ'၏အရေအတွက် ကေယာမတ်နေ့တွင် နှစ်ဆဖြစ်မည်။	၆၉း၁၈	၁၀၇၄
'ဂေလားဇွန်'၊ 'ရွှေဒါဒွန်'မလာအေကာများ။	၆၆း၇	၁၀၅၅
သေမင်းတမန်။	၃၂း၁၂	၇၂၈
ကျင့်ကြံအားထုတ်မှုများကို မှတ်တမ်းတင်။	၈၂း၁၁-၁၃	၁၁၄၀
သတင်းပို့သူ စေတမန်။	၂၂း၇၆	၅၇၉
မို့အ်မင်္ဂန်တို့အား သတင်းကောင်းပေးခြင်း။	၄၁း၃၁-၃၂	၈၆၀
တမန်တော်များနှင့် တမန်တော်၏ နောက်လိုက်များအား အကူအညီပေးခြင်း။	၃း၁၂၅	၁၀၂
တမန်တော်ကိုဆန့်ကျင်ရန်ပြုသူတို့အား အဇာဘ်ပေး။	၆း၁၅၉	၂၃၈
အာဒမ်အား 'စဂ်္ဂါ'ပြုရန် အမိန့်ပေးခံရ။	၂း၃၅	၁၁
	၇း၁၂	၂၄၄
	၁၇း၆၂	၄၃၇
	၁၈း၅၁	၄၉၈-၄၉၉
မာန်မာန		
မာနကြီးသူ ဂျန္ဒတ်မဝင်ရ။	၇း၄၁	၂၅၀
အီဘလိစ်သည် မာန်မာနကြောင့် အာဒမ်ကို စဂ်္ဂါမပြု။	၂း၃၅	၁၁
	၃၈း၇၅	၈၁၆
တမန်တော်များကိုငြင်းပယ်သူများမှာ မာန်မာနကြောင့်ဖြစ်။	၇း၃၇	၂၄၉
ဘုရားအစ္စရာအီလ်တို့က တမန်တော်အား မာန်မာနကြောင့် ငြင်းပယ်ကြခြင်းသာ။	၂း၈၈	၂၂
ဖိရိအောင်၏မာန။	၂၈း၄၀	၆၇၉
မာန်မာနထောင်လွှားသူများ၏ အလွန်ဆိုးရွားသောစခန်း-ဂျဟန္နမ်။	၁၆း၃၀	၄၄၇
	၃၉း၇၃	၈၃၄
မာနရှင်တို့၏ နှလုံးသားများအပေါ် တံဆိပ်ခတ်နှိပ်ခြင်း။	၄၀း၃၆	၈၄၃
မို့ကာတ္တီအတ် (ကုရ်အာန်ရှု)		
'မို့နာဖစ်' အယောင်ဆောင်များ		
မိုနာဖစ်၏လက္ခဏာများ။	၄း၁၄၄	၁၅၆

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
နာခံကြောင်းနှုတ်ဖြင့်သာပြော။	၄း၈၂	၁၄၀
ယင်းတို့၏နှလုံးသားအခြေအနေကို အလွှာဟ်သိ။	၄း၆၄	၁၃၆
ယင်းတို့သည် အလွှာဟ်နှင့် တမန်တော်အား မုန်းတီး။	၄း၆၂	၁၃၆
မွတ်စလင်တို့အား မွရ်တဒ်ဖြစ်ရန်ကြိုးပမ်းကြခြင်း။	၄း၉၀	၁၄၂
လုပ်ကြံသတင်းလွှင့်ခြင်း။	၄း၈၄	၁၄၁
အခက်အခဲတွေ့ချိန် အလွှာဟ်အား ကျိန်ဆိုသက်သေပြုခြင်း။	၄း၆၃	၁၃၆
'အေဘာဒတ်'တွင် ပျင်းရိခြင်း။	၄း၁၄၃	၁၅၅-၁၅၆
ယင်းတို့အတွက် နာကျင်ဖွယ်ပြစ်ဒဏ်။	၄း၁၃၉	၁၅၄
	၄း၁၄၆	၁၅၆
မိုနာဖစ်တို့သည် တမန်တော်မြတ်အား အလွဲသုံးစားပြုသူ၊ စိတ်မချရသူ ဟုစွပ်စွဲ။		၃၀၃-၃၀၄
မိုနာဖစ်တို့အတွက် ဒိုအာမပြုရန် တမန်တော်မြတ်အား အလွှာဟ်ကတားမြစ်။	၉း၈၄	၃၂၃
မိုနာဖစ်တို့သည် မိမိတို့နှင့်ပတ်သက်၍ ကုရ်အာန်တွင် အာယတ်တော်ကျရောက်လာမည်ကို စိုးရိမ်။	၉း၆၄	၃၁၈
'မွရ်တဒ်' သာသနာမှ အယူတိမ်းခြင်း		
'မွရ်တဒ်'ဖြစ်သူများသည် အလွှာဟ်၏သာသနာကို တစ်စုံတစ်ရာ ထိခိုက်နစ်နာအောင် ပြုနိုင်ကြမည်မဟုတ်။	၃း၁၄၅	၁၀၅
'မွရ်တဒ်'တစ်ယောက်အစား အလွှာဟ်အားချစ်မြတ်နိုးသော လူအဖွဲ့အစည်းတစ်ခုဝင်လာစေမည့်ကတိတော်။	၅း၅၅	၁၈၂-၁၈၃
'မွရ်တဒ်'အား အသေသတ်ရမည်ဟူသော ခံယူချက်မှာ တမန်တော်တို့အား ငြင်းပယ်ဆန့်ကျင်သူများ၏ စုပေါင်းဆုံးဖြတ်ချက်သာဖြစ်။		၄၁၄
မွရ်တဒ်၏ပြစ်ဒဏ်သေမိန့်မဟုတ်။	၂း၂၁၈	၅၂
	၃း၉၁	၉၅
	၄း၁၃၈	၁၅၄
	၅း၅၅	၁၈၂-၁၈၃
	၁၆း၁၀၇	၄၆၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
မူရှရိုက်		
လုပ်ကြံထားသော ဘုရားတုများကို အလွာဟ်နှင့်ပေါင်းကူးမှုပြုခြင်းကိုပယ်။		၈၁၈
'ရုဂွဇ်'ဟူသည် မက္ကာမှ မူရှရိုက်များဖြစ်၏။		၁၁၀၀
'မူရှရိုက်'များက ခိုလှုံလာလျှင် ခိုလှုံခွင့်ပေး။	၉း၆	၃၀၆
'ရှရိုက်'ပြုနေသော အခြေအနေဖြင့် ကွယ်လွန်သူ'မူရှရိုက်'များအတွက် နဗီနှင့် မို့အ်မင်္ဂန်များက အိစ်တိဂ်ဖာရ် မပြုပေးရ။	၉း၁၁၃	၃၃၀
မိုဘာဟေလာ		
ခရစ်ယာန်များအား မိုဘာဟေလာ ဖိတ်ခေါ်ခြင်း။	၃း၆၂	၈၉-၉၀
ရဟူဒီများအား မိုဘာဟေလာဖိတ်ခေါ်ခြင်း။	၆၂း၇	၁၀၃၆
မိဘမဲ့များ		
မိဘမဲ့တို့အား ဖယ်ကြဉ်နှိမ့်ချခြင်းမပြုလင့်။	၉၃း၁၀	၁၁၇၆
ဆွေမျိုးဖြစ်သော မိဘမဲ့သူငယ်များအား အထူးသဖြင့် သတိထား အသိအမှတ်ပြုရန် အမိန့်ပညတ်။	၉၀း၁၅-၁၆	၁၁၆၆
မိဘမဲ့ မိန်းကလေးများနှင့် ထိမ်းမြားမှု။	၄း၄	၁၂၀
မိဘမဲ့ကလေးများ၏ ရပိုင်ခွင့်များနှင့် သူတို့ပိုင်ဥစ္စာပစ္စည်းများကို ပေးအပ်ရန် ပို့ချချက်။	၄း၃-၇	၁၂၀-၁၂၁
မိဇာန် (အတိုင်းအတာပမာဏ)		
မြင့်မားခြင်းဟူသမျှသည် ဟန်ချက်ညီမှုလိုအပ်ခြင်း။		၉၇၉
စကြဝဠာတွင် ဟန်ချက်ညီမှု။	၆၇း၄	၁၀၆၀
		၉၇၉
မြင့်မြတ်သောလမ်းများ (လစန္ဒာလည်းရှု)		
အလွာဟ်၏အထံတော်၌ မြင့်မြတ်သော (၄)လ။	၉း၃၆	၃၁၂
မြင့်မြတ်သောလများကို မလေးမစားမပြုလင့်။	၅း၃	၁၆၈
မြင့်မြတ်သောလတွင် စစ်ဖြစ်ခြင်းမှာ အလွန်ကြီးလေးသောပြစ်မှုဖြစ်ခြင်း။	၂း၂၁၈	၅၂
မြင့်မြတ်သောလများတွင် ခုခံကာကွယ်စစ်ပြုခွင့်ရှိ။	၂း၁၉၅	၄၇

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
မြင်း		
တမန်တော် ဆူလိုင်မန်သည် မြင်းများကို မြတ်နိုး။	၃း၃၃	၈၁၁
		၈၀၅
طَفِقَ مَسْحًا بِالسُّوْقِ وَالْأَعْنَاقِ ၏ သဘော။		၈၁၁
ဂျီဟာဒ်အတွက် ပြင်ဆင်ထားသောမြင်းများ၏နဖူးပြင်များတွင် 'ကယာမတ်'အထိ ကောင်းချီးမင်္ဂလာရှိခြင်း။		၈၀၅
ဂျီဟာဒ်တွင် ပါဝင်မည့် မြင်းများအကြောင်း။	၁၀၀း၂/၆	၁၁၉၂
ရန်သူများအတွက် မြင်းသည်တော်တပ်၏ စခန်းများပြုလုပ်ရန်အမိန့်။	၈း၆၁	၂၉၉
မြင်းသည် လောကီရေးဂုဏ်ဒြပ်၏ အမှတ်လက္ခဏာလည်းဖြစ်သည်။	၃း၁၅	၇၉
မြင်းသည် အစီးအနင်းနှင့် တင့်တယ်စရာ ပစ္စည်းရတနာဖြစ်ခြင်း။	၁၆း၉	၄၄၄
မေ့အ်ရာဂျ်		
တမန်တော်မြတ်ﷺ၏ မေ့အ်ရာဂျ်။	၅၃း၁၄	၉၆၆
မေ့အ်ရာဂျ်မှာ နာမ်ဝိညာဉ်ရေးရာဖြစ်ခြင်း။	၅၃း၁၂	၉၆၆
		၉၆၄
(ယ)		
ယာဂျတ်၊ မာဂျတ်		
ဇူလ်ကရ်နိုင်က ယာဂျတ် မာဂျတ်၏ရန်မှ လုံခြုံရေးအတွက် တံတိုင်းတည်ဆောက်။	၁၈း၉၅-၉၇	၅၀၆
ယာဂျတ် မာဂျတ်၏ အောင်ပွဲများအစ။	၂၁း၉၇	၅၆၀
ယာဂျတ် မာဂျတ်၏ အချင်းချင်းစစ်ပွဲ။	၁၈း၁၀၀	၅၀၇
ယင်း၏ခေတ်တွင် သိပ္ပံပညာရှင်များက သူသေများကို ရှင်အောင်ပြုခြင်း၌ ထမြောက်အောင်မြင်နိုင်လိမ့်မည်မဟုတ်။		၅၄၅
'ယောင်းမ်' (ခေတ်ကာလလည်းရှု)		
ယောင်းမွလ်တဂါဘွန်/ယောင်းမီလ်ဂျမာအေ့အ်		
ကောင်းသူနှင့် ဆိုးသွမ်းသူများကို ခွဲခြားမည့်နေ့တော်။	၆၄း၁၀	၁၀၄၄
ယောင်းမစ်ဒင်းန်		
'တရားစီရင်မည့်နေ့တော်'ကို ငြင်းပယ်သူများ၏ဆုံးရှုံးမှု။		၁၁၄၂

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အမျိုးသားထု၊ လူမျိုးစုများအတွက် ဆုလာဘ်နှင့်ပြစ်ဒဏ်ပေးသောနေ့		
ဤလောကီဘဝ၌လည်း ရောက်ရှိလာ။		၉၅၀
ယောင်းမွှေလ် ဖဆေလ်		
စီရင်ဆုံးဖြတ်မည့်နေ့။	၃၇း၂၂	၇၉၂
	၄၄း၄၁	၈၉၇
	၇၇း၁၄-၁၅	၁၁၁၇
	၇၇း၃၉	၁၁၁၉
	၇၈း၁၈	၁၁၂၃
(၅)		
ရဟူဒီဝါဒ (ဘာနီအစ္စရာအီလ်၊ ရဟူဒီနှင့် မူစာကဏ္ဍများလည်းရှု)		
ရဟူဒီတို့၏ မကောင်းမှုများမှာ ၎င်းတို့၏ စိတ်ဓာတ်မာကျောခက်ထန်		
လာသော ခေတ်ကာလများတွင် ရှင်သန်လာခဲ့ခြင်းဖြစ်သည်။		၄၆၄
ကျိန်ခြင်းသက်ရောက်သော သစ်ပင်၏ ဆိုလိုရင်းမှာ ရဟူဒီများဖြစ်။		၄၆၅
ရဟူဒီတို့၏ 'မီဆားက်' ပဋိညာဉ်နှင့်ယှဉ်လျက် 'မီဆာကန်နဗီယီးန်'		
အကြောင်းလာရှိခြင်း။		၇၆
		၉၄
ကမ္ဘာ့နောက်ဆုံးနေ့များတွင် (၀၀) ကမ္ဘာ့နှောင်းခေတ်များတွင် ရဟူဒီများ		
ပါလက်စတိုင်းကို သိမ်းပိုက်ကြလျက် တစ်ဖန် ယင်းမှနှင်ထုတ်ခြင်းခံရမည့်		
ရှေ့ဖြစ်နိမိတ်။		၄၆၄
၎င်းတို့အပြင် အခြားတစ်စုံတစ်ဦးမျှ ဣန္ဒတ်ကို ရပိုင်ခွင့်မရှိဟု ရဟူဒီများ		
က ကြွေးကြော်။	၂း၁၁၂	၂၇-၂၈
ရဟူဒီတို့၏ အတိုးစားခြင်း၊ လူတို့၏ဥစ္စာပစ္စည်းများကို (တရားမဝင်)		
စားသုံးခြင်းနှင့် မတရားမှုများအတွက်ရလဒ်။	၄း၁၆၁-၁၆၂	၁၆၀
ပထမအကြိမ် 'ဟရှရ်'တွင် ရဟူဒီများအားပြစ်ဒဏ်။		၁၀၁၆
ရဟူဒီတို့သည် ခရစ်ယာန်များနှင့် ကယာမတ်နေ့တိုင်မုန်းတီးမှုရှိနေမည်။	၅း၁၅	၁၇၂-၁၇၃
ရဟူဒီဝါဒနှင့် ခရစ်ယာန်ဝါဒ ပူးပေါင်းကြံစည်ကြိုးပမ်းမှုအကျဉ်းချုပ်။		၁၂၂၀
'ရီဇီက်' ရိက္ခာ		
အသက်ရှင်နေထိုင်ရေးစနစ်သည် တောင်များကို အမှီသဟဲပြုရ။		၄၃၈-၄၃၉

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
တောင်များသည် ရိက္ခာဖြန့်ဝေထောက်ပံ့ရာအကြောင်းခံ။	၁၆း၁၆	၄၄၅
	၂၁း၃၂	၅၅၁
	၃၁း၁၁	၇၁၉
	၄၁း၁၁	၈၅၆
မိုးကောင်းကင်ကို အသင်တို့အသက်ရှင်နေထိုင်ရေး၏ အရင်းအမြစ်ပြုထားတော်မူ၏။	၂း၂၃	၃-ဈ
ရိဇိုက် ရိက္ခာဆိုင်ရာ အကြောင်းခံဟူသမျှ ကောင်းကင်ယံမှ ကျရောက်ရ။		၉၅၁
စားနပ်ရိက္ခာရှားပါးမှုအတွက် စိုးရိမ်၍ ပဋိသန္ဓေတားခြင်းကို ခွင့်မပြုသင့်။	၆း၁၅၂	၂၃၆
	၁၇း၃၂	၄၇၂
ရိဇိုက်၏ပေါက္ကြယ်ဝခြင်း ရှားပါးခြင်းတို့မှာ အလွှာဟ်၏လက်တော်တွင်ရှိ။	၁၃း၂၇	၄၀၉
	၁၇း၃၁	၄၇၂
	၂၈း၈၃	၆၈၆
	၂၉း၆၃	၇၀၀
လိုအပ်ချက်နှင့်တစ်ပြေးညီ ကောက်ပဲသီးနှံများတွင် အဆပေါင်း(၇၀၀)ထိ တိုးပွားဖြစ်ထွန်းနိုင်၏။	၂း၂၆၂	၆၈
'ဟစ်ဂျရတ်'၏အကျိုးဆက်ဖြင့် ရိဇိုက်ပေါက္ကြယ်ရ။		၂၈၆
အလုံးစုံသော လူသားနှင့် မလာအေကာစနစ်တည်ရှိမှု ဖြစ်စဉ်တို့သည် တစ်မျိုးမဟုတ်တစ်မျိုးသော ထူးခြားသည့်'ရိဇိုက်'ကို အားကိုးကြရ၏။		၉၅၁
'ရိဇိုက်'ကျယ်ပြောခြင်းနှင့် ကျပ်တည်းခြင်း၏ဒဿန။		၈၆၇
လူသားနွယ်ဝင်များ အသက်ရှင်နေထိုင်ရေး လိုအပ်ချက်ဆိုင်ရာ ရတနာများသည် ကုန်ခန်းနိုင်မည်မဟုတ်။		၄၂၇
ကမ္ဘာမြေတွင် စားနပ်ရိက္ခာစနစ်၏ခေတ်ကြီး(၄)ခေတ်တွင် ပြည့်စုံခဲ့ခြင်းနှင့် တောင်များက ယင်း၌ အချက်အချာကျသော စွမ်းဆောင်မှုအစဉ်၊ ၎င်းနောက် သစ်သီးဝလံများနှင့် ကောက်ပဲသီးနှံများ မှည့်ဝင်းခြင်း စနစ်။		၈၅၂
ရှီဇာဥပုသ်/ ရမ်ဇာန်။		
ရမ်ဇာန်၏ မြင့်မြတ်ပုံများ။	၂း၁၈၆	၄၄
ရမ်ဇာန်လ၏ရိဇာ ဖရာဇ်ဖြစ်သည်။	၂း၁၈၄	၄၃
ရမ်ဇာန်လ၏ ရိဇာတစ်လတင်းတင်းတည်ဆောက်ရန် တာဝန်ရှိ။	၂း၁၈၆	၄၃

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ရိုဇာဥပုသ်တည်ဆောက်ရန်အချိန်များ။	၂း၁၈၈	၄၅
ရိုဇာဥပုသ်တည်ဆောက်ခြင်းမှာ ကောင်းခြင်း၏အကြောင်းခံ။	၂း၁၈၅	၄၃-၄၄
နာမကျန်းဖြစ်သူနှင့် ခရီးသည်များအတွက် လွတ်ငြိမ်းခွင့်။	၂း၁၈၆	၄၃
ရိုဇာအတွက် အပြစ်ဖြေမှု၊ မရှိန္ဓမ်းပါးသူတစ်ဦးအား အစားအစာ ကျွေးမွေးရမည်။	၂း၁၈၅	၄၃-၄၄
ဆွီယာမ်-ဥပုသ်လ၏ညဉ့်များတွင် ဇနီးမယားများနှင့် ဆက်ဆံခွင့်ရှိ။	၂း၁၈၈	၄၅
အီတီကာဖ် တရားထိုင်စဉ်ကာလများတွင် ဇနီးမယားများနှင့် ဆက်ဆံမှုကို တားမြစ်ထားခြင်း။	၂း၁၈၈	၄၅
ရူဟ်		
ရူဟ်သည် အရှင့်အမိန့်ဖြင့်တည်ရှိ။	၁၇း၈၆	၄၈၁
ရူဟ်နှင့်စပ်လျဉ်း၍ လူ့အသိပညာအလွန်နည်း။	၁၇း၈၆	၄၈၁
ရူဟ်သည် အလ္လာဟ်၏အမိန့်မှတစ်ပါး အခြားမဟုတ်။		၄၆၆
ရူဟ်မှုတ်သွင်းခြင်း။	၁၅း၃၀	၄၃၁
	၃၈း၇၃	၈၁၆
လိုင်လတွလ်ကဒရ်တွင် ရူဟွလ်ကွတ်ဒူးစ်သက်ဆင်း။	၉၇း၅	၁၁၈၅
အလ်-ရူဟွလ်အမင်းန်/ရူဟွလ်ကွတ်ဒူးစ်က တမန်တော်မြတ်ﷺ၏ နှလုံးသားပေါ်တွင် ကျမ်းမြတ်ကုရ်အာန်ချပေးခြင်း။	၁၆း၁၀၃	၄၅၉
	၂၆း၁၉၄	၆၄၆
ရူဟွလ်ကွတ်ဒူးစ်ဖြင့် မရ်ယမ်၏သား မဆီဟ်ကို ကူညီပေး။	၂း၈၈	၂၂
	၂း၂၅၄	၆၄
	၅း၁၁၁	၁၉၆
တမန်တော်မြတ်၏ သာဝကတော်များအား ကူညီမှိုင်းမခြင်း။	၅၈း၂၃	၁၀၁၄-၁၅
ရောင်းဝယ်ဖောက်ကားမှု		
ရောင်းဝယ်မှုကိစ္စတွင် နှစ်ဦးနှစ်ဘက် ကျေနပ်မှုရှိရမည်။	၄း၃၀	၁၂၈
အပြန်အလှန်ကုန်သွယ်မှုအရောင်းအဝယ်ပြုရာတွင် သက်သေထားရှိလျက် ကတိစာချုပ်ချုပ်ဆိုရန်။	၂း၂၈၃	၇၂-၇၃
ရောင်းဝယ်မှုကိစ္စက နာမ်ပိုင်းဆိုင်ရာကြီးမြတ်သော ပုဂ္ဂိုလ်များကို နမာဇ်နှင့် ဇကာတ်တာဝန်မှ မေ့လျော့ပေါ့ဆအောင်မပြုနိုင်။	၂၄း၃၈	၆၀၆

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အကျိုးရှိသောရောင်းဝယ်မှု	၃၅း၃၀	၇၇၂
	၆၁း၁၁-၁၂	၁၀၃၂-၁၀၃၃
မျက်မှောက်ခေတ်စီးပွားရေးကို အသေးစိတ်သုံးသပ်ခြင်း။		၁၁၄၂
ရောင်းဝယ်မှုအပေးအယူတွင် အတိုင်းအတာပမာဏကို အတိအကျ အမှန်အကန် ထားရှိရန်။	၆း၁၅၃	၂၃၆
	၇း၈၆	၂၅၉
	၁၇း၃၆	၄၇၃
	၂၆း၁၈၂-၁၈၃	၆၄၅
	၅၅း၉-၁၀	၉၈၁
ရာဟ်ဘာနီယတ်		
'ရာဟ်ဘာနီယတ်'သည် 'ဘေဒါအတ်' အဆန်းထွင်မှုဖြစ်။	၅၇း၂၈	၁၀၀၇
ရေ		
အလ္လာဟ်၏'အရ်ရှ်'သည် ရေပေါ်တွင်ရှိခြင်း၏အဓိပ္ပာယ်။	၁၁း၈	၃၅၉
ကမ္ဘာမြေတွင် ရေ၏စနစ်။		၄၀၂
ကောင်းကင်ယံနှင့် ပင်လယ်သမုဒ္ဒရာတို့၏အကြား ရေ၏အရေးပါသောတာဝန်။		၉၅၈
အလ္လာဟ်သည် ထိုရေကို ဖျောက်ဖျက်နိုင်စွမ်းတော်မူ၏။	၂၃း၁၉	၅၈၄
ကမ္ဘာမြေမှ ရေပျောက်ရန် အခြေအနေနှစ်ရပ်။		၅၈၁
ရေမှ သက်ရှိဟူသမျှပေါက်ဖွားခြင်း။	၂၁း၃၁	၅၅၁
	၂၄း၄၆	၆၀၈
ရေမှလူသားပေါက်ဖွားလာခြင်း။	၂၅း၅၅	၆၂၄
သစ်ပင်ပန်းမာလ်ဟူသမျှ၏ ပေါက်ရောက်မှုမှာ ရေဖြင့်သာ။	၆း၁၀၀	၂၂၃-၂၂၄
ရေသည် ရိက္ခာရရှိစေရာ အကြောင်းခံ	၂၊၂၃	၇-၈
ပင်လယ်သမုဒ္ဒရာများအားဖြင့် ခရီးလမ်းကြောင်း၏ လွယ်ကူမှုများ။	၄၅း၁၃	၉၀၁
ပင်လယ်သမုဒ္ဒရာသည် စားနပ်ရိက္ခာ၏အကြောင်းခံဖြစ်။	၁၆း၁၅	၄၄၄-၄၄၅
'ရှေဖာအတ်' ကြားဝင်အသနားခံပေးခြင်း။		
အလ္လာဟ်အပြင် 'ရှဖီအ်'မရှိ။	၃၂း၅	၇၂၇
ရှေဖာအတ် (ကိစ္စများ)သည် အလ္လာဟ်၏အလိုတော်၌သာ အလုံးစုံရှိ၏။	၃၉း၄၅	၈၂၉

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ရှေဖာအတ်မှာ အလွှာဟ်၏အမိန့်ဖြင့်သာ ဖြစ်ရမည်။	၁၀း၄	၃၃၆
	၇း၃၉	၁၁၂၄
မဟာကရုဏာတော်ရှင်နှင့် ကတိရယူထားသူသာလျှင် ရှေဖာအတ်ပြုပေးပိုင်ခွင့်ရရှိထား။	၁၉း၈၈	၅၂၂
ရှေဖာအတ်၏ပိုင်ခွင့်မှာ 'ဟတ်က်'ကို သက်သေခံသူကိုမျှသာ ရရှိနိုင်။	၄၃း၈၇	၈၉၂
တမန်တော်မြတ်ﷺ၏ ရှေဖာအတ်ဆိုင်ရာ အဝန်းအဝိုင်း၏ ဖြန့်ကြက်မှုများမှာ ကုရ်အာန်အပြင် အခြားတစ်စုံတစ်ရာမျှမရှိ။	၆း၅၂	၂၁၂
ရှေဖာအတ်မှာ မဟာကရုဏာတော်ရှင်၏ ခွင့်ပြုချက်ရထားသူကို အကျိုးပြုမည်ဖြစ်။	၂၀း၁၁၀	၅၃၉
	၃၄း၂၄	၇၅၉
	၅၃း၂၇	၉၆၇-၉၆၈
ကေယာမတ်နေ့တွင် တစ်စုံတစ်ရာသော အဆွေခင်ပွန်းဖြစ်ခြင်းနှင့် 'ရှေဖာအတ်'ကမျှ အသုံးဝင်လိမ့်မည်မဟုတ်။	၂း၂၅၅	၆၄
	၇၄း၄၉	၁၁၀၄
	၂း၄၉	၁၃
	၂း၁၂၄	၃၀
ရော်ရမ်းမှန်းဆ၍ပြုလုပ်ထားသော 'ရှရီက်'များအနက် မည်သူမျှ 'ရှေဖာအတ်'ပေးနိုင်မည်မဟုတ်။	၆း၉၅	၂၂၂
	၃၀း၁၄	၇၀၅
ရော်ရမ်းမှန်းဆပြုလုပ်ထားသော 'ရှရီက်'များ၏ ရှေဖာအတ် အသုံးဝင်မည်မဟုတ်။	၃၆း၂၄	၇၈၀
မတရားပြုသူများနှင့် ငြင်းပယ်သူများအတွက် ရှေဖာအတ်ပေးသူတစ်ဦးမျှရှိမည်မဟုတ်။	၇း၅၄	၂၅၃
	၄၀း၁၉	၈၄၀
	၂၆း၁၀၁	၆၃၉
လောကီလုပ်ငန်းများတွင် ကောင်းမြတ်သော ကြားဝင်ပေးမှုအတွက် အားပေးထား။	၄း၈၆	၁၄၁

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
'ရှိုင်တာန်' မိန္ဒာ		
ရှိုင်တန်သည် ငရဲသားဖြစ်ခြင်း။	၇း၁၃	၂၄၄
ရှိုင်တန်သည် လူသား၏ရန်သူ။	၁၇း၅၄	၄၇၆
	၃၅း၇	၇၆၈
ရှိုင်တန်က အာဒမ်ကို ချွတ်ချော်စေခြင်း။	၂း၃၇	၁၁
ရှိုင်တန်များသည် မုသာဝါဒီအရင်းအမာတိုင်းအပေါ် သက်ဆင်း၏။	၂၆း၂၂-၂၂၅	၆၄၈-၆၄၉
ရှိုင်တန်များသည် အလွာဟ်၏ဝဟီပို့ချခြင်း၌ ရောနှောနိုင်စွမ်းမရှိ။	၂၆း၂၁၁-၂၁၃	၆၄၈
(လ)		
လစန္ဒာ		
နေနှင့်လတို့က အလွာဟ်အတွက် စဂျံဒါပြုလျက်ရှိ။	၂၂း၁၉	၅၆၉
နေနှင့်လတို့သည် အလွာဟ်၏နိမိတ်လက္ခဏာများဖြစ်။	၄၁း၃၈	၈၆၁
လစန္ဒာ၏ ဆုတ်ခြင်းနှင့် ပြည့်ခြင်း။	၃၆း၄၀	၇၈၂
အချိန်များကို သိရှိနားလည်ရန် အကြောင်းခံ။	၂း၁၉၀	၄၆
လနှင့်နေတို့က လူသားကို တွက်ချက်မှုသင်ပေးရာဖြစ်ခြင်း။	၆း၉၇	၂၂၃
	၅၅း၆	၉၈၁
လနှစ်ခြမ်းကွဲခြင်း အံ့ဖွယ်နိမိတ်။	၅၄း၂	၉၇၃
ကမ္ဘာ့နောက်ဆုံးနေ့များတွင် နေနှင့် လကြတ်ခြင်း။	၇၅း၁၀	၁၁၀၇
'နေ'၏အလင်းမှာ ပင်ကိုဖြစ်၍ 'လ'၏အလင်းမှာ အလင်းပြန်ခြင်းဖြစ်။	၁၀း၆	၃၃၇
နေနှင့် လ တစ်ခုနှင့်တစ်ခုမတိုက်မိနိုင်။	၃၆း၄၁	၇၈၂
'လ'ဟူသည် အာရေဗျအုပ်ချုပ်ရေးခေတ်။		၉၇၁
'ဆီရာဂျေမူနီးရ်' (လင်းဝင်းသောနေဝန်း)၏နောက် ကမ္ဘာ့နောက်ဆုံးနေ့များတွင် 'လစန္ဒာ'ထွက်ပြူမည့်အကြောင်း။	၉၁း၃	၁၁၆၉
လနှစ်ခြမ်းကွဲခြင်း		
မူရှရိုက်များက 'လ'နှစ်ခြမ်းကွဲနေသည်ကို အချိန်အခိုက်အတန့်မျှ မြင်တွေ့ခဲ့ရခြင်း။		၉၇၁
'လ' နှစ်ခြမ်းကွဲခြင်း၏ အနက်သဘော။		၉၇၁

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
လျှုဒါန်းခြင်း (အလ္လာဟ်၏လမ်းတော်တွင် စွန့်ကြဲသုံးစွဲခြင်း)		
အလ္လာဟ်၏လမ်းတော်တွင် လျှိုဝှက်စွာဖြင့်လည်းကောင်း ပေါ်လွင်စွာဖြင့်လည်းကောင်း လှူဒါန်းသုံးစွဲရန်။	၁၃း၂၃	၄၀၉
ချောင်လည်မှုနှင့် ကျပ်တည်းမှု အခြေအနေနှစ်ရပ်လုံးတွင် အလ္လာဟ်၏လမ်းတော်၌ လှူဒါန်းသုံးစွဲရန်။	၃း၁၃၅	၁၀၃
ဥစ္စာပစ္စည်းလှူဒါန်းသုံးစွဲမှု၏ ဒဿန။		၇၆
မိမိရှာဖွေမှုမှ စင်ကြယ်သန့်ရှင်းသည်တို့ကို လှူဒါန်းရန်။	၂း၂၆၈	၆၉
မြတ်နိုးတွယ်တာဆုံးပစ္စည်းကို အလ္လာဟ်၏လမ်းတွင် ပေးလှူရန်။	၃း၉၃	၉၆
လှူဒါန်းပေးကမ်းခြင်းသည် အလ္လာဟ်၏ ကျေနပ်နှစ်သက်မှုအတွက်သာ ဖြစ်ရန်။	၇၆း၉-၁၀	၁၁၁၁
နောက်ဆုံးကာလသည် သာသနာတော်ကို ကူညီပံ့ပိုးရန်အတွက် ဥစ္စာပစ္စည်း အများအပြားကို စွန့်လှူကြမည့်ခေတ်ဖြစ်လိမ့်မည်။		၁၀၄၂
လူမှုစီးပွားရေးစနစ်		
အသင်တို့၏ ဥစ္စာပစ္စည်းများတွင် တောင်းရမ်းသူများရော တောင်းရမ်းမှုမပြုသူများအတွက်ပါ ဝေစုရှိ၏။	၅၁း၂၀	၉၅၃
ဥစ္စာပစ္စည်းများသည် လူချမ်းသာများအတွင်း၌သာ လှည့်ပတ်မနေရန်။	၅၉း၈	၁၀၁၈
ငွေတိုးမှ ရှောင်ရှားရန်သင်ပြချက်။	၂း၂၇၉	၃၂
	၃၀း၄၀	၇၁၀
	၃း၁၃၁	၁၀၃
လောင်းကစားနှင့် ကံစမ်းခြင်းတို့မှ တားမြစ်။	၅း၉၁	၁၉၁
ရောင်းဝယ်ဖောက်ကားမှုဖြင့် အမြတ်ရယူရှာဖွေခွင့်ရှိ။	၄း၃၀	၁၂၈
မျက်မှောက်ခေတ် စီးပွားရေးကို အဖြေရှာခြင်း။		၁၁၄၂
အသုံးအစွဲမျှတရန် သင်ပြခြင်း။	၂၅း၆၈	၆၂၆
ဥစ္စာပစ္စည်းတပ်မက်မှုမှ အမျိုးသားထုအား သတိပေးထားခြင်း။		၁၂၀၀
သူတစ်ပါး၏ဥစ္စာကို ပိုင်ဆိုင်ရရှိရေးအတွက် အုပ်ချုပ်သူများအား လာဘ်ထိုးခြင်းကို တားမြစ်ထားခြင်း။	၂း၁၈၉	၄၆
လူသား		
အလ္လာဟ်သည် လူသားအား အရှင့်နိယာမစနစ်ဖြင့် ဖန်ဆင်းထား။	၃၀း၃၁	၇၀၈

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
လူသားအား ဖန်ဆင်းခြင်း၏ရည်ရွယ်ချက်။	၅း၅၇	၉၅၆-၉၅၇
လူသားထက်ပို၍ ကောင်းသောဖန်ဆင်းခံကို ပေါက်ဖွားစေတော်မူနိုင်သော အလ္လာဟ်၏တန်ခိုးစွမ်းအား။	၇၀း၄၁-၄၂	၁၀၈၂
မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်အား သက်ဝင်ယုံကြည်ကြရန် လူသားတိုင်းထံမှ ပဋိညာဉ်ချုပ်ဆိုထားခြင်း။	၅၇း၉	၁၀၀၂
လူသားတွင် တရားမဲ့မှုများနှင့် အပြစ်ရှောင်မှုများကို ခွဲခြားသိမြင်စေရန် အစွမ်းသတ္တိ။	၉၁း၉	၁၁၆၉
လူသားအား မြင့်မားသောလမ်းနှစ်သွယ်ကို ညွှန်ပြထားခြင်း။	၉၀း၁၁	၁၁၆၆
		၁၁၆၅
လူသားသည် မိမိကျင့်ကြံအားထုတ်မှုတွင် လွတ်လပ်၏။	၄၁း၄၁	၈၆၂
လူသား၏ မြင့်မြတ်၍ဂုဏ်ကြွယ်မှု။	၁၇း၇၁	၄၇၉
အလ္လာဟ်က လူသားအားဖန်ဆင်းပြီး ဘာသာစကားကို သင်ကြားပို့ချပေးတော်မူ၏။	၅၅း၄-၅	၉၈၁
အလ္လာဟ်က လူသားအပေါ် စွမ်းအားထက်ပိုသော ဝန်ကို မတင်ချေ။	၂၃း၆၃	၅၈၉-၅၉၀
	၆၅း၈	၁၀၄၉-၅၀
	၂း၂၃၄	၅၈
	၂း၂၈၇	၇၅
လူသား၏အဆင့်(၃)ခု	၃၅း၃၃	၇၇၂
၁။ မိမိကိုယ်ကို ညှဉ်းပန်းသူ။		
၂။ အလယ်အလတ်ကျင့်သူ။		
၃။ ကောင်းမှုတွင် ရှေ့သို့ တက်လှမ်းသူ။		
လူသားသည်မိမိနှင့်စပ်လျဉ်း၍ ကောင်းစွာ သိနားလည်၏။	၇၅း၁၅	၁၁၀၇
လူသားသည် မိမိကြိုးပမ်းသည်ကိုသာရရှိ၏။	၅၃း၄၀	၉၆၉
လူသားသည် ကြိုးပမ်းအားထုတ်မှုမှ လွတ်မြောက်သည်မရှိ။	၉၀း၅	၁၁၆၆
လူသားသည် ကောင်းခြင်းကို တောင်းခံရာတွင် မောပန်းမှုမရှိ။	၄၁း၅၀	၈၆၃
လူသားသည် ဆင်းရဲဒုက္ခကျရောက်လေသော် အလွန်လျှင် 'ဒိုအာ' တောင်းခံမှုပြု၏။	၁၀း၁၃	၃၃၈
	၃၉း၉	၈၂၃

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
	၃၉း၅၀	၈၃၀
	၄၁း၅၀	၈၆၃
လူသားထံ ကောင်းကျိုးချမ်းသာ ကျရောက်လေသော် သူသည် ကျော်ခိုင်းသွား၏။	၄၁း၅၂	၈၆၄
လူသားသည် ကောင်းခြင်းကို တောင်းခံဘိသကဲ့သို့ ဆိုးခြင်းကို တောင်းခံလျက်ရှိ၏။	၁၇း၁၂	၄၆၉
လူသား၏သဘောသဘာဝ၌ အလျင်လိုမှုရှိခြင်း။	၂၁း၃၈	၅၅၂
လူသားကို လောဘကြီးသူအဖြစ် ဖန်ဆင်းထား၏။	၇၀း၂၀	၁၀၈၁
လူသားသည် လွန်စွာစေးနှဲသူဖြစ်၏။	၁၇း၁၀၁	၄၈၄
လူသား၏ မွေးဖွားခြင်း၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကို ဤသည့် ကမ္ဘာမြေကြီးနှင့် နှောင်တည်းထားရခြင်းသဘော။	၂၀း၅၆	၅၃၁
လူသားအား ဖန်ဆင်းခြင်းနှင့် ဆင့်ကဲဖြစ်စဉ်		
လူသားသည် ဖန်ဆင်းခြင်းမတိုင်မီက ဘာမျှမဟုတ်ခဲ့။	၁၉း၆၈	၅၂၀
‘မာအ်’(ရေ)မှ လူသားကိုဖန်ဆင်းခြင်း။	၂၄း၄၆	၆၀၈
	၂၅း၅၅	၆၂၄
	၇၇း၂၁	၁၁၁၈
	၈၆း၇	၁၁၅၃
‘တူရာဘ်’ ခြောက်သွေ့သောမြေကြီးမှ ဖန်ဆင်းခြင်း။	၃း၆၀	၈၉
	၂၂း၆	၅၆၆-၅၆၇
	၃၀း၂၁	၇၀၆
	၃၅း၁၂	၇၆၉
	၄၀း၆၈	၈၄၈
‘တွီးန်’ (စိုစွတ်သော ရွှံမြေ)မှ ဖန်ဆင်းခြင်း။	၆း၃	၂၀၃
	၃၂း၈	၇၂၈
	၃၈း၇၂	၈၁၆
‘တွီးန်’၏အနှစ်မှ ဖန်ဆင်းခြင်း။	၂၃း၁၃	၅၈၃
‘တွီနေလာဇိဘ်’ စေးကပ်သော မြေမှဖန်ဆင်းခြင်း။	၃၇း၁၂	၇၉၁
‘ဟာမာအင်န်မတ်စ်န္တန်း’ (စိုစွတ်သောရွှံပုပ်)မှ ဖန်ဆင်းခြင်း။	၁၅း၂၇	၄၃၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
	၁၅း၃၄	၄၃၁
‘ဆွလ်ဆွာလ်’ (အသံမြည်သော ရွှံ့ပုပ်ခြောက်)မှ ဖန်ဆင်းခြင်း။	၁၅း၂၇	၄၃၀
	၅၅း၁၅	၉၈၂
‘နွတ္တဖာဟ်’ ကလလရည်ကြည်မှ ဖန်ဆင်းခြင်း။	၁၆း၅	၄၄၃
	၃၆း၇၈	၇၈၆
	၇၅း၃၈	၁၁၀၉
	၈၀း၁၉-၂၀	၁၁၃၃
‘နွတ္တဖာအေအမ်ရှားဂျ်’မှ ဖန်ဆင်းခြင်း။	၇၆း၃	၁၁၁၁
လူသားကို ‘အလာက်’မှ ဖန်ဆင်းခြင်း။	၉၆း၃	၁၁၈၂
လူသားကို ရုက္ခအပင်ခေတ်မှ ဖြတ်သန်းစေခြင်း။	၇၁း၁၈	၁၀၈၇
	၄၂း၁၂	၈၇၀
သားအိမ်အတွင်း လူသားဖြစ်ထွန်းခြင်း၏ အဆင့်ဆင့်ဖြတ်သန်းမှု။	၂၂း၆	၅၆၆-၅၆၇
	၂၃း၁၃-၁၅	၅၈၃-၅၈၄
	၃၁း၂၉	၇၂၂
သုံးမျိုးသော မှောင်မိုက်ခြင်းတို့တွင် ဖန်ဆင်းမှု။	၃၉း၇	၈၂၂
		၈၁၈
သားအိမ်အတွင်း လူသားဖြစ်ထွန်းမှု၏ ဆုံးခန်းတိုင်သောအဆင့် ‘ခလ်ကေအာခီရ်’။	၂၃း၁၅	၅၈၄
တစ်ခုတည်းသော ‘နဖ်စ်’မှ စုံတွဲကို ဖန်ဆင်းတော်မူခြင်း။	၄း၂	၁၂၀
လူသားတို့တွင် ဖိုနှင့်မကို ဖန်ဆင်းမှု။	၅၃း၄၆	၉၆၉
လူသား၏ဖန်ဆင်းမှု အဆင့်သုံးဆင့် ‘ခလ်က်၊ တာစ်ဝီယာဟ်နှင့် အဒလ်’။	၈၂း၈	၁၁၄၀
လူသား၏ ဆင့်ကဲတိုးတက်မှုဖြစ်စဉ်အကြောင်း။		၁၁၇၉
	၉၅း၅-၆	၁၁၈၀
	၆၄း၄	၁၀၄၃
	၇၁း၁၅-၁၉	၁၀၈၇
‘ကိရိဒတန်ခါစေအင်းန်’ လူသား၏ဆင့်ကဲဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကျမ်းမြတ်ကုရ်အာန်၏မှန်ကန်မှုအတွက် အထောက်အထားတစ်ရပ်။	၂း၆၆	၁၇
ဆင့်ကဲဖြစ်စဉ် ပထမခေတ်အကြောင်း။		၁၁၁၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ဆင့်ကဲဖြစ်စဉ်၊ အဆင့်ဆင့်အနက် ပထမအဆင့်ဖြစ်သော အကြား၊		
ထို့နောက် မြင်နိုင်သောသတ္တိ၊ ထို့နောက်မှတစ်ဖန် နှလုံးသားကိုရရှိခဲ့။	၂၃း၇၉	၅၉၁
လူသားဖန်ဆင်းခြင်း၌ ကြီးကျယ်ခမ်းနားလှသော တွေးခေါ်မြော်မြင်မှုနှင့်		
နက်ရှိုင်းလှသော လျှို့ဝှက်ချက်။		၉၇၉
DNA တွင် ကွန်ပျူတာစနစ်ထည့်သွင်းထားခြင်း။		၉၉၀
ကလိုရိုဖီးလ်(Chlorophyll)နှင့် လူသားဖန်ဆင်းခြင်း၌ ဆက်စပ်မှု။		၂၀၁
ဂလက်စီ(Galaxies)များသည်လည်း လူသားဘဝအပေါ် သက်ရောက်		
မှုရှိခြင်း။		၇၁၅
ကမ္ဘာမြေတွင် 'ဒါဘာဟ်'အနုဇီဝပိုးမွှားမရှိလျှင် လူသား ရှင်သန်ရပ်တည်		
ရန် အလွန်းမဖြစ်နိုင်။		၁၁၆၈
	၁၆း၆၂	၄၅၂
အလွှာဟ်က အသက်ဝိညာဉ်တိုင်းကိုမျှတစွာ ဖန်ဆင်းထား။		၁၁၆၈
လူသားတွင် ကောင်းမှုမကောင်းမှု ခွဲခြားရန်မှာ 'ဝဟီ'ဗျာဒိတ် ကျေးဇူး		
ဖြင့်သာ။	၉၁း၉	၁၁၆၉
လူသား၏ အလုံးစုံသော တိုးတက်မှုများ၏ ခေတ်ကာလအခြေအနေများ		
မှာ ကလောင်တံ၏ စိုးမိုးမှုမှ စတင်ရ၏။		၁၁၆၅
အစပိုင်းတွင် ဘာသာစကားတစ်ခုတည်းသာရှိခဲ့ပြီး၊ လူသားအားလုံး၏		
အရောင်အသွေးမှာလည်း တစ်မျိုးတည်းသာရှိခဲ့။		၇၀၇
လူသားသည် စကြဝဠာအသေးစား (Microuniverse) ဖြစ်၏။		၈၉၉
လူသားတိုင်း၏ ရှေ့နှင့်နောက်တွင် လျှို့ဝှက်သော အစောင့်အရှောက်များ		
ရှိ၏။ (သိပ္ပံနည်းကျတွေ့ရှိချက်တစ်ရပ်)		၄၀၂
လူမျိုးစု (အမျိုးသားရေး)		
အလွှာဟ်၏ကျေးဇူးတော်ဖြင့်သာ အမျိုးသားထုအတွင်း ညီရင်းအစ်ကို		
စိတ်ဓာတ်နှင့် စည်းလုံးမှုပေါက်ဖွားရခြင်း။	၃း၁၀၄	၉၈
အမျိုးသားထုအတွင်း အချင်းချင်း မေတ္တာထားရန်နှင့် ဆန့်ကျင်ရန်ပြုသူ		
တို့အပေါ် ခက်ထန်မှုထားရှိရန်လိုအပ်ခြင်း။	၄၈း၃၀	၉၃၄-၉၃၅
အချင်းချင်းကွဲလွဲမှုကြောင့် လူမျိုးစုတစ်ခု၏အရှိန်အဝါ ပျက်သုဉ်းရသည်။	၈း၄၇	၂၉၆
စည်းလုံးမှု ပျက်ယွင်းကွဲပြဲရခြင်း၏ အခြေခံအကြောင်းရင်း။		၉၃၇

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
လူမျိုးစုများ ကွဲလွဲမှုဖြစ်ပွားစဉ် ၎င်းတို့အတွင်း ငြိမ်းချမ်းမှု ပြန်လည်တည်ဆောက်ရန် စနစ်။		၉၃၇
လိုင်လတွလ်ကဒရ်		
'လိုင်လတွလ်ကဒရ်'၏အဓိပ္ပာယ်တစ်မျိုးမှာ ကုရ်အာန်ကျရောက်သောခေတ်ကာလ။	၉၇း၂	၁၁၈၅
		၁၁၈၄
	၄၄း၄	၈၉၄
တမန်တော်မြတ်ﷺ၏ခေတ်ကာလမှ အလွန်တရာ မှောင်မိုက်သော ညဉ့်အခါအကြောင်း ဖော်ပြချက်။		၁၁၈၄
'လိုင်လတွလ်ကဒရ်'သည် လပေါင်းတစ်ထောင်ထက် မြတ်၏။	၉၇း၄	၁၁၈၅
'ဖဂျရ်'ထွက်ပြူလာချိန်အထိ ကောင်းကင်တမန်များသက်ဆင်းခြင်း။	၉၇း၅	၁၁၈၅
လက်စားချေခြင်းဥပဒေ		
အသတ်ခံရသူအတွက် လက်စားချေခြင်း ဥပဒေ။	၂း၁၇၉	၄၂-၄၃
လက်စားချေခြင်းစနစ်သည် ဘဝအသက်ရှင်ရေးအတွက် အာမခံချက်။	၂း၁၈၀	၄၃
(ဝ)		
ဝဟီနှင့် အီလ်ဟာမ် (နဗူဝါတ်လည်းရှု)		
အလ္လာဟ်က လူသားနှင့်စကားပြောပုံ အခြေအနေ (၃)ရပ်။	၄၂း၅၂	၈၇၈
		၈၆၈
လူသားထံတွင် အကောင်းအဆိုးခွဲခြားနိုင်ခြင်းမှာ အီလ်ဟာမ်၏ ကျေးဇူးကြောင့်သာ။	၉၁း၈-၉	၁၁၆၉
ဝဟီနှင့် အီလ်ဟာမ်သည် စဉ်ဆက်မပြတ်ရှိပေအံ့။	၄၁း၃၁-၃၂	၈၆၀
တမန်တော်မူစာ၏ မိခင်ထံသို့ဝဟီ။	၂၀း၃၉-၄၀	၅၂၉
	၂၈း၈	၆၇၂-၆၇၃
တမန်တော်အီစာ၏ 'ဟဝါရီ'များထံသို့ဝဟီ။	၅း၁၁၂	၁၉၇
ပျားကောင်များထံသို့ဝဟီ။	၁၆း၆၉	၄၅၃
မိုးကောင်းကင်များဘက်သို့ဝဟီ။	၄၁း၁၃	၈၅၆
ကမ္ဘာမြေကြီးဘက်သို့ဝဟီ။	၉၉း၆	၁၁၉၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အလွှာဟ်၏'ဝဟီ'စနစ်တွင် ရှိုင်တန်က ရောယှက်မှုမပြုနိုင်။	၂၆း၂၁၁-၂၁၃	၆၄၈
ဝါအီးဒ်		
'ဝါအီးဒ်'သည် အချို့အခါများတွင် တောင်ဘာနှင့် အိစ်တီဂ်ဖာရ်တို့ကြောင့် လွှဲဖယ်သွားသည်လည်းရှိ၏။	၁၀း၉၉	၃၅၄ ၁၀၆၅
ဝတ်ပြုရာကျောင်းတော် (**'မတ်စ်ဂျိဒ်'တွင်ရှု**)		
(ဃ)		
သာဝကတော်များ (ဆဟာဘာ)		
အလွန်ပြင်းထန်သော ကျပ်တည်းမှုအခက်အခဲများကာလတွင်လည်း သာဝကတော်များသည် တမန်တော်မြတ်ﷺနှင့်မခွဲမခွာရှိခဲ့ကြခြင်း။	၉း၁၁၇	၃၃၀-၃၃၁
တမန်တော်မြတ်က မိမိနှင့်အတူ အခိုင်အမာ လွှမ်းခြုံရစ်ပတ်ထားခဲ့သော အဝတ်အထည်ဟူသည် 'ဆွဟာဘာ'သာဝကများပင်ဖြစ်၏။		၁၁၀၀
ဆင်းရဲနွမ်းပါးကြလင့်ကစား စွန့်လျှုခြင်း၏ အနှိုင်းမဲ့စိတ်ဓာတ်။	၉း၉၂	၃၂၅
မဒီနာမှ 'အန်ဆာရ်'များ၏ စံပြဖွယ်အနစ်နာခံမှုများ။	၅၉း၁၀	၁၀၁၈-၁၉
'မူဟာဂျိရင်န်'တို့အပေါ်ထားရှိသော ချစ်မေတ္တာ။	၅၉း၁၀	၁၀၁၈-၁၉
သာဝကများသည် အချင်းချင်း ညီရင်းအစ်ကိုများဖြစ်ခဲ့ကြ၏။	၃း၁၀၄	၉၈
သာဝကများအကြား ချစ်ခြင်းမေတ္တာ။	၄၈း၃၀	၉၃၄-၉၃၅
သာဝကများအကြားတွင် ငြူစူမှုမရှိ။	၁၅း၄၈	၄၃၂
သာဝကတော်များ၏ ဂုဏ်ပုဒ်များ။	၄၈း၃၀	၉၃၄-၉၃၅
သာဝကတော်များ၏ အမြင့်မားဆုံးသော ဂုဏ်အဆင့်။		၂၄၁
သူတို့သည် ကုရ်ဘာနီသားကောင်များပမာ သတ်ဖြတ်ခြင်းခံခဲ့ရ၏။		၇၈၉
'အုဟွဒ်'စစ်ပွဲတွင် ဆွဟာဘာများသည် သိုးဆိတ်များပမာ လည်လှီးသတ်ဖြတ်ခြင်းကိုခံခဲ့ရသော်လည်း တမန်တော်မြတ်နှင့် လက်တွဲမဖြုတ်ခဲ့ကြ။		၇၆
တမန်တော်မြတ်နှင့် သာဝကတော်များ၏ ခုခံစစ်ပွဲများအကြောင်း။		၁၁၉၁
'ဘဒါရ်'စစ်ပွဲအခါ၌ သာဝကများအတွက် တမန်တော်မြတ်၏ ငိုကြွေးတောင်းခံခဲ့သော 'ဒိုအာ'		၂၈၅

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
'မူဟာဂျီရင်န်'များသည် အလ္လာဟ်၏ကျေးဇူးတော်နှင့် အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို လိုလားတောင်းခံသူများဖြစ်။	၅၉း၉	၁၀၁၈
အလ္လာဟ်အရှင်မြတ်သည် 'မူဟာဂျီရင်န်'နှင့် 'အန်ဆာရ်'များအပေါ် ကရုဏာတော်ဖြင့် ယိမ်းညွတ်တော်မူခြင်း။	၉း၁၁၇	၃၃၀-၃၃၁
အလ္လာဟ်သည် သူတို့အား ကျေနပ်နှစ်သက်တော်မူပြီး သူတို့ကလည်း အလ္လာဟ်အား နှစ်သက်မြတ်နိုးကြကုန်၏။	၉း၁၀၀	၃၂၆
'ဘိုင်အတ်ရီဇ်ဝါန်'တွင်ပါဝင်သော သာဝကများကို အလ္လာဟ်သည် ကျေနပ်နှစ်သက်တော်မူ၏။	၄၈း၁၉	၉၃၂
သာဝကများသည် 'ရူဟွလ်ကွတ်ဒုးစ်'ဖြင့် ကူညီမှုင်းမမှုရရှိ။	၅၇း၂၃	၁၀၀၆
ثَانِيَ اثْنَيْنِ اِذْ هُمَا فِى الْغَارِ (လိုဏ်ဂူအတွင်းရှိစဉ် နှစ်ဦးအနက်တစ်ဦး)။	၉း၄၀	၃၁၄
ရောင်းဝယ်ဖောက်ကားမှုက သာဝကများအတွက် အလ္လာဟ်အား သတိရတသမှုကို မမေ့လျော့စေခဲ့။	၂၄း၃၈	၆၀၆-၆၀၇
သာဝကများသည် အရောင်းအဝယ်အလို့ငှာ တမန်တော်မြတ်အား တစ်ဦးတည်း စွန့်ထားခဲ့ကြသည်ဟူသောအဆိုမှာ မတရားစွပ်စွဲမှုသာဖြစ်။		၁၀၃၄
ရှေးဦးပထမ'အီမာန်'သက်ဝင်ယုံကြည်ခဲ့ကြသော သာဝကများအတွက် 'မာဂ်ဖီရတ်'ဒိုအာပြုပေးကြရန်နှင့် ၎င်းတို့အပေါ် ငြူစူမှုအာဃာတ မထားရန် 'မို့အ်မင်န်'တို့တွင် ဖရာဇ်ဒါဝန်ရှိ၏။	၅၉း၁၁	၁၀၁၉
နှောင်းခေတ်တွင် ဆွဟာဘာတို့၏အလင်းကို မှေးမှိန်အောင်ပြုခြင်းခံရမည်ဆိုသည့် ကြိုတင်နိမိတ်။		၁၁၃၅
'အာခရိုန်'နှောင်းလူတို့တွင် ဆွဟာဘာများနှင့် နှိုင်းယှဉ်ခံရသူများ။	၆၂း၄	၁၀၃၅
သာသနာမှ အယူတိမ်းခြင်း ('မွရ်တဒ်'တွင်ရှု)		
သူ့အသက်သတ်ခြင်း		
လူတစ်ဦးကိုသတ်ခြင်းသည် လူသားထုတစ်ရပ်လုံးကို သတ်ခြင်းမည်၏။	၅း၃၃	၁၇၆
တမင်ရည်ရွယ်၍သတ်ခြင်းအတွက် ပြစ်ဒဏ်။	၂း၁၇၉	၄၂
'မို့အ်မင်န်'ကို တမင်ရည်ရွယ်ကာ သတ်ခြင်းအတွက် တမလွန်၏ပြစ်ဒဏ်။	၄း၉၄	၁၄၄
'မို့အ်မင်န်'အား မှားယွင်းစွာသတ်မိခြင်းအတွက် ပြစ်ဒဏ်။	၄း၉၃	၁၄၃-၁၄၄
ရိက္ခာကျပ်တည်းရှားပါးမှုကြောင့် သားသမီးများကို မသတ်ဖြတ်လင့်။	၆း၁၅၂	၂၃၆
	၁၇း၃၃	၄၇၂

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
သေခြင်းတရား		
လူသားတိုင်းအဖို့ သေခြင်းတရားသည် မုချဖြစ်၏။	၄း၇၉	၁၄၀
	၂၁း၃၅	၅၅၁
လူသည် သေပြီးနောက် လောကသို့ ပြန်မလာနိုင်။	၂၃း၁၀၁	၅၉၄
သေခြင်းနှစ်ခုနှင့် ရှင်ခြင်းနှစ်ခု၏ အဓိပ္ပာယ်။	၄၀း၁၂	၈၃၉
တမန်တော်မြတ်ဟောရှေးအားဖြင့် နာမ်တရားသေသူတို့ ရှင်ပြန်ခြင်း။	၈း၂၅	၂၉၁
တမန်တော်အီစာက နာမ်တရားသေသူတို့အား ရှင်ပြန်စေခြင်း။	၃း၅၀	၈၇
အိပ်စက်ခြင်းသည်လည်း သေခြင်းတစ်မျိုးဖြစ်။		၈၁၉
သိပ္ပံပညာရှင်များသည် သေသူကို ရှင်အောင်လုပ်နိုင်မည်မဟုတ်။		၅၄၅
'အဂျလေမူဆမ္မာ'နှင့် မတော်တဆမှုဖြင့် သေဆုံးခြင်း။	၆း၃	၂၀၃
သေပြီးနောက် ရှင်ပြန်ထမြောက်ရမည့်အချိန်ထိ ရှည်ကြာမှု။		၅၈၂
သေသူများကို ရှင်ပြန်စေခြင်း		
သေသူများကို ရှင်ပြန်စေရန် အလွှာဟ်သည်သာ တတ်စွမ်းနိုင်။	၇၅း၄၁	၁၁၀၉
	၃၆း၁၃	၇၇၉
	၄၁း၁၀	၈၅၆
အလွှာဟ်သည်သာ ရှင်စေ၏၊ သေစေ၏။	၂း၂၅၉	၆၅-၆၆
	၃း၁၅၇	၁၀၈-၁၀၉
	၇း၁၅၉	၂၇၃
	၁၀း၅၇	၃၄၆
	၁၅း၂၄	၄၃၀
	၂၂း၇	၅၆၇
	၅၁း၄၄	၉၁၅
	၅၃း၄၅	၉၆၉
သေသူသည် ဤလောကသို့ ရှင်လျက် ပြန်မလာနိုင်။	၂၁း၉၆	၅၆၀
	၃၆း၃၂	၇၈၁
	၃၉း၄၃	၈၂၈-၈၂၉
သေသူကိုရှင်ပြန်စေခြင်း၏ အနက်သဘော။	၆း၁၂၃	၂၂၈

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
သေသူကိုရှင်ပြန်စေခြင်းအနက်သဘောကို သိခွင့်ရရန် တမန်တော်'အစ်ဇရာဟင်မ်'၏လျှောက်ထားချက်။	၂း၂၆၀	၆၇
တမန်တော်မြတ်ﷺကိုအကြောင်းပြု၍ သေသူများကိုရှင်ပြန်စေခြင်း။	၈း၂၅	၂၉၁
'အွမ္မတ်-မိုဟမ္မဒီယာ'အတွက် ကြီးကျယ်ခမ်းနားသော သတင်းကောင်း။		၁၀၅၈
တမန်တော်အီစာက နာမ်တရားသေသူများကို ရှင်ပြန်စေခြင်း။	၃း၅၀	၈၇
ပွင့်လင်းထင်ရှားသော သက်သေပြချက်များဖြင့် နာမ်တရားသေသူများ ရှင်ပြန်ထမြောက်ခြင်း။	၈း၄၃	၂၉၅
စင်ကြယ်သော ဘဝအသက်ရှင်မှုရရှိရန် အကြောင်းခံ။	၁၆း၉၈	၄၅၈
သေခြင်းနှစ်ခါနှင့် ရှင်ခြင်းနှစ်ခါ။	၄၀း၁၂	၈၃၉
တမလွန်တွင် တစ်ဖန်ရှင်ပြန်ခြင်း။	၂၂း၆၇	၅၇၈
လူတစ်ဦးကို နှစ်ပေါင်းတစ်ရာသေစေပြီးနောက် ရှင်ပြန်စေခြင်း၏အနက်။	၂း၂၆၀	၆၆
သက်သေခံခြင်း 'ရှဟာဒတ်'		
သက်သေခံရာ၌ တရားမျှတမှုပေါ်တွင် ရပ်တည်ရန်သင်ပြ။		၁၆၅
မိမိနှင့်ဆန့်ကျင်လင့်ကစား အလွှာဟ်အဖို့ တရားမျှတစွာသက်သေခံရန်။	၄း၁၃၆	၁၅၃
သက်သေခံမှုကို မကွယ်ဝှက်လင့်။	၂း၁၄၁	၃၄
	၂း၂၈၄	၇၄
မိဘမဲ့များ၏ ပစ္စည်းဥစ္စာများကို ပြန်လည်အပ်နှံရာတွင် အသိသက်သေထားရှိရန်။	၄း၇	၁၂၁
ချေးငှားခြင်းနှင့် အပေးအယူကိစ္စများတွင် စာဖြင့်ရေးသားချုပ်ဆိုရန် အမိန့်နှင့် အသိသက်သေထားရှိရန်နည်းလမ်း။	၂း၂၈၃	၇၂-၇၃
မသေဆုံးမီအလျင် 'ဝဆီယတ်'သေတမ်းစာလုပ်ရာတွင် အသိသက်သေထားရှိရန်လိုအပ်။	၅း၁၀၇-၁၀၉	၁၉၅-၁၉၆
အရောင်းအဝယ်ကိစ္စကြီးများတွင် ရေးသားထားသော လက်ခံစာအပြင် အသိသက်သေထားရှိရန် အမိန့်။	၂း၂၈၃	၇၂-၇၃
မတရားကာမမှု စွပ်စွဲချက်အတွက် အထောက်အထားပြရန် သက်သေ (၄)ဦး သတ်မှတ်ထား။	၂၄း၁၃	၁၉၉
ဇနီးအား မကောင်းမှုကျူးလွန်ကြောင်း စွပ်စွဲချက်အတွက် သက်သေမရှိလျှင် ကျိန်ဆိုရန်နည်းလမ်း။	၂၄း၇	၆၀၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
'အရှက်ကင်းမဲ့မှု'ကျူးလွန်သော မိန်းမများအတွက် သက်သေ(၄)ယောက် ရှိရန်လိုအပ်။	၄း၁၆	၁၂၄
သိမ့်ပညာ		
ကမ္ဘာလောက၏အစ		၅၄၄
လက်ရှိ မဟာစကြဝဠာသည် အချိန်နှင့်တစ်ပြေးညီ ပြန့်ကားလျက်ရှိ။	၅း၄၈	၉၅၅
အရာဝတ္ထုတိုင်းကို အစုံအစုံဖန်ဆင်းထားခြင်း။	၅း၅၀	၉၅၆
		၄၀၃
	၃၆း၃၇	၇၈၂
ဖန်ဆင်းခံတိုင်း ဖိုမစနစ်ကို အားထားရ။		၇၇၇
ဒြပ်တိုင်း၏ဒြပ်စင်တို့သည်လည်း ဖိုမအစုံဖြစ်၏။		၈၇၁
သက်ရှိများနှင့် အပင်များ၏ စုံတွဲစနစ်အပြင် မော်လီကျူးနှင့် အက်တမ်များသည်လည်း စုံတွဲရှိကြ၏။		၄၀၃
Sub-Atomic Matter သည်လည်း အစုံအစုံပင်။		၇၈၂
Matter ၏တွဲဘက်အစုံသည် Anti-Matter ဖြစ်၏။		၄၀၃
စကြဝဠာတွင် (Gravity) ဆွဲငင်အားရှိ။		၄၀၂
လက်ရှိ ကမ္ဘာ၏သက်တမ်း။		၁၀၇၈
		၇၂၅
ဒြပ်၏လေးမျိုးသော အခြေခံ Valencies ။		၇၆၅
Chlorophyll 'ကလိုရိုဖီးလ်'နှင့် လူသားပေါက်ဖွားခြင်းဆက်စပ်မှု။		၂၀၁
ကျေးငှက်များ၏ အံ့ခ်ီးဖွယ်ဖွဲ့စည်းမှု။		၄၄၀
ကမ္ဘာမြေအတွက် ရေစုဆောင်းမှုဆိုင်ရာ အံ့ခ်ီးဖွယ်စနစ်။		၄၀၂
ကမ္ဘာမြေမှ ရေပျောက်ဆုံးသွားမည့်အနေအထားနှစ်ရပ်။		၅၈၁
စိမ်းလန်းသော သစ်ပင်မှလည်း မီးပေါက်ဖွားနိုင်။		၇၇၇
ခေတ်သစ်တီထွင်မှုများအားဖြင့် 'မလာအီလ်အာအ်လာ'ကြီးမြင့်သော အုပ်စု၏လျှို့ဝှက်ချက်ကို နားလည်သိရှိနိုင်ရန် လူသား၏ကြိုးပမ်းမှုများ။		၇၈၈
ရေဒီယိုသတ္တိကြွလှိုင်းများက အရာရာတိုင်းကို ဖျက်ဆီးပစ်။		၉၀၇
ပင့်ကူမျှင်အစွမ်းနှင့် ပင့်ကူအိမ်၏အားနည်းချက်။		၆၈၉

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
သေသူများကို ရှင်ပြန်အောင်ပြုရာတွင် သိပ္ပံပညာကအောင်မြင်လိမ့်မည်မဟုတ်။		၅၄၅
သေးငယ်သော မြူမှုန့်တွင် မီးကို သိုလှောင်ထားမှုအကြောင်း။		၁၂၀၀
အဏုမြူဗုံးပေါက်ကွဲမှုမှ ထွက်ပေါ်လာသော ရေဒီယိုသတ္တိကြွလှိုင်းများက နှလုံးသား၏ တုန်ခါမှုကိုရပ်ဆိုင်းပစ်ခြင်း။		၁၂၀၀
ကေယာမတ်တိုင် မကုန်မခန်းနိုင်သောစွမ်းအင်။		၄၂၇
ကောင်းကင်ယံမှ ရေဒီယိုသတ္တိကြွလှိုင်းများရွာချမည့် အဏုမြူစစ်ပွဲအကြောင်း ကြိုတင်ဗျာဒိတ်ပေးထား။		၁၁၁၆
'ဒုခါန်'ဟူသည် အဏုမြူအခိုးအငွေ့များ။		၈၉၃
အမေရိကကိုတွေ့ရှိခြင်းဖြင့် သိပ္ပံခေတ်သစ်စတင်။		၁၁၄၆
လျှို့ဝှက်လုပ်ငန်းများလုပ်ကိုင်ကြပြီး လှည့်ထွက်သွားကြသော လှေသင်္ဘောများကို သက်သေထူခြင်း။		၁၁၃၆
ကမ္ဘာ့နောက်ဆုံးနေ့များရှိ သိပ္ပံတိုးတက်မှုအကြောင်း သက်သေထူခြင်း။		၁၁၁၅
တစ်နေရာတည်းမှာပင် ရှိနေပါလျက် Dimensions ရှုထောင့်ပြောင်းသည်နှင့် အရာဝတ္ထုနှစ်ခုကြားတွင် ဆက်နွယ်မှုတစ်စုံတစ်ရာမရှိခြင်း။		၉၉၉
တမန်တော်မြတ်အား နှိုင်းရသီအိုရီ(Relativity)သဘောတရားတစ်ခုကို အသိပေးတော်မူခြင်း။		၉၉၉
လူသားသည် တွက်ချက်မှုပညာကို နေနှင့်လတို့၏လည်ပတ်ခြင်းမှသိရှိရ။	၅၅း၆	၉၈၁
ကောင်းကင်ဂြိုဟ်နက္ခတ်များနှင့်စပ်လျဉ်း၍ အသိပညာများ။	၃၆း၃၉-၄၁	၇၈၂
Meteors ဥက္ကာပျံများနှင့် ဒုံးပျံများ၏ ကောင်းကင်ယံသို့တိုင် ရောက်ရှိမည့်အကြောင်း။	၃၇း၇-၉	၇၉၀
ဒုံးပျံများအပေါ်လိုက်ပါ၍ ဝေဟင်ကို ထိုးဖောက်ဖြတ်ကျော်ရင်း မီးလွှဲများနှင့် အခိုးအငွေ့များ ရွာချမှု။	၅၅း၃၆	၉၈၄
သိပ္ပံပညာရှင်တို့သည် ကောင်းကင်ဂြိုဟ်နက္ခတ်များမှ ကျောက်ခဲမိုးရွာချခြင်းအတွက် ကာကွယ်မှုအစီအမံများ ပြင်ဆင်ထားခြင်းမရှိလျှင် ၎င်းတို့သည် ဒုံးပျံပေါ်တွင်ထိုင်လျက် အာကာသတွင် ခရီးနှင်နိုင်မည်မဟုတ်။		၉၈၀
ကမ္ဘာမြေနှင့် မိုးကောင်းကင်၌ ဝင်ထွက်သွားလာနေသည့် အရာဝတ္ထုများနှင့် အလင်းတန်းများအကြောင်း။	၅၅း၅	၁၀၀၁

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ဘက်တီးရီးယား(ဂျင်န်)များ၏ ပေါက်ဖွားမှုဖြစ်စဉ်။	၁၅၂၈	၄၃၀
ကမ္ဘာဦးအစတွင် ဗိုင်းရပ်စ်များနှင့် ဘက်တီးရီးယားများသည် ကောင်းကင်ယံမှ ကျရောက်သော ရေဒီယိုသတ္တိကြွလှိုင်းများ၏ အကျိုးဆက်ဖြင့် ပေါက်ဖွားလာကြခြင်းဖြစ်။		၉၇၉
ဗိုင်းရပ်စ်နှင့် ဘက်တီးရီးယားများမှာလည်း 'ဂျင်န်'များပင်။		၉၇၉
فَمَا فَرْقُهَا ဟူသည် ငှက်ဖျားရောဂါပိုး။	၂း၂၇	၈-၉
ကျေးငှက်များ၏ ထူးခြားသော ဖန်ဆင်းမှုဘက်သို့ ရည်ညွှန်းချက်။	၆၇း၂၀	၁၀၆၂
ကုရ်အာန်တွင် Genetic Engineering ပညာရပ်နှင့်စပ်လျဉ်းသော အသိပညာ။	၄၁း၂၁-၂၃	၈၅၈
အလင်းက သဘာဝအလျောက် မျက်စိသို့တိုင်ရောက်ရှိပြီး ယင်းအားဖြင့် မျက်စိများက မြင်နိုင်ရခြင်း။	၆း၁၀၄	၂၂၄
(ဟ)		
ဟူဒိုင်ဘီယာ –သဘောတူညီချက်		
'ဟူဒိုင်ဘီယာ'ပြေငြိမ်းရေးမှာ ထင်ရှားသော အောင်ပွဲဖြစ်။	၄၈း၂	၉၂၈
ဟူဒိုင်ဘီယာပြေငြိမ်းရေးကာလတွင် 'ဘိုင်အတ်ရီဇ်ဝါန်'သစ္စာခံယူပွဲ။	၄၈း၁၉	၉၃၂
ဟလာလ်နှင့် ဟရာမ်		
အစားအသောက်တွင် ဟလာလ်နှင့် ဟရာမ်		
'ဟလာလ်'နှင့် 'ဟရာမ်'အတွက် ပုံသေပြဋ္ဌာန်းချက်တစ်ရပ်။	၂း၂၂၀	၅၃
တမန်တော်မြတ်က 'အွမ္မတ်'အတွက် သန့်ရှင်းသောအရာများကို 'ဟလာလ်'ဟုသတ်မှတ်၍ ညစ်ညမ်းသောအရာများကို 'ဟရာမ်'အဖြစ်ထား။	၇း၁၅၈	၂၇၃
ကျွဲနွားတိရစ္ဆာန်များသည် 'ဟလာလ်'ဖြစ်။	၅း၂	၁၆၈
	၂၂း၃၀	၅၇၁
ရေသတ္တဝါများ ဖမ်းဆီးခြင်းနှင့် စားသုံးပိုင်ခွင့်။	၅း၉၇	၁၉၂
အမဲလိုက်ခွေးများအားဖြင့်ရရှိသော သားကောင် 'ဟလာလ်'ဖြစ်။	၅း၅-၆	၁၆၉-၁၇၀
စားစရာနှင့် သောက်စရာများမှာ 'ဟလာလ်'ဖြစ်ရုံမျှသာမက 'တို့ငိ်ယဘ်'လည်းဖြစ်ရမည်။	၅း၈၉	၁၉၀
သန့်ရှင်းစင်ကြယ်သောအရာအားလုံးသည် 'ဟလာလ်'ဖြစ်၏။	၅း၅	၁၆၉-၁၇၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အသေသား၊ သွေး၊ ဝက်သားနှင့် ယဇ်ပူဇော်ရာနေရာများတွင် လှီးဖြတ်သော တိရစ္ဆာန်များ 'ဟရာမ်'။	၅း၄	၁၆၉
'အဲ့ဟ်ရာမ်'ဝတ်ထားသောအခြေအနေတွင် အမဲလိုက်ခြင်းကိုတားမြစ်။	၅း၉၆	၁၉၂
ကျမ်းရအုပ်စုများက စီစဉ်ထားသော (သန့်ရှင်းသည့်) အစားအစာများ 'ဟလာလ်'ဖြစ်။	၅း၆	၁၇၀
'ဟလာလ်'အရာများကို 'ဟရာမ်'မပြုရ။	၅း၈၈	၁၉၀
ဖော်ပြထားသော အရာများမှတစ်ပါး တမန်တော်ကိုယ်တိုင်က မည်သည့် အရာကိုမျှ 'ဟရာမ်'အဖြစ် မပြဋ္ဌာန်းနိုင်။	၆း၁၄၆	၂၃၄
အရက်ကို ရှောင်ကြဉ်ရန် အမိန့်။	၅း၉၁	၁၉၁
စားသောက်ရာတွင် အလယ်အလတ်ရှိစေရန် သင်ပြခြင်း။	၇း၃၂	၂၄၈
ဘနီအစ္စရာအီလ်တို့အား 'ဟလာလ်'နှင့် 'ဟရာမ်'ကို သင်ပြခြင်း။	၃း၉၄	၉၆
တမန်တော်ယာကွပ်က အချို့သော အရာများကို မိမိကိုယ်တိုင်အတွက် 'ဟရာမ်'ပြုလုပ်ခဲ့သည်။	၃း၉၄	၉၆
ရဟူဒီတို့အတွက် ပြစ်ဒဏ်အနေဖြင့် အချို့အရာများကို 'ဟရာမ်'ပြုထား။	၄း၁၆၁	၁၆၀
ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ 'ဟလာလ်'နှင့် 'ဟရာမ်'များ။		၂၀၁
နေကာဟ်တွင် 'ဟရာမ်'အချက်များ		
နေကာဟ်ပြုခြင်းမှ တားမြစ်ထားသော အမျိုးသမီးများ။	၄း၂၃-၂၅	၁၂၆-၁၂၇
ဟစ်ဂျရတ်		
ဟစ်ဂျရတ်၏ အကြောင်းတရားများနှင့် ကောင်ချီးမင်္ဂလာများ။		၂၈၅-၂၈၆
ဟစ်ဂျရတ်ပြုသူများအတွက် တမလွန်အကျိုး။	၃း၁၉၆	၁၁၇
ဟစ်ဂျရတ်၏ လောကီအသီးအပွင့်များ။	၄း၁၀၁	၁၄၆
ဟာဂ်ျ ဘို့ငွေလွှာဟ်		
တတ်စွမ်းနိုင်သူအတွက် ဟာဂ်ျပြုရန်တာဝန်	၃း၉၈	၉၆
ဟာဂ်ျသည် သတ်မှတ်လနှင့် သတ်မှတ်ရက်များတွင် ဝတ်ဖြည့်ရသည်။	၂း၁၉၈	၄၈
ဟာဂ်ျများရှောင်ကြဉ်ရမည့်ကိစ္စများ။	၂း၁၉၈	၄၈
ဟာဂ်ျ ကျင့်ဝတ်များ		
ဆွဖာနှင့် မရ်ဝါတို့ကို လှည့်ပတ်ခြင်း (တဝါးဖ်)။	၂း၁၅၉	၃၈
'အရ်ဖာတ်'မှပြန်လှည့်စဉ် 'မရ်အရေဟရာမ်'တွင် ရပ်နားသင့်။	၂း၁၉၉	၄၈

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
‘ကုရိဘာနီ’သားကောင် မိမိစခန်းသို့ မရောက်မခြင်း ခေါင်းမတုံးရ။	၂း၁၉၆	၄၇
ဟာဂ်ျမှတားမြစ်ခံရသူတို့အတွက် ‘ကုရိဘာနီ’။	၂း၁၉၈	၄၈
‘ကုရိဘာနီ’ပြုပြီးနောက်တွင် ခေါင်းတုံးခြင်းလည်းပြုနိုင်သကဲ့သို့ ဆံပင်ညှပ်ခြင်းလည်း ပြုနိုင်၏။	၄၈း၂၈	၉၃၄
‘ကုရိဘာနီ’မပေးရသေးမီ ခေါင်းတုံးမိပါက ပေးလျှုရသော ‘ဖစ်ဒယာ’။	၂း၁၉၇	၄၇-၄၈
‘အွမ္မရာ’ဝတ်ဖြည့်ရန်။	၂း၁၉၇	၄၇-၄၈
ဂျာ (ဟာဂ်ျနှင့် အွမ္မရာကို ပေါင်း၍ပြုလုပ်ခြင်း)	၂း၁၉၇	၄၇-၄၈
‘ဟာဂ်ျ အက္ကဘရ်’ဟူသည်။	၉း၃	၃၀၅
‘အဲ့ဟ်ရာမ်’ ဝတ်ထားစဉ် အမဲလိုက်ခွင့်မရှိ။	၅း၉၆	၁၉၂
‘အဲ့ဟ်ရာမ်’ချွတ်ပြီးနောက် အမဲလိုက်ခွင့်ပြုခြင်း။	၅း၃	၁၆၈
(အ)		
အဓမ္မမှု		
လူတို့၏ဘာသာအယူဝါဒကို ဓားလက်နက်ဖြင့် ပြောင်းစေခြင်းသည် ကမ္ဘာလောက၏ အကြီးကျယ်ဆုံး ပြဿနာဖြစ်။		၂၈၅
မည်သူ့ကိုမျှ အဓမ္မပြု၍ ဘာသာပြောင်းရန် အလျှင်းခွင့်မပြုနိုင်။		
သာသနာရေးတွင် မည်သို့သော အဓမ္မမှုမျှမရှိ။	၂း၂၅၇	၆၅
အလိုရှိက ယုံကြည်၊ အလိုမရှိက ငြင်းပယ်ခွင့်လည်းရှိသည်။	၁၈း၃၀	၄၉၅
အသင်တို့အဖို့ အသင်တို့၏ အယူ၊ ကျွန်ုပ်တို့အဖို့ ကျွန်ုပ်တို့၏အယူ။	၁၀၉း၇	၁၂၁၁
အကယ်၍ အလွှာဟ်အလိုရှိလျှင် လူခပ်သိမ်းကို အရှင်မြတ်ကိုယ်တိုင် တရားလမ်းမှန်ပြတော်မူမည်။	၆း၁၅၀	၂၃၅
အိပ်စက်ခြင်း		
အိပ်စက်ခြင်းသည်လည်း အလွှာဟ်၏နိမိတ်လက္ခဏာများမှ တစ်ခု။	၃၀း၂၄	၇၀၇
အိပ်စက်ခြင်းသည် အနားယူခြင်းအတွက်အကြောင်းခံ။	၂၅း၄၈	၆၂၃
	၇၈း၁၀	၁၁၂၂
အိပ်ခြင်းသည် တစ်မျိုးသော သေခြင်းလည်းဖြစ်၏။	၃၉း၄၃	၈၂၈-၈၂၉
အောတ္ဘာအတ် (နောက်လိုက်နာခံခြင်းရှု)		

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အာခေရုတ် (အနာဂတ်၊ တမလွန်)		
တမန်တော်တိုင်းသည် သေပြီးနောက် ရှင်ပြန်ထမြောက်ခြင်းကို သက်ဝင်ယုံကြည်ရန်အတွက် သင်ပြကြသည်။		၉၁၆
တမလွန် တည်ရှိရန်လိုအပ်ခြင်း။	၁၀း၅	၃၃၆
တမလွန် တည်ရှိခြင်းအတွက် သာဓကတစ်ရပ်။		၁၁၁၆
တမလွန်သည်သာ ဘဝ၏ရင်းမြစ်အစစ်အမှန်ဖြစ်၏။	၂၉း၆၅	၇၀၀
ဤလောကီဘဝထက် ပို၍ကောင်းမြတ်ခြင်း။	၄း၇၈	၁၃၉
	၁၇း၂၂	၄၇၁
	၁၂း၁၁၀	၄၀၁
တမလွန်တွင် အလွှာဟ်အရှင်မြတ်အား ဖူးတွေ့ရမည်။	၇၅း၂၄	၁၁၀၈
ကျင့်ကြံအားထုတ်မှုဟူသမျှအတွက် အကျိုးရမည်။	၁၈း၅၀	၄၉၈
	၂၀း၁၆	၅၂၇
ထိုနေ့တွင် အမှန်တရားသည်သာ အလေးသာပေလိမ့်မည်။	၇း၉	၂၄၄
ကမ္ဘာမြေနှင့် မိုးကောင်းကင်များသည် Black Hole အာကာသတွင်းနက်ကြီးအတွင်း ထည့်သွင်းခြင်းခံရမည်။		၈၃၃
ဤလောကတွင်မြင်နိုင်စွမ်းမရှိသူသည် တမလွန်တွင်လည်းမြင်နိုင်စွမ်းဆုံးရှုံးရချိမ့်မည်။	၁၇း၇၃	၄၇၉
တမလွန်တွင်ထမြောက်ခြင်းနှင့်စပ်လျဉ်း၍ ရုပ်ပိုင်းစကားလုံးများအတိုင်းပုံသေမှတ်မထားရန်။		၉၈၉
လူတိုင်း၏ကျင့်ကြံမှုမှတ်တမ်းကို သူ၏လည်ကုပ်တွင် ချိတ်ဆွဲထားမည်။	၁၇း၁၄	၄၆၉
လူသား၏ခန္ဓာကိုယ်အစိတ်အပိုင်းများကလည်း သက်သေခံမည်။	၃၆း၆၆	၇၈၅
နား၊ မျက်စိများနှင့် အရေပြားတို့၏သက်သေ။	၄၁း၂၁-၂၃	၈၅၈
ရုပ်ခန္ဓာကိုမဟုတ်ဘဲ နာမ်ခန္ဓာကို စုရုံးစေတော်မူမည်။		၁၁၀၅
သေပြီးနောက် ရှင်ပြန်ထမြောက်ခြင်းအထိ ကာလအတိုင်းအတာ။		၁၈၂
ရှင်ပြန်ထမြောက်သူတို့နှင့်အတူ မောင်းနှင်ခေါ်ဆောင်သူတစ်ဦးနှင့် သက်သေတစ်ဦးရှိမည်။	၅၀း၂၂	၉၄၃
		၉၄၃

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
'ဟရှရ်'နေ့တွင် တရားခံများအနက် အများစုမှာ အပြာရောင် မျက်လုံးရှင်များ ဖြစ်ကြလိမ့်မည်။	၂၀း၁၀၃	၅၃၈
နောင်တမလွန်ကို ငြင်းပယ်သူတို့အတွက်အဖြေ။	၆း၃၀-၃၂	၂၀၈
	၁၆း၃၉-၄၁	၄၄၈-၄၄၉
	၁၇း၅၀-၅၃	၄၇၅
	၃၆း၇၉-၈၀	၇၈၇
	၈၀း၂၃	၁၁၃၃
အာခရိုးန် (နှောင်းလူများ)		
နှောင်းလူများတွင် တမန်တော်မြတ်ﷺ ပွင့်ပေါ်ခြင်း။	၆၂း၄	၁၀၃၅
		၁၀၃၆
		၁၀၃၀
နှောင်းလူတို့အား စုံလုံးသောနေ့တော်မှာ အစစ်အမှန်နှင့် အတုအယောင်ကို ခွဲခြားပြသောနေ့ဖြစ်မည်။		၁၀၄၂
နှောင်းခေတ်ကာလသည် သာသနာကို အကူအညီပေးရန်အတွက် ပစ္စည်းဥစ္စာအမြောက်အမြား စွန့်ကြလျှဒါန်းသော ခေတ်ဖြစ်မည်။		၁၀၄၂
အဖိနှိပ်ခံ အဟ်မဒီတို့အား မီးတင်ရှို့ကြမည့်အကြောင်း ကြိုတင်နိမိတ်။		၁၁၄၉
နှောင်းခေတ်မွတ်စလင်တို့အနက် အများစုကို 'မိုနာဖစ်' သာသနာ့ အရေခြံများနှင့် ခိုင်းနှိုင်းထားခြင်း။		၁၀၃၈
နှောင်းခေတ်တွင် ဝင်ရောက်လာကြမည့် မွတ်စလင်များနှင့်စပ်လျဉ်း၍ ထိုသူတို့သည် ရောင်းဝယ်ဖောက်ကားမှုအတွက် တမန်တော်မြတ်ﷺအား အထီးကျန်စွန့်ထားခဲ့ကြမည်ဆိုသည့် ကြိုတင်နိမိတ်။		၁၀၃၄
အိစ်တီဂ်ဖာရ် (အပြစ်လွှတ်ရန်ဆုတောင်း)		
'အိစ်တီဂ်ဖာရ်'ပြုရန် 'မို့အ်မင်န်'တို့အားအမိန့်။	၇၃း၂၁	၁၀၉၈-၉၉
အပြစ်ပြုလုပ်ခြင်းအတွက် 'အိစ်တီဂ်ဖာရ်'ပြုရခြင်း။	၃း၁၃၆	၁၀၃-၁၀၄
'မွတ္တကီ'တို့သည် 'အိစ်တီဂ်ဖာရ်'ကို ပုံမှန်ပြုလုပ်ကြသည်။	၅၁း၁၉	၉၅၃
'မလာအေကာ' ကောင်းကင်တမန်များက မို့အ်မင်န်တို့အတွက် 'အိစ်တီဂ်ဖာရ်'ပြုပေးကြသည်။	၄၂း၆	၈၆၉
	၄၀း၈	၈၃၈

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
'မို့အ်မင်န်'များအတွက် 'အိစ်တီဂ်ဖာရ်'ပြုပေးရန် တမန်တော်မြတ်ﷺအား အမိန့်ပေးတော်မူခြင်း။	၃း၁၆၀	၁၀၉
	၂၄း၆၃	၆၁၂-၆၁၃
'အိစ်တီဂ်ဖာရ်'သည် အလ္လာဟ်၏ထံတော်မှ ကောင်းကျိုးချမ်းသာများ ကျရောက်ရာ အကြောင်းခံဖြစ်၏။	၁၁း၄	၃၅၈
	၁၁း၅၃	၃၆၇
	၇း၁၁-၁၃	၁၀၈၇
'အိစ်တီဂ်ဖာရ်'ပြုသူသည် အလ္လာဟ်အား 'ဂဖူးရ်'နှင့် 'ရဟီမ်း'အဖြစ် တွေ့ရပေအံ့။	၄း၆၅	၁၃၆
	၄း၁၁၁	၁၄၈
'အိစ်တီဂ်ဖာရ်'ပြုသူတို့အား အလ္လာဟ်က 'အဇာဘ်'မပေး။	၈း၃၄	၂၉၃
'နဗီ'တမန်တော်နှင့် 'မို့အ်မင်န်'တို့အား 'မူရှရိက်'များအတွက် 'အိစ်တီဂ်ဖာရ်'မပြုရန် တားမြစ်ခြင်း။	၉း၁၁၃	၃၃၀
အစ်ဗရာဟင်မ်ﷺက ဖခင်အား 'အိစ်တီဂ်ဖာရ်'ပြုပေးမည့် ကတိစကား။	၁၉း၄၈	၅၁၇
အစ်ဗရာဟင်မ်က မိမိ၏ ဖခင်အတွက် 'အိစ်တီဂ်ဖာရ်' ပြုပေးခြင်းမှာ ကတိစကားရှိထားသောကြောင့်ဖြစ်၏။	၉း၁၁၄	၃၃၀
တမန်တော်မြတ်ﷺက 'မိုနာဖစ်'တို့အတွက် 'အိစ်တီဂ်ဖာရ်'ပြုပေးခြင်းကသူတို့အတွက် မည်သို့မျှအကျိုးရှိစေမည်မဟုတ်။	၉း၈၀	၃၂၂
	၆၃း၇	၁၀၄၀
တမန်တော်မြတ်ﷺ၏ 'အိစ်တီဂ်ဖာရ်' ပြုလုပ်ရခြင်းသဘော။		၉၂၈
အောင်မြင်မှုရရှိခြင်းများတွင် 'အိစ်တီဂ်ဖာရ်'ပြုခြင်း၌ရှိသင့်သည်။		၁၂၁၂
အစ္စလာမ်		
အစ္စလာမ်သည်သာ စစ်မှန်သောသာသနာ		
အစ္စလာမ်၏အနှစ်သဘော	၂း၁၁၃	၂၈
	၆း၁၆၃-၁၆၄	၂၃၉
အလ္လာဟ်၏ထံတော်တွင် စစ်မှန်သော သာသနာမှာ အစ္စလာမ်သာ။	၃း၂၀	၈၀
ယခုအစ္စလာမ်သာလျှင် လက်ခံမှုပြုခြင်းခံထိုက်သော သာသနာဖြစ်။	၃း၈၆	၉၄-၉၅
အစ္စလာမ်ထက် ပိုမိုကောင်းမြတ်သော သာသနာမရှိ။	၄း၁၂၆	၁၅၁

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
‘ရှရီအတ်’မမွေးဖွားခင် ပြီးပြည့်စုံခြင်း။		၃
အကြင်သူအား အလ္လာဟ်က ‘ဟေဒါယတ်’ပေးလိုသော် ထိုသူအား အစွမ်းကိုလက်ခံနိုင်ရန် နှလုံးသားကို ဖွင့်ပေးတော်မူခြင်း။	၆း၁၂၆	၂၂၉
အစွမ်းသည် ကိုယ်တိုင်လည်း ထာဝရတည်တံ့နေမည့်အပြင် လူသားတို့အားလည်း ဖြောင့်မှန်သော လမ်းပေါ်တွင်တည်တံ့စွာ ရှိစေမည်။		၁၁၈၆
အစွမ်းကို လက်ခံသူသည်သာ တရားလမ်းမှန်ကို ရရှိထိုက်သူဖြစ်၏။	၃း၂၁	၈၀
	၇၂း၁၅	၁၀၉၃-၉၄
အစွမ်းကို လက်ခံခြင်းသည် ခိုင်ခံ့သောသံကွင်းကို စွဲကိုင်ခြင်းဖြစ်။	၃၁း၂၃	၇၂၁
အစွမ်းကို လက်ခံယုံကြည်သူသည် အရှင်မြတ်ထံတော်မှ ‘နူရ်’ အလင်းပေါ်တွင် ရပ်တည်သွားခြင်းဖြစ်၏။	၃၉း၂၃	၈၂၅
အစွမ်းဖြစ်ခြင်း အနေအထားဖြင့် သေဆုံးခြင်း၏သဘော။	၃း၁၀၃	၉၃
အစွမ်းအတွင်း ပြည့်ဝသော ဝင်ရောက်ခြင်းဖြစ်ရန် အမိန့်။	၂း၂၀၉	၅၀
အစွမ်းသို့ဝင်ရောက်ခြင်းမှာ မိမိကိုယ်ကို ကောင်းကျိုးပြုခြင်းသာ။	၄၉း၁၈	၉၄၂
ရှေးဦးတမန်တော်တို့၏ သာသနာမှာလည်း အစွမ်းသာဖြစ်ခဲ့၏။	၄၂း၁၄	၈၇၁
ထူးခြားသော ဝိသေသများ		
အစွမ်းသည် ပြီးပြည့်စုံသော သာသနာတစ်ခုဖြစ်၏။	၅း၄	၁၆၉
အစွမ်းသည် ကမ္ဘာလုံးဆိုင်ရာ သာသနာဖြစ်၏။	၃း၁၅၉	၂၇၃
	၃၄း၂၉	၇၆၀
	၂၄း၃၆	၆၀၆
အစွမ်းက အသားအရောင်နှင့် လူမျိုးခွဲခြားမှုကို ပယ်ဖျက်၏။	၄၉း၁၄	၉၄၀-၉၄၁
အစွမ်းတွင် ‘ခေလာဖတ်စနစ်’ကတိတော်။	၂၄း၅၆	၆၁၀
‘ရှူရာ’ဆွေးနွေးတိုင်ပင်မှုစနစ်။	၄၂း၃၉	၈၇၆
	၃း၁၆၀	၁၀၉
ကောင်းမှုနှင့် ‘တက္ကဝါ’ကိစ္စများတွင် ဝိုင်းဝန်းကူညီသင့်။	၅း၃	၁၆၈
အလှအပနှင့် စင်ကြယ်သန့်ရှင်းမှုတို့မှာ ‘ဟရာမ်’ မဟုတ်။	၇း၃၃	၂၄၈
အခြေခံယုံကြည်ချက်များ		
အစွမ်အခြေခံယုံကြည်ချက်များအကြောင်း ဆူရာဟ် ‘အလ်-ဘကရာ’တွင်ပါရှိသည်။		၃

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အလ္လာဟ်၊ မလာအေကာ၊ တမန်တော်အားလုံးနှင့် ကျမ်းဂန်အားလုံးကို ယုံကြည်ခြင်း။	၂း၂၈၆	၃၄
'အာခေရတ်'အနာဂတ်ကို ယုံကြည်ခြင်း။	၂း၅	၅
ဒေသတိုင်းနှင့် လူမျိုးတိုင်းတွင် အလ္လာဟ်၏တမန်တော်များ ပွင့်ပေါ်ခဲ့။	၁၀း၄၈	၃၄၅
	၃၅း၂၅	၃၃၁
သာသနာရေးတွင် အဓမ္မမူမရှိ။	၂း၂၅၃	၆၅
	၇း၈၉	၂၆၀
	၁၀း၁၀၀	၃၅၄
	၁၁း၂၉	၃၆၃
	၁၈း၃၀	၄၉၅
ရန်သူနှင့်ပင် တရားမျှတမှု အပြည့်အဝရှိရန် သင်ပြထားခြင်း။	၅း၉	၁၇၁
အခြားဘာသာဝင်များနှင့် တရားမျှတမှုရှိရန် သင်ပြထားခြင်း။	၆း၁၀၉	၂၂၅-၂၂၆
ငြိမ်းချမ်းမှုအတိရှိသော မွတ်စလင်မဟုတ်သူများနှင့် တရားမျှတမှုရှိရန် သင်ပြခြင်း။	၆၀း၉	၁၀၂၃
အကြောင်းမဲ့ ထိုးစစ်ဆင်တိုက်ခိုက်သော စစ်ပွဲများကို ရှုတ်ချခြင်း။	၆၀း၉	၁၀၂၃
'မွတ်စလင်'ဟူသောအမည်ကို အလ္လာဟ်ကိုယ်တိုင်က မှည့်ခေါ်ခြင်း။	၂၂း၇၉	၅၈၀
'မွတ်စလင်'ဟူသော စကားလုံးကို မည်သူမျှ မူပိုင်ခွင့်မရှိ။		၅၈၀
'အတ်စလာမ်ဒီအလိုင်းကွန်မ်'ဆိုသူအား 'ကာဖိရ်'ဟုမပြောရ။	၄း၉၅	၁၄၄
မည်သည့် အသက်ဝိညာဉ်မျှ အခြား အသက်ဝိညာဉ်၏ ဝန်ထုပ်ကို ထမ်းရမည်မဟုတ်။	၆း၁၆၅	၂၃၉
အလ္လာဟ်အား ဖြူစင်စွာဖြင့် ရှာဖွေသောသူအဖို့ သူသည် မည်သည့် လမ်းစဉ်နှင့်ဆက်နွယ်သူပင်ဖြစ်စေ နောက်ဆုံးတွင် အလ္လာဟ်သည် သူ့အား အစွမ်းနှင့် ဖြောင့်မှန်သောလမ်းဘက်သို့ ညွှန်ပြတော်မူမည်သာ။		၆၈၉
'မူရှရီက်'က အကယ်၍ ခိုလှုံခွင့်တောင်းလာခဲ့လျှင် သူ့အား ခိုလှုံခွင့်ပေးရမည်။	၉း၆	၃၀၆
မျိုးနွယ်စုများကွဲလွဲမှုဖြစ်ပေါ်နေစဉ် သူတို့အကြား ပြေလည်အောင် ပြုပေးရေးစနစ်။		၉၃၆
မိမိကိုယ်ကို ကာကွယ်ရန် သင်ပြချက်။	၄း၇၂	၁၃၈

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
မို့အ်မင်န်များအားစွန့်ပယ်လျက် ကာဖဲရ်များကို အဆွေခင်ပွန်းဖွဲ့ခြင်းမှာ မလျော်ကန်။	၄း၁၄၅	၁၅၆
အလ္လာဟ်၏အာယတ်တော်များကို ပြက်ရယ်ပြုပြောင်လှောင်သူများနှင့် ဝိုင်းဖွဲ့မထိုင်လင့်။	၄း၁၄၀	၁၅၅
	၆း၆၉	၂၁၆
တစ်မူထူးခြားသော သွန်သင်ချက်၊ 'ရီဇီက်'ရိက္ခာသည် 'ဟလာလ်'မျှသာ မဟုတ်မူဘဲ 'တိုင်ယာ်'ဖြစ်ရန်လည်းလို၏။	၂း၁၆၉	၄၀
	၅း၈၉	၁၉၀
လက်ရပစ္စည်းများကို 'ဟလာလ်'ခွင့်ပြုခြင်း။	၈း၇၀	၃၀၁
မလိုအပ်သော မေးခွန်းများကို မမေးသင့်။	၅း၁၀၂	၁၉၃
အစ္စလာမ်၏ ကမ္ဘာ့အောင်ပွဲ။	၉း၃၃	၃၁၂
	၁၃း၄၂	၄၁၃
	၄၈း၂၉	၉၃၄
	၆၁း၁၀	၁၀၃၂
အစ္စလာမ်နှင့်ဆန့်ကျင်၍ စစ်မီးမွှေးသူတို့၏လက်(စွမ်းအား)များ ဖြတ်တောက်ခံရမည်။		၁၂၁၄
အစ္စလာမ် သို့မဟုတ် မက္ကာကို မထီလေးစားပြုရန် သို့မဟုတ် ဖြိုခွင်းဖျက်ဆီးရန် ကြံရွယ်သူတို့၏ရလဒ်မှာ 'အာဆ်ဟာဘေဖီးလ်'ကဲ့သို့ဖြစ်မည်။		၁၂၀၂
အစ္စလာမ်သည် တိုးတက်ပြန့်ပွားရမည်သာ၊ ထို့ကြောင့် ရန်သူတို့မှာ မလိုမုန်းထားဖြစ်ကြမည်သာ။		၁၂၁၈
အနာဂတ်တွင် အစ္စလာမ့်အောင်ပွဲသည် အဆုံးမရှိဖြစ်လိမ့်မည်။		၁၂၁၂
အစ္စလာမ်သည် အလယ်အလတ်သာသနာ။	၂း၁၄၄	၃၅
အစ္စလာမ်သည် လွယ်ကူသော သာသနာ။	၂း၁၈၆	၄၄
	၅း၃	၁၇၀-၁၇၂
	၂၂း၇၉	၅၈၀
အစ္စလာမ်သည် အလ္လာဟ်ထံရောက်ရှိရန် ဖြောင့်မတ်သောလမ်းဖြစ်၏။	၆း၁၅၄	၂၃၆-၂၃၇
နှောင်းခေတ်ကာလ အစ္စလာမ်၏အခြေအနေ		
အစ္စလာမ့်နေဝန်း နောက်တစ်ကြိမ်ထပ်မံ ထွက်ပြူဦးမည့်နိမိတ်။		၁၀၆၈

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အစ္စလာမ့်ခေတ်ဦးနှင့် နှောင်းခေတ်များတွင် 'ကုရ်ဘာနီ'စွန့်ခြင်းကြီးများ ကိုပြုကြသူများ၏ နှိုင်းယှဉ်ချက်။		၉၈၉
အီတီကာဗ်	၂း၁၈၈	၄၅
အလွှာဟ်အရှင်မြတ်		
အလွှာဟ်တည်ရှိခြင်းသက်သေ		
အလွှာဟ်အရှင်မြတ်တည်ရှိတော်မူခြင်းသက်သေသည် လူသဘာဝတွင် တည်ရှိခြင်း။	၂း၂၉	၉
	၇း၁၇၃	၂၇၇
	၃၁း၃၃	၇၂၃
အခြေခံ ဂုဏ်တော်ကြီး(၄)ပါး		
'ရဇ်ဘုလ်အာလမင်းန်'၊ 'အလ်-ရာဟ်မန်း'၊ 'အလ်-ရဟီးမ်'၊ 'မာလိကိ ယောင်းမစ်ဒီးန်'။	၁း၂-၄	၂
ဂုဏ်တော်များနှင့် သိမ်မွေ့လှပသော နာမတော်များ		
အလွှာဟ်တစ်ဆူတည်း တည်ရှိတော်မူခြင်း။	၂း၁၆၄	၃၉
	၃း၁၉	၈၀
	၃း၆၃	၉၀
	၁၁၂း၂	၁၂၁၇
အရှင်မြတ်နှင့် နှိုင်းယှဉ်တုဘက်ရာ တစ်စုံတစ်ရာမျှမရှိ။	၆း၁၆၄	၂၃၉
	၉း၃၁	၃၁၁
	၂၅း၃	၆၁၇
ထိုအရှင်သည်ပင် 'အဦးအစ'နှင့် ထိုအရှင်သည်ပင် 'အဆုံးစွန်' ထိုအရှင်သည်ပင် ပေါ်လွင်ထင်ရှားသောအရှင်နှင့် ထိုအရှင်သည်ပင် လျှို့ဝှက်နက်နဲသောအရှင်ဖြစ်တော်မူ၏။	၅၇း၄	၁၀၀၁
အလွှာဟ်သည်သာ ထာဝရတည်နေမည့်အရှင် ဖြစ်တော်မူ၏။	၅၅း၂၇-၂၈	၉၈၃
ထိုအရှင်သည်သာလျှင် ကိုးကွယ်ခံထိုက်တော်မူခြင်း။	၁း၅	၂
အလွှာဟ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ 'နူရ်'အလင်းဖြစ်၏။	၂၄း၃၆	၆၀၆

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အလ္လာဟ်၏ စိုးမိုးအုပ်ချုပ်မှုသည် မိုးကောင်းကင်နှင့် ကမ္ဘာမြေပေါ်တွင် ဖြန့်ကြက်လွှမ်းမိုးနေခြင်း။	၂း၂၅၆	၆၄-၆၅
စိုးမိုးအုပ်ချုပ်မှုအာဏာဟူသမျှသည် ထိုအရှင်မြတ်၏တန်ခိုးတော် စွမ်းအား၌သာရှိ၏။	၆၇း၂	၁၀၆၀
ကောင်းကင်ယံနှင့် ကမ္ဘာမြေတို့တွင် ရှိရှိသမျှတို့သည် အလ္လာဟ်အား 'စဂျ်ဒါ'ပြုကြကုန်၏။	၁၃း၁၆	၄၀၇
အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းအပေါ် ထာဝရတန်ခိုးစွမ်းအား ရှိတော်မူ၏။	၂း၂၁	၇
အလ္လာဟ်သည် အရှင်မြတ်၏ စီရင်ဆုံးဖြတ်ချက်တွင် ထမြောက်အောင်မြင်တော်မူ၏။	၁၂း၂၂	၃၈၅
အလ္လာဟ်သည် အလိုရှိရာကို ပြုလုပ်တော်မူ၏။	၂၂း၁၅	၅၆၈-၅၆၉
'ဇိလ်မအာရစ်ဂျ်'ဖြစ်တော်မူခြင်း၏သဘော။		၁၀၇၈
ထိုအရှင်မြတ်သည် ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့ကို ဖန်ဆင်းတော်မူခြင်းဖြင့် ပင်ပန်းသည်မရှိ။	၄၆း၃၄	၉၁၆
အလ္လာဟ်၏ 'ရာဟ်မတ်'ကရုဏာတော်သည် အရာရာတိုင်းအပေါ် လွှမ်းခြုံထား၏။	၇း၁၅၇	၂၇၃
အလ္လာဟ်ကိုယ်တိုင်က အရှင့်လမ်းတော်ဘက်သို့ လမ်းပြတော်မူခြင်း။	၂၉း၇၀	၇၀၁
အလ္လာဟ်၏ဘက်တော်သို့ သွားရောက်ရန်အတွက် အပြင်းအထန် ကြိုးပမ်းအားထုတ်မှုပြုရန် လိုအပ်ခြင်း။	၈၄း၇	၁၁၄၇
အလ္လာဟ်သည် 'ရစူလ်'တမန်တော်ကို ရွေးချယ်လျက်ရှိတော်မူ၏။	၂၂း၇၆	၅၇၉
အလ္လာဟ်နှင့် ထိုအရှင်မြတ်၏တမန်တော်တို့သည် အစဉ်သဖြင့် အောင်ပွဲရလျက်ရှိတော်မူ၏။	၅၈း၂၂	၁၀၁၄
အလ္လာဟ်သည် 'မို့အ်မင်န်'တို့အား မဖြစ်မနေကူညီမှိုင်းမတော်မူခြင်း။	၃၀း၄၈	၇၁၁
'ရာဟ်မန်'ဂုဏ်တော်၏ အကြွင်းမဲ့ဖော်ကျူးလင်းပြသူမှာ တမန်တော်မြတ် (မိုဟမ္မဒ်ﷺ)ဖြစ်ခြင်း။		၅၄၅
လှပတင့်တယ် သပ္ပာယ်လှသော နာမတော်များသည် အလ္လာဟ်၏အဖို့သာဖြစ်ခြင်း။	၇း၁၈၁	၂၇၉
	၅၉း၂၅	၁၀၂၂

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အလ်-ဟိုင်းယု၊ အလ်-ကိုင်းယွန်းမ်။	၂း၂၅၆	၆၄-၆၅
မလိက်၊ ကွတ်ဗူးစ်၊ စလာမ်၊ မို့အ်မင်န်၊ မုဟိုင်းမင်းန်၊ အဇီဇ၊ ဂျင်ဘားရိန္ဒင့် မုတာကတ်ဘီရ်။	၅၉း၂၄	၁၀၂၂
ခါလိက်၊ ဘာရီနှင့် မုဆောင်ဝီရ်။	၅၉း၂၅	၁၀၂၂
ဖန်ဆင်းခံဟူသမျှသည် စုံတွဲရှိရန် လိုအပ်သော်လည်း အနန္တစကြဝဠာကို ဖန်ဆင်းတော်မူသောအရှင်သည်သာလျှင် စုံတွဲရှိရန်မလို။		၇၇၆-၇၇၇
အဟဒ်၊ ဆွမဒ်၊ လာမ်ယလိဒ် ဝါလာမ်ယူးလဒ်။	၁၁၂း၂-၅	၁၂၁၇
အလ္လာဟ်နှင့် တုန္ဒိုင်းစရာတစ်စုံတစ်ရာမျှမရှိ။	၄၂း၁၂	၈၇၀
အလ္လာဟ်၏'စွန္ဒတ်'တော်တွင် တစ်စုံတစ်ရာမျှပြောင်းလဲမှုမရှိ။	၁၇း၇၈	၄၈၀
	၃၅း၄၄	၇၇၅
အလ္လာဟ်အား မည်သူတစ်ဦးတစ်ယောက်မျှ ကိုယ်တိုင်မမြင်နိုင်၊ ထိုအရှင်ကိုယ်တိုင်သာ အရှင့်လင်းပြမှုဖြင့် ပြသနိုင်တော်မူ၏။	၆း၁၀၄	၂၂၄
အလ္လာဟ်သည် လူသားနှင့် သူ၏လည်ချောင်းသွေးကြောထက်ပင် ပို၍ နီးကပ်စွာရှိတော်မူ၏။	၅၀း၁၇	၉၄၆
အလ္လာဟ်သည် 'ဒိုအာ'ဆုတောင်းမှုကို ကြားတော်မူ၏။	၂း၁၈၇	၄၄-၄၅
အသိပညာသက်သက်ဖြင့် အလ္လာဟ်အား လွှမ်းခြုံသိရှိနိုင်မည်မဟုတ်။	၂၀း၁၁၀	၅၃၉
အလ္လာဟ်သည်သာလျှင် 'အာလိမွလ်ဂိုက်ဘ်' ဖြစ်တော်မူသည်။	၂၇း၆၆	၆၆၅
'အာလိမွလ်ဂိုင်းဘိ ဝါရှဟာဒဟ်'။	၅၉း၂၃	၁၀၂၂
ရင်တွင်းလျှို့ဝှက်ရာများ၊ ကမ္ဘာမြေကြီးနှင့်မိုးကောင်းကင်များ၌ရှိသော လျှို့ဝှက်ရာများကို သိတော်မူခြင်း။	၃း၃၀	၈၂
မည်သည့်အရာမျှ ထိုအရှင်မြတ်အဖို့ စိုးစဉ်းမျှပင် ကွယ်ဝှက်၍မနေ။	၁၀း၆၂	၃၄၇
အသက်ရှင်နေထိုင်ခြင်းဘဝနှင့် ကွယ်လွန်အနိစ္စရောက်ခြင်းတို့သည် အလ္လာဟ်၏အုပ်စိုးမှုတွင်ရှိခြင်း။	၁၅း၂၄	၄၃၀
ဖန်ဆင်းခံဟူသမျှကို အလ္လာဟ်သည်သာ 'ရီဇီက်'ရိက္ခာပေးတော်မူ၏။	၂၉း၆၁	၇၀၀
အလ္လာဟ်သည် လူသားအပြင် အခြားသော ဖန်ဆင်းခံများကိုလည်း ဆောင်ယူလာနိုင်စွမ်းရှိတော်မူ၏။	၁၄း၂၀	၄၁၉
အလ္လာဟ်၏ ဉာဏ်အမြော်အမြင်နှင့် တန်ခိုးတော်တို့အား မည်သူတစ်ဦး တစ်ယောက်သော်မှ လွှမ်းခြုံသိရှိနိုင်ခြင်းမရှိ။		၇၁၆

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အလွှာဟ်သည် ချို့တဲ့မှုအပေါင်းမှ ကင်းစင်တော်မူ၏။	၂း၃၁	၉-၁၀
	၂း၃၃	၁၀
	၁၇း၄၄	၄၃၄
အလွှာဟ်သည် သားသမီး(လိုအပ်ချက်)မှ ကင်းစင်၏။	၂း၁၁၇	၂၉
	၄း၁၇၂	၁၆၂
	၆း၁၀၁	၂၂၄
အလွှာဟ်သည် မွေးဖွားရခြင်းစနစ်မှ လုံးဝကင်းရှင်း၏။		၄၈၆
ထိုအရှင်မြတ်တွင် ဇနီးကြင်ရာမရှိ သား(သမီး)တစ်စုံတစ်ရာလည်းမရှိ။	၇း၄	၁၀၉၂
အလွှာဟ်သည် မှားခြင်းမရှိ၊ မေ့ခြင်းမရှိ။	၂၀း၅၃	၅၃၁
အလွှာဟ်အား ငိုက်မျဉ်းခြင်းနှင့် အိပ်စက်ခြင်းတို့က ဖမ်းစားနိုင်ခြင်းမရှိ။	၂း၂၅၆	၆၄-၆၅
အလွှာဟ်သည် ပင်ပန်းနွမ်းနယ်ခြင်းမှ ကင်း၏။	၂း၂၅၆	၆၄-၆၅
	၅၀း၃၉	၉၄၉
အလွှာဟ်သည် အစားအသောက်မလိုအပ်ချေ။	၆း၁၅	၂၀၅
အရှိ		
'အိစ်တဝါအလလ်အရှိ'၏ အနက်သဘော။	၅၇း၅	၁၀၀၁
'မလာအေကာဟ်' ကောင်းကင်တမန်များက ထိုအရှင်မြတ်၏ 'အရှိ' တော်ကို ဝန်းရံထားကြခြင်း။	၃၉း၇၆	၈၃၄
'ကေယာမတ်'နေ့တွင် ကောင်းကင်တမန်ရှစ်ပါးက 'အရှိ'တော်ကို ပင့်မ ထားကြပေမည်။	၆၉း၁၈	၁၀၇၄
'အရှိ'ပလ္လင်တော်သည် ရေပေါ်တွင်ရှိခြင်း၏သဘော။	၁၁း၈	၃၅၉
အလွှာဟ်အား ယုံပုံလွဲအပ်ခြင်း	၁၄း၁၃	၄၁၈
	၆၅း၄	၁၀၄၈-၄၉
	၂၅း၅၉	၆၂၅
အွမွတ်		
မူလက လူသားတို့သည် တစ်စုတည်းသော 'အွမွတ်'ဖြစ်ခဲ့၏။	၂း၂၁၄	၅၁
	၁၀း၂၀	၃၃၉-၃၄၀
အကယ်၍ အလွှာဟ်အလိုရှိတော်မူပါလျှင် လူသားတို့အား တစ်စုတည်း သော 'အွမွတ်'အဖြစ်ပြုတော်မူပေမည်။	၅း၄၉	၁၈၁

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
'အွမွတ်'တိုင်းအတွက် 'အဂျလ်'(အချိန်ကာလ)သတ်မှတ်ပိုင်းခြားထား၏။	၇း၃၅	၂၄၈
'အွမွတ်'အုပ်စုဝင်တိုင်းအတွက် စီရင်ဆုံးဖြတ်ချက်ကို ၎င်းတို့၏ ကျမ်း(၀၀) ရှရီအတ် ဓမ္မဥပဒေနှင့်အညီ စီရင်မည်။	၄၅း၂၉	၉၀၄
အစ်ဗရာဟင်မ်ﷺသည် ပင်ကိုအားဖြင့် 'အွမွတ်'တစ်ခုဖြစ်၏။	၁၆း၁၂၁	၄၆၂
		၄၄၁-၄၄၂
'အွမွတ်'အုပ်စုတိုင်းတွင် အလ္လာဟ်၏ထံမှ တမန်တော်များလာရောက်ခဲ့။	၁၀း၄၈	၃၄၅
'အွမွတ်'အုပ်စုတိုင်းတွင် သတိပေးနှိုးဆော်သူလာရောက်ခဲ့။	၃၅း၂၅	၇၇၁
အွမွတ်–မိုဟမ္မဒီယာ (မိုဟမ္မဒ်သခင်ﷺ၏နောက်လိုက်များ)		
'အွမွတ်'အုပ်စုအားလုံးအနက် အမွန်မြတ်ဆုံး။	၃း၁၁၁	၉၉
'အွမွတန် ၀ါဆတွာ' အလယ်အလတ်အကျဆုံး အွမွတ်။	၂း၁၄၄	၃၅
'အွမွတ် မိုဟမ္မဒီယာ'အပေါ် အလ္လာဟ်၏ကြီးကျယ်ခမ်းနားလှသော 'နေ့အ်မတ်'ကောင်းချီးဆုလာဘ်။	၃း၁၀၄	၉၈
'အွမွတ်'တွင်း၌ '၀ဟီ'နှင့် 'အိလ်ဟာမ်'စဉ်ဆက်မပြတ်ရှိနေမည်ဖြစ်ခြင်း။	၄၁း၃၁-၃၂	၈၆၀
အလ္လာဟ်နှင့် တမန်တော်မြတ်အား နာခံလိုက်နာခြင်းဖြင့် ကောင်းချီးဆုလာဘ်ရရှိကြသူတို့၏ ဂုဏ်အဆင့် ၄ ရပ်။	၄း၇၀	၁၃၇
'အွမွတ်-မိုဟမ္မဒီယာ'အတွက် နာမ်တရားဆိုင်ရာ သေသူများအား ပြန်လည်ရှင်ပြန်စေတော်မူမည့်အကြောင်း ကြီးကျယ်လှသော သတင်းကောင်း။		၁၀၅၈
အွမွတ်-မိုဟမ္မဒီယာတွင် နဗူ၀ါတ်၏ ကောင်းချီးမင်္ဂလာတော်။	၃း၁၈၀	၁၁၃
	၄း၇၀	၁၃၇
	၇း၃၆	၂၄၉
	၇၂း၈	၁၀၉၂
တမန်တော်မြတ်ﷺ၏နောက်တွင် ကိုယ်တော့်အား သက်သေခံမည့်ပုဂ္ဂိုလ်ပေါ်ထွန်းမည့်ကြိုတင်နိမိတ်။	၁၁း၁၈	၃၆၁
	၈၅း၄	၁၁၅၀
		၁၁၄၉
'အွမွတ်-မိုဟမ္မဒီယာ'အတွက် 'ခေလာဖတ်'ကတိတော်။	၂၄း၅၆-၅၈	၆၁၀-၆၁၁

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
တမန်တော်မြတ်ﷺ ဒုတိယအကြိမ်ပွင့်ပေါ်ခြင်း (ဝါ) 'အေမာမ်မဟ်ဒီ' ပေါ်ထွန်းမည့်သတင်း။	၆၂း၄	၁၀၃၅
		၁၀၃၆
	၆၁း၇	၁၀၃၁-၃၂
အွမ္မတ်အတွက် တမန်တော် အီစာအား ပမာဆောင်သူပေါ်ထွန်းမည့် အရေးအတွက် ဆူပူကြမည့်အကြောင်း။	၄၃း၅၈	၈၈၈
အွမ္မတ်ကို ဂိုဏ်းဂဏကွဲပြားခြင်းမှ ရှောင်ရှားရန်အမိန့်။	၃း၁၀၄	၉၈
မူစာ‌ﷺအား ဒုက္ခပေးခဲ့ကြသူများကဲ့သို့ မဖြစ်ကြကုန်လင့်။	၃၃း၇၀	၇၄၉-၇၅၀
ရဟူဒီနှင့် နဆရာနီများ၏ ပဋိညာဉ်ကို ချိုးဖောက်သည့် မကောင်းမှုများကိုဖော်ပြလျက် 'အွမ္မတ်-မိုဟမ္မဒီယာ'ကို သတိပေးနှိုးဆော်ချက်။		၁၆၅
'အွမ္မတ်-မိုဟမ္မဒီယာ'အား အမြောက်အမြား မေးခွန်းမထုတ်ရန် ဟန့်တားခြင်း။	၂း၁၀၉	၂၇
	၅း၁၀၂	၁၉၃
'ဂျင်န်'များက အီမာန်ယူခြင်း။	၄၆း၃၁	၉၁၅
'အလ္လာဟ်ဘက်သို့ ဖိတ်ခေါ်ခြင်း'ပြုရန် အမိန့်။	၃း၁၀၅	၉၈
စမ်းသပ်မှုများရောက်ရှိလာရန်လိုအပ်ခြင်း။	၂၉း၃	၆၉၀
အဲဟ်လေကီတာဘ် (ကျမ်းရသူများ)		
(ဘနီအစ္စရာအီလ်၊ ရဟူဒီဝါဒနှင့် ခရစ်ယာန်ဝါဒများလည်းရှု)		
ယုံကြည်ခြင်းရှိကြရန် အဲဟ်လေကီတာဘ်တို့အား ပြဋ္ဌာန်း။	၄း၄၈	၁၃၂-၁၃၃
အဲ့ဟ်လေကီတာဘ် အချို့သည် အလ္လာဟ်၊ အရှင့်တမန်တော်နှင့် ၎င်းတို့၏ သင်ပြဆုံးမချက်များကို ယုံကြည်ခြင်း။	၃း၂၀၀	၁၁၈
အဲ့ဟ်လေကီတာဘ်အချို့သည် ညဉ့်အခါများတွင် အေဘာဒတ်ပြုကြပြီး ကောင်းမှုကုသိုလ်ပွားများခြင်း။	၃း၁၁၄-၁၁၅	၉၉-၁၀၀
အဲ့ဟ်လေကီတာဘ်အချို့မှာ သစ္စာရှိသူများဖြစ်ကြပြီး အချို့မှာကား သစ္စာဖောက်ဖျက်သူများဖြစ်ခြင်း။	၃း၇၆	၉၂
အဲ့လ်လေကီတာဘ်တို့အား မိမိတို့ကျမ်းမှ အမှန်တရားကို ဝှက်ကွယ်ခြင်းမပြုရန် ကတိယူတော်မူခြင်း။	၃း၁၈၈	၁၁၅

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အဲ့ဟ်လေကီတာဘ်ဝင် ဂိုဏ်းဂဏအားလုံးတို့မှ အချို့သည် တမန်တော်အဖြစ် ကွယ်လွန်အနိစ္စမရောက်မီ သူ့အား သက်ဝင်ယုံကြည်ကြမည်။	၄း၁၆၀	၁၆၀
အဲ့ဟ်လေကီတာဘ်တို့အား တူညီသော ယုံကြည်ချက်များတွင် လက်တွဲကြရန် ဖိတ်ခေါ်ခြင်း။	၃း၆၅	၉၀
ကျမ်းမြတ်ကုရ်အာန်ကျရောက်ခြင်းဖြင့် အဲ့ဟ်လေကီတာဘ်များအဖို့ အကျိုးသက်ရောက်မှုများ။	၉း၂-၆	၁၁၈၇
'အဲ့ဟ်လေကီတာဘ်'တို့ထက် ဤတမန်တော်မြတ်နှင့် သူ့အား ယုံကြည်နောက်လိုက်သူတို့သည် အစ်ဘရာဟင်မ်နှင့် ပို၍နီးစပ်မှုရှိကြ၏။	၃း၆၉	၉၁
'အဲ့ဟ်လေကီတာဘ်'တို့သည် တမန်တော်များထံမှ မလျော်ကန်သောတောင်းဆိုမှုများပြုခြင်း။	၄း၁၅၄	၁၅၈
အဲ့ဟ်လေကီတာဘ်တို့သည် မီးစားသော 'ကုရ်ဘာနီ'နိမိတ်ကို တောင်းဆိုကြခြင်း။	၃း၁၈၄	၁၁၄
ယုံကြည်ချက်နှင့် ကျင့်ကြံအားထုတ်မှုများ		
သာသနာရေးတွင် လွန်ကဲမှုများနှင့် မှားယွင်းဖောက်ပြန်သောအယူများ။	၄း၁၇၂	၁၆၂
အမှန်ကို အမှားဖြင့်ရောထွေးလျက် အမှန်ကို ဖုံးကွယ်ကြခြင်း။	၃း၇၂	၉၁
အလ္လာဟ်၏နိမိတ်လက္ခဏာတော်များကို ငြင်းပယ်ကြခြင်း။	၃း၇၁	၉၁
အဲ့ဟ်လေကီတာဘ်တို့၏ အကြီးဆုံးပြစ်မှုများ။	၄း၁၅၆-၁၅၈	၁၅၈-၁၅၉
အစွန်လာမ်နှင့်ဆန့်ကျင်လျက် စုပေါင်းလုပ်ကြံမှုများ		
မွတ်စလင်တို့အပေါ် တစ်စုံတစ်ရာကောင်းခြင်းသက်ရောက်လျှင် မလိုလားကြခြင်း။	၂း၁၀၆	၂၆
လူတို့အား အစွန်လာမ်ကို လက်ခံယုံကြည်ခြင်းမှ တားမြစ်ပိတ်ပင်ကြခြင်း။	၃း၁၀၀	၉၇
မွတ်စလင်တို့အား သာသနာတော်မှ ဖောက်ပြန်စွန့်ခွာကြစေရန်နှင့် လမ်းလွဲစေရန် စုပေါင်းလုပ်ကြံမှု။	၂း၁၁၀	၂၇
	၃း၇၀-၇၁	၉၁
လူမှုဆက်ဆံရေး		
အဲ့ဟ်လေကီတာဘ် အမျိုးသမီးများနှင့် ထိမ်းမြားပိုင်ခွင့်။	၅း၆	၁၇၀
အဲ့ဟ်လေကီတာဘ်တို့၏ စားဖွယ်များကို စားသောက်ပိုင်ခွင့်။	၅း၆	၁၇၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
မွတ်စလင်မဟုတ်သော ဂုဏ်သရေရှိပုဂ္ဂိုလ်များနှင့် တလေးတစား ဆက်ဆံကြရန် သင်ပြချက်။	၆၀း၉	၁၀၂၇
အနာဂတ္တိဗျာဒိတ်များ (ရှေ့ဖြစ်နိမိတ်များ)		
ကျမ်းမြတ်ကုရ်အာန်၏ကြိုတင်ဗျာဒိတ်များသည် မဖြစ်မနေပြည့်စုံမည်။		၉၄၃
တမန်တော်၏ ဘဝသက်တမ်းအတွင်းမှာပင် သူ၏ကြိုတင်ဗျာဒိတ်ပေးချက်အားလုံး ပြည့်ဝစုံလင်ရသည်မဟုတ်။	၁၀း၄၇	၃၄၅
ကျမ်းမြတ်ကုရ်အာန်မှ မရေမတွက်နိုင်သော အနာဂတ္တိဗျာဒိတ်များမှာ တမန်တော်မြတ် ကွယ်လွန်အနိစ္စရောက်ပြီးနောက်တွင်မှ ပြည့်စုံခဲ့သည်များလည်းရှိ၏။	၁၀း၄၇	၃၄၅
တမန်တော်မြတ်ﷺ၏ ဟစ်ဂျရတ်နှင့် အောင်ပွဲခံမြို့တော်ဝင်ခြင်း။	၂၈း၈၆	၆၈၆
	၉၀း၃	၁၁၆၆
		၁၁၆၅
အဟ်ဇာဗ်စစ်ပွဲတွင် အနိုင်ရမည့်အကြောင်း ကြိုတင်နိမိတ်။	၃၃း၂၃	၇၄၀
	၃၈း၁၂	၈၀၈
	၅၄း၄၆	၉၇၇
ရောမတို့သည် ပါရှင်တို့ကို အောင်ပွဲရမည့်သတင်း။	၃၀း၃-၄	၇၀၄
ရောမတို့၏အောင်ပွဲနှင့်အတူ သက်ဝင်ယုံကြည်သူတို့အတွက်လည်း ဝမ်းမြောက်ဖွယ်အကြောင်း။ (ဘဒါရ်စစ်ပွဲ၌ အောင်ပွဲရခြင်း)	၃၀း၅-၆	၇၀၄
ဆီဇာနှင့် ခုစ်ရိုး (ရောမနှင့် ပါရှင်) အင်ပါယာများသည် တောင်များ၏ သဲမှုန်များပမာ ဖြစ်သွားကြမည်ဆိုသည့် အနက်သဘော။		၅၂၄
နှောင်းခေတ်တွင် ပြန့်ကြဲလျက်ရှိကြသော ရဟူဒီများအား ပါလက်စတိုင်းတွင် စုရုံးခြင်းခံရမည်။	၁၇း၁၀၅	၄၈၄
ရဟူဒီများကို ပြစ်ဒဏ်ခတ်မည့်သူများ ကမ္ဘာ့နောက်ဆုံးနေ့တိုင် ရှိနေမည့်အကြောင်း။	၇း၁၆၈	၂၇၅
ရဟူဒီတို့သည် ကမ္ဘာမြေပေါ်တွင် နှစ်ကြိမ်နှစ်ခါ ဆူပူသောင်းကျန်းကြလိမ့်မည်။	၁၇း၅	၄၆၇-၄၆၈
မွတ်စလင်တို့၏ အနာဂတ်အောင်ပွဲများ၏ ရှေ့ဖြစ်နိမိတ်။	၃၃း၂၈	၇၄၁

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
တမန်တော်မြတ်ﷺ၏ 'အာခရီန်း'နှောင်းခေတ်လူတို့ထံ ဒုတိယအကြိမ် ပေါ်ထွန်းမည့်သတင်း။	၆၂း၄	၁၀၃၅
နေဝန်း၏နောက်တွင် သူ့အားနောက်လိုက်မှုဖြင့် ထွန်းလင်းဦးမည့် လစန္ဒာ၏သတင်း။	၉၁း၃	၁၁၆၉
		၁၁၀၀
'ရစူလ်'အားလုံးတို့၏ ပေါ်လွင်ထင်ရှားရာပေါ်ထွန်းမည့် သတင်း။	၇၇း၁၂	၁၁၁၇
		၁၁၁၅
ယာဂျတ်၊ မာဂျတ်၏အောင်ပွဲ။	၂၁း၉၇	၅၆၀
	၁၈း၉၅	၅၀၆
Genetic Engineering မျိုးရိုးဗီဇပညာရှာဖွေတွေ့ရှိမှု။	၄း၁၂၀	၁၅၀
နှောင်းခေတ်တွင် ကျောက်ဖြစ်ရုပ်ကြွင်းပညာရပ်၏ ကြီးကျယ်ခမ်းနားသောအောင်မြင်မှုနှင့် Psychotherapy ပညာရပ်ကို အထူးအားပေးမှု။	၁၀၀း၁၀-၁၁	၁၁၉၂
နက္ခတ္တဗေဒပညာရပ် တိုးတက်ခြင်း။	၈၁း၁၂	၁၁၃၇
	၅၅း၃၈	၉၈၄
ကမ္ဘာမြေ၏ နယ်နိမိတ်များ ဖြန့်ကြက်မည့်သတင်း။	၈၄း၄	၁၁၄၇
အရှေ့အရပ်နှစ်ခုနှင့် အနောက်အရပ်နှစ်ခုအကြောင်း ဖော်ပြချက်နှင့် နှောင်းခေတ်တွင် ကြီးကျယ်ခမ်းနားလှသော ရှာဖွေသုတေသနပြုချက်များနှင့်စပ်လျဉ်းသော ရှေ့ဖြစ်နိမိတ်။	၅၅း၁၈	၉၈၂
လူသားသည် ဤကမ္ဘာကို ကျော်ဖြတ်နိုင်ရန် ကြိုးပမ်းကြမည့်သတင်း။	၅၅း၃၄	၉၈၄
ပင်လယ်သမုဒ္ဒရာများကို တစ်ခုနှင့်တစ်ခု ပေါင်းစပ်လိုက်ကြမည်။	၅၅း၂၀	၉၈၂
ပစိဖိတ်သမုဒ္ဒရာများနှင့် အတ္တလန်တိတ်သမုဒ္ဒရာတို့၏ကြားမှ အတားအဆီးကို ဖယ်ရှားပစ်လိမ့်မည်။	၂၅း၅၄	၆၂၄
စူးအက်တူးမြောင်း ဖောက်လုပ်ကြလိမ့်မည်။	၅၅း၂၀-၂၃	၉၈၂-၉၈၃
ဘူမိဗေဒပညာရပ် ထွန်းကားမည့်အကြောင်း။	၈၄း၅	၁၁၄၇
ဂူသခိုင်းများတွင် မြုပ်နှံထားပြီးဖြစ်သော လျှို့ဝှက်ချက်များကို ရှာဖွေသိရှိအောင် ပြုကြပေလိမ့်မည်။	၈၂း၅	၁၁၄၀
	၁၀၀း၁၀	၁၁၉၂
ကမ္ဘာမြေကြီးက သယံဇာတများကို အန်ထုတ်မည့်အကြောင်း။	၉၉း၃	၁၁၉၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
တမန်တော် 'နူးဟ်'၏လှေသင်္ဘော လုံခြုံစွာရှိနေကြောင်းနှင့် အချိန်တန်လျှင် ထုတ်ဖော်ရယူနိုင်ပေလိမ့်မည်။	၅၄း၁၄-၁၆	၉၇၄
တောင်များပမာ ပင်လယ်ကူးသင်္ဘောကြီးများ တည်ဆောက်ကြလိမ့်မည်။	၅၅း၂၅	၉၈၃
	၄၂း၃၃	၈၇၃
ပင်လယ်သမုဒ္ဒရာများတွင် သင်္ဘောအများအပြားခုတ်မောင်းလျက်ရှိမည်။		၁၁၃၅
စစ်ပွဲများတွင် ရေငုပ်သင်္ဘောများကို အသုံးပြုကြမည့်အကြောင်း။		၁၁၂၅
ကုလားအုတ်များ အသုံးမဝင်ဖြစ်မည့်အကြောင်း။	၈၁း၅	၁၁၃၇
		၁၁၃၆
စာအုပ်စာပေ အမြောက်အများ ထုတ်ဝေမည့်အကြောင်း။	၈၁း၁၁	၁၁၃၇
ကျမ်းမြတ်ကုရ်အာန်ကို မြောက်များစွာ ရေးသားကြမည့်အကြောင်း။	၅၂း၃	၉၅၉
နှောင်းခေတ် ယဉ်ကျေးမှုထွန်းကားသော အမျိုးသားတို့အကြောင်း။	၈၁း၉-၁၀	၁၁၃၇
ညှဉ်းပန်းနှိပ်စက်ခံအဟ်မဒီများနှင့်စပ်လျဉ်း၍ ၎င်းတို့၏နေအိမ်များ မီးရှို့ဖျက်ဆီးခြင်းခံကြရမည့်အကြောင်း။	၈၅း၅-၈	၁၁၅၃
သမီးမိန်းကလေးများကို အရှင်လတ်လတ်မြေမြှုပ်သတ်သော ဓလ့ နိဂုံးချုပ်မည့်အကြောင်း။	၈၁း၉	၁၁၃၇
တိရစ္ဆာန်ရုံများ တည်ဆောက်ကြမည့်ခေတ်။		၁၁၃၅
	၈၁း၆	၁၁၃၇
ကမ္ဘာ့လူမျိုးအုပ်စုအသီးသီးတို့၏ ကူးလူးဆက်ဆံမှု။	၈၁း၈	၁၁၃၇
မိုးကောင်းကင်များတွင် သွားလာလှုပ်ရှားလျက်ရှိကြသော ဖန်ဆင်းခံများ ကမ္ဘာမြေပေါ်ရှိ ဖန်ဆင်းခံများနှင့်အတူ တစ်နေ့တွင် ပေါင်းစည်းပေးခြင်းခံရမည့်အကြောင်း။	၄၂း၃၀	၈၇၅
ကမ္ဘာမြေတွင်ဖြစ်ပွားမည့် အကြောင်းရပ်အချို့၏သတင်း။		၉၅၈
Divide and Rule ပေါ်အခြေခံ၍ အုပ်ချုပ်မည့် အမျိုးသားထုများအကြောင်း။	၁၁၃း၅	၁၂၁၉
		၁၂၁၈
နှောင်းခေတ်တွင် ရဟူဒီနှင့် ခရစ်ယာန်တို့မှ ဒွိဟသံသယများကို ထည့်သွင်းသက်ရောက်စေကြမည့်အကြောင်း။	၁၁၄း၅-၇	၁၂၂၁

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ဆူရာဟ်'ဒုခါန်'၏အနာဂတ္တိဗျာဒိတ်များသည် 'ဒဂျာလ်'၏ခေတ်တွင် ပေါ်ထွန်းမည်ဖြစ်ကြောင်း တမန်တော်မြတ်အား ဖော်ပြတော်မူခြင်း။		၈၉၃
ကမ္ဘာစစ်များ၏ အနေအထား။	၅၅:၄၀	၉၈၅
ကောင်းကင်ယံမှ မီးမိုးရွာသွန်းခြင်း။	၅၅:၃၆	၉၈၄
အဏုမြူစစ်ပွဲဆင်နွှဲမည့်နိမိတ်။	၇၀:၉-၁၀	၁၀၈၀
အဏုမြူအခိုးအငွေ့ဘက်သို့ ညွှန်းဆိုထားခြင်း။		၈၉၃
	၄၄:၁၁	၈၉၅
အဏုမြူစစ်ပွဲတွင် ကောင်းကင်ယံမှ ရေဒီယိုသတ္တိကြွလွှိုင်းများ ကျရောက်လာမည်။		၁၁၁၆
ကောင်းကင်ယံသည် ပြင်းထန်စွာ တုန်ခါလှုပ်ရမ်းပေလိမ့်မည်။		၉၅၈
ဆန်းသစ်သော အစီးအနင်းများကို တီထွင်ဖန်တီးကြလိမ့်မည်။	၁၆:၉	၄၄၄
ဝေဟင်တွင် ပျံသန်းကြမည့်ယာဉ်များနှင့်စပ်လျဉ်းသော ကြိုတင်နိမိတ်။		၉၉၀
စစ်လေယာဉ်များအကြောင်း ကြိုတင်နိမိတ်။		၇၈၈
စစ်လေယာဉ်များက ရန်သူများသို့ ကြေညာစာ အမြောက်အမြား ကြဲချကြလိမ့်မည်။		၇၈၈
မြန်နှုန်းမြင့် လေယာဉ်များအကြောင်း ကြိုတင်နိမိတ်။	၇၇:၃	၁၁၁၇
		၁၁၁၅
အကိုင်းသုံးခုရှိသော မီးတောက်၏အနက်သဘော။	၇၇:၃၁	၁၁၁၈
		၁၁၁၅
အတင်းအဖျင်း		
အတင်းအဖျင်းပြောသူအတွက် ပျက်စီးခြင်းကို သတ်မှတ်ထားရှိသည်။	၁၀၄:၂	၁၂၀၁
အပြစ်ရှာသူနှင့် အဖျင်းပြောသူ၏စကားကို လက်မခံရန်။	၆၈:၁၁-၁၂	၁၀၆၆
'အရှ်ရှ်'ပလွှင်တော် (**အလ္လာဟ်အရှင်မြတ်၊ မလာအိကာဟ်လည်းရှု**)		
တမန်တော်မြတ်၏ သန့်ရှင်းသောစိတ်နှလုံးသည် အလ္လာဟ်၏ ပလွှင်တော်ဖြစ်ကြောင်း။		၈၃၅
ကောင်းကင်တမန်များက 'အရ်ရှ်'ကို ပင့်မထားခြင်း၏သဘော။		၈၃၅
ကောင်းကင်တမန်ရှစ်ပါးက 'အရ်ရှ်'ကိုပင့်မထားမည်ဆိုခြင်း၏အနက်။	၆၉:၁၈	၁၀၇၄

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
အတိုးစားခြင်း		
အတိုးကို တားမြစ်ခြင်း။	၂း၂၇၉	၇၂
အတိုးသည် အလွှာဟ်၏ထံတော်၌ မတိုးပွား။	၃၀း၄၀	၇၁၀
အတိုးကို မစွန့်ပယ်ခြင်းမှာ အလွှာဟ်နှင့် တမန်တော်ကို စစ်ကြေညာသကဲ့သို့ဖြစ်။	၂း၂၈၀	၇၂
ရဟူဒီများ၏ အတိုးစားခြင်းအတွက် တုံ့ပြန်မှုရလဒ်။	၄း၁၆၁-၁၆၂	၁၆၀
အီစာအီ ခရစ်ယာန်ဝါဒီများ		
အီစာအီများတစ်စုပြီးတစ်စု ကွဲပြားသွားမည့်သတင်း။		၁၆၅-၁၆၆
ဟဝါရီများက 'မာအေဒါ'တောင်းခံခြင်း။	၅း၁၁၃	၁၉၇
'မာအေဒါ'၏အနက်သဘော။		၁၆၅
တမန်တော်မူစာနှင့် တမန်တော်အီစာတို့၏ နာမ်တရားဆိုင်ရာခရီးစဉ်။		၄၈၆
ရှေ့ဦးခရစ်ယာန်များသည် 'တောင်ဟီးဒ်'ကို လုံခြုံစွာ စောင့်ထိန်းကြခြင်းဌာနေပြန့်ကိုစွန့်၍ လိုဏ်ဂူများသို့ ကူးပြောင်းနေထိုင်ခဲ့ကြရသည်။		၄၈၆
'အီစာအီ'တို့သည် အီစာ ﷺ အသက်ထင်ရှားရှိစဉ် လမ်းမလွဲခဲ့ကြသေး။	၅း၁၁၈	၁၉၈
ခရစ်ယာန်များ ခွေးကိုချစ်ရသည့် အကြောင်းရင်း။	၁၈း၂၃	၄၉၃
နဆွရာနီ(ခရစ်ယာန်)များက မိမိတို့အပြင် အခြားမည်သူမျှ 'ဂျန္နတ်'သို့ ဝင်ရမည်မဟုတ်ဟု ဆိုကြခြင်း။	၂း၁၁၂	၂၇-၂၈
ရဟူဒီဝါဒနှင့် ခရစ်ယာန်ဝါဒတို့၏ စုပေါင်းကြိုးပမ်းမှုဆိုင်ရာ အနှစ်ချုပ်။		၁၂၂၀
ခရစ်ယာန်တို့၏ (ယုံကြည်ချက်)အဆောက်အအုံကို ဖြိုချခြင်း။		၁၂၁၆
ခရစ်ယာန်တို့၏ တိုးတက်မှုနှင့် ကျဆင်းမှုအကြောင်းတရားများ။		၄၈၇
ယနေ့ လက်တွေ့အားဖြင့် အမည်ခံ Saints များကို ဘုရားသခင်၏ နေရာပေးထားကြခြင်း။		၄၈၇
ဘုရားသခင်အဖြစ်။	၅း၇၃-၇၇	၁၈၇-၁၈၈
	၅း၁၁၇	၁၉၈
	၅း၇၄	၁၈၇
သားတော်အဖြစ်။	၉း၃၀-၃၁	၃၁၁
အပြစ်ကိုယ်စားခံခြင်း။	၆း၁၆၅	၂၃၉
	၁၃း၃၉	၉၆၉

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ခရစ်ယာန်တို့သည် မိမိတို့အား သင်ပြချက်၏ အစိတ်အပိုင်းတစ်ခုကို မေ့ထားခဲ့ကြသည်။	၅း၁၅	၁၇၂-၁၇၃
၎င်းတို့သည် ရဟူဒီများနှင့် ကေယာမတ်တိုင် ရန်ငြိုးရှိလိမ့်မည်။	၅း၁၅	၁၇၂-၁၇၃
၎င်းတို့မှ အချို့သည် အမှန်တရားကိုသိကြ၏။	၅း၈၄	၁၈၉
မို့အ်မင်နှ်တို့ကို ပို၍အနီးဆုံးချစ်ခင်သူများ။	၅း၈၃	၁၈၉
'အင်ဂျီလ်'ကို လက်ခံကျင့်သုံးသူတို့က 'အင်ဂျီလ်'ကျမ်းတွင် ပို့ချထားသည် နှင့်တစ်ပြေးညီ စီရင်ဆုံးဖြတ်ကြရန်။	၅း၄၈	၁၈၁
ဆူရာဟ်အလ်အိခ်လာစ်တွင် ခရစ်ယာန်တို့၏ မှားယွင်းဖောက်ပြန်သော ယုံကြည်ချက်ကို ငြင်းဆိုထား၏။		၁၂၁၆
အမွေခန်း		
အမွေခွဲဝေခြင်းဥပဒေများကို အလ္လာဟ်၏ထံတော်မှ သတ်မှတ်ပြဋ္ဌာန်း ခြင်းဖြစ်သည်။	၄း၈	၁၂၁-၁၂၂
အမွေခန်းတွင် ယောကျ်ားမိန်းမအားလုံးပါဝင်သည်။	၄း၈	၁၂၁-၁၂၂
အမျိုးသမီးများထံမှ အမွေရပိုင်ခွင့်ကို အဓမ္မမလုပ်ယူရန် တားမြစ်။	၄း၂၀	၁၂၅
မိဘများနှင့် နီးစပ်သူသားချင်းများအတွက် သေဆုံးခိုန်အထူးသေတမ်းစာ။	၂း၁၈၁	၄၃
တစ်ဦးဦး၏ သေတမ်းစာကို အပြောင်းအလဲလုပ်ခြင်းသည် အပြစ်ဖြစ်၏။	၂း၁၈၂	၄၃
သေတမ်းစာရေးခိုင်းသူ၏ ချွတ်ယွင်းမှုကို ပြင်ဆင်ခွင့်ရှိ။	၂း၁၈၃	၄၃
	၄း၉	၁၂၂
ကွယ်လွန်သူ၏သေတမ်းစာနှင့် ကြွေးမြီများကို ရှင်းလင်းပြီးနောက်မှ အမွေခွဲဝေရန်။	၄း၁၂-၁၃	၁၂၂-၁၂၃
အမွေခွဲဝေခိုန်တွင် နွမ်းပါးသည့် နီးစပ်သူသားချင်းများ၊ မိဘမဲ့များနှင့် ဆင်းရဲခို့တဲ့သူများကိုလည်း အနည်းငယ်မျှမဆိုပေးရန် လမ်းညွှန်။	၄း၉	၁၂၂
အမွေခွဲဝေခြင်း၏ လင်းပြချက်။	၄း၁၂-၁၃	၁၂၂-၁၂၃
	၄း၁၇၇	၁၆၄
အိမ်ထောင်ရေးကိစ္စများ။		
(အမျိုးသမီး၊ ပရဒါ၊ သန့်ရှင်းခြင်း၊ ပြစ်ဒဏ်ခတ်ခြင်းစည်းမျဉ်းနှင့် ပဋိသန္ဓေ တားခြင်းများလည်းရှု)		

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
နေကာဟ် (ထိမ်းမြားခြင်း)		
နေကာဟ်၏ ရည်ရွယ်ချက်မှာ ကိုယ်ကျင့်သိက္ခာစောင့်စည်းမှုရှိစေရန်။	၄း၂၅	၁၂၇
မုဆိုးမများနှင့် ကျွန်မိန်းမများအား နေကာဟ်ပြုပေးရန်။	၂၄း၃၃	၆၀၅
နေကာဟ်မပြုအပ်သော အမျိုးသမီးများ။	၄း၂၃-၂၅	၁၂၆-၁၂၇
မိဘမဲ့မိန်းကလေးများအား တရားမျှတစွာ မထားနိုင်သော အနေအထားတွင် သူမတို့အား နေကာဟ်မပြုရန်။	၄း၄	၁၂၀-၁၂၁
မိန်းမလေးယောက်အထိ(သာ)ယူပိုင်ခွင့်။	၄း၄	၁၂၀-၁၂၁
ရသေ့ရဟန်းပြုခြင်းမှာ 'ဘစ်ဒါအတ်'ဖြစ်။	၅၇း၂၈	၁၀၀၇
'မဟာရ်'		
နေကာဟ်တွင် 'မဟာရ်'တင်တောင်းရန် 'ဖရာဇ်'။	၄း၂၅	၁၂၇
ဝမ်းမြောက်ကျေနပ်စွာ ပေးအပ်ရမည်။	၄း၅	၁၂၁
အမျိုးသမီးက မိမိ၏စိတ်ဆန္ဒအလျောက် 'မဟာရ်'ကို စွန့်လွှတ်နိုင်သည်။	၄း၅	၁၂၁
အမျိုးသမီးအား မထိမတွေ့ရသေးမီအလျင် ကွာရှင်းရမည်ဖြစ်သော် 'မဟာရ်'တစ်ဝက်သာဖြစ်သည်။	၂း၂၃၈	၅၉
အကယ်၍ 'မဟာရ်'မသတ်မှတ်ရသေးလျှင် သတို့သား၏ ငွေကြေးအနေအထားအလျောက်ပေးရန်။	၂း၂၃၇	၅၉
တွလာက် (ကွာရှင်းခြင်း)		
လင်မယားကွာရှင်းမှု၏ ပုံစံအနေအထားအမှန်	၆၅း၂	၁၀၄၈
တွလာက်နှစ်ကြိမ်ပေးပြီးနောက် ပြန်လှည့်(ပေါင်းသင်း)ခွင့်ရှိ၏။	၂း၂၃၀	၅၆
တတိယအကြိမ်မြောက်တွင် ပေါင်းသင်းရန် သို့မဟုတ် ကောင်းမွန်သိမ်မွေ့စွာ ထွက်ခွာသွားစေရန်။	၂း၂၃၀	၅၆
ကွာရှင်းရသောအနေအထားဖြစ်လျှင် ကောင်းမွန်သိမ်မွေ့စွာ ထွက်ခွာစေရန်နှင့် ပေးထားသောပစ္စည်းများကို ပြန်မယူရန်။	၂း၂၃၀	၅၆
တတိယအကြိမ် တွလာက်ပေးပြီးနောက်တွင် အမျိုးသမီးသည် အခြားယောကျ်ားနှင့်လက်ထပ်ပြီးနောက် ကွာရှင်းရခြင်း သို့မဟုတ် မုဆိုးမဖြစ်ရခြင်း အနေအထားတွင်မှတစ်ပါး မူလယောကျ်ားနှင့် နေကာဟ်ပြုခွင့် မရှိ။	၂း၂၃၀	၅၆-၅၇
အမျိုးသမီးအား မထိမတွေ့မီအလျင် ကွာရှင်းခွင့်။	၂း၂၃၇	၅၉

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
ခုလာအ်		
လင်နှင့် မယားတို့သည် အလွှာဟ်၏စည်းမျဉ်းများကို တည်ဆောက်နိုင်ခြင်းမရှိသော် ကွာရှင်းရသောပုံစံ။	၂း၂၃၀	၅၆
အစ်ဒတ် (ကာလ)		
ကွာရှင်းခံရသူအတွက် အချိန်သတ်မှတ်ချက်။	၂း၂၂၉	၅၅-၅၆
မုဆိုးမဖြစ်သူအတွက် အချိန်သတ်မှတ်ချက်။	၂း၂၃၅	၅၈
ဓမ္မတာပေါ်ခြင်းမရှိသူတို့အတွက် သတ်မှတ်ကာလ။	၆၅း၅	၁၀၄၉
သတ်မှတ်စောင့်ဆိုင်းချိန်အတွင်း နေကာဟ်အတွက် အရိပ်အမြွက်ပြကမ်းလှမ်းနိုင်၏၊ သို့သော် နေကာဟ်ပြုခွင့်မရှိ။	၂း၂၃၆	၅၉
နို့တိုက်ခြင်း။		
နို့တိုက်ရမည့်ကာလ။	၂း၂၃၄	၅၈
	၃၁း၁၅	၇၁၉-၇၂၀
ကွာရှင်းခံဇနီးဖြင့် ကလေးနို့တိုက်ရန်ကိစ္စ။	၂း၂၃၄	၅၈
နို့တိုက်မိခင်နှင့် နို့စို့ဘက် အစ်မ၊ ညီမတို့အား ထိမ်းမြားခွင့်မရှိ။	၄း၂၄	၁၂၆
အီလာ		
ဇနီးမိန်းမများနှင့် ပေါင်းသင်းဆက်ဆံမှုမထားတော့ဟု ကျိန်ဆိုသူတို့နှင့် စပ်လျဉ်း၍ ပညတ်။	၂း၂၂၇	၅၅
ဖွီဟာရ်		
ဇနီးသည်အား အမေဟုခေါ်ဆိုခြင်းကိစ္စတွင် ပညတ်။	၃၁း၅	၇၃၆
	၅၈း၃-၅	၁၀၁၀
အမေနှင့် သား၏ဆက်နွယ်မှုမှာ အလွှာဟ်၏သတ်မှတ်သော ဥပဒေနှင့် အညီသာဖြစ်ရ၏။	၅၈း၃-၅	၁၀၁၀
လီအာန်		
လင်က မယားကို မကောင်းမှုကျူးလွန်ကြောင်း စွပ်စွဲခြင်းအတွက် ပညတ်။	၂၄း၇	၆၀၀
အမျိုးသမီး (အိမ်ထောင်ရေးကိစ္စများနှင့် 'ပရ်ဒါ'လည်းရှု)		
ပိုင်ခွင့်များနှင့် တာဝန်များ		
အမျိုးသားနှင့် အမျိုးသမီးတို့သည် တစ်ခုတည်းသော အသက်ဝိညာဉ်ဖြင့် သာ ဖန်ဆင်းခြင်းခံရ၏။	၄း၂	၁၂၀

အကြောင်းအရာများ	အညွှန်း	စာမျက်နှာ
	၁၆း၇၃	၄၅၄
		၁၁၉
ကုသိုလ်ကောင်းမှု၏အကျိုးရလဒ်တွင် ယောကျ်ားမိန်းမ တစ်ပြေးညီသာ။	၃း၁၉၆	၁၀၇
အမျိုးသမီးတို့အပေါ် တာဝန်များတင်ရှိစေသည်နှင့်အညီပင် ပိုင်ခွင့်များလည်း ရရှိမည်။	၂း၂၂၉	၁၅-၁၆
မိန်းမများသည် ယောကျ်ားများ၏၊ ယောကျ်ားများသည် မိန်းမများ၏ ဝတ်စားတန်ဆာများ ဖြစ်ကြ၏။	၂း၁၈၈	၄၅
ဇနီးမိန်းမအား လယ်ယာဟု ဆိုရခြင်းသဘော။	၂း၂၂၄	၁၅
မိန်းမ၏ရှာဖွေမှုစီးပွားတွင် သူမ၏ပိုင်ခွင့်ရှိ။	၄း၃၃	၁၂၉
အမျိုးသမီးအတွက် မိဘများနှင့် ဆွေမျိုးနီးစပ်များထံမှ အမွေဝေစု။	၄း၈	၁၂၁-၁၂၂
အမျိုးသမီးတို့၏ ရပိုင်ခွင့်ရှိသော အမွေဥစ္စာကို မတရားလုယူခြင်းမပြုရန် တားမြစ်ထားခြင်း။	၄း၂၀	၁၂၅
နှောင်းခေတ်တွင် အမျိုးသမီးအခွင့်အရေးကို အလေးထားကြမည်။	၈း၁၀	၁၁၃၇
သမီးမိန်းကလေးမွေးဖွားသဖြင့် မလိုလားအပ်သော အပြုအမူဓလေ့များကို ချိုးဖျက်ခြင်း။	၁၆း၅၉-၆၀	၄၅၁
နစ်နာစေလိုသော ရည်ရွယ်ချက်ဖြင့် ကွာရှင်းပြတ်စဲခြင်းခံရသည့် အမျိုးသမီးအား နေကာဟ်ပြုခြင်းမှ ဟန့်တားမှုမပြုရန်။	၂း၃၃၂	၅၇
အမျိုးသမီးတို့၏ 'ဘိုင်အတ်'သစ္စာခံခြင်းအတွက် အထူးအချက်။	၆၀း၁၃	၁၀၂၈
တမန်တော်မြတ်၏ ဇနီးကြင်ရာတော်များအား အခြားသာမန်အမျိုးသမီးများထက် ပို၍သန့်ရှင်းစင်ကြယ်စွာ နေထိုင်ရန်အမိန့်။	၃၃း၃၃	၇၄၂

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
(က)		
ကာရွန် (တမန်တော်မူစာ၏ အမျိုးသားတို့အနက်မှ ပုန်ကန်သူ)	၂၈း၇၇	၆၈၄-၆၈၅
လောကီရေးသမားများက ကာရွန်ကိုအားကျခြင်း။	၂၈း၈၀	၆၈၅
ကာရွန်၏ ဆိုးဝါးသော နိဂုံး။	၂၈း၈၂	၆၈၅
ကူရိုက်ရှ်		
ကူရိုက်ရှ်တို့၏ အချင်းချင်း ချစ်ကြည်မှုအတွက် အကြောင်းခံ။	၁၀၅း၂-၅	၁၂၀၃
(ခ)		
ခုစ်ရိုး (ပါရှင်းကရာဇ်)		
ခုစ်ရိုးနှင့် ဆီဇာတို့၏အုပ်ချုပ်ရေးအာဏာ ပြိုပျက်မည့်သတင်း။		၅၂၄
ရောမကေရာဇ် ဆီဇာကို အောင်နိုင်ခဲ့ခြင်းနှင့် နှစ်အနည်းငယ်နောက်တွင် ဆီဇာကို ရှုံးနိမ့်ခဲ့ခြင်း။	၃၀း၃-၄	၇၀၄
ခီဒ်ဒ်ရ်		
လူတို့အတွင်းကျော်ကြားနေသော 'ခီဒ်ဒ်ရ်'ဆိုသည်မှာ တမန်တော်မြတ်ﷺ ဖြစ်။		၄၈၆-၄၈၇
(ဂ)		
ဂိုလာမ်အဟ်မဒ်ကာဒီယာနီ–မိရ်ဇာ (ကတိတော်ရမဆီဟ်–မဟ်ဒီ(အလိ))		
'အီလ်ဟာမ်'ဗျာဒိတ် "ကျွန်ုပ်အား မီးဖြင့်မခြိမ်းခြောက်လင့်။ စင်စစ် မီးသည် ကျွန်ုပ်၏ကျေးကျွန်၊ ထိုမျှမက ကျေးကျွန်များ၏ ကျေးကျွန်ဖြစ်သည်။"		၅၅၆
ဆူရာဟ်'အလ်-ဇုမရ်'မှ اَلَيْسَ اللّٰهُ بِكَافٍ عَبْدَهٗ အာယတ်တော် သခင်ထံသို့ ဗျာဒိတ်ကျရောက်ခြင်း။		၈၁၉
ဂျီဘရောအီလ် အလ်–ရူဟွလ်အမီးန်	၂၆း၅	၁၀၅၅
	၂၆း၁၉၄	၆၄၆
	၂း၉၈-၉၉	၂၄

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
ဂျာလွတ် (Guliath)		
ဂျာလွတ်သည် တွာလွတ် (ဝါ) ဒါဝတ်ﷺ၏တပ်များနှင့် ရင်ဆိုင်တိုက်ခိုက်မှု။	၂း၂၅၀	၆၂-၆၃
ဂျာလွတ်နှင့်ရင်ဆိုင်တိုက်ခိုက်ရစဉ် ဒါဝတ်ﷺ၏တပ်သားများမှ 'ဒိုအာ' ဆုတောင်းခြင်း။	၂း၂၅၁	၆၃
ဒါဝတ်ﷺက ဂျာလွတ်ကို အဆုံးစီရင်ခြင်း။	၂း၂၅၂	၆၃
(စ)		
စာမရီ		
စာမရီက အစ္စရာအီလ်အမျိုးသားတို့အား လမ်းလွဲစေခဲ့ခြင်း။	၂၀း၈၆	၅၃၅
တမန်တော်မူစာက စာမရီကို စစ်ဆေးမေးမြန်းခြင်း။	၂၀း၉၆	၅၃၇
စာမရီသည် အနာကြီးရောဂါစွဲကပ်ခဲ့ခြင်း။	၂၀း၉၈	၅၃၇
(ဆ)		
ဆီဇာ		
ပါရှင်ဧကရာဇ် 'ခုစ်ရိုး'နှင့် ရောမဧကရာဇ် 'ဆီဇာ'တို့၏ အုပ်ချုပ်ရေးပြိုပျက်မည့်သတင်း။		၅၂၄
'ခုစ်ရိုး'ကိုရှုံးနိမ့်ခဲ့ခြင်းနှင့် နှစ်အနည်းငယ်နောက်တွင် 'ခုစ်ရိုး'ကို အောင်နိုင်ခြင်း။	၃၀း၃-၄	၇၀၄
ဆမူးဒ် (ဆွာလေဟ်ﷺလည်းရှု)		
'အားဒ်'အမျိုးသားတို့ကို ဆက်ခံသူများဖြစ်ခြင်း။	၇း၇၅	၂၅၈
၎င်းတို့ထံ တမန်တော် 'ဆွာလေဟ်'ကိုစေလွှတ်ခြင်း။	၇း၇၄	၂၅၇
ကျောက်တောင်များကိုထွင်းဖောက်၍ အိမ်များပြုလုပ်ခဲ့ခြင်း။	၁၅း၈၃	၄၃၅
'ဆမူးဒ်'တို့သည် တမန်တော်များကို စွပ်စွဲငြင်းပယ်ခဲ့ကြခြင်း။	၂၆း၁၄၂	၆၄၂
	၅၄း၂၄	၉၇၅
	၅၀း၁၃	၉၄၆
တမန်တော် 'ဆွာလေဟ်'၏ကုလားအုတ်မသည် ၎င်းတို့အတွက် နိမိတ်လက္ခဏာအဖြစ်ရှိခဲ့ခြင်း။	၁၇း၆၀	၄၇၇
၎င်းတို့ကို 'အာဆ်ဟာဘေဟိဂျိရ်'ဟုလည်းခေါ်သည်။	၁၅း၈၁	၄၃၅

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
		၄၂၇
ယင်းအမျိုးသားတို့ ပျက်သုဉ်းခန်း။	၁၁း၆၈-၆၉	၃၇၀
ဆူလိုင်မန်ﷺ		
ဆူလိုင်မန်ﷺသည် ဒါဝတ်ﷺ၏အမွေခံဖြစ်ခြင်း။	၂၇း၁၇	၆၅၇
သခင်သည် အလွှာဟ်ဘက်သို့ အဖန်တလဲလဲ ညွှတ်တွားသူဖြစ်ခဲ့။	၃း၃၁	၈၁၀
သခင့်အား ဌက်တို့၏ဘာသာစကားကို သင်ပေးခံရခြင်း။	၂၇း၁၇	၆၅၇
ဌက်တို့၏ဘာသာစကားကို သင်ပေးခံရခြင်း၏ အလိုသဘော။		၆၅၀
သခင့်အတွက် လေများကို နာခံအလုပ်အကျွေးပြုစေခြင်း။	၃၄း၁၃	၇၅၆
	၂၁း၈၂	၅၅၈
	၃း၈၃	၈၁၂
ဆူလိုင်မန်ﷺအတွက် လူများ၊ ဂျင်နီများနှင့် ဌက်များ၏ တပ်ဖွဲ့များကို စုဆောင်းစေခြင်း။	၂၇း၁၈	၆၅၇
'ဂျင်နီ'များက သခင့်အား နာခံကြခြင်း။	၂၇း၄၀	၆၆၀
သခင်၏ခေတ်တွင် ကြေးနီသတ္တုဖြင့် အရာဝတ္ထုများ ပြုလုပ်သော အလုပ်ရုံများ။	၃၄း၁၃	၇၅၆
'နမာလ်'တောင်ကြားလွင်ပြင်သို့ သခင်၏တပ်များရောက်ရှိခြင်း။	၂၇း၁၉	၆၅၇
သခင်သည် မြင်းများကို မြတ်နိုးခြင်း။	၃း၃၂-၃၄	၈၁၁
မြင်းများကို မြတ်နိုးခြင်းအကြောင်း မှားယွင်းဖွင့်ဆိုထားသော ဋီကာတစ်ခုကို ချေပရှင်းလင်းချက်။		၈၀၅
'ဟွဒ်ဟွဒ်'က ရှေ့တော်သို့မဝင်ခြင်းကြောင့် သခင်၏မေးမြန်းမှု။	၂၇း၂၁	၆၅၈
ရှီဘာဘုရင်မကို တစ်ဆူရှင်ဝါဒဘက် ဖိတ်ခေါ်ထားသော စာချွန်လွှာ။	၂၇း၂၉-၃၂	၆၅၉
ဆူလိုင်မန်ﷺကို ရှီဘာဘုရင်မထံမှ လက်ဆောင်ပဏ္ဏာများ။	၂၇း၃၆	၆၅၉-၆၆၀
ရှီဘာဘုရင်မ၏ ရာဇပလ္လင်ကဲ့သို့ ပလ္လင်တစ်ခုပြုလုပ်စေခြင်း။	၂၇း၃၉-၄၂	၆၆၀-၆၆၁
ရှီဘာဘုရင်မကို သာသနာပြုရန် ဗိမာန်တစ်ခုတည်ဆောက်စေခြင်း။	၂၇း၄၅	၆၆၁-၆၆၂
ရှီဘာဘုရင်မသည် အလွှာဟ်အရှင်မြတ် တည်ရှိတော်မူကြောင်းကို ဆူလိုင်မန်ﷺထံတွင် သက်ဝင်ယုံကြည်(သစ္စာခံ)ခြင်း။	၂၇း၄၅	၆၆၁-၆၆၂
လယ်ယာတစ်ခုနှင့်စပ်လျဉ်း၍ ဆူလိုင်မန်ﷺနှင့် ဒါဝတ်ﷺတို့၏ အဆုံးအဖြတ်။	၂၁း၃၉	၅၅၃

အမည်နာမများ	ကျမ်းဥဇွန်း	စာမျက်နှာ
မထိုက်တန်သော သားက ဆက်ခံခြင်းနှင့် အုပ်ချုပ်မှုပျက်သုဉ်းခြင်း။	၃၄း၁၅	၇၅၇
	၃၈း၃၅	၈၁၁
ဆူလိုင်မန်ﷺသည် သွေဖည်မှုအနီးအပါးသို့ပင် မချဉ်းကပ်ခဲ့။	၂း၁၀၃	၂၅
ဆွာလေဟ်ﷺ(ဆမူးဒ်လည်းရှု)		
'ဆမူးဒ်'အမျိုးသားတို့ထံ စေလွှတ်ခံရခြင်း။	၇း၇၄	၂၅၇
	၁၁း၆၂	၃၆၉
	၂၇း၄၆	၆၆၂
မကြေညာမီက သူသည် အမျိုးသားထု၏ မျှော်လင့်အားကိုးရာဖြစ်ခဲ့။	၁၁း၆၃	၃၆၉
အမျိုးသားတို့အား 'အိစ်တီဂ်ဖာရ်'ပြုရန် ဆုံးမခြင်း။	၁၁း၆၂	၃၆၉
အမျိုးသားတို့အပေါ် အပြီးသတ်သက်သေထူခြင်း။	၇း၈၀	၂၅၈
အမျိုးသားတို့က 'အဇာဘ်'ပြစ်ဒဏ်ကိုတောင်းခံခြင်း။	၇း၇၈	၂၅၈
သူ၏မြို့တွင် ဆိုးသွမ်းသောင်းကျန်းသူ(၉)ဦးရှိခဲ့။	၂၇း၄၉	၆၆၂
သူ့အား ညဉ့်အခါတွင် လုပ်ကြံရန်စီစဉ်။	၂၇း၅၀	၆၆၂-၆၆၃
ကုလားအုတ်မသည် နိမိတ်လက္ခဏာဖြစ်။	၂၆း၁၅၆	၆၄၃
	၇း၇၄	၂၅၇
	၁၁း၆၅	၃၇၀
ဆန့်ကျင်သူတို့က သူ၏ကုလားအုတ်မအား တံကောက်ကြောကို ဖြတ်တောက်ပစ်ခြင်း။	၇း၇၈	၂၅၈
	၂၆း၁၅၈	၆၄၃
တံကောက်ကြောကို ဖြတ်တောက်ခြင်းသဘော။		၁၁၆၈
အမျိုးသားတို့၏ပျက်သုဉ်းခန်း။	၉၁း၁၅	၁၁၇၀
သူနှင့် သူ့အား နောက်လိုက်နာခံသူများကို ကယ်တင်ခြင်း။	၁၁း၆၇	၃၇၀
(၈)		
ဇူလ်ကရ်နိုင်		
'ဇူလ်ကရ်နိုင်'ဆိုသည်မှာ တမန်တော်မြတ်ﷺကို ဆိုလိုခြင်းလည်းဖြစ်။		၄၈၇
ပါရှင်ဧကရာဇ် ဆိုင်းရပ်စ် Cyrus ကိုလည်း 'ဇူလ်ကရ်နိုင်'ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။		၅၀၅
'ဇူလ်ကရ်နိုင်'၏ အနောက်ဘက်သို့ခရီး။	၁၈း၈၇	၅၀၄-၅၀၅

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
အရှေ့ဘက်သို့ ခရီး။	၁၈း၉၁	၅၀၅
ယာဂျတ် မာဂျတ်ကို ဟန့်တားရန် တံတိုင်းဆောက်လုပ်ခြင်း။	၁၈း၉၅	၅၀၆
ဇူလ်ကိဖ်လ်ﷺ	၂၁း၈၆	၅၅၈
	၃၈း၄၉	၈၁၃
ဇူလ်နူးန် ﷺ **(ယူနုတ်စ်**ﷺ**လည်းရှု)**		
'နူန်'ဟူသည်မှာ 'ဇူလ်နူးန်' ငါးရှင် (၀၊) တမန်တော်ယူနုတ်စ်ဖြစ်သည်။		၁၀၆၅
ယူနုတ်စ်ﷺက စိတ်ဆိုးသဖြင့် မိမိအမျိုးသားတို့ကို စွန့်ခွာသွားခြင်း။	၂၁း၈၈	၅၅၉
(တ)		
တွတ်ဘာ (ယီမင်မှ အမျိုးသားတစ်စု)	၅၀း၁၅	၉၄၆
	၄၄း၃၈	၈၉၇
တွာလွတ်		
'တွာလွတ်'ဆိုသည်မှာ တမန်တော် ဒါဝတ်ﷺသာဖြစ်သည်။		၆၃
'တွာလွတ်'ကို ဘနီအစ္စရာအီလ်တို့၏ ရှင်ဘုရင်အဖြစ်ခန့်ထားခြင်း။	၂း၂၄၈	၆၂
'ဂျာလွတ်'ကို တိုက်ခိုက်ခြင်း။	၂း၂၅၀	၆၂-၆၃
သည်းခံစွဲမြဲခြင်းနှင့် တည်ကြည်မြဲမြံခြင်းအတွက် 'ဒိုအာ'ဆုတောင်း။	၂း၂၅၁	၆၃
'ဂျာလွတ်'ကို ချေမှုန်းခြင်း။	၂း၂၅၂	၆၃
(ဒ)		
ဒါဝတ်ﷺ		
နူးဟ်ﷺ၏ အဆက်အနွယ်မှဖြစ်သည်။	၂၁း၈၅	၅၅၈
အလ္လာဟ်အရှင်မြတ်ဘက်မှ ကမ္ဘာမြေတွင် 'ခလီဖာဟ်'အဖြစ်ခန့်ထား။	၂၈း၂၇	၈၁၀
သူ့အား 'ဇဟူရ်'ကို ပေးသနားခံရခြင်း။	၄း၁၆၄	၁၆၁
	၁၇း၅၆	၄၆၇
သူ့အား ဌာက်တို့၏ဘာသာစကားကို သင်ကြားပေးခြင်း။	၂၇း၁၇	၆၅၇
(သားတော်)ဆူလိုင်မန်ﷺကို ပေးသနားခြင်း။	၃၈း၃၁	၈၁၁
ဆူလိုင်မန်သည် ဒါဝတ်၏အမွေခံဖြစ်ခြင်း။	၂၇း၁၇	၆၅၇
သူ့အား တိုင်းနိုင်ငံအုပ်ချုပ်ခွင့်ကို ပေးသနားခြင်း။	၃၈း၂၁	၈၀၉
	၂း၂၅၂	၆၃
သူ့အား ကြီးမားသောကျေးဇူးတော်ကို ပေးသနားခံရခြင်း။	၃၄း၁၁	၇၅၅

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
သူသည် ကြီးကျယ်သော စွမ်းအားပိုင်ရှင်ဖြစ်၏။	၃၈း၁၈	၈၀၈-၈၀၉
သူ့အတွက် တောင်များနှင့် ငှက်များကို နာခံအလုပ်အကျွေးပြုစေခြင်း။	၃၄း၁၁	၇၂၅
	၂၁း၈၀	၅၂၇
		၇၂၁
	၃၈း၁၉	၈၀၉
သူ့အဖို့ သံကိုပျော့ပျောင်းစေတော်မူခြင်း၏အနက်။	၃၄း၁၁-၁၂	၇၂၅-၇၂၆
စစ်ဝတ်တန်ဆာပြုလုပ်ရာတွင် ကျွမ်းကျင်မှု။	၂၁း၈၁	၅၂၇-၅၂၈
ဒါဝတ်က ဂျာလွတ်ကို အဆုံးစီရင်ခြင်း။	၂၁၂၂	၆၃
ဒါဝတ်၏ သားမြေးများအား ကျေးဇူးတော်ကိုသိတတ်ရန် သင်ပြ။	၃၄း၁၄	၇၂၇
ဒါဝတ်နှင့် ဆူလိုင်မန်တို့က လယ်ယာတစ်ခုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း။	၂၁း၇၉	၅၂၇
ဒါဝတ်ﷺ၏ရူပါရုံဗျာဒိတ်တစ်ခု၏အနက်သဘော။		၈၀၅
အစ္စရာအီလ်အမျိုးသားတို့အနက် မယုံကြည်ခြင်းပယ်သူတို့အပေါ် ဒါဝတ်၏နှုတ်မှ ကျိန်ခြင်း။	၅း၇၉	၁၈၈
(နှ)		
နဆရ် (အာရေဗျတို့၏ နတ်)	၇၁း၂၄	၁၀၈၈
နူးဟ် ﷺ		
ميثاق النبيين တမန်တော်တို့၏ပဋိညာဉ်ချုပ်ဆိုမှုတွင် ပါဝင်ခြင်း။	၃၃း၈	၇၃၇
တမန်တော် နူးဟ်အား ပေးသနားခြင်းခံရသည်တို့မှာ အစွလာမ်သာသနာ၏ အခြေခံပညာရပ်များပင်ဖြစ်။	၄၂း၁၄	၈၇၁
သူ၏ သက်တော်။	၂၉း၁၅	၆၉၂
မိမိအမျိုးသားတို့ကို သာသနာပြုခြင်း။	၇၁း၃-၁၃	၁၀၈၆-၁၀၈၇
အမျိုးသားတို့ထံမှ ငြင်းပယ်မှု။	၇း၆၅	၂၅၅
နူးဟ်၏အမျိုးသားတို့သည် အခြားတမန်တော်များကိုလည်း ငြင်းပယ်ခဲ့ကြခြင်း။	၂၆း၁၀၆	၆၃၉
နူးဟ်အား ဆန့်ကျင်သူတို့ဘက်မှ ခြိမ်းခြောက်သတိပေးခြင်း။	၂၆း၁၀၇	၆၃၉
သူ့အား လူသားဖြစ်ခြင်းကြောင့် အပြစ်ဆိုခြင်း။	၁၁း၂၈	၃၆၂

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
အမျိုးသားတို့က သူ့အား ရူးသွပ်သူနှင့် နှင်ထုတ်ခြင်းခံရသူဟု ရှုတ်ချပြောဆိုကြခြင်း။	၅၄း၁၀	၉၇၃
ဆန့်ကျင်သူတို့က အသင်သည် ကျွန်ုပ်တို့နှင့် အလွန်အမင်း အငြင်းအခုံပြုခဲ့ပြီဟု ဆိုကြခြင်း။	၁၁း၃၃	၃၆၄
အကြီးအကဲများက ပြက်ရယ်ပြုခြင်း။	၁၁း၃၉	၃၆၅
ဆန့်ကျင်သူတို့က သူ၏နောက်လိုက်များကို ဂုဏ်သရေအနိမ့်ဆုံးလူများဟု သတ်မှတ်ကြခြင်း။	၁၁း၂၈	၃၆၂
နူးဟ်၏အမျိုးသားတို့က 'အဇာဘ်'ကိုတောင်းခံခြင်း။	၁၁း၃၃	၃၆၄
'ဒိအာ'ဆုတောင်းမှုများနှင့် ပြည့်ဝခြင်း	၁၁း၄၆	၃၆၆
	၁၁း၄၉	၃၆၆-၃၆၇
	၂၁း၇၇	၅၅၇
အမျိုးသားတို့အတွက် 'အဇာဘ်'ပေးရန်ဆုတောင်း။	၇း၂၂-၂၇	၁၀၈၈-၈၉
မုန်တိုင်း		
မုန်တိုင်းကျရောက်ခြင်း။	၁၁း၄၁	၃၆၅
လိုအပ်သောတိရစ္ဆာန်များကို လှေသင်္ဘောပေါ်တင်ဆောင်ရန်အမိန့်။	၁၁း၄၁	၃၆၅
လှေသင်္ဘောကို ပျဉ်ချပ်များနှင့် သံငုတ်များဖြင့် ဆောက်လုပ်ထားခြင်း။	၅၄း၁၄	၉၇၄
သားဖြစ်သူကို ခေါ်ခြင်း။	၁၁း၄၃	၃၆၅
နူးဟ်ﷺ၏သားက လှေသင်္ဘောတွင် လိုက်ပါစီးနင်းရန်ငြင်းဆိုခြင်းနှင့် ဘဝဆုံးခဲ့ရခြင်း။	၁၁း၄၄	၃၆၅-၃၆၆
သားဖြစ်သူမှာ မကောင်းသောအကျင့်ရှိ၍ တမန်တော်နူးဟ်၏ အိမ်သူအိမ်သားအဖြစ် သတ်မှတ်ခြင်းမခံရချေ။	၁၁း၄၆	၃၆၆
တမန်တော်နူးဟ်နှင့် သူ၏နောက်လိုက်များ မုန်တိုင်းမှ ကယ်တင်ခံရခြင်း။	၁၀း၇၄	၃၄၉
မုန်တိုင်းရပ်သွားပြီးနောက် နူးဟ်အား ငြိမ်းချမ်းစွာဆင်းသက်ရန်အမိန့်။	၁၁း၄၉	၃၆၆-၃၆၇
နူးဟ်ﷺ၏ဇနီးကို 'ကာဖိရ်'တို့နှင့်ခိုင်းနှိုင်းပြခြင်း။	၆၆း၁၁	၁၀၅၆-၅၇
နှုန်ရွတ်ခင်းနှိမ်		
ကုရ်အာန်ကို နက်ရှိုင်းနှံ့စပ်စွာနားလည်သူ။		၇၇၆
နေဗူခတ်နေဇာ ဘုရင် (Nebuchadnazar)		၄၆၈

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
(ပ)		
ပေါလ် (ဂျင်ပေါလူ) Saint Paul		၁၉၉
(ဘ)		
ဘနီအစ္စရာအီလ် (ရဟူဒီများလည်းရှု)		
တမန်တော်မူစာ ﷺ၏ကျမ်းသည် ဘနီအစ္စရာအီလ်တို့အတွက်သာ		
တရားလမ်းညွှန်တော်ဖြစ်ခြင်း။	၁၇း၃	၄၆၇
အလ္လာဟ်သည် ၎င်းတို့ထံမှ 'မီဆားက်'ကတိခံဝန်ချက်ယူခြင်း။	၂း၈၄	၂၁
	၂း၉၄	၂၃
	၅း၁၃-၁၄	၁၇၂
၎င်းတို့အနက်တစ်ဦးက မိမိနှင့်လက္ခဏာတူသူအတွက် သက်သေခံခြင်း။	၄၆း၁၀	၉၁၀
အလ္လာဟ်၏ထံတော်မှ ကောင်းချီးမင်္ဂလာတော်များ။	၂း၄၁	၁၂
	၂း၄၈	၁၃
	၂း၁၂၃	၃၀
	၁၀း၉၄	၃၅၃
ဘနီအစ္စရာအီလ်တို့အား အီဂျစ်ပြည်မှ မိမိနှင့်အတူ လွှတ်ပေးရန် 'မူစာ'		
က 'ဖိရ်အောင်'ထံတောင်းဆိုခြင်း။	၇း၁၀၆	၂၆၃
	၂၀း၄၈	၅၃၀
၎င်းတို့အား ပင်လယ်ကိုဖြတ်စေပြီး ဖိရ်အောင်၏ရန်မှကယ်တင်ခဲ့ခြင်း။	၁၀း၉၁	၃၅၂
ကျိုးယုတ်ရှက်ရပြစ်ဒဏ်မှ ကယ်တင်တော်မူခြင်း။	၄၄း၃၁	၈၉၆
ကမ္ဘာမြေတွင် နှစ်ကြိမ်နှစ်ခါ ဆူပူသောင်းကျန်းကြလိမ့်မည်။	၁၇း၅	၄၆၇-၄၆၈
ယင်းတို့အနက် မယုံကြည်ငြင်းပယ်သူတို့အပေါ် တမန်တော် ဒါဝတ် ﷺ		
နှင့် အီစာ ﷺတို့နှုတ်မှ 'လာ့အ်နတ်'ပို့ခြင်း။	၅း၇၉	၁၈၈
	၂း၈၉	၂၂
တမန်တော်များအပေါ်ထားရှိသော ဘနီအစ္စရာအီလ်တို့၏အပြုအမူ။	၂း၈၈	၂၂
တမန်တော်မြတ် ﷺနှင့် 'ကုရ်အာန်'ကိုငြင်းပယ်ခြင်း။	၂း၉၀	၂၂
၎င်းတို့က အလ္လာဟ်ကို အထင်အရှားမြင်တွေ့ခွင့်ရရန် တောင်းဆိုခြင်း။	၂း၅၆	၁၄

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
၎င်းတို့အား ‘ဆွလာတ်’တည်ဆောက်ရန်နှင့် ‘ဇကာတ်’ပေးဆောင်ရန် အလေးအနက် မိန့်ကြားခြင်း။	၅း၁၃	၁၇၂
မနာခံဖီဆန်မှုကြောင့် နိမ့်ကျသောမျောက်သတ္တဝါများဖြစ်သွားခြင်း။	၇း၁၆၇	၂၇၅
	၂း၆၆	၁၇
၎င်းတို့က ‘ဂျီဘရာအီလ်’ကိုအမုန်းထားခြင်း။	၂း၉၈	၂၄
လောကီဘဝကို တပ်မက်မှုအရှိဆုံးသူများ။	၂း၉၇	၂၄
ဘနီအစ္စရာအီလ်တို့အား ‘မိုဘာဟေလာ’ပြုရန်ဖိတ်ခေါ်ခြင်း။	၂း၉၅	၂၄
‘ဆဗာတ်’နှင့်စပ်လျဉ်း၍ စမ်းသပ်ခံရခြင်း။	၇း၁၆၄	၂၇၅
၎င်းတို့ သာသနာ့ပညာရှင်များ၏ ချွတ်ယွင်းချက်များ။	၉း၃၄	၃၁၂
၎င်းတို့အနက် အများစုမှာ မယုံကြည်သူတို့အား မိတ်ဆွေဖွဲ့ကြခြင်း။	၅း၈၁	၁၈၉
ရဟူဒီနှင့် နဆွာရာနီတို့၏ ရှရီက်ပြုလုပ်ခြင်း။	၉း၃၀-၃၁	၃၁၁
ရဟူဒီနှင့် နဆွာရာနီတို့အား ‘တောင်ဟီးဒ်’ကိုသင်ပြခြင်း။	၉း၃၁	၃၁၁
ဘနီအစ္စရာအီလ်တို့ထံမှ ပဋိညာဉ်ခံဝန်ချက်ယူထားခြင်း။	၂း၉၄	၂၃
၎င်းတို့အပေါ် ကျိုးယုတ်ရှက်ရခြင်း၊ ဆင်းရဲမွဲတေခြင်းနှင့် အမျက်တော် ရှခြင်းတို့၏ ပြစ်ဒဏ်။	၂း၆၂	၁၅-၁၆
၎င်းတို့အား သတ်မှတ်ထားသော နွားတစ်ကောင်ကို လှီးဖြတ်ရန် အမိန့်ချ မှတ်ခြင်း။	၂း၆၈	၁၇-၁၈
၎င်းတို့အတွက် ဟလာလ်နှင့်ဟရာမ်ကို သင်ပြခြင်း။	၃း၉၄	၉၆
	၆း၁၄၇	၂၃၄
၎င်းတို့သည် မျိုးနွယ်စု ၁၂ စု ကွဲပြားသွားခြင်း။	၇း၁၆၁	၂၇၄
၎င်းတို့အဖို့ အကြီးအကဲ ၁၂ ပါး ခန့်ထားခံရခြင်း။	၅း၁၃	၁၇၂
၎င်းတို့သည် နိုင်ငံအသီးသီးတွင် ဖြန့်ကြက်သွားကြခြင်း။	၇း၁၆၉	၂၇၆
တမန်တော်အီစာ(အလိုရှိသူ)သည် ဘနီအစ္စရာအီလ်တို့ထံသာ စေလွှတ်ခြင်းခံရ သူဖြစ်သည်။	၃း၅၀	၈၇
	၆၁း၇	၁၀၃၁-၃၂
အီစာ(အလိုရှိသူ)ကို ၎င်းတို့အတွက် လိုက်နာအပ်သော စံပြပုဂ္ဂိုလ်အဖြစ် ပြုတော် မူခြင်း။	၄၃း၆၀	၈၈၉

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
ဘနီအစ္စရာအီလ်တို့အနက် အုပ်စုတစ်စုက တမန်တော် အီစာ(အလိုရှိသော်အေး)အား သက်ဝင်ယုံကြည်ခဲ့ခြင်း။	၆၁း၁၅	၁၀၃၃
ဘန္နူနဒီး၏		
'ဘန္နူနဒီး၏'ကို ပြည်နှင်ဒဏ်ပေးခြင်းဖြစ်ရပ်။	၅၉း၃	၁၀၁၇
ဘာအလ် (အာရဗ်တို့၏ နတ်ဘုရား)	၃၇း၁၂၆	၈၀၀
ဘလ်အာမ်ဘာအူ၏	၇း၁၇၇	၂၇၈
(မ)		
မနာတ် (အာရေဗျတို့၏နတ်)	၅၃း၂၁	၉၆၇
မာရွတ် (ကောင်းကင်တမန်၏ဂုဏ်များနှင့်ပြည့်စုံသောလူသား)	၊း၁၀၃	၂၅
မူစာ (အလိုရှိသော်အေး) (ဟာရွန်လည်းရှု)		
သူသည် အစ်ဘရာဟင်မ်(အလိုရှိသော်အေး)၏ အဆက်အနွယ်များမှဖြစ်။	၆း၈၅	၂၂၀
မူစာ(အလိုရှိသော်အေး)၏မိခင်ထံ 'ဝဟီ'။	၂၈း၈	၆၇၂-၆၇၃
မိခင်က သူ့အား မြစ်ထဲ၌ မျှောခြင်း။	၂၀း၄၀	၅၂၉
	၂၈း၈	၆၇၂-၆၇၃
ဖိရ်အောင်၏မိသားစုဝင်တို့က မူစာ(အလိုရှိသော်အေး)အား မြစ်ထဲမှ ဆယ်ယူခြင်း။	၂၈း၉	၆၇၃
မိခင်ထံ ပြန်လည်ရောက်ရှိစေခြင်း။	၂၀း၄၁	၅၂၉
'မဒီယန်'မိသားစုဝင်တို့တွင် နှစ်များစွာ နေထိုင်ခဲ့ခြင်း။	၂၀း၄၁	၅၂၉
မူစာ(အလိုရှိသော်အေး)၏လက်ဖြင့် လူတစ်ယောက်သေဆုံးခဲ့ခြင်း။	၂၈း၁၆	၆၇၄
ဂုဏ်အဆင့်		
မူစာ(အလိုရှိသော်အေး)အား အလ္လာဟ်၏ဗျာဒိတ်များကို အထူးခြီးမြှင့်ခံရခြင်း။	၄း၁၆၅	၁၆၁
တမန်တော်မြတ်(ရ.အ.)သည် တမန်တော်မူစာနှင့်တူညီမှု။	၇၃း၁၆	၁၀၉၈
မူစာ(အလိုရှိသော်အေး)အား 'တူရ်'တောင်ပေါ်တွင် သူ့ထက် မြင့်မားကြီးကျယ်သော တမန်တော်ဖြစ်သည့် မိုဟမ္မဒ်(ရ.အ.)၏ သတင်းကိုပေးခြင်း။		၉၅၈
သူသည်လည်း နာမ်တရားဆိုင်ရာ မြင့်မားသော အဆင့်များသို့ရောက်ခဲ့လင့်ကစား တမန်တော်မြတ်(ရ.အ.)၏တက်လှမ်းမှုမှာ သူ့ထက်မြင့်မားခြင်း။		၄၆၄
မူစာ(အလိုရှိသော်အေး)အား ဉာဏ်အမြော်အမြင်နှင့် အသိပညာကိုပေးသနားခံရခြင်း။	၂၈း၁၅	၆၇၄
ကျမ်းဂန်နှင့် 'ဖူရ်ကာန်'ကို ပေးသနားခံရခြင်း။	၂၅၄	၁၄

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
တမန်တော်မူစာ၏ ရူပါရုံဗျာဒိတ်တစ်ခု။	၁၈း၆၁-၈၃	၅၀၁-၅၀၄
တူရိတောင်၏နံဘေးတွင် မီးကိုမြင်တွေ့ရခြင်း။	၂၀း၁၁	၅၂၆-၅၂၇
	၂၇း၈	၆၅၅
	၂၈း၃၀	၆၇၇
သူအား သန့်ရှင်းမြင့်မြတ်သော တောင်ကြားမှ အသံပြုခံရခြင်း။	၂၀း၁၂	၅၂၇
	၇၉း၁၇	၁၁၂၈
ပွင့်ပေါ်ခြင်း		
ဖိရိအောင်ထံသို့ စေလွှတ်ခံရခြင်း။	၇း၁၀၄	၂၆၃
ဟာရွန်ﷺအား ကူညီပံ့ပိုးသူအဖြစ် ခန့်ပေးရန်လျှောက်ထားခြင်း။	၂၀း၃၀	၅၂၈
	၂၈း၃၅	၆၇၈
ဟာရွန်နှင့်စပ်လျဉ်း၍ သူ၏လျှောက်ထားချက်ကို လက်ခံတော်မူခြင်း။	၂၀း၃၇	၅၂၉
မူစာﷺနှင့်အတူ ဟာရွန်ﷺကိုပါ ဖူရိကာန် ပေးသနားတော်မူခြင်း။	၂၁း၄၉	၅၅၃
မူစာနှင့် ဟာရွန်တို့အပေါ် ‘စလာမ်’ပို့သခြင်း။	၃၇း၁၂၁	၈၀၀
မူစာနှင့် ဟာရွန်တို့အပေါ် အလ္လာဟ်၏ကျေးဇူးတော်များ။	၃၇း၁၁၅	၇၉၉
ဖိရိအောင်၏အမျိုးသားတို့က ဆုတောင်းရန် ပန်ကြားခြင်း။	၇း၁၃၅	၂၆၇
အီဂျစ်ပြည်သားများက သူအား အကုသိုလ်ဟုမှတ်ယူခြင်း။	၇း၁၃၂	၂၆၆-၂၆၇
ဖိရိအောင်က မူစာﷺအား မှော်ဆရာဟုဆိုခြင်း။	၁၇း၁၀၂	၄၈၄
မူစာﷺအား လုပ်ကြံသတ်ဖြတ်ရန်တိုင်ပင်ခြင်း။	၂၈း၂၁	၆၇၅
ဖိရိအောင်၏အမျိုးသားတို့အနက် လူအချို့သာ သူအား ယုံကြည်ခဲ့။	၁၀း၈၄	၃၅၁
နိမိတ်လက္ခဏာများ		
တမန်တော်မူစာအား နိမိတ်လက္ခဏာများနှင့် လင်းဝင်းထင်ရှားသော အောင်ပွဲရ သက်သေပြချက်များကို ပေးသနားခံရခြင်း။	၄၀း၂၄	၈၄၁
ဖိရိအောင်အလို့ငှာ တမန်တော်မူစာအား (၉)ခုသော နိမိတ်ကြီးများ ပေးအပ်ခံရခြင်း။	၁၇း၁၀၃	၄၈၄
	၂၇း၁၃	၆၅၆
	၇း၁၃၄	၂၆၇
လက်တန်ဖြူဖွေးခြင်းနိမိတ်။	၇း၁၀၉	၂၆၃
	၂၀း၂၃	၅၂၈

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
	၂၇း၁၃	၆၅၆
	၂၈း၃၃	၆၇၇
ဖိရိအောင်၏ နန်းရင်ပြင်တွင် မှော်ဆရာများနှင့် ယှဉ်ပြိုင်မှု။	၇း၁၁၆-၁၂၂	၂၆၄-၂၆၅
တမန်တော်မူစာ၏ 'အဆွာ'တောင်ဘေးက မှော်ဆရာတို့၏ အရာအားလုံးကို မျိုချလိုက်ခြင်း။	၂၆း၄၆	၆၃၄
မှော်ဆရာများ သက်ဝင်ယုံကြည်ခြင်း။	၇း၁၂၂	၂၆၅
	၂၀း၇၁	၅၃၃
	၂၆း၄၈	၆၃၄
တမန်တော်မူစာ၏ 'အဆွာ'တုတ်က မြွေဖြစ်ရခြင်း၏အနက်။	၇း၁၀၈-၁၀၉	၂၆၃
တမန်တော်မူစာ၏ကျမ်းတော်		
တမန်တော်မူစာ၏ကျမ်းမှာ ဘနီအစ္စရာအီလ်တို့အတွက်မျှသာ တရားလမ်းညွှန်တော်။	၁၇း၃	၄၆၇
သူ၏ကျမ်းမှာ 'အေမာမ်'နှင့် 'ရာဟ်မတ်'ဖြစ်။	၁၁း၁၈	၃၆၁
	၄၆း၁၃	၉၁၁
သူ၏ ဓမ္မဥပဒေသည် ထိုခေတ်ထိုအချိန်အတွက် ပြီးပြည့်စုံ၏။	၆း၁၅၅	၂၃၇
တမန်တော်မူစာ၏အမျိုးသားထု (ဘနီအစ္စရာအီလ်)		
အီဂျစ်တွင် ဘနီအစ္စရာအီလ်တို့၏ နေအိမ်များဆောက်လုပ်ကြရန် သတိပေး။	၁၀း၈၈	၃၅၁-၃၅၂
ဘနီအစ္စရာအီလ်များကို အီဂျစ်မှထုတ်ဆောင်သွားရန် အမိန့်။	၂၀း၇၈	၅၃၄
	၂၆း၅၃	၆၃၅
'အဆွာ'တောင်ဘေးဖြင့် ပင်လယ်ကို ရိုက်ရန်အမိန့်။	၂၆း၆၄	၆၃၆
မူစာနှင့်သူ၏အဖော်များအားလုံးကို ကယ်တင်တော်မူခြင်း။	၂၆း၆၆	၆၃၆
မူစာ၏ အဆွေတော်များ ရန်သူတပ်ကိုမြင်ပြီး ကြောက်လန့်။	၂၆း၆၂	၆၃၅
အမျိုးသားတို့အတွက် ရေကိုတောင်းခံခြင်း။	၂း၆၁	၁၅
အမျိုးသားတို့အား အလွှာဟ်၏ထံ အကူအညီတောင်းခံကြရန်မှာကြား။	၇း၁၂၉	၂၆၆
ရက်(၄၀)အတွက် တူရိတောင်ပေါ်သို့ ခေါ်ဆောင်တော်မူခြင်း။	၂း၅၂	၁၄
	၇း၁၄၃	၂၆၉
အလွှာဟ်အား အထင်အရှားမြင်တွေ့လိုကြောင်း လျှောက်ထားခြင်းနှင့်		

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
ထင်ရှားပြခြင်းဖြင့် မူစာ သတိလစ်သွားခြင်း။	၇း၁၄၄	၂၆၉
အမျိုးသားထုအတွင်းမှ လူ(၇၀)ကို ရွေးနုတ်ခြင်း။	၇း၁၅၆	၂၇၂
ဘနီအစ္စရာအီလ်တို့က အလွှာဟ်အား ဖူးတွေ့ရန်တောင်းဆို။	၂း၅၆	၁၄
ဘနီအစ္စရာအီလ်တို့က မူစာထံမှ မသင့်လျော်သော တောင်းဆိုမှုများ။	၇း၁၃၉	၂၆၈
အမျိုးသားထုအတွင်း 'ရှရီက်'ပြုခြင်းအတွက် ဒေါသနှင့် ပူဆွေးခြင်း။	၇း၁၅၁	၂၇၁
	၂၀း၈၇	၅၃၅-၅၃၆
တမန်တော်မူစာမှ မိမိအမျိုးသားတို့အား သန့်ရှင်းမြင့်မြတ်သောမြေသို့ ဝင်ရောက်ရန် အမိန့်ပေး။	၅း၂၂-၂၃	၁၃၄-၁၃၅
အမျိုးသားတို့မှ ဝင်ရောက်ရန်ငြင်းဆို။	၅း၂၅	၁၃၅
မူစာ၏နောက် တမန်တော်များ ဆက်ခါဆက်ခါပွင့်ပေါ်ခြင်း။	၂း၈၈	၂၂
သူ၏အမျိုးသားတို့မှ လူတန်းစားတစ်ရပ်မှာ သစ္စာဝါဒီများ။	၇း၁၆၀	၂၇၄
မိုဟာမ္မဒ်ﷺ		
ကုရ်အာန်ကျမ်းမြတ်တွင် တမန်တော်မြတ်၏ အမည်နာမတော်		
وما محمد إلا رسول	၃း၁၄၅	၁၀၅
ما كان مُحَمَّدٌ ابا احد من رجالِكم	၃၃း၄၀	၃၄၄
و امنوا بما نُزِّل على مُحَمَّدٍ	၄၇း၃	၉၁၈
مُحَمَّدٌ رسولُ اللّٰهِ	၄၈း၃၀	၉၃၄
ကုရ်အာန်ကျမ်းမြတ်တွင် ကိုယ်တော်မြတ်၏ ဘွဲ့ဂုဏ်များ		
طٰهٰ (စင်ကြယ်သူ၊ ပြီးပြည့်စုံသော လမ်းညွှန်သူ)	၂၀း၂	၅၂၆
يٰسٓ (ခေါင်းဆောင်)	၃၆း၂	၃၅၈
المزمّل (စောင်ခြုံလျက်ရှိသောသူ)	၇၃း၂	၁၀၉၇
المدثّر (အဝတ်ခြုံထားသူ)	၇၄း၂	၁၁၀၁
عبد الله (အလွှာဟ်၏အစေတော်)	၇၂း၂၀	၁၀၉၄
الانسان (မဟာလူသား)	၇၆း၃၃	၃၅၀
ဂုဏ်အဆင့်		
တမန်တော်မြတ်ကြွရောက်ခြင်းမှာ အလွှာဟ်အရှင်မြတ် ကြွရောက်လာသကဲ့သို့ ဖြစ်ခဲ့ကြောင်း။		၉၂၆
ကိုယ်တော်မြတ်၏လုပ်ရပ်သည် အလွှာဟ်၏လုပ်ရပ်ဖြစ်။	၈း၁၈	၂၉၀

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
ကိုယ်တော်မြတ်ထံသစ္စာခံခြင်းမှာ အလ္လာဟ်ထံ သစ္စာခံခြင်းဖြစ်။	၄၈း၁၀	၉၂၉-၉၃၀
ကိုယ်တော်မြတ်အား နာခံခြင်းမှာ အလ္လာဟ်အား နာခံခြင်းဖြစ်။	၄း၈၀	၁၄၀
ကိုယ်တော်မြတ်၏သန့်ရှင်းသော နှလုံးသားသည် အလ္လာဟ်၏'အရှ်ရှ်' ပလ္လင်တော်ဖြစ်၏။		၈၃၅
'ကာဘာကောင်စိုင်းန်'ဟူသော ဂုဏ်အဆင့်။	၅၃း၁၀	၉၆၆
'ကာဘာကောင်စိုင်းန်'ဂုဏ်အဆင့်၏အနှစ်သဘော။		၉၆၄
တစ်ကိုယ်လုံးတွင် ရောင်ခြည်တော်ဖြင့် ပြည့်ဝသူ။	၄း၁၇၅	၁၆၃-၁၆၄
	၅း၁၆	၁၇၃
အလ္လာဟ့်'နူရ်'အလင်း၏ ကြီးကျယ်လှသော ပြယုဂ်။		၅၉၇
	၂၄း၃၆	၆၀၆
'ဇကီရ်'၏ပြယုဂ်။	၆၅း၁၁-၁၂	၁၀၅၀
		၁၀၀၀
လင်းဝင်းသော နေဝန်း။	၃၃း၄၇	၇၄၅
'မကာမေမာဟ်မူးဒ်'တွင် စံမြန်းရသူ။	၁၇း၈၀	၄၈၀
'မကာမေမာဟ်မူးဒ်'၏အနက်သဘော။		၄၆၅
မိုဟမ္မဒ်သည် အလ္လာဟ်၏တမန်တော်နှင့် 'ခါတမန်နဗီယီးန်'ဖြစ်၏။	၃၃း၄၀	၇၄၄
ကိုယ်တော်မြတ်နှင့်စပ်လျဉ်း၍ တမန်တော်အပေါင်း၏ ပဋိညာဉ်။	၃း၈၂	၉၃-၉၄
ကိုယ်တော်မြတ်အား နာခံလိုက်နာခြင်းဖြင့် 'ဆွာလေဟ်'၊ 'ရှဟီးဒ်'၊ 'ဆစ်ဒီးက်'နှင့် 'နဗီ'အဆင့်များကို ရရှိနိုင်၏။	၄း၇၀	၁၃၇
တမန်တော်မြတ်အား နောက်လိုက်နာခံခြင်းဖြင့် အလ္လာဟ်၏အချစ်ကို ရရှိနိုင်။	၃း၃၂	၈၃
အလ္လာဟ်နှင့် နီးစပ်ခွင့်ရရာအကြောင်းခံ။	၅း၃၆	၁၇၇
တမန်တော်မြတ်တည်ရှိခြင်းမှာ လူတို့အတွက် အဆောင်လက်ဖွဲ့ဖြစ်၏။	၈း၃၄	၂၉၃
		၁၁၆၅
တမန်တော်မြတ်ﷺ၏ သေသူများကို ရှင်ပြန်စေခြင်းအနက်။	၈း၂၅	၂၉၁
အလ္လာဟ်နှင့် ကောင်းကင်တမန်များမှ ကိုယ်တော်မြတ်အား ဒရူးဒ် စလာမ် ပို့သခြင်း။	၃၃း၅၇	၇၄၇
မို့အ်မင်နှတို့အား ကိုယ်တော်မြတ်ကို ဒရူးဒ်စလာမ် ပို့သကြရန်အမိန့်။	၃၃း၅၇	၇၄၇

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
နဗီတမန်တော်အပေါင်း၏ ဦးသျှောင်။		၂၄၁
'ရာဟ်မတွလ်လိလ် အာလမီးန်'။	၂း၁၀၈	၅၆၂
တစ်လောကလုံးအတွက် 'ရာဟ်မန်'ကရုဏာတော်ရှင်၏ ပေါ်လွင်ထင်ရှားရာပြယုဂ်။		၅၄၅
တစ်ကမ္ဘာလုံးအတွက် ပွင့်ပေါ်လာသူ တမန်တော်။	၇း၁၅၉	၂၇၃
	၃၄း၂၉	၇၆၀
		၅၆၅
အရှေ့နှင့်အနောက်တို့၏ တစ်ပါးတည်းသော တမန်တော်။	၂၄း၃၆	၆၀၆
ကိုယ်တော်မြတ်သည် ရှေးဦးလူများနှင့် နှောင်းလူတို့အား စုပေါင်းစေရာအကြောင်းခံဖြစ်လိမ့်မည်။		၁၀၃၄
နောက်ဆုံးနေ့တော်ကြီးတွင် အွမ္မတ်အားလုံးအတွက် သက်သေအဖြစ်လာရောက်မည်။	၄း၄၂	၁၃၁
ကိုယ်တော်မြတ်ပွင့်ပေါ်ရခြင်း ရည်ရွယ်ချက်မှာ အယူဝါဒအားလုံးအပေါ် အစွမ်းထက်သန်ရန်ဖြစ်။	၉း၃၃	၃၁၂
'အစ္စရာအ်'	၁၇း၂	၄၆၇
အထွတ်အမြတ်ဆုံးသော အဆင့်သို့ တက်လှမ်းခြင်း။		၉၆၅
မေ့အ်ရာဂ်ျ	၅၃း၉-၁၅	၉၆၆-၉၆၇
'မေ့အ်ရာဂ်ျ'၏'ကရှ်ဖ်'မှာ အမှန်ဖြစ်၏။	၅၃း၁၂	၉၆၆
ကိုယ်တော်မြတ်ﷺအား လောကအပေါင်း၏ နာမ်ပိုင်းဆိုင်ရာ အုပ်ချုပ်ရေးကို ပေးသနားတော်မူ၏။		၇၅၂
ကိုယ်တော်မြတ်ﷺ၏ ကောင်းချီးမင်္ဂလာသည် ကုန်ဆုံးမည့်အရာမဟုတ်။		၁၂၀၈
လူသားနွယ်ဝင်တို့အပေါ် အားလုံးတို့ထက်သာ၍ ကောင်းကျိုးပြုသောပုဂ္ဂိုလ်။		၁၀၀၉
ကိုယ်တော်မြတ်၏ 'ရှေဖာအတ်' အဝန်းအဝိုင်းမှာ ကျယ်ပြန့်လွန်းလှ။		၃၃၄
ပွင့်ထွန်းတော်မူခြင်း		
နာမ်ပိုင်းအရ အလွန်တရာ မှောင်မိုက်သောကာလတွင် ကိုယ်တော်သည် ပွင့်ထွန်းတော်မူခြင်း။		၁၁၈၄

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
အဘက်ဘက်မှ လိုအပ်နေသော ကာလတွင် ပွင့်ပေါ်ခဲ့။	၃၀း၄၂	၇၁၀
ကိုယ်တော်မြတ်ﷺပွင့်ပေါ်စေရန် တမန်တော် အစ်ဗရာဟင်မ်၏'ဒိုအာ' ဆုတောင်း။	၂း၁၃၀	၃၂
ကိုယ်တော်မြတ်သည် အစ်ဗရာဟင်မ်ﷺ၏ဒိုအာမှ အသီးအပွင့်။		၄၁၅
ကိုယ်တော်မြတ်ကြွရောက်လာခြင်းသည် မို့အ်မင်္ဂန်တို့အတွက် ကျေးဇူး တရားဖြစ်။	၃၃း၁၆၅	၁၁၀
ကိုယ်တော်မြတ်သည် တမန်တော်များပွင့်ပေါ်ခြင်း၏ ရပ်ဆိုင်းမှုကာလ ရှည်ကြီးနောက်တွင် ပွင့်ပေါ်ခဲ့။	၅း၂၀	၁၇၄
တမန်တော်ခပ်သိမ်းတို့၏ ဖော်ကျူးလင်းပြရာ။		၉၂၆
'အွမ္မီ'များအတွင်း ပွင့်ပေါ်ခြင်း။	၆၂း၃	၁၀၃၅
ကိုယ်တော်မြတ်အား တမန်တော်မူစာနှင့် ပုံဆောင်ဖော်ပြခြင်း။	၇၃း၁၆	၁၀၉၈
ကိုယ်တော်မြတ်၏ ခရီးစဉ်သည် တမန်တော်စနစ်များ ကုန်ဆုံးခဲ့သော 'ပါလက်စတိုင်း'မှ စတင်၏။		၄၆၄
တမန်တော်မူစာနှင့် ကိုယ်တော်မြတ်တို့ ဆုံတွေ့ကြောင်းဖော်ပြချက်။	၃၂း၂၄	၇၃၀
သာမန်လူသားများက 'ခီဒွီရ်'ဟုဆိုစမှတ်ရှိသောပုဂ္ဂိုလ်နှင့် တမန်တော် မြတ်ﷺအား ပမာပြုဖော်ပြခြင်း။		၄၈၆-၄၈၇
ကိုယ်တော်မြတ်ﷺအား ပေးသနားခြင်းခံရသည့် 'ဟီက်မတ်'ဉာဏ်ပညာ အမြော်အမြင်အဆင့်သို့တိုင်ရောက်ရှိရန်အတွက် လိုအပ်သော သည်းခံ စောင့်စည်းမှုပါရမီကို တမန်တော်မူစာသည် မရရှိခဲ့ချေ။		၄၈၆-၄၈၇
ကိုယ်တော်မြတ်ﷺသည်(လည်း) 'ဇူလ်ကရ်နိုင်'ဖြစ်၏။		၄၈၇
ကိုယ်တော်မြတ်အကြောင်း 'တောင်ရတ်'နှင့် 'အင်ဂျီလ်'ကျမ်းတို့တွင် ဖော်ပြချက်။	၇း၁၅၈	၂၇၃
တမန်တော်မြတ်ﷺနှင့် ကိုယ်တော်မြတ်၏ 'ဆွဟာဘာ'များအကြောင်း ဓမ္မသစ်ကျမ်း၌လာရှိချက်။	၄၈း၃၀	၉၃၄-၉၃၅
'အဟ်မဒ်'နှင့်စပ်လျဉ်း၍ မရ်ယမ်၏သား'အီစာ'၏ သတင်းကောင်း။	၆၁း၇	၁၀၃၁-၃၂
ဖြောင့်မှန်သော 'အဲဟ်လေကီတာဘ်'များက ကိုယ်တော်မြတ်အား ကောင်း စွာသိရှိကြခြင်း။	၆း၂၁	၂၀၆
ခရစ်ယာန်များမှ အုပ်စုတစ်စုသည် ကိုယ်တော်မြတ်၏ မှန်ကန်ခြင်းကို		

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
နားလည်သိရှိခဲ့ကြ၏။	၅း၈၄	၁၈၉
ကိုယ်တော်မြတ်သည် 'တောင်ရတ်'နှင့် ရှေးကျမ်းဂန်များ၏ ကြိုတင်နိမိတ်များကို ပြည့်စုံစေသူဖြစ်။	၂း၁၀၂	၂၅
ကြီးကျယ်ခံ့ညားသော ကိုယ်ကျင့်သိက္ခာတော်များ		
ကြီးမြတ်သော ကိုယ်ကျင့်သိက္ခာတော်ရှင်။	၆း၅	၁၀၆၆
ကိုယ်တော်မြတ်၏ ကြင်ရာများမှာ မို့အ်မင်န်တို့၏ မိခင်မွန်များဖြစ်။	၃၃း၇	၇၃၇
စိတ်နှလုံးနူးညံ့သူ၊ သိမ်မွေ့စွာ စကားဆိုသူ။	၃း၁၆၀	၁၀၉
	၅၀း၄၆	၉၄၉
မို့အ်မင်န်များအတွက် လွန်စွာ ချစ်ခင်ကြင်နာသူ၊ ကရုဏာထားသူ။	၉း၁၂၈	၃၃၃
ကိုယ်တော်မြတ်၏နှလုံးသားသည် 'ရအူးဖုရ် ရဟီးမ်'အရှင်၏ သက်ဝင်လှုပ်ရှားသောပြယုဂ်ဖြစ်၏။		၃၀၄
ဖန်ဆင်းခံများအတွက် ကိုယ်တော်မြတ်၏ ခံစားချက်။	၁၈း၇	၄၈၉
	၂၆း၄	၆၃၀
	၃၅း၉	၇၆၈
အရှင့်ပြစ်ဒဏ်ကျရောက်ရသူတို့အတွက် ကိုယ်တော်မြတ်၏ စိတ်ဒုက္ခ။		၃၅၇
ကိုယ်တော်မြတ်သည် လူတို့အပေါ် စောင့်ကြပ်သူမဟုတ်။	၈၈း၂၃	၁၁၆၀
အစဉ်မပြတ် ဆုံးမသြဝါဒပေးရန် ကိုယ်တော်မြတ်ထံ အမိန့်ကျရောက်။		၉၅၈
ခွင့်လွှတ်ခြင်း၏အနှိုင်းမဲ့စံ။		၁၀၃၈
	၆၃း၇	၁၀၄၀
ကိုယ်တော်မြတ်၏ လှုပတင့်တယ်သော ဂုဏ်ပုဒ်များ။		၁၁၇၇
အလွှာဟ်၏ ကျေးဇူးတော်များ		
ကိုယ်တော်မြတ်ထံ အလွှာဟ်၏ကျေးဇူးတော်များ။	၄း၁၁၄	၁၄၈-၁၄၉
အလွှာဟ်၏ဉာဏ်အမြော်အမြင် လျှို့ဝှက်ချက်ကို သိခွင့်ရသူ။		၄၈၇
ကိုယ်တော်မြတ်အား 'ဖူရ်ကာန်' (၀ါ) မှတ်ကျောက်ကို ပေးသနားထား။		၆၁၄
'ဆဘာအွလ်မဆာနီ'နှင့် 'ကုရ်အာန်အဇိမ်း'ကို ပေးသနားခံရခြင်း။	၁၅း၈၈	၄၃၆
ကိုယ်တော်မြတ်အတွက် ရောက်ရှိလာမည့် အချိန်တိုင်းသည် အတိတ်က အချိန်များထက် ပို၍ကောင်းမြတ်ခြင်း။	၉၃း၅	၁၁၇၅
အလွှာဟ်၏ထံမှ လုံခြုံမှုပေးမည့် ကတိတော်။	၅း၆၈	၁၈၅-၁၈၆

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
	၅၂၄၉	၉၆၃
အလွာဟ်သည် ကိုယ်တော့်အား ဘယ်အခါကမျှ အမျက်တော်မရှိခဲ့။	၉၃၄	၁၁၇၅
ကိုယ်တော်မြတ်၏ 'ဟစ်ဂျရတ်' ထွက်ခွာခြင်း။	၉၄၀	၃၁၄
	၄၇၃၄	၉၂၀
မဒီနာသို့ 'ဟစ်ဂျရတ်'ပြုစဉ် ငြိမ်းချမ်းသာယာမှု ကျရောက်ခြင်း။	၉၄၀	၃၁၄
ကိုယ်တော်မြတ်သည် ကဗျာဆရာမဟုတ်။	၅၂၃၁	၉၆၁
အွမ်မီ		
ကိုယ်တော်မြတ်သည် 'အွမ်မီ'ဖြစ်၏။	၇၁၅၈	၂၇၃
	၇၁၅၉	၂၇၃
	၂၉၄၉	၆၉၈
	၄၂၅၃	၈၇၈-၈၇၉
'ရေဆာလတ်'တမန်တော်တာဝန်များ		
ကိုယ်တော်မြတ်၏ အရေးကြီးသော 'ရေဆာလတ်'တာဝန်များ။	၂၁၃၀	၃၂
	၆၂၃၃	၁၀၃၅
ကိုယ်တော်မြတ်အပေါ် အလွန်လေးလံသောတာဝန်များကို ပေးအပ်တော်မူခြင်း။	၇၃၃၆	၁၀၉၇
ကိုယ်တော်မြတ်အား ပေးအပ်သော ယုံကြည်အပ်နှံမှုတာဝန်ကို ကြောက်ရွံ့လျက် တောင်များသည်ပင် အစိတ်စိတ်အမြွာမြွာဖြစ်အံ့။	၃၃၃၃	၇၅၀
ကိုယ်တော်မြတ်၏ 'ဇလူးမန် ဂျဟူးလာ'ဖြစ်ခြင်း၏ အနက်သဘော။	၃၃၃၃	၇၅၀
'ဒါအ်ဝါတ်အိလလွာလ်'ပြုရန် အမိန့်။	၂၂၆၈	၅၇၈
	၁၅၉၅	၄၃၇
	၅၆၈	၁၈၅-၁၈၆
	၂၁၂၀	၂၉
	၂၆၁၂၅	၆၄၈
အလွာဟ်၏လမ်းတော်၌ စစ်တိုက်ရန်အမိန့်။	၄၃၈	၁၄၁
ယုံကြည်သူတို့အား ချစ်ခင်ကြင်နာစွာ ဆက်ဆံရန်အမိန့်။	၂၆၁၂၁၆	၆၄၈
လျစ်လျူရှုခြင်းနှင့် ခွင့်လွှတ်ခြင်းတို့ကို အမြဲကျင့်သုံးရန်အမိန့်။	၁၅၈၆	၄၃၆
ကိုယ်တိုင်ရော သာဝကများကိုပါ ခိုင်ကြည်မြဲမြံစွာရှိနေရန် မှာကြားချက်။	၁၁၁၁၃	၃၇၈

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
တာဝန်ဝတ္တရားများ၏ ခံစားသက်ရောက်မှုဖြင့် အိုမင်းလာခဲ့ရ။		၃၅၇
သာဝကတော်များနှင့် တိုင်ပင်ရန်အမိန့်။	၃း၁၆၀	၁၀၉
တမန်တော်များကိုကူညီရန် ကိုယ်တော့်ထံမှလည်း ကတိယူတော်မူခြင်း။		၇၃၂
	၃၃း၈	၇၃၇
'ဂိုက်ဘ်'အကွယ်၏အသီး။		
ကိုယ်တော်မြတ်အား အကွယ်အသီကို များစွာပေးသနားခြင်း။	၁၂း၁၀၃	၄၀၀
		၁၀၉၁
		၄၀၃
		၁၀၅၂
ကိုယ်တော်မြတ်သည် အကွယ်အကြောင်းကို မတွန့်တိုခဲ့။	၈း၂၅	၁၁၃၈
အတ္တနောမတိဖြင့် စကားမပြော။	၅၃း၄-၅	၉၆၆
ကိုယ်တော်မြတ်သည် ကိုယ်တိုင်အားဖြင့် 'အာလေမူလ်ဂိုက်ဘ်'မဟုတ်။	၆း၅၁	၂၁၂
	၇း၁၈၉	၂၈၀
	၂း၁၁၀	၅၆၂
	၃၃း၆၄	၇၄၉
အတိတ်၏ အကွယ်သတင်းများရရှိ။		၃၈၀-၃၈၁
ကိုယ်တော့်အား ထိုခေတ်တွင် Relativity သဘောကို သင်ပြခြင်းခံရ။		၉၉၉
လူသားဖြစ်ခြင်း		
မိဘမဲ့ဘဝ။	၉၃း၇	၁၁၇၅
လူသားဆိုင်ရာ လိုအပ်ချက်များ။	၂၅း၈	၆၁၈
	၇း၁၈၉	၂၈၀
	၃း၁၄၅	၁၀၅
	၁၇း၁၁၁	၄၈၅
ကိုယ်တော်မြတ်၏ 'အေဘာဒတ်'နှင့် 'ဒိအာ'များ		
အလ္လာဟ်က ကိုယ်တော့်အား စံပြအစေတော်ဟု သတ်မှတ်။	၇၂း၂၀	၁၀၉၄
	၉၆း၁၁	၁၁၈၂
ကိုယ်တော်မြတ်၏ 'အေဘာဒတ်'အကြောင်း။		၁၀၉၀
'ဘဒါရ်'စစ်ပွဲအဖြစ်အပျက်တွင် ငိုကြွေးလျက် ဒိုအာပြုခြင်း။		၂၈၄-၂၈၅

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
မွတ်စလင်တို့၏အောင်ပွဲများမှာ ကိုယ်တော်မြတ်၏ဒိုအာများကြောင့်သာ။		၃၀၃
ကိုယ်တော်မြတ်အား သင်ပြပေးခြင်းခံရသော ဒိုအာအချို့။	၁၇း၈၁	၄၈၀
	၁၇း၂၅	၄၇၁
	၂၀း၁၁၅	၅၃၉
	၂၃း၁၁၉	၅၉၆
	၂၃း၉၈	၅၉၃
မိမိအားဖန်ဆင်းမွေးမြူရှင်၏ ပြည့်ဝသောနာခံတော်ဖြစ်ကြောင်း။		၂၀၁-၂၀၂
အလ္လာဟ်အရှင်မြတ်၏ရှေ့တော်တွင် အကြီးကျယ်ဆုံးသော စင်္ဂဒါဟ် ပြုခြင်း။		၂၄၀
အရှင်မြတ်အား အားလုံးထက်ပို၍ 'တာစ်ဘီ'ပြုသူ။		၁၀၄၂
ဆန့်ကျင်မှုများ		
ဆန့်ကျင်သူများက ကိုယ်တော်မြတ်အား ဝတ်ပြုခြင်းမှ တားမြစ်ခဲ့ကြ။	၉၆း၁၀-၁၁	၁၁၈၂
ကိုယ်တော်မြတ်အား ဆန့်ကျင်သူများ၏ ရည်ရွယ်ချက်များ။	၈း၃၁	၂၉၂
'မိုနာဖစ်'တို့၏ ကိုယ်တော်မြတ်နှင့်ဆန့်ကျင်သော လုပ်ကြံမှုများ။	၄း၈၂	၁၄၀
ဆန့်ကျင်သူများ၏ အဓိပ္ပာယ်မဲ့သော တောင်းဆိုမှုများ။	၆း၉	၂၀၄
	၁၇း၉၁-၉၄	၄၈၂
	၂၈း၄၉	၆၈၀
ငြင်းပယ်သူတို့က ကိုယ်တော်မြတ်အား ရူးသွပ်သူဟု ဆိုခြင်း။	၂၃း၇၁	၅၉၀
	၁၅း၇	၄၂၈
ငြင်းပယ်သူများကကိုယ်တော်မြတ်အား တစ်ဦးတစ်ယောက်၏ သင်ပြပေးခြင်းခံရသူဟုစွပ်စွဲခြင်း။	၁၆း၁၀၄	၄၅၉
ရန်ပြုဆန့်ကျင်သူတို့၏ စိတ်ဒုက္ခရောက်စေမှုကို လျစ်လျူရှုရန်အမိန့်။	၃၃း၄၉	၇၄၅
ရန်သူတို့၏ပြက်ရယ်ပြုခြင်းကို စိတ်ရှည်သည်းခံရန် အမိန့်။		၉၄၃
စစ်မှန်ခြင်း		
ရဟူဒီတို့အား 'မိုဘာဟေလာ'ပြုရန် စိန်ခေါ်ခြင်း။	၆၂း၇	၁၀၃၆-၃၇
ခရစ်ယာန်တို့အား 'မိုဘာဟေလာ'ပြုရန် စိန်ခေါ်ခြင်း။	၃း၆၂	၈၉-၉၀
ကိုယ်တော်မြတ်၏ စစ်မှန်ရိုးဖြောင့်ခြင်းအတွက် သဘာဝကျသော သာဓကတစ်ရပ်။	၁၀း၁၇	၃၃၉

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
ကိုယ်တော်မြတ်၏ စစ်မှန်ခြင်းအတွက် တစ်ခုသော မှတ်ကျောက်။		၁၀၇၁
ကိုယ်တော်မြတ်၏ နောက်ပိုင်းတွင် ကိုယ်တော်မြတ်အား သက်သေခံသူ လာရောက်မည်။	၁၁း၁၈	၃၆၁
		၁၁၄၉
တမန်တော်မူစာအားဖြင့် ကိုယ်တော်မြတ်ပွင့်ပေါ်မည့်အကြောင်း ကြိုတင်နိမိတ်။	၆၁း၇	၁၀၃၁-၃၂
ကိုယ်တော်မြတ် မကွာသို့ ပြန်လာမည့်ကြိုတင်နိမိတ်။	၂၈း၈၆	၆၈၆
ကိုယ်တော်မြတ်၏ ကြီးကျယ်ခမ်းနားလှသော 'မိုဂျေဇာ'။		၁၁၀၆
မိုဟမ္မဒ်း(မ်)		၈၀၀
မရ်ယမ် ﷺ		
သခင်မ၏ ဖခင်အမည်မှာ 'အင်မ်ရာန်' ဖြစ်သည်။	၆၆း၁၃	၁၀၅၇
သခင်မအား မိခင်က ဝမ်း၌လွယ်ထားချိန်ကပင် '၀ကာဖ်'ပြုခြင်းနှင့် အလွှာဟ်အရှင်မြတ်က ယင်းကို လက်ခံတော်မူခြင်း။	၃း၃၆	၈၃
သခင်မအား မိခင်က 'မရ်ယမ်'ဟုအမည်ပေးခြင်း။	၃း၃၇	၈၄
တမန်တော် ဇကရီယာ၏ အုပ်ထိန်းမှုနှင့် သွန်သင်မှု။	၃း၃၈	၈၄
သခင်မ၏ခေတ်ကာလရှိ အမျိုးသမီးအားလုံးအနက် ရွေးချယ်ခံရခြင်း။	၃း၄၃	၈၅
ဂုဏ်သရေရှိသူ၊ နီးစပ်သူနှင့် သန့်ရှင်းသူ သားတစ်ပါးရရှိမည့်သတင်း။	၃း၄၆	၈၆
	၁၉း၂၀	၅၁၄
သားရမည့်သတင်းကောင်းအတွက် သခင်မ၏အံ့သြမှု။	၃း၄၈	၈၆
	၁၉း၂၁	၅၁၄
ရဟူဒီများက သခင်မအား မတရားစွပ်စွဲမှု။	၄း၁၅၇	၁၅၈
	၁၉း၂၉	၅၁၅
မြင့်မားသည့် တောင်တန်းဒေသတစ်ခုဘက်သို့ တမန်တော် အိစာနှင့် အတူ ဟစ်ဂျရတ်ပြုခြင်း။	၂၃း၅၁	၅၈၈
မို့အ်မင်နယုံကြည်သူတို့အား 'မရ်ယမ်'နှင့်ပုံဆောင်ဖော်ပြခြင်း။	၆၆း၁၃	၁၀၅၇
မရ်ယမ်၏ စင်ကြယ်မှုကြောင့် ဇကရီယာ၏စိတ်တွင် သန့်ရှင်းသော သားသမီးရလိုမှုဖြစ်ခဲ့။		၇၆

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
သခင်မတွင် ဇနီးမောင်နှံ ပေါင်းသင်းဆက်ဆံမှုမရှိဘဲ ကလေးမွေးဖွားနိုင်စွမ်းပေးထားခြင်းခံရ။		၈၄
(ယ)		
ယအူးက် (အာရေဗျတို့၏နတ်)	၇း၂၄	၁၀၈၈
ယဂူးဆ် (အာရေဗျတို့၏နတ်)	၇း၂၄	၁၀၈၈
ယာဂျတ် မာဂျတ် (ဂေါဂနှင့် မာဂေါဂ)		
ကမ္ဘာမြေတွင် ဆူပူသောင်းကျန်းမှု၏အကြောင်းခံ။	၁၈း၉၅	၅၀၆
	၂၁း၉၇	၅၆၀
ယာဟ်ယာ ﷺ		
တမန်တော် ဇကရိယာ၏ 'ဒိုအာ'မှအသီးအပွင့်။	၂၁း၉၁	၅၅၉
တမန်တော် ဇကရိယာအား ယာဟ်ယာ၏သတင်းပေး။	၃း၄၀	၈၄-၈၅
	၁၉း၈	၅၁၂-၅၁၃
သားတော် မွေးဖွားမည့်သတင်းကြောင့် ဇကရိယာသခင်၏ အံ့သြမှု။	၃း၄၁	၈၅
	၁၉း၉	၅၁၃
ယာဟ်ယာ ﷺထက်အလျင်က ဤအမည်ဖြင့် မည်သူတစ်ဦးတစ်ယောက်မျှမရှိခဲ့။	၁၉း၈	၅၁၂-၅၁၃
ယာဟ်ယာအား ငယ်ရွယ်စဉ်မှာပင် ဉာဏ်ပညာအမြော်အမြင်ရရှိခဲ့။	၁၉း၁၃	၅၁၃
'တက္ကဝါ'နှင့် စင်ကြယ်ခြင်းတရားရှိမှု။	၁၉း၁၄	၅၁၃
မိဘများကို ကောင်းစွာဆက်ဆံသူ။	၁၉း၁၅	၅၁၃
ရှေးဗျာဒိတ်အချို့ထားရှိခြင်းခံရသူနှင့် ထောက်ခံမည့်သူ။	၃း၄၀	၈၄-၈၅
မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ရှင်ပြန်ခြင်းဖြစ်ရပ်များတွင် ငြိမ်းချမ်းမှု။	၁၉း၁၆	၅၁၃
ယာဟ်ယာ ﷺသည် 'ရှဟီးဒ်'ပြု သတ်ဖြတ်ခြင်း မခံခဲ့ရ။		၅၁၀
ယာကွပ် ﷺ (အစ်ဗရာဟင်မ်ﷺနှင့် ယူဆုဖ်ﷺတို့လည်းရှု)		
သခင်ဖွားသန့်စင်မည့် သတင်းကောင်း။	၁၁း၇၂	၃၇၁
တမန်တော် အစ်ဗရာဟင်မ်၏မြေးတော်။	၂၁း၇၃	၅၅၆
သခင်၏အမည် 'အစ္စရာအီလ်'။	၃း၉၄	၉၆
မိမိ၏သားသမီးများကို 'တောင်ဟီးဒ်'၏ဩဝါဒ။	၂း၃၃-၁၄၄	၃၂-၃၄
ယာကွပ်၏ သားသမီးများအား ပြီးပြည့်စုံသော 'နေ့အ်မတ်'။	၁၂း၇	၃၈၂-၃၈၃

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
ယူဆူဖ်ကို အိပ်မက်အကြောင်း မပြောရန်မှာခြင်း။	၁၂း၆	၃၈၂
ယူဆူဖ်နှင့် ကွဲကွာရခြင်းသောကဖြင့် မျက်စိဖြူသွားရခြင်းသဘော။	၁၂း၈၅	၃၉၆-၃၉၇
မိမိ၏သားသမီးများနှင့်တကွ အီဂျစ်သို့လာရောက်၍ တမန်တော် ယူဆူဖ်နှင့်အတူနေထိုင်ခြင်း။	၁၂း၁၀၀	၃၉၉
ယူဆူပ် ﷺ		
အသိပညာနှင့် ဉာဏ်အမြော်အမြင်ကို ပေးသနားခံရခြင်း။	၁၂း၂၃	၃၈၅
အိပ်မက်တိတ္ထိုပညာ ပေးသနားခံရခြင်း။	၁၂း၃၈	၃၈၈
သခင်၏ငယ်စဉ်က အိပ်မက်။	၁၂း၅	၃၈၂
ယူဆူဖ်သည် သစ္စာရှင်အဖြစ် ကျော်ကြားခဲ့။	၁၂း၄၃	၃၉၀
ညီအစ်ကိုများမှ သေကြောင်းကြံခြင်း။	၁၂း၁၀	၃၈၃
ရေတွင်း၌ ပစ်ချခဲ့ခြင်း။	၁၂း၁၆	၃၈၄
ရေတွင်းထဲမှ ဆယ်ယူခံရခြင်း။	၁၂း၂၀	၃၈၄-၃၈၅
အီဂျစ်ပြည်အကြီးအကဲမှ သခင့်အား ဝယ်ယူခဲ့ခြင်း။	၁၂း၂၂	၃၈၅
အီဂျစ်အကြီးအကဲ၏ဇနီးမှ သခင့်အား သွေးဆောင်နိုင်ရန်ကြိုးစား။	၁၂း၂၄	၃၈၅
قطّعن أيديهن (မိမိတို့၏လက်များကို လှီးဖြတ်ခြင်း)၏အနက်သဘော။	၁၂း၃၂	၃၈၇
အကျဉ်းစခန်းတွင် သာသနာပြုခြင်း။	၁၂း၄၀	၃၈၉
အကျဉ်းခံဘဝမှ လွတ်မြောက်ပြီး အီဂျစ်ဘဏ္ဍာတော်ထိန်းဖြစ်ခြင်း။	၁၂း၅၅-၅၆	၃၉၁
အီဂျစ်ပြည်တွင် သခင့်အား ဩဇာအာဏာပေးအပ်ခြင်းခံရ။	၁၂း၂၂	၃၈၅
	၁၂း၅၃	၃၉၂
မိမိ၏အက်ီကို ဖခင်ထံပေးပို့ခြင်း။	၁၂း၉၄	၃၉၈
မိမိညီအစ်ကိုများအား အပြစ်လွှတ်ခြင်း။	၁၂း၉၃	၃၉၈
မိဘများအား ခရီးဦးကြိုဆို၍ အလေးအမြတ်ပြုခြင်း။	၁၂း၁၀၀	၃၉၉
သခင်၏ တောင်းဆုဖိုအာ။	၁၂း၁၀၂	၃၉၉
ယူဆူဖ်အား လိုက်နာသူများက သူကွယ်လွန်ပြီးနောက်တွင် နဗီတစ်ပါးမျှ ပွင့်ပေါ်လာရောက်ရန် မရှိတော့ပြီဟူသော ယုံကြည်ချက်။	၄၀း၃၅	၈၄၃
ယူနုတ်စ် ﷺ **(ဂျွန်နှုန်လည်းရှု)**		
တစ်သိန်းမကသော လူတို့ထံ စေလွှတ်ခံရခြင်း။	၃၇း၁၄၈	၈၀၂
'ယူနုတ်စ်'အမျိုးသားတို့၏ ဂုဏ်ပြုဖွယ်စံနမူနာ။	၁၀း၉၉	၃၅၄

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
သတိပေးချက်သည် တစ်ခါတစ်ရံတွင် 'တောင်ဘာ'နှင့် 'အိစ်တီဂ်ဖာရ်' တို့ဖြင့် လွှဲဖယ်သွားတတ်ကြောင်း သခင့်အား သင်ပြခြင်းခံရ။		၁၀၆၅
အမျိုးသားထုအား စွန့်၍ထွက်ခွာသွားခြင်း။	၃၇း၁၄၁	၈၀၁
ပင်လယ်တွင်ပစ်ချခံရပြီးနောက် ငါးကြီးက မျိုချခဲ့ခြင်း။	၃၇း၁၄၂-၁၄၃	၈၀၁
ငါးကြီးက သခင့်အား အန်ထုတ်ခဲ့ခြင်း။	၃၇း၁၄၆	၈၀၁
အကယ်၍သာ သခင်သည် 'တာစ်ဘီ' ပြုသူများအနက်မှမဖြစ်ခဲ့လျှင် ငါးကြီး၀မ်းထဲ၌ ထာ၀ရနေရမည်သာ။	၃၇း၁၄၄-၁၄၅	၈၀၁
'ဇူလန္နုန်' ငါးရှဉ် (၀၂) နိနေ၀ေမြို့သား။	၂း၈၈	၅၅၉
'နူန်'ဟူသည် ဇူလန္နုန် (၀၂) တမန်တော် ယူနွတ်စ်		၁၀၆၅

(ရ)

ရဟူဒီ

ရဟူဒီများအနက် ပညာရှိ'မို့အ်မင်န်'အချို့။	၄း၁၆၃	၁၆၀-၁၆၁
သူတို့အနက် အချို့မှာ သစ္စာရှိသူများ၊ အချို့မှာ သစ္စာမဲ့သူများ။	၃း၂၄	၉၂
	၅း၁၄	၁၇၂
ကမ္ဘာမြေပေါ်တွင် နှစ်ကြိမ်နှစ်ခါ ဆူပူသောင်းကျန်းကြလိမ့်မည်။	၁၃း၅	၄၆၇-၄၆၈
၎င်းတို့အား သန့်ရှင်းမြင့်မြတ်သောမြေမှ နှင်ထုတ်ခြင်း။	၁၃း၅	၄၆၇-၄၆၈
ကမ္ဘာ့နောက်ဆုံးနေ့များတွင် ၎င်းတို့အား သန့်ရှင်းမြင့်မြတ်သော မြေတွင် စုရုံးခြင်းခံရမည်။	၁၃း၁၀၅	၄၈၄
၎င်းတို့အား ဒုက္ခကြီးစွာပေးမည့်သူများ 'ကေယာမတ်'နေ့တိုင် ပေါ်ပေါက်လျက်ရှိကြမည်။	၇း၁၆၈	၂၇၅
'မာဂ်ဒူးဘ်'ဖြစ်ရခြင်း အကြောင်းရင်း။	၄း၁၅၆-၁၅၈	၁၅၈-၁၅၉
မရိယမ်သခင်မအား မတရားယိုးစွပ်ခြင်း။	၄း၁၅၇	၁၅၈
'မဆီဟ်'အား ငြင်းပယ်ခြင်း၏တန်ပြန်သက်ရောက်မှု။	၄း၁၆၁	၁၆၀
ရဟူဒီတို့သည် အီစာအား လုပ်ကြံသတ်ဖြတ်ရာတွင် မအောင်မြင်ခဲ့။	၄း၁၅၈	၁၅၉
	၅း၁၁၁	၁၉၆
ရဟူဒီတို့အား 'မိုဘာဟေလာ'အတွက် ဖိတ်ခေါ်ခြင်း။	၆၂း၇	၁၀၃၆-၃၇
'အဟ်ဇာဘ်'စစ်ပွဲတွင် သစ္စာဖောက်မှုကျူးလွန်။	၃၃း၂၈	၇၄၁

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
'ဘနူနဒ္ဒီး၏'မျိုးနွယ်ဝင်တို့အား မဒီနာမှ နှင်ထုတ်ခြင်း။	၅၉း၃	၁၀၁၇
ရဟူဒီများနှင့် နဆွာရာများအား ယုံကြည်စိတ်ချရသော အဆွေခင်ပွန်းအဖြစ် မပြုကြရန်မှာထား။	၅း၅၂	၁၈၂
ရဟူဒီတို့အပေါ် အလ္လာဟ်၏ကျိန်ခြင်းနှင့် အမျက်တော်။	၅း၆၁	၁၈၄
	၄း၄၇	၁၃၂
ရဟူဒီသာသနာ့ပညာရှင်များ၏ပျက်စီးမှု။	၅း၆၄	၁၈၄
ရဟူဒီတို့က အလ္လာဟ်၏လက်တော်မှာ ပိတ်ထားပြီဟုဆိုကြခြင်း။	၅း၆၅	၁၈၅
ရဟူဒီတို့သည် ကေယာမတ်နေ့တိုင် ခရစ်ယာန်တို့နှင့် ရန်လိုမုန်းထားမှု။	၅း၆၅	၁၈၅
ရဟူဒီတို့၏လုပ်ငန်းမှာ ကမ္ဘာလောကတွင် ပြဿနာ ဖြန့်ခိုရန်သာ။	၅း၆၅	၁၈၅
မို့အ်မင်္ဂန်တို့နှင့် အမုန်းပွားမှုတွင် ရဟူဒီနှင့် မူရ္ဓရိက်တို့သည် အပြင်းထန်ဆုံးဖြစ်။	၅း၈၃	၁၈၉
ရဟူဒီတို့အား ဟရာမ်နှင့် ဟလာလ်၏ သင်ပြမှု။	၆း၁၄၃	၂၃၄
မုသားကို စိတ်ဝင်တစား နားထောင်ကြခြင်း။	၅း၄၂	၁၇၈-၁၇၉
'ဟရာမ်'ပစ္စည်းကို အလုအယက် ဝါးမျိုကြခြင်း။	၅း၄၃	၁၇၉
နူတ်ကပါဠိတော်များကို ပြောင်းလဲပြင်ဆင်ကြခြင်း။	၄း၄၇	၁၃၂
	၅း၁၄	၁၇၂
နှလုံးသားမာကျောရခြင်းအကြောင်းနှင့် ရဟူဒီတို့အပေါ် 'လာအ်နတ်' ကျိန်ခြင်းအကြောင်းရင်း။	၅း၁၄	၁၇၂
'ဆဗာတ်'ဥပုသ်နေ့နှင့်စပ်လျဉ်း၍ မဖောက်ကျူးရန်တားမြစ်။	၄း၁၅၅	၁၅၈
ရဟူဒီတို့က အလ္လာဟ်အား အထင်အရှားမြင်တွေ့လိုကြောင်း တောင်းဆိုခြင်း။	၄း၁၅၄	၁၅၈
(၈)		
လွတ်ကင်းမန်း ﷺ		
သခင့်အား ဉာဏ်ပညာအမြော်အမြင်ကို ပေးသနားခြီးမြှင့်။	၃၁း၁၃	၇၁၉
သခင့်အားပေးသနားခြင်းခံရသော ဉာဏ်အမြော်အမြင်တို့၏ ဗဟိုအချက်အချာသည် အလ္လာဟ်အား ကျေးဇူးသိမှုဖြစ်ခြင်း။		၇၁၅
သခင်က သားတော်အား သွန်သင်ဆုံးမခြင်း။	၃၁း၁၄	၇၁၉

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
လူးတ် عليه السلام		
တမန်တော် အစ်ဗရာဟင်မ်အား သက်ဝင်ယုံကြည်ခြင်း။	၂၉း၂၇	၆၉၄
အမျိုးသားထုနှင့်ရင်ဆိုင်ရာတွင် မိမိအားကူညီစောင်မရန် ဒိုအာ။	၂၉း၃၁	၆၉၄-၆၉၅
သခင့်အတွက် အလ္လာဟ်၏အကူအညီ။	၂၁း၇၈	၅၅၇
အမျိုးသားထု၏လုပ်ရပ်များအတွက် သောကဖြစ်ရခြင်း။	၂၆း၁၆၉	၆၄၄
အမျိုးသားထုအား အရှက်မဲ့မှုများမှ ဟန့်တားရန် ကြိုးပမ်းခြင်း။	၂၇း၅၅-၅၆	၆၆၃
	၂၉း၂၉	၆၉၄
	၂၆း၁၆၆	၆၄၄
အမျိုးသားထုသည် မနာခံပုန်ကန်သူများဖြစ်၏။	၂၁း၇၅	၅၅၆
သခင်၏အမျိုးသားတို့က သတိပေးနှိုးဆော်ချက်ကို ငြင်းပယ်ခြင်း။	၅၄း၃၄	၉၇၆
အမျိုးသားတို့က ပြင်ပလူတို့အား သခင့်ထံ မလာကြရန်ဟန့်တားခြင်း။	၁၅း၇၁	၄၃၄
သခင့်ထံ ဧည့်သည်များလာခြင်းကြောင့် အမျိုးသားတို့၏ဒေါသ။	၁၁း၇၉	၃၇၂
အမျိုးသားထုအား မိမိ၏သမီးတော်များဂုဏ်သိက္ခာကို ထောက်ပြခြင်း။	၁၁း၇၉	၃၇၂
	၁၅း၇၂	၄၃၅
သခင့်အား မြို့ရွာမှ နှင်ထုတ်မည်ဟု ခြိမ်းခြောက်။	၂၆း၁၆၈	၆၄၄
	၂၇း၅၇	၆၆၃
အမျိုးသားထုက အလ္လာဟ်၏ပြစ်ဒဏ်ကို တောင်းဆိုခြင်း။	၂၉း၃၀	၆၉၄
အစ်ဗရာဟင်မ်အား လူးတ်၏အမျိုးသားတို့ ပျက်စီးမည့်အကြောင်း သတင်းပေးခံရခြင်း။	၂၉း၃၂	၆၉၅
လူးတ်၏အမျိုးသားတို့ကို ပျက်စီးချုပ်ငြိမ်းမှုမှ ကယ်တင်ရန် အလ္လာဟ့်ထံ အစ်ဗရာဟင်မ်၏ လျှောက်ထားချက်။	၁၁း၇၅-၇၆	၃၇၁
ညတွင်းချင်း မြို့ရွာမှထွက်ခွာသွားကြရန်နှင့် လှည့်၍ပင်မကြည့်ရန်အမိန့်။	၁၁း၈၂	၃၇၂-၃၇၃
	၁၅း၆၆	၄၃၄
လူးတ်အမျိုးသားတို့ ပျက်စီးချုပ်ငြိမ်းခန်း။	၂၁း၇၈	၅၅၇
လူးတ်အမျိုးသားတို့အား ကျောက်ခဲမိုး၏ပြစ်ဒဏ်။	၁၁း၈၃	၃၇၃
	၁၅း၇၅	၄၃၅
	၂၆း၁၇၄	၆၄၅
	၂၇း၅၉	၆၆၄

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
မိမိကိုယ်တိုင်နှင့် မိသားစုအား ကယ်တင်ခြင်းရရန် 'ဒိုအာ'ဆုတောင်း။	၂၆း၁၇၀	၆၄၄
လူးတ်၏မျိုးနွယ်အား ပြစ်ဒဏ်မှကယ်တင်ရန် ကတိတော်။	၁၅း၆၀	၄၃၃
လူးတ်နှင့် သူ၏မျိုးနွယ်သည် အပြစ်ဒဏ်မှ လုံခြုံမှုရခြင်း။	၂၁း၇၂	၅၅၆
	၅၄း၃၅	၉၇၆
ဇနီးဖြစ်သူ ပျက်စီးချုပ်ငြိမ်းမည့်သတင်း။	၂၉း၃၃-၃၄	၆၉၅
	၁၁း၈၂	၃၇၂-၃၇၃
မယုံကြည်ငြင်းပယ်သူတို့အား နူးဟ်နှင့် လူးတ်တို့၏ဇနီးများနှင့် ခိုင်းနှိုင်းထားခြင်း။	၆၆း၁၁	၁၀၅၆-၅၇
(ဟ)		
ဟာရွတ် (ဘေဘီလုံမှ ကောင်းကင်တမန်ဂုဏ်ဒြပ်ရှိ လူသားတစ်ဦး)	၂း၁၀၃	၂၅
ဟာရွန် ﷺ (မူစာလည်းရှု)		
တမန်တော်ဟာရွန်သည် တမန်တော်မူစာ၏ မိခင်ဘက်မှ နောင်တော်ဖြစ်၏။	၂၀း၉၅	၅၃၇
	၇း၁၅၁	၂၇၁
တမန်တော်မူစာက ဟာရွန်အား လက်ထောက်အဖြစ်ခန့်ထားပေးရန် ဆုတောင်းလျှောက်ထား။	၂၀း၃၀	၅၂၈
	၂၆း၁၄	၆၃၁
	၂၈း၃၅	၆၇၈
တမန်တော်မူစာ တောင်းဆုပြုသော ဟာရွန်နှင့်ပတ်သက်သည့်ဒိုအာကို လက်ခံတော်မူခြင်း။	၂၀း၃၇	၅၂၉
	၁၅း၃၆	၄၃၁
တမန်တော်ဟာရွန်အား 'နဗူဝါတ်'ပေးသနားခံရ။	၁၉း၅၄	၅၁၈
သူနှင့် တမန်တော်မူစာတို့အား 'ဖူရ်ကာန်'နှင့် 'နူရ်'ကို ပေးသနားခြီးမြှင့်ခြင်းခံရ။	၂၁း၄၉	၅၅၃
သူနှင့် တမန်တော်မူစာတို့အား အလ္လာဟ်၏ထံတော်မှ ကျေးဇူးတော်များ။	၃၇း၁၀၅	၇၉၉
တမန်တော်မူစာက တူရ်တောင်ပေါ်သွားရောက်နေစဉ်ကာလများတွင် ဘနီအစ္စရာအီလ်တို့တွင် ဟာရွန်ကို ကိုယ်စားခန့်ထားခဲ့ခြင်း။	၇း၁၄၃	၂၆၉
	၂၀း၉၃	၅၃၆-၅၃၇

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
အမျိုးသားထုအတွင်း 'ရှရိုက်'ပျံ့နှံ့ခဲ့ခြင်းကြောင့် တမန်တော်မူစာက		
ဟာရွှန်ကို အမျက်ထွက်ခြင်း။	၇း၁၅၁	၂၇၁
	၂၀း၉၃	၅၃၆-၅၃၇
တမန်တော်ဟာရွှန်မှ ဘနီအစ္စရာအီလ်တို့အား ဆုံးမစကား။	၂၀း၉၁	၅၃၆
တမန်တော်ဟာရွှန်အတွက် တမန်တော်မူစာ၏ဒိုအာ။	၇း၁၅၂	၂၇၁
ဟာရွှန်၏မျိုးနွယ်တို့အား အမွေဆက်ခံခွင့်။	၂၊၂၄၉	၆၂
ဟာမန် (ဖိရ်အောင်၏စစ်မှူး)		
ဖိရ်အောင်မှ ဟာမန်ကို နန်းတော်ဆောက်လုပ်ရန်အမိန့်။	၂၈း၃၉	၆၇၈-၆၇၉
	၄၀း၃၇	၈၄၃
ဟာမန်သည် အပြစ်ကျူးလွန်သူဖြစ်ခဲ့။	၂၈း၉	၆၇၃
ဟွဒ်ဟွဒ် (တမန်တော် ဆူလိုင်မန်၏တပ်မှ စစ်မှူးတစ်ဦး)	၂၇း၂၁	၆၅၈
ဟူးဒ် ﷺ (အားဒ်လည်းရှု)		
အားဒ်အမျိုးသားတို့ထံ သခင့်အားစေလွှတ်ခြင်း။	၇း၆၆	၂၅၅-၂၅၆
သခင်၏အမျိုးသားတို့မှာ နန်းဆောင်များနှင့် ရဲတိုက်များဆောက်လုပ်ရာ		
တွင် ကျွမ်းကျင်။	၂၆း၁၃၀	၆၄၁
အားဒ်အမျိုးသားတို့အား 'တက္ကဝါ'တရားကျင့်သုံးရန် သွန်သင်ဆုံးမခြင်း။	၂၆း၁၂၅	၆၄၁
မယုံကြည်ခြင်းပယ်သူတို့က သခင်သည် တစ်စုံတစ်ရာ ထင်ရှားသော		
နိမိတ်လက္ခဏာတစ်ခုကိုမျှ ယူဆောင်မလာဟုပြောဆို။	၁၁း၅၄	၃၆၇-၃၆၈
အမျိုးသားတို့အား အပြီးသတ် သက်သေထူခြင်း။	၁၁း၅၈	၃၆၈
(အ)		
အာဒမ် ﷺ		
အာဒမ်အား ဖန်ဆင်းစေခြင်းမှာ 'ရာဟ်မန်'ဂုဏ်တော်၏ ကွန့်မြူးလင်းပြ		
မှုကိုအခြေခံ။		၅၄၅
ကမ္ဘာမြေတွင် ပထမဆုံး 'ခလီဖာဟ်'။	၂း၃၀	၉-၁၀
အလ္လာဟ်က အာဒမ်၌ အရှင့်'ရူဟ်'ကို မှုတ်သွင်းပြီးနောက် လူသားနွယ်		
ဝင်တို့အား သူကိုနာခံရန် အမိန့်ပေး။		၂၄၀
'မလာအေကာဟ်'တို့အား အာဒမ်အတွက် 'စဂ်ဒါ'ပြုရန် အမိန့်။	၂း၃၅	၁၁

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
	၇း၁၂	၂၄၄
	၁၇း၆၂	၄၇၇
	၁၈း၅၁	၄၉၈-၄၉၉
	၂၀း၁၁၇	၅၄၀
အီဘလိစ်က အာဒမ်အား 'စဂျ်ဒါ'ပြုရန်ငြင်းဆို။	၂း၃၅	၁၁
အာဒမ်ကို အလ္လာဟ်၏တန်ခိုးတော် လက်နှစ်ဘက်ဖြင့် ဖန်ဆင်းခြင်း။	၃၈း၇၆	၈၁၆
ဖန်ဆင်းခံအားလုံးတို့တွင် အာဒမ်၏သားမြေးများ မြင့်မြတ်ထူးကဲမှု။	၁၇း၇၁	၄၇၉
အာဒမ်အား သင်ပေးသော အမည်နာမများ။	၂း၃၂	၁၀
အာဒမ်၏ရှရီအတ် အခြေခံမဏ္ဍိုင်လေးခု။	၂၀း၁၁၉-၁၂၀	၅၄၀
အာဒမ်ထံမှ ကတိပဋိညာဉ်။	၂၀း၁၁၆	၅၄၀
ကြင်ဖော်နှင့်အတူ ဂျန္နတ်တွင် နေထိုင်ရန် မိန့်တော်မူခြင်း။	၂း၃၆	၁၁
	၇း၂၀	၂၄၅
သခင်နှင့် ကြင်ဖော်တို့အား သစ်ပင်မှ ဝေးဝေးနေရန်အမိန့်။	၂း၃၆	၁၁
	၇း၂၀	၂၄၅
ရှိုင်တန်သည် အသင်၏ရန်သူဖြစ်သည်ဟု အာဒမ်ကိုအသိပေး။	၂း၁၁၈	၂၉
ရှိုင်တန်က အာဒမ်နှင့်စကားပြောခြင်း။	၂၀း၁၂၁	၅၄၀
အာဒမ်သည် အပြစ်ကျူးလွန်ရန် ဆန္ဒမရှိခဲ့၊ မေ့မှားခြင်းသာ။	၂၀း၁၁၆	၅၄၀
အာဒမ်နှင့် သူ၏ကြင်ရာသည် မိမိတို့ကိုယ်ကို ဂျန္နတ်မှ သစ်ရွက်များဖြင့် ဖုံးအုပ်ကာကွယ်ကြခြင်း။	၇း၂၃	၂၄၆
သစ်ရွက်များ ဆင်မြန်းခြင်းဟူသည် 'တက္ကဝါ'ကိုဆင်မြန်းခြင်းသာ။		၂၄၁
အာဒမ်အား သူ၏ဖန်ဆင်းရှင်မှ ကရုဏာတော်ဖြင့် ရှုစား။	၂း၃၈	၁၁
'ဟစ်ဂျရတ်'ရွှေ့ပြောင်းရန်အမိန့်။	၂း၃၇-၃၉	၁၁-၁၂
သားတော်နှစ်ပါး၏ပဋိပက္ခ။	၅း၂၈	၁၇၅-၁၇၆
'ဟာဘီလ်'ကို လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းအတွက် 'ကာဘီလ်'၏နောင်တ။	၅း၃၂	၁၇၆
အာဒမ်တစ်ဦးတည်း၏သားသမီးများ၌ အသွေးအရောင်နှင့် ဘာသာစကားများ ကွဲပြားခြားနားမှုတွင် ဝိသေသလက္ခဏာများ။	၃၀း၂၄	၂၆၆ ၃၀၇
အာဒမ်နှင့် တမန်တော်အီစာတို့၏ တူညီမှု။	၃း၆၀	၈၉

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
အာဇရ် (အစ်ဗရာဟင်မ်လည်းရှု)		
တမန်တော်အစ်ဗရာဟင်မ်၏ ဖခင်။	၆း၇၅	၂၁၈
အာဓိယာ		၈၄၂
အစ်ဗရာဟင်မ် ﷺ		
သခင်သည် တမန်တော်နူးဟ်၏ နောက်လိုက်များမှဖြစ်။	၃၇း၈၄	၇၉၆
သခင်သည် ရဟူဒီလည်းမဟုတ်၊ နဆွရာနီလည်းမဟုတ်။	၃း၆၈	၉၁
သခင်၏ဟစ်ဂျရတ်။	၃၇း၁၀၀	၇၉၈
သေပြီးနောက် ရှင်ပြန်ခြင်းအကြောင်းကို အလ္လာဟ်၏ထံမှ သိခွင့်ရ။	၂း၂၆၁	၆၇
လူတို့တွင်'ဟာဂ်ျ'ပြုဖို့ကြေညာရန် အလ္လာဟ်၏မိန့်ကြားချက်။	၂၂း၂၈	၅၇၁
'ဆို့ဟ်ဖေအစ်ဗရာဟင်မ်'မှ အကောင်းဆုံးသောသင်ပြချက်သည် ကျမ်းမြတ်ကုရ်အာန်တွင်ပါရှိ။	၈၇း၂၀	၁၁၅၇
အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကိုဖော်ကျူးခြင်း။	၂၆း၇၉-၈၃	၆၃၇
ဂုဏ်အဆင့်		
သခင်၏ အာရုံအလုံးစုံတို့သည် အလ္လာဟ်ဘက်သို့သာရှိခဲ့။	၆း၈၀	၂၁၉
အလ္လာဟ်က အစ်ဗရာဟင်မ်အား မိမိ၏အဆွေခင်ပွန်းအဖြစ်သတ်မှတ်။	၄း၁၂၆	၁၅၁
သခင်၏မိတ်ဆွေနှင့် ရန်သူအားလုံးတို့မှာ အလ္လာဟ်အတွက်သာဖြစ်ခဲ့။	၆၀း၅	၁၀၂၆
		၁၀၂၃
သခင့်အား ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့၏စိုးမိုးအုပ်ချုပ်မှုကို ပြသတော်မူခြင်း။	၆း၇၆	၂၁၈
အစ်ဗရာဟင်မ်သည် 'ဟနီးဖ်'ဖြစ်၏။	၂း၁၃၆	၃၃
	၃း၆၈	၉၁
	၃း၉၆	၉၆
သခင်သည် မိမိပင်ကိုဇာတိအားဖြင့် 'အွမ္မတ်'ဖြစ်ခြင်း၏သဘော။	၁၆း၁၂၁	၄၆၂
		၄၄၁-၄၄၂
တမန်တော် အစ်ဗရာဟင်မ်သည် စံပြပုဂ္ဂိုလ်ဖြစ်။	၆၀း၅	၁၀၂၆
	၂း၁၂၅	၃၀
ကတိသစ္စာမြဲမြံသူ။	၅၃း၃၈	၉၆၉
ခန္တီပါရမီရှင်နှင့် အလွန်တရာ စိတ်နှလုံးနူးညံ့သူ။	၉း၁၁၄	၃၃၀

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
ငြိမ်းချမ်းသော နှလုံးသားပိုင်ရှင်။	၃၇း၈၅	၇၉၆
တမန်တော် အစ်ဗရာဟင်မ်၏အဆင့်ကို မိမိတို့၏'ဆွလာတ်' ဝတ်ပြုမှုများ တွင် ကျင့်သုံးတည်ဆောက်ရန်။	၂း၁၂၆	၃၁
အစ်ဗရာဟင်မ်၏လမ်းစဉ်		
အစ်ဗရာဟင်မ်၏လမ်းစဉ်မှာ တည်တံ့ခိုင်မြဲသောသာသနာ။	၆း၁၆၂	၂၃၈
အစ်ဗရာဟင်မ်၏လမ်းစဉ်ကို လိုက်နာရန်အမိန့်။	၃း၉၆	၉၆
တမန်တော်မြတ်ﷺအား အစ်ဗရာဟင်မ်'ဟနီးဖ်'၏လမ်းစဉ်ကို လိုက်နာ ရန် မိန့်ကြား။	၄း၁၂၆	၁၅၁
	၁၆း၁၂၄	၄၆၂
သခင်နှင့် နီးကပ်စွာဆက်နွယ်မှုရှိသူများ။	၃း၆၉	၉၁
အစ်ဗရာဟင်မ်၏လမ်းစဉ်ကို လွှဲဖယ်ခြင်းမှာ မိုက်မဲမှုသာဖြစ်၏။	၂း၁၃၁	၃၂
သားမြေးတို့အား မှာတမ်းစကား။	၂း၁၃၃	၃၂
သာသနာပြုခြင်း		
အလ္လာဟ်အား'အေဘာဒတ်'ပြုရန် အမျိုးသားထုအား သွန်သင်ခြင်း။	၂၉း၁၇	၆၉၂
အလ္လာဟ်တည်ရှိခြင်းနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးနှင့် အချေအတင်ပြော ဆိုခြင်းနှင့် တစ်ဖက်လူအား နူတ်ပိတ်သွားစေသောအဖြေ။	၂း၂၅၉	၆၅-၆၆
ဖခင်'အာဇရ်'နှင့် သာသနာပြုဆွေးနွေးခန်း။	၆း၇၅	၂၁၈
	၁၉း၄၃-၄၆	၅၁၇
အာဇရ်၏ဒေါသနှင့် သခင့်အား ခဲဖြင့်ပေါက်သတ်မည်ဟု ခြိမ်းခြောက်မှု။	၁၉း၄၇	၅၁၇
အာဇရ်အတွက် အပြစ်လွှတ်ရန်ဆုတောင်း။	၁၉း၄၈	၅၁၇
အာဇရ်အတွက် သခင်၏ အပြစ်လွှတ်ရန်ဆုတောင်းရခြင်းမှာ ကတိပေး ထားမှုတစ်ခုကြောင့်ဖြစ်။	၉း၁၁၄	၃၃၀
အမျိုးသားတို့၏ရှေ့မှောက်တွင် ရုပ်တုများကို မလိုလားကြောင်းကြေညာ။	၄၃း၂၇	၈၈၅
အမျိုးသားထု၏ရုပ်တုများကို ချိုးဖျက်ခြင်း။	၂၁း၅၉	၅၅၄
မီးခိုးထည့်သွင်းခံရခြင်း။	၂၁း၆၉	၅၅၆
	၃၇း၉၈	၇၉၇
မီးသည် သခင့်အတွက် ငြိမ်းချမ်းမှုအကြောင်းခံဖြစ်ခဲ့ခြင်း။	၂၁း၇၀	၅၅၆
အမျိုးသားတို့၏ မအောင်မြင်မှု။	၃၇း၉၉	၇၉၇

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
သခင့်အပေါ် ငြိမ်းချမ်းခြင်းရှိစေကြောင်း အလ္လာဟ်၏အသံတော်။	၃၇း၁၁၀	၇၉၉
အလ္လာဟ်၏တမန်များက သခင့်ထံသို့ ရန်သူများ၏ ပျက်စီးချုပ်ငြိမ်းမည့် သတင်းယူဆောင်လာခြင်း။	၂၉း၃၂	၆၉၅
စေတမန်များက သခင့်ထံ လူအသွင်ဆောင်၍လာရောက်ခြင်း။		၉၅၁
ဧည့်ဝတ်ကျေပွန်သူ။	၁၁း၇၀	၃၇၁
လူးတ်အမျိုးသားတို့အတွက် ကြားဝင်လျှောက်ထားခြင်းမပြုရန် သခင့်အား တားမြစ်ခံရခြင်း။	၁၁း၇၃	၃၇၁-၃၇၂
သားမြေးများ		
သူတော်ကောင်း သားတစ်ပါးရရှိရန် ဆုပန်ခြင်း။	၃၇း၁၀၁	၇၉၈
ပညာရှိသားတစ်ပါးရရှိမည့် သတင်းကောင်း။	၁၅း၅၄	၄၃၃
အစ္စဟာက်၏ သတင်းကောင်း။	၃၇း၁၁၃	၇၉၉
အစ္စဟာက်၏ သတင်းကောင်းအတွက် ဆာရာသခင်မ၏ ကြီးစွာအံ့သြမှု။	၁၁း၇၃	၃၇၁
အိုမင်းသော အရွယ်တွင် 'အစ္စမာအီလ်'နှင့် 'အစ္စဟာက်'တို့ကို ပေးသနားတော်မူခြင်းအတွက် အလ္လာဟ်၏ကျေးဇူးတော်ကိုအောက်မေ့ခြင်း။	၁၄း၄၀	၄၂၃
အစ္စဟာက်၏နောက်တွင် ယာကွပ်၏သတင်းကောင်း။	၁၁း၇၂	၃၇၁
စိတ်ရှည်သည်းခံသော သားယောကျ်ား၏သတင်းကောင်း။	၃၇း၁၀၂	၇၉၈
သားတော်ကို လည်လှီးခြင်းနှင့်စပ်လျဉ်း၍ ကိုယ်တော်၏အိပ်မက်။	၃၇း၁၀၃	၇၉၈
အစ္စမာအီလ်ကို လည်လှီးရန်အတွက် ဦးမှောက်လဲချစေခဲ့။	၃၇း၁၀၄	၇၉၈
'ဇစ်ဘ်ဟေအဒ်ဒီးမ်'၏အမှန်သဘော။		၇၈၉
သားတော်ကိုလည်လှီးရန် သခင့်အား စစ်ဆေးရာတွင် အောင်မြင်ခဲ့။	၃၇း၁၀၆	၇၉၈
သခင်၏မျိုးဆက်ကို နဗူဝါတ်၊ ကျမ်းဂန်နှင့် ဟီက်မတ်တို့ ပေးသနားခြင်း။	၄း၅၅	၁၃၄
	၂၉း၂၈	၆၉၄
ကာအ်ဘာကျောင်းတော်ကို မွမ်းမံတည်ဆောက်ခြင်း		
မိမိ၏မျိုးဆက်ကို သစ်ဝါးမပေါက်သော ကန္တာရတွင် နေထိုင်စေခဲ့။	၁၄း၃၈	၄၂၃
သခင်သည် ကာအ်ဘာကျောင်းတော်၏အုတ်မြစ်များကို ဖော်ထုတ်ခြင်း။	၂း၁၂၈	၃၁
ကာအ်ဘာကျောင်းတော်ကို သန့်ရှင်းစင်ကြယ်စွာထားရန် အမိန့်။	၂း၁၂၆	၃၁
ဒိုအာတောင်းဆုတော်များ		
တမန်တော်အစ်ဗရာဟင်မ်၏ တောင်းဆုတော်များ။	၂၆း၈၄-၈၈	၆၃၇-၆၃၈

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
'မက္ကာ'ကို ငြိမ်းချမ်းမှုအတိရှိသော မြို့တော်ဖြစ်ရန် ဆုတောင်းခြင်း။	၁၄း၃၆	၄၂၂-၄၂၃
	၂း၁၂၇	၃၁
တမန်တော်မြတ်ﷺပွင့်ပေါ်ရန်အတွက် ဒိုအာ။	၂း၁၃၀	၃၂
အဘူဘက္ကရ်ဆစ်ဒီးက် ؓ		၂၈၄-၂၈၅
အဘူဂျဟလ်		၁၂၀၉
အဘူလဟဘ်		
ပျက်စီးချုပ်ငြိမ်းမည့် နိမိတ်ဟောချက်	၁၁၁း၂	၁၂၁၅
အီဒရိစ် ؑ		
သည်းခံစောင့်စည်းသူတို့အနက်မှဖြစ်ခြင်း။	၂၁း၈၆	၅၅၈
အီဘလိစ်		
'ဂျင်န်'များအနက်မှဖြစ်ခဲ့။	၁၈း၅၁	၄၉၈-၄၉၉
အာဒမ်ကို 'စဂျဒါ' ပြုရန်ငြင်းဆို။	၂း၃၅	၁၁
	၇း၁၂	၂၄၄
	၁၅း၃၂	၄၃၁
	၁၇း၆၂	၄၃၃
	၁၈း၅၁	၄၉၈-၄၉၉
	၂၀း၁၁၇	၅၄၀
	၃၇း၇၅	၇၉၆
အီရမ်		
အာဒ်အမျိုးသားတို့၏ အကိုင်းတစ်ခု	၈၉း၈	၁၁၆၂
အဲစ္စဟားက် ؑ **(အစ်ဗရာဟင်မ်လည်းရှု)**		
တမန်တော် အစ်ဗရာဟင်မ်အား သခင်မွေးဖွားမည့်သတင်းကောင်း။	၁၁း၇၂	၃၇၁
	၃၇း၁၁၃	၇၉၉
	၅၁း၂၉	၉၅၄
'အုလိလ်အိုင်ဒီ ဝလ်အာဘ်ဆွာရ်'တို့အတွင်းမှဖြစ်ခြင်း။	၃၈း၄၆	၈၁၃
အလ္လာဟ်၏အမိန့်ဖြင့် လမ်းညွှန်ပြသော ရှေ့ဆောင်များအနက်မှဖြစ်။	၂၁း၇၄	၅၅၆
အဲစ္စမာအီလ် ؑ		
မိမိ၏မိသားစုကို ဆွလာတ်နှင့် ဇကားတ်အတွက် တိုက်တွန်းခဲ့။	၁၉း၅၆	၅၁၈

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
‘ဇဘီဟွလ္လာဟ်’မှာ သခင်သာဖြစ်ပြီး အစ္စဟာက်မဟုတ်။	၃၇း၁၀၃-၁၀၈	၇၉၈
‘ဇစ်ဘ်ဟေအဇ်ီးမ်’၏အမှန်သဘော။	၃၇း၁၀၈	၇၉၈
		၇၈၉
တမန်တော်အစ်ဇရာဟင်မ်နှင့်အတူ ကာအ်ဘာကျောင်းတော် မွမ်းမံတည်ဆောက်ရေးတွင် ပါဝင်ခဲ့သူ။	၂း၁၂၈	၃၁
သခင်၏ ကျေနပ်စွာခံယူတတ်ခြင်း။	၃၇း၁၀၃	၇၉၈
နှောင်းခေတ်အမျိုးသားတို့တွင် သခင်၏ကုရ်ဘာနီကို အစဉ်သဖြင့် အမှတ်တရရှိစေတော်မူမည်။	၃၇း၁၀၉	၇၉၉
သခင်၏ရုပ်ပိုင်းနာမ်ပိုင်း မျိုးဆက်များမှ တမန်တော်မြတ်ﷺဖွားသန့်စင်ရမည်ဖြစ်။		၄၂၇
အာဆ်ဟာဘေ အွခ်ဒူးခ် (ကျုံးရှင်များ)	၈၃း၅	၁၁၅၀
အာဆ်ဟာဘေ အိုင်ကာ (ရှူအိုက်ဘ်၏ အမျိုးသားများ)	၁၅း၇၉	၄၃၅
	၃၈း၁၄	၈၀၈
	၂၆း၁၇၇	၆၄၅
	၅၀း၁၅	၉၄၆
အာဆ်ဟာဘေ ဟိဂ်ျိရ် (ဆွာလေဟ်၏အမျိုးသား ဆမူးဒ်)	၁၅း၈၁	၄၃၅
		၄၂၇
အာဆ်ဟာဘေ ရာခ်	၂၅း၃၉	၆၂၂
	၅၀း၁၃	၉၄၆
အာဆ်ဟာဘေ ဆဗာတ် (ရဟူဒီ)	၄း၄၈	၁၃၂-၁၃၃
အာဆ်ဟာဘေ ရှေမားလ်		၉၈၉
၎င်းတို့၏နိဂုံးမှာ ဂျဟန္နမ်ဖြစ်မည်။	၅၆း၄၂-၄၃	၉၉၄
အာဆ်ဟာဘေ ဖီးလ်		
အလ္လာဟ်၏အိမ်တော်ကို တိုက်ခိုက်ခြင်းနှင့် မအောင်မြင်မှု။	၁၀၅	၁၂၀၂
အာဆ်ဟာဘေ ကဟာဗ် (ရှေးဦးရောမခရစ်ယာန်များ)	၁၈း၁၀	၄၉၀
‘အာဆ်ဟာဘေ ကဟာဖ်’၏အရေအတွက်။	၁၈း၂၃	၄၉၃
လက်တွေ့အားဖြင့် ကိုးနှစ်ထက်ပို၍ လိုဏ်ဂူတွင်မနေခဲ့ရ။	၁၈း၁၂	၄၉၀
လိုဏ်ဂူများရှိသည့်နေရာ။	၁၈း၁၈	၄၉၁

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
လိုဏ်ဂူများတွင် နေထိုင်သောကာလ။	၁၈း၂၆	၄၉၄
အာဆ်ဟာဘေ မာရှ်အာမာ	၅၆း၁၀	၉၉၂
အာဆ်ဟာဘေ မိုင်မာနာ	၅၆း၉	၉၉၂
အာဆ်ဟာဘေ ယမီးန်	၅၆း၃၉	၉၉၄
အချို့မှာ ခေတ်ဦးပိုင်းမှဖြစ်ပြီး အချို့မှာ နှောင်းခေတ်များမှဖြစ်မည်။	၅၆း၄၀-၄၁	၉၉၄
အာဆ်ဟာဘေ ယမီးန်တို့အား ‘စလာမ်’။	၅၆း၉၂	၉၉၈
အီလ်ယားစ် عليه السلام	၆း၈၆	၂၂၀
	၃၇း၁၂၄	၈၀၀
အလ်ယဆာအ် عليه السلام	၃၈း၄၉	၈၁၃
	၆း၈၇	၂၂၀
အိုင်ယန်ဝီလ်ဆန်		၃၅၃
လေယ(အီလ်ယား၏ရှု)		၈၀၀
အိုင်ယူဘ် عليه السلام	၃၈း၄၅	၈၁၃
	၄း၁၆၄	၁၆၁
	၃၈း၄၂	၈၁၂
ကြီးကျယ်လှသော ခန္ဓိပါရမီရှင် တမန်တော်တစ်ပါး။		၈၀၆
အလ္လာဟ်၏ထံတော်တွင် ဆင်းရဲဒုက္ခမှ ကယ်တင်ပေးရန်ဒိုအာ။	၂၁း၈၄	၅၅၈
သခင်၏ဒိုအာများကို လက်ခံခြင်းနှင့် ဆင်းရဲဒုက္ခအဆုံးသတ်ခြင်း။	၂၁း၈၅	၅၅၈
ဟစ်ဂျရတ်ပြုရန်အမိန့်။	၃၈း၄၃	၈၁၂
အထူးသီးသန့်ရေတစ်မျိုးဖြင့် ရောဂါပျောက်ကင်းမှု။	၃၈း၄၃	၈၁၂
မိသားစုနှင့်တွေ့ဆုံခြင်းနှင့် ၎င်းတို့အပေါ် ကရုဏာတော်သက်ရောက်။	၃၈း၄၄	၈၁၂-၈၁၃
သခင်သည် တမန်တော်နူးဟ်၏မျိုးဆက်မှဖြစ်။	၆း၈၅	၂၂၀
အာဒ် (ဟူးဒ်လည်းရှု)		
၎င်းတို့ထံ တမန်တော်ဟူးဒ်ကို ပွင့်ပေါ်စေခဲ့။	၇း၆၆	၂၅၅-၂၅၆
	၁၁း၅၁	၃၆၇
‘အာဒ်’တို့၏ နေရာထိုင်ခင်းမှာ ‘အာဟ်ကာဖ်’နယ်ဘက်တွင်ရှိခဲ့။	၄၆း၂၂	၉၁၃
နန်းတော်များနှင့် ရဲတိုက်ကြီးများ ဆောက်လုပ်ရေးကျွမ်းကျင်ခဲ့။	၂၆း၁၃၀	၆၄၁

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
'အားဒ်'နှင့် 'ဆမူးဒ်'တို့၏ မြို့ဟောင်းနေရာများ အစွန်လာမ်ပေါ်ဦးစ ကာလ တွင်ရှိခဲ့။	၂၉း၃၉	၆၉၆
ယင်းတို့သည် ရုပ်တုကိုးကွယ်သူများဖြစ်။	၁၁း၅၄	၃၆၇-၃၆၈
တမန်တော်များအား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခြင်း။	၂၆း၁၂၄	၆၄၁
အလ္လာဟ်၏နိမိတ်လက္ခဏာတော်များကို ငြင်းပယ်ခြင်း။	၁၁း၆၀	၃၆၉
ကမ္ဘာမြေပေါ်တွင် မာန်မာနထောင်လွှားခြင်း။	၄၁း၁၆	၈၅၇
'အားဒ်'အမျိုးသားတို့အပေါ် အပြီးသတ် သက်သေထူခြင်း။	၁၁း၅၈	၃၆၈
တမန်တော်ဟူးဒ်ထံ ပြစ်ဒဏ်ခတ်မှုကိုတောင်းဆိုခြင်း	၇း၇၁	၂၅၆
ပြင်းထန်သော မုန်တိုင်းများဖြင့် ဖျက်ဆီးခံရခြင်း။	၅၁း၄၂	၉၅၅
အာဒေ အိရမ်	၈၉း၈	၁၁၆၂
အာဒေ အူလာ		
'အာဒေ အူလာ'တို့ ဖျက်ဆီးခံရခြင်း။	၅၃း၅၁	၉၇၀
အာအေရှာ ဆစ်ဒီကာ		
မဟုတ်တမ်းတရားယိုးစွပ်မှုနှင့် သခင်မ၏စင်ကြယ်ခြင်း။	၂၄း၁၂-၁၇	၆၀၀-၆၀၁
အဗ္ဗဒ္ဓလ္လာဟ်ဘင်န် အူဘိုင်းဘင်န်ဇုလူးလ်		
မိုနာဖစ်တို့၏ခေါင်းဆောင်။		၁၀၃၈
အူဒိုင်ရ် ﷺ		
ရဟူဒီတို့က သခင့်အား အလ္လာဟ်၏သားတော်ဟုဆိုခဲ့ကြ။	၉း၃၀	၃၁၁
အူမရ် ﷺ		၁၀၁၉
အွတ်စမာန် ﷺ		၁၀၁၉
အင်မ်ရာန် (မရ်ယမ်သခင်မ၏ဖခင်)	၆၆း၁၃	၁၀၅၇
၎င်း၏ဇနီးက အလ္လာဟ်၏ထံတွင် အဓိဌာန်ပြုခြင်း။	၃း၃၆	၈၃
အင်မ်ရာန်အမျိုးအနွယ်တို့၏ မြင့်မြတ်ပုံ။	၃း၃၄	၈၃
အီစာ ﷺ		
မရ်ယမ်သခင်မထံ သခင်နှင့်စပ်လျဉ်း၍သတင်းကောင်း။	၃း၄၆	၈၆
သခင်နှင့် သခင်၏မိခင်တို့အား ကောင်းကျိုးချမ်းသာများ။	၅း၁၁၁	၁၉၆
အဖမဲ့ မွေးဖွားခြင်း။	၃း၄၈	၈၆
	၁၉း၂၁-၂၂	၅၁၄

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
စိမ့်စမ်းရှိသောတောင်ပေါ်ဒေသ၌ မွေးဖွား။	၁၉း၂၅	၅၁၅
စွန်ပလွံများ ဝင်းမှည့်သောရာသီတွင် ဖွားမြင်။	၂၉း၂၆	၆၉၃-၆၉၄
ပုခက်တွင်းအရွယ်၌ စကားပြောခြင်း၏သဘော။	၃း၄၇	၈၆
အီစာ- အလ္လာဟ်၏တမန်တော်နှင့် အလ္လာဟ်၏နှုတ်ကပါဋိတော်။	၄း၁၇၂	၁၆၂
သခင်သည် အလ္လာဟ်၏နှုတ်ကပါဋိတော်ဖြစ်ရခြင်းအနက်သဘော။	၃း၄၆	၈၆
		၁၆၃
သန့်ရှင်းသောဝိညာဉ်တော်ဖြင့် အင်အားရရှိထား။	၂း၂၅၄	၆၄
	၅း၁၁၁	၁၉၆
	၂း၈၈	၂၂
သခင်သည် လောကီနှင့် လောကုတ္တရာတွင် ဂုဏ်သရေရှိသူ။	၃း၄၆	၈၆
သခင်သည် ပြည့်ဝသောတစ်ဆူရှင်ဝါဒီ တမန်တော်တစ်ပါးဖြစ်။		၁၆၇
	၅း၁၁၇-၁၁၈	၁၉၈
သခင်သည် အလ္လာဟ်၏အစေတော်နှင့် ထိုအရှင်၏တမန်တော်။	၁၉း၃၁	၅၁၅
သခင့်အား ကလေးအရွယ်တွင်မဟုတ်ဘဲ လူလတ်ပိုင်းအရွယ်တွင် တမန်တော်ဘွဲ့ကို ရရှိခဲ့ခြင်း။	၃း၄၇	၈၆
သခင်သည် ဘနီအစ္စရာအီလ်တို့အတွက်သာ ပွင့်ပေါ်လာခြင်း။	၆း၇	၁၀၃၁-၃၂
ဘနီအစ္စရာအီလ်တို့၏ တမန်တော်များအနက် သခင်သည် နောက်ဆုံး။	၅း၄၇	၁၈၀
သခင်သည် ရဟူဒီတို့အတွင်း ၇၃ ခုမြောက်အသင်းကို အုတ်မြစ်ချခြင်း။		၁၆၆
အာဒမ်နှင့်ပုံဆောင်ဖော်ပြခြင်း။	၃း၆၀	၈၉
သခင့်အား 'တောင်ရတ်'၏ပညာကိုပေးသနားခဲ့။	၃း၄၉	၈၆-၈၇
	၅း၁၁၁	၁၉၆
တောင်ရတ်၏ကြိုတင်နိမိတ်များကို မှန်ကန်ကြောင်းထောက်ခံသူ။	၃း၅၁	၈၇
ဌက်များကို ဖန်ဆင်းခြင်း၊ အနာကြီးရောဂါသည်များနှင့် မျက်ကန်းများကို ကုစားခြင်း။	၃း၅၀	၈၇
သူသေများကို ရှင်ပြန်စေခြင်း။	၅း၁၁၁	၁၉၆
	၃း၅၀	၈၇
သခင့်အား 'အင်ဂျီလ်'ကို ပေးအပ်ခံရ။	၅၇း၂၈	၁၀၀၇
မိမိ၏နောက်တွင် 'အဟ်မဒ်'မည်သော တမန်တော်၏သတင်းပေး။	၆၁း၇	၁၀၃၁-၃၂

အမည်နာမများ	ကျမ်းညွှန်း	စာမျက်နှာ
သခင်၏သွန်သင်ချက်မှ အထူးရှုထောင့်။	၁၉း၃၂-၃၃	၅၁၆
အလ္လာဟ်၏ထံတော်မှ အီစာအား တဝါဖီ၊ ရဖာအ်နှင့် မုတ္တာဟီရ်ပြုမည့် သတင်း။	၃း၅၆	၈၈
ဟဝါရီများက သခင့်ထံ 'မာအေဒါ'ပို့ချပေးရန် တောင်းဆိုခြင်း။	၅း၁၁-၁၁၄	၁၉၇
'မာအေဒါ'ပို့ချပေးရန် သခင်၏ ဒိုအာ။	၅း၁၁၅	၁၉၇
ဟဝါရီတို့အား 'မန်အန်ဆွာရီ အိလလ္လာဟ်'ဟု မိန့်ကြားခြင်း။	၃း၅၃	၈၈
	၆၁း၁၅	၁၀၃၃
မိခင်နှင့်အတူ ကုန်းမြင့်ဒေသတစ်ခုသို့ ဟစ်ဂျရတ်ပြုခြင်း။	၂၃း၅၁	၅၈၈
ရန်သူတို့မှလွတ်မြောက်၍ ကရှ်မီးရ်ဘက်သို့ ထွက်ခွာခြင်း။		၅၈၂
ရဟူဒီများက ၎င်းတို့သည် မရ်ယမ်၏သားအီစာအား လုပ်ကြံသတ်ဖြတ်လိုက်ပြီဟု ပြောကြခြင်း။	၄း၁၅၈	၁၅၉
'အဲ့ဟ်လေကီတာဘ်' အုပ်စုတိုင်းမှလူတို့သည် သခင် မကွယ်လွန်မီ သခင့်အား ယုံကြည်သက်ဝင်ကြလိမ့်မည်။	၄း၁၆၀	၁၆၀
'အလ္လာဟ်၏သားတော်'ဟူသောအဆိုကို ချေဖျက်ခြင်း။	၉း၃၀	၃၁၁
'ဘုရားသခင်'ဖြစ်သည်ဟူသောအဆိုကို ချေဖျက်ခြင်း။		၅၄၄
သခင်နှင့်ဆန့်ကျင်လျက် လုပ်ကြံမှုတွင် ရဟူဒီတို့ အထမမြောက်ခဲ့။	၃း၅၅	၈၈
ပါလက်စတိုင်းမှ ဟစ်ဂျရတ်ပြုပြီးနောက် ရှင်ပေါလုက သခင့်အား ကိုးကွယ်ခံပုဂ္ဂိုလ်အဖြစ် ဖော်ပြခဲ့ခြင်း။		၁၉၉
ကွယ်လွန်အနိစ္စရောက်ခြင်း။	၃း၅၆	၈၈
	၅း၇၆	၁၈၇
	၅း၁၁၈	၁၉၈
ကေယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်အီစာတို့၏ စကားပြောဆိုခန်း။	၅း၁၁၇-၁၁၈	၁၉၈
ဘနီအစ္စရာအီလ်မှ မယုံကြည်ငြင်းပယ်သူတို့အား အီစာ၏နှုတ်မှ ကျိန်စာ။	၅း၇၉	၁၈၈
သခင့်အား ပမာပြုတင်ပြခြင်း၌ အမျိုးသားထု၏ ဆူပူအော်ဟစ်ခြင်း။	၄၃း၅၈	၈၈၈
'မဆီဟ်' သက်ဆင်းလာမည့်အနေအထား။		၈၈၁
အိုက်ရာမာ		၁၂၀၉

နေရာဌာနများ	ကျမ်းညွှန်း	စာမျက်နှာ
ကားမ် (တောင်)		၅၀၆
ကရှ်မီးရ်		
တမန်တော်အီစာ လာရောက်ခြင်း။		၁၁၉
တမန်တော်အီစာနှင့် သူ၏မိခင်တို့အား ကရှ်မီးရ်တွင် ခိုလှုံခွင့်ပေးခြင်း။		၅၈၂
ကက်ဆပီယံပင်လယ်		၅၀၆
ပင်လယ်သေ		၉၇၄
ဂျူဒီ (တောင်)		
မုန်တိုင်းပြီးနောက် တမန်တော်နူးဟ်(နောဧ)၏ လှေသင်္ဘောရပ်နားရာ။	၁၁း၄၅	၃၆၆
ဆွမာ (မက္ကာမြို့အနီးရှိ တောင်တစ်ခု)		
အလ္လာဟ်၏အမှတ်လက္ခဏာများအနက်မှဖြစ်၏။	၂း၁၅၉	၃၈
တူရေစီနိုးန် (ဆိုင်းနိုင်းသဲကန္တာရရှိ တောင်တစ်ခု)		
တူရ်တောင်၏အရိပ်တွင် ဘနီအစ္စရာအီလ်တို့နှင့်ပဋိညာဉ်။	၂း၆၄	၁၆
	၂း၉၄	၂၃
တူရ်တောင်ကို သက်သေထူတော်မူခြင်း။	၅၂း၂	၉၅၉
တူရ်တောင်၏လက်ယာဘက်တွင် ဘနီအစ္စအီလ်တို့နှင့် ကတိကဝတ်။	၂၀း၈၁	၅၃၅
တူရ်တောင်၏ တစ်ဖက်တစ်ချက်၌ တမန်တော်မူစာ မီးကိုမြင်ခဲ့ခြင်း။	၂၈း၃၀	၆၇၇
ဆိုင်းနိုင်းတောင်တွင် သံလွင်ပင်စိုက်ခြင်း။	၂၃း၂၁	၅၈၄
တူရ်ကီ		၅၀၆
နာဂါဆာကီ (ဂျပန်)		
အဏုမြူဗုံးဖြင့် ပျက်စီးခဲ့ရခြင်း။		၉၀၇
နမာလ်		
'ရှီဘာ'အမျိုးသားတို့၏အုပ်ချုပ်ရေးနယ်ပယ်မှ လွှင်ပြင်တစ်ခု။	၂၇း၁၉	၆၅၇
နိုင်း (မြစ်)		၆၃၆
ပင်လယ်နီ		၉၈၃
ပစိဖိတ်သမုဒ္ဒရာ		၆၂၄

နေရာဌာနများ	ကျမ်းညွှန်း	စာမျက်နှာ
ပါလက်စတိုင်း		
တမန်တော်အီစာ(အလိုရှိသူ)သည် ဤနေရာမှ ဟစ်ဂျရတ်ပြုခြင်း။	၅း၁၀၈	၁၉၈
နှောင်းခေတ်တွင် ဤနေရာ၌ ရဟူဒီများကို စုရုံးခြင်းခံရမည်ဖြစ်ပြီး နောက် တစ်ကြိမ်ပြန်၍ ထုတ်ဆောင်ခြင်းခံကြရမည်။	၁၇း၈	၄၆၈
ဘဒါရ်	၃း၁၂၄	၁၀၂
ဘက္ကာ		
မက္ကာ၏ရှေးအမည်	၃း၉၇	၉၆
ဘေဘီလုံ		
(ယူဖရေးတီးမြစ်ကမ်းရှိ တစ်ဆယ့်တစ်ရာစုအလျင်ကရှိခဲ့သော မြို့တစ်မြို့)	၂း၁၀၃	၂၅
ဘေဘီလုံ၏ ရှင်ဘုရင် နေဗုခတ်နေဇာ၏အောင်နိုင်မှု။		၄၆၈
ဘိုင်တွလ္လာဟ်၊ ကာအ်ဘာ (အစ်ဗရာဟင်မ်လည်းရှု)		
ကာအ်ဘာကျောင်းတော်၏ ကနဦးတည်ဆောက်မှုမှာ လူယဉ်ကျေးမှုနှင့် လူမှုဆက်ဆံရေး သင်ပြမှု၏အကြောင်းခံဖြစ်ခဲ့။	၃း၉၇	၉၆
ဘိုင်တွလ္လာဟ်နှင့်စပ်လျဉ်း၍ ကြိုတင်နိမိတ်မှာ မွတ္တကီတို့နှင့် နာမ်တရား ဆိုင်ရာ စည်ပင်မှုဖြစ်အံ့။		၉၅၈
ဟရာမ်ဝတ်ကျောင်းတော်၏ အမှန်တကယ် ထိုက်တန်သူများမှာ မို့အ်မင်န်များသာဖြစ်သည်။	၈း၃၅	၂၉၃
သာသနာရေးနှင့် လူမှုစီးပွားတည်ဆောက်ရာအကြောင်းခံ။	၅း၉၈	၁၉၃
မြေထဲပင်လယ်		၉၈၃
မဒီယန် (တမန်တော်ရှူအိုက်ဗ်၏ အမျိုးသားများဌာနေ)	၇း၈၆	၂၁၉
	၁၁း၉၆	၃၇၅
	၂၉း၃၇	၆၉၅
မဒီယန်သားတို့ ပျက်စီးခြင်း။	၁၁း၉၆	၃၇၅
တမန်တော်မူစာ အီဂျစ်မှထွက်၍ မဒီယန်သို့ရောက်ရှိခြင်း။	၂း၁၃	၆၇၅
တမန်တော်မူစာသည် ဤနယ်တွင် နှစ်အနည်းငယ်နေထိုင်ခြင်း။	၂း၄၁	၅၂၉
မဒီနာ (ယာဆ်ရစ်လည်းရှု)		
မဒီနာမှ မိုနာဖစ်များ၏ အစဉ်တစိုက်လုပ်ဆောင်မှုများ။	၉း၁၀၁	၃၂၇
	၆၃း၉	၁၀၄၀

နေရာဌာနများ	ကျမ်းညွှန်း	စာမျက်နှာ
	၃၃း၆၁	၇၄၈
မာရ်အရေဟရာမ်		
အာရဖတ်မှ မက္ကာဘက်သို့ နောက်တစ်ခုစခန်းချရာ။	၂း၁၉၉	၄၈
မက္ကာ (အွမ်မွလ်ကုရာလည်းရှု)		
မက္ကာမြို့ စည်ပင်ရေးအတွက် တမန်တော် အစ်ဗရာဟင်၏ဒိုအာများ။	၂း၁၂၇	၃၁
ယင်း၏ရှေးဟောင်းအမည်မှာ 'ဘက္ကာ'။	၃း၉၇	၉၆
'အွမ်မွလ်ကုရာ'	၆း၉၃	၂၂၁-၂၂၂
'ဘလဒေအမီးန်'	၉၅း၄	၁၁၈၀
မက္ကာသားများအတွက် အငတ်ဘေးနှင့် ကြောက်ရွံ့စိုးထိတ်စရာများမှ ငြိမ်းချမ်းမှုပြုပေးသော ခရီးသွားများ၏ အစဉ်အဆက်သည် နောင်တွင်လည်း မပြတ်ရှိနေမည်။		၁၂၀၄
မက္ကာမြို့ကို မထီလေးစားပြုခြင်း သို့မဟုတ် ဖျက်ဆီးရန် ရည်သန်သူတို့၏အကျိုးဆက်မှာ 'အာဆ်ဟာဘေဖီးလ်'များကဲ့သို့ဖြစ်လိမ့်မည်။		၁၂၀၂
တမန်တော်မြတ်၏ မက္ကာမှ ဟစ်ဂျရတ်ပြုခြင်းနှင့် ပြန်လည်ဝင်ရောက်လာခြင်းဆိုင်ရာ ကြိုတင်နိမိတ်။	၁၇း၈၁	၄၈၀
	၂၈း၈၆	၆၈၆
	၉၀း၃	၁၁၆၆
ယာဆ်ရစ် (မဒီနာမြို့၏ရှေးအမည်)	၃၃း၁၄	၇၃၈
ရှီရှီ		၅၀၆
ရောမ	၃၀း၃	၇၀၄
သန့်ရှင်းမြင့်မြတ်သော နယ်မြေ		
ပြဿနာပွားစေခြင်းကြောင့် ရဟူဒီတို့အား ယင်း(မြေ)မှ နှင်ထုတ်ခဲ့။	၁၇း၅	၄၆၇
ကမ္ဘာ့နောက်ဆုံးနေ့များတွင် ရဟူဒီတို့အား ယင်း(မြေ)တွင် စုရုံးစေမည်။	၁၇း၁၀၅	၄၈၄
သန့်ရှင်းမြင့်မြတ်သောနယ်မြေ၏ စစ်မှန်သောအမွေခံများ။	၂၁း၁၀၆	၅၆၁
ဟိဂ္ဂိရ် (တမန်တော်ဆွာလေဟ်၏အမျိုးသားဌာနေ)	၁၅း၈၁	၄၃၅
ဟုဒိုင်ဘီယာ		၉၂၆
ဟုနိုင်း	၉း၂၅	၃၁၀
		၃၀၃

နေရာဌာနများ	ကျမ်းညွှန်း	စာမျက်နှာ
ဟိရိရိုးမား		
အဏုမြူပုံးဒဏ်ဖြင့် ပျက်စီးခဲ့ရခြင်း။		၉၀၇
အီရတ်		၁၀၁၉
အာရဗတ်		
မက္ကာမှ မိုင်အနည်းငယ်အကွာရှိ ကွင်းပြင်တစ်ခု။	၂း၁၉၉	၄၈
အီရမ် (ရှေးဦးအားဒ်အမျိုးသားတို့၏မြို့တစ်ခု)	၈၉း၈	၁၁၆၂
အဟ်ကားဗ် (အားဒ်အမျိုးသားတို့၏ဌာနေ)	၄၆း၂၂	၉၁၃
အာဖဂန်နစ္စတန်		
ကာရှ်မီးရ်သို့သွားစဉ် တမန်တော်အီစာသည် ဤမှဖြတ်သန်းခဲ့။		၁၁၉
အာဖဂန်မှ ဘနီအစ္စရာအီလ်မျိုးနွယ်ဝင် ကိုယ်စားလှယ်အဖွဲ့သည် တမန်		
တော်မြတ်နှင့်တွေ့ဆုံရန် လာရောက်ခြင်း။	၇၂း၂-၁၀	၁၀၉၂-၁၀၉၃
အွမ်မွလ်ကူရာ (မက္ကာလည်းရှု)		၈၈၀
အတ္တလန်တိတ် သမုဒ္ဒရာ		၆၂၄
အီဂျစ်		
တမန်တော်ယူဆူဖ်အား အီဂျစ်မှပုဂ္ဂိုလ်တစ်ဦးက ဝယ်ယူခြင်း။	၁၂း၂၂	၃၈၅
တမန်တော်ယူဆူဖ်၏မိသားစု အီဂျစ်သို့ရောက်လာခြင်း။	၁၂း၁၀၀	၃၉၉
ဖိရ်အောင်(မင်းဆက်)၏ အုပ်ချုပ်ရေး။	၄၃း၅၂	၈၈၈
အီဂျစ်တွင် ဘနီအစ္စရာအီလ်တို့အတွက် နေအိမ်များဆောက်လုပ်ခြင်း။	၁၀း၈၈	၃၅၁-၃၅၂

The Holy Qur'an

MYANMAR TRANSLATION

with

Introduction of Chapters & Brief Explanatory Notes



Published Under the Auspices of

HAZRAT MIRZA MASROOR AHMAD

Fifth Successor of the Promised Messiah and

Supreme Head of the Ahmadiyya Muslim Jamā'at